

## သော်တာဆွေ

# ကျွန်တော့ဘဝဇာတ်ကြောင်း

အစ/အဆုံး

# ကျွန်တော့်ဘဝဇာတ်ကြောင်း (ပထမတွဲ)

## စာရေးသူ၏စကားဦး

ကိုယ့်အတ္ထုပ္ပတ္တိစာအုပ်ကို နာမည်ပေးရာတွင် ဆရာကြီးပီမိုးနင်းကစပြီး 'ပီမိုးနင်း၏ ပီမိုးနင်း'၊ 'မဟာဆွေ၏ မဟာဆွေ'၊ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စသည်ဖြင့် မှည့်ခေါ်ခဲ့ကြရာ ကျွန်တော့်အဖို့တော့ 'သော်တာဆွေ၏ သော်တာဆွေ' မလုပ်လိုတော့ပေ။

ဘာကြောင့်နည်း။ သူများနောက်လိုက်ဖြစ်မှာစိုးလို့လား။

ဟုတ်ပါဘူး။

သူများနောက်က လိုက်ရလိုက်ရ၊ ရှေ့ကသွားရသွားရ ကိုယ့်စာကောင်းဘို့သာ ပဓာနပါ ခင်ဗျာ။

ကျွန်တော့်အတွက် 'သော်တာဆွေ၏ သော်တာဆွေ' မလုပ်လိုသည်ကတော့ ကျွန်တော် သည် ကိုယ့်ကိုကိုယ် သော်တာဆွေ ဇာတ်လိုက်လုပ်၍ မြောက်မြားစွာသော ဟာသဝတ္ထုတွေ (ဥပမာ– ကျွန်တော်ပန်းချီဆရာ၊ ကျွန်တော် ရုပ်ရှင်မင်းသား၊ ကျွန်တော် ပြဇာတ်မင်းသား၊ ကျွန်တော် ဝိတ်တာဆွေ၊ ကျွန်တော်တို့ ဓားပြတိုက်ခဲ့စဉ်က စသည်ဖြင့်) ရေးခဲ့ရကား ၎င်းတို့ကို စုပေါင်း ထုတ်ဝေမှသာလျှင် 'သော်တာဆွေ၏သော်တာဆွေများ' ဟု အမည်တပ်သင့်သည် ထင်ပါ သောကြောင့်။ ယခုအတ္ထုပ္ပတ္တိစာအုပ်ကို အမည်ပေးရန်စဉ်းစားနေစဉ် 'ချစ်ချစ်သမျှ ဇာတ် ကြောင်းကိုကွယ်၊ ထပ်လောင်းကာ ပြောစမ်းချင်တော့တယ်' ဟူသော သီချင်းသံသည် ကျွန်တော့် နားထဲကြားယောင်လာသဖြင့် ကျွန်တော့်ဘဝမှာ ချစ်သူတွေလည်းများစွာ ပါဝင်နေ၍ 'ကျွန်တော့် ဘဝဇာတ်ကြောင်း' ဟူသောအမည်ကို သလိုက်ပါ၏။

ယင်း၌ မိတ်ဆွေက ဤစာအုပ်ကိုဖတ်ပြီး ''ခင်ဗျားဇာတ်ကြောင်းမှာ 'ချစ်ချစ်သမျှ' ဆိုတာ မပါသေးပါလား'' ဆိုအံ့။ စောင့်ပါအုံးဗျာ ဒါပထမစာအုပ်ရှိပါသေးတယ်၊ ဒုတိယအုပ်တွင် ကြည့်ပါ။

သော်တာဆွေ စာရေးဆရာဘဝ မည်မျှလောက် ကမြင်းကြောထသနည်း။ မည်မျှ မြာပွေသနည်း။ ယခု ရှုမဝမဂ္ဂဇင်းမှာ အစပြုနေပါပြီ။

ကျွန်တော့်အတ္ထုပ္ပတ္တိကို ဤစာအုပ်မျိုး ၃ အုပ်ထုတ်မည် စိတ်ကူးသည်။ ပထမကတော့ အခုအတိုင်းပေါ့လေ။ ဒုတိယပိုင်းမှာ ဇာတ်သဘင်နှစ်ပါးသွား မင်းသားနှင့် မင်းသမီးများအခန်း နှင့်တူ၍ တတိယပိုင်းမှာတော့ သားသမီးတွေ၊ မြေးတွေ၊ အိမ်မွေးတိရစ္ဆာန်တွေနှင့် သော်တာဆွေ မင်းသားကြီးအဖြစ်နှင့် ဘဝသရုပ်တွေ ဖော်နိုင်လိမ့်မည်ထင်ပါသည်။

သော်တာဆွေ

၂၃၊ ၈၊ ၇၂

# ပထမပိုင်း

ယနေ့။

၁၉၆၉ခု ဂျူလိုင်လ ၁၅ရက် အင်္ဂါနေ့နံနက်ခင်း ကမာရွတ်ဈေးထဲတွင် အသက် ၇၀ပတ်လည် အဖိုးကြီး အဖွားကြီးလင်မယားနှစ်ယောက်နှင့် ကျွန်တော်သည် ငါးဝယ်ကြရင်း ငါးသည် လင်မယားနှစ်ယောက်ရှေ့မှောက်၌ စကားစပ်မိကြသည်။

သူတို့အားလုံးသည် ကျွန်တော့်ကို စာရေးဆရာမှန်း သိကြသည်။ အဖိုးကြီး အဖွားကြီး သည် ခေတ်ပညာတတ်၊ ကျွန်တော်၏စာဖတ် ပရိသတ်။ ငါးသည် လင်မယားကား သူတို့အဆင့် အတန်းအလျောက် စာဖတ်လေ့ရှိကြသူများမဟုတ်။ ''ဟော့ သူက ငါတို့ဈေးသယ်တွေအကြောင်း သတင်းစာထဲ ရေးတတ်သတဲ့ဟော့။ သတိထား''ဟူသော တဆင့်စကားအရ ကျွန်တော့်ကိုအလေး မခိုးကြသဖြင့် ဖောက်သည်ဖြစ်နေရုံမျှ။ သည်မနက်စကားမိကြသည်ကတော့ ငရူပေါက် (ရန်ကုန် အခေါ် လယ်ငရူလေးတွေ) တဆယ်သား တကျပ်ခွဲ၊ တပိဿာ ဆဲ့ငါးကျပ်ဈေးနှင့်အဖွားကြီး သည် ဤငါးလေးတွေ သုံးဆယ်သားဝယ်ရင်း ခေါင်းခါခါလည်ခါခါနှင့် မျက်နှာကို ရှုံ့မဲ့လျက်

''ဟို ရှေး အင်္ဂလိပ်ခေတ်ကများ ဟောဒီလို ငရူ ကျေည်းကို ကျပ်တို့ရန်ကုန်သူရန်ကုန် သားက မစားသေးပေါင်။ ဒီငါးမျိုး ဂေါ်ရင်ဂျီကုလားဘဲစားတယ်''

သည်တော့ အသက်၅၀ကျော်မျှ ငါးသည်မကလည်း

''ဟုတ်တယ်ရှင့်။ ကျမ အဲဒီတုန်းက ရန်ကုန်ကို ရောက်ဖူးတယ် ဆိုရုံလောက်တခေါက် ရောက်ခဲ့ဘူးပါတယ်။ အလုံက ကြီးတော်တို့အိမ်မှာပေါ့။ ကြီးတော်ဈေးဝယ်သွားတော့ ကျမ နောက်က ဈေးခြင်းဆွဲလိုက်ခဲ့ရဘူးပါတယ်။ အဲဒီတုန်းက ငါးရောင်းတာမှာလဲ ဗမာမရောင်းပါဘူး။ ဂေါ်ရင်ဂျီ ကုလားတွေ ရောင်းပါတယ်။ ဟင်းသီးဟင်းရွက်ကျတော့ ကုလားမတွေ''

အဖွားကြီး 'ဟုတ်သတော့်။ ငရုတ်ကုလားတွေဘဲ။ ဗမာအလွန်နဲတယ်။ လမ်းထဲအိမ်ဆိုင် ကလေးတွေလောက်ပဲ''

အဖိုးကြီး ''ဟုတ်သကွယ့်။ အဲဒီတုန်းကတော့ ရန်ကုန်မြို့မှာက ဈေးရောင်းတာဟာ တရုတ်ကုလား လူမျိုးခြားတွေအတွက်လို့ ဒို့ဗမာတွေက သဘောထားကြသကွ''

ငါးသည်ယောက်ျား ''ဟုတ်ပါတယ်ခင်ဗျာ။ အဲဒီတုန်းက ကျွန်တော်ဟာ ညောင်တုံးဘက် မှာ တံငါလုပ်ခဲ့ပါတယ်။ ဟောဒီရန်ကုန်ကြည့်မြင်တိုင်ဘက်မှာ ငါးရွဲ့ (ဒိုင်ကြီး)တွေကျလဲ ကုလားတွေ လက်ဝါးကြီးအုပ်ကြတာပါဘဲ''

ကျွန်တော်ကဖြတ်၍ ''နေပါအုံးခင်ဗျာ။ အဲဒီတုန်းက ဒီငခူ ကျေညီးက ရန်ကုန်မှာ ဘယ်ဈေး လောက်ရှိမလဲ''

ငါးသည် တပိဿာမှ တမတ်ငါးပဲ၊ အလွန်သုံးမူးပါခင်ဗျာ''

အဖွားကြီး ''ဒို့တော့ ဒီငါးမျိုးစားကို မစားခဲ့ဘူး''

ကျွန်တော် ''ကြီးကြီးတို့ ဗမာတွေက အဲဒီတုန်းက ဘာငါးမျိုးစားခဲ့ကြသလဲ''

''ငမြင်း၊ ငကြင်း၊ ပုစွန်ထုတ်လောက်မှကွယ့်။ ဟောဒီလို'' တဖက်က ဈေးသည်ဘက်ညွှန် ပြ၍ ''ပုစွန်ကြော့၊ ဘော့ချိတ်ဆိုတာမျိုး လှည့်တောင်မကြည့်သေးဘူး''

ကျွန်တော်''ခုတော့ ခင်ဗျာ၊ အဲဒီ ပုစွန်ကြော့ ဘော့ချိတ် တပိဿာတဆယ့် ဆဲ့နှစ်ကျပ်။ တော်ရုံလူ စားနိုင်ရော့လား''

အဖိုးကြီး ''ဟုတ်သဗျာ၊ နို့ ဒီနေ့ကိုသော်တာ ဘာဝယ်တုံး''

''ဝက်သားပါခင်ဗျာ၊ ဒီငခူလေး နဲ့နဲ နှစ်ဆယ်သားကတော့ကြော်စားဘို့။ လူကြီးစာ ဆိုပါတော့ခင်ဗျာ''

''အေးကွယ့်။ ကာလကတော့ ပြောင်းပြန်ဖြစ်နေတာဘဲ။ ဟိုရှေ့ခေတ်ကဆိုရင် ဝက်သား ဟာ ထိပ်တန်းထဲက နေတာကွယ့်။

''ဝက်သားတုံးကြီး ဒို့ငယ်ငယ်က သံချပ်ထိုးခဲ့ရသေးသကွယ့်''

''ဟုတ်တယ်ခင်ဗျာ။ ခုတော့ 'ဆီရှားဝက်သားဖိုကြိတ်' ဆိုတဲ့ ဆောင်ပုဒ်နဲ့ ဝက်သား သိက္ခာကျခဲ့တာတော့ ဂျပန်ခေတ်ကထဲက ဆိုပါတော့''

ကျွန်တော်တို့သည် ငါးဝယ်ကြပြီးနောက် ဟင်းသီးဟင်းရွက်တန်းဘက် လျှောက်ကြရင်း အဖွားကြီးက

''ဟော့ ဒို့လဲ ဝက်သားနဲ့အတူတခေတ်ထဲ သိက္ခာကျခဲ့တာဘဲကွ''

''အောင်မယ် ဘယ်လိုလဲ ခင်ဗျာ။ ဆိုစမ်းပါအုံး''

''အခု မင်းကြီးက ငါ့နောက်က ဈေးခြင်းကိုင် လိုက်နေရတယ် မဟုတ်လား''

အဖိုးကြီးမှာ ပင်စင်စားကြီးဖြစ်၍ သူတို့နှစ်ယောက်မှာ မနက်လမ်းလျှောက်ကြရင်း ဈေးထဲ အတူဝင်ဝယ်လေ့ ရှိကြပါသည်။ အဖိုးကြီးက ဈေးခြင်းကိုင်လေ့ရှိပါသည်။

''ဟုတ်တယ်ခင်ဗျာ။ အဲဒါ အခုအရွယ်အထိ ရှေ့သွားနောက်လိုက် ညီတယ်ဆိုရမှာပေါ့။ ဟဲ ဟဲ''

အဖွားကြီး ''ငါပြောချင်တာက ဒါမဟုတ်ဖူးကွယ့်။ ဟိုအင်္ဂလိပ်ခေတ်တုန်းကဆိုရင်လေ ဒို့အိမ်ထဲက အိမ်ပြင်ထွက်ရင်လေခြေလျှင် မရောက်ဖူးကွယ့်။ အဲဒီတုန်းက ငါတို့ဟာ ပုစွန်တောင်မှာ နေတယ်။ မနက်ဆိုရင် အိမ်ရှေ့မှာ ငါစီးနေကျ လန်ခြားကုလားက ရောက်နေပြီ။ ဈေးခြင်းကိုင်၊ လန်ခြားပေါ်တက်ထိုင်၊ ပုစွန်တောင်ဈေးသွားသွား၊ ရေကျော်ဈေးသွားသွား နှစ်ပြားဘဲ။ အဲ ဈေးရောက် ဆင်းလိုက်တယ်နော်၊ ချွတ်ကရားလေး (ကုလားလေး ဆယ်နှစ် ပတ်လည်ခန့်)က ဈေးခြင်းတောင်း လာယူတာဘဲ။ ဈေးထဲ ကိုယ်လိုချင်တာ ရှောက်ဝယ်ပြီး လန်ခြားပေါ် ရောက်တဲ့အထိ လိုက်ပို့၊ တပြားဘဲ ပေးရတယ်။ အဲဒီလို ဟိုခေတ်က ဒို့ဗမာတွေ ဖိမ်နဲ့ အထက်တန်းကျကျနေလာတာကွ''

ကျွန်တော် ''ဟုတ်ကဲ့။ ဒါနဲ့တဆိတ် မေးပါရစေခင်ဗျာ။ အဲဒီတုန်းက ကြီးကြီးတို့ လခ ဘယ်လောက်ရသလဲ''

သူ့အဖိုးကြီးအား ကြည့်၍

''ကိုတိုး၊ အဲဒီတုန်းက ရှင့်လခ ဘယ်လောက်ပါလိမ့်''

''ဒို့ ပုစွန်တောင်နေတုန်းကလား'' အဖိုးကြီးသည် ခေတ္တစဉ်းစားလိုက်ပြီး ''အင်း တရာ့ လေးငါးဆယ်လောက် ရှိအုံးမှာပေါ့ မဆင့်ရဲ့''

ကျွန်တော် ''အား အဲဒီတုန်းက တရာ့လေးငါးဆယ်ဟာ ဘယ်နဲမလဲခင်ဗျာ။ အခုခေတ် ကုန်ဈေးနှုန်းတွေနဲ့ တွက်ကြည့်ရင် တထောင်လောက် ရှိနေတာဘဲခင်ဗျာ''

အဖိုးကြီး ''ကိုသော်တာပြောတာ ဟုတ်ဗျို့။ တချို့ကုန်စျေးနှုန်းတွေနဲ့တွက်ရင် ဒီလောက် တောင်မကဘူး''ဆိုပြီး သူ့အမယ်ကြီးအား ''မဆင့်၊ ခုန ငမြင်းရင်းစျေး မင်းမေးတာတပိဿာ ဘယ်လောက်တဲ့''

''ဆဲ့ရှစ်ကျပ်တဲ့တော်''

အဖိုးကြီး ''အဲဟိုခေတ်တုန်းကဆို ဘယ်လောက်နေမလဲ''

''ခြောက်မူး သုံးမတ်ပါ၊ သေရောကျေရော အရှားဆုံးစျေး မူးတင်း တကျပ်ပါဘဲ''

''အဲဒါကြည့်ရော့ ကိုသော်တာ။ ပြည်တွင်းထွက်ကုန်ဘဲ။ ဒါနဲ့ ကိုသော်တာ့စာတွေ ဖတ်ရတော့ ကိုသော်တာက ရန်ကုန်ဇာတိ မဟုတ်ပေဘူး။ ရန်ကုန်ကို ဘယ်နှစ်ခုနှစ်လောက် ရောက်သလဲ။ အင်္ဂလိပ်ခေတ်ကောင်း မီလိုက်သေးသလား''

ထိုအဖိုးကြီး၏ အထက်ပါမေးခွန်းသည် ကျွန်တော့်အား ဤဆောင်းပါးကိုရေးရန် နိဒါန်း ပျိုးပေးလိုက်ခြင်း ဖြစ်ပါတော့၏။

× × ×

## အင်္ဂလိပ်ခေတ်ကောင်း

ကျွန်တော်သည် ၁၉၃၈ ခုနှစ်တွင် ရန်ကုန်မြို့သို့ စတင်ရောက်ရှိခဲ့ပါ၏။ ဤအချိန်သည် မြန်မာပြည်၌ နယ်ချဲ့အရင်းရှင်စနစ်၏ မှည့်ရွှန်းဝင်းပ အရသာပြည့်ဝသော ခေတ်သမယဖြစ်၍ အရင်းရှင်နှင့် အရင်းရှင်တို့၏ လက်ဝေခံများ လွန်စွာဝပြောသာယာသော 'အင်္ဂလိပ်ခေတ် ကောင်း'ဟု ခေါ်တွင်ပါ၏။ ၈၀ ရာခိုင်နှုန်းသော လယ်များက ချစ်တီးကုလားလက်ထဲရောက်ကုန် ကြပြီ။

ယင်း၌ အရင်းရှင်နှင့် အရင်းရှင်လက်ပါးစေ (လခစားများအပါအဝင်) တို့ မည်သည် မြို့နေလူတန်းစားထဲတွင်ဖြစ်၍ သင်းတို့၏ ခေါင်းပုံဖြတ်သွေးစုပ်မှုကို ခံနေကြရသော တောနေ လူတန်းစားများကား လွန်စွာဆင်းရဲလှပါဘိတောင်း။ ဥပမာမြို့မှာရှိသော ခေါင်းရွက်ဗျတ်ထိုး စျေးသည်မကာ မိမိစျေးဆိုင်ခုံပေါ်မှလှမ်း၍ ''ဟေ့ ကာကာ၊ ကြာယီးရေးပြားလား၊ ပေါင်မုန့်ထော ပတ်သုတ် (သို့မဟုတ် နံပြားမလိုင်နဲ့) တပွဲ''ဟု မှာကြားနေချိန်၌ တောက လယ်သူမအိမ်မှာ ညက ထမင်းကြမ်း မကျန်၍ နို့ညှာကလေးငိုနေသည်။

နို့ပြီး အခုန နိဒါန်းတွင် ရန်ကုန်သူ အဖွားကြီးက ''ဒို့ အိမ်ထဲက အိမ်ပြင် ခြေတလှမ်း မလျှောက်ခဲ့ပါဘူး။ ဈေးသွားတို့ လန်ခြားကုလားက အိမ်ရှေ့မှာ အသင့်စောင့်နေတာဘဲ''ဟု ပြောခဲ့သည်။ မှန်လှပါ၏။ ဤခေတ်သမယ၌ ရန်ကုန်မြို့ကြီးသူများ မဆိုထားပါနှင့်ခင်ဗျာ။ ကျွန်တော်တို့ ပေါင်းတည် တောမြို့ကလေးမှာပင် ဈေးသည်၊ စာရေး စာချီတို့ အိမ်ကထွက်လျှင် လန်ခြားနှင့်။ လန်ခြားနှင့် လန်ခြားက နှစ်ပြားသား လျှော့၍မဖြစ်။ ဤစကားသည်မှန်လှပါ၏။ အကြောင်းမှာ လန်ခြားသည် အနီးဆုံးကို အနည်းဆုံးနှစ်ပြားပေးရပါ၏။ အဆင်သင့်၍ သက်သေတင်ရပါဦးမည်။ ပေါင်းတည်မြို့ပေါ်မှာ ကျွန်တော်နှင့် တကျောင်းတည်း တနှစ်ကျော် ဆုံခဲ့ဘူးသည့် မာလာသိန်းကို မေးကြည့်ကြပါ။ သူတို့အိမ်နှင့် ကျောင်းသည် ဘာဝေးမည် နည်း။ မွန္တလေးခေါ် တပြလောက်၊ ယခုခေတ် ရန်ကုန်မှာဘတ်စကား တဂိတ်လောက်၊ ကျွန်တော်တို့ တောပြော ပြောရသော် ခွေးတဟောင်လောက်ကို သူတို့ညီအမတွေ လန်ခြားနှင့်ကျောင်းတက် ကြပါသည် ခင်ဗျာ။ ကျောင်းဆင်းမှာလည်း လန်ခြားကုလားက ကြိုလို့။ ယင်းကားအထူးသဖြင့် ဟိတ်ဟန်ထုတ်လို ကြွားဝါလို၍ မဟုတ်ပေ။ ခေတ်အခြေကိုက ဖန်တီးနေ၍ဖြစ်ပါ၏။ ထိုအခါ သုံးမိုင်မျှဝေးသော တောရွာမှ (မြို့ထဲဝင်မှ ချစီးမည့်) ဖိနပ်ခါးထိုး၍ ခြေလျင်ကြိတ်ခဲ့သော ကျွန်တော်က ရင်သပ်ရှုမောရပါ၏။ မြို့သူဖြစ်ရတာများ တယ်နိပ်ပါကလား။ ငါတို့ တောသား များ တယ်နွားကျပါတကား။ နောင်ဖြစ်လေရာဘဝမှာ မြို့သားဖြစ်ရပါစေ။ ယခုဘဝအိမ်ထောင် ကျလည်း မြို့သူမနှင့် ညားရပါစေ တောင်းဆုခွေခဲ့သော ကျွန်တော်။ ဟော ယခုဖော်ပြခဲ့သော ခုနှစ်မှာ ရန်ကုန်မြို့ကြီး ရောက်ခဲ့ပါပြီခင်ဗျား။

အလ လား လား။ ရန်ကုန်မြို့ကြီး၏ ညသည် အလွန်လှပချေ၏တကား။ အင်္ဂလိပ်စာလုံး နှင့် မီးရောင်စုံတို့သည် လင်းလိုက်မှိန်လိုက်။ တကောက်ကောက် ရောက်ပြေးနေလိုက်ကြသည် များလည်း ရှိသေး။ အချို့က ဝိုင်းကြီးပတ်ပတ်လည်နေကြသည်။ မော်တော်ကားတွေကလည်း အလွန်များလှ ပါဘိတောင်း။ ကားဟွန်းသံတွေကလည်း ညံညံမစဲ။ အောင်မယ်လေးဟယ်။ ဈေးဆိုင်တွေကလည်း အနမတဂ္ဂ။ လာပါ၊ ယူပါ၊ စားပါ၊ သောက်ပါ တစာစာ အော်နေကြသူတွေကလည်း စတုဒိသာ ကြီးများ ပေးနေကြသည့်အတိုင်း။

တမျှော်တခေါ်လောက်မှ ခေတ်တိုင် တတိုင်၊ ဖယောင်းတိုင်လေးဆယ်အားမျှ မီးကလေး မှုန်မှုန်ရှိသော တောမြို့သားလေးတွေမှာ အံ့သြရပါသည်။ ကျွန်တော်နှင့် ကိုအောင်ဖေ (ကွယ်လွန်သူ) မည်သော သူငယ်ချင်း နှစ်ယောက်ကြည့်မြင်တိုင်ဆရာဖြစ်သင်ကျောင်း ဘော်ဒါ အိမ်ညနေရောက်။ ထိုညဘတ်စကားနှင့်သွား၍ ရန်ကုန်မြို့ထဲ လျှောက်လည်ကြပါသည်။ စိတ်ထင် တရုတ်တန်း လောက်မှာ ဆင်းကြပြီး ကျွန်တော်တို့ ခြေဦးတည့်ရာ လျှောက်သွားကြ သည်။ ရန်ကုန်ဘူတာကြီး ရောက်သည်။ ''ဟေ့၊ တန်တားကြီးပေါ် တက်လျှောက်ကြရအောင်'' ဆို၍ ဟိုဘက်ရောက်သွား

ကြသည်။ ထို့နောက် ကာလဘက် (ယခုမြန်မာ့ဂုဏ်ရည်) လမ်းမှ ကန်တော်လေးဘက် ရောက်သွားကြဟန်တူသည်။ ''ဟေ့ ဒီဘက်က သိပ်မစည်ဘူး။ ပြန်ကြပါစို့'' ဆိုတော့ ကျွန်တော်တို့မှာ အလာတုန်းက ဖြတ်ခဲ့သော တန်တားကြီးကို ရှာမတွေ့တော့ပြီ။ ဒီတော့ ဘယ်နေရာ ရောက်နေသည် လည်းမသိ။ အပြန်ခက်နေ၏။ ရန်ကုန်ထဲ တခါမျှမရောက်ဖူးဘဲနှင့် မူလ ကြည့်မြင်တိုင်မှ ထွက်လာကြရင်းက အပြန်ဆိုလွယ်ပါတယ်။ ကြည့်မြင်တိုင်၊ ကြည့်မြင်တိုင် အော်နေတဲ့ ဘတ်စကားတယ်စီးရုံဘဲ။

ဟော၊ ခုတော့ အဲဒီလိုအော်တဲ့ ကားစပယ်ယာသံကို မကြားရ။ တာမွေကျောက်မြောင်း သံတွေ ကြားနေရ၏။ သည်တော့ကျွန်တော်တို့ ဘာလုပ်သနည်း။ ''ရန်ကုန်မှာ မသိလို့များ ဟိုဟိုဒီဒီ သွားမမေးနဲ့ကွ။ တောသားဆိုပြီး တခါထဲတွယ်ပြီသာ မှတ်ပေရော့''ဟူသောစကား ကြားထားသည်နှင့် ဘယ်သူ့မျှဘာမှပြောမနေတော့ဘဲ လန်ခြားတစီးခေါ်ပြီး စီးတော့တာပေါ့။

ကိုအောင်ဖေသည် ပေါင်းတည်မြို့ပေါ်သားမို့ လန်ခြားစီးတတ်ပါသည်။ စီးတာ၊ ဗားယား၊ ဒိုင်းနားတွေ ပြောတတ်ပါသည်။

ဟား၊ အဲဒီတုန်းက ရန်ကုန်မြို့ပေါ်က လန်ခြားတွေကလဲ ပျံနေတာပါဘဲလား။ စက်ဘီးလို လေထိုးဘီးနဲ့လားဗျ။ ကတ္တရာစေး လမ်းကလဲ အလွန်ကောင်း အလွန်ညက်ဆိုတော့စီးရတယ်အရသာရှိသကိုး။ ကျွန်တော်တို့ ပေါင်းတည်ရွှေမြို့တော်က လမ်းကြမ်းကြမ်း ရော်ဘာဘီး ချာတာတာတို့နဲ့ကွာပ့ါဗျာ။

အဲဒီအခါမှာ ကျွန်တော်တို့က ဘာရယ်ပြောရမှန်းမသိလို့ စီးတာ၊ ဗားယား၊ ဒိုင်းနားတွေ ချည်း လုပ်နေလိုက်တာ ရောက်ပြီးသား လမ်းတွေထဲ ထပ်ရောက်ထင်ပါရဲ့၊ ဒီတော့ကုလားက သူ့လန်းခြားစီးကောင်းလို့ ကျွန်တော်တို့ ရှောက်စီးနေကြတာလို့ အော်မေ့ဟန်တူပါရဲ့။ ခါးတောင်ကျိုက်ကလေးတကားကား၊ ရင်ကလေးမော့်မော့်၊ တင်ကလေး ကော့ကော့နဲ့ပြေးလိုက် တာဗျာ။ သူ့ခေါင်းပေါင်းစ ရှည်ရှည်က လေထဲမယ် ကြွက်မြီးကို တန်းနေတာဘဲ။

အဲဒီလို ဟိုရောက်ဒီရောက်နဲ့ ရှောက်စီးလိုက်ကြတာ နောက်ဆုံးသိမ်ဖြူဂုံးတံတားကြီး ကျော်ပြီးတဲ့နောက် ဖရေဇာလမ်းအရောက်မှာ ပုစွန်တောင်ဘက်ကလာတဲ့ ဘတ်စကားက ကြည့်မြင်တိုင်၊ ကြည့်မြင်တိုင် အော်သံကြားတော့မှ ကျွန်တော်တို့ လန်ခြားပေါ်ကဆင်းခဲ့တော့ တယ်။ သို့နှင့်ကျွန်တော်တို့ ကျောင်းဘော်ဒါအိမ်သို့ သန်ကောင်လောက်မှ ရောက်ကြပါ၏။ ရန်ကုန်မြို့၏ ဈေးဦးပေါက်။ ကျေနပ်သွားပြီ။

ထိုစဉ်က ရန်ကုန်မြို့တွင် ကျွန်တော်စတင်နေခဲ့ရသော ကျောင်းသည် ရန်ကုန်တက္ကသိုလ် ဆိုပါက ယခုဘာမျှ အထူးဖော်ပြနေစရာ လိုမည်မဟုတ်ပေ။ သို့သော် ခေတ္တအရေးပေါ်ကျောင်း

မျှဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ကတည်းက မရှိတော့ပြီ။ ကြည့်မြင်တိုင်စပယ်ရှယ် နော်မန်စကူး (အထူးဆရာဖြစ်သင်ကျောင်း) ဟုခေါ်ပါသည်။ အလွတ်ပညာသင်ကျောင်း ဖြစ်ပါသည်။ ကြည့်မြင်တိုင် ဗားကရာလမ်းအဆုံး၊ သို့မဟုတ် အစမြစ်ကမ်းပါးနှင့် ကပ်လျက်တည်ရှိပါသည်။ ကျောင်းဆောင် ကျောင်းအုပ်ဆရာကြီးက ဦးညီဘု ဟုခေါ်ပါသည်။ သူ့ကိုယခုအများပြည်သူတို့ သိအောင် မိတ်ဖွဲ့ပေးရသော် ပြည်သူပိုင်တွေမသိမ်းမီက နာမည်ကြီးလှသော ရွှေဥဒေါင်းမင်း အထည်စက် ပိုင်ရှင်သဌေး ဦးညီဘုပင်ဖြစ်ပါသည်။ ဤကျောင်းတွင် ကိုရွှေ ဗိုလ်မှူးချုပ်(ဟောင်း) ကျော်ဇောနှင့် ကျွန်တော် တတန်းတည်းသားဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့ကျောင်း၏ ဘော်ဒါအိမ်မှာ လမ်းအနိမ့်ပိုင်း ကမ်းနားဘက်တွင်ဖြစ်ပါသည်။ ထမင်းစားတော့ ကျောင်းကြီးလမ်းရှိ ဆရာကြီးအိမ်တွင်သွား၍ စားရပါသည်။ အဲ ယခု ရုပ်ရှင် ဒါရိုက်တာ ‘တောကနေဒွန်း’လဲ အဲသည်တုန်းက ကိုထွန်းတင်ပေါ့။ ကျွန်တော်တို့နှင့် တတန်း တည်းပါပဲ။ အဲ နေအုံး နောက်တယောက် (ပြောရင် စာဖတ်သူများသိကြမယ်)စောညိုစိမ့်၊ စောညိုစိမ့်။ သူ့နာမည်က အဲဒီ ဆရာဖြစ်သင်တုန်းက မစောရီတဲ့။ အသားညိုချောခင်ဗျာ။ တော်တော်နိုပ်တာ။

ဒါပေမယ့် ကျွန်တော် မငေါ်ခဲ့မိဘူးဗျာ။ (စိတ်မဆိုးနဲ့နော်) ဘာကြောင့်လဲဆို

ပညာရှာ အရွယ်တွင်းဟာမို့

သင်ကာသာ ဖယ်မငြင်းနိုင်ဘူး

ငယ်စာရင်းမှာတဲ့ ခုချိန်ခါ။

အသက်စစ်ပြန်တော့

ဆဲ့ရှစ်ကယ် ရွယ်အနေပ

တနယ်မြေ ကျောင်းဖွေရိပ်ဆီသို့

မွေးမယ်ဖေ ကောင်းစေစိတ်ရယ်နဲ့

ကွပ်နိုပ်ကာ သွန်သင်လွှတ်လေတော့

ဖွတ်မိုတ်ကာ ပန်ဆင်ဝတ်ကယ်နဲ့

ဦးညွှတ်ခဲ့ပါ။

ပျိုထွေးမေ နွယ်နွယ်နောင်းကိုလ

ကိုလေးဆွေ တနယ်ပြောင်းပေမယ့်

ငယ်ပေါင်းကိုတဲ့ ပစ်မခွာ

ချစ်ပါတဲ့ တမိဖျား

သစ္စာနဲ့ ကတိထား။

ခွင့်လွှတ်နော်

ကျင့်ဝတ်တော် လူဘုံဆောင်၌

ဖူလုံအောင် ပညာရပါမှ

သဉ္ဇာမှာ ကြင်ယာအလှရယ်နဲ့

စဉ်မက္ခာ ရွှင်ပါရမယ်လို့

တွေးဆကာ မှန်စကားရယ်နဲ့

ဝေးက ပန်ကြားလိုက်ပါသဗျ

လေးနှမထံပါး။

အဲဒါ လူပျိုတုန်းက အဟုတ်တကယ် စိတ်ပါလက်ပါရေးတဲ့ ကဗျာခင်ဗျာ့။ အဲဒီတုန်းက ကျွန်တော်ဟာ အသဲမကွဲသေးဘူး။ သူ့တယောက်ကို သူ့တယောက်ပလေ။ ဒါနဲ့ဝါဆိုလကျောင်း သုံးရက်ပိတ်တာမှာ သူ့ဆီကိုပြန်ခဲ့တယ်။

စင်စစ်တော့ ဒီသုံးရက်ဟာ ရန်ကုန်မှာ ကုလားဗမာ အဓိကရုဏ်းကို ကျွန်တော်ရှောင် လိုက်တာနဲ့အတူတူဘဲ။ ကျွန်တော်ပြန်လာတော့ မီးရထားပေါ်မှာ ရန်ကုန်တွင် ကုလားနဲ့ဗမာ သတ်ကြဖြတ်ကြကြောင်း ကြားရတယ်။ ကြည့်မြင်တိုင် ဘူတာဆိုက်တော့ရင် အလွန်ခြောက်ကပ် နေတာကို တွေ့ရတယ်။ ဒါနဲ့ကျွန်တော်တယောက်တည်း မီးရထားတန်တားပေါ်က ဆင်းပြီး ကြည့်မြင်တိုင်လမ်းမကြီး ဖြတ်အကူးလိုက်မှာ ကျောင်းကြီးလမ်းဒေါင့်တွင် အောင်မယ်လေး ခေါင်းပြတ်နေတဲ့ ကုလားအလောင်းကြီး။

အဲဒီတုန်းက ဒီနေရာမှာ အင်မတန်နာမည်ကြီးတဲ့ ကွာစိလက်ဖက်ရည်ဆိုင်ဆိုတာ ရှိတယ်။ လက်ဖက်ရည်ဆိုင်ဆိုပေမယ့် ကုန်မျိုးစုံရောင်းတယ်။ အဲဒီဆိုင်က ကုလားဝဝကြီးကို 'ကွာစိ' လို့ ခေါ်ကြတယ်။ အခုန ခေါင်းပြတ်နေတာဟာ အဲဒီ ကုလားကြီးအလောင်းပေါ့။ ကျွန်တော့်တသက်မှာ ပထမဦးဆုံးအကြိမ် ဒီလိုအသေဆိုးမျိုးကို မြင်ရခြင်းပါဘဲ။ ရင်ထဲတထိတ် ထိတ်နဲ့ ကျွန်တော်တို့နေတဲ့ ရပ်ကွက်ထဲ ဝင်တော့ ကင်းစောင့်တွေက ဆီးစစ်တယ်။ ကျွန်တော့် ကိုသိသွားကြတော့ ကမ်းနားဘက်မှာ ဒီညကင်းစောင့်ဘို့ တာဝန်ပေးလိုက်တယ်။

စင်စစ်တော့ ကျွန်တော်တို့ရပ်ကွက်ဟာ ကုလားရန်ကို ဘာမျှစိုးရိမ်စရာမရှိပါဘူး။ ကမ်းနားမှာ သမ္ဗာန်ခတ်တဲ့ ကောက်ရိုးရောင်းတဲ့ ခေါ်တော အနည်းငယ်မှတပါး အားလုံးဗမာ ချည်းဘဲကိုး။ ဒီကုလားတွေလဲ ဗမာတွေကို ရန်မပြုဝံ့ရှာပါဘူး။ သူတို့ဟာ သူတို့အချိန်မီ လွတ်ရာကျွတ်ရာကို ပြေးကြပါတယ်။ ဒီတော့သူတို့အိမ်တွေက ကျန်ခဲ့တဲ့ ဆိတ်တွေကြက်တွေဟာ ကျွန်တော်တို့ ညကင်းစောင့်သမားတွေအတွက် ဖောခြင်းသောခြင်းပေါ့ခင်ဗျာ။ တနည်းတော့ ကျွန်တော်တို့တတွေကို ပျော်ပွဲစားဘို့ ဖန်တီးပေးခြင်းဖြစ်နေပါ၏။

ရန်ကုန်မြို့ထဲနဲ့ ကုလားများတဲ့တာမွေတို့၊ မြေနီကုန်းတို့မှာသာ အကြိတ်အနယ်ဆော်ကြတယ်။ ဗမာရပ်ကွက်တွေက သွားသွားကူကြရတယ်။

ကျွန်တော်ပြန်ရောက်တဲ့ အချိန်မှာတော့ ရန်ကုန်မှာအုပ်ချုပ်ရေးက နိုင်နေပါပြီ။ နယ်တွေကိုသာ ပြန့်နှံ့သွားတုန်း။ အဲဒီဟာ မော်လဝီဦးစံရှားစာအုပ်ကြောင့် ဖြစ်ပွားရတဲ့ ၁၉၃၈ ခုနှစ် ကုလားဗမာ (မြန်မာပြည်မှာ နောက်ဆုံးဖြစ်ရတဲ့) အဓိကရုဏ်းပါဘဲ ခင်ဗျာ။

ရန်ကုန်မြို့၌ ကျွန်တော် ပထမဦးဆုံးနေရသည်မှာ ကြည်မြင်တိုင် အနိမ့်ပိုင်းလမ်း လှိုင်မြစ်ကမ်းနားတွင်ဖြစ်၏။ ကျွန်တော်တို့ဆရာဖြစ်သင်ကျောင်းအုပ် ကျောင်းထောင်ဆရာကြီး ဦးညီဘု ၏အိမ်မှာ ကျောင်းကြီးလမ်း။ ဤလမ်းနှစ်ခုသည် ကြည့်မြင်တိုင်ဘူတာ အနောက်ဘက် အထက်ကြည့်မြင်တိုင်လမ်းမကြီးမှ ဖြာထွက်လာကြသော လမ်းပြိုင်နှစ်ခုဖြစ်၏။

ထိုစဉ် ဆရာကြီးမဟာဆွေအိမ်မှာလည်း ဤကျောင်းကြီးလမ်း၌ပင်။ ကျွန်တော်တို့ ကျောင်းအုပ်ကြီး ဦးညီဘုအိမ်နှင့် မျက်စောင်းထိုး။ ၁၉၃၈ခုနှစ် ဖြစ်လေရာ၊ ၁၉၀၀ ပြည့်ဖွား ဆရာကြီးမဟာဆွေအသက်မှာ ၃၈နှစ်မျှ။ သမီး ခင်ဆွေဦးနှင့် ခင်ဆွေအေးတို့မှာ နို့ညှာနှင့် နို့စို့ ရွယ်ရှိပေဦးမည်။

ဆရာကြီးသည် ထိုစဉ်ကပင် ပုပုဝဝ ဗိုက်ဖောင်းဖောင်းနှင့် ဖြစ်ပေရာ ကျွန်တော်တို့သည် သူ့အား တစေ့တစောင်း ချောင်းမြောင်းကြည့်ရှုကြလျက် အညာသားတယောက်က ဆရာကြီး အား

'ဖားအိုင်း' နှင့်တူသည်ဟု မှတ်ချက်ချ၏။ စင်စစ်ဆရာကြီးသည် လူဝတုတ်တုတ်၊ မျက်မှန်နှင့် တုတ်ကောက်နှင့် လမ်းလျှောက်ရာတွင် ခန့်ထယ်သူဖြစ်ပေသည်။

ကျွန်တော်တို့၏ ဆရာဖြစ်သင်ကျောင်းမှာ ကျောင်းကြီးလမ်းနှင့် ကမ်းနားလမ်းဒေါင့် မြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ဤနေရာမှ တောင်ဘက်သို့ ကိုက်တရာမျှ လျှောက်လိုက်ပါက ထိုစဉ်ကနာမည်ကြီးခဲ့သော ကြည့်မြင်တိုင် ဖော့တန်တား။ ထိုစဉ်က ဘာကြောင့်နာမည်ကြီးရပါ သနည်းဟူမူ မောင်စည်သူ၊ မခင်ရီမည်သော သမီးရည်းစားနှစ်ယောက်သည် 'ပေါင်းရာတို့ အကြောင်းမဆိုင်၊ နှစ်လောင်းပြိုင် သေတာအေးရော' ဟု ဤဖော့တန်တားမှ လက်ချင်း ကြိုးချည် ၍ ရေထဲခုန်ချသေဆုံးကြကြောင်း ထိုနှစ်သတင်းစာများ၌ အကြီးအကျယ် အကျော်ဒေးယျ ဖော်ပြခဲ့ကြ သောကြောင့်ဖြစ်ပါ၏။ ဖြစ်စမှာ ဒီတန်တားပေါ် လာကြည့်ကြသူများ စည်ကားခဲ့ပေ သည်။

ယင်းသတင်းမျိုးကား ထိုခေတ်၌အလွန်ရှားပါး၏။ (ယခုခေတ်၌လည်း ဒီလိုသမီးရည်းစား နှစ်ဦးပြိုင် သေတာမျိုး ဘယ်ရှိလို့တုံး။) သူတို့နှစ်ယောက်အကြောင်းကား အလွန်ဝမ်းနည်းဘွယ် သနားဘွယ်ကောင်း၍ ယင်းသတင်းနှင့် မရှေးမနှောင်း လူငယ်များ ဝမ်းမြောက်ဖွယ်၊ အားရဘွယ် ကောင်းသည်ကား မောင်ပွင့်ကောင်းနှင့် မသန်းသန်းတို့ သတင်းပါတည်း။ မောင်ပွင့်ကောင်း အား မသန်းသန်းမိဘများက သဘောမတူ၍ အခြားသူနှင့် ပေးစားမည့် မြို့လယ်ခေါင်မင်္ဂလာ ပွဲတွင် မောင်ပွင့်ကောင်းက မသန်းသန်းကို ပရိသတ်ထဲမှ အတင်းဆွဲခေါ်ပြီး ကားနှင့်တင်ဆောင် ပြေးခြင်း ဖြစ်ပေ၏။ Sir Walter Scott ၏ Lochinvar 'လော်ကင်ဗာ' ကဗျာနှင့် တူလှ ပေသည်။ မောင်ပွင့်ကောင်းကား သူရဲကောင်း လော်ကင်ဗာအတိုင်းပင်။ ယင်းကို ဆရာကြီး မင်းဆွေက 'မောင်ပွင့်ကောင်း–သန်းသန်း' ဟူသော လုံးချင်းဝတ္ထုရေးခဲ့ပေသည်။ ထိုလူစွမ်းကောင်း မောင်ပွင့်ကောင်းကား အခြားသူမဟုတ်ပေ။ မြန်မာပြည်တွင် စိမ်းစားငပိနှင့် ငံပြာရည် ကို ပုံများ၊ ပုလင်းများနှင့် နှစ်ရှည်လများ သိုလှောင်နိုင်၍ လွယ်ကူစွာ သယ်ယူနိုင်ရန် စီမံတီထွင် ခဲ့ပေသော ပွင့်ကောင်း ငပိငန်ပြာရည်လုပ်ငန်းရှင် ဦးပွင့်ကောင်းပါခင်ဗျား။

## ခရီးသွားယာဉ်များ

ထိုခေတ်၌ ရန်ကုန်မြို့တွင် ပုဂ္ဂလိက အသီးသီးပိုင် ဘတ်စကားများအပြင် အာရ်အီးတီ ကုမ္ပဏီ၏ ဓာတ်ရထား၊ ထရော်လီများရှိပေသည်။ လော်ကယ်ရထားတွေက ဆဲ့ငါးမိနစ်တစင်းရှိ သည်။

ကျွန်တော်တို့ ကြည့်မြင်တိုင်မှ ရန်ကုန်မြို့ထဲသို့ သွားလိုလျှင် မီးရထား၊ ဘတ်စ်ကား သို့မဟုတ် ဓာတ်ရထားကို စီးနိုင်သည်။ ထရော်လီကား ကြည့်မြင်တိုင်သို့မရောက်။ အလုံ အာရ်အီးတီလျှပ်စစ်စက်ရုံမှစ၍ ရန်ကုန်မြို့ထဲဖြတ်ပြီး ကန်တော်ကြီးဘက်သို့သွားသည်။

ထိုအချိန်မှာ ဓာတ်ရထား၊ ထရော်လီတို့သာလျှင် ရပ်သောမှတ်တိုင်ရှိ၍ ဘတ်စကားတို့ မှာ ယခုခေတ်လို မှတ်တိုင်မရှိချေ။ စီးလိုသူက ဘတ်စကားလမ်းတလျှောက်တွင် စီးချင်သော နေရာမှစီး၍ ဆင်းချင်သောနေရာတွင် ဆင်းနိုင်သည်။ ဘတ်စကားမောင်းအလာ လူတယောက် က လက်ပြလိုက်ပါက စပယ်ယာက 'ဟိုး'ဟုအော်၍ မောင်းသူက ထိုးရပ်လိုက်၏။ လူတက်ပြီး 'ခိုးလိုး'ဟုအော်၍ မောင်းသူကဆက်မောင်း။ စီးသူကလည်း မိမိဆင်းလိုသောနေရာနီးလျှင် 'ဟိုး' ဟု အော်လိုက်။ တခါတည်း ထိုးရပ်၏။ ခရီးသည်၏ဆန္ဒအတိုင်း စီးလိုရာက စီး၍ ဆင်းလိုရာ ဆင်းနိုင်သည်။

ထိုခေတ်တွင် ဘတ်စကားတို့မှာ စည်းကမ်းမရှိချေ။ တစီးနှင့်တစီး အပြိုင်မောင်းကြ၏။ ကျော်တက်ကြ၏။ လူလုတင်ကြ၏။ မြို့ထဲတွင်ပင် တနာရီမိုင်လေးဆယ်နှုန်းမျှ မောင်းကြ၍ အထွက် အရပ် အရှိန်ပြင်းလှ၏။ ကားထဲတွင် ယခုလိုရှေ့ဘက်လှည့်ထားသော နှစ်ယောက်တွဲ သုံးယောက်တွဲ ထိုင်ခုံများမဟုတ်မူ၍ ဘေးနှစ်ဖက် ခုံတန်းလျားများသာဖြစ်ခြင်းကြောင့် လူချင်းဘေးချင်းယှဉ် စီးရလေရာ ထိုခေတ်လူပြက်များက

''ဗမာတွေ ခေါင်းချင်းရိုက်ကုန်ကြပြီ''

''ဘတ်စကား ထိုးရပ်လို့''

''ဗမာတွေ ကျောချင်းကပ်ကုန်ကြပြီ''

''ဆိုက်ကား နှစ်ယောက်တွဲစီးကြလို့''ဟုပြက်ကြ၏။

ထိုစဉ်မှာ သခင်များ နိုင်ငံရေးထကြွချိန်ဖြစ်လေရာ ယင်းပြက်လုံးမျိုးကို ပရိသတ်သဘော ကျကြသည်။

ထိုခေတ်တွင် ဘတ်စကားထဲမှာ မတ်တတ်ရပ် မစီးရချေ။ နံဘေးခုံတန်း နှစ်ခုပြည့်လျှင် အလယ်မှာထိုင်ရန် ခွေးခြေလေးတွေပါသည်။ ထိုခေတ် ဘတ်စကားလေးတွေက မတ်တတ်ရပ်စီး လို့လည်းမဖြစ်ပါ။ ယခုခေတ် 'ဗင်'လို အမိုးနိမ့်နိမ့် ကားငယ်ငယ်တွေဖြစ်၏။ ထိုခေတ်က ဘတ်စကားစီးလျှင် အပြင်ကို နည်းနည်းလေးမျှ လက်မထုတ် ခေါင်းမငဲ့ရပေ။ အပြင်းမောင်းရင်း သူတို့ချင်းရှောင်ပုံမှာ ပီပီပွတ်ကာ သီကာကလေးမျှ။ အလွန်ပင် ကားမောင်းကျင်လည်ကြကုန် ၏။

ဘတ်စကားလေးတွေကလည်း ပေါ့ပေါ့သေးသေးလေးတွေဖြစ်၏။ ကြည့်မြင်တိုင်နှင့် သိမ်ကြီး ဈေးကို ဆဲ့လေးငါးမိနစ်ဘဲ မောင်းသည်။

ထိုခေတ်၌ ဘတ်စကားစောင့်ရသည်ဆိုသော စကား မရှိချေ။ ဘတ်စကားလမ်းမ သင်ရောက်ပါက ဘတ်စကားတွေက သင့်ရှေ့ထိုးရပ်ပြီး အပြိုင်လုခေါ်ကြပြီ။ စပယ်ယာတို့က သင့်လက်ထဲမှာပါသောပစ္စည်းကို ဆီးဆွဲမည်။ ကားပေါ်ရောက်မှ ပြန်ပေးသည်။

ဓာတ်ရထားက ကြည့်မြင်တိုင်မှ သိမ်ကြီးဈေးသို့ မိနစ်နှစ်ဆယ်မှ အစိတ်ကြာတတ်သည်။ အေးအေးဆေးဆေး သွားလိုသူများ၊ ကုန်ပစ္စည်းပါသူများစီးကြသည်။ ဓာတ်ရထားတွင် 'မိန်းမသား များသာ'ဟူသော သီးသန့်နေရာပါသည်။ ရှေ့ပိုင်းမှာ အထူးခန်းပါသေးသည်။ ရိုးရိုးတန်းတပဲကို ခြောက်ပြား၊ နှစ်ပြားခရီးကို သုံးပြားပေးရသည်။ ထရော်လီနှင့် ဓာတ်ရထား မောင်းသူ လက်မှတ် ရောင်းသူတွေမှာ ကုလားများသာဖြစ်ကုန်၏။

× × ×

## ရပ်ကွက်တွင်းယာဉ်များ

ထိုစဉ်က ရန်ကုန်မြို့တွင် ဘတ်စကား၊ ဓာတ်ရထား၊ ထရော်လီများအပြင် လမ်းတိုခရီး တွက် လန်ချား၊ မြင်းလှည်း၊ ရထားလုံးများရှိသည်။ (ဆိုက်ကားက ၁၉၄၀ ခုနှစ်လောက်မှ စပေါ် သည်ထင်ပါသည်။)

ကုလားရထားလုံးတို့သည် ရန်ကုန်မြို့လယ်ခေါင်နှင့် ဗိုလ်တထောင်၊ တာမွေ၊ သင်္ကန်းကျွန်းဘက်တွင် များကြ၍ လန်ချားသည် အခြားရပ်ကွက်တို့၌ အနှံ့အပြားသီးရှိကြသော် လည်း ကြည့်မြင်တိုင် စမ်းချောင်းဘက်တွင်မူ လန်ချားကုလားများ ကျက်စားခွင့်မရပေ။ အကြောင်းမှာ ဗမာပိုင်မြင်းလှည်းများ၏ သီးခြားဒေသလို လုပ်ထားသောကြောင့်ဖြစ်၏။ ယင်းမှာ ဘယ်ဥပဒေကမျှ တားမြစ်ပေး၍မဟုတ်။ စမ်းချောင်းမြင်းလှည်းအသင်းကြီး၏ စွမ်းဆောင်ချက်ပေတည်း။ ထိုစဉ်မှာ (ဗိုလ်ချုပ်ကြီး အိမ်စောင့်အစိုးရလက်ထက် ရန်ကုန်မြို့နယ်တွင် မြင်းလှည်းများ အားလုံးပိတ်ပင် သည်အထိ) ကြည့်မြင်တိုင်မှ ဘုရားကြီး ဗဟန်းဘက်သို့ဘတ်စကားပင် မပြေးဆွဲရ။ အစိုးရက တားမြစ်ပေး၍ မဟုတ်။ မြင်းလှည်းသမားများက သူတို့ဟာသူတို့ တားမြစ်ထားသောကြောင့်ဖြစ်၏။ မည်သို့ တားမြစ်ပါသနည်း။ (ဂျပန်ခေတ်တွင် ထိုမြင်းလှည်း အသင်းကြီး၏ အမှုဆောင် တယောက် ဖြစ်ခဲ့ဘူးသော ကျွန်တော်က ပြောပြပါမည်။) မြင်းလှည်း သမားတို့သည် မော်တော်ကားဘီး ဖောက်ရာ၌ အလွန်ကျင်လည်ကြ၏။ စီးကရက်ဗူးခွံကို သုံးဒေါင့်ဖြစ်အောင်ချိုး၍ သံမှိုတပ်ကာ ပစ်တိုင်းထောင်လုပ်ပြီး ထိုမော်တော်ကားအလာတွင် ရှေ့မှပစ်ထဲ့လိုက်၏။ သံစိုက်ဝင်၍

စီးကရက်ဖူးခွံကပ်ပါသွားလျှင် ရှေ့ဆက်မောင်း မကြာမီ ဖောင်းကနဲ ပေါက်ထွက်တော့၏။ ထို့ကြောင့်ဘတ်စကားသည် မြင်းလှည်းသမားတို့ကို ကြောက်ကြရကုန်၏။ ရှေးခေတ် ကြည့်မြင်တိုင်မှ ဗားကရာချောက်ဖြတ်ပြီး စမ်းချောင်းဂိတ်ကတဆင့် ရန်ကုန်သို့သွားသော ပြန်သော ဘတ်စကားများပင် စမ်းချောင်းမြင်းလှည်းအသင်းကို သင့်တင့် အောင်လုပ်ကြရ၏။ ခရီးသည်ငှားခဲ့၍ ရန်ကုန်ထဲမှ နယ်ကျွံလာခဲ့သော ကုလားရထားလုံးများ၊ လန်ခြားများလည်း အပြန်မှာ လူမတင်ဝံ့ကြချေ။ မြင်းလှည်းအသင်းသားများသည် လက်သံလည်း ပြောင်တတ်ကြ၏။ ဖြစ်လိုက်လျှင် အမူးသမားများ၏ ရှုန်းရင်းဆန်ခတ်ပဲ။ ခံရသူမှာတော့ အကွဲ အပြဲ။ သို့ရာတွင် ဤရပ်ကွက်မှာ လူသတ်မှုသော်မျှ သက်သေရဘို့ခက်ခဲ၏။

## ထိုခေတ်ရန်ကုန်သားများ

'မွန္တလေးစကား၊ မော်လမြိုင် အစား၊ ရန်ကုန် အကြွား'။ ထိုစကားသည် ထိုခေတ်ထိုအခါ ၌ ရန်ကုန်သားများကြွားခဲ့ကြောင်းမှန်ကန်ပါ၏။ ဝတ်စားဆင်ယင်မှုတွင် ရန်ကုန်မြို့က ထိပ်ကနေ ၏။ ရှေ့ကပြေး၏။ ရန်ကုန်သူ ရန်ကုန်သားများသည် အိမ်၌စားစရာမရှိလျှင်နေ၊ အပြင်ထွက် လျှင်တော့ လှလှပပလေး ဝတ်တတ်၏။ မဝတ်လို့လည်း မဖြစ်ပေ။ ထိုခေတ် ထိုအခါ၌ 'တောင်း အကွပ်၊ လူအဝတ်' ဆိုသည်မှာ ရန်ကုန်တွင် အလွန်မှန်ကန်၏။ အကြောင်းမှာ အပေါ်အင်္ကျီမပါ လျှင် လန်ခြားကုလားပင် ခေါ်မရပေ။ ဈေးဝယ်ရာတွင်လည်း အဝတ်အစားရှိုးကျကျမှ ဈေးရောင်းသူက လေးလေးစားစား ဆက်ဆံ၏။

ကျွန်တော်တို့ ကျောင်းသားဘဝမှာ မြို့ထဲသွားလျှင် အပေါ်အင်္ကျီအမြဲဝတ်ရသည်။ ရှူးဖိနပ်စီးကြသည်။ ခေါင်းကိုဆံပင်ကပ်ရန် ကော့စမတစ်၊ အရောင်တောက်အောင် ဇက်ဆလင်၊ သို့မဟုတ် ဟဲယားကရင်းလူးလျက် ခြေထောက်က ဖိနပ်နှင့်အညီ ပေးတင့်ရောင် တောက်အောင် ဖီးကြသည်။ ယခုခေတ်လို အမောက်ကျကျနှင့် ဆံမွေးတစ မထောင်၊ ချပ်ချပ်ရပ်ရပ်၊ လုံချည်မှာ လည်း ပိုးထည်မှ ခေါက်ရိုးမကျိုးရ။ အပေါ်အင်္ကျီရောင်၊ ဖိနပ်ရောင်နှင့်လည်း လိုက်လျောအောင် ရွေးခြယ်ကြသေးသည်။ ဥပမာသက္ကလပ်အင်္ကျီ နက်ပြာရောင်ဆိုပါမူ ပုဆိုးမီးခိုးရောင်၊ ရှူးဖိနပ် လိမ်မော်ရောင်စသည်ဖြင့်။ ရေမွှေးနံ့တထောင်းထောင်းနှင့် မျက်နှာပေါင်ဒါအဖွေးသားကလည်း ထင်ရှားစွာဘဲ။ ထိုခေတ်မှာ လူပျိုကာလသားတိုင်း အိတ်ထဲမှာ တို့ပတ်ပါ၏။ မျက်နှာချွေးစို့လျှင် တို့ပတ်ဖို့သည်။ နို့ပြီးအပေါ်အင်္ကျီဝတ်လျှင် စတစ်ကော်လာကြွေရောင်တင်နှင့်။ ယခုခေတ်လို ကော်လာထောင်ထောင်ကြီးများနှင့် မဝတ်ကြချေ။ မိုးရာသီနှင့် ဆောင်းရာသီ အေးမြသော အချိန်မျိုးမှာဆိုလျှင် ဘလေဇာ ကုတ်အင်္ကျီနှင့် လည်ပင်းမှာ မာဖလာစည်းကြသည်။

ဤသို့ ရှိုးကျကျဝတ်ပြီးဆိုလျှင် ခြေလျင်လည်း တယ်ပြီးမလျှောက်ကြချေ။ ဥပမာဆိုစို့။ ကျွန်တော်တို့သည် ကြည့်မြင်တိုင်မှ ဘတ်စကားနှင့် မြို့ထဲသွား၏။ သိမ်ကြီးဈေး ဆင်းပြီး စကော့ဈေး၊ သို့မဟုတ် အခြားဟိုဟိုဒီဒီ သွားအံ့။ လန်ခြားကိုစီး၏။ လန်ခြားကလည်း ခရီး အဝေးအနီးလိုက်၍ နှစ်ပြား တပဲ၊ အလွန်ဆုံးတမူးဘဲပေးရ၏။ ဥပမာ လူတယောက်သည် သိမ်ကြီးဈေးမှ စကော့ဈေးသို့လည်း သွား၏။ ရှိုးကုမ္ပဏီသို့လည်း သွား၏။ ဆူးလေဘုရားသို့ လည်း ဝင်ဖူး၏။ ဤစဉ်မှာ လန်ခြားကုလားက စောင့်နေရ၏။ နောက်ဆုံးမှ ဓာတ်ရထားမှတ်တိုင် ကိုလိုက်ပို့ရ၏။ ဓာတ်ရထားပေါ်အရောက် ပစ္စည်းတွေကလည်း တင်ပေးသေး၏။ ဒါမှ တမူးဘဲ ပေးရသည်။ ဤတမူးကလည်း လန်ခြားဝါးလားအဖို့ မနည်းပေ။ ကဇော်တလုံးဘိုးရနေ၏။ ချက် အရက်တပုလင်းမှ ငါးပဲ သုံးမူးရယ်ဟာကြီးကို။ (ကဇော်ဆိုသည်မှာ စိမ်ရည်ကိုခေါ်ပါသည်။) ထိုခေတ်ထိုအခါဝယ် တရုတ်ဘုံဆိုင်ကြီးများတွင် ချက်အရက်နှင့် စိမ်ရည်တွဲ၍လည်းကောင်း ခနိရည်နှင့် ထန်းရည်တွဲ၍လည်းကောင်း ရောင်းကြသည်။ ထိုဆိုင်အားလုံးကို ကျွန်တော်တို့ ဗမာများက ကဇော်ဆိုင်ဟု ခေါ်ကြသည်။ ယင်းကဇော်ဆိုင်တိုင်း၏ အမှတ်တံဆိပ်မှာ ဂေါ်ရင်ဂျီ ကုလားသည် လက်တဖက်က ကြက်ခြေထောက်၊ တဖက်က ပုလင်းကို နှုတ်ခမ်းနှင့်မထိအောင် မော့နေပုံများ ဆေးရောင်စုံနှင့်ဖြစ်ကုန်၏။ ကမ္ဘာပေါ်တွင် အရက်သေစာကို နှုတ်ခမ်းနှင့်မထိဘဲ ပုလင်းလိုက် မော့နိုင်သူ၊ ဆေးပြင်းလိပ်ကို မီးဘက်က ပါးစပ်ထဲငုံ၍ သောက်နိုင်သူကား ဂေါ်ရင် ဂျီကုလားမှလွဲ၍ အခြားလူရှိအံ့မထင်။ အသင် ဂေါ်ရင်ဂျီကုလားတို့ ပျော်စရာဖြစ်သော ယင်းကဇော်ဆိုင်ကြီးများထဲသို့ ရှေးခေတ် ရှေးအခါက အလွန်အောက်တန်းကျသော ဂျပိုးတေ လေမှလွဲ၍ မြန်မာလူမျိုးထဲက မသွားရောက်ကြပေ။

ထိုစဉ် ရန်ကုန်မြို့ပေါ်မှာ ဗမာလူမျိုးထဲကလည်း သောက်သူနည်းပါးပါ၏။ ဝင်ငွေလေး ခေတ်အလျောက် တော်တော်ကောင်း၍ သောက်ကြသူများလည်း အနည်းဆုံးဘီယာလောက်သာ သောက်ကြ၏။ ကျွန်တော်သည် ၁၉၃၈ခုနှစ် ဆရာဖြစ်အောင်ပြီးနောက် ၃၉ခုနှစ်မှာ အင်္ဂလိပ်စာ သင်ရင်း စမ်းချောင်းရပ် လင်းလွန်းကွက်သစ် ဇလွန်လမ်းတွင် ကျွန်တော့်ဦးလေးအိမ်၌နေ၏။ ကျွန်တော့်ဦးလေးသည် ပဲခူးတိုင်းပညာဝန်ရုံးတွင် လစာ ၂၂၀ကျော်ရသော စာရေးကြီးဖြစ်၍ အိမ်ပိုင်နှင့် နေနိုင်၏။ နေ့စဉ်ဘီယာသောက်နိုင်၏။ အပတ်စဉ် မြင်းပွဲသွားနိုင်၏။ ထိုစဉ်အခါမှာ ကျွန်တော် မသောက်တတ်သေး။ တခါတရံ ဦးလေးသောက်ရာကို ပါသွားတတ်၏။ ဦးလေး သောက်လေ့ရှိသော ဆိုင်မှာ ယခု တာတူး၊ ထိုစဉ်က ‘ဘရစ်စတိုလ်ဘား’ ဟုခေါ်သည်။ အဝင်ဝ ဆင်နားရွက် တံခါးလေးနှစ်ဖက်မှာ ဒေါ်နယ်လ်ဒတ်ခေါ် ဝမ်းဘဲရုပ်ကလေးနှစ်ခုက မျက်နှာချင်း ဆိုင် ရပ်လျက် ဦးထုပ်ချွတ်ကာ ခရီးဦးကြိုပြုနေကြသည်။

ထိုအခါ၌ ဦးလေးတို့ သောက်ကြသည်မှာ ဆင်တံဆိပ်၊ ကြက်တံဆိပ် ဘီယာတွေဖြစ်၏။ တပုလင်းမှ ငါးမူးခြောက်မူး၊ ယင်းသို့ဘီယာသောက်ပါက ကြက်သွန်ချဉ်၊ အာလူးကြော်၊ မြေပဲကြော်တို့က တောင်းသလောက် အလကားရ၏။ ကျွန်တော်သည် ဦးလေးနှင့်လိုက်သွားပြီး ထိုင်စားရုံမက အိမ်က ခလေးတွေဘို့ပါ ယူခဲ့တတ်သေး၏။

ထိုခေတ်ထိုအခါမှာ ပိုက်ဆံရှားသလောက် အစားအသောက်တွေက ပေါများလှ၏။ ရန်ကုန်မြို့ပေါ်မှာ လခတရာကျော်ရသူသည် တိမ်တိမ်မြည်နေ၏။ လခနှစ်ရာကျော်ရသော စာရေးကြီးကတော်သည် အိမ်မှာ အစေခံနှစ်ယောက်နှင့်နေ၏။ မနက်က ထမင်းဟင်းကို ညစာ ဆက်မစားချေ။ တနေ့လျှင် ဈေးနှစ်ကြိမ်သွား၏။ မနက်ဈေး၊ ညနေဈေး၊ နှစ်ဈေး၊ ကျွန်တော် ဇလွန်လမ်း ဦးလေးအိမ်တွင်နေစဉ်မှာ ဤလင်းလွန်းကွက်သစ်အတွက် မနက်ဈေးက ကြည်မြင် တိုင်ဘုတာအနီး ဝါးခယ်မလမ်းနှင့် ရွှေလောင်းလမ်းတို့ထိပ်တွင် ဖြစ်၏။ ညနေဈေးက မအူပင်လမ်းနှင့် ဖျာပုံလမ်းထိပ်တို့ထိပ် ရှမ်းလမ်းမကြီးတွင်ဖြစ်၏။ ထိုစဉ်ကပင် ကျွန်တော်သည် ဒေါ်လေးနှင့် ဈေးခြင်းကိုင်လိုက်ခဲ့၍ ဈေးဝယ်တတ်ခဲ့၏။ ယင်းကာလမှာ ရန်ကုန်သားတွေ ငရှူ့ ငကျည်း မစားဘူးဆိုတာမှန်ပါသည်။ ငမြင်း ငကြင်း အညှီဆုံးငါး ငါးပုဏ္ဏားလောက်မှ ဥနှင့် ကက်ကက်ကို စားကြ၏။ ဥမပါလျှင် မစားပေ။ အမဲသားကောင်းကောင်း စားလိုလျှင် စကော့ဈေး သွားဝယ်ရ၏။ နွားမတမ်းမ ပေါင်သားဖြူဖြူဖွေးဖွေး နုနုလေးမှ တပိဿာသုံးမတ်။ ရိုးရိုးအမဲသား ကငါးမူး ခြောက်မူး။ ဆိတ်သားသိုးသားလည်း သုံးမတ်ပဲ။ ထိုစဉ်မှာ ဈေးဘိုး တကျပ်သုံးနိုင်လျှင် ထိပ်တန်းထမင်းဟင်း စားရပါ၏။ ဆီက ဆယ်ပိဿာဝင်တပုံးမှ သုံးကျပ်ခွဲ လေးကျပ်ဟာဘဲကိုး။

## နတ်ဘုံနတ်နန်းများ

ထိုခေတ် ထိုအခါက ပြည့်တန်ဆာရပ်ကွက်တို့သည် လူသိရှင်ကြား ထင်ထင်ရှားရှား ရှိကြကုန်၏။ စမ်းချောင်းရပ် မအူပင်လမ်းနှင့် ညောင်တန်းလမ်းထိပ်ရှိ သင်းချိုင်းကုန်းဟောင်းမှာ တခြမ်းက ဈေးအပေါဆုံး ဖြစ်သည်။ တမတ်ထဲ ကိုယ့်လူရေ။ ရန်ကုန်မြို့ ဘုရလမ်း (ဒါလဟိုဇီနှင့် ဖရေဇာကြား) ကတော့ တကျပ်တန်း။ ဤလမ်းထဲ သင်ဝင်သွားပါက အဆွယ်များက သင့်အား အငမ်းမရ ခေါ်ကြပေလိမ့်မည်။ သင်သည် ယခင်က တခါမျှမရောက်ဖူးသည် ဖြစ်ဘိလည်း

''ဒီမှာ ဆရာ၊ အရင် အကိုလာနေကျအိမ်လေ''

''အရင်ဟာလေးတွေအပြင် အခု ရောက်နေတာလေးတွေက သိပ်နိုပ်တာဘဲ''

''စိတ်ချရတယ်ဆရာ။ အာမခံလေးတွေပါဘဲ''

''တက်ကြည့်ရုံကြည့်ပါ အကိုရဲ့။ မကြိုက်တော့ ပြန်ဆင်းပေါ့''

သူခေါ်ရာ သင်အပေါ်ထပ်သို့ ပါသွားပြီဆိုပါက ကောင်မလေးတွေက တန်းစီပြပေလိမ့် မည်။ ဗမာလို ထမီဝတ်တွေအပြင် တရုတ်မလို ဖောင်းဗီဝတ်၊ ကုလားမလို ဆာရီဝတ်၊ ဗိုလ်မလို ဂါဝန်ဝတ်တွေလည်း အမျိုးစုံရှိ၏။ အပေါစား ပေါင်ဒါနဲ့၊ ရေမွှေးနံ့ တထောင်းထောင်းနှင့် မျက်နှာချေများ လိမ်းခြယ်လျက် သင်ကြိုက်ရာရွေးနိုင်ပါသည်။

၎င်းတို့ကား စိတ်မချရ။ ရောဂါရတတ်ပါသည်။ သန့်သန့်ပြန့်ပြန့်နှင့် အန္တရာယ်ကင်းကင်း လှလှပပလူမျိုးခြားမ ရလိုပါက လမ်း ၄၀သို့ ကြွပါ။ ဈေးကမသေးဘူး။ ၁၀ိခင်ဗျာ့။ ဂျပန်မ များဖြစ်သည်။ သူတို့မှာ ဆရာဝန်ရှိသည်။ သင့်ကို ပထမစစ်ဆေးကြည့်၍ သန့်ရှင်းပါမှ ဆက်ဆံ ခွင့်ရ၏။

သည်လို အတွေ့မဟုတ်ဘဲ အပွေ့အဖက် အနမ်းအရှုံ့လောက်ပြုလိုပါက ထိုစဉ်က တရုတ်တန်းမှာ နမ်းရွှန်း၊ ဟောင်ကောင်၊ အွန်လောက်၊ ကမ်းနားလမ်းတွင် ယူနီဗာဆယ်၊ စထရင်း (ယခုပြည်သူပိုင်သိမ်းထားသော စထရင်းဟော်တယ်ကြီး မဟုတ်ပေ။ တရုတ်စထရင်း ဟော်တယ် သတ်သတ်ရှိ၏။) ၎င်းဟော်တယ်များသို့ ကြွပါလေ။

လွတ်လပ်ရေးရပြီးနောက် ဖဆပလခေတ်မှာ ဟောင်ကောင်၊ အွန်လောက်၊ အိုင်ကွမ်၊ ဘီအေစီ၊ ရန်ကုန် ဟော်တယ်တို့တွင် ဟိုအင်္ဂလိပ်ခေတ်တုန်းက ကဲ့သို့ပင် အမျိုးသမီးများ စားပွဲထိုးခြင်းရှိခဲ့ပါ၏။ သို့ရာတွင် ရှေးခေတ်နှင့် ကွာသည်ကား အမျိုးသမီးတို့၏ အရွယ်နှင့် ရုပ်ရည်ရူပကာ ဖြစ်ပါ၏။

ဟိုတုန်းက ဟော်တယ်မယ်ဆိုလျှင် အရွယ်ကောင်းရ၏။ ရုပ်ချောရ၏။ ယောကျာ်းများ စွဲမက်လောက်ရ၏။ ဒါမျိုးတွေမှ ရွေးချယ်ခန့်ထား၏။ ထိုခေတ်က ဟော်တယ်မယ် ရုပ်အချော အညှုအခရာကောင်း နာမည်ကြီးခဲ့သည်မှာ စထရင်းဟော်တယ်မှ တရုတ်ကပြားမ အကင်နှင့် ယူနီဗာဆယ် ဟော်တယ်မှ ဗမာမခင်ခင်တို့ဖြစ်၏။ သူတို့ကြောင့် ယောကျာ်းများ ခေါထိုးပွဲဖြစ်ခဲ့ ဘူး၏။

ယင်းဟော်တယ်မယ်တို့သည် လင်မယား အဆင်မပြေလျှင် လည်းကောင်း၊ ရည်းစားနှင့် ကွဲသူများသည်လည်းကောင်း၊ အချစ်ရူး စိတ်ကူးပေါက်သူများ အတွက်လည်းကောင်း မှီခိုရာ အားထားရာဖြစ်ကုန်၏။ သူတို့သည် နံနက် ၁၁ နာရီမှ ည၁၁နာရီအထိ ဟော်တယ်တွင် လာသမျှ

ညှော်သည်များအား ပြုစုညှော်ခံရန် တာဝန်ရှိ၍ ထိုအချိန်မှ လွန်သော် အော်ဒါခေါ်၍ ရလေ၏။ ယင်းခေတ်မှာ ညအခန်းငှားတို့လည်း အလွန်ပေါ၏။ သင့်၌ငွေသာရှိပါစေ၊ သင်ဘာမျှ မသိသော်လည်း ဟော်တယ်မယ်က စီစဉ်ပေးပါလိမ့်မည်။

ဟော်တယ်မယ်များအား ပွဲ့ဖက် နမ်းရှုံ့ရှုံလောက်တော့ သူငယ်ချင်း နှစ်ယောက်သုံးယောက်လောက် ငွေ ၅ကျပ်လောက်ပါလျှင် ကိစ္စဖြစ်ပါသည်။ ဘီယာနှစ်လုံးသုံးလုံးလောက်နဲ့ နှစ်နာရီသုံးနာရီလောက် ပျော်မွေ့နိုင်ပါသည်။ သင်သည် ကျောင်းသားလူငယ်လေး ဖြစ်ပါက သင့်ထက်နည်းနည်းကြီးသော ဟော်တယ်မယ်က 'မောင်လေးရဲ့ ဒီလာတာမကောင်းဘူးနော်။ မမကမင်းကိုချစ်လို့ပြောတာ' စသည်ဖြင့် သင်နောက်ထပ် မလာမနေနိုင်အောင် ဆွဲဆောင်ပေလိမ့်မည်။ ရွယ်တူ ဟော်တယ်မယ်က တော့'မောင့် ကိုမမြင်ရမနေနိုင်တော့ပါဘူး' ဟု ညုချေအံ့။ သူတို့ ရုပကာအမူအရာများကလည်း (သင် လူပါးမဝသေးသမျှ) ကျလောက်ပါပေ၏။ ခံရဘူး လို့ ပြောတာနော်။

## ထိုခေတ်က ကာလသားရောဂါဆေးရုံ

ဖော်ပြပါ ပျော်မွေ့ဘွယ်ရာများကြောင့် သင်သည် ရောဂါရပြီဆိုပါတော့။ ယခုခေတ်မှာလို ပင်နီစလင်တွေ မပေါ်သေးသောကြောင့် အင်မတန်ကုရခက်၏။ ပရိုက်ဗိတ်ဆေးတိုက်သို့ မသွားနိုင်သူများ လားရာမှာ ယခုသိမ်ကြီးဈေးနှင့် ဗိုလ်ချုပ်ဈေးအကြားရှိ လေဟာပြင်ဈေးနေရာ ကွက်လပ်ကြီးမှာ ကာလသားရောဂါဆေးရုံကြီး ထီးတည်းရှိ၏။ သည်ရောဂါမျိုးတွေကို အတွင်း လူနာထား၍ကုသပေးသည်မဟုတ်။ ဆရာဝန်က ကြည့်ရှုပြီးဆေးပေးသည်။ ခွဲစိတ်သည်သာဖြစ်၏။ အောင်မယ်လေး ဘင်ခွဲသည်များ မေ့ဆေးနှင့်မဟုတ်။ အတင်းချုပ်ပြီး အစိမ်းခွဲသည်။ နာလို့ အော်လေ၊ ဆရာဝန်နှင့်ချုပ်ကိုင်သူများက ဆဲလေ။ နင် ကမြင်းကြောထအုံးဟဲ့ပေါ့။

ထိုဆေးရုံမှာ ဆရာဝန်က ကြည့်ရှုစစ်ဆေးခွင့်ရအောင်လည်း ကုလားစာရေးကို လပ်ပေးရသေးသည်။ သူ့အား လပ်ပေးရပုံကလဲ ရှင်းရှင်းပါဘဲ လူတွေမှာ ခုခေတ်လို တန်းစီစနစ် မပေါ်သေး။ သူ့စားပွဲရှေ့မှာဝိုင်းအုံလျက် လက်ထဲမှစီးကရက်ဗူးကို လည်းကောင်း၊ ပိုက်ဆံတမူး တမတ်ကိုလည်းကောင်း၊ သူမြင်အောင် မြှောက်မြှောက်ပြနေရသည်။ ဘသားချောက ကျီးကန်း မျက်စိမျိုးနှင့် ဒါတွေကို ရှာဖွေကြည့်ပြီးမှ လူရွေး၍ ခေါ်သည်။ စီးကရက်ဗူးဆိုလျှင် ဖွင့်ကြည့် လိုက်သေးသည်။ ငတိသည် အထဲမှာမဟုတ် တယုတ်တွေ ထည့်ထားသော ထိခဲ့ဘူးဟန်တူ၏။ ထိုသို့သူ့ဆီမှ နံပတ်နှင့် စာရွက်ရတော့မှ ဆရာဝန်အခန်းကို အလှည့်ကျဝင်ရ၏။ ဆရာဝန်က စစ်ဆေးပြီး ဘာဘာညာညာ ရေးပေးလိုက်တော့မှ ဆေးခန်းသွား၍ ဆေးထည့်ခံရ၏။ အိမ်မှာ သုံးဘို့ဆေးကိုယူရ၏။ အဲသည်က

ပေးတဲ့ အဲသည့်ခေတ်က ဆေးကလဲ တယ်အနံ့ဆိုးတယ်ဗျာ။ အိုင်ဒိုဖောင်းဘဲ။ အဲသည်တုန်းကများ ကျိုးပြီဆို တယ်လူသိသကိုးဗျ။ လူကွတကွတနဲ့၊ ညှော် ရှောင်ရတာနဲ့၊ အောင်မယ်လေး တခါကျိုးမှဖြင့် အနည်းဆုံးတလကိုးသီတင်း။

တောက်၊ ခုခေတ် ပင်နီစလင်ကတော့ ဒါမျိုးမှာ အံ့လောက်ပါသဗျာ့နော့်။ နာရီပိုင်း အတွင်း ပျောက်တာဘဲ။

## လမ်းမတော်ဖိုးတုတ် (သို့မဟုတ်) ရန်ကုန်မြို့၏ညဘုရင်

ထိုခေတ်အခါ၌ ရန်ကုန်မြို့၏ညဘုရင်ကို ကျွန်တော်သည် ဘာနုရာဇာဒေါင်းစကြာ၏ မမြင်ကွယ်ရာတွင် ဖူးမြင်ခဲ့ရလေသည်။ ထိုညသူ၏ ညီလာခံသဘင်မှာ သက်န်းဝတ်(ရဟန်း သံဃာဟု မဆိုပါ။) နှစ်ဦးနှင့် အရက်သောက်နေခြင်းပင်ဖြစ်ပါသည်။

၁၉၄၀ ခုနှစ်က ကျွန်တော် သူငယ်ချင်း 'အပါ'။ (ဒီကောင် ယခုပင်ရှိပါသည်။) ထိုသက္ကရာဇ် တွင် တရံရောအခါ၌ ဒီကောင်မြာတပွေကို ဂေါ်လေရာ ပက်လက်လန်ကျခဲ့သည် နှင့် အချစ်မြေပြင် ခြေတင်စ လူငယ်တို့၏ထုံးစံအတိုင်း အပြင်းအထန် စိတ်နှလုံးထိခိုက်တော့ သည် ဟူသတည်း။

''ဟေ့ သူငယ်ချင်းရ။ ငါတော့ အကြီးအကျယ်စိတ်ညစ်ပြီကွ''

ကျွန်တော်က ဒီပွဲမျိုးကြုံခဲ့ဘူးပေါင်းများပြီဖြစ်၍

''အေး ငါသိသားဘဲကွ''

''ရှေးလူကြီးသူမတွေကတော့ 'ရည်းစားလူလု အူနုကျွဲခတ်'လို့ ပြောကြတယ်။ အခု ငါ့ရင်ခေါင်းထဲမှာ ဖြစ်နေတာကတော့ ဝါဆိုဖယောင်းတိုင်ကြီးတခုထွန်းထားသလို ပူရှိန်းနေပြီး ဖားတကောင်အရှင်လတ်လတ် လွတ်ထားသလိုဘဲ တဒိန်းဒိန်းခုန်နေတယ်ကွ''

''အေးပေါ့ကွာ။ တကျောင်း တဂါထာ တရွာတပုဒ်ဆန်းဆိုတာလို တဦးနဲ့တဦး ခံစားမှု ဥပမာပြုပုံချင်း မတူကြဘူးပေါ့ကွာ။ ငါတုန်းက ရေနံ့တကောင် ပြာလူးပြီး ရင်ခေါင်းထဲ လွတ်ထား သလို အောက်မေ့ခဲ့ရတယ်ကွ''

''ကဲ ဒီတော့ ဒီငရန့်လိုအကောင်၊ ဖားလိုအကောင် ဒို့ရင်ခေါင်းထဲ ဝင်ခုန်နေတာကို ဘယ့်နှယ်လုပ်ရမလဲ''

ကျွန်တော်တို့ လူပျိုပေါက် စိတ်ကူးအတိုင်း

''အရက်နဲ့ လောင်းသတ်တာပေါ့ကွာ''

''အေး ဟုတ်ပီ''

''နို့ပြီး လေ့မျော လေ့နဲ့လိုက်၊ ငွေမျောငွေနဲ့လိုက် ဆိုတာလို မြာမျော မြာနဲ့လိုက်ရတယ် ကွ''

''ဟာ ဒါ အေး မင်းဟာ ဟုတ်တော့ဟုတ်တယ်။ ဒါပေမယ့် လိုက်ဖို့မြာက ဘယ်မလဲ''

''ထာဝရအဖို့တော့ မဟုတ်ဖူးပေါ့ကွာ။ တခဏအတွက်မှာဖြင့် ယူနီဗာဆယ်တို့ စထရင်း တို့ အွန်လောက်တို့၊ နမ်းရှန်းတို့၊ ဟောင်ကောင်တို့မှာ မြာနဲ့အရက်ကစားပွဲနဲ့တွဲနေတယ် မဟုတ်လား''

''အောရိုက်၊ အောရိုက်၊ ဘဲရီးဂွဒ်အိုင်ဒီယာ။ ဘတ်။ အဲဒီဟော်တယ်တွေသွားဘို့ မန်းနီးက''

''ဟာ ဒါတော့ မင်းကိစ္စ မင်းကြံမှပေါ့ကွ။ ငါ့ထီစာရေးမလေးတုန်းက ငါ့ရွှေကြယ်သီး ပေါင်ရတယ် မဟုတ်လားလို့''

ဤနေရာ၌ ထိုခေတ်က 'ထီစာရေးမ'ဆိုသည့် အကြောင်းခေတ္တ ဖြတ်ပြောချင်ပါသည်။ ထိုခေတ်က ထီဆိုင်တို့သည် ယခုခေတ်လို အောင်ဆုပန်၊ ကန်တော်ကြီး၊ ကန်တော်ကလေး စသည့်နာမည်တွေတပ်၍ နေရာတကာ အနှံ့အပြားသီးဖွင့်ကာ လူသူမရွေး ရောင်းချကြသည် မဟုတ်။ ထီဆိုင်ကို သိမ်ကြီးဈေးလို၊ စကော့ဈေးလို အကွက်အကွင်းကျကျမှာ လှလှပပကြီး ပြင်ဆင်၍ မိန်းကလေး ချောချောလှလှတွေမှ ရောင်းချကြသည်။

ယခုခေတ်လို ဘယ်ဆိုင် ဘယ်လောက် အပေါက်များသည်ဟု သတင်းစာတွေထဲမှာ ထည့်ပြီး မကြော်ငြာကြ။ မိန်းကလေးလှလှကိုသာ ဘမ်းပြထားကြသည်။ အနှီမိန်းကလေးတို့က လခလည်းရ၏။ ရောင်းရသော ထီစာရွက်ပေါ်မှာ ကော်မရှင်လည်းရသည်။ ထို့ကြောင့် ထိုမိန်း ကလေးတို့သည် ထီလက်မှတ်များများရောင်းရအောင် မြူဆွယ်တတ်ကြသည်။ ထိကပါး ရိကပါး အပြောခံကြသည်။

ယခုခေတ်တွင် မိန်းမချောကလေးတွေ ရုပ်ရှင်မင်းသမီး လုပ်ချင်ကြသကဲ့သို့ ထိုခေတ်က မိန်းမလှကလေးတွေ ထီစာရေးမ လုပ်ကြသည်။ ထိုခေတ်က ဂေါ်ကာလသားတို့သည် သိမ်ကြီး

ဈေးထီရုံတန်းနှင့် စကော့ဈေး အလယ်ပေါက်ဝ နာရီစင်အောက်က ထီစာရေးမလေးလှပုံကို သတိရကြပေဦးမည်။ ထိုခေတ်က ထီစာရေးမ ဂေါ်ရပုံလည်း လွယ်လှသည် မဟုတ်ပါ။ တခါ စကားပြောချင်လျှင် ထီတစောင်ထိုး။ ငွေနှစ်ကျပ် ကုန်ရပါ၏။

ကျွန်တော်သည် မိုက်မဲစွာ ငွေနှစ်ကျပ်စီ အလီလီကုန်ခြင်းဖြင့် သိမ်ကြီးဈေး ထီရုံမှ ကောင်မလေးတယောက်နှင့် ရည်ငံမိသည် ဆိုကြပါစို့။ သူ့နာမည်က ဘေဘီ။ တရုတ်ကပြား မလေး။ လိပ်စာက ၁၀၈၊ ရွှေတောင်တန်း (အဟုတ်အမှန်ကို ထုတ်ပြန်လို့ရေးပါ၏။ မရွှေချော ယခုရှိပါသော် ငါးဆယ်ကျော် အဒေါ်ကြီး။) သူနှင့် ကျွန်တော်သည် စာပေးစာယူဖြစ်ကြပြီး တယ်မကြာလှ။ သူထီဆိုင်သို့ မလာတော့သဖြင့် သူနှင့်နှစ်ယောက်အတူ တွဲထိုင်လေ့ရှိသော မိန်းကလေးကို မေးကြည့်တော့ ''ဘေဘီက ရှင့်ကိုချစ်သွားရှာတယ်။ ဒါပေမယ့် သူက ဒီထီဆိုင် ရှင်တရုတ်ရဲ့ မယားငယ်ဘဲ''ဟု သိရသည်၌ ကျွန်တော်အသဲကွဲတဲ့သဘောပေ့ါ ခင်ဗျာ။ ခုန အပ့ါကို ကျွန်တော် ပြောသလို မြဲမျော မြဲနဲ့လိုက်ဆိုတဲ့အတိုင်း ရွှေကြယ်သီးကို ပေါင်ပြီး စာတွေ့မက ငါတွေ့ရသော ဟော်တယ်များသို့ ကျွန်တော်သွားခဲ့သည်။ ဤနည်းလမ်းကို ကျွန်တော်က ညွှန်ပြခြင်းဖြစ်ရာ အပါသည် ခေတ္တမျှ ဆိတ်ငြိမ်နေပြီးနောက် ရုတ်တရက်ပြောင် လက်သွားသော မျက်နှာနှင့်

''အဲ၊ ဟုတ်ပြီ ဟုတ်ပြီ။ ဒီနေရာမှာ ငါ့မေမေကို ငါထိုင်ပြီးရှိခိုးချင်တယ်ကွ''

''ဘာလဲ။ မင်းမေမေက ထိုင်ပြီးရှိခိုးတာနဲ့ ပိုက်ဆံပေးတယ်လား။ ဒီလိုဆို ငါပါလိုက်ခိုး မယ်''

''အို၊ နိုး။ ဒီလိုမဟုတ်ဖူး။ ငါ့မေမေကို ငါထိုင်ပြီး ရှိခိုးချင်စိတ်ပေါ်တာက ငါ့မေမေရဲ့ မေ့တတ်တဲ့အတွက်ကွ''

''အို ငါ့လခွီးတဲ့။ မေ့တတ်တဲ့အတွက်ကိုသာ ထိုင်ရှိခိုးရမယ်ဆိုရင် ဖွတ်တွေ ပဒတ်တွေ ဘုရားဖြစ်ကုန်ရေပေ့ါကွ''

သူသည် စိတ်ပျက်ဟန်နှင့် ခေါင်းကိုရမ်းလိုက်ကာ

''တယ်၊ ဒီကောင် နားဝေးရန်ကော။ ငါပြောတာက ငါ့မေမေ မေ့တတ်တဲ့အတွက် ငါ ပိုက်ဆံရပေါက် ဖြစ်လာတာမို့ ငါပြောတာကွ။ ငါ့မေမေ မေ့တတ်တာက ဘယ်လိုလဲသိလား။ ပိုက်ဆံသေတ္တာဖွင့်ပြီး သော့မပိတ်ဖဲထားတတ်တယ်။ ရေချိုးခါနီး နားဋောင်းတို့၊ လက်စွပ်တို့ကို ချွတ်ပြီး ဘယ်နေရာမှာထားမှန်းမသိဘဲ ဖြစ်တတ်တယ်။ ဒါကြောင့် သူ့ပစ္စည်းတွေတခုခုပျောက် ရင်

ဘယ်သူ့မှ မစွပ်စွဲဝံ့ဘူး။ သူအထားမှားတာဘဲ၊ တချိန်ချိန် ပြန်တွေ့မှာဘဲလို့ ထင်နေတတ် တယ်ကွ။ ဘယ်သူမှလဲမယူတော့ ဒီလိုဘဲ ပြန်ပြန်တွေ့နေကျကိုကွ''

သို့သော် အပ္ပါအမေ ဒေါ်ဖွားရွှေ၏ စိန်လက်စွပ်တကွင်းသည် မကြာမီအတွင်း၌ ထာဝစဉ် ပျောက်ဆုံးသောအဖြစ်သို့ ရောက်ရှိသွားလေသတည်း။

ထိုလက်စွပ်ကို ၃၅ကျပ်နှင့် ပေါင်၍ ၃၄ကျပ် ၁၅ပဲရှိနေသောအပါနှင့် ကျွန်တော်သည် ရန်ကုန်မြို့ထဲသို့ လာခဲ့ကြကာ အပါက

''ဒီငွေမကုန်မချင်း ဟော်တယ်စေ့အောင်တက်မယ်ကွ။ အခု ဘယ်ဟော်တယ်စသွားမလဲ''

ထိုခေတ်က ငွေအစိတ်သုံးဆယ်သည် မနည်းပါချေ။ ထိုစဉ်၌ ကျွန်တော်တို့သည် (ဟော်တယ်ဈေး) တကျပ်တပဲတန် တီတံဆိပ်ဘီယာတလုံးစီမျှ သောက်လိုက်လျှင်ပင် မူးယစ် သောစည်းစိမ်ခံစားရသော သမယဖြစ်ပါ၏။

ကျွန်တော်က ''ခင်ခင့်ဆီကို ပထမသွားမယ်ကွ''

ထိုစဉ်ကာလ၌ 'ခင်ခင်'ဆိုလျှင် ယူနီဗာဆယ် ဟော်တယ်ဖြစ်ကြောင်း ဤမှာဘက်၌ ကျင်လည်ကြကုန်သော သူကောင်းသားတို့ သိကြပါကုန်၏။ ခင်ခင်သည် ယူနီဗာဆယ်၏ အလှဘုရင်မ။

''နောက်ပြီးတော့ အကင့်ဆီသွားမယ်ကွ''

ကျွန်တော်က စကားဆက်၏။ အကင်သည် တရုတ်ကပြားမ၊ ဝဝကက်ကက်ကလေး။ စထရင်းဟော်တယ်၏ 'စတား'ဖြစ်၏။ ၎င်းစထရင်းမှာ ယခုစထရင်းမဟုတ်။ 'ချိုင်းနိစ်စထရင်း ဟော်တယ်'ဟု အင်္ဂလိပ်လိုရေးထား၏။ ယခုလက်ရှိ စထရင်းဟော်တယ်ကား ထိုခေတ်က ဥရောပတိုက်သားများအတွက် သက်သက်သာဖြစ်၏။

''ကလင် လင်။ အံ့စယ်လာလယ်''

ယူနီဗာဆယ်ဟော်တယ်တွင် အပေါက်ဖက်ကို မျက်နှာပြုထိုင်နေသော ငွေသိမ်းစာရင်း ကိုင်တရုတ်၏ အသံသည် သူ့လက်က ပထမနှိပ်လိုက်သော ခေါင်းလောင်းသံနှင့်အတူ ပေါ်လာ သည်၌ အခန်းထိန်းမှူးမိန်းမ ထွက်လာကာ ကျွန်တော်တို့အား လွတ်လပ်သောအခန်းတခုသို့ ပို့လေသည်။

''ကဲ၊ ဘာသုံးဆောင်ကြမလဲ ပြော''

အပါသည် ထိုမိန်းမ၏ ပါးကိုတချက်နမ်းလိုက်ပြီး

''တီနှစ်လုံးရယ်၊ ဘဲကင်ရယ် ခင်ခင်ရယ်၊ သုံးခုအတူလွှတ်လိုက်ပါ''

''ကျွန်တော်အဖို့တော့ မြနဲ့ ကပ်စတန်စီးကရက်''

ဤစဉ်ကာလ ကျွန်တော်သောက်သည်မှာ ၃ပဲပေးရသော ကပ်စတန် စီးကရက်။ မြက ဤဟော်တယ်မှာ ကျွန်တော့်အဆက်။

မြသည် ခင်ခင်လောက်တော့ မနိုပ်ချေ။ သို့သော် သဘောသကာယကောင်း၏။ ကျွန်တော့်ထက် နှစ်နှစ်မျှကြီး၏။ ကျွန်တော့်အား 'မောင်လေး'ဟုခေါ်၍ အမြူအချော့ကောင်း၏။

'ဟော မမြ'

သူ၏တပွေ့တပိုက် ကိုယ်ကြီးကို ကျွန်တော်ကဆီး၍ ပွေ့လိုက်လေသည်။ အပါကား သူ့ခင်ခင်မလာသေး၍ မကျေနပ်။

''ဘယ်မလဲဗျ၊ ခင်ခင်''

မြသည် ကျွန်တော့်ပါးကို တချက်ပြန်မွှေးလိုက်ပြီး

''နေပါအုံးကွယ်။ လာပါလိမ့်မယ်။ ပြောခဲ့ပါတယ်''

''ကျွန်တော်မှန်းသိရဲ့လား''

''သူမြင်လိုက်ပါတယ်''

ခင်ခင်မှာ ဤဟော်တယ်တွင် လူကြိုက်အများဆုံးဖြစ်၍ သူ့ခမျာလေးမှာ တဒုက္ခ။ အခန်းတိုင်းလိုလို ရောက်ပြီး ဖျော်ဖြေရသည်။ သူမလာ၍ ဆူကြပူကြသူများ၊ သူ့အတွက်နှင့် ရန်ဖြစ်ကြသူများ။

ကျွန်တော်တို့သည် ထိုညတွင် ဤဟော်တယ်၌ ရန်မဖြစ်ခဲ့ရပါပေ။ စထရင်းက အကင်အတွက်လည်း ကတောက်ကဆမျှ မများခဲ့ရ။ အွန်လောက်က လှမေအတွက်လည်း မီးသေခဲ့ပါ

သည်။ သို့သော် နောက်ပိတ်ဆုံး နမ်းရှုန်းဟော်တယ်ကျခါမှ သောက်ကျိုးနဲ ဘာမဟုတ်သည့် ငနဲမ တယောက်အတွက်နှင့်။

အချိန်က သန်ကောင်ယံနီးနေပြီ။ ဤဟော်တယ်တွေမှာ ညသ၂နာရီတွင် ပိတ်ရသည်။ ၁၁နာရီခွဲလျှင် ညှော်စဲရသည်။ နောက်ထပ်မလာရ။ ကျန်လူများကိုပြန်ဘို့ တရုတ်တွေက လိုက်ပြီး ဝမ်နင်ပေးရသည်။ ထိုအချိန်၌ ညှော်ခံသော မိန်းကလေးများလည်း နည်းသွားလေပြီ။ အကြောင်းမှာ အချို့လည်း ညှော်ခံရင်း စျေးတည့်သွားသည်နှင့် အော်ဒါလိုက်ကုန်ကြ၏။ ဟော်တယ်အပေါ်ထပ် အိပ်ခန်းများကို တက်ကုန်ကြ၏။

ယင်းအချိန်မှာ ကျွန်တော်တို့အခန်းနှင့် မျက်နှာချင်းဆိုင် အခန်းနှစ်ခုအတွက်ပင် ငနဲမ တကောင်သာ ရှိတော့၏။ ဒါကို ဟိုဘက်ဒီဘက်လုကြလေသည်။

''ဟော့ ကြူကြူ။ ခေါ်နေတာ မကြားဘူးလား''

အပါသည် ဝမ်းခေါင်းသံပါအောင် ကုန်း၍ အော်လိုက်ရာ တဖက်ခန်းမှ ယောက်ျားသံ တခုက

''ဟော့ကြားတယ်။ မလာဘူးကွ''

ယင်း၌ အတော်မူးနေပြီဖြစ်သော ကျွန်တော့်လက်ထဲက ဖန်ခွက်က သူတို့အခန်းထဲသို့ ဂလွမ်ကနဲ ကျသွားလေသည်။

သူတို့အခန်းထဲမှ ဝုန်းကနဲထသံများနှင့်အတူ

''တယ် လူပါးဝလိုက်ပါလား။ သတ္တိရှိလာအပြင်ထွက်ခဲ့''

ကျွန်တော်တို့သည် ပုလင်းများကိုကိုင်၍ အပြင်ထွက်ကြကာ

''အသင့်ဘဲ ကျုပ်တို့ကနှစ်ယောက်ဗျ''

''ငါတို့လဲ နှစ်ယောက်ပဲ''

''အိုကေ၊ ကမ်းမောက်''

အမူးသမား သူရဲကောင်းကြီးများ အပြင်တွင်မျက်နှာချင်းဆိုင်မိကြ၍ လက်များပြင်လိုက်စဉ်မှာပင် သူတို့ဘက်က တယောက်သူသည် ရုတ်တရက် လက်ကား၍ ''ဟိုး ဟိုး ခဏနေကြ ပါအုံး ခဏနေကြပါအုံး''ဟုဆိုပြီး အပ့်မျက်နှာကိုကြည့်၍

''မင်း စုံထောက် ဦးချန်ထွန်းသားမဟုတ်လား''

ကျွန်တော်တို့က အသက် ၂၀လောက်၊ သူတို့က ၃၀မျှဖြစ်ကြသည်။ အပါက တင်းမာသောမျက်နှာနှင့်

''ဟုတ်ပါတယ် ဒါဘာဖြစ်သလဲ''

ထိုသူ၏မျက်နှာသည် ခဏအတွင်း စိတ်မာန်လျှော့သွားကာ

''အမယ်လေး၊ အသိမြန်ပေလို့ဘဲ၊ မှားကြတော့မလို့။ ကဲ ကဲ ဒို့ကဘဲ ရှော့ပါတယ်ကွာ။ လာကြ လာကြ ဒို့အခန်းကို ငါကမင်းတို့ကို ပြုစုစမ်းပါရစေ''

ကျွန်တော်တို့သည် တယောက်မျက်နှာ တယောက်ကြည့်ကြပြီးနောက် အပါက

''နေပါအုံး ခင်ဗျားက ကျွန်တော်တို့နဲ့ ဆွေမျိုးမို့လား''

ထိုသူသည် ဝမ်းသာအားရ မျက်နှာနှင့်

''အောင်မယ်လေး ဆွေမျိုးလောက် ဘယ်ကမလဲကွာ။ မင်းအဖေက ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ပါ။ လာ လာ အေးအေးဆေးဆေး ပြောကြတာပေါ့။ မင်းတို့အခန်းက ဘီလ် ငါ့တာဝန်ထားလိုက်ပါ''

မကြာမီ ကျွန်တော်တို့ သူတို့အခန်းက စားပွဲတွင် ထိုင်မိကြလေသည်။ သူတို့သည် ဂျော်နီဝါးကားကို သောက်နေကြ၏။ ကျွန်တော်တို့ ဝီစကီမသောက်ချင်ကြောင်း ပြောသည်နှင့် ဘီယာနှင့် ခိုကင်နှစ်ကောင်မှာပေး၏။

သူတို့သည် သက္ကလပ်နက်ပြာရောင် မြန်မာအပေါ်အင်္ကျီများကို ဝတ်ထားကြသည်။ ညဥ့်အချိန်ဖြစ်ရုံမက ဟော်တယ်ခန်းထဲတွင်ပင်ဖြစ်လျက် သက္ကလပ်ဦးထုပ် နခမ်းပြန့်ကြီးကို ခေါင်းပေါ်ကမချကြချေ။

တယောက်သူက ''ငါ့ကို နောက်တွေ့ရင် သေသေချာချာ မှတ်ထားကွ'' ထိုသူသည် သူ့မျက်နှာကို ထင်ရှားအောင် ဦးထုပ်ချွတ်ပြလိုက်ပြီး ''ဟောဒီခေါင်းမှာလဲ ထပ်မွေးပြောင်နေ တယ်။ ငါ့နာမယ်က မောင်အုန်းတဲ့။ မင်းဖေဖေ ကောင်းကောင်းသိတာပေါ့ကွာ။ စက်ဆန်းက သူသတ်မှု တုန်းက မင်းအဖေငါ့ကိုကယ်တာပေါ့ကွာ။ ငါသတ်မှန်းသူသိတာနဲ့ ဒီအမှုကို သူတာဝန် မယူတော့ဘူး။ တခြားအမှုလိုက်တယောက်ကို လွှဲပေးလိုက်တယ်။ ငါက လူသတ်သမားပေမယ့် ကျေးဇူးတော့ အင်မတန် သိတတ်ပါတယ်ကွာ။ မင်းဖေဖေက ငါငွေပေးတာလဲမယူဘူး။ ကဲသောက်ကြကွာ။ မင်းတို့လိုချင်တာလဲပြော။ ရန်ကုန်မြို့ကို ဒီအချိန်မှာဒို့ ပိုင်တယ်ကွ''

အမှုးသမားတို့၏ လေလုံးထွားခြင်းကို ယုံကြည်စရာလော။ လူအင်္ဂါရုပ်မှာ ပုတိုက်တိုက်၊ တိုတိုတုတ်တုတ်။ မျက်ခွံထူခြင်း၊ အသားထူပွပွနေခြင်းမှတပါး အခြားထူးခြားသော လက္ခဏာ မရှိပေ။ သူ့အဖော်မှာလည်း ထိုနည်းနှင်နှင်ပင်။

'ဒီအချိန်မှာ ရန်ကုန်မြို့ကို ဒို့ပိုင်တယ်၊ လိုချင်တာပြော' ဆိုသော စကား၌ ကျွန်တော်တို့ သည် ဘာမျှထူးထူးခြားခြား ဆန္ဒပြမနေဘဲ လူပျိုပေါက်တို့၏ အာသီသအတိုင်း ယခုသောက်နေ ချိန်၌ မြာတယောက်စီ ဖက်ထားချင်ကြကြောင်း ပြောသည်နှင့် အခုန ကြူကြူ့အပြင် နောက် တယောက်ကိုပါ ချက်ချင်းရောက်လာစေပါသည်။ နာမည်က အဆွီ တဲ့ တရုတ်ကပြားမလေး။

အဆွီသည် အတော်နိုပ်၏။ ကြူကြူထက် အများကြီးသာ၏။ ထို့ကြောင့်အပါက သုံးဆောင် ပါ၏။ ခုညမှာတော့ သူ့ပွဲပေကိုးခင်ဗျာ့။

အဆွီသည် ရုပ်ချော၍ တရုတ်သွေးပါခြင်းကြောင့် မာနကြီး၍စိတ်တိုသည်။ ဒါအတွက် ပင် ကျွန်တော်တို့ သူ့ကိုကျေးဇူးတင်ရပေမည်။ အဘယ်ကြောင့်ဆိုလျှင် သူ့အတွက်ပင် ကျွန်တော်တို့ သည် ထိုည၌ ရန်ကုန်မြို့၏ ညဘုရင်ကို ဖူးမြော်ခွင့်ရခဲ့ပေသည်။

အကြောင်းသော်ကား တစထက်တစ အမူးပိုရှိပို၍ လာခဲ့သောအပါသည် ဘယ်ထိ အောင်များ လက်ကမြင်းလိုက်သည်မသိ၊ အဆွီသည် ရုတ်တရက်ထအော်ကာ ကြမ်းတမ်းသော စကားလုံးများနှင့် ဆဲရေးလိုက်လေ၏။

ဤတွင် 'ဒီအချိန် ရန်ကုန်မြို့ဒို့ပိုင်သည်' ဆိုသော လူမိုက် ကိုအုန်းဆိုသူသည် သူ့အသက် သခင် ကျေးဇူးရှင်၏သား သူ့ညှော်သည်အတွက် ကျွတ်ကျွတ်ဆူအောင် ဒေါသထွက်ကာ အဆွီ့ ပါးကိုဖြန်းကနဲလှမ်းချလိုက်လေသည်။ ဤမျှနှင့် အားမရသေး။ ''နင်ငါ့ရှေ့မှာ ငါ့ညှော်သည်ကို ဒီလိုဆဲရေးရသလား''ဟု ဆိုပြီး သူ့အပေါ်အင်္ကျီထဲမှ အသွားတပေမျှရှိသော ဓားမြှောင်ကြီးထုတ် ကာ အဆွီ၏ လက်မောင်းကို ဖမ်းလိမ်လိုက်သည်၌ သူငယ်မသည် ဆတ်ဆတ်တုန်လျက်။

''အောင်မယ်လေး အကိုကြီးရယ် ကျွန်မအမှတ်တမဲ့ သတိလစ်သွားလို့ပါ။ ချမ်းသာပေးတော်မူပါ အကိုကြီးရယ်။ ရှိကြီးခိုးပါရဲ့''

ဤမှ ကိုအုန်းသည် အဆွီ၏လက်လက်ကို လွှတ်လိုက်ပြီး ''ဟင်း ငါဘယ်သူလဲဆိုတာ နင့်ကိုပြသွားရအုံးမယ်''ဟုဆိုကာ ဓားမြှောင့်အနှောင့်နှင့် စားပွဲဖျောင်းကနဲခုတ်လိုက်သည်။ စားပွဲပေါ်က ခင်းထားသောမှန် အစိတ်စိတ်ကွဲသွားလေသည်။ ယင်း၌ ရန်ကုန်မြို့ တရုတ်တန်း တွင် လူများကိုပင် အပျောက်ရှင်းလေ့ရှိသော တရုတ်များအကြောင်း ကြားဘူးနေသော ကျွန်တော်တို့မှာ မူးတာကလေးတွေပင် ဘယ်ရောက်ကုန်သည်မသိ၊ ရင်တထိတ်ထိတ် ခုန်နေပါ တော့သည်။ မင်းတို့က လေးယောက်ထဲ။ ဟော်တယ်တခုလုံး တရုတ်တွေက အများကြီး။

သို့သော် တရုတ် သုံးလေးယောက် ပြုန်းပြုန်းဒိုင်းဒိုင်း ပြေးလာသောအခါ၌ ကိုအုန်းမျက်နှာသည် အေးအေး ဣန္ဒြေရလှစွာနှင့် တရုတ်တယောက်၏နာမည်ကို ခေါ်လိုက်ပြီး

''ဟိုဘက်ခန်းနဲ့ ဒီဘက်ခန်းက စားပွဲမှာ ကျသမျှ တွက်ချင်တွက် မတွက်ချင်နေ၊ ငါမပေးဘူး''

ထိုတရုတ်သည် ပြုံးပြုံးပျာပျာနှင့်

''ဟာ ကိစ္စမရှိပါဘူးဆရာ''

''နို့ပြီးတော့ မင်းတို့ဟော်တယ်က ကောင်မတွေကိုလဲ ဘယ်လိုလူ ဘယ်လိုဆယ်ဆံရမယ်ဆိုတာ သင်ထားအုံး''

''ကောင်းပါပြီ ဆရာ''

''အေး ငါဒါပြောချင်လို့ ဒီစားပွဲကမှန်ကို ဓားနှောင့်နဲ့ထုပြီး မင်းတို့ကို ခေါ်လိုက်တာ။ ကဲ ငါတို့ သွားတော့မယ်''

သူက ရှေ့ကဆင်း၍ ကျွန်တော်တို့က နောက်ကလိုက်သည်၌ ကျွန်တော့်မှာ ကျောချမ်း၍ပင်နေပါတော့သည်။ ဒီလူ ဘာ့ကြောင့်များ ဒါလောက်ဗိုလ်ကျရပါလိမ့်။ တကယ့်လူပါဘဲ။ သို့သော် ဤမျှနှင့်ကျွန်တော် သူ့ကိုချီးမွမ်းမိသည်မှာ စောလှပါသေးသည်။ နောက်ဆက်တွဲတွေ ရှိပါသေးသည်။ ကြည့်ပါဦး။ (ဤနေရာ၌ စာဖတ်သူအား မှာထားပါရစေ။ သည်အကြောင်းသည် လုပ်ဇာတ်မဟုတ်ပါ။ ကျွန်တော့်ကိုယ်တွေ့ဖြစ်ပါသည်။ ထိုလူ့နာမည် အမှန်ပင် ကိုအုန်းဖြစ်ပါ သည်။

ဟော်တယ်အောက် ရောက်သည့်၌ တက္ကစီ ကားတစင်းကိုတွေ့၍ ကိုအုန်းက ကားဟွန်း ကို ဆက်ကာဆက်ကာ နှိပ်လေရာ ဟော်တယ်သုံးထပ်ပေါ်မှ တံခါးတခုပွင့်လာပြီး ''ကားမအား ဘူးဗျ'' ဆို၍ တံခါးပြန်ပိတ်သွား၏။

ဤတွင် ကိုအုန်းသည်

''အောင်မယ် ငါ့များ မအားဘူး ပြောရသလား။ ဒီကောင်ဘယ်သူများပါလိမ့်''ဟု ပြောလျက် သူ့လက်နှင့် ဖျစ်ထားသော (ထိုခေတ်၌) ဟွန်းက ရော်ဘာလုံးကို ဖလတ်ခနဲ ဆွဲယူ လိုက်ကာ ခါးမြှောင်နှင့် ဖွတ်ကနဲထိုးလိုက်ပြီး

''ဒီကောင်ကို ခုညဘဲဆုံးမရမယ်၊ လာသွားကြစို့''

ပေ ၅၀ ထိပ် တက္ကစီတစင်း ရောက်သည့်၌ ကိုအုန်းအား 'ဆရာ ဆရာ'နှင့် ကားဒရိုင် ဘာတွေ ဝိုင်းလာကြလျက်

''ဆရာ ဘာအလိုရှိသလဲ။ ဘာကိစ္စရှိသလဲဆရာ''

''သွား။ ဟို ဟော်တယ်အောက်က တက္ကစီကား ဘယ်သူမောင်းသလဲဆိုတာ သွားကြည့် စမ်း''

ဒရိုင်ဘာတယောက် သုတ်သုတ် သုတ်သုတ်နှင့် ပြေးသွားပြီး ပြန်ရောက်လာကာ

''ဘတင်ရယ်ဆရာ''

''အေး၊ ဒီကောင်ကို ခုညနှစ်နာရီ ငါ့ဆီလာရမယ် ပြောလိုက်''

''ကောင်းပါပြီ ဆရာ''

''အေး နောက်ပီး'' ကိုအုန်းသည် ကျွန်တော်နှင့် အပါကို လှည့်ကြည့်ကာ ''မင်းတို့ခုည အိမ်မပြန်ကြပါနဲ့တော့ကွာ။ ငါ့တို့ဆီမှာဘဲ အိပ်ပါ''ဟု ပြောပြီး လူတယောက်ကို လက်ညှိုးထိုး၍ ''ဟေ့ ထွန်းညွန့်''

ထိုသူသည် အလွန်သွက်လက် ဖျက်လတ်စွာနှင့် ရှေ့သို့တိုး၍ ခြေစုံရပ်ကာ

''ဆရာ''

''ဒီ နမ်းရွှန်းက ကြူကြူနဲ့ အဆွီကို နာရီဝက်အတွင်း ငါတို့အခန်းပို့ထားလိုက် သိလား''

''ကောင်းပါပြီ ဆရာ''

ထိုနောက် လူတယောက်ဘက်သို့ လှည့်ပြန်ကာ

''ဟေ့ ဘတုတ်''

''ဆရာ''

မီးလင်းနေသည့် ညဥ့်လုံးပေါက် ဆိုင်တခုကို ညွှန်ပြ၍

''ဟို အကြုတ်ဆိုင်သွားစမ်း။ ကြက်ဥအလုံး ၄၀ ဟဖ်ဘွိုင်လုပ်ပြီး ငါ့ဆီပို့ခိုင်း။ နို့ပြီး ဆားငန်သီးတထုပ်လဲ ယူခဲ့လို့ပြောလိုက်''

''ကောင်းပါပြီဆရာ''

''ကဲ ဒို့သွားမယ် ကားတစီး''

တခဏအတွင်း၌ ကားတစီး ကျွန်တော်တို့အနီး ရောက်လာကာ တံခါးဖွင့်ပြီး ဖြစ်နေ သည်။

ကားသည် ပေ၅ဝထိပ်မှ ဒါလဟိုဇီလမ်းအတိုင်း မောင်းခဲ၍ လမ်းမတော်ကို ချိုးသည်။ ထိုနောက် ကျုံးကြီးလမ်းအနောက်ဖက်သို့ မောင်းခဲ့ကာ ဝိုင်အမ်ဘီအေ အသင်းတိုက်အနီး ရောက်သည််၌ ကိုအုန်းမှာ ရုတ်တရက်ရေးကြီးသုတ်ပျာအသံဖြစ်လာလျက်

''ဟေ့ ရပ်တော့ကွ။ ဒီမှာဘဲ ဒို့ဆင်းမယ်''

ရန်ကုန်မှာ ဒီလောက် ဗိုလ်ကျနေသော ကိုအုန်း၏နောက်မှ ကျွန်တော်တို့က ရင်မောက် ၍ လျှောက်ခဲ့ကြပါသည်။ သို့သော် ကျွန်တော်တို့ အံ့ဩရသည်ကား ယခုအချိန်၌ ကိုအုန်းမှာ တမူပြောင်း၍နေချေပြီ။ မီးထိန်ထိန်လင်းနေသော တရုတ်လက်ဖက်ရည်ဆိုင်ရှေ့တွင် သက်နှိုက်ပြီး ဝတ်နှစ်ဦးနှင့် လူကြီးတယောက် အရက်သောက်နေသော စားပွဲအနီးသို့ ရောက်သည််၌ ပေ၅ဝထိပ်က လူတသိုက်ရှေ့ ဘုရင်ဖြစ်ခဲ့သော ကိုအုန်းသည် ယခုယုန်လျှင်ကျုံ့ကျုံ့ဖြစ်လျက် ကျွန်တော်တို့ကိုပါ တိုးတိုးတိတ်တိတ် နေကြရန်အမူအရာပြပြီး ကုန်းကုန်းကလေး လျှောက်သွား ကြရသည်။ မနီးမဝေးရှိ အခြားစားပွဲတခုရောက်မှ ကျွန်တော်တို့ လူသိုက်ဆိတ်ငြိမ်စွာ ထိုင်ကြရ သည်။

ဘယ့်နှယ်တုံး ကိုယ်တို့လူ။ ခြသေ့်ကနေပြီး ယုန်ကလေး ဖြစ်သွားရတာ။

ကိုအုန်းသည် အရက်သောက်နေသော သင်္ကန်းဝတ်နှစ်ဦးကိုပင် ရှိသေလေသလော၊ သို့မဟုတ် ကတုံးဆံတောက်နှင့် အသက် ၅၀ခန့် လူကြီးကိုပင် ကြောက်ရွံ့လေသလော။

ထိုလူကြီးကို မီးရောင်တခြမ်းနှင့် အမှောင်ဘက်က နေ၍ဘေးတိုက် ကျွန်တော်မြင်ရ သည်။ ပေါ်လွင်သော နှာတံ၊ ခိုင်ခံ့သောမေးရိုး၊ ပိရိသော နှုတ်ခမ်းများရှိသည်။ သူ့ကိုယ်မှာ စွပ်ကျယ် ဝတ်ထားသည်။ ကိုယ်လုံးကိုယ်ထည် ထွားသည်။

ကျွန်တော်တို့ ယခုထိုင်နေရသည်မှာ ဆဲ့ငါးမိနစ်မျှ ကျော်ပါပြီ။ ကိုအုန်း၏အမူအရာ ကြောင့် ဘယ်သူကမှ ဘာမျှမပြော။ ပျင်းလှပါပြီ။ ထို့ပြင် ကျွန်တော်တို့မှာ ကိုအုန်း အမိန့်ထုတ် ခဲ့သော ကြူကြူ၊ အဆွီနှင့် ကြက်ဥ ဟင်းဘွိုင်တို့ကို တမ်းတမိ၍ သူ့ကိုလက်တို့ပြီး

''ကိုအုန်း ဒီမှာဘာလုပ်နေတာလဲ။ သွားကြပါစို့ဗျာ''

''အို နေအုံးကွ။ ဆရာကြီးက ဘာပြောမယ် မသိသေးဘူး'' ဟုဆို၍ ထိုလူကြီးကို မေးငေါ့ ပြပါသည်။

ကျွန်တော်က

''ဒီလူကြီးက ဘယ်သူမို့လဲ''

မင်း သူ့နာမည် မကြားဘူးဘူးလား''

ကျွန်တော် ချက်ချင်းသိတရ၍

''လမ်းမတော် ဖိုးတုတ်ဆိုတာလား''

ကိုအုန်းသည် သူ့နှုတ်ခမ်းကို လက်ညှိုးကာလိုက်ကာ

''ရှူး တိုးတိုး''

နောက် ဆယ်မိနစ်လောက်ကြာမှ ထိုလူကြီးက ကိုအုန်းကိုလှမ်းကြည့်၍ ''မောင်အုန်း''

ကိုအုန်း ဇွေ့ကနဲရပ်လိုက်ကာ ''ဆရာကြီး''

''ခုည ဘာများအကြောင်းထူးသေးလဲဟေ့''

''မထူးပါဘူး ဆရာကြီး''

''အေး ဒါဖြင့် သွားတော့''ဟု အမိန့်ပေးလိုက်ပါမှ ကျွန်တော်တို့သည် ကြုံကြို အဆွီတို့နှင့်ပျော်ပါးရန် ဝိုင်အိမ်ဘီအေအသင်းတိုက်သို့ ယွန်းခဲ့ကြရပါတော့၏။

## To Let

ဤအင်္ဂလိပ် စာလုံးသည် 'ငှားရန်'ဟု အဓိပ္ပာယ်ရှိ၍ ထိုရှေးခေတ်သမယတွင် ရန်ကုန်မြို့ ၌ အိမ်ငှားလိုသူတို့သည် မိမိအိမ်ရှေ့တွင် ဤသို့ရေးထားလေ့ရှိ၏။ ယင်းအောက်မှ စုံစမ်းရန် ဌာန။

ယင်းသို့ To Letရေးထားသော အိမ်တို့မှာ သုံးလေးအိမ်အထိ ရှိတတ်ကုန်၏။ ရောင်းလိုသော အိမ်ဆိုလျှင် For sale ဟု ရေးထား၏။

အကြင် လူပျိုတယောက်သည် လမ်းမှာ အပျိုတယောက်ကို တွေ့၍ချစ်စကား ကြိုက် စကားလိုက်ပြော၏။ နေရပ်လိပ်စာကို မေး၏။ ခပ်နောက်နောက်အပျိုသည် သူသိထားသော 'ငှားရန်' အိမ်လိပ်စာကို ပြောပစ်ခဲ့တတ်၏။ ကိုလူပျိုက အဟုတ်မှတ်၍ လိုက်လေတော့ ထိုအိမ် တွင် To Let သို့မဟုတ် For sale ဆိုသောစားလုံးကြီးနှင့် တိုးနေတတ်၏။ ယင်းအိမ်မျိုးမှာ လူတယောက်မျှ မရှိပေ။

ထိုခေတ်သမယတွင် ရန်ကုန်မြို့မှာ လူနေအင်မတန် ချောင်၏။ လူဦးရေ သုံးသိန်းမျှသာ ရှိသည်။ အိမ်တွေက ပေါနေ၏။ အိမ်ရှင်တို့က အိမ်ငှားကို လိုက်ရှာနေ၏။ ကြားက ပွဲစားများပင် ထားတတ်၏။ အိမ်တအိမ်နေလိုလျှင် စဘော်တွေ၊ ဆလာမီခေါ် အပျောက်တွေ မဆိုထားနှင့် အိမ်လခမှာ တက်နေပြီး တလပြည့်မှပေးရ၏။ အိမ်လခ မှန်မှန်ပေးနေသော အိမ်ငှားကို အိမ်ရှင်ကလေးစား၏။ ထိုအိမ်တွင် လိုသမျှကို ပြုပြင်လုပ်ကိုင်ပေးရ၏။ အိမ်ရှင်က လုပ်မပေးသော် ကိုယ့်ဟာကိုယ်လုပ်ပြီး အိမ်လခထဲမှ နှိမ်နိုင်၏။ ထို့ကြောင့် ထိုခေတ်က ရန်ကုန်မြို့တွင် များစွာသော လူတို့မှာ ကိုယ်ပိုင်အိမ်ဆောက်ဖို့ မကြိုးစားကြဘဲ သားစဉ်မြေးဆက် အိမ်ငှားဖြင့် ပင်နေသွားတတ်ကြ၏။ တမင်ငှားစားရန် ဆောက်ကြသူများတွေကား ကုလားတရုတ်တွေ များကြ၏။ မြန်မာလူမျိုးထဲက နည်း၏။

၁၉၃၈ ခုနှစ် ကျွန်တော် ရန်ကုန်မြို့သို့ ရောက်သောအခါ ကျွန်တော့်ဦးလေးတော် တယောက်သည် စမ်းချောင်းရပ် လင်းလွန်းကွက်သစ် ဇလွန်လမ်းတွင် အိမ်ငှားဖြင့်နေ၏။ သူသည် လခနှစ်ရာကျော် ရသူဖြစ်၍ မကြာမီ၌ ထိုလမ်းထဲမှာပင် For sale ဟု ရေးထားသော အိမ်တလုံး ကို ဝယ်လိုက်၏။

ကျွန်တော်သည် ၁၉၃၉ ခုနှစ် ဟိုက်ယားဂရိတ် ဆရာဖြစ်ကို အောင်ပြီးသောအခါ၌ ထိုခေတ်က မြန်မာလို သင်တန်းကုန်ဆုံးပြီဖြစ်၍ နယ်ပြန်ပြီး ကျောင်းဆရာလုပ်နေဘို့သာ ရှိတော့၏။ သို့သော် ကျွန်တော်သည် ရန်ကုန်မြို့ ရောက်ပြီးမှ အင်္ဂလိပ်စာမတတ်သည်ကို မကျေ နပ်နိုင်ဘဲ အင်္ဂလိပ်ကို အလွတ်ပညာသင်ရန် ဦးလေးအိမ်သွားနေလိုက်၏။ ကျွန်တော်ရောက်ပြီး မကြာမီမှာ ထိုအကွက် မီးလောင်လေရာ ဦးလေးအိမ်ပါသွားလေ၏။ အိမ်ခြေတော်တော်များများ ပါသွား၏။ သို့သော် ယခုခေတ်မှာလို မီးဘေးဒုက္ခသည် ကယ်ဆယ်ရေးအဖွဲ့တွေ ဘာတွေ ညာတွေ ပေါ်မလာပေ။ ပေါ်လာစရာလည်း မလိုပေ။ ကိုယ့်အိုးကိုယ့်အိမ်ကို ပြန်လည် မထူထောင်မီ အချို့က ဆွေမျိုးသားချင်းအိမ်သွားနေကြသည်။ ကိုယ်ကိုးကွယ်ရာ ဖုန်းကြီး ကျောင်းသွားနေကြသည်။ ငွေကြေးပြည့်စုံသူများက အနီးပတ်ဝန်းကျင် To Let ရေးထားသော အိမ်များသို့ သွားရောက် ငှားရမ်းနေလိုက်ကြသည်။

ကျွန်တော့်ဦးလေး အိမ်ထောင်သည် ဇလွန်လမ်း အနီးမှာပင်ရှိသော သရက်တောလမ်း ထဲရှိ နှစ်ထပ်အိမ်တန်းလျားကြီးမှာ တခန်းငှားနေလိုက်သည်။ မီးရေအစုံနှင့် တအိမ်ထောင်လုံး ကောင်းစွာ နေလောက်၏။ အိမ်လခ နှစ်ဆဲ့ငါးကျပ်ပဲ ပေးရ၏။

ယင်းသို့ မီးလောင်ပြီးသောအခါ၌ သစ် သံ သွပ် ရောင်းသူများက မီးလောင်ခံရသူများ အား လူတန်းစား အခြေအနေကိုကြည့်၍ အချို့အဝက် အကြွေးရောင်းကြ၏။ သုံးလေးလ လောက် အတွင်းမှာပင် ဤမီးလောင်ကွက်မှာ အိမ်သစ်တွေနှင့် ဖြစ်သွားလေ၏။ ကျွန်တော့် ဦးလေးသည် ယခင်ဝယ်သည့် အိမ်ဟောင်းထက်ကောင်းသော အိမ်ကို ဆောက်လိုက်၏။

''အရင်အိမ်ကို ကျမ သိပ်မကြိုက်တာနဲ့ အဆင်သင့်ဘဲ''ဟု ကျွန်တော့်ဒေါ်လေးက ပြော ၏။ ကျွန်တော့်ဦးလေးက သူ့ထုံးစံအတိုင်း ဘာတခွန်းမျှ ပြန်ပြောချေ။

ယခုထိ ကျွန်တော့်တသက်တာတွင် ဤကျွန်တော့်ဦးလေးလောက် စကားနည်းသူကို မတွေ့ဘူးသေးချေ။ သူသည် တနေလုံးနေလို့မှ စကားတခွန်းပြောခဲ၏။ အိမ်တွင် သားသမီး ငါးယောက်၊ အိမ်စေနှစ်ယောက် သူ့ဇနီး၊ သူ့ယောက္ခထီးကြီးနှင့် လူပိုကျွန်တော်ရှိလေရာ သူ

မည်သူ့ကိုမျှ စကားပြောလေ့မရှိပေ။ သားသမီးများကိုလည်း ချော့မြူခြင်း မပြုတတ် ကလေးချင်း ရန်ဖြစ်သည့်တိုင်အောင်မှ သူမဖြန်ဖြေ။ အိမ်စေများကိုသာ မျက်စောင်းထိုး၍ ကြည့် လိုက်တတ်၏။

သူသည် နံနက် အိပ်ရာကထ၏။ ကော်ဖီသောက်၏။ ပြီးလျှင်ဆေးပေါ့တလိပ်နှင့် မြင်းပွဲစာတအုပ်ကို ကြည့်နေတော့၏။ ကိုးနာရီလောက်ရှိမှ ဇနီးကထမင်းခူးပြီးပြီ ပြော၍ သွားစား၏။ စားပြီးအဝတ်လဲ ရုံးသွား၏။ ညနေရုံးဆင်းလာတော့ သူနဲနဲထွေလာ၏။ ဤအချိန်၌ သူ့ကလေးတွေနှင့် အရင်းနှီးဆုံးဆက်ဆံသည်ဟု ဆိုရမည်။ သူသည် အိမ်ရှေ့ဧည့်ခန်းမှာ တုံးလုံး ကြီးလှဲနေ၏။ ကလေးတွေက သူ့အပေါ်မှခွကြ၏။ တက်ကြ၏။ သူငြိမ်ခံနေသည်။ နှုတ်ကတော့ ဘာတခွန်းမျှ မပြောချေ။ ယင်းသို့နေရင်းမှ သူ့မယားက ထမင်းခူးပြီးပြီပြော၏။ သူထသွားစား၏။ စားပြီးအိပ်ရာထဲ ဝင်၏။

သူ့အိမ်တွင် ကျွန်တော် တနှစ်ကျော်ကျော်လောက် နေဘူး၏။ မှတ်မှတ်ရရ သူနှင့် ကျွန်တော် ဘာစကားမျှ မည်မည်ရရပြောခဲ့ဘူးသည်မရှိချေ။

အိမ်မှာသာ မဟုတ်။ သူ့ရုံးမှာလည်း သူစကားအနည်းငယ် ပြောသည်ဆိုလျှင် သူ့ ရုံးစာရေးများက 'ဒီနေ့မိုးရွာမယ်'ဟု ပြောစမှတ်ပြုကြရ၏။

## လူတန်းစားများ

ထိုခေတ်၌ ကျွန်တော်နေထိုင် ကျွမ်းကျင်ခဲ့ရာ ကြည့်မြင်တိုင်စမ်းချောင်းရပ်ကွက်ရှိ လူတန်းစားများမှာ လခစားထက် ကိုယ်ပိုင်လုပ်ငန်းသမားတွေက များ၏။ ပန်းထိမ်၊ ကျောက်သွေး၊ ဖိနပ်ချုပ်လုပ်ငန်းတို့ တွင်ကျယ်ကြ၍ လက်ခစား လုပ်သားများသည်ပင် စာရေး စာချီဝင်ငွေကိုမှီလျက် ဖိနပ်ထောင်ဆရာ ကျောက်ထောင်ဆရာ၊ ပန်းထိမ်ဖိုပိုင်ရှင်တို့မှာ နာမည် တလုံးနှင့် လူချမ်းသာများ ဖြစ်နိုင်ကြကုန်၏။ ထို့ကြောင့် ဤအရပ်သား လူချမ်းသာများဖြစ်နိုင် ကြကုန်၏။ ထို့ကြောင့် ဤအရပ်သား လူငယ်များသည် ကျောင်းပညာကို မူလတန်းလောက်သာ သင်ကြ၍ လူလားမြောက်လျှင် ဆူလွယ်နပ်လွယ်ဖော်ပြပါ လုပ်ငန်းများကိုသာ သင်ကြားကြကုန် သည်။ ထိုအရပ်သား ဇာတိမှန်လျှင် ဆင်းရဲချမ်းသာမရွေး အိမ်ပိုင်ယာပိုင်နှင့် နေနိုင်ကြ၏။ အိမ်ငှားနေသူတို့မှာ အများအားဖြင့် အစိုးရလခစား 'ပုံကျများ'ဖြစ်ကြကုန်၏။

## ခက်သည့်ကမြင်းပွဲ

ဇလွန်လမ်း၌ နေစဉ်က ပထမ ကျွန်တော့်ဦးလေး ငှားနေသောအိမ်နှင့် မျက်နှာချင်းဆိုင်အိမ်မှ ကျောက်ထောင်ဆရာ ကိုတင့်နှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ ကိုတင့်မှတဆင့် သူ့ညီကိုမြင့်၊ ကိုသင့်။

အငယ်ဆုံး ကိုသင့်လည်း ကျောက်ထောင်ဆရာ။ ပုသိမ်လမ်းမှာနေသည်။ ညီလတ် ကိုမြင့်ကမူ ပန်းထိမ်ဆရာ။ ရွှေလောင်းလမ်းမှာနေသည်။

ဤညီအကို သုံးယောက်အနက် ကိုတင့်နှင့် ကိုသင့်မှာ ဘယ်တော့မှချောင်လည်လည် မရှိကြ။ ကိုမြင့်ကား လူချမ်းသာအဖြစ်နှင့် ယခုတိုင်ရှိနေပါသေး၏။ ကျောက်ထောင်ဆရာနှင့် ပန်းထိမ်ဆရာမို့လား။ မဟုတ်ပေ။ ထိုခေတ်တွင် နှစ်မျိုးစလုံး လုပ်ငန်းကောင်းသည်ပင်။ သို့သော် ကိုတင့်နှင့် ကိုသင့်က မြင်းသမားများဖြစ်ကြ၍ ကိုမြင့်က အလောင်းအစားမရှိ။ ရိုးရိုး ကုပ်ကုပ် အလုပ်လုပ်သူဖြစ်၏။

ခက်သည်မှာ ထိုခေတ်က 'ခေတ်မှီသူတိုင်း မြင်းကစားသည်' လိုဖြစ်နေ၏။ ကိုတင့်နှင့် ကိုသင့်သည် အပတ်စဉ်တိုင်း မြင်းပွဲကိုသွား၏။ သူတို့လို ကျောက်ထောင်ဆရာသာမဟုတ်။ ကျောက်သွေးသမားလုပ်သားများလည်း သွားကြ၏။ ကိုယ်တိုင်မသွားနိုင်မူ လူများကိုတဆင့်ပါး လိုက်ကြ၏။

မြင်းပွဲရှိနေသမျှ မြင်းကစားခြင်းသည် လူတိုင်းပင် လုပ်သင့်လုပ်အပ်သော လုပ်ငန်းကြီးဟု မှတ်ယူနေကြ၏။ တကောင်ချင်း ဝင်းပလေးမကစားနှင့်ဦးတော့၊ တွဲပွဲတော့ ကံစမ်းထီထိုးသည့် သဘော လူတိုင်းလိုလုပ်ကြသည်။ ထိုအင်္ဂလိပ်ခေတ်က တွဲပွဲမှာ သုံးကောင်မဟုတ်။ နှစ်ကောင်။ 'ဒါဘယ်လ်တုတ်'ဟု ခေါ်သည်။ မြင်းပွဲမှာစနေနေ့။ ကျွန်တော့်ဦးလေးလို ရုံးအလုပ်သမားသည် စနေနေ့ နေ့ဝက်ရုံးဆင်းကတည်းက မြင်းပွဲကိုတခါတည်း ဆက်သွားတော့၏။ ထိုခေတ်က 'မြင်းပွဲသွားတယ်။ မြင်းသမားဘဲ'ဆိုသည်မှာ နာစရာမဟုတ်။ ဂုဏ်ရှိသော အလုပ်တမျိုးပင်။ ဦးလေးယောက္ခထီးကြီးနှင့် ဦးလေးဇနီးသူ့သမီးလည်း တွဲပွဲတော့ နှစ်ယောက်စပ်ထိုးနေကျပေ။ စာရေးကတော် ဘာကတော် ညာကတော်တွေသာမဟုတ် ခေါင်းရွက်ဗျက်ထိုးဈေးသည်မက အစ ယခုခေတ် ထီထိုးကြသကဲ့သို့ မြင်းတွဲပွဲတော့ ထိုးလေ့ရှိကြကုန်သည်။

တနည်းအားဖြင့်တော့ နည်းနည်းပါးပါး တပတ်တခါ တွဲပွဲလောက်ကစားကြသူတို့မှာ ပျော်စရာကြီးပါပေ။ သို့သော် ငွေလုံးကြေးလုံးနှင့် စီးပွားဖြစ်ချင်သူတို့မူ ဒုက္ခရောက်တတ်ကြကုန် လေသည်။ ဖော်ပြပါ ကိုတင့်ညီ ကိုသင့်မှာ သူအငှားလက်ခံထားသော ကျောက်တွေရောင်းပြီး

မြင်းရှုံးသဖြင့် အကိုနှစ်ယောက်အကူအညီဖြင့် ထောင်မကျသော်လည်း သူ့တသက်တာမှာ လုပ်ငန်းကြီးကိုင်ရသော ကျောက်ထောင်ဆရာတော့ ပြန်မဖြစ်တော့ချေ။ သူများထံမှ လက်ခစား ကျောက်သွေးသမားလေးဘဝနှင့်သာ စခန်းသွားရလေတော့သည်။

ဤလူ့အကြောင်း ကျွန်တော်ယခု မှတ်မှတ်ရရရေးသားနေမိသည်မှာ ထိုစဉ်ကသူ့အိမ်နှင့် မျက်စောင်းထိုးမှာ ကောင်မလေးလှလှရှိသည်။ ကျွန်တော်က သူ့အိမ်စတည်းချ၍ သွားရောက် ငေါ်မိသည်။ တနေ့သ၌ သူက ကျွန်တော့်လက်ပတ်နာရီကို ငှားသည်။ နောက်ပြန်တောင်းတော့ ပေါင်ပြီး မြင်းလောင်းပစ်သည် မကြာမီ ရွေးပေးမည်ဟု ပြောသည်။ သို့သော်။

## စာနယ်ဇင်း

ထိုခေတ်က သတင်းစာများတွင် မြင်းပွဲမကောင်းကြောင်းကို ရေးလေ့မရှိပေ။ မြင်းပွဲ အတွက်ပင် သူတို့စောင်ရေတက်လျက်ရှိသည်ကိုး။ တပတ်မှာ သုံးရက်။ စနေနေ့ မြင်းပွဲရက် ပြေးမည့်မြင်းတွေနှင့် နိုင်မည်ဟုဖော်ပြသော 'တစ်'တွေညွှန်းသည်။ တနင်္ဂနွေနိုင်ကောင်နှင့် လျော်ငွေများ။ အင်္ဂါနေ့ နောက်စနေတွင် ပြေးမည် မြင်းများစာရင်း။ ထိုခေတ်က တိုင်းပြည်သည် အင်မတန် အေးချမ်းငြိမ်သက်လျက်ရှိရာ လူတွေအဖို့ အပတ်စဉ် မြင်းပွဲသတင်းသာလျှင် စိတ်ဝင် စားစရာ ဖြစ်နေသည်။ သတင်းစာတစောင်နှင့် တစောင် မတူအောင်ဖတ်ဖို့မှာ အခန်းဆက် ဝတ္ထုရှည်များသာဖြစ်သည်။ မြန်မာ့အလင်းမှာ မြမျိုးလွင် ဝတ္ထုများဖြင့် ထင်ရှားသည်။ ဝတ္ထုတိုစား သည်က သူရိယမဂ္ဂဇင်းဖြစ်၏။ ဇဝန၊ မဟာဆွေ၊ ရွှေဥဒေါင်းတို့က မှန်တမ်းပါဝင်လေ့ရှိ၏။ ဝတ္ထုတိုရှည်ဆောင်းပါးကဗျာတွေ ဝေဝေဆာဆာနှင့် ခန့်ခန့်ကြီး ထွက်သည်ကတော့ ဒဂုံမဂ္ဂဇင်း ကြီး တအုပ်တကျပ်၊ သူရိယမဂ္ဂဇင်းနှင့် နောက်ပိုင်းထွက်လာသော မြန်မာ့အလင်းမဂ္ဂဇင်းက ၈ပဲ (ငါးမူး)၊ ဂျာနယ်များက ၄ပဲ (တမတ်)။

## ကလောင်သစ်ဖြစ်ရပုံ

ထိုစဉ်က ဒဂုံမဂ္ဂဇင်းကြီးနှင့် ဒီးဒုတ်ဂျာနယ်တွင် ကဗျာကဏ္ဍပါ၍ မည်သူမဆို ရေးသား ပေးပို့နိုင်သည်။ သို့သော် ယင်းခေတ်ကဗျာတို့ကား ယခုခေတ်လို လေးလုံးစပ်မျှ မဟုတ်မူ၍ တေးထပ်၊ လေးချိုး၊ သံချို၊ ရတုပိုဒ်စုံကြီးများဖြစ်၍ ရေးရန်မလွယ်ကူကြသော်လည်း ရေးသော

အကြောင်းအရာများက အချစ်အလွမ်း ရာသီဥတုဘွဲ့များသာ ဖြစ်သည်။ အတွေးအခေါ်မပါ။ ကာရံနဘေများသာ ရေးသားကြသည်။

ထိုဒဂုံခေတ်ကဗျာများကို ယခုခေတ် မျက်စိဖြင့်ကြည့်ကြသော် ရယ်ကြပေလိမ့်မည်။ ဒါကြောင့် ဒဂုံမဂ္ဂဇင်းမှာ ကျွန်တော်ရေးခဲ့သော ရယ်စရာမဟုတ်ဘဲ ရယ်စရာဖြစ်နေသော ကဗျာ တပုဒ်ကိုဖော်ပြလိုက်မည်။

ကျွန်တော်သည် မိမိရေးသောကဗျာကို သိမ်းထားလေ့မရှိသော်လည်း ကြံကြံဖန်ဖန် ရှာရှာဖွေဖွေ မာလာသိန်းက ကျွန်တော့်ဆီပို့လိုက်ပုံကတော့

ရက်စွဲ ၁၉၊ ၆၊ ၅၈။

အကိုဆွေ

ဟိုတနေ့က စာအုပ်ဘီဒိုရှင်းရင်း ဒဂုံအဟောင်းတအုပ်ထဲက အကိုဆွေ့ကဗျာတပုဒ်တွေ့ လို့ သတိရစွာဖြင့် ထုတ်ပေးလိုက်ပါတယ်။

အကိုတော့မသိဘူး၊ မာလာတော့ သည်ကဗျာတွေ့ရတာ ပေါင်းတည်ကို လွမ်းလိုက်တာ မပြောပါနဲ့တော့။

သည်ကဗျာ အကိုဆွေရေးခဲ့တာ သိပ်မကြာသေးဘူး။ အနှစ် ၂၀ ဘဲရှိသေးတယ် အကို။

အကိုမြတ်နိုးစွာ သိမ်းထားနိုင်ပါစေ။

သတိတရ

ညီမမာလာသိန်း

ဤစာနှင့်ကဗျာ မာလာသိန်းဆီက ကျွန်တော့ထံရောက်လာတော့ သန်းဆွေကအိမ်မှာ ရှိနေတယ်။ သန်းဆွေက ကဗျာကိုဖတ်ရင်း ရယ်ပြီးတဲ့နောက် ''ခင်ဗျာ့ကဗျာက မဆိုးဘူးဗျ။ ခေတ်ကိုဖော်ပြတဲ့ ကဗျာဘဲဗျ'' ဟု မှတ်ချက်ချပါသည်။ ကျွန်တော်ကတော့ ခပ်ရှိန်းရှိန်းရယ်ဘဲ။ ကိုယ့်ကျောင်းနဲ့ ကိုယ့်နာမည်တွေ့လို့သာ ကိုယ့်ကဗျာရယ် သိရတော့တယ်။ မှတ်မိတော့သည် မဟုတ်။ ကဗျာနာမည်ကိုက

ထောင့်နှစ်ရာ ကိုးဆဲ့ကိုးမှာ မိုးရေကကြီး

ခိုးလျှင်ဆင် မင်ပြာလွှားပါလို့

မိုးနတ်ဘုရင် ရှင်မဟာ သိကြားရယ်က

အစဉ်ရွာငြားစေလို့ ခု မပြတ်ပါ။

အော်၊ တမင်သာ မသနားရော့ထင့် လူ့ရပ်ရွာ။

အရပ်တိုင်းလိုပ

ပတ်ဝိုင်းကာ ရေယဉ်ဖြာလို့

ပြေခွင်သာ 'ဗိုလ်ကလေး' ရယ်နဲ့

ရေဝင်တာ အို မနေးပါဘု

ညောင်လေးပင် ပျဉ်းမနားမှာဖြင့်

နောင်ရေးမရှင်စရာ သတင်းစကားရယ်က

ရေလွှားကာ နစ်အောင်ဖုံးတာကြောင့်

ငွေရှားတာ ခေတ်ရှောင်လို့ ရှုံးနိုင်ဘု

'သံတွဲ' ရယ် 'ပဲနွယ်ကုန်း' ငဲ့ပြင်

'ပေါင်းတည်နယ်' ကွင်းလယ်တနှန်းမှာဖြင့်

နှလုံးမသာဘွယ် ဒေဝါမိုးရယ်က

ချုန်းကာကွယ် စွေကာဖြိုးသော်ကြောင့်

ကွန်ချောင်းဆည် ပေါက်ကာကျိုးရတယ်

(ကွယ်)ဆိုးတဲ့ချိန်ခါ။

'တိုက်ကြီး'ဝင် ပြေရွာရပ်မှာလဲ

စိုက်ပြီးရင် ရေလာတတ်ပါသတဲ့

ဒေဝါနတ်ရယ်က ဆိုးပွေစွာ

ပျိုးတွေမှာဖြင့် နစ်တာမလွဲ။

(အိုဗျာ)ကိုးနှစ်တွေပါတဲ့ ခေတ်အခါဘဲ။

စိုက်ခရယ်ကုန်

မိုက်လှတယ် သည်အမှုန်ကြောင့်

ပြည်ရွာကုန် နယ်တလွှားမှာလ

မကြည်သာပုံ လယ်သမားတွေဖြင့်

ငယ်အားနော် တဖိုဖိုနဲ့

ညိုတိုတို မိုးကိုကြည့်ပါလို့

ငိုမလိုလို ပျိုးပိုလဲ မရှိကြဘု

နုံးချည့်ကာ မရှင်ညှိုးပါတဲ့

နှစ်ကောဇော ကိုးဆဲ့ကိုးမှာလ

နစ်မျောကာ ဆိုးသတဲ့ဆိုးလှတယ်

(ကွယ်) တိုးဆင့်လို့ကဲ။

ကဲ၊ ဆရာတို့ ဘယ့်နှယ်တုံး။ အဲဒီ ကဗျာကို ကျွန်တော်ဆဲ့ရှစ်နှစ်သားက သတင်းစာ တွေထဲ ရေကြီးတဲ့မြို့တွေ နယ်တွေအကြောင်းဖတ်ပြီးရေးတာဗျ။

အဲဒီတုန်းက ဒီလို နဘေကာရန် ကဗျာမျိုးတွေ ဒဂုန်တို့၊ ဒီးဒုတ်ဂျာနယ်တို့မှာ ကျွန်တော် ရေးခဲ့ပါတယ်။ သို့သော် ဝတ္ထုစကားပြေကျတော့ ကျွန်တော်ဘယ်မှာရေးရမှန်း မသိဘူးဗျို့။ ခုခေတ် မှာလို ဘယ်မဂ္ဂဇင်းမှာမဆို ရေးသားပေးပို့နိုင်ပါသည်လို့လဲ မရှိဘူး။

မဂ္ဂဇင်းတခု လှန်ဖတ်လိုက်ရင် ပါနေကျနာမည်ရ ဆရာတွေချည်းဘဲ။ အဲ သူရိယမဂ္ဂဇင်း မှာ ထူးခြားတာတခု ပါပါလာတတ်တာက 'ရေးသူ ဆုရသည်'တဲ့။ တခြား ဝတ္ထုတွေမှာလဲ 'ရေးသူ ဇဝန'၊ ရေးသူ 'ပီမိုးနင်း'၊ ရေးသူ 'ဇေယျ'စသည်ဖြင့် ဆိုလေတော့ 'ဆုရသည်'ကိုလဲ ကလောင် နာမည်လို့ဘဲ ကျွန်တော်ထင်ခဲ့တယ်။

သို့သော် ဘယ်ဟုတ်မလဲ။ သူရိယက မူလကလောင်သစ်ကို နာမည်မထည့်သေးဘဲ 'ဆုရသည်'လို့ ဆိုရိုးကို ခင်ဗျာ့။ အဲ ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးကျတော့မှ ကလောင်သစ်တွေကို ဝတ္ထုပြိုင်ပွဲ ခေါ်တော့သဗျ။ အရွေးခံရရင် ၁၅ကျပ်ထဲ။ ပထမဦးဆုံးအကြိမ် ခေါ်လိုက်တာက ဝတ္ထုသုံးမျိုး။ ၁။ ဟာသ ၂။ စုံထောက် ၃။ စွန့်စား၍ကြီးပွားခြင်း။ ပင်ကိုယ်ရေး ဖြစ်ရမယ်။

ကိုယ့်ဝါသနာအလျောက် ဝတ္ထုတွေရေးရေးပြီး သူငယ်ချင်းတွေကို လက်ဖက်ရည်တိုက် ဖတ်ခိုင်းနေရတဲ့ ကျွန်တော်ဟာ ဝတ္ထုသုံးမျိုးကို တပုဒ်ပြီးတပုဒ် ဆက်တိုက်ဘဲရေးပို့လိုက်တယ်။ အဲဒီတုံးက ကိုယ့်ကိုယ်ကို ဘယ်ဝတ္ထုမျိုးမဆို ရေးတတ်တယ်ထင်နေတာကိုဗျ။

သို့သော် သူရိယဟာ ဟာသဝတ္ထုတမျိုးဘဲ ပြိုင်ပွဲလုပ်ဖြစ်ပါတယ်။ ကျွန်တော့်ဝတ္ထုကို ညစ်ညမ်းတယ်ဆိုပြီး ပယ်လိုက်တယ်။ (နောက်တော့ ပြန်ပြင်ရေးလိုက်ကာ သော်တာဆွေရဲ့ ရှေးဦးဆုံး 'ဘရန်ဒီတပုလင်း'ဝတ္ထု ဖြစ်လာတာပါဘဲ။)

နောက် ဝတ္ထုနှစ်မျိုးကိုတော့ သူရိယမဂ္ဂဇင်းက စစ်ရိပ် စစ်ငွေ့တွေသမ်းလာပြီမို့ စက္ကူ အခက်အခဲကြောင့် မဂ္ဂဇင်းလဲ ဆက်ထုတ်နိုင်တော့မှာ မဟုတ်ဖူးဆိုပြီး ကျွန်တော့်ဆီပြန်ပို့လိုက် ပါတယ်။ ကျွန်တော့်စုံထောက်ဝတ္ထုဟာ နောက် 'ရန်အောင်ရတနာ' လုံးချင်း ဝတ္ထုဖြစ်လာပါတယ်။ စွန့်စား၍ ကြီးပွားခြင်းဝတ္ထုတော့ ကိုယ့်ဟာကိုယ်လဲ မကြိုက်တော့တာနဲ့ ပြန်မရေးတော့ပါဘူး။

အဲဒီတုန်းက ကလောင်သစ်ကလေး ဖြစ်ရတဲ့အရေး ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော် ဟာ ပထမဦးဆုံး ဟာသဝတ္ထုကို ကျောင်းစာရေးသလိုဘဲ စာမျက်နှာနှစ်ဖက် ရေးလိုက်မိပါတယ်။

နောက်မှစာမူကို တဖက်ပဲရေးရမယ်ဆိုတာသိတော့ ဒီအတွက်နဲ့များ ကျွန်တော့်ဝတ္ထုကို ပြိုင်ပွဲမသွင်းတော့ဘဲ ထားမလား စိုးရိမ်ပြီး သူရိယမဂ္ဂဇင်းတိုက်ကိုသွားပါ တယ်။

ခုခေတ်မှာလို အယ်ဒီတာကို လွယ်လွယ်တွေ့ရတယ် မထင်ပါနဲ့။ သူရိယတိုက်ကြီးမှာ မဂ္ဂဇင်းအယ်ဒီတာ ဘယ်အခန်းလဲမေးပြီးသွား။ 'အယ်ဒီတာ'လို့ ရေးထားတဲ့ အခန်းတွေ့တော့ အပေါက်ဝမှာ မင်းစေအစောင့်နဲ့။ မင်းစေကိုပြောပြ။ မင်းစေက ထိုင်စောင့်ပါဦးပြောလို့ စောင့်နေရ။ တော်တော်ကြာတော့မှ လိပ်ပြာတောင်တံခါးပွင့်ပြီး လူတယောက်ထွက်လာ။ သည်တော့မင်းစေက အထဲဝင်သွား သူပြန်ထွက်လာပြီးတော့မှ ကျွန်တော့်ကိုဝင်ခိုင်း။

အထဲရောက်တော့ သတင်းစာဆရာကြီး ဦးသိမ်းမောင်ပေါ့ ခင်ဗျာ။ စာကုန်းကြည့်နေ တယ်။ ကျွန်တော်က သူ့ရှေ့မထိုင်ဝံ့ဘဲ မတ်တတ်ရပ် စောင့်နေရတယ်။ တော်တော်ကြီးကြာမှ သူက မျက်မှန်ပေါ် မျက်စိကျော်ကြည့်ပြီး ဘာကိစ္စလဲမေး။

ကျွန်တော်က ရင်ထဲတဒိတ်ဒိတ်နဲ့ အကျိုးအကြောင်းပြောပြတော့ သူက ''ဟာ၊ ဒီအတွက် ကိစ္စမရှိပါဘူး''

ဒီတခွန်းဘဲပြောတယ်။ သူ့စာ သူပြန်ပြီးကုန်းကြည့်နေတော့ ကျွန်တော့်မှာ နှုတ်မဆက်ဝံ့ ဘဲ ပြန်ခဲ့ရပါတယ် ခင်ဗျာ။

သည့်နောက်ဝတ္ထုတွေကျတော့ ကျွန်တော် စည်းကမ်းချက်အတိုင်းဘဲ ကျကျနနရေးပြီး ပို့ခဲ့ ပါတယ်။ သို့သော်လဲ ဖော်ပြခဲ့တဲ့အတိုင်း စစ်ရိပ်စစ်ငွေ့ကြောင့် ပြိုင်ပွဲမလုပ်ဖြစ်ဘဲ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် ၁၀နာရီလောက်မှာ ရန်ကုန်မြို့ကို နီပွန်များ ဗုံးကြဲ၍ ပိုက်ဆံရှိလျှင် လောကနိဗ္ဗာန်ဖြစ်တဲ့ ရန်ကုန်မြို့တော်ကြီး ပျက်စီးပါတော့သည်ခင်ဗျား။

အင်္ဂလိပ်ခေတ် တခန်းရပ်၍ ဂျပန်ခေတ် ဆက်ဦးစို့။

## စစ်ကြိုခေတ်

ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ ကျွန်တော်တို့ မြန်မာပြည်တွင် 'စစ်ကြိုခေတ်'၊ 'စစ်ပြီးခေတ်' ဟူ၍ ဗမာစကားနှစ်လုံးပေါ်လာရာ ကျွန်တော်သည် ပထမစကားလုံးကို ကနဦး၌ တယ်ပြီး ဝိထိမကျလှပေ။ ဘယ့်နှယ်ခင်ဗျာ။ 'ကြို'ဆိုသည်မှာ နှစ်သက်စရာလိုလားဘွယ်ကိုသာ စောင့်မြော် ကြိုဆိုကြသည် မဟုတ်ပါလား။ လူများစွာသေ၍ တိုင်းပြည်ပါ ပျက်စီးရမည့်စစ်ကို လူတို့က

ဘာ့ကြောင့်ကြိုဆိုရမည်နည်း။ ယင်းသို့တွေးတောပြီးမှ တဖန်မြန်မာပြည်နှင့်ထင်ဟပ်၍ စဉ်းစား ကြည့်ပြန်တော့ 'စစ်ကြိုခေတ်' ဆိုတဲ့သည် စကားလုံးဟာ ဗမာတွေအဖို့ ဟုတ်မှန်နေပြန်တော့သည်။ အကြောင်းမှာ ကျွန်တော်တို့ မြန်မာလူမျိုးများတို့သည် ဒုတိယကမ္ဘာစစ်ကို အကယ်ပင် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ ဖိတ်ခေါ်ခဲ့ကြသည် မဟုတ်ပါလား။ အရင်းစစ်တော့ ကိုယ့်တိုင်း ပြည် ကိုယ့်လူမျိုးကို သိမ်းပိုက်အုပ်ချုပ်ထားသော နယ်ချဲ့အင်္ဂလိပ်ကို မုန်းတီးခြင်းပင်တည်း။

၁၉၃၉ ခုနှစ် စက်တင်ဘာလ၌ ဥရောပတခွင်တွင် ဒုတိယကမ္ဘာစစ် စတင်ဖြစ်၍ ဂျာမနီ နာဇီက ပိုလန်၊ ဖင်လန် စသည့် အိမ်နီးချင်းတိုင်းပြည်တွေ ဖြုတ်ကနဲ ဖြုတ်ကနဲ သိမ်းပြီး၍ ပြင်သစ်ပြည် မက်ဂီနော့ခံတပ်ကြီး ကျသွားပြီဆိုသောအခါ၌ ကျွန်တော်တို့ မြန်မာလူမျိုးတွေ (ကျွန်အရသာတွေ့နေသော လူတန်းစားမှလွဲ၍) မည်မျှလောက် ဝမ်းသာလိုက်ကြပါနည်း။ ပြင်သစ်ပြည် ပေါက်သွားလျှင် အင်္ဂလန်ကျွန်းက အနီးလေးရှိတော့သည်။

ဟစ်တလာသည် ''သူ့အလံအမှတ်တံဆိပ်ကိုကြည့်ပါ။ စကြာ။ ကျုပ်တို့ဗမာတွေ မျှော်နေ ကြတဲ့ စကြာမင်းဗျ။ ပြင်သစ်ပြည်ရောက်သွားတဲ့ မြင်ကွင်းမြင်းခုန်တိုင် မင်းသားကြီးတဦးဦးရဲ့ သားရင်လဲဖြစ်ရမယ်၊ မြေးရင်လဲဖြစ်ရမယ်။ ဂျာမနီသွားပြီး မင်းဖြစ်နေရာက အခု အင်္ဂလိပ်ကို တိုက်ပြီး တကမ္ဘာလုံးကိုသိမ်းပြီး ကျုပ်တို့ဗမာပြည် ပြန်လာတော့မှာဗျ''

ကျေးရွာဒေသတို့တွင် ရှေးလူကြီးအချင်းချင်း ဤအတိုင်းပြောဆိုဝမ်းသာနေကြ၏။

ထိုမှ ၁၉၄၁ခု နှစ်ဦးပိုင်းလောက်၌ ဥရောပတွင်သာ မကတော့ဘဲ အာရှ အရှေ့တောင် ပိုင်းသို့လည်း စစ်ရိပ်စစ်ငွေ့သန်းလာ၍ ဂျပန်အသံထွက်ပေါ်လာသည်။ အင်္ဂလိပ် အမေရိကန် တို့အား ဂျပန်ကလည်း ဆော်တော့မည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေး၊ ယိုးဒယား၊ မြန်မာအပါ အဝင် အရှေ့အာရှ သာတူညီမျှကြီးပွားရေးဆိုသော ဆောင်ပုဒ်နှင့် စီမံကိန်းကို ဂျပန်က ကြေညာ သည်။ အဟုတ်မှတ်၍ မြန်မာပြည်သားများ ဝမ်းသာကြသည်။ ညတိုင်းညတိုင်း 'ချယ်ရီပန်းများလဲ ပွင့်နေပါပြီ။ ကျမတို့ ဂျပန်ပြည်ကို တခါတခေါက် လာရောက်လည်ပတ်ကြပါရှင်'ဟု သော ဂျပန်ပြည်မှ အသံလွှင့်ချက်ကလေးက နားဝင်ချိုလှသည်။

ဗမာပြည်သို့ မလွဲမသွေ စစ်ရောက်တော့မည်ဟု ၁၉၄၁ခုနှစ် မတ်လကစတင်၍ လေကြောင်းရန်ကာကွယ်ရေးကို ရန်ကုန်တွင်စီမံကြသည်။ ဗုံးခိုကျင်းတူးခြင်း၊ မြေကတုတ်လုပ် ခြင်း၊ အချက်ပေးဥသြ အေးဥသြ ဆွဲခြင်း၊ ညမှောင်ချခြင်းများကို နာရီပိုင်းနှင့် လေ့ကျင့်ပေး သည်။

အဲသည်လို အင်္ဂလိပ်အစိုးရမှာ စစ်အတွက်အလုပ်များလာလေ၊ ကျွန်တော်တို့ အင်္ဂလိပ် မုန်းသော ဗမာလူထုက ဝမ်းသာလေ၊ အောင်မယ် အသံလွှင့်ဌာနကတောင် ညည ရေဒီယိုတွင်

'မှောင်ချတုန်းညမှာ စောင့်ရှောက်တာလဲ ကြင်နာဘွယ်၊ ကာကွယ်ရေးပေးလို့သာ ကျေးဇူးတင်ပါတယ်မောင်ရယ်' ဆိုသော သီချင်းက လာလိုက်သေး။ မှောင်ချသောညများတွင် လေယာဉ်ရှာသော မီးမောင်းကြီးများကလည်း ကောင်းကင်မှာ ထင်းထင်းကြီးထိုးသည်။ ဒီအခါမှာ ဂျပန် လေယဉ်ပျံ လာပါစေဟု ဆုတောင်းသူက တောင်းကြသည်။ ဂျပန်ကိုအမြော်ကြီးမြော်ခဲ့ကြသည်။

ယင်းသို့ ရန်ကုန်မြို့ကြီးမှာ လေကြောင်းကာကွယ်ရေး လေ့ကျင့်သည်က ညအချိန်များ။ နိပ္ပွန်မာစတာတို့ လာပြီးဗုံးချတော့ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ ၁၀နာရီလောက် နံနက်အချိန်ကြီးဗျား။ အောက်ကပစ်တာရော ထိမှန်ပြီး မီးခိုးတန်းကြီးနှင့် ကျသွားတာရော လေယာဉ်ပျက်ပြီး ဂျပန်များ လေထီးနှင့်ခုန်ချတာရော ကောင်းကောင်းကြီးမြင်ရပါသည်။ ကျွန်တော်တို့ များ ဘယ်လောက်မိုက်သနည်း။ ဂျပန်က အင်္ဂလိပ်အဆောက်အဦနှင့် စစ်ဖက်ဆိုင် ရာဒေသတွေ ချတာဘဲ။ ဒို့ဗမာကို အာရှတိုက်သားချင်း ညီအကိုဆိုထားတာဘဲ။ ဒို့ရပ်ကွက်မျိုး ကို ချမှာ မဟုတ်ဖူးဟူ၍ ကောင်းကင်တိုက်ပွဲကို ရှုပ်ရှင်ကြည့်သလို ဝမ်းသာအားရကြည့်နေပါ သည်။ စဉ်စားဉာဏ်ကြီးသော လူကြီးများသာလျှင် ဗုံးခိုကျင်းထဲမှာ ကြောက်ဒူးတုန်နေကြသည်။ သည်တော့ လူကြီးတွေလစ်တုန်း ကျွန်တော်ဖြင့် သမီးရည်းစားတောင် တွေ့နေလိုက်ကြသေး။

စင်စစ်တော့ ကျွန်တော်တို့ရပ်ကွက် ဗုံးမချလို့သာပ။ ဗိုလ်တထောင်ဘက် ကမ်းနားလမ်း နှင့် ဖရေဇာလမ်း၊ သိမ်ကြီးဈေးတို့တွင် ဂျပန်ဗုံးချတာရော၊ စက်သေနတ်မွှေ့တာရော လူတွေ သေလိုက်ကြတာ သောက်သောက်လဲလို့။ ရန်ကုန်မြို့ထဲမှာလဲ လူတွေမနေဝံ့ကြ။ ဘုရားကြီးနှင့် ကန်တော်ကြီး ကန်တော်လေးရပ်ကွက်များသို့ သွေးရူးသွေးတန်းနှင့်ပြေးပြီး သစ်ပင်သစ်ရိပ်တို့ အောက်မှာ ခိုလှုံနေကြသည်။ နံနက် ၁၀နာရီလောက်မှစတင်၍ နာရီပြန်တချက်လောက်မှ အေးဉသြ ဆွဲနိုင်သည်။

ထိုနေ့မှစ၍ အင်္ဂလိပ်ခေတ် ရန်ကုန်မြို့ကြီး ပျက်စီးသည်။ စင်စစ်တော့ လေယာဉ်ပျံ အလုံးအရင်းနှင့် လာဗုံးချပြီဆိုလျှင် လေကြောင်းရန်ကို ကာကွယ်ရေးလုပ်ရသည်မှာ အချည်းနှီး သာတည်း။ ထို့ကြောင့် တကယ်စစ်ဖြစ်ပြီး ရန်ကုန်မြို့ကြီးမှာ နေမဖြစ်တော့ပြီကို သည်တချီထဲနှင့် သိကြ၍ နောက်တနေ့ ၂၄ရက်မှာ ရန်ကုန်သားတွေ အလုံးအရင်းနှင့် ကိုယ့်ဆွေမျိုး ကိုယ့် အဆက်ရှိရာ ဒေသများသို့ ထွက်ခွာကုန်ကြသည်။

ကဲ၊ ကြုံတဲ့စစ်ကြီး ရောက်လာပါပြီခင်ဗျာ။

## မြို့ပျက်ရန်ကုန်

ကျွန်တော်သည် ဒီဇင်ဘာလ ၂၄ရက်နေ့နံနက် ရန်ကုန်ပြည်ထွက်ရထားနှင့် ကြည့်မြင်တိုင်မှ လိုက်ခဲ့သည်။ အလာ့လား လူကျပ်လိုက်တဲ့ဖြစ်ခြင်း။ ကိုယ့်မိတ်ဆွေသင်္ဂဟာရယ်ဟူ၍ အတူတကွ မစီးနိုင်။ မိမိတဦးတည်းနိုင်သည့် ပစ္စည်းအထုပ်အပိုးဖြင့် ရရာရထား ပြတင်းပေါက်မှ လေးဘက်ထောက်၍ အတင်းတက်ရသည်။

ငွေကြေးတတ်နိုင်သူများက မော်တော်ကား စီးလုံးငှား၍ သွားကြသည်။ အချို့ငွေကြေးရှိပါလည်း ကားငှား၍ မရကြ။ ဒီဇင်ဘာ ၂၃ ရက်နေ့ဗုံးကြဲပြီးသည့်အချိန်မှစတင်၍ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ သင်္ဘောလမ်းတို့မှာ ဒင်းကျမ်း လူပြည့်ကျပ်သည်။

သည်နေရာ၌ မြန်မာပြည်သည မြန်မာလူမျိုးတို့၏ တင့်တယ်မွန်မြတ်လှသော စိတ်စေတနာပြယုဂ် ပေါ်ထွက်လာသည်။ လူမျိုးဘာသာမရွေး ယင်းစစ်ပြေးဒုက္ခသည်တို့အား လမ်းတလျှောက်မှလူတို့က ကူညီကြသည်။ အစာရေစာ ဘာမျှပူပင်စရာမရှိ။ အော်–ဗမာပြည်၏ စားနပ်ရိက္ခာ ပေါများခြင်း သဘောတရား။

ကျွန်တော်သည် ထိုဒီဇင်ဘာလ ၂၄ ရက်နေ့ ညနေမှာ မိမိရွာသို့ပြန်ရောက်ပါသည်။ ရောက်ပြီးမကြာမီ ထန်းတောထဲ ထန်းရည်သောက်ရင်းမှ ကိုယ့်ကိုယ်ကိုမကျေနပ်မှု ဖြစ်လာ သည်။ ထန်းရည်မူးကျွဲခိုးပေါ်ဆိုသလို ထန်းရည်မူးမှ ကိုယ့်စိတ်ရင်း ပေါ်လာသည်။ ကျွန်တော့်မှာ ရန်ကုန်တွင် ရည်စားများရှိပါလျက် ထိုရန်ကုန်သူရည်းစားနှင့် အိမ်ထောင်စုအား ကိုယ့်ရွာသို့ ဘာကြောင့်ခေါ်ဆောင်မလာခဲ့မိပါသနည်း။ ခေါ်လျှင် ခိုကိုးရာမဲ့နေသော သူတို့အိမ်ထောင်စု ဝမ်းသာစွာ လိုက်ကြမှာ။

ကြည့်စမ်း။ ဗုံးကြဲနေတုန်းက ကျွန်တော့်ရင်ခွင်ထဲ ပြေးလာတဲ့ကောင်မလေး။ အိမ်ချင်းလဲ နီးနေလျက်နှင့် ဘာကြောင့် ကျွန်တော်ဒါကို သတိမရပါလိမ့်။ သက်သက် ၂၃ရက်နေ့ တညနေလုံးမှာ ရန်ကုန်မြို့ဗုံးထိတဲ့နေရာတွေ လူနာတွေ လူသေတွေ၊ တိုက်ပြို၊ မီးလောင်ပျက် အနိဋ္ဌာရုံ တွေ လျှောက်ကြည့်နေခဲ့တယ်။

ကဲ လူမိုက်နောက်မှ အကြံရပေမယ့် ကဲ ခုအချိန်ရှိသေးတယ်။ ကဲ ထကွာ။

ကဲ သုံးကဲနှင့် ကိုယ့်ကိုယ်ကိုအားပေးပြီး ထန်းရည်သောက်နေရာမှထ၊ ညနေငါးနာရီ လောက်ဆိုတော့ ဒီဇင်ဘာလမှာ မှောင်ပျပျရှိနေပြီ။ အိမ်ပြန်ရောက် အဖေ့အကျီအိတ်ထဲက ရသမျှ

ပိုက်ဆံနှိုက်ပြီး ကုတ်အင်္ကျီလေးဝတ်၊ လွယ်အိတ်ကလေးတလုံးနှင့် အဝတ်ကလေးနှစ်ထည် ချိုင်းကြားညှပ်ပြီး အိမ်က မသိအောင်လစ်ခဲ့တယ်။

ပေါင်းတည်မြို့ထဲ ရောက်တော့မှ သူငယ်ချင်းတယောက်ကို အိမ်ကမေးရင် ရန်ကုန်မှာ မေ့ထားပစ်ခဲ့မိတဲ့ ရည်စားအိမ်ထောင်စုကို ပြန်ခေါ်တဲ့အကြောင်းပြောလိုက်။

ဒီသူငယ်ချင်းက အကြံပေးတယ်။

''မင်း၊ ညဆယ်နာရီရထားစောင့်နေရင် ပျင်းစရာကြီး မော်တော်ကားနဲ့လိုက်ပါလားကွ''

''ငါ့ ဘယ်မအေ့လင် ကားကခေါ်မှာတုံး''

''အောင်မယ်လေး မင်းမသိသေးဘူး အခုပြည်ဘက်ကပြန်လာတဲ့ မော်တော်ကား ခါလီ တွေက ဒရိုင်ဘာဘဲပါတယ်။ အဲဒီကောင်တွေက ရန်ကုန်ပြည် အဖော်လိုချင်လို့ လိုက်မလား လိုက်မလား ခေါ်နေကြတာဘဲ။ မင်း အမူကာကာဆိုင်ကသာ ထိုင်စောင့်နေ''

ဟုတ်ပါသည်။ ထိုခေတ်တွင် ပေါင်းတည်မြို့မှာ နာမည်ကြီးသော လမ်းဆုံကျသော လူကြိုက်များသော ရန်ကုန်ပြည်လမ်းရှိ ကုလားအမူကာကာဆိုင် ထိုင်နေစဉ်တွင် မကြာမီ အလွန်ကောင်းသော ဆလွန်းကားကြီး ဒရိုင်ဘာတယောက်တည်းနှင့် ရောက်လာ၍ သူနှင့်ကျွန် တော်အဖော်ဖြစ်သွားသည်။

သူက ကျွန်တော့်အား ''မင်း ထမင်းမစားရသေးရင် မစားနဲ့အုံးကွ'' (ဒီတုန်းက ကျွန်တော့် အရွယ်က နှစ်ဆယ်လောက်။ သူက သုံးဆယ်ကျော်လောက်) ''ဇီးကုန်းမှာ ငါမိတ်ဆွေတယောက် ကအပြန်မှာ ညစာထမင်းစားဘို့ ဖိတ်ထားတယ်။ အရက်နဲ့ ဟင်းကောင်းကောင်းကြိတ်ရမှာဘဲ ကွ''

ည ၈ နာရီလောက်ရှိနေပြီဖြစ်သော်လည်း ကျွန်တော့်မှာ ထန်းရည်နှင့် ဗိုက်ပြည့်နေ၍ ထမင်းမစားရသေးပါ။ လမ်းမှာဆာလျှင် ရန်ကုန်ရောက်ထမင်းဆိုင်မရှိလျှင် စားဘို့ကြက်သား ကြော်နှင့် ပေါင်မုန့်များဝယ်ခဲ့ပါသည်။

သို့ဖြင့် သူနှင့်ကျွန်တော် မော်တော်ကားပေါ် တက်ခဲ့ကြ၍ ညကိုးနာရီလောက်မှာ ဇီးကုန်းမြို့ က သူ့မိတ်ဆွေအိမ်ပေါ်ရောက်ကြတော့သည်။

ကြုံကြုံဖန်ဖန် ဖြစ်မှဖြစ်ရလေဗျာ။ အဲဒီအိမ်ရှင်မက ကျွန်တော့်ရည်းစားဟောင်း ရည်းစား ဦး။ ကျွန်တော် ရန်ကုန်ရောက်စက (ကိုလေးဆွေ တနယ်ပြောင်းပေမယ့် ငယ်ပေါင်းကိုတော့ ပစ်မခွာဆိုတဲ့

လေးချိုး ရေးပို့လိုက်သူပေါ့။) လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကျော်လောက်ကမှ ကျွန်တော့်အသဲ ခွဲသွားတဲ့သူ။ ကျွန်တော် သူ့အတွက် ရူးမတတ်ဖြစ်ခဲ့ရပါသည်။ သူ့ယောကျ်ား ကတော့ ကျွန်တော်နှင့် တယောက် တယောက် ဓားနဲ့ခုတ်သတ်ချင်လောက်အောင် ဖြစ်ခဲ့ကြတဲ့ ရည်းစားလုဘက်။ ကျွန်တော်တို့ စိတ်ထဲဘယ်လိုနေကြမလဲ။ မိတ်ဆွေစဉ်းစားကြည့်ပါ။

သို့သော် ကျွန်တော်တို့ဟာ တတ်နိုင်သလောက် ဣန္ဒြေဆည်ကြတယ်။ ဒရိုင်ဘာလုပ်သူ က ဘယ်သို့ဘယ်ပုံ မိတ်ဆက်ပေးတော့လဲ သူတို့လင်မယားနဲ့ ကျွန်တော်ဟာ တဦးတဦး ခုမှသိ ကြသလို ပြုံးပြုံးနဲ့ ခေါင်းညိတ်ကြပါတယ်။

ဒါပေမယ့် သူတို့တည်ခင်းကျွေးမွေးတဲ့ ထမင်းဟင်းကို ကျွန်တော်ဘယ့်နှယ်လုပ်စားနိုင် မှာလဲ။ ဘာမျှမသိရှာတဲ့ ကိုရွှေဒရိုင်ဘာကလဲ မစားမီ အရက်သောက်ပြီး လေပန်းနေပါသေး တယ်။ သူ့အခြေအနေဟာ တော်တော်နဲ့ သူ့ဒီအိမ်က ထွက်မယ့်ပုံမပေါ်ပါဘူး။ ဒါနဲ့ကျွန်တော် ဘယ်သူ့မှ နှုတ်မဆက်တော့ဘဲ နောက်ဖေးနောက်ဖီ ခဏသွားမလိုလိုနဲ့ သူတို့အိမ်ပေါ်ကဆင်းပြီး ဇီးကုန်း ဘူတာရုံကို လစ်ခဲ့တော့တယ်။ ပြည်ကလာတဲ့ ရထားဟာ ညဆဲ့နှစ်နာရီလောက် ဆိုက်တယ်။ နောက်တနေ့နံနက် လင်းအားကြီးမှာ ကြည့်မြင်တိုင်ဘူတာရောက်။

ကျွန်တော်ရထားပေါ်ကဆင်းပြီး ဝါးခယ်မလမ်းထဲလျှောက်ခဲ့တော့ တလမ်းလုံးမှာ လူ တယောက်မှမရှိကြဘူး။ ခွေးတွေခွေးတွေ အစာငတ်လို့ အော်နေ၊ အူနေ၊ ညည်းနေကြတဲ့ ခွေးတွေ။

ကျွန်တော့်မြင်တော့ ဝိုင်းလိုက် လာကြတယ်။ ကိုက်မယ်လို့မဟုတ်ပါဘူး။ ကျွန်တော့် ဆီက လွယ်အိတ်ထဲမှာ ထည့်လာတဲ့ပေါင်မုန့်နဲ့ ကြက်သားကြော် အနံ့ရတော့ အစာတောင်း ကြတာပါ။ လူကို သွားမဖြစ်တော့လောက်အောင် ရှေ့နောက် ဝိုင်းကြတယ်။ တချို့က ဖက်တက် ပြီး အိတ်အတွင်း နှိုက်ကြတော့မလို့ပုံဘဲ။ ဒီတော့ ကျွန်တော် သူတို့ရန်က လွတ်အောင် အိတ်ထဲ ကပေါင်မုန့်နဲ့ ကြက်သားကြော် အချို့ထုတ် ဖွဲ့ရွဲ့ပြီးခပ်ဝေးဝေးကို ခွဲဝေပစ်လိုက်ရတယ်။ အဲဒီ အစာကို သူတို့လိုက်ပြီးလုနေကြတုန်းမှ ကျွန်တော် ဝါးခယ်မလမ်းက ရှမ်းလမ်းမကြီးဖြတ်ပြီး မအူပင်လမ်းထဲရောက်အောင် လစ်ခဲ့ရတယ်။

အဲ မအူပင်လမ်းထဲရောက်တော့လဲ ကျွန်တော့် ရည်းစားအိမ်တံခါးက သော့ခလောက် ကြီးဟာ ကျွန်တော့်ရင်ဘတ် ဆီးဆောင့်တော့တယ်။

အဲသည်အချိန် အဲသည်လမ်းမှာ တဦးတည်းရှိနေတာကတော့ ကျွန်တော့်မိတ်ဆွေကြီး ကိုတင့်ဘဲ။ ကိုတင့်ဟာ အဲသည်တုန်းက အသက်သုံးဆယ်လောက် လူပျိုကြီး။ မီးရထားဂါတ်ဗိုလ် မို့ အလုပ်ကမလစ်နိုင်။ ရန်ကုန်ကထွက်ခွင့်မရသေး။ သူဟာ ကျွန်တော်တို့ကျောင်းဘော်ဒါ အိမ်မှာဘဲ

ထမင်းလခပေးစားနေသူ ဖြစ်ပါတယ်။ သည်အိမ်ကြီးမှာ သူတယောက်ထဲကျန်ခဲ့လို့ မနက်စောစီး သူ့အိမ်ပေါ်ကဆင်းပြီး အိမ်တံခါးသော့ခတ်နေတုန်း ကျွန်တော့်မြင်တော့ အံ့အား သင့်လျက်သား။ ကျွန်တော်က အကျိုးအကြောင်းပြောပြတော့ သူက

''အောင်မယ်လေး ကိုကြင်ဆွေရယ်။ ခင်ဗျားမလဲ ဆင်လိုက်တုန်း ဟဝ္စာပြုဆိုတဲ့လူဘဲ။ လူတွေ သေပြေးရှင်ပြေး အသက်လုပြေးကြရတာ ခင်ဗျားဘယ်ရည်စားအိမ်က ရှိတော့မှာလဲဗျ။ ကျုပ်တို့မှ အစိုးရအလုပ်ဝတ္တရားနဲ့ လစ်ခွင့်မရသေးလို့။ ကဲ လာ လာ ဘုရားကြီးသွားကြမယ်။ ဒီနေ့ ဂျပန်လာ ဗုံးချမယ် ကြားထားတယ်။ မနေ့က မချဘူး''

ဟုတ်ပါ၏။ ထိုနေ့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၅ရက်နေ့။ ရန်ကုန်မြို့ကို ဂျပန်များ ဒုတိယအကြိမ် လာ၍ ဗုံးချခြင်းဖြစ်သည်။ ဗုံးကြဲလေယာဉ်ပျံ ရှစ်ဆယ်နှင့် တိုက်လေယာဉ်နှစ်ဆယ်ပါသည်။ နံနက်ဆယ်နာရီခန့်တွင် စတင်သည်။ ထိုအကြိမ်အရပ်သူ အရပ်သား ၅၀၀မျှ သေ၍ ၁၀၀၀ခန့် ဒဏ်ရာရသည်။ မီးလောင်ဗုံးများပါကြွသဖြင့် အလုံးရပ်ကွက်မီးလောင်သည်။ (ဟု လူထုဦးလှ၏စစ်အတွင်းဗမာပြည် ပထမတွဲ စာမျက်နှာ ၂၅တွင်ပါသည်။)

ကိုတင့်ခေါ်ဆောင်သွား၍ ကျွန်တော်လိုက်ပါသွားရသော ရွှေတိဂုံစေတီတော်ကြီး ရင်ပြင်တော်မှာဖြင့် နဘယ်။ ဗုံးချသံ၊ အောက်ကပစ်သံ၊ အပေါ်မှ မရှင်းဂန်း ဆွဲသံတွေတော့ တညံ့ညံ့ကြားနေရပါ၏။ တညင်ဘီအိုစီနှင့် ရန်ကုန်မြစ်ကမ်း ရေနံထားရာတို့မှာတော့ မီးခိုးတွေ အူထွက်နေကြ၏။ ဘုရားကြီးကုန်းတော်ပေါ်မှ မရှုမလှမြင်ကြရ၏။

ထိုအချိန်တွင် မြို့ထဲလူမနေကြတော့ဘဲ ဘုရားကြီး ရင်ပြင်တော်နှင့် တန်ဆောင်းဇရပ် ကျောင်းဆောင်တွေထဲမှာ လူစည်ကားလှ၏။

ရန်ကုန်မြို့ကြီး ပျက်စီးပြီဖြစ်၍ စားသောက်ဆိုင်များ မရှိတော့ပါ။ သို့သော် ကျွန်တော် တို့မှာ ထမင်းအတွက် အခက်မတွေ့ရပါ။ ဘုရားပေါ် ဇရပ်တခုထဲ၌ ကိုတင့်၏မိတ်ဆွေ ကိုရင် ကြီးတပါးရှိ၍ သူဆွမ်းခံသည်နှင့် ကျွန်တော်တို့အတွက် ညမနက်စာပါဖူလုံပါသည်။ သို့သော် ကျွန်တော်သည် ရှေ့ဆက်မနေတော့ပါ။ နောက်တမနက် ဒီဇင်ဘာ ၂၆ရက်နေ့မှာ ရွှေတိဂုံ ဘုရားကြီးပေါ်မှဆင်းပြီး လစ်ခဲ့ပါတော့သည်။ မြေနီကုန်းမှာလူပြည့်နေသော လော်ရီကားတစီး တွေ့၍ အတင်းတွယ်လိုက်ခဲ့တော့၏။

## ဘုရားစူး ကျောင်းဆရာဖြစ်ခဲ့ဘူး၏

ကျွန်တော့်မိဘများက ကျွန်တော့်အား ကျောင်းဆရာဖြစ်စေချင်သည်နှင့်အညီ ကျွန်တော့် တသက်တာတွင် ခဏတဖြုတ်တော့ ကျောင်းဆရာလေးဖြစ်လိုက်ပါသေး၏။ အကြောင်းမှာ ကျွန်တော်၁၀အောင်မြင်ခဲ့သော ပေါင်းတည်မြို့ ဦးဘိုးဘေအထက်တန်းကျောင်းမှ သူနှင့် ကဗျာ ဝါသနာချင်းတူလှ၍ ကျွန်တော့်ကို အင်မတန်ချစ်ခင်သော ဆရာသော်သည် (ကျွန်တော် သော်တာဆွေ မည်သော ကလောင်နာမည်ယူရာ၌ ဆရာ့နာမည်ကိုထည့်ပြီး စဉ်းစားခဲ့ပါသည်။) ကျွန်တော် ရန်ကုန်မြို့မှ ပြန်လာသောအချိန်၌ ကောင်းစွာမကျန်းမာသဖြင့် ကျွန်တော့်အား သူ့နေရာမှာ ဝင်ရောက်လုပ်ကိုင်စေပါသည်။ ထိုခေတ်ကကျောင်းသားဦးရေ အလွန်နည်းလေရာ ၈တန်း၊ ၉ တန်း၊ ၁၀ တန်းသုံးတန်းပေါင်းမှ ကျောင်းသား ၅၀မျှရှိပါလိမ့်မည်။ ဤသုံးတန်းကို (၈တန်းနှင့် ၉တန်းတွဲ၍) ဆရာသော် ကိုင်ခဲ့သည့်အတိုင်း မြန်မာစာနှင့် သချ်ာဘာသာတို့ကို ပြရပါသည်။ ကျွန်တော် နှစ်သက်သော ဘာသာများပင် ဖြစ်ပါ၏။ ကျောင်းဆရာလခလည်း ဆရာသော့်အတိုင်းပင် ၆၅ ကျပ်ရပါ၏။

ကြည့်လေ။ ကျွန်တော့်ကျောင်းဆရာပါရမီက ဘယ်လောက်များ ကြာရှည်ပါသနည်း။ တသက်မှာ သည်တနှစ် ၁၉၄၂ ခု။ သည်နှစ်တွင် တလထဲ။ သည်တလကလဲ ကြည့်ပါဦး။ ဖေဖော်ဝါရီခင်ဗျာ။ မတ်လဆန်း တရက်နေ့မှာ လစာ ၆၅ ကျပ်ထုတ်ပြီး ဆရာသော်ကို ၃၀၊ မိဘကို ၃၀ပေးလိုက်ပါတယ်။ ကျွန်တော့်တသက်မှာ ဒါဟာပထမဆုံးနဲ့ နောက်ဆုံး ဆရာမိဘကို လုပ်ကျွေးခဲ့ခြင်းပါပဲ။ ကျန်တဲ့ဘဝတာမှာ ယခုထိ ကိုယ့်ကိုယ်မှအနိုင်နိုင်တည်း။ အဖေ့ဆီမှ မကြာခဏ ငွေပြန်တောင်းရသည်ချည်း။ နိပ်လိုက်ပေ့ စာရေးဆရာဘဝတဲ့။

## ဘီအိုင်အေခေတ် ရန်ကုန်

ထိုနှစ် မတ်လဆန်းမှာ အင်္ဂလိပ်အစိုးရအဖွဲ့ ရန်ကုန်မြို့မှ ပြောင်းရွှေ့၍ မြန်မာတပြည် လုံး စာမေးပွဲမလုပ်ဖြစ်တော့ဘဲ ကျောင်းများအားလုံးကို ပိတ်ပစ်လိုက်လေတော့သည်။ ကျွန်တော် သည် ဘာအလုပ်မျှမရှိတော့ဘဲ ရွာတွင်နေရစဉ် မတ်လ ဒုတိယသီတင်းပတ်အတွင်း၌ ရန်ကုန်မြို့ တွင် တအိမ်တည်းအတူနေခဲ့သော သူငယ်ချင်းနှစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်လာကြ၏။ တဦးက ၁၉၄၈ ခုနှစ်လောက်ကဘဲ တောခိုသွားခဲ့ပြီး ယခုထိ သေပလားရှိသေးသလား မသိရသည့် ပျဉ်းမနားသား ကိုအောင်စိန်။ သူလည်း ကျွန်တော့်လိုဘဲ မြန်မာလိုဆယ်တန်းအောင်ပြီး အင်္ဂလိပ်စာ ကျွန်တော်နှင့် တကျောင်းတည်းလာသင်သူဖြစ်၏။ တဦးက ကိုသန့်ဇင်။ ဂျပန်ခေတ်က ဒေါက်တာ

ဘမော်၏ အတွင်းဝန်။ သည်ဘက်ခေတ်မှာ နေးရှင်းသတင်းစာတွင်လုပ်သည်။ တော်လှန်ရေးအစိုးရ ထိန်းသိမ်းရေး ခေတ်မှာထိန်းသိမ်းတာထဲပါသွားကာ လွတ်လာပြီးမကြာမီ ကွယ်လွန်သွားခဲ့သည်။ သူက စလင်းသား။ ထိုစဉ်က ကောလိပ်ကျောင်းသား။ သို့သော် သူ့ကျောင်းဘော်ဒါတွင်မနေဘဲ ကျွန်တော်တို့ဆရာမကြီး ဒေါ်မမနှင့် ခင်မင်သဖြင့် ကျွန်တော် တို့ ကျောင်းဘော်ဒါအိမ်တွင် လာနေသည်။

သူတို့နှစ်ယောက် ရွာကကျွန်တော့်အိမ် ရောက်လာတော့ ကျွန်တော်အံ့ဩရသည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့ရန်ကုန်မြို့ကို ဂျပန်က ဗုံးဦးပေါက် ဗုံးလာချပြီး ၂၄ ရက်နေ့မှာ ကျွန်တော်နှင့်အတူဘဲ ကိုယ့်ရပ်ဒေသ ပြန်ပြေးကြသူများဖြစ်၏။

စင်စစ်ကား သူတို့နှစ်ယောက်သည် နိုင်ငံရေးကို လေ့လာလိုက်စားခဲ့သူများ ဖြစ်သည်။ ကျွန်တော်ကား နိုင်ငံရေးကို ဝါသနာမပါ။ ကဗျာစာပေသာ အာရုံထားခဲ့သည်။ သူတို့ အားစလင်းနှင့် ပျဉ်းမနားကနေပြီး ပေါင်းတည်မြို့နှင့် သုံးမိုင်ဝေးသော ကျွန်တော်တို့ရွာကလေး သို့ သည်လိုခေတ်ကြီး ရုတ်ရုတ်ရက်ရက်မှာ ဘာကိစ္စများရောက်လာပါသနည်းမေးတော့ ကိုသန့်ဇင်က ''ကိုယ့်လူရေ့ ဒီလိုအခါကြီးမှာ ကိုယ်တို့လူငယ်တွေ ဘယ်မှာအိမ်ထိုင်နေလို့ သင့်လျော်မလဲ။ နိုင်ငံအတွက် တခုခုတော့ ဝင်လုပ်မှပေါ့။ ကိုယ်တို့ ရဲဘော်သုံးကျိပ် ဦးဆောင် ခဲ့တဲ့ ဂျပန်တပ်တွေ ရေး၊ ဘိတ်၊ ထားဝယ်ရောက်ပြီ။ ကိုယ်တို့ ရန်ကုန်က သွားကြိုကြမယ်''

ကျွန်တော်တို့သည် 'အရှေ့အာရှ သာတူညီမျှ ကြီးပွားရေး' ဟူသော ဂျပန်ဝါဒကိုသဘော ကျလျက် ဂျပန်က ကျွန်တော်တို့ကို အင်္ဂလိပ်ကျွန်ဘဝမှ ကယ်တင်လိမ့်မယ်။ မြန်မာပြည်ကို လွတ်လပ်ရေး ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးလိမ့်မည်ဟု ယုံကြည်ရင်းစွဲရှိသည်နှင့် ဝမ်းသာအားရ ကျွန်တော်လိုက်ရန် သဘောတူညီလိုက်ပါသည်။ ကျွန်တော်သာမက ကျွန်တော်တို့နှင့် အင်္ဂလိပ် စာအလွတ်ပညာသင် ကျောင်းနေဘက် ကျွန်တော်တို့ရွာမှ ၆မိုင်လောက်ကွာသော ပေါက်မှော် ရွာမှ ကျော်ထူးကိုလည်း အကျိုးအကြောင်းစာရေးပြီး လူလွှတ်ခေါ်လိုက်ပါ၏။ ငတိလည်း ကျွန်တော့်လိုဘဲ။ နိုင်ငံရေးဆို ဘာမျှစိတ်ဝင်စားရမှန်းမသိ။ မိဘပိုက်ဆံသုံးဘို့ဖြုန်းဘို့လောက် သိတဲ့ကောင်။ သို့သော် သူငယ်ချင်းများနှင့် ရုတ်ရုတ်ရက်ရက် လှုပ်ရှားဘို့လောက်တော့ ဝါသနာပါသဖြင့် ထိုနေ့ဘဲ ပေါက်ချလာတော့သည်။

နောက်တနေ့မနက် ကျွန်တော်တို့လေးယောက် ပေါင်းတည်မြို့မှထွက်ခဲ့တော့သည်။ ထိုစဉ်၌ ရန်ကုန်ပြည်သွားမီးရထားမရှိတော့ပြီ။ ဓာတ်ဆီအခက်ခဲကြောင့် မော်တော်ကားများကိုလည်း မပြေးဆွဲ နိုင်တော့သဖြင့် နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက် တဆင့်တဆင့် မြင်းလှည်းနှင့်ပင် လာခဲ့ကြရာ တိုက်ကြီးမြို့ရောက်သောအခါ၌ ရန်ကုန်ဘက်သို့ ဘာယဉ်မျှငှားမရတော့ ပေ။

သို့ဖြင့် ခြေလျင်ကြိတ်ခဲ့ရ၏။ မော်ဘီရောက်သောအခါ အင်္ဂလိပ်စစ်တပ်များ ရန်ကုန်မြို့ မှ အပြီးအပိုင်ဆုတ်ခွာလာကြသည်များနှင့် ဆုံလေသည်။ တင့်ကားတပ်၊ မြင်းနှင့်လားတပ်၊ ခြေလျင်တပ် အစီအတန်းကြီးသည် တနေ့နှင့်တည ကြာပါ၏။ ကျွန်တော်တို့သည် မော်ဘီ ဆရာသိန်းကြီး၏အိမ်နှင့် မျက်စောင်းထိုးရှိ ဖုန်းကြီးကျောင်းမှ ခိုအောင်းကြည့်ရှုနေခဲ့၏။ အင်္ဂလိပ်များ ပြေးပြီမို့လဲ ဝမ်းသာနေကြ၏။

အင်္ဂလိပ်များရှင်းပြီး နောက်တနေ့၌ ဂျပန်တပ်များ ရောက်လာတော့၏။ ကျွန်တော်တို့ တွေ့ရသော ဂျပန်တပ်ဦးမှာ လူငယ်ကလေးများဖြစ်ကြ၏။ ယဉ်ကျေးဖွယ်ရာရှိ၏။ နိပ္ပွန်ဘိရမာ ဖန်ဆိုင်း၊ နိပ္ပွန်ဘိရမာ ညီအကို ညီအကိုဟု ဗမာလို ပြောတတ်ကြလျက် စီးကရက် ကြံသကာ ကြက်ဥတို့ကိုတော့ တွင်တွင်တောင်း၏။ ကျုပ်တို့ မဟာဗမာများကလည်း ကြည်ကြည်ဖြူဖြူဝမ်း သာအားရ ပေးကမ်းကြ၏။ ကိုယ့်ကယ်တင်ရှင်များဟု ယုံနေကြသေးသည်ကိုး။

ကျွန်တော်တို့ ရန်ကုန်မြို့သို့ ရောက်ကြသောအခါ၌ ဘီအိုင်အေတပ်ကို ဖွဲ့စည်းလျက် ရှိသည်။ ဌာနချုပ်မှာ အလံပြဘုရားလမ်းရှိ ယခုပြည်သူ့ဆေးရုံ။ ဟို အင်္ဂလိပ်ခေတ်က ပတ်က်ဟို တယ်။

ကျွန်တော်တို့သည် ထိုဌာနချုပ်ရောက်၍ ဘီအိုင်အေတပ်ထဲသို့ ဝင်လိုက်ကြသည်။ နာမည်စာရင်း ပေးသွင်းကြသောအခါ၌ ကိုသန့်ဇင်က သခင်သန့်ဇင်ဟုဆို၏။ ကိုအောင်စိန်က သခင်အောင်စိန်ဟုဆို၏။ သူတို့သည် အကယ်ပင် သခင်အသင်းဝင်များ ဖြစ်လေသလော ကျွန်တော်မသိပါ။ ကျွန်တော့်အလှည့်ရောက်တော့လည်း ကျွန်တော်က သခင်ကျင်မောင်ဟု ပြောလိုက်တော့၏။ ကျော်ထူးကလည်း သခင်ကျော်ထူးဟု ကြိတ်လိုက်၏။

ကျင်မောင်က ကျွန်တော်၏နာမည်ရင်းဖြစ်ပါသည်။ ရန်ကုန်ရောက်မှ သူငယ်ချင်း တင်ဆွေကို သဘောကျ၍ ကြင်ဆွေဟုပြောင်းထားသော်လည်း ဇာတိတမြို့ထဲသား ကြင်ဆွေဟု ကျွန်တော့်အား ကျင်မောင်ဟု နှုတ်ကျိုးနေသောကြောင့် ဤနေရာမှာ သခင်ကြင်ဆွေမလုပ်နိုင်ဘဲ သခင်ကျင်မောင်ဟု ပြောလိုက်ရခြင်းဖြစ်ပါသည်။

ယင်းကြောင့်ပင် ဟာသစာရေးဆရာ လောင်းလျာမှာ ဟာသကွက်ကြုံရပါသည်။ ကျွန်တော်က အမည်သခင်ကျင်မောင်၊ နေရပ်ပေါင်းတည်ဟု ပြောလိုက်သောအခါ၌ စာရင်းလက် ခံသူမှာ ကျွန်တော့်မော့်ကြည့်ပြီး ''အော် သာယာဝတီပေါင်းတည်ပေါ့နော်''ဟု ဆိုရာ မြန်မာပြည် မှာ သာယာဝတီနှင့် ပေါင်းတည်သည်နာမည်က တွဲနေသဖြင့် ကျွန်တော်က ''ဟုတ်ကဲ့''ဟု ပြော

လိုက်ရာ ထိုလူက ကျွန်တော့်အား ရှိတ်ကဟင်းလုပ်လျက် ‘‘ဝမ်းသာပါတယ် သခင်ကျင်မောင်၊ အဖော်ဘယ်နှစ်ယောက် ပါသလဲ’’။ ကျွန်တော်က ‘‘ဟောဒီသုံးယောက်ပါပဲ’’

ကဲ၊ သခင်သန့်ဇင် သခင်အောင်စိန် သခင်ကျော်ထူးတို့မှာ ဘာမှမထူးကြဘဲ ကျွန်တော် သခင်ကျင်မောင်ကျမှဘဲ ထိုသူက ဝမ်းသာအားရ အရေးတယူလုပ်လျက် ကျွန်တော်တို့အတွက် အပေါ်ထပ်မှာ ဟော်တယ်အခန်းကြီးတခန်း စီစဉ်ပေးပါသည်။ စောင်များ၊ ခေါင်းအုံးများ၊ သွားတိုက်ဆေး၊ သွားပွတ်တံများလည်း လာပို့ပါသည်။ နိပ်တော့ နိပ်ပေါ့။ ငါ နိုင်ငံရေးဝင်လိုက်ရ အကျိုးပေးပုံဘဲဟု အောက်မေ့လိုက်မိ၏။ စင်စစ်ကား လူမှားနေခြင်း။ ထိုစဉ်က သာယာဝတီ သခင်ကျင်မောင်ဆိုတာရှိ၏။ အင်မတန်အပြောအဟော ကောင်း၏တဲ့။ သခင်ထဲမှာ နာမည်ကြီး တဲ့။ ဒါကို ကျွန်တော် လုံးဝမသိခဲ့ပါ။ နောက်မှကိုသန့်ဇင်က ပြောပြပါ၏။ စင်စစ်ကား ကျွန်တော် အခြေတမျိုးပြောင်းဘို့ပင်။

ကျွန်တော်တို့သည် ဘီအိုင်အေ တပ်မတော်သားအဖြစ် ယူနီဖောင်းတော့ ဘယ်ရှိမည် နည်း။ အစိမ်း၊ အနီ၊ အဝါ သုံးရောင်ခြယ်လက်ပတ်ကလေးတွေသာ ရကြ၏။ ဤလက်ပတ်နှင့် သွားလျှင် ဂျပန်နှင့်လည်း အဆင်ပြေ၏။ အရပ်သားများကလည်း လေးစား၏။ အရပ်သားဆိုလို့ ထိုအချိန် ရန်ကုန်မြို့လယ်ခေါင်မှာ လူမနေကြ။ ဆင်ခြေဖုံး ရပ်ကွက်များမှာသာရှိ၏။ ထိုလူများ က လူချမ်းသာများ ဖြစ်ကြကုန်သည်။ အကြောင်းမှာ ထိုအချိန်တွင် ရန်ကုန်မှာ အုပ်ချုပ်ရေး မရှိတော့သဖြင့် မြို့ထဲရှိ အိမ်များ၊ ကုန်တိုက်များ၊ ဂိုဒေါင်များမှ ပစ္စည်းများကို သဘောရှိ သယ်ယူကြခြင်းဖြင့် သူတို့ စားဝတ်နေရေး ဖူလုံနေကြ၏။ ကျွန်တော်တို့ ဘီအိုင်အေ တပ်မတော်သားများအတွက် ထမင်းထုပ်များကို သူတို့ဆီဆင့်၍ မော်တော်ကားနှင့် သွားသွား သယ်ကြရ၏။ သူတို့ကလည်း အလကားရသောပစ္စည်းများနှင့် သဒ္ဒါကြည်ဖြူစွာပေးကမ်းကြပါ ၏။ ဘီအိုင်အေကလည်း ကုန်ရုံ ကုန်တိုက်များမှ ရိက္ခာများ ယူကြပါ၏။ ထုံးစံအတိုင်း ခေါင်းဆောင်ပိုင်းက ဘီယာအရက်ပါ နှက်ကြ၏။

ထိုစဉ်က ကျွန်တော်တို့ လူငယ်များအဖြစ်ကို ပြောရဦးမည်။

ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ယိုးဒယားပြည်မှ စတင်ဖွဲ့စည်း၍ ရဲဘော်သုံးကျိပ်ဝင်တို့ ဦးစီးလျက် ထားဝယ်ကြောင်း၊ မြိတ်ကြောင်း မြဝတီကြောင်း ဖာပွန် ကြောင်း ချီတက်ခဲ့ရာ၌ လမ်းတွင်ဖွဲ့စည်းခဲ့သော စစ်သည်တော်များပါခဲ့ရာ ရန်ကုန်ရောက်လျှင် ကြီးကြီးပိုင်းကို ဘီအိုင်အေဌာနချုပ် ပတ်က်ဟော်တယ်တွင် ခေတ္တစတည်းချ၍ လူငယ်များကို အင်္ဂလိပ်မက်သဒစ် မိန်းကလေးကျောင်းမှာ နေစေသည်။ ထိုခေတ်၌ ထိုကျောင်းသည် မျက်နှာ ဖြူပိုင်းသာ နေနိုင်ကြ၍ ကျောင်းဘော်ဒါဆောင်မှာ ဆရာမများနှင့် ကျောင်းသူများမယူနိုင်၍ စွန့်ခွာသွားကြသော

အင်္ဂလိပ်အသုံးအဆောင် အဝတ်အစား ပစ္စည်းပစ္စယတို့မှာ အဖိုးတန် အကောင်းစားများသာ ဖြစ်ကြကုန်၏။

ဒါတွေကို ကျွန်တော်တို့ လူငယ်ပိုင်းက အင်္ဂလိပ်အသုံးအဆောင်တွေမို့ မလိုချင်၊ မကြည့်ချင်ဟုဆိုပြီး ဖျက်ဆီးပေါက်ခွဲပစ်ကြ၏။ ရေဒီယိုများ၊ ပန်းကန်ခွက်ယောက်များ၊ ရေခဲသေတ္တာ များ။ ဒီပစ္စည်းမျိုးတွေ ဂျပန်ရောက်လျှင် ကျွန်တော်တို့ပြည်မှာ မလိုချင်လောက်အောင် ပေါတော့မည် ထင်မိကြသကိုး။ စင်စစ်တော့ ဂျပန်များပင် ဒီပစ္စည်းမျိုးတွေကို သူတို့စစ်သင်္ဘောတွေအပြန်မှာ ဂျပန်ပြည်သို့ အမှတ်တရယူဆောင်သွားကြကြောင်း နောက် ကျွန်တော် ဂျပန်စစ်ဌာနချုပ် (ယခုအစိုးရအိမ်တော်၊ အင်္ဂလိပ်ခေတ်က ဘုရင်ခံအိမ်တော်) မှာအလုပ်လုပ် ရတော့မှ သိရပါတော့၏။

ကျွန်တော်တို့ စစ်သည်တော် ပေါက်စများက ဘာတွေများ ယူကြပါသလဲဆိုတော့ မိန်းကလေးဘော်ဒါဆောင်ထဲမှ အင်္ဂလိပ်မအဝတ်အစား ဂါဝန်များ၊ ဘရာစီယာများ၊ ရင်တုတင်ခုများနှင့် အခြားအမျိုးသမီးအသုံးအဆောင်များကို မီးရှို့ဖျက်ဆီးပစ်ကြပြီး ဗိုလ်မများဝတ်သည့် အသားကပ်ဖောင်းဗီရှည် တင်ပွပွတွေဝတ်၊ ဗိုလ်မခြေထောက်ဆိုတော့ ဗမာလူငယ်ခြေနှင့် တော်နေသော လေဒီရှူးတွေစီး ငှက်မွေးစိုက် ဦးထုပ်တွေ ဆောင်းပြီးအထက်ဗမာပြည်သို့ စစ်ချီ တက်ရာတွင် ပါသွားကြတော့ ဟယ်၊ သောက်ကျိုးနဲ ဘီအိုင်အေတပ်မတော်မှာ ရော်ဗင်ဟုလို လူတွေလဲ ပါနေချေသပေ့။

ကျွန်တော်ကတော့ မှတ်မှတ်ရ အလွန်လှသည့် အပြာထည်ပေါ်မှာ ငါးကလေးတွေ ရေကူးနေပုံ ငှက်ကလေးတွေ ပျံနေပုံ ပိုးပိတ်ဖြူစနှင့် ပန်းချုပ်ထားသောအိပ်ရာဖုံးတခုနှင့် မျက်နှာသုပ်ပဝါဖျဉ်လို ထူထူပွပွ ညဉ့်အိပ်အင်္ကျီကြီးတထည်ကို ယူထားမိပါ၏။ နှစ်ယောက် သုံးယောက် ခြုံနိုင်ပါ၏။ တယောက်အိပ် ခုတင်ပေါ်မှာ အနားနှစ်ဖက် ကြမ်းဖုံးအောင် ကြီးတာကလား။

ပတ်က်ဟော်တယ်မှာ အင်္ဂလိပ်ခေတ်က မျက်နှာဖြူ ဥရောပတိုက်သားများသာ တည်းခိုနိုင်ရာ ကျွန်တော်တို့ နေရသောအခန်းမှာ တော်တော်နိုပ်၏။ ကျွန်တော့်တသက်တာမှာ ပထမ ဦးဆုံးဟော်တယ်တွင် နေရဘူးခြင်းဖြစ်၏။ သို့သော်တယ်ပြီးမကြာလိုက်ရပါ။ ဌာနချုပ်မှ အလုပ်တာဝန်တွေခွဲဝေရာ၌ ကျွန်တော့်ကို လက်နက်သိမ်းဆည်းရေးနှင့် စစ်သား စုဆောင်းရေးဘက်တွင်တာဝန်ပေး၍ သခင်နီဆိုသူနှင့် လှိုင်မြစ်ဟိုဘက်ကမ်းတလျှောက်ကို လွှတ်၏။

အင်္ဂလိပ်စစ်ပြေးတွင် တောကြောင်တွေ လက်ထဲ ပြန့်နှံ့နေသော လက်နက်များကို သိမ်းဆည်းရန်နှင့် စစ်သား စုဆောင်းရန်မှာ အပြောအဟောကောင်းဘို့လို၏။ ကျွန်တော့်အား

အပြောအဟောကောင်း နာမည်ကြီး သာယာဝတီ သခင်ကျင်မောင် မှတ်နေတာကို။ စင်စစ် တော့ ကျွန်တော့်မှာ ပရိသတ် ရှေ့စကားလေးလုံးကွဲအောင်မှ ပြောတတ်သူမဟုတ်။ သခင်နီသာ သခင်ပိပိ တွယ်ရတော့၏။

အရေးထဲတမော့င့်။ လှိုင်မြစ်ကမ်းရွာတရွာမှ ကျွန်တော်တို့အား အထင်တကြီးနှင့် သူ့အိမ်တွင် တည်းစေသော အိမ်ရှင်က သူသည် ကြည့်မြင်တိုင်သားပါ။ ဗမာပြည်လွတ်လပ်ရေးရပြီး အစိုးရဖွဲ့စည်း သောအခါ၌ သူ့ကိုအမတ်တနေရာ ရာထားပါရန်တောင်းခံပါ၏။ ကျွန်တော် တို့ကလည်း ဘယ်ငြင်းနိုင် မည်နည်း။ သူ့အိမ်တည်း၊ သူ့ထမင်းစားနေတာ ''စိတ်ချပါခင်ဗျာ့'ပေါ့။

နောင်ဂျပန်ခေတ် ကျွန်တော် မြင်းလှည်းမောင်းသောအခါ၌ ထိုပုဂ္ဂိုလ် ကျွန်တော့် မြင်းလှည်း ပေါ် ပါလာခဲ့သည်များရှိ၏။ ကျွန်တော်သူ့ကို ကောင်းစွာ မှတ်မိပါသည်။ သူကလည်း ထို့အတူရှိမည်။ သို့သော် တဦးကိုတဦး နှုတ်မဆက်ကြဘဲ မသိချင်ယောင် ဆောင်နေကြပါ၏။ တခါတရံ သူ့ပါးစပ်က ပွစိပွစိလုပ်၍သွားတာ မြင်ရပါ၏။ သဘောမှာ 'ဒီကောင် ငါ့ကိုမင်းတိုင် ပင်အမတ် ဖြစ်အောင် မလုပ်မပေးနိုင်တောင် ခုမြင်းလှည်းခတော့ ယူဘို့မကောင်းပါဘူး။ ငါ့အိမ်တည်း ငါ့ထမင်းစားပြီး၊ ငါ့လေ့စီးသွာတဲ့အကောင်'ဟု တွက်ဆဟန်တူပါ၏။ ကျွန်တော်လည်း ဒါကိုစဉ်းစားမိပါ၏။ ဤမြင်းလှည်းခ တမတ်ငါးမူးလဲ ကျွန်တော်ခံမင်လှ၍မဟုတ်ပါ။ သို့သော် ''ဦးမပေးနဲ့နေပါစေ'' ဆိုမိ ပါက ရှေးဟောင်းနှောင်းဖြစ်များ ပြန်ပြောင်းပြောမိကြရတော့မည်။ ဒါကို ကျွန်တော်က ကိုယ့်အဖြစ် မြင်းလှည်းသမားဘဝနှင့် တွေး၍ရှက်နေသော ကြောင့်ဖြစ်ပါ၏။

သူ့လှေနှင့် ကျွန်တော် မြစ်ရိုးတလျှောက် စီးခဲ့သည်မှာ မှန်ပါ၏။ ပေါင်းတည်မြို့နယ် ကုန်းတွင်းသားဖြစ်သော ကျွန်တော်တသက်တာမှာလည်း ပထမဦးဆုံးအကြိမ် မြစ်ထဲခရီးရှည် လှေစီးဘူးခြင်း ဖြစ်ပါ၏။ လှည်းကြမ်းနှင့် ကြီးလာရသူမှာ လှေစီးရသောအရသာကို နှစ်သက်လှ ပါသည်။

မြစ်ရိုးတလျှောက်တွင် သူ့အိမ်မှာဒိုင်ခံတည်းခဲ့၍ ကျွန်တော်တို့တာဝန် (သခင်နီကချည်း ပြောဟောခြင်းဖြင့်) ကိစ္စပြီးစီးကာ ရန်ကုန်ဌာနချုပ်ပြန်ရောက်သောအခါ ကျွန်တော့်မှာ ဘုံပျောက် ရလေ၏။ ပတ်က်ဟော်တယ် ကျွန်တော်နေခဲ့သော အခန်းတွင် ဂျပန်ပြန် ဗိုလ်တယောက်စံနေ၏။ ကျွန်တော်နှင့်အတူ နေခဲ့ကြသော သူငယ်ချင်းများလည်း မရှိကြတော့ပြီ။ တာဝန်အသီးသီးဖြင့် နယ်သို့ထွက်သွားကြပြီ။ ကိုသန့်ဇင်တယောက်သာ တွေ့ရ၍ ကျွန်တော်က ''ကျွန်တော်တို့ ဘုံပျောက်ပြီ။ ခင်ဗျားဘယ်မှာနေလဲ''ဟု ညည်းမိရာ သူက သူ့နဂိုအမူအယာ ပြုံးဖြီးဖြီးနှင့်

''ကိုယ့်လူ မပူပါနဲ့။ ဒီဟော်တယ်ထက် သာတဲ့နေရာ ရှိပါတယ်။ လိုက်ခဲ့ပါ ကိုယ်မောင်ရင့်စောင့်နေတာဘဲ''

မြစ်မမြင်ဘူး မှုံးမြစ်ထင်နေသော ကျွန်တော်မှာ

''ဟာ ဒီထက်သာတဲ့နေရာ ရှိအုံးမလား ကိုသန့်ဇင်ရာ''

''လာစမ်းပါ လိုက်ခဲ့စမ်းပါ''

ထိုစဉ်တုန်းမှာ ရန်ကုန်မြို့မှာ ခရီးသွားလျှင် ဘာယာဉ်မှစီးစရာမရှိ၊ ခြေလျင်သာ။ ယင်း ပတ်က်ဟော်တယ်မှ တီရစ္ဆာန်ရုံတက်ဆင်း၊ ထိုမှအင်္ဂလိပ်သင်းချိုင်းဖြတ်၊ ဗဟန်းကိုလွန်၍ ကန်တော်ကြီးပတ်ကာ ယခင် ပတ်က်လမ်း၊ ယခုနတ်မောက်လမ်းတလျှောက်သွား၊ တာမွေလမ်း (ဘိုးစိန်လမ်း) လှန်ပြီးနောက် ယခုနတ်မောက်ရိပ်သာလမ်းခေါ် ယခင်က ပတ်က်အဲဗင်းနယူး လမ်းထဲရှိ အိမ်ကြီးတအိမ်။

ကိုသန့်ဇင်ပြောတာ မှန်လှပါ၏။ ရခိုင်လူမျိုးသဌေးဝတ်လုံတော်ရ ဦးကျော် (ကေအက်စ် အမ်) ဘွဲ့ရ နာမည်ကျော် ပုဂ္ဂိုလ်ကြီးအိမ်လားခင်ဗျာ။ ခြံဝင်းကြီးကလဲကျယ်၊ အိမ်ကြီးကလဲကြီး၊ ရန်ကုန်မြို့မှာ ထိပ်သီးလူချမ်းသာကြီးဂေဟာလား။ တိုက်ခံမှာခေါင်မိုးပေါ် မျှော်စဉ်ဘုံဆောင် တောင်ရှိလိုက်သေး။

အပေါ်ထပ်မှာ အိပ်ခန်းတွေဖွဲ့ထားပုံက တကယ့်ဟော်တယ်အတိုင်း တယောက်တခန်း။ ကျွန်တော်နေခဲ့ဘူးတဲ့ ပတ်က်ဟော်တယ်က အခန်းထက်တောင် ကျယ်လိုက်သေး။ အခန်းတခုမှာဆိုရင် အိမ်တဆောင်မှာ ရှိအပ်တဲ့အတိုင်း အဝတ်ဘီဒို၊ ညှိခံစားပွဲကုလားထိုင်၊ စာရေးစားပွဲ၊ အလှပြင်စားပွဲ၊ ဖိနပ်စင်၊ အိပ်ရာခုတင်၊ ရေချိုးခန်း၊ အိမ်သာ အသီးသီးနှင့်။

လူပြည်မှာဖြင့် အကောင်းဆုံး ဂေဟာမျိုးပေါ့ခင်ဗျာ။

ထိုအိမ်တွင် ပိုင်ရှင်များတော့မရှိကြ။ သူတို့ဆွေမျိုးအာကီထက် (ဗိသုကာဆရာ) ဦးသာထွန်း၊ သူ့တူကိုစံသာနှင့် အခြားရခိုင်လူမျိုး တူဝရီးနှစ်ယောက်နေကြသည်။ ကိုစံသာမှာ ကိုသန့်ဇင်နှင့် ယူနီဗာစီတီတွင် ကျောင်းနေဘက် သူငယ်ချင်းဖြစ်၍ သူတို့နှစ်ယောက် ဆက်မိပြီး ကျွန်တော်ပါ လိုက်နေရခြင်းဖြစ်ပါသည်။

ထိုအိမ်နေရတာမှ တကယ့်ဇိမ်ပါဘဲလား။ ဆန်၊ ဆီ၊ ဆား၊ ငရုပ်၊ ကြက်သွန်၊ ငပိ၊ ငခြောက်၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ နို့ဆီ၊ သကြား၊ ထောပတ်၊ ငါးသေတ္တာနှင့် အခြားအသား ဗူးတွေကလဲ အစုံပါဘဲ။ အိမ်ရှင်များက တနှစ်စာလောက် သိုလှောင်ထားခဲ့ဟန်တူပါရဲ့။ ထို့ပြင် မာလီကုလားနှင့်

ထမင်းချက် စာပွဲထိုးကုလားကလဲ ရှိနေတော့ အိမ်ကြီးအကျယ်ကြီးမှာ အပေါ် ထပ်ထမင်းစားခန်းက ငွေမောင်းကို တီးလိုက်တယ်ခင်ဗျာ့။ အဲသည် ငွေမောင်းကလေးကို စားပွဲတလုံး သီးသန့်နဲ့ ဆင်ရုပ်နှစ်ခုက နှာမောင်းနှစ်ဖက် ချီမထားတယ် ခင်ဗျာ။ အဲသည်အိမ် ဧည့်ခန်းဝက ရုပ်ပုံမျိုးစုံ ဆေးရောင်စုံနဲ့ တရုတ်ကြွေပန်းအိုးကြီးများဟာ လူအရပ်ထက်တောင် မြင့်သေးတယ်ခင်ဗျာ့။

ကိုသန့်ဇင်နှင့် ကျွန်တော်ဟာ အမယ်၊ တကယ့်သဌေးသားများအတိုင်း သည်အိမ်ရဲ့ သားသမီးများ နေကြတဲ့အခန်းတခန်းစီမှာနေကြတယ်။ အိမ်ရှင်ဦးကျော်တို့ မောင်နှံအိပ်တဲ့ အခန်းကြီး ကတော့ အကြီးဆုံး၊ အခန်းနားဆုံးပါဘဲ။ တတောင် ကျော်ကျော်ထူတဲ့ စပရိန်မွေ့ရာ ကြီးနဲ့။ သူတို့ခုတင်မှာ ခြင်ထောင်တိုင်မရှိဘူး။ သူတို့ခြင်ထောင်ဟာ လေးထောင့်မဟုတ်ဖူး။ ဗဟိုချက်မ တခုထဲ ခေါင်မိုးက ကျလာပြီး ခုတင်ကြီးတခုလုံးကို ဝိုက်အုပ်ပြီး နွတ်ခမ်းက ကြမ်းပြင် ပေါ်မှာ ပုံနေတယ်။ ဝင်ဘို့ထွက်ဘို့တော့ အလယ်က ထက်ခြမ်းကွဲပေါ့ခင်ဗျာ။ ဘယ်လောက် ဇာဖျင် ကုန်မယ်ဆိုတာ စဉ်းစားကြည့်ကြပေတော့။

ကျွန်တော် သည်အိပ်ရာကြီးပေါ် အိပ်ချင်ပါတယ်။ ဒါပေမယ့် မသင့်လျော်ဘူးပေါ့။ သို့သော် နေ့လယ်နေ့ခင်း ဘယ်သူမျှမသိရအောင် ကျွန်တော်လဲ သည်ခြင်ထောင်ကြီးထဲဝင်၊ စပရိန်မွေ့ရာကြီး ပေါ်မှာ ပစ်လှဲလိုမ့်လူး၊ ခုန်ပေါက်ကြည့်တယ်။ ဟာ၊ ဘိုးဘိုးအောင် အိပ်ရာကြီး ပါလား ဟ။

ဒီတသက်မှာ ကျွန်တော်တို့ရဲ့ ပထမဆုံးနဲ့ နောက်ဆုံး နေဘူးခြင်းဖြစ်တဲ့ သည်အိမ်ကြီး မှာနေရင်း ကျွန်တော်တို့ဟာ နေ့စဉ်ဘဲဘီအိုင်အေ ဌာနချုပ်တည်ရာ ပတ်က်ဟော်တယ်ကို သွားခဲ့ ပါတယ်။

အဲသည်အချိန်မှာ အဲဒီပတ်က်ဟော်တယ်နဲ့ ပတ်က်အဲဗင်းနယူးသွားတဲ့ လမ်းတလျှောက် မှာ အင်မတန် လူသူကင်းမဲ့တယ်။ နေ့စဉ်သွားလို့ပြန်လို့မှ လူတယောက်တွေ့ဘို့ ခဲယဉ်းတယ်။ အဲ အမြဲတမ်းကျွန်တော်တို့ တွေ့နေရတာကတော့ ယခုဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအရှေ့ဘက် နားက ပြွန်ပေါက်လေး အဝကန်တော်ကြီး ရေစပ်မှာ ပုပ်ပွနေတဲ့ လူသေအလောင်း တခုပါဘဲ။ သူ့ကို သုတ်သင်မယ့်လူမရှိဘူး။ ခွေးလဲမစားဘူး။ ကျီးလဲမစားဘူး။ ဘာကြောင့်လဲဆိုအဲသည် ပတ်ဝန်းကျင် ရပ်ကွက်မှာ လူနေမှုမရှိကြတော့ ခွေးလဲမရှိဘူး။ ကျီးလဲမရှိဘူး။ ဒင်းတို့နှစ်မျိုးက လူ့ဆီက အစားအသောက်ကို မှီခိုကြတာလား။ ဒီအလောင်း ဥင်းတစားဘို့ဆိုတာကလဲ လောင်းရိပ်က ကောင်းနေတော့ ဥင်းတဟာ မိုးပေါ်ကနေပြီး မမြင်နိုင်ရှာဘူး။ ဒါကြောင့် သည်အလောင်းဟာဖြင့် မိုးရေစားလို့ သူ့ဟာသူ ပျောက်ကွယ်သွားသည်အထိ နေသွားလိမ့်မယ် လို့ ထင်ပါတယ်။

ကျွန်တော်တို့ဟာ ဒီအလောင်း ပျောက်သည်အထိ ဒီလမ်းမှာ မလျှောက်ခဲ့ရတော့ဘူး။ ဘာကြောင့်လဲဆို တနေ့သ၌ မစ္စတာအောက်တိုကားဝါးခေါ်တဲ့ ဂျပန်အရာရှိတယောက် ကျွန်တော်တို့ နေအိမ်ကို သူ့မော်တော်ကား လှလှကြီးနဲ့ ရောက်လာပါတယ်။ ကိုသန့်ဇင်နဲ့ ပတ်သက်လို့လား၊ ဦးသာထွန်းနဲ့လား ဆိုတာတော့ ကျွန်တော်မပြောတတ်တော့ပါ။

မစ္စတာအောက်တိုကားဝါးဟာ စစ်ဖက်ကမဟုတ်၊ အုပ်ချုပ်ရေးဘက်ကပါ။ သူသည် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ခါနီးတွင် ရန်ကုန်မြို့ဂျပန်သံတမန်ဘက်ဆိုင်ရာ ကောင်စစ်ဝန်။ သူနှင့် ကျွန်တော် နောက်ရင်းနှီးသွားတော့ သိရပါသည်။ သူသည် အမေရိကန်ပြည်တွင် ပညာသင်ကြား တတ်မြောက်ခဲ့၍ သူ့ဇနီးက အမေရိကန်မ။ ထိုစဉ်က ယိုးဒယားတွင်ကျန်ခဲ့သည်။

မစ္စတာအောက်တိုကားဝါးသည် ထိုအချိန်မှာ အသက် ၃၀ကျော်ခန့် ရုပ်ရည်ချောမော၍ ဥရောပတိုက်သားကဲ့သို့ စားဝတ်နေထိုင်ပါသည်။ အင်မတန် ယဉ်ကျေးဖွယ်ရာ ရှိပါသည်။ ဤအိမ်ကြီးသို့သူမကြာခဏလာရောက်၍ တင်းနစ်ကစားရင်း ကျွန်တော်တို့နှင့် ရင်းနှီးကြပြီး နောက် တနေ့သ၌ ကျွန်တော်နှင့် ကိုသန့်ဇင်အား ဗမာပြည်လက်ရှိအခြေအနေအတွက် တာဝန် တခုထမ်းဆောင်နိုင်ပါ့မလားဟုဆိုသည်။ ကိစ္စမှာ မြန်မာပြည်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့ရန်၊ ဂျပန်က မဆွကပင် ကြိုတင် လျာထားသော မြန်မာအရာရှိကြီးများကို အင်္ဂလိပ်အစိုးရ အဖွဲ့နှင့် အိန္ဒိယ သို့ပါမသွားအောင် လမ်းမှတားဆီး ခေါ်ငင်ပေးရန်ဖြစ်ပါသည်။ သူနှင့်လည်းယခင်ကတည်းက ဤအရာရှိကြီးများနှင့် ကြိုတင်စကားရှိခဲ့သည်။ Code Word လျှို့ဝှက်စကားများစီမံပြီးရှိသည်။ ထိုပုဂ္ဂိုလ်တို့မှာ ထိုအချိန်၌ ပခုက္ကူနှင့် စစ်ကိုင်းလောက်မှာ ရှိနေလိမ့်မည်။ စစ်ကြောင်းကား အင်္ဂလိပ်တပ်များက ဆုတ်ခံ ခံ၊ ဂျပန်နှင့် မြန်မာများက နင်းတိုက်တိုက်တုန်း။ မစ္စတာအောက်တို ကားဝါးက ကျွန်တော်တို့အား ပြောသောအချိန်မှာ ရွှေတောင်တိုက်ပွဲမှ မဖြစ်သေးပါ။

ထိုစဉ်၌ ကျွန်တော်တို့၏ လက်ရှိအခြေအနေမှာ အလုပ်ဘာမျှမည်မည်ရရမရှိ။ ကျွန်တော်တို့ ဘီအိုင်အေတပ်ထဲ ဝင်စဉ်က စစ်ဖက်လိုက်မလား အုပ်ချုပ်ရေးဘက်လား မေးတော့ အေးအေး ဆေးဆေးနှင့် ရာထူးလိုချင်သော ဤဖေကိုများက အုပ်ချုပ်ရေးဘက် ဆိုလိုက်သကိုး။ စစ်ဖက် ဆိုလိုက်ရင်ဖြင့် ဂျပန်ပြန် ရဲဘော်တယောက်ယောက်ရဲ့တပ်မှာ ကျွန်တော်တို့ ပါသွားခဲ့ပြီပေါ့။ အုပ်ချုပ်ရေးဘက်ဆိုတော့ မည်မည်ရရမှ မဖွဲ့ရသေးတာ။ ကဲ ဘယ်နေရာသွား ဘာရာထူးရမလဲ။

ထို့ကြောင့် ကျွန်တော်နှင့် ကိုသန့်ဇင်သည် မစ္စတာအောက်တိုကားဝါးကို ပေးအပ်သော တာဝန်ကို လက်ခံရန် သဘောတူလိုက်ကြပါသည်။

သို့နှင့် မစ္စတာ အောက်တိုကားဝါးသည် ကျွန်တော့်အား သူတို့၏ဂျပန်စစ်ဌာနချုပ်တည် ရာ အင်္ဂလိပ်ဘုရင်ခံအိမ် (ယခုအစိုးရဂေဟာ)သို့ခေါ်သွားပြီး ဂျပန်ဗိုလ်ချုပ်ကြီးနှင့် တွေ့ဆုံစေ ၏။

ဂျပန်အရာရှိတို့သည် ဘာသဘောလဲမသိ။ ကျွန်တော်တို့နှစ်ယောက်အား အတွင်းခံ ဘောင်းဘီလေးများသာ ချန်၍နားကြပ်နှင့် ဘာနှင့်တကိုယ်လုံးကို ရောဂါစစ်ဆေးသလို စစ်ဆေး ပြီးမှ သဘောတူညီကြ၏။

အင်း ကျွန်တော့်ကုသိုလ် ခဏတဖြုတ်တော့ ဆန်းသားနော်။ ပထမဦး ပတ်က်ဟော်တယ် နေရ၊ ဒုတိယ ထိုထက်သာသော လူချမ်းသာအိမ်ကြီး၊ ယခု တတိယ အင်္ဂလိပ် ဘုရင်ခံအိမ်တော် ခင်ဗျာ။

## သုံးမည်မြောက် ဂေဟာ

အင်္ဂလိပ်ခေတ်တွင် ‘ဘုရင်ခံအိမ်တော်’၊ မြန်မာပြည် လွတ်လပ်ရေးရပြီး ဖဆပလမှ ပထစ ခေတ်အထိ ‘သမတ အိမ်တော်’ ယခု တော်လှန်ရေးအစိုးရလက်ထက်မှာ ‘အစိုးရဂေဟာ’။

ဤတတိယမြောက် အမည်သပြီးသည့်နောက်တွင် တော်လှန်ရေးကောင်စီ ဥက္ကဌဗိုလ်ချုပ် ကြီးနေဝင်း၏ ဖိတ်ခေါ်ချက်ဖြင့် ကာယလုပ်သား၊ ဉာဏလုပ်သား၊ အသိပညာရှင်၊ အတတ်ပညာ ရှင်၊ အနုပညာသည်တို့သာမက တောနေအုံကြားမှ တောင်သူလယ်သမားဦးကြီး၊ ဦးလေးတို့ပင် ထိုအိမ်တော်ဝင်းအတွင်း ကျင်းပသော ထမင်းစားပွဲကြီးများသို့ တက်ရောက်နိုင်ကြပြီဖြစ်သော်လည်း ဟိုရှေးယခင် အင်္ဂလိပ်မင်း အုပ်စိုးစဉ် ခေတ်တုန်းကမူ အများပြည်သူလူထုက ထိုအိမ်တော်နှင့် ပတ်သက်၍ စိတ်ကူးမျှထည့်အပ်သည်မဟုတ်ပေ။

ယင်းသို့အခြေမှ အင်္ဂလိပ်အစိုးရ သုတ်ခြေတင်၍ ဂျပန်အဝင်၌ ကိုသန့်ဇင်နှင့် ကျွန်တော်က သာမန်အရပ်သားထဲမှ ထိုအိမ်တော်ထဲ ဈေးဦးပေါက်ရောက်ရသည်ဟု ဆိုကောင်း ဆိုရပါလိမ့်မည်။

အိမ်ပုံသဏ္ဍာန်ကား အဝေးမှ အများမြင်ကြသည့်အတိုင်းပါဘဲ။ အတွင်း၌ အခမ်းအနား တို့ကား ဆန်းပြားပါ၏။ အပေါ်ထပ်သို့ တက်သော လှေကားလက်ရမ်း အဆုံးသတ်မှာ ကျားခေါင်း၊ အောက်ထပ် အစည်းအဝေးခန်းမကြီးအဝင်ဝ အပေါ်တည့်တည့်မှာ အစွယ်နှင့် နှာမောင်းနှင့် ဆင်ခေါင်းရုပ် ထုလုပ်ထားပါ၏။ ထိုအစည်းအဝေး ခန်းမကြီးကို အပေါ်မှနေကြည့် သော် ယခု သမတရုပ်ရှင်ရုံ သုံးကျပ်ခွဲတန်းမှ အောက်ငုံ့ကြည့်ရသည်နှင့် တူပါသည်။ အခြားလူ နေခန်းများဖွဲ့ပုံမှာ ဟော်တယ်အတိုင်းပင်။

ထိုစဉ်က အစည်းအဝေးခန်းမကြီးထဲတွင် ဘုရင်ခံရုံးဖြစ်လေရာ စားပွဲ၊ ကုလားထိုင်၊ ဆိုဖာ၊ ကူရှင်စိမ်းစိမ်းတွေနှင့် ကြီးကျယ်ခမ်းနားပေစွ။

ကိုသန့်ဇင်နှင့် ကျွန်တော့်အား ဤခန်းမကြီးထဲတွင် ဂျပန်စစ်ဗိုလ်ချုပ်ကြီးသည် ကျွန်တော်တို့ ကိုယ်ခန္ဓာ ရုပ်လက္ခဏာကို ကြည့်ရှုစစ်ဆေးပြီးနောက် ကျွန်တော်တို့ကိုယ်ရေး ရာဇဝင်ကို ရေးမှတ်ကာ သူတို့အလုပ်တာဝန်ကို ပေးအပ်ပါသည်။

၁၉၄၂ ခုနှစ် မတ်လ ကုန်ခါနီးလောက်ဖြစ်ရာ ထိုအချိန်၌မြန်မာပြည်အထက်ပိုင်းသို့ အင်္ဂလိပ်အစိုးရအဖွဲ့နှင့် ပါသွားသော မြန်မာအရာရှိကြီးအချို့ ၎င်းတို့နှင့် တွေ့သောအခါ မစ္စတာအော်တိုကားဝါးက သူစေလွှတ်လိုက်သည် ဖြစ်ကြောင်း သိသာရန် အသီးသီးကို ရွတ်ပြရ မည့် **Code Word** လျှို့ဝှက်စကားများကို ကျွန်တော်တို့ အလွတ်ကျက်ရပါသည်။ ယင်းစကား ဝှက်တွေရပြီးနောက် ကျွန်တော်တို့ လုပ်ငန်းနှင့် ခရီးစဉ်များ အသက်အန္တရာယ် ဖြစ်ကောင်း ဖြစ်နိုင်သောကြောင့် ကျွန်တော်တို့ မိဘနေရပ်လိပ်စာများ၊ ရည်းစားရှိလျှင် ရည်းစား၏နေရပ် လိပ်စာတို့ကို ရေးမှတ်ယူလိုက်ပါသည်။ ဤလမ်းခရီး အတွက်စရိတ်မည်မျှ လိုမည်လဲမေး၍ ကိုသန့်ဇင်က ၅၀၀မျှ ပြောရာ မစ္စတာအောက်တိုကားဝါးက ပြုံး၍ ၁၀၀ဝိ(တထောင်)ပေးလိုက် ပါသည်။ အင်္ဂလိပ်ငွေဆယ်တန်အုပ်လိုက် အသစ်ကြပ်ချွတ်ဖြစ်သည်။ ထိုအချိန်၌ ထိုငွေတထောင် တန်ဘိုးကား မနည်းပါချေ။

ကျွန်တော်တို့ကိစ္စကား မြန်ဆန်လှ၏။ သည်နေ့ နေ့ခင်းသူတို့ဗိုလ်ချုပ်ကြီးနှင့်တွေ့။ နောက်တနေ့နံနက် ခရီးထွက်ခဲ့ရတော့သည်။ ထိုအချိန်မှာ အင်္ဂလိပ်တပ်များက လက်ပံတန်း ဟိုဘက်ရောက်၊ ဂျပန်က သာယာဝတီ အုပ်မိပြီဖြစ်၍ ကျွန်တော်တို့အား ဥက္ကံအထိမော်တော် ကားနှင့် လိုက်ပို့စေပါသည်။

ကျွန်တော်တို့ပို့သောကားမှာ စစ်ကားမဟုတ်။ ဂျပန်အလံနေဝန်းနီနီတပ်ထားသော ဆလွန်းကား။ လမ်းတွင်တွေ့သမျှ ဂျပန်စစ်သားများ အလေးပြုကာ လမ်းဖယ်ပေးကြသည်။ ကျွန်တော်တို့ လိုက်ပို့သည်မှာ ဂျပန်ကားမောင်းသမားနှင့် သက်တော်စောင့်စစ်သားတယောက် ရိုင်ဖယ်တလက်နှင့်။ ကျွန်တော်တို့ နှစ်ယောက်က နောက်မှထိုင်။ သူတို့ကရှေ့မျှဒီပြေဒီမြေ ဒီရပ် သူတို့ပထမဦးဆုံး ရောက်ဖူးခြင်းဖြစ်၍ ကျွန်တော်တို့ညွှန်ရာ မောင်းရ၏။

ထိုစဉ်တုန်းက ဂျပန်စစ်သားကို ကျွန်တော်တို့ သတိထားမိ၏။ ဟာ သောက်ကျိုးနဲ၊ ဝဲတွေပွေးတွေ တကိုယ်လုံး ပွလို့ပါလား။ သေနတ်ပခုံးပေါ်တင်၍ လက်နှစ်ဖက်က ဗယ်ညာ စလွယ်သိုင်းကုတ်နေသည်မှာ ဒင်းကိုကြည့်၍ 'အို၊ အမဲခြောက်ဖုတ် က နေပါလား' ဟု ကျွန်တော်

တို့က ရယ်မောမိကြ၏။ ထိုစဉ်၌ ပယင်းရောင် အဆင်းရှိသော ပီးယားစ် ဆပ်ပြာမွှေးနှင့် ရေချိုး နေကြသည့် ကျွန်တော်တို့သည် နောင်မကြာမီ မြန်မာတပြည်လုံးတွင် ဤဂျပန်လိုဘဲ ပွေးဝဲတွေ ပေါက်ကြတော့မည်ကို အဘယ်လျှင် စဉ်းစားမိနိုင်ကြအံ့နည်း။

၁၁ နာရီခန့်၌ ဥက္ကံသို့ရောက်သည်။ ဂျပန်စစ်တပ်တွေနှင့် မြို့အခြေအနေ ကောင်းမွန် စွာဘဲရှိသည်။ ဈေးဆိုင်၊ စားသောက်ဆိုင်များ ဖွင့်လှစ်လျက်ပင်။ ကျွန်တော်တို့နှင့် ကျောင်းနေ ဘက် ကိုသန်းညွန့်အိမ် ရောက်သည်၌ ဂျပန်ကားကို ပြန်လွှတ်လိုက်တော့သည်။

ကျွန်တော်တို့ ဥက္ကံမှာ ခဏဘဲနားသည်။ နံနက်စာစားသောက်ပြီး မကြာမီ၌ ခရီးဆက် ခဲ့သည်။ ကျွန်တော်တို့သည် ဂျပန်နှင့်ပတ်သက်၍ စိတ်ချရကြောင်း ကိုသန်းညွန့်က အာမခံ ပေး၍ဥက္ကံမှ သုံးဆယ်သို့ မြင်းလှည်းငှား ခေါ်၍ရသည်။ အမှန်ပင်ကျွန်တော်တို့မှာ ဂျပန် စစ်ဌာနချုပ်မှ ရေးပေးလိုက်သော စာတစောင်ပါ၍ မြို့အဝင် အထွက်စောင့်သော ဂျပန်စစ်တပ် များအား ဤစာပြလိုက်လျှင် ကိစ္စပြီးသည်။ အင်္ဂလိပ်စကားပြောတတ်သော ဂျပန်စစ်ဗိုလ်ကလေး များနှင့် တွေ့လျှင် အဆင်ပြေလှသည်။ ရှေ့တမြို့သို့သွားသော သူတို့စစ်ကားကြုံနှင့်တွေ့လျှင် ကျွန်တော်တို့ကို လိုက်စေသည်။ အချို့မြို့များမှာ မြင်းလှည်း သမားများမလိုက်ရဲသည်ကို သူတို့က ခေါ်ပေးသည်။

ဤအချိန်တွင် ရန်ကုန်ပြည်လမ်းတလျှောက်မှာ အင်္ဂလိပ်တပ်များကရှေ့မှ (သူတို့အခေါ်) အောင်မြင်စွာ ဆုတ်။ ဂျပန်တပ်များက နောက်မှလိုက်။ ကျွန်တော်တို့က ဂျပန်တပ်များနောက်က တရက်ခြားစီဘဲ ဆိုကြပါစို့။

ယင်းသို့လျှင် ကျွန်တော်တို့သည် ဥက္ကံမှ သုံးဆယ်၊ သာယာဝတီ၊ လက်ပံတန်း။ မင်းလှ မှာ တညအိပ်၏။ နောက်နေ့ကြို့ပင်ကောက်ရောက်တော့ ထိုရက်မှာ ပေါင်းတည်တွင် တိုက်ပွဲ ဖြစ်နေကြောင်း ကျွန်တော်တို့ ရှေ့သို့မသွားသင့်ကြောင်း ဂျပန်စစ်ဗိုလ်ကပြော၍ သူငယ်ချင်း တယောက်အိမ်မှာ တည်းခိုနေရပြန်သည်။ ဂျပန်အလာမှာ မြန်မာတွေအားလုံး ပျော်ရွှင်နေကြ သည်မှာ အမှန်ဖြစ်သည်။ ဘယ်လောက်တန်ဘိုးရှိမှန်း မသိသေးသော ဂျပန်ပိုက်ဆံတွေနှင့် ကြက်ဥတွေ ကြက်တွေကို ရောင်းချကြသည်။ စင်စစ်ကား ထိုအချိန်တွင် ဝမ်းဒေါ်လာနှင့် ဆယ်ဆင့်ငါးဆင့် စက္ကူတို့ကို ဘယ်ဒင်းက တန်ဘိုးများမှန်းမှ ထိုလူစုက မသိကြသေးပေ။

အင်္ဂလိပ်တပ်များ အောင်မြင်စွာ အဆုတ်နှင့် ဂျပန် မြန်မာတပ်များက အောင်မြင်စွာ အလိုက်တွင် ရန်ကုန်ပြည်လမ်းတလျှောက်မှာ ထောက်ကြံ့ဆတ်သဘောမှာ တကြိမ်၊ ပေါင်းတည် မှာတပွဲ၊ ရွှေတောင်မှာ အကြီးအကျယ် သုံးချီ နွှဲလိုက်ကြရသည်။

ကျွန်တော်တို့ ပေါင်းတည်မြို့ ရောက်သောအခါ အင်္ဂလိပ်တပ်မှကျဆုံးသော ဂေါ်ရာ စစ်သား၊ ကုလားစစ်သား အလောင်းများသည် အပုပ်နံ့မထွက်သေး။ ပွပြီး ဖူးရောင်ရုံသာ ရှိသေး သည်။ ပေါင်းတည်မြို့ပေါ်မှာ တော်တော်ကြာ တိုက်ပွဲဖြစ်လိုက်သဖြင့် အချို့ရပ်ကွက်များ မီးလောင်ကြသည်။ မြို့သူမြို့သားများသည် တောရွာဇနပုဒ်မှာ သွားရောက်ခိုလှုံနေကြသည်။ ကျွန်တော့်ရွာကအိမ်မှာ စစ်ပြေးညှော်သည်များ ရောက်နေကြ၏။

ထိုပေါင်းတည်မြို့မှာ မစ္စတာ အောက်တိုကားဝါး ပေးလိုက်သော တာဝန်ကို ကျွန်တော် တို့ ပထမဦးဆုံး ထမ်းဆောင်ကြရ၏။ အကြောင်းမှာ ထိုစဉ်က ရန်ကုန်ပုလိပ်မင်းကြီး ဦးဖိုးစကို ပေါင်းတည်မှာ တွေ့ရ၍ မစ္စတာအောက်တိုကားဝါး၏ အမှာစကားကို ဦးဖိုးစက ကောင်းမွန်စွာ လက်ခံ၏။ ကျွန်တော်တို့အားကျေးဇူးတင်စွာ ထမင်းတနပ်ပင် ကျွေးလိုက်ပါသေး၏။

ဗိုလ်ရန်နိုင် နာမည်ကြီးခဲ့သော ရွှေတောင် တိုက်ပွဲသည် မတ်လ ၃၀ ရက်နေ့မှာ ဖြစ်ခဲ့ ၍ ဧပြီလ ၂ ရက်နေ့မှာ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြသည်။ ဝက်ပုပ်အထိ မြင်းလှည်းငှားရပြီး ရွှေတောင်အထိ ခြေလျင်ကြိတ်ခဲ့ရ၏။

တိုက်ပွဲဖြစ်သောနေရာ ရောက်သည့်ခါ ကျဆုံးသော စစ်သားများ၊ မြင်းများ၊ လားများ၊ အလောင်းတွေပုပ်ပွနေကြပြီ။ မီးလောင်ထားသော တင့်ကားများ၊ အမြောက်များ၊ ဤအပျက် အစီး အပုပ်အပွတွေကြားထဲ၌ ပစ္စည်းများ ရှာဖွေနေကြသော လူအချို့ကိုတွေ့ရသည်။ အင်္ဂလိပ် အဆုတ်နှင့် ဂျပန်အလိုက်မှာ သိပ်ပြီးနီးကပ်နေကြောင်း သူတို့ဆီမှသိရ၍ ကျွန်တော်တို့ခရီးမှာ ပြည်လမ်းအတိုင်း လိုက်နေခဲ့သော် ကိုယ့်အလုပ်မပြီးမြောက်နိုင်တော့ပြီ။ ကျွန်တော်တို့တာဝန် မှာ အင်္ဂလိပ်အစိုးရ အဖွဲ့နှင့် ပါသွားသော မြန်မာအရာရှိကြီးများအား အိန္ဒိယသို့ ပါမသွားအောင် တားဆီး ခေါ်ငင်ခဲ့ ရမည်ဖြစ်၍ ဂျပန်စစ်တပ်ကို ကျော်ကာ ကျွန်တော်တို့က အင်္ဂလိပ်ပိုင် နက်ထဲ ရှေးဦးစွာ ရောက်မှဖြစ်ပေမည်။ ထို့ကြောင့် ကျွန်တော်တို့သည် ထိုညနေ ရွှေတောင်မှ ရောဝတီ မြစ်တဖက်ကမ်းရှိ ပန်းတောင်းသို့ လှေငှား၍ ကူးခဲ့ကြသည်။ လှေရှင်သည် တယ်ပြီး မလိုက်ချင်ပေ။ မူလက လူတယောက်လျှင် ကူးတို့ခ နှစ်ပြားမျှကို ကျွန်တော်တို့က အင်္ဂလိပ်ငွေ ဆယ်တန် ထောင်ပြလိုက်မှ ရွှင်ပျစွာ ပို့တော်မူ၏။

သူမလိုက်လည်း မလိုက်ချင်စရာပင်။ အလောင်းတွေက မြစ်ထဲမှာပေါလောပေါ်၍လည်း ကောင်း၊ ဟိုဘက်ကမ်း သည်ဘက်ကမ်း သောင်ပြင်တွေပေါ်မှာ ပုပ်ပွ၍လည်းကောင်း တုံးတင်း သရောရှိချေသည်။

ပန်းတောင်းမှာ ရေဝတီမြစ် အနောက်ဖက်ကမ်းတွင် ပြည်ရွှေတောင်နှင့် ဖိုခနောက်ဆိုင် ဌာနပိုင်ရုံးစိုက်ရာ မြို့ငယ်ကလေးဖြစ်သည်။ ထိုမြို့၌ ကျွန်တော်နှင့် ဆရာဖြစ်သင်ကျောင်းနေ ဘက် သူငယ်ချင်းရှိသည်။ လူချင်းခင်မင်လှ၍ ကျွန်တော့်နာမည်ရင်း မောင်ကျင်မောင်မှ မောင်ကြင်ဆွေ ဖြစ်စေသော သူ့နာမည် မောင်တင်ဆွေဖြစ်သည်။

ထိုအချိန်၌ ရွှေတောင်တိုက်ပွဲကြောင့် ပန်းတောင်းမှလူများစွန့်ခွာကြ၍ အိုးစောင့်အိမ် စောင့်လောက်သာ အနည်းငယ်ရှိကြသည်။ ထိုလူများထံမှ ဖိုးတင်ဆွေ၏အိမ်ကို လွယ်ကူစွာ မေး၍ရပါ၏။ သို့သော် အိမ်စောင့်သူရင်းငှားတယောက်မှတပါး သူတို့အိမ်သားများ မရှိကြချေ။ ထိုမှတမိုင်ခွဲမျှ ဝေးမည့် ဖိုးတင်ဆွေတို့ ခိုလှုံရာရွာကလေးသို့ ၎င်းသူရင်းငှားကပင် လိုက်ပို့ပါ၏။ နေဝင်ရီသရောအချိန်၌ ကွဲကွာသွားသည်မှာ နှစ်နှစ်မျှ ကြာပြီဖြစ်သော သူငယ်ချင်းနှစ်ယောက် ပြန်လည်တွေ့ရာ ဝမ်းသာလိုက်ကြသည့် ဖြစ်ခြင်း။

သူလည်း ကျွန်တော့်လိုပင် စုံထောက်စွန့်စားခန်း လျှို့ဝှက်သဲဖို ဝတ္ထုများကိုနှစ်သက်ခဲ့သူ ဖြစ်၍ ကျွန်တော်တို့၏ ခရီးကိစ္စကို ပြောပြသောအခါ၌ သူပါလိုက်ချင်လှ၏။ သို့သော်ထိုအချိန် မှာ သူအိမ်ထောင်ကျနေ၍ ယမန်နေ့ကပင် သူ့သားဦးမွေးဖွားသဖြင့် သည်လိုအချိန်ကြီးမှာ သွေးနုနုဇနီးကို စွန့်ခွာမသွားသင့်သောကြောင့် ''တောက် ကိုယ်ကံဆိုးတယ်ကွာ'' ဟု ညည်းညူ၍ ကျန်ခဲ့ရ၏။

ကျွန်တော်တို့မှာ ခရီးရက်မဖင့်နိုင်ပေ။ နောက်တနေ့နံနက်ပင် ဖိုးတင်ဆွေစီစဉ်ပေးသော နွားလှည်းဖြင့် ခရီးဆက်ခဲ့ကြ၏။ ဤအချိန်၌ နွားလှည်းမရလျှင် ကျွန်တော်တို့ ကောင်းစွာ လမ်းမလျှောက်နိုင်ကြတော့ပါ။ အကြောင်းမှာ ကျွန်တော်တို့သည် ခရီးရှည်ထွက်ကြတော့မည်၌ စာအုပ်တွေ ဖတ်ဖူး၊ ရုပ်ပုံတွေမြင်ဖူးသော စိတ်ကူးယဉ်ဖြင့် ဘောင်းဘီတိုဝတ်၊ ခြေအိတ်စွပ်၊ ကင်းဘတ်ဖိနပ်စီးပြီး ကျွန်တော်တို့နေအိမ်မှထွက်ခဲ့ကြရာ ဝက်ပုပ်ရောက်မြင်းလှည်းပေါ်ကဆင်း၊ ခြေလျင်လျှောက်၊ အင်းမ၊ ကိုးတုတ်ကျော်၊ တောင်ကြီးကူးထဲရောက်လျှင်ပင် သည်လိုသွားနေ လာနေကျမဟုတ်၍ ဖိနပ်ပေါက်လေပြီ၊ ခြေချောင်းကလေးတွေမှာလျောင်အိုက် ဖူးရောင်နေ သဖြင့် ဖိနပ်ချွတ်ပစ်ရမှာကလည်း လမ်းကအလွန်ပူလှသဖြင့် ကင်းဘတ်ဖိနပ်ကို ခြေချောင်း ကလေးတွေ အကြား ဓားနှင့်ခွဲရ၏။ သည်တော့မှ ခြေချောင်းကလေးတွေပေါ်ပြီး လမ်းလျှောက် နိုင်၏။

ဖိုးတင်ဆွေ့အိမ်ရောက်သောအခါ၌ ဤကင်းဘတ်ဖိနပ်နှင့် ခြေအိတ်တို့ကိုအပြီး စွန့်ခွာ လိုက်ကြကာ သဲကြိုးတပ်ဖိနပ်ကို ပြောင်းလိုက်ကြတော့၏။ နို့ပြီး ဇင်သား ဖျင်ထူဖောင်းဗီကို လည်း မဝတ်လိုတော့ပြီ။ သူတို့သည် ပူအိုက်သော မြန်မာပြည်နှင့် မကိုက်ပါ။ ကျွန်တော့်ကိုယ် တွေ့စိတ်ကြိုက်ကား ဗမာလွှာဖိနပ်စီး၊ အတွင်းခံဖောင်းဗတိုကလေးမျှဝတ်၊ လူသူကင်းဝေးရာမှာ ပုဆိုးလည်ပင်းရောက်လိုရောက်၊ နေပူလျှင် ခေါင်းမြီးခြုံလိုခြုံ၊ အကောင်းဆုံးသော ခရီးလမ်းသွား

ပေတည်း။ နို့ပြီး ကျွန်တော်တို့၏ခရီးဆောင်မှာ တယောက်လျှင် မြန်မာရှမ်းလွယ်အိတ် နှစ်လုံး စီ၊ ပခုံးမှာဗယ်ညာ စလွယ်သိုင်းသည်။ တအိတ်က အဝတ်အထည် တအိတ်ကစားစရာ။

ကျွန်တော်တို့မှာ ကံကောင်းသည်ဟုဆိုရမည်။ ခြေထောက်ဖိနပ်ပေါက်နာ မပျောက်သေး သမျှ နွားလှည်းရနေသည်။ ဖိုးတင်ဆွေစီစဉ်ပေးလိုက်သောလှည်းနှင့် ကံမမြို့သို့ ရောက် သောအခါ ဖိုးတင်ဆွေစာရေးပေးလိုက်သော သူကြီးသားမက်အိမ်မှာ တည်းသည်။ နောက်တနေ့ မနက်မှာ ဖိုးတင်ဆွေညွှန်ကြားလိုက်သည့်အတိုင်းပင် ထိုလူက ကျွန်တော်တို့အား သူ့နွားလှည်းဖြင့် လိုက်ပို့သည်။

ကျွန်တော်သည် ဂျပန်စစ်ကြောင်းကိုသာမက ဆုတ်ခွာသော အင်္ဂလိပ်တပ်များကိုပါ ကျော်တက်ရမည်ဖြစ်သောကြောင့် စစ်လမ်းဖြစ်သော ရောဝတီမြစ်ရိုးကိုစွန့်ခွာ၍ သရက်မြို့ အနောက်ဖက်ကျေးရွာများမှ ကုန်းတွင်းလမ်း သွားရချေမည်။ ထိုဒေသကား တောင်ကုန်းတောင် စောင်းများတွင်တည်ရှိ၍ မိုးခေါင်ရေရှားရပ်ကွက် စားသောက်ကုန် အထွက်နည်းသဖြင့် အလွန် ဆင်းရဲကြသည်။

ကံမမြို့မှ သူကြီးသားမက် လိုက်ပို့သော တနေကုန် သွားရသည့်ရွာတရွာသို့ ရောက်သည်၌ ဆင်းရဲလှသော မြန်မာကျေးရွာများကို ကျွန်တော်တို့ ပထမဦးဆုံး တွေ့ရခြင်းပင်။ ထိုဒေသကား တောသစ်တောဝါးကဖြင့် ပေါများလှ၍ အားလုံးအိမ်တွေကဖြင့် မည်းလှပါ။ ခြေတံရှည်အိမ်မြင့်၊ ဝါးကပ်မိုး၊ ဝါးထရံများ ဖြစ်ကြကုန်၏။ သို့သော် အစားက ရှားပါးလှ၏။

ကျွန်တော်တို့ လိုက်ပို့သူသည် သူ့မိတ်ဆွေအိမ်သို့ ဦးတည်မောင်း၏။ ရောက်သော် ထိုမိတ်ဆွေကိုမတွေ့ရ။ လှည်းဖြုတ်ပြီး ကျွန်တော်တို့အား ထိုအိမ်ပေါ်နေစေကာ သူ့မိတ်ဆွေ ကိုရှာရန် ထွက်သွား၏။ ယင်း၌ အိမ်ရှင်မသည် ကျွန်တော်တို့အား ကြည်ဖြူပုံမပေါ်ချေ။ နှုတ်လည်း မဆက်၊ စကားတခွန်းမှလည်းမပြော။ အိမ်ဦးခန်းထိုင်နေသော ကျွန်တော်တို့ကို မကြည့်ဘဲ ငြူငြူစူစူနေ၏။ ကိုသန့်ဇင်နှင့် ကျွန်တော်မှာ အတော်အနေရအထိုင်ရကျပ်နေ၏။ ရေကလေးတခွက်မှ တောင်းမသောက်ဝံ့ကြ။ စင်စစ်ကား (နောက်မှ သူတို့အခြေအနေကို ထင်ဟပ်၍ စဉ်းစားမိသည်မှာ) အိမ်ရှင်မသည် ဤအချိန်ကြီး၌ ခရီးဝေးမှရောက်လာသော ဧည့် သည်သုံးယောက်ကို ထမင်းကျွေးရမှာ စိုးရွံ့နေသောကြောင့်ဖြစ်ပါ၏။

သို့သော် တယ်မကြာပါချေ။ ကျွန်တော်တို့ကို လိုက်ပို့သူနှင့် သူ့ယောက်ျားရောက်လာ ကြ၍ ကျွန်တော်တို့ကို နှုတ်ဆက်ပြီး သူ့ဇနီးသည်အား မီးဖိုချောင်ထဲသွားပြီး တီးတိုးပြောလိုက် သည်။ မရွှေစာအိမ်ပေါ်ကဆင်းသွားပြီး မကြာမီ ပြုံးရွှင်သောမျက်နှာနှင့် ဝက်သားတတွဲ ဆွဲ၍ ပြန်လာ၏။

စင်စစ် ကံမမြို့ကလိုက်ပို့သူသည် သူ့ယောက်ျားအား ကျွန်တော်တို့ မည်သူမည်ဝါတွေဖြစ်သည်၊ ဘယ်ကိစ္စနှင့် ဘယ်ကိုသွားကြမည်ကို ပြောကြားလိုက်သောကြောင့်ဖြစ်၏။ ကျွန်တော်တို့ကို အထင်ကြီးသွား၏။ အင်္ဂလိပ်ပြေးပြီး ဂျပန်အုပ်စိုးသောအခါ ကျွန်တော်တို့က သူတို့အား သူကောင်းပြုနိုင်လိမ့်မည် ထင်ကြဟန်တူ၏။ ထိုညထမင်းပါ စားသောက်ပြီးကြသောအခါ၌ ကံမမြို့မှ လိုက်ပို့သောလူနှင့် ထိုအိမ်ရှင်ယောက်ျားပါ ကျွန်တော်တို့အား ကူညီလိုက်သူများ အဖြစ်နှင့် မှတ်တမ်းတင်ထားပါရန် သူတို့နာမည် နေရပ်များကိုပြောကြ၏။ ကျွန်တော်က ရေးမှတ်ရသည်ပေ့ါ။

ထိုအထဲ၌ အသည်းဆုံးဖြစ်သူကား ထိုအိမ်ရှင်မ၏အကို ဖုန်းကြီးလူထွက်ခင်ဗျာ့။ သူက နောက်တနေ့မနက်မှာ သူ့ယောက်ဖ၊ လှည်း နွားနှင့်ကျွန်တော်တို့အား လိုက်ပို့ရသည်။ လမ်းခရီးကား တောင်ဆင်းတောင်တက်ချည်းဖြစ်၏။

ပထမ၌ သူတို့လှည်းနွားကိုကြည့်၍ ကျွန်တော်အားမရဖြစ်မိ၏။ ကျွန်တော်တို့အရပ်က လှည်းထက် ဘီးငယ်၏။ ဝန်ရိုးလည်းကျဉ်း၏။ အဲ လှည်းတံကတော့ ပိုရှည်နေ၏။ ထမ်းပိုးနှင့် စည်းကုံးကလည်း သားရေနှင့် ခိုင်ခိုင်မာမာမဟုတ်။ ညဦးကမှ မျှင်ဝါးခပ်နုနုကို ထု၍လိမ်ပြီး စည်းနှောင်ထားခြင်းဖြစ်ရာ ထမ်းပိုးသည် ရှေ့တိုးနောက်ငင် လှုပ်နေ၏။ နို့ပြီးနွားများကလည်း အသက်ငယ်၍မဟုတ်။ ဗီဇကိုက ပုညက်မျိုးလေးတွေဖြစ်ရာ ကျွန်တော့်စိတ်ထင် ဤလှည်း ခနော်နီ ခနော်နည့်နှင့် သည်နွား ညက်စလီကလေးတွေမှာ အော်မရှိဆင်းရဲသားသုံး အပေါ်စား ပေဘဲဟုအောက်မေ့မိသည်။

သို့သော် ဘယ်ဟုတ်လိမ့်မတုံး။ သည်လှည်းစီးပြီး သည်ခရီးသွားမိတော့မှ သည်လှည်းနှင့် သည်နွားတွေ အမျိုးအစားနားလည်မိပါတော့သည်။ ယင်းခရီးမှာ ကျွန်တော်တို့ဆီက လှည်းကြီး နွားကြီးမျိုးဖြစ်ပါက အလကားပင်။ သူတို့လိုခရီးတွင်မည် မဟုတ်ပေ။ တောင်ဆင်းတောင်တက် အကွေ့အကောက်နှင့် ကျောက်တုံး ကျောက်ဆွယ် ထူပြောသော လမ်းဖြစ်ရကား ဤနွားပု နွားညက်ကလေးတွေက တယ်ပြီး တောင်ဆင်းတောင်တက်ကောင်း၏။ ကျွမ်းကျင်၏။ ခွာမြဲ၏။ အတက်မှာ ကျွန်တော်တို့က နွားဖင်အောက်မှ တအိအိလိုက်ရ၍ အဆင်းမှာ သူတို့အပေါ်က ဒလဟောဒိုးပါသွား၏။ ထမ်းပိုးက စည်းကြီးမခိုင်မမာဘဲ ရှေ့တိုးနောက်ငင်နေသည်မှာလည်း အလွန်လျော်ကန်၏။ တခါတရံ ကျောက်တုံးကျောက်ခဲများ ညပ်နေ၍ နွားနှစ်ကောင်မှာ ရှေ့နောက် ဆင်းရတက်ရသော အခါလည်းရှိ၏။ သည်တော့မှ လှည်းတံရှည်နေခြင်းကိုလည်း သဘောပေါက်၏။

ကျွန်တော်တို့ထိုင်ရသော လှည်းဆောင်ပန်းကလည်း ကျဉ်းကျဉ်းကလေး။ သုံးယောက် ကျောချင်းကပ် ဖိုခနောက်ဆိုင် ထိုင်ရုံနှင့်ပြည့်နေ၏။ လှည်းမောင်း ဆရာကြီးကား ထိုနေ့နံနက် ထွက်စ တော်တော်အေးလှသဖြင့် သူတို့ရွာဖြစ် ဝါစေ့ကွဲတွေနှင့် ဂျပ်ခုတ်စောင်ကြီးကို ခေါင်းမြီး

ခြုံလျက် အုန်းမှုတ်ခွက်နှင့် ဆေးပေါ့လိပ်တို သောက်ရင်း လှည်းမောင်းဘိ၏။ လက်မောင်း လောက်ရှိသော သူ့ပြောင်းဖူးဖက် ဆေးလိပ်ကြီးမှာ အုန်းမှုတ်ခွက် စွပ်ထားၡ်တော်ပေတော့ သည်။ နို့မဟုတ်လျှင် တောင်ပေါ်လေနှင့် မီးဖွားတွေ ကျွန်တော်တို့ကိုစင်မည့်အပြင် တောမီး လည်း လောင်ပေလိမ့်မည်။

သူသည် ယင်းသို့ ဆေးလိပ်သောက်ရင်း လှည်းမောင်းရင်းဖြင့် ပါးစပ် တတွတ်တွတ် ပြောနေသည်မှာ ယခု သူတို့ရွာလက်ရှိ သူကြီးသည် မကောင်း။ ထန်းရည်သောက်သည်။ ကြီးနိုင် ငယ်ညှင်းလုပ်တတ်သည်။ မင်းကျင့်တရား ၁၀ ပါးကိုနားမလည်။ နာယကဂုဏ် ၆ပါးကိုလည်း မသိ။ စာပေကျမ်းဂန်လည်း မတတ်။ ဖရုသဝါဇာ၊ သမ္ဖပ္ပလာပဝါစာ ရှုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုတတ်သည်။ ထိုသူအား သူကြီးအရာ မထားထိုက်။ မိမိမူ ရဟန်းဘောင် မပျောက်ပိုက်၍ လူထွက်ခဲ့သော်လည်း ငါးပါးပဥ္စသီ ခါးဝတ်ထည်ကဲ့သို့ မြဲသည်။ စာပေကျမ်းဂန် တတ်မြောက် သည်။ ထို့ကြောင့် နောင်တခေတ်ပြောင်းသည့်၌ ထိုသူကြီးရာထူးကို သူ့အားခန့်အပ်ပါရန်။

ကျွန်တော်ကား လိုက်မြစ်ဟိုဘက်ကမ်း သခင်နီနှင့် လက်နက်သိမ်း စစ်သားစု သွားစဉ်က ပင် တည်းအိမ်ရှင် တောင်းဆိုခဲ့သော မင်းတိုင်ပင်အမတ် ရာထူးကို အာမခံခဲ့ဘူးပြီဖြစ်သော ကြောင့် ထိုဘုန်းကြီးလူထွက်အားလည်း သူကြီးခန့်ရန် လွယ်ကူစွာဘဲ နှုတ်ကတိပေးလိုက်ပါတော့ ၏။

အောင်မယ်သူပြောသည်များထဲမှ နောင်လာနောင်သား နိုင်ငံရေးခေါင်းဆောင်များ သတိချပ်ဖွယ်ပါသည်။ သူတို့အရပ်ဒေသ ယခုလို ဆင်းရဲရသည်မှာ မိုးခေါင်ရေရှားရပ်မို့ ဖြစ်သည်။ ဒီအရပ်ကို ရေရအောင် ပုဂံခေတ် အနော်ရထာမင်းစောကဲ့သို့ ဆည်မြောင်းများ ဖောက်လုပ်ပေးသင့်သည်။

သူတို့ဒေသတွင် အချို့နေရာမှာ ကောက်ပဲသီးနှံကို တောင်စောင်းမှာ လှေကားထစ်လုပ် ၍ စိုက်ပျိုးရသည်။ မယင်းခေါ်မည်ဆန် အလွန်မာသည်။ စပါးဆန်ရေရှားပါးတော့ ကြက် ဝက် ဘဲ မွေးရန်လည်း မလွယ်ကူ။ မြစ်ချောင်းအင်းအိုင်လည်း မနီးသဖြင့် ငါးကလည်း မရှိသလောက် ပင်။ ထို့ကြောင့် ဦးပုည၏ ရေသည်ပြဇာတ်တွင် 'မယင်းကောက်ဆန်၊ နီတာလန်နှင့် သေန်သေး နုတ်၊ ရေလုံပြုတ်ကို တလုပ်ကယ် ဝဝ၊ စားလိုက်ရလျှင်၊ အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်ကရော'ဟု သည်အရပ်မျိုးကိုရည်ရွယ်ပြီး ရေးခဲ့ဟန်တူပါ၏။

ကျွန်တော်တို့ မြေလတ်ပိုင်း အရပ်ဒေသမှာ ဆင်းရဲသားများရှိကြပါ၏။ သို့သော် ထမင်းနှင့် ငပိရေတို့စရာကိုတော့ ဝအောင်စားနိုင်ကြသည်သာ။ ကိုယ်ကြိုက်သော ဆန်အမျိုး အစားကိုလည်း ကိုယ့်ဒေသနှင့်ကိုယ် စားနိုင်ကြပါ၏။

သူတို့ဆီက ဆင်းရဲပုံကား ထမင်းကိုနပ်မှန်အောင် ပြည့်စုံစွာမစားကြရ။ ပြောင်းဆန်နှင့် ခုရသည်။ ကွေ့ဦနှင့် ရောရသည်။ ဟင်းကျွေးကား ကျွန်တော့်ကိုယ်တွေ့ မဟုတ်လျှင် ကျွန်တော် ယုံနိုင်မည်မဟုတ်။ ငပိဆိုတာ မမြင်ဘူး။ ထမင်းပွဲတွင် ငရုပ်သီးထောင်းတခွက်၊ ဆားတခွက်နှင့် သာ စားကြရသည်။ ကျွန်တော်တို့သည် ဤထမင်းပွဲမျိုးတွေရက်များစွာ စားခဲ့ကြရပါ၏။ တော်ပါသေး သည်။ ကျွန်တော်တို့အား အထူးညှော်သည်မို့ ပဲကြီးရေလုံပြုတ် တခွက်လောက် ပါတတ်သဖြင့် မျိုကျခဲ့ရပါ၏။ အချို့ရွာတွင် ကျွန်တော်တို့က မနေနိုင်တော့၍ ပါလာသော ငါးသေတ္တာကို ဖောက်ကာ သူတို့နှင့် စာစေရာ သူတို့သည် ယခင်ကဒါမျိုးတခါမျှမမြင်ဘူး၊ မစားဘူးခဲ့ကြကြောင်း ဝန်ခံကြ၏။ သူတို့သည် မြို့နှင့် အင်မတန် အလှမ်းဝေးကြသည်။ ကျွန်တော်ဆောင်းခဲ့သော သက္ကလပ်ဦးထုပ်နှင့် ကိုသန့်ဇင်၏ ဖော့ဦးထုပ်ကို အထူးအဆန်းလုပ် ၍ ကြည့်ကြသည်။ ညညအိပ်လျှင် ရန်ကုန် မက်သဒစ် မိန်းကလေးကျောင်းမှ ကျွန်တော်ယူခဲ့ သော အိပ်ရာဖုံးကို ခြုံပြီဆိုပါက အပြာခံတွင် အဖြူဖျော့နှင့် ချုပ်လုပ်ထားသော ရေကူးနေသော ငါးများ၊ ပျံသန်းနေသော ငှက်ရုပ်များကို တအံ့တသြကြည့်ရှုကြသည်။ ကျွန်တော်တို့သည် ဤခရီးလမ်းမှာ နွားရသည့်အခါရ၊ လမ်းပြချည်းရ၍ ခြေလျင်ကြိတ်သည့်အခါ ကြိတ်ရနှင့် အမြဲတမ်း ခရီးပန်းနေသည်ဖြစ်သောကြောင့် သူတို့က မီးခွက်တွေနှင့် ကျွန်တော့်ခြုံစောင် ကြည့် နေစဥ်မှာပင် ကျွန်တော် အိပ်ပျော်သွားတတ်ပါ၏။

တညသ၌ တည်းအိမ်ရှင် မိန်းမများသည် ကျွန်တော့်ခြုံစောင်ကို ဝိုင်းကြည့်နေစဥ်မှာပင် ကျွန်တော့်စိတ်ထဲဝယ် တဆက်တည်းလိုဘဲ ကြက်အော်သံများ ကြားရတော့ ကျွန်တော့်မျက်လုံး ဖွင့်ကြည့်လိုက်ရာ ကျွန်တော့်အနီးမှာ မိန်းမများလည်း မရှိတော့။ မီးလည်းမှောင်နေသည်။ စင်စစ်ကား နံနက်အာရုဏ်တက်ခါနီးမှာ သူတို့အိမ်က ဖုန်းကြီးကျောင်း ဆွမ်းလှည့်ကျသဖြင့် အိမ်ရှင်ယောကျ်ားက ကြက်ထဖမ်းခြင်းဖြစ်သည်။ သူတို့ဓလေ့ ကြက်ကိုရေနွေးလည်း မဖျော၊ အမွေးလည်း မနုတ်၊ မီးမြိုက်၍ချက်သော ကြက်သားဟင်း။ ဆီကင်း၏။ ငရုပ်သီး လေးစိပ်ကွဲနှင့် ရေလုံပြုတ် ချက်ထားသည်ကို ဖုန်းကြီးဆွမ်းဟင်းအကျန် တောင်ပံရိုး၊ လည်ချောင်းရိုး၊ ခြေထောက်ရိုးတို့ကို ကျွန်တော်တို့အိပ်ရာကအထ နံနက် ခရီးထွက်ခါနီး ကွေ့ဦမပါ ပြောင်းဆန် မရောဘဲ ဆန်ထမင်းချည်း သက်သက်ကျွေးရာ ကျွန်တော်တို့မှာ စား၍မြိန်လိုက်သည်ဖြစ်ခြင်း။ ဤဆင်းရဲသော ဒေသသို့အဝင် ကံမမြို့မှ သူကြီးသမက် လိုက်ပို့သောအိမ်က ဝက်သားဟင်းနှင့် စားရပြီးနောက် ရက်များစွာ ငရုပ်သီးထောင်းနှင့်၊ ဆားနှင့် ပဲရေလုံပြုတ်လောက် စားနေခဲ့ရရာမှ ယင်းကြက်သားဟင်း စားရခြင်းဖြစ်ပါသည်။ ကျေးဇူးတင်လှပါသဖြင့် ထိုအိမ်ရှင်နာမည်ကို ကျွန်တော် ယခုတိုင် မှတ်မိပါသည်။ ကိုလုံထော်တဲ့။ အသက် ၃၀လောက်။ အခုရှိသော် ၆၀ကျော်ပေါ့။ အိမ်ရှင် မိန်းမငယ်တယောက်က ညှော်ဝတ်ကျေစွာ ကျွန်တော်တို့ရှေ့မှာ ဆေးရိုး ဗန်းနှင့် ဖက်နှင့် ချပေးသည်ကိုလည်း ကျွန်တော်မမေ့ပါ။ သူတို့အရပ်ထုံးစံလူတိုင်းသည် ဆေးရိုး နှင့်ဆေးကို ကိုယ်ကြိုက်သလိုစပ်၍ လိပ်သောက်တတ်ကြသည်။

ယင်း၌ ကျွန်တော်တို့မှာ ကြောင်တောင်တောင်ဖြစ်နေသည်ကို ကိုလုံထော်က ဆေးဗန်း ချသော သူငယ်မအား ''ဟဲ့ ဒီဧည့်သည်တွေက ဆေးလိပ်လိပ်သောက်တတ်ဟန် မတူပါဘူး။ ညည်းက တယောက်ကို လိပ်ပေးလိုက်ပါလား''ဆိုတော့ မရွှေစာက ရှက်စနိုးနှင့် မီးဖိုချောင်ထဲ ဝင်သွား၏။ သူက ကိုလုံထော်ရဲ့ မယ်မပျိုဆိုကိုး။ သူတို့ဆီထုံးစံက ကိုယ့်ရည်းစားကိုမှ ဆေးလိပ် လိပ်ပေးသတဲ့။ ကိုလုံထော်က ပါးစပ်ကြီးဖြဲ၍ တဟဲဟဲရယ်၏။

ကျွန်တော်တို့ ထိုဒေသကအထွက်မှာ ထိုရွာသည်နောက်ဆုံးဖြစ်၏။ အကြောင်းမှာ ရှေ့ဆက်ပြီး ကုန်းတွင်းကြောင်း တောလမ်းသွားရန်မှာ လမ်းပြမျှ ခေါ်မရတော့။ သည်ရွာမှ မင်းလှမြို့ကို ဝင်ဘို့သာရှိတော့၏။ မင်းလှမြို့ကိုလည်း ခပ်ညို့ညို့ လှမ်းမြင်နေပြီ။ မနက်သွား မွန်းလွဲလောက် ရောက်နိုင်၏။

ကျွန်တော်တို့သည် မလွဲမရှောင်သာ မင်းလှမြို့ကိုဘဲ သွားကြရတော့သည်။ လမ်းမှာ ကြားရွာတရွာ ခေတ္တဝင်နားသည်၌ မင်းလှမြို့မှာ ယခုစစ်အုပ်ချုပ်ရေးနှင့် စစ်သားများ ပြည့်နက် နေကြောင်း၊ မြို့သူမြို့သား အနည်းငယ်သာရှိကြောင်း သိရသည်။ မည်သို့ဖြစ်စေ ကျွန်တော်တို့ က အင်္ဂလိပ်စစ်တပ်ဖက် ရောက်ပြီးနောက် ရှေ့ကျော်တက်ရမည့် ဖြစ်သောကြောင့် မင်းလှမြို့ဆီ ကိုဘဲ သွားခဲ့သည်။ နေ့နယ်နှစ်နာရီလောက်၌ မင်းလှမြို့အနီး တောအုပ်တခုမှာ ပန်ချာပီ စစ်သားကလေး များ လော်ရီကားတစီးနှင့် တွေ့ရသည်။ သူတို့သည် ကားရပ်ကာ သရက်ပင်ကြီး တပင်မှ သရက်သီးများကို ပစ်နေကြသည်။ သူတို့သည် ခဲနှင့်ပစ်ကြသည်ဖြစ်၍ တလုံးရဘို့ အတော် ခဲယဉ်းနေသည်။ ယင်း၌ကျွန်တော်က သစ်ကိုင်းတခုကို ချိုး၍ တုတ်ရှည်ရှည်နှင့် ပစ်ပေးလိုက်တော့ အခိုင်ကို ရမ်းမိကာ ၄–၅–၆ လုံး တခါးတည်းကြွေသည်။ ပန်ချာပီကုလား များက ကျေးဇူးတင်လှ၍ သူတို့စားနေကြသော ချပါတီနှင့် ပဲဟင်းကို ခွဲဝေပေးသည်။

ကျွန်တော်တို့သည် မနက်လင်းစက ကိုလုံထော်အိမ်မှ ကြက်အရိုးအရင်းနှင့် ထမင်းစား ရပြီးနောက် ယခုမှတဖန် အစာတွေ့ရခြင်းဖြစ်၍ ထိုချပါတီနှင့် ပဲဟင်းလည်း နတ်သုဒ္ဓာမျှ ခံတွင်း တွေ့လှပြန်တော့သည်။

ကျွန်တော်တို့သည် သူတို့ဆီက အစာစားရပြီးနောက် မြို့အဝင်မှာ စစ်သားအစောင့် ရှိသည်ဆိုသောကြောင့် လွယ်ကူစွာမြို့ထဲဝင်နိုင်ရန် သူတို့ကားနှင့်ပါသွားအောင် သူတို့ကား အထွက် မှာ နောက်ကတက်သည်တွင် တွန်းချပြီး ရယ်မောသွားကြ၏။

ထို့ကြောင့် ကျွန်တော်တို့သည် ကိုယ့်၌ မသင်္ကာစရာဖြစ်မည့် ပစ္စည်းများနှင့် တလျှောက် လုံး ကြွားဝါလာခဲ့သည့် နေတံဆိပ်နှင့် ဖူးသီးငါးပေါင်းကြော်စာရွက်ကို အစဖျောက်ပစ်ခဲ့ရတော့ သည်။

အမှန်ပင် မြို့အဝင်၌ ပန်ချာပီစစ်သား၏ စစ်ဆေးခြင်းကိုခံရ၏။ ထိုပန်ချာပီမှာ ဗမာလို နားလည်လိုက်တာ မှတ်လို့၊ ကျွန်တော်တို့က (ကိုသန့်ဇင်နေရပ်ကို ရည်၍) စလင်းဇာတိ ဖြစ်ပါသည်။ ရန်ကုန်တွင်ကျောင်းနေရာမှ ယခုရန်ကုန်မြို့ပျက်၍ ဇာတိဌာနေသို့ ပြန်လာခဲ့ကြ ကြောင်း ပြောပြတော့ ပန်ချာပီစစ်သားက ကျွန်တော်တို့အကျီအိတ်နှင့် လွယ်အိတ်တွေမှာ ရှာကြည့်သည်။ ကျွန်တော့်ဆီက ဓားမြှောင်တချောင်း၊ ကိုသန့်ဇင်မှာ ထိုစဉ်က ဆေးကျောင်း သားဖြစ်၍ လမ်းတွင် လိုလိုမယ်မယ် အသုံးချရန်ယူလာခဲ့သော ခွဲစိတ်ကရိယာများပါသည့် သေတ္တာကလေး။ ဒါကို ပန်ချာပီက မည်သို့နားလည်လေသည်မသိ။ ဒေါမာန်ပါပါကြိမ်းလေ၏။

''နင်တို့ဟာ ဘာကျောင်းသားတွေလဲ။ အလကား သူခိုးဒမြလေးတွေဘဲ။ ဒီမှာ ကြည့်စမ်း။ ဖောက်ထွင်းဘို့ကရိယာ၊ လူသတ်ဖို့ဓားမြှောင်။ ဒါတွေ ငါသိမ်းထားလိုက်မှ ဖြစ်မယ်''ဆိုပြီး ယူထားလိုက်၍ လူတွေတော့ လွှတ်လိုက်သဖြင့် ကျွန်တော်တို့မှာ ဝမ်းသာရပါသေး၏။

ထိုအချိန် မင်းလှမြို့မှာ စစ်သားချည်းပြည့်နေ၏။ အိမ်တိုင်းမှာ လူမရှိကြ။ အချို့ အိမ်ကြီး တွေသာ အိမ်စောင့်လောက်။

ကျွန်တော်တို့မှာ ဘယ်ကနေ ဘယ်လိုသွားရမှန်းမသိသေး၍ လူကြီးနှစ် ခပ်ငိုင်ငိုင်ထိုင် နေကြသော အိမ်တဆောင်သို့ ဝင်ကာ ခေတ္တတည်းခိုရပါရန် ခွင့်ပန်သည်။ ကျွန်တော်တို့ ဘယ်ကလာ၍ ဘယ်ကိုသွားမည်ဖြစ်ကြောင်းလည်း ခုန ပန်ချာပီကိုပြောသကဲ့သို့ ပြောပြသည်။

ထိုလူကြီးနှစ်ယောက်မှာ သူတို့ ကိုယ်ရေးကိုယ်ရာနှင့်မို့ ကျွန်တော်တို့ကို တယ်ပြီး စိတ်မဝင်စားကြ။ ''မင်းတို့ မင်းဘူးသွားချင်ရင်တော့ ကုန်းပေါ်က သွားလို့ရမှာမဟုတ်ဖူး။ အထက်ဆန်တက်နေကြတဲ့ စစ်သားစစ်ကားတွေနဲ့ ပြည့်နေတာဘဲ။ မြစ်ထဲက ကမ်းပါးကပ် လျှောက်သွားနိုင်ရင်ကတော့ ဖြစ်လိမ့်မယ်။ တံငါလှေတွေလဲ ငှားရချင် ရလိမ့်မယ်''

ထိုည ကျွန်တော်တို့ အိပ်ရေးဝအောင်အိပ်စက်လိုက်ကြသည်။ နံနက်လင်းအားကြီး၌ လူကြီးများ ညွှန်ပြသည့်အတိုင်း မြစ်ထဲဆင်း၍ မြစ်ရိုးကိုး ကမ်းပါးကပ်ပြီး လျှောက်ခဲ့ကြသည်။ ကမ်းပေါ်၌ကား အင်္ဂလိပ်စစ်တပ်များက အပြင်းဆုတ်ခွာလျက်။ ထိုအချိန်၌ ဂျပန်က အောင်လံ လောက်ရောက်ပေလိမ့်မည်။ နေထွက်ချိန်၌ တံငါလှေလေးအချို့ကို တွေ့ရသော်လည်း အထက် သို့လိုက်ရန် ငှား၍မရချေ။ ထို့ကြောင့် ကျွန်တော်တို့ ခြေလျင်လျှောက်ခဲ့ကြရာ မွန်းတည့်ခါနီး ၌ မင်းဘူးမြို့သို့ရောက်၏။ မင်းဘူး၌ကား မြစ်ရိုးတလျှောက်မှာ စစ်သားတွေ အထက်သို့ ဆန်တက်လျက် ရှိကြသော်လည်း မြို့တွင်းမှာမူ အေးဆေးစွာဘဲရှိ၏။ ကိုသန့်ဇင်၏ အသိ တယောက်အိမ်မှာ ကျွန်တော်တို့ နံနက်စာစားပြီးနောက် မင်းဘူးမှ ၁၈မိုင်မျှ ဝေးမည်ဖြစ်သော

စလင်းသို့ ပွင့်ဖြူလယ်တိုင်းဖြတ်ကာ မြင်းလှည်းနှစ်ဆင့်စီး၍ ထိုညနေစလင်းမြို့သို့ ရောက်ခဲ့ကြလေ၏။

စလင်းသည် ကိုသန့်ဇင်၏ ဇာတိမြို့။ ကျွန်တော်ရန်ကုန်မှာ အင်္ဂလိပ်စာ အလွတ်ပညာသင်သော ကျောင်းအုပ်ဆရာမကြီး ဒေါ်မမ အိမ်ထောင်စုလည်း ကိုသန့်ဇင်ကို အကြောင်းပြု၍ ဤမြို့မှာ ရောက်နေကြသဖြင့် သင်္ကြန်ရက်လည်း အဆုံးနှင့် ဤမြို့မှာ သင်္ကြန်ပြီးအောင် ပျော်ရွှင်အေးချမ်းစွာ နားနေလိုက်ကြသည်။

စလင်းမြို့မှာ ကြီးစွာသော 'ဖောင်းလန်းကန်'ကြီးရှိသည်။ ဤကန်မှာ ကြာအတိပြီးရာ စလင်းမြို့မှာ ငပိသားငါးနှင့် စားသောက်စရာများ ထုပ်ရာလည်း ကြာဖက်၊ သင်္ကြန်ရေပတ်တာမှာလည်း ကြာဖက်နှင့် ရေကိုထုပ်၍ ပက်ကြသည်ဖြစ်ရာ တမျိုးဆန်း၍နေပေသည်။

စလင်းသည် ကုန်းတွင်းကျ၍ အင်္ဂလိပ်စစ်တပ်များ ဆုတ်ခွာသည်နှင့် ဝေးစွာလွတ်ကင်းသည်။

သင်္ကြန်ပြီးသည့်ခါ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြသည်။ စလင်းမှ ဆင်ဖြူကျွန်းသို့ မြင်းလှည်းနှင့် သွားရသည်။ ဆင်ဖြူကျွန်းမှာ မြစ်ဆိပ်ကမ်းမြို့လေးဖြစ်သည်။ ညနေ နေဝင်ရီသရောအချိန် ရောက်သွားသည့်ခါ ထိုမြို့မှာ ညကင်းစောင့်များရှိသဖြင့် ကျွန်တော်တို့အား မသင်္ကာသော အရပ်သားများအဖြစ် ဖမ်းဆီးကာ ထိုညဘယ်မျှမသွားစေဘဲ သူတို့ကင်းတဲမှာဘဲ အိပ်စေသည်။ ကျွန်တော်တို့မှာ တည်းခိုရန် အိမ်မရှိသည်နှင့် အဆင်သင့်ပင်။ ထိုကင်းစောင့်များကဘဲ ကျွန်တော်တို့ကို ညစာကျွေးသည်။

နောက်တနေ့နံနက် ဆင်ဖြူကျွန်းမှ ကျွန်တော်တို့အထွက် စလေသို့ နဝလီလှေကြုံလွယ်ကူစွာဘဲ ရသည်။

ကျွန်တော်တို့အား မစ္စတာ အောက်တိုကားဝါးက ဦးတည်၍ လွှတ်လိုက်သည်မှာ ပခုက္ကူမြို့ဖြစ်သည်။ ပခုက္ကူမှာ သူတို့အလိုချင်ဆိုးသော နံပတ် ၁ လူ ဆာမြဘူးရှိသည်ဟု ပြောလိုက်သည်။

ကျွန်တော်တို့ စလေ ရောက်ပြီးနောက် အရှေ့ဘက်ကမ်းကချောက်၊ စဉ့်ကူ၊ ပုဂံ ညောင်ဦးဖြတ်ပြီး အနောက်ဖက်ကမ်း ပခုက္ကူသို့ သွားရာမှာ လှေသင်းဘောများရှိနေသေး၍ များစွာလွယ်ကူပါသည်။

သို့သော် ပခုက္ကူရောက်သည်၌ ကျွန်တော်တို့အလိုချင်ဆုံးဖြစ်သော ဆာမြဘူး မရှိတော့ကြောင်း စစ်ကိုင်းသို့ ပါသွားပြီဖြစ်ကြောင်းသိရသဖြင့် ကျွန်တော်တို့သည် ရှေ့ဆက် လိုက်ကြပြန်သည်။

ကိုသန့်ဇင်၏ ကျောင်းနေဘက် သူငယ်ချင်းများ ရှိကြသည့် ပခုက္ကူမှာ ကျွန်တော်တို့နှစ်ရက်မျှ ပျော်ရွှင်စွာ နားကြပြီးနောက် ခရီးဆက်ခဲ့ကြသည်။ ထိုစဉ် ပခုက္ကူနှင့် မြင်းခြံမှာ ကူးတို့သင်းဘောရှိနေသေး၍ ကျွန်တော်တို့ လွယ်ကူစွာဘဲ မြင်းခြံမြို့သို့ရောက်ခဲ့ကြ၏။

သို့သော် ကျွန်တော်တို့ မြင်းခြံရောက်သည်မှစ၍ အခက်အခဲတွေ့ရလေတော့သည်။ အကြောင်းမှာ ထိုနေ့မှစ၍ မည်သည့်ခရီးသွား လှေသင်းဘောမှ ရောဝတီမြစ်အတွင်း ကူးသန်းသွားလာခြင်း မပြုရတော့ဟု အင်္ဂလိပ်အစိုးရက အမိန့်ထုတ်လိုက်လေ၏။

ကျွန်တော်တို့မှာ မြင်းခြံဆိပ်ကမ်းမှာ သောင်တင်လေသည်။ ကျွန်တော်တို့သာမက မြင်းခြံမှ အောက်သို့လည်းကောင်း၊ အထက်သို့လည်းကောင်း စုန်ဆန်ကြမည့် လှေကြီးများလည်း ရှိရင်းစွဲနေရာမှ ကျောက်ဆူးမနုတ်ရ၊ ကြိုးမဖြုတ်ရတော့ပေ။

ယင်း၌ မြင်းခြံဆိပ်ကမ်းသည် တမျိုးတဖုံဖြစ်လာ၏။ ပိုမိုစည်ကားလာ၏။ ထက်အောက်သွားမည့် ကုန်တို့သည် ရှေ့ခရီးမဆက်နိုင်တော့သဖြင့် ဤမှာဘဲ အရောင်းအဝယ်ဖြစ်ကြရာ ကုန်သည်များ ပျားပန်းခတ်ဖြစ်လာကြ၏။

ကျွန်တော်တို့သည် ထမင်းဆိုင်တဆိုင်ကို ဖောက်သည်လုပ်၍ သူ့ဆိုင်မှိုခိုကာပင် အိပ်စားနေကြ၏။ နှောင်းကာလဝယ် အရက်သမားဖြစ်မည့် ကျွန်တော်သည် ငယ်စဉ်က တွေ့ခဲ့ရသော ဆန်အိတ်ထားသော မြန်မာကုလီကြီးတယောက်ကို ယခုတိုင်မျက်စိထဲ မြင်ယောင် နေပါသေး၏။ ကျွန်တော်သည် အားအားရှိ၍ သူ့ဘဲထိုင်ကြည့်နေမိ၏။ သူသည်ချက်အရက် သောက်ရာတွင် ဒန်ဖလား အပြည့်ပုလင်းဝက်၊ တအာတာတိတိကို တချက်ထဲမော့၏။ မော့ပြီး ချက်ချင်းဘဲ သုံးတင်းဝင်ဆန်အိတ်ကြီးကို လက်နှစ်ဖက်နှင့်မပြီး ပခုံးပေါ်ပစ်တင်လိုက်ပုံမှာ ကျွန်တော်တို့ နို့စို့ကလေးတယောက်ကို ကောက်ချီလိုက်သကဲ့သို့ ရှိပါပေသည်။ ကျွန်တော် သည် သူ့လိုဘဲ သောက်နိုင်ချင်၊ သူ့လိုဘဲ အားရှိချင်လိုက်ပါဘိဟု တမ်းတမိခဲ့၏။ ယခုကား သောက်နိုင်ပါပြီ။ သို့သော် သူ့လိုကား အားမရှိ။

ကျွန်တော်၏ ပင်ကိုယ်ဝါသနာမှာ ရောက်လေရာတွင် ပျော်တတ်သည်။ တနေရာရာမှာ တစုံတခုသော ကျွန်တော့်အတွက် စိတ်ဝင်စားစရာ ဖြစ်နေတတ်သည်။ ဤမြင်းခြံသင်းဘောဆိပ် မှာ ငွေအထုပ်အထည်ကိုင်သော ကုန်သည်များနှင့် ချက်အရက်တမြမြရှိသော ကုလား မြန်မာ

ကူလီများကို ကျွန်တော်အာရုံရောက်နေသည်။ ကျွန်တော့်ထက် အသက်နှစ်နှစ်ကြီးသော ကိုသန့်ဇင်ကား ဤမြင်းခြံဆိပ်ကမ်းမှထွက်ခွာဘို့သာ အလုပ်တာဝန်အတွက် စိတ်စောနေ၏။

ထိုအချိန်တွင် ခရီးရှည်လှေကြီးများ မြစ်ထဲသွားလာခွင့်မရှိသော်လည်း အနီးပတ်ဝန်းကျင် ကူးလူးနေကျ တံငါလှေကလေးများကိုတော့ ပိတ်ပင်ခြင်းမရှိ၍ ကျွန်တော်တို့အား အထက်သို့ တတ်နိုင်သလောက် လိုက်ပို့ရန် ပြောကြည့်သည်။ လှေသမားတို့ကား ကာလကြီးဗရုတ်ဗရက်မှာ သူတို့ကတော့ လိုက်မပို့နိုင်။ လှေကိုမူ ကြိုက်စျေးရလျှင် ရောင်းလိုက်မည် ဆိုပါသည်။ ကျွန်တော်တို့မှာ ရန်ကုန်မြို့ ကန်တော်ကြီးထဲ လှေ အပျော်စီးဘူးသည်မှတပါး မြစ်ကြောင်းကို ဆန်တတ်နိုင်သူများ မဟုတ်ကြ။ စစ်ကိုင်းအရောက်လိုက်ပို့ရန် လှေထိုးသား ငှားကြည့်တော့ လည်း ဘိန်းစားနှစ်ဦး ပေါ်ထွက်လာသည်။ သူတို့ကို အသက်ဖိုးတယောက်သုံးရာစီ ပေးခဲ့လျှင် လိုက်မည်တဲ့။ ကဲ တော်တော့။ ကျုပ်တို့မှာ ငွေခြောက်ရာလောက်ပဲ ရှိတော့တာ။ တကယ်လို့ ကျွန်တော်တို့က ငွေတတ်နိုင်လို့ သူတို့သားမယားထံ ပေးထားပစ်ခဲ့တောင် ငတိများက ခရီးဆုံး ရောက် လိုက်ပို့ကြမည်မဟုတ်။ တဝက်တပျက်နှင့် လစ်ကြမည်ဖြစ်ကြောင်းလည်း ကျွန်တော်တို့ စဉ်းစားမိပါ၏။ ထို့ကြောင့် ရေကြောင်းမှ လှေလောင်းနှင့် သွားရန်ကိုလုံးဝစွန့်ပယ်လိုက်ပြီး တတ်နိုင်သမျှ ကုန်းကြောင်းလျှောက်ကြရန် ဆုံးဖြတ်လိုက်ရသည်။

သို့ရှိစဉ် သုံးရက်မြောက်မှာ မြင်းခြံအောက်ဖက် မြစ်ထဲမှ မီးခိုးကလေးတလူလူနှင့် သင်းဘောတစင်း ဆန်တက်လာနေကြောင်း မြင်ရသည်။ ကျွန်တော်တို့ တအားတက်ကာ ယင်း သင်းဘောကို စောင့်ကြသည်။

အားပါး။ ဒီသင်းဘောကလဲ နှေးလိုက်တာဗျာ။ တရွေ့ရွေ့မှ ပီပီ ရွေ့ရွေ့ကလေး။ တဖြေးဖြေးနဲ့ နီးနီးလာလို့ သင်းဘောကိုယ်ထည်ပေါ်လာတာ မြင်ရတော့ သူ့ဘေးနှစ်ဖက်မှာ ညာတောင်ပံ ဘယ်တောင်ပံ သမ္ဗာန်ကြီးနှစ်စင်းကတွဲလို့ခင်ဗျာ။

နေ့လယ်ခင်းက မီးခိုးမြင်ရတဲ့သင်းဘောမှာ နောက်ဆုံးညနေခင်းတော့ မြင်းခြံဆိပ်ကမ်း ဆိုက်ကပ်ပါရော ခင်ဗျာ။ ကုလားရော၊ မြန်မာရော စစ်သားတွေအပြည့်ပါဘဲ ရောဝတီဖလိုတီ လာ နှစ်ထပ်သင်းဘော။ ဘေးနှစ်ဖက်က သမ္ဗာန်ကြီးနှစ်စင်းက လက်နက်ခဲယမ်းမီးကျောက်တွေ တဲ့။ သူတို့ကုန်းဘောင်အထိုးမှာ ကျွန်တော်တို့က သင်းဘောပေါ်တက်ပြီး မြန်မာစစ်သားလေး တယောက် ကိုမေးတော့ စစ်ကိုင်းသွားမလို့တဲ့။ ဟာ အဆင်သင့်ဘဲ။ ကျွန်တော်တို့ပါ လိုက်ပါရ စေဆိုတော့ သူတို့ကက်ပတိန်ကိုပြော။ ခွင့်ပြုရင် လိုက်ပေါ့။

ကက်ပတိန်ဟာ မျက်နှာဖြူတယောက်ပဲ။ သူ့ကေဗင်၊ သူ့အခန်းထဲ ဝင်ခွင့်တောင်းပြီး ကျွန်တော်တို့က သွားပြောတော့ သဘောကောင်းပုံရပါတယ်။ လိုက်ပါတဲ့။

ဒါနဲ့ ကျွန်တော်တို့ဟာ ဝမ်းသာအားရနဲ့ ဘယ်အချိန်ထွက်မှန်းမသိတဲ့ သင်းဘောပေါ် ကို ညဦးဦးတက်နေလိုက်ကြတယ်။ အဲဒီညစာကို သူတို့စစ်သားထမင်းလဲ ဝင်စားလိုက်ကြသေး တယ်။ ပဲဟင်းနဲ့ ငါးသေတ္တာ။ အဲဒီတုန်းက ငါးသေတ္တာ ဆိုတာဟာ အင်မတန်အောက်တန်းကျ တာကလား။ ကျွန်တော်တို့က စစ်သားဘဝများ သနားစရာကောင်းကြောင်း ညည်းလိုက်ကြသေး သည်။

ညအိပ်ကြတော့ နှစ်ထပ်သင်းဘောမှာ စစ်သားက ထက်အောက်အပြည့်အပါဘဲ။ သူတို့က သင်းဘောအလယ်ကို ဦးခေါင်းစိုက်ပြီးအိပ်ကြတယ်။ ကျွန်တော်တို့က သူတို့နံဘေး ဝင်စရာမရှိဘူး။ ခြေရင်းက စန့်ရတယ်။ ခွေအိပ်လို့မရဘူး။ စန္ဒရီ စစ်သားလမ်းလျှောက်ဖို့နေရာ ထားရတယ်။

နံနက်လင်းအားကြီးမှာ သင်းဘောဥသြသံ ပေးပြီးထွက်ပါတယ်။ သင်းဘောကလဲ နှေးလိုက် တာဗျာ။ ကမ်းပေါ်ကလျှောက်သွားနေတဲ့ လူကတောင် ရှေ့ကျော်တက်သွားပါတယ်။ နှေးမှာပေါ့ မနိုင်ဝန်ကလား။ သင်းဘောပေါ်မှာ စစ်သားနဲ့လက်နက်စားနပ်ရိက္ခာ အပြည့်ပါတဲ့ အပြင် နံဘေးသမ္ဗာန်ကြီး နှစ်စင်းကလဲ ခဲယမ်းမီးကျောက်တွေအပြည့်။

တကထဲ မွန်းလွဲပိုင်းလောက်ရောက်တော့ နေတံဆိပ်ပါတဲ့ ဂျပန်လေယာဉ်ပျံနှစ်စင်း သင်းဘောပေါ်ဝဲလာတယ်။ ဒီသင်းဘောမှာ လေယာဉ်ပျံပစ်စရာ လက်နက်မပါဘူး။ ဂျပန်ဗုံးချ လိမ့်မလား။ အားလုံးကြောက်ကြတာပေါ့။

ဒါပေမယ့် မချရှာဘူးခင်ဗျာ။ နှစ်ပတ်သုံးပတ်လောက်ဝဲပြီး ပျံသွားကြတယ်။

ကျွန်တော်တို့ စိတ်ထဲမှာတော့ ဒီသင်းဘောနဲ့ လိုက်မိတာမှားပြီပေါ့။ လူသွားတာ လောက်မှမမြန်။ နှေးလဲနှေးသေး။ ဂျပန်ဗုံးရန်ကလဲ ကြောက်ရသေး။

နောက် ဆိပ်ကမ်းတခုဆိုက်ပါစေ၊ ဆိုက်ပါစေ။ ဆိုက်လျှင်ဖြင့် ကျွန်တော်တို့ ဆင်းအနေ ရစ်ပဲ။ ကျွန်တော်တို့ဆုတောင်းတဲ့ အတိုင်းဘဲ ဆိုက်ပါသည် ခင်ဗျာ။ ဆိုက်ပါသည်။ မြင်းခြံက မနက်ထွက်လာခဲ့တဲ့ သင်းဘော ညနေ ၄နာရီလောက်မှာ မြင်းမူဆိပ်ကမ်းဆိုက်ပါတယ်။ ဆိုက်ကပ်တဲ့အကြောင်းကလဲ ကျွန်တော်တို့နှစ်ယောက်အတွက်ပါဘဲ။ ကမ်းကပ်ခါနီးမှာ ကက်ပတိန်က ကျွန်တော်တို့ကို သူ့အခန်းခေါ်ပြီး ပြောပါတယ်။

မနက်ကလာတဲ့ ဂျပန်လေယာဉ်ပျံနှစ်စင်းက ဒီသင်းဘောနံဘေးမှာတွဲထားတဲ့ လက်နက် တင်သမ္ဗာန်နှစ်စင်းကို ဖြုတ်ပစ်ခဲ့ပါ။ နက်ဖြန်ကာ သူတို့လာလို့မှ ဖြုတ်ပစ်ခဲ့တာမတွေ့ရင်

ဒီသင်းဘောကို နှစ်ရပါလိမ့်တဲ့။ ဒီတော့သူ့မှာ အထက်ကအမိန့်ကို မစွန့်နိုင်ပါ။ ဒါကြောင့် စစ်သားမဟုတ်တဲ့ ကျွန်တော်တို့ မြန်မာကျောင်းသားကလေးများ ဆင်းနေခဲ့ကြပါ။

ကျွန်တော်တို့ဟာ ဒီမျက်နှာဖြူ ကက်ပတိန်ကြီးကို မျက်ရည်လည်လောက်အောင်ဘဲ ကျေးဇူးတင်မိတယ်။

သူ့သင်းဘောဟာ မြင်းမူဆိပ်ကမ်းမှာ ကြာကြာ မကပ်ပါဘူး။ ကျွန်တော်တို့ ချထားခဲ့ ပြီး ထွက်ခွာသွားပါတယ်။

မြင်းမူမြို့မှာ နှစ်ရက်လောက်ကြာနေတဲ့ ကျွန်တော်တို့ဟာ နောက်တနေ့တွင် ဘေးတွဲ သမ္ဗာန်ကြီးနှစ်စင်းပါတဲ့ အင်္ဂလိပ်စစ်သင်းဘောကို ဂျပန်လေယာဉ်ပျံများက ဗုံးကြဲနှစ်မြုပ်လိုက် ကြကြောင်း တံငါလှေများမှတဆင့် ကြားသိရပါတယ်။

အင်္ဂလိပ်ကို ဂျပန်ချတယ်ဆိုတော့ အဲဒီအချိန်မှာ မြန်မာတိုင်းလိုဘဲ ဝမ်းသာကြပါတယ်။ ဒါပေမယ့် ကြိတ်ပြီး ဝမ်းနည်းရသူနှစ်ယောက်ကတော့ ကျွန်တော်တို့ပါဘဲ။

ကြည့်စမ်း။ မနေ့က ကျွန်တော်တို့ စီးလာခဲ့တဲ့သင်းဘော။ အခု ရေအောက်ရောက်သွား ပြီတဲ့။ စစ်သားတွေအပြည့်နဲ့။ လူသားတွေ အပြည့်နဲ့ သည်အထဲမှာ အချို့အဝက်အသက်ဘေးမှ ချမ်းသာရာရကြမည်ဖြစ်သော်လည်း ကျွန်တော်တို့အား ကယ်တင်လိုက်ပေသည့် မျက်နှာဖြူ ကက်ပတိန်ကြီးကား သူတို့ထုံးစံဝတ္တရားအရ သူ့သင်းဘောနှင့်အတူ နစ်ရပေမည်။ အသေခံရ ပေမည်။

ကျွန်တော်တို့ ဒီသင်းဘောက ဆင်းတဲ့အချိန်မှာ ပြေလနွေရာသီ ခြစ်ခြစ်တောက် ပူသည့်တကား။ မြင်းမူ မြစ်ကမ်းမှာသောင်ပြင်ကျယ်ကြီး ဖွေးလို့။ သည်သောင်ပြင်ကမ်းစပ်မှာ သစ်သား သွပ်မိုးစရက်ကလေးတဆောင် ရှိသည်။ သောက်ရေအိုးစင်လေးတခုနဲ့။

မြင်းမူမြို့မှာ အသိအကျွမ်း တယောက်မျှမရှိတဲ့ ကျွန်တော်တို့ဟာ ပထမဦးဆုံး ဒီဇရပ် ကလေးပေါ်တက်ပြီး နားနေကြတယ်။ နက်ဖြန် ရန်သူဖျက်ဆီးခြင်းခံရတော့မယ့် တရွေ့ရွေ့ထွက် ခွာသွားနေတဲ့ သင်းဘောကို ကြည့်ရင်းကျွန်တော်တို့ ကိုယ့်လွယ်အိတ်ကလေးတွေ ခေါင်းအုံးပြီး တုံးလုံးလှဲကြတယ်။ ညက သင်းဘောပေါ် စစ်သားတွေ ခြေကြားမှာ ကောင်းကောင်းမှ အိပ်မပျော်ခဲ့ကြတာလား။

သည်အချိန် အဝတ်နွမ်းနဲ့လူတယောက် ဇရပ်ပေါ်ကိုတက်လာတာ သတိပြုလိုက်မိ တယ်။ မကြာမီ သူပြန်ဆင်းသွားတာမြင်လို့ လှမ်းကြည့်လိုက်တော့ လား၊ လား။ အမှတ်မဲ့ ကျွန်တော် တိုင်မှာချိတ်ထားမိတဲ့ ဦးထုပ်ကို ဆောင်းသွားလို့ပါကလား။

ကျွန်တော် ကပျာကရာပြေးလိုက်ပြီး ''ဟေ့လူ။ ကျွန်တော့်ဦးထုပ် ဘယ့်နှယ်သုတ်သွားတာ လဲ၊ ပြန်ပေးဗျ''ဆိုတော့ သူက ခပ်အေးအေးဘဲ၊ စိတ်မှန့်ရဲ့လားတော့မသိဘူး။ ''နေပူလို့ဆောင်း သွားတာပါဗျာ ရော့''ဆိုပြီး ရှောရှောရှူရှူပဲပြန်ပေးပါတယ်။

ကျွန်တော်ဦးထုပ်ယူပြီး ပြန်လာတော့ ထထိုင်ကြည့်နေတဲ့ ကိုသန့်ဇင်က

''အင်း၊ ကိုယ်တို့ဒီမှာ ဒီအတိုင်းနေလို့တော့ မဖြစ်ဖူး ဟေ့ တနေရာရာ တအိမ်အိမ် တည်းခိုဘို့ ရှာကြံမှဘဲ''

ကျွန်တော်တို့ ကိုယ့်ပစ္စည်းလေး သိမ်းဆည်းလွယ်ပိုးပြီး ဇရပ်ပေါ်က ဆင်းခဲ့ကြတယ်။ တာလမ်းပေါ်ရောက်တော့ ''လာ၊ ထတောကို ထတောကို''အော်လာတဲ့ မြင်းလှည်းတစီး။ သည်အချိန်မှာ အရက်ကို လှိုင်လှိုင်မသောက်တတ်သေး။ ထန်းရည်တော့မြိုင်မြိုင်သောက်တတ် နေပြီဖြစ်တဲ့ ကျွန်တော်က ''ဒီမှာ ကိုသန့်ဇင်၊ မိတ်ဆွေရှာတာဟာ သောက်ဝိုင်းဟာ အမြန်ဆုံး ရနိုင်တယ်ဗျ'' ဆိုတော့ ကိုသန့်ဇင်ကလဲ သဘောတူပြီး ထန်းတောကို ဒီမြင်းလှည်းနဲ့ပါသွားကြ တယ်။

ကျွန်တော်တို့ဟာ မြင်းလှည်းသမားကို စပြီး မိတ်ဖွဲ့လိုက်တယ်။ ထန်းရည်တမြူ စပြီး ဆွဲလိုက်တယ်။ နှစ်ပုလင်းဝင်အိုး တမြူမှတပဲကလား။ တစတစနဲ့ဒကာခံတဲ့ ကျွန်တော်တို့ဝိုင်း စည်လာပြီး နောက်ဆုံးမှာ အခင်မင်ဆုံး ဖြစ်သွားတာကတော့ ပန်းထိမ်ဆရာတယောက်ပဲ။

ကျွန်တော်တို့ကို ခရီးသည်တွေမှန်း သိကြတော့ သူ့အိမ်ပန်းထိမ်ဖိုကိုလိုက်ပြီး တည်းဘို့ ခေါ်တော့တယ်။ ခုတိုင်းပြည် ရုတ်ရုတ် ရုတ်ရုတ်မှာ အလုပ်ကမကောင်းလို့ ပန်းထိမ်သမားတွေ မရှိကြတော့ သူ့အိမ်မှာ နေစရာတွေ အကျယ်ကြီးပါ။ သဘောရှိနေချင်သလောက် နေနိုင်ပါ တယ်။ စားရေးသောက်ရေးလဲ မပူပါနဲ့။

နိပ်ဟေ့။ သူ့အိမ်သည် ဈေးအနီးမှာဘဲ။ ပန်းထိမ်ဖိုပိုင်ရှင် သူ့ဆရာသမီးကလဲ ချောဗျာ။ ကျွန်တော်အကြိုက်တွေ့နေတယ်။ ဒါပေမယ့် ကိုသန့်ဇင်ကတော့ ရှေ့ခရီးဆက်ဖို့ဘဲ စိုင်းပြင်းနေ တော့ နှစ်ညသာအိပ်ရပြီး နောက်တနေ့နံနက်မှာ ကျွန်တော်တို့လို စစ်ကိုင်းသွားမယ့် လူတယောက်နဲ့ဆက်မိပြီး လှေတစီးငှားလို့ရပါတယ်။

ပန်းထိမ်ဆရာသမီးနှင့် ကျွန်တော်ဟာ မျက်စိချင်း ကျခါမျှရှိသေး။ ခွဲရမှာ သဲမြည့ာခဲ့ရတော့တယ်။ (သူ့ကိုရည်ပြီး မြင်းမူက မြင့်မြင့်မူလို့ ဝတ္ထုတပုဒ်ထဲမှာ ထည့်ပြီးရေးခဲ့မိပါသေး။)

ကဲ၊ ခရီးဆက်ကြစို့။

လှေထိုးသားနှစ်ယောက်နှင့် လှေတစီး။ ကျွန်တော်တို့ခရီးသည်က သုံးယောက်။ လှေမှာ ပေါင်းမိုးလေးနဲ့။ ထမင်းဟင်းချက်ဖို့ အိုးခွက်ပန်းကန်တွေလဲ ပါခဲ့ရဲ့။ ကျွန်တော်တို့နဲ့ပါလာတဲ့ ခရီးသည်ကလဲ အသောက်သမားလား။ လှေပေါ်မှာ ထန်းရည်အိုးကြီးတလုံးနဲ့။

ဒီလှေက တံငါလှေလေးဘဲ။ ရွက်တိုင်လဲ မပါဘူးခင်ဗျာ့။ ဒီတော့ ရေဆန်မှာ ကမ်းနား ကပ်ပြီး လှေသမားနှစ်ယောက်ဟာ တယောက်ကလဲ ကြိုးနဲ့ဆွဲကြတယ် ခင်ဗျာ့။ ကျွန်တော်တို့ ခရီးသည် သုံးယောက်ကတော့ လမ်းမှာ ရရာ သားငါးဝယ်ပြီး ထန်းရည်လေးတမြမြနဲ့ ချက်ပြုတ်စားသောက်သွားကြတယ်။

အောင်မယ် ကျွန်တော်တို့နဲ့ပါလာခဲ့တဲ့ ခရီးသည်ဟာ (သူ့နာမည်တော့ မေ့ခဲ့ပါပြီ။) ကျွန်တော်တို့ထက် အသက်နည်းနည်းကြီးတယ်။ သီချင်းဝါသနာပါတယ်။ ထန်းရည်မူးမူးနဲ့ လှေပေါ်မှာတကြော်ကြော်ဆိုတယ်။ သူ့အသံကလဲ မဆိုးဘူး။

''အရက်ကို အဖော်လုပ်ကာ အဟုတ်ဘဲ သောက်လို့ ပျော်တော့မယ်။ အနားဝယ် မယားသယ်၊ ဖျော်ဖြေသူ ဝေးတယ်။ ကြွေမြေမငဲ့ကွက်နိုင်ဘူး၊ အရူးလိုစားကာ သောက်ကာ လူပေ လူလေ ထင်ရာဖြစ်စေကွယ်။ အနားဝယ် မယားသယ် ဖျော်ဖြေသူဝေးတယ်''ဆိုလားဘဲ။

ဤသီချင်း တပိုင်းတစကို ယခုတိုင် ကျွန်တော်သူ့ဆီက မှတ်မိနေခြင်းဖြစ်ပါသည်။

ယင်းသို့လျှင် ကျွန်တော်တို့သည် ပျော်ပျော်ပါးပါးနှင့် မြင်းမူမှ ငဖွန်ကျောက်အိုး၊ ကျောက်တလုံးတို့ကို ဖြတ်ကျော်ခဲ့ပြီးနောက် ရွာသစ်ကြီးရောက်။

ရွာသစ်ကြီးရောက်တော့ ကျွန်တော်တို့လှေကို ပြန်လွှတ်လိုက်ပြီး ရွာသစ်ကြီးမှ စစ်ကိုင်းသို့ မြင်းလှည်း (ရထားလုံး)တစီးရသည်။ စစ်ကိုင်းရောက်ကြသောအခါ၌မူ မြင်းမူမှ ကျွန်တော်တို့နှင့် ပါလာခဲ့သော ခရီးဖော်ကို နောက်ဆုံးခွဲခွာလိုက်ကြသည်။

ထိုအချိန်တွင် စစ်ကိုင်းမြို့ပေါ်မှာထက် စစ်ကိုင်းချောင်မှာ အလွန်စည်ကားလှလေသည်။ မန္တလေးမြို့ပေါ်သာမက ရန်ကုန်မြို့မှ လူကုံထံကြေးရည်တတ်နှင့် အစိုးရအရာရှိကြီးများ လာရောက်ခိုအောင်းရာ ဖြစ်နေပေပြီ။

စစ်ကိုင်းမြို့မှာ ကျွန်တော်တို့ မိတ်ဆွေရှိသည်။ ထိုမိတ်ဆွေလည်း မြို့ပေါ်မနေ။ သူတို့ ဆရာဖုန်းကြီး၏ ချောင်(ရိပ်သာ)မှာ လာနေကြ၍ ကျွန်တော်တို့လည်း သူတို့နှင့်ချောင်မှာဘဲ လာနေခြင်းဖြင့် ကျွန်တော်တို့ လုပ်ငန်းစရပေပြီ။

ထိုအချိန်၌ အင်္ဂလိပ်အစိုးရ ရှေ့နေကြီးဖြစ်သော ယခု သတိုးသီရိသုဓမ္မာ ဦးသိန်းမောင် စစ်ကိုင်းချောင်မှာ ရောက်နေသည်။ မစ္စတာ အောက်တိုကားဝါး ပေးလိုက်သော စာရင်းထဲမှာ ဦးသိန်းမောင်ထိပ်ကပါသည်။ ဦးသိန်းမောင်သည် ပေါင်းတည်သား။ ကျွန်တော်တို့နှင့် ဆွေမျိုး တော်စပ်သည်။

ကျွန်တော်တို့သည် သူ့ဆီသို့သွားကာ ကျွန်တော်၏မိဘနာမည်များကို ပြောပြသည်။ သူဝမ်းသာသည်။ ကျွန်တော်တို့လာခဲ့သောကိစ္စနှင့် လျှို့ဝှက်စကားကို ရွတ်ပြတော့ သူနားလည် သဘောပေါက်သည်။ မစ္စတာအောက်တိုကားဝါး၏ အမှာ အတိုင်း အင်္ဂလိပ်အစိုးရနှင့် ရှေ့ဆက် လိုက်မသွားတော့ဘဲ ရန်ကုန်သို့လစ်ပြီး ပြန်ရန် သဘောတူညီသည်။ ပေါင်းတည်၌ပုလိပ်မင်းကြီး ဦးဖိုးစနှင့် ကျွန်တော်တို့တွေ့ခဲ့ကြောင်းလည်း ပြောပြသည်။ ကျွန်တော်တို့တွေ့ရန် အလိုရှိနေ သော ဆာမြဘူး ထိုအချိန်၌ကသာမှာ၊ ဒေါက်တာသိန်းမောင်က မေမြို့အနီးစခန်းမှာ စသည် ရောက်နေကြောင်း၊ ဒေါက်တာသိန်းမောင်ဆီ သွားရန်သူ့ကားနှင့် သို့မဟုတ် အခြားကားကြုံ တစီးစီးနှင့် စီမံပေးမည်ဖြစ်ကြောင်းလဲ ပြောပြသည်။

သို့ရာတွင် ကျွန်တော်တို့မှာ ရှေ့ခရီးဆက်ရန် လမ်းမရှိတော့ပြီ အကြောင်းမှာ ကျွန်တော်တို့အား ဦးသိန်းမောင်ကြီးက အထင်မှားစရာဖြစ်လေပြီ။

ဤသို့တည်း ဦးသိန်းမောင်ကြီးနှင့် ကျွန်တော်တို့ ပြေပြေလည်လည်ဖြစ်၍ ထိုညနေစာ ပင် သူကကျွေးမွေးလိုက်ပြီးနောက် တရက်နေ့ခင်းတွင် ကျွန်တော်တို့က ရန်ကုန်မှ ကိုသန့်ဇင် အသိတယောက်နှင့်စပ်မိ၍ ၎င်းချောင်ထဲ လက်ဖက်ရည်ဆိုင် တဆိုင်တွင် ပိုကာကစားမိကြသည်။ ယင်းပိုကာဝိုင်းမှာ အစိုးရစုံထောက်တယောက်ပါသည်တဲ့။ ဤကစားဝိုင်းကို ဦးသိန်းမောင်ကြီး ဒရိုင်ဘာကမြင်၍ သူ့ဆရာကြီးသွားတိုင်တော့ အဖိုးကြီးဒေါ်ပွလေသည်။ သူ့ဘက်ကသူတွေးရာ၌ ဒီကောင်လေးတွေ ငါ့ဆွေမျိုးယောင်ဆောင်ပြီး ငါ့ကို ဂျပန်ဘက် ပါနေလေသလား အင်္ဂလိပ် အစိုးရကစုံစမ်းခိုင်းတာ ဖြစ်နိုင်သည်ဟု သူ့တွင်သံသယဝင်ကြောင်းသိရသည်နှင့် သူကလည်း ကျွန်တော်တို့အား အတွေ့မခံတော့ဘဲ သူကိုယ်သူ ကာကွယ်ရန် ကျွန်တော်တို့ တစုံတခုပြု ကောင်းပြုနိုင်သဖြင့် တကယ် ဒုက္ခရောက်မှာက ကျွန်တော်တို့ဖြစ်၍ ထိုညဘဲ စစ်ကိုင်းမှ ကျွန်တော်တို့အမြန်လစ်ခဲ့ရတော့သည်။

နှောင်းကာလ ကျွန်တော့်အဖေနှင့်အတူ သူ့အိမ်သို့ရောက်သွား၍ ရေးဖြစ်ဟောင်း ပြန်ပြောင်းရှင်းလင်းပြတော့ သူရယ်မောပါသည်။ ကျွန်တော်တို့အား **Human Bullet** (လူကျည်ဆန်) လေးတွေဟုပြောပါသည်။ နောင် ကျွန်တော်စာရေးဆရာဖြစ်၍ အစိုးရညှော်ခံပွဲ၊ သံရုံးညှော်ခံပွဲများ၌ တွေ့ရတော့လည်း ကျွန်တော့်အား 'လူကျည်ဆန်လေး'ဟုဘဲ ခေါ်လေ့ရှိပါ သည်။

ဤအရာသည် နှောင်းကာလ၌ ရယ်စရာဖြစ်ခဲ့သော်လည်း အတိတ်ကာလမူလအချိန် တုန်းကမူ သေရေးရှင်ရေးကိစ္စကြီးပါပေ။ နေဝင်ခါနီးဒါကိုသိသည်၌ ကျွန်တော်တို့မှာ စစ်ကိုင်းတွင် နံနက်မိုးသောက်အောင် မနေဝံ့တော့ဘဲ ညကြီးမင်းကြီးမှာပင် ဘယ်လှေသမားမှလည်း အောက်ဖက် သို့စုန်ရန် ငှားမရတော့သဖြင့် လူလစ်သော တနေရာ၌ ငှက်သမ္ဗာန်တစီးကို ကြိုးဖြုတ်၍ ရေစီး၌ စုန်ဆင်းခဲ့ပါသည်။

ယင်းလှေပုံသဏ္ဍာန်သည် ကျွန်တော်တို့ ရန်ကုန်'ဆိပ်ကြီးနှင့် ခနောင်တို စီးပါလို့ကြို၊ လူညိုညို ကိုခေါ်တော မင်းလှလူချော' ဆိုသော နွယ်စိုး၏ကဗျာထဲက ခေါ်တော်ခတ်သော သမ္ဗာန်မျိုးပင်ဖြစ်သည်။ ဒါမျိုးကို ကျွန်တော်တို့က ရန်ကုန်တဖက်ကမ်းသွားရင်း စီးဘူးကြသဖြင့် ခေါ်တောတွေ ခတ်ပုံမြင်ဘူးထားသည်။ ၎င်းတို့နည်းအတိုင်း ပဲ့ကိုပေါင်ကြားသွင်း၍ တက်နှစ်ခု ကို အခတ်ကျင့်ရာ ရေစုန်မှာ ချာလည်ချာလည်ချည်း မျောခဲ့ရင်း တစတစနှင့် သူ့သဘောကို လက်ထဲတွေ့လာပြီး နောက်ဆုံးမှကိုယ်လိုရာ ထိန်းသိမ်းနိုင်သော အဖြစ်သို့ ရောက်သွားလေ၏။

ရေးစကားသည် 'ခတ်ကွင်းပြင်ရတာနဲ့ ရွာသစ်ကြီးရောက်သတဲ့'။ သူသည် ဘယ်ကစပြီး ပြင်ခဲ့သည်မသိရပါ။ ကျွန်တော်တို့မူ စစ်ကိုင်းက သမ္ဗာန်ကျင့်ခဲ့ရာ ရွာသစ်ကြီးကျော်မှ မတောက်တခေါက် တတ်ကြပါ၏။ သို့သော် ခရီးရှည်တော့ စွမ်းနိုင်ကြမည် မဟုတ်၍ နံနက်မိုး သောက်တွင် အောက်ဖက်သို့ စုန်ဆင်းနေသော ပိန်းကောလှေကြီးတစီး မြင်သဖြင့် ကျွန်တော် တို့လှမ်းခေါ်ပြီး သူတို့လှေကြီးပေါ်သို့ ကူးခဲ့ကြပါသည်။ ကျွန်တော်တို့စီးခဲ့သော သမ္ဗာန်ကို သူတို့လှေဘေး ချည်ပေးလိုက်ပါသည်။

ကျွန်တော်တို့ခရီးကို ပြောပြတော့ သူတို့လှေကြီးသည် ရောဝတီမှ ချင်းတွင်းမြစ်ကိုချိုး၍ ရေစကြိုသို့ သွားမည်ဖြစ်သောကြောင့် ကျွန်တော်တို့အား ချင်းတွင်းမြစ်ဝအနီး၌ရှိသော သမြိတ် ခုံအထိလိုက်ခဲ့ပြီး ထိုမှပခုက္ကူသို့ သွင်းသင့်ကြောင်း လမ်းညွှန်ပါသည်။

မြန်မာပြည်ရှိ ကျွန်တော်သိသမျှ လှေထဲတွင် ပိန်းကောလှေသည် အလှဆုံးထင်ပါသည်။ သူသည် ဝမ်းလယ်ပြန့်ပြန့် ဦးမော့်မော့်၊ အမြီးထောင်ထောင်နှင့် ဟသ်ာရုပ်နှင့် တူပါသည်။ ကျွန်တော်တို့စီးခဲ့သော ပိန်းကောလှေကြီးမှာ အိမ်ထောင်စုကုန်သည်လှေကြီးဖြစ်ပါသည်။ လှေသူကြီး

လှေထိုးသားများအပြင် လှေရှင်(လှေသူကြီး)၏သားမယား၊ ကလေးမြေးငယ်များ လည်းပါသည်။ အိမ်ထောင်သုံးပစ္စည်းလည်း အပြည့်အစုံ၊ ခရီးသွားရင်း မိန်းမသားတွေ အလုပ် ဖြစ်နိုင်သည့် အပ်ချုပ်စက်၊ ယက္ကန်းစင်၊ ရစ်ခုံ၊ ခြားရဟတ်တို့ပါသည်။ အိမ်ထောင်၏ တန်ဆာ ဖြစ်သော ကြောင်နှင့်ကြက်များလည်း ပါခဲ့သေးသည်။ ဘဲတောင်ခေါ်လှေကုန်းပတ်ပေါ်၌ အိုးများနှင့် တန်းစီ စိုက်ထားသော ပန်းပင်ရွက်ပင်များလည်းရှိသည်။ ဤလှေကြီး (ဝါ)ဤခရီး သွား အိမ်ကြီးသည် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရိုးတလျှောက်မှာ တမြို့တမြို့ထွက်နှင့် ဒေသအလျှောက် ရှားကုန် ရောင်း၍ ပေါကုန်ဝယ်ကာ စုန်ချည် ဆန်ချည် ကူးသန်းလျက်ရှိချေ မည်။ တွေးကြည့်၍ပျော်စရာကြီး။

ကျွန်တော်တို့သည် ဤလှေကြီး၏ ခရီးသည် (ဝါ)ဤအိမ်ကြီးနှင့် ညှိသည်အဖြစ်နှင့် တနေ့တာလိုက်ခဲ့ကာ ညနေ ဆမြိတ်ခုံရောက်သည်၌ ဆင်းခဲ့ကြပါတော့သည်။

ဆမြိတ်ခုံသည် ရွာငယ်ကလေးဖြစ်ရာ ဝယ်ခြမ်းစားသောက်စရာ ဆိုင်မရှိ၍ မြစ်ကမ်း ဘေးရှိ တံငါအိမ်လေးတခုတွင် ကျွန်တော်တို့က ငွေကြေးပေးကာ ချက်ပြုတ်စေပြီး ထိုညအိပ်ကြ၏။ နောက်တနေ့နံနက်မှာ ခရီးဆက်ခဲ့ကြသည်။

နွေရာသီ၏ ချင်းတွင်းမြစ်ရေသည် ပုလင်းရောင်ကဲ့သို့ စိမ်းမြနေ၏။ ကြည်လင်လှ၏။ အေးသော အသွင်ဆောင်၏။ ထိုရေကို မြင်လျှင် ကိုင်ချင်စိတ်၊ သောက်ချင်စိတ်ပေါ်လာမိသည်။

ချင်းတွင်းနှင့် ဧရာဝတီမြစ်ဆုံ တြိဂံမြေမှနေ၍ ကြည့်လျှင် ဧရာဝတီမြစ်ထဲတွင် ထင်ရှား စွာ ခွဲခြားနေသော ရေနှစ်မွာကို မျက်စိတဆုံး လှမ်းမြင်နေရသည်။ အကြောင်းမှာ ချင်းတွင်းမြစ် ထဲမှ စီးထွက်သွားသော ရေသည် မိခင်မြစ်မကအတိုင်း ပုလင်းရောင်စိမ်းမြလို့။ ဧရာဝတီမြစ်ကတော့ ဖြူဖွေးလို့။

ကျွန်တော်တို့သည် ဆမြိတ်ခုံရွာမှ ထွက်ခဲ့ကြသောအခါ ရောနှင့် သလ္လာနှစ်ခုကြား ရောက်နေပေသည်။ ထိုမှ ကူးတို့လှေဖြင့် ချင်းတွင်းမြစ် အနောက်ဖက်ကမ်းကို ကူးခဲ့ပြီး ခရီးသွား လှည်းကြုံများ နောက်ရောင်ခံလိုက်ခဲ့ကြ၍ ညနေ ပခန်းကြီးသို့ရောက်သည်။ ပခန်းကြီး မှာ စာကြည့်တိုက်ကလေးတခု၌ ညကင်းစောင့်လူငယ်များနှင့် တညအိပ်ပြီး နောက်တနေ့မှာ ငရုပ်ခင်း၊ ကြက်သွန်ခင်း၊ ဆေးခင်း၊ ပြောင်းခင်းတို့ကို ဖြတ်သန်းလျက် လယ်ကန်သင်းရိုးလမ်း ဖြင့် လှမ်းမြင်နေရသော ပခုက္ကူမြို့ ညိုတိုတို့ဆီသို့ ခြေလျင်ကြိတ်ခဲ့ကြသည်။ ကျွန်တော်တို့မှာ ရေဗူးသာပါ၍ အစာမပါခဲ့။ လမ်းတွင်ဆာလျှင် ပြောင်းဖူးစိမ်းနုနုတွေ ချိုးစားရသည်မှာ အရသာ ရှိလှသည်။ ထိုညနေ ပခုက္ကူမြို့သို့ ရောက်သည်။ ယင်းအချိန်၌ ဂျပန်တပ်များ ပခုက္ကူမြို့သို့ ရောက်နေကြပေပြီ။ ကျွန်တော်တို့ထက် တရက်သာစော၏။ ထိုအချိန်တွင် ပခုက္ကူမြို့သားများ

နေသားတကျ မရှိကြ။ ကျွန်တော်တို့ မိတ်ဆွေများသည် မြို့အနောက်ဖက် 'ချောင်'၌ ရောက်နေကြ၍ သူတို့ရှိရာ လိုက်နေကြသည်။

ပခုက္ကူမှ ရန်ကုန်အပြန် ခရီးကား ဂျပန်လက်အောက် အေးဆေးစွာ ရောက်နေကြပြီဖြစ် ၍ ဘာမျှ အခက်အခဲမရှိတော့ဘဲ လမ်းပန်းဆက်သွယ်မှု ယာဉ်များ ကောင်းစွာရပြီ ဖြစ်တော့၏။

ယင်းသို့လျှင် ကျွန်တော်တို့၏ ဘာမျှအရာမရောက်သော စွန့်စားခန်းကြီး ပြီးဆုံးခဲ့လေသည်။ သို့သော် မစ္စတာ အောက်တိုကားဝါးက ကျေနပ်ပါ၏။ သူဦးတည်လှုတ်လိုက်သည်မှာ ပခုက္ကူမြို့တွင်သာ ဖြစ်၍ ကျွန်တော်တို့က စစ်ကိုင်းအရောက်၊ ထိုမှ မေမြို့အနီးစခန်းနှင့် ကသာအထိပင် သွားဘို့စီစဉ်ကြကြောင်း ပြောတော့သူက ချီးမွမ်းစကား ပြောပါသေးသည်။

ကဲ၊ ကျွန်တော်တို့ရှေ့ဆက် ဘာလုပ်ကြမည်နည်း။

စင်စစ် ကျွန်တော်တို့သည် ဂျပန်၏ သူကောင်းပြုခံလို၍ သူခိုင်းရာစွန့်စားလုပ်ကိုင်ခြင်းဖြစ်ပါသည်။ သို့ရာတွင် သူတို့ဘက်က (ကျွန်တော်တို့ဆန္ဒလည်းသိမည်ဖြစ်၍) ပြုချင်ဦးတော့ တိုင်းပြည်နေသားတကျမရှိသေး။ အစိုးရအုပ်ချုပ်ရေးမှလည်း မဖွဲ့ရသေးသဖြင့် မည်ကဲ့သို့ ရာထူးရာခံများ ပေးအပ်ပါမည်နည်း။

သို့သော် မစ္စတာအောက်တိုကားဝါးသည် ကျွန်တော်တို့အား လက်လွှတ်စပယ်မပြုပါ။ သူတို့ဌာနချုပ် (ဘုရင်ခံအိမ်ကြီး)၌ကျွန်တော်တို့ကို ရုံးတက်စေကာ နောင်တွင် အုပ်ချုပ်ရေး ဘက်မှာ ကျွန်တော်တို့အား ရာထူးခန့်ရန် ရည်ရွယ်သည် ထင်ပါ၏။ ဥပဒေစာအုပ်ကြီးများကို လေ့လာစေပါ၏။ ယင်းဥပဒေစာအုပ်ကြီးတွေကား ဂျပန်သည် ကမ္ဘာတွင် အခြားပြည်ကို စျေးဦး ပေါက်အုပ်ချုပ်ရမည်ဖြစ်၍ ပြည်ပအုပ်ချုပ်ရေးတို့တွင် ရေးဆွဲပြီးသားရှိမည်မဟုတ်။ အင်္ဂလန် ဘုရင်ခံ၏ အိမ်တော်မှ အင်္ဂလိပ်ဥပဒေစာအုပ်ကြီးတွေပါ။ ထိုစဉ်၌ ဆေးတက္ကသိုလ်တွင် ဆရာဝန်သင်တန်း ဒုတိယနှစ်ဖြစ်သော ကိုသန့်ဇင်သည် မည်သို့နေမည်မသိရသော်လည်း အင်္ဂလိပ်စာအလွတ်ပညာ နှစ်နှစ်ခွဲမျှ သင်ရသေးသော ကျွန်တော့်မှာမူ ဤစာအုပ်ကြီးတွေ ဟန်တလုံးပန်တလုံးနှင့် လှန်ဖတ်လိုက်တော့ ဒါကအေ၊ ဒါက ဘီ၊ ဒါက စီ စသည်ဖြင့် အင်္ဂလိပ် အက္ခရာ ၂၆လုံးမှတပါး ဥပဒေစကားသုံးတွေ၏ အဓိပ္ပာယ်ကို ဘာမျှ မည်မည်ရရ နားမလည်ပါ။ ထိုအချိန်တွင် မြန်မာပြည်ကို စီမံအုပ်ချုပ်ရန် စိုင်းပြင်းနေကြသော ဤဂျပန်အစိုးရဌာနချုပ် ရုံးကြီးမှာ မြန်မာလူမျိုးဆို၍ ကျွန်တော်တို့နှစ်ယောက်သာရှိပါသည်။

ယင်း၌ ကိုယ်မစွံသော ကိစ္စတွင်ကြာရှည်စွာ သည်းမခံနိုင်။ ဟန်မဆောင်တတ်သော ကျွန်တော်သည် ကိုသန့်ဇင်အား ဖွင့်ပြောပြီး လစ်ကြစို့ဆိုတော့ သူကလည်းသဘောတူကာ မစ္စတာ

အောက်တိုကားဝါးထံ ခွင့်ပန်တော့ သူ့ခမျာလည်း ငါပင့်မိတဲ့ဂြိုဟ်နှစ်လုံး သောက်သုံးလဲမကျ။ ခုလိုကြွမယ်ဆို ဟန်ကျလှပေ့ါဟု ယူဆပေမည်။ နောက်နောင် အကူအညီလိုပါက သူ့ထံ အချိန်မရွေးလာနိုင်ပါကြောင်း လောကဝတ် စကားဖြင့် ဝွတ်ဘိုင်လိုက်ပါ၏။

## ကိုယ့်ဘဝကိုယ့်လမ်းကြောင်း

ကျွန်တော်သည် ဤဘာမဟုတ် ညာမဟုတ် လုပ်မိလုပ်ရာ ကမြင်းကြောထခဲ့ပြီးနောက် ဘာမျှ ရှေ့ဆက်လုပ်စရာ မတွေ့တော့သဖြင့် ဇာတိဌာနေ မွေးရပ်မြေသို့ ပြန်ခဲ့ကာ ကိုယ့်မိဘ အိမ်မှာ အေးချမ်းစွာနေလိုက်ပြန်၏။ သို့ရာတွင် ကိုယ့်ဘဝ၏ သွားရမည့်လမ်းကြောင်းကား ဖန်ပြီးသား ဖြစ်ချေမည်။ ထိုအချိန်သည် မေလ မိုးဦးကျတော့မည်ဖြစ်ပေရာ သားကြီး ဩရသ ရယ်လို့ အားကိုးရှာသော မွေးသဖခင်က တမိုးတွင်းစာ ငွေရုပ်၊ ကြက်သွန်များ ဝယ်ရန် ငွေ၂၀ဝိ ပေး၍ ညောင်စာရေးသို့ လွှတ်လိုက်ပါ၏။ ထိုအချိန်မှာ ဂျပန်ငွေမဟုတ်သေး။ အင်္ဂလိပ်ငွေ။

ညောင်စာရေးမှာ ပြည်မြို့အောက်ဖက် ငရုပ်ကြက်သွန်ထွက်သော မြစ်ကမ်းပါး ရွာကလေး ဖြစ်၏။ နောက်တနေ့နံနက်ခင်းမှာ ပေါင်းတည်မှ ပါခဲ့သော (ဤညောင်စာရေးရွာ ဇာတိ) ဦးကြီး ဖိုးချစ်နှင့်အတူ ဟိုဘက်ကမ်း ထုံးဘိုရွာကို ရောက်ဖူးအောင် မြစ်ကမ်းပါးယံတွင် ကျောင်းသားထွင်း ဆင်းတုတော်များနှင့် တောအုပ်ထဲမှာ မျောက်တွေပေါများသော အကောက်တောင်ကို တက်ကြည့်ရ အောင်ဆိုပြီး လှေနှင့်ကူးခဲ့ကြတော့ ရေးပြီးသားမို့ ထပ်မံ မဖော်ပြလို တော့ပါ။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ ရန်ကုန်မြို့ကို ဂျပန်ပထမဦးဆုံး ဗုံးကြဲစဉ်က ကျွန်တော့်ရင်ခွင်ထဲ ခိုအောင်းခဲ့သော ကျွန်တော့်လူပျိုဘဝ၏ နောက်ဆုံးရည်စားနှင့် ပထမဦးဆုံး ဇနီးလောင်းလျာဖြစ်သော နော်မာကို ဤထုံးဘိုရွာတွင် လုံးဝမမြော်လင့် မတွေးထင်ဘဲနှင့် ဘွားကနဲ တွေ့ရပါလေ၏။

သူတို့သည် ရန်ကုန်မှ ပထမ တညင်သို့ ပြေးကြသည်။ ထိုမှပန်းတောင်း၊ ရွှေတောင် တိုက်ပွဲကြောင့် ပန်းတောင်းပျက်တော့ ဤထုံးဘိုရွာ။ သူတို့နေရတာမှာ အိမ်မဟုတ်။ ဖုန်းကြီး ကျောင်းဇရပ်။ ယင်းမှ သူတို့ဆွေမျိုးတော် ပန်းတောင်း ဌာနအုပ်ဦးမောင်ကလေးကို အကြောင်း ပြု၍ ဦးမောင်ကလေးတို့ အိမ်သားတစုက ဇရပ်တဆောင်၊ သူတို့က ဇရပ်တဆောင်၊ ဘေးချင်း ကပ်လျက် နေကြသည်။ ထိုအချိန်တွင် သူတို့မိသားစု၌ အကြီးဆုံးသားက ၁၆နှစ်မျှရှိသေး၍ ခေတ်ပျက်ထဲတွင် ယောက်ျားကြီး အားကိုးရာမဲ့နေခြင်းဖြင့် ကျွန်တော့်ကို လူလူသူသူလုပ်၍ သူတို့အမေက ကျွန်တော့်အား နော်မာ့ရည်စားအဖြစ်နှင့် လက်ခံခြင်းဖြစ်သည်။ နို့မဟုတ်လျှင် ခေတ်လည်းမပျက် ရန်ကုန်မှာဘဲဆိုပါက သူတို့ကိုယ်သူတို့ ဗိုလ်ကပြားလုပ်၍ သွေးနထင် ရောက်နေသူများက

ကျွန်တော့်လို တောသား ငပါမွှားအား အနားမျှသီခွင့်ရမည်မဟုတ်။ လူ့ကံ ဆိုတာ ဒီလိုဘဲပေါ့ခင်ဗျာ နော်။ ကျွန်တော့်မှာလဲ အဲသည်ခေတ်အလျောက် ဒီလိုဂါဝန်ဝတ်မျိုး ရမည်ဆိုတော့ တော်လှပေါ့။ ဟယ် တယ်ထူးချွန်တဲ့ ငါ့သားဆိုပြီးပါလာတဲ့ဦးကြီးနဲ့ အဖေ့ဆီ စာတစောင်ရေးလိုက်တယ်။

အဖေ

ကျွန်တော်ဒီမှာ ရည်းစားနဲ့တွေ့နေလို့ ပြန်မလာတော့ဘူး။ အဖေပေးလိုက်တဲ့ ငွေ ၂၀ဝိ ဟာ မင်္ဂလာစရိတ်ပဲ ဆိုပါတော့ အဖေရယ်။ ငရုပ် ကြက်သွန်ဟာ ဒီမှာလဲ သိပ်မထူးပါဘူး။ ပေါင်းတည်မှာဘဲ ဝယ်ပါတော့။

ကျွန်တော့်အတွက် အစစအရာရာ ဘာမှမပူပါနဲ့တော့။ ကျွန်တော့်အသက် ၂၀ ကျော်ပါ ပြီ။ ကိုယ့်ခြေထောက်နဲ့ကိုယ် ရပ်နိုင်ပါပြီ။

အဖေစိတ်ချမ်းသာပါစေ

သားမောင်

ဘာမဆိုထင်ရာလုပ်တတ်တဲ့ ကျွန်တော့်စိတ်သိနေတဲ့ ကျွန်တော့်ဦးကြီးဟာလဲ ဘာမျှ မပြောတော့။ ပြန်သွားတယ်။ ကျွန်တော့်အဖေကကော (ဤအချိန်မှာ ကျွန်တော့်အမေကား မရှိ တော့ပြီ။) ဆူဆူပူပူလုပ်ပြီး လိုက်ခေါ်မယ်များ အောက်မေ့သလား။ မလုပ်ပေါင်။ ခပ်အေးအေးဘဲ သူက ဗေဒင်သမားခင်ဗျ။ ကျောက်သင်ပုံးလေးတချပ်နဲ့ သားသမီးတွေ ဇာတာကို ဗေဒင်နှင့် တွက်ကြည့်လေ့ရှိတယ်။

ကျွန်တော့်ကို ''ဒီကောင် ဒီနှစ်ထဲမှာ မိန်းမရမယ်။ မိန်းမရပြီး ဆင်းရဲရမယ်''

နို့ပြီး ကျွန်တော့် ဇာတာမှာက အိမ်ထောင် သုံးဆက်ရှိတယ် သူတွေ့ထားလေတော့ ဒီကောင် ခုမိန်းမတယောက် ရရုံနဲ့တော့ ဘယ်နည်းနဲ့မှ မသေနိုင်သေးဘူးဆိုပြီး ကျွန်တော် ဘယ်သွားသွား ဘာလုပ်လုပ် ကျွန်တော့် အသက်အန္တရာယ်ကိုတော့ စိတ်ချနေတာပေါ့ ခင်ဗျာ။

## ရည်းစားနှင့် ယောက္ခမလောင်း

အဲသည်အချိန်မှာ ကျွန်တော့်အသက်က ၂၃နှစ်။ ကျွန်တော့်ရည်းစားက ၁၄နှစ်။ ယောက္ခမလောင်းကြီးက ၄၀လောက်။ သုံးယောက်သား တယ်ပြီးကြည်ဖြူလိုက်ကြ။ အချစ်ခင်ဆုံးသော သမယလို့ ဆိုရမယ်ပေါ့။ ဥပမာ ဘာနဲ့တူသလဲ ဆိုတော့ ရုပ်ရှင်ဇာတ်ကားတကား ရိုက် မယ်လို့ မင်းသား မင်းသမီးအသစ်ကလေးတွ ဇာတ်တိုက်နေကြသည်နှင့် တူသပေါ့။ ကျွန်တော့် ယောက္ခမလောင်းလျာက ဒါရိုက်တာကြီး။ ဒါရိုက်တာသစ်။

ကျွန်တော့်အဖေ ပေးလိုက်တဲ့ ငွေစက္ကူကြက်သွန်ဘိုး ၂၀ဝိ ပျော့ပျော့လောက် ကျန်တော့ တဲ့ ၁၉၀ိ ကို ဒါရိုက်တာကြီးလက်ထဲ ပေးအပ်လိုက်တယ်။ ကျွန်တော်သူတို့ဆီရောက်ပြီး ရက်အနည်းငယ် ကြာတော့ ဒါရိုက်တာက ဒို့များ ဒီအတိုင်း ထိုင်စားနေလို့တော့ မဖြစ်သေးဘူး။ ကုန်အရောင်း အဝယ်လေးတော့ လုပ်ဦးမှဘဲဆိုပြီး လှေတစင်းငှားလို့ သူတို့ဆွေမျိုးများ ရှိတယ် ဆိုတဲ့အထက် သရက်မြို့ကို ကျွန်တော်တို့ သားမက် ယောက္ခမလောင်းလျာနှစ်ယောက် ရေကြောင်းက လှေလောင်း နဲ့ တက်ခဲ့ကြတယ်။ လှေကခပ်ငယ်ငယ်။ လှေသမားက ဦးထိုင်နဲ့ ပဲ့ကိုင်နှစ်ယောက်ပဲ ပါခဲ့တယ်။ လေကြောင်း သင့်လျှင် ရွက်တိုက်။ လေမရလျှင် ကမ်းနားကပ် ပြီး ရေသာက လှော်ခဲ့ကြတယ်။ ပြည်အထက် ပြလို့ (ပျောင်းဖူး နာမည်ကြီးတဲ့ ပလို့) ရောက် တော့ တညအိပ်ကြရတယ်။ လှေသမား နှစ်ယောက်က ကမ်းစပ်သောင်ပေါ် ဆင်းအိပ်ပြီး ကျွန်တော်တို့က လှေပေါ် ပေါင်းမိုး လေးထဲမှာ ခေါင်းအုံး အနိမ့်အမြင့်ထားပြီး အိပ်ကြပါတယ်။ မိခင်မရှိတော့တဲ့ ကျွန်တော့်စိတ်ထဲမှာ အမေစား ရနေပြီလို့ ဝမ်းသာနေပါတယ်။

သရက်မြို့ရောက်တော့ သူတို့ဆွေမျိုးများဆီ သုံးရက်လောက်နေပြီး အပြန်မှာ ရရာကုန် ငရုပ်သီး (ပိသာချိန် မမိုတ်မိတော့။) ရှစ်အိတ်ဝယ်ခဲ့ပါတယ်။ ထုံးဘိုပြန်ရောက်တော့ ဈေးမကိုက်ဖူး။ အမြတ်အလွန်နည်းနေတယ်။ ဒါကို ဒို့လူသစ်မို့ တမင်နှိမ်တာဘဲ ဒီမှာ မရောင်း ရချင်နေ။ ဒို့ရန်ကုန်ရောက်မှ ရောင်းမယ်ဆိုပြီး လူလည်နှစ်ယောက် တင်းခံနေလိုက်ကြတယ်။ ငရုပ် ကြက်သွန်တို့မည်သည် အိတ်ထဲထားက အလိုလိုပျက်စီးနေကြတယ် ဆိုတာကိုမသိဘူး။ မိုးလုံ လေလုံရင် အကောင်းပကတိဘဲ ရှိနေလိမ့်မယ်လို့ အောက်မေ့ကြတာကိုး။

သဟာနဲ့ ကျွန်တော်တို့ဟာ ကုန်အဝယ်ကို သည်တခေါက်နဲ့ရပ်ပြီး မရောင်းရဘဲ နေလိုက်ကြရတယ်။

အဲ မိုးဦးဖြိုင်ဖြိုင်ကျ ဂျူလိုင်လရောက်တော့ မြန်မာတပြည်လုံး ဂျပန်များ အုပ်စိုးပြီးပြီ။ ရန်ကုန်မှာလဲ ငြိမ်သက်အေးချမ်းလို့မြို့နေလူများ ပြန်လာကုန်ကြပြီဆိုတဲ့ သတင်းကြားရတော့

ကျွန်တော်တို့ဟာ လှေတစင်းငှားပြီး မြစ်ကြောင်းက စုန်ခဲ့ကြတယ်။ လှေငှားခက ရန်ကုန် အရောက် တရာကျပ်ဘဲ။

စင်စစ် ယောက္ခမလောင်းကြီး စျေးသက်သာအောင် ရွေးငှားတဲ့လှေဟာ ဝန်စည်စလယ် တွေနဲ့ လူဦးရေနဲ့ ကျဉ်းနေပါတယ်။ သူ့သားသုံးယောက်၊ သူ့အမေကြီးတယောက်နဲ့လူပေါင်း ခုနှစ်ယောက်။ အဝတ်သေတ္တာ၊ အိုးခွက်ပန်းကန်ထည့်တဲ့ တောင်းတွေခြင်းတွေနဲ့၊ ငရုပ်သီးက ရှစ်အိတ်နဲ့။ ပြွတ်သိပ်နေတာပါဘဲခင်ဗျာ။

ရာသီကလဲ မိုးတွင်း။ တချို့နေရာမှာ တခါတရံ လှိုင်းလေကလဲ ထန်ပါဘိသနဲ့။ တကယ် စဉ်းစားဥာဏ်ရှိမယ်ဆိုရင် တရာ့ငါးဆယ်ဆိုတဲ့ လှေခပ်ကြီးကြီး ငှားဘို့ကောင်းသပေါ့။ သို့သော် ကျွန်တော်တို့ရဲ့ဘဝ ဇာတ်ကားသစ်မှာ သူဒါရိုက်တာဘဲကိုဗျာ။ သည်လို ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ဘဲ လမ်းခရီးတလျှောက်မှာ မိုးရွာလိုက်၊ နေပူလိုက်၊ ပေါင်းပြင်ဘက်လူက ထီးဆောင်းလိုက်နဲ့ ပါလာလိုက်ကြတာ လှေဆရာကြီးရဲက အိမ်ကနေ မြို့ငယ်မှာ တည၊ အိမ်မှာတည၊ တွံတေး တူးမြောင်းထဲမှာ အချိန်မတော်လို့ ရှေ့မဆက်နိုင်သဖြင့် လှေပေါ်မှာ ခြင်ကိုင်လှသောကြောင့် လုံးဝအိပ်မပျော်နိုင်တာက တည။ ပေါင်းသုံးညနဲ့ ရန်ကုန်ရွှေမြို့တော်ကို ရောက်ခဲ့ကြပါတော့ သည်။

ရောက်စမှာ ကျွန်တော်ဟာ အူကြောင်ကြောင်ဘဲ။ သူ့အိမ်ထက်ဝယ် သားမက်မမယ် ဆွေမန္တယ်ဘဲ။ အဲသည်အချိန်တွင် ယခင်က အင်္ဂလိပ်စာသင်ခဲ့သော ကျွန်တော်ရဲ့ ကျောင်းဘော်ဒါ အိမ်က လူများလဲ ပြန်ရောက်နေကြတော့ ဘေးချင်းယှဉ်တဲ့သည်နှစ်အိမ်မှာ ကျွန်တော် ဘယ်အိမ် နေရမလဲ ဝေခွဲလို့မရသေးဘူး။

''မင်းတို့ချင်း ညားပလား'' ကျွန်တော့်အား မေးကြသည်။

''ဟင့်အင်း၊ မညားသေးဘူးဗျ''

''သူ့အမေကြီးကကော ပေးစားမယ်ပြောသလား''

''ပါးစပ်ကတော့ မပြောသေးဘူးပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ကို သမီးရည်းစားလို နေခွင့်ပြုထားတာဘဲ''

အဲသည်လို ဇဝေဇဝါ ဖြစ်နေတုန်းမှာဘဲ နော်မာရဲ့ မောင်အငယ်ဆုံးလေးဟာ ကျွန်တော် နေတဲ့ သည်ဘက်အိမ်လိုက်လာပြီး

''ကိုကျင်ဆွေ မာမီကအိမ်မှာလာနေတဲ့''

## ကျွန်တော်မြင်းလှည်းသမားဖြစ်ရခြင်း

ဂျပန်ခေတ် ပထမဦးပိုင်း ရန်ကုန်မြို့ကြီး ပြန်လည်တည်ထောင်စ မော်တော်ယာဉ်များ ကောင်းစွာမရှိ။ ရှိသော်လည်း ဓာတ်ဆီမရ။ ထို့ကြောင့် ရန်ကုန်မြို့ကြီးကို မြင်းရထား၊ ဆိုက်ကား များနှင့် ပြန်လည် ထူထောင်ရ၏။

အဲသည်တုန်းက ကျွန်တော်တို့ မအူပင်လမ်းထဲတွင် ဗိုလ်ကတော်နှစ်ယောက်ရှိ၏။ တဦးက ကျွန်တော့်ယောက္ခမလောင်းလျာ ဂျိုးစဖီးခေါ် မစွက်စ်ဘဲရိုး။ သူ့နာမည် အများခေါ်ကြ တာကတော့ ဒေါ်ဘီ။ နောက်တဦးက မစွက်စ်ဖော်စတာခေါ် ဒေါ်ခင်ခင်။ ဒေါ်ခင်ခင်သည် မူလ အင်္ဂလိပ်ခေတ်ကပင် သူ့မောင်များအား မြင်းရထား ထောင်ပေးထားသည်မို့ မြင်းလှည်းလုပ်ငန်း ကို အကျွမ်းတဝင်ဖြစ်နေ၍ သူတို့က ကျွန်တော်တို့အရင် ရန်ကုန်ပြန်ရောက်နေလျက် မြင်းလှည်းတစီးပင် ဝယ်ထားပြီးနေသောကြောင့် ကျွန်တော့်ယောက္ခမလောင်းအား

''မဘီ စိတ်ကူးမလွဲနဲ့။ ခုနှယ် မြင်းလှည်းသာဝယ်ထောင်။ တွက်သားကိုက်တယ်။ တော့်သမက်လောင်းကို မောင်းခိုင်းပေါ့ရှင်''

အဲသည်အချိန်မှာဗျာ ကျွန်တော့်ယောက္ခမလောင်းက မြင်းလှည်းဝယ်နိုင်တဲ့ အဆင့်အတန်း မို့လို့ပေါ့။ နို့မဟုတ် မြင်းလှည်းမတတ်နိုင်ဘဲ ဆိုက်ကားဝယ်မယ်ဆိုလဲ ကျွန်တော် ဆိုက်ကားသမား ဖြစ်ရမှာဘဲ။ ဘာကြောင့်ဆို အဲသည်တုန်းက ကျွန်တော်ဟာ 'အချစ်အတွက်ဖြင့် အသက်ပင် သေသေ' ဆိုတဲ့ အရွယ်ကိုဗျ။

အနီးလိုဆိုလျှင် ကျွန်တော်ရဲ့ ပထမဦးဆုံး စာပေဗိမာန်ဆုရတဲ့ 'ဘဝထိုထို' ဝတ္ထုတိုများ ဟာ မြင်းလှည်းသမားအကြောင်းမဟုတ်ဘဲ ဆိုက်ကားသမားတွေအကြောင်း ဖြစ်နေလိမ့်မယ်ဗျို့။

စင်စစ်တော့ ၁၉၆၂ ခုနှစ်မှာ ကျွန်တော် စာပေဗိမာန်ဆုရဘို့ကို ၁၉၄၂ ခုနှစ်ကတည်းက မြင်းလှည်းသမားဘဝကို စတင်ဝင်ရောက်ခဲ့ရတာပါခင်ဗျာ။ သည်စာပေဗိမာန်ဆုရဘို့ ဘဝ အရင်းအနှီးပေးရတာဟာ မနည်းဘူးခင်ဗျ။ ဘာဘဲဖြစ်ဖြစ်လေ ကျုပ်တို့ စာရေးဆရာဆိုတာ ကျရာဘဝက အမြတ်ထုတ်ရမှာဘဲ။ ကျွန်တော့် ယောက္ခမလောင်းလျာ ပထမဦးဆုံးဝယ်တဲ့မြင်းနဲ့ လှည်းက လေးရာကျပ် ပေးရပါတယ်။ မောင်းမယ့်သူဟာ ကျောင်းသားဘဝက လာတဲ့လူသစ် လေးမို့ မြင်းစိတ်ကောင်းသဘောကောင်းလေး လုပ်ကြပါဆိုတာနဲ့ တကယ်စိတ်ကောင်း သဘောကောင်းရှိတဲ့

မြင်းလေးဘဲ ကျွန်တော်စတင်မောင်းနှင်ခဲ့ရပါတယ် ခင်ဗျာ။ မြင်းသိုး မဲမဲ ဝဝ တုတ်တုတ်ကလေးမို့ 'နက်ကြုတ်' လို့ ကျွန်တော်တို့က နာမည်ပေးခဲ့ကြပါတယ်။

နက်ကြုတ်ဟာ မြင်းသိုးဆိုပေမယ့် အင်မတန် စိတ်သဘောကောင်းရှာတယ်။ မောင်းသွားထားနေ၊ အင်မတန် ခိုင်းလို့စေလို့ကောင်းတယ်။ သူသည်လို ခိုင်းလို့ကောင်းသည်နှင့်အမျှ ကျွန်တော်က မစဉ်းစား မဆင်မခြင်ခိုင်းမိတာ ယခုထိ ကျွန်တော်ပြန်တွေးမိတိုင်း စိတ်မကောင်းဖြစ်ရပါတယ်။

စင်စစ် ကျွန်တော်ဟာ လယ်သမားရဲ့သား၊ နွားနဲ့ကြီးပြင်းခဲ့ရသူပါ။ နွားအကြောင်းသာ သိပါသည်။ နွားသည် လှည်းတွင်တနေ့လုံးတပ်၍ မောင်းနိုင်၏။ နေ့လယ်နေ့ခင်း အပန်းဖြေ ခဏလောက်သာ နားရ၏။ သို့သော် နွားနှင့် မြင်းသည် မတူချေ။ နွားသည်ထမ်းပိုးထမ်း၍ လှည်းကို တလှမ်းချင်း ရုန်းရသည်။ မြင်းကလှည်းကို လည်ပင်းရင်ပုံနှင့် ဆွဲ၍ အမြန်ပြေးရသည်။ နွားတို့မည်သည်မှာ ခရီးသွားနေရင်း အပေါ့အလေး သွားနိုင်သည်။ မြင်းတို့မှာ အလေးပါနိုင်သော်လည်း ကြင်ငယ်မစွန့်နိုင်ချေ။ စင်စစ်မြင်း၌ ဆီးသည် အလွန်အရေးကြီးပါ၏။ ခရီးသွားရင်းဆီးတည်ဘို့ကို အလွန်သတိထားရသည်။ ရပ်နား၍မှ ဆီးပေါက်ခဲနေလျှင် လေချွန်၍ပေးရ သည်။ ဆီးအနည်းအများ၊ ဝါသနားဖြူသလားလဲ အမြဲကြည့်ရသည်။ နည်းသည် ဝါသည်ဆိုပါက ဆေးကျွေးဘို့ မမေ့ပါလေနှင့်တော့။

ကျွန်တော်သည် အစ၌ ဒါတွေကို ဘာမျှနားမလည်ခဲ့။ မြင်းလှည်းမောင်း၍ ပိုက်ဆံရဘို့ သာကြည့်ခဲ့သည်။ ဤစဉ်၌ ကြည့်မြင်တိုင် သို့မဟုတ် စမ်းချောင်းမှ သိမ်ကြီးဈေးကို တမတ် (နှစ်ဆယ့်ငါးဆင့်)။ မြင်းတကောင်ကို အသွားအပြန် နှစ်ခေါက်ပေါင်း လေးချီမျှပြေးစေရာ လူ ငါးယောက် ခြောက်ယောက်တင်သည်ဖြစ်၍ ငါးကျပ် ခြောက်ကျပ်ရမှ နေ့တွက်ကိုက်သည်မည် ၏။ ကျွန်တော်သည် ဤမျှသော နေ့တွက်မရမချင်း ဘယ်တော့မှ အိမ်ပြန်မဖြုတ်ချေ။ နံနက် ငါးနာရီ ခြောက်နာရီလောက်ထွက်ခဲ့၍ နေ့တွက်မကိုက်သေးဆိုပါက နာရီပြန် တချက်နှစ်ချက် အထိမောင်း၏။ စင်စစ်မြင်းတကောင်ကို ငါးနာရီ (အလွန်ဆုံးခြောက်နာရီ) ထက်ပို၍ ရထားဝင် မှာ တပ်မထားအပ်ချေ။ မထားသင့်ချေ။ ဒါတွေကို မသိသေးသော ကျွန်တော်သည် တခါတရံ ဆဲ့တနာရီ ထိုးနေပြီ။ သိမ်ကြီးဈေးမှာ အိတ်ထဲ ငွေသုံးကျပ်သာရသေးသည်။ အပြန်လူလဲရှားပါး နေပြီ။ ဤအခါမျိုး ရေကူး၊ ကန်ဘဲ့ကိုသုံးကျပ်နှင့် လာငှားပါက ကျွန်တော်လိုက်လေသည်။ ဒီတော့ နာရီပြန် တချက်နှစ်ချက် လောက်မှ အိမ်ပြန်ဖြုတ်နိုင်တော့၏။ မြင်းကား ဖတ်ဖတ်မောလို့ လူကား နေ့တွက်ကိုက်လို့ သမီးရည်းစားမက လင်မယား မကျတကျနှင့် ပျော်လို့ရွှင်လို့။

ယောက္ခမကြီး ငွေအပ်ပြီး ကျွန်တော် မြင်းဖောင်းထဲ ပြန်ဆင်းခဲ့သောအခါ နက်ကြုတ်မှာ မောလွန်းလှ၍ မြေပြင်တွင် ခြေကားယား လက်ကားယား လဲလျောင်းကာ ဖုတ်လှိုက်ဖုတ်လှိုက် နှင့်နေရှာသည်။ ဤအရာကို ကျွန်တော့်အိမ်သားများက ဘာပြောကြပါသနည်း။ ''အေးပေါ့ကွယ် အလုပ်ကပြန်လာတော့ ခဏတုံးလုံးပက်လက်လှဲတာပေါ့''

အလုပ်သမားလူအဖို့မှန်သည်ထား၊ မြင်းအဖို့ လုံးဝမသင့်လျော်သောစကား။ စင်စစ် ရထားမှဖြုတ်သော မြင်းတို့သည် ဖောင်းထဲရောက်လျှင် ရောက်ချင်း အစာတောင်းရမည်။ စားခွက်ကို နှုတ်ခမ်းနှင့် ပွတ်ရမည်။ ထိုးလှန်ပစ်ရမည်။ လူက တော်တော်နှင့် မကျွေးလျှင် ဟည် ရမည်။ ခြေဆောင့်ခြင်း၊ ခွာပေါက်ခြင်းပြုရမည်။ သို့မှ ကျန်းမာရေးနှင့် ညီညွတ်သောမြင်း။

သို့သော် နက်ကြုတ်ကလေးကား ကျွန်တော့်လက်ထဲ ရောက်ပြီး ၃–၄လကျော်ကတည်း က ဤသို့ အစာမတောင်းနိုင်ရုံမက စည်ပိုင်းထဲအသင့်ပြင်ထားသည်ကိုပင် သူဆာလွန်းလှသော် လည်း တော်တော်နှင့် ထမစားနိုင်ရှာပါ။ အမောပြေလောက်မှ ထ၍လွေးပါ၏။

မြင်းတို့မည်သည် ကိုယ်ကိုမြေမှာ လှဲ၍ မအိပ်ဟု ဆိုကြသည်။ သို့သော်ပင်ပန်းလှသော ရထားမြင်းတို့ကား ကုလားသေ ကုလားမောပင် အိပ်ကြပါကုန်၏။ ဤစဉ်က ကျွန်တော့်မြင်း နက်ကြုတ်ကလေးမှာမူ နံနက် ၄နာရီ သူ့ကို အစာဖျော်ကျွေးသောအခါ၌ လက်နှင့်ရိုက်၍ပင် နှိုးရပါသည်။ ဤမှ သူ'ငါ'အလုပ်သွားရအုံးမှာပါလား သိလေရကား ထ၍စား၏။ ၅နာရီခွဲ ၆ နာရီ ခန့်၌ အစာကုန်သည်။ ဤအခါ၌ သူနှင့်ကျွန်တော်သည် ကျွန်တော့်မိန်းမတစ်၊ ယောက္ခမတစ်၊ သူ့အမေကြီးတစ်၊ သူ့သား သုံး။ ပေါင်း ၆ ဦးသော လူသတ္တဝါတို့ကို လုပ်ကျွေးရန် လှည်းတပ်၍ ထွက်ခဲ့ရပြန်တော့၏။

ထိုအခါဝယ် ကျွန်တော့်မှာ မူလမြင်းလှည်း သမားတို့၏ရှေ့ဝယ် ရယ်စရာဖြစ်နေပါ၏။ အကြောင်းမှာ ကျွန်တော်သည် မြင်းလှည်းမောင်းနေသော်လည်း ကျောင်းသားစိတ်မပျောက်။ ကျောင်းသားအဝတ်အစားများလည်းရှိနေ၍ လှလှပပဝတ်၏။ မျက်နှာကို ရေးခေတ် လူငယ်တို့ ထုံးစံ ပေါင်ဒါပင် သလိုက်သေး၏။ ဒါကိုသူတို့မြင်လျှင် မျက်စိဆံပင်မွေး စူးကြသည်။ လှောင်ကြ ပြောင်ကြသည်။

''ကျောင်းသားဟေ့ ဂွီ။ မြင်းသတ် ထွက်လာပြီ''

သူတို့က ကျွန်တော့်ကို ကျောင်းသားဟု ခေါ်ကြပါသည်။ ကျွန်တော်နာမည်လည်း သူတို့ မသိကြသေးပါ။

ကျွန်တော်ကြားပါသည်။ သို့သော် ဘာမျှမပြောဝံ့ပါ။ အကြောင်းမှာ ဤအခါ၌ ကျွန်တော်သည် သူတို့နှင့် ရန်မဖြစ်ဝံ့သေးတကား။ သူတို့လူစုထဲမှ ကျွန်တော်နှင့် အသိအကျွမ်း လဲမရှိသေးပါ။ ကျွန်တော်သည် ကိုယ့်ရွာမှ ၃ မိုင်ဝေးသော ပေါင်းတည်မြို့သို့ မြင်းလှည်းနှင့် ကျောင်းတက်ရစဉ် ကတည်းက မြင်းလှည်းမောင်းနည်း၊ ဇက်ပေးဇက်ယူ အရပ်အထွက် အကွေ့ အလှည့်တော့ တတ်ခဲ့ပြီးဖြစ်၍ ဒီမှာ ဘယ်သူ့မှ ဆရာမတင်ဘဲ ကိုယ့်ဖာသာကိုယ် တက်မောင်း ခဲ့သူဖြစ်ပါသည်။ သို့သော်မြင်းလှည်းပေါ် ထိုင်ပုံထိုင်နည်းတော့ တကယ့်မြင်းလှည်းသမားနှင့် မတူသေးကြောင်း နောက်တော့ ကိုယ့်ဟာကိုယ် သိလာပါသည်။

မြင်းလှည်းသမား စင်စစ်တွေ မျက်မှောက်မှာတော့ ကျွန်တော်ဟာ ရယ်စရာကြီးဘဲပေါ့။ အချိန်မတော် ၁၂ နာရီကျော်မှ ကျွန်တော်မြင်းလှည်းဖြုတ်ရန် ပြန်လာသောအခါလည်း သူတို့မှာ ညမြင်းပင် ထွက်နေကြပြီဖြစ်၍ ကျွန်တော့်ကိုမြင်လျှင်

''ဂွိ ကျောင်းသား မြင်းသတ်ပြီး ပြန်လာပဟေ့။ ဒီနေ့ ဘယ်လောက်ဖိုးများ သတ်ခဲ့လဲ မသိဘူး''

အခြားတယောက် ''မြင်းမျက်နှာထက် ယောက္ခမ မျက်နှာကြည့်ရတာဘဲကွယ်။ ဘယ် တဆယ်ထက် အောက်မလဲ''

စင်စစ် ကျွန်တော့်မှာ သူတို့ကဲ့သို့ပင် မြင်းတကောင်အတွက် ၅ကျပ် ၆ကျပ်မျှထက် ပိုမရပါ။ သို့သော် အချိန် ပိုကြာ၍မြင်းပင်ပန်းမှုမှာ ကျွန်တော်၏ မြင်းလှည်းမောင်း မကျွမ်းကျင် သေးမှုကြောင့်သာ ဖြစ်ပါသည်။ မောင်းပုံမောင်းနည်း ဈေးတောင်းပုံတောင်းနည်း ဆရာလည်း မရှိချေ။ ဥပမာ ဆိုသော် မြင်းလှည်းကို အော်ဒါပေး၍ငှားအံ့။ ဘယ်လောက်ဝေးသနည်း။ အပြန် လူရှိမည့် ခရီးလော။ အသွားအပြန်ဆိုအံ့။ အချိန်ဘယ်လောက်ကြာမည်နည်း။ တင်မည့်ကုန် အလေးအပေါ့ အမျိုးအစားကိုလည်း မေးကာ ဈေးတောင်းရသည်။

ကျွန်တော်ကား ထိုအချိန်၌ ဒါတွေကိုမသိ။ ကိုယ့်အိတ်ထဲရပြီး ပိုက်ဆံနှင့် နေ့တွက်ကိုက် ဖို့သာ ချိန်ဆတတ်လေသည်။ တခါတရံ၌ သွားရလာရမည့် ခရီးသည် ဘယ်ဆီမှန်းပင်မသိဘဲ ငှားသူ၏ 'ငါလမ်းပြပါ့မယ်ကွာ' ဆိုစကားနှင့်ပင် ပါသွားလေသည်။ သူတို့သမရိုးကျ မြင်းလှည်း သမားများကား ဤအမှားမျိုးမတွေ့တတ်ချေ။ အကြောင်းမှာ သူတို့သည် စပယ်ရာဘဝမှ ဒရိုင် ဘာဘဝကို ကူးပြောင်းကြ၏။ ကျွန်တော်ကား ယောက္ခမ၏ အရေးပေါ်ဆန္ဒဖြင့် ဒရိုင်ဘာအဖြစ် တိုက်ရိုက် ခန့်အပ်ခြင်းခံလာသူတည်း။

ထို့ကြောင့် ကျွန်တော့်မှာ စမောင်းသည့် တလအတွင်းမှာပင် ဒုက္ခလှလှတွေ့ခဲ့ဘူးသည်။ တခုသော နံနက်ခင်း ကျွန်တော့်လှည်းပေါ်မှာ ခရီးသည်များနှင့် စကော့ဈေးရှေ့ (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) ဖြတ်မောင်းစဉ် နာရီစင်ရှေ့၌ ဗိုလ်ကြီးအဆင့်အတန်းရှိ ဓားလွယ်ကြီးများနှင့် ဂျပန်ကြီးသုံးယောက်က လမ်းကိုဖြတ်လျှောက်လေသည်။ ကျွန်တော်မြင်းလှည်းမောင်း လာသောနှုန်းနှင့် သူတို့လာပုံမှာ တဖက်ဖက်က မရပ်ပါလျှင် ဦးတိုက်ဆုံဘို့ရှိနေသည်။ ထုံးစံမှာမောင်းနှင်လာသော ယာဉ်တို့ကို လမ်း၌ ခြေလျင်လာသော လူများကသာ ရပ်ရှောင်ကြသည် မဟုတ်ပါ လား။ ယခုမြန်မာပြည်တွင် တက်သစ်စ နေမျိုးနွယ်တို့က ကျွန်တော်တို့ပြည်ကို အောင်နိုင်သူအရှင်သခင်များရယ်လို့ သူတို့က မရပ်လေတော့ ကျွန်တော့်မှာ အသိနောက်ကျလေပြီ။ သူတို့သုံးယောက် ရင်ဘောင်တန်း ချီတက်အလာ တပေမျှအလို၌ ကျွန်တော့်မြင်းကို ဆွဲရပ်လိုက်ပါသော်လည်း ကျွန်တော့်မှာ မြင်းလှည်းမောင်းက မကျွမ်းကျင်သေး။ နက်ကြုတ်ကလည်း မြင်းသိုး မို့အာဘောင်ကမာသဖြင့် ချက်ချင်းတန့်ကနဲ မရပ်လေသဖြင့် ဒီဘက်ဆုံးက ဂျပန်ကြီးနံစောင်း ကိုလှည်းလက်တံနှင့် ဆောင့်ထိုးလိုက်ရာ ဂျပန်ကြီးဗိုင်းကနဲလဲလေ၏။ သည်တော့ကျွန်တော့်မှာ ရုတ်တရက် ကြံရာမရ။ ပြေးမှဘဲဟု မြင်းကိုလက်ထဲပါသော တုတ်နှင့် တအားဖိရိုက်ရာ မြင်းက သုတ်ခြေတင်ပါ၏။ သို့သော် နက်ကြုတ်သည် မြင်းပုလေး။ အပြေးကောင်းသော အမျိုးအစားမဟုတ်သဖြင့် နောက်က အတင်းပြေးလိုက်ဆွဲသော ဂျပန်စစ်ဗိုလ်ကြီးများ လက်ထဲကမလွတ်။ ကျွန်တော့်အား လှည်းပေါ်က အတင်းဆွဲချပြီး ကျွန်တော့်လက်ထဲက မြင်းရိုက်သော ဝါးနှာမောင်းကိုယူ၍ ကျွန်တော့်အား ဘယ်ပြန် ညာပြန် ရိုက်ပါတော့၏။ ကျွန်တော်က အကျိုးအကြောင်းပြောဆိုတောင်းပန်ပါသော်လည်း သူ့စကား ကိုယ်နားမလည်။ ကိုယ့်စကား သူနားမလည်နှင့်တော်တော်ခံလိုက်ရ၏။ ကျွန်တော်က တခွန်းပြောလေ တချက်ရိုက်လေ ဖြစ်နေတော့ နဘေးကလူများက ဘာမှပြောမနေနှင့်တော့ ငြိမ်သာခံနေလိုက်တော့ ဆိုသဖြင့် ကျွန်တော်လက်ပိုက်ပြီးတွေနေလိုက်ပါတော့သည်။ တခုတော်သပေ့ါဗျာ။ ကျွန်တော့်ဟာက အကောင်းစားကြာပွတ် မဟုတ်၍နို့မို့ကြာပွတ်ဆွဲလျှင် တကိုယ်လုံးခံရပေမည်။ ယခုမူ မျက်နှာ တခုတည်းသာ မြင်မကောင်းအောင်သွေးခြင်းခြင်းနီတော့မှ သူတို့ဂျပန်ခြင်းဘဲ ပြောဆိုဆွဲခေါ်သွားကြတော့၏။

နက်ကြုတ်နှင့် ကျွန်တော် ဘဝချင်းဆုံလိုက်ရသည်ကား သံသရာမှာ သူ့အတွက်လည်းမကောင်းပါ။ ကျွန်တော့်အတွက်လည်း မကောင်းပါ။

အခြား မြင်းလှည်းသမားတွေက ပြောကြ၏။ ကျွန်တော်မနက်အိမ်က မြင်းလှည်းမောင်းထွက်လာလျှင် 'ကျောင်းသား မြင်းသတ် ထွက်လာပြီဟေ့'။ နေ့ခင်းဖြုတ်လာလျှင် 'မြင်းသတ်ပြီးပြန်လာပဟေ့'။ သူတို့စကားမမှားပါချေ။ စင်စစ် ကျွန်တော်သည် နေ့စဉ်ပင် မြင်းကို တဖြည်းဖြည်းသတ်နေခြင်းဖြစ်ပါသည်။ ကျွန်တော့်မြင်း နက်ကြုတ်ကလေးမှာ ကျွန်တော့်လက်ထဲ ရောက်ပြီး

လေးလလောက်အကြာမှစ၍ မနက်အိမ်က ထွက်စဉ်သာ လှလှပပလေး ဖက်ပြေးနိုင် ၍ လမ်းတွင် ခရီးသည်တို့နှင့်မူ အနိမ့်အမြင် ့အဆင်းအတက်လိုက်၍ နေးလိုက်မြန်လိုက်ဖြင့်။ ဖြုတ်ချိန် အိမ်အပြန်၌ကား နွားသွား တလှမ်းချင်းမျှ ဖြစ်တော့သည်။

အမှန်အားဖြင့် ဤသတ္တဝါလေးကို ကျွန်တော်သည် ပိုက်ဆံရမှု တခုတည်းသာကြည့်၍ မစူးမစမ်း မဆင်မခြင် မောင်းမှုကြောင့် အမောရောဂါ ရနေခြင်းဖြစ်ပါ၏။ မြင်းတို့တွင် ဤ အမောရောဂါမျိုး ရပြီဆိုပါက ပင်ပန်းအောင်မမောင်းတော့ဘဲ အသက်သာဆုံးထားကာ ဆေးဝါး များ ကျွေးမွေးနေရမည်။ သို့သော် ဤစဉ်၌ ကျွန်တော်၏ ဘဝဇာတ်ဆရာ ကျွန်တော့်ယောက္ခမ ကားယင်းသို့ မစီမံနိုင်ဘဲ နေ့စဉ် ငွေရအောင်သာ မောင်းခိုင်းခြင်းဖြင့် ကျွန်တော့်အဖို့မှာ မယား နေစ ကြောင်သေမှ မဟုတ်ဘဲ မြင်းသေခံရသူပါတကား။

## နက်ကြုတ်အသုဘ

လေးဘက် လေးတန်စန့်၍ လည်တံကြီး စင်းစင်းနှင့် မြေမှာလဲလျောင်းနေသော နတ်ကြုတ်၏ အလောင်းကိုကြည့်ကာ ကျွန်တော်သည် သူနှင့်ကျွန်တော့်အကြောင်းကို ပြန်ပြောင်း စဉ်းစားနေမိသည်။

မြင်းရော လှည်းပါ ၄ဝဝိ (လေးရာ)သော အသပြာနှင့် ဝယ်လာသောနေ့မှာ အိမ်ရှေ့တွင် သူ့ကို လှည်းကဖြုတ်ပြီး အိမ်ထဲသွင်းလာသောအခါ ငွေဖလားထဲ၌ လက်စွပ်လက်ကောက်တို့ကို ရေစိမ်၍ အသင့်စောင့်နေသော ကျွန်တော့်ယောက္ခမလောင်းလျာကြီးက (သူ့သမီးနှင့်မညားရ သေး။) ကျွဲနွားဝယ်လျှင် ပြုလေ့ရှိသော မြန်မာလူမျိုးထုံးစံအတိုင်း မြင်း၏ဦးခေါင်းကို ရွှေရေ ငွေရေ လောင်းသည်။ ကျွန်တော်က မြင်းဇက်သွားကို ချုပ်ကိုင်ပေးထားရသည်။ အားလုံး အိမ်သားများက ဝိုင်းကြည့်နေကြသည်။ ငါတို့ကို အကျိုးပေးသောမြင်း ဖြစ်ပါစေဟု စိတ်ထဲက ဆုမွန်တောင်းကြသည်။

နက်ကြုတ်သည် သူ့ခေါင်း ရေလောင်းပြီးသော အခါ၌ ဦးခေါင်းကိုနားရွက်တွေ တဖျတ် ဖျတ် မြည်အောင်ခါလိုက်သည်။ ကျွန်တော်တို့အိမ် သူရောက်ချိန်မှာ သူ့အသက်က ရှစ်နှစ်သား လောက်ရှိပြီဖြစ်၍ မြင်းအမျိုးသည် လေးနှစ်သားကစပြီး အခိုင်းခံရသည်ဖြစ်ရာ သူသည် ဘယ်နှစ်ခါများ ရွှေရေငွေရေ အလောင်းခံခဲ့ရပါပြီနည်း။ ကျွန်တော်တို့အိမ်ကတော့ နောက်ဆုံး ပါ။ ဒါကို ကျွန်တော့်ယောက္ခမ၏ အမေကြီးက ပြောလိုက်သေး၏။

''ဟဲ့ နင်ဟိုဆင်းရဲသားအိမ်မှာလို ဒီမှာဆင်းဆင်းရဲရဲ မနေရဘူး။ ကောင်းကောင်းနေ ကောင်းကောင်းစားရတော့မယ် သိလား''

(အင်း၊ သေအောင်ခိုင်းတော့မှာ။ သေအောင်ခိုင်းတော့မှာ။)

စင်စစ် အဖွားကြီးဆိုလိုသည်မှာ တလမ်းထဲမို့ သူသိပြီး ဖြစ်သည့် နက်ကြုတ်၏ ပထမအိမ်က ခနိမိုး ထရံကာ မြင်းဇောင်းကျပ်ကျပ်ကလေးထဲမှာ နေခဲ့ရသည်။ ဟော၊ ယခု ကျွန်တော်တို့ အိမ်ကတော့ ဟိုခေတ်က ရန်ကုန်မြူနီစပယ် မြေခွဲတမ်းအရ ပေလေးဆယ်၊ ခြောက်ဆယ် သုံးနေရာစာကို အလယ်က အိမ်ဆောက်၍ ခေါင်းရင်းဘက်ကခြံလွတ်။ ခြေရင်း ဘက်က မော်တော်ကားရုံ။ ကျွန်တော် မတော်လိုက်ရသော ယောက္ခထီး ရှိစဉ်က မော်တော်ကား စီးခဲ့သကိုး။

ဟော၊ ဒီသမက်ကလေး လက်ထက်ရောက်တော့ မော်တော်ကားရုံထဲ မြင်းလှည်းဝင် တယ်။ မြင်းလှည်းမှ အခစား လျှောက်မောင်းဘို့။

ကျွန်တော်တို့ဟာ နက်ကြုတ်ကို ရောက်ပြီး နောက်တနေ့ မမောင်းသေးပါဘူး။ ရောက်စ မို့။ ပတ္တမြားသွေး တပါးကလေးကို အနားပေးပြီး အားမွေးဘို့ တရက်တိတိကြီးများတောင် ထားလိုက်သေးသဗျ။ အဲ နောက်တနေ့ မနက်လဲကျရော ကျွန်တော်လှည်းတပ်ပြီးအထွက်မှာ အားလုံးအိမ်သားများ လှည်းအနီးလာပြီး ကောင်းချီးမင်္ဂလာ ပေးလိုက်ကြပါတယ် ခင်ဗျာ။ ''ပိုက်ဆံများများရအောင် မောင်းခဲ့ကွယ့်'' ယောက္ခမလောင်းကြီး၏ မှာစကား။ ကျွန်တော်က

''ဟုတ်ကဲ့ ခင်ဗျာ့''

စဆို ယဉ်သကိုဗျ၊ မြင်သမျှ မြင်းလှည်းသမားတွေ မျက်စိထဲမှာ ကျွန်တော်ဟာ ဆံပင် မွေးစူးစရာပါဘဲ။ အဝတ်က မြင်းလှည်းသမားနဲ့မတူ။ လူလူသူသူ ပိုးလုံချည်နဲ့၊ ကုတ်အင်္ကျီနဲ့၊ လည်ပင်းက မာဖလာနဲ့၊ မျက်နှာကလဲ ဟိုခေတ်ကလူငယ်တွေ စတိုင်အတိုင်း ပေါင်ဒါအဖွေး သားနဲ့၊ ထိုင်ပုံကလဲ ကြည့်အုံးလေ၊ တယောက်တည်း မြင်းလှည်းရှေ့ခြေချပြီး အကျထိုင်လို့။

အမှန်အားဖြင့် မြင်းလှည်းသမားစစ်စစ်တို့သည် ကိုယ့်လှည်းကိုယ်တယောက်တည်း မောင်းလာသော အခါတို့တွင် ဤသို့ဘယ်တော့မှ မထိုင်ကြပေ။

မြင်းလှည်းနှင့် နွားလှည်း မတူတဲ့ အချက်ရှိ၏။ နွားသည် ထမ်းပိုးကို ပခုံးပေါ်တင်၍ ရုန်း၏။ မြင်းသည် လည်ခွေ သို့မဟုတ် ရင်သိုင်းကို လည်ပင်းစွပ်၍ ရှေ့ရင်ဘတ်ဖြင့် ဝန်ကိုဆွဲ ၏။ သည်တော့ နွားလှည်းထမ်းပိုးသည် နွား၏ပခုံးပေါ်မှာထိပြီး ပိနေရ၏။ လှည်းဦးပေါ့မနေရ၊

လေးမှဖြစ်၏။ မြင်းလှည်းကား လှည်းဦးလေးလည်း မလေး ပေါ့လည်းမပေါ့ အနေတော်ဆိုမှ ရုန်းအား ပြေးအား ပို၍ကောင်း၏။ မြင်းလှည်းသည် ဝန်ရိုးကို ဗဟိုပြု၍ ရှေ့နောက်အလေး အပေါ့ကို ချိန်ရ၏။ မြင်း၏ကိုယ်လက်ပြင်ပေါ်မှာ လှည်းလက်တံစွပ်သော ကြောတင်နှင့် ဝမ်းပတ် ကြိုးတွဲလျက်ရှိရာ လှည်းဦးလေးလျှင် ကြောတင်၊ ပေါ့လျှင် ဝမ်းပတ်ကြိုးကလှည်းကိုထိန်းထား၏။ တို့ကြောင့် သင်မြင်းလှည်းကို နောက်မှ တက်လိုက်သောအခါ နောက်သို့ အနည်းငယ်လန်သွား ပြီး အတွင်းထဲ ထိုင်လိုက်သောအခါ၌ ရှေ့ပြန်ကျသွားသည်ကို သတိပြုမိပေမည်။ ဤသို့လှည်း က လှုပ်ရှားမကစားဘဲ ရှေ့ဘက်ချည်းလေး၍ လည်းကောင်း၊ နောက်ဘက်ချည်းလေး၍ လည်း ကောင်း နေပါက ကျွမ်းကျင်လိမ်မာသော မြင်းလှည်းသမားတို့သည် ပါသောဝန်ကိုလည်းကောင်း ခရီးသည်များကိုလည်းကောင်း ရှေ့ရွှေ့ပါ။ နောက်တိုးပါဟု ပြောပေလိမ့်မည်။ ဤကား မြင်းလှည်းသဘောတရားကို နားလည်သော မြင်းလှည်းသမားပေတည်း။

ထို့ကြောင့် မြင်းလှည်းသမား စစ်စစ်တို့သည် သူတယောက်တည်း မောင်းလာသောအခါ မြင်းလှည်းရှေ့မှ ခြေချ၍ ဘယ်တော့မျှမထိုင်။ မြင်းလှည်းအလယ်ဝန်ရိုးပေါ် လောက်မှသာထိုင် ၍ မောင်းလေ့ရှိပါ၏။

စလုံးရေစ။ ကျွန်တော်က ဒါဘယ်သိအုံးမှာတုန်းဗျ။ တောသားဘဲ။ နွားလှည်းမောင်းသလို ဘဲ။ ရှေ့ကအုပ်ခဲ့တာပေါ့။ ဒါကိုမြင်းလှည်းသမား လက်ဟောင်း အကောင်းစားတွေက ကြည့်၍ ပြောင်ကြ၏။ လှောင်ကြ၏။ သူတို့သည် မည်သူ့မြင်းလှည်းကို မည်သူက ပွဲစားလုပ်၍ မည်မျှနှင့် မည်သူကဝယ်ပြီး လူသစ်မည်သူ့အား မောင်းခိုင်းမည်ကို သိကြပြီးသား။

''ဟား ဟား ရှေ့က သင်္ဘောထိုင် ထိုင်လို့ပါလား''

''မြင်းလေးတော့ တယ်ကြာမယ် မထင်ဘူး ဟေ့''

''နတ်ပြည် ကြွမှာကွ''

''နတ်ပြည်မဟုတ်ဖူး မောင် ကောင်းကင်ဘုံ ဆရာရေ''

သူတို့က ကျွန်တော့်ယောက္ခမများ ကပြားခရစ်ယန်များ ဖြစ်ကြောင်းသိကြသည်။ ကျွန်တော် လဲ သူတို့ ကျွန်တော့်ကို လှောင်ပြောင်နေကြမှန်း သိပါ၏။ သို့သော် ကျွန်တော်သည် ဘဝအစ ငယ်ရွယ်နုနယ်လှပါသေး၏။ သူတို့နှင့်မဖက်ပြိုင်ဝံ့သေးပါ။ မကြားချင်ပြုကာ ကိုယ့် လုပ်ငန်း ကိုယ်လုပ်ရပါ၏။

သည်တုန်းက စမ်းချောင်း မြင်းလှည်းဆိပ်မှာ ဗားကရားလမ်းနှင့် ရှမ်းလမ်းဖြစ်ရာ ပလိပ် တိုင် (အင်္ဂတေ ကျောက်ထီးကြီး)ကို ဗဟိုပြု၍ ဗားကရာလမ်း၌ အရှေ့ဘက် ဦးတည်သည်က ဗဟန်းဂိတ်၊ ရှမ်းလမ်း၌ တောင်ဘက် ဦးတည်သည်က ရန်ကုန်ဂိတ်။ အဲသည်တုန်းက ဗဟန်း ရော၊ ရန်ကုန်ရော မြင်းလှည်းခ တယောက် ၂၅ဆင့် (တမတ်)ဘဲ။ စမ်းချောင်းနှင့် ရန်ကုန်ဝေး၍ ဗဟန်းနဲ့က နီးသည်။ သို့သော် သည်အချိန်တုန်းက ဂျပန်ခေတ်၏ နှစ်ဦးစမှာဗဟန်းက ရန်ကုန်လောက် မစည်ကား သေးသဖြင့် ရန်ကုန်သွားခရီးသည်က ဗဟန်းထက်များသည်။

ကျွန်တော် မြင်းလှည်းမောင်း ကျင့်သားမရသေးသော ရက်များမှာ စားမေးပွဲဖြေရသော ကျောင်းသားလေးနှင့်တူပါသည်။ ကျောင်းသားလေးသည် ဘယ်ပုစ္ဆာပထမဖြေလိုက်ရမလဲ နည်းတူ ကျွန်တော်သည် ဗဟန်းဂိတ်ပဲ ထိုးလိုက်ရမလား။ ရန်ကုန်ဂိတ်ပဲထိုးလိုက်ရမလား။

နို့ပြီး ကျွန်တော်၏ ရှေ့ဦးပိုင်း အခက်ဆုံးမှာ ထိုဂိတ် တခုခုထိုးပြီး ''ဗဟန်း ဗဟန်း'' သို့မဟုတ် ''ရန်ကုန် ရန်ကုန်''ဟု အော်ပြီး လူခေါ်ရန်ပါတည်း။ စင်စစ် စွန့်စားအော်ခေါ်လိုက် တော့လည်း မည်သူ့အတွက်မျှ မည်သို့မျှ ထူးခြားသည် မဟုတ်သော်လည်း ကိုယ့်လိပ်ပြာ ကိုယ်ရှို့နေတာကို ပြောတာပါ။ နောက်ဆုံးတော့ ဝက်ဖြစ်လျှင် မစင်မကြောက်နဲ့တော့ကွာ၊ ကိုယ့်ဘဝနှင့်ကိုယ် ဒါကိုဘဲ အားရပါးရ ဟဲရတော့မှာဘဲဟု စိတ်ကိုဆုံးဖြတ်လိုက်သောအခါ၌ကား လွယ်ကူစွာဘဲ ကိစ္စမြောက်သွားတော့၏။

ပထမဦးဆုံးနေ့ ကျွန်တော် ခြောက်ကျပ်ကျော် အပ်လိုက်သောအခါ၌ ယောက္ခမလောင်း ကြီးသည် လွန်စွာကျေနပ်သွားသည်။ သူသိထားသည်မှာ စံချိန် ငါးကျပ်၊ ခြောက်ကျပ်။ ယခု ကျွန်တော်က ခြောက်ကျပ်ကျော်တောင် အပ်လိုက်တော့ တယ်တော်တဲ့ငါ့သားမက်လောင်းလေး ပေါ့။ စင်စစ်တော့ ကျွန်တော့်အား ချီးမွမ်းစရာမဟုတ်ပါ။ ကိုယ့်မြင်း ကိုယ်မညှာဘဲ လူရတိုင်းသာ တင်မောင်းနေပါက တဆယ် ကျော်တောင် ရနိုင်ပါသေး။ အမှန်တော့ မြင်းသည် မော်တော် ကားမဟုတ်။ သွေးနှင့်ကိုယ် သားနှင့်ကိုယ်။ ဝန်နှင့်အား၊ မြင်းနှင့်လေး။ သူနှင့်တန်ရာအထိုက် အလျောက်သာ ခိုင်းရပေမည်။ ဒါကို ကျွန်တော်က သတိမမူမိခဲ့ဘဲ ယောက္ခမ မျက်နှာရအောင် ပိုက်ဆံရဘို့လောက်သာ ကြည့်ပြီး ဖိခိုင်းခဲ့သဖြင့် နက်ကြုတ်မှာ ကျွန်တော့်လက်ထဲရောက်ပြီး လေးလလောက် အကြာတွင် အမောရောဂါရခဲ့တော့သည်။

အမောရောဂါဆိုသည်မှာ မြင်းသည် အလိုလိုနေရင်း မောနေ၏။ စင်စစ် ဤရောဂါရနေ ပြီဖြစ်သော မြင်းကို လုံးဝမမောင်းဘဲ ပစ်ထားလိုက်ရမည်။ သို့မဟုတ် မတတ်သာပါက သူ့အစာ ဘိုး ရလောက်ရုံသာ ဝန်ပေါ့ပေါ့နှင့် တခေါက်တကျင်းလောက် မောင်းပြီး ဆေးဝါးများ ကျွေးမွေး ကုသရမည်။

ကျွန်တော်ကတော့ ဘယ်ဟုတ်လိမ့်မလဲဗျာ။ တအိမ်သားလုံးစားဘို့ မြင်းတကောင် စံချိန်ရအောင် နေ့စဉ် အတင်းမောင်းခဲ့တော့ ခမျာလေး တုံးလုံးလဲပြီး သေပွဲဝင်ပါရောလား။

သူ့ကို ကျွန်တော် အမောင်းရပ်ရတာကတော့ မသေမီသုံးရက်လောက်ဘဲ ခင်ဗျာ့။

မနက်ပိုင်း မောင်းသောမြင်းတို့မည်သည် နံနက် ၅နာရီလောက်ထပြီး အစာကျွေးရသည်။ ယင်းမနက် ကျွန်တော်အစာကျွေးတော့ ဟောဗျ၊ ညကဖျော်ထားပေးတဲ့ အစာတွေတောင် ပုံမပျက်သေးပါကလား။ ဒါကို ယောက္ခမလောင်းကြီးနှိုးပြောတော့

''ညက မင်းအစာအဖျော်ပေးတာမှာ သူမကြိုက်တာ တခုခုပါလို့မျှားလား။ ခု အသစ်ဖျော်ပေးလိုက်ပေါ့ကွယ်''

ကျွန်တော်သည် သူ့စကားနားထောင်ပါ၏။ သို့သော် နက်ကြုတ်ကား အစာစည်ပိုင်းခွက် ကို မျက်နှာမှ မလှည့်တော့ပါ။

မနက်လင်းသော် မြင်းဆရာအကျော်ကို သွားခေါ်ပါ၏။ ဆရာကမြင်း၏ နားရွက်တွေ၊ အာခေါင်တွေ စမ်းသပ်ကြည့်ပြီး ဆေးကျွေးပါ၏။ သို့သော် နက်ကြုတ်သည် ဆေးကိုမျှ မျိုမချနိုင်တော့ပေ။

ယင်းသို့ အစာမစား ရေမသောက်ပဲ သုံးရက် နေပြီးနောက် သည်တဘဝမှ သူ ဝဋ်ကျွတ်ထွက်သွားတော့၏။

ကျွန်တော်တို့သည် သူ့ကိုနှမြောတသကြ၏။ သို့သော် သူကိုယ်ကိုတော့ အမဲသားသည် မဖွားဇုံအား ၃၅ကျပ်နှင့် ရောင်းချလိုက်၏။

## မေရီ

မေရီသည် ကျွန်တော်တို့၏ ဒုတိယမြင်းမဖြစ်ပါသည်။ နက်ကြုတ်မသေမီကပင် နက်ကြုတ်အား သက်သက်ညှာညှာ မောင်းရအောင်နောက်ထပ် မြင်းတကောင်ဝယ်ရန် ပြောပါ၏။ သို့သော် ကျွန်တော့်ယောက္ခမလောင်းလျာက ''ဒို့ကွယ် တသက်လုံး မြင်းလှည်းမောင်းစား ကြမှာမ ႑မဟုတ်တာ။ ယာယီ ခဏဟာဘဲ။ တကောင်တော်ရောပေါ့''

''ဒါဖြင့်ရင် နက်ကြုတ်က ခု သိပ်မောင်းလို့ မကောင်းတော့ဘူး။ သူ့ရောင်း၊ ငွေဖြည့်ပြီး သင့်လျော်တဲ့တကောင် ဝယ်ပါ''ဆိုတော့လည်း နက်ကြုတ်အား မူလတန်ဘိုး၏ ထက်ဝက်မျှပေးတဲ့လူမရှိ။

''ဒါ ဒို့ကို သက်သက်နှိမ်တာပါကွာ။ ဒီမြင်းလဲ ဒိပြင်မြင်းတွေလိုဘဲ တနေ့ငါးကျပ် ခြောက်ကျပ်ရနေသားဘဲ''

မှန်ပါ၏။ ဒီငါးကျပ် ခြောက်ကျပ်ရအောင် ကျွန်တော်ဘယ်လိုမောင်းရသနည်း။ နက်ကြုတ်မည်မျှ ပင်ပန်းရှာသနည်း။ ထည့်တွက်ကြပါ။ နက်ကြုတ်၏အမောရောဂါ ရပြီးသည့် နောက်ပိုင်း အိမ်ကထွက်စသာ လေးဘက်ပြေးနိုင်၍ လူလေးငါးယောက်တင်နှင့် တမိုင်လောက် ပြေးပြီဆို နက်ကြုတ်မှာ လေးဘက်တွဲတွဲမပြေးနိုင်တော့။ ခုန်ပေါက်ခုန်ပေါက်သာ လုပ်တော့၏။ ကုန်းတက်ကလေးဆိုလျှင် နွားဆွဲသလို တလှမ်းချင်းသာ သွားတော့၏။ ဒါကို ကျွန်တော်က ကိုယ့်မြင်းအဖြစ် ကိုယ်သိလျက်နှင့် ခရီးသည် မျက်နှာသာရအောင် ကြာပွတ်နှင့်ရိုက်ရ၏။ နက်ကြုတ်မှာ အထူး မပြေးနိုင်တော့ဘဲ နောက်ခြေနှစ်ချောင်း ခုန်ပေါက်၏။ သနားတတ်သော ခရီးသည်က ''မရိုက်ပါနဲ့ကွယ်။ ဖြေးဖြေး သူသွားတတ်သလို သွားပါစေ''ဟုဆို၏။ အချို့အရင်လို သော ခရီးသည်က စိတ်အလိုမကျ ဖြစ်၏။ နောက်နောင် ကျွန်တော့်မြင်းလှည်းမစီးတော့ရန် မှတ်ထား၏။

ယင်းအဖြစ်ကို သနားသည်ဆို၍ ကျွန်တော့်အား ဂျောက်ချမည့် လူတယောက်နှင့် တွေ့ရ ၏။ ယခုသူရှိသေး၏။ ပြည်သူ့မော်တော်ယာဥ်ဌာနမှာ ဘတ်စကားမောင်းနေ၏။ ဟိုတုန်းက သူက ပတ်ကား မြင်းလှည်းသမားပေါ့။ ပထမ အင်္ဂလိပ်ခေတ်ကတည်းက မောင်းလာတာ။ သူက လူလည်။

တနေ့ သူကခေါ်၍ ကျွန်တော့်အား အလွန်ကောင်းသော မြင်းတကောင်နှင့် ကျွန်တော့် မြင်းကို အလိုက်ငွေတရာပေးလဲရန်ပြော၏။ လဲမည်ဆိုသည့် သူတို့မြင်းကို ကျွန်တော့် မောင်းပြ ၏။ ကျွန်တော့်အား မောင်းကြည့်စေ၏။ အထွက်နည်းနည်းလေးတွန်းပေးရသည်မှတပါး သူတို့ မြင်းမှာ အင်မတန်ကောင်း။ ဒါကို သဘောကျပြီး ကျွန်တော့်ယောက္ခမကြီးကို ပြောပြ၏။

ဤနေရာ၌ အလုပ်တခုကို (ဝါ)ငွေထွက်ရမည်ကို အရင်မလိုသော ကျွန်တော့်ယောက္ခမ ကြီးအား ချီးမွမ်းရပါမည်။ သူက မောင်ဘလှနဲ့တိုင်ပင်ကြည့်ပါအုံးဟု ပြောသည်။

မောင်ဘလှဆိုသည်မှာ ကျွန်တော်တို့နှင့်တလမ်းတည်း တအိမ်ကျော်နေ ဟိုပထမ ယခင် အင်္ဂလိပ်ခေတ်ကတည်းက မြင်းလှည်းသမားဖြစ်၏။ မြင်းလှည်းသမားထဲ၌ သူသည် ကျွန်တော်၏ ပထမဦးဆုံး မိတ်ဆွေဖြစ်၏။ အိမ်၌မြင်းတစုံတရာဖြစ်လျှင် သူ့ကိုဘဲခေါ်၍ ပြရ၏။ မြင်းစာကျွေးနည်းကို ကျွန်တော်သူ့ဆီကဘဲ သင်ယူရ၏။

ကိုဘလှအား ကျွန်တော်အကျိုးအကြောင်း ပြောပြသောအခါ အားရပါးရရယ်၍ ''ဗဟန်း က ထွေးမောင်နဲ့ ထွန်းရှန်မဟုတ်လား။ အလကားခွေးမသားတွေ။ ခင်ဗျားမောင်းပြတဲ့ဟာက ကိုအောင်ဖံ ကြီး မြင်းကျိုးမလေးဗျ။ မော်တော်ကားတိုက်လို့ ဒဏ်ဖြစ်နေတာ။ မူလကတော့ မြင်းကောင်း မလေးပါဘဲ။ အဲဒါ လှည်းတပ်ခိုင်းနိုင်တာ မဟုတ်ဖူး။ သုံးရက် တခါလောက်ပဲ သူ့အစာဘိုးလေး ရအောင် အတင်းထူထူထောင်ထောင် မောင်းရတာ။ လှည်းထဲထဲတာစူမိရင် တော့ ပြေးပါရောဗျာ။ အိမ်ရောက်တော့ ဖောင်းထဲတုံးလုံးဘဲ''

ကံကောင်းပေလို့ပေါ့ ခင်ဗျာ။ အဲဒီကတည်းက ကျွန်တော်ကိုဘလှကို ကျေးဇူးရှင် ဆရာ တင်ခဲ့ရာ နတ်ကြွတ်သေပြီးနောက် တကောင်ဝယ်ရမည်၌ ကိုဘလှအား ကျွန်တော်တိုင်ပင်တော့

''အဆင်သင့်ဘဲဗျို့ လှည်းကူးမှာ တောဘက်ရောက်နေတဲ့ မြင်းမတကောင် ရောင်းဘို့ ရှိတယ်ကြားတယ်''

ကျွန်တော်တို့သွားကြသည်။ လှည်းကူးနှင့် မဝေးလှသော ရွာကလေးတခုမှာ ကိုဘလှ ပြောသော မြင်းမကို တွေ့ရသည်။ ဒေါက် အလျား အဆံကောင်းကောင်းနှင့် မြင်းနီမြင်းချောမ ဖြစ်သည်။ မြင်ရုံနှင့် ကြိုက်စရာ ကောင်းသည်။ ကိုဘလှက မြင်းမသွားဖြဲကြည့်ပြီး ''ရှစ်နှစ် ကိုးနှစ် ရှိသေးတယ်ဗျို့။ ခိုင်းကောင်းရုံဘဲ''

''ခိုင်းကောင်းမယ့် အရွယ်ကတော့ ဟုတ်ပါပြီ သူလှည်းထဲ ဘယ်လိုနေမယ်ဆိုတာ ဘယ့် နှယ်လုပ်သိမလဲ။ ဒီရွာမှာက သူ့ထပ်ကြည့်စရာ မြင်းလှည်းမှမရှိတာဘဲ''

ကျွန်တော်ကပြောတော့ ကိုဘလှက

''အောင်မာ။ မြင်းလှည်းတပ်ကြည့်မှ သိရတော့မလားဗျာ။ ကျောစီးကြည့်သိတာပေါ့''ဆို ပြီး မြင်းမဇက်ခွံ၍ တက်စီးကြည့်သည်။ မြင်းမက သူ့ကျောပေါ်ရောက်တယ်ဆိုဘဲ ဖြူးဖြူးဖြောင့် ဖြောင့်ကြီး ပြေးတော့သည်။ ကိုဘလှသည် ရွာရိုးဆယ်ကိုးအိမ်ကျော်မျှစီးပြီး ပြန်လာကာ မြင်းပေါ်က ခုန်ဆင်း၍ ''ကိုကြင်ဆွေယူတော့ဗျို့ ကြိုက်လောက်တယ်။ မြင်းကောင်းဘဲ။ ကျွန်တော်ငွေရှိရင် ခင်ဗျားမပြောဘူး''

ဆိုဈေး နှစ်ရာ့အစိတ်ကို နှစ်ရာနှင့်တည့်၍ ကိုဘလှက လမ်းတရိတ်တဆယ် ပြန်ပေးဗျာ ဟု တရာ့ကိုးဆယ်နှင့် ရခဲ့၏။

ထိုအချိန်၌ ခရီးသည်တင် မော်တော်ကားများ မရှိတော့ပြီ။ လှည်းကူးမှထောက်ကြန့်၊ ထောက်ကြန့်မှ ဒညင်းကုန်း၊ ဒညင်းကုန်းမှ အင်းစိန်၊ အင်းစိန်မှ ကမာရွတ်၊ ကမာရွတ်မှ ကြည့်

မြင်တိုင်၊ စမ်းချောင်း၊ ရန်ကုန်။ မြင်းလှည်းအဆင့်ဆင့်သွားရသည်။ ကျွန်တော်တို့သည် ဝယ်ခဲ့ သော မြင်းမကြီးကို လှည်းနောက်ကဆွဲ၍ စီးခဲ့သည်။

မြင်းတကောင်ကို ယင်းသို့ မြင်းလှည်းနောက်က ဆွဲကြည့်ခြင်းဖြင့် လှည်းတပ်လျှင် သူ့ခြေမည်မျှရှိသည်ကို သိနိုင်သည်။ သူသည် ကျွန်တော်တို့စီးခဲ့သမျှ မြင်းလှည်းများနောက်က ကြိုးမတင်းဘဲ လွယ်ကူသက်သာစွာ ပါလာခဲ့ခြင်းဖြင့် ရှေ့ကဆွဲပြေးခဲ့သော မြင်းများထက် ခြေမည့်ကြောင်း သိသာသည်။ အကယ်၍ ထိုမြင်းများထက် ဖျင်းပါက သူက နောက်မှ ကောင်း ကောင်းမလိုက်နိုင်၍ လှည်းထဲကမြင်းကို လျှော့မောင်းရပေလိမ့်မည်။

သို့ရာတွင် ဝယ်လာခဲ့သောမြင်းမကို ကိုယ့်လက်ထဲရောက်မှ သူပြေးပုံကို သေသေချာချာ ကြည့်မိတော့ ဘယ်ဘက်ပေါင်က နဲနဲသီ၍ ခွာဖျားက မြေကြီးကို တချက်တချက် ခတ်နေသည်။

ယင်းကို ကျွန်တော်က ကိုဘလှပြောပြတော့

''ဟာ ကိုကြင်ဆွေ၊ ခင်ဗျားခုမှမြင်သလား။ ကျွန်တော်အစကထဲက ဒါသိသားဘဲ။ ဒါကြောင့် ဒီမြင်းမကို နှစ်ရာနဲ့ ရခဲ့တာပေါ့ဗျ။ ဒီမြင်းမ ဒီကောင်မျိုး ခြောက်ပြစ်ကင်းသဲလဲစင်ဆို ရင် ဘယ်မှာ သုံးရာက ခြုံးတပြားလျှော့လိမ့်မလဲဗျ။ သူ့အကြောင်း ကျွန်တော်မေးခဲ့ပါတယ်။ ဒီမြင်းမပူလက လှည်းကူးမြို့ပေါ်မှာ နာမည်ကြီးပေါ့ဗျ။ နောက် လေကြီးမိုးကြီး အကျမှာ သစ်ကိုင်းပိလို့ ခါးဒဏ်ရာ ရသွားတာနဲ့ မမောင်းတော့ဘဲ ပစ်ထားတာ အခု တနှစ် ကျော်ပြီ။ ဒဏ်ရာက ပျောက်သွားပြီ။ ပေါင်တဖက်ဆာ၊ ခွာတဖက် တိုက်နေတယ်ဗျာ။ ဒါပေမယ့် ရန်ကုန်က ကတ္တရာစေးလမ်းမှာ ဂေါက်ရိုက်လိုက်ရင် အိုကေပါဘဲ''

''ဂေါက်ရိုက်တယ်ဆိုတာ ဘာလဲဗျ''

''အော် ကိုကြင်ဆွေ မြင်းလှည်းမောင်းတာ တနှစ်လောက်ရှိနေပြီထင်တယ်။ ဂေါက်ရိုက် တာမှ မသိသေးဘူး။ အိမ်ပြန်ရောက်တော့ ကျွန်တော်လိုက်ရိုက်ပေးမယ်ဗျာ''

## မင်းသံခွာ ရိုက်ခြင်း

တကြိမ်သောအခါ၌ စာရေးဆရာတယောက်၏ ဝတ္ထုတိုတပုဒ်မှာ ကျွန်တော် ဖတ်ခဲ့ဘူး သည်။ သူ့ဝတ္ထုကို ကရုဏာရသမြောက်အောင် ဖော်ပြရာ၌ မြင်းလှည်းသမားတို့သည် မြင်းကို အင်မတန်ရက်စက်ကြောင်း၊ မြင်းကိုချုပ်ပြီး ခွာကို ဓားနှင့်လှီးသည်၊ ကျားလျှာနှင့် တိုက်သည်၊

သံခွာတပ်ပြီး သံမှိုများနှင့် ရိုက်သွင်းသည်။ သနားဖွယ်ကောင်းလေစွဆိုသည့် သဘောမျိုးရေးထား သည်။ ဤစာရေးဆရာသည် မြင်းသံခွာရိုက်တာကို သေချာစွာ ကြည့်မိလျှင် သူသနားကောင်း သနားမိလိမ့်မည်မှန်၏။ မြင်းအကြောင်းနားမလည်သော စာဖတ်သူလည်း သနားကောင်း သနား မိလိမ့်မည်မှန်၏။ သို့သော် မြင်းအကြောင်း နားလည်သူအဖို့ ရယ်ဘွယ်အတိဖြစ်နေ၏။

မြင်း၏ခွာကိုလှီးခြင်း၊ ကျားလျှာတိုက်ခြင်း၊ သံခွာရိုက်ခြင်းတို့သည် မြင်းကိုနာကျင်စေ သည်မဟုတ်။ ကျွန်ုပ်တို့ လက်သည်းခြေသည်း လှီးသကဲ့သို့တည်း။ ဤနေရာ၌ ထိုစာရေးဆရာ သည် မျက်စိသာကြည့်မိ၍ စဉ်းစားဉာဏ်မသုံးမိဟု ဆိုချင်သည်။ မြင်းသံခွာရိုက်ရာမှာ သံခွာရိုက် သူသည် ထိုမြင်း၏ခြေတဖက်ကို ကွေး၍ပေါင်ကြားထဲညှပ်ကာ ခွာဆစ်ကိုင်ပြီး ဓားနှင့်လှီးနေ သည်။ ကျားလျှာတိုက်နေသည်။ သံခွာကိုကပ်ပြီး သံမှိုလေးချောင်း တချောင်းပြီး တချောင်း စိမ်ပြေနပြေ ရိုက်သွင်းနေသည်။ ဒါကို မြင်းကနာသည်ဆိုပါက တိရစ္ဆာန်ဘဲ ဘယ်အောင့်ခံနေ မည်နည်း။ ဒီလူကိုတချက်ထဲ ကန်ကျောက်ထုတ်လိုက်မှာပေါ့။

သူ့ဇာတ်လိုက်က ဘီယာဝမ်းပတ်မှာသောက်ပြီး ဆော်ဒါရောသောက်သည်။ သမီးရည်း စားနှစ်ယောက် စထရော်ဘယ်ရီပင်အောက်မှာ ထိုင်ကြသည်။ ကမ္ဘောဇ၏ နှစ်ဆန်းဝယ် ပိတောက်ပန်းတို့ လန်းလန်းဝေကြသည်ဆိုသော ရှုတ်တမ်း စာရေးဆရာတို့၏ အမှားမျိုးပင်။ (ကိုယ်မပိုင်တာကို မရေးရန် သတိပေးလိုခြင်းဖြစ်ပါသည်။)

စင်စစ်မြင်းသံခွာရိုက်ခြင်းမှာ ရိုက်နေကျမြင်းများအဖို့ စိတ်ကြိုက်ပင်။ မြင်းခွာလှီးခြင်းမှာ ထွက်လာသော အပိုသားများနှင့် အထဲကအညစ်အကြေးများကို ခြစ်ထုတ်ခြင်း ဖြစ်ပါသည်။ မြင်း၏ခွာ သံရိုက်သောနေရာမှာ သွေးမရှိ။ မြင်းကိုမနာကျင်စေပါ။ မြင်းကို သံခွာရိုက်ရသည်မှာ တလတခါသို့မဟုတ် ခွာကျမကောင်းသော၊ ခွာရှပ်သော၊ ခွာတိုက်သောမြင်းများကို အရက်နှစ် ဆယ်တခါ၊ ဆဲ့ငါးရက် တခါလောက် ရိုက်ရပါသည်။

'ဂေါက်'ဆိုသည်ကား ခြေတိုက်သောမြင်းများကို ရိုက်ပေးရသော သံခွာတမျိုးဖြစ်ပါသည်။ အဖျားမှာ ဦးကော့ကော့လေးရှိ၍ တိုက်သောမြင်း၏ခွာထိပ်ကို ဖုံးကွယ်ထားပါသည်။ ယင်းခွာ မျိုးက မြန်မြန်ကုန်လွယ် ကျွတ်လွယ်၍ ဆယ်ရက်တခါလောက် ရိုက်ရပါသည်။

ကျွန်တော်တို့ဝယ်လာခဲ့သော မြင်းမမှာ မမောင်းတာကြာပြီဖြစ်၍ သံခွာတလုံးမျှမရှိ။ ထို့ကြောင့် ကိုဘလှနှင့် ကျွန်တော်သည် စမ်းချောင်းရောက်၊ အိမ်မသွားမီပင် ဂိတ်သို့သွား၍ မြင်းမအား ရိုးရိုးခွာသုံးလုံးနှင့် ဂေါက်တလုံး ရိုက်လိုက်ကြပါသည်။

ထို့ပြင် အမွေးမထိုးတာကြာပြီဖြစ်၍ ရှည်လျားနေပြီဖြစ်သော သူ့အမွေးများကိုလည်း ထိုးပစ်လိုက်ပါသည်။ သည်တော့ (လူဆံပင်ညှပ်လိုက်သလိုပေါ့။) တသွေးတမွေး ပိုလှလာပါ သည်။ မြင်းကို သုံးလတခါလောက် အမွေးထိုးပေးရပါသည်။

နက်ကြုတ်၏ဒေါက်သည် လေးပေနှစ်လက်မလောက်ရှိရာ မြင်းပုလေးဖြစ်၏။ ယခုဝယ်လာခဲ့သော မြင်းမမှာ လေးပေခြောက်လက်မခန့် အလျားကောင်းအဆံကောင်း မြင်းချော မြင်းသန့်ကြီးဖြစ်ရာ ကျွန်တော်တို့ အိမ်သားများ လွန်စွာနှစ်သက်ကြသည်။ နောက်ခြေတဖက်ဆာနေသည်ကို မသိကြသော သူတို့အဖို့ ဒီမြင်းမငွေနှစ်ရာဟာ လွန်စွာမှတော်လှ။ မောင်ဘလှ ကျေးဇူးပါဘဲကွယ်။ ယောက္ခမကြီးက ရွှေရေငွေရေလောင်းရေင်း ဩဘာပြု၏။

နောက်တနေ့နံနက် လှည်းတပ်ကြည့်သောအခါလည်း မြင်းမကြီးမှာ ကျွန်တော်တို့ မျှော်လင့်တာထက် ပိုကောင်းနေ၏။

မြင်းလှည်းမြင်းတို့တွင် 'ဇက်အေး'၊ 'ဆွဲဇက်'ဟူ၍ နှစ်မျိုးရှိရာ ဇက်အေးမှာ နက်ကြုတ်လို အကောင်။ မောင်းနိုင်မှ ခြေသွက်၏။ ဆွဲဇက်မှာ လှည်းထွက်ပြီဆို သူ့ကိုအထူးမောင်းစရာမလို။ ဒလကြမ်းပြေးသွားမည်စိုး၍ သူ့အား ဇက်ကိုဆွဲပြီး ထိန်းချုပ်ထားရ၏။ ကြိမ်တွေ ကြာပွတ်တွေ ဆောင်စရာမလိုပေ။ သူ့အနေးအမြန်မှာ ဇက်ကြိုးအလျော့အတင်းပေါ်မှာ တည်၏။ မောင်းရသူ အင်မတန်ဇိမ်ရှိ၏။ ဂုဏ်ရှိ၏။

ကျွန်တော်တို့ ယခုရလာခဲ့သော မြင်းမကြီးကား သူတို့ခရစ်ယာန်သုံး ဖုရားသခင် မ လိုက်သည်ဆိုရမည်။ အလွန်ကောင်းသော ဆွဲဇက်နှင့် မောင်းရသည့် မြင်းမကြီး။ ကျွန်တော်တို့ အိမ်သားများလိုက်ပြီး ကြည့်ကြပြီး အလွန်သဘောကျကြ၍ မယ်တော်မာရီယာ၏ ကျေးဇူးဂုဏ် ကိုအောက်မေ့သောအားဖြင့် 'မေရီ'ဟု နာမည်ပေးလိုက်ကြတော့၏။

## ဘဝနှင့်ပတ်ဝန်းကျင်

ဤနေရာ၌ 'ရောမနေ ရောမသားလို ကျင့်ရမည်'ဆိုသော စကားကိုဘဲ သုံးပါရစေတော့။ ကျွန်တော် မြင်းလှည်းသမားဖြစ်လာတော့ မြင်းလှည်းသမားလိုဘဲ ကျင့်ရပါတော့မည်။ မြင်းလှည်း သမားတွေနှင့် ပေါင်းသင်းရပါတော့မည်။ သူတို့နှင့် ရောရပါတော့မည်။ ကျွန်တော်ပထမက သူတို့နှင့် မိမိသည် မတူမတန်ဟု သဘောထားခဲ့မိ၏။ ငါသည်အလုပ်ခေတ္တလုပ်တာဘဲ။ ငါ့ဟာငါ အလုပ်ချိန်ထွက်မောင်းပြီး အိမ်ပြန်ဖြုတ်၊ ပြီးတာဘဲဟု အောက်မေ့ခဲ့၏။ ယင်းကား ကျွန်တော့်

အမှားပင်။ စင်စစ်ကား မိမိသည် မူလ မည်သည့်အခြေမှနေ၍ မည်သည့်အလုပ်ကိုဘဲ ဝင်လုပ်လုပ် လက်ရှိလုပ်နေသူများထက် မိမိက မသာရုံမျှမက ထိုအလုပ်ကို သူတို့လောက် မကျွမ်းကျင်ဘူး၊ နားမလည်ဘူးဆိုတာမှချ မှတ်ယူရမည်။ မည်သည့်အလုပ်မဆို ဆရာမပြ နည်းမကျပေ။ ကိုယ်တတ်တော့ အလွန်အလွယ်လေးပင်။ မတတ်ခင်မှာ အလွန်ခက်ပါ၏။

ကျွန်တော်သည် မူလက မည်သူ့မျှဆရာမတင်ဘဲ သူတို့လူတန်းစားထဲက မည်သူ့မျှ မပေါင်းဘဲ 'မြင်းလှည်းမောင်းတာများ ဘယ်ကျောင်းကမှ သင်ရတာမဟုတ်၊ ခက်ခက်နိုးနိုး' ဟူ၍ ငါတကော ကောခဲ့သည်မှာ တနှစ်မပြည့်ခင် မြင်းတကောင် သေခဲ့ပြီကော။

'လူမိုက် နောက်မှအကြံရ' ဆိုသော်လည်း 'ပျက်အစဉ် ပြင်ခဏ' ပါဘဲ။ ဖော်ပြခဲ့သည့် အတိုင်း ကိုဘလှနှင့် စတင်ပေါင်းသင်းရပါသည်။ ထိုအချိန်၌ ကိုဘလှသည် အသက် ၃၅နှစ်မျှ။ ကျွန်တော်က ၂၄နှစ်။ ကျွန်တော့်ထက် ၁၀နှစ်ကျော်ကြီးသော်လည်း ကျွန်တော့်အား ကိုကြင်ဆွေ ခေါ်၍ခင်ဗျား ကျွန်တော်နှင့် လေးလေးစားစားဆက်ဆံ၏။ သတိပြုမိပါသည်။ ယင်းသည်ပင် ကျွန်တော့်အတွက် ကံကောင်းသည်ဟု ဆိုရပါမည်။ အကြောင်းမှာ အကယ်၍သာ ကိုဘလှက ကြီးသူပီပီ ကျွန်တော့်အား မင်း ငါနှင့်ပြောဆိုပါက သူတို့လူသိုက်ထဲဝင်ခါစ ကျွန်တော့်အား အခြားလူများကလည်း ထိုနည်းအတိုင်း ဆက်ဆံကြပေတော့မည်။ ယခုမူ ကိုဘလှ၏ စတင် ဦးတည်ခြင်းဖြင့် ကျွန်တော်နှင့်ရွယ်တူ၊ ကိုယ့်ထက်သိပ်မကြီးသူအားလုံးကဘဲ 'ကိုကြင်ဆွေ' ဟုခေါ် ကြပြောကြပါတော့သည်။ ကိုယ့်ထက်အလွန်ကြီးသူများကသာ 'မောင်ကြင်ဆွေ' ဟူ၍ လည်းကောင်း၊ ရင်းနှီးစွာ 'ကြင်ဆွေ' ဟူ၍ လည်းကောင်း ခေါ်ကြပါသည်။ လူ့ပေါင်းသင်း ဆက်ဆံမှုမှာ သတိချပ်ဖွယ် တရပ်ပင်။

စင်စစ်ကိုဘလှသည် ရန်ကုန်မွေး ရန်ကုန်ကြီးဖြစ်၍ ယဉ်ကျေးဖွယ်ရာ ပြုမူတတ်သည်။ လူ့အကြော လူ့ဇာတ်သိတတ်၍ လိမ်မာပါးနပ်သူဖြစ်သည်။ မည်သည့်အလွှာကို မည်သို့ဆက်ဆံ ပေါင်းသင်းရမည်လဲ ကျွမ်းကျင်သူဖြစ်သည်။ ထို့ကြောင့် ထိုခေတ် ထိုအချိန်၌ သူနေသော အိမ်ကိုကြည့်ပါ။ ခြံနှင့်ဝင်းနှင့်၊ သွပ်မိုးပျဉ်ထောင် သစ်သားအိမ်နှင့်။ သူပိုင်အိမ်မဟုတ်ပါ။ လခနှင့် ငှားနေသည်လဲ မဟုတ်ပါ။ တပြားမှမပေးဘဲ အလကားနေရခြင်းဖြစ်ပါသည်။ ကြားဘူး ကြမှာပေါ့။ ယခင် အင်္ဂလိပ်ခေတ်က အမတ် ဦးအောင်သာဆိုတာ။ အဲ သူ့အိမ်ပိုတလုံးကိုပေါ့။ ဦးအောင်သာ၏ သားမယားများနေသည့် အိမ်ကြီးက နှစ်အိမ်ကျော်မှာရှိသည်။ ထိုအိမ်က လက်တိုလက်တောင်း ခိုင်းစရာရှိသည်ကို သူလုပ်ပေးသည်ပေါ့။

သို့သော် ကိုဘလှသည် သူ့အိမ်၌တော့ သူ 'ဘော့စ်' ပင်။ သူ့မှာ မြင်းတကောင် လှည်းတစီးရှိ၏။ သို့ရာတွင် သူကိုယ်တိုင်မမောင်းချေ။ အုန်းမြင့်ဆိုသော တပည့်တယောက် အိမ်မှာ ကျွေးမွေးခိုင်းစေထား၏။

ကိုဘလှဘဝက တော်တော်စုံခဲ့၏။ အင်္ဂလိပ်ခေတ်ကတည်းက မြင်းလှည်းမောင်းခဲ့၏။ မော်တော်ကားဒရိုင်ဘာလုပ်ခဲ့၏။ မူလပထမက သူ့အဖေ(ကုလားထင်ပါသည်။)နှင့်ဆက်လက်၍ ဘိုအိမ်တွေမှာ စားပွဲထိုးလုပ်ခဲ့ဘူးသည်။ ထို့ကြောင့်သူသည် ဗဟုသုတစုံ၍ အပြောအဆို ကောင်းသူဖြစ်သည်။ သူကိုယ်တိုင် မြင်းလှည်းမမောင်းသော်လည်း သူ့ဒရိုင်ဘာ အုန်းမြင့် အိမ်က အထွက်မှာ လမ်းထိပ် လက်ဖက်ရည်သောက်လိုက်လာရင်း မြင်းလှည်းတစီးစီးပေါ်ထိုင်ကာ သူလေပန်းပြီဆိုမှဖြင့် လူငယ်တွေ တဝါးဝါး တဟားဟားနှင့် အနားက မခွာနိုင်အောင် ရှိကြ သည်။ သူပြောသည်များမှာ ကာလသားကြိုက်။ သူကားမောင်းခဲ့ဘူးသော လူချမ်းသာအထက်တန်းလွှာ အရာရှိတွေ အကြောင်း။ သူစားပွဲထိုးလုပ်ခဲ့သော ဘိုအိမ်တွေမှ ဘိုကြီးတွေ ဘိုမကြီး တွေအကြောင်း။ သင်းချိုင်းကုန်းဟောင်းမှ သူတောင်းစား စဏ္ဍာလနှင့် ပြည့်တန်ဆာမတွေ အကြောင်း။ သဗ္ဗထ နာမ်ပေါင်းစုံ၏။ သူ့ဗဟုသုတတွေကို ရေးသားခြင်းငှာတော့ မသင့်။ သူ့အဘိဓမ္မာ အတုံးလိုက် အတစ်လိုက်ကို ဖော်ပြရပါမူ ‘လောကမှာ ဘာလူမျိုးဖြစ်ဖြစ်၊ သဌေး ဖြစ်ဖြစ်၊ သူတောင်းစား စဏ္ဍာလဖြစ်ဖြစ် လူမှန်ရင်တဏှာချည်းဘဲဗျ’ ဟူ၏။

ကိုဘလှသည် အပြောလည်းသန်၏။ သူကျွမ်းကျင်ရာကို ဆရာလုပ်ချင်သောဉာဉ်လည်း ရှိ၍ မြင်းအကြောင်းနှင့် ပတ်သက်ပြီး ကျွန်တော့်အား အစစအရာရာ သင်ကြားပြသပါသည်။

တကတဲဗျာ၊ မြင်းဟာ နွားလိုမှ မဟုတ်ဖဲဘာ။ တယ် ရောဂါဘယထူပြောပြီး ဆေးဝါး မပြတ် လိုနေတာဘဲ။ နွားတို့မည်သည် ရောဂါဘယဖြစ်ခဲ၏။ ခိုင်းရာကပြန်လာ တင်းကုပ်ထဲသွင်း မြက်စင်ထဲ အစာထဲ့ပေး အေးရော။ မြင်းက ဒီလိုမဟုတ်ပါ။ လှည်းကဖြုတ်လျှင် ပထမဆီးတည် ရသည်။ လွယ်လွယ်နှင့် မပေါက်လျှင် လမ်းဆွဲလျှောက်ပေးရသည်။ မိုးခေါ်သလို လေချွန်ပေးရ သည်။

အဲ ဆီးသွားပြီတဲ့။ ဆီးနည်းသလား များသလား ဖြူရဲ့လား ကြည့်ပါ။ ဆီးနည်းနေပြီး အထွက်နှေးသည် ဝါနီနေပြီဆိုပါက ဆီးဆွေးကျွေးဘို့ကို မမေ့ပါနှင့်တော့။ ထို့ကြောင့် အိမ်မှာ ဆီးဆေးမပြတ်ရှိနေရသည်။ ထို့ပြင် နှာနှင့်မျက်စဉ်း။ မြင်းသည် မျက်နှာရှည်၊ နှာခေါင်းကြီး နှာခေါင်းပွမျိုးဖြစ်၏။ နှာတဖွီးဖွီးမှုတ်နေမှ ကျန်းမာ၏။ ထို့ကြောင့်သူ့ကို နံနက်တိုင်း အိပ်ရာက အထမှာ နှာခေါင်းထဲ (လူနှာရှူတဲ့နှာမှုန့်လို)မြင်းနှာမှုန့်ကို မပြတ်ထည့်ပေးရ၏။ မျက်စဉ်းခတ် ပေးရ၏။ မြင်းမျက်စဉ်းကား အခြားမဟုတ်ပါ။ နှာမှုန့်ကိုဘဲ မျက်စိရှေ့ဒေါင့်က ထည့်ပေးရခြင်း ဖြစ်ပါ၏။ မျက်ရည်ပူတွေ ကျစေရ၏။

မြင်းဆွေးကျွေးရသည်ကား ခလေးဆေးတိုက်ရသည်ထက် ခက်ပါ၏။ လူစားသည့် တေဆေး နှင့်တူသော မြင်းဆီးဆေး၊ ဝမ်းနုတ်ဆေးတို့ကား လက်သီးဆုပ်နီးနီး မာလကာသီး အကြီးစား လောက်နီးနီးရှိ၍ ၎င်းကို မြင်းဝမ်းထဲ အကုန်ရောက်အောင်ခွံ့ရန်မှာ–

မြင်း၏ပါးစပ်တွင် ရှေ့သွားနှင့် နောက်အံတွေအကြားလက်သုံးသစ်မျှ နေရာလပ်ရှိနေ၏။ ၎င်းအပေါက်မှ ပထမမြင်းလျှာကို ဆွဲထုတ်လိုက်၊ ဟနေသော လျှာပေါက်ဝမှ ဆေးလုံးကိုသွင်း၊ ထို့နောက်လျှာကိုလွှတ်လိုက်ပြီး ပါးစောင်နှစ်ဖက်မှလက်နှစ်ဖက်ကို လက်ခလယ်နှင့် လက်ညှိုး သွင်းကာ မြင်းလျှာပေါ်တွင် ဆေးကို ပြန်မကျအောင် အတွင်းဘက် မ မ ထိုးပေးပါ။ ဆေးသည် တဖြည်းဖြည်း မြင်းခံတွင်းထဲသို့ ဝင်သွားပါလိမ့်မည်။ အင်း တခါကျွေးလျှင် ဆယ်မိနစ်တော့ အနည်းလေးကြာ၏။ အောင်မယ် တချို့လူပါးဝတဲ့မြင်းများ ဆေးကိုစားချင်ယောင်ဆောင်၊ ပါးစပ်ထဲမှာ ငုံထားပြီး လူကလွှတ်လိုက်တော့ ပြန်ထွေးတဲ့အကောင်မျိုးလဲ ရှိသေးဗျ။ အဲဒီကောင် မျိုးကျတော့ ဆေးရေနဲ့ဖျော်ပြီး ဝါးကျည်တောက်နဲ့ အတင်းချုပ်ကိုက်ရတော့သဗျို့။

ကဲ မြင်း ဆေးကျွေးရတာလဲ ဘယ်လောက် ခက်နေသလဲ။ သည့်ထက် လက်မရဲစရာ ရှိပါသေးသည်။ မြင်းတွင် အပူကန်လျှင် မကြာခဏဖြစ်တတ်သည်မျိုး။ ကျွန်တော်တို့ မြင်းလုည်း သမားတွေအခေါ်တော့ 'အာလူး'တဲ့ဗျာ။ အာခေါင်မှာ သွားဖုံးရောင်တာပါဘဲ။ အပေါ်သွားဖုံးမှာ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ လူများဝမ်းချုပ်တော့ ဖြစ်တတ်တာမျိုးပေါ့လေ။ သို့သော် မြင်းကတော့ ကောက်ရိုးတို့၊ ကုလားပဲတို့ အစာမာဝါးရတာမဟုတ်လား။ ဒီလိုသွားဖုံးရောင် 'အာလူး'ဖြစ်နေ တော့ အစာမဝါးနိုင် မစားနိုင်တော့ဘူး။ အဲသည်တော့ ဒါကို ဓားဦးထက်ထက်နဲ့ ခွဲဖောက် ထုတ်ရမယ်တဲ့။

သည်တော့ ဘယ်လိုလုပ်မလဲ။ နည်းကရှိနေတော့ မခက်ပါဘူး။ ခဲတံချွန်တဲ့ဓားလောက် ဦးချွန်ချွန်ထက်ထက်ကို အဖျားနဲ့အသွား စပါးလုံးတထောက်လောက်ပေါ်နေရုံ ကြိုးငယ်ငယ်နဲ့ လျှောက်ပတ်ထားပါ။ ပြီးတော့ လက်ကောက်ဝတ်လောက်ရှိတဲ့ ဝါးလုံးတိုတထောင်လောက် မြင်းပါးစပ်ထဲသွင်း၊ နားရွက်နောက်ကိုကြိုးနဲ့သိုင်း၊ မြင်းပါးစပ် ဟနေရော။ အဲသည်တော့မှ ခေါင်းကိုနိုင်အောင်ချုပ်ပြီး ခုနဓားနဲ့ ရောင်နေတဲ့ အာခေါင်သွားဖုံးကို ဇတ်ကနဲ ဇတ်ကနဲ လက်ရဲရဲနဲ့ထိုးဖောက်၊ ဆဲ့ကိုးချက်လောက်။ သွေးပုပ်တွေ ပေါက်ကနဲ ပေါက်ကနဲ ထွက်လာပါ လိမ့်မယ်။ ပြီးတော့ ဆားနဲ့ပွတ်လိုက်အုံး။

ဒီနေရာမှာ ''မင်းမြင်း ဓားဒဏ်ချက်ကြောင့် တော်တော်နှင့် အစာစားနိုင်ပါ့မလား''မေး။ ကြိုးဖြေပြီး ပါးစပ်ထဲက ဝါးလုံးထုတ်လိုက်တာနဲ့ ချက်ချင်း အစာစားတာပါဘဲခင်ဗျာ။

ဒီပညာတွေ ကျွန်တော်သည် မေရီနှင့်ကျမှ ကိုဘလှဆီက တတ်ကျွမ်းရခြင်းဖြစ်ပါသည်။ မေရီသည် ယင်းလို ခဏခဏသွားဖုံးရောင်လေ့ရှိသည်။ ကိုဘလှက သုံးလေးခါလောက် ဖောက်ပြ တော့ ကျွန်တော်ကိုယ်တိုင် တတ်လာရသည်ပေ့ါ။ နက်ကြုတ်တုန်းကလဲ ရောင်မှာပါဘဲ။ ကျွန်တော်ကမသိလို့ နေမှာပါဘဲ။ နက်ကြုတ် အစာမစားဘူးဆို မြင်းဆရာဆီသွားပြ။ မြင်းဆရာ

တို့မည်သည် မြင်းကိုနားရွက်စမ်းကြည့်၊ လျှာဆွဲ အာခေါင်နှိုက်ကြည့်။ ဟာ မြင်းအပူကန်တာဘဲ ဆိုပြီး ဝမ်းနုတ်ဆေး ကျွေးလိုက်တော့ မြင်းကို နှစ်ရက်လောက်မမောင်းရဘူး။

ဝမ်းနုတ်ဆေးဘိုးလဲ ကုန်သေးတယ်။ အလုပ်လဲပျက်သေးတယ်။ စင်စစ်ဘဝနှင့် ပတ်ဝန်းကျင်သည် ရှောင်ကွင်း၍မရစကောင်း။ ကိုယ်ကျရာဘဝမှ ကိုယ့်ပတ်ဝန်းကျင်ကို ဝင်ဆံ့ရမည်သာဖြစ်သည်။ ကိုယ်မဝင်ဆံ့ပါက ကိုယ်ပင်ခံရမည်သာ။ ကျွန်တော်ထက်နောက်ကျစွာ မြင်းလှည်းသမားဘဝ ရောက်လာကြသော အင်္ဂလိပ်ကပြားများ ကျွန်တော်တို့အကွက်မှာ တော်တော်ရှိ သည်။ သူတို့သည် စိန်ပေါ်ကျောင်းသားများ ဖြစ်ခဲ့ကြ၍ သူတို့အသိုက်အဝန်းတွင် အင်္ဂလိပ်လို ပြောကြပြီး အပြင်လူများနှင့်မူ ဗမာလို မပီကလာပီကလာ လုပ်ကြသူများဖြစ်သည်။ ထိုခေတ် ကပြားတို့ထုံးစံ ဗမာကို အထင်သေး၍ သူတို့ဘဝင်ကား မြင့်ကြပေသည်။ သို့သော် မြင်းလှည်း သမားများက သူတို့အား ဗူးယို ဖရုံယိုတွေဟုခေါ်သည်။ တပိဿာ တကျပ်မူးတင်းတွေဟု နောက်ကြသည်။

ကျွန်တော်က သူတို့အရင် မြင်းလှည်းသမားအုပ်စုထဲဝင်သည်။ ထိုအခါ ကျွန်တော် အဝင်နောက်ကျသည်ဟု သိလာသည်။ စင်စစ်မြင်းလှည်းသမားများသည် အပြင်ဘမ်းအားဖြင့် ရုန့်ရင်းကြမ်းတမ်းသည် မြင်ရသော်လည်း သူတို့သည် ပွင့်လင်း၍ ရက်ရောသူများဖြစ်ကြ၏။ ပြော ဟောဟောဒိုင်းဒိုင်း လုပ် ဟောဟောဒိုင်းဒိုင်း။

ကိုဘလှမှစတင်ပြီး ကျွန်တော်မြင်းလှည်းသမားများနှင့် ပေါင်းသင်းလိုက်ရာ နောက်ဆုံး တွင် မြင်းလှည်းအသင်း အမှုဆောင်ထဲမှ ထိပ်တန်းသုံးလေးယောက်နှင့် အခင်မင်ဆုံးဖြစ်သွား တော့၏။

'ထိပ်တန်း သုံးလေးယောက်'ဟု ဆိုမိရာ၌ မြင်းလှည်းအသင်းကြီးနှင့် အမှုဆောင်အဖွဲ့ အကြောင်းကို ပြောရပါမည်။

'စမ်းချောင်း မြင်းလှည်းအသင်းကြီး'ဆိုသည်ကား မူလပထမ အင်္ဂလိပ်လက်ထက်ထဲက ရှိခဲ့၏။ တန်ခိုးသြဇာလည်း ကြီးခဲ့ပါ၏။ ကြည့်ပါလေ။ ၁၉၅၉ ခု အိမ်စောင့်အစိုးရလက်ထက် မြင်းလှည်းတွေကို ပိတ်ပစ်သည်အထိ ကြည့်မြင်တိုင်မှ စမ်းချောင်းဖြတ်ပြီး ဗဟန်းကို ဘယ်ဘတ် စကားများ မောင်းရလို့နည်း။ (ယခုမှ ပြည်သူပိုင်ကား ၁၆ တွေဆွဲနေကြတာ မဟုတ်လား။)

ယင်းကား စမ်းချောင်း မြင်းလှည်းအသင်းကြီး၏ တန်ခိုးပေတည်း။ ဘယ်အစိုးရကမှ စမ်းချောင်းနှင့် ဗဟန်းဘတ်စကားမဆွဲရဘူးဟု ပိတ်ပင်ပေး၍မဟုတ်ပေ။ ဆွဲချင်ဆွဲကြည့်ကြပါ။ ပထမ ကားဘီးပေါက်တတ်သည်။ နောက် ကားအတင်းရပ်ခိုင်း၍ စပယ်ယာနှင့် ဒရိုင်ဘာ ရိုက်လွှတ်ပြီး ကားမီးရှို့ပစ်တတ်သည်။ လက်သည် ရှာမတွေ့။ သက်သေမရ။ လူများစု ရုန်းရင်း ဆန်ခတ်မှု။

ပထမ အင်္ဂလိပ်ခေတ်က ကြည့်မြင်တိုင်မှစမ်းချောင်းရှမ်းလမ်းဖြတ်ပြီး ရန်ကုန်ကို အသွား အပြန်ဆွဲသော ဘတ်စကားများပင် မြင်းလှည်းအသင်းကြီးအား နေ့စဉ်ဂိတ်ကြေးပေးရသည်။

စင်စစ်ကား ထိုစဉ်က မြင်းလှည်းသမားများ အားထားရသည်မှာ ကြည့်မြင်တိုင် စမ်းချောင်းမှ ဗဟန်းဘုရားကြီးသို့ သွားကြသည့် ခရီးသည်များနှင့် မြို့ထဲကအပြန် ဘတ်စ်ကား ပေါ်ကအဆင်း၌ မိုးရွာ၍လည်းကောင်း၊ သယ်စရာ ပစ္စည်းပါ၍လည်းကောင်း အိမ်သို့ ခြေလျှင် မလျှောက်နိုင်သော ခရီးသည်များသာဖြစ်ပါသည်။

ထိုရပ်ကွက်၌ ထိုခေတ်က လူကုံထံများကလည်း တဖာလုံနှစ်ဖာလုံမျှပင် ခြေလျင် လျှောက်ခဲကြပါသည်။ အိမ်ပေါ်ကအဆင်း မိမိတို့လမ်းထိပ်မှ ဘတ်စ်ကားဂိတ်သို့ပင် မြင်းလှည်း စီးတတ်ကြပါသည်။ မြို့ထဲရောက်လျှင်လည်း သိမ်ကြီးဈေးမှ စကော့ဈေးသို့ပင် လန်ချားစီးကြ သေးသည်မဟုတ်ပါလော။ စမ်းချောင်းကြည့်မြင်တိုင်ဘက်မှာတော့ လန်ချားမရှိရပါ။ တခါတရံ မြို့ထဲမှ ကျွံပါလာသော လန်ချားများသည်ပင် အပြန်တွင် လူမတင်ဝံ့ကြပေ။ တင်လျှင် ထိုကုလား ဒုက္ခရောက်တတ်၏။ ထိုစဉ်၌မူလပထမက ဆိုက်ကား မရှိသေးချေ။ ဆိုက်ကားတို့ သည် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးမှ ရန်ကုန်မြို့ထဲတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ဂျပန်ခေတ် ရောက်တော့မှ နေရာအနှံ့အပြားသီး ဆိုက်ကားများ ကျက်စားလာခြင်းဖြစ်သည်။

မြင်းလှည်း ခေတ်ကောင်းပြီဖြစ်သော ဂျပန်ခေတ်တွင် ကြည့်မြင်တိုင်စမ်းချောင်းရှိ ဆိုက်ကား အားလုံးသည် ကျွန်တော်တို့ စမ်းချောင်း မြင်းလှည်းအသင်းဝင်များဖြစ်ကြရ၏။ ဆိုက်ကားများသာ မဟုတ်သေးပါ။ ကျွန်တော်တို့ စမ်းချောင်း မြင်းလှည်းဂိတ်ပတ်ဝန်းကျင်၌ရှိ သော ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင် ခေါက်ဆွဲဆိုင်၊ ဒန်ပေါက်ပလာတာဆိုင်များပါ အသင်းဝင် ဖြစ်ကြရ၏။ အို ဘာဆိုင်လို့တုံး။

ဆိုင်တယ် ဆိုင်တယ်။ လူအများသွားလာ ဝင်ထွက်နေတဲ့ ဆိုင်ဟူသမျှ အားလုံးဆိုင်တယ် ဒီလိုဆိုင်မျိုးတွေမှာ တခါတရံ အမူးသမားတွေ ရုတ်ရုတ် ရုတ်ရုတ်ဖြစ်တတ်သည်မဟုတ်ပါလား။ ဒီအခါမှာ ကျွန်တော်တို့ မြင်းလှည်းအသင်းကြီး၏ အမှုဆောင်များ လာရောက်ဖြေရှင်းမှ ရှေ့မီး ရော နောက်မီးရော ပြေငြိမ်းတတ်၏။ နို့ပြီး ဒီ ကျွန်တော်တို့ စမ်းချောင်း မြင်းလှည်းအသင်းကြီး ရဲ့ ပစောက်ပုံ သံခွာထဲမှာ မြင်းခေါင်းရုပ်ပါတဲ့ တံဆိပ်တပ်ထားတဲ့ ဆိုင်ဆိုရင်လဲဘဲ ဒီလို အမှား အယွင်းမျိုး မဖြစ်တတ်ဖူး ခင်ဗျာ့။ စာဖတ်သူများ နားလည်ရောပေါ့နော်။ ဒါကြောင့် ဒိုဘီကုလား များကတောင်မှ ကျွန်တော်တို့ မြင်းလှည်းအသင်းထဲ ဝင်ကြသေးတယ်။ အသင်းဝင်ကြေးကလဲ မများပါဘူး။ လစဉ်ကြေး နှစ်စဉ်ကြေးတွေ မတောင်းပါဘူး။ ကျွန်တော်တို့မြင်းလှည်းသမားတွေ လိုဘဲ။ ဥပမာ စမ်းချောင်းနဲ့ရန်ကုန် သို့မဟုတ် ဗဟန်း မြင်းလှည်းခတမတ်ဆိုပါတော့ နေ့စဉ် ကြေး

တမတ်ဘဲ။ ငါးမူးဆို ငါးမူး၊ တကျပ်ဆိုတကျပ်။ ခေတ်အလျောက် ငွေတန်ဘိုးလိုက်ပြီး ကောက်ယူတာ။ အင်မတန်လျော်ကန်တာဘဲ။ ဒီတော့ ကျွန်တော်တို့ အသင်းကြီးကလဲ ဒီရတဲ့ ငွေတွေကို ဘာလုပ်သလဲတဲ့။ တနှစ်တခါ သင်္ကြန်တွင်းမှာ ကိတ္တိမသားများ ရှင်ပြုပွဲကြီးလုပ်တယ် ဗျ။ စာရင်းစစ်ကလဲမရှိတော့ ဥက္ကဋ္ဌနဲ့ ငွေထိန်းက ဖျောက်ကြတယ်ဗျ။ ဥက္ကဋ္ဌအိမ်မှာဆို မြင်းလှည်းတွေ သုံးလေးစီးဗျ။ နို့ပြီး မယားငယ်တဦး၊ မြင်းလှည်းတစီးလဲ ဝယ်ပေးထားလိုက်သေး တယ်။

ဒီပွဲမှာ အမှုဆောင်တွေ မစားရတာကတော့ အမှန်ဘဲ။ ဒါကြောင့် သူတို့ကညည်းကြ တယ်။ လုပ်စရာရှိက်စရာရှိတော့ ဒို့ကွတဲ့။ စားစရာရှိတော့ ငွေထိန်းနဲ့ဥက္ကဋ္ဌချည်းဘဲတဲ့။ ဟုတ်သလေ မြင်းလှည်းအသင်းအမှုဆောင် ဆိုတာကလဲ ရိုက်ရဲ၊ နှက်ရဲ ပွဲတိုးရဲရမယ်။ ဘာဘဲ ဖြစ်ဖြစ် ငွေများ တရားအောင်တဲ့ခေတ်မှာ ဒို့အသင်းကြီးမှာ နောက်လိုက်ဖို့ ငွေတွေရှိသဟေ့ဆို ပြီး သူတို့ သတ္တိပြောင်တာအမှန်ဘဲ။ ဒါကြောင့် ကျွန်တော်က ကျွန်တော်နဲ့သခင်မင်ဆုံး မြင်းလှည်းအသင်း ထိပ်တန်းအမှုဆောင် သုံးလေးယောက်လို့ ဂုဏ်ယူလိုက်ခြင်းပါ။ သူတို့နာမည် များကို ဖော်ပြပါမည်။ ကိုမောင်ခင်၊ ကိုသိန်းလေး၊ ကိုမြတ်သာ၊ ကိုလှ (၅၂နောက်နှစ်ယောက် ကတော့ သေကြပြီ။) သူတို့သည် ကျွန်တော့်ထက် အသက် သုံးလေးနှစ်စီမျှ ကြီးကြ၏။

၎င်းတို့အနက် ကိုခင်မောင်နှင့် ကိုမြတ်သာသည် အလွန်အရက်ကြိုက်၏။ ကိုသိန်းလေး က အသင့်အတင့်သောက်၏။ မသောက်ဖဲလဲ နေနိုင်၏။ ကိုလှကား အရက်လုံးဝမသောက်။ သို့သော်အတူပေါင်းသင်း အင်မတန်ခင်တတ်၏။ အရက်သမားတွေနှင့်အတူလိုက်ပြီး ဖြစ်စရာရှိ လျှင် သူကရှေ့က အရင်ဖြစ်၏။ အတူတူစားကြသောက်ကြလျှင် သူကအရင် ပိုက်ဆံပေးနှင့်ထား ပြီးဖြစ်တတ်၏။ ငွေကြေးနှမြောတွန့်တိုခြင်း မရှိတတ်ပေ။ သူကသေသည်အထိ မိဘသားချင်း များနှင့်သာ နေသွားသည့် လူပျိုကိုယ်တည်း။ သူ့ကိုချီးမွမ်းဘွယ် ကောင်းသည်ကားအရက်လဲ မသောက်တတ်၊ ဖဲလဲမရိုက်တတ်၊ မိန်းမလဲ မလိုက်တတ်ပေ။

သို့သော် သူသည် မြင်းကိုအင်မတန်ရိုက်တတ်၏။ ရက်ရက်စက်စက်ရိုက်သူဖြစ်၏။ မြင်းကိုရိုက်သည်မှာ ကြာပွတ်နှင့်မဟုတ်။ နှစ်တလက်မနှင့်ရိုက်၏။ ထို့ကြောင့် သူ့မြင်းတွေမှာ သူငေါက်လိုက်လျှင် သေးဖျန်းဖျန်းပါ၏။ သူသည် မြင်းလှည်းကို နေ့နေ့လဲမမောင်းတတ်ပေ။ အိမ်မှစထွက်သည်က ပြန်ဖြုတ်သည်အထိ ဒလကြမ်း အပြေးသာမောင်း၏။ ထို့ကြောင့်သူ့အနီး ဝန်းကျင်ကလူများသည် လမ်းမမှမြင်းခွာသံ၊ လှည်းဘီးသံကြားရရုံနှင့် ‘မောင်လှမြင်းလှည်းထွက် သွားပဟေ့’၊ ‘ပြန်ဖြုတ်လာပဟေ့’ ဟု မကြည့်ဘဲနှင့်သိကြ၏။ သူ့မြင်းတွေမှာ မြင်းသို၊ မြင်းပေါက် လေးတွေဖြစ်၍ သူ့ဒဏ်ခံနိုင်ခြင်းဖြစ်၏။ သူ့မှာ ကျွန်တော်သိစကထဲကပင် မြင်းနှစ်ကောင်နှင့် ဖြစ်၏။ ဖောင်းဝတ်ကလေး တကောင်၊ စိုင်ဝါလေးတကောင် (ဖောင်းဝတ်စိုင်ဝါဆိုသည်မှာ မြင်း၏အမွေး

အရောင်။) နှစ်ကောင်စလုံးဘဲ အသွေးအမွေးကောင်း အင်္ဂါကောင်းဖြစ်ရာမှ သူက အင်မတန် ရိုက်တတ်လေတော့ ရှန်းရှန်းတောက် မြင်းကောင်းလေးတွေ ဖြစ်နေ၏။

ကိုမောင်ခင်ကား ထာဝစဉ်လှည်းတစီးနှင့် မြင်းတကောင်သာရှိ၏။ စင်စစ် ကိုယ်တိုင် မောင်းသော မြင်းလှည်းသမားအဖို့ လှည်းတစီးနှင့် မြင်းတကောင် တော်လောက်ပြီ။ တနေ့လုံး နှစ်ကောင်မောင်းရလျှင် ပင်ပန်းလှ၏။ သူ့တွင်ဇနီးနှင့် တဦးတည်းသော သမီးသာရှိ၍ မြင်းတကောင် နှင့်ဘဲ ဖူလုံပါပြီ။ ကိုမောင်ခင်နှင့် ကျွန်တော် မရင်းနှီးမီက သူဖောင်းဝတ်မနာမည် မသိရသော်လည်း ကျွန်တော်နှင့်ခင်မင်မှ သူနောက်ပြောင်းသည့် မြင်းမက'တိုးစိန်'။ မြင်းလှည်း သမား အများအပြားကို ကျွန်တော်သတိထားခဲ့မိသည်။ အချို့သည် ကိုယ့်မြင်းကိုယ်နာမည်လေး တွေလှလှပပ၊ သို့မဟုတ် သင့်လျော်ရာကို ပေးကြသည်။ (ကိုဘလှမြင်းနာမည်က 'ဂျိုကုပ်'တဲ့။ နားရွက်က ခပ်တုပ်ကုပ်နေ၍။ မြင်းလှည်းအသင်း အမှုဆောင်တယောက်ဖြစ်သူ ကိုရ၏ မြင်းသိုး ကြီးနာမည်က 'တကောင်ဘွား'တဲ့။) အချို့မူဘာနာမည်မျှ မပေးကြပါ။ ယင်းသို့ကိုယ့်မြင်းကိုယ် နာမည်ပေးသူနှင့် မပေးသူခွဲခြား ကြည့်သောအခါ မြင်းအား ကိုယ့်အိမ်သားတဦးလို ချစ်ခင်သူနှင့် ခိုင်းစေရန်သက်သက် သဘောထား သူဟူ၍ နှစ်မျိုးကွဲပြားလာသည်။ မြင်းအင်မတန်ရိုက်တတ်သူ ကိုလှကား သူ့မြင်းတွေကို ဘာနာမည်မျှ မပေးချေ။ အော်လိုက်ငေါက်လိုက်သည်မှာ ''ဟား ဒီမြင်း၊ ကိုယ့်အမေကိုယ်''ဟူ၍။

ကိုသိန်းလေးတို့ လင်မယားကား သူတို့တွင် သားသမီးလည်း မထွန်းကား၍ သူတို့၏ တကောင်တည်းသော မြင်းမလေးအား 'သမီး သမီး'ဟု ခေါ်ကြ၏။ နာမည်က 'မိနီ'တဲ့။ ထိုအိမ် မျိုးသို့သွား၍ လည်ပတ်ရလျှင် စိတ်ချမ်းသာစရာကောင်း၏။ ကိုသိန်းလေးသည် မူလက ကျောက်သွေးသမားဖြစ်၏။

ကိုမြတ်သာ၌ကား ဘာမြင်း ဘာလှည်းမျှမရှိခဲ့ချေ။ သူများလှည်း အခစားမောင်းသာ ဖြစ်၏။ သို့သော်သူ့မှာ မယားနှင့်သားသုံးယောက်နှင့်။ ကိုမောင်ခင့်အိမ်နှင့် ဘေးချင်းကပ်၍ ဖြစ်ကတတ်ဆန်း အိမ်ကလေးနှင့်နေ၏။ သူ၏နောက်ကြောင်းကားသူသည် ဤအရာဇာတိ မဟုတ်ချေ။ အင်္ဂလိပ်ခေတ် က ဘတ်စကားလောကမှာ အသင်းအဖွဲ့လည်းမရှိ။ ကားမှတ်တိုင် ဂိတ်လည်းမရှိ။ ကားတစီးမှာ စပယ်ယာတယောက် နှစ်ယောက်နှင့်ကားအပြိုင်မောင်း၍ လူလုတင်ရသည်ဖြစ်ပေရာ ကား'အုံနာ' တို့တွင် လူမိုက်လို၏။ ဤအကြောင်းကြောင့် ဘတ်စကား သုံးလေးစီးပိုင်သူ 'အုံနာ'တယောက်က ကိုမြတ်သာအား တောရွာမှခေါ်ယူလာခဲ့ပြီး အိမ်ဖော်မ နှင့် ပေးစားထားခြင်းဖြစ်၏။ သို့ဖြင့်ဂျပန်ခေတ် ဘတ်စကားလောက မကောင်းတော့သောအခါ (သူ့အုံနာလည်း ပျက်စီးလေ၍) ကိုမြတ်သာတို့ လင်မယားကိုမောင်ခင်နှင့် ပတ်သက်ပြီး မြင်းလှည်းနယ်သို့ ရောက်လာခြင်းဖြစ်၏။ အရက်ကတော့ အလွန်ကြိုက်သည်။ လူကတော့ အင်မတန်ပျင်းသူ ဖျင်းသူတည်း။ သို့သော် သူ့ကိုယ်သူ သတ်သေလောက်အောင်တော့ ရှက်တတ် ၏။ (ဝါ)မိုက်သည် မည်၏။ ဒါပေမယ့်စာဖတ်တော့

ဝါသနာပါသဗျို့။ စာတအုပ်တွေ့လျှင် ဘာမှ မလုပ်ချင်တော့ဘူး။ (နောင်တွင် သူ့အကြောင်း ရေးပါမည်။)

## မြင်းလှည်းသမားနှင့် အရက်

မြင်းလှည်းသမား ၇၅ ရာနှုန်းလောက် အရက်သောက်တတ်ကြသည်ကို တွေ့ရသည်။ ကျွန်တော်သည် ဤ ၇၅ ရာနှုန်းထဲထိပ်တန်းက ပါသွားခဲ့သည်။

ကျွန်တော်၏မူလဇာတိက တောရွာမှဖြစ်၍ ထန်းရည်တော့ငယ်စဉ်ကတည်းက ကျေးရွာဓလေ့ သောက်တတ်ခဲ့သည်။ ချက်အရက် ပုခါးခါးကြီးတွေလဲ တခါတရံ လူကြီးဝိုင်းထဲဝင်ပြီး မျိုချခဲ့ဘူးပါသည်။

သို့ဖြင့် လူပျိုပေါက် ကျောင်းသားဘဝနှင့် ရန်ကုန်ရောက်ခဲ့တော့ တခါတရံဟော်တယ် တက်ပြီး ဘီယာသောက်တတ်လာသည်။ ဆော်ဒါများများနှင့် အရသာရှိလှသော ဝီစကီမော့တတ်လာသည်။ စွဲတယ်တော့ မဟုတ်ပါ။ ပိုက်ဆံရှိတဲ့အခါ ဟော်တယ်မယ်တွေနှင့် အပျော်အပါးပါ ဘဲ။ သည်တုန်းက 'ရမ်'ဆိုတာကျွန်တော်မသိပါ။ ဘီယာ ဘရန်ဒီ ဝီစကီလောက်ဘဲ။

ယင်းမှ မြင်းလှည်းသမားဘဝရောက်ခဲ့တော့ ပထမနက်ကြုတ်နှင့်တုန်းက မြင်းလှည်း သမား အပေါင်းအသင်းမရှိသေး၍ အစမရသေး။ နောက်ဖော်ပြခဲ့သည့်အတိုင်း ကိုဘလှနှင့် စပြီး အပေါင်း အသင်းများလာတော့ ဘုံဆိုင်သို့ ရောက်ခဲ့လေပြီ။

ထိုခေတ်တွင် တရုတ်ဆိုင်ကြီးတွေမှာ ချက်အရက်နှင့် စိမ်ရည်တွဲရောင်းသည်။ စိမ်ရည်မှာ ဦးရည်နှင့် ပဲ့ရည်ဟူ၍ နှစ်မျိုးရှိသည်။

ထန်းရည်နှင့် ဓနိရည်က ဆိုင်သတ်သတ်၊ ထန်းရည် ဓနိရည်မှာ ရိုးရိုးနှင့်၊ ဖော့ဆို့ထားသော 'ဖောင်'ဟူ၍ နှစ်မျိုးစီရှိသည်။ 'ဖောင်'သည် ဆိုဒါပါသည်ဖြစ်၍ ဖွင့်လိုက်သောအခါ 'ဖောင်' ကနဲမြည်ပြီး အမြုပ်တွေဝေကျ၏။ သောက်လည်း ကောင်း၏။ ရင်ချောင်၏။ အား၊ ဆီးလဲ ကောင်းတယ်။

ကျွန်တော်တို့ မြင်းလှည်းသမားတွေမှာ စင်စစ်အညောင်းသမားတွေဖြစ်၏။ မြင်းလှည်း မောင်းရာမှာ လှည်းပေါ်တွင်လူများလျှင် များသလောက် မောင်းသူက ဖြစ်သလိုနေရ၏။ ဤနေရာ၌

ကားဒရိုင်ဘာနှင့် မတူချေ။ ကားသမားမှာ ကားပေါ် လူဘယ်လောက်ကျပ်ကျပ် သူ့ဘို့ထိုင်ရန် နေရာမှာ သီးသန့်ရှိ၏။

မြင်းလှည်းသမားများမှာမူ လှည်းပေါ်လူပြည့်လျှင် အမိုးပြင်ထွက်၍ လှည်းလက်တံပေါ် တင်ပါးလွှဲချိတ်ထိုင်ရ၏။ မှန်ထောင်ပေါ်ထိုင်ရ၏။ မိုးရွာလျှင်လည်း ခရီးသည်များကိုသာ လုံခြုံစေ၍ ကိုယ်ကအရွှဲခံရ၏။ နေပူလျှင် အပူခံရ၏။

သည်တော့ နေပူမိုးရွာခံ၍ အညောင်းထိုင်ရသော မြင်းလှည်းသမားမှာ ဆီးကိုင်လာတတ်သည်။ ဒါကြောင့် ကျွန်တော့်အား အပေါင်းအသင်းများက ''ခင်ဗျား ဓနိရေ ထန်းရေလောက် တော့သောက်ပေးဗျ'' ဆိုရာမှ ကျွန်တော်သည် ဓနိရည် ထန်းရည်လောက်စခဲ့ရာ 'မစွမ်းရင်ကလဲ ရှိ ကန်စွန်းခင်းကလဲငြိ'ဆိုဘိသို့ ကျွန်တော့်နကိုဗီဇကလည်း မျိုးရိုးအလျောက် သောက်ချင်တဲ့ ဉာဉ်ကလေးက ရှိခဲ့ရာက တစတစနှင့် အသောက်ကို ကြိုက်သွားလိုက်ပုံမှာ ပထမ ထန်းရည် ဓနိရည်၊ ဒုတိယ စိန်ရည်မှသည် နောက်ဆုံး ချက်အရက်သို့ ဆိုက်သွားပါတော့သတည်း။

## မေရီ မှ တောက်ထွန်း

မေရီသည် အမွေးအရောင် ဖွေအင်္ဂါနှင့်တကွ မြင်းမ ကောင်းဖြစ်ပါ၏။ သို့ရာတွင် သူ့မှာ မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့။ ဒဏ်ရာဒဏ်ချက်လည်းရှိနေ၊ အသက်ကလည်း မွှန်းလွဲပိုင်း ဖြစ်ရကား ရေရှည် အားမကိုးနိုင်ပြီ။ ကျမြင်းသာဖြစ်၏။ ကျွန်တော့်လက်ထဲရောက်မှ တစတစ ယုတ်လျော့လာ၏။ သူ့ကိုရပြီးခြောက်လလောက် အကြာ၌ ကျွန်တော်တို့သည် နောက်ထပ် မြင်းတကောင်ဝယ်ရန် ဆုံးဖြတ်ကြ၏။

ထိုအချိန်၌ကျွန်တော်သည် မြင်းအကြောင်းကိုနားလည်စပြုပြီဖြစ်၍ ရေရှည်တေတေ ပေပေအခိုင်းခံမည့် မြင်းမျိုးလိုချင်သည်။ ဥပမာ မြင်းလှည်းအသင်း အမှုဆောင် ကိုရကြီး၏မြင်း 'တကောင်ဘွား'မြင်းသိုးကြီးဖြစ်၏။ အားလည်း ကောင်း မာလည်းမာ၏။ အသားအရည်ကလည်း ဘယ်တော့မှ ပိန်သည် ညှော်သည်မရှိ။ အမြဲတမ်း ဝဝလင်လင် ပြည့်ပြည့်ဖြိုးဖြိုး စိုစိုပြေပြေ။ သူ့အမွေးက ရွှေရောင်မို့ သူ့ကို အမွေးအရောင် အားဖြင့်ပြောရသော် 'မြင်းရွှေ'ဟုခေါ်၏။

'မြင်း အုန်းခွံ၊ ကျွန် ကုလား၊ မယားတောသူ' ဆိုစကားရှိဘိသကဲ့သို့ 'မြင်းရွှေ စွေလျှင် စွေ၊ မစွေလျှင် ပြည်တန်သည်'ဟု မြင်းစကား အဆိုရှိပြန်၏။ ကိုရကြီးမြင်းကား ပြည်တန်သည်ဟု

ဆိုရပေမည်။ ကျွန်တော် မြင်းလှည်းသမားစဖြစ်သည်မှ သည်စာရေးဆရာဘဝ ရောက်သည်အထိ သူ့မြင်းကြီး 'တကောင်ဘွား'မှာ မောင်းကောင်းတုန်း ကျန်ခဲ့ပေသည်။

ထို့ကြောင့် ကျွန်တော် တကောင်ဘွားလိုမြင်းသိုးကြီး လိုချင်၏။ ဟော ရပါပြီ။ တကောင်ဘွားထက် အသက်လည်းငယ်၏။ အကောင်လည်း ကြီးသေး၏။ တကောင်ဘွားမှာ မေရီ့ဒေါက်လောက်ပဲ။ လေးပေနှစ်လက်မမျှ မြင်းပု ဂင်တိုဖြစ်၏။ ကျွန်တော်ရသော မြင်းသိုးကြီးကတော့ လေးပေ ခြောက်လက်မထက်မအောက်။ ခြေတံလက်တံရှည်ရှည်၊ လည်ကိုင်းမြင့်မြင့်ကြီးနှင့် တကယ့်မြင်းချောကြီးဖြစ်ပါ၏။ အမွေးရောင်လည်း လှပါ၏။ အပြေးလည်းကောင်းပါ၏။ သို့သော် သူ့မှာ နည်းနည်းအပြစ်ဆိုစရာရှိ၏။ လန့်ချင်သည်။ ဈေးကလည်း သက်သာပါ၏။ ၂၂၀ထဲပေးရသည်။

''အဲဒီ လန့်ချင်တာလေးရှိလို့ ဒီမြင်း ၂၂ဝ ထဲနဲ့ ရတာပေါ့ကွာ'' မြင်းပွဲစားက ပြော၏။ ''ဟော့ ဒီမှာ မောင်ကြင်ဆွေ။ မြင်းကောင်းမှန်ရင် အပြစ်မလွတ်ဖူးကွ။ ဒီလန့်ချင်တာလေး လောက်တော့ မင်းသတိထားမောင်းပေါ့ကွာ။ ဖြစ်ပါတယ်''

ဟုတ်ကဲ့ ဖြစ်ပါတယ်။ သူလန့်ချင်သည်က လမ်းမှာ ချိုင့်ပက်၊ ရေအိုက်ကွက်၊ အင်ဖက်ငှင်းအရာမျိုးတွေ့သော် သူသည်ကွင်း၍ ကွေ့၍ တအားပြေးလေသည်။ ယင်း၌ ကျွန်တော်က သတိထားပြီးတော့ သူ့ကိုဇက်သပ်၍ ချော့ရုံပင်။ လမ်းမှာဒီလိုလန့်စရာများတွေ့လျှင် မြန်မြန်ပင် ခရီးရောက်သေး၏။ ဤသို့တွေး၍ ကျွန်တော်က သူ့ကိုပို၍သဘောကျမိ၏။ ထို့ကြောင့်သူ့ကို နာမည်ပေးရန် ရွေးချယ်သောအခါ ထိုစဉ်က ကျွန်တော်ရေးနေဆဲ 'ရန်အောင်ရတနာ'စုံထောက် ဝတ္ထုထဲက ဇာတ်လိုက်နာမည် တောက်ထွန်း။

တောက်ထွန်း၏အသွေးအရောင်မှာ ဦးစွန်းဖုတ်၊ လည်ဆံ၊ အမြီးနှင့် ခြေထောက်တို့က မည်း၍၊ လည်ကိုင်းနှင့်တင်ပါးက ညိုပြီး ဝမ်းပိုက်နှင့် ကျောပြင်က ဖော်ရွှေရောင်။ မလှလား ခင်ဗျာ။ ဒါပေမယ့်လို့ မြင်းသမားတွေက ဒီမြင်းမျိုး မကိုင်ကောင်းဘူး၊ အမွေးမမှန်ဘူးတဲ့။ နို့ပြီး ဖွေလဲဆိုးသတဲ့ခင်ဗျာ။

ဒါတွေက ဒီမြင်း ကျွန်တော့်လက်ထဲရောက်မှ ပြောကြတာ။ နားစောင့်ဖွေတဖက်မပါဘူး။ သံလျက်ထမ်းသတဲ့။ မြင်း၏နားစောင့်ဖွေဆိုသည်မှာ မြင်း၏နားရွက်နှစ်ခု နောက်နားတွင် ဖွေကလေး တလုံးစီရှိမြဲ။ ယင်းဖွေကလေးတို့သည် နားရွက်နှင့်ကပ်နေရမည်။ နားရွက်နှင့် ဝေးသော် လန့်တတ်သည်။ ဝေးလေလန့်လေ။ ပို၍ဝေး ပို၍လန့်။ ထို့ကြောင့် မြင်းသမားတို့ သည် ပထမ ဤဖွေကို ကြည့်တတ်ကြသည်။

ကျွန်တော်က မြင်း သုံးဆက်မြောက်မှာ ဤအထိ မသိသေးဘူး။ ကျွန်တော့်မြင်း တောက်ထွန်းမှာ လက်ျာဘက် နားရွက်နောက်၌ နားစောင့်ဖွေမပါဘဲ ၎င်းအစား အရှည်တတောင်ဖျက် လက်တဝါးခန့်ရှိသော ဖွေလှိုင်းကြီးခင်ဗျာ။

အဲဒါ ဖွေသံလျက်တဲ့ (သံလျက်နဲ့လဲတူပါရဲ့)။ ဒါမျိုးနှစ်ဖက်ပါရင် သိပ်ကောင်းသတဲ့။ စစ်သူကြီးများစီးတဲ့ မြင်းတဲ့ခင်ဗျာ။ အခုတဖက်ထဲပါတော့ လန့်တတ်ဖျတ်တတ်တယ်။ သခင်ကို ခိုက်သတဲ့ဗျို့။ဟုတ်ကဲ့၊ တောက်ထွန်းလန့်ပုံကိုလဲ ကျွန်တော် သတိထားမိပါတယ်။ လက်ယာဘက်မှာ သံလျက်ပါတဲ့အတွက် လက်ယာဘက်ကချည်း လန့်လန့်ပြီး လက်ဝဲဘက်ကိုဘဲ ကွေ့တတ် ကော်တတ်ပါ၏။ သို့သော် သူလန့်တာခဏပါ။ ကျွန်တော်ကဇက်သပ်ပြီး ချော့လိုက်၊ ခဏလေး နဲ့ ပြေပါသည်။

မြင်း နားရွက်တို့မည်သည် ရှေ့၊ ဘေး၊ နောက် သုံးဘက်လှည့်၍ ရသည်။ မြင်းတခုခု ဖြစ်၍ လန့်တော့မည်ဆိုလျှင် နားရွက်ရှေ့သို့ လှည့်ပြီးမျက်စိအောက်စိုက်ကြည့်တတ်သည်။ ထို့ကြောင့် ကျွန်တော့်မှာ တောက်ထွန်းအား သူ့နားရွက်ကို သတိထား၍ မောင်းရသည်။ ကြိုတင်သိထားတော့ ကြိုတင် ချော့နိုင်သည်ဖြစ်၍ များများလန့်မှာ နည်းနည်းလန့်သည်။ နို့ပြီး ကျွန်တော်က သူ့ဇက်ထိန်းထားပြီဖြစ်၍ ဘာမျှအန္တရာယ်မရှိနိုင်။ ဒီကောင်ကြီးက အကြမ်းမရ၊ အချော့ကြိုက် သက်သက်ဖြစ်၏။

ယင်းသို့ ကျွန်တော်က သူ့ဓာတ်သိနေတော့ သူနှင့်ကျွန်တော် အဆင်ပြေလိုက်သည့်ဖြစ်ခြင်း။ လှည်းတပ်တော့မည်ဆိုလျှင် ကျွန်တော်က သူ့ကိုသွားဖမ်းစရာ မလိုပါ။ ‘အုပ်ခွက်’ကို ပြလိုက်ရုံနှင့် သူ့ဖာသာသူ လာ၍ ခေါင်းစွပ်ပေး၏။ (အုပ်ခွက်ဆိုသည်မှာ မြင်းလှည်းမောင်းရာ မှာ အသုံးပြုသည့် ပါးချပ်၊ ဇက်သွား၊ မျက်စိကာများ တပ်ထားသော မြင်း၏မျက်နှာစွပ်ဖြစ်၏။) ကျွန်တော်မှတပါး အခြားသူတော့ ခေါ်မရပါ။

တောက်ထွန်းသည် ဖော်ပြပါ လန့်တတ်တာလေးမှ တပါး ပထမတန်း မြင်းစားဖြစ်၏။ သူ့အား ရိုက်မောင်းစရာမလိုပါ။ အနေးအမြန်ကို ဇက်ပေးဇက်ယူနှင့်ဘဲ ပြီးသည်။ မေရီလည်း မောင်းရာမှာ ထိုနည်း၎င်းပေ။ သို့သော် မေရီကိုကား ချို၍မောင်းရသည်။ သူက ကျမြင်းဖြစ်၍ ဝန်လေးနှင့် ခရီးရှည်ကိုရှောင်ရသည်။ ယင်းသို့ ကိုယ့်မြင်းနှစ်ကောင်အကြောင်း ကိုယ်သိနေ တော့ နက်ကြုတ်တုန်းကလို အဆမတန် ခိုင်းစေခြင်းဖြင့် မပျက်စီးစေရ။ ရေရှည်သုံးသွားရ အောင် သက်သက်ညှာညှာ ကြင်ကြင်နာနာပြုတော့မည်ဟု နှလုံးပိုက်မိပါ၏။ သို့သော် စိတ်ကူး မကိုက်။ ကျွန်တော့်ယောက္ခမသည် ကျွန်တော့်အား ဤမြင်းများနှင့် ခွဲခွာပစ်ပါလေ၏။

အသို့ဟူမူ ထိုစဉ်တွင် ကျွန်တော့်ယောက္ခမမှာ ကျွန်တော့်ဇနီးနှင့် အထက်အောက် အသက်၁၆နှစ်နှင့် အသက် ၁၂နှစ်အရွယ် သားနှစ်ယောက်ရှိလေရာ သူတို့နှင့်ကျွန်တော်နှင့် မြင်း လှည်းဖော်လိုက်လေ့ရှိကြခြင်းဖြင့် မြင်းလှည်းမောင်းတတ်သွားလေပြီ။

ထိုရောအခါ ကျွန်တော့်ယောက္ခမက

''မောင်ကြင်ဆွေ၊ မင်းကို တသက်လုံး မြင်းလှည်းမောင်းခိုင်းမထားနိုင်ဘူး။ ဒို့အမျိုးက လခစားမျိုးကွယ့်။ လခစား အလုပ်ကိုဘဲ ဒို့ကြိုက်တယ်။ ဒီတော့ လခစား အလုပ်ကိုရှာပါ။ ဒီမြင်းလှည်းမောင်းတာတော့ ငါ့သားနှစ်ယောက်နဲ့ဘဲ ဖြစ်နေပြီ။''

ဒီအချိန်မှာ သူနှင့် ကျွန်တော်က သမီးယောက္ခမ တော်နေလေပြီ။ ဒီလိုဘာကြောင့် ရေးရ သလဲဆိုတော့ အစပထမက ပြောအုံးမှဗျ။ ထုံးဘိုရွာကနေပြီး သူတို့အိမ်ပေါ်ရောက်၊ မြင်းနက် ကြုတ်သေသည်အထိ သူ့သမီးနဲ့ ကျွန်တော်နဲ့ မညားသေးဘူး။ ကျွန်တော်မိဘဆွေမျိုးများပါခေါ် ပြီး နှစ်ဖက်သဘောတူ မင်္ဂလာသဘင် ဆင်ယင်ကျင်းပဘို့ပေါ့ ခင်ဗျာ။ ဒါပေမယ့် အဲသည်အချိန် မှာ ရန်ကုန်နဲ့ပေါင်းတည် စာပေးစာယူမှုပင် မဖြစ်လေတော့ နေ့ရွှေ့၊ လရွှေ့၊ နှစ်ရွှေ့နဲ့ ပထမဦး ဆုံးကလေးကိုယ်ဝန်သာ ရရော၊ ကျွန်တော်တို့ မင်္ဂလာမဆောင်လိုက်ရပါဘူး ခင်ဗျာ။ အဲဒါလဲ အေးတာပါဘဲ။ နို့မင်းတို့လင်မယား ဘယ်တုန်းက ညားကြလဲ မေးရင်ဖြင့် နတ်ကြုတ်သေပြီး မေရီရောက်တဲ့နှစ်ပေ့ါဗျာ။ အဲဒါဘဲ ကျွန်တော်ပြောနိုင်ပါတယ်။

အေးလေ ဘယ်လိုဘဲဖြစ်ဖြစ် သူ့သမီးနဲ့ကျွန်တော်ညားတော့ သားမက်ယောက္ခမ ဖြစ်ကြ ပြီပေ့ါ။ ဒီတော့ ဖြစ်စ သားမက်ကလေးတို့ မည်သည်ယောက္ခမစကား နားထောင်ရမည်ဟု ကျမ်း ဂန်ပါဠိ လာရှိသည်မဟုတ်သော်လဲ ကျုပ်တို့ မိဘအရင်းထက်တောင် နားထောင်ကြတာဘဲ မဟုတ်လား။

ဒါကြောင့် ကျွန်တော်က အဲဒီအချိန်မှာ နိုင်ငံတော်အဓိပတိကြီး ဒေါက်တာဘမော်ရဲ့ အတွင်းဝန်ဖြစ်နေတဲ့ ကိုသန့်ဇင်ကို ပြောလိုက်တော့ဟာ ရလိုက်တဲ့အလုပ်မှ သာယာဝတီမြို့ P.W.D ခေါ်တဲ့ မြူနီစီပယ်ရုံးမှာ Head Clark ခေါ်တဲ့ စာရေးကြီးခင်ဗျာ။ လျှောက်လွှာလဲ တင်ရ တာမဟုတ်ဘဲနဲ့ ကိုသန့်ဇင်တန်ခိုးနဲ့ အိမ်ကိုခန့်စာရောက်လာတယ်။

စာရေးကြီး သားမက်တော်ရပြီဖြစ်တဲ့ ကျွန်တော့်ယောက္ခမက ဝမ်းသာလှ၏။ သူ့ပိုးထမီ နှစ်ထည်ကို အထက်ဆင်ဖြုတ်ပေး၏။ ကွယ်လွန်သူ သူ့ယောက်ျား၏ ကုတ်အင်္ကျီ နှစ်ထည်ကို ပေး၏။ ရှပ်အင်္ကျီလဲပါသေး၏။ ကျွန်တော့်ယောက္ခထီးနှင့် ကျွန်တော်မှာ ကိုယ်လုံးကိုယ်ထည် အရပ်အမောင်း အတူတူဘဲဟုပြောကြ၏။

''မင်းအခု ဘာမှမတတ်သေးပေမယ့် အလုပ်က သင်သွားလိမ့်မပေါ့။ ကြိုးစားကွယ်။ စားရေးကြီးပြီး ဝန်ထောက် ဖြစ်ရမယ်ပေါ့''

သားမက်နှင့် ယောက္ခမ တော်တော်ဘဲ တယုတယဖြစ်ခဲ့ကြ၏။

သို့သော် ကျွန်တော့်မှာ သက်သက် သောက်ရှက်ကွဲရခြင်းသာတကား။ ကြည့်ပါမိတ်ဆွေ ကျွန်တော်လို အင်္ဂလိပ်မြန်မာဆယ်တန်းမျှ မအောင်သော အကောင်သည် ရုံးသုံးအင်္ဂလိပ်စာ ချည်းဖြစ်သော ဟိုခေတ်တုန်းကဆိုလျှင် လခမဲ့ အကူစာရေးတောင် လုပ်ရဘို့ခဲယဉ်းသည် မဟုတ်တုံလော။ ယခု ဒါရိုက်ဟစ် စာရေးကြီးအဖြစ်နဲ့ ကြွလေတော့ ထိုရုံးက ဝန်ထောက်ကြီး သည် လည်းကောင်း၊ အိုဗာစီယာများသည် လည်းကောင်း၊ စာရေးများသည်လည်းကောင်း ကျွန်တော့်အား ဟသ်ာအုပ်ထဲ ရောက်သော ကျီးကန်းသဖွယ် ဆက်ဆံကြကုန်သည်။

ဝန်ထောက်သည် သူ့လက်အောက်တွင် လုပ်ရမည့် ကျွန်တော်စာရေးကြီး ခမျာအား မေးခွန်းအမျိုးမျိုး ထုတ်လေသည်။

''ဘယ်နှစ်တန်းအောင်လဲ''

''ဘယ်ရုံးမှာ လုပ်ခဲ့ဘူးသလဲ''

''ဒီမလာခင် လက်ရှိအလုပ်ကဘာလဲ''

ဘယ်ရုံးမှ မလုပ်ခဲ့ရပါဘူး။ မြင်းလှည်းမောင်းရာက လာခဲ့ရတာပါဆိုတော့ ဝန်ထောက် မှာ သူ့စာရေးကြီးကို အင်မတန်စိတ်ပျက်ရှာသည်။ စိတ်ညစ်ညစ်နှင့် ဟိုလူဒီလူတွေ ဆူပူကြိမ်း မောင်းတော့သည်။ ခေတ်ကြီးကို ဆဲရေးတော့သည်။

ကျွန်တော့်အား အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော သူ့ရုံးကစာတွေကို ဖတ်စေသည်။ ကျွန်တော်မှာ စာမေးပွဲကို အားမနာ ပါးမနာ ဝင်ဖြေ၍ ဆယ်တန်းမအောင်။ 'ဆယ်တန်းတော့ ရောက်ခဲ့သူ'ဟူသော ဘွဲ့ထူးကိုရသော်လည်း ကြီးမှအလွတ်ပညာသင်ရသဖြင့် အင်္ဂလိပ်စာနှင့် တွေ့ရသည်မှာ နှစ်နှစ်ကျော်မျှ ရှိသေးသောကြောင့် ထိုစဉ်၌ လက်ရေးစာလုံးဆိုလျှင် တခါတရံ ကိုယ်ရေးတာမှ ကိုယ်ပြန်မဖတ်နိုင်အောင် ဖြစ်တတ်ပါသည်။

ယင်း၌ ဝန်ထောက်မင်းက

''ကဲ၊ စာရေးကြီး''(အောင်မယ် စာရေးကြီးတော့ ခေါ်ခံရသေးသဗျ။) ''ဒီလိုဆိုရင် ကျုပ်ရုံးမှာ ဘယ်လိုအလုပ်လုပ်မလဲ''

ကျွန်တော်မှာ ကိုယ်မသိတာ ဆရာမေးခြင်းခံရသော တပည့်ငယ်ကဲ့သို့ ဘာမျှပြန်မပြောနိုင်ချေ။

ဝန်ထောက်သည် သူ့နှုတ်ခမ်းမွေးသူရိုက်ပြီး ထသွားချေတော့သည်။ ဤနေရာ၌ သူသည် ဆန်ကောနှစ်ချပ် အတောင်တပ်ပြီး မိုးပေါ်ပျံသွားလည်း ကျွန်တော်ဘာမျှမတတ်နိုင်သော ကိစ္စ ပါ။

သို့သော် ဖြစ်စနိုး စီစဉ်ပေးကြသေး၏။ ထိုစဉ်၌ ကျွန်တော်တည်းအိမ်မှာ သုံးဆယ်မြို့က ဆွေမျိုးနီးစပ်။ ဤမှာနေသားမကျမီ သူတို့အိမ်မှာ ထမင်းလခပေးစားမည့် အစီအမံနှင့် ကျွန်တော့်လုပ်ငန်း ပုံပန်းမကျပုံကို ပြောပြသောအခါ ယခုအလုပ်လက်မဲ့ ယခင်တုန်းက ဤရုံးမျိုးတွေမှာ လုပ်ခဲ့ဘူးသော လူကြီးတယောက်နှင့် ဆက်သွယ်ပေးပါသည်။ ဝန်ထောက်ကလည်း ကျုပ်ရုံးကအလုပ် အထမြောက်ရင် ပြီးတာပါဘဲဟု လက်ခံပါသည်။ ထိုလူကြီးလုပ်နိုင်မည်ကိုလည်းသူသိသည်။

ယင်းသို့ဖြင့် ကျွန်တော့်စာရေးကြီးလခ ၁၅၀မှ ထိုဆရာကြီးအား ၅၀ ပေးပါမည်။ နေ့စဉ်ရုံးသွားစရိတ် ကျွန်တော်ကခံပါမည်ဟု သဘောတူကြ၏။

ယင်းမှစ၍ ကျွန်တော်တို့နှစ်ယောက်ပူး ရုံးတတ်ကြ၏။ နံနက်စာစားပြီး သုံးဆယ်မှ သာယာဝတီသို့ ဆိုက်ကား တယောက် ၁၀ဆင့် နှစ်ယောက် ၁၅ဆင့်ဖြင့် သွားကြ၏။ ညနေထို့ အတူ ပြန်၏။ နေ့လယ်စာအတူစား၊ ကျွန်တော်က ဝယ်ကျွေးရ၏။

ရုံးအလုပ်မှု ကျွန်တော်က ဘာမျှမလုပ်။ ငုတ်တုတ်ထိုင်၍နေသည်သာ။ အော် လက်မှတ်တော့ ဘုမသိဘမသိနဲ့ ထိုးလိုက်ရသေးဗျ။

အရွယ်မရောက်သေးသော မင်းသားလေးကို ထီးမွေနန်းမွေဆက်ခံရသော် 'ရင်ခွင်ပိုက်ဘုရင်လေး'ဟု ခါကြ၏။ ကျွန်တော့်အားလည်း ထို့အတူပင် 'ရင်ခွင်ပိုက်စာရေးကြီးလေး'ဟု ခေါ်ကြမည်လော။ သို့သော် အားလုံးသော ရုံးသားများက ကျွန်တော်တော့ကို နှာခေါင်းရှုံ့ကြ၏။ ပြက်ရယ်ပြုကြ၏။ ကျွန်တော့်အား သူတို့အမြင်တွင် ပလ္လင်ပေါ် မျောက်တတ်ထိုင်သည်ဟု ထင်မှတ်ကြရုံသာမက ကျွန်တော့်အဝတ်အစားကလည်း မျက်စိဆံပင်မွေးစူးစသဘွယ် ဖြစ်နေ သေး၏။

ကြည့်ပါ။ ကျွန်တော့်မှာ ကျောင်းသားဘဝကဝတ်သော ပိုးလုံချည်၊ အပေါ်အင်္ကျီများက ရွာကအိမ်မှာ ကျန်ခဲ့၏။ သည်တော့ ယောက္ခမ အထက်ဆင့်ပြုတ်ပေးလိုက်သော ထမီနှင့်

သူ့လင်ဘိုလိုဝတ်ခဲ့သော ကုတ်အင်္ကျီ။ ယင်းခေတ်တွင် ဘိုလိုတင်ပါးဖုံးသော ကုတ်အင်္ကျီကို ဗမာများ မဝတ်ကြသေး။ ဖောင်းဗီဝတ် လူမျိုးခြားနှင့် အချို့ကုလားများသာ လုံချည်နှင့် တွဲဝတ် လေ့ရှိကြ၏။ ထို့ကြောင့် ကျွန်တော်မြင်းလှည်းမောင်းရင်း ဆောင်းရာသီမှာ ပထမဦးဆုံး ယောက္ခ မထုတ်ပေးသော ကုတ်အင်္ကျီကို ဝတ်သွားသောအခါများတွင် မြင်းလှည်းသမား ဘဝဖော်များက ကျွန်တော့်အား 'အီစွတ်ဘိုင်'ဟု ခေါ်ကြ၏။ ယခု ရုံးအလုပ်သမားများကား ကျွန်တော့်ကို မည်သို့ သမုတ်ကြ မည်မသိ။ သူတို့ ကျွန်တော့်ပုံသဏ္ဍာန်ကြည့်၍ စောင်းပါးရိပ်ချည်ပြောကြသည်ကား အမှန်။

ယင်းသို့ဖြင့် နောက်ဆုံးတွင် ကျွန်တော်၏ အရှက်နည်းခြင်းစံချိန် ကျဆုံးလေတော့၏။

မူလရည်ရွယ်သည်က ထိုအကူဆရာကြီးဆီမှ ကျွန်တော်က တစတစ သင်ယူရန်။ သို့သော် ကျွန်တော့်မှာ ပတ်ဝန်းကျင်၏ ဖိနှိပ်ခြင်း၊ ရှုတ်ချခြင်းကို ခံနိုင်သော စွမ်းရည်သတ္တိ နကိုဗီဇက နည်းခဲ့ခြင်းကြောင့် လုပ်သက်ရက်အစိတ်မျှမပြည့်မီ လစ်ပါလေတော့၏။

ကျွန်တော်လည်း အိမ်ရှင်အား လခထုတ်ရန် လွှဲစာပေးခဲ့သည်။ အရက် ၂၀ထွက်တော့ ရတန်ရာ၏။ ဒါကိုဟိုလူကြီးအား ၅၀ပေး၍ ကျန်တာကို ခင်ဗျားတို့ ထမင်းလခ ယူပါတော့။ (သူတို့ရမရတော့ ကျွန်တော်ယခုတိုင်မသိ။)

အိမ်သို့ပြန်ရောက်လတ်သော် ယောက္ခမသည် ဝမ်းသာအားရခရီးဦးကြို ပြု၏။ အလုပ် အကိုင်ရော အိမ်ယာပါ နေသားတကျဖြစ်သွား၍ မယားကိုခေါ်ရန် ပြန်လာခဲ့သလားကွယ်။

သို့သော် ကျွန်တော်က အဖြစ်မှန်ကို ပြောပြသောအခါ ယောက္ခမဒေါ်ထလေပြီ။ ဒီလို အကောင်မျိုး သမက်တော်ရတာ ရင်နာလှလေခြင်း။ ဒီအလုပ်မျိုး ရလျက်ကနဲ့ အစာယက်ရင်း ပတ္တမြားနင်းမိသော ကြက်ဖနှင့် တူလှလေခြင်း။

ကျွန်တော်က ညွတ်ကျိုးစွာ တောင်းပန်ပါသည်။

''အန်တီရယ် ကျွန်တော်ဒီလို ကိုယ်မတတ်နိုင်တဲ့ အလုပ်ကိုမလုပ်ပါရစေနဲ့။ မြင်းလှည်း ဘဲ ပြန်မောင်းပါရစေတော့''

''အိုး၊ ငါ့အိမ်မှာတော့ မလိုတော့ဘူး။ ငါ့မြင်းလှည်းက ငါ့သားတွေနဲ့ဖြစ်နေပြီ။ မင်းဟာ မင်းတခြားရှာကြံမောင်းချည်တော့။ ဒီလောက်တောင် မြင်းလှည်းမောင်းချင်လှရင်''

ယခုအနေနဲ့ ကျွန်တော်ပြန်တွေးတော့ သူလူကြီးမိဘအနေနဲ့လဲ မဆိုးပါဘူး။ သမက် ကလေးက လခစားအလုပ်လုပ်၊ သားလေးတွေက မြင်းလှည်းမောင်းလို့ပိုပြီး ဝင်ငွေကောင်းမယ်

မဟုတ်လား။ အိမ်ထောင်မှာ စီးပွားရေးအနေဖြင့်လဲ ကဏ္ဍကွဲသွားမယ်။ ဒါပေမယ့် ကျွန်တော်က သူလုပ်စေချင်တဲ့ အလုပ်မှ မလုပ်နိုင်တာဘဲ။

စင်စစ် ထိုအချိန်၌ ကျွန်တော် မိဘရပ်ထံပြန်ဘို့ သင့်လှချေသည်။ သို့သော် ရခါစ မယား တန်းတန်းစွဲဖြစ်နေ၍ သူ့သမီးလဲ နင်တို့လို တောရွာတော့ တသက် မထည့်နိုင်ပေါင် ဆိုသောကြောင့်။

ယင်းသို့ဖြင့် ကျွန်တော့်မှာ ဝမ်းရေးအတွက် အခက်ကြုံရလေသည်။ သို့ရှိစဉ် တနေ့သ၌ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ပိတ်ထားသည်ကို တွေ့ရ၍ ပိုင်ရှင်က သူ့ဆိုင်ခန်းငှားလိုကြောင်း၊ လက်ဖက်ရည်ပန်းကန် အိုးခွက် အပြည့်အစုံနှင့် တလလျှင် ၃ဝိ။

''ဟိတ်၊ မင်းကိုဆိုရင် ဆိုင်ဖွင့် ၁၅ ကျပ်နဲ့ဘဲ ပေးထားမယ်ကွာ။ ကျန်တာ နောက်မှပေး''

တွက်ချက်ကြည့်သော် အကျဦးဆုံး ၅ဝိမျှ အစပြုရုံနှင့် ဖြစ်နိုင်သောကြောင့် ယောက္ခမ အား အကျိုးအကြောင်း ပြောပြ၍ငွေတောင်းခံကြည့်သော်

''ဟင်း မပေးနိုင်ပါဘူး။ အရင် ဟုတ်တိပက်တိ စာရေးကြီးအလုပ် ရပြီရယ်လို့ ချေးလိုက် တဲ့ ငွေ ၅ဝိတောင် ပြန်မဆပ်နိုင်သေးဘဲနဲ့''

အလာ့လား၊ ကြည့်စမ်း။ ယောက္ခမ၏ ပြောင်းလဲပုံ။ ထိုငွေပေးစဉ်က တနှစ်ကျော်ကျော် တအိမ်ထောင်လုံးကို မြင်းလှည်းမောင်းကျွေးခဲ့သော သမက်တယောက်အား ပေးကမ်းမစသလို နှင့် ချေးငွေပြုသည်။ ယင်း၌ ကျွန်တော်က အထွန့်တက်လိုက်သည်။

''အောင်မယ် ဒါများ ချေးငွေလုပ်သလားဗျာ။ ကဲ ကျွန်တော်ထုံးဘိုသွားတုန်းကငွေ ၂ဝဝိ လောက်ပါတာကို အန်တီ့ ၁၉ဝိ ပေးလိုက်တာကော''

''ဟဲ့ အဲဒါကို နင်ငရုတ်သီးရှုံးလို့ ကုန်ပြီမဟုတ်လား''

ကဲ အဲဒီတုန်းက သမီးယောက္ခမလောင်းနှစ်ယောက် သူ့ဟာ ငါ့ဟာ မခွဲဘဲ စိတ်တူ သဘောတူ လုပ်ကြတော့ အဆုံးသတ်မှာ ကျွန်တော့်အရှုံးတဲ့ဗျာ။ လှလိုက်ပလေ။

အဲဒီ ငရုတ်သီးအကြောင်းကိုလဲ ပြောရအုံးမယ်။ ရန်ကုန်အထိ ပါခဲ့တာ၊ ရောက်တော့ အစေ့တခြား အခွံတခြား ဖြစ်နေပြီ။ မှိုတွေကလဲ တက်လို့။ ဘယ်ကုန်ဆိုင်ကမှ ဝယ်မယ့်လူမရှိ တာနဲ့ မြေနီကုန်းသွားပြီးတော့ ငရုတ်သီးမှုန့်ထောင်းရောင်းတဲ့ ကုလားမကြီးတွေသွားစပ်ရတယ်။ သူတို့က မလိုချင်လိုချင်ကို မတန်တဆဈေးနဲ့ ရောင်းတာတောင် တခါထဲ အကုန်မယူနိုင်ပါဘူး ဆိုလို့ ၃

ရက်မှတအိတ် မြင်းလှည်းပေါ်တင်ပြီး နက်ကြုတ်နဲ့ သွားသွားပို့လိုက်ရတယ်။ ငွေကလဲ တအိတ်မှ ၄ ကျပ်လား ထင်ပါရဲ့။ မမှတ်မိတော့ပါဘူး။ ရေပ်အိတ်အားလုံးက သရက်ကနေ ထုံးဘိုထိအောင် ၂၀ဝိ လောက်ကျခဲ့တာ။ အဲဒီအရှုံး ကျွန်တော်တဲ့။ ကဲထားတော့။ ကိုယ်က အောက်ကျခံရမည့်အခြေဘဲကိုး။

''ကောင်းပါပြီ အန်တီရယ်။ သာယာဝတီသွားတုန်းက ၅ဝိ။ အခု ၅ဝိ နဲ့ဆိုရင် ကျွန်တော် ၁ဝဝိ ပြန်ဆပ်ပါ့မယ်''

''အောင်မာ မင်းကငါ့ကို နှိုက်တိုင်းထွက်တဲ့ ရွှေတွင်း ငွေတွင်းများ အောက်မေ့နေလား ကွယ့်။ မပေးနိုင်ဘူး''

သူလည်း ကျွန်တော့်ကို သာယာဝတီက ပြန်လာပြီးကတည်းက စိတ်ထောင့်၍နေသည်။ (ပထမဦးဆုံးအကြိမ် စိတ်ကွက်ကြခြင်း။) နောက်ပြီး သုံးလေးရက်အတွင်းမှာဘဲ သူပေးလိုက်သော ကုတ်အကျီများကို ပြန်ယူ၍ သူ့ထဘီများကို အထက်ဆင့် ပြန်တပ်ပြီးလေပြီ။ ဒါကို ကျွန်တော်က အလိုက်ကန်းဆိုး မသိစွာငွေတောင်းခြင်းပင်။ ကျွန်တော်၏ မိုက်မဲမှုဖြစ်ပါ၏။

ထိုကြောင့် ယောက္ခမထံ ငွေရရန် လက်လျှော့လိုက်ရပြီး ကျွန်တော့်အမေ မသေမီလေး က ဝယ်သွားသော ရိုးကုမ္ပဏီမှ ၆ရ ကျပ်ခွဲတန် 'အယ်လင်' နာရီလေးကို သူငယ်ချင်းတယောက် ထံ ငွေ ၄၅ကျပ်နဲ့ ပေါင်ပြီး လက်ဖက်ရည်ဆိုင်ကို ဖြစ်ကတတ်ဆန်း ဖွင့်ရချေတော့၏။

ကျွန်တော်က စစချင်း ဖျော်တတ်လို့လား မဟုတ်ပေါင်။ နို့ကိုမှ ဘယ်လိုကျိုရမှန်းမသိ။ ထိုကြောင့် ကျွန်တော့်အား လက်ဖက်ရည်ဆိုင်ငှားသူကပင် ဆက်ပေးသော မုန့်လုပ်ဆောင်းကုန်း မှ ကာကာ ကုလားအဖိုးကြီးတယောက်ကို တနေ့လျှင် တကျပ်နှုန်း နေ့စဉ်ပေးနှင့် ငှားရမ်းထားရ ၏။ သူ့ထမင်း သူစား ညလက်ဖက်ရည်ဆိုင်ပိတ်၍ ပြန်လျှင် ငွေတကျပ်ပေးလိုက်ရုံသာ ဖြစ်၏။ (လက်ဖက်ရည်တခွက် ၁၀ ဆင့်ခေတ်။ ဂျပန်ငွေအစ မဖောင်းပွသေး။)

အောင်မယ် ဤအလုပ်မျိုးက လုပ်၍ အလျင်ရလာလျှင် ငွေရင်းမလိုလှတော့ပါ။ နို့ကုလားကို ဒီနေ့ယူ မနက်ဖြန်ပေး အကြွေးရ၏။ ကော်ဖီလက်ဖက်ခြောက်တို့လည်း ထို့အတူ ဖြစ်လာ၏။ ဆေးပြင်းဆေးပေါ့ ဆီးရွှင် ဝမ်းနုတ်ဆေး စသည်တို့မှာလည်း နာမည်ကြီးများကိုသာ လက်ငင်းပေးဝယ်ရ၍ နာမည်မရသေးတာများက သူတို့ဟာသူတို့ လာပို့ထားကြ၏။ သူတို့ဟာ သူတို့ မကြာခဏလာကြည့်ကြ၍ ရောင်းပြီးသမျှ ကော်မရှင်နုတ်ပေး။ ကိုယ်က သက်သက်နေ ရင်း မြတ်နေတာ။

ထိုစဉ် ကျွန်တော့်အဖို့ အခွင့်အရေးကောင်း ရပြန်သည်မှာ ဤရပ်ကွက်တွင် ဂျပန်ထံမှ သကြား စီးကရက်နှင့် ဂျပန်အလုကုန်ကိုယ်စားလှယ် ရကြသူများမှာ ကျွန်တော်နှင့်ခင်မင်ရင်းနှီးသူများသာ ဖြစ်ကြကုန်၏။

သို့နှင့် ကျွန်တော့်အလုပ်ကလေး ဟန်ကျလိုက်လေရာ ၃ လအတွင်းမှာ နာရီလေး ပြန်ရွေးနိုင်သည့်ပြင် လက်ထဲမှာ ငွေ ၂၀၀ ကျပ်ခန့်အဖတ်တင်လေ၏။

ယင်းအချိန်တွင် မြင်းလှည်းအလုပ်သည် ပို၍ပို၍ ကောင်းလာရကား ကျွန်တော်သည် လက်ဖက်ရည်ဆိုင်အပြင် အလုပ်ကို တိုးချဲ့ရန် ကိုယ့်လက်ရှိငွေနှင့်နိုင်သော မြင်းတကောင်ကိုဝယ် ရန် ဆုံးဖြတ်ချက်ချလိုက်၏။ ကိုယ့်လှည်းမရှိဘဲလည်း မြင်းတကောင်ထဲရှိသူ၏လှည်းကို နေ့ဝက် ၁ကျပ်ပေး၍ ငှားမောင်းနိုင်၏။

ထိုအချိန်၌ မြင်းဈေးသည် ထိပ်တန်းမှ ၃၀၀ ကျပ်မျှရှိသေးရာ ကျွန်တော့်ငွေ ၂၀၀ ကျပ် သည် အဝယ်မှန်လျှင် ထိုက်တန်သော မြင်းကိုရနိုင်၏။

ကဲ၊ ကျွန်တော်ပိုင် မြင်းမဝယ်မီ ကျွန်တော် သံယောဇဉ်ငြိခဲ့သော မေရီနှင့် တောက်ထွန်း အကြောင်းကို ပြောရဦးမည်။

ကျွန်တော့်ယောက္ခမအိမ်မှာ မအူပင်လမ်း၊ ကျွန်တော့်လက်ဖက်ရည်ဆိုင်သည် ဂုင်းလမ်း နှင့် ရှမ်းလမ်းမကြီးထောင့်။ ကျွန်တော်သည် နံနက် ၆နာရီအိပ်ရာကထ၍ လက်ဖက်ရည်ဆိုင် လာခဲ့ရပြီး ရေနွေးအိုးတည်ရသည်။ ၆နာရီလောက်မှာ လက်ဖက်ရည်ဆိုင် လူစည်နေချေပြီ။ ထိုအချိန်၌ ကျွန်တော့်ယောက်ဖလေးများသည် မေရီကို ဒလကြမ်းမောင်းပြီး ထွက်လာသည်များ မြင်ရတော့ ကျွန်တော့်မှာ မေရီအား သနားစိတ်ဖြင့် မခံမရပ်နိုင်အောင်ဖြစ်ရသည်။ သူတို့သည် မြင်းရိုက်နှင့် မြင်းလှည်းမောင်းအကြမ်းတွင် နာမည်ကြီးသော ကိုလှကိုအားကျပြီး ဤသို့မောင်း ကြောင်း ကျွန်တော်သိသည်။ စင်စစ်မေရီသည် ကိုလှမြင်းများနှင့် မတူချေ။ ကိုလှမြင်းတို့သည် မြင်းသိုးကလေးများ။ အသက်အရွယ်ငယ်ငယ် ခြေလက်အင်္ဂါအကောင်းလေးတွေ။ မေရီက အသက်လဲကြီးပြီး ခြေတဖက်မှာလဲ ဒဏ်ရှိ၍ ခွာတိုက်နေသည်။ အမှန်အားဖြင့် မေရီကို ချိချိ လေးနှင့် သက်သက်ညှာညှာမောင်းပါမှ မြင်းသက်ရှည်မည်။

သို့သော် ကောင်ကလေးများသည် သူတို့အမေနှင့် ကဏ္ဍာကောစဖြစ်နေသော ကျွန်တော့် စကားရယ်လို့ နားမထောင်ကြ။ ကျွန်တော်က လက်ဖက်ရည်ဆိုင်မှ လှမ်းအော်ပြော။ စိတ်ပေါက် ပေါက်နှင့်ဆဲ၊ သည်လိုဆိုလေ ဒင်းတို့က အရွဲ့တိုက် မောင်းကြလေနှင့် ကြားက ကံဆိုးသူ မေရီမှာ တနေ့တခြား ယိုယွင်းရတော့၏။

မူလက ပတ်တလားကြီးလို ကော့နေသော မေရီ့ကျောသည တန်းရာမှ ကုန်းစပြုလေပြီ။ နီရဲသော အမွေးတို့လည်း ဝါကျင့်ကျင့်ဖြစ်လာပြီ။ ဖုထစ်သောအသားတို့မှာလည်း အရိုးအဆစ် ပေါ်ခဲ့ပြီ။ ပထမက ပွတ်ရုံလေးတိုက်သော ခွာတဖက်မှာလည်း တဒုတ်ဒုတ်နှင့် အသံကြားရ အောင် တိုက်နေလေပြီ။ ညဆိုလျှင်ကျောက်ခဲနှင့်ခတ်က မီးတဖျတ်ဖျတ် ပွင့်သည်အထိပင် ဖြစ်နေလေပြီ။

ဖွဲဆိုးပါ၍ သခင်ကို ခိုက်တတ်သည်ဆိုသော တောက်ထွန်းကား ကျွန်တော်လက်ဖက် ရည်ဆိုင်ထွက်၍ တလအတွင်းမှာပင် သူ့လက်တွင်းမှ ကျွတ်လွတ်သွားလေပြီ။

စင်စစ်ကား မြင်းဖွဲဆိုးသည်မှာ သူချည်းဆိုးသည်မဟုတ်။ လူဆိုးများနှင့်တွေ့ကြခြင်း လည်းပါဝင်ပေ၏။

အကြောင်းမှာ ‘ဆင်တကျင့်၊ မြင်းတကျင့်’ဆိုစကားရှိသည်တွင် တောက်ထွန်းမှာ တလက် ကိုင် သက်သက်ကြိုက်သူ ဖြစ်သည်။ ကျွန်တော်သုံးဆယ်သွားပြီး ယောက်ဖများ လက်ပြောင်း လိုက်သည်၌သူမကြိုက်။ ထို့ပြင် မစဉ်းစား မဆင်ခြင်တတ်သော ငယ်ရွယ်သူများဖြစ်၍ တခြား သူများ၏ သွေးဆောင်ခြင်းဖြင့် တောက်ထွန်းအား မြင်းမများနှင့်သားတင်သည်။

မြင်းသိုးကို ဤသို့ပြုပြီးသောအခါ သုံးလေးရက်တာမျှ မခိုင်းဘဲအားဖြစ်စေသော ကြက်ဉ၊ ထောပတ်၊ နံ့သာပုဂ္ဂက်ပျောသီးစသည်တို့ကို ကျွေး၍ အားပြန်ပြည့်တော့မှ အလုပ်ပြန်ခိုင်းရ၏။ ကျွန်တော့်ယောက်ဖလေးများက ဒါကိုမသိ။ မအေကိုလည်းမပြောရဲဘဲ မြင်းကြီးကိုနေ့စဉ်မှန်မှန် ဖွတ်ခိုင်းကြသောအခါ၌ မစိတ်မွှန်နေသော မြင်းကြီးက ကပ်တော့၏။ ထိုအခါမြင်းလှည်းသမာတို့ ထုံးစံ အတင်းဝိုင်းရိုက်ကြလေ၏။

တောက်တွန်းသဘာဝကား (သူ့မှာ ဖွဲကြမ်းလည်းပါ၍) ဘယ်တော့မှ အကြမ်းမရ။ အကောင်ကလည်းကြီး စိတ်ကလည်းခက်ထန်ရကား ရိုက်လေ ပိုဆိုးလေ ဖြစ်တော့သည်။ ကျွန်တော်သာယာဝတီက ပြန်ရောက်ကတည်းက သူတို့ညှဉ်းပန်းကြခြင်းဖြင့် တောက်ထွန်းမှာ အတော်ပိန်နေပေပြီ။ ကျွန်တော့်ယောက်ဖအကြီးကိုလည်း တောက်ထွန်းကိုက်ထားခြင်းဖြင့် လက်မ ထက်ခြမ်းကွဲသွားလေပြီ။ (တည့်တည့်ကိုက်မိလျှင် တိကနဲပြတ်နိုင်၏။) ယခင်က ကျွန်တော်အုပ်ခွက်ပြ လျှင် လာ၍ခေါင်းထိုးပေးသော်လည်း ယခုမရတော့ပြီ။ ကျွန်တော့်ကို မမှတ် မိ၍တော့ မဟုတ်တန်ရာ။ လူတွေကိုစိတ်နာနေ၍ ဖြစ်ချိမ့်မည်။ ကျွန်တော့်ကိုလည်း အနီး အကပ်မခံတော့ပြီ။ ကျွန်တော် ခြံထဲဝင်လျှင် သူထွက်ပြေးသည်။ မပြေးသာလျှင် လူကိုကန်သည်။ ကိုက်သည်။ သူ့ကိုအတင်းဖမ်း၍ လှည်းတပ်လျှင် လူလေးငါးယောက် ဝိုင်းလုပ်ရသည်။

သို့သော် မောင်း၍ကား မရရေးချမရ။ ရွေ့သွားမည့်အစား နောက်ကိုကန်တိုးသည်။ တည့်တည့်ပြေးမည့်အစား ဘေးချော်ဆင်းသည်။ ညှပ်ပူးညှပ်ပိတ် ရိုက်ပါများသော် အိပ်ချလိုက် ၏။ နီးရာကိုကန်၏။ မီရာကိုကိုက်၏။ သူ့ကိုဖိရိုက်နေလျှင် ထမည့်အစား စိတ်ကြီးမာန်ကြီးနှင့် လည်ခွေကို ကုန်းခဲနေတတ်၏။ ကျွန်တော်သည် တောက်ထွန်းအဖြစ်ကိုကြည့်၍ မျက်ရည်ကျခဲ့ ရပါ၏။ ရိုက်ရသူ များက ပင်ပန်း၍ လက်လျှော့ကာ လှည်းကဖြုတ်လိုက်တော့မှ ဝုန်းကနဲ ခုန်ထ လိုက်၏။ ယင်းသို့ လျှင် လှည်းတခြား မြင်းတခြား အိမ်သို့ပြန်ခဲ့ရသည်သာ။

နောက်ဆုံးတွင် ကျွန်တော့် 'ယခမောက်အင်ဆန်းစ်' လက်မြောက်လိုက်ရကာ အသားဘိုး နှင့် ရောင်းလိုက်ရတော့၏။

ဝယ်သူကား ဗဟန်းမှရှမ်းကြီးတဲ့။ ထိုစဉ်က အသက် ၅ဝလောက်။ အရပ်အမောင်း ထောင်ထောင် မောင်းမောင်းနှင့်။ လူကြီးကိုက ကြောက်စရာ။ ရက်ရက်စက်စက် မြင်းဖွဲ့ချုတ် သည့်နေရာ၌ နာမည်ကြီးဝိဇ္ဇာဖြစ်၏။ သို့သော် တောက်ထွန်းကိုကား မရရှာပေ။ နောက်ဆုံး၌ စိတ်ဆိုးဆိုးနှင့် သတ်ပစ်လိုက်သည်ဟူသော သတင်းကိုကြားရ၏။

ကျွန်တော့်ရင်ထဲမှာပူသွားသည်။ ကျွန်တော်တလက်ကိုင်တုန်းက အင်မတန် လိမ်မာလှတဲ့ မြင်းကြီး။

ကဲ သည်တော့ မြင်းမှာဇွဲဆိုးပါ၍ သခင်ကိုခိုက်တတ်သည်ဆိုသည်ကား ဟုတ်ပါလေ သလော။

## ကျွန်တော်၏ ပထမဦးဆုံး ကိုယ်ပိုင်မြင်း

'ဦးဟံသာ' ဟု နာမည်က အတော်ခံ့ထည်သောလူကြီး။ သူ့ကို ကျွန်တော်ကျောင်းသား ဘဝ ပထမအင်္ဂလိပ်ခေတ်ကတည်းကပင် တွေ့ဘူးမြင်ဘူးနေပါသည်။ ထိုစဉ်ကတော့ သူ့နာမည် ကို ကျွန်တော်မသိပါ။ စမ်းချောင်းထိပ် ပုလိပ်လက်ပြတိုင်အနီးရှိ ညဈေးတန်း တရုတ်ခေါက်ဆွဲ ထမင်းဟင်းဆိုင်တခု၌ သူ့အသံကို တကျော်ကျော်ကြားခဲ့ရသည်။ ယင်းဆိုင်မျိုးကို ထိုခေတ်က 'လေးဘမ်းဟော်တယ်' ခေါ်လေရာ ခေါက်ဆွဲကြော်၊ ဆဲ့နှစ်မျိုးကြော် တခွက်တမူး၊ အခေါက်ကင်၊ အသားကင်၊ ဟင်းသီးဟင်းရွက်ကြော် စသည်က တပွဲမှ တပဲနှစ်ပြား၊ ထမင်းတရုတ်ပန်းကန်လုံး နှင့် နှစ်ပြား၊ တဝက်တပြား၊ ဆာဒါးဟင်းချို၊ ကြက်သွန်ချဉ် အလကားရလေရာ ပိုက်ဆံခြောက် ပြားလောက်နှင့် ထမင်းတနပ်စားနိုင်ပေသည်။

ဦးဟံသာသည် ထိုဆိုင်မျိုး၌ စားပွဲထိုးဖြစ်လေရာ လူတယောက်က ထမင်းဟင်းလျာမှာ လိုက်သောအခါ သူက တရုတ်လို အကျယ်ကြီးအော်ပြောလိုက်လေသည်။ သို့သော်မှာကြားသူက ခေါက်ဆွဲကြော်မှာ အသားများများထည့်ပါဆိုလျှင်ကား သူက ဗမာလိုဘဲ 'အသားများများထည့်' ဟူ၍ အမိန့်ပေးသလိုအော်လိုက်၏။ တရုတ်ကတော့ ဘယ်သူ ဘာပြောပြော သူကြော်နေကျ ထုံးစံအချိုးအတိုင်းပေါ့ခင်ဗျာ။

ထိုနည်းငင်းပါဘဲ။ ''လက်ဖက်ရည်တခွက်၊ မလိုင်များများထဲ့''ဟူသော ဦးဟံသာ၏ အော်သံသည် ဂျပန်ခေတ် ကျွန်တော့် လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်လာလေ၏။

သူ့မှာမယားမရှိ။ ငါးနှစ်ခြောက်နှစ်လောက် သားကလေးတယောက်နှင့် ကျွန်တော့် လက်ဖက်ရည်ဆိုင်သို့ အလိုအလျောက်ရောက်လာကာ သူ့ဖာသာသူ စတင်ကူညီရင်းဖြင့် ကျွန်တော်က သူတို့သားအဖအား လက်ဖက်ရည်အလကားတိုက်ရသည့် အခြေသို့ရောက်စေသည်။ သူ့သားကလေး ကိုလည်း ရေဆွဲ၊ ထင်းခွဲ လက်တိုလက်တောင်းခိုင်းပါဟု အပ်နှံလေသည်။

ဦးဟံသာကား ထိုစဉ်မှာ အသက်ခြောက်ဆယ်လောက်ရှိပေပြီ။ လူကောင်ဝသော်လည်း ကိုယ်လက်အင်္ဂါ မသန်စွမ်းလှပါ။ သူငယ်စဉ်က လည်ပင်းမီးလောင်ခဲ့၍ဆိုလား။ မေးစေ့နှင့် ရင်ဘတ် တဆက်ထဲဖြစ်ပြီး ပါးစပ်ကြီးပြဲနေသည်။ အသားရောင်ကလည်း ညိုညစ်ညစ်နှင့် တော်တော် အကြည့်ရဆိုးပါ၏။

သို့သော် အပြောကားကောင်း၏။ သူသည်ဤအရပ်ဇာတိ ဒီအရပ်အကြောင်း သူမသိ တာမရှိ။ မြင်းအကြောင်းဆိုလဲ အောင်မယ်လေး သူက ငယ်ငယ်လေးကတည်းက မြင်းလှည်း မောင်းခဲ့တာတဲ့ ခင်ဗျာ။ အခု မည်သူမည်ဝါတွေဖြင့် 'ငါသင်ပေးလို့ တတ်တာတွေပေါ့ကွ'။ ထိုသူများ ကျွန်တော်မေးကြည့်တော့လည်း ဟုတ်ကြောင်း ဝန်ခံကြ၏။

ဒါနှင့် ကျွန်တော်က လက်ဖက်ရည်ဆိုင် ထွက်၍ ဖော်ပြခဲ့သည့်အတိုင်း ငွေလေး ၂၀ဝိ လောက်စုမိတော့ မြင်းတကောင်ဝယ်ချင်ကြောင်း သူ့တိုင်ပင်မိတော့ ''အောင်မယ်လေး၊ မောင်ကြင် ဆွေရယ်။ ဒါ ငါ့တာဝန်ထားလိုက်ပါကွာ''

တနေ့သ၌ မြင်းလှည်းသမား တယောက်သည် ကျွန်တော့်လက်ဖက်ရည်ဆိုင်ရှေ့သို့ လှည်းထိုးရပ်ပြီး လက်ဖက်ရည်လာသောက်၏။ ဒီလူကို ဦးဟံသာက ''ဟေ့ကောင် မင်းနေ့တွက် ကိုက်ခဲ့ပြီလားကွ''မေး၏။ ထိုလူက ''ဗဟန်းတခေါက်၊ ရန်ကုန်တခေါက်မောင်းခဲ့ပြီဗျာ။ တော်ပါ ပြီ''ဟုဆို၏။

ထိုအခါ ဦးဟံသာက ''မင်းရောင်းမယ်ပြောတာ ဒီမြင်းဘဲလား''မေး၍ ဒီလူကခေါင်းညိတ်တော့ ''ဟေ့ မောင်ကြင်ဆွေ။ မင်းတက်မောင်းကြည့်စမ်းကွာ''ဆိုသဖြင့် ကျွန်တော်တပတ်ရှောက်မောင်းလိုက်သည်။

မဆိုးဘူး။ မြင်းမ စိတ်သဘောကောင်း၏။ သူ့အသားအရည် သူ့ကိုယ်လုံးကိုယ်ထည်နှင့်သူ့ခြေသင့်လျော်ပါ၏။ ကျွန်တော်သည် တောက်ထွန်းရပြီးကတည်းက နားစောင့်ဖွေကို ကြည့်တတ်နေ၍ နားရွက်နောက်က ဖွေနှစ်လုံး ကြည့်လိုက်တော့ အိုကေပါဘဲ။ ဖွေမှန်နေရာမှန်ပါဘဲ။

ကျွန်တော် မြင်းလှည်းပေါ်ကဆင်း၊ လက်ဖက်ရည်ဆိုင်ထဲဝင်တော့ ဦးဟံသာက ''ဘယ့်နှယ်လဲ''မေး၍ ကျွန်တော်က နှစ်သက်သော အမူအရာပြလိုက်၏။

ဦးဟံသာက မင်းမြင်း ဘယ်လောက်ရောင်းမလဲမေး၍ ထိုလူက လက်နှစ်ချောင်းထောင် ပြပြီးလက်ဖက်ရည်ဆိုင်ထဲက ထွက်ပြီးသူ့လှည်းပေါ် တက်မောင်းသွား၏။ ဒီတော့ ဦးဟံသာနှင့် ကျွန်တော်ပွင့်ပွင့်လင်းလင်းတိုင်ပင်ကြ၏။

''နှစ်ရာတော့ များတယ်ဗျာ။ သူ့မြင်းမက ပိန်တယ်ဗျ''

''ဒါက သူ့ဆိုဈေး ရှိသေးတာဘဲကွာ။ ပိန်တာကတော့ ဒီကောင်က ငွေလိုတိုင်း သိပ်ခိုင်းတယ်ကွာ။ အစာလဲကောင်းကောင်း မကျွေးဘူး။ မင်းလိုလူ လက်ထဲရောက်လို့ သက်သက်ညှာညှာခိုင်းမယ် အစာကောင်းကောင်း ကျွေးမယ်ဆိုရင် မကြာခင် တသွေးတမွေးဖြစ်လာမှာပါကွာ။ ဒီမြင်းမအသက်ခြောက်နှစ်လောက် ရှိသေးတာကွ။ အရွယ်ကောင်းပေါ့''

သူတို့ဈေး နှစ်ရာ၊ ဆစ်လိုက်လျှင် လျှော့ဦးမည်ဖြစ်၍ ကိုယ့်ဝယ်နိုင်အားနှင့်လည်း အံဝင်နေသဖြင့် ဒီမြင်းမကို ကျွန်တော်ကြိုက်နေလေပြီ။ မြင်းမကဖျတ်ဖျတ်လတ်လတ်နှင့် ခြေလည်းသွက်၏။ သူ့မှာ ပိန်တာလေး တခုဘဲ အပြစ်ဆိုစရာရှိ၏။ သို့သော်အသက်ငယ်၊ အရွယ်နုသဖြင့်ဦးဟံသာပြောသည့်အတိုင်း ကိုယ့်လက်ထဲရောက်၍ ပြုပြင်လိုက်လျှင်ဟူသော စိတ်ကူးဖြင့်

''ဒါပေမယ့် ဈေးတော့ ဆစ်အုံးဗျာ''

''အေးပါ၊ ဒီကောင်ကို ငါနိုင်ပါတယ်ကွ။ မင်းကဘယ်လောက်ပေးချင်လဲ''

''တရာ့ ငါးဆယ်လောက်''

''အေးကွာ၊ ဒီထက်နဲနဲပိုသင့်ပိုပေါ့။ ငါဖြစ်အောင်လုပ်ပေးပါ့မယ်''

သို့နှင့် အတိုချုပ်ပြောရသော် ဤမြင်းမကိုကျွန်တော် ၁၆၅ကျပ်နှင့် ရလိုက်တော့သည်။

## ပိတ်မြင်း

ဤမြင်းလှည်းသမား လောကကား လွယ်လှသည်မဟုတ်ပေ။ စစချင်း ဆောက်နှင့်ထွင်း သွားလေပြီ။ ကျွန်တော်ကွဲသည်။ ဟက်တက်။ လူယုံသတ်၍ ဖျပ်ဖျပ်လူးရခြင်း၊ ဤမြင်းမက (ကျွန်တော်မြင်းလှည်းသမားနယ် ရောက်စမို့ မသိသေးသော) 'ပိတ်မြင်း'ခေါ်၏။ နာတာရှည် ရောဂါမျိုးရှိ၍ အစာကောင်းစွာ မစား။ တန်းမှန်မခိုင်းနိုင်။ တရက်ခြားမှ တခေါက်လောက်သာ သူ့အစာဘိုးမျှ ဝန်ပေါ့ပေါ့မောင်းရ၏။

ဒီမြင်းရှင် ကျွန်တော့်ကို လာပြစဉ် ဦးဟံသာကြီးက 'ဟော့ကောင် မင်းနေ့တွက်ကိုက်ခဲ့ ပလား''မေး၍ ''ဗဟန်း တခေါက် ရန်ကုန်တခေါက် မောင်းခဲ့ပြီဗျာ။ တော်ပါပြီ'ဟု ပြန်ပြောသည် ကားအလကား။ သူ့မြင်းမကို အမွေးညှင်းစိုးစိုးကြီးနေ၍ မျက်မြင်လှအောင် အမွေးသွားထိုးပြီး လမ်းထိပ်ကသာ ပြန်လာခဲ့ခြင်း။လားလား၊ ဒီလူနဲ့ ဦးဟံသာက ညီအကိုအရင်းကိုးဗျ။ ကျွန်တော် နောက်မှသိရ၏။ ဦးဟံသာက ပုံပျက်နေသည်ဖြစ်၍ သူတို့ရုပ်ရည်ချင်းကို ကျွန်တော်မဖမ်းမိ။ မြင်းလှည်းသမားနယ်ပယ်မှာ ဘယ်သူမှ ၁၀ဝိ ပြည့်အောင်ပေးတဲ့လူမရှိတဲ့မြင်း။ ၁၆၅ ကျပ်ရ လိုက်သဖြင့် ညီတော်က နောင်တော်ကြီးကို ငွေအစိတ်လောက် ကန်တော့သတဲ့ဗျာ။ ကျွန်တော့် လက်ဖက်ရည်ဆိုင်ကတော့ သူတို့သားအဖကို အပြီးအပိုင်ကန်တော့ဆွမ်း လောင်းလိုက်တာ ပါဘဲ။ မိုးလင်းပေါက်ပေါက်လာတတ်သော ဒုက္ခိတ သားအဖသည် မြင်းမဝယ်ပြီးနောက်တနေ့ မနက်ကပင်စ၍ သူတို့ဟာသူတို့ဘဲ မလာရဲကြတော့ပေ။

အကြင်သူတယောက်သည် ပစ္စည်းအဝယ်မှား၏။ ထိုပစ္စည်းသည် သက်မဲ့ပစ္စည်းထက် သက်ရှိပစ္စည်းက ဆိုးရွား၏။ သက်မဲ့ပစ္စည်းက သုံးမရ။ ဘယ်လိုထားထား၊ သက်ရှိပစ္စည်းကား မလွယ်တော့ပေ။ ကျွန်တော့်ဥစ္စာမှာ မြင်းသတ္တဝါကြီး တကောင်လုံး ဖြစ်နေရကား အစာရေစာ ချေးသေးကအစ နိစ္စဓူဝ တာဝန်ကြီးတော့၏။ မြင်းမက အစာကောင်းစွာမစားဘူးဆိုသော်လည်း မသေရုံလောက်တော့ တို့ဂဏန်း ဆိတ်ဂဏန်း မြုံသေးသဖြင့် ဆေးဝါးဝယ်ကျွေးရင်း တနေ့ သော်ကောင်းလာနိုးနိုး ညစာမနက်စာမှန်မှန် အစာဟောင်းသွန်အသစ်ဖျော်၍ ကျွေးနေရပါ၏။ လိမ်၍ရောင်းသူနှင့် ပွဲစားလုပ်သူကို စိတ်ဆိုးသော်လည်း ဒီမြင်းမရောဂါသည်လေးကိုတော့ ကျွန်တော်သနားပါ၏။ ထို့ကြောင့် ကျွန်တော်သူ့ကို ကိုယ်နှင့်မကွာပြုစုပါသည်။ ညသာ အိမ်မှာ ထား၍ မနက် ၅နာရီလောက် ကျွန်တော်လက်ဖက်ရည်ဆိုင်ဖွင့်ရန် လာတော့ သူ့ကိုအစာခွက်

နှင့်အတူ အိမ်မှဆွဲခဲ့ပါ၏။ ညလက်ဖက်ရည်ဆိုင်ပိတ်မှ အိမ်သို့ပြန်ဆွဲခဲ့၏။ တနေ့လုံးကား လက်ဖက်ရည်ဆိုင်ရှေ့က ကုတ်ကိုပင်ကြီးအောက်မှာ ချည်ထားပါ၏။

ဤမြင်းမကလေး ကျွန်တော်ဝယ်လိုက်ပြီကို သိကြသောအခါတွင် မြင်းလှည်းသမားတို့ သည် ကျွန်တော်ပို၍ စိတ်မကောင်းဖြစ်ရန် ထိုမြင်းမ၏ အပြစ်အနာအဆာများကို ဖော်ထုတ်ကြ သည်။

ဘယ်ဆရာမှ ကုမရ၍ ပစ်ထားရသောမြင်းမ။

မြင်းလှည်းသမားတို့ထုံးစံမှာ ကိုယ်ရေးကိုယ်တာနှင့် လွတ်ကင်းသမျှ တစုံတယောက်၏ အကျိုးအပြစ်အတွက် မည်သူမျှထုတ်ဖော်ပြောခြင်း မပြုကြဘဲ အဲတစုံတခုကိစ္စ ဖြစ်သွားပြီဆို သောအခါ၌ကား မညှာမတာ လှောင်ကြပြောင်ကြပါတော့သည်။

''ဖွားဖုံ ဖွားဖုံ ဖွားဖုံဆီသာ ပို့လိုက်ပါတော့''

လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်မောင်းသွားရင်း မနေနိုင် မထိုင်နိုင်အော်သွားကြသေး၏။ မဖွားဖုံမှာ မြင်းသားရလျှင် ရောင်းသော အမဲသားသည် ငါးစိမ်းသည်ဖြစ်၏။ ယခင် နက်ကြုတ် တုန်းက သူ့ဘဲ အပ်လိုက်ရသည်ဖြစ်၍ သူတို့ပြောစရာလည်း ဖြစ်နေပါ၏။

ကျွန်တော့်မှာ ခေါင်းငုံ့၍သာ ခံရပါသည်။ ကိုယ့်လက်ထဲရောက်နေသော ထွေးမရ အန် မရ မြင်းမကလေးကိုလည်း ဥပေက္ခာပြုထား၍ မဖြစ်ဖဲ ဆေးဝါးမပြတ် ကျွေးနေရပါသည်။ သို့သော်ငွေသာကုန်၏။ မြင်းမကလေးမှာ မထူးခြား။ အစာလည်း ကောင်းစွာမစား၊ ဆီးဝမ်း လည်းမမှန်။ နှာလန်ထူဘို့တော့ ခဲယဉ်းပြီ အောက်မေ့ရပါ၏။ သို့သော် သတ္တဝါတခုကံတခု။ အကောင်းနှင့်အဆိုးတို့သည် လောက၌ တကျော့ဆီလှည့်လည်နေကြရသည်ဖြစ်ရကား တနေ့ သ၌ ကယ်မည့်သူပေါ်လာလေ၏။

## ဘလိုင်းမာစတာ

တနေ့သော နေ့လယ်ခင်းဝယ် အဝတ်အစားနွမ်းပါးသော အဖိုးအိုတယောက်နှင့် အမယ် အိုတယောက်သည် ကျွန်တော့်လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်လာကြ၏။ အဖိုးကြီးမှာ မျက်စိ မမြင်ရှာချေ။ တိမ်သလ္လာတို့ဖြင့် ကြောင်တောင် ကွယ်နေ၏။ အမယ်ကြီးက တောင်ဝှေးဆွဲရ၏။

စားပွဲတခုတွင် အမယ်ကြီးက အဖိုးကြီးအား နေရာထိုင်ခင်းပေးပြီး လက်ဖက်ရည်တခွက် (အဖိုးကြီးဘို့သာ)မှာ၏။ ကျွန်တော်ဖျော်ပြီး သွားပို့၍ ဆိုင်ရှင်တို့ဝတ္တရားအတိုင်း

''မုန့်ကော သုံးဆောင်ပါအုံးမလားခင်ဗျာ''

''မစားပါဘူးကွယ်။ ဒါနဲ့မောင်ရင့်ဆိုင်ရှေ့က မြင်းဟာဘယ်သူ့မြင်းလဲကွယ့်''

အဖိုးကြီး မျက်မမြင်ကမေး၏။

''ကျွန်တော့်မြင်းပါဘဲ ခင်ဗျာ''

''မမာတာ တော်တော်ကြာပြီလား''

''ကြာပါပြီခင်ဗျာ။ ဒီမြင်းမ မမာတာ ဘယ်သူပြောလိုက်ပါလို့လဲ''

''ပြောလို့မဟုတ်ပါဘူး။ အနားကပ်ဖြတ်လာတော့ သူ့အနံ့ အသက်ရှူရတာနဲ့သိတာပေါ့''

အလား ကျွန်တော် အံ့သြသွားသည်။

''ဘကြီးက မြင်းအကြောင်း တော်တော်နားလည်တယ်ထင်ပါရဲ့''

''ကျုပ် မြင်းဆေးဆရာဘဲ။ မောင်ရင့်မြင်း ဆေးမကုဘူးလား''

''အနီးအနားက မြင်းဆရာတွေဆေးဝယ်ကျွေးနေတာဘဲ။ ဒါပေမယ့် ထူးခြားတယ် မရှိပါဘူးခင်ဗျာ''

''ဒါဖြင့် ကျုပ် မောင်ရင့်မြင်း ကြည့်ချင်တယ်''

မျက်စိ လုံးဝမမြင်သူက ရောဂါသည်မြင်း ကြည့်ချင်တယ်ဆိုတော့ ကျွန်တော်ရယ်ချင်စိတ် ပေါ်မိပါသည်။ သို့သော် လက်ဖက်ရည်သောက်ပြီး အဖွားကြီးက တွဲခေါ်သွား၍ မြင်းမနား ရောက်လျှင် ကျွန်တော်က မြင်းပါးချပ်ကို သူ့လက်ထဲ ထိုးအပ်လိုက်သည့်၌ အဖိုးကြီးသည် မြင်းမလျှာ ဆွဲကြည့်ခြင်း၊ အာစောင်နှိုက်ခြင်း၊ နားရွက်ကို စမ်းသပ်ခြင်း၊ ကျောကိုပွတ်ခြင်း၊ ဝမ်းဗိုက် ပုတ်ခြင်း၊ မြင်းချေးနံ့သေးနံ့ကို ရှူရှိုက်ကြည့်ခြင်းများပြုပြီးနောက်

''ဇီးလျှောပြီး ဖြစ်တာဘဲ။ မောင်ရင့်မြင်းမရောဂါကို ကျုပ်ကုနိုင်တယ်။ မပျောက်ရင် တပြားမှမပေးနဲ့''

ကျွန်တော်ရှုတ်တရက် ဝမ်းသာသွားသည်။ သူပြောပုံဆိုပုံမှာလည်း ယုံကြည်ထိုက်သော အသံသြဇာပါပါသည်။

''ကောင်းပါပြီ။ သို့သော် ခုရှုပ်မှ နောင်ရှင်းဖြစ်အောင် ပျောက်ရင် ဘယ်လောက်ပေးရမယ်ဆိုတာ အမိန့်ရှိပါ''

''ဒါကိုတော့ ကျုပ်မပြောလိုပါဘူး။ မောင်ရင့်စိတ်နဲ့စေတနာပေါ်မှာ တည်ပါတယ်။ မောင်ရင်ပြောသံဆိုသံ ကြားရရုံနဲ့ လူမမြင်ရပေမယ့် အနိယတ္တတယောက် မဟုတ်ဖူးဆိုတာ ကျုပ်သိပါတယ်''

လက်ဖက်ရည်သည် မြင်းလှည်းသမားလေးကိုမှ မြှောက်လိုလေခြင်းဟု ကျွန်တော် အောက်မေ့ခဲ့သည်။

အတိုချုပ်ကား မြင်းမလေးကို သူ့လက်ထဲအပ်လိုက်သည်။ အဖိုးကြီးနှင့်အဖွားကြီးသည် မနက်နှင့် ညနေ တနေ့နှစ်ခါလာ၍ ဆေးကျွေးပြုစုသည်။ ကျွန်တော်တို့သတ္တဝါသုံးဦးကံစပ်သည်ဟုဆိုရပေမည်။ မြင်းမလေးသည် ခုနှစ်ရက်အတွင်း၌ သိသိသာသာပြောင်းလဲလာသည်။ အစာတွေတနေ့တခြား စားလာ၍ ဆီးတွေဝမ်းတွေ ကောင်းလာလိုက်ရာ တစတစနှင့် သူ့အမွေးအရောင် ခဝဲသီးခြောက်ရောင်မှ ဝါ၊ ဝါရာမှ နောက်ဆုံးတွင် အနီရောင် တောက်ပြောင်လာလေတော့သည်။ ဤကားသူ့အမွေးအရောင် အမှန်။ ထို့ကြောင့် ဤမြင်းမလေးကို 'မိရွှေနီ'ဟု နာမည်ပေးလိုက်တော့သည်။

အစဦးဖြင့် ဟိုမြင်းလှည်းဆရာများ ခေါ်ခဲ့သည့် 'ဖွားဖုံ'အမည်နှင့်ဘဲ အဆုံးသတ်ရတော့မလား အောက်မေ့ခဲ့သည်။ ယခုကား မိရွှေနီနှင့် ကျွန်တော်ဘဝစခန်းတွင် တဇာတ်လမ်း ဖွင့်ရပေတော့မည်။ သို့သော် ကျွန်တော်တို့ ကျေးဇူးရှင် ဆရာကြီးအကြောင်းကို ဖော်ပြလိုပါသေး သည်။ ထိုအဖိုးကြီးသည် ဂျပန်ခေတ်က ရန်ကုန် မြင်းလှည်းသမားတို့နယ်ပယ်၌ ကျွန်တော့်မြင်းမလေးကစပြီး လူကြိုက်များ၍ 'ဘလိုင်းမာစတာ'ဟု နာမည်ကြီးသွားသူဖြစ်ပါ၏။

မူလကြို့ပင်ကောက်မြို့ကဖြစ်၏။ ရန်ကုန်၌ မြင်းလှည်းတွေခေတ်ကောင်းသည်ဖြစ်၍ ကြို့ပင်ကောက်က မြင်းလှည်းသမား၊ မြင်းမွေးထိုးသမား၊ မြင်းသံခွာရိုက်သမားတွေ ရန်ကုန်ဆင်းလာကြရာ၌ သူလည်းပါလာခဲ့၍ ကျွန်တော့်မြင်းမလေးမှ ပထမဦးဆုံး နာမည်ထွက်သွားခြင်းဖြစ်ပေသည်။

မျက်စိမမြင်သော်လည်း မြင်းတို့၏ရောဂါပေါင်းစုံကို ကုစွမ်းနိုင်သည်။ အချို့မြင်းဆေးဆရာတွေလို ဆီးဆေးတဖုံ၊ ဝမ်းနုတ်ဆေးတလက်၊ နှာဆေးတနည်းဖြင့် ဆရာလုပ်သည်မဟုတ်။ ရှေးမြန်မာ မြင်းကျမ်း၊ ဆေးကျမ်းကို ကောင်းကောင်းကြီး ကျွမ်းကျင်ခဲ့သူဖြစ်သည်။ နာမည်ရင်း ဦးပုဖြစ်ပါသည်။ သူပျိုရွယ်စဉ်က မြင်းစီးနာမည်ကျော်ဖြစ်ခဲ့၏။ မြင်းပြိုင်ပွဲ ဒုန်းစီးဂျော်ကီမျိုး မဟုတ်။ မြန်မာနည်း အသားကျ၊ အလှစီးဖြစ်၏။

''မောင်ကြင်ဆွေရယ်၊ ကျုပ်ကျင့်ထားတဲ့မြင်းများ ကျုပ်စီးလိုက်ရမယ်ဆိုရင်တော့ ဒီလို ကုန်းနှီးပေါ် တင်ပလ္လင်ခွေထိုင်ပြီး ဇက်ကြိုးမကိုင်ဘူးကွယ့်။ ဟောဒီအတိုင်း လက်ပိုက်ထားလိုက်တယ်'' (သူ မိန့်မိန့်ကြီး ထိုင်ပြပုံကို ယခု ကျွန်တော့်မျက်စိထဲတွင် မြင်ယောင်မိသေးသည်။) ''နို့ပြီး ခေါင်းပေါင်းစကလဲ တတောင်ချလားလကွာ။ လေထဲမှာ ကြွက်မြီးတန်းနေတယ်ကွ။ မြင်းကလဲ အဲဒီလောက်မြန်တာ။ ဒို့ခေတ်ပြိုင်ရတာက မြင်းအမြန်တွင်မဟုတ်ဖူး။ ဂျော်ကီစတိုင် ရော၊ မြင်းခြေကျလက်ကျရော၊ လူကြီးတွေက ဂရို့ ချိုး မှတ်ကြတာကွ''

လူလည်း လူခန့်၊ ဥပဓိရုပ်လည်း ကောင်းသူဖြစ်၍ အပြောလည်းပိုင်လှသည်။ ထိုမြင်းမလေးမှစ၍ ကျွန်တော်၏မြင်းလှည်းသမား ဘဝမှာ ကျွန်တော်၏ကိုးကွယ်ဆည်းကပ်ရာ ဖြစ်လျက် မကြာခဏ စကားလက်ဆုံကျခဲ့ပါသည်။

မြင်း၏ ဗွေအင်္ဂါ အမျိုးမျိုး၊ အဆိုးအကောင်း ကြန်အင်လက္ခဏာ အဖြာဖြာတို့ကို ကျမ်းဂန်အလာမှ လည်းကောင်း၊ သူ့ဘဝ ကိုယ်တွေ့မှလည်းကောင်း ပြောပြသော အခါများ၌ မှတ်သားစရာ ကောင်းသည့်အပြင် စိတ်ပါ ဝင်စားအောင်လည်း ပြောဆိုနိုင်စွမ်းရှိပါပေသည်။

သခင်ကိုအကျိုးပေးမည့်မြင်း၊ အကျိုးယုတ်စေမည့်မြင်း၊ အိမ်မှာ ကျက်သရေမင်္ဂလာ ရှိစေမည့်မြင်း၊ အမင်္ဂလာဖြစ်စေမည့်မြင်း၊ မြင်းဘီလူး၊ မြင်းပုခက်။

မြင်းဘီလူး မည်သည်မှာ ည အချိန်မတော် ခွေးကဲ့သို့ဆောင့်ကြောင့်ထိုင်တတ်သည်။ မြင်းပုခက်မှာ (မြပုခက်ဟုလည်းခေါ်သည်။) သူ့ကိုယ်ကို ပုခက်ကဲ့သို့ လွှဲယမ်းနေတတ်သည်။ ထိုမြင်းများ အကြောင်းနှင့် ပတ်သက်၍ ဆရာကြီးသည် ချစ်စရာ၊ နှစ်သက်စရာများသာမက ကြောက်စရာ၊ ကြက်သီး မွေးညှင်းထစရာများပါ ပြောတတ်ပါသည်။

ကျွန်တော်နှင့်မိရွှေနီ

ကဲ၊ ကျေးဇူးရှင် ဆရာကြီးအကြောင်း ပြောပြီးတော့ ကျွန်တော်နှင့် မိရွှေနီတို့ 'နှစ်ပါးသွားခန်း' စကြစို့။ ဒီစကားလုံးကို ပြုံးချင်သလားမိတ်ဆွေ။ ကျွန်တော်၏စိတ်ထဲ ယူဆချက်ကို အမှန်အတိုင်းရေးခြင်းဖြစ်ပါသည်။ သူသည်မြင်း၊ ကျွန်တော်ကလူပင်ဖြစ်သော်လည်း ကျွန်တော်၏ဘဝတကွေ့ဇာတ်လမ်းတွင် သူနှင့်ကျွန်တော်သည် အရေးကြီးသော ဇာတ်ဆောင်နှစ်ဦးဖြစ်ခဲ့ပါသည်။

သတ္တဝါတို့၏ တွေ့ကြုံဆုံကွဲမလွဲသော ဓမ္မတာ ဇာတ်ခုံတို့၌ စိတ်ပျက်စရာ၊ ကြည်နူးနှစ်သိမ့်စရာ၊ အသည်းထိတ်စရာ၊ ကြေကွဲဝမ်းနည်းစရာ အဖြာဖြာတို့ရှိတတ်သည့်အနက်သူနှင့် ကျွန်တော့် အဖြစ်အပျက်မှာလည်း ထိုအရာတို့ပြည့်စုံခဲ့ပါ၏။

ကြည့်ပါမိတ်ဆွေ။ သူ ကျွန်တော့်လက်ထဲ ရောက်လာတုန်းက ပိန်ပိန်ချပ်ချပ် ရောဂါသည် မလေး ဖြစ်လေတော့ စိတ်ပျက်စရာ၊ ဝမ်းနည်းစရာ မဟုတ်ပါလားခင်ဗျာ။

ကဲ၊နောက် ဘလိုင်းမာစတာကြီး ဆေးစွမ်းဖြင့် ရွှန်းရွှန်းပပ ဝဝလင်လင်ဖြစ်လာတော့ ကျွန်တော်တို့၏ ကြည်နူးနှစ်သိမ့်စရာ နှစ်ပါးသွားခန်းလေးလို့ မဆိုထိုက်ပါလားခင်ဗျာ။

သူ့မျက်နှာလေးမှာ ရွှင်လန်း၍ ယခင်က တိရစ္ဆာန်တို့ထုံးစံ နာမကျန်းလျှင် ဖြစ်တတ် သည့် မျက်ရည်ပူတွေ တဝေဝေ၊ မျက်ချေး မျက်ဝတ်တွေ တပေပေနေခဲ့သော မျက်လုံးတို့သည် ယခုတောက်ပကြည်လင်လျက် ကျွန်တော့်မြင်လျှင် ဟည်း၍ အသံပေးတတ်သည်။ သူ့စားခွက်ကို နှုတ်သီးနှင့်ထိုးကာ အစာတောင်းတတ်သည်။ ရှေ့ခွာကလေး ယက်ကာ ယက်ကာ သခင်ကို ခရာတတ်သည်။ တိရစ္ဆာန်တို့ကို သေချာစွာ လေ့လာမိသောအခါ၌ ချစ်စရာကောင်းသော အကွက်ကလေးများကို တွေ့လာတတ်ပေသည်။

ကဲ၊ ယခုအခြေတွင်သူနှင့် ကျွန်တော်သည် ဇာတ်ထဲကနှစ်ပါးသွားအခန်းမှာလို 'ချစ်လိုက်ကြအုံးစို့ ဘဝဖော်မလေးရေ' လို့ဆိုကြပါစို့။

ကဲ၊ ကျွန်တော်တို့ ဘယ်လိုနှစ်ပါးသွားမလဲ သိလား မိတ်ဆွေ။ ကျွန်တော်က မြင်းလှည်း တစီးကို နေ့ဝက်တွက် တကျပ်ပေးငှားပြီး မြင်းလှည်းတပ်ထွက်တာပေါ့။

မြင်းလှည်းသမားတို့မှာ မြင်းကျန်းမာဝဖြိုးနေသော အခါတွင် လုပ်ငန်းကိုင်ငန်း အပေါက် အလမ်းတည့်၍ ရွှင်လန်းရသည်ပေါ့။

ထို့ပြင် မိရွှေနီသည် ဒေါက်လေးပေမျှ (နက်ကြုတ်လောက်)အကောင် အငယ်စားပင် ဖြစ်သော်လည်း သူ့အရွယ်မျိုး၌ အကောင်းတန်းထဲက ဝင်သည်။ အင်မတန် သွက်လက်ဖျတ်လတ်၍ဇက်ဖျားခတ်မှုမခံချေ။ စိတ်လဲ ဆတ်သည်။

ယခင်က ကျွန်တော့်ကို လှောင်ပြောင်ခဲ့သော မြင်းလှည်းသမားများအား ကျွန်တော်က ကလဲ့စားပြန်ချေနိုင်သည်။

မြင်းလှည်းဘီးကို ကြာပွတ်ရိုးကပ်၍ 'တတပ်တပ်'မြည်စေကာ သမန်ကာရှန်ကာ သူတို့ မြင်းတွေလို လည်းချင်းကျော်တက်ရင် ''ဖွားဖုံလေ ဖွားဖုံ။ ဒီမှာ ဖွားဖုံဟုတ်သေးရဲ့လား။ သွားပုံလဲ ကြည့်ကြပါအုံး ကိုယ့်လူတို့ရ။ ဟား ဟား ဟား''

ရယ်မောသံနှင့်အတူ သူတို့လှည်းကို ချန်ပစ်ခဲ့သည်။

ထိုအခါ၌ သူတို့က ဆိုကြ၏။ ကျောင်းသားကံကောင်းတယ်။ မသာကထပြီး အကျိုးပေး တယ်။

ဤအခါတွင် ကျွန်တော်၏စီးပွားရေးလုပ်ငန်း အတော်ဖြောင့်နေသည်ဟုဆိုရပေမည်။ နံနက်ပိုင်းမှာ ကျွန်တော်လက်ဖက်ရည်ဆိုင်ထိုင်၍ မွန်းလွဲပိုင်းမှ ကျွန်တော့်မယားနှင့် ကုလား အဖိုးကြီးအား ဆိုင်မှာထားခဲ့ကာ မြင်းလှည်းမောင်းထွက်သည်။

ထိုစဉ် မြင်းလှည်းသမားဘဝမှာ အောက်မကျပါ။ 'မြင်းလှည်းဆရာ'ဟုခေါ်ကြသည်။ ဟိုရှေးအင်္ဂလိပ်ခေတ်လို 'ဟေးဂါလီဝါလား'မဟုတ်တော့။ ခရီးသည်ကိုလည်း လိုက်ရှာမနေရ။ မြင်းလှည်းထွက်လာခဲ့လျှင် ကိုယ်ကြိုက်ရာ ဂိတ်ထိုးပြီး ''ရန်ကုန်၊ ရန်ကုန်'' သို့မဟုတ် ''ဗဟန်း၊ ဗဟန်း''အော်လိုက်ပါ။ မကြာမီလူပြည့်လေသည်။

လက်ဖက်ရည်တခွက် ဆယ်ဆင့်ဖြစ်စဉ်မှာ ကျွန်တော်တို့စမ်းချောင်း ကြည့်မြင်တိုင်ဘက် မှ ဗဟန်း သို့မဟုတ် ရန်ကုန်ကို ၂၅ ဆင့် (ငါး)တမတ်ရလေရာ မြင်းတကောင် ထုံးစံအသွားအလာ ပြန် နှစ်ခေါက်ဆွဲခြင်းဖြင့် မူမှန်ခြောက်ယောက် တင်လေ့ရှိ၍ တနေ့လျှင် ငါးကျပ်အနဲဆုံးခြောက် ကျပ်ခွဲအထိ စီးပေသည်။ မြင်းစာဖိုး ငါးမတ် တကျပ်ခွဲနှုတ်။ လူတွက် သုံးကျပ်ခွဲ လေးကျပ်ကျန် သည်။

လက်ဖက်ရည်ဆိုင်ကလည်း နေ့စဉ်၌မျှရနေရကား ကျွန်တော်သည် ဤနှစ်မျိုးသော ဝင်ငွေဖြင့် မကြာမီ ကိုယ်ပိုင်လှည်းဝယ်နိုင်တော့မည်ဟု စိတ်ကူးပဲရိုက်မိလေ၏။

သို့သော် ဖုရားဖြစ်မယ်ကြံ ဒေဝဒတ် ကားယားလုပ်တတ်သည် တမုံ့။

တနေ့သောည ကျွန်တော်မြင်းလှည်းဖြုတ်၍ ပြန်လာသောအချိန်၌ ကျွန်တော့်ဇနီးမရှိတော့ပြီ။

''ဟော့၊ ဒို့သမီးက လက်ဖက်ရည်ဆိုင် ထိုင်တဲ့အမျိုးမဟုတ်ဖူး။ သူ့အဖေက ဝန်ထောက် အရင့်အမာကြီးကွယ့်။ ဒီဂုဏ်များထောက်ပါအုံး''

အရေးပိုင်ကတော် မုန့်ဟင်းခါးရောင်းနေသော ခေတ်ဝယ် ရုံးဝန်ထောက်ကတော် ဟောင်းက ဤစကားကိုပြောသည်။

သူ့သမီး လက်ဖက်ရည်ဆိုင် ထိုင်ရသည်ဆိုသည်မှာလည်း ကောင်တာစားပွဲတွင် ထိုင်၍ ပိုက်ဆံသိမ်းရုံပါ။ အခြားလုပ်စရာတို့မှာ ကုလားအဖိုးကြီး၏ တာဝန်ချည်းဖြစ်၏။

ဤမှစ၍ ဒီယောက္ခမသည် အမြော်အမြင်ဉာဏ် နည်းလေခြင်း၊ တလွဲဆံပင်ကောင်း ပေါက်လေခြင်းဟု ကျွန်တော်ယူဆခဲ့၏။

ယင်း၌ ကျွန်တော့်မှာလည်း ညားခါစ ဇနီးမို့ မခွဲနိုင် မခွာရက်ဖြစ်ကာ သူတို့ဘယ်ပို့ထားသနည်း။ စုံစမ်း၍ သံလျင်သို့လိုက်ရချေတော့သည်။ တခါမျှ မရောက်ဖူးသေးသော မြို့ဝယ် ဟိုမေး သည်မေးနှင့် နောက်ဆုံး၌ တွေ့ရပေတော့သည်။

ကျွန်တော့်ဇနီးကလည်း ကျွန်တော့်ကိုမြင်လျှင် ငိုယိုလျက် မခွဲနိုင်ပါကြောင်း၊ ပထမဦးဆုံး ကလေး ပဋိသန္ဓေလည်း ရှိနေပြီဖြစ်ကြောင်း သူ့ဦးကြီး၊ ဦးလေး ဒေါ်ဒေါ်တို့အားပြော၏။

စင်စစ် ယောက္ခမ၏ အစီအမံမှာ သူတို့စိတ်ကြိုက် လခစားအရာရှိမလုပ်နိုင်တဲ့အကောင် နှင့် အပြီးအပိုင် ခွဲရန်ဖြစ်ပေသည်။ သို့သော် ထိုဆွေမျိုးတို့က ကျွန်တော်တို့ နှစ်ယောက် ဖြစ်ပုံကိုသနားကြ၍ အတူတကွပြန်ပို့သည်။ ယောက္ခမဒေါပွနေသည်ကို ကျေနပ်ရန် သူတို့စီမံသည်။

ယင်းအစီအမံမှာ ယောက္ခမ၏ ဆန္ဒအတိုင်း သူ့သမီးအား လက်ဖက်ရည်ဆိုင် မထိုင်စေရ။

ဒီလို ငွေသိမ်းဘို့မှ ကိုယ့်လူက ဆိုင်တွင်မရှိတော့ ကျွန်တော်နေ့ဝက်မြင်းလှည်းထွက် မောင်းရန် မဖြစ်နိုင်တော့။

သည်တော့ ကျွန်တော့်မှာ အလုပ်နှစ်ခု တခုခုရွေးရာတွင် လက်ဖက်ရည်ဆိုင်ကို ဖြုတ်ပစ်ရလေတော့၏။

ယင်းတွင် ယောက္ခမစိတ်ကြိုက်ပါလေသည်။ အကြောင်းမှာ ထိုအချိန်တွင် သူ့မြင်းမမေရီ သော်လည်းကောင်း၊ လှည်းမောင်းနိုင်သော သူ့သားနှစ်ယောက်သော်လည်းကောင်း အိမ်၌မရှိတော့ပြီ။ လှည်းချည်း ကျန်တော့၏။

အကြောင်းမှာ သူ့သားများသည် လူငယ်များပီပီ မေရီကို နိုင်းဆချင့်ချိန်ခြင်းမရှိ။ မညှာ မတာ မောင်းနှင်ခိုင်းစေကြခြင်းဖြင့် မေရီခမျာ တနေ့တခြား ယိုယွင်းလာခဲ့ရာ နောက်ဆုံးမှာ မေရီသည် ရထားတပ်၍မှမဖြစ်တော့။ ကျောကုန်းသည် လေးကိုင်းကဲ့သို့ ကွေးကာ ခြေလေး ချောင်းက အလယ်၌စုနေလျက် ဒဏ်ရှိသောခြေထောက်မှာမူ လုံးဝမထောက်နိုင်တော့။ ဒီအခါ မှာ သူ့တို့တွင် ဝင်ငွေမရှိတော့သဖြင့် ကျွန်တော့ယောက္ခမသည် သူ့ထုံးစံအတိုင်း အိမ်မှာ အင်မတန်နားပူ၏။ သူနားပူသောဒဏ်ကို သူ့အမေကြီးနှင့် သူ့သမီး (ကျွန်တော့ဇနီး)မှတပါး မည်သူမျှမခံနိုင်ကြသဖြင့် သူ့သားနှစ်ယောက်သည် စစ်ထဲသို့ လိုက်သွားကြကုန်သတည်း။

မေရီကိုမူကား ၃၅ ကျပ်နှင့် ရောင်းပစ်လိုက်ရ၏။ မေရီကို ဝယ်သူမှာ ရေးခေတ်က မြင်းလှည်းသမားဟောင်းကြီး။ သူက နားလည်ပါးလည်ဖြင့် ပြုစုလိုက်ရလျှင်ဖြင့် ဒီမြင်းမပြန် ကောင်းနိုင်သေးရဲ့။ မကောင်းတောင် သေသော အသားဘိုး ၃၅ကျပ်တော့ ရချေအံ့။

စင်စစ် ကျွန်တော်တို့သည် မေရီအား ဘလိုင်းမာစတာကြီးကို ပြပြီးသား။ ဆရာကြီးက ''မောင်ကြင်ဆွေရယ် ပြန်ကောင်းနိုင်ဘို့ကတော့ ခဲယဉ်းပါပြီကွယ်''ဟု ပြောခဲ့သည်နှင့်အညီမေရီ သည် နှာလှန်မထူတော့ရှာပေ။ ကျွန်တော့်ယောက္ခမက နောက်ထပ်မြင်းသစ်တကောင်ဝယ်၍ ကျွန်တော်ဘဲမောင်းပေးရ၏။ ဤသို့ဖြင့် ကျွန်တော်တို့ သမီးယောက္ခမ ပြန်လည်ပူးပေါင်းသွားကြပြန်လေ၏။

## ပတ်လည်လေး

ကျွန်တော့်ယောက္ခမ နောက်ဝယ်လိုက်သော မြင်းကို 'ပတ်လည်လေး'ဟုခေါ်ပါသည်။ သူ့နာမည်ကား ဘာမျှ အထူးအထွေစဉ်းစားမနေရပါ။ လှည်းတပ်ပြီးလျှင် သူ့ကိုနောက်သို့ ပတ်လှည့်လိုက်မှ ဖြောင့်ဖြောင့်တန်းတန်း ထွက်ပြေးပါ၏။

'ဆင်တကျင့်၊ မြင်းတကျင့်'ဆိုရာ၌ သူ့ဤသို့ဖြစ်ရသည့် အကြောင်းကား သူ့ကို မြင်းလှည်းစကျင့်စဉ်က လည်ဖွေနှင့်လှည်းကို အားပြုဆွဲရသည့် သူ့ရင်အုံ ညာဘက်ခြမ်းမှာ အနာဖြစ်ခဲ့သည်။ သူ့ပထမပိုင်ရှင်က လေးခါလည်းသားမျှ ဤမြင်းငယ်လေးကို ထိုအနာမပျောက်ခင် ဘဲမောင်းနှင်လေတော့ ထွက်စတွင် ဤအနာလေးနှင့် လည်ဖွေမိမှာကို ကြောက်ရှာသဖြင့် သူရှေ့သို့မတိုးပါ။ ထို့ကြောင့် သူညာဘက်ဇက်ကို ဆွဲ၍နောက်ပြန်ကွေ့လိုက်ခြင်းဖြင့် ဘယ်ဘက်ရင်အုံနှင့် လှည်းကိုဆွဲရခြင်းဖြစ်လျက် သူ့အနာမထိဘဲ လှည်းကပါလာလေသည်။ နောက်ပြေးမိ၍ သွေးပူသွားသောအခါ၌ကား သူဖြူးဖြူးဖြောင့်ဖြောင့်ကြီး သွားပါလေတော့သည်။ ယင်းအကျင့်ကား နောင်အနာပျောက်သည်တိုင် ပါသွားလေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သူ့အား အိမ်ကထွက်စမှာဆိုလျှင် မြောက်ဖက်သွားချင် တောင်ဘက်လှည့်တပ်ရသည်။ တောင်ဘက်သွားချင် မြောက်ဖက် လှည့်တပ်ရသည်။ ဤအကြောသိနေတော့ လွယ်ပါသည်။ အောက်မှ တယောက်ဆွဲလှည့်ပေးရုံပါဘဲ။ မောင်းမည့်သူ တယောက်ဖြစ်နေပါကလည်း မြင်းလှည်းသမားအဖို့ မခဲယဉ်းပါ။ သူ့တပ်ပြီး နောက်ဆွဲလှည့်လိုက်။ သူဖြူးဖြူးဖြောင့်ဖြောင့် ပြေးသောအခါမှ လှည်းရှေ့မှကိုယ်ကအသာပြေးလိုက်နေပြီးနောက် လှည်းလက်တံနှင့် လှည်းကယ့်အိမ်ကို လက်တဖက်စီ နောက်ပြန်ထောက်၍ အသာလေး ခုန်တက်လိုက်။ ဒါမျိုးကို ကျွန်တော်က တောက်ထွန်းတုန်းကတည်းက ကျွမ်းကျင်ခဲ့ပါပြီ ။ ယင်းသို့ပြုရသည်မှာလည်း သူ့အကျင့်က အိမ်က မထွက်တင်သာပါဘဲ။ လမ်းရောက်၍ မောင်းသားကျသွားတော့ မလိုတော့ ပါပြီ။

ကျွန်တော်ကိုင်ခဲ့ရသော မြင်းများထဲတွင် ဒီအကောင်လေးကိုက ရှမ်းမြင်း။ ကျောက်မြင်းပုပဟုခေါ်ပါသည်။ သူ့အရောင်မှာ ဖောင်းဝတ်စိမ်း ဒိုးကွက်ဖြစ်၍ ဒီအမွေးမျိုးက သွက်လက်ဖျတ်လတ်သည်။ မာကျောသည်။ ထို့ပြင် မြင်းသိုးဖြစ်၍ စိတ်လည်းထက်လေသည်။

မိရွှေနီနှင့် သူသည် အကောင်ချင်းတူညီသည်။ ကျွန်တော်က သူတို့နှစ်ကောင်ကို 'မနက်မြင်း' 'ညမြင်း' မောင်းရသည်။

မြင်းလှည်းသမားတယောက် မြင်းနှစ်ကောင် မောင်းရသည်မှာ သက်သာသည်မဟုတ်။ တရက်တာ ၂၄ နာရီတွင် အိပ်ချိန်လေးသာနားရပါသည်။ မြင်းလှည်းကို မှန်တန်း ထွက်ချိန်မှာ မနက်၆နာရီမို့ တနာရီစောပြီး ၅နာရီမှာထ၍ အစာကျွေးရပါသည်။ ၁၁ နာရီ ၁၂ နာရီလောက် ပြန်ဖြုတ်။

မြင်းမှာ နွားနှင့်မတူပါ။ နွားတို့မည်သည် ခိုင်းရာကပြန်လာ ဘာမှလုပ်စရာမလို။ တင်းကုပ်ထဲသွင်း။ မြက်စဉ်ထဲ အစာထည့်ကျွေးလိုက်ရုံသာ။ မြင်းကဤသို့မဟုတ်။ ဖြုတ်လျှင်ဖြုတ်ချင်း တမနက်စာလုံး ဇက်သွားကိုခဲထားရသော သူ့ပါးစပ်ကို လျှာဆွဲထုတ်ပြီး ရေဆေးပေး။ ဝန်ကိုဆွဲရသော ဝန်ကိုထမ်းရသော လက်ပြင်ပေါ်ကိုလည်း အဝတ်ရေဆွတ်၍ တိုက်ပေးရသေး သည်။

ပြီးတော့မှ ဆီးတည်။ ထို့နောက်အနည်းငယ် လမ်းဆွဲလျှောက်ပေးဦး။ လူတို့အားကစား ပွဲများ၌ ဒုန်းပြေးပြီး ချက်ချင်းမရပ်နားလိုက်ရဘိသကဲ့တည်း။ ဤကိစ္စအဝဝတို့ပြီးမှ သူ့အား အစာကျွေး။

ကျွန်တော်လည်း ထမင်းစား။ ထို့နောက် ညမြင်းကိုတပ်ထွက်။ နေဝင်မိုးချုပ် ၆နာရီ ၇ နာရီလောက်ပြန်ဖြုတ်။

အိမ်ရောက်မှ မြင်းအားပြုစုရသည်များကို ယခင် ကျွန်တော့်ယောက်ဖများ ရှိစဉ်တုန်းက ကူညီဘော်ရသော်လည်း သူတို့စစ်ထဲလိုက်သွားမှမူ ကျွန်တော်တယောက်တည်းသာ ကြဲရပါတော့ ၏။ မြင်းချေး၊ သေးသိမ်းရသည်များတော့ အထူးဖော်ပြစရာမဟုတ်တော့ပါ။ သို့စဉ်လျက် ဤမြင်းလှည်း သမားဘဝကို ကျွန်တော်စိတ်မပျက်ခဲ့ပါ။ မညည်းညူခဲ့ပါ။ ကိုယ့်ကံပစ်ချသည့် ကိုယ့်ဘဝတာဝန်ကို ကျေပွန်ခဲ့ပါသည်။ ယင်းဘဝ၌ ကျရောက်သောဒုက္ခတို့ကိုလည်း လှလှကြီး ခံခဲ့ရပါသည်။

## လှည်းနင်းခံရခြင်း

တနေ့သောအခါဝယ် ကျွန်တော်၏ကျောင်းနေဘက် သူငယ်ချင်း ယင်းခေတ်၌ စစ်ဗိုလ် ဖြစ်နေသူနှင့်တွေ့၍ ထိုနေ့အိမ်ပြန်လှည်းဖြုတ်နောက်ကျခဲ့သည်။ စမ်းချောင်းထိပ်မှ ရှမ်းလမ်းမကြီးသို့ ဝင်သောအခါ မှောင်၍နေပါပြီ။ အိမ်အပြန်မို့ ကျွန်တော်သည် လူလည်း ခပ်ထွေထွေဖြစ်နေ၍ မြင်းဇက်ကို ကောင်းစွာမထိန်းနိုင်တော့ဘဲ သူငယ်ချင်းနှစ်ယောက် စကား တပြောပြောနှင့် လာခဲ့ကြ၏။ ထိုအခါမှာ မိရွှေနီ မျက်နှာတပ်ထားသော အုပ်ခွက်သည် သူ့ခေါင်းနှင့် ခပ်ချောင်ချောင် နေသောကြောင့် ဇက်သွားက သူ့ပါးစပ်မှပြုတ်နေ၏။ ဒါကို ကျွန်တော်မသိ။ အကယ်တိတစုံတရာ အနှောင့်အရှက်မရှိဘူးဆိုလဲ ဘာမျှမဖြစ်နိုင်ပေ။

သို့သော် ညောင်တုန်းလမ်းထိပ် အရောက်တွင် သံပုံးတလုံးတဝုန်းဝုန်းကျသံကို ကြားရ သည်၌ မိရွှေနီမှာ နကိုကြောက်တတ်သော ဉာဉ်ရှိသည့်အတိုင်း တခါတည်း လန့်၍ ကဆုန် စိုင်းပါလေတော့သည်။

ကျွန်တော်က ဇက်ကြိုးဆွဲသော်လည်း ဇက်သွားလွတ်နေပြီဖြစ်သောကြောင့် မရတော့။ အရမ်းဆွဲ၍ အုပ်ခွက် သူ့မျက်နှာမှ ကျွတ်သွားသောအခါ၌ ပိုဆိုးပေတော့သည်။

ဤနေရာ၌ မိရွှေနီ အစွမ်းကုန်လန့်ကာ လမ်းမကြီးတလျှောက်၌ ခြေကုန် ကဆုန်စိုင်းပေ တော့သည်။ ယင်းကို မြင်းစကားဖြင့် 'ယူပြေးသည်' ဟုခေါ်သည်။ လမ်းက အားလုံးလူတွေ

အလန့်တကြား ဘေးကိုရှဲကြသည်။ အော်သူအော်၊ ဆဲသူဆဲ၊ ကျွန်တော့်သူငယ်ချစ် စစ်ဗိုလ်ကား ဂျပန်စားရှည်ကြီး ကားယားနှင့် လှည်းပေါ်က ဒလိမ့်ခေါက်ကွေး ကျခဲ့ပေပြီ။

ကျွန်တော်မူ မြင်းလှည်းသမားပီပီ သတိရှိ၍ မြင်းလှည်းလက်တံကို တွယ်လိုက်သွားကာ မြင်းမမျက်နှာကို ဖမ်းချုပ်နိုင်ရန် ရှေ့မှဆင်း၏။ သို့သော် မြင်းမ၏မြန်လှသောအရှိန်ကို မလိုက်နိုင်သဖြင့် ကျွန်တော် ဝမ်းလျားမှောက်လဲ၍ လှည်းဘီးက ခါးကိုဖြတ်နင်းသွားတော့၏။

မြင်းမသည် ရှမ်းလမ်းမကြီးအတိုင်း ပြေးရာမှ ထိုစဉ်က နှစ်ကျပ်ခွဲကွက်သစ်ခေါ်သော ဆင်းရဲသားအိမ်စု တဲအိမ်များထဲသို့ ကွေ့ဝင်ကာ အိမ်အချို့ကိုတိုက်ပြီးနောက် သရက်တောလမ်းသို့တက်ပြေး၏။

ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းမှာမူ လမ်းကောင်းစွာမလျှောက်နိုင်တော့ဘဲ နောက်မှ ထော့နဲ့ထော့နဲ့နှင့်လိုက်ရ၏။ သရက်တောလမ်းနှင့် လင်းလွန်းလမ်းဒေါင့် ကမူမြင့်ပေါ် ကအိမ်ရှေ့ ကနဖျင်းတိုင်ကို လှည်းဘီးခွတိုက်ကာ မြင်းမရပ်နေသည်ကိုတွေ့ရ၏။ လူအချို့က ချုပ်ကိုင်ထား၏။ လှည်းဘီးတဖက်မှာ ဒေါက်တွေ ဒဂူတွေကျိုးပဲ့၍ ပုံလျက်သားကျနေ၏။ ကနဖျင်း တခြမ်းယိုင်သွား၏။ ယင်းပိုင်ရှင်က ကိုယ့်လိုဘဲ မြင်းလှည်းသမားမို့ ကိစ္စမရှိသော်လည်း နှစ်ကျပ်ခွဲကွက်သစ်က ပွတ်တိုက်သွားသော အိမ်တို့ကိုမူ အလျော်ပေးရ၏။

သူတို့အယူအဆမှာ ယာဉ်တခုက ပွတ်တိုက်သွားပါက ဘာမျှမကျိုးပဲ့သော်လည်း အိမ်ကို ခိုက်တတ်သည်မို့ အိမ်နတ်မင်း မဟာဂီရိကို ကန်တော့ရမည်ဆို၏။

သူတို့ရပ်ကွက်ကို နှစ်ကျပ်ခွဲကွက်သစ်ဟု ခေါ်သည်မှာ ဂျပန်ခေတ်ကဗုံးဒဏ်ကြောင့် ဟိုမှသည်မှ ပြောင်းလာကြသော ဆင်းရဲသားတွေ တဲအိမ်တနေရာစာကို တလလျှင် နှစ်ကျပ်ခွဲ ပေးဆောက်နေရသောကြောင့် ဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင်ဘဲ ထိုအချိန်၌ ကန်တော့ပွဲတခု၏ အခန်း ငှက်ပျောတန်ဘိုးမှာ နှစ်ကျပ်ခွဲမျှဖြစ်၍ ကျွန်တော့်မြင်းလှည်းပွတ်သွားသည်ဆိုသော တဲအိမ် လေးငါးလုံးကို နှစ်ကျပ်ခွဲစီ ပေးလိုက်ရပါ၏။

မြင်းလှည်းဘီးပြန်ပြင်လိုက်ရတာက ၅၀ကျော်ကုန်၏။ ကျွန်တော် မြင်းလှည်းပေါ်ကကျပြီး ခါးလှည်းနင်းသွားသည့် ဒဏ်ကလည်း တော်တော်ကြာခံလိုက်ရ၏။

မရွှေနီနှင့် ကျွန်တော်ဖြစ်ရပုံက ဒါတွင်ဘဲလားတဲ့။ မကသေးဘူးခင်ဗျာ။

## ဟေးဟိုး အဆော်ခံရခြင်း

တနေ့သ၌ ကျွန်တော်သည် မိရွှေနီကို ဗဟန်းတခေါက်၊ ရန်ကုန်တခေါက် မောင်းပြီး၍ နေ့တွက်ကိုက်ပေပြီ။ သူ့လုပ်အားလည်း ဒီနေ့အဖို့ ကုန်လေပြီ။ မိုးချုပ်ခါနီး မြင်းစာဝယ်ရင်း လမ်းထိပ်တွင် ရပ်ထားတုန်း မြုန်းဆိုဟေးဟိုးစစ်သား ခုနစ်ယောက်ရောက်လာကာ ကျွန်တော့် လှည်းကို သူတို့နှင့်လိုက်ပါဆို၏။

ကျွန်တော်က ဤမြင်းကို ဒီနေ့အဖို့ နောက်ထပ်မောင်းမဖြစ်တော့ကြောင်း အကျိုး အကြောင်း ပြောပြကာ အကြိမ်ကြိမ်တောင်းပန် ငြင်းဆိုပါသော်လည်း အခြားလှည်းတစီးမျှ မရှိ တော့၍ (ရှိပါ့မလား အခြေအနေကြည့်ပြီး ထုံးစံအတိုင်း လစ်ကြတာကိုး။) လှည်းပေါ်အတင်း တက်ထိုင်ကြကာ သူတို့ဟာသူတို့ မောင်းသွားမည် လုပ်ကြတော့၏။ ယင်း၌ ကျွန်တော်က မြင်း ဇက်ကြိုးကို မပေးဘဲ သူ့ဘက်ကိုယ့်ဘက် လုကြသည်တွင် ငတိတို့လည်း ''ဒီကောင်ခေါင်းမာ တယ်ဆော်ကွာ။ မင်းဘယ်လောက်မိုက်လို့လဲ''ဆိုပြီး အရက်မူးမူးနှင့်သူတို့ခါးက ဘဲနက်တွေ ထုတ်ကြကာ ခုနစ်ယောက်နှင့် တယောက်ဆော်လဘန် တေကြတော့၏။

နှစ်ယောက်က ကျွန်တော့်ရင်ဝနှင့်ကျောကို ရှေ့နောက် ဘဲနက်နှင့်ထောက်ထားကြ၏။ ကျန်ငါးယောက်က အသွားနှင့်လည်းကောင်း အပြားနှင့်လည်းကောင်း၊ အနှောင့်နှင့်လည်း ကောင်း ခုတ်ကြရိုက်ကြ၏။

နဘေးမှ မြင်မကောင်း၍ လာဖျင်သူ လူတယောက်ကိုလည်း ဆော်လွှတ်သဖြင့် ပြေးရ၏။ သူတို့သည် ဂျပန်အားကိုးနှင့် ဗမာအချင်းချင်း မိုက်ရိုင်းကြသူများဖြစ်၏။

ကျွန်တော်က ဤနေရာ၌ သွေးပူပူဖြင့် သေချင်သေပစေတော့၊ ငါ့မြင်းမတော့ ဒင်းတို့ လက်ထဲမအပ်ဖူးဟု ဖွတ်ပေခံ၏။ သည်လို စိတ်တင်းထားလိုက်သောအခါ၌ ကိုယ်ပေါ် ခေါင်းပေါ် မီးဖွားတဖျောက်ဖျောက် ကျသလိုသာ ခံစားရပေတော့သည်။ နောက်ဆုံး၌ ခံနေသူ သက်သက်ကို တဖက်သတ်လုပ်၍ အားရကြတော့မှ အသိတရားရသလို သူတို့အချင်းချင်း ''လွှန် မယ် လွှန်မယ်''ဟုပြောပြီး ထွက်ခွာသွားကြတော့၏။ ထိုအခါ၌ ကျွန်တော့်မှာ မြင်းလှည်းလက်တံ ကိုမှီကာ ဦးခေါင်းမှ မျက်နှာပေါ်သွေးများစီးယိုလျက် မိန်းမောမူးဝေ၍ ကျန်ခဲ့တော့၏။

ဒုတိယအကြိမ် အကြပ်ကိုင်သူများကား နိပ္ပွန်မာစတာများကိုယ်တော်တိုင်ဖြစ်တော့၏။ အချိန်က မြင်းမအတွက်ပို၍ပင် ဆိုးချေသည်။ နွေရာသီ နေ့လယ်မွန်းတည့်လုနီးဖြစ်၏။

ထိုရက်ပိုင်းက ကျွန်တော်သည် မိရွှေနီကို မနက်ချိန်သာ ထွက်မောင်း၍ နေ့တွက်နှစ် ခေါက်မောင်းပြီး မြင်းမသံခွာတခု ကျွတ်သွားသဖြင့် လမ်းထိပ်တွင် အသစ်ရိုက်ပေးနေစဉ်ဖြစ်၏။

ယင်းအခိုက် ဂျပန်တသိုက် ရောက်လာပြီး ဗဟန်းကိုပို့ပါဟုဆို၏။ ကျွန်တော်က မြင်းမခွေးသံရွဲ့ရွဲ့ ဟောပတ်ဖြစ်နေပုံကိုပြပြီး သေလိမ့်မယ် မပို့နိုင်ဘူးဟု ပြောသောအခါ 'ခူးရား' လုပ်ကြတော့–

ဟဲ ဟဲ သူတို့အား ကျွန်တော်သတ္တိမပြဝံ့တော့ပေ။ (သက်ဦးဆံပိုင်များကို။) သို့သော် ကျွန်တော် မြင်းမတော့ ကျွန်တော်မညှာမတာ မမောင်းရက်။ မချိတင်ကဲ ဝန်ကို ဆွဲရသည်လည်း မကြည့်လို၍ အနီး၌ အသင့်ရှိနေသော 'လှည်းကြုံမောင်း စပယ်ယာ' ကုလား အာပနားအား အကျိုးအကြောင်းပြောပြပြီး

''ကဲ မင်းဖြေးဖြေး သက်သာကြည့်ပြီး မောင်းပို့လိုက်ပါတော့ကွာ''

မိရွှေနီသည် ဘယ်လောက်ပဲပန်းပန်း လူခိုင်းစေသမျှကိုတော့ မတွန့်မဆုတ် ဆောင်ရွက်တတ်၏။ သူ့အားရှိသမျှ သွားနိုင်သမျှတော့ ခိုကပ်ခြင်းဟူ၍ သူ့ဘဝတသက်တာမှာ တခါမျှမရှိခဲ့ ချေ။

ယခု ဂျပန်ငါးကောင် တင်သွားရာမှာလည်း ခွာသံပြင်းပြင်း လေးဘက်ကွဲကွဲပင်ထွက်သွားသည်။

သို့သော် နာရီဝက်မျှအကြာ၌ ဗဟန်းမှလာသောမြင်းရထားတစီးက

''ကိုကြင်ဆွေ၊ ခင်ဗျာ့မြင်းမလေး ရေတာရှည်လမ်းထိပ်မှာ လဲနေပြီ''

မိရွှေနီကို နှာလံထူအောင် ကုပေးခဲ့သောဆရာကြီးသည် ''ဒီမြင်းမကို တနေ့နှစ်ခေါက် ထက်ဘယ်တော့မှ ပိုမခိုင်းနဲ့။ လျှော့နိုင်သလောက်သာ လျှော့ခိုင်းပါ''ဟု မှာစကားရှိ၏။

ယခု မလွှဲမရှောင်သာ ပြုလိုက်ရသည်။

ကြည့်မြင်တိုင်ဘက်မှ လာသော ပထမဦးဆုံးကြုံရာ မြင်းရထားနှင့် ကျွန်တော်လိုက်သွားသောအခါ မိရွှေနီအသက်မရှိတော့ပြီ။

''ကျွန်တော်တချက်မှ ရိုက်မမောင်းဘူး ကိုကြင်ဆွေ'' အာပနားက ဆီးပြော၏။ ''ခင်ဗျား မှာလိုက်တဲ့အတိုင်း သူမသွားနိုင်လို့ရပ်ရင်၊ ကျွန်တော်ဂျပန်တွေကို ဆင်းခိုင်းမှာဘဲ။ အခုတော့ ဟောဒီနေရာမှာ ဘုံးဘုံးလဲတဲ့အထိ သူ့ခြေဟာ တချက်မှမပျက်ဖူးဗျ။ အာဂမြင်းမ ရှာမှရှား ရော''

မိရွှေနီသည် သူ၏တာဝန်ကို အသက်သေသည်အထိ ထမ်းဆောင်သွားရှာပေသည်။

အာတား

ဂျပန်ခေတ်သည် ရန်ကုန်မြို့တွင် မြင်းလှည်းခေတ်အကောင်းဆုံးဖြစ်ရကား ပေါင်းတည်၊ နတ်တလင်း၊ ကြို့ပင်ကောက်၊ မင်းလှ၊ လက်ပံတန်း၊ တိုက်ကြီး၊ မှော်ဘီ၊ ညောင်လေးပင်၊ ပဲခူး၊ လှည်းကူး၊ သနပ်ပင် စသည့်အရပ်က မြင်းလှည်းတွေပါ လာရောက်မောင်းနှင်ကြကုန်သည်။ သထုံက ဘုံပြတ်တွေပင် ရောက်လာကြလေသည်။

ဘုံပြတ်သည် လှည်းကန့်တိုတို မတ်စောက်စောက်နှင့် ကြည့်ရတာတမျိုးပင်။ ရန်ကုန် လှည်းတွေကား ကယ့်အိမ် ခြေချနှင့် ယဉ်စစရှိသည်။ ပြည်ရွှေတောင်မှ ကြို့ပင်ကောက် တိုက်ကြီးအထိ မြင်းလှည်းတို့ကား ကယ့်အိမ် ခြေချမပါ၍ ကျွန်တော်တို့က 'ပြန့်လှည်း' ဟုခေါ် ကြသည်။ ဝန်များများ လူများများ တင်နိုင်သည်။ ခိုင်ခန့်သည်။ လေးလံသည်။

မြင်းလှည်းဈေးသည် ရန်ကုန်မှာဆုံးသည်။ ရန်ကုန်မှာ အကြီးဆုံးဖြစ်သည်။ ရန်ကုန်မှ တခြားထွက်၍ ဝေးလေဈေးသက်သာလေဖြစ်သည်။

ထို့ကြောင့် ကျွန်တော်၏ ဒုတိယမြင်းကို ဝယ်ရန် သရက်ချောင်းသို့ ရောက်ခဲ့သည်။ ဤသရက်ချောင်းဆိုသောအရပ်သည် ရွာသာသာ မြို့မကျ တောမက တော်တော်ချောင်ကျသည်။ မှော်ဘီနှင့်တိုက်ကြီးအကြားဝယ် တိုက်ကြီးဘက်နီးသည်၌ အနောက်စူးစူးကိုသွားသော လမ်းခွဲ ကလေးရှိသည်။ ဤလမ်းကလေးအဆုံးမှာ ချောင်းကန့်လန့်ခံနေသည်။ သရက်ချောင်းသည် ထိုချောင်းကလေးနဘေးမှာ တည်ရှိသည်။ ကုလား၊ တရုတ်၊ ကုန်စုံဆိုင်၊ ခေါက်ဆွဲဆိုင်များ ရှိသည်။

ထို့ကြောင့် မြို့မကျ တောမကဟုဆိုပါသည်။ မြင်းလှည်းလမ်း၊ လှေလမ်းဆုံရာ ဖြစ်သည်။ ဤအရပ်ကို မှော်ဘီ လှပဒါးရွာမှ ဝါးခယ်မလမ်းရှိ ကိုမောင်ခင်၏အိမ်မှာတည်းပြီး မြင်းလှည်း မောင်းနေကြသော ဦးထွန်းရင် ကိုတင်အေးတို့နှင့်ပတ်သက်ပြီး ရောက်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ရန်ကုန်မှ လာခဲ့ကတဲကိုက ကိုမောင်ခင်၏ မြင်းလှည်းနှင့် လှပဒါးရွာမှာ ခရီးထောက်ပြီး နောက်တနေ့ သရက်ချောင်းသို့ မောင်းခဲ့ကြသည်။ ဦးထွန်းရင်နှင့် လူဆက်ရှိ သည်။

ဤမှာ ကျွန်တော်တို့ ဆိုင်မိကြသည်ကား လှည်းနှင့်မြင်းနှင့်တွဲရက်။ သို့သော် မြင်း ကလေး လေးခါလည်သားမျှ ငယ်ပြီးလှည်းကြီးက ဖော်ပြခဲ့သည့် 'ပြန့်လှည်း' မျိုးဖြစ်နေသည်။ ဤမြင်းနှင့်

ဤလှည်းကိုကား မသင့်လျော်ပေ။ သို့သော် ဈေးကသက်သာပေသည်။ လှည်းကြီးက ကြိုက်လောက်၏။ မြင်းကလေးကား အသက်အရွယ်ငယ်သဖြင့် အားကိုးခွင့်ကို မသုံးလောက်သေးပေ။ လာမိလက်စ လက်ချည်းပြန်သည်ထက် ရန်ကုန်ရောက်တော့ မြင်းကလေး လှည့်ထုတ်မည်ဟု ကျွန်တော်ဝယ်ခဲ့တော့၏။

ဤမြင်းကလေး အမွေးအရောင်က မြင်းနီ ဒူးမဲ၊ ဝေ့းသင်းပြီးသားမို့ သဘောသကာယ အလွန်ကောင်း၏။ သို့သော် သူ့အမွေးအရောင်အလျောက် မြင်းကောင်းထဲ မရောက်ပေ။ လေးလေးမှန်မှန်အစားထဲကဖြစ်၏။ သည်အထဲ သူ့အသက်ကလေးကနုသေးသဖြင့် တနှစ် လောက် သူ့အား မြင်းတန်းစေ့ မမောင်းနိုင်သေးပေ။ အခြားမြင်းလုပ်အား၏ တဝက်မျှ (ဝါ) တနေ့တခေါက်လောက်သာ ဝန်ပေါ့ပေါ့နှင့် မောင်းနိုင်သေးမည်ဖြစ်သောကြောင့် သူ့နာမည်ကို ဝယ်ပြီးကထဲက ကျွန်တော်တို့သည် အရက်သမားပီပီ 'အာတား'ဟုမှည့်ခေါ်လိုက်ကြ၏။

အာတားသည် ပတ်လယ်လေးလို မြင်းပု၊ မြင်းညှက်၊ မြင်းအမာစားထဲက မဟုတ်ပေ။ လည်စတိုတို၊ နွားကိုယ်လို ပုကွကွနှင့် အကောင်ကြီးလမ်းရှိသေး၍ နောင်တနှစ်လောက်စောင့်၊ ငါးနှစ်ကျော် ခြောက်နှစ်ထဲရောက်မှ အားကိုးခွင့်ကိုး ခိုင်းရမည်။

သို့သော် ကျွန်တော့်လက်ထဲရောက် သုံးလလောက်အကြာ၌ ဗဟန်းစာတိုက်ရှေ့တွင် ဂျပန်စစ်ကား နောက်မှီးရိုက်ခံရ၍ ညာဘက်လက်ဆစ်မှာ ကြီးစွာသောဒဏ်ရာရသည်။

တာမွေ ဖိုးစိန်လမ်း၌ ကျွန်တော့်ယောက္ခမ၏ ဆွေမျိုးများရှိသည်။ ရှေးအင်္ဂလိပ်ခေတ်က အရေးပိုင်အဆင့်အတန်းမို့ ခြံဝင်းကျယ်ကြီးနှင့် အိမ်ကြီးကလည်း ကြီးကျယ်လှပါသည်။ ထိုအိမ်၌ အဖွားအိုအပျိုကြီးတယောက်ရှိသည်။ ယောဂီဝတ်သည်။ တနေ့သ၌ ဤယောဂီကြီးသည် ကျွန်တော်တို့အိမ် ရောက်လာပြီး ကျွန်တော့် ယောက္ခမအား ''အောင်မယ်လေး၊ သမီးအိမ်ထောင်ကျတာမှ ဒို့မသိရပါလား။ ဆွေမျိုးအဆက် ဖြတ်ထားတာလား။ မေမေကြီးတို့အိမ်ကို မလာကြတော့ဘူးလား''ဘာလား ညာလားဖြင့် တညအိပ်အလွမ်းသယ်ပြီး နောက်တနေ့မနက်မှာ သူ့လိုက် ပို့ရင်း ကျွန်တော်တို့အားလုံးပါ သူတို့အိမ်လိုက်ရန် ခေါ်သဖြင့် မြင်းလှည်းပေါ်မှာ ဤအဖွားကြီး ရယ်၊ ကျွန်တော့်ယောက္ခမရယ်၊ ကျွန်တော့်ဇနီးနှင့် သမီးလေး ထိုင်နိုင်စအရွယ် ပါခဲ့သည်။

ရထားကို ဂျပန်စစ်ကားအတိုက်၌ ငိုက်ခနဲ ကျွန်တော်တယောက်သာ ရှေ့ဝပ်လျားထိုးကျသည်။ လက်မောင်းအနည်းငယ်ပွန်းသွားသည်။ ကျန်လူများ ဘာမျှမဖြစ်။ မြင်းလှည်းညာဘက်လက်တံ ထက်ပိုင်းကျိုး၍ ဤအကျိုးနှင့်ထိုးခြင်းဖြင့် အာတားလက်မှာ ကြီးစွာသော ဒဏ်ရာရ သည်။ နှစ်လလောက် လုံးဝမမောင်းနိုင်ဘဲ ဆေးကုနေရသည်။

ယင်းကို အလျော်ပေးသည့်သဘောဖြင့် ယောဂီအဖွားကြီးသည် ကျွန်တော့်ဇနီးနှင့် သမီးလေးကို ကျွန်တော်ပါ သူတို့အိမ်မှာ လာရောက်နေထိုင်စေပါသည်။

သို့သော် ကျွန်တော်မပျော်ပိုက်နိုင်ပါ။ ထိုခေတ်ထိုအခါ၌ ရှေးခေတ်က အရာရှိဟောင်း တို့၏ အိမ်ထောင်များမှာ အတွင်းပစ္စည်းကို အလီလီထုတ်၍ ရောင်းစားနေရသည်ဖြစ်ပါ၏။ နေကြတာ မှာလည်း အဖွားကြီးနှစ်ယောက်နှင့် သမီးအသက်သုံးဆယ်မျှ တခုလပ်မတယောက်။ မိန်းမသား ချည်းဖြစ်၍ အချွေတာဆုံးသုံးကြသည်။ ဟင်းကို မယ်မယ်ရရဝယ်ပြီး ချက်မစားကြ။ နွားနို့နှင့် ထမင်းစားသည်။ ငှက်ပျော်သီးနှင့် စားသည်။ ကျွန်တော်က ဒါတွေမစားနိုင်မှန်းသိတော့ မှ အာလူး၊ ပဲ၊ ငါးခြောက်လောက်ချက်ကျွေးသည်။

ထို့ပြင် အဆိုးရွားဆုံးကား ဒီအိမ်ကြီးမျိုးမှာ အိပ်ခန်းတိုင်းနောက်ဖေးခန်းရှိ၍ နောက်ဖေး အိုးထားသည်။ ရှေးခေတ်ကောင်းစဉ် အရေးပိုင်အိမ်ဆိုတော့ အစေခံတွေ အမျိုးမျိုးနှင့် နောက်ဖေးအိုး သိမ်းဆည်မည့် မယ်တယ်ကုလားလဲ ရှိရမည် မုချပေ့ါ။ ခုတော့ခင်ဗျာ၊ လောကဓမ္မ တာ ရသော၊ လာဘော၊ ပြီးတော့ အရေးပိုင်မင်းကြီး ကွယ်လွန်ပြီးတည့်နောက် အရသော၊ အလာဘောနှင့် ကြုံကြိုက်ချိန်ဖြစ်ရကား အစေခံဝေးလို့ ခွေးတကောင်မျှမရှိ။ ကိုယ့်နောက်ဖေး အိုးကိုယ်နေ့စဉ် သုတ်သင်နေရတော့ ကျွန်တော် နှစ်ရက်လောက်ပဲ နေနိုင်ခဲ့ပါတယ်။ ကျွန်တော့် ဇနီးနဲ့ သမီးလေးသာ ချက်ချင်းကြီး ပြန်ရမှာ သူ့အဖွားများ အားနာပါတယ်ဆိုပြီး ဆဲ့လေးငါး ရက်လောက် ကြာခဲ့ထင်ပ့ါ။ သည်အတွင်းမှာ ကျွန်တော့်ဇနီးအား ခေါက်ဆွဲကြော်၊ ထမင်းကြော် များ ပို့ခဲ့ရပါသည်။

အာတား လက်နာနေစဉ်မှာ ကျွန်တော်သည် ပတ်လယ်လေးတကောင်ကိုသာ မောင်းခဲ့ ရပါ၏။ သို့သော် အာတား ပြန်မောင်းနိုင်ပြီး ရက်မကြာမီမှာ ပတ်လယ်လေးသေပါသည်။ သူသေပုံက မြန်ဆန်လှ၏။ တရက်မှ အမောင်းမပျက်ခဲ့ပါ။ သေမည့်မနက်မှာ ညက ထည့်ထား သော အစာတွေ လုံးဝမစားဘဲ တုံးလုံးလဲနေသည်။ မြင်းဆရာခေါ်ပြတော့ အအေးပတ်ပြီး ဆီးချုပ် ဝမ်းချုပ်ဖြစ်တာတဲ့။ ဆေးတိုက်လို့ ကျွေးလို့မရတော့ပါ။ ဆရာက ဝမ်းချုပါသည်။ ချေးမထွက်မီ အသက်ထွက်သွားပါ၏။ မြင်းတို့မည်သည် ဤသို့လျင်မြန်စွာလည်း သေတတ်၏။

ထိုသရောအခါမှာ ကျွန်တော်တို့ အိမ်ထောင်သည် တနေ့လျှင် တခေါက်မျှသာမောင်းရ ၍ တဝက်မျှသော ဝင်ငွေသာရသည့် အာတားနှင့် မဖြစ်တော့ပြီ။

ထို့ကြောင့် ကျွန်တော်သည် အာတားကို ရောင်းပစ်ပြီးတော့ ယောက္ခမကြီးက ငွေတဝက် စိုက်ဖြင့် ရာနှုန်းပြည့် ခိုင်းနိုင်သော ထိပ်တန်းမြင်းတကောင်ကို သမက်ယောက္ခမနှစ်ဦးပိုင် ဝယ်လိုက်ကြတော့၏။ ဤမြင်းနာမည်ကို 'တက်တိုး'ဟု ကျွန်တော်ကပေးလိုက်သည်။

ဤနေရာ၌ စာဖတ်သူသည် ဆရာတက်တိုးကို သတိရကြပေလိမ့်မည်။ စင်စစ်လည်း ကျွန်တော့်မြင်း တက်တိုးမှာ ဆရာတက်တိုး၏ နာမည်မှတဆင့် လာကြောင်းဝန်ခံပါသည်။

ကျွန်တော်ကျောင်းသားဘဝကပင် ဆရာတက်တိုးသည် ကျွန်တော်ကြိုက်သော စာရေးဆရာတယောက်ဖြစ်ခဲ့၏။ အထူးသဖြင့်အမှတ်ရသည်မှာ (ဒဂုန်မဂ္ဂဇင်းမှာထင်သည်။) 'အိုင်စီအက်စ်' ဝတ္ထု။ ထိုခေတ်က အိုင်စီအက်စ်ရူး၊ အိုင်စီအက်စ်ကို သမက်ဖမ်းလိုသူများအား သရော်ထားသည်။

သူငယ်ချင်းနှစ်ယောက်သည် လူလောက်ကြီးသော မျောက်ကြီးအား အမွေးများရိတ်၍ ဖီးလတ်သားလို ဝတ်ဆင်ပေးကာ အိုင်စီအက်စ် သမက်ဖမ်းလိုသူ အိမ်သို့ခေါ်သွား၍ ဒါသူတို့အကိုကြီးပါ။ ဖီးလတ်က အိုင်စီအက်စ် အောင်ပြီး ပြန်လာခဲ့တာမကြာသေး။ သင်္ဘောပေါ်မှာ အအေးမိခဲ့သဖြင့် အသံဝင်နေ၍စကားမပြောနိုင်သေးကြောင်း ဇာတ်လမ်းဆင်ထား၏။

နကိုဗီဇာတ်ခံက သည်လိုသရော်စာမျိုး အင်မတန် ကြိုက်သော ကျွန်တော်သည် ဤဝတ္ထုတပုဒ်တည်းဖြင့် 'အိုင်စီအက်စ်'နှင့် 'တက်တိုး'နာမည်ကို စွဲခဲ့သည်။ ကျွန်တော်သည် ဘယ်အခြေဘဲရောက်ရောက်၊ ဘာလဲလုပ်နေရနေရ၊ စာပေစိတ်ကတော့ ကိုယ်မှခွာသည် မဟုတ် မူ၍ စိတ်ကြိုက်တွေ့သော ကိုယ့်မြင်းကို နာမည်ပေးရန် စဉ်းစားလိုက်သောအခါ ကိုယ့်စိတ်ကြိုက်ဖြစ်ခဲ့သော 'တက်တိုး'ကို သတိရခြင်းပင် ဖြစ်တော့သည်။

နှောင်းသော်ကာလ၊ ကျွန်တော်စာရေးဆရာ ဖြစ်လာသောအခါလည်း ခွေးသော်တာဆွေ၊ ကြောင်သော်တာဆွေ၊ မော်တော်ကား သော်တာဆွေ စသည်များ ဖြစ်နေသည်တို့ကို ကြားသိတွေ့မြင်ရပါ၏။ ဤကား လူတို့၏ ခင်မင်နှစ်သက်မှုအမှတ်တရ ပြုတတ်ကြခြင်းများ ဖြစ်ပေသည်။

## ကျွန်တော့်ဉာဉ်ဆိုး

ကျွန်တော်သည် မိမိကိုယ်မိမိ ဆန်းစစ်ကြည့်မိသည်။ စင်စစ် ကျွန်တော်သည် လူရိုး လူတည် မဟုတ်ပေ။ တဖက်သားကို နောက်ချင် ပြောင်ချင်သရော်ချင်သည်။ မတော်တရော် လုပ်ချင်သည်။ ကျွန်တော်ယနေ့တိုင် မမေ့နိုင်သော အရာတခုပြုခဲ့မိ၏။

ကျွန်တော်လက်ဖက်ရည်ဆိုင် ထွက်နေစဉ် ဦးဟံသာတို့ သားအဖမရှိသည့်နောက် ကိုယ့်လမ်းထဲကဘဲ အသက်ဆဲ့သုံးလေးနှစ်ရွယ် မောင်ပိန်ရိုးခေါ် သူငယ်လေးရောက်လာသည်။ သူ့သားလေးကို ခိုင်းပါစေပါ ဆုံးမပါဟု သူ့အမေကအပ်နှံပါသည်။ မောင်ပိန်ရိုးတို့မှာ ဖအေမရှိ ပေ။

သူ့အမေအိုကြီးနှင့် အမအပျိုနှစ်ယောက်၊ ညီမငယ်တယောက်။ လက်လုပ်လက်စား။ အိမ်ငယ်လေး တလုံးကို ငှားရမ်းနေကြသည်။

မောင်ပိန်ရိုးသည် နာမည်နှင့်လိုက်အောင် ရိုးရုံမက အရိုးလွန်သဖြင့် ပေါတဲ့ဘက် ရောက်နေသည်။ ခိုင်းလို့စေလို့ ကောင်းသည်။ အင်မတန်ဖင်ပေါ့သည်။ ဖင်ပေါ့လိုက်သည်မှ တခါတရံဘယ်က ဘယ်သူ့ဆီ သွားချေစမ်းဆိုရုံရှိသေး၊ ဘာကိစ္စဟုမပြောရမီ သူထွက်သွားပြီ ဖြစ်နေတတ်၍ ပြန်ခေါ်ပြီး နားရွက်ဆွဲပြောရ၏။ နောက်တော့သူ့အား တခြားခိုင်းစရာရှိလျှင် ပထမနားရွက် သို့မဟုတ် လက်ကိုဆွဲထား၊ ပြောပြီး စကားဆုံးမှ လွှတ်လိုက်ရ၏။

မောင်ပိန်ရိုးသည် ကျွန်တော့်ကို 'အကို အကို'နှင့် အင်မတန်ခင်ဒ။ ကျွန်တော်လက်ဖက် ရည်ဆိုင်ဖြုတ်ပြီး မြင်းလှည်းချည်းမောင်းသောအခါလည်း 'စပယ်ယာ'လိုက်ပါတတ်သည်။

မိုးတွင်းကြီးမှာ တခါသော် ကျွန်တော်နှင့်ခင်မင်သော မိတ်ဆွေများက ''ဟေ့၊ မောင်ကြင် ဆွေ၊ မင်းမြင်းလှည်းက မိုးလုံရဲ့လားကွ''မေး၍ ကျွန်တော်က (မြင်းလှည်းသမား ပါးစပ်ကို ခွင့် လွှတ်ကြပါနော်။) ''ဟာ ကျွန်တော့် မြင်းလှည်းက မိုးလုံလေလုံ မေထုံထောင် မှီဝဲနိုင်ပါသဗျာ''ဟု ပြန်ပြောရာ မိတ်ဆွေများက သဘောကျရယ်မော ကုန်ကြသည်။ ဒါကို အဓိပ္ပာယ် နားမလည် သော မောင်ပိန်ရိုးက မှတ်ထားတဲ့ပြီး တနေ့မိုးကလေးတဖွဲဖွဲ ရွာနေချိန် ရွှေတိဂုံဘုရား ဗဟန်းဘက် စောင်းတန်းအဆင်းမှာ

''လာ၊ လာ၊ မိုးလုံလေလုံ မေထုံမှီဝဲနိုင်တယ်''ဟု အော်ပြီး ပါစင်ဂျာခေါ်နေသဖြင့် ကျွန်တော့်မှာ ထိုင်နေသော လက်ဖက်ရည်ဆိုင်မှ အမြန်ထသွားပြီး သူ့ပါးစပ်ပိတ်ရတော့၏။

အော်၊ မောင်ပိန်ရိုး မောင်ပိန်ရိုး။ သူနဲ့ကျွန်တော်ကတော့ 'တောင်ငူကလဲ တောင်ငူ မောင်းထောင်ကလဲ မောင်းထောင် ဆိုသကဲ့သို့ ပါဘဲခင်ဗျာ။

တနေ့ညနေ အမဲသတ်ရုံကို အမဲသားတင်ဘို့အော်ဒါရ၍ လိုက်ပါသွားသည်။ နွားသတ်ရုံ ထဲမှာ ကျီးချီချီ၊ ခွေးစားစား လွှင့်ပစ်ထားသော နွားသိုချောင်းများရှိသည်။ ဒါကို ကျွန်တော်က မောင်ပိန်ရိုးအား ''ဟေ့၊ ဟိုမှာ အမဲအူဂင်းပိတ်တွေကွ။ ချက်စားလို့ သိပ်ကောင်းတာဘဲ။ မင်းယူ သွားပြီး မင်းအမတွေ ချက်ခိုင်းပါလား'ဟု ပြောမိတော့ တကယ်ပင် သူသည်တထွေးကြီးကောက် ၍ သင်အူလျှော်ကြိုးနှင့် ဆွဲသွားသည်။

ဒါလောက်တော့ သူ့အိမ်ကျလျှင် သူ့အမတွေက သိတန်ကောင်းရဲ့ဟု အောက်မေ့မိသည်။

သို့သော် ထိုည ကျွန်တော်ထမင်းစားတော့ ဟင်းတခွက်သည် ဝါးမရ၊ အရက်မူးမူးနှင့် ဝါးမျိုသာချလိုက်ရပြီး သုံးတုံးလောက်ကုန်မှ အိမ်က မိန်းမအား ''ဟဲ့၊ ဒီဟင်းက ဘာတုန်း။ ဝါးလဲ မရပါလား'' မေးတော့

''ဒါက ကျမတို့အိမ်က ချက်တာ မဟုတ်ပါဘူး။ ရှင့်တပည့်မောင်ပိန်ရှိုး လာပေးသွားတာ ပါ''တဲ့။

## အောင်ဘု

ကျွန်တော့်ယောက္ခမနှင့် ကျွန်တော်သည် တက်တိုးကို စပ်တူဝယ်ပြီးသည်နောက် ဈေးချောင်၍ ကိုယ့်လက်ထဲ ရောက်ပြီး ပြုပြင်လိုက်ပါက အမြတ်ရနိုင်မည့် လှည်းတစီးနှင့် မြင်းလေးတကောင်ကို ယောက္ခမက ငွေစိုက်၊ ကျွန်တော်က လူစိုက်၊ အမြတ်ကိုတယောက်တဝက် ဖြင့် ဝယ်လိုက်ကြပြန်၏။

ဤမြင်းနှင့်လှည်းကိုဝယ်ရန် ညွှန်ကြားသူမှာ ကိုသိန်းလေးဖြစ်၏။ ထိုမြင်းလှည်းပိုင်ရှင် လူကြီးမှာ ဆင်းရဲရှာ၏။ လှည်းကိုရွက်ဖျဉ်စမှ မမိုးနိုင်၍ ဓနိမိုးထား၏။ မြင်းကလေးကို အမွေးမျှ မထိုးနိုင်၍ သိုးနှင့်တူနေ၏။

ကျွန်တော်တို့ လက်ထဲရောက်တော့ လှည်းကို အမိုးသစ်မိုးပြီးဆေးရောင်လှလှသုတ်၍ ရောင်းလိုက်ရာ ဝယ်ရင်းမြင်းနှင့် လှည်းဘိုး၏သုံးပုံနှစ်ပုံမျှ ရခြင်းကြောင့် မြင်းလေး၏ တန်ဘိုးမှာ ဘာမျှမများတော့ပေ။ ဤမြင်းကလေးကိုလည်း အမွေးထိုးပြီး တနေ့လျှင် တခေါက်မျှ ယောက္ခမ ၏ လှည်းပေါ့ပေါ့လေးဖြင့် သက်သက်ညှာညှာ ခိုင်းလိုက်ရာ မြင်းကလေးသည် သက်ရှယ်ငယ် သည့်အလျောက် တနေ့တခြား တိုးတက်ပြောင်လက် ဝလင်လာခြင်းအားဖြင့် တလနှစ်လ အတွင်းမှာ တန်းမီဈေး ဒုတိယအစားထဲသို့ ဝင်လာလေ၏။

ဥပမာ တက်တိုးက ပထမတန်းစားမြင်းမို့ အဖိုးတထောင်ဆိုသော် သူက ခုနစ်ရာ့ငါး ဆယ် ရှစ်ရာ ပါတည်း။ ဤမြင်းကလေး အမွေးက မြင်းရွှေခေါ် ရဲရဲတောက်ရွှေရောင်။ တက်တိုး လောက် ဒေါက်မရှိ။ ပုသည့် အမျိုးအစားမို့ ကျွန်တော်က သူ့ကို 'အောင်ဘု'ဟု နာမည်ပေး သည်။ သူလည်း တက်တိုးကဲ့သို့ပင် (ဖောက်ပြီးခေါ်) ဖေ့သင်းလေးဖြစ်၍ သူတို့နှစ်ကောင် အလွန်သင့်မြတ်၏။ ခြံထဲလွှတ်ထားလျှင် ခွေးနှစ်ကောင်ကစားသကဲ့သို့ နှစ်ကောင်သား ပတပ်ရပ် လုံးသတ် ကစားတတ် ၏။ အစာကျွေးလျှင် အစာခွက်ထဲ နှစ်ကောင်နှိုက်စားပြီး တခွက်ကုန်မှ နောက်တခွက်သို့ အတူပြောင်းစား၏။

ကျွန်တော်၏ မြင်းလှည်းသမားဘဝတာမှာ သူတို့နှစ်ကောင် ဘက်အညီဆုံးနှင့် ချစ်စရာအကောင်းဆုံးဖြစ်၏။ သူတို့ချင်းလည်း အင်မတန်ချစ်ခင်ကြ၏။ ဥပမာ အောင်ဘု မြင်းလှည်းတပ်ထွက်သွားလျှင် တက်တိုး ခြုံထဲမှဟည့်၍ နှုတ်ဆက်လိုက်၏။ ပြန်လာသောအခါ အောင်ဘုက ဟည့်လိုက်၍ တက်တိုးက ပြန်ဟည့်ရင်း ခြံဝခေါင်းပြူလာ၏။

သို့သော် သူတို့ချစ်ခြင်းကို ကြာရှည်စွာ အတူတကွ မထားနိုင်ပါချေ။ သူတို့သည် ကျွန်တော့်ယောက္ခမနှင့် ကျွန်တော့်၏ အစုစပ်များဖြစ်ကြပေရာ သမီးယောက္ခမ(ကျုပ်တို့ထုံးစံအတိုင်း)မသင့်မမြတ်ဖြစ်ကြသည်၌ သူတို့ကို ရောင်းချ၍ စီးပွားခွဲလိုက်ကြခြင်းဖြင့် သူတို့လည်း တကောင်တဌာနဆီ ရောက်သွားကြရလေတော့သည်။ ဤအခါ၌ ကျွန်တော့်မှာ ကိုယ်ပိုင်မြင်းတကောင် ဝယ်နိုင်သောအခြေသို့ ရောက်လာလေ၏။

ကျွန်တော့်မှာ အာတားနှင့် တွဲဝယ်ခဲ့သော လှည်းလည်းရှိနေပြီဖြစ်၍ မြင်းပိုင်လှည်းပိုင်ဖြစ်သွားတော့၏။

ထိုအခါသမယ၌ ရန်ကုန်မြို့တွင် များစွာသော မြင်းလှည်းသမားတို့သည် မြင်းများကိုသာမက မိမိတို့လှည်းများကိုလည်း အမိုးကယ့်အိမ်တို့တွင် ဆေးရောင်များခြယ်ပြီးသကာလ လှည်းနာမည်တွေ ပေးထားတတ်ကြ၏။ ဥပမာ ‘ရွှေတိုး’၊ ‘ရတနာမိုး’၊ ‘ကြံတိုင်းအောင်’၊ ‘လှယဉ် ယဉ်’ စသည်ဖြင့် အမိုးနဘေးနှစ်ဖက်မှာရေးသည်။ ရွှေ့ခြေချ မှန်ထောင်တွင် ရေးသည်။ ထို့ကြောင့် ကျွန်တော့်မြင်းလှည်းနာမည်သည် ‘မိုးတိမ်တောင်’ဖြစ်၏။ သူရိယမဂ္ဂဇင်းတွင် ဝတ္ထုပြိုင်ပွဲဝင်ခဲ့သော ကျွန်တော်၏ ပထမဦးဆုံးကလောင်နာမည်ပါလေ။ ရောင်စုံဆေးသုတ် ဆိုင်းဘုတ်ရေးဆရာအား မြင်းလှည်းအမိုးမှာ မိုးသားမိုးတိမ်များနှင့် ရေးစေသည်။ အလှသားခင် ဗျာ့။

ဤမြင်းလှည်း ‘မိုးတိမ်တောင်’နှင့် ကျွန်တော်သည် များစွာသော မြင်းတို့ကိုဆွဲသည်။ အကြောင်းမှာ မြင်းလှည်းသမားဘဝ တတိယမြောက်နှစ်၌ တက်တိုးနှင့် အောင်ဘုတို့ နှစ်ကောင် ဝယ်ရောင်းလိုက်ပြီးကတည်းက ရိုးရိုးမြင်းလှည်းမောင်းစားနေသည်ထက် မြင်းတကောင်ဝယ်ထားမောင်းစားနေ၊ ကြိုက်ဈေးရရောင်း၊ နောက်တကောင်ဝယ်၊ မြတ်လျှင်ပြန်ရောင်း။ ဤနည်းကပိုပြီး အကျိုးရှိကြောင်း သိနေသဖြင့် မြင်းလှည်းသမားတပိုင်း မြင်းကုန်သည်တပိုင်း ဖြစ်ခဲ့လေပြီ။ ထိုကာလမှာ ဂျပန်ငွေလည်း တလထက်တလ ပွဖောင်းနေပြီး ဖြစ်ရကား ဘာမဆိုလက်ထဲ ပစ္စည်းရောက်၊ ပြီး မြတ်သည်ချည်းဖြစ်သည်။

လှည်းကိုလည်း ကိုယ်တိုင်အမောင်းနည်းပြီး ဒရိုင်ဘာတယောက်ငှားလိုက်သည်။ ကိုမြတ်သာတဲ့။ အဲ သူ့အကြောင်းကိုဖြင့် စာပေဝါသနာရှင်များ အတွက်ပြောပြရပါဦးမည်။

ကိုမြတ်သာသည် စာဖတ်အလွန်ဝါသနာပါ၏။ သို့သော်အလွန်ပျင်း၏။ ဖျင်း၏။ သူ့ကိုယ် သူ သတ်သေလောက်အောင်လည်း မိုက်မဲ၏။

သူ့အကြောင်းကို တနေရာ၌ ကျွန်တော်အနည်းငယ်ဖော်ပြခဲ့ပြီ။ သူ့မှာ မြင်းပိုင် လှည်းပိုင်မရှိ။ သူများလှည်းအငှားမောင်း ဒရိုင်ဘာမျှဖြစ်သော်လည်း လူချင်းရိုက်ရဲနှက်ရဲ ရှိခြင်း ကြောင့် မြင်းလှည်းအသင်းကြီး၏ အမှုဆောင်တဦးဖြစ်သည်။

သို့သော် သူ့အား ဘယ်သူကမှတော့ ထာဝစဉ် ဒရိုင်ဘာမငှားခဲ့ကြပါ။ အဆင်သင့်ရာ ခေတ္တမောင်းရခြင်းသာဖြစ်သည်။ မောင်းခမှာ ရသမျှမှ ကြည့်ပေးရခြင်းသာဖြစ်သည်။

စင်စစ် မြင်းလှည်းဒရိုင်ဘာမှာ ဤသို့မဟုတ်ချေ။ ရသမျှ၏လေးပုံတပုံ ယူရသည်။ ဤဒရိုင်ဘာ၏ တာဝန်မှာ လှည်းတပ်မောင်းရုံတွင်မဟုတ်ပဲ မြင်းချေး သိမ်းရခြင်း၊ မြင်းစာကျွေးရခြင်း၊ မြင်းရေချိုးပေးရခြင်း၊ လမ်းဆွဲလျှောက်ရခြင်း စသည်ဖြင့် မြင်း၏ဗာဟီရကိစ္စများကိုလည်း ပြုစုပေးရသည်။ ကိုမြတ်သာကား မြင်းလှည်းပေါ် ထိုင်မောင်းခြင်းမှတပါး ကျန်သောအရာများကို မပြုလုပ်လိုချေ။

သူ့ကို ဒရိုင်ဘာအဖြစ်နှင့် ခန့်ထားအံ့။ သူ့တွင်သားမယားနှင့် သူ့အိမ်နှင့်သူ နေသည် ဖြစ်၍ မြင်းလှည်းပိုင်ရှင်သည် သူ့အားအိပ်ရာ သွားနှိုးရသည်။ နေ့ပိုင်းဆိုလျှင် လိုက်ရှာပြီး ခေါ်ရသည်။ သူကတော့ အချိန်မှန်မှန် လာလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့်သူ့ကို မည်သူမျှ ထာဝစဉ် ဒရိုင်ဘာ မခန့်အပ်ခြင်းဖြစ်၏။ ဒါနဲ့ ကျွန်တော် ကအဘယ်ကြောင့် ခန့်အပ်ပါသနည်း။

သူ့တွင် ကျွန်တော်နှစ်သက်သော အရာနှစ်ခုရှိ၏။

(၁) သတ္တိကောင်းသည်။ ရိုက်ရဲနှက်ရဲရှိသည်။ လက်လျင်သည်။ အထိုးအသတ်ကျင်လည် သည်။

(၂) စာဖတ်သည်။

နံပတ်တစ်ကို ကျွန်တော်အဘယ်ကြောင့် လိုပါသနည်း။ ကျွန်တော်တို့ မြင်းလှည်းသမား အလုပ်သည် တယောက် တယောက် ဗိုလ်ကျခြင်း၊ ညစ်ပတ်ခြင်း၊ ညဥ့်းပန်းစော်ကားခြင်းများ ပြုတတ်သည်။ ဤအရာမျိုးတွင် ကျွန်တော်၏ဇီဇသတ္တိက အောက်ကျမခံလို။ သို့သော် ဤအချိန် ၌ အသက်အရွယ်နုနယ်သေးသော ကျွန်တော့်မှာ သူတို့လို လူကြမ်းကြီးများနှင့် မဖက်ပြိုင်နိုင်ပါ။

ထို့ကြောင့် ကိုမြတ်သာကို အားကိုးရသည်။ သူ့ဆီမှ ရိုက်ရဲနှက်ရဲသော မိုက်သွေးမိုက်စိတ်ကို ကူးယူရသည်။ ကိုမြတ်သာသည် ရှေးအင်္ဂလိပ်ခေတ်ကပင် ဘတ်စကားပိုင်ရှင်တယောက်က သူ့ကားများ စောင့်ထိန်းရန် လူမိုက်စပယ်ယာအဖြစ် တောမှခေါ်ယူပြီး အိမ်ဖော်မနှင့် ပေးစား ထားရသူဖြစ်သည်။

နံပတ်နှစ်ကို ကျွန်တော်လိုသည်ကား ကျွန်တော်မြင်းလှည်းသမားဘဝ၌ အချိန်ရသခိုက် စာရေးလေ့ရှိ၏။ ထိုခေတ်၌ စာရေးပြီးဘယ်မှလဲ ပို့စရာမရှိ၍ သူ့ကိုဘဲ ဖတ်ခိုင်းရ၏။ သူက နှစ်နှစ်ခြိုက်ခြိုက်ဖတ်ပြီး ကောင်းသည်ဟု ချီးကျူးတတ်၏။

ကျွန်တော့်မှာ ကိုးတန်းရောက်ကတည်းက ကဗျာရေး၊ စာရေးဝါသနာစွဲခဲ့သည်။ ယခုခေတ်လို ရေးပြီး မဂ္ဂဇင်းတိုက်တွေပို့နိုင်သည် မဟုတ်မူဘဲ ကိုယ့်ဟာကိုယ်ရေး ကိုယ့်ဟာ ကိုယ်ဖတ်ပြီး ကျေနပ်နေရသော အရသာသာဖြစ်၏။ ထို့အပြင် အပေါင်းအသင်းများကို ချော့မော့ဖတ်ခိုင်းကာ သူတို့၏ချီးမွမ်းခြင်းကိုခံလို၏။

ကျောင်းသားတုန်းက သူငယ်ချင်းများအား သူတို့ဖတ်လျှင် မသကာ လက်ဖက်ရည်တိုက်ရုံသာရှိ၏။ မြင်းလှည်းသမား ဘဝ၌ကား ကျွန်တော့်စာ ဖတ်မည့်သူမှာ ရွှေထက်ရှား၏။ ကိုယ့်ပတ်ဝန်းကျင်မှာ အရက်တိုက်၍ ဖတ်မည့်သူလဲမရှိ။ မြင်းလှည်းသမားထဲ၌ စာဖတ်ချင်သူ ကိုမြတ်သာတယောက်အား တွေ့ရခြင်းပင် ကျွန်တော့်အဖို့ ကံကောင်းလှသည်ဟု ဆိုချင်ပါသည်။

ကိုမြတ်သာသည် ကျွန်တော့်ကို မျက်နှာလိုမျက်နှာရဖတ်သည်မဟုတ်။ သူ့ကိုယ်နှိုက်က စာဖတ်ဝါသနာပါ၏။ သူသည်အတန်းစာ မည်မျှသင်ခဲ့ဘူးသည် မမေးလိုက်မိသော်လည်း စာကို ကောင်းကောင်းကြီး ဖတ်တတ်သူ၊ ဝတ္ထုအရသာ ခံနိုင်သူဖြစ်ပါ၏။ ကျွန်တော်သည် ဂျပန်ခေတ် ၌ ရသမျှစာအုပ်တွေ ရှာဖတ်၏။ သူ့ကိုပေး၏။ သူသည်စာအုပ်နှင့်တွေ့လျှင် ဘာမျှမလုပ်ချင်။ အိပ်ရာထဲက မထတော့ချေ။ ဒါမျိုးကို ကျွန်တော်က ခွင့်လွှတ်၏။ ပြန်တွေးလိုက်လျှင် ရယ်စရာကြီးပါပေ။ ကိုမြတ်သာနှင့် ကျွန်တော်သည် အိမ်တလုံးကို စပ်တူဆောက်ကာ နှစ်ယောက် အတူနေခဲ့ဘူးသည်။ ထိုအခါ၌ ကျွန်တော်ရေးသောစာကို သူဖတ်နေချိန်များတွင် မြင်းချေးကြုံး၊ မြင်းစာကျွေး စသည့်ကိစ္စများကို သူ့အားမခိုင်းရက်ရုံမက သူ့ကိုယ်တွင်နားသော ခြင်၊ ယင်များ ကိုပင် ကျွန်တော်က မောင်းပေးလိုက်သေးသည်။ ကျွန်တော်သည် မြင်းဇောင်းထဲ လုပ်စရာရှိ သည်များကို သူမသိအောင်လုပ်ပစ်လိုက်ပါသည်။

ကျွန်တော်သည် ကိုမြတ်သာအား ဆရာပီမိုးနင်း ရေးသော အရင်းမစိုက် လေ့ထိုးလိုက်၊ ကိုယ့်ဒူးကိုယ်ချွန်၊ သားဂုဏ်ရည်၊ သမီးဂုဏ်ရည်စသည့် စာအုပ်များကိုပေးဖတ်ပါသည်။ သူ ကျကျနန

ဖတ်ပါသည်။ သို့သော် ကိုမြတ်သာ၏ လူပျင်း လူဖျင်းဘဝကား ဘယ်တော့မှ မပြောင်း လဲချေ။ သူသည် စာကို ဖတ်ရုံသာဖတ်၍ လိုက်နာကျင့်သုံးသူ မဟုတ်ချေ။

ကိုမြတ်သာ၌ ထူးခြားသော သတ္တိတမျိုးတော့ ရှိ၏။ အလုပ်တော့ ကြိုးကြိုးပမ်းပမ်းမလုပ်၊ ထမင်းစားစရာမရှိ အငတ်ခံမည်။ ရေသောက်ဗိုက်မှောက်နေမည် ဆိုသည့် စကားအတိုင်းပင်။ သူ့အိမ်ဆန်မရှိ၍ ထမင်းမစားဘဲ အိပ်ရာထဲ ကျောပြောင်ကြီးနှင့် ဝမ်းလျားမှောက်၍ နေသည်များကို ကျွန်တော်အကြိမ်ကြိမ် တွေ့ခဲ့ဘူးပါသည်။

သူ့တွင်မယားနှင့် ကလေးနှစ်ယောက်ရှိသည်။ သူ့မယားမသင်းကလည်း သူလိုဘဲ ပျင်းလု ဖျင်းလုသည်။ လင်က အသုံးမကျ၍ မယားက တဖက်တလမ်းများ စွမ်းမလား မအောက်မေ့ ပါနှင့်။ ထမင်းဟင်းချက်စားတတ်သည်မှတပါး အခြားဘာမျှမလုပ်တတ်ချေ။ လင်ကိုလဲ ကြောက် လှ၏။ လင်ကပေးမှ ဝယ်ခြမ်းချက်ပြုတ်တတ်၍ လင်ကမပေးလျှင် ဘာမျှမပြောဘဲ လင်နှင့် အတူပင် ဗိုက်မှောက်အငတ်ခံနေ၏။ ကလေးများကိုကား သနား၍ နဘေးအိမ်များက ခေါ်ကျွေး မွေးကြ၏။ သူတို့လင်မယားလဲ ခေါ်ကျွေးလျှင် သွားစားသည်။ မကျွေးလျှင်ကား ဘာမျှ ညည်းညူသံ ဆူပူသံမကြားရဘဲ လင်မယားနှစ်ယောက်သား အေးငြိမ်းစွာပင် အိပ်ရာထဲမှာပင် ခွေနေကြ၏။ (တွဲလဲတွဲမိကြတဲ့ လင်မယားပါပေ။) နောက်ဆုံး၌ အိမ်နီးနားချင်းများက မယားနှင့် ကလေးတွေ သနား၍ ဘယ်တော့မှပြန်မရသော ဆန်ချေးခြင်းဖြင့် သူတို့ဗိုက်မှောက်ပြဿနာကို ဖြေရှင်းပေး ရသည်သာဖြစ်၏။ ကိုမြတ်သာ ကျွန်တော်နှင့် တွဲမိသည့်နောက်ပိုင်း၌ကား သူတို့ အငတ်ပြဿနာ မပေါ်တော့ပေ။

၁၉၄၆ ခုနှစ် ကျွန်တော် မြင်းလှည်းသမား အလုပ်ပြုတ်၍ သူနှင့်ခွဲခွာခဲ့သောအခါတွင် သူ့မှာမြင်းတကောင်စာ အရင်းအနှီးကျန်ခဲ့သည်။

ဂျပန်အပြေး ၁၉၄၅ ခုနှစ် မတ်လနှင့် ဧပြီလအကြား ရန်ကုန်မင်းမဲ့တိုင်းပြည်ဖြစ်ချိန်၌ ဟုမ်းလမ်းက (ဂျပန်စစ်တပ်သိမ်းခဲ့သော)သစ်တွေ ကျွန်တော့်မြင်းလှည်းနှင့်တိုက်ကာ ကိုမြတ်သာ၏ တဲပုတ်ကိုဖျက်ပြီး သူ့နေရာတွင် သစ်သားအိမ်ဆောက်စဉ်က ကျွန်တော်တို့နှစ်ဦး စပ်တူပိုင်ဟု စကားရှိခဲ့သည့်အတိုင်း ကျွန်တော်ရန်ကုန်မှ ထွက်ခွာတော့မည်ဟု ထိုအိမ်ရောင်း တော့ ၁၉၄၆ ခုနှစ်ဦး ကက်စဘီခေတ် အင်္ဂလိပ်ငွေ ၈၅၀ ကျပ်ရသဖြင့် သူ့ကို ၄၂၅ကျပ်ပေးခဲ့ သည်။ ဤငွေသည် မြင်းတကောင်ကောင်းကောင်းကြီး ရနိုင်သဖြင့် ကိုမြတ်သာအား မြင်းဝယ်ကာ အသက်မွေးဝမ်းကျောင်း ပြုပေတော့ဟု မှာကြားခဲ့၏။

ထို့နောက် ကျွန်တော်ပေါင်းတည်နှင့် မန္တလေးဆန်ကုန်ကူးနေခဲ့၍ တကြိမ်သောအခါ ကျွန်တော်မန္တလေးမှအပြန် ရန်ကုန်ဝင်ခဲ့သည်၌ ကိုမြတ်သာ၏သတင်းကို ကြားရသည်။

''ကိုကြင်ဆွေ ပြောခဲ့တဲ့အတိုင်း သူမြင်းတကောင် ဝယ်ပါတယ်။ ဒါပေမယ့် မြင်းရတဲ့နေ့ကစပြီး အုံနာစိတ်ပေါက်ပြီး သူကိုယ်တိုင်မမောင်းဘူး။ မြင်းချေးသိမ်းဘို့ကအစ ဘော်ဒါ (အိမ်လာကပ်ရပ်နေသူ) တယောက်ထားတယ်။ သူက ရတဲ့ပိုက်ဆံနဲ့ စတိုင်ကျကျ စားတယ်၊ သောက်တယ်။ (ကိုမြတ်သာသည်အရက်ကိုလည်း အင်မတန်ကြိုက်တတ်၏။ ဘယ်လောက်သောက်သောက် မူးလဲသည်ဟူ၍မရှိ။) နောက်ဆုံးတော့ လက်ထဲငွေကလေးနဲ့နဲ ကိုင်မိတာနဲ့ ဖဲရိုက်ပစ်လိုက်တာ အဲဒီ မြင်းကလေးပါပြုတ်ကရော။ သူ့လက်ထဲ သုံးလလောက်ဘဲ ခံပါတယ်။ အခုတော့ ရန်ကုန်မှာ စားစရာမရှိဖြစ်ပြီး သူ့မယားရွာဆိုလား၊ သူ့ရွာဆိုလား တောပြန်ပြေးလေ ရဲ့''

၁၉၄၇ ခုနှစ် ကျွန်တော် စာရေးဆရာဖြစ်ပြီး ရန်ကုန်ပြန်လည်ဆိုက်ရောက်လာသောအခါ ၌ ကိုမြတ်သာအား သူများမြင်းလှည်းမောင်းနေသည်ကို တွေ့ရပြန်သည်။ သူ့မယားအကြောင်း မေးကြည့်သောအခါ မသင်းနှင့်သားငယ်လေး မောင်မြစိန်ဆုံး၍ သားကြီးမောင်စံသိန်းအား မွေးစားမည့်သူကို ပေးထားခဲ့ပြီး သူ့တကိုယ်ရေ တကာယဘဲ ရန်ကုန်ကိုပြန်လာခဲ့ကြောင်း။

ဤနောက်ပိုင်း၌ ကိုမြတ်သာနှင့် ကျွန်တော်သည် အလုပ်ချင်းလူချင်းကွာခြားသွားဘိ လည်း မကြာခဏ ကျွန်တော်နှင့်တွေ့၍ သူစာအုပ်များ တောင်းဖတ်သည်။

ကိုမြတ်သာကို လူချင်းခင်မင်ရင်းနှီးစွဲရှိ၍ ကျွန်တော့်အလုပ်နှင့် နီးစပ်အောင် သူ့အား စာစီစာရိုက်သင်ဘို့ ပြောပြသည်။ သို့သော် ကိုမြတ်သာသည် အင်မတန်ပျင်းသူဖျင်းသူ ဖြစ်သည့် အတိုင်း ဒီလောက်ပင်ပန်းသောအလုပ်မျိုးကို မလုပ်လိုဟု ငြင်းဆိုသည်။ မြင်းလှည်းထောင်ပေး ရန် ပူဆာသည်။ ကျွန်တော်က ''ဒီတိရစ္ဆာန်နဲ့လုပ်ရသောအလုပ်တော့ တော်ပါပြီဗျာ''

၁၉၅၁ ခုနှစ် ကျွန်တော်အထက်ဗမာပြည်သို့ ခရီးထွက်နေပြီး ပြန်လာသောအခါတွင် ကိုမြတ်သာ သူ့ကိုယ်သူသတ်သေလိုက်ပြီဖြစ်ကြောင်း ကြားရသည်။ အကြောင်းကတော့ ဤမျှပျင်းသူဖျင်းသူကို သူငယ်ချင်းရယ်လို့ အိမ်မှာလက်ခံထားရပြီး သူ့အား မြင်းလှည်းမောင်းခိုင်းရာ တွင် အစစအရာရာ ပေါ့လျော့ရုံမက သူ့ချွတ်ယွင်းမှုကြောင့်ပင် မြင်းလှည်းကျိုး၍ မြင်းလည်း ဒဏ်ရာရသည်၌ ပိုင်ရှင်က သူ့ကိုတော်တော်ဘဲ တောက်တီးမြည်တွန်လိုက်သည်ဆို၏။ ဒါကို ဝမရှိဘဲ ဝိလုပ်ကာ မာနကြီးသော ကိုမြတ်သာက မဟာအရက်တော်ရပြီး သူ့ကိုယ်သူ အဆုံးစီရင်လိုက်ပါသတဲ့ခင်ဗျာ။

သူနှင့်သင့်လျော်တဲ့ ဇာတ်သိမ်းပါဘဲ။

မြင်းလှည်းသမားဘဝ နိဂုံး

ကျွန်တော်သည် 'မိုးတိမ်တောင်'မည်သော လှည်းတစီးနှင့် မြင်းများကို မောင်းသည် ရောင်းသည်ဟူသော သဘောမျိုး မြင်းလှည်းသမားတပိုင်း၊ မြင်းကုန်သည်တပိုင်းလုပ်ခဲ့ရာ နောက်ဆုံး ကက်စဘီခေတ်မှာ 'တိမ်တလုံး'မည်သော မြင်းနက်ကြီးနှင့် နိဂုံးချုပ်ရန် ဖန်လာပေ တော့သည်။ ဤမြင်းကြီးမှာ ဗယ်ဘက်မျက်စိတွင် တိမ်ရှိသည်ဖြစ်၍ ကျွန်တော်ငယ်စဉ်က ဖတ်ခဲ့ ရသော ရှေးခေတ် ဒဂုန်မဂ္ဂဇင်းထဲမှ စာရေးဆရာငွေအိုး၏ ဝတ္ထုလုရိုးကြီး တိမ်တလုံး နာမည်ယူ မှည့်ထားခြင်းပါတည်း။

တိမ်တလုံးသည် အလုံးအထည် အရပ်အမောင်း တောက်ထွန်းလောက်ကြီး၍ တောက်ထွန်းလိုဘဲ မြင်းသိုးကြီးဖြစ်၏။ သို့သော် တောက်ထွန်းလို ဗွေဆိုး သန္ဓေဆိုးမရှိပေ။ အင်မတန် သဘောသကာယကောင်း၏။ အလန့်အဖျပ်မရှိ။ တနေရာရာမှာ ဗုံးတွေတဝုန်းဝုန်း ချနေပါစေ။ ကျွန်တော်က မြင်းလှည်းပေါ်က ဆင်းပြီး ဗုံးခိုကျင်းထဲသွားနေ၊ သူ့အား တနေရာ ရာမှာ ရပ်ပစ်ခဲ့၊ သူသည်မကြောက်မရွံ့ မလှုပ်မရှားနေ၏။ အေးဉသြဆွဲတော့မှ ကျွန်တော်က အေးကျင်း ထဲက ထွက်ခဲ့ပြီး တက်မောင်းခဲ့ရုံပါဘဲ။ ဤမျှစိတ်ချရသော မြင်းကြီးပါပေ။

ဂျပန်အပြေးတွင် ဟမ်းလမ်းက ဂျပန်စစ်တပ်ပိုင်း သစ်တွေလှည်းနှင့်တင်ကာ ကိုမြတ်သာ နှင့် စပ်တူပိုင် အိမ်ဆောက်ခဲ့သည်မှာ တိမ်တလုံးနှင့်ပေါ့။ ထို့ကြောင့် ကျွန်တော့်တွင် ကက်စဘီ ခေတ်၌ အိမ်ပိုင်လှည်းပိုင်မြင်းပိုင်နှင့် ဖြစ်ခဲ့သည်။ ကျွန်တော့် ဇနီးသမီးလေးတယောက်နှင့်ပါ ကိုမြတ်သာတို့ အိမ်သားများနှင့် ပူးပေါင်း၍ အတူတကွချက်ပြုတ်စားသောက်ကြသည်။

ထိုအချိန်မှာ ငြိမ်းခါနီးဆီမီးခွက် အစွမ်းကုန်တောက်ဘိသကဲ့သို့ မြင်းလှည်းမောင်း၍ အကောင်းဆုံးပါတည်း။ ကြည့်မြင်တိုင်စမ်းချောင်းမှ ဗဟန်း၊ ရန်ကုန်သို့ လူတယောက်လျှင် အင်္ဂလိပ်ငွေတကျပ်။ ဒီငွေတန်ဘိုးဟာ မနည်းပါချေ။ လက်ဖက်ရည်တခွက် ခြောက်ပြားတမူးမျှ ဖြစ်လျက် ချက်အရက်တပုလင်းနှစ်ကျပ်ရယ်ပါ။ ရထားပေါ် လူနှစ်ယောက်တက်ထိုင်လိုက်ရင် တပုလင်းဖြစ်နေပြီ။ ကျွန်တော်တို့ မြင်းလှည်းသမားအသောက်သမားချင်း ပြောလေ့ရှိသည်မှာ

''ဟာ ကိုယ့်လူ။ နှစ်လုံးခွဲရနေမှ ထွက်ရောပေါ့''

''သုံးလုံးပြည့်မှဘဲ ထွက်မယ်ဗျာ''

ကျွန်တော်တို့သည် ခြောက်ယောက်မှန်တမ်းထား၍ တင်သည်။ ထို့ကြောင့် ကျွန်တော်၏ နေ့စဉ်ဝင်ငွေမှာ နှစ်ဆယ်အနည်းဆုံးမှ အစိတ်သုံးဆယ်အထိ ရခဲ့ပါသည်။ သည်တော့လူများ မကောင်းတာ ကျွန်တော်က ဖောက်လာသည်။ အင်္ဂလိပ်အစိုးရက မြင်းပွဲဖွင့်လေတော့ ကျွန်တော် မြင်းလောင်းပါသည်။ ကျွန်တော် ကျောင်းသားဘဝကတည်းက ကိုသန့်ဇင်နှင့်ပေါင်း၍ မြင်းကစား တတ်နေသည်။

နောက်ဆုံး အတိုချုပ်ပြောရသော် မြင်းလှည်းသမားကို မြင်းကန်၍ ရှိတဲ့မြင်းနှင့် လှည်းသာမက အိမ်ပါ ရောင်းပစ်လိုက်ရပါတော့၏။

ထိုမှတပြီးကား ကျွန်တော်သည် ဇနီးနှင့် သမီးလေးကိုခေါ်၍ ဇာတိဌာနေ မွေးရပ်မြေသို့ ပြန်ပါတော့၏။

## ကျွန်တော်တို့ သားအဖ

အစကဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့်အဖေက ကျွန်တော့်အား ငွေ ၂၀၀ပေး၍ တမိုးတွင်းစာ ငရုပ်၊ ကြက်သွန်ဝယ်ရန် ညောင်စာရေးသို့ လွှတ်လိုက်ရာမှ ကျွန်တော် ရည်းစား တွေ့၍ ထုံးဘိုမှာကျန်ခဲ့ပြီ။ ထိုမှရန်ကုန်ရောက်၊ ဒီမိန်းကလေးနှင့်ညားပြီး မြင်းလှည်းမောင်းနေရ ပြီကို အဖေသည် လူကြုံသတင်းနှင့် ကြားရသည်။ ဂျပန်ခေတ်မှာ စာပို့လုပ်ငန်းမရှိ။ ကျွန်တော့် မှာလည်း မြင်းလှည်းမောင်းရသည်က နေ့စဉ်အလုပ်ဆိုတော့ ရွာသို့မပြန်အား။ တနှစ်ကျော် ကျော် နှစ်နှစ်ထဲရောက်တော့ ဖအေကလည်း သားဆီလာချင်လာပါသည်။ သားကလည်း ဖအေ ဆီ သွားချင်နေပါသည်။ သားအဖနှစ်ယောက် တဦးနှင့်တဦး မည်မျှတမ်းတနေကြပါသနည်း။ တိုက်တိုက်ဆိုင်ဆိုင် တနေ့တည်းမှာပဲ ဖအေသည်သားဆီသွားရန် ပေါင်းတည်မှ ထွက်ခဲ့၏။ သားသည် ဖအေ့ထံပြန်ရန် ကြည့်မြင်တိုင်မှ ထွက်ခဲ့၏။

လမ်းမှာ မတွေ့ကြပါ။

ဖအေသည် သား၏ယောက္ခမအိမ်ရောက်တော့ ငါ့သား ရွာမှာ ငါ့မတွေ့ရင်ဖြင့် ပြန်လာ မှာဘဲဟု ကြည့်မြင်တိုင်က စောင့်၏။ သားကလည်း ငါ့အဖေငါ့မတွေ့ပြန်လာမှာဘဲဟု ရွာက စောင့်၏။

တရက်က နှစ်ရက် သုံးရက်မြောက်တော့

သားက ဟာ ငါ့အဖေတော့ ငါ့ကိုဟိုက စောင့်နေပဟော့ဆိုပြီး ရွာမှပြန်ခဲ့၏။

ဖအေကလည်း ငါ့သားကတော့ ရွာကဘဲစောင့်နေပြီဟု ကြည့်မြင်တိုင်မှပြန်ခဲ့၏။ တရက်ထဲ တမနက်ထဲဘဲ။

လမ်းမှာလည်း မတွေ့ကြပါ။

သို့ဖြင့် တွေ့ချင်လွန်းကြသော သားအဖ အလွဲကြီးလွဲခဲ့ကြပြီးနောက် ယခု သားဖြစ်သူက ဇနီးနှင့်သမီးကလေးတယောက်နှင့် ပြန်လာတော့မှ ဇာတ်ပေါင်းကြရပါတော့၏။

လေးနှစ်ကျော်မျှ အိမ်ကထွက်ခွာသွားခဲ့သောသား၊ မြင်းလှည်းမောင်းခဲ့ရတော့ နေဒဏ် မိုးဒဏ်ကြောင့် မူလက ဖြူဖြူဝင်းသော အသားအရောင်ကလေးမှာ နီညိုရောင် သန်းနေ၍ အမများနှင့် ညီမများကပါ မျက်ရည်စို့ကြသည်။

## ဆန်ကုန်သည်လေး

သားကျွေးမှုမယားကျွေးမှုတခုပညာ ကိုယ်နိုက်ပါ ဆိုစကားအရ ကျွန်တော့်မှာ ဆရာဖြစ် အောင်ထားသော်လည်း လက်ရှိအခြေအနေအရ ကျောင်းဆရာအလုပ်မရနိုင်ပါ။ သည်တော့ အဖေက စဉ်းစားစီမံပေးသည်။

ပေါင်းတည်မြို့က ပြည်လုံးသြဘာ ဆန်စက်ပိုင်ရှင် သဌေးဦးမောင်ကြီး (မြန်မာ့အလင်း သတင်းစာ တိုက်ပိုင်ရှင်) သည် ဂျပန်အပြေး တိုင်းပြည်ဗရုတ်ဗရက်အချိန်၌ ရွာက ကျွန်တော်တို့ အိမ်မှာ လေးငါးခြောက်လမျှ လာရောက် ခိုအောင်းသွားဘူးသဖြင့် လူချင်းအင်မတန် ခင်မင်ရင်း နှီးနေသည်။

ထို့ကြောင့် အဖေသည် ကျွန်တော့်အား ဦးမောင်ကြီးဆီခေါ်သွားပြီး စက်ထဲမှာ သင့်လျော်သော အလုပ် မစပါဟု ပြောသည်။

အဖေသည် ကျွန်တော့်အား စက်ထဲမှာ ကတ္တား အကူစာရေးလောက်ကစပြီး စက်မန်နေ ဂျာလောက် ရောက်အောင် ရန်မှန်းသည်။

ကျွန်တော်ကတော့ ပထမဦးမောင်ကြီး ခိုင်းတာလုပ်ပြီးနောက် ကျွန်တော်စာပေဝါသနာပါ ကြောင်း ပြောပြ၍ ရန်ကုန်က မြန်မာ့အလင်း သတင်းစာတိုက်သို့ ပို့ပေးဘို့ ပြောမည်ဟုစိတ်ကူး သည်။

သို့သော် ထိုအချိန်မှာ အောက်မြန်မာပြည်တွင် ဆန်များအရောင်းရထိုင်းနေ၍ ဦးမောင်ကြီးသည် သူ့စက်ထဲက ကြိတ်ပြီးသား ဆန်တွေမန္တလေးသို့ သွားရောက်ရောင်းချပေးပါဟု ပြောခြင်းဖြင့် ကျွန်တော့်မှာ မမြော်လင့်သော ဆန်ကုန်သည်ဘ၀သို့ ရောက်သွားရပါတော့၏။

ဦးထွန်းရင်၊ ဦးအောင်လေးတို့ လက်ထဲရောက်သောအခါ၌ အစိုးရနှင့် အမှုဖြစ်၍ ပြည်သူပိုင်အသိမ်းခံရသော ပေါင်းတည်မြို့ 'ပြည်လုံးသြဘာ'ဆန်စက်မှာ ထိုစဉ်အခါက ရန်ကုန် မြို့ မြန်မာ့အလင်းသတင်းစာတိုက်ပိုင်ရှင် ဦးမောင်ကြီး (ယခု ကွယ်လွန်)၏ ဆန်စက်ဖြစ်ပါ၏။ ဦးမောင်ကြီး၏တိုက်သည် ၎င်းစက်ဝင်းထဲမှာပင် စက်နှင့်မျက်နှာချင်းဆိုင်တွင်ရှိ၏။

ဦးမောင်ကြီးသည် ကျွန်တော်နှင့် စတင်သိကျွမ်းစဉ်က အသက် ၅၀ ခန့် အသားဖြူဖြူ နှင့် လူပုပုဝဝ သဘောသကာယကောင်းသူဖြစ်၏။ သို့သော် သူသည် ပိုက်ဆံကြေးငွေချမ်းသာ လင့်ကစား ကာယသုခပြည့်ဝသူမဟုတ်ရှာပေ။ သူ့မှာ သဒ္ဒေးနာခေါ် သွေးတိုးရောဂါက ရှိလေ သဖြင့် စားချင်တာမစားရ၊ သောက်ချင်တာမသောက်ရ၊ အစားအသောက် အနေအထိုင်ဆင်ခြင် ရသူဖြစ်ပါ၏။

လောက၌ လူတို့သည် ငွေချမ်းသာတိုင်း လူချမ်းသာကြသည်မဟုတ်ကုန်။ တနည်းအား ဖြင့် မိမိ၌ရှိသော ငွေလုံးငွေခဲကို မူလထက် မယုတ်လျော့ရ၊ တိုးပွားအောင်သာ ကြိုးစားဆောင် ရွက်နေရသော ငွေကျွန်ငွေအလုပ်သမားကြီး ဖြစ်နေတတ်၏။

အဖေ၏ ဆက်သွယ်ပေးမှုဖြင့် ကျွန်တော်နှင့် သိကျွမ်းရသော ၁၉၄၆ ခုနှစ်မှာ ကျွန်တော် တို့ ပြည်ခရိုင်တွင် ဆန်တွေအလွန်ပေါနေ၍ ဆန်ဈေးမကောင်းပေ။ အထက် ဗမာပြည်မန္တလေး မြို့သို့ ယူသွားနိုင်မှ ဈေးကောင်းရ၏။ ဆန်တတွဲပါသွားလျှင် ၄၅ရက်အတွင်း ၄-၅၀ဝိ မြတ်၏။ ထို့ကြောင့် ဦးမောင်ကြီးသည် သူ့စက်ထဲက ဆန်များကို ကုန်သည်တို့အား ခွဲကြိတ်ခမျှနှင့် ရောင်းနေရသည်ကို အားမရနိုင်ဘဲ ဈေးကုန်ရစိမ့်သောငှာ ကျွန်တော့်အား မန္တလေးမြို့သို့ စေလွှတ်ခြင်းဖြစ်ပါ၏။

ထိုစဉ်က (ကက်စဘီခေတ်)မီးရထားသည် ကုန်တွဲတန်ဆာတို့ကို လမ်းမှာတာဝန်မခံပေ။ တွဲငှား၏။ တန်ဆာပေး၏။ သို့သော်လမ်းတွင် ကိုယ့်ပစ္စည်းကိုယ်တွဲစောင့်နှင့် လိုက်ရ၏။ ပထမဦးဆုံး ကျွန်တော့်ခရီးခေါက်မှာ သုံးတင်းဝင် ဆန်အိတ် ၁၅၀ ပါတွဲတတွဲဖြစ်၏။

ဆန်တွဲတတွဲသည် ပေါင်းတည်မြို့မှ မန္တလေးမြို့သို့ရောက်အောင် ကုန်ကျငွေမနည်းပါ ပေ။ တွဲတတွဲရစိမ့်သောငှာ ပေါင်းတည်ဘူတာရုံပိုင်ကို ၁၀ဝိပေးရ၏။ နို့ပြီးလမ်းတွင် အလီလီ ပေးရသည်များ ရှိသေး၏။

ကံအားလျော်စွာ ထိုစဥ်က ဒိုင်ယာရီစာအုပ်သည် ယခုကျွန်တော့် စာရေးစားပွဲထဲ၌ရှိနေ ၏။ ဟိုတုန်းက ပကတိမျက်စိနှင့် ရေးခဲ့သော လက်ရေးကလေးများကို ယခုဒီဂရီနှစ်ရာ့အစိတ် ရှိသောမျက်မှန်နှင့် အတော်ဖတ်ယူရ၏။

ပထမဦးဆုံးအခေါက် တွဲအတွက် အလီလီပေးရငွေများ။

လက်ပံတန်း ၂ ကျပ် ။

ပုစွန်တောင် ၄ ကျပ် ။

ပြွန်တံဆာ ၂ ကျပ် ။

ပျဉ်းမနား ၂ ကျပ် ။

သာစည် ၆ ကျပ် ။

ဤသို့အမြို့မြို့မှာ အလီလီပေးရသော ငွေကားအခြားမဟုတ်ပေ။ ကုန်ရထားတို့မည် သည် လူစီးရထားလို တိုက်ရိုက်သွားသည်မဟုတ်။ လက်ပံတန်း ရန်ကုန်လို လမ်းခွဲရှိသော ဘူတာကြီးများမှာ ရှမ်တိန်လုပ်၍ တထောက်တစခန်းတွဲဖြုတ်ပြီး ရပ်နားထားတတ်ကြသည်။ ထိုအခါ ဘီးတို့ဝင်ရိုးတို့ကို တူတွေဂဏန်းလက်မတွေနှင့် တဒေါက်ဒေါက် လာရောက်ခေါက် တတ်ကြ၏။ မီးရထားဌာနကုန်တွဲဘက်ဆိုင်ရာ အလုပ်သမားများ။ သူတို့က ဒီတွဲဝက်အူချောင် နေတယ်၊ လေးစိတ်မချရဘူးစသည်ဖြင့် ဆိုင်းငံ့ထားနိုင်ကြပါသည်။ သူတို့နှင့်ပြေလည်ပါမှ တွဲကို ထွက်မည့်ရထားချိတ်ပေးတတ်ကြသည်။ ထို့ကြောင့် နှစ်ယောက်တတွဲ သုံးယောက်တတွဲ တဒေါက်ဒေါက်လာခေါက်ပြီဆိုမှဖြင့် ဘာမျှပြောမနေတော့ဘဲ တယောက်တကျပ်လောက် ပေးလိုက်ရသည်သာ။ ဤခရီးလမ်းတလျှောက်မှာ သာစည်ဘူတာသည် အကဲဆုံးတည်း။ နှစ်ယောက်တတွဲချည်း သုံးခါလာလေသဖြင့် ၆ ကျပ်တောင် ချောသွားပါသည်။

ဤသို့ပေးရန် ကျွန်တော့်အရင် သွားဘူးသောသူများက ညွှန်ကြားထားပါ၏။

ယင်းသို့ဖြင့် ကျွန်တော်သည် မန္တလေးမြို့သို့ ပထမဦးဆုံးအကြိမ် ရောက်ခဲ့ပါသည်။ ထိုစဉ် မန္တလေးမှာ ကျွန်တော့်ဆွေမျိုးမိတ်ဆွေ တယောက်မျှမရှိပါချေ။ ကျွန်တော်အလွန်တွေ့ချင် နေသော သူတဦးကား ရှိ၏။ ဆရာကြီးရွှေဥဒေါင်း။

ဂျပန်ခေတ်က ကျွန်တော်ရန်ကုန်တွင် မြင်းလှည်းမောင်းနေစဉ်ကပင် ထိုကာလ သူရိယ သတင်းစာတိုက်သည် ဗဟန်း ကုတ်ကိုင်းလမ်းတွင် ဖြစ်၍ ကြည့်မြင်တိုင်မှ နေ့စဉ်သွားနေသော သတင်းစာဆရာ ဦးသိမ်းမောင် (ယခုကွယ်လွန်)အဆင်သင့်၍ ကျွန်တော့်လှည်းနှင့်ပါလာသော အခါများ၌ ဆရာကြီးအကြောင်းကို မေးရသည်။ ရွှေဥဒေါင်းက မန္တလေးသားဘဲ။ ခုနှယ်မန္တလေး မှာဘဲ နေပါလိမ့်မယ်ဟု ဆရာ ဦးသိမ်းမောင်က ပြောထားပါသည်။

သို့သော် ယခု ကျွန်တော်လာခဲ့တာက ကုန်သည်ကိစ္စ၊ ဆရာကြီးနှင့် ဘာမျှမဆိုင်။ ကိုယ့်ဆန်တွေရောင်းရဘို့သည် မူလပထမ။ ကဲ ဒါတွေ ဘယ်လိုဆက်သွယ်ရောင်းချရပါမည် နည်း။

သို့သော် စီးပွားရေးလုပ်ငန်း၌ ကုန်သည်ကြိုက်သော ဥစ္စာပစ္စည်းသင့်မှာရှိနေပါက ဘာမျှ ခက်ခဲသည်မဟုတ်ပါချေ။

ထိုစဉ်က မန္တလေးက ဆန်ပွဲရုံများမှ ပွဲစားလူကြီးတို့သည် ကုန်ရထားဆိုက်တိုင်း ဘူတာ မှာခြေချင်းလိမ်နေကြသည်။ ထိုနေ့နံနက်လင်းအားကြီးမှာ ကျွန်တော်နှင့်တွေ့ဆုံရမည်ကား ဟသ်ာမြင့် ပွဲရုံမှ အထောက်တော်များ။

ကျွန်တော်က သူတို့အဖို့ မျက်နှာစိမ်းဖြစ်နေသည်နှင့်

''ဒီဆန်တွေ ဘယ်ပွဲရုံချဘို့လဲခင်ဗျာ့''

''ဘယ်ပွဲရုံချရမှန်း မသိသေးဘူးဗျာ့''

''ဆန်ပိုင်ရှင်က ဘယ်သူလဲခင်ဗျာ့''ထိုစဉ် ဆန်ပိုင်ရှင်နှင့် တွဲစောင့်ကတခြားစီဖြစ်တတ် သဖြင့် ''သူ့ကို ဘယ်မှာတွေ့နိုင်မလဲခင်ဗျာ့''

''ဒီမှာဘဲ တွေ့နေပါပြီဗျ။ ဆန်ပိုင်ရှင်က ကျွန်တော်ပါဘဲဗျ''

သူတို့အံ့အားသင့်ကြသည်။ အကြောင်းမှာ ဆန်ပိုင်ရှင် ကုန်သည်တို့သည် ဒီလိုပင်ပန်း သောခရီးကို ကုန်တွဲနှင့် မလိုက်ကြကုန်။ လူစီးရထားနှင့်သွားပြီး တွဲစောင့်ကို ငါးကျပ်တဆယ် ပေး၍ငှားကြ၏။ ကျွန်တော်ကိုယ်တိုင်လည်း ဆန်ပိုင်ရှင်စစ်စစ် မဟုတ်သည်ကို မိတ်ဆွေအသိပါ။ သို့သော် ကျွန်တော့်သဘောနှင့် ရောင်းချနိုင်ပေသည်။

သူတို့သည် ကျွန်တော့်အကဲကို ခတ်ကြပြီး

''ဒီမှာ ပွဲရုံအဆက်အသွယ် မရှိသေးဘူးလားခင်ဗျာ့''

''မရှိသေးဘူးဗျ။ ဒါပထမဦးဆုံးအခေါက် ကျွန်တော်မန္တလေးကို ရောက်ခြင်းဘဲဗျ''

''ဟာ၊ ဒါဖြင့် ကျွန်တော်တို့ပွဲရုံကို ချဗျာ။ ဟင်္သာမြင့် ဆန်စက်ပိုင်ရှင် သဌေးဦးသက်တင် ဒေါ်သန်းရင်ဆိုရင် မန္တလေးမြို့မှာ နာမည်ကြီးပါဘဲ။ အစစအရာရာ စိတ်ချရပါတယ်''

''ခင်ဗျားတို့စက်သူဌေးက ကျွန်တော့်ဆန် ဘယ်ဈေးပေးမှာလဲ''

ဤစကားပြောလိုက်မိသည်နှင့်ပင် သူတို့သည် ကျွန်တော့်အားကုန်သည် အသစ်စက်မှန်း ကို သိကြလေပြီ။

''ဒီက ဆန်နမူနာယူခဲ့ပြီး သဌေးနဲ့တွေ့တော့ပြောပါ။ ပေါက်ဈေးထက်မနဲရပါဘူး။ တက်ဈေးစောင့်ချင်တယ်ဆိုလဲ သဌေးအိမ်မှာနေပြီး စောင့်နိုင်ပါတယ်။ အခု ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ''

''အား၊ ဒီဆန်တွေ ဒီတွဲပေါ် ဒီလိုအတိုင်းထားခဲ့လို့ ဖြစ်ပါ့မလား''

သူတို့ရယ်မောကြပြီး

''ဒါ ကျွန်တော်တို့တာဝန် ထားပါ။ တန်ဆာဆိုတာ ကျွန်တော်တို့ပေးခဲ့ပါ''

သဟာနှင့် ကျွန်တော်သည် သူတို့ခေါ်ရာကို အထုပ်အပိုးနှင့်လိုက်သွားသည်။ ဘူတာပြင် ဘက်ရောက်တော့ သူတို့မှာ စက်ဘီးကိုယ်စီနှင့် ကျွန်တော်ကဆိုက်ကားနှင့်။

သူတို့နှစ်ယောက်အနက် တယောက်က သုတ်ခြေတင်သွားသည်။ တယောက်က ကျွန်တော့်ဆိုက်ကားကို လမ်းညွှန်ခေါ်သည်။ မန္တလေးမြို့လယ်ခေါင်လမ်း (နံပတ်မေ့နေသည်။) တွင် သူတို့သဌေးတိုက်ကလည်း ကျွန်တော်တို့သဌေး ဦးမောင်ကြီးတိုက်ထက် မငယ်ပါတကား။

ထိုတိုက်ရှေ့ ဆိုက်ကားရပ်လိုက်လျှင် အသက်သုံးဆယ်ကျော်မျှသာ ရှိသေးသည့် ပွဲကတော်ကိုယ်တိုင် ထွက်လာ၍ ကျွန်တော့်အားကြိုဆိုပြီး ဆိုက်ကားခပေးသည်။

သူတို့တိုက်နဖူးစည်းတွင် 'ဟင်္သာမြင့်'ဟု ရေးထားသည်။ သူတို့မှာ မန္တလေးမြို့တွင် 'ဟင်္သာမြင့်'ခေါ်သော ဆန်စက်ရှိသည်။ သို့သော် ယင်း ၁၉၄၆ ခုနှစ်မှာ မန္တလေးခရိုင်တွင် စစ်ပြီးစ စပါးထွက်မကောင်းသေး၍ စက်မှန်မှန်မလည်ရသဖြင့် သူတို့အိမ်ကို ပွဲရုံဖွင့်ထားကြခြင်း ဖြစ်သည်။ ထို့ကြောင့် သူတို့လင်မယားကို 'ပွဲစား' 'ပွဲကတော်'ဟု ကုန်သည်ခေါ် ခေါ်ကြရသည်။ ပွဲကတော် ဒေါ်သန်းရင်ယောက်ျား ဦးဘတင်မှာ ထိုစဉ်အသက်သုံးဆယ့်ငါးနှစ်မျှ ရှိမည်ဖြစ်၍ သူတို့လင်မယား

သည် တယောက်ကိုတယောက် 'တင်'၊ 'ရင်'ဟူ၍ အဖျားဆွတ်ပြီး ကန္တဲ့ကရ ခေါ်ကြပြောကြသည်။ ဤတင်နှင့် ရင်တွင် ရင်ကစီးပွားရေးကို ဦးစီးခေါင်းဆောင်လုပ်၍ သူနှင့်သာ စကားပြောရသည်။

ထိုနေ့ ဆဲ့တနာရီလောက်မှာပင် ဘူတာမှ နွားလှည်းများဖြင့် သူ့အိမ်သို့ ရောက်လာပြီ ဖြစ်သော ကျွန်တော့်ဆန်အိတ်များကို ကြည့်၍

''မောင်ကျင်မောင်၊ မင်းသည့်မထ ဆန်တွေက အခုပေါက်ဈေး တအိတ်ကို သုံးဆဲ့ငါးကျပ် ဈေးရှိတယ်ကွ။ အဲဒါ အခုရောင်းချင်လဲရောင်း၊ တက်ဈေးစောင့်ချင်လဲ စောင့်အုံး''

ပေါင်းတည်မြို့စက်ထဲမှာ ပေါက်ဈေး နှစ်ဆဲ့ရှစ်ကျပ်မျှသာရှိသဖြင့် ဦးမောင်ကြီးက သုံးဆယ်ကျပ်အထက်ရလျှင် မြန်မြန်ရောင်းပြီး မြန်မြန်ပြန်ခဲ့၊ နောက်ဆန်တွေ အများကြီးရှိသေး တယ်ဟု မှာကြားလိုက်သည့်အလျောက် ကျွန်တော်သည် ဤသုံးဆဲ့သုံးကျပ်ဈေးနှင့်ပင် ရောင်းပြီး သုံးရက်အတွင်း ပြန်ခဲ့တော့၏။

ဘူတာရုံမှ ပွဲရုံသို့သယ်သော နွားလှည်းခကို ကျွန်တော်က ခံရသည်။ ပွဲခက တရာလျှင် တကျပ်ခွဲနှုန်း။

ထိုရငွေများကို ဦးမောင်ကြီးက မှာကြားလိုက်သည့်အတိုင်း ကျွန်တော့်စရိတ်သာ ချန်လုပ် ပြီး မန္တလေးငွေတိုက်မှာ ဒရပ်ဖ် (Draft) လုပ်ရသည်။ ဤဒရပ်ဖ်ကို ရန်ကုန်မြို့မြန်မာ့အလင်း သတင်းစာတိုက်မန်နေဂျာ (နောင် ဖဆပလ နှင့် ပထစ အစိုးရလက်ထက်မှာ ဘဏ္ဍာရေးဝန်ကြီး) ဦးတင်ထံသို့ ဝင်ပေးရသည်။ ဦးတင်ထံမှ ငွေမည်မျှ ဒရပ်ဖ်ရကြောင်းစာကိုသာ ဦးမောင်ကြီးအား ကျွန်တော်က ပေါင်းတည်မြို့မှာ ပေးရသည်။

မန္တလေးမြို့မှာ ဆန်တအိတ် သုံးဆဲ့သုံးကျပ်ဈေး ရောင်းခဲ့ရသဖြင့် ဦးမောင်ကြီးက လွန်စွာကျေနပ်အားရ၍ နောက်တခေါက် တွဲနှစ်တွဲနှင့် အခြားတွဲစောင့်တယောက်ပါထည့်၍ လွှတ်ပြန်သည်။ ဤအခေါက်မှာ သုံးဆဲ့ငါးကျပ်ဈေးတောင် ရောင်းခဲ့ရပြန်သဖြင့် ဦးမောင်ကြီး သည် ပိုမိုသဘောကျသွားလေ၍ တတိယအခေါက်တွင်မူ ကျွန်တော့်အား ပေါင်းတည်မြို့ကို ပြန်မလာလေ နှင့်တော့၊ မန္တလေးမြို့မှာပင်နေပြီး သူက မပြတ်ပို့နေမည်ဖြစ်သော ဆန်များကို ရောင်းချပြီး ငွေကို ဒရပ်ဖ်လုပ်ပြီးပြန်ပို့နေပါ။

ထို့ကြောင့် ကျွန်တော်သည် မန္တလေးမြို့မှာ သဋ္ဌေး၏လူယုံတော်အဖြစ်နှင့် စံမြန်းရပါလေ ၏။

သည်လို ဆန်တွေမြောက်မြားစွာ မကြာခဏ ရောက်နေသော သဋ္ဌေး၏ ကိုယ်စားလှယ် တော်အား ပွဲစားကတော်တို့ လင်မယားကလည်း ဖူးဖူးမှုတ်ကြပါ၏။ ထမင်းစားပွဲမှာ ကျွန်တော့် ကို

စားပွဲထိပ်က ထိုင်စေပါ၏။ ကျွန်တော်နှင့် မကြာခဏခေါက်ကယ် ပြန်ကယ်ရောက်လာကြ သော ပေါင်းတည်မှ ဦးမောင်ကြီးလွှတ်လိုက်သည့် ဆန်တွဲစောင့်များနေရန် သူတို့တိုက်ခေါင်းရင်း က သစ်သားအိမ်မြင့်တလုံးပေးထားပါ၏။

ပွဲကတော်က ကျွန်တော့်အား 'ငါ့မောင်'ဟု ခေါ်လာ၏။ ကျွန်တော်က သူ့ကို 'မမရင်'ဟု ခေါ်တော့၏။

ထိုအချိန်၌ ကျွန်တော့်အသက်သည် နှစ်ဆဲ့ခုနှစ်နှစ်ရှိပြီဖြစ်သော်လည်း ကျွန်တော်သည် အရွယ်တင်သူဖြစ်၍ များစွာနုပျိုနေ၏။ မိမိကိုယ်မိမိ အရွယ်တင်သူဟု ပြောသဖြင့် ကြွားသည်ဟု မထင်စေလိုပါ။ စင်စစ်အရွယ်တင်ခြင်းသည် မိမိကိုယ်မိမိ အထင်ရောက်၍ ဖောက်ပြန်သော သဘောရှိတတ်သည်။ ကျွန်တော်သည် ဤရှိတတ်သော လူစားထဲပါဝင်၍ ကိုယ့်ကိုယ်ကို လူပျို လိုနေ၏။ စက်သဌေး ဦးမောင်ကြီး၏ ညီဟုလိမ်၏။

သည်တော့ ပွဲကတော် ဒေါ်သန်းရင် အင်မတန်သဘောကျကာ 'ငါ့မောင်တော့ ဒို့အညာ သူနဲ့ ပေးစားရမယ်ကွ'ဟုစလာ၏။

သည်တော့ သည်မောင်ကလဲ

''အို မမရင့်သဘောဘဲ''

ဒေါ်သန်းရင်သည် အောင်သွယ် ဝါသနာပါဟန်တူ၏။ သူ့စိတ်ထဲ ဒီစက်သဌေးညီကို စက်သဌေးသမီးနဲ့ ပေးစားလိုက်ရအနိပ်ဘဲဟု တွက်ဆဟန်တူ၏။ တနေ့သ၌ စက်သဌေးသမီး တယောက် သူ့အိမ်ရောက်လာသည်နှင့် ကျွန်တော့်ကို ခေါ်ပြ၏။ အသက်ဆဲ့ကိုးနှစ်တဲ့။ အသားညိုချော နာမည်က 'ခင်မမ'တဲ့။

ခင်မမပြန်သွားသောအခါ၌ ကျွန်တော့်ကိုခေါ်မေး၏။

''ဘယ့်နှယ်လဲ သဘောကျရဲ့လားကွ။ ကောင်မလေးဘက်ကတော့ ငါ့သဘောဘဲကွ။ ငါပြီး ပြီးတယ်။

သည်တော့ ဒီကောင်ကလဲ

''ဟာ မမရင်ရေ၊ ကျွန်တော်တော့ မြင်ရင်မြင်ချင်းဘဲကွယ် ချစ်မိကြိုက်မိတယ်ဆိုတဲ့ သီးချင်းအတိုင်းဘဲ။ ကျွန်တော် သူ့အတွက်တောင် ကဗျာတပုဒ် စပ်မိလိုက်သေးတယ်''

''အောင်မယ်၊ မင်းက ကဗျာစပ်တတ်သလား ဆိုစမ်းပါအုံး။ ဘယ်လိုလဲ''

ကျွန်တော်က စာရွက်တခုထဲရေးထားတာ ပြလိုက်၏။

တင်ကွကွနဲ့ ခင်မမ

ယဉ်စစ မျက်နှာ

မြင်သမျှ မက်စရာငယ်

ရတက်မှာ မချိ

တခဏလောက် ကြင်လိုက်ပါလျှင်

ဆင်ကိုက်တာတောင် ခံဝံ့ပါရဲ့လေး။

သူသည် ဤရွှတ်နောက်နောက် ကဗျာကိုဖတ်၍ ရွှတ်နောက်သည်ကို မသိရှာဘဲ ရယ်မောပြီး

''မင်းကဗျာကလဲကွာ ဆင်ကိုက်တယ်လို့ဘဲ။ ဆင်ဆိုတာ အစွယ်နဲ့ထိုးတယ်သာရှိပါ တယ်''

''အဲဒီ 'ထိုး'ကာရံကို ယူရေးတော့ မကောင်းတတ်လို့ပါ မမရင်ရဲ့''

သူ ဒါမျိုးတော့ နားလည်သည်။ ''ဟင်း ကောင်လေး''ဟုနဖူးကို လက်သီးနှင့် ရွယ်သည်။

အင်း၊ သဌေးမျိုးယောင် ဆောင်ရတဲ့ အရသာတမျိုးပါကလား။

စင်စစ်ကား ကျွန်တော်သည် ထိုအချိန် ထိုမြို့၌ သဌေးနှင့်ဘဲ တူနေပါသည်။ နှစ်ရက်ခြား သုံးရက်ခြားလို လေးငါးသောင်း၊ လေးငါးသောင်း။ ပေါင်းတည်က ပို့တဲ့ဆန်ဘိုးတွေ၊ ပွဲကတော် ဆီက ယူယူပြီး ဘဏ်သွားဒရပ်ဖ်လုပ် ပို့နေပါသည်။

ဘဏ်က ငွေလက်ခံသည်မှာ နာရီပြန်တချက်အထိသာ ဖြစ်ရာငွေရပြီး ဘဏ်ချိန်မမှီသော နေ့များ၌ ဤငွေလေးငါးသောင်းအိတ်ကြီးကို ဆရာကြီး ရွှေဥဒေါင်းအိမ်ယူသွားကာ တညတာ အပ်နှံထားလေ့ရှိပါသည်။

ထို့ကြောင့် တခါက ဆရာကြီးက ပြောဘူးသည်။

''ဟော့ကောင်၊ မင်း ဒီလောက်များတဲ့ ငွေတွေ ငါ့ဆီလာလာ အပ်ထားတာ ငါကများ မတော်မတရားလုပ်လိုက်ရင်လို့များ မစဉ်းစားမိဘူးလား''

''မစဉ်းစားမိပေါင်ဗျာ၊ ဆရာကြီးက စုံထောက်မောင်စံရှား ဝတ္ထုတွေ ရေးတဲ့လူ၊ ကျွန်တော်က စုံထောက်မောင်စံရှား ဝတ္ထုတွေ ဖတ်ထားတဲ့လူ''

ဤမျှငွေကို အရေးမထားသူဖြစ်ခြင်းကြောင့် ဆရာကြီး၏ တသက်မှတ်တမ်းစာအုပ်တွင် သူသည် ကျွန်တော့်အား သဌေးသားလေးဟု ထင်မိကြောင်း ရေးထားပေသည်။

ဆရာကြီး ထင်မည်ဆိုလည်း ထင်စရာပါ။ ဒီအချိန်မှာ ကျွန်တော်က ဘရန်ဒီ၊ ဝီစကီ၊ ဘီယာ ဒါဇင်လိုက် ဆရာကြီးအိမ်မှာ ချနေတာဘဲ။

သို့သော် ကျွန်တော့်ဘဝကား အိပ်မက်ပမာသာတည်း။ တနည်းအားဖြင့် မျက်လှည့်ပြနေသည်နှင့်တူပါသည်။

၁၉၄၆ ခုနှစ်၊ မြန်မာပြည်တွင် လူမျိုးပေါင်းစုံ၊ အလုပ်သမား အားလုံးတို့ အညီညွတ်ဆုံးသော ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ပြည်လုံးကျွတ် ဖဆပလ သပိတ်ကြီးမှောက်သည် ၌ လမ်းပန်းအဆက်အသွယ် အားလုံးပြတ်၍ မန္တလေးမြို့မှာ ဆန်တအိတ်ကို ငါးဆယ်ကျော်အထိ ရောင်းရလေရာ သပိတ်ကြီး ပြန်လှန်၍ ရထားလမ်း၊ ကားလမ်းပွင့်သည်နှင့် တပြိုင်တည်းအလားလား၊ အောက်အရပ်က ဆန်ကုန်သည်တွေက တုပ်ထားသော တာတမံကို ရေဒလဟော ဖွင့်ချလိုက်ဘိသကဲ့သို့ ဆန်တွေ အရမ်းကာရော မန္တလေးမြို့သို့ တင်ကြလေရာ တအိတ် ၂၀ ကျပ်ဈေးမျှ ဝယ်မည့်သူ မရှိတော့ချေတကား။

ထိုအခါ၌ ကျွန်တော့်လက်ထဲမှာ ဆန်အိတ်တွေ နှစ်ထောင်ကျော် သောင်တင်နေလေတော့သည်။

သည်တော့ ပေါင်းတည်မြို့မှ ဦးမောင်ကြီး၏ ယောက်ဖကိုယ်တိုင်လိုက်လာကာ စီမံခန့်ခွဲသည်။

အထက်အညာ ကသာမှာ ဆန်ဈေးကောင်းသည်ဟု ကြားသည်။ ဆန်အိတ်မော်တော် တစင်းဆွဲနိုင်သည်လောက် လူတယောက် အစမ်းလွှတ် ရောင်းခိုင်းကြည့်ပါ။ သည်အခါမှာ ဦးမောင်ကြီးဆန္ဒအရ လူစွမ်းကောင်း ရွေးလိုက်သည်ကလဲ ကျွန်တော်ဘဲ။

ထို့ကြောင့် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၃ ရက် နံနက် ၁၀ နာရီမှာ ဆန်အိတ်နှစ်ရာစီပါသော သဗ္ဗာန်ကြီးနှစ်စင်း၊ ဝဲ ချိတ်ထားတဲ့ မော်တော်တစင်းနှင့် မန္တလေးမြို့ ဂေါဝိန်ဆိပ်မှ အထက်အညာသို့ ဆန်တက်ခဲ့ပါသဗျား။

သည်လူစွမ်းကောင်းဟာ အညာမှာတော့ ကွဲလိုက်သည် ဟက်တက်ပါဘဲ။ ကသာရောက်တော့ မှန်းချက်နှင့် နှမ်းထွက်မကိုက်။ ဆန်တအိတ် ၃၀ ကျပ်ဈေးလောက်ဘဲရှိတယ် (နတ်တော်၊ ပြာသိုဆိုတော့ သူတို့ဆီမှာ ဆန်သစ်ကလဲ ပေါ်နေတာကို။) ဒီ ၃၀ ကျပ်ဈေးတောင်မှ များများစားစား လက်ငင်းဝယ်မည့်သူမရှိ။ သည်တော့ ကျွန်တော်မြစ်ကြီးနားအထိ တက်ရောင်းတာလဲ (ရည်းစားတယောက်သာ ရခဲ့တယ်။) မစွံတာနဲ့ ကသာမှာဘဲ ဆန်တွေအားလုံး အကြွေးပေးလိုက် တာ အဲသည်ကြွေးဟာ တော်တော်နဲ့တောင်းမရတော့ပါဘူး။

သည်တော့ ကုန်ရှုံးကြွေးကျန် အိမ်မပြန်နိုင်ဘဲ ကသာမှာသောင်တင်နေလိုက်တာ ကျွန်တော့်မှာ သနားစရာဘဲ၊ မိန်းမ တယောက်နဲ့ အိမ်ထောင်ပြုနေရသဗျ။

နောက်ဆုံး ဟိုကြွေးလဲတောင်းမရ။ ရှိသမျှလဲဖဲရှုံးလို့ ကသာမှာမနေနိုင်တော့ဘဲ ၁၉၄၇ခုနှစ် မေလထဲမှာ ပေါင်းတည်ရွှေမြို့တော် ပြန်လာလို့ ကျွန်တော့်အဖေ အိမ်ဝင်းထဲ ဝင်တော့ ကျွန်တော့် အိတ်ထဲမှာ ပဲစေ့နှစ်စေ့နဲ့ ကသာက မယားငယ်တယောက်ဘဲ ပါခဲ့တော့သဗျ။

အဲသည် မိန်းမအကြောင်းတော့ 'ဆန်ဆုံစား ကံကုန်သွား' ဆိုတဲ့ဝတ္ထု။ ငွေတာရီမဂ္ဂဇင်း မှာဘဲ ၁၉၆၁ ခုနှစ် ဇွန်လနဲ့ ဇူလိုင်လ နှစ်လဆက် ဝတ္ထုရှည်အဖြစ်နဲ့ ပါပြီးပါပြီခင်ဗျား။ စင်စစ်တော့ ကျွန်တော့်ဘဝဟာ ကျွန်တော့်ကို စာရေးဆရာမဖြစ်ဖြစ်အောင် တွန်းပို့နေတာဘဲ။

မိန်းမတယောက်နဲ့ ပဲစေ့နှစ်စေ့ဘဲ အိတ်ထဲပြန်ပါတယ်ဆိုတာ ကြားတော့ ဦးမောင်ကြီးက သူ့ငွေတွေ အလွဲသုံးစားလုပ်တယ်။ ၄၀၆ နဲ့ တရားစွဲမယ် ပြောလေတော့ ကျွန်တော် အဲဒီမိန်းမခေါ်ပြီး မန္တလေး ပြန်ပြေးတာပေါ့။ (နောက်တော့ အဖေ့မျက်နှာထောက်ပြီး သူတကယ်မစွဲရှာပါ ဘူး။)

မန္တလေးရောက်တော့ ကိုယ်နေစရာ စားစရာမရှိတဲ့ အဆုံးမှာ ဒီမိန်းမကို လက်မှတ်ခံပြီး ကသာပြန် သင်းဘောပေါ် တင်ပေးလိုက်ရတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ကသာမှာတုန်းက ကိုယ့်ကြွေးရစရာရှိတဲ့လူ မန္တလေးပြန် ရောက်နေတာ သူ့အိမ်အတင်း တက်နေလိုက်တော့တာ ဘဲ။ အဲသည်မှာ ကျွန်တော် စာရေးဆရာဖြစ်တော့တာပါဘဲ။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ရှုမဝ မဂ္ဂဇင်းမှာ စပြီးတော့ပေါ့။

(မှတ်ချက်။ ။ အထက်ပါတို့သည် ငွေတာရီမဂ္ဂဇင်းတွင် ၁၉၆၉ ခုနှစ် စက်တင်ဘာလ မှစ၍ ၁၉၇၀ ခုနှစ် ဂျန်နဝါရီလအထိ ၁၇ လ ဆက်ရေးခဲ့ပြီး ငွေတာရီအယ်ဒီတာက အကြောင်းကြောင်းကြောင့် ဆက်လက်မထည့်နိုင်ပါဆိုသဖြင့် ကျွန်တော် ၁၇လ တိတိ မရေးဘဲ ရပ်နားခဲ့ရာ၊ ယခု ၁၉၇၂ ခုနှစ် ဂျူလိုင်လမှာ ကျွန်တော်၏စာရေးသက် ၂၅ နှစ်မြောက် ငွေရတုသဘင်ကို ရည်ရွယ်း၍ ကျွန်တော့်ဘဝဇာတ်ကြောင်းကို အောက်ပါအတိုင်း ပြန်လည်ရေးခြင်း ဖြစ်ပါသည်။)

## ငွေရတုသဘင်

သော်တာဆွေသည် ၁၉၇၂ ခုနှစ် မေလဆန်း၌ သူ့မိခင် ပိန်ချပ်ချပ်ကိုကြည့်၍ တော်တော် စိတ်ပိန်သွား၏။

''အော် မာသာ၊ မာသာ။ အသက်ကြီးလာမှ ဆင်းရဲသွားရှာသနော်''ဟု ညည်းလည်းညည်း ညျူမိ၏။

နို့ပြီး

''အို မာသာတင် ဆင်းရဲသလား၊ ငါကကော ပိုပြီးဆင်းရဲမနေပါလား''ဟုလည်း သူ့ကိုယ်သူ ပြော၏။ ''တကယ်ဆိုလျှင် ငါတို့သားအမိသည် မိခင်က ၁၉၇၂ ခုနှစ်မေလမှာ ၂၅ နှစ်မြောက် ငွေရတုသဘင်၊ ငါက ဂျူလိုင်လမှာငွေရတုသဘင်။ မိခင်သည် လတရာမြောက် နှစ်နာမြောက် တွေတုန်းက အင်မတန်မောက်ကြွားခဲ့၏။ အခုငွေရတုသဘင်လ ဖြစ်သောလ သုံးရာမြောက်ကျမှ အရိုန်မဟပ်နိုင်တော့ဘဲ ပိန်ချပ်ချပ်ကလေးထွက်လာရသည်။ အို၊ ငါသည် ဝမ်းနည်းလေစွ''ဟု သော်တာဆွေက ပြောလေသတည်း။

အဓိပ္ပာယ်ကား။

ရှုမဝမဂ္ဂဇင်း ၁၉၄၇ ခုနှစ် ဩန်လတွင် စတင်ထွက်ခဲ့၍ ယခု ၁၉၇၂ ခုနှစ် မေလတွင် ၂၅ နှစ်မြောက် ငွေရတုသဘင်တည်း။ ငွေရတုသဘင်ဆိုလျှင် ရှုမဝမဂ္ဂဇင်းသည် လ တရာမြောက် နှစ်ရာမြောက်တွေထက် ကြီးကျယ်ခမ်းနားစွာ ထွက်ရမည်ကို ခုတော့ ဘာမှမထူးခြားနိုင်ဘဲ သာမန်မျှ ခါတိုင်းထွက်နေကျလေး အတိုင်းဘဲ ၂၅ ဖောင်၊ စောင်ရေ ၆၀၀၀ ထဲရယ်။

အိုအတိတ်ကို ပြန်လည် စဉ်းစားလိုက်တော့ ၁၉၅၅ ခုနှစ် အောက်တိုဘာလထုတ် ရှုမဝ လတရာမြောက်တုန်းကများ ဖောင်ရေ ၅ဝ၊ စာမျက်နှာ ၄ဝဝ ကြီးနဲ့။ စောင်ရေက ၂ဝဝဝဝ (နှစ်သောင်း)တောင် ဖြောင့်ခဲ့သည်။ တကယ်ဆိုလျှင် အခုငွေရတုသဘင် လသုံးရာမြောက်သည် လတရာမြောက် တုန်းကထက်ပိုပြီး ကြံဘို့ပေါ့။

သို့သော် စက္ကူက ဖောင်နဲ့စောရေ ကန့်သတ်ပေးထားလို့ တရွေးလေးမျှမပိုနိုင်။

သို့သော်

ရှုမဝ၏ သို့သော်ထက်တောင် သော်တာဆွေ သို့သော်က ပိုဆိုးပါ၏။

အကြောင်းမှာ သော်တာဆွေသည် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် ရှုမဝမိခင်၏ရင်မှ ပေါက်ဖွားခဲ့၍ ယခု ၁၉၇၂ ခုနှစ် ဇူလိုင်လမှာ ၂၅ နှစ်တာ အတ္ထုပ္ပတ္တိစာအုပ်ကို ခမ်းနားစွာ ထုတ်မည်ဟု အားခဲထားခဲ့သော်လည်း ကုလသမဂ္ဂမှ ကမ္ဘာ့စာအုပ်နှစ်ဟု သတ်မှတ်သော ၁၉၇၂ ခုနှစ် ဂျန်နဝါရီလမှစ၍ ယခုဂျွန်လ ဤစာရေးနေသည့် နေ့အထိ ကျွန်တော်တို့ မြန်မာပြည်တွင် လုံးချင်းစာအုပ်ထုတ်ရန် သက်ဆိုင်ရာဌာနက စက္ကူလုံးဝမပေးတော့ပါသောကြောင့်၊ နောင် ဘယ်သောအခါမှ ပေးမည်လဲ မသိရပါသောကြောင့် ယခု သော်တာဆွေ၏ ငွေရတုသဘင်ကို သူ့မိခင်ရင်ခွင် ပိန်ချုပ်ချုပ်မှာပင် လစဉ်အပ်နှံရပါတော့မည်ခင်ဗျား။

မြန်မာပြည်တွင် တသက်လုံးတော့ စက္ကူမဆင်းရဲတန်ရာ။ တနေ့စက္ကူရတော့ စာအုပ် ကြီးကြီး ထုတ်မယ်ပေါ့ဗျာ။ ဒီအခါမှာ ခင်ဗျားတို့ ဖတ်ကြည့်ကြစမ်း။

## ကျွန်တော်ဘယ်သို့ ဟာသစာရေးဆရာ ဖြစ်လာသနည်း

ကျွန်တော်သည် ဆဲ့လေးငါးနှစ်သား အရွယ်ဝတ္ထုတွေ စပြီးဖတ်မိကတည်းက ဝတ္ထုရေး ချင်စိတ် ပေါ်ခဲ့ပါသည်။ ဝတ္ထုတပုဒ်ဖတ်ပြီး၍ ကိုယ့်စိတ်ကြိုက် ဖြစ်နေသည်ဆိုလျှင် ယင်းဝတ္ထု နှင့် ဆင်တူရိုးမှား ဇာတ်လမ်းတပုဒ်ကို စိတ်ကူးလေ့ရှိပါသည်။ အောင်အောင်မြင်မြင် ဇာတ်ကွက် ရိုက်မိသည်လည်းရှိ၏။ တပိုင်းတစနှင့် ကိစ္စပြတ်သွားသည်လည်းရှိ၏။ လက်ကတော့ ဖြစ်ဖြစ် မြောက်မြောက် များများစားစား မရေးဖြစ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ဝတ္ထုရေးပြီး ကျွန်တော်ဘာလုပ်ရမည်နည်း။ အဲသည်ခေတ်တုန်းက ယခုခေတ်မှာလို မည်သူမဆိုရေးသား ပေးပို့နိုင်သည်ဆိုသော မဂ္ဂဇင်းများ ရှိသည်ဟူ၍ ကျွန်တော်မသိခဲ့။ ကျွန်တော်တို့ကျောင်း စာကြည့်တိုက်မှ လစဉ်ယူသော ဒဂုန်မဂ္ဂဇင်းနှင့် သူရိယမဂ္ဂဇင်း၊ မြန်မာ့အလင်းမဂ္ဂဇင်းများရှိပါ သည်။

တကျပ်တန် ဒဂုန်မဂ္ဂဇင်းကြီးမှာဆိုလျှင် လစဉ် ဒဂုန်ခင်ခင်လေး၊ ဒဂုန်ရွှေမျှား၊ ဒဂုန်နတ် ရှင်၊ ဒဂုန်မောင်စံသူ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ သလ္လာဝတီ တင့်ဆုံ၊ မန္တလေးခင်တုတ်၊ မြစ်သားအကျော့နှင့် ဇေယျ၊ ညာဏတို့ချည်းဖြစ်၍ သူရိယ မဂ္ဂဇင်းမှာမူ ရွှေဥဒေါင်း၊ ပီမိုးနင်း၊ မဟာဆွေ၊ ဇဝနစသည်တို့ဖြင့် 'ရေးသူဆုရသည်'ဆိုတာလည်း တွေ့ရပါ၏။ ယင်းမှာ ကလောင် သစ်ဝတ္ထုကိုရွေး၍ ဆုပေးသည်ဖြစ်သော်လည်း ကျွန်တော့်စိတ်ထင် ရှေးကသူရိယပုံစံ (ရေးသူ ရွှေဥဒေါင်း)၊ (ရေးသူ ဇဝန) ဆိုဘိသို့ (ရေးသူ ဆုရသည်)ဆိုတော့ အောင်မယ်လေး ဒီလူ့ ကလောင်နာမည်ကလဲ 'ဆုရသည်'တဲ့ဟု အောက်မေ့ခဲ့ပါသည်။

မြန်မာ့အလင်း မဂ္ဂဇင်းမှာလည်း ထိုနည်းလည်းကောင်း၊ မြမျိုးလွင်၊ ရွှေပိန်သောင်း၊ မာဃ စသည့် ပါနေကျ စာရေးဆရာတွေချည်း ဖြစ်နေသောကြောင့် ဤမဂ္ဂဇင်း တိုက်တို့သည် သူ့စာရေးဆရာတွေနှင့်သူ ဖွဲ့စည်းထုတ်ဝေနေကြသည်။ အပြင်လူရေးပို့သော်လည်း အသုံးပြု လိမ့်မည်မဟုတ်၊ ငါ စာရေးချင်လျှင် တနေ့ရန်ကုန်ရောက်တော့မှ ဒီမဂ္ဂဇင်းတိုက်တွေသွားပြီး ဆက်သွယ်မှဘဲဟု နှလုံးပိုက်ခဲ့သည်။

သို့နှင့် ၁၉၃၉ ခုနှစ်တွင် ကျွန်တော်မြန်မာလို ဆယ်တန်းအောင်မြင်ခဲ့၍ ကြည့်မြင်တိုင် ဆရာဖြစ်သင်ကျောင်းသို့ ရောက်ခဲ့သည်။

သို့သော် ကျွန်တော် ရန်ကုန်ရောက်စမှာ စာရေးဆရာ ဖြစ်ချင်သည်ထက် ရုပ်ရှင်မင်းသား ဖြစ်ချင်စိတ်က ပိုနေ၍ မဂ္ဂဇင်းတိုက်များကို သွားရောက် ဆက်သွယ်ခြင်း မပြု သေးဘဲ ကိုယ့်ညာစားမည့် ရုပ်ရှင်ဘက်က လူနှစ်ယောက်နှင့် ပေါင်းမိပြီး ရုပ်ရှင်မင်းသားရူး ရူးနေပါသေး၏။

## ကျွန်ုပ် ရုပ်ရှင်မင်းသား မဖြစ်ခြင်း

ဘယ်ဖြစ်မှာတုန်း ကိုယ့်အလုပ်ကမှ မဟုတ်တာဘဲ။

ထိုစဉ်က ရုပ်ရှင်ကုမ္ပဏီမှာလည်း ယခုခေတ်လိုမများပေ။ ဗြိတိသျှဘားမား၊ အေဝမ်း၊ ပဲရော့၊ ရန်ကုန်ရုပ်ရှင်လောက်သာထင်ရှားစွာရှိ၏။ ယင်းကုမ္ပဏီများအနက် ကျွန်ုပ်သည် ဗြိတိသျှ ဘားမားနှင့် အေဝမ်း ကုမ္ပဏီတွင် အလုပ်ချင်ဆုံးဖြစ်၍ ကျန်ကုမ္ပဏီများ၌ မလုပ်ဖူးတော့ မဟုတ်။ အကြောင်းသင့်လျှင် လုပ်မည်ဟု ဆုံးဖြတ်ချက်ချထားပါသော်လည်း ကျွန်ုပ်နှင့် ဆက်သွယ်မိသော လူနှစ်ယောက်က ပြောပြသည့်ကုမ္ပဏီကား ဗြိတိသျှဘားမားနှင့် အေဝမ်း ကုမ္ပဏီတို့ထက်ပင် ကြီးကျယ်မည့် မကြာမီ မင်းသားသစ်၊ မင်းသမီး သစ်များနှင့် တည်ထောင် တော့မည့်

'စိန်တခိုင်'ကုမ္ပဏီတဲ့ခင်ဗျား။ ဘုရား ဘုရား၊ ဒါကြောင့်သူတို့သည် မင်းသားသစ် ရှာနေခဲ့ရာ ကျွန်ုပ်ကိုတွေ့ရသည်မှာ 'တိုင်း၍ယက်သည့် ပက္ကလာ၊ မိုးရွာသည်နှင့် အဆင်သင့်'ပါ ဘဲတဲ့ခင်ဗျ။

ထိုလူနှစ်ယောက်အနက် တယောက်ကို ဇာတ်ကားတခု၌ လူရွှင်တော်အဖြစ်နှင့် ခဏတဖြုတ် မြင်ခဲ့ဘူးပါသည်။ ထိုခေတ်မှာ အေဝမ်း စိုင်တမော့ကဲ့သို့ ဒုက္ခိတကို လူရွှင်တော် လုပ်တတ်လေရာ ဖော်ပြပါ ကျွန်ုပ်၏လူမှာလည်း ခြေတဖက်ထော့နင်းထော့နင်းနှင့် သူ့လူရွှင် တော်နာမည်က 'ဗိုလ်ကျိုး'လို့ခေါ်ပါသတဲ့။

ကျန်လူကား ဘယ်ဇာတ်ကားမှ မပါဘူးသေးသည့် အသစ်စက်စက်လူကြမ်းမင်းသားပါတဲ့ ခင်ဗျာ။ လူက ပုလိပ်ပြုတ် ပိန်ခြောက်ခြောက်နှင့် ရုပ်ရှင်ထဲတွင် မည်သိုကြမ်းမည် မသိရသေး သော်လည်း သူ့ပင်ကိုယ်စရိုက်ကား မိုက်မဲကြမ်းတမ်းလှလေစွ။ ကြည့်စမ်းပါဦး။ သူ့အမေ သူပြောလိုက်ပုံများ ''ခင်ဗျားကြီးက –စေ့ကိုရှေ့တာကိုးဗျ''၊ ''တွေ့ကရာ နေရာမှာ ခင်ဗျားကြီးက – ခေါင်းမကျယ်စမ်းပါနဲ့ဗျာ''။ ပြောမယုံကြုံဘူးမှ သိရတယ်။ ကြည့်မြင်တိုင် အုန်းပင်တန်းရှိ သူ့အိမ် ကျွန်တော် လိုက်လိုက်သွားမှာ သူ့အမေနှင့် စိတ်အခန့်မသင့်တိုင်း ဒီလိုဘဲ ကြားခဲ့ရပါ သဗျား။

စင်စစ်တော့ သူတို့နှစ်ယောက်သည် ရုပ်ရှင်မင်းသားသစ် ရှာသည်မဟုတ်ဖဲ အမဲဖမ်း နေသည်ဖြစ်ပေရာ ကျွန်ုပ်သည် အဲသည်တုန်းက တောက ရောက်ခါစ အသက် ၂၀ မျှ အရွယ် တယ်ပြီးတော့ အမဲစင်စစ် ကေန်ဖြစ်ထိုက်သကိုး။ သူတို့ခေါ်ရာလိုက်။ ခိုင်းရာလုပ်။ သွားလေရာ စရိတ်၊ သောက်စားသမျှပိုက်ဆံ ကျွန်ုပ်ဒကာခံ။

ထိုစဉ်က ကျွန်ုပ်သည် အရက်ကောင်းစွာ မသောက်တတ်သေး။ ဘီယာ အနည်းငယ်မျှ။ သူတို့ကိုကား ကျွန်ုပ်သည် ဝီစကီအား တိုက်ရပါ၏။ အဲသည်ခေတ်က ဝီစကီဆို ဂျော်နီဝါကားဘဲ ဗျို့။

သူတို့ ကျွန်ုပ်အိမ်သို့ လာရောက်ခေါ်ငင်တတ်သည့် အကြောင်းများကား

''လာဟေ့၊ မင်း မကြာမီ ဇာတ်ကားရိုက်ရမယ့် စတူဒီယိုသွားကြည့်ကြရအောင်'' (သူတို့က အသက်သုံးဆယ်မျှ။)

ရုပ်ရှင်စတူဒီယိုတခု ရောက်ခဲ့ဘူးပါ၏။

''ဒို့ ဒါရိုက်တာမင်းဓာတ်ပုံ ကြည့်ချင်လို့တဲ့ကွာ။ လာကွာ သွားပြီး ဓာတ်ပုံရိုက်ကြစို့''

ကျွန်ုပ်သည် ဓာတ်ပုံ ပုံစံအမျိုးမျိုးရိုက်၍ သူတို့ကိုပေးလိုက်ရပါ၏။

''လာဟေ့၊ ဒီနေ့တော့ ဒါရိုက်တာက မင်းကို လူကိုယ်တိုင်ကြည့်ချင်လို့တဲ့ကွ''

ဟုတ်ပါပေသည်။ ဒါရိုက်တာက ကျွန်ုပ်ကို ကြည့်မကြည့်မသိရသော်လည်း ကျွန်ုပ်က တော့ ဒါရိုက်တာကို မြင်ခဲ့ရပါ၏။ ကေသာကြီးနဲ့ ဆရာခန့်ကြီးရယ်။ ကြည့်မြင်တိုင် အုန်းပင် တန်း (အောက်လမ်း)က အိမ်တအိမ်မယ် ဆရာခန့်ကြီးက ခေါင်းရင်းခန်းက စားပွဲတခုမှာ ထိုင်နေတယ်။

ကျွန်ုပ်လူနှစ်ယောက်က ကျွန်ုပ်ကို အိမ်ရှေ့မှာ မယောင်မလည်ရပ်နေစေပြီး သူတို့က အိမ်ပေါ်ကို တက်သွားကြတယ်။

ဒီအချိန်မှာ ကျွန်ုပ်က ဆရာခန့်ကြီးကိုမကြည့်ရဲ။ သူတို့ပြောပြလျှင် ဆရာခန့်ကြီးက ကျွန်ုပ်ကို ကြည့်လေမလားလို့ ရှိုးအပြည့်ပေးနေရသပေါ့ဗျာ။

''ဟေ့မောင်ရင် လာခဲ့စမ်းပါအုံးကွ''ဟု ဆရာခန့်ကြီးက လှမ်းခေါ်လိုက်လေမလားလို့လဲ ရင်ထဲ တဒိတ်ဒိတ်ပေါ့ခင်ဗျာ။

သို့သော် ဘာသံမှ မကြားရပါဘူး။ မကြာမီ ဟိုလူနှစ်ယောက် ပြန်ဆင်းလာပြီး ကျွန်ုပ်ကို အရက်ဆိုင်ခေါ်သွားတော့တာပါဘဲဗျာ။

သည်အကြောင်းကို ကျွန်တော်စာရေးဆရာဖြစ်၍ ၁၉၄၈ ခုနှစ် ဝန်ဇင်းမင်းရာဇာ ပြဇာတ်ကကြတော့ ဆရာခန့်ကြီးနှင့် ရင်းနှီးသဖြင့် ပြန်ပြောင်းပြောပြတော့ ဆရာခန့်ကြီးက ရယ်မောလျက် သူတို့နာမည်တွေ ထုတ်ဖော်ပြောပြီး ''ဒီနှစ်ကောင်ဟာ ကောင်းတဲ့သတ္တဝါတွေ မဟုတ်ဖူးဗျ။ ဒီလိုဘဲ ရုပ်ရှင်ရူးရူးတဲ့ ယောကျာ်းလေးတွေသာ မဟုတ်ဖူး။ မိန်းခလေးတွေကိုပါ သူတို့ ညာတုတ်တတ်ကြတာဘဲ''

မှန်ပါလိမ့်မည်။ ဤနှစ်ယောက်သည် တကြိမ်သော အခါ၌ ကျွန်ုပ်အား ''မင်းနဲ့တွဲရမယ့် မင်းသမီးအိမ် သွားရအောင်ကွ''ဆိုပြီး မြင်းရထား စင်းလုံးငှား၍ ခေါ်သွားသည်။

သည်နေရာကို ကျွန်ုပ်ကောင်းကောင်းမှတ်မိပါသည်။ ကမာရွတ် ဘူတာရုံလမ်းကွေ့မှ ယခု ကမာရွတ်ဈေးထဲသို့ ဖြတ်ဝင်သောလမ်း၊ ချစ်တီးဘုရား ကန်နံဘေးမှာ အဲဒီကောင်မလေးရဲ့ အိမ်နေရာ။ ယခုတော့ လူသွားလမ်း ဖြစ်နေသည်။

ကောင်မလေးဟာ အဲသည်တုန်းက ဆဲ့ရှစ်နှစ်လောက်။ တရုတ်ကပြားမလေး။ ရုပ်ကလေးက ချောသပေါ့။ ကျွန်ုပ်ကို 'အဲဒါ မင်းနဲ့တွဲရမယ့်မင်းသား'လို့ မိတ်ဆက်ပေးသော ဒီကောင်မ ချောချောလေးကြည့်ပြီး ကျွန်ုပ်စိတ်ထဲ ဘယ့်နှယ်နေမလဲ။ ခင်ဗျားဘဲစဉ်းစားကြည့် တော့။ အဟီး။

ဒီလူ နှစ်ယောက်သည် အဖြီးအဖျန်းလဲ ကောင်းပါ၏။ ဒီကောင်မလေး တည်ခင်း ကျွေးမွေးတဲ့ လက်ဖက်ရည်နဲ့ မုန့်တွေစားသောက်ရင်း ဆရာခန့်ကြီး စီစဉ်ထားသည့် ကျွန်ုပ်တို့ မကြာမီရိုက်ရတော့မည့် ဇာတ်လမ်းအစကို ပြောပြ၏။ ဇာတ်ကားနာမည်က လ တရာ။

ဇာတ်လမ်းမှာ ဘုရားပွဲတို့၌ အကြော်စုံရောင်းသောအဖိုးကြီး အဖွားကြီး လင်မယားသည် သားသမီးမထွန်းကားခဲ့၍ လျှို့ဝှက်သောအကြောင်းတခုနှင့် လာရောက်အပ်နှံသွားသော ဆယ်နှစ်ရွယ် သမီးကလေးတယောက်ကို မွေးစားခဲ့သည်။ အဖိုးကြီးအဖွားကြီးသည် ဒီကောင် မလေး ရောက်သည့် နေ့မှစ၍ ဤကလေးမအတွက် တလလျှင် ရွှေဒင်္ဂါး တပြားတပြား စုဆောင်း ခဲ့ရာ လတရာမြောက်၌ သံလျင်ဘုရားပွဲတော်တွင် ညဈေး ရောင်းနေစဉ် သူတို့အကြောင်းကို သိ၍ လက်ထောက်ချသဖြင့် လူဆိုးများက ထိုရွှေဒင်္ဂါးပြားတရာကို ဝင်ရောက်လုယက်လေရာ ကျွန်ုပ်ဇာတ်လိုက်မင်းသား ကိုအဝှာက ပေါ်လာတဲ့ပြီး ကောင်မလေးနှင့် အဖိုးကြီးအဖွားကြီး လင်မယားကို ကယ်လိုက်ပါ သတဲ့ဗျာ။ ဘယ်လောက်နိပ်လိုက်ပါသလဲလို့လေ။ အဲဒါ ဇာတ်အစ တဲ့ခင်ဗျာ။ ကျန်တာ ဆရာခန့်က ပြောမပြသေးဘူးတဲ့။

ဒီနေရာမှာ ကောင်မလေးနှင့် ကျွန်ုပ်ဟာ တယောက်တယောက် တိတ်တခိုး အကြည့် လေးတွေနဲ့ ရင်ထဲ ဖိုးကျိုင်းတုတ်နေကြသပေါ့။

နောက်ဆုံး ဇာတ်သိမ်းသည့်ရှိသော် အဲဒီကောင်မလေးတော့ ဘယ်အခြေ ရောက်သွား သည်မသိ။ ကျွန်ုပ်မူကား မိဘ ဆင်ယင်ပေးလိုက်သော ရွှေဝတ် ရွှေထည်လေးတွေသာမက ပေါင်၍ရသော အဝတ်အထည်လေးတွေပါ ခန်းသွားပါတော့သတည်း။

ဤနေရာ၌ စာဖတ်သူက မေးပါအံ့။ ''ဒီလောက်တောင် ပေါကြောင်ရအောင် မင်းကိုယ် မင်း ဇာတ်လိုက်ဖြစ်နိုင်မယ်ထင်လို့လား''

''ဟား၊ ကိုယ့်ကိုယ်ကိုတော့ ထင်တာပေါ့ဗျ။ အဲသည်တုန်းက စတန့်မင်းသားခေတ်။ ကျုပ် ဒိုင်ဗင် ထိုးတတ်တယ်။ ဂျွမ်းပစ်တတ်တယ်။ အမူအရာလဲ မှန်ထဲကြည့်ပြီး အမျိုးမျိုး လေ့ကျင့် ခဲ့တယ်''

သို့ရာတွင် ကျွန်ုပ်မှာ 'သည်ဟာတော့ ငါ မဖြစ်ဖြစ်အောင် လုပ်လိုက်မည်'ဟူသော် ဇွဲသတ္တိမျိုးရှိသူမဟုတ်ပါချေ။ လူပျိုဘဝ မိန်းမပိုစဉ်ကလည်း 'သူ့တော့ ငါမရမနေ ကြိုးစားလိုက် မည်'ဟူသော စိတ်မျိုး ဘယ်သူ့အပေါ်မှ မထားခဲ့။ မိန်းမလှလှမြင်လျှင် ကြိုက်တတ်သောဉာဉ်ရှိ ၍ ငါးပွက်မြင်ရာ ငါးစာချသလို ဂေါ်ခဲ့ပါ၏။ သို့သော် လွယ်လွယ်နှင့်ရလျှင်ရ မရလျှင် 'တော်ပြီ။ နင့်လိုဟာတွေ အပုံ'ဟု ခြေစုံကန်ခဲ့တော့၏။

ယခု ကျွန်ုပ် တတိယ အိမ်ထောင်နှင့် ပေါင်းသင်းနေသည်ဖြစ်၍ မိန်းမသုံးယောက်ရခဲ့သည်မည်ပေ၏။ နို့ပြီးဘယ်မိန်းမကိုမျှ ခဲခဲယဉ်းယဉ်း ပိုးပန်းခဲ့ရသည်မဟုတ်။ နို့ပြီးဘယ်မိဘဆွေမျိုးမှလည်း တာဝန်မပေးခဲ့ပါ။ ကျွန်တော်ယူပြီးမှသာလျှင် သူတို့သိကြကုန်သည်။ ထို့ပြင်ဘယ်ပုံစံနှင့်မှလည်း လက်ထပ်မင်္ဂလာတွေ မလုပ်ခဲ့ပါ။ ဟော့၊ မင်းနဲ့ငါနဲ့ ကြိုက်တယ်မဟုတ် လား။ အောရိုက် ဆိုတဲ့ သဘောမျိုးနဲ့ဘဲ ကိစ္စပြီးကြရော။

## ကျွန်တော်စာရေးဆရာ ဖြစ်လာရပုံကော

ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော် ရန်ကုန်မြို့ရောက်ပြီး တနှစ်လောက်မှာ ရုပ်ရှင်မင်းသားရူးရူးခဲ့သည်။ သည့်နောက် ထိုဟာကိုယ်အညာခံရမှန်းသိသည့်၌ 'အေးပေါ့ကွာ၊ ဘဝဆိုတာကိုယ်ခံဘက်က စရတာမျိုးပေါ့'မှတ်ချက်နှင့်ဘဲ အပြီးသတ်လိုက်ပါသည်။ ဤနေရာ၌ စာဖတ်သူကမေးစေလိုပါသည်။ ''အဲသည်တုန်းက ရုပ်ရှင်မင်းသားမဖြစ်ခဲ့ဘဲ အခု စာရေးဆရာ ဖြစ်နေတာဘယ်ဒင်း သဘောကျသလဲ''ဟုဆိုအံ့။

''ဟား အဲသည်တုန်းကသာ ကျွန်တော် ရုပ်ရှင်မင်းသားဖြစ်ခဲ့ရင် ခုအချိန်မှာ ကျွန်တော်အားကျခဲ့တဲ့ ရုပ်ရှင်မင်းသားဟောင်းကြီးများလိုဘဲ ဇာတ်ရုံမှ မှန်မှန်မလုပ်ရတော့တဲ့ မင်းသားကျကြီးဖြစ်နေပြီပေါ့ဗျာ။ ဟော၊ အခု စာရေးဆရာ ဆိုတာကတော့ ကြာလေကောင်းလေ ဟောင်းလေသစ်လေ ဆိုတာ အစစ်ဗျ''

ကျွန်တော် ရုပ်ရှင်မင်းသားရူးစိတ် ကုန်ပြီးသည့်နောက်တွင် နယ်မှာတုန်းက စိတ်ကူးရှိခဲ့သည့်တိုင်း ဝတ္ထုရေးရန် မဂ္ဂဇင်းတိုက်တတိုက်တိုက်တော့ သွားရောက်ဆက်သွယ်ဦးမှဘဲဟု ကြံစည်နေခိုက် သူရိယမဂ္ဂဇင်းက ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်။

ပထမအကြိမ်။ ။ ဟာသ။

ဒုတိယ ။ ။ ။ စုံထောက်။

တတိယ။ ။ ။ စွန့်စား၍ ကြီးပွားချမ်းသာခြင်း။

ဆုငွေ ။ ။ ။ ၁၅ ကျပ်။

ကျွန်တော့်စိတ်ထဲ သည်ငွေ ၄၅ ကျပ်စလုံး ငါဘို့ချည်းဘဲဟု အောက်မေ့လိုက်ပါသည်။ ဘာကြောင့်ဆို ကျွန်တော်က ကိုယ့်ကိုယ်ကို ဘယ်ဝတ္ထုမျိုးမဆို ရေးတတ်တယ် ထင်နေတာကိုး။ ပြောခဲ့ပြီကော ကိုယ်ဖတ်ဖူးတဲ့ ဝတ္ထုမှန်သမျှ စိတ်ကြိုက်ဖြစ်နေရင် ဆင်တူယိုးမှားတွေ စိတ်ကူး ထားခဲ့တယ်လို့။ အဲသည်တုန်းက ခေတ်စားခဲ့တဲ့ မြစလွယ်ရဲ့ စုန်း၊ တစ္ဆေ၊ သိုက်သမိုင်းဝတ္ထု တွေ၊ ဒဂုန်မဂ္ဂဇင်းကြီးထဲက ကိုကိုလေးရဲ့ မှော်ဆရာမှတ်တမ်း ဝတ္ထုမျိုးတွေလဲ ကျွန်တော်စိတ်ကူး ခဲ့တာဘဲဗျ။

သို့သော် ကိုယ့်ကိုယ်ကို ဘယ်ဝတ္ထုမျိုး အားအကျဆုံးလဲ စိစစ်ကြည့်လိုက်တော့ စုံထောက် ဝတ္ထုခင်ဗျ။ ဆရာကြီးရွှေဥဒေါင်းရဲ့ မောင်စံရှား ဝတ္ထုတွေဖတ်ပြီး တယ်အားကျခဲ့ သကိုး။

အဲ ဒုတိယ စိတ်သန်တာက ဟာသ။

သို့ပါသော် သူရိယမဂ္ဂဇင်းရဲ့ ဆန္ဒအတိုင်း ကျွန်တော် ဒုတိယစိတ်သန်တဲ့ ဟာသကိုဘဲ ပထမရေးရတော့မှာပေါ့လေ။

ကဲ ဘယ်ဒင်း မင်းရေးမလဲတဲ့။ ကိုယ်စိတ်ကူးပြီးသား ရှိတာတွေထဲက ပြန်စဉ်းစားလိုက် တော့။ ဟော မကြာသေးခင်ကမှ ကိုယ့်ခံစားမှုပေါ်မှာ မူတည်ပြီး ဇာတ်ကွက် ဆင်ထားတာ ကလေး။

ထိုသက္ကရာဇ်ကား ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး။ ထိုစဉ်မှာ ကျွန်တော်သည် ဟိုက်ယားဂရိတ်ခေါ် မြန်မာလို အထက်တန်းဆရာဖြစ် အောင်ပြီးနောက် စမ်းချောင်း မအူပင် လမ်း ဒေါ်မမ၏ အင်္ဂလိပ်အလွတ်ပညာသင်ကျောင်းသို့ ရောက်နေပါသည်။

ဤကျောင်း မရောက်မီမှာ ကြည့်မြင်တိုင်ရှိ ဦးလေး တယောက်၏နေအိမ်တွင် နေခဲ့ပါ သည်။ ယင်းအိမ်မှာ ဦးလေးရယ်၊ ဒေါ်လေးရယ် သားသမီး ငါးယောက်ရယ်၊ အစေခံအပျိုပေါက် ကလေးတယောက်ရယ်၊ ဦးလေးရဲ့ ယောက္ခထီးကြီးရယ် ပေါင်းငါးယောက်ရှိသည့်အနက် ကျန်လူ များက ကျွန်တော့်ကို အားလုံးချစ်ချစ်ခင်ခင် ရှိပါလျက်ဦးလေး၏ ယောက္ခထီး အသက် ၆၀ ကျော်အဖိုးကြီးက ကျွန်တော့်ကို တယ်ပြီးမကြည်ဖြူလှပေ။ (သက်သက် သူ့သမီးအိမ်မှာ လာပြီး နေတဲ့ လူပိုကောင်၊ ငါ့မြေးအရင်းအချာတောင်မှ ကျောင်းဘော်ဒါမှာနေတာ)ဟု သူ့စိတ်ထဲမှာ ယူဆဟန်တူသည်။

မှန်ပါသည်။ နယ်မှာ အရာရှိကြီးဖြစ်သော သူ့သား၏ သမီးပျိုတယောက်သည် ကြည့်မြင် တိုင် အေဘီအမ် မိန်းကလေးကျောင်းတွင် ၉ တန်းဘော်ဒါနေ၏။

ယင်း၌ အကြောင်းက ဖြစ်ချင်လာတော့ ကျွန်တော် ဦးလေးအိမ်ရောက်သောနှစ်မှာ ဤအဖိုးကြီး၏ မြေးမသည် သီတင်းကျွတ်ကျောင်းအပိတ်တွင် သူ့အမေက ရန်ကုန်လာမည်မို့ သူတို့မြို့သို့ မပြန်တော့ဘဲ သူ့ဒေါ်လေးအိမ် လာနေချေသည်။ ထိုအခါ၌ ကျွန်တော်လည်း ရွာသို့မပြန်တော့ပေ။ အကြောင်းမှာ ဒီကလေးမက တော်တော်ချောသဗျ။ သို့သော် သူသည် မိုက်၏။ တကယ်ဆို အပျိုလေးနှင့် လူပျိုလေးစာပေးတာ အဆန်းလားဗျ။ ကိုယ်ကြိုက်ကြိုက် တယ်၊ မကြိုက် မကြိုက်ဖူးပေါ့၊ ရှင်းလို့။ ကျွန်တော့်လိုကောင်ကလဲ ပြောခဲ့ပြီကော။ ဘယ်မိန်းမ ကိုမှ မရမနေ မရှိပါဘူး။ ဘယ်လောက်ချောတဲ့ အမျိုးသမီးဖြစ်ဖြစ် ကျွန်တော့်ကို ဘယ်တော့မှ နှစ်ခါမငြင်းရပါဘူး။ တခါတဲ့ ကိစ္စပြီးတာချည်းဘဲ။ ကျွန်တော်က ဒီလိုခေါင်းမာတဲ့ ကောင်စားပါ။ ခုတော့ဗျာ မရွှေစာက ကျွန်တော့်တော့ ဘာမှ စကားပြန်မပြောဘူး။ ကျွန်တော့်စာကို သူ့ဒေါ်လေး ပြသဗျ။ သူ့ဒေါ်လေးက သူ့အဖေကြီးပြသဗျ။

ဒီတော့ ကျွန်တော့်ချဉ်နေတဲ့ အဖိုးကြီးက အကွက်ရပြီး ဒေါ်သူပုန်ထတော့သပေါ့။

''အောင်မာ ရာရာစစ ငါ့မြေးများ။ အေဘီစီဒီကို ခုမှ ခွေးကြီးမှ လက်ပေးသင်သလို သင်ရတဲ့ တောသားက အိမ်က အစေခံလောက်နဲ့မှ မတန်တဲ့အကောင်က ငါ့မြေးများ မရသေ မယ်ဆို ခုသေလေ။ ငါ့အိမ်ပေါ်မှာတော့ မသေပါနဲ့။ ကြံတောသွားပြီး မင်းတွင်းမင်းတူးပြီး သေချေကွ''

အဲသည်နေရာမှာဗျာ အိမ်ကကလေး လူကြီး လူငယ်တွေ အပြင်သန့်ကနဲဆို နားစွင့်တတ် တဲ့ ဒေါ်လေးရဲ့ အတင်းပြောဘက်တွေပါ ရောက်နေကြတော့ ကျွန်တော် ဘယ်လောက်ရှက် လိုက်မလဲ စာဖတ်သူဘဲစဉ်းစားကြည့်ပါတော့ခင်ဗျာ။ ဒါနဲ့ ကျွန်တော်ချက်ချင်းဘဲ အိပ်ရာလိပ် ကလေးလိပ်၊ အဝတ်သေတ္တာလေးဆွဲပြီး မအူပင်လမ်းက ကျောင်းဘော်ဒါအိမ် လစ်ခဲ့တော့တာ ပေါ့ဗျ။ ဒီနေရာမှာ လက်ကိုင်ပုဝါ ပါးစပ်ပိတ်ပြီး ကျွန်တော့်မမြင်ချင်ယောင်ဆောင်နေတဲ့ ဟိုငတိ မလဲ ကျွန်တော် မျက်စောင်းတချက်ခဲပစ်ခဲ့တယ်။

''နင်တော့လား နင်။ နေနှင့်အုံးပေါ့ကွာ။ နင်ဟာ ငါလိုချောချောလှလှနဲ့ကို မတန်ဘူး။ ရှုနာရှိုက်ကုန်း လူစင်မမီတဲ့ ဖာကျိုးနဲ့ကို ပေးစားပစ်လိုက်မယ်''ဆိုပြီး ကျွန်တော်ရဲ့ ပထမဦးဆုံး ဘရန်ဒီတပုလင်းဝတ္ထု ဇာတ်လိုက် မောင်ဖြတ်စကို ကျွန်တော့်စိတ်ထဲမှာ ဖန်တီးပစ်လိုက်တော့ တာဘဲ။

မောင်ဖြတ်စဟာ အရက်လဲ သောက်တယ်။ ဖဲလဲရိုက်တယ်။ ဖာလဲလိုက်တယ်။ အဲသည် ဝတ္ထုအစမှာ နှုတ်ခမ်းမွေးစုတ်ဖွားကြီးနဲ့ ဦးတုတ်ပေါဟာ သူ့နှုတ်ခမ်းမွေးမီးလောင်လို့ မြန်မြန် ပြန်ပေါက်တဲ့ ဂျာမနီတနီ ပြည်ကလာတဲ့ ခြေသုံးချောင်းရှိတဲ့ ကတ္တူကတ္တတောင် တံဆိပ်ဆေး ကို

လျှောက်ရှာရင်း အချောင်ရခဲ့တဲ့ ပျားအုံတံဆိပ် ဘရန်ဒီတပုလင်းကို သူ့သမီးမီးဖွားတော့ သောက်ဖို့ အိမ်ယူလာခဲ့တော့ မောင်ဖြတ်စဟာ ရောဂါဟောင်းထလို့ အိပ်ရာထဲ လဲနေရာက စခဲ့တယ်။

အဲသည် ဝတ္ထုထဲမှာ ကျွန်တော် ဒီအဖိုးကြီးကို ကောင်းကောင်းကလဲ့စားချေတော့တာဘဲ။ သူ့နှုတ်ခမ်းမွေးကြီးကို မီးရှို့ပစ်လိုက်တယ်။ 'အစေခံနဲ့မှတနက်တဲ့ကောင်'လို့ ကျွန်တော့်ဆိုခဲ့တဲ့ အတွက် သူ့ကိုအိမ်က အစေခံမ ဝင်းကြည်နဲ့သူ့သမီးက ထင်ရအောင် ဇာတ်ကွက်ဖန်တီးခဲ့ တယ်။

စင်စစ် အဲဒီဇာတ်လမ်း စိတ်ကူးစဉ်က ကျွန်တော်ခုလို ဝတ္ထုရေးဘို့မဟုတ်ပါဘူး။ ဖော်ပြ ခဲ့တဲ့အတိုင်း ဦးလေးယောက္ခထီးကြီး စိတ်နာတာနဲ့ သူ့ကိုကျွန်တော့်ဇာတ်ကောင်လုပ်ပြီး ဂျောက်ချကလဲ့စားချေတာဗျ။ အဲလို ရေရေလည်လည် ကျွန်တော့်စိတ်ထဲ ဇာတ်အိမ်ဖွဲ့ပြီးတဲ့အခါ မှာ ဒီအဖိုးကြီး တကယ်ဖြစ်သွားသလိုဘဲ ကျွန်တော်ဟာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ကျေနပ်သွားသဗျ။

ဒါဟာ ကျွန်တော်ရဲ့ဝါသနာဘဲ။ ကိုယ့်ရပ်ရွာမှာ ဒမြမှု၊ နွားခိုးမှုဖြစ်တယ်ဆိုလဲ ရွာထဲမှာ ကိုယ်မုန်းတဲ့လူကို တရားခံလုပ်ပြီး သူခိုးစုံထောက်ဝတ္ထု စိတ်ကူးပစ်လိုက်တာဘဲ။ ကျွန်တော့် အဖေဟာ ရွာမှာ သူကြီးခေတ္တလုပ်ဖူးလေတော့ လင်ကွာမယားကွာကိစ္စဆိုရင် ကျွန်တော့်အတွက် ဟာသဇာတ်ကွက်ပဲ။

အဲသလို စိတ်ကူးတာတွေဟာ ဝတ္ထုရေးဘို့ရယ် မဟုတ်ပါဘူး။ ဝါသနာအလျောက် ကိုယ့်ဟာကို ဖျော်ဖြေမှုပါဘဲ။

ဒီလို စိတ်ကူးဇာတ်ကွက်တွေ အမျိုးမျိုးရှိနေတာကြောင့် ကျွန်တော်ဟာ ဘယ်ဝတ္ထုမျိုး မဆို ရေးနိုင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကို ထင်နေခဲ့တာပေါ့။ အချစ် အလွမ်း ဝတ္ထုမျိုးဆိုတာတော့ အပျော့ဘဲ။ ကျွန်တော်ဟာ ဆဲ့ခြောက်နှစ်သားကတည်းက ရည်းစားတွေထားခဲ့၊ ကွဲခဲ့၊ ပြဲခဲ့တာ။ အဲဒီအချိန် အသက်နှစ်ဆယ်ကျော်တော့ တော်တော် ကိုယ်တွေ့ခံစားမှုတွေရှိနေပြီဘဲ။

ကဲ၊ အခု သူရိယမဂ္ဂဇင်းက ပထမဦးဆုံး ဟာသဝတ္ထုရေးရမယ်ဆိုတော့ ကျွန်တော် အခုန ဖော်ပြခဲ့တဲ့ ကိုယ်တွေ့အဖြစ်အပျက်က ပေါက်ဖွားခဲ့တဲ့ ဇာတ်လမ်းကို သူငယ်ချင်းတွေ ပြောပြ တယ်။ ဒီတော့ သူတို့က ''ဟာ ကောင်းတယ်။ ရေးကွ''ဆိုကြလို့ ကျွန်တော်အမြန်ရေးပြီး သူရိယ မဂ္ဂဇင်းတိုက်ကို ရေးပို့လိုက်ကရော။

သို့သော် ကလောင်နာမည်နဲ့ ဝတ္ထုက ဘရန်ဒီ တပုလင်းနဲ့သော်တာဆွေ မဟုတ်သေး ဘူး။ မိုးတိမ်တောင်၏ အဖျားဖြတ်ဆေး။ ဇာတ်လိုက် မောင်ဖြတ်စ ရောဂါဟောင်းထသည်က ဝတ္ထုစခဲ့သည် မဟုတ်လား။

ဒါပေမယ့် ချက်ချင်းကြီး မစွဲသေးပါဘူးခင်ဗျာ။ ညစ်ညမ်းတယ်ဆိုပြီး ပယ်လိုက်ပါတယ် ခင်ဗျ။ ခုခေတ်အမြင်နဲ့ ကြည့်ရင် ညမ်ညမ်းတာလဲ အမှန်ဘဲဗျ။ ဘာကြောင့်လဲဆို ဟိုခေတ်က ဆရာမဟာဆွေ၊ ဆရာသုခ၊ ဆရာရဲထွတ်တို့ ဝတ္ထုတွေဘဲကြည့်ပါ။ ခြင်ထောင်ခန်း အသားပေး ရေးကြတယ် မဟုတ်လား။ ဒါမှလဲအဲသည်တုန်းက စာဖတ်ပရိသတ် မြီးကောင်ပေါက်တွေက ကြိုက်သဗျ။ ကျွန်တော်လဲ ဒါကြောင့် အဲသည်ဝတ္ထုမှာ ဝင်းကြည်ပိုးစိုးပက်စက်အိပ်နေပုံ၊ နို့ပြီး ဝင်းကြည်နဲ့ သူ့ရည်းစားမောင်သိန်း အိမ်နောက်ဖေးမှာ တွေ့ကြပုံကို တစ်တစ်ခွခွချလိုက်တာ။ ဟာသထက် ရာဂဘက် များသွားသဗျ။ ပယ်လဲ ပယ်ထိုက်ပါ့ဗျာ။

ဒါနဲ့ ကျွန်တော် နံပတ်နှစ် စုံထောက်ဝတ္ထုတော့ ကလောင်သစ်ထဲမှာ ငါ့လောက်တော် တဲ့လူ ဗမာပြည်တွင် ရှိအံ့မထင်ဆိုတဲ့ ဘဝင်ကြီးနဲ့ ဟိုယခင် ကျွန်တော်တို့အရပ်မှာ လူသတ်မှု တခုဖြစ်ကတည်းက စိတ်ကူးထားတဲ့ဇာတ်လမ်းကို ရေးပို့လိုက်သဗျ။ ကိုယ့်ဝတ္ထုလဲ တော်တော် အားရသဗျ။

သို့သော် ပို့ပြီး တယ်မကြာလှပါဘူးခင်ဗျာ။ စစ်ရိပ်စစ်ငွေ့များကြောင့် သူရိယမဂ္ဂဇင်းပင် ဆက်လက်ထုတ်ဝေနိုင်မည့် အခြေမရှိတော့ပါ၍ ဝတ္ထုပြိုင်ပွဲကို ရပ်စဲလိုက်ပါပြီဆိုတဲ့စာနဲ့ ကျွန်တော့် စာမူ ပြန်ပို့လိုက်ပါတော့သည် ခင်ဗျာ။

အဲသည်ကတည်းက ကျွန်တော်စာရေးခြင်းတခန်းရပ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်။ ဂျပန်ခေတ် ရောက်။ အိမ်ထောင်ကျ။ မြင်းလှည်းမောင်း။ စစ်ကြီးပြီး။ ကက်စဘီခေတ်ရောက်။ ဆန်ကုန်သည်ဖြစ်။ မီးရထားလမ်းတလျှောက် မြစ်ကြီးနားအထိရောက်။ ကသာမှာ ဒုတိယမိန်းမရ၊ ဆန်ဆုံစား ကံကုန်သွား ဝတ္ထုဖြစ်။

အောင်မယ်လေး အဲသည်တော့ဖြင့် ကျွန်တော့်ခေါင်းထဲ စိတ်ကူးထားလိုက်တဲ့ ဝတ္ထုတွေ မနည်းတော့ပါလား။ မျိုးစုံဘဲ။ ရာနှင့်ချီရှိနေပြီ။ တကယ်တော့ ကျွန်တော်လိုလူဟာ ကုန်သည် လုပ်လို့ ဘယ်လောင်းမလဲဗျ။ စီးပွားရေးကို စိတ်ဝင်စားသူမျှမဟုတ်ဖဲ။ ရောက်လေရာရာမှာ ကိုယ်လုပ်ချင် တာတွေ လုပ်ပြီးတွေ့ရာမြင်ရာ ကြုံရာတွေ ဝတ္ထုဇာတ်လမ်းချည်း စိတ်ကူးနေတာ ဘဲဗျ။ သည်တော့ ဒီကောင်မျိုးဟာ စာရေးဆရာကလွဲပြီး တခြားဘာဖြစ်အုံးတော့မှာတုံး။

သို့သော် အချိန်ကာလဆိုတာက ရှိသေးသကိုးဗျ။ သီးချိန်တန်မှသီး၊ ပွင့်ချိန်တန်မှပွင့်ဆို သလို ဖြစ်ချိန်တန်မှ ဖြစ်ရမှာဘဲ။ အဲ၊ ကျွန်တော် စာရေးဆရာ ဖြစ်ချိန်တန်တော့ ရေကန်အသင့် ကြာအသင့်ဆိုသလိုဘဲ ကလောင်ဟောင်းသစ် မည်သူမဆို ဝတ္ထုတိုရှည် ရေးပို့နိုင်ပါသည်ဆိုတဲ့ ရှုမဝမဂ္ဂဇင်းကြီး ပေါ်လာရတယ်ခင်ဗျ။

အဲဒီ ရှမဝမရုပ်စုံမဂ္ဂဇင်း စတင်ပေါ်တဲ့ အချိန်မှာဖြင့် ကျွန်တော့်ဘဝ တသက်တာမှာ စိတ်အညစ်ရဆုံး အချိန်ကလာပါဘဲ ခင်ဗျာ။ သေရမှာ မကြောက်လောက်အောင်ဘဲ စိတ်ညစ်နေပါတယ်။ ဘာကြောင့်လဲဆို ဆန်ကုန်သည်ကြီးအဖြစ်နဲ့ ဆန်အိတ်ကလေးရာ၊ မော်တော်ခကငွေသုံးသောင်းကျပ်နဲ့ မန္တလေးကနေ ကသာတက်သွားတဲ့ ကျွန်တော်ဟာ ခြောက်လကြာလို့ အိမ်ပြန်ရောက်တော့ အညာမှာယူခဲ့တဲ့ မိန်းမတယောက်နဲ့ အိတ်ထဲ ပဲစေ့ကလေးနှစ်စေ့ဘဲ ပါခဲ့တော့ခင်ဗျ။

အိမ်မှာကလဲ အရင်မယားနဲ့ ကလေးကနှစ်ယောက်။

သည်တော့ သည်လိုအကောင်ကို ဘယ်မိဘ ဘယ်ဆွေမျိုးတွေက လက်ခံမှာတုံး။ ဆန်အိတ်ပိုင်ရှင် စက်သဌေးဦးမောင်ကြီးကလဲ သူ့ငွေတွေဒီကောင် မယားငယ်ယူပြီး သုံးဖြုန်းပစ်တာဘဲဆိုပြီး အလွဲသုံးစားမှု ၄၀၆နဲ့ တရားစွဲမယ်လဲလုပ်ကရော ကျွန်တော့်စိတ်ဆိုးနေနဲ့ အဖေဟာ သူ့သားထောင်ကျမှာ စိုးရိမ်ပြီး ရှိတဲ့လယ်မြေတွေ ရောင်းချပြီး ဦးမောင်ကြီးငွေ ပေးမယ်လုပ်တော့ ကျွန်တော့်တို့ ရှိသမျှလယ်ကလေးပြုတ်တော့မှာမို့ ''ကဲ အဖေရေ့၊ အဖေ့မှာ သည့်ပြင်သားသမီးတွေ ရှိသေးတယ်။ ကျွန်တော် တယောက်ထဲမဟုတ်ဖူး။ ကိုယ့်ရှိတာ အခြေ မပျက်စေနဲ့။ ကျွန်တော့်ထိုက်နဲ့ကျွန်တော် ခံတော့မယ်၊ မန္တလေးမှာလဲ ကျွန်တော်ငွေနှစ်ထောင် ကျော် ရစရာရှိသေးတယ်။ အဲဒီပြေးမယ်ဗျာ'' ဆိုတော့ အဖေက လမ်းစရိတ် ငွေတရာပေးလိုက် လို့ ကသာက ပါလာခဲ့တဲ့ မယားရွှေလက်ဆွဲပြီး တကတဲ မန္တလေးပြေးခဲ့ရပါရောလားခင်ဗျာ။

ငွေနှစ်ထောင်ကျပ်ကျော် ရစရာရှိသေးတယ်ဆိုတာက ဒီလိုခင်ဗျ။ အသိအကျွမ်း တယောက်မှ မရှိဘဲနဲ့ ကသာရောက်သွားတော့ အဲသည်တုန်းက ကသာမှာ ပွဲရုံကလဲ မရှိလေတော့ ကျွန်တော့် ဆန်အိတ်တွေ ထားစရာမရှိတာနဲ့ လိုက်စုံစမ်းတော့ ဈေးထဲမှာ သွပ်မိုးပျဉ်ကာ သမံတလင်းခံနဲ့ ဝက်သားရုံတခြမ်း အားနေတယ်။ အဲဒီမှာ ဆန်အိတ်တွေ ထားနိုင်တယ်ဆိုတာနဲ့ ဈေးခေါင်းနဲ့ သွားဆက်ရတာကိုဗျ။

အဲဒီဈေးချောင်းနဲ့ အစုရှယ်ယာဝင်ပြီး ဈေးကောက်လုပ်နေတဲ့လူက ကျွန်တော်နဲ့ရွယ်တူ မန္တလေးသားဘဲ။ အရင်ဝတ္ထုတွေမှာတုန်းက သူ့နာမည်ကို ကိုတင်လုံးလို့ရေးခဲ့တယ်။ အခုတော့ ဝတ္ထုမဟုတ် အတ္တုပ္ပတ္တိ ရေးနေတာမို့ သူ့နာမည် အမှန်ရေးတော့မယ်။ ကိုတက်ပြားတဲ့။ သူဟာ အဲသည်တုန်းက ကျွန်တော့်လိုဘဲကသာမှာ ကုန်ရှုံးကြွေးကျန်နဲ့ မန္တလေးမပြန်နိုင်ဘဲရှိနေခိုက် ဈေးကောက်လုပ်နေခြင်းပါ။

ကိုတက်ပြားဟာ သဘောသကာယကောင်းတယ်။ အပေါင်းအသင်းခင်မင်တတ်တယ်၊ အသုံး အစား ရက်ရောတယ်၊ အရက်ကြိုက်တယ်ဆိုတော့ ကျွန်တော်နဲ့ အင်မတန်ပေါင်းဖက်မိ သွားတော့ တာလားခင်ဗျာ။ နတ်ဖက်လိုက်တဲ့ မိတ်ဆွေပါဘဲ။

''ဒီမှာ ကိုတက်ပြား ကျွန်တော့်ဆန်တွေတော့ ခင်ဗျားအပ်တယ်ဗျာ။ ခင်ဗျားဘဲ ကြည့်ရှု သာ ရောင်းချပေးပေတော့''ဆိုပြီး ကျွန်တော်ကတော့ ကိုတက်ပြားနဲ့ ပတ်သက်လို့ဘဲသိရတဲ့ မီးရထားလက်မှတ်စစ် (ယခင် ဝတ္ထုတွေတုန်းက ကိုလှငွေနဲ့ကိုအောင်ကြီးလို့ ရေးခဲ့တယ်။ ယခု သူတို့နာမည်အမှန်တွေက) ကိုလှမောင်နဲ့ ကိုမြကြီးတို့နဲ့ပေါင်းပြီး မီးရထားဘူတာဝင်းထဲမှာ ကျွန်တော် ကိုလှမောင်နဲ့ အတူနေတယ်။ ကိုမြကြီးက သူ့မိန်းမနဲ့ကလေးပါလာခဲ့လို့ အခြားတခန်းမှာနေတယ်။ သူတို့နှစ်ယောက်ဟာ ကျွန်တော်နဲ့ အလွန်တူတာက အရက်ကြိုက်ကြ ခြင်းပဲ။

ကိုလှမောင်နဲ့ ကိုမြကြီးဟာ ဗုဒ္ဓဟူးနေ့ နံနက်မှာ ကသာမီးရထားထွက်၊ အဲဒီည မိုးညှင်း မှာအိပ်။ ကြာသပတေးနေ့ ညနေ မြစ်ကြီးနားရောက်။ သောကြာနေ့မနက် ပြန်ထွက်။ အဲဒီည မိုးညှင်းအိပ်။ စနေနေ့ညနေ ကသာပြန်ရောက်။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ သုံးရက်နားတယ်။

ကျွန်တော်ဟာ ကသာမှာ နေတုန်း အဲဒီသုံးရက်မှာ ပိုကာကစားပြီး ကျန်တဲ့ရက်တွေမှာ သူတို့နဲ့အတူ မီးရထားပေါ်မှာ လိုက်နေတာဘဲ။ အဲဒီလိုက်ပြီး မင်းဘာလုပ်သလဲမေးရင် မှန်လဲ မှန်တယ် အများလဲသဘောတူမယ့် အဖြေပေးရရင် 'အလေလိုက်နေတာပါဘဲ'ခင်ဗျာ။ သို့သော် အဲဒီအလေလိုက်ခဲ့တာတွေဟာ စင်စစ်တော့ ကျွန်တော့်ကိုယ် ကျွန်တော်မသိဘဲ နောင်စာရေး ဆရာဖြစ်တဲ့အခါမှာ ရေးဘို့ဝတ္ထုတွေရှာနေခြင်းပါဘဲ ခင်ဗျာ။ ပန်းချီဆရာသည် ဆေးစက်ကျရာ အရုပ်ဖြစ် ဆိုဘိသို့ စာရေးဆရာသည်ကြုံတွေ့ကြားသိသမျှ စာဖြစ်ရပါစေမယ်။

ယင်းကဲ့သို့ အလေ လိုက်နေရာမှ ကျွန်တော် မိန်းမရတော့ ကိုလှမောင်၊ ကိုမြကြီးတို့ ကျေးဇူးနဲ့ဘဲ သူတို့ ခေါ်တဲ့ လမ်းလျှောက်ရုံပိုင် ဦးဘမူရဲ့အခန်းမှာနေရပါတယ်။ လမ်းလျှောက် ရုံပိုင်ဆိုတာက ဘူတာတနေရာထဲ တိတိကျကျမရှိဘဲ ကသာနဲ့မြစ်ကြီးနားအကြားမှာ ခွင့်ယူတဲ့ ရုံပိုင်တွေ နေရာမှန်သမျှ သူခေတ္တဝင်လုပ်ရပါတယ်။ ဒီတော့ သူ့ရဲ့ဌာနရင်းကသာဘူတာ ဝင်းထဲ မှာရှိတဲ့ သူ့အခန်းကို ပြန်နေရတယ်ဘဲ မရှိပါဘူး။ ဒါကြောင့် ကျွန်တော်ဟာ ပိုက်ဆံတပြားမှ မကုန်ဘဲနဲ့ အိုးပိုင် အိမ်ပိုင်ဖြစ်တော့တာပါဘဲ။

ကိုလှမောင်က မန္တလေးသား၊ ကိုမြကြီးက စစ်ကိုင်းသား။ သူတို့အလုပ် မန္တလေး ပြန်ပြောင်းရတော့လဲဘဲ ကျွန်တော်ဟာ ဦးဘမူရဲ့တူအဖြစ်နဲ့ သူ့အခန်းမှာဘဲ ဆက်လက်နေခဲ့ပါ

တယ်။ သည့်နောက် ကိုတက်ပြားပါ ကျွန်တော်မသိဘဲ မန္တလေးပြန်လစ်လေတော့ ကျွန်တော်က သူ့ဆီက ငွေရစရာရှိလို့ ကသာမှာနေတာ။ သူမရှိတော့ သူ့နောက်ကို အမြန်လိုက်ခဲ့ရတော့တာ ပေါ့။

အခုနက ကိုတက်ပြားနဲ့ ကျွန်တော်ဟာ နတ်ဖက်တဲ့မိတ်ဆွေလို့ ပြောခဲ့ပါတယ်။ သို့သော် အဲဒီနတ်က နတ်ကောင်းမဟုတ်ဖဲ မာရ်နတ်လို့ ဆိုရပါမယ်။ ဘာကြောင့်လဲဆို ကိုတက်ပြားဟာ ကျွန်တော့်ရဲ့ ဆန်ဘိုးငွေတွေ သူ့စာရင်းပြ လက်ကျန် ၂၀၀၀ (နှစ်ထောင်) ကျော် သုံးပစ်တော့ သကိုး။

ဒါနဲ့အခုနက ဖော်ပြတဲ့အတိုင်း ကသာက မယားနဲ့ ကျွန်တော် မန္တလေးပြန်ရောက်တော့ တမာကုန်းက ကိုလှမောင်ရဲ့အိမ်မှာတည်းပြီး သူ့ဆီ ငွေသွားတောင်းတယ်။ တခါပေးမှလေးငါး ဆယ်ရယ်။ ဒီတော့ကျွန်တော်တို့မှာ လုံးပါးပါးပြီး တဖြည်းဖြည်း အသုံးအစား ကြပ်ကြပ်လာတော့ တယ်။ ကိုလှမောင်အိမ် နေရတာလဲ တနေ့ရွှေညည်းသည်။ နှစ်နေ့ ငွေညည်းသည်။ သည့်ထက် လွန်လာတော့ ကြေးညည်းသည်။ နောက်ဆုံး ချေးညည်းသည် ဖြစ်သွားတော့တာပေါ့ဗျာ။ ဒါနဲ့ ကျွန်တော့်ဇနီးကို ''ကဲဟေ့၊ မင်းနဲ့ငါတော့ မန်းမြေမှာ ဆက်နေနိုင်တဲ့အခြေမရှိတော့ဘူး။ မတတ် သာခပ်ခွာခွာအခြေလုပ်လို့ နေရပ်ပြန်အုံး''ဆိုတော့ သူဟာ ကျွန်တော်နေဆိုနေ၊ သေဆိုသေတဲ့ မိန်းမလား။ ကျွန်တော်ဟာ လက်မှတ်ဝယ်ပြီး ဂေါဝိန်ဆိပ်က ကသာထွက်တဲ့ သင်းဘောပေါ်ကို တင်ပေးလိုက်တယ်။

ကျွန်တော်ဟာ သူနဲ့ခွဲရမှာကို တော်တော်ဘဲ ရင်နင့်တယ်။ သူ့ဘဝကိုတွေးပြီး ကျွန်တော် သနားတယ်။ သို့သော် ကိုယ်မတတ်နိုင်တော့ပြီဘဲ။ နံနက် ဝေလီဝေလင်းကြီးမှာ ကသာဆိပ် ကမ်းက သင်းဘော ထွက်ခွာသွားသည်အထိ ကျွန်တော်လက်ပြနှုတ်ဆက်ပြီး ညကသူနဲ့ သင်းဘောပေါ်မှာ အတူအိပ်ခဲ့ပြီး တယောက်တဝက် ခွဲယူခဲ့တဲ့ အိပ်ရာလိပ်ကလေးပိုက်ကာ ကိုတက်ပြားအိမ်ကို မြစ်ကမ်းနားက လျှောက်ပြီး ခြေကျင်လာခဲ့တော့တယ်။ အမှန်ဆိုလျှင် ရှိသမျှ ပိုက်ဆံ သူမကို အကုန်ပေးလိုက်လို့ ကျွန်တော့်အိတ်ထဲ ဆိုက်ကားခမျှ မရှိတော့ဘူး။

အဲဒီအချိန်မှာ ကျွန်တော်ဟာ သေလဲ သေရဲတယ်။ သတ်လဲသတ်ရဲတယ်။ အဲသည် လောက် စိတ်ညစ်နေတယ်။ ကဲ၊ အခုကျွန်တော်ဘာလုပ်မလဲတဲ့။ လက်ရှိအခြေအနေမှာ လုပ်စရာ တခုထဲဘဲ ကျွန်တော်ရှာတွေ့တယ်။

အစကတနေရာမှာ ကျွန်တော်ဟာ တစုံတခုကို မဖြစ်ဖြစ်အောင် မရရအောင် လုပ်မယ် ဆိုတဲ့ ဇွဲသတ္တိမျိုးမရှိဘူးလို့ ဖော်ပြခဲ့တယ်။ သို့သော် ယင်းအခိုက်အတန့်မှာတော့ တသက်မှာ တခါပေါ်တဲ့စိတ်ဓာတ်မျိုးဘဲ ဆိုရမယ်။

ကျွန်တော်ဟာ အိပ်ရာလိပ်ကလေးပိုက်ပြီး ငိုက်စိုက်ငိုက်စိုက်နဲ့ ကိုတက်ပြားတို့အိမ် အရောက်သွားခဲ့တယ်။ မနက် ခြောက်နာရီလောက်ပဲ ရှိသေးတယ်။ ကိုတက်ပြားဟာ အိပ်ရာက မထသေးဘူး။ သူတို့အိမ် အောက်ဆင့်မှာ တုံးလုံးအိပ်နေတုန်းဘဲ။ သူ့အဖေနဲ့ သူ့ဦးကြီးက တော့ အိမ်ရှေ့စာပွဲမှာ လက်ဖက်ရည်ကြမ်းတအိုးနဲ့။

ကျွန်တော့်မြင်တော့ ကိုတက်ပြားအဖေက မောင်ရင်၊ ဘာကိစ္စလဲတဲ့။ သူ့သားနဲ့ ကျွန်တော့်ကိစ္စကို သူသိပြီးသား။ သည်တော့ ကျွန်တော်က အိပ်ရာလိပ်ကလေး နဘေးဖုတ်ကနဲ ချပြီး တင်းမာပြတ်သားတဲ့အသံနဲ့

''ဦးသားဆီက ကျွန်တော့်ပိုက်ဆံကို တောင်းရအောင်တာခင်ဗျ''

မန္တလေးမြို့က သစ်ကုန်သည်ဦးများဆိုတာ လူသိများကြပါတယ်။ အဲဒီတုန်းက အသက် ငါးဆယ်ကျော်ခြောက်ဆယ်နီးပါးလောက်။ လူလေးလုံးခြောက်ဖက်၊ သန်သန်ကြီး။ ကျွန်တော့်ကို မျက်နှာထားတင်းတင်းနဲ့ကြည့်ပြီး

''ကျုပ် မပေးနိုင်ပါဘူးလို့ မောင်ရင့်ကိုစကားကုန်ပြောပြီးမှဘဲ။ ကျုပ်သားလဲဘဲ မောင်ရင့် လိုဘဲ အညာတက်ပြီး ငွေတသောင်းကျော် ဆုံးရှုံးလာခဲ့တာဘဲ''

''ဒါ မဆိုင်ပါဘူးလေ၊ အခု ကျွန်တော်လာတဲ့ကိစ္စက ကျွန်တော့်ငွေကို ပေးရင်ပေး၊ မပေးရင် ဦးသားကို ကျွန်တော်သတ်မယ်''ဆိုပြီး အိပ်ရာလိပ်ထဲက အမြဲထည့်ထားတဲ့ ဓားမြှောင် ထုတ်။ အသွားဆွဲချွတ်လိုက်ပြီး ''ဟောဒီဓားနဲ့ သတ်မှာဘဲခင်ဗျ''

သည်တော့ လူကြီးနှစ်ယောက် မျက်လုံးပြူးသွားကြတော့ ကျွန်တော်က ဆက်လက်ပြီး

''ဒီတော့ ဦးတို့ကပြောမယ်။ ငါ့အိမ်ပေါ်တက်ပြီး ငါ့သားသတ်မယ်ဆိုတော့ ငါတို့ကခံနေ မှာလား။ မင်းကိုငါက အရင်သတ်လိုက်မှာပေါ့လို့။ ဒါမှန်တယ်။ ဒီတော့ရော့'' ဓားမြှောင်ကို သူတို့ရှေ့ထိုးပေးလိုက်ပြီး ''ဦးသားကို မသတ်စေချင်ရင် ဦးတို့ကကျွန်တော့်ကိုအရင်သတ်လိုက်၊ တယောက်တယောက်သတ်တယ်ဆိုတာက အရင်သေနဲ့ နောက်သေ အတူတူသေကြတာပါဘဲ ဗျာ ဟဲဟဲ''လို့ ကျွန်တော် ရယ်သွမ်း သွေးလိုက်တယ်။ သူတို့နှစ်ယောက်ဟာ ရုတ်တရက် ဘာပြောရမှန်း မသိဘဲ ငိုင်နေကြတော့ ကျွန်တော်က ဆက်လက်ပြီး

''ဦးတို့ ကျွန်တော့်မသတ်ကြဘူးလား၊ မသတ်ရင် ဦးသားကျွန်တော်သတ်ရမှာဘဲ''ဆိုပြီး ဓားမြှောင်ပြန်ကောက်တော့မှ ဦးများက ကျွန်တော့်လက်ကို ဖမ်းထားပြီး

''မောင်ရင် ဒီလောက်အထိတော့ မလုပ်ပါနဲ့ကွာ။ ဦးတို့က ပေးချင်ပါတယ်။ အခုပေးစရာ ငွေကမရှိလို့ပါ''

သည်တော့ ကျွန်တော်က ဝမ်းသာတဲ့အသံနဲ့

''အား၊ ဒီလိုပေးချင်ပါတယ် ဆိုရင်တော်ပြီ။ ဦးပြောတာမှန်ပါတယ်။ ပိုက်ဆံကို ပေးချင်ပါတယ်။ သို့သော် အခုမရှိတော့မပေးနိုင်ဘူးပေါ့။ ဒီတော့ နောက်ရှိတော့မှ ပေးပေါ့ဗျာ။ အေးအေးဘဲ ကျွန်တော်လဲ အဲဒီငွေမရမချင်း ဒီအိမ်က မသွားဘူးဗျ'' ဆိုပြီး အိပ်ရာလိပ်ကလေး ယူ ကိုတက်ပြား နံဘေးမှာ ဖြန့်ပြီး စောင်ခေါင်မြီးခြုံ အိပ်လိုက်တော့တာပေါ့ဗျာ။ ဘသားချော ဟာ မနိုးသေးဘူး။ ညက ဘယ်အချိန်အထိ လည်ထားတယ်မသိဘူး။ အဲသည်တုန်းက ကိုတက်ပြားဟာ လူပျို။

အဲသည်လို သူတို့အိမ် အတင်းတက်နေတော့ ပထမဖြင့် အိမ်သားတွေဟာ ခပ်စိမ်းစိမ်း ဘဲ။ ဘာဖြစ်ဖြစ်လေ ကျွန်တော်က ကိုတက်ပြား ထမင်းစားရင် ဝင်စားလိုက်တာဘဲ။ သည်လိုနဲ့ နောက်တော့ တစတစ ခင်မင်လာကြပြီး သူတို့အိမ်သားလို ဖြစ်သွားရော။ ကျွန်တော့်အဖြစ်လဲ သိသွားတော့ သနားလာကြတယ်။

ဒီလိုပုံနဲ့ အဲသည်အိမ်မှာနေတုန်း ကျွန်တော်ဘာလုပ်မလဲ။ လည်စရာပတ်စရာ သုံးစရာ ငွေကလဲ မရှိဘူး။ ဆန်ကုန်သည်ဘဝတုန်းက မျက်နှာပွင့်ခဲ့တဲ့ ပွဲရုံတွေ၊ စက်ပိုင်ရှင် အိမ်တွေ သွားလို့လဲ မျက်နှာမလှတော့ဘူး။ ပေါင်းတည်မြို့က စက်သဌေးဦးမောင်ကြီးရဲ့ ငွေတွေ အလွဲသုံးစားလုပ်တဲ့ ကောင်ကလေးလို့ သူတို့အသိုက်အဝန်းမှာ သတင်းက ပြန့်နေပြီ။ ကျွန်တော် သွားစရာဆိုလို့ ဆရာကြီးရွှေဥဒေါင်းတအိမ်ဘဲ ရှိတော့တယ်။

ဒီအခါမှာ ကျွန်တော့်ဘဝကို ကိုယ်ဝါသနာပါတဲ့ စာပေနယ်ပစ်သွင်းလိုက်ဖို့မှတပါး အခြားမရှိတော့ပြီ။ အဲသည်အချိန်မှာ စာနယ်ဇင်းများလဲ လှုပ်ရှားလာစ။ ရှုမဝမဂ္ဂဇင်းလဲ ပေါ်လာပြီ။ တင့်တယ်၊ သန်းဆွေ၊ မိုးဝေ၊ မင်းရှင်၊ ရဲခေါင်စတဲ့ ကလောင်သစ်တွေ လက်ရာ ဖတ်ရတယ်။ 'ဘယ့်နှယ်၊ မင်းသူတို့အထဲ ဝင်တိုးနိုင်ပါ့မလား' လို့ ကိုယ့်ကိုယ်ကို မေးလိုက်တယ်။ 'မကြောက်ပါဘူး' ဆိုတဲ့ အဖြေထွက်လာတယ်။

နို့ပြီး ဆရာကြီးရွှေဥဒေါင်းကလဲ ပြောတယ်။

''ဟော့၊ မင်းစာပေနယ် ဝင်မယ်ဆိုရင် စုံထောက်ဝတ္ထုထက် ဟာသများ မရေးတတ်ဖူး လားကွ။ အဲဒီလိုင်းက ချောင်တယ် မောင်။ ဇဝနတယောက်ရှိတာမင်း။ သူ့မမှီတောင် ဒုတိယ လောက်လိုက်နိုင်ရင် ဟန်မယ်''

အဲသည်အခါမှာ ကျွန်တော်က သူရိယဝတ္ထုတိုပြိုင်ပွဲဝင်ခဲ့တဲ့ စုံထောက်ဝတ္ထုကို အကြိမ်ကြိမ်ပြန်ရေးထားတာ လုံးချင်းဝတ္ထုရှည်ဖြစ်သွားလို့ 'ရန်အောင်ရတနာ' အမည်နဲ့ ဆရာကြီးရွှေဥဒေါင်းကို တည်းဖြတ်ဖို့ ပေးထားပြီ။ ဟာသဝတ္ထုကိုတော့ကျွန်တော်က ကိုယ့်ကိုယ်ကို စုံထောက်ဝတ္ထုရေးဆရာဘဲ လုပ်မယ်စိတ်ကူးခဲ့တာနဲ့ ပြန်ကို မကြည့်ရသေးဘူး။ ဒါပေမယ့် အဲသည်ဝတ္ထုလဲ စုံထောက်ဝတ္ထုနဲ့အတူဘဲ ကျွန်တော်နေလေရာ သွားလေရာမှာ ကိုယ့်အဝတ်သေတ္တာရဲ့ အောက်ဆုံးထပ်မှာ အမြဲရှိခဲ့တယ်။

ဒါကြောင့် ဆရာကြီးက ''မင်း၊ ဟာသများ မရေးတတ် ဖူးလား''မေးတော့ ''ဦးကြီးရဲ၊ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို ဘာမဆို ရေးတတ်တယ်ထင်တာဘဲဗျ''လို့ပြောပြီး အဲဒီ ဟာသဝတ္ထုကို ပြန်ကိုင်တော့တာဘဲ။

အဲသည် ဝတ္ထုစရေးတော့ ပိုက်ကျိုးရပ်က ကိုတက်ပြားတို့အိမ်မှာဘဲ။ အဲသည်အိမ်မှာ စာရေးစရာ စားပွဲကုလားထိုင်မရှိဘူး။ လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့တဲ့ တန်းလျားကုလားထိုင်ကြီးနှစ်လုံးနဲ့ စာပွဲကြမ်းကြီးတခုဘဲရှိတယ်။ ကိုတက်ပြားအဖေ ဦးမျှားက သစ်ကုန်သည် ပွဲစားကြီးဆိုတော့ ဖောင်သမားတွေနဲ့ သစ်ရောင်းသစ်ဝယ်လာတဲ့ လူတွေနဲ့ ညှိပြတ်တယ်ကို မရှိဘူး။ ဒါကြောင့် ကျွန်တော်ဟာ ထောင်ထားတဲ့စားပွဲဝိုင်းကလေး အားတဲ့အချိန်မှာယူပြီး အပေါ်ကပုဆိုးလေးခင်း ရေးရတယ်။

သည်လိုချင်း ကျွန်တော်တကုတ်ကုတ်ရေးနေတာ မြင်တော့ ဦးကြီးမျှားက မေးတယ်။ (သူ့ကိုကျွန်တော် ဦးကြီးမျှားခေါ်ပြီ။)

''မောင်ကျင်မောင် မင်းဘာတွေရေးနေတာလဲကွ''

ကျွန်တော် ဝတ္ထုရေးနေတာခင်ဗျ။ စာရေးဆရာဖြစ်ဖို့ ကြိုးစားနေပါတယ်''

''ဟ ဒီလိုဆို မင်းဟာက အေးအေးဆေးဆေးတယောက်ထဲ ရေးရင် ပိုကောင်းမှာပေါ့ကွ။ ဒါဖြင့် တက်ပြားရေ''သူ့သားအား ''မင်းလူကို နန်းတော်ကျွန်းက ဒို့အိမ်ကြီးခေါ်သွားလကွာ''

''ဟုတ်ကဲ့။ နန်းတော်ကျွန်းမှာ လက်နှစ်ဖက်တောင် မကတဲ့ကျွန်းတိုင်ကြီးတွေနဲ့ ဆောက်ထားတဲ့ သူတို့အိမ်အကြီးကြီးရှိပါသည်။ လူတယောက်မှ မနေပါ။ သို့သော် ကျွန်တော်က တခေါ်လောက်ဝေးသော ကိုတက်ပြားညီ ကိုလုစိန်အိမ်မှာ ထမင်းစားရမည်ဖြစ်၍ ယင်းအိမ်ကြီး ထက် ကိုလုစိန်ယောက္ခမ၏ ဆောက်ပြီးစ အိမ်ကြီးကို သဘောကျပါသည်။ နေ့အချိန်တွင် အပေါ်ထပ်၌

လူမနေကြပါ။ ယင်းအိမ်သစ်ကြီးပေါ်မှာပင် ယခင်က မိုးတိမ်တောင်၏ အဖျား ဖြတ်ဆေး ဝတ္ထုကို သော်တာဆွေ၏ ဘရန်ဒီတပုလင်း ဖြစ်ခဲ့ပါတော့၏။

မူလရေးသည့် အဖျားဖြတ်ဆေးဝတ္ထုတုန်းက အင်္ဂလိပ်ခေတ်ကို နောက်ကြောင်းခံသည်။ ဘရန်ဒီတပုလင်းမှာတော့ ဂျပန်ခေတ်။ ဇာတ်ကွက်ဇာတ်လမ်းတွေလည်း များစွာချဲ့ထွင်ပစ်လိုက်ရာ 'ဘရန်ဒီတပုလင်း'နှင့် မပြီးတော့။ 'မယ်တပ်ကုန်း'၊ 'စုံထောက်မောင်ဖြတ်စ'ဟူ၍ သုံးပုဒ်ရေးတော့မှဘဲ ၁၉၄၁ ခုနှစ် ကျွန်တော် ကျောင်းသားဘဝက ဦးတုတ်ပေါ (ဆိုပါတော့)နှင့် သူ့မြေးမကို ကလဲ့စားချေချင်တဲ့ ကိစ္စအဆုံးသတ်ပါရော။

ဘရန်ဒီတပုလင်းမှာ ဦးတုတ်ပေါကြီး တယောက်သာ နံ့ရသေးသည်။ မယ်တပ်ကုန်းနှင့် စုံထောက်မောင်ဖြတ်စမှာ သူ့မြေးမကို မာဂရက်သာဝက်လုပ်၍ မယ်တပ်ကုန်းဘွဲ့ပေးပြီး ပိန်ချိုကုန်းကွ မောင်ဖြတ်စနှင့် ပေးစားပစ်လိုက်သည်။

စင်စစ်အဲသည် ဝတ္ထုတွေ ရေးနေတော့ သူတို့မြေးအဖိုးကား မရှိတော့ပြီ။ မြေးမသည် ကျွန်တော် စာပေးပြီး နောက်တနှစ်ဘဲ ကျောက်ကြီးပေါက်၍ သေဆုံးသည်။ အဖိုးကြီးက ဂျပန်ခေတ်ကဘဲ ကိစ္စချောသည်။ သို့သော် ကျွန်တော့်စိတ်ကူး ဇာတ်အိမ်ထဲ၌ကား သူတို့သည် အသက်ရှင်လျက်ရှိခဲ့၍ သူတို့ကိုယ်ပွား ဝတ္ထုဇာတ်ကောင်များ ပေါ်ခဲ့ပေသည်။

ထိုမှ ကျွန်တော်စာရေးဆရာ ဖြစ်ခဲ့ရာ ၁၉၄၇ ခုနှစ် ဩဂုတ်လမှာ 'ဘရန်ဒီတပုလင်း' ဝတ္ထု စပါခဲ့သည်ဖြစ်၍ ယခု ၁၉၇၂ ခု ဂျူလိုင်လသည် သော်တာဆွေ၏ ၂၅ နှစ်မြောက် ငွေရတုသဘင်ပါတည်း။

## ကျွန်တော်စာရေးဆရာဖြစ်လာတော့

မိမိက သူများကိုသတ်ဖို့လည်း ဝန်မလေး၊ မိမိသေရမည်ဆိုလည်း အမှုမထားနိုင်လောက်အောင် စိတ်သောက ရောက်နေချိန်၌ ဟာသဝတ္ထုများရေးရန် တိုက်ဆိုင်လာလေရာ၊ ယင်းသည် ကျွန်တော်လို လူအတွက် လျော်ကန်လှသည်ဟု ဆိုချင်ပါတော့။

အကြောင်းမှာ ထိုစဉ်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်သည် သူတပါး၏ ငွေမြောက်များစွာကို ဆုံးရှုံးအောင်ပြုခဲ့သည်။ အိမ်မှာ သားမယားရှိပါလျက် မယားငယ်ခေါ်လာခဲ့မိ၍ ကျွန်တော့်ဇနီးသည်နှင့် မိဘဆွေမျိုးတွေ စိတ်မကောင်း ဖြစ်ကြသည်။ ထို့အပြင် ကြွေးရှင်က လည်း

အလွဲသုံးစားမှုနှင့် ကျွန်တော့်ကို တရားစွဲမည်။ သည်အထဲ ကျွန်တော့်စိတ်တွင် မလွှဲသာ ခွဲခွာလိုက်ရသော မယားငယ်လေးကို စိတ်ထဲက တသသ။

ယင်းကိစ္စအဝဝတွေ မေ့ပြီးတော့ အများပျော်ရွှင်မှု ဟာသဝတ္ထုတွေရေးရမယ်ဆိုတော့ ကျွန်တော့်အဖို့ အလွန်ကောင်းခြင်းဘဲ။ ကဲ. . . . ကျားဘသား ကျိတ်လိုက်။

အော်. . . လောကမတော့

ပြောမပြချင်ဘု

ချောနှမရေ

သောကထောင်ထု။

သည်အခိုက်မှာဘဲ

အကြည်ဆိုက်ကြရော့

ရီလိုက်စရာ ဟာသ အတွေးတွေနဲ့

ရေးဟဲ့ဝတ္ထု။

. . . . လို့ ကိုယ့်ကိုယ်ကို အားပေးသမှု ပြုတဲ့ပြီး ကိုယ့်လက်ရှိအခြေကို အားလုံးမေ့ပစ်လိုက်၊ ယခင်က အတွေ့အကြုံတွေကို ဇာတ်ကွက်ဆင်၊ စိတ်ကူးယာဉ် ဟာသအတွေးတွေမှာ မိမိကိုယ် မိမိ ဇာတ်လိုက်လုပ်ပြီး ကျော်စံကေးနဲ့ တက်ပု ဟစ်တလုံးတို့ သားအဖကို ကျွန်တော်ဖန်တီး လိုက်တော့သပေါ့။

ဖြတ်စဝတ္ထုများ ပြီးတဲ့အခါမှာ ဟစ်လို့သာ ငိုလိုက်ချင်တော့ ဇာတ်လိုက် ကျော်စံကေး။ သည့်နောက် ဖြူပြာမူလကျီ ဇာတ်လိုက်သားအဖ တက်ပုနဲ့ ဟစ်တလုံး။

ယင်းလို ကိုယ့်ကိုယ်ကို စိတ်ပြောင်းပြီး ဟာသဝတ္ထုတွေရေးနေတဲ့အခါ ကျွန်တော့်မှာ ဘာမျှ ပူပင်သောကမရှိဘူး။ အဟုတ်ဘဲ။ ကိုယ့်စိတ်ကူးနဲ့ကိုယ် ပျော်နေတော့တာဘဲ။ အကြောင်း ကလဲ ကျွန်တော်ရေးသမျှ စွံတယ် မဟုတ်လား။ အယ်ဒီတာများထံကလဲ ရေးသမျှ ရွေးချယ် ကြောင်းနှင့် နောက်ထပ် မပြတ်ပို့ဘို့ တောင်းဆိုတော့ စာဖတ်သူ စဉ်းစားပါ။ ကျွန်တော်မည်မျှ စိတ်ဓာတ်

တက်ကြွလိုက်ပါမည်နည်း။ ရေး–ရေး–ရေးပြီးရင်းရေး။ ရေးယခင်က အတွေးတွေနဲ့ နောက်ထပ်ဝင်တဲ့ အတွေးတွေကလဲ ရေးလို့မကုန်နိုင်။ ကျွန်တော်သည် မသေမချင်း စာရေးရ မည့်သူပါ။

## ကျွန်တော်၏အောင်မြေ

အချို့စာရေးဆရာများသည် မြန်မာဘုရင်ခေတ်က မိမိသည်ဘယ်ဆွေစဉ်မျိုးဆက်မှ ဆင်းသက်ခဲ့ပါသည်။ ဘယ်စာဆိုတော် ဘယ်စာရေးဆရာကြီး၏ အနွယ်ဖြစ်ပါသည်ဟု ဝင့်ကြွား ကြလေရာ ကျွန်တော့်မှာ ဤသို့မျိုးနွယ်အားဖြင့် ဂုဏ်ဖော်စရာမရှိသော်လည်း ကျွန်တော်၏ ပထမဦးဆုံး စွဲသော ဘရန်ဒီတပုလင်း ဝတ္ထုရေးခဲ့သည့် ဌာနကကား ဘိုးတော်ဘုရားနှင့် ပတ်သက်နေပါသည်။ ကဲ့ . . . ဟ ကြံဖန်ကြွားရတာဘဲ။

အကြောင်းမှာ ဘိုးတော်ဘုရားသည် မြန်မာပြည်တွင် အကြီးဆုံးသော မင်းကွန်း ခေါင်း လောင်းကြီးနှင့် မင်းကွန်းစေတီတော်ကို တည်စဉ်က မင်းနေမြို့တော်မှ ကိုယ်တော်တိုင် ကြွလာ လျက် ဤမင်းကွန်း၏ တဖက်ကမ်းရွာ ရွာကလေးတည်၍ ယာယီစံမြန်းတော်မူရာ ဤရွာကို 'နန်းတော်ကျွန်း' ဟူ၍ အမည်နာမသမုတ်တော်မူခဲ့၏။

ကဲ့ . . . . ကျွန်တော် ဘုရန်ဒီတပုလင်းဝတ္ထုရေးတာ အဲဒီ နန်းတော်ကျွန်းရွာမှာဘဲ ခင်ဗျ။

ယင်းရွာကို ကျွန်တော်၏ အောင်မြေဟု သမုတ်၍ ထိုရွာလေးအကြောင်း သိကောင်းစရာ ကို ဖော်ပြရဦးမည်။

ဤရွာမှာ လယ်ယာစိုက်ပျိုးသူများအပြင် သစ်ဖောင်သမားများနှင့် သစ်ကုန်သည်များ နေထိုင်ကြလေရာ၊ ကျွန်းသစ်အလွန်ပေါသဖြင့် လူချမ်းသာတို့၏ နေအိမ်များမှာ တောရွာလေး နှင့် မလိုက်အောင် ကြီးကျယ်ခမ်းနားလှပါ၏။ ကျွန်တော်က စာရေးချင်သည်ဆို၍ တဦးတည်း နေစေသည်မှာ ကိုတက်ပြားညီ ကိုလှစိန်၏ ယောက္ခအိမ်ကြီး အပေါ်ထပ်။ ထိုအိမ်သည် ဆောက် ပြီးခါစ အိမ်တက်ပရိတ် မရွတ်ရသေး၍ လူများက ပထမအိမ်ဟောင်းမှာပင် နေကြတုန်း။ တိုင်ကြီးတွေမှာ ကျွန်တော့်လက်နှစ်ဖက်နှင့်ပင် မပတ်မိသော ကျွန်းတိုင်ကြီးများ ဖြစ်၍ အောက် ထပ်က လူ့ရင်ဘတ်လောက်မြင့်ပြီး၊ အပေါ်ထက်ကမူ အောက်ထပ်ကထက် လူ ၃–ရပ်လောက် မြင့်နေချေတော့ အလွန်မြင့်သောအိမ်ဟုဆိုရပါမည်။ များသောအားဖြင့် ဤရွာကအိမ်ကြီးတွေမှာ ဒီလိုဘဲမြင့်ကြကုန်သည်။ ဘာကြောင့် ဤသို့မြင့်ကြပါသနည်း။ အကြောင်းကားရှိ၏။

ကျွန်တော် ဤရွာ၌ နေသည်မှာ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်လများတွင်ဖြစ်၍ မြစ်ရေကမ်းပြည့်ပြီးနောက် 'ရေတက်လာပဟေ့'ဟု ပြောကြသော ညနေမှာ မြစ်ကမ်းနှင့် ပေ ၃၀၀–မျှကွာသော ရွာထဲသို့ ရေများဝင်လာပြီး၊ နံနက်အိပ်ရာထမှာ ကျွန်တော်နေသော အိမ်အောက် ထပ်ကို ရေလွှမ်းမိုးနေလေပြီ။ ကိုလှစိန်သည် မနက်လက်ဖက်ရည်သောက်ရန် လှေနှင့်လာခေါ် တော့မတွေ့ဘူး မကြုံဘူးသော ကျွန်တော်မှာ အံ့ဩနေသည်။ ကိုလှစိန်မှု မထူးခြားဘဲ ''ရေအခု တက်နေတုန်းဘဲဗျ'' ပြောတော့ ကျွန်တော်က ''ဟာ. . သည့်ထက် တက်မှဖြင့် ရွာပျက်ကရောပေ့ါ ဗျာ''

''မပျက်ပါဘူးဗျ။ ကျွန်တော်တို့ရွာဟာ နှစ်တိုင်း ဒီလိုဘဲ''

''ကဲ. . . ဒါဖြင့်ဗျာ. . . ခင်ဗျားတို့ အိမ်ကြီးတွေက မြင့်လို့ထားဗျာ၊ ဟို. . . ခါးစောင်းလောက်မြင့်တဲ့ ဆင်းရဲသားအိမ်လေးတွေမှာ လူတွေဘယ်လိုနေကြပါ့မလဲ''

''ဟဲ. . ဟဲ. . . ဒါသိချင်ရင် ခုဘဲ ကျွန်တော်ခင်ဗျားက ချောတယ်ဆိုတဲ့ လှသီတို့အိမ်ကို လိုက်ပြမယ်''ဆိုပြီး ယင်းအိမ်လေးဆီသို့ သူ့လှေကို လှော်သွား၍ အဆင့်ရေမြုပ်နေသော အိမ်ရှေ့တံခါးဝပေါက်ဝ၌ လှေရပ်ကာ. . .

''လှသီရေ'' ခေါ်သံနှင့် အတူ''ဝူး''ဟု ထူးသံကြားရ၍ ကျွန်တော်အသံလာရာ မော်ကြည့်လိုက်တော့ လားလား. . . . လှသီတို့ မိသားစုသည် ထုတ်ပေါ်မှာ အဆင့်ထိုး၍ နေကြ၏။

ကျွန်တော်က အံ့ဩစွာ ကြည့်နေစဉ်မှာပင် ကိုလှစိန်က. . .

''ဒီနှစ် ရေလာပုံဟာ များလိမ့်မယ်ဟေ့၊ နင်တို့ထုတ်ဆင့်မလွတ်တော့ဘူးဆိုရင် ဒို့အိမ်လာနေရမှာဘဲ''

''ဟုတ်တယ် ကိုလှစိန်၊ လာရမှာပါဘဲ။ ခုဘဲ ဟောဒါတွေ ယူသွားစမ်းပါ'' ဆိုသဖြင့် ကိုလှစိန်က လှေကို သူတို့ထုတ်အောက်ရောက်အောင် လှော်သွား၍ လှသီက သံသေတ္တာ တလုံး နှင့် ထန်းခေါက်ဖာတလုံး ပေးလိုက်၍ ကျွန်တော်က လှမ်းယူလိုက်ရ၏။

''ထမီတွေ ပါတယ်ရှင့်၊ ကန်တော့နော်''

''အို. . . ထမီနဲ့ ပုဆိုး ဘာထူးသလဲ အဝတ်ဘဲဟာ၊ ကိစ္စမရှိပါဘူး ပေးသာပေးပါ''

စင်စစ်တော့ သူတို့ရွာ ဒီလို ရေကြီးခြင်းမှာ အနည်းအများသာကွာ၏။ နှစ်စဉ်ကြုံတွေ့နေကျမို့ သူတို့မှာ အားလုံးကြိုတင်ပြင်ဆင်ကြပြီး ဖြစ်သည်။

ကြည့်လေ. . . . နွားတွေဆိုလဲ သူ့တင်းကုတ် အမိုးအကာနှင့် ရေပေါ်မှာ အောက်က တင်းကုတ်ဆောက်ကတည်းက သစ်သားဖောင်ခံထားသကိုး။ ကောက်ရိုးပုံလည်း ထိုနည်းငှင်း ဘဲ။ ယိုအိမ်သာများလည်း ဒီလိုဘဲ။ သူတို့ကိုတခြား ရွှေ့မသွားအောင်တော့ ကြိုးနှင့် ချည်ထားရ သည်။

ထိုအချိန်၌ ရွာသားများ အားလုံးသည်လှေနှင့် ဟိုဟိုဒီဒီကူးသန်းနေကြသည်။ ဈေးသည် များကလည်း လှေနှင့်လည်၍ရောင်း၏။

ဒီလို'အထာ'သိသွားတော့ ကျွန်တော်မှာ ပျော်၍သွားတော့၏။ ထိုနှစ်ရေမှာ အလွန်ကြီး လေရာ နောက်တနေ့မှာ လှသီတို့ မိသားစုနှင့် အခြားအိမ်ထောင်များပါ ကျွန်တော်နေသော အိမ်ကြီးပေါ်သို့ ပြောင်းရွှေ့လာကြသည်။ ရေကကြီးလိုက်သမှ ဤအိမ်မြင့်ကြီး အပေါ်ထပ် ရောက်ရန်ပင် တတောင်လောက်သာ လိုတော့၍ ပြတင်းပေါက်ဝတွေမှာ ဤအိမ်တွင်လာနေကြ သော သူတို့၏လှေများကို ချည်ထားကြကုန်၏။

ထိုနှစ်သည် ၁၉၄၇–ခုနှစ်ဖြစ်ရာ မန္တလေးသားများ မှတ်မိကြပါဦးမည်။ မြို့တွင်းသို့ မြစ်ကမ်း ကျိုးပေါက်ပြီး ရေတွေဝင်မှာကိုပင် စိုးရိမ်ရသောအခြေသို့ ရောက်နေပါ၏။

ကျွန်တော်နေသော နန်းတော်ကျွန်းရွာ အပါအဝင် အခြားမြစ်ဘေးရှိ ရွာများက လူအချို့ တို့သည် ကေန္ဒမြစ်ရိုးတော့ကျိုးပေါက်တော့မှာဘဲ။ ထိုအခါ လှေတွေနှင့်ဝင်၍ ဈေးချိုရှိဆိုင်တွေ ထဲက ပစ္စည်းတွေ ယူကြရန်ဟု လှေများနှင့် မြစ်ထဲက သွားစောင့်နေကြ၏။

သူတို့ပြောသားကောင်းလှသဖြင့် ကျွန်တော်လည်း တနေ့လိုက်သွားဘူးပါ၏။ ကျွန်တော့် စိတ်ကူးမှာ မန္တလေးမြို့ထဲမှာ မော်တော်ကားလည်း စီးဘူးပြီး၊ မြင်းရထားလည်း စီးဘူးပြီး ဆိုက်ကားလည်း စီးဘူးပြီ၊ ယခု မြစ်ရိုးကျိုးခဲ့သော် လှေစီးပြီးဆရာကြီးရွှေဥဒေါင်းအိမ် သွားရန် ဖြစ်၏။ ဈေးချိုထဲ ဝင်မကျိုးဘူးလား မေးရင်ကော၊ ဘာနေလိမ့်မှာတုန်း။ အဲသည့်အချိန် ကျွန်တော် သိပ်ဆင်းရဲနေတာဘဲ။

ကျွန်တော် လိုက်သွားသော လှေရှင်ကို ကောင်းကောင်းမှတ်မိပါသည်။ နန်းတော်ကျွန်း နှင့် မန္တလေး ကူးတို့လှေသမားကိုသာကျော်တဲ့။ သူသည် ရုပ်သေးမင်းသားဖြစ်ရန် ကြိုးစားခဲ့ဘူး ၍ ဇာတ်သီချင်းတွေလည်း အများကြီးရ၊ အသံကလည်း အလွန်ကျယ်၍ အဆိုကျကျနှင့် သီချင်း တဟဲဟဲနေရာ သူ့လှေပေါ်မှာ အတော်ပျော်စရာကောင်းပါ၏။ သူသည် မြစ်ရိုးကျိုးမှာကို သီချင်းဆို၍ စောင့်၏။

သို့သော် အများသိကြသည့်အတိုင်း မကျိုးပေါက်ခဲ့ပါ။ ၃-ရက်မျှသာ စိုးရိမ်မှတ်ရောက် ပြီးနောက် ရေတအီအီကျသွားသဖြင့် ရာဇဝင်တွင် မကြုံဘူးသော ပွပေါက်ကြီးသူတို့ လက်လျှော့ ကာပြန်ကြကုန်သည်။

ရေကျသွားတော့ ကျွန်တော်နေသော အိမ်ကြီးပေါ် လာနေကြသူများလည်း သူတို့အိမ် သူတို့ ပြန်ကုန်ကြလေပြီ၊ နွားတင်းကုတ်တွေ ကောက်ရိုးပုံတွေ အိမ်သားတွေလည်း သူတို့နေရာ သူတို့ပြန်ရောက်ကြကုန်လေပြီ။

ဤမျှ ရေကြီးသည့်အတွက် နန်းတော်ကျွန်း ရွာသားတွေအလွန်ဝမ်းသာကုန်ကြ၏။ အကြောင်းမှာ သူတို့လယ်ယာတွေမှာ နုန်းတင်မြေနုတွေ အများကြီးကျန်ခဲ့သဖြင့် မြေသြဇာ သိပ်ကောင်းလေပြီ။ သူတို့သည် စပါးထက် နှမ်းတွေမြေပဲတွေ စိုက်ကြသည်နှင့် သူတို့အရပ်မှာ ဆီများစွာထွက်လေမည်။ သူတို့အရပ်ထုံးစံ ထမင်းပွဲတိုင်းမှာပါသော 'ပဲရေပွ'ဆိုသည်မှာ ဆီတွေ က လက်နှစ်လုံးလောက် အပေါ်ကနေ၏။ ပဲကို မစားချင်သော ကျွန်တော်ပင် ကြိုက်သွား၏။ အထူးသဖြင့် ယခင်က မစားဘူးဘဲ ဤရွာရောက်မှ ကျွန်တော်စွဲသွားသည်မှာ 'ငါးချေးချက်'ဖြစ် ၏။ သူတို့ဆီမှာ မြစ်ထဲကငါးများလည်း ရကြလေရာ၊ တံငါသည်တွေက ငါးပိလုပ်သော ငါးများမှ ဗိုက်ဖောက်၍ ထုတ်ပစ်သော ငါးအူအသဲ ဝမ်းတွင်းသားများကို ဆီနိုင်နိုင်နှင့် ချက်ခြင်းပင် ဖြစ်၏။

ကိုလှစိန်မိန်းမ အဝင်းသည် ဟင်းချက်လည်း ကောင်း၏။ တဉီးတည်းသောသမီးဖြစ်၍ ကျွန်တော် သူတို့အိမ်ရောက်လာသည်မှာ အကိုတယောက် ကောက်ရခြင်းဘဲဆိုလျှက်၊ မနက် သူဟင်းလျာဝယ်ဘို့ပြင်တိုင်း 'အကိုကျင်မောင် ဒီနေ့ဘာစားမလဲ'မေးလေ့ရှိရာ။ ကျွန်တော်က ထပ်တလဲလဲ ''ငါးကလီစာချက်ဖဲ''ပြောလေ့ရှိ၏။ နို့ပြီး သူတို့အရပ်ခေါ် ငါးချေးချက် ဟု မခေါ် သင့်ဘဲ ''ငါးကလီစာချက်''ဟု ခေါ်သင့်ကြောင်းလဲ အဆိုပြုခဲ့၏။

စင်စစ်တော့ 'ငါးချေးဖောက်' သည် ဆိုစကားမှာ 'ငါးချေး'ဟု ခေါ်လာခြင်းဖြစ်သည်။ နို့ ငါးချေးကော မပါဘူးလားဆိုအံ့။ ငါးအူထဲ ငါချေးပါတာပေါ့ဗျ၊ ဤချေးကပင် ခါးသက်သက် ကလေးနှင့် ဆိမ့်ခြင်းဖြစ်၏။ ဤငါးချေးချက်က ဆီနိုင်မှလည်း ကောင်းရာ အဝင်းတို့ ချက်လိုက် သော ဆီပြန်ဟင်းမှန်သမျှ ပန်းကန်ထဲတွင် အပေါ်က ဆီလက်နှစ်သစ်လောက် အိုင်နေသည်သာ ဖြစ်၏။ သူတို့အိမ်မှာ ဆီဆုံကလည်း ရှိပေသကိုး။

ကိုလှစိန်တို့ အိမ်သားများအပြင် ဤရွာ၌ ကျွန်တော် အထူးသဖြင့် ခင်မင်ခဲ့သည်မှာ ကိုကံထူးနှင့် ကိုလှဖေဖြစ်၏။ ကိုကံထူးက ထိုစဉ်၌ အသက် ၃၀-ကျော် လူပျိုကြီး။ မိဘမရှိ။ သူ့အိမ်တွင်သူတယောက်တည်းနေ၏။ ကိုလှဖေက ကျွန်တော့်ထက် ငယ်သည်။ လူပျို။ သူ့မိဘ များ

ချမ်းသာ၏။ နောင် အိမ်ထောင်ကျသောအခါ မန္တလေးမြို့ ရွှေပြည်အရပ်မှာ ရွှေပြည်ဆီစက် တည်၏။ သူတို့သည် စာပေဝါသနာအိုးများတည်း။

ကျွန်တော်က မပြောရဘဲနှင့် ကျွန်တော့်ကို သော်တာဆွေမှန်း ပထမဦးဆုံးသိသူမှာ ကိုလှဖေဖြစ်၏။ ကျွန်တော်သည် နန်းတော်ကျွန်းတွင် နေသော်လည်း အင်္ဂလိပ်လဆန်းစ မဂ္ဂဇင်းများထွက်ချိန်တွင် မန္တလေးသို့ ပြန်လေ့ရှိ၏။ ၁၉၄၇–ခုနှစ်၊ ဩဂုတ်လထုတ် ရှုမဝမှာ ကျွန်တော်၏ပထမဆုံးသော ဝတ္ထု၊ ဘရန်ဒီတပုလင်းဝတ္ထု ပါလာတော့ မန္တလေးမှာ ၃–ရက်မျှကြာခဲ့သည်။ ကျွန်တော် နန်းတော်ကျွန်းသို့ ပြန်ရောက်သောအခါ ကိုလှဖေသည် ကျွန်တော့်အား ''ဟော. . . သော်တာဆွေပြန်လာပြီ''ဟု ပြော၏။ အဝင်းက နားမလည်ဘဲနေရာ သူသည် ရှုမဝစာအုပ်ထဲက ဘရန်ဒီတပုလင်း ဝတ္ထုကို ပြန်ရှင်းပြ၏။

အကြောင်းမှာ ကျွန်တော်သည် သူတို့အား ကလောင်နာမည်ဘယ်သူ၊ ဘာဝတ္ထု ရေးသည်ဟု ပြောပြမထားသော်လည်း အဝင်းတို့အိမ်အပေါ်ထပ်မှ ကျွန်တော်ရေးရင်းမကြိုက် သည့် စာရွက်များကို အောက်သို့လုံးချေ၍ ပစ်ချသည်များကို ကိုလှဖေစာပေဝါသနာအိုးက ကောက်၍ ဖတ်လေ့ရှိသဖြင့် ဤဘရန်ဒီတပုလင်းဝတ္ထုမှာ ကျွန်တော့်လက်ရာ ဖြစ်ကြောင်း သူသိနေ၏။ ''အဝင်းရာ နင်တို့အိမ်သစ်ကြီးပေါ်မှာ စာရေးဆရာတယောက် ပေါက်ဖွားတာကို ဂုဏ်ယူစမ်းပါ''ဟုပြော၏။

## အသပြာရမှာ ဋ္ဌာနပြန်သည်

ကျွန်တော်သည် နန်းတော်ကျွန်းရွာမှာသော်၎င်း၊ မန္တလေးမြို့ပိုက်ကျုံးရပ် ကိုတက်ပြားတို့ အိမ်မှာ၎င်း၊ ကူးချည် သန်းချည်နေခဲ့၍ ၃–လမျှကြာသောအခါ ကိုတက်ပြားအဖေ ဦးမျှားသည် စီးပွားရေးကောင်းလာသဖြင့် 'ရှိတော့ပေးပါမည်'ဟူသော သူ့ကတိအတိုင်း ကျွန်တော့်ငွေကို ရှင်းပေးပါသည်။ ကသာမှာ ကိုတက်ပြားအပေါ် ၂၅၀၀–တင်ခဲ့သော ငွေကို သူတို့ထံနေစဉ် အလီလီ ယူသုံးငွေများ နုတ်လိုက်တော့ ၁၉၀၀–ကျော်ကျော်ရပါ၏။

ထိုအချိန်၌ သူတို့အိမ်သားများရော ဆွေမျိုးများပါ ကျွန်တော့်အား သွေးသားလို ခင်မင်နေကြပြီဖြစ်၍ သူတို့ဆီမှာ ဆက်လက်၍ နေလိုက နေနိုင်ကြောင်း ပြောကြပါသေး၏။

ဦးမျှားက ''ငွေမပေးဘူးဆိုရင် တက်ပြားသတ်မယ်။ ရှိရင်ပေးပါမယ်ဆိုတော့ မရမချင်း မပြန်ဘူးဆိုတဲ့ မင်းသတ္တိကို ငါချီးကျူးပါတယ်ကွာ။ အခုငွေရပြီးလဲ ငါတို့ဆီမှာ နေချင်သလောက်နေနိုင်ပါသေးတယ်ကွာ''ဆိုတော့ ကျွန်တော် သူတို့အပေါ်မှာ ရှက်ပြီးအားနာလာ သည်။

ထို့ကြောင့် ငွေရရချင်းဘဲ သူတို့လင်မယားအား ရှိခိုးကန်တော့ပြီး ကိုယ့်အိပ်ရာ လိပ် ကလေး ပိုက်ကာ သူတို့အိမ်မှာ ထွက်ခွာလာခဲ့တော့သည်။ ဦးမျှား ဇနီးကဖြင့် ကိုယ့်အိမ်သား လိုနေပြီး အခုသွားတော့မယ်ဆိုတော့လဲ စိတ်မကောင်းဘူးဟုဆို၍ မျက်ရည်များစို့သေး၏။ ကျွန်တော့်ရင်မှာလဲ လေးလံလှပါသည်။

ကျွန်တော် စာရေးဆရာဖြစ်သည်လည်း ၁၉၄၇–ခု ဩဂုတ်လ ထိုငွေများရသည်လည်း ဤနှစ် ဤလ။

၁၉၅၁–ခုနှစ်၌ ကျွန်တော် စာရေးဆရာအဖြစ်နှင့် မန္တလေးမြို့နိုင်ငံတော်သင်္ကြန် ဖိတ်ကြားခြင်းခံရသော အဖွဲ့ထဲ၌ ပါသွားတော့ ဦးမျှား ကိုတက်ပြားတို့သည် စီးပွားရေးအလွန် ကောင်း၍ ပိုက်ကျုံးလမ်းမှာ တိုက်ကြီးတည်ဆောက်ကာ မော်တော်ကားနှင့် ဘာနှင့်ဖြစ်နေသည်။ ကိုတက်ပြားလည်း အိမ်ထောင်ကျနေပြီ။ ကိုလှစိန်နှင့် အဝင်းတို့ လင်မယားလည်း မန္တလေးမြို့ပေါ်သို့ ပြောင်းရွှေ့ကာ ပွဲရုံဖွင့်၍ စီးပွားရေးကောင်းနေသည်။ ကိုလှဖေကြီး တယောက်ကား သူ့ရွာမှာဘဲ သူ့အိမ် သူတယောက်တည်း လူပျိုကြီးဘဲ။ ကိုသာကျော်ကလည်း သူ့လှေပေါ်မှာ သီချင်းတကျော်ကျော်နှင့်ပါဘဲ။

## ရန်ကြီးအောင်

ကျွန်တော်ထိုငွေရပြီး ဆရာကြီး ရွှေဥဒေါင်းအိမ်သို့ သွားပါတော့သည်။ အိပ်ရာလိပ် ကလေးပိုက်၍ ဆိုက်ကားပေါ်မှ ဆင်းလာသော ကျွန်တော့်အား ဆရာကြီးက ဦးစံရှားမျက်စိနှင့် ကြည့်၍–

''ကိုယ့်လူ ငွေရခဲ့ပြီထင်ရဲ့''

''ရတာပေါ့ ဦးကြီးရ၊ မရဘဲ ဘယ်ပြန်ခဲ့လိမ့်မလဲ''

''ငါ့လူ တော်သကွာ''

ဒေါ်ကြီးစိုးက ''နင်မို့လို့ဟယ်. . . . အဲဒီ တက်ပြားအဖေဦးမျှားဆိုတာ ဟိုတုန်းက နာမည်ကြီး လူဆိုးကြီးဘဲဟဲ့''

''ဟုတ်မယ် ဒေါ်ကြီး ကျွန်တော်သူ့အိမ်သွား သူ့သားသတ်မယ်ဆိုတုန်းက တောက်. . . ငါ အသက်ကြီးသွားလို့ပေါ့ကွာ။ ငယ်တုန်းကဆို ခက်တယ်လို့ ပြောတယ်ဗျ''

ထိုစဉ်၌ ဆရာကြီးသည် ဝတ္ထုများရေးသောအခါ သူကိုယ်တိုင်မရေးဘဲ ပါးစပ်ကပြောပေး ၍ လိုက်ရေးဘို့ လူတယောက်ငှားထား၏။ ထိုသူမှာ ပြည်ညွန့်မဂ္ဂဇင်း အယ်ဒီတာကိုဘသောင်း ဖြစ်၏။ တလ ၆၀ိ–ပေး၏။

ကျွန်တော်ရောက်သွားတော့ ဆရာကြီးအား ''ဦးကြီးကျွန်တော် လိုက်ရေးမယ်လေ၊ ကိုဘသောင်းကို ပိုက်ဆံပေးငှားမနေနဲ့တော့''

''မင်းဒီမှာနေအုံးမှာမို့လား''

''နေအုံးမယ် ဦးကြီးရယ်၊ ကျွန်တော်လိုက်ရေးရင်းနဲ့ ဦးကြီးဆီမှာ စာရေးသင်တာပေါ့''

''အေး. . . ဟုတ်ပြီ။ မင်းငါ့အိမ်မှာနေတော့ ငါရေးချင်တဲ့အချိန်ရေးရတာပေါ့''

ယင်းကဲ့သို့ ဆရာကြီးက နှုတ်ကရွတ်ကာ လိုက်ရေးခဲ့သငြဖ့် ကျွန်တော်ရွှေဥဒေါင်း လေမျိုး ရေးနိုင်ပါ၏။

သို့ရှိစဉ် ဆရာကြီးအိမ်သို့ လာလေ့ရှိသော ပုံနှိပ်စက်ရှင်တယောက်နှင့် အလုပ်ဆက်မိကြ ၏။ သူ့အကြောင်းအကောင်းရေးစရာမရှိသဖြင့် သူ့နာမည်ကိုတော့ မဖော်ပြလိုတော့ပါ။ ကျွန်တော်နှင့် ရွယ်တူလောက်ဘဲ။

အလုပ်ကား ဆရာကြီးဆီတွင် ဟိုယခင် အင်္ဂလိပ်ခေတ်က ရေးခဲ့သော ရန်ကြီးအောင် – ဝတ္ထု (စာမျက်နှာ မပြည့်မစုံ) အစုတ်အပြဲတအုပ်ရှိ၏။ ဒါကိုပြန်ရေး၍ စာအုပ်ထုတ်ရန်။

ဤအခါ၌ ကျွန်တော့်တွင်ဦးမျှား သားအဖဆီက ၁၉၀ဝိ–ကျော်ရခဲ့သည်မှ ပေါင်းတည်မြို့ ဦးမောင်ကြီးထံ တထောင်ပြန်ပို့လိုက်၍ ၉၀ဝိ–မျှ လက်ဝယ်ရှိနေ၏။ ၎င်းကိုအရင်းပြုကာ ရန်ကြီးအောင်ဝတ္ထုထုတ်မည်။ ဒီတော့ ဆရာကြီးက ဝတ္ထုလုပ်ရသမျှ အမြတ်၃ဦးအညီအမျှ ခွဲယူ မည်။ တကယ်တော့ ကျွန်တော်တို့ ဘယ်လောက်အသနည်း။ ဟိုပုံနှိပ်တိုက်ပိုင်ရှင်ကို ပုံနှိပ်ခ ပေးရုံနှင့် ပြီးနေသည်မဟုတ်ပါလား။ ဒါကို အစုရှယ်ယာဝင်လုပ်ခိုင်း၍ စာအုပ်ဖြစ်လာတော့ ၃၀၀ဝိ– ရိုက်ကုန်လျှင်တယောက်ကို တထောင်မြတ်စိမ့်သောငှာ စာအုပ်ဖိုး ၃–ကျပ်ခွဲလုပ်လိုက် ၏။ အမှန်က စာမျက်နှာသည် ၃–ကျပ်မျှ မတန်ချေ။ ထို့ကြောင့် ၎င်းစာအုပ် ရောင်းမကောင်း ပါ။ မန္တလေးမြို့ကို

အထက်မြန်မာပြည်တွက် ရဲရင့် ကိုဘဇံအား ကိုယ်စားလှယ်ပေး၍ အောက်မြန်မာပြည်အတွက် ရှုမဝသို့ ပို့လိုက်သည်။

ဤဝတ္ထုအတွက် ဆရာကြီးသည် မန္တလေးကိုဘဇံထံမှ ငွေမည်မျှရသေးသည် မရလိုက်သည်ကို မသိရသော်လည်း ကျွန်တော်မူ ငွေ ၉၀ဝိ အရင်းစိုက်သည့်အနက်မှ ငွေ ၃၀ဝိပျော့ပျော့ နှင့် လက်သီးမာမာတချက်ဖဲ ထိုးလိုက်ရပါသည်။

အကြောင်းမှာ စာအုပ်ထုတ်ဝေသူ ပုံနှိပ်တိုက်ပိုင်ရှင်သည် စာအုပ်ထုတ်ပြီးနောက် ကျွန်တော်တို့ဆီသို့ ပေါ်မလာတော့ဘဲ သူ့အိမ်သွားမေးတော့ ရန်ကုန်ဆင်းသွားသည်ဟု ပြောသည်။ ထို့နောက် ကျွန်တော်ရန်ကုန်ရောက်သွားတော့ အဲသည်တုန်းက ဗိုလ်ချုပ်ဈေး အနောက်ဖက်တန်း အခန်းနံပါတ် ၁၄၆–ရှုမဝတိုက်မှာဘဲ သူနှင့်ပက်ပင်းတိုးလေ၍ ကျွန်တော်က ဦးကျော်ရွှေ့မှာဘဲ ရန်ကြီးအောင် စာအုပ်ဖိုးတွေ ဘယ်မှာလဲ မေးတော့ သူယူ၍ သုံးပစ်လိုက်ပြီး ပုံနှိပ်ခဘဲရတယ်၊ ကျွန်တော်တို့အတွက် ပေးစရာမရှိတော့ဘူး၊ ဆိုသည်နှင့် ကျွန်တော့်လက်သီးသည် ခွပ်ကနဲ သူ့မျက်နှာသို့ သွားဆောင့်တော့၏။ တချက်ဖဲ ထိုးလိုက်ရပါတယ်၊ ဗလချင်း မျှရက်နဲ့ ကိုယ့်ပြန်မခုခံဘဲ ငိုမဲ့မဲ့လေးလုပ်နေတော့ ကျွန်တော်နောက်ထပ် မထိုးရက်တော့ပါဘူး။ သစ္စာမရှိသူဟာ သတ္တိမရှိဘူး။ ၃–ကျပ်ခွဲဈေးနဲ့ စာအုပ် ၁၅၀ဝိ လောက်ရောင်းရတာ ဘယ်ပုံနှိပ် ခ ကမှာတုန်း။ ကျွန်တော်က ရှုမဝမှာ ကျန်သမျှ စာအုပ်တွေအဟောင်းဈေးနဲ့ ယူရောင်းတာ ၃၀ဝိ–နီးပါးရလိုက်၏။

အထူးသဖြင့် အမြတ်ရသည်ကား ဤရန်ကြီးအောင် တအုပ်လုံးကို ဆရာကြီးနှုတ်မှရွတ်၍ ကျွန်တော်က အစအဆုံး လိုက်ရေးလိုက်ရခြင်းနှင့် နောင်တွင် ရန်ကြီးအောင်ဝတ္ထု ရုပ်ပြဇာတ် လမ်း ဦးငွေကိုင်လက်ရာနှင့် ရှုမဝမဂ္ဂဇင်းထဲမှာ ပါလာခြင်းပင်။

## ခိုတို့၏သဘာဝ

ဆရာကြီးသည် ကျွန်တော်စတင် တွေ့စဉ်က ဓားတန်းရှိဆေးရုံစာရေးကြီး၊ သူ့တူ ကိုဝင်းမောင်၏ တိုက်ခန်းတွင်ဖြစ်၏။ ဤရန်ကြီးအောင်ဝတ္ထုရေးတော့ လူထုသတင်းစာတွင် အယ်ဒီတာချုပ် လုပ်နေပြီဖြစ်၍ ၈၃–လမ်း ဂုဏ်တန်ရပ်က လူထုဦးလှတို့ပေးထားသော တိုက်ခန်းတွင် ဖြစ်၏။ ယင်းမှာ တိုက်ခန်းဟုဆိုရသော်လည်း ဂိုဒေါင်နှင့် တူပါသည်။ ပြတင်း ပေါက်မရှိ ဆိုရသော်လည်း ဂိုဒေါင်နှင့်တူပါသည်။ ပြတင်းပေါက်မရှိ၊ ရှေ့တပေါက် နောက်တ ပေါက်သာရှိ၍ အုတ်နံရံလေးဘက်ကာနှင့် သွပ်မိုးမျက်နှာကျက်မရှိဘဲ လူမနေတာကြာပြီမို့၊ ခိုတွေ ခိုတွေ ရာနှင့်ချီရှိကာ ခိုအိမ်ကြီးဖြစ်နေ၏။

ယင်းခိုတို့သည် လူတွေရောက်လာကြသော်လည်း လူကိုမကြောက်၊ အုတ်နံရံပေါ်ပေါ်မှာ အသိုက်တွေနှင့် နေမြဲ၊ မြူးတူးမြဲ။

လူတွေက ခိုတွေကို တအီးအီးညည်းနေကြသည်ဟု ပြော၏။ ဘယ်ညည်းတာ ဟုတ်မည်နည်း။ ခိုထီးက ခိုမကို ပက်ပတ်ရစ်ကာ ဖိုသံပေးနေကြခြင်းဖြစ်၏။ သံဝါသမှုကလည်း စာကလေးများနှင့် မခြားပါ။ သည်အလုပ်ဖဲ လုပ်နေကြ၏။ မြင်လို့မလျော်ပေ။ နို့ပြီးနံရံ လေး ဘက်ကို ဟိုဘက်သည်ဘက် ပျံလျက်ရှုပ်ရှက်ခတ်နေကာ ပျံသန်းရင်း ချေးများလည်း တဗျစ်ဗျစ် ပါချ၍ ကျွန်တော်တို့မှာ အမြဲတမ်း ခြင်ထောင်အောက်မှာ နေရ၏။

ကျွန်တော်ရောက်စမှာ သည်ခိုတွေတွေ့ရတော့ တော်တော်ဝမ်းသာသွား၏။ ဘာကြောင့် ဆို ဒီကောင်တွေဟာ ဟင်းတွေဘဲ။ အောက်ကနေ ဝါးလုံးရှည်နှင့် သိမ်းသိမ်းရိုက် တနေ့လေးငါး ကောင် အရေဆုတ်ဆုတ်ပေးလိုက်၊ မသေးကကြော်။ ခိုကြော်ချည်း နေ့တိုင်းတုတ်နေရ။ တပတ် လောက်ကြာလာတော့ ဆရာကြီးက–

''တော်တော့ မောင်ကျင်မောင်ရေ့၊ ငါက ဒီကောင်တွေမင်းသတ်နေတာ သဘောကျလို့ ကြည့်နေတာ မဟုတ်ဘူးကွ၊ မင်းဒီလောက်ရိုက်နေရင် တခြားများသွားကြမလားလို့၊ ခုတော့ သွားပုံမပေါ်ဘူး၊ ဒို့က သွားဘို့သာ စိတ်ကူးရတော့မယ်''

ကျွန်တော်လည်း ခိုသားစားရတာ ငြီးငွေ့လာသည်နှင့်အဆင်သင့်ဘဲ။

ကျွန်တော်တို့ စာရေးကြတာမှာလည်း အပေါ်ကဖြတ်ပျံပြီး ချေးပါမချအောင် အမိုး ယောက်တန်းမှာ ဝါးလုံးရှည် ခါးလည်ကကန့်လန့်ချည်ပြီး ကြိုးဆွဲထားကာ အောက်တရမ်းရမ်း လုပ်ပေးနေရ၏။ ကြီးလိုက်တဲ့ ဒုက္ခနှယ်ဗျာ။ ဤပုံစံအတိုင်းဖြင့် ကျွန်တော်သည် ဆရာကြီးနှုတ်မှ ရွတ်သည်ကို လိုက်ရေးရ၏။ နို့ပြီး ကိုယ့်ဝတ္ထုကိုယ်ရေးရ၏။ ဟစ်တလုံးသည် ထိုအိမ်မှာပေါက် ဖွားခဲ့ပေ၏။

## ရန်ကုန်ပြန်

ရှုမဝမဂ္ဂဇင်းတွင် 'ဘရန်ဒီတပုလင်း'နှင့် 'ဟစ်လို့သာငိုလိုက်ချင်တော့' ဝတ္ထုနှစ်ပုဒ်ပါပြီး 'မယ်တင်ကုန်း'နှင့် 'ဖြူပြာမူလကျီ'ဝတ္ထုများလည်းပို၍ ရွေးချယ်ကြောင်း၊ နောက်ထပ်မပြတ် ရေးပို့ပါဦးဆိုသော ရှုမဝကစာများရပြီးသည့်၌ ကျွန်တော့်ကိုယ်ကျွန်တော် စာရေး၍ အသက်မွေး နိုင်ပြီဟု ခန့်မှန်းကာ ရန်ကုန်ခေတ္တဆင်းလာသည့် ဆရာကြီးရွှေဥဒေါင်းနှင့်အတူ ပြန်ခဲ့ပါ၏။

၁၉၄၇–ခုနှစ် နိုဝင်ဘာလ ဒုတိယသီတင်းပတ် တနေ့သောနံနက်စောစောတွင် အရပ် ရှည်ရှည် အသက် (၆၀)ကျော် လူကြီးတယောက်နှင့် အရပ် ၅–ပေ ၅–လက်မ အသက်(၂၈)နှစ် မျှ အသားဖြူဖြူ တရုတ်ကပြားနှင့်တူသော လူငယ်တယောက်တို့သည် ရန်ကုန်မြို့ ထိုစဉ်က စကော့ဈေး အနောက်ဖက်တန်း အခန်းနံပါတ် ၁၄၆–ရှေ့သို့ ရောက်လာကြပြီး ''ရှုမဝဦးကျော်ကို တွေ့ချင်လို့ ပါ. . .'ဆိုသော အခါ ယင်းအချိန်အပေါ်ထပ်ခိုးလှေကားငယ်ကလေးမှဆင်းလာသူ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်း ဘဲဥနှင့်တူသူ အသက် ၃၈ နှစ်ခန့်ရှိလူက ''ကျွန်တော်မောင်ကျော် ပါဘဲ. . .'ဆိုကာ သုံးယောက်သား အပြိုင်သွားများကို ဖြဲပြကြလေသည်။

ယင်း၌ သူ၏ ဘယ်ဘက်သွားတက်ဖူးလေးနှင့် ပါးချိုင့်ကြီးခွက်အောင် အားရပါးရ ပြုံးနေ သူ လူငယ်က လူကြီးအား ညွှန်ပြ၍ ''ဟောဒါက ဆရာကြီး ရွှေဥဒေါင်းပါဘဲ၊ ကျွန်တော်ကတော့ သော်တာဆွေပါ''

ထိုအခါ ဦးကျော်သည် ပိုမို၍ပြုံးရယ်လျက် ''ဟာ. . . တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ထိုင်ကြပါ''ဟု နေရာထိုင်ခင်းပေး၍ ကော်ဖီနှင့်မုန့်များ မှာပေးပါတော့၏။

ထို့နောက်၌ ဆရာကြီး ရွှေဥဒေါင်းသည် သူ့တည်းအိမ်သို့ ပြန်သွား၍ ကျွန်တော်မှာ ရှုမဝတိုက်၌ကျန်ခဲ့၏။ ထိုစဉ်က ကျွန်တော့်လိပ်စာမှာ မန္တလေးမြို့ ဆရာကြီးရွှေဥဒေါင်းမှ တဆင့် ဖြစ်ရာ ဦးကျော်နှင့် တင့်တယ်တို့သည် ကျွန်တော့်အားမန္တလေးသားဟု ထင်ကြလျက် ညနေစောင်း သောအခါ တင့်တယ်သည် ''ဘရန်ဒီတပုလင်းဝတ္ထုနဲ့ စာပေနယ်ထဲဝင်လာတဲ့လူကို ဘရန်ဒီ တပုလင်းနဲ့ညှိခံရမယ်''ဟု ဟော်တယ်ခေါ်သွားပြီး သောက်ကြစားကြ၍ သူ့အိမ်လိုက် အိပ်ရန် ခေါ်သွား၏။

ကျွန်တော်သည် ထိုည သူ့အိမ်မှာ အိပ်ပြီးနောက် မနက်ရောက်တော့ ကျွန်တော့်တွင် စမ်းချောင်း မအူပင်လမ်းမှာ သားမယားများရှိကြောင်းပြောပြီး ယောက္ခမအိမ်သို့ မရွှံ့မရဲလေးနှင့် ပြန်ခဲ့ပါတော့၏။ ကျွန်တော့်ကို ရွာမှ သူ့အမေအိမ်သို့ပြန်ခဲ့ပြီး ကျွန်တော့်အား ရေပိတ်စပါးကဲ့ သို့ သဘောထားခဲ့သော ဇနီးသည်က. . .

''အော. . . ပြန်လာသေးသကိုး. . .၊ ဟိုမိန်းမကော''

''ကိစ္စ ပြီးခဲ့ပါပြီကွာ''

ရေးသမျှ ယူမယ်ဆိုတဲ့လူ

ကျွန်တော်သည် ရန်ကုန်တွင် ပြန်လည်နေသားတကျရှိသွား၍ ရှုမဝတိုက်သားများနှင့် ရင်းနှီးသွားသောအခါ ဦးကျော်က ကျွန်တော့်အား ''တခြားမရေးပါနဲ့၊ ရေးသမျှ ကျွန်တော်ယူပါ့ မယ်၊ တပုဒ် ၁၀ဝိ–ပေးပါ့မယ်'' ဆိုလေတော့ ကျွန်တော်အလွန်ဝမ်းသာလေသည်။ မူလ ဘရန်ဒီ တပုလင်းဝတ္ထုတုန်းက ၅ဝိ၊ နောက် ဟစ်လို့သာ ငိုလိုက်ချင်တော့မှာ ၇၅ိ၊ ယခု တပုဒ် ၁၀ဝိ ကျပ်ဆိုတော့ နိပ်ပဟပေါ့။ အဲသည်တုန်းကငွေဟာ အင်္ဂလိပ်ငွေ၊ ၂၀ဝ လောက်ရရင် တအိမ် ထောင် ကောင်းကောင်းစားလောက်တာဘဲ။

သို့သော် နှစ်လလောက်ဘဲကြာပါတယ်။ ဦးကျော်ရဲ့ပါးစပ်စာချုပ်ဟာ သူ့ဟာသူဖျက်ပါ ရော။

စင်စစ် ဖိုးတိထင်တာက ဒီမောင်ရေးနိုင်လှ တလ ၃–၄ပုဒ်လောက် အောက်မေ့ဟန်တူ သည်။ ကျွန်တော်က စာရေးခါစ ဖောင်းထဲကလွှတ်တဲ့မြင်းလို ၃–၄ရက်မှာ တပုဒ်လောက် ရေး ရေးပြီးတော့ သူ့ပေးလေတော့ ဖိုးကျော်လက်တားကာ. . .

''ဟို. . . တော်ပြီဆရာ၊ ခင်ဗျားရေးတိုင်းသာ ကျုပ်ယူယူနေရရင် ရှုမဝမှာ သည့်ပြင်စာရေး ဆရာတွေပေးဘို့ ငွေရှိတော့မှာမဟုတ်ဘူး''

ကျွန်တော့်မှာလဲ အဲဒီတုန်းက စဉ်းစားပြီး စုဆောင်းပြီး ဝတ္ထုတွေကလဲ ခေါင်းထဲမှာ ရာနဲ့ ချီပြီးရှိနေတာဘဲ၊ နောက်ထပ်အသစ်သစ်တွေက ရရလာလိုက်သေး။

တိုက်တိုက်ဆိုင်ဆိုင် ယင်းအချိန်မှာဘဲ တင့်တယ်နှင့်ကိုကျော်က ကေန္ဒကောစဖြစ်နေကြ သည်။ ဘာကြောင့်လဲမသိ။ တင့်တယ်က ရှုမဝလို ၂–ကျပ်တန်မဂ္ဂဇင်းကြီး အပြိုင်ထုတ်မည်ဟု ကြံစည်နေ၏။

''ဒီမှာ. . . မောင်ဆွေရ၊ ပတ်ဗလစ်ရှာဆိုတာ စာရေးဆရာက စာမူပေးမှ စာအုပ်ထုတ်ဖြစ် တာ၊ ဒို့စာရေးဆရာတွေက တညီတညွတ်ထဲမပေးဘဲထားရင် ဒင်းက ဘာတတ်နိုင်အုံးမှာတုန်း၊ ဒီတော့ ဒို့က သူ့ဆီမရေးဘဲနေနိုင်အောင် ဒို့ဟာဒို့ မဂ္ဂဇင်းထုတ်ဖို့လိုတယ်''

မှန်လိုက်လေဗျာ၊ သွေးလွှန်သေမှာတောင် စိုးရိမ်ရ၊

''ဒါကြောင့် အခုရပ်ထားရတဲ့ ငါတို့ စာပဒေသာ မဂ္ဂဇင်းလေးကို 'စာ'ဖြုတ်ပြီး 'ပဒေသာ' နံမယ်နဲ့ ၂–ကျပ်တန် မဂ္ဂဇင်းကြီး ထုတ်မယ်ကွာ''

ဤသည်ပင်လျှင် ၁၉၄၈–ခုနှစ် ဖေဖော်ဝါရီလ၌ ပဒေသာအမှတ်–၁ကို စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပေ၏။

ယင်းပဒေသာမဂ္ဂဇင်းကို ထုတ်ရသောစေတနာက ရှုမဝကိုအပြုတ်တိုက်ရန်ဖြစ်၍ ကျွန်တော်တို့သည် ရှုမဝကိုလည်း မသွားတော့။ ရှုမဝမှာလည်း မရေးတော့။

ပဒေသာတိုက်သည် ဘုရားလမ်း သာခု၏နေအိမ်တွင် ဖွင့်နေစဉ် တနေ့သောညနေခင်း၌ မိုးဝေသည် ရှုမဝတိုက်သို့ ရောက်နေသော ကျွန်တော့်စာတစောင်ကို ယူလာသည်။ အမျိုးသမီးတယောက်က မိတ်ဆက်စာဖြစ်နေသည်။

ကျွန်တော့်ကို ပထမဦးဆုံး ချီးမွမ်းမိတ်ဆက်စာရေးသူမှာ ကမ္ဘူမြို့မှ ဘုန်းတော်ကြီးတပါးဖြစ်သည်။ ယခု ဒုတိယစာမှာ ပထမဦးဆုံးသော အမျိုးသမီးဖြစ်သည်။

ကျွန်တော် ဤစာဖတ်ပြီးတော့ အမျိုးသမီး၏နေရပ်လိပ်စာပြောပြတော့ မိုးဝေက ''ဟာ. . တောင်ကြီးက ကျွန်တော့်ညီမတဝမ်းကွဲဘဲဗျ''

''ဘယ်လောက်ကြီးပလဲ''

၁၆–နှစ်လောက်''

''နိပ်ကဲ့လား''

''မိုးဝေနှမဆို ဘယ်မလှဘဲ ရှိမလဲ၊ နိပ်တာပေါ့''

သူက ရီစရာလိုပြော၏။

''ဒါဖြင့် ကျွန်တော့်ရည်းစားဖြစ်အောင် လုပ်မယ်နော်''

မိုးဝေက ကျွန်တော့်အားတကယ်ရည်းစားလုပ်မည် ထင်ဟန်မတူပေ။

''လုပ်. . . . လုပ်''ဟုပြော၏။

မကြာပါဘူး စာအသွားအပြန် ၄–၅ခါလောက် ရေးပြီးဘဲ သမီးရည်းစားဖြစ်သွားလေ သည်။ ထို့ကြောင့် ထိုစဉ်က ကျွန်တော်၏ ဝတ္ထုတွေထဲမှာ ''မေ. . မေ''ဟု တမေထဲ မေခဲ့၍ ယခု ကျွန်တော့်အိမ်က ဇနီးဖြစ်နေပါသတည်း။

# ဒုတိယပိုင်း

ဤမှရှေ့ဆက်၍ 'ကျွန်တော့်ဘဝ ဒုတိယပိုင်း' ဟု သမုတ်လျက် ကျွန်တော့်ကိုယ်တွေ့ အချစ်ဝတ္ထုရှည် ရေးပါမည်။

ပဏ္ဏာမလေးချိုး

မွန်းလွဲမှ ဆွမ်းပွဲ

ဒိုဘီပြန် ခဝါချရယ်က

အပျိုရည်တဖန် နံ့သာတွေ သပါလို့

နှစ်ကိုယ်ကြည်ရန် လာလို့စပြန်တော့

ဟေ. . ငါတို့ဘဝတွေက မလျော်ပြီ။

ရှုမဝချောသူရဲ့

သမုဒယ ဇောတွေနဲ့

အခုမှလောကာ၊ တယုတယ နှောကြရင်ဖြင့်

လူ့ဘဝသဘောမှာ

'ဒု–သ–န–သော'ဆိုတာ ဒို့မှာ ရှိတယ်ကွဲ့

မြို့ရွာအသိနော် အိမ်ထောင် ကိုယ်စီနဲ့ဟာမို့

ကလီကမာ ထိုအမှုကိုဖြင့်

သည်တခါ ကိုယ်မပြုပြစေနဲ့တော့

တွေးရှုသင့်သည်။

အော် . . .  ကြုံရကြုံရ ဘုံဘဝ

ဆုံရတဖန် မကြံအပ်ရာ

အခါမလို မလျော်ဘူး

ငါကိုယ်တော် ဆွမ်းပွဲ

မွန်းလွဲမှ သဒ္ဒါလွန်လို့

အစာမွန် လာမကပ်နဲ့တော့

ညာနတ်မယ် နကိုယဉ်ရဲ့

ဟိုယခင် အပျိုစင်မှာလ

နှစ်ကိုယ်ကြင်ပါ ဆိုစဉ်တုန်းကတော့

မလိုချင် ငြီုငြင်တဲ့ အမုန်းတွေနဲ့

ဖွတ်ရှုန်းကာ ပျိုမေပြေးခဲ့လို့

ဝေးခဲ့ရ ဒို့ဘဝကိုယ်စီ

မလိုပြီကွဲ့ ခုတဖန်မျှား။

ရှောင်သင့်တယ်

မောင်နှင့်မယ် မငယ်ကြတော့ဘူး

အပယ်ကျမယ့် အမှုတွေ

ယခုလို မကွင်းရင်ဖြင့်

အကုသိုလ်တွင်းမယ် ဘဝတွေမြုပ်ကြလိမ့်

အောင်မယ်လေး ဒုက္ခမပေးပါနဲ့တော့

ကျုပ်ညီမလေးရေ. . . ဝေးကြစို့လား။

ဟား. . . . ဟား. . . ဒီကဗျာမှာတော့ တကယ်သာ အမှန်ဆိုရင်ဖြင့်သော်တာဆွေကြီး တယ်လိမ်မာပါလားလို့ အောက်မေ့ကြလိမ့်။

ဟုတ်ကဲ့. . . အရွှယ်အလျောက်ပေါ့ဗျာ။ အသက် ၄၀ကျော်လာတော့ လိမ်မာသင့်တဲ့အခါ မှာ လိမ်မာရမယ်ပေါ့ ငယ်စဉ်တုန်းက မိုက်ခဲ့တာတွေလဲ အများကြီးရှိပါပြီ။ လူဆိုတာအကောင်း ချည်းလဲ မဖြစ်နိုင်၊ အဆိုးကြီးလဲ မဟုတ်နိုင်ဘူးဗျ။ အကောင်းအဆိုး ဒွန်တွဲနေကြတာချည်းဘဲ။ ဒီတော့ အခုဟာကျွန်တော့်အတ္ထုပ္ပတ္တိ ဝတ္ထုဟာမို့ အဆိုးရောအကောင်းရော ဖော်ပြပါမယ်။

အထက်ပါ လေးချိုးဟာဖြင့် ယခု ကျွန်တော်ရေးမယ့် အတ္ထုပ္ပတ္တိ ဝတ္ထုရှည်၏ တစိတ် တဒေသ သဘောဇာတ်လမ်းရဲ့ မှတ်တမ်းအတိုချုပ်ပါဘဲ။ ကဲ. . အကျယ်ဖွင့်တော့မယ်။ အရွှယ် တင့်တဲ့ တမယ်ခင့်က အရင်ထွက်။

## အခန်း (၁)

### ဆယ်နှစ်ကျော်က ဆယ်ကျော်သက်

မြန်မာပြည်၏ရာသီဥတုများတွင် ကျွန်တော်သည် မိုးနှောင်းကာလ ဆောင်းဦးပေါက်စ အခိုက်ကလေးကို နှစ်ခြိုက်လှပါသည်။ အပူအအေးမျှတ၍ စွတ်စိုခြင်းလည်းမရှိ။ နွေမှာမူ ပူလွန်းသည် ခြောက်သွေ့လှသည်။ မိုးရာသီကား ဩကာသလောက ရေမြေတောတောင်တို့သည် ကြမ်းတမ်းလှသည်။ မာနကြီးလှသည်ဟု ကျွန်တော်ထင်မိသည်။

မိုးကြီးတွေရွာသည်။ လေပြင်းတွေတိုက်သည်။ ကောင်းကင်က မြည်ဟည်းသည်။ လျှပ်စစ်တွေ လက်၍ မိုးကြိုးတွေပစ်သည်။ မြစ်ချောင်း အင်းအိုင်တွေမှာ ရေတွေကကြီးပြီး ရေစီးတွေက သန်လှသည်။ သစ်ပင် သစ်ရွက်တွေက စိမ်းညိုသိပ်သည်းလှသည်။ ချုံပုတ် မြက်ပင်တွေက ထူပြောလှသည်။ လူတို့က ခုတ်ထွင်ရှင်းလင်းတာကို သူတို့ကမကြောက်၊ ပြန်ပြီးပေါက်မြဲပေါက်ကြသည်။

ဟော. . . . အခု မိုးကုန်ပြီး ဆောင်းဥတုရောက်ပြီ ဆိုတော့ဩကာသလောကကြီး မာနကျသွားပြီ။ မိုးကြီးတွေမရွာတော့ဘူး။ လေပြင်းတွေ မတိုက်တော့ဘူး။ ရေတွေမကြီးတော့ဘူး။ ရေစီး တွေ မသန်တော့ဘူး။ ကောင်းကင်မှာ ဆိတ်ငြိမ်သွားပြီ။ မိုးတွင်းက သန်ခဲ့တဲ့ သစ်ရွက်တွေဟာ ဇရာဘက် ယိုင်သွားကြပြီ။ ချုံပုတ်နဲ့ မြက်ပင်လေးတွေဟာဖြင့် လူတွေက ဘာမှ မလုပ်ရတော့ ဘူး။ သူတို့ဟာ သူတို့ဘဲ ညှိုးလျှသွားကြ၍ သနားဘို့ပင်ကောင်းနေပါပြီ။

၁၉၆၇–ခုနှစ် ဆောင်းဦးပေါက်။

ဤချိန်ခါ တနေ့သော ညနေခင်းဝယ်၊ ကျွန်တော်သည် ပြည်လမ်းရိပ်သာရှိ အမကြီး ဒေါ်ခင်မျိုးချစ်တို့အိမ်မှ ပြန်ခဲ့ရာလှည်းတန်းဈေးရောက်တော့ ကျွန်တော့်ဇနီး မှာလိုက်သည့် နွားမြီးရိုးကိုဝင်၍ဝယ်သည်။ ကျွန်တော်တို့၏ နို့စို့ရွယ်မြေးကလေးအတွက် ချွေးမအား ပြုတ်တိုက်ရန်ဖြစ်သည်။ နို့မှုန့်က လုံလောက်စွာမရတော့ မိခင်နို့အားကောင်းမှဖြစ်မည်။

ရန်ကုန်တွင် နေ့လယ်မှာ အမဲသားပေါ်၍ ညနေဆိုင်တွေပေါ်ရောက်စ လတ်ဆတ်သော နွားမြီးကိုရသည်။ နွားမြီးရိုးကိုထက်ပိုင်းချိုး၍ အလယ်မှ အင်ဖတ်ပတ်ပြီးသင်အူ လျော်ကြိုးနှင့် ချည်ကာ ဆွဲခဲ့သည်။

ကမာရွတ်ဂတ်ရှေ့ ဘတ်စ်ကားဂိတ် ရောက်သောအခါ ဤမှတမိုင်၏ဆယ်ပုံရှစ်ပုံမျှရှိ သော ကျွန်တော့်အိမ်သို့ ကြပ်တည်းလှသော ဘတ်စ်ကားများကိုစီးရန်မရည်ရွယ်ပါ။ ညနေခင်း နေကလေး သာသာမှာ ဒီခရီးမျိုး လမ်းလျှောက်၍ ဘယ်လောက်ကောင်းသနည်း။ လမ်းဘေးက မြက်ခင်းပေါ်မှာ လျှောက်ခဲ့သည်။

ထိုအခါ၌ မာန်မာနကျသွားပြီဖြစ်သော ဩကာသ လောကကို ကျွန်တော်ဆင်ခြင်မိခြင်း ဖြစ်သည်။ ကျွန်တော်နင်းခဲ့သော မြက်ပင်ကလေးတွေမှာ သနားစရာပင် ကောင်းနေပါပြီ။ ထောင်ငေါက်ခြင်း၊ တင်းမာခြင်း မရှိတော့ဘဲ မြေမှာဝိုက်၍ နွမ်းလျနူးညံ့လျက်ရှိပြီဖြစ်ရာ ဤမြက်ခင်း ပေါ်မှာ ကျွန်တော်ထိုင်လိုစိတ်လည်း ပေါ်သည်။ လဲလျောင်းချင်စိတ်လည်းပေါ်သည်။ သူတို့သည် မြေပေါ်မှာ မြက်ကော်ဇော ခင်းထားသည့်နှယ်တည်း။

ကျွန်တော်သည် ဤနူးညံ့ညက်ညောသော မြက်ခင်းပေါ်မှာ လက်က နွားမြီးဆွဲလျက် လျှောက်ခဲ့ရာ၊ တက္ကသိုလ်မိန်းကလေးကျောင်းဆောင်များ ရှေ့မို့တက္ကသိုလ် လုပျိုဖြူတွေကို တွေ့ရပါ ၏။ သို့သော် ထိုအခါ၌ ကျွန်တော့်အသက် ၄၈–နှစ်ရှိပြီမို့ ကျွန်တော်သည် ၄၀–ကျော် ကတည်းက ဩကာသလောကကြီး၏ ဆောင်းဦးပေါက်နှင့် တူလေရာ၊ မိုးရာသီနှင့်တူသော ငယ်စဉ်က စိတ်ဓာတ်တွေ ကျဆင်းခဲ့ပြီဖြစ်၍ ဤမိန်းကလေးတွေမြင်ရတော့ ကျွန်တော့် သမီးပျိုကလေးတွေကို ဘဲ သတိရပါသည်။ ကိုယ်ကလဲ သူတို့အဖေတွေ အရွယ်မဟုတ်လား။

သို့ဖြင့် သူတို့ကလေးတွေ မျက်နှာလွှဲခဲ့၍ နွေဦးပေါက်လျှင် ခြောက်သွေ့ရတော့မည့် ဖြစ်သော သနားစရာ မြက်ပင်ကလေးတွေကို ကသိုဏ်းရှု၍လာခဲ့ရာ၊ တံတားဖြူအနီး ရောက် သောအခါ၌ ရဲရဲနီသော မာဇဒါ၊ ဖင်မလီယာ ကားလေးတစီးသည် ကျွန်တော့်ရှေ့၌ လမ်းဘေး ဖဲ့ဆင်းလာကာ ကျွန်တော့်အနီးရောက်တော့ ထိုးရပ်လိုက်ပြီး 'အကိုဆွေ' ဟုခေါ်သံကြားရ၍ လှမ်းကြည့်လိုက်တော့ (အော်. . မဆွေခိုင်) ဟု ကျွန်တော့်စိတ်ထဲရေရွတ်လိုက်မိပြီးမှ. . .

''အို. . . ခိုင်ရယ် ဘယ်ကလာခဲ့တာလဲ''

''၈–မိုင် မိတ်ဆွေတယောက်အိမ်ကဘဲ၊ ဒီအနီးအနားမှာ အကိုဆွေများ တွေ့လိမ့်မလား လို့ ကြည့်လာတာ အဆင်သင့်ဘဲ''ဆိုပြီး ကားတံခါးဖွင့်ပေး၍ ''လာတက်. . . အကိုဆွေ၊ အိမ်လိုက် ပို့မယ်''

''အို. . . မလိုပါဘူး ခိုင်ရယ် အနီးကလေးရှိတော့တာဘဲ''

''အိမ်ရှေ့အထိမပို့ပါဘူး မယားကြောက်ကြီးရယ် လာပါ ခိုင့်အနားများ မကပ်ချင်တော့ ဘူးလား''

ဒီလိုဆိုတော့လဲ 'အို. . . ခိုင်ရယ်'လို့ ဆိုပြီး သူ့နံဘေးဝင် ထိုင်လိုက်ရတော့. . .

''အကိုဆွေ လက်ထဲဆွဲထားတာက ဘာကြီးလဲ''

''နွားမြီး''

ခိုင်တို့အမျိုးသည် အမဲသားစားသည် မဟုတ်၍ ရွံရှာစွာ'ထပ်သရီး'ဟု ဆိုလိုက်သဖြင့် အဆင်သင့်ဘဲ ကျွန်တော်သည် သူ့အား ကျွန်တော့်အိမ် လိုက်ပို့မှာလည်း စိုးရိမ်နေသည်နှင့် နွားမြီးထုပ်ကို ကားဘေးမြက်ခင်းပေါ် လွှတ်ချလိုက်ပါသည်။

ကျွန်တော်သူ့နံဘေး ထိုင်မိသောအခါ၌ ကားထဲနောက်ခန်းမှာ ၆–နှစ်အရွယ် သူ့သား လေး တယောက်လည်း ပါလာသဖြင့် ခိုင်က. . .

''လူကလေး မင်းအင်းယား ကန်ဘောင်ရိုးကြီးပေါ် တက်ကြည့်ချင်တယ်ဆိုတာ အဆင် သင့်ဘဲ၊ ကဲ. . . သွားတက်ကြည့်ပေရော့''ဆိုပြီး ကားတံခါးဖွင့်ပေးလိုက်ရာ၊ ကလေးသည် 'အိုကေ မာမီ'ဆိုကာ လွှတ်လိုက်သော မြားကဲ့သို့ ကန်ဘောင်ရိုးပေါ်တက်ပြေးချေတော့၊ ခိုင်သည် ကျွန်တော့်အနီးသို့ တိုးကပ်လာသည်။ သူသည် ကျွန်တော့်ထက်အသက် ၁၆နှစ်ကျော်ငယ်၍ ထိုအချိန်၌ သူ့အသက် ၃၂–နှစ်မပြည့်တပြည့် ဖြစ်သော်လည်း ငွေကြေးရှိ၍ ကားပိုင်စီးနိုင်သူပင် ဖြစ်ရာ၊ အမြဲတမ်း သူ့ကိုယ်သူ သ,ထားသည်မို့ နုနယ်လှပပျက်ပင် ရှိသည်။

''ခိုင်. . . ဟောဒီနား ကားနဲ့ ရောက်တိုင်း ရောက်တိုင်းလေ အကိုဆွေအိမ်ကို ဝင်ချင်တယ် သိလား။ ဒါပေမယ့် အကိုဆွေ မိန်းမက ကြိုက်မယ်မထင်လို့''

''အို. . . . ခိုင်ကလဲ မဟုတ်ပါဘူး''

အမှန်တော့ တကယ်ဘဲဖြစ်၏။ ကျွန်တော့်ဇနီးမေသည် ခိုင်နှင့်ကျွန်တော့် နှောင်းဖြစ်ကို ကောင်းကောင်းကြီးသိထားပြီး ဖြစ်၏။ ဘာကြောင့် သိသည်ကိုလည်း ကျွန်တော်တို့ ရည်းစား ဘဝတွေ အကြောင်းရောက်တော့ ဖော်ပြရပါမည်။ မေနှင့် ခိုင်သည် ကျွန်တော့်ရည်းစားပြိုင် ဖြစ်ခဲ့၏။

''အကိုဆွေ မိန်းမက အကိုဆွေနဲ့ ခိုင်အကြောင်း သိထားသလား. . . ဟင်''

''အို. . . . မသိပါဘူး''

ဘယ့်နှယ်လုပ်မလဲ၊ မုသားမသုံးလို့ ယောက်ျားဖြစ်ပြီး နှုတ်မလုံဘူး အပြောခံနေရမှာပေါ့။

''ဒီမှာ အကိုဆွေ''

''ခိုင်. . .''

''ခိုင်ရထားတဲ့ လေးချိုးလေးတပုဒ် ဆိုပြချင်တယ်''

''ဆိုပါခိုင်၊ အကိုဆွေက ကဗျာကောင်းရင် ကြိုက်တာဘဲ''

''အို. . . ဒီလေးချိုးကိုတော့ အကိုဆွေ သေသေချာချာကိုကြိုက်မှာ၊ ခိုင်ပြောရဲတယ်''

''ကဲ. . . ဆိုပါအုံးဗျာ''

ခိုင်သည် ကဗျာစာပေ ဝါသနာအိုး။ ဟို. . ယခင်ကလည်း သူ့အလွတ်ကျက်ထားသော ကဗျာများကို ဆိုပြလေ့ရှိပါသည်။

''ကဗျာ့ ခေါင်းစဉ်က ဘာလဲသိလား''

''အို. . . ခိုင်ဟာကို ကိုယ်ဘယ်သိနိုင်ပါ့မလဲ''

''ခိုင်သို့ တောင်းပန်လွှာတဲ့''

''ဟိုက်. . . ကျွန်တော် မျက်လုံးပြူးသွားလေပြီ။ သူက မသိဟန်ပြု၍ 'ဆိုမယ်နော်' ပြောပြီး အောက်ပါလေးချိုး ရွတ်ပါတော့၏။

ပန်းမာလာ တခါဘဲ မွှေးရော့မယ်လား
လွမ်းစရာ ကဗျာတေးရယ်နဲ့
စာရေးပါလို့ တင်ဆက်မည်။
မောင့်အတွက်ကိုတော့
ဖြောင့်ချက် ဝန်ခံပေ့ါ
လွန်ဆန်ကာ ညမှောင်ရိပ်မှာလ
ခိုင်သဇင်ကို ပိုင်ချင်တဲ့ စိတ်ကယ်ကြောင့်
ဖွတ်မိုတ်ခဲ့သည်။

သို့ကလို ဖြစ်ကာ မှားမိမှာဖြင့်
ပျို့အလိုချစ်သဒ္ဒါပွားပါတော့
ဒို့နှစ်ကိုယ် သစ္စာထားကြစို့ရဲ့
မေတ္တာတရားနဲ့ တောင်းခံပြီ
အကြောင်းကံ ညီပါတော့ မောင့်သက်နှင်း။
ချစ်ခရီးဆိုတာက ခိုင်ရဲ့. . . တဲ့
ဖြစ်ပြီးရင် ပြန်မဆုတ်နိုင်ဘူး
ဟန်လုပ်ကာ မာန်နဲ့ တင်းသော်လဲ
လွန်ခဲ့တဲ့ အခင်းတွေဘယ်လို မေ့နိုင်ပ့ါ
တွေးလေ့လေ. . အေဆွေးတွေ ဗျာပါလှိုင်လို့
သက်ဆုံးတိုင် စိတ်ဝယ်ပန်းရလိမ့်
ချမ်းသာမှုကင်း. . . . တဲ့။

''ဟုတ်ရဲ့လား အကိုဆွေ''
''အကိုဆွေ ရေးတုန်းကတော့ ကိုယ့်ရင်ထဲ ခံစားမှုအတိုင်း ရေးတာပါဘဲ ခိုင်ရယ်''
''နို့ပြီးတော့ အကိုဆွေ တကယ်ဘဲ စိတ်ဆင်းရဲသွားသလား''

''ခိုင် နောက်ဆုံး ယတိပြတ် ငြင်းလိုက်တော့ အကိုဆွေတကယ်ဘဲ စိတ်ဆင်းရဲသွားပါ တယ်၊ ပူဆွေးဒုက္ခ ရောက်ခဲ့ရပါတယ်''

''ခိုင် တောင်းပန်ပါတယ် အကိုဆွေ၊ ကိုင်း. . . အခုကော အကိုဆွေ ခိုင့်အပေါ်ဘယ်လို သဘောထားသေးသလဲ ဟင်'' ဆိုပြီး သူ့နှုတ်ခမ်းနီနီရဲရဲသည် ကျွန်တော့်ပါးနား ကပ်လာတော့ သူဘာဆန္ဒရှိသည် ကျွန်တော် ဘာလုပ်ရမည်ကို သိပါသည်။ ဒါကြောင့် ဟိုကဗျာ ကျွန်တော် ရေးခဲ့တာပေါ့။

ဒိုဘီပြန် ခဝါချရယ်က

အပျိုရည်တဖန် နံ့သာတွေ သ,ပါလို့

နှစ်ကိုယ်ကြင်ရန် လာလို့ စပြန်တော့

ဟေ. . . ငါတို့ဘဝတွေက မလျော်ပြီ။

ဟင်. . . မလျော်ပေမယ့် ခုအခြေမှာတော့ အာရတီဝေးစွာ ရှောင်ကြဥ်ရခြင်းသည်ဌင်း၊ ဝိရတီ အထူးသဖြင့် ရှောင်ကြဥ်ရခြင်းသည် ဌင်းတို့ မင်္ဂလာတရား ၃၈–ဖြာမှာ မြတ်စွာဘုရားက ရှောင်ကြဥ်ဘို့ကို နှစ်မျိုးတောင် ခွဲဟောထားခဲ့တာ။ အခုလိုကိုယ့်မျက်နှာနား သူ့မျက်နှာ လာအပ်လာတော့ ယခင်ကလဲ ကန်စွန်းကင်းငြိပြီး အစွန်းအထင်းရှိခဲ့ဘူးသူတွေ ဖြစ်လေတော့၊ ကျွန်တော်ဟာ ဝိရတီ အထူးသဖြင့် ရှောင်နိုင်ပါဦးမလား။ ရှုမဝအချောက သမုဒယ ဇော်တွေနဲ့ အခု တခဏလောကာ သူ့ကိုယ်ထိုးအပ်နေတော့ ဈာန်လည်းမပျံနိုင်၊ တောင်ပို့လည်း ချိုမသွေး နိုင်သော ကျွန်တော့်မှာ ကြုံတုန်းကြုံခိုက် လွေးလိုက်တော့မည်အပြု။

အလိုလေးဗျာ. . . ကျွန်တော်၏ ယင်းအမိုက်တရားကို သူတော်ကောင်းနတ်ကောင်းမ သည်ဟု မဆိုနိုင်ဘဲ လူယုတ်မာအတွက်ခွေးဆိုးဖျက်သည်ဟု ဆိုရပေတော့မည်။

အကြောင်းမှာ ယင်းအခိုက်ကလေးတွင် ကျွန်တော်ထိုင်သည့်ဘက် ကားနံဘေးမှ ခွေးမာန်ဖီသံ ကြားရသဖြင့် ရုတ်တရက်နွားမြီးသတိရပြီး သူ့အားပွေ့ဖက်တော့မည့် လက်နှစ်ဖက် ကို ဒက်စတော့ဘရိတ် အုပ်လိုက်ကာ ကားအောက် ငုံ့ကြည့်လိုက်တော့လား. . . လား ခွေးတကောင် နွားမြီးကိုက်ချီ၍ ကားနောက်ဖက်သို့ စွတ်ပြေးလေတော့ ကျွန်တော်မျက်လုံးပြူး ကာ. . .

''ဟာ ပါသွားပြီ ခိုင်ရေ''ဟု ပြောပြောဆိုဆို ကားတံခါးကပျာကသီ ဖွင့်ဆင်းကာ ခွေးနောက်သို့ တဟုန်ထိုး လိုက်ရတော့သည်။

''ပါးစပ်မှလည်း. . .

''ဟဲ့. . ခွေး. . . ချခဲ့၊ ဟဲ့ ခွေး. . ချခဲ့၊ ဟဲ့ ခွေး ချခဲ့'' ဒလစပ်အော်လျက်. . .

ခွေးကတော့ မချပါ၊ တာရိုးစုန်ပြေးလေ၍ ကျွန်တော်လည်း သူ့ကိုမှီရန် မလွယ်ပါ။ လူလည်း ပြေးကျင့်မရှိသဖြင့် အလွန်မော၊ ဒီနွားမြီးဆုံးမှုဖြင့် အိမ်ကို ဘယ်လိုပြောပါမည်နည်း။ ဘယ်နည်း ဘယ်ပုံ ခွေးချီသွားတယ်လို့။ သို့သော် တော်ပါသေး၏။ ရှေ့မှလျှောက်လာသော လူတယောက်သည်

ကျွန်တော့်ဖြစ်အင်ကိုမြင်၍ သူ့လက်ထဲမှ အသင့်ပါလာသော တုတ်နှင့် ခွေးကိုချောက်လှန့်တော့မှ ထိုသုနက္ခောက နွားမြီးကို ချခဲ့ပါတော့၏။

ကျွန်တော် နွားမြီးပြန်ရတော့ လူမှာ ဟောဟဲ ဖြစ်နေ၍ လမ်းဘေးမြက်ခင်းပေါ်မှာ ထိုင်နေရပါသည်။

ခိုင်သည် သူ့ကားကိုလှည့်၍ မောင်းလာခဲ့ပြီး ကျွန်တော့်အနီးကပ်၍ရပ်ကာ ကျွန်တော့် ဖြစ်အင်ကိုကြည့်၍ ရယ်မောလျက်. . .

''ဖြစ်ရလေ အကိုဆွေရယ် ဒီနွားမြီးရှုံကြီး ဒီလောက်မက်မက်မောမောရှိလှတာ ဘာလုပ် ဖို့များလဲ''

''အိမ်က ခွေးမ နို့ကောင်းကောင်းမထွက်လို့ပါ ခိုင်ရာ''

''အော်. . . အကိုဆွေမှာ အခု မြေးရနေပြီ''

''အေးလေ''

''အော်. . . ဘကြီး ဘကြီး၊ ဒါကြောင့် အဖိုးကြီးဖြစ်သွားပြီဘဲ သနားပါတယ်''

ကျွန်တော်က ဘာမျှမပြော ဟောဟဲဘဲနေရာ သူကဆက်လက်၍. .

''ကဲ. . အဖိုးကြီး ဒီလောက်မောနေတာ ကားပေါ်တက်၊ အိမ်ကိုလိုက်ပို့မယ်''

''နေပစေခိုင်၊ အခုဘဲ အမောပြေသွားတော့မှာပါ၊ အိမ်လဲ အနီးလေးရှိတော့ တာ''

ဤတွင် ခိုင်သည် မျက်နှာထားတည်ကာ မနာလိုသံနှင့်. .

''အကိုဆွေဟာ အခု မိန်းမကို သိပ်ကြောက်တာဘဲနော်၊ ဟိုအရင် ပထမ မယားတုန်းက တော့ အကိုဆွေ နေချင်သလိုနေ ပွေချင်သလိုပွေ လုပ်ချင်သလို လုပ်နေတာဘဲ''

အဲဒါတွေ ခိုင်အသိဆုံးပါကွာ. . အကိုဆွေရဲ့ အရင်ပထမမယားနဲ့ ယောက္ခမက ဘယ်နည်း ဘယ်ပုံမို့ အကိုဆွေသူတို့နဲ့ မပျော်ပိုက်ဖူး၊ အကိုဆွေ့ဇာတာမှာလဲ မယားသုံးဆက် လဲမှ မြဲမှာမို့ ကသာမှာ အကိုဆွေ ဒုတိယ အိမ်ထောင်ကျခဲ့ပြီးပြီ၊ အခု တတိယမြောက် ပြောင်း ဖို့ဟာ ခိုင်ဘဲဖြစ်ရမယ်လို့၊ ဘာကြောင့်လဲဆိုရင် ခိုင့်လက္ခဏာမှာ အာယုလမ်းကြောင်းနဲ့ ဉာဏ လမ်းကြောင်းဟာ မဆက်ဖူး၊ အကိုဆွေ့လက္ခဏာမှာလဲ ဒီလိုဘဲ၊ အကိုဆွေရဲ့ နောက်ဆုံး အိမ်ထောင်ဟာ ဒီလိုလက္ခဏာချင်းတူတဲ့ အမျိုးသမီးဖြစ်ရလိမ့်မယ်လို့ ဗေဒင်ဆရာက ဟောကြောင်း ခိုင့်ကို အကိုဆွေပြောပြခဲ့ဘူးတယ် မဟုတ်လား''

''ကဲ. . . အခု အကိုဆွေ့ ဇနီးမေ့လက္ခဏာကော ဒီလိုဘဲလား''

''ဟုတ်တယ်. . . အာယုလမ်းကြောင်းနဲ့ ဉာဏလမ်းကြောင်း မဆုံဘူး''

''ဒါဖြင့် အဲဒီဗေဒင်ဆရာ မှန်တာပေါ့နော်၊ အဲဒီတုန်းကတော ့အကိုဆွေ သက်သက် ခိုင့်ကိုဖြီးနေတာ၊ ခိုင့်ကိုလိုချင်တာနဲ့ ကိုယ့်အိမ်က မယားမကောင်းကြောင်း တမင်လုပ်ကြံ

ပြောနေတာလို့ အောက်မေ့ခဲ့တာပေါ့၊ အိမ်ထောင်ရေး အဆင်မပြေဘူးဆိုတာလဲ ခိုင်နားမလည်သေးဘူးလေ၊ အဲဒီတုန်းက ခိုင့်အသက်က ဘယ်လောက်ရှိသေးလို့လဲ ဆယ့်ခုနှစ်ဖဲဟာ''

''နို့. . . အခုတော့ကော''

''အခုတော့ ခိုင်နားလည်ပြီ၊ နားလည်လိုက်သမှ အခု ခိုင့်ဘဝဟာ အကိုဆွေ့အရင်မယားကြီးနဲ့တုန်းက အဖြစ်မျိုး ရောက်နေတယ်ဆိုတာ အကိုဆွေ ရိပ်စားမိလောက်ပါတယ်နော်၊ နို့ပြီး အကိုဆွေက ယောက်ျား ခိုင်က မိန်းမသားမို့ ပိုဆိုးတာပေါ့ အကိုဆွေရယ်'

''အကိုဆွေ နားလည်ပါတယ်၊ သဘောပေါက်ပါတယ်''

''ဒီတော့ အကိုဆွေခိုင့်ကို မသနားဘူးလား ဟင်''

''သနားတာပေါ့ခိုင်ရယ်၊ ဒါပေမယ့် အခုလက်ရှိအခြေမှာက အကိုဆွေခိုင့်အတွက် ဘာတတ်နိုင်တော့သလဲ''

''အကိုဆွေ အခု အိမ်ထောင်ရေးကတော့ သာယာနေပြီနော်''

''ဟုတ်တယ်. . . ခိုင်''

''ဝမ်းသာပါတယ် အကိုဆွေ''

သူက ကားပေါ်မှ ကျွန်တော့်ဘက်ခေါင်းထွက်၍ ကျွန်တော်က မြက်ခင်းပေါ်မှာ အမောဖြေရင်း ထိုင်လျက်ဘဲ။

စကားဖြတ်ပြီး သူ့မျက်နှာလေး အိုသွားသည်နှင့် ကျွန်တော်က. . .

''ဒီမှာ ခိုင်. . . ခိုင့် ယောက်ျားဟာ ခိုင့်ကို အင်မတန်ချစ်ပါတယ်ကွယ်''

''သိပါတယ် သူက ချစ်လေ သူ့ကိုမချစ်တဲ့ ခိုင့်အဖို့မှာ ခက်လေဆိုတာ အကိုဆွေ စဉ်းစားကြည့်ရင် သဘောပေါက်နိုင်ပါတယ်''

''ခိုင့်ကိုလဲ အင်မတန် အလိုလိုက်ပါတယ်နော်၊ ကြည့်လေအရင်ကစီးခဲ့တဲ့ အိုပယ်ကားရိုးတယ် ဟောင်းတယ်ဆိုလို့ အခုခိုင်လိုချင်တဲ့ ဒီကား မာဇဒါဖင်မလီယာဖိုးဒိုး အသစ်စက်စက် ကိုဝယ်ပေးတယ်မဟုတ်လား၊ နို့ပြီး အခုဆောက်တဲ့ တိုက်အိမ်ကြီးကကော ခိုင့်စိတ်ကြိုက် မဟုတ်လား''

''ခိုင်သည် စိတ်ပျက်စွာ မျက်နှာကို ရှုံ့ကာ. . .

''အကိုဆွေရာ၊ စာရေးဆရာကြီး တယောက်လုံး လုပ်နေပြီးတော့ ပစ္စည်းဥစ္စာနဲ့ အချစ် ဟာ ဆိုင်သလားဗျု၊ ငွေပေးတိုင်းအချစ်ကို ရသလားဗျ''

''ဒါတော့ ဟုတ်ပါတယ်ခိုင်ရယ် သို့သော် ခုအခြေအနေမှာ ခိုင့်ကို အကိုဆွေ တိုက်တွန်းချင်တာကတော့ ခိုင့်အတွက် သူ့ကိုချစ်အောင် ကြိုးစားစေချင်တာဘဲ''

''ကြိုးစားခဲ့ပါပြီ အကိုဆွေ၊ ခိုင့်ဗိုက်ထဲက ခလေးနှစ်ယောက်ထွက်ပြီးခဲ့ပါပြီ၊ မရပါဘူး နောက်ထပ်လဲ သူနဲ့မမွေးချင်တော့ဘူး''

''ဟင်း. . . အင်း'' ကျွန်တော်သည် သက်ပြင်းရှည်ရှည်ကြီးချလိုက်မိကာ ''ခိုင့်အဖြစ်ကလဲ ဆိုးတယ်ကွာ ဒီလိုကိုယ်မချစ်သူနဲ့မှ ညားရလေခြင်း''

''ညားရအောင် သူခိုင့်ကို ဘယ်လိုလုပ်ယူသလဲဆိုတာ ခိုင် အကိုဆွေ့ကို အသေးစိတ် ပြောပြပြီးပြီနော်၊ ကဲ အဲဒီလုပ်ပုံကိုက ဘယ်လောက်မုန်းစရာ ကောင်းနေသလဲ''

ယင်းအခိုက် အင်းလျားကန်ဘောင်ရိုးပေါ် တက်သွားသော သူ့သားကလေးက ပြန်ရောက် လာ၍ ကျွန်တော်တို့ စကားပြတ်သွားပြီး၊ ကလေးကားပေါ်ရောက်သောအခါ ကျွန်တော်လည်း ထိုင်ရာမှထ၍ နွားမြီးထုပ်ဆွဲလျက်. .

ကဲ. . အကိုဆွေလဲ အမောပြေပြီ ခိုင်တို့သားအမိလဲ သွားကြပေရော့''

ယင်းကို သူက စကားနာထိုးသည်။

''နှင်ပါ အကိုဆွေရယ် နှင်ပါ၊ အကိုဆွေက အခု ခိုင့်ကို နှင်နိုင်ပေသပေါ့''

''ခိုင်. . . ဒီလိုမပြောပါနဲ့ ခိုင်ရယ်၊ အကိုဆွေ စိတ်မကောင်းဖြစ်အောင် ခိုင်ဘာလို့ လုပ်ချင်ရတာလဲ''

''အော်. . . ခိုင်ဒီလိုပြောလိုက်တာနဲ့ အကိုဆွေစိတ်မကောင်းဖြစ်သွားတယ်လား. . . ဒီလိုဆို တော်သေးတာပေါ့ ဘွာဗျာ၊ ဘွာ. . ဘွာနော်ဘကြီး စိတ်ပြန်ကောင်းပေရော့၊ ကဲ. . ခိုင်သွားမယ်''ဟု ပြုံးရွှင်စွာပြောဆိုရင်း ကားကိုစက်နှိုး၍ ထွက်သွားတော့ ပင်ကိုယ်က ပျော်ရွှင်တတ်သော ခိုင်သည် သူ့သားမမြင်အောင် ခေါင်းတလုံးပြူထွက်လာပြီး ကျွန်တော့်အား ဖလိုင်းရင်းကစ်စ် ပေးသွားသေး၏။

နောက်နှစ်ရက်မြောက်၌ ခိုင့်ဆီက စာတစောင်ရောက်လာ၏။

၂၁. ၁၂. ၆၇။

ခိုင့်ကို ချစ်ခင်မြတ်နိုးလှပါသည်ဆိုခဲ့တဲ့ အကိုဆွေ။

မနေ့ကဖြစ်အင်ကို သေသေချာချာ ဆင်ခြင်စဉ်းစားလိုက်တော့ အခု ခိုင်ဟာဖြင့် အကို ဆွေ့အဖို့ နွားမြီးရိုးတခုလောက်မှ တန်ဘိုးမထားတော့ပါလား။ ဒီအရိုးခွေးချီပြေးတာနဲ့ အကိုဆွေ ခိုင့်အနားက ဒရောသောပါးထွက်ခွာသွားတာကို တွေးမိတိုင်း ခိုင်ရင်နာလှချည်ရဲ့ အကိုဆွေရယ်။

တကယ်လို့ ဒီနွားမြီးရိုးဟာ အကိုဆွေ့အဖို့ အိမ်ပါမသွားလို့မဖြစ်ဖူးဆိုရင် ခိုင့်မှာကားပါ သားဘဲ။ အမဲဈေးသွားပြီး အချောင်း ၁၀၀–ယူမလား၊ ခိုင် ဝယ်ပေးနိုင်ပါတယ်။

ဒီမှာ အကိုဆွေ၊ ခိုင်မှန်တာပြောတော့မယ်။ မနေ့က အကိုဆွေနဲ့ တွေ့တာဟာ လမ်းကြုံ လို့ မတော်တဆ မဟုတ်ဖူး။ ခိုင် စမိုင်က ပြန်ခဲ့တာဆိုတာလဲ မဟုတ်ဖူး။ အကိုဆွေ့ကို တွေ့ချင် လွန်းလို့ တမင်လာခဲ့တာဘဲ။ ပထမဦးအကိုဆွေနေတဲ့ လမ်းထဲဝင်ပြီး အသွားအပြန် အကိုဆွေ့ အိမ်ရှေ့နှစ်ခေါက်ဖြတ်မောင်းရင်း အကိုဆွေ့အရိပ်အခြေကြည့်ခဲ့တယ် မမြင်ဘူး။ ဒါနဲ့ ညနေ ခင်းမှာ အကိုဆွေ လမ်းလျှောက်တတ်တယ်ဆိုလို့ အဲဒီ အင်းလျားကန်စောင်းဝန်းကျင်မှာ လျှောက်ရှာရင်း မှအကိုဆွေ အဲဒီနွားမြီးရိုးကြီးကိုင်လာတာ တွေ့ရတာဘဲ။

ဒါပေမယ့် လာရကျိုး၊ တွေ့ရကျိုး မနပ်လိုက်လေ အကိုဆွေရယ်။

ဒီမှာ အကိုဆွေ၊ ဘွင်းဘွင်းနဲ့ရှင်းရှင်းပြောတော့မယ်။ အကိုဆွေဟာ ဟိုးအရင် ပထမက အိမ်ထောင်နဲ့ မပျော်ပိုက်ဖူးဆိုတုန်းက ခိုင်ဟာ အကိုဆွေရဲ့ အဖြည့်ခံပျော်တော်ဆက်မကလေး ဖြစ်ခဲ့တယ်မဟုတ်လား။ ခိုင် နာ့စ်မဘဝနဲ့ သူနာပြုဆရာမများ အဆောင်မှာ နေရစဉ်က အကိုဆွေ ခေါ်ရာ ခိုင်လိုက်ခဲ့တယ်မဟုတ်လား။ တကယ်တော့ ခိုင့်ရဲ့အသက် ၁၇–နှစ် ၁၈–နှစ် ဟာ အကိုဆွေရဲ့ ရင်ခွင်ထဲမှာ ကြီးခဲ့ရတယ်ဆိုရင် မမှားဘူး။

အဲသည်တုန်းက အကိုဆွေဟာ ခိုင့်ကို တကယ်မေတ္တာစစ်နဲ့ ချစ်ခဲ့တယ်ဆိုတာလဲ ခိုင်ယုံပါတယ်။ အကိုဆွေ့ကိုလဲ ခိုင်ချစ်ပါတယ်။ နှစ်ယောက်သဘောတူ ယူကြဘို့အကိုဆွေ အခါခါ တောင်းခံတာကို ခိုင်ငြင်းခဲ့ရတာကတော့ အကြောင်းနှစ်ချက်ရှိပါတယ်။

(၁) အကိုဆွေ့မှာက ယောက်ခမနဲ့မယားနဲ့ မသင့်မြတ်ဘူးဆိုပေမယ့် ပြတ်ပြတ်စဲစဲ မဟုတ်သေးဘူး။

(၂) ခိုင်ဟာ သူနာပြုသင်တန်းကို နယ်ကစရိတ်နဲ့ လာခဲ့ရတော့ နယ်ပြန်ပြီး ၃–နှစ် တာဝန်ထမ်းဆောင်ရမယ်။

ဒါပေမယ့် ခိုင်ရန်ကုန်မှာ ရှိနေတုန်း သုံးနှစ်လုံးလုံးအကိုဆွေရဲ့ ရည်းစားအဖြစ်နဲ့ ဖျော်ဖြေခဲ့တယ် မဟုတ်လား။ သို့သော် အကိုဆွေခေါ်တိုင်း မရဘူး။ တခါတရံငြင်းဆန်ခဲ့ရတာ များတော့ အကိုဆွေကို ခိုင်ယူလိုက်မိမှာစိုးလို့၊ ဖော်ပြခဲ့တဲ့ အကြောင်းနှစ်ချက်ကြောင့် အကိုဆွေရေ့။ အကိုဆွေ့ကို စွဲသထက်စွဲပြီး ခိုင် စိတ်ချုပ်တည်းမရမှာ စိုးခဲ့ရတယ်။

တကယ်တော့လဲ ခိုင် အကိုဆွေ့ကို စွဲခဲ့ပါတယ်။ ခုလဲ စွဲတုန်းဘဲ။ အကိုဆွေဟာ ခိုင်ရဲ့ ပထမဆုံးအချစ်ဦးနဲ့ ပထမဦးဆုံး (ဒါ) အကိုဆွေသိပါတယ်လေ။

အကိုဆွေ ခိုင့်ဆီရေးတဲ့ လေးချိုးထဲက နောက်ဆုံးအပိုဒ်–

ချစ်ခရီးဆိုတာ ခိုင်ရဲ့
ဖြစ်ပြီးရင် ပြန်မဆုတ်နိုင်ဘူး
ဟန်လုပ်ကာ မာန်နဲ့ တင်းသော်လဲ
လွန်ခဲ့တဲ့ အခင်းတွေ ဘယ်လိုမေ့နိုင်ပ့ါ
တွေးလေလေ. . အဆွေးတွေ ဗျာပါလှိုင်လို့
သက်ဆုံးတိုင် စိတ်ဝယ်ပန်းရလိမ့်. . .
ချမ်းသာမှုကင်း။

. . . ဆိုတာဟာလေ၊ အခု အကိုဆွေဘို့ မဟုတ်တော့ဘူး။ အခုခိုင်ဘို့ဖြစ်သွားပြီ။ ဖြစ်နေပြီ. အကိုဆွေရေ့။

အကိုဆွေရဲ့ သာယာတဲ့ အိမ်ထောင်ကိုလဲ ခိုင်မဖျက်လိုပါဘူး။ အကိုဆွေ့ကို ခိုင်မရနိုင်တော့ဘူးဆိုတာလဲ သိပါတယ်။ ဒါပေမယ့် မချစ်မနှစ်သက်သူနဲ့ ပေါင်းနေရတဲ့ ခိုင်ဟာ ကိုယ့်ငယ်ချစ်ဦးကြီးကိုတော့ လွမ်းတယ်ကွဲ့ လွမ်းတယ်. . . သိလား။

ဒါပါဘဲ အကိုဆွေ။

အကိုဆွေ့ကို ထာဝစဉ် ချစ်နေမယ့်. . .

ခိုင်

သူ့စာ ဘာအဓိပ္ပာယ်ဆောင်သနည်း။ သူ့ဆန္ဒဘာရှိသနည်း ထင်ရှားပါသည်။

ဒီစာဟာ ကျွန်တော့်ရင်ကို တော်တော်ဘဲ လှုပ်လိုက်ပါတယ်။ ကျွန်တော်ဟာ စာရေးဆရာဘဝနဲ့ ရည်းစားတော်တော်များများရခဲ့ပါတယ်။ သည်ရည်းစားတွေထဲမှာ ခိုင်ဟာ ကျွန်တော့်စိတ်ကို အလှုပ်ရှားစေဆုံးပါဘဲ။ အစွဲလန်းစေဆုံးပါဘဲ။ သူနဲ့ကျွန်တော်ဟာ မညားခဲ့ရဘဲနဲ့ ချစ်သက်တမ်းအရှည်ခဲ့ဆုံးပါဘဲ။ ခုတိုင်မဆုံးသေးဘူးဆိုတာ ကြည့်လေ။ ကဲ. . . ဘယ်လို ဆက်ကြဦးမည်နည်း။

## အခန်း(၂)

### ဤ မိန်းကလေးသည်

ကျွန်တော့် ကလောင်နာမည် တဟုန်ထိုး တက်နေချိန်မှာ ကျွန်တော့်ထံ စာဖြင့် မိတ်ဆက်လာကြသော အမျိုးသမီးများတွင် ဤမိန်းကလေးသည် အထူးခြားဆုံးဖြစ်၏။

အများအားဖြင့် အမျိုးသမီးတို့သည် ဦးသော်တာဆွေရှင့်–က အစချီ၍ ကျွန်တော့် ဘယ်ဝတ္ထုတွေ ဘယ်လိုကောင်းကြောင်း၊ ကျွန်မ ဦးသော်တာဆွေရဲ့ ဝတ္ထုတွေ အမြဲဖတ်ကြောင်း၊ အခု စာတွေဖတ်နေရုံနှင့် အားမရ၍ လူပါသိကျွမ်းချင်ပါသဖြင့် မိတ်ဆက်ပါကြောင်း ဆိုသော သဘောမျိုးတွေ ရေး၍ သူတို့နေရပ်လိပ်စာပေးကာ စာပြန်ပါရှင့်။

သည်တော့ ကျွန်တော်ကစာပြန်၏။ ဒီလို စာပြန်လိုက်လို့ သူကရပ်မနေဘဲ အားနေး–ဂျာနေးတွေ ဖွဲ့ဖွဲ့နွဲ့နွဲ့ လုပ်လာပြီဆိုတော့ ကျွန်တော် ထိုအမျိုးသမီးသဘောကို ရိပ်စားမိလာပြီ။

ဘာကြောင့်လဲဆို ထိုစဉ်က ကျွန်တော်ဟာ မိမိကိုယ်မိမိ လူပျိုလုပ်၍ စာရေးနေ၏။ ကျွန်တော့် ဝတ္ထုတွေမှာ သော်တာဆွေဇာတ်လိုက်၊ ဂေါ်မစွံကောင်၊ အပျိုတွေနဲ့တွေ့လိုက်၊ ဂေါ်လိုက်၊ နောက်ကောက်ကျလိုက်ဆိုသည့် ဇာတ်လမ်းမျိုးတွေ။

ကျွန်တော် ရုပ်ရှင်မင်းသား၊ ကျွန်တော် ပြဇာတ်မင်းသား၊ ကျွန်တော်ပန်းချီဆရာ၊ ကျွန်တော် ဝိတ်တာဆွေ၊ ကျွန်တော်တို့ရေးပြတိုက်ခဲ့စဉ်က စသော ဝတ္ထုတွေများ သော်တာဆွေ ဇာတ်လိုက်၊ သော်တာဆွေ လူပျို. . . ဇာတ်လမ်းတွေဖွဲ့၏။ ထို့ပြင်–

ကိုကို့ကလောင် ပျော်စရာတွေ ရေးပေမယ့်

ပျိုတို့မောင် ဖော်ကွာဝေးမှာဖြင့်

ငိုလို့တောင် အော်ကာပြေးချင်ရဲ့

အဲဒါကြောင့် သော်တာဆွေးရယ်လို့

နာမည်ပြင်။

ဘုရားစူးစေရဲ့

စကားဦး ပလ္လင်ခံလို့

အမြင်မှန်. . . နှုတ်ချွေဟာရမှာဖြင့်

သွင်သဏ္ဍာန် ရုပ်ရည်ကလဲ အလှသားပါဗျ

သို့ပေမယ့် ပုဗ္ဗေစ ကြမ္မာနံ့ရောထင့်

အခါကုန်. . . လူပျိုဟိုင်းခဲ့ပေါ့၊

တွေ့တိုင်း. . . ဂေါ်ပါလေလဲ

သော်တာဆွေ. . . . မဟာန်ဖြစ်ပုံက

တော်ရာခွေ ကျေန်ရစ်ပါဘဲ

ခွေးဖြစ်မယ့်ကောင်။

ဒီကဗျာဟာ ရှုမဝမဂ္ဂဇင်းထဲမှာ 'သာဓုပါရှင်' ဝတ္ထုရှေ့ပိုင်းအစမှာ ရေးထည့်လိုက်တာဘဲ။ သည်ပြင် စာရေးဆရာတွေထက် ကျွန်တော်တပန်းသာတက ကျွန်တော့်စာက ဟာသဆိုတော့ ရေးချင်တာ လျှောက်ရေးနိုင်တယ်ဗျာ။

အဲသည်တော့ အချို့အမျိုးသမီးလေးတွေဟာ ကျွန်တော့်ကို တကယ်ဘဲ လူပျိုမှတ်ပြီး တော့ စာတွေအသွားအပြန် သုံးခါလောက် ပြန်တယ်ဆိုရင် ကျွန်တော်တို့ ဓာတ်ပုံချင်းလဲပြီးပြီ။ အဲဒီ မိန်းကလေးဟာ ချောနေပြီဆိုရင်ဖြင့် ကျွန်တော့်သောက်ကျင့်ဆိုးကို မှန်တဲ့အတိုင်းပြောမယ်။ ကျွန်တော်ရည်းစားဖြစ်အောင် လုပ်ကရောဗျို့။

အဲသည်တော့ ကျွန်တော့်အသက်က ၃၀–ပတ်လည်ဘဲ ရှိသေးတော့ ကျွန်တော့်ဓာတ်ပုံ တွေကိုလှအောင် နုပျိုအောင်၊ စပယ်ရှယ်ရိုက်ပေးနေတာက ခန့်ခန့်ကြီးဓာတ်ပုံတိုက် ခင်မကြီး ခင်ဗျ။ ပိုက်ဆံလဲ မယူရှာဘူး၊ ကျေးဇူးတင်ပါတယ်။

အမျိုးသမီးတွေဟာ စာကို ဘယ်လောက်ကြိုက်ကြိုက်ဗျ။ စာရေးဆရာကိုကြိုက်ဖို့ကတော့ အနီစာရေးဆရာဟာ ရုပ်ဖြောင့်ဦးမှဗျ။

အဆင်သင့်လို့ သန်းဆွေဖြစ်ပုံ ပြောရဦးမယ်။ သူနဲ့မေမြို့က အမျိုးသမီးတယောက် သူ့ဝတ္ထုတွေ သဘောကျပြီး မိတ်ဆက်ရာက စာတွေ အပြန်ပြန်အလှန်လှန် အာနေးဂျာနေး ဖွဲ့နွဲ့ ကြတော့ သန်းဆွေကလဲ လူပျိုကိုး။ အတော်နိုပ်နေကြတယ်။ ဒါနဲ့နောက်ဆုံးမှာ ကျွန်တော့်နည်း ယူပြီးတော့ ဓာတ်ပုံချင်းလည်း လဲရော၊ အမျိုးသမီးက ဓာတ်ပုံရပါတယ်ဆိုတဲ့ စာတောင် ပြန်မလာတော့ဘူး။

ဒါကြောင့် သန်းဆွေကို ကျွန်တော်က သင်ရတယ် ''မင်း ငါ့နည်းကိုယူပြီး ဓာတ်ပုံချင်းလဲ တဲ့ အလုပ် ဘယ်တော့မှ မလုပ်နဲ့၊ မင်းက ရုပ်မလှပေမယ့် အပြောကောင်းတယ်၊ ဒီတော့ လူချင်းတွေ့ အောင်သာလုပ်ကွ''လို့။

သန်းဆွေဟာ ကျွန်တော့်ထက် ၇–နှစ်ငယ်ပါတယ်။ ဒါ့ကြောင့် သူ့ကိုကျွန်တော် မင်း ငါ ပြောပါတယ်။

ကျွန်တော်ကတော့ ခင်မကြီးကျေးဖူးနဲ့ ကျွန်တော့်မိဘများ ကျေးဇူးဘဲ၊ ဓာတ်ပုံနဲ့ဘဲ စားသာပါတယ်။ ချင်ခြင်းအစ မျက်စိက' ဆိုတာဟာ ရုပ်ရည်သဘောကျမှ ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ဘဲ မဟုတ်ပါလား ခင်ဗျာ။ ဒါကြောင့် ကျွန်တော် ရုပ်ချောကလေးတွေမှ ရွေးပြီး ရည်းစားလုပ်ပါတယ်။

သို့သော် တခါတလေ မှန်းချက်နဲ့ နှမ်းထွက် မကိုက်တာများရှိတတ်ပါသေး။ တချို့ အမျိုးသမီးတွေဟာ ဓာတ်ပုံထဲမှာ နိုပ်ပြီး အပြင်မှာမစွံဘူးဗျ။ ဓာတ်ပုံထဲမှာ သိပ်မချောပေမယ့် လူကိုယ်တိုင်တွေ့ရတော့ စွဲမက်စရာကြီးတွေလဲ ရှိသဗျ။

ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ရတာတခု အဆင်သင့်တုန်း ပြောရဦးမယ်။ ဓာတ်ပုံထဲမှာ အတော်ချောတဲ့ ကောင်မလေးဗျာ။ တော်တော့်ကိုချောပါတယ်။ ကုလားကပြားမကလေး၊ ဓာတ်ပုံဟာ ရင်ဘတ်နဲ့ ကိုယ်တပိုင်းပြတ်၊ တည့်တည့်တပုံ၊ စောင်းစောင်းတပုံ၊ နောက်တကိုယ် လုံးက ထမီအင်္ကျီနဲ့တပုံ၊ ရေကူးဝတ်စုံနဲ့တပုံ၊ ဟာ. . . ရုပ်ရှင်မင်းသမီး ကျနေတာဘဲဗျာ။ ဘာမှ ပြောစရာမရှိဘူး။ သူ့အသက်က ကျွန်တော်နဲ့ စဖြစ်တော့ ၁၆–နှစ်၊ ကျောင်းသူလေး။ ဒါနဲ့ ကျွန်တော်သူ့ကို လူချင်းတွေ့ဘို့ ကြိုးစားတာဗျာ ''မာမာ ငယ်ပါသေးတယ်၊ မာမာငယ်ပါသေး တယ်'ချည်း တငြင်းထဲ ငြင်းနေတော့ ကျွန်တော် နောက်ဆုံးမနေနိုင်တော့ဘူး။ စကားမပြောရနေ ပြောခွင့်ရလဲ ပြောခဲ့မယ် ဆိုပြီး ရန်ကုန်အရှေ့ပိုင်းသူနေတဲ့ ကျောင်းသွားပြီး ကျောင်းဆင်းချိန် မှာ မိန်းကလေးတွေထဲ သူ့ကို ဓာတ်ပုံထဲက ရုပ်နဲ့ ရှာကြည့်တာတွေ့ပေါ့ဗျာ။ ကိုယ်လုံးကိုယ် ပေါက် ရုပ်ရည်ရူပကာဓာတ်ပုံထဲက အတိုင်းပါဘဲ။

သို့သော် မချောလေး ကျွန်တော့်ကိုဘာကြောင့် အတွေ့မခံချင်သလဲဆိုတာ ကျွန်တော် သဘောပေါက်တော့တာပါဘဲ၊ ဘာကြောင့်လဲဆိုရင် သူ့စာထဲမှာ 'မာမာငယ်ပါသေးတယ်' ဆိုတဲ့ အတိုင်းဘဲ ပိစိငယ်ငယ်လေးရယ်။ ကိုယ်လုံးကိုယ်ပေါက် အချိုးကျကျနဲ့ အင်မတန်ညှက်တဲ့

ကောင်မလေးကိုဗျ။ ကျွန်တော် သွားကြည့်တော့ သူ့အသက်ဟာ ၁၇–နှစ်ပေမယ့် သူ့ကိုယ်လုံးကိုယ်ထည်က ၁၀–နှစ်သမီးလောက်ပဲ ရှိတယ်၊ ကျွန်တော့်တသက် ဒီလောက်ညှက်တဲ့ မိန်းကလေးမျိုး မတွေ့ဘူးသေးဘူး။ နို့ပြီး မဒရာစီကုလားကပြားလားဗျာ။ မဲလိုက်တဲ့အသားက လဲ ကြုတ်လို့ သပိတ်ရောင်ထနေတာပါဘဲ။

ဒီတော့ ကျွန်တော် သင်ခဏ်းစာယူရတယ်။ (ဓာတ်ပုံထဲ နိပ်တိုင်းလဲ မဟုတ်သေးဘူးဟဲ့) လို့။ ဒီလိုဘဲ ကျွန်တော်ကလောင် ကမြင်းရင်း အမျိုးမျိုးအဖုံဖုံ တွေ့ခဲ့ရတာတွေကို စာသွားအဆင်သင့်တိုင်း ဖော်ပြသွားပါ့မယ်။

ယခု ကျွန်တော် ပြောပြတော့မယ့် ‘ဤမိန်းကလေးသည်’ ဆိုတဲ့ ကလေးမကတော့ လာလိုက်ကထဲက တမျိုးတဘာသာဗျ။ သူများတကာလို ဦးသော်တာဆွေရှင့်တွေ ဘာတွေ လုပ်မနေဘူး။

လေးစားခင်မင်အပ်ပါတဲ့ အကိုဆွေ။

ခိုင်ကအကိုဆွေ့ဝတ္ထုတွေဖတ်ပြီး၊ အကိုဆွေ့ကို အကိုတော်ချင်စိတ်ပေါ်လာလို့ အကိုဆွေလို့ ခေါ်ပစ်လိုက်တာဘဲ။ အကိုဆွေ စိတ်မဆိုးဘူးဟုတ်လား။ အကိုဆွေကလဲ ခိုင့်ကို ညီမလေးလိုပြန်ပြီး ချစ်စေချင်ပါတယ်။ ချစ်မယ် မဟုတ်လား။ အကိုဆွေရယ်။ ဒီတော့ ခိုင်ဘယ် သူလဲ၊ ဘယ်လိုရုပ်ရည်၊ ဘယ်လိုအရွယ်လဲ ဆိုတာသိရအောင် ခိုင့်ရဲ့ဓာတ်ပုံနှစ်ပုံ ထည့်ပေးလိုက် ပါတယ်။

ခိုင်ဟာ မြန်မာမဟုတ်ပါဘူး၊ မအေက ရှမ်းအမျိုးသမီး၊ ဖအေက ပန်ချာပီပါ။ ဒါပေမယ့် ခိုင်ဟာ ရှမ်းလို ပန်ချာပီလို တတ်လိမ့်မယ်တော့ မထင်လိုက်ပါနဲ့။ မြန်မာစကားဘဲ တတ်ပြီး တော့ လားရှိုးမြို့ အထက်တန်းကျောင်းမှ အဌမတန်း ကျောင်းသူပါ။

အခု ခိုင့်အသက် ၁၅–နှစ်ရှိပါပြီ။ ခိုင့်အမည် အပြည့်အစုံက ‘မြင့်ကေခိုင်’ခေါ်ပါတယ်။ အကိုဆွေဟာ ခိုင်ပြောသလို ခိုင့်ကို ညီမလေးလို ချစ်နိုင်မယ်ဆိုရင်ဖြင့် အကိုဆွေဓာတ်ပုံလဲ ပေးလိုက်ပါ။ ဟာ. . . ဒီလိုမချစ်နိုင်ဘူးဆိုရင်ဖြင့် ခိုင့်ဓာတ်ပုံတွေ ပြန်ပို့လိုက်ပါ။

ဒါပါဘဲ အကိုဆွေ။

ကျန်းမာ ချမ်းသာပါစေ။

ဝတ္ထုတွေ ဆထက်တံပိုးကောင်းအောင် ရေးနိုင်ပါစေ။ ညီမလေးဖြစ်ရန် မျှော်လင့်ချက်ကြီးစွာနှင့်. . .

မြင့်ကေခိုင်(အဌမတန်း)

လားရှိုး အထက်တန်းကျောင်း။

လားရှိုးမြို့။

စာအိတ်ဖောက်လိုက်ကထဲက သူ့ဓာတ်ပုံလေးနှစ်ပုံထွက်လာသည်။ တပုံက ကျောင်းသူဂါဝန်ဝတ်ကလေးနှင့်။ တပုံက ကိုယ်တပိုင်းပြတ် မျက်နှာအလှကိုဖော်သည်။ ရှမ်းမနဲ့ ပန်ချာပီ စပ်တာလားဗျ။ သူ့ကြည့်ရတာ တမျိုးလေးဘဲ။ ချစ်စရာတော့ ကောင်းပါတယ်။

အချို့အမျိုးသမီးတွေဆိုရင် စာပေးစာယူဖြစ်ကြပြီး သူတို့ဓာတ်ပုံရအောင် တော်တော်ကို တောင်းယူရတယ်။ တချို့ဟာ ကျွန်တော့်ဓာတ်ပုံသာယူထားပြီး သူတို့ပုံကို မပေးတတ်ကြဘူး။

အခု ကလေးမကား ဓာတ်ပုံပေး ရဲတင်းလှလေစွ။ ရဲတင်းသည့်အကြောင်းကလည်း သူသည် ထိုအချိန်၌ အပျိုဘော်ဝင်စ လူ့ဘဝကို ဘာမှ နက်နက်နဲနဲမတွေးတတ်။ တကယ်ဘဲ သူ့စိတ်ကူးယဉ်မှာ ကျွန်တော့်ကို အကိုတော်ချင်နေ၍ ဖြစ်ပေမည်။ မြီးခေါင်ပေါက်စိတ်ကလေး တွေကိုး ဆန်းကြယ်စွ။

အလျဉ်းသင့်၍ ရွှေမန်းသူလေး နှစ်ယောက်အကြောင်းပြောရဦးမည်။

လင်း ယုန် နီ နှင့် ကျွန်တော်သည် တခေတ်ထဲ တချိန်ထဲ ထခဲ့သည်ဖြစ်ရာ၊ ဤမိန်းက လေးနှစ်ယောက်သည် ဒီလိုဆယ်ကျော်သက်ကလေးတွေပေါ့။ လင်းယုန်နီနှင့် သော်တာဆွေ နှစ်ယောက်စလုံးကို ကြိုက်ကြသတဲ့။ သည်တော့ သူတို့နှစ်ယောက်ဟာ တယောက်စီ မိတ်ဆက် စာရေးဘို့ မဲချကြသတဲ့။

အဲသည်အကြောင်းကို သူတို့နဲ့ကျွန်တော်တို့ အကိုကြီးရေ. . . ညီမလေးရေ. . ဖြစ်ကြတော့ ကျွန်တော့်ညီမလေးဖြစ်လာတဲ့ ကောင်မလေးရဲ့စာထဲမှာ တခါရေးလာတယ်။ သူတို့ချင်းမဲချတာ မှာ ကျွန်တော် လင်းယုန်နီထက်ချောနေတော့ သူကံကောင်းတာပေါ့တဲ့။ အောင်မယ်လေး. . . သူတို့မှလဲ စားရသောက်ရတာ ကျနေတာဘဲ။ အမှန်တော့ သူဟာ အကိုချောချောရတယ်လို့ ရိုးသားတဲ့ စိတ်သဘောနဲ့ပါဘဲ။ သူနဲ့ကျွန်တော် အဲလိုမောင်နှမဖြစ်ပြီး ၂–နှစ်လောက်အကြာမှာ သူ့အဖေနှင့် အတူ မအူပင်လမ်းက ကျွန်တော့်အိမ်ကို လာလည်ကြပါသေးတယ်။ လင်းယုန်နီ ကတော့ သူ့ညီမလေးနဲ့ပတ်သက်ပြီး မန္တလေးတွေ ဘာတွေ ရောက်သွားသေးလို့ ‘ချစ်ညီမလေး’ ဆိုတဲ့ ဝတ္ထုတအုပ် ထွက်ခဲ့ပါသေးလားဗျ။

စင်စစ်တော့ ဤမိန်းကလေးမျိုးတို့သည် စာရေးဆရာတို့အား ဝတ္ထုတွေ ပေးတတ်ကြပါ ၏။ တိုက်ရိုက်ပေးသည်မဟုတ်ပါ။ သူတို့နှင့် ပတ်သက်၍ ရေးစရာ တွေ့လာရခြင်းကို ဆိုလို ပါ သည်။

ကျွန်တော်သည် မြောက်မြားစွာရခဲ့ပါ၏။ အချို့ဝတ္ထုတို့မှာ ချစ်သူတယောက်အား ချစ်ကစားသည့် ရည်းစားစာပင် ဖြစ်နေတတ်ပါသည်။ မည်သူကြောင့် မည်သည့် ဝတ္ထုတွေ ရသည်ကို အလျဉ်းသင့်ရာ၌ ဖော်ပြပါအံ့။

ယခု လားရှိုးမြို့မှ မိတ်ဆက်စာရောက်လာခဲ့သော ခိုင်သည် တနေ့သ၌ ရန်ကုန်ရောက်လာပြီး ကျွန်တော့်အား ဝတ္ထုများစွာပေးမည့် မိန်းကလေးပါတည်း။ ယခုတွင် အတ္တုပ္ပတ္တိဝတ္ထုရှည် အစတွင်ပင် သူဖန်တီးပေးသည်များကို မိတ်ဆွေဖတ်ရပြီမဟုတ်ပါလား။

ခိုင့်စာနှင့် ဓာတ်ပုံ ရောက်လာခဲ့သည်မှာ ၁၉၅၀ ခုနှစ်တွင်ဖြစ်၍ သည်အချိန်မှာ မေနှင့်ကျွန်တော်က သမီးရည်းစား ရေရေလည်လည်ဖြစ်နေကြပါပြီ။ ကျွန်တော့်၌ အကြောင်းအရာ ကြီးငယ်ထူးထူးခြားခြားရှိပါက မေ့အား ပြောပြလေ့ရှိပါသည်။ ထို့ကြောင့် ဤထူးဆန်းသော မိန်း ကလေး၏ စာနှင့်ဓာတ်ပုံများကို မေ့ဆီပို့လိုက်ပါသည်။

ယင်းသည် ကျွန်တော်အမှတ်မထင် ပြုလိုက်မိသည်မှန်သော်လည်း နောင်မေနှင့် ကျွန်တော် တွေ့ကြသောအခါ ပြောပြသည်မှာ ဒီကောင်မလေး၏ စာနှင့်ဓာတ်ပုံတွေ တွေ့ရတော့ သူစိတ်ထိခိုက်လှသည်။ ခိုင်နှင့်ကျွန်တော်မှာ ညီမလေးရေ–အကိုဆွေကနေပြီး တဆင့် တက်ကြလိမ့်ဦးမည်ကို သူကြိုတင်မှန်းဆမိသည်ဟု ဆိုပါသည်။ မှန်လည်းမှန်ပါဗျာနော်။

မေသည် ကျွန်တော်၏ ပထမဦးဆုံးစာ ရည်းစားဖြစ်၍ လက်ရေးလည်းလှသည်။ ရည်းစားစာရေးလည်း အကောင်းဆုံးဖြစ်သည်။ အခြားမိန်းကလေးတွေ သူ့အားမည်သူမျှ မမှီချေ။ သူနှင့်ကျွန်တော် လူချင်းဘယ်တော့မှ မတွေ့နိုင်တော့ဘူးဘဲ ထားဦးတော့၊ သူ့ရဲ့ ချစ်သဝဏ်လွှာလေးတွေ ဖတ်နေရသည်နှင့်ပင် ကျေနပ်လောက်ပါ၏။

နမူနာတခု ဖော်ပြပါအံ့။ ခုထက်ထိ သူ့စာတွေရှိနေသေး။

အသဲနှင့်အောင် ချစ်ရပါတဲ့

မေ့မောင်ရယ်။

၂၈. ၂. ၅၀

မောင့်ဆီက (၁၉. ၂. ၅၀)နေ့စာကို ၂၂–ရက်နေ့က မှဘဲရပါတယ်။ မေ့မောင်လေ မေ့ဆီကပြန်စာ မျှော်လှရော့မယ်လို့လဲ မေတွေးမိပါတယ်။ မောင့်ကို မေထာဝစဉ်ဘဲ လွမ်းနေတာဘဲမောင်ရဲ့။ မောင့်နဖူးဖြူဖြူဝင်းကလေးနဲ့ မောင့်ဆံပင် ပျော့ခွေခွေကလေးတွေကိုဖြင့် မေ့မျက်စိ ထဲက ဘယ်တော့မှ မထွက်ပါဘူးမောင်ရယ်။ ဘယ်တော့မှ ပိုင်ပိုင်နိုင်နိုင် နမ်းရပါမလဲလို့လဲ မောင့်နဖူး လှလှလေးကို မေတသသဘဲ နေတယ်မောင်ရဲ့။ စာကို ချက်ချင်းပြန်ဘို့ဟာလဲ အိုမောင်ရယ် စိတ်ညစ်ပါတယ်။ အချိန်မရဘူးဆိုရင် မောင်နားလည်ရောပေါ့နော်. . . ။

အော်. . . မောင်က မေ့ဆီက စာရောက်သင့်အတဲ့အချိန် မရောက်ရင် ဝတ္ထုမရေးနိုင်တော့ဘူး ဟုတ်လား။ ဒီလိုမဖြစ်ပါနဲ့မောင်ရယ်။ တော်ကြာ မောင့်စာဖတ်ပရိသတ်တွေက မေ့ကို ကျိန်ဆဲနေကြပါအုံးမယ်။

ကဲ. . . အခု မေ့ဆီက စာရောက်လာပြီး ရွှင်ရွှင်လန်းလန်းနဲ့ ရေးလက်စဝတ္ထုကို ဆက်ရေးတော့ မောင်. . နော်။ မောင့်ဆီကို မေက တခါတလေမှာ စာချက်ချင်းမပြန်နိုင်တာက မောင့်အပေါ်မှာ အချစ်ပေါ့သွားလို့ မဟုတ်ပါဘူးမောင်ရဲ့။ မေတို့ မိန်းကလေးဆိုတော့လေ စိတ်သွားတိုင်း ကိုယ်မပါလှဘူး။ ခက်တယ်မောင်ရဲ့ ခက်တယ်။

အခုတလော မေလေ–မောင့်ကို သိပ်လွမ်းနေတာဘဲ အချစ်ရယ်။ ဘာဖြစ်လို့မှန်း မသိဘူး။ သတိရတိုင်း ရတိုင်း မောင့်ဆီကစာတွေ ပြန်ပြန်ဖတ်ရလွန်လွန်းလို့ အားလုံး အလွတ် တောင်ရတော့မယ် သိလား။ မောင် မေ့ကို မသနားဘူးလားဟင်။

မောင်ရယ်– မေ့ကိုများ ဘယ်တော့မှ မမုန်းပါနဲ့နော်။ တခါတလေ အကြောင်းကြောင်းကြောင့် မေစာပြန် နောက်ကျတာကိုလဲ စိတ်မကောက်ပါနဲ့နော်၊ မောင် စိတ်ကောင်ချင်ရင်လေ မေနဲ့မောင် ညားတော့မှကောက်ပါနော်။ အဲဒီတော့မှ မေကလေ စိတ်ကောက်နေတဲ့ မေ့လဲ့လဲ့ ဝင်းလေးကို မေ့ရင်ခွင်ထဲ ပွေ့ပြီး ချော့နိုင်မှာ မောင်ရဲ့။ အို. . . အခုဘဲ မောင့်ကို မေပွေ့ပြီး ချော့ချင်လိုက်တာကွယ်၊ ဘာဘဲ ဖြစ်ဖြစ်မောင့်ကို မေ အသဲစွဲချစ်တယ်ဆိုတာ ယုံစမ်းပါ နော်ကွယ်. . . နော် ကွယ် မေ့အချစ်ရယ်။

ကဲ. . . . မေ့ စာရှည်ရှည်ကြီး ဖတ်ရတာ ငြီးငွေ့များစိုးလို့ အဖိုးမဖြတ်နိုင်တဲ့ မောင့်မျက်လုံးလေးတွေအနားပေးလိုက်ပါပြီ။

With thounsands of kisses<br>
မောင့်အချစ်မေ

ကျွန်တော်သည် ဝတ္ထုရေးတော့မည်ဟု စာပွဲထိုင်လိုက်လျှင် မေ့စာတစောင်စောင်ကို အရင်ဖတ်လိုက်သည်။ ထိုစာဖတ်ပြီးသောအခါ၌ ကျွန်တော်၏ လက်ရှိဘဝကို မေ့သွားကာ ကျွန်တော်သည် မေ့ရည်းစား လူပျိုကလေး ဖြစ်သွားပေတော့သည်။ ထိုအခါ၌ မေ့ကို ဦးတည်ရည်ရွယ်သော ဇာတ်လမ်း ဇာတ်ကွက်များ ရေးပါတော့၏။ ကိုယ့်ချစ်သူကို စိတ်ဝယ်ထားရတော့ စကားလုံးတွေ ရွှင်မည့် ဟာသဉာဏ်၊ ကဗျာဉာဏ်တွေ ပါဝင်တော့၏။

ပြာပြာညို့ညို့၊ ပြို့ပြို့ပြိုက်ပြိုက်၊ တိမ်တိုက် တိမ်သား၊ တိမ်မယား၊ တိမ့်သမီး၊ တိမ်ဂျီးတော်လား၊ အဖွားလား၊ ခွဲခြားသိနိုင်၊ တိမ်ခိုင်အိုအို၊ တိမ်ပျိုနှင့်စပ်၊ ဘယ်အရပ်များ၊ သွားမည်ပါချိမ့်၊ တလိမ့်လိမ့်လေ၊ နေရောင်ကိုမူ၊ သူတို့ကဖုံး၊ ပြုံးတုံးတုံးနှင့်၊ ရွှေကုံးဇာဆွဲ၊ ပုလဲလည်ကွပ်၊ ဒရွတ်တိုက်လာ၊ ဟာ ဘယ့်နှာကြီးလဲ၊ ရှေ့ဆီး ကန့်လန့်၊ လေးကိုင်းဆန့်လို့၊ သက်တန့်ကြီးဘဲ၊ တကထဲမှ၊ ဖောက်လွှဲဖောက်ပြန်၊ တော်လှန်ရေးသမား၊ မိုးကိုတားပြီး၊ မိုးသားကုန်ကြောင်း၊ ရောင်စုံပေါင်း၍၊ မိုးနှောင်းကာလ ပြသတည်း။

ကဲ. . . ကျွန်တော်ရေးချင်တာကတော့ ရေးလိုက်ပြီ။ မိတ်ဆွေနားလည်လား မလည်လား တော့မသိ၊ အဲဒါ ဆရာဒဂုန်တာရာရဲ့ ကဗျာမျိုးခင်ဗျာ့။ လာလိမ့်ဦးမယ်သူ့စကားပြေမျိုး။

ကျွန်တော်သည် ဤမိုးနှောင်း ကောင်းကင်သက်တန့်ပင်ကြီးကို မျှော်ငေး၍ ကြည့်နေပါသည်။

ကျွန်တော့်မျက်လုံး သူငယ်အိမ်ဝယ်အရေကြည်သည် တဖိတ်ဖိတ်တောက်ပလျက်ရှိပါ သည်။ ဤအရေကြည် ကြေးမုံဝယ် သက်တန့်ရောင်တို့သည် ရုန်းရင်းဆန်ခတ် ဖြစ်နေကြပါ သည်။ ကောင်းကင်အပြာကို ကန့်လန့်ဖြတ်ကာ တဟုန်ထိုး ဆင်းလာသော သက်တန့်အကွေး သည် ကျွန်တော့်ချစ်သူ 'မေ'တို့အိမ်နံဘေးက ရောင်စုံပန်းချုံပေါ်သို့ရောက်သောအခါ ရပ်နား ကာ တုံ့ပြန်သွားသည်။ တုံ့သည့်နေရာ၌ ဖွာကနဲ အပွင့်အချပ်အလွှာ အထပ်ထပ်ကလေးများ ဖြစ်သွားကာ ဝေ့လည်ဝေ့လည်နှင့် စကြာပန်း သဏ္ဍာန်လို ပြောင်းသွားသည်။ လမ်းမပေါ်၌ကား ရည်းစားပူနေသော ကောင်မလေး၏ ခေါင်းက ဖဲပြားလို လျှော့ရဲရဲ ကျကာ တွန့်နေ၏။ ဤမိုးနှောင်းကောင်းကင်နှင့် သက်တန့်ရောင်အောက်မှာ မေတို့အိမ်ကြီးသည် ထီးထီးမားမား ရပ်နေပါသည်။

ဆရာတာရာ အရေးအသားကို တိုက်ရိုက်ယူ၍ ကျွန်တော့်ဝတ္ထု ဇာတ်သွားနှင့် ဆီလျော် အောင် အချိန်နှင့် နေရာသာ အနည်းငယ်ပြောင်းထားပါသည်။ သို့သော် သူ့စာဟန်မပျက်ပါ။ ကျွန်တော့်ဆရာ၏ အရေးအသားမှာ ဤမျှနုပါသည်။ ဆန်းသစ်ပါသည်။ တော်ရုံတန်ရုံလူ နားမလည်ပါ။ ကျွန်တော်လည်းနားမလည်ပါ။ ဆရာ့အရေးအသားမှာ နူးနူးညံ့ညံ့ ပျော့ပျော့ စိစိ ပက်ကျိကလေးလမ်းလျှောက်နေသည်နှင့် တူပါသည်။ သူ့စာကို ဖတ်လိုက်ရသောအခါ၌ကား ကျွန်တော့်သဘောအရ ပြောရသော ရှုန်ပိန်သောက်ပြီး လိပ်ကိုစီး၍ ခရီးသွားရသည်နှင့် တူပါသည်။ (ရှုန်ပိန် ဆိုသည်မှာ မူးယစ်စေသော အရက်မဟုတ်ပါ။ အင်မတန်မူးခဲသော၊ များများကြီးသောက်မှ မသိမသာမူးသော ဝိုင်တမျိုးဖြစ်ပါသည်။) ထို့ကြောင့် ကျွန်တော်က သူနှင့် တန်သော ကဗျာလေး တခုနှင့် ဆရာ့ကို ဂုဏ်ပြုပါမည်။

ရှုန်ပိန်သောက်ပြီး၊ လိပ်ကိုစီး၍၊ ခရီးသွားချင်သလား။

မွေ့ကြပါကုန်၊ ဒဂုန်တာရာ၏ စာပေသစ်သည်၊ ဝတ်လစ်

စလစ်အနေ၊ ဥဒ္ဒေမှထွက်၊ မြေကိုဖက်၍၊ ပွက်စိပွက်စိ၊

ပက်ကျိကလား လမ်းလျှောက်ဟန်။

အော. . . ကိုယ့်ဆရာ ချီးကျူးရတာနဲ့ ကျွန်တော့်ဝတ္ထုအကြောင်းတောင် ဘယ်ရောက်သွား ပါလိမ့်။ အော်. . . သိပြီ၊ သိပြီ။

မိုးနှောင်းကောင်းကင်နှင့် သက်တန့်ရောင်အောက်မှာ မေတို့အိမ်ကြီးသည် တဟားဟား ရယ်နေပါသည်။ (လိုရင်းက ဒါဘဲခင်ဗျ။ ရှေ့ပိုင်းကဟာတွေက ဆရာ့အတုယူမိလို့ သက်သက် ပိုနေတာ။ ကဲ. . . ကျွန်တော့် ဟန်အစစ်က)

မိုးနှောင်းဆောင်းလု ဖြစ်သဖြင့် အင်အားပြည့်ဖြိုး တင့်ရှန်းနေကြသော သစ်ပင်ပန်းမာလ် တို့သည် ပွင့်လန်းလာကြပါပြီ။ သစ်သီးသစ်နှံတို့သည်လည်း ရင့်မှည့်စပြုလာကြပါပြီ။ ရှုပ်ထွေး

ပွေလိမ်သော ချုံပုတ်နွယ်ပင်တို့မှ ဒေဝါနှင့်အတူ မာလကီးဂျောင်းပြီဖြစ်၍ ရှုမျှော်ခင်းကြီးမှာ ရှင်းကာလင်းကာ သာယာခြင်းတို့၏ သတို့သမီးကို မီးရှူးသန့်စင်ဖွားမြင်လိုက်ပါပြီ။ အူဝဲ. . . အူဝဲ။

သို့သော် ကျွန်တော်မှာ ဤမျှသာယာသော မိုးနှောင်းကာလ၏ အလှများဝယ် မယစ်မူး နိုင်ပါ။ (အရက်သောက်မှ မူးတဲ့ကောင်ကိုဗျ။) မိမိအဖြစ်ကိုသာ တွေးကာ ဆွေးလျလျ၊ ဝေးဟဟ လေးတွတွနှင့် နေးကွကွကြီးဖြစ်နေပါ၏။

မေတို့အိမ်ဆီကို ရဲရဲကြီးမသွားဝံ့ပါ။ ဒါကြောင့် ရွံ့တွန့်တွန့်နှင့် လွန့်လွန့်ကလေး လှမ်းခဲ့ပါသည်။ သို့တမင့်လည်း အိမ်ရှေ့လမ်းမ လူမြင်သူမြင်က မဟုတ်ပါ။ နောက်ဖေး လမ်း ကြားဖြစ်ပါသည်။ မေရဲ့ဇာဘော်လီတွေဘာတွေ လှမ်းထားတာများမြင်လိုမြင်ငြား။

ဟာ. . .။

ကျွန်တော် ပွချင်တော့ မေနောက်ဖေး ခြံစောင်ရင်းက ထမီလာရုတ်သည်နှင့် အဆင်သင့် တိုးနေပါပြီ။

ဟီ. . .

ကျွန်တော် အလျင်အမြန် ပြုံးလိုက်ပါသည်။

ဟွန့်. . .

မေသည် သနပ်ခါး ရေကျဲလေးနှင့် မျက်လုံးကလေး တွန့်လိုက်ပြီး. . .

ဆရာကြီး. . . လူများမြင်ရင် နောက်ဖေးလမ်းကြားလျှောက်ပြီး နို့ဆီခွက်ကောက်တယ် ဖြစ်နေအုံးမယ်''

''မဟုတ်ပါဘူး၊ မေ့ကို တွေ့လိုတွေ့ငြား လာခဲ့တာပါ''

ကျွန်တော် အရဲစွန့်လိုက်ပါသည်။

''ဟုတ်ပါတယ်၊ မေကတော့ သိတာပေါ့ သည့်ပြင် လူတွေမြင်ရင် ပြောတာပါ''

''တချို့လူတွေ မြင်ကြသားဘဲ''

''မြင်ကြတော့ ကိုဆွေ့စိတ်ထဲ ဘယ့်နှယ်နေလဲ''

''မပြောတတ်ဖူး မေ့သွားပြီ၊ မေ့ကို တွေ့ချင်လှတဲ့ စိတ်ဓာတ်က ဖုံးလွှမ်းနေတာနဲ့''

''ဘာကိစ္စ တွေ့ချင်တာလဲ''

''အဲဒါ ပြောရမှာ ခပ်ခက်ခက်ဖဲ''

''ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ''

''ခဏာ စဉ်းစားပါအုံးမယ်''

''အို. . . နောက်ဖေးကြီးမှာ ဒီလိုမတ်တတ်ကြီး ငိုင်နေလို့လူများမြင်ရင် ဘယ့်နှယ်ထင်မလဲ''

''အဲဒါလဲ စဉ်းစားစရာဘဲ''

''အော်. . . နေပုံကြီးက ဟိုဘက်လမ်းက မေရှမ်းတို့ မြင်ရင်မကောင်းပါဘူး''

''ဒါဖြင့် ခြံဝင်းထဲ ဝင်ခဲ့ရမလား''

''ဝင်ခဲ့လေ''

''တကယ်နော်''

''အို ကိုဆွေ့ကို မေက ဘာလို့ညာရမှာလဲ''

''အမ်း. . . သည်လိုဆို ဟန်ကျပြီ၊ ဘယ်နေရာမှာလဲ တံခါးပေါက်''

''မရှိဘူး''

''ဟင်. . . ဒါဖြင့် ဘယ့်နှယ်လုပ် ဝင်ရမလဲ''

''ဝင်းထရံပေါ် ကျော်တက်ပေါ့''

''ဟင်. . . ဘယ်တတ်နိုင်ပါ့မလဲ မောရယ်. . ၊ မောင့်ကို သေစေညှဉ်းရော့လား၊ မြေပေါ် ခြေချော်ကျမှဖြင့်''

''အမယ်လေး သန်းဆွေဆန်နေလိုက်တာ၊ တက်များကြည့်စမ်းပါအုံး ကိုဆွေ့ရင်ဘတ် လောက်မြင့်တာ၊ အလယ်တန်းကလေးနင်းပြီး ကျော်တက်ပေါ့''

''ထိပ်မှာ အချွန်တွေနဲ့''

ဝင်းထရံဘဲ နဲနဲပါးပါးတော့ ချွန်ထားမှာပေါ့''

''မတော်တဆစူးရင် ဘယ့်နှယ်လုပ်ပါ့မလဲ''

''အို–စမ်းများတက်ကြည့်ပါအုံး''

''အင်း–ဒါဖြင့်''

ကျွန်တော်သည် ကောင်မလေး၏ခိုင်းစေချက်အရ ဝင်းတန်းနင်းတက်လိုက်ပါသည်။

သို့သော်–

''အား. . မဖြစ်ဖူး မဖြစ်ဖူး ပေါင်ချန်စူးတော့မယ်''

ရှေ့မကျော်နိုင်ဘဲ ပြန်ဆင်းရပါသည်။ ကလေးမက ရွှေစိတ်တော် ငြိုငြင်ဟန်ဖြင့်–

''အမလေးဟဲ့နော်''

''မေရဲ့– မောင်တို့ စာရေးဆရာတွေက အနုပညာသမားတွေဆိုတော့ ဒါမျိုးမရဘူး''

''နို့. . . ကိုဆွေ စွန့်စားခန်းဝတ္ထုတွေလဲ ရေးသေးဆို''

''ဒါကတော့ ဖောင်တိန်က စွန့်စားရတာဘဲကွယ်၊ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့၊ စာရေး ဆရာဆိုတာ ဒီလိုဘဲ၊ ကွန်မြူနစ်စာရေးဆရာလဲဘဲ ဖောင်တိန်ကဆင်းရဲသားတွေ သနားပေမယ့် လူကတော့ ဘန်ကောင်လုံချည်ဖုတ်ပေမှာစိုးလို့ ဆင်းရဲသားရပ်ကွက်ထဲ မသွားဘူး၊ ကဲ ကိုဆွေ ခြံဝင်းထဲရောက်အောင် အကြံပေးစမ်းပါအုံး''

''အိမ်ရှေ့လမ်းမဘက်က လှည့်ဝင်ခဲ့ပေါ့''

''ဟာ ဖြစ်ပါ့မလား. . . ၊ လူကြီးတွေမရှိဘူးလား''

''ရှိရှိ မရှိရှိလေ. . . မေခေါ်ရင် လာရဲရမှာပေါ့''

''ဟာ ဟုတ်တာပေါ့၊ ကြည့်စမ်း အချစ်တွက်ဖြင့် အသက်ပင်သေသေ ဆိုတဲ့စကားကြီး မေ့နေလိုက်တာ၊ ဒါထက် မေတို့အိမ်က လမ်းခါးလယ်လောက်ကြီးမှာ ကိုဆွေလမ်းမပြန်ထွက်ရင် ဘယ်ဘက်က နဲနဲလေးပိုနီးမလဲ၊ လာခဲ့တဲ့ဘက်လား၊ ရှေ့ဆက်လျှောက်ရင်လား''

''ရှေ့ဆက်လျှောက်တာ နီးမယ်ထင်တယ်''

''အင်း ဒါဖြင့်လာခဲ့မယ်နော်၊ မေ အိမ်ရှေ့ကသွားစောင့်နေ''

ကျွန်တော်ချစ်သူဆီ ရောက်ချင်ဇောနှင့် အမြန်လျှောက်ခဲ့ပါသည်။ သို့သော် ဆယ့်လေးငါးလှမ်းမျှ အရောက်၌ ခွေးတကောင်ထွက်လာပြီး ဝုတ်. . . ဝုတ်။

''တယ် သောက်ကမြင်းမခွေးနှယ်''

သူက တကယ်ကိုက်မယ့်ဟန်မျိုးဗျ။ ပါးစပ်ထဲမှာလဲ သွားတွေအစွယ်တွေနဲ့။ ထို့ကြောင့် ကျွန်တော် နောက်ဖက် ပြန်လျှောက်ခဲ့ပါသည်။ မေတို့အိမ်နောက် ရောက်သောအခါ၌ မေမှာ အဝတ်တွေရုတ်နေတုန်း။

''ဟင်–ကိုဆွေ မလာတော့ဘူးလား၊ ဘာလို့ပြန်တာလဲ''

''ဟင်–ကိုဆွေ မလာတော့ဘူးလား၊ ဘာလို့ပြန်တာလဲ''

''လာမှာပါ လာမှာပါ ဟိုမတင်ကြီးအိမ်က ခွေးပိန်မက ကိုက်မယ်လုပ်တာနဲ့ ဒီဘက်ကဘဲ လှည့်လာခဲ့တော့မလို''

''အင်း ဒီဘက်မှာလဲ ဒေါ်ဖွားအိမ်က ခွေးတကောင်ရှိသေးတယ်နော်''

''အိုသေခါနီး ယဲယဲ့ရှိတော့တဲ့ ဒီခွေးအိုကြီးတော့ မေ့မောင်က မကြောက်ရေးချ မကြောက်၊ တကယ်လို့သူကထွက်လာပြီး ရန်သတ္တုရူပြုမယ်ဆိုတောင် ကိုဆွေ မေ့ကိုချစ်တဲ့ဇောနဲ့ ဒရောသောပါး ပြေးလာခဲ့မှာပါ စိတ်သာချ၊ မေ အိမ်ရှေ့ကသာ စောင့်တော်မူ''

ကျွန်တော်မှာ မိန်းကလေးနှင့် ပြောဆိုဆက်သွယ်ရာတွင် အခြားစာရေးဆရာတို့၏ ဝတ္ထုထဲက ဇာတ်လိုက်များထက် အဆပေါင်းမြောက်မြားစွာ သိမ်သိမ်မွေ့မွေ့ ပျော့ပျော့နွဲ့နွဲ့ နုနုထွတ်ထွတ် ရှိလှပါသည်။ (ထိုအချိန်က မရှည်ရမှာရှည်၊ မဖွဲ့ရမှာ လျှောက်ဖွဲ့နေတတ်သော အချစ်ဝတ္ထုရေးဆရာများကို သရော်ခြင်းဖြစ်ပါသည်။)

ကျွန်တော်သည် အဘယ်မည်သော သုနက္ခော၏ နှောက်ရှက်တားဆီးခြင်းကိုမျှမခံရဘဲ လမ်းမပေါ်သို့ အောင်မြင်စွာရောက်ခဲ့ပါပြီ။ မေတို့အိမ်ရှေ့ဆီသို့ ရဲတင်းစွာ လျှောက်ခဲ့ပါသည်။

ကောင်မလေးက လာခဲ့ပါဆိုလို့သာ။

ဟင်း. . .

ရင်ထဲမှာတော့ တဒိတ်ဒိတ်. . .

ဟော. . .

မေက အိမ်ရှေ့မှာ အသင့်ဘဲစောင့်လို့။

(မိတ်ဆွေ. . . . ဤနေရာမှစပြီး ဟိုနေရာအထိ၊ ကျွန်တော်နှင့် မေ ပြောစကားများကို ဟိုရုပ်ရှင်ထဲက တင်မောင်နဲ့ မေရှင်နှစ်ပါးသွားသီချင်းလို အတင်းသီးချင်းလုပ်၍ အသံထွက်ဖတ် ပါ၊ ချစ်မုန်းမာန်ထဲက တေးသွား)

ဖိုသံ။ ''တံခါးဖွင့်ပါမေရယ်''

မသံ။ ''တွန်းဝင်ခဲ့ပါမောင်ရယ်''

ဖိုသံ။ ''ကိုက်တတ်တဲ့ခွေးများရှိသလားကွယ်''

''ဝုတ်. . . ဝုတ်. . ဝူး. . 'ခွေးသံ)

''ဟဲ့. . ဂျက်ကီ၊ ဟဲ့. . ဂျက်ကီ'' (မေခွေးမောင်းသံ) ပြီး သီချင်းဆက်ဆို။

မ။ ''မကိုက်ပါဘူးမောင်ရယ်၊ မဟပ်ပါဘူး မောင်ရယ်၊ ဟောင်ရုံဟောင်ပါးတယ်''

(ဤနေရာ၌ 'ပါ'က 'ပါး'ဖြစ်နေသည်မှာ အင်္ဂလိပ်ရှုံကျူးနှ်ကို သွင်းထားတာမို့ဗျို့)

မင်းသား (အသံအေး အသံလေးနှင့်) ''အို လေ့ကားကတက်ခဲ့ပါပြီလေ. .၊ ဘယ်နားမှာ ထိုင်ရမှာလဲမေ''

မင်းသမီး (မေရှင်ဆိုသည့်အတိုင်း ဒရောသောပါးသံမျိုးနှင့်)

''ဒီမှာထိုင်ပါမောင်ရယ်. .၊ ဆေးလိပ်သောက်ပါ မောင်ရယ်. .၊ မေ လက်ဖက်ရည်သွားဖျော် လိုက်မယ်''

မင်းသား (ပို၍အေးဆေးသောအသံနှင့်) ''အို. . နေပစေ မေ၊ မောင်မဆာဘူးလေ''

မင်းသမီး (ပို၍ ဒရောသောပါးနိုင်သောအသံနှင့်) ''မဆာကောမောင်ရယ် သောက်မှပေါ့ ကွယ်၊ မသောက်ဖဲနေလို့ ဘယ်ဖြစ်မလဲကွယ်''

(ကဲ. . သီချင်းတော်ပြီဗျို့. . .၊ မင်းသမီး နှစ်ပါးသွားရတာ မောသွားပြီ စကားပြောရိုးရိုးဘဲ ပြောကြတော့မယ်)

မေက ကုလားထိုင်တလုံးညွှန်ပြ၍

''ထိုင်ပါ အကိုဆွေ''

''ဟင် အိမ်ရှေ့ကြီးမှာ မေနဲ့ကိုဆွေ လူသူမြင်မှာမစိုးဘူးလား''

''လူသူ မမြင်တဲ့နေရာမှာ ကိုဆွေနဲ့နေဘို့က မသင့်လျော်ပါဘူး''

''အယ် ဒါလဲဟုတ်တယ်၊ နို့ မေ့ဒက်ဒီနဲ့ မာမီ မရှိဘူးလား''

''သူတို့ မြို့ထဲသွားကြတယ်''

''သူတို့ရှိနေရင်တော့ မေ ကိုဆွေ့ကို ဒီလိုအိမ်ပေါ်ခေါ်ဝံ့မှာ မဟုတ်ဖူးနော်''

''မာမီ့ကိုပြောပြီးပြီ ကိုဆွေရဲ့''

''ဟင် ဟုတ်လား၊ ဘယ်လိုပြောလိုက်လဲ''

''မေ့ကို ကိုဆွေက ချစ်နေတယ်လို့''

''ဟွန်း မေက ကိုဆွေ့ကိုချစ်တာတော့ မပြောဘူးပေါ့''

''အို. . . ကိုဆွေကလဲ''

'လိုသေးသလား'ဟူသော မျက်စောင်းမျိုး ထိုးပါသည်။ ဒီတော့ ကျွန်တော်သိသပေါ့။

''အေး. . . ဟုတ်သားဘဲ ဒီတော့ မာမီကဘာပြောသလဲ''

''သဘောတူတယ်တဲ့''

''အမယ်လေး. . . ဟန်ကျလိုက်တာဟယ်၊ ဒါများ ပြောပြောက စောရောပေါ့''

''မေ အခု ထမီတွေရုပ်ပြီး စာရေးမလို့ဘဲ''

''ကဲ. . . ဒါဖြင့် အခု မေနဲ့ ကိုဆွေနဲ့ ချစ်နေကြပြီ၊ လူကြီးတွေကလဲ သဘောတူပြီ၊ ရှေ့ဘာဆက်လုပ်ကြမလဲ''

''လက်ထပ်ရုံပေါ့''

''အဲ ဒါဟုတ်တယ်၊ အေး–အေး နေအုံး ဒါထက်''

ကျွန်တော်သည် ချစ်သူလေး၏ တကိုယ်လုံးကို ခြေဆုံးခေါင်းဖျားကြည့်လိုက်ကာ. .

''မေ အသက်ဘယ်လောက်ရှိပြီလဲ''

''၁၆ နှစ်ပြည့်ပါပြီ ကိုဆွေရဲ့''

''အယ်. . . ဒါဖြင့် ဖြစ်ပြီ ဖြစ်ပြီ''

''အိုး. . . ဘာဖြစ်တာတုန်း''

''ကိုဆွေ့ မိတ်ဆွေ တရားသူကြီးတယောက်က ပြောတယ်၊ မိန်းကလေး ၁၆–နှစ်ပြည့်ရင် လက်ထပ်နိုင်သတဲ့၊ ကဲ. . . နက်ဖြန်ဘဲ သူ့ရုံးသွားကြစို့လား''

ဤနေရာတွင် မေ့ခေါင်းကလေး လှုပ်ခါသွားကာ. .

''နိုးနိုး ဒီလိုနဲ့တော့ မဖြစ်ဘူးဆရာ''

''ဘယ်လိုမှလဲ''

''မာမီက အနည်းဆုံး ငွေ ၃၀၀၀ိ–ကုန် တင်တောင်းရမတဲ့''

''အောင်မယ်လေးဗျ''

ကျွန်တော်ပါးစပ် အသံထွက်သွားသည်တော့ မဟုတ်ပါ။ ကျွန်တော်မျက်လုံးပြူးပြီး ငိုင်သွားပါသည်။

ဤတွင် ချစ်သူ့အခြေကို သိလှသောမေမှာ ကျွန်တော့်အကျႌစကိုကိုင်ပြီး. . .

''မောင်ရယ် ငွေသုံးထောင်ဆိုပေမယ့် မောင်က နှစ်ထောင်ဘဲရှာရမှာပါ။ မေ့မှာ မာမီတို့ မသိအောင် တိတ်တိတ်စုထားတဲ့ ငွေတထောင် ရှိနေပါတယ် နောင်မောင်နဲ့ မေနဲ့ညား တော့ မေဘာယ်လိုဘဲ နေရနေရ၊ စာရေးဆရာ ဘဝမှာ ငွေကြေးဆင်းရဲမှန်းလဲ မေသိပါတယ်၊ ဒီငွေလေး နှစ်ထောင်တော့ ကြိုးစားရှာလိုက်ပါ မောင်ရယ်၊ မောင် မေ့ကို ချစ်တယ်နော်၊ မေကလဲ မောင့် ကို သိပ်ချစ်တာဘဲကွယ်''

ထိုစဉ်ကရေးခဲ့သော ဝတ္ထုများတွင် ယင်းသို့လျှင် ချစ်သူ့ကို မြှူ၏။ ဟိုလူသည် လူကို ကလိ၏။ စာဖတ်သူများကို ပျော်ရွှင်စေ၏။

ဤဝတ္ထု တပိုင်းတစမှာ ၁၉၅၀–ခုနှစ်၊ ဒီဇင်ဘာလ ရှုမဝတွင် ကျွန်တော်၏ ၄၃–ပုဒ် မြောက် 'ရွှေဥဒေါင်း ထီပေါက်တယ်ဆိုလို့'ဝတ္ထုဖြစ်၏။

ထိုစဉ်ကအမှန်ဘဲ 'ရွှေဥဒေါင်း'ဟူသော အတိတ်ဖြင့် သတင်းစာများတွင် ငါးဆောင်းဆု ပေါက်ကြောင်းပါလာ၏။ ယင်းအခိုက်မှာ ဆရာကြီးက ရန်ကုန်မှာ၊ ဒေါ်ကြီးစိုးက မန္တလေးမှာ၊ ဒီတော့ဆရာကြီးက 'မစို းငါ့နံမယ်နဲ့ ထိုးလိုက်တာဖြစ်လိမ့်မလား'' ဒေါ်ကြီးကလဲ ''အင်း. . အကို ကြီးတော့ ထီပေါက်ပြီပေါ့''

ထိုအခါ တပည့်ရင်းများ ဖြစ်ကြသော ငွေဥဒေါင်းနှင့် သော်တာဆွေက ဒို့ကို ၅၀၀ဝိ (ငါးထောင်)စီလောက်တော့ ဆရာကြီးက ပေးတန်ကောင်းရဲ့ဟူသော စိတ်ကူးယဉ်ဖြင့်. .

ယင်းဝတ္ထု ဇာတ်လမ်း ဖမ်းထားသည်မှာ ငွေဥဒေါင်းက ကျွန်တော့်အား ''ဆရာကြီးနဲ့ တွေ့ပြီးပြီ၊ ကိုယ့်လူ မင်းငါးထောင် ငါငါးထောင်တော့ သေချာနေပြီမောင်''ဟူသော ဂျောက်တွန်းစကားဖြင့် မေ့အား မေ့မိဘများ ဆန္ဒအတိုင်း ၃၀၀ဝိ ကုန် တင်တောင်းတော့မည်ဟု ဂတိပေးပြီး သော်တာဆွေပျော်လွန်းလှ၍ ပိုငွေနှစ်ထောင်ကိုမရမီက သူများဆီမှ အတိုးများနှင့် ချေးငှားသုံးပစ်ခြင်း၊ ဟော်တယ်တွေမှာ အကြွေးသောက်စားပစ်ခြင်းဖြင့် အမှန်တကယ်ဆရာကြီး ထီမပေါက်တော့ သော်တာဆွေ ဂျောက်ကျသည့် ဇာတ်လမ်းဖြစ်၏။

ယင်းသို့လျှင် ကျွန်တော်သည် ကိုယ့်ဘဝ ကျရာ၊ ကြုံရာ၊ တွေ့ရာ၊ မြင်ရာတို့ကို စိတ်ကူးဖြင့် ဇာတ်အိမ်ဖွဲ့၍ မိမိကိုယ်မိမိ ဇာတ်လိုက်လုပ်ကာ ဟာသဝတ္ထုများ ရေးခဲ့ပါ၏။ ဤသို့ ရေးနေစဉ်၊ ရေးနေခိုက်နှင့် တွေးနေခိုက်တို့မှာလည်း ကျွန်တော်သည် ဝတ္ထုထဲက ကိုယ်ဖန်တည်းသည့် ဇာတ်ကောင်အတိုင်း ပျော်ရွှင်နေတတ်ပါ၏။ လူတို့ အိပ်မက်နေသည့် ပမာတည်း။ သို့သော် ကျွန်တော့်ဘဝ စင်စစ်ကား. . .

လူတို့ အိပ်မက် ပမာတည်း။

## အခန်း–၃

## (က)

## သို့သော် ကျွန်တော့်ဘဝ စင်စစ်ကား

မြင်းလှည်းသမားဘဝတုန်းကလည်း မသာယာပါ။ စာရေးဆရာ ဖြစ်လာတော့ပို၍ဆိုး၏။ ကျွန်တော့်ယောက္ခမမျိုးသည် စာပေကိုမမွေ့၊ စာရေးဆရာကို အထင်မကြီး၊ ငွေကိုသာလျှင် သည်းခြေကြိုက်သူဖြစ်၏။ ကျွန်တော့်ဇနီးကလည်း ထိုနည်းငှင်းဘဲ။

ကျွန်တော်သည် မန္တလေးမြို့မှ စာရေးဆရာဖြစ်ခဲ့ပြီး ရန်ကုန်မြို့ပြန်ရောက်တော့ ယောက္ခမ အိမ်ထက် ပြန်၍တက်ရသော မျက်နှာငယ်သမက် တပတ်နွမ်းလေး၊ ဖြစ်ရကား ယောက္ခမ၏ အမိန့်သံကိုနာခံရ၏။

''ဟော့ မင်းတို့ ငါ့ကို တလထမင်းလခ တရာပေးရမယ်ကွ. . . ဒါဘဲ''

ကျွန်တော် ကသာမှာ သောင်တင်နေစဉ်က ဒုတိယသားယောက်ျားလေးကိုမွေးသည်။ ထိုအခါ သူ့သမီးအား ''ညည်းလင်လုပ်စာမရှိဘဲနဲ့ ခလေးနှစ်ယောက်နဲ့ ညည်းကို ငါကျွေးမထား နိုင်ဘူး၊ သွား တောကညည်းယောက္ခမဆီကို''ဆိုသဖြင့် သူတို့သားအမိတွေ ကျွန်တော့်အဖေအိမ် ရောက်နေကြသည်။

သည့်နောက် ကျွန်တော်က ဖော်ပြခဲ့သည့်အတိုင်း ကသာမှာ မိန်းမတယောက် ပါလာခဲ့ ပြီး အခြေမလှ၍ မန္တလေးပြန်လစ်ရသည်။ ကျွန်တော့်ဇနီး မိသားစုသည် ရန်ကုန်က သူ့အမေ အိမ် ပြန်ရောက်နေကြခြင်းဖြစ်ရကား ကျွန်တော်သည် ယောက္ခမဆန္ဒအတိုင်း တလတရာဘဲ ပေးရမည်ပေါ့။

ထိုအချိန်သည် ကက်စ်ဘီခေတ် အင်္ဂလိပ်တွေဘဲ ရှိသေးရာ၊ ကုန်ဈေးနှုန်းသည် ကလေး နှစ်ယောက်နှင့် ကျွန်တော်တို့ လင်မယားအတွက် ထမင်းလခ ၁၀၀–ဆိုသည်မှာ ကျွေးရသူလည်း မနာ၊ စားရသူကလည်း ပေးထိုက်ပါပေ၏။

ထို့နောက် လွတ်လပ်ရေးရပြီး မြန်မာငွေဖြစ်လာသောအခါ ကျွန်တော်တို့တွင် တတိယ မြောက် ရင်သွေးမွေး၍ ကလေးတယောက်တိုးသည်နှင့် ယောက္ခမက နောက်ထပ် ၅၀–တိုးကာ ၁၅၀–တောင်းသည်။ ဒီတော့လဲ ကိစ္စမရှိပါ။ သော်တာဆွေ လူကြိုက်များလာ၍ ကျွန်တော့်ဝတ္ထု တန်ဘိုးလည်း တိုးနေပြီကဘဲ။

သို့ရာတွင် ကျွန်တော့်ယောက္ခမအတွက် တခုခက်သည်မှာ သူ့အားပထမဦးဆုံးအကြိမ်က ထမင်းလခကို အင်္ဂလိပ်လဆန်း ၁၀–ရက်နေ့၌ ပေးမိလေရာ၊ လဆန်းတိုင်း လဆန်းတိုင်း ထို ၁၀–ရက်နေ့တိုင်း ငွေမပေးနိုင်ပြီဆိုလျှင် သူမရမချင်း ဂျီတိုက်တော့သည်။ လေးငါးရက် ကျော် လာလျှင် ကျွန်တော့်အား အိမ်ပေါ်က မောင်းချတော့သည်။

ကျွန်တော့်အလုပ်သည် လခစားမဟုတ်၊ ငွေရချက် နေ့ရက်မမှန်ဘူးဆိုသည်ကို သူလက်မခံ။ ''ဟဲ့ နင့်ကို ဘယ်သူက စာရေးဆရာလုပ်ခိုင်းလို့လဲ ဟဲ့၊ ငါတို့က လခစားမျိုး၊ လခ စားအလုပ်မှ ကြိုက်တယ်လို့ ပြောခဲ့ပြီမဟုတ်လား''

''နေပါအုံး အန်တီ၊ ကျွန်တော်တို့ အခု အန်တီဆီမှာ ထမင်းလခ ပေးစားခဲ့တာ နှစ်နဲ့ ချီနေပြီ၊ ဘယ်တုန်းကများ တလမပေးခဲ့တာ ရှိသလဲ၊ နေ့မမှန်ဘူး ရက်နောက်ကျတာများသာ ရှိခဲ့ပါတယ်''

အဲဒီနောက်ကျတာကိုဘဲ ငါမကြိုက်တာဟေ့. . မောင်ကြင်ဆွေရေ့

သည်တော့ ကျွန်တော်လည်း စိတ်တိုလာကာ. . .

''ဟာ မကြိုက်လဲ မတတ်နိုင်ဘူးဗျို့''

''ဒါဖြင့် မင်း ငါ့အိမ်ပေါ်က ဆင်းသွား''

''ဆင်းသဗျာ. . . ဆင်းသဗျာ''

. . . ဆိုပြီး ကျွန်တော်ဆင်းခဲ့၏။

ဒီတော့ လုပ်ပြန်သေး၏။

''ဟေ့. . မင်းတင်ပြီးရှိးလားကွ၊ မင်းသားမယားပါ ခေါ်သွားကွ''

''မခေါ်ဘူးဗျ၊ မခေါ်ဘူးဗျ၊ ခင်ဗျားသမီးနဲ့ ခင်ဗျားမြေးတွေ ခင်ဗျား ကျွေးချင်ကျွေး၊ မကျွေးချင် သတ်ပစ်''

သည်တော့ သူအတွင်းဘက် လှည့်အော်ပြန်တော့၏။

''ဟဲ့ . . . ကောင်မကြားရဲ့လား၊ နင့်လင် တောသားက ငါ့ကိုစော်ကားသွားတာဟဲ့''

သူတို့သားအမိချင်းတော့ ဘယ်လိုဖြစ်ဖြစ်၊ ကျွန်တော်နားပိတ်ပြီး အမြန်လစ်တော့၏။

ထိုအချိန်တွင် ယောက္ခမအိမ်က မောင်းချတိုင်း ကျွန်တော့်မှာ ခိုကိုးရန်အိမ်တွေက အများကြီးရှိ၏။ အမကြီး ခင်မျိုးချစ်အိမ်၊ မင်းရှင်နောင်အိမ်၊ အနီးဆုံးမှာ တလမ်းထဲ တအိမ်ကျော် တွင်ပင်ရှိသော ဆရာမကြီး ဒေါ်မမအိမ်၊ ကျွန်တော်၏ အင်္ဂလိပ်စာသင်တန်းတက်ခဲ့သော ကျောင်း ဘော်ဒါအိမ်ဖြစ်၏။ ဆရာမကြီးသည် ကျောင်းဖွင့်လျက်ပင်ဖြစ်၍၊ ဘော်ဒါ ကျောင်းသားတွေရှိရာ သူ့အိမ်မှာ လူတယောက် ထမင်းကျွေးရန် ဘာမျှမခဲယဉ်းချေ။

ထို့ပြင် ဆရာမကြီးသည် ကျွန်တော့်အား သူ့ကျောင်းသားဘဝမှ စတင်ခင်မင်ခဲ့ရာ၊ နောင်ဂျပန်ခေတ် မြင်းလှည်းသမားဘဝရောက်တော့လည်း အဆက်မပြတ် ရှိနေ၍၊ မြင်းလှည်း သမားဘဝတုန်းက ဒီယောက္ခမ မောင်းချလဲ ဒီလို လာနေကျ၊ စာရေးဆရာဘရောက်လို့ ဒီယောက္ခမ မောင်းချလဲ ဒီလိုလာနေကျဘဲမို့ ဆရာမကြီးအဖို့ ရိုးနေပြီ ဘာမျှဆီးပြီး မေးခြင်း စမ်းခြင်းမပြုတော့။ လာခဲ့ပြန်ပေါ့ဆိုသည့် အဓိပ္ပာယ် အကြည့်နှင့် ခပ်ပြုံးပြုံးပေ။

ဆရာမကြီးသာ မဟုတ်၊ ဒီလို ကျွန်တော်တို့ သမီးယောက္ခမရန်ဖြစ်ကြတာတော့ တရပ်လုံးမှာလဲရိုးနေကြပါပြီ။ ဘာကြောင့်ဆို အခုန ဖော်ပြခဲ့သည့်အတိုင်း အင်္ဂလိပ်လဆန်း ဆယ်ရက်ကျော်လို့ သူ့ထမင်းလခ မပေးနိုင်တိုင်း ဖြစ်နေကြတာကိုး။

ဒီတော့ တဦးသော စာပေဝါသနာရှင်က စာချိုးထားသဗျ။

ဟိုရှေ့က ဆူညံညံ

ဘာသံလဲ မေး။

မေးပါနဲ့အေ

သော်တာဆွေ သူ့ယောက္ခမနဲ့

ဘောက်ကျတယ်လေး. . တဲ့။

နို့ပြီးတော့ ကျွန်တော်တို့ သမီးယောက္ခမ ဘယ်တော့ပြန်တည့်သလဲတဲ့။ အဲဒီလထဲမှာ ထမင်းလခပေးပြီးရင် ပြန်တည့်တာပါဘဲတဲ့။

ကျွန်တော်သည် ဤပထမဇနီးနှင့် ၁၂–နှစ်မျှ ကလေး ၅–ယောက်ရအောင် ပေါင်းသင်းခဲ့ပါသည်။ လင်မယားချင်းတခါမျှ ရန်မဖြစ်ခဲ့ရ။ ယောက္ခမနဲ့ဘဲ အကြိမ်ပေါင်းမရေမတွက်နိုင် အောင် ရန်ပွဲကြီး ရန်ပွဲငယ် အသွယ်သွယ် နွှဲခဲ့ရပါသည်။

ကျွန်တော့်ဇနီး နော်မာကား သူ့အမေနှင့် ကျွန်တော့်အကြားမှာ ဘာမျှအသုံးမကျ။ ဘာမျှလည်း နားမလည်။ ကျွန်တော့်ဘက်က တခွန်းတပါဒလေးမျှ ကူညီပါဝင်မပေးနိုင်သည့်ပြင် ကျွန်တော်ဆရာမကြီးအိမ် ရောက်သွားသောအခါ၌ နေ့စဉ်ပင် ကျွန်တော့် စာရေးစာပွဲနားလာ၍

''ကိုကြင်ဆွေ မာမီက ပိုက်ဆံ မရသေးဘူးလားတဲ့''

''ဟဲ့ မရသေးဘူးဟဲ့၊ မရသေးဘူးဟဲ့၊ အခုမှ ဝတ္ထုရေးရတုန်းဟဲ့၊ သွား နင့်မျက်နှာမြင် ရင် ငါစာရေးမရတော့ဘူး''

ဒါအမှန်ဘဲဖြစ်၏။ ကျွန်တော်သည် လက်ရှိဘဝကို မေ့ကာစာရေးဆရာတို့၏ သမထဖြင့် စိတ်ကူးယဉ်ဈာန်ဝင်၍ စာရေးရခြင်းဖြစ်ပါ၏။

ဤလိုဆိုးဝါးသော ယောက္ခမနှင့် ဒီမျှ အသုံးမကျသော ဇနီးကို ပေါင်းသင်းရင်း ဟာသဝတ္ထုတွေ ရေးနေရသော ကျွန်တော်မှာ ကိုယ့်ကိုလူပျိုထင်၍ ချစ်နေကြသော ရည်းစားကလေး တွေ၏ ဓာတ်ပုံနှင့် စာများသာ ကျွန်တော့်အတွက် အားဆေးများဖြစ်ပါ၏။

ဒီနေရာမှာ စာဖတ်သူက မေးချင်ပေလိမ့်မယ်။ လူပျိုလို့လိမ်ပြီး မိန်းကလေးတွေကို ရည်းစားလုပ်တာ ကောင်းသလားကွာ။ ဒီကလေးမတွေ ဖျက်ဆီးရာ မရောက်ဖူးလား။

မရောက်ပါဘူး။ ကျွန်တော်လက်ရှိ အိမ်ထောင်စွန့်ပစ်ပြီး အတည်ယူမည် စိတ်မကူးဘဲနှင့် မည်သည့် အမျိုးသမီးကိုမျှ မကျူးလွန်ခဲ့ပါ။ သာဓကတွေ ပြစရာ အများကြီးရှိပါသည်။

## (ခ)

## ကျွန်တော်နှင့် ပထမဦးဆုံး နီးစပ်သူ

သူကားစာနှင့်မိတ်ဖွဲ့လာသူမဟုတ်။ လူကိုယ်တိုင် လာတွေ့သူဖြစ်သည်။ ၁၉၄၈–ခုနှစ် ပဒေသာမဂ္ဂဇင်း ထုတ်နေစဉ်က တခုသော လဆန်းရက် စာအုပ်ထွက်စ အချိန်တွင် ဘုရားလမ်း၊ ပဒေသာမဂ္ဂဇင်းတိုက်တည်ရာ (သာဓု)အိမ်သို့ အသက် အစိတ်မျှခန့်မှန်းရသော အမျိုးသမီး

တယောက် ရောက်လာသည်။ ပုံပန်းမှာ မြို့သူမဟုတ်ပေ။ ကုန်ပစ္စည်းအထုပ်တွေ အပြည့်ထည့်ထားသော လက်ဆွဲခြင်းတခုကို ခေါင်းပေါ်ရွက်လာသည်။ ရုပ်ရည်ကား တရုပ်သွေးစပ်၍ အသားဖြူပြီး ဝါဝင်းသော မျက်နှာနှင့် ချောမောလှပသူဖြစ်သည်။

ထိုအချိန်၌ ထိုအိမ်မှာ စက်ရိုက်နေသော ကုလားလေးမောင်လှမှ လွှဲ၍ အိမ်ရှေ့ခန်းတွင် ကျွန်တော်တယောက်ထဲရှိရာ အစဦးတွင် သူ့ကို သာဓုအိမ်လာသော ဧည့်သည်ဟုအောက်မေ့၍ သူ့ခေါင်းပေါ်ကခြင်းကို ကူချပေးရင်း. .

''ဘယ်သူ့ တွေ့ချင်လို့လဲ၊ အိမ်သားတွေတော့ မရှိကြဘူးခင်ဗျ''

ထိုအခါသည် နွေရာသီ နေ့လည် ၂–နာရီလောက်ဖြစ်ရာ၊ ပူအိုက်လှသဖြင့် သူသည် သူ့ခေါင်းဖုလေးဖြေ၍ ချွေးများကို သုတ်လျက်. . .

''ကျွန်မ ဒီအိမ်လာတဲ့ ဧည့်သည်မဟုတ်ပါဘူးရှင့်၊ ပဒေသာတိုက်ကို လာခဲ့တာပါ''

''အော်. . . ဘာကိစ္စရှိလို့ပါလဲ၊ ထိုင်ပါ ခင်ဗျ''

ကျွန်တော့်စိတ်တွင် စာမူပို့ထားသူဖြစ်၍ သူ့စာမူအကြောင်းမေးတော့မည်ထင်ကာ စာမူဆိုတာကလည်း ရုတ်တရက် ရှာရလွယ်သည် မဟုတ်၍ စိုးရိမ်စိတ်ဖြင့် မေးမိသည်။ အော်. . တော်ပါသေးရဲ့။

''တခြားကိစ္စ မဟုတ်ပါဘူးရှင်၊ ပဒေသာမဂ္ဂဇင်း တအုပ်ဝယ်ချင်လို့ပါ။

သည်တော့မှ ရင်ထဲမှ အလုံးကြီးကျသွားကာ. . .

''မဂ္ဂဇင်းဟာ ဈေးထဲ ဘယ်စာအုပ်ဆိုင် ဝယ်ဝယ်ရသားဘဲ။ ဒီများ အပင်ပန်းခံလာလို့ဗျာ'

''အော်. . ဒီဆန်းကဖေးမုန့် ဝယ်ရအောင်လာရင်းနဲ့ နီးနေလို့ပါ''

''အော်. . . ဟုတ်လား၊ ဒါပေမယ့် ကျွန်တော်တို့က ရန်ကုန်မှာ တဦးတည်း ကိုယ်စားလှယ်ပေးထားတော့ တိုက်ကနေပြီးတော့ ဒီလိုတအုပ်စနစ်အုပ်စ မရောင်းရဘူးခင်ဗျာ၊ ဒါပေမယ့် ဒါကို မသိလို ့နေပူကြီးကျဲကျဲ အပင်ပန်းခံလာတဲ့ လူကိုတော့ ကျွန်တော်က အလကားပေးလိုက်ပါမယ် ခင်ဗျာ''ဆိုပြီး အံဆွဲထဲက အသင့်ရှိနေတဲ့ စာတအုပ် ထုတ်ပေးလိုက်သပေါ့။

ဒီတော့ သူက စာအုပ်ကို အမြတ်တနိုးကိုင်ပြီး. . .

''ဟင်. . . အားနာစရာကြီးရှင်၊ ပိုက်ဆံတော့ ယူမှပေါ့ရှင်''ဆိုပြီး အသီးဖုကလေးနှစ်ခုနှင့် ကန့်လန့်ပိတ်ရသော သူ့သွားရေအိတ်ဖွင့်တော့ (စာပွဲမှာ မျက်နှာချင်းဆိုင် ထိုင်နေတာဘဲ) ကျွန်တော်က ပြန်ပိတ်လိုက်ပြီး (လက်ချင်း ထိသွားတယ်လေ. . . တမင်လုပ်တာဘဲ)

''မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် မျက်စိစွံနေပါအုံးမယ်''

ဒီတော့ သူက ပြုံးလာသည်။ သူ့သွားလေးများလည်းလှ၏။

''ကျွန်မလေ. . ပဒေသာ မဂ္ဂဇင်းကို သိပ်ကြိုက်တာဘဲ၊ လစဉ်အမြဲဝယ်ဖတ်တယ်''

''ဟာ. . ဒါဖြင့်ရင် ဒီလိုလာဝယ်မနေရဘဲ စာအုပ်က အိမ်ကို အလိုလိုရောက်လာအောင် လုပ်ပါလား''

''ဘယ်လိုလုပ်ရမလဲ ရှင်''

''ပဒေသာအဖွဲ့ ကြော်ငြာကို မဖတ်ဖူးထင်တယ်''

''အော်. . ဖတ်မိတယ် ဖတ်မိတယ် ဟုတ်ပါရဲ့ရှင် ကျွန်မအခုဘဲ အသင်းဝင်သွားချင်တယ်၊ အဲဒီပဒေသာအဖွဲ့တာဝန်ခံ သော်တာဆွေရှိရဲ့လား၊ သူ့လဲ ကျွန်မတွေ့ချင်တယ်''

''ဘာကိစ္စရှိလို့လဲ''

''အော်–သူ့ဝတ္ထုတွေက သိပ်ရီရတော့ သူ့ရုပ်က ဘယ်လိုလဲ ကြည့်ချင်တာပေါ့''

ဤနေရာ၌ ကျွန်တော် ပီတိဖြစ်သွားကာ တိုက်ရိုက်မဖြေသေးဘဲ–

''ကျွန်တော်နဲ့ ခင်ဗျားနဲ့ နှစ်ယောက်စပ် ထီ ထိုးလိုက်ချင်သဗျာ''

''ဘာဖြစ်လို့လဲ''

''ခင်ဗျားဟာ သိပ်ကံကောင်းတယ်ဗျ၊ ခင်ဗျားလိုချင်တဲ့ဆန္ဒဟာ ချက်ချင်းပြည့်နေတာဘဲ''

သို့တိုင် မရွှေရိုးလေး နားမလည်ရှာသေး။

''ဘာပြည့်တာလဲရှင်''

''ခင်ဗျား ပဒေသာအဖွဲ့ဝင်ချင်တယ်၊ နို့ပြီး သော်တာဆွေကို တွေ့ချင်မဟုတ်လား''

''ဟုတ်ကဲ့''

''အခု တွေ့နေတာဘဲ ၅ မိနစ်ကျော်သွားပြီဗျ''ဟု လက်ကနာရီကို ကြည့်ပြောလိုက် သည်။

သည်တော့မှ သူ ရုတ်တရက် အံ့အားသင့်သွားပြီး ချက်ချင်းဘဲ အားရပါးရပြုံးလိုက်ကာ–

''ဟာ. . ဆရာ''ဆိုပြီး စာဖတ်သူနှင့် စာရေးဆရာတို့ ထုံးစံရုတ်ခြည်းဘဲ ရင်းနှီးသောအသွင်သို့ ဆောင်သွားလေသည်။

''နံမယ် ဘယ်နှယ့်ခေါ်လဲ''

''မကြင်ရွှေပါ''

''ဟာ. . ကိုယ်တို့နှစ်ယောက်တော့ မောင်နှမတောင် ဖြစ်နိုင်နေပဟ့်''

''ဘယ်လိုလဲဆရာ''

''ကျွန်တော့်လူနံမယ်ကလဲ မောင်ကြင်ဆွေကိုဗျ''

သူ ရဲရင့်သွက်လက်လာကာ–

''ဒီလိုဆို ဟန်ကျတာပေါ့ ဆရာ၊ကဲ ပဒေသာအဖွဲ့ဝင်ရအောင် ဝင်ကြေးဘယ်လောက်ပေးရမလဲ''

''၆လမဂ္ဂဇင်း ၆–အုပ်ဖိုး ၁၂–ကျပ်၊ တနှစ်တွက် ၂၄–ကျပ်''

ကျွန်တော်သည် အံဆွဲထဲမှ ပဒေသာအဖွဲ့ဝင် လက်ခံစာအုပ်ကိုထုတ်သည်။ သူက ပိုက်ဆံအိတ်ထဲက ငွေကိုထုတ်သည်။

''ဆရာ. . . တနှစ်တွက်ဖဲ ဝင်ခဲ့မယ်''

''ကောင်းတာပေါ့''

ဤ (ကောင်းတာပေါ့)မှာ အဓိပ္ပာယ်နှစ်ခု ပါသည်။ အကြောင်းမှာ ထိုစဉ်က ကျွန်တော်တို့ ပဒေသာလုပ်သား စာရေးဆရာများသည် စာရေးခတပြားမှမယူဘဲ တန်ဘိုးကို ပဒေသာရှယ်ယာဝင် စုငွေထား၍ လောလောဆယ်အားဖြင့် လုပ်ခ တလ ၁၀ဝိ စီသာ ယူကြရရာ ဒီလဆန်းမှာ

ကျွန်တော်တပြားမျှမရသေး။ ဒီနေ့ ငွေကိုင် သာဓုက စာအုပ်ဖိုးငွေ သွားတောင်းနေသည်ကို ကျွန်တော်ထိုင်စောင့်နေခြင်းဖြစ်၏။ ဤသို့ တလတရာဆိုသော်လည်း ဘယ်တော့မှ လုံးကနဲ ရသည်မဟုတ်၊ နှစ်ဆယ်စီ အစိတ်စီ လီရလေရာ၊ ဟော–ဒီကောင်မလေးဆီက အသင်းဝင်ကြေး ၂၄– ကျပ် ရလိုက်ပြီဆိုတော့ ကျွန်တော်ဒီနားထိုင်းသာဓုကို အချိန်ကုန်ခံပြီး စောင့်နေစရာ မလိုတော့ပေ။

ထို့ကြောင့် ကောင်မလေးက သွားရန်ဟန်ပြင်တော့ ကျွန်တော်က အတွင်းခန်း၌ စက်ရိုက်နေသော ကုလားလေးအား. . .

''ဟေး. . မောင်လှရေ. . . . ''

''အကို. . . ''

''ငါသွားတော့မယ်ကွ. . .၊ ဒို့ စာရေးဆရာထဲက ပေးနေကျ စာရေးဆရာတွေ စာအုပ်လာ တောင်းရင် မင်းဘဲပေးပြီး စာရင်းမှတ်ထားလိုက်ကွာ''

''ဟုတ်ကဲ့. . . အကိုး''

ဤစဉ်တွင် သူ့ခြင်းရွက်ရန် ခေါင်းဖုပြန်လိပ်နေသော ကျွန်တော်တို့ ပဒေသာအဖွဲ့ဝင် အသစ် စက်စက်ကလေး မကြင်ရွှေအား သူ့ခေါင်းဖုလိပ်ဆွဲ၍ ပြန်ဆန့်လိုက်ပြီး. .

''ခေါင်းပေါ်ရွက်မနေစမ်းပါနဲ့၊ တကထဲ တောသူမကြီးကျနေတာဘဲ''

သူက မျက်နှာချိုချိုလေးနှင့် ကျွန်တော့်မော့ကြည့်၍. .

''ခေါင်းပေါ် မရွက်လို့ လက်က မဆွဲနိုင်ဘူး ဆရာရဲ့''

''ဆွဲနိုင်အောင် လုပ်ပေးမှာပေ့ါ ပေး ဟောဒီအထုပ် ကြီးကြီးနှစ်ခုကို ''ဆိုပြီး ကျွန်တော် ယူလိုက်ကာ. . . ''လိုက်ပို့မှာပေ့ါ သွားချင်တဲ့နေရာကို ဘယ်ထိအောင်သွားမလဲ၊ ဝေရက်တောင် ထိပ်ကိုလား၊ ရေရှားတဲ့ သဲကန္တာရသွားမလား၊ နေမမြင် ရေပြင်ခဲတဲ့ မြောက်ဝန်ရိုးစွန်းကိုလား''

သူသည် အလွန်သဘောကျစွာ နှုတ်ခမ်းကိုမဖွင့်ဘဲ ကျိတ်၍ရယ်ခြင်းမျိုးဖြင့် အသံထွက် အောင်ရယ်လိုက်ပြီး. .

''ဆရာကတော့ အပြောသိပ်ပါတာဘဲ၊ ဒါကြောင့် စာရေးဆရာဖြစ်တာဘဲ''

''အပြောပါလို့ စာရေးဆရာဖြစ်တာ မဟုတ်ပါဘူးဗျာ အရေးတော်လို့ပါ''

''ဟုတ်ပါသတဲ့ရှင်. . . ဆရာ့တော့ ကျွန်မမနိုင်တော့ပါဘူး''

ယင်းသို့ပြောကြရင်း သူကခြင်းဆွဲ ကျွန်တော်ကအထုပ်နှစ်ခုပိုက်၊ သာဓုအိမ်ကထွက်ပြီး လမ်းပေါ်လျှောက်လာကြရင်း ကျွန်တော်အလိုချင်ဆုံးသော ယာဉ်ကိုရှာသည်။

မကြာမီ တွေ့ပါပြီ၊ လန်ကတ်စတာ လမ်းထဲမှ ဘုရားလမ်းဘက်ထွက်လာသော လန်ခြား တစ်စင်း။ ကျွန်တော်လှမ်းခေါ်လိုက်သည်။

''ဟေး. . . လန်ခြား ခါလီဟဲ. . .'' (ထိုစဉ် ရန်ကုန်မှာ လန်ခြားရှိသေး၏။)

''အခြားဆပ်''ဆိုပြီး မကြာမီ ကျွန်တော်တို့ရှေ့တော်မှောက်ပြားပြားဝပ် ရောက်လာတော့ သည်။ ကုလား လန်ခြားချရင် ဒီလိုဘဲ။

''တက် မကြင်ရွှေ နေပူတယ် ခြေပူတယ်၊ ကုလားစီးရင် အားကြီး အများကြီး သက်သာ တယ်''

သူ ကျွန်တော့်သြဇာသံ ငြင်းနိုင်စွမ်းမရှိ။ မကြာမီ ကျွန်တော်တို့မှာ သွားနေကျလာနေကျ နှစ်ယောက်ကဲ့သို့ လန်ခြားပေါ်မှာ ဟန်ကြွားမော်ကာ. .။

သူသည်လန်ခြားပေါ်တွင် သူ့နံဘေး ကျွန်တော်ဝင်ထိုင်လိုက်စက မျက်နှာမှာ ရက်သွေး ကလေးဖျန်းသွားသော်လည်း ကုလားကလည်း အပြေးကောင်း၍ လေကလေး သွေးတော့ မကြာမီ ရက်သွေးကလေးပြေသွားကာ သူကဘဲ စကားစသည်။

''ဆရာက အခုနက ကျမကို ခြင်းတောင်းကြီးခေါင်းပေါ်ရွက်တာ တောသူမကြီးကျနေတာ ဘဲတဲ့''

''နို့ မဟုတ်ဖူးလား''

''ဟုတ်ပါတယ်ဆရာရဲ့ ကျမတောသူမဘဲ၊ အခုန အဖွဲ့ဝင်လိပ်စာပေးတဲ့ ဒီမြို့ထဲကအိမ်က ကျမတို့ ဆွေမျိုးအိမ်၊ ကျမတို့နေတဲ့ရွာက ပို့စမင်းမရောက်ဖူး၊ စာတိုက်နဲ့ စာပေးစာယူ လုပ်လို့မရဘူး၊ ညောင်ပင်လေးဆိပ်ကနေပြီး တွံတေးလမ်းအတိုင်းလှေနဲ့ နေ့ဝက် ခရီး သွားရတယ်''

ထိုအခါ ကျွန်တော်သည် လက်ပတ်နာရီကိုကြည့်၍. .

''ဟာ. . . ၃နာရီကျော်နေပြီ၊ ဒါဖြင့် ဒီနေ့ပြန်လို့ မဖြစ်တော့ဘူးပေါ့''

''ဘယ်ဖြစ်တော့မလဲ''

''ဒါဖြင့် အခုဘယ်သွားမလဲ၊ ဈေးဝယ်လို့ပြီးပလား''

''ပြီးပါပြီ ၁၉–လမ်းအိမ်ကို သွားမယ်''

ထို့ကြောင့် ဘုရားလမ်းနှင့် ကျုံးကြီးလမ်းဆုံ ရောက်သောအခါ ကျွန်တော်က လန်ခြား ကုလားအား. . .

''ဟော့ ဒိုင်းနားချောင်း''

ကုလားက ညာဘက်ကွေ့လိုက်ပြီး ခဏကြာသောအခါသူက. .

''ဆရာ. . . ဆင်းနေရစ်ခဲ့တော့''

''အို. . . ဘာလို့လဲ၊ အိမ်သိရအောင်လေ. . . အိမ်အထိ လိုက်ပို့မယ်''

''မဖြစ်ဖူးဆရာ. . မဖြစ်ဖူး. . . မဖြစ်ဖူး''

''ဘာကြောင့်တုန်း''

သူခဏလေးတွေနေပြီးမှ

''ဆရာနဲ့ကျမ အခုလို နှစ်ယောက်တွဲ လန်ခြားစီးလာကြတာ ဆွေမျိုးတွေမြင်မှဖြင့်''

သည်တော့မှ ကျွန်တော်သတိပြုမိကာ. . .

''အား. . . . ဟုတ်သားဘဲဟ. . . ဒို့လုပ်ပုံကလဲ''ဟု ကျွန်တော့်စိတ်ထဲမှ ကိုယ့်ကိုယ်ကို ပြောမိပြီး ကုလားအား. . .

''ဟော့. . . ဘားယားရပ်ခိုး''

ဘယ်ဘက်ပလက်ဖောင်း ကပ်ရပ်ခိုင်းပြီး၊ ဆင်းလိုက်ရတော့သည်။ သူသည် ကုလားအား ''စီးတားဂျောင်း''ဟု ပြောပြီး ကျွန်တော့်ကို ပြုံးပြုံးကလေး လက်ပြသွားသည်။

နောက်နေ့တွင် ပဒေသာတိုက်သို့ သူ့ဆီမှ စာတစောင်ရောက်လာသည်။

အကိုလေးရှင့်. . . .

ဒီလိုဘဲ ခေါ်ပါရစေတော့နော်။ အကိုလေးက မနေ့က ပြောတယ်မို့လား မောင်နှမ တောင် ဖြစ်နိုင်နေပြီ’လို့။ အဲဒါ ကျမသိပ်သဘောကျသွားတာဘဲ အကိုလေးရယ်။ အကိုလေးက အဲလို ပြောလိုက်ချင်းဘဲ ကျမစိတ်ထဲမှာ အကိုလေးလို ချစ်သွားတာဘဲ။ ကျမကိုလဲ ညီမလို့ခေါ် မယ် မဟုတ်လား။ ခေါ်ပါ အကိုလေးရယ်။ ညီမမှာလေ ဟိုတုန်းက အကိုလေးလို့ ခေါ်ခဲ့ရတဲ့ အကိုတယောက် ရှိခဲ့ပါတယ်။ အခုတော့ ဂျပန်ခေတ်ကဘဲ ဆုံးသွားရှာပါပြီ။

မနေ့က အကိုလေးနဲ့ တွေ့ရတော့မှ အကိုစားရပြီလို့ ညီမသိပ်ဝမ်းသာသွားတာဘဲ အကိုလေးရယ်။ ညီမအကိုရှိရင်လဲ အကိုလေးအရွယ်လောက်နေမှာဘဲ။ အကိုလေး အသက် ဘယ်လောက်လဲ။ ညီမက ၂၆–နှစ်။

ညီမမှာလေ အခု အမေအိုကြီးနဲ့ မောင်လေးတယောက်နဲ့ ရွာမှာ ကုန်စုံဆိုင်ဖွင့်ထားပါ တယ်။ အခုရန်ကုန်လာတာဟာ ကုန်တွေဝယ်ရအောင်ပါ။ မနက်ကုန်တွေကို လှေနဲ့တင်ပြီးတော့ ပြန်မယ်။ အခု ဒီစာက အကိုလေးနဲ့ ခွဲခဲ့ပြီး ၁၉–လမ်းအိမ် ရောက်ရောက်ချင်းဆိုသလို ရေးတာပါဘဲ။ နို့ပြီးစာသိမ်းချိန်အမီထည့်ခဲ့မယ်။

တခုပြောချင်တယ်အကိုလေး။ ညီမဆီကိုစာရေးမယ်ဆိုရင် ၁၉–လမ်း အိမ်လိပ်စာနဲ့ မထည့်နဲ့။ သူတို့ကဖောက်ပြီးဖတ်တတ်တယ်။ တရုတ်တွေ။ ညီမနဲ့အကိုလေး ဒီလိုဆက်သွယ် ကြတာကို ကြိုက်မယ် မဟုတ်ဖူး။

ဒီတော့ ညီမတို့ရွာလဲ စာတိုက်က မပေါက်တော့ စာပြန်မနေပါနဲ့တော့ အကိုလေးရာ။

နို့ပြီး ပဒေသာ မဂ္ဂဇင်းကိုလဲ သူတို့အိမ်လိပ်စာနဲ့ မပို့နဲ့တော့။ ညီမကိုယ်တိုင်လေ ထွက်တဲ့ရက် သတင်းစာထဲ ကြော်ငြာပြီး နောက်တနေ့မှာ ဒီနေ့လာခဲ့တဲ့အချိန်မျိုး ပဒေသာတိုက် ကိုလာခဲ့မယ်။ အကိုလေး စောင့်နေနော်။

အကိုလေး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေ။

ညီမ ကြင်ရွှေ

ထိုမှတပြီးကား သူနှင့် ကျွန်တော်သည် လစဉ်မဂ္ဂဇင်း ထွက်တိုင်းတွေ့ကြလျက်၊ ထို့ပြင် သူလလယ်ရက်များ ကုန်ဝယ်လာလျှင်လည်း ချိန်းဆို စာရေးကာ လှေဆိပ် လာကြိုစေလျက် ကျွန်တော်တို့ နှစ်ယောက်သည် အင်မတန် ရင်းနှီးသွားကြလေ၏။

သူ ကုန်ဝယ်လာရာကို ကျွန်တော် လျှောက်လိုက်သည်။ မုန့်အတူစားကြသည်။ ရုပ်ရှင် အတူကြည့်ကြသည်။

သူအခေါက်တိုင်း အခေါက်တိုင်း ကျွန်တော့်ကို သူတို့ရွာကို လိုက်လည်ရန်ခေါ်သည်။

လိုက်လာပြီး အေးအေးဆေးဆေး စာရေးပါ အကိုလေးရဲ့။ မေမေကိုလဲ ညီမအကိုစား ရပြီလို့ ပြောထားပြီ။ မေမေက ကြည့်ချင်တယ် ခေါ်ခဲ့ပါတဲ့။

ညီမ အကိုလေးကို ပျော်အောင်ပြုစုပါမယ်။ အကိုလေးကြိုက်တဲ့ အရက်လဲတိုက်ပါမယ် အကိုလေးရဲ့။

သို့သော် ကျွန်တော် မလိုက်ရဲပါ။ သူ့လှေဆိပ်အထိ လှေထဲအရောက်လိုက်ပို့ရုံသာ။

ကြည့်လေ၊ သူ့လှေကိုက ကုန်တွေအပြည့်နဲ့။ ခရီးသည်က သူတယောက်တည်းရယ်။ ခရီးဝေးသွားတဲ့ ရန်ကုန် သင်္ဘောန်တွေကိုလဲ မိတ်ဆွေမြင်ဘူးမှာပေါ့။ စီးသူအတွက် မိုးလုံလေလုံ ပေါင်းမိုးနဲ့ ပဲ့ပိုင်းက တက်နှစ်ချောင်းနှင့် လှော်ခတ်သူက အမြဲတမ်း မတ်တတ်။ လှိုင်းလေးက လည်း တဖျတ်ဖျတ်။

အကယ်တိ သူနဲ့ ကျွန်တော်နှစ်ယောက်တည်း ဒီပေါင်းမိုးလေးထဲပါသွားမည်ဆိုပါက ဤနေ့ဝက်ခရီးကြီးတွင် အကိုလေးရယ် ညီမလေးရယ်ဆိုနေကြတဲ့ ဤဘင်္ဂလားမောင်နှမသည် ဘာဖြစ်သွားမည်နည်း။

သည်တော့ ကျွန်တော်သူ့ကိုတကယ် ယူနိုင်သလား။

ဘယ်ယူနိုင်မှာတုန်း။ ယောက္ခမနဲ့ ထမင်းလခ ၁၅ဝ တောင် မှန်မှန်မပေးနိုင်လို့ တဝုန်းဝုန်း ဖြစ်နေကြတာ။

နို့ပြီး ဒီယောက္ခမမျိုးကလဲ ဒီကိစ္စမျိုးဖြစ်လာရင် ငြိမ်နေမယ်မထင်လေနဲ့။ အောင်မယ် လေး. . . တောင်းလိုက်မယ့် ကလေးစရိတ်။ ကျွန်တော့်စိတ်ကလည်း ကျွန်တော့်သားသမီးလေးတွေ တော့ တာဝန်မဲ့မပြုနိုင်။

ထို့ကြောင့် ကျွန်တော်က ''အကိုလေးမှာ ပဒေသာ တာဝန်တွေနဲ့ အလုပ်က မအားလပ် အောင်များလွန်းလို့ပါ ညီမရယ်''ဟူ၍ ဟူ၍သာ နှစ်သိမ့်၍ လွှတ်လိုက်ရပါ၏။

စင်စစ် တကယ်လည်း ကျွန်တော့်မှာ အလွန်အလုပ်များလှပါ၏။ ပဒေသာစတင် တည်ထောင်စက မိုးဝေနှင့် သန်းဆွေပါခဲ့သော်လည်း မိုးဝေကပထမ၊ သန်းဆွေက ဒုတိယ၊ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြသည်။

ဒီတော့ တင့်တယ်က ပြော၏။

''သူတို့မရှိ ဒို့ဘို့ချည်းပေါ့ မောင်ဆွေရာ၊ ကြိုးစားလိုက်စမ်း''

ဟုတ်ကဲ့. . . သူ့စကားနာခံပြီး ကြိုးစားလိုက်သမှ ကျွန်တော့်တသက်တာတွင် ဤသို့ စိတ်ပါ လက်ပါ လုပ်ခဲ့သော အခါမျိုးမကြုံခဲ့ဘူးသေး။ နောင်လဲ ဤသို့လုပ်နိုင်တော့မည် မဟုတ်ချေ။ ထိုစဉ်က အသက် ၂၉–နှစ်၊ ယခု ၅၀–ကျော်ခဲ့ပြီ။

ကြည့်ပါ။ အဲသည်တုန်းကများ နံနက်မိုးသောက် အလင်းရောက်သည်ဆိုလျှင်ပင် လွယ်အိတ်တလုံး လွယ်ကာ ကျွန်တော့်အိမ် မအူပင်လမ်းမှ မီးရထားဘူတာကျော်၍ ကြည့်မြင်တိုင် အိုးဘိုလမ်းရှိ တင့်တယ်အိမ်သို့ ရောက်ခဲ့ရသည်။ တခါတရံ သူအိပ်ရာမှမထသေး။ ဆရာသမားကို ချောင်းသံပေး၍ နှိုးရသည်။

''ဟော့. . . . မောင်ဆွေ လာပလားဟေ့''ဆိုပြီး သူအိပ်ရာမှထ ကိုယ်လက်သုတ်သင်ပြီး လက်ဖက်ရည် စားပွဲမှာထိုင်၊ စာရွက်တရွက်ဖြန့်ပြီး ကျွန်တော်ဒီနေ့လုပ်ရမည့် လုပ်ငန်းစဉ်တွေ ရေးပေးလေ၏။ နမူနာတခု ပြပါမည်။

(၁) ငါ့စာမူကို ပန်းချီကိုလေးဆီကို သွားပေး၊ မိန်းမပုံလှလှဆွဲခိုင်း၊ မနေ့က ကာလာ ခြယ်ခိုင်းထားတဲ့ ပုံတွေကိုယူ ဘလောက်တိုက်ပို့။

(၂) လမ်းမှာ ဦးဘဂျမ်းအိမ်ဝင်၊ ဟိုနေ့က ပြောတဲ့ပုံပြီးရင် တခါထဲယူသွား။

(၃) ဦးဘဂျမ်းဆီက ပုံရရင် ချက်ချင်း မှန်ရိုက်ခိုင်း။

(၄) အဲဒီအတွင်းမှာ ဘလောက်တိုက် ထိုင်မနေနဲ့၊ ဦးအုန်းလွင်အိမ်သွားအုံး ပုံရရင်ယူခဲ့။

(၅) ပြီးတဲ့ ဘလောက်တွေယူပြီး သာခုဆီသွားပေး၊ သူ့ကိုအမြန်ရိုက်ခိုင်း။

(၆) ဒီနေ့ ဆရာတက်တိုးဆီက စာမူရမယ် ပြောတယ်၊ သူ့အလုပ်တိုက်သွား၊ ရရင် စန်းလွင်ဆီယူသွားပြီး ခေါင်းစည်းဆွဲခိုင်း။

(၇) စန်းလွင်ဆီမှာ ဟိုနေ့က ဆွဲခိုင်းထားတဲ့ ဆရာဇေယျရဲ့ ဆောင်းပါးခေါင်းစည်းပုံပြီး ရင် ဘလောက်တိုက်ပို့။

(၈) အင်းလျားလမ်း ပုံနှိပ်စက်ကိုသွားပြီး ဖောင်ဖွဲ့နေတဲ့စာမူ အပိုအလို ဖြတ်စရာ ဖြည့်စရာရှိရင် ငါ့ဆီယူခဲ့။

(၉) သာဓုဆီမှာ ဒီနေ့ ငွေဘယ်လောက်ရောက်သလဲမေး၊ တရာကျော်ရရင် ၅၀–ယူပြီး ဦးငွေကိုင်သွားပေး၊ အရင်အပ်ထားတဲ့ပုံတွေ အမြန်ဆွဲပါလို့ပြော။

(၁၀) ဘလောက်တိုက်ပြန်သွားပြီး မှန်ရိုက်ပြီးသားပုံတွေကို ကာလာခြယ်ဘို့ ပန်းချီဆရာ တွေဆီ ပြန်ပို့၊ အချိန်ရရင် ဒီနေ့အပြီးခြယ်ခိုင်း၊ အနားကထိုင်နေ၊ ပြီးရင် အမြန်ဘလောက် တိုက်ပို့။

ဤကား ဆရာတင့်တယ် နေ့စဉ်ချပေးလေ့ရှိသော ကျွန်တော့်အလုပ်ဇယား နမူနာ ပါတည်း။

ကျွန်တော်သွားရသော ဌာနများကို ဖော်ပြပါမည်။ ပန်းချီ ဦးကိုလေး အိမ်က ၉–လမ်း၊ ဦးဘဂျမ်း အိမ်က ၁၃–လမ်း၊ ဘလောက်တိုက်က လွှစက်လမ်း၊ ဦးအုန်းလွင်က ၃၉–လမ်း၊ ဦးငွေ ကိုင်အိမ်က ပန်းဆိုးတန်း။ စန်းလွင်အိမ်က ရေကျော်။ ဆရာတက်တိုး အလုပ်တိုက်က စပတ်လမ်း။

ဤနေရာတွေကို ကျွန်တော် ပင့်ကူယှက်သကဲ့သို့ ခေါက်ကဲ့ပြန်ကဲ့ သွားရပါသည်။ သွားရပုံမှာ ဥပမာ ဦးဘဂျမ်းအိမ်မှ လွှစက်လမ်းကဲ့သို့ ခရီးမျိုးကား ဘတ်စ်ကားလမ်းဖြစ်၍ ကားစီးရပါသည်။ အနီးအနားနှင့် ဟိုချောင်သည်ချောင်တို့ကိုကား ဆိုက်ကား၊ လန်ခြားခမတတ် နိုင်၍ ခြေလျင်ချည်းသွားရသည်။

ခြေကုန်လူပန်း အဖြစ်ဆုံးမှာ တင့်တယ်၏ရုံး သုံးထပ်တိုက်လှေကားထစ် ၇၀–ကျော်ကို တက်ရဆင်းရခြင်းဖြစ်ပါသည်။ သူသည် ထိုစဉ်၌ ပြန်ကြားရေးရုံးမှာ အလုပ်လုပ်လျက်ရှိပါသည်။ သူ့ဆီကို ကျွန်တော်တနေ့လျှင် ပျမ်းမျှခြင်း နှစ်ခေါက်လောက် ရောက်ရပါသည်။

သူကတော့ ထိုင်ပြီး ဇယားချပေးရုံပါ။ ညနေရုံးဆင်းသောအခါ၌ သူပဒေသာတိုက် (သာဓုအိမ်) သို့ရောက်လာပြီး၊ ကျွန်တော့်လုပ်ငန်းများကို စိစစ်ပါသည်။ သူထင်သလောက် မပြီး မြောက်ခဲ့သော် အလုပ်ပေါ့လျော့သည်ဟု မာန်မဲပါသည်။ ကျွန်တော် ခေါင်းငုံ့၍ ခံခဲ့ပါသည်။

ဤအလုပ်တွေ ကြားထဲမှ ကျွန်တော်သည် ပဒေသာအဖွဲ့တာဝန်ခံဖြစ်၍ အဖွဲ့ဝင်တွေထံ စာပြန်ရပါသေးသည်။ သူတို့စာမူတွေ ဖတ်ရပါသေးသည်။ ကျွန်တော်ဝတ္ထု ရေးချိန်မှာ ညသန်းခေါင်ကျော် တရေးနိုးတွင် ဖြစ်ပါသည်။

ကျွန်တော်သည် ဘာကြောင့် ဤမျှကြိုးစားပါသနည်း။

ပဒေသာ မဂ္ဂဇင်းသည် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလကစထုတ်ရာ၊ ပထမဦးဆုံး ၃၅၀၀–ပြိုက်ကနဲ ကုန်သွားသည်။ နောက် ၄၀၀၀–နောက် ၅၀၀၀–နောက် ၆၀၀၀–သည်လိုချည်း ထောင်နှင့်ချီတက်နေတော့ ကျွန်တော်တို့ဘယ်လောက်အားရှိစရာ ကောင်းနေပါသနည်း။ စာရေးဆရာ အားကောင်းသော ပဒေသာသည် မကြာမီ ရှုမဝထက် ရှေ့ကျော်၍ ကြီးပွားရတော့ မည်။

ထိုအခါ ပဒေသာပိုင်တိုက်ကြီး ဝယ်လိုက်မည်။ မော်တော်ကားကြီးစီးလိုက်မည်၊ ကျွန်တော်တို့ တတွေ ယခုလခ နည်းသမျှ နောင်ခါမှ အတိုးချ၍ ငါးရာတထောင်စီ ယူလိုက်ကြ မည်။ ပဒေသာပိုင် မော်တော်ကားသည် အလုပ်ချိန်တွင် အိမ်လာခေါ်၍ အလုပ်ဆင်းအိမ်ပြန် ပို့လိမ့်မည်။ နောင် ကျွန်တော်တို့တတွေအသက်ကြီး၍ မရေးနိုင်မချွတ်နိုင်သောအခါလည်း ဘာမျှပူစရာမလို။ ပဒေသာ တိုက်ကြီးသည် သားစဉ်မြေးဆက် တည်ရှိနေမည်ဖြစ်၍ ရှယ်ယာနှင့် ပင်စင်လခနှင့် ဒူးနှံ့နေဘို့သာ ရှိတော့သည်။ ကျွန်တော်တို့ သေသော်မှလည်း ဤပဒေသာ လုပ်ငန်းကြီးကို အုတ်မြစ်ချခဲ့သူ ကျွန်တော်တို့ ဓာတ်ပုံသို့မဟုတ် ပုံတူဆီဆေးပန်းချီကားကြီးတွေ မှာ ပဒေသာတိုက်ခန်းတွင် အမြဲတစေရှိနေပေလိမ့်မည်။ ကျွန်တော်ရည်ရွယ်ချက်ကား ဤပဒေ သာမဂ္ဂဇင်းလစဉ် အောင်မြင်သော် နောက်ထပ်အပတ်စဉ် ဂျာနယ်၊ နောက်တဆင့် နေ့စဉ် ပဒေသာသတင်းစာအထိ ထုတ်ဦးမည်ကိုး။

စိတ်ကူးယဉ်ဆိုတာ ပိုက်ဆံတပြားမှ မပေးရဘဲနှင့် တယ်ကောင်းတာဘဲဗျ။ စင်စစ် ဒါတွေဟာ တင့်တယ်ရဲ့ ရည်ရွယ်ချက်များဖြစ်ပါသည်။ အကယ်တိ သူသာ အင်္ဂလန်မသွားဖြစ်ဖူးဆိုပါက သတင်းစာဂျာနယ်အထိ မရောက်သော်လည်း ရှုမဝလောက်တော့ အောင်မြင်လိမ့်မည်ဟု ယခုတိုင် ကျွန်တော်ယုံကြည်ပါသေး၏။

သို့သော် စိန္တိတံ ကြံတိုင်းလည်းမဖြစ်ကြသည်မို့၊ တင့်တယ်သည် အမေကျော်ဒွေးတော် လွမ်းသည့်နှယ် ၁၉၄၈–ခု နိုဝင်ဘာလ ၂၀–ရက်နေ့တွင် မြန်မာပြည်က ထွက်ခွာသွားကတည်း က ကျွန်တော်တို့ ပဒေသာလုပ်ငန်းသည် ဖရိုဖရဲဖြစ်လေရာ၊ နောက်ဆုံးမှာ ကျွန်တော်တို့၏ စိတ်ကူးယဉ် အဆောက်အအုံကြီးသည် လေထဲတွင် ကြေမွ ပျောက်ကွယ်သွားလေသတည်း။

(၈)

လစဉ်လာနေကျ မကြင်ရွှေသည် ကျွန်တော့်အား ဘုရားလမ်းရှိ သာဓုအိမ်တွင် မတွေ့ရသောအခါ ကျွန်တော်၏နေအိမ်လိပ်စာကို မေး၍ စိမ်းချောင်းသို့ လိုက်လာလေ၏။

ဒီတော့ မင်းအိမ်ရောက်၊ မင်း သားမယားနဲ့တွေ့လို့ ကိစ္စပြီးသွားရောမဟုတ်လားဟု မေးဘွယ်ရှိ၏။

ဟင့်အင်း–သော်တာဆွေက ဒါမျိုးဘက်မှာတော့ တယ်ကံကောင်းတယ်ဗျ။ ဘာကြောင့်ဆို ပဒေသာက လစဉ်ရနေကျ ငွေ၁ဝဝိမရကတည်းက ကျွန်တော့်မှာ ဝင်ငွေချို့တဲ့ကာ ယောက္ခမနှင့် ပွဲကြီးပွဲကောင်း နွဲထားပြီတည်း။

ထိုည ကျွန်တော်အိပြန်တော်တော်နောက်ကျ၏။ ညဉ့်လဲအတော်နက်နေပြီ။ မိုးတွေက လည်း ရွာနေသည်။ ကျွန်တော်အရက်လည်း မူးနေမည်ဆိုတာတော့ ပြောစရာမလိုပါဘူးနော်။

ကျွန်တော်အိမ်ရှေ့တံခါးခေါက်၏။ ဇနီးနာမည်ခေါ်၏။ ဘာသံမျှမကြားသဖြင့် သတို့ အိပ်မောကျနေကြသလားဟု တံခါးကို နာနာထု၏။

စင်စစ်တော့ ထိုလအရက် ၂ဝ–ကျော်နေပြီဖြစ်သော်လည်း ယောက္ခမအား ထမင်းလခ ၇၅–ကျပ်မျှသာ ပေးရသေးရာ၊ ကျန်ငွေ ၇၅–ကျပ်အတွက် ယောက္ခမက မကျေနပ်ချက်ရှိနေ၍ သူတို့သားအမိတိုင်ပင်ပြီး တမင်မကြားချင်ယောင် ဆောင်နေကြတာကိုး။

ဒီတော့ ဒီကောင်ကလဲ ဘာရမလဲ သာဝဘဲ၊ လက်နဲ့ တံခါးထုရတာ အားမရတော့ အိမ် အောက်ဆင်း၊ အုတ်ခဲကျိုးတခုကောက်လာပြီး အပြင်းအထန်ဆော်တော့တာပေါ့။

''နင်တို့ အိမ်သားအားလုံး နားပင်းနေကြသလား''ဟူ၍လည်း ထပ်ကာထပ်ကာအော်၏။ နောက်ဆုံးတော့ ယောက္ခမအသံထွက်လာ၏။

''ဟဲ့ နင်အိမ်နဲ့ယာနဲ့မတန်ဘူး၊ အဲဒီ လှေခါးတက်မှာအိပ်''

ဒီတော့ ကျွန်တော်ဒေါသဖြစ်ကာ သူ့နာမည်ခေါ်၍–

''ဒီမှာဒေါ်ဘီ ကျွန်တော်က ခွေးကတက်တော့ အိပ်တဲ့ကောင်စားမျိုး မဟုတ်ဖူးဗျို့''

''ငါတံခါး ဖွင့်မပေးတော့ နင်ဘာတတ်နိုင်လဲ''

''ဟာ သိစေမပေါ့ဗျာ''

အဲသည်အခါမှာ သူ့မတ်တော်မောင်၊ ကျွန်တော့်ဇနီး၏ ဦးလေးက ကျွန်တော့်အား သင်ကြားပေးလိုက်သည်ကို သတိရလာ၏။

ကွယ်လွန်သူ ကျွန်တော့်ယောက္ခထီး၏ နာမည်မှာ အင်္ဂလိပ်လို ဆစ်ဒနီဘာရိုးဖြစ်၍ သူ့တွင် အယ်ရိတ်ဘာရိုးမည်သော ညီအရင်းတယောက်ရှိ၏။

## သူတို့ဆွေမျိုး

၁၉၄၆–ခုနှစ်၌ ကျွန်တော်အညာသို့ ဆန်ကုန်သည်အဖြစ်နှင့် သွားသောအခါ ယောက္ခမလည်း ဝမ်းသာအားရဖြစ်လျက်။

''ဟေ့ ကသာမှာ မင်းဦးလေးရှိတယ်ကွ၊ လယ်ဝန်ကြီး၊ သူ့နံမယ်က အယ်ရိတ်ဘာရိုး၊ ဒါပေမယ့် အခုမြန်မာလို ဦးဘာရိုးလို့ ခေါ်တယ် လယ်ဝန် ဦးဘာရိုးဆိုရင် မေးလို့လွယ်ပါတယ်ကွာ၊ သူ့ဆီ သွားဖြစ်အောင်သွား၊ နော်မာယောက်ျားဆိုရင်မင်းကို ချစ်ပါလိမ့်မယ်ကွယ်. . .''

ဟွန်း ချစ်လိုက်ပုံ့ဗျာ–အားကြီး။

ကျွန်တော် မော်တော် ကသာမြို့ဆိပ်ကမ်းသို့ ကပ်သောနေ့မှာပင် ကျွန်တော့်တွင် အခြားအသိအကျွမ်းလည်း မရှိသည်နှင့် ဤဦးဘာရိုးအိမ်မှာ တည်းခိုသင့်သော် တည်းခိုအံ့ဟု မော်တော်စက်ဆရာနှင့် ဆလင်ကို ကျွန်တော့်တပည့်များအဖြစ် ခြံရုံလျက် (သူတို့ကလဲ ကျွန်တော်ကတလမ်းလုံး ကျွေးမွေးတိုက်ပြုလာတော့ ကျွန်တော့်ကို ဆရာ. . . ဆရာနဲ့လဲ ခေါ်ကြသကိုး။)

ခြံဝတွင် (လယ်ဝန်ဦးဘာရိုး)ဟု ဆိုင်းဘုတ်ရှိသော ဦးဘာရိုး၏အိမ်ထက်ရောက်လျှင် ပထမ အိမ်ရှေ့ခန်းတွင် သူ့ဇနီး ဒေါ်စိန်စိန်ကို တွေ့ရ၍ ကျွန်တော် ဂျီစဖီးခေါ် ဒေါ်ဘီ၏သမက် နော်မာ၏ယောက်ျားဖြစ်ကြောင်း ပြောပြီး ''အန်ကယ်ရှိပါလား''ဆိုတော့ ရှိကြောင်းပြောပြီး သူ့အခန်းထဲ ဝင်သွားတယ်မကြာပါဘူး။ ခြသေ့်ဟိန်းသံကြီးနှင့်တူသော. . .

''ဒီအမျိုးတွေငါ့အိမ်ပေါ်မတက်စေနဲ့ ငါဘာမှနောက်ထပ် စပ်စပ်ယှက်ယှက် မလုပ်ချင် ဘူး။ အခု ချက်ခြင်း အိမ်ပေါ်က ဆင်းသွားပစေ''ဟူသော တအားကုန် အော်သံကြီး ထွက်ပေါ်လာလေသတည်း။

ကျွန်တော်တို့မှာ ရုတ်တရက် မျက်လုံးကလေးတွေ အပြဲသားဖြစ်ကြ၍ ဒေါ်စိန်စိန်သည် အလွန်အားနာသော မျက်နှာနှင့် ပြန်ထွက်လာကာ ကျွန်တော့်အား. . .

''သည်းခံပါ မောင်ရင်ရယ်၊ သူ သူ့အကိုနဲ့ ပတ်သက်ပြီးအင်မတန် စိတ်နာနေလို့ပါ။ မကြာမီ ဒေါသ ပြေသွားပါလိမ့်မယ်၊ ကိုဘရိုးက လူကောင်းစိတ်တိုကြီးပါ၊ ခဏစောင့်နေပါ''

ဒီတော့ ကျွန်တော်က. .

''ကိစ္စမရှိပါဘူး ခင်ဗျာ၊ ကျွန်တော်ဒီမှာနေလို့ မသင့်တော်ပါဘူး၊ အန်ကယ်သာ ပြောလိုက်ပါ၊ အန်ကယ်ကို ဒေါသထွက်အောင် လာလုပ်သလိုဖြစ်နေတဲ့အတွက် ကျွန်တော်က တောင်းပန်ခဲ့ပါတယ်လို့''

ဘယ့်နှယ်ဗျာ. . လူ လူချင်း တယောက်တယောက် မမြင်ရသေးဘဲနဲ့ ဒီလောက်တောင် ဟိန်းဟောက်နေတာ။

''ကျုပ်ဦးလေး လယ်ဝန်ကြီးအိမ် သွားမယ်ဗျ''ဟု ဟန်ကြီးပန်ကြီးနှင့် ခေါ်လာခဲ့သော တပည့်နှစ်ယောက်အား ကျွန်တော်ဘယ်လိုမျက်နှာထားရမှန်းမသိတော့ဘဲ၊ ထိုအိမ်ပေါ်မှ ဆင်းခဲ့ရပါတော့၏။

## ကျွန်တော်သည် ဘုရားသခင်က လွှတ်လိုက်သူတဲ့

ထိုမှ နှစ်လလောက် ကြာသောအခါတွင် ကသာဈေးထဲက ဆံပင်ညှပ်ဆိုင်မှာ ကျွန်တော် ဆံပင်ညှပ်နေစဉ်၊ အသက် ၅၀–ကျော်မျှ ခန့်မှန်းရသော ခန့်ခန့်ထယ်ထယ်လူကြီး တယောက် သည် ကျွန်တော့်အား သေသေချာချာ အကဲခပ် ကြည့်ရှုနေကြောင်း မှန်ထဲမှ သူ့ကိုမြင်နေရ သည်။ ကျွန်တော်သည် ဆံပင်ညှပ်သမားနှင့် သိကျွမ်းနေပြီဖြစ်၍ ရယ်ကာမောကာ စကားပြော နေသည်။ ထို့နောက် သူကျေနပ်သွားဟန်နှင့် ထွက်ခွာသွားသည်။

သို့သော် ကျွန်တော် ဆံပင်ညှပ်ပြီး၍ ဆိုင်ထဲက ထွက်လာခဲ့သောအခါ၌ ထိုလူကြီးနှင့် မျက်နှာချင်းဆိုင် တွေ့ရကာ သူသည်ပြုံးချိုသော မျက်နှာနှင့်. . .

''မောင်ရင် ဆစ်ဒနီသမီးနော်မာ့ယောက်ျားဆိုတာ မဟုတ်လား''

ကျွန်တော်က ''ဟုတ်ပါတယ် ခင်ဗျ''

သည်တော့ သူကျွန်တော့်လက်ကို လှမ်းကိုင်ကာ. .

''ငါ့မိန်းမက အမှတ်သညာ ကောင်းပေလို့ပေ့ာ၊ မင်းကအသားဖြူဖြူ ဘယ်ဘက်ပါးမှာ ပါးချိုင့်ကြီးနဲ့သွားတက် စပယ်ဖူးလေးနဲ့ ပြောထားလို့ပေါ့ကွာ၊ နို့မဟုတ်ရင် မင်းကိုငါတောင်းပန် ခွင့်ရတော့မှာ မဟုတ်လို့၊ စိတ်ချမ်းသာတော့မှာ မဟုတ်ဖူး၊ လာပါငါ့တူရယ်၊ ငါဟာ ဆစ်ဒနီညီ အယ်ရိတ်ပါ၊ ငါအကျိုးအကြောင်းပြောပါရစေ''ဆိုပြီး အနီးရှိ လက်ဖက်ရည်ဆိုင်ထဲသို့ ခေါ်သွား ကာ သူ့အကို ရာဇဝင် ရှင်းပြပါသည်။

သူ့အကို ဆစ်ဒနီသည် အလွန်ရိုးသည်၊ အင်တန် အသည်။ မသေမချင်း မယားနှင့် ယောက္ခမ၏ ညှဉ်းဆဲခြင်းဒဏ်ကို ခံသွားရသည်။

''ကြည့်ပါ ငါ့တူရယ်၊ အင်္ဂလိပ်ခေတ်က ငါ့အကိုဟာ ရုံးဝန်ထောက်၊ လခ ၅၀၀–ကျော် ရပါတယ်။ အဲဒါကို သူတပြားမကိုင်ရဘူး၊ လခထုတ်တဲ့နေ့ဆိုရင် သူ့ယောက္ခမကြီးက ရုံးကို လိုက်လာပြီးတော့ရင် ဆစ်ဒနီက လက်မှတ်ထိုးရုံဘဲ၊ ငွေကိုလက်ဖျားနဲ့မထိရဘူး၊ ယောက္ခမကြီး က အကုန်ယူတယ်၊ အဲဒီမိန်းမကြီးရှိသေးလားကွ''

''ရှိသေးတယ် ခင်ဗျ''

''ထူးဘတ်''ဟု အင်္ဂလိပ်လို ပြောရင်း စားပွဲလက်နှင့်ခပ်ပြင်းပြင်းပုတ်လိုက်ပြီး ''ငါ့တူရယ် ဆစ်ဒနီကို သုံးဘို့စွဲဘို့ ငွေမပေးဘူးတဲ့၊ မနက်ထမင်းစား၊ ရုံးသွားတဲ့အခါမှာ ဓာတ်ဗူးနဲ့ ကော်ဖီနဲ့မုန့် နေ့လယ်စာစားဘို့ ပေးလိုက်သတဲ့၊ ရုံးသွားတဲ့အခါမှာလဲ ယောက္ခမကြီးက လိုက်ပို့သတဲ့၊ ရုံးရောက်တော့ သူနဲ့ကားဒရိုင်ဘာနဲ့ပြန်သွားသတဲ့၊ ညနေရုံးဆင်းတော့လဲ ဒီယောက္ခမကြီးက ကားနဲ့လိုက်လာပြီး ကြိုသတဲ့''

''အဲဒါတော့ ကျွန်တော်သူတို့ဆွေမျိုးတွေဆီက ကြားပြီးပါပြီဗျာ၊ အန်ကယ် အကိုက လခကောင်း လူကငယ်တော့ နောက်မယားငယ်တွေ ဘာတွေ ယူမှာစိုးလို့၊ ယောက္ခမကြီးက စောင့်ရှောက်တာတဲ့ ခင်ဗျ''

''တောက်. . မင်း ငါ့အကို မတွေ့လိုက်ဖူး၊ ဒီလောက်ရိုးတဲ့အတဲ့လူ၊ မယားနဲ့ယောက္ခမကို ပြားပြားဝပ်အောင် ကြောက်ရတဲ့လူက ဒါမျိုးစိတ်ကူးတောင် ထည့်ဝံ့မလားကွာ၊ နို့ပြီး ငါ့အကို ဟာ ဘယ်လောက်ညံ့သလဲဆိုတာ ပြောရအုံးမယ်၊ သူ့ကိုသုံးဘို့ ပိုက်ဆံမပေးတော့ လူဆိုတာ အပေါင်းအသင်းနဲ့ လားလကွာ၊ မိတ်ဆွေ သူငယ်ချင်းတွေ ကျွေးစရာ မွေးစရာ ပေးစရာ ကမ်းစရာမရှိတော့။ မယားဆီက ငွေမတောင်းဝံ့ဘဲ၊ ငွေချေးစားတဲ့လူတွေဆီမှာ အော်ဒီမန် စာချုပ်နဲ့

ငွေတိုးကြီးပေး ချေးသုံးသတဲ့၊ အဲဒါဟာ တစတစနဲ့ ကာလကြာလာတော့ ဒီငွေတွေ ပြန်မပေးလို့ မဖြစ်တဲ့ အခြေရောက်တော့မှ မယားဖွင့်ပြောတော့ လင်ထောင်ကျမှာစိုးလို့ ဒီဆပ် စရာ ကြွေးတော့ထုတ်ပေးပြီး (နင်မိုက်လှချည်လား၊ နင်နောက်ဒီလိုလုပ်အုံးမလား)ဆိုပြီး သူ့မယားနဲ့ ယောက္ခမက သားအမိနှစ်ယောက်ညှပ်ရိုက်ကြသတဲ့၊ အဲဒါကို ငါ့အကိုက ခံတယ် တဲ့ကွာ၊ လောကမှာ ပြောသာပြောရ ယုံနိုင်စရာရှိသေးလား''

ကျွန်တော်က မဲ့ရွဲ့ကာ ခေါင်းခါလိုက်ပါသည်။

''နောက်ဆုံး အတိုချုပ်ပြောရရင်ကွာ ငါ့အကိုဟာ အဲဒီမယားနဲ့ ယောက္ခမကြောင့် စိတ်ညစ်ပြီးတော့ ရောဂါရပြီး အသက်ငယ်ငယ်နဲ့ သေတော့တာပါဘဲကွာ၊ ဒါကြောင့် ငါ့စိတ်ထဲ မှာ ငါ့အကိုကို ဒင်းတို့သားအမိသတ်တာ'' (အံကိုကြိတ်လက်ညှိုးကို ဝေါက်ဝေါက်ထောင်ကာ) ''ဒင်းတို့ကို ငါတသက်လုံး ခွင့်မလွှတ်ဖူး၊ ဒင်းတို့အမျိုးအနွယ်ဆိုရင် နားမှလေသံ မကြားချင်ဘူး လို့ ငါ့စိတ်ထဲမှာ အခဲမကြေဖြစ်နေတယ်၊ ငါ့အကိုအကြောင်းငါ စဉ်းစားမိရင်း ဒေါသထွက်တယ်၊ ဒင်းတို့သားအမိ သတိရတိုင်း လည်ပင်းညှစ်ချင်တယ်၊ ဒါကြောင့် အဲဟိုနေ့က မင်းရောက်လာလို့ ဂျိုစဖီးဆိုတဲ့ နံမယ်လဲကြားရရော ငါချက်ချင်းဒေါသဖြစ်ပြီး ပြောလိုက်မိတာပါကွာ၊ တကယ်တော့ သူတို့အမှုဟာ မင်းနဲ့ဘာဆိုင်သလဲ၊ အဲဒါ နောက်မှစဉ်းစားမိပြီး စိတ်မကောင်းဖြစ်လိုက်တာလေ၊ ဒီသူငယ်တော့ ငါတောင်းပန်ရမှ စိတ်ချမ်းသာတော့မယ်ဆိုပြီး ငါ့မိန်းမဆီမှာ မင်းပုံသဏ္ဍာန် မေးပြီး ရှာခဲ့တာကြာပါပြီ၊ အခုမှ တွေ့ရလို့ ကဲ. . . အန်ကယ်ကိုခွင့်လွှတ်ပါတော့ တူတော်မောင် ရယ်''

ကျွန်တော့်လက်ကို ဆန့်တန်းပေးလိုက်ပါသည်။ သူအားရပါးရ ဖျစ်ညှစ်လှုပ်ယမ်းပြီး နောက်. . .

''ကဲ. . . မင်းနဲ့ကော အဲဒီဟာမတွေ ဘယ့်နှယ်တုန်း၊ သင့်မြတ်ရဲ့လား''

ကျွန်တော်သည် မဲ့ပြုံးဖြင့် ခေါင်းကို ယမ်းလိုက်ပြီး ကျွန်တော့်ယောက္ခမကြောင့် မြင်းလှည်းသမား ဖြစ်ခဲ့ရပုံနှင့် ရန်ဖြစ်ရပုံအချို့ကို ပြောပြပါသည်။

''ဒါပေမယ့် ကျွန်တော်ကတော့ အန်ကယ်အကိုလို သူတို့လုပ်တိုင်းမခံဘူး''

''ဒီလိုမှပေါ့ကွ''

ကျွန်တော်လည်း ကိုယ့်ဘဝဟောင်း ပြန်ပြောရတာ စိတ်ပါလက်ပါရှိလာ၍–

''ကြည့်စမ်း ကျွန်တော့်ယောက္ခမဟာ ဘယ်လောက်ယုတ်သလဲ၊ ကျွန်တော်က သူပြောတိုင်း မခံဘူး၊ သူနည်းလမ်းမကျတာတွေ ပြန်ပြန်နံ့တော့ တခါတလေ၊ သူ့လက်ကောက် ဝတ်လောက်ရှိတဲ့ ဆေးပေါ့လိပ်ကြီးကို မီးရဲနေအောင် ဖွာပြီး ကျွန်တော့်နောက်ကျောကို ဆောင့် ထိုးတယ်ဗျာ''

''ဟာ. . . သွပ်သွပ်. . . သွပ်သွပ်''

''ဒီတော့ ကျွန်တော်က ဘယ်ခံလိမ့်မလဲ၊ မိန်းမသားမို့ ကျွန်တော်လက်သီးနဲ့ ပစ်မထိုး သော်လဲ အနီးမှာရှိတဲ့ ခလေးတွေ ယူဆော့ထားတဲ့ ကျောက်ခဲနဲ့ ကောက်ပေါက်လိုက်တာ အခုထက်ထိ တသက်လုံးမပျောက်မယ့် အမာရွတ်ဟာ သူ့ဘယ်ဘက် မျက်ခုန်းမှာ ရှိပါရောလား''

သူသည် ကျွန်တော်နှင့် ရှုတ်ကဟင်း လုပ်ပြန်ကာ. . .

''ဒီလိုမှပေါ့ကွာ. . . သူ့အမေကြီးနဲ့ကော ဟေ့''

''ဒီအဖွားကြီးတော့ ကျွန်တော်က မနံ့ရပါဘူး၊ တောက်ထွန်းဆော်ထည့်တာ အခု အသံ ကောင်းကောင်း မထွက်တော့ဘူး၊ အက်တက်တက်ကြီး ဖြစ်နေပြီ''

''ဟုတ်လားဟေ့ တောက်ထွန်းဆိုတာ ဘယ်သူလဲကွ''

မြင်းခင်းဗျ၊ မြင်းသိုးကြီး ၂၂၀–ကျပ် ပေးရတယ်၊ ကျွန်တော်ဝယ်ပေးတာ''

''ဘယ်လို ဆော်ထည့်တာလဲ၊ ကန်လိုက်တာလား''

''ဟာ. . . ဒီမြင်းသိုးကြီး ကန်လိုက်မယ်ဆို အဖွားကြီးတခါထဲ ခေါင်းပြုတ်သွားမှာပေါ့။ ဒီလို မကန်ပါဘူး မြင်းကြီးက သဘောကောင်းပါတယ် အဖြစ်က ဒီလိုခင်ဗျ၊ အဖွားကြီးက သူ့သမီး မြင်းရယ်ဆိုပြီး မနက်စောစောမှာ မြင်းဇောင်းထဲဝင်ပြီး မြင်းချေးကျုံးလေ့ရှိတယ်၊ ဒီမြင်းကြီး သဘောကောင်းမှန်းသိတော့ သူရဲနေတယ်၊ အဲဒီနေ့မနက် မြင်းကြီးရဲ့ နောက်ခြေထောက်နားမှာ သူမြင်းချေးသိမ်းနေတုန်း မြင်းကြီးက ယင်ရဲကိုက်လို့ ခြေထောက်ကို နောက်လှန် မြှောက်လိုက် တာမှာ ခွာက အဖွားကြီး လယ်စိကို ကန်မိတာခင်ဗျာ၊ အဖွားကြီးဟာ ပန်လန်လက်သွားပြီးတော့ တခါထဲ အသံလဲ ဝင်သွားရော၊ နားလဲထိုင်းသွားတယ်ခင်ဗျ''

သူ ဝမ်းသာအားရဖြစ်ကာ–

''ဟာ. . . တယ်နိုပ်လိုက်ပါလားကွာ၊ ခုန မင်းပြောတာ ဒီမြင်း ဘယ်လောက်ပေးရတယ်''

''၂၂ဝ–ကျပ် ခင်ဗျ''

''တောက်. . . နှစ်ထောင့် နှစ်ရာတန်တယ်ဟေ့၊ တကယ်ဘဲ''

''အဲဒါ ခင်ဗျာ အဖွားကြီးက ကျွန်တော့်ကို ဘယ်လိုအပြစ်ပြောသလဲ ဆိုတော့ (ကြင်ဆွေဟာ ငါ့ကို ဒီလိုလုပ်မယ့်မြင်းမျိုး တမင်ရှာဝယ်ပေးတာ)တဲ့။ ကျွန်တော့်ကြောင့် သူနားထိုင်းပြီး အသံဝင်သွားပြီလို့ သူ့သားတွေဆီ စာတိုစာရှည်ရေးသဗျ၊ ဘယ်သူနဲ့တွေ့တွေ့ ကျွန်တော့် ကြောင့် သူနားထိုင်းသွားရတယ်။ အသံပျက်သွားရတယ်လို့ ပြောသဗျ။ ကြာတော့ကျွန်တော်လဲ သောက်မြင်ကပ်လာတာနဲ့ (အေး. . . ဟုတ်တယ်ဗျာ၊ ဒီလိုအဖွားအိုကြီးကို အသံဝင်နားထိုင်းသွားအောင် ကန်တဲ့မြင်းမျိုးကို ကျွန်တော်မရမက တမင်စုံစမ်း မေးမြန်းပြီး ဝယ်လိုက်ရတာ)လို့ ပြောလိုက်ရော''

သူ့ပေါင်သူ လက်ဝါးနဲ့ ပုတ်ကာ

''အေး. . ကြိုက်သကွာ၊ အဲဒီလိုမှပေါ့၊ ငါ့အကိုကတော့ မင်းလိုမဟုတ်ဖူး၊ နွားကွ. . . နွားကွ၊ မင်းကတော့ သူ့လိုမခံနဲ့နော်၊ ဆစ်ဒနီလို အသက်တိုသွားအုံးမယ်''

''မခံပါဘူး အန်ကယ်ရာ၊ စိတ်ချပါ''

''ဂွတ်''သူ ကျွန်တော်နှင့်ရှိတ်ကဟင်း လုပ်ပြန်ကာ ''သိုင့်က်စ် ဟက်ဗဲင်း၊ ဂေါ့ဒ်ဆဲင့် ယူ တူ ပါနစ်ရှ် သဲင်းမ်''

Good. Thanks Heaven. God send you to purnish them.

အဓိပ္ပာယ်မှာ ကောင်းတယ်၊ ကောင်းကင်ဘုံကို ကျေးဇူးတင်တယ်၊ ဘုရားသခင်က သူတို့ကို အပြစ်ပေးဘို့ မင်းကိုလွှတ်လိုက်တာဘဲ။

ဤစကားကို ယခုစာရေးနေစဉ် ပြန်စဉ်းစားမိတော့ ကျွန်တော်၏ မြင်းလှည်းသမားဘဝ အထွေထွေကို ရေးသားထားသော 'ဘဝထိုထို' ဝတ္ထုတိုတွေ စာပေဗိမာန် ဆုပေးသောနှစ်က ဆရာဇော်ဂျီ ကျွန်တော့်အားပြောသော စကားနှင့် နှိုင်းယှဉ်ကြည့်မိသည်။ ဆရာဇော်ဂျီပြော သည်မှာ ''ဒီဝတ္ထုတွေ ဒီလိုရေးနိုင်တာဟာ မင်းလိုကောင်ကို အင်္ဂလိပ်လို God's spy ဘုရားသခင်ရဲ့ သူလျှိုလို့ခေါ်တယ်ကွ''တဲ့။

ကဲ. . . အခုန မစ္စတာ အယ်ရိတ်ဘာရှိုးပြောသော စကားနဲ့ဆက်စပ်လိုက်တော့ ကျွန်တော် ဟာ သူတို့ဘုရားသခင်ရဲ့ ဂိမ်းစ်ဘွန်းဖြစ်နေပါရောလား။ သော်တာဆွေဆိုတော့ ၀၀၇၅ပေါ့ ခင်ဗျာ။

ကဲ. . . ၀၀၇၅–ရေ၊ သူတို့ဘုရားသခင်ရဲ့တာဝန်ကို ထမ်းဆောင်လိုက်ပါအုံး။

(ဃ)

သည်နေရာမှာ အပိုဒ်ခွဲ (ဂ) က အစနားကို ပြန်ကောက်ရမယ်။ အဲသည်နေရာမှာ ကျွန်တော်ဟာ အရေးလောကြီးခဲ့တယ်၊ ယောက္ခမနဲ့ ကျွန်တော်ပြောတဲ့စကား ကျန်နေတယ်။ ပထမကျွန်တော်အောက်ကျခံ တောင်းပန်ပါသေးတယ်။ ဘယ်လိုလဲဆိုတော့ နောက်ဆုံးတော့ ယောက္ခမ အသံထွက်လာ၏။

''ဟဲ့နင့်. . . အိမ်နဲ့ယာနဲ့မတန်ဘူး၊ ဖွင့်မပေးနိုင်ဘူး. . ''

သည်တော့ ကျွန်တော်က တောင်းပန်သေး၏။

''ခင်ဗျားသမီးနဲ့အတူ မအိပ်နဲ့ဆိုမအိပ်ပါဘူးဗျာ. . . တခြားအိပ်ပါမယ် အန်တီရယ်''

အကြောင်းမှာ ကျွန်တော့်ယောက္ခမသည် ကျွန်တော့်အပေါ် သူစိတ်အခန့်မသင့်ဘူး ဆိုသော အခါ သူ့သမီးအား ''လာ–ငါနဲ့အတူအိပ်'' ဟုခေါ်၍ ကျွန်တော်တို့လင်မယားချင်း တအိမ်ထဲပင် ခွဲ၍ထားတတ်၏။ ဒီတော့ သူ့သမီးကလည်း သူ့အမေစကားနားထောင်ရ၏။ ဒီလိုချည်း ရက်ကြာလာ တော့ လူငယ်တွေဘဲဗျာ၊ မနေနိုင်လို့ သမီးရည်းစားလို ရေချိုးခန်းထဲ အချက် ပေးတွေ့ကြတော့ အဲသည်အခါမှာ ညညဆို သိပ်ပြီး အိပ်မပျော်တတ်သော ခုနအဖွားကြီးက သူ့သမီးသွားပြီး နှိုးပြော၏။

''ဂျိစီရေ ဟောဒီမှာ''

ဘယ်လောက်ဆိုးဝါးသနည်း။ မိတ်ဆွေ စဉ်းစားကြည့်ပါ။ အဲသည့်ညက ကျွန်တော်ဤသို့ တောင်းပန်သော်လည်း မရ။

''နင့်ကို ငါအိမ်ထဲ အဝင်မခံနိုင်ဘူး။ အဲဒီ လှေကားတက်မှာ ဘဲအိပ်''

ဒီတော့ ကျွန်တော်ဒေါသဖြစ်ကာ သူ့နာမည်ခေါ်၍. . .

''ဒီမှာ ဒေါ်ဘီ၊ ကျွန်တော်က ခွေးကတက်တော့ အိပ်တဲ့ကောင်စားမျိုး မဟုတ်ဖူးဗျို့''

''ငါ တံခါးဖွင့်မပေးတော့ နင် ဘာတတ်နိုင်လဲ''

''ဟာ. . . သိစေမပေါ့ဗျာ''ဆိုပြီး ကျွန်တော် လမ်းထိပ်က ခေါက်ဆွဲဆိုင်ကိုသွား၊ ဆိုင်ပိတ်နေပြီဖြစ်တဲ့ တရုတ်ကို တံခါးဖွင့်ခိုင်း၊ အရက်တပုလင်းနဲ့ ဖလ်ခွက်တလုံးကိုယူခဲ့ပြီး လမ်းမှာ တွေ့တဲ့ နှစ်ပိဿာလောက်ရှိမယ့် ကျောက်ခဲကြီးတလုံးကို ကောက်ခဲ့သည်။

ယောက္ခမကအိမ်ထဲရောက်တော့ အရက်ကို နှစ်ခွက်ဆင့် မော့လိုက်ပြီး သူအိပ်တဲ့ခေါင်းရင်းခန်းထရံကို ကျောက်ခဲနဲ့ တချက်ပြီးတချက် ပေါက်တော့တာပေါ့ဗျ။

ကျောက်ခဲပြန်ကျလာလိုက်၊ ကောက်ပေါက်လိုက်. . .

ဒုန်းကနဲ. . . ဒုန်းကနဲ. . . . ဒုန်းကနဲ. . .

နှုတ်မှလည်း. . .

''ဒါက ဆစ်ဒရီ ဘာရိုးအတွက်ကွ. .''

''ဒါက အယ်ရိတ်ဘာရိုးအတွက်ကွ. . .''

''ဒါက သော်တာဆွေကွ. . .''

တဒုန်းဒုန်းပေါ့. . .။

မောလာရင် ခဏနား အရက်တခွက်မော့လိုက်. .။

အရက်ကလေးတွေတွေနဲ့ လုပ်ရတာလဲ ပျော်လာသဗျ။

ဒါကြောင့် အရက်မော့ရင်း နားရင်း သီချင်းဆိုလိုက်သေး။

မိုးတွေလဲ မစဲဘဲ တဖွဲဖွဲ ရွာနေသည်

သော်တာဆွေလဲ ခဲတခဲနှင့် သဲသဲမဲမဲ ထုနေသည်။

တနာရီလောက်ကြာလာတော့ သူအိပ်ခန်းက ပျဉ်တွေတချို့ကွာထွက်လာရော။

ဒီတော့မှ မရွှေချောကြီး ကုန်းအော်တော့သဗျို့။

''အောင်မယ်လေး. . . အရပ်ကတို့ရဲ့၊ မိန်းမသားချည်းနေတဲ့ ဒီမုဆိုးမအိမ်ကို ဒီကောင် ဒီလို စော်ကားနေတာ ကြည့်နေကြတော့မလား. . .''

အိမ်နီးပါးနားကလူတွေ နာမည်တွေလဲ သူခေါ်သဗျ။

ဒီတော့ နာမည်တကျော်ကျော် အခေါ်ခံရတဲ့ လူတွေလဲ မနေသာတော့ဘူး။ ရောက်လာကြပြီး အကျိုးအကြောင်း မေးတော့ ကျွန်တော်ကပြောပြတယ်။

''ကျွန်တော်ပြန်လာတယ်၊ တံခါးဖွင့်မပေးဘူး၊ မိုးတွေရွာနေတယ်၊ တခြား အသိမိတ်ဆွေ အိမ်သွားဘို့လဲ အချိန်မရှိတော့ဘူး. .''

သည်တော့ ယောက်ျားကြီးတယောက်က. . .

''ဟုတ်သားဘဲ ဒေါ်ဘီရဲ့၊ သူ့အိပ်ရာသူအိပ်ဖို့ တံခါးဖွင့်ပေးမှပေါ့. . .''

''အောင်မယ်လေး ဖွင့်မပေးဝံ့ပါဘူးရှင်၊ အခု အိမ်အပြင်ကတောင် သူဒီလောက်လုပ်နေ တာ အိမ်ထဲရောက်ရင် ကျမကို သတ်တော့မှာပါဘဲ. .''

ဤတွင် လူရွယ်တယောက်က. .

''ဒါတော့ ခင်ဗျားပိုပြီဗျာ''

အရက်ကတော့ အစဦးသဖြင့် ကျွန်တော့်ဘက်က ပါဘဲ။ ယခင် သူ့လင်ကို သူတို့ညှဉ်းဆဲလိုက်တာလည်း သိကြ၍ မောင်ကြင်ဆွေလိုကောင် သမက်ရတာဟာ သူတို့ဝဋ်ရှလည်တာဘဲဟု သြဘာပြုနေကြသူလည်းများလည်း ရှိ၏။

အများကပင် သူ့အိပ်ရာ သူအိပ်ပါစေ. . . တံခါးဖွင့်ပေးလိုက်ပါ ပြောကြသော်လည်း သူပြတင်းပေါက်က ခေါင်းပြူပြီး သူ့သတ်မှာစိုးလို့ မဖွင့်နိုင်ကြောင်းသာ ပြောနေသည်။

ဤတွင် ထီးတွေနှင့်လာကြသော လူအုပ်ထဲတွင် ကျွန်တော့် 'နာနီ'လည်း ပါလာ၍. .

''ကဲ. . ကဲ. . မောင်ကြင်ဆွေ၊ နာနီ့အိမ်လိုက်အိပ်၊ လာ. လာ၊ ဟဲ့တကိုယ်လုံးလဲ ရွှဲရွှဲစိုလို့ပါလား. . ဟဲ့နော်မာရေ. . သူ့အဝတ်အစားလဲဘို့တော့ ပေးလိုက်အုံး''ဆိုတော့. .

''သူ့သေတ္တာ အပြီးချပေးလိုက်'' ဆိုသော ယောက္ခမအသံနှင့် ရှေ့ဆင့်နောက်ဆင့် ဘုံးကနဲ ကျွန်တော့်သားရေသေတ္တာ အောက်ကျလာတော့၏။

ဤမှစ၍ ကျွန်တော်သည် နာနီအိမ်သား ဖြစ်သွားလေသည်။ နာနီဆိုသည်မှာ ကျွန်တော့် ကို အင်္ဂလိပ်စာသင်ပေးသော ဆရာမကြီး ဒေါ်မမဖြစ်ပါသည်။ ကျွန်တော်ကသူ့ကို ချစ်စနိုး 'နာနီ'ဟုခေါ်ပါသည်။ နာနီသည် ကျွန်တော်၏ God Mother ဖြစ်ပါသည်။ ဗမာလိုဆိုလျှင် ဝမ်းမနာမိခင်ပေါ့။ သူ့ကျောင်းနေစဉ်ကဒင်း၊ မြင်းလှည်းသမား ဘဝမှာဒင်း၊ စာရေးဆရာဖြစ်လာသောအခါဒင်း နာနီသည် ကျွန်တော့်မိခင်ကဲ့သို့ အစစ အရာရာမှာ အားကိုးရပါသည်။

အင်္ဂလိပ်ခေတ်က (ခေတ်သစ် အင်္ဂလိပ်စာသင်ကျောင်း)ဟု အမည်တပ်၍ အင်္ဂလိပ်စာ တစ်ခုထဲ သင်သော်လည်း ယခုမူ ဘာသာစုံသင်သဖြင့် ကျွန်တော်က မြန်မာစာကိုတချိန်ယူ၍ ၉– တန်း ၁၀–တန်းတွေကို သင်ပေးရပါသည်။

ကျွန်တော့်အိပ်ရာနှင့် စာရေးစားပွဲကား ဤစာသင်ခန်းထဲမှာဘဲ ထမင်းစားပွဲနှင့်ကပ်လျက် ရှိပါသည်။

မကြင်ရွှေရောက်လာသောအချိန်မှာ ခေတ္တကျောင်းဆင်းထား၍ ကျွန်တော်တို့ ထမင်း စားတော့မည်ဟု ထမင်းပြင်နေခိုက် ကျွန်တော်က ကင်းမကော့ပေါ်မှာ တုံးလုံးလှဲကာ အနားယူ နေစဉ်ဖြစ်ပါသည်။

မကြင်ရွှေသည် ပထမက သာဓုအိမ်ထဲ မေးလာခဲ့သော လိပ်စာအတိုင်း အိမ်နံပါတ်–၁၇၊ ယောက္ခမကြီးအိမ် ရောက်သွားလေရာ ကျွန်တော့်မဟာရန်သူမကြီးက. .

''သော်တာဆွေဆိုတာ ဒို့သိလဲမသိဘူး၊ ကြားလဲမကြားဘူးဘူး''ဟု အော်လွှတ်လိုက်၍ ယင်းကိုကြားသော ကျောင်းသူမလေးတယောက်က မကြင်ရွှေကို ကျွန်တော့်ဆီခေါ်လာခဲ့ပါ သည်။

သူ့ခမြာမှာ ကြောက်ရွံ့သောမျက်နှာလေးနှင့်. . .

''အကိုလေးရယ်. . . ဘယ်လိုမိန်းမကြီးလဲ မသိဘူး၊ ကျမကို ဒေါသတကြီးအော်လွှတ်လိုက် တာ ရင်တွေကိုတုန်ရော. . .''

ကျွန်တော်က ရယ်မောကာ. . .

''အဲဒါ စိတ်နောက်နေတဲ့ မိန်းမကြီးကွ၊ ဥစ္စာရှူးမကြီး. . .''

''အော်. . ဟုတ်လား. .''

''အကိုလေးအိမ်က နောက် မှတ်ထား၊ ဟောဒီ အိမ်နံပါတ် ၁၁''ဆိုပြီး ရေတခွက်ခပ်ပေး ၍ ''ရော့–ရော့ အလန့်ပြေသွားအောင် ရေနဲနဲသောက်လိုက်၊ နဲနဲလေး သောက်နော်. . . အခုဘဲ ထမင်းစားရမယ်''

သူက မရှဲ့မရဲ မျက်နှာလေးနှင့်. .

''နေပါစေ. . . အကိုလေးရယ် ကျမ''

သူ့စကား မဆုံးမီ ကျွန်တော်က. . .

''ညီမ မစားရသေးပါဘူး၊ ခါတိုင်းလိုဘဲ အကိုလေးနဲ့ သာဓုအိမ်မှာတွေ့ရင် ဆန်းကဖီး သွားပြီး ကိုယ်တို့ စားနေကျ မဟုတ်လား၊ အခုတော့ ဒီမှာဘဲစား၊ ပြီးတော့ရင် ဟိုတုန်းကလိုပေါ့၊ ရုပ်ရှင်သွားကြည့်ကြမယ်၊ ဂလုပ်ရုံက ကားကောင်းတယ်''

ထိုစဉ် အနီး၌ ရှိနေသော နာနီအားပြ၍.

''ဟောဒါ အကိုလေး အမေဘဲ၊ နာနီသူက ကျွန်တော့်စာပေညီမပေါ့''

နာနီက ပြုံးရယ်ကာ–

''အေး. . ဒို့အိမ်မှာ ထမင်းစားဘို့တော့ ဘာမှအားမနာနဲ့ကွဲ့၊ ကျောင်းဘော်ဒါဘဲ၊ လူတယောက်နှစ်ယောက် ဝင်စားလို့တော့ ဘာမှကိစ္စမရှိဘူး''

နာနီသည် ကျွန်တော်၏ ဘင်္ဂလားညီမတွေကို သိပြီးသား။ နားလည်ပြီးသား။ ကျွန်တော် ၏ စာရည်းစားတို့၏ ဓာတ်ပုံများကိုလည်း ရသမျှ ကျွန်တော်က ဘယ်သူ ဘယ်မြို့ကဟု နာနီအား ပြသလေ့ရှိပါသည်။ နာနီသည် ကျွန်တော့်ဘဝကို နားလည်သူဖြစ်ပါသည်။ ''မောင်ကြင် ဆွေဟာ ကျောင်းသားတုန်းကထဲက ရည်းစားများလိုက်တာ၊ မြင်းလှည်းမောင်းတုန်းကလဲ သူ့မှာ ရည်းစားတွေ နဲ့ဘဲ၊ အခု စာရေးဆရာဖြစ်တော့ အနယ်နယ်အရပ်ရပ်က မိန်းကလေးတွေကိုက သူတို့ဟာ သူတို့ စလာကြတာ''ဟု သူ့ဝမ်းမနာသားကို ဂုဏ်တင်၍ပြောတတ်၏။

သူကိုယ်တိုင်ကား အပျိုကြီး။ နာနီသည် ရုပ်ချော၏။ ခေတ်ပညာတတ် B-A-D-T။ သို့သော် အိမ်ထောင်မပြုခဲ့ချေ။ သူ့မွေးချင်းထဲတွင် သူက အကြီးဆုံးဖြစ်၍ သူက ပညာအုပ် လုပ်ကာ

သူ့မောင်များကို ကျောင်းထားပေးခဲ့သည်။ ဟိုယခင်က တိုင်းပြည်ကသိခဲ့ကြသော အတွင်းဝန် ဦးစိန်ကြည်နှင့် သံအမတ်ကြီး ဦးစိန်ဘွားတို့သည် နာနီ၏မောင်များဖြစ်ကြကုန်၏။

နာနီ၌ ထူးခြားသည်မှာ ဘယ်ကျောင်းသူ ကျောင်းသားမဆို သူ့ကျောင်းမှာ တခါနေပြီး လျှင် သူ့ကိုတသက်လုံး ခင်မင်သွားတော့သည်။ သူ့အား အစဦး၌ 'ဆရာမကြီး'ဟု ခေါ်ကြသော် လည်း မကြာမီ 'နာနီ'ဟုဘဲခေါ်ကြတော့သည်။ အရပ်ထဲကလည်း 'နာနီ'လို့ဘဲ ခေါ်ကြသည်။ ယခုအခါ၌ အလွတ်ပညာသင်ကျောင်းတွေကို တော်လှန်ရေးအစိုးရက ပိတ်ပစ်လိုက်၍ နာနီ ကျောင်းမထောင်ရ တော့သော်လည်း ကလေးတွေကို ပရိုက်ဗိတ်ကျူရှင်ပေးသည်။ ယခင်က သူ့တပည့်မအချို့သည် နာနီကိုအားကျ၍ အပျိုကြီးများအဖြစ်နှင့် အလုပ်လုပ်ကာ နာနီအိမ်မှာဘဲ လာနေကြသူများလည်း ရှိသေး၏။

နာနီကို ကျောင်းသူ ကျောင်းသားတွေက ဘာကြောင့် ဒါလောက်ချစ်ကြသနည်း။ နာနီ သည် သူ့ကျောင်းသူကျောင်းသားတို့အား ကျောင်းလခ၊ ထမင်းလခ ဘယ်တော့မှမတောင်း။ ကျောင်းသား တွေက ကိုယ့်တာဝန်အရ ပေးချင်ပေးကြ။ မပေးချင်လဲနေလေ။ နို့ပြီးသူ့ဆီ ပိုက်ဆံ ချေး၍ တောင်း၍လည်း ဘယ်တော့မှ ငြင်းဆန်သည်မရှိ။ ပေးလိုက်သည်ချည်း။ သူ့ကျောင်း သားများသာ မဟုတ်။ အရပ်ထဲက ဆင်းရဲသားများလည်းလာပြီး တောင်းစမ်းပါ။ ချေးစမ်းပါ။ နာနီဆီက မရသည်ဟူ၍ မရှိရပေ။ နာနီ၌မရှိဘူး၊ မပေးနိုင်ဘူး၊ မချေးနိုင်ဘူးဟူသော စကားလုံး မရှိချေ။

နို့ပြီး နာနီကို အထူးချီးကျူးဘွယ်တခုရှိသေးသည်။ နာနီသည် သချ်ာအင်မတန်တော်၏။ ဉာဏ်အလွန်ကောင်း၏။ ဉပမာတခုပြမည်။ ရှေးယခင်ခေတ်က ပိုကာ ကစားကြသည်မှာ အထူး အဆန်း မဟုတ်ချေ။ ပိုကာကစားသူမှာ ခေတ်မှီသည် ဆိုရမည်လောက်။

တနင်္ဂနွေနေ့တိုင်း နာနီအိမ်မှာ ပိုကာဝိုင်းရှိသည်။ ၁ဝ–ချပ်ပိုကာကို နာနီသည် ဘယ်တော့မှ ဖဲတွေ ကိုင်ကြည့်မနေပေ။ ဝေပြီးသည်ဆိုလျှင် သူတခါတည်း ကြည့်ပြီး သုံးပုံပုံ၍ စားပွဲပေါ် မှောက်ထားလျက်၊ အနီး၌ရှိသော တပည့်ကို စာပြနေ၏။ သူ့အလှည့်ရောက်တော့ ဖဲချပ်တွေ လှန်မကြည့်ဘဲနှင့် စားစရာရှိစားလိုက်၊ ပစ်စရာရှိ ပစ်လိုက်။ ဘေစရာရှိ ဘေလိုက်နှင့် ဘယ်တော့မှ ကြန့်ကြာစွာ စဉ်းစားနေသည်မရှိချေ။ ကျွန်တော်လည်း ကျောင်းသားတုန်းက သချ်ာတော်သူ၊ ဉာဏ်ထက်သူ ဖြစ်ပါသည်။ သို့သော်နာနီကဲ့သို့ ဖဲချပ်တွေ မှောက်ထားပြီး မကစားနိုင်ပါ။ အသွက်လက်ဆုံး ကစားနိုင်သူ တယောက်တော့ ဖြစ်ပါသည်။

ထို့ပြင် နာနီကိုတခါတွေ့ဘူးဆက်ဆံဘူးလျှင် ခင်မင်သွားကြသူများသာ ဖြစ်သည်။ အဘယ်ကြောင့်နည်း။ နာနီ့စိတ်ဓာတ်ကိုက တွေ့သမျှလူတွေကို ချစ်ခင်ကြင်နာတတ်သော ကြောင့်

ဖြစ်ပါ၏။ နာနီသည် လူတိုင်းကို ခွင့်လွှတ်တတ်၏။ ဘာမဆို ခွင့်လွှတ်နိုင်၏။ နာနီနှင့် ကျွန်တော်နှစ်ပေါင်းများစွာ အတူနေခဲ့သည်။ တစုံတဦးအား နာနီပြစ်တင် ပြောဆိုခဲ့သည်ကို ကျွန်တော်တခါမျှ မကြားဘူးခဲ့။

ကဲ. . . ဟိုညက ကျွန်တော်တို့ သမီးယောက္ခမ ဖြစ်ခဲ့ကြသည့်ကိစ္စမျိုး။ ရွှေပွဲလာတွေက အမျိုးမျိုးဝေဖန်ကြရာ နာနီကတော့ ''မောင်ကြင်ဆွေလဲ အပြစ်မဆိုပါဘူး၊ မဘီကလဲ သူ့စိတ်နဲ့ သူဘဲကွယ်၊ လူအမျိုးမျိုး စိတ်အထွေထွေပေါ့''တဲ့ အေးစက်စက်ကလေး နာနီသည် အပြောအဆို လည်း အင်မတန်ညင်သာ၏။

ကျွန်တော့်ဘဂ်လား ညီမလေးမကြင်ရွှေသည် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့်ဆီ ရောက်လာသည်။ နာနီနဲ့အတူ ထမင်းစားသွားသည်။ နောက်မကြာမီ စာတစောင်ရောက်လာ သည်။

သူသည်နာနီအား ကျွန်တော်၏ တကယ့်မိခင်မှတ်၍ အကိုလေး မေမေသည် အင်မတန် ချစ်စရာကောင်းကြောင်း၊ စိတ်သဘောထား အင်မတန်ကောင်းလိမ့်မည် ဖြစ်ကြောင်း၊ အကိုလေး ဟာ ဒီအမေမျိုးသားဖြစ်ရတာ အလွန်ကုသိုလ်ကောင်းကြောင်း စသည်ဖြင့်။

ထို့ပြင်နာနီဘို့လည်း စာတစောင်၊ ထိုနေ့က မမြော်လင့်ဘဲ နာနီနဲ့အတူ ထမင်းစားရ တာ အင်မတန်ကျေးဇူးတင်ကြောင်း နာမည်မသိ၍ အကိုလေးခေါ်တဲ့အတိုင်း 'နာနီ'ဟု ရေးမိ သည်ကို ခွင့်လွှတ်ပါမည်အကြောင်း၊ နာနီကို မိခင်ကဲ့သို့ ချစ်ခင်၍ သူ့အားလည်း သမီးကဲ့သို့ ချစ်ပါမည့်အကြောင်း။ ၎င်းပြင် သူတို့အရပ်တွင် ရေထွက်ပစ္စည်းများအပြင် ဘာတွေညာတွေ ရနိုင်၍ အလိုရှိတာ စာရေး၍မှာလိုက်ပါက ယူလာခဲ့မည့်အကြောင်း။

နာနီသည် ၎င်းစာဖတ်ပြီး. .

''ဒီသူငယ်မလေးဟာ ရိုးရိုးသားသားလေးကွဲ့၊ ရုပ်ကလေးကလဲ ချောတယ်၊ ချစ်စရာလေး ဘဲ''

ဒီတော့ ကျွန်တော်က ''နာနီမချစ်တဲ့သူများ လူ့ပြည်ရှိသေးလို့လားဗျာ''

နောက်နှစ်ပတ်မျှ ကြာသောအခါ၌ မကြင်ရွှေ ရောက်လာပြန်၏။ သူ့လက်ဆွဲခြင်းထဲမှာ ရေချို ငါးပိထုပ်က တပိဿာလောက်၊ ငါးရံ့ခြောက် ကြီးကြီးလုလုက ၅–ကောင်၊ နို့ပြီး ကျွန်တော့်ဘို့နှင့် နာနီ့ဘို့ကတ္တီပါဖိနပ်က နှစ်ရံ။

ယင်းပစ္စည်းတွေ နာနီရှေ့ချ၍ ဖိနပ်ကိုယူကာ နာနီခြေထောက်နားချလျက်–

''စီးကြည့်စမ်းပါ နာနီ တော်ရဲ့လားလို့''

နာနီကို လူတိုင်းကဘဲ နာနီခေါ်၍ နာနီ သဘောကျကြောင်း ကျွန်တော်က သူ့ဆီ စာပြန်ပြီး ဖြစ်၏။

နာနီက စီးကြည့်ပြီး. . .

''ဟာ အတော်ဘဲဟေ့၊ ကျေးဇူးတင်ပါတယ် ကွယ်''

''အကိုလေး မေမေကို ကျမက ကန်တော့တာပါ၊ နို့ပြီး. . . ဟောဒီ ရေချိုငါးပိကလေး ကျမ ကိုယ်တိုင်လုပ်တာ၊ စိတ်ကြိုက်ငါးတွေ ရွေးပြီးတော့ငါးခူ၊ ငါးကျည်း၊ ငါးဖယ်၊ ငါးကြင်းလုံး၊ ငါးခုံးမ၊ ငါးမွေထိုး စုံရောဘဲ၊ ရေချိုငါးပိဟာလေ အဲလိုငါးစုံမှကောင်းတာ၊ နာနီစားကြည့်ပါ၊ ကြိုက်ရင်ကျမနောက်တခါ လာတော့ယူခဲ့ပါအုံးမယ်''

''ကျေးဇူးတင်ပါတယ်ကွယ်''

ထိုအခေါက်မှာ မကြင်ရွှေဝတ်လာသော အထူးစပယ်ရှယ်ဘဲ။ ရွှေလက်ကောက်တွေ အများကြီးနဲ့။ ဆွဲကြိုး ဘယက်နှင့် ရွှေခြေကျင်းကြီးကလည်း ဝတ်ထားလိုက်သေး။

ကျွန်တော်က ရုပ်ရှင်ရုံရောက်တော့ ဘာကြောင့် ဒီလောက်ဝတ်စားလာရတာလဲ မေးတော့ ဒီရန်ကုန်မှာ မင်္ဂလာဆောင်လာရင်းမို့ပါတဲ့။ အမှန်တော့ ဘယ်ဟုတ်မလဲဗျ။ နာနီကို ချွေးမတော်ချင် အောင်လို့ပေါ့။ ကျွန်တော်သိတာပေါ့။

မကြင်ရွှေဘက်ကလည်း ကျွန်တော့်ကို တိုက်တွန်းနေသူတယောက် ရှိပါသေးသည်။ ဘယ်သူလဲဆိုတော့ သူ့ရဲ့ဖောက်သည်လေ့ဆရာကြီး ဘကြီးမန်းပေါ့။ မကြင်ရွှေတို့နဲ့ ဆွေမျိုးလဲ တော်သတဲ့။

သူနှင့် ကျွန်တော်မှာ မကြင်ရွှေအပြန်တွင် ကျွန်တော်လိုက်ပို့ရခြင်း၊ မကြင်ရွှေထံ စာရေး လျှင် လေ့ဆိပ်သို့လာ၍ သူ့ကိုပေးရခြင်းတို့ကြောင့် သိကျွမ်းခင်မင် ရင်းနှီးနေပါပြီ။

ကျွန်တော် သူ့ဆီက စာပေးသော အခါများတွင်–

''ဟေ့ ဘကြီးက တောသားပေမယ့် ရန်ကုန်နေ့တိုင်းရောက်နေတာ၊ မင်းတို့ဘင်္ဂလား မောင်နှမလုပ်နေတာ ငါသိပါတယ်ကွ၊ ဘယ်တော့ ယူကြမလဲ''

''ဘကြီးရယ် ကျွန်တော့် အလုပ်က ဝင်ငွေသိပ်မကောင်းသေးလို့ပါ''

''အောင်မာ. . ကြင်ရွှေလို မိန်းမက မင်းလိုကောင်မျိုး တသက်လုံးထိုင်စားမလား၊ လုပ်ကျွေးနိုင်ပါတယ်ကွ၊ နယ်နယ်ရရ မိန်းခလေးမှတ်လို့ မင်းနယ်၊ မင်း သူတို့အိမ်လိုက်ကြည့်စမ်း၊ ကုန်စုံဆိုင်ကြီးနဲ့ ဟည်းလို့၊ တခေါက်တခေါက်ကို ကုန်သုံးလေးထောင်ဘိုး ဝယ်တာကွ''

ဒီတော့ ကျွန်တော်က ''မိန်းမလုပ်စာ စားတဲ့လူစားမျိုး မဟုတ်ပါဘူးဗျာ''ဟု ဟန်နဲ့ပန်နဲ့ ပြောလိုက်ရသော်လည်း စိတ်ထဲ၌မူ ငါလွတ်လွတ်လပ်လပ်ဆို ဘယ်လောက် ကောင်းလိမ့်မလဲဟု တမ်းတလိုက်မိပါသည်။

အကြောင်းမှာ ထိုအချိန်တွင် ကျွန်တော့်မှာ သားသမီး ၃-ယောက်ရှိနေပါပြီ။ သူ့သမီးကို ပစ်၍ နောက်ဇနီးယူပါက ယောက္ခမကြီးသည် ကလေးစရိတ်တောင်းမည်မုချ။ ''နင်ခလေးစရိတ် သာပေးနိုင်ရင် နင့်လို အရက်သမားဝဠ်က ကျွတ်တာပေါ့''ဆိုစကားရှိ၏။

အကယ်တိ ကျွန်တော်က နောက်မယားယူပြီး သားသမီးစရိတ်မပေးနိုင်၍ တရားစွဲပါက ကျွန်တော့်မှာ ဝင်ငွေမှန်သောလခစား မဟုတ်ယူ၍ မပေးဘဲ ထားလို့ဖြစ်နိုင်သော်လည်း ကျွန်တော့်သားသမီးတွေ ဒုက္ခရောက်ကြတော့မည်။ မိခင်မှဆိုးမနှင့် သမီးလင်ပစ်မက မကျွေးနိုင် မမွေးနိုင်ပါ၍ သူတို့ခရစ်ယန် သာသနာပြုအဖွဲ့ကို မိဘမဲ့ကလေးများ အဖြစ်နှင့် ပေးအပ်ပစ်လိုက်မည်။ သို့မဟုတ် သူတို့ဆွေတွေ မျိုးတွေက ခွဲဝေမွေးကြမည်ဆိုလျှင်. . . . စသည် စသည်များကို တွေး၍ ကျွန်တော် ရင်လေးလှသည်။ ဒါမျိုး စဉ်းစားမိရုံနှင့် ရင်ပူလှသည်။ ကျွန်တော်၏ ဂုဏ်သိက္ခာနှင့် ဖခင်တယောက်၏ တာဝန်ပျက်ရချေတော့မည်။ သားသမီးမွေးပြီး မကျွေးဘဲ ပစ်သွားသောဖအေတယောက်သည်ကား လူမဟုတ်တော့ပေ။ ကျွန်တော် တိရစ္ဆာန်အဖြစ်မခံနိုင်။ ထို့ကြောင့် ထိုအချိန်မှာ မကြင်ရွှေကို ကျွန်တော်မယူနိုင်ပါ။ ထိုစဉ်တွင် ၁၉၅၀-ခုနှစ် ဖြစ်ရာ၊ ကျွန်တော့်ဝတ္ထုတပုဒ်မှ ၂၀၀-ကျပ်သာ ရှုမဝက ပေးသေး၏။ နို့ပြီးဦးကျော်က တလတပုဒ်ဖဲယူ ၏။ ယင်းကာလမှာ ရေးကွက်ကလည်းရှား၏။ မြဝတီတွေ-ငွေတာရီတွေ မပေါ်သေး။ ရှုမဝတခု ဘဲ စာမူခ မြိုးမြိုးမြက်မြက်ပေး၏။

ကျုပ်တို့ ပဒေသာကလည်း ပြုတ်ခဲ့ပြီ။ ဤပဒေသာမှရခဲ့သော ဘဂ်လားညီမလေး မကြင်ရွှေသာ ကျွန်တော့်မှာ အဖတ်တင်နေ၍ သူ့အတွက် စဉ်းစားရတော့သည်။ သို့သော် သိပ်မပူပါ။ လောကမှာ အစရှိလျှင် အဆုံးရှိပြီးသား။ အစသည် သူ့ဟာသူဖန်တည်းလာသကဲ့သို့ အဆုံးသည်လည်း သူ့ဟာသူ ဖန်လာတတ်သည်။ အချိန်ကလေးကို စောင့်ရန်သာရှိသည်။

မကြင်ရွှေ ကျွန်တော့်ဆီ၊ နာနီအိမ်သို့ ၃–၄ခေါက်လောက် ရောက်ပြီးနောက်၊ နာနီနှင့် လည်း ခင်မင်သွားတော့ ကျွန်တော်နှင့် သေချာပြီလောက် သူမှန်းဆသည်။ ကျွန်တော်က သူ့ကို ဘင်္ဂလား အကိုမှန်းသိပါသည်။ သွေးသားမစပ်ဖဲနဲ့ ဘယ့်နှယ်ကိုလေသာစိတ်ဓာတ် ကင်းစွာ လူချင်းခဏခဏ ချိန်းတွေ့ နေနိုင်ပါမည်နည်း။ တနေ့နေ့တော့ ကျွန်တော်သည် သူ့အားရင်ခွင် ထဲ သွင်း၍ ချစ်ရေးဆိုလိမ့်မည်ဟု သူမှန်းဆထားပေမည်။ သူလာတိုင်း လာတိုင်းလည်း ကျွန်တော့်အား နာနီ့အိမ်တွင် တွေ့ရပုံမှာ စာရေးစားပွဲတလုံးနှင့် တယောက်အိပ် ကင်းမကော့ လေးနှင့် ဒီတော့ သူကျွန်တော့်ကို လူပျိုဘဲထင်နေသည်။ ယင်း၌ သူ၏ရိုးသားမှုလေးကို ဖော်ပြ လာလေသည်။

သူ ဒုတိယ နောက်ဆုံးရေးသောစာမှာ–

. . . အကိုလေးကို ကျမ မပြောဘဲထားလို့ မဖြစ်တာ၊ မြုံထားလို့မသင့်တာ တခုကို ညီမလေး ကြောက်ကြောက်ရွံ့ရွံ့နဲ့ဘဲ ထုတ်ဖော်ရတော့မှာဘဲ။ ညီမ ဒီနေရာမှာ ဆက်ရေးရမှာ ဝန်လေးလိုက်တာလေ. . . ဒါပေမယ့် မပြောမပြီး မတီးမမြည်မှာမို့ ပြောပါတော့မယ် အကိုလေး ရယ်။

ဘာလို့ဆိုတော့ ညီမလေးဟာ အပျိုစစ်စစ် မဟုတ်တော့ဘူး။ ဂျပန်ခေတ်က အသက် ၁၉– နှစ်မှာ အိမ်ထောင်ကျခဲ့ဘူးတယ်။ ဒါပေမယ့် ၃–လလောက်ဘဲ ပေါင်းလိုက်ရပါတယ်။ ညီမလေး မုဆိုးမ ဖြစ်ရပါတယ်။ သားသမီးလဲ မရလိုက်ပါဘူး။

ဒါပါဘဲ အကိုလေးရယ်။ ညီမလေးအပေါ် အကိုလေးစိတ်ထဲ အခုဘယ်လိုဖြစ်သွားသလဲ ဟင်. . ပြောစမ်း။

ဤမေးခွန်းမှာ သူကျွန်တော့်ထံမှ ဘာကိုမျှော်လင့်၍ မေးသည်ကို စာဖတ်သူ ရိပ်စားမိပါ မည်။ သို့သော် သူလိုချင်သော အဖြေကို ကျွန်တော်မပေးနိုင်ပါ။ သူက ရိုးသားတော့ ကျွန်တော် ကလည်း ရိုးသားရပါတော့မည်။

ကျွန်တော့်အဖြေမှာ–

ညီမလေးရယ်. . . .

ဒို့ဟာ မောင်နှမလို ချစ်ကြတာဘဲကွ။ ညီမလေးဟာ မုဆိုးမ,မကလို့ ဘယ်နှစ်ခုလပ်ဖဲ ဖြစ်နေနေ၊ လင်ဘဲရှိနေနေ၊ ဘာဖြစ်သေးသလဲကွ။

နို့ပြီး အကိုလေးကလဲညီမကို ဖွင့်ပြောရအုံးမယ်။ အကိုလေးဟာ လူပျိုမဟုတ်ဖူး။ ညီမကို လိမ်ခဲ့တာ။ အခုဖွင့်ပြောမယ်။ ညီမလေး ပထမဦးဆုံးအခေါက် မအူပင်လမ်းထဲလာခဲ့တော့ အိမ်နံပါတ် (၁၇)ကိုသွားမေးတာ။ အဲဒါအကိုလေးရဲ့ ယောကျာမအိမ်ဘဲ။ ညီမကို အော်လွှတ်လိုက် တာလဲ အကိုလေးရဲ့ ယောကျာမဆိုးကြီးဘဲ။ သူရှုးတာမဟုတ်ပါဘူး။ အဲသည်တုန်းက အကိုလေးနဲ့ သူရန်ဖြစ်ထားလို့ သူစိတ်ဆိုးနေတာ။ အခုထက်ထိတော့ သူနဲ့ပြန်ပြီး မသင့်မြတ်သေးဘူး။ သူ့အိမ်ကို အကိုလေးခဲနဲ့ထုလို့ နံရံတွေ ကျိုးကွာကုန်တာပြန်ပြင်ရတာ သူငွေတော်တော် ကုန်သွားတယ်။ ဒါနဲ့အခဲမကျေဖြစ်နေတုန်းဘဲ။

ဒါပါဘဲ။ အကိုလေးတို့ အိမ်ထောင်ရေးက မသာယာပါဘူး။

သူ့ဆီက နောက်ဆုံးစာမှာ

အကိုလေး. . .

အဲသည်လိုဆိုရင် ညီမအကိုလေးဆီလာလို့ ဘယ်ကောင်းတော့မလဲ။ အကိုလေး မိန်းမက အထင်လွဲ အမြင်လွဲဖြစ်ရင် ပိုဆိုးကြလိမ့်မယ်။

ဒီတော့ တိုတိုနဲ့ရှင်းရှင်းဘဲ ပြောပါတော့မယ် အကိုလေးရယ်။ အကိုလေးညီမကိုချစ်ရင် ညီမဆီကို အကိုလေးလာခဲ့ပါတော့။ ဘကြီးမန်းကို ပြောထားလိုက်မယ်။ အကိုလေးသာ လာမယ် ဆိုရင် သည့်ပြင်လူတယောက်မှ မတင်နဲ့တော့။ အကိုလေး လှေပေါ်ရောက်ရောက်ချင်း ထွက်ခဲ့ ပါ။ တစင်းလုံးခ ပေးပါမယ်လို့. . .

အဲဒါ အကိုလေးနဲ့ညီမ နောက်ထပ် ဆက်ဆံမှုဟာ အကိုလေးပေါ်မှာ မူတည်တာဘဲ။ အကိုလေး မလာဘူးဆိုရင် ညီမလဲ မလာတော့ဘူး။ စာလဲ ဒါနောက်ဆုံးစာဘဲ။

အကိုလေး ညီမကို ချစ်ရိုးမှန်ရင် ညီမဆီကိုသာ အကိုလေး လာခဲ့ပါတော့ အကိုလေး ရယ်။

ညီမမျှော်နေမယ်. . .

ညီမ မက ချစ်တဲ့ ကြင်ရွှေ

ကဲ. . သူရှင်းရှင်းဘဲ ကျွန်တော့်ကို ချဲ့လင်း၍ လုပ်လိုက်လေပြီ။

ကျွန်တော် လက်မြှောက်လိုက်ပါ၏။

ဒီနေရာမှာ စာဖတ်သူက ''မင်းနှယ်ကွာ. . စတုန်းကတော့ စခဲ့ပြီးတော့ ကောင်မလေး သနားစရာ''ဟု ကျွန်တော့်ကို အပြစ်တင်ချင်တင်ပေမည်။ မတတ်နိုင်ဘူး။ ကျွန်တော့်အခြေအနေ လဲ မိတ်ဆွေသိပြီးသား။ စတာကတော့ ကျွန်တော့်ဝါသနာဘဲ။ နို့ပြီး ကျွန်တော်က ရည်းစားတွေ နဲ့ ဝတ္ထုရှာတဲ့အကောင်။ နောက်လဲလာပါလိမ့်ဦးမယ် အများကြီး။

ဤမိန်းကလေးနှင့် ကျွန်တော့်အကြောင်းကို ၁၉၅၉–ခု၊ ဖေဖော်ဝါရီလထုတ် ရှုမဝမှာ ကျွန်တော့်ရဲ့ ၁၄၁–ပုဒ်မြောက်ဝတ္ထု 'ခရီးတဖြတ်ရင်ကလုပ်'နာမည်နဲ့ ရေးခဲ့ပြီလေ။ ဟိုတုန်းက ဝတ္ထုဆိုတော့ ဇာတ်သွား တမျိုးတဖုံပေ့ါ။ သူ့ကို အလွမ်းနဲ့အဆုံးသတ်ထားတယ်။

တကယ်တော့ အဆွေးမင်းသားကြီး ဖြစ်လိုက်သူက ကျွန်တော်ပါ။ မကြင်ရွှေနဲ့ ကျွန်တော်အဆက်ဖြတ်လိုက်ပြီး ၇–လလောက်ကြာတဲ့အခါမှာ တနေ့ခင်း သူ့ကိုကာလ်တန် (ယခုယုဇန)ရုပ်ရှင်ရုံရှေ့မှာ တယောက်တည်း မတ်တတ်ရပ်နေတာတွေ့ရလို့ သူက မမြင်သေး ဘူး။ ကျွန်တော်က ဝမ်းသာအားရ၊ သူ့လက်ကလေး ကိုင်လိုက်ပြီး (ဟိုတုန်းက လက်တွဲလျှောက် နေကျဘဲ) 'ညီမ'လို့ ခေါ်လိုက်တော့၊ သူရုတ်တရက် လန့်သွားပြီး သူ့လက်ကိုဆတ်ကနဲဆွဲရုန်း ကာ စိုးရွံ့သော မျက်နှာလေးနှင့် လေသံတိုးတိုးလေးဖြင့်. . .

''အကိုလေး. . . ကျမ အိမ်ထောင်ကျနေပြီ''

''ဟေ ဟုတ်လား. . . ဘယ်သူနဲ့''ဆိုတော့ နှစ်ကျပ်ခွဲတန်းမှာ လက်မှတ်တန်းစီနေသော တရုတ်ကပြားတယောက်ကို ပြပါသည်။ ကျွန်တော်နှင့် ရွယ်တူလောက်ပဲ။

''အော'' ကျွန်တော်သက်ပြင်းချလိုက်ကာ။

''ဘယ်လောက်ကြာပလဲ''

''နှစ်လလောက်ဘဲရှိသေးတယ်''ဆိုပြီး သူ့မျက်နှာလေးအိုသွားကာ ''အကိုလေးကို ညီမ ၅– လတိတိ စောင့်ခဲ့တယ်၊ နေ့တိုင်း ဘကြီးမန်းလှေအပြန်ကို ဆီးကြိုခဲ့တယ်''

''စိတ်မကောင်းလိုက်တာ ညီမရယ်၊ သူက ဘယ်ကလဲ''

''၁၉–လမ်းထဲအိမ်ကဘဲ၊ သူနဲ့လူကြီးတွေက ပေးစားဘို့စီမံခဲ့ကြတာကြာပြီ၊ အကိုလေး နဲ့ညီမပထမဦးဆုံး ပဒေသာတိုက်မှာ တွေ့ပြီးအကိုလေး ညီမကိုလန်ခြားနဲ့လိုက်ပို့တဲ့နေ့ကစပြီး သူ့ကိုကျမငြင်းခဲ့တာ၊ အခုတော့ အခုတော့'' သူ ငိုသံပါလာပြီး သွားတော့ အကိုလေး သွားတော့. . သွားတော့''

ကျွန်တော်လည်း ဝမ်းနည်းသံထွက်လာကာ. .

''ဘာလို့ ဒါလောက်တောင် နှင်ရတာလဲ ညီမရယ်''

''အကိုလေးနဲ့ ညီမ ဟိုတုန်းက ဖြစ်ခဲ့ကြတာကို သူသိထားတယ်. . သိရဲ့လား''

''အော်. . .''

ကျွန်တော်မှာ ဤ(အော်)လေးတလုံးနှင့်ပင် သူ့အနားက ထွက်ခွာခဲ့ရပါတော့၏။

၃၁–လမ်းရောက်တော့ သူ့ကို ကျွန်တော်ပြန်ကြည့်လိုက်သေး၏။ သူကလဲ ကျွန်တော့်ကို ကြည့်နေလျက်။ ကျွန်တော့်စိတ်ဝယ်သူသည် ယခင်တုန်းကထက် ပို၍လှနေသည်ဟု အောက်မေ့မိသည်။ ကျွန်တော်နောက်ဆုံး လက်ပြနှုတ်ဆက်လိုက်ပြီး တာဝါဘားထဲသို့ ဝင်ခဲ့သည်။

''ဟေ့. . ကရစ်ရှ်နား၊ အကြီးတလုံးနဲ့ ချိစ်တပွဲ''

ကျွန်တော်တို့ လက်စွဲတော် ဘွိုင်ကုလား ကရစ်ရှ်နားကား အလွန်လူရည်လည်သည် ဖြစ်၍–

''ဟာ. . . ဆရာ ဒီနေ့ ဝိသေသထူးလှချည့်၊ ဆရာတယောက်ထဲ အကြီးတလုံး၊ နို့ပြီး ဆရာ သောက်နေကျအချိန် ၅–နာရီလဲ မထိုးသေးဘူး''

ထိုခေတ် ထိုအခါ၌ ဘွိုင်တို့သည် စားပွဲအနီး၌ မတ်တတ်ရပ်နေရကာ အရက်ငှဲ့ပေးရ သည်။ ဆိုဒါဝယ်ပေးရသည်။ ဖောက်သည်အကြိုက်ကို သိတတ်သည်။ ကျွန်တော်သည် အရက်ကိုဆိုဒါလေးဆ စပ်သောက်လေ့ရှိရာ ထိုနေ့တော့. . .

''ဟေ့ ကရစ်ရှ်နား၊ အရက်ဖန်ခွက် တဝက်ထည့်၊ ဆိုဒါတဝက်ထည့် ''

သူသည် ကျွန်တော်တခုခု ဖြစ်လာပြီကို သိ၍–

''ဟာ. . ဆရာ''

''ဟာ. . . ဆရာမနေနဲ့၊ ငါပြောတဲ့အတိုင်းထည့်၊ နို့ပြီး မင်းငါ့အနားမှာ မနေနဲ့တော့၊ ငါလိုချင်မှ ခေါ်မယ်''

''အကိုလေးကို ညီမ ၅–လတိတိ စောင့်ခဲ့တယ်။ နေ့တိုင်း ဘကြီးမန်း လှေအပြန်ကို ဆီးကြိုခဲ့တယ်''

ဤစကားသည် ကျွန်တော့်စိတ်ဝယ် ထိခိုက်လှသည်။

တကယ်ဆို အကျိုးအကြောင်းကို ငါစာရေးဘို့ ကောင်းတယ်။ ခုတော့ မင်းရက်စက်လွန်းတယ်။

အို. . . . အဲသည်တုန်းက မင်းသူ့ဆီကို အဲဒီစာမျိုးလဲ မရေးရက်ဖူး မဟုတ်လား။ အလိုလိုတဖြည်းဖြည်းနဲ့ မေ့သွားလိမ့်မယ်လို့ နေခဲ့တာမဟုတ်လား။

အေး. . မင်းလို ကောင်ကတော့ မေ့မှာပေါ့ကွာ။ ရည်းစားတွေ အများကြီးနဲ့ဟာကို၊ သူ့ခမျာလေးတော့ အခုတောင် ငိုသံလေးပါလို့။

ဟေ့. . . ဒါတွေ တွေးမနေနဲ့တော့။

အရက်သောက်မှာ သောက်ကွာ. . . သောက်ကွာ. . ။

သောက်ပြီးသီချင်းဆို။

ထို့ကြောင့် ကျွန်တော်အရက်ခွက်ပြည့်ကို မော့ချလိုက်ပြီး စိတ်ထဲမှာ သီချင်းရွတ်၏။

အရက်ကို အဖော်လုပ်ကာ အဟုတ်ဖဲ သောက်လို့ပျော်တော့မယ်။ အနားမယ်. . . တပါး မယ် ဖျော်ဖြေသူ ဝေးပြီ။

ဟယ်. . . သူ့ဘဲ သတိရပြန်ပြီကော။

ယခင်တုန်းကဆိုလျှင် မကြင်ရွှေနှင့် ကျွန်တော် ၃–နာရီခွဲပွဲကြည့်ပြီး ရုပ်ရှင်အဖြုတ်၊ ဒီတာဟုဘားထဲ ဟိုတုန်းကရှိခဲ့တဲ့ သီးသန့်ခန်းထဲဝင်ပြီး ကျွန်တော်အရက်သောက်တော့ မကြင်ရွှေက နံဘေးက အမြည်းစားလို့ပေါ့။ အခုတော့လေ သူ့လင်လက်မှတ်ယူတာ စောင့်နေတယ်။

ဟွန်း အခု သူ့အကောင်က ဘယ်လောက်ချမ်းသာသလဲ။ နှစ်ကျပ်ခွဲတန်းက လက်မှတ်တိုးလို့။ ငါနဲ့တုန်းကဆိုရင် မကြင်ရွှေ ဘယ်ဒီလိုဟုတ်မှာတုန်း။ ကိုယ်က ပိုက်ဆံချမ်းသာတဲ့ကောင်မဟုတ်ပေမယ့် အမြဲတမ်း ဒီစီ ၃–ကျပ်ခွဲတန်းကဘဲ။ ဘာကြောင့်ဆို အမြဲတမ်း မေတ္တာလက်မှတ်က ရသကိုး။ ပလေဒီယံရုံဆီ ကိုရွှေဘော်၊ ဂလုပ်ရုံဆို ကိုကျော်မင်း၊ လမ်းဖြတ်သွားတာမြင်တာတောင် ထွက်လိုက်လာပြီး ''ဆရာကြည့်ပါအုံး၊ ဒီကားကောင်းတယ်ဆရာ''ဟု တိုက်တွန်းတတ်ကြပါ၏။

နို့ပြီး လက်မှတ်ပေးတဲ့ကုလားကကော ကျွန်တော့်မှာ မြာပါလာတယ်ဆိုရင် သူသိနေပြီး ဂလုပ်ရုံဆိုရင် နောက်ပိတ်ဆုံးပြစ်ကခန်းနားကပ်နေတဲ့ ထောင့်။

မှောင်မိုက်မိုက် ချောင်ကြိုက်ကြတဲ့ အရွယ်တွေကိုး။

နို့ပြီး မီးမှိတ်လို့ ရုပ်ရှင်ပြပြီဆိုတော့ ကျွန်တော်ဘဂ်လားမောင်နှမဟာ ပါးချင်းကပ်သွားပြီ

''အကိုလေး''

''ညီမ''

''ချစ်လားဟင်''

''သိပ်ချစ်ဖဲ''

အဲဒါ ဘယ်လိုအချစ်ဆိုတာကို အရွယ်ပျိုမျစ်တဲ့ ကျွန်တော်တို့က. . .

ထုတ်ဖွေကာ နှုတ်ချွေမပြောသော်လဲ

ချစ်တာ မေတ္တာ သဘောတွေက

မနော ကိုယ်စီ သိကြသမို့

ဟောဟိုဆီ မထိအောင် သတိဆောင်လို့ရှားခဲ့ကြ

မမှားတဲ့ဘဝမှာဖြင့် တည်ခဲ့သည်။

အော်. . . သမုဒယဇောတွေနဲ့

အခုမှုနှမြောပြီး လုရမယ့် သဘောဆိုရင်ဖြင့်

ဒု–သ–န–သော ဟော့သော်တာဆွေရဲ့

မင်း သူ့မရကောကွာ

ရှုမဝတဲ့အချောတွေ မင်းမှာ တပုံတပင်နဲ့

ကုန်စင်အောင်တောင် မင်းမသုံးနိုင်ပါဘူးကွဲ့။

ဟာ. . . ဟုတ်သားဘဲ။ မေရယ် ခိုင်ရယ်၊ သက်ရယ်၊ တင်ရယ်၊ နီလာရယ်၊ သီတာရယ် ဂီတာရှိတ်တွေချည်းဘဲ။ နို့ပြီးကျော့တို့ နွဲ့တို့ကော။ အို. . . အများကြီး မင်းမှာရှိရက်သားနဲ့။ ဒီဟာမလေးတယောက် နှမြောမနေပါနဲ့တော့ကွာ၊ သူ့အိမ်ထောင်နဲ့သူဖြစ်သွားပါပြီ။ ကိုယ်မစားနိုင်တဲ့အစား သူများဝါးပစေပေါ့ကွာ။ မင်းကောင်မလေးတွေ့ခဲ့ရလို့ စိတ်မကောင်းဖြစ်နေတာ။ လေ့မျော လှေနဲ့လိုက်၊ ငွေမျောငွေနဲ့လိုက်ဆိုတာလို မြာမျောတော့ မြာနဲ့ဘဲလိုက်ပေါ့ကွ။ မင်းအိမ်က စာရေးစားပွဲထဲမှာ မင်းရည်းစားစာတွေနဲ့ ဓာတ်ပုံတွေ အများကြီးဘဲ။ အဲဒါတွေ ပြန်ကြည့်။ ပြန်ဖတ်ပါလားကွ။

အား. . . ဟုတ်သားဘဲ။ သော်တာဆွေ ဒီလောက် ကြာကြာဆွေးမနေနိုင်ဘူး။

''ဟေး. . ကရစ်ရှ်နားရေ့''

''ဆပ်''ဆိုပြီး အနီးလာ မတ်တတ်ရပ်။

''ဟော့. . ဒီပုလင်းလက်ကျန်ကို စက္ကူနဲ့ပတ်ပေးလိုက်ကွာ''

''အခြားဆပ်၊ ဆရာ့မျက်နှာ အခုကြည်သွားပြီ၊ ရောက်လာစတုန်းက ဘာဖြစ်လာလို့လဲ ဆရာ''

''ငါ ဆွေးလာတာကွ၊ ဒါပေမယ့် ငါလိုကောင်က ကြာကြာဆွေးလို့လဲ မရပါဘူးကွာ၊ စိတ်ပျက်ပါတယ်''

## အခန်း–၄

(က)

### အသဲကွဲတဲ့အရွယ်

ပညာရှာ အရွယ်တွင်းဟာမို့
သင်ကာသာ ဖယ်မငြင်းနိုင်ဘူး
ငယ်စာရင်းမှာတဲ့ ခုချိန်ခါ။
အသက်စစ်ပြန်တော့
ဆယ့်ရှစ်ကယ် ရွယ်အနေပ
တနယ်မြေ ကျောင်းဘွေရိပ်ဆီသို့
မွေးမယ်ဖေ ကောင်းစေစိတ်ရယ်နဲ့
ကွပ်နိုပ်ကာ သွန်သင်လွှတ်လေတော့
ဖွတ်မိုတ်ကာ ပန်ဆင်ဝတ်ကယ်နှင့်
ဦးညွှတ်ခဲ့ပါ။

ပျိုထွေးမေ နွယ်နွယ်နှောင်းကိုလ
ကိုလေးဆွေ တနယ်ပြောင်းပေမယ့်
ငယ်ပေါင်းကိုတဲ့ ပစ်မခွာ
ချစ်ပါရဲ့ တမိဖျား။
သစ္စာနဲ့ ကတိထား။

ခွင့်လွှတ်နော်

ကျင့်ဝတ်တော် လူဘုံဆောင်၍

ဖူလုံအောင် ပညာရပါမှ

သဋ္ဌာမှာ ခင်ညာအလှရယ်နဲ့

စဉ်မကွာ ကြင်ပါရမယ်လို့

တွေးဆကာ မှန်စကားရယ်နဲ့

ဝေးက ပန်ကြားလိုက်ပါသဗျ

ထွေးနှမ ထံပါး။

ကျွန်တော် လူပျိုပေါက် ရန်ကုန်ရောက်တဲ့နှစ်က ကျွန်တော့်ချစ်ဦးသူသို့ ရေးပို့လိုက်တဲ့ ကဗျာဝါ နှနှ လေးချိုးကလေးပါဘဲခင်ဗျာ။ သူက ၁၄–နှစ်၊ ကျွန်တော်က ၁၆–နှစ်သားမှာ စတင်ကြိုက်လာခဲ့ကြတာ ကျွန်တော် ၁၉–နှစ်သားမှာ သူဟာ ကျွန်တော့်အသဲကို ခွဲပစ်လိုက်တာ ပါဘဲခင်ဗျာ။ (သူ့ကို'ချစ်သောသီဂီ'လို့ ဝတ္ထုရေးပြီးပြီ။)

စင်စစ်တော့ အသက်ငယ်ငယ်နဲ့ ရည်းစားထားတဲ့ လူတွေဟာ အသဲကွဲရမှာချည်းပေါ့ ခင်ဗျာ။ ဘာကြောင့်လဲ ဆိုတော့ 'သမီးကညာ၊ အခါမလင့် 'ကတ္တိရူပံ–ခနံ့'ဆိုထားတော့ သူတို့မှာ က လင်ယူဘို့က တယ်လွယ်သကိုးဗျ။ ကျွန်တော်တို့ ယောကျ်ားတွေမှာတော့ ပညာသင်အုံးဟ ပြီးတော့ အလုပ်ရှာအုံးဟ။ မိန်းမတယောက်ရဘို့အရေး တော်တော်လေးခက်သားဗျ။

နို့ပြီး ကျွန်တော့်ရည်းစားဦးကလဲ ၄–ပုံ ၃–ပုံတရုတ်သွေးပါတော့ သူ့'အတယ်' ဟာ ကျွန်တော့်လို တောကလယ်သမားသားကို ဘယ်နည်းနဲ့မှသဘောမတူဘူး။ အရက်ဆိုင်ကဖော် ဆိုင်ပိုင်ရှင် အပေါင်ဆိုင်ပိုင်ရှင် ထောင်ကဲကြီး ဆိုတော့ သူ့သမီးနဲ့ ကျွန်တော်ဖြစ်မှန်းလဲ သိရော သူတို့လို တရုတ်ဝက်သတ်လိုင်စင်စီ ဝက်ထောင်မျိုးသားနဲ့ ပေးစားလိုက်သဗျ။

အဲသည်အချိန်မှာ ကျွန်တော် ရူးမတတ်ခံခဲ့ရတယ်။ ကျွန်တော့်အသဲကွဲခါစကဆိုရင် ကျွန်တော်ဟာ မိန်းမမှန်သမျှ စိတ်နာပြီးတော့ လူပျိုကြီး အဖြစ်နဲ့ဘဲ တသက်လုံး နေသွားတော့

မလိုလို၊ သက်န်းဘဲ ဆီးတော့မယောင်ယောင်၊ စိတ်ဘောင်ဘင်ခတ်ပြီး နောက်တယ်မကြာပါဘူး၊ ရည်းစားဆိုတာ တယောက်ထဲထားလို့ မကောင်းဘူး၊ များများထားမှ စိတ်အေးရမယ်။ 'မိန်းမဆို တာ ဆောင်းလေပမာညီ၊ အတွင်းသဘောမတည်၊ ပြောင်းလဲတတ်သည်'လို့ ခင်မောင်ရင်ဆိုခဲ့ တဲ့ အတိုင်း၊ ကဲ. . အဲလို တယောက်ပြောင်းလဲသွားတဲ့အခါ၊ ကိုယ့်မှာ လက်ကျန်တွေရှိနေတယ် ဆိုရင် ဘာပူစရာတုန်း။ အဲသည်လိုစိတ်ကူးပြီး တခါထိပြီးလို့ ခဲမှန်ဘူးတဲ့ စာသူငယ်လိုဖြစ်နေတဲ့ ကျွန်တော်ဟာ ရည်းစားတွေ ရသလောက် ဖြောက်ထားတော့တယ်ဗျို့၊ ရန်ကုန်ရေိယာက နယ်ကျယ် တာဘဲဗျာ။ ရည်းစားများများထားလို့ရတယ်။ ကြည့်မြင်တိုင်ဈေးထဲက အထည်သည် မလေး၊ အေဘီအမ်ကျောင်းက ၉–တန်းကျောင်းသူ၊ သိမ်ကြီးဈေးက ထီလက်မှတ်ရောင်းတဲ့ တရုတ် ကပြားမလေး၊ လသာလမ်း စိန်မေရီကအေစီ. . စသည်ဖြင့် ပေါ့ဗျာ။ နယ်ကမြို့ကလေးတွေ မှာဆို ဘယ်ဒီလိုရမလဲ၊ တယောက်ထားလိုက်တာနဲ့ တမြို့လုံး သတင်းဖြစ်နေပြီ။

အဲလို ကျွန်တော့်မှာ ရည်းစားတွေများနေတော့ ဘယ်သူ့ကိုဖြင့် ငါမရရင်မနေနိုင်တော့ပါ ဘူးဆိုတဲ့ စိတ်မျိုးလဲ မရှိဘူး။ ဟာ. . . ဘယ်သူ့ကိုတော့ ငါတကယ်မလိုချင်ဘူး၊ အပျော်ဘဲဆိုတဲ့ စိတ်မျိုးလဲ မထားဘူး။ ကဲ. . ဒါတွေထဲက နဖူးစာပါတာ တယောက်ယောက်နဲ့တော့ ညားမှာဘဲလို့ စိတ်ပိုင်းဖြတ်ထားလိုက်တာဘဲ။

တကထဲ ရမယ့်ရတော့ ကျွန်တော်နေတဲ့ နာနီအိမ်နဲ့ တအိမ်ကျော်က နော်မာလေ။ သူ့ကို ကျွန်တော်စ,တုန်းက ၁၃–၄နှစ် အပျိုတောင်မဖြစ်တဖြစ်ထင်ပါဗျာ။ သူ့ကိုမရအရကြံတယ် လဲမဟုတ် ပါဘူးဗျာ။ စစ်ကြီးဖြစ်လို့ ရန်ကုန်မြို့ပျက်ပြီး အားလုံးရည်းစားတွေနဲ့ ကွဲကွာသွားကြပြီး တော့ ညောင်စာရေးကို ငရုတ်ကြက်သွန် ဝယ်ရအောင်သွားရင်းနဲ့ အကောက်တောင် ကြည့်ရ အောင်လို့ ခြေရှည်ပြီး ထုံးဘိုဘက် ကူးသွားရင်းနဲ့ တကထဲ မမျှော်လင့်ဘဲနဲ့ နော်မာတွေ့ပြီး ညားသွားတာဗျ။

''မြင်းလှည်းသမား ဘဝတုန်းကလဲ မောင်ကြင်ရွှေက ရည်းစားများတာဘဲ''လို့ နာနီက ပြောတယ်မို့လား။ အဲဒါက အင်္ဂလိပ်ခေတ်က လက်ကျန်တွေလဲပါတယ်ဗျ။ ဘာကြောင့်လဲဆို ကျွန်တော်တို့ဟာ ချစ်လက်စမတုံးခင် ဗုံးတွေတဝုန်းဝုန်းချလို့ ကွဲခဲ့ကြရတာလားဗျ။ တယောက် တယောက် သစ္စာဖောက်ကြလို့မှမဟုတ်ဘဲ။ တဦးနဲ့တဦး စိတ်နာကြည်းစရာမှ မရှိကြဘဲ။ တကထဲ ရန်ကုန်မြို့ကြီး အေးဆေးသွားလို့ ဂျပန်ခေတ်မှာ ပြန်တွေ့ကြတော့ အခြေအနေအရ တချို့လဲ အိမ်ထောင်တွေကျလို့ပေါ့ဗျာ။ သို့သော် ဒီငယ်ကချစ်တွေဟာ (ကျွန်တော်ကသူတို့ရဲ့ အချစ်ဦးလဲ ဖြစ်ချင်ဖြစ်နေမယ်ပေါ့ဗျာ) ကျားသေသော်လဲ ကျားရေမပြောင်းဘူးဆိုတာလို ချစ်စိတ်တွေက မပျယ်ကြတော့ စောင့်ထိန်းသင့်သလောက် စောင့်ထိန်းကြတဲ့ ရည်းစားတဝမ်းကွဲ ရည်းစားတခုလပ် တွေ ဖြစ်ကုန်ကြတာပေါ့ဗျာ။ အမယ် အဲဒါလဲ အရသာတမျိုးခင်ဗျ။ ကျွန်တော် ကမိန်းကလေးတွေကို

မရက်စက်တတ်ဖူး။ အမျိုးသမီးဆိုရင် သနားလဲ သနား၊ အားလဲနာတတ် တယ် မဟုတ်လား။ ဒီတော့ ဒီကောင်ရည်းစားများတယ်လို့ အရပ်က အပြောခံရပြန်ရော။

အဲ. . . အခု စာရေးဆရာ ဖြစ်လာပြန်တော့လဲ မိတ်ဆွေတို့သိကြတဲ့အတိုင်းဘဲ၊ တကထဲ ရန်ကုန်ကသာ မဟုတ်။ အမြို့မြို့အနယ်နယ်ကပါ လာကြပြန်သဗျ။

အခုန ကျွန်တော်ရေးခဲ့တယ်၊ မကြင်ရွှေလေးနဲ့ ပတ်သက်ပြီးလေ–

'သမုဒယ ဇောတွေနဲ့

အခုမှ နှမြောပြီးတော့

လုရမယ့် သဘောဆိုရဖြင့်

ဒု–သ–န–သောကွဲ့ သော်တာရေ့

ဟေ. . . သူ့မရကောကွာ. .

မင်းမှာ ရှမဝ အချောတွေ တပုံတပင်နဲ့'လို့ ကိုယ့်ကိုယ်ကို ဂုဏ်တင်ခဲ့တယ် မဟုတ်လား။

အဲဒီ 'ရှမဝအချော'ဆိုတာမှာ အဓိပ္ပာယ်နှစ်မျိုးရှိပါတယ်။ တမျိုးက ဒီလိုခင်ဗျ။ ဤမိန်းက လေးတွေ ကျွန်တော့်ဆီ ပထမဦးဆုံး မိတ်ဆက်လာကြတော့ ဦးသော်တာဆွေ၊ သို့မဟုတ် ဆရာ သော်တာဆွေ၊ သို့မဟုတ် ကိုသော်တာဆွေ၊ ရှမဝမဂ္ဂဇင်းတိုက်၊ ၁၄၆–စကော့ဈေး အနောက် ဖက်တန်း၊ ရန်ကုန်မြို့လို့ လာကြသကိုဗျ။

ဒီတော့ ကျွန်တော်က စာတစောင် ပြန်လိုက်ပြီးလို့ နောက်တခါ သူက ဖွဲ့ဖွဲ့နွဲ့နွဲ့ လုပ်လာပြန်ပြီ။ ဥပမာ ဦးသော်တာဆွေခေါ်ရတာ ရှည်ပါတယ်၊ ကိုဆွေလို့ဘဲ ခေါ်တော့မယ် နော်၊ နွဲ့က အခုအသက်ဘယ်လောက်ဘဲ ရှိသေးတယ်၊ ကိုဆွေကော အသက်ဘယ်လောက်ရှိပလဲ ဟင်၊ ဘာညာနဲ့ လုပ်လာပြီဆိုရင်ဖြင့် ကျွန်တော်သူ့သဘော သိပြီ။ ကျွန်တော့်ရဲ့မအူပင်လမ်း နာနီ့အိမ် လိပ်စာပေးလိုက်ပြီးတော့ ဓာတ်ပုံထည့်လိုက်တယ်။ ကိုဆွေ့အသက် သိချင်ရင် အဲဒီ ဓာတ်ပုံကြည့်ပြီး ခန့်မှန်းပေါ့။ နွဲ့လဲ ကိုဆွေ့ဆီ ဓာတ်ပုံပေးလိုက်ပါဆိုတာမျိုး။

အဲသည်နည်းမျိုးနဲ့ သူတို့ဓာတ်ပုံတွေ ရလာတော့ ချောတာနိပ်တာကိုရွေးပြီး ကျွန်တော် ကရည်းစားဖြစ်အောင် လုပ်တယ်။ တယ်ပြီး ပုံမလာဘူးဆိုရင် မိတ်ဆွေလောက်နဲ့ဘဲ ရပ်သပေါ့ ဗျာ။

အဲဒါကြောင့် သူတို့ဟာ ရှမဝက တဆင့်လာသမို့ ရှမဝက ကျွန်တော်ရွေးယူတဲ့အတွက်၊ ရှမဝက ပေးတဲ့ 'ရှမဝ အချော'။ ပဒေသာက ရတာကို 'ပဒေသာအလှ'ပေါ့ဗျာ။ သို့သော်. . . . ပဒေသာကတယ်ပြီး အသက်ရှည်လိုက်တာမဟုတ်လို့၊ ရှမဝကဘဲများပါတယ်။ အခုန ဖော်ပြခဲ့ တဲ့ မကြင်ရွှေလေးကတော့ ပဒေသာကရတဲ့ ပဒေသာအလှပေါ့။ ဟော. . အခုအဲဒီပဒေသာအလှ လေး ဟာ ကျွန်တော့်ဆီက ကြွေကာကြွေကာကြွသွားပြီ မဟုတ်ပါလား။ ဒါကြောင့် သူ့အတွက် ကျွန်တော် အရက်ဆိုင်ထဲ ဝင်ခဲ့ပြီး ပုလင်းဖောက်သောက်ရာက ပုလင်းစက္ကူပတ်စေကော ပြန်ထွက်ခဲ့သည်ကစပြီး ကျွန်တော့်ဇာတ်လမ်းဆက်ပါသည်။

တဝက်ကျော်ကျော် ရမ်ပုလင်းနဲ့ ကျွန်တော်အိမ်ပြန်ရောက်တယ်ဆို၊ ကျွန်တော့်ခါတိုင်း နှုန်းမှန်အတိုင်း ဆိုဒါလေးဆနဲ့ တခွက်သောက်လိုက်ပြီး ကျွန်တော်စာရေးစားပွဲ ဝင်ထိုင်လိုက် တယ်။

အဲသည်အချိန်မယ် ကျွန်တော့်အခြေအနေ ပြောရဦးမယ်။ ကျွန်တော်နဲ့နော်မာရဲ့ ဖူးစာ ဟာ ၁၂–နှစ်ကြာရမယ်၊ ခလေး ၅–ယောက် မွေးရမယ်။ အဲသည်အချိန်မှာ ၄–ယောက်သာ မွေးရသေး တဲ့အတွက် ကျွန်တော် ယောက္ခမကြီးနဲ့ ပြန်လည် သင့်မြတ်ပြီး သူတို့အိမ်ပေါ် ပြန်ရောက်နေ ပြန်ပြီဗျို့။ ဘာကြောင့်လဲဆိုတော့ 'ချစ်ပန်းနှစ်ခိုင်'ဝတ္ထုနဲ့ 'ပပဝတီ'လုံးချင်းနှစ်အုပ် ရှေ့ဆင့်နောက်ဆင့် ထုတ်လိုက်ရတော့ သူ့ထမင်းလခတွေ အားလုံးပေးနိုင်တဲ့အပြင်၊ ကျွန်တော် ကျောက်တုံးနဲ့ထုလို့ ပျက်စီးသွားတဲ့ သူ့အိမ်နံရံ ပြန်ပြင်ခ ကျသမျှလဲ ကျွန်တော်ကပေးလိုက် သကိုဗျ။ ဟဲ. . ဟဲ။ ကျွန်တော့်မှာလဲ ငွေလေးက ဖောနေတယ်။ အဲသည်အခါမျိုးမှာဆိုရင်လေ. . . . ကျွန်တော့် ယောက္ခမကြီးက ကျွန်တော့်ကို သိပ်ချစ်တာဘဲဗျ။

''မင်း. . . မနေ့က ဝယ်လာတဲ့ ခေါက်ဆွဲကြော် သိပ်ကောင်းတာဘဲကွာ၊ ဒီနေ့ကော မင်းဘာဟင်း ဝယ်ချက်အုံးမလဲဟေ့''

ကျွန်တော့်မှာ ပိုက်ဆံရှိနေလျှင် ကျွန်တော်သည် ကိုယ့်စိတ်ကြိုက်ဟင်း ကိုယ်တိုင်ဝယ် ကိုင်တိုင်ချက်၍ စားတတ်ပါသည်။ သည်တော့ ကော်တရာမကြီး ခံတွင်းတွေ့သပေါ့။

ကျွန်တော်သည် သူတို့နှင့်ဘယ်လိုပင် သင့်မြတ်နေစေကာမူ ကျွန်တော့်စာရေးစားပွဲကို တော့ နာနီ့အိမ်မှာဘဲ အမြဲထားသည်။ စာသင်ခန်းထဲမှာ ကျောင်းသားတွေ ဆူညံနေတုန်း၊ ကျွန်တော့်မှာ ရေးနိုင်သော်လည်း သူတို့အိမ်မှာ ပိုက်ဆံပြတ်၍ ယောက္ခမကြီး ငြူစူပြီဆိုရင်တော့ ကျွန်တော်ဘာမျှ ရေးမရတော့ပေ။

ထို့ကြောင့် ကျွန်တော့်စာရေးစားပွဲကို သူတို့အိမ်မှာ မထား။ သို့အတွက် ကျွန်တော် ဘာတွေ ရေးနေသည်၊ ဘာတွေ လုပ်နေသည်ကို နော်မာဘယ်တော့မှမသိ၊ သိအောင် စုံစမ်းချင် တဲ့စိတ်မျိုး

ဉာဏ်မျိုးလဲသူ့မှာမရှိ၊ သူသိတာက ငွေဘဲ။ ကျွန်တော်ဘာဝတ္ထုတွေ ရေးနေတယ်ဆို တာလဲ သူကဖတ်လေ့ရှိတာမဟုတ်။ စာဆိုတာ ဖတ်ရကောင်းမှန်းသိတဲ့အမျိုးမဟုတ်ချေ။ သူ့အမေလဲ ထိုနည်းၚင်းဘဲ။

ထို့ကြောင့် ကျွန်တော်သည် စာရေးဆရာတယောက် အနေအားဖြင့် စာပေကိုမြတ်နိုးတဲ့ ကျွန်တော့်ဝတ္ထုတွေ ချီးမွမ်းနှစ်သက်တဲ့ မိန်းမမျိုး နောက်ထပ်လိုချင်သည့်အမှန်။ အချိန်အခါနှင့် အခွင့်အရေးကို ကြိုတင်ကြံဆဆဲ။

## (ခ)

## စာနှစ်စောင်

ထိုနေ့က ကျွန်တော်စာရေးစားပွဲ ထိုင်လိုက်သောအခါ၌ ရည်းစားစာတစောင်နှင့် ဘင်္ဂလား ညီမ၏ စာတစောင်ရောက်နေသည်။

မိတ်ဆွေသည် ရည်းစားစာတွေကို ရေးဘူးမည် ဖတ်ဘူးမည်ဖြစ်သော်လည်း ကျွန်တော့် လိုအကောင်မျိုးမှာသာ ရှိတတ်သော ဘင်္ဂလားညီမတို့၏ စာမျိုးကိုကား တွေ့ဘူးကောင်းမှ တွေ့ဘူးပေမည်။ ထို့ကြောင့် လွန်ခဲ့သော အနှစ် ၂၀–ကျော်က စာတစောင်ကို ကူးယူဖော်ပြ လိုက်ပါအံ့။

လားရှိုးမြို့

၅–၄–၅၁

အကိုဆွေ့ . . . . အကိုဆွေ့ . . . . အကိုဆွေ့ . . . . အကိုဆွေ့ . . . .

အမယ်လေးတော် ခေါ်လိုက်ရတာ။ အကိုဆွေဘာငေးငိုင်နေတာလဲ။ အကို့ဆွေ့ရည်းစား ကို လွမ်းနေလို့လား။ အကိုဆွေ့မှာ ရည်းစားရှိသလား။ ရည်းစားရှိရင် ယောင်းမလောင်းကို ကြည့်ချင်တယ်ဆရာ။ ဓာတ်ပုံပို့လိုက်စမ်း။

တကယ်ဘဲ. . တကယ်ဘဲ. . ခိုင်သိချင်တယ်။ အကိုဆွေ့မှာ ရည်းစားရှိသလား၊ ရှိရင်ရှိတယ် ပြောနော်. . . မညာရဘူး။

ဘာလဲ အကိုဆွေက ခိုင့်မှာကောလို့ မေးချင်သလား၊ မေးပါ။ ခိုင်ကတော့ ရှင်းရှင်းဘဲ ဖြေမှာဘဲ။ မရှိရေးချမရှိ၊ ခုလဲမရှိ၊ နောင်လဲမရှိ၊ ဘယ်တော့မှလဲ ရှိမည်မဟုတ်။ ခိုင်က ဒါမျိုး နားလဲမလည်ဘူး၊ ဝါသနာလဲမပါဘူး၊ အမေကလဲမကြိုက်ဖူး။

ဟွန်း. . . ခိုင့်ကို နောက်ပိုးတဲ့ကောင်တွေ အများကြီးရှိတယ်သိလား၊ ဒင်းတို့ဂရုစိုက်ပေါင်''

''ဒါထက် အကိုဆွေရာ၊ ဟောဒီလားရှိုးမြို့မှာ နေရတာ ခိုင်ပျင်းတယ်ကွာ. . . အကိုဆွေတို့ ရန်ကုန်မြို့ကြီးရောက်ဘူးချင်တယ်၊ ကဲ. . ခိုင်လာခဲ့ရင်လေ အကို့ဆွေ့အိမ်မှာ ခေါ်ထားမယ်လား၊ ထမင်းကျွေးမယ်လား၊ ရုပ်ရှင်ပြမယ်လား၊ ပြောစမ်း. . . ပြောစမ်း''

''အော်. . . မနေ့က ခိုင်တို့မြို့မှာ မိုးတွေရွာလိုက်တာ အကိုဆွေရာ၊ အခု ဧပြီလဆန်းဆို တော့ သင်္ကြန်အကြိုမိုးခေါ်မယ်ပေါ့နော်၊ ခိုင်လေ မိုးရေတွေ မိုးရွာထဲမှာ ချိုးတယ်၊ နို့ပြီးချမ်းလို့ အိပ်ရာထဲမှာ စောင်ခြုံကွေးနေတော့ ဘာလို့လဲမသိဘူး အကိုဆွေ့ကို သတိရလိုက်တာကွာ၊ ညနေ ၄နာရီနဲ့ ၅နာရီလောက်မှာပေါ့၊ အဲဒီအချိန်မှာ အကိုဆွေ ဘာလုပ်နေလဲ ပြောစမ်း၊ အရက်သောက်နေသလား ဘယ်မိန်းမလိုက်ပြီး နောက်ပိုးနေသလဲ''

''ခိုင်မေးတာတွေ အကုန်ဖြေနော်၊ စာမြန်မြန်ပြန်ဒါဘဲ''

အကိုဆွေချစ်တဲ့ညီမ. . .

ခိုင်. . .

သူဘယ်သူလဲဆိုတာကို စာရှုသူ သိပြီးပါပြီနော်၊ သူ့စာအသွားအလာကိုကြည့်ပါ၊ နှံပြီ စုတ်သည် ပြောင်းဝမှာလာနားနေပြီ။ သို့သော်. . . ကျွန်တော်သူ့ကို ရည်းစားမလုပ်ရဲဘူး၊ သူအဲဒီ စာရေးတော့ ၁၆–နှစ်ထဲ ရောက်ရုံဘဲရှိသေးတယ်၊ သူ့မှာ (နောက်. . . လူချင်းတွေ့တော့ သိရတာ၊ အာယုနဲ့ ဥာဏလမ်းကြောင်းမဆက်တဲ့ ကျွန်တော့်လို လက္ခဏာပြတ်) ထင်ရာကိုဇွတ်တရွတ်လုပ် တတ်တဲ့ သတ္တိရှိတယ်။)

သူ့ကို ကျွန်တော် ရည်းစားလုပ်လိုက်ရင် တကထဲ ရန်ကုန်လိုက်လာလို့ သူ့အသက် မပြည့်တာနဲ့ ဘာနဲ့ ဒုက္ခလှလှကြီးရောက်နိုင်သဗျ။

သို့သော်. . . ကြံတိုင်းလဲမဖြစ်၊ မကြံဘဲနှင့်လည်းဖြစ်တတ်သည်မို့ သူနှင့်ကျွန်တော်ဟာလေ ညားဘို့ ဖူးစာမပါခဲ့သော်လဲ သည်ဝတ္ထုအစမှာ ဖော်ပြခဲ့တဲ့ ကဗျာအတိုင်းဘဲ။

ဒိုဘီပြန် ခဝါချရယ်က

အပျိုရည်တဖန် နံ့သာတွေသ,ပါလို့

နှစ်ကိုယ်ကြည်ရန် လာလို့စ,ပြန်ပေါ့

ဟော့. . ငါတို့ဘဝတွေက မလျော်. . .

''အော်. . ငါကိုယ်တော် ဆွမ်းပွဲမွန်းလွဲမှ သဒ္ဒါလွန်လို့အစာမွန် လာမကပ်နဲ့တော့ ဒကာမလေးရေ့ ရပ်တန်းကရပ်ကြစို့''ဆိုရတဲ့ အပိုင်းဆိုက်ခဲ့တယ်။

ကျွန်တော့် အတ္ထုပတ္တိကို ၃–ပိုင်းခွဲရေးမယ်၊ ပထမပိုင်းက ငွေတာရီမဂ္ဂဇင်းမှာ ၁၇–လ ရေးခဲ့ပြီး အခု ပုဂံက စာအုပ်ထုတ်တယ်၊ အခုဟာက ဒုတိယပိုင်း။ သည်ဒုတိယပိုင်းမှာ အဲဒီ ၁၅ နှစ်သမီးလေးက ကျွန်တော်နဲ့စ,ခဲ့တဲ့ ခိုင်ဟာ အဓိကဇာတ်ကောင်ဖြစ်လာတယ်။

သို့သော်. . . ဒီဇာတ်ကောင်မင်းသမီးမရောက်မီ ဇာတ်ရံမင်းသမီးတွေကလဲ ကျွန်တော့်မှာ ရှိသေးဗျ။ ကဲ. . အဲသည်တနေ့ထဲမှာ ရောက်လာတဲ့ ရည်းစားစာတစောင်ကတော့ မိုးကောင်းမြို့က ကျောင်းဆရာမခင်ဗျ။ ခိုင့်လို ငယ်ငယ်ရွယ်ရွယ် မဖြစ်စလောက်ကလေးမဟုတ်ပါဘူး၊ ဓာတ်ပုံထဲ မှာ တွေ့ရတာ ထယ်ထယ်အယ်အယ်ကြီးပါဘဲ၊ နာမည်က မမြလွင်တဲ့၊ သူ့ကိုသူ 'လွင်'လို့ရေးပြီး ကျွန်တော့်ကို 'ဆွေ'လို့ခေါ်ပါတယ်။ စာရေးလဲ ညက်သဗျ ကြည့်လေ။

မိုးကောင်းမြို့

၄–၄–၅၁

ဆွေရေ ဆွေ့ကိုလွင်တိုးတိုးလေး နားနားကပ်ပြီးပြောလိုက်ချင်တယ်ကွာ၊ ဘာလဲ. . သိလား။ 'ဆွေ့ကိုလွင် သိပ် သိပ်သိပ်ချစ်တာဘဲ'လို့၊ ဒီတော့ဆွေက လွင့်ကို ဖက်နမ်းမှာဘဲ မဟုတ်လား။

နမ်းစေချင်တယ် ဆွေရာ. . . လွင်ကလဲ ပြန်နမ်းချင်တယ်၊ ကြည့်စမ်း လွင်တို့စာချင်းချစ်ကြတာ ကြာပြီနော်၊ လူချင်း တခါမှမတွေ့ရသေးဘူး။ Love exists not without hope. အချစ်ဟာ မြော်လင့်ချက်မရှိဘဲနဲ့ တည်မြဲမနေဘူးလို့ အင်္ဂလိပ်စကားရှိတယ်မဟုတ်လား။ ဆွေနဲ့လွင် တွေ့ရအောင်ကြံကြစို့ကွာ။

ဒီမှာဆွေ သည်နှစ်နိုင်ငံတော်သင်္ကြန် မန္တလေးမှာ ကျင်းပမယ် မဟုတ်လား၊ ဒီတော့ မြစ်ကြီးနားကချင်မနောပွဲတုန်းကလို စာရေးဆရာတွေပါ ဖိတ်တော့ ဆွေပါလာခဲ့အုံးမယ် မဟုတ်လား။

တောက်? အဲဒီ မြစ်ကြီးနား မနောပွဲတုန်းက ဆွေချိန်းရက်သားနဲ့ လွင်မလာနိုင်တာ နာလိုက်လေခြင်းဆွေရာ၊ အဲဒီရက်ပိုင်းမှာဘဲ လွင်ကနာမကျန်း ဖြစ်နေရတယ်၊ နေမကောင်းရက်နဲ့ အတင်းဖျစ်ညှစ်ပြီး လာမယ်စိတ်ကူးပါသေးတယ်၊ ဒါပေမဲ့ လွင့်လူမမာရုပ်ကြီး ဆွေမြင်တော့ စိတ်ပျက်သွားမှာစိုးလို့ သိရဲ့လား။

ဟော. . . အခုတော့လေ လွင့်ကျန်းမာရေးဟာ ဘဲရီးဖစ်ဘဲဆွေ၊ အဲဒီနိုင်ငံတော်သင်္ကြန်မှာ မန္တလေး လာဖြစ်အောင်လာခဲ့ပါ။ လွင်တော့ နွေကျောင်းပိတ်ရက်မှာဘဲ ဆက်ဆက်လာခဲ့မှာဘဲ၊ မန္တလေး ရောက်တော့ ရဲရင့်ဦးဘဖဲကြီး စာအုပ်ဆိုင်ကို ‘ဆင်တာ’ထားပြီး ချိန်းကြမယ်၊ လွင်ဟာ မန္တလေး ဝက်စလီကျောင်းမှာ ၁၀–တန်းအောင်ခဲ့ပြီး အဲဒီကျောင်းမှာ မူလတန်းဆရာမ လုပ်ခဲ့ဘူးတာဘဲ၊ နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် တွေ့ကြဘို့လွင်စီမံမယ်နော်။ ဆွေဘာမှမပူနဲ့။ ဆက်ဆက်လာဖြစ်အောင်သာ ကြိုးစားပါနော်. . . အချစ်ရယ်။

နှစ်ယောက်ထဲဆိုရင် မောင်ရယ်. . . . .

မွှေးမွှေးများစွာနှင့်

မောင့်ထာဝစဉ် လွင်

## အခန်း (၅)

(က)

### မြန်မာနိုင်ငံ စာရေးဆရာအသင်း

၁၉၄၈–၄၉–၅၀–၅၁–၅၂ နှစ်များတွင် စစ်ပြီးခေတ် ပြန်လည်တည်ထောင်သော မြန်မာ နိုင်ငံ စာရေးဆရာအသင်းသည် အင်အားအကောင်းဆုံးနှင့် တက်ကြွလှုပ်ရှားဆုံး ဖြစ်သည်။ စာရေးဆရာ ပြဇာတ်များလည်း နှစ်စဉ် က,၍ အောင်မြင်လှသည်။ ၁၉၄၉–ခုနှစ် ကာဌေးရုံမှာ က,သော 'နတ်သျှင်နောင်'ပြဇာတ်မှာ အအောင်မြင်ဆုံးဖြစ်သည်။ လူစည်ကားလွန်း၍ ရဲအစောင့် လာနေရသည်။

မင်းသား ရွှေညာမောင်၊ မင်းသမီး မေနွဲ့နှင့် အပျိုတော်လုပ်ရန် အခြားမိန်းကလေး ၅– ယောက်သာ ရုပ်ရှင်နယ်မှ ခေါ်ယူငှားရမ်း၍ ကျန်ဇာတ်ကောင်များမှာ စာရေးဆရာများသာဖြစ် ၏။

အဲသည်တုန်းကဆိုရင်

နတ်တော်လမှာ ဂဇော်တမြမြနဲ့

ကျွန်တော်တို့တတွေ ပျော်ကြပါးကြသည်

ဇတ်ကခ တညှ ၁၀–လဲ ရသကိုး။

၎င်း နတ်ရှင်နောင် ပြဇာတ်တွင် ကျွန်တော်က ဒီဘရန်တို (ငစင်ကာ)နှင့် တွဲဘက် ပင်လယ်ဓားပြ ဆီညော်ပင်တို လုပ်ရသည်။ ထိုစဉ်က ကျွန်တော်သည် ဂွင်းဘားကစားတုန်းဖြစ်၍ ရင်အုပ်ကားကားနှင့် လက်မောင်းကြွက်သားများ တောင့်တုန်းဖြစ်သည်။ ဘောင်းဘီရှည် ဒူးခေါင်း ခေါက်နှင့် ပင်လယ်ဓားပြဝတ်သော အင်္ကျီလက်တို အစင်းကျားနှင့် မျက်စိတဖက်ပိတ်နှင့် ပင်လယ် ဓားပြ ဓားကောက်ကြီး ခါးချိတ်ကာ လက်မောင်းကြွက်သားများ ထုတ်၍ ရိုက်ထားသော ဓာတ်ပုံများကို ကျွန်တော်၏ စာရည်းစားဦးများဖြစ်သော 'မေ'နှင့် 'အခုန 'လွင်'တို့ရကြသည်။ သူတို့အင်မတန် သဘောကျသည်။

ဆရာကြီး ရွှေဥဒေါင်းကပင် ''အောင်မာ ငါ့ကောင် အဲဒီပုံစံနဲ့ ဇာတ်စင်ပေါ်မှာ မြင်ရ တော့ တော်တော် ကိုယ်လုံးကိုယ်ထည်လှပါလားဟေ့''ဟု ချီးမွမ်းခဲ့၏။

ထိုစဉ်က မယ်ဒဂုန် မေအေးထံမှလည်း ''ကိုဆွေ ဒီလောက်ဘော်ဒီလုနေတာ မောင်ဘွဲ့ရအောင် ပြိုင်ပွဲဝင်ပါလား။ အဲလိုဆို မောင်ဘွဲ့ရ စာရေးဆရာ ကိုလူချော ဖြစ်သွားမှာပေါ့''ဟု သူ၏ချီးမွမ်း မိတ်ဖွဲ့စာတွင် ရေးလိုက်သေး၏။

စစ်စစ်တော့ ကျွန်တော်က တန်းဘား၊ ဂွင်းဘားသာ ကစား၍ ဝိတ်မ,သူမဟုတ်သဖြင့် ကိုယ်ထည် အပေါ်ပိုင်းကသာ တောင့်ပြီး အောက်ပိုင်းက တောင့်သူမဟုတ်ချေ။

သို့သော် ကျွန်တော်က မေအေးထံသို့ ''ကိုဆွေက ဗမာပြည်မှာ အခြားမောင်ဘွဲ့ရမယ့် လူတယောက်ကို အနှောင့်အယှက် မပေးချင်ပါဘူး။ စာရေးဆရာအဖြစ်နဲ့ဘဲ တော်ပါပြီ''ဟု ပြန်စာထဲမှာ ထည့်ရေးလိုက်သေး၏။

စင်စစ်လည်း ကျွန်တော်သည် မောင်ဘွဲ့ရ ဝိတ်မ,တဲ့လူတွေလို ပေါင်လုံး တုတ်ကွကွ ပုံသဏ္ဍာန်ကြီးတွေကို လှသည်မထင်ချေ။ ထုံထိုင်းထိုင်းကြီးတွေနှင့် အမျိုးသမီးတွေ သဘော တော့မည်သို့မသိ။

## စာရေးဆရာ အသင်းနှင့် အစိုးရ

ထိုစဉ်က ဖ–ဆ–ပ–လ အစိုးရသည် စာရေးဆရာ အသင်းကို အထူးချော့မော့ ပေါင်းသင်း၏။ ကျွန်တော်တို့ ပြဇာတ်ကလျှင် ဝန်ကြီးအဖွဲ့သို့ လက်မှတ်တစောင်လျှင် တရာနှင့် သွားရောင်း၏။ ဝန်ကြီးချုပ်က အစပြု၍ ကိုယ်တိုင်လာရောက်ကြည့်ရှုကာ အားပေးအားမြှောက် ပြု၏။

ထိုအချိန်မှာ 'အထက် မြန်မာပြည် စာရေးဆရာ အသင်း'ဟူ၍ မန္တလေးမှာ သီးသန့်ရှိသေးရာ၊ ၁၉၅၁–ခုနှစ် ဖေဖော်ဝါရီလထဲတွင် ဝန်ကြီးချုပ်သည် အထက်မြန်မာပြည် စာရေးဆရာ အသင်းကို ရန်ကုန်သို့ ဖိတ်ခေါ်၏။ စာရေးဆရာ အသင်းသာ မဟုတ်။ အထက်မြန်မာပြည် သတင်းစာဆရာ အသင်းလည်း ပါလေရာ ရန်ကုန်က စာရေးဆရာ၊ သတင်းစာဆရာ၊ အသင်းများက ညှော်ခံကော်မတီဖွဲ့ရ၏။

ယင်းကာလမှာ ကျွန်တော်သည် စာရေးဆရာ အသင်း၏အမှုဆောင်တယောက်ဖြစ်နေ၍ ညှော်ခံကော်မတီထဲပါရလေရာ၊ ဟာ. . ဟန်ကျလိုက်တဲ့ ဖြစ်ခြင်း။ ယင်းသတင်းစာဆရာ စာရေးဆရာတွေကို ရန်ကုန်မြို့ရှိ သံရုံးအသီးသီးက ညတိုင်းပင် ဖိတ်ခေါ်သဖြင့် ကျွန်တော်တို့မှာ 'ဘုန်းနေ့ဆက်မူး'ပေါ့။ ကိုယ်မသောက်ဖူး မစားဘူးသေးတဲ့ ဝီစကီတွေ ဝိုင်တွေ၊ ဥရောပ အစား အစာတွေ ဘယ်နှစ်ရက်ကြာ တွယ်ခဲ့ရသလဲတောင် မမှတ်မိတော့ပါဘူး။

နောက်ဆုံးဘိတ် နှုတ်ဆက် ညှော်ခံပွဲကတော့ နေ့လယ်ခင်းမှာ ဝင်ဒါမီယာထဲက ဝန်ကြီး ချုပ် အိမ်မှာ ဥယျာဉ်လက်ဖက်ရည်ပွဲ။

ဤလက်ဖက်ရည်ပွဲ အပြီး၌ အားလုံးလူတွေ ပြန်ကြတော့မည်ဟု လှုပ်လှုပ်ရှားရှား ဖြစ်ကြသည်တွင် အကြံသမား ကျွန်တော်သည် ဝန်ကြီးချုပ်အနားသွားကာ သူ့လက်ကို ဇာတ်ကနဲ ကိုင်လိုက်ပြီး တခါမျှ စကားမပြောဘူးဘဲလျက် သူ့လူပေါ်လူဇော် လုပ်နည်း စာအုပ်ထဲက အတိုင်း အင်မတန် ရင်းနှီးသည့်အမူအရာဖြင့်–

''ဒီမှာ အကိုကြီး၊ အကိုကြီးတို့ အစိုးရအဖွဲ့ဟာ ဖေဖော်ဝါရီလ ၁၂–ရက်နေ့မှာ ကချင် ပြည်မနောပွဲကို သွားမလို့ မဟုတ်လား၊ ဒီတော့ ကျွန်တော်တို့ စာရေးဆရာအသင်းကိုပါ ခေါ်ပါ လားဗျာ၊ စာရေးဆရာတွေဟာ ဒီပွဲမျိုးရောက်သင့်တာ လေ့လာသင့်တာပေါ့''

ဒီတော့မှ ဝန်ကြီးချုပ်က ကျွန်တော့်စေ့စေ့ကြည့်ကာ. . .

''အေး. . . အေး. . . မင်းဘယ်သူလဲကွ''

''ကျွန်တော် သော်တာဆွေပါ''

''ဟုတ်ပြီဟေ့. . မင်းပြောမှဘဲ ငါလဲ စိတ်ကူးရတယ်ကွ၊ သွား သွား ဟိုမှာ ကိုသန့်သွားခေါ် လိုက်စမ်း''

ထိုစဉ်က ယခုကုလသမဂ္ဂ အတွင်းဝန်ချုပ်ဟောင်း ဦးသန့်က ဝန်ကြီးချုပ်၏ အတွင်းဝန်။ ဦးသန့်နဲ့ ကျွန်တော်ကတော့ ရှုမဝမှာ စာရေးဘော်အဖြစ်နှင့် သိပြီးသားဘဲ။ တခါထဲ ဦးသန့် လက်ကို ဆွဲပြီး ခေါ်ခဲ့တော့သည်။

နောက်တနေ့တွင် ပြန်ကြားရေးဌာနမှ ကချင်ပြည်တွင် ကျင်းပသောဝန်ကြီး ဆမား ဒူးဝါးနောင်၏ မနောပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာ အသင်းမှ ၄ယောက်၊ သတင်းစာဆရာ အသင်းက ၄ယောက်၊ အထက်မြန်မာပြည် စာရေးဆရာအသင်းက ၄ယောက်၊ သတင်းစာ ဆရာအသင်းက ၄ ယောက်လိုက်ခွင့်ပြုကြောင်း ကျေညာလိုက်လေသည်။

ကိုယ့်အသင်းနှင့်ကိုယ် လူရွေးကြတော့ ကျွန်တော်ကတော့ ဒီအခွင့်အရေးရအောင် ဖန်တီးတဲ့ ဟီးရိုးဘဲဗျာ။ နံပတ်ဝမ်းပေါ့။ ကျန် ၃ယောက်က ဥက္ကဋ္ဌ ဒဂုန်တာရာရယ်၊ ငွေထိန်း အမကြီးဂျာနေဂျီရယ်၊ အမှုဆောင် တယောက်ဖြစ်တဲ့ မင်းရှင်ရယ် သူတို့ဟာသူတို့ ကျိတ်ရွေး လိုက်ကြသပေါ့။

ဒါကြောင့် ကျွန်တော် 'ဖိုးသော်တာ စန္ဒာလကိုကွယ်''ဝတ္ထုရေးတော့ သူတို့ ၃ယောက် ကျွန်တော့်ဇာတ်ကောင်တွေ ဖြစ်နေတာပေါ့။

အဲသည်အခါမှာ ကျွန်တော် ပထမဦးဆုံး လေယာဉ်ပျံစီးဘူးခြင်းပါပဲ။ ၂၂ယောက်စီး ဒါကိုတာ လေယာဉ်ဗျ။ အဲသည်တုန်းကတော့ မြန်မာပြည်မှာ အကြီးဆုံးနဲ့အကောင်းဆုံးပေါ့ဗျာ။

ကျွန်တော်တို့ ရန်ကုန်ကထွက်လာခဲ့ပြီး မန္တလေးကဆရာတွေကို ချမ်းမြသာစည် လေယာဉ်ကွင်းမှာ ခေတ္တဆင်းပြီး ခေါ်ရသည်။

ဟာ. . . အဲသည်မနောပွဲမှာ ကချင်အရက်တွေ၊ ခေါင်ရည်တွေက ဖောခြင်းသောခြင်းကိုဗျ၊ ကျွန်တော်တို့လို သောက်တတ်တဲ့ လူတွေဟာ နေ့မလင်း ညမလင်းဘဲ။

## မနောပွဲကျင်းပပုံ. .

မနောပွဲသည် ကချင်ခေါ် ဂျင်းဖောလူမျိုးတို့၏ ကျွဲကိုသတ်ပြီး ယဇ်ပူဇော်သော သူတို့ ရိုးရာနတ်ပွဲဖြစ်ပါသည်။ လူတို့ဝိုင်းဝန်းကခုန်ကြရန် ကွင်းကျယ်ကျယ် အလည်တည့်တည့်မှာ စိုက်ထားသော မနောတိုင်ကို ဆေးခြယ်ပုံမှာ လှပလှပေသည်။

ဤမနောပွဲသို့ ကချင်ပြည်မှာရှိသော ရွာအသီးသီးက ဒူးဝါး(သူကြီး)များသည် ကိုယ့်ရွာ သားအဖွဲ့အသီးသီးနှင့် လာကြ၍ သူတို့ဟာသူတို့ ဝါးများ၊ သစ်ငယ်များနှင့် တဲကြီးတဲငယ်များ ထိုးနေကြသည်။ သူတို့တွင် ယဇ်ပူဇော်ရန် ကျွဲပေါက် ကျွဲငယ်များပါခဲ့သည်။

သူတို့ယဇ်ပူဇော်ကြပုံမှာ ကျွဲကိုခြေလက် မတုပ်နှောင်ဘဲ ယဇ်တိုင်မှာ ခိုင်ခိုင်ချည်၍ လူတွေကဝိုင်းပြီး လှံနဲ့ထိုးကြသည်။

ကျွဲလဲကျပြီးသေသောအခါ အရေကိုခွာပြီး ပေါင်တွေလက်တွေကို အချောင်းလိုက် ခုတ်လှီးယူကြ၍ အချောင်းလိုက်ပဲ မီးဖိုကြီးများဖြင့် ဖုတ်ကင်၍ ဖဲ့ရွဲ့စားကြသည်။

ဒူးဝါးကြီးများ အခန့်စား စားကြသည်ကား အသဲနှလုံးတွေကို ခပ်သေးသေးတုံး၊ ငရုပ်ကြက်သွန်၊ ဆီ၊ ဆားနှင့် ဝါးကျည်တောက်ထဲထည့်၍ ကောက်ညှင်းကျည်တောက်လိုမီးဖုတ်ပြီး စားကြသည်။

မကျက်တကျက်ပေါ့ဗျာ၊ ဟာ. . . အရက်နဲ့တော့ သိပ်ကောင်းတာဘဲ၊ ကျွန်တော်တို့လို ညှော်သည်များကို သူတို့တဲထဲသွားလျှင် ဒါမျိုးနှင့် ညှော်ခံပါသည်။

ကချင်အရက်သည် အလွန်ပြင်းပါသည်။

ကချင်လူမျိုးတို့သည် ယောကျ်ားမိန်းမ အားလုံးသောက်ကြသည်။

ဒူးဝါးကြီးတယောက်၏ တဲသို့ရန်ကုန်မှ သတင်းစာဆရာအဖြစ်နှင့်ပါလာသော အိုးဝေ ကိုညိုမြကြီးနှင့် အတူသွားကြပါသည်။ ကြမ်းပြင်ပေါ်တွင် တင်ပလ္လင်ခွေထိုင်၍ တွယ်နေသော ဒူးဝါးကြီးသည် ကျွန်တော်တို့အားလည်း သူ့ရှေ့မှာ ထိုင်စေ၍ ကျည်တောက်ဖုတ်၊ ကျွဲအသဲနှလုံး ဟင်းနှင့်အရက် ညှော်ခံပါသည်။

သူတို့ သောက်စားပုံလည်း ခန့်လှပါ၏။ သူ့ရှေ့တွင်ထားသော ရေအိုးထဲမှ အရက်တွေ ကို ဒန်ဖလားကြီး အပြည့်အပြည့်ခပ်ပေး၏။ ကျွန်တော်တို့ တယောက်တခွက်ခပ်ပေး၏။ ဒူးဝါးကြီးသည် ၎င်းဒန်ဖလားအပြည့်ကို ရေသောက်သလိုတချက်ထဲ အပြတ်မော့ပစ်၏။

ကျွန်တော်တို့လည်း သူ့နည်းတူ မော့လိုက်တော့ အောင်မယ်လေးဗျ၊ နှစ်ကျိုက်သုံးကျိုက် နှင့်ပြန်ချရ၏။ အမြည်းဝါးရ၏။

ဒူးဝါးကြီးကရယ်၍ သူ့လိုဘဲ အပြတ်ရှင်းရန်ပြော၏။ ကျွန်တော်တို့မတတ်နိုင်ပါ၊ လက်ကာ၍ ရင်ပူလှပြီဟု ရင်ဘတ်ပုတ်ပြရ၏။ ဒူးဝါးကြီးက အားရပါးရရယ်၍ သူကတော့ နောက်ထပ်ခွက်ပြည့်ကြီး ချလိုက်ပြန်၏။

ဤဒန်ဖလားအပြည့်မှာ တအာတာရှိပါ၏။ ကျွန်တော်သည် ဤခွက်ထဲမှ တဝက်သာသာ မျှ ကုန်ပါသည်။ လူဒေါင်စိုင်းကာ ဒူးဝါးကြီးအား ကျွန်တော့်လည်ပင်းက မာဖလာ ဖြုတ်၍ လက်ဆောင်ပေးခဲ့သည်သာ မှတ်မိပါတော့၏။ ဦးညိုမြကြီးကိုလဲ သတိမရတော့။ မနောကွင်းထဲ ရောက်သွားပြီး အဲဒီညကလိုက်တာလေ. . . ဆမားဒူးဝါးဆင်ဝါးနောင်ကြီးနဲ့လဲ လူချင်းဘယ်လိုက ဘယ်လို တွေ့သွားကြတယ် မပြောတတ်ပါဘူး၊ နှစ်ယောက်သားတွဲပြီး ကလိုက်ကြတာ ကျွန်တော့် တသက်တာမှာ တခါမှ ဒီလောက်မကဘူးပါဘူး၊ မနောကဆိုတာကလဲ လူတိုင်းကနိုင်ပါတယ်။

သူတို့ကချင် အတီးအကများကလဲ သူတို့ဆမားကြီးကိုယ်တိုင်ကနေတာမို့ ကျွန်တော်တို့ သွားလေရာ နောက်က တီးလိုက်နေကြသဗျ၊ နှစ်ယောက်သား ကချင်မြန်မာ ချစ်ကြည်ရေး မြှုးနေကြတာ ဘယ်လောက်ကြာတယ် မသိတော့ပါဘူးဗျာ နောက်ဆုံးမှာ ဝန်ကြီးချုပ်ကိုယ်တိုင် နောက်ကလိုက်လာပြီး. .

''ဟော့. . တော်ကြတော့ကွ၊ တော်ကြတော့ကွ. . . သော်တာဆွေ တော်တော့ကွ၊ မင်းတို့ နှစ်ယောက်စလုံး သိပ်မူးနေကြတာ၊ ပင်ပမ်းလှပြီ''ဟုပြောရင်း နောက်က အော်ခေါ်လိုက်လာပြီး ဆမားကြီးနှင့် ကျွန်တော့်ကို လူချင်းအတင်းဆွဲခေါ်၊ ကျွန်တော့်ကို မော်တော်ကားပေါ်တင်ပြီး ကုန်သည်တွေ တည်းခိုခန်း ပြန်ပို့ခိုင်းသဗျ၊ ကျွန်တော်မမှတ်မိဘူး၊ မနက်မှ အိပ်ရာကနိုးတော့ ကိုယ့်အိပ်ရာထဲ ရောက်နေတာသိရတယ်။ ဟာ. . . . လူကိုယ်တွေလက်တွေ နာလိုက်တာတော့ မပြောနဲ့တော့၊ အီစလံဝေရော၊

ဆမားကြီးကတော့ မှတ်မိလိမ့်မယ်ဗျ၊ ဘာကြောင့်ဆို မနက်ကျတော့ ကျွန်တော့်ဆီ လူလွှတ်ပြီး ဝီစကီတလုံးလာပို့ခိုင်းတယ် ဒီတော့မှ ကျွန်တော်ဝီစကီနဲ့ 'ပစ်မီအပ်'လိုက်လို့ လူပြန် လန်းလာတယ်။

ဆမားဒူးဝါး ဆင်ဝါးနောင်ဟာ မာန်မာန ဟိတ်ဟန်မရှိ၊ လူတိုင်းကို ချစ်ခင်တတ်ပြီး အင်မတန် စိတ်နှလုံးထားကောင်းတဲ့လူကြီးပါ။

သူ့ကို ကျွန်တော် ပထမဦးဆုံး မြင်ဘူးသည်က ၁၉၄၇–ခု နှစ်ဦးပိုင်းကဖြစ်၏။ ထိုစဉ်၌ ကျွန်တော်သည် ကသာနှင့်မြစ်ကြီးနားကို ခေါက်ကဲ့ပြန်ကဲ့ ကူးသန်းနေစဉ် တနေ့သော ညနေခင်း မြစ်ကြီးနားဘူတာသို့ မီးရထားဝင်လာတော့ သူလူကြိုလာတာဖြစ်လိမ့်မည်။ တွဲတိုင်းကို လျှောက်ကြည့် နေ၏။ ဤတွင်မြစ်ကြီးနားမြို့သူ နိုင်ငံရေးဝါသနာပါသူ ကျွန်တော်နှင့် မိတ်ဆွေ ဖြစ်နေသည့် ကချင်မြန်မာကပြား အမျိုးသမီး ဒေါ်သန်းကြည်က ''အဲဒါ ဆမားဒူးဝါးဆင်ဝါးနောင် ပေါ့၊ ကချင်ပြည်နယ်စည်းရုံးရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့လူပေါ့၊ ဗိုလ်ချုပ်ကိုယ်တိုင် သူနဲ့ လာတွေ့သွားတယ်''ဟု ပြောပြပါသည်။

ထိုအချိန်၌ ဆမားကြီး၏ အဝတ်အစားမှာ အခြားကချင်ဆင်းရဲသားများနှင့်ဘာမျှမခြား ပါ။ ပုဆိုးဒူးခေါင်းလောက်နှင့် ခြေထောက်မှာဖိနပ်မရှိပေ။ ဆင်းရဲသားတို့၏ခြေဖဝါးမှာ ဖိနပ် မလိုပါ။ ပကတိအားဖြင့် မြို့လမ်း တောလမ်းဘယ်ကိုမြန်းရမလဲ လှိုင်းကြီးလေ့အောက်၊ တောင် ကြီး ဖဝါးအောက် ရောက်ရသည့် တောင်ပေါ်သားတွေကဘဲ။

ထိုစဉ်က ကျွန်တော်လည်း သာမန်ကုန်သည်မျှ၊ ယခု ဤမနောပွဲကြီးမှာတော့ စာရေး ဆရာ သော်တာဆွေ အဖြစ်နှင့်လည်းကောင်း၊ ဆမားကြီးက ကချင်ပြည်နယ်ဝန်ကြီး အဖြစ်နှင့်လည်းကောင်း၊ နှစ်ယောက် တွဲက,လိုက်ရတော့ ကျွန်တော်များစွာဂုဏ်ယူမိသည်။ ယင်းနံနက်က သူလာပို့ခိုင်းသော ဝှိုက်လေဘယ် ဝီစကီကိုသောက်ရင်း ကျွန်တော်ပြည်လည် စဉ်းစားမိသည်။

ဟဲ. . ဟဲ အဲသည်မနေ့ပွဲတုန်းက ရယ်ချင်တာလေးတခု သတိရသေး၊ ယခု တော်လှန်ရေး အစိုးရလက်ထက်မှာ ကမ္ဘာအရပ်ရပ်သို့ တော်တော်ရောက်ဖူးခဲ့ပြီဖြစ်သော ဆရာတက်တိုးသည် ထိုစဉ်က ပြည်တွင်းမှာတောင် ဟိုဟိုဒီဒီ သိပ်ပြီးရောက်ဖူးခြင်းမရှိသေး၊ ဤမနေ့ပွဲတွင်သူက သတင်းစာဆရာအဖြစ်နှင့် ပါလာခဲ့ရာ သွားရခါနီး၌ သူက ကျွန်တော့်ကိုမေးသည်။

''ဟေ့ကောင်. . . မင်းက မြစ်ကြီးနားမှာနေခဲ့ဘူးတယ်၊ ဒီလမှာ မြစ်ကြီးနားရာသီဥတုဟာ ဘယ်လိုလဲဟေ့''

''ဟာ. . အထက်ဗမာပြည်ထိပ်ဖျား ဆောင်းဥတု သိပ်အေးတာပေါ့ဆရာ. . . ရေခဲတယ် ဆီးနှင်းကျတယ်၊ အနွေးထည်တော့ ဆရာ တတ်နိုင်သလောက်ယူခဲ့''ဟု ကျွန်တော်ကလိုမ့်ရာ ဟာ. . . အေးတဲ့နိုင်ငံသွားတဲ့ သူ့မိတ်ဆွေတွေဆီက ငှားရမ်းလာလိုက်တာ ကုတ်အင်္ကျီ၊ ဆွယ်တာ၊ လောင်းကုတ် တထုပ်တပိုးကြီးပါဗျာ။

မြစ်ကြီးနားလဲ ရောက်ကရော ကျွန်တော့်ဆဲတော့သပေါ့။

''ကမြင်းမ အကောင်၊ ငါ့သက်သက် ဂျောက်ချတယ်၊ ပေးစမ်း. . မင်းအပေါ်အင်္ကျီလေးဘဲ ငါဝတ်တော့မယ်''

သူက ကျွန်တော့်ပြောစကားအရ ဆွယ်တာနှင့် ကုတ်အင်္ကျီဘဲမပြတ် ဝတ်နေရတော့မည် အောက်မေ့၍ သူဝတ်နေကျ အပေါ်အင်္ကျီမှာ ယူမလာခဲ့။ တော်ပါသေးရဲ့ ကျွန်တော့်သက္ကလပ် ပါးပါးအပေါ်အင်္ကျီလေးက တော်တယ်တော့မဟုတ်ဖူးပေါ့လေ၊ သူ့ကိုယ်နဲ့ ကြပ်ကြပ်ကလေး ဝတ်လို့ဖြစ်နေသဗျ။

မြစ်ကြီးနားဟာ မြေပြန့်မြို့ဘဲ။ ရန်ကုန်ရာသီဥတုနှင့် ဘာမျှမခြားပါ။

ကျွန်တော်ကတော့ ဤပွဲတွင် ဘောင်းဘီရှည်၊ ရှပ်လက်ရှည်နှင့် နက်ကတိုင်စည်း၏။ ယင်းသည် ဝတ်နေကျ မြန်မာလိုထက် ပိုပြီးနပျိုသည်ဟု ထင်မိ၏။ အကြောင်းမှာ ကျွန်တော့် ထက် ငယ်သောရည်းစားနှင့် ချိန်းထားသည်မဟုတ်ပါလား။ ထို့ပြင်ရန်ကုန်ကလာခဲ့သော အုပ်စု ထဲတွင် လွင်မြင့်လျှင်၊ သဲသဲကွဲကွဲဖြစ်အောင် ကျွန်တော့်ဘောင်းဘီဘာရောင်၊ လည်စည်းမည်သို့ ဟု 'အေးလေ. . . လွင် ဆွေ့ခာတ်ပုံတွေလဲ မြင်ဘူးနေပြီဘဲ၊ လွယ်လွယ်မှတ်မိနိုင်မှာပေါ့၊ လွင့်ကိုလဲ ဆွေမြင်ရင် သိရမှာပေါ့၊ တခု ထူးခြားအောင်တော့ လွင့်ရင်ဘတ်မှာ နှင်းဆီပန်းနီနီ တပွင့်ထိုးခဲ့ ပါ၊ လွင့်ဆီက ပြန်စာကို မျှော်လင့်ဘို့ အချိန်မရှိတော့ဘူး၊ သဘာက်ခါဘဲ ရန်ကုန်ကထွက်မှာ လွင် ဆက်ဆက်လာခဲ့နော်. . ။

မြစ်ကြီးနားနှင့် မိုးကောင်းသည် ရန်ကုန်နှင့် တိုက်ကြီးမျှကွာ၍ မီးရထား နေ့စဉ်ရှိသဖြင့် ကျွန်တော်တို့ တည်းခိုရိပ်သာနားသို့ ချဉ်းကပ်လာမည့် အသက်အစိတ်မျှ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်၊ ရင်ဘတ်ပန်းနီနီနှင့် အမျိုးသမီးကို ကျွန်တော်နေ့စဉ်မျှော်ခဲ့၏။

သို့သော် ပေါ်မလာ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုအခိုက် သူနာမကျန်း ဖြစ်နေကြောင်း ကျွန်တော်ရန်ကုန်ပြန်ရောက်မှ သူ့စာရ၍ သိရသည်။

ဟော. . . ယခု ထိုမှ နှစ်လမျှအကြာ တဖန် နွဲရမည့် နိုင်ငံတော်သကြံန်ပွဲကို သူက ချိန်းလေပြီ။ ကိုင်း. . . သော်တာကြီးကြံစမ်း။

သို့သော် ဤတပွဲမှာတော့ ကျွန်တော်အစိုးရ ဧည့်သည်တော်အဖြစ်နှင့် လိုက်ရန် ခဲယဉ်းလေပြီ။ အကြောင်းမှာ မနောပွဲမှာတုန်းကလိုဘဲ အစိုးရက စာရေးဆရာ အသင်းက ၄–ယောက် ဖိတ်ပါ၏။ သို့ရာတွင်ကျွန်တော်က မနောပွဲ သွားထားတော့သကြံန်ပွဲနွဲဘို့ အခွင့်အရေးမရှိပြီ။

ထို့ပြင် ယခင် မနောပွဲတုံးက အီးစီမီတင်နှင့် ကျိတ်လုပ်လိုက်သည်ကိုလည်း စာရေးဆရာ များမကျေနပ်၍ ယခုသကြံန်ပွဲတွက် သင်းလုံးကျွတ်အစည်းအဝေး ခေါ်ရသည်။

ကျွန်တော်က ကိုယ့်ကိုယ်ကို အတင်းအဆိုသွင်းပါသေး၏။

''နှစ်ပွဲ ဆက်မလိုက်သင့်ဘူး ဆိုတာဟာ အခြားလူတွေအတွက် သင့်လျော်မည်ဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ ခင်ဗျားတို့ ခြွင်းချက်ထားသင့်ပါတယ်''

''ဟေ့. . . သော်တာဆွေ မင်းကဘာကောင်မို့တုန်းကွ''

စာရေးဆရာ အသင်းအစည်းအဝေးဟာ ဒီလိုဘဲဗျ။

''နားထောင်ပါလေ ကျုပ်ပြောပြပါမယ် ခင်ဗျားတို့စာရေးဆရာ အသင်းကို ဟိုတုန်းက အစိုးရက ဘာဂရုစိုက်သလဲ၊ အစိုးရအဖွဲ့ဘာလုပ်လုပ် ဘယ်သွားသွား ခင်ဗျားတို့ စာရေးဆရာ ဖွတ်ကျားအသင်းကြီးကို ဖုတ်လေတဲ့ငါးပိရှိတယ်လို့တောင် အောက်မေ့ခဲ့တာ မဟုတ်ဘူး၊ အဲဒါ လွန်ခဲ့တဲ့ မနောပွဲတုန်းကမှ ဝန်ကြီးချုပ်ဆီကို ကျွန်တော်က စပေးခဲ့လို့ လူရာသူရာ သွင်းပြီး အခု သကြံန်ပွဲလဲ ခေါ်ရမှန်း သိသွားတဲ့အဖြစ်ကို ဆိုက်ရောက်လာခဲ့တယ် မဟုတ်လား။

''သည်တော့ ခင်ဗျားတို့ စာရေးဆရာအသင်းကြီး ဒီအခွင့်အရေးရအောင် စတင် ဖန်တီး သူဟာ. . ကျွန်တော်ဘဲ ဖြစ်တဲ့အတွက် ဒီသကြံန်ပွဲမှာလဲ ကျွန်တော်ဘဲလိုက်ထိုက်တဲ့ အကြောင်း

စိတ်ကောင်းနှလုံးကောင်းရှိသူ မှန်သမျှ အမှန်တရားကို နှစ်သက်မြတ်နိုးသူမှန်သမျှ အမျိုးနှင့် တိုင်းပြည်ကို ချစ်သူမှန်သမျှ''

''ဟော့. . ဟော့. . . တော်တော်. . . မင့်ဟာက ဒို့တွေဘဲ လူယုတ်မာတွေ ဖြစ်အောင်''

''ခို့ မဟုတ်ဖူးလား''

''တော်ကွာ. . တော်ကွာ. . ဝန်ကြီးချုပ်ဆီမှာ မင်းက စခဲ့တယ်ဆိုတာတော့ မှန်ပါတယ်၊ အဲဒါနဲ့ သွားလေရာမှာ မင်းကချည်း အမြတ်နိုးဆိုတော့''

''အမြတ်မ်းလို့ ကျွန်တော်မပြောပါဘူး၊ ဒီသကြင်္န်ပွဲလေးတစ်ခုပါဘဲ၊ ကျွန်တော့်မှာ အရေး ကြီးတဲ့ ကိစ္စရှိလို့ပါ။ နောက်ဝန်ကြီးချုပ်က စာရေးဆရာတသင်းလုံး နတ်ပြည်ပို့တယ် ဆိုတောင် ကျွန်တော်မလိုက်ဘူး၊ ခင်ဗျားတို့ချည်း သွားကြ''

''တော်ဗျာ. . . ကိုသော်တာဆွေ၊ အချိန်ကုန်တယ်၊ နှစ်ခါဆက်တော့ ဘယ်သူမှ မလိုက်ရဘူး ဥက္ကဋ္ဌလဲ မလိုက်ရဘူး၊ ငွေထိန်းသူ မကြီးလဲ မလိုက်ရဘူး၊ ကဲ. . သည့်ပြင်လူကို အဆိုသွင်းကြပါ၊ ကိုယ့်ကိုယ်ကို အဆိုမသွင်းရဘူး''ဟု အတွင်းရေးမှူးလင်းယုန်နီက ဆိုလေသဖြင့် တယောက် တယောက် ခင်မင်သူချင်း လက်တို့၍ ပင့်ကြရာ၊ ယင်း ၄–ယောက်အနက် သန်းဆွေနှင့် မင်းအောင်၊ ကျန်နှစ်ယောက်တော့ မမှတ်မိတော့ပါ။

သူတို့ကို မှတ်မိသည့် အကြောင်းကလည်း ဒင်းတို့ဆီက သကြင်္န်လိုက်ခွင့်ကို တဆယ်မှ စပြီး တရာထိ ပေးဝယ်ခဲ့ပါ၏။ တရာကျပ် တိတိဆိုသောအခါ၌ မင်းအောင်ကြီးက ရောင်းမည် ပြုပါသေး၏။ သို့သော် ကျွန်တော်က ကိုယ်တတ်နိုင်သလောက် အခု လက်ငင်းတော့ ၅ဝကျပ်ဘဲ ပေးနိုင်မယ်၊ ကျန်တာကို နောက်မှ ဆိုတော့ မင်းအောင်ကြီးက ''မင်းလို ကောင်ဆီက နောက် ထပ် ရဘို့ဆိုတာ ကတော့ကွာ၊ ဟော့. . သော်တာဆွေ ရွှေအိုးပေးမယ်ဆိုပြီး ထွက်ပြေးတဲ့ မြေခွေး ကို စောင့်နေတဲ့ ပုဏ္ဏားလောက် ငါမမိုက်ပါဘူးကွာ၊ ဟား. . . ဟား. . . ဟား. . . ဟား''

သို့နှင့် ကျွန်တော် စိတ်ပျက်လက်ပျက်ဖြစ်ပြီး သူတို့နှင့်ခွဲခွာထွက်လာခဲ့တော့၏။

ယခင် မနေ့ပွဲတုန်းက ကျွန်တော် လူစွမ်းကောင်းလုပ်၍ ရည်းစားကို ကြွားခဲ့နိုင်ပါ၏။ ကြည့်စမ်း လွင်တယောက်ကို မောင်တွေ့ချင်တာနဲ့ တခြားလူ ၁၅–ယောက်ပါကောင်းစားသွားကြ ပါ၏။ စင်စစ်သူတို့သည် အမှန်ကိုသိပါက လွင့်ကိုကျေးဇူးတင်ထိုက်လှသည်။ မောင်ကတော့ 'အချစ်နဲ့'တွေ့ဘို့ဆိုရင် ဘာမဆို မဖြစ်ဖြစ်အောင် လုပ်မှာဘဲ စသည်ဖြင့်၊ ရည်းစားတို့မည်သည် သူ့ချစ်သူ ပြောသမျှ အားလုံးယုံကြည်တတ်ရကား၊ ကျွန်တော် အားရပါးရကြီး ကြွားခဲ့ပါသည်။

ဟော. . ယခုတော့ ဒီလူစွမ်းကောင်း ဖွတ်ကျားဖြစ်ရပါတော့မည်လား။

ဘတ်–နိုး–နဲဗား ဘီ–အေ ဖွတ်ကျား၊ လူစွမ်းကောင်းဟာ လူစွမ်းကောင်းဘဲ။ လူစွမ်းကောင်းတို့မည်သည် ကြံရည်ဖန်ရည်လည်းရှိ၍ ကံကောင်းသူလည်းဖြစ်၏။

(ခ)

## ကာကွယ်ရေးဝန်ကြီးသော်တာဆွေ

၁၉၅၁–ခုနှစ် နိုင်ငံတော်သင်္ကြန်ကို မန္တလေးမြို့၌ ကျင်းပရာ ဧပြီလ ၁၂–ရက် သင်္ကြန်အကြိုနေ့တွင် ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ နံနက် ၉နာရီတွင် တစင်း၊ တနာရီခွဲ၍ မန္တလေးမြို့သို့ လေယာဉ်နှစ်စင်းထွက်ခွါမည်။

ဤနှစ်စင်းအနက် ပထမအစင်းမှာ ဖ–ဆ–ပ–လ အဖွဲ့ဝင်များ နိုင်ငံတော်သင်္ကြန်ကို ဆင်နွှဲရန်၊ ဒုတိယအစင်းမှာ သတင်းစာဆရာနှင့် စာရေးဆရာဖွတ်ကျားများ လိုက်ပါကြရမည်။

ထိုစဉ်က လေယာဉ်ရုံးအောက်မှ လေယာဉ်ကွင်းထဲသို့ သွားကြရန် ဂိတ်ဂေါက်မှခရီးသည်တွေ နာမည်ခေါ်လေ့ရှိရာ၊ ဖ–ဆ–ပ–လအဖွဲ့ဝင်တွေ နာမည်အသီးသီးခေါ်ကြရာ၌–

‘‘ဦးဘဆွေ’’ဟု ခေါ်လိုက်သောအခါ လက်ဆွဲအိတ်ကလေးနှင့် သော်တာဆွေက ဝင်သွား၏။

‘‘ဗိုလ်မှူးအောင်’’ဟု ခေါ်လိုက်သောအခါ၌ မင်းရှင်နောင်ဝင်လိုက်လာ၏။

ကျွန်တော်တို့ကိုကြည့်ပြီး ဖ–ဆ–ပ–လများ အံ့အားသင့်ကြသည်၌ မင်းရှင်နောင်က ‘‘ဦးဘဆွေနဲ့ ဗိုလ်မှူးအောင်တို့က လူစွမ်းကောင်းတွေဘဲ၊ သူတို့က သော်တာဆွေနဲ့ မင်းရှင်နောင်ရုပ်ဖြစ်အောင် ပြောင်းတတ်တယ် ဆိုတာလဲ ခင်ဗျားတို့သိထားကြပါ’’ဟု ခပ်တည်တည်ပြောလိုက်၏။

အကြောင်းမှာ သန်းဆွေ မင်းအောင်တို့နှင့် ကျွန်တော်စျေးမတည့်သောနေ့ ညနေမင်းရှင်နောင်နှင့် ကျွန်တော် အတူအရက်သောက်ကြသောအခါ၌ ကျွန်တော်က အကျိုး အကြောင်းကို ပြောပြသောအခါ သူက. . .

‘‘ဟေ့. . . . ဖိုးဆွေ မင်းဆန္ဒဖြစ်နိုင်တာ တချက်ရှိတယ်ကွ’’

''ဘယ်လိုလဲ''

''ဦးဘဆွေနဲ့ ဗိုလ်မှူးအောင်ဟာ နက်ဖန်မနက် ပထမ လေယာဉ်နဲ့လိုက်ဖို့ နာမယ်ပေး ထားတယ်ကွ၊ အဲဒါ သူတို့က မလိုက်ဖဲနောက်နေ့မှ ဝန်ကြီးချုပ်နဲ့ အတူလိုက်မယ်ဆိုလဲဖြစ်တယ် ကွ၊ ဒီတော့ အဲဒါကို ဒို့အခုသွားပြီး ပြောကြည့်ရအောင်၊ ဦးဘဆွေကလဲ မင်းကိုချစ်ပါတယ်ကွ''

ဦးဘဆွေနှင့် ကျွန်တော်မှာ မင်းရှင်နောင်နှင့် ပတ်သက်၍ဘဲ မဂိုလမ်း ချစ်တီးထမင်းဆိုင် မှာ တခါမျှ ထမင်းအတူစားဘူးသေးသည်။ မင်းရှင်နောင်ကား . ဦးဘဆွေ၏အိမ်တော်ပေါက် လူယုံတော် တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်သည်။

သို့နှင့် ကျွန်တော်တို့ ဦးဘဆွေအိမ်ရောက်သွားကြ၍ အကျိုးအကြောင်းပြောပြတော့ ဦးဘဆွေက သူ့ကိုယ်စား ကျွန်တော်လိုက်သွားရန် လွယ်စွာဘဲသဘောတူလေသည်။ ဒီတော့ မင်းရှင်နောင်က. . .

''ကျွန်တော်လဲ သော်တာဆွေနဲ့ အတူ လိုက်သွားချင်တယ်၊ ဗိုလ်မှူးအောင်ကိုလဲ နောက်နေ့မှလိုက်ဖို့ ပြောပေးပါဗျာ''

သည်တော့လည်း ဦးဗဆွေက သူ့ပင်ကိုယ် အေးစက်စက်အသံနဲ့ဘဲ. . .

''ရပါတယ်ကွ၊ ငါမလိုက်တော့ ဗိုလ်မှူးအောင်လဲမလိုက်ပါဘူး၊ မင်းတို့နှစ်ယောက်လိုက် သွားကြပေါ့''

ယင်းသို့ဖြင့် ကျွန်တော်တို့ဟန်ကျလာခြင်းဖြစ်ပါသည်။

မန္တလေး ချမ်းမြသာစည်လေဆိပ် ဆိုက်သောအခါ၌ ရန်ကုန်က ဖ–ဆ–ပ–လတွေကို မန္တလေး ဖ–ဆ–ပ–လ များကလာရောက်ကြိုဆိုနေကြလေရာ ကျွန်တော်တို့နှစ်ယောက်မြင်တော့

''ဟင်. . . စာရေးဆရာတွေနဲ့ သင်းစာဆရာတွေက နောက်လေယာဉ်တစင်းနဲ့ သပ်သပ် လာမယ်ဆိုပြီး ဒီစာရေးဆရာ နှစ်ယောက်က ဘယ့်နှယ် ဖ–ဆ–ပ–လတွေထဲ ပါလာရတာလဲ၊ ဆွမ်းဆန်ထဲ ကြွက်ချေးရောလို့''

ဒီတော့ ကျွန်တော်က ''ကြွက်ချေးထဲ ဆွမ်းဆန်ရောတာပါဗျ၊ ခင်ဗျားတို့ကို ဂုဏ်ပြုချင် လို့ အခု ကျွပ်လာတာဟာ သော်တာဆွေအနေနဲ့ မဟုတ်ဘူး၊ ခင်ဗျားတို့ကာကွယ်ရေး ဝန်ကြီး ဦးဘဆွေအနေနဲ့၊ ဟောဒီ မင်းရှင်နောင်က လွှတ်တော် ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်''ဟုပြောပြီး

မင်းရှင်နောင်အဖြစ် အစစ်အမှန်ကို ရှင်းပြတော့ ထိုစဉ်မန္တလေး ဖ–ဆ–ပ–လအဖွဲ့မှ အတွင်း ရေးမှူး၊ နောင်အမတ် ဦးငွေးကြွယ်ဟု နာမည်ကျော်လာသော ယခု ကိုယ်တချမ်းလေငန်းဖြတ်၍ ဒုက္ခိတဖြစ်နေသော ကိုငွေးကြွယ်က. .

''ကဲ. . ကိုယ့်လူတို့ ကျုပ်တို့ကနေရာချထားရမယ်၊ ကိုရင်တို့နှစ်ယောက်က ဖ–ဆ–ပ–လ ညွှ်သည်လုပ်မလား ဒါမှမဟုတ် စာရေးဆရာ ညွှ်သည်လုပ်မလား''

''ဘယ်လို ခြားနားမှာမို့လဲ''

''ခြားနားမှာတော့ အများကြီးဘဲ၊ ဖဆပလ ညွှ်သည်ကို ကျုပ်တို့ မန္တလေးအသင်းက တယောက် တနေ့တဆယ်၊ ခုနှစ်ရက် တွက်ပေးမယ်။ စာရေးဆရာဆိုရင် ဒီမန္တလေးစာရေး ဆရာအသင်းက ဖွတ်ကျားဘဲ၊ ဘယ်လိုကျွေးမယ်မွေးမယ်မသိဘူး၊ နေဘို့တိုက်ခန်းတောင် သူတို့ ကမန်းကတန်း ရှာနေတုန်းဘဲ၊ ကျုပ်တို့မှာတော့ ဖဆပလ အသင်းတိုက်က အဆင့်သင့်ဘဲ''

''ဒါဖြင့် တခုမေးပါရစေအုံး၊ ကျွန်တော်တို့က ဖဆပလ ညွှ်သည်လုပ်ပြီးတော့ ဒီဖဆပလ အသင်းတိုက်မှာ မတည်းလို့ကော ဖြစ်သလား''

''ဟာ. . . ဖြစ်တာပေါ့၊ အများကြီးဖြစ်တာပေါ့၊ ကြိုက်တဲ့ အသိမိတ်ဆွေအိမ် သွားနေနိုင်ပါ တယ်၊ တာဝန်တောင် ကင်းသေး''

''ကောင်းပြီ ဒါဖြင့် ကျွန်တော်တို့ ဖဆပလ ညွှ်သည်ဘဲလုပ်မယ်''

ကျွန်တော့်စိတ်ကူးမှာ သူတို့ဆီက ငွေယူပြီးတော့ ရွှေမန်းစာရေးဆရာအသင်းက ညွှ်ခံ ရာတွင် သွားရောက် စားသောက်နေဘို့ဖြစ်ပါသည်။ အမှန်ဘဲ ကိုငွေးကြွယ် ပြောသည့်အတိုင်း ရောက်တဲ့နေ့မှာပင် သူတို့က တယောက်ကို တနေ့ ၁၀–ကျပ်နှုန်းပေးပါသည်။ သို့သော် ၇– ရက်တွက်ဆိုပြီး ၇၀–ကျပ်မရဘဲ သူတို့ထုံးစံ ၁၀–ကျပ် ခေါင်းပုံဖြတ်၍ ၆၀–ကျပ်ဘဲရပါသည်။ သို့သော် ကျွန်တော်တို့ဘာမျှမပြောပါ။ ဖဆပလတိုင်းလဲ ၆၀–ကျပ်ဘဲရတာဘဲ။

နောက်တနာရီမျှ ကြာသောအခါ၌ ရန်ကုန်က စာရေးဆရာ သတင်းစာဆရာတွေပါသော လေယာဉ်ဆိုက်ရာ၊ ကျွန်တော်က မန္တလေး စာရေးဆရာ အသင်းနှင့် ကြိုဆိုနေတော့ သန်းဆွေ နှင့် မင်းအောင်သည် ကျွန်တော့်အား တစ္ဆေကို မြင်လိုက်ရသကဲ့သို့ ဖြစ်သွားကြ၏။ မနေ့ညနေ ကဘဲ ကျွန်တော်က သူတို့ကိုယ်စားလိုက်ဖို့ လက်ငင်း ၅၀–ကျပ်၊ အကြွေး ၅၀–ကျပ်ပေးခဲ့သေး သည်မဟုတ်ပါလား။

ကျွန်တော်သည် မင်းရှင်နောင်အား ကျွန်တော့်အတွက် ဖဆပလငွေကို ယူရန် ဖဆပလတွေနှင့် ထည့်လိုက်ပြီဖြစ်၍ စာရေးဆရာတို့ကို ထားရာနေရာသို့ လိုက်ခဲ့လေ၏။

ထိုတိုက်ရောက်ပြီး မကြာမီ ချောမောလှပသော ကပြားအမျိုးသမီး တယောက်သည် ကင်မရာတလုံးနှင့် ရောက်လာသည်။ ကျွန်တော်သည် သူ့ကိုမြင်လျှင်မြင်ချင်း မှတ်မိသည်။ သူကလည်း မှတ်မိဟန်ရှိသည်။

သူသည် မန္တလေးမြို့ခန့်ခန့်ကြီး ဓာတ်ပုံတိုက်ပိုင်ရှင် အမျိုးသမီးဓာတ်ပုံဆရာမ ခင်မကြီး၊ ကလောင်အမည် ပတ္တမြားခင်ဟု ပြောပြ၍ ကျွန်တော်တို့စာရေးဆရာများကို တယောက်စီ နာမည်ဖော်၍ မိတ်ဆက်ရေးရာ၌ ကျွန်တော့်နာမည်ပြောလိုက်တော့ ခင်မကြီးသည် သူ့လက်ကမ်းပေးကာ. .

''ယူး. . . သော်တာဆွေ''

''ရက်စ် မိုင်အိုးဂဲလ်''

ယင်းသို့ ပြောလိုက်သည့်အဓိပ္ပာယ်မှာ သူနှင့်ကျွန်တော်သည် ယခင်ကတည်းက တွေ့ပြီး မြင်ပြီး သိပြီးသား။

အကြောင်းမှာ ၁၉၄၆ခုနှစ်တွင် ကျွန်တော် ဆန်ကုန်သည်အဖြစ်နှင့် မန္တလေးမြို့ ဟသ်ာညွှန့် ဆန်စက်ပိုင်ရှင် ဦးသက်တင်၊ ဒေါ်စောရင်တို့၏ ဟသ်ာညွှန့်တိုက်မှာ တည်းခိုနေစဉ် ထိုစဉ်က အပျိုပေါက်မျှရှိသေးသော ခင်မကြီးသည် ဆိုင်ကယ်စီးကာ ဒေါ်စောရင်ထံ ဆန်ဝယ် လာလေ့ရှိရာ၌ ကျွန်တော်က မျက်စိကျခဲ့သည်။ သူကတော့ မသိ။ သူလိုချင်တဲ့ဆန်ပို့လိုက်ရန် မှာကြားပြီး ကျွန်တော်က ''မမရင်ရေ. . . ကျွန်တော်မန္တလေးမှာ ပထမဦးဆုံးမျက်စိကျတာကတော့ သူဘဲ ခင်ဗျ၊ နာမည် ဘယ်သူတဲ့လဲ''

''တဂ္ဂနက်စ်တဲ့ ဗမာလို ခင်မကြီး''

''ဟာ. . တင်ကွကွဟီး ရင်ကလဲ ကြီးတဲ့ ခင်မကြီးနံမယ်နဲ့ လိုက်ပေ့ဗျာ''

''ဒါပေမယ့် မင်းနောက်ကျသွားပြီကွာ၊ သူ့မှာ အိမ်ထောင်နဲ့''

''ဟိုက်''ဆိုလိုက်မိပြီး ''ဟုတ်မှာပေါ့လေ ဒီလောက်လှတဲ့အမျိုးသမီးဟာ အပျိုသက် ရှည်ခဲသားဘဲ''

ထိုစဉ်က (ကျွန်တော်ကတော့ မျက်စိကျခဲ့သည်။ သူကတော့မသိ။)ဟု အခုနက ရေးခဲ့ရာ ခင်မကြီးသည် သော်တာဆွေ စာရေးဆရာအဖြစ်နှင့်ကား၊ ကျွန်တော့်ဝတ္ထုတွေ အလွန်ကြိုက်လှ ကြောင်းပြောသည်။ နောက်တနေ့ညနေမှာ သူ့ကားကိုယ်တိုင်မောင်းလာ၍ ကျွန်တော့်အားခေါ် ပြီး သူ့ကားပေါ်တက်စေလျက်၊ ကားထွက်သောအခါ၌. . .

''ဒို့. . သော်တာဆွေကို ကားတင်သွားပြီဟေ့''ဟု အော်ဟစ်ခဲ့သည်။ ခင်မကြီးသည် ထိုစဉ်က ရဲရင့်၍ ပျော်ရွှင်တတ်သော မိန်းကလေးဖြစ်ခဲ့သည်။ သူ့ဓာတ်ပုံတိုက် အပေါ်ထပ်သို့ ခေါ်သွားပြီး၊ အသင့်ပြင်ထားသော အရက်ပွဲနှင့် ညှော်ခံသည်။ အခြားအမျိုးသမီးတယောက်လဲ ပါသည်။ သူတို့လည်း အနည်းငယ်စီသောက်ကြလျက် ခင်မကြီးက. .

''ကိုဆွေ. . . သောက်သောသောက်၊ ဘာမှမကြောက်နဲ့ ကိုဆွေ့ကို အရက်တိုက်ပြီး ခင်တို့ က ဘာမှမလုပ်ဖူး၊ စိတ်ချ''

သူ့အဖော်က–

''ခင့်လူကို မူးအောင်တိုက်ပြီး သူ့အိတ်ထဲက ပိုက်ဆံနှိုက်ယူရအောင်ကလဲ ကိုယ်တို့ ခုရင်းထားတဲ့ အရက်တပုလင်းဘိုးမှ ရပါ့မလားမသိဘူး''

ခင်မကြီးက–

''ယူ–သူ့ဆီက ပိုက်ဆံတော့ မမြော်လင့်နဲ့ဆရာ၊ ဖောင်တိန်တချောင်းဘဲ ရနိုင်လိမ့်မယ်၊ မဟုတ်ဖူးလား. . ကိုဆွေ၊ ဖောင်တိန်တော့ပါရဲ့ မဟုတ်လား''

အာဂ သူငယ်မတွေ၊ သူတို့သည် ဟာသ စာရေးဆရာကိုမှ ရယ်စရာတွေ ပြောကြသည်။ ဒီတော့ ကျွန်တော်ကလည်း. .''

''စာရေးဆရာဘဲဗျာ. . . တချောင်းတော့ ရှိတာပေါ့''

''အဲဒီဖောင်တိန်က ဟောင်းများနေပြီလား''

ဟာ. . လုပ်ပြန်ပြီ။

မဟောင်းဘူးဗျ။ ကျွန်တော့် ဖောင်တိန်က အမျိုးကောင်း အဲဗားလတ်စ်တင်းဘဲ''

ထို့ကြောင့် အဲဒီညက ခင်ကြီးအော်တိုတွင် ကျွန်တော်ရေးခဲ့သည်မှာ. . .

တခါတွေ့ရုံနဲ့

မြာနှစ်ပွေ့ရယ်က ကြာအပြေ့ရယ်နဲ့

မန်းသူတွေ နန်းမူနဲ့ ထွေ့တယ်ဗျ၊

မမေ့ပေါင် သည့်တသက်မှာဖြင့်

အရက်ကို အဖော်သုံးတော့မယ်

ဘုန်းနေ့ ဆက်မူး။

. . . . ဟု မူးမူးနဲ့ဘဲ ဖြစ်ကတတ်ဆန်း ရေးပစ်ခဲ့တော့သည်။

ထိုမှစ၍ ခင်မကြီးနှင့် ကျွန်တော်သည် ခင်မင်ရင်းနှီးခဲ့ကြပြီး၊ နောက်မကြာမီ သူရန်ကုန်ပြောင်းခဲ့၍ ခန့်ခန့်ကြီး ဓာတ်ပုံတိုက်ဖွင့်သောအခါ၊ ကျွန်တော်လိုသမျှ ဓာတ်ပုံတွေ ရိုက်ပေးပါ သည်။ (ယခင်ကမူ ပန်းချီဦးကိုကိုလေး ဓာတ်ပုံတိုက်က ရိုက်ပေးပါသည်။)

ခင်မကြီးက ပြောလေ့ရှိပါသည်။

''ကိုဆွေ့ကို ခင်ကြိုက်တဲ့ ပုံမျိုး ရိုက်ပေးရင် ဘယ်အမျိုးသမီးမကြိုက်ဖဲ နေလိမ့်မလဲကွာ'' တဲ့။

''ဂရန်တီ ကိုဆွေ၊ ဂေါ်တိုင်း စွံရမယ်''

(၈)

မျှော်ရသူ လွမ်းလှပါပြီ

ထိုနှစ် ရွှေမန်းသင်္ကြန် စည်ကားလှပုံကိုတော့ မရေးတော့ပါပြီ။ ကျွန်တော်၏ ကိုယ်ရေးကိစ္စသာ ဖော်ပြပါတော့မည်။

လွင်ရောက်လာလျှင် ကိုဘဖဲဆီကိုသာ သွားပါ၊ သူက ကျွန်တော့်ဆီ လိုက်ပို့ပါလိမ့်မည် ဟု စာရေးထားသဖြင့် ကျွန်တော်သည် ဘယ်နေ့ ဘယ်အချိန်၌ ဘယ်မှာရှိနေမည်ဟု ကိုဘဖဲအား

ပြောကြားထားရပါသည်။ ထိုစဉ်က ကျွန်တော်က စာရေးဆရာများ တည်းခိုရာနှင့် ဆရာကြီး ရွှေဥဒေါင်းနေသော ဆရာမြမျိုးလွင်အိမ်သို့ ကူးချည် သန်းချည်နေရာ၊ ထိုနေရာ နှစ်ခုအကြား၌ ရှိသော ကိုဘဖ၏ ရဲရင့်စာအုပ်ဆိုင်သို့ ဝင်ဝင်ပြီး''ကျွန်တော်အခု စာရေးဆရာတွေ ဂေဟာ သွားမယ်ဗျို့'' ပြန်လာခဲ့တော့လည်း ''ကျွန်တော် အခု ဆရာလွင်အိမ် သွားပြီဗျို့''ဟု မပြတ်မှာ. . မှာ ပစ်ခဲ့ရ၏။

သို့သော် လွင်သည် သင်္ကြန်ပွဲ ပြီးသည်အထိ ရောက်မလာဘဲ နှစ်ဆန်း ၂–ရက်နေ့မှ ကျွန်တော့်နာမည်နှင့် ကိုဘဖဆိုင်သို့ စာရောက်လာသည်။

မိုးကောင်း

၁၂–၄–၅၁

ဆွေရေ. . .

ဆွေ. . . ဆွေ. . . ဆွေ. . . လွင့်ကို အပြစ်တင်တော့ကွာ. . . တင်တော့။ လွင်တော့ ဆွေစီရင်သလို ခံရတော့မှာဘဲ။ လွင်. . . ဆွေချိန်းတဲ့ရက် ဘာကြောင့်မလာနိုင်သလဲဆိုတာကို ဆွေ့ရင်ခွင်ထဲ ရောက်မှဘဲ အသနားခံပါတော့မယ်။ အခုတော့ မပြောဝံ့ဘူး. . . . ဆွေ လွင့်ကို မုန်းသွားမှာစိုးလို့. .

နို့ပြီးတော့လဲ အခုလွင်ဟာ ဘယ်ရက်မှ မန္တလေးလာနိုင်မယ်ဆိုတာလဲ မပြောနိုင်သေးဘူး အဲဒါ ဘာကြောင့်လဲဆိုတာလဲ ဆွေ့ရင်ခွင်ထဲရောက်မှပြောပါရစေ။ ဆွေလက်စနဲ့ဘဲ မန္တလေး ကဘဲ စောင့်နေပါဦးနော်။ လွင် လာနိုင်ရင် လာနိုင်ချင်း ချက်ချင်းကြီး ကဆုန်ပေါက်လာခဲ့မယ် ဆိုတာတော့ စိတ်ချ။ တွေ့ကြတော့ရင် လွင်အပြစ်နဲ့လွင် ဆွေစီရင်သမျှ ခံပါမယ်။

ဆွေ. . . လွင့်ကို သနားပါကွာနော်။

မောင့်ကိုတွေ့ဘို့ တစက္ကန့်ထက် တစက္ကန့်နီးနီးလာပြီဟု မျှော်လင့်လျက်. . . .

မောင့်ထာဝစဉ်. . လွင်

(P.S ရင်ထဲ ပူလိုက်တာကွယ်၊ အသက်ရှယ်. . . )

ထိုအခါ၌ ကျွန်တော့်စိတ်ဝယ်၊ 'ဟင်. . ပေါက်တဲ့နဖူး မထူးတော့ပြီ''ဟု သကြံန်ညှော့်သည်တွေ ပြေ ၁၂ ရက်မှ ၁၈ ရက် နှစ်ဆန်း ၃–ရက် ပြန်ကြရမည်ကို ကျွန်တော်မလိုက်တော့ပြီ။ ထိုအခါ၌ မန္တလေးမှ ရန်ကုန်သို့ လေယာဉ်လက်မှတ် လိုချင်သူတွေများနေရာ၊ ကျွန်တော့် အပြန်လက်မှတ်ကို မှောင်ခိုဈေးနှင့် ရောင်းတောင်ဖြစ်နေတာ။ သို့သော် ကိုယ့်အသိ ဖြစ်နေသည်နှင့် သူဝယ်လျှင် ကျမည့်ဈေးရင်း ၁၁၀–ကျပ်နှင့်ဘဲ ရောင်းလိုက်ပြီး ယောက္ခမကြီးအား ထိုလတွက်ပေးရန် ထမင်းလခကျန်ငွေ ၅၀–ကျပ်ကို မင်းရှင်နောင်အား ပေးလိုက်ပါ၏။ ဒါမှလဲ နော်မာနားချမ်းသာမယ်။

ဟဲ့. . ဒီလိုဆိုတော့လဲ ဖဆပလ ငါ့ငွေ ၁၃၀–ကျပ်တောင် အလုပ်အကျွေး ပြုသွားပါရောလားဟု ဝမ်းမြောက် ရွှင်လန်းစွာလေဆိပ်မှ ကျွန်တော် တည်းခိုရာ ဆရာမြမျိုးလွင်အိမ်သို့ရထားလုံးကြီးနှင့် ဂျောင်းခဲ့လေ၏။

ဆရာကြီးရွှေဥဒေါင်းသည် ၁၉၅၀–၅၁ခုနှစ်က ရန်ကုန်မြို့ကျောက်မြောင်းရပ်၊ သီတာလမ်းတွင် အိမ်တခြမ်း ငှား၍အတော်ကြာမျှ နေခဲ့ပြီးနောက်၊ ၅၁–ခုနှစ် မတ်လလောက်က မန္တလေးသို့ ပြန်သွားခဲ့ရာ၊ ထိုစဉ်မှာ သူ့အိမ်ငှား၍ မရသေး။ ဆရာမြမျိုးလွင်အိမ်မှာ နေလေရာ ကျွန်တော်သည် ဆရာကြီး၏ညှော့်သည်အဖြစ်နှင့်၎င်း၊ ဆရာလွင်၏ ညှော့်သည်အဖြစ်နှင့်၎င်း၊ လင်းနို့လုပ်၍ ထမင်းဝိုင်းနှစ်ခုတွင် ကြိုက်ရာဝိုင်း ဝင်စားတော့၏။ အရက်တော့ဆရာလွင်က အမြဲတိုက်တယ်ဗျ။ အဲသည်တုန်းကဆရာလွင်မှာ ဂျစ်ကားတောင် ရှိလိုက်သေး။ လူတဖက်သား ကိုချစ်ခင်တတ်၍ မေတ္တာစေတနာထားရာ၌ ဆရာလွင်လို လူသည် အလွန်ရှားသော လူမျိုး ဖြစ်၏။ ကျွန်တော့် အတ္ထုပ္ပတ္တိဘဝမှတ်တမ်းရေးရာတွင် အလျဉ်းသင့်ရာ၌ ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ရပါမည်။ ထို့ကြောင့်. . .

ကဲ. . 'လွင်'လေးအကြောင်း ခေတ္တရပ်ပြီးတော့ ကျေးဇူးရှင် 'လွင်ကြီး'အကြောင်း။

## အခန်း–၆

### ဆရာမြမျိုးလွင်

ကျွန်တော် ဆရာမြမျိုးလွင်ကို အသက်ပြန်သွင်းပါမည်။

ကျွန်တော့်ဆရာသမား အသိမိတ်ဆွေများထဲတွင် ဆရာလွင်သည် အရုပ်ဆိုးဆုံး၊ အကျည်းတန်ဆုံးဖြစ်ပါ၏။ သို့သော် ဤသို့အရုပ်ဆိုး အကျည်းတန်သည်အမျှ သူ့စိတ်နှလုံးက ကောင်းမွန်ဖြူစင်လှ၏။

ရိုးရိုးပြောရလျှင် ကျွန်တော်သည် ငယ်စဉ်ကတည်းက အချစ်အလွမ်း ဝတ္ထုမျိုးကို ဝါသနာမပါ၍ ကျွန်တော်သည် စွဲသောဆရာလွင်၏ စာဖတ်ပရိသတ်မဖြစ်ခဲ့ချေ။ ရှင်းရှင်းဆိုသော် ဆရာမတင်ခဲ့ဘူး။ ဆရာကြီး ရွှေဥဒေါင်းမှရွှေဥဒေါင်း။ ထို့ကြောင့် ကျွန်တော်သည် ဆန်ကုန်သည်သူဌေးသား ယောင်ယောင်အဖြစ်နှင့်ငင်း၊ ဖွတ်ကျားအဖြစ်နှင့်ငင်း၊ မန္တလေးမှာ နေစဉ် ဆရာလွင် ထံသွားရောက် တွေ့ဆုံသိကျွမ်းမှုကို မပြုခဲ့ချေ။

သို့ရာတွင် တဦးတဦးချစ်ခင်ရန် ကျွန်တော်တို့၏ဘဝပါရမီက ပါလေရကား။

(၁) ကျွန်တော်သည် စာရေးဆရာပေါက်စအဖြစ်နှင့် ၁၉၄၇–ခုနှစ် နိုဝင်ဘာလမှာ မန္တလေးကအပြန် ဆရာလွင်နှင့် ရထားပေါ်မှာ တွေ့ဆုံခဲ့ရသည်။

(၂) အခုန ဖော်ပြခဲ့သည့်အတိုင်း မိုးကောင်းက ချစ်သူကိုစောင့်ရန် ကျွန်တော်ရွှေမန်းမှာတည်းခိုရတော့ ဆရာကြီးရွှေဥဒေါင်းနေရာ ဆရာလွင်အိမ်သို့ ရောက်ခဲ့ရသည်။

ကျွန်တော်သည် ရှုမဝ၌ဝတ္ထု နှစ်ပုဒ်ပါပြီးသောအခါ အချို့ပို့သည်များကိုလည်း ရွေးချယ်ထားပြီးဖြစ်၍ ရန်ကုန်ပြန်ကာ စာရေးခြင်းဖြင့် အသက်မွေးတော့မည်ဟု စီစဉ်ခိုက်၌၊ ဆရာကြီးရွှေဥဒေါင်းက ''ဟေ့ ငါလဲ ရန်ကုန် လိုက်ခဲ့အုံးမယ်ကွ၊ မင်းဘယ်နေ့ပြန်မလဲ''

''ဆရာကြီးကြိုက်တဲ့နေ့သွားမယ်လေ''

''အေး. . . အေး. . . ငါစဉ်းစားအုံးမယ်ကွ''ဟုဆိုပြီး နောက်တနေ့ညနေ သူလမ်းလျှောက်ရာက ပြန်အလာတွင်. . .

''ဟေ့ မောင်ကျင်မောင်ရေ့၊ ငါတော့ ဒုတိယတန်းက ဒကာခံမယ့်လူ တွေ့ပြီကွ၊ နက်ဖန်မနက်ရထားနဲ့၊ မင်းလဲ အဲဒီရထားနဲ့ဘဲ လိုက်ပေါ့''

''ဦးကြီး ဘယ်သူက ဒကာခံမှာတုန်း''

''မြမျိုးလွင်ကွာ''

ကျွန်တော်သည် အဘယ်တွင် ဒုတိယတန်းက စီးနိုင်အံ့နည်း။ တတိယတန်းမှ လိုက်ပါလာခဲ့၍ ကျောက်ဆယ်ဘူတာဆိုက်တော့ ဆရာသမားများ ဘာများဝတ်ကြီးဝတ်ငယ် ပြုစရာရှိပါသနည်းဟု သူတို့၏ ဒုတိယတန်းထဲ တက်သွားတော့ ဆရာသမားကြီး နှစ်ယောက် ပုလောင်တင်း နေကြသဗျ။ မြင်းဖြူတံဆိပ် ဝီစကီနှင့်။

ကျွန်တော်က ဆရာကြီးအား. . .

''ဦးကြီး ဘာများလုပ်ပေးစရာရှိသလဲ''ဆိုတော့ ဆရာကြီးက. .

''အေး. . ဒို့ပြည့်စုံပါသကွာ''ဟု ပြောတုန်း ဆရာလွင်က–

''ဆရာကြီး ဒီသူငယ်ဘယ်သူလဲ၊ ရုပ်ရည်လေးကသန့်ပါဘိ''

''ကျုပ်တပည့် စာရေးဆရာပေါက်စပေါ့၊ သူ့ဝတ္ထုနှစ်ပုဒ် ရှုမဝမဂ္ဂဇင်းထဲမှာပါပြီးပြီ၊ လူနံမယ် မောင်ကျင်မောင်၊ ကလောင်နံမယ်က သော်တာဆွေ''

ဒီတော့ ဆရာလွင်က ဝမ်းသာအားရ. .

''သော်တာဆွေ၊ ကျုပ်သူ့ဝတ္ထုဖတ်ဖူးတာပေါ့၊ အင်မတန်တော်တဲ့ သူငယ်ဘဲ''ဆိုပြီး ကျွန်တော့်အား. . .

''လာ ကိုရင် သောက်တတ်ရဲ့မဟုတ်လား''

ဒီတော့ ဆရာကြီးက ''သူသောက်တတ်ရဲ့လား မေးလို့တော့ ဆရာလွင်ရယ် မိချောင်း လေး ရေကူးတတ်ရဲ့လား မေးသလို ဖြစ်နေတော့တာပေါ့၊ ကဲ. . လာ. . လာ. . မောင်ကျင်မောင် ထိုင်''

ကျွန်တော်က ဆရာကြီးခွင့်ပြုမှ ထိုင်ဝံ့ကာ တယောက်တခွက်စီ ဆရာလွင်က ကျွန်တော့် အား ကွန်ကရက်ကျူလေးရှင်းလုပ်၍ မော့ပြီးကြသော အခါ၌–

''ဆရာကြီးရယ် . . . ကျွန်တော့်မနေ့က ဆရာကြီးတပည့်တယောက်ပါအုံးမယ် ပြောရော ပေါ့၊ ကျွန်တော် ဒီဒုတိယတန်းကဘဲ လက်မှတ်ဝယ်လိုက်မှာပေါ့၊ ခုတော့လဲ မထူးပါဘူးဒီမှာဘဲ

ကိုသော်တာ သောက်ရင်း စားရင်း ပျော်ပျော်ပါးပါး နေပေရော့၊ လက်မှတ်စစ်လာရင် ကျုပ်ကြည့်ပြောမယ်၊ ကိုရင့်ပစ္စည်းပါရင်လဲ သွားယူချည်''

ဆရာလွင်၏ ခင်မင် ရက်ရောတတ်ပုံကို ထိုမှစ၍ ကျွန်တော်သိတော့သည်။ ဆရာလွင် သည် ဤအခါ၌ ဗြိတိသျှဘားမား၏ အထက်မြန်မာပြည် ရုပ်ရှင်ကိုယ်စားလှယ်မို့ ဝင်ငွေကောင်း နေသည်။ ဝီစကီမှ တလုံးပြီးတလုံး။ ဆော်ဒါတွေကလဲ သေတ္တာလိုက်။ ရေခဲဗူးနှင့် ခရီးဆောင် ယူလာခဲ့သကိုး။

၁၉၅၁–ခု မန္တလေး နိုင်ငံတော်သကြၤန်နှစ် ကျွန်တော်ဆရာလွင်အိမ် ရောက်သွားသော အခါ၌မူ ဆရာလွင် ဝီစကီမကိုင်နိုင်တော့ပြီ။ ဗြိတိသျှဘားမားနှင့် ကွဲခဲ့ပြီဖြစ်၍ ဒီဇူဇာဆိုင်ခွဲ အိမ်မှာ ဆေးဆိုင်ဖွင့်ကာ လင်မယားနှစ်ယောက် ရောင်းချစားသောက်နေရသည်။ သို့သော် ဆင်းရဲကြပ်တည်း သည်မဟုတ်။ သူ့ဘီရိုထဲမှာ ပြည်တွင်းဖြစ်အရက်နှင့် ဆော်ဒါတွေတော့ မပြတ်ရှိသည်။ ဆရာလွင် သည် မန္တလေးဒိုင်ယာမီကပင် ဘရန်ဒီကို သောက်၍ ကျွန်တော်က ရမ်သောက်လေ့ရှိသဖြင့် သူက ကျွန်တော့်အတွက် ရမ်ပုလင်းများ ဝယ်ထားတတ်ပါသည်။

ထိုစဉ်၌ ကျွန်တော်မှာ မန္တလေးတွင် အရက်မရှားပါ။ ကြီးပွားချမ်းသာ၍ တိုက်ဆောက်ပြီး မော်တော်ကား စီးနေသော ကိုတက်ပြားအိမ် သွားသောက်မလား။ မန္တလေးပိုက်ကျုံးလမ်းမှာ ပွဲရုံဖွင့်ထားသော ကိုလှစိန်နှင့် အဝင်းတို့အိမ် သွားသောက်မလား။ ကိုဘဖံထံ 'ရမ်တပုလင်းနဲ့ ဘဲကင်တခြမ်းဝယ်ပေးလိုက်စမ်း''ဟု ဆိုက်ကားသမားနှင့် စာရေးလွှတ်လိုက်မည်လား။ ထို့ကြောင့် ကျွန်တော်သည် ရန်ကုန်မြို့ ယောက္ခမအိမ်မှ မန္တလေးဆရာလွင့်ဂေဟာ ရောက်လာရသည်မှာ ငရဲမှနတ်ပြည် ပြောင်းလာရသကဲ့သို့ ဖြစ်နေပါ၏။

ထိုအချိန်၌ ထိုအိမ်မှာ ဆရာလွင်တို့တွင် လက်ရှိသားသမီးမရှိ။ 'တုတ်ပွ'မည်သော မြန်မာခွေးစိတ်တိုတို အကောင်ကြီးနှင့် သူတို့လင်မယားနှစ်ယောက်ဘဲနေကြသည်။

ဆရာလွင်ကတော် မမသောင်းသည် ဆရာလွင်ရုပ်ဆိုးသလောက် ချောမောလှပ၍ သဘောသကာယ ကောင်းလျက်၊ ကာလသားများနှင့် ကာလသား ဆန်ဆန်နေထိုင်ပြောဆိုသည်။ ကာလသားများဆိုရာ၌ တခြားလူတွေ မဟုတ်ပေ။ ဆရာလွင်အိမ်မှာ သတင်းစာဆရာ အသင်း တိုက်ဖြစ်၍ သတင်းထောက်တွေ တရုန်းရုန်းနေခြင်းဖြစ်၏။

ဆရာလွင်သည် ထိုနှစ် ကျွန်တော်တွေ့ရသော အချိန်မှ စပြီး ကျန်းမာရေး မကောင်း တော့ချေ။ ချောင်းတဟွတ်ဟွတ် ဆိုးနေတတ်လျက် အရက်ကလေးဝင်မှ နည်းနည်းသက်သာ သည်ဆိုကာ သူ့ဘရန်ဒီကို တနေ့လုံး တစွတ်စွတ် သောက်နေသည်။ သူမူးတယ်ဟူ၍ မရှိတော့ ပြီ။

သူချောင်းတဟွတ်ဟွတ် ဆိုးရင်း ဒီဇူဇာချောင်းဆိုးပျောက်ဆေး ရောင်းရပုံက ရယ်ဘွယ်ကောင်း၏။

''အဟွတ်. . အဟွတ်. . ကျုပ်ချောင်းဆိုးတာကြည့်ပြီးတော့ဖြင့် အဟွတ်. . အဟွတ် ဒီဆေးကောင်းလှချည်ဆိုပြီး အဟွတ်. . . အဟွတ် ဆေးရောင်းတဲ့ ဆရာကြီးကတော့ အဟွတ်. . အဟွတ် တတွတ်တွတ်နေပါလား မအောက်မေ့နဲ့ အဟွတ်. . . အဟွတ် ကျုပ်ရောဂါကတော့ အဟွတ်. . အဟွတ် ဇီဝက လူ့ပြည်ပြန်လာပြီး ကုတောင်မှအဟွတ်–အဟွတ် မရတဲ့ဝဋ်နာကြမ္မာနာခင်ဗျ။ အဟွတ်. . အဟွတ်''

ဆရာလွင်သည် သူ့အသံသေး အသံညှောင်လေးနှင့် စကားပြောကောင်းသူ၊ စကားပြောညက်သူ ဖြစ်ပါ၏။ သူစကားပြောလျှင် နားထောင်၍မငြီး၊ နှိမ့်ပြီး အပြောအဆိုလည်း အလွန်ယဉ်ကျေးသိမ်မွေ့၏။ သူသည် ကျွန်တော်လို သူငယ်ကိုမှ မင်းငါမပြော။ 'ကိုရင်''ကိုရင်''ကိုသော်တာ' 'ဖိုးသော်တာ'ဟုဆို၍ သူ့ကိုယ်သူမှ 'ကျုပ်'ဟုပြော၏။

## ဆရာလွင့်ကို သိပ်ချစ်သူ

ဆရာလွင်အိမ်သို့ မနက်တိုင်း မနက်တိုင်း ဆရာလွင်ထက်အသက်ကြီးပုံပေါ်သော လူကြီးတယောက်သည် ဘိုင်စကယ်ကြီးစီးကာ လာလေ့ရှိ၏။ မမသောင်းသည် ဤလူကြီး အတွက် လက်ဖက်ရည်နှင့် မုန့်ကအမြဲပြင်ထားရ၏။

ထိုလူကြီးက အချိန်မှန်မှန် ရောက်လာကာ သောက်စားပြီးနောက် ဆရာလွင်အား ''ဆရာဒီနေ့ ကျွန်တော့်ဘာခိုင်းစရာရှိသလဲ''

ဆရာလွင်က ''မရှိပါဘူးခင်ဗျာ''ဟု ပြောသောအခါ၌ ''ကျွန်တော့်ခွင့်ပြုပါ''ဟုဆိုပြီး သူ့ဖိနပ်ရော ဘိုင်စကယ်ပါ ထားခဲ့ပြီး ထွက်သွား၏။ ညနေမှ ပြန်လာကာ ဖိနပ်နှင့် ဘိုင်စကယ်ကိုစီးပြီး ပြန်လေ့ရှိ၏။

ကျွန်တော်က ဒီလူကြီး (သူ့နာမည်မေ့နေသည်) အကြောင်းမေးကြည့်တော့ သူသည် ရှေးယခင် အင်္ဂလိပ်ခေတ်က ပို့စ်မင်းဖြစ်၏။ ထိုအချိန်မှာ မြမျိုးလွင်က နာမည်လျှမ်းလျှမ်း တောက် စာဖတ်ပရိသတ်ဆီက ချီးမွမ်းမိတ်ဖွဲ့စာတွေ တဖွဲဖွဲရောက်။ ဒီလူကြီးက နေ့တိုင်းရောက် ထို့အပြင်–

''ကျုပ်တို့ခေတ်က အခုမောင်ရင်တို့ခေတ်လို မဂ္ဂဇင်းတွေကမများဘူး၊ အားမကိုးရဘူး၊ နှစ်ပဲတန်၊ လေးပဲတန်၊ ရှစ်ပဲတန် လုံးချင်းဝတ္ထုတွေနဲ့ နေ့စဉ်သတင်းစာမှာ အခန်းဆက်ဝတ္ထုတွေ နဲ့

နေ့စဉ်သတင်းစာမှာ အခန်းဆက်ဝတ္ထုရေးရတော့ ကျုပ်ကနေ့တိုင်းနေ့တိုင်း ရေးပို့တာမှာ သူ့ဘဲအားကိုးရသဗျ။ ကျုပ်ညရေး သူက စာတိုက်ဖွင့်ချိန် လာယူ၊ အဲသည်ကထဲက စပြီး ကျုပ်အိမ် မနက်တိုင်းလာခဲ့တာ အခုထိဘဲ ကိုသော်တာရေ့''

ဆရာလွင်က ဒီပို့စ်မင်းကြီးအား ရက်ရက်ရောရော ပေးကမ်းခဲ့မည်ကိုတော့ ကျွန်တော် မေးနေစရာ မလိုတော့ပါ။

ဤတွင် မမသောင်းက–

''ဒီမှာ ဆရာလွင်၊ ကျုပ်အိမ်ကို မနက်တိုင်းလာလို့ တော်မပြောပါနဲ့''ဆိုပြီး ကျွန်တော့် အား ''ဒီမှာ သော်တာရေ့. . . မင်းဆရာ ရန်ကုန်ကိုသွားနေတယ်၊ ဒါမှမဟုတ် တခြားခရီးထွက် နေတယ်ဆိုရင် ကိုယ်တော်မြတ်ကြီး လာတော်မမူတော့ပါဘူးခင်ဗျ၊ တခါတလေ အိမ်ရှေ့ရောက် လာ (ဆရာမရောက်သေးဘူးလားမေး) (မရောက်သေးဘူး)ဆိုရင် သုတ်ကနဲ ထွက်သွားရော၊ ကဲ့. . ဒီမှာ ကြည့်စမ်းသော်တာ၊ မင်းမြင်တဲ့အတိုင်းဘဲ၊ နေ့စဉ်ကော်ဖီလက်ဖက်ရည်နဲ့ မုန့်ပွဲပြင် ပေးရတာကငါ၊ တကယ်ဆိုရင် ဆရာမရှိတုန်း ဆရာကတော် ကျွန်တော်ဘာလုပ်ပေးစရာရှိသေး လဲ မေးဘို့မကောင်း ဘူးလား၊ ခုတော့ မေးပေါင်တော်၊ အိမ်တောင် လာဖော်မရတော့ဘူး၊ သူ့ဆရာမှ သူ့ဆရာကွဲ့များ အသက်ရှိတယ်တောင် အောက်မေ့တာ မဟုတ်ဖူး'

ဆရာလွင်က ရယ်မောနေ၏။

ကျွန်တော်က ''အခု သူ့ဖိနပ်နဲ့ ဘိုင်စကယ်ထားပြီး ဘယ်ကိုသွားတာလဲ''

''ဘုရားမှာ တနေ့လုံးသွားနေတာ''

''မဟာမြတ်မုနိကို မဟုတ်လား၊ တော်တော်ဝေးသားဘဲ၊ ဘာလို့ဘိုင်စကယ်စီးမသွားလဲ''

''အောင်မယ်. . သူ့လဲ ကြည်ညိုတဲ့လူတွေရှိတယ်မောင်၊ အဲဒီဘုရားလမ်းပြေးတဲ့ ဘတ်စ် ကားသမားတွေက သူ့ဆိုရင် ဘယ်သူကမှ ပိုက်ဆံမယူကြဘူး'

ထိုလူကြီးသည် ဆရာလွင်သေသည်အထိ နေ့စဉ်မပြတ်လာခဲ့၍ ''ဆရာဒီနေ့ကျွန်တော့် ဘာခိုင်းစရာ ရှိသလဲ''ဟုမေးမြန်းခဲ့၏။

ကဲ့. . . သင့်တွင် ဤမျှချစ်ခင်ရိုသေ လေးစားသူရှိပါသလား။

ဆရာလွင်ကား လူလူချင်းကသာ မဟုတ်၊ တိရစ္ဆာန်များကလည်း ချစ်ခင်ကြသေး၏။

ဆရာလွင်သည် သီလရင်တွေကို ဆွမ်းဆန်လောင်းလေ့မရှိသော်လည်း၊ နေ့စာကလေး တွေနှင့် ငှက်ကလေးတွေကို ဆန်ပက်ကျွေး၏။ ရှဉ့်ကလေးတွေကို ထမင်းကျွေး၏။ သစ်သီး၊ ငှက်ပျောသီးကျွေး၏။ သူတို့အတွက် သင်ပုတ်စင်ကလေး ပြုလုပ်ထား၏။

ဆရာလွင် အလုပ်မှာ စာကလေး၊ ငှက်ကလေးတွေ အစာကျွေးရာတွင် ပြဿနာမရှိသော်လည်း ရှဉ့်တွေ ကျွေးရာမှာ သူ့တွင်အော်ရငေါက်ရသေး၏။

အကြောင်းမှာ (ကျွန်တော်ရှိစဉ်ခိုက် သတိပြုမိသည်) ရှဉ့်အကြီးဆုံးတကောင်သည် ဗိုလ်ကျ၏။ သင်ပုတ်စင်မှာ သူတကောင်ထဲ လာစားပြီး ဒိပြင်အကောင်ငယ်တွေကို မာန်ဖီ၍ သူ့အနားလာလျှင် ကိုက်ကိုက်လွှတ်၏။

သည်တော့ ဆရာလွင်မှာ ဒီကောင် အစာစားနေသည်ကို ကြည့်နေရ၏။ သူဝပြီးမစားတော့ဘူး၊ သို့သော် သင်ပုတ်ပေါ်က မသွားဘဲ သည့်ပြင်ကောင်တွေကို အမြီးတဖွားဖွား၊ စောင်းမွေးတထောင်ထောင်နှင့် မာန်ဖီနေပြီဆိုပါက ဆရာလွင်က ဒီကောင်ဆီသွားကာ–

''ဟေ့ကောင်. . . မင်းစားပြီးရင် သွားတော့၊ သူများရန်ရှာမနေနဲ့၊ မင်းတော့နော် တော်တော်စိတ်နှလုံးပုတ်တဲ့ကောင်ကြီး၊ မင်း အရိုက်ခံရတော့မယ်'' ဆိုပြီး ဒီရှဉ့်ကျောကို သူ့လက်ညှိုးလေးနှင့် ရိုက်လိုက်တော့မှ ကိုယ်တော်မြတ်က သုတ်တော်မူ၏။ ဒီတော့မှ အခြား ရှဉ့်တွေလာစားရ၏။

ဤရှဉ့်တွေကို ဆရာလွင်ဖမ်း၍ရသည်။ ကျွန်တော့်ကိုမူကား အနားကပ်မျှမခံကြ။

## ဗွတ်ကလုံ လင်မယား

တနေ့သောအခါ၌ ဆရာလွင်ထိုင်နေသော အိမ်ရှေ့စားပွဲတွင် ဗွတ်ကလုံကလေး နှစ်ကောင် လာနား၍ ဆရာလွင်က မမသောင်းအား–

''မအေကြီးရေ. . . ဟောဒီ မင်းခလေးတွေလာနေကြတယ်။ ဆန်ကလေးယူခဲ့ပါအုံးကွာ'' ဟု လှမ်းပြောလိုက်၍ မမသောင်းက ဆန်ယူလာပြီး အိမ်ရှေ့ ပက်ကျွေးလိုက်တော့မှ သွားစားကြ၏။ ဆရာလွင်က ကျွန်တော့်အား–

''သော်တာ. . . အဲဒီ ဗွတ်ကလုံနှစ်ကောင် ဘယ်ဒင်းအထီးလဲ ဘယ်ဒင်းအမလဲ သိလား''

ကျွန်တော်လည်း တိရစ္ဆာန်ကို အတော်လေ့လာသူဖြစ်၍–

''ဟိုဘက်ကောင်က အထီး၊ ဒီဘက်ကအမ မဟုတ်လား''

''အေး. ဟုတ်တယ် ဒါပေမယ့် သူတို့ငယ်လင်ငယ်မယားမဟုတ်ဖူးကွ၊ အထီးလေးက မုဆိုးဘို၊ အမလေးက နောက်မယား''

''ဟာ. . . ဆရာ ဘယ့်နှယ်လုပ် သိလဲ''

''ဒီအထီးကလေးဟာ အရင်မယားနဲ့တုန်းကထဲက ဒို့အိမ်မှာလာစားသောက်နေတာ၊ သူတို့ဝရင် ပြန်သွားကြရောကွ၊ နောက်ဆာမှလာကြတယ်၊ စုံတွဲဘယ်တော့မှမခွဲဘူး၊ တနေ့တော့

ကိုသော်တာရေ. . အမ,လေး ပါမလာဘူး၊ အထီးလေးတကောင်ထဲ၊ သူဟောဒီစားပွဲပေါ်မှာ အတော်လေးတဖျတ်ဖျတ်နဲ့ လူးလိုက်လှိမ့်တာ. . . ပါးစပ်ကလဲမြည်ရဲ့ကွဲ့၊ သူ့ငှက်မလေးကို တယောက်ယောက်က ပစ်လိုက် ခတ်လိုက်ပါလိမ့်မယ်. . သနားစရာ အင်မတန်ကောင်းတယ်၊ သဘောကတော့ သူကျုပ်ကိုလာပြီး တိုင်တာပြောတာ ဖြစ်ပါလိမ့်မယ်၊ နောက်ဆုံးတော့ ဟောဒီ ကျုပ်ရင်ဘတ် စွပ်ကျယ်နှုတ်ခမ်း ခြေလေးကုပ်လာနားပြီး ကျုပ်ရင်ဘတ်ကို အတောင်လေး တဖျတ်ဖျတ်ခတ်ပြီးတော့မှ ပျံသွားတယ်၊ တလ ကိုးသီးတင်းလောက် သူပေါ်မလာတော့ဘူး၊ နောက်ဆုံးမှ အခုကောင်မလေးနဲ့ ပြန်လာတာကိုရင်ရဲ့''

ဆရာလွင်၏စေတနာ

၂၅–၁၁–၆၂

သော်တာ

သတင်းစာထဲမှာ ဖတ်ရသည်။ အမှုဖြစ်ရင် ငွေလိုတယ်။ ကိစ္စကို မမေးလိုဘူး။ ငွေရှိရဲ့ လား။ မရှိရင် T.M.O နဲ့ပို့လိုက်မည်။

ဘလွင်

ဆရာလွင်သည် စာကိုတိုတိုနှင့်လိုရင်းသာရေးသည်။ ဤစာကျွန်တော့်ဆီ ရောက်လာရ သော ကိစ္စကား ၁၉၆၂–ခုနှစ်၊ နိုဝင်ဘာလ ၂၂–ရက်နေ့ညတွင် ကျွန်တော့်အိမ်ခြေရင်းအိမ်က အဖွားကြီးအား ကျွန်တော်ကပုလင်းနှင့်ပေါက်၍ ရိုးရောက်အမှုဖြစ်နေသောကြောင့် သတင်းစာ များထဲ ပါသွား၍ ဖြစ်၏။

ဤကိစ္စကို စာဖတ်သူများအား ယခု ကျွန်တော့်ဘဝမှတ်တမ်းကျမှဘဲ ရှင်းရတော့မည်။

သည်အဖွားကြီး အမှုတိုင်သည်မှာ ကျွန်တော်ကသောက်စားမူးယစ်ပြီး အကြောင်းမဲ့ သက်သက် သူ့ကိုပုလင်းနှင့်ပစ်ခတ်ပါသည်ဟုဆိုသည်။

ကျွန်တော် အရက်မမူးဘူးတော့မဆိုပါ။ ညနေတိုင်း မူးနေကျဘဲ။ အကြောင်းကတော့ ရှိပါ၏။

ဒီအဖွားကြီး အိမ်နောက်ဖေးတည့်တည့်မှာ ခြံကွက်လပ်တခုရှိသည်။ သူက မတန်တဆ ဈေးနှင့် ဝယ်နေသည်။ ပိုင်ရှင်က မရောင်း။ ဒါကို ကျွန်တော်က ကျွန်တော့်သူငယ်ချင်း (ဗိုလ်ကြည်) ယခု အင်းစိန်ပါတီယူနစ် ဥက္ကဋ္ဌဗိုလ်ကြီး မောင်ကြည်အား နှစ်ထောင်နှင့်ဝယ်ပေး လိုက်သည်။ ဤမှစ၍ ဒီအဖွားကြီး ကျွန်တော့်ကိုရန်ညှိုးသိုတော့၏။ ကျွန်တော်တို့အိမ်သားများ နှင့် မခေါ်မပြောတော့ဘဲ ကျွန်တော့်အကြောင်း အမနာပပြောတော့၏။

ထိုစဉ် ဗိုလ်ကြည်မှာ ပဲခူးယ်ကုန်းမှာနေ၍ သစ်နှင့်လက်သမားတွေလွှတ်၍ အိမ်ဆောက် စေ၏။

ဤအဖွားကြီးအိမ်သည် မူလကတည်းက နောက်ဖေးခြံထဲကို သူ့မီးဖိုတံစက်မြိတ် တတောင်လောက်ဝင်အောင် ဆောက်ထား၏။ ခြံပိုင်ရှင်က ရိုးသားရုံမက ဒီအဖွားကြီးကိုလည်း ကြောက်ရွံ့၍မပြောဝံ့ကြ၊ သူက ပိုက်ဆံလေး တော်တော်ရှိ၍ အရပ်ထဲ ငွေတိုးချေးစားနေသူမို့ ဆင်းရဲသားတို့ အပေါ်၌ ဩဇာလဲရှိ၏။

သူ့ကို တော်လှန်ရဲသူက ကျွန်တော်တယောက်ဘဲ ဖြစ်နေသကိုး။

လက်သမားတွေ အိမ်ဆောက်နေကြတော့ သူလုပ်ပုံမှာ သူ့အိမ်အပေါ်ထပ် မီးဖိုခန်းက နေပြီးတော့ အညစ်အကြေးရေတွေ တမင်တကာကျုံးနေသော သူ့တံစက်မြိတ်မှ တဖျန်းဖျန်း သွန်ချနေသည်။ လက်သမားတွေ သူ့ခြံစပ်ကပ်ရင်း လောင်းချရင်းမို့ လက်သမားများက ကျွန်တော့လာတိုင်၏။

ကျွန်တော်က သူကြီးအား သွားတိုင်၏။ လက်သမားများအလုပ် လုပ်မဖြစ်နိုင်လောက် အောင် ဖြစ်နေသည်။ ဒါကြောင့် ရေတွေမသွန်ချဘို့၊ သို့မဟုတ် ရေတံလျှောက်လုပ်ဖို့ သွားပြော ပေးပါဟု တောင်းပန်၏။

ဟိုက်. . . ဒီအဖွားကြီး ဒီသူကြီး ဘာဂရုစိုက်လိမ့်မလဲ၊ သူ့ကြွေးက သူကြီးအပေါ် တော်တော်များရှိနေတာကိုး။

''ငါက သူကြီးများ သောက်ဂရုစိုက်လို့''ဟု ကျွန်တော်ကြားအောင် တမင်ပြောပြီး ပို၍သွန်ချ၏။

ကျွန်တော်ဒုတိယအထစ် လုပ်သေး၏။

ဗိုလ်ကြည်ကတော် ဒေါ်ကြည်လည်း ရောက်နေခိုက်ဖြစ်၍ မူလခြံပိုင်ရှင် ဒေါ်ရေပေါ်ရယ် ကျွန်တော့်ဇနီးရယ်၊ ဒေါ်ကြည်ရယ်သုံးယောက် ဒီအဖွားကြီးအိမ်ပေါ် သွားပြီးပြောဘို့ခိုင်း၏။

ထိုနေ့ည ၇–နာရီလောက် ကျွန်တော်အိမ်ပြန်ရောက်တော့ မီးဖိုခန်းထဲ ဒီအဖွားကြီး အိမ်ဘက်ကပ်နေတဲ့ ပြတင်းပေါက်နားမှာ ကျွန်တော်တို့ လင်မယားနှစ်ယောက်စကားပြောကြ တယ်။

''မေ ဒီကနေ့ မောင်ပြောတဲ့အတိုင်း သွားပြောလား''

''ပြောတယ်. . . အမယ်လေး ဘာပြန်ပြောတယ်မှတ်လဲ၊ ငါ့သဘောတဲ့၊ ညည်းတို့ငါ့အိမ်ပေါ် ကဆင်းသွားကြတဲ့''

ယင်းအခိုက်မှာဘဲ ဒီအဖွားကြီးက ကျွန်တော့်အိမ်ပြတင်းပေါက်နဲ့ တည့်တည့်၊ သူ့အခန်း ပြူတင်းပေါက်မှာ ကျွန်တော်တို့ကို ပမာမခန့်မျက်နှာကြီးနဲ့ ဘွားကနဲ ပေါ်လာတော့ ကျွန်တော့် ကြောင်အိမ်ပေါ်က ငှက်ပြာရည် ပုလင်းနှစ်လုံးဟာ ကျွန်တော်တောင် ကောင်းကောင်းမသိလိုက် ရပါဘူး။ ဝုန်းဝုန်းနဲ့ တလုံးပြီးတလုံး ထွက်သွားကြတာ တလုံးက တံခါးဘောင်မှန်ပြီး လည်ပင်း ကျိုး

အောက်ပိုင်းက အိမ်အောက်ကျသွားတယ်၊ နောက်တလုံးကတော့ သူ့အခန်းထဲ ဒါရိုက်ဖဲ ဝင်သွားတယ်။

တကယ်တော့ ဒီပုလင်းတွေဟာ သူ့ကိုမမှန်ပါဘူး။ ကျွန်တော်ကောင်းကောင်းသိပါတယ်။ သေသေချာချာ မှန်စေချင်တဲ့စိတ်နဲ့ ချိန်ပစ်တာမှမဟုတ်တဲ။ ကျွန်တော်က ဒေါသကြီး အင်မတန် လက်မြန်တဲ့ကောင်မို့ . . .

အကယ်၍သာ ကျွန်တော်သေသေချာချာ ချိန်ပစ်လို့ပုလင်းသာသူ့ရင်ဘတ်မှန်မယ်ဆိုရင် ဒါကြီး ဘယ်သက်သာမှာတုန်း၊ ၁၀–ပေလောက်ကွာတာဘဲ၊

အခုတော့ သူ့မှာ ဘယ်တုန်းကဖြစ်ထားတဲ့ ဒဏ်ရာဟောင်းမှန်းမသိပါဘူး၊ ညှပ်ရိုး အောက်နားမှာ ကျွန်တော့်ပုလင်းမှန်ပါတယ်လို့ စွဲချက်တင်တယ်။ ဆရာဝန်ကလဲ တုံးသောအရာ ဝတ္တုနဲ့ ထိခိုက်မိတာ ဖြစ်နိုင်တယ်လို့ ထွက်တယ်။

အမှုမှာ သူ့ဘက်က သက်သေလေးယောက်တောင် ထည့်ထားတယ်။ သူ့သမီးရယ်၊ သူတို့အိမ်အိုကြီး ပျက်စီးတာ လာပြင်နေတဲ့ လက်သမားသုံးယောက်ရယ်၊ ဒီလက်သမား သုံးယောက်အနက် ဆရာကြီးတယောက်သာ အဲဒီအချိန်မှာ ညသူ့ဆီလက်သမားခ မရသေးလို့ ပေးမလား စောင့်နေတာ။ နှစ်ယောက်က ညနေကတဲက ပြန်သွားကြပြီ။

နောက် . . . ကိုဖေသိန်း အိမ်ဆောက်တော့ ကျွန်တော်အဲဒီလက်သမားတွေဘဲ ငှားပေးလို့ အကုန်ဖွင့်ပြောပြီး ကျွန်တော့်ကို တောင်းပန်ကြပါတယ်။ သူ့အိမ်မှာ အခင်းဖြစ်ချိန်ရှိနေတဲ့ လက်သမားကြီးကလဲ သူဘာမှသိလိုက် မြင်လိုက်ရတာမဟုတ်ပါဘူး။ ဒီအဖွားကြီးကိုလဲ အဲဒီအချိန်က ဘာမှ ထိခိုက်ဒဏ်ရာမရှိပါဘူးတဲ့။ သူ့ဆီက လက်သမားခ ရစရာရှိတာ သူသင် တဲ့ အတိုင်းမထွက်ရင် မပေးဘူးဆိုလို့တဲ့။ လူရိုးတောသားကြီးတွေခင်ဗျ။

ကျွန်တော်ကတော့ ဘယ်သက်သေမှ မခေါ်ပါဘူး။ အဲဒီရုံးက စာရေးတွေ ရှေ့ဘတ်တွေ က ကျွန်တော့်စာဖတ်မိတ်ဆွေတွေဖြစ်နေတော့ ကျွန်တော်သူတို့ရုံးရောက်လာတာကိုဘဲ တွေ့ဘူး မြင်ဘူးရလို့ ဝမ်းသာနေသတဲ့။ ဒီအမှုကလဲ ကျွန်တော့်အတွက် ဘာမှမဖြစ်နိုင်ပါဘူးတဲ့။ အဖွား ကြီးရဲ့ စွဲချက်ကြည့်ပြီးတော့ ဘယ်လိုထွက်ရမယ်ဆိုတာလဲ သင်ထားကြပါတယ်။

ဒီအဖွားကြီးရဲ့စွဲချက်က ''သော်တာဆွေဟာ အလွန်အကျွံသောက်စားမူးယစ်ပြီးတော့ သူ့ကို အကြောင်းမဲ့သက်သက် ပုလင်းနှင့်ပစ်ပါတယ်''ဆိုတော့ သူ့ဟာကိုက မနိုပ်တော့ဘူး။ သူ့အပြစ်သူ ဖုံးချင်လွန်းအားကြီးနေတာကိုး။ ဒီတော့ ကျွန်တော်က သင်ကြားထားတဲ့အတိုင်း . .

''ဟုတ်ပါတယ် ကျွန်တော်အလွန်အကျွံ မူးနေပါတယ်၊ အဲဒီပုလင်းနဲ့ ပစ်လိုက်မိတယ်ဆို တာတောင် ဂတ်ကကျွန်တော့်လာဖမ်းမှဘဲ သိရပါတော့တယ်''လို့ သူ့စွဲချက်ဝန်ခံလိုက်တော့

သူဆင်ထားတဲ့ သက်သေတွေတောင် စစ်စရာမလိုတော့ဘူး။ ၆–လအတွင်း ကောင်းမွန်စွာနေစေ ဟူသော စီရင်ချက်နဲ့ဘဲ ပြီးစီးသွားပါတော့၏။

ယင်းသို့ဖြင့် ဒီတိုက်ပွဲမှာ ကျွန်တော်အောင်မြင်သည်ဟု ဆိုရမည်။ ဘာကြောင့်ဆို ကျွန်တော်ပုလင်းနဲ့ ညဦးပိုင်းမှာ ပစ်လိုက်တာ နောက်တနေ့နံနက် စောစောမှာဘဲ ဗိုလ်ကြည်ခြံ ဘက် ကျူးနေတဲ့ သူ့တံစက်မြိတ်ကို ရေတံလျှောက်တပ်ပြီး ဗိုလ်ကြည်ခြံထဲ ရေမကျအောင် လုပ် တော့သဗျ။ သူ့စိတ်ကူးကဒီလိုခင်ဗျ။ ကျွန်တော်က သူ့ကို အဲဒီတံစက်မြိတ်ရေကျတဲ့ကိစ္စကြောင့် ပစ်တယ်လို့ဆိုမယ်။ ဒီတော့သူက မဟုတ်ပါဘူး။ အိမ်မှာလာကြည့်နိုင်ပါတယ်၊ ဒီရေတံလျှောက် တပ်ထားတာဘဲ၊ ဘယ်လောက်ကြာပါပြီ၊ ဟောဒီလက်သမားတွေ သက်သေရှိပါတယ်လို့ အကွက် ဆင်တာကိုခင်ဗျ။ အာဂ အဖွားကြီး။ သို့သော် လောက၌ အမှန်ဘက်ကသာ အောင်မြင်ရ၏။

ယင်း အကျိုးအကြောင်းတွေ ပြည့်ပြည့်စုံစုံ ဆရာလွင်ဆီ စာရေးလိုက်တော့ ဆရာ ကျေနပ်သွားပါသည်။

သော်တာ

အဲဒီစိတ် အဲဒီသတ္တိမျိုးတွေ ဆရာချီးမွမ်းတယ်။

ဘလွင်

ကဲ–ကျေးဇူးရှင် ဆရာလွင်အကြောင်း ပြီးတော့ ချစ်သူ 'လွင်' အကြောင်း ပြန်ဆက်ပါမည်။

ထိုမျှမကသေး။ ဤအဖွားကြီးအား ကျွန်တော်လက်လွန်ခြေလွန် ကျူးလွန်ပြုမိသည်။ ကျွန်တော့်စိတ်ထဲမှာ မြုံနေသော အခြားအကြောင်းများလည်း ရှိသေး၏။ သူ့အိမ်မှာ အစေခံမ လေးတယောက် ထားလေ့ရှိရာ ကျွန်တော်တို့ သူ့အိမ်အနီးသို့ ပြောင်းလာခဲ့သော နှစ်မှာ အုံးကျင်မည်သော အပျိုပေါက်မလေး ချောမောသော ရုပ်ရည်ရှိ၏။

အဖွားကြီးသည် ဤအစေခံမလေးများကို ညှင်းဆဲသော ညာဉ်ရှိ၏။ ထမင်းကိုဝအောင် မကျွေး၊ အစေခံမတွေ အပျိုဖြစ်ပြီး ဝလုလာရင်ခက်တယ်၊ သခင်ကိုအာခံပြီး လင်နောက်လိုက် တတ်တယ်ဟူသော သူ့ဝါဒဖြင့် သူ့ခြံပေါက်ကို မွေးမြူလာသော အုံးကျင် ချောမောလှပလာ သည်ကို မရှုစိမ့်။ ထို့ကြောင့် အုံးကျင်ကို တဖုံးဖုံးရိုက်လျက် ထမင်းကို ဝစွာမကျွေး၊ ယင်းကို အုံးကျင်ကမနေနိုင်လို့ ခိုးစားတော့ 'သူခိုးမ' ဟုဆိုပြီး လည်ပင်းကိုနင်း၍ နှုတ်ခမ်းကို အပ်နှင့်ထိုး ၏။

ယင်းသတင်းကိုကြားတော့ အဖွားကြီးမရှိတုန်း ကျွန်တော်တို့က အုံးကျင်ကို ခေါ်မေး၏။ အုံးကျင်က ဤမျှပင်မကပါ သူ့ကိုယ်ခန္ဓာနှင့် ရင်သားများကိုပါ နာကျင်အောင်ပြုပါသေးသည်ဟု ကျွန်တော့်ဇနီးအားပြောတော့ ကျွန်တော်တို့အလွန်တရာ ကရုဏာသက်ကြသည်။ နင်ဒီအိမ်က ထွက်ပြေးပါလား၊ နင့်မှာဆွေမျိုးမရှိဘူးလား မေးတော မော်လမြိုင်ဘက်မှာရှိပါသည်။ သို့သော်

သူဘယ်ကဘယ်လိုသွားရမှန်းမသိ၊ မော်လမြိုင်ရောက်ရင်တော့ သွားတတ်ပါသည် နို့ပြီး ခရီးစရိတ်က တပြားမှမရှိပါ။

ဒီတော့ ကျွန်တော်တို့က ငွေအတွက်တော့ မပူနဲ့၊ ဒို့ပေးမယ်ပြောပြီး မော်လမြိုင် ရထားပေါ် အရောက် လမ်းစရိတ်အပြည့်အစုံနှင့် နောက်ဖေးအိမ်က လူပျိုကြီး ကိုကံညွှန့်အား ပို့ခိုင်းလိုက်၏။

အဖွားကြီးသည် အလွန်တရာ မခံမရပ်နိုင်ဖြစ်၏။ ကျွန်တော်တို့စနက်မှန်းသိသွားတော့ ထိုမှစပြီး သူကျွန်တော်တို့ကို အမျက်သိုသည်။

''ငါ့ကို ဘာမှတ်သလဲဟဲ့. . . ငါ့လင်က ရွှေတိုက်စာရင်းဝင်ဟဲ့၊ ဂျော့ဘုရင်မင်းမြတ်ရဲ့ ရွှေနားတော် ပေါက်ဟဲ့''ဟု ကျွန်တော့်ကိုကြားအောင် တမင်အော်ပြောလေ့ရှိသဖြင့် ကွယ်လွန်သူ သူ့ခင်ပွန်းက မည်သူနည်းစုံစမ်းကြည့်တော့ ဟိုခေတ်က စာတိုက်ဗိုလ်တဲ့ဗျာ၊ အဲဒါကြောင့် ရွှေတိုက်စာရင်းဝင်တဲ့၊ သူ့သားများက ရှက်ကြ၍ အမေဒါတွေမပြောပါနဲ့ဆိုလည်းမရ၊ သားတွေ ကို ပြန်မာန်မဲ၏။

ထို့ပြင် ကျွန်တော်တို့အား ဆဲပုံကလည်း ပညာသားပါ၏။ ကျွန်တော်တို့အိမ်က ခွေးများ သူ့အိမ်ဘက် သွားသောအခါ. . .

''ဟဲ့. . ဂမျင်းမအိမ်ကခွေးတွေ''ဒါက ကျွန်တော့်မိန်းမကို တွယ်တာ။ ကျွန်တော့်တွယ်ပုံ ကတော့ ''ဟဲ့ သောက်ဂမျင်းမအိမ်ကခွေးတွေ၊ နင်တို့သခင် အရက်သမားက နင်တို့ကိုကြော်ပြီး အရက်နဲ့မြည်းဘို့ ငါ့အိမ်လာပြီး ငါ့ချေးစားကြတာလားတဲ့''

ကဲ. . သူ့စကား အဓိပ္ပာယ် ဘယ်လောက်တာသွားသလဲ၊ ဒီမိန်းမကြီးက အကောင်းဘက် သာ မတော်ချင်နေရမယ်၊ သည်လိုတဖက်သား နှံဘို့ကတော့ တော်သဗျ။

ကျွန်တော်မှာ ကိုယ်စိတ်ကူးမရသည့် စကားသွားမျိုးပင် ဖြစ်နေ၍ သူ့ချီးမွမ်းပြီး ပြုံးမိ သည်။

သို့သော်. . . ကျွန်တော်တို့ ဆောင်ရွက်ချက်ကား ကိုယ့်ဟာကိုယ် မုဒိတာဖြစ်ရသည်။ အကြောင်းမှာ လေးငါးခြောက်နှစ်မျှ ကြာသောအခါ၌ အုံးကျင်အား ရန်ကုန်မြို့မှာဘဲ ချမ်းသာ သော လင်ယောက်ျားနှင့် ချောမောလှပသော ဇနီးအဖြစ် ဗိုလ်ချုပ်ဈေးမှာ မကြာခဏတွေ့ရ သည်။

လွန်ခဲ့သောနှစ်ကပင် သူ့ကလေးနှစ်ယောက်နှင့် ကျွန်တော်တို့အိမ် လာရောက်လည် ပတ်သေး၏။ သူ့မှာလက်ဝတ် လက်စားတွေအပြည့်။

## အပူအအေး

လွင်ဆီက သူဘယ်နေ့မန္တလေးသို့ လာနိုင်မည်ကို ကျွန်တော် တော်တော်နှင့်ရက်ချိန်းမရ သေးချေ။ အကြောင်းပြချက်လည်းမဖော်ပြ။ ကျွန်တော့်ရင်ခွင်ထဲ ရောက်မှဘဲ ဖွင့်ဟတောင်းပန် ဝံ့ပါမည်ဟု လျှို့ဝှက်သဲဖို လုပ်ထားသည်။

သည်တော့ ကျွန်တော်မှာ ပို၍ စိတ်စောရသည်ပေါ့။

ထိုအခိုက်မှာ ရွှေမန်းမြို့က ပူအိုက်သည်၊ မေမြို့ပြောင်းကာအိမ်ငှား၍ တနွေခိုမည်ဟု ဆရာကြီး ရွှေဥဒေါင်းက စီစဥ်သည်။ မေမြို့ရှိ သူ့တပည့်များထံစာရေး၍ အိမ်ငှားစေသည်။ ညံတောရပ်ဝယ် နှစ်ထပ်တိုက်၊ အောက်ထပ် တလ ၅၀–ကျပ်နှင့် ရလို့ပြောင်းတော့ ကျွန်တော် လဲပါသွားသပေါ့။

အဲသည်အခါမှာ ကျွန်တော်မေမြို့သို့ ပထမဦးဆုံးရောက်ဖူးခြင်း။

နေရာဌာနတခုခုသို့ ပထမဦးဆုံးအကြိမ် ရောက်ရသည်မှာ ကိုယ့်အဖို့သစ်၍၊ အန်း၍၊ နေရထိုင်ရ၊ ကြည့်ရရှုရ၊ လည်ရပတ်ရအရသာရှိလှသည်။ ကြာသွားတော့၊ သို့မဟုတ် အခေါက်အခေါက် အခါအခါ ရောက်ရတော့ ရိုး၍အီ၍ သွားတော့သည်။ ဘာနှင့်တူသနည်း။ လင်မယား နှင့်တူသည်။ ညားစတော့ ဟဲ. . ဟဲ. . ခင်ဗျားတို့ သိကြတဲ့ အတိုင်းပါဘဲ။ နောက်တော့ဘာဖြစ်လာ သနည်း။ တယ်. . . ဒီဟာမ ငါမပြောလိုက်ချင်ဘူး။

ထို့ကြောင့် ကျွန်တော်မေမြို့ရောက်စမှာ မေမြို့အကြောင်း စာဖွဲ့ခဲ့သည်။

စာရှုသူများခင်ဗျာ၊ အခု ကျွန်တော်နှင့် 'လွင်'အကြောင်းကို ၁၉၅၁–ခု၊ ဇူလိုင်လ ရှုမဝ အမှတ် ၅၀–မှာ 'အပူအအေး'အမည်နဲ့ ဝတ္ထုရေးခဲ့ပါတယ်။ အဲဒါအမှန်မဟုတ်ပါဘူး။ အခု ပြန်ဖတ်ကြည့်ပါ။ ပြီးတော့ ကျွန်တော်အမှန်ကို ရေးပြပါမယ်။

## ယခင်အရေးနှင့် ယခင်ဝတ္ထု

မေမြို့ရာသီဥတုကား မန္တလေးနှင့် ဆန့်ကျင်ဘက်ကျလှသည်။ မန္တလေးသည် ငရဲပြည်နှင့် တူ၍ မေမြို့က နတ်ပြည်နှင့်တူသည်။ ဟာ. . . ဘွာဗျာ။ ဒီလိုဆိုတော့ ရွှေမန်းသားတွေ ငရဲသားဆို ရာ ရောက်နေလို့ ရွှေမန်းသူတွေက သူတို့ခြေကျင်းနဲ့ချွတ်ပြီး ကျွန်တော့်ကိုပေါက်မှာ စိုးရသေး သည်။

မေမြို့သူကလဲ သူတို့မြို့နတ်ပြည်နဲ့ တူတယ်ဆိုတော့ 'ရှင်က ကျွန်မတို့ ဘာလို့ဆိုချင် သလဲ'' မေးပြီး ရန်တွေ့မှာ ကြောက်ရပါသေးသည်။ ထို့ကြောင့် အခြားဥပမာနှင့် နှိုင်းပါရစေ။

မန္တလေးရာသီဥတုသည် 'ယောက္ခမ'နှင့် တူ၍ မေမြို့ရာသီဥတုက 'ခယ်မ'နှင့်တူပါသည်။ (ဒါတော့ နှစ်ဖက်စလုံး နာစရာရှိမယ် မထင်ပေါင်ဗျာ။) အကြောင်းမှာ ယောက္ခမတို့မည်သည် ကြောက်စရာကောင်း၍ ခယ်မတို့မည်သည် ချစ်စရာကောင်းကုန်၏။ အဘယ်သူကို မဆိုမေး ကြည့်ပါ။ ယောက္ခမနဲ့ ခယ်မမည်သူ ဆက်ဆံချင်သနည်း။

'သူ့အိမ်ထက်ဝယ်၊ သမက်သဖွယ်၊ လွန်ညှိုးငယ်၏။ ပါပဟိန်ပြဇာတ်တွင် ရေးခဲ့သော ဦးကြင်ဥသာ ရှိသေးပါလျှင် 'သူ့အိမ်ထဲဝယ်၊ ခဲအိုပမာ၊ ရွှင်လန်းပါ၏။ဟု နောက်ဆက်တွဲရေးရန် အကြံပေးလိုပါ၏။

ထို့အတူ ကျွန်တော့်မှာ မန္တလေးတွင် သမက်သဖွယ်ဖြစ်နေ၍ မေမြို့ရောက်မှ ခဲအိုဖြစ်ရ ပါသည်။ ပထမရောက်စဦးမူ ခယ်မနှင့် မျက်နှာကြော မတည့်သေးသကဲ့သို့ အအေးဒဏ် မခံနိုင် ၍ အိပ်ရာထဲ တကွေးကွေးနေရပါသေးသည်။ သုံးလေးရက်ကြာမှ အသားကျသွားကာ ဖိမ်တွေ့ ပါသည်။ စာရေးဘို့ကောင်း၊ စိတ်ကူးလို့ကောင်း မန္တလေးတွင် 'မန်းသကြန်'ဝတ္ထု ရေးဘို့စိတ်ကူး ခဲ့ရာ အစရှာမရ။ မေမြို့ရောက်မှ ဒုတိယမြောက်နေ့မှာ ဇာတ်ကွက်ပေါ်တော့သည်။ ဆရာကြီး နဲ့ ကျွန်တော်နဲ့ အပြိုင်ချကြသည်။ သူတပုဒ် ကိုယ်တပုဒ်။ တလအတွင်း၌ တယောက် ၄–ပုဒ် ပြီးလိုက်ကြသည်။ ဒီတော့ ဒေါ်ကြည်စိုးက တပြုံးပြုံးပေါ့။ 'သားအဖနှစ်ယောက် ကျိတ်လိုက်ကြ စမ်း' တခါတခါ အနားလာ၍ မြှောက်ပေးသည်။

ရေချိုးလျှင် နေပူပူထွက်၍ ချိုးရသည်။ ဒါတောင်မှ ဖိမ်နှင့်မချိုးနိုင်။ ရှူးရှူးရှဲရှဲနှင့် အမြန် ပွတ်ကာ သပ်ကာ ပြီးရသည်။ ဆရာကြီးကမူ တရက်ခြား၊ သို့တိုင် ရေနွေးနှင့်စပ်၍။

မေမြို့မှာ အစဉ်လေအေးတိုက်နေသည်။ စာရေးလျှင်မှန်ပြတင်းတွေ ပိတ်ထားရသည်။ ရုတ်တရက် ပွင့်သွား၍ အမှတ်တမဲ့ လေဝင်လာလျှင် ရေခဲရေနှင့် ပတ်လိုက်သလား အောက်မေ့ ရသည်။ တခါတခါ၌ ဆင်ဝင်တိုးလိုက်သလားများ ဆိုလိုက်ချင်သည်။ စာရွက်တွေ ဖိထားလိုက်ရ တာက ရင်တပိုက်၊ လိုက်ကောက်ရအုံးမှာက ဖြန့်ကြဲ။

ကိုယ်မှာချွေးမထွက်။ စွပ်ကျယ်တထည်ကို ၃–၄ရက်ဝတ်။ ကျွန်တော်ဖြင့် ရောက်စ အသားတွေပတ်၍ ဟေဇလင်ဝယ်လိမ်းရသည်။ အိပ်၍ပျော်သည်၊ စား၍မြိန်သည်။ မေမြို့နွေ၏ နေ့လယ်ခင်းသည် ရန်ကုန်ဆောင်းတွင်း နံနက်ခင်းနှင့် နှိုင်းယှဉ်နိုင်သည်။ အို. . . မေမြို့မှာ အိမ်ထဲ နေရင်း နံနက်ခင်း၊ နေ့ခင်း အပူအအေးမခြားနားပါဘူးလေ။

နံနက်ဦး လမ်းလျှောက်ရာဝယ် ထင်းရှူးတော၊ သို့မဟုတ် ယူကလစ်တပ်ပင်တွေ အနီး ဖြတ်လျှောက်သွားရသော အခါ သူတို့ယနံ့က သင်းပျံ့လှပါဘိသည်။ ရင်တွင်းမှာ အေး၍စိမ့်၍

သွားပါသည်။ ရှင်း၍ လင်း၍သွားပါသည်။ အထူးသဖြင့် အာရုံကြောတွေကို လန်းဆတ်စေပါ သည်။ လမ်းလျှောက်ရင်းခုန်ချင်ပျံချင်စိတ်ပင် ပေါ်လာပေသည်။

မေမြို့တွင် ကုက္ကိုပင်မရှိ၊ ကျွန်တော်တို့ မြေလတ်ပိုင်းတွင် မပေါက်သော အပင်အေး တို့သာ ရှုမျှော်ခင်းမှာ မင်းမူနေကြသည်။ ညံပင်၊ ထင်းရှူးပင်၊ ယူကလစ်တပ်ပင်၊ ဆစ်လ်ဗား အုတ် အစ ကျွန်တော်တို့ မြေလတ်သားတွေ နာမည်မခေါ်တတ်သော အခြားအပင်များ၊ ပင်ရိုး ပင်စည် ရှည်လျားသည်။ ရွက်အုပ်ကိုင်းခက်တွေနှင့် မြင့်မားနေသည်။ မြိုင်ကျနေသည်။

မြိုင်၏အောက်ခြေဝယ် စိမ်းမြသော မြက်ခင်းပြင်၊ ထိုမြက်ခင်းပြင်တွင် ပန်းနုရောင် အဆင်းရှိသော Lily of the valley ခေါ် ဂမုန်းပင်တမျိုးတို့က တန်ဆာဆင်နေသည်။ လမ်းန ဘေးတစပ်ထိအောင် ညှော်ခံနေသည်။ နှဲအော်လံပုံသဏ္ဍာန် ၆–ရွက်ယှက်ထားသော သူတို့၏ ပွင့်ဖတ်တို့မှာ ရှမ်းမပျိုကလေး၏ ပါးကဲ့သို့နီသွေးလုနေသည်။ မင်းကတော်၏ နဖူးကဲ့သို့ ချောမွတ်ပါသည်။ ကျောင်းသူကလေး၏ လက်ဖဝါးကဲ့သို့ နူးညံ့ပါသည်။ ရနံ့မှာ သန့်စင်သော နို့စို့အရွယ် ကလေးငယ်၏ ပါးမို့ကလေးကဲ့သို့ သင်းတယ်လို့ဆိုရုံလေး. . .

တကယ်ဆိုတော့ သူတို့ဟာ မေမြို့မှာ ဂုဏ်အငယ်ဆုံးပါ။ ဘုရားပန်းတွေလဲမတင်၊ စာပွဲ လဲမထိုး၊ အပျိုတို့ကလဲ မပန်၊ ပန်းခြံဥယျာဉ်တွေမှာလဲ အခွင့်အရေးမပေး၊ ဘယ်ပေးကြလိမ့် မတုန်း။ မေမြို့မှာက နှင်းဆီ၊ ဂန္ဓမာ၊ ဇီဇဝါ၊ ဒေလီယာစတဲ့ အခြားနာမည်ကြီး အကျော်အမော် ပန်တကာ့ ဖော်တွေက ပေါလှပေသကိုး. . .

ဘယ်ကြည့်လိုက်. . . . ကြည့်လိုက် ဝဲယာမှာ ပန်းဗလာ ခြံယာမရှိ၊ မြေရှိ၊ ခြံရှိ၊ ပန်းရှိ၊ လူစိုက် လျှင်စိုက်၊ မစိုက်လျှင် သူတို့ဖာသာ အလေ့ကျပွင့်လိုက်လေသည်။ ပင်လုံးကျွတ် ပွင့်ရမည်ဆိုလျှင် ပန်းပင်တွေ မဆိုထားနှင့် ပန်းအမျိုးအမည် မဝင်သော သစ်ပင်များပါ ပွင့်ကြသည်။ အို. . အဆုံး ကုန်ပြောမည် လမ်းဘေးအသေးအမွှား မှိုချဉ်ပင် ကလေးတွေကအစ ပွင့်ကြသည်။ ပွင့်ပွင့် အကုန်ပွင့် မေမြို့သူတွေလဲပွင့်၊ ဖွင့်ဖွင့်ကားကား တုံးတုံးလုံးလုံး ရှိကြသည်။

မေမြို့ရှုမျှော်ခင်းမှာ အကွက်မဟာ၊ ဗလာမရှိ၊ သစ်ပင်မြိုင်နန်း၊ ပန်းခြံလွှမ်း၍ ပန်းပွင့် လူပွင့်အမျိုးမျိုး အပွင့်တွေနှင့် တင့်တင့်ရွှန်းနေသတည်း။

ပန်းပေါတဲ့ ပန်းတောမြို့။

အပွင့်ပေါတဲ့ အမြင်ကျောမြို့။

(၁) ချစ်ဆွေတို့ရေ. .

မေမြို့ကိုမရောက်ဖူးရင်ဖြင့်. . .

ရောက်ဖူးအောင် တခါလာခဲ့. . .

သာတဲ့မြိုင်နန်း. . .

(၂) အအေး. . . ရပ်ပါဗျ

အေးခာတ်ကယ်. . . လေပြေနှင်၍၊

လေပြေတွင် မာလာနံ့တွေက၊

သင်းပျံ့ကြိုင်လျှမ်း. . . ပါတဲ့. . .

ခင်းသန့်မြိုင်နန်း။

အသိမိတ်ဆွေမရှိပေလည်း အရေးမကြီးပါ။ တည်းအိမ်တွေပေါပါသည်။ ရေးယခင် အင်္ဂလိပ်တွေစံခဲ့၍ အင်္ဂလိပ်ဆန်သောမြို့။

ပန်းမျိုးစုံလဲပေါသည်။ အပျိုတွေလဲချောသည်။ မိန်းမဈေးလည်း သက်သာလှသည်။ ငါးသောင်းကုန်လောက် တင်သောင်းနိုင်လျှင် မိသားဖသားပီပီ ရလိမ့်မည်၊ တကယ်ပါ။

''ဟဲ့လို. . . ဖိုးဘဇံ. . ဘာကိစ္စ''

မေလ ၄–ရက်နေ့တွင် မန္တလေးရဲရင့် ဦးဘဇံက ဖုံးလှမ်းဆက်၍ ကျွန်တော်က မေမြို့ မော်တော်ယာဥ်အဖွဲ့ပိုင် ဖုံးမှပြန်ပြောရသည်။

''ခင်ဗျာ့ပါးစပ်က အရက်စော်နံလိုက်တာဗျာ''

''မနောက်စမ်းပါနဲ့လေ. . . ကျွန်တော် မေမြို့ရောက်မှ အရက်မသောက်ရဘူးဗျ၊ အကောင်း ပြောစမ်း ဘာကိစ္စ''

''ရွှေဘိုက ခင်ဗျာ့ခလေးမ ရောက်လာပြီ''

''ဟေ. . .'' ရင်ထဲတွင် ဒိတ်ကနဲပင် ဖြစ်သွားကာ. . .

''နိပ်ရဲ့လား. .''

''ချောတယ်ဗျ''

''ခင်ဗျားတို့ အညာမျက်စိနဲ့ ပြောတာလား''

''ခင်ဗျားတို့ စာရေးဆရာ မျက်စိနဲ့ကို သဘာတွေ့လောက်ပါသတဲ့၊ ဆရာမြမျိုးလွင်က ပြောတယ်''

''ဆရာလွင်က ပြောရင်တော့ ဆရာကတော် မမသောင်းလိုမျက်လုံးပြူးနေမလား မသိဘူး၊ သူနဲ့ဘယ်မှာတွေ့လို့တဲ့လဲ''

''သူ့အိမ် အရင်သွားမေးတာ''

''အခု ခင်ဗျားဆိုင်လာတယ်လား''

''ဟုတ်ကဲ့. . .''

''သူတယောက်ထဲလား''

''ဟင့်အင်း. . အဒေါ်ကြီး တယောက်နဲ့''

''အဒေါ်ကြီးကကော နိပ်ရဲ့လား''

''ဟာ. . ခင်ဗျားဟာကလဲ''

''အဒေါ်ကြီးက ခင်ဗျာ့ဘို့လေ''

''အသက် ၅၀ ကျော်ကြီးဗျ''

''ကျော်တာ ဘာဖြစ်သလဲ''

''ဟာ . . တော်ဗျာ''

''ကောင်မလေးက ကျွန်တော့်ကို ဘယ်လိုမေးသလဲ''

''သော်တာဆွေ သေပလားတဲ့''

''အညာသား လူပါးမဝနဲ့နော်၊ အကောင်းပြောစမ်း၊ ကျွန်တော့်အတွက် ဘယ်လိုမှာခဲ့ သလဲ''

''မမှာသေးဘူး၊ ခင်ဗျာ့ကို တိုက်ရိုက် ပြောချင်တယ်ဆိုလို့ ကျွန်တော်က အခုဖုံးဆက်ပေး ရတာ''

''နို့သူက အခုဘယ်မှာလဲ''

''ဒီအနားမှာဘဲ ရှိတယ်''

''အို. . . ဒါနဲ့ ခင်ဗျားက စိန်ကောင်း ကျောက်ကောင်းရောင်းခွေးကျိုးကန့်လန့် လုပ်နေရ သလား၊ ကျွန်တော်တို့ချင်း အခု ဆက်ပေးပါတော့လား''

''ဒေါသမကြီးပါနဲ့ဗျာ၊ သူက အခုသူ့အဒေါ်ကို ဈေးရုံထဲသွားဘို့ ချော့လွှတ်နေတုန်းမို့ပါ၊ ဟော. . ဟော. . အဒေါ်ကြီးသွားပြီ၊ သူလာပြီ. . .''

''ခင်ဗျား ဖယ်ပေးတော့''

''ကောင်းပါပြီ. . .''

ကျွန်တော်ခေတ္တမျှ ဆိုင်းသွားပြီးနောက်. .

''ဟဲလို ဒါလင် မြင့်''

''နေအုံးဗျ. . . ဒါကျွန်တော်ဘဲ''

''ဟာ. . ဒီအညာသားနှယ်၊ ခင်ဗျားက ဘာကြောင်တာလဲဗျ''

''ကြောင်တာ မဟုတ်ဖူးဗျ၊ သူ့အဒေါ်က လမ်းမရောက်မှ ပိုက်ဆံမေ့ခဲ့လို့တဲ့၊ ပြန်တောင်းနေလို့ အခုပေးနေပါပြီ''

''နောက်ပြီး ခင်ဗျားက ဝေးဝေးဖယ်ပေးနော်၊ ကျွန်တော်တို့ချင်း လွတ်လွတ်လပ်လပ် ပြောရအောင်''

''စိတ်ချပါဗျာ. . ဒါလောက်တော့ ကျွန်တော်နားလည်ပါတယ်''

''အေး. . လည်ပါမှဘဲ၊ ဒါမှမလည်လဲ နရင်း ဂျ၅-ချက်လောက်''

''အို. . . ဆွေ''

ရုတ်တရက် မိန်းကလေးသံလေး ပေါ်လာသဖြင့် ကျွန်တော်လွန့်ကနဲပင် ပခုံးတွန့်လိုက်မိကာ. . .

''ဟင်. . မြင့်''

''ဆွေကလဲ လူချင်းမတွေ့ရသေးဘူး၊ ဒေါသကြီးလိုက်တာ၊ ဘယ်သူ့ကြိမ်းနေတာလဲ''

''ဟို. . အညာသားကိုပါ အခုသူသွားပြီလား''

''မြင့်အနားမှာ မရှိတော့ဘူး''

''မြင့် ဘယ်နေ့က ရောက်ခဲ့တာလဲ''

''ဒီနေ့ဘဲ''

''ဆွေ့ဆီကို ဘာလို့ကြိုကြိုတင်တင် မရေးလဲ''

''ရုတ်တရက် လာခဲ့ရတာမောင်''

''ဘယ်နှစ်ရက် နေရမလဲ''

''ဒီနေ့ လေးရက်သောကြာနေ့၊ ခုနစ်ရက် တနင်းလာနေ့မှာ ပြန်ရမယ်''

''နို့. . ဆွေနဲ့ ဘယ်တော့ ဘယ်နေရာမှာ တွေ့ကြမလဲ''

''တနင်္ဂနွေနေ့ မနက် ၈-နာရီ ဝက်စလီ မိန်းခလေးကျောင်းထဲကိုလာခဲ့''

''အိုကေ. . . ဒီအချိန်မှာ ဆိုရင်နွေကျောင်း ပိတ်ထားလို့ ကျောင်းသားတွေမရှိဘူး မှုတ်လား''

''ဒါကြောင့်ပေါ့ မောင်မောင်''

''အဲဒီကျောင်းက အစောင့်တွေနဲ့ မြင့်နဲ့သိသလား''

''မြင့် ဆယ်တန်း အောင်ခဲ့တဲ့ကျောင်းဘဲ မောင်မောင်''

''ကဲ. . . အခု မြင့်အသံလဲ ကြားရပြီ၊ ရုပ်ပုံသဏ္ဍာန်လဲ ဓာတ်ပုံထဲမှာ မြင်ရဘူးပြီ၊ အသားရောင်ဘဲ ဘယ့်နှယ်နေသလဲ မသိရသေးတယ်၊ ရွှေဘိုသနပ်ခါးလိမ်းလို့ ဝါဝါညက်ညက် ဖြူနေမှာပေါ့နော်''

နည်းနည်းရယ်လိုက်ပြီး–

''မဖြူဘူး မောင်မောင်၊ အိုးမဲတုံးကြီးလိုဘဲ မဲနေတယ်''

''မြင့်လေးကတော့ကွာ. . . တွေ့မှ အရမ်းကြီးဖက်နမ်းပစ်လိုက်အုံးမယ်''

''ဟင့်. . နော် မောင်မောင် သိပ်တော့ မသဲရဘူးနော်''

''မြင့် နှုတ်ခမ်းကလေး ဖုန်းဝကပ်လိုက်စမ်း၊ ဆွေဒီကနေ စုပ်လိုက်စမ်းမယ်''

''ကြည့်စမ်း ကြည့်စမ်း၊ သူအခုတောင် ဟင့်ဒီလိုဆိုမြင့်ကြောက်တယ် ဆရာ၊ အတွေ့ မခံရဲဘူး''

''မြင့်ရေ''

''ရှင်''

''တနင်္ဂနွေနေ့ ဘယ်နေရာ''

''အို. . . မေ့သွားပြီလား၊ သေသေချာချာမှတ်ထားအုံး၊ ဝက်စလီ မိန်းခလေးကျောင်းရှင့်၊ မနက် ၈–နာရီ၊ မေလ ၆–ရက်နေ့''

မေလ ၅ရက်နေ့ နံနက်တွင် ကျွန်တော်သည် 'မန်းသကြ်န်'ဝတ္ထုကို အမြန်အဆုံးသတ် ကာ ၁၀–နာရီခန့်၌ ဂျစ်ကားနှင့် ဆင်းခဲ့သည်။

''ကောင်လေးရောက်ပြီး နောက်တနေ့ပြန်ခဲ့နော်၊ နင် မေမြို့နေပြီးလို့ မန္တလေးနေဖြစ်မှာ မဟုတ်ဖူး၊ ဟိုရောက်ရင် ပူလွန်းအိုက်လွန်းလို့ အစားပျက် အအိပ်ပျက်နဲ့ မျက်ကွင်းချောင် ကလေးနဲ့ ပြန်လာမှာ ငါမြင်ယောင်သေးတယ်၊ တနင်္လာနေ့ထိအောင် စောင့်မနေနဲ့၊ ဝတ္ထုကို ဘဖဲပို့ခိုင်း၊ ငွေသာယူပြီး ပြန်ခဲ့''

ကျွန်တော်မှာ ဝတ္ထုပို့ရန် ကိုဘဖဲဆီ ငွေယူရန်ဟုပြောပြီး လာခဲ့ရခြင်းဖြစ်ပါသည်။ ဟုတ်ပါ၏။ ဒေါ်ကြီးစိုးပြောလိုက်သည့်အတိုင်းပင် ၂၁–မိုင် ကျော်လျှင်ပင် ကျွန်တော့်ကိုယ်မှာ ပူလာလေပြီ။

မေမြို့ဆယ်နာရီခန့်ပင် အေးလှ၍ ဝတ်လာခဲ့သောဆွယ်တာကို ချွတ်လိုက်ရပြီ။ တောင်ခြေအောက် မြေပြန့်ရောက်သောအခါ၌ ရုပ်အင်္ကျီကြယ်သီးတွေကို ဖြုတ်လိုက်ရပြီ၊ ကားပေါ်တွင် ခံစားရသော လေမှာလည်း လေပူ။ မေမြို့ရောက်မှ မစို့ခဲ့သော ချွေးတို့လည်း ပြိုက်ပြိုက်ကျလေပြီ။

စင်စစ်မေမြို့နှင့် မန္တလေးမော်တော်ကားလမ်း ၄၂–မိုင်ဟုရေးထားသည် ဆိုရသော်လည်း အမှန်မှာ Crow's fly 24 miles ကျီးငှက်ကဲ့သို့ တည့်တည့်ကြီး ပျံဆင်းခဲ့သော် ၂၄–မိုင်မျှသာ ရှိ၏။ ၄–နှင့် ၂–အနေအထား လွဲနေသည်။ လမ်းကွေ့တောင်ပတ် အဆင့်အထပ်တွေကြောင့် သာ ခရီးပိုနေခြင်းဖြစ်သည်။ သို့ရာတွင် မေမြို့သည် မန္တလေးထက် ပေသုံးထောင်ခန့် ပိုမြင့်နေ ၏။ ထို့ကြောင့် ဤမျှအပူအအေး ခြားနားရခြင်းဖြစ်ပါသည်။

နေမှလွှတ်လိုက်သော အပူရှိန်သည် မြေပြင်၌ စွဲဝင်ခိုအောင်း၏။ အပူပြန်၏။ သို့အတွက် မြေပြင်နှင့် နီးကပ်သောလေမှာ အပူများရသည်။ မြေပြင်နှင့် ကွာခဲ့သော် အပူပါး လျားလာသည်။ မြေပြင်နှင့် ဝေးခဲ့သော် အေးလာသည်။ ဝေးလေအေးလေ။

မေမြို့တောင်ပေါ်သို့ တိုက်ခတ်ရောက်ရှိလာခဲ့သော လေထုသည်မြေပြင်မှ ပေသုံး ထောင်ကျော်ကွာ အရပ်မှဖြစ်သတည်း။

တောင်းကုန်းဒေသသို့ အေးခြင်းသည် ဤသဘောတရား။

ကျွန်တော်စီးလာခဲ့သော ဂျစ်ကား မန္တလေးမြို့ထဲသို့ ရောက်လျှင်ပင်ခရီးသည် တယောက်ကပြော၏။

''ကျုပ်တော့ အခုညဒီမှာ ဘယ်နည်းနဲ့မှ မအိပ်နိုင်ဘူး။ ကိစ္စပြီးပြီးချင်းပြန်တက်မယ်''

အခြားတယောက် ''ကျုပ်လဲ တကယ်လို့ အချိန်နဲနေတောင် ၂၁–မိုင်ဖြစ်ဖြစ် ပြန်အိပ် မယ်''

''ရှင်တို့အဖို့တော့ ဟုတ်မပေါ့လေ၊ ကျမတောင် မေမြို့ ၄–ရက်နေမိတာနဲ့ ဓာတ်ပျက်ပြီး ပိုပူတယ်လို့ ထင်နေရပြီ၊ မေမြို့တော့ နွေရာသီမှာ နိဗ္ဗာန်ပါပဲရှင်''

ရွှေမန်းသူတယောက်က ထောက်ခံလိုက်၏။

ကျွန်တော် ဆရာမြမျိုးလွင်အိမ်သို့ ရောက်သောအခါ ဘာနှုတ်ဆက်စကားမျှ မပြောနိုင်မီ လက်ထဲက လွယ်အိတ်ကလေးကို ဖုတ်ကနဲချ၊ ရုပ်အင်္ကျီကိုဇက်ကနဲချွတ်လိုက်ပြီး အနီးရှိမိတ်ဆွေ တယောက် ယပ်တောင်ကို အတင်းဆွဲလုလိုက်ရသည်။

နောက်တနေ့. . . .။

ဝက်စလီ မိန်းကလေးအထက်တန်းကျောင်းဟု ဆို၍ တော်တော်ခမ်းနားကြီးကျယ်လိမ့် မည် ထင်ခဲ့ပါသည်။ သို့ရာတွင် စစ်ဒဏ်ခံခဲ့ရပေသည်။ ပထမမူရင်း သမန်တလင်းပေါ်မှာသာ ထရံကာ

ဝါးကပ်မိုးအဆောက်အဦးနှစ်ခုရှိသည်။ နောက်ဖက်၌ အထပ်နှင့်ပျဉ်ကာ အုတ်ကြွပ်မိုး တခုရှိသည်။ သစ်ပင် အရိပ်အာဝါသကြီးကြီးမားမားမရှိ။ ရှေ့ဘက်၌ ထနောင်းပင်ကလေးတပင် သာ ကျွန်တော် အမှတ်အသားထားခဲ့မိသည်။

ဦးဘဖုံနှင့် ကျွန်တော်သည် ဤသစ်ပင်ကလေးအောက်မှာ အရိပ်ခိုကာ အခြေအနေကို ကြည့်သည်။ ခြောက်ကပ်လှပါသည်။ အားလုံး အဆောက်အဦတွေ ပြတင်းပေါက်မှ ဖွင့်မထားကြ၊ အတွင်း၌ လူရှိဟန်မတူ။ လက်ျာဘက် တန်းလျား၌ လူကြီးတယောက် ရေနံသုတ်နေသည်ကိုသာ မြင်ရသည်။

''ကိုဘဖုံရေ. . . သူမရောက်သေးဘူး ထင်တယ်၊ ခင်ဗျားနာရီ ကြည့်စမ်း''

ရှစ်နာရီမတ်တင်း။ သို့ရာတွင် မန်းနေသည် ကျဲကျဲကြီးပူနေပြီ။ ကျွန်တော့်မျက်နှာ၌ ချွေးများ ယိုစီးလာပြီ။ နံဘေးပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်ပါသော် ထနောင်းပင်ကလေးတွေ ဟိုတပင်သည်တပင်မြင်ရပါ၏။ သို့ရာတွင် ထနောင်းပင်တို့ကား လူ့စိတ်ကို အအေးဓာတ်မပေး နိုင်။ ကျဲတောက်တောက် နေရောင်အောက်ဝယ် သူ၏ သေးငယ်သော အရွက်ကလေးတွေ လှုပ်နေပုံမှာ လေထုထဲ၌ အပူဓာတ်တွေ အလုံးအခဲနှင့် ရှိကြောင်းဖော်ပြနေသည်နှင့် တူပါသည်။ ဟုတ်ပါ၏။ လှုပ်ရှားနေသော လေယာဉ်တွင် အပူဓာတ်တွေ လှိုင်းထနေသည်ဟုပင် မြင်ရသလို ရှိပါသည်။

ကျွန်တော် မန္တလေးသို့ ရန်ကုန်မှလာခဲ့ဘူးပါ၏။ မန္တလေးတွင် ကလာအတန်ကြာစွာပင် နေခဲ့ဘူးပါ၏။ သို့ရာတွင် ထိုစဉ်၌ ဤမျှပူသည်မထင်ခဲ့၊ ယခုကား ပူလှချေသည်။ အကြောင်းမှာ ကျွန်တော်သည် မေမြို့မှ လာခဲ့သောကြောင့်ဖြစ်၏။ ဥပမာ ပြရသော် ရေအေးကိုကိုင်ပြီး ရေနွေးထဲလက်လျှိုလျှင် ပိုပူသည်ထင်ရဘိသို့။ ဤကာလဝယ် ကျွန်တော်သည် မေမြို့မြိုင်ထဲတွင် ခိုအောင်းခဲ့ပြီဖြစ်နေ၍ ကိုယ်တွင်းသို့ မေမြို့ရာသီဥတု ဝင်ကာ ကျွန်တော်မှာ မေမြို့လူဖြစ်နေပြီ ရှေးယခင်ကကဲ့သို့ (ပြန်လည်၍နေသားတကျ မဖြစ်သေးသမျှ) အပူဓာတ်ကို မခံနိုင်တော့။

ချိန်းဆိုရာ လာခဲ့ပေါ့

ညှာနွဲ့ကြော့ ဒါလီရေ။

စာဖွဲ့တော့ တာရှည်မလေ. .

နာရီတွေ လွန်နေး။

တွေ့ကြဘို့ အခွင့်သာပြီ

မြင့်ကညာ ဆီးကြိုပလေး။

ဤကား ကျွန်တော် နံနက်အိပ်ရာထ၊ ရေချိုးပြီးစ အဝတ်လဲစဉ်၌ မျက်နှာပေါ်ပေါင်ဒါ ရိုက်ရင်း စပ်ဆိုမိသည်ဖြစ်ပါသည်။ ယခုကား ဤသို့မရွှင်လန်းတော့၊ နံနက်ပင် ရင့်ကျက်နေပြီ

ဖြစ်သော နေရှိန်၏ အောက်၌ လူမှာတစတစသာ ညှိုးနွမ်း၍လာသည်။ သို့သော်ချစ်သူကို တွေ့ချင်ဇောနှင့် စိတ်စော၍ တင်းထားပါသည်။

''ဟော. . ကိုဘဖဲရေ လာပြီ၊ ဟိုဟာဘဲ ထင်တယ်''

မလှမ်းမကမ်း မြေရာကွက်လပ်ဝယ် ပုသိမ်ထီးဆောင်းကာ ကျွန်တော်တို့ဆီသို့ တူရူလာနေသော လုံမပျို တယောက်ကို ကြည့်၍ ပြောလိုက်ပါသည်။

ကိုဘဖဲသည် လှမ်း၍ကြည့်ကာ ဇဝေဇဝါ မျက်လုံးနှင့်. .

''မဟုတ်ဘူးထင်တယ်ဗျ၊ ခင်ဗျာ့ ကောင်မလေးက သည့်ထက် အရပ်မြင့်တယ်''

သို့သော် ကျွန်တော်သည် တဖြည်းဖြည်းနီးလာသော ကလေးမ၏ ခြေလှမ်းပုံကို အကဲဖမ်းကာ. . .

''ဟုတ်ရမယ်ဗျာ. . . ကိုဘဖဲ၊ ကျွန်တော်က မမြင်ဘူးသေးပေမယ့်လို့ ကျွန်တော့်အတွင်းစိတ်မှာ အလိုလိုသိလာတယ်ဆိုပါတော့''

ကျွန်တော့်စကား ဆုံးသည်၏ မရှေးမနှောင်းပင် သူငယ်မသည် ကျောင်းဝင်းထဲသို့ ချိုးဝင်လာကာ ကျွန်တော်တို့ဆီသို့ အပြုံးပန်း ပွင့်လိုက်လေသည်။

ကိုဘဖဲလည်း သူ၏ သွားသံချေးတက်ကြီးတွေကို ပြကာ. . .

''ဟာ. . . ဟုတ်တယ်ဗျ''

''ကဲ. . . ခင်ဗျား ပြန်တော့''

''ဘုရားပြီးလို့ ငြိမ်းဖျက်ပလား''

''မီးနဲ့တောင် ရှို့ပစ်ချင်တယ်''

သို့. . . ကျွန်တော်တို့ ခပ်တိုးတိုးပြောနေစဉ် မြင့်သည် ကျွန်တော်တို့ ထနောင်းပင်ကလေးအောက်သို့ ရောက်လာကာ ထီးကလေးကို ချလိုက်ပြီး. .

''အား. . . ပူလိုက်တာ၊ ရောက်နေတာ တော်တော်ကြာပလား''

မြင့်ထက် ဆယ်မိနစ်ပဲ စောတယ်''

''ဒါဖြင့် ကျွန်တော်ပြန်မယ်နော်''

ကိုဘဖဲက နှုတ်ဆက်လေရာ ကျွန်တော်က–

''ကြွဗျာ. . ကြွဗျာ. . . မြန်မြန်''

ကိုဘဖေ ပြုံးကြဲကြဲကြီးနှင့် ထွက်သွားသောအခါ မြင့်က ကျွန်တော့်ကို စေစေ့ကြည့်၍ ရယ်ပါသည်။ ကျွန်တော်ကလည်း မျက်လုံးချင်းဆုံ၍ ရယ်လိုက်ပါသည်။

အော်. . . မမြင်ဘူးတဲ့ ရည်းစားချင်း တွေ့ကြပြီနော်။

ကျွန်တော်တို့ မျက်လုံးတွေမှာ ဤအဓိပ္ပာယ် ပေါ်ပါသည်။

တယောက်ကို တယောက်စေ့စေ့ကြည့်ကြပါသည်။ ပီတိစိမ့်နေကြပါသည်။ 'ချစ်ချင်း ဒုတိယ မျက်စိက'။

ကြည့်နေရုံနဲ့မှ မပြီးသေးတာ ကျွန်တော်က စကားစပါသည်။

''မြင့်ရေ. . ဒီအုတ်ကလေးတွေပေါ် ထိုင်ကြစို့လား''

ထနောင်းပင်ကလေး ခြေရင်းမှာ အုတ်ကျိုးပုံကလေး ရှိပါသည်။

ဤမှ သူသည် ကျွန်တော့်မျက်နှာမှ မျက်စိခွာကာ. . .

''အော်. . . ဘယ်ကောင်းမလဲ ဆွေ၊ ကျောင်းခန်း တခုခုထဲ ဝင်ကြတာပေါ့''

''တံခါးတွေ အကုန်လုံး ပိတ်ထားတာဘဲ''

''ဖွင့်ထားတာ တပေါက်ပေါက်တော့ ရှိရမှာပေါ့ လာပါဆွေ. . .''

သူက ကျွန်တော့်ရှေ့မှ ဦးဆောင်သွားပါသည်။ ပထမအထက်ရှိသော အဆောက်အဦကို သွား၍ ကြည့်ကြပါသည်။

''ဒါမြင့်တို့ နေခဲ့တဲ့ ဘော်ဒါဆောင်ပေါ့''

သို့သော် ဤအဆောင်၌ တံခါးတခုမှ တွန်းမရချေ။ ကျွန်တော်က နောက်ဖက်က တန်းလျားတခု ပြန်ကြည့်လိုက်ပြီး. . .

''ဟိုမှာ တံခါးကလေးတခု ဟနေတယ် မြင့်ရေ''

''ဟုတ်ပြီ. . . ဆွေ၊ အဲဒီဘဲ သွားကြစို့ရဲ့''

အတွင်းသို့ ရောက်သောအခါ၌ ကလေးတိုင်း ကုလားထိုင်ကလေးတွေ ထပ်ဆင့်စုပုံ ထားသည်ကို တွေ့ရသည်။ ကျွန်တော်က နှစ်ခုကို ဆွဲချလိုက်ကာ. .

''ဟာ ဖုံချည်းဘဲ မြင့်ရေ''

''ဒီအခန်း မကောင်းသေးပါဘူး ဆွေ၊ သည့်ပြင် အခန်းသွားကြပါစို့ရဲ့''

ဝင်လာခဲ့သော တံခါးကိုပိတ်ပြီး သူက ရှေ့မှ ကျွန်တော်က နောက်က အခြားတခန်းသို့ ကူးကြပါသည်။ ဤအခန်းမှာ ကလေးအငယ်ဆုံးတွေ နေရာဖြစ်ဟန်တူပါသည်။ ကုလားထိုင် မရှိ။ နံရံနံဘေး၌ စီတန်းထားသော ကျောက်သင်ပုန်းတင်ခုံကလေးတွေပေါ်တွင် တယောက်ထိုင် သင်ဖြူးလိပ်ကလေးတခုစီရှိသည်။

မြင့်သည် အခန်းထဲတွင် အသင့်ရှိနေသော တံမြက်စည်းနှင့် သမန်တလင်းပြင်နေရာ၌ ဖုံလုံကာ သင်ဖြူးကလေး နှစ်ချပ်ကို ခင်းလိုက်ပြီး. . .

''ဆွေ. . . ထိုင်''

ကျွန်တော်မှာ နောက်ပိတ်ဖိနပ်နှင့် ဖြစ်နေ၍ တကောက်ကွေးတင်ပါးဆစ်ချ ထိုင်လိုက် သည်။ သူက ဖိနပ်ချွတ်၍ ကျွန်တော့်လက်ဝဲဘေး၌ ယှဉ်ကာ ပုဆစ်တုပ်ထိုင်လိုက်သည်။

ကဲ. . . ဘာပြော၍ ဘာပြုကြမည်နည်း။

ကျွန်တော်တော့ အတွေးထဲ၌ ဤအတိုင်းပင် ဝင်လာသည်။

ပတ်ဝန်းကျင်က ဆိတ်ငြိမ်လှသည်။ လောကကြီးဝယ် ကျွန်တော်တို့ နှစ်ယောက်တည်း သာရှိဘိသို့။ သို့ရာတွင် တစတစရင့်ကျက်နေသော ကြဲကြဲတောက် နေရောင်၏ အောက်တွင် ခြောက်သွေ့သော အဆောက်အဦ အခြေခံမှာ မီးလောင်ထားသော တမန်တလင်းဟောင်း အပေါ်က အမိုးဝါးကပ်တွေမှာ အပူဓာတ်ကြောင့် ကော့ကော့လန်နေသည်။ အချို့နေရာမှာ နေပြောက်ကွက်ပင် ထိုးနေသည်။ နံဘးထရံတွေမှာ ရေနံသုတ်ပြီးစ၊ အပေါက်တွေက အားလုံး ပိတ်လို့။ (ဖွင့်ချင်၍ မဖွင့်ဝံ့။ နံဘေး နံဘီက မြင်မှာ စိုးရသေးသည်။) ဤအထဲမှာ သမီးရည်းစား နှစ်ယောက်။

ဤနေရာ၌ စိတ်ကူးယဉ်အချစ်ဝတ္ထုရေး ဆရာတယောက်ကို ကျွန်တော်ကိုယ်စား 'သဘောရှိ ရေးစမ်းကွာ'ဟု လွှဲပေးလိုက်ချင်သည်။ သူမည်သို့ ဖွဲ့နွဲ့လေမည်မသိ။ စင်စစ် ကျွန်တော့်အဖြစ်မှန်ကို ဖော်ပြရသော်ကား၊ ကျွန်တော်မှာ ဤအချိန်တွင် ချစ်သူနှင့်ချိန်းဆိုသူတို့ ၏ထုံးစံအတိုင်း ဘန်ကောင်လုံချည် သက္ကလပ်အင်္ကျီ၊ နောက်ပိတ်ဖိနပ်တို့နှင့် မန္တလေးဓာတ် မသိသလို စတိုင်ကြီး ရှဲ-ပိဿာလုပ်၍ လာမိသည်ဖြစ်လေရာ၊ လူမှာ အနေရအထိုင်ရ ကြပ်လျက် (မိတ်ဆွေလည်း ဝတ်ကောင်းစားလှနှင့် ပူအိုက်သော သမယကို ကြုံဘူးပါလိမ့်မည်။) ကျွန်တော့်သဘောကျပြောရလျှင် တခါထဲအပေါ်က အင်္ကျီတွေလုံချည်တွေချွတ်၊ အတွင်းခံ ဘောင်းဘီကလေးနှင့်သာ သင်ဖြူးပေါ် တုံးလုံးလှဲတဲ့ပြီး 'ကဲ-မအတ ယပ်သာခတ်စမ်းကွာ'ဟု ပြောလိုက်ချင်ပါတော့သည်။

တကယ်ဆိုတော့ မိတ်ဆွေ ဒီလို လင်မယားပြော ပြောလို့ဖြစ်မလား၊ အခုမှ ပထမစတွေ့ ကြတဲ့ သမီးရည်းစားချင်း သမီးရည်းစားတို့ ဘာဝသာ ပြုရပေတော့မည်။

ကဲ. . သမီးရည်းစားတို့ဘာဝ ဆိုပြန်တော့ကော ဘယ်လိုကဘယ်လိုတဲ့တုန်း၊ တွေ့နေကျ မဟုတ်သမျှ တယောက်နှင့်တယောက် ဆက်ဆံမှုမှာ လွယ်ပါသလား၊ မလွယ်ပါ။ မလွယ်ပါ။ ကျွန်တော့်ကိုယ်တွေ့သာမက ကြားဘူးတာတွေပါပြောရလျှင် ဒီလိုပထမအကြိမ်မျိုး တွေမှာ အထစ်ထစ် အငေါ့ငေါ့တွေ၊ အလွဲလွဲအချော်ချော်တွေ၊ လူချင်းခွဲပြီးမှ 'ဟယ်–ငါဘာပြောလိုက်ရ' ဆိုတဲ့ နောင်တရမှုမျိုးတွေ၊ စောစောက ကြိုတင်ကြံစည်ထားသမျှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တာမျိုးတွေ။

ကျွန်တော်ဖြင့် ယခု ကျွန်တော့်ကိုယ် ကျွန်တော်ပင် အံ့သြနေပါသည်။ ကျွန်တော့် အသက်အရွယ်မှာ မငယ်ပါ။ လူပျိုပေါက်ကလေးမျှ မဟုတ်တော့ပါ။ ဤကဲ့သို့ ကလေးမမျိုးနှင့် ဤကဲ့သို့ ပထမအကြိမ် တွေ့ခြင်းမျိုးသည် ယခုမှာ နံပါတ် ၁ မဟုတ်ကြောင်း ကျွန်းကျိန်ပြောရဲ ပါသည်။

ဒါနဲ့တောင်လေ ကျွန်တော့်မှာ လူချင်းနှစ်ယောက် ယှဉ်ထိုင်ကြပြီး သူ့ကိုငဲ့ကြည့်လိုက် တယ်။

''ဒို့ ဒီမှာနှစ်ယောက်ထဲ ဘာလို့ လာထိုင်နေကြပါလိမ့်ဟင်'' ကျွန်တော့်ခေါင်းထဲ၌ ဤအမေးမျိုးပင် မေးလိုက်မိပါသည်။ 'လောကကြီးဟာ ဘာသဘောတဲ့လဲ၊ ဘာလုပ်ကြမှာတဲ့လဲ' ဟု ခပ်လေးလေး စဉ်းစားနေရာမှ 'ဘာလုပ်ကြတာလဲလို့ ရေပက်ကြတာလားလို့'ဆိုသော မဆီ မဆိုင်စကား ရုတ်တရက် ဝင်လာပြီး အမှတ်တမဲ့ ပြုံးလိုက်မိပါသည်။ (တကယ်ပါ၊ ကိုယ့်ကိုယ်ကို ဘာအဓိပ္ပာယ်လဲ ဆိုတာ ယခုတိုင် တွေးမရသေးပါ။ ကျွန်တော်မှာ ရွှတ်ရွှတ်ပြောင်ပြောင် အကောင်မို့ ဘဲလားတော့မသိ။)

ဤကဲ့သို့ အပြုံးလိုက်တွင် ဖျာပေါ် ကြမ်းပိုးရှာသလို နေရင်းမှ ကျွန်တော့်မျက်နှာ အကဲခပ်နေဟန်တူသော မြင့်က. . .

''ဘာပြုံးတာလဲဆွေ''

ကျွန်တော့်မှာ အဖြေရကြပ်လှပါသည်။ မဖြေဘဲနေ၍လည်း မဖြစ်၊ သို့သော်. . ကံအား လျော်စွာ သတိရလိုက်သည်နှင့်. .

''အော်. . ကိုဘဖုံကြီးပြောတာကို တွေးမိလို့ပါ''

''သူက ဘယ်လိုပြောလဲဟင်''

''မြင့် ဟိုကလာတော့လေ'' ဤနေရာ၌ ယခု နဖူးတွေ့ ဒူးတွေ့တွင် ကျွန်တော့်ကိုယ် ကျွန်တော် ဟိုတုန်းက စာချင်းဆက်ခဲ့တာလို 'မောင်'ဘဲပြောရမလား၊ 'ဆွေ'ဘဲ ပြောရမလား၊ ဒါမှမဟုတ် 'ကျွန်တော်'ဘဲ ပြောလိုက်ရမလား၊ 'ကိုယ်'ဘဲပြောလိုက်ရမလား တော်တော်ကို

စိတ်ထဲဝေသွားပါသေးသည်။ ပြီးမှ သူကျွန်တော့်ခေါ်ပုံကို သတိရသည်နှင့် အရဲစွန့်ကာ ''ဆွေက ဟောဟိုမှာ မြင့်လာပြီဆိုတော့လေ၊ အမယ်–သူက မဟုတ်ပါဘူးတဲ့၊ ခင်ဗျာ့ကောင်မလေးက သည့်ထက် အရပ်မြင့်တယ်လို့ ပြောတယ်မြင့်ရဲ့''

ကဲ–ကျွန်တော့်စကားဟာ ဘယ်လောက်လေးနက်ပါသလဲ၊ အရေးကြီးပါသလဲ၊ စဉ်းစားကြ ပါခင်ဗျာ။ ဒါဟာဘယ်လောက်လေးနက်ပါသလဲ။ ဒါဟာ သမီးရည်းစားစကား အစစ်လို့ခေါ်ပါ တယ်။

ကလေးမကလည်း ဒါကိုဘဲ စိတ်ဝင်စားလှစွာနှင့်. .

''ဟင်. . ဟုတ်လား။ သူကတောင်မမှတ်မိဘူး ဟိုနေ့က တွေ့ဘူးရဲ့သားနဲ့''

''ဟုတ်တယ် မမှတ်မိဘူးမြင့်ရဲ့၊ ဆွေကသာ 'အို–ခင်ဗျားဘာပြောပြော ဒါ ကျွန်တော့်ရည်းစား အစစ်မှအစစ် ဟုတ်ရမယ်'လို့ ပြောလိုက်တာပေါ့'' (နဲနဲပိုလိုက်သည်၊ မိတ်ဆွေအသိပါ) ဟုတ်တယ်လေမြင့်ရဲ့၊ ဆွေ့စိတ်ထဲမှာက အလိုလိုသိနေတာဘဲ၊ အဲ့လိုပြောနေတုန်းမှာဘဲလေ မြင့်က ဆွေတို့ဆီ ပြုံးပြီး ဝင်လာတာ ဒီတော့မှ ငနဲကြီးက ဟာ–ကျွန်တော်လွဲတာပေါ့တဲ့ သူရှုံး သွားတယ်''

ကျွန်တော်က ကိုဘဖံအား နိုင်လိုက်ပုံကို အသားယူပြောပါသည်။ တယ် ကြီးကျယ်လိုက် တဲ့ အောင်မြင်မှုကြီးကိုးဗျ။

ဒါကိုဘဲ ခွေးမသားနဲ့ ခွေးမသမီးက သဘောကြလွန်းလို့ တယောက်တယောက် ဟက်ဟက် ပက်ပက် ပြုံးနေကြသည်။

''မြင့်ကလဲ ဆွေ ဂနာရီမှ ရောက်ပါ့မလားလို့ စိတ်တစောစောနဲ့ လာခဲ့ရတာ''

''အောင်မာ ဘယ်မရောက်ဖဲ နေမှာလဲမြင့်ရယ်''

ဤသို့ပြောပြီး ဘာဆက်ပြောရမှန်းမသိ၍ ခေတ္တမျှ စကားပြတ်နေသည်။ နောက်မှ ကြိုးစားပမ်းစား အကွက်ရှာကာ နို့. . မြင့်အခု ဒီတယောက်ထဲလာခဲ့တော့ မြင့်နဲ့အတူလာခဲ့တဲ့ အဒေါ်ကို ဘာပြောခဲ့လဲ''

ကဲ–ကြည့်အုံးလေ၊ ကျွန်တော့်မေးပုံလဲ၊ အိုးကမပူစလောင်းကပူ၊ ဒါကိုသိချင်လို့ နှစ်ယောက်သား ရန်ကုန်နဲ့ရွှေဘို ချိန်းတွေ့ကြတဲ့အတိုင်း။

''ဒီလိုဆွေရဲ့၊ မြင့်ညာခဲ့တာက'' (အမယ် သူကလဲ ဤပြဿနာကိုဘဲ အရေးတကြီးခင်ဗျ) ဒီနေ့က တနင်္ဂနွေ နေ့လေ၊ တနင်္ဂနွေနေ့ဆိုတော့ မြင့်တို့ကျောင်းက ဆရာမတွေ စစ်စတာတွေ ဘုရားရှစ်ခိုးကျောင်းတက်မယ်၊ အဲဒီတော့ မြင့်က ဘုရားရှစ်ခိုးကျောင်းမှာ ဆရာမတွေနဲ့ တွေ့ရအောင် သွားအုံးမယ်လို့ပြောပြီး လာခဲ့တာပေါ့''

ကဲ. . ကြီးကျယ်စွာသော ပြဿနာကြီးတခုကား ဖြေရှင်းသွားချေပြီ၊ နောက်ဘာဆက်ဦးမည်နည်း။ အော. . ကျွန်တော်သတိရပြီ။ သူက ဒီလာခဲ့ရပုံကိုပြောတော့ ကျွန်တော်ကလဲ ရန်ကုန် ကနေ မန္တလေးရောက်ခဲ့ရပုံ ငြိကာချဲ့ရလေဦးတော့မပေ့ါ။ ဒါမှ သူ့ကို ကျွန်တော် ဘယ်လောက် ချစ်တယ်၊ ဘယ်လောက် ကြဲခဲ့ဖန်ခဲ့ရတယ်ဆိုတာတွေ သိစေရအောင် ထို့ကြောင့်. . . ဆွေမန္တလေး လာခဲ့ရပုံကိုလဲ ကြဲကြဲဖန်ဖန်မြင့်ရဲ့''ဟု အစချီကာ မင်းရှင်နောင်ကြောင့် ပါတီကိုကပ်ပြီး လိုက်ခဲ့ရပုံတွေ ပြောပြတော့သည်။ သူကလေးမှာ ကျွန်တော်ပြောသမျှ စိတ်ဝင်စားစွာ နားထောင်သည်။ တအံ့တဩနှင့် စုတ်တသပ်သပ် ရင်တမမပင်ရှိလိုက်သေးသည်။

သို့နှင့် ကျွန်တော့်မှာလဲ ပြောစရာကုန်ရော၊ လူမှာလဲ ဖတ်ဖတ်မောရော၊ အချိန်ကလဲ ၁၀–နာရီကျော်သွားပြီ၊ အပူရှိန်ကလဲ ရင့်ရင့်ကျက်နေပြီ၊ ကျွန်တော့်ရှပ်အင်္ကျီမှာလဲ ချွေးတွေနဲ့ ဝက်ဝက်စိုနေပြီ။

မြင့်ခန္တာကိုယ်ကိုလဲ ကျွန်တော် ကြည့်လိုက်ပါတယ် သူ့နိုင်လွန်အင်္ကျီ တင်းကြပ်ကြပ်ကလေးမှာလဲ ရွှဲရွှဲစိုလို့ပါဘဲ၊ သို့ရာတွင် သူ့မှာ ကျွန်တော်ကဲ့သို့ ပင်ပန်း နွမ်းနယ်ဟန်မရှိ၊ အကြောင်းကိုရှာသော်. . . သူက ရွှေဘိုကလာခဲ့သည်။ ကျွန်တော်က မေမြို့ကဆင်းခဲ့သည်။ ရွှေဘိုနှင့်မန္တလေးမှာ ရာသီဥတုချင်းအတူတူ၊ အပူသူနှင့် အအေးကောင်။

မောင်တလှည့် မယ်တကျော့ဆိုဘိသို့ ကျွန်တော့်စကားဆုံးသောအခါ၌ သူက ဂလဲ့ယူပါသည်။ သူပြောတဲ့စကားလဲ ကြည့်ပါအုံးမိတ်ဆွေ။ ပူအိုက်ရတဲ့အထဲ ရွှေဘိုမီးလောင်တဲ့ အကြောင်း။

ဟုတ်ပေသည်။ သူ့အဖို့မှာတော့ သူတို့မြို့ သူတို့အိမ် မီးလောင်တဲ့ကိစ္စ၊ ကြာကလည်း မကြာသေး၊ သူ့ချစ်သူကို သူပြောချင်လှပေမည်။

ကျွန်တော်သည် သူစိတ်ပါဝင်စားစွာ ပြောနေသော သူ့မျက်နှာပုံသဏ္ဍာန်အမူအရာကလေးကို စေ့စေ့ကြည့်ကာ နားထောင်နေရာမှ အပူဓာတ်ကြောင့် နီးသွေးလုနေသော ပါးပြင်မို့မို့ကလေးကို မျက်စိစိုက်မိ၍ သူ့ကိုယ်ရနံ့သင်းပျံ့ပျံ့ကလေးကို အာရုံခံစားမိသည်တွင် သမီးရည်းစားတို့ဘာဝ ပွေ့ဖက်နမ်းရှုပ်မှုကို သတိရလာသည်။ နမ်းချင်စိတ်ပေါ်လာပါသည်။

ကဲ. . နမ်းချင်စိတ်ပေါ်တော့ ဘယ်လိုနမ်းမတဲ့လဲ။ အကြောင်းမကြား သတိမပေးဘဲနဲ့ သူ့ပါး ကျွန်တော့်နှာခေါင်း ပြေးကပ်လိုက်ရုံတဲ့လား။ မဟုတ်သေးပါ။ ကျွန်တော်သည်လောက် မအသေးပါ။ ပထမ ဆရာစန္ဒြလိုလို ဘာလိုလိုနှင့် သူ့ညာဘက် လက်ဖဝါးကလေးကို ကောက်ကိုင် လိုက်ရပါသည်။ သူစကားပြောနေတုန်း အတော်ကြာကလေးမျှ ပွတ်သပ်ယုယနေ ပြီးနောက် သူ့ဝဲဘက် ပခုံးကို ကျွန်တော့်ဘယ်ဘက်နှင့် ဆွဲယူလိုက်ကာ ကိုယ်ချင်းရှေ့နောက်ထပ် ၍ သူ့ပါးပြင်နှင့် ကျွန်တော့်နှာခေါင်းအပ်လိုက်ပါသည်။ ကျွန်တော့်စိတ်ထဲ၌ အစပထမဖြင့် သူနည်းနည်းပါးပါး ရုန်းကန်လိမ့် ဦးမလားအောက်မေ့ပါသည်။ သို့သော် ချစ်သောမြင့်သည် မငြင်းဆန်ရုံမက၊

ကျွန်တော့်နှာခေါင်းအမှန်းအဆတွင် လမ်းတဝက်၌ပင် သူ့ပါးနှင့်ဆုံလိုက် ကြောင်း သိလိုက်ရ၏။ အဓိပ္ပာယ်မှာ (မိတ်ဆွေနားလည်ပြီးနေရင်လဲ ခွင့်လွှတ်ပါ) သူ့ပါးသည် ခရီးတဝက်သို့ လာကြိုလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော့်နှာခေါင်း သူ့ပါးအို့ကလေးထဲသို့ မြုပ်သွားစဉ်၌ သူစကားပြောရပ်သွားပါသည်။ ကျွန်တော်အသက်တအောင့် ရှူလိုက်ပြီးနောက် ထွက်သက်ကိုထုတ်ရန် ခွာလိုက်ရပါသည်။ ပါးချင်းအပ်ထားလိုက်ပါသည်။

မြင့်၏ပန်းနုရောင် နှုတ်ခမ်းကလေးကို ကျွန်တော်မြင်ပါသည်။ ကျွန်တော်ယခင်ဖုံးနှင့် စကားပြောခဲ့စဉ်ကငင်း၊ ရေးသော စာတွေထဲမှာ ငင်း 'မြင့် နှုတ်ခမ်းကလေးတော့ တွေ့မှ အရမ်း ကြီး စုတ်ပစ်လိုက်အုံးမယ်'ဟု အနောက်နိုင်ငံ ရုပ်ရှင်တွေကြည့်၍ငင်း၊ ဟိုဆရာ သည်ဆရာ ရေးသော အချစ်ဝတ္ထု စာအုပ်တွေဖတ်၍ငင်း၊ အဟုတ်ကြီးမှတ်ကာ ကြိမ်းဝါးခဲ့ဘူးသည်ကို သတိရပါသည်။ တကယ်ဆိုတော့ နှုတ်ခမ်းချင်း စုတ်မှုမှာ မလွယ်ကူပါ။ တယောက်နှင့်တယောက် အတော်ကြီး ကုတ်ရဖက်ရမည်။ တွယ်ရတက်ရမည်။ မသက်မသာ ဖျစ်ညှစ်ရမည်။ အပေးအယူ ရှိရမည်။

ကဲ့. . ဒီအချိန်မှာတော့ ကျွန်တော်ဒါမျိုး ပြုနိုင်ပါ့မလား။ ပြုလိုစိတ်ရှိပါ့မလား။ ဒီလောက် တောင် ပူရအိုက်ရတဲ့ အထဲ။

ထို့ကြောင့် ကျွန်တော်သည် မိမိ စိတ်ကူးလွန်၍ ကြိမ်းဝါးထားခဲ့သည်တို့ကို လက်လျှော့ လိုက်ကာ မြင့်နှုတ်ခမ်းကို စုတ်ရန်မကြိုးစားတော့ပါ။ သူကား မတွေ့ဘူးသေး၍ စိတ်ကူးယဉ် ကလေးနှင့် မြှော်လင့်ကောင်း မြှော်လင့်ပေမည်။

သို့သော် ကျွန်တော်မတတ်နိုင်ပါ။ ပူက ပူအိုက်လှပြီ။ ယခုပုဆစ်တုပ်ကလေးတွေနှင့် ကိုယ်ချင်း ကြက်ခြေခတ် ရှေ့နောက်ထပ်၍ ကပ်ထားရသည်မှ ပထမထကြွလိုက်သော စိတ်ကလေး ကြောင့်သာ။ တဖြည်းဖြည်းနှင့်တော့ ငြီး၍လာပါသည်။ သာယာမှုကုန်၍ လာပါသည်။ ဘာတဲ့တုန်း ကာမဂုဏ်ဆိုတာ။

'စင်စစ် လူတို့၏ခန္ဓာကိုယ်သည် ပထဝီ တေဇော အာပေါ ဝါယော ဓာတ်ကြီးလေးပါးနှင့် တည်ဆောက်ထားသည်။ မိမိတို့နေထိုင်သော ဒေသ၏ရာသီဥတု အလျောက် ခန္ဓာကိုယ်လိုသ လောက် ဤဓာတ်လေးပါး မျှတနေလျှင် နေ၍ထိုင်၍ ကောင်းသည်။ ကျန်းမာရွှင်လန်းသည်။ အာရုံငါးပါး အရသာခံစားနိုင်သည်။ ခံစားလိုစိတ်ရှိသည်။ သို့ရာတွင် ဤဓာတ်လေးပါးမှ တခုခု တွင် ယုတ်လျော့လျှင်ငင်း၊ ပိုလွန်လျှင်ငင်း၊ လူမှာနေ၍ထိုင်၍မကောင်းတော့။ ရသာအာရုံတို့ကို မခံစား နိုင်တော့။ ခံစားလိုစိတ်မရှိတော့'ဟု ကြားဘူးပါသည်။ ရုပ်က စိတ်ကို ဖန်တီးမှုပေပေါ့။

ယခု ကျွန်တော်မှာ မေမြို့တွင် နေထိုင်ခဲ့သည့် မိမိခန္ဓာကိုယ်၊ လိုသည်ထက်ပိုသော တေဇောဓာတ် လွန်ကဲမှုကြောင့် ဖြစ်ရမည်။ ကျွန်တော်ရေးက ချစ်စိတ်ကြွ၍ တမ်းတခဲ့သည့် ညာနွဲ့ပျိုစင် မြင့်လေးတင်၊ ရွှေရင်တော်အောက်၊ ပုံ့ပုံ့ကလေးရောက်နေပါလျက်၊ ပွေ့ဖက်ရှုပ်နမ်း

စိတ်ထင်တိုင်း ကြမ်း၍ အသက်ရှူပင်ပန်းသဖြင့် 'တော်စမ်းပါအုံး မောင်မောင်ရယ်'ဟု ညှသံကလေးမျှ မကြားခဲ့ရလေတကား. .

ဤအကြောင်းကို ပြန်ပြောင်း၍ ကျွန်တော်ဘယ်တော့မှ နောင်တရပါသနည်း။

မွန်းတည့် ၂–နာရီ ထိုးလောက်မှ ချစ်သူခြင်း အနိုင်နိုင်ခွဲခဲ့ကာ ကျွန်တော် မန္တလေးမှာ မနေနိုင်တော့သဖြင့် အသိမိတ်ဆွေတွေ နူတ်ဆက်ခဲ့ပြီး မေမြို့ရထားစီး၍ ခရီးတဝက် တောင်အတက်ရောက်မှဖြစ်ပါသည်။ ဤအချိန် ဤနေရာတွင် ရာသီဥတုအေး၍ ကျွန်တော့် ကိုယ်မှာ ဓာတ်လေးပါး ညီမျှသွားလေပြီ။ မြင့်နှင့်တွေ့ခဲ့ရပုံကို တသသဖြစ်လေပြီ၊ ကျွန်တော် မပြောခဲ့မိ၊ မပြုခဲ့မိသည့် အကြောင်းအရာ အချက်အလက်တွေကို တပြုံတခေါင်းကြီး သတိရ လေပြီ။

အရေးထဲ တွဲအတွင်းမှာ ညားခါစ ဇနီးမောင်နှံက ပါလာသေးသည်။ သူတို့စုံတွဲမှာ တယောက်ကိုယ်တယောက် မှေး၍၎င်း၊ တယောက်လက် တယောက်ကိုင်၍၎င်း ကန္တဲ့ကယ နေကြသည်။ တောင်စောင်း ရှုမျှော်ချင်းကိုကြည့်ကာ ကြည်နူးနေကြသည်။ တချက်တချက်၌ နံဘေးကလူတွေ အသက်ထွက်ကုန်ပြီဟု ယူဆသလားမသိ၊ ပါးချင်းပင် အပ်နေလိုက်ကြသေး သည်။

'တောက်. . . မင်းတို့နှစ်ယောက်တော့ ငါတို့အခုန တွေ့ခဲ့တဲ့နေရာမျိုး ပို့လိုက်ချင်တယ်ကွာ' ကျွန်တော့်စိတ်ထဲ၌ ကျိတ်မနိုင်ခဲမရနှင့် ရေရွတ်လိုက်မိပါသည်။ 'မြင့်ရယ်. . . မြင့်နဲ့ဆွေ အခုလို နေရာမျိုးဆို ဘယ်လောက်ကောင်းမလဲ''

ကျွန်တော့်စိတ်ထဲ၌ ပို၍ယူကျုံးမရအဖြစ်ဆုံးမှာ ညအိပ်ရာဝင်တွင်ဖြစ်ပါသည်။ မြင့်ကလေးနှင့် ခွဲခဲ့ရသည်ကို နှမြောတသသ နေသည်။ ဟိုလူညှိဒီစောင်းနှင့် အိပ်လို့မပျော်၊ ကျိတ်မနိုင်ခဲမရ ယခုနေများ သွား၍ဖြစ်လျှင် မြင့်အိမ်တံခါးပုတ်၍နိူးပြီး–

''လာပါတော့မြင့်ရယ်. . . မိဘသဘောနဲ့ နှီးနှောပါအုံးမယ်လို့ နေ့ခင်းကပြောခဲ့တဲ့ စကားတွေ ပြောင်းလွှဲလိုက်ပြီး အခုဘဲခိုးရာ လိုက်ခဲ့ပါတော့ကွယ်''

နောက်တခါတွေ့ရအောင် ကြိုးစားပြီး သည်အတိုင်းပြောတော့မည်။

သို့သော်. . . ၃–ရက်မြောက်၌ မြင့်ဆီက စာရောက်လာပါသည်။

မြင့်ကိုစာနဲ့သာချစ်နိုင်ခဲ့တဲ့

စာရေးဆရာကြီးရှင့်. . .

မြင့်လေ ဟိုနေ့က လူချင်းခွဲသွားပြီး အိမ်ပြန်ရောက်သောအခါ အိပ်ရာထဲဝင်၍ နဖူးပေါ် လက်တင်စဉ်းစားမိပါသည်။ ဆွေ့မှာ ယခင်က မြင့်ကို ချစ်လှပါတယ်လို့ စာအတန်တန် ဖွဲ့နွဲ့ခဲ့

ပေမယ့် ယခုလူချင်းတွေ့ကြတော့ မြင့်ကို ဆွေတကယ် မချစ်နိုင်ကြောင်း ဆွေ့ကိုယ်တွေ့ သိသွားပြီလို့ မြင့်တွေးမိပါပြီ။ ဟုတ်တယ်လေ၊ မြင့်လို အညာသူမတယောက် ဆွေမချစ်နိုင်တာလဲ အံ့သြစရာမဟုတ်ပါဘူး၊ မြင့်အမှားသာဖြစ်ပါတယ်။

လူချင်းတွေ့ရတာမှာ ဆွေယခင် မြင့်ဆီရေးခဲ့တဲ့ စာတွေနဲ့ကွာလှပါတယ်။ ဆွေရယ်. . ဒီလိုဆိုလဲ ဟိုကျောင်းခန်းထဲ မဝင်မီကဘဲ 'ပြန်ကြပါစို့'လို့ ပြောလိုက်ပါတော့လားကွယ်. . . ဘာလို့ ဒီလောက်တောင် ၄–နာရီလောက်ကြီး အချိန်ကုန်ခံနေရတာလဲ၊ ဒါပေမယ့် ဆွေ့အမူ အယာတွေဟာ မြင့်အပေါ်မှာ ထုံးတမ်းစဉ်လာအရ ဝတ်ကျေဝတ်ကုန် ကြိုးစားပြုမူနေတယ်ဆို တာ မြင့်ယခုသိပါပြီ။

ကဲ. . . ဒီတော့ နောက်ဆုံးပြောကြစို့ ဆွေရေ။ ဆွေ မြင့်ကို မချစ်နိုင်မှန်းလဲ ဆွေ့ကိုဆွေသိသွားပြီ။ မြင့်ကလဲ မမျှော်လင့်တော့ပါဘူး။ ဟိုတုန်းကဖြင့် ဆွေ့ကို တင်စားပြီးတော့ မြင့်ကိုချစ်နေတဲ့လူ၊ မြင့်မိဘက သဘောတူနေတဲ့လူကို မြင့်ငြင်းပယ်နေခဲ့တယ်။ အခုတော့ ဆွေရယ်. . . သိပ်စာရေးကောင်းတဲ့ စာရေးဆရာကြီးရယ်. . 'ကိုယ်ချစ်'မရှာတော့ဘဲ 'သူချစ်'နဲ့ဘဲ မိဘစကားနားထောင်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီရှင့်။

ကဲ. . . ရပ်တန်းက ရပ်ကြပါစို့။

မြင့်

ကဲ–ပြီး၏။

သော်တာဆွေ

၄–၆–၅၁

ကဲ–အဲသည်ဝတ္ထုဆုံးပြီနော်။ သော်တာဆွေ၏ ယခင်လက်ရာမျိုးဟာ ဒီလိုဘဲ။ စင်စစ်ကျွန်တော့်အဖြစ်မှန်နှင့် ဆန့်ကျင်ဘက်ရေးထားခြင်းဖြစ်ပါသည်။

အဘယ်ကြောင့်နည်း။

ထိုစဉ်က ကျွန်တော်တို့၏အဖြစ်မှန်ကို ထုတ်ပြန်လို့ လည်းစာဖတ်သူအဖို့ ဘာအကျိုးရှိအံ့နည်း။ ထို့ကြောင့် ဇာတ်လမ်းကိုတမျိုးဆင်ပြီး ဟာသဝတ္ထုဖြစ်စေကာ ရာသီဥတုကြောင့် လူမှာပင်ပန်းနွမ်းနယ်နေ၍ ဖိုမဆက်ဆံမှုပင် ချို့ယွင်းရကြောင်း သရုပ်ဖော်ထား၏။

ဒါကိုပင် ကျွန်တော်မှာ 'ကံကောင်းချင်တဲ့ခွေး ပြေးရင်းဟပ်မိ' ဆိုသကဲ့သို့ ဒီဝတ္ထုသဘောသဘာဝကျသည်ဟု ချီးကျူးခြင်းခံရ၏။ အမကြီး ခင်မျိုးချစ်ကမူ ''မင်းရဲ့'အပူအအေး'

ဝတ္ထုဟာ ဘားနတ်ရှောရဲ့ ARMS AND THE MAN နဲ့ သဘောချင်းသွားတူတယ်ကွ၊ အဲဒီမှာ ရှောရဲ့ဇာတ် လိုက်က စစ်ဗိုလ်လေးကွ၊ တိုက်ပွဲမှာ သူ့ဘက်ကရှုံးလို့ ကိုယ်လွတ်ရုန်းပြေးရတော့ အိမ်တအိမ်ပေါ်တက်ပြီး အခန်းထဲဝင်ပုန်းရတော့ အဲဒီအခန်းထဲမှာ အင်မတန်ချောမောလှပတဲ့ အမျိုးသမီးလေးကိုတွေ့တယ်၊ စစ်ဗိုလ်ကလေးကချောတော့ ကောင်မလေးက ချစ်ကြည်ချင်တယ်၊ ဒါပေမယ့် ကောင်လေးဟာ စစ်ရှုံးလို့ သေပြေးရှင်ပြေး ပြေးခဲ့ရတော့ ပင်ပန်းလွန်းလို့ ဘာမှ မလုပ်နိုင်ဘဲ အိပ်ပျော်သွားရောတဲ့ကွ၊ အဲဒါ မင်းဝတ္ထုထဲက သဘောဘဲကွ''

ဒီတော့ ကျွန်တော်ရယ်ချင်သည်။ ကျွန်တော်က ရှောဇာတ်လိုက်လို စစ်ရှုံးလို့ ပြေးလာတဲ့ ကောင်မှမဟုတ်ဘဲ။ ပြင်သစ်လူစွမ်းကောင်း ဒွန်ဂွမ်းလိုလူဘဲ။

အဲဒီတုန်းက ကျွန်တော် အစစ်အမှန်ကို မရေးတဲ့အကြောင်းအချက်ကလဲ ဝတ္ထုတွေထဲမှာ ကျွန်တော့်ကိုယ်ကျွန်တော် လူပျိုလုပ်ပြီးတော့ နောက်ဆုံးသတ်မှာ မစွံလိုက်တာနဲ့ဘဲ ဇာတ်သိမ်း တယ်မဟုတ်လား။ အခုဝတ္ထုမှာလဲ ကျွန်တော်က လူပျိုရည်တောင် မပျက်လိုက်ရဘဲ မြင့်နဲ့ ကွဲသွားတယ် မဟုတ်လား။

အဲဒါဟာ သက်သက် ကျွန်တော်တို့ဟာ အပျိုလေးနဲ့ လူပျိုလေး ဟန်ဆောင်ပြီးရေးတာ ဗျ။ အစစ်အမှန်ကတော့ ဒီလိုဗျို့ . . .။

## အခန်း – ၈

### ချစ်လွန်းလှသူ

လွင်သည် ဟို'အပူအအေး'ဝတ္ထုထဲက မြင့်လို အပျိုအရွယ်ငယ်ငယ်ကလေး မဟုတ်ပါ။ ကျွန်တော်နှင့် တွေ့ကြတော့ သူ့အသက် ၂၇ နှစ်၊ ကျွန်တော်က ၃၂နှစ်၊ ကိုယ်လုံးကိုယ်ပေါက် ထွားထွားအိအိနှင့် ပြည့်ပြည့်နှစ်။

သူနှင့်ကျွန်တော် တွေ့ကြသည်မှာ ဝက်စလီ မိန်းကလေးကျောင်း မူလတန်းစာသင်ခန်း ထဲမှာဘဲဖြစ်၏။ သူသည် ဤကျောင်းမှာ ဆရာမလုပ်ခဲ့ဘူး၍ နေရာထိုင်ခင်းကို သူဘဲစီမံဖန်တီး ထား၏။ နွေရာသီ ကျောင်းပိတ်ထားသဖြင့် စာသင်ခန်းတွေမှာ လူသူကင်းမဲ့နေ၏။ အပေါက် တွေ အားလုံးပိတ်ထား၏။

သူနှင့်ကျွန်တော် တွေ့ကြသည်မှာ မေလလယ်လောက်မှာ ဖြစ်၏။ ချိန်းဆိုသောနေ့လည် ၁– နာရီတိတိကျကျ၌ သူရောက်လာသောအခါ သူ့လက်တဘက်က ပုသိမ်ထီးစောင်းလို့ တဘက်က လက်ဆွဲခြင်း။

နှစ်ယောက်သည် တယောက်တယောက် တွေ့တွေ့ချင်း ပြုံးလိုက်ကြသောအပြုံးကား တသက်မှ တခါသာ ကြုံရမည့်အပြုံးမျိုးဆိုထိုက်ပေသည်။ စာချင်းကာလကြာစွာ ရည်းစားဖြစ်ပြီး ကြမှ ချိန်းတွေ့ကြရသည်မှာ ကျွန်တော်တို့လို လူမျိုးမှာသာ ကြုံရသောအခွင့်အရေးမျိုးဖြစ်ပါ သည်။

ကျွန်တော် သူ့လက်ဆွဲခြင်းကို ဆီးယူလိုက်ကာ–

''ဘာတွေများ ယူလာလဲလွင်ရယ်''

''အထဲကျမှဖွင့်ကြည့်ပေါ့ဆွေရယ်၊ လာ. . လာ''ဟုဆိုပြီး စာသင်ခန်းတံခါးတွန်းဖွင့်လိုက် သည်၌ အလိုက်သင့် ပွင့်သွားပြီးနှစ်ယောက်စလုံး အထဲရောက်တော့ သူမင်းတုံးထိုး ပိတ်လိုက် သည်။

ပြီးလျှင် သူ့လက်ဆွဲခြင်းထဲ၌ အပေါ်က ဖုံးအုပ်ပြီးပါလာသော ကော်ဇောပါးပါးလေးကို အဆင်သင့်ဘဲ နှစ်ခုဆက်ထားသော စားပွဲပေါ်မှာ ခင်းလိုက်သည်။ သူ့ခြင်းထဲမှာကား. . . ဘရန်ဒီ အသေးတလုံး၊ ကော်ဖီဗူးနှင့် ရေခဲဓာတ်ဗူးငယ်၊ ဝက်သားပေါင်း၊ ဂျပန်ယပက်လေး တခု. . .

''ဒါတွေက လွင်နဲ့ဆွေ့ နေ့လယ်စာလေ၊ ဟောဒါကတော့ အကြိုက်''

''အို. . နေပူပူကြီးမှာ၊ နေ့ခင်းကြီး ဆွေမသောက်တတ်ပါဘူးလေ''

''ဒါတော့ မောင့်သဘောဘဲ၊ ဆွေအခုတွေ့တော့ လွင့်ကိုစာထဲကလို ချစ်သလားဟင်''

''အား. . သိပ်ချစ် အရမ်းချစ်ဖဲ''ပြောပြောဆိုဆို. . .

''ဆွေ. . နမ်း. . နမ်း လွင့်ကိုအားရပါးရ ဖက်နမ်းစမ်းပါ၊ ပြီးမှလွင်ဘာကြောင့် သကြံန်တွင်းတ တုန်းကမလာနိုင်တယ်၊ နောက်ပြီးဘာကြောင့်တော်တော်နဲ့ ရက်ချိန်းမပေးနိုင်တယ် ဆိုတဲ့လွင့် အဖြစ်တွေကို ပြောပြမယ်''

ကျွန်တော်သည် အားရပါးရကြီး တချီတမောင်းပွေ့ဖက်နမ်းရှုပ်လိုက်ပြီး. . .

''ကဲ. . ပြောတော့''

''ဟင့်အင်း. . . ဟင့်အင်း ဆွေနောက်တခါနမ်းပါအုံး''

''အို. . ဘယ့်နှယ် လွင် အရင်လိုနေတာလဲ၊ တနေ့ခင်းလုံးနမ်းကြရမှာဘဲ မဟုတ်လား''

''မဟုတ်ဖူး. . . မဟုတ်ဖူး၊ လွင့်အပြစ်ကို ပြောလိုက်ရင် ဆွေဟာလွင့်ကို ဆက်ပြီးချစ်တော့မှာမဟုတ်ဖူး''

''အလို. . . ဘာကြောင့်လဲဗျာ''

''တခါ နမ်းပါအုံးလို့ဆိုနေ''

(ကဲဟာ မရှေကဲ)ဟု စိတ်ထဲမှာဆိုပြီး. .

သူလည်း ကျွန်တော့်ကို အားရပါးရ အငမ်းမရ ပြန်နမ်းပါ၏။ သည်အနမ်းတို့သည် တယောက်အချစ်ကို တယောက်ခန့်မှန်းနိုင်ပါ၏။ လွင်သည် ကျွန်တော့်ကို တုန်နေအောင် ချစ်ရှာပေသည်တကား။ ရင်ချင်းအပ်ရာ၌ သူ့နှလုံးသား တဒုတ်ဒုတ်ခုန်နေသည်ကို ကျွန်တော် တွေ့သိရ၏။

နှစ်ယောက်သား အငမ်းမရ အနမ်းတဝတွေနှင့် နွမ်းလျသွားသောအခါမှ သူက ကျွန်တော့် ရင်ခွင်မှီလျက်. . .

''ကဲ. . မောင့်ရင်ခွင်ထဲလဲ ရောက်ပြီ၊ မောင့်အနမ်းတွေလဲရပြီ၊ လွင့်အပြစ်ကို ပြောတော့မယ်နော်၊ လွင်ပြောနေတုန်းမှာ မောင်တခွန်းတပါဒမှ မပြောရဘူး။ မောင့်ပါးစပ်ကို ပိတ်ထားမယ်''ဆိုပြီး သူ့လက်ဖျားလေးနှင့် ကျွန်တော့်နှုတ်ခမ်းဖိ၍–

''ဆွေရေ. . လွင်ဟာ အပျိုမဟုတ်ဖူး သိလား၊ မုဆိုးမ၊ သမီးလေးတယောက်နဲ့၊ အဲဒီခလေး အဖေသေတာက ၄–နှစ်ရှိပြီ၊ သမီးလေးအသက်က ၅–နှစ်၊ လွင်ဟာ အသက် ၂၀–က အိမ်ထောင်ကျတာ၊ ၂၂–နှစ်မှာ အဲဒီသမီးလေးမွေးတယ်၊ ခလေးကသိပ်မကျန်းမာချင်ဘူး၊ ဆွေဆီ ကို သကြံန်တွင်းက မလာနိုင်တာ နောက်ရက်ချိန်း တော်တော်နဲ့ မပေးနိုင်တာဟာ အဲဒီခလေး ဖျားနေလို့ဘဲ ဆွေရေ့. . . နားလည်ပလား''ဆိုပြီး သူကျွန်တော့်ရင်ခွင်ထဲမှ ဇက်ကနဲ ခွာထွက်လိုက်ကာ–

''ကဲ. . . ဆွေ၊ လွင့်ကိုချစ်သေးရဲ့လား၊ မချစ်တော့ဘူး မဟုတ်လား''

ဒီနေရာမှာ ကျွန်တော် ဘာလုပ်ရမည်နည်း။ မိတ်ဆွေသိပါသည်။ သို့သော် ကျွန်တော်ကတော့ တကယ့်ချစ်ထာမှာ မေတ္တာဂရုဏာနှောပြီး ဒလဟောတိုး ပွေ့ဖက်နမ်းရှုပ်၊ လဲလျောင်းလူးလိမ့်တော့တာပေါ့။ သူစာပွဲနှစ်လုံး ဆက်ပြီးကော်ဇောခင်းထားတာကလဲ တော်တော်ကျယ်ပြန့်ပါသည်။

''ကဲ. . . လွင်က မောင့်ကို ဒီလိုရိုးရိုးသားသား ဖွင့်ပြောလာတော့ ပိုလို့ဘဲချစ်လာတယ် ယုံလား''

''ယုံတယ်မောင်. . . ယုံတယ်၊ မောင့်နှလုံးသားက ဒိတ်ဒိတ်ခုန်နေတာကို လွင်တွေ့ရတယ်၊ အချစ်ဆိုတာ နှလုံးခုန်ရမယ်၊ ရင်တုန်ရမယ်တဲ့၊ အင်္ဂလိပ်စာတွေထဲမှာ ဖတ်ဖူးတယ်၊ လွင်တော့ ခုမှ ကိုယ်တွေ့ဘဲ၊ နေအုံးမောင့်ပါးစပ် မဟနဲ့''ဆိုပြီး သူ့လက်ဝါးလေးနှင့် ကျွန်တော့်နှုတ်ခမ်းဖိ ပြန်ပြီး ''တလင်ရပြီးတဲ့ မုဆိုးမက ဒီစကားပြောရလားလို့ မောင်ဆိုချင်ဆိုလိမ့်မယ်၊ ဒီမှာ နားထောင်ပါမောင်ရယ်၊ လွင် ပထမလင်ရတာဟာ မိဘပေးစားတာပါ၊ ဒီလိုနှလုံးတုန် ရင်ခုန် အချစ်မျိုးနဲ့ ညားကြတာ မဟုတ်ပါဘူး။ တကယ်တော့ မောင်ဟာလွင်ရဲ့ အချစ်ဦးပါမောင်၊ မောင့်ကို ဘယ်လိုဘယ်ပုံ တွေ့ဆုံပြီး ချစ်လာတယ်ဆိုတာကို ပြောပြချင်ပါတယ်၊ မောင်နား ထောင်ချင်လား''

''အို. . ချစ်သူစကားဆိုတာ ကြားလို့ဝတယ်. . အီတယ်ဘယ်ရှိမလဲ အသက်ရယ်၊ ပြောပြော''

''၁၉၄၇-ခုနှစ်မှာ လွင်ရဲ့ခင်ပွန်းဆုံးတယ်၊ ဒီတော့လင်သေတဲ့မိန်းမဆိုတော့ ပူရဆွေးရ တာပေါ့လေ။ အဲဒီမှာ လွင်ကစာဖတ် ဝါသနာပါတော့ မောင်ရဲ့ 'ဘရန်ဒီတပုလင်း'ဝတ္ထုကစပြီး တော့ သော်တာဆွေကို စွဲခဲ့တာ၊ ပထမဦးဆုံး မိတ်ဆက်စာ 'ဦးသော်တာဆွေ ရှင့်'ကနေပြီးတော့ အခု မောင့်ရင်ခွင်ထဲ ရောက်နေပြီလေ၊ လင်သေစ သောက ပရိဒေဝမီးကို မောင်ရဲ့ဟာသဝတ္ထု တွေက ငြိမ်းပေးတယ်၊ အဲဒီမှာ စာသာမက လူပါကြိုက်ခဲ့တာဘဲ၊ နို့ပြီးတော့ လွင်ပြောမယ် ယုံပါနော်''

''ယုံပါတယ် အချစ်ရယ်''

''လွင်ဟာလေ ကျောင်းသူဘဝက ရည်းစားမထားခဲ့ဘူးပါဘူး၊ နောက် မိဘက နေရာချထားတော့မှဘဲ သူတို့ပေးစားတဲ့လွင့်ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လိုက်တာ၊ မောင်က ငါ့တွေ့တော့ သူ့စာတွေထဲမှာလို ချစ်ပါအုံးမလား၊ ပဒေသာမဂ္ဂဇင်းထဲမှာ မောင်ရေးခဲ့တဲ့ 'အနိရှုပ'ဝတ္ထုထဲက 'စာရေးဆရာ လှပ'လို့ စစ်ကိုင်းချောင်မှာ ဓာတ်ပုံလိမ်ပေးထားတဲ့ အကျည်းတန်မကြီး၊ အဲ . . . နံမယ်တောင်မေ့နေပါပြီ၊ သူတို့နှစ်ယောက်လိုများ ဖြစ်နေလိမ့်မလား၊ အဲလိုဆိုလဲ မောင်က အရက်တော့ ကြိုက်တယ်၊ လွင့်ကိုမချစ်နိုင်လို့ ရှောင်ထွက်သွားမယ် လုပ်တော့ (ဆွေရယ်

ဒီအရက်ကလေးတော့ သောက်သွားပါအုံး) ပေးမယ်လို့ ဟောဒီဘရန်ဒီပုလင်းကလေးဝယ်ခဲ့တာ၊ မောင် အခုသောက်မယ်လားဟင် ဖွင့်လိုက်မယ်''

''အို. . . လွင် နေ့ခင်း နေပူပူကြီး မောင်မသောက်ဖူး''

''ဟောဒီ ဓာတ်ဗူးထဲမှာ ရေခဲလဲပါတယ် မောင်ရဲ့''

''ရေခဲလဲ ဗိုက်ထဲရောက်တော့ ပူတာဘဲလွင်ရဲ့''

''ဒါဖြင့် လွင်နဲ့အတူ ကော်ဖီသောက်၊ နှစ်နာရီတောင်ထိုးသွားပြီ၊ မောင်နေ့လယ်စာ ဆာရော့မယ်၊ လွင်လဲ ဆာလာတယ်၊ ချစ်ရနမ်းရတာလဲ ပင်ပန်းသားပဲနော်၊ မောင်၊ ကော်ဖီ သောက်ဖို့တော့ ပန်းကန်ပါမလာခဲ့ဘူး။ ဒီဓာတ်ဗူး အဖုံးနဲ့ဘဲသောက်ရမှာဘဲ၊ တခွက်ထဲဆိုတော့ မောင်တကျိုက်၊ လွင်တကျိုက် ဝက်သားပေါင်းလဲ မောင်တကိုက်၊ လွင်တကိုက် အဲဒီလိုဆို မောင်သဒီလား ဟင်''

''ကဲ. . . ဒါဖြင့် လွင့် ကော်ဖီခွက် ခဏချထားအုံး၊ မောင့်လည်ပင်းဖက်စမ်း''

ကျွန်တော်တို့ အတော်ကြာ နူတ်ဆိတ်နေပြီးမှ. . .

''ကဲ. . ဒီလို နူတ်ခမ်းချင်းစုတ်၊ လျှာချင်း ကလိနေတဲ့သူချင်းက တယောက်တယောက် မသဒီတယ်ဆိုတာ ရှိပါအုံးမလား''

''အောရိုက်. . . ဒါမှ လွင့် ချစ်မောင်မောင်ကွ၊ ကောင်းလိုက်တာ အသက်ရယ်၊ လွင် ကျမ်းကျိန်ဆို ကျိန်ပြောပါမယ်၊ လွင်ဟာ လင်ရပြီး ခလေးတယောက် မွေးခဲ့ရတယ်၊ ဒီလောက် အချစ်ရဲ့အရသာကို မတွေ့ခဲ့ဘူးပါဘူး၊ သူ့ကိုလေ ဆွေ့လိုလဲ စိတ်ပါလက်ပါ လွင်မချစ်ခဲ့ပါဘူး။ ယုံပါဆွေရယ် ရော့. . ရော့ မောင်ကစသောက်လိုက်၊ ချစ်သက်သေတွေပြရတာနဲ့ ဆွေလေးမော လှရော့မယ်''

ကျွန်တော်တို့သည် ဤသို့မောင်တကျိုက် မယ်တကျိုက် သောက်စားနေရင်းမှ ကျွန်တော် သည် ကျွန်တော့်တာဝန်ကို သတိရလာပြီး–

''လွင် လွင်ကတော့ လွင့်အကြောင်းပြောပြီးပြီ၊ ဆွေကလဲ ဆွေ့အကြောင်း ပြောရတော့ မယ်''

သူသည် မျက်လုံးကြီး ဝိုင်းဝိုင်းနှင့် မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ကာ. . .

''ပြောပါ မောင်''

''ဟင့်အင်း ခု မပြောနိုင်သေးဘူး၊ ကော်ဖီသောက်ပြီး လွင့်ကို စိတ်ရှိလက်ရှိကြီး ဖက်နမ်းပြီးမှ ပြောဝံ့မယ်''

''ဘာလို့လဲ''

''ခုန လွင့်လိုပေါ့၊ ဆွေ့အကြောင်း လွင်သိသွားတော့ ဆွေ့ကို လွင်မချစ်တော့ဘူး ဖြစ်မှာစိုလို့''

သူသည် တခစ်ခစ် ရယ်လိုက်ပြီး. .

''ဒီအတွက်တော့ စိတ်ချပါမောင်၊ လွင်ဟာ မငယ်ပါဘူး၊ ဆွေ့ကို အန္တိမအဆုံး တွေးထားပြီးသားပါ၊ ဆွေ့အပေါ်ချစ်တဲ့အချစ်တော့ ဘယ်လိုနည်းနဲ့မှ လွင်မပျက်ဘူး၊ စိတ်ချလက်ချသာ ပြောစမ်းပါ မောင်ရယ်''

''ဒါဖြင့် ပြောမယ်၊ ဆွေဟာ လူပျိုမဟုတ်ဖူး''

လွင်သည် ခွက်ထိုးခွက်လန်ရယ်လျက်. . .

''အောင်မယ်လေး. . ဆရာကြီး၊ ဆရာကြီးလို လူက လူပျိုပြောလို့ ကျုပ်ကယုံမယ်. . ယုံမယ်၊ ဒီလို ရုပ်ရည်မျိုးနဲ့ ဒီလိုထက်ထက်မြက်မြက် လူမျိုးဟာ ဒီအသက် ဒီအရွယ်မှာ မိန်းမ ဘယ်နှစ် ယောက် ရပြီးပလဲသာ ရှိရမယ်''

''မှန်တာပြောမယ် နှစ်ယောက်ရပြီးပြီ ခင်ဗျ''

''နည်းသေးတယ်၊ ၁၀–ယောက်လောက် ရပြီးပြီဆိုတောင်လွင်ယုံတယ်''

''ဒီလိုဆိုလဲ လွင်က ဆွေ့ကိုချစ်မယ်''

''ချစ်မှာပေါ့ မောင်ရဲ့၊ ဟိုမိန်းမတွေနဲ့ ဘာဆိုင်တော့သလဲ၊ အခု ဆွေက လွင့်ကို ချစ်နေပြီ၊ လွင်က ဆွေ့ကိုချစ်နေပြီ၊ အချစ်ဆိုတာ နှစ်ယောက်ထဲကိစ္စပါ မောင်ရဲ့''

''ဒါပေမယ့် ခက်တာကလွင်ရယ် မောင့်မှာက လက်ရှိအိမ်ထောင်နဲ့''

''ဒီအထိ ဖြစ်လိမ့်မယ်လို့လဲ လွင်စဉ်းစားပြီးသားပါ''

''ဒီတော့. . . ဒီတော့'' ကျွန်တော့်စကားနှေးနေရာ၊ သူကဆက်၍ ''ရဲရဲသာပြောစမ်းပါ မောင်ရဲ့၊ မောင်လွင့်ကို မယူနိုင်ဘူး၊ ယူလို့မဖြစ်ဖူး မဟုတ်လား''

''ဟုတ်ပါတယ်''

''ဒါကို လွင်ကမပူပါဘူးမောင်၊ အချစ်ဆိုတာ အိမ်ထောင်မှာဆုံးတယ်၊ လက်ထပ်လိုက်ခြင်းဟာ ယောက်ျားနဲ့ မိန်းမတို့ရဲ့ ချစ်ဖန်ဝါနေမင်းကြီး မွန်းတည့်သွားတာဘဲ၊ နောက်မွန်းစ လွဲပြီး နေကျဘို့ဘဲ ရှိတော့တယ်။ ထာဝစဉ် အဲဗားလတ်စတင်းလဗ် ဆိုတာကတော့ မောင်ရေ. . မညားဘဲ သမီးရည်းစားဘဝဘဲ၊ ဒါကြောင့် လွင်ဟာ မောင့်ရဲ့မှောင်ထဲက ချစ်သူအဖြစ်နဲ့ ရာသက်ပန်နေသွားမယ်''

''အဖိုးတန်လိုက်တဲ့ အချစ်ရယ်''

''မောင့်တာဝန်က မောင်လုပ်နေကျအတိုင်းဘဲလေ၊ မောင့်ဝတ္ထုတွေထဲမှာ လွင့်ကိုရည်စူးပြီးတော့ လွင်နားလည် နိုင်မယ့်စာသွားစာလာမျိုးနဲ့ လွင်ကိုချော့ပါ မြှူပါမောင်၊ နို့ပြီးတော့ ဟိုတုန်းကအတိုင်းဘဲ ချစ်သဝဏ်လွှာတွေ မပြတ်ရေးနေကြမယ်လေ၊ အခွင့်ရတဲ့အခါမှာ ဒီလိုဘဲ ချိန်းတွေ့ကြမယ်လေ၊ အဲလိုဆို လောကကြီးမှာ ဘယ်လောက် အရသာရှိသလဲ မောင်ရယ်၊ ဒါမှ အီတာနယ်လဗ်''

''မောင်တော့ အချစ်အဘိဓမ္မာ ဆရာမရနေပါရောလား''

''လွင့်အဘိဓမ္မာကို မောင် သဘောမကျဘူးလား''

''သိပ်ကျ. . . အလွန်ကျ''

''မောင့်ဘက်က မနာပါဘူးနော်''

''ဟာ. . လွင် မောင့်ကို ဒီလိုပြောတာ မကောင်းဘူးကွာ''

''ဟဲ. . ဟဲ လွင်က ကျီစားတာပါမောင်ရယ်၊ မျက်မာန်တော်ညှိုးပါနဲ့ ခိုကိုးသူပါ''

သူက ကျွန်တော့်ရင်ခွင်ထဲမှနေ၍ မိုးဒေဝါသီချင်းကို တိုးတိုးလေး ညည်းနေလိုက်သေး ၏။ မဆိုးဘူး သီချင်းဆို ဝါသနာပါဟန်တူ၏။ အသံကောင်း အဆိုကျဘဲ။

''လွင်နဲ့မောင် စောစောကတွေ့ကြပြီး ညားရရင်ကောင်းမှာနော်''

''ဒါကတော့ မဖြစ်နိုင်တာဘဲမောင်ရယ်၊ မောင်က အောက်ဗမာပြည်မှာ မွေးတယ်၊ လွင်က အထက်မြန်မာပြည်မှာ မွေးတယ် ရန်ကုန်ယူနီဗာစတီမှာလဲ မဆုံကြဘူး''

''မောင် ကောလိပ်မှ မရောက်ခဲ့တာဘဲ''

''မကြွားပါနဲ့ သိပါတယ်၊ ဒါကြောင့် မောင်စာရေးဆရာ ဖြစ်တော့မှ လွင်က မောင့်ကိုသိရတာဘဲ၊ ဒီတော့ လွင်ကမုဆိုးမ ဆွေကအိမ်ထောင်ကျ၊ အခုခလေးဘယ်နှစ်ယောက်နဲ့လဲ''

''လေးယောက်''

''နောက်ထပ်လဲ မွေးအုံးမှာနော်''

ဤသို့ပြောစဉ် သူ့မျက်နှာထားနှင့် သူ့စကားမှာ ကျွန်တော့်အား ခနဲ့သောအဓိပ္ပာယ်ပါနေသည်။ ထို့ကြောင့် ကျွန်တော်က စကားလွှဲ၍. .

''အဲသည်အကြောင်း မစဉ်းစားချင်ပါဘူး လွင်ရယ်၊ မောင်ဟာ မောင့်အိမ်ထောင်နဲ့ မပျော်ပါဘူး၊ ယောက္ခမကြီးက သူ့တို့ခေတ်အတွေးအခေါ်နဲ့ မောင်နဲ့စိတ်သဘောချင်း မတိုက်ဆိုင်၊ သူ့သမီးက အလွန်အ အလွန်ဖျင်း၊ ထမင်းဟင်းလဲ မချက်တတ်ဖူး၊ ဈေးနာလဲ မဝယ်တတ်ဘူး၊ ကျုပ်ရတဲ့မိန်းမ ညံ့ပုံတော့ ပြောပြချင်သေးတယ်။ လွင်နားထောင်မယ်လား''

''မောင် ပြောချင်တာသာ ပြောပါမောင်၊ မောင့်ရင်ခွင်ထဲကနေပြီး မောင့်အသံကြားနေ ရရင် လွင်ရဲက လောကနိဗ္ဗာန်ဘဲပေါ့''

''မောင်ကလဲ ကိုယ့်အကြောင်းတွေကို ချစ်သူရှေ့အံထုတ်ရတာ အရသာပါဘဲ၊ ဒါကြောင့် ပြောချင်တာပါ၊ မရွှေစာညံ့ပုံက သူ့ကိုဈေးဝယ်ခိုင်းတယ် ဆိုပါတော့၊ သုံးခုထက်ပိုရင် စာရေးပေးလိုက်ရတယ်။ ဥပမာ–ဆီကအစိပ်သား၊ ကြက်သွန်ငါးဆယ်သား၊ ငရုပ်သီးခြောက် တဆယ် သား၊ ကုလားပဲငါးဆယ်သား၊ နို့ဆီတလုံးဆိုပါတော့၊ အဲဒါတွေရေးပြီး ငွေဆယ်တန်တရွက်နဲ့ လွှတ်လိုက်၊ ပြန်လာရင် သူ့လက်ဆွဲခြင်းထဲမှာ မှာလိုက်တဲ့ပစ္စည်းတွေနဲ့ ပိုတဲ့ပိုက်ဆံ လက်ထဲက ဆုပ်လို့၊ အဲဒါ ဒီကဆီးမေး၊ ''ဟဲ့ ပိုက်ဆံဘယ်လောက် ပိုသေးဘဲ၊ မှာလိုက်တာတွေ အကုန်ရ ရဲ့လား''ဆိုရင် ''မသိဘူး. . . ဟောဒီမှာ''ဆိုပြီး လက်ဆွဲခြင်းနဲ့ သူ့လက်ထဲ ပါလာတဲ့ ပိုက်ဆံကိုပေး တယ်။

''ဟင်. . သူက ဘာမသိဘူး ပြောတာလဲ''

''အစုံရသလား၊ မရသလား ပိုက်ဆံဘယ်လောက် ပြန်ပါလာသလဲဆိုတာကို မသိဘူး ပြောတာ လွှင့်ရေ့''

''ဟင် သူက ဘယ်လိုဈေးဝယ်လို့လဲ''

''ကုန်စုံရောင်းတဲ့လူကို အိမ်ကရေးပေးလိုက်တဲ့ စာနဲ့ငွေနဲ့အတူ အပ်လိုက်တယ်။ သူက အသိတယောက်ယောက်နဲ့ တွေ့ပြောချင်ရာပြောနေ၊ ဈေးသည်က အားလုံးချိန်တွယ်ပြီး သူ့ဈေး ခြင်းထဲထည့် ပိုတဲ့ပိုက်ဆံပြန်အမ်းတော့ သူရေတွက်လဲမနေတတ်ဘူး၊ တခါထဲ ပြန်လာခဲ့တာဘဲ''

''ဒီလောက်တောင်ဘဲလား ဆွေရယ်''

''အမယ်လေး. . . နားထောင်အုံး၊ ဒါပဏာမ ရှိသေးတယ်။ ခုနဟာက အူတာ၊ အတာ၊ ဖျင်းတာနော် မသိတတ်လိုက်တာများကလဲ တခါ မောင်တို့ရွာက လူငယ်ငါးယောက်၊ လူပျို ပေါက်တွေပေါ့ကွာ မောင်တို့အိမ်ရောက်လာကြတယ်၊ ထမင်းစားချိန်ဖြစ်နေတယ်၊ မကျွေးရင် မဖြစ်ဘူး၊ ဒီတော့ သူ့အမေကြီးအိမ်မှာ တအိမ်သားလုံးစာ ချက်ထားတာက ဒီတောကလူပျို ပေါက် ငါးယောက် ဘယ်နည်းနဲ့မှ မလောက်ဘူး၊ အိမ်သားတွေ စားဘို့တော့ ပြန်ချက်မယ်၊ ဧည့်သည်တွေအရင်ကျွေးမယ်စီစဉ်တယ်၊ ဒီတော့ကောင်လေးတွေ စားနေတုန်းမှာ မောင်က နော်မာရေသွား၊ လမ်းထိပ်က တရုတ်ခေါက်ဆွဲဆိုင်မှာ ထမင်းချည်း နှစ်ကျပ်ဖိုးဝယ်ခဲ့၊ နောက်ဖေးကသွား နောက်ဖေးက ပြန်တက်လို့ မှာလိုက်တယ်၊ ပြီးတော့မောင်က ထမင်းစားခန်း ပြန်ပြီးတော့ ဟော့ကောင်တွေ အားမနာနဲ့ အားရပါးရစားကြပါကွ၊ ဘာညာပြောရတာပေါ့ ဒီကောင်တွေကလဲ ခရီးပန်းလာ ထမင်းကဆာဆာနဲ့ဆိုတော့ ကြိတ်လိုက်ကြတာ ထမင်းဇလုံထဲ အိုးထဲက အကုန်ထည့်ထားတာ ပြိုက်ကနဲ ပြိုက်ကနဲ ဒီတော့ မောင့်မှာနော်မာမြန်မြန်ပြန်လာ ပါစေဆုတောင်းနဲ့ ရင်ထဲတဒိတ်ဒိတ်၊ ဇလုံထဲလဲပြောင်ရော၊ အိမ်ရှေ့ထွက်ပြီး လမ်းဆီ ကြည့် လိုက်တယ်၊ နော်မာ့အရိပ်အယောင်မှ မမြင်ရဘူး၊ ဒါနဲ့ မောင်အိမ်ပေါ်က ကပြာကရာခုန်ဆင်း၊ နာနီအိမ်က မီးဖိုထဲဝင် ဘာမပြောညာမပြော ချက်ပြီးသား ထမင်းအိုးမ,ယူပြီး နောက်ဖေးပေါက် က ပြန်တက်လာပြီး ဧည့်သည်တွေ အချိန်မှီ ထမင်းထည့်ပေးလိုက်ရပါတယ် လွှင်ရယ်''

နို့. . မောင့်မယားက ဘာလို့ ပြန်မရောက်သေးတာလဲ၊ ခေါက်ဆွဲဆိုင်က ဝေးလို့လား''

''မောင်တို့ရန်ကုန်က 'လမ်းထိပ်တင်'ဆိုတာဟာ ဘယ်ဝေးမလဲ လွှင်ရာ၊ အသွားအပြန် အလွန်ကြာလှ ငါးမိနစ်ပေါ့၊ အဲဒါ ဧည့်သည်တွေ အားလုံး ထမင်းစားပြီးလို့ ဧည့်ခန်းမှာ ဆေးလိပ်ပါ သောက်နေကြတော့မှ သူလှုပ်တုတ် လှုပ်တုတ်နဲ့ ထမင်းထုပ်ဆွဲပြီး ရောက်လာတယ် လွှင်ရဲ့၊ ဒါနဲ့ မောင်က မီးဖိုခန်းထဲ ဝင်သွားပြီး(ဟဲ့. . ဘာ့ကြောင့် ဒီလောက်ကြာနေရလဲ)မေးတော့ တရုတ်မိန်းမနဲ့

သူစကားကောင်းနေလို့တဲ့၊ ဒါဘဲ ပြန်ပြောတယ်၊ ဒီမှာ ဥဒ္ဒေသည်တွေနဲ့ ဘယ်လို ဖြစ်နေတယ်ဆိုတာ သူသိလဲမသိဘူး၊ မေးလဲမမေးဘူး၊ သူ့မှာ ဘာမှမဖြစ်သလိုဘဲ''

''အမယ်လေးတော်၊ မောင်ဒေါသမထွက်ဘူးလား၊ သူ့ပိတ်မရိုက်ဘူးလား''

''ဒေါသတော့ ထွက်တာပေါ့လွင်ရာ၊ ဒါပေမယ့် သူ့ရိုက်နေလို့လဲ ဘာထူးတော့မှာလဲ၊ ပြီးနေပြီဟာ အပိုဘဲပေါ့''

''အော်. . . မောင့်မိန်းမက သနားစရာကောင်းလောက်အောင် ပျင်းပါ ညံ့ပါလားကွယ်''

''အဲဒါ လူမှုကိစ္စကို မသိတတ်တာ၊ သူရသတ္တိအရာလဲ ပြောရအုံးမယ်၊ ဥပမာ အိမ်ရှေ့က သူ့ခလေးတယောက် လှေခါးပေါ်က လိမ့်ကျလို့ ဒုံးကနဲ ဝုန်းကနဲ ငိုသံကြားရပြီဆိုရင် နားနှစ်ဖက်ပိတ်ပြီး (အမယ်လေး. . ကယ်ကြပါအုံး အရပ်ကတို့၊ ကျမသားလေး သေပါပြီတော့) အော်ပြီး ခလေးက အိမ်ရှေ့မှာကျတယ်၊ သူက အိမ်နောက်ဖေးဘက် ထွက်ပြေးတယ်''

''ဟင်. . . ဘယ့်နှာတုန်း''

''သူက ဒီခလေးဘာဖြစ်နေသလဲ၊ သွေးရဲရဲ သံရဲရဲ ဖြစ်နေမလား၊ မကြည့်ဝံ့လို့တဲ့လွင်ရာ၊ အဲဒါ သည့်ပြင်လူက ခလေးကိုထူထ, ထူမ, ပါမှ သူကလာရဲသဗျ''

''ရှားပါ့မောင်ရာ၊ ဒီယောက္ခမမျိုးနဲ့ဒီမိန်းမမျိုး. . . ဒီလောက်ကြာ ပေါင်းနေတာလဲ အံ့ပါရဲ့''

''မအံ့နဲ့လွင်၊ မောင့်မှာ သားသမီးတွေက ရှိနေတော့ တကယ်လို့မောင်က သူတို့စွန့်ခွာပြီးတော့ နောက်မယား ယူမယ်ဆိုရင်ခလေးတွေ စရိတ်မောင်က နိုင်အောင်ပေးနိုင်ပေး၊ မပေးရင် သူတို့ဘာလုပ်မလဲ သိလား၊ သူတို့က ခရစ်ယန်ရိုမန်ကက်သလိပ်တွေ၊ မောင့်သားသမီးတွေကို သူတို့မစ်ရှင်က အော်ဖင်စကူးလ်ပို့ပစ်လိုက်မယ်၊ ဒီတော့အားလုံး ခရစ်ယန်တွေ ဖြစ်ကုန်ရော။ ဒါမှမဟုတ် သူတို့ဆွေမျိုးထဲက ခွဲဝေမွေးကြလိမ့်မယ်၊ ဒီတော့ မောင့်သားသမီးလေးတွေဟာ တကွဲတပြားစီ ဖြစ်ကုန်ကြမယ်၊ ဒါ့အပြင် မောင်အခုထက်ထိ သတိရတိုင်း အသဲနာတာတခုရှိသေးတယ်၊ အဲဒီအမျိုးထဲ မောင့်ခလေးတွေ ရောက်သွားမှာသိပ်စိုးတယ်''

''ဘာလိုလဲ မောင်''

လွင်သည် ကျွန်တော့်လက်မောင်းခေါင်းအုံး၍ ကျွန်တော့်ရင်ခွင်မှာ လဲလျောင်းကာ၊ ကျွန်တော့်အား ယပ်ခတ်ပေးလျက် ကျွန်တော်ပြောသမျှ စိတ်ဝင်စားစွာ နားထောင်ပါသည်။

''၁၉၄၈-ခုနှစ် ရဲဘော်ဖြူတွေတောခိုတဲ့နှစ်၊ သခင်နုအစိုးရ ရန်ကုန်အစိုးရဖြစ်တဲ့နှစ်၊ တပြည်လုံးမှာ လမ်းပန်းအဆက်အသွယ်တွေ ပြတ်လို့စာအုပ်ထုတ်ဝေရေးတွေ ပျက်တော့ မောင်တို့ စာရေးဆရာတွေ ဝင်ငွေပြတ်ကြရော၊ သည်တော့ ထမင်းလခ တလကျော်ကျော် မပေးနိုင်တော့ ယောက္ခမက သူ့အိမ်ပေါ်က နှင်ချပါရောဗျာ၊ မောင်ကတော့ ဘာကိစ္စရှိလဲ၊ မောင့်မှာ ရန်ကုန် စားအိမ်သောက်အိမ်တွေ အများကြီး၊ သူ့ထမင်းလခ မပေးနိုင်ကတဲက မစား ပါဘူး၊ အဲဒါမောင်ဆင်းသွားရုံနဲ့ အားမရဘူး၊ နင့်မယားနဲ့ နင့်သားသမီးတွေပါ ခေါ်သွား၊ ငါမုဆိုးမဟဲ့၊ နင့်လုပ်စာတွေကို ကျွေးမထားနိုင်ဘူး''

''ဒီလိုဘဲ ပြောသလား''

''ဟုတ်တယ်. . . လွင်''

''ကဲ. . ဆက်ပြောပါမောင်''

''သူ့သမီးနဲ့ သူ့မြေးတွေပါ နှင်ချနေတော့ မောင်ကပြောတယ်၊ ဒီမှာ အန်တီ၊ ကျွန်တော် မသေသေးပါဘူးဗျ၊ နို့ပြီး. . . တိုင်းပြည်ကလဲ ဒီလိုချည်းနေမှာ မဟုတ်ပါဘူး၊ စာအုပ်ခေတ်ပြန် ကောင်းတော့ အန်တီရဲ့ထမင်းလခတွေကိုတွေ. . . အားလုံးတစု တပြုံထဲ ပေးဘို့ကျွန်တော် ကတိ ထားပါတယ်၊ ဒါ့မှ မဟုတ် ကျွန်တော်က စာမရေးနိုင်တော့လို့ ငွေမရနိုင်တော့ဘူးဆိုရင် ကျွန်တော့်အဖေဆီမှာ ပြန်တောင်းပေးမယ်ဗျာ၊ ကျွန်တော့်အဖေဟာ တောမှာလူချမ်းသာ တယောက်ဆိုတာ သူ့အိမ်အန်တီရောက်ဖူးတယ်။ အန်တီအသိ၊ အခုတောင် စာတိုက်ကစာ သွားဖြစ်တယ်ဆိုရင် **M.O** နဲ့ပို့ဘို့ မှာလိုက်နိုင်ပါတယ်၊ ဒါတောင် မရဘူးလွင်ရာ၊ မောင်သူ့အိမ် က ဆင်းသွားတော့ သူ့သမီးအရင်း ခေါက်ခေါက်ကိုဘဲ တပူပူ ဂျီတိုက်နေတယ်၊ (နင့်လင် သောက်ဆံက ဘယ်တော့ရမှာတဲ့လဲ၊ နင်တို့ကိုကျွေးမထားနိုင်ဘူး)ဆိုတာမျိုးတွေ အဲသည်လို ဖြစ်နေတုန်းမှာ တညင်က သူ့မောင်မိန်းမ သူ့ယောင်းမရောက်လာတယ်၊ သူကခလေးတွေကို ချစ်တတ်တယ်။ ဒီလို သားအမိတွေ ပူညံပူညံဖြစ်နေတာ တွေ့ရတော့ သူ့တူမကို သနားပြီး ခလေးနှစ်ယောက်နဲ့ သူ့အိမ်ကို ခေါ်သွားတယ်၊ အဲသည် အချိန်မှာ မောင့်သမီးအကြီးဆုံး ဒင်ပယ်ဆွေက ၄-နှစ်ကျော်ကျော် ၅-နှစ်ထဲမှာပေါ့လေ၊ ကျော်ကျော်ဆွေက နှစ်ခါလည်ကျော်။

''အဲ-သူတို့သားအမိတွေ သွားတာ တလလောက်ကြာတော့ မောင်ကခလေးတွေ လွမ်း တာနဲ့ တညင်ကို လိုက်သွားတယ်၊ တမနက်ခင်း မောင်ကမောင့်အိပ်ရာ ကင်မတော့ပေါ်မှာ စာဖတ်နေတုန်း အဲဒီအိမ်ရှင်တွေရဲ့ သမီး ၁၃-၄နှစ်ရွယ် အပျိုပေါက်မကလေ မောင့်ရှေ့မှောက် မှာဘဲ သူအလှပြင်နေတာကို ဒင်ပယ်လ်ဆွေက ခလေးပီပီ သွားကြည့်မိတာနဲ့ ဘာမပြောညာ မပြော

ခလေးပါးကို ဖျန်းကနဲ ရိုက်လိုက်တာလေ မောင့်သမီးလေး အရွယ်နဲ့မလိုက်ပါဘူး၊ ပြင်းထန်လွန်းလှပါတယ် လွင်ရယ်''

''ကြည့်စမ်း. . မောင်. . . ခု ပြောရင်းတောင် ငိုသံပါလာတယ်''

''မောင့်သမီးလေးကို မောင်လက်ဖျားနဲ့တောင် မရွယ်ခဲ့ဘူးပါဘူး၊ တကယ်ဆို ခလေး အပြစ်ရှိလဲ တင်ပါး ခပ်စပ်စပ်ကလေးရိုက်ပေ့ါ၊ ခုတော့ မောင်က (ဟဲ့. . . ဘာဖြစ်လို့ဒီလောက်ကြီး ရိုက်ရတာလဲ ဟယ်)ဆိုတော့ (ရိုက်ချင်လို့)ဆိုပြီးအခန်းထဲက ထွက်သွားတယ်''

မိုက်ရိုင်းလိုက်တာနော်''

''ဒါနဲ့မောင်က ငါ့သားသမီးတွေကို ဒီလိုအမျိုးတွေနဲ့ မထားနိုင်ဘူးဆိုပြီး သူတို့မအေပါ ပြန်ခေါ်ခဲ့တယ်၊ အဲသည်အချိန်မှာ မောင်က 'ချစ်ပန်းနှစ်ခိုင်'လုံးချင်းဝတ္ထု ရေးပြီးနေပြီမို့ ဦးကျော်ဆီက ငွေတောင်းပြီးတော့ ကဲ. . (ယောက္ခမကြီးရေ့ ခင်ဗျား ထမင်းလခ ကျသမျှရှင်း) ဒီတော့ တညင်က လိုက်လာခဲ့တဲ့ သူ့ယောင်းမပါ အနားမှာရှိနေတော့ (ဟော့. . . မောင်ကြင်ရွှေ မင်းမှာငွေရှိနေပြီဘဲ မင်းမယားနဲ့ ခလေးတွေ ငါ့အိမ်မှာစားသွားတာလဲပေးအုံး)ဆိုလို့ (ဟာ. . . . ကြိုက်သလောက်ပြော) ဆိုပြီး တလ ၅ဝ–ကျပ်နှုန်းနဲ့ ရက်တွက်ပါပေးလိုက်တယ်၊ အဲလိုပေးလိုက် ရတာ မောင်သိပ်ဝမ်းသာတယ်၊ ဘာကြောင့်ဆိုရင် မောင့်သားသမီးတွေကို သူတို့အမျိုးထဲက ဘယ်လောက်ကြာ ကျွေးမွေးထားခဲ့ရတယ် ဆိုတာမျိုး ရာဇဝင်မှာ စာတင်မခံနိုင်ဘူး''

ဤတွင် ကျွန်တော့်မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ကျွန်တော်ပြောသမျှ စဉ်းစဉ်းစားစား နားထောင်နေသော လွင်က ကျွန်တော့်ရင်ခွင်မှထကာ–

''ပြစမ်း. . . မောင့်လက္ခဏာ''

''အမယ်. . လွင်က လက္ခဏာ ကြည့်တတ်သလား''

''ဝါသနာပါတယ်. . မောင်ရာ''ဟု ဆိုပြီး ကျွန်တော့်လက္ခဏာ ကြည့်လျက် ''ဟား. . တယ် ခေါင်းမာတဲ့ လူဘဲကွာ၊ ဘယ်သူ့စကားမှ နားမထောင်ဘူး၊ ထင်ရာမြင်ရာ စွပ်လုပ်တတ်တဲ့ လူမျိုး၊ ကျန်းမာရေးလမ်းကြောင်းကြီးကလဲ ကောင်းလိုက်တာကွယ်''

''ဟုတ်တယ်၊ မောင်အမှတ်ရမှ ဖျားတယ်ဆိုတာ ဘယ်လိုမှန်းတောင် မသိဘူး''

''ပြောစမ်း. . . မောင့်မွေးနေ့ ခုနှစ်သက္ကရာဇ်''

''ဗမာလိုလား''

''လွင်ကလက္ခဏာတော့ အင်္ဂလိပ်စာအုပ်တွေ ဖတ်ထာ၊ ဗေဒင်တော့ ဗမာလိုဘဲ သင်ထား တယ်''

''၁၂၈၁-ခု၊ ကဆုန်လဆုတ် ၁၃-ရက် ညဥ့်သန်းခေါင်ကျော် ၁-နာရီ၊ တနင်းလာနေ့ထဲ အရောက်ပေါ့''

သူ့တွင် အသင့်ပါလာသော မှတ်စုဗလာစာအုပ်တွင် အကွက်တွေ ခြစ်တွက်ရင်း. . .

''ဟင်း. . . တနင်္လာသား သိုက်ဖွား၊ သောကြာနံထွန်းတယ်၊ မဆင်းရဲဘူး၊ ငွေကတော့ မရှိ မရှားဘဲ၊ အထူးသဖြင့်ကတော့ တယ်မြာစွံတဲ့လူဘဲကွာ၊ အေးလေ ဒါကြောင့် လွင်တောင် မိုးကောင်းကလာခဲ့ပြီး ခု မောင့်ရင်ခွင်ထဲ ရောက်နေရတာလား၊ နောက်ပြီးတော့ မယားသုံးဆက် ဗျ၊ တတိယမယားနဲ့ကျမှမြဲမယ်၊ မောင်ပျော်ရွှင်မယ်တဲ့''

''ဟုတ်လား. . လွင့်လိုဘဲ ဗေဒင်ဝါသနာပါတဲ့ မောင့်အဖေကရော၊ ဆရာစန္ဒြကရော၊ အဲလို မယားသုံးဆက် တတိယမှ မြဲမယ် ဟောတာဘဲ''

''အော. . ဆွေ့ကို စန္ဒြဟောဘူးသလား၊ သူဟောတာပြောစမ်းမောင်၊ လွင့်အမြင်နဲ့ တိုက်ကြည့်ရအောင်''

ထိုစဥ်၌ ဆရာစန္ဒြနာမည်တက်စဖြစ်၏။

''သူသုံးချက် ဟောတယ်၊ တစ်က မောင်နောက်ရမယ့် မယားဟာ ချမ်းသာရမယ်၊ သူဌေး သမီးဖြစ်ရမယ်တဲ့''

''ဟာ. . . ဒါတော့ ဆရာစန္ဒြရမ်းပြီကွာ၊ မောင့်မှာက တတိယမယားရပြီးသည့်၌ စိတ်ချမ်း သာ ကိုယ်ချမ်းသာ ရှိရမယ်၊ ဒီလောက်ဖဲဆိုနိုင်တယ်၊ ငွေချမ်းသာတဲ့မယားရလို့ ချမ်းသာလာ မယ်လို့မပြောနိုင်ဘူး၊ မောင်ဟာ ငွေမက်တဲ့လူမဟုတ်ဖူး၊ နို့ပြီးတော့ မောင့်ဇာတာမှာက ဘယ်သူ့ကိုမှ မမှီခိုရဘူး၊ ကိုယ့်ဒူးကိုယ်ချွန်ဘဲ''

''တခုရှိတယ်လွင်ရဲ့ အဲသည်တုန်းက နောက်မှစန္ဒြဖြစ်တဲ့စာပေဗိမာန် ဘာသာပြန်ဌာနက ကိုစန်းမောင်ဟာ လက္ခဏာပညာကို လေ့လာသင်ကြားတုန်းဘဲ၊ စန္ဒြဆိုတာ ကိုင်ရိုကိုယ်တွေ့တွေ ဘာသာပြန်တဲ့ ကလောင်နံမယ်ဘဲ ရှိသေးတယ်၊ အဲသည်တုန်းကသူက ပဒေသာတိုက်ကို မကြာခဏ လာလေ့ရှိလေတော့ အဲသည်အချိန်မှာ မောင်က ကဗျာစာပေ ဝါသနာရှင် သူဌေးသမီး တယောက်နဲ့ ဘာဝလိုတိုတို ဖြစ်နေတာ သူကသိနေလို့''

''အဲဒါကြောင့် ဆရာစန္ဒြ ရမ်းတာလို့ လွင်ပြောတာပေါ့၊ ဒါမျိုးမှာ ဘေးအမြင်နဲ့ အထင်ကို ထည့်မဟောရဘူး၊ ဒီအထဲမှာ အတွေ့သာဟောရမယ်၊ ကဲ. . နောက်ပြီး နံပတ်နှစ်သူဘာ ဟောသလဲ''

''မောင်ရုပ်ရှင်ဘက် ရောက်ပြီးတော့ သရုပ်ဆောင်သူတယောက်အနေနဲ့ ပိတ်ကားပေါ် မှာ နာမည်ကြီးရအုံးမယ်တဲ့. . .''

''ဟာ. . ဒါဟုတ်နိုင်တယ် လွင်တွေ့တယ်။ ဒါပေမယ့် မောင်မှာက စာပေဘက် သိပ်အား ကောင်းနေတယ်၊ ဒါကြောင့် မောင်ဟာ ရုပ်ရှင်ဘက်ရောက်တောင် ခဏတဖြုတ် အပျော် လောက်ဖဲ၊ ကဲ. . တတိယ သူဘာဟောလဲ''

''နိုင်ငံခြားသွားရမယ်တဲ့''

''ဒါကတော့ သွေးထွက်အောင် မှန်တာပေါ့ မောင်ရယ်၊ တခါတောင်မကဘူး ဟောဒီ ကြယ်တွေက ပြထားတယ်''

''နေပါအုံးလွင်ရယ် မေးစမ်းပါရစေ၊ ဒီလက္ခဏာ ဗေဒင်ပညာတွေဟာ ဗမာပြည်မှာပေါ်ခဲ့ တာ၊ ကြာပြီနော်၊ ရှေးဗမာဘုရင်ခေတ်အဆက်ဆက်ကဘဲ''

''ဟုတ်တာပေါ့ မောင်''

''ကဲ. . . ဒီတော့ရင် ဗမာပြည်ဟာ နိုင်ငံခြားနဲ့အဆက်အသွယ်မရှိတဲ့ ခေတ်တုန်းကဆိုရင် မောတွေ ကံဇာတာ လက္ခဏာမှာ နိုင်ငံခြား သွားရမယ့်ပြကွက် မရှိဘူးလားဗျာ''

လွင်သည် သူ့ကိုယ် သိမ့်သိမ့်လှုပ်အောင် ရယ်မောကာ. .

''အော်. . မောင်မောင် အတွေးခေါင်လိုက်တာ ဟိုတုန်းက လူတွေ လက္ခဏာမှာလဲ ရှိတဲ့သူ ရှိခဲ့တာပေါ့မောင်ရဲ့''

''ကဲ. . ဒဖြင့်ရင် ကင်းဝန်မင်းကြီး ခေတ်မတိုင်မီက ဗမာတွေ ဘယ်နိုင်ငံခြားများ ရောက်ကြသလဲဗျာ''

''စာရေးဆရာကြီး. . . စာရေးဆရာကြီး ဒီနေရာမှာ 'ပညာရှိသတိဖြစ်ခဲ့'ဖြစ်သွားပြီကွ၊ ဒီမှာမောင် ဟိုတုန်းကဗမာပြည်ဟာ ခုအခြေနဲ့တူသလား။ ဟံသာဝတီက တလိုင်းသုံးရပ်၊ ရာမညပြည်၊ အလယ်ပိုင်းက သရေခေတ္တရာ၊ အထက်က ပေါက္ကံရာမ၊ အဲဒါတွေဟာ တပြည်နဲ့တပြည် နိုင်ငံခြားတွေပေါ့ မောင်ရဲ့''

ဤမှ ကျွန်တော်သဘောပေါက်ကာ. .

''အား. . . ဟုတ်ပြီ. . . ဟုတ်ပြီ တော်လိုက်တဲ့ လွင်လေးရယ်၊ မောင်ချစ်လိုက်တာကွယ်၊ ပေးစမ်း ဒီနှုတ်ခမ်းလေး''

''မောင်. . . မောင် သိပ်ကဲတယ်ကွာ''

''လွင်. . . မောင့်ချစ်လား''

''သိပ်ချစ်တာဘဲ မောင်''

''ဒီတော့ ခုနလွင်ပြောတယ်၊ မောင့်မှာ တတိယအိမ်ထောင်ရှိသေးတယ်ဆိုတော့ အဲဒါလွင်မဖြစ်နိုင်ဘူးကွယ်၊ ဗေဒင်ဆရာမကြီးရယ်''

''ဘဝကြမ္မာဆိုတာ မပြောနိုင်ဘူး မောင်ရဲ့''

''အမှန်အတိုင်း မောင်ပြောရရင် အခုချိန်မှာ မောင်ဟာလွင့်ကိုအချစ်ဆုံး ကမ္ဘာပေါ်မှာအချစ်ဆုံးဘဲ ဒီတော့''

''ဒါကို လွင်ယုံပါတယ်၊ မောင်ဟာ မိန်းမ တယောက်ထဲကိုဘဲ သဲသဲမဲမဲချစ်တတ်ပါတယ်၊ ဒါပေမယ့် စွဲစွဲမြဲမြဲမဟုတ်ဘူး။

''လွင်. . . ဘယ်လို ပြောတာလဲ''

''ရှင်းပါတယ်. . . အခုမောင် လွင့်ကိုသဲသဲမဲမဲ ချစ်နေတယ်၊ ဒါပေမဲ့ လွင်နဲ့ခွဲသွားပြီးနောက်တယောက်ကို တွေ့ပြန်ရင်လဲ လွင့်ကိုမေ့သွားပြီ နောက်ဟာကို သဲသဲမဲမဲချစ်ပြန်ရော။ အဲဒါမောင့်ဇာတာမှာ ပြနေတာဘဲ၊ မောင်မညာချင်နဲ့တော့''

ကျွန်တော့်စိတ်ကို ကျွန်တော် ဝန်ခံလိုက်ရပြီး. .

''ဒါက ဒီလိုလွင်ရဲ့ မောင်ဟာလေ ပထမဦးဆုံး ရည်းစားဦးနဲ့ အသဲကွဲပြီးလိုက်ကတဲက မိန်းမတယောက်ထဲကို စွဲစွဲမြဲမြဲချစ်တာ မကောင်းဘူး၊ ရည်းစား ရသလောက်ထားမယ်၊ ဒါမှ တယောက်သစ္စာဖောက်သွားရင် ဘာမှပူစရာမရှိဘူး၊ ကျန်တာတွေအများကြီးနဲ့လို့ ကိုယ့်ကိုယ်ကို မပူဆွေးရအောင် လုပ်ရတာလွင်ရဲ့''

''ဟား ဟား ဒါက မောင်လုပ်ယူလို့ ရတယ်များထင်နေသလား၊ မောင့်ဇာတာမှာ ကိုယ်က ချစ်သူတွေသိပ်များနေတယ် အေးလေ၊ ဒီဇာတာမျိုးရှိတဲ့လူကလဲ၊ ဒီစိတ်ကူးမျိုး ပေါ်မှာပေါ့၊ မောင့်ကိုရမယ့်သူဟာ တွေ့တွေ့ချင်း မလွှတ်ဘဲ ဖမ်းယူနိုင်မှာဘဲ''

''ဒါဖြင့် လွင် အခုမောင့်ကို မယူနိုင်ဘူးလား''

''ယူနိုင်တယ်. . ယူနိုင်တယ် လွင်က လွတ်လွတ်လပ်လပ် မုဆိုးမဘဲ၊ ကဲ. . မောင် လွင့်နေရပ် ဖြစ်တဲ့ မိုးကောင်းကို လိုက်နိုင်မလား၊ ဒါမှမဟုတ် မောင့်ဌာနေ ရန်ကုန်မြို့ကို လွင့်ခေါ်သွားနိုင် မလား''

ဟိုက်. . . သည်တော့ ကျွန်တော်မျက်ဖြူဆိုက်ရချေပြီ။ ကျွန်တော်၏ စာပေကျက်စားရာ ဖြစ်သော ရန်ကုန်မြို့နှင့် သားသမီးလေးတွေ၏ ဝေးရာသို့ ကျွန်တော်မသွားနိုင်၊ လွင့်ကိုရန်ကုန် ခေါ်ဘို့ ဆိုတာကတော့ ရှိတဲ့သားမယားမှ ထမင်းလခမှန်မှန်ပေးနိုင်ဘို့ အတော်ကြိုးစားနေရ သည်။

ထို့ကြောင့် ကျွန်တော် သက်ပြင်းရှည်ကြီး ချလိုက်တော့. . .

''ကဲ. . ဆရာကြီး မဖြစ်နိုင်ဘူး မဟုတ်လား၊ အင်မတန် သားသမီးသံယောဇဉ် ကြီးတဲ့လူ မောင်နဲ့လွင်ဟာ အတွေ့စောနေတယ်၊ သို့သော် လွင့်မှာ ဗေဒင်အမြင်အားဖြင့် မြော်လင့်စရာ တခုရှိတယ်၊ ဖြစ်နိုင် မဖြစ်နိုင်ကတော့ ကံဘဲ''

''ဘယ်လိုလဲ လွင်''

''အဲဒါပြောလို့မဖြစ်ဘူး၊ မသင့်လျော်ဘူးမောင်၊ ကဲ သည်တော့ ဒီကိစ္စတွေအပြောရပ်ပြီး တော့ လွင်နဲ့တွေ့တုန်းတွေ့ခိုက် ပျော်ပျော်ပါးပါးပေါ့မောင်ရယ်၊ ရော့–မောင်ကြိုက်တတ်တဲ့ အရက်သောက်၊ လွင်လဲ နဲနဲသောက်မယ်''ဆိုပြီး သူပုလင်းနဲ့ရေခဲပုံး ဖွင့်ပေးပါသည်။

ကျွန်တော်သောက်တိုင်း လက်နှလုံးလောက်အကြံမှာ သူကယူယူသောက်၏။ ယင်းသို့ နှစ်ယောက်သား အရက်ထွေလာတော့ အချစ်ဒီဂရီ ပြင်းထန်လာကြသည်။

ကျွန်တော်တို့ သိပ်ပျော်နေကြသည်။ ပျော်လျှင်ကျွန်တော်ကဗျာစပ်ချင်စိတ် ပေါ်လာတတ်သည်။ ထို့ကြောင့်. . .

''ကဲ. . လွင်ရေ ကိုယ်တို့မခွဲခွာခင် ကဗျာတပုဒ်လောက်စပ်တူ စပ်လိုက်ကြရအောင်ကွာ''

ကျွန်တော့် ရည်းစားများထဲတွင် လွင်သည် ကဗျာဝါသနာအပါဆုံးနှင့် ကဗျာရေးအကောင်းဆုံး ဖြစ်ပါသည်။ ထို့ကြောင့် သူသည် 'ကဗျာ'ဆိုသောအသံ ကြားရသည်နှင့် သူ့ကပို ကရိုဖြစ်နေသည်များကို ပြုပြင်ကာ. . .

''ကောင်းတာပေါ့မောင်၊ မောင့် ကဗျာဉာဏ်လဲ လွင်သိရတာပေါ့''

''ဒါဖြင့် ခုန လွင်ဗေဒင်တွက်တဲ့ စာအုပ်ဖွင့်ကွာ''

ကျွန်တော်သည် ဖောင်တိန်ကိုဖွင့်တော့ လွင်လည်း သူ့ဖောင်တိန်ကိုဖွင့်ကာ. .

''ကဗျာ နံမယ်ဘယ်လိုပေးမလဲ''

''ဆွေတော့ ဒီလို ကိုယ့်ခံစားမှု ကဗျာမျိုးဆိုရင် ရေးပြီးမှနံမယ်ပေးတတ်တယ်''

''ဒါဖြင့် ဆွေပထမ စ,ပေတော့''

ကျွန်တော်မှာ ဒါကိုစဉ်းစားလိုက်မိကတည်းက အချို့စာလုံးတွေ ခေါင်းထဲဝင်ရောက်ပြီး ဖြစ်၍. . .

အကြောင်းအရာကတော့ အခုလွင်နဲ့ဆွေရဲ့ လက်ရှိအခြေအနေဘဲ၊ ကဲ–စ,ရေးမယ်၊ လွင်လိုက်ရေး မောင်ကပြောမယ်''

''အိုကေ. . ရယ်ဒီဘဲ''

ဆွေ။ ။ မလွှဲသာ ခွဲခွာရပ်ကြမှာမို့

အသဲညာကို ဆွဲကာဖြတ်သည့်နှယ်. . .

လွင်။ ။ တဆတ်ဆတ်နာလှတယ်

(သူကဆက်၏။)

ဆွေ။ ။ ''အဲ. . ဟုတ်ပြီ ကဲနောက်တပိုဒ်က. . .

အော်. . ရွှေညာလွင်ရဲ့

လွင်။ ။ ''ဟုတ်တာပေါ့မောင် လွင်က အညာသူမပေကိုး၊ ဆက်ပါအုံးရှင်''

ဆွေ။ ။ အော်. . ရွှေညာလွင်ရဲ့

။ ဆွေသာလျှင် ဘုရင်တပါးဆိုလျှင်ဖြင့်

လွင်။ ။ ပြေရွှာတခွင်မှာ အထင်အရှားဟာမို့

ဆွေ။ ။ ''အဲ. . ဟုတ်ပြီ''

။ သဇင်ညှာ ကြင်ယာတပါးကိုလှ

လွင်။ ။ စဉ်မကွာ ကြင်နာတဲ့တရားတွေနဲ့

ဆွေ။ ။''အား မဖြစ်ဘူး။ ကြင်နှစ်လုံးထပ်တယ်၊ နို့ပြီးအစက မလွှဲသာ ခွဲခွာရတော့မယ် လို့ စခဲ့တယ်မဟုတ်လား''

လွင်။ ။ ''ဟုတ်တယ်၊ ဆွေ့ဟာလဲ ဆွေစပ်တော့ကွာ''

ဆွေ။ ။ သဇင်ညှာ ကြင်ယာတပါးကိုလ

ချစ်တာ မေတ္တာ သစ္စာတွေထားကာပ၊

လွင်။ ။ ''ဟာ ဒီလိုဆို သိပ်ကောင်းတာပေါ့ မောင်''

ဆွေ။ ။ တဆိပ်လေ ပဋိသန္ဓေပွားပါလို့

လွင်။ ။ ''အောင်မယ်လေး လန့်စရာကြီးပါလား မောင်ရယ်''

ဆွေ။ ။ ဖွားသနော် သားတော်ဖြစ်ရင်တော့

လွင်။ ။ ''ချစ်စရာလေး နေမှာမောင်''

ဆွေ။ ။ ချောကညာကို တောမှာမပစ်နိုင်ဘု

ရင်နှစ်ကို ရင်ဝယ်ပိုက်ပါလို့

လိုက်ခဲ့တော့ မောင့်နန်းတော်

လွင်။ ။ ''နှမတော်ကို ရွှေပြည်တော် ခေါ်တော်မူမယ်လား''

ဆွေ။ ။ ''ခေါ်မှာပေါ့ နှမတော်ရယ်၊ ကဲ တတိယပိုဒ်က. .

သို့ကလို ပြောကာကြားပြီးတော့

မပျို့တပျို့ ချောကညာ တပါးကိုလ

လွင်။ ။ ''ဟာ. . မောင့်ဟာ ဘယ့်နှာတုန်း''

ဆွေ။ ။ ''အော်. . လွင်က မုဆိုးမဆို၊ ဒီလိုဘဲရေးရမှာပေါ့''

လွင်။ ။ ''မှန်တယ်. . မှန်တယ် တောက် မောင်နဲ့အတွေ့နောက်ကျလို့ လွင်စျေး ကျသွားတယ်ကွာ ကဲဆက်ပါမောင်''

ဆွေ။ ။ ဟောဒီ ပတ္တမြားလက်စွပ် (စက္ကူစလေးခွေလို့) လက်ဝယ်ဝတ်လို့ မောင်ထား

ခဲ့မယ်နော် ရွှေပြည်တော်သို့ ပြန်ခါသွား

လွင်။ ။ ''အောင်မယ်လေး လွမ်းစရာကြီးပါလား မောင်ရယ်''

ဆွေ။ ။ ခုများဖြင့်ဗျာ

ရှုစားပါ အများသိကြပါတဲ့

လွင်။ ။ တပါးကဝိ သော်တာဆွေမှာ

ဆွေ။ ။ ''ဟော့လွင် ကိုယ့်ကိုယ်ကို ဒီလို သိဒ္ဓိမတင်ရဘူးကွ

မှတ်ထား နှိမ်ချရတာမျိုး''

နွားငတိ သော်တာဆွေမှာ

မျှော်စရာလေ ဘာမရှိပါလား

တွေးတွေးကြည့်တော့

ဆွေးဆွေးမချိရပါတဲ့

ထွေးတမိရေ့

လွင်။ ။ ''ရှင့်. . . ရှင့်''

ဆွေ။ ။ ခွေးသိဖွတ်ကျား။

လွင်။ ။ ''နေစမ်းပါအုံး မောင့်ကဗျာက သနားစရာလား ရီစရာလား''

ဆွေ။ ။ ''အချောပြန်ကူးကွာ၊ အဲဒီတော့မှ သေသေချာချာ ဖတ်ကြည့်၊ ကဲ. . မောင်ရွတ်ပေးမယ်၊ လွတ်သွားတဲ့ အအုပ်အခံတွေလဲ ပြန်ညှိရမယ်၊ လွင်လိုက်ရေး ကဗျာနံမယ်က. .

သဲမြညှာ

မလွှဲသာ. . ခွဲခွာရပ်ကြတော့မှာမို့

အသဲညှာကို. . . ဆွဲကာ ဖြစ်သည့်နှယ်

တဆတ်ဆတ်နာလှသနော်။

အော်. . . ရွှေညာလွင်ရဲ့

ဆွေသာလျှင် ဘုရင်တပါးဆိုလျှင်ဖြင့်

ပြေရွှာတခွင်မှာ အထင်အရှားဟာမို့

သဇင်ညှာ. . . ကြင်ယာတပါးကိုလ

ချစ်တာ. . . မေတ္တာ သစ္စာတွေထားကာပ

နှစ်ပါးမသွေ. . . စလျားခွေညားကြလို့

နိပ်တမေမှာ. . ပဋိသန္ဓေပွားပါ၍

ဖွားသနော်. . . သားတော်ဖြစ်ရင်တော့

ချောကညာကို. . . . . တောမှာမပစ်နိုင်ဘု

ရင်နှစ်ကို ရင်ဝယ်ပိုက်ပါလို့

လိုက်ခဲ့ပ့ါ မောင့်ရွှေနန်းကို

မြန်းကြွဘို့ခေါ်။

သို့ကလို ပြောကာကြားပြီးတော့

ပျို့တကိုယ်. . . ချောကညာတပါးကိုလ

ဟောဒီ. . ပတ္တမြားလက်စွပ်

မောင့်လက်က ချွတ်ပြီးတော့

မင့်လက်မှာဝတ်လို့

မောင်ထားခဲ့သော်. . .

ရွှေပြည်တော်သို့ ပြန်ခါသွား။

ခုမျှားဖြင့်ဗျာ

ရှုစားပါ. . . အများသိကြပါတဲ့

နွားငတိ သော်တာဆွေမှာ

ခေါ်စရာလေ. . . ဘာမရှိပါလား

တွေးတွေးကြည့်တော့ ဆွေးဆွေး

မချိရပါတဲ့

ထွေးတမိရေ. . ခွေးသိဖွတ်ကျား။

လွင်။ ''အောင်မာလေး မောင့်ကဗျာက သနားစရာလိုလိုနဲ့ ရီစရာပါလား၊ ဒါကြောင့် မောင်ဟာ ဟာသစာရေးဆရာ ဖြစ်တာကိုး''

''မောင် ဟာသ စာရေးဆရာ ဖြစ်တာဒါကြောင့်မဟုတ်ပါဘူး''

''နို့. . . ဘာကြောင့်''

''အိပ်မက်ပြီးတော့ ဖြစ်တာ''

''ဘယ်လို အိပ်မက်တာလဲ''

''၁၉၄၇–ခုနှစ်ကပေါ့၊ သိကြားမင်းက မောင့်အိပ်မက်ထဲလာပြီးတော့ ဟေ့. . မောင်ရွှေတဲ့ ငါ့ဗန္ဓုကမ္ဗလာ မြကျောက်ဖျာတင်းလို့ ထိုင်မဖြစ်တော့ဘူးကွာတဲ့၊ ဒီတော့မောင်က ဘာပြုလို့လဲ ဆိုတော့၊ ဟို. . . အထက်ဗမာပြည် မိုးကောင်းမြို့က မမြလွင်ဆိုတဲ့ ဆရာမလေးတယောက်ကွာ၊ သူ့လင်သေလို့ ပူဆွေးဒုက္ခရောက်နေတယ်၊ အဲဒါကို မင်းက သော်တာဆွေဆိုတဲ့ နံမယ်နဲ့ ဟာသဝတ္ထုတွေရေးပြီး ဖျော်ဖြေလိုက်ပါ ဆိုတာနဲ့''

ကျွန်တော့်စကားမဆုံးမီ ကျွန်တော့်ကိုပွေ့ဖက်ကာ. . .

''အဲဒါတွေကြောင့် ဆွေ့ကိုလွင်ချစ်ရတာ''ဟုဆိုပြီး

ကျွန်တော်က ထိတ်လန့်တခြား ဖြစ်ဟန်လုပ်ကာ. . .

''အောင်မယ်လေး လွင်ဆွေ့ကို ဘာလုပ်တာလဲ''

''ချစ်လို့ နမ်းတာလေ''

''အမယ်လေး လွင်နမ်းတာကလဲ မောင့်ကို နို့စို့ခလေးလေး ကျနေတာဘဲ''

''နို့. . . ဘယ်လို နမ်းရမှာတုန်း''

''ဟောဒီလို''ဟုဆိုပြီး ကျွန်တော်သူ့ကိုယ်ကို ခပ်ကြမ်းကြမ်းလေးတွန်းလှဲပြီး လည်ပင်းကို ပါးစပ်နဲ့ ငုံ့စုပ်၊ လျှာနှင့်ကလိ၍ သွားနှင့် မနာမကျင်ကိုက်။

တမိနစ် နှစ်မိနစ် သုံးမိနစ် လေးမိနစ် ငါးမိနစ်မက တအောင့်တမောကြီး ကြာသွားတော့ မှ နှုတ်ခမ်းက ပြွတ်ကနဲ လွှတ်လိုက်ပြီး သူ့ကိုယ်ဆွဲထူကာ–

''ကဲ. . လွင့် လည်ပင်း မှန်ထဲ ကြည့်စမ်း''

သူ့လက်ပွေ့အိတ်ထဲမှ မှန်ကိုထုတ်၍ ကြည့်လိုက်တော့ သူ၏ဖြူဝါသော လည်တိုင် ဘယ်ဘက်ခြမ်းမှာ ဒင်္ဂါးကွင်းလောက် နီညိုညိုအဝိုင်း။

''အဲဒါ မောင့်အချစ်တံဆိပ် ထရိဒ်မတ်၊ လေးငါးဆယ်ရက်လောက် မပျောက်တော့ဘူး''

''သူ အလွန်သဘောကျလျက်–

''ဟာ သိပ်ကောင်းတာဘဲကွာ၊ ဒီဘက်ခြမ်းမှာ နောက်တခု ထပ်လုပ်ပေးအုံး''ဟု ရွှေလည်တိုင် ငဲ့လာတော့–

''ဟ လွင် ဒါဟာ မလွယ်ဘူးနော်၊ ဒီတောင်ကျော်မတက်အောင် မောင့်စိတ်ကို သိပ်ချုပ် ထားရသနော်''

''လွင်လဲ တူတူဘဲပေါ့ မောင်ရဲ့၊ ကဲ. . . ခုမှ ဘာထူးတော့မှာလဲ၊ ဟင်. . . သူ''

''လွင်. . . မိုက်ပြီ''

''မောင်က လူလိမ်မာကြီးပေါ့''

''လွင်. . .''

''ကျွန်တော်က သံရှည် ဆွဲခေါ်လိုက်၍ သူက ထို့အတူ–

''မောင်. .''

ကျွန်တော်တို့ နှစ်ယောက် မျက်နှာချင်းအပ်ကြကာ မျက်စိချင်း သိပ်ပြီး နီးကပ်သွားကြသည်။ ဖိုနှင့်မသည် ဤမျှ ပူးကပ်လွန်းလှစွာ ကြည့်ကြတော့ ဘာမျှ မမြင်ရတော့ဘဲ မှောင်အတိကျသွားလေ၏။

## အခန်း – ၉

### မှောင်ထဲကချစ်သူ

မိုးကောင်း၊

မေလ ၂၁ ရက်၊

၁၉၅၀–ခုနှစ်။

လင်. . . . . လင်. . . . . လင်. . . လင်. . . . မောင်ရေ. .

ကဲ. . အခု လွင်က မောင့်ကို ဒီလိုခေါ်နိုင်ပြီမဟုတ်လား။ မေမြို့က ဝက်စလီကျောင်းထဲမှာ မောင်နဲ့လွင်နဲ့ ၃–ရက်ဆက် လင်မယားအရာ မြောက်ခဲ့ပြီလေ။ ဒီ ၃–ရက်ဟာ သိပ်ပြီးနည်းတာဘဲကွာ။ အိမ်က ကလေးရောဂါထပြန်ပြီ ဆိုတဲ့စာ မေမေ့ဆီက လာတာနဲ့ လွင်မပြန်ချင်ဘဲနဲ့ ပြန်သွားရတာ။ တကယ်ဆိုရင်လေ. . ကျောင်းတွေ ပြန်မဖွင့်မချင်း မန္တလေးမှာ ဆွေနဲ့နေချင်တာ။

လွင့်သမီးကလဲ အားကြီးချူချာတယ်ကွာ၊ သူ့အဖေနဲ့တူတာဘဲ။ သူ့အဖေရဲ့အာယုလမ်းကြောင်း က သိပ်ညံ့တာ။ ဒါကြောင့် စောစောကိစ္စချောတာ။ လွင်နဲ့သူနဲ့ညားကတည်းက သူ့လက္ခဏာ ကြည့်ပြီး တော့ ဒီလူ အသက်မရှည်ဘူးဆိုတာ သိသားဘဲ။ မေမေတို့က ပေးစားလိုက်လို့သာ။ အို. . . သူနဲ့ ညားပြီး တော့မှလဲ သူ့လက္ခဏာကို လွင် ကြည့်ရတာဘဲလေ။

ဒါနဲ့ ပြောရအုံးမယ်ဆွေ၊ ရှေးလူကြီးတွေဟာ သားသမီး အိမ်ထောင်ချတော့မယ်ဆိုရင် သတို့သားနဲ့ သတို့သမီးလောင်းရဲ့ မွေးနေ့ မွေးလ၊ ခုနှစ် သက္ကရာဇ်တွေတဖက်နဲ့ တဖက်မေးပြီး တွက်ချက် ကြည့်ကြတယ်။ မြန်မာဗေဒင်မှာ လူတွေဟာ နက္ခတ်အားဖြင့် နဂါးတို့ ဘီလူးတို့ နတ်တို့

ဆိုတာတွေ ရှိကြတယ် မဟုတ်လား။ အဲဒါချည်း မတည့်ရင် မပေးစားကြဘူး။ နို့ပြီးအသက်အတို အရှည်နဲ့ စိတ်စရိုက်လဲ ဗေဒင်က ပြနိုင်တော့ ရွေးချယ်ကြတယ်လေ. . ဒါကို ခုခေတ်လူတွေက 'အောက်အော့ဖ်ဒိတ်' ရှေးရိုး အယူအဆကြီးလို့ ဆိုကြသော်လဲ တကယ်တော့ လုပ်သင့်တယ်မောင်။ ဒါပေမယ့် ရှောင်လွှဲမရတဲ့ ကံတရားကလဲ ရှိသေးတယ်လေ။

အခု မောင်နဲ့လွင်နဲ့ ကံတရားဟာ ဘယ်လိုလဲ မသိသေးဘူး။ လွင်တတ်တဲ့ဗေဒင် လက္ခဏာ ပညာနဲ့တော့ အတိအကျမပြောနိုင်သေးဘူး။ လွင်ဟာ. . မိန်းမတန်မဲ့နဲ့ အရက်တောင် သောက်ပြီးတော့ ဘယ်လောက် စွန့်စားလိုက်သလဲ။ မောင်က လွင်ပဋိသန္ဓေ ရှိသွားမှာကိုစိုးတယ် (ကိုယ်က ရှင်ဘုရင်လဲ မဟုတ်ဖူး၊ ပတ္တမြားလက်စွပ်ပေးခဲ့ပြီး၊ သားတော်လေးဖွားရင် ရွှေနန်းတော်လိုက်ခဲ့လို့လဲ မခေါ်နိုင်ဘူး) တဲ့။ မောင်ပြောခဲ့တယ်၊ မစိုးရိမ်ပါနဲ့ မောင်ရယ်။ လွင့်ဇာတ် လွင်နိုင်အောင်ကဘို့ စိတ်ကူးပြီးသားပါ။

မောင့်စိတ်ထဲမှာ ကိုယ်မယူဘဲနဲ့ မလွန်စေရဘူးလို့ ဆုံးဖြတ်ထားတာ လွင်သိပါတယ်။ ဒါပေမယ့် လွင့်မှာ အကြံအစည်တခုနဲ့မို့ မောင့်ကို မရ–ရအောင် ယူခဲ့တာဘဲ။ အဲဒါတွေလွင်အခုတွေးပြီး အသဲ ယားလိုက်တာကွာ။ နို့ပြီး စိတ်ထဲကလဲ တသသစွဲတာ. . စွဲတာ။

အဲဒီစွဲတာကိုလေ ခွဲခွာရတော့ မောင့်ကိုမန္တလေးမှာ မနေနဲ့တော့၊ လွင့်ကိုချစ်ရင် ရန်ကုန်ကိုဘဲ ပြန်ရမယ်ဆိုတာ ဘာကြောင့်လဲသိလား။

ဟွန်း. . . မောင့်မှာ မန္တလေးမှာ ဘင်္ဂလားညီမတွေ ရှိတယ်ဆိုတာသိလို့ သိရဲ့လား။ အဲဒီကောင် မလေးတွေဟာ. . နှုတ်ငြိမ်တယ် အောက်မေ့လို့လား။ မောင့်ဆီက စာတွေနဲ့မောင့်ဓာတ်ပုံပြပြီး သူတို့ချင်း ကြွားကြသေးတာ။ လွင်တည်းတဲ့ ရပ်ကွက်ထဲက မိန်းကလေးတွေသိကြတယ်၊ သိရဲ့လား။ လွင့် အချစ်ဆုံး သူငယ်ချင်းကို မောင်နဲ့တွေ့ရအောင်လာတဲ့ အကြောင်းဖွင့်ပြောတော့ သူကလဲ ဘယ်ကောင် မလေးနဲ့ မောင်ဘယ်လိုဆိုတာပြောပြတယ်။ ဒါကြောင့် လွင်မရှိတဲ့နောက်၊ မောင်မန္တလေးမှာ မကျန်ရစ် ခဲ့အောင် ပြန်ခိုင်းတာဘဲ။ ရှင်းပလား။ မောင် လွင့်စကားကို နားထောင်တဲ့အတွက် ဝမ်းသာပါတယ် ကျေးဇူးတင်ပါတယ်။

လွင် နောက်တနေ့မနက် ပြန်ရမယ့်ညဦးမှာလေ. . နန်းတော် အရှေ့တောင်ထောင့် စိန်ပန်းပင်ကြီး အောက်က ကြံရည်ဆိုင်မှာ သူငယ်ချင်းနဲ့ ထိုင်ရင်း စိတ်ကူးရလို့လွင်စပ်ခဲ့တဲ့ ကဗျာလေး ဖတ်ပါအုံး မောင်ရယ်။ ငွေတာရီရဲ့ ကဗျာလောက်တော့ မကောင်းဘူးပေါ့။ ရိတယ်မထင်ပါနဲ့ မောင်။ အဟုတ် ပြောတာပါ။ ငွေတာရီကို လွင်. . ကဗျာ ဆရာမတယောက်အနေနဲ့ လေးစားပါတယ်။ ကဲ. . ဖတ်စမ်း. .

(၁) ဆန်းသုံးရက်လ၊ ခုံးမျက်စလည်း

မသာ့တသာ၊ မန်းသေလာထက်။

(၂) ရုံရွှေအလား၊ နက္ခတ်များလည်း

ခစားမပျက် ပြိုးပြိုးပြက်။

(၃) မန်းညယံခင်း၊ လေပြေသွင်းသည်

ကျုံးတွင်းဘက်မှ ညှင်းညက်ညက်။

(၄) ညှင်းညက်လေတွင်

မယ့်ရွှေဘွင်သည်

မရှင်နွမ်းလျက် ဆွေမောင့်တွက်။

ကဲ. . စာတော်တော်ရှည်သွားပြီ။ မောင်ဖတ်ရတာ မောရော့မယ်။ လွင့်ဆီ စာပြန်ရင်တော့ ရှည်နိုင် သလောက် ရှည်အောင်ရေးပါမောင်ရယ်၊ မောင့်စာတွေဟာဖြင့် အသက်မရှူနိုင်တဲ့ လူနာနဲ့တူတဲ့လွင့် အဖို့ အောက်ဆီဂျင်ဓာတ်တွေပါဘဲ။

ကဲ. . . တော်အုံးမယ်နော်. . . . .

With Everlasting love, thousands of kisses. wishing to be in your arms again and again and for-ever.

မောင့်ထာဝစဉ် လွင်

P.S မောင်ရဲ့ Love Making trade marks တွေကို မေမေက မြင်တော့ ''ဟဲ့. . . . မြလွင်နင့်လည် ပင်းနဲ့ ရင်ညွန့်ကနီညိုညို အကွက်တွေက ဘာလဲ''မေးလို့ ''ဘာဖြစ်တယ်မသိပါဘူး မေမေရယ်၊ မန္တလေး နေကပူလွန်းလို့ အပူကွက်တွေ ထွက်တာဖြစ်ပါလိမ့်မယ်'' ပြောလိုက်ရတယ်မောင်ရဲ့ ကိုလူလွန်ကြီး။

အင်း. . . သူလဲ စာရေးကောင်းတယ်ဗျ။ ကျောင်းဆရာမကိုး။

လွင်နဲ့ ကျွန်တော်အဲသည်လို အာနေး–ဂျာနေး ရေးတဲ့စာတွေသာ ဖော်ပြနေရရင် စာတအုပ်ကြီး ဖြစ်သွားမယ်ဗျ။ ဒါကြောင့် သူနဲ့ကျွန်တော်နဲ့ ဇာတ်လမ်းမှာ အရေးကြီးသောစာအချို့ဘဲ ဖော်ပြပါတော့ မယ်နော်. . .

မိုးကောင်း၊

ဇွန်လ ၁၉ရက်၊ ၁၉၅၁နှစ်။

မောင်ရေ. . . မောင်. . . မောင်. . . . မောင်

ဆပ်ပြာသည် လင်ပျောက်ဆိုသလို ဖုတ်ပူမီးတိုက်ဖဲ ပြောလိုက်ရရင်ဖြင့် လွင်ခဲလေသမျှ သဲရေကျ ဖြစ်သွားပြီကွာ. . . .

ဘာလဲ သိလားမောင်၊ လွင်ရဲ့ စွန့်စားခန်းကြီးနဲ့ တည်ဆောက်ခဲ့တဲ့ မြော်လင့်ချက် ကျောက်တောင်ကြီးဟာ အစိတ်စိတ် အမွှာမွှာကွဲသွားပြီး မောင်။

ဘယ်လိုလဲ ဆိုရင်လွင်နဲ့ မောင်ပထမဦးဆုံး တွေ့တဲ့နေ့က လွင်ပြောခဲ့တာ မှတ်မိသေးလား (လွင့်မှာ မြော်လင့်ချက် တခုရှိသေးတယ်)ဒီတော့ မောင်က (ဘယ်လိုလဲလွင်)လို့ မေးတော့ လွင်က (အဲဒါပြောလို့ မဖြစ်သေးဘူးလို့)လို့ ဖြေခဲ့တယ် မဟုတ်လား၊ အခု ဖွင့်ပြောတော့မယ်။ မောင်ရဲ့ ဇာတာ မှာ လွင်တွက်ကြည့်လိုက်တော့ မောင့်မှာသားသမီး ၅–ယောက် မြင်တယ်၊ အခု ၄–ယောက်ပဲရှိသေး တော့ ကျန်တယောက်ကိုလွင်နဲ့ မွေးလိုက်မယ်။ လွင့်ဇာတာမှာကလဲ နောက် အိမ်ထောင် ရှိသေးတယ် ပြထားတော့၊ အဲဒီအကြံအစည်နဲ့ လွင့်တကိုယ်လုံးကို ၃–ရက်တိတိ မောင့်ကိုပုံအပ်ခဲ့တာမောင်ရေ့၊ သို့သော် ကံကြမ္မာကမပေးတော့ ရင်သွေးမတည်လိုက်ဘူး မောင်ရယ်။ လွင့်ကြိုးစားမှုဟာ အလဟဿ ဖြစ်သွားရော။

လွင့် စိတ်ကူးကလေ လွင်ပဋိသန္ဓေရရင် မောင့်ဆီစာရေးခေါ်မယ်၊ လွင့်မှာ လင်ကောင်မပေါ် တဲ့ အဖြစ်မရောက်အောင် လူကြီးစုံရာနဲ့ အသိအမှတ်ပြုတဲ့ ကိစ္စလုပ်မယ်။ သားသမီး သံယောဇဉ် ကြီးတဲ့ မောင်ဟာ နို့ပြီးလွင့်ကို တကယ်ချစ်နေတဲ့ မောင်ဟာ ဘယ်နည်းနဲ့မှ မငြင်းဘူးလို့ လွင်– ယုံတယ်။ ဟုတ်တယ် မဟုတ်လား. . . . မောင်။

အဲဒီကိစ္စ ပြီးတော့ရင် မောင်ဟာ. . . မိုးကောင်းမှာလွင်နဲ့ ပေါင်းသင်းလို့ နေချင်နေ၊ ရန်ကုန် ပြန်ချင်ပြန်။ လွင်နဲ့ နေမယ်ဆိုရင် မောင့်ပိုက်ဆံ လွင်တပြားမှ မလိုဘူး။ မောင့်စားသောက်မှု တာဝန်

လွင် အကုန်ယူတယ်။ ရန်ကုန်က မောင့်သားမယားတွေ အတွက်တော့၊ မောင်ဒီက ရေးပို့တဲ့ ဝတ္ထုတွေ စာမူခ ရှမဝမှာ သူတို့ထုတ်ယူပစေပေါ့။

အဲဒီစိတ်ကူးနဲ့ မောင်တောင်အံ့သြသွားမယ့် လွင့်စွန့်စားခန်းကြီးကို လွင်လုပ်လိုက်တာလေ၊ ခုတော့ ၃–ရက်ထဲ လင်မယား လုပ်လိုက်ရပါလား။ လင်. . လင် မောင်ရယ်၊ မေ့တော့မေ့ဘူး မေ့ဘူး၊ တသက်မေ့ဘူး။ မောင်ကော မေ့နိုင်ပါ့မလားဟင်၊ မောင့် အတ္ထုပ္ပတ္တိ ရေးဖြစ်ရင် ထည့်ရေးပါ၊ လွင်ရှိနေ သေးလဲ ဖတ်ရအောင်။

လွင် ပဋိသန္ဓေမရတော့မှန်း သိတဲ့နေ့ကလေ စိတ်ထဲတထိတ်ထိတ်နေတော့ နိမိတ်တွေ ဘာတွေ တောင် လွင်စဉ်းစားမိတယ် သိလား၊ ဘယ်လိုလဲဆိုရင် နောက်ဆုံးရက်မှာလေ ဆွေ့လက္ခဏာ အသေး စိတ် တွက်ချင်လို့ မောင့်လက်ဖဝါးနှစ်ဖက် ပုံစံယူတော့ မောင့် ဖောင်တိန်က မင်ရော၊ လွင့်ဖောင်တိန် က မင်ရော၊ ကုန်ပါရောလား၊ အဲဒါကို အခုတွေးမိတော့ အော်. . . နဖူးစာကုန် မင်ခန်း’’ဆိုတာ အဲဒီကထဲ က နိမိတ်ပါလား. . . ဟဲ့လို့’’

အခု မောင့်လက္ခဏာကို သေသေချာချာ တွက်ကြည့်တော့လဲ မောင်ရဲ့ နောက်ဖူးစာဘက် ကလဲ နော်မာလိုဘဲ ဘာသာခြားရှင့်။ နို့ပြီးလွင်လက္ခဏာဇာတာ ကြည့်ပြန်တော့လဲ လွင့် နောက် အိမ်ထောင် ဟာ အနုပညာသည် မဖြစ်နိုင်ဘူး။

ဒါကြောင့် မောင်နဲ့လွင် ပေါင်းရဘို့တော့ လွင်စိတ်လျှော့လိုက်ပါပြီ။

ဟင်း. . . ကံကို လူကကြဲလို့ ဖန်လို့မရပါလား မောင်ရယ်။

သို့သော်. . . သုံးရက်ညားခဲ့ရတဲ့ မောင့်မယားလေးက မောင့်ဆီမှာ အထူးတောင်းခံ ချင်တာက တော့ အခုအခါမှာရော၊ ဆွေ နောက်အိမ်ထောင်ပြုတဲ့ အခါမှာရော၊ လွင့်ကိုလေ ‘မှောင်ထဲကချစ်သူ’ ‘စိတ်ထဲကမယား’လို့ သဘောထားပြီး အခုလိုဘဲ ချစ်သဝဏ်လွှာတွေ ရေးပါ မောင်။ မောင့်ဝတ္ထုတွေထဲ က နေပြီးတော့လဲ အခွင့်ရတိုင်း အခုလိုဘဲ လွင့်ကိုချော့ပါမြူပါမောင်။

လွင့်ဇာတာမှာပါတဲ့အတိုင်း လွင်နောက်အိမ်ထောင်ပြုရရင်လဲ အဲဒီလူကို ဘယ်နည်းနဲ့မှ ချစ်နိုင်မှာမဟုတ်ဖူးမောင်။ ဘာကြောင့်လဲဆိုတော့ မောင်က လွင့်အသဲနှလုံးထဲမှာ ကိန်းအောင်းနေပြီ။ ဘယ်တော့မှလဲ ပြန်ထွက်တော့မှာ မဟုတ်ဘူး၊ လွင်က တယောက်ဆို တယောက်ထဲဘဲ ချစ်တတ်သူပါ မောင်ရယ်။

မောင်. . . အင်္ဂလိပ် ရာဇဝင်မှာ ဖတ်ဘူးမှာပေါ့။ Quean mary of England အင်္ဂလိပ်ဘုရင်မ မေရီလေ။ သေခါနီးတော့ သူ့မိဘဘိုးဘွားလက်ထက်တကည်းက ပိုင်ခဲ့တဲ့

ပြင်သစ်ပြည်က Calais ကလေးမြို့ကိုလဲ စစ်ရှုံးလို့ စွန့်လိုက်ရခါစမို့ 'သူသေလို့ သူ့အသဲနှလုံးကို ခွဲကြည့်ရင်ဖြင့် သူ့ယောကျ်ား နာမည် Philip ဆိုတဲ့ စာလုံးရယ်။ Calais ဆိုတဲ့ စာလုံးရယ် သူ့အသဲပြင်မှာဆောက်နဲ့ ထွင်းထားသလို မြင်ရမယ်' ဆိုတာလေ မောင်ရဲ့။ အဲလိုဘဲ မောင်. . အခုနှယ်များ လွင်သေသွားလို့ လွင့်ရင်ခွဲကြည့်မယ် ဆိုရင်လဲ လွင်ရဲ့အသဲပြင်မှာ 'သော်တာဆွေ'ဆိုတဲ့ လွင်ချစ်မဝနိုင်တဲ့ စာလုံး အက္ခရာဟာ အထင်းသား နေမှာပါမောင်။

အို. . . တော်ပါပြီမောင်ရယ်၊ လွင် စာရေးရင်း ရင်တွေပူလာလိုက်တာကွယ်။

with eternal love

မောင့်ထာဝစဉ် လွင်

မိုးကုတ်

အောက်တိုဘာလ ၃ ရက်၊ ၁၉၅၁။

မောင်ရေ. . . မောင်မောင်. . .

မောင်အိပ်မက်ဆိုးများ မမက်ဘူးလားကွယ့်။ ရှောင်ကြဉ်လို့ မရတဲ့ဘဝကံက ဖန်တဲ့အတိုင်း လွင့်ကို လွင် ဗေဒင်ဟောခဲ့တဲ့အတိုင်းဘဲ အခု မောင်ချစ်သူဟာ သူများရင်ခွင်ထဲ ရောက်သွားရပါပြီ မောင်ရယ်။

မေမေစီမံတာ၊ မေမေ စိတ်ချမ်းသာအောင် လုပ်ရတာ။ ဒီလူက ပိုက်ဆံချမ်းသာတယ်၊ သူလဲ မှဆိုးဖိုဘဲ။ စိတ်နှလုံးတော့ ကောင်းပါတယ်။ သို့သော် ချစ်တာဟာ စိတ်နှလုံးကောင်းတာ၊ ငွေရှိတာနဲ့ မဆိုင်ဘူးနော်။ မောင်သိပါတယ်။

သူနဲ့ပေါင်းသင်းရတာ ၇-ရက်မြောက်မှာ ဒီစာမောင့်ဆီကို ရေးတာဘဲ။ အစဦးတော့ လွင်နဲ့ မောင်ဟာ မှောင်ထဲကချစ်သူ၊ အိပ်မက်ထဲက လင်မယားတွေဘဲ။ မောင့်ကိုအသိမပေးဘဲ မြုံနေမယ် အောက်မေ့ခဲ့သေးတယ်။ ခုတော့ မနေနိုင်တော့ဘူးမောင်။ ကိုယ့်ချစ်သူကို လျှို့ဝှက်ထားတာဟာ သစ္စာ ဖောက်တာ ဖြစ်မနေဘူးလား။ ချစ်သူကို မှန်တာအသိပေးရမယ်။ နို့ပြီး သူနဲ့ရမှ မောင့်ကိုလဲ ပိုလွမ်းလာ တယ်။

အရင်ဆွေ့ကို လွင်ပြောခဲ့အတိုင်းဘဲ။ ဒီလူကို လွင်ချစ်လို့မရပါဘူးကွာ။ လွင့်အချစ်ကတော့ မောင့်ဆီမှာ အမြစ်တွယ်နေပြီ။ ရွှေ့ပြောင်းလို့မရတော့ဘူး။

သူနဲ့မယူခင်မှာလေ မောင်နဲ့လွင်ဖြစ်ပျက်ခဲ့တာကို အကုန်ဖွင့်ပြောတယ်။ အခုလဲ စာပေး စာယူ တွေ လုပ်နေကြတယ်လို့ စိတ်ပျက်သွားမလားလို့။ မပျက်ဖူးမောင်။ (လူဆိုတာ အတိတ်တော့ ရှိကြတာ ချည်းပေါ့တဲ့) အောင်မာသူက။ ဒီတော့လွင်က (အတိတ်မကဘူး၊ အခု ပစ္စုပ္ပန်မှာလဲ မောင်နဲ့စာချင်း ဆက်ကြဦးမှာဘဲ။ ရှင်ကျမကို ယူချင်မှယူ) ဆိုတာလဲ (အို ကိုယ်က အသက်ကြီးတော့ လွင့်အလိုလိုက် ရမှာ)လဲ ပြောရော၊ လွင်ဒေါသထွက်ပြီး (ရှင်ကျမကို လွင်လို့မခေါ်ပါနဲ့၊ မေမေခေါ်သလို မြလွင်ဘဲခေါ် ပါ၊ 'လွင်'ဆိုတာက ကမ္ဘာပေါ်မှာ မောင်တယောက်ထဲခေါ်ဘို့ သိရဲ့လားလို့)မရခင်က ရန်တွေ့တာ တောင် ဒီလူ စိတ်မပျက်ဖူးမောင်ရာ။ သူက အသက် ၃၅နှစ်၊ လွင်ထက် ၆–နှစ်ကြီးတယ်။ အရုပ်ဆိုးထဲ ကတော့ မဟုတ်ပါဘူး၊ သူကလွင့်ရုပ်ကို မက်ပြီး ငွေနဲ့ဝယ်ယူတဲ့ အဓိပ္ပာယ်ပါဘဲ မောင်ရာ။ မေမေက သမီးကို ငွေနဲ့ရောင်းတယ်။ တွေးမိတိုင်း သိပ်စိတ်ပျက်တာဘဲ မောင်ရာ။

ဒီမှာ မောင်နဲ့လွင်ဟာ လင်မယား ဖြစ်ခဲ့ပြီနော်။ ဒီတော့ စကားကုန်ပြောချင်တယ်၊ သူနဲ့လွင်ဟာ ညမှောင်မှောင်အိပ်ရာထဲ တယောက်တယောက် မမြင်ရတဲ့ အခါမှာသူ့ကို မောင်လို့ စိတ်နှလုံးသွင်း ကြည့်တယ်။ မရပါဘူး။ မသာယာပါဘူး မောင်ရာ၊ လူချင်းမှမတူဘဲကိုး။ He is unedu cated ငွေသာ နားလည်တဲ့ကုန်သည်။ He does't know how to make love; He knows only for himself.

မောင်နားလည်ရောပေါ့ကွာ။ ဒါနဲ့လေ လွင်တခါတခါ စိတ်ကူးရရင် လည်ပင်းမှာ၊ ရင်ဘတ်မှာ၊ ရင်ညွန့်မှာ၊ မင်နီနဲ့ မင်နက်နဲ့စပ်၊ နီညိုညို အရောင်နဲ့ မောင်လွင့်ကို အချစ်တံဆိပ် ခပ်နှိပ်လိုက်တဲ့ ပုံမျိုးတွေ၊ အဲသည်နေရာတွေမှာ ဆေးခြယ်ထားတယ်။ ဒီတော့ သူက (ဒါဘာလုပ်တာလဲ)တဲ့မေးတယ်။ လွင်က မပြောပါဘူး။ (နားမလည်ဘဲနဲ့ မသိချင်စမ်းနဲ့)လို့ ငေါက်လိုက်တယ်။

လွင်က အဲသည်လို မောင်ရဲ့ အချစ်တံဆိပ်တွေလုပ်ပြီး မှန်ထဲကြည့်နေရတော့ ဟို၃– ရက်ကလေး ပြန်တွေးပြီး ပျော်လာတတ်တယ် မောင်ရဲ့။ ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ ဒီ ၃–ရက် လွင်မောင့်ကို လွှမ်းတိုင်း အဲဒီမောင့်အချစ်တံဆိပ်တွေ ခတ်နှိပ်တာဘဲ။

အဲသည်တုန်းက သည်ထက်ဆက်ပြီး ရက်များများနေရမယ်ဆိုရင် လွင့်အကြံအောင်မှာနော်။ ခုတော့အိမ်က ကလေးမိချုချာလေးကြောင့်။ အခု ဒီလူနဲ့ ယူဖြစ်ရတာလဲ၊ သူ့ပရောဂပါတယ်မောင်ရဲ့။

ဘာကြောင့်လဲသိလား။ မောင့်ကို ဖွင့်မပြောရသေးဘူး။ မောင်စိတ်မကောင်းမှာစိုးလို့၊ ဒီကလေး မဆုံး မီက နာတာရှည်လေး။ ဆေးအမျိုးမျိုး ဆရာအမျိုးမျိုးနဲ့ကုလိုက်ရတာလေ။ အဲသည်တော့ အခုလူက မေမေကိုရက်ရက်ရောရော ငွေချေးပါရော။ ဒင်းက ဒီယုန်မြင်လို့ ဒီချုံထွင်တာကိုး။ လွင့်လခလေးနဲ့ သူ့ကြွေးတော်တော်နဲ့ ပြန်မဆပ်နိုင်မှန်းလဲသိရော သူမေမေ့ကို နားဖောက်တော့တာကိုး။ ဒါပါဘဲ မောင်ရယ်။ ဘဝကံမလှတဲ့ မိလွင်အဖြစ်က–

သို့သော် သူဟာ လွင့်ခန္ဓာကိုယ်ကိုဘဲရမယ်။ စိတ်ကိုတော့ ဘယ်တော့မှမရဘူး။ လွင့်စိတ် ကတော့ ထာဝစဉ် မောင့်ဆီမှာဘဲ။ တရက်ထဲနဲ့ တသက်စွဲတဲ့ မောင့်ဆီမှာဘဲ။

ကဲ–လွင်ဟာ မောင့်ကိုဘယ်လောက်ချစ်တယ်။ ဘယ်လောက်စွဲတယ်ဆိုတာ မောင်သိပြီ။ ဒီတော့ မောင်က လွင့်ကို (ဟိုတုန်းကလို ချစ်သေးရဲ့ မြတ်နိုးသေးရဲ့လား။ 'မှောင်ထဲကချစ်သူ' 'စိတ်ထဲကမယား' လို့ သဘောထားနိုင်သေးရဲ့လား။

အို. . . အို. . သည်လိုမေးမိတော့ မောင့်အပေါ် တင်းမာရာ ရောက်သွားပါတယ်။ တကယ်တော့ လွင်က မောင့်ကို တောင်းပန်ရမှာပါ။ မောင်လွင်ကို သနားပါကွာ ချစ်ပါအုံးကွာ။ စာသဝဏ်တွေနဲ့ မောင့်ဝတ္ထုတွေနဲ့ ချော့ပါမြူပါအုံးမောင်ရာ။ လွင်ဟာ အခုသိပ်ပြီး အားငယ်နေ ပါတယ်ရှင်။ တော်ဦးမယ် မောင်။

With countless Kisses

မောင့်ထာဝစဉ်လွင်

ထို့ကြောင့် ကျွန်တော် ၁၉၆၁–ခုနှစ်၊ နိုဝင်ဘာလထုတ် ရှုမဝတွင်ပါသော အောက်ပါဝတ္ထုကို ရေးခဲ့ပါ၏။

## အခန်း – ၁၀

## ပြန်လည်တွေ့ဆုံသည်တိုင်အောင်

တခါတွေ့သူရဲ့ ကြာကြာလေမေ့ပါဘူး။

''ချစ်စွာသော 'တီ' ဟိုမြို့ကိုပြောင်းသွားကြောင်း စာတော့ရပါရဲ့ သတိမေ့လို့ဘဲလား၊ တမင် အရွဲ့တိုက် တာဘဲလား၊ အဲဒီမြို့က 'တီ'လိပ်စာ ပါမလာတော့ မောင့်မှာ စာမပြန်နိုင်၊ 'တီ'ဆီကလဲ နောက်ထပ် စာမလာ။ တနေ့တနေ့နဲ့ တရွေ့ရွေ့ကြာခဲ့ပြီကော။ အမှန်ပြောရမှာဖြင့် မောင့်မှာ 'တီ'ကို လွမ်းတဲ့ စိတ်နဲ့ဘဲ တဖြည်းဖြည်းဆွေးမြေ့ ကျေမွပြီး အမှုန့်ကလေးတွေဖြစ်၊ အဲဒီအမှုန့် ကလေးတွေက လေထဲ လွင့်ပါ။ 'တီ'ကို တမ်းတ,တဲ့ စိတ်နဲ့ 'တီ'ဆီရောက်။ 'တီ'က အသက်ရှူ လိုက်တော့ 'တီ'နှာခေါင်း ထဲဝင်။ အဲဒီအခါမှာ 'တီ'ကလဲ ရေပြောင်းမြေပြောင်းမို့ နှာစေးနေလို့ 'ဟပ်ချိုး'လို့ ချေလိုက်တော့ကမှ မောင့်ခန္ဓာကိုယ် အမှုန့်ကလေးတွေဟာ 'တီ'နှပ်နဲ့ ကလပ်စည်း ဖြစ်ပြီး မောင့်ရုပ်လုံးပြန်ပေါ်ကာ တူနှစ်ဖြာ ပြန်လည်တွေ့ဆုံရမှာလား။ နှစ်မသက်လယ် လှမျက်ခြယ် ရယ်''

''ထွီ''

ကျွန်တော်သည် လူကောင်းစစ်စစ်မှ ကံဆိုးမိုးမှောင်ကျ၍ သန်းဆွေဖြစ်ကာ ရှမဝစားပွဲတွင် ထိုင်လျက် အထက်ပါ 'ဆွေးမြေ့ကျေမွ အမှုန့်ဖြစ်' စာကို ရေးနေစဉ် နောက်မှကိုကျော်၏ စက်ဆုပ်သံကို ကြားလိုက်ရသည်နှင့် ရှုတ်တရက်ဖြင့် လန့်ဖျပ်သွားကာ သူ့မျက်နှာကို သမင်လည်ပြန် ကြည့်လိုက်ပြီး ''ဘာဖောက်ပြန်တာလဲဗျ ကိုကျော်၊ ဒါအချစ်အနု ပဋိလောမရုပ်ဝါဒလေ၊ ခင်ဗျား သေသေချာချာ ဖတ်ပြီး ပလား''

''ဖတ်ရသေးပါဘူး၊ ကျုပ်ဖတ်တာက အပေါ်ဆုံးတကြောင်းဘဲ၊ ခင်ဗျားရေးတာဟာ အင်မတန် အများတကာနဲ့ ဆန့်ကျင်တယ်၊ ဗန်းမော်တင်အောင် စကားလုံးနဲ့ ပြောရရင် ခင်ဗျားဟာ 'ဆန့်ကျင် ဘက်ရဲ့ မယားပါသားဘဲ. .''

ကျွန်တော်မျက်လုံးပြူးကာ. . . .

''အမယ်လေး. . . အမယ်လေး ကိုကျော် ခင်ဗျားစကားဟာ အင်မတန်အဓိပ္ပာယ်ပြည့်ဝ လေးနက်လှပါကလား၊ ဘာ့ကြောင့် ကျုပ်ကို ဒီလိုစွပ်စွဲနိုင်တာလဲ၊ ကိုယ့်ရဲဘော်အချင်းချင်း ရှင်းရှင်း ဘဲပြောပါ ရဲရဲကြီးဝေဖန်ပါ၊ ဘာမှမထောက်မညှာပါနဲ့''

''မညာပါဘူး မညာပါဘူး၊ ခင်ဗျားရေးတဲ့ အပေါ်ဆုံးစာကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်ပါ၊ အများတကာက တီ,ကိုရွံ့ကြတယ်၊ ခင်ဗျားကျမှဘဲ 'ချစ်လှစွာသော တီ' ဆိုတော့ ထွီ. . . ခင်ဗျာ့စာ ဖတ်ရတာနဲ့ ကျုပ်ဖြင့် အန်ချင်တယ်ဗျာ''

ဤတွင်မှ ကျွန်တော်မှာ ပြုံးလာနိုင်ပါတော့သည်။ အစဦးဖြင့် ကိုကျော်တွင် ဟိုသူတို့ ကိုယ်သူတို့ လက်ဝဲဆိုသူတို့၏ နတ်ဆိုးဝင်ကာ ကျွန်တော့်ကို ချေမှုန်းတိုက်ဖျက်လေတော့မည်လားဟု ထိတ်လန့်မိတာ အမှန်ဖြစ်ပါသည်။ ယခုမှ စိတ်အေးသွားကာ. . .

''အော်. . . ကိုကျော်ရဲ့ ကျွန်တော်ရေးတာက အင်္ဂလိပ်စာ (**T**) တီကိုပြောတာပါ။ 'တီ'ဆိုတော့ ကျွန်တော့်ရည်ရွယ်ချက်မှာ 'သိန်း'လဲဖြစ်နိုင်တယ်။ 'သန်း'လဲဖြစ်နိုင်တယ်ပေါ့ဗျာ''

သို့တိုင် ကိုကျော်က မျက်လုံးကိုဖြုံပြန်ကာ–

''ဗျာ. . . တီက သိန်းလဲဖြစ်နိုင်တယ်၊ သန်းလဲဖြစ်နိုင်တယ်''

သူသည် အံ့သြဟန်ပြုကာ ''အေးလေ–ဗုဒ္ဓဘာသာတရားတော်နဲ့ ကြည့်ရင်ဖြင့် သတ္တဝါမှန်သမျှ ဘဝထိုထို ပြောင်းနိုင်လေတော့ တီကနေပြီး သိန်းမက သန်းမက စွန်တို့ ကြမ်းပိုးတို့လဲ ဖြစ်နိုင်ပေမပေါ့''

မြွေပွေးပိုးထိ ဤတွင်မှ ကျွန်တော် သူ့ပြက်လုံးကို သိရှိရ၍ ထိုင်နေရာမှ ဝေါက်ကနဲထလိုက်ပြီး–

''ကဲ–ကိုကျော် ခင်ဗျား မဂ္ဂဇင်းမှာ ခင်ဗျာ့ဟာသနဲ့ဘဲ ခင်ဗျားဝတ္ထုတွေ ရေးထည့်နေပေတော့၊ ကျုပ်လာဆရာမတင်နဲ့၊ သောက်ပုလဲမရှာနဲ့တော့၊ ကျုပ်ဖာသာကျုပ် ကိုယ့်အရပ်ပြန်ပြီး ပါတီလေးဘာလေးဝင်ပြီး နိုင်ငံရေးသမားယောင်ယောင် ဘာယောင်ယောင် လုပ်စားနေတော့ မယ်၊ အခုခေတ် ဒါဘဲကောင်းတယ်''

ပြောပြောဆိုဆိုနှင့် ကျွန်တော်က ခြေလှမ်းပြင်လေရာ၊ ကိုကျော်သည် ကျွန်တော့်ပခုံးနှစ်ဖက်ကို ကိုင်၍. . .

''ကျွဲမြီးမတိုစမ်းပါနဲ့ ဆရာကြီးရာ၊ ကျွန်တော်က ခင်ဗျားစိတ်ရွှင်အောင်လို့ တမင်ရီစရာလုပ်တာပါ''

သို့တိုင် ကျွန်တော်က သူ့လက်တွေကို ဖယ်ချရင်း. . .

''မလိုဘူးဗျာ–မလိုဘူး လောကမှာ ကျုပ်ကသာ သူများကိုရီစရာလုပ်မယ်၊ သူများက ကျုပ်ကိုမလုပ်ရဘူးဗျ''

''ကောင်းပါပြီဗျာ. . နောက်မလုပ်ပါဘူး၊ ကဲ–အခု ရှေ့လအတွက် ခင်ဗျားဝတ္ထုရေးပါတော့''

''ခင်ဗျားကလဲ ဝတ္ထုရေးတာကို နေရာမရွေး အချိန်မရွေးခိုင်းနေတာဘဲ၊ ဝတ္ထုရေးရတာ ဟာ ဖ–ဆ–ပ–လ အမတ်ကို မဲပေးရသလို လွယ်တယ်များ အောက်မေ့နေသလား၊ စဉ်းစားရ သေးတယ်ဗျ''

''စဉ်းစားပါဗျာ စဉ်းစားပါ၊ နောက်ကျချင် ကျပစေ၊ ဝတ္ထုကောင်းရင်ပြီးရော''

''ကောင်းမကောင်းတော့ ဘယ်အာမခံနိုင်မလဲဗျ၊ ခေါင်းထဲက ထွက်လာတာကို ရမှာဘဲ''

''ကဲပါဗျာ. . . ရေးမှာရေးပါ၊ ရော့. . . စီးကရက်''

ကျွန်တော်သည် သူ့စီးကရက်ကိုယူလိုက်ပြီး–

''အို. . အခု မရေးနိုင်သေးဘူးလေ၊ စိတ်ရွှင်အောင် ရုပ်ရှင်တခု သွားကြည့်အုံးမယ်၊ ပေး ပိုက်ဆံ''

ဤတွင် ကိုကျော်က ယခုမှ သတိရဟန်နှင့်–

''အော်. . . မနေ့က မိန်းကလေးနှစ်ယောက် လာတယ်ဗျာ၊ သော်တာဆွေကို တွေ့ချင် လို့တဲ့''

''ဟင် ဟုတ်လား . . . . တော်တော်နိုပ်ရဲ့လားဗျ''

''နှစ်ယောက်စလုံးလှတယ်ဗျာ. .၊ အော်. . တယောက်က ခင်ဗျားနဲ့တွေ့ဘူးပြီးသားဆိုတာဘဲ၊ စကားပြောတော့ ဝဲတဲတဲနဲ့၊ သူတို့ ဒီနေ့လာကြအုံးမယ်လို့ ပြောသွားတယ်''

မည်သူမည်ဝါနည်းဆိုသည်ကို ကျွန်တော်သိပါပြီ။ ထို့ကြောင့် ထိုနေ့ဘယ်မှမသွားတော့ ဘဲ သူကလေးကိုစောင့်ရင်း စာပွဲတွင်ထိုင်ကာ ဝတ္ထုရေးပါတော့သည်။ နာမည်က ''ပြန်လည်ဆုံ တွေ့ရသည်တိုင်အောင်''

ကျွန်တော်သည် နေ့လယ်နေ့ခင်းများ၌ ဘားတွင် ဘိလိယက် ဘီယာတည်းဟူသော ဘီသုံးလုံးနှင့် အချိန်ဖြုန်းလေ့ရှိကြောင်း မိတ်ဆွေသိပြီးဖြစ်ပါလိမ့်မည်။

ထိုနေ့ နာရီပြန်နှစ်ချက်ခန့်တွင် ကျွန်တော်မှူးလိုက်ဘား (**Moon Light Bar**)ဘိလိယက်ခုံ နံဘေး၌ ကြူတံကိုင်ကာ မိမိအလှည့်ကိုစောင့်ရင်း၊ ဘယ်ဘက်ပါးစောင်က စီးကရက်ကိုခဲလျက်၊ နှုတ်ခမ်းညာဘက်ခြမ်းမှ ဘီယာဖန်ခွက်ကို မော့နေစဉ် တယ်လီဖုံး ဘဲလ်တီးသံကြားရပြီးနောက်၊ ဘွိုင်တယောက် ကျွန်တော့်ဆီသို့ ရောက်လာကာ. . .

''ဆရာ့ကို စကားပြောချင်လို့တဲ့. . .''

ကျွန်တော်သည် ဘီယာကိုမျိုချရင်း

''ဟွန် ဟွန်''

ထို့နောက် ဘွိုင်ကိုဖန်ခွက်ပေးခဲ့ပြီး ဖုံးသို့သွား၍ ကိုင်လိုက်ကာ–

''ဟဲ့လို''

''ဆရာ''

''ပေါ်အူးလား''

''ဟုတ်ကဲ့''

''ဘာကိစ္စ''

''ကြီးကြီးဘုရားရယ် အခုဘဲရောက်လာတယ်ဆရာ''

''ဟေ. . .''

ရုတ်တရက် ကျွန်တော့်မျက်ခုန်းနှစ်ဖက်သည် အထက်သို့မြင့်တက်သွားကာ ဘီယာစုတ် နေစဉ်မှ ဘယ်ဘက်ထောင့်က အခဲမပျက်ခဲ့သော စီးကရက်သည်ပင်လျှင် ကျွန်တော့်ပါးစောင်မှ ပြုတ်ကျသွားတော့သည်။ ပေါ်အူးက ကြီးကြီးဘုရားခေါ်သူမှာ မည်သူပါနည်း။ အခြားသူ ဟုတ်ပါရိုး လား။ ရွှေမန်းက ဒေါ်ကြီးစိုးပေါ့ခင်ဗျာ။ ကျွန်တော်သူ့နာမည်ကြားရသည်နှင့်ပင် ရင်ထိတ်နေပါပြီ။

''ဆရာ့ကို ခုချက်ချင်း တွေ့ချင်သတဲ့''

''အေး အေး ဖြစ်ရမယ်၊ ကောင်းပြီ ကောင်းပြီ''

ထို့နောက် ကျွန်တော်သည် ကစားဖော်များကို ခွင့်ပန်ကာ မကြာမီ၌ မိမိအိမ်ရှိရာသို့ ကားကို အပြင်းနှင်ခဲ့ရလေသည်။

ကျွန်တော်၏ အိမ်ရှေ့ဧည့်ခန်း တယောက်ထိုင်ဆိုဖာပေါ်တွင် ဒေါ်ကြီးစိုးသည် ခန့်ခန့်ကြီး တည်မြဲလျက်ရှိသည်။

''ဟလို. . ဒေါ်ကြီး၊ ဟိုကလူတွေ ကျန်းကျန်းမာမာ ရှိကြပါစနော်၊ ကိုကြီးဝင်းမောင်ကော ပုလင်းမထောင်တော့ဘူးဆို ဦးဘဇံတယောက်ဖောက်ပြန်ပြီလို့ ကြားတယ်''

ကျွန်တော်က ရွှန်းရွှန်းပပ နှုတ်ဆက်ပါသည်။ သို့သော်. . . ဒေါ်ကြီးစိုးသည် ကျွန်တော့် စကားကို ဂရုမစိုက်ဘဲ မျက်နှာထား ခပ်သုန်သုန်နှင့်. . .

''မင်း. . . ထိုင်စမ်းပါကွယ်''

ကျွန်တော်မှာ မျက်နှာသေကလေးနှင့် ငုတ်တုတ်ဖြစ်သွားရတော့သည်။

ဒေါ်ကြီးစိုးမှာ ယခုမှပင် မန္တလေးမှလေယာဉ်ပျံနှင့် ရောက်လာခြင်းဖြစ်၍ သူ့မျက်နှာတွင် အရေးကြီးသော ကိစ္စတခုရှိကြောင်း ဖော်ပြလျက်ရှိသည်။

''ငါ သိပ်စိတ်မချမ်းမသာဖြစ်နေရတယ်ကွယ်. . ဒါကြောင့်မင်းဆီ ငါလာခဲ့တာဘဲ''

''ဘာကိစ္စလဲ ဒေါ်ကြီး''

''မင်း အခုအတောအတွင်းမှာ အားနေတယ် မဟုတ်လား''

''ဘယ်အားမလဲ ဒေါ်ကြီး၊ အခုဘဲ ဘိလိယက်ထိုးနေရင်းက ဒေါ်ကြီးရောက်တယ်ဆိုလို့ ပြန်ခဲ့ရတာ''

ဒေါ်ကြီးသည် ရုတ်တရက် မနှစ်မျို့သော အမူအရာဖြစ်သွားကာ၊ ကျွန်တော့်စကားကို ဖြတ်၍. .

''အို. . . ဘာမဟုတ်တဲ့ အလုပ်တော်စမ်း၊ ဒီတပတ် နှစ်ပတ်အတွင်းမှာ အရေးကြီးတဲ့ ကိစ္စများ ရှိသလားမေးတာ''

''ဘယ်. . . ရှေ့သီတင်းပတ် အတွင်းလား''

''ဟုတ်တယ်. . . ''

''အာ. . ဒေါ်ကြီးနှယ်. . . အများကြီးရှိတာပေါ့''

''ဘာတွေလဲ''

''ဘယ်ဘယ်အတိအကျတော့ ပြောနိုင်အုံးမလဲ သိပ်များတယ်''

''ဘာတွေများသလဲ''

''ဟို. . . ဟို. . . သီတင်းကျွတ်မှာနဲ့ မင်္ဂလာတွေဆောင်မှာနဲ့. . . အဲ နို့ပြီး. . . ကျွန်တော့် သူငယ်ချင်း ခင်မောင်ကြည်လေ. . . သူထီပေါက်လို့ အရက်ဆိုင်ဖွင့်တာမှာ သခင်နုက ဒီဖွင့်ပွဲမျိုး တော့ ငါမလာချင်ဘူး ဆိုလို့ ကျွန်တော်ကဘဲ သူ့ကိုယ်စား သူ့လိုလည်ပင်း ပုတီးစွပ်ပြီး. . . မတား မဖြစ်လို့ တားထားတဲ့ကြိုးကို မဖြတ်မဖြစ်လို့ ကတ်ကျေးနဲ့ဖြတ်ပေးရမယ်၊ နို့ပြီး. . ဓာတ်ပုံနဲ့ဘာနဲ့ သတင်းစာတွေထဲ ပါလာမယ်လေ''

''တော်စမ်းပါကွယ်. . . အဓိပ္ပာယ်မရှိတဲ့ဟာတွေ''

ဒေါ်ကြီးသည် စိတ်မရှည်နိုင်တော့ဘဲ ''ဘာမှဆက်ပြောမနေနဲ့တော့. . . မင်း မနက်ဖန်ခါ တောင်ကြီးကို သွားရမယ်''

ကျွန်တော် မျက်လုံးပြူးကာ. . .

''ဗျာ. . . တောင်ကြီးကို. ''

''ဟုတ်တယ်. . . ရှမ်းပြည်တောင်ကြီးကို''

''ဘာလို့လဲ. . ''

''မင့် ညီတော်မောင် ခင်အောင်ဝင်းက အခု အဲ့ဒီမှာရောက်နေလို့''

ဘာကိစ္စနဲ့လဲ. . . သူအစိုးရ ဝါဒဖြန့်ချီရေးအလုပ် လက်ခံလိုက်လို့လား''

''ဘယ်ဟုတ်ရမလဲ၊ မန္တလေး လာက,တဲ့ ပြဇာတ်မင်းသမီးတယောက်ကို တန်းတန်းစွဲဖြစ် ပြီး လိုက်သွားတာ''

''ဟင်. . ဟုတ်လား''

''ဟုတ်တယ်၊ အခုတော့ ငါ့အပေါ်တာဝန်ကျနေတာပေါ့''

''ဘာတာဝန်ကျစရာရှိလဲ ဒေါ်ကြီးရာ၊ သူစွံသူရလိမ့်မပေါ့''

''အရမခံနိုင်ဘူးဟဲ့၊ အရမခံနိုင်ဘူး'' ဒေါ်ကြီးမှာ ရုတ်တရက် မျက်နှာနီသွားလျက် ''ဒို့မျိုးရိုးထဲကို ဒီလိုဇာတ်မျိုး ဖက်ခွက်စားတွေ အရောမခံနိုင်ဘူးဟဲ့''

''အခုခေတ် မျိုးရိုးရယ် မဟုတ်ပါဘူး ဒေါ်ကြီးရယ်''

''ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီလိုဖာတ်စင်ပေါ်တက်တဲ့ဟာမျိုးကို မလိုချင်ဘူး''

''ဒါတော့ စာရေးဆရာတွေတောင် တနှစ်တခါ က,ကြသေးတာဘဲ ဒေါ်ကြီးရာ''

''ဟဲ့. . ဒါက အရှူးထကြတာဟဲ့၊ သူတို့အသင်းရံပုံငွေရအောင် အရှူးထကြတာ၊ မင်းစကား ရှည်မနေနဲ့၊ ငါခိုင်းတာသာ လိုက်သွား''

''လိုက်သွားပြီး ဟိုကျ ကျွန်တော်က ဘာလုပ်ရမှာလဲ''

''ခင်အောင်ဝင်းကို မရ ရအောင် ပြန်ခေါ်ခဲ့''

''သူ့ကောင်မလေးပါ ပါလာမယ်ဆိုရင်ကော''

''ဟဲ့. . . . မင်းကို ဒီကိစ္စခွဲရအောင် လွှတ်တာဘဲ၊ မေးနေရသေးသလား''

''ဟာ. . . ဒေါ်ကြီးရာ'' ကျွန်တော်ခေါင်းကုတ်ကာ. . .

''ကျွန်တော် ဒါမျိုးတော့ မလုပ်ချင်ဘူးဗျာ''

''ဘာမလုပ်ချင်တာလဲ''

''သူတို့ချစ်ခြင်း ခွင်းရမယ်ဆိုတော့''

''အမယ်. . . ကြီးကျယ်လိုက်တာ၊ သူ့အမေတုန်းကလဲ ငါဒီလိုဘဲခွဲခဲ့ရတယ် သိလား''

''ဘယ်သူ့ အမေတုန်းကလဲ''

''ခင်အောင်ဝင်း အမေ''

''ဟင်. . . အန်တီ မလှမြင့်ရယ်''

''ဟုတ်တယ်''

''ဘယ်သူနဲ့ ကြိုက်လို့လဲ''

''ဒီလို ဇာတ်သမားတယောက်နဲ့ပေါ့''

''ဟင်. . . နောက်တော့ ဘာဖြစ်လဲ''

''ဘာဖြစ်ရမလဲ. . . ခင်အောင်ဝင်း အဖေ မောင်ဘဝင်းနဲ့ ဒို့ကပေးစားလိုက်တာပေါ့''

''ဒေါ်ကြီးတို့တော့ ငရဲကြီးမှာဘဲ''

''ဘာလို့ ကြီးရမလဲ''

''သူများချစ်ခြင်း ခွင်းတာကြီးကို''

အမယ်ကွယ်. . . အချစ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး တည်မြဲတဲ့အရာမှမဟုတ်တာ. . မင်းအန်တီဟာ မောင်ဘဝင်းကိုကော နောက်ကျတော့ ဘယ်လောက်ချစ်သလဲ၊ မောင်ဘဝင်းကိုကော နောက်ကျတော့ ဘယ်လောက်ချစ်သလဲ၊ မောင်ဘဝင်း သေလို့ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ မုဆိုးမ ဖြစ်တာတောင် အခုထိနောက်အိမ်ထောင်မပြုဘဲနေတယ် မဟုတ်လား''

ဟုတ်ပါသည် အန်တီမလှမြင့်မှာ ခင်အောင်ဝင်းတယောက်မွေးပြီးနောက် အသက်အစိတ် မျှသာ လင်သေသည်ပင် ယခုတိုင် နောက်ထပ် အိမ်ထောင်မပြုဘဲ ဗန်းမော်မြို့တွင် ကျောင်းဆရာ မ လုပ်ကာ မုဆိုးမဘဝနှင့် နေပါသည်။

''အခု သူ့သားအကြောင်းကော အန်တီမလှမြင့်သိပလား''

''ဘယ်သိအုံးမလဲ။ ခင်အောင်ဝင်းက မန္တလေး လာနေရင်းဖြစ်တော့ ငါ့တာဝန်ကျနေတာပေ့ါ။ လှမြင့် စိတ်မကောင်းဖြစ်မှာစိုးလို့ ငါအကြောင်းမကြားသေးပါဘူး။ မင်းဆီသာလာခဲ့တာဘဲ၊ အဲဒါမင်းတို့ညီအကိုချင်း ကြည့်သာစီမံပေတော့၊ ငါတို့ညီအမချင်းတုန်းကတော့ ငါကဆောင် ရွက်ခဲ့ပြီ၊ ကိုယ့်မျိုးရိုးဂုဏ်ကို အမြဲတမ်းစောင့်ထိန်းရတယ်။ တတ်နိုင်သလောက် ကာကွယ်ရတယ် ကွဲ့''

ဒေါ်ကြီးပြောသည့်စကားကို ကျွန်တော်နားလည်ပါသည်။ သဘောကျလက်ခံပါသည်။ သို့သော် သူများချစ်ခြင်း ခွင်းရမည်ဆိုတော့ ယခုတိုင် လူပျိုကြီးဘဝနှင့် နေရသော ကျွန်တော့်မှာ စိတ်မရဲပါ။ ထို့ကြောင့်. . .

''ဒေါ်ကြီးရာ. . ဒီကိစ္စများ ကျွန်တော့်ဆီဘဲ တကူးတကလာနေရသေး. . .၊ ဟိုက ကိုကြီးဝင်းမောင်တို့ ကိုအောင်ကြီးတို့ ခိုင်းလိုက်ပြီးရော''

''ဟဲ့. . . သူတို့မှာက အလုပ်မအားကြဘူးဟဲ့။ ငါနင့်ဆီလာခဲ့တဲ့အကြောင်းက'' ဒေါ်ကြီးသည် ကျွန်တော့်ကို မျက်စောင်းခဲ၍ အံကြိတ်ကာ ''ပထမဆုံး နံပါတ် (၁)က အရင်လှမြင့်တုန်း က ငါကဆောင်ရွက်ခဲ့တာလို၊ နောက်လူငယ်ပိုင်းမှာ နင်က ကာကွယ်တယ်ဆိုတဲ့ ဂုဏ်ယူစေချင် လို့ဟဲ့။ (၂) အချက်က ခင်အောင်ဝင်းနဲ့ နင်ဟာ ညီအကိုချင်းမက အရင်းနှီးဆုံး သူငယ်ချင်းလဲ ဖြစ်တယ်။ (၃) အချက်က နင်ဟာ ဘားနဲ့ ဘီလီယက်ကလွဲပြီး သည့်ပြင် ဘာမှမလုပ်ဖူးလို့ ဆွေမျိုးက ပြောနေကြတယ်''

''နေပါအုံး ဒေါ်ကြီး'' ကျွန်တော်ကစကားဖြတ်၍ ''ဒါတော့သူတို့ အရမ်းပြောကြတာပါ။ ကျွန်တော်ဟာ တနင်္ဂနွေနေ့ နေ့တိုင်း 'ဝါတွင်းသုံးလပတ်လုံး သံဃာတော်များဆွမ်းလုပ်ကျွေးရန်' လို့ အရပ်ထဲလှျာက်အလှူခံတဲ့အသင်းမှာ ကိုယ့်မျက်နှာမြင်ရင် အားနာထည့် ထည့်ရမယ့် အိမ်တွေကို ရှေ့ဆုံးက စာရင်းစာအုပ်ကိုင်ဝင်ခဲ့တဲ့ လူတယောက်ပါဗျ။ မယုံရင် လမ်းထိပ်က အရပ်လူကြီး ဦးဘရှင်ကို မေးကြည့်ပါ။ ကထိန်ခင်းဘို့လဲ ဒီအိမ်တွေဘဲ အတင်းအလှူခံရအုံးမှာ ဘဲ''

ကျွန်တော်က ပိုင်ပိုင်နိုင်နိုင်ကြီးပင် ပြောလိုက်ပါသည်။ သို့သော် ဒေါ်ကြီးက မျက်မှောင်ကုတ်ကာ. . .

''တော်စမ်း. . . နင့် တောင်စဉ်ရေမရ စကားတွေ၊ နင့်ကို ငါနောက်ဆုံးပြောမှာက နင်တောင်ကြီးကို မသွားချင်မနေရ၊ ငါအမိန့်နဲ့ ခိုင်းတယ်၊ ဒါဘဲ''

ကဲ. . . ပတ်ပိတ်ကရော၊ ကျွန်တော် ဘာမျှပြောစရာ မရှိတော့ကပြီ။

ဒေါ်ကြီးစိုးမှာ သူ့နာမည်နှင့်လိုက်အောင် နေရာတကာတွင် ကြီးစိုးသည်။ သူ့ယောက်ျား အပေါ်တွင် ဗိုလ်ကျသည်။ ဆွေမျိုးတွေကို ဩဇာပေးသည်။ ကျွန်တော့်ကို အမိန့်ထုတ်သည်။ သူဖြစ်ချင်တာဟူသမျှ ဖြစ်စေရသည်။ ဥပမာပြုရသော် နန်းမတော် မယ်နု၏သမီး ဆင်ဖြူမရှင် နှင့် တူလိမ့်မည်ထင်သည်။ မိတ်ဆွေသိပါလိမ့်မည်။ ဆင်ဖြူမရှင်သည် မင်းတုန်းမင်းကြီး၏ သားတော်လေးဆယ်ကျော်ကို ဖြိုခွင်း၍ မိမိသမီးတော် စုဖရားလတ်နှင့် မေတ္တာမျှနေသော သီပေါမင်းသားကိုမင်းပြုစေသည်။ ထို့ပြင် မြန်မာရာဇဝင်အဆက်ဆက် တကောင်းအဘိရာဇမှ စ၍ ဘုရင်ဆိုလျှင် မိန်းမတွေ လိုချင်သမျှယူရသော စံနစ်ကို ပယ်ဖျက်ကာ သားမက်တော် သီပေါအား မိမိသမီး စုဖရားမှတပါး အခြားမိဖုရားမထားရအောင် ချယ်လှယ်တော်မူသည်။ သီပေါမှာ ပါတော်မူသည်အထိ တလင်တမယားပင်။ အာဂမိန်းမပါပေ။ ဒေါ်ကြီးစိုးမှာ ဤလို မဖြစ်မနေ စီမံကိန်း၌ ဆင်ဖြူမရှင်နှင့် ကျွန်တော်က ဥပမာနှိုင်းပါသည်။ ထို့ကြောင့် အကြင် သုတေသီ စာရေးဆရာ ပုဂ္ဂိုလ်တို့သည် ဆင်ဖြူမရှင်ပါသည့် ပြဇာတ်ကို က,မည်ပြုပါက ရုပ်ရည် အမူအရာ အပြောအဆိုကို အကဲဖမ်းရန် ကျွန်တော်၏ဒေါ်ကြီးစိုးကို လာရောက်ကြည့်ရှုကြပါ ကုန်။

ဤသို့ပင် ဥပမာတင်အပ်သော ဒေါ်ကြီးစိုး၏ အမိန့်ကို ကြားရပြီးနောက် ကျွန်တော့်မှာ ရင်ထဲ၌ပင် ကတုန်ကယင်ဖြစ်ကာ ပေါ်ဦးအသင့်ချလာသော ကော်ဖီခွက်ကို တကျိုက်မျှမော့ လိုက်ပြီးမှ. . .

''ပေါ်ဦးရေ''

''ဆရာ. .''

''ငါမနက်ဖန် တောင်ကြီးကို သွားရမတဲ့ကွ''

''ဟုတ်ကဲ့ဆရာ၊ ကျွန်တော်အခုနဘဲ လေကြောင်း ကိုယ်စားလှယ်ဆီကို ဖုံးဆက်လိုက်ပါ ပြီ''

''နို့ပြီး အဝတ်အစားကော''

''အနွေးထည်တွေအားလုံး အသင့်ပြင်ပြီးပါပြီ''

''ဝ–ဆ–ဂ–ရ ကိုလဲ မမေ့ပါနဲ့ဟေ့''

''စိတ်ချပါ. . ဆရာ''

ဒေါ်ကြီးစိုးက မျက်လုံးဖြဲကာ

''ဟေ. . နင် ရှုပ်ရှုပ်ယှက်ယှက် နိုင်ငံရေးပါတီတွေထဲ ဝင်နေပြန်ပလား၊ ဘာလဲ ဝဆဂရ ၊ သခင်နုပါတီလဲ မဟုတ်ဘူး''

ကျွန်တော်မျက်လုံးပြူးသွားပါသည်။ စင်စစ် ကျွန်တော်၏ ဝ-ဆ-ဂ-ရမှာ ဝီစကီနှင့်ဆိုဒါ ရမ်နှင့် ဂျင်ဂျာဘီယာ တို့ကိုပြောခြင်းဖြစ်ပါသည်။ သို့သော် ကျွန်တော်ရှုတ်တရက် ကံအားလျော်စွာ အကြံရ၍. .

''ဟုတ္ ဒေါ်ကြီးရဲ့၊ ဝက်-ဝက်ပေါင်ခြောက်ရယ်၊ ဆ-ဆလတ်ရွက်ရယ်၊ ရှာလကာရေရယ် ဂ-ဂေါ်င်းအုံး၊ အယ်-ဟုတ်ပါဘူး၊ ဂဏန်းရယ် စားဘို့တွေ ပြောတာဒေါ်ကြီးရဲ့''

''အို. . ရှုပ်ရှုပ်ယှက်ယှက်၊ နင့်ဟာတွေ ဟိုရောက်ရင် ရေပြောင်းမြေပြောင်း တွေ့ကရာတွေ မစားနဲ့၊ အစစ အရာရာဆင်ခြင်၊ ဟိုတယ် ကောင်းကောင်းမှတဲ''

''ဟုတ်ကဲ့ ဒေါ်ကြီး''

''နို့ပြီး ဟိုအရပ်မှာ မိန်းမတွေကို သတိထား၊ အပျိုချောချောတွေ့ရင် ကွေ့ရှောင်''

''စိတ်ချပါ ဒေါ်ကြီး၊ ကျွန်တော် ဒါမျိုးလဲ ဝါသနာမပါပါဘူး''

ဟောဗျ- ကျွန်တော်မှာ ဘီယာပုလင်းတို့၏ ဝိပါတ်ကိုလည်းလေပြီလား။ အကြောင်းမှာ ကျွန်တော်သည် ဘီယာပုလင်းတွေကို ဖရစ်ဂျယ် (အအေးသေတ္တာ)ထဲထည့်ကာ အအေးစိမ်၍ သောက်ခဲ့ပါသည်။ ယခုတောင်ကြီးမြို့မှာ အေးစက်လှပါသည်။ ကျွန်တော်ဖရစ်ဂျစ်ဒယ်ကို ရောက်နေသည်နှင့် တူလှပါသည်။

ကျေးဇူးပြု၍ ကျွန်တော်တို့ မြေပြန့်သားတွေအဖို့ တောင်ကြီးမြို့သည် ဖရစ်ဂျစ်ဒယ်ဖြစ်သည်ဟု ဆိုပါရစေတော့။

ဖရစ်ဂျစ်ဒယ် သူတွေကိုလည်း (တောင်ကြီးသူ တောင်ကြီးမောင်ဟု မဆိုချင်ပါ၊ ရိုင်းသည် ထင်ပါသည်။) ချောမောလှပကြပါသည်။ ဖရစ်ဂျစ်ဒယ်ထဲ ထည့်ထားသော ဩစတြေးလီယ ပန်းသီးကြီးများကဲ့သို့ ပြည့်ဖောင်းရွှန်းအိလျက် ရှိပါသည်။

မိုးတဖွဲဖွဲရွာနေသည်။

လေတဖြူးဖြူးတိုက်နေသည်။

ပတ်ဝန်းကျင်သစ်ပင်တွေက စိမ်းညို့နေသည်။

ရာသီဉတုမှာ တစိမ့်စိမ့် အေးစက်နေသည်။

ကျွန်တော်သည် ဟိုတယ်တည်းခန်း၌ နေသားတကျ ရှိပြီးနောက်ပထမ ဘာမျှစိတ်မကူး နိုင်သေးဘဲ ဝီစကီကို သောက်လိုက်ရသည်။

နံနက်စာ စားပြီးသောအခါ၌ သွေးလေး၍ အိပ်ချင်လာသည်။ အိပ်ချင်၍ အိပ်လိုက် သောအခါတွင် ခေါက်ကနဲ ပျော်သွားသည်။

အပြင်ဘက်မှ တဒေါက်ဒေါက်နှင့် တံခါးခေါက်သံကြား၍ နိုးသောအခါ၌ မျက်စိမဖွင့်ချင်၊ မထချင်၊ တကိုယ်လုံးလေးလံ ထိုင်းမှိုင်းလျက်ရှိသည်။ ဤကဲ့သို့ ခံစားမှုမျိုး တခါမျှမကြုံဘူးခဲ့။ ဤအကြိမ် ပထမဖြစ်သည်။ ကျွန်တော့်ကိုယ်ပင် ကျွန်တော်ဤမျှ အအိပ်ကြူးဘိသလောဟု အံ့သြမိသည်။

အပြင်မှ တံခါးခေါက်သူကလည်း တဒေါက်ဒေါက်နှင့် အားမနာပါးမနာ ခေါက်ပါဘိ သည်။

ထို့ကြောင့် အိပ်ချင်မူးတူးသံနှင့် . . .

''ဘယ်သူလဲ''

''ဘွိုင်. . ''

''ဘွိုင်အလုပ်မရှိဘူး၊ ကျုပ်ဘာမှမလိုချင်သေးဘူး''

''မဟုတ်ဘူး ဆရာ့အတွက် အကြံဉာဏ်ပေးဘို့ မန်နေဂျာကလွှတ်လိုက်လို့ပါ''

''ဘာကိစ္စများပါလိမ့်''

ကျွန်တော် အိပ်ရာမှအနိုင်နိုင် ကြိုးစားထကာ၊ တံခါးဖွင့်ပေးလိုက်ပြီး၊ သူ့ကိုမျှ သေသေ ချာချာ မကြည့်နိုင်ဘဲ အိပ်ရာသို့ ပြန်လှဲလိုက်သည်။

''ဆရာ ဆက်မအိပ်ပါနဲ့တော့''

''ဘာလို့လဲ ကျုပ်သိပ်အိပ်ချင်နေတာဘဲ''

''အိပ်ချင်တိုင်း အိပ်ရင် ဆရာဖျားလိမ့်မယ်''

''ဟုတ်လား ကျုပ်ကိုယ်တွေလက်တွေ အင်မတန်လေးလံတယ်၊ ဘာလုပ်ရမလဲ''

''ထပြီး ရေချိုးလိုက်ပါ၊ ရေနွေးနဲ့ အသင့်စီမံထားပါတယ်၊ နို့ပြီး ကော်ဖီနဲ့ ကော်ဖီတခွက် သောက်ပြီး အပြင်ကို လမ်းလျှောက်ထွက်ပါ၊ တခြားအရပ်က ရောက်လာတဲ့လူတွေဆိုရင် ဒီရာသီမှာ ဒီလိုဘဲအကြံဥာဏ်ပေးရပါတယ်''

''ကျေးဇူးတင်ပါတယ် ဘွိုင်''

ဤနေရာ၌ အိပ်ရာမှထရခြင်း၊ ရေချိုးရခြင်း၊ ကော်ဖီသောက်ရခြင်းတို့မှာ ကျွန်တော့်အဖို့ အတော်ပင် ခက်ခဲသောအလုပ်ဖြစ်ပါသည်။ ဤကိစ္စတွေကို ကြိုးစားပမ်းစား အောင်မြင်ပြီး နောက်၌ အနွေးထည်ထူထူဝတ်ကာ လမ်းလျှောက်ထွက်ခဲ့ပါတော့သည်။

အချိန်မှာ ၃–နာရီထိုးပြီးလေပြီ။

ကျွန်တော်၏ခြေလက်အင်္ဂါတို့မှာ တစတစ ပေါ့ပါးလာ၍ စိတ်လည်းတဖြည်းဖြည်း ရွှင်လန်း လာလေသည်။

တမိုင်မျှ လျှောက်မိသောအခါတွင် ကျွန်တော့်ရှေ့တည့်တည့်၌ ထူးဆန်းသော ပန်းချီကား တချပ်ကို မြင်ရပါသည်။ ပုံသဏ္ဍာန်မှာ စိမ်းညို့သော သစ်ပင်တို့၏ နောက်ခံကားဖြင့် ပြာလဲ့ သော ဂျစ်ကားတစီး၏ ရှေ့တွင် နီရဲသောကလေးမက ကုန်းကုန်းကွကွလုပ်နေခြင်းဖြစ်ပါသည်။

အံ့ဘွယ်သော ဖရစ်ဂျစ်ဒယ်သူ ပေတကား။ ဘာအဓိပ္ပာယ်ပေနည်း။ ကျွန်တော်အနီးသို့ ရောက်သောအခါ၌ ကားခေါင်းထဲ လက်နှိုက်နေသည်ကို တွေ့ရပါသည်။ အော် ကားစက်ပျက် လို့ပါကလား။

ဖရစ်ဂျစ်ဒယ်သူသည် ကျွန်တော့်ကို ခေါင်းမော်၍ ကြည့်လိုက်ပါသည်။ သူ့မျက်ခမ်းတို့ သည် သူ့လုံချည်ကဲ့သို့ ရဲရဲနီနေ၏။ သူ့ဦးခေါင်းမှ ကြက်မတမ်းမလောက်ရှိသော ဒေလီယာ ပန်းကလည်း လျှမ်းလျှမ်းတောက်နေပါသည်။ သူ့မျက်လုံးတို့မှာ ပြူးကျယ်ဝိုင်းစက်၏။ မျက်ခုန်း မွှေးတို့မှာ ကျောက်စမ်းရေညိုကဲ့သို့ စိမ်းညို့၍ ပါးအို့တို့မှာ ကလေးတင်ပါး ကြမ်းပိုးကိုက် ထားသည့်နှယ် ပန်းရောင်ခြယ်ပေသတည်း။

ဖရစ်ဂျစ်ဒယ်သူတို့၏ ကိုယ်လုံးကိုယ်ပေါက်လှပပုံကို ချီးကြူးရလျှင်ကား 'ဤနို့ဆီတွင် မလိုက်အပြည့်ပါသည်'ဟူဘိသို့သာ ရှိချေတော့မည်။ ထို့ကြောင့် ကျွန်တော်အထူးမပြုတော့ပြီ။

'ချော ချော တွေ့ရင် ကွေ့ရှောင်''ဟူသော ဒေါ်ကြီးစိုး၏ စကားကို သတိရပါသည်။ သို့သော် ကျွန်တော်သည် အနီးသို့ တသမတ်တည်း ရောက်သွားကာ–

''ဘာများ ကျွန်တော် ကူညီနိုင်ပါသလဲ''

မျက်တောင်ကော့ကြီးကို ဝင့်လိုက်ကာ

''ရှင် ကားပြင်တတ်ပါသလား''

ကျွန်တော်မုသား မပြောပါ။

''နဲနဲကလေးမှ မတတ်ပါဘူး''

''ဒါဖြင့် ကြွပေတော့၊ အော် နေအုံး နေအုံး၊ ကျမဆီပိတ်တယ်ထင်လို့ အဲယားတော့ ဆွဲထားတယ်၊ တွန်းစတတ်နဲ့ ရလိမ့်မလား တွန်းပေးစမ်းပါ''

သူသည် စက်ဖုံးကိုပိတ်၍ ကားပေါ်အကျ တက်ထိုင်လေပြီ။ ကျွန်တော်မှာ ကိုယ့်လော ကွတ်နှင့်ကိုယ် တွန်းရလေပြီ။

ကျွန်တော်ကားအမျိုးမျိုးကို စီးခဲ့ပါသည်။ တသက်နှင့်တကိုယ် ဤလို တွန်းရသော ကားကို မဆိုထားဘိ၊ 'ဟန်ဒယ်လ်'လှည့်ရသောကားကိုမျှ မသုံးခဲ့ပါ။ တကားနွမ်းလျှင် တကားလဲ ခဲ့ပါ၏။

သို့သော် ကားကြီးကားလှ အပြိုင်စီးကြသော ရန်ကုန်မြို့ကြီးနှင့် မနီးသည့် ဖရစ်ဂျစ်ဒယ် သူကိုကား ကျွန်တော်ခွင့်လွှတ်ပါသည်။

မကြာမီ၌ ကျွန်တော့်ကျေးဇူးဖြင့် သူ့ကားစက်နိုး၍ 'သိုင်းကျူး'ဟုဆိုကာ ထွက်သွားလေ သည်။ ကျွန်တော်ဖတ်ဖတ်မော၍ ကျန်ခဲ့သည်။

သို့သော်သူနှင့် ကျွန်တော်ကား နောက်ဆက်တွဲဇာတ်လမ်း ရှိချေသေး၏။ အကြောင်းမှာ ကျွန်တော်သည် ဤနေ့ညနေမြို့ထဲ ပြန်ရောက်၍ ဟိုတယ်တခုကိုဝင်ကာ မနေဂျာအား ခင်အောင်ဝင်း နာမည်ကို မေးနေစဉ် မဟုတ်ာ ကျွန်တော်အနီးသို့ ရောက်လာကာ ပြုံးရွှင်သော မျက်နှာထားနှင့်. . .

''ဆရာကြီး ကျမ ဘာများကူညီနိုင်မလဲ''

ကျွန်တော်က ပြန်၍ပြုံးလိုက်ပြီး. .

''ကျုပ်ကတော့ ကားစက်ရပ်နေတာမဟုတ်ဖူး။ လူတယောက်ကိုရှာနေတာဘဲ။ ဗန်းမော် က ခင်အောင်ဝင်းဆိုတာများ မတွေ့မိဘူးလား''

''ဒီနာမည်တော့ ကြားတောင်မကြားဘူးဘူး''

''ကဲ. . ဒါဖြင့် ကြွပေတော့၊ အော်. . . နေအုံး. . . နေအုံး . . . ''

ကျွန်တော်က ရယ်မောကာ သူလည်းပြန်၍ရယ်လျက် ''ဒီမြို့မှာရှိတဲ့ ဟိုတယ်တွေ တည်းအိမ်တွေ ညွှန်စမ်းပါ''

''ကောင်းပါပြီ ကျမ ကားနဲ့လိုက်ပို့ပါမယ်''

''တွန်းရအုံးမှာလားဗျာ''

''နောက်ကားတစင်း လဲခဲ့ပါပြီ''

မကြာမီ ကျွန်တော်တို့သည် ကားပေါ်ရောက်၍ သူကကားမောင်းရင်း. .

''ဆရာကြီး ဒီအရပ်က မဟုတ်ဖူးနော်''

''ရန်ကုန်ကပါ ကျွန်တော့်နံမယ်အရင်းက ဆရာကြီးမဟုတ်ပါဘူး အေးဆွေတဲ့''

''အော. . . ဦးအေးဆွေ ကျမနံမယ်က စောမူမူ''

''အို. . ချစ်စရာကောင်းတဲ့ နံမယ်ကလေးဘဲ''

သူသည် ပါးကလေး အက်အောင်ပြုံး၍. .

''ဟုတ်လား ဦးအေးဆွေ ဒီရာသီ ဒီအရပ် လာခဲ့တာဟာ ကိစ္စထူးရှိဟန်တူတယ်''

''ဟုတ်တယ် အခုနပြောတဲ့ ညီတော်မောင် ခင်အောင်ဝင်း အတွက်ဖဲ''ဟုဆိုပြီး ကျွန်တော်၏ လာရင်းအကြောင်းကို ပြောပြပါသည်။

''အော. . . ပြဇာတ်မင်းသမီးမို့ သဘောမတူနိုင်တာလား။ ဒါပေမယ့် ကောင်မလေးမြင်ကြရင်တော့ သဘောကျကြမှာဘဲ၊ အင်မတန်ချောတယ်''

''မစောမူမူလောက်တော့ လှမယ်မထင်ပါဘူး''

''အို. . မူမူ မလှပါဘူးရှင့်''

ထို့နောက်၌ ကျွန်တော်တို့ ဟိုတယ်တခုသို့ရောက်၍ ဧည့်သည်စာရင်းကို မေးကြသည်။ ခင်အောင်ဝင်း နာမည်ကို မတွေ့ရ။

''သူက ပြဇာတ်မင်းသမီးနောက် လိုက်လာတယ် ဆိုတော့ ပြဇာတ်သမားတွေနဲ့များ အတူနေလိမ့်မလား။ သူတို့တည်းတဲ့နေရာ သွားမေးပြီးပလား''

''မေးပြီးပြီ အပြင်ဟိုတယ်တခုမှာ တည်းတယ်လို့ ပြောလိုက်တယ်မူမူရဲ့''

''နို့. . ဦးအေးဆွေ တည်းတဲ့ဟိုတယ်မှာကော''

''ရောက်ရောက်ချင်းဘဲ စာရင်းကြည့်ပြီးပြီ''

''ဒါဖြင့် အပြင်အိမ် တခုခုမှာ တည်းလိမ့်မယ် ထင်တယ်။ မေးစရာ ဟိုတယ်နဲ့ တည်းအိမ်တော့ ကုန်ပြီ''

''ကဲ. . ဒီလိုဆို နောက်မှဘဲ အေးအေးရှာတော့မယ်။ မူမူကျုပ်တည်းတဲ့ ဟိုတယ်လိုက်ပြီး ညစာစားပါ''

''ခွင့်ပြုပါဦးအေးဆွေ ဟိုတယ်အထိတော့ လိုက်ပို့ပါမယ်''

ထိုနေ့ည ၉-နာရီခန့် ကျွန်တော်ညစာပါ စားသောက်ပြီး၍ အိပ်ခန်းသို့ တက်ခဲ့သော အခါတွင် ကျွန်တော်၏ တဖက်ခန်းမှ ကြာပွတ်သံ တဖျောင်းဖျောင်းနှင့် နားမချမ်းသာစရာကို ကြားရပါသည်။ ဘာကိုများရိုက်နေပါသနည်းဟု နားကပ်၍ထောင်ရာ မည်သည့်အရာဝတ္ထုကိုမျှ မဟုတ်။ လေထဲတွင်သာ တရွှမ်းရွှမ်းမြည်နေခြင်းပင်ဖြစ်သည်။ သားရေကြာပွတ် အကြီးစား ဖြစ်ဟန်တူသည်။ ဤအသံမှာ အခြားအခြားအချိန်မျိုး၌ နားထောင်ချင်စရာ ဖြစ်ကောင်းဖြစ်မည် မှန်သော်လည်း ယခုကဲ့သို့ ရာသီဥတု အေးအေး ဖရစ်ဂျစ်ဒယ်သူကို တွေး၍အိပ်ချင်နေသော ကျွန်တော့်အဖို့မှာ အတော်ပင် အခံရခက်လှပါသည်။ ထို့ကြောင့် နာရီဝက်မျှအာကာ၌ ဆက် လက်

သည်းမခံနိုင်တော့ဘဲ သူ့အခန်းရှေ့ဆီသို့ တက်ခဲ့တော့သည်။ တံခါး၌ မြ ႏြုသည ဟု စာကပ်ထားသည်ကို တွေ့ရသည်နှင့် ကျွန်တော်သည် နှစ်ချက်သုံးချက် ထုလိုက်ပြီး. .

''မစ္စတာ ဝီလ်ဆင်''

သူက အသံခပ်မာမာနှင့်. .

''ဟူး အာယူး. .''

ဗိုလ်သံပါပါနှင့် ပြန်မေးပါသည်။ ကျွန်တော်ကလည်း အင်္ဂလိပ်ဘာသာဖြင့်. . .

''ခင်ဗျား တဖက်ခန်းကလူပါ''

''ရော့. . . ဒါဖြင့် ဂွမ်းထုပ်''

ပြတင်းပေါက် တထွာခန့်ပွင့်၍ အထုပ်ကျလာပြီး ပြန်ပိတ်သွားပါသည်။

''အို. . . ကျုပ်နားညည်းတယ်လို့မှ မပြောရသေးပါလား''

''ခင်ဗျား. . . ဒါဘဲပြောမလို့ မဟုတ်လား''

''မှန်တယ်''

''ဒါကြောင့်လဲ ကျုပ်ခင်ဗျာ့နားဆို့ဘို့ ဂွမ်းအသင့်ဝယ်ထားတာဘဲ''

''ခင်ဗျား ဘုမပြောပါနဲ့''

''ကျုပ်လုံးဝမပြောချင်ပါဘူး၊ ခင်ဗျားကို အားနာလို့သာ ပြန်ပြောနေရတာပါ၊ ကျုပ်လေ့ကျင့်ခန်း ပျက်ပါတယ်''

''ခင်ဗျာ့ ကြာပွတ်သံရပ်ရင် ရပ်တော့။ မရပ်ရင် ကျုပ်မန်နေဂျာကို သွားတိုင်ရလိမ့်မယ်''

''မန်နေဂျာ အဖေကိုသွားတိုင်ချေပါ''

''ဟင် သူ့မှာ အဖေရှိသေးလို့လား၊ သူအရွယ်တော်တော် ကြီးနေမှဘဲ''

''အို. . . တယ်အူတဲ့လူဘဲ၊ ကျုပ် ၁၀–နာရီအထိ ခွင့်တောင်းထားတယ်ဗျ၊ ခင်ဗျား သွားတိုင်လို့အပိုဘဲ ကဲ ကဲ နာရီဝက်လောက်ဘဲသည်းခံပါ ကျုပ်ကို အနှောက်အယှက် မပေးပါနဲ့တော့''

ကြာပွတ်သံ တဖျောင်းဖျောင်း မြည်ပြန်တော့သည်။ ကျွန်တော် လက်လျှော့လိုက်ရတော့သည်။ ၁၀–နာရီမှ သူ့စကားအတိုင်း ရပ်စဲ၍ ကျွန်တော် စောမူမူကို အိပ်မက်ခွင့်ရပေတော့ သည်။

နံနက် မိုးသောက်တွင် ကျွန်တော်သည် အဝတ်အစားကို စတိုင်ကျကျ ပြင်ဆင်လေသည်။ အကြောင်းမှာ ထိုနေ့ခင်အောင်ဝင်းကို ရှာရာ၌ စောမူမူပါလိုက်၍ ကူညီမည်ဖြစ်၏။ သို့ရာတွင် ကျွန်တော်အခန်းကို သော့ခပ်ပြီး၍ မျက်နှာလှည့်လိုက်သည်တွင် မစ္စတာဝီလ်ဆင်အခန်းမှ ခင်အောင်ဝင်း ထွက်လာသည်ကို မြင်ရသဖြင့် ဝမ်းသာအားရဖြစ်ကာ. . .

''ဟေ့ ခင်အောင်ဝင်း''

သူ ကျွန်တော့်ကိုလှည့်ကြည့်ကာ အံ့အားသင့်လျက်. .

''ဟင်. . ကိုကို''

''မင်းဘယ်မှာတည်းသလဲ၊ အခုဘယ်သူ့ဆီ လာတာလဲ၊ မစ္စတာဝီလ်ဆင်နဲ့ မင်းနဲ့သိသလား''

''မစ္စတာ ဝီလ်ဆင်ဆိုတာ ကျွန်တော်ပေါ့''

''ဟင်. . ဒါဖြင့် မင်းညက ငါ့ကိုဂွမ်းထုတ်ပေးတာပေါ့''

''အို. . ဒါ ကိုကိုလား''

''အေးပေါ့ကွဲ့၊ ငါမင်းအသံ မှတ်မိပါဘူးကွယ်''

''ကျွန်တော်ကတော့ ကိုကိုဖြစ်လိမ့်မလို့ ဘယ်လိုမှမစဉ်းစားနိုင်ဘူး ကိုကိုဘယ်လိုက ဘယ်လိုရောက်လာတာလဲ''

''ငါ့အရင် မင်းကပြောကွယ်''

''ကျွန်တော် ကမ္ဘာပေါ်မှာ အချောဆုံးကောင်မလေးနဲ့ ချစ်နေတယ်ကိုကိုရဲ့''

''အချောဆုံးလို့ဘဲ မင်းအဆုံးအဖြတ် မြန်လှချည့်လား အခုတော်ကြာ ငါ့ဆီလာမယ့် မဒီလဲ စောင့်ကြည့်ပါအုံး''

''အိုး. .''

သူသည် ဝမ်းသာအားရ ကျွန်တော့်ပခုံးကို ဖက်လိုက်ကာ–

''ကိုကိုလဲ ဒီကိစ္စနဲ့ဘဲလား၊ ဒါဖြင့် တောင်ကြီးမြို့ဟာ ကိုကိုနဲ့ညီညီအဘို့ သိပ်မင်္ဂလာရှိနေတာပေါ့၊ လာ လာ အောက်ထပ် လက်ဖက်ရည်ခန်းဆင်းပြီး အေးအေးဆေးဆေး ပြောကြရအောင်''

စင်စစ် ကျွန်တော်သူတို့ချစ်ခြင်းကို ခွင်းရန်လာကြောင်း ပြောပြလျှင် သူမည်မျှ ဝမ်းနည်းချိမ့်မည်နည်း။ ကျွန်တော်မပြောရက်ပါ။ နောက်မှကြည့်၍ စီမံရပေတော့သည်။

လက်ဖက်ရည်ခန်း၌ ထိုင်မိကြသောအခါ ကျွန်တော်က. .

''မင်းညက ကြာပွတ်တဖျောင်းဖျောင်းနဲ့ ဘာလုပ်နေတာလဲ''

''ဂေါက်ချိုက,ကျင့်နေတာ ကိုကိုရဲ့''

''ဘာလုပ်ဖို့လဲ''

''ပြဇာတ်မှာ က ဘို့လေ''

ကျွန်တော် ဒေါ်ကြီးစိုးစကားကို ရုတ်တရက် တွေးမိ၍ မျက်ခုံးရှုံ့ကာ. .

''ဟေ မင်းကိုယ်တိုင်တောင် ဇာတ်ခုံပေါ် တက်တော့မလို့''

''ဒီလို ကိုကိုရဲ့ အခု ကျွန်တော်ချစ်နေတဲ့ ကောင်မလေးက ပြဇာတ်မင်းသမီး၊ သူ့အဖေ က အဖွဲ့ပိုင်ရှင်၊ အဲဒါ သူတို့လို သဘင်ပညာနဲ့ အသက်မွေးနိုင်တဲ့ လူဖြစ်မှ သူ့သမီးနဲ့ ပေးစားနိုင်မယ်ဆိုလို့၊ ကျွန်တော်ကလဲ ကိုကိုသိတဲ့အတိုင်း ငယ်ငယ်ကတဲက အဆို အက, ဝါသနာပါခဲ့တာ၊ အခု စိတ်ပါလက်ပါ ကြိုးစားလိုက်တော့ မခဲယဉ်းပါဘူး၊ အောင်မြင်ပါလိမ့်မယ်၊ ဒီနေ့ ကျွန်တော်တို့ 'ဖူးလ်ရီဟာဇယ်'ဘဲ ကိုကိုပါလိုက်ကြည့်ပေါ့၊ ကျွန်တော့်ယောက္ခမလောင်းကြီးနဲ့လဲ မိတ်ဆက်ပေးမယ်၊ ကျွန်တော်ဇာတ်ခုံပေါ်မှာ စွန်ရင်ဖြင့် ကိုကိုညီပြဇာတ်မင်းသားလဲဖြစ် အချောဆုံးကောင်မလေးနဲ့လဲညားရော''

သူဝမ်းသာအားရ ပြောပါသည်။

''နို့. . မင်းတခါမှ မက,ရသေးဘူးလား''

''ဘယ်က,ရအုံးမလဲ၊ ဒီမြို့မှာ ပြဇာတ်ရုံမရှိတော့ ရုပ်ရှင်ရုံကို ဇာတ်ခုံပြင်နေရတယ်၊ မနေ့ကမှ ပြီးတယ်၊ နက်ဖန်က စက,ကြမှာဘဲ''

ယင်းသည်အကြိုက်ဝယ် ရွှန်းရွှန်းပအောင် ဝတ်ဆင်ထားသော ကျွန်တော်၏ ဖရစ်ဂျစ်ဒယ် သူရောက်လာသည်နှင့် ထိုင်ရာမှထလိုက်ပြီး. .

''ဟော. . မူမူရေ၊ ရှာစရာမလိုတော့ဘူး၊ တွေ့မယ့်တွေ့တော့ ဟိုဘက်ခန်း သည်ဘက်ခန်း သူ့အင်္ဂလိပ်နာမည် ပြောင်းထားလို့၊ ဟောဒီမှာ သူပါဘဲ''

ခင်အောင်ဝင်းသည် ထိုင်ရာမှထ၍ မူမူကို ကုလားထိုင်တလုံးပေးကာ. .

''ကျွန်တော်လဲ တောင်ကြီးရောက်တော့ ဗမာဘောင်းဘီဝတ်တွေမြင်တာနဲ့ ဗိုလ်နာမည် ယူပစ်လိုက်တာဘဲ''

သုံးယောက်သား ပြုံးရယ်ကြကာ အသီးသီး ထိုင်ကြပြီး ကျွန်တော်ကမူမူအတွက် စားစရာ များ မှာယူပါသည်။

''ဟုတ်တယ်၊ ဒီနေ့ဇာတ်တိုက်တာ လိုက်ကြည့်ကြပါ၊ မမူမူအားရဲ့မဟုတ်လား''

''အားပါတယ် ဇာတ်သမားတွေ ကြည့်ချင်တာနဲ့ အဆင်သင့်ဘဲ ကိုခင်အောင်ဝင်းရည်း စားတော့ ကျမမြင်ဘူးပြီ သိပ်ချောတယ်''

ကျွန်တော်က ''မူမူလောက်တော့ မချောဘူးထင်ပါတယ်''

''အမလေး မူမူနဲ့ နှိုင်းတောင်မနှိုင်းပါနဲ့''

''ဘယ့်နှယ်လဲဟေ့ ခင်အောင်ဝင်း''

''တမျိုးစီ လှကြတာဘဲ ကိုကိုရာ''

ထို့နောက်၌ ကျွန်တော်တို့သည် မူမူ့ကားနှင့်ပင် ပြဇာတ်ရုံသို့ ရောက်ကြကာ ခင်အောင်ဝင်းက ကျွန်တော်တို့အား သူ့ရည်းစားနှင့်လည်းကောင်း၊ သူ့ယောက္ခမလောင်းနှင့် လည်းကောင်း မိတ်ဆက်ပေးပါသည်။

နာမည်ကြီး ပြဇာတ်မင်းသမီး မြသိန်းတင်မှာ ပြောပအောင်ချောလှပေသည်။ သူ့ဘခင် ဦးဘဆင်မှာ အသက် ၅၀–ခန့်ထင်ရသည်။ အရွယ်နှင့်ကြည့်လျှင် လူချောကြီး တယောက်ပေ။

ဇာတ်တိုက် ကြရာတွင် ခင်အောင်ဝင်းမှာ အသံကောင်းသူလည်းဖြစ်သည်။ အပြော အဆို အမူအရာ၌ ကျောင်းကပွဲများ တုန်းကပင် နာမည်ကြီးခဲ့သူဖြစ်၏။ ယခု ကြာပွတ်ရိုက်၍ ကရသော ဂေါက်ချိုကမှာလည်း သူတို့အဖွဲ့သားများပင် ဝမ်းသာအားရ သြဘာပေးကြကုန်သည်။

ကျွန်တော်နှင့် မူမူသည် ငါးကျပ်တန်းမှ ကြည့်ရင်းမူမူက. .

''ကိုဆွေညီ သိပ်တော်တာဘဲ''

''ဒီကောင် တကယ်ပြဇာတ်မင်းသား ဖြစ်သွားတော့မှာဘဲ''

''ကောင်းတာပေါ့''

''လူကြီးတွေအမြင်နဲ့တော့ သိပ်ဆိုးတာပေါ့၊ ပြဇာတ်မင်းသမီး ယူရုံတင်မကဘူး၊ သူကိုယ်တိုင် ဇာတ်သမားဖြစ်သွားအုံးမယ်''

''အဲ့ဒါ ကိုဆွေ ဘယ့်နှယ်လုပ်မလဲ''

''ဒေါ်ကြီးစိုးကတော့ မရရအောင်ဖျက်ဖို့ လွှတ်လိုက်တာဘဲ၊ ဒါပေမယ့် သူတို့ချစ်ခြင်း ခွင်းဘို့တော့ စိတ်မရဲဘူး၊ ဒီလိုဆို ပြန်တော့လဲ ဒေါ်ကြီးစိုးက ဆူအုံးမယ်''

''ဒေါ်ကြီးစိုးဆိုတာ ဘယ်သူလဲ၊ ကိုခင်အောင်ဝင်း အမေလား. .''

''မဟုတ်ဘူး အဒေါ်က ဆွေမျိုးထဲ ဗိုလ်လုပ်နေတဲ့ မသြဇာကြီးပေါ့''

''နို့. . ကိုခင်အောင်ဝင်းမှာ မိဘ မရှိတော့ဘူးလား''

''သူ့မေမေရှိတယ် ဗန်းမော်မှာ''

''ဒါဖြင့် သူ့မေမေကို သံကြိုးရိုက် ခေါ်လိုက်ပါလား၊ သူ့သားသူ ဖျက်ချင်ရင်လဲဖျက်၊ သဘောတူရင်လဲ ပေးစားပစေပေါ့၊ သူ့အမေ ကိုယ်တိုင်ဆိုတော့ ကိုဆွေ တာဝန်လွတ်သွား တာပေါ့''

''ဟာ. . ဟုတ်လိုက်တာ မူမူရယ်'' ကျွန်တော်သည် သူ့ကို ရွှန်းရွှန်းစားစားကြည့်ကာ. . . ''ပေါ်အူးဆိုရင်လဲ ဒီလိုဘဲအကြံပေးမှာဘဲ''

''ပေါ်အူးက ဘယ်သူလဲ''

''ကိုဆွေ့တပည့်လေ''ဟုဆိုပြီး ပေါ်အူး၏ အကြံဉာဏ်ကောင်းပုံတွေကို ပြောပြပါသည်။

''ဟင်. . ဒီလောက်တောင် တော်တဲ့လူကို တွေ့ချင်လိုက်တာ''

''တနေ့. . တွေ့ရမှာပေါ့ မူမူ''

ကျွန်တော်သည် ဒေါ်ကြီးစိုးထံ ခင်အောင်ဝင်း၏ အခြေအနေအကြောင်းအရာ အားလုံး ကို ရေးလိုက်၍ သူ့အမေဆီသို့မူ 'ခင်အောင်ဝင်းအတွက် အလွန်အရေးကြီးသည်၊ အမြန်လာခဲ့ ပါ'ဟု ကြေးနန်းရိုက်လိုက်ခြင်းဖြင့် အန်တီမလှမြင့်မှာ နှစ်ရက်အကြာ၌ ဗန်းမော်မှ ရောက်လာပေ တော့သည်။

ကျွန်တော်သည် သူ့သား၏ဖြစ်ထွေကို ပြောပြပြီး. .

''အဲဒါ အန်တီ ဘယ်လိုသဘောရသလဲ''

''အန်တီ့ သဘောထက် မမစိုးကခက်တယ်''

''ကျွန်တော်လဲ သူ့ကြောက်နေရတာဘဲ''

''သူတို့ချင်းဖျက်လို့ကော ရပါအုံးမလား''

''သူတို့ချင်းတော့ ခဲယဉ်းမယ်ထင်တယ်၊ ကောင်မလေးအဖေကြီးဆီသွားပြီး လူကြီးချင်း သာ စကားပြောပေတော့''

ထိုနေ့နံနက်ပိုင်း၌ ခင်အောင်ဝင်းတို့မှာ ညက ပြဇာတ်က၍ အိပ်နေကြသဖြင့် သားအမိ ချင်း မတွေ့ရသေးပေ။ ကျွန်တော့်သဘောကလည်း မတွေ့စေချင်ပါ။ အန်တီမလှမြင့်အား မူမူတို့ အိမ်တွင်

တည်းစေလျက် လူကြီးချင်း တားမြစ်ခဲ့၍ ကိစ္စပြီးပါက သူ့အမေလာမှန်း ခင်အောင်ဝင်း မသိအောင်ပြန်စေပါသည်။ သို့မှ ကျွန်တော့်အပေါ်တွင် လည်းကောင်း၊ သူ့အမေ အပေါ်တွင် လည်းကောင်း၊ ခင်အောင်ဝင်း၏ လက်ငင်းရန်တွေ့လွတ်ချေမည်။ နောက် သွေးအေးမှသော်ကား အရေးမရှိတော့ပြီ။

ထို့ကြောင့် အန်တီမလှမြင့်ကို အဝတ်အစားပြင်ဆင်စေပါသည်။ အန်တီမလှမြင့်မှာ အသက် ၄၀–ကျော်ပြီမှန်သော်လည်း သားတယောက်သာမွေးခဲ့ခြင်း ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့ခြင်း၊ ကလေးများနှင့်သာ ဆက်ဆံရသော ကျောင်းဆရာမဘဝနှင့် နေခြင်းတို့ကြောင့် အရွယ်နှင့် မလိုက်အောင် နုပျိုလှပေသည်။

ကျွန်တော်တို့သည် ဦးဘဆင်အခန်းရှေ့သို့ ရောက်ကြ၍ ကျွန်တော်ကတံခါးခေါက်လိုက်ခြင်းဖြင့် အတွင်းမှ ဝင်ခဲ့ပါဟု ပြောသံကြားရသည်၌ ကျွန်တော်က ''အန်တီပြတ်ပြတ်ဖဲပြောနော်'' ဟု တီးတိုးမှာရင်း နှစ်ယောက်သား ရှေ့နောက် ဝင်သွားကြသည်။

ဦးဘဆင်သည် ထိုင်ရာမှ ငေါက်ကနဲထကာ အန်တီမလှမြင့်ကို အံ့သြစွာနှင့် ကြည့်လိုက်သည်။ အန်တီမလှမြင့် မှာလည်း ဦးဘဆင်ကို ကြည့်ကာ ကြက်သေသေ၍ နေသည်။ ကျွန်တော် အံ့အားသင့်နေစဉ်မှာပင် တခဏအတွင်း၌ ဦးဘဆင်က. . .

''အိုး. . မြင့်''

''အမယ်လေး. . ကိုဆင်''

အလို. . . ဘုရား. . ။

နှစ်ဦးသား တယောက်ကိုတယောက်ပြေး၍ ဖက်ကြတော့သည်။

''အို. . . မြင့်. . . မြင့်''

''အမယ်လေး. . . ကိုဆင်. . . ကိုဆင်''

''မေ့ဘူးနော်''

''မြင်မြင်ချင်းမှတ်မိပါတယ် မောင်''

''အနှစ်အစိတ်ရှိပြီနော်''

''သုံးရက်တောင်စွန်းသွားပြီ မောင်ရဲ့''

''အိုး. . . အချစ်. . . အချစ်''

''ကိုဆင်. . . ကိုဆင်. . . ''

''တသက်မတွေ့ရတော့ဘူး ထင်ထားတာနော်''

''နေနိုင်လိုက်တာ မောင်ရယ်. . . မြင့်တို့ဆီများ ပြန်မလှည့်တော့ဘူး''

''မြင့်တို့စုံတွဲ မြင်ရတော့၊ မောင့်အသဲ ကျွမ်းသွားမှာပေါ့ကွယ်''

''သူသေတာ အနှစ် ၂၀–ကျော်ပြီကော''

''ဟင်. . . ''

''နောက်အိမ်ထောင်မပြုဘဲ စောင့်နေခဲ့တယ်''

''အလိုလေး. . . မောင်နဲ့တူလိုက်တာကွယ်''

''မဟာမြတ်မုနိဘုရားကြီး ရှေ့မှောက်မှာ သစ္စာပြုခဲ့ကြတာ မှတ်မိသေးရဲ့လား''

''တသက်မမေ့ပါ့မလားကွယ်. .။ သေတောင် ''မြင့်''ဆိုတဲ့ နံမယ်ကလေးနဲ့ အသက်ထွက်မှာဘဲ''

''ဝက်စလီကျောင်းထဲမှာ တွေ့ကြတုန်းက သိပ်အိုက်တာဘဲနော်. . ''

''မြင့် မျက်နှာကို ချွေးသုတ်ပေးခဲ့တဲ့ လက်ကိုင်ပုဝါလေးတောင် အခုအထိ မောင့်သေတ္တာထဲမှာ သိမ်းထားပါသေးတယ်. . ''

''ကျုံးဒေါင့်က ကြံရည်ဆိုင်ရောက်တော့. . . စိန်ပန်းပင်ကြီးအောက်မှာ လေတဖြူးဖြူးနဲ့ အေးတယ်နော်''

''ကျုံးရေကလဲ လှိုင်းကလေးတွေ တဖျတ်ဖျတ်နဲ့ ကြာပန်းတွေတောင် ဆင်းခူးချင်တယ် လို့ မြင့်ကပြောသေးတယ်''

''အဲဒီတုန်းက မြင့်က ကြံရည်သုံးခွက်တောင် သောက်လိုက်တယ်နော်။ မောင်က နှစ်ခွက်ထဲရယ်''

''အိုး . . အနှစ်အစိတ်တောင် ကျော်သွားပါကလား''

''ဒါပေမဲ့ မြင့်စိတ်ထဲမှာ မနေ့ကလိုဘဲ မောင်ရဲ့''

''မြင့်ရုပ်ကလဲမပြောင်းဘူး ဟိုတုန်းကလို ဝတုန်းလှတုန်းဘဲ ဟောဒီခါးကလေးဟာလေ''

''ဖက်ပါ ဖက်ပါမောင် မြင့်ကိုလွတ်ထွက်မသွားပါစေနဲ့တော့''

ကိုင်း . . အသက် ၄၀–ကျော်ကြီးတွေတော့ မြင်းတွေ၊ ဆင်းတွေဖြစ်ပြီး သဲကြဲကဲကြပြီ။ ကျွန်တော့်ကို ရှိတယ်လို့မအောက်မေ့ မြင့်လဲမမြင်ကြတော့ပြီ။

ကျွန်တော့်အဒေါ် ဝကစ်ကစ်ကို ဟိုလူကြီး ဖက်နေတာ ကျွန်တော်မကြည့်ရက်တော့ပါ။ ဝင်ပြီးဖြန်ဖြေရမည့် ကိစ္စမျိုးလဲမဟုတ်၊ ရန်ဖြစ်တာဆိုရင်ဖြင့် ဟိုလူကြီးကို ဝင်ရိုက်ရချေသေး။ ယခုတော့ ကျွန်တော် ဘာမျှမတတ်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်နှင့် မျက်နှာလွှဲခဲ့ရပါတော့သည်။

ဘယ်လောက်များ အချစ်နလံ ထနေကြမလဲ၊ ထကြစမ်းပါစေ။ ကျွန်တော်နှုတ်မှရေရွတ် ကာ ကျွန်တော့်အခန်းသို့ ပြန်ရောက်သည်၌ အိပ်ရာပေါ် ပစ်လှဲလိုက်တော့သည်။

သို့တိုင် . . . ဖြောင့်ဖြောင့်မှ စိတ်ညစ်ခွင့်မရသေး ဒေါ်ကြီးစိုး၏စာ စားပွဲပေါ်ရောက်နေသည်ကို မြင်ရသည်နှင့် လှဲရာမှထ၍ ဖတ်လိုက်ပါသည်။

ဟဲ့ . . . အကောင်

နင့်ကို ခင်အောင်ဝင်း အဖြစ်သနစ် အစီရင်ခံခိုင်းဘို့တင် လွှတ်လိုက်တာမဟုတ်ဘူး။ ဘယ်လိုရအောင် ဖျက်သလဲ၊ ဖျက်နိုင်မဖျက်နိုင်ငါ့ပြော။ နင်မတတ်နိုင်ရင် ငါလာခဲ့မယ်။ လှမြင့်တုန်းက ငါဆောင်ရွက်ခဲ့သဟ။ သူ့သားကြမှ အကျုံမခံနိုင်ဘူးဟဲ့။

အကျိုးအကြောင်း မြန်မြန်စာပြန်။

ဒေါ်စိုး

ဒေါ်ကြီးစိုး မည်မျှဒေါသကြီးနေသည်ကို မိတ်ဆွေကြည့်ပါတော့၊ သူ့စိတ်ဓာတ်အင်အား သည် မန္တလေးမှတောင်ကြီးသို့ပင် ရောက်လာသည်ဟုထင်ပါသည်။ ကျွန်တော့်ရင်မှာ တဒိတ်ဒိတ် ခုန်လာပါသည်။

ဘယ်ကဲ့သို့ စာပြန်ရပါမည်နည်း။ တောင်ကြီးသူ တောင်ကြီးသားတွေ ဤရာသီချွေးမ ထွက်ကြသော်လည်း ကျွန်တော့်နဖူးတွင် ချွေးစို့ခဲ့ပါပြီ။ ဖရစ်ဂျစ်ဒယ်ထဲက ချွေးစက်။

ဤအကြိုက်ဝယ် အပြင်မှ တံခါးခေါက်သံကြားရသည်နှင့်

''ဘယ်သူလဲ''

''ကျွန်တော်ပါ''

ခင်အောင်ဝင်းအသံ။

''ဝင်ခဲ့. .''

သူ့မျက်နှာ ပြုံးကြဲကြဲကလေးနှင့် ဝင်လာ၍

''ကိုကို. . ကိုကို. .''

''ဘာလဲ''

''ကိုကို့ ကို အံ့ဩစရာပြောမလို့''

''မပြောပါနဲ့''

''တကယ်ပါ၊ ကိုကိုတော့ သိပ်အံ့ဩမှာဘဲ၊ အခုန ကျွန်တော်နဲ့ မြသိန်းတင်နဲ့ သူ့အဖေ အခန်းထဲ အမှတ်မဲ့ဝင်သွားတော့ သူ့အဖေက ဘယ်သူ့ကို ဖက်နေတာတွေ့ရတယ် မှတ်သလဲ''

''မင်းအမေကို မဟုတ်လား''

''ဟင်. . ကိုကိုသိနေပြီ''

''အေး. . တော်တော့''

''သူတို့ကလဲ ငယ်ချစ်ဟောင်းတွေ ဆိုဘဲကိုကိုရဲ့၊ အဲဒါအခု သူတို့လူကြီးချင်းရော၊ ကျွန်တော်တို့ လူငယ်ချင်းရော၊ သမီးပေး မအေယူ လက်ဆက်ကြဘို့ ပြောပြီးပြီ ကိုကိုရဲ့''

''ကဲ. . ကဲ. ခင်အောင်ဝင်း ငါတယောက်ထဲ နေစမ်းပါရစေကွယ်၊ ကိစ္စတခုအတွက် ဦးကျောက်ရုပ် လွန်လွန်းလို့ပါ''

သူထွက်သွားသောအခါ၌ ကျွန်တော် အောက်ပါစာကို ကောက်၍ရေးတော့သည်။

စုံဆယ်ဖြာ ထိပ်မှာမိုး၍ ရှိသေလေးမြတ်စွာ အစီရင်ခံပါသည်. . . ဒေါ်ကြီးစိုးခင်ဗျား။

ဒီက အခြေအနေမှာတော့ ကျွန်တော်တို့ဖွားလေးစော ပြောတဲ့စကားလိုဘဲ. . 'ဖြစ်ပုံ ပျက်ပုံ၊ ကင်မွန်းချုံ၊ ငပုံနမ၊ ကားရားခွ' ဆိုတာကျနေပါပြီ။ ဒေါ်ကြီးစိုး ကိုယ်တိုင်လာ၍ ဝေဖန်သုံးသပ်တော်မူပါတော့။

ဒေါ်ကြီး၏

တူချစ်ကလေး. . .

အေးဆွေ

ဤစာကို ရေးပြီးနောက်၊ ကျွန်တော်သည် ဒေါ်ကြီးစိုးမရောက်မီ၊ ရန်ကုန်သို့ အမြန်လစ်ရမည် ဖြစ်သောကြောင့်၊ ချစ်ဆွေကလေး မူမူဆီသို့ နှုတ်ဆက်ရန် ထွက်ခဲ့သတည်း။

## အခန်း–၁၁

### မှောင်ထဲကချစ်သူ လူမိသွားခြင်း

ဤဝတ္ထုတပုဒ်ထဲမှာ ကျွန်တော်သည် ရည်းစားငါးယောက်ကိုကြုံပါသည်။ မြုပါသည်။ ပဏ္ဍာမမှာ ဦးကျော်ကိုကလိပါသေးသည်။ ဒါက ကျွန်တော့်ဟိုတုန်းကပုံစံ။ (ယခုပြန်ဖတ်တော့ ရှက်မိသည်။) ထိုစဉ်က ကျွန်တော် ဟာသဝတ္ထုများရေးသောအခါ ကျွန်တော့်စိတ်သည် အဝတ် စုတ်လဲ ကိုက်ချင်၊ အသားတုံးလဲ စားချင်၊ အရိုးတွေ့လဲခဲချင်၊ ကြောင်တွေကြက်တွေမြင်လဲ

ဖမ်းလိုက်ချင် စသည်ဖြင့် မြင်မြင်သမျှ ကိုယ့်စားစရာ ကစားစရာချည်း အောက်မေ့နေသော လေးငါးခြောက်လရွယ် ခွေးသူငယ်လေးနှင့် တူပါသည်။ ကြည့်လေ. . ခုန ''ပြန်လည်ဆုံတွေ့သည် တိုင်အောင်''ဝတ္ထုမှာ ကိုယ့်ရည်းစားတွေ ကိုယ်ချော့မြှူရင်းဖြင့် ဘယ်သူတွေ ဘာတွေကိုပြောင်ပါ နောက်ပါသေးသနည်း။

ဤဝတ္ထုဇာတ်လမ်းမှာ 'လွင်'ကိုအထူးပြု၍ စိတ်ကူးထုတ်ထားသော်လည်း၊ ဇာတ်ရံများမှာ အခြားရည်းစား လေးယောက်ကို ဦးတည်သေးသည်။

တောင်ကြီးသူ စောမူမူမှာ ယခု ကျွန်တော့်အိမ်က ဇနီး (ဒီစာရေးနေစဉ် သူအခု မီးဖို ဆောင်မှာရှိပါ့ဗျား) မဖြစ်ရှိမက၊ မူမူမည်သော အခြားရည်းစားအားလည်း ရည်စူးသည်မို့ ဒီဝတ္ထုထွက်ပြီးတော့ သူ့ဆီက (အောင်မလေး မောင်ရယ်. . . မူတော့ ဒီတချီမှာ တောင်ကြီးသူ ဖြစ်သွားရ ပြန်ပါရောလား၊ နောက်ဘယ်အရပ်များ ပို့အုံးမလဲရှင်. . ကုလားပြည်တော့မပို့လိုက်ပါနဲ့ မောင်ရယ်. . . . မူက ကုလားစကား မတတ်လို့ပါ)စသည့် စာမျိုးရောက်လာသည်။

ပြဇာတ်မင်းသမီး မြသိန်းတင်မှာ 'မြ'ပါသော စာရည်းစားကို ရည်ရွယ်၍ ဤဝတ္ထုမထွက် မီ သူ့ဆီသို့ (အချစ်ရေ. . . နောက်လဝတ္ထုမှာ မောင်က ခင်အောင်ဝင်း၊ မြက မြသိန်းတင်)ဟု ကြိုတင် စာရေးထားရ၏။ စစခြင်း T ဟု ရေးထားသော 'သက်'ကိုကား ဇာတ်လမ်းတွင် ဘောင်မဝင် နိုင်တော့၍ ရှေ့ပိုင်းမှာ ဦးကျော်နှင့်တွဲပြီး ပွဲထုတ်လိုက်ရ၏။ သူ့ကျေနပ်မှုလဲ အပြည့် ရပါ၏။

ဤဝတ္ထုမှာ ကျွန်တော်က ပြဇာတ်ဆရာ ဦးဘဆင်အဖြစ်နှင့်လည်းကောင်း၊ လွင်က ကျောင်း ဆရာမကြီး ဒေါ်လှမြင့်အဖြစ်နှင့်လည်းကောင်း၊ ဇာတ်ပေါင်းထားတော့ လွင်သည် အင်မတန် သဘောကျလျက် အောက်ပါစာ ရောက်လာပါ၏။

မိုးကောင်း

နိုဝင်ဘာ ၃–ရက်၊ ၁၉၅၁။

ဦးဘဆင်ရှင့်. . . ဦးဘဆင်

ဆရာမ ဒေါ်လှမြင့်ရှိလား။ ခွေးကြည့်ပါအုံး. . . ။ ဟင်. . . အိမ်ထဲက ဘာသံမှလဲ မကြားဘူး။ ပြန်ပေါင်းထုတ်ခါစ အချစ်နာလန် ထနေကြမှာပေါ့လေ။

မောင်ရေ. . . မောင်. . မောင်. . .

လွင်တော့ အဲဒီလိုဘဲ ရေးလိုက်ချင်တယ်ကွာ။ မောင်အားကြီးတတ်နိုင်တယ်. . . .။ အဲသည်လိုများ တကယ်ဖြစ်လာရင် ဘယ်လောက်ကောင်းမလဲနော်. . . အို. . . . မဖြစ်လဲ အခုစိတ်ကူးယဉ် ရတာ အရသာဘဲ၊ မောင့် အဲသည် ဝတ္ထုဖတ်ရတော့ လွင်ပျော်လိုက်တာလေ။ အခု အထပ်ထပ် ဖတ်တာလေ၊ ဘယ်နှစ်ခါ ရှိနေပလဲတောင် မပြောနိုင်တော့ဘူး။ ဟိုလူလဲ ယူဖတ်တယ်၊ သူရိပ်မိ သွားဟန်တူတယ်၊ မျက်နှာ မကောင်းဘူး မကောင်းကောင်းလေ မတတ်နိုင်ဘူး။ စထဲကသူ့ပြော ထားသားဘဲ မောင်နဲ့ သမီးရည်းစားမက လင်မယားတောင်ဖြစ်ခဲ့ပါတယ်လို့ နို့ပြီးစာလဲမပြတ် အဆက်အသွယ်ရှိနေတယ်။ ခုလဲရှိတယ်။ နောင်လဲ ရှိနေမယ်လို့ သူ့ကိုစကားကုန် ပြောထား သားဘဲ။

မောင်. . . လင်လို့ ခေါ်လိုက်အုံးမယ်ကွာ၊ လင်လင်ရယ်။ လွင့်အတွက် အဲသည်ဝတ္ထုမျိုး များများရေးပေးပါနော်။ မောင့်ဒီဝတ္ထုမှာ အဆုံးမသတ်သေးဘူး (ရှေ့လတွင် ဒေါ်ကြီးစိုး ဘယ်လို ဖျက်သည်ကို ဆက်ရေးပါဦးမည်)ဆိုထားတယ်။ ဘယ်စုံတွဲ ဖျက်မှာလဲ၊ ခင်အောင်ဝင်းနဲ့ မြသိန်း တင်ကိုဘဲ မဟုတ်လား။ ဦးဘဆင်နဲ့ ဒေါ်လှမြင့်တော့ ပြန်မခွဲလိုက်ပါနဲ့ မောင်ရယ်။ အဲဒါက မောင်နဲ့လွင် ဖြစ်နေတာမဟုတ်လား။ ဒီလို စိတ်ကူးယဉ်ကမ္ဘာနဲ့ဘဲ မောင် မှောင်ထဲကချစ်သူ စိတ်ကူး ထဲက မယားလေး ပျော်တော့မယ်ကွာ။

တာ့တာ မောင် . . . . မောင်. . လင်လင်။

မောင့်ထာဝစဉ် လွင်

P.S အဲသည် ဝတ္ထုအဆက် ရှေ့လဖတ်ရမယ်နော်မောင်။

သို့သော်. . . မည်သူမျှ ဘယ်တော့မှ မဖတ်ရတော့ပေ။ ယခုတိုင် ဤဝတ္ထုအဆက်ကို ရှာဖွေနေသူ လူငယ်တယောက်ကိုတွေ့ရသေး၏။ (၁၄. ၇. ၇၂)နေ့က ကျွန်တော်သည် ဤကိုယ့် ဘဝဇာတ်ကြောင်း ရေးနေရင်း၊ တကယ့်အဖြစ်ကို အခြေခံပြီး ပြောင်းပြန်ရေးထားသော ဝတ္ထု တပုဒ်ကို သတိရသည်။ ''အပူအအေး''သူ့ကို ပြန်ထည့်ပြီး အမှန်ကိုရှင်းလိုက်ရလျှင် ကောင်းမည်။ စာရေးဆရာ၏ ပရိယာယ် ကိုလည်း စာဖတ်သူများ သိသွားစေသည်။ ဟုတ်ပြီ။ ထို့ကြောင့် ကျွန်တော့်ဝတ္ထုစာရင်းစာအုပ် လှန်၍ ဤအပူအအေး ဝတ္ထုရှာတော့ ၁၉၅၁–ခုနှစ် ဩဂုတ်လ ထုတ် ရှုမဝမဂ္ဂဇင်းအမှတ် ၅၀–တွင် တွေ့သည်။ ထို့ကြောင့် ညနေ ၁–နာရီလောက် စာရေးရာမှထခဲ့ပြီး၊

တက္ကသိုလ် စာကြည့်တိုက်သို့သွားကာ ရှုမဝအမှတ် ၅၀–ကို ခေတ္တငှားသည်။ လှန်လိုက်၍ ဤအပူ အအေးဝတ္ထု မြင်လိုက်ရတော့ ဤမိန်းကလေး အတွက်ဖဲ။ ကျွန်တော်ရေးခဲ့သော 'ပြန်လည်တွေ့ဆုံ သည် တိုင်အောင်' ဝတ္ထုကို သတိရပြန်သည်။ သို့သော် ဤဝတ္ထုရှုမဝအမှတ် ဘယ်လောက်လဲ။ ကျွန်တော်မရှာခဲ့မိ။ ထို့ကြောင့် ကျွန်တော်ရေးခဲ့တဲ့ 'ပြန်လည်တွေ့ဆုံသည် တိုင်အောင်'ဝတ္ထုဟာ ရှုမဝအမှတ်ဘယ်လောက်မှာ ပါလိမ့်နော်လို့ စဉ်းစားရင်း နှုတ်မှညည်းညည်း ညူညူပြောလိုက်မိရာ၊ အနီးရှိ လူငယ်လေးတယောက်က ကျွန်တော့်မျက်နှာ ဖျတ်ကနဲ ကြည့်လိုက်ပြီး–

''ဦးလေးက ဆရာသော်တာဆွေလား''

''အေးကွ''

''ဟာ. . . . အဆင်သင့်လိုက်တာ၊ ကျွန်တော်အခုဘဲ အဲဒီဦးလေးရဲ့ ''ပြန်လည်တွေ့ဆုံသည် တိုင်အောင်''ဝတ္ထုဖတ်ပြီး ရှေ့လဆက်မယ်ဆိုလို့ အဲဒီဝတ္ထုအဆက် လိုက်ရှာနေတာ''

''မရှာနဲ့ကွ၊ မဆက်လိုက်ရဘူး''

''ဘာလို့လဲ. . . ဦးလေးရယ်''

''နောက်မှ ပြောပြမယ်ကွ၊ အဲဒီဝတ္ထုရှုမဝအမှတ် ဘယ်လောက်လဲ ပြောပြပါအုံး''

''၅၄–ကျွန်တော် အခုဘဲ သွားယူလိုက်မယ်လေ''ဆိုပြီး စာကြည့်တိုက်ဘီရိုထဲမှ သူ လွယ်ကူစွာ ယူလာ၏။

ဤစာနှစ်အုပ် ခေတ္တငှားကြောင်း ကျွန်တော်လက်မှတ်ထိုးခဲ့ပြီး၊ စာကြည့်တိုက် အပြင်ဘက် ထွက်ခဲ့ကြသော အခါ သူလိုက်လာခဲ့၍–

''ဦးလေး ကျွန်တော်က အရင်က ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ် ဗိုလ်ထိန် လင်းရဲ့သား မောင်ဇော်လင်းပါ၊ ကျွန်တော့်ဦးလေးရေးတဲ့ ဝတ္ထုအားလုံးအစုံရှိတယ်၊ ဦးလေးလို ချင်ပေးမယ်''

ကျွန်တော်သူ့ကို ကြည့်၍. .

''နေပါအုံးကွ၊ မင်းကြည့်ရတာ အသက် ၂၀–ပြည့်ပုံမပေါ်သေးပါဘူး ငါရေးခဲ့တာက အနှစ် အစိတ်ကျော်ပြီ''

''ဟုတ်ပါတယ်. . ကျွန်တော်စာဖတ်တတ်တဲ့ အရွယ်ကစပြီးတော့ ဦးလေးစာတွေ စွဲသွားလိုက်တာ၊ ဒီတော့ ဦးလေးစရေးသည်က ယနေ့ထိ ဦးလေးရဲ့ဝတ္ထုတွေ ရှာပြီး စုထားပါတယ်၊ ဦးလေးဘယ်မဂ္ဂဇင်း ဂျာနယ်မှာမဆို ရေးခဲ့တာ အကုန်ရှိပါတယ်၊ အခုန ပြန်လည်တွေ့ဆုံသည် တိုင်အောင်အဆက်ဘဲ ရှာမတွေ့ဖြစ်နေတာ''

''တွေ့မလားကွာ ငါမှ မရေးဖြစ်ခဲ့တာ''

''ဘာလို့ မရေးဖြစ်ခဲ့လဲ ဦးလေးရယ်''

ကျွန်တော်သည် သူ့အား အခုန လွင်နှင့်ကျွန်တော့်အကြောင်းကို တက္ကသိုလ်ပရဝုဏ်၌ နှစ်ယောက်သားလမ်းလျှောက် ကြရင်းရှင်းပြလိုက်ရသည်။

ထိုဝတ္ထုဆက်မရေးဖြစ်သည့် အကြောင်းကား၊ အထက်ဖော်ပြပါ လွင်၏စာနှင့် တနေ့တည်းရောက်လာသည့် သူ့ယောက်ျား၏စာ။

ဆရာဦးသော်တာဆွေ ခင်ဗျား. . .

ဆရာသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟု ကျွန်တော်ယုံကြည်ပါသည်။ ယခု ဆရာမ မမြလွင်သည် ကျွန်တော်၏ကာမပိုင် မယားဖြစ်နေသည်ကို ဆရာသိပါသည်။ သို့စင်လျက် ဆရာက မမြလွင်နှင့် လင်မယားလို စာများရေးသားနေကြသည်ကို စဉ်းစားသင့်ပါသည်။

မမြလွင်နှင့် ကျွန်တော်မညားခင်က ဆရာနှင့်သူဖြစ်ခဲ့သမျှကို အကုန်ပြောပြပါသည်။ ယခုလဲ စာချင်းဆက်သွယ်နေသည်။ နောင် (ကျွန်တော်နှင့်ညားပြီးလဲ)ဆက်သွယ်ဦးမှာဘဲလို့ ပြောသည်ကို ကျွန်တော်က သူ့ချစ်လွန်းအားကြီးတော့ မကန့်ကွက်ခဲ့ပါ။ ကန့်ကွက်လို့လည်း ရမည့် မိန်းမစား မဟုတ်ပါ။

သို့သော်. . ကျွန်တော့်စိတ်ထဲထင်သည်က မမြလွင်က မိန်းမသား၊ ငယ်လည်းငယ်ရွယ်သူ ဆရာကတော့ နိုင်ငံကျော် စာရေးဆရာကြီးလဲဖြစ် ငယ်ရွယ်သူလည်းမဟုတ်၍ မမြလွင် ကျွန်တော့် ကာမပိုင်မယားဖြစ်သွားရင်ဖြင့် ရပ်တန်းကရပ်သွားလိမ့်မည်ဟု မြော်လင့်ခဲ့သည်။

သို့သော်. . . ယခုကား ရပ်တန်းက မရပ်သည့်ပြင် စာချင်းဆက်သွယ်ရုံမျှမကဘဲ ဤ'ပြန်လည် တွေ့ဆုံသည့်တိုင်အောင်' ဝတ္ထုရေးလိုက်တော့ ကျွန်တော်မည်သို့ခံစားရသလဲ ဆရာ

စဉ်းစားပါ။ ကျွန်တော်ဟာ ဆရာရဲ့ စာဖတ်ပရိသတ် တယောက်ပါ။ နို့ပြီး ကျွန်တော်တို့ မြို့မှာ ဆရာနဲ့မမြလွင် အကြောင်းသိထားကြတော့ ဒီဝတ္ထု ဖတ်ပြီးတဲ့လူတွေကဆိုရင် ကျွန်တော့်ကို 'မောင်ဘဝင်း'တဲ့ 'မင်းဘယ်တော့သေမလဲတဲ့။ မမြလွင်ကို 'မလှမြင့်'တဲ့ 'ကိုဘဆင်ကို ပြန်လည်တွေ့ဆုံသည့်တိုင်အောင် စောင့်နေပေရော့'လို့ နောက်ကြတယ်ခင်ဗျ။

ဆရာ ကျွန်တော့်နေရာကဝင်ပြီး စဉ်းစားစေချင်ပါတယ်။

ကျွန်တော်သူ့စာကို ဆုံးအောင်ပင် မဖတ်နိုင်တော့ပါ။ ကိုယ့်ပါးကိုယ် ဘယ်ပြန်ညာပြန် တဖျန်းဖျန်း ရိုက်ပစ်လိုက်မိတော့သည်။

ကျွန်တော်မိုက်တယ်၊ ဝတ္ထုကောင်းဘို့နဲ့ ကိုယ့်ချစ်သူချော့ဘို့ဘဲ စဉ်းစားတယ်။ ဟိုတဖက်လူ ဘယ်လိုဖြစ်မည်ကို လုံးဝမတွေးတောမိ။

ကျွန်တော်လွင့်ဆီကို ခါတိုင်းလို ဖွဲ့ဖွဲ့နွဲ့နွဲ့ စာပြန်တော့မည့်စိတ်ကူးကို ဖျက်ဆီးပစ်လိုက်ကာ၊ ရင်ထဲတလှိုက်လှိုက်နှင့် ဖွတ်မှိတ်ရတော့သည်။

နိုဝင်ဘာလ ၇–ရက်၊ ၁၉၅၁–ခု။

မမြလွင်

ကျွန်တော်နဲ့မမြလွင်ရဲ့ ဆက်သွယ်မှုတွေကို ရပ်တန်းကရပ်ပစ်မှ ဖြစ်တော့မယ်၊ ကျွန်တော့်ကို 'မောင်'တွေ 'လင်'တွေ ခေါ်မနေနဲ့တော့။ မမြလွင်အိမ်မှာ 'လင်'အစစ်ကြီးရှိပြီးသား။

ဒီမှာ မမြလွင်။ ကိုယ့်လင်ကိုယ် ချစ်ဖို့ကြိုးစားပါ။ မရဘူး မရှိနိုင်ပါဘူး။ နောင်သားသမီးရရင် ချစ်လာမှာပါဘဲ။

ကျွန်တော့်ကိုတော့ မေ့ပစ်လိုက်ပါ။

ကိုယ့်စိတ်ကူးယဉ် သာယာမှု အတွက်နဲ့ တဖက်သားစိတ်မချမ်းသာမှု၊ အရှက်ရစေမှုကို မပြုသင့် ပါ။ မစဉ်းမစားပြုမိသည့် ကျွန်တော့်အမှားကိုလဲ နောင်တရကြောင်း ခင်ဗျားလင်ထံ ဝန်ချတောင်းပန် လိုက်ပါပြီ။

မပြလွင်. . . ကျွန်တော့်ဆီ နောက်ထပ်စာမရေးပါနဲ့ ကျွန်တော့်စာလဲ ဒါနောက်ဆုံးဟူ၍ မှတ်ယူပါ။

ကျန်းမာပါစေ

သော်တာဆွေ

ဤစာကို သူ့လင်စာနှင့် ပူးတွဲပို့လိုက်ပါသည်။ သို့တိုင် မဆွေ့စာဆီက နောက်တစောင် လာသေးဗျ။ အံ့ရော။ သူကျွန်တော့်ကို ချစ်လွန်းလှတယ်ဗျာ။

မိုးကောင်း

၁၀–၁၁–၅၁

ဆွေ. . .

'လင်တွေ'မောင်'တွေမခေါ်ရဘူးဆိုတော့ 'ဆွေ'လို့တော့ နောက်ဆုံးအနေနဲ့ ခေါ်ပရစေကွယ်။ ဟိုစာကို ဆွေ့စိတ်ထဲက ဘယ်လိုခံစားပြီး ဖွတ်ရေးရတယ်ဆိုတာမိလွင်သိပါတယ်။ အဲဒီစာ မိလွင်ဖတ်ရ တော့ မိလွင်ဘယ်လိုဖြစ်မယ်ဆိုတာလဲ ဆွေ. . . တွေးမိနေမှာပါဘဲ။ ကဲ. . . ဆွေကို သိပ်သိပ်ချစ်တဲ့ လွင်ဟာ ဆွေရဲ့စကား (ဝါ)အမိန့်ကို နားထောင်လိုက်နာပါတော့မယ်။ ဒီတော့လွင်ကို ဆုပေးတဲ့အနေနဲ့ ဆွေ့ဆီ ကတခုတောင်းခံချင်ပါတယ်၊ ဘာလဲဆိုတော့ ဆွေပြုံးနေတဲ့ ပါးချိုင့်ကြီး ခွက်ခွက်နဲ့ ဘေးခပ်စောင်း စောင်း ၃ ×၂ လက်မပုံကို ၁၂–လက်မပုံကြီးချဲ့ပြီး လွင့်ဆီပို့လိုက်ပါ။ ဒါကိုတော့ ဟိုလူကလဲ (သူ့ပြော ပြလို့) သဘောတူပါတယ်။ ဧည့်ခန်းမှာ မချိတ်ပါဘူး။ လွင့်အိပ်ခန်းထဲမှာ ထားမှာပါ။ တရိုတသေ ထားမှာပါ။

အဲဒါဆွေ့ဆီက လွင့်နောက်ဆုံး လိုလားချက်ပါဘဲ။ ဒါပြီးရင် ဆွေ့စကား လွင်အားလုံး နားထောင်ပြီး ဆွေ့ပုံကြီးကြည့်ပြီး ဆွေ့ဝတ္ထုတွေဘဲ ဖတ်ပါတော့မယ်။ ဆွေ. . . များများစာတွေ ရေးနိုင်ပါစေ။

မောင့်ထာဝစဉ်. . . လွင်

P.S ဟောတော့. . . 'မောင်'ဆိုတာလေး အမှတ်မဲ့ရေးလိုက်မိပြန်ပြီ။ ခွင့်လွှတ်ပါတော်။

ယင်းသည်သူ၏ နောက်ဆုံးစာ မဟုတ်သေးချေ။ သူ၏တောင်းဆိုချက်အတိုင်း ကျွန်တော်၏ ဓာတ်ပုံပေးပို့လိုက်ပြီးနောက်၊ ၆နှစ်မျှ ကြာသောအခါ၌ သူ့ဆီက တဖန်လာပြန်သေးသည်။

## ကျွန်တော်၏ပါးချိုင့်

မပြလွင်၏ နှစ်သက်စွဲမက်ခြင်းခံရသော ကျွန်တော်၏ပါးချိုင့်သည် မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်၊ ကျွန်တော့်အဖေအမေမှာရော၊ မွေးချင်းပေါက်ဖော်ထဲမှာရော၊ တယောက်မျှပါးချိုင့်မပါခဲ့ချေ။ ကျွန်တော် တယောက်သာ ၉-နှစ် ၁၀-နှစ်သားလောက်ရှိမှ ဤပါးချိုင့်ကို ကောက်ရခြင်းဖြစ်ပါသည်။

သည်ပါးချိုင့်ရပုံပြောရသော် လူကဲ့ရဲ့စရာတော့ ဖြစ်လိမ့်ထင်ပါရဲ့။ ဘာကြောင့်ဆို ဒီလူမမယ် အရွယ်ကလေးကဘဲစပြီး မ,နှင့်ပါတ်သက်၍ ပွေချင်တဲ့ကောင်ပေကိုး။

ကျွန်တော့်တွင် ကျွန်တော့်ထက်တနှစ်ကြီးသော အောင်ထွန်းမြိုင်ခေါ် အကိုဝမ်းကွဲ တယောက် ရှိ ခဲ့ပါသည်။ (၁၆-နှစ်သားက သေဆုံးသွားသည်။)

## ရှေးခေတ် တောကလေးတို့ဘာဝ

ကျွန်တော်တို့ရွာက ဘုန်းကြီးကျောင်းမှာ မြန်မာစာ ၇-တန်းအထိ သင်သောလောကဓာတ် ကျောင်း ခေါ်ပါသည်။ အနီးပတ်ဝန်းကျင်ရှိ ရွာများက ကျောင်းသားများပါ လာနေကြလေရာ တမိုင်မျှ ဝေးမည်ဖြစ်သော 'ကူကြီး'ရွာကလာနေသည့် 'မရှင်'ခေါ် ကောင်မလေးသည် ရုပ်ရည်သနားကမား လေး နှင့် ချစ်စရာတော်တော်ကောင်းသည်။ အဲသည်တုန်းက သူက ၈-နှစ် ကျွန်တော်က ၉-နှစ် မောင်ထွန်းမြိုင်က ၁၀-နှစ်။

ကျွန်တော်တို့ ကျောင်းတက်ချိန်မှာ မနက် ၁၀-နာရီ၊ ၁၂-နာရီဆင်း၊ တနာရီပြန်တက်၊ ညနေ ၄-နာရီ အပြီးဆင်း။

အဲသည်တော့ ၁၂-နာရီနဲ့ တနာရီကျောင်းဖြုတ်ထားချိန်မှာ ကျွန်တော်တို့လင်မယားလုပ်တမ်း ကစားကြတာပါဘဲ။

မြို့အခေါ် ဒါဆိုမုံ့စားဆင်းချိန်ပ။ သို့သော်ကျွန်တော်တို့ တောမှာတော့ မုံ့သည်ကမရှိ၊ ရှိလဲ ဝယ်စားနိုင်ကြတာမှမဟုတ်ဖဲ၊ ကိုယ့်အိမ်ကိုယ်ပြန်ပြီး ထမင်းကြမ်းစားကြရပါသည်။

ခုနကောင်မလေး 'မရှင်'အိမ်ရှိရာ ကူကြီးရွာကတော့ တမိုင်မျှဝေးသမို့ သူ့အိမ်မပြန်နိုင်ရှာဘူး။ ဒီတော့ ကျွန်တော်နဲ့အောင်ထွန်းမြိုင်က အိမ်မြန်မြန်ပြန် ကိုယ့်အိမ်မှာရှိတဲ့ ထမင်းဟင်းဖက်နဲ့ထုတ်ခဲ့ ပြီး၊ ဒီကောင်မလေးနဲ့ လင်မယားလုပ်တမ်းကစားရင်းမှ ထမင်းအတူစားကြတယ်။

လင်မယားလုပ်တမ်း ကစားတယ်ဆိုတော့ အထင်အရှားမဟုတ်တမ်းတရားတွေ ယုတ်ကြတယ် မထင်လိုက်ကြပါနဲ့၊ သူကလေးကငယ်သွားလဲပြီးရုံ စပယ်နှစ်စုံမျှ မငုံသေးဘူး။

ဒါဖြင့် မင်းတို့ဘယ်လိုကစားကြသတဲ့လဲ။

ကျွန်တော်တို့ဘုန်းကြီးကျောင်းဝင်းကြီးက အကျယ်ကြီးဗျ။ ၄–ကေလောက်ရှိပါမယ်။ သည်အထဲ မှာ သစ်ပင်တွေ၊ ထန်းပင်တွေ၊ ချုံဖုတ်တွေကလဲ များလှပါဘိ။ ဒီကျောင်းခြံကြီး အဂ်ါဒေါင့် ချောင်ကျကျ က မိုးနံချုံဖုတ်ဟာဖြင့် တော်တော်ကြီးတယ်။ သူ့အောက်မှာက လူ၄–၅ယောက် ဝင်နေနိုင်လောက် အောင်ကျယ်ပြန့်ပါ၏။ မိုးလုံ လေလုံ အုပ်အုပ်ဝိုင်းဝိုင်းကြီး ကျွန်တော်တို့ ဖောက်ထားတဲ့ ထွက်ပေါက် ဝင်ပေါက် တခုဘဲရှိတယ်။ ဒါကို ကျွန်တော်တို့က အိမ်လုပ်ကြပါတယ်။

သို့. . . နေ့ခင်း ကျောင်းဆင်းပြီးလို့ အောင်ထွန်းမြိုင်နှင့် ကျွန်တော် ထမင်းထုပ်ကလေး တွေနဲ့ သုတ်သုတ်သုတ်သုတ် ပြန်လာကြတော့ရင် ဒီကောင်မလေးက ဒီချုံဖုတ်ထဲရောက်နှင့်နေပြီ။ ကျွန်တော် တို့ကစားပုံက ဒီနေ့ကောင်မလေးနဲ့ ကျွန်တော်လင်မယားလုပ်တယ်ဆိုရင်၊ အောင်ထွန်း မြိုင်က သူရင်း ငှား၊ သူနဲ့ကောင်မလေးနဲ့ လင်မယားလုပ်တဲ့အခါ ကျွန်တော်က လယ်ထွန်သွား၊ တယောက်တလှည့် တနေ့စီ။

ပထမ ကျွန်တော်တို့ ဘာလုပ်ကြသတဲ့လဲ၊ တောရွာထုံးစံ၊ အိမ်ရှင်လင်မယားရော၊ သူရင်းငှား ရော၊ ဇနီးလုပ်သူက ထမင်းဟင်းပြင်ပေးလို့ အတူတူစားကြတယ်၊ စားပြီးတဲ့အခါမှာ သူရင်းငှားလုပ်တဲ့ လူက ထန်းလက်နွားတရှဉ်းနဲ့ ဖလ်တောင်ဖေ့းထွန်ကိုဆွဲပြီး လယ်ထဲသွား တဲ့သဘော မိုးနံချုံဖုတ်က ဝေးရာကို ထွက်သွားပေရော့၊ ဒီမိုးနံချုံဖုတ်ထဲ လင်မယားလုပ်သူ နှစ်ယောက်ထဲ ကျန်ခဲ့တော့ ဘာရယ် လို့မဟုတ်ဘူး၊ ကျွန်တော်က ကျွန်တော့်အဖေက ကျွန်တော့် အမေကိုပြောတဲ့ စကားမျိုးတွေသူက သူ့အဖေက သူ့အမေကိုပြောတဲ့ စကားမျိုးတွေ ပြောကြတယ်၊ စင်စစ်တော့ ခလေးတို့ဘာဝ စိတ်ကူး ယဉ်ကြတာပေါ့လေ။

သို့သော် ဘာမျှ အရွယ်မရောက်ကြသေးဘဲနဲ့ ဒီလိုလင်မယားသဏ္ဌာန်လုပ်ကြတာကို မိန်းက လေးတော့ ဘယ်လိုနေမယ်မသိဘူး။ ကျွန်တော်တို့ ယောက်ျားကလေးများကတော့ စွဲမက်သာယာမှု ဖြစ်ကြတယ်။

ဒါကြောင့် သီတင်းကျွတ် ကျောင်းပိတ်ပြီး ပြန်အဖွင့်မှာ ဒီကောင်မလေးနဲ့ လင်မယား မလုပ်ကြ ရတာ အရက် ၂၀–လောက်ကြာနေတော့ ဒီနေ့သူအရင်လုပ်မယ်၊ ငါအရင်လုပ်မယ်နဲ့ မယားလုရင်း ညီအစ်ကိုနှစ်ယောက်သား သတ်လိုက်ကြတာ ကျွန်တော်က ငယ်ငယ်တုန်းက ရန်ဖြစ်တယ်ဆိုရင် တယ်ပြီး အကိုက်သန်တာလား၊ သူ့လက်မောင်းကို ပါးစပ်နဲ့ ကုန်းခဲတော့တာဘဲ၊ ဒီတော့သူက အုတ်ခဲကျိုး တခု ကောက်ပြီး ကျွန်တော့်ဘယ်ဘက်ပါးကို ပိတ်ထုလိုက်တာဗျာ တခါထဲ သွေးပေါက်တောက်ပန်းပါရော. .

ကြည့်စမ်း. . . ကျွန်တော် ဘဝအကျိုးပေးပုံများ အဲသည်အနာလဲ ကျက်ကရော့ ကျွန်တော့်မှာ ရှိလိုက်တော့ ပါးချိုင့်ကြီး ခွက်ခွက်ပေါ်တော့တာဘဲဗျို့။

ကဲ. . . သည်တော့ ဝမ်းတွင်းပါ မဟုတ်ဘဲ အဲသည်လိုနည်းနဲ့ ဖြစ်ပေါ်လာတဲ့ ဒဏ်ရာပါးချိုင့်ဟာ မျိုးရိုးလိုက်စရာလား၊ လိုက်သလား၊ မလိုက်ဖူးလား။

ဟာ. . . လိုက်တယ်ဗျ၊ နော်မာက မွေးတဲ့ ကျွန်တော့်သမီးအကြီးဆုံးမှာ၊ ကျွန်တော်တွင် အောင်ထွန်းမြိုင် အုတ်ခဲကျိုးနဲ့ထုပေးတဲ့ ဘယ်ဘက်တဖက်ထဲရယ်၊ သမီးကျတော့ ဘယ်ရောညာရော နှစ်ဘက်စလုံး ပြုံးလိုက်ရင် ထင်ထင်ရှားရှားကြီး မွေးကတည်းကပါလာခဲ့တယ်၊ ဒါကြောင့် ကျွန်တော့် သမီးနာမည်ကို သူ့ဖွားအေ ကပြားမျိုးတို့က Dimple ဒင်ပယ်လ် (ပါးချိုင့် ပါးခွက်)ဆိုတဲ့ အမိပ္ပာယ်နဲ့ ဖအေနာမည်ပါ 'ဒင်ပယ်လ်ဆွေ'လို့ မှည့်သဗျ။ စင်စစ်တော့ အဆင်းရုပ်မှာ ဇနီးသည်ရဲ့ စွဲမက်တဲ့ စိတ်ပေါ် တည်ပါလိမ့်မယ်။

## ရုပ်နှင့်စိတ်

ကဲ. . . . သည်ပါးချိုင့်ကိစ္စမှာ 'ဒင်ပယ်လ်ဆွေ'က ကျွန်တော်နဲ့ မွေးတဲ့ကျွန်တော့်သမီး၊ ကျွန်တော့် သွေးမို့ ထားပါတော့. . . သို့သော် ကျွန်တော်၏ ရည်းစားဟောင်း မမြလွင်ရဲ့ သားကလေး မှာပါလာတာက အံ့သြစရာမကောင်းဘူးလား။

ဖော်ပြခဲ့သည့်အတိုင်း မပြလွင်နှင့် ကျွန်တော်သည် ၁၉၅၁ခုနှစ် ကုန်ခါနီးလောက်က လူချင်း စာချင်းအဆက်အသွယ်ပြတ်ကြပြီးနောက် မေနှင့်ကျွန်တော်ညားပြီး ၃–နှစ်မျှ အကြာ ၁၉၅၇–ခုနှစ်၌ မပြလွင်ဆီက စာတစောင်ရောက်လာပါသည်။

## မပြလွင်၏အချစ်နိဂုံး

စာအိတ်ကိုဖောက်၍ အတွင်းကစာရွက်ခေါက်ကို ဖြန့်လိုက်တော့ သုံးခါလည်ရှယ် သားယောကျ်ားလေး တယောက်၏ ဓာတ်ပုံပါလာသည်။ ခလေးသည် ဘေးတိုက်ခတ်စောင်းစောင်း အားရပါးရကြီးရီနေရာ ပါးချိုင့်ခွက်ခွက် ထင်ထင်ရှားရှားနှင့်. . .

သူ့စာမှာ. .

ဆွေ

လွင့်လက်ရေးကို မှတ်မိသေးရဲ့ မဟုတ်လား။ အဲဒီဓာတ်ပုံ ဘယ်သူ့သားထင်သလဲ။ လွင်နဲ့ကိုထွန်းပြည့်က မွေးတဲ့သားပါရှင်။ ဒါပေမယ့် ဖအေရော မအေရောမှာမရှိတဲ့ ပါးချိုင့်ကြီးနဲ့ ဆွေနဲ့မတူဘူးလားဟင်။

ဒီပါးချိုင့်နဲ့ သားကလေးမွေးတော့ ဆွေရေ၊ လွင်ရော သူရော သိပ်ဝမ်းသာကြတာဘဲ။ လွင်က ဘာကြောင့်ဝမ်းသာသလဲဆိုတာတော့ ဆွေ့ကို အထူးပြောစရာမလိုပါဘူးလေ။ သူကရော ဘာလို့ ဝမ်းသာသလဲဆိုတော့. . . ''ဟော့ မပြလွင် မင်းချစ်လှပါတဲ့ သော်တာဆွေ. . ငါ့သားဖြစ်ပြီကွ''တဲ့ ''ကဲ. . သည် တော့ မင်းလဲငါ့ကိုချစ်ပြီမဟုတ်လား''တဲ့။

အမှန်ဘဲဆွေရော. . လွင်အခု သူ့ကိုချစ်သွားပါပြီ။ ဆွေရဲ့ နောက်ဆုံးစာထဲမှာ (ကိုယ့်လင် ကိုယ်ချစ် ဖို့ကြိုးစားပါ)ဆိုတာ ပါတယ်မဟုတ်လား။ ဘယ်လိုချစ်အောင် ကြိုးစားရသလဲသိလား။ လွင် သူ့ကိုမချစ် နိုင်တဲ့အကြောင်း ပထမစဉ်းစားတော့ သူဟာငွေသာရအောင်ရှာတတ်တဲ့ စီးပွားရေး သမား၊ ခေတ်ပညာ လဲ မတတ်ဘူး၊ စာပေဗဟုသုတလဲမရှိဘူး၊ လွင်ထက် အဆင့်အတန်းနိမ့်တယ်လို့ ထင်နေတယ်၊ ဒါကြောင့် သူ့ကိုမချစ်နိုင်တာဘဲ၊ ဒီတော့ သူ့ကိုအဆင့်အတန်းမြင့်လာအောင် ပြုပြင်ပေးမှဘဲဆိုပြီးတော့ လွင်က အင်္ဂလိပ် ကိုကွ်ာမဟုတ်လားဆွေရဲ့၊ တပည့်တွေကို အိမ်မှာခေါ်ပြီး အင်္ဂလိပ်ကျူရှင်ပေးရင်းနဲ့ ရှင်လဲ ကြီးမှရယ်လို့ရှက်မနေနဲ့ ပညာဆိုတာဘယ်တော့မှ အချိန်နှောင်း တယ်မရှိဘူး၊ လိုက်သင်''ဆိုလို့ သူလဲ လွင့်စကားကို နားထောင်ပြီး ကြိုးစားပန်းစားသင်တာ အခုဆိုရင် သူအင်္ဂလိပ်ဝတ္ထုတွေ ဘာတွေ ကောင်းကောင်းဖတ်တတ်နေပြီ ဆွေရေ့။ လွင်နဲ့စာပေ

အကြောင်းတွေဘာတွေလဲ ဆွေးနွေးနိုင်ပြီ၊ ဒါကြောင့် သူ့ကိုလွင်တန်းတူထားနိုင်လို့မို့၊ နို့ပြီး ကိုယ့်စကားအစစအရာရာ နားထောင်တဲ့လူမို့လို့ သူ့ကိုတကယ်ဘဲချစ်သွားပါပြီ ဆွေရယ်။

ဆွေလဲ အခု ဆွေတမ်းတနေတဲ့ ဇနီးမျိုး 'မေ'ကိုရပြီမို့လို့ ဆွေ့မှာသာယာသော အိမ်ထောင် တည်ဆောက်မိပြီမဟုတ်လား။

ဆွေပျော်ရွှင်ပါစေ. . ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ. . ချမ်းသာပါစေ. . ။

ဆွေအခု လိုင်းပြောင်းပြီးရေးလာတဲ့ ဘဝသရုပ်ဖော်ဝတ္ထုတွေလဲ လွင် အားကြီးကြိုက်တယ်။

တခါတုန်းက ''လွင်''

ကျွန်တော်လည်း သူ့စာကို ဖတ်ပြီးဝမ်းသာလှပါသည်။ သွေးမစပ်သော ကျွန်တော့်တူ သားလေး ၏ ဓာတ်ပုံကိုလည်း ကျွန်တော့်သားသမီးတွေ ဓာတ်ပုံများနှင့် ရောနှော၍ထားလိုက်ပါသည်။

## အခန်း – ၁၂

### ကျွန်တော်နှင့် အေးဆွေ ပေါ်အူး. . .

၁၉၄၇–ခုနှစ် မန္တလေးမြို့ ၈၃လမ်း ဂုဏ်တန်ရပ်ကွက်တွင် ဖော်ပြခဲ့သော ခိုတွေအလွန်များသည့် တိုက်ခန်း၌ ဆရာကြီး ရွှေဥဒေါင်းနှင့် အတူနေစဉ် တနေ့သောအခါ ဆရာကြီး၏ စာအုပ်သေတ္တာ ဟောင်းကိုရှင်းရာ ဝတ္ထုနာမည်မတတ်ရသေးသည့် ဆရာကြီးလက်ရေးနှင့် ၁၆–မျက်နှာခွဲခန့် ကော်ပီတခု တွေ့ပါသည်။ စာရွက်များဝါ၍ နှုတ်ခမ်းသားများတွင် ပိုးလည်း ကိုက်ထားလေပြီ၊ စစ်ကြီးမဖြစ်မီကပင် ရေးထားဟန်တူပါ၏။

ယင်းစာမူကို ကျွန်တော်ဖတ်ကြည့်လိုက်တော့ ဟာသဝတ္ထုတပုဒ်၏ အစဖြစ်နေသည်ကို တွေ့ရပါ သည်။ ယင်းအစကိုပင် ကျွန်တော် ဆက်လက်စိတ်ကူးရင်း တညအိပ် တရေးနိုးတော့ ဝတ္ထုတပုဒ်ဖြစ်သွားပါသည်။

ဤစာမူကို ဆရာကြီးအားပြပြီး ဘာကြောင့်ဆက်မရေးသနည်းမေးကြည့်တော့ ''ငါမရေး ချင်တော့ပါဘူးကွာ၊ ဘာမှန်းတောင် ကောင်းကောင်းမမှတ်မိတော့ဘူး''ပြောသည့်၌ ကျွန်တော်က ''ဒါဖြင့် ကျွန်တော့်ပေးပါ ဦးကြီး၊ ကျွန်တော်ဆက်ရေးချင်ပါတယ်''ဟု ဆရာကြီးကို တောင်းသော အခါ ''ဖြစ်မယ်ဆိုယူပေါ့ကွာ''ဟု ပြောပါသည်။

ယင်းစာမူတွင် ဆရာကြီးရေးထားသည့် ခေါင်းဆောင်ဇာတ်ကောင်နှစ်ယောက်၏ နာမည် မှာ ဆရာက 'မောင်ထွန်းလင်း' တပည့်က 'အုပ်ပေါင်း'ဖြစ်သည်။ သူ့ဇာတ်သွားကြည့်လျှင် ဆရာဖြစ်သူ က အူတူတူ ကြောင်တောင်တောင်၊ လူအေးလူပျော့။ ထို့ကြောင့် ကျွန်တော့်စိတ်တွင် 'ထွန်းလင်း' ဆိုတဲ့ နာမည်ကမာသည်၊ ထက်သည်၊ သူ့စရိုက်နှင့်မလိုက်ဟု တွေးမိပြီး ကျွန်တော့် နာမည် 'ဆွေ'တခုလဲပါအောင် 'အေးဆွေ'ဟုပြောင်းလိုက်၏။ အလားတူ 'အုပ်ပေါင်း'ဆိုသည့် နာမည်ကို လည်း သဘောမကျသဖြင့်၊ ဉာဏ်ထက်သည့် လူအမည် စဉ်းစားရာ၊ အမတ်ကြီး ဦးပေါ်ဦးသတိရပြီး 'ပေါ်အူး'ဟု အ,နှစ်ချောင်းငင်နှင့် ရှေးပညာရှိကြီးကို ခွဲခြား မှည့်ခေါ်ပစ်လိုက် သည်။

(နောင် ဆရာကြီး၏ တသက်တာမှတ်တမ်းတွင် ဖတ်ရတော့ 'အုပ်ပေါင်း'က မြန်မာ နာမည်မဟုတ်၊ အင်မတန် ဘိန်းပြောင်းထိုးကောင်းသည့် တရုပ်ဆရာကြီး ဘူရှိန်းခဲ့စဉ်က သူ့လက်စွဲ တပည့်လုပ်ခဲ့တာကိုး။)

ယင်းသို့ဖြင့် အေးဆွေ၊ ပေါ်အူး ပါဝင်သည့် 'သည်မောင်လက်သံ'ဝတ္ထုရှုမဝတွင်ပါလာပြီး တနေ့စကော့ဈေးတွင် ထိုစဉ်လူချင်း မကျွမ်းသေးသည့် ဒေါ်ခင်မျိုးချစ်နှင့် တွေ့သောအခါတွင် (သူ့ကိုတော့ ကျွန်တော်ကသိပြီးသားပါ၊ သူကတော့ ဦးကျော်ပြောပြ၍ ကျွန်တော့်ကို သော်တာ ဆွေမှန်း သိလျှင်သိချင်း. . . )

''ဟော့ကောင် မင်း ဂျိဗ်စ် ကာရိုက်တာ ယူတာလွဲနေတယ်ကွ''ဟုပြောပါသည်။

ကျွန်တော့်မှာ ပထမ၌ အူကြောင်ကြောင် ဖြစ်နေပြီးမှ. .

''ဘာလဲအမကြီးရဲ့ ဂျိဗ်စ်ဆိုတာ''

''ဝုဒ်ဟောက်စ်ရဲ့ Jeeves ဂျိဗ်စ်လေကွာ''

''ကြားဘူးပေါင်ဗျာ. . . အမကြီးရဲ့၊ ဝုဒ်ဟောက်စ်နဲ့ ဂျိဗ်စ်ဆိုတာဘာတွေလဲ''

(တကယ်ဘဲ ကျွန်တော်မှာ သူပြောတာတွေ သက်ရှိလားသက်မဲ့လားပင် မသိပါ။)

''ဟဲ့. . . မင်းရေးတဲ့ သည်မောင့်လက်သံဝတ္ထုဟာ အင်္ဂလိပ်ဟာသစာရေးဆရာကြီး ပီ–ဂျီ– ဝုဒ်ဟောက်စ် ဂျိဗ်စ်ကို မှီရေးတာမဟုတ်လား''

''ကြုံကြုံဖန်ဖန်ဗျာ၊ ကျွန်တော်က အင်္ဂလိပ်ဝတ္ထု ဖတ်နိုင်လောက်အောင်လဲ အင်္ဂလိပ်စာ ကောင်းကောင်း တတ်တဲ့ကောင် မဟုတ်ပါဘူး''

စင်စစ် အမှန်ကိုပြောရလျှင် ကျွန်တော်သည် ထိုအချိန်၌ 'မှီရေးသည်'ဆိုသည်ကို နားမလည်သေးချေ။ စာရေးဆရာမှန်သမျှ ကိုယ့်ကိုယ်ပိုင်ဉာဏ်နဲ့ချည်း ရေးတာဘဲယူဆ၏။ ဆရာကြီး၏ စုံထောက်မောင်စံရှား ဝတ္ထုများကိုလည်း ဆရာကြီး ကိုယ်ပိုင်ဉာဏ်နဲ့ရေးတာဘဲဟု အောက်မေ့ခဲ့သူဖြစ်ပါ၏။

အမကြီးသည် ကျွန်တော့်အား စူးစမ်းသော မျက်လုံးနှင့်ကြည့်၍. . .

''မင်းတကယ်ပြောနေတာလား''

''အဟုတ်ပါ အမကြီးရာ. . . ကျွန်တော်က ဗမာလို ၁၀တန်းနဲ့ ဆရာဖြစ်အောင်ပြီးမှ အေ–ဘီ–စီ–ဒီက စသင်တာ။ နှစ်နှစ်လောက်နဲ့စစ်ကြီးဖြစ်လို့ ကိစ္စပြတ်သွားတာ''

''အောင်မယ်လေးဟဲ့. . ငါမင်းဝတ္ထုတွေ ဖတ်ကြည့်တော့မင်းကို ဘီအေလောက်အောက် မေ့ခဲ့တာ''

''မဟုတ်ရပါဗျာ၊ ဘုရားစူးရပါစေရဲ့''ဆိုပြီး ကျွန်တော်က သည်မောင့်လက်သံဝတ္ထု ဆရာကြီး ရွှေဥဒေါင်းဆီက အစအနရခဲ့ပုံ ပြောပြတော့မှ သူသဘောပေါက် သွားလျက်၊ ကျွန်တော့်ကို အင်္ဂလိပ်စာ သင်ပေးရန် စိတ်ကူးပေါ်သွားဟန်ရှိသည်။

''ကဲ. . ဒါဖြင့် ငါ့အိမ်လိုက်ခဲ့. . . ''ဟု ခေါ်ပြီး သူ့ခင်ပွန်း ဦးခင်မောင်လတ်နှင့် ပီဂျီဝုဒ်ဟောက်စ်၏ ဝတ္ထုများကို လင်တလဲ မယားတလဲ တပုဒ်ပြီးတပုဒ် စာတက်ပေးကြပါတော့ သည်။ ပီ–ဂျီ–ဝုဒ်ဟောက်စ် စာအုပ်များကလည်း သူတို့အိမ်တွင် တပုံတပင်ကြီးရှိသည်။

သို့ဖြင့် ကျွန်တော် ပီ–ဂျီဝုဒ်ဟောက်စ် အရည်လည်သွားသောအခါ ကျွန်တော်၏ ''သည် မောင့်လက်သံ''ဝတ္ထုမှာ Good morning jeeves ဆိုသည် ဝတ္ထုရှည်ကြီး၏ ပထမသုံးခန်းကို ဆရာကြီးက အစပျိုးထား ကြောင်းသိရပါသည်။ ဆရာကြီးကို ကျေးဇူးတင်ပါသည်။

ထို့နောက် ပေါ်အူး၊ အေးဆွေ ဝတ္ထုတွေ ကျွန်တော်အများအပြားရေးနိုင်ခဲ့တာနဲ့ ကျွန်တော် အင်္ဂလိပ်စာတွေ အတော်အတန်ဖတ်နိုင်လာတာဟာ ဒေါ်ခင်မျိုးချစ်နှင့် ဦးခင်မောင် လတ်တို့၏ ကျေးဇူးဟု၍ မှတ်တမ်းတင်လိုက်ပါသည်။

တခုတင်ပြချင်ပါသေးသည်။ နိုင်ငံခြားဟာသဝတ္ထုမှီးရေးရသည်မှာ အစအဆုံး သူ့ဟာ ချည်း အကုန်လုံးရသည်ကအလွန် နည်းပါသည်။ သူ့ဆီက တဝက်ခန့်၊ သုံးပုံတပုံခန့်၊ လေးပုံ တပုံခန့်၊ အချို့ဆိုလျှင် Insperation ခေါ်မည်။ သူ့ဝတ္ထု သဘောအရိပ်အငွေ့မျှ ခံယူရရှိပါ သည်။

ဤရသမျှကို ကိုယ်က ကိုယ့်မြန်မာနှင့် သင့်လျော်အောင် ကြံဖန်စပ်ဟပ်ဖြည့်စွက်ရပါသည်။ ပြောင်းသင့်သည်ကို ပြောင်းပစ်ရပါသည်။ ထို့ကြောင့် အမကြီးနှင့် ကိုလတ်တို့က ပြော ကြပါသည်။

''ဒီကောင် ဗမာလိုရေးလိုက်တော့ တမျိုးကောင်းသွားသကွ''ဟု။

ကျွန်တော်နှင့် ဝုဒ်ဟောက်စ်က အတော်ကိုနီးစပ်ပါသည်။ သူ့ဝတ္ထုဖတ်ပြီး လုံးဝမီးမရသည်က အလွန်နည်းပါသည်။ တခါတရံမှာ ကျွန်တော်စာတက်နေရော၊ အဲသည်တုန်းအမကြီးနှင့် ကိုလတ်မှာ ကိစ္စတခုရှိ၍ငင်း၊ ညှော်သည်လာ၍ငင်း၊ ဝတ္ထုတဝက်တပြက်နှင့်. . . ''ကဲ ဒို့နက်ဖန်မှ ဆက်ကြမယ်ကွာ. . .''ဆိုလို့ ကျွန်တော်အိမ်ပြန်ခဲ့ရသည်။ ဝတ္ထုအကြောင်း ကျွန်တော်ပြန်စဉ်းစား၊ မြန်မာလိုဖြစ်အောင် စိတ်ကူး၊ ဟော. . .မနက်ကျတော့ ကျွန်တော့်ခေါင်းထဲ ဇာတ်လမ်းဖြည့်စွက်ပြီး၍ ဝတ္ထုအပြည့်အစုံဖြစ်နေပြီ။ နောက်တနေ့ စာဆက်တက်ကြတော့ ကျွန်တော်ညကအဖြည့်စိတ်ကူးသည့် ကိုယ့်မြန်မာစာပရိသတ်အဖို့ သူ့မူရင်းထက်ကောင်းနေသည်များလည်းရှိပါ၏။

ထို့ပြင် ကျွန်တော်၏အေးဆွေ ပေါ်အူး ဝတ္ထုတိုင်းသည် ဝုဒ်ဟောက်စ်၏ Jeeves ဝတ္ထုများမှ မဟုတ်ပေ။ သူ့မူရင်းဇာတ်ကောင်တွေကို Bertram Wooster အတိုကောက်တွေဘဲ ရေးပါမယ်လေ။ Bertie အေးဆွေ၊ Jeeves ပေါ်အူး၊ Aunt Agatha ဒေါ်ကြီးစိုး၊ သူတို့ကပင်တိုင်ဇာတ်ကောင်တွေဘဲ။ ကျန်တဲ့ဇာတ်ရံတွေက Bingo တင်မောင်ကို Biffy အောင်ရွှေကြီး၊ Sippy အောင်မြသွင်၊ (အလွမ်း စာရေးဆရာစမ်းစိမ့်သွင်) Bertie ၏ညီဝမ်းကွဲ Eustace ကို ခင်အောင်ဝင်း၊ Sir Roderick ကို အရူးကုဆရာဝန်ဒေါက်တာသိန်းဖံ စသည်ဖြင့် ကျွန်တော်တို့ မြန်မာဇာတ် ကောင်တွေဖြစ်အောင် ဖန်တီးထားပေရာ၊ ဝုဒ်ဟောက်စ် ဝတ္ထုတွေဖတ်ပြီး သူတို့အကြောင်း ရေးဖန်များလာတော့ သူတို့ရဲ့စရိုက်ကို ကျွန်တော်နိုင်နေကာ သူတို့သည် ကျွန်တော်၏ကိုယ်ပိုင် ဇာတ်ကောင်များ ဖြစ်လာလျက် ကျွန်တော်လိုရာကို ခိုင်းနိုင်ပေတော့သည်။

အခန်း ၁၀–က ဖော်ပြခဲ့သော 'ပြန်လည်တွေ့ဆုံသည်တိုင်အောင်'ဝတ္ထုကား အဘယ် လျှင် အင်္ဂလိပ်လို ဝတ္ထုဖြစ်နိုင်အံ့နည်း။ ဇာတ်သဘင်သည်ကို သူတို့နိုင်ငံများမှာ အနုပညာသည် ဟု အထွတ်အထိပ်က ထားကြသည်။ ကျွန်တော်တို့ ပြည်မှာသာ ရွေးခေတ် လူကြီးများက ဖက်ခွက်စားဟု နှိမ့်ချကြသည်မဟုတ်လား။

ဤဝတ္ထုကို ကျွန်တော်ရှေ့လဆက်ထွက်မည်။ 'ဒေါ်ကြီးစိုးက မည်သို့ဖျက်မည်နည်း'ဟု ကြော်ငြာခဲ့ရာ ကျွန်တော့်ရည်ရွယ်ချက်မှာ ဒေါ်ကြီးစိုး ကိုယ်တိုင် တောင်ကြီးလိုက်လာ ဦးဘဆင်၊ မြသိန်းတင်၊ ခင်အောင်ဝင်းတို့ က,မည့်ဇာတ်ကိုသွားကြည့်၊ အလွန်သဘောကျ၊ နှစ်ခြိုက်ပြီး

မောင်ဘဆင်နဲ့ မလှမြင့်ရော ခင်အောင်ဝင်းနဲ့ မြသိန်းတင်နဲ့ရော ဒေါ်ကြီးစိုးက သဘာတူသွား ရုံမက ဇာတ်တဖွဲ့လုံးကို မန္တလေးရုံသွင်းဘို့ ခေါ်သွား။

ဒီတော့ ကျွန်တော် (အေးဆွေ)မှာက တောင်ကြီးသူ စောစောမူနဲ့ ဘာကလိုတိုတို ဖြစ်နေတုန်း ဒေါ်ကြီးစိုးက ''နင်ရှမ်းပြည်သူ ရှမ်းမတွေကို စိတ်မကူးနဲ့ စုန်းမဖြစ်နေလို့ ဒို့အမျိုး ထဲစုန်းရောက်နေဦးမယ်''ဆိုပြီး အတင်းမပြန်ချင် မနေရခေါ်၊ ကျွန်တော်မောင်အေးဆွေလေး အလွမ်းပေါ့ခင်ဗျာ။

(အဲဒီဝတ္ထု အဆက်ဖတ်ချင်တယ်ဆိုတဲ့ မောင်ဇော်လင်းရေ. . . အတိုချုပ်က အဲဒါပါဘဲကွာ၊ ခုတော့ အဲဒါမျိုးမရေးချင်တော့ဘူး၊ ငါ့မှာလဲ ရည်းစားတွေ မရှိတော့ဘူးကွ၊ ငါ့အသက်ကလဲ ၅၀– ကျော်ပြီကွ။ အဲသည် ရည်းစားဟောင်းကို အခုစာထဲမှာ တယောက်ပြီး တယောက်ရှေးဖြစ် ဟောင်း အတိုင်း ပြန်တွေ့နေတာဘဲကွ၊ အရသာတော့ရှိသား၊ အိပ်မက်သလိုဘဲ)

ကျွန်တော် ဤ'ပြန်လည်တွေ့ဆုံသည်တိုင်အောင်' ဝတ္ထုရေးစဉ်က တောင်ကြီးမြို့ကို မရောက်ဖူးသေးချေ။ မေနှင့်စာချင်း ရည်းစားဖြစ်ရုံသာ ရှိသေး၏။ ရှမ်းပြည်တောင်ကြီး ရာသီဥတု အကြောင်းကိုသူ့ဆီမှသိရသည်။ ဆောင်းရာသီဝယ် တနယ်တလာသော ဧည့်သည် သည် နေ့ခင်းပင် အလွန်အေး၍ အိပ်ရာထဲမှာ ကွေးချင်တိုင်း ကွေးမနေနှင့်၊ သွေးလေးပြီး ဖျားတတ်သည်။ ရေနွေးနဲ့ရေချိုးပါ၊ လမ်းလျှောက်ဆိုသည့်အတိုင်း ကျွန်တော့်ဇာတ်လိုက် အေးဆွေ လမ်းလျှောက်ရင်း ဖရစ်ဂျစ်ဒယ်သူ စောမူမူနှင့်တွေ့သည်ဟု ထိုစဉ်က မေကိုကျွန်တော် ညှခဲ့သည်။ ဟော. . . ခုတော့ သနည်မနက်စျေးက သူမှာတာအကုန်မပါခဲ့ကောင်းလားဟု ဤစာ ကို ရေးနေသော ကျွန်တော့်အား ဆူပူပြီး အရပ်ထဲက ဆိုင်မှာဝယ်ရန် အိမ်ကဖောင့်ဖောင့်နှင့် ထွက်သွားသည်။ ကောင်းပါဘူးဗျာ . . . ဘဝများ။ ယခင်စိတ်ကူးယဉ်တုန်းကတော့ သူရေးခဲ့တဲ့ ရည်းစားစာ အခန်း ၂–တုန်းက စာမြည်းဖော်ပြခဲ့တာ မိတ်ဆွေဖတ်ပြီးပြီနော်။ ကဲ. . . မှန်းချက်နဲ့ နှမ်းထွက် ဘယ်လောက်ကွာပါသလဲ ခင်ဗျာ။

သည်တော့ ကျွန်တော်က လက်ရှိဘဝကို မေ့ပြီး၊ အတိတ်တွေကိုဘဲ ပြန်တွေးတွေး ရေး နေတော့မယ်။ ကျွန်တော့်စာပွဲမှာ ကျွန်တော်ထိုင်ပြီး စာရေးနေရတာဘဲ စိတ်ချမ်းသာပါတယ်။ ဒါဟာ စာရေးဆရာ ဖြစ်ရတဲ့ အရသာဘဲ။ ကိုယ်တွေ့ချင်တဲ့ ရည်းစားဟောင်း ပြန်တွေ့လိုက် မယ်။

ကဲ. လာလေရောလဟယ်။ ဟိုကောင်မလေး 'ပြန်လည်ဆုံတွေ့သည့်တိုင်အောင်' ဝတ္ထု ပဏာမက ဦးကျော်နဲ့ ပွဲထုတ်လိုက်တဲ့ T တီဆိုတဲ့ မရွှေစာလေး။ T ဆိုတော့ Thet သူ့နာမည်က 'သက်'တဲ့။

ကျွန်တော့်တွင် စာရေးဆရာဘဝ နှစ်ဦးက မေနှင့်ရသည့်အထိ ဘာဂ်လားညီမများ၊ စာရည်းစားများ ရှိသည့်အနက်၊ အချို့သည် ဖော်ပြခဲ့သော 'လွင်'ကဲ့သို့ တကယ့်အသဲစွဲချစ်သူများရှိသကဲ့သို့ အချို့မှုကား စာအားဖြင့် အပျော်ရည်းစား ခဏတဖြုတ် ထားသွားကြသည့် မိန်းကလေးများလည်း ကြုံရသေး၏။ သူတို့ကား 'ရည်းစားတထောင် လင်ကောင်တယောက်'ဆိုသော မြာမျိုးဖြစ်ကုန်၏။

ယခု ဖော်ပြတော့မည့် 'သက်'ဆိုသည့် မိန်းကလေးကား ကျွန်တော့်ကို တကယ်ချစ်ရှာပါသည်။ သို့သော်. . . သူနှင့်ကျွန်တော်သည် တကြိမ်မျှ လုပ်ကနဲ မြင်ဘူးလိုက်ရရုံမျှတပါး။ တခြားဘာမှမတာလိုက်တော့သဖြင့် သူသည် ကျွန်တော်နှင့် တွဲလိုက်ရသော မင်းသမီးမဟုတ်၊ တပင်တိုင်အငြိမ့်သည်မလေး အဖြစ်နှင့်ဘဲ၊ နှစ်ပါးသွားပြီး ဇာတ်ကြီးကရမည့် မင်းသမီးကြီးများ ဖြစ်သော 'ခိုင်'နှင့် 'မေ'တို့ အရင်ရှေ့ပိုင်းက ပွဲထုတ်လိုက်ပါ၏။

သက်တို့အမျိုးသည် ဇေရ်ဘာဒီများ ဖြစ်၏။

## အခန်း –၁၃

### နှစ်ကိုယ်မကြင်ရပါတဲ့ မိုစလင်မလေး

ကြည့်ပါလားဗျာ။ သူကလေးအကြောင်း ရေးမယ်ဆိုဘဲ ကြည့်စမ်း၊ ကျွန်တော်တမင်စီစဉ်ထားတာ မဟုတ်ဘဲနဲ့ အင်္ဂလိပ်လို ကံမကောင်းဘူး ခေါ်တဲ့အခန်း (၁၃)မှာ လာကျသည်။

ပြီး. . . စာရေးရမှာကလည်း ဒေါသနှင့်။

(က)

ကျွန်တော်သည် ဤအကြောင်းကို ပြန်ပြောင်း တွေးမိတိုင်း ကိုဝင်းစိန်နှင့် ကိုဝင်းမြင့်ကို ဓားနဲ့ခုတ်၍ နတ်နတ်စင်းပစ်ချင်တော့သည်။

ကြည့်ပါမိတ်ဆွေ၊ မွန်းမတိမ်းမီသာ သွားယူ၍ ရမည်ဖြစ်သော ရွှေစင်လေ့တစီးတိုက်ကို မွမ်းလွဲပိုင်းမှ သိရှိရသည့်နှယ် အောက်ပါစာကို ဝမ်းနည်းစွာ ဖတ်ရှုရပေတော့သည်။

သက်ကို တွေ့ချင်မြင်ချင်လှပါတယ်ဆိုတဲ့မောင်။

ပူးတွဲပါ မင်္ဂလာဖိတ်စာအတိုင်း ဆန်းကဖီးကို လာခဲ့ပါမောင်၊ သတို့သမီးက တော့ သက်ရဲ့မမဘဲ။ သက်က မမနဲ့ ဆင်တူမန္တလေး ကြိုးကြီးချိတ်ထမီ ရွှေဖလားရောင် ဝတ်ပြီး အပျိုရံလုပ်ရမယ်။ ခေါင်းမှာလဲ နီသောပန်းကလေးတပွင့်ကို ပန်ထားမယ်။

ကဲ. . မောင့်ကို သက်က သိရအောင်တော့ ဒီလိုလုပ်လေ၊ မောင်က သက်မြင်ရ မယ့် နေရာမျိုးမှာ ထိုင်ပြီးတော့ မောင့်ဖောင်တိန်လေးကို ထုတ်ပြီး မောင့်ပါးကိုထောက် ထား။ မကောင်းဘူးလားဟင်၊ ဒါပေမယ့်မသိမသာလေးဘဲ ပြုံးပြနော်၊ အနားမှာ ပါပါ ရှိနေမှာ။

လာခဲ့နော်ဆက်ဆက်၊ သက်မျှော်နေမယ်။ ဒါဟာ သက်နဲ့မောင် တွေ့ရမြင်ရဘို့ ပထမဦးဆုံး အခွင့်အရေးကောင်းကြီးဘဲ၊ သက်တော့ မောင့်တယောက်ကိုသာဘဲ မျှော် နေတော့မှာဘဲ။

မောင်ရဲ့. . . သက်

ဤစာကို ကျွန်တော်အချိန်မှီသာ ဖတ်ရပါက မည်မျှဝမ်းသာချိမ့်မည်နည်း။ ယခုတော့ နှောင်းလေပြီ။ မင်္ဂလာဆောင်ဖိတ်စာမှာ နံနက် ၈နာရီမှ ၁၁နာရီအထိ ဆိုထားလေရာ ကျွန်တော်ဖတ်ရချိန်မှာ နာရီပြန်တချက်။ မင်္ဂလာညှော်ခံပွဲတွင် သူကလေးမျက်စိသည် ကျွန်တော့် ကို ဒေါင်းတောက်အောင် ရှာပေမည်။ ဤအထဲတွင် အမှုမဲ့အမှတ်မဲ့ ဖောင်တိန်ထုတ် ပါးထောက်တဲ့ကောင်နဲ့ တွေ့သွားရင်ဒုက္ခဟဲ့။ ကျွန်တော် ဤအထိပင် တွေးပူမိသည်။ သို့သော် ကျွန်တော့်ခြေတံပုံများ သူ့ဆီရောက်နေပြီ။

စင်စစ် ဤစာသည် ယမန်နေ့ကပင် ရောက်နေပါ၏။ သို့ရာတွင် ကျွန်တော်မှာ ဤနေ့မှ စ၍ တရက်ခွဲလုံးလုံး ကလွင့်ကမောက် ဖြစ်နေခဲ့ရသည်။ အကြောင်းမှာ ဖော်ပြခဲ့သည့်အတိုင်း ခါးနဲ့ခုတ် နုတ်နုတ်စင်းပစ်ချင်သော ကိုဝင်းစိန်နှင့် ကိုဝင်းမြင့်တို့ကြောင့်တည်း။

ကိုဝင်းစိန်ကား. . . တင့်တယ်။ ဝင်းမြင့်ကား. . . တခါကသတင်းထောက် ဝင်းမြင့်ဟု နာမည်ရှိ ခဲ့သူ။

ယင်းအချိန်၌ တင့်တယ် အင်္ဂလန်မှပြန်ရောက်ခါစ၊ သတင်းစာကြီးတစောင် ရှမဝ ဦးကျော်နှင့် ထုတ်တော့မည် ဟူ၍၊ ဝင်းမြင့်ကို သတင်းထောက်ချုပ်ကြီး ခန့်တော့မည်ဟူ၍၊ သန်းဆွေနှင့် သော်တာဆွေက အယ်ဒီတာများ ဖြစ်ကြတော့မည်ဟူ၍၊ ဤဟူ၍ကြီးများနှင့် တကောင်နှင့်တကောင် အင်မတန် အချစ်နလန် ထနေကြသော ကာလ၊ ဝင်းမြင့်က ကားတစီး နှင့် တင့်တယ်အိမ်လာလိုက်၊ တင့်တယ်က ဝင်းမြင့်အိမ် လိုက်သွားလိုက်၊ ဒီတော့ သတင်းစာ အယ်ဒီတာ ဖြစ်တော့မယ့် သော်တာဆွေကလဲ ဒီနှစ်ကောင်ကြားက ကန့်လန့် ကန့်လန့်။

ဖော်ပြပါ ကျွန်တော့် ရည်းစားစာ ရောက်သည့်နေ့မှာ ကျွန်တော်သည် တင့်တယ်အိမ်မှ တဆင့် ဝင်းမြင့်အိမ် ရောက်နေသည်။ ထိုနေ့ညနေ ပြန်ဘို့ဖြစ်သော်လည်း ၎င်းတို့တဦးအိမ် တဦးရောက်၍မှ တညတာမျှ အိပ်မသွားပါက ဒင်းတို့ကိုမိုးကြိုးပစ်ခံရတော့မလောက် ဖြစ်နေရ ကား၊ ကျွန်တော်ပါ ကိုန်းစက်လိုက်ရပါတော့၏။ နောက်တနေ့ ရောက်တော့လည်း မနက်စာ ထမင်းတနပ်မှ စားမသွားဘူးဆိုပါက သူတို့မှာ တယောက် တယောက်အင်မတန် စိမ်းကားရက် စက်ရာ ကျတော့မည့် အပေါက်မျိုး ဖြစ်နေပြန်တော့ ကျွန်တော်၏ စာရောက်ရာဌာန နာနီအိမ် ကို ကျွန်တော်မွန်းလွဲမှ ပြန်ဆိုက်ရပါတော့သတည်း။ ထို့ကြောင့် ဒီနှစ်ကောင်ကို ဓားနှင့်ခုတ် နုတ်နုတ်စင်းပစ်ချင်သည်ဟု မေတ္တာပြုခြင်းဖြစ်ပါ၏။

ကျွန်တော်သည် အလာကောင်းသော်လည်း အခါနှောင်းပြီဖြစ်သော သူ့စာကလေးကို အထပ်ထပ် အခါခါဖတ်ကာသာ ရင်သပ်ရှုမောရတော့သည်။ စာပွဲအံဆွဲထဲ၌ ထည့်ထားသော သူ့ဓာတ်ပုံလေးကိုထုတ်ကာ တသ,သဖြင့် ဖြစ်ကြောင်းတွေကို့ . . .

(ခ)

သူကလေး ပထမဦးဆုံး မိတ်ဆက်စာလာစဉ်က ကျွန်တော့်ဝတ္ထုတွေဖတ်၍ အလွန် သဘောကျကြောင်း၊ ကျွန်တော့်စာတွေ ဖတ်ရပါများတော့ လူမမြင် ဘူးဘဲလျက် စိတ်ကူးထဲမှာ အင်မတန်ရင်းနှီးနေ၍ ကျွန်တော့်ကို အကိုကြီးတယောက်လို ချစ်ခင်မိပါကြောင်း၊ ထို့အတူ သူ့ကိုလဲ ညီမလေးလို ချစ်စေလိုပါကြောင်း စာပြန်ပါရန်။

သူ၏ဒုတိယစာမှာ သူ့ကိုညီမလေးလို ချစ်မည်ဆို၍ အလွန်ဝမ်းသာကြောင်း၊ သို့သော် သူသည်အင်မတန် အကျည်းတန် အရုပ်ဆိုးသူကလေးဖြစ်၍ ကျွန်တော်က သူ့ကိုမြင်လျှင် ဘယ်နည်းနဲ့မျှ ချစ်နိုင်လိမ့်မည် မထင်ကြောင်း၊ ကျွန်တော့်ကိုမူကား စာအရေးအသားကို ကြိုက်

နှစ်သက်စွဲရှိ၍ ဘယ်လိုရုပ်မျိုးဘဲဖြစ်ဖြစ် သူက ရာသက်ပန် ချစ်သွားမည်ဖြစ်ကြောင်း ဖွဲ့ကာနွဲ့ ကာ ရေးသားလာပြန်သည်။

ဒီတော့ ကျွန်တော်ကလည်း ညီမလေးလို ချစ်ရမည့်ဟာကို အကိုကြီး တယောက်ဟာ ဘယ်မှာ ရုပ်ရည် ခွဲခြားနေပါမည်နည်း။ အကယ်တိ ကိုယ့်ညီမလေးက သိပ်ပြီးအရုပ်ဆိုးလေ၊ အကိုကြီးအနေက ယောက်ဖမဲ့စွာ ရာသက်ပန်ပိုချစ်ရလေ ဖြစ်မည်မဟုတ်ပါလား။

ကျွန်တော့်စာ (ရှည်ရှည် ရေးပြမနေလိုတော့ပါ။) ဘယ်အဓိပ္ပာယ် ရောက်သွားအောင် ဖွဲ့နွဲ့ရေးမည်ကို ကျွန်တော့်သောက်ကျင့် သိနေပြီဖြစ်သော မိတ်ဆွေခန့်မှန်းနိုင်ပါလိမ့်မည်။

အဲသည်တုန်းက ကျွန်တော်က အဲသည်စာမျိုးတွေ ရေးရမည်ဆို မမောနိုင်၊ မပမ်းနိုင်။

ဒီတော့ သူ့ဆီက တတိယစာလာပုံက. . .

ဒါဖြင့် ကောင်းပြီအကိုကြီး၊ ညီမလေးဓာတ်ပုံကို နောက်စာတစောင်မှာ ပို့လိုက်မယ်'' အကိုကြီးက သဘောတူတယ်ဆိုရင် အကိုကြီးဓာတ်ပုံကို အခုပြန်တဲ့စာမှာထည့်လိုက်ပါ။ ညီမလေး ကတော့ ပြောစကားအတိုင်း အကိုကြီးကိုလေ မပြောကောင်း၊ မဆိုကောင်း နူနူဝဲဝဲ ချစ်မှာဘဲ။ ဟင်း. . အကိုကြီးကသာ ''ဒီကောင်မလေး အရုပ်ဆိုးလှတယ်ဆိုပြီး ဓာတ်ပုံကိုဆွဲဆုတ်၊ ဖနောင့်နဲ့ ပေါက်ပစ်၊ နောက်ထပ်ညီမလေးထံ စာမပြန်ဘဲနေမှာ မြင်ယောင်ပါသေးတယ်တော်'' တဲ့။

ယင်းအချိန်၌ ကျွန်တော့်မှာ ဒါမျိုးလေးတွေ ပေးဘို့ဘဲ ခန့်ခန့်ကြီး (ခင်မကြီး) ဆီမှာ ကိုယ့်ကိုယ်ကို အလှဆုံးရိုက်ထားတဲ့ ဓာတ်ပုံတွေဒါဇင်နဲ့ရှိနေသည်။ အပ်လားလား၊ တကယ် တော့ ဒီကောင်မလေးက ကျွန်တော့်ကို ဓာတ်ပုံချင်း၊ 'ချဲ့လင်း'လုပ်တာကိုးခင်ဗျာ။ သူဟာ အင်မတန် အရုပ်ဆိုး အကျည်းတန်ပါတယ်ဆိုပြီး ရောက်လာတဲ့ဓာတ်ပုံတွေက နှစ်ပုံတောင် မှဘဲ တော်တော်လဲ ချောပါ လှပါတယ်ဗျာ။ ကုလား ကပြားမလေးဆိုတော့ ဓာတ်ပုံလဲ အလွန်စား။ ဆာရီဝတ်နဲ့ ကိုယ်တပိုင်းပုံတပုံ၊ မြန်မာလို တကိုယ်လုံးတပုံ၊ (အဲသည် တုန်းကရေကျော်ပိုင်းက ဓာတ်ပုံဆိုင် တဆိုင်မှာ ဓာတ်ပုံကြော်ငြာ ရှိုးကေ့စ်ထဲမှာ သူ့ပုံ ၁၂–လက်မပုံကြီး တွေ့ရသည်။)

သူကျွန်တော့်ဆီ ပို့လိုက်တဲ့ပုံတွေ သာခုပြကြည့်တော့ ငတီလက်ဖျားခါလို့. . .

''ဟာ. . . လှလိုက်တာကွာ၊ ကုလားရုပ်ရှင် မင်းသမီး ကျနေတာဘဲ''တဲ့။

ကဲ. . ဒီလောက် ချောတဲ့လှတဲ့မိန်းကလေး မုတ်ဆိပ်လာပျားစွဲတော့ ဒီအချိန်မှာ အချစ်ရှူး ထနေတဲ့ ကျွန်တော်ဟာဘယ်မှာ လက်နှေးလိမ့်မလဲဗျာ။ နောက်တလ အတွင်းမှာဘဲ အကိုကြီး ရေ. . ညီမလေးရေ. . ကနေပြီး 'မောင်ရေ 'သက်ရေ' 'ချစ်ကေ'ဖြစ်သွားကြတာပေါ့ဗျာ။

သူပထမကျွန်တော်နဲ့ စာချင်းမိတ်ဆက်စဉ်က ပုဇွန်တောင်အလွတ်ပညာသင်ကျောင်း တခုမှာ ၈–တန်း။ နောက်တော့ တယ်မကြာလှဘူး။ သူက လူလှသလောက် ဝသလောက် (တိုက်ဖွိုက် ရောဂါဖြစ်ဖူးတယ်ဆိုလား)ကျန်းမာရေးမကောင်းလို့ ကျောင်းထွက်ပြီး အိမ်မှာအနား နေရတော့ ကျွန်တော့်ဆီကစာ သူ့ဆီရောက်ဖို့တောင် မလွယ်တော့ဘူး။ အဆင်သင့်မှ တခြား လိပ်စာနဲ့ ကြုံကြားကြုံကြား ရေးရတယ်။ သူကသာ ကျွန်တော့်ဆီကို မှန်မှန်စာရေးတယ်။

အဲသည်အခြေရှိတုန်းမှာဘဲ ဖော်ပြခဲ့တဲ့အတိုင်း သူနှင့်ကျွန်တော် လူချင်းတွေ့ရမြင်ရဘို့ သူ့အမ မင်္ဂလာဆောင်မှာ ဖန်တီးခဲ့ကြတယ်။ သို့သော်လဲ ကြံတိုင်းမအောင် ဆောင်တိုင်း မမြောက်ဖဲ၊ ကျွန်တော့်လက်ထဲ စာအရောက်နောက်ကျတာနဲ့၊ သူ့ဆီက နောက်ထပ် စာတစောင် ရောက်လာ တယ်။

ကဲ. . . ယင်းအချိန်ခက်ရပုံကား၊ ကျွန်တော်က သူ့ဆီ စာရေး၍မဖြစ်။ သူ့ကိုစကားပြောချင် လျှင် ကျွန်တော့်ဝတ္ထုများမဂ္ဂဇင်းမှာ ပါသောဝတ္ထုတွင် ကျွန်တော်သူ့ကိုဖြေ၍ ချော့လိုက်ရပါ တော့သည်။ စာဖတ်ပရိသတ်ကား ကျွန်တော်သိုသိပ်စွာ အကွက်ဆင်လိုက်တာကို ဝတ္ထုဇာတ် ကြောင်း ထဲ ဝင်နေ၍ သိလိမ့်မည်မဟုတ်ပါ။ သူနှင့်ကျွန်တော်သာ ကောင်းစွာနားလည်ကြ၏။

ထိုကြောင့် သူ့ထံမှ ကျွန်တော့်ကို ဤသို့ဖြစ်ရသည့်အတွက် အပြစ်မမြင် အချစ်ပင်တိုး၍ မြင်ခဲ့ကြောင်း၊ ယခုအကြိမ်မတွေ့ရသော်လည်း နောက်တကြိမ်တွေ့ရအောင် ကြိုးစားကြစို့–ဟူ သော စာတစောင် ရောက်လာ၏။

သူ့ဖခင်မှာ ဖေရ်ဘာရီဖြစ်၍ ဤမှာဘက်တွင် (မြန်မာတွေနှင့် ဖြစ်မသွားအောင်) အလွန် ကျဉ်းကြပ်သည်။ နို့ပြီး သမီးထွေးလေးဖြစ်လို့လဲ တယောက်တည်းဘာမှ မလွတ်တဲ့။

ယင်းသို့ရှိသည့်အခိုက် ကျွန်တော်တို့အခြေ ပိုဆိုးချင်တော့ သူ့ဖခင်မှာ အလုပ်နှင့် မန္တလေးသို့ ပြောင်းသွားရလေ၏။

မောင်ရေ

သက်နဲ့မောင်တော့ ကြာလေဝေးလေဖြစ်ရပြီကော။ သမီးကို ရန်ကုန်က အဒေါ် အိမ်မှာ ထားခဲ့ပါလို့ ပါပါကို ပြောတာမရဘူးမောင်။ တခါက မောင့်စာကိုပါပါတွေ့သွား

တယ် သိလား။ ဒီတော့ ပါပါ ဘာလုပ်တယ်ထင်သလဲ။ သူက စုံထောက်ဘက်ကမဟုတ်လေ။ သူ့တပည့်တယောက်ကို မောင့်အကြောင်းစုံစမ်းခိုင်းတော့၊ မောင့်မှာ မယားနဲ့ သားသမီး ၃ယောက်နဲ့တဲ့။ ဒီအကြောင်း ပါပါက သက်စိတ်ပျက်အောင်ပြောပြတော့ သက်က ပြန်မေးလိုက်တယ်။ ''နို့နေပါအုံး ပါပါရယ် ပါပါမှာက အခုမယားက ဘယ်နှစ် ယောက်လဲ သားသမီးတွေက ဘယ်လောက်လဲ၊ သမီးဟာ ပါပါ မယားနံပတ် ဘယ်လောက်က မွေးတာလဲလို့'' ပြန်မေးလိုက်တော့ ပါပါမျက်နှာကြီး နီသွားပြီး ''ဟဲ့ဒါ က ဒို့ရဲ့ဘာသာ အရဘဲ''တဲ့။

အလကားပါမောင်ရာ သက်တို့ဘာသာမှာက မယား၄–ယောက်အထိ ယူနိုင်ကြတော့၊ မယားကြီးမယားငယ်တွေဆိုတာက မဆန်းပါဘူး။ မယားငယ်ဖြစ်ရတဲ့လူက ပိုကြိုက်သေး။ ဘာကြောင့်ဆို ယောကျ်ားတွေဟာ မယားကြီးထက် မယားငယ်ကို ပိုချစ် ကြတယ် မဟုတ်လား၊ ဒီတော့ သက်ကကော မောင့်မယားငယ်ဖြစ်ဖို့အဆင်သင့်၊ အသက်လဲ ပြည့်နေပြီ။ မောင်ကသာ ကြိုးစားပေရော့. . ။ တခု ပြောချင်သေးတယ် မောင်။ မောင်မယားဘယ်နှစ်ယောက် ယူချင်သလဲ။ ယူချင်သလောက် ယူစမ်းပါမောင်။ ဒါပေ မယ့် သက်ဟာမောင့်ရဲ့ နောက်ဆုံးမယားဖြစ်ရမယ်။ ဘာကြောင့်လဲဆိုရင် ပါပါက မာမ့ ကို ပြောတဲ့စကား ကြားနေရလို့ပါ။ ဘယ်လိုလဲဆို (မောင့်မယား အထွေးဆုံးလေးမို့ အချစ်ဆုံးလေးပါ)တဲ့ မောင်ရဲ့. . . ။

ကဲ. . အခု မန္တလေးရောက်တော့ မောင် သက်ဆီကို စာရေးနိုင်ဘို့ အကွက်ကို ရှာဦးမယ်နော်. . . ။ မောင်လက်ရေးအသစ် သက်မဖတ်ရတာ ကြာပြီ။ အဟောင်းတွေဘဲ ပြန်ပြန်ဖတ်နေရတယ်။ ဒီအတွင်းမှာတော့ မောင်သက်ကိုချစ်ကြောင်း မောင့်ဝတ္ထုတွေထဲ ကနေပြီး ချော့ပါ – မြှူပါမောင်။

ချစ်တဲ့သက်

ကဲ– သူ့စာဟာ ကျွန်တော့်အဖို့ ဘယ်လောက်အားရစရာ ကောင်းသလဲ။ ခင်ဗျားတို့ ဒါမျိုးကြုံဘူးလား။ ကလေးစိတ်နဲ့ မိုက်ရူးရဲလေးထင်ရဲ့။ လူပျိုမှ၊ မယားရှိနေ တယ် ဆိုရင် 'ဟင်'ကနဲ လုပ်ချင်တဲ့ ဘိရိမာ,မတွေ ဘာပြောချင်သလဲ. . ဟဲဟဲ''

ဤစာစဉ်ကာလမှာ ကျွန်တော်သည် ကလိန်ကလက် စာတွေ မြူးမြူးကြွကြွ ရေးရန်၊ ဥာဏ်ထက်တုန်း လက်အသွက်ဆုံးဖြစ်လေရာ၊ ထိုအချိန်က ဝတ္ထုများသည် ရိုးရိုး စာဖတ်ပရိသတ်

အဖို့ ဟာသမျှဖြစ်သော်လည်း ကျွန်တော့်ချစ်သူများအတွက်မူ သူတို့ ထီပေါက်သလောက် ဝမ်းမြောက်ကြသော ရည်းစားစာများ ဖြစ်ကြကုန်၏။

သူကလေးတယောက်ထဲ အတွက် ကျွန်တော်စပယ်ရှယ်ရေးခဲ့သည်မှာ 'ကိန်ရာသီ' (၁၉၅၃–ခု နိုဝင်ဘာ ရှုမဝ၊ အမှတ် ၇၈)နှင့် ခိုင်နှင့် တွဲ၍'ရည်းစားတဝမ်းကွဲ' (၁၉၅၄ခု၊ ဇန္နဝါရီလ ရှုမဝ၊ ၈၀)တို့ဖြစ်၏။

'ကိန်ရာသီ'မှာ (မိတ်ဆွေ ဖတ်ဖူးက သတိရပါလိမ့်မည်။) ကျွန်တော်က အောင်နက် ဦးကျော်က တုပ်ပွ၊ တင့်တယ်က မျောက်ညို ဟူ၍ ကျွန်တော့်အိပ်မက်ထဲမှာ ခွေးများဖြစ်သွားကြကာ၊ နီမလေး မည်သော ခွေးမလေးနှင့် တော်သလင်းပွဲ ကျင်းပရာ၌ အောင်နက်က စွံသွားသည်လေ။

ဤဝတ္ထုမှာ ကျွန်တော်ရည်းစားစာတပုဒ် ရေးလိုက်ကြောင်း အယ်ဒီတာကြီးများ သတိထားမိကြမည် မဟုတ်ပေ။ နီမလေးသည် မည်သူဖြစ်ကြောင်းကိုကား၊ ရွှေမန်းရောက် ကျွန်တော့်ရည်းစား 'သက်'က သိပေသည်။

'ရည်းစားတဝမ်းကွဲ'ကား နောက်ဆုံးတွင် ကိုယ့်ဇာတ်ပင် ကိုယ်မနိုင်သော ဇာတ်ရှုပ်ဖြစ်သည်။ ခိုင်၏ရည်းစား ကျွန်တော် (အေးလွင်)အား၊ ခိုင်က သူ့ကြည်ညိုသော စာရေးဆရာ သီရိထွဋ်ချာထံ အဆုံးအမခံယူရန် လွှတ်လိုက်ရာ သီရိထွဋ်ချာက မန္တလေးကနေ ထိပ်သီးအရာရှိ ကြီးတဦး၏ သမီး'နီလာ'၏ချစ်သူ ဖြစ်နေသည်။ ကောင်မလေး အဖေက စာရေးဆရာ ဖွတ်ကျား မို့ သဘောမတူ ဖြစ်နေရာ၌ ကျွန်တော် (အေးလွင်)က အူတူတူ စာရေးဆရာ သီရိထွဋ်ချာအား ကူညီရာမှ နီလာနှင့် ကျွန်တော် ဘာဂလိုတိုတိုဖြစ်သွား၍ 'ရည်းစား တဝမ်းကွဲ'တော်သွား၏။

ဒါကြောင့် ထိုစဉ်က သူ့ဆီကလာသော စာများထဲတွင်. . .

မောင်ရေ. . . သက်တော့ စာရေးဆရာရည်းစားလုပ်ရတာ မောင့်ဝတ္ထုတွေထဲမှာ ခွေးဖြစ်လိုက်၊ သူဌေးဖြစ်လိုက် ပါလားမောင်ရာ။ ဒီလိုနဲ့ဘဲ အဆုံးသတ်ရတော့မှာလား မောင်ရဲ့။ ကြံစမ်းပါအုံး။

ထို့ကြောင့် ၁၉၅၄ ခုနှစ်၊ ဧပြီလ ရှုမဝ အမှတ် ၈၃–တွင်၊ 'ချစ်စ ချစ်စိတ်'ဟူသော ဝတ္ထုကို ရေးကာ၊ ကျွန်တော်ဘယ်နေ့မှာ မန္တလေးရောက်မည်၊ ဘယ်လမ်း၊ နံပတ် ဘယ်လောက်ရှိ ဆရာကြီးရွှေဥဒေါင်းအိမ်မှာ တည်းမည်ဟု ဝတ္ထုဇာတ်လမ်းနှင့် သူ့ကိုပြောလိုက်လေ၏။ ဤဝတ္ထု အဆုံးသတ်မှာ မောင်လာမည် သီချင်းနဲ့ရဲ့ ဆီးကြိုလှဲ့လေး။

ယင်းအခိုက်အတန့်၌ အဆင်သင့်သည်မှာ ဆရာကြီးအိမ်ရှေ့က ဆေးတိုက်တွင် သူသည် ရက်ခြားတခါ ဆေးလာထိုးနေရကြောင်းစာရပြီး ဖြစ်သည်။ အနည်းဆုံးတော့ နီးနီးကပ်ကပ် မြင်ရပေမည်။

> မောင်ရေ. . . သက်တော့ ဆရာကြီးအိမ်ရှေ့ရောက်ရင် မောင်နေသွားဘူးတဲ့ ဂေဟာရယ်လို့ ရင်ဖိုဖိုသွားပြီး၊ အိမ်ထဲလှမ်းလှမ်းကြည့်လိုက်မိတယ်။ တခါတရံ ဆရာကြီး သို့မဟုတ် မောင့်ဒေါ်ကြီးစိုးဘဲ မြင်ရတယ်။ မောင့်ကိုများ တွေ့ရင် သက်ဘယ် လိုဖြစ်သွားမလဲမသိဘူး။ မောင်တခါတခေါက်လောက် လာရောက်ပြီး ကိုယ်ထင်ပြစမ်းပါ လား. . . မောင်ရယ်။

ဟုတ်၏။ မှန်၏။ ကျွန်တော်သည် တခါတည်းသူ့အား လုပ်ကနဲ ကိုယ်ထင်ပြသကဲ့သို့ ဖြစ်သွား၏။

အကြောင်းမှာ ဆရာကြီးအိမ် ကျွန်တော်ရောက်ပြီး နောက်တနေ့ညနေ အိမ်ရှေ့မှ ဒေါ်ကြီးစိုးက ''ဟေ. . . မင်းဟာ ဒါလား၊ လာကြည့်စမ်း''ဆိုသည်နှင့် ရောက်စဆရာကြီးနှင့် စကား ကောင်းနေသော ကျွန်တော့်မှာ ထိုင်ရာက ကပျာကရာ ထလာတော့ သူက ကားပေါ်လှမ်း အတက်၊ ကျွန်တော်က တိုက်ရှေ့အုတ်ခုံပေါ်မှာ မတ်တပ်အရပ်၊ လုပ်ကနဲသာ မျက်စိချင်းဆုံ လိုက်ရတော့သည်။ သူ့ပါပါမောင်းသည့်ကားက ထွက်သွားပေပြီ။

သူသည် ကျွန်တော့်ကိုမြင်မြင်ချင်း သိသည်၊ ထို့ကြောင့် လင့်ရှိဗာကားပေါ်မှ လက် ကလေးသာ ထုတ်ပြ၍ ကျွန်တော့်ကို ဂေ့ရမ်းပြသွားသည်။ ကျွန်တော်လွန်စွာ အားတက်သရော ဖြစ်သွား၏။

သို့သော်သူနှင့် ကျွန်တော်တွေ့ရမြင်ရခြင်းသည် ဤတကြိမ်သာပထမဦးဆုံးနှင့် နောက်ဆုံး ဖြစ်ကြောင်း မစဉ်းစားမိခဲ့သေး။ သူသည် တရက်ခြားတခါ ဆေးလာထိုးသည် ဆိုတော့၊ ကျွန်တော်သည် ဤဆေးတိုက်က လူများနှင့် သွားရောက်မိတ်ဖွဲ့ကာ ထိုနေ့တွင် သူ့ကို မျှော်လေ သည်။ သို့သော် ပေါ်မလာတော့။ ဆရာဝန်ကိုသာ သူတို့အိမ်သို့ဖုံးဆက်ခေါ်ကြောင်း သိရတော့၏။ ဘဇာကြောင့်နည်း။

အထူးစဉ်းစားစရာ မလိုပါ။ သူ့အဖေမှာ စုံထောက်ဌာနက အရာရှိကြီးဆိုတော့ ကျွန်တော့်လို နာမည်ရှိသောကောင်၊ သူမြို့ရောက်နေကြောင်း၊ တာဝန်ကျသူ တပည့်များက သတင်းပို့ လိုက်သောကြောင့် ဖြစ်ပေ၏။ နိုင်ငံရေးလှုပ်ရှားမှုတွင် နာမည်ရစာရေးဆရာများကိုလည်း ထည့်သွင်း စဉ်းစားကြ၏။

တယ်ပြီး မလွယ်သောကိစ္စပါတကား။

ရာဇဝတ်မှုခင်း၌ လည်းကောင်း၊ နိုင်ငံရေးကိစ္စတွင်လည်းကောင်း၊ ကျွန်တော်သည် ဘာမျှ အရာရောက်သောကောင်မဟုတ်။ သို့သော် သူ့အဖေအဖို့တွင်မူ ကျွန်တော်သည် အင်မတန် ကြောက်မက်ဘွယ်ကောင်းသော လူဆိုးကြီးဖြစ်ပေသည်။ သည်အထဲ ကျွန်တော်က ဗမာ့လမ်းစဉ် သတင်းစာတွင် လက်ကမြင်းလိုက်သေး၏။ အယ်ဒီတာများကလည်း ကျွန်တော့်သူငယ်ချင်း မိတ်ဆွေ များဖြစ်၍ ကျွန်တော်ရေးသမျှထည့်ပေး၏။

မျှော်လင့်သူ

မြင်ရှုံသာ မကြင်ရလေတော့

ရင်အုံမှာ တမင်ဆွသလိုပ

ယဉ်စစ သူ့မျက်နှာငယ်။

အော်. . . တနေ့ထူးမှာဖြင့်

တွေ့ဘူးတယ် ပျိုအလှကိုလ

မေ့ဘူးကွယ် ထိုခဏကိုဖြင့်

ကိုယ် တသသနေတော့တယ်။

ဘဝကံပါလာသမျှရယ်က

ခဏဖန် မကြာလှပေဘူး

စာသ,ရုံဖြင့် ချစ်ရေးကြွယ်

အဖြစ်ဆွေးဘွယ်ပ မောင့်သက်ထား။

ခရီးမလှပုံက

နီးရအောင် မဖန်သာဘူး

မန္တလာစံရာကျေးဆီက

မဟန်ပါ ပြန်ကာ ပြေးရလို့

ဝေးရလိမ့်လား။

သော်တာဆွေ

ဒီကဗျာ သတင်းစာထဲ ပါသွားတော့ သူ့ပါပါက ကျွန်တော့်ကို တော်တော် သနားသွား ဟန်တူပါရဲ့။ မြစ်ကြီးနား သူ့အလုပ်တာဝန်နဲ့သွားတာ သူ့သမီးပါခေါ်သွားတဲ့အကြောင်း၊ သူတို့ဌာန မှာ အလုပ်လုပ်နေတဲ့ အဲသည်တုန်းက ရာဇဝတ်အုပ် နှင်းဦး ကပြောလို့သိရသဗျ။

(ဃ)

'နေသေးသပ ချုံထဲက၊ ချိုသွေးလို့ တမြမြ'ဆိုသလို၊ ကဲ. . . ဘယ်လောက်တောင်များ ရှောင်ကွင်းနိုင်မှာလဲကွာဟု ကျွန်တော်သည် ပူပြင်းသော မန္တလေးမှာမနေ၊ ဆရာကြီးနှင့် အတူ မေမြို့သို့လိုက်သွား၍ လားရှိုးလမ်းရှိ နဂါးဒေါ်ဦး၏ တိုက်မှာအေးဆေးစွာ စောင့်စားနေထိုင်၏။ သူကလေး ပြန်ရောက်လျှင် သတင်းပို့ရန်လည်း နှင်းဦးကို မှာကြားခဲ့၏။

နှစ်ပတ်မျှအကြာ၌ သူတို့ပြန်ရောက်ကြောင်း သိရ၍ ကျွန်တော်မန္တလေးသို့ ဆင်းခဲ့၏။

သူကလေးထံမှ ကျွန်တော့်ဆီ စာရေးဘို့ မျှော်လင့်ခဲ့၏။ ကျွန်တော်မန္တလေးတွင် ရှိနေ သေးကြောင်း သိသာရန်လည်း ဗမာ့လမ်းစဉ် သတင်းစာတွင် မကြာခဏဆောင်းပါး ကဗျာများ ရေးခဲ့၏။

သို့သော် သူ့ထံမှ စာဝေးလို့ နှံပြည့်စုတ်မျှ မလာခဲ့။

စင်စစ်တော့ ဤမိန်းကလေးသည် သူ့ပါပါ၏ အစောင့်အရှောက်အောက်တွင် တပင် တိုင်နန်း ပြာသာဒ်၌ စံမြန်းသော မင်းသမီးလေးနှင့်တူ၍ ကျွန်တော်က ညဥ့်သန်းခေါင်ယံကာလ၊ ရထားပျံနှင့် သွားကာ ကြာခြည်ဆောင်ကို ဝင်နိုင်မှ ဖြစ်ပေတော့မည်။

ယခုတော့ ကျွန်တော်က ရထားပျံ မတတ်နိုင်သဖြင့် ခြေနင်းယာဉ် ဆရာကြီး၏ ဘိုင်စကယ်ကိုစီးကာ မြို့ပြင်ဘက်ရှိ သူတို့အိမ်ခြံဝင်းကျယ်ကြီးရှေ့မှ အခေါက်ခေါက် အခါခါ လမ်းသလားခဲ့သည်။ သို့တိုင်မှ သူ့ရွှေမျက်နှာတော်လေးကို မဖူးခဲ့ရ။

၃–လမျှကြာလတ်သော် ယခုကျွန်တော်နှင့် ပေါင်းဖော်နေသော ဇနီးလောင်းသည် တောင်ကြီးမြို့မှ ရန်ကုန်ဆရာဖြစ်သင်ကျောင်းသို့ ရောက်နေပြီဖြစ်ကြောင်း စာရတော့သည်။ ကျွန်တော်၏ဝတ္ထုများထဲတွင် တ'မေ'ထဲ 'မေ'ခဲ့သော သော်တာဆွေ၏ ပထမဦးဆုံး စာရည်းစား ပေတည်း။

'နဖူးစာ ရွာလည်'ခဲ့သော ကျွန်တော်သည် ဟိုဟာမကလေး ဒါလောက်တောင်ဟာ နေခဲ့ တာ့ကွာဟု စပျစ်သီး ချဉ်ကာမန္တလာမှ အမြန်ကလန်ဆောင့်ခဲ့တော့သည်။ သို့တိုင် ကျွန်တော် သည် ဝတ္တုရားကျေပွန်စွာ အောက်ပါ ကဗျာကို ရေး၍ပြန်မည့်နေ့ ပါအောင် ဗမာ့လမ်းစဉ် သတင်းစာမှာ ထည့်ခဲ့ပါသေး၏။

ခွန်းဆက်ပါ၏။

မန္တလာသာတဲ့ ကျေးဆီက
အပြန်မှာ စာဖွဲ့ ရေးခဲ့မယ်ကွဲ့
ညာနွဲ့လေးရယ်တဲ့. . . . သီစဖွယ်။
အစတုန်းကတော့
လှဖုန်း. . . . လာပါဆိုလို့
မှာတာကို ပျိုမေ မေ့ပြီလာ့
စောင့်ရက်တွေ ကိုးဆယ်ပြည့်တောင်မှ
တွေ့ရအောင် သူမဖန်ဘူး
တမူဟန် စိတ်သော် ပြောင်းတယ်ထင့်

လှမျက်ချယ်. . . နွယ်နွယ်နှောင်းရယ်. . .

ခေါင်းရှောင်တော့တယ်။

ညာနွဲ့ပျို ပျော်တဲ့ စရိုက်ကယ်နဲ့

ချာတဲ့ကိုယ်. . . 'ငသော်' မိုက်ကိုလ

လာခဲ့ဆို ကရော်လိုက်တာလာ့

မေးလိုက်ချင် သက်လှယ်ရယ်. . .

ဘယ့်နှယ်လဲ ညိုသွေး။

အခုမျှား

သူ့အား မမင်သာလို့

ကြင်ရှာသူ ပွေရတက်ကယ်နဲ့

မနေသာ ပြန်မည့်ရက်မှာဖြင့်

နှောင့်သဇင် မောင့်ကြင်သက်ကို

ခွန်းဆက်ခဲ့သေး။

(အို့ဗျ လိုချင်ရလှပါရက်ကယ်နဲ့

နှစ်ကိုယ်မကြင်ရပါတဲ့၊ မိုဆလင်မလေး

အပျိုစင်လှပဂေး

အော်. . . . ဝေး. . . ဝေး. . . . ဝေးသထက်ဝေး။)

သူကလေးထံမှ ကျွန်တော် အမြတ်ရလိုက်သည်ကတော့ ဤလေးချိုးငယ် နှစ်ပုဒ်ပါဘဲ။ ဒါကို ဘာကြောင့် အမြတ်ပေါ်သနည်း။ ဒီကဗျာတွေ ကျွန်တော်အလွတ်ရနေတော့ သတိရလို့ နှုတ်က

ရွတ်လိုက်မိပြီဆိုရင်၊ ဤရေးဖြစ်ပေါင်းတွေ ရှင်မြူးမိတော့ ဒီကဗျာ နှစ်ပုဒ်ဟာ ကျွန်တော့်အတွက် အားဆေးနှစ်ခွက်ပေါ့ စာရှုသူရယ်။

ကဲ နောက်ဆုံးအခန်းမှာဖြင့် မေနှင့်ကျွန်တော်မတွေ့မီ မိခိုင်နဲ့ဖြစ်ခဲ့တဲ့ ဇာတ်လမ်း ရေးရမယ်။ ဘာကြောင့်ဆို မေမလာမီ ၃–နှစ်လောက် ကတည်းက ခိုင်ဟာ ရန်ကုန်ရောက်နေ သည်။

## အခန်း – ၁၄

### လာမှာဆိုလို့ ငါ့ခမြာကြိုလို့

လားရှိုးမြို့

၁၆. ၄. ၅၁

အကိုဆွေ. . . . အကိုဆွေရေ

ခိုင်လာခဲ့တော့မည်၊ ခိုင်လာဘို့ဆုံးဖြတ်လိုက်ပြီ၊ ခိုင်တယောက်ထဲတော့မဟုတ်ဘူး၊ ခိုင်နဲ့ တတန်းထဲကျောင်းသူ ခိုင်ရဲ့အချစ်ဆုံး သူငယ်ချင်း၊ သူ့မှာတော့ ရန်ကုန်မှာဆိုလား၊ ပုဇွန်တောင် မှာဆိုလား၊ ဆွေမျိုးရှိတယ်တဲ့။ ခိုင်မှာတော့ ဘက်မှာမှမရှိဘူး၊ အကိုဆွေတယောက်ထဲဘဲရှိတယ်။

နို့ပြီး ခိုင့်သူငယ်ချင်းကလဲ ရောက်ရောက်ချင်း သူ့ဆွေမျိုးဆီ သွားမှာမဟုတ် သေးဘူး၊ ခိုင်နဲ့အတူ အကိုဆွေ့အိမ်လိုက်နေမယ်၊ နောက်မှ သူ့ဆွေမျိုးဆီ သွားသင့် သွားမယ်။ အဓိပ္ပာယ် ကတော့ ရှင်းရှင်းဘဲပြောထားပါမယ် အကိုဆွေရယ်။ ခိုင်တို့ နှစ်ယောက်ဟာ အကိုဆွေ့ဆီမှာနေ ချင်တယ်၊ အဲဒါခိုင်တယောက်ထဲဘဲနေလို့ရမယ်၊ သူ့ဘို့မဖြစ်ဘူးဆိုရင် သူ့ဆွေမျိုးဆီသွားမှာဘဲ။

ခိုင်တို့ရည်ရွယ်ချက်က အကိုဆွေ့ဆီမှာ အမြဲတမ်းမှီခိုနေဘို့ မဟုတ်ပါဘူး၊ ရန်ကုန်မှာ ကိုယ့်ဝမ်း ကိုယ်ကျောင်းကြဘို့ပါဘဲ။ သည်တော့ ဟဲ့ နင်တို့ ပညာက ဘယ်လောက်တတ်ကြလို့ လဲ မေးချင် မေးလိမ့်မယ်၊ မှန်တာ ရှင်းရှင်းနဲ့ဘွင်းဘွင်းပြောရရင် နှစ်ယောက်စလုံး ၉တန်းရှုံးကြလို့ အကိုဆွေရေ့။ မိဘတွေက ဆူတယ်ပူတယ်၊ ဒါကြောင့် . . . ဒါကြောင့်။

တရင်တခါစာမှာ ဖွဲ့အုန်းချိန်ကျောင်းက မအူပင်လမ်းထဲမှာဘဲဆိုတော့ အကိုဆွေ့ အိမ်နဲ့ ဘယ်လောက်ဝေးသလဲ မေးခဲ့တယ်၊ အကိုဆွေက မျက်နှာချင်းဆိုင်ဘဲပြောတော့ ခိုင်တို့ သိပ်ဝမ်းသာ သွားကြတာပေါ့၊ ဘာကြောင့်ဆို ခိုင်တို့ ရည်ရွယ်ချက်က ဖွဲ့အုန်းချိန် ကျောင်းမှာ လက်ရေးတိုလက်နှိပ်စက်သင်မယ်၊ ၆–လသင်ရင် အလုပ်ရစေမယ်လို့ ဖွဲ့အုန်းချိန် ကြော်ငြာကို တွေ့ထားတာကို အကိုဆွေရဲ့။

ဒီတော့ ဒီ၆–လလောက်ဘဲ ထမင်းကျွေးထားပါအကိုဆွေရာ၊ နောက် ခိုင်တို့အလုပ်ရ တော့ အကိုဆွေ့ကျေးဇူးတွေ ပြန်ဆပ်မှာပေါ့။

နောက်တခုရှိသေးတယ် အကိုဆွေ။ ခိုင်သူငယ်ချင်း မြင့်ဝေလှိုင်က သိပ်ချောတယ်။ Miss Lasho သူက ရုပ်ရှင်မင်းသမီး လုပ်ရရင်လဲ လုပ်မယ်တဲ့။ သူ့ဘော်ဒီက ၃၅၊ ၂၃၊ ၃၅ လက်မ။ ဟိုက်က ၅–ပေ ၃–လက်မ။ ဒီနှစ်မယ်ဘွဲ့ရတာ။

သူက အဲဒီကျန်းမာရေးနဲ့ ကိုယ်ကာယလှပမှုကို သိပ်ဝါသနာပါတာ။ ဒါကြောင့် ၉– တန်း ရှုံးတာ ၂–နှစ်။ သူ့အသက်က ခိုင့်ထက် ၂ နှစ်ကြီးတယ်။ ၁၈–နှစ်ရှိနေပြီ။ သူ့အဖေက ဗိုလ် ကပြားအစပ်လေ သေပြီ၊ အမေကတော့ရှမ်းမဘဲ၊ လှိုင်ဟာချောတော့ တော်တော်ကို ချောတယ်။ ဒါပေမယ့် အကိုဆွေ့ကိုတခု ပြောထားမယ် သူ့ကိုမကြိုက် နဲ့ သိလား၊ သူက ရည်းစားထားဘူး တယ်၊ အဲဒီ သူ့ရည်းစားကလဲ ဖျားပြီးတော့သေသွားတယ်၊ ဒါကြောင့် သူလဲစိတ်ညစ်လို့၊ ကဲ–ခိုင် တို့လာခဲ့မယ့်နေ့ကို သေသေချာချာပြောမယ်။ အခု ဒီစာရေးတဲ့နေ့က မေလ ၁၆–ရက်။ ၁၈–ရက်နေ့မှာ ခိုင်တို့လားရှိုးက မီးရထားနဲ့ ထွက်ခဲ့မယ်။ အဲဒီညမန္တလေးဘူတာမှာ အိပ်ရမယ်။ ၁၉–ရက်နေ့ မန္တလေးမနက်ထွက် ရထားနဲ့ လိုက်ခဲ့မယ်၊ ရန်ကုန်ကို အဲဒီရထား ဘယ်အချိန် ရောက်မလဲ။ အကိုဆွေ ဘူတာမှာ မေးမြန်းပြီးတော့ လာကြိုနေပါ။

အခုခိုင်နဲ့ လှိုင်တို့ရိုက်ထားတဲ့ဓာတ်ပုံ ထည့်လိုက်တယ်။ ပိုပြီးသိသာအောင် ခိုင်တို့ နှစ်ယောက်စလုံး ကျောင်းမှာဝတ်တဲ့ လုံချည်ပြာပြာ။ အင်္ကျီကတော့ ဖြူဖြူဘဲ။ လက်တို။ ခေါင်းမှာ ကျစ်ဆံမြီးနှစ်ခွချပြီး၊ ဖဲကြိုးစည်း အနီတပွင့်စီ ထိုးထားမယ်။

အကိုဆွေကရော ဘယ်လိုဝတ်မလဲ။ စာပြန်ဘို့အချိန်မရဘူး။ ဒီလိုလုပ်လေ . . အကိုဆွေ ခိုင့်ဆီပေးထားတဲ့ ပါးချိုင့်ကြီးခွက်ခွက်နဲ့ ပြုံးနေတယ်။ စတစ်ကော်လာနဲ့ အပေါ်အင်္ကျီအနက် ဝတ်ထားတယ်။ အဲဒီအင်္ကျီဝတ်ခဲ့ပါ။ နို့ပြီး ရင်ဘတ်မှာ ပန်းနီနီတပွင့် ထိုးပါ။ နို့ပြီးအကိုဆွေ့ ပါးချိုင့်ပေါ်အောင် ပြုံးပြပါ။

အောင်မယ် အကိုဆွေ့ အဲဒီဓာတ်ပုံ မြင်တော့လေ လှိုင်က ယူ့အကိုဆွေက ချစ်စရာကြီး ပါလားတဲ့။ ဒါကြောင့် အကိုဆွေသူ့မကြိုက်ဖို့ ကြိုပြီးသတိပေးထားတာ။ သူက ရည်းစားလဲ ထားဘူးတယ်။ စိတ်လဲသိပ်ကောက်တတ်တာဘဲ။

တော်သေးပြီ. .

အကိုဆွေ ဆက်ဆက်လာကြိုပါ။

ချစ်တဲ့ခိုင်

ကျွန်တော်မှာ ဒီစာဖတ်၊ သူတို့ဓာတ်ပုံကိုကြည့်ပြီး ရင်သပ်ရှုမောရတော့သပေါ့။ လှိုင်ဆိုတဲ့ မိန်းကလေးက တကယ်ချောပါလား။ ခိုင်ဟာ သူနဲ့ယှဉ်လိုက်တော့ ပုံကြမ်းလောင်းထားတာနဲ့ အချော ကိုင်ပြီးသား ယမင်းရုပ်လို ဖြစ်နေတော့သပေါ့။ အိုး. . . ချစ်စရာကိုး၊ မစ်စ်လားရှိုး. . .။

ခိုင်ဟာ အရုပ်ဆိုးသူတော့ မဟုတ်ပါဘူး၊ ရှမ်းမနဲ့ပန်ချာပီစပ်။ နုထွားကြီး။ အသက်၁၆–နှစ် ဆိုတော့ ပျို့အင်္ဂါမပြည့်စုံသေးဘူး။

ဒါကြောင့် သူ့စာတွေမှာ ပြောင်းဝလာလာနားပေမယ့် ကျွန်တော်သူ့ကို ရည်းစားဖြစ်အောင် မလုပ်ခဲ့သေးဘူး။

အခန်း ၄၊ (ခ)မှာ ဖော်ပြခဲ့တဲ့ သူ့စာတစောင်ကို ပြန်ကြည့်ပါလား။

အကိုဆွေ. . . . အကိုဆွေ. . . . အကိုဆွေ. . . . . အကိုဆွေ. . . . .

အမယ်လေးတော်. . . ခေါ်လိုက်ရတာ၊ အကိုဆွေဘာငေးငိုင်နေတာလဲ။ အကိုဆွေ့ ရည်းစားကို လွမ်းနေလို့လား၊ အကိုဆွေ့မှာရည်းစားရှိသလား၊ ရှိရင်ယောင်းမလောင်းကို ကြည့် ချင်တယ်ဆရာ။ ဓာတ်ပုံပို့လိုက်စမ်း၊

တကယ်ဘဲ. . . တကယ်ဘဲ ခိုင်သိချင်တယ်။ အကိုဆွေ့မှာ ရည်းစားရှိသလား၊ ရှိရင်ရှိတယ် ပြောနော် မညာရဘူး။

ဘာလဲ အကိုဆွေက ခိုင့်မှာကောလို့ မေးချင်သလား၊ မေးပါ ခိုင်ကတော့ ရှင်းရှင်းဖြေမှာ ဘဲ၊ မရှိရေးချမရှိ၊ ခုလဲမရှိ၊ နောင်လဲမရှိ၊ ဘယ်တော့မှ ရှိမှာလဲမဟုတ်။ ခိုင်က ဒါမျိုးနားလဲ မလည်ဘူး၊ ဝါသနာလဲမပါဘူး၊ အမေကလဲ မကြိုက်ဘူး။

ဟွန်း. . . ခိုင့်ကို နောက်ပိုးတဲ့ အကောင်တွေ အများကြီးရှိတယ်သိလား။ ဒင်းတို့ ဂရုမစိုက် ပေါင်။

ဒါထက် အကိုဆွေရာ၊ ဟောဒီလားရှိုးမြို့မှာ နေရတာ ခိုင်ပြင်းတယ်ကွာ. . . . အကိုဆွေတို့ ရန်ကုန်မြို့ကြီးရောက်ဘူးချင်တယ်။ ကဲ. . . ခိုင်လာရင်လေ အကိုဆွေ့အိမ်မှာ ခေါ်ထားမယ်လား၊ ထမင်း ကျွေးထားမယ်လား၊ ရုပ်ရှင်ပြမယ်လား၊ ပြောစမ်း ပြောစမ်း။

ကဲ. . . အဲသည်စာကို ကျွန်တော်လိုကောင် ဘယ်လိုပြန်လိုက်မလဲ မလိုပါဘူး၊ မိတ်ဆွေသိ ပြီးသားပါနော်။

အောင်မယ်လေး. . . တကယ်မလာဘူးလားလို့ဗျ၊ အခုတော့လာပြီဗျ၊ နှစ်ယောက်တောင်။ သူ့အဖော်ကလဲ ၃၅၊ ၂၃၊ ၃၅။ လက်မတဲ့။

ကျွန်တော့်မှာ ငိုရခက်၊ ရီရခက်။ ဝမ်းသာရမှာလား၊ ရင်ဆို့ရမှာလား၊ လက်ရှိအခြေအနေ က ယောက္ခမကို သားမယားတွက် ထမင်းလခ မှန်မှန်မပေးနိုင်လို့ သေခဲတဲ့ ဟာမကြီးနဲ့ တငြိမ်း ငြိမ်း နောင်ကျိမ်နေရတာ။

ဟယ်. . . တတ်နိုင်ပါဘူး ပေါက်တဲ့နဖူးမထူးကပြီ၊ ကျွန်တော်မှာ ဘယ်လိုကိစ္စဘဲဖြစ်ဖြစ် ကူညီ တတ်တဲ့ နာနီကိုဘဲ သူတို့ဓာတ်ပုံနဲ့စာကို ပြလိုက်ရတော့တယ်ခင်ဗျ။

နာနီက စာကို အစအဆုံး ဖတ်ပြီးတော့ ဝမ်းသာသလိုဘဲ ပြုံးလာတယ်ခင်ဗျ၊ နို့ပြီးသူတို့ ဓာတ်ပုံ ပြန်ကြည့်ပြီး. . .

''ချစ်စရာ လေးတွေဟဲ့''

ဟောဗျ. . . နာနီချစ်ပြန်ပြီ၊ သူ့မှာ မချစ်တာမရှိ၊ ကျွန်တော့်တချို့ မိန်းကလေးတွေ ဓာတ်ပုံဟာ မလှပါဘူး၊ ဒါပေမယ့်နာနီကတော့ 'ချစ်စရာလေးဘဲ'။

''ချစ်စရာလေးတွေတော့ ဟုတ်ပါပြီ နာနီရဲ့ ဒါတွေ ကျွန်တော် ဘယ်နယ်လုပ်ရပါ့မလဲ၊ မလာကြ နဲ့ ဆိုရအောင်ကလဲ ဒီနေ့ ၁၈–ရက် သူတို့လားရှိုး မန္တလေးရထားနဲ့ ပါလာခဲ့ကြပြီ''

နာနီကတော့ အေးဆေးစွာပင်။

''မောင်ကြင်ဆွေ နက်ဖန်ဘူတာသွားကြိုပေါ့၊ နာနီအိမ်ခေါ်ခဲ့ပေါ့။ ရှော့ဟင်း တိုက်ပင်း မောင်အုန်းချိန်ဆီ သင်ချင်လဲ သင်ကြပစေပေါ့၊ တယောက်က ရုပ်ရှင်မင်းသမီး လုပ်ချင်တယ်ဆိုလဲ ဖြစ်နိုင်ပုံပေါ်ရင် မောင်ကြင်ဆွေ့ မိတ်ဆွေသူငယ်ချင်း ဒါရိုက်တာရှိသားဘဲ''

ကဲ. . . နာနီနဲ့ တွေ့တယ်ဆိုဘဲ၊ ဒီပြဿနာဟာ အေးအေးလေးရှင်းသွားပြီ။ ကျွန်တော် တော်တော်ဘဲ အူမြူးသွားသည်။ နာနီအိမ်မှာ နှစ်ထပ်တိုက် အောက်ထပ်ကစာသင်ခန်း၊ အပေါ်ထပ် တခြမ်းက မိန်းကလေးတွေ ဘော်ဒါဆောင်။

အခုလာမယ့် ကလေးမတွေ နာနီကဘဲ ထမင်းကျွေးတော့မည်။ လက်ရေးတိုလက်နှိပ်စက် သင်ဘို့တော့ ကျွန်တော်ကဘဲ ကိုအုန်းချိန်ကို ကျောင်းလခလျှော့ပါရန် ပြောပေးရတော့မည်။

၁၉၅၁ ခုနှစ်၊ မေလ ၁၉ ရက်နေ့ညနေ ရန်ကုန်ဘူတာကြီးအတွင်းဝယ် ပိုးအင်္ကျီအနက်ကလေး ဝတ်ထားသော ကျွန်တော်သည်. . . .

မမြင် မကြင်ရသူ

ပန်းနီလွင်လွင် ရင်မှာထိုးပါလို့

လှမ်းကြည့်လျှင် မြင်သာနိုးပါငဲ့

ခင် လားရှိုးတို့ကိုတဲ့ မျှော်ရပြီ။

ဟော ရထားကြီး ဆိုက်ပါပေါ့

တံခါးအနီးတဝိုက်မှာ တွဲစဉ်ကြည့်ပါလို့

ပုလဲခင် နှစ်မိကို မျက်စေ့ရှာတော့

ခက်ပေ့ကွာ မတွေ့သေးပါလား

ဟော့ ရှေ့ပြေးကာ တဖန်လျှောက်ခဲ့လို့

တခေါက်ကယ် ပြန်ပေမယ့်

မဟန်လေ လူသာမော

ဇောဆိုက်ရသည်။

'၃၅-၂၃-၃၅'ရေ့

ဆုံးတဲ့ရထားလဲ ဆုံးလို့သွားပါပေါ့

ပြုံးလို့များတွေ့မယ် ထင်ခဲ့သူဖြင့်

ရင်တဲ့ပူလို့ စိတ်မကြည်

မနိပ်ပြီဘူးကွဲ့ အဖြစ်ဆန်း။

အော်. . . နောက်တနေ့ရယ်လို့

အောက်မေ့ကာ တခါကြိုလဲ

ကညာပျို မလာလို့ လွဲကြပေါ့

တကထဲမှ ခဲသမျှ အရာမထင်လို့

ထာဝစဉ် (ငါလျှင်)ဘဝင်မကျနိုင်ဘူး

မမြင် မကြင်ရသူရေ. .

တွေးဆ မျှော်မှန်းပါလို့

အော်. . . ဝေးက ရော်ရမ်း. .။ ။

တောက်–ငါ့ခြံထဲဝင် ငါ့နွားလို့ တွက်ထားတာ။ အရင်မူဆလင်မလေးတုန်းက မြင်ရုံသာ မကြင်ရ။ အခု ခင်လားရှိုးကျတော့ မြင်လဲမမြင်ရဘူး။ မကြင်လဲ မကြင်ရဘူး။ 'ဟဲ့–ရှူးများ ရှူးသလား ငသော်တာရယ်၊ နင့်ကို ဟိုက ချစ်ပါတယ်၊ ကြိုက်ပါတယ်ရယ်မဟုတ်၊ နင့်မလဲ ဓာတ်ပုံ မြင်ရတာနဲ့ အဖြစ်သဲလိုက်တာဟာ'

အို–ဘာဖြစ်ဖြစ်လေ၊ လှတဲ့သူအတွက်ဆိုရင် ကျွန်တော်ကဗျာဉာဏ်တော့ ထွက်တာဘဲ။ အခု လေးချိုးလေးတပုဒ်ရလိုက်ပြီ မဟုတ်လား။ ဒါဟာ အမြတ်ပဲ။

စာရှုသူများခင်ဗျား။ ကျွန်တော့်အဖြစ်ကတော့ ရှင်းပါပြီနော်။ တနေ့မလာ၊ နောက်တနေ့ ပါမလားလို့ နှစ်ရက်ဆက်ကြိုတယ်။ ဒီ '၃၅–၂၃–၃၅'ကိုတော့ ဓာတ်ပုံမြင်ရတာနဲ့ ကျွန်တော် တော်တော်စွဲနေတယ်။

မိန်းကလေးတွေဆိုတော့ သွားရလာရ မလွယ်ဘူးမဟုတ်လား၊ ဒါကြောင့် သူတို့ရက်ချိန်း ပြောင်းတဲ့စာ လာမလားမျှော်ခဲ့ပါတယ်။

ဟော. . . လာပါပြီဗျာ။

လားရှိုးမြို့

၁၉–၅–၅၁

အကိုဆွေ

ခိုင်ကို ခွင့်လွှတ်ပါ။ ဟိုကောင်မ သစ္စာဖောက်သွားတယ်လေ။ ၁၈–ရက်နေ့ ရထားပေါ် တက်ဖို့ ဟာ သူက ၁၇ ရက်နေ့ ညနေလင့်နောက်လိုက်သွားတယ်။

ဟယ်. . . ကျွန်တော်သူ့စာဆက်မဖတ်တော့ဘူး။ စာရွက်ကိုစာပွဲပေါ် ဖျတ်ကနဲ ချပစ်လိုက်တယ်။

တောက်. . . . ကျွန်တော်မှာ ရည်းစားတွေ ဒီလောက်များခဲ့ပါတယ်။ ဒါပေမယ့် ဖျားစူးစိ။ အဲသည် တုန်းက 'မယ်'တွေအဲဒီလောက်များတဲ့ ခေတ်မှာတောင် 'မယ်ဘွဲ့ရ'တယောက်မှ မစွံခဲ့ဘူး။ မယ်ဒဂုန် မေအေးတုန်းကလဲ စာကလေး တခါစီ အာနေး ဂျာနေး လုပ်ရသေးတယ်။ ကိုဆွေရာ. . . မလုပ်နဲ့ကွာ၊ မေအေးလဲ သိကြားသမီးမဟုတ်ဖူး။ ဒါပေမယ့် ဖေ့ဖေ့သမီးဖြစ်နေလို့

တော်တော့သပေါ့၊ ဖေဖေနဲ့ ကိုဆွေနဲ့ ရင်းနှီးပါတယ်ဆိုပြီး သူ့ဖေဖေ မည်သူမည်ဝါဖြစ်ကြောင်း ရေးပြလိုက်တော့၊ ဟိုက်. . သူ့အဖေ များ ပြောပြရင် ဒုက္ခဟဲ့လို့ ကျွန်တော်ရှက်လဲရှက်သွားတယ်။ သူ့အဖေက ကျွန်တော့်အကြောင်း အစင်း သိကိုး။

စာရှုသူခင်ဗျား

ကျွန်တော့်ဘဝဇာတ်ကြောင်း ဒုတိယအုပ်ကို ဤမျှနှင့် ရပ်နား၍ တတိယအုပ်ကို ဆက်လက် ထုတ်ဝေပါဦးမည်။

ရွှင်လန်းပါစေ

သော်တာဆွေ

၂၅-၉-၇၃

အခန်း – ၁၅

ဟော. . . ခိုင်လာပြီဗျ

၁၅–ရက်၊ ဇွန်လ၊ ၁၉၅၁

အကိုဆွေရေ. . . . ဝါးလို့အော်လိုက်ရလိမ့်မယ်။ အခု ခိုင်ဘယ်ရောက်နေသလဲ။ ဘယ်ကနေ စာရေးသလဲ သိလား. . .။ မပြောမပြီး မတီးမမြည် ပြောရတော့မည်။ ရန်ကုန်မြို့ ဆေးရုံကြီး R.G.H သူနာပြု ဆရာမများဂေဟာကပါခင်ဗျာ။

ခိုင်ဟာ ဒီလိုဝါးလိုက်ချင်လို့ ခိုင်သူနာပြုသင်တန်း NURSE'S TRAINING လျှောက်ထားတာ . . . အကိုဆွေ့ကို ကြိုပြောမထားတာ။ အခု. . . မနေ့က (၁၄–၆–၅၁)ဘဲရောက်တယ်။

အကိုဆွေ ဒီစာရ,ရခြင်းလာခဲ့နော်။ ၄ နာရီကျော်ရင် ခိုင်တို့အားတယ်။ အကိုဆွေနဲ့ တွေ့ရမှာ ခိုင်အားကြီးပျော်နေတယ်။ နို့ပြီး ရင်ထဲလဲ တထိတ်ထိတ်နေတယ်။ ဘာလို့လဲမသိဘူး. .

ခိုင့်ဆီစာရေးရင် ပေါက်ပေါက်ဆုပ်က–

Khaing (P.T:S)

Room No 9,

Nurse's Home.

R.G.H

Rangon.

အင်း–ကျွန်တော်မြော်လင့်တဲ့ ယမင်းရုပ်ကိုတော့ တခြားလူအတင်းသုတ်သွားပြီ။ အခုဟာက ပန်းပုဆရာ အပြီးမသတ်သေးတဲ့ရုပ်ထု။ ကျွန်တော်တယ်ပြီး စိတ်မပါလှပါဘူးဗျာ။ ဒါပေမယ့် ဘယ့်နှယ်လုပ်မလဲ။ နှစ်ရှည်လများ စာရေးပြီး မွေးထားခဲ့တာမဟုတ်လား။ တနေ့ တော့ ဒင်းကြီးလာ

လှလာမှာဘဲလို့။ စာရှုသူများ တခုသတိပြုစေချင်ပါတယ်။ ညှက်တဲ့မိန်း ကလေးတွေဟာ ငယ်ငယ်နဲ့ လှတတ်ပြီးတော့၊ ထွားတဲ့မိန်းကလေးတွေဟာ ကြီးမှကိုယ်လုံးကိုယ် ဖန် လှလာတတ်ပါတယ်။ အခု ခိုင်ကတော့ ပန်ချာပီနဲ့ရှမ်းမ စပ်တဲ့နုထွားကြီး. . .

ကဲ. . . တွေ့ရသေးတာပေါ့လေ။

ညနေ ၄ နာရီ၌ ထိုစဉ်က ဗိုလ်ချုပ်စျေး အနောက်ဖက်တန်း ၁၄၆ရှမဝ တိုက်ခန်းက ကျွန်တော်ထွက်ခဲ့သည်။

ကျွန်တော်သည် သူနာပြုဆရာမများ ဂေဟာသို့ တခါမျှမရောက်ဖူးသေးချေ။ ၁၉၄၉ခုနှစ် က သူများတွေ ဝိုင်းဘော၍ ဆေးရုံ ၁၁ ရက် တက်ခဲ့ရပြီး၊ ဆရာမများနှင့် သိကျွမ်းခဲ့သော်လည်း၊ 'နာ့စ်တွေက ကိုယ်ကကျွေးရတာကများပြီး သူတို့ဆီကစားရတာ နည်းတယ်ဆိုသံကြားရတာနဲ့၊ နို့ပြီး ကိုယ့်မှာလဲ ငွေကမဖောတာနဲ့ 'ကိုဆွေ ဆေးရုံကဆင်းရင်. . . ကျွန်မကိုရုပ်ရှင်ပြမလား. . . လို့ လမ်းခင်းပေးတာတောင် ကျွန်တော်ရှောင်ခဲ့တယ်။ ဒါကြောင့် သူတို့ဂေဟာ ဘယ်မှာဆိုတာ တောင် ကျွန်တော်မသိသေးဘူး။

ရင်ခွဲရုံဘက်က နေဝင်သွားလိုက်တာ Nurse's Home ဆိုတဲ့စာတွေ့မလားလို့။ အရှေ့ ကနေအနောက်၊ ဒိုးယိုပေါက်လျှောက်လိုက်ကြတာ လမ်းမတော်ဘက်က ပရိုက်ဗိတ်ဆေးရုံ သာရောက်ကရော မတွေ့။ ဒါနဲ့ လူတယောက်မေးတော့ နောက်ဖက်ပြန်သွားဘို့ညွှန်းပြီး ''ဂျူတီ က ပြန်လာတဲ့ ဆရာမတွေနောက် လိုက်သွားပေ့ါဗျာ၊ လွယ်ပါတယ်''ဆိုလို့ ထမီနီနီနဲ့ ဆရာမ တယောက်နောက် လိုက်သွားလိုက်တာ။ ဆရာမတွေနေတဲ့ အိပ်ခန်းတွေရောက်ကရော။ ကျွန်တော့် ရှေ့က ဆရာမက အခန်းနံပါတ် ၅ ဝင်သွားတယ်။ ကျွန်တော်ကတော့ နံပါတ် ၉ ရှိရာ ဆက်သွား တယ်။ ရောက်လဲရောက်ရော တံခါးပေါက်ကလေးဟ,နေတာ အသာလက်နဲ့ဆွဲဖွင့်ပြီး. .

''ဟော့. . ခိုင်''လို့လဲ ခေါ်လိုက်ရော၊ ကျွန်တော့်နောက်က အလန့်တကြားအသံနှင့်. . .

''အမယ်လေး. . . အကိုဆွေ''ဆိုပြီး သူ့မျက်လုံးပြူးလို့။

ကျွန်တော်က သူ့ခါတ်ပုံဖြင့် မှတ်မိ၍. . .

''အေး. . မင်း. . ခိုင်မဟုတ်လား၊ ဘာလို့ အထိတ်တလန့်ဖြစ်နေရတာလဲ''

''အကိုဆွေလုပ်ပုံကလဲ ကြည့်အုံးလေ. . .''

''ဟဲ့ ငါဘာလုပ်ရသေးလို့လဲ. . .''

''ခိုင့်အခန်းထဲ ဝင်တော့မလို့ မဟုတ်လား''

''အေးလေ. . . အခန်းနံပါတ် ၉ ဆိုလို့ မတွေ့တွေ့အောင် ရှာလာရတာ''

''ဘုရား. . ဘုရား ဒီလိုအဆောင်ထဲတောင် ရောက်အောင်မလာရဘူး''

''နို့. . ဘယ်လိုလာရမှာတုန်း''

''ဟောဟို ဂိတ်ဝကနေပြီးတော့ ဒရဝမ်ကို ဘယ်အခန်းကဘယ်သူ့ခေါ်ပေးပါလို့ ပြောရတယ်၊ ဒါမှမဟုတ် စာလေးရေးပေးပေ့ါ. . .''

''အေး. . . ဟုတ်လား၊ ငါသိပါဘူးကွာ. .၊ ဒါဖြင့် အခုဂိတ်ဝပြန်ပြီး ဒရဝမ်ကို ခေါ်ခိုင်းရအုံးမှာ လား. . .''

''အခုတော့ ဘယ်လိုတော့မလဲ အကိုဆွေရဲ့ နောက်ကိုပြောတာ၊ ကဲ. . လာ. . လာ ဧည့်ခန်းကိုသွားမယ် ဒီနေရာမှာစစ်စတာမြင်ရင်တော့ ဒုက္ခဘဲ၊ ထုချေလွှာ အတောင်းခံရမှာဘဲ''

''အို မသိလို့ ဖြစ်ရတာဘဲကွာ၊ မင်းကလဲ မနေ့တနေ့ကမှ ရောက်ခါစ၊ ငါကလဲ ဒီလိုနာ့စ်ကွာတာထဲ ဆိုတာ တခါမှရောက်ဖူးတာ မဟုတ်ဖူး''ဟု ပြောရင်း သူတို့ဧည့်ခန်းထဲသို့ ရောက်ကြလေသည်။

အလဲ့-စုံတွဲတွေနည်းဘူးဟ။ တချို့ဘေးချင်းယှဉ်လို့၊ တချို့ဒူးချင်းထိ ပေါင်ချင်းကလိလို့၊ တယ်အားကျစရာကောင်း။

သို့သော်-ကျွန်တော့်ဘင်္ဂလား ညီမလေးကတော့ အဲသည်အချိန်မှာ မရှုရှက်သေးဘူးဗျာ။ သူ့ခုတ်ပုံထဲကထက်တောင် ပိန်လို့။ ရှည်တောက်တောက် ငေါက်စင်းစင်းလေး။ ကြက်သမားစကားနဲ့ပြောရင် 'ဖီလာမစေ့'သေးဘူးခေါ်တယ်။ ဘယ်လိုလဲဆိုရင် ကြက်မြီးကောင်ပေါက် တကောင်ဟာ ဘယ်လောက်ဖဲ ကြီးမားထွားကြိုင်းနေနေ၊ အချိုးအစား ပုံမကျသေးဘူးဆိုရင် 'ဖီလာမစေ့' သေးဘူးခေါ်တာဘဲ။ ဖီလာဆိုတာက ကြက်ရင်ဘတ်မှာ အဖီရှိတယ်မဟုတ်လား၊ အဲဒီအဖီက သူကြီးသင့်သလောက် ကြီးလာရတော့မှ ကြက်ဟာ ပုံပန်းကျပြီး ပြည့်စုံသောလှပခြင်း ကို ရောက်တယ်။ ဖီလာစေ့ပြီလို့ခေါ်တယ်။

ဒါကြောင့် ခိုင်ဟာ အဲဒီအချိန်မှာ 'ဖီလာမစေ့'သေးဘူးလို့ ကျွန်တော်ပြောတာ but very prominsing အလားအလာတော့ များစွာရှိတယ်ပေါ့ဗျာ၊ ရှမ်းမနဲ့ ပန်ချာပီ စပ်တယ်ဆိုတော့ သူ့မျက်နှာက ကြည့်ရတာ တမျိုးလေးဘဲ။ နောင်ဖီလာစေ့လို့ ပြည့်ပြည့်စုံစုံကြီးလုလာပြီဆိုရင် ထူးခြားသော ရုပ်ဆင်းအင်္ဂါ ဖြစ်လာမယ်လို့ ကျွန်တော်တွက်တယ်။

မှန်တယ်၊ ခိုင်ဟာ ပထမဦးပိုင်းက တလတခြား၊ တလတခြား၊ နောက် ဒုတိယပိုင်းမှာ နှစ်ပတ်တခြား နှစ်ပတ်တခြား လှလှလာလိုက်တာ ၁၉၅၁ခုနှစ်ကုန်တော့ သူ့အလှပြည့်စုံရောဗျို့။

ရောက်စက စာမေးပွဲမအောင်လို့ သူ့မိဘကလဲဆူထားတော့ စိတ်ကလဲညစ်နေတယ်။ လားရှိုးသူဆိုတော့ ခပ်ရိုးရိုးဘဲအဆင်အပြင်ကလဲ မတတ်သေးဘူး။

နောက် သူရန်ကုန်မှာ တဖြည်းဖြည်းကြာလာတော့ နာ့စ်ဘဝမှာလဲ ပျော်လာတယ်။ ရန်ကုန်သူတို့ရဲ့ ဖီးလိမ်းပြင်ဆင်မှုလဲ တတ်လာတယ်။ အသက်ကလဲ ၁၇ နှစ်ကျော်လာတော့ သူ့အလှရဲ့ အထွတ်အထိပ်ကို ရောက်ပြီပေါ့။

ဒီနေရာမှာ ကျွန်တော့်ကိုလဲ တဖက်ကလှည့်ပြီး ချီးမွမ်းကြပါအုံး၊ ခိုင်အလှတက်လာပုံကို နှစ်ပိုင်းခွဲပြခဲ့တယ်မဟုတ်လား၊ ပထမပိုင်းမှာဆိုရင် ခိုင်က ရုပ်ရှင်ကြည့်ချင်ပါတယ် ဘယ်သွား ချင်ပါတယ်၊ ပူဆာမှ မလွဲသာလို့။ နောက် ဒုတိယပိုင်းကျတော့ ''ခိုင်ရေ. . ဘယ်ကားကောင်းလိုက် တာကွာ၊ ဘယ်နေ့သွားကြည့်ရအောင်'' ''ဟာ. . အခု တရိစ္ဆာန်ရုံမှာ ဘာကောင်အသစ်ရောက်ပြန် ပြီ၊ ကဲ . ခိုင် အကိုဆွေတို့ ရွှေတိဂုံဘုရားကြီးမဖူးရတာလဲ ကြာသွားပါပကော''စတဲ့ သဘောတွေ၊ သဘောတွေ။ ကျွန်တော်သိပ်သိပ် ရက်ရော ရက်ရောလာတယ်၊ ဘာလို့လဲမသိပါဘူးနော်။ တမျိုးကြီးဘဲ ဟဲ. . ဟဲ''

အင်္ဂလိပ်စကားနဲ့ပြောရရင် The bird in my hand (ကိုယ့်လက်ထဲငှက်ကလေး)ဘဲ။ ကိုယ်သဘောရှိ ချယ်လှယ်ဖန်တီးနိုင်ပါတယ်။ သို့သော်. . . ကျွန်တော် အရင်မလိုဘူး ကျွန်တော့်မှာ ယူနိုင်တဲ့အခြေအနေကလဲ မရှိသေးတော့၊ ဘင်္ဂလားမောင်နှမလိုဘဲ နေတာကောင်းတယ်။

စာရှုသူများခင်ဗျား၊ ခင်ဗျားတို့ဟာ သမရိုးကျ ရည်းစားတော့ ထားဘူးကြမှာဘဲ။ သို့သော်. . . . ဘင်္ဂလားမောင်နှမရယ်လို့ ရှိခဲ့ကြဘူးလား။ ဘင်္ဂလားမောင်နှမဆိုတာ ဘယ်လိုလဲ။ ကျွန်တော် ကဗျာတပုဒ်နဲ့ သရုပ်ပြပါမယ်။

## ဘင်္ဂလားမောင်နှမဘွဲ့လေးချိုး

အရင်းအဖျား တောင်မကျ မြောက်မကျနဲ့

အခင်းပွားကာ မမှောင်ရအောင်လဲ

မယွင်းမှားအောင် ရှောင်ရရှားရပါတဲ့

ဘင်္ဂလား မောင်နှမဆိုတာ။

ကျွန်တော်ပြောပြမယ်ဗျ

အော်. . . သဘောကတော့

အတော်ချောသပ နှမကညာငယ်

လှကလျှာ ဖြူသတိုးရယ်နဲ့

အရသာ မူတမျိုးပါဘဲ

ညီမပာ သူဆိုးချင်လဲ ဆိုးပေလိမ့်

မရိုးတဲ့ အာရုံညာဉ်နဲ့

ကာမဂုဏ်တွင် တဖုံဆန်းသည့်မို့

နှစ်ဦးယှဉ်ကာ နဖူးပြင်ကိုလေ

နမ်းချင်လျှင် နမ်းနိုင်တဲ့ သဘောပါဘဲ

ကျောကလေး ကိုင်ချင်လာတော့

စတိုင်တွင် မောင်နှမရယ်လို့

စိတ်ကလိမ်ညာ။

တနေ့သောအခါ ဘယ်လိုဖြစ်မလဲ

အတွေ့သဘောမှာ အရွယ်ပျိုမျစ်ကြတော့

ဟို. . . အချစ်ကိုဖြင့် ဦးတည်ကာ

ထူးတယ်ဗျာ. . ရှူးတယ်ကွာ. . လို့ ဆိုကြမှာဘဲ။

အဆုံးသတ်မှာတော့

အမုန်းဇာတ် ဖန်ချင်ဖန်တော့

ဟန်လျှင်ဟန် နှစ်ကို ညားကြလိမ့်

ကံပင်အမှန် ထိုတံရားပါဘဲ

စကားကုန် အစုံမပြောခင်မို့

နှစ်ပါးဆုံ မြုံမနောမှာဖြင့်

ဇောမွေ့ကြဆဲ။ ။

စာရှုသူများ ခင်ဗျား။ စကားအဆင်သင့်တုန်း ဒီနေရာမှာကျွန်တော် ကြွားပါရစေ၊ ကျွန်တော်ဟာ ကဗျာဆရာအဖြစ် မရောက်သေးသော်လဲ မြန်မာကဗျာ စပ်နည်းစပ်ထုံး အားလုံး ကုန်စပ်တတ်ပါတယ်။ သည်အထဲမှာ ကျွန်တော်ဟာ လေးချိုးကို သဘောကျဆုံး၊ အကြိုက်ဆုံး၊ အားအရဆုံးပါဘဲ။ သူကလွတ်လွတ်လပ်လပ် အကန့်အသတ်မရှိဘူး။ ကာရန်နဘေ ရသမျှတွေ သွင်းနိုင်တယ်။ နို့ပြီးဖတ်လို့မှတ်လို့ ကောင်းတယ်။ လွယ်တယ်။ ကိုယ့်ဟာကိုယ် အမြဲတန်း အလွတ်ရနေနိုင်တယ်။ သည့်ပြင်ရတု၊ ရကန်တွေ ကျွန်တော်စပ်ခဲ့ဘူးပါတယ်။ ဒါပေမယ့် ခုပြန်မမှတ်မိတော့ဘူး။

ကြည့်ပါလား. . တနေရာမှာ ဖော်ပြခဲ့တဲ့ ‘ပညာရှာအရွယ်တွင်းဟာမို့’ အစချီတဲ့ လေးချိုး ဟာ ကျွန်တော် ၁၈ နှစ်သားကရေးခဲ့တာ။ ခုအကုန်ရတယ်။

ကျွန်တော် ဝတ္ထုတွေရေးတဲ့အခါ သိပ်ရေးကောင်းလာပြီဆိုရင် အဲသည်ဝတ္ထုသွားနဲ့ စပ်လျဉ်းတဲ့လေးချိုးတပိုဒ် ခေါင်းထဲဆိုက်လာရော။ အဲသည် ပထမပိုဒ်ရေးချလိုက်ပြီး ဒုတိယပိုဒ် မရေးရမနေနိုင်ပြန်ဘူး။ နောက်တတိယပိုဒ် ဆက်တိုက် ဆက်တိုက်လေးပိုဒ်စလုံး မပြီးမချင်း မနေနိုင်။

ပထမပိုဒ်နဲ့ ဒုတိယပိုဒ်ဟာဖြင့် ကျွန်တော် စက္ကူကြမ်းမကိုင်ရပါဘူး။ အဲ. . . တတိယပိုဒ်ရောက်တော့ 'ပြန်ဂဟပ်'ကရှိနေတော့ စက္ကူကြမ်းကိုင်တယ်။ အအုပ်အခံကာရန်ညှိရတယ်ဗျ။ သို့သော် ကျွန်တော် အဲဒီလေးချိုးမျိုး တပုဒ်မှာ သိပ်မကြာပါဘူး။ ၅–မိနစ် ၁၀မိနစ် အလွန်ဆုံး ၁၅မိနစ်ပါဘဲ။

အဲဒီလေးချိုး တပိုဒ်လုံးလဲပြီးရော ကျွန်တော် စာဆက်မရေးနိုင်တော့ပြန်ဘူးဗျ။ ဒီဟာဘဲ ထပ်ထပ်ဖတ်ရင်း ကဗျာ့အရသာခံနေမိတော့သဗျ။ ကိုယ်စပ်တဲ့ကဗျာဟာ ကိုယ့်အတွက်အရသာ အရှိဆုံးခင်ဗျာ့။

ဝတ္ထုကရေးပြီးရင် နှစ်ခါပြန် မဖတ်ချင်ပါဘူး။ ကဗျာကျတော့ သတိရတိုင်း တတွတ်တွတ် အလွတ်ရွတ်နေတာပေါ့ဗျာ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြီး အင်မတန်အရသာရှိတာဘဲ။ ဒါကြောင့် ကျွန်တော့်မှာလေ ပျင်းတယ်၊ စိတ်ညစ်တယ် ဆိုတာမရှိသလောက်ဖဲ။ ကျွန်တော့်ကဗျာတွေကလဲ များသောအားဖြင့် ကိုယ့်အချစ်နဲ့ပတ်သက်ပြီး စပ်ခဲ့တာတွေဆိုတော့ လေးချိုးတပုဒ်ငယ်ချစ် တယောက်။ သည်လေးချိုးရွတ်လိုက်တာနဲ့ အဲဒီငယ်ချစ်ဟာ ကျွန်တော့်ဆီဘွားကနဲ ရောက်လာ တာဘဲ။ ဒီတော့ ကျွန်တော့်မှာ ငယ်မူပြန်လို့ ရွှင်လို့ပျလို့။

## အနုပညာသည်တို့၏အရသာ

ကျွန်တော်အခု စာရေးသက် အနှစ်အစိတ်ကျော်ခဲ့ပြီ။ ဟိုတုန်းက ''မင်းစာရေးဆရာဘဝ ဘာလို့ နှစ်သက်သလဲ''ကိုယ့်ကိုယ်ကို မေးကြည့်တော့ ''ငွေရလဲလွယ်တယ်ကွာ၊ ကျော်ဇောမှုလဲ ရှိတယ်၊ နို့ပြီး စာရည်းစားတွေ ဘင်္ဂလား မောင်နှမတွေနဲ့ ဘယ်လောက်နိုပ်သလဲ'' အဲလိုဖြေခဲ့ တယ်။

စင်စစ်တော့ အဲဒါတွေမဟုတ်ပြန်ဘူးဗျို့ ခုတဖန် သိလာပြန်တာက စာရေးဆရာဟာ သူ့စာရေးစာပွဲမှာ သူ့စိတ်ကြိုက်အနေအထိုင် ကင်းမဲ့စွာ ထိုင်ရေးနေရတဲ့ အခါကို အရသာ တွေ့နေတာဗျို့ သူ့ဇာတ်ကောင်တွေနဲ့သူနဲ့ ပျော်လို့၊ သူကဇာတ်ကောင်တွေကို စပြီး ဖန်တီးတယ်။ ဒီတော့ သူ့ဇာတ်ကောင်တွေက အသက်ဝင် လာပြီးတော့ သူခေါ်ရာလို၊ သူပို့ရာ သွား သူခိုင်းရာလုပ်တယ်။ တခါတရံကျတော့ သူ့ဇာတ်ကောင်က သူလိုချင်တိုင်းမရဘူး။ ငြင်းဆန်ရုံမကဘူး။ စာရေးဆရာကိုပါ သူတို့ဆန္ဒရှိရာ ခေါ်သွားတတ်သေးဗျ။ ဒီတော့ စာရေးဆရာ မှာ သူမမြော်လင့်တာတွေ ရေးလိုက်ရတဲ့အတွက် ပိုကောင်းသွားတာလဲ ရှိသဗျ။ သို့မဟုတ် ကိုယ့်ဇာတ်ကောင် ကိုယ်မနိုင်လို့ ကိုယ့်ဦးတည်ချက် လွဲသွားတာလဲရှိတယ်ဗျ။

အခု ကျွန်တော်ပြောနေတာကို အချို့လူတွေအဖို့ နားလည်နိုင်ဘို့မလွယ်ဘူး။ သို့သော် ကဗျာစပ်ဘူးတဲ့ လူကတော့ လွယ်လွယ်သဘောပေါက်လိမ့်မယ်။ ဘာကြောင့်ဆို သူဟာ ကဗျာစပ်တဲ့အခါမှာ ကာရန်ခေါ်သွားတာကိုပါ သွားဘူးမှာဘဲကိုး။

စာ စကားပြေမှာလဲ ဝါကျက စာရေးဆရာကို ခေါ်သွားတတ်တယ်။ အခု ကျွန်တော့်ကိုယ်တွေ့ နီးနီးကပ်ကပ်ဖဲ ပြောပြမယ်လေ။ ကျွန်တော့်ရည်းစားဟောင်း ခိုင်အကြောင်းကို ရေးနေရာက၊ ဘင်္ဂလားမောင်နှမ သရုပ်ပြတဲ့ လေးချိုးလေးရေးမိတယ်။

အဲသည်ကဗျာလဲပြီးရော၊ ကောင်မလေး မေ့သွားပြီ၊ ကျွန်တော်ကိုယ်ရည်သွေးမိတယ်။ ကြည့်စမ်း စာရှုသူများခင်ဗျား၊ စကားအဆင်သင့်တုံး ဒီနေရာမှာ ကျွန်တော်ကြွားပါရစေဆိုပြီး ကတည်းက ဝတ္ထုဟန်ပျောက်ပြီး 'အနုပညာသည်တို့၏ အရသာ'ဆိုတဲ့ ခေါင်းစည်းနဲ့ ဆောင်းပါးဖြစ်သွားပါကရောလား။ ဒီခေါင်းစည်းလဲ ရေးပြီး ဒီနေရာရောက်မှ ဒီအမည်တပ်ရမှန်း သိလာတာ ပါ။

အဲ. . . သည်တော့ ဟိုကလေးမ နံဘေးချပြီး ဒီဆောင်းပါးပြီးအောင် ဆက်ရေးရတော့မယ်။

စာရေးဆရာ အရသာဟာ (ငွေရလဲလွယ်တယ်၊ ကျော်ဇောမှုလဲရှိတယ်၊ နို့ပြီး စာရည်းစားတွေနဲ့ ဘင်္ဂလားမောင်နှမတွေနဲ့ ဘယ်လောက်နိပ်သလဲ)လို့ ကိုယ့်ကိုယ်ကို ဆန်းစစ်ပြီး ကိုယ့်မေးခွန်း ကိုယ်ဖြေခဲ့စဉ်က ၁၉၅၃–ခုနှစ်ကနေပြီး ၁၉၆၄–ခုနှစ်လောက်ထိ ၁၀–နှစ်ကျော် ကျွန်တော်အမှန်ဘဲ ငွေရှင်ခဲ့ပါတယ်။ ဝတ္ထုတိုတပုဒ် ၃၀၀–ကျပ်ရပါတယ်။ ရှုမဝမဂ္ဂဇင်းထဲမှာ အဟီကဏ္ဍကိုင်တဲ့အတွက် ၃၀၀–ကျပ် နောက်အဟီကိုကိုယ့်ဟာကိုယ်ထုတ်။

အဲသည်တုန်းကဆို မြဝတီကထွက်စ။ 'ဆရာ့ဝတ္ထုနံမယ်သာပေးပါ၊ ငွေကိုကြိုယူပါ'လို့ တစာစာ တောင်းနေတယ်။ နို့ပြီးအဲသည် မြဝတီက ကျွန်တော်တို့ ပေါင်းတည်သား။ အဲသည်တုန်းက ဗိုလ်မှူးချုပ်အောင်ကြီးက ဦးစီးပြီး ထုတ်ဝေတာလား။ (သော်တာဆွေဆီကဝတ္ထုလစဉ်ရအောင်တောင်းသူကြိုလိုချင်ရင် ငွေ ၅၀၀–ကျပ်အထိ မြဝတီငွေစာရင်းဌာနကပေးစေ၊ သည်ထက်ပိုမယ်ဆိုရင် ကျုပ်တို့ဘုတ်အဖွဲ့ကို တင်ပြ)လို့ အမိန့်ထုတ်ထားသဗျ။ ဒါကျွန်တော် တယောက်တည်းသာ မဟုတ်ပါဘူး။ အခြားနာမည်ကြီး စာရေးဆရာများလည်း ပါပါသေးတယ်။

ဟော. . . ခုတော့ဖြင့် (မစိုပြေ နကိုရေပျက်ယွင်းလို့ ဆိုရမယ်။) ရှုမဝကလဲ ကျွန်တော့်ကို ဟိုတုန်းကလို မပေးနိုင်တော့ဘူး။ မြဝတီ ငွေတာရီက ဟိုတုန်းက အတိုင်းဘဲ တပုဒ်ကို ၁၅၀–ကျပ်ပေးပေမယ်လို့ လစဉ်ဆက်မထည့်နိုင်ဘူး။ တလခြားနှစ်လခြားမှတဲ့။ ခွဲတမ်းနဲ့ စာမူခပေး ပုံလဲ ကြည့်ဦးလေ။ ဟိုတုန်းကလို အယ်ဒီတာတဦးတည်း သဘောနဲ့ မပြီးတော့ဘူး။ အဖွဲ့နဲ့။ ပထမအယ်ဒီတာအဖွဲ့ကဖတ်၊ ရွေးရင်ဘုတ်ကိုတင်၊ အဲဒီဘုတ်က လက်ခံတော့မှ မဂ္ဂဇင်းထဲမှာ

သုံးမယ်လို့ သေချာတယ်။ ဒီတော့ စာမူခရရောတဲ့လား။ မရသေးဘူး။ အဲသည်ဝတ္ထုကို ပုံနှိပ်ဖို့ စာစီခန်းပို့တော့မှ ပေးစေလို့အထက်က အမိန့်ထုတ်ထားသတဲ့ဗျ။

ကဲ. . . ဟိုတုန်းက ဝတ္ထုနာမည် ပေးရုံနဲ့ ငွေရတဲ့ကောင်အခု အဲသည်လို ဖြစ်နေပြီ။

ခုအခြေမှာ ကျွန်တော် စာရေးဆရာ တယောက်အနေနဲ့ငွေက အဲသည်လောက်ခဲယဉ်း နေပါတယ်။ နိုပြီးစာရည်းစားတွေ ဘင်္ဂလားညီမတွေဆိုတာလဲ အခု (ဒီအရွယ်ကြီးမှာ) တကောင် တမြီးမှ မရှိတော့ပါဘူး။ ဒါပေမယ့် ကျွန်တော်ဟိုတုန်းကထက် ပိုပြီးစာရေးချင်တယ်။ နေ့စဉ် မပြတ် မရပ်မနား ရေးနေချင်တော့တာဘဲ။ ဟိုတုန်းကလို အပျော်အပျက် ဝတ္ထုတွေမဟုတ်တော့ ဘဲ လေးနက်တဲ့ ဘဝသရုပ်ဖော် ဝတ္ထုတွေရေးချင်တယ်။ ဝတ္ထုသာမကဘူး။ ဆောင်းပါး၊ ဆောင်းပါးမှ မဂ္ဂဇင်းဆောင်းပါး၊ သတင်းစာဆောင်းပါး၊ ဂျာနယ်ဆောင်းပါးတွေ ရေးချင်တယ်။ ကိုယ့်စာရေးစာပွဲမှာ ကိုယ်ထိုင်ပြီး ကိုယ်ရေးချင်တာတွေရေးနေရတဲ့ အရသာဟာ ကျွန်တော့် အဖို့ ဘာနဲ့မှမတူပါဘူး။ အနုပညာစျာန် ဝင်စားတယ် ဆိုပါရစေ။ အဲသည်အခါမျိုးမှာ ညောင်းတာ ညာတာလဲမသိဘူး။ ထမင်းဆာတာလဲ မသိဘူး။ အစွမ်းကုန်ပြောမယ်ဗျာ။ ကိုယ်ဖျား နေတာကိုတောင် မသိဘူး။

မှတ်မှတ်ရရ ပြောရဦးမယ်ဗျာ။ ၁၉၆၁–ခုနှစ်၊ ဇန္နဝါရီလ ပထမသီတင်းပတ်ထဲမှာ 'ကျွန်တော် လူဆိုးပါသို့သော်''ဆိုတဲ့ ဝတ္ထု။ ကျွန်တော်ဆန်ကုန်သည်ဘဝက မြစ်ကြီးနားမှ ရည်းစားဖြစ်ခဲ့တဲ့ မိန်းကလေးတယောက်။ သူနဲ့ပတ်သက်လို့ အဲသည်မိန်းကလေးဟာ သီလရင် လုပ်နေတဲ့အကြောင်း သူ့မောင်ဆီကစာလာတာနဲ့ ကျွန်တော့်ဘဝ ရှင်းတမ်းဝတ္ထု ရေးနေတယ်။ ကိုယ့်ဘဝကို အမှန်အတိုင်းပြန်ရေးနေတာ သိပ်ကောင်းတာဘဲ။

အဲ. . . ဝတ္ထု ပြီးခါနီးလောက်မှာ ကျွန်တော့ဇနီး မေက အနီးလာပြီးတော့ ''မောင့်ကြည့်ရ တာ တမျိုးကြီးဘဲ၊ ဖျားများနေလား''ဆိုပြီး နဖူးစမ်းကြည့်ရင် ''ဟာ. . ဟုတ်တာပေါ့၊ ကိုယ်တွေ ပူနေတယ်''

ဒီတော့ ကျွန်တော်က ''ဟေ့. . . . သွားစမ်း၊ ဖျားတယ်ဆိုတာ ငါ့မှာမရှိဘူး''

သို့သော် သူက စိုးရိမ်စွာနဲ့ သူ့မှာရှိနေတဲ့ ပြဒါးတိုင် ယူလာပြီး ကျွန်တော့်ပါးစပ်ထဲ ထည့်တယ်။ ကျွန်တော်က ပြဒါးတိုင်ငုံရင်းလဲ စာရေးနေတာဘဲ။ နောက် သူပြဒါးတိုင် ပြန်ထုတ် ကြည့်လိုက်ပြီးတော့ အလန့်တကြား. . .

''အောင်မယ်လေး မောင်ရေ ၁၀၁ တောင် ပါလား''

''နင့်ဟာ ၁၀၁မကလို့ ၂၀၂ ဖြစ်ဖြစ် သွား သွား ငါ့ဘာမှမဖြစ်လို့ စာရေးနိုင်တာဘဲ''ဆို ပြီး ပြီးခါနီး ဝတ္ထုကိုအဆုံးသတ်လိုက်တယ်။ သည့်နောက်. . .

''ဟော့ ငါမြို့ထဲကျမှ ဟော်တယ်မှာဘဲ ထမင်းစားတော့မယ်''ဆိုပြီး အိမ်က ထွက်ခဲ့တယ်။

မေကတော့ ''မောင်ဟာ ပြောမရဘူးနော် အားကြီးခေါင်းမာတယ်''ဆိုပြီး ကျန်ခဲ့၏။

မြို့ထဲရောက် ဘတ်စ်ကားပေါ်က ဆင်းတော့ ဟဲ့ တဲ့ ကျွန်တော်ချောင်းတဟွတ်ဟွတ် ဆိုးလာတယ်။ ဒီလိုနဲ့ ရှမဝရောက်၊ စာမူပေး၊ ငွေ ၃၀၀–ကျပ်ရပြီး ပြန်ထွက်ခဲ့တော့ ချောင်းဟာ ဆိုးသထက်ဆိုးလာတယ်။ ဒါနဲ့ မဂိုလမ်းဆေးတိုက် တခုသွားအကောင်းဆုံး၊ ချောင်းဆိုးပျောက် ဆေးတပုလင်း ပေးစမ်းဆိုပြီးအဖုံးဖွင့်၊ အရက်သောက်သလို တပုလင်းလုံး မော့ချလိုက်တော့၊ ရောင်းတဲ့မိန်းကလေးက မျက်လုံးပြူးလို့။

''အောင်မယ်လေး ဒီလိုမသောက်ရဘူးရှင့်၊ သူ့အညွှန်းအတိုင်းတဇွန်းစီ သောက်မှပေါ့''

ကျွန်တော့်မှာ ချောင်းတဟွတ်ဟွတ် ဆိုးလျက်ဖဲ။

''မင်းဟာက အခုတပုလင်းလုံး ကုန်တာတောင် မပျောက်သေးတာ တဇွန်းစီသောက်နေ လို့ကော ဘာထူးတော့မှာလဲ''ဆိုပြီး ပုလင်းခွံနဲ့သူ့ဆေးဘိုး ပေးလိုက်ပေးပစ်ခဲ့တယ်။

အဲသည်တော့ ကျွန်တော့်ကိုယ်တွေ ပူလာတယ်လို့လဲခံစားမိလာတယ်။ ကေန်ဖျားပြီဘဲ။ ဟင်ဒီအဖျားနဲ့ ချောင်းတော့ ငါအရက်နဲ့ မောင်းထုတ်လိုက်မယ်၊ ဒင်းတို့ခံနိုင်ရိုးလားဆိုပြီး တာဝါဘားသွား ရမ်အသေးတလုံးမှာ ပထမဝမ်းပက် ဆိုဒါတဝက်နဲ့ချလိုက်တယ်။ တချက်ထဲ မော့ပစ်လိုက်တယ်။

မကြာဘူး ပြန်အန်ထွက်လာတယ်။ အင်း ဝိသေသတော့ ထူးပေါ့။ အရက်သမားပါးစပ်က အရက်ပြန်ထွက်တယ်ဆိုတော့ မကြုံဘူး မကြားဘူးတဲ့အဖြစ်မျိုးပါလား။ မြွေခံတွင်းက ကြွက်ပြန် ထွက်လာတဲ့သဘောဘဲ။

ဘာရမလဲ။ တနည်းကြံဦးမယ်။

''ဟော့ ခရစ်ရှ်နား''

''ဆပ်''

''သံပုရာသီးနဲ့ဆားနဲ့ ယူခဲ့စမ်းကွာ''

ကျွန်တော်ဆားနဲ့သံပုရာရည် လျက်လိုက်တယ်။ ပြီးတော့ရမ်နောက်တခွက်မှာ၊ သံပုရာသီးတခြမ်း ညှစ်ထည့်လိုက်တယ်။

ဒါလဲမရဘူး။ ဗွက်ကနဲ ပြန်ထွက်လာတယ်။ ဒီတော့မှ ကျွန်တော်လက်လျှော့ပြီး အရက်သမား ဝမ်းဗိုက်က အရက်လက်မခံတော့ဘူးဆိုရင် မိချောင်း ရေနစ်တာနဲ့ အတူတူဘဲ။ ထို့ကြောင့်. . .

''ဟေ့. . ခရစ်ရှ်နားရေ''

''ဆပ်''

''ငါတော့ ငါ့မိန်းမပြောတဲ့စကား မှန်နေပြီ ထင်တယ်ကွ''

''ဆရာ့မိန်းမက ဘာပြောသလဲဆပ်''

''ငါ. . . ဖျားနေသတဲ့''

''အာ ဟုတ်လား၊ ကျွန်တော် ဆရာ့နဖူး စမ်းကြည့်မယ်၊ ကန်တော့နော် အာခြစ်ခြစ်တောက်ပူနေတာဘဲ၊ သေသေချာချာ ဖျားတာပေါ့ဆရာ''

''ဒါဖြင့် သုံးဘီးတစီး သွားခေါ်ချေတော့ကွာ''

အဲသည် ခုနစ်တုန်းက သုံးဘီးတွေ ဗိုလ်ချုပ်ဈေး ရှေ့မှာလာပါအကို၊ လာပါအမနဲ့ တ,တတ။

ကျွန်တော်အိမ်ပြန်ရောက်တော့ မရွှေမေက. . .

''ကဲ မေမပြောဘူးလား''ဆိုပြီး သူ့ပြဒါးတိုင်နှင့် တိုင်းကြည့်ပြန်သည်။

''ဟာ. . ၁၀၃တောင်ရှိနေပြီ''

''ဒီတော့ ငါဘာလုပ်ရမလဲ''

''ကိုဒါနင်သောက်ပြီး စောင်ခြုံအိပ်လိုက်ပေါ့''

''ကျွန်တော်နာရီပြန် တချက်က အိပ်ပျော်သွားလိုက်တာ၊ အိပ်မက်ဆိုး အမျိုးမျိုးတွေနဲ့ ညရှနာရီမှာ တကိုယ်လုံး ရေထဲနှစ်ထားသလို ချွေးသံရွှဲရွဲနှင့် နိုးလာတော့ အဖျားမရှိတော့ပြီ။ ကိုယ်မှာ အေးစက်နေသဖြင့် ချွေးတွေသုတ်ပြီး အရက်တခွက်မော့လိုက်တော့ အိုကေ။

ကျွန်တော့် ကျန်းမာရေးက ကောင်းသဖြင့် တနေရာမှာ အဖျားဆိုတာ ဘယ်လိုဟာမှန်း တောင်မသိဘူးဟု ရေးခဲ့မိသည်။ ယင်း ၁၉၆၁ ခုနှစ်က နေ့ဝက်မျှ ဖျားခဲ့သည်ကို မေ့နေလို့ပါ။ အဲဒီကစပြီး ယခုထိတော့ အဖျားဆို ချီနဲ့လားပါဘဲ။

ကဲ စာအလှမ်းကွာခဲ့ပြီ။ ကျွန်တော်ဆိုလိုရင်းက အနုပညာသည်များ ဈာန်ဝင်စားပြီဆို တော့ ညောင်းညာတာလဲမသိဘူး၊ ထမင်းဆာတာလဲမသိဘူး၊ ကိုယ်ဖျားနေတာတောင် မသိဘူး လို့ ကျွန်တော့်ကိုယ်တွေ့ကို ပြောပြတာပါ။

အမှန်အားဖြင့် အနုပညာရှင် စင်စစ်တို့အရသာယူသည်မှာ ငွေမဟုတ်ပေ။ ချီးမွမ်းသြ ဘာနှင့် ကျော်ဇောကိတ္တိ မဟုတ်ပေ၊ ဒါတွေက နောက်မှလာချင်လာ၊ မလာချင်နေရော့။ မူလ ပဓာနကား ပန်းချီဆရာသည် သူပုံဆွဲနေခိုက်၊ ပန်းပုဆရာသည် သူ့ပုံတူထုနေခိုက်၊ စာရေးဆရာ သည် သူစာရေးနေခိုက်၊ ဂီတဆရာသည် သူတီးမှုတ်နေခိုက်၊ လက်တွေ့ကာ ကိုယ့်အလုပ်ထဲ၊ ကိုယ်ရောစိတ်ပါ မျောပါနေသည်မှာ အနုပညာ ဈာန်ဝင်စားခြင်းပင်ဖြစ်၍ ယင်းအခိုက်မှာ မည်သည့်ဝေဒနာမှ သူ့မှာမရှိ၊ သူမသိ။ ယင်းသည်ပင် အနုပညာသည်တို့၏ အရသာဖြစ်ပေရ ကား၊ ဘယ်မင်းဘယ်သူဌေးတို့၏ စည်းစိမ်နှင့်မျှ မလဲနိုင်ကြောင်း ထိုအနုပညာသည် ကိုယ်တိုင် သာ သိပါ၏။

သာဓကတခုကို ပြလိုပါသေးသည်။ စာရှုသူသည် 'ငွေကို လေလိုသုံးသူ'ဟူသော အမည်ဖြင့် ငွေတာရီမဂ္ဂဇင်းမှာ ကျွန်တော် ဝတ္ထုရေးခဲ့သူ ကိုမြမောင်အကြောင်းကို ဖတ်ဖူး ကောင်း ဖတ်ဖူးပါမည်။ 'လူ့ဘုံခန်းဝါ'မည်သော ဝတ္ထုတို ပေါင်းချုပ်မှာလည်း သူ့အကြောင်း ဝတ္ထုထည့်ခဲ့ပါသည်။ ကိုမြမောင်သည် ငွေကိုသိန်းနှင့်သန်းနှင့်ချီ၍ သုံးဖြုန်းနိုင်သူဖြစ်၏။ အသုံး အစား အပေးအကမ်း အလွန်ရက်ရောသူဖြစ်၏။

တရံရောအခါ သူ့တည်းခိုရာ စထရင်းဟော်တယ်တွင် မိတ်ဆွေတစုနှင့် စာပေအကြောင်း ဆွေးနွေးကြရာတွင် သူက ခပ်ထွေထွေနှင့် ခင်ဗျားတို့စာရေးဆရာတွဟာ ဘာဘဲ ညာဘဲနှင့် ပြောသဖြင့် ကျွန်တော်က ''ကိုမြမောင်ခင်ဗျား ငွေသာပေါတာပါ၊ စာရေးဆရာ အကြောင်း မသိပါဘူး''ဟု ပြောလိုက်မိသည်။ သူက ဆိတ်ငြိမ်သွားပြီး တော်တော်ကြာ၍ အခြား စကားတွေ ရောက်သွားမှ သူက. . .

''ကိုဆွေခင်ဗျား စာရေးတာ တလဝင်ငွေ ဘယ်လောက်ရသလဲဗျ''ဟု ဖြတ်မေးပါသည်။

ကျွန်တော်က ''ဘာလို့မေးတာတုန်းဗျ၊ စာရေးဆရာဆိုတာ ဖွတ်ကြားပါ၊ တလ ဘယ်လောက်ရယ်လို့ အမှန်မရှိပါဘူး၊ များများရေးနိုင်များများရတယ်၊ နဲနဲရေးနိုင် နဲနဲဘဲရတယ်''

''ကဲဖျမ်းမျှ တလဘယ်လောက်ရမလဲ၊ ခန့်မှန်းခြေ ပြောစမ်းဗျာ''

ကျွန်တော် ခေတ္တစဉ်းစားပြီး. .

''၅၀၀ိ လောက်ဆိုပါတော့ဗျာ''

ထိုအခါသူသည် အလွန်တည်ခန့်၍ ဝင်းလက်သောမျက်လုံးများဖြင့်. . .

''ကောင်းပြီ ကျွန်တော်ခင်ဗျားကို တလတထောင်နှုန်းနဲ့ တနှစ်အတွက် ငွေသောင်းနှစ်ထောင် ခုချက်ခြင်း လက်ငင်းပေးထားလိုက်မယ်၊ ခင်ဗျားဒီတနှစ်အတွင်းမှာ ဘာစာမှမရေးရဘူး ဟောဒီမိတ်ဆွေတွေရှေ့မှာ သက်သေပြုပြီး ဂတိပေးပါ''

သူကတင်းတင်းကြီး ပြောချလိုက်လေတော့ ကျွန်တော်ရုတ်တရက် အံ့အားသင့်သွားပြီး. .

''ကိုမြတောင် ခင်ဗျား ဘာစိတ်ကူးပေါက်လိုက်တာတုန်း''

''ကျွန်တော် ဘာစိတ်ကူးဆိုတာ မမေးပါနဲ့ ခင်ဗျား ဒီငွေယူပြီး စာမရေးဘဲနေနိုင်မနေနိုင် ဆိုတာသာ စဉ်းစားပြီး အဖြေပေးပါ၊ ငွေကတော့ ဟောဒီအံဆွဲထဲမှာ အသင့်ရှိလေရဲ့ဗျ''

သူ့အိပ်ရာဘေးက စာပွဲကို ညွှန်ပြပါသည်။

ဤမှ ကျွန်တော်သည် သူ့ဆိုလိုချက်ကို သဘောပေါက်ကာ. .

''ကိုမြမောင် ကျွန်တော်ရှုံးပြီဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်''ဟုဆို၍ လက်ကိုဆန့်တန်းပေးလိုက်ကာ ''ကျွန်တော် အခုနစကားကို ပြန်ရုပ်သိမ်းပါတယ်''

ထိုစကားကား (ကိုမြမောင် ခင်ဗျား စာရေးဆရာတွေ အကြောင်း ဘာနားလည်လို့လဲ)ဟု ကျွန်တော် ပြောမိခြင်းပင်ဖြစ်ပါ၏။

မှန်၏။ ကိုမြမောင်သည် တသောင်းမပြောနှင့် တသိန်းလည်းပေးနိုင်သူဖြစ်၏။ သို့သော် ကျွန်တော်ကား ဘယ်လောက်ပေးပေး၊ မရေးဘဲ မနေနိုင်ပါပြီတကား။

## အခန်း – ၁၆

### ကျွန်တော့်မယားပျောက်လို့ရှာ

အပွဲအပွဲနွဲခဲ့သမျှ ဒီတပွဲမှ နှာစေးတဲ့လူ လက်ကမျင်းတာခံလိုက်ရသည်။ မြွေပွေး မြက်လျော ကိုက်သည်။ ကတုံးပေါ် ကျီးကန်းချေး ဗက်ကနဲကျသည်။

ကြည့်ပါမိတ်ဆွေ။

ဤနေ့သည် ၁၉၅၂ ခု၊ ဩဂုတ်လ ၄ ရက်။ 'ပြည်တော်သာနေ့'ဖြစ်ပါသည်။ ညက အရက်ဆိုင်၌ စာရေးကြီးကိုထွန်းတင်နှင့် စကားစပ်မိ၍ သည်နေ့နံနက် သူတို့အစိုးရလခစားတွေ မသွားလျှင်မဖြစ်သော ပြည်တော်သာခန်းရှိရာ ကျိုက္ကစံကွင်းသို့ ကျွန်တော်ပါရောနှောလိုက်ပါ မည်ဟု ပြောခဲ့ပါသည်။ နံနက်ရုံးကားကြီးနှင့် လာခေါ်မည်ဖြစ်၍ ၆–နာရီခန့်၌ အသင့်ရှိနေရန် စကားခံ ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဤည၌ အိမ်သို့စောစောပြန်ခဲ့ကာ နံနက်တွင် အသင့်ဖြစ်စိမ့်သောငှာ အဝတ်အစားကို ပြင်ဆင်ထားလိုက်ပါသည်။

ယင်းကိုကျွန်တော့်ယောက္ခမ၏ တဦးတည်းသော သမီးက 'ရှင်မနက်ဖြန်ခါ ဟိုကောင်မ လေးခေါ် ရုပ်ရှင်ပြဲအုံးမလို့ မဟုတ်လား. . .'ဟု ငေါက်ဆတ်ဆတ် မေးလိုက်ပါသည်။

ကျွန်တော်သည် မိန်းမဆိုလျှင် အလွန်စက်ဆုပ်ဟန်ဖြင့်. .

''ကြံကြံဖန်ဖန်ကွာ. . . လူကို ဘိုင်ကျလို့ စိတ်ညစ်ရတဲ့အထဲ. . .'

သို့ရာတွင် ဤသို့ညဦးက ကျွန်တော့်ဇနီးကပြောပြီး နောက်နေ့နံနက်စောစော၌ ကျွန်တော်၏ တဦးတည်းသော ယောက္ခမ၏ (မုဆိုးမဖြစ်ကြောင်း ဆိုလိုသည်)မိခင်အဖွားကြီးသည် ကျွန်တော့်ကို အိပ်ရာမှနှိုးကာ. . .

'ဟဲ့ နင့်မိန်းမဘယ်သွားလဲ. .'

ကျွန်တော်သည် အိပ်ငွေ့ဝေ့ဝေ့ဖြင့် ဘေးနှစ်ဖက်လှည့်ကြည့်ကာ. . .

'အိပ်ရာက ထသွားပြီဖြစ်မှာပေါ့'

သို့သော်. . . အဖွားကြီးသည် နားလေးသူဖြစ်၍ ကျွန်တော့်စကားကောင်းကောင်းမကြားဘဲ၊

'သူ့သမီးလေးဘဲဟဲ့. . '

'အေးပေ့ါဗျာ၊ သားသည်အမေဘဲ၊ ခလေးနဲ့အတူထမှာပေ့ါ'

'နင်တို့အခန်းက သန်းခေါင်လောက်မှာ မီးလက်လက် လက်လက်နဲ့မြင်တယ်၊ ဘာလုပ်ကြတာလဲ'

ကျွန်တော်က ပြီးလွယ်စေကြောင်း. .

'ကြမ်းပိုးရှာကြတာပါဗျာ. . . '

'အိမ်သာထဲမှာလဲ မရှိဘူး. . . '

'အို. . . မာမာရယ်' ကျွန်တော်တို့က ဤအဖွားကြီးကို (မာမာ)ဟုခေါ်ကြပါသည်။ 'အိမ်သာထဲမှာ ဘယ်ကြမ်းပိုးရှိပါ့မလဲ'ဟု ပြောရင်း (အင်း. . . အဖွားကြီးတော့ သူငယ်ပြန်ချင်ပြီထင်တယ်)ဟု ကျွန်တော့်စိတ်ထဲက အောက်မေ့မိပါသည်။

သို့သော်. အဖွားကြီးသည် ရုတ်တရက် မျက်နှာထားတင်လိုက်ကာ. . .

'အေးပေ့ါဟဲ့. . . နင်ကတော့ မယားငယ်ယူချင်နေတဲ့အကောင်ကို၊ အကြိုက်ပေ့ါဟဲ့'

ကျွန်တော်မျက်လုံးပြူးကာ. . .

'ဗျာ. . . ဗျာ. . . ဘာပြောတယ် မာမာ. . . '

သို့သော်အဖွားကြီးသည် ကျွန်တော့်အနား၌ မရှိတော့ပြီ။ သူ့သမီးအခန်းသို့သွားကာ. . .

'ဂျီစီ. . ဂျီစီ. . . နော်မာနဲ့ ဝင်ဒီမရှိတော့ဘူး'

ကျွန်တော့်ယောကျ္ခမသည် အိပ်ရာမှလူးလဲထကာ (အင်း. . . ထင်တော့ ထင်သားဘဲ)ဟု ရေရွတ်ရင်း ခြေသံပြင်းပြင်းနှင့် ကျွန်တော့်အခန်းဝ လာရပ်ကာ. . .

'မင်းတို့ညက ဘာဖြစ်ကြသလဲ. . . '

ကျွန်တော်သည် ယောက္ခမ ရှေ့မှောက်၌ ကြောက်သောမျက်နှာလေးနှင့် ငုတ်တုပ်ထိုင်ကာ. . .

'ဘာမှမဖြစ်ကြပါဘူး. . '

ဤနေရာ၌ ယောက္ခမသည် သူ့ကိုယ်သူ အမှုလိုက်ပုဂ္ဂိုလ်၊ ကျွန်တော့်ကို တရားခံသဘောထားကာ. .

'မင်းညက အဝတ်သစ်အစားသစ် ပြင်တာက ဘာလုပ်ဖို့လဲ'

'ခုမနက်ပြည်တော်သာ စခန်းကိုချီတက်မလို့ပါ. . . '

'မညာနဲ့ မင်းဒီနေ့ ဟိုကောင်မလေးနဲ့ လျှောက်လည်အုံးမလို့မဟုတ်လား. . '

'ဘုရားစူး မဟုတ်ပါဘူး အန်တီရယ်၊ မိုးကြိုးကို ဂျစ်–စိတ်ခွဲရစေရဲ့. . . '

'မိုးကြိုးကိုခွဲတာ အဆန်းမဟုတ်ပါဘူးကွယ်၊ ပန်းတိမ် ဆရာတွေဆိုရင် အရည်တောင်ကျိုနေကြတာဘဲ (အလဲ့. . ဟာသစာရေးဆရာ၏ ယောက္ခမပီပီ သားမက်စကားကိုပင် ပြန်သရော်ကာ) 'ကဲ. . . တွေ့အောင်ရှာပေး၊ ငါ့သမီး တခုခုဖြစ်ရင် မင်းကြောင့်ဘဲ'

'မဟုတ်ပါဘူး သူလမ်းထိပ် ခလေးတွက်မို့ဘာဝယ်ရအောင် သွားတာဖြစ်ပါလိမ့်မယ်. . . '

'ဒါဖြင့်သူ့သေတ္တာ အဝတ်အစားဖွင့်ကြည့်စမ်း. . '

ဟောဗျ. . တကထဲ. . သူ့အဝတ်အစား အချို့နှင့် ခလေး၏အင်္ကျီများ မရှိတော့ပြီ။ ဤမှအားလုံးတကယ် မျက်လုံးပြူးကြတော့၏။

ကျွန်တော်မျက်နှာသစ်ပြီး ကုတ်အင်္ကျီအိတ်ထဲ စီးကရက်ဗူးနှိုက်လိုက်သောအခါ၌ စာတစောင် . . ။

ကိုကြင်ဆွေ

နော်မာကံဆိုးမ၊ သမီးလေးဝင်ဒီနဲ့ လွတ်ရာကျွတ်ရာသွားပါပြီ။ လိုက်မရှာပါနဲ့ ရှင်ယူမယ့် မယားငယ်သာ မြန်မြန်ယူလိုက်ပါ။ ကျန်တဲ့ကျမကလေး ၃–ယောက်ကို မိထွေးမနှိပ်စက်ပါစေနဲ့၊ ကျမအမေအိမ်မှာဘဲ ထားခဲ့ပါ။ သူတို့ကျောင်းလခနဲ့ စားစရိတ်ကို

မှန်မှန်ပေးပါ။ အခု မာမီကိုပေးစရာရှိတဲ့ ငွေတရာ့အစိတ်လဲ ပေးလိုက်ပါ။ လမ်းထိပ်က ကိုချစ်ကုန်စုံဆိုင်မှာ ကျမ ကြွေး ငို–ခွဲကိုလဲဆပ်လိုက်ပါ။ ကျမတော့ သေတာဘဲ ကောင်းပါတယ်။ ဒါမှ ကိုကြင်ဆွေ မယားငယ်နဲ့ ကောင်းကောင်းနေရမယ်။

ပျော်နိုင်ရွှင်နိုင်ပါစေ. . .

နော်မာ

ကျွန်တော့်ရင်သည် တဒိတ်ဒိတ်ခုန်လာပါသည်။ ဤစာကိုသူ့အမေပေးလိုက်ပါသည်။ ချစ်ယောက္ခမမျက်နှာ ပုပ်သိုး၍ သွားပါသည်။ ကျွန်တော့်ကိုအစိမ်းလိုက် ဝါးစားချင်ဟန်ပေါ်နေပါသည်။ အံကြိတ်သည်။ မျက်စောင်းခဲသည်။ ထမီစွန်တောင်ဆွဲ၍ ခြေသလုံးဖော်ကာ ဖောင့်ဖောင့်နှင့်လျှောက်သည်။ ခြေရင်းက သူ့မောင်အိမ် ကူးသွားကာ၊ သတင်းဆိုးကို ဖြန့်နှံ့ဝေငှ သည်။

ဤနေရာ၌ ကျွန်တော့်အပေါ်စွပ်စွဲချက်ကို ဟုတ်တိုင်းမှန်ရာ ရှင်းလင်းပါရစေ။

ကျွန်တော့်၌ နာမည်ရသော လူငယ်စာရေးဆရာတို့ဘာဝ မြန်မာပြည်အရပ်ရပ်တွင် လူချင်း မမြင်ဘူးဘဲလျက်၊ စာရေးမိတ်ဖွဲ့ကြသော ချစ်ညီမလေးတွေ အမြောက်အမြားရှိလေရာ၊ ရန်ကုန်နှင့် မိုင်ပေါင်းများစွာဝေးကွာသော မြို့တမြို့မှ တခုသောညီမလေးသည် တက္ကသိုလ်ဝင် စာမေးပွဲအောင်၍ ယူနီဗာစတီသို့ ရောက်လာပြီး ကျွန်တော်နှင့်တွေ့ကြ၏။ စာပေးစာယူနှင့်ပင် ခင်မင်နေကြ၍ လူချင်းတွေ့ကြသောအခါ၌ နှစ်ထောင်းအားရရှိလှ၏။ ကျွန်တော်က ငါးပိကြော် ကလေးများ လိုချင်ရင် လည်းကောင်း၊ ရန်ကုန်၌ လည်ချင်ပတ်ချင်၊ ရုပ်ရှင်ဘာကြည့်ချင်ရင် လည်းကောင်း၊ အားမနာရန် လောကွတ်ပြုခဲ့၏။ ဒါတမြို့တကျေးက မိဝေးဖဝေး ရောက်လာသူ ကလေးအတွက် ဝတ္တရားမဟုတ်ပါလားခင်ဗျာ။

ဇူလိုင်လ နောက်ဆုံးသတင်းပတ် သောကြာနေ့ဝယ် စာတစောင်ရောက်လာ၏။

အကိုဆွေ. .

မေအေးလို တမြို့တကျေးက တောသူကလေးကို ဒီလိုဂရုတစိုက်ချစ်ခင်တာ အင်မတန်ဘဲ ဝမ်းသာလှပါတယ်။ အလိုလိုက်လို့ နွဲ့ဆိုးဆိုးတယ်လဲ မအောက်မေ့ပါနဲ့. . .။

မေအေး ရုပ်ရှင်ကြည့်ချင်တယ်။ တနင်္ဂနွေနေ့ မနက်ဆယ်နာရီမှာ ကျောင်းဆောင်ကို လာခေါ်လှဲ့ပါ။ မေအေးအသင့်ပြင်ပြီး စောင့်နေပါ့မယ်။ နို့ပြီး ရုပ်ရှင်ပြီးပြီးချင်း ပြန်ပို့ ရမယ်နော်. . .

အကိုဆွေချစ်တဲ့ ညီမလေး

မေအေး

ကဲ. . . မိတ်ဆွေ ကျွန်တော့်နေရာကနေ စဉ်းစားပေးပါ။ ကျွန်တော် ငြင်းနိုင်ရှောင်နိုင်အံ့ လော။ နို့ပြီးကောငြင်းသင့် ရှောင်သင့်ပါသလား။ သူ့ခမြာ ရန်ကုန်၌ ဆွေမျိုးမရှိ။ ရင်းနှီးသော မိတ်ဆွေမရှိသေး။

ထိုနေ့ ၁၀နာရီ၌ ကျွန်တော်သူ့ကို မြို့ထဲခေါ်လာခဲ့သောအခါ၊ ရုပ်ရှင်ပြရန်မှာ ၂–နာရီ မျှ လိုသေး၏။ သူ ၁၀–နာရီချိန်းသည်မှာ ရန်ကုန်မြို့၏ ရုပ်ရှင်ပြချိန်တွေ မသိသေးသောကြောင့် ဖြစ်၏။ ရန်ကုန်တွင် တနင်္ဂနွေ အထူးပွဲမှာ ၉–နာရီခွဲ၊ နို့ပြီးခါတိုင်းနေ့ပြချိန် ၁၂–နာရီခွဲ၊ ၃–နာရီ ခွဲ၊ ၆– နာရီခွဲ ည၉–နာရီခွဲ။

ယခု ကျွန်တော်တို့မှာ အထူးပွဲလည်းမမှီ၊ ၁၂–နာရီခွဲဘို့လဲလိုသေး၊ ဟိုဟိုဒီဒီ လျှောက် လည်ရမှာကလည်း မိုးကတဖွဲဖွဲ။

ထို့ကြောင့် အချိန်ကြာကြာ အေးအေးဆေးဆေးထိုင်စကားပြောနေကြရန် ရန်ကုန်မြို့ တွင် အအေးဆုံးနှင့် လူအရှင်းဆုံးဖြစ်သော ဆူးလေဘုရားလမ်းက ဘားမားကော်ဖီဟောက်စ်သို့ သွားကြ ပါသည်။ သို့သော် ဤနေ့ကျမှ ၎င်းဆိုင်ကပိတ်ထား၏။ ထို့ကြောင့် ရုပ်ရှင်ရုံတန်းဘက် ပြန်ခဲ့ကာ၊ ဂလုပ်နှင့် ပလေဒီယန်အကြားက လက်ဖက်ရည်ဆိုင် ဝင်ကြပါသည်။ (တနင်္ဂနွေနေ့မှာ ကွန်တီ နင်တယ်လ်လည်းပိတ်၏။) သို့သော်. . . . ဤဆိုင်မှာ ကျဉ်း၍လူစည်သောကြောင့် ကျွန်တော်တို့ နာရီဝက်ထက် ပိုထိုင်၍မသင့်လျော်။ သို့အတွက် မောင်ထော်လေးလမ်းက ရှုမဝ တိုက်မှာ သွားနေကြရန် သူ့ကိုချော့ခေါ်ရပါသည်။ ပထမ၌ စာရေးဆရာတွေနှင့်တွေ့ရမှာ သူရှက်သည်ဟု ငြင်းနေသေးသည်။

'အို. . . ဒီတနင်္ဂနွေနေ့မှာ ဘယ်စာရေးဆရာမှ ရှုမဝကိုမလာဘူး၊ စာစီစက်ရိုက်သမားတွေနဲ့ ကိုကျော်ဘဲရှိမယ်''

''အဲဒီ ကိုကျော်ကိုရှက်တယ်'

'အမယ်လေး. . . ကိုကျော်က လူရိုးလူအကြီး၊ မေအေးကို ကြည့်မှာတောင်မဟုတ်ဖူး၊ သူ့ဟာသူ စီးကရက်သောက်လိုက် အလုပ်လုပ်လိုက် နေတာဘဲ၊ ပါးစပ်ထဲလက်ထိုးတောင် ကိုက်တတ်တဲ့လူမဟုတ်ဖူး၊ မယုံရင် မေအေး သူ့တွေ့တော့ပါးစပ်ထဲ လက်ထိုးကြည့်လေ. . . '

သူသည် ရှက်သွေးကလေးနှင့် ရယ်လိုက်ပြီး။

'အို. . . အကိုဆွေကလဲ၊ နို့ပြီး စာစီစက်ရိုက်တဲ့ လူတွေကကော မေအေးကို ကြည့်ကြမှာ. . . '

'အမယ်လေး. . . ကြည့်တာပဲ့ပါမယ်ဆိုရင် အကိုဆွေက အသက်နဲ့လဲကာကွယ်မှာပေါ့ဗျာ အကိုဆွေပေါင်းတည်သားပါ'

'ကြည့်လေ. . . အကိုဆွေပြောလိုက်ရင်. . '

'အလကားပါ၊ သူတို့က မေအေးကိုမြင်ဘို့ နေနေသာသာ. . . မေအေးက သူတို့ကို ကြည့်ချင်ပါတယ်လို့ ခြေဆောင့်ငိုနေတောင် အကိုဆွေက မျက်ရည်သုတ်ပေးပြီး သီချင်းဆိုရုံဘဲ တတ်နိုင်မယ်၊ သူတို့အလုပ်လုပ်ချိန်မှာ အပြင်လဲမထွက်ရဘူး၊ သူတို့အလုပ်ခန်းထဲလဲ ဝင်ခွင့်မရှိ ဘူး၊ ကဲ လာပါ၊ ငါ့ညီမက တကထဲ သူ့ကိုယ်သူ အပျိုကြီးလုပ်ပြီး ရှက်နေတယ်၊ ကိုခလေးဟာဘဲ ကိုယ့်အကိုကြီးသွားရာ လိုက်ခဲ့ရောပေါ့၊ မေအေးက အခု အသက်ဘယ်လောက်ရှိပြီမို့လဲ'

လည်ပင်းကလေး ငဲ့လိမ်ကာ နှုတ်ခမ်းကလေးချွန်၍. . .

'သိတတ်ဖူး. . '

အမှန် သူ့အသက် ၁၇–နှစ်ဖြစ်ကြောင်း ကျွန်တော်သိပြီး ဖြစ်ပါသည်။

'အမယ်လေး. . ကိုယ့်အသက်ကိုယ် မသိသေးတဲ့ လူကများ အပျိုကြီးလုပ်ပြီး ရှက်နေရသတဲ့ကွာ၊ အံ့ပါရဲ့ လာပါသွားကြမယ် ဒီဆိုင်ထိုင်ရတာ အားနာလာပြီ'

သို့နှင့် ကျွန်တော်တို့နှစ်ယောက် ရှမဝတိုက်သို့ ရောက်ခဲ့တော့သည်။ အဆင်သင့်ပင် အပြင်ခန်း၌ ဦးကျော်တယောက်တည်းဘဲ ရှိချေ၏။ ဦးကျော်လည်း ရွှေတောင်လုံချည်လိုပါးသော ရွှေတောင်သားဖြစ်၍ မေအေး၏ ရှိုးတိုးရှန့်တန့်နိုင်လှသော အမူအရာကို တချက်မျှကြည့်ပြီး ဘာမျှမပြောဘဲ အတွင်းခန်းသို့ဝင်သွား၏။

ကျွန်တော်မေအေးအား စာပွဲတလုံးတွင်ထိုင်စေ၍ ယခုရိုက်နေသော တင့်တယ်၏ 'နှစ်လောက'ဝတ္ထုခေါင်းစည်း နှစ်မျက်နှာခွဲပုံကို ကြည့်ရန်ယူပေးပြီး၊ အိမ်သာတက်ချင်ဇောနှင့် နောက်ဖေးခန်းဝင်ခဲ့သည့်တွင် ကိုကျော်က. . .

'ကိုရင်ဘယ်က ခလေးမ ခေါ်လာပြန်တာလဲ'

'နေအုံးဗျာခဏ၊ ကျွန်တော့်ဗိုက်ထဲက ပါနီတွေက ခင်ဗျားကိုမပြောဘို့ ကန့်ကွက်နေကြတယ်'

ကိုကျော်သည် ပြုံးဖြဲဖြဲနှင့် သူ့ထုံးစံအတိုင်း ကျွန်တော့်နားရင်းကို လက်ဝါးနှင့်ရွယ်ကာ. .

'သွားစမ်းမြန်မြန် ဘယ်လောက်များအူမြူးလာတယ်မသိဘူး'

ကျွန်တော်အိမ်သာကထွက်ခဲ့၍ မည်သူမည်ဝါဖြစ်ကြောင်း ပြောပြသောအခါ ကိုကျော်က. .

'အေး. . အဲ့လို ကိုယ့်ယုံလို့ ဒီလိုလိုက်လာတဲ့ မိန်းခလေးကို သစ္စာစောင့်ရမယ်နော်'

'အမယ်လေး. . ကိုကျော်ရာ၊ ကျွန်တော်စာရေးဆရာပါဗျာ၊ ဒီလိုကိုယ့်ဝတ္ထုကို သဘောကျ ပြီး ကြည်ညိုချစ်ခင်နေတဲ့ မိန်းခလေးကို ထိခိုက်စေရမယ်ဆိုရင် ကျွန်တော့်လောက်ယုတ်ညံ့တာ လောကမှာ ရှိပါအုံးမလား'

'ဒီလိုဆို. . . သာဓု. . . သာဓု'

'အမယ်လေး. . ဒီခွေးမသား နားထိုင်းနံမယ် သုံးခါခေါ်နေမယ့်အစား ငွေသုံးဆယ်သာ ပေးလိုက်ပါတော့. . .'

'ဘာလုပ်ဖို့လဲ သုံးဆယ်က၊ တနေ့ကဘဲ ရဝိ–ယူသွားတယ် မဟုတ်လား. .'

'အဲဒီ ရဝိ–က ကြွေး ၂ဝ ဆပ်ပြီး ၅ဝ မိန်းမကို ပေးရတယ်၊ အခု ကျွန်တော့်အိတ်ထဲမှာ ခါလီ၊ ဒီခလေးမကို ရုပ်ရှင်ပြဘို့၊ ဟိုဒင်းဒီဒင်း ဝယ်ခြမ်းကျွေးဘို့လိုနေတယ် မဟုတ်လား. . .'

'ဒါ သုံးဆယ်တောင် ကုန်မှာလား. .'

'မကုန်ကော. . ဟိုနေ့က ရဝိနဲ့ လွယ်လွယ်တရာမှတ်ရအောင် ခင်ဗျားကိုသက်ညှာတဲ့ သဘောနဲ့ တောင်းတာ. .'

'အမယ်လေး မသက်ညှာပါနဲ့ ကိုရင်၊ ငါးရက်မခြားဘဲ နောက်တခါ မပေးနိုင်ဘူးလို့ ပြောထားတယ်မဟုတ်လား. . .'

'ပြောထားကော. . ဒါကအရေးပေါ် ကြားဖြတ်လိုလာတာကိုးဗျ. . . .'

'ကိုရင့်ကို ကျုပ်က ဒီမိန်းခလေး သွားခေါ်ခိုင်းတာလား. .'

'ခင်ဗျား ဒီအပေါက်မျိုးမပြောနဲ့၊ ဘာလဲစာရေးဆရာဆိုပြီး ဒီပြင်အလုပ်နဲ့ မန်းနီးဖော်ပြီး မော်တော်ကားတောင် ဝယ်စီးနေနိုင်တဲ့ နာမည်တွေ ဖော်မပြောချင်ပါဘူးလေ၊ အဲဒီလူတွေ ကျတော့ သူတို့မှာ ဩဇာသည်ရှိလို့ ပြုစုရမယ်ဆိုရင် ခင်ဗျားလာခေါ်ပြီး ဟိုတယ်တို့၊ လက်ဖက် ရည်ဆိုင်တို့မှာ ဒကာခံခိုင်းတယ်မဟုတ်လား၊ သူတို့ရုပ်ရှင်ကြည့်ချင်ရင် ခင်ဗျားလာပြခိုင်းတယ် မဟုတ်လား. .'

ဤအချက်ကို သူမငြင်းနိုင်ပါ။ ဟိုဆရာတွေက သူ့ကိုအမဲဒကာဟု သဘောထားကြ ကြောင်း သူ့ကိုယ်သူလည်း ရိပ်စားမိဟန်ရှိ၏။ ကျွန်တော်ကဆက်လက်၍. .

'ကဲ ဒီတော့ အခုကျွန်တော့်မှာဆိုရင် သူတို့လိုမော်တော်ကားဝေးလို့ ခွေးဝဲစားတောင် စီးနိုင်တဲ့ကောင်မဟုတ်ဖူး. . . .၊ နို့ပြီး ကျွန်တော်ကခင်ဗျားကို သက်သက်အမဲဒကာခံခိုင်းတာလဲ မဟုတ်ဖူး၊ ကျွန်တော်ရသင့်ရထိုက်တဲ့ လစဉ်ပေးငွေထဲက ၃ရက်မျှကြိုတောင်းတာကလေးတခုဘဲ၊ အဲဒါမှခင်ဗျားငြင်းမယ်ဆိုရင်ဖြင့် ဒီမှာကိုကျော် ခင်ဗျားအသက်ဘယ်လောက်ရှိပလဲ'

'ရှေ့လိုက်တာ၊ ဝေဠုဝတီလိုဝါးထဲ ပဋိသန္ဓေမှီးမွေးခဲ့သလား၊ ကျုပ်အသက်နဲ့ဘာဆိုင်လဲ. .'

'ဆိုင်ပါသောကော. .၊ ကျုပ်တောင်းတာမပေးဘူးဆိုရင်ဖြင့် ခင်ဗျားလိုအသုံးမကျတဲ့ လူတယောက်ဟာ လူ့ပြည်နှစ်ပေါင်းမည်မျှနေဘူးသွားတယ်လို့ မှတ်ကြစရာ တနည်းတိုးအောင် ဘဒ္ဒကမ္ဘာမှာ ကမ္ပည်းထိုးရမယ်ဗျ'

'တယ်. . . . များလိုက်တဲ့စကားနယ်၊ ကဲ. . ကဲ. . ဒီငွေ ၃ဝဝိ ပေးရင် ခင်ဗျား ချက်ချင်း သွားမယ် လား၊ ခင်ဗျားရှိရင် စကားများတာနဲ့ ကျုပ်အလုပ်ပျက်တယ်'

'ချက်ချင်းသွားမယ်လို့တော့ အာမ,မခံနိုင်ဘူး၊ ရုပ်ရှင်ပြချိန်စောင့်ရအုံးမယ်၊ ခင်ဗျားကို နောက်ထပ်စကားတခွန်းမှ မပြောပါဘူးလို့တော့ ကတိထားမယ်'

'ကဲ. . . ရော့. . . ရော့. . .'

ကျွန်တော် ရောက်လာလျှင် စကားများ၍ သူအလုပ်ပျက်သဖြင့် ငွေပေးလွှတ်ရတာမှာ ထုံးစံဖြစ်နေပါသည်။ ကိုကျော်၏ သဘာဝမှာ စကားနည်း၍ အလုပ်သာလုပ်နေချင်သူ ဖြစ်သောကြောင့် ကျွန်တော်က ဤအချက်ကိုကိုင်ပါသည်။ ကျွန်တော်၏ ပင်ကိုယ်မှာလည်း စကားများသူ မဟုတ်။ အတွေးသမား အငေးသမား အရေးသမားပါ။

ကျွန်တော်သည် သူ့လက်ထဲက ဆယ်တန်သုံးရွက်ယူပြီးနောက်

'အဲ့လို လိမ်မာစမ်းပါဗျာ ပိတုန်းရုပ်ထုံးသုတ်၊ ကျားလာအမဲကျွေး. .၊ သော်တာဆွေလာ ပိုက်ဆံပေး. . . အေးတယ်ဆိုတာ သီရက်သားနဲ့ ဘာကြောင့်နှေးကွေးနေရတာလဲ၊ ကျွန်တော်လို ပုဂ္ဂိုလ်က ခင်ဗျားဆီမှာ မကြာခဏပိုက်ဆံတောင်းတယ် ဆိုတာ ဂုဏ်ယူစမ်းပါဗျ၊ ခင်ဗျားကို ကျွန်တော်က ပိုက်ဆံတောင်းတာ ပိုက်ဆံတောင်းတယ်လို့ သဘောမထားပါဘူး။ ပြုသင့်ပြုထိုက်သူကို ကောင်းချီးပေးနေရတယ်လို့ အောက်မေ့ပါတယ်'

ကျွန်တော် စကားမဆုံးမီ သူသည်ပြုံးစိစိနှင့် အခြားဘက်လှည့်သွားကာ. . .

'ကိုရင် ကတိရှိတယ်နော်. . .'

'အော်. . . ဆောရီး ဆောရီး မေ့သွားလို့'

ကိုကျော်သည် ကျွန်တော့်ကိုအပြင်ရောက်အောင်တွန်းပြီး. . .

'ကဲ. . . ကိုရင်သွားတော့၊ ကြွစမ်း ၁၂-နာရီထိုးပြီ၊ ရုပ်ရှင်အချိန်နီးပြီ၊ ကျုပ်ဟောဒီစာပွဲမှာ ပရူ(ဖ)ဖတ်စရာတွေ ရှိတယ်၊ ကိုရင့်အသံကြားရရင် အလုပ်ထဲ စိတ်မရောက်တော့ဘူး'

ကျွန်တော်နာရီကိုကြည့်လိုက်ရာ ၁၂-နာရီကွက်၌ လက်တံနှစ်ခုထပ်ပြီဖြစ်၍. . .

'ဟာ. . . ခင်ဗျား ကျွန်တော့်အတွက် နာရီကြည့်ပေးတာကျေးဇူးတင်တယ်ဗျို့၊ ဟုတ်တယ် ကျုပ်မှာ ဒီလိုအချိန်ကို သတိပေးမယ့်လူမျိုးတယောက်လောက် လိုနေတယ်၊ ကဲ-သွားကြမယ်၊ မေအေးရေ. . .၊ ဟော့ဒါ ရှမဝဦးကျော် ဆိုတာပေါ့ကွဲ့'

အထွက်၌ မကြောင်ရန်သူတို့ကို မိတ်ဖွဲ့ပေးသလိုနှင့် တယောက်ကိုတယောက်ပြုံးကြည့်အောင်လုပ်ပြီး လစ်ခဲ့ကြလေ၏။

'ဦးကျော်နဲ့ အကိုဆွေ ဒီလိုနေကြတာဘဲလား'

'အကိုဆွေက ဒီလိုနေရမှ ပျော်တာဘဲ'

'ဦးကျော်က သဘောကောင်းပုံပေါ်တယ်နော်'

'အကိုဆွေတို့နဲ့တော့ ရင်းရင်းနှီးနှီး ရွှတ်ရွှတ်နောက်နောက် နေတတ်ပါတယ်'

မေအေးမှာ ဆေးရောင်စုံကား မကြည့်ဘူးသေးဟု ပြော၍ ဤအပတ်၌ ကားသစ်ထဲမှ ဆေးရောင်စုံဖြစ်သော ရီဂျင့်ရုံက Vengeance Valley ဇာတ်ကားကိုပြပါသည်။

ရုပ်ရှင်ရုံက ထွက်ကြသောအခါ၌ အိုရီယင့်ဟိုတယ်အပေါ်ထပ်တွင် အိုက်စ်ကရင် ကျွေးပြီး သူ့ကျောင်းဆောင်သို့ ပြန်ပို့လိုက်တော့၏။

ဤကလေးမနှင့် ကျွန်တော်မှာ ဤမျှသာဖြစ်ကြောင်း လောကတွင် ကျွန်တော်အချစ်ဆုံး ဖြစ်သော ကျွန်တော်၏ ကလောင်နာမည်ဖြင့် ကျိန်ဆိုပါသည်။

သို့ရာတွင် ကျွန်တော့်ယောက္ခမနှင့် ကျွန်တော့်မယားကား အထင်တော်လွဲကြလေသည်။ (ဤကိစ္စမှာ ယောက္ခမက ပိုအရေးကြီးသောကြောင့် သူ့နာမည်ကို အရင်ရေးရပါသည်။)

ထိုနေ့ ကျွန်တော်မှောင်မှ အိမ်ပြန်ရောက်၍ အဝတ်အစားလဲပြီး ထမင်းအိုးဟင်းအိုး ဖွင့်ကြည့်သောအခါ ကျွန်တော်အလွန်မကြိုက်သော ငါးခြောက်ရိုးနှင့် ခရမ်းသီး၊ ရုံးပတီသီး ကုလားဟင်း ဘဲဥကြော်ဖြစ်နေသောကြောင့် လမ်းထိပ် တရုပ်ဆိုင်သို့ လစ်ပါသည်။

ချစ်ဆွေသောက်ဖော် ကိုစောမောင်နှင့် တွေ့၍အရက်တမြမြ စကားတပြောပြောနှင့် အိမ်ပြန်နောက်ကျ၏။ ၉–နာရီလောက်မှ ရောက်သောအခါ ပိုက်ဆံဘယ်လောက်ပါလဲဟု မျက်နှာချိုနှင့် အိတ်ထဲနှိုက်နေကျဖြစ်သော ကျွန်တော့်မယားမျက်နှာသည် သုန်၏။ မှုန်၏။ ကျွန်တော့်ယောက္ခမသည် ထွီ၏။ ထွံ၏။ ကျွန်တော့်ယောက်ဖအငယ်သည် နှုတ်ခမ်းစူ၏။ မျက်စောင်းထိုး၏။ အဖွားကြီးနှင့် ကလေးများကား အိပ်ရာဝင်ကြပြီ။

'အင်း. . . အရေးတော်ပုံတော့ တယ်မလှဘူးဟေ့၊ ငါ့ဘက်ဘယ်လိုများ စစ်ဦးလှည့်မယ် မသိဘူး. .' သူတို့မျက်နှာတွေကြည့်၍ စိတ်ထဲမှညည်းရင်း အသာကိုယ်ကိုရှို့ကာ အိပ်ခန်းထဲ ဝင်ခဲ့ပါသည်။

တယ်. . . မကြာပါ။ ချစ်ယောက္ခမကစ၍ ကျူးရင့်လိုက်၏။

'ထွီ. . တောသားက လူပါးဝလို့'

‘သူ. . . ဒီလိုဆို အိမ်ပေါ်က ဆင်းသွားပစေပေါ့’

ကျွန်တော့်မယားက အနက်ဖွင့်လိုက်၏။

‘အလကား. . . . ဝိုမင်နိုက်ဖား. . . ဒရင့်ကား’

မိန်းမလိုက်စား အရက်သမားဟု ယောက်ဖအငယ်က ထောက်ခံလိုက်သည်။ သံယောင် ပစ်လိုက်သည်။

သူတို့စစ်ကြောင်းကို ကျွန်တော်သိပါပြီ။ ကျွန်တော်အိပ်ရာမှ ငေါက်ကနဲထလိုက်ပြီး ဒီနေ့ ဝတ်သွားသော အပေါ်အင်္ကျီဘယ်ဘက်အိတ်ထဲသို့ နှိုက်လိုက်သည်။ မေအေး သူ့ကိုလာခေါ်၍ ရုပ်ရှင်ပြရန် ချိန်းသောစာ မရှိတော့၊ အင်း. . . မိသွားပြန်ပြီကောတလီ။

ဤကား ကျွန်တော်၏ပေါ့လျော့မှုဖြစ်ပါသည်။ ကျွန်တော့်ချစ်ယောက္ခမနှင့် ကျွန်တော့် မယား၏ သဘောထားသေးသိမ်မှုကိုသိ၍ စာပေးစာယူဟူသမျှ ကျွန်တော့် ‘နာနီ’၏အိမ်၌ လိပ်တပ်ထားရ၏။ လာသမျှ စာတွေကိုလည်း ထိုအိမ်စာပွဲထဲမှာပင် သော့ပိတ်ထားရ၏။

မိန်းမလက်ရေးနှင့်တွေ့လျှင် ဘာစာဘဲဖြစ်ဖြစ် ကျွန်တော့်ချစ်ယောက္ခမနှင့် ချစ်မယား သည် ဆူပြီမှတ်ပေတော့၊ ဤသို့လျှင် ဤစာမျိုးကို တွေ့၍ ဤနည်းနှင်နှင် ဖြစ်သည်များမှာ ယခုအခါသည် ဘယ်အကြိမ်လဲပင် ကျွန်တော်မမှတ်မိတော့။

သူတို့အကျင့်မှာ ဤအခါမျိုး၌ ကျွန်တော့်ကိုခေါ်၍ ထုချေလွှာတောင်းလေ့မရှိ။ ဤစာ သည် ရည်းစားစာ ဖြစ်ရမည်။ ဤစာကား မယားငယ်အရာပင် ရောက်နေပြီ။ ဤစာကား စလုံး ရေစ,တည်းစသည်ဖြင့် မိုက်ကရိုစကုတ်နှင့်ကြည့်၍ ဆုံးဖြတ်ချက်ချသည်။

ဤလိုစွပ်စွဲချက်မျိုးတွေမှာ ရပ်ဝေးကလေးမ,များ၏ ပေးစာများကြောင့်သာမဟုတ်သေး။ ဥပမာဆိုအံ့။ တခါတရံ၌ ကျွန်တော့်မှာ ဝတ္တုဇာတ်လမ်း အချိတ်အဆက်လိုနေ၍ မိုးမလင်းမီ အိပ်ရာက ထကာ လမ်းလျှောက်ရင်း စဉ်းစားရ၏။ ယင်းအခါမျိုး အရပ်ထဲ၌ နာမည်ပျက်ရှိသော မိန်းမနေသည့်ဝယ် လမ်းထဲလျှောက်မိခဲ့၍ (သူတို့တွင် တွန်းတတ် တိုက်တတ်သော တူမကလေး များလည်း မွမွကြဲရှိရာ) ၎င်းတူမကလေးမျိုး တယောက်က ‘ကိုကြင်ဆွေကြီးရယ် ဝေလီဝေလင်း မှာ ဟိုဖင်ကြီးမ,နေတဲ့လမ်းထဲက ထွက်လာတာ မြင်တယ်တော့. . . . ’ဟု သတင်းပို့လိုက်ပါက ကျွန်တော့်ချစ်ယောက္ခမ ဂျူနီယာမဟာပညာကျော်၏ ခုံရုံးတွင် ဤနေ့နံနက် နေမထွက်မီပင် (ကြည့်ပါ၊ ကျွန်တော့်ချစ်ယောက္ခမအလုပ်ကို ဘယ်လောက် ဂရုစိုက်တယ်ဆိုတာ၊ ရှေးမဟာ ပညာကျော် စီနီယာတုန်းကမှ ရုံးချိန်တွေဘာတွေထားပေလိမ့်မည်။ သူကား ခဏမဆိုင်းပင်)

'တရားခံကြောင်ဆွေသည် ညက အိမ်ကမသိအောင် အိပ်ရာက ထသွားကာ ဟိုလမ်းက ပိုင်းလုံးမ ဖင်ကြီးမ, အိမ်၌အိပ်စက်ပြီး နံနက်မိုးသောက်တွင် လမ်းလျှောက်ဟန်ဆောင်၍ ပြန်လာသည်။

ဤစီရင်ချက်ကို ချပြီးနောက် ထိုမနက်၌ ကျွန်တော့်အတွက် ကော်ဖီမရှိတော့။ ရေချိုးပြီး ပေါင်ဒါလူးရန် ဗူးရှာမတွေ့၊ သူတို့မျက်နှာတို့သည် သုန်၏။ မှုန်၏။ အံကြိတ်၏။ မျက်စောင်းခဲ ၏။ ခြေလှမ်းကျဲ၏။ ခြေသံပြင်း၏။ ပန်းကန်ခွက်ယောက်တို့ကို ဆောင့်ချ၏။ ကလေးတို့ကို မာန်မဲ၏။ 'အိမ်သာကနံလိုက်တာ ထွီ. . .'ဟု ဆို၏။ ကျွန်တော့်ကိုကား တိုက်ရိုက်စကားမပြော တော့။ စောင်းကာ၊ ရွဲ့ကာ၊ ချိတ်ကာ၊ နှိမ်ကာ၊ သူတို့ချင်းစကားပေး စကားယူနှင့်သာ ထိုးစစ် ဆိုင်ကြတော့၏။

ချစ်ယောက္ခမ။ 'ပိုင်းလုံးမ,က ဒါမျိုးရှာနေတာဘဲ'

ချစ်ဇနီး။ 'သူကလဲ ဒါမျိုးငမ်းငမ်းတက်. . .'

ယောက်။ 'ဖင်ကြီးမ, ကိုအေ့'

ဇနီး။ 'ဒါမျိုးတော့ ဝိရိယကောင်းလိုက်တာ ခါတိုင်းမနက် ၈–နာရီတောင် အိပ်ရာက မထတဲ့လူက'

ယောက်။ 'တဏှာကိုအေ့၊ တဏှာ. . နှစ်ဏှာ. . သုံးဏှာ'

ဇနီး။ 'ဘယ်လောက်ပေးခဲ့ရမယ်မသိဘူး'

ယောက်။ 'ဘယ်နဲ့မလဲအေ့၊ နံမယ်ကြီး ပိုင်းလုံးမ,ဘဲ'

ဇနီး။ 'မတင်ရွှေက မဟုတ်ဖဲနဲ့ ပြောမှာမဟုတ်ဖူး'

ယောက်။ 'သွေး. . . သွေး. . . သွေး. . . သွေးအေ့၊ သွေးဆိုတော့မြင်ရင်ကြားရင် ပြောတာဘဲ'

ဤအခါ၌ကား ကျွန်တော်မှာ သူတို့၏ဇာတ်လမ်းပမာ နားဆင်စရာကို သောတအာရုံခံရင်း မိမိအမှုသွား အမှုလာကိုစဉ်းစားရပါသည်။

ဖင်ကြီးမ,ဆိုတာ မည်သူနည်း။ သူတို့ဆွေမျိုးတသိုက်မှာ အနီးပတ်ဝန်းကျင်မှ သူတို့မျက် မုန်းကျိုးသော မိန်းမများကို ဖင်ကြီးမ,နို့ကားမ, တင်ကောက်မ, (မျက်နှာထား ချိုတတ်သော

မိန်းမအား)သဖြမ, စသည်ဖြင့် လုပယဉ်ကျေးသော နာမည်များပေး၍ 'အခု နို့ကားမနဲ့ ဘယ်ကောင်နဲ့ တိတ်တိတ်ပုန်း ဖြစ်နေပြီအေ့၊ တင်ကောက်မ,က လင်ကြီးကို ကွာမယ်တောင် ပြောနေပြီတော့၊ သဖြမ,ကဖြင့် တွေ့ကရာနေရာ လင်ထောင်နေတာဘဲ'ဟူသော သလာဘ၊ အလာဘတို့ကို သူတို့အားလပ်ချိန်များ၌ သတင်းပေး သတင်းယူ ပြုလေ့ရှိသောကြောင့် ကျွန်တော့်မှာ တနေ့နေ့ မိမိဘက် စစ်ဦးလှည့်လာပါက ပုဒ်မ ၅အဆွဲခံရသလို ကိုယ့်ကိုယ်ကို ဘာမှုမှန်းမသိ ဖြစ်နေမှာစိုးသည်နှင့် တင်ကောက်မ,ဆိုတာဘယ်သူ၊ သဖြမ,က ဘယ်ဝါဟု စုံစမ်း ထားရပါသည်။ မေးမြန်းထားရပါသည်။ မှတ်သားထားရပါသည်။ ယခု ဖင်ကြီးမ, ဆိုတာကို ကျွန်တော်သိပါပြီ။

အင်း. . . ကံဆိုးချင်တော့ အသွားမတော်တလှပ်၊ အစားမတော်တလှမ်း၊ ဤနံနက်ချမ်း၌ ၎င်းဖင်ကြီးမ,နေသော လမ်းထဲသို့ပန်းကလေးတွေ မွှေးတယ်ဟု လျှောက်ခဲ့မိ၏။ လမ်းဝအထွက်တွင်သူတို့တူမ မတင်ရွှေ ပန်းကောက်လာသည်နှင့်တွေ့၍ နှုတ်ဆက်ခဲ့သေး၏။

ကဲ. . . အမှုသဘောကတော့ အစင်းကြောကြီး ပေါ်ပါပြီ။ ပေါ်တော့ကော၊ ကျွန်တော် ဘာတတ်နိုင်သနည်း။ ဘာမျှမတတ်နိုင်ပါ။ အကယ်တိ သူတို့ထိုးစစ်ဆင်နေသည်ကို ကျွန်တော် က ခံစစ်ဖြင့်ငြင်းဆိုပါအံ့။ ကျွန်တော်၏အကြောင်းပြချက် ရှင်းလင်းချက်ကို လက်မခံ၊ သူတို့ချင်း ပြောနေကြတာ ဟုတ်လို့သာ မခံနိုင်တာပေါ့'ဟု ဆိုပြီး ချစ်ယောက္ခမသည် ဒေါသတကြီး ခုန်ပေါက်၏။ ခြေရင်းအိမ်က သူ့မောင်နှင့် သူ့ယောက်မ ကြားအောင်အော်တတ်၏။ ယင်း၌ ကုလသမဂ္ဂက စစ်များရောက်လာတတ်၏။ နှုတ်စစ်တွင် ယောက်မကဝင်တိုက်၏။ သူတို့ရေပက် မဝင်အောင်ပြောနေသည်ကို မခံမရပ်နိုင်လွန်း၍ ပေါင်းတည်သားသတ္တိနှင့် လက်သီးလက်မောင်း တန်းအံ့။ ကျွန်တော့်ကိုယ်ကာယ၏ သုံးဆမျှရှိသော သူ့မောင်ရောက်လာမည်တည်း။

သည်လို အခြင်းအရာတွေမြင်၍ ကျွန်တော်ငြိမ်နေလျှင်ကား ဘာမျှပြောစရာမရှိ။ 'အင်း. . ဒီကောင်မျိုး ဟုတ်လို့သာ ခေါင်းငုံ့နေတာပေါ့. . . '

ဒီတော့ ကျွန်တော်မှာ မိန်းကလေးတယောက် ယူမိပါ၊ ဝံပုလွေ၏ ချောင်းရေကိုသောက် မိသော သိုးငယ်ကလေးဖြစ်နေပါ၏။

ဤသို့ သားအမိတွေ တိုက်စစ်ဆင်၍ ယောက္ခမမုန်တိုင်းကျနေသော ကာလ၌ကျွန်တော့် ကိုထမင်းဟင်း ခူးခပ်ပေးခြင်းမရှိတော့။ အဝတ်အစား ပြင်ပေးခြင်းမရှိတော့။ တခါတရံ၌ ဝှက်၍ပင် ထားသည်။ သားသမီးတို့အား ကျွန်တော့်အနားမကပ်ရန် ဆုံးမ၏။ နင်တို့အဖေ မဟုတ်ဟု ကြွေးကြော်၏။

ယင်းသို့ ကြုံတွေ့ရဘူးပေါင်း များလတ်တော့ ကျွန်တော်မှာလဲ ရိုးနေပြီ။ သူတို့ပြုမူချက် ကို တယ်ပြီး ဂရုမစိုက်နိုင်တော့။ ထမင်းကို ကိုယ့်ဟာကိုယ်ခူးခပ်စားချင်စား၊ မစားချင်တခြားစား။ အိပ်ရာကထလျှင် လေချွန်မပျက်၊ ပေါင်ဒါရိုက် အချိန်မှန်၊ အဝတ်အစားလဲပြီး ကျွန်တော်၏ စာရေးစာပွဲရှိရာ တအိမ်ကျော်က 'နာနီ'ဂေ'ဟာသို့ ဆင်းခဲ့၏။

ညမှောင်မှောင် အရက်မူးမူးကလေးနှင့် အိမ်ပြန်သွားတော့ သူတို့မပြောရဲ။ နံနက်ပွဲမှစ ၏။ သို့သော် ဤအခါ၌ ကျွန်တော်က နကမ္ဗတိ။ တခါတရံ၌ သူတို့မခံနိုင်အောင် 'ကျွန်တော် အလွန်ပျော်တာ၊ ချစ်သူကလေးရဲ့ ပြန်စာရလို့သာ နေချင်တာလာတာ တာတာ. . .'သီချင်းပင် ကျူးရင့်ခဲ့သေး၏။

ဤအခါမျိုး၌ သူတို့မချုပ်တည်းတော့။ လေ့ကားဝကိုခြေသံပြင်းပြင်းနှင့် ဒုန်းစိုင်းလာကြ ပြီး 'အိမ်ပေါ်က ဆင်းသွားအပြီးပြန်မလာနဲ့'ဟု တိုက်ရိုက်နှင်ကြတော့၏။ သည်တော့လဲ ကျွန်တော်က လေအေးနှင့်ပင်. . .

'ခင်ဗျား ခုခေတ်ကြီးမှာ အိမ်ရှင်နဲ့အိမ်ငှားတောင် နှင်တိုင်းမသွားဘူးဗျ။ ဆလာမီပေးလို့ ကြေအေးမှုကြွတာ၊ အခု ခင်ဗျားတို့နဲ့ ကျွန်တော်နဲ့က ယောက္ခမနဲ့သမက်၊ လင်နဲ့မယား နှင်လို့ သာ သွားရမယ်ဆိုရင်ဖြင့် ရာဇဝင်ဆိုး အမျိုးလူကဲ့ရဲ့ တော့မပေါ့အမိတို့ရယ်'

သည်လိုပြောပြီး ချစ်ယောက္ခမအံ့ကြိတ်၍ ခုန်လိုက်သောအသံ ဘဝင်သို့မလျှံမီ အမြန်လစ် ရပါ၏။

'နေပါအုံး ကျွန်တော်သွားတော့၊ ကျွန်တော့်ခလေးတွေ ဘယ့်နှယ်လုပ်မလဲ၊ ခေါ်သွားရ မလား. . .'ဟုမေးဘူး၏။ သည်တော့ 'မခေါ်သွားရဘူး၊ နင်အဝေးကနေ စားစရိတ်ပို့ရင်ပို့ မပို့ရင် ငါတို့ ဆွေမျိုးထဲက လူတွေမွေးစားဘို့ ပေးပစ်လိုက်မယ်. . .'ဟုဆို၏။

သည်တော့ ကျွန်တော့်မှာ မိမိရင်သွေးတွေကို အဘယ်လျှင် သူများလက်ပေးအပ်နိုင်ပါ အံ့နည်း။ ကျွန်တော်မှာ ယောက္ခမကြောက်တာနဲ့ သားသမီးစွန့်ခွာ သွားလောက်အောင် သတ္တိ ကြောင်သူလည်းမဟုတ်ပါ။ ဤသို့ဆိုလျှင် မိတ်ဆွေက 'မင်းမယားမင်းခေါ်သွားပါလား' ဟု ပြောဘို့ရှိ၏။

သူတို့သားအမိက သမီးတခု၊ မအေတခုမို့ တသက်မခွဲတဲ့ခင်ဗျာ။

စင်စစ်မှာ ကျွန်တော့်ဘဝသည် အလွန်ပင်စိတ်ညစ်ဘွယ်ကောင်းပါ၏။ သို့သော် ကျွန်တော် စိတ်မညစ်တော့ချေ။ နကိုဗီဇအတိုင်း ပျော်ရွှင်လျက်ပင်ရှိပါ၏။ ဤသည်လည်း ကျွန်တော်မှာ

အများလူတို့ထက် ထူးခြား၍မဟုတ်ပါ။ ဥပမာပြရလျှင် မိတ်ဆွေအိမ်သည် အလွန် နာငြီးဘွယ်ကောင်းသော စက်ရုံကြီးအနီးမှာ ရှိသည်ဆိုပါတော့။ ကြားနေကျဖြစ်သော မိတ်ဆွေမှာ ၎င်းစက်ရုံကြီးက အသံရပ်နားနေလျှင်ပင် အိပ်မပျော်ဖြစ်တတ်သည်မဟုတ်ပါလား။

ထို့အပြင်လည်း ကျွန်တော့် ချစ်ယောက္ခမနှင့် ချစ်ဇနီး၏ တိုက်စစ်မှာ မည်မျှပင်ပြင်းထန်နေပါစေ၊ ပြေငြိမ်းမည့် နေ့ရက်ကို ကျွန်တော် သိပြီးဖြစ်ပါ၏။ အခြားမဟုတ်၊ ကျွန်တော်ဝတ္ထုရေးခရ၍ ငွေစ,အပ်သော အချိန်ပင်တည်း။ သို့မို့ကြောင့် ကျွန်တော်သည် ဤအခါမျိုးဆိုလျှင် ပို၍ဥာဏ်ရွှင်၏။ ပို၍လက်သွက်၏။ ကျွန်တော့်စိတ်အာရုံမှာ တခါတခါ ကျွန်တော့်ကိုယ် ကျွန်တော်အလွန်ပင် ပစ္စည်းဥစ္စာချမ်းသာ၍ ဘာမျှပူပင်စရာမရှိသော ပေါ်အူး၏ဆရာ သူဌေး ကလေးအေးဆေးလုပ်လိုက်၏။ ဂေါ်မစွံသော်တာဆွေ ဇာတ်လမ်းထွင်လိုက်၏။ မေ့ရည်းစား သော်တာဆွေဖန်တီးလိုက်၏။ ကျွန်တော့်ဇာတိ ဌာနေသတိရသောအခါ၌ ဟစ်တလုံးအဖေ ကိုတက်ပုဇာတ်ကွက်ဖော်လိုက်၏။ လူပျိုဘဝ ကြုံတွေ့ခံရသည်တို့ကို ကျော်စံကေး–ဖြတ်စ လုပ်ခဲ့၏။

ဘယ့်နှယ်တုန်း၊ ကိုယ့်ဘဝကိုယ် မတင်းတိမ်လျှင် ကိုယ့်စိတ်ဒုက္ခရောက်ဘို့သာ ရှိတော့မပေါ့။

ဒီတော့ မင်းကကော ဖြစ်သလို ပျော်တတ်လို့ ဟုတ်ပါပြီတဲ့။ ကွာ. . မင့်မိန်းမကော စိတ်ချမ်းသာမှု ရှိရဲ့လား. . .'လို့ မေးအံ့။ မရှိပါ၊ နဲနဲကလေးမျှမရှိပါ။ ယခုအိမ်က နို့စို့ကလေးနှင့်ထွက်ပြေးရသည်အထိပင်ဖြစ်ပါသည်။

အဘယ်ကြောင့်နည်း

'လောက၌ လူတို့သည် မိမိစိတ်ချမ်းသာမှုကို မိမိကိုယ်ကမွေးတတ်မှမိမိရ၏။ မမွေးတတ်လျှင် ရွှေဘုံပေါ်မှနေရပါစေ၊ ထိုသူ ဆင်းရဲအံ့'ဟု ကျွန်တော် ဆိုချင်ပါသည်။ ဆယ်နှစ်ကျော်ပေါင်းခဲ့ပြီဖြစ်သော ကျွန်တော့်ဇနီး၏ စိတ်ဓါတ်ကို ကျွန်တော်ကောင်းကောင်းသိသည်။ အလွန်စိတ်အားငယ်တတ်၏။ ကြောက်တတ်၏။ စိုးရိမ်တတ်၏။ လူတန်းစေ့ စဉ်းစားဉာဏ်မရှိ။ အူ၏။ ထူ၏။ အူ၏။ ဒါကိုသူ့အကြောင်း ကောင်းကောင်းသိသူအားလုံးက ထောက်ခံသည်။

လင့်အလုပ်ကိုနားလည်လိုက်ပုံကော ကြည့်ပါအုံး။ ကျွန်တော် တခါတရံအိမ်မှာ အခန်းထဲ ဝင်စာရေး၍ 'ဟေ့ ငါစာရေးနေတုန်း ထမင်းစားလဲ လာမခေါ်နဲ့၊ ကော်ဖီလဲ လာမပို့နဲ့၊ ငါ့ဟာ ငါဆာမှထွက်စားမယ်နော်'ဟု မှာထား၏။ ဤအတိုင်းတော့ လိုက်နာပါသည်။ သို့သော်ကလေးငို ၍သူချော့မရသောအခါတို့၌ ကလေးကြီးအခန်းထဲ ဆွဲသွင်းလာကာ. .

‘ရော့တော့ ရှင်နဲ့မွေးတဲ့ခလေး ရှင်လဲထိန်းအုံး တကိုယ်ကောင်းချည်း ကြံမနေနဲ့’

မိတ်ဆွေက ကျွန်တော်မှာ စာရေးဆရာမို့ အိမ်တွင် စာအုပ်စင် စာအုပ်ဘီရိုနှင့် ကျကျ နန ရှိလိမ့်မယ်ထင်ပါသလား။ လွဲချေတော့မည်။ ကျွန်တော် အိမ်ယူလာသမျှ စာအုပ်ဆိုသူ့ ကလေးတွေအတွက် ကစားစရာလုပ်ပစ်၏။ ဘယ်စာအုပ်မဆို ဘယ်နေရာမှာ ထားထား ကလေး တောင်းလျှင် ငိုလျှင် မဆိုင်းခဏပင် ယူပေး၏။ ကလေးတို့ကား ပထမအရုပ်ကြည့်ပြီး၊ ဒုတိယလု ၍ တတိယဆုတ်ပစ်၏။

ကျွန်တော့်မိန်းမကား ဤကိစ္စကို ဘယ်လောက်ပြောပြော ဘယ်တော့မှမမှတ်။ ထပ်တလဲ လဲပင်။

သူကား စာပေနားလည်ဘို့ နေနေသာသာ၊ မြန်မာစာမှ ကောင်းစွာမဖတ်တတ်။ ဖတ်ရန် လည်း မလေ့ကျင့်။ ဝါသနာလည်းမထုံ။

လူမှုရေးရာတွင်လည်း ကျွန်တော့်မှာ လူငယ်စာရေးဆရာတို့ဘာဝ ကလောင်မိတ်ဆွေမ, ကလေးတွေရှိနေသည်ကို နားမလည်၍ခွင့်မလွတ်ချင်နေပါစေ။ သို့သော် ကျွန်တော့်၌ ပြစ်မှု တစုံတခု စွပ်စွဲစရာတွေ့အံ့။ ပထမသူက ကျွန်တော့်ကိုမေးရမည် မဟုတ်ပါလား။ ကျွန်တော်က ထုချေရမည်။ ကျွန်တော့်ဖြေရှင်းချက်ကို မကျေနပ်မှသာ အထက်ခုံရုံးဖြစ်သော သူ့အမေ၊ သူ့ဦး လေးတွေတိုင်။ လင်မယားတွေ ပြဿနာဟာ ဤလမ်းစဉ်အတိုင်း သွားရမည်မဟုတ်ပါလား ခင်ဗျာ။ ယခုတော့ ဘယ်သောအခါမျှ ကျွန်တော့်ဆီက လျှောက်လဲချက် မတောင်းခံ။ သူ့အမေ ခုံရုံးသာ တခါထဲ တင်ပစ်လိုက်တော့၏။

သူ့အမေကား သာမန်မျက်စိဖြင့် မမြင်နိုင်သော ရောဂါပိုးတို့ကို ခြေလက်အင်္ဂါအစုံ အလင်နှင့် ထင်ရှားအောင် ပြနိုင်စွမ်းသော မိုက်ကရိုစကုတ်ခေါ် မှန်ဘီလူးကဲ့သို့ ဉာဏ်မျက်စိ မျိုးရှိသည်ဟု သူ့ကိုယ်သူ ယုံကြည်သူ ဖြစ်ခြင်းကြောင့် ခင်ဗျားတို့ကျွန်တော်တို့ မမြင်နိုင်စွမ်း သော ကိစ္စကို သူ့ခုံရုံးတွင် ထင်ရှား၍ဝက်ပက်သော အမှုကို ဆင်ထိုးမှုဖြစ်သည်။ သီဟောင်း ကျွမ်းဟောင်း တွေ့သဖြင့် လမ်းတွင်ပြုံးပြမိသည်တို့ကို လင်ငယ် မယားငယ်နေမှုဖြစ်သည်။ အပျိုကလေး တယောက် ရည်းစားစာအပေးခံရပြီး နေထိုင်မကောင်းဖြစ်လျှင် ကိုယ်ဝန်ဖျက်ချရပြီဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်အင်္ကျီအိတ်ထဲ၌ မေအေး၏ရုပ်ရှင်ပြဘို့ ချိန်းစာတွေ့သွားသည်ကို ‘ခလေးတယောက်ပင် ရလောက်ပြီ’ဟု သူ့ခုံရုံးဖြတ်ထုံး၌ စီရင်ချက် ချလိုက်ဟန်တူသည်။ သားအမိနှစ်ယောက် ထိုညပင် အပြင်းအထန် တိုက်စစ်ဆင်ကြပါတော့သည်။

မိခင်။ 'ဟင်. . ရုပ်ရှင်မပြခင် ဘယ်လော်ဂျင်သွားမလဲ'

သမီး။ 'သူ ညမှောင်မှပြန်လာတာ မာမီရဲ့'

မိခင်။ 'အားနဲလာတယ်၊ သူအခုအိပ်ပြီ'

သမီး။ 'ပိုက်ဆံဘယ်လောက်ကုန်လိုက်မလဲ မသိဘူး၊ ရုပ်ရှင်ဘယ်အတန်းကပြမလဲ'

မိခင်။ 'ဝယ်ခြမ်းပေးရတာလဲရှိအုံးမှပေါ့'

သမီး။ 'ကောင်မလေး ကျောင်းနေတာ တလတရာတော့ထောက်ရမှာဘဲ'

မိခင်။ 'မကြာခင် ဒပ်ဖရင်ရောက်မှာပါအေ'

အင်း. . . ကျွန်တော်ယခုမှ စိတ်သက်သာရာရသွားသည်။ သူ့ခုံရုံးဖြတ်ထုံးတွင် ကျွန်တော် ထင်သကဲ့သို့ ခလေးတယောက်ရလောက်ပြီ မဟုတ်သေးတကား။ ဒပ်ဖရင် (သားဖွားရုံ) ပို့ဘို့ လမ်းစဉ်လောက်ပင် ရှိသေးသည်။ တော်သေးတာပေါ့။

သူတို့သားအမိမှာ ကျွန်တော်ဝတ္တုရေး၍ တလမည်၍မည်မျှသာရပါသည်ဆိုသည်ကို မယုံ။ အကန့်အသတ်မရှိ ရနေလျက်အိမ်ပေးချင်သလောက်သာပေး၍ အခြား၌ မိန်းမနှင့် အရက်တွင် ကုန်ချင်သလောက် ကုန်နေသည်ဟု ယောက္ခမဖြတ်ထုံးမှာပင်ရှိ၏။ အချို့သူတို့ဆွေ မျိုးထဲကလည်း ကျွန်တော့်ဝင်ငွေမှာ ဝန်ကြီးချုပ်လခထက်မနည်းကြောင်း တွန်းထားသူက ရှိသေး ၏။

ကျွန်တော်က ရေးဘော်များဖြစ်ကြသော သာဓုမေးပါ။ တင့်တယ်မေးပါဆိုလည်း 'နင်တို့ လိုဟာချင်း အတူတူပေါ့' ဒါဖြင့် 'ကိုကျော်မေး' ဆိုပြန်လည်း 'သူကကော ဘာမို့တုန်း၊ ဒီပုတ်ထဲ က ဒီပဲပေါ့'

ကျွန်တော်နှင့်ပေါင်းလျှင် (သူတို့ဆွေမျိုးထဲကမှတပါး) လူကောင်းမဟုတ်ဟု ယောက္ခမ ဖြတ်ထုံးတွင်ရှိ၏။ မယုံလျှင်ကျွန်တော့်အိမ် တခါတခေါက်လာရောက် လည်ပတ်ကြပါ။

ကျွန်တော်မှာ ထိုည၌ ယောက္ခမဖြတ်ထုံးတွင် 'မကြာခင် ဒပ်ဖရင်ရောက်မှာပါအေ' လောက်သာ တွေ့ရသဖြင့် မြော်လင့်တာထက် သက်သာနေ၍ 'တော်သေးတာပေါ့'ဟု နှစ်သိမ့်မိ ကာ မနက် သူတို့တိုက်ပွဲမစမီ စောစောလစ်ပြေးနိုင်ရန် အရက်မူးမူးနှင့် သူတို့အသံတွေ ဆက် လက်နားသောတမဆင်တော့ဘဲ စောင်ခေါင်းမြီးခြုံ၍ အိပ်လိုက်ပါတော့သည်။

မိုးသောက်၌ သူတို့အားလုံး အိပ်ရာကမထမီ အိမ်ပေါ်မှဆင်းခဲ့၍ နာနီဆီရောက်သော အခါ၌ ညက ယောက္ခမမုန်တိုင်းကျပုံကို မနက် သတင်းအဖြစ်နှင့် ပြောပြပါသည်။ ဤသို့ ပြောပြသည်မှာ မဖြစ်စဖူး ထူးထူးဆန်းဆန်းမို့ မဟုတ်ပါ။ နာနီအဖို့မှာလည်း ကြားရပေါင်းများ နေ၍ ရိုးနေပါပြီ။ သို့သော် ကျွန်တော်ဆိုလိုသည်မှာ 'နာနီ ကျွန်တော် နာနီအိမ်မှာ ထမင်းစား ရမယ်'ဟု သော အဓိပ္ပာယ်ပင်ဖြစ်ပါသည်။

ယောက္ခမအရေးတော်ပုံကြုံခိုက်၌ ကျေးဇူးရှင်တွေကို မေ့ထား၍မဖြစ်သေး။ နာနီနှင့် အမကြီး ခင်မျိုးချစ်တို့အပြင် ယခု ၅၂ခုနှစ်၌ အရေးပေါ်လျှင် မှီခိုရန် အသစ်တွေ့ထားသည်မှာ စာရေးဆရာ မြသန်း၊ ကြည်လင်၊ အောင်လင်း၊ ကျော်အောင်တို့ နေကြသော ကိုသန်းတင်–ဒေါ်မြမြ၏ အိမ်ဖြစ်ပါသည်။ ကျွန်တော်အချိန်မရွေး ထမင်းသွားစားနိုင်၏။ အခါမလင့် သွားရောက်အိပ်စက်နိုင်၏။ လွန်ခဲ့သော သုံးလလောက်ကပင် အရေးတော်ပုံတခုကြောင့် နှစ်လမျှ သွားရောက် ခိုအောင်းခဲ့ဘူးပြီ။

(ဤမျှဖော်ပြသည်နှင့်ပင် ကိုသန်းတင်နှင့် ရဲဘော်တစုသည် ယခုဝတ္ထုအတွက် ကျွန်တော့် ယောက္ခမပွက်ပွက်ညံသည်၌ ကျွန်တော်မှာ မျက်နှာကလေး စပ်ဖြဲဖြဲနှင့် သူတို့အိမ်သို့ ရောက်လာ တော့မည်ဖြစ်ကြောင်း သိရှိနေကြပါလိမ့်မည်။)

ဤသို့ကျွန်တော်အိမ်မှာနားပူလှ၍ စာမရေးနိုင် စိတ်မကူးနိုင်ဖြစ်သောကြောင့် အခြား၌ အိပ်ကာ စားကာနေသောအခါတို့၌ ချစ်ယောက္ခမသည် ကျွန်တော့်ကိုယ်စား သူ့သမီးကိုညှင်းဆဲ တော့၏။

'ဟဲ့ ဖေမ၊ နင့်လင် နင့်ပစ်သွားပြီ၊ နင့်ခလေးတွေတပြုံကြီးနဲ့ ဘယ့်နှယ်လုပ်မလဲ၊ နင့်လင် အခုမယားငယ်နဲ့ပျော်ပါးနေပြီ သိရဲ့လား'

သမီးကလည်း မိခင်ဖြတ်ထုံးကို ချွင်းချက်မရှိယုံကြည်၏။

ဤအခြေတွေကို သိ၍ ကျွန်တော်ကကိုယ့်မှာ သားမယားရှိလျက်နှင့် တခြားသွားအိပ်တာ မသင့်လျော်ဟု ညတော့ အိပ်ပျော်တုန်းနားအေးပါတယ်လေဆိုပြီး အိမ်ပြန်အိပ်၊ ကျီးကန်းနှင့် သူတို့မနိုးမီပြန်ဆင်း။ သည်တော့လည်း. . .

'ဟဲ့ဖေမ၊ နင့်လင်က ညအိပ်ရုံသာ လာအိပ်ပြီး မနက်ပြန်ဆင်းသွားတော့ နင်ဘာဖြစ်နေ ပြီလဲသိရဲ့လား'

ဘယ်လိုမှအမျက်မလွတ်ပါ။ အမျိုးမျိုးဆူ၏။ ဆဲ၏။ ကျိန်၏။ တခါတရံရိုက်နှက်၏။ ဒါကို လည်း သူ့သမီးက သူ့အမေကို စိတ်မပျက်နိုင်ရှာ။ ထူးမြတ်သော ဉာဏ်ကြီးရှင် မိခင်၏ဖြတ်ထုံး အမျိုးမျိုးကိုသာ သဘောကျကာနေခဲ့၏။

ယခုမေအေး၏ ရုပ်ရှင်ပြဿနာ မကြေအေးမီ ကျွန်တော်ပြည်တော်သာချီတက်ရန် အဝတ် အစားပြင်လိုက်သည့် အမှုကား၊ မိုက်ကရိုစကုတ် မဟာပညာကျော်ဂျူနီယာ၏ ခုံရုံးတွင် 'မေအေးနှင့် ကျွန်တော်သည် ကိုရီးယားစစ်မြေပြင်အထိ ဟန်နီးမွန်းထွက်မည်ဖြစ်၍ တတိယ ကမ္ဘာစစ်ကြီး မပြီးမချင်း ပြန်ရောက်လိမ့်မည်မဟုတ်'ဟု ဖြတ်ထုံးပြုလိုက်လေသလားမသိ။ တရားလိုမ, ပင်လျှင် သူ့အမှုသူ ဆက်လက်မနာခံနိုင်တော့ဘဲ ဖော်ပြခဲ့သည့်အတိုင်း စာတစောင် ရေး၍ အခါလည်ကျော် သမီးကလေးနှင့် အိမ်ကထွက်ပြေးပါတော့သတည်း။

ကဲ. . . ကျွန်တော် မယားပျောက်ကယ်တဲ့. . . . ရှာရတော့မည်။

ကျွန်တော်အစပထမ၌ ကျွန်တော့် မိန်းမကို တယ်အယုံအကြည်မရှိလှဘဲ၊ ဝေးဝေးတော့ မသွားတန်ရာ၊ ညာတာဖြစ်ရမည်ဟု ကုတင်အောက်၌လည်းကောင်း၊ အိမ်အောက်က ထင်းပုံကြား၌လည်းကောင်း၊ လက်နှိပ်ဓါတ်မီးနှင့် ထိုးရှာသေးသည်။ နောက်မှဝါးခယ်မလမ်းက သူ့ဆွေမျိုးများအိမ်ကို သွားမေး၏။ မတွေ့ခဲ့။ အလဲ့–ငါ့မိန်းမ တကယ်များ ပြေးတာဘဲလား။ ဝမ်းသာရမလိုလို၊ ချီးမွမ်းရမလိုလို။

ကျွန်တော်မအူပင်လမ်းထိပ် ပြန်ရောက်သောအခါ သူတို့အမျိုးအနွယ်တယောက်ဖြစ် သော ကလေးမက ကျွန်တော့်မိန်းမကို သူ့ခဲအိုကိုညိုကြီးက မဟာမြိုင်လမ်းတွင်တွေ့၍ ဘယ်သွားမလဲ မေးရာ၊ လွယ်အိတ်တလုံး၊ ကလေးတယောက်နှင့် အဖြေမရေရာသဖြင့် အိမ်ပြန်ရန် ဆိုက်ကားပေါ် တင်လွှတ်လိုက်သည်။ သို့သော် ယခုအိမ်ပြန်မရောက်သေးကြောင်း သတင်းရ ၏။

ကျွန်တော်အိမ်ပေါ်ပြန်တက်သောအခါ၌ ကျွန်တော့်ယောက္ခမနှင့် သူ့မောင်ရှိနေ၏။ ကလေး များအားလုံးနိုးကြပြီ။ ကျွန်တော့်သား ဟိတ်တာခေါ် ကျော်ကျော်ဟစ်တလုံးက. . .

'ဟေ့ နင့်နော်နော် မရှိတော့ဘူးကွ၊ ကောင်လေးတယောက်ခက်ပါပြီဟေ့'ဟု သူ့ညီဘတ် စတာခေါ်သော်သော်ကို ရန်စ,ရာ အိပ်ရာမှထခါစ အကောင်က ငိုမဲ့မဲ့ပြုသည်တွင် ကျွန်တော့် သမီးအကြီးဆုံး ဒင်ပယ်လ်ဆွေ ရှစ်နှစ်သမီးက. . .

'ဟဲ့. . ကျော်ကျော်ကလဲ မစ,နဲ့ဟယ်. . သော်သော်မငိုနဲ့ သိလား၊ နော်နော်က သော်သော် ငိုလို့ စိတ်ညစ်သွားတာ၊ သော်သော် မငိုတော့ဘူးဆိုမှ ပြန်လာမှာတဲ့နော်. . . လာ၊ တိတ်တိတ် ကော်ဖီသောက်ရအောင်'

ခါတိုင်းအိပ်ရာကထ မအေကိုချွဲပြီးငိုလေ့ရှိသော သုံးခါလည်ခွဲရွယ်လည်း မိခင်မရှိမှုကို နားလည်ကာ မငိုမယိုဘဲ ကောင်းစွာနားထောင်၏။ (ယခုကျွန်တော် စာရေးနေချိန်ထိ သုံးရက်ရှိ ပြီ။ မိခင်မလာသေးပါ။ သို့သော် သူတို့မဆူမပူမှ မအေကလာမည်ဟု ပြောထားသောကြောင့် သူတို့ ကောင်းမွန်ဆိတ်ငြိမ်စွာ နေကြ၏။ ခါတိုင်းကဲ့သို့ ဈေးသည်လာပူစာခြင်း၊ ပိုက်ဆံတောင်း ခြင်း၊ အိပ်ရာထငိုယိုခြင်း၊ ညီအကိုရန်ဖြစ်ခြင်းများ မပြုတော့ပြီ။ ကျော်ကျော်က ကျောင်းသွားချိန် သွား၊ ပြန်ချိန်ပြန်၊ သော်သော်က အိမ်မှာဖွားအေနှင့် ကောင်းမွန်စွာနေ၏။ တခါတလေ၌ 'နော်နော်ရေ. . . ရာပါတော့. . ရာပါတော့. . . သော်သော် ငိုတော့ဘူး'ဟု သီချင်းဆို၏။ ဤအခါ၌ သူ့ဖွားအေ ကျွန်တော့်ယောက္ခမကြီး မျက်ရည်ကျ၏။)

ကျွန်တော်တို့ရှာဖွေရေးကို ဆွေးနွေးကြ၏။ အန်ကယ်လ်က ယခုသူ့သားအား ကန်တော် ကြီးနှင့် အင်းလျားကန် ပတ်သော ဝိုင်ယာလက်စ် ကားများကို သတင်းပေးရန် မော်တော် ဆိုင်ကယ်နှင့် လွှတ်လိုက်ပြီ။ ထို့နောက် ရန်ကုန်ရှိသူတို့ ဆွေမျိုးအိမ်တွေလိုက်မေးမည်။ ယခု ကျွန်တော်တို့က ဂတ်ကို တိုင်ထားရန် လိုကြောင်းပြောသည်နှင့် ကျွန်တော့်ယောက္ခမနှင့် ကျွန်တော် ပင် သင့်မြတ်စွာ အိုးဘိုဂတ်သို့ လာကြသည်။

ဂတ်ထဲက ထွက်လာပြီးနောက် ကျွန်တော်သတိရ၍. . . .

'အော. . . . အန်တီ၊ သူ ကျွန်တော့်ကို စိန်ဘရားသားတိုက် ပို့ပါပို့ပါနဲ့ မကြာခဏပြောဘူး တယ်၊ သူအဲ့ဒီများသွားမလား၊ လာ. . . လိုက်ချကြရအောင်'

'စိန်ဘရားသားက ဝပ်ဆင်တိုက် ပြောင်းပြီးမှ သူတခါမှမရောက်ဖူးဘူး သွားတတ်ပါ့ မလား. . . '

'ဒီလိုမေးစမ်းသွားမှာပေ့ါဗျာ၊ လာပါ လိုက်ကြရအောင်'ဆိုပြီး ဘတ်စ်ကားပေါ်တက်ကြ၏။

စိန်ဘရားသားနှင့်သူတို့ ဆွေမျိုးတော်ပါသည်။

အိုးဘိုဂတ် ရှေ့မှ စိန်ဘရသားတိုက်ရှိရာ ပန်းဆိုးတန်းအရောက်၊ ဘတ်စ်ကားစီးရသည် မှာ လူလည်းမသက်သာ၊ အချိန်လည်းကြာလှပါ၏။ ဤအတွင်း၌ သမီးယောက္ခမ နှစ်ယောက်

တယောက်တယောက် စကားမပြောကြ။ ကျွန်တော့်စိတ်တွင် အပျက်ပျက်နှင့် တစထက်တစသော ကလှိုင်၍ လာပါပြီ။

သူတို့ဆွေမျိုးများ တအိမ်အိမ် သွားရောက်နေပါက တော်သေး။ နို့မဟုတ်လျှင် ကျွန်တော့် သမီးအခါလည်ကျော်ကလေးနဲ့ ညဥ့်အချိန် ဘယ်လိုအိပ်၊ ဘယ်လိုနေကြမှာတဲ့လဲ။ ကျွန်တော့် မယားမှာ အသက်အစိတ်မျှသာ ရှိပါသေးသည်။

ရှုးရှုးမိုက်မိုက်နှင့် ရေထဲဆင်း၍လည်းကောင်း၊ အခြားတနည်းနည်းနှင့်လည်းကောင်း၊ သူ့ကိုယ် သူသတ်သေအံ့။ ကျွန်တော့်သမီးကလေးကကော. . . . ။

ကျွန်တော့်ရင်မှာဆို့၍ လည်ချောင်းထဲကအပ်လာပါသည်။ ဒီနေ့မတွေ့ နက်ဖန်ကျရင် တော့ သတင်းစာထဲ ထည့်ရမှာဘဲ။ သတင်းစာထဲကြော်ငြာတော့ ဓာတ်ပုံလိုတယ်။ ဟင်. . . သူ့ကြီး မှရိုက်တဲ့ဓာတ်ပုံလဲ မရှိဘူး။ ဒုက္ခဘဲ. . . ။

သို့တွေးရင်း ဆွေးရင်းနှင့် ကျွန်တော်သည် လောကရေးရာ၌ ဘယ်မျှမိုက်သောကောင်ပါ နည်း။ ကြည့်ပါ။ မယားပျောက်၍ စိတ်ညစ်နေရတဲ့အထဲက ဟာသဝတ္ထုတပုဒ်ကို အကွက်ရိုက်မိ ပြန်သည်။ ဝတ္ထုနာမည်ကိုက ‘မယားပျောက်’တဲ့။

ဝတ္ထုဇာတ်လမ်းအစမှာ ကျွန်တော်သော်တာဆွေ မေ၏ရည်းစားသည်မေက ယခုနောက် ဆုံးပေါ်မှန်နိုင်လွန်ဝယ်ပေးပါဆိုသည်နှင့် ငွေ ၅ဝိ–ခန့်လိုနေ၏။ ကိုကျော်ဆီသွားတောင်းခန်း ထည့်သည်။မရ။ သတင်းစာတစောင် ကောက်ဖတ်လိုက်ရာ. . .

မယားပျောက်ကြော်ငြာ

ဆုငွေ ၅ဝိနှင့် ၁ဝဝိ

ဤဓာတ်ပုံပါ ကျွန်တော်၏မယား စီနီမာသည် (ကပြားမဟုတ် ဗမာမပင်ဖြစ်သည်။ သို့သော်ရုပ်ရှင် ဝါသနာပါလှ၍ ‘စီနီမာ’ဟုမှည့်ထားသည်။) ဩဂုတ်လ ၄–ရက် ပြည်တော်သာ နေ့က ကျွန်တော် ပြည်တော်သာသို့ ချီတက်ရခိုက်အိမ်မှ ထွက်သွားသည်။ တွေ့ရှိ၍ နေရာဌာန ကို လာရောက်သတင်းပေးပါက ၅ဝိ။ သို့မဟုတ် အိမ်အရောက်ပို့ပါက ဆုငွေ ၁ဝဝိ–ပေးပါမည်။

(ပုံ)ထွန်းကျော်

(အောက်က သူ့အိမ်လိပ်စာ)

ကျွန်တော်က ‘ကဲ. . သန်းဆွေ မင်းလဲဘိုင်ကျနေတယ်လာ. . .၊ ငါနဲ့ ဒီမိန်းမ လိုက်ရှာရအောင် တွေ့ရင် တယောက်တဝက်ပေါ့’

သန်းဆွေက သူ့အမူအရာအတိုင်း ငေးကြောင်ကြောင်နေရာမှ. . .

‘ဘယ်သွားလိုက်ရှာမလဲကွ၊ ရန်ကုန်မြို့ကြီးများ မင်းယောက္ခမရေချိုးခန်းလောက်အောက်မေ့နေလား’

‘ဒီကောင်လဲ အ,ရန်ကော၊ သူ့ဒီကြော်ငြာထဲ ကြည့်ပါလားကွ၊ ရုပ်ရှင်အလွန်ဝါသနာပါလို့ စီနီမာလို့ တောင်မှည့်ထားရတယ် ဆိုတော့ ရုပ်ရှင်ရုံတန်း လျှောက်ကြည့်ရုံပေါ့ကွ၊ လာ. . .၊ အခု ရုပ်ရှင်ပြန်ချိန်နီးနေပြီ’

သို့နှင့် ဒီကောင်ပါလာရာ ထိုမိန်းမကို အဆင်သင့်ပင် ကွန်တီနင်တယ်အောက် ကြာဖံဟင်းခါးသောက်နေသည်ကို တွေ့ရလေ၏။

ကျွန်တော်က သတင်းစာဖြန့်ကာ. . .

‘ကဲ ဓာတ်ပုံနဲ့ ယှဉ်ကြည့်စမ်းကွ’

‘အေး. . .၊ ဟုတ်တယ်ကွ’

‘ဒီတော့ရင် အခု ဒို့ကွန်တီနယ်တယ် အောက်မှာကြာဖံဟင်းခါးသောက်နေတယ်လို့ မြေနီကုန်း ကိုထွန်းကျော် အိမ်သွားပြောလိုက်ရုံနဲ့ ငွေ ၅ဝိ တော့ရနေပြီကွ’

‘ဒီမိန်းမက ဒီနေရာက ထမသွားတော့ဘူးတဲ့လား’

‘ထတာ မထတာ ဒို့အလုပ်မဟုတ်ဖူးလေ၊ သူ့ကြော်ငြာထဲမှာက ဒီမှာကြည့် ‘တွေ့ရှိရာဌာနကို လာရောက်သတင်းပေးပါက ၅ဝိ’ဆိုတယ်ဘဲကွ’

‘ဟ. . . ဒါက သူလိုက်ကြည့်လို့ တွေ့မှပြောတာပေါ့ကွ၊ နို့မဟုတ်ရင် ဟိုလူကလဲ ကိုထွန်းကျော် ခင်ဗျားမိန်းမ ဂလုပ်ရုံအောက်တွေ့ခဲ့တယ်၊ ဒီလူကလဲ ပလေဒီယန်ရုံရှေ့ တွေ့ခဲ့တယ် ပြောရုံနဲ့ငွေ ၅ဝိ–၅ဝိ ပေးနေရရင် ဒီကိုထွန်းကျော်က သူ့မယားပျောက်ကိစ္စအတွက် အီး–စီ–အေ က အကူအညီပေးထားတာမို့လားကါ၊ သူ့ခမျာပြည်တော်သာကို ချီတက်ခဲ့ရတယ် ဆိုတော့ သာမန်လခစားကလေး ဖြစ်ပါလိမ့်မယ်ကွာ’

ကျွန်တော်သည် သန်းဆွေပြောသည်ကိုသဘောပေါက်ကာ. . . .

'အေး. . .၊ ဒါလဲစဉ်းစားစရာဘဲကွ'

ဤနေရာ၌ ကျွန်တော့်ဝတ္ထုသွား ကျွန်တော်သဘောကျ၍ပြုံးလိုက်မိရာ ဘေးချင်းယှဉ်ထိုင်နေသော ချစ်ယောက္ခမအကြည့်နှင့် ဆုံမိသွားလေသဖြင့်. . .

'ဒမ်. . . ဆွိုင်း. . .'ဟုပဏာမခံလိုက်ပြီး 'နင်ကနောက်မယားနဲ့ ကျကျနနနေရတော့မှာမို့ တယ်ဝမ်းသာနေပေ့ါလေ'

ကျွန်တော် ရုတ်တရက် ကြောင်တက်တက်ဖြစ်သွားကာ. . .

'မဟုတ်ရပါဘူးဗျာ'

'မဟုတ်ဖဲနဲ့ နင် ဒီလိုအခါမှာ ပြုံးနိုင်သလား၊ နင်ကတော့ ပျော်လို့၊ ငါ့သမီးကတော့ ဘယ်နေရာမှာ ဘာဖြစ်နေလဲ မသိရသေးဘူး'

'ကျွန်တော့်သမီးလေးလဲပါသွားပါတယ်ဗျာ. . .'

'နင့်သမီးက ငါ့မြေးပါဟဲ့'

'ခင်ဗျားသမီးက ကျွန်တော့်မယားပါဗျ'

'နင်က ဒီမယား သေစေချင်နေတာ မဟုတ်လား'

'တော်ဗျာ. . . တော်ဗျာ'

ကြာလျှင် သမီးယောက္ခမနှစ်ယောက် ဘတ်စ်ကားပေါ်ထသတ်ကြမည့် အပေါက်ရောက်မှာစိုး၍ လျှော့ပေးလိုက်ရပါသည်။

ဟုတ်ပါ၏။ ကျွန်တော် ဤအခါမျိုးပြုံးလိုက်မိတာက လွန်လှပါသည်။ ထို့ကြောင့် လောကတံထွာအလျောက် မယားပျောက်စိတ်ညစ်သည့်ပုံ သုန်မှုန်၍ နေလိုက်ရပြန်တော့သည်။ ဤနေရာမှာ လတ္တာလမ်းသို့ ရောက်နေလေပြီ။

သို့သော် လူ့ထုံးစံနှင့် ဝဂလန့်ကျလှသော ကျွန်တော်မှာ ကြာကြာသုန်မှုန်၍နေ၍ မရတော့ပြန်ပါ။ မဂိုလမ်းအကျော်၌ အခုနဝတ္တုကြောင်း ပြန်စဉ်းစားမိပြန်တော့သည်။ ဇာတ်ကွက် ထဲ ပြန်ရောက်သွားပြန်တော့သည်။

'ဟေ့. . . သန်းဆွေ၊ ဒါဖြင့် ဘယ့်နှယ်လုပ်မလဲကွ၊ သူ့သွားချော့ခေါ်ရကောင်းမလား'

'အိမ်မနေချင်လို့ ထွက်လာတာ မင်းက သွားချော့ခေါ်ရအောင် မင်းမယားမို့လို့လား'

'ဒီလိုဝွမပြောနဲ့ကွာ၊ ရာတန်စက္ကူကြီး ရှေ့နားရောက်နေတာ လက်လွှတ်သွားပါ့မယ်၊ ငါပြောတာက ဒီလို ဒီဓါတ်ပုံနဲ့ ကြော်ငြာသူ့ပြပြီးတော့ 'ခင်ဗျား ဒါတွေ့ပြီးပြီလား၊ ကိုထွန်းကျော် တယောက်ဖြင့် သိပ်ဒုက္ခရောက်နေပြီ၊ သူ့ကိုယ်သူ သတ်သေမယ်တောင်ပြောနေတယ်၊ သနားပါ တယ်ဗျာ၊ အိမ်ပြန်လိုက်ပါ'လို့တောင်းပန်တာပေါ့ကွ၊ တောင်းပန်မရလို့ သူမပြန်ဘူးဆိုတော့ သူဘယ်မှာနေသလဲဆိုတာ သိရအောင် နောက်ယောင်ခံလိုက်ကြည့်ပေါ့ကွ'

'အေး. . . ဒီလိုဆို ဖြစ်နိုင်တယ်'

'လာ. . . . လာ. . . သွားမယ်၊ ငနဲမ ကြာဆံဟင်းခါးသောက်ပြီးသွားပြီ'

ကြာဆံဟင်းခါးဆိုင်မှ ထိုမိန်းမ နှုတ်ခမ်းသုတ်အထ၌ ကျွန်တော်သည် သတင်းစာမှ သူ့ဓာတ်ပုံကိုကွင်းပြကာ. . .

'ဒီမှာ ဒါ. . . ခင်ဗျားဓာတ်ပုံမဟုတ်လား'

ထိုမိန်းမ အံ့အားသင့်ကာ. . .

'ဟင်. . ဟုတ်တယ်၊ ဘယ်သူကများ ဘာလုပ်ထည့်လိုက်တာပါလိမ့်၊ ကျမလက်ရေးတို ကျောင်းလဲမနေဘူးပါဘူး၊ ဒူလာလိပ်ခေါင်းလဲ မထွက်ဖူးပါဘူး'

'ဒီမှာကြည့်လေ'ဟုဆိုကာ ကျွန်တော်က မယားပျောက်ကြော်ငြာဆုငွေ ၅ဝိနှင့် ၁ဝဝိဆို ဆာ ဖြန့်ပြလိုက်ပါသည်။

စာကိုဖတ်ပြီး ထိုမိန်းမအကြီးအကျယ် ဒေါပွကာ. . .

'အမယ်လေး. . . ဒါထွန်းကျော်က ကျမကိုသက်သက် စော်ကားတာ၊ ဘယ်မလဲ အခု ဒီသေခြင်းဆိုးခွေးမျိုး၊ တွေ့မှပါးနင်းဆုတ်မယ်'

သူတို့ချင်း ပါးနင်းဆုတ်ရှုံမက၊ နားရွက်တွေပါဖြုတ်ပစ်ပစ်၊ ကျွန်တော်တို့ တာဝန်မှာ ကိုထွန်းကျော်ဆီ ခေါ်သွားရန်သာဖြစ်ခြင်းကြောင့်. . .

'သူ့အိမ်မှာပေါ့ လာလေ ကျွန်တော်တို့လိုက်ပို့မယ်'

'အို. . . ချက်ချင်းသွားရှင်းမှ၊ လာသွားမယ်'

ထိုမိန်းမသည် ဒေါ်နှင့်မောနှင့် ကျွန်တော်တို့ရှေ့ကပင် မြေနီကုန်းကားရှိရာသို့ သွားလေသည်။

ကျွန်တော်နှင့် သန်းဆွေသည် သူ့နောက်မှလိုက်ကာ. . .

'ဘယ့်နှယ်လဲကွ သန်းဆွေ၊ ငွေတရာများလဲ လွယ်လိုက်ချင်တော့. . . ဟင်၊ ဗိုလ်ကျော်ဆီသာ တောင်းနေရမယ်ဆိုရင် ၁ဝိတောင် ရအုံးမှာမှုတ်ဖူး'

ခပ်တိုးတိုးပြောခဲ့ပါသည်။

ကိုထွန်းကျော် အိမ်ရှေ့ရောက်သောအခါ၌ ထိုမိန်းမသည် သတင်းစာကိုကိုင်၍ ဒေါ်နှင့်မောနှင့် ဝင်ကာ အိမ်ရှေ့အသင့်တွေ့နေသောလူအား'

'ဒီမှာ ကိုထွန်းကျော် ရှင်ကဘာသဘောနဲ့ ကျမကိုဒီလိုစော်ကားတာလဲ'

သို့သော် ထိုလူက တောင်းပန်သောမျက်နှာနှင့်. . .

'သည်းခံပါ မစီစီမာ၊ ခင်ဗျားညီမစီနီမာဟာ ကျွန်တော့်ကို ဘာလို့စိတ်ကောက်လဲ မသိဘူး၊ တနေ့ကဘဲ အိမ်ကထွက်သွားတယ်၊ အဲဒါပြန်မလာလို့ သတင်းစာထဲ ကြော်ငြာဘို့ကျ တော့ သူ့ဓာတ်ပုံက အိမ်မှာမတွေ့ဘူး၊ ခင်ဗျားတို့ညီအမချင်းက ဓာတ်ပုံချင်းလဲထားတော့၊ ရုပ်ချင်း တထေရာထဲဘဲလေ မထူးပါဘူးဆိုပြီး ခင်ဗျားဓာတ်ပုံဘဲ ထည့်လိုက်တာပါ'

သို့တိုင် မစီစီမှာ စိတ်မပြေနိုင်ဘဲ. .

'ရှင်က ရှင့်မိန်းမဓာတ်ပုံကျမ အိမ်မှာ လာယူပါလားရှင်'

'ဒါသတိတော့ရပါတယ်၊ ဒါပေမယ့် အကျိုးအကြောင်းပြောပြနေရတော့ ခင်ဗျားတို့ ညီအမချင်း စိတ်ကောင်းဖြစ်နေမှာစိုးလို့ပါ'

'အမယ်လေး စိတ်မကောင်းမဖြစ်ပါဘူးတော်၊ ကျမညီမနဲ့ ရှင့်လို အရက်သမားနဲ့သာ ကွဲသွားမယ်ဆိုရင် သိန်းထီပေါက်သလောက် ဝမ်းမြောက်ပါတယ်၊ ကျမတို့ ဆွေမျိုးတွေက ရှင့်ကို ကြည်ဖြူလို့များ ကြည့်နေကြတယ်မှတ်သလား၊ ခလေး လေးယောက်နဲ့ ခွဲမဖြစ်လို့သာ သီရဲ့လား၊ အခုလို ကျမညီမက ထွက်သွားတယ်ဆိုတော့ ဝမ်းသာပါတယ်၊ ကျမညီမကို ချီးကြူးပါ တယ်၊ ခလေးတွေလဲ ရှင်မကျွေးနိုင်ရန် ရှောက်ပေးပစ်လိုက်မယ်။ ကျမတို့ ဆွေမျိုးထဲ ချမ်းသာ တဲ့ လူတွေပြည့်လို့၊ ရာထူးကြီးနဲ့တိုက်ကြီးတာကြီးနဲ့ဆိုင်ကြီးကနားကြီးနဲ့၊ သားသမီးမရှိလို့ လိုချင်နေကြ တာတွေ အပုံ'

ကျွန်တော့်ဝတ္ထုဇာတ်ကွက် မဆုံးသေးပါ၊ စိန်ဘရားသားတိုက်ရှိရာ ပန်းဆိုးတန်းသို့ ရောက်သည်နှင့် ကျွန်တော့်ခေါင်းထဲ၌ စိတ်ကူးပြတ်၍ သမီးယောက္ခမနှစ်ယောက် ဘတ်စ်ကား ပေါ်မှ ဆင်းခဲ့ရပါတော့သည်။

ဓနရှင်ကြေးရတတ်အိမ်များ ခက်လှသည်။ စိန်ဘရားသား ဝဇီရာ တိုက်မျက်နှာစာ၏ လကျာ်ဘက်စွန် ဓာတ်ဆီရောင်းသော ကုလားရှိသည့်အခန်းကလေးမှ အပေါ်ထပ်လှေကားကို တက်ရာ၊ ကုလားက တားမြစ်သဖြင့် 'ဟဲ့ . . . ငါတို့ဆွေမျိုးပါဟဲ့' ကျွန်တော့်ယောက္ခမက ပြောသော်လည်း မရ၊ သုံးထစ်လောက် ရောက်မှပြန်ဆင်းရပါသည်။

'သွား . . . ဟိုအထဲမှာ ဘရားဆပ်ဆီ အရင်သွားချေပါ . . 'ဟု ဆိုသဖြင့် စိန်ဘရားသားအငယ် ကိုကျော်စိန်ရှိရာ ဆိုင်ခန်းထဲဝင်သွားရပါသည်။

ကိုကျော်စိန်ကို 'နော်မာ လာသလား'မေး၍ 'မလာဘူး'ပြောကတည်းက ကျွန်တော်ပြန် ချင်လှပါပြီ။ သို့သော် ယောက္ခမက ရောက်လို့ရှိမှ လူကြီးတွေဆီ သွားအုံးမှဆိုသဖြင့် ကိုကျော် စိန် လှေကားဝထိအောင် လိုက်ပို့၍ အပေါ်ထပ်သို့ တက်ခွင့်ရခဲ့ပါသည်။

ရောက်လျှင် စိန်ဘရားသားတို့အဖေကြီးက ယခုသူတို့၏ တဦးတည်းသောမြေးကလေး မှာ နာမကျန်းဖြစ်နေ၍ ဆရာဝန်ပေးရတာကို မဆိုထားနှင့်နေ့နာ့စ် ၂ဝိ၊ ညနာ့စ် ၂၅-ကျပ် ပေးရသည်ပင် ငွေ ဂုဝဝိ ကျော်သွားပြီဖြစ်ကြောင်း ညကအိပ်ပျက်ကြ၍ စကော့ဈေးဆိုင်ခွဲ သွားရ မည်ဖြစ်သော သမီး မသီသီတို့ မကြည်ကြည်တို့ပင် ယခု ၉-နာရီခွဲသည်တိုင်အောင် မသွားရ သေးကြောင်း၊ မင်းတို့ကြီးကြီး မငွေခင်ဆိုလျှင် အိပ်ရာမှပင် မထသေးကြောင်း၊ အော် . . . သားမြေး များ နာမကျန်းဖြစ်ရင် တယ်လူကြီးတွေ ဒုက္ခရောက်တာဘဲ စသည့် ပဏာမခံနေသောကြောင့် ကျွန်တော်တို့ သမီးပျောက် မယားပျောက် ကိစ္စကလေး အတော်ကြာပင် အေးထားရပါသေး သည်။ နောက်အခွင့်ရ၍ ပြောသောအခါလည်း . . .

'ဩ. . . ဒီတော့ မလာဘူးကွဲ့၊ ဝေးဝေးတော့ သွားမယ်မထင်ပေါင်ကွယ်၊ အနီးပါးနား ဆွေမျိုးတွေအိမ်မှာဘဲ နေပါလိမ့်မယ်၊ အခုလောက်ရှိ အိမ်ပြန်ရောက်ချင်တောင် ရောက်နေမယ်၊ ငါတော့ ဒီလိုဘဲထင်တယ်ဟေ့၊ မင်းတို့အိမ်ပြန်သွား တွေ့မှာပါဘဲ၊ တွေ့ပါစေကွယ် ငါမေတ္တာပို့ လိုက်ပါတယ်. . 'ဟူသော ကောင်းချီးသြဘာကို ခံယူရလျက် လင်မနစ်တပုလင်း ဖန်ခွက်ငယ်နှစ်ခု ခွဲထည့်ထားသည်ကို သမီးယောက္ခမနှစ်ယောက် တယောက်တခွက်စီ သောက်ပြီးပြန်ခဲ့ရလေ၏။

လမ်းခွသို့ ရောက်ကြသောအခါ၌ ဘယ်သို့ ဘယ်လမ်းမြန်းကြအုံးမလဲ ဆွေးနွေးကြရာ ကျွန်တော်က. .

'ချစ်ကဲင်း ရန်ကုန်ဆွေမျိုးတွေအိမ် လိုက်ရှာလို့မတွေ့ရင် ကျွန်တော်တညင်ဘက် ကူးမယ်လေ'

သံလျင်မှာလည်း သူတို့ဆွေမျိုးလက်ကျန်များ ရှိသေး၏။

'အော်. . ဒါနဲ့ မင်းကန်တော်ကြီး ဘုတ်ကလပ်နားကအယ်လိတ်အိမ် သွားလိုက်ပါအုံး'

'ချစ်ကဲင်း. . . သွားလိမ့်မယ်မဟုတ်လား'

'ဒီအိမ်တော့ သူသွားမယ် မဟုတ်ဖူးကွဲ့'

အကြောင်းမှာ အယ်လိတ်သည် ကျွန်တော့်မိန်းမအဖေဘက်က ဆွေမျိုးဖြစ်၏။ ကျွန်တော့်ယောက္ခမ ကွယ်လွန်သူ မစ္စတာဆစ်ဒနီဘဲရိုး၏ ညီမစ္စတာအယ်လိတ်ဘဲရိုး ယခု လယ်ဝန်ဖြစ်၏။

'ကောင်းပြီလေ. . . ကျွန်တော်သွားလိုက်မယ်၊ အဲဒီမသွားခင် ကျွန်တော် ရှုမဝဝင်ပိုက်ဆံ တောင်းအုံးမယ်၊ အန်တီပြန်နှင့်၊ ချစ်ကဲကင်းနဲ့တွေ့လို့ အကြောင်းထူးရင် ကျွန်တော်ရှုမဝမှာ ရှိမယ်ပြောလိုက်ပေါ့'

× × ×

ရှုမဝတိုက် ဝင်လိုက်လျှင်ပင် မယားပျောက်ဖူးဘို့ မဆိုထားနှင့် ရည်းစားစာမှပျောက်ဖူး ဟန်မတူသေးသော သန်းဆွေသေနာကောင် ကလေးက. . .

'ဟေး. . . . သော်တာဆွေ မင်းငါ့လက်ဖက်ရည် တိုက်ရလိမ့်မယ်'

ကျွန်တော်မှာ သူ့မချိမချဉ် မျက်နှာကိုနကိုအစဉ် သောက်မြင်ကပ်သူဖြစ်သည်နှင့်. . .

'မင်း လက်ဖက်ရည်မတိုက်ဖဲ နရင်းအုပ်ကော. . . မပြီးဘူးလား'

'အကောင်းပြောဆရာ. . . မုန့်ပါမှာလိုက်'

'ဘာလို့လဲ မင်းအဒေါ် ငါဂေါ်လို့ လာဘ်ထိုးရမှာလား'

'အေး. . . ဒါဖြင့်နေ ဟောဒီမှာ ကောင်မလေး တယောက်က မင်းလာရင် ဖုံးဆက်ခိုင်းပါဆိုပြီး ဖုံးနံပါတ်ပေးထားတယ်ဆရာရဲ့'

'ဟေ့. . . သန်းဆွေ၊ ဒါက မင်း ငါအရှူးလုပ်ဖို့ နှစ်ပေါင်းများစွာက ထွင်ခဲ့တဲ့အလုံးတွေပါကွာ၊ ရိုးလို့ ဆွေးတောင်နေပါပြီ'

'အေး. . . ဒါဖြင့် နင်ငတ်၊ ကောင်မလေးက ၁၁–နာရီကျော်လို့မှ နင်မလာရင် အိမ်လိုက်ခေါ်ပေးပါလို့ မှာထားတယ် သိလား၊ ငါက အခု ဒီကောင်မလေးဆီ သော်တာဆွေ သေပြီလို့ ဖုံးဆက်လိုက်အုံးမယ်'

သူက ဖုံးကောက်ကိုင်သည်၌

'ဟေ့. . . မင့် ပြက်လုံးကလေးတွေဟာ ငါနဲ့ပေါင်းလို့ အတော်အတန်တိုးတက်ပါတယ်ကွာ၊ ဒါပေမယ့် ငါအခုအချိန်မှာ မင်းကို ဂုဏ်ပြုမနေနိုင်ဘူး။ ငါအင်မတန်စိတ်ညစ်နေတယ်'

'ဟေ. . . မင်းရုပ်ကြီးလား စိတ်ညစ်တဲ့ရုပ်၊ မင်းလို ကောင်ကများ စိတ်ညစ်ရမှန်း သိသေးသလား'

ဟေ့. . တကယ်ပြောတာကွ၊ အခုမနက် ငါ့မိန်းမနဲ့ ခလေးအငယ်လေးအိမ်က ထွက်သွား လို့ ကိုကျော်ဘယ်မှာလဲ ကိုကျော်'

'အဟ. . . . ဟား. . . အဟဟား'

ဤတွင်မှ ခွေးကောင်ကလေးသည် သူ့ရည်းစားလင်ယူသွားသဖြင့် ရုတ်တရက်ရူးသွားသလိုကျယ်လောင်စွာ ရယ်မောလိုက်ပြီး

'ကိုကျော်ရေ ဟော့ဒီမှာသော်တာဆွေရယ်၊ သူ့မိန်းမအိမ်က ထွက်သွားတယ်ဆိုပြီး ခင်ဗျားဆီ ပိုက်ဆံတောင်းရအောင် လာပြန်ပြီ၊ အရင်တလောကလဲ သူအရက်ဘိုး မရှိတာကို ခလေးအသဲအသန် မမာလို့တဲ့'

ကျွန်တော် ရုတ်တရက် စိတ်ဆိုးသလို ဖြစ်မိကာ. . .

'ကြည့်စမ်း ဗိုင်းဒါမ လင်လေး၊ ငါတကယ်ပြောနေတာကို. . '

ကိုကျော်သည် စက်ခန်းထဲမှ ထွက်လာကာ. . .

'ဂျဲ ကယ်ဘဲပြောပြော ဒီတခါတော့ မရဘူး၊ ကိုရင်ရေ့'

'ဘုရား. . . ဘုရား. . ခင်ဗျားကပါ မယုံဘူး၊ ဒီမှာကြည့်စမ်း၊ ကျွန်တော့်မိန်းမ ရေးခဲ့တဲ့စာဗျ'

အိတ်ထဲကစာကို ထုတ်ပြလိုက်ပါသည်။ သို့သော် ကိုကျော်က တယ်အရေးမစိုက်လှဘဲ. . .

'မကြည့်ပါဘူးဗျာ၊ ကျုပ်လဲ ဒီစာမျိုးရေးမယ်ဆို ရေးတတ်မှာဘဲ'

'ဟာ. . . ကိုကျော်ရာ ခင်ဗျားက ကျွန်တော့်ဟာ ကျွန်တော်ရေးလာတာများ ထင်နေသလား၊ ဒီမှာ ကျွန်တော့်မိန်းမလက်ရေးအစစ်ဗျ၊ ကျွန်တော့်မိန်းမလက်ရေး၊ အခုသူ့ကို ရှာမတွေ့ဘူး'

'ဒါဖြင့် အခုန ဖုံးဆက်မှာထားတာ ခင်ဗျား မိန်းမများဖြစ်နေမလား'

သူ့စကားမဆုံးမီ ကျွန်တော်မျက်လုံးကိုဖြဲကာ. . .

'ဗျာဒါဖြင့် ဟိုခွေးမသားလေးပြောတာ တကယ်ဘဲလား'

'တကယ်ဘဲ ခွေးမသားကြီးရဲ့'ဟု သန်းဆွေက ပြန်တွယ်ကာ ဖုံးနံပါတ်ပေးသဖြင့် ကျွန်တော် ကောက်ဆက်လိုက်ရပါသည်။

'ဟဲ့လို. . . ဘယ်ကပါလဲ'

'ရှုမဝ တိုက်ကပါ'

'အော. . . ဦးသော်တာဆွေ ရောက်ပြီလား'

မိန်းမသံ သို့သော် ကျွန်တော့်မိန်းမအသံမဟုတ်ပါ။

‘ကျွန်တော်ပါဘဲ . . . .  ဘယ်သူပါလဲ ခင်ဗျာ’

‘အိုး . . အကိုဆွေ . . . မေအေးလေ’

ဘုရား . . . ဘုရား . . . အရေးထဲ မဟုတ္တာ . . . ။ ကျွန်တော် မျက်လုံးပြူးသွားပါသည်။

‘ဘာကိစ္စလဲမေအေး’

‘ဒီမှာ အကိုဆွေ ချစ်သက်ဝေ ဘိုင်စကုတ် သိပ်ကောင်းတာဘဲတဲ့’

‘အင်း . . . . ပြောကြတာဘဲ’

‘ဘာလဲ . . အကိုဆွေက အေးစက်စက်နဲ့ မေအေးကြည့်ချင်တယ်၊ လိုက်ပြပါ အခုနေ့ခင်းပွဲ အမီ လာခေါ်ပါ’

‘ဒီရက်အတွင်းမှာ ချစ်သက်ဝေ သိပ်ကြပ်တယ် မေအေး၊ ၃–၄ ကျပ်တန်း တွေတောင် ၃–၄ ရက်စာ ပြည့်ပြည့်နေတယ်၊ နောက်အပတ်များမှ ကြည့်ပါကွယ်’

‘ဟင့်အင်း . . . ဟင့်အင်း . . . .  ချစ်သက်ဝေ မကြည့်ရရင် ဒိပြင်အင်္ဂလိပ်ကားတွေပြ၊ ဒီနေ့ ပြည်တော်သာနေ့ကြီး ကျောင်းပိတ်ထားတာ၊ မေအေး သိပ်ပျင်းတယ်ကွယ် လာခေါ်ပါ အကိုဆွေ၊ ရုပ်ရှင်မပြချင်လဲ တိရစ္ဆာန်ရုံ သွားကြရအောင်နော်’

အင်း . . .

‘ဒီနေ့ အကိုဆွေ မအားဘူးကွယ်’

‘ဘာလို့မအားရတာလဲ အကိုဆွေက စာရေးချင်တဲ့နေ့မှာ ရေးတယ် မရေးချင်တဲ့နေ့မှာ အားတယ်ဆို၊ အခုမှ ဘာဖြစ်သွားရတာလဲ အကိုဆွေ မေအေးကို မုန်းသွားပြီလား၊ မုန်းရင်မုန်း တယ်ပြော သိရဲ့လား၊ ဟင့် လူများကတော့ . . . ’

ခက်ရချည့် ဘုရားမလေးရေ . . .

‘အကိုဆွေ . . မမုန်းပါဘူး ညီမလေးရယ်’

‘မမုန်းရင် ဘာဖြစ်လို့လဲ၊ အကိုဆွေ အိမ်က မယားကြီးကြောက်ရလို့လား၊ ဒါဖြင့် အကိုဆွေက မယားကြောက်ကြီးပေါ့’

ဤနေရာ၌ အိမ်မှာ ကိုးယိုးကားယား ဖြစ်နေရတဲ့အထဲ ထောင်းကနဲဒေါသထွက်သွားပါသည်။

'မယားကြောက်လို့မဟုတ်ဖူးဟေ့၊ မယားပျောက်နေလို့ သိရဲ့လား'

'ဘာရယ်. . . အကိုဆွေ မယားပျောက်နေတယ်. . . . ဟုတ်လား'

'အေး. . . '

'ဘယ်တုန်းကလဲ'

'အခုမနက်ဖဲ အိမ်ကထွက်သွားတယ်'

'ဘာလို့ထွက်သွားတာတဲ့လဲ'

'ထွက်သွားတဲ့အကြောင်း သိချင်သလား'

'သိချင်တာပေ့ါ'

'သိချင်ရင် အမှန်ပြောမယ်၊ မေအေးကြောင့်ဘဲ'

'ဘာ. . . မေအေးကြောင့်. . '

'ဟုတ်တယ်. . . မေအေး ဟိုနေ့က ရုပ်ရှင်ပြဘို့ချိန်းတဲ့စာ တွေ့သွားတယ်၊ နောက် အထင်မှားစရာတွေ ရှောက်ဖြစ်တယ်၊ အခု မနက် ရှင့်မယားငယ်နဲ့ ရှင်ပျော်ပျော်နေတော့ဆိုပြီး ထွက်သွားတယ်'

'ဒါဖြင့် သူကမေအေးနဲ့ အကိုဆွေကို စွပ်စွဲတာပေ့ါ'

'ဟုတ်တယ်. . . '

'မေအေး. . . ရှက်တယ်'

'အေး. . . . ရှက်ရင် ငြိမ်ငြိမ်နေ အခု သူ့လိုက်ရှာရအုံးမယ်'

ခေတ္တ စကားနေ့းနေပြီး. . .

'ဒီမှာ အကိုဆွေ. . '

'ဘာလဲ. . '

'အစွပ်စွဲခံရတဲ့အတူတူတော့ မထူးပါဘူး၊ သူကလဲ အကိုဆွေ့မချစ်လို့ ပစ်သွားပြီဟာ'

ကျွန်တော် ရုတ်တရက်မျက်လုံးပြူးကာ. . .

'ဟေး. . . ဟေး. . . မဖြစ်ဖူး. . . ကိုယ်တို့မှာ ဂျင်းစိမ်းနဲ့ မိဿလင်သူကြင်မှ ငါကြင်မယ် ဆိုတဲ့ ဂျိုလွတ်ကိုယ်လွတ်တွေ မဟုတ်ဖူး၊ သားသမီးလေးယောက်ကြီးနဲ့၊ တော်တော်. . . မေအေး၊ နောက်ထပ် ဒီစကားမျိုးတွေမပြောနဲ့၊ မေအေးကို အကိုဆွေဟာ ညီမလေးလိုကထက် ဘယ်နည်း နဲ့မှ ပိုမချစ်နိုင်ဘူး'

ကျွန်တော်သည် ပြတ်ပြတ်ပြောလိုက်မိကာ ရင်ထဲ၌နင့်၍သွားပါသည်။ ထို့နောက် ဆက်လက်၍ 'နို့ပြီး. . . အကိုဆွေဟာ မယားငယ် အချောအလှကလေးယူထားပြီး သားသမီးသံယော ဇဉ်တွေ မေ့ပျောက်ထားနိုင်လောက်အောင် မိုက်မဲယုတ်မာနိုင်မှာလဲ မဟုတ်ဖူး၊ တကယ်လို့ အကိုဆွေက ဒီလောက် မိုက်မဲယုတ်မာနိုင်တယ် ဆိုတော့ကော၊ ညီမလေးအဖို့ ဒီလိုလူစားမျိုး ဘာလုပ်ဖို့လဲ၊ ဒီလူစားမျိုးဟာ တနေ့ညီမလေးရဲ့ အသွေးအသားကျပြီး အလှဒီဂရီ လျော့တဲ့ အခါမှာ နောက်ထပ်အငယ်လေးတွေ့ရင် လိုက်အုံးမှာဘဲ မဟုတ်လား ညီမလေးစဉ်းစားပါကွယ်၊ ဒါလောက် စာတွေဖတ်လာပြီးတော့'

ဤတွင်မှ သူဝမ်းနည်းနောင်တသံပေါ်လာပြီး. . .

'ညီမလေး အပြောမှားသွားတယ် အကိုဆွေရယ်. . . သူက ညီမလေးနဲ့ပတ်သက်ပြီး အကိုဆွေ့ကို ပစ်သွားတယ်ဆိုတော့ ကရုဏာ ဒေါသောနဲ့ ရုတ်တရက်နူတ်လွန်မိတာ ခွင့်လွှတ်ပါ အကိုဆွေရယ်. . .၊ ရှိခိုးတောင်းပန်ပါတယ်'

ကျွန်တော် စိတ်မကောင်းဖြစ်ရပြန်ကာ. . .

'အို. . . တောင်းပန်စရာမလိုပါဘူး ခလေးရယ်. . . မိန်းခလေးတွေဟာ ၁၆–နှစ် ၁၇–နှစ် အပျို ရည်တက်နေတုန်းမှာ ဒီလိုဘဲ စိတ်မြန်လက်မြန် နူတ်လွန်တတ်ကြတယ်၊ ကဲ– ဒါတွေမေ့လိုက်ကြပါစို့၊ ညီမလေး ချစ်သက်ဝေကြည့်ချင်ရင် နောက်တနင်္ဂနွေမှာပြပါမယ်၊ လာခေါ် မယ်နော်'

'အို. . . မလာခေါ်နဲ့ အကိုဆွေ၊ အကိုဆွေ မိန်းမက ဒီလိုအထင်လွဲတတ်နေရင် မကောင်းတော့ပါဘူး'

'ဒါတော့. . . . ဒီမှာညီမလေး၊ အကိုဆွေ စိတ်ထဲမှာ ရိုးသားတယ်၊ မှန်ကန်တယ် သင့်လျော်တယ်ယူဆရင် ဒီမယားဒီယောက္ခမကိုမပြောနဲ့၊ သေတဲ့ယောက္ခမ သင်းချိုင်းက ထလာတောင် အဲ–ထိုင်ရှိခိုးလိုက်ရမှာဘဲ၊ အဟဲ–ဟဲ၊ ကဲ. . . ညီမလေး ဒီနေ့ပျင်းရင်စာဖတ်နေပေါ့ကွယ်၊ ဇော်ဂျီပိတောက်ရွှေဝါ မင်းသုဝဏ်ကဗျာတွေ အသံထွက်အောင် ဆိုနေပေါ့၊ အကိုဆွေ ညီမလေးက လိမ္မာပါတယ်နော်ကွယ်. . . . ချဲရီယိုဆွီတီ'

ကျွန်တော် ဖုံးကိုချလိုက်ပါတော့သည်။

သန်းဆွေနှင့် ကိုကျော်သည် ကျွန်တော်အရေးတကြီး မျက်နှာနှင့် ပြောနေရသည်ကို နားထောင်နေကြသည်ဖြစ်၍. .

'ကိုရင့် မယားထွက်သွားတယ်ဆိုတာ တကယ်ဘဲကိုး'

'ခင်ဗျားဗျာ ကျားကိုက်ပါတယ်ဆို'

'အင်း. . . ကိုရင့်ဟာက ကျုပ်ဆီ ညာနေကျနေတော့ တကယ်ကျားကျားဆိုတော ့ခက်နေတယ်၊ ကဲ ငွေ ဘယ်လာက်လိုချင်သလဲ'

'ခင်ဗျား အိတ်ထဲအခုရှိသမျှ ပေးလိုက်ဗျာ. . '

'အခု ရှိတာတော့ ၂ဝ ဘဲရှိတယ်'

'တော်ပါပြီ၊ အခု တညင်လောက်တင် သွားရမှာပါ'

ကျွန်တော် ရှမဝမှထွက်ကာ ကန်တော်ကြီး ဘုတ်ကလပ် (ယခု ယူနီယံကလပ်)ဆီသို့ သွားရပါသည်။

မစ္စတာ အယ်လိတ်ဘဲရိုးမှာ ကျွန်တော် ကုန်သည်ဘဝ အထက်အညာသို့ တက်စဉ်ကပင် ထိုစဉ်၌ သူကသာမြို့မှာဖြစ်၍ သူ့အိမ်သွားလာဝင်ထွက်ခဲ့ဘူးပါသည်။

သူ့အိမ်ရောက်သောအခါလည်း စိတ်ကောင်းမစရာ သတင်းကိုပြောခဲ့ရသည်မှတပါး အကြောင်းမထူးခဲ့၊

ကဲ. . . ယခုအခြေတွင် ကျွန်တော်မှာ ချစ်ကဲင်းနှင့်တွေ့၍ စနည်းနာပြီး သတင်းမရသေးဘူး ဆိုပါက သံလျင်သို့ လိုက်ရပါမည်။

ကျွန်တော် အိမ်ပြန်ရောက်သောအခါတွင် ဘကြီးဦးစိန်နှင့် အန်တီမထွန်းမောင်နှမလည်း ရှိနေ၍ သူတို့လည်း အနီးပတ်ဝန်းကျင် တတ်နိုင်သလောက် ရှာပြီးပြီဟု ပြောပါသည်။ ကျွန်တော့်ယောက္ခမဆွေမျိုးထဲ၌ ဗေဒင်ပညာရှိဖြစ်သော အန်တီမထွန်းကမူ ယခုအသက် မသေသေးဘဲ တနေရာရာ၌ ကောင်းစွာရှိနေကြောင်း အတပ်ဟောပါသည်။

သူ့ဗေဒင်မလွဲပါ။

အကြောင်းမှာ မကြာမီ၌ ချစ်ကဲင်းသည် မော်တော်ဆိုင်ကယ်တထုတ်ထုတ်နှင့် ရောက်လာပြီး ဗိုလ်တထောင်က သူတို့ဦးလေးကျွန်တော့်ယောက္ခမ၏မောင်အငယ်ဆုံး အန်ကယ် အဲရိတ်အိမ်၌ တွေ့ခဲ့ပြီဖြစ်ကြောင်း၊ ကျွန်တော့်ကိုလာဘို့မှာလိုက်ကြောင်း ပြောပါသည်။

အားလုံး သက်ပြင်းကြီးချကြကာ ကျွန်တော့်မှာမူ ခေတ္တတုံးလုံးလှဲ၊ နောက်ရေမိုးချိုးပြီး ရေးလက်စ ပပဝတီ ဝတ္ထုရှည်အခန်း ၆–ကိုသာ ကိုင်လိုက်ချင်စိတ်ပေါ်ပါသည်။ သူ့ဦးလေး အိမ်၌ ကောင်းမွန်စွာ ရှိနေပြီဆိုကတည်းက ကျွန်တော့်စိတ်တွင် ဘာမျှပူပင်သောကမရှိတော့ပါ။ သို့သော် ပျောက်ရှပြီး ပြန်တွေ့ရသော မယားကမှာလိုက်လျက်သားနှင့်မှ ကျွန်တော်မသွားက ယောက္ခမ ဆွေမျိုးတွေက မည်သို့ပြောကြဦးမည်နည်း။

ထို့ကြောင့် ကျွန်တော်သည် မကြာမီ၌ (အန်ကယ်အဲရိတ်မှာ ရေကြောင်းပုလိပ်ဘက်က ရာဇအုပ်ဖြစ်၍) ဗိုလ်တထောင်ဘုရားအနီးက ဂတ်တန်းကွာတာထဲသို့ ရောက်ခဲ့ရပါသည်။

အန်ကယ်အဲရိတ်မိန်းမ မလှကြည်က ပြုံးစစနှင့် ညွှန်ပြ၍ ကျွန်တော့်မယားရှိရာ အခန်းထဲရောက်သည်တွင် မဟတ္တာသည် ကျွန်တော့်ကိုဆီးဖက်လျက်. . .

'အိုင်ဘက်(ခ)ယူဝါပါဒင်း. . . . ဒါလင်. . အိုင်ဟတ်(ဒ)မစ္စအန်းဒါးစတုယူ၊ ဆိုးဆောရီး. . . ဒီယား ဟတ်ဘီ'ဟု ကပြားမဆိုသူတို့ စကားဖြင့် သူကျွန်တော့်အထင်မှားခဲ့မိ၍ အင်မတန်ဝမ်းနည်းစွာ တောင်းပန်ပါကြောင်း ပြောပြပါသည်။

ရုတ်ခြည်းဖြင့် ကျွန်တော်အံ့အားသင့်ကာ. . .

'နေပါအုံး မင်ဟာက အပြောင်းအလွဲ မြန်လှချည့်လား၊ မနက်ကဘဲ ငါ့ကိုမယားငယ်နဲ့ စွပ်စွဲပြေးပြီးတော့'

‘အန်ကယ် ရောဘတ်ကျေးဇူးဘဲဒါလင်၊ မနက်က ကိုကြင်ဆွေနဲ့မေအေးနဲ့ စကားပြောကြတယ် မဟုတ်လား’

ကျွန်တော် ရုတ်တရက် မျက်လုံးပြူးကာ

‘ဒါကို အန်ကယ်ရောဘတ်က ဘယ့်နှယ်လုပ်သိတာလဲ‘

အန်ကယ်ရောဘတ်မှာ သူ့အမေ၏အကိုဖြစ်ပါသည်။

‘မေအေးယောင်ဆောင်ပြီး စကားပြောတာ ကျမတို့ဘဲ’

‘ဟေ. . . မင်းအသံလဲ မဟုတ်ပါလား’

‘အန်ကယ်အဲရိတ်သမီး ဘက်တီမာလေ၊ အန်ကယ်ရောဘတ်က ဒါရိုက်တာ’

ဤနေရာ၌ ကျွန်တော်ပြုံးရုက်ရုက် သက်ပြင်းကြီး ချလိုက်မိပါသည်။ ဤအခိုက် ဘက်တီမာအပျိုချောရောက်လာကာ. . .

‘ဘယ့်နှယ်လဲ ကိုကိုဆွေ၊ ဘက်တီရယ် မေအေးလုပ်ပြီး ညှုလိုက်တာတော်တော်နိုပ်ရဲ့ လား’

ကျွန်တော်မှာ ရှက်ပြုံးကြီးနှင့်ပင်. . . .

‘တော်ပါ. . . ကောင်မလေး၊ ဒါမျိုးတွေငါနားရှက်တယ်’

‘အဟဲ့ဟဲ . . . အကိုဆွေက မေအေးကို မုန်းပြီလား၊ မုန်းရင်မုန်းတယ်ပြော သိရဲ့လား၊ အဟင့်. . လူများကတော့. . . ’

ကောင်မလေးက ဂါဝန်ကားကားနှင့် ခြေဆောင့်ကာ နှုတ်ခမ်းကလေးပင်စူ၍ လှည့်မူခြင်း ကို ခံလိုက်ရပါသေးသည်။

ထို့ကြောင့် ကျွန်တော်ဆိုခဲ့ပါသည်။

‘အပွဲပွဲနွဲခဲ့သမျှ ဒီတပွဲမှနာစေးတဲ့လူ လက်ကမြင်းတာခံလိုက်ရသည်။ မြွေပွေးမြက်ရော ကိုက်သည်။ ကတုံးပေါ် ကျီးကန်းချေးဘက်ကနဲ ကျသည်’ ဟု. . . .

သို့သော် ကျွန်တော် ဝမ်းသာဘွယ်ရာကား ယခု ကျွန်တော့်မယားသည် ကျွန်တော့် သဘောထားကို သိပြီဖြစ်၍ စာညီမလေးတွေ အရာအထောင် ထားရုံမက အိမ်ကိုပင်လာ၍ လည်ချင်လျှင် ခေါ်ခဲ့ပါတော့။ မေအေးအားလည်း အထင်မှားခဲ့သည်ကို တောင်းပန်ပါကြောင်း စကားကောင်း ပါးလိုက်ပါ၏။

ယခု သူသည် အိမ်ကထွက်သွားပြီး ချက်ခြင်းပြန်လာရမှာ ရှက်သေးသည်ဟု သူ့ဦးလေး အိမ်၌ပင် ရှိသေးပါသည်။

ညအချိန်၌ ကျွန်တော့်သားနှစ်ယောက်နှင့် ကျွန်တော် အိပ်ရပါသည်။ မနက်မိုးလင်းလျှင် ခေါင်းအုံးတွေ စောင်တွေ ခြေရင်းခေါင်းရင်းရယ်မရှိ။ ပတ်ပတ်လည်၌ ခွေနေကြပါသည်။ သားတို့သည်ဖအေ့မျက်နှာကို တက်ခွချင်ခွနေ၏။ ခြေရင်း၌စင်းချင်စင်းနေ၏။ သူတို့ချင်း လိမ်ချင်လိမ်နေ၏။ အချိန်မတော်ဒုန်းကနဲ လိမ့်ကျတတ်၏။ ဤသို့ဆိုလျှင် သူတို့မိခင်ရှိစဉ်ကမူ ကျွန်တော်တို့တရေးနိုးကြပါသည်။

ယခုတော့ဖြင့် မစိုပြေ. . . . တကိုယ်ရေတွေး. . . ကျွန်တော့်မယားကလေးကိုတဲ့ လွမ်းလှပါပြီ . . ။ အော. . ကျွန်တော့်ဇနီးကိုတဲ့. . . ဆွေးလှပါပြီ. . . ။ ချစ်ယောက္ခမကြီးရဲ့ . . . . မြင်စေ ချင်လှ သည်။ အော်. . မိုက်ကရိုစကုတ် မဟာပညာကျော် မကြီးရဲ့။

အဟဲ. . ဟဲ. . ။

သမီးယောက္ခမ ချစ်ကြည်ရေးသို့ ရှေ့ရှုလျက်. . . .

သော်တာဆွေ

(၉–၈–၅၂)

အထက်ပါ ဝတ္ထုသည် ၁၉၅၂ခုနှစ်၊ စက်တင်ဘာလ၊ ရှုမဝအမှတ် ၆၄–တွင် ပါဝင်ခဲ့ သည်။ (အော်. . . . ၂၁နှစ်တောင်ရှိခဲ့ပြီကော။)

ဤဝတ္ထု ဖြစ်ပေါ်လာရသည်ကား ‘ခိုင်’နှင့်ပတ်သက်၍ပင်။

ထိုဝတ္ထုထဲမှာ တက္ကသိုလ်ကျောင်းသူမေအေး၏ ရုပ်ရှင်ပြဘို့ ချိန်းစာဟုဆိုထားသည်။ အမှန်ကား ‘ခိုင်’၏ချိန်းစာတည်း။

တကယ့်အဖြစ်အပျက် အတိုချုပ်ကား ကျွန်တော့်အင်္ကျီအိတ်ထဲမှ ခိုင်၏ရုပ်ရှင်ပြဘို့ချိန်း စာကို မိသွားသောကြောင့် ကျွန်တော့်ဇနီး နော်မာသည် စတုတ္ထမြောက်ကလေး နို့စို့ရွယ်ဝင်းဒီ ခေါ် မော်မော်။ (ယခုတက္ကသိုလ်တတိယနှစ်)အား ခေါ်ပြီးနံနက်စောစီး မည်သူမျှမသိအောင် အိမ်ကထွက် သွားသည်။ ဤဝတ္ထုထဲမှာ ပါသည့်အတိုင်း စာတစောင်ရေးပစ်ခဲ့သည်။

ဤအချိန်၌ ကျွန်တော်မှာ အမှန်ပင် စိတ်ထိခိုက်သွားသည်။ ဝတ္ထုထဲမှာပါသည့်အတိုင်း သမီးယောက္ခမနှစ်ယောက် ပြောကြဆိုကြသည်။ နော်မာသွားမည်ထင်သည့် အိမ်များကို လိုက်ကြ သည်။ လမ်းတွင်ကျွန်တော့်ခေါင်းထဲ ‘မယားပျောက်’ဝတ္ထုတပိုင်းတစ စိတ်ကူးမိသည်နှင့် စိန် ဘရားသားရောက်သွား၍ ပြောကြဆိုကြတာများအမှန်ဖြစ်သည်။

နောက်ဆုံးတွင် နော်မာသည် ဗိုလ်တထောင်ရှိ သူ့ဦးလေးအိမ်ရောက်နေကြောင်း သိရသည်။ ထိုအခါ၌ကား ကျွန်တော့်စိတ်မှာ အေးသွားလေပြီ။ သည်တော့ ဩဂုတ်လဆန်း၊ စက်တင်ဘာလ ရှုမဝအတွက် ဝတ္ထုရေးရန်ရှိနေရ၍၊ ပူပူနွေးနွေးဖြစ်ပျက်ခဲ့၍ ကျွန်တော့်စိတ်ထဲ ခံစားနေရတာကိုပင် ဟာသဝတ္ထုဖြစ်အောင် ရေးလိုက်ရတော့သည်။ ထိုစဉ်က သော်တာဆွေသည် ဟာသဝတ္ထုတွေဘဲ ရေးသကိုး။

အမှန်မှာ ဗိုလ်တထောင်အိမ်တွင် နော်မာအား သူ့မောင်ဝမ်းကွဲ ချစ်ကဲင်းက တွေ့လာ သောအခါ ကျွန်တော်က သွားရောက်တောင်းပန် ချော့မော့ရသည်။ ဒါကို ဝတ္ထုထဲတွင် နော်မာတို့က မေအေးယောင်ဆောင်ပြီး တယ်လီဖုံးနှင့်ပြောလေဟန်ဇာတ်ကွက် အလှည့်ကလေး ဖြစ်အောင် ရေးရသည်။

စင်စစ် ဤဝတ္ထုသည် ကျွန်တော့် ဇနီးနှင့် ယောက္ခမကြီးကို ဖြီးချော့ချော့ခြင်းဖြစ်ပါသည်။

အမှန်လည်း ခိုင်နှင့် ကျွန်တော့်အခြေမှာ ထိုအချိန်တွင် ဝတ္ထုမှာ ပါသည့်အတိုင်း ရုပ်ရှင်ပြ ခေါ်ရင်း အချိန်စောနေ၍ ရှုမဝတိုက်လာခြင်းနှင့် ဦးကျော်နှင့် တွေ့ဆုံ၍ ကျွန်တော်သည် ဆိုကြသည်များ အားလုံး မှန်ပါသည်။ ခိုင်နှင့် ကျွန်တော်သည် ရည်းစားအရာ မရောက်ကြသေးပေ။

သို့ရာတွင် ဤဝတ္ထုထွက်သောအခါ၌ကား ခိုင်နှင့်ကျွန်တော်၏ ဘင်္ဂလားမောင်နှမ ဘဝသည် အရင်းအဖျား တောင်မကျ မြောက်မကျနှင့် နေ၍မရတော့ပေ။ နှစ်ပါးဆုံမြုံ မနောတွေက စကားစုံအကုန်ပြောရပေကော့မည်။

## အခဏ်း (၁၇)

### အသွင်ကူးပြောင်းခြင်း

ကျွန်တော့်တွင် စာရေးဆရာမဖြစ်မီ အနှစ်နှစ်အလလကပင် သိုမှီးထားသော ရေးစရာ အကြောင်းအရာ ကုန်ကြမ်းပစ္စည်းတွေ ရှိနေသည်။ နောက်ထပ်လည်း မပြတ် ဖြည့်စွက်နေသည် ဖြစ်သောကြောင့် တပုဒ်ပြီးတပုဒ် နင်ပြီးနင်သွား ဆိုသကဲ့သို့ ရေးထုတ်နေခဲ့ရာ၊ 'ကျွန်တော့် မယား ပျောက်လို့ရှာ' ဝတ္ထုကား မူလက လားလားမျှစီစဉ် စိတ်ကူးခဲ့သည်မဟုတ်၊ ရုတ်တရက် အရေးပေါ်ရေးသားလိုက်မိခြင်းသာ ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည်ရှုမဝမဂ္ဂဇင်းတွင် ဟာသဝတ္ထုများကို ဒိုင်ခံလစဉ်မပြတ် ရေးသား ခဲ့ရာ၊ ရှေ့လထုတ် စာအုပ်အတွက် ဒီလ ၁၀-ရက်နေ့ကို နောက်ဆုံးထားပေးရသည်။ ခိုင်၏ရုပ် ရှင်ပြဘို့ ချိန်းစာကြောင့် ကျွန်တော့်ဇနီး နော်မာအိမ်က ထွက်သွားသည်မှာ ၁၉၅၂-ခုနှစ်၊ ဩဂုတ်လ ၄-ရက်၊ ပြည်တော်သာနေ့ဖြစ်လေရာ၊ ရှုမဝအတွက် ဝတ္ထုကို စမှမစရသေးပေ လူမမယ် နို့စို့ကလေးနှင့် အိမ်ကမယားက ကိုယ့်အထင်လွဲပြီး တိတ်တဆိတ် ထွက်သွားသည်ဆို တော့ လင်ယောက်ျားတယောက်အနေနှင့် ကျွန်တော်ထိုက်သင့်သလောက် သောကရောက်ခဲ့ သည်အမှန်။ နော်မာကို သူ့ဦးလေးအိမ်တွင် သွားတွေ့၍ သူအထင်မှားသည့်ကိစ္စကို သွားရောက် ရှင်းလင်းခြင်းဖြင့် ထိုကိစ္စပြီးသွားပြီဖြစ်သော်လည်း၊ ကျွန်တော့်စိတ်အာရုံတွင် ယခင်က ရေးမည် ဟုစိတ်ကူးထားသော ဝတ္ထုဇာတ်လမ်းက ထင်လင်းမလာဘဲ လတ်တလော ဖြစ်လိုက်သည့် ကိစ္စ ကသာ လွှမ်းမိုးနေသဖြင့်၊ ဟယ်. . . ဒီအကြောင်းအရာကိုဘဲ ဟာသဝတ္ထုဖြစ်အောင် အချိန်မီ ရေးလိုက်ရပေတော့သည်။

ဤဝတ္ထုရေးစဉ်မှာ ယောက္ခမကြီးနှင့်ဇနီးကို ဖြီးချော့ချော့၍ နှစ်သိမ့်ဘို့ကိုသာ စဉ်းစား သည်။ ခိုင်အတွက်ကိုမတွေးခဲ့။ သူ့အား 'မေအေး'ဟု နာမည်သာ ပြောင်း၍သွားခဲ့သောနေရာ၊ တွေ့ခဲ့သောလူ၊ ပြောခဲ့သောစကားများ၊ ကြည့်ခဲ့သော ရုပ်ရှင်ကို အမှန်တွေချည်း ရေးမိလေရာ ဤဝတ္ထုထွက်သောအခါ၌ ခိုင်နှင့် ကျွန်တော်ပြဿနာတက်ရလေတော့၏။

ဤဝတ္ထုမှာ ကျွန်တော်၏လက်ရှိဘဝကို ထင်းထင်းကြီးဖော်ပြရာလည်း ရောက်နေ၏။ သွေးသားမတော်စပ်ပါဘဲလျက် အပျိုအရွယ်လေးတယောက်နှင့် 'အကိုကြီးရေ. . . ညီမလေးရေ. .' လုပ်နေခြင်းသည် ဘင်္ဂလားမောင်နှမမျှသာဖြစ်ပေရာ၊ ထိုအချိန်၌ခိုင်သည် ကျွန်တော်၏ လက်ရှိ ဘဝအခြေကို မည်သို့ယူဆလေသည်မသိ သူကလည်းမမေး၊ ကျွန်တော်ကလည်း မပြောဘဲ မြုံနေခဲ့ရာမှ ယခု 'ကျွန်တော့်မယားပျောက်လို့ရှာ'ဝတ္ထု ရှုမဝမဂ္ဂဇင်းတွင် ပါလာသောအခါ၊ စင်စစ် ကျွန်တော်တို့ကြမ္မာ ကျွန်တော်တို့ ဖန်တီးကြခြင်းပင်ဖြစ်ပေတော့သည်။

ခါတိုင်းဆိုလျှင် လဆန်းရက် စာအုပ်များ ထွက်ပြီဆိုပါက ကျွန်တော်သည် ရှမဝမဂ္ဂဇင်း စာအုပ်ကို ခိုင့်ဆီသို့ ယူသွား၍ ပေးပြီး၊ ယခု (၁၉၅၂–ခုနှစ်၊ စက်တင်ဘာ)လဆန်းတော့ ကျွန်တော်သည် ကိုယ့်စိတ်ကိုယ်မလုံလေ၍ ခိုင့်ဆီသို့မသွားလေတော့။

ဒါကိုမရွှေခိုင်က မသိကျိုးကျွံ ပြုနေလိုက်လျှင်လည်း အကြောင်းထူးပေါ်လာစရာမမြင်။ ယခုတော့ (သူလည်းအဘယ်လျှင် နေနိုင်အံ့နည်း။) မရွှေစာက 'အကိုဆွေ. . ဒီလ ရှမဝထဲကဝတ္ထု ကို ခိုင်ဖတ်ပြီးပါပြီ၊ အော်. . . ခိုင့်အတွက်ကြောင့် အကိုဆွေတို့လင်မယား ဒီလောက်အထိ ဖြစ်သွားကြသလား၊ ခိုင်. . . . စိတ်မကောင်းပါဘူး၊ ဒါကြောင့် အကိုဆွေလဲ ခိုင့်ကို မုန်းသွားလို့ ခိုင့်ဆီ မလာတော့ဘူးလားဟင်. . 'ဟူသော စာမျိုး ရေးလိုက်တော့၊ နကိုက ဒီကောင်မလေးအပေါ် မရိုးသားတဲ့စိတ်ရှိသော ဒီကောင်ကြီးနေနိုင်ပါဦးမည်လော။

ထို့ပြင်သူတို့ သူနာပြုဆရာမများ တာဝန်တွင် 4-0ft နှင့် 8-0ff ပေါ် တရက်ခြားစီ ညနေ ၄–နာရီနှင့် ၈–နာရီမှာ အလုပ်က ဆင်းချိန်ရှိလေရာ၊ ဘယ်နေ့ 4-0ff ဆိုတာလည်း သူ့စာထဲမှာပါလေသဖြင့် တိတိကျကျ ချိန်းဆိုထားခြင်းပင် ဖြစ်နေရကား၊ ဤရည်ရွယ်သော အချိန်မှာပင် ကျွန်တော်သည် သူနာပြုဆရာမများ ဂေဟာဂိတ်ဝသို့ ရောက်သွားသည်၌ ခါတိုင်းလို တံခါးစောင့် ဒရဝမ်အား ငွေတကျပ်ထောင်ပြ၍ ခိုင့်ထံအကြောင်းကြားခိုင်းစရာပင် မလိုတော့ဘဲ၊ ခိုင်သည် ရွှန်းပစွာထွက်လာလေ၍ ကျွန်တော်တို့သည် မြင်လျှင်မြင်ခြင်း လက်ရှိ ပြဿနာကို ဥပက္ခာပြုထားကြသေးလျက်၊ တယောက်တယောက် တွေ့ချင်ဇော ပြင်းထန်သည့် ပြုံးရွှင်သော မျက်နှာများနှင့် သူတို့ညေ့ခန်းသို့ သွားကြလေ၏။

သို့သော် ကျွန်တော်တို့ အပြုံးများကား တာမရှည်ကြပါချေ။ စားပွဲတွင် ထိုင်မိကြ၍ ခိုင်က မအောင့်အည်းနိုင်တော့ဘဲ 'အကိုဆွေရေးတဲ့ ဝတ္ထုထဲကအတိုင်း အမှန်ဘဲလား'ဟူသည့် မေးခွန်းစတင် ပေါ်လာသည်၌ ကျွန်တော့်အပြုံးပန်း ခြောက်နွမ်းသွားပါပြီ။ ကျွန်တော်မျက်နှာ မထားတတ်တော့ပါ။ ငြင်းလည်းမငြင်းအား၊ ငြင်းလိုစိတ်လည်း မရှိသည်နှင့် ဟုတ်ကြောင်း ခေါင်းညိတ်လိုက်သည်နှင့် တပြိုင်တည်း သူလည်း မျက်နှာပျက်သွားလေပြီ။

'စိတ်မကောင်းစရာဘဲ အကိုဆွေရယ်၊ ခိုင့်ကြောင့်ဖြစ်ရတာ'

'ဟာ. . . သူတို့သားအမိကိုက သဘောထားသေးပြီး အတွေးချော်လွန်းတာပါ ခိုင်ရာ'

ကျွန်တော်တို့မှာ ပြောစရာစကား ရှားပါးသွားလေပြီ။ တယောက်တယောက် တွေကြည့် နေကြသည်။

ညနေ ၅–နာရီကျော်ပြီဆိုလျှင် သူနာပြုဆရာမတို့ ညှော်ခန်းမှာ စုံတွဲတွေမှိုပွင့်သလိုပေါ် လာကြချေပြီ။ စုံတွဲတခု၊ စာပွဲတလုံးစုံတွဲနုနု၊ စုံတွဲရင့်ရင့်။

ဘယ်သို့ ခွဲခြားသိနိုင်သနည်း။

စုံတွဲနုနုတို့သည် သိပ်ပြီးစိတ်မလုံကြသေး။ ဟိုဟိုသည်သည် နံဘေးနံဖီကို ကြည့်တတ် သည်။ ကိုယ်နေချင်လည်းလုမ်း၏။ စုံတွဲ ရင့်ရင့်တို့ကား ပတ်ဝန်းကျင်ကို ဂရုမစိုက်တော့ပြီ။ မျက်နှာချင်းဆိုင်လျှင် နဖူးချင်း ထိခမန်း၊ ဘေးတိုက်ဆိုလျှင် ကိုယ်ချင်းကပ်၊ လက်ချင်းထိ၊ ခြေချင်းကလိ၍ အရသာရှိရှိ နေကြကုန်သည်။

ယခု ကျွန်တော်တို့စုံတွဲကား အနုစား။ ဘင်္ဂလားမောင်နှမမှသည် ရည်းစားဘဝသို့ပင် မရောက်ကြသေး။ စပ်ကူးမတ်ကူးကာလ အသွင်ကူးပြောင်းရတော့မည့်အချိန်။

အခြားမောင်နှံမတွေ တွက်ထိုး နေကြသော်လည်း ကျွန်တော်တို့မှာ ပြောစရာစကားက ရှားပါး၊ မျက်နှာများကလည်းမကြည်သာကြ။ ထိုစဉ်က ကျွန်တော် မသင့်မြတ်ပုံများသာလျှင် ဖြစ်ပေမည်။ ကျွန်တော် ကောင်းစွာမမှတ်မိတော့။ ယခုတိုင် မမေ့နိုင်သည်ကား အခြားစုံတွဲ အချို့ထသွားကြ၍ ညှော်ခန်းမှာ ညှော်များ ပြန်ရမည့်အချိန် ရောက်လာသောအခါ ခိုင်က ‘ ဒါဖြင့် အကိုဆွေရယ် အကိုဆွေ ယောက္ခမနဲ့ မယားက ဒီလောက်ထိဖြစ်နေရင် အကိုဆွေ မလာပါနဲ့တော့နော်၊ ခိုင်လဲ မကောင်းတော့ဘူး၊ အကိုဆွေလည်း မကောင်းတော့ဘူး၊ ကဲ–သွား သွား. . . . အကိုဆွေ ပြန်တော့ ’

သူကအကို့ကို ကြင်နာသော မျက်နှာလေးနှင့် ဤသို့နှင်လေသောအခါ၌ ကျွန်တော့် ရင်မှာ ဒိတ်ဒိတ်ခုန်လေပြီ။ သူနှင့် ကျွန်တော် တွေ့ဆုံမှ မကြုံဘူးသေးသည့် စိတ်မျိုး ခံစားရပြီ။ ဒီအချိန်မှာ သူသည် အလွန်လှနေသည်ဟုလည်း ကျွန်တော် ထင်စားမိပါပြီ။ ကြည်လင်တောက်ပ သော မျက်လုံး၊ ဖြောင့်ဆင်းသော နှာတံ မျက်နှာသွက်လျ၍ ရှေ့ဘက် ချွန်းထွက်နေသော မေးစိ၊ ထွေးအိအိကလေး။ အရွယ်ပြည့် ( ဖီလာစေ့ ) ပြီဖြစ်၍ လိုလေသေးမရှိတော့ပြီသော ရင်သား၊ တင်ပါး၊ ကျင်သောခါး။

ထိုအချိန်၌ ကျွန်တော့် အသက် ၃၃–နှစ်။ သူက ၁၇–နှစ်။ အသက်ချင်း ထက်ဝက်မျှ ကွာသော လူကြီးနှင့် လူငယ်။ သူက သူ့ဆီလာရန် မသင့်လျော်တော့ပါဘူး။ နောက် မလာပါနဲ့ တော့၊ ခု ပြန်ပါတော့ဟု နှင်လေသောအခါ အမှန်ပင် ဖြစ်နေ၍ ကျွန်တော့်မှာ ငြင်းစရာမရှိ၊ ပြောစရာစကားရှာမရ။ ထိုင်ရာမှ လေးလေးကြီး ထကာ သူ့မျက်နှာ တဝမျှစိုက်ကြည့်ပြီး ညှော်ခန်း မှ ထွက်ခဲ့တော့သည်။

နေဝင်းရိုးသရီ မှော်စပြုနေပြီဖြစ်၍ ခါတိုင်း သည့်အချိန်မျိုးမှာ သူနှင့် ကျွန်တော်နှင့်သည် လိုဘဲ ညှော်ခန်းမှာ တွေ့ကြပြီး ညှော်ပြန်ချိန်ရောက်၍ ခွဲခွာကြသောအခါတို့၌ ဂွတ်နိုက်တာ့တာ. . ဆီးအဂိန်း စသည့် နှုက်ဆက်စကားတို့ဖြင့် ရှင်ပျစွာသူက သူ့အခန်းဘက်သွား၍၊ ကျွန်တော်က ကိုယ့်လာလမ်းပြန်ခဲ့သည်။ ယခုမူကား သူ့မျက်နှာလည်း မရွှင်ပျ၊ နှုတ်ဆက်စကားလည်း တခွန်းမျှ မဆို၊ သူ့အခန်းတို့လည်း သူမသွားသေးဘဲ၊ သူ့စကားနားထောင်ကာ ထိုင်ရာမှထ၍ လေးလေးကြီး လျှောက်လာခဲ့သော ကျွန်တော့်နောက်က သူကပ်လိုက်လာခဲ့သည်။

ခါတိုင်းလို သူကသူ့အခန်းဘက် သွား၍ ကျွန်တော်က တယောက်တည်းပြန်လာခဲ့ပါမူ သူနှင့်ကျွန်တော့် ဇာတ်လမ်းသည်၊ ယခုဖော်ပြတော့မည်ကဲ့သို့သော ပုံစံမျိုးဖြစ်ကောင်းမှဖြစ်ပေ တော့မည်။ ဇာတ်လမ်း ရှေ့ဆက်ခန်း ရှိချင်မှ ရှိပေလိမ့်မည်။ ယခုမူ သူသည်ကုလားဒရဝမ် စောင့်သည့် ဂိတ်ဝရောက်သော်လည်း မနေရစ်ခဲ့သေးမူဘဲ၊ သူ့စိတ်ထဲဝယ် ဘယ်သို့ဖြစ်လေ သနည်း။ ကျွန်တော့်အား ဘယ်အထိလိုက်ပို့မည်ကြံသည်မသိ။ ကျွန်တော့်နောက်က လိုက်လာခဲ့ မြဲ။

ထိုစဉ်က သူနာပြုဆရာမတို့ ဂေဟာနှစ်ဆောင်ကြားတွင် အရှေ့မှအနောက်သို့ လူသွား လမ်းကျဉ်းကလေးရှိသည်။ (ယခုတော့ပိတ်ပစ်သည်) ရင်ခွဲရုံးနောက်နားမှသည် လတ္တာလမ်းဘက် သို့ထွက်၏။ ကျွန်တော်သည် လတ္တာလမ်းဘက် ထွက်သည့်လမ်းက ပြန်နေကျ။

ဤလမ်းကျဉ်းကလေးမှာ ဘေးနှစ်ဖက်ကသစ်သားတန်းများ နန္ဒင်းမကင်းကွက်ပုံ ကြက်ခြေ ခတ်ကာထားသည်။ အုတ်ခုံလမ်းကလေးမှာ မျက်နှာချင်းဆိုင် လူနှစ်ယောက် ရှောက် သာရုံနှင့် လူနှစ်ယောက် ဘေးချင်းယှဉ်လျှောက်နိုင်ရုံ ရှိသည်။

နေဝင်ပြီးစ မှောင်ပျပျဝယ်၊ မီးရောင်လေးကမလင်းတလင်း၊ ဂိတ်ဝလွန်ပြီးသည်တိုင် အောင် သူကျွန်တော့်နောက်က ကပ်ပါလာလေတော့ ကျွန်တော့်စိတ်ထဲ လှိုက်လှိုက်လှဲလှဲ ဖြစ်လာ၍ သူ့ဘယ်လက်ကို ညာလက်နှင့်ဆွဲကိုင်ကာ ဘယ်လက်ဖြင့် သူ့ခါးကိုပွေ့ဖက်၍ ဘေးချင်းယှဉ် လျှောက်ခဲ့သည်။ နှုတ်ကတော့ဘာမျှမပြောမိကြသေး။ သူအလိုက်သင့်ဘဲ ပါလာ သည်။ သည်လမ်းကလေးမှာ သည်အချိန်လူသူကလဲ ပြတ်နေသည်။ မပြတ်လဲအရေးမကြီးပါ။ သည်လိုစုံတွဲ မျိုးတွေ သည်လိုနေရာမျိုးမှာမဆန်းပါ။ ဤသို့ခြေလှမ်းတရာမျှ လျှောက်မိသည်၌ လကျာ်ဘက်တွင် မည်ကဲ့သို့ ရည်ရွယ်ချက်နှင့် ပြုထားသည်မသိ။ ဆယ်ပေပတ်လည်မျှ ထောင့်ချိုးအခန်းလွတ် ကလေးတခု ရှိလေရာ ကျွန်တော့်အဖို့ မရွယ်ဘဲနှင့်စော်ကဲ မင်းဖြစ်ဆို သကဲ့သို့၊ ကျွန်တော်သည် ခိုင်ကို ဤအခန်းလေးထဲ ဆွဲသွင်းကာ အငမ်းမရ ပွေ့ဖက်နမ်းရှုပ်ပါ တော့သည်။ ခိုင့်ကိုယ်သည် ထွေးအိပျော့ညက်လျက်၊ ချစ်စိတ်ထန်ထန်၊ သွေးတိုးမြန်သော ရင်ခုန် သံ တဒုံးဒုံးနှင့် နှလုံးသားချင်းက စကားပြောကြသည်။

'ခိုင်. . . ခိုင်. . . ဘယ်လိုဖြစ်နေနေ ခိုင့်ကို အကိုဆွေ ချစ်နေပြီ၊ စိတ်ကို မထိန်းနိုင်တော့ဘူး၊ မအောင့်နိုင်တော့ဘူး၊ တယောက်တယောက် တကယ်ချစ်မိကြပြီဆိုရင် လောကမှာဘာအတား အဆီးမှ မရှိနိုင်တော့ပါဘူး ခိုင်ရယ်. . .၊ ခိုင်ကလဲ အကိုဆွေချစ်သလိုသာ ချစ်ပါနော်. . နော်. . '

သူက. . . ပြန်လည်၍

ထုတ်ဖွေကာ နှုတ်ချွေမပြောသော်လဲ

ချစ်တာ မေတ္တာသဘောတွေက

မနောမှာ နှစ်ကိုယ်ကြည်လို့

ချစ်ရွှေပြည် တည်ကာဆောက်ကြစို့. . .။

အချစ်၏သဘော

ရင်တဒိတ်ဒိတ် ခုန်ခြင်းသည် အချစ်၏သင်္ကေတ၊ အချစ်၏လှုပ်ရှားမှု၊ အချစ်၏ အရသာ၊ ဒါကိုအချို့က 'ချစ်လိုက်ရတာတုန်လို့'ဟု အဆိုပြုကြသည်။ ဒိန်းဒလိန်းနတ်ပူးသည်ဟုလဲ တင်စား ကြသည်။ ဒိန်းဒလိန်းနတ်ဆိုတာ အကယ်စင်စစ် မရှိဘိလည်း ထိုအချစ်စိတ်မျိုး စွဲကပ်ပြီဆိုပါက ကျားမတို့တွင် ကြီးငယ်မဟူနုရင့်မခွဲ၊ သဲတုန်အူတုန်၊ နှလုံးခုန်ကြသည်သာ။

ခိုင်အား ချစ်ရေးဆိုပြီး တလမျှအကြာတခုသောနံနက် ၈နာရီခန့်ဝယ်၊ ကျွန်တော်သည် အနော်ရထာလမ်းနှင့် လသာလမ်းထောင့်နားဆီမှ ဆေးရုံကြီးဝင်းဆီသို့ မျှော်ကြည့်လျက် ရှိလေ သည်။ ထိုအချိန်၌ ကျွန်တော့်ရင်မှာ ဒိတ်ဒိတ်ခုန်နေ၏။ အကြောင်းမူကား ခိုင်နှင့် ချိန်းဆိုထား သည့်အတွက်ဖြစ်၏။ ဤနေရာ၌ ကျွန်တော်စဉ်းစားကြည့်၏။ ဒီကောင်မလေး ရန်ကုန်ရောက်ခဲ့ တာ တနှစ်ကျော်ခဲ့ပြီ။ သူနှင့် ကျွန်တော် အကိုရယ် ညီမရယ်ဟူ၍ ချိန်းချိန်းချက တွေ့ဆုံခဲ့ပေါင်း များလှပါပြီ။ ယခင်က သူ့အပေါ်၌ မည်သို့မျှ စိတ်နှလုံး မချောက်ချားခဲ့။ သို့သော် အခုမှ ဖော်ပြခဲ့သည့်အတိုင်း သူ့အားဖက်နမ်း၍ ချစ်ကြောင်းကို ဖွင့်ဆိုပြီးသည်မှ သူနှင့်ပတ်သက်ပြီး ကျွန်တော် နှစ်လုံးတုန်၊ ရင်ခုန်ဖြစ်ရတော့သည်။

ယခု နံနက်ချိန်းဆိုထားသည်မှာ သူနှင့်ကျွန်တော်တနေ့တာတူတကွ၊ ပထမဦးဆုံး အကြိမ်၊ အချိန်ဖြုန်းကြဘို့ပင်။

သူတို့သူနာပြုဆရာမတွေမှာ 4.off နှင့် 8.off ခေါ် ၄ နာရီ၊ ၈ နာရီ အလုပ်ဆင်းချိန်တို့ အပြင် Day off ခေါ်တနေ့လုံးအားရသည့်အခါ တလမှာတရက်ရသည်။ ဤတရက်တွင် ခိုင်သည် ကျွန်တော်ခေါ်ရာသို့ လိုက်မည်ဖြစ်၍ ကျွန်တော်စောင့်မျှော်နေခြင်းဖြစ်ပါသည်။

ထိုအချိန်၌ ကျွန်တော့်လက်ထဲမှာ သတ္တု ရေနွေးကရားအသစ်တလုံး၊ ၎င်းအထဲမှာ ဆန်၊ ငါးရံ့ခြောက် တပြားနှင့် ဘဲဥအချို့ပါခဲ့ပါသည်။ အဓိပ္ပာယ်မှာ ကျွန်တော်တို့သည်အတူတကွ ထမင်းချက်စားကြမည်။

နံနက် ၈နာရီတွင် သူတို့နာ့စ်ဂေဟာမှ ထွက်ခဲ့မည်ဟု ခိုင်ကချိန်းဆိုထားရာ သက်သက် ကျွန်တော်က ၈ နာရီမထိုးမီ ရောက်နေ၍စိတ်စောစွာ ရင်တဒိတ်ဒိတ် ခုန်နေခြင်းဖြစ်ပါသည်။ စင်စစ်ကား ကျွန်တော်သည် ဘာမျှပူစရာမလိုပေ။ ခိုင်သည်အချိန်တိကျသူဖြစ်၍ ၈နာရီနှင့် မိနစ် အနည်းငယ်မျှ အလွန်တွင်ဆေးရုံကြီးဝင်းထဲမှ ထွက်လာပေသည်။

ကျွန်တော်သူ့အနီးသို့ အမြန်ချဉ်းကပ်သွားကာ မချဉ့်မရဲအသံနှင့် . . . .

'အို . . . ခိုင်ရယ် . . . '

'ဘာလဲအကိုဆွေ၊ စောင့်နေရတာ ကြာပလား'

'မကြာ့တကြာပေါ့၊ လာပါ'ဟုဆို၍ အင်းစိန်ဘတ်စ်ဆိပ်သို့ ခေါ်သွားလေ၏။ ထိုကာလ၌ ဘတ်စ်ကား လောကသည် ယခုကဲ့သို့ မှန်တိုင်းမထန်သေး။ ပုဂ္ဂလိကလုပ်ငန်းသဘောတို့၏။ လာပါ အကို . . . .၊ ထိုင်စရာရှိပါတယ်အမေ'ဟူသော ပဋိသန္ဓာရတို့ဖြင့် ကျွန်တော်တို့ ချောင်ချိစွာ ထိုင်ခဲ့ရ၍ ကမာရွတ် ဘူတာရုံလမ်းဂိတ်သို့ ရောက်သော် ကျွန်တော်တို့ဆင်းကြ၏။

ဆိုက်ကားတစီးခေါ်၊ ကျွန်တော်ကရှေ့မှထိုင် ခိုင်မှာ ဆိုက်ကားပေါ်တက်ရမှာပင် ရှုံးတိုး ရှန့်တန့်။ အကြောင်းမှာ သူသည် ဆိုက်ကားကိုဤအခါ ပထမဦးဆုံး စီးဘူးခြင်းတဲ့။ သူတို့လား ရှိုးမြို့မှာ မေမြို့တောင်ကြီးတို့ကဲ့သို့ ကုန်းဆင်း၊ ကုန်းတက်များဖြစ်၍ ဆိုက်ကားမရှိချေ။

'အကိုဆွေ့ . . .၊ အခုသွားမယ့်အိမ်မှာ ဘယ်သူတွေ ရှိနေမှာလဲ'

'သန်းဆွေတယောက်ထဲပါ'

'ဟင် . . . ရှက်စရာကြီး . . . '

'အို. . .၊ ဘာလို့ရှက်ရမှာလဲ၊ သန်းဆွေက အင်မတန်သဘောကောင်းပါတယ်၊ ခိုင်. . . . . သန်းဆွေကိုတွေ့ရင်ခင်သွားမှာပါ. . . '

ကျွန်တော်တို့စီးခဲ့သော ဆိုက်ကားသည် အင်းစိန်လမ်းမကြီးမှ ကမာရွတ်ဘူတာရုံလမ်းထဲဝင်၊ ဘူတာရုံလွန် သံလမ်းကျော်တော့ လက်ဝဲဘက်ကိုချိုး၊ ရေကန်ထိပ်က ဒုတိယမြောက် လမ်းထဲဝင်၊ လမ်းအလယ်ကောင်၌. . .

## သုခုမရိပ်သာ

တိုက်ခံအိမ်တလုံးရှေ့တွင် အထက်ပါဆိုင်းဘုတ်သည် ဆွဲချိတ်ထားခြင်းမရှိသေးချေ။ မကြာမီ ဆွဲချိတ်တော့မည်ဟုရည်ရွယ်ချက် ရှိကြသော်လည်း ဘယ်တော့မှ မချိတ်ခဲ့ရပါ။ ဘဇာကြောင့်ဆိုသော် ကိုယ့်ကိုယ်ကို သုခုမ အနုပညာသည်ဟု ဆိုနေကြသော ကျွန်တော်တို့ လူသိုက်သည် ဤလုပ်ငန်းမျိုးမှာမရေရာ၊ ကောက်ရိုးမီးတမျှ ဟုန်းကနဲ ထခဲ့ခြင်းသာ။

ဤသို့ဟူမူ ထို သက္ကရာဇ်သည် ၁၉၅၂ ခုနှစ်၊ ကျွန်တော် တို့ ဆရာ တင့်တယ်သည် ဘိလပ်က ( ၄ နှစ်မျှနေခဲ့ပြီး ) ပူပူနွေးနွေးပြန်ခါစ။ အနောက်နိုင်ငံရှိဘဝတူအသင်းဖွဲ့များကို သူအအားကျခဲ့၍၊ ဒီတိုင်းပြည်မှာတော့ သူကဘဲ အစပြုတော့မည်ဟူသော ပုံစံမျိုးဖြင့် သူ့အဆို. . . Artist's Club ဖွဲ့ရန် သူ ပထမဦးဆုံး စည်းရုံးလိုက်တော့ အရက်ဝိုင်းတွင် ဖန်ခွက် ၅ လုံ အလုပ် ဖြစ်သွားကြသည်။ သန်းဆွေရယ်၊ ကျွန်တော်ရယ်၊ သူရယ်၊ ဗိုလ်ကလေးတင့်အောင် နှင့် ဂီတလုင်မောင်ကိုကိုတို့ ပတ်သက်ပြီး ဤလမ်းထဲမှာ ဤတိုက်ခံအိမ် အောက်ထပ်ကို တင့်တယ်က ငွေစိုက်ထုတ်၍ ငှားလိုက်သည်။

သည်လူ ၅ ယောက် အနက် သန်းဆွေနှင့် ကျွန်တော်ကဖွတ်ပါ၊ တင့်တယ်က ဘိလပ်က ပြန်ခါစ နာမည်ကတက်တုန်း၊ ဝတ္ထုရှည်တွေလဲ ပါလာသည်။ ရုပ်ရှင်ကဇာတ်ညွှန်းတွေလဲရေးရ သည်မို့ သူ့ငွေ အလွန်ဖြိုးနေချိန်။ ဗိုလ်ကလေး တင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့လည်း ထိုအချိန်မှာ ဝင်းဝင်းရုံတွင် ပြဇာတ်ခေတ်ကောင်းနေခိုက် ညီကတီးဝိုင်း၊ အကိုက ဒါရိုက်တာလုပ် ၍၊ အလွန်ဝက်ထောနေရသဖြင့် ကျွန်တော်တို့ ကလပ်အတွက် ချက်ပြုတ်စားသောက်ရန် ပန်းကန် ခွက်ယောက်များကို သူတို့ ညီအကိုကဝယ်ကြသည်။ ( ယင်းတို့သည် နောင် သန်းဆွေ မိန်းမ ယူသော အခါ၌ အော်ဘိုမက်တစ် လက်ဖွဲ့ပစ္စည်းများ ဖြစ်ကြကုန်သည်။

ထိုစဉ်၌ကား သန်းဆွေသည် လူပျိုဖြစ်၍၊ ဤဂေဟာမှာ အိမ်စောင့်အဖြစ်နှင့် နေသည်။ ထိုနေ့နံနက် ခိုင်နှင့်ကျွန်တော် ရောက်သွားသောအခါ ၉ နာရီလောက် ရှိနေပြီဖြစ်သော်လည်း၊ သန်းဆွေသည် အိပ်ရာက မထသေး။ ကျွန်တော်က တံခါးထု၍ သူ့နာမည်ကို ခေါ်နိုးတော့မှ အိပ်မှုန်စုံမွှားနှင့် ထလာလျက် တံခါးဖွင့်တော့ ရင်သပ်ရှုမောဖြစ်နေသဖြင့် ကျွန်တော်က. . .

‘ ငါ့လခွီးတဲ့၊ ဒီလောက်တောင်အိပ်ရသလားကွ၊ သည့်ပြင် ကိုယ်တော်က ဆွမ်းခံက ပြန်လာတောင်မှ မောင်ပဥ္စင်းက ကျိန်းတော်မူတုန်းကိုး. .၊ ဒါကြောင့်ငတ်တာ. . . ’

ဒီတော့ သူက ပြုံးစိစိနဲ့. . . . .

‘ ကျုပ်ကတော့ ပို့ဆွမ်းဘဲ ဘုန်းပေးမယ်လို့. . . . . ’

‘ အောင်မာ. . . . . ရမယ် ရမယ်၊ သွား. . . . မျက်နှာသစ်စမ်းကွာ ’

ဆိုပြီး သူ့ကို တွန်းလွှတ်လိုက်၍ ခိုင်အား အိမ်ထဲ ခေါ်ခဲ့သည်။

သန်းဆွေ ကိုယ်လက်သုတ်သင်ပြီး ပြန်လာသောအခါ၊ ကျွန်တော်က သူတို့နှစ်ယောက်ကို မိတ်ဖွဲ့ပေးလိုက်သည်၌ ခိုင်ကလိမ်မာပါးနပ်စွာ. . . . .

‘ ကိုသန်းဆွေ စာတွေလဲ ခိုင် သိပ်ကြိုက်တာဘဲ၊ ကိုသန်းဆွေ ကဗျာတပုဒ်ဖြင့် အခုတောင် ခိုင် အလွတ်ရနေတယ် ’ ဟု ပြောသောအခါ၊ စာရေးဆရာတို့ထုံးစံအတိုင်း သန်းဆွေ မနောခွေ့သွား၍. . . .

‘ အော်. . . . ဟုတ်လား၊ ဘယ်ကဗျာပါလိမ့် ’

ထိုအခါ၌ ခိုင်သည် ရှုမဝမဂ္ဂဇင်းတွင်ပါခဲ့သော သန်းဆွေ၏လေးချိုးတပုဒ်ကို အစအဆုံး ရွတ်ပြလိုက်သည်၌ သန်းဆွေသည် ဖရဏာပီတိဂွမ်းဆီထိသွားလျက်၊ သူတို့ချင်းတခါတည်း ခင်မင်ရင်းနှီးသွားကြလေ၏။

သည်နောက် သူတို့နှစ်ယောက်သည် မီးဖိုဆောင်အတူဝင်ကာ ချက်ကြပြုတ်ကြသည်။ သို့သော်. . . .၊ ကျွန်တော် အကဲခပ်နေသည်။ မည်သူမျှ ကောင်းစွာ ချက်ပြုတ်တတ်သည်မဟုတ်။

သူတို့ချင်း ‘ ဘဲဥတွေ အွန်းမလက်ကြော်ရအောင် ’ ဟုပြောပြီး တွယ်လိုက်ကြပုံကား . . . .၊ ဘဲဥတွေအားလုံး ကြက်သွန်နှင့်ခလောက်ပြီး၊ ဒယ်ထဲမှာ တခါတည်း ချပ်ပြားထူပျစ်ကြီး ကြော်လိုက်တော့၏။ အင်း. . . . ဟုတ်ပေ့ကွာ. . . . ဒါ. . . အွန်းမလက်တဲ့။

ထိုနေ့ ကျွန်တော်တို့ နံနက်စာကား၊ ဤ ဘဲဥကြော်၊ ငါးရံ့ခြောက်ဖုတ်ဆီးဆမ်း၊ သရက်သီးပိုးတီသုတ်၊ သီးရွက်စုံ ဟင်းချိုတခွက်မို့ မဆိုးလှပေ။ ကျွန်တော်တို့ အားလုံး ထမင်းမြိန်ကြသည်။

စားသောက်ပြီးဖြစ်ကြ၍ တော်တော်လေးကြလာသောအခါ၊ ကျွန်တော်က နောက်ဖေး ဘက်မှ သန်းဆွေအား မျက်ရိပ်ပြခေါ်ကာ. . . .

‘ ကဲ. . . . မောင်ရင် သွားပေတော့. . . . ဒို့နှစ်ယောက်ထဲဘဲနေချင်ပြီ ’

ထိုအခါ သန်းဆွေသည် ရုတ်တရက် စကားမပြန်သေးဘဲ၊ သူ့ မျက်တောင်ပုတ်ခတ် ပုတ်ခတ်နှင့် ကျွန်တော့်ကို ခေတ္တစိုက်ကြည့်နေပြီးမှ ကျွန်တော့်လက်ကို လှမ်းကိုင်၍ မျက်နှာထား တည်တည်နှင့်. . . . .

‘ ဒီမှာ ကိုဆွေ. . . . ကျွန်တော်တခုပြောပါရစေ. . . . . ’

‘ ၅၅–ခု ပြောကွာ. . . . ’

‘ ဒီကောင်မလေး ကြည့်ရတာ. . . . မနူးမနပ်. . . . အပျိုရိုင်းကလေး ’

‘ အေး. . . . ဒါ ဘာဖြစ်တုန်း ’

‘ ဒီတော့. . . . ခင်ဗျားကြီးမှာ. . . . သားကြီး မယားကြီးရှိနေတော့ တကယ်မယူနိုင်ဘဲနဲ့ တော့ . . . ’

သူ့စကား ရှေ့ဆက်ရမှာကို ကျွန်တော့် အားနာနေဟန်ရှိသဖြင့် ကျွန်တော်က သူ့လက်ကို ပြန်လည်ဖျစ်ညစ်ကာ. . . . .

‘ သန်းဆွေ မင်း ဆိုလိုတာကို ငါနားလည်ပြီ၊ ဒီအတွက်စိတ်ချပါကွာ၊ငါ ကတိပေးပါတယ်၊ ငါ ဒီအထိ မရည်ရွယ်ပါဘူး ’

ယင်းမှ သူသည် ‘ သာဓုပါဗျာ ’ဟု ဆိုပြီး ခိုင်ကိုသွားရောက် နှုတ်ဆက်၍ အိမ်မှ ထွက်ခွာသွားလေသည်။

သန်းဆွေသည် စိတ်နှလုံး နူးညံ့၍ ဤမှာဘက်၌ မွန်မြတ်သော စိတ်ထားရှိသူပီပီ ညီမချင်း စာနာသော စိတ်ထားဖြင့် ခိုင့်အတွက် စိုးရိမ်ခြင်းဖြစ်ပေသည်။ သို့သော် ကျွန်တော် စိတ်မှာလည်း

ကိုယ် အတူမယူနိုင်ဘဲနဲ့ ကိုယ့်စာဖတ် ပရိသတ်မှ ဖြစ်ပေါ်လာသော ချစ်သူကို ငါတကိုယ်ကောင်းကျောရစေဆိုသော စိတ်ယုတ်မျိုး ရှိသူမဟုတ်မူ၍ ထိုနေ့ တနေ့ခင်းလုံး ခိုင်အား ကဗျာစပ် သင်ပေးခြင်းဖြင့်သာ အချိန်ကုန်ခဲ့ပါသည်။ ချစ်သူအား ဒီလို အခန်းတခုထဲမှာ နှစ်ယောက်တည်း ပူးပူးကပ်ကပ် ကိုယ်ဖိရင်ဖိ ကဗျာ သင်ပေးရသည်မှာလည်း ထူးခြားသော အရသာပါပေ။ ချစ်စကားတွေကို ကာရန် နဘေဖွဲ့၍ ပြောနေရခြင်းပင်။

သို့ရာတွင် ခိုင်နှင့် ကျွန်တော် ဖန်တီးလာခဲ့သော ဘဝ ဇာတ်လမ်းကား ဤမျှနှင့်မရပ်။ ထိုမှ တနှစ်လောက် ကျော်လွန်သော အခါ၌ ကျွန်တော်တို့သည် လည်လွန်းသော ဘီးများ အဖြစ်သို့ ရောက်ကြကုန်၏။

အကြောင်းရင်းမှာ သူနှင့်ကျွန်တော်သည် အခွင့်သင့်တိုင်း ရုပ်ရှင်ကြည့်ခြင်း၊ တိရစ္ဆာန်ရုံ ကန်တော်ကြီး စသည်တို့တွင် လူလစ်မှာချောင်ခိုခြင်းများ ပြုကြလေရာ၊ တနေ့သောအခါမှာ ထိုစဉ်က ကန်တော်ကြီးကနေဒီကျွန်းသည် ယခုလိုခုတ်ထွင်ရှင်းလင်းထားသည်မဟုတ်ပဲ၊ ချုံပိတ် ပေါင်းများရှိနေ လေရာ၊ ကျွန်တော်တို့သည် ချောင်ကောင်းကောင်းတခုမှာ ညမှောင်သည်တိုင် အောင် ကြည်နူးမှု လွန်သွားသဖြင့် ကျွန်တော်သည် ဤဇာတ်လမ်းအစ ဒုတိယတွဲ၌ ဖော်ပြခဲ့သော အောက်ပါ လေးချိုးကိုရေးလိုက်ရပါတော့သည်။

ခိုင်သို့ပန်ကြားလွှာ

ပန်းမာလာတခါလဲ မွှေးရော့မယ်လား

လွမ်းစရာ ကဗျာတေးရယ်နဲ့

စာရေးပါလို့ တင်ဆက်မည်။

မောင့်အတွက်ကိုတော့

ဖြောင့်ချက်ဝန်ခံပေ့ါ

လွန်ဆန်ကာ ညမှောင်ရိပ်မှာလ

ခိုင်သဇင်ကို ပိုင်ချင်တဲ့စိတ်ကယ်ကြောင့်

ဖွတ်မိုတ်ခဲ့သည်။

သို့ကလိုဖြစ်ကာ မှားမိမှဖြင့်

ပျို့အလိုချစ်သဒ္ဒါပွားပါတော့

ဒို့နှစ်ကိုယ် သစ္စာထားကြစို့ရဲ့

မေတ္တာတရားနဲ့ တောင်းခံပြီ. . .

အကြောင်းကံ ညီပါတော့

မောင့်သက်နှင်း။

ချစ်ခရီးဆိုတာက ခိုင်ရဲ့

ဖြစ်ပြီးရင် ပြန်မဆုတ်နိုင်ဘူး

ဟန်လုပ်ကာ မာန်နဲ့တင်းသော်လဲ

လွန်ခဲ့တဲ့အခင်းတွေ ဘယ်လို့မေ့နိုင်ပါ့

တွေးလေလေ အဆွေးတွေဗျာပါလှိုင်လို့

သက်ဆုံးတိုင် စိတ်ဝယ်ပန်းရလိမ့်

ချမ်းသာမှုကင်း။

ထိုည ခရီးလွန်မှ သတိရကြ၍ သူ့မှာ မျက်ရည်စက်လက်နှင့် ပြန်ပို့လိုက်ရသည်။ ကျွန်တော့်ထံ တော်တော်နှင့် စာမပြန်ဘဲနေသဖြင့် ကျွန်တော်က တောင်းပန်ချော့မော့သော စာများ ကဗျာများရေးပို့ရသည်။

ထိုနောက် သူ့အတွက်အချစ်၊ စာဖတ်သူများအတွက် ဟာသဖြစ်သော ဝတ္ထုများရေးခဲ့ရ သည်။ 'ချစ်၍ခေါ်သည်' 'အချစ်တွက်ဖြင့် အသက်ပင်သေသေ' 'ရည်းစားတဝမ်းကွဲ' 'ပုတ္တရတနာ' 'ပြည်တော်သာနပန်းပွဲ' 'ဒီယုန်မြင်လို့'စသည်များ။

ကျွန်တော့်ရည်းစားများထဲတွင် သူ့အတွက် ဝတ္ထုအများဆုံးရေးခဲ့ပါသည်။ ၎င်းတို့အထဲမှ ကျွန်တော်အကြိုက်ဆုံးနှင့် အားအရဆုံးဝတ္ထုတပုဒ်မှာ 'ချစ်၍ခေါ်သည်'ဖြစ်သည်။ ၎င်းအထဲမှ ဆီလျော်စွာ အချို့ကိုဖော်ပြလိုပါသည်။

ဤဝတ္ထုစိတ်ကူးကို အမကြီးခင်မျိုးချစ်တို့ အိမ်မှာနေစဉ်၌ ရခဲ့ပါသည်။ ထိုအချိန်က အမကြီးတို့ဂေဟာသည် တကောင်းကျောင်းဆောင်ဝင်း အတွင်းဝယ် သစ်သားတဲတန်းရှည် တခုကို 'ဇရိပ်သာ'ဟုအမည်တပ်ပြီး သူတို့ဟာသူတို့ နတ်ဘုံနတ်နန်းဟု ထင်၍နေကြသည်။ စာရေးဆရာ ထင်လင်း (ကိုသိန်းမောင်) တို့နှင့် တခြမ်းစီလေ။ မိုးတွင်းဆိုလျှင် မိုးယိုလိုက်သေး။ ဤမျှဆင်းဆင်းရဲရဲဂေဟာကို သူ့အမေနှင့် မတည့်သည့် အိမ်ပြေးမလေးကြည်အေးနှင့် ယောက္ခမနှင့်မတည့်သည့် အိမ်ပြေးကြီးသော်တာဆွေတို့က လာနေလိုက်ကြသေးလေ။

ဒီတုန်းက ကြည်အေးကအပျို ကျောင်းနေတုန်း။ သော်တာဆွေတော့ ခင်ဗျားတို့သိကြတဲ့ အတိုင်းဘဲ။ ဒါနဲ့သူတို့နှစ်ယောက်ဟာ တအိမ်ထဲမှာ မောင်နှမလိုနေရသပေါ့။ ဒီတော့သော်တာဆွေက အဲ့ဒီအိမ်သားအားလုံးပါအောင် ဝတ္ထုတပုဒ်ရေးသဗျ။ နာမည်က. . .

## ချစ်၍ခေါ်သည်

(၁၉၅၃၊ ဖေဖော်ဝါရီလ၊ ရှုမဝ အမှတ် ၆၉)

ဇာတ်လမ်းဆင်ပုံမှာ လသို့သွားရန် ဒုံးပျံတခုအမေရိကန်က မြန်မာပြည်ကို လက်ဆောင် ပေးသောအခါ မည်သူမျှလိုက်မည့်သူမရှိ၍ သော်တာဆွေနှင့် ကြည်အေးနှစ်ယောက်တည်းသွား ကြသည်။ ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်က သူတို့သမီးလေးကြည်အေးကို မောင်နှမအရင်း လိုစောင့်ရှောက်ရန် မှာလွှတ်လိုက်သည်။ သို့သော် သူတို့နှစ်ယောက်သည် ဤကမ္ဘာသို့ ပြန်ရောက်ချိန်တန်လျက် မရောက်သဖြင့် အမကြီးတို့ ပူဆွေးသောကရောက်ကြသည်။

ယခင်တခါ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ မင်းရှင်၊ သော်တာဆွေတို့လေးယောက် ပထမဦးဆုံးအခေါက် (ဖိုးသော်တာ စန္ဒာလကိုကွယ်၊ ၁၉၅၁ခု၊ ရှုမဝ အမှတ် ၄၇) သွားကြစဉ်က နှစ်ရက်အတွင်း ပြန်ရောက်ခဲ့ကြသည်။ မရောက်သည်ဖြစ်စေ၊ သူတို့သေကြပြီ။ အကြောင်းမှာ အသက်ရှူရန် သူတို့နှင့်ပါသွားသော အောက်စီဂျင်က ၁၀–ရက်စာထက်မပိုချေ။

သို့မဟုတ် သူတို့ဒုံးပျံသည် လသို့မရောက်ပဲ အခြားသက်ရှိသတ္တဝါများ နေထိုင်သော ကမ္ဘာတခုသို့ ရောက်သွား၍ ထိုပြည်မှာ အရက်အလွန်ပေါတာနှင့် သော်တာဆွေပျော်နေရော့ မည်။ ကြည်အေးက ပြန်ချင်လျက် သူပေကပ်နေတာဖြစ်နိုင်သည်ဟု အမျိုးမျိုးပြောကြသည်။

မည်သို့ဖြစ်စေ အမကြီး ခင်မျိုးချစ်တို့မှာ သောကရောက်ကြသည်။ သော်တာဆွေထက် သူတို့သမီး (ဝင်စား)ကလေးအတွက် ပူပျာပါဝေသည်။ သူတို့ဧရိပ်သာမှာ ဆွေးစိတ်ဖြာရလေပြီ။

'ဧရိပ်သာ မကြည်ဘို့

အကြောင်းငယ်ကြောင့်

'ဆွေးစိတ်ဖြာ'အမည်သို့ ပြောင်းရချည့်'

အမကြီးခင်မျိုးချစ်မှာ ငိုချင်းရှေ့ဘာဆက်ရမှန်းမသိ။ စန့်တင့်ငုံကြီး ရပ်နေရာ၊ အနီးရှိ ဦးခင်မောင်လတ်က. . .

'ဆက်ဆိုလေကွာ'

'ဘယ်လိုနဘေထပ်ရမှန်း မသိဘူး ကိုလတ်ရဲ့'

'အိုကွာ. . . 'ဆွေးစိတ်ဖြာအမည်သို့ ပြောင်းရချည့် ထမီကိုတိုတောင်းတောင်းရယ်မို့ ခြေသလုံးပေါ် ပေါ့ကွ'

'ဟာ. . ဘာဆိုင်လို့တုန်း'

'ဆိုင်ပြီလား. . . . မင်းကြည့်ရတာ ဘယ်တော့မှ ထမီခြေမျက်စိမဖုံးဘူး'

'ကျမက အရပ်ရှည်တာကိုး'

'အရပ်ရှည်ရှည် ထမီရှည်ရှည် ဝယ်ဝတ်မှပေါ့ကွ၊ အရပ်ပုပုဝဝမှ ထမီတိုတိုဝတ်တော့ ခြေသလုံးကက်ကက်ကလေး မြင်ရလို့ကြည့်ကောင်းတာ၊ ပိန်ရှည်ရှည်က နွဲ့နွဲ့လျလျဖြစ်အောင် ထမီခြေခုံဖုံးအောင် ဝတ်ရတယ်'

'အရေးထဲ ထမီတိုရှည် ဋီကာဖွင့်မနေပါနဲ့အုံး၊ သမီးကလေးအတွက် ဘယ့်နှယ်လုပ်ကြ မလဲ'

'ငါလဲ မကြံတတ်တော့ဘူး'

မျက်စောင်းခဲ၍. .

'သူ့ယောကျာ်းရယ်လို့ အားကိုးပါတယ်'

'ယောက်ျားရယ်လို့ အားကိုးတယ်ဆိုတာက ထုံးစံစကားလို ဖြစ်နေလို့ပါကွာ၊ တကယ်ဆို တော့ ယောက်ျားတွေဟာ မိန်းမတွေထက် ထူးမစွံပါဘူး'

'ကိုယ့်ကိုယ်ကို ဒီလောင်အထင်မကြီးနဲ့လေ၊ ဟိုဘက်ခန်းက မောင်ထင်လင်းခေါ်တိုင်ပင် ကြည့်ရအောင်'

'သူကကော. . . ငါ့ထက် ဘာတိုးသာအုံးမှာလဲ'

'သူအခုတလော ဆေးတံသောက်ပြီး ဦးစံရှား စတိုင်မျိုးလုပ်နေတယ်တော့'

'ဒါက သူအရင်ဆေးပေ့ါလိပ်သောက်တုန်းက အဝတ်မီးပေါက်တော့ ဖာရတော့သူ့မိန်းမ ဆဲလို့ ဆေးတံပြောင်းသောက်တာပါကွာ'

'ဘာဘဲဖြစ်ဖြစ်လေ. . . နီးနီးနားနား တိုးတိုးဖော်ဆို သူဘဲရှိတာဘဲ'ဟုဆိုပြီး 'မောင်သိန်း မောင်ရေ'

လှမ်းခေါ်လိုက်၏။ (ကလောင်နာမည် ထင်လင်း၊ လူနာမည် ကိုသိန်းမောင် ဖြစ်၏။)

တဖက်ခန်းမှ. . .

'ခညာ. . '

'လာစမ်းပါအုံးကွယ်. . . ဒို့တော့ ခေါင်းမီးလောင်နေပြီ'

'ဒါဖြင့် အိမ်မကူးခင် မီးသတ်စက်သွားခေါ်ပါလား၊ ကျွန်တော်တော့မအားဘူး'

'အားကိုးရပါပေ့ကွယ်. . . ဒါမဟုတ်ဖူး၊ သော်တာဆွေတို့ကိစ္စ. . မင်းဘယ်လိုထင်သလဲ'

'သေကြပြီသော်လည်းကောင်း မသေကြသေးဘူးသော်လည်းကောင်း နှစ်မျိုးထင်စရာရှိ တယ်'

'အမယ်. . နံမယ်နဲ့လိုက်အောင် အထင်ကဖြင့် လင်းပေကွယ်၊ ကဲ. . . ဒါဖြင့် မသေကြသေးရင် လကို လှမ်းစကားပြောတော့ ဘာလို့ခွေးမသားက စကားမပြန်သလဲ. '

'ဒါကဒီလိုရှိတယ်၊ သော်တာဆွေစိတ် ကျွန်တော်သိတယ် ဒီကောင်က လူ့ဂွစာ၊ ပေတိပေကပ်ရယ်၊ သူသေပြီဆိုတော့ လူတွေက တကယ်နှမြောကြမယ် ထင်နေတယ်၊ နို့ပြီး ရှမဝ ကလဲ သူ့ဝတ္ထုအဟောင်းတွေ စာအုပ်ပြန်ထုတ်လိမ့်မယ် အောက်မေ့နေတယ်၊ အဲဒီတော့မှ သူက အမြန့်သားပြန်လာပြီး ကိုကျော်ဆီက ငွေတောင်း အရက်ဆိုင်ဝင်မှာဗျ။ ဒီလိုရည်ရွယ်ချက်နဲ့ သူသေချင်ယောင် ဆောင်နေတာဖြစ်နိုင်တယ်'

'အင်း. . . အတွေးအခေါ်ကဖြင့် မခေဘးကွဲ့၊ စုံလောက်လမ်းမဝေးဘူး'

'ဘယ်ဝေးမလဲ၊ အမှန်က ကျွန်တော့်နံမယ်ဟာ 'စံရှား'ဖြစ်ဖို့ဗျ၊ ကျွန်တော့်အဖေက စုံထောက်မောင်စံရှားဝတ္ထုတွေသဘောကျပြီး ကျွန်တော့်မမွေးမီ သူ့မြင်းမလေးကို စံရှားမှည့် ပစ်လိုက်လို့ ဟော. . . ကျွန်တော့်ကျတော့ မောင်သိန်းမောင်ဖြစ်ရတာဗျာ၊ တောက်. . အဖေ့နှယ် သိပ်လောတာဘဲ'

'မိဘကို အပြစ်မတင်ကောင်းပါဘူး၊ ဒါနဲ့တခု စဉ်းစားစရာရှိပြန်တာက သူတို့နဲ့ပါသွား တဲ့ အောက်ဆီဂျင်ဓာတ်က ၁၀–ရက်စာထက် မပိုဘူးဆို၊ အခု အရက်နှစ်ဆယ်ကျော်သွားပြီ'

'ဒါကတော့ ဟိုတုန်းက လမှာ လေမရှိဘူးဆိုပေမယ့် အခုရှိချင်ရှိနေမှာ၊ ကဲ. . ဒီတော့ ဒီလို လုပ်၊ ကျုပ်အကြံတခုပေးမယ်'

'ပေးပါမောင်ရယ်. . . . ပေးပါ'

'အခု စကော့တလန်က ထွက်သမျှ စကော့(ချ)ဝီစကီတွေကို အမေရိကန်က လက်ဝါးကြီး အုပ်ဝယ်ပြီးတော့ ဗမာပြည်မှာ ကွန်မြူနစ်ဆန့်ကျင်ဘက်ရေးတဲ့ စာရေးဆရာတွေကို လိုချင် သလောက်ပေးနေပြီလို့သာ လှမ်းပြောလိုက်၊ ဒီကောင်တကယ်လို့ သေသည့်တိုင်အောင် သေရာက ထောင်ထလာမှာဘဲ'

ယင်းသည်၌ ကိုလတ်မှာ 'ဘိုးဘိုးအောင်သည် သိမ်ကြီးဈေး၌ ဆင်းပြီး ဇာဘော်ဘီ တထည် အကြွေးဝယ်သည်'ဟု ယုံကြည်လောက်သော ဌာနမှကြားရသော တောအဖွားကြီးကဲ့သို့ အံ့သြခြင်းကြီးမက၊ အံ့သြကာ မျက်လုံးကြောင်တောင် ပါးစပ်ဟောင်းလောင်းနှင့် ထိုင်ရာမှ ထလာပြီး ရုတ်တရက်. . . .

'ဟား. . . ကိုသိန်းမောင်. . . ဒီအကြံဟာ ခင်ဗျားအော်ရီဂျင်နယ်လ် သက်သက်ဖဲလား၊ လုံးလုံး ခင်ဗျားဦးနှောက်ထဲက ထွက်တာဘဲလား၊ ဒါမှမဟုတ် တခုခုက မှီးရသေးသလား'

ကိုသိန်းမောင်မှာ အပြင်းအထန် ဂုဏ်ယူသော မျက်နှာနှင့်. . .

'ဟာ. . . ကျွန်တော့်ကိုယ်ပိုင် သက်သက်ပါဗျာ၊ ဘယ်ကမှမှီးရတာမဟုတ်ပါဘူး၊ ဘုရားစူးရပါစေရဲ့၊ မိုးကြိုးပစ်ရပါစေရဲ့ကာလနာ တိုက်ရပါစေရဲ့. . '

'အိုး. . ကျုပ်တော့ တသက်လုံး အံ့သြလို့ကုန်မှာ မဟုတ်တော့ဘူး၊ ခင်ဗျားကိုတဘဝလုံး ချီးကျူးလို့ပြီးမှာ မဟုတ်တော့ဘူး၊ တောက်. . . တကယ်ဗျာ. . တကယ်၊ ခင်ဗျားကို ကျုပ်ဟိုတုန်းက ဒါလောက် မထင်ခဲ့ဘူး၊ အခုမှ. . . အခုမှ၊ ကမ်းမွန်းကွန်ဂရက်ဂျူလေးရှင်း ရှိတ်(က)တဲင်း. . .

ကိုသိန်းမောင်မှာ လက်ကမ်းရင်း. . .

'သိပ်တော့ မဖျစ်နဲ့နော်၊ ကိုလတ်လက်က ကျွန်တော့်လက်ထက် ပိန်သေးတယ်'

'မနာရစေပါဘူးဗျာ. . . စိတ်ချပါ'

သူတို့နှစ်ယောက် လက်ဆွဲလှုပ်ယမ်းနေကြစဉ်၊ အမကြီးခင်မျိုးချစ်က. .

'ဘယ့်နှယ်လဲ ကိုလတ်. . . အခုနတော့၊ ယောကျ်ားတွေက မိန်းမတွေထက် ထူးချွန်တာ မဟုတ်ပါဘူးကွာ'

ကိုလတ်ခုမျှ သူ့ဟာသူ သတိရသလိုဖြစ်လျက်. . .

'အေး. . . ဟုတ်တယ်. . . ဟုတ်တယ်၊ ကိုယ်ပြောလိုက်မိတယ်၊ ဆောရီး. . . ဆောရီး၊ ငါ့စကား ငါပြန်ရုပ်သိမ်းပါတယ်ကွာ' တဖန်ကိုသိန်းမောင်ဘက်လှည့်ပြီး 'ဒီမှာ. . ကိုသိန်းမောင်၊ ခင်ဗျားဟာ ယောကျ်ားထုတရပ်လုံးရဲ့ ဂုဏ်ကိုဆောင်လိုက်တာဘဲဗျာ၊ ခင်ဗျားလိုလူမျိုး ရာစုတခုမှာ တယောက်ထွန်းကားရင် ဒီဘဒ္ဒကမ္ဘာ ကံကောင်းတာဘဲဗျာ၊ ကမ်းမွန်း. . . ဝမ်းစမိုး. . ရှိတ်(က)ဟဲင်း. . '

သူတို့နှစ်ယောက်တဖန်လက်ဆွဲ လှုပ်ယမ်းနေကြစဉ် ကိုသိန်းမောင်မိန်းမ မခင်သည် ဈေးကပြန်လာသည်ဖြစ်၍ သတင်းစာတစောင်ကိုင်ကာ အပြေးကလေး လာလျက်. . .

'ဟော့ဒီမှာ ဗမာပြည်ကို ဒုံးပျံကြီးတစီး ရောက်လာသတဲ့'

အားလုံးသူ့စကားစိတ်ဝင်စားကြကာ ဝမ်းသာအားရနှင့်. . .

'ဟင်. . သော်တာဆွေတို့ ပြန်လာကြပြီပေါ့'

'မဟုတ်ဖူး. . .၊ မဟုတ်ဖူး သူတို့စီးသွားတဲ့ ဒုံးပျံမဟုတ်ဖူး အမေရိကန်က နောက်တခု ပို့လိုက်တာ၊ အသစ်တဲ့ ဟောဒီမှာ ဓာတ်ပုံလဲပါတယ် သတင်းစာဖတ်ကြည့်'

## မြန်မာပြည်သို့အမေရိကန်ပြည်က ဒုံးပျံကြီးတစီးပို့လိုက်ပြန်ခြင်း

ယခင်ဒုံးပျံမှာ လူ ၅ယောက်စီးနိုင်၍ ယခုဟာသည် ၆ယောက်သယ်ဆောင်နိုင်၏။ ဘေးအန္တရာယ်လည်းပို၍ စိတ်ချရသည်။ ချယ်ဂါလီစီးရတာလောက်မှ မခက်ခဲ။ မောင်းရန်လည်း အလွန်လွယ်ကူ၏။ ဆိုက်ကားနင်းတတ်လျှင်လည်းကောင်း၊ ဘိုင်စကယ်စီးတတ်လျှင် လည်းကောင်း၊ ဘာမျှအထူးသင်ကြားနေစရာ မလိုတော့။ စွန့်စားမည့် သူရဲကောင်းများ လိုနေသည်။ အစိုးရက ဆုငွေပေးလိမ့်မည်ဖြစ်ကြောင်း။

ဤအထိဖတ်ပြီး အမကြီးခင်မျိုးချစ်သည် ဝမ်းသာအားရနှင့်

'ဟင်. . .၊ဒီလိုဆို ကိုလတ်၊ သူတို့ရှိမရှိ လှမ်းစုံစမ်းမနေနဲ့တော့၊ တခါထဲလိုက်သွားကြရအောင်၊ သေကြရင်လဲအလောင်းတွေ့ကြမှာဘဲ၊ လရဲ့ ဆွဲငင်ခြင်းနဲ့ ကမ္ဘာရဲ့ဆွဲငင်ခြင်း၊ ညီမျှတဲ့နေရာမှာ သော်တာဆွေက အရင်တခေါက်ကလို ကမျင်းလို့ ဒုံးပျံကခြေလွတ်ပြီး မမှီမကမ်းဖြစ်နေတယ်ဆိုရင်. . . .၊ လမ်းမှာတွေ့မှာဘဲ'

ကိုလတ်ကလည်း. . .

'အေး. . . ကောင်းတယ်ပေ့. . . မင်းအကြံ၊ ခရစ်စမတ်နဲ့ လွတ်လပ်ရေးပွဲနဲ့ ဒို့ကျောင်းပိတ်ထားတုန်း. . .၊ အားလဲနေတာဘဲ၊ နို့ပြီး. . . ငါက ဘိုင်စကယ်လက်လွှတ်တောင် စီးနိုင်နေတာဘဲ၊ မောင်းဘို့လဲ မခဲယဉ်းတော့ဘူး'

'ဟုတ်တယ်. . .၊ ကိုသိန်းမောင်ကော လိုက်ပါလား. .'

အမကြီးကပြောသည့်၌ မောင်ထင်လင်းက. . .

'ခုန ကျွန်တော်ပြောတဲ့အကြံတိုင်း စုံစမ်းကြည့်အုံးလေ'

'ဟာ. . . မလိုတော့ပါဘူး၊ သူတို့သေသေ မသေသေသွားကြမှာဘဲ၊ သေလဲအလောင်းတွေ့၊ မသေလဲ သူတို့အံ့သြသွားကြရအောင်. . .'

မောင်ထင်လင်းမှာ မကျေနပ်နိုင်သေး. .။

'မဟုတ်ဖူးလေ၊ ကျွန်တော့်အကြံအဘိုးတန်ကလေး အလကားမဖြစ်ရအောင် ဘယ့်နှယ်လဲ ကိုလတ်. . .'

စစ်ကူတောင်းသည့်၌ ကိုလတ်ကလည်း အေးစက်စက်ဖြစ်ကာ

'ခင်ဗျားအကြံ အခုနတော့ ကောင်းရှိးမှန်ပါတယ်၊ ဒါပေမယ့် အခုတော့ သုံးစရာမလို တော့ပါဘူး၊ ဟုတ်တယ်။ သူတို့မေမေပြောတော့ သော်တာဆွေ သေချင်ယောင် ဆောင်နေတဲ့ ကောင်၊ ဒို့ရောက်တော့ အံ့အားသင့်သွားရအောင်. . .'

ဤတွင်၌ မောင်ထင်လင်းမှာ သူ့ကိုခုနက အကြီးအကျယ် ချီးမွမ်းခြင်းခံရသည့်အကြံ၊ ရုတ်တရက်အလကားဖြစ်သွားရသည်နှင့် အကြောင်းစစ်လိုက်တော့ သူ့မယား ဒီသတင်းစာယူ၍ ခြစ်ရခြင်းကြောင့် ချက်ခြင်းပင် ဇနီးမောင်နှံကတောက်ကဆတ်ဖြစ်ကြလေ၏။

တစတစနှင့် နောက်ဆုံး၌. . . . .

' ဟဲ့ . . . . နင့်ကြောင့်ဟဲ့. . . . '

' အို. . . ငါနဲ့ဘာဆိုင်တုန်း. . . '

' နင်. . . . ဒီသတင်းစာယူလာလို့ဟဲ့. . . '

' ကျုပ်ယူမလာကော. . . . သူတို့ဟာ သူတို့ မတွေ့ကြတော့ဘူးတဲ့လား. . . . '

' မတွေ့ဘူးဟဲ့. . . . သူတို့က ဘယ်တော့မှ သတင်းစာဖတ်တာမဟုတ်ဘူးဟဲ့. . . . '

ဤတွင်ကိုလက်ကဝင်၍ ဖြန်ဖြေ၏။

' ဟုတ်တယ်. . . ဟုတ်တယ်. . . မခင်သာ ယူမလာရင် ဒီသတင်းစာ ဒို့ဖတ်ဖြစ်မှာ မဟုတ်ဖူး. . '

မောင်ထင်လင်း ပိုဒေါပွကာ. . . .

‘ ကဲ. . . ကဲ. . . နင့်ကြောင့်စစ်စစ်ဆိုတာ သေချာပြီ မဟုတ်လား ဘာပြောချင်သေးလဲ. . ’

‘ မပြောချင်ပါဘူး၊ ပြီးတာ ပြီးပါစေတော့. . . . . ’

‘ မပြီးနိုင်ဘူး၊ ငါပါသူတို့နဲ့ လိုက်သွားမယ်၊ ဒါမှ ဖွဟ. . . မပြောကောင်း. . . မဆိုကောင်း ငါသေရင် နင်ခလေးတွေနဲ့ ဒုက္ခရောက်အောင် ’

‘ အံမာလေး. . . . မရောက်သေးဘူး၊ ကျုပ်ကတော့ ဘီအေမအောင်ပေမဲ့ ပထမငယ် အောင်ထားတာဘဲ၊ ဝန်ကြီးချုပ်ရဲ့ သာသနာ့ရိပ်သာမှာပေါ့. . . . . ’

‘ လျှောက်. . . . လျှောက်. . . . . ’

ဤသို့နှင့်နောက်များမကြာမီ သတင်းစာများထဲ၌ ၆ ယောက်စီး ဒုံးပျံကြီးနှင့် သော်တာဆွေ တို့နောက် လိုက်ကြမည့် သူရဲကောင်းများ. . . .။

၁။ ဦးခင်မောင်လတ် ။

၂။ ခင်ချိုချစ် ။

၃။ မောင်ထင်လင်း တို့ဖြစ်ကြောင်း၊ နောက်လိုက် ချင်သူများရှိလျှင် ၃ ယောက် စာတောင်ရှိသေးကြောင်း။

သွားရန် သုံးရက်မျှအလို၌ ကိုယ်လုံးကိုယ်ထည် တောင့်တောင့် ရုပ်ဖြောင့်၊ အသားညိုညို၊ နှာတံပေါ်ပေါ်၊ မျက်လုံးရွဲရွဲနှင့် မိန်းမပျိုတယောက် ဇရိပ်သာသို့ ရောက်ရှိလာသဖြင့် အကျိုးအကြောင်းကိုမေးရာ ဒုံးပျံနှင့်လိုက်လိုကြောင်း ပြော၏။

သူတို့ အံ့အားသင့်ကာ ကိုလတ်က. . . .

‘ ဟဲ့. . . မိန်းကလေးရဲ့၊ သက်စွန့်ဆံဖျား ဘာကြောင့် လိုက်ချင်တာလဲ၊ ဒို့ကမှ ဒို့သမီး အတွက်မို့ ဟောဒီ မောင်သိန်းမောင်ဆိုတာကလဲ သူ့မိန်းမနဲ့ စားကားကတောက်ကဆတ် များကြလို့. . . . . ’

မိန်းမပျိုက မရွံ့မရဲနှင့်. . . .

‘ ကျမက သော်တာဆွေ့ ရည်းစားပါ. . . . . ’

‘ ဟေ. . . . ဟုတ်လား. . . . ’

သို့သော် မြင်းမ ဦးသွားလို့သာ စံရှား မဖြစ်လိုက်ရသော မောင်သိန်းမောင်မှာ ကပျာကရာ ဆေးတံ ပါးစပ်ကောက်တပ်လိုက်ပြီး ဆင်ခြင်တုံ အမူအရာ ပြလျက်. . . .

‘ နေပါအုံး ခလေးမ. . . မင်းသော်တာဆွေ ရည်းစားဆိုတာ ဘယ်လို အထောက်အထားနဲ့ ယုံရမှာလဲ. . . ဘင်တန် ဟောလ်တို့ အင်းယားဆောင်တို့မှာ မင်းလို ရုပ်ချောချော မိန်းခလေးတွေ အများကြီး ရှိတယ်၊ ကဲ–သူတို့က တယောက်စီ လာပြီး ကျမသော်တာဆွေ့ ရည်းစားပါ၊ ကျမ သော်တာဆွေ ရည်းစားပါ ဆိုတိုင်းသာ ယုံရရော်မခက်ပါလား. . . ’

မိန်းမပျိုသည် စိတ်မလျှော့။ သူ့လက်ပွေ အိတ်ထဲသို့လက်နှိုက်ပြီး ဓါတ်ပုံတစ်ပုံထုတ်ကာ

‘ ဒီမှာ. . . ကိုကို ဆွေ့ ဓါတ်ပုံ ရှိပါတယ်။ သူကျမကို ပေးထားတာ. . . . ’

ကိုသိန်းမောင်းယူကြည့်ကာ. . . .

‘အင်း. . . သော်တာဆွေ အရက်မူးမူးနဲ့ ရိုက်ထားတဲ့ ဓါတ်ပုံတော့ဟုတ်ပြီ၊ သို့သော် သေချာအောင် . . . . ’ဟု စူးရှသောမျက်လုံးမျိုးနှင့်ဓါတ်ပုံ ကျောဘတ်ကို လှန်ကြည့်လိုက်ရာ. . . . ‘အလို. . . ချစ်ညီမလေးသို့လို့စာရေးထားပါလား. . . ရည်းစားလို့မဆိုပါလား. . . ’

‘ဟုတ်ပါတယ်. . . ဒါက သူနဲ့ကျမနဲ့ ရည်းစား မဖြစ်ခင်ကပေးတာမို့ပါ. . . . . ’

‘နို့ မင်းတို့ဟာက ဘယ်လိုဖြစ်ကြတာလဲ၊ မောင်နှမလို့ဆိုကြပြီး ကျားကိုက်ခံရမယ့် အပေါက်ပါလား ’

ဤတွင် မနေသာတော့ဘဲ အမကြီး ခင်မျိုးချစ်က ကြားဝင်၍. . . .

‘အမယ်လေး ကိုသိန်းမောင်နှယ်၊ ဒါမျိုးသာ ကျားကိုက်ခံရမယ်ဆိုရင် ခုခေတ် မြန်မာပြည်မှာ သော်တာဆွေလို နောက်ပေါက်စာရေးဆရာတွေ တကောင်မှ မရှိတော့ဘူး၊ သူတို့ တတွေဟာ ဒီလိုဘဲ ချစ်ညီမလေးဆိုတာက စဂေါ်ကြတာဘဲ ’

ယင်း၌ ကလေးမအားတက်ကာ . . . . .

‘ဟုတ်ပါတယ်၊ သူနဲ့ကျမ အဲသလိုကစ ခဲ့ကြပါတယ်၊ ဟော့ဒီမှာ သူရေးခဲ့တဲ့ စာတစောင်တောင် ပါပါသေးတယ် ’ ဟု ဆို၍ အိတ်ထဲမှ ထုတ်ပေး၏။

ကိုသိန်းမောင်ကယူ၍ အသံကျယ်ကျယ် ဖတ်၏။

'အချစ်တကာ့ အချစ်ဆုံးတို့ထက်ပို၍ အချစ်လှဆုံး ' ခိုင် '။' ခိုင် ' နဲ့ အကိုဆွေဟာလေ ကိုကြီး ညီမလေးဘဝက တစတစနဲ့ ကာလရွေ့လျားပြီး တနေ့သောအခါမှာ နှစ်ကိုယ်ချဉ်း ပြစေ လို့ အဆိုသွင်းတဲ့အခြေ ရောက်ခဲ့ပြီနော်။ ခိုင့်ကို အကိုဆွေသိပ်ချစ်တာဘဲ ခိုင်ရယ်. . .၊ ဘယ်လို ချစ်တာမှန်းကို မသိဘူး။ အကိုဆွေမှာ အသက် နှစ်ဒါဇင်ကျော်ခဲ့ပြီမို့ ခိုင်ဟာ အကိုဆွေ 'အချစ်ဦး' ရယ်လို့ တော့ဖြင့် ဟို–တင့်တယ်တို့ သန်းဆွေတို့ ဂေါ်နည်းမျိုးနဲ့တော့ မပါပါဘူး။ သို့သော် 'အချစ်ဆုံး' ရယ်လို့တော့ ခေါ်ရမယ်။ ဘာကြောင့်လဲဆိုရင် အကိုဆွေ ခုအသက်အရွယ်အထိ ခိုင့်ကို ချစ်တဲ့အချစ်မျိုးဟာ တခါမှ မကြုံဘူးသေးဘူး။ ဘယ်လောက်များ ဘယ်လိုများချစ်သလဲဆိုတာ လူ့သား လူ့ဉာဏ်မျက်စိဖြင့်တော့ ထုတ်ဖေါ်လို့ မပြနိုင်တော့ဘူး။ အဲ လူသတ္တဝါတွေအတွင်း စိတ်ခါတ်ကို ဒိဗ္ဗစက္ခုနဲ့ အတွင်းသားမြင်နိုင်တဲ့ နတ်သိကြားများက ကြီးမှူးပြီး လူ့ပြည်မှာ ' အချစ်ဆုံးမောင် ' ပြိုင်ပွဲလုပ်ရင်ဖြင့် ဒီဘွဲ့ထူးကို ကေန်အမှန် အကိုဆွေ ရမှာပါဘဲ ခိုင်ရယ်၊ တကယ်ဘဲ ယုံပါတော့။ ချစ်သမှ သိပ်ချစ်တာဘဲ။ ဟင်းဟင်း–ဒီအချစ်မျိုး တခါမှ မကြုံဘူး သေးဘူး။ ဘုရားစူးပါရစေရဲ့၊ မိုးကြိုးပစ်ပါရစေရဲ့၊ ကာလနာ တိုက်ရပါစေရဲ့၊ ခွေးဘုရင်ဂျီနာ ပေါက်ရပါရစေရဲ့ '

ကိုသိန်းမောင်ပင် စာဖတ်ရင်း မချင့်မရဲဖြစ်လာကာ ဆက်၍ပင် မဖတ်နိုင်တော့ဘဲ. . . . .

'တောက်–သော်တာဆွေက တယ်ပြီး ရည်းစားစာ ရေးကောင်းပါလား၊ စကားလုံး အသုံးအနှုန်းကလဲ အင်မတန်မှသိမ်မွေ့ ညက်ညောတာဘဲ'

'ဟုတ်ကဲ့ရှင့်၊ ကျမ ဒါကြောင့် သူ့ကို ကြိုက်သွားတာပေါ့'

ကလေးမက ဆိုလေသည်ဟူသတည်း။

## စူးဟူးဟူး– ရှူး. . . . .

သူတို့ ဒုံးပျံ လ နားသို့ ချဉ်းကပ်သည်၌ စက်ကို ရပ်လိုက်လေသည်။ တဖြည်းဖြည်း လ ဆီသို့ နီးနီးလာပြီး ရောက်လိုဇောနှင့် လ မြေအပြင်ကို လှမ်း၍လှမ်း၍ ကြည့်ခဲ့ကြရာ၊ နောက်ဆုံးတွင် လ အပေါ်မှာ ရပ်လျက်ရှိသော ဒုံးပျံတခုကို မြင်ရသည်၌ အားလုံး ဝမ်းသာအားရဖြစ်ကာ. . . . .

'ဟော–ဟော သူတို့ ဒုံးပျံတော့တွေ့ပြီ'

'ဒို့ သမီးလေး အသက်နဲ့ ကိုယ့်နဲ့ တွေ့ပါရစေရှင်'

'ကျမ အကိုဆွေလဲ ကောင်းကောင်းမွန်မွန် ရှိပါစေရှင်'

ခိုင်ကပြောသည့်၌ ကိုသိန်းမောင်က. . . .

'အို–စိတ်ချပါ သူငယ်မရယ်၊ သူတသက်လုံး သေမဲ့ လူမဟုတ်ပါဘူး'

ခိုင်က သူ့စကားနားမလည်၍. . . . .

'ဘယ်လိုပါလဲရှင်'

' သူ့တသက်မှာ သူ ဘယ်တော့မှ မသေဘူးပြောတာပါ '

'အော်. . . . . '

သူတို့ဒုံးပျံမြေပြင်ပေါ်ရောက်လာသောအခါ၌သူ့ထက်ငါအလျင်ဆင်းကြကာ

'သော်တာဆွေရေ. . . ကြည်ကြည်ရေ. . .  ' ခေါ်ကြလျက် ဟိုဒုံးပျံဆီသို့ ပြေးသွားကြ၏။သို့သော် ပြန်ထူးသံမကြားရရုံမက ထိုဒုံးပျံထဲ တက်ကြည့်ကြသောအခါ၌ ဘယ်သူမှမရှိ။

'တနေရာရာ သွားနေကြတယ်ထင်ပါရဲ့၊ ရှောက်ရှာ ကြရအောင်'

လ ၏ဆွဲငင်ခြင်းဓါတ်သည် ကျွန်ုပ်တို့ ကမ္ဘာ၏ ဆွဲငင်ခြင်းထက် အဆပေါင်းများစွာ အားငယ်သဖြင့် သူတို့ကိုယ်တွေမှာ လေအယဉ်စီးနေရသကဲ့သို့ပင် လျင်မြန်ပေ့ါပါးစွာ ဟိုဟိုဒီဒီ ပြေးလွှားရှာဖွေကြ၏။

'ကြည်ကြည်ရေ. . . '

'သော်တာဆွေရေ'

'သမီးရေ. . . '

'အကိုဆွေရေ. . ခိုင် လိုက်လာခဲ့တယ်လေ'

တကျော်ကျော် ခေါ်ကြ၏။

သို့သော် ပြန်ထူးသံမကြားရ။

နောက်ဆုံး၌ ဘုရား. . . ဘုရား. . . သူတို့ရှေ့တွင် အရိုးစုနှစ်ခု။

မျက်ရည်တွေအုကြပြီ။ ရင်ခေါင်းတွေ ဆို့၍နစ်၍ ရုတ်တရက်အသံတွေတိတ်သွားကာ တယောက်မျက်နှာ တယောက်ကြည့်ကြတော့သည်။ ခဏအတွင်း၌ကား အရိုးစုများ အနီးသို့ ပြေးသွားလျက်. . .

'အောင်မယ်လေး. . ကိုယ်ကျိုးနဲကြပြီပေါ့၊ ကျမသမီးကလေး ကတိုးမှုံ အရိုးပုံဖြစ်နေပါ ပကောလား. . ကိုလတ်ရဲ့'

'အမကြီး ခင်မျိုးချစ်က ဈေးဦးပေါက် ငိုလိုက်၏။

ခိုင့်မျက်နှာမှာလည်း မျက်ရည်တွေ ပြည့်နေကာ. . .

'အို. . . အကိုဆွေ. . . အကိုဆွေ၊ ပြပါအုံးရှင်၊ ဘယ်ဒင်းက အကိုဆွေလဲ'

ကြည်အေးနှင့် သော်တာဆွေမှာ အရပ်ချင်း မတိမ်းမယိမ်းဖြစ်နေ၍ ရုတ်တရက် အရိုးပုံ ချင်းမခွဲနိုင်။ ကိုထင်လင်းက သေသေချာချာကြည့်ရင်း. . .

'နေကြအုံး. . . နေကြအုံး. . တော်ကြာငိုတာတွေ သောက်လွဲတွေ ဖြစ်ကုန်အုံးမယ်၊ ကဲ. . ကဲ. . ဟောဒီဘက်ကဟာ မိန်းမအရိုးပုံ ကြည်အေး၊ အဲဟိုဘက်ကဟာ သော်တာဆွေဘဲ'

ထိုအရိုးပုံနား ခိုင်ပြေး၍ ဒူးထောက်ကာ. . .

'အမယ်လေး. . . အကိုဆွေ အကိုဆွေ ပျို့မေအလာနှောင်းတာနဲ့ အလောင်းတောင် အရိုး အရေ စစ်နေပါပကောလား' ဆိုပြီးမှ အသံကုန်ဟစ်ကာ. . .

'အမယ်လေး ကျမရည်းစားကြီးပါရှင်. . . ဟောဒီ လ,ခရီးသွားတာ အကြိမ်ကြိမ်မှာလိုက်ပါရဲ့ အချိန်ကြာရင် အချိန်ကြာရင် ခိုင်ကလွမ်းတာတော့ ပိုင်သမျှအစွမ်းနဲ့လေ. . . သူ့ကိုထားပါရဲ့၊ အမယ်လေး ခုလိုများဖြစ်မယ်သိရင် ခိုင်မလွှတ်ဖူးရှင့်. . . မလွှတ်ဖူး၊ အတင်းဖက်ထားမယ်သိရဲ့လား ဟင်း. . . ဟင်း'

တက်သွားတော့ခမန်းဖြစ်၍ ကိုထင်လင်းက လက်နှင့် ဖေးမကာ. . . .

'သတိထားပါ ခလေးမရယ်၊ သိပ်စိတ်မကြီးပါနဲ့၊ အော် သော်တာဆွေ. . သော်တာဆွေ သွားရှာပြီ၊ အင်း. . . သူနဲ့ နောက်ဆုံးအကြိမ်တွေ့ကြတုန်းက ပြောသွားတာလေး မှတ်မိပါသေး 'ကိုထင်လင်းရယ်တဲ့ စကော့ချ်ဝီစကီများ တယ်ကောင်းပါလားတဲ့၊ ကျွန်တော်သာ ဟိုသူဌေးသမီး ရလို့ ပိုက်ဆံ ချမ်းသာမယ်ဆိုရင် ဂျော်နီဝါးကားကိုချည့် နေ့ရောညပါ သောက်နေမှာဘဲဗျာ'တဲ့ အင်း. . . သခ်ီရ. . သခ်ီရ. . .၊ နို့ပြီး သူအမှတ်တရပြောသွားတာလေး တခုရှိသေး၊ တနေ့သူနဲ့ ကျွန်တော် စကော့ဈေးထဲ ဖြတ်လျှောက်အလာ မိန်းကလေးတယောက် ချောကချော ခေတ်က ဆန်နဲ့ အသက် ၁၆–နှစ်လောက်ဖဲရှိအုံးမယ်၊ ခါးသေးရင်ချီ ပဒုမ္မာနီကလေး၊ လူတိုင်းငေးကြည့် ရအောင် နိပ်တယ်. . .၊ အဲဒါလေးမြင်တော့ သူကဘာပြောတယ် မှတ်သလဲ 'ကိုထင်လင်းရယ်တဲ့၊ ခင်ဗျားကတော့ ကျွန်တော့်ကို တောကျတယ်ဘဲပြောပြော၊ ရိုးတယ်ဘဲဆိုဆို၊ အ,တယ်ဘဲပြောချင် ပြော၊ ခေတ်မမှီဘူးဘဲ ဆိုချင်ဆိုဗျာတဲ့၊ ကျွန်တော့်စိတ်ထဲရှိတာ ပြောရရင် ဒီကောင်မလေးမျိုး ရမယ်ဆိုရင် ခုဘဲ ယူလိုက်ချင်သေး'သတဲ့၊ အော်. . . သော်တာဆွေ၊ သော်တာဆွေ၊ သူကောင်း သားကြီး ခုတော့ မန်လကစျာန်ကြွရှာပြီ. . .'

ဤအခိုက် အမကြီးခင်မျိုးချစ်က. . .

'အောင်မယ်လေး. . သမီးလေးရဲ့ မေမေတို့လာတာ ထကြည့်ပါအုံးတော့လားကွဲ့. . ဟဲ့. . ဟဲ့' တောသံပါပါကြီး အော်ငိုချလိုက်ရာ၊ ကိုလတ်က နားနှစ်ဖက်ပိတ်၍. . .

'ဟော့. . မင်းငိုတာကြီးကလဲ ရှော်လိုက်တာကွာ၊ ကဗျာလေးဘာလေးနဲ့ လုပ်ပါ'

'အောင်မယ်လေး. . စိတ်နှလုံး ထိခိုက်ရတဲ့အထဲ ရုတ်တရက် ကဗျာတွေကာရန်တွေ ဘယ်တွေးနိုင်အုံးမလဲရှင့်'

'နို့ သူကတော့ ခိုင်ကိုပြ၍ စစချင်းဘဲ ကာရန်တွေ နဘေတွေနဲ့ပါလား'

'အို. . သူတို့က သမီးရည်းစားဆိုတော့ ဒီအသက်အရွယ် သမီးရည်းစားဆိုတာက အလကားနေရင်း ဒါမျိုးတွေးနေတာဘဲ၊ ကိုယ်လဲ ကြုံခဲ့ရက်သားနဲ့'

ပြောတုန်းဆိုတုန်းပင် ခိုင်က ကောက်၍ကျူးရင့်လိုက်ပြန်၏။

'သဲနှစ်ဆိုင် မေတ္တာမျှပါလို့

စွဲပိုင်ပိုင် ချစ်သဒ္ဒါ ကြွကာပ

မြဲခိုင်ခိုင် သစ္စာလဲ သခဲ့သမို့

(ကိုဆွေရေ့. . .) ဖြစ်ရာဘဝကိုတဲ့ ခိုင်လိုက်မယ်။

မနေဘူးမောင်ရဲ့ ခိုင်လိုက်ခဲ့မယ် သိလား

အမယ်လေး. . ကျမ အချစ်ဦးကြီးပါ ရှင်တို့ရဲ့. . . ဘဝအဖြစ်ကူးကာ တမလွန်သို့မြန်းရှာပေါ့၊ စခန်းမလှတယ် စန်းလအလယ်မှာ၊ ပန်းလျသွယ်သွယ် မယ့်ရင်ဖြင့် ကွဲရလိမ့် ဟော့. . . ဒီဘဝင် အသဲတွေ ကျွမ်းကြေလုပြီတော့ အုံး. . . အုံး. . '

'အို. . ကိုယ့်ရင်ဘတ် ကိုယ်မထုနဲ့လေ၊ ခလေးမ သတိထားမှပေါ့၊ ဟယ်. . . ဟယ်. . တက်သွား ပြီ. . အမကြီးလုပ်ပါအုံး'

ကိုထင်လင်း ခြေမကိုင်မိ လက်မကိုင်မိ မျက်လုံးမျက်ဆန်ပြူးဖြစ်ကာ အမကြီးက ခိုင့်ကိုယ်ကို ဖေးယူနှာနှပ်ပေးနေစဉ် ကိုလတ်က အသံလေးကြီးနှင့်. . .

'တယ်ခက်ပါလားကွယ်ရို့ ဟင်း. . 'သက်ပြင်းကြီး ချလိုက်၏။

ခိုင် ပြန်သတိရလာသောအခါ အမကြီးက. .

'ကဲ. . ကဲ. . သူငယ်မ ညည်းတော်တော့၊ ညည်းပင်ပန်းလှပြီ၊ ကျန်တဲ့နှစ်ပိုဒ် ငါဆက်ဆိုမယ်၊ ငါ့လင်က ကာရန်နဲ့ နဘေနဲ့ မငိုကောင်းလား ပြောနေတယ်၊ ဒါပေမယ့် အရွယ်ကကြီးတော့ ညည်းတို့လို အဆွဲအငင် အလှည့်အပဲ့နဲ့ ဟက်ဟက် ဟဲဟဲတော့ မအော်ချင်တော့ဘူး၊ သံမှန် သံချိုလောက်ဖဲ'ဟု စကားခံပြီးမှ. .

ရွှေလမှာ ယုန်ဝပ်လို့

ဆန်ဖွပ်တဲ့ အဘိုးအိုကို

မျက်နှာချို ရွှင်ရွှင်သွေးကာပ

ပုံပြင်တွေ တွင်တွင်ပေးပါလို့

ကမ္ဘာကို ပြန်လာတော့ရေးမယ်တဲ့

ကလေးငဲ့. . မယ့်ဒါလီရယ်

ရည်ရွယ်ခဲ့ စိတ်ထဲ။

ခုတော့ဖြင့်လေ. . .

အသက်ခန္ဓာကြွေလို့

စံဌာနေ ပြန်မရောက်နိုင်တော့

ကြံတာတွေ ဟန်မမြောက်လေဘု

မြန်မာပြည် ကံမထောက်တယ်

သမီးရေ. . ညည်းမှန်းသလောက်လွဲ. . .။

ဤမှ ကိုလတ်က ခေါင်းညိတ်ကာ. . .

'ဒီလိုဆိုတော့ ကိုယ့်မိန်းမက အဟုတ်ကြီးဘဲကွ၊ ကဲ. . ကဲ. . ငိုတာတွေ တော်ကြတော့'ဆိုပြီး ခိုင့်ဘက်လှည့်၍ 'သူငယ်မလေးရယ်. . . လူဆိုတာ သေမျိုးချည့်ပေါ့၊ မင်းတို့ငါတို့လဲ တနေ့ သေရမှာဘဲ ငါတို့သုံးလူ့ထွဋ်မှူထား ရှင်တော်ဘုရားသော်မှ. . '

ဤတွင် တရှုတ်ရှုတ် ရှိုက်နေသောခိုင်က. . .

'အမယ်လေး. . . တရားမပြပါနဲ့ ကိုကြီးရယ်. . '

'ကြားရတာ နားဝင်မချိဘူး. . .

သခင်လို လင်လိုလဲ ချစ်ခဲ့သူမို့. .

မလွှဲသာ ခွဲခွာလို့ ပစ်ရတော့

အပြစ်ရှိသမျှ ဝန်ချလို့

ကန်တော့လိုက်ပါမယ်. . 'ဟု ဆိုပြီး ပုဆစ်တုပ်ကာ လွမ်းသံကလေး နှောလျက်. . .။

'ခိုင့် ချစ်သက်ဝေ

အကိုဆွေရဲ့. . .

ရှိသေ ညွှန်ကျိုးလက်စုံမိုး၍

ရှိခိုးကော်ရော်. .

ခိုင် ကန်တော့လိုက်ပါရဲ့

မလျှော့မေတ္တာ

မောင်သေပါလည်း

မောင်သာကိုဘဲ

မယ့်အသဲတွင်

အမြဲကြင်မည်တဲ့မှ အမြဲကြင်မည်'

သူဦးချပြီးသောအခါ၌ ကိုလတ်က. . .

'ကဲသေတဲ့လူတွေလဲ မသာဖြစ်ကြပြီ၊ ပြန်ရှင်တော့မှာမဟုတ်ဘူး၊ ဒီတော့ ဒို့က သူတို့အတွက် ဘာပြုလုပ်ကြမလဲသာ စဉ်းစားဘို့ရှိတော့တယ်'

အမကြီး။ 'ကျမတော့ သရဏဂုံတင်ပစ်ခဲ့ချင်တယ်၊ သပိတ်တော့ အိမ်ကျမှ သွပ်တာပေါ့'

ကိုလတ်။ 'မင်းသရဏဂုံ တင်တော့ဘုန်းကြီးက ဘယ်မလဲကွ. . '

'တပါးလောက် ပြန်ပင့်တာပေါ့ ကိုလတ်ရယ်၊ အသွားအပြန် ၂၄နာရီအတွင်း ပြန်ရောက်နိုင်တာဘဲ၊ ဘာကြာတာမှတ်လို့'

'ဒါဖြင့် ကိုသိန်းမောင် ပြန်ပင့်ချေဗျာ၊ ခင်ဗျား ဒုံးပျံမောင်းတတ်တယ်မဟုတ်လား၊ အလာတုန်းက ကျုပ်မောင်းတာ အမြင်သားဘဲ'

'ဒါက တတ်ပါတယ်၊ ကျွန်တော်လဲ နေ့တိုင်း ဘိုင်စကယ်စီးနေတာဘဲ၊ ခက်တာက ဘယ်ဘုန်းကြီးမှ မလိုက်ဖဲနေမှာ စိုးရတယ်. . '

'ဒါတော့ ခင်ဗျားစွမ်းရည်ပေါ်မှာ တည်တာဘဲ တပါးပါးတော့ မရရအောင် ပင့်ခဲ့ပေါ့ဗျာ'

'ကောင်းပြီလေ. . . ကျွန်တော်သွားမယ်.၊ အော်. . ဒါနဲ့ ခဏ'

'ဘာတုန်း'

'သော်တာဆွေအတွက် ငိုချင်းလေးတပုဒ်တော့ ချခဲ့အုံးမှဘဲ၊ နို့မဟုတ်ရင် ဒီကောင်က သူ့သေတာတောင် မငိုဘူးလို့ ဖြစ်လေရာ ဘဝကနေပြီး သူ့ဝတ္ထုတွေထဲ ထည့်ရေးနေမှာ စိုးရတယ်၊ ကိုလတ်ခင်ဗျားကော. . . . မငိုဘူးလား'

'ကျုပ်လူကြီးငိုလို့ သင့်လျော်မယ်မထင်ပေါင်ဗျာ. . '

'အေးလေ. . . . ကျွန်တော်ဘဲငိုမယ်၊ အင်း. . . ငိုမယ်ဆိုတောင် ဘယ်လိုငိုရပန့်၊ အော်. . သိပြီ၊ သိပြီ၊ ရွှေပဲ့သာဖိုမအလိုက်ဖဲ နှံ့လိုက်မယ်၊ ဒါတောင် ဒီကောင်က မင်း အော်ရီဂျင်နယ်လ် မဟုတ်ဖူး၊ မှီးတာကြီးဆိုပြီး မကျေမနပ်ဖြစ်နေအုံးမလား မသိဘူး'

'အမယ်လေးဗျာ. . . ဒါလောက်လဲ မတွက်ပါနဲ့၊ တချို့အော်ရီဂျင်နယ်လ်ဝေးလို့ မှီးတောင် မမှီးတတ်လို့ တိုက်ရိုက်ချည်းဘာသာပြန်နေရတဲ့ လူတွေရှိသေးတာ ငိုမှာ ငိုပါ. . '

'အေးလေ. . ငိုမယ်၊ အဟမ်း. . . အဟမ်း'

ခံတွင်းရှင်းလိုက်ပြီးနောက်. . . '

'ငိုတော့မယ်ဆို. . . ရီတယ်လို့ဖြစ်ဖူး၊ သော်တာဆွေ မောင်နှမရယ်၊ အလိုဗျာ နောင်ဘဝကို ကူး ဟူး. . . ဟူး. . '

အဟတ်. . . . ဟတ်. . . ဟား

သူတို့က ကျွန်တော်တို့နှစ်ယောက် တကယ်သေကြပြီပေ့ါလေ၊ အမှန်က ဘယ်သေလိမ့် မလဲဗျာ. . . ။ ကမ္ဘာတခုမှာသွားပြီး ဇိမ်တွေ့နေကြတာ။ သူတို့မသိလို့သာပေ့ါ။ သိများသိကြရင် ငိုမယ့်အစား ဘယ်လောက်များ ဆဲလိုက်ကြမလဲလို့. . ။

ကဲ. . . အခု ဘယ်ကဘယ်လို ရောက်နေကြသလဲ။

ကျွန်တော်တို့ ဒုံးပျံလ,သို့ရောက်သောအခါ ဝမ်းသာအားရ မောင်နှမနှစ်ယောက် ဒုံးပျံ ပေါ်မှ ဆင်းကြသည်။

'ဟင် ကိုဆွေ၊ သဲကန္တာရလဟာပြင် သက်သက်ပါလား. . '

'ဆိတ်သုဉ်းနေတဲ့ကမ္ဘာဟောင်းကလေးတခုလို့ လောကဓာတ်ဆရာတွေက ဆိုကြတာဘဲ'

'သက်ရှိသတ္တဝါ ဘာမှမရှိဘူးနော်. . . . '

'အပင်မှမရှိတာ၊ ဘယ်သတ္တဝါ ရှိနိုင်မလဲ၊ ဟ. . . ဟ. . အလို'

ကျွန်တော်တို့နှစ်ယောက် စကားတပြောပြောနှင့် လမ်းလျှောက်နေရာမှ ရုတ်တရက် ပါးစပ်အဟောင်းသားနှင့် ရပ်လိုက်ကြပါသည်။ အကြောင်းမှာ မုတ်ဆိတ်ဖွားဖွား ပါးသိုင်းမွေး ကားကားနှင့် လူကြီးတယောက် ကျွန်တော်တို့ တူရူသို့ လာနေသည်ကို တွေ့ရသောကြောင့်။

ကြည်အေးသည် အထိတ်တလန့်နှင့် ကျွန်တော်၏လက်မောင်းကို ဆွဲကိုင်လိုက်ကာ. . .

'ဘယ့်နှယ်လဲ. . ကိုဆွေ'

ကျွန်တော်မှာ လည်းပေါင်းတည်သားပင် ဖြစ်လင့်ကစား ဤနေရာ၌ အလွန်အမင်း ကြောက်ရွံ့နေကာ. . .

'ဘယ့်နှယ်မှမလဲဘူး၊ ပြေးမှဘဲထင်တယ်'

နောက်သို့ ခြေလှမ်းပြင်လိုက်သည်၌. .

'အိုးနေပါအုံး၊ ကြည့်ကို ထားခဲ့တော့မလား. . . '

'မထားခဲ့လို့ ဘယ့်နှယ်လုပ်မလဲ၊ ကိုယ်ကပန်းဘဲမောင်တင့်တယ်လဲမဟုတ်၊ စာရေးဆရာ တင့်တယ်လဲမဟုတ်'

'ဘဘလတ်တို့က အသက်နဲ့လဲ ကာကွယ်ရမယ်လို့ မှာလိုက်တာကော. . '

'ကာကွယ်ချင်ပါတယ်၊ ဒါပေမယ့်ကြောက်တယ်၊ လွှတ်. . . လွှတ်. . . ကြည်ကြည်ငါ့လွှတ်. . ၊ နီးလာနေပြီ'

'လွှတ်ဖူး'

'ဒီလို. . . တောက်တဲ့ကပ် ကပ်နေလို့ နှစ်ယောက်စလုံး သေကုန်လိမ့်မယ်'

'သေသေ–တကထဲ ဟိုကကိုယ့်ရန်ပြုမှာလား. . . မပြုမှာလားမှလဲ မသိရသေးဘူး တကယ်လို့ ရန်ပြုတောင် ကိုယ်တို့က နှစ်ယောက်သူက တယောက်ထဲ'

'တယောက်ထဲကော. . နဲတဲ့ ခန္ဓာကိုယ်ကြီးလား၊ ကျွဲပေါက်ကြီးကျနေတာဘဲ၊ လွှတ်. . လွှတ်'

'အို. . ဟိုက မျက်နှာအမူအရာလဲ ကြည့်ပါအုံး၊ ရန်ပြုမယ်မဟုတ်ပါဘူး မျက်နှာကပြုံးလို့၊ ဟော. . ဟော. . . လက်မြှောက်တောင် နှုတ်ဆက်လာတယ်'

ဟုတ်ပါ၏။ ဤတွင်မှ ကျွန်တော် အကြောက်ပြေသွားကာ တခဏအတွင်း၌ ရှက်မိပါတော့သည်။ ထို့ကြောင့် ကြည်အေးကို မျက်နှာချိုသွေးကာ. . . .

'အ–ဟဲ. . . ဟဲ. . . ကိုယ်က တကယ်ကြောက်တာမဟုတ်ဘူး၊ ကြည်ကြည့်ကို ကျီစားချင်လို့ ကြောက်ချင်ယောင်ဆောင်တာပါ၊ တကယ်ဆို ကိုဆွေ ဘယ်ပြေးမလဲကွာ. . .၊ ပေါင်းတည်သားဘဲ '

ဤအခိုက် ထိုလူကြီး ကျွန်တော်တို့ ရှေ့မှောက်ရောက်လာကာ ပြုံးရွှင်သော မျက်နှာနှင့် ဘာတွေ ပြောသည်မသိ၊ လက်ဟန်ကိုယ်ဟန်နှင့် ပြောတော့သည်။သူ့ ဘာသာစကားကို ကျွန်တော်တို့ နားမလည်ပါ။ သို့သော် သူ့အသံထွက်နှင့် အမူအရာကိုကြည့်ခြင်းအားဖြင့် သူပြောနေသည်မှာ ဘာသာတမျိုးတည်းမဟုတ်ဖဲ တမျိုးပြီးတမျိုးကို စမ်းသပ်နေကြောင်းကို သိသာပါသည်။

နောက်ဆုံး၌ ကျွန်တော်ကလည်း ပြန်ပြောချင်စိတ်ပေါ်လာပါသည်။ သို့သော်– ဘာစကားနှင့် ပြောမည်နည်း။ ကျွန်တော်တို့ ကမ္ဘာတွင် ဘယ်တိုင်းပြည် သွားသွား၊ ဘာ လူမျိုးနှင့် တွေ့တွေ့ အင်္ဂလိပ်စကားဘဲ ပဓာနပြုသည်မဟုတ်ပါလား၊ ထို့ကြောင့် ကျွန်တော်က အင်္ဂလိပ်ဘာသာဖြင့်. . . .

'ခင်ဗျားပြောနေတာကို ကျွန်တော်နားမလည်ပါဘူး။

ဤတွင် သူ့မျက်နှာ ရုတ်တရက် ဝင်းထိန်သွားကာ အင်္ဂလိပ်ဘာသာဖြင့်. . . .

'အော်. . . ဘဒ္ဒကမ္ဘာကကိုး'

ကျွန်တော်တို့မှာ အံ့အားသင့်ရကာ. . . .

'ဟင်. . . အင်္ဂလိပ်စကားတတ်တယ်၊ ခင်ဗျားလဲ ကျွန်တော်တို့ကမ္ဘာကဘဲလား'

'မဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့ ကမ္ဘာနံမယ်က သမဿမလို့ ခေါ်ပါတယ်'

'ဒါဖြင့် ဘယ့်နှယ့် အင်္ဂလိပ်စကား တတ်နေတာလဲ '

'မောင်တို့ ဘဒ္ဒကမ္ဘာက အင်္ဂလိပ်စာသားမဟုတ်ပါဘူး၊ အခြားကမ္ဘာ တဒါဇင်လောက်က သူတို့အဓိကထားတဲ့ဘာသာစကားတွေလည်း တတ်ပါသေးတယ်'

'အခြားကမ္ဘာ တဒါဇင်လောက်'

ကျွန်တော် အံ့အားသင့်ကာ 'ဟင်. . . ကမ္ဘာတွေအများကြီးရှိသလား'

'မရေမတွက်နိုင်အောင် ရှိတာပေါ့မောင်ရယ်'

'ကိုဆွေဘဲ စကြဝဠာ အနန္တလို့ လမ်းမှာတုန်းက ပြောခဲ့သေးတယ် မှတ်လား'

ကြည်အေးက ကျွန်တော်ကို မြန်မာလို ပြောလိုက်ရာ၊ ထိုလူကြီးနားမလည်ဘဲ အင်္ဂလိပ်ဘာသာဖြင့်. . . . .

'အော်. . . မင်းတို့က အင်္ဂလိပ်–အမေရိကန်လူမျိုး မဟုတ်ဖဲကိုး'

'မဟုတ်ပါဘူး၊ မြန်မာလို့ ခေါ်ပါတယ်'

'ကိုင်း=ဒါဖြင့် ဒီမြေပုံမှာ မင်းတို့ တိုင်းပြည်ပြစမ်းကွယ်'ဟုဆို၍ သူ့အိတ်ထဲမှ ကျွန်တော်တို့ ကမ္ဘာမြေပုံကို ထုတ်ဖြန့်သဖြင့် ကျွန်တော်မှာ ကိုယ့်တိုင်းပြည်နေရာကို ပြလိုက်ရပြီး၊ အံ့သြကြီးစွာနှင့်. . . .

'ကျွန်တော်တို့ ကမ္ဘာမြေပုံ ဘယ့်နှယ်လုပ်ရတာလဲ၊ ကျွန်တော်တို့ကမ္ဘာရောက်ဖူးလို့လား'

'မြေပြင်တော့ မဆင်းခဲ့ဘူးပါဘူး၊ အပေါ်ကနေ ကြည့်ဆွဲခဲ့တာဘဲ'

'ဘာနဲ့လာတာလဲ၊ လေယာဉ်ပျံနဲ့လား'

'ဘယ်–လေယာဉ်ပျံက ဟိုကမ္ဘာ ဒီကမ္ဘာသွားနိုင်တာ မှတ်လို့ကွယ်'

'ဒါဖြင့် ဒုံးပျံနဲ့ပေါ့'

'ဒုံးပျံဆိုတာက ဒို့ကမ္ဘာမှာလွန်ခဲ့တဲ့ အနှစ်တရာလောက်ကပေါ်ခဲ့ပြီး အခုတော့မသုံး တော့ပါဘူး'

‘နို့ အခုသုံးတာက ဘာလဲ ’

‘မင်းတို့ ကမ္ဘာစကားနဲ့ဆိုရင် ‘ပန်ကန်ပြားပျံ’ လို့ ခေါ်တာပေါ့’

‘ဟား. . . ပန်းကန်ပြားပျံ ’ ကျွန်တော်မျက်လုံးဖြုံကာ ‘ဒါဖြင့် ကျွန်တော်တို့ကမ္ဘာကို ၁၉၄၇– ခုနှစ်လောက်ကစပြီး မကြာခဏလာနေတဲ့ ပန်းကန်ပြားပျံတွေက ခင်းဗျားတို့ ကမ္ဘာကပေါ့’

‘ဟုတ်ပါတယ်’

‘ဘာကိစ္စ လာကြတာလဲ’

‘ဒီလို လည်ကြပတ်ကြတာပေါ့’

‘မြေကိုတော့ တခါမှ မဆင်းကြည့်ကြသေးဘူးလား’

‘မဆင်းသေးပါဘူး’

‘နို–ဒါနဲ့ အင်္ဂလိပ်စကား ဘယ်လိုတတ်တာလဲ’

‘တခါတုန်းက မင်းတို့လေယာဉ်ပျံ တစီးထဲက လူတွေကို ဒို့ဆီဖမ်းသွားပြီးသင်ယူတယ်’

‘အော’

‘မင်းတို့ ဒီကိုဘာနဲ့လာခဲ့ကြသလဲ’

‘ဒုံးပျံနဲ့’

‘မင်းတို့ဗမာလူမျိုးတွေက ဒုံးပျံလုပ်တတ်နေပလား’

‘တတ်ပါဘူး၊ အမေရိကန်ကပေးလို့’

‘မင်းတို့ဆီမှာ အမေရိကန်ကအမောက်ဆုံးဘဲနော်’

‘ဟုတ်တယ်. . . . အခုနှယ်မှာတော့ သူပေါ့’

‘မင်းတို့တိုင်းပြည်နဲ့ တော်တော်ခင်သလား’

‘သူတို့ကတော့ ကျွန်တော်တို့ တိုင်းပြည်ကို သိပ်ချစ်တာဘဲလို့ပြောတာဘဲ၊ လိုချင်တဲ့ အကူအညီလဲ ပေးတယ်’

‘အလကား ပေးသလား’

‘အလကားလို့ ပြောတာဘဲ’

‘အမယ်. . . တယ်တော်တဲ့ လူမျိုးတွေပါလား၊ ဒါနဲ့ မင်းတို့ဒီကိုဘာကိစ္စနဲ့လာကြတာလဲ’

‘အလည်အပတ်ပေါ့ ရောက်ဖူးပြုဘူးရှိအောင်’

‘ဒါဖြင့် ဒို့ကမ္ဘာကိုပါ လိုက်ခဲ့ပါလား’

ဤ၌ ကြည်အေးနှင့် ကျွန်တော်သည် တယောက်မျက်နှာတယောက်ကြည့်ကာ မြန်မာ ဘာသာဖြင့်. . . . .

‘ဘယ့်နှယ့်လဲ. . . ကြည်ကြည်’

‘ကောင်းသားဘဲ၊ ဒါပေမယ့် ဘယ်လောက်ဝေးလဲ၊ ဘယ်လောက်ကြာမလဲ၊ ဘယ်တော့ ပြန်နိုင်မလဲဆိုတာတွေ မေးအုံးလေ’

ထို့ကြောင့် ကျွန်တော်က လူကြီးဘက်လှည့်ကာ. . . . .

‘ခင်ဗျားတို့ကမ္ဘာက ဒီကနေ ဘယ်လောက်ဝေးသလဲ’

‘မင်းတို့ ကမ္ဘာထက် ခရီးနှစ်ဆလောက်ပေါ့’

‘ဒါဖြင့် ကျွန်တော်တို့ ဒုံးပျံနဲ့ လိုက်နိုင်ပါ့မလား’

‘မင်းတို့ ဒုံးပျံက ဘယ်လိုက်နိုင်မလဲကွဲ့၊ ဒီမှာ ထားခဲ့ပြီး၊ ငါ့ပန်းကန်ပြာ ပျံနဲ့ လိုက်ခဲ့မှပေါ့’

‘အော. . . ခင်ဗျားက ပန်းကန်ပြားပျံနဲ့၊ ကောင်းပြီး၊ ကျွန်တော်တို့ ဟိုမှာ ဘယ်လောက်ကြာ နေရမလဲ’

‘ပျော်သလောက် နေပါလေ အစစအရာရာ ကျွန်ုပ်က တာဝန်ခံပါတယ်၊ ပြန်ချင်တဲ့ အချိန်မှာ ချက်ချင်း ဟော့ ဒီ လ၊ ပေါ်ကိုပြန်ပို့မယ်’

ကျွန်တော် ကြည်ကြည်ဘက်လှည့်လိုက်ကာ. . . .

'ကဲ. . . ဘယ့်နှယ့်လဲ ကြည်ကြည်ရေ. . . .'

ကောင်းတာပေါ့ ကိုကိုဆွေ

ကျွန်တော်လူကြီးဘက်ပြန်လှည့်ပြီး. . .

'ကောင်းပါပြီ၊ ကျွန်တော်တို့ လိုက်မယ်၊ ခင်ဗျားလာခဲ့တာတယောက်ထဲလား၊ အဖော်ပါသေးလား'

'မပါပါဘူး. . . တယောက်ထဲဘဲ'

'ဘာကိစ္စလဲ. . အလည်အပတ်ဖဲလား'

'မဟုတ်ပါဘူး၊ ကျွန်ုပ်တနှစ်မှာ တခါတခါ၊ ဒီလပေါ်ကိုလာရတယ်'ဟုဆိုပြီး သူ့မျက်နှာညှိုးနွမ်းသွားကာ၊ 'အော်. . . ချစ်ရင်းသွေး. . . ချစ်ရင်သွေး၊ အမိုက်ကလေးတွေ'

ကျွန်တော်လည်း စိတ်မချမ်းသာသည့် ပုံဟန်လုပ်ကာ. . .

'ဘယ်လိုဘာလဲ ခင်ဗျာ'

'လာ. . . လာ. . . ကျွန်ုပ်ပြပါမယ်'ဟုဆို၍ သူရှေ့ဆောင်သွားရာ ကျွန်တော်တို့လိုက်ခဲ့သည်။ မကြာမီ၌ အရိုးစုနှစ်ခုကို တွေ့ရသည်။

လူကြီးသည် အလွန်ပင် စိတ်လက်မချမ်းသာစွာနှင့်. . .

'အဲဒါ. . . ကျုပ်သားနဲ့ ချွေးမပေါ့ဗျာ၊ မင်္ဂလာဆောင်ပြီးစ ဒီလပေါ်ကို အပျော်ထွက်လာကြရင်း အပျော်ကျူးပြီး အောက်ဆီဂျင်ဓာတ်ကုန်မှာ မေ့သွားတာနဲ့ ဒီမှာဘဲ အသက်ဆုံးရှုံး ကြရ တယ်'

'ဟင်. . . ဖြစ်မှဖြစ်ရလေ. . . သူတို့ဒီကိုဘာနဲ့ လာကြသလဲ'

'ပန်းကန်ပြားပျံနဲ့'

ကျွန်တော် ကြည်ကြည်ဘက်လှည့်၍. . .

'ကြည့်စမ်းပါ ကြည်ရယ်၊ သူတို့ဆီမှာ ဟန်းနီးမွန်း ထွက်တာတောင် ပန်းကန်ပြားပျံနဲ့ ဘယ်လောက်များ တိုးတက်နေသလဲ'

တဖန်လူကြီးဘက် ပြန်လှည့်ကာ. . .

'နေပါအုံး. . . ခင်ဗျားတို့ဆီမှာ ပန်းကန်ပြားပျံကို လူတိုင်းစီးနေတာဘဲလား'

'လူတိုင်းရယ်လို့တော့ မဟုတ်ပါဘူး၊ ကိုယ့်လုပ်ငန်းနဲ့ကိုယ် သက်ဆိုင်ရာ စီးကြတာပေါ့. . '

ဤမျှတိုးတက်နေသော ကမ္ဘာကို အသူလိုက်၍ မလည်ပတ်ချင်ဘဲရှိအံ့နည်း။ ထို့ကြောင့် ကျွန်တော်တို့ဒုံးပျံကို လပေါ်၌ ထားခဲ့ကာ ထိုလူကြီး၏ ပန်းကန်ပြားပျံဖြင့် သူတို့ကမ္ဘာသို့ လိုက်ခဲ့လေသတည်း။

ယင်းသို့ဖြင့် ကျွန်တော်တို့သမဿမ ကမ္ဘာသို့ ရောက်နေခိုက်။

ဤနေ့တွင် လပေါ်မှာ ကိုလတ်သည် ဒုံးပျံအောက်ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် ရင်း မကျေမနပ် ပါးစပ်က တဖျစ်တောက်တောက်. . .

'ကိုသိန်းမောင်ဗျာ. . . ကိုသိန်းမောင်. . . ၊ ခင်ဗျားလုပ်ပုံတော့ကျုပ်အံ့သြတယ်၊ ဘယ်လို စိတ်ကူး စိတ်သန်းနဲ့များ ဒီလိုလုပ်ခဲ့တာလဲ'

ကိုသိန်းမောင်သည် ဒုံးပျံလှေကားပေါ်၌ တင်ပါးဆစ်ချကလေးထိုင်နေရာမှ. . .

'ဒါတော့ ကိုယ်မှာလိုက်တဲ့စကားလဲ ကိုယ်ပြန်စဉ်းစားအုံးမှပေါ့ဗျ၊ တဖက်သတ်ချည်း အပြစ်တင်နေလို့ ဘယ်ဖြစ်မလဲ'

ကိုလတ်သည် တန့်ကနဲရပ်လိုက်ကာ. . .

'ကျုပ်က ဘယ်လိုမှာလိုက်တာမို့လဲ. . '

'ဒီကိစ္စတော့. . ခင်ဗျားစွမ်းရည်ပေါ်မှာ တည်တယ်၊ 'တပါးပါးတော့ မရရအောင်ပင့်ခဲ့'ဆို တာလေ၊ ဒီတော့ ကျွန်တော်တပါးပါးမှ မရရအောင် မပင့်နိုင်ရင် ကျွန်တော်လူစွမ်းလူစ ညံ့ရာ ရောက်မယ်မဟုတ်လား၊ ဒါကြောင့် မရရတာ ပင့်ခဲ့တာဘဲ'

'ကျုပ်တပါးပါးပြောတာက ဒီဘုန်းကြီးမျိုး ပြောတာမဟုတ်ဖူးဗျ. . . '

'ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ကိုလတ်ပင့်ခိုင်းတဲ့ ဘုန်းကြီးမျိုးတွေက 'ဒို့. . . ဗုဒ္ဓဘာသာ အယူမှာ လပေါ်လူသားဖြစ်တယ်လို့ ဘယ်ကျမ်းဂန်မှ မပြဘူး၊ ဒါကြောင့် မလိုက်နိုင်ဘူး. . .' ဆိုလို့ လောကဓာတ်ပညာ နားလည်တဲ့ဘုန်းကြီး ရှာပင့်ခဲ့ရတာ'

'ပင့်ခဲ့တော့ ဘာလုပ်ဖို့တဲ့လဲ ဒီဘုန်းကြီးမျိုးက မသာကို သရဏဂုံတင်နိုင်သလား၊ မင်္ဂလာဆောင်လက်ထပ်ပေးခိုင်းဘို့ ကောင်းတာမဟုတ်လား'

အကြောင်းမှာ ကိုသိန်းမောင်ပင့်လာသော ကိုယ်တော်ကြီးသည် အင်္ဂလိပ်ဘုန်းကြီး အနက်ကြီးတည်း။

သူတို့ အခုပြောနေသော စကားကို ဒုံးပျံအထက်ဘက်၌ ထိုင်နေသော ဘုန်းကြီးသည် မကြား မဟုတ်ချေ။ မြန်မာလို နားမလည်သဖြင့် ပြုံးစိစိကြီးသာ လုပ်နေ၏။

သူတို့နှင့်မနီးမဝေးတွင် မျက်ခွံလေးတွေမို့၊ ပါးအိုကလေးတွေ နီနေသော ခိုင်နှင့်အတူ ထိုင်လျက်ရှိသည့် အမကြီးခင်မျိုးချစ်ကမူ သူတို့ပြောစကားကို နားထောင်နေရာမှ ကိုသိန်းမောင် ကို မျက်စောင်းခုတ်၍ တီးတိုးလေသံဖြင့်။

'ကမြင်းထီး. . . ဒေဝဒတ်ကောင် သူပင့်လာတာက အင်္ဂလိပ်ဘုန်းကြီးမို့လို့၊ ကုလားဘုန်းကြီးများဖြစ်ရင် ဒင်းကို ကုလားလို ရှင်ပြုပစ်လိုက်မယ်. . . သိလား'

ခိုင်ကတော့ ဘာမျှမပြော တုံဏှိဘာဝေ။

ခေတ္တမျှ အကြာ၌ ဘုန်းကြီးသည် ကိုသိန်းမောင်ကို ခေါ်၍မေးတော့သည်။

'ကျွန်ုပ်ကို ဘာကိစ္စပင့်လာသလဲ၊ ဆောင်ရွက်စရာရှိရင် ပြောပါ၊ အားမနာပါနဲ့ ကျွန်ုပ် သေခါနီးလူကို အပြစ်လွှတ်ပေးနိုင်ပါတယ်၊ ဒါမှမဟုတ် သတို့သမီးနဲ့ သတိုသားကို လက်ထပ်ပေးနိုင်ပါတယ်။ အခုဒီမှာ သေခါနီး လူများရှိသလား၊ သို့မဟုတ် လက်ထက်မယ့် သတို့သမီး သတို့သားများရှိသလား'

ကိုသိန်းမောင် အဖြေမပေးနိုင်၊ အောက်နားက နားထောင်နေသော ကိုလတ်က တီးတိုးသဖြင့်–

'အေး ကောင်းရောကွ. . .'

ယင်းသည့်အခိုက်ဝယ်

အပြင်းအထန် မြည်ဟည်းသော အသံကြီးနှင့် ဝိုင်းဝိုင်းလည်ပတ်လာသော အရာဝတ္ထုကြီး တခု သူတို့နှင့်မနီးမဝေး လ,မြေပြင်ပေါ်သို့ ဆိုက်ရောက်လာလေရာ အားလုံးပင် ထိန့်လန့် အံ့သြကြလေသည်။

အမကြီးနှင့် ခိုင်သည် ကြောက်အားလန့်အားနှင့် တယောက်ကိုတယောက် ဖက်လျက်. . .

သို့သော် တခဏအတွင်း၌ သူတို့အကြောက်ပြေသွားရုံမက၊ တယောက်ကိုတယောက် ဖတ်လျက်. . . .

သို့သော် တခဏအတွင်း၌ သူတို့ အကြောက်ပြေသွားရုံသာမက၊ တယောက်ကို တယောက် ခွာလိုက်ပြီး ဝမ်းသာအားရ ပြေးသွားကြကာ. . .

'အမယ်လေး. . . အကိုဆွေ. . . . အကိုဆွေ'

'အလိုလေး. . . . ကြည်ကြည်. . . ကြည်ကြည်'

အကြောင်းမှာ သမဿမ ကမ္ဘာမှ ပြန်လာကြသော သော်တာဆွေနှင့် ကြည်အေး တို့ ပန်းကန်ပြား ပျံပေါ်မှ ဆင်းလာကြသည်ကို မြင်ကြသောကြောင့်တည်း။

သူ့တို့ နှစ်ယောက်လည်း ပြေးလာကြကာ. . . .

'ဟေး. . . ခိုင်ခိုင်. . . အချစ်. . . . အချစ်. . . '

'အို. . . မေမေ. . . မေမေ. . . ဘဘ. . . ဘဘ'

သူတို့ လူချင်း ဆုံကြလေပြီ။

သော်တဆွေသည် ခိုင်ကိုပွေ့ကာ ဖတ်ကာဖျစ်၍ညှစ်၍ နမ်းလေ. . . နမ်းလေ သတည်း. . သတည်း။ နမ်းလေ. . . . နမ်း. . . သတည်း သတည်း။ အင်း. . . . တကယ်ကောင်း။

ဤနေရာ၌ စာရေးသူ၏ တာဝန်ကုန်ဆုံးချေပြီ။ သူတို့ လူစု ယခု လ,ပေါ်၌ ဘာများပြု လုပ်ကြမည်ကို စာဖတ်သူ စဉ်းစားရန်သာ ရှိပေတော့သည်။

အခြေခံ၍ စဉ်းစားရမည်မှာ. . . .

၁။ သူတတ်စွမ်းရာ တခုခုကိုဆောင်ရွက်နေသော အင်္ဂလိပ်ဘုန်းကြီး။

၂။ သူပင့်လာတဲ့ ဘုန်းကြီး ဘာလုပ်မှာတုန်းဟု အပြစ်တင်ခံနေရသော ကိုမောင်သိန်း။ (ဝါ) မောင်ထင်လင်း။

၃။ တဦးနှင့်တဦး အလွန်အကျူး ချစ်ရည် လူးနေကြသော သမီးရည်းစား နှစ်ယောက်။ ကောင်မလေး နာမည်က 'ခိုင်' တဲ့။ ကောင်လေး နာမည်က 'သော်တာဆွေ' တဲ့။

အလဲ့. . . ကိုယ် ဒီဝတ္ထုမှာ တယ်နိုပ်နေပါလား. . .။

အဖြေမှန်ကို ယခုလ ဖေဖော်ဝါရီလ ၂၉ ရက်နေ့ကို ရောက်အောင်ပေးပို့နိုင်သူအား ဆုငွေတထောင်။

မယုံမရှိနှင့်အောက်ပါ လက်မှတ်ရေးထိုးသူကိုယ်တိုင် တာဝန်ခံသည်။

( သော်တာဆွေ )

ခိုင်နှင့် ကျွန်တော်၏ အချစ်ဇာတ်လမ်းသည် ဤသို့လျှင် ကျွန်တော့် စိတ်ကူးယဉ် ဝတ္ထုများတွင်သာ လွမ်းအောင် ဖန်ခဲ့ရသည်။ တူနှစ်ကိုယ် ပေါင်းသင်းရန်ကား ဖူးစာကံမပါခဲ့ပေ။

သူနှင့် ကျွန်တော် ဖြစ်အင်ကို ပြန်လည်ဆင်ခြင်မိသည်။ သူ၏ဇာတိ ဌာနမှနေ၍ ရှေ့ဦးစွာ သူ့ကို ညီမလေးလို ချစ်ပါ၊ ကျွန်တော့်ကို အကိုလို ချစ်ပါရစေဟု သူ့ဓါတ်ပုံတွေပေး၊ ကျွန်တော့် ဓါတ်ပုံတွေ တောင်းကာ လူချင်း စတင် မိတ်ဖွဲ့ပြီးသည်မှ တနှစ်လောက် မရပ်မနား အသွားအပြန် စာပါးခဲ့ကြသည်။

ဒီနောက်. . . . သူ ရန်ကုန် ရောက်လာပြီး၊ လူချင်း တွေ့ကြ၍ ဘင်္ဂလားမောင်နှမဘဝ တနှစ်လောက် နေကြပြီးမှ ရှေ့တဆင့်တက်၍ သမီးရည်းစား အဖြစ် ရောက်ခဲ့ကြသည်။

ဤတွင် လူချင်း ဆက်ဆံမှု ခြားနားချက် ကလေးတွေ ပေါ်လာတယ်။

အသို့ဟူမူ. . . ဘင်္ဂလား မောင်နှမဘဝတွင် အကိုဆွေရဲ့ ဘယ်ရုပ်ရှင် ကြည့်ချင်တယ်၊ ဘယ်သွားချင်တယ် ဆိုတာကသူ။ သမီး ရည်းစားဖြစ်လာကြတော့ ဘယ်ရုပ်ရှင် သိပ်ကောင်းတာ ဘဲ၊

ဒီရာသီ တိရစ္ဆာန်ရုံထဲမှာ သိပ်သာယာတာဘဲ၊ ဘာကောင်တွေ အသစ်ရောက်ပြန်ပြီဆိုတာက ကျွန်တော်။

သည်နောက်–'ခိုင်သို့ ပန်ကြားလွှာ' လေးချိုးကို ရေးပြီးသောအခါ၌ သူသည် ကျွန်တော်၏ဆန္ဒ လိုက်လျောမှုကို ဆင်ခြင်လေပြီ။ ခေါ်တိုင်းမရတော့ပြီ။ နှစ်ခါမှ တခါလောက်၊ သုံးခါမှ တခါလောက်။ အလှမ်း ကွဲ၍ကွဲ၍ လာသည်။ ဒီတော့ ကျွန်တော့်စိတ်ထဲမှ ပို၍ပို၍ မချင့်မရဲ ဖြစ်လာသည်။ ဇောရမက် ပြင်း၍ပြင်း၍သာ လာခဲ့သည်။

ထိုစဉ်က သူနှင့်ကျွန်တော် ဘယ်သွားပြီး၊ ဘာတွေ လုပ်ခဲ့ပြောခဲ့ကြတာတွေ သိလိုပါမူ၊ ရှုမဝတွင် ကျွန်တော် ရေးခဲ့သော ဝတ္ထုစာရင်းတွင် ပြန်ကြည့်ရသည်။ ကျွန်တော့်၏ စာရေးဆရာ ဘဝတာ ရည်းစားများတွင် သူ့အတွင် ဝတ္ထုများစွာ ရေးခဲ့ရပါသည်။ သူ့အတွက် ကျွန်တော် နောက်ဆုံးရေးခဲ့သည်ကတော့ 'ရည်းစား တဝမ်းကွဲ' ဝတ္ထု ( ၁၉၅၄–ခု၊ ဇန်နဝါရီလ–ရှုမဝ အမှတ် ၈၀ ) ၄င်းဝတ္ထုကို ယခုပြန်ကြည့်လိုက်တော့ ဝတ္ထုအစတွင်. . . .

'အို. . . မောင် သိပ်ကဲချင်တာဘဲကွယ်၊ (၂–၁–၅၃) နေ့စွဲနဲ့ ပေးလိုက်တဲ့စာကောရရဲ့လား'

'ရပါတယ်၊ နောက်များများ ရေးအုံးကွယ်၊ နို့ပြီး တည်ငြင်ကျောက်တန်း တခေါက်လှမ်းကြ အုံးစို့ရဲ့'

'တော်ပါအုံး. . . မောင်ရယ်၊ မောင်သိပ်ကဲတာဘဲ'

'ချစ်တာကိုး. . . ခိုင်ရဲ့'

'တော်ပါ'

'တော်ဘူး'

'တော်ပါ. . . ဆိုနေနော်'

'တော်ဘူး. . . ဆိုနေနော်'

'ကဲ. . . မတော်ရင်. . . ဘာတွေပြောမလဲ' 'ပြောစမ်း ပြောစမ်း'

'ခိုင်ကို မောင်သိပ်ချစ်တယ်'

‘ချစ်တော့ ဘာဖြစ်ကရောလဲ’

ချစ်တာကိုး. . . ခိုင်ရဲ့’

‘တော်ပါ’

‘တော်ဘူး’

‘တော်ပါ. . . ဆိုနေနော်’

‘တော်ဘူး. . . ဆိုနေနော်’

‘ကဲ. . . မတော်ရင်. . . ဘာတွေပြောမလဲ’ ‘ပြောစမ်း ပြေားစမ်း’

‘ခိုင်ကို မောင်သိပ်ချစ်တယ်’

‘ချစ်တော့ ဘာဖြစ်ကရောလဲ’

‘ခိုင်က ပြန်ကြိုက်ကရော’

‘ကြိုက်တော့ ဘာဖြစ်ကရောလဲ’

‘နှစ်ယောက်ထဲ ချိန်းတွေ့ရော’

‘တွေ့တော့ ဘာဖြစ်ကရောလဲ’

‘ဖက်နမ်း ရော’

‘နမ်းတော့ ဘာဖြစ်ကရောလဲ’

‘မွှေးရော’

‘မွှေးတော့ ဘာဖြစ်ကရောလဲ’

‘ထပ်ထပ် နမ်းရော’

‘ထပ်ထပ် နမ်းတော့ ဘာဖြစ်ကရောလဲ ’

‘မောရော’

‘မောတော့ ဘာဖြစ်ကရောလဲ’

‘နားရော. . . ’

‘နားတော့ ဘာဖြစ်ကရောလဲ’

‘အမောပြေရော’

‘အမောပြေတော့ ဘာဖြစ်သရောလဲ’

‘အမေ့ ပြောရော’

‘အမေ့ ပြောတော့ ဘာဖြစ်သရောလဲ’

‘အမေက သဘောတူရော’

‘တူတော့ ဘာဖြစ်ကရောလဲ’

‘ခိုင်နဲ့ မောင်နဲ့ မင်္ဂလာဆောင်ရော’

‘ဆောင်တော့ ဘာဖြစ်ကရောလဲ’

‘လင်မယားဖြစ်ရော’

‘လင်မယားဖြစ်တော့ ဘာဖြစ်ကရောလဲ’

‘ခိုင်ကို မောင်ပိုင်ရော’

‘ပိုင်တော့ ဘာဖြစ်ကရောလဲ’

‘ပိုင်တော့. . . . ပိုင်တော့လေ’

‘ပြောလေ–ပြောလေ. . . ဘာဖြစ်ကရောလဲ’

'အဲဒီ. . . မ ×ဘာဖြစ်ကရောလဲ လေး. . . သိရအောင်. . . ဟင်း လူချင်းအဝေးကြီးဖုန်းနဲ့ စကားပြောနေရတာမို့ ပေါ့ကွာ'

'ဟေး. . . သူအရှုံးပေးပဟေ့–ရှက်ပါတယ်၊ ရှက်ပါတယ်'

(ဒါတွေ ယခုပြန်ဖတ်တော့ ကျွန်တော်ရှက်မိသည်။)

ခိုင်နှင့် ကျွန်တော်သည် ၁၉၅၃–ခု၊ ဒီဇင်ဘာလ သူ၏ Day off နေ့အားရက်၌ သံလျင်ကျော်တန်း ရေလယ်ဘုရားသို့ တနေကုန်သွားခဲ့ကြရာ၊ အပြန်တွင် သင်္ဘောပေါ်၌ ပြောခဲ့ကြသော စကားများကို ဝတ္ထုထဲတွင် တယ်လီဖုန်းနှင့်ပြောလေဟန် ရေးထားခြင်း ဖြစ်ပါသည်။ ထိုအချိန်၌ သင်္ဘောဦးပိုင်း ပထမတန်းမှာ သူနှင့် ကျွန်တော်နှင့် နှစ်ယောက်ထဲ။ သင်္ဘောချိန်က လည်း နောက်ဆုံး အခေါက်မို့ မှောင်နေပြီ။ ရန်ကုန်ဆိပ်ကမ်းရောက်တော့ ၉–နာရီပင် ကျော်နေပြီမို့ ဘတ်စ်ကား အလုမ်းကျဲသဖြင့် ကျွန်တော်တို့သည် ကားမစောင့်ကြတော့ ဘဲ၊ ရေကျော်ညောင်ပင်လေးဆိပ်ကမ်းမှ ဆေးရုံကြီး နာ့စ်ကွာဘာသို့ ခြေလျင်ပြန်ခဲ့ကြသည်။ တယောက်တယောက် ပွေ့ပွေ့ဖက်ဖက်မို့. . . . မောရပန်းရမှန်း မသိ။ ကျွန်တော့်စိတ်ထဲ ရောက် လွယ်တယ်တောင် အောက်မေ့မိ။

စင်စစ်တော့ သူနှင့် ကျွန်တော်နှင့် ရည်းစားဘဝတာမှာ ဤနေ့သည် နံနက် ၈–နာရီမှ ည ၁၀–နာရီကျော်အထိ၊ သူနှင့် ကျွန်တော်နှင့် တနေ့တာအတွက် အကြာရှည်ဆုံး တွေ့ရသော အချိန်ဖြစ်၍ နောက်ဆုံးအကြိမ်လည်း ဖြစ်ပေတော့သည်။

အကြောင်းမှာ ခိုင်သည် ထိုမှ နောက်ထပ် ကျွန်တော်ခေါ်ရာ အပြင်သို့ မလိုက်တော့ ချေ။ ကျွန်တော်အတင်းသွား၍ သူတို့ဧည့်ခန်းတွင်းမှ နောက်ဆုံးတကြိမ်သာ အတွေ့ခံပြီး၊ သူ ကျွန်တော့်ကို အပြီးဖြတ်လိုက်တော့၏။

သည်တုန်းက ကျွန်တော် သူကို နားမလည်ခဲ့။ ဒီကောင်မလေး ရက်စက်လှချည့်၊ ငါ့ထက် ချစ်သူ နောက်ထပ် တွေ့သွားလို့လားဟု အောက်မေ့ခဲ့သည်။

အမှန်ကား သူ ရေးခဲ့သောစာ ဤဝတ္ထုအစ၌ ဖော်ပြခဲ့သည့် + + +

ဒီမှာ အကိုဆွေ. . . .

ဘွင်းဘွင်းနဲ့ရှင်းရှင်းပြောတော့မယ်။ အကိုဆွေဟာ ဟိုအရင်ပထမ အိမ်ထောင်နဲ့ မပျော် ပိုက်ဖူးဆိုတုန်းက ခိုင်ဟာ အကိုဆွေ့ရဲ့အဖြည့်ခံ ပျော်တော်ဆက်မလေးဖြစ်ခဲ့တယ် မဟုတ်လား။

ခိုင်နှစ်ဘဝနဲ့ သူနာပြု ဆရာမလေး ဂေဟာမှာနေစဉ် အခါ အကိုဆွေခေါ်ရာ ခိုင်လိုက်ခဲ့တယ် မဟုတ်လား။ တကယ်တော့ခိုင်ရဲ့ အသက်က ၁၇. . နှစ် ၁၈. . နှစ်ဟာ အကိုဆွေရဲ့ ရင်ခွင်ထဲမှာ ကြီးခဲ့ရတယ်ဆိုရင် မမှားပါဘူး။

အဲသည်တုန်းက အကိုဆွေဟာ ခိုင့်ကို တကယ်မေတ္တာစစ်နဲ့ ချစ်ခဲ့တယ် ဆိုတာလဲ ခိုင် ယုံပါတယ်။ အကိုဆွေ့ကိုလဲ ခိုင် ချစ်ခဲ့ပါတယ်။ နှစ်ယောက်သဘောတူ ယူကြဘို့ အကိုဆွေ အခါခါတောင်းခံခဲ့တာကို ခိုင် ငြင်းခဲ့ရတာကတော့ အကြောင်းနှစ်ချက်ရှိပါတယ်။

၁။ အကိုဆွေက ယောက္ခမနဲ့ မယားနဲ့ မသင်းမြတ်ဖူး ဆိုပေမယ့် ပြတ်ပြတ်စဲစဲ မဟုတ်ဖူး။

၂။ ခိုင်ဟာ သူနာပြုသင်တန်းကို ပြည်နယ်က အစိုးရစရိတ်နဲ့ လာရတော့ နယ်ကိုပြန်ပြီး ၃-နှစ် တာဝန် ထမ်းဆောင်ရမယ်။

အင်း. . . . သူ့ အဖို့မှာ လူ၏ဝတ္တရား၊ တိုင်းပြည်၏ တာဝန်။ မှန်ပါပေ၏။ ထို့ကြောင့် သူ၏ သူနာပြုသင်တန်း သုံးနှစ်စေ့ခါနီးလေ၊ ကျွန်တော့်အား အလှမ်းကျဲကျဲ ဖဲလေသဖြင့် နောက်ဆုံး သင်တန်း ကုန်ဆုံး၍ နယ်သို့ တာဝန် ထမ်းဆောင်ရန် ပြန်သွားသောအခါ သူ ကျွန်တော့် အား နှုတ်မျှ ဆက်မသွားတော့ချေ။

အော်. . . . အလာနှင့် အပြန် ခြားနားလှချည့်။ ဘဝက စကားပြောခြင်းပင်။

အောင်မလေး ခုတော့မှ တခါ. . . . .

အမှုတော် လာမကပ်နဲ့တော့

ညာနတ်ကယ် နကို ယဉ်ရဲ့

ဟိုယခင် အပျိုစင်မှာလေ

နှစ်ကိုယ်ကြင်ပါ ဆိုစဉ်တုန်းကတော့

မလိုချင် ညိုညင်တဲ့ အမုန်းတွေနဲ့

ဖွတ်ရုန်းကာ ပျိုမေပြေးခဲ့လို့

ဝေးခဲ့ရ ဘဝကိုယ်စီ။

## အခဏ်း (၁၈)

လောကဓမ္မတာ ချစ်ရေးချစ်ရာတွင် သမီးရည်းစားတို့ မညားဖြစ်ကြလျှင် တယောက် ယောက်ဘက်က တစုံတခုသောအကြောင်းကြောင့် ပျက်ကွက်၍သာဖြစ်ပေရာ၊ ကျွန်တော့်ဘဝ တာတွင် ကိုယ့်အခြေအနေ ကိုယ့်ဝါသနာအလျောက်၊ ရည်းစားများစွာထားခဲ့ရာမှ ပထမဦး ဆုံးအကြိမ် ကျွန်တော့်အား ရက်များစွာထားခဲ့ရာမှ ပထမဦးဆုံးအကြိမ် ကျွန်တော့်အား ရက်စက်သူမှာ (အချစ်ဦးတို့မည်သည် ညားခဲသည်) ဆိုစကားအတိုင်း ငယ်ချစ်ဦးတရုတ် ကပြားမလေး အရိန်ဖြစ်၍ နောက်ဆုံးသူကား အခုနဖော်ပြခဲ့သော ကုလားကပြားမလေး မရွှေခိုင်။

အရိန်နှင့် ကျွန်တော်ဖြစ်ပျက်ခဲ့စဉ်က ကျွတော့်အသက်က ၁၉–နှစ်ရှိသေးတော့ ဖျတ်ဖျတ်လူး ရူးမတတ်ပေါ့။ (ချစ်သောသံဂီတတ္တုရှည်ရေးခဲ့ပြီး) အခု ခိုင်နှင့် နောက်ဆုံးပွဲကျ တော့ ကျွန်တော့်အသက်က မငယ်တော့ပြီ။ အပွဲပွဲနွဲခဲ့ပေါင်းလဲများပြီမို့ ကျွန်တော်တယ်ပြီး မဖြုန်တော့ဘူး။

You Can't Break My Heart ဆိုတဲ့ သီချင်းလိုပေါ့။ မင်းငါ့အသဲကို မခွဲနိုင်တော့ဘူး ငါ့အသဲဟာ အရင်တုန်းကတည်းက မင်းလိုဟာမလေးကတည်းက မင်းလိုဟာမလေး တယောက် ကြောင့် ကွဲခဲ့ပြီးပြီ။ အသဲဆိုတာ တခါဘဲကွဲတယ်၊ နှစ်ခါခွာလို့မရဘူး။

ဒါ. . . . အမှန်ဘဲဗျ။

သို့ပေမယ်လို့ပေါ့ဗျာ၊ ပထမဦးဆုံးအကြိမ်လို ဖျတ်ဖျတ်လူး မဟုတ်သော်လဲ အသဲစွဲ ချစ်မိသူက မမျှော်လင့်ဘဲ ကိုယ့်ကို ရက်စက်လိုက်တယ်ဆိုတော့ အထိုက်လျောက်ဖြင့် ပူဆွေး သောကရောက်ရတာဘဲ။ ဒါပေမယ့် ကျွန်တော်ဟာ ဒီလိုချစ်သောကကို မြန်မြန်အစားထိုးဘို့ ရှာတော့တာဘဲ။

ဒါကြောင့် ခိုင်ကကျွန်တော့်ကို အပြီးဖြတ်လိုက်လို့ ကျွန်တော်အိမ်ပြန်ရောက်တယ်ဆိုဘဲ စာရေးစာပွဲထဲက စာရည်းစားတွေခတ်ပုံထုတ်၊ သူတို့စာတွေပြန်ဖတ်လိုက်တယ်။

ပူပူနွေးနွေးရောက်နေတဲ့ စာတစောင်က ရန်ကုန်မှာစာရည်းစားဖြစ်ကြပြီး လူချင်းတခါ မျှမတွေ့ဘူးသေးဘဲ သူ့အဖေအလုပ်နဲ့ ပြောင်းသွားရာ၊ မန္တလေးကိုရောက်သွားတဲ့. . . 'သက်' ဆိုတဲ့ ကောင်မလေးဆီက. . . ။

×××မောင်ရေ. . . သက်တော့ ဆရာကြီးရွှေဥဒေါင်း အိမ်ရှေ့ရောက်ရင် မောင်နေသွား ဘူးတဲ့ ဂေဟာရယ်လို့ ရင်ဖိုဖိုသွားပြီး အိမ်ထဲလှမ်းလှမ်းကြည့်လိုက်မိတယ်. . .၊ တခါတရံ ဆရာကြီး၊ သို့မဟုတ် ဒေါ်ကြီးစိုးဘဲ မြင်ရတယ်၊ မောင်များတွေ့ရင် သက်ဘယ်လို ဖြစ်သွား မလဲမသိဘူး. . .၊ မောင်တခါလောက် လာရောက်ပြီး၊ သက်ကို ကိုယ်ထင်ပြစမ်းပါလားမောင် ရယ် ×××

အင်း. . . ရည်းစားစာထဲမှာ သူအချစ်မဲကျပြီ။

ထို့ကြောင့်. . . .

၁၉၅၄–ခု၊ ဧပြီလ ရှုမဝအမှတ်(၈၃)တွင် သူကလေးကို ရည်ပြီး 'ချစ်စချစ်စိတ်' မည်သော ဝတ္ထုကိုရေးလိုက်သည်။ ဤဝတ္ထုအဆုံးတွင် ကျွန်တော်မန္တလေးသို့ ရောက်မည့် အကြောင်းနှင့် 'မောင်လာပြီ သင်္ဂီနွဲ့ရယ်၊ ဆီးကြိုလှဲ့လေး'ဟူသော ကဗျာတိုကလေး ရေးလိုက် သည်။

ဤ'သက်'ဆိုသည့် မိန်းကလေးကား. . . ကျွန်တော့်ကိုတကယ် ချစ်ရှာပါသည်။ သို့သော် သူနှင့် ကျွန်တော်သည် တကြိမ်မျှလှပ်ကနဲ မြင်ဘူးလိုက်ရုံမျှတပါ၊ အခြားဘာမျှ မဘာလိုက်ရ တော့သဖြင့် သူသည် ကျွန်တော်နှင့် တွဲလိုက်ရသော မင်းသမီးမဟုတ်၊ တပင်တိုင် အငြိမ့်မင်း သမီးကလေးအဖြစ်နှင့်ဘဲ (နှစ်ပါးသွားပြီး ဇာတ်ကြီးကရမည့် မင်းသမီးများဖြစ်ကြသော)'ခိုင်' နှင့် 'မေ'တို့အရင် ရှေ့ပိုင်းက ပွဲထုတ်လိုက်ပါ၏–ဟု အစချီပြီး၊ နှစ်ကိုယ်မကြင်ရပါတဲ့ မိုဆလင်မလေး ဟူသော ခေါင်းစဉ်ဖြင့် အခန်း (၁၃)က သူနှင့်ကျွန်တော့်အကြောင်းကို ရေးခဲ့၍ စာရှုသူများ ဖတ်ခဲ့ပြီးပါပြီ။

ဤဇာတ်လမ်းတွင်. . .

'အစတုန်းကတော့

လှဖုန်းလာပါဆိုလို့

မှာတာကို ပျိုမေမေ့ပြီလား

စောင့်ရက်တွေ ကိုးဆယ်ပြေ့တောင်မှ

တွေ့ရအောင် သူမဖန်ဘူး

တမူဟန် စိတ်တော်ပြောင်းတယ်ထင့်

လှမျက်ချယ် နွယ်နွယ်နှောင်းရယ်

ခေါင်းရှောင်တော့တယ်'ဟူသော (လေးချိုးဒုတိယပိုဒ်) ကဗျာပါလေရာ. . .၊ စောင့်ရက် တွေ ကိုးဆယ်ပြည့်အောင် ၃–လမျှသူ့ကို ကျွန်တော်မျှော်ခဲ့စဉ်က ကျွန်တော်မေမြို့တွင် နေထိုင်ခဲ့ပါသည်။

အကြောင်းမှာ ဆရာကြီး ရွှေဥဒေါင်းသည် နေရာသီတွင် မန်း၌မနေ၊ မေမြို့တွင် နေလေ့ရှိသည့်အတိုင်း၊ ကျွန်တော်က လိုက်သွားခြင်းဖြစ်ပါသည်။

၁၉၅၁–ခု၊ (မန္တလေးမြို့ခါတော်သကြန်)နှစ်က 'လွင်'နှင့်ချိန်းဆိုကာ ကျွန်တော် မန္တလေးမြို့ အိမ်မှ နွေရာသီမေမြို့သွားကြတော့ ဒေါ်ကြီးစိုးရော ဆရာကြီးတို့ တအိမ်ထောင်လုံး ပါခဲ့၍ မေမြို့ တွင် အိမ်တလုံးငှား၍ နေခဲ့ကြသည်။

ယခု ၁၉၅၄–ခုနှစ်တွင်ကား ဒေါ်ကြီးစိုးတို့မပါတော့ဘဲ၊ ဆရာကြီး ရွှေဥဒေါင်း၊ လူထု ဦးလှ၏ ယောက္ခမဦးထင်နှင့် ကျွန်တော် ၃–ယောက်သာဖြစ်ရာ၊ အိမ်လည်း အထူးငှားစရာ မလိုတော့ဘဲ၊ မေမြို့–လားရှိုးလမ်းရှိ ဦးထင်၏သမီး နဂါးဒေါ်ဦးတိုက်တွင် ဟန်ကျပန်ကျ နေကြပေတော့သည်။ ထမင်းကို ဝယ်စားကြသည်။ ထိုတိုက်တွင် မေမြို့နဂါးဆေးပေါ့လိပ် ကိုယ်စားလှယ်အဖိုးကြီး အဖွားကြီးလင်မယား နှစ်ယောက်သာ တိုက်စောင့်အဖြစ်နေကြ၍ သူတို့သည် မနက်စောစော ဈေးထွက်၍ ညနေဈေးသိမ်းမှ အိမ်ပြန်ရောက်ကြသည်။

ထိုအခါသည် နွေရာသီမှာ ဒုတိယအကြိမ် ကျွန်တော်မေမြို့တွင် နေခြင်းဖြစ်၍ ၁၉၅၁–ခုနှစ် ပထမအကြိမ် နေစဉ်တုန်းကထက် ကျွန်တော့်မှာ အသိမိတ်ဆွေများပြားလာလေ သည်။

## ဗိုလ်ကြည်

၁၉၅၁–ခုနှစ်၊ ကျွန်တော်ဆရာမြမျိုးလွင်အိမ်တွင်နေစဉ် တနေ့သောနံနက်၌ စစ်မော် တော်ကားနှင့် စစ်ဗိုလ်တဦး ရောက်လာကာ ကျွန်တော်နှင့် ဆရာလွင်ကိုမိတ်ဖွဲ့ပြီး သူတို့ တပ်မျူး ဗိုလ်မှူးစိုးရထုတ်နေသော 'ကလောင်စုံမဂ္ဂဇင်း'တွင် ရေးသားပေးပါရန် စာမူတောင်းခံသည်။ (ဗိုလ်မှူးစိုးရကား ယခုတပ်မှထွက်ကာ ရဲစိုမည်သော စာရေးဆရာဖြစ်နေသည်။)

ထိုစဉ်က ကျွန်တော်သည် ဗိုလ်ကြည်အား ကလောင်စုံမဂ္ဂဇင်းအတွက် 'ပါပါ ကျွန်တော် မှားပါပြီ'မည်သော ဝတ္ထုကို ရေးပေးလိုက်ခြင်းဖြင့် သူနှင့်ကျွန်တော်ခင်မင်သွားလေရာ ယခု ၁၉၅၄ ခုနှစ် ဒုတိယအကြိမ် ကျွန်တော်မေမြို့ ရောက်သောအခါတွင် သူသည်မေမြို့ ယူအိမ်ဘီ တပ်မှာ

ဗိုလ်ကြီး အဖြစ်နှင့်အမှုထမ်းနေ၍ သူ့အိမ်မှာမေမြို့ မြို့ပတ်လမ်းတွင် ဟို့ယခင်တုန်းက တောင်ပိုင်စော်ဘွား နေသွားသော တိုက်အိမ် ခံ့ခံ့ထီးထီး၊ ကြီးကြီးမားမား၊ ဝင်းနှင့်ခြံနှင့်ကျယ်ပါဘိသနဲ့။

ဗိုလ်ကြည်သည် တပ်ထဲမှာရောအရပ်ထဲမှာရော အလွန်မိတ်ဆွေသင်္ဂဟများသူဖြစ်ပေရာ သူနှင့်ပတ်သက်ပြီး ကျွန်တော်မှာမေမြို့တွင် အသိအကျွမ်းများရပေတော့သည်။ ထိုစဉ်က သူတို့ဗိုလ်မှူးညွန့်မောင်နှင့် နောက်ပြောင်းလာသော ဗိုလ်မှူးလှတင်တို့လည်း ကျွန်တော့်ကိုအထူး သဖြင့် ခင်မင်ကြ၍ သူတို့အရာရှိရိပ်သာမှာ ကျွန်တော့်အားစစ်ဗိုလ်တယောက်၏ အခွင့်အရေး လိုရစေပါသည်။ လက်မှတ်ထိုး၍ စားသောက်နိုင်သည်။ ကျွန်တော့်မိတ်ဆွေ သင်္ဂဟကိုပါခေါ်၍ ညှော်ဝတ်ပြုနိုင်သည်။ အာမီရန်အရက်ဆိုလျှင် ကျွန်တော်လိုချင်သလောက် ရနိုင်သည်။ ထိုအချိန် ကမှစ၍ ယခုတိုင် ခင်မင်လျက်ရှိကြသော ဗိုလ်သိန်းထွန်း၊ ဗိုလ်ကျော်မြင့်တို့မှာ ညနေတိုင်းလို ကျွန်တော်နှင့် သောက်ဖက်များဖြစ်ခဲ့ကြသည်။ ကျွန်တော်တို့သည် ကပြားမ,များနှင့် ပါတီပေး၍ ဒန့်စ်လည်း ကခဲ့ကြသည်။

ထိုစဉ်က မေမြို့သည် အလွန်ပျော်စရာ ကောင်း၏။ ဗိုလ်မှူးချုပ်ကျော်ဇော လက်ထက်ဖြစ်၍ တရုတ်ဖြူစစ်အောင်နိုင်ရေးဖြင့် မြန်မာ့တပ်မတော်က ရက်များစွာအာဝါဒေးပွဲကြီး ကျင်းပလေရာ၊ အမျိုးမျိုးသော လောင်းကစားပွဲများ၊ ဇာတ်သဘင်ပွဲများနှင့် အလွန်စည်ကား လေသည်။ ဒီအခါမျိုးမှာ ရှမ်းပြည် ၃၆–ကောင်ထီသည် လူတိုင်းမကစားဘဲ မနေနိုင်သော ပွဲဖြစ် လေ၏။ အိမ်မက်နှင့် အတိတ်စိမ်း ကောက်ကြသည်မှာ တမြို့လုံးကျွက်စီကျွက်စီ ဖြစ်နေကြသည်။ လမ်းပေါ်မှာလည်းကောင်း ဈေးထဲမှာလည်းကောင်း စားသောက်ဆိုင်မှာလည်းကောင်း၊ ဒီ ၃၆–ကောင် အကြောင်းဘဲပြောနေကြသည်။ တစုံတခု မတော်တဆ ဖြစ်လိုက်လျှင်လည်း ဒီ ၃၆–ကောင်ထီ အတွက်ဖဲ အတိတ်ကောက်လိုက်ကြသည်။

ဤအချိန်တွင် အနေအထိုင်ပြောအဆို အင်မတန်မှ သတိထားဘို့ကောင်းသည်။ သူတို့ သည် မြင်မြင်သမျှကို ဂရုပြုနေကြသည်။

ဥပမာ ယောက်ျားတယောက် မလုံမလဲဖြစ်သွားသည်ကို မြင်အံ့။ ကေန္တ 'ငါးမှဥ္စ'ဟု အတိတ်စိမ်းကောက်လေသည်။ မိန်းမတယောက် အနေအထိုင်ပက်စက်သည်ဖြစ်အံ့။ 'ပင့်ကူ'ဟု ယူဆကြလေသည်။ သူတို့အတိတ်ကောက်ပုံတွေမှာ တော်တော်လဲညစ်ပတ်၏။ ဒါမျိုးကဒီလို ညစ်ပတ်မှဘဲ ပို၍မှန်တယ်ဟု ဆိုကြ၏။ ဒီလို ၃၆–ကောင်ရှူးထချိန်၌ အရှုးများ၏ အနေအထိုင် အပြောအဆိုကိုမျှ ချမ်းသာမပေး။ တိရစ္ဆာန်များ အပြုအမူကိုလည်းလက်လွှတ်မခံ ကြည့်ရှုလေ့ လာနေကြသည်သာဖြစ်၏။

ထို့ပြင် သွေးထွက်သံယိုမှုကိုလည်း အထူးဂရုပြုကြ၏။ ကြုံရပုံတခု ပြောပြရဦးမည်။ တညသ၌ 'ဝါရှီ'ခေါက်ဆွဲဆိုင်တွင် ကျွန်တော်ထိုင်နေစဉ်၊ လမ်းဘေးလျှောက်လာသော လူတယောက် အိပ်နေသော ခွေးအမြီးတက်နင်းမိ၍ အကိုက်ခံရသည်။ ထိုသူက 'အမယ်လေး. . ခွေးကိုက်ပါ တယ်ဗျ'ဟု အော်လိုက်သည်၌ ဆိုင်ထဲရှိ လူကုန်ပြေးထွက်သွားကြလေရာ ကျွန်တော့် စိတ်ထဲတွင် (အင်း–မေမြို့သားတွေဟာ လူတဖက်သား ဒုက္ခရောက်တာကို တယ်ပြီးဂရုစိုက်ပါ လား) အောက်မေ့မိသည်။ 'ဘယ်နေရာကိုက်သလဲ၊ ဘယ်နေရာ ပေါက်သွားသလဲ'ဟု အလော တကြီးဝိုင်း မေးကြ၍ ဝေဒနာရှင်ကအစွယ်ရာရှိသော ဘယ်ဘက်ဒူးကိုပြလိုက်သောအခါ 'ဟာ. . . ငွေငါးဘဲ၊ ငွေငါးဘဲ'ဟု ဆို၍အသီးသီး ဆိုင်ထဲပြန်လာကာ သူတို့နေရာမှာထိုင်ကြသည်။ အကြောင်းမှာ ၃၆– ကောင်နတ်ရုပ်၏။ ဘယ်ဘက်ဒူးမှာ ငွေငါးရုပ်ရှိသတည်း။ ၃၆–ကောင်ထဲမှာ ငွေငါးရွှေငါးဟူ၍ ငါးနှစ်ကောင်ပါ၏။

ရှေးယခင်ခေတ်က လောင်းကစားမှု ထူပြောသောရှမ်းပြည်ဒေသတွင် ၃၆–ကောင်ထီက ပွဲကြီးလမ်းကြီးများတွင် အမိန့်လိုင်စင်ဖြင့် ကစားရ၏။ ထို့အပြင် တမြို့တနယ်၌ ၃၆–ကောင်ပွဲ ကျင်းပနေလျှင် အခြားမြို့များကလည်း 'အုပ်ဒိုင်'များလုပ်၍ ကစားနိုင်၏။ ဥပမာ–လားရှိုးမြို့မှာ ၃၆– ကောင်ပွဲရှိအံ့။ မေမြို့၊ ကျောက်မဲမြို့တို့မှာလည်း အုပ်ဒိုင်များဖွင့်ကြ၏။ အလျော်အစားက ပင်ရင်း ဒေသအတိုင်းပင်။ ကြေညာချက်က ချက်ချင်းကြားသိနိုင်သည်ဖြစ်၍ ဟိုမှာဖွင့်သော အကောင်ကို လျော်၏။ ၂၇–ဆ။ တကျပ်ကစားလျှင် ၂ရ–ရသည်။ တပဲမှစပြီးရာချီကစားနိုင်သည် ဖြစ်၍ ကူလီမှစပြီးတကယ့်အလောင်းသမားကြီးများအထိ ကစားကြကုန်သည်။

ထို့အပြင် လိုင်စင်မရှိဘဲ ဖဲလိုဘဲ လူ၄–၅ယောက်ရှိလျှင်ပင် ကစားနိုင်သော ၁၂ကောင် ထီခေါ် မြေကပ်ထီလဲ ဤဒေသတွေမှာ မိတ်ဆွေတစုတို့ ပစ်ကနစ် ပျော်ပွဲစားထွက်ရင်း ကစား လေ့ရှိကြသေး၏။ ၁၂ ကောင်ရုပ်ပါသော ပိတ်ဖျင်းကို မြေဝှက်ခြင်းဖြစ်သည်။ ပျော်စရာကောင်း သည့်ကား ခွက်မှောက်ပြီးလျှင် ကဗျာလင်္ကာနှင့် အတိတ်ပေးရသည်။

ဥပမာဆိုအံ့။

'မေမြို့သူတဦး၊ လှရက်ထူး၊ ချစ်ဦးသူနှင့် ညားလေသည်'

ကျွန်တော်သည် ဗိုလ်ကြည်နှင့် ပတ်သက်ပြီး သစ်တောရုံးအုပ်ကြီး ဦးဘခင်နှင့် ခင်မင် ရင်းနှီး၍ ရုံးသူရုံးသားများနှင့် ရုံးအားရက် မေမြို့ကန်တော်ကြီးသို့ ပစ်ကနစ်ထွက်ကြရင်း၊ ကျွန်တော်က ၁၂–ကောင်မြေကပ်ထီဒိုင် လုပ်လေ့ရှိသည်။

ချောမောလှပသော စာရေးမလေးများကိုကြည့်၍ အထက်ဖော်ပြပါ အတိတ်ကိုရွတ်လိုက်သောအခါ သူတို့သည် စဉ်းစားကြရင်း 'အနီးကပ် အတိတ်ပေးအုံး'ဟု ဆိုကြသည်။ ဒီတော့ ကျွန်တော်က 'မီးထဲမှာပျော်တယ်'ဟု ပြောလိုက်၏။

ကျွန်တော် အတိတ်ပေးသည်ကို တိုက်ရိုက်ယူမည်ဆိုပါက အမျိုးသမီးလေး ချစ်ဦးသူနှင့် ညားတယ်ဆိုတော့ ယောကျ်ားနဲ့မို့ 'ကျား'၊ နို့ပြီး ယောကျ်ားတို့မည်သည် ကာမဂုဏ် မီးထဲ၌ ပျော်ကြသည်။ ထို့ပြင် ချစ်သူတို့နှစ်ဦး ညားကြပါက တီတီတာတာ ပြောကြမည်မို့ 'တီ'ကောင် ကိုလဲ ထိုးကြသေးသည်။ ၎င်းပြင်လင်ရပြီး စိတ်ညစ်သဖြင့် သီလရှင် လုပ်သွားသည်လည်းပြော နိုင်သောကြောင့် 'သီလ'ကို ထိုးကြသေးသည်။ တိရစ္ဆာန်ကောင်တွေထဲ၌ (၃၆ကောင်ထဲမှာရော) ဘယ့်နှယ်ကြောင့် မယ်သီလရုပ်က ပါနေသည်မသိ။ ယင်းသို့ အသီးသီးကိုယ့်စိတ်ကူးနှင့်ကိုယ် ထိုးကြရာ၊ ကျွန်တော်က 'ရွှေငါး'ကိုဖွင့်လိုက်၏။

သည်တော့ 'ချစ်ဦးသူနှင့် ညားတာနဲ့ရွှေငါးက ဘာဆိုင်သတုန်း၊ ရွှေငါးသည်မီးထဲမှာ ပျော်ပါသလား'ဟုမေးကြ၏။ ဒီတော့ ကျွန်တော်က. . .

'အော်. . ခင်ဗျားတို့က ဖန်ပူးထဲက ရွှေငါးထင်နေကြတာကို၊ ကျွန်တော်ပြောတာက ယောကျ်ားလေးဘက်က ရွှေငါးကျပ်သားလက်ဖွဲ့တယ်ဗျ၊ အဲဒီရွှေကို ကောင်မလေးက ရွှေခြေ ကျင်းလုပ်တော့ မီးထဲမှာ အရေပျော်ရတာပေါ့ဗျ'

ယင်းသို့လျှင် ကျွန်တော်မှာ ဟာသဉာဏ် ကဗျာဉာဏ်ရှိ၍ အတိတ်အလိုးအလွှဲ ကောင်းပါလျက်၊ တခါသော် ကျွန်တော်ဝှက်တိုင်း သူတို့ကအမှန်ကိုချည်း ထိုးနိုင်၍ ကိုယ့်၌ပါခဲ့ တာ ချောသည့်အပြင် နဘေးလူဆီကပါ ယူ၍လျော်ခဲ့ရသဖြင့် တော်တော်များအောင် ရှုံးခဲ့ဘူး ၏။ အကြောင်းကတော့ ကျွန်တော်မြာငွေခံသည့်ကိစ္စဘဲ၊ အသို့ဟူမူ အတော်ချောလှသော ကောင်မလေး တယောက်သည်၊ ကျွန်တော်နှင့် ပွတ်သီးပွတ်သပ်ထိုင်ကာ သူက ကျွန်တော့်ဘက် က လိုနှင့် ကျွန်တော်ဝှက်သော အရုပ်ကိုကြည့်ကြည့်ပြီး သူ့လူတွေကို အရိပ်ပြသောကြောင့်ဖြစ် ၏။ ဒီလိုကောင်ဒါမျိုးမှာ ခံပေါ့ကွာ။ 'ဒို့စာရေးဆရာက သည့်ပြင်နေရာတော့လည်းပါရဲ့၊ ဒါတော့ အ,သကွ'ဟု ဗိုလ်သိန်းထွန်းနှင့်ဗိုလ်ကျော်မြင့်တို့၏ နောက်ပြောင်ခြင်းကိုခံရ၏။

'နို့. . ခင်ဗျားတို့က စောစောကတော့ ဘာလို့ ကျွန်တော့်သတိမပေးလဲဗျ'

'အော်. . . နိုင်တဲ့စာရေးမလေးတွေလဲ ကျွန်တော်တို့က မေတ္တာရှိနေတာကိုဗျ၊ ဟဲ. . . . ဟဲ'

သို့သော် ဤစဉ်ကာလ၌ မေမြို့တွင် ငွေရေးကြေးရေးကို ကျွန်တော်မမှုပါ။ မေမြို့ မြဝတ်ရည်စတိုးမှ ကျွန်တော်လိုချင်သမျှ ငွေကိုယူ၍သုံးနိုင်၏။ ဤငွေကိုမြဝတ်ဝတ်ရည်က မန္တလေးရဲရင့်ဦးဘဖဲနှင့်ရှင်း၊ တဖန် ဦးဘဖဲက ရန်ကုန်ရှုမဝတိုက်နှင့်ရှင်း နောက်ဆုံးသော် ရှုမဝနှင့်ကျွန်တော်နှင့်ရှင်းလေတော့ ဘယ်သောအခါမှ ကျေလည်သည်မရှိတော့သတည်း။

ယင်းသို့လျှင် ကျွန်တော်သည် မေမြို့မှာ ပျော်ပါးနေလိုက်ရာ၊ ဖွန်လဆီးမိုးဦးကျ၍ မေမြို့အအေးလွန်လာပြီဖြစ်သောကြောင့် ဆရာကြီးနှင့်ဦးထင်တို့ မန္တလေးသို့ ပြန်သွားကြပြီဖြစ်သော် လည်း ကျွန်တော်မပြန်သေး။ မန္တလေးက ကောင်မလေး 'သက်'ထံမှလည်း အဆက်ရနိုး မျှော်လင့် ဆဲ၊ မေမြို့မှာပင် 'စောင့်ရက်တွေကိုးဆယ်ပြည့်အောင်' နေခဲ့ပေရာ၊ အောင်မယ်လေး. . . မျှော်တာမရဘဲနှင့် မျှော်တာနဲ့ ဝွကျမလို့ပါလား။ ကြည့်စမ်းပါအုံး၊ ခင်ဗျားတို့ စာရေးဆရာကြီး မေမြို့သူ လေးတယောက်နှင့်ပေါ့။ သူကလေးနှင့် ကျွန်တော့်ဖြစ်ထွေကို ကျွန်တော်က ဝတ္ထုရေးဆရာပီပီ ဝတ္ထုလိုဘဲ ရေးပြပါတော့မယ်။ ကဲ. . ဝတ္ထုနာမည်ကဆိုပါစို့. . . .

'ကျွန်တော်၏ မေမြို့သူ

## ကျွန်တော်၏ မေမြို့သူ

ကျွန်တော်၏မေမြို့သူသည် အေးမြသော ရာသီဝယ် ကုတ်အင်္ကျီရှည်ရှည်၊ တင်ပါးဆုံအုပ်အုပ်နှင့် ရင်အုံတုတ်တုတ်ကလေးလဲ မဟုတ်ပါ။

ကျွန်တော်၏မေမြို့သူသည် ဆံပင်ဖားလျား တင်ကားကားနှင့်စက်ဘီးပေါ် လမ်းသလားနေသော ဆိုင်ကယ်ရှင်မလေးလဲ မဟုတ်ပါ။

ကျွန်တော်၏ မေမြို့သူသည် မိဘမောင်ဘွား ခဲအိုများ၏မော်တော်ကားယာဉ်တွင် အလှ ပြင်စတိုင်ထုတ်၍ ဘိုင်စကုတ်ရုပ်ရှင်နှင့် ကန်တော်ကြီးများ၊ အပျော်သွားနိုင်သူသေးလဲ မဟုတ် ပါ။

ကျွန်တော်၏ မေမြို့သူသည် ဘီတီဘရားသား ရေကူးကန်သွား၍ ဒိုင်ဗင်လွှားတတ်သော ပေါင်စင်းမလေးလဲမဟုတ်ပါ။

ကျွန်တော်၏ မေမြို့သူသည် နှုတ်ခမ်းနီ၊ ပါးနီလက်သည်းရှည်နှင့် အလှကုမ္ပဏီက ရှိသမျှ ဆေးတွေအရောင်တင်၍ 'လောင်ထင်'နေနိုင်သူလေးလဲ မဟုတ်ပါ။

စင်စစ် ယခုရေးပြတော့မည့် 'ကျွန်တော်' မေမြို့သူ' ကား တခါပြင် တကျပ်ဆိုသည့် မြန်မာ ထမင်းဆိုင်က စားပွဲထိုးမကလေးမျှသာ ဖြစ်ပါ၏။

ရုပ်ရည်မှာ ရွှက်ကြမ်းရေကြို။

အရွယ်မှာ ဆယ့်လေးငါးခြောက်နှစ်။

အမျိုးမှာ ရှမ်းနှင့်မြန်မာတရုတ်သွေးကော နှောသေးသလား၊ ကျွန်တော်မသေချာပါ။ ဒါက အရေးမကြီးပါဘူး၊ မေမြို့မှာ ကျွန်တော်တွေ့တော့ ကျွန်တော်၏မေမြို့သူဘဲပေါ့။

ယခင် ဆရာကြီးနှင့် ဦးထင်တို့ ရှိစဉ်တုန်းကမူ အချိန်မှန်မှန်လိုက်၍ သူတို့စားနေကျ ထမင်းဆိုင်မှာ စားရသည်။ ယခုကျွန်တော် တယောက်တည်း ကျန်ခဲ့သော အခါ၌ကား ကိုယ့် သဘောဘဲ သွားချင်တဲ့အချိန်သွား၍ စားချင်တဲ့ဆိုင်မှာ စားသည်။

တနေ့သော် ကျွန်တော်စာရေးရာမှ ထလိုက်သောအခါ၌ နာရီပြန်တချက်မျှရှိနေချေပြီ။ မနက်ကော်ဖီတခွက်နှင့် ထိုင်ခဲ့သောကျွန်တော်မှာ ယိုင်၍ပင်သွားပါသည်။ ထို့ကြောင့် မျက်နှာသစ်၊ ပေါင်းဒါပွတ်၊ ခေါင်းဖြီး၊ အိမ်ကမြန်မြန်ထွက်ခဲ့ပြီး အနီးဆုံးသော စားသောက်ဖွယ်ရာ များရှိရာ လျှောက်ခဲ့ကာ ပထမဦးဆုံးတွေ့သော မြန်မာထမင်းဆိုင်ထဲ ဝင်ထိုင်လိုက်သောအခါ

'ဗိုလ်ကြီးဘာသုံးဆောင်မလဲ'

ဆိုင်ထိုင်ပြီးဘာမျှ မမှာရသေးဘဲ၊ ကိုယ့်ဝတ္ထုအကြောင်း ကိုယ်တွေး၍ ခပ်ငိုင်ငိုင်နေသော ကျွန်တော်နားထဲသို့ အညာ မိန်းခလေးသံ ခပ်ဝဲဝဲကလေးဝင်လာသည်။

ကျွန်တော့်ကို 'ဗိုလ်ကြီး'ဟုခေါ်ခြင်းဖြစ်ပါသည်။ မေမြို့ရောက်မှ ကျွန်တော့်အဖို့မဆန်း တော့ချေ။ မေမြို့တွင်စစ်ကျောင်းနှင့် စစ်တပ်များရှိ၍ စစ်သားစစ်ဗိုလ်များ ခေတ်စားလေရာ လူငယ်ဟူသ၍တို့အား ဤသို့ဂုဏ်ပြု၍ခေါ်တတ်ကြပါသည်။

ကျွန်တော်အသံကြားရာဘက် လှည့်ကြည့်လိုက်ပြီး. . .

'ထမင်းစားမယ်ကွယ်. .'

သူတို့မေမြို့ ထမင်းဆိုင်တွေမှာ ကြက်သားဟင်းနှင့် ပြင်ပေးသော မန္တလေးမှာကဲ့သို့ မုံ့တီခေါက်ဆွဲ နန်းကြီးဆိုတာတွေလဲ ရှိပါသည်။

'ဘာဟင်းစားမလဲ ဗိုလ်ကြီး'

ကျွန်တော်သည် အညောင်းထိုင်ကာ စာရေးရာမှ ထခါစဖြစ်၍ အောင့်တောင့်တောင့် မှုန်ဝေဝေ ဖြစ်နေသော မျက်လုံးများကို ပွတ်ရင်း. . .

'ဘာဟင်းတွေရှိသလဲ'

'ကြက်သား၊ ဝက်သား၊ ဆိတ်ကလီစာနဲ့ ဝက်အူဟင်း'

'ငါးမရှိဘူးလား'

'ဒီနေ့ငါးမရဘူးဗိုလ်ကြီး ဗိုလ်ကြီးစားချင်ရင် ငါးတစ်တာရမယ်. . '

အင်း. . . ဒီအချိန်များ ငါးသေတ္တာ စားလိုက်ရင်တော့ အတိသာ ရောက်ကရောပေါ့ကွာ။ မေမြို့မှာ ငါးအလွန်ရှားသည်။ မန္တလေးက လာမှရသည်။

ကျွန်တော်မှာ နံနက်စာဆိုလျှင် (စာရေးသော နေ့များ၌) ငါးဟင်းနဲ့ဘဲ နဲနဲပါးပါးစားချင်သည်။ လူထိုင်းမှိုင်းလေးလံသွားမှာကို အတော်စိုးရသည်။ ယခုဤဆိုင်တွင်ရှိသော ဟင်းများမှာ ကြက်သားကတက်မည်။ ဝက်သားအီမည်။ ဝက်အူက ဗိုက်နာတတ်သည်။ ထို့ကြောင့်အဆုတ်တွေ အများကြီးထည့်တတ်၍ ကျွန်တော်သိပ်မကြိုက်သော ဆိတ်ကလီစာဟင်းကိုပင် မှာလိုက်ရသည်။

'ဆိတ်ကလီစာနဲ့ ထမင်းတပွယ်. . . . '

ကလေးမကလေးက အော်လိုက်ပြီး မကြာမီ၌ သူပင်လျှင်လင်ပန်းကလေးနှင့် ပြင်ယူလာသည်။ ဟင်းချိုပါသည်။ ငန်ပြာရည် ငရုတ်သီးဖျော်ပါသည်။ သရက်သီးပေါက်စိပ် ဆားစိမ်ချဉ်ပါသည်။ ဤမျှဟင်းသီးဟင်းရွက်ပေါသော အရပ်ဖြစ်လျက် မေမြို့ထမင်းဆိုင်တွေမှာ တို့စရာပေးလေ့မရှိ၊ အသီးအရွက်အကြော်အချက်လဲမရှိ၊ ဆီပြန်ဟင်းချည်းသာဖြစ်၏။

'ဗိုလ်ကြီး နောက်ထပ်ဘာယူချင်လဲ ပြောပါ. . . '

ကျွန်တော်စားနေသည်မှာ မိမိရေးနေသော ဝတ္ထုထဲ စိတ်ရောက်နေ၍ စားပုံသောက်ပုံ ဟက်ဟက်ပက်ပက် မရှိသည်ကို မိန်းကလေးစိတ်ထင်၍ ဤဟင်းနှင့်ခံတွင်းမတွေ့ဟု အောက်မေ့ ကာ ကျွန်တော့်အနီးယင်မောင်း ပေးနေရင်းမှ မေးခြင်းဖြစ်ပါသည်။ ဤအချိန်မျိုး၌ ထမင်းစား သူပါးလျားလေရာ ကျွန်တော်တယောက်သာ သူဂရုစိုက်စရာရှိပါသည်။ သို့သော် ကျွန်တော်မှာ

နောက်ထပ်ယူဘို့ မဆိုထားဘိ လက်ရှိထမင်းဟင်းတွေ တဝက်မှမကျဘဲနှင့် အဆုံးသတ်လိုက်ကာ. . .

'ရော့ပေ့ ပိုက်ဆံ. . .'

ဤကာလသည် ငြေ့ီလနောက်ပိုင်းဖြစ်ရာ မေလမှာ မူးပဲမတ်တွေပျောက်ရတော့မည်၊ တကျပ်ပြား ၁၀၀ သုံးရတော့မည် ဖြစ်သောကြောင့် လူတိုင်းက ၎င်းတို့ကို အိတ်သွန်ဖာမှောက် နေချိန်ဖြစ်သည်။ ငါးကျပ်တန်ဖျက်လိုက်လျှင် နှစ်ကျပ်ခွဲလောက်က မူးမတ်၊ ပဲတွေဖြစ်လာသည်။ 'ဒါတွေဘဲရှိတယ်. . .၊ မျှယူပါ' ဆိုသောစကားနှင့် ငြင်းလဲမငြင်းသာ၊ ကိုယ့်အိတ်ထဲက အမြန်ထုတ်သုံးဘို့သာ စိတ်ကူးထားရသည်။ ထို့ကြောင့် ကျွန်တော်ယခုပေးသည်မှာလည်း မချစ်ဖဲနှင့်အောင့်ကာနမ်းထားရသော သေခြင်းဆိုး ကာလနာစေ့ ကလေးများသာဖြစ်၏။

မိန်းကလေးသည် ဤအော့ကျောလန်ကလေးတွေ ရေတွက်ယူနေရာမှ မူးစေ့နှစ်ခုကို ပြန်ပေးကာ. . .

'ရော့ ဗိုလ်ကြီး ဒီတမတ်ကို ပြန်လဲပေးပါ. . .'

'ဟဲ့. . ဘာလို့တုန်း'

'ဝါနေလို့ ဗိုလ်ကြီးရဲ့၊ ဒီအဝါတွေ အခုမသုံးရဘူး'

'အလို. . . မူးစေ့အဝါအခု မသုံးရဘူးလား. . .'

'ဟုတ်ပါတယ် ဗိုလ်ကြီးရဲ့၊ မူးစေ့ဖြစ်ဖြစ် ပဲစေ့ဖြစ်ဖြစ် အဝါဆိုရင် အသုံးမကျတော့ဘူး ဘလူမှ မယူကြတော့ဘူး'

ဤစကားကို ကြားသည်၌ ကျွန်တော့်မှာ သူ့ကိုယ်ကို သတိပြုမိကာ ကျဲကနဲပြုံးလိုက်မိပါသည်။ အကြောင်းမှာ သူ့လုံချည်သည် အဝါဖြစ်နေ၍ ကျွန်တော့်စိတ်အာရုံသည် ရုတ်တရက် ပြက်လုံးကလေးတခု ပေါ်လာသည်။ သို့သော် မိန်းမပျိုကလေးအား တိုက်ရိုက်ပြော၍မသင့် လျော်၊ ကျွန်တော်ကလည်း အကွက်တွေ့လျှင် မရွှတ်ဖဲ မနေနိုင်၊ ထို့ကြောင့် ကျွန်တော်က အံ့အားသင့်ဟန်ဖြင့်. . . .

'ဟင်. . . အဝါဆိုရင် အသုံးမကျတော့ဘူး၊ ဘလူမှမယူကြတော့ဘူး ဟုတ်လား၊ ဒီအတိုင်းဖြင့်. . .'

ကျွန်တော်၏ရေညှိရောင် ဘန်ကောက်လုံချည်ကို သူ့အား ကိုင်ပြရင်း. . . . 'ငါ့ လုံချည်ဒီ အရောင်ဝတ်လာတာဘဲ ကံကောင်းကွာ. . . . 'ဟု ပြောပြီး သူ့လုံချည်ဆီကို မျက်စိဝင့်၍ ကြည့်ပြ လိုက်ပါသည်။

မိတ်ဆွေစဉ်းစားကြည့်ပါ။ ကျွန်တော့်ပြောလုံးနှင့် အမူအရာသည် အတော်ကျလောက်ပါ သည်။ ထို့ပြင် ကျွန်တော်မှာ မိန်းမများကို ထေ့ရာညှုရာ၌ 'အတော်ကျတဲ့ကောင်'ဟု သူငယ်ချင်း များ၏ ချီးမွမ်းခြင်းကို ခံရသူဖြစ်ပါသည်။

ဤအကွက်မျိုးကိုရ၍ ဤသို့ကျွန်တော်က ညှုလိုက်ထေ့လိုက်ပါလျှင် မိန်းကလေးသည် ခေါင်းကလေးငုံ၍ တဖက်သို့ လှည့်သွားကာ ဟန်မူရာ ရှုံးတိုးရှန့်တန့်ဖြစ်သွားသည်။ သို့မဟုတ် 'ဘာလဲလူကြီးက ဆိုပြီးဒေါသမူနှင့် နှုတ်ခမ်းကလေး စုပြီးမျက်စောင်းကလေး ဝင့်သွားသည်။ ဤအရသာမျိုးကျွန်တော်တို့ ခံစားရသည်။

သို့သော် ယခု မိန်းကလေးနှင့်ကား ကျွန်တော်၏ တွက်ရေးမကိုက်၊ လုံးဝမကိုက်. . .။

ကြည့်ပါမိတ်ဆွေ။ ကျွန်တော်၏ ကလူကျီစယ်မှုကြောင့် သူ့အမူအရာဘယ်လိုမျှ မဖြစ်ရုံ မက သူက ရဲရဲကြီးပင်ပြုံးလိုက်ပြီး. .

'အော်. . . ဗိုလ်ကြီးကလဲ ပိုက်ဆံပြောတာဘဲ၊ လုံချည်ရောင်နဲ့ဘာဆိုင်လဲ၊ ဟောဒီမှာ ကျမ ဝတ်ထားတာလဲ အဝါဘဲ. . . 'ဆိုပြီးသူ့လုံချည်ကို ပြလိုက်သေးဗျ။

ဂွမ်း. . .။

ကျွန်တော်ခမျာ ဟာသဆရာကြီး အမြှုတ်ကီးရတော့သည်။ အနီး၌ ဤအချိန်တွင် သူငယ် ချင်း မိတ်ဆွေများရှိပါက ရယ်ကြလိမ့်မည်။ ကျွန်တော့်ကိုရယ်ကြလိမ့်မည်။ 'အောင်မယ်လေး. . . . ဟာသချန်ပီယံကြီး ဂိန်ပါကောလား' လို့ ပြောကြလိမ့်မည်။

ယင်းသည်ကိုတွေးမိ၍ ကျွန်တော့်မှာ ကိုယ့်ဖာသာကိုယ် ကျိတ်၍ပြုံးရသည်။ နောက်ဆုံး၌ စိပျက်ပျက်နှင့် 'ကဲရော့ပါဗျာ. . .၊ မဟာဝါကြိုက်တာသာ ရွေးယူပါတော့'ဆိုပြီး အိတ်ထဲကမူးစေ့၊ ပဲစေ့တွေထုတ်၍ သူ့ရှေ့၌ပုံလိုက်ပါတော့သည်။

ယင်းအချိန်၌ မေမြို့မှာ မူးစေ့၊ ပဲစေ့အဝါတွေ သုံးမရဟု ဖြစ်နေပါသည်။ ဘာကြောင့် ရယ်မသိ၊ ကျွန်တော့်မှာ ကံကောင်းသူပီပီ ဤအဝါမျိုးတွေ မန္တလေးမှ တော်တော်များများပါခဲ့ ပါသည်။

‘ဟင်. . ဗိုလ်ကြီးမှာမသုံးရတော့တာတွေအများကြီးပါလား’

‘အေးဟာ. . . နင်လိုချင်လဲ အကုန်ယူတော့. . . ’

‘ဘာလုပ်ဖို့လဲ၊ သုံးလို့မှမရတာတွေကို’

‘မယ်သီလတို့ သူတောင်းစားတို့ပေးရတာပေါ့ကွ’

‘ကုသိုလ်ရပ့်မလား. . ’

အင်း. . ခက်ချည့်. . .။

‘ဒါတော့ငါမသိဘူး’

‘ဟင်. . . မယူဘဲပြန်ပေးတော့ ရှက်စရာကြီး’

အင်း. . သောက်လွဲတော့ တွေးပြီး ရှက်ချေသေး. . .။

ကျွန်တော့်စိတ်ထဲမှာ ရေရွတ်လိုက်ပါသည်။

သူသည် ကျွန်တော့်ဆီမှ ပိုက်ဆံအပြည့်အစုံရ၍ ထမင်းပွဲကို သိမ်းသောအခါ၌. . .

‘ဟင်. . ဗိုလ်ကြီးဟာ ထမင်းဟင်းတွေကုန်လဲကုန်ဘူး၊ ပိုက်ဆံတကျပ်ပေးရပြီးတော့ နှမြောစရာ. . ’

‘နို့. . နင်တို့ဆိုင်က တခါပြင် တကျပ်ဆိုတော့’

‘အို. . . ရှော့မှာလို့ရတာပေါ့ဗိုလ်ကြီး’

‘ဒါဖြင့် တခါပြင် ငါးမူးဘိုးရသလား. . . ’

‘ဒီလိုတော့ မရဘူး ဗိုလ်ကြီး၊ အခုဟာက ထမင်းငါးမူး၊ ဟင်းငါးမူးဘဲ၊ ထမင်းတမတ်ဖိုး တဝက်မှာရင် တော်ပေါ့’

‘အား. . . ဒီလိုဆိုရင် မင်းတို့ဆိုင်မှာ ဟန်ကျပြီဟေ့၊ ငါနေ့တိုင်းလာခဲ့မယ်. . . ’

အခြားဆိုင်တွေတုန်းကဆိုလျှင် ကျွန်တော့်ကို ဤသို့ဖော်ဖော်ရွေရွေပြောမည့်သူမရှိ၊ သူတို့ဆိုင် ထိုင်လိုက်လျှင် 'ဘာသုံးဆောင်မလဲ'မေး။ 'ထမင်း'ဖြေ။ 'ဘာဟင်းစားမလဲ'၊ ကိုယ်စားချင်တာပြောလိုက်။ အဲဒါနဲ့ ထမင်းပွဲလာချ။ ကျွန်တော်ထမင်းစားပြီးလျှင် လာသိမ်း၊ ကျန်တဲ့ ထမင်းဟင်းတွေ သွန်ပစ်၊ ပန်းကန်တွေရေဆေး၊ ဒါဘဲ သူတို့အလုပ်ပြီးသည်။ သူတို့ ဒိ–ဘိုး ရောင်းရသည်။ ပိုက်ဆံဘဲသိရှာသည်။

ကျွန်တော်မှာ ယခုအခါ၌ ဤသို့သွန်ပစ်ရသော ထမင်းဟင်းတွေကို အကြောင်းရင်းမြစ်တွေး၍တွေး၍ အလွန်နှမြောစရာကောင်းကြောင်း အသိဉာဏ်ရနေပါသည်။ ကိုယ့်အိတ်ထဲက ပိုက်ဆံကြောင့်မဟုတ်ပါ။ ပိုက်ဆံဆိုတဲ့ စက္ကူတွေ၊ သတ္တုပြားတွေဟာ စင်စစ်ဘာမျှအသုံးမကျပါ။ သူတို့ကိုလုပ်ရတာ လွယ်ကူလှပါသည်။ သူတို့ကိုရရန် နည်းအမျိုးမျိုး ရှိပါသည်။ သို့သော် ကျွန်တော့်ကို နေ့စဉ် အသက်ရှင်ရန် အလို့ငှာ မှီဝဲနေရသော ဆန်၊ ဆီ၊ ဆား၊ ဟင်းလျာများ ဖြစ်ပေါ်လာရန်ကား မည်မျှခဲယဉ်းပါသနည်း။ မိတ်ဆွေစဉ်းစားကြည့်ပါ။ ဘယ်သူတွေကဘယ်မျှ ပင်ပန်းကြီးစွာလုပ်ဆောင်နေရပါသနည်း။ အသွေးနှင့်အသားနှင့် ချွေးနှင့် အားနှင့်မှ ဖြစ်ပေါ်လာ သော အရာဝတ္ထုများတည်း။

ဤပစ္စည်းမျိုးကို ကျွန်တော်တို့က ငါပိုက်ဆံပေးရင် ရတာဘဲဆိုတဲ့ စိတ်ဓာတ်နှင့် အဟယသ ဖြုန်းတီးအချည်းနှီးဖြစ်စေပါက တိုင်းပြည်၏ အသက်သခင် ကျေးဇူးရှင်များကို စော်ကားရာ မရောက်ပေဘူးလား၊ လောကသား အချင်းချင်း ခံတွင်းသို့ရောက်မည့် အာဟာရကို ဖျက်ဆီးပစ်သည် မမည်ပေဘူးလား။

အနီးဆုံး ဥပမာအကျဉ်းမျှ ပြရသော် ကျွန်တော်အခုနမကုန်ဘဲနှင့် မှာရ၍ သွန်ပစ်ရ သော ထမင်းဟင်းများသည် တစုံတယောက်၏ တစိတ်တဒေသ အာဟာရဖြစ်နိုင်သည် မဟုတ် ပါလား။

ယခုမှဟန်ကျပေပြီ။ ကျွန်တော်၏နံနက်စာကို ဤကလေးမ ကလေးရှိသောဆိုင်တွင် ထမင်းတမတ်၊ ဟင်းငါးမူးဖြင့် ပြီးလေသည်။ သူကလေးနှင့် ကျွန်တော်လည်း တနေ့တခြား ရင်းနှီးလာလေသည်။

ဤမိန်းကလေး၏ ပုံသဏ္ဍာန်ကို ဖော်ပြရဦးမည်။ 'ရွက်ကြမ်းရေကြို'ဟု ဆိုခဲ့လင့်ကစား သူ့အသက်နှစ်က တက်သစ်စဖြစ်၍ ဤအရွယ်သည် မြင်ပါများတော့လှသည်။ 'သနားကမား'ဖြစ်လာသည်။ သူသည် ဤဆိုင်မှာ တော်ရုံလျော်ရုံ ကျွေးပေးထားခြင်းဖြင့် လုပ်ရသူဖြစ်လေရာ ယခု သူ့လက်ရှိ အင်္ကျီတို့သည် သူနှင့်မသင့်လျော်ချေ။ ချုပ်ချိန်က တော်ခဲ့သည်မှန်သော်လည်း တနေ့ထက် တနေ့၊ တက်သစ်နေသော သူ့ခန္ဓာကိုယ်ကို မလုံမလဲရှိချေသည်။ သူ့အင်္ကျီကြယ်သီး

တို့နှင့် တင်းတင်းရင်းရင်း စည်းနှောင်ထားသည်နှင့် တူနေသည်။ ခါးတို၍နေသည်။ သူ့ကိုယ်က လည်း တုတ်တုတ်အက်အက်ကလေး ဖြစ်သည်။

ရန်ကုန်မှာဆိုလျှင် ဤထမင်းဆိုင်မျိုးတွင် ဤမိန်းကလေးမျိုး ဤအရွယ်မျိုးကို လှပစွာ ပြင်ထားပေမည်။

ယခုမမြို့မှာတော့ ဤခလေ့မျိုးမတွေ့ရပါ။

သူ့ဆိုင်ရှင်များလည်း အဖိုးကြီးနှင့် အဒေါ်ကြီးဖြစ်သည်။ သူတို့ဆိုင်မှာ ပန်းကန်ဆေး သော သူငယ်ကလေးနှင့် ပေါင်း ၄–ယောက်ရှိသည်။

ကောင်ကလေးအဝတ်က ညစ်ပတ်သည်။ အဖိုးကြီးက သန့်သန့်ပြန့်ပြန့်ရှိသည်။ အဒေါ် ကြီးမှာ ရွှေထည်များ ဝတ်ဆင်ထားသည်။ ကျွန်တော့်မိတ်ဆွေမကလေးမှာတော့ နားဋောင်းမှ မရှိချေ။ နားပေါက်ဟောင်းလောင်းကို ဖော့ချောင်းကလေးနှင့် ထိုးထားသည်။ အသားဖြူ၍ မျက်နှာဝိုင်းသည်။ နှာတံမပေါ်ပါ။ နှုတ်ခမ်းထူပျစ်ပျစ်ကလေးနှင့် ဖောင်းအစ်အစ် ပါးမို့ကလေး နှစ်ဖက်မှာ ရှမ်းသွေးနီရောင်ကလေး သန်းနေသည်။ မျက်ခုန်းမွေးစိမ်းစိမ်းအောက်၌ မျက်လုံး ကလေးတွေက မည်းနက်နေသည်။ ချစ်စရာကလေးဖြစ်သည်။

စာဖတ်သူသတိပြုပါ။ ပထမကျွန်တော်သူ့ကို 'ရွက်ကြမ်းရေကြို' ဟု ဆိုခဲ့သည်။ ဒုတိယ 'သနားကမား' ဆိုသည်။ ယခု 'ချစ်စက်ကလေး' ဖြစ်လာသည်။

ကျွန်တော်နှင့် သူတဖြည်းဖြည်း ခင်မင်ရင်းနှီးလာမှုကြောင့် တစတစပြောင်းလဲလာခြင်း ဖြစ်သည်။

သူကလေးကလည်း ကျွန်တော့်အပေါ် မေတ္တာတုံ့ပြန်သည်။ ကျွန်တော်က ဘာဟင်းစား မည်ဟု ပြောလိုက်သောအခါ၌ သူကတခါတရံ တီးတိုးသံဖြင့် 'အို. . . . ဗိုလ်ကြီးအဲဒီဟင်းမစားနဲ့ မနေ့က ကျန်တာတွေ'

သူ့ကိုဘဲ ကျေးဇူးတင်ရသည်။ နောက်ဆုံးအခြေ၌ 'ကဲ. . . ငါဘာဟင်းစားရမယ်ဆိုတာကို မင်းဘဲကြည့်စီမံတော့ကွ' သူ့ကိုဘဲ လွှဲအပ်လိုက်ရလေတော့သည်။

× × ×

## 'ငါးဆီပြန် တပွယ်'

ကျွန်တော်ရောက်သည်နှင့်တပြိုင်နက် ကျွန်တော့်ကိုမမေးဘဲ သူက အော်လိုက်လေ သည်။ ကျွန်တော့်ကိုမြင်လျှင် ထမင်းတဝက်ဆိုတာတော့ အဒေါ်ကြီးကိုပြောစရာမလိုတော့ပြီ။

သူကလေးသည် ထမင်းပွဲကို ယူလာ၍ ကျွန်တော့်ရှေ့တွင်ချပြီး အနီး၌ထိုင်ကာ. . .

'ဗိုလ်ကြီး စားကြည့်စမ်း၊ ဒီနေ့ ငါးကြင်းသိပ်လတ်တာ. . . ဆူတာဘဲ၊ ကန်တော်ကြီးက ရတာ'

မေမြို့ ကန်တော်ကြီးက ငါးကြင်းများရတတ်ပါသည်။ ငါးမျှားသမားများကို လိုင်စင်ထုတ် ပေးထားသည်။ 'ဘေးမဲ့ငါးများ သနားကြပါ'ဆိုသော စာများကိုလည်း ကန်တော်ကြီး ပတ်လည် မှာ ရေးဆွဲထားပါသည်။ ဤစာသည် လိုင်စင်မယူဘဲ ငါးဖမ်းသူများအတွက် ဖြစ်ဟန်တူသည်။ သို့မဟုတ် လိုင်စင်နှင့်လူများအား ငါးတို့ကို ကြင်ကြင်နာနာဖမ်း၍ ကြင်ကြင်နာနာချက်စားကြရန် ဆိုဟန်ရှိသည်။

ကျွန်တော်လည်း ကြင်ကြင်နာနာပင် မြိန်မြိန်ရှက်ရှက်စားလိုက်ပါသည်။ ကလေးမက ကျွန်တော်စားသည်ကို ကြည့်၍. . .

ဗိုလ်ကြီးစားကောင်းတယ် မှတ်လားဟင်၊ ညစာတော့ဘယ်မှာစားလဲ၊ ဒီဘာလို့မလာလဲ'

'မင်းတို့ဆိုင်က ၆နာရီ ဈေးမပိတ်မီ သိမ်းရတာကိုကွ၊ ငါကညစာဆိုရင် ၇နာရီ ၈နာရီမှ စားတတ်တာ'

'ဗိုလ်ကြီးဟာ တမျိုးဘဲ၊ မနက်စာတော့ မွန်းလွဲမှာ စားပြီး ညစာတော့ ညကြီးမင်းကြီးစား တယ်'

'ညစာဆိုတော့ ညကြီးမင်းကြီးမှ စားရတာပေါ့ကွ'

'ကဲ. . ဒါဖြင့် ဗိုလ်ကြီးဟာ မနက်စာတော့ ဘာလို့မနက်ကြီးမင်းကြီးမစားလဲ'

'အလား. . . ထူပျစ်ပျစ်ကလေး ဒီနေရာတော့ အလာသားဟေ့' ကျွန်တော့်စိတ်ထဲမှ မှတ်ချက်ချလိုက်ပြီး. . .

'ငါအခုစားတာ မနက်စာလို့ ဘယ်သူကပြောတုန်း'

ဤနေရာ၌တော့ သူအ,သွားကာ မျက်လုံးကလေး ကြောင်တောင်နှင့် ကျွန်တော့်ကို ကြည့်နေပြီးမှ. . .

'ဒါဖြင့် ဘာစာလဲ'

'မွန်းလွဲမှစားတာ မွန်းလွဲစာပေါ့ကွ'

'အဟီး. . . အဟီး. . . ရီစရာကြီး'

'အို. . . '

ကျွန်တော်ဟာသဆရာမှာ မျက်လုံးပြူးသွားပါသည်။

'ဗိုလ်ကြီး မနက်တော့ဘာတွေစားနေသလဲ'

'အိမ်မှာ ကော်ဖီသောက်တယ်၊ လက်ဖက်ရည်ကြမ်းသောက်တယ်'

'ဗိုလ်ကြီးအိမ်ဘယ်မှာလဲ'

'လားရှိုးလမ်းမှာ'

'ဗိုလ်ကြီး မိန်းမရှိလား'

'အိုး. . . မိန်းမရှိရင် မင်းတို့ဆိုင် ထမင်းလာစားနေမလားကွ၊ ငါ့မိန်းမ ငါချက်ခိုင်းမှာ ပေါ့'

'နို့ ဗိုလ်ကြီးအလုပ်ကော ဘာလုပ်လဲ'

'အလို ဘုရားရေ ကျွန်တော်မျက်လုံး ဝိုင်းဝိုင်းလည်သွားကာ 'မင်းငါ့ကို ဗိုလ်ကြီး ဗိုလ်ကြီး ခေါ်နေတာ စစ်ဗိုလ်မှန်းသိလို့ မဟုတ်လား'

အော. . . ခက်ရချေဗျာ. . . သူ အံ့အားသင့်သွားကာ 'ဗိုလ်ကြီးက စစ်ဗိုလ်လား။ အဟီးဟီး စစ်ဗိုလ်ကလဲ'

သူကျွန်တော့် ကြည့်ရယ်ချေတော့ဗျာ. . .။

ကျွန်တော့်ကိုယ်ကျွန်တော် မလုံသလို ငုံ့ကြည့်ပြီး. . .

'စစ်ပိုလ်ကလဲ. . . ငါဘာဖြစ်သလဲ'

'အားလဲမရှိဘူး'

ဤမှကျွန်တော် နားရှင်းသွားပါသည်။ ကျွန်တော့်ကိုယ်ကာယ တောင့်တောင့်တင်းတင်း မရှိခြင်းကို သူပြောခြင်းဖြစ်ပါသည်။

'ဟော့. . . နေစမ်းပါအုံး ထပ်မေးစမ်းပါရစေအုံး၊ မင်းတို့ငါ့ကို ဗိုလ်ကြီးဗိုလ်ကြီးလို့ခေါ်နေကြတာဟာ ငါ့ကိုစစ်ဗိုလ်ဘဲလို့ခေါ်နေကြတာ မဟုတ်လား'

'မဟုတ်ပါဘူး၊ ကျနော်တို့ဆီမှာ ဒီလိုလူ ဒီအရွယ်မသိတဲ့လူကို ဒီလိုဘဲ ခေါ်ကြရတာဘဲ'

သေဟဲ့ နန္ဒိယ. . .။

ကျွန်တော့်မှာ မေမြို့တွင်တစိမ်းတရံစာတွေက ဒီလိုဘဲ ဗိုလ်ကြီး ဗိုလ်ကြီးခေါ်ကြတော့ နိပ်တဲ့ငါတော့ သူတို့ကစစ်ဗိုလ်မှတ်ကြပြီ၊ စစ်ဗိုလ်ဈေးကောင်းတဲ့အရပ်မှာ စစ်ဗိုလ်အထင်ခံရ တာနိပ်ပဟဲ့ အောက်မေ့နေတာ။ လားလား လက်စသတ်တော့ ကျွန်တော်တို့ ရန်ကုန်မှာ 'ဆရာ ကီး စာရေးကြီး' ခေါ်တဲ့ အပေါက်မျိုးကိုး။

'ကဲ. . . မဟုဝါ၊ ငါမှန်တာပြောမယ်၊ ငါ. . စစ်ဗိုလ်မဟုတ်ဖူး၊ ငါ့ကိုဗိုလ်ကြီးဗိုလ်ကြီးလို့ မခေါ်နဲ့တော့'

'မဟုတ်မှန်းကျနော်သိသားဘဲဗျ၊ စစ်ဗိုလ်လူက ခင်ဗျားကြီးလိုမှ မဟုတ်တာဘဲ'

'ဟေ. . . ငါနဲ့စစ်ဗိုလ်နဲ့ ဘယ်လိုခြားနားသလဲ'

'ဒါတော့ ကျနော်မပြောတတ်ဖူးဗျ၊ တမျိုးဘဲ'

မန္တလေး၌လည်းကောင်း၊ မေမြို့၌လည်းကောင်း၊ မိန်းကလေးများသည် လူချင်းရင်းနှီးလာလျှင် 'ခင်ဗျား၊ ကျွန်တော်' ပြောတတ်ကြပါသည်။

'ငါပြောမယ်. . . စစ်ဗိုလ်ဆိုရင် ထမင်းများများစားမယ်၊ လူသန်သန်စွမ်းစွမ်းရှိမယ် မဟုတ်လား'

ကျွန်တော်မှာ သူကလေးနှင့် အပြင်းပြေ စကားကောင်းနေသည်။

'ဟုတ်တယ်. . . . ဟုတ်တယ်၊ ခင်ဗျားကြီးကတော့ ထမင်းလဲ များများမစားဘူး၊ လူကလဲ ပိန်ပိန် နွဲ့နွဲ့ရယ်. . . . ဓာတ်ရှင်မင်းသားလိုဘဲ'

'အလို. . . ငါက ဇာတ်လိုက်မင်းသားနဲ့တူသလား'

'တူတယ်ဗျ. . . '

'ဘယ်မင်းသားနဲ့တူလဲပြောစမ်း. . . . '

'ဒီလိုတော့ မပြောတတ်ဖူး၊ ခင်ဗျားကြီးက ဓာတ်ရှင်မင်းသားလိုဘဲ နေတာပြောတာ. . '

'မင်းဓာတ်ရှင်တွေ ခဏခဏကြည့်သလား'

'မကြည့်ရပါဘူး ပိုက်ဆံမှမရှိတာ. . . '

'အခုကော ကြည့်ချင်သလား'

'အိုး. . . ကြည့်ချင်တယ် ပြမယ်လား. . . '

'ဘယ်ကား ကြည့်ချင်သလဲ. . . '

'ဂေါ်သာဂေါ် ဆိုတာလေ. . . ဖိုးပါကြီးတို့ သိပ်ရီရတာဘဲတဲ့၊ ကျနော်က ရီစရာဆို သိပ်ကြိုက်တယ်'

'အော်. . . ရီစရာကြိုက်တယ်၊ ဒါနဲ့နေပါအုံး၊ မင်းဝတ္ထုတွေ မဂ္ဂဇင်းတွေကော ဖတ်သလား'

'ကျနော် စာမှမဖတ်တတ်တာဘဲ'

ကျွန်တော် သူ့မျက်နှာကလေးကိုကြည့်ကာ သက်ပြင်းရှူမိပါသည်။

'ဒါနဲ့မင်းခုနကြည့်ချင်တယ်ပြောတာ 'ဂေါ်သာဂေါ်'နော်၊ အဲဒီစကားအဓိပ္ပာယ်နားလည် လား၊ ဂေါ်ဆိုတာဘာလဲ'

ဒါမျိုးတော့ သူနားလည်ပေသည်။ ကျွန်တော့်အား မျက်စောင်းကလေး တချက်ဝင့်ကာ ရှက်စနိုးနှင့် ခေါင်းငုံ့သွားသည်။

'ဟာ. . ဟား. . . ဒါမျိုးတော့ လည်ပေ့ကွာ၊ မင်းဂေါ်တဲ့လူများရှိနေပလား'

'သွား. . . ဘာလဲ'

အလိုသူကဘဲ ကျွန်တော့်အား ဒေါသမာန်ကလေးနှင့် မာန်လိုက်ချေသေး။

ကျွန်တော် သဘောကျမိကာ ထပ်ဆင့်၍. . .

'ဟုတ်ပါတယ်၊ သူ့ပုံပန်းကြည့်ရတာဖြင့် ဂေါ်တဲ့လူတောင်မကဘူး၊ ရည်းစားတောင်ရှိနေပြီထင်ပါရဲ့၊ ကဲကွာ. . . ရော့' ကျွန်တော့်အိတ်ထဲက ပိုက်ဆံထုတ်၍. . . 'ငါငွေငါးကျပ်ပေးခဲ့မယ်၊ ညကျတော့ မင်းတို့သမီးရည်းစား သွားကြည့်ကြပေရော့'

ကျွန်တော့်မှာ သူ့လိုဟာ သူ့လိုအရွယ်တော့ ရည်းစားတွေဘာတွေ မရှိတန်ဘူးဟု ပြက်ချော်ချော်လုပ်ခြင်းဖြစ်လေရာ၊ ဘုရား၊ ဘုရား လက်စသတ်တော့ မဟဝ် ပုစွန်ဆိပ်ကလေး ငယ်ပေမယ့် မခေတော့ဘဲကိုး။ ကျွန်တော်ထုတ်ပေးသော ငါးကျပ်တန်ကိုကြည့်ကာ. . .

'ဟင်. . . သူနဲ့တော့ သွားမကြည့်ချင်ဘူး'

'ကျွန်တော်အံ့အားသင့်ကာ. . . .

'အလို မင်းမှာ ရည်းစားတွေဘာတွေရှိနေပြီကိုး' ဆိုပြီးမှ သူ့မျက်နှာကဲကြည့်ကာ. . . . 'ဘာလို့လဲကွ၊ သမီးရည်းစားနှစ်ယောက် ကြည့်ရရင် ပိုပြီးဖိမ်ကျတာပေါ့ကွ၊ ငါတော့ရည်းစားမရှိလို့ပေါ့ကွာ၊ ရှိများရှိအတူသွားကြည့်လှချေပေါ့'

သူ ကျွန်တော့်ကိုမော်ကြည့်ကာ. . . .

'ဟင်. . . ခင်ဗျားမှာ ရည်းစားမရှိဘူးလား'

'မရှိရပါဘူးကွာ. . . . ဘယ်သူမှ ကြိုက်မယ့်လူမရှိလို့'

'ယုံသေးဘူး'

'ကဲ. . . ငါ့မယုံတာယုံတာ နဘေးထားပါအုံး၊ မင်းရည်းစားနဲ့မင်းအတူ မကြည့်ချင်တာက ဘာကြောင့်လဲ'

သူသည် သူ့ဆိုင်ရှင် လူကြီးများကို လှည့်ကြည့်လိုက်ပြီး (သူကလေးနှင့် ကျွန်တော်မှာ ဒီလိုဘဲ စကားလက်ဆုံကျဖြစ်နေ၍ လည်းကောင်း၊ ကျွန်တော်လာချိန်မှာ သည့်ပြင်စားမည့် သောက်မည့်လူ ခေါင်းပါး၍လည်းကောင်း၊ ကျွန်တော်တို့မှာ လွတ်လပ်မှုရှိပေသည်။)

'ဘဘတို့ ကြီးတော်တို့က နင်ငယ်ငယ်လေးနဲ့ ဒီစိတ်တွေ မကူးရဘူးတဲ့၊ ဒီကောင်လေး လဲ သဘောမကျဘူးတဲ့'

'ဟုတ်လား၊ ဒီကောင်လေးက ဘယ်လောက်ကြီးပလဲ၊ ဘယ်ကလဲ'

'ကျနော့်လောက်ဖဲ. . .၊ ဟို တရုတ်ခေါက်ဆွဲဆိုင်က'

'ဘာလဲ ခေါက်ဆွဲဆိုင်က ဆိုင်ရှင်တရုတ်သားလား'

'မဟုတ်ဖူး၊ ကျနော့်လိုဘဲ အငှားလုပ်တာ'

အော. . . ဘဝတူချင်းဘဲကိုး. . . .။

ကျွန်တော့်စိတ်ထဲက ရေရွတ်လိုက်ပြီး သူတို့ကလေးတွေ အခြေအနေတွေးတောကာ. .

'အေးလေ. . . မိန်းခလေးဆိုတာ လူကြီးတွေစကားနားထောင်တာ ကောင်းတာပေါ့ကွာ . . . . . ကဲမင်းရုပ်ရှင်ကြည့်ဘို့ ငွေငါးကျပ်ပေးခဲ့မယ်၊ မင်းကြည့်ချင်တဲ့လူနဲ့ သွားကြည့်ပေရော့'

သူသည် ကျွန်တော့်ကိုတွေ၍ ကြည့်ကာ. . . .

'ခင်ဗျားကောမကြည့်ဘူးလား'

'ငါမကြည့်ချင်ပါဘူးကွာ'

'ဘာလို့လဲ၊ ဒီကား ကြည့်ပြီးနေလို့လား'

'ကြည့်တော့မကြည့်ရသေးပါဘူး'

'ဒါဖြင့် ကြည့်ပါလားဗျာ. . . ကျနော်နဲ့အတူကြည့်ဗျာ၊ ညပွဲဆိုတော့ ကျနော့်အပြန် လိုက်ပို့မယ့်လူလဲ မရှိဘူး'

ကျွန်တော်က ပန်းကန်ဆေးသော သူငယ်လေးကိုကြည့်၍. . . .

'ဟိုကောင်လေး အဖော်ခေါ်ပါလား'

'မဖြစ်ဖူးဗျ။ သူက ဟိုကောင်လေးနဲ့ ကြားကအောင်သွယ်ဗျ၊ ကြီးတော်တို့က သူနဲ့ဆို သာပြီး စိတ်မချသေးတယ်၊ ဆူမှာ'

'ငါနဲ့ကောကွာ'

'ခင်ဗျားတော့ လူကြီးဘဲ'

ကျွန်တော်ခေတ္တမျှတွေ၍ စဉ်းစားလိုက်သည်။ ဤလို ဆင်းရဲလှစွာ ငြီးငွေ့စရာအလုပ်ကို နေ့စဉ် လုပ်နေရသူ ကလေးအား ဖျော်ဖြေမှုပြုသင့်သည်ဟု စိတ်ကူးပေါက်ပြီး. . .

'ကဲ. . ကောင်းပြီ၊ ငါ ညမင်းဘယ်လာခေါ်ရမလဲ'

'ခင်ဗျားမှ ကျွန်တော်တို့အိမ် မသိသေးတာ၊ လာမခေါ်ပါနဲ့၊ လားရှိုးလမ်းနဲ့ မင်္ဂလာ ရုပ်ရှင်ရုံသွားတဲ့ လမ်းဒေါင့်က ကျနော်စောင့်နေမယ်လေ၊ ခင်ဗျား ၆–နာရီလောက် လာခဲ့ပေါ့'

ထိုည ၉–နာရီခန့် ရုပ်ရှင်ပြီး၍ ကျွန်တော်သူတို့အိမ် ပြန်ပို့သောအခါ၌ ထမင်းဆိုင် အဒေါ်ကြီးနှင့် အဖိုးကြီးက ကျေးဇူးတင်ကြောင်း ပြောလိုက်လေသည်။

ထိုစဉ်အချိန် မေမြို့တွင် ဇာတ်ပွဲနှင့်ကစားပွဲတွေရှိလေသည်။

ကိုးမီးဝိုင်း၊ အစိမ်းအနီ၊ မြားပစ်၊ ၆–ကောင်အံစာ ၄–ကောင်ဂျင်၊ ၃၆–ကောင်ထီ။

တပ်မတော်တွက် ရံပုံငွေနှင့် တရုတ်ဖြူဆော် တပ်မတော်ဂုဏ်ပြုပွဲဟုဆိုသည်။ စစ်သား တွေ ဘယ်နှစ်ရာခိုင်နှုန်း ကစားပွဲရှုံး၍ လူထုမည်မျှနစ်နာကာ အမှုဆောင်လူကြီးများ မည်မျှပွကြ သည်ကို သူတို့ကိုယ်စီမှ သိကြပေမည်။

၃၆–ကောင်ထီကို ဈေးသည် ခေါင်းရွက်သည်များ ငါးမူးတမတ်ကအစ ကြေးရတတ်များ က ငါးဆယ်တရာအထိ ကစားကြသည်။ ယင်းအကြိုက်မှာ မေမြို့တမြို့လုံးသည် ၃၆–ကောင် စကားကိုသာ ပြောနေသည်။ အိမ်သူမိန်းမများထံမှပင် နံနက်ဈေးဝယ်လာရင်း. . . 'အိုး. . . ၃၆– ကောင်စိတ် မွှန်နေတာနဲ့ ဒီနေ့ဘာဝယ်ချက်ရမှန်းတောင် မသိဘူး'ဆိုတဲ့ အသံမျိုးတွေ ကြားရ

သည်။ ကိုယ်လုပ်ရမည့် အလုပ်ထက် အတိတ်စိမ်း အတိတ်ကျက်အိပ်မက်တွေကိုသာ စိတ်ဝင်စား နေကြသည်။ ဘယ်အကောင်ကို ထိုးရမလဲသာ တွက်ချက်ကြံဆနေကြသည်။

၃၆–ကောင်ထီသည် တနေ့နှစ်ခါဖွင့်သည်။ အနီးလိုကြုံတောင့်ကြုံခဲလှသော ပွဲကြီးကို ကျွန်တော် လက်လွတ်မပေးချေ။ တနေ့နှစ်ခါ ၃၆–ကောင်ဝိုင်းကို ပြေးရသည်။ တိုးရသည်။ ထိုးရ သည်။ ထိုနေ့မှာ နောက်ဆုံးဖြစ်သည်။ ဤနေ့တော့ ကျွန်တော်သည် '၃၆–ကောင်'အကြောင်းပါ သော ဝတ္ထုတပုဒ်တော့ ရေးမည်အကြံရှိ၍ ဖွင့်ပုံဖွင့်နည်းကိုသိရန် ကိုယ်ထိုးစရာရှိသည်များကို ထိုးပြီးလည်း မပြန်သေးဘဲ အဖွင့်ကိုစောင့်နေသည်။ နေ့ကိန်းကို ည၉–နာရီအချိန်မှာ ဖွင့်မည်။

၃၆–ကောင်ထီရုံး၏ရှေ့ဝယ် ကျစ်ဆံနီနတ်ရုပ် အလံတိုင်တွင် ပေါက်ကောင်ကို ထည့်ထား သော သံသေတ္တာကလေးကို ကြိုးနှင့် ဆွဲတင်ထားသည်။ လေတိုက်တော့ ဤသေတ္တာကလေး သည် ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက်နေသည်။ မထိုးရသေးသူများက တိုး၍ ထိုးနေ ကြသည်။ ထိုးပြီးသူများက ဤသေတ္တာကလေးကို အရိပ်တကြည့်ကြည့်နေကြသည်။

ကျွန်တော်သည် ဤလူစုထဲ မတ်တတ်ရပ်နေစဉ်၊ နောက်မှကျွန်တော့်ပခုံးကို လာကိုင်၍ လှည့်ကြည့်လိုက်ရာ ထမင်းဆိုင် ကျွန်တော့်မိတ်ဆွေမကလေး။

'ဟင်. . . အေးစ'သူ့နာမည်ကိုခေါ်လိုက်သည်၊
'နင်တယောက်ထဲလား. . . အဖော်မပါဘူးလား'

'ပါခဲ့တယ်. . . ခု လူချင်းကွဲသွားလို့ ခင်ဗျားမြင်တာနဲ့လာတာ'

'ဘာလဲ နင်တို့ပွဲကြည့်ရအောင် လာကြတာလား'

'ဟုတ်တယ်. . . ခင်ဗျားကော ကြည့်မလို့လား'

'ကြည့်ချင်ပါဘူးဟာ. . . အိပ်ပျက်ခံလို့. . . '

'ဒါဖြင့် ၃၆–ကောင်ထိုးရအောင် လာတာလား. . '

'အေး. . . နင်ကော မထိုးဘူးလား. . . '

'ကျနော့်ပိုက်ဆံမှ မရှိတာဘဲ. . . '

'ထိုးကော ထိုးချင်သလား. . . '

'ထိုးချင်တာပေါ့ဗျ. . .၊ ခင်ဗျားပိုက်ဆံပေးမယ်လား'

ကျွန်တော်မှာ မနေ့က ညကိန်း(ခို)ကို ပေါက်ထား၍ ပိုက်ဆံခပ်ဖောဖောဖြစ်နေသဖြင့် 'ပေးရတာပေါ့ကွာ'ဆိုပြီး အိတ်ထဲစက္ကူတရွက် နှိုက်လိုက်ရာ သူ့ကသိုလ်ဘဲ ငါးကျပ်တန်ဖြစ်နေ သည်။

'ကဲ. . ရော့. . ထိုးချေ. . . '

သူသည် ပိုက်ဆံကိုင်ကာ ဝမ်းသာရွှင်ပျစွာနှင့်. . .

'ဟင်. . ဘယ်လောက်ဘိုး ထိုးခဲ့ရမလဲ'

'ငါးကျပ်စလုံး နင့်ပေးတာ၊ နင့်သဘောဘဲ၊ နင်ထိုးမယ့်အကောင်ကော ရည်ရွယ်ပြီးသား ရှိပလား'

'ရှိတယ်. . . ရှိတယ်'ဆိုပြီး လက်မှတ်ပိတ်ခါနီးနေ၍ သူထွက်ပြေးလေသည်။

ထိုနောက်၌ သူလက်မှတ်ကလေးကိုင်ကာ ပြုံးရွှင်စွာပြန်လာသည်။

'ဘယ်လောက်ဘိုး ထိုးခဲ့သလဲ'

'ငါးကျပ်စလုံးဘဲ'

'အလဲ. . ဘာကောင်ကိုလဲ'

'စိတ်'

'ဆိတ်. . နင့်ဘယ်လူက ပြောလို့လဲ'

'ကျနော် အိပ်မက်တာဗျ'

'ဘယ်လို မက်တာလဲ'

'စိတ်ကြီးတကောင်ကလေ. . . ကျနော့်ရင်ဘတ် ဟောဒီနေရာကို ပြေးလာပြီးခေါင်းနဲ့ ဆောင့်တယ်ဗျ'

ကျွန်တော် ရယ်မောမိကာ. . .

'အောင်မလေး. . . နင့်အိပ်မက်ကလဲ မသက်သာလိုက်တာဟာ၊ နင်ရင်အောင့်ပြီး၊ လဲမသွား ဘူးလား'

'ရင်လဲမအောင့်ဘူး၊ လဲလဲမလဲဘူးဗျ၊ စိတ်ကြီးက ကျနော့်ကို တကယ်ခတ်တာမှ မဟုတ် တာဘဲ၊ သူက ကစားသလို ခုန်ပေါက်ပြေးလာပြီး ခတ်ချင်ယောင် ဆောင်တာဘဲ၊ သူ့ဂျိုက ကျနော့်အသဲထဲတော့ ဝင်သွားသတဲ့ဗျ၊ ဒါပေမယ့် နာတော့မနာဘူးဗျ၊ နို့ပြီး တကယ့်စိတ်လဲ ဟုတ်ဘူး. . .'

သူ့ရင်ဘတ်ပြသော နေရာမှာ ညာဘက်ရင်အုံဖြစ်၍ အသဲနေရာမှန်ပါသည်။

သူ့အိပ်မက်အတိုင်း ၃၆–ကောင်အတိတ်ကိုယူရသော် တိုက်ရိုက်အားဖြင့် 'ဆိတ်'ဖြစ် သည်။ သွယ်ဝိုက်၍ဆိုလျှင် သူ့ရင်ဘတ်ဆိတ်ခတ်ခံရသော နေရာမှာ ၃၆–ကောင်နတ်ရုပ်၌ ငှက်ရှိသော ကြောင့် ငှက်ဖြစ်သည်။ ဤမှတဖန် ၃၆–ကောင်အညွှန်းစာအုပ်တွင် ကြည့်ကဆိတ်၏ ကိုယ်စားလှယ် ကျီး၊ ငှက်၏ကိုယ်စားလှယ် ခိုဖြစ်သောကြောင့် ၃၆–ကောင် ကစားနေကျလူဆိုလျှင် ဤ၄ကောင် စလုံးကို ထိုးလိမ့်မည်။ သို့သော်မနေ့က ညကိန်းခိုကိုဖွင့်ထားသောကြောင့် ခိုကို ထပ်ထိုးဘို့မလို။ ခိုက 'ငုတ်တုပ်တောင်'ဖြစ်နေသည်။ ငုတ်တုပ်ကောင်ဆိုသည်မှာ ယခုဖွင့်မည့်ပွဲ အရင်ပွဲက ဖွင့်ထားသော အကောင်ကိုခေါ်သည်။ တကောင်ထဲကို ပွဲမခြားဘဲ ဆက်မဖွင့်ရ၊ ၃၆–ကောင်ဥပဒေ။

ထို့ကြောင့် သူ့အိပ်မက်အရ ယခုညတွင် ဆိတ်၊ ကျီး၊ ငှက် ကျန် ၃ကောင်ကို ထိုးရမည်။ သို့သော် မ,ဟဝါလေးက တိုက်ရိုက်ကောင် ဆိတ်တကောင်ထဲ ထိုးခဲ့သည်။ မှန်ချင်လည်းမှန် တတ်သည်။ သူ့ကုသိုလ်ကံကို မပြောနိုင်ပေ။ ကျွန်တော်ထိုးသော အကောင်များ၌ ဆိတ်မပါချေ။ သူ့အိပ်မက်လဲ မှန်ရင်မှန်စေ၊ သူ့အတွက်လဲ ဆုတောင်းရကောင်းအောင် ကျွန်တော်သွားထိုးဦး မည်ဟု ကြံသည်။ သို့သော်မမှီတော့ပြီ။ အချိန်စေ့၍လက်မှတ် ပိတ်သွားပြီ။

၉နာရီတိတိဝယ် မောင်းသုံးချက်ထုလိုက်ပြီး တယောက်သောသူက ပေါက်ကောင်သေတ္တာ ကြိုးကိုဆွဲချသည်၊ တယောက်သော သူကသေတ္တာကိုဆီယူပြီး သော့ဖွင့်သည်။ လူထုကြီးသည် အနီးသို့ စုံအုံတိုးကြိတ်သွားကြကာ မိမိတို့ ထိုးထားသော အကောင်များကို ဘာကောင်ကွ ညာကောင်ကွဟု တယောက်တပေါက် ရေရွတ်ကြသည်။

အေးစကလေးသည် ကျွန်တော့်လက်မောင်း တဖက်ကိုတင်းကြပ်စွာ ကိုင်ကာလူအုပ်ထဲ၌ ကျွန်တော့်နောက်က တိုး၍လိုက်လာသည်။

သေတ္တာသော့ဖွင့်သောသူသည် စက္ကူချပ်တွင် ရေး၍ထားသော အကောင်ကိုအများမြင် အောင် ထောင်၍ပြလိုက်ကာ. . .

'ဆိတ်. . . ဆိတ်'ဟု အော်လိုက်လေသည်။

အေးစကလေးသည် ညမှောင်မှောင် လူအုပ်ထဲ၌ ကျွန်တော့်ကိုယ်ကို လက်နှစ်ဖက်နှင့် တင်းကြပ်စွာဖက်ကာ ကျွန်တော့်ရင်ဘတ်ကို မျက်နှာအပ်ထားသည်။ သူ့ကိုယ်မှာတဆတ်ဆတ် တုန်နေသည်။ သူ့အသံပါတုန်နေသည်။ သူ့ဇာတိစိတ်ပေါ်လာသည်။

'ကျမ. . ကျမ. . . ဘယ်လောက်ရမှာလဲရှင် အကိုကြီး'

၂၇ ဆပြစ်လေရကား. . .

'၁၃ရှိ–ကျပ်ရမှာပေါ့ကွာ'

'ဟင်. . . အများကြီးဘဲ၊ အကိုကြီးလဲ ယူနော်'

'ငါမယူပါဘူးကွာ၊ မင်းကုသိုလ်နဲ့ မင်းရတာမင်းဘဲအားလုံးယူပါ'

သူကလေးသည် ကျွန်တော်၏လည်ပင်းကို ဖက်ကာကျွန်တော့်ပါးကို လှမ်း၍နမ်းလေ သည်။

နောက်တနေ့ ကျွန်တော်ထမင်းစားရအောင် သွားသောအခါ၌ ဝမ်းသာအားရနှင့် ကျေးဇူးတင်စကားတွေ တွတ်ထိုးအောင်ပြောလေသည်။ ကျွန်တော့်အား ဆိုင်သို့ ထမင်းစားလာ သူတယောက်အနေ မဟုတ်တော့ဘဲ ဧည့်ကောင်းစောင်ကောင်းလာသော အိမ်ရှင်မကဲ့သို့ ပြုစု လေသည်။ အကိုကြီးစားပြီး ပိုက်ဆံမပေးရဘူးနော်'ဟုပြောသည်။

ဆိုင်ရှင်အဖိုးကြီးနှင့်အဒေါ်ကြီးကလည်း ကျွန်တော့်ဆီလာ၍ နှုတ်ဆက်စကားပြောပြု သည်။ ဤမိန်းကလေးမှာ တောရွာကသူ့မိဘများ ဆင်းရဲလှ၍ သမီးအမှတ်ဖြင့် ခေါ်ယူကျွေးမွေး ထားကြောင်းပြောသည်။

သမီးအမှတ်ဆိုပြီး အဒေါ်ကြီးမှာ ရွှေထည်တွေ ဝတ်ထားပါလျက် မိန်းကလေးအား နားဋ္ဌောင်းကလေးမျှ လုပ်မပေးသည်ကို ကျွန်တော့်စိတ်ထဲက မဲ့မိသည်။

သို့သော်. . . ဒုတိယနေ့ ကျွန်တော်လာသော အခါ၌ အေးစကလေးနားမှာ နားမှောင်းကလေး ပြောပြောင်နှင့် ဖြစ်နေသည်။ အဝတ်အစားလဲ သပ်သပ်ရပ်ရပ် သစ်သစ်လွင်လွင် သူ့ကိုယ်နှင့် အဆင်ပြေလေသည်။ ယခုမှ အပျိုကလေးနှင့် တူလေသည်။

သူ့အသက်အရွယ် သူ့ကိုယ်ထည်နှင့် မလုံမလဲဖြစ်နေရာမှ ဤသို့ဖူလုံလုပသွားသည်ကို ကျွန်တော်ဝမ်းသာလှပါသည်။ သူကလေးကိုကြည့်၍ 'တောင်းအကွပ် လူအဝတ်' ဆိုသောစကားကိုစိတ်ထဲမှ ရေရွတ်မိပါသည်။

တတိယနေ့၌ သူကလေးက ကျွန်တော့်ကိုမေးသည်။

'အကိုကြီး နက်ဖြန်ခါ မအားဘူးလား'

'ဘာလို့လဲ၊ ငါကအားချင်အားပါတယ်'

'ကျမတို့နှစ်ယောက် ရှောက်လည်ရအောင်လေ'

'မင်းကော. . . . အားလို့လား'

'နက်ဖန်ခါ လကွယ်နေ့ဈေးပိတ်တယ်လေ'

မေမြို့မှာ တလလျှင်နှစ်ရက်လပြည့်နှင့် လကွယ်တွင်ဈေးပိတ်ပါသည်။

'အော. . . နက်ဖန်လကွယ်ကိုး၊ ငါတော့ ဗမာရက်ကို မသိတော့ဘူးကွယ်၊ ကဲ. . ဘယ်များ ရှောက်လည်မှာတုန်း'

'ကန်တော်ကြီးတို့ ရေကူးကန်တို့ပေါ့ ကိုကြီးရဲ့ နို့ပြီး ကျမဓာတ်ပုံလဲ ရိုက်ချင်တယ်'

'ဘာလဲ မင်းရည်းစား ပေးဘို့လား'

ဤနေရာ၌ သူ့မျက်နှာ သိသိသာသာ ပြောင်းလဲသွားကာ. . . .

'အိုး. . . မဟုတ်ပါဘူး၊ ကျမ ဒီကောင်လေးနဲ့ မနေ့ကဘဲပြတ်ပြတ်စဲစဲ ပြောလိုက်ပါပြီ၊ လူကြီးတွေကမှ သဘောမကျတာ၊ ကိုကြီးဘဲ ပြောတယ်မှုတ်လား၊ လူကြီးတွေစကားနားထောင်တာကောင်းတယ်လို့'

'အေး. . . ကောင်းပါတယ်ကွာ. . . '

'ကျမ အစကထဲကလဲ သူ့မကြိုက်ပါဘူး၊ သူကလိုက်နေလို့သာ၊ သူနဲ့ ကျမလဲ ဘာမှ မဖြစ်ရသေးပါဘူး'ဟုဆိုပြီး ရှက်စနိုးကလေးနှင့် မျက်လွှာချလိုက်ပါသည်။ ခေတ္တကြာမှ ကျွန်တော့် မျက်နှာကို ပြန်မော့ကြည့်ပြီး. . .

'နော်. . . . ကိုကြီး၊ နက်ဖန်ကျ ကျမ ဓာတ်ပုံဆိုင်လဲ လိုက်ပို့နော်. . .'

'မင်းဓာတ်ပုံဘယ်နှစ်ခါ ရိုက်ဖူးသလဲ'

'တခါ. . . .'

'ဘယ်တုန်းကလဲ. . .'

'ဟိုတနှစ်တုန်းက. . .'

'နို့. . . . အဲဒီဓာတ်ပုံရှိသေးလား. . .'

'မရှိတော့ဘူး ကိုကြီးရဲ့ ကျမအမေ မမာတော့ သမီးမျက်နှာမြင်ချင်ပါတယ် မှာတာကို လူကမပြန်အားတာနဲ့ အဲဒီဓာတ်ပုံပို့လိုက်ရတယ်. . . .'

'အော်. . . . ဒါနဲ့ သမီးကိုယ်စား ဒီဓာတ်ပုံမြင်ရတာနဲ့ မင်းအမေကချက်ချင်း ကျန်းမာသွား ရောဆိုပါတော့ အဟား. . . ဟား'

ကျွန်တော်၏ သောလုံးဖြစ်ပါသည်။ သို့သော် ကျွန်တော့်ဟာသသည် သူ့ကိုမျက်ရည်ကျ စေပါသည်။

'မကျန်းမာသွားဘူး ကိုကြီးရဲ့၊ ကျမ ဓာတ်ပုံရောင်းတဲ့နေ့ဘဲ သေသွားတယ်. . .'

'ဟင်. . . .'

ကျွန်တော်မှာ ပြက်လုံးထုတ်နေရာမှ ရုတ်တရက် အမူအရာပြောင်းသွားရကာ. . .

'ဓာတ်ပုံမှ ကြည့်သွားနိုင်သေးရဲ့လား'

'ကြည့်သွားနိုင်သေးသတဲ့ ကိုကြီးရဲ့'

'အင်း. . . သေတော့ကော. . . မင်းသွားနိုင်သေးရဲ့လား'

'ဒီတော့. . . သွားရတာပေါ့ ကိုကြီးရဲ့. . . . '

'မင်းတို့ရွာက ဒီကနေ ဘယ်နှစ်မိုင်ဝေးလဲ'

'ဘယ်နှစ်မိုင်ဝေးလဲတော့ မသိဘူး၊ ဒီကမနက်သွားရင် မွန်းမတည့်ခင် ရောက်တယ်'

'ရွာနာမည် ဘာခေါ်သလဲ'

'နောင်ခမ်းကြီး'

'နောင်ခမ်းကြီး ရှမ်းနံမယ် ရှမ်းရွာပေါ့နော်'

'ဟုတ်ကဲ့. . . '

'မင်းက ရှမ်းလား. . . '

'အဖေက ဗမာတဲ့'

'ဗမာတဲ့' သူ့စကားကို မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး–

'မင်းအဖေ မင်းမသိလိုက်ဖူးလား'

'မသိလိုက်ဖူး။ ကျမငယ်ငယ်ကလေးထဲက ဗမာပြည်ပြန်အုံးမယ်ဆိုပြီး ပြန်သွားတာ နောက်ပြန်မလာတော့ဘူးတဲ့'

'အော်. . . ဝေါ်. . . ကဲ. . . မင်းမျက်ရည်တွေကို သုတ်ပစ်ပါကွာ၊ ငါက အမှတ်တမဲ့ သွားစလိုက် မိတာနဲ့'

အင်္ကျီလက်မောင်းစနှင့် သူ့မျက်နှာသုတ်ပြီး. . .

'ခုနှယ်များ အမေရှိရင်လေ. . ကိုကြီးနဲ့ ရွာသွားလည်လိုက်ရ ဘယ်လောက်ကောင်းမလဲ၊ ကိုကြီးက ကျမကို ဒါလောက်ငွေတွေရအောင် လုပ်ပေးတာ သိရင်လေ. . . . အမေ. . . ဘယ်လောက် ဝမ်းသာလိုက်မလဲ'

'ဒါ. . ငါလုပ်ပေးလို့ မဟုတ်ပါဘူးကွာ၊ မင်းအိပ်မက်နဲ့မင်းရတာပါ'

'အဲဒီ အိပ်မက်ထဲမှာ ကိုကြီးလဲပါတယ်သိလား'

'ဘာ. . ငါလဲ ပါတယ်'

'အင်း. . '

'ဘယ်လိုပါတာလဲ'

သူ ကျွန်တော့်မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ကာ. . . .

'ပြောမယ်နော်. . . စိတ်မဆိုးနဲ့'

'ပြောပါကွာ. . . အိပ်မက်တာ. . . ဘာစိတ်ဆိုးစရာလဲ'

'အိပ်မက်ထဲမှာ ကျမ ရင်ဘတ်ကို ခတ်တဲ့ ဆိတ်ကြီးဟာလေ'

သူစကားခပ်လေးလေးလုပ်နေပြီးမှ. . . .

'ကိုကြီးရယ်'

'ဘာ. . . ငါ'

'ဟုတ်တယ်. . . ကျမရင်ဘတ်လဲ ခတ်ပြီးရော အဲဒီဆိတ်ကြီးက ကိုကြီးဖြစ်သွားရော'

'ကြံကြံဖန်ဖန်ကွာ'

သူကျွန်တော့်မျက်နှာ စေ့စေ့ကြည့်ပြန်ပြီး. . .

'ကိုကြီး စိတ်ဆိုးသလားဟင်'

'မဆိုးပါဘူးကွာ၊ အိပ်မက်တာ စိတ်ဆိုးစရာလား'

'ဒါဖြင့်လေ. . . ကိုကြီးနဲ့ကျမ မက်တာတွေ ရှိသေးတယ် ပြောအုံးမယ်၊ ဟို. . ကိုကြီးရယ် ရုပ်ရှင်လိုက်ပြတဲ့ညကလေ'ဆိုပြီးမှ ရှတ်တရက် ရုက်စနိုးဖြင့်၊ မနက်ဖန်ကျမှ ပြောမယ်၊ ကိုကြီး မနက်ကျတော့ အိမ်လာခဲ့နော်၊ ကျမတို့ ရှောက်လည်ရအောင်၊ ဟိုညက ကိုကြီးလိုက်ပို့တာ ကျမတို့အိမ် မှတ်မိတယ်မဟုတ်လား'

'မှတ်မိပါတယ် ဒီကဘယ်သူတွေ အဖော်ပါအုံးမလဲ၊ အဖိုးကြီးနဲ့ ဒေါ်ကြီးပါမလား'

'ဘယ်ပါမလဲ သူတို့က ဥပုသ်စောင့်ကြမှာ'

ကျွန်တော်သည် ပန်းကန်ဆေးသော ကောင်ကလေးကိုကြည့်၍. . .

'ဟို. . ကောင်လေးကော'

'အိုး. . သူနဲ့ကျမ ရန်ဖြစ်ထားတယ်'

'ဘာလို့လဲ'

'ဟိုကောင်လေးကို ကျမက ပြတ်ပြတ်စဲစဲ ပြောလိုက်တာ၊ သူက ဟိုဘက်ကလိုက်နာတယ် လေ၊ ဘာမှမဟုတ်ဖူး၊ ဟိုကောင်လေးက သူ့ခေါက်ဆွဲလေး ဘာလေးကျွေးတာနဲ့'

'ဒါဖြင့် မင်းနဲ့ငါနှစ်ယောက်ထဲပေါ့'

သူသည် ကျွန်တော့်ကို မျက်လုံးကလေး ဝင့်ကြည့်လိုက်ကာ–

'ဘာလဲ ကိုကြီးကကျမနဲ့ နှစ်ယောက်ထဲဆို မသွားချင်ဘူးလား. . .'

'မဟုတ်ရပါဘူးဗျာ၊ သွားချင်ပါတယ်'

'ဒါဖြင့် မနက်လာခေါ်နော်၊ ဆက်ဆက်'

နောက်တနေ့နံနက်တွင် သူကလေးသည် လှလှပပ ပြင်ဆင်ကာ ကျွန်တော့်ကို မျှော်ရှာလေတော့မည်။

ကျွန်တော်ကား မိမိမနိုင်သော ဇာတ်လမ်းအတွက် ရှေ့မဆက်တော့ဘဲ လမ်းတဝက်နှင့် ပြန်ခဲ့ရပေတော့သည်။

ထိုနေ့နံနက်၌ ကျွန်တော်သည် မိမိထားရှိခဲ့သော ကတိအတိုင်း သူတို့အိမ်ရှိရာ 'စည်းကုံ'သို့ လာခဲ့ပါသည်။ ဒီကနေ့တော့ သူကလေးဆန္ဒအတိုင်း သူကလေးနှင့် အချိန်ဖြုန်းရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

'ဗျို့ဆရာကြီး. . . ဆရာကြီး'

ကျွန်တော်လမ်းလျှောက်လာစဉ် နောက်မှခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ သူတို့ ထမင်းဆိုင်မှ ပန်းကန်ဆေးသော ကောင်ကလေး။

ကျွန်တော်ရပ်လိုက်ပြီး. . . .

'ဟေ့. . . ဘာလဲကွ'

'ခင်ဗျားခု အေးစဆီ သွားမလို့မှတ်လား'

'အေး. . .'

'ခင်ဗျားကြီး တကယ်ယူမှ လုပ်ပါဗျာ'

'ဘာ. . .'

ကျွန်တော့် မျက်ခုန်းမွေး နှစ်ဖက်သည် အထက်သို့ကွေး၍ တက်သွားသည်။ ချာတိတ် ကမူ အိန္ဒြေမပျက်ဖဲ ခပ်တည်တည်နှင့်

'တကယ်မယူဘဲနဲ့ သူများချစ်ခြင်း ခွင်းရှုံဖြင့် မကောင်းပါဘူးဗျာ'

ကျွန်တော်ပိုမို အံ့အားသင့်ကာ. . . .

'ဟေ့. . . မင်းဘာတွေ ပြောနေတာလဲ'

'အေးစက စိုးရကို ခွာထုတ်လိုက်တာဟာ ခင်ဗျားကြီးကြောင့်ဗျ'

ကျွန်တော်မျက်လုံးပြူကာ. . .

'ဟယ်. . .'

မနေ့က အေးစက ကျွန်တော့်ကိုပြောတယ်၊ စိုးရလို ခေါက်ဆွဲဆိုင်က ကုလီစုတ်ဘာလုပ်ဖို့လဲ၊ သူထက်သာတဲ့လူ ယူမှာပေါ့တဲ့၊ ခင်ဗျားကြီးက သူ့ယူမယ်ပြောတယ်ဆို၊ သူ့လူကြီးတွေက လဲ ခင်ဗျားနဲ့ဆို သဘောတူတယ်တဲ့'

ဤမနက်တွင် သူကလေးကတော့ ကြော့ကြော့မော့မော့ ဝတ်စားပြင်ဆင်ကာ ကျွန်တော့် ကို မြှော်ရှာပေတော့မည်။

ကျွန်တော်မူကား၊ နောက်နောင်ပင် သူကလေးနှင့် မတွေ့အောင် ရှောင်ခြင်းမှတပါး အခြားဘာများ လုပ်သင့်ပါသေးသနည်း။

ဆရာကြီး ရွှေဥဒေါင်းနှင့် ဦးထင်တို့ ပြန်သွားကြပြီးနောက်၊ ထိုအဖိုးကြီး အဖွားကြီးက ညအချိန်တွင်သာ ရှိသောကြောင့်၊ နဂါးဒေါ်ဦးတိုက်မှာ ကျွန်တော်တယောက်တည်း နေသကဲ့သို့ ရှိပေတော့သည်။ ထိုစဉ်က ဦးနေဝင်း–ဒေါ်ဦးတို့ လင်မယားသည် တခါတရံ ရောက်လာတတ်၍ ကျွန်တော့်အား ဤဂေဟာမှာ နေချင်သလောက်နေပါရန် ဦးနေဝင်း (စာရေးဆရာရဲထွန်းလင်း) က'ခင်ဗျား ရောင်းစားမသွားရင် ပြီးရောဗျာ'ဟု ပြောပေရာ၊ ကျွန်တော်မှာ ထိုအခါမေမြို့တွင် မိတ်ဆွေသင်္ဂဟလည်း များပြားလျက်၊ မေမြို့သား တယောက်ကဲ့သို့ နေထိုင်ခဲ့ပါသည်။

ကျွန်တော်မှာ ထိုစဉ်တွင် ငွေကြေးအတွက်လည်း ပူပင်စရာမရှိ၊ ရှုမဝတိုက်သို့ လစဉ်မှန် မှန် ဝတ္ထုရေးပို့လျက်၊ ရန်ကုန်ရှိ ကျွန်တော့်အိမ်ထောင်အတွက် ငွေကိုဦးကျော်က မှန်မှန်ပေးနေ သည်။ ကျွန်တော်မေမြို့တွင်သုံးရန်ငွေကို ဖော်ပြခဲ့သည့်အတိုင်း မြဝတ်ရည်စတိုးမှ လိုသလောက် ယူသည်။ ထိုအချိန်က ရှုမဝသည် လျှမ်းလျှမ်းတောက်၊ ဒိတ်ဒိတ်ကြဲ၊ ထိပ်တန်းအကျဆုံးသော မဂ္ဂဇင်းဖြစ်သည်။ သော်တာဆွေလည်း နာမည်တက်ကောင်းနေတုန်းအချိန်။ ရှုမဝမဂ္ဂဇင်း၏ ပင်တိုင် စာရေးဆရာတယောက် အနေနှင့်လည်း ဂုဏ်ရှိလှသည်။ သော်တာဆွေကို သိကျွမ်းလို သူ တို့လည်းဟိုမှသည်မှလာ၍ မိတ်ဖွဲ့ကြသည်။ ထမင်းစားဖိတ်ကြသည်။

ယင်းသို့ ကျွန်တော်မေမြို့မှာ ပျော်ပါးနေခိုက်၊ တနေ့သ၌ ရှုမဝကိုကျော်မြဆီမှ စာတစောင်ရောက်လာလေသည်။ ဇူလိုင်လဆန်းလောက်တွင် ဖြစ်ပါသည်။

ကိုဆွေ

ဒီနွေရာသီမှာ ခင်ဗျားလာမေးကြတဲ့ အမျိုးသမီးတွေ နှစ်ဦးသုံးဦးရှိပြီ။ ဒါပေမယ့် အရင် ဟာတွေက မနိပ်ဖူး၊ ကျွန်တော်တောင် မကြိုက်ဖူး၊ ဒါကြောင့် ခင်ဗျားဆီအကြောင်းမကြားတာ၊ ခုဟာကတော့ နိပ်တယ်ဆရာ၊ တောင့်တယ်၊ အယ်တယ်၊ တောင်ကြီးမေတဲ့၊ အခုသူရန်ကုန်ဆရာ ဖြစ်သင် ကျောင်းရောက်နေတယ်၊ သူ့လိပ်စာက (ခင်မေရီ တောင်ကြီး) ဆရာအတတ်သင် သိပ္ပံ၊ ကန်ဘဲ့၊ ရန်ကုန်)တဲ့၊ ခင်ဗျားဆီ အကြောင်းကြားပေးပါလို့ သေသေချာချာမှာသွားတယ်။

ကျွန်တော့်ဆီလာတာ နှစ်ခါရှိပြီ။ သူတို့လာတာနှစ်ယောက်၊ အသက် ၂၀–လောက်တွေ၊ နှစ်ယောက်စလုံးလဲ ချောတယ်၊ ရုမ်းရုပ်တွေဘဲ ရှမ်းခမောက်တွေနဲ့။

အဲဒါဘဲ ကိုယ့်ဆရာ။ ခင်ဗျားမန္တလေးက ကောင်မလေးနဲ့ ဟန်ကျနေပြီဆိုရင် အဲဒီ မေကို ကျွန်တော်နဲ့လွှဲစာ ရေးပေးလိုက်. . . ဟဲဟဲ. . ၊ ဒါမှ မဟုတ်လဲ မေနဲ့အဖော်ပါလာတဲ့ ဖြူဖြူ ဖွေးဖွေးကြီးကို ကျွန်တော့်ပြောပေးပေါ့ဗျာ။ ကျွန်တော့်လဲ ဒီနှစ်ထဲမှာ စွံမယ်လို့ဗေဒင်ကဟော ထားတယ်။ ဒါများလားမသိပါဘူး. . . ဟီဟီး. . ။

ကိုကျော်မြသည် ကျွန်တော့်ဆီ စာရေးရင်း တော်တော်သဘောကျနေဟန်တူပါသည်။ ထိုစဉ်ကာလက သူသည် လူပျိုကြီး။ မူလပထမရှေ့ဦးဆုံး ရှမဝ (၁၄၆–အနောက်ဖက်တန်း၊ ဗိုလ်ချုပ်ဈေး)တွင် သူကငွေကိုင် စာရင်းကိုင်။ ဆိုင်ရှေ့မျက်နှာစာမှာ စာပွဲတလုံးနှင့် ထိုင်သည် ဖြစ်၍၊ ရှုမဝနှင့် ပတ်သက်ပြီး တစုံတယောက်နှင့် တွေ့ချင်လျှင် သူ့ဆီပထမရောက်လာကြသည်။

ကိုကျော်မြသည် လူချောလူခန့်တယောက်ဖြစ်သည်။ ထို့ကြောင့် သူ့ကိုခုတုံးလုပ်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် ကြော်ငြာရသည်။

ဦးကျော်ညီကိုကျော်မြသည် မိန်းကလေးတွေမြင်လျှင် စိတ်ကူးယဉ်ချင်လောက်အောင် အနောက်နိုင်ငံ ရုပ်ရှင်မင်းသားကဲ့သို့ ခန့်ချောချောသူ ဖြစ်လေသည်။ ရှုမဝတိုက်၌ လူချောရွေး ရင်. . . 'သော်တာဆွေပြီးသူဘဲ' ဟု လူတိုင်းပြောကြပါသည်။ ကျွန်တော်မဝါပါ။ ကိုကျော်မြတော် တော်ချောသူဖြစ်ပါ၏။ မယုံလျှင် ဗိုလ်ချုပ်ဈေး၊ ရှုမဝတိုက်တွင် လာ၍ကြည့်နိုင်ကြပါသည်။ သူအမြဲတမ်း ရှိပါသည်။

ယင်းသို့ ကျွန်တော့်ဝတ္ထုများထဲတွင် ထည့်ရေးလေ့ရှိသောကြောင့် ကျွန်တော့်စာဖတ် ပရိသတ်နှင့် သူနှင့် လူချင်းမသိကျွမ်းဘဲလျက် ရင်းနှီးသလို ဖြစ်နေကြသည်။ ထို့ကြောင့် ကျွန်တော့်ကို တွေ့လိုသူတို့သည် သူ့ကိုမေးရန် လွယ်ကူနေကြပေသည်။

ကျွန်တော်သည် မေ 'ဤသို့ ရန်ကုန်ရောက်လာလိမ့်မည်ဟူ၍ မမြော်လင့်ခဲ့ပေ။ အမှန် ကိုဝန်ခံရသော် ကျွန်တော်သည် ခိုင်နှင့် သဲသဲမဲမဲဖြစ်နေစဉ်တွင် မေ့ဆီ ကျွန်တော်စာရေးပေါ့ခဲ့ သည်။ ခိုင်နှင့် ခွဲခွာခဲ့ရပြီး ကျွန်တော်မေမြို့ရောက်မှ (အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုဘဲ တလည်လည်) ဆိုဘိသို့ ကျွန်တော်မေ့ဆီကို စာနှစ်စောင် ရေးခဲ့ပါသေးသည်။ သူ့ဆီမှ ပြန်စာမရခဲ့။ ယခုမူ ကျွန်တော်မသိဘဲ ရန်ကုန်ရောက်လာခဲ့ခြင်းဖြစ်၏။ အကယ်၍ ကျွန်တော်မေမြို့မှ ရေးလိုက်သော စာတွေ သူ့ဆီရောက်ပါမူ သူသည် ကိုကျော်မြဆီသို့ သွားရန် ပင် မလိုချေ။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်စာရေးဆရာဘဝ၏ အချစ်ဦးမေကို တွေ့ချင်လှပါသည်။ ထို့ကြောင့် မိတ်ဆွေတွေ အားလုံးကို နှုတ်ဆက်ကာ မေမြို့မှ ဆင်းခဲ့ပြီး ရန်ကုန်သို့ပြန်ခဲ့ပါ တော့၏။

မေ့ဆီကိုလည်း ကျွန်တော်စာရေးလိုက်ပြီး

## အခဏ်း (၁၉)

## မေနှင့်ကျွန်တော်

မေသည် ၁၉၄၈–ခုနှစ်၊ သူ ၁၆–နှစ်သမီးက ကျွန်တော့်ဆီသို့ မိတ်ဆက်စာရေးခဲ့၍၊ ၁၉၄၉–ခုနှစ်တွင် ရည်းစားဖြစ်လာကြကာ နှစ်များစွာ စာအသွားအပြန်ရေးနေကြသည်။ (မေသို့) ဟု သူ့အတွက် ရည်းစူးကာ ဝတ္ထုများစွာ ရေးခဲ့သည်။ အချို့ဝတ္ထုများတွင် သော်တာဆွေ ရည်းစား မေဇာတ်လိုက်ထားကာ အခါများစွာ ရေးသားခဲ့သဖြင့် ကျွန်တော့်စာဖတ်ပရိသတ်ကပင် မေကို သိနေကြလျက်၊ 'ကိုဆွေ၊ မေနဲ့ ဘယ်တော့ညားမလဲ'ဟူသော မေးစာများပင် လာခဲ့သည်။

သို့သော် ကျွန်တော်တို့မှာ ဝတ္ထုများထဲတွင်သာ နှစ်ပါးသွားနေကြရ၍ လူချင်းတွေ့ဘို့ ကား ကျွန်တော်မရည်ရွယ်ခဲ့။ မကြိုးစားခဲ့။ ကာဆီးထားသော အကြောင်းများရှိခဲ့၏။ သို့ရာတွင် ကြံသော်လည်းမဖြစ်၊ မရည်ရွယ်ဘဲလည်း ဖြစ်တတ်သည့်အလျောက်၊ မေနှင့် ကျွန်တော်တို့ အကြောင်းကံက ပေါင်းရန်ဖန်လာလေတော့၊ သူသည် တောင်ကြီးမြို့မှာ မူလတန်းကျောင်း တခု၌ ပြည်တော်သာခေတ် ဆွဲခန့်ဆရာမ လုပ်နေရာမှ ၁၉၅၄–ခု နှစ်တွင် ကန်ဘဲ့ဆရာ အတတ်သင်ကျောင်းသို့ ရောက်လာခဲ့သည်။

ဒီတော့ သူကျွန်တော့်ကို ရာပုံတော်ဖွင့်ပြီ။ ကျွန်တော်လည်း မေမြို့မှပြန်လာခဲ့ပြီ။

သူနှင့်ကျွန်တော်သည် ဓါတ်ပုံချင်းသာ လဲလှယ်ထားလျက် လူချင်းတခါမျှမတွေ့ဘူးဘဲ ၆နှစ်တာမျှ သမီးရည်းစား ဖြစ်ခဲ့ကြ၍ ယခုချိန်းဆိုထားကြတော့ မြင်လျှင် သိရှိကြရန် အဝတ် အဆင်အရောင်နှင့် အမျိုးအစားကို အသီးသီးစာထဲတွင် ဖော်ပြကာ အချိန်နေရာနှင့်တကွ တိတိ ကျကျ ရေးသားလိုက်ကြသည်။

မိုးကာလမို့ ထက်ကောင်းကင်က ပြာမှိုင်းလျက်ရှိသည်။

၁၉၅၄ ခုနှစ်၊ ဇူလိုင်လ၏ တတိယသီတင်းပတ် တနင်္ဂနွေနေ့ နံနက် ၁၀နာရီတိတိတွင် ကန်ဘဲ့ဆရာအတတ်သင် ကျောင်းရှေ့၌ သစ်လွင်သော တီးလ်မဲမင်းကားတစီးရပ်ပြီး ထိုကားပေါ် မှ ဘန်ကောက်လုံချည် ရေညှိရောင်၊ ပိုးအင်္ကျီအနက်၊ ရင်ဘတ်မှာနှင်းဆီနီတပွင့်ထိုးလျက် အသက် ၃၀မျှ ခန့်မှန်းရသော လူရွယ်တယောက် ဆင်းလာချိန်၌ အင်းလေး ဇင်းမယ်လုံချည်နှင့် စိန်ကတ္တီပါ အင်္ကျီနီနီဝတ်ထားသော အသက် ၂၀ခန့် အမျိုးသမီးတယောက်သည် သူနှင့်ရွယ်တူ မိန်းမဖော်တယောက်နှင့် လှပသော ရှမ်းခမောက် ကိုယ်စီဆောင်းကာ ကျောင်းဝင်းထဲမှ ထွက်လာကြသည်။

ဖော်ပြပါနှစ်ယောက်သည် ခပ်လှမ်းလှမ်းကပင် ပြုံးရွှင်သောမျက်နှာများနှင့် တယောက် တယောက် ရွှန်းရွှန်းစားစား ကြည့်ကြကာ မျက်နှာချင်းဆိုင်မိသည့်၌ အမျိုးသားက အလွန်တရာ ဝမ်းသာသောအသံနှင့် 'မေ'ဟု ခေါ်လိုက်၍ အမျိုးသမီးက 'မောင်'ဟု ကြည်နူးနှစ်ခြိုက်စွာ ပြန်ထူးလိုက်လေသည်။

ထိုအခါ၌ မေနှင့်ပါလာသူမှာ ရှမ်းပြည်ကပင်။ သူနှင့်အတူပါလာခဲ့သော ကျောင်းနေ ဘက်သူငယ်ချင်း ခင်စန်းညွန့်ဖြစ်၍ ကျွန်တော့်အား ကားနှင့်လိုက်ပို့သူမှာ ရှုမဝကိုကျော်မြပင် ဖြစ်ပါသည်။

ဤကား မေနှင့်ကျွန်တော်ပဌမ တွေ့ဆုံကြခြင်းပင်။ စာချင်းသာ ဆက်သွယ်နေသူတို့ မှာ ဤပဌမ တွေ့ဆုံခြင်းသည် အလွန်အရေးကြီး၏။ စာများထဲတွင် မည်မျှပင် ချစ်ပါတယ်။ ကြိုက်ပါတယ်၊ မြတ်နိုးပါတယ်ဟု ဖွဲ့နွဲ့နေကြသော်လည်း လူချင်းတွေ့ရသောအခါ၌ ခပ်အင်အင် ဖြစ်ကာ စိတ်ပျက်သွားကြသည်များကို ကျွန်တော်ကြုံဘူး၏။

ယခု မေ့ကိုကျွန်တော်တွေ့လိုက်ရသောအခါ၌ ကျွန်တော့်စိတ်ဝယ် ဆထက်တံပိုး မြတ်နိုး ချစ်ကြင်မိလေ၍ သူ့ဘက်က ကျွန်တော့်အား စိတ်ပေါ့သွားမှာပင် စိုးရိမ်မိသဖြင့် ထိုနေ့သူတို့ ကျောင်းကိုပြန်ပို့ပြီး၊ ရှုမဝတိုက်သို့ ကျွန်တော်ပြန်ရောက်သောအခါ၌ 'မေ. . . မောင့်ကိုတွေ့ရတော့ ဟိုတုန်းကအတိုင်း စာတွေထဲကလို ချစ်သေးရဲ့လားကွယ်. . . . မောင် သိပ်စိုးရိမ်တာဘဲ၊ မောင်က တော့လေ. . . မေ့ကို လူချင်းလဲတွေ့ရရော၊ တကယ်ဘဲ နှစ်နှစ်ကာကာ ချစ်တဲ့စိတ်တွေဟာ ရင်ထဲ မှာ တဖျတ်ဖျတ် တလှပ်လှပ်ပေါ်လာတော့တာဘဲ'စသည့် အဓိပ္ပာယ်သက်သော စာကို ချက်ခြင်း ရေးပြီး စာတိုက်မှထည့်လိုက်ရာ၊ ဤစာနောက်တနေ့ သူ့ကျောင်းသို့ရောက်မည့် အချိန်၌ မေ့ထံကစာတစောင် ကျွန်တော့်ဆီ ရောက်လာပါတော့သည်။

သူ့စာမှာလည်း ကျွန်တော့်နည်းတူပင်။ 'ဟင်. . . မောင် မေ့ကိုတွေ့ရတော့ ဘယ့်နှယ်နေသလဲ မောင်ရယ်. . . ဇနပုဒ်က ရှမ်းမလေးရယ်ဆိုပြီး စိတ်ပျက်သွားမှာကို မေသိပ်စိုးရိမ်တာဘဲ၊ မောင်မေ့ကို ထပ်တွေ့ချင်တဲ့စိတ်များ ရှိသေးရဲ့လား' ဆိုသည့် သဘော။

စင်စစ်တော့ သူနှင့်ကျွန်တော်သည် စာချင်းမည်မျှပင် အလွမ်းသယ်ထားစေကာမူ လူချင်းတွေ့ကြတော့ တယောက်တယောက် ချစ်နိုင်မချစ်နိုင် ယတိပြတ် ဆုံးဖြတ်ထားသည်မဟုတ် သေး၍ သူ့ဘက်ကလည်း အဖေါ်တယောက်၊ ကျွန်တော့်ဘက်ကလည်း အဖော်တယောက်၊ ခေါ်လာခဲ့ကြခြင်းဖြစ်ပေသည်။

ထို့ကြောင့် လူက ၄ ယောက် ဖြစ်နေကြတော့၊ ထိုနေ့မှာ ကျွန်တော်တို့ ချစ်ကိစ္စကို မရောက်ဖဲ၊ လူချင်းမိတ်ဆက်ပွဲမျှ ဖြစ်နေ၍ တရုတ်တန်းက အွန်လောက်ဟော်တယ်မှာ ထမင်းစားကြပြီး သူတို့ကိုပြန်ပို့လိုက်ကြသည်။

သည့်နောက်မှ ကျွန်တော်တို့နှစ်ယောက်ထဲ တွေ့ချင်ကြသည်ကို နှစ်ယောက်စလုံးစိတ်၌ ပေါ်ကြသဖြင့် နောက်စနေမှာ ချိန်းဆိုကာ ကျွန်တော်တယောက်တည်းသွား၍ မေတယောက်တည်းခေါ်လာခဲ့တော့သည်။ ကျွန်တော်တို့ ပထမဦးဆုံး ချစ်တင်းနှောလိုက်ကြသည်ကတော့ တိရစ္ဆာန်ရုံမှာ ဖြစ်ပါသည်။ ထို့နောက်တွင်မူ စနေ၊ တနင်္ဂနွေနေ့တိုင်းလိုပင် ရုပ်ရှင်ရုံ၊ ရွှေတိဂုံ ဘုရား၊ ကန်တော်ကြီးနှင့် အင်းလျား၊ လမ်းသလားကြရလေတော့သည်။

တစတစနှင့် သူနှင့်ကျွန်တော်သည် ယဉ်ပါးသည်ထက် ယဉ်ပါး၍လာကြသောအခါတွင်၊ ပဲခူးသို့ တညဉ့်အိပ် ခရီးသွားကြရန် ကျွန်တော်စီစဉ်သည်။ မေကား ကျွန်တော့်ဆန္ဒကိုဘာမျှ မငြင်းချေ။

ထိုအချိန်၌ ပဲခူးတွင် မြို့အုပ် ကိုခင်ဦးနှင့် ဒေါ်ညွှန့်ညွှန့်တို့ရှိသည်။ သူတို့လင်မယား သည် ကျွန်တော်၏စာဖတ် ပရိသတ်ဖြစ်၍ သူတို့မြစ်ကြီးနားမြို့မှာနေစဉ် ၁၉၅၁-ခု ကချင် မနောပွဲသို့ ကျွန်တော်သွားတုန်းကတည်းက စတင်ခင်မင်ခဲ့ကြသည်။ ယခု ပဲခူးသို့ သူတို့ပြောင်း လာကြရတော့ အလည်လာပါရန် တ-တတခေါ်နေကြသဖြင့် အဆင်သင့်ပင် ကျွန်တော်တို့ လင်မယားနှစ်ယောက် လာခဲ့မည့်အကြောင်း ကိုခင်ဦးထံစာရေးလိုက်တော့သည်။

ကိုခင်ဦးတို့သည် ကျွန်တော်တို့အား တကယ်လင်မယားဘဲ ထင်၍ကျွန်တော်တို့အတွက် အိပ်ရာခမ်းနားများ ပြင်ဆင်ထားကြသည်။ စနေနေ့မနက် ရထားနှင့်သွားကြပြီး တနင်္ဂနွေနေ့ ညနေရထားနှင့် ပြန်လာကြတော့ ရန်ကုန်ဘူတာမှာ မှောင်နေချေပြီ။

သည်တော့ ကျွန်တော်က. . .

'မေရယ် မထူးတော့ပါဘူး၊ နောက်တနေ့ မနက်စောစောမှာဘဲ ကျောင်းကိုပြန်ပါတော့၊ ခုည ဒီဟော်တယ်မှာဘဲ အိပ်လိုက်ကြပါစို့'

'မောင့်သဘောဘဲ၊ မေ မောင့်မယား ဖြစ်နေပါပြီ'

ထိုစဉ်အခါ၌ မီးရထားဟော်တယ်က တယောက်အိပ်ခန်းကို တရက် ၃ဝိ၊ နှစ်ယောက် အိပ်ခန်းကို ၄ဝိ၊ ဦးကြင်ဆွေ၊ ဒေါ်ခင်မေရီ၊ ပြည်မြို့မှလာသော ခရီးသည်လင်မယားဟု စာရင်း သွင်းရသည်။

ဤမှစပြီတော့ကား၊ ကျွန်တော်တို့သည် ကျောင်းအားနေ့များတို့တွင် ဟော်တယ်မှာပင် နေကြတော့သည်။ ကြာလာတော့ ဟော်တယ် မန်နေဂျာနှင့် ကျွမ်းပြီဖြစ်၍ တယောက်အိပ်ခန်းကို ဘဲယူတော့သည်။ တယောက်ခန်းနှင့် နှစ်ယောက်ခန်းဆိုတာက ကုတင်တလုံးရှိတာနှင့် နှစ်လုံးရှိ တာဘဲ ခြားနားသည်။ ငွေ ၁ဝိ ကျပ် သက်သာသည်။

နောက်တော့ထိုထက် ဈေးသက်သာသောဌာနကို တွေ့သည်ကား၊ စပတ်လမ်းက နေရှင် နယ်ဟော်တယ်၊ တရက်မှ ၁ဝိရယ်၊ မီးရထားဟော်တယ်လောက်တော့ မခမ်းနားဘူးပေါ့၊ အိတ်ထဲ ငွေပါးလျှင် နေရှင်နယ်၊ ငွေများလျှင် မီးရထား။

အဲသည်တုန်းက လူပျိုကြီးကိုကျော်မြအား မေ့သူငယ်ချင်းအပျိုလေး ခင်စန်းညွန့်နှင့် ဆွယ်ပေးမည်ဟု စိတ်ကူးမိကြသေးသည်။ သို့ရာတွင် တနေ့သ၌ ကိုကျော်မြသည် ယခုသူ့ဇနီး ဒေါ်သန်းဝင်းနှင့် နေရှင်နယ်ဟော်တယ်မှာ ဟိုဘက်ခန်းဒီဘက်ခန်းဆုံနေကြသည်။ ဒေါ်သန်းဝင်း သည် တောင်ကြီးဆေးရုံမှာ သူနာပြုဆရာမ လုပ်ဖူး၍ မေနှင့်သိကျွမ်းနေကြသည်။ သူတို့ ညားသည်ကား ကျွန်တော်တို့ထက် တနှစ်လောက် နောက်ကျသေး၏။

ကျွန်တော်သည် မောင်ကျင်မောင်၊ မောင်ကြင်ဆွေအဖြစ်နှင့် အချစ်ဦးနှင့်မညားခဲ့ရ သော်လည်း၊ သော်တာဆွေကား အချစ်ဦးနှင့်ညားသည်ဟု ဆိုရချေမည်။ အကြောင်းမူ၊ မေသည် အမျိုးသမီးထဲမှ သော်တာဆွေအား ပထမဦးဆုံး မိတ်ဆက်သူ ပထမဦးဆုံး ရည်းစား။

စာရည်းစားအဖြစ်နှင့် အနှစ်နှစ်အလလက စိတ်ထဲ ခဲထားကြသည့်အတိုင်း သည်လို ဖြစ်လာလိမ့်မည်မထင်ဘဲနှင့်၊ လူချင်းတွေ့ကြရလေတော့ မီးကုန်ယမ်းကုန် ချစ်ကြလေ၍ ကျွန်တော်တို့နှစ်ယောက် ကြည်နူးမှုက လွဲပြီး အခြားဘာမျှ မစဉ်းစားကြတော့ချေ။ သည်တော့ ပတ်ဝန်းကျင်က စကားပြောလာ၏။

မေတို့တောင်ကြီးမြို့မှ ဆရာအတတ်သင်ကျောင်းသို့ လာခဲ့ကြသည်မှာ ခင်စန်းညွန့် အပြင် အခြားနှစ်ယောက်က ရှိသေး၏။ ဤနှစ်ယောက်က မေ့ဘက်တော်သားမဟုတ်။ မေသည် စနေ၊ တနင်္ဂနွေနေ့တိုင်း ကျွန်တော်နှင့်အပြင်လိုက်သွားပြီး ညဥ့်အိပ်ညဥ့်နေ မပြန်ဘဲ နေသည်ကို သူတို့နှစ်ယောက်ထံမှ တောင်ကြီးမြို့ သက်ဆိုင်သူများထံသို့ သတင်းရောက်သွားလေသော ကြောင့် မေနှင့်ကျွန်တော့်ကိစ္စမှာ ရှေ့တိုးမလား၊ နောက်ဆုတ်မလားဆိုသည့် ပြဿနာနှင့်ရင်ဆိုင် ရလေတော့သည်။ အကယ်၍သာ ကျွန်တော်တို့ နှစ်ယောက်သည် အလျှော့ပေးလိုက်ကြလျှင် ကား၊ တသက်လုံး အလွမ်းအဆွေးသမားတွေ ဖြစ်ကြချေတော့မည်။

သို့သော် ကျွန်တော်တို့နှစ်ယောက်စလုံးက အာယုလမ်းကြောင်းနှင့်ဉာဏလမ်းကြောင်း မဆက်ကြသော လက္ခဏာပြတ် ဖွတ်သမားများဖြစ်ကြ၍ ပြုမိသည့်ကိစ္စကို နောက်မဆုတ်၊ ရှေ့သို့သာ တိုးကြမည်ဟု ဆုံးဖြတ်ချက် ချကြကာ ၁၉၅၄–ခုနိုဝင်ဘာလ ၁၆–ရက်နေ့၌ မေသည် ကျောင်းမှ အပြီးထွက်ခဲ့ကာ ကျွန်တော့်နောက်သို့ လိုက်ခဲ့လေတော့၏။ ကိုကျော်မြ၏ ဟီလဲမဲင်းကားကြီးနှင့်ပင်။

ကျွန်တော်သည် မေ့အားပြည်လမ်း အေဝမ်းခြံအနီး ဒါရိုက်တာဦးဘရှင်အိမ်သို့ ခေါ်သွား သည်။

ဤသတင်းသည် ကျွန်တော့်ယောက္ခမနား ပေါက်သွားလေတော့ သူတို့ပွက်လောရိုက် ကြလေသည်။ သူတို့ဘက်ကလည်း မာနကြီးပါပေသည်။ သူ့သမီးအား ‘ကိုယ့်မစုံမက်လို့ ပစ်သွားတာများ ဒင်းကို ဂရုစိုက်မနေပါနဲ့၊ သူနဲ့ မွေးသွားတဲ့ ခလေးတွေ အတွက်သာ စားစရိတ် ရအောင် တောင်းဟေ့’

သူတို့အလိုရှိသည်ကား၊ ခလေးတယောက် ၅ဝိ–နှုန်း ၅–ယောက်တွက် တလ ၂၅ဝ–ရလျှင် ပြီးရော။

ဤနေရာ၌ ရှမဝဦးကျော်နှင့် တင့်တယ်ကိုကျေးဇူးတင်ရသည်။ သူတို့နှစ်ယောက်သည် ကျွန်တော့်ယောက္ခမရှေ့မှောက် လိုက်လာကြကာ ဦးကျော်သည် သော်တာဆွေဆီက တလ ၂၅ဝိ–ကို သူတာဝန်ခံပါသည်ဟု ကတိပေးသဖြင့် ယောက္ခမကြီး ကျေအေးသွားလေ၏။ ဟိုတုန်း က ကျွန်တော့်ဆီက ထမင်းလခငွေ ၂ဝဝိ–ကို အလီလီအလာလာ ဆူဆူပူပူနှင့် ရနေရာလစဉ် ဦးကျော်ဆီက မှန်မှန်ထုတ်ယူရုံဘဲပေါ့။

ဦးကျော်ကလည်း လစဉ်မဂ္ဂဇင်း ဝတ္ထုတပုဒ် ၃ဝဝိ–အပြင် ရှမဝမှာ အဟိကဏ္ဍထည့်၍ ကျွန်တော့်အား မဂ္ဂဇင်း ၁၆–မျက်နှာ (စာနှစ်ဖောင်)အတွက် စာမူများ တာဝန်ခံရသည့်အတွက် ၃ဝဝိ– ပေါင်း ၆ဝဝိ ကျွန်တော့်ကိုပေးသဖြင့် ကျွန်တော့်ဘဝလမ်းသစ်သည် အဆင်ပြေ၍ သွားပေတော့၏။

မေနှင့် ကျွန်တော်ရပြီးနောက် ကျွန်တော့်ဘဝသည် ကိုယ့်ဆန္ဒအလိုပြည့်ပြီဖြစ်သွား၍ ကျွန်တော်ယခင်ကထက် စာတွေကို ရေးနိုင်သည်။ ရှုမဝသာမက မြဝတီနှင့် သွေးသောက်သို့ လည်း ရေးပေးနိုင်သည်။ မေကလည်း အင်္ဂလိပ်ဝတ္ထုတွေ အလွန်ဖတ်သူဖြစ်၍ ကျွန်တော့်အား ဇာတ်လမ်းများကို ပြောပြပါသည်။ အချို့ဝတ္ထုများမှာ သူကိုယ်တိုင်ရေး၍ ကျွန်တော်က အနည်း ငယ် ပြင်ပေးရုံဖြင့် သော်တာဆွေ ဝတ္ထုတွေ တိုးလာခဲ့သည်။ ကျွန်တော့်ဝတ္ထုများတွင် ရှမ်းပြည် အကြောင်းအရာပါလာလျှင် မေ့အကူအညီပင်။ အမြွက်မျှဖော်ပြရသော် စာပေဆုရသော ဝတ္ထုတို များထဲမှ တာတီးနှင့်မဲတူ၊ မေတ္တာမဏ္ဍိုင်၊ ဦးစိန္တာနှင့် သူဌေးမ၊ ဝတ္ထုတွေမှာ သူတို့အိမ်ထောင်က ကိုယ်တွေ့များကို မေရေးသော ဝတ္ထုများဖြစ်ပါသည်။ မေသည် စာရေးလည်းကောင်း၍ သူကိုယ် တိုင် စာရေးဆရာဖြစ်လိုက ဖြစ်နိုင်သည်ဟု ကျွန်တော်ပြောရဲပါသည်။ သို့သော် မေ့မှာ ဒီလိုဖြစ် ချင်စိတ်ကမရှိ၊ ကျွန်တော့်ကိုကူညီရလျှင် သူရေးပေးတာကို ကျွန်တော်ကြိုက်နှစ်သက်လျှင်ဘဲ သူကျေနပ်ပါပြီတဲ့။

ထို့ပြင် မေသည် သီချင်းဆိုရော အသံရောကောင်း၍ သူ့အကြောင်းသိသော မိတ်ဆွေ ဓာတ်ပြား ကုမ္ပဏီတခုက သီချင်းသွင်းရန် ခေါ်သည်ကို ကျွန်တော်ကတိုက်တွန်းပါလျက် (သူတို့ရေးတဲ့ သီချင်းတွေ ကျက်လား. . . တိုက်လား. . . ရှုပ်ရှုပ်ရှက်ရှက်တွေ မလုပ်ချင်ပါဘူး)ဟု ငြင်းဆိုခဲ့၏။ သူဆိုလိုသော သီချင်းကို ဆိုချင်သောအခါမှ ဆိုချင်သူဖြစ်၏။ မေသည်မြန်မာ သီချင်းသာမက တကြိမ်သောအခါ၌ အမကြီးခင်မျိုးချစ်၊ ဦးခင်မောင်လတ်၊ ဦးခင်ဇော်၊ (k) ဒေါ်သန်းနှစ်တို့ လင်မယားနှင့် ကျွန်တော်တို့စုံတွဲ ဂျာမန်သံအမတ်ကြီး၏အိမ် ညှော်ခံပွဲသို့သွား ကြရာ အဆိုတော် ကိုအံ့ကြီးတို့မောင်နှံလည်း ရောက်နေ၍ ကိုအံ့ကြီးကထုံးစံအတိုင်း သူ့အကော်ဒီယံနှင့် ညှော်ခံနေ၏။ ထိုမှကိုအံ့ကြီးနှင့် မေက စကာစပ်မိ၍ အင်္ဂလိပ်သီချင်းတပုဒ်၊ ဂျာမန်သီချင်းတပုဒ်၊ ဂျပန်သီချင်းတပုဒ်ကို သူတို့နှစ်ယောက်စလုံးရတာနှင့် တိုက်ဆိုင်နေလေရာ၊ မေက ဆို ကိုအံ့ကြီးက တီးလေရာလူမျိုးခြားများ အံ့သြစွာ သြဘာပေးခြင်းကိုခံခဲ့ရပါသည်။

မေသည် ခရစ်ယန်ဖြစ်၍ ငယ်စဉ်ကပင် သူတို့ဘုရားရှိခိုးကျောင်းမှာ ဓမ္မသီချင်းများကို သီဆိုခဲ့ရသူဖြစ်၏။ ကလေးဘဝကတည်းက ကျောင်းပြဇာတ်များတွင် အဆိုတော်ဖြစ်ခဲ့သည်။

## ကျွန်တော်တို့အိုးသစ် အိမ်သစ်

ထိုစဉ်က ဦးဘရှင်အိမ်မှာ အေဝမ်းခြံနှင့်ကပ်လျက်၊ ယခုပြည်သူ့ပိုင်သိမ်းထားသော ပင်လုံဒေါ်နုယဉ်၏ အထည်စက်ရုံကြီး မတည်ဆောက်မီက အလွန်ကျယ်ဝန်းသော ခြံကြီးထဲမှာဆင်းရဲ သားတဲကုပ်များအုပ်စုတွင် ဖြစ်၏။

ဦးဘရှင်က ဒါရိုက်တာပီပီ ရုပ်ရှင်ဆက်တင်လုပ်သည့်နှယ် သူ့အိမ်ဆောက်ပုံက ဆန်း၏။

ဟိုရှေးယခင် အင်္ဂလိပ်ခေတ် တိုက်အိမ်ကြီးတလုံးကို အလယ်က ဖုံးဒါရိုက်ဟစ်ကျလိုက်တော့၊ နံဘေးနှစ်ဖက်တိုက်ဝရံတာ နှစ်ခုသာ ရှိတော့၏။ ဤဝရံတာ နှစ်ခုကပေ ၃၀–မျှ ကွာလေ ရာ အလယ်က ဆင့်ထိုး၊ ကြမ်းခင်းပြီး အမိုးအကာ လုပ်ထားသဖြင့် ခြေရင်းဘက် တိုက်ဝရံတာက လှေကားတက်နှင့် မီးဖိုချောင် ခေါင်းရင်းဘက် တိုက်ဝရံတာက သီးသန့်အခန်းတခု၊ ဤအခန်းကို ကျွန်တော်တို့ပေးထားသဖြင့် ညအချိန်မှာ နံဘေးပတ်ဝန်းကျင်ကို ဆက်သွယ်၍ မကြည့်ဘူးဆိုလျှင်ဖြင့် ကျွန်တော်တို့တိုက်ပေါ်မှာ နေရတဲ့အတိုင်းပါဘဲခင်ဗျာ။ သို့သော် မိုးသည်ကခနိ၊ ကာသည်က ဝါးထရံ။ တိုက်ဝရံတာ လသာဆောင်ကလေးကတော့ ကျကျနန။

ယင်းအိမ်သည် ပြည်လမ်းမကြီးနှင့် တခေါ်လောက်ဝေး၏။ ထိုလမ်းကိုလည်း ကျောခိုင်းဆောင်ထား၏။ ဤအိမ်၏ အရှေ့ဘက်တွင်မူ လူ့လက်ခုပ်တဖောက်လောက်နိမ့်သော အောက်ချိုင့်ဝှမ်းကြီး။ ဦးဘရှင်ကတော် ဒေါ်ကျင်၏ ပန်းစိုက်သော အခင်းဖြစ်၍ ပတ်ဝန်းကျင် မှာ ဝါးရုံတွေ ချုံပုတ်တွေလည်းရှိ၏။ ဤချုံပုတ်တွေ ဝါးရုံတွေထဲမှာ ရေကြက်နှင့် ဘုတ်ငှက်များရှိ ၍ မိုးအေးလျှင် ရေကြက်တွေက မြူးတူးအော်မြည်၏။ နေပူလျှင်ဘုတ်ကအီ၏။

ထိုအောက်ချိုင့်ထဲက သစ်ပင်တို့ကို ကျွန်တော်တို့အိမ်အပေါ်မှ စီးပြီးမြင်နေရ၍ နံနက်နေထွက်လာသည်ကို ကြည့်ရသော်၊ ထူးဆန်းသော မြင်ကွင်းတမျိုးနှင့်လှ၏။ နှင်းမှုန်မှုန်ကလေး များ ကျနေလျှင် ကြည်နူးဘွယ်ကောင်းလှသည်။

ဤဂေဟာမှာ နှစ်လမျှနေပြီးသောအခါဝယ် ကျွန်တော်တို့သည် ကိုယ်ပိုင်အိုးအိမ် ထူထောင်သင့်ပြီဟု ဆုံးဖြတ်ချက် ချကြ၏။ ထို့ကြောင့် အိမ်ရှာကြလေရာ အေဝမ်းခြံတွင်အလုပ်ဆင်းသော ရွာတန်းရှည်သားများနှင့် စကားစပ်မိ၍ သူတို့ရွာမှာ အိမ်လွတ်ငှားဖို့ရှိကြောင်း ကြားသိရ၏။ ထိုအခါ ဦးဘရှင်ကတော်က 'ဒီရွာသားတွေ စရိုက်ကြမ်းတယ်၊ မေတို့ နေလို့ဖြစ်ပါ့မလား' ဆို၍ ကျွန်တော်က ဘယ်လိုစရိုက်ကြမ်းသနည်း စုံစမ်းကြည့်တော့. . . .

'ကြက်သမား၊ အရက်သမား၊ ဖဲသမားတွေများတယ်'

ဟား. . . ဟား. . . ဦးဘရှင်ကတော် မသိ၍သာ။ ဒါမျိုးက ကျွန်တော့်အကြိုက် ကျွန်တော့်စရိုက်တွေကဘဲ။

ကျွန်တော်ထိုရွာလေးသို့ လိုက်ပြီးကြည့်လိုက်သည်။ ကြိုက်ပြီ။ သုံးပင်အိမ် ခြေတံရှည် မြင့်မြင့်ကလေး။ ရင်ခေါင်းလောက်အဆင့်နှင့် မီးဖိုဆောင်အတွဲနှင့် အိမ်အောက်မှာ ကြက်ဘဲလဲ မွေးမြူနိုင်သည်။ ခြံဝင်းကလဲ ကျယ်ပါဘိသည်။ နောက်ဖေးဘက်မှာဆို တမြှော်တခေါ်ကြီး၊ သစ်ပင် ဥယျာဉ်တွေကလည်း ကောင်းလှ၏။

ဤအိမ်ကလေးက တလမှ ၃၀ိ၊ စဘော်လဲမပေးရ။ တက်နေလိုက်တော့ တလတွက် ၃၀ိ–ဘဲပေးရ၏။

၁၉၅၅–ခုနှစ် ဖေဖော်ဝါရီလဆန်း ၁ ရက်တွင် ဤရွာတန်းရှည်ရွာသို့ ကျွန်တော်တို့ ရောက်ခဲ့ကြလေသည်။ ကျွန်တော်တို့ အိုးသစ်အိမ်သစ် စလေပြီ။

မေနှင့် ကျွန်တော်ညားတော့ သူကအသက် ၂၀၊ ကျွန်တော်က ၃၅နှစ်။ ကျွန်တော်ယခင် မယားနှင့် ၁၂ နှစ်ပေါင်းခဲ့၍ သားသမီး ၅ယောက်ရခဲ့သည်။ သို့ရာတွင်. .

## လင်မယားညားခြင်းနှင့် အိမ်ထောင်ကျခြင်း

'လင်ရတိုင်း အိမ်ထောင်မကျဘူး၊ မယားရတိုင်း အိမ်ထောင်မကျဘူး၊ လင်မယား ညားတာနဲ့ အိမ်ထောင်ကျတာ တခြားစီဘဲကွ သော်တာဆွေ၊ မင်းအခုခလေး လေးငါးယောက် ရပေမယ့် အိမ်ထောင်မကျသေးဘူး'

ဤကား အမကြီးခင်မျိုးချစ်က ကျွန်တော့်အား ပြောခဲ့သော စကားဖြစ်ပါသည်။ အမကြီးသည် ကျွန်တော့်အကြောင်းကို ရေရေလည်လည်သိသည်။ ကျွန်တော်ကလည်း သူ့ကိုအားလုံးပြောပြလေ့ရှိသည်။ ကျွန်တော့်ရည်းစားတွေ၊ ဓာတ်ပုံတွေ သူအကုန်သိ။

တခြားအမျိုးသမီးဆိုလျှင် 'သားမယားရှိလျက်သားနှင့် ဒီလောက်ကမြင်းကျော ထနေတဲ့ အကောင်'ဟု ဆိုပေလိမ့်မည်။ သို့သော် အမကြီးကား ကျွန်တော့်အား အပြစ်မဆိုဘဲ 'သော်တာဆွေ၊ မင်းဟာ သားမယားရပေမယ့် အိမ်ထောင်မကျသေးလို့ ဒီလိုစိတ်တွေရှိနေတာပါ'ဟုပြောတော့. . . . ကျွန်တော့်စိတ်ဝယ် ဒီအမကြီးဟာ ငါ့ကိုခင်တာနဲ့၊ ငါ့ဘက်က ပင်းပြီးပြောတာပါ'ဟု အောက်မေ့ခဲ့ပါသည်။

ဟော. . . ယခုတော့မှ သူ့စကား မှန်ကန်ကြောင်း ကိုယ်တွေ့သိရလေပြီ။ ဟိုယခင် အိမ်ထောင်နဲ့နေစဉ်က ကျွန်တော်သည် အိမ်ကို နည်းနည်းမှခင်မင်စိတ်မရှိ။ နံနက်မိုးသောက်ဆို ကတည်းက အိမ်ပေါ်က ဆင်းပြေး၊ တနေ့လုံး ရောက်ချင်ရာရောက်၊ သောက်ချင်ရာသောက်၊ စားချင်ရာစား။

ယောက္ခမကြောင့်တဲ့လား။ မင်းတို့အိမ်ခွဲမကြည့်ဘူးလား။

ဒါကြောင့်ကျွန်တော်သည် ဂျပန်ခေတ် မြင်းလှည်းသမားဘဝမှာ တခါ၊ စာရေးဆရာဖြစ်မှ တကြိမ်၊ ကိုယ့်အိုးကိုယ့်အိမ်ခွဲနေခဲ့ဘူးပါသည်။ နော်မာသည် ထမင်းဟင်းမချက်တတ်။ ဈေးနာ မဝယ်တတ်။ အိမ်ထောင်မှုဘာမျှမပြုတတ်။ ဂျပန်ခေတ်တုန်းက မနက်မြင်းလှည်းမထွက်မီ ကျွန်တော်က ဈေးဝယ်ပေးခဲ့၍ ကျွန်တော့်မြင်းလှည်း ဒရိုင်ဘာကိုမြတ်သာ မိန်းမမသင်းက ချက်ရပါသည်။

ဒီဘက်ခေတ်ရောက်၊ ကျွန်တော် စာရေးဆရာဘဝမှာ အိုးအိမ်ခွဲကြည့်တော့ ချိုင့်နှင့်ပို့ သော ထမင်းလခ ပေးစားရပါသည်။

လင်မယားမဆိုထားဘိ၊ အပေါင်းအသင်း သူငယ်ချင်း မိတ်ဆွေသော်မှ အပေးအယူတက် ညီမှ ပေါင်းသင်း၍ ဖြစ်ပေရာ၊ နော်မာနှင့် ကျွန်တော်ကား အိမ်ထောင်သာယာမှုကို ဘယ်လိုမျှ မရခဲ့ပေ။ နောက်ဆုံးတော့ ကျွန်တော်သူ့အား ဖွတ်ခွဲရသောအခြေသို့ ရောက်ခဲ့လေပြီ။ နော်မာ အား ကျွန်တော်သနားသည်မှတပါး အခြားမတတ်နိုင်တော့ပြီ။ ကိုယ့်သာယာသောဘဝ၊ ကိုယ်ရ အောင် ရုန်းထွက်ခဲ့ရသည်။ ကျွန်တော့်အား အပြစ်ဆိုချင်လည်း ဆိုနိုင်ကြပါသည်။

မေနှင့်ကျွန်တော်ညားပြီးတော့ကား ကျွန်တော်ကိုယ့်အိမ်မှာ ကိုယ်ပျော်သွားလေပြီ။ အိမ်ထမင်းဟင်းကလွဲပြီး အခြားဘယ်မှာမှ မစားချင်တော့။ အကြောင်းမှာ မေသည် ထမင်းဟင်း အချက်အပြုတ်လည်း ကောင်း၏။ သူတပါးအား ပြုစုကျွေးမွေးလိုသော စေတနာလည်းရှိ၏။ လင်ညှော်သည်တွေကိုလည်း အလိုက်သိတတ်၏။

အိမ်သာမှညှော်လာဆိုသော စကားရှိရာ၊ အိမ်သာသည်ဆိုရာမှာ တိုက်နှင့်တာနှင့် ခြံနှင့် ဝင်းနှင့် ဥယျာဉ်ပန်းမန်နှင့် သာယာနေသည်ကို မဆိုလိုပေ။ ထိုအိမ်ရှင် လင်မယား၏ သင့်မြတ်မှု ညှော်သည်ကို အလိုလိုက်၍ စိတ်ကြိုက်ဆောင်မှုအပေါ်မှာ တည်ပေသည်။

ကျွန်တော်ရွာတန်းရှည်တွင်နေခဲ့သော အိမ်ကလေးမှာ သုံးပင်နှစ်ခန်း၊ သွပ်မိုး ထရံကာ၊ တိုင်က ၄''. ×၂'' သစ်သားကလေးတွေ ဖြစ်ကတတ်ဆန်း ဆောက်ထားသည်မို့ ခနော်နီခနော်နဲ့ ပါ။

ကျွန်တော်တို့ အိမ်ထောင်ဦးတည်စမှာ ညှော်ခန်းတွင် စာပွဲကုလားထိုင်မျှမရှိပါ။ သို့ရာတွင် ညှော်သည်တွေက ကျွန်တော်တို့အိမ်မှာ ပျော်လှ၏။ စနေ တနင်္ဂနွေမှာဆိုလျှင် အိမ်ရှေ့တွင် ကားကြီး ကားငယ်တွေနှင့် ပြည့်နေချေပြီ။

အကြောင်းမှာ မေ၏ညှော်ဝတ်ပြုစုမှု ကောင်း၍ပင်။ ကျွန်တော့်အပေါင်းအသင်းဆိုလျှင် စာရှုသူများ သိကြမည့်အတိုင်း အသောက်သမားများချည်းပေါ့။ ဤအသောက်သမားတွေ ဆန္ဒ ပြည့်ဝအောင် မေကပြုစုနိုင်သည်။ သူတို့၌ပါလာသော ပုလင်းများ၊ ရေခဲများ၊ စားစရာများကို မီးဖိုခန်းသာ ပို့လိုက်၊ ကျွန်တော်တို့က အိမ်ရှေ့မှာ စတိုင်နှင့်အကျထိုင်သောက်ဖို့ပင်။

သောက်ပြီးလျှင် ထမင်းစားကြဘို့လည်း မေက အားလုံးစီမံတတ်သည်။ အရက်သမား တွေ မူးပြီး မေ့အားသီချင်းဆိုဘို့ ပွဲတောင်းလျှင်လည်း မေကစိတ်ပါလက်ပါသီဆိုပြလိုက်လေ သည်။

ထိုစဉ်က ကျွန်တော့်အိမ် လာကြသော မိတ်ဆွေများမှာ ဒိတ်ဒိတ်ကြဲပိုက်ဆံချမ်းသာကြသူ များ၊ ရန်ကုန်မြို့က ဟော်တယ်တွေမှာ ကောင်းပေ့ ညွှန့်ပေ့ဆိုတာတွေကို အော်ဒါပေး၍ စားလေ့ရှိကြသူများဖြစ်ရာ၊ ဤဟော်တယ်စာတွေ ညည်းငွေ့သဖြင့် မေ့ထမင်းဟင်းမှစားချင်သည် ဟု ဆိုလာကြသည်။ ကွယ်လွန်သူ မိုးကုတ်သူဌေးကိုမြမောင်သည် မေချက်သော ငါးရှဉ့်သား ဖားသားကို အလွန်ကြိုက်သည်။

ထမင်းဟင်းချက် ကောင်းသည်ဆိုရာမှာ ပါရမီတမျိုးဘဲဟု ကျွန်တော်ဆိုချင်သည်။ မြန်မာ လူမျိုးတွေ ချက်ပြုတ်ကြော်လှော် စားသောက်ကြသော အသားငါး၊ ငရုတ်၊ ကြက်သွန်၊ ဆီဆား၊ ငါးပိ၊ ငန်ပြာရေ အတူတချည်းဘဲပေါ့။ သို့ရာတွင် ချက်တာချင်းမှာ လက်ရာချင်း ကွဲလာသည်။

ဥပမာပြရသော် လက်သုတ်စုံ ဆိုင်တွေရှိ၏။ ထိုလက်သုတ်ပစ္စည်းတို့မှာ ထမင်း၊ မုံ့ဟင်းခါး မျှင်၊ ကြာဇံ၊ ခေါက်ဆွဲ၊ အာလူး၊ သင်္ဘောသီး၊ ပဲပင်ပေါက်၊ ဂေါ်ဖီ၊ ပဲမှုန့်၊ ပုစွန်ခြောက် မှုန့်၊ ဆီချက်၊ ငန်ပြာရေ၊ မန်ကျည်းရေ၊ ယင်းသည်တို့အတူတူဘဲကို အစပ်အဟပ်ကောင်းသော ဈေးသည်မှ ကောင်းပေသည်။

ဒီဆိုင်မှာ မအေရောင်းနေတာကို မိခင်မအား၍ သမီးဝင်ပြင်လိုက်လျှင်ပင် လက်ရာပျက် ချေသည်။

တကြိမ်သောအခါက ဈေးတခုတွင် မုံ့ဟင်းခါးဆိုင်တွေ အများအပြားရှိရာမှ အလွန် လူကြိုက်များသော ဆိုင်တတဆိုင်တည်းရှိသည်။ ရောင်းသူကအဒေါ်ကြီးသားအမိ။ တရံခါသော် အဒေါ်ကြီးက နာမကျန်းဖြစ်၍ မချက်နိုင်မပြုတ်နိုင်သဖြင့် သမီးအားလွှဲလိုက်ရသည်။ အဒေါ်ကြီး သည်

တလမျှသာ အိပ်ရာထဲလဲလိုက်ရသည်။ သူ့ဆိုင်မှာ စားသောက်သူသိသိသသာသာ နည်းပါးသွားလေတော့သည်။

ယင်း၌ မအေ့ချက်နည်း၊ ပြုတ်နည်းကို သမီးက နေ့တိုင်းကြည့်နေတာ။ မိခင်ကြီးကိုယ်တိုင်ကလည်း သမီးအား ကိုယ်ဖိ၊ ရင်ဖိ၊ ဘယ်ဒင်းဘယ်လို ဘယ်လောက်ထည့်ဟု ပြသခဲ့မည်သာဖြစ်ပါသည်။ သို့ရာတွင် ပါရမီပါသော လက်စွမ်းကား သင်ကြား၍ရသည် မဟုတ်ပေ။ ပိုးသာကုန်မောင်ပုံ စောင်းမတတ် ချေတကား။

ပါရမီရှင်ကား သူ့ဖာသာသူ ထူးချွန်သည်သာဖြစ်ချေသည်။

ရန်ကုန်မြို့က ဟော်တယ်တွေကို စုံအောင် မိတ်သင်္ဂဟတွေ ကျေးဇူးဖြင့် ကျွန်တော်တို့ သွားရောက်စားသောက်ခဲ့ဘူး၏။ မေသည် ဟော်တယ်တခုက ဟင်းတခွက်ကို စားသောက်ဖူးပြီဆိုပါက သည်မှာ ဘယ်ဟင်းဘာတွေပါသည်ဟု မပြောဘဲနှင့် သိလာလျက် သူချက်တတ်ပြုတ်လေတော့သည်။

တကြိမ်သောအခါ၌ ကျွန်တော်သည် အင်းယားကန်ဟော်တယ်သို့ သွားရင်း အနောက်ဂျာမနီသံရုံးက စက္ကရီတေရီဒေါက်တာ အက်ဒွင်ဂျုံးဖလက်ချ်နှင့် မိတ်ဆွေဖြစ်လာခဲ့၍ သူက ကျွန်တော့်အား ဤဟော်တယ်မှာ နေ့လယ်စာ ကျွေးလိုက်သဖြင့် ကျွန်တော်က သူ့အား တနေ့ ၌ နေ့လယ်စာစားရန် ဖိတ်ကြားခဲ့သည်။

‘ကဲ. . မေရေ. . . ဂျာမင်တယောက်တော့ ငါထမင်းစားဖိတ်ခဲ့ပြီကွာ၊ သူတို့ဥရောပတိုက်သားစာ မင်းချက်တတ်ရဲ့လား. . . ’ဟု ဆိုတော့. . .

‘ကြည့်ပေါ့မောင်ရယ်. . . မေ ကြိုးစားပါမယ်’ဟု ပြန်ပြော၏။

နိုင်ငံခြားသားတွေစားနိုင်သည့် ဟင်းလေးငါးမျိုးချက်ပြုတ်၍ ထားလေရာ၊ ငါးမြင်းရင်းကို ဂျုံမုန့်လူး၍ကြော်ပြီး နွားနို့နှင့် စီမံထားသော စွတ်ပြုတ်ကို ဒေါက်တာအက်ဒွင်ပြော၍မဆုံးရှိချေသည်။

နောက် တနှစ်လောက်ကြာသောအခါ၌ ဒေါက်တာအက်ဒွင်သည် ဂျာမနီပြည်သို့ ခေတ္တပြည်သွားပြီး၊ အမေရိကန်အမျိုးသမီးတယောက်ကို လက်ထပ်ကာ ပြန်လာခဲ့သည်။ သူတို့ဇနီးမောင်နှံကို ကျွန်တော်တို့က ထမင်းတနပ် ဖိတ်ကျွေးသောအခါ ဒေါက်တာအက်ဒွင်က သူ့အား ပထမဦးဆုံးအကြိမ်ကျွေးသော ‘ဖစ်ရှ်ဆု’ပါစေရန် မှာကြားသည်။

ဤထမင်းဝိုင်းတွင် သူ့ဇနီးဂျုံးက. . .

'ကျမ ယောက်ျားက ပြောခဲ့ဘူးပါတယ်၊ ဂျာမနီပြည်မှာရော၊ ပြင်သစ်မှာရော၊ အီတလီမှာရော၊ အင်္ဂလန်မှာရော၊ အမေရိကမှာရော သူစားခဲ့ဘူးတဲ့ ထမင်းပွဲတွေမှာ အခုရှင်တို့အိမ်က ဖစ်ရှ်ဆုလောက် ကောင်းတာ မတွေ့ဘူးသေးဘူးလို့ဆိုပါတယ်. . . .၊ အခုကျမလဲ သူ့စကားကို ထောက်ခံပါတယ်ရှင်'

ကမ္ဘာကိုတော်တော်နှံ့အောင် ရောက်ဖူး၍ သူ့ကိုယ်သူအစားကောင်း ကြိုက်လှသူဟု ဝန်ခံသော ဂျာမန်သံအမတ်ကြီး ဗွန်ကိုင်ဇာကလည်း ဤငါးမြင်းရင်းနှင့်ချက်သော မေ၏ 'ဖစ်ရှ်ဆု'ကို ချီးမွမ်းပါသည်။

ဤနေရာ၌ စာဖတ်သူက 'ဒီလောက်ပြောသားကောင်းတဲ့ဟင်းတော့ စားကြည့်လိုက်ချင်တယ်'ဟု စိတ်ကူးပေါက်ကောင်း ပေါက်ပေမည်။ သို့ရာတွင် သူတို့ဥရောပါပါးစပ်တွေသာ ကြိုက်၍ ကျွန်တော်တို့ မြန်မာခံတွင်းတော့ ကောင်းမည်ဟု တာဝန်မခံနိုင်ပါ။ ဘာကြောင့်ဆို ကျွန်တော်ကိုယ်တိုင်ကတော့ မကြိုက်ဖူးဗျ။ အဲ. . . မေချက်တဲ့ မြန်မာထမင်းဟင်းဆိုရင်ဖြင့် ခင်ဗျားတို့ ကြိုက်ကြမှာဘဲ။ ကျွန်တော့်အိမ်မှာ စားဘူးတဲ့ မိတ်ဆွေတိုင်းလိုဘဲ သဘောတွေ့ကြပါသည်။ ဆရာကြီး ရွှေဥဒေါင်းကိုယ်တိုင်ကလည်း 'သော်တာဆွေမိန်းမ ဟင်းချက်ကောင်းတယ်၊ တော်တော်ဟင်းမျိုးစုံအောင်လဲ ချက်တတ်တယ်'ဟု ချီးမွမ်းဘူးပါသည်။ ဆရာဇော်ဂျီနှင့် ဆရာ မင်းသုဝဏ်တို့လဲ ကျွန်တော်အိမ်မှာစားဘူးပါသည်။ ဤထမင်းပွဲတွင် လင်းယုန်နီလည်းပါခဲ့၍ အားလုံးစားအပြီး၌ ကနန်းကြော်တလုံး ကျန်နေသည်ကို 'ဒါလေးတော့ ကျွန်တော်ဘဲရှင်းလိုက် တော့မည်'ဟု အကုန်တွယ်ပစ်လိုက်၏။

ဒါရိုက်တာ ဦးဘရှင်အိမ်တွင် ကျွန်တော်တို့နှစ်လကျော်မျှနေပြီး၊ ရွာတန်းရှည်သို့ ပြောင်းလာခဲ့ကြသောအခါ ဦးဘရှင်သည် မေချက်တဲ့ ထမင်းဟင်းစားချင်လို့ဟု ဆိုပြီး လာလည်တတ်ပါသည်။

'မေ့လက်ရာ ကောင်းတယ်ဆိုတာက သားငါးချက်တာတွေသာ မဟုတ်ဖူး။ ငါးပိရေဖျော်တာကအစ ထူးခြားတယ်'ဟု ဦးဘရှင်က ပြောစမှတ်ပြုပါသည်။

အကြောင်းမှာ ဦးဘရှင်တို့ အိမ်ထောင်နှင့် အတူနေစဉ်က ဒီလိုပါခင်ဗျာ။ များသောအား ဖြင့် ရန်ကုန်သူများ ငါးပိရည်စားပုံက ဒီနေ့ဘဲ ကြိုကြို၊ မနေ့ကဘဲ ကြိုကြို၊ အေးစက်နေတာကို ငါးပိရေဘဲ ဘာဂရုစိုက်စရာရှိသလဲဆိုတဲ့ သဘောနဲ့ ပြန်နွှေးလေ့မရှိကြဘူး၊ ငရုတ်သီးမှုန့်တွေ ဘက်ကနဲဖွန်းနဲ့ ကော်ထည့်စားလိုက်ကြတာဘဲ၊ ဦးဘရှင်ကတော်ဟာ ဒီနည်းဘဲရှိတာကို၊ မေကတော့

ငါးပိရေအေးစက်နေရင် ရေလေးနည်းနည်းထည့်၊ ပြန်ကြိုလိုက်တယ်၊ ဆူတယ်ဆိုရင် ငါးပိရေဟာ အောက်က အနယ်လဲ ထလာတယ်၊ သူ့ရနံ့လဲ ထွက်လာတယ်၊ (ငါးပိရေအေးစက် စက်ဆိုလျှင် ငါးပိရေ အိုးတို့မည်သည် အရိုးများရှိ၍ မွှေခတ်လို့လဲ မဖြစ်သဖြင့် အပေါ်က အရည်ကြည်ဘဲရမယ်) နို့ပြီး ဖျော်ရာမှာလဲ မေက ငရုတ်သီးခြောက်မှုန့်တွေသာ မဟုတ်၊ ကြက် သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီးကို မီးအုံပြီး ထောင်းဖျော်လိုက်တော့ အနံ့အရသာ တမျိုး ထွက်လာသပေါ့။

ရှုမဝဦးကျော်သည် ၁၉၅၆–ခုနှစ် နွေရာသီ ကျွန်တော်တို့ တောင်ကြီးသို့ သွားနေစဉ် သူတို့သားအဖများ လိုက်လာကြ၍ ကျွန်တော်တို့နှင့်အတူ တလမျှ နေသွားဘူးသည်။ ဦးကျော် မှာ နေ့တိုင်းထမင်းမြိန်လှ၍. . .

'မေက ဟင်းချက်ကောင်းရုံတင် မဟုတ်ဖူး၊ ဟင်းစပ်လဲ တည့်တယ်ဗျ၊ နို့ပြီး၊ သူကော်ဖီ ဖျော်တာလဲ သောက်ကောင်းတယ်ဗျ၊ ဒီကော်ဖီမှုန့် ဒီနို့ဆီသကြားဟာကို သူဖျော်တာက ဒိပြင် လူဖျော်တာထက် ပိုကောင်းတယ်ဗျာ'ဟု ချီးမွမ်းလျက် ဘယ်အခါမဆို သူကျွန်တော်အိမ်ရောက် လာပြီဆိုလျှင် အချိန်မရွေး 'မေရေကော်ဖီ ကော်ဖီ'ဟု အိမ်ရှေ့ဝင်ကတည်းက အော်လေ့ရှိ၏။

အမကြီးခင်မျိုးချစ်နှင့် ဦးခင်မောင်လတ်တို့ဆိုလျှင် ကျွန်တော်တို့အိမ်မှာ ဟင်းချိုင့်မှာစား တာ ၁၀–နှစ်လောက် ရှိခဲ့ချေပြီ။

မေသည် အချက်အပြုတ်လည်း အလွန်မြန်၏။ မီးနှစ်ဖိုနှင့် ချက်ရာ၊ ဟင်းသုံးလေးမျိုးကို နံနက် ၉–နာရီမထိုးမီ ပြီး၏။

ဤနေရာ၌ စာဖတ်သူများက ကျွန်တော့်အား အရင်မယားကို နှိမ်လွန်းပြီး၊ နောက်မယား ကို မြှောက်လွန်းသည်ဟု ဆိုချင် ဆိုနိုင်ကြပါသည်။ သို့ရာတွင် အညံ့ဆုံးသော ဇနီးနှင့် အတော် ဆုံးသော ဇနီးကို ပေါင်းဘူးသော ကျွန်တော်သည် နှစ်ဖက်အစွန်းကြားဝယ် ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားနေခြင်းသာ ဖြစ်ပါသည်။ မှန်ရာကလွဲပြီး မည်သူ့မျှ နာစေသာစေဟု သဘောမထားပါ။ စာဖတ်သူများအတွက် နှိုင်းယှဉ်ချက်တွေ့ဘို့ ရည်ရွယ်ပါသည်။

ကျွန်တော်သည် မေနှင့်ညားပြီးမှ ကျွန်တော့်ဘဝနှင့် ကျွန်တော့်စိတ်ထားက လုံးလုံးကြီး ပြောင်းလဲသွားပါပြီ။ ယခင်က စာရည်းစားတွေများစွာ ထားခဲ့၍ မိမိကိုယ်မိမိ ဝါသနာဆိုးရတယ်၊ မြာပွေတဲ့ကောင်ဟု ထင်ခဲ့သော ကျွန်တော်သည် မေနှင့်ရပြီးမှ စာရည်းစားတွေအားလုံးကို ဖြတ်ပစ်လိုက်တော့သည်။ ကျွန်တော်နှင့် မေညားပြီဟူ၍လည်း ဝတ္ထုများထဲတွင် ကြော်ငြာလိုက် သည်။

မန္တလေးမြို့တွင် 'စောင့်ရက်တွေကိုးဆယ်ပြေတောင်မှ၊ တွေ့ရအောင် သူမဖန်ဘူး၊ တမူဟန်စိတ်တော် ပြောင်းတယ်ထင့်၊ လှမျက်ချယ် နွယ်နွယ်နှောင်းရယ်၊ ခေါင်းရှောင်တော့တယ်' ဟု ကျွန်တော် ကဗျာရေးခဲ့သော ကလေးမဆီက ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ (သူဘယ် လို အခက်အခဲများကြောင့် ကျွန်တော်နဲ့ မတွေ့နိုင်တဲ့အကြောင်း၊ ယင်းကို အားမလျှော့သေးဘဲ မြော်လင့်ချက်ထားပြီး သူ့အတွက် ဝတ္ထုများထဲတွင် ချော့မြှူပါဦး) ဆိုသည့် စာတစောင် ရောက်လာပါသေး၏။

သို့သော် သူ့ဆန္ဒကား မပြည့်တော့ပြီ။ အကြောင်းမှာ ကျွန်တော်သည် မေနှင့်ညားပြီးကာ မှ ဟိုယခင်တုန်းကလို စာဖတ်သူများအဖို့ ဟာသ၊ ချစ်သူများအတွက် ချော့မြှူသော ဝတ္ထုများကို ကျွန်တော်မရေးတော့ပြီ။ ရေးရန် စိတ်မရှိတော့ပြီ။ ရိုးရိုးဟာသနှင့် ဘဝသရုပ်ဖော်ဝတ္ထုများဘက် သို့ ပြောင်းခဲ့ပါသည်။ ယင်းတို့သည် ကျွန်တော့်စိတ်ကို ကျွန်တော်ပြောင်းခိုင်းရသည် မဟုတ်။ သူ့အလိုအလျောက် ပြောင်းလဲသွားခြင်းဖြစ်ပေရာ၊ ယခုအချိန်၌ ဘဝသရုပ်ဖော်ဝတ္ထုများသာ ရေးနေ၍ ဟိုတုန်းကလို ဟာသဝတ္ထုတွေ ရေးပါဦးဆိုသော် ကျွန်တော်မရေးနိုင်တော့ပါပြီ။ ယခင် က အရေးအသားအချို့ကို ကိုယ့်ဟာကိုယ်ပြန်ကြည့်၍ ရက်မိသည်များလည်း တွေ့ရပါ၏။ အော်. . ငယ်စိတ်နှင့် ကြီးစိတ်မတူဘဲကို။

ယခု ကိုယ့်အတ္ထုပ္ပတ္တိ 'ကျွန်တော့်ဘဝဇာတ်ကြောင်း'တွင် သူ့နေရာနှင့်သူ အချိန်အရွယ် အလျောက် ချစ်ခန်းကြိုက်ခန်းများလည်း ရေးသားပြီးခဲ့ပြီ။ အချို့နေရာ၌ ကလေးကလက်နိုင် သည်ဟု ပြောသံများ ကြားရပါသည်။ မတတ်နိုင်ပြီ။ ကျွန်တော်ရေးနေစဉ်၌ ကိုယ့်အာရုံခံစားမိ သည့်အတိုင်း ရေးလိုက်ခြင်းသာဖြစ်ပါသည်။ ယခုရှေ့ဆက်၍ကား အိမ်ထောင်ရေး လူမှုရေးနှင့် သားမြေးများအကြောင်းသို့ ရောက်ရပါတော့မည်။

ဤနေရာ၌ အပိုင်းခွဲလိုပါသည်။ ငွေတာရီမဂ္ဂဇင်းမှာ ၁၇-လရေးခဲ့၍ ပုဂံမှထုတ်သော 'ကျွန်တော့်ဘဝ ဇာတ်ကြောင်း'စာအုပ်ကို ပထမပိုင်း၊ ယခု ရှုမဝ၌ ရေးသားပြီးခဲ့သည်ကို ဒုတိယ ပိုင်း၊ ရှေ့ဆက်ရေးမည်ကို တတိယပိုင်းဟု ဆိုပါမည်။

ပထမပိုင်းနှင့် ဒုတိယပိုင်း ရေးဟန်ခြင်းမတူခဲ့ပါ။ သုတေသီတို့ တပ်လိုသော အမည်ကို တပ်ပါတော့။ ကျွန်တော်ကား အကြောင်းအရာအလိုက် ကိုယ့်စိတ်အာရုံမှာ ခံစားမိသည့်အတိုင်း သာ ရေးခြင်းဖြစ်ပါသည်။ ယခု တတိယပိုင်းက ဘယ်နည်းဘယ်ပုံလာမည်၊ ကိုယ့်ဟာကိုယ်ပင် မသိသေးပါ။

# တတိယပိုင်း

## အခဏ်း (၁)

### ဝါသနာ

လူတို့တွင် အထိုက်အလျောက်တော့ ဝါသနာရှိတတ်ပေရာ၊ သူ့ဝါသနာက ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အကျိုးအပြစ်က တခြား၊ သူဝါသနာပါရာကို သူပြုမူရလျှင် သူပျော်သည်သာ ဖြစ်ချေ၏။

ဝါသနာ ဆိုသည်မှာလည်း အကြောင်းမဲ့ဖြစ်ပေါ်လာသည်မဟုတ်။ မျိုးရိုးနှင့် ဒေသပတ်ဝန်းကျင်ကို လိုက်သေးသည်။ ကျွန်တော်မှာ ကျေးရွာတွင် မွေးဖွားကြီးပြင်းခဲ့ရပြီး၊ ကျွန်တော့်မိဘများ နှစ်ဖက်မျိုးရိုးမှ ကျွန်တော်ငယ်စဉ်က နီးစပ်ခဲ့ရသူတွေ ကြည့်လိုက်တော့ ဖအေဘက်က ကြက်သမားတွေ၊ မအေဘက်က အရက်သမားတွေ ဖြစ်နေပါ၏။ သို့ရာတွင် ဒီမိဘက မွေးတိုင်း အရက်သမား၊ ကြက်သမား ဖြစ်ကရောလားဆိုတော့ ဒီလိုလဲ မဟုတ်သေးချေ။ ကျွန်တော်တို့ မွေးချင်းများ၌ သားယောကျ်ားလေး နှစ်ယောက်ရှိသည့်အနက် ကျွန်တော့်ညီမှာမူ ကြက်ကိုလုံးဝနားမလည်ဘဲ အရက်ကိုပင် တခါတရံ အပေါင်းအသင်းနှင့် အဆင်သင့်ပါမှ အနည်းအကျဉ်းမျှသောက်တတ်၍ ကျွန်တော်မှာသာလျှင် ကြက်ရော၊ အရက်ရော နှစ်ဖက်အမွေကို အပြည့်အဝ ခံယူသူဖြစ်နေပါ၏။

ကျွန်တော့်ဦးကြီး (ကျွန်တော့်မိခင်၏အကို)သည် ရွာတွင်ယစ်ထုပ်ကြီးဟု နာမည်ရလျက်သူ့အရက်သူချက်၊ သူ့ထန်းပင်သူတက်၍ သောက်လေရာ ကျွန်တော်မှာ ၁၀–နှစ်သားကျော်ထန်းပင်ပေါ် တက်နိုင်ကတည်းက ဦးကြီး သူ့ကိုယ်သူမသယ်နိုင်သော မူးသောအခါများ၌ ကျွန်တော်က ထန်းစလှီးခြင်း၊ ထန်းရေချခြင်းများကို ပြုခဲ့ရပါသည်။ ထိုမှ ၁၄–၅နှစ်သား အရွယ်ရောက်သောအခါ၌ ကိုယ့်ဟာကိုယ် ထန်းတပင် သီးသန့်တက်၍ သောက်ပါတော့သည်။ တပင်ကျ တစရေဆိုတာက ဒီလိုမှဘဲ သောက်ရတယ်ဗျ။

အဲဒါက အမေ့ဘက်ကအမွေ။ ဒီတော့အဖေ့ရဲ့ ညီအကိုတော်များကလဲ ဒီတူလေး ချစ်ကြလေတော့ သူတို့ကြက်ဝိုင်းရှိရင် ကျွန်တော့်ခေါ်ပြီး ကြက်ကိုင်နည်းလဲ သင်ပြတယ်။ သူတို့တိုက်ကြက်မျိုးကောင်းတွေလဲ ပေးမွေးစေတယ်ဗျ။ အဲသည်ကတည်းက ကြက်တိုက်တာကို ကျွန်တော်စွဲခဲ့တာ။ အောင်မယ်လေး ကြက်ဝိုင်းများရှိမယ်ဆိုရင် ရည်းစားနဲ့ချိန်းထားတာတောင် ဖျက်ပစ်လိုက်တယ်ဗျ။ ဘာကြောင့်လဲဆိုရင် ဒီရည်းစားက ဒီနေ့မတွေ့ရလဲ နောက်နေ့တွေ အများကြီးရှိသေးတာဘဲ။ ဒီကြက်နှစ်ကောင်ကတော့ ဒီတပွဲဘဲ သူတို့ချင်း ခွပ်တာမြင်ရမယ်။

အဲဒီဟာ ကျွန်တော် အရက်သမားနဲ့ ကြက်သမား ဖြစ်ခဲ့ပုံပါဘဲခင်ဗျာ။ ဆွေမျိုး ဦးကြီးဦးလေးတွေလဲ အပြစ်တင်စရာမလိုပါဘူး။ ဒီကောင်ဗီဇကိုက ပါလာလို့ ဆိုရမယ်ပေါ့။

ထို့ကြောင့် အရက်သမား ကြက်သမား ကျွန်တော်သည် ဦးဘရှင်ကတော် ပြောသော ကြက်သမား အရက်သမား ဖဲသမားတွေနှင့် စရိုက်ကြမ်းသည်ဟု ဆိုသည့် ရွာတန်းရှည်သို့ ရောက်သွားသောအခါ ကွမ်းသီးကြို့တောင်ငှပို့ ဖြစ်သွားလေသတည်း။

ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်ငှားလိုက်သော အိမ်ကလေးမှာ ခြံဝင်းကျယ်ကျယ်နှင့် ခြေတံရှည် မြင့်မြင့်ကလေးမို့ အိမ်အောက်မှာ ကာရံပြီး ခြံခတ်ကာ ကြက်များ၊ ဘဲများမွေးတော့လေ၏။

သည်နေရာမှာ လင်မယားသဘောထားချင်း စကားပြောလေပြီ။ များသောအားဖြင့် မြို့သူ ဗုဒ္ဓဘာသာ အမျိုးသမီးများသည် ကြက်သား၊ ဘဲသား၊ ဘဲဥများကို ဝက်ဝက်ကွဲအောင် စားကြသော်လည်း၊ အိမ်၌ ကြက်ဘဲမွေးမြူခြင်းကိုမူ မနှစ်သက် မလိုလား။ သူများ အိမ်ကမွေးသည်ကို ပင် စက်ဆုပ်ဟန် ပြတတ်ကြသည်။ မေကား ဤမိန်းမစားမျိုးမဟုတ်။ သူတို့မိဘများသည် ခရစ်ယန်ဘာသာဝင်များဖြစ်၍ သူတို့အိမ်မှာ ကြက်၊ ဘဲ၊ ခွေး၊ ကြောင်လောက်မျှမက တောတိရစ္ဆာန် ကျား၊ မျောက် စသည်တို့ပါ မွေးမြူဘူး၍ (မေကျွန်တော့်ကိုရေးပေးသည့် 'တာတီးနှင့်မဲတူ'ဝတ္ထုမှာ သူ့အဖေ၏ ကျားနှင့်မျောက် အကြောင်းဖြစ်ပါသည်။) မေသည် တိရစ္ဆာန်ကို ချစ်တတ်သူ ဖြစ်လေရာ၊ ကျွန်တော်ကြက်ဘဲများ မွေးမြူသောအခါ၌ သူဝမ်းသာအား ရဖြစ်လျက် နှစ်သက်လိုလားစွာ အစာမှန်မှန် ကျွေးသည်။ နာမည်တွေပင် ပေးလိုက်သေးသည်။ ကျွန်တော် ပထမဦးဆုံး ဝယ်လာသော ကြက်မနှစ်ကောင်ကို မိစမ်းတဲ့ မဂျူးတဲ့ ခင်ဗျာ။ မဂျူး ဆိုတာက သူ့အမ ခင်ထားရီ၏ အိမ်သားချင်း ခေါ်သည့်အမည်။ မိစမ်းက ကန်ဘဲ့ ဆရာ အတတ်သင်ကျောင်းမှာ သူခွဲခွာခဲ့ရသည့် ခင်စန်းညွှန့် ပေါ့ခင်ဗျာ။ သူသည် ဤကျောင်းမှာရှိစဉ် ကျွန်တော်တို့အိမ်သို့ မကြာခဏ လာတတ်ပါသည်။ ဒီတော့ ကျွန်တော်က 'ကျောင်းကမိစမ်း လာတုန်းကိုအိမ်က မိစမ်းချက်ကျွေးရအောင်ကွာ'ဟု နောက်ပါသည်။ ဒီတော့ရှမ်းမက သူ့ကို တကယ်ချက်ကျွေးမည်ဘဲ အောက်မေ့သလားမသိ 'အောင်မယ်လေး

. . . ကိုဆွေရယ်. .၊ နာမည်တူ ချင်း များတော့ မစားသေးဘူး’တဲ့။ မေက သူ့အား ချစ်ခင်သော အထိမ်းအမှတ်ဖြင့် သူ့နာမည် ယူမှည့်ထားသည့် ကြက်ကို မစားရက်ပါဘူးဟု ဆိုလိုကြောင်း ကျွန်တော်နားလည်ပါသည်။

မေသည် ကျွန်တော်ကြက်တိုက်တာကိုလည်း မကန့်ကွက်၊ လူ၏ဝါသနာဆိုသည်ကို သူနားလည်သည်။ အရက်သောက်တာကား မေ့အဖို့အဆန်းမဟုတ်၊ သူ့အဖေသည် အရက်သမားဖြစ်ခဲ့၍ အရက်သမား၏ စရိုက်နှင့် အကြိုက်ကိုသိရှိကာ ကျွန်တော်သောက်မည့်အချိန်မှာ ပုလင်းဖန်ခွက်နှင့် မြည်းစရာအသင့်။

ကျွန်တော်အရက် သောက်စဉ်က (ယခု စာရေးချိန်မှာ ဖြတ်ထားတာကြာပြီ။) အိမ်မှာ အရက်မပြတ် ရှိစေရအောင် သူဝယ်ထားသည်။ သူ့ဆန္ဒက သောက်ခြင်းသောက် အိမ်မှာသောက် မူးခြင်းမူး အိမ်မှာမူး၊ အပေါင်းအသင်း မိတ်ဆွေများလည်း အိမ်ကိုခေါ်ခဲ့ပါ၊ ကျွန်တော့်အိမ်မှာ အရက်သမား မြည်းစရာလိုလျှင် ချက်ချင်းကြော်၍ရသော ကြွေမုန့်၊ ငါးမုန့်၊ မြေပဲ၊ ငါးစည် ဖောင်း၊ ဝက်အူချောင်းတို့ အမြဲရှိသည်။ သန်းခေါင်ကျော်လာသော ဧည့်သည်လည်း ဧည့်ဝတ် မပျက်ရပါ။ ထမင်းဟင်း စားချင်သေးသလော၊ ကျွန်တော့်အိမ်မှာ ကြက်နှင့် ဘဲနှင့် ယင်းကား ကျွန်တော်ပို၍ ရေးနေသည်မဟုတ်။ သန်းခေါင်ကျော်မှ လာလေ့ရှိသော အထူးဧည့်သည် ကျွန်တော်တို့မှာရှိသည်။ မယုံမေးပါ။ သူကားပေါင်းတည်မြို့မှ သခင်မြသိန်း။ လာပါလိမ့်မည်။ အပေါင်းအသင်းတွေ လူမျိုးစုံနဲ့။ သန်းခေါင်အိမ်ရှေ့မှ ကားဟွန်းသံ တတီတီကြားရလျှင်ဖြင့် ‘ကဲ မေရေ. . . ထ၊ ကိုမြသိန်းလာပြီဟေ့’

မေသည် မငြူစူခဲ့ပေ။

ထို့ကြောင့် အရက်သမားသူငယ်ချင်းတွေ မေ့ကိုခင်မင်ကြသည်။

ဒီနေရာမှာ ကားနှင့်ဘာနှင့် လာနိုင်သောလူတန်းစား၊ ငွေကြေးချမ်းသာတဲ့ မိတ်ဆွေတွေ မို့ မင်းမိန်းမက ဂရုစိုက်တာပါဟု အောက်မေ့ခဲ့သော် စာရှုသူများ မှားပေလိမ့်မည်။

တကြိမ်သောအခါ ကျွန်တော်အိမ်မှာ မရှိခိုက် ကျွန်တော်တို့ရွာမှ ကျောမွဲဆင်းရဲသား အစစ် (‘အလွန်အလုပ်များသူ’ဝတ္ထုဇာတ်ကောင်ထား၍ ကျွန်တော်ရေးခဲ့သူ) ကိုမောင်ခိုရောက် လာသည်။ ကျွန်တော်ညမှောင်မှ အိမ်ပြန်ရောက်တော့ ကိုမောင်ခို စားပွဲမှာ ထိုင်ကာ အရက် ပုလင်းနှင့် အမြည်းနှင့် ကျနစွာဧည့်ဝတ်ပြုထားသည်။

‘ဒီမှာ မောင်ရေ. . . ကိုမောင်ခိုရယ် ထမင်းဆာရင် စားနှင့်ပါဆိုတာ မောင်လာမှစားမယ်ဆို ပြီး စောင့်နေတယ်’ဟုဆီးပြော၏။

အိမ်မှာ ၃–၄ရက် နေသွားသော ကိုမောင်ခိုက နောက်တော့ ကျွန်တော့်ကိုပြောပြ၏။

'ငါ့လခွီးတဲ့ မြို့သူတွေထဲမှာ မင်းမိန်းမမျိုးတော့ တွေ့ဘူးသေးပါဘူးကွာ'တဲ့။

ကိုမောင်ခိုသည် ကျွန်တော်၏ဇာတိရွာတွင် ကျွန်တော်နှင့် သောက်ဖော်စားဘက်ဖြစ် ကြောင်း မေက သိပြီးသားဘဲ။

စင်စစ်မေသည် ကျွန်တော်၏ အပေါင်းအသင်း မိတ်ဆွေများကို ဆင်းရဲချမ်းသာမခွဲပေ။ နွမ်းပါးသူများကို အားနာမှာ၊ အားငယ်မှာစိုး၍ ပို၍ပင် ဂရုစိုက်သေး၏။

ကဲ. . . ကျွန်တော်၏ဝါသနာလည်း ရှိသေးသည်။ သူ့ဝါသနာကား ခွေးများ ကြောင်များကို ချစ်တတ်၍ သူ့အနီးတွင် ခွေးကြောင်မရှိလျှင် မနေတတ်။

ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့ ရွာတန်းရှည်ရွာမှာ အိုးအိမ်ထူထောင်ကြတော့ ကျွန်တော်၏ဝါသနာဖြစ်သော ကြက်ဘဲတို့ကား အလကားမရ။ ဈေးမှဝယ်ယူကာ စတင်မွေးမြူ ရသည်။ မေ့ဝါသနာခွေးကြောင်တို့ကား အရင်းတပြားမျှ မကုန်ရပေ။ ကာတွန်းဝင်းမောင်သည် ခွေးကလေးတကောင် လမ်းမှကောက်လာ၍ ကျွန်တော်တို့အိမ်မှာ 'ရန်ကြီးအောင်'ဖြစ်လာပုံကို ဤရှုမဝမဂ္ဂဇင်းမှာဘဲ ကျွန်တော်ရေးသားပြီးခဲ့ပါပြီ။ ကြောင်ကား ကျွန်တော်တို့ ဤအိမ်ရောက် ပြီး မကြာမီ ကြောင်အထီးလေးတကောင် (၄–၅လသားမျှ) အလိုအလျောက် ပေါက်လာလျက် မပြန်တော့ပေ။ ထို့နောက် ဒီကြောင်ကလေးကဘဲ သူအရွယ်ရောက်တော့ အခြားကကြောင်ပျို မလေးတကောင် ခေါ်လာပြီး၊ အိမ်မှာ ပေါက်ဖွားလိုက်တာ ယခုတိုင် ဤမျိုးဆက်မပြတ်တော့ပေ။ ဒီခွေးတွေ ကြောင်တွေအကြောင်းလဲ ကျွန်တော်ဝတ္ထုများရေးခဲ့ပါပြီ။ ညောင်ရာသီ၊ ရန်ကြီး အောင်၊ အနုနှင့်အကြမ်း၊ ဒေါသစိတ်၏ တဖက်စွန်း၌ ဝတ္ထုများဖြစ်ပါ၏။

မေသည် ကြောင်တွေ ခွေးတွေကို အလွန်ချစ်တတ်လျက် ခွေးတွေကို ရက်မှန်မှန်ရေချိုး သန်းချပေး၏။ သူ့ကြောင်များကိုယ်တွင်လည်း သန်းမရှိစေရ။ ကြောင်တွေသန်းရှာပေးရတာပင် သူ့အလုပ်ကြီးတခု။ တခါတရံ၌ အိမ်မှာကြောင်တွေ နှစ်ဆယ်အစိတ်မျှ ရှိနေသည်ကိုပင် သူမည်မျှ တိရစ္ဆာန်တွေနှင့် ပတ်သက်၍ စိတ်ရှည်ပါသနည်း။ သိနိုင်ပါသည်။

သူ့ခွေးနှင့်ကြောင်တွေကလည်း သန့်ရှင်းမှုဖြစ်ပေမည်။ သူအိမ်ပေါ်မှာ လည်းကောင်း၊ အိမ်အောက် ကွပ်ပျစ်မှာလည်းကောင်း၊ တုံးလုံးလှဲစာဖတ်နေသော အခါများ၌ သူ့ခွေးတွေ ကြောင်တွေက သူ့ကိုယ်ပေါ်မှာ မေးတင်လက်တင်ရှိနေကြသည်။ သူ၏ခွေးနှင့်ကြောင်များက လည်း

သင့်မြတ်ကြပါ၏။ ခွေးရင်ခွင်ထဲမှာ ကြောင်က ဝင်အိပ်၊ ခွေးဗိုက်ပေါ် တက်ထိုင်တဲ့ ကြောင်က ထိုင်လို့ထိုင်။

အိမ်မှာ ကြောင်ဆေး၊ ခွေးဆေးတွေ ကလည်း (ဟိုယခင်လိုချင်သမျှ ဝယ်ရတုန်းက) အသင့်။ သူ့ခွေးတွေ ကြောင်တွေများ တစုံတခု အနာတရဖြစ်လာလျှင် မရွံ့တတ်မရှာတတ်။ စိတ်ရှည်လက်ရှည် ပြုစုလိုက်တာလေ။ ဒါကြောင့် သူ့ခွေးတွေကြောင်တွေကလဲ သူ့ကိုတယ်ပြီး ချစ်ကြတယ်ခင်ဗျ။ ခွေးတွေသာမကဘူး။ ကြောင်တွေကလည်း နာမည် အသီးသီးနှင့်။ ခေါ်လျှင် နာမည်ရှင်က 'မြောင်' 'မြောင်'နှင့် ပြန်ထူးတတ်၏။ ခွေးဟာ ဒီလိုမထူးတတ်ဖူး။ လာရုံဘဲ လာတတ်သည်။

မေသည် အိမ်မလည်တတ်။ အိမ်မှုကိစ္စအဝဝပြီး၍ အားလျှင် သူ့ခွေးတွေကြောင်တွေ သန်းရှာပေးနေမည်။ နို့ပြီး ဒီကောင်တွေနှင့်အတူ ခွေကာစာဖတ်မည်။ မြန်မာပြည်ထုတ်စာအုပ် များသာမက၊ အင်္ဂလိပ်စာပေများကိုလည်း ဖတ်သဖြင့် သူဖတ်သမျှစာအုပ်တွေသာ ဝယ်ရမည်ဆို ပါက ငွေကြေးနည်းမည် မဟုတ်။ နို့ပြီး အိမ်မှာလည်း ထားစရာနေရာ ခက်ရော့မည်။ ထို့ကြောင့် မြို့ထဲမှာ အင်္ဂလိပ်စာအုပ်ငှားဆိုင်များတွင် ပထမသာ ၁၀–အုပ်ဖိုးလောက် ငွေသွင်းထားပြီး၊ နောက်ဒီစာအုပ်တွေ ပြန်ပေးနောက်ထပ်အသစ်ယူ၊ တအုပ်တမတ်သာ ငှားခပေးရတော့၏။ သူသည် ပညာရှိများလို စာအုပ်မရွေး။ တွေ့သမျှ အကုန်ဖတ်သည်။ စာအုပ်ဝယ်လျှင်တရက်၊ ကြီးလျှင်လေးငါးခြောက်ရက်။ 'စာကိုဝါးစားပစ်သလားထင်ရသည်'ဟု ဆိုနိုင်လောက်အောင် ဖတ်၏။ ပြီးတော့ ကျွန်တော့်အား ပြောပြသင့်သည့် ဝတ္ထုများကို ပြောပြ၏။

ထိုအခါ ကျွန်တော်က 'ဟာ. . ဒါဗမာလိုရေးလို့ ရတယ်ကွ၊ ဒီဟာဖြင့် မင်းက ပထမ အကြမ်းရေးကွာ. . . နောက်ပြီးမှ ငါက အချောကိုင်မယ်. . . . '

ယင်းသို့ဖြင့် သော်တာဆွေနှင့် မေ ဖက်စပ်ထွက်လာသော ဝတ္ထုများလည်း ရှိခဲ့ပါ၏။

အိမ်ထောင်ရေးသည် ထီထိုးရသည်နှင့် တူသည်ဟု ဆိုစကားရှိရာ၊ ကျွန်တော်သည် ဤဇနီးနှင့်ကျမှ အိမ်ထောင်ရေးထီပေါက်သည်ဟု ဆိုပါမည်တည်း။

## အခဏ်း (၂)

### ဟန်းနီးမူး

ကျွန်တော်တို့လင်မယား ညားပြီးမှ ပထမဦးဆုံး ခရီးထွက်ခြင်းကား. . . . . . .

ကိုလေးတို့မောင်းမကန်ဆီ။

ဒီခရီးသွားဘို့ ဆတ်ဆော့သူက တင့်တယ်။

'ဟေ့ မင်းတို့လင်မယား ဟန်းနီးမူး ထွက်ပါလားကွ'

ကျွန်တော်တို့ ဦးဘရှင်အိမ်မှပြောင်းခဲ့ကာ ရွာတန်းရှည်သို့ ရောက်နေပြီဖြစ်၍. . . . .

'ဟာ. . . လင်မယား ညားပြီးစကိုယ့်အိမ်ကိုယ် နှစ်ယောက်ထဲနေတာ အကောင်းဆုံးပါဗျာ၊ ဘယ်မှ မသွားချင်ပါဘူး. .၊ ခင်ဗျားတို့က ဘာစိတ်ကူးများ ရလာလို့လဲ'

ဒို့ ဒီသင်္ကြန်မှာ မောင်းမကန် သွားမယ်လို့ကွ၊ မင်းတို့လိုက်ပါလား. . . .

မြန်မာပြည်မှာ နာမည်ကြီးလှသော မောင်းမကန်ဆိုတော့ ကျွန်တော်မရောက်ဖူးသေး၍. .

'အင်း. . . ကောင်းတော့ကောင်းသားဘဲ ဒါပေမယ့် ကျွန်တော်တို့မှာက ခရီးသွားလောက် အောင် ငွေကြေးမရှိဘူးဗျ'

ဧပြီလဖြစ်၍ ကျွန်တော်တို့ ဦးဘရှင်အိမ်မှ ပြောင်းခဲ့ကာ အိုးသစ်အိမ်သစ် တည်ထောင် သည်က နှစ်လမျှ ရှိသေးသည်။ အိုးခွက်ပန်းကန်များ ဝယ်ရသည်။ ဖျာများ၊ သင်ဖြူးများ ဝယ်ရပါ သည်။ အိမ်ထောင်ပရိဘောဂ မဝယ်နိုင်သေး။ စာရေးဘို့စားပွဲကုလားထိုင်မှာ ရှမဝတွင် ထားသည့် တင့်တယ်၏အဟောင်းကို စွန့်ကြဲပေး၍၊ ဤစာပွဲကုလားထိုင်ကား အမှတ်တရပင်။ ယခု ဤစာရေးနေသည်မှာလည်း ဒီစာပွဲကုလားထိုင်ပါဘဲ။ သူ့စာပွဲသည် မူလကအတိုင်းပင် အံဆွဲနှစ်ခုရှိသည်အနက်မှ လက်ဝဲဘက်အံဆွဲသည် မိုးရာသီမှာ ဖွင့်ရပိတ်ရ အလွန်ခက်၏။ ကုလားထိုင်ကား မူလကြိမ်အခင်း ပေါက်သွားသဖြင့် သုံးထပ်သားအစားခင်းထားရ၏။ ခုဒီသုံး ထပ်သားက အလွှာကွာလေ၍ အစအနဖွာသဖြင့် ကူရှင်ခံထိုင်ရပါသည်။

ကျွန်တော်နှင့်မေညားရသည်မှာ ဘာမျှကြိုတင် ပြင်ဆင်မှုမရှိ။ ထိုနေ့မြို့ထဲမှာ ချိန်းတွေ့ကြပြီး (မောင်ရေ့. . . . ကျောင်းမှာနေလို့မဖြစ်တော့ဘူး၊ နက်ဖန်လာခေါ်တော့) ဆိုသောအခါ ကျွန်တော့်မှာ အသပြာပြတ်ပြန်ပြီကို သိသဖြင့်မေက တကျပ်သားကျော်ကျော်ရှိသော သူ့နန်းလိမ်ဆွဲကြိုးကို ပေးလိုက်၏။ ဤဆွဲကြိုးကို မနက်မှာ ကျွန်တော်ကငွေဖြစ်အောင် လုပ်ဖို့ပင်။ သို့ရာတွင် အရက်မူးမူးနှင့် ရုပ်အင်္ကျီထည့်အိပ်ရာ၊ နံနက်မိုးသောက်တော့ မရှိတော့ချေ။ ကျွန်တော်အိပ်ပျော်လျှင် နော်မာက အိတ်ထဲနှိုက်လေ့ရှိသည့်အတိုင်း၊ သူဘဲယူမှာဘဲဟု ကျွန်တော်အတပ်စွဲ၏။ သို့ရာတွင် သူ့မိခင်လက်ထဲရောက်သွားပြီးနှင့် တူသည်။ ထိုစဉ်ကလည်း ငြင်း၊ နောင်လဲငြင်း၏။ ကျွန်တော်ဘာမျှမတတ်နိုင်တော့ (တနည်းအားဖြင့်တော့လဲ ကောင်းသား ဘဲ၊ နော်မာနှင့် ကျွန်တော်ညားနေစဉ် ရွှေတပြားသားမှ လုပ်မပေးနိုင်ခဲ့။ နောက်ဆုံးခွဲခွာရတော့ မှဘဲ ရွှေတကျပ်သားလောက် လက်ဖွဲ့ခဲ့သည်နှင့် မတူဘူးလားကွယ်ရို့. . .)

ထို့ကြောင့် ကျွန်တော့်မှာ ငွေရေးကြေးရေး ပြဿနာရှိလျှင် ဖြေရှင်းလေ့ရှိသော နာနီဆီ က ငွေ ၅ဝိ–ကို နောက်ဆုံးတောင်းခြင်းဖြင့် ကိုကျော်မြကားနှင့် မေ့အား ဦးဘရှင်အိမ်သို့ ခေါ်လာခဲ့ခြင်း ဖြစ်ပါတော့၏။

ထို့အပြင် ကျွန်တော်မှာ ထိုနေ့မနက်က အဝတ်တထည် ကိုယ်တခုနှင့်လစ်လာခဲ့ရခြင်း ဖြစ်သောကြောင့် အဝတ်အစားများလည်း ဝယ်ရသေး၏။ သို့အတွက် ဤရက်များအတွင်းမှာ ရှမဝက ကြိုတင်ယူငွေများဖြင့် ဘိုင်ကျနေကြောင်း ပြောတော့ စေတနာထက်သန်နေသော ကိုတင့်တယ်က. .

'ခရီးစရိတ်လောက်ဖဲကွာ၊ ဟိုမှာ စားတာနေတာ ငါ့တာဝန်ခံမယ်ကွာ. . .'

'အဲဒီ ခရီးစရိတ်ကို ကျုပ်တို့မှာမရှိဘူး'

'ကဲ ဒါဖြင့် မင်းတို့ကို ငါငွေ ၂ဝိ ချေးမယ်ကွာ. . .'

'အေး. . . ချေးတယ်ဆိုပြီး ပြန်တောင်းဘို့တော့ စိတ်မကူးနဲ့၊ ကျွန်တော်တို့ရှိတဲ့အခါ ပေးချင်ပေးမယ်၊ မပေးချင်လဲမပေးဘူး၊ အဲဒါကို ယုံရင်ချေး. . .'

'အေး. . . မင်းကို ငါနားလည်ပါတယ် မောင်ဆွေရာ. . .'

ယင်းသို့ဖြင့် တင့်တယ်နှင့် ကျွန်တော်ငွေချေးစာချုပ်ထည့် သွားပြီးနောက် 'မောင်းမကန် မှာ ရာသီဥတုဘယ်လိုနေသလဲ၊ ဒီမှာလို မပူဘူး မဟုတ်လား. . .'

'ဘယ်ပူမလဲကွာ. . .၊ ပင်လယ်ကမ်းဘဲ၊ အပူအအေးမျှပြီး အင်မတန်နေလို့ထိုင်လို့ ကောင်းတယ်၊ ဘယ်တိုင်းပြည်မှာမဆို နွေရာသီမှာ ပင်လယ်ကမ်းခြေသွားကြတာဘဲ၊ ငါအင်္ဂလန် မှာ နေတုန်းကဒီလိုဘဲ. . .'

သူ့ဘီလပ်က ပြန်လာသည်မှာ တနှစ်မျှရှိသေးသည်။

'အင်း. . . ခင်ဗျားကြီးက အင်္ဂလိပ်အကျင့် ပါလာတာကိုး အဆင်သင့်ပါဘဲခင်ဗျာ. . .၊ ကျွန်တော့်မိန်းမ ကမွေးဇသူကလဲ မြန်မာပြည် နွေရာသီမနေဘူးသေးတော့ ပူလှလောင်လှချည် ရဲ့ ညည်းနေတာနဲ့ အဆင်သင့်ပါဘဲ. . .'

ယင်းသို့ဖြင့် ကျွန်တော်တို့ မောင်းမကန်သို့ ခရီးသွားဖြစ်ကြလေသည်။

ကျွန်တော်တို့နှင့် အခြားအဖော်များပါသေး၏။ ဂုဏ်ဝင်းနှင့် သူ့သူငယ်ချင်း ကိုတင်ထွေး၊ တင့်တယ်ညီ မောင်ကြည်၊ စုစုပေါင်း ကျွန်တော်တို့ ၆–ယောက်ဖြစ်ကြ၏။

ထိုစဉ်က မတန်းမည်သော တရုတ်သင်္ဘောသည် ရန်ကုန်မြို့ကို ဝင်ထွက်လျက်ရှိပေရာ၊ စင်စစ် ဟန်နီမူးဆိုသော အင်္ဂလိပ်စကားအတိုင်း အင်္ဂလိပ်ဆန်ဆန် မင်္ဂလာခရီးထွက်ကြမည် ဆိုလျှင် သီးသီးသန့်သန့် အခန်းနှင့် အထက်တန်းကဆိုလျှင်၊ ကောင်းလေမည်။ ယခုတော့ ကျွန်တော်တို့မှာ ဖွတ်ကြားဘဲ၊ ကုန်းပတ်ကလိုက်ရလေတော့ ဘယ်နှိပ်မှာလဲဗျာ. . .။

သင်္ဘောထွက်စတော့ ပျော်သလိုရှိသားဗျ။ သင်္ဘောသံလက်တန်း ကိုင်ပြီးတော့ ရေပြင်နဲ့ ဝေဟင်ကိုကြည့်ခဲ့တယ်။ သင်္ဘောနဲ့အတူပါလာတဲ့ စင်ရော်တွေကို အစာကျွေးခဲ့တယ်။

'မောင်ရယ် သူတို့က ပေါင်မုံ့စလေးတွေကို သုတ်သုတ်သွားလိုက်ကြတာ နိပ်ပေ့ကွာ. . .၊ ဒါနဲ့ ပြောစမ်းပါအုံး မောင်ရယ်၊ သူတို့က ဒီသင်္ဘောနဲ့ လိုက်လာကြတာ မေတို့လိုမုံ့ကျွေးတဲ့ လူတွေဆီက မုံ့စားရအောင် လိုက်လာကြတာလား. . .'

မေသည် ရှမ်းပြည်တောင်ပေါ်သူ သင်္ဘောကို ဤအကြိမ် ပထမစီးဘူးခြင်းဖြစ်သည်။

'မူရင်းကတော့ ဒီလိုဟုတ်ပုံမပေါ်ဘူး. . . မေရဲ့ လူတွေက အကျင့်လုပ်ကျွေးလေ့ရှိလို့သာ သူတို့က မုံ့စားရမှန်း သိနေတာဖြစ်လိမ့်မယ်၊ သူတို့သင်္ဘောနဲ့လိုက်လာတဲ့ သဘာဝကတော့. . . မေ. . ဟောဟိုမှာကြည့်စမ်း. . .၊ သင်္ဘောနောက်က ရေဂယက်ထဲမှာ စင်ရော်တွေ လှိုင်းစီးနေကြ တယ်. . မြင်လား'

'ဟုတ်တယ်. . . ဟုတ်တယ်. . . '

'အဲဒါ သူတို့ငါးကိုကြည့်နေကြတာ. . .၊ သဘော်ာကခုတ်သွားတဲ့ ရေဂယက်ထဲမှာ ငါးက ပေါ်လာတတ်တယ်၊ အဲသည်အပေါ်လိုက်မှာ သူတို့က ဖမ်းစားကြတာဘဲ'

'ဟုတ်တယ်. . . ဟုတ်တယ် မောင်. . .၊ ဟိုစင်ရော်တကောင် ငါးတကောင်ရသွားတာ မေမြင် လိုက်ရတယ်'

'ဒါ သူတို့သဘာဝ အစာရှာနည်းပေါ့. . . '

'မောင်. . . သူတို့က ငါးအစိမ်းလဲစားတယ်၊ လူတွေကျွေးတဲ့ ပေါင်မုံ့လဲ စားတယ်'

'ကိတ်မုံ့ကျွေးလဲ စားမှာပေါ့ကွ'

'ဟော. . . . မောင်ရေ. . . . ကြည့်စမ်း. . .၊ ရေအရောင်က တမျိုးပြီးတမျိုး ပြောင်းလာ လိုက်တာ မြစ်ထဲတုန်းက အဖြူရယ်. . . .၊ အခု ပင်လယ်ဝရောက်ပြီမို့ထင်ပါရဲ့၊ ရေကစိမ်းပြီး မှောင်နေတာဘဲ၊ ကျောက်စိမ်းပြင်ကြီးပါလား. . . မောင်ရယ်'

ပင်လယ်ကူးသဘော်ာ မစီးဘူးသေးသူတို့အဖို့ ဤသို့ရေစိမ်း မှောင်လာပြီဆိုရင်တော့ သတိထားပေရော့။ မကြာမီ ပင်လယ်လှိုင်းနှင့် တွေ့ကာ ကျွန်တော်တို့မူးပါလေပြီ။ မူးရုံမက အန်ပြီး ကျွန်တော်တို့သည် မတ်တတ်ငုတ်တုပ် မနေနိုင်တော့ဘဲ၊ တပျို့ပျို့တအန်အန်နှင့် အိပ်ရာ ထဲ ခွေကြရပါရော. . .။

အောင်မယ်လေး. . . ကိုတင့်တယ်ရေ. . . ခင်ဗျားပြောတဲ့ ဟန်းနီးမူးဟာ ကျွန်တော်တို့အဖို့ အန်ပြီးမူး ဖြစ်ပါရောလား. .။

ယင်းကား ပင်လယ်ခရီးသွားနေကျ မဟုတ်သူတိုင်း ပင်လယ်ထဲရောက်စမှာ ပင်လယ်က နှုတ်ဆက်လိုက်ခြင်းပင်။

ကျွန်တော်တို့ ထိုတည လှိုင်းမူးမူးနှင့်ဘဲ အိပ်ပျော်သွားကြပြီး နောက်တနေ့ မနက်လင်း တော့ အမူးများပြေသွားကြ၍ နေသာထိုင်သာရှိသွားကြလေပြီ။ ပင်လယ်လှိုင်းမထတော့၍ မဟုတ်။ သဘော်ာ၏လှုပ်ရှားခြင်းကို လူက 'ယဉ်'သွားသောကြောင့်တည်း။

ဤပင်လယ်ကူးသဘော်ာကြီး မတန်းသည် ထားဝယ်ဆိပ်ကမ်းကို ကပ်၍မဆိုက်နိုင်ပေ. . .။ မော်တော်တစင်းက လာကြို၍ ကျွန်တော်တို့ ပြောင်းစီးကြရသည်။

ထိုစဉ်က ထားဝယ်မြို့ ကျွန်တော်တို့မိတ်ဆွေမှာ ပါလီမန်အမတ် ဗိုလ်နေဝင်းဖြစ်၍ သူက အသင့်ကြိုနေပါသည်။ ဗိုလ်နေဝင်းအိမ်မှာ တရက်လောက်နေပြီးမှ ကျွန်တော်တို့ မောင်းမကန် သို့သွားကြပါသည်။

## ဗိုလ်တဲနံပါတ် (၁)

ကျွန်တော်တို့သည် ဗိုလ်တဲနံပတ်(၁)တွင် တည်းကြပါသည်။ ဤဗိုလ်တဲတစ်နံပတ်ဖြစ်ရသည်မှာ မြန်မာပြည်တွင် အင်္ဂလိပ်များလက်ထက်ကပင် ပထမဦးဆုံး ဖန်တီးခဲ့သော ဤမောင်းမကန်ပင်လယ်ကမ်းခြေ အပန်းဖြေရိပ်သာမှာ ပထမဦးဆုံး ဆောက်သော ဗိုလ်တဲမို့ ဖြစ်ပါလိမ့် မည်။ ဒါကြောင့်လဲ ဟောင်းပေ့ဗျာ။ လူတက်နေ၍ ဖြစ်ရုံသာရှိတော့သည်။ အမိုးများမလုံတော့၊ ကြမ်းများကလည်း ကျိုးသည့်နေရာ ကျိုးနေပြီး အနိမ့်အမြင့်မညီတော့ပါ။ နောက်ဖေးဆောင်မှာ မိုးရေလျှော စောင်းနေ၏။ ခြေတံရှည်ရှည်မြင့်မြင့်ကြီးနှင့် ကြီးတော့ကြီးပါ၏။

ထားဝယ်မှထွက်ခဲ့စဉ် 'ခင်ဗျားတို့တော့ ဗိုလ်တဲနံပတ်တစ်ရတာဘဲဗျို့' ဟု ဗိုလ်နေဝင်းက ပြောလေတော့၊ အင်း. . . တစ်ဆိုတာ ပထမတန်းဘဲဟု အောက်မေ့နေတာ။ ကျွန်တော်တို့မှာ ဝမ်းသာမိကြသေးသည်။ ဒီရောက်မှ သောက်တလွဲဘဲ။ အပေါက်မကျွံအောင် သတိထားနင်းရသေးသည်။ လမ်းလျှောက်တော့ ကျိုးကျိုးကျိုကျိုလည်း မြည်လေသေး။

ခြံဝင်းကြီးကတော့ ကျယ်ပါဘိသည်။ ကေဝက်လောက်ရှိမည်ထင်သည်။ အဝင်ဝက ထင်းရှူးပင်ကြီးနှစ်ပင်နှင့်။ ဒီထင်းရှူပင်လဲ ဒီဗိုလ်တဲဆောက်တုန်းက စိုက်တာထင်ပါရဲ့။ ထင်းရှူးပင် ဆိုတာက အသက်အိုလေ နုပျိုလေကိုး။ ပင်လယ်လေကိုရှူကာ စိမ်းစိုပါဘိ။

စင်စစ်တော့. . . မောင်းမကန်သည် ဒဂုန်ခင်ခင်လေးနှင့် ဦးအုန်းခင်တို့ ခေတ်ထစဉ်က စတင်ခဲ့သော ငပလီလောက် မသာယာ၊ မလှမချော။ လူနေလည်းကျဲ၏။ စျေးလည်းဝေး၏။ ဤပင်လယ်ကမ်းသာယာမှာ မောင်းမကန်ရွာနှင့် တော်တော်လေး အလှမ်းကွာ၏။ စျေးဝယ်ရန်က မောင်းမကန်ရွာက စျေးသို့သွားရ၏။ ကျွန်တော်တို့အား ဗိုလ်နေဝင်းက ဂျစ်ကားတစီးပေးထား၍ တော်သေးသပေါ့။

စျေးဝယ်ထမင်းချက်ကတော့ ကျွန်တော်တို့လင်မယားပေါ့ခင်ဗျာ။ တင့်တယ်က 'မင်းတို့လင်မယား၊ ငါ ဒါကြောင့်ခေါ်ခဲ့တာပေါ့ကွ' တဲ့၊ သူက မေထမင်းဟင်း အချက်ကောင်းကြောင်း ကို ကျွန်တော်တို့ ဦးဘရှင်အိမ်နေတုန်း သူမကြာခဏ လာလည်စဉ်ကပင် သိနေပါသည်။

ထိုစဉ်က မောင်းမကန်သည် ယခုငပလီလို လူစည်ခြင်းလည်းမရှိပါ။ ဗိုလ်တဲတိုင်း လူရှိကြသည် မဟုတ်မူ၍ တိတ်ဆိတ်ခြောက်ကပ်လှ၏။ ဗိုလ်တဲတခုကျော်မှ ကျွန်တော်တို့အား မိတ်ဆက်လာသော အရေးပိုင် ဦးတင်ဦးတယောက်သာ ကျွန်တော်တို့မိတ်ဆွေရ၏။

သို့သော် ကျွန်တော်တို့ရောက်ပြီး မကြာမီ၌ ဤမောင်းမကန်ကမ်းခြေမှာ လူတွေ အုံးအုံးကျွက်ကျွက် စည်ကားလာလေ၏။ သောင်ပြင်တွင် မဏ္ဍပ်ထိုးကြ၏။ မြို့ပေါ်က လူတွေလာကြ၊ သွားကြ၏။ တီးမှုတ်သံတွေ ဘာတွေကြားရ၏။

အကြောင်းသော်ကား၊ ထိုစဉ်က ထားဝယ်သား ဦးဗဆွေသည် ဝန်ကြီးချုပ်ဖြစ်နေ၍၊ သူ့အဖွဲ့သားများနှင့် မေယုသင်္ဘောကြီး စင်းလုံးစီးကာ ရွှေမြို့တော်သို့ ပြန်လာခြင်းဖြစ်ပေသည်။ မေယုသင်္ဘောကား ဆိပ်ကမ်းသို့ ကပ်လာနိုင်သည်မဟုတ်၊ ပင်လယ်ထဲ ခပ်ဝေးဝေးတနေရာမှာ ကျောက်ချထားသည်။ ဦးဗဆွေအဖွဲ့သားများက မော်တော်များနှင့် ကမ်းခြေသို့ ကူးသန်းကြ သည်။ သည်က ထားဝယ်သားများက မဏ္ဍပ်ထိုး၍ ဆီးကြိုညှော်ခံကြသည်။ ထမင်းစားပွဲကြီးများ ကျင်းပသည်။

ဤနေရာ၌ ကျွန်တော်သည် ထိုအချိန်က ခေတ်ကောင်းခဲ့ကြသော ဦးဗဆွေနှင့် တင့်တယ်အကြောင်း ပြန်စဉ်းစားမိသည်။

နိုင်ငံရေးသမားနှင့် စာရေးဆရာ

ဦးဗဆွေသည် ကျွန်တော့်အား ငွေငါးထောင်ပေးခဲ့ဘူးပါသည်။ သို့သော်. . . သူကိုယ်တိုင်ကတော့ မသိပါ။ ကျွန်တော်ကလည်း ဤငွေငါးထောင်ကိုမယူခဲ့ပါချေ။ သို့ရာတွင်ငွေငါးထောင်မကတန်သော ‘နိုင်ငံရေးအသိ’ တခုကို ကျွန်တော်ရခဲ့ပါသည်။

တင့်တယ် အင်္ဂလန်က ပြန်ရောက်ခါစ။

၁၉၅၃–ခု၊ ဆောင်းဦးပေါက်လောက်က ဖြစ်ပါသည်။ ထိုအချိန်မှာ ဦးဗဆွေသည် နိုင်ငံခြားသတင်းစာများက (သရဖူးဆောင်းသော မင်းသား)ဟု ချီးကြူးရေးသားရလောက်အောင် မြန်မာပြည်မှာ ဘုန်းမီးနေလတောက်ပနေသော ကာလ။

တနေ့သော နံနက်ခင်းကြီးမှာ ဆီးနှင်းတွေဝေနေတုန်း ကျွန်တော်သည် ဦးဗဆွေ၏ ဟုမ်းလမ်း အိမ်ကြီးရှေ့သို့ ရောက်ခဲ့ပါသည်။ ထိုအခါမှာ သူက ကာကွယ်ရေးဝန်ကြီးကဘဲ၊ ဘယ်သူ

အိမ်ထဲဝင်ချင်တိုင်း ဝင်ရမတုန်း၊ အပေါက်စောင့်ရဲဘော်တွေဆီကို ကျွန်တော့်နာမည်နှင့် ကိစ္စရေးပေး ရပါသည်။ တွေ့ချင်လို့ဆိုရုံနှင့်မရပါ။

သည်တော့ ကျွန်တော့်ကိစ္စက ရေးပြဘို့ခက်နေသည်။ ခက်မှာပေါ့၊ ကျွန်တော်ကိုယ်တိုင် ကိစ္စလည်းမဟုတ်။ တင့်တယ်ရဲ့မယားပူဒုက္ခကိုခင်ဗျ။ သူဘိလပ်မှာနေတုန်းက သွားလေရာ အိမ်ထောင်ကျရပါစေရဲ့လို့ဆိုတဲ့ သနားစရာ ကျိန်စာသင့်ခဲ့ရှာတဲ့ ဆရာတင့်တယ်ဟာ ဟိုမှာ မိန်းမ တယောက် ရခဲ့တယ်ခင်ဗျ။ ဆရာတင့်တယ်ရဲ့ တချို့ဝတ္ထုတွေမှာ ဂျုံးနီဂျုံးနီနဲ့ တဂျီဂျီအော် ခဲ့တာကို ယခင်က ရှုမဝပရိသတ်များ ဖတ်ဖူးခဲ့ကြလိမ့်မယ်၊ လန်ဒန်မှာသူရခဲ့တဲ့ မိန်းမနာမည် က ဂျုံ တဲ့ခင်ဗျာ။ ဆရာတင့်တယ် မြန်မာပြည်ပြန်ရောက်တော့ရင် သူက ဒီ'ဂျုံ'ကို 'ဆန်'လုပ်ချင် တယ်၊ အဓိပ္ပာယ်က အင်္ဂလန်ကနေပြီး မြန်မာပြည်ကို ခေါ်ချင်တယ်ဗျာ။ အင်္ဂလန်ကတော့ ပြည်ပထွက်ခွင့် 'ပတ်စ်ဘုတ်'ပေးဘို့ အဆင်သင့်ပါဘဲတဲ့၊ မြန်မာပြည်မှာဘဲ နေထိုင်ခွင့်အမိန့် 'ဗီဇာ'ရဘို့ လိုနေတယ်၊ ဆရာတင့်တယ်ဟာ ဘိလပ်သူမကို မြန်မာပြည်ခေါ်ဘို့ ကြိုးစားရှာ တယ်။

သည်အချိန်မှာ ဦးဗဆွေက တန်ခိုးအာဏာကြီးတဲ့ ဝန်ကြီးဖြစ်နေတော့ ဆရာတင့်တယ် က ကျွန်တော့်ကို 'ဟေ့. . မောင်ဆွေ မင်းဦးဗဆွေနဲ့ တော်တော်ရင်းနှီးသလား'လို့ မေးပါတယ်။

သည်နေရာမှာ ဦးဗဆွေနှင့် ကျွန်တော်သိကျွမ်းရပုံကို ပြောရပါမယ်၊ အခုကွယ်လွန်သွားပြီ ဖြစ်တဲ့ မင်းရှင်နောင်က အောင်သွယ်ပါ။ မင်းရှင်နောင်ဟာ နိုင်ငံရေးအားဖြင့် ဦးဗဆွေနှင့် အလွန်ရင်းနှီးသူပါ။

တနေ့ မင်းရှင်နောင်နှင့်ကျွန်တော် ဗိုလ်ချုပ်ဈေးရှေ့ ဖြတ်အလျှောက်မှာ ဗိုလ်ချုပ်လမ်း ကနေပြီး မဂိုလမ်းထဲ ချိုးဝင်သွားတဲ့ ကားတစီးကြည့်ပြီးတော့ မင်းရှင်နောင်. . .

'ဟေ့. . . . ဝန်ကြီးတွေကွ၊ ဘယ်သွားမလဲ မသိဘူး၊ ဟာ. . . ချစ်တီးထမင်းဆိုင်ရှေ့ရပ်တယ်၊ ထမင်းစားမလို့နဲ့တူတယ်၊ လာဟေ့ မောင်ဆွေ၊ ဒို့လဲဝင်တုတ်ရအောင်'ဆိုတော့ ကျွန်တော်က. .

'ဟ. . ဝန်ကြီးတွေက ဒို့ထမင်းမကျွေးတဲ့အပြင် ရိုက်ထုတ်နေပါအုံးမယ် မလုပ်ပါနဲ့ ငါဝန်ကြီး ရိုက်တာတော့ မခံချင်ပါဘူးကွာ'

'လာပါကွ၊ ငါနဲ့ ရင်းနှီးပါတယ်'

'ဟေ့အေ. . . မင်းနဲ့ ရင်းနှီးမင်းဘဲသွားကွာ၊ ငါနဲ့မှမသိတာကြီး'

'ဟ. . . မင်းနဲ့ လူချင်းမသိပေမယ့် မင်းစာတွေဖတ်ပြီး သူတို့က မင်းကိုသိနေကြပါတယ်ကွ'

'ဟ. . . ဝန်ကြီးတွေက ငါ့စာတွေ ဖတ်မလားကွ'

'ဖတ်တယ်ဆရာ၊ ဦးဗဆွေကဆိုရင် မင်းဝတ္ထုတွေ အားကြီးဖတ်တာပေါ့၊ သူက မင်းဟာသဝတ္ထုတွေကို ကြိုက်တယ်ကွ၊ ငါ့ကိုတောင် သော်တာဆွေ တနေ့သူ့အိမ်ခေါ်ခဲ့စမ်းပါလို့ ပြောဘူးတယ်၊ လာပါကွ၊ မင်းစိတ် ငါသိပါတယ်၊ မင်းသိက္ခာငယ်ရမယ့်ဟာမျိုး ငါဘယ်တော့မှမလုပ်ပါ ဘူး'

ဒါနှင့် ကျွန်တော်တို့ချစ်တီးထမင်းဆိုင်ထဲ ရောက်သွားပြီး ဝန်ကြီးများနှင့် မိတ်ဆက်ရပါသည်။

ဦးဗဆွေ၊ ဗိုလ်မှူးအောင်၊ ဗိုလ်လှအေးတို့သုံးယောက်ဖြစ်ပါသည်။

မင်းရှင်နောင်ပြောတာမှန်ပါသည်။ ဦးဗဆွေက ကျွန်တော့်ဝတ္ထုတွေ မပြတ်ဖတ်လေ့ရှိကြောင်းနှင့် မည်သည့်ဝတ္ထုတုန်းက သူတို့ဖဆပလဝန်ကြီးတွေကို သရော်သည်၊ ကလော်သည် ဟုလဲ ပြောပြပါသည်။

ဦးဗဆွေနှင့်ကျွန်တော် ဒုတိယအကြိမ် ထပ်မံရင်းနှီးရပြန်သည်မှာ စထရင်းဟော်တယ်၊ ဆိုဗီယက် အောက်တိုဘာ တော်လှန်ရေးနေ့ အခမ်းအနားတွင်ဖြစ်ပါသည်။ ရုရှားသံရုံးမှ ဖိတ်ကြားခြင်းခံရသဖြင့် သည်ဟော်တယ်မျိုး မရောက်စဖူး၊ အသောက်ထူးနေကြသော (ဝီစကီ တွေကို ခင်ဗျ) ကျွန်တော်တို့ စာရေးဆရာတွေမှာတော်တော် ထွေနေကြပါသည်။ သည်အချိန်မှာ ဦးဗဆွေက နိုင်ငံခြား သံတမန်ကြီးများနှင့် ပြောဆိုနေကြပါသည်။

ယင်းကို ဆရာကြီးမဟာဆွေက ကျွန်တော့်အား. . .

'ဟေ့. . . မောင်ဆွေ၊ ဗဆွေကိုသွားပြီး ဆွဲခေါ်ခဲ့စမ်းကွာ၊ ဒီကောင်က နိုင်ငံခြားသားတွေကိုမှ လူထင်သလား ဒို့စာရေးဆရာတွေကို လာပြီးနှုတ်ဆက်ဖော်မရဘူး' လို့ မူးသံကြီးနှင့်ပြောလေ တော့၊ ကျွန်တော်ကလဲ ဒီနေရာ ဒီကိစ္စမျိုးမှာ မမူးသေးရင်တော့ ယုန်သူငယ် မူးပြီဆိုရင်တော့ ကျားဘဲ။

ဒါနဲ့ ကျားကြီးဗဆွေကို ကျွန်တော်သွားဆွဲတော့၊ သူကျွန်တော်နဲ့ ကန့်လန့်ကန့်လန့် ပါလာပြီး. . .

'ဟေ့. . . သော်တာဆွေ ဘာလဲကွ'

'ခင်ဗျားက ကျွန်တော်တို့နဲ့လာပြီး စကားစမြည်ပြောပါအုံးဗျာ'

'ဟေ. . . မင်းက ငါ့. . ဘာပြောစရာရှိလို့လဲကွာ'

'ရှိတာပေါ့ဗျ'

'ဒါဖြင့် နောက်မှပြောကွာ'

'အာနောက်မှဆိုရင် ခင်ဗျားကို ဘယ်မှာတွေ့နိုင်လို့တုန်း၊ ခင်ဗျားလို ဝန်ကြီးတယောက် ကို ကျွန်တော်တို့လို လူတွေ့ဘို့က အရိမေတ္တယျအပွင့်မှာ ဖူးရဘို့လောက် ခက်နေတာ'

'ဟေ့ သော်တာဆွေ၊ ဒီလိုမပြောနဲ့ကွာ၊ မင်းငါ့ကိုတွေ့ချင်ရင် အချိန်မရွေး၊ ငါ့ဆီကိုလာခဲ့ ပါ၊ မနက်နဲ့ နေ့ခင်းပိုင်းမှာ ငါ့အိမ်၊ ညနေ ၄–နာရီကျော်ရင် ပြည်ထောင်စုကလပ်ကွာ'

ကျွန်တော်က သူ့လက်ဆွဲလျက်ဘဲ ရှိနေသေး၍. .

'ဟုတ်လား လွှတ်ကွာ ငါကအခုမင်းတို့လို အပျော်သောက်အမူးသောက်သောက်နေရတာ မဟုတ်ဖူးကွ၊ နိုင်ငံခြားသံတမန်တွေနဲ့ စကားပြောနေရတာက နိုင်ငံတာဝန် ထမ်းဆောင်နေရတာ ဘဲကွ'

ယင်းမှ သူပြောတာ ဟုတ်ပါလားဟု မိမိအပြုအမူ အမှားကိုသိရှိကာ ဦးဗဆွေလက်ကို ကျွန်တော် လွှတ်လိုက်ရပါတော့၏။

ထို့ကြောင့် ထိုနေ့မနက်မှာ ဦးဗဆွေကိုတွေ့ရဘို့အတွက်. . . .

''ဦးဗဆွေခင်ဗျာ. . .''

'မင်းငါ့ကိုတွေ့ချင်ရင် အချိန်မရွေးလာခဲ့ပါ'ဆိုစကားအရ ကျွန်တော် ယခုကိစ္စတခု အတွက် လာခဲ့ပါသည်

သော်တာဆွေ

ကျွန်တော် ဤသို့ရေးပြီး၊ ရဲဘော်ကိုပေးလိုက်ပါသည်။ မကြာမီထိုရဲဘော် ပြန်လာပြီး ကျွန်တော့်ကို ဦးဗဆွေ၏အိမ်ကြီးပေါ်သို့ ခေါ်သွားပါသည်။

အလား. . . လား. . . ဧည့်ခန်းမှာ ကျွန်တော့်လိုဘဲ ဦးဗဆွေကို ထိုင်စောင့်နေတဲ့လူတွေ အများကြီးပါလား။ မြန်မာများသာမက နိုင်ငံခြားသား မျက်နှာဖြူမျက်နှာဝါမျက်နှာမဲတွေပါရဲ့–

ကျွန်တော်ရောက်ပြီး မကြာမီဘဲ ဦးဗဆွေဟာ ကျွန်တော်ကျောခိုင်းထိုင်နေတဲ့ အခန်းထဲ လာတယ်၊ အခန်းထဲက လူတွေမျက်စိဝေ့ကြည့်လိုက်ပြီး ကျွန်တော့်မြင်တော့ ကျွန်တော့်ဆီ ရောက်လာပြီး ကျွန်တော့်ပခုံးပုတ်ကာ. . .

'ဟေ့. . . မင်းနဲ့ငါတော့ အေးအေးဆေးဆေးပေါ့ကွာ' ပြောပြီး ခေါင်းရင်းခန်းထဲ ဝင်သွားကာ သူ့လာစောင့်နေတဲ့ ဧည့်သည်တွေကို တယောက်စီခေါ်တွေ့ပါသည်။

၅–မိနစ်လောက်နဲ့ ကိစ္စပြီးတဲ့လူ ၁၅–မိနစ်က နာရီဝက်ကျော်ကျော် ကြာတဲ့လူတွေ ရှိပါသည်။

နောက်ဆုံး ကျွန်တော်တယောက်တည်း ကျွန်တော့်၁ဝနာရီကျော်နေပါပြီ။ ကျွန်တ်ော့ကို တော့ သူ့အခန်းထဲမခေါ်ပါဘူး၊ ကျွန်တော်ထိုင်နေတဲ့ ဆိုဖာရှည်ပေါ်မှာ သူလာထိုင်ပြီး ဘေးချင်း ယှဉ်လျက်. . .

'ကိုင်း. . မင်းကိစ္စက ဘာတုန်းကွ'

ကျွန်တော်က တင့်တယ်ပြဿနာကို တင်ပြလိုက်တော့ သူက ခပ်အေးအေးပင် စတင်၍. .

'အော်. . . ဗီဇာရဘို့လား. . . ဒါ ငါလုပ်ပေးနိုင်ပါတယ်ကွ'

သည်စကားကြားရတော့ ကျွန်တော့်စိတ်ထဲမှာ အောင်မယ်လေး သော်တာဆွေတို့ ကံထတော့ ငွေငါးထောင်ရလို့ တယ်လွယ်ပါလားဟဲ့ နော်လို့ စိတ်ကကျူးရင့်လိုက်မိတယ်ဗျ။ ဘာကြောင့်လဲဆို တင့်တယ်က သူ့မိန်းမမြန်မာပြည် လာနေခွင့်ဗီဇာရအောင်သာ လုပ်ပေးနိုင်ရန် ကျွန်တော့်ကို ချက်ချင်းလက်ငင်း ငွေ ၅ဝဝဝိ ပေးမယ်လို့ ဆိုစကားရှိသကိုး။ အဲသည်အချိန်မှာ တင့်တယ်ဟာ ဘိလပ်က ပြန်လာတာ မကြာသေး။ သူ့ဝတ္ထုတွေဟာ အင်မတန် ရောင်းလို့ ကောင်းတယ်။ သူ့နာမည်ဟာလဲ ထိပ်ဆုံးမှာနေတုန်း။ ရုပ်ရှင်ဇာတ်ညွှန်းတွေကလဲ ထောင် သောင်းချီပြီး ရနေခိုက်၊ သူကျွန်တော့်ကို တကယ်ဘဲ ငွေငါးထောင်ပေးနိုင်ပါတယ်။ သူပေးလဲ ပေးမှာပါဘဲ။ အကယ်၍ ကျွန်တော်က ဈေးကိုင်တောင် တသောင်းရနိုင်ပါတယ်။

ဟီ. . . ဟီ. . သော်တာဆွေတို့ ပွပြီ. . . ပွပြီ. . . '

သို့သော် ဦးဗဆွေ၏စကားက မဆုံးသေးပါ။ သူထားဝယ်သံဝဲဝဲကြီးနှင့် လေးလေးမှန်မှန် ဆက်၍ လာပုံကား. . .

'ဒါပေမယ့် တင့်တယ်မိန်းမဗီဇာ ပေးသင့်မပေးသင့်ကို မင်းနဲ့ငါနဲ့ ဆွေးနွေးကြအုံးစို့ကွာ၊ မင်းက စာရေးဆရာ ငါက နိုင်ငံရေးသမား၊ ဒီတော့ ဒို့နှစ်ယောက်စလုံးမှာ တိုင်းပြည်အတွက် စဉ်းစားဘို့ရှိတယ်ကွ'ဟု ဆိုပြီး သူခေတ္တစကားဖြတ်ထား၍ ကျွန်တော်က နားပေထောင်နေစဉ်. .

'ဟေ့. . . ဒီမှာ. . . သော်တာဆွေ. . ဘိလပ်သားတွေ ဗမာပြည်မှာနေပြီး ဗမာမိန်းမတွေ မယူကြဘူးလားကွ'

'ဟာ. . . ယူကြတာပေါ့ဗျာ'

'အေး. . . နို့ပြီး၊ သူတို့ ဘိလပ်ပြန်တော့ ဗမာမိန်းမတွေ ခေါ်သွားကြသလားကွ'

ကျွန်တော်. . . မျက်လုံးကလေး ကြောင်တက်တက်နှင့် နှုတ်ဆွံ့သွားလေပြီ။ ဦးဗဆွေက ဆက်ပြော၏။

'နို့ပြီး. . တရုတ် ကုလားတွေကောကွာ၊ ဗမာမိန်းမတွေ ယူကြတာဘဲ မဟုတ်လားကွ၊ ဒါပေမယ့်. . . သူတို့ ပြည်ကြီးပြန်တော့ရင် ဗမာပြည်က မယားတွေ သားသမီးတွေ ခေါ်သွားကြတယ်လို့ ကြားဘူးသလား'

'ဟင့်အင်း'

ကျွန်တော် ခေါင်းခါရပါတော့သည်။

'အဲဒါ. . . သူတို့မယားတွေ. . သားသမီးတွေ မချစ်လို့ လို့မင်းဆိုနိုင်မလား'

'ဟာ. . . ဘယ် ဆိုနိုင်မလဲဗျာ၊ လူမှန်ရင် ကိုယ့်သားမယား ကိုယ့်ရင်သွေးကို ချစ်ကြတာ ချည်းပေါ့'

'ဒါပေမယ့်. . . သူတို့ဘာကြောင့် သူတို့တိုင်းပြည်ကို ခေါ်မသွားကြသလဲ မင်းသိလား'

ကျွန်တော်က ခေါင်းခါလိုက်တော့. . .

'အဲဒါ နိုင်ငံရေးဘဲကွ၊ ဒီမှာသော်တာဆွေ၊ ဒို့တိုင်းပြည်ဟာ ကျွန်သပေါက်ဘဝ ရောက်ခဲ့ရလို့ လူမျိုးခြားတွေ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက် နေချင်သလိုနေခဲ့ကြတာကို ဒို့ခံခဲ့ရတာကြာပြီ၊ အခု ဒို့လွတ်လပ်ရေးရပြီမို့ ဒီကိစ္စတွေကို ဒို့အဖတ်ဆယ်ရမယ်'

သူခေတ္တစကားနား၏။ ပြီးမှ ကျွန်တော့်စေ့စေ့ကြည့်၍. .

'ဒီမှာ သော်တာဆွေ၊ လူမျိုးခြားတွေ ဒို့တိုင်းပြည်ရောက်လာတယ်ဆိုရင် ဒို့လူမျိုးတွေရဲ့ လုပ်စာတွေကို စားပြီး ဒို့တိုင်းပြည်ရဲ့ နေရာကောင်းကောင်းတွေမှာ နေကြတာကွ၊ သူတို့အဆင့်အတန်းက ဒို့လူမျိုးထက်များတောင် မြင့်နေလိုက်ကြသေးတယ် အဲဒါတွေ တွေးပြီးတော့များ မင်းအသဲမနာဘူးလား သော်တာဆွေရယ်'

'အခု မင်းသူငယ်ချင်း တင့်တယ် ခေါ်လာချင်တယ်ဆိုတာက ဘီလပ်သူ မျက်နှာဖြူမဟုတ်လား၊ သူက ဗမာပြည် ရောက်တော့ရင် ဘယ်အဆင့်အတန်းမှာ နေမလဲကွ၊ ဗိုလ်မကဗိုလ်လိုဝတ်ပြီး ဗိုလ်လိုနေမယ် မဟုတ်လားကွ၊ ဒီနေရာမှာ သူ့မယားသူထားတာဘဲ၊ တင့်တယ်ရဲ့ လုပ်စာလို့မတွက်ရဘူး၊ သူ ဘယ်နည်းနဲ့ရရ၊ ဒို့တိုင်းပြည်ရဲ့ပစ္စည်းလို့ယူဆရမယ်၊ နားလည်ရဲ့ လား သော်တာဆွေ. .'

'ဟုတ်ကဲ့ခင်ဗျ. . .'

'နို့ပြီးတော့ အဲဒီဘီလပ်သူ ဗိုလ်မက ဒို့တိုင်းပြည်မှာနေပြီးတော့ သူ့တယောက်ထဲနဲ့ မပြီးသေးဘူး ခလေးတွေ မွေးအုံးမယ်ကွ၊ မျက်နှာဖြူကပြား ကကတစ်ကလေးတွေ၊ နောက်သူတို့ကတဆင့် တဆင့် နိုင်ငံခြားသား အဆက်အနွယ်တွေ ဘယ်လောက်ပွားများလာအုံးမလဲ၊ မင်းစဉ်းစားကြည့်စမ်းကွာ။

'ဟေ့. . . ဒီမှာ သော်တာဆွေ၊ ဒို့တိုင်းပြည်ဟာ ဒို့တိုင်းရင်းသား လူမျိုးတွေ အတွက်သာဖြစ်ရမယ်ကွ၊ ဒါဟာ ကမ္ဘာပေါ်မှာရှိတဲ့ လွတ်လပ်တဲ့ တိုင်းပြည်တွေရဲ့ သဘောထားဘဲ၊ အခု ကြည့်စမ်း ဘီလပ်သားနဲ့ တရုတ်ကုလားလူမျိုးတွေ ဒို့ဗမာမတွေယူပြီး ကပြားတွေ မွေးဖွားကြ၊ နောက်သူတို့တိုင်းပြည်အစိုးရကလဲ သူတို့ပြည်က ပစ္စည်းလာစားမယ့် ပါးစပ်ပေါက်တွေကို ခေါ်လာခွင့် မပေးဘူးကွ၊ သူတို့ကသာ သူများပြကစားမယ်၊ သူများပြည်က ယူမယ်'

'ဟေ့. . ဒီမှာ သော်တာဆွေ၊ သူတို့လူမျိုးခြားတွေက ဒို့တိုင်းပြည်မှာ သူတို့သွေးနဲ့ပေါက်ဖွားခဲ့ကြတဲ့ သားသမီးတွေတောင် ပစ်ထားခဲ့ကြသေးတာ၊ မင်းသူငယ်ချင်း တင့်တယ်က ဗမာပြည်လာပြီး သားပေါက်မယ့် မျက်နှာဖြူမကို ခေါ်သင့်ပါသလား၊ မင်းစဉ်းစားပါကွာ. .၊ မင်း

စာရေးဆရာပါ၊ ငါက နိုင်ငံရေးသမားဘဲ၊ မင်းက သင့်လျော်တယ်ဆိုရင် အခု ချက်ချင်းဘဲ အဲဒီ ဗီဇာပေးဘို့ ငါတယ်လီဖုံး ဆက်ပြောလိုက်မယ်၊ မင်းဆန္ဒကို ငါမငြင်းပါဘူး၊ ကဲ. . . မင်းသူငယ်ချင်း ပြဿနာ မင်းဘဲ ဆုံးဖြတ်ပေရော့၊ ငါ. . . နောက်ထပ် ဘာတခွန်းမှ မပြောတော့ဘူး'

သည်နေရာမှာ ကျွန်တော့်ရဲ့ ရင်ထဲက တုန်လာတယ်၊ နှုတ်ခမ်းကတော့ ယဲ့ယဲ့ပြုံးလို့၊၊ မျက်လုံးမှာတော့ မျက်ရည်တွေ. . . . ဝေ့လာတယ်။

ကျွန်တော်သက်ပြင်းကြီးကို ချလိုက်ပြီး ဘေးချင်းယှဉ်ထိုင်နေတဲ့ ဦးဗဆွေရဲ့လက်ကို လှမ်းကိုင်ကာ 'ကျွန်တော်နားလည်ပါပြီဗျာ' လို့ ပြောလိုက်တယ်။

သည်တော့ ဦးဗဆွေက အင်မတန်ဝမ်းမြောက်တဲ့ မျက်နှာကြီးနဲ့. . . .

'ဒါဖြင့် မင်းကျေနပ်ပြီပေါ့နော်'

'ဟုတ်ကဲ့'

'ဒါဖြင့် မင်းငါ့အိမ်မှာ ထမင်းစားသွားကွာ' ဟုဆိုပြီး သူ့အိမ်သားများအား 'ဟော့. . ဒို့. . ထမင်းစားမယ်ကွ' ဟု လှမ်းပြောလိုက်လေ၏။

ထို့ကြောင့် တင့်တယ်လည်း ဘီလပ်က ဂျူးကို မခေါ်ဖြစ်။ ကျွန်တော်လည်း သူ့ဆီက ငွေ ငါးထောင် မရ။

ဤအကြောင်းကို ကျွန်တော်သည် ရွှေတူဂျာနယ် ထုတ်နေစဉ်က ဦးဗဆွေသည် 'တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ ခေါင်းစဉ်ဖြင့် သူ့ဘဝကိုယ်တွေ့နိုင်ငံရေးများကို အပတ်စဉ်ရေးနေသည်နှင့် ချစ်ဆွေနောင်ကြီးအား အမှတ်တရဟု (၁–၅–ရ၁)နေ့ထုတ် ရွှေတူဂျာနယ် တွင် ကျွန်တော်ရေးသားဖော်ပြခဲ့၏။

ယင်းရွှေတူဂျာနယ်မှာ ရေးစဉ်က အစတွင်. . .

'ဟဲ့လို. . . . ဦးဗဆွေ'

နိုင်ငံရေးနယ်ပယ်မှ ဝန်ကြီးချုပ်အထိ ဖြစ်ခဲ့ဘူးသော ဦးဗဆွေက ကျွန်တော်တို့ စာပေနယ်သို့ ကလောင်ကိုင်၍ ဝင်လာသဖြင့် ကျွန်တော်က လက်ကမ်း ကြိုဆိုရပါသည်။

စင်စစ်တော့ ဦးဗဆွေတယောက်ကိုသာမဟုတ်၊ ယခု ၂–နှစ်အတွင်းမှာ အလျှိုလျှိုပေါ် လာသော ဂျာနယ်များတွင် ပါဝင်ရေးသားလာကြသော နိုင်ငံရေးသမားများနှင့် ဝန်ကြီးဟောင်း များ အားလုံးကို ကြိုဆိုပါသည်။

ဦးဗဆွေတယောက်တည်း ခေါင်းစည်းနာမည် တပ်လိုက်တာကတော့ သူက ကျွန်တော့် အပေါ်မှာ ကျေးဇူးရှိလို့ပါဘဲ။

သူဟာ ကျွန်တော့်ကိုငွေငါးထောင်ပေးဘူးပါသည်။

. . . အစချီပြီး အဆုံးသတ်မှာ. . .

သည်တော့ ဦးဗဆွေက အင်မတန်ဝမ်းမြောက်တဲ့ မျက်နှာကြီးနဲ့. .

'ဒါဖြင့် မင်းကျေနပ်ပြီပေါ့နော်၊ ကျေနပ်ရင် ငါ့အိမ်မှာ ထမင်းစားပြီးမှ သွားကွာ'ဆိုပြီး 'ဟေ့ ဒို့ထမင်းစားမယ်ကွ'လို့ လှမ်းအော်လိုက်တယ်။

သည်နောက် ကျွန်တော်တို့ဟာ ပိုကာကစားခဲ့ကြသေးတယ်နော်။ ဦးဗဆွေက ကျွန်တော့် လက်ထိပ်ကထိုင်လို့ 'စာရေးဆရာ့ဖဲကို အသေသတ်မယ်ကွ၊ အသေသတ်မယ်ကွ'နဲ့. . .

မှတ်မိသေးရဲ့လား ဦးဗဆွေ. . .

ကျန်းမာရွှင်လန်းပါစေ

သော်တာဆွေ

အနီးသို့ ကျွန်တော်က ပဋိသန္ဓာရပြုလိုက်ပါသဖြင့် ဦးဗဆွေက (၁၅–၅–၇၁)နေ့ထုတ် ရွှေတူဂျာနယ်တွင်. . .

သော်တာဆွေသို့ပြန်စာ

သော်တာဆွေ

ရွှေတူမှာပါတဲ့ မောင်ရင့်ဆောင်းပါးကို ဖတ်ရလို့၊ နောက်ပြီးပေးပို့လိုက်တဲ့ 'ဤလောက မြေမဟီဝယ်'စာအုပ်ကိုရရှိလို့၊ ဝမ်းလည်းမြောက် ကျေးဇူးလဲ တင်ပါတယ်။

၁။ မောင်ရင်က ငါတို့နိုင်ငံရေးသမားကြီးတွေ စာရေးဆရာလောက ဝင်ရောက်လာကြ တာကို ဝမ်းမြောက်စွာ ကြိုဆိုပါတယ် ဆိုလို့ဂုဏ်ယူပါတယ်။ ဒါပေမယ့် ဒို့တတွေလဲ 'သမိုင်းပေး တာဝန်ကို' ထမ်းဆောင်ရတယ်ဆိုတာ နားလည်ဘို့လိုတယ်။

၂။ မောင်ရင်က 'မှတ်မိသေးလား'ဆိုလို့ ငါကလဲ ပြန်မေးလိုတယ်။ တင့်တယ်က သူ့ရဲ့ 'ဂျူး'ကို မြန်မာပြည်သို့ ခေါ်လိုရေးနဲ့ ပတ်သက်ပြီး မင်းနဲ့ငါဆွေးနွေးကြတာကို မင်းဆောင်းပါး မှာ အတော်ဘဲ စုံစုံလင်လင် ဖော်ပြခဲ့တယ်။ ဒါပေမယ့် အရေးကြီးတာ တချက်ကျန်နေတယ်၊ 'တင့်တယ်မှာ ဗမာမိန်းမနဲ့ ခလေးများ ရှိတယ်မဟုတ်လား'လို့ ငါမေးခဲ့တယ်၊ မောင်ရင်က 'ရှိပါ တယ်'လို့ ဖြေတယ်။ 'ဒီကိစ္စမှာ သူ့မိန်းမ ဗမာမက သဘောတူသလား'ဆိုတော့ မောင်ရင်က 'သဘောတူပါတယ်'လို့ ဖြေခဲ့တယ်။ ဒီတော့ ငါက 'ဒါဟာ သဘာဝမကျဘူး၊ တရားလဲတရား မယ်၊ မှန်လဲမှန်မယ်ဆိုရင် ငါတော့ ဗမာမနဲ့ သူ့ရဲ့သားသမီးများ စိတ်ချမ်းသာဘို့ ဗမာမ, ဘက်က ရပ်တည်လိုတယ်'လို့ ပြောခဲ့တယ်လေ။ အဲဒါတော့ မောင်ရင် မှတ်မိသေးသလား။

၃။ မောင်ရင်နဲ့ ပတ်သက်ပြီး သတင်းကောင်းများ ကြားရလို့ ဝမ်းမြောက်မိတယ်. . . .။ ဒါကတော့ မောင်ရင်အရက်မသောက်တော့ဘူး ဆိုတဲ့သတင်းဘဲ။ အခု ဘာကြောင့်ဘဲ မသောက်သောက်၊ နောက်တော့ တကယ်ဘဲ အရက်ပြတ်သွားပြီလို့ ကြားလိမ့်မယ်လို့ မျှော်လင့် တယ်. . . .။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

သင့်ရဲဘော်

ဗဆွေ

ဦးဗဆွေရဲ့ ပြန်စာနံပတ်၂–က 'ဒီကိစ္စမှာ သူ့မိန်းမ ဗမာမက သဘောတူပါသလား' ဆိုတော့ ကျွန်တော်ကသဘောတူပါတယ်လို့ ဖြေမိတာကတော့ ငွေငါးထောင် ရချင်ဇောနဲ့ ဖြီးတာ။ ဦးဗဆွေလို လူကြီးတယောက်က ယုံမယ်မဟုတ်ဖူးဆိုတာ မစဉ်းစားမိခဲ့ဘူး။ မိုက်လိုက် တဲ့ ကျွန်တော့်နှယ်။ ဒီအကြောင်း ကျွန်တော်ရွှေတူဂျာနယ် ဆောင်းပါးထဲ ထည့်မရေးတာကလဲ သတိမရလို့မဟုတ်ပါဘူး။ ဦးဗဆွေနည်းတူမမေ့ပါဘူး။ ဒါပေမယ့် တင့်တယ်အတွက် မကောင်း ပေဘူး ထင်လို့ ကျွန်တော် တမင်ချန်ပစ်ခဲ့တာပါလို့ ဦးဗဆွေဆီကို ကျွန်တောတယ်လီဖုန်းနဲ့ ပြောကြားလိုက်ပါတယ်။

နံပါတ် ၃၊ ဦးဗဆွေ ကျွန်တော့်အတွက် ဝမ်းမြောက်ကြောင်း အနုမောဒနာ ပြုသည်က တော့ ကျွန်တော်ဟာ ၁၉၄၃–ခုနှစ် မြင်းလှည်းသမားဘဝကတည်းက နေ့စဉ်ရက်ဆက် မပျက်

မကွက်သောက်ခဲ့တဲ့ အရက်ကို သည်ခေတ်မှာ ပြည်တွင်းဖြစ် နိုင်ငံခြားအရက်လည်း မသောက် နိုင်၊ ကိုယ်တတ်နိုင်တဲ့ အရက်ဖြူကလည်း အဝယ်ရခက်ခဲလွန်လွန်းလို့ ၁၉၆၉–ခု၊ ဇူလိုင်လ ၆– ရက်နေ့ညနေမှာ စတင်ဖြတ်လိုက်တဲ့ အကြောင်း ကြေးမုံသတင်းစာမှာရော၊ ရှုမဝမှာရော၊ စာတို စာရှည်ရေးကာ ကျွန်တော်တိုင်းသိပြည်သိ ကြေညာလိုက်၍ ဖြစ်ပါသည်။

ဤအရက်အကြောင်း စ,မိတော့ အရက်ကြောင့် အန္တရာယ်ဖြစ်သွားကြသော စာပေနယ် ကချစ်ဆွေများကို သတိရမိပါသည်။

## ဆရာကြီးမဟာဆွေ

ဤစာ တနေရာ၌ ဖော်ပြခဲ့သည်။ စထရင်းဟော်တယ်၌ ကျင်းပသော ဆိုဗီယက် အောက်တိုဘာ တော်လှန်ရေးနေ့ အခမ်းအနားတခုတွင် ကျွန်တော်တို့ စာရေးဆရာတွေ တော်တော်ထွေကြ၍၊ နိုင်ငံခြားသံတမန်များနှင့် စကားပြောနေသော ထိုစဉ်က ကာကွယ်ရေးဝန် ကြီး ဦးဗဆွေအား သွားခေါ်ရန် ဆရာကြီးမဟာဆွေက ကျွန်တော့်ကိုခိုင်းသည်။

ဦးဗဆွေကို ကျွန်တော်ခေါ်ခဲ့သော်လည်း သူ့ဆီမရောက်တော့ မကျေနပ်၊ ဦးဗဆွေကို သာ မဟုတ်၊ ထိုစဉ်က ပညာရေးဝန်ကြီး ဦးထွန်းဖေနှင့် အခြားဝန်ကြီးများကိုလည်း (ခုခေတ် စကားသုံးနှင့် ပြောရသော်) သူ'ချဲ'နေသဖြင့် ဆရာကြီးအား အိမ်ပြန်ပို့ရန် သင့်လျော်ပြီဆိုကြ၍ ကျွန်တော် တာဝန်ယူခဲ့ရသည်။

မော်တော်ကား တစီးနှင့် အတော်ချော့ချော့မော့မော့ ခဲခဲယဉ်းယဉ်း ခေါ်ခဲ့ရ၍ ဆရာကြီး အိမ်ရောက်သော် အမူးသမားတို့ ထုံးစံအတိုင်း 'ဟေ့ မောင်ဆွေရ၊ ငါမမူးသေးပါဘူး ကွ'ဟု ဆို၍ သူ့သမီးများအား အရက်နှင့် မြည်းစရာများ ထုတ်စေပါသည်။

ဒီအချိန် ဆရာကြီးသမီး ခင်ဆွေဦးနှင့် အေးအေးက ဘာကြီးသေးသနည်း။ ဆယ့်လေး ငါးခြောက်နှစ် အပျိုပေါက်ကလေးတွေမျှ ရှိဦးမည်။ သမီးကလေးတွေသည် ဖအေကြီး ဆန္ဒ အတိုင်းပြုစုရသည်။ သူတို့အဖေ အရက်သမားကြီးကို ချစ်ရှာသည်။ ဆရာကြီးကတော်ကလည်း အချို့ဇနီးများလို လင်အရက်သမားကြီးရယ်လို့ ပမာမခန့်မပြု၊ သူ့ခင်ပွန်းသည်ကြီးကို အင်မတန် ကြောက်ချစ်ရှိသေရှာကြောင်း၊ ကျွန်တော် တခဏလေးနှင့် အကဲခပ်မိပါသည်။ ကျွန်တော် အသောက်သမား မိတ်ဆွေတွေ အိမ်ရောက်ပေါင်း များလှပြီကဘဲ။

ဆရာကြီးအိမ် သောက်ရသည့်အရက်မှာ ချက်အရက်ဖြူကို သကြားလှော်၍ အရောင်သွင်းထားခြင်းဖြစ်သည်။ ယင်းအရက်ကို နေ့စဉ်ဝယ်ပေးရသူများမှာ ဆရာကြီး၏သမီးကလေးများဘဲဖြစ်သည်။

ဒီအိမ်ရောက်တော့ ဟော်တယ်က စကော့တလန် ဝီစကီနှင့် ဗမာချက်ရောပြီး တကယ်မူးသူကတော့ ကျွန်တော်ဘဲ။

ကျွန်တော်သည် အရက်မူးတော့ ဇာတိပေါ်၍ အေးအေး၏ချစ်လှစွာသော ကြောင်ကြီးကို သတ်ပြီး ဟင်းချက်စားမည်လုပ်သဖြင့် အေးအေးက စိတ်ဆိုးခဲ့ကြောင်း၊ နောက်တော့ပြောစမှတ်ပြုကြ၏။

ကျွန်တော်ကတော့ အေးအေးသည် သူ့ကြောင်ကြီးပိုက်၍ ကျွန်တော်တို့သောက်နေ သည့် စားပွဲနားလာနေသည်။ (အေးအေးရဲ့ နှင့်ကြောင်ကြီးကချစ်စရာကြီးပါလား ပေးစမ်းငါ့ ခဏ) ဆိုတာလောက်သာ သတိရတော့သည်။ ကျန်တာကို ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက်ကြည့်ရှုတော်မူကြပါ ဆိုဘိသကဲ့သို့ သူတို့သားအမိတွေ မေးကြည့်မှသာ သိကြပေတော့မည်။

နံနက်မိုးသောက် အလင်းရောက်၍ ကျွန်တော်အိပ်ရာမှနိုးတော့၊ ဆရာကြီးမဟာဆွေ၏ အိမ်ရှေ့ညှော်ခန်းမှာ သင်ဖျာတချပ်၊ ခေါင်းအုံးတလုံး၊ စောင်တထည်နှင့် စံပယ်နေကြောင်း ကိုယ့်ကိုယ်ကို သိရသည်။

ကျွန်တော်အိပ်ရာက မနည်းကြိုးစားထရသည်။ ခေါင်းထဲမှာ မူးမိုက်နေသည်။ ခင်ဆွေဦး က မျက်နှာသုတ် ပုဝါနှင့် သွားပွတ်တံလာပေး၍၊ တရိပ်ရိပ်သော မျက်စိတို့နှင့် ရေချိုးခန်းသို့ မနည်း ဂယိမ်းဂယိုင်နှင့် သွားရသည်။

ပြန်လာသောအခါ လူမှာ စူမရတော့၍ အိပ်ရာထဲ ပြန်လဲနေရသည်။ အေးအေးအား နှင့်အဖေကြီးကော မေးတော့. .

'ဖေဖေ. . . သူ့ထုံးစံအတိုင်း မနက်တိုင်း လမ်းလျှောက်သွားတာပေါ့၊ ဦးလေးလို သူများကြောင် သတ်မယ်လုပ်ပြီး အိပ်ရာထဲ လှဲမနေပေါင်'

ကျွန်တော် စကားပြန်မပြောနိုင်ဘဲ အိပ်ရာထဲ မှိန်းနေသည်။

မကြာမီ၌ ဆရာကြီးသည် သူ့ဗိုက်ရွှဲကြီးနှင့် လမ်းလျှောက်တုတ်ကြီးနှင့် ပြန်ရောက်လာ တော့ သမီးများက အရက်ပုလင်းထုတ်ပေးသည်။ အဖိုးကြီးက တဂွတ်ဂွတ် ချနေလေချေ၏။ ကျွန်တော်မှာ မျက်စိကို မနည်းဖွင့်ကြည့်ရသည်။ ကျွန်တော်နိုးနေတာ မြင်တော့ဆရာကြီးက. .

'ဟေ့ မောင်ဆွေလာလကွ၊ ဟောဒီမှာ 'ပစ်ကမီအပ်လိုက်'

ကျွန်တော်မှာ ရင်ထဲတလှပ်လှပ်ခုန်၍ အားနည်းလျက်. . .

'ကျွန်တော် ကောင်းကောင်းလဲ မထနိုင်ဘူး၊ သောက်ချင်စိတ်လဲမရှိဘူး၊ ခေါင်းထဲမူးပြီး အော်ဂလီဆန်နေတယ်'

'ဟင်းဟင်း. . . ဒါကြောင့် 'ပစ်ကမီအပ်'ဖို့ လိုတယ်ပြောတာ ပေါ့ကွ'ဆိုပြီး ဖန်ခွက်ထဲ အရက်တွေထည့်လာကာ ကျွန်တော့်ကို ပခုံးက မ,ထူ၍ လူနာဆေးတိုက်သလို တိုက်ပါသည်။ ကျွန်တော်ကလည်း ပြန်ပြီးလန်းဆန်း လာလိမ့်မည်လားဟု ကြိုးစားသောက်လိုက်ပါသည်။ သို့ရာတွင် တဖန်အပြင်းမူးကာ ပြန်၍အိပ်ပျော်သွားပြန်လေ၏။

ဒုတိယအကြိမ်နိုးသောအခါ နာရီပြန်တချက်ခန့် ရှိနေချေပြီ။ ဆရာကြီးသည် အင်္ကျီမရှိ ကိုယ်တုံးလုံး ချွေးတွေရွှဲရွှဲနှင့် ညကကျွန်တော်တို့ အရက်သောက်စားပွဲမှာပင် စာရေးနေသည်။ စက္ကူကို ချွေးပေပြီး မင်ပြန့်မှာစိုး၍ သူ့လက်မောင်းကို အဝတ်ပတ်ထားသည်။

ကျွန်တော်နိုးမှန်းသိသောအခါ ခင်ဆွေဦးနှင့် အေးအေးကလာ၍ ထမင်းစားရန် ပြောသည်။

'အောင်မယ်လေး ငါ့ရင်ခေါင်းထဲ မီးလိုပူနေတယ်ဟာ. . . ထမင်းဟင်း စားချင်စိတ် မရှိပါဘူး'

'ဒါဖြင့် တခုခုတော့ စားမှဖြစ်မယ်၊ ဗိုက်ထဲ အစာမရှိလို့သေနေအုံးမယ် ဘာစားချင်စိတ် ရှိသလဲ ငှက်ပျောသီးစားမလား'

'ဟေ့အေး. . . ငှက်ပျောသီးလဲ မစားချင်ဘူး၊ သခွားသီး ဖရဲသီး အဲလိုအေးတာ စားချင်တယ်'

'ဒီရာသီမှာ ဖရဲသီးတော့ ဘယ်ရှိမလဲ၊ သခွားသီးဘဲရမယ်၊ သွား. . . အေးအေးဝယ်ချေ'ဟု ခင်ဆွေဦးက ခိုင်းသည်။

သခွားသီးကို ကျွန်တော်ထိုင်ပြီး မစားနိုင်ပါ။ ပက်လက်ဖဲ၀ါး၍ ၄–၅လုံးမျှ ကုန်ပြီးနောက်၊ မကြာမီ ကျွန်တော်အိပ်ပျော်သွားပြန်လေ၏။

တတိယအကြိမ် နိုးသောအခါ ည–မှောင်လျက် ရှိချေပြီ။ ဆရာကြီးသည် စာပွဲ၌ထိုင်ကာ အရက်သောက်ရင်း ထမင်းစားလျက်ရှိသည်။ ကျွန်တော်မျက်လုံးဖွင့်တာမြင်သောအခါ. . .

'ဟေ့ မောင်ဆွေနိုးပြီလား၊ လာလေကွာ ဆက်ချလိုက်'

ကျွန်တော် ကြိုးစားထကြည့်သည်။ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာ လည်သတည်း။ ကျွန်တော်ပတ်ဝန်းကျင် မြင်သမျှတို့မှာ တရိပ်ရိပ်နှင့် လှုပ်ရှားနေ၏။ ကျွန်တော့် ကို ပြုံးစေ့စေ့နှင့် ကြည့်နေကြသော ခင်ဆွေဦးတို့ ညီအမသည် –၄–၅–၆ယောက်ဖြစ်နေ၏။

'ကျွန်တော် မတ်တတ်မရပ်နိုင်ဘူး ဆရာကြီး၊ ခေါင်းမူးပြီး အားနည်းနေတယ်'

ဒီတော့ ဆရာကြီးသည် ကျွန်တော့်အားလာရောက် တွဲခေါ်ပြီး သူ့စားပွဲရောက်သည်၌ 'ဒါသောက်ပြီး. . . ဒါစားလိုက်ကွ၊ ပြန်ပြီးအားရှိသွားမှာပေါ့'ဟု ပြောလျက် ကျွန်တော့်ပါးစပ်ထဲ အရက်ခွက်ကို ဇက်ပိုးကိုင်၍ အတင်းခွံ့တိုက်၏။ ကျွန်တော်က ကြိုးစားပြီး သောက်လိုက်ပြန်၏။

စတုတ္ထအကြိမ်မြောက် ကျွန်တော်နိုးသောအခါ၌ ဆရာကြီးအိမ်မှာ နှစ်ညမြောက်အိပ်ပြီး နံနက်ခင်းဖြစ်လေ၏။ ဆရာကြီးကား လမ်းလျှောက်သွားနေပေမည်။ သို့သော် ကျွန်တော်သူပြန် လာအောင် မနေဝံ့တော့ပြီ။ အမူးမပြေသေးသော ကျွန်တော့်ကို မနေ့ကလိုဘဲ လူနာဆေးတိုက် သလို အတင်းအရက်ခွံ့တိုက်၍ ပြန်ပြီးတုံးလုံးလဲစေတော့မည်။ ကျွန်တော်ကြောက်ပြီ။ ထို့ကြောင့်. . . .

မျက်နှာသစ်၍ ကျွန်တော့်ကိုယ် ကျွန်တော်မနည်းစုကာ အေးအေးတို့သားအမိတွေ နှုတ်ဆက်ပြီး လစ်ခဲ့ရတော့၏။

စင်စစ် ကျွန်တော်အရက်သောက်သော ရာဇဝင်မှာ 'ပစ်ကမီအပ်'ခေါ် ညက အမူးလွန် လျှင် နောက်တနေ့နံနက် ထပ်သောက်သော အကျင့်ကျွန်တော့်မှာမရှိခဲ့။ မနေ့က များသွားလျှင် ဒီနေ့မနက် ဝမ်းနှုတ်ခြင်းသာ ပြုလေ့ရှိသည်။ ယခု သူများအိမ်မှာ ဝမ်းမနှုတ်နိုင်ဘဲ အရက်ကို ထပ်ထပ်သာ သောက်မိသဖြင့် ဒုက္ခကြီးလှလှတွေ့လေပြီ။ ကပေါက်ထိကပေါက်ချာ ခြေလှမ်းတို့ ဖြင့် လျှောက်ခဲ့၍၊ ပထမဦးဆုံးတွေ့သော တက္ကစီနှင့် အိမ်သို့ဒုန်းစိုင်းခဲ့ရတော့၏။ ထို့နောက် ၃–ရက်လောက် အရက်နာကျနေ၏။

ဆရာကြီး မဟာဆွေကား. . . သောက်နိုင်လှပါပေသည်ဟု ကျွန်တော်ချီးကျူးရ၏။ 'သော်တာဆွေတို့ သောက်တယ်ဆိုတာ မဟာဆွေရီတာပေါ့'ဟု ပြောထိုက်ပါ၏။ သူသည်မနက်လည်းသောက်၊ နေ့ခင်းလည်းသောက်၊ ညနေလည်းသောက်။ သောက်လည်းသောက်၊ အစားလည်းစား၏။ ဒါကြောင့် ဆရာကြီးသည် ကျန်းမာဝဖြိုး၏။ သောက်သည့်နေရာတွင် အရက်ကိုနိုင်သူဟု ဆိုနိုင်၏။ သို့သော်သောက်ပြီးတော့ အရက်ကို အရှုံးပေးရရှာ၏။

အကြောင်းမှာ တညသ၌ ဆရာကြီး အရက်အမူးလွန်ပြီး သူ့အိမ်လှေကားထက်မှ နောက်ပြန်လန်ကျ၊ သမန်တလင်းနှင့် နောက်စေ့ဆောင့်မိ၍ ဦးနှောက်အာရုံကြောပြတ်ပြီးသေဆုံး ရ၏။

## သန်းဆွေ

သန်းဆွေသည် အသောက်ဝါနုန၊ အသက်ငယ်ငယ်၊ ၃၈–နှစ်နှင့် သေဆုံးရ၏။

၁၉၄၇–ခုနှစ် ကျွန်တော်တို့ စတင်သိကျွမ်းစဉ်က သန်းဆွေသည်အရက်ကို လုံးဝ မသောက်တတ်သေးချေ။ တင့်တယ်နှင့် ကျွန်တော်သောက်နေလျှင် သူကနံဘေးမှထိုင်၍ အမြည်းစား၏။ နောက်တစတစနှင့် ကျိတ်လာလိုက်တာ၊ ၁၉၅၃–ခုနှစ်လောက်မှာ သူအရက်ကို တမ်းတမ်းစွဲဖြစ်လာပြီး၊ သေမည့်ခုနှစ်နီးလာသောအခါတို့တွင် 'ပစ်ကမီအပ်'ခေါ်နံနက်ပါ သောက်သည့်အကျင့်ကို သူလုပ်လာတော့သည်။

အရက်သမားတို့သည် နံနက်ပါ သောက်လာတတ်ပြီဆိုလျှင် ဒုက္ခဘက်သို့ ဦးတည်ပြီဆိုတာကို သတိပြုသင့်သည်။

ညကမျှားသွားသဖြင့် မနက်တွင် ထိုင်းမှိုင်းနေ၍ အနည်းငယ်ထပ်သောက်လိုက်ခြင်းဖြင့် လန်းဆန်းသွားသည်ဆိုသည်မှာ မှန်ပါသည်။ သို့သော်. . . ဤလန်းဆန်းခြင်းသည် အကောင်းလန်းဆန်းခြင်းမဟုတ်။ ပြန်လည်မူးယစ်သော အမူးသစ်စခြင်းပင်ဖြစ်သည်။ ဒီအမူးကလေးကို မပြယ်အောင် ခဏခဏအနည်းငယ်စီ ထပ်ထပ်သောက်ရခြင်းဖြင့် တနေ့လုံး တစွတ်စွတ်သောက်သောအကျင့်ကို ဖြစ်လာစေတော့၏။ ယင်းသည်အရက်ကို အရက်ကသောက်ခြင်းမည်၏။ လူက မသောက်ချင်လို့လဲ မနေရတော့။ မသောက်ရလျှင်လက်တုန် ခြေတုန်ဖြစ်၏။ လေအထက်လှန်၍ ချောင်းတဟက်ဟက် တံတွေးတပြစ်ပြစ်ဖြစ်လာ၏။ သန်းဆွေသည် ဤအဆင့်မှာသေသွား၏။

သူသည် ၁၉၆၄–ခုနှစ်၊ ဧပြီလ ၁၄ရက်နေ့မှာ သေဆုံးသည်ဖြစ်ရာ၊ ၁၃–ရက်နေ့ညနေ မှာ ကျွန်တော့်အိမ်သို့ ရောက်လာ၏။ သူ့အိတ်ထဲပါသမျှ ပိုက်ဆံကလေးတွေ ထုတ်ပြ၍. . .

'ဒီမှာ ကိုဆွေကြီး ကျွန်တော့်မှာ ဇကျပ်ဖဲရှိတယ်ဗျာ၊ လိုတာခင်ဗျား ဖြည့်ဗျာ၊ ကျွန်တော် တို့ 'သဟာယ'ဘား သွားသောက်ရအောင်'

ထိုစဉ်၌ ကျွန်တော့်အိမ်မှာ ကျွန်တော်တယောက်တည်းရှိ၏။ မေတို့သားအမိတွေ တောင်ကြီး ပြန်နေကြ၏။ ကိုယ့်ထမင်းကိုယ်ချက်စားနေရ၏။ ကိုယ့်လက်ရှိငွေကို တွက်နေရ၏။ ထို့ကြောင့်

'ဟေ့. . . သန်းဆွေ. . ငါ့မှာ ငွေပိုမရှိတော့ဘူးကွာ၊ ဒီအခါတွင်းမှာ ထမင်းဟင်းချက်စားဘို့ လောက်ဖဲရှိတော့တယ်၊ အရက်တော့ အဖြူဘဲအပြည့်အစုံဝယ်ထားတာရှိတယ်၊ မင်းလဲ အဲဒီအဖြူ ဘဲသောက်ပါကွာ. . . ဒီမှာ သန်းဆွေရ. . . ဒို့လိုအကောင်တွေက ဘယ်မှာနေ့တိုင်း ရမ်တို့ဘရန်ဒီတို့ သောက်နိုင်မလဲကွာ. . . '

ဒီတော့ သူကျွန်တော့်ကို ဘာမျှပြန်မပြောတော့ဘဲ အိမ်ပေါ်ကဆင်းသွား၍ ကရင်ဆော် ဒါတလုံးဝယ်ပြီး ပြန်လာ၏။ သန်းဆွေသည် ကျွန်တော့်လောက် အရက်မရွေးသောက်နိုင်သူ မဟုတ်သေးချေ။ ချက်ဖြူကို. . . ကရင်ဆော်ဒါနှင့် ရောချမည်ဖြစ်၏။

ကျွန်တော်က. . .

'အောင်မှာ. . . မင်း ကရင်ဆော်ဒါမလိုပါဘူးကွ၊ ငါ့မှာအဖြူနဲ့ရောသောက်ဖို့ မင်းဟာ ထက်ကောင်းတဲ့ ဂရိတ်ဂျစ်ရှိပါတယ်ကွ၊ မင်းဟာထားလိုက်'

ယခုတိုင် အမှတ်တရထားသော သန်းဆွေဝယ်လာသည့် ဟိုခေတ်က ပင်မှည့်ကရင်ဆိုဒါ ပုလင်း သူ့အတိုင်း ကျွန်တော့်ပုလင်းစင်တွင် ရှိနေသေး၏။

ကျွန်တော်သည် အသောက်နှင့်ထမင်း တွဲစားလေ့ရှိသည့်အတိုင်း. . .

'ဟေ့. . . သန်းဆွေ၊ မင်းလဲ. . . သောက်ပြီး၊ ထမင်းလဲ အပြီးစားလိုက်ပေါ့ကွ၊ ဝမ်းဗိုက် ဆိုတာ ပြည့်သွားရင် ကိစ္စငြိမ်းတာဘဲ'

သို့သော်. . . သူဟာက်ဟာက်ပက်ပက် မစားချေ။ သူ့အာသီသပြည့်စုံပုံမပေါ်ပါ။

ကျွန်တော်က ကိုယ့်အကျင့်အတိုင်း အရက်နှင့်ထမင်းဝအောင် သောကစားပြီး တခါတည်း အိပ်ရာထဲတန်းသွားတော့ ကုတင်ပေါ် သူလိုက်လာ၍ နံဘေးမှာ ခေတ္တထိုင်နေသေး ၏။ နက်ဖန်မနက် သကြန်လည်ရန် ရုပ်ရှင်မင်းသား ကိုထွန်းဝေတို့လူစု သူ့ကိုလာခေါ်မည့် အကြောင်းနှင့် ကျွန်တော့်ကိုပါ လိုက်ဖို့ခေါ်သေး၏။ သည်တော့ ကျွန်တော်က. . .

'ငါ. . . ရန်ကုန်မှာ နေလာတာကြာပါပြီကွာ၊ ငယ်ငယ်တုန်းက ရန်ကုန်သင်္ကြန် ကမြင်းကြော ထခဲ့ဘူးပါပြီ၊ အခုတော့ ငါစိတ်ထဲမှာ နေပူထဲ အရက်သောက်ရင်း ရေပက်ခံတာဟာ ကိုယ့်ကိုယ် ကို အနေးနဲ့အမြန် ဝေဒနာရအောင် ဖန်တီးတာဘဲလို့ ယူဆတော့တယ်ကွ၊ ငါသင်္ကြန်တွင်းမှာ အိမ်ထဲက အိမ်ပြင်တောင် မထွက်တော့ဘူး'

'ကိုထွန်းဝေတို့က ခင်ဗျားကိုပါ လာခေါ်မယ်တဲ့'

'မခေါ်နဲ့. . . မခေါ်နဲ့. . . မခေါ်နဲ့လို့ ပြောလိုက်ပါ၊ ဟော့. . . တခုတော့ ဒီလိုလုပ်ကွာ၊ နက်ဖန် ကျ ကိုထွန်းဝေဆီမှာ ငွေ ၃၀ဝိလောက်တောင်း မင်းသောက်ချင်တဲ့အရက်ပုလင်းနဲ့ စားစရာဝယ် ခဲ့၊ ငါ့ဘို့တော့ ဘဲကင်တကောင်ကွာ၊ ငါသောက်တဲ့အချိန် ညနေ၅နာရီလောက် ရောက်အောင် လာခဲ့ကွာ သိလား. . . ငါစောင့်နေမယ်'

သူသည် ကျွန်တော့်ဗိုက်ပေါ် စောင်အခေါက်ကို တင်ပေးသွားသေး၏။ ထိုစဉ်ကျွန်တော် တို့သည် ကိုထွန်းဝေနှင့် အလုပ်ရှိ၏။ ကျွန်တော်က 'ရွှေပြည်တော်သည်' ဝတ္ထု (ရန်ကင်းရုပ်ရှင် မှပြသပြီး)ကိုရေး၍၊ သန်းဆွေက ဇာတ်ညွှန်းခွဲနေ၏။ သည်အတွက် ကျွန်တော်က ကိုထွန်းဝေဆီ က ငွေ ၃၀ဝိ–တောင်းခိုင်းလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် နောက်တနေ့ ညနေမှာ အရက်ပုလင်းနှင့် စားစရာတွေ ယူလာမည့် သန်းဆွေကို ကျွန်တော်မျှော်သည်. . . မျှော်သည်. . . အိမ်ရှေ့တကဲကဲထွက်ကြည့်၍ မျှော်သည်။

သို့သော်. . . ၅ နာရီထိုးလဲမလာ၊ ၆–နာရီထိုးလဲ မရောက်တော့၊ ကိုယ့်အိမ်မှာ ရှိတာလေး တွေနှင့်ဘဲ သောက်စားပြီးတော့ သူ့မျှော်ရင်းဘဲ အိမ်အောက်က ကွပ်ပျစ်ပေါ်မှာ တုံးလုံးလဲနေ ရာမှ အိပ်ပျော်သွားလေရာ၊ ခေါင်းရင်းမှ 'ကိုဆွေ. . . ကိုဆွေ. .' ခေါ်သံကြား၍ နိုးတော့ . . . ကိုထွန်းဝေရယ်. . . . ။

ကျွန်တော်ကလူးလဲထ၍. . .

'သန်းဆွေကော'

'ရေနစ်လို့. . . . '

သူဒါဘဲပြောနိုင်တော့၏။

စင်စစ် သန်းဆွေနှင့် ဆရာကြီးမဟာဆွေတို့ တွေ့ရပုံခြင်းတူသည်။

နောက်ကြောင်း စုံစမ်း၍ သိရသည်မှာ. . . . သန်းဆွေသည် ကျွန်တော့်အိမ်မှ ထွက်ခွာသွားပြီး၊ သဟာယဘားဝင်၍ သူ့ငွေ ၆ ဘိုးကလေးကို ဘရန်ဒီသောက်သေးသည်။ ထို့နောက် ကမာရွတ်အရက်ဖြူဆိုင်ကြီးမှာ ထိုစဉ်က မန်နေဂျာ ဦးလှဖေက သူနှင့်ရင်းနှီးသည်မို့ အဖြူတလုံး အကြွေးဆွဲပြီး အိမ်သို့ ယူသွားသေးသည်။

နံနက်ခင်း၌ ကိုထွန်းဝေတို့လူစု လာခေါ်တော့ တနေ့လုံးရေပက်ခံရင်း ရမ်ကိုသောက်ကြသည်။ နေ့လည်ခင်း အင်းလျားကန် ဂျူးဗန်းဘက်မှာသွား၍ ရေကူးကြ၏။ သို့ရေကူးရင်း၊ အင်းလျားကန် ဟိုတယ်မှာ သူနှင့်သိကျွမ်းနေသော မိုးကုတ်သားများ အရက်သောက်နေကြတယ် ကြားတော့၊ မေမြို့ချစ်ဆွေနှင့် လှေလှော်၍ သွားကြ၏။ မိုးကုတ်သားများ အရက်ဝိုင်းမှာ သူတို့ ဝင်၍တွယ်သည်။

သူနှင့်ခင်မင်လှသော မိုးကုတ်ကိုတင်မောင် အကိုကိုမောင်မောင် (ယခုကွယ်လွန်)က သူ့ပုံပန်းကြည့်၍. . . 'ကိုသန်းဆွေ သိပ်များနေပြီ ထင်တယ်' ပြောတော့ အရက်သမားတို့ထုံးစံ၊ အရူးကို အရူးပြောတော့ မခံချင်သလို. . .

'မူးပါဘူးဗျ၊ ပေးစမ်းခင်ဗျားတို့ အရက်' ဆိုပြီး မိုးကုတ်သားများသောက်လေ့သောက်ထရှိသော ဂျော်နီဝါကား ဘလက်လေဘယ်လ်ကို ၃–ပက်လောက် တခါတည်းထည့်၊ ဆိုဒါမရောဘဲ တချက်တည်းမော့ပြီး၊ ဟော်တယ်ထဲကလျှောက်၊ လှေပေါ်တက်သွားတော့ဆိုသကိုး။

ထို့ကြောင့် သန်းဆွေသည်၊ အမူးလွန်ပြီး လှေပေါ်မှရေထဲ ကျရခြင်းဖြစ်၏။ ဆရာကြီးမဟာဆွေလည်း အမူးလွန်ပြီး လှေကားပေါ်မှ နောက်ပြန်လိမ့်ကျရခြင်းဖြစ်၏။

အရက်သမားတို့တွင် (၁)လူကအရက်ကိုသောက်၊ (၂)အရက်က အရက်ကိုသောက်၊ (၃)အရက်ကလူကိုသောက်ဟု သုံးမျိုးရှိသည့်အနက် ဆရာကြီးမဟာဆွေနှင့် သန်းဆွေတို့သည် အရက်က အရက်ကိုသောက်သော ကာလမှာပင် အမူးလွန်၍ သေဆုံးရခြင်းဖြစ်၏။

စင်စစ် အရက်ကိုကြိုက်မိ၍ သောက်ကြပြီဆိုလျှင်၊ ပထမဦးဆုံး နံပတ်တစ် လူက အရက်ကို သောက်နေခြင်းသာ ကောင်းပါ၏။ သည့်ထက် ကျော်လွန်၍ကား မကောင်းတော့ပါချေ။ သို့ရာတွင် အရက်ကို စွဲစွဲမြဲမြဲ သောက်လာတော့၊ နုပျိုရာမှ အိုမင်းရင့်ယော်ခြင်း နောက်ဆုံးရှိချေပြီ. . . . ဆိုသကဲ့သို့ ဘယ်တော့မှ ရပ်တန်းက ရပ်မနေကြတော့ဘဲ နောက်ဆုံး (၃)နံပတ် (၃)သို့ ဆိုက်သွားတတ်သည်သာ ဖြစ်ချေသည်။

တနည်းဥပမာပြရသော် အရက်ကို လူကသောက်နေချိန်မှာ သမီးရည်းစား ဘဝနှင့်တူပါ ၏။ စာကလေးပေးလိုက်၊ ချိန်းတွေ့လိုက်၊ ဘယ်လောက်နိပ်သနည်း။ သို့သော်. . . ခင်ဗျားတို့ ကျွန်တော်တို့သည် သမီးရည်းစားဘဝနှင့် ဘယ်မှာ အားရတင်းတိမ်ခြင်းရှိပါသနည်း။ လင်မယား ဘဝရောက်အောင် ကြိုးစားလိုက်ကြတာ၊ ကဲ. . ခုတော့ သိကြပြီမဟုတ်လားဟင်။ သမီးရည်းစား ဘဝတုန်းကလို အရသာရှိသေးရဲ့လား။ သားမယားတာဝန်ထမ်းရသည်၊ ထို့အတူအရက်တာဝန် ထမ်းရသည်။

အရက်ခရီးနဲ့ အချစ်ခရီးဟာ. . အဲသလို တူတယ်ခင်ဗျ။

သမီးရည်းစားဘဝဟာ ခွာပြရင်လဲပြ၊ မပြရင် ညားရတယ်ဗျ။

အရက်လဲဘဲ သောက်မိရင် ပြန်ဖြတ်နိုင်ဖြတ်၊ မဖြတ်နိုင်ရင် ရှေ့ဆက်ကြွပြီဘဲ။

'ကဲ. . . . သည်တော့ အချစ်ခရီးဆိုတာကတော့ဗျာ (ဥပမာ နှိုင်းရတာပါ) လောကဓမ္မတာ ဖြစ်သင့်ဖြစ်ထိုက်တဲ့လမ်းစဉ်ဘဲ။ လူရဲ့ဝတ္တရားလူ့လောကရဲ့ အကျိုးများရာ များကြောင်းဘဲ။ အရက် ခရီးကတော့ ဆက်တီးလေ မနိပ်လေဘဲဗျို့။

ဒါကြောင့် အရက်မသောက်တတ်သေးရင် မသောက်ဖဲ နေဘို့နဲ့ သောက်တတ်နေရင်လဲ ပြန်ဖြတ်ဖို့နဲ့၊ မဖြတ်နိုင်ရင်လဲ အရက်ကိုလူက သောက်တဲ့အဆင့်မှာဘဲ ရပ်နေဘို့အကြံပေးလို ပါတယ်။ ဒီနေရာမှာ အကြံပေးတာက လွယ်သလောက် သောက်နေသူ အဖို့မှာ၊ အရက်အလွန် ကြိုက်သူအဖို့မှာ ရပ်တန်းကရပ်ဖို့ ခက်တယ်ဆိုတာ၊ ကျွန်တော်လဲ ကိုယ်တွေ့ဘဲ သိပါတယ်။ သို့သော်. . . (လိုက်နိုင်ရင် လိုက်ဖို့ပေါ့လေ) နည်းလမ်းတခုကိုတော့ ပြောပြနိုင်ပါတယ်။

## ဆရာကြီး ရွှေဥဒေါင်းနည်း

ဆရာကြီးသည် အရက်သောက်သူဖြစ်ကြောင်း သူကိုယ်တိုင်ဝန်ခံ ရေးသားခဲ့ဘူးသည်။ သို့သော် ဆရာကြီးသည် ကျွန်တော်သိခဲ့သမျှ အသက်၈၀–ကျော်သည်တိုင်အောင် 'အရက်ကို လူကသောက်သည်'ဆိုသော အဆင့်မှာဘဲ အမြဲတမ်းရှိခဲ့သည်။ ဆရာကြီးသည် အရက်ကို မူးချင်၍ သောက်သည်မဟုတ်၊ စားကောင်းအိပ်ကောင်းအောင်သာ သောက်သူဖြစ်သည်။

ဆရာကြီးသောက်နည်းမှာ အရက်ကို ဘယ်တော့မှအစားနှင့် ခွာမသောက်ပေ။ ထမင်းစားခါနီးမှ အရက်ကိုသောက်၏။ သောက်ပြီးရင်ပူ၍ ဝမ်းဗိုက်က အစာကိုတောင်းလာသောအခါ ထမင်းကို အားရပါးရ စားပစ်လိုက်လေသည်။

ကျွန်တော်သည် ဤနည်းအတိုင်းဘဲ ပြုကျင့်ခဲ့ပါလျက် တနေ့ထက်တနေ့၊ တလက်ထက်တလ၊ အရက်တွေ ပိုပိုသောက်သောက်လာမိ၏။ ဥပမာဆိုအံ့။ ပထမ၌ တစိတ်နှင့် ထမင်းမြိန်၏။ အိပ်ပျော်၏။ နောက်တစတစနှင့် တပိုင်းရောက်လာ၏။ ထို့နောက်တပုလင်းထိသွား၏။ မသောက်ရလျှင် လေတပျို့ပျို့ဖြစ်လာ၏။ ထမင်းစားမဝင်၊ အိပ်မပျော်ချင်တော့။ ယင်းသည် အရက်က အရက်ကို တောင်းလာသောအဆင့်။

ဆရာကြီးသည် ဤအဆင့်ကို မရောက်ပေ၊ နေ့တိုင်းအရက်ကို မသောက်၍လား၊ သောက်လိုက်သမှ၊ ဆရာကြီးအရက်မသောက်ဖဲ ထမင်းစားသောအခါဟူ၍မရှိ။ ကျွန်တော်နှင့် နှစ်ရှည်လများအတူနေခဲ့၊ စားခဲ့၊ သောက်ခဲ့ဘူးသည်။

သို့သော်ဆရာကြီး၏ ထူးခြားချက် လေ့ကျင့်မှုတရပ် ရှိသည်မှာ တခါတခါ၌ သူ့ကိုယ်သူ ချွန်းအုပ်၍ ခြိုးခြံမှုဖြစ်၏။ သူသည်ကျွန်တော်တို့လိုဘဲပေ့ါ။ အများတကာ အရက်သမားတွေသိကြသည့်အတိုင်း တစတစ အရက်ကလေးပိုသောက်လာ၊ ပိုသောက်မှလဲ အာသီသပြေ၍ ထမင်းမြိန်၊ အရက်နည်းနေရင်ဘဲ စိတ်ထဲတယ် မကြည်ချင်တော့။

ဤအချိန်ရောက်လာသောအခါ၌ ဆရာကြီးသည် သူ့တသက်တာ မှတ်တမ်းထဲတွင် ရေးခဲ့သည့်အတိုင်း၊ ထမင်းဟင်း စားကောင်းချင်လို့သာ အရက်သောက်ခြင်းဖြစ်သောကြောင့် ထမင်းစားခြင်းကို ရပ်တန့်လေသည်။

'ဟေ့. . မစိုး၊ ငါထမင်းမစားတော့ဘူးကွ'

သည်အခါ၌ ဆရာကြီးကတော် ဒေါ်ကြီးစိုးက ထမင်းဟင်းတွေ ဖွယ်ဖွယ်ရာရာမချက် တော့။ ဗူးသီး၊ ဂေါ်ဖီရွက်၊ မုံလာထုပ်၊ မုံလာဥ၊ ပဲသီး စသည်တွေပြုတ်ပြီခင်ဗျာ။ ဒီတော့ ဆရာကြီးသည် အရက်လဲ လုံးဝမသောက်တော့ဘဲ၊ ဤအသီးအရွက်ပြုတ်တွေကိုဘဲ ငန်ပြာရည်နှင့် တို့စားလေတော့၏။

ထမင်းဟင်းစားနေကျသူသည် ဤမျှနှင့်တင်းမတိမ်နိုင်ပါ။ ထို့ကြောင့် ဆရာကြီးသည် သူ့ဝမ်းဗိုက်ဆာလာလျှင် ငှက်ပျောသီးစား၏။ လက်ဖက်ရည်ကြမ်းသောက်၏။ လက်ဖက်စား၏။

ယင်းသို့လျှင် သူသီတင်းတပတ်မျှ မိမိကိုယ်မိမိ ငြိုးခြံချုပ်တည်းမှု ပြုပြီးတော့မှ မူလကလို ဘဲ အရက်ပြန်သောက်၏။ ထမင်းစားဟင်းပြန်စား၏။

စင်စစ်တော့ သူ့ခန္ဓာကိုယ်၏အာဟာရဓါတ်ခံကို ပြောင်းပစ်လိုက်ခြင်းဖြစ်၏။ ထိုအခါမှာ သူသည် အရက်စသောက်တတ်ခါစ ကလေးကဲ့သို့ အရက်အနည်းငယ်မျှလေးနှင့် ထွေပြီးထမင်း ဟင်းစားသောက်ကောင်းလှ၏။

'ဟေ့ အဲလိုမသောက်ဖဲ့ ထမင်းမစားဘဲငြိုးခြံနေပြီးတော့မှ ပြန်ပြီး သောက်တာစားတာ ဟာ ဘယ်လောက် အရသာရှိသလဲ။ အရက်လဲဘဲ ပြန်ပြီးအသောက်နဲ့သွားတယ်ကွ၊ ခန္ဓာကိုယ်လဲ သန့်စင်ပြီး ကျန်းမာရေးအတွက်လဲ ကောင်းတယ်၊ မင်း ငါ့လိုလုပ်ကြည့်စမ်းကွာ' ဟု တိုက်တွန်း ဘူးပါသည်။

သို့သော် ကျွန်တော်သည် ဆရာကောင်းတပည့်၊ ပန်းကောင်းမပန်ခဲ့ချေ။ ထို့ကြောင့် အရက်သူရာကြောတွင် တော်တော်နစ်မျောခဲ့ဘူးပါ၏။ စာဖတ်သူ မိတ်ဆွေကိုသာလျှင် ဆရာကြီးလို ပြုကျင့်နိုင်ပါက ပြုကျင့်ဘို့ဖော်ပြခြင်းဖြစ်ပါ၏။

အရက်သမားများသာမဟုတ်။ ငွေကြေးချမ်းသာ၍ ထမင်းကောင်း ဟင်းကောင်းတွေနှင့် နေ့စဉ် စားနေရပါလျက် ကြာတော့ ငြီးငွေ့အီလည်လာသောအခါ၌ ဆရာကြီးနည်း ငြိုးခြံပြီး အစားပြောင်းခြင်းကို ပြုကြည့်သင့်ပါ၏။ မော်တော်ကားစကားနှင့် ပြောရသော် ကိုယ့်ခန္ဓာကိုယ် ကို အိုဗာဟောလုပ်သည် သဘောပေါ့ခင်ဗျာ။

## မိုးဝေ၊ မောင်ကြည်ဆွေ၊ ကိုရွှေမောင်၊

စာပေနယ်မှ အရက်ကြောင့် ပျက်စီးသွားရသော လူများစာရင်းတွင် သူတို့သုံးယောက် ကို မထည့်၍မဖြစ်ပေ။

ယင်းသုံးယောက်မှာ မောင်ကြည်ဆွေအငယ်ဆုံးဖြစ်၏။ ရှမ၀တိုက်သို့ ငယ်စဉ်ကထဲက ရောက်လာပြီး စာရေးဆရာနှင့် အယ်ဒီတာတွေအကြား ကြီးပြင်းလာသော ရှမ၀ခြံပေါက် စာရေးဆရာလေးဖြစ်၏။

သူ့နာမည်ရင်းက မောင်စန်းခင်ဖြစ်ရာ၊ ကလောင်နာမည်ယူတော့ သန်းဆွေနှင့် သော်တာ ဆွေ၏ တပည့်အဖြစ်နှင့် သူ့ကလောင်နာမည်မှာ 'ဆွေ' ထည့်ယူခြင်းဟုပြောဘူး၏။ ကိုယ့်လူ

စာအရေးအသားမှာ သော်တာဆွေ သန်းဆွေတို့လောက် အင်အားကောင်း မကောင်းတော့ (သူ့အတိုသွား၍) မပြောတတ်ရှိရမည်။ သောက်အားမှာတော့ ဆရာနှစ်ပါး၏ စံချိန်ကို ချိုးခြင်းဖြင့် အသက်ငယ်ငယ်ကလေးနှင့် လူ့ဘဝက စောစီးစွာကိစ္စချောသွား၏။

မောင်ကြည်ဆွေ၏ အသောက်ခရီးစဉ်တွင် 'လူကအရက်ကိုသောက်'မှ 'အရက်ကအရက်ကိုသောက်'ဘူတာတွေက မြန်ဆန်လွန်း၍ နောက်ဆုံးမှာ သူ့အား အရက်ကသောက်ပစ်ခြင်းဖြင့် ခန္ဓာကြွေသွားရရှာ၏။

သူမသေမီ လပိုင်းလောက်က တာဝါဘားမှာ နောက်ဆုံးတွေ့လိုက်ရသည်။ သူ့လုံးချင်း ဝတ္ထုလေးနာမည်ရစပြု၍ ကရမက်၊ မြင့်နီ၊ မြင့်ကျော်တို့နှင့်တွဲကာ အရက်သူရာကြောမှာ နစ်မျောနေကြသည်။ ဤစဉ်မှာ သူ့အသားရေမှာ ညိုညစ်ပြီး မျက်နှာပွစိစိနှင့် ဖောင်းအစ်အစ်နေ ပုံကြည့်ရခြင်းဖြင့် သူ့အား အရက်သောက်နေပြီဖြစ်ကြောင်း ကျွန်တော်သတိပြုမိ၏။ ထိုမှမကြာ မီပင် အရက်ပူပြန်၍ မနေနိုင်မထိုင်နိုင်ဖြစ်သဖြင့် ရေကိုကြာရှည်စွာ အအေးစိမ်ချိုးခြင်းဖြင့် အဆုပ်ကို အအေးမိပြီး သေဆုံးသွားကြောင်း ကြားရ၏။

## ကိုရွှေမောင်

အင်မတန် လူချစ်လူခင်များသော ကြေးမုံသတင်းထောက်ကြီး။ သတင်းယူဓါတ်ပုံရိုက် အလွန်ကောင်းသည်။ သူ့ကိုယ်သူအရက်က ဒုက္ခပေးနေပြီဖြစ်ကြောင်း မသေမီက ကြိုတင်သိ၏။

သူသည်အရက်ကြောင့် ဆေးရုံခဏခဏတက်ရရော၊ ဆေးရုံကတခါ ပြန်ဆင်းတိုင်း ဆင်တိုင်းအရက်မကောင်းကြောင်း၊ သူအရက်ဖြတ်ပြီဖြစ်ကြောင်း ကြေးမုံသတင်းစာမှာ ဆောင်းပါးရေးလေ့ရှိ၏။

ကိုရွှေမောင်ကား 'အရက်ဖြတ်တာ အလွယ်လေးပါကွာ၊ ငါအရက်ဖြတ်တာ အခါတရာလောက်ရှိပြီ'ဆိုသော လူစားမျိုးပါတည်း။ သူနောက်ဆုံးအကြိမ် ဆေးရုံတက်သောအခါ၌ ကြေးမုံ တွင် အရက်မကောင်းကြောင်း ဆောင်းပါးရေးရန် သူ့အိမ်သို့ မပြန်နိုင်တော့ချေ။ ရင်ခွဲရုံသို့သာ ရောက်သွားတော့၏။ သူ့ကို အရက်သောက်ပစ်ခြင်းဖြစ်၏။

ကျွန်တော့်ယောက်ဖကြီးကား အရက်ကိုအလွန်ကြိုက်၊ မျိုးနှင့်ရိုးနှင့်ကြိုက်၊ သူ့အဖေ လည်း အရက်ကြောင့် သေရခြင်းဘဲဖြစ်၏။ 'မေ့အမေနှင့် မိုးဝေအဖေသည် မောင်နှမအရင်းဖြစ်လေရာ၊ မေနှင့် ကျွန်တော်ညားတော့ မိုးဝေအမျိုးတွေကလည်း ကျွန်တော့်အမျိုးဖြစ်လာ၍ သူတို့ အမျိုးထဲ ဝင်ကြည့်တော့ အောင်မယ်လေးဗျာ မသောက်တဲ့လူ မရှိသလောက်ပါကလား။ အသောက်ကြီးနှင့် အသောက်ကလေးတို့သာခြားနား၏။ ဤဆွေမျိုးထဲကျွန်တော်ရောက်ခြင်းသည် ကောင်းခြင်းအင်္ဂါတရပ် ဖြစ်ပေသည်။ ဘယ်သူကမျှ ကျွန်တော်အရက်သောက်တာကို အပြစ်ပြောရုံမက ဘယ်အိမ်သွားသွား အရက်ပုလင်းကတော့ အသင့်ဘဲ. . . ဟဲ. . . ဟဲ. . .။

မိုးဝေသည် အရက်သမား စာရေးဆရာတွေထဲ၌ ထူးခြားချက်တရပ်မှာ ဟော်တယ်တွင် အရက်ထိုင်သောက်ရင်း စာရေးနိုင်သူဖြစ်၏။ သူ့အပေါင်းအသင်းတသိုက်နှင့် ပိုက်ဆံမရှိဘဲ၊ ဟော်တယ်ထဲဝင် အရက်မှာသောက်ရင်း စာရေး၏။ သူ့စာအုပ်တိုက်နှင့်က တဖောင် ဘယ်လောက် နှုန်း စာမူပေးငွေချေရှိလေရာ၊ ရေးပြီးသမျှကို သူ့တပည့်အောင်ကျော်က သွားပေး၍ ငွေယူလာပြီးမှ အရက်ဖိုးရှင်းရ၏။

မိုးဝေသည် အလွန်စာရေးနိုင်သူဖြစ်၍ စာရေးနိုင်သလောက်လည်း အရက်သောက်သူဖြစ် ၏။ သူ့စာတမျက်နှာကို အရက်တခွက်နှင့် တွက်ကြည့်ဘို့ကောင်း၏။ နောက်ဆုံးမှာတံတွေး ထွေးရာ၊ နောက်ဖေးသွားရာ သွေးတွေပါနေ၍ အသဲဇကာဖြစ်ပြီး အဆုတ်ပဲ့နေပြီ၊ ကျောက်ကပ် တလုံး မကောင်းတော့ဟု ဆရာဝန်ကပြောတော့မှ အရက်ဖြတ်မည်ဟု သူကဆိုသည်။ သူမသေမီ ရက်ပိုင်းမှာ ကာတွန်းအောင်ရှိန်နှင့် ကျွန်တော်လူနာမေးရန် သူ့အိမ်ရောက်သွားသည်။ သူ၏မြေးဦးကလေးကို ချီလျက် ကျွန်တော်တို့နှင့် အရက်သောက်ရင်းဘဲ ဒီမြေးကလေးကို ချစ်လှ၍ မြေးကလေးအတွက် အသက်ရှင်ရန် အရက်ဖြတ်တော့မည်ဟု ပြောသေး၏။

သို့သော် သူသိပ်နောက်ကျနေပြီ၊ မကြာမီဘဲ အရက်က သူ့ကိုဝါးမျိုပစ်လိုက်လေ၏။

သို့ရာတွင် အရက်ကလူကို ဝါးမျိုနေခဲ့ပြီဖြစ်လျက် အသက်မသေသေးဘဲ ယခုရှိနေသေး သူကား. . . .

ဤစာမရေးမီ ၃-ရက်လောက်က သူ့အလုပ်တိုက်သို့ ကျွန်တော်ရောက်သွား၏။ သူဆေးရုံတလလောက် တက်နေခဲ့ရပြီး ပြန်ဆင်းခါစဖြစ်၍ ကျွန်တော်ကသူ့ကိုမြင်လျှင်မြင်ချင်း.

'အောင်မယ်လေး. . . သူငယ်ချင်းရဲ့၊ မသေလို့ တွေ့ရလဲ ယဲ့ယဲ့ဘဲရှိပါတော့လားကွဲ့'ဟု ပဋိသန္ဓာရပြုလိုက်တော့ သူ့အသံက ခြောက်ကပ်ကပ်ကြီးဖြင့်. . .

'အေးလကွာ. . . ဆရာဝန်တွေ ကောင်းပေလို့ပေါ့ သူငယ်ချင်းရ၊ ငါ့အစာအိမ်ထဲက ဖောက်ထုတ်လိုက်တာကွာ၊ အရက်ဂျိုး ကဇော်မြုပ်တွေ တပုလင်းခွဲလောက်ရသကွ'

'နို့အခု ကုလို့သလို့ပြီးခဲ့ပြီလား၊ အောလ်ကလီယာ ဖြစ်ပြီလား. . .'

'အစာအိမ်နဲ့ အူတွေကိုတော့ ဆေးကြောပြီးပြီ ဒါပေမယ့်ကိစ္စမပြတ်သေးဘူးကွ၊ အခု ကုသတာကို ခဏနားရတာ၊ နောက်မကြာမီ တံတားလေးမှာ သွားနေရဦးမယ်တဲ့ကွ၊ ဆရာဝန်က ပြောတယ်. . .'

သူသည် ဤအကြိမ် သွားရမည်ဆိုလျှင် တံတားလေး စိတ္တဇဆေးရုံသို့ တတိယမြောက်ဖြစ်ချေပြီ။

ယခင် စိတ္တဇဆေးရုံမှ ဆင်းတိုင်းဆင်းတိုင်းလည်း ဆရာဝန်တွေက မသောက်ပါနဲ့တော့ မသောက်ပါနဲ့တော့ ပြောသည်။ သို့သော် သူမနေနိုင်ခဲ့။ အသက်ထက် အရက်ကိုခုံမင်သကဲ့သို့ ဖြစ်နေသည်။

ယခုသူ့ကို ကျွန်တော်တွေ့ရာမှာလည်း သူ့ခန္ဓာကိုယ်သည် ပိပိယဲ့ယဲ့လေးဘဲ။ အရိုးပေါ် အရေတင်လျက်၊ ဆံပင်တွေလည်း ဖွေးနေသည်။ သူ၏ပြူးကျယ်သော မျက်လုံးကြီးများသည် ယခင်ကလို မတောက်ပတော့။

ယခု သူလုပ်နေသော မဂ္ဂဇင်းအယ်ဒီတာ ခန်းကလည်း ကျန်းမာရေးနှင့် မညီညွတ်ပါ။ အလွန်ကျဉ်းကျပ် ပိတ်မှောင်ကာ သူများအိမ်၏ လှေကားတက်အောက်ထပ်မှာ နေ့ခင်းဖြစ်လျက်၊ မီးဖွင့်ထားမှ အလင်းရောင်ရ၏။ အပြင်က လေဝင်ပေါက်လည်းမရှိ။ ဒီကျဉ်းကျဉ်းကလေးမှာ လူ၄-၅ယောက်နေ၏။ သည်အထဲ စာမူရှင် ဧည့်သည်တွေက လာ လိုက်သေး။

အိုး. . . ယခင်က တင့်တယ်သည် ယခု မတင့်တယ်တော့ပါတကား။ ကျန်းမာရေးလည်း မကောင်း။ စာရေးဆရာမကျန်းမာတော့ စီးပွားရေးလည်း အဘယ်မှာ ကောင်းတော့အံ့နည်း။

သူနှင့် ကျွန်တော်စကားပြောနေလိုက်ကြတာ ညနေ ၄နာရီကျော်တော့ 'ကဲခင်ဗျား အလုပ် မဆင်းသေးဘူးလား၊ သွားကြစို့'ဆိုတော့. . .

'ငါမပြန်နိုင်သေးဘူးကွ၊ လုပ်သားသတင်းစာမှာ ဟိုနေ့ကပါတဲ့ ဆောင်းပါးအတွက် စာမူခလေး နှစ်ဆယ်ကို ကျော်ညွန့်မိုး သွားတောင်းခိုင်းထားတယ် သူလာပါမှကွ၊ မလာရင် ငါ့အိမ်နက်ဖန်ခါ ဈေးဘိုးမရှိဘူး၊ ဟီး. . . ဟီး. . '

ကျွန်တော့်ရင်မှာဆို့သွားသည်။ တင့်တယ်သည် လိမ်ညာခြင်း၊ ကြွားဝါခြင်းကင်းသူဖြစ်၏။ ကျွန်တော်လည်း ထိုနေ့က စန္ဒာမှာ ထိုလထုတ်မဂ္ဂဇင်းတွင်ပါသော 'ဖော့ဖော့တင်နိုင်'ဝတ္ထု အတွက် စာမူခတောင်းရင်း သွားခြင်းဖြစ်ရော၊ အဆင်မပြေသေး၍ မရရှိခဲ့ပါ။

အကယ်၍သာ ကျွန်တော့်ဝတ္ထုဘိုး စန္ဒာကပေးသော ငွေ၁၀၀ိ–ရရှိပါက တင့်တယ်ကို အစိတ်တော့ ပေးခဲ့မည်ဖြစ်ပါ၏။ ယခုတော့ ငမွဲကို ငပြောက မကယ်နိုင်ချေတကား။

တင့်တယ်၏ ဘဝခရီးလမ်းကို Graph ခေါ် သရုပ်ပြမျဉ်းကြောင်း ဆွဲမည်ဆိုပါက အတက်မြင့်မြင့် အကျကြမ်းကြမ်းကို တွေ့ရပေမည်။

သူသည် တင့်တယ်ဟု နာမည်ကြီးလျက်၊ လူကြိုက်အများဆုံး၊ မြန်မာပြည်၏ ထိပ်သီးစာ ရေးဆရာ ဖြစ်ခဲ့၏။ ထို့နောက် အင်္ဂလန်သို့သွားကာ ဘီဘီစီမှာ အလုပ်လုပ်၍ ၄–နှစ်နေခဲ့၏။ ကိုယ်ပိုင်ကားစီးခဲ့၏။ ပုံနှိပ်စက်ပိုင်ဆိုင်ခဲ့ဘူး၏။ သို့ရာတွင် ပစ္စည်းဥစ္စာကိုမက်မောသူ မဟုတ်၊ ငွေကြေးကို မခင်တွယ်၊ ရရသုံးသုံး သောက်သောက်စားစားနှင့် နောက်ဆုံးမှာ ရှိတာတွေ ကုန်၏။

တင့်တယ်၏ ရပြီးသော အောင်မြင်မှုတွေ ဆုံးရှုံးရခြင်းနှင့် လူတွင်အရေးကြီးဆုံးသော သူ၏ကျန်းမာရေးချို့ယွင်းရခြင်းကို အကြောင်းရှာလိုက်တော့ သူအရက်သောက် လွန်ကဲမှုတရားခံ ပေါ်လာလေသည်။

တင့်တယ်သည် အရက်သောက်ကြမ်း၏။ သူနှင့် ကျွန်တော်သည် ဟော်တယ်တွေမှာရော၊ သူ့အိမ်မှာရော၊ ကျွန်တော့်အိမ်မှာရော၊ အကြိမ်ကြိမ်သောက်ခဲ့ဘူး၏။ သူမူးလာပြီဆိုလျှင် 'မောင်ဆွေ ကီးလ်သယ်ဘော်တယ်'ဟု ပြောလေ့ရှိ၏။ အဓိပ္ပာယ်မှာ ဒီပုလင်းကုန်အောင် ရှင်းပစ် ဟုဆိုသည်။ ဤပုလင်းကုန်တော့ကော ပြီးသတဲ့လား၊ မပြီးပါ နောက်တလုံးဖွင့်ပြီး 'ကီးလ်သယ် ဘော်တယ်လ်' လုပ်ပြန်တော့၏။

တင့်တယ်သည် အရက်သောက်ပြီဆိုလျှင် အမြည်းအနည်းငယ်မှလွဲ၍ အစာမစားတော့ ဘဲ သတိမေ့ လဲကျသွားအောင်သောက်လေ့ရှိ၏။ စင်စစ် Kill the bottle ကိုတိုက်ရိုက်ပြန် လျှင်၊ ပုလင်းကို သတ်ပစ်လိုက်ဟု အဓိပ္ပာယ်ရှိသော်လည်း အမှန်က ပုလင်းကသူ့ကိုသတ်နေခြင်း ဖြစ်၏။

မောင်းမကန် ကမ်းခြေတွင် သူနှင့်ကျွန်တော်ရေချိုးကြစဉ်က ပုလင်းက သူ့ကိုသတ်ခဲ့ ချေပြီ။ သန်းဆွေသေသကဲ့သို့ သေတော့မလို့ပေါ့။

အကြောင်းမှာ ကျွန်တော်တို့သည် သဲသောင်ပြင်တွင် ပုလင်းတွေချ၍ တပုလင်းပြီး တပုလင်း သောက်ရင်း ဒီရေလှိုင်းစီးကြရာ၊ နောက်ဆုံးဝယ် သူအရက်မူးလွန်း၍ သတိမေ့ပြီး လှိုင်းအောက် ရောက်သွားရကား၊ သူသေကံ မရောက်သေးသဖြင့် လှိုင်းပြန်ကျအသွားမှာ ကျွန်တော်သူ့ကို ရေထဲတုံးလုံးလဲနေတာ တွေ့ရသောကြောင့် အလျင်အမြန် ပြေးဆယ်လိုက်ရ၏။ လက်မတင်ကလေးဘဲ ကျွန်တော့်မျက်စိ အနည်းငယ် နောက်ကျ၍ နောက်တချီဒီလှိုင်းကြီး လာခဲ့မည်ဆိုလျှင် ကျွန်တော်သူ့ကို ရအောင်ယူနိုင်တော့မည် မဟုတ်ချေ။ သူ့ကို ကျွန်တော် သောင်ပြင်ပေါ် ဆွဲတင်ခဲ့ပြီးမှ သတိရအောင် အတော်ပြုစုယူရ၏။ ထိုစဉ်က သူသေသွားမည် ဆိုလျှင် သန်းဆွေကဲ့သို့ပင် သူ့ကိုယ်သူအသက်ထွက်သွားမှန်းမှ သိလိမ့်မည် မဟုတ်ချေ။

## တင့်တယ်၏စိတ်ကူးယဉ်

တင့်တယ်သည် အင်မတန် စိတ်ကူးယဉ်တတ်သူ ဖြစ်၏။ သူဘိလပ်က ပြန်လာခါစက ဗိလတ်သား စိတ်ကူးယဉ်တွေ ပါလာဟန်တူ၏။ ဖော်ပြပါ ပျက်စီးယိုယွင်းနေပြီဖြစ်သော မောင်းမကန်က ဗိုလ်တဲ နံပတ်တစ်ကြီးကို ကျွန်တော်တို့ ဤဗိုလ်တဲမှာ နေကြစဉ်ပင်၊ သူ၂၅၀ဝိ– နှင့် ဝယ်လိုက်၏။ ထားဝယ်မြို့ပေါ်သွား၍ စာချုပ်စာတမ်းတွေ လုပ်လိုက်၏။ ထိုစဉ်မှာ သူသည် ဝတ္ထုများသာမက 'အကျော်အမော်' 'ဖိုးပြုံးချို'စသော ရုပ်ရှင်ဇာတ်ညွှန်းတွေပါ အောင်မြင်နေ သဖြင့် ငွေတွေဖောခြင်းသောခြင်း ရနေ၏။ သူ၏ဇာတာ တက်နေဆုံးအချိန်ဖြစ်၏။

ဒီဗိုလ်တဲကြီး ဝယ်မယ်ဆိုတော့ ကျွန်တော်က. . .

'ခင်ဗျားဗျာ. . . ဒီပျက်စီးနေတဲ့ဟာကြီး ဘာလုပ်ဖို့လဲ၊ မသာကြီး ဝယ်ယူတာနဲ့ အတူတူ ပေါ့. . . .'

'ဟ. . ဒီမသာကြီးက အမွေရမှာမောင်ဆွေရ. . .'

'ဘယ်လို လုပ်ရမှာတုန်း၊ ဒီဗိုလ်တဲကြီးအောက် မြေကြီးထဲမှာရတနာသိုက်ရှိတယ်များ အိပ်မက်ရလို့လား. . .'

'မင်းဟာက ဗမာအတွေးဘဲ'

'ကဲဗျာ. . . ဘိလပ်က ပြန်လာခါစ ဘိလပ်သား အတွေးပါလာတဲ့လူကြီးက ပြောစမ်းပါအုံး. .'

'ဘိလပ်သား အတွေးလို့ မင်းပြောတာမမှားဘူး၊ ငါစိတ်ကူးရတာက ဒီလိုကွ'

'ဆိုစမ်း. . .'

သူ့မျက်လုံးပြူးကျယ်ကျယ်ကြီးကို ဖြဲတဲ့ကာ. . . .

'ငါကပထမ ဒီဗိုလ်တဲဟောင်းကြီးကို ဖျက်ပစ်လိုက်မယ်. . .'

'ခင်ဗျား. . . မဖျက်လဲ သူ့ဟာသူ ပြိုကျနေပါပြီဗျာ. . .'

'နားထောင်အုံးလေ. . . နောက်ပြီးတော့မှ ဒီခြံထဲမှာ အဲဒီလိုအကြီးကြီးတလုံးထဲ မဟုတ်ဖဲ ငယ်ငယ်လှလှ ခေတ်ဆန်ဆန်လေးတွေ ငါးလုံး ခြောက်လုံးလောက် ဆောက်လိုက်မယ်'

'ဘုရား. . . ဘုရား. . ဒီလောက် ဗိုလ်တဲတွေဆောက်ပြီး ခင်ဗျားက ဘာလုပ်မှာလဲ'

'ငှားစားမှာပေါ့ကွ. . .'

'အောင်မယ်လေး. . . ခင်ဗျား. . . ဗိုလ်တဲဘယ်သူက လာပြီးငှားနေမှာတုန်း၊ ကျုပ်တော့အခု လာမိတာတောင် မှားလှပြီထင်နေတာ တကတဲ ဈေးနဲ့ဝေး၊ လူနဲ့သူနဲ့ဝေး၊ စားသောက်ကုန်ဈေးနှုန်းကလဲ ကြီးပါ့ဗျာ၊ ငါးတခုဘဲ တံငါလှေနားသွားဝယ်လို့ ပေါတာရှိတယ်၊ ဒါပေမယ့် ပင်လယ်ငါးတွေ ကျွန်တော်တော့ စာလို့မကြိုက်ပေါင်ဗျာ၊ မောင်းမကန်ဈေး သွားဝယ်တော့ ကြက်ဈေး၊ ဝက်ဈေးကလဲ ကြီးပါဘိသနဲ့၊ ရန်ကုန်ထက်ပိုနေတာ ဘယ်နှိပ်မလဲဗျ'

သူသည် ကျွန်တော်ပြောတာတွေ ပေနားထောင်နေပြီးနောက်. . .

'မင်းပြောတာက ဒီမှာ အခြေတကျနေဘို့အတွက်ဖဲ'

'အေးလေး. . . ခင်ဗျား. . . ဗိုလ်တဲငှားရမယ်ဆိုတော့ အခြေတကျမနေလို့ ဘာလုပ်ဖို့တုန်း'

'မဟုတ်ဖူးကွ၊ ဥရောပတိုင်းပြည်တွေက ဒီလိုဆိပ်ကမ်းသာတွေမှာ ဒီလိုအိမ်ကလေးတွေ ဆောက်ပြီး ငှားစားကြတယ်၊ လနဲ့မဟုတ်ဖူး၊ တရက်ဘယ်လောက်၊ တပတ်ဘယ်စျေးနှုန်းဆိုပြီး သိပ်ဝင်ငွေကောင်းတာကွ'

'ဘယ်လိုလူတွေက လာငှားနေကြတာတုန်း'

'ရုံးပိတ်ရက် ဟောလီးဒေးရတဲ့ လူတွေ၊ ညားစလင်မယား ဟန်နီးမူးထွက်တဲ့အခါမျိုးတွေ ပေါ့ကွ'

'ဥရောပ တိုင်းပြည်တွေတော့ ဟုတ်မှာပေါ့လေ. . . ကျုပ်တို့ဗမာပြည်တော့ ခင်ဗျားဗိုလ်တဲ မျိုး လာငှားနေမယ့် လူစားမျိုးမမြင်သေးဘူး'

'မထင်နဲ့ကွ ဒီလိုပင်လယ်ကမ်းခြေမှာ ကျကျနန အဆောက်အဦးနဲ့ နေရာထိုင်ခင်း ကောင်းတယ်၊ အိုးခွက်ပန်းကန် အသင့်ရှိတယ်ဆိုရင် ခဏတဖြုတ် အပန်းဖြေလာနေချင်တဲ့ လူတွေပေါ်လာလိမ့်မယ်၊ အဲဒါကိုလဲ သတင်းစာတွေထဲ ကြော်ငြာတွေရုပ်ပုံတွေ ထည့်ရမယ်၊ မင်းတို့ငါတို့ စာရေးဆရာတွေကလဲ ဝတ္ထုထဲ ထည့်ရေးပေးရမယ်'

တင့်တယ်ကား ထိုစိတ်ကူးဖြင့် မောင်းမကန်ဗိုလ်တဲ နံပတ်တစ်ကိုဝယ်ခဲ့၏။ သို့ရာတွင် သူ့စိတ်ကူး အကောင်အထည်မပေါ်ခဲ့ပေ။ ယင်းစိတ်ကူးမျိုးကို အောင်မြင်စွာ ရုပ်လုံးဖော်ခဲ့သူ ကား ဗမာ့ခေတ် ဦးအုန်းခင်–ဒေါ်ဒဂုန်ခင်ခင်လေးတို့ဖြစ်၍ ငပလီ၊

ငပလီသည် မောင်းမကန်ထက် သာယာ၏။ လှပ၏။ လူနေအိမ်ခြေလည်းရှိ၏။ စျေးနှင့် လည်းနီး၏။ ယခုဆိုဟော်တယ်လဲရှိ၏။

သို့ရာတွင် တနှစ်တခါ နွေရာသီမှာသာ ဗိုလ်တဲတို့တွင် လူငှားလာသူတို့ရှိကြသည်။ အခြားရာသီမှာ လူစောင့်ပင်ငှားထားရသဖြင့် တင့်တယ်စိတ်ကူးကဲ့သို့ စီးပွားဖြစ်ဖို့ကား မကိုက် ချေ။

မြန်မာပြည်ကား လင်မယားညားတိုင်း ဟန်းနီးမူးမထွက်ကြပါ။ မိမိအလုပ်ခွင်မှ ရက်အားရသူ တိုင်းလည်း ဥရောပမှာကဲ့သို့ ပင်လယ်ကမ်းခြေသို့ မသွားကြချေ။ မြန်မာပြည်မှာ လည်စရာဖူးစရာ၊ တန်ခိုးကြီးဘုရားတွေ ပေါများလှ၏။ နို့ပြီး ကျုပ်တို့မြန်မာပြည်မှာက တည်းခိုရန် ဟော်တယ်မလိုပေ။ မိတ်ဆွေညာတကာတို့ရှိနေ၏။ မရှိဘူးဘဲထားအုံး၊ ဘုန်းကြီး ကျောင်းတွေ၊ ဇရပ်တွေက အဆင်သင့်ပါဘဲ၊ ဥပမာ ကျိုက်ထီးရိုးဘုရား သွားကြည့်ပေါ့ဗျာ၊ တည်းစရာဇရပ်တွေနှင့် ထမင်းဆိုင်တွေကလည်း သူတို့ဆိုင်မှာ ထမင်းစားရင်ဘဲ အိပ်စရာနေရာ ပေးလိုက်သေးဗျာ။

ဒါမြန်မာပြည်၏ ဂုဏ်ပါတည်း။

ကျွန်တော်တို့လင်မယားလဲ ဘီလပ်ပြန်ခါစ ကိုတင့်တယ်ကျေးဇူးနှင့် မောင်းမကန် ပင်လယ်ကမ်းခြေသို့ ဟန်းနီးမူး ထွက်ခဲ့ရ၊ အသွားရောအပြန်ရောတော့ မသက်သာဘူးဗျို့၊ အပြန်က ပိုဆိုးလှသည်။

## ဟန်းနီးမူး၏နိဂုံး

ကျွန်တော်တို့ ဟန်းနီးမူး၏ နိဂုံးကို အပြန်မှာ ထားဝယ်မြစ်က မော်တော်နှင့်ထွက်ခဲ့ပြီး ပင်လယ်ဝမှာ မတန်းသင်္ဘောကို ကြိုနေရင်းဘဲ အဆုံးသတ်ပါမယ်။

ဒီအပြန်မှာတော့ ဆရာတင့်တယ်က ကျွန်တော်တို့နဲ့ မပါတော့ဘူး၊ ပင်လယ်ရေကြောင်း သွားမကောင်းဘူးဆိုတာ အလာခရီးကတည်းက သူသိသွားသည်နှင့် ဝေဟင်က လေယာဉ်နှင့် ကြွတော်မူသဗျ။ ဂုဏ်ဝင်းတို့ လူသိုက်ကလဲ ထားဝယ်မှာ ကျန်ခဲ့ကြတယ်။ ဒါကြောင့် အပြန်မှာ တင့်တယ်ညီ မောင်ကြည်ရယ်၊ ကျွန်တော်တို့ လင်မယားရယ်ဘဲ။

အဲဗျာ၊ ပင်လယ်ဝမှာ မတန်းသင်္ဘောကြီး မလာခင်ညနေခင်း လေပြင်းမုန်တိုင်းကြီး ကျလိုက်တာ ကျွန်တော်တို့ မော်တော်ကလေးဟာ လှိုင်းလေထဲ မမှောက်ရုံတမယ်ဘဲ လူးလိုက် လိမ့်လိုက်ပုံမှာတော့ အလာတုန်းက မတန်းသင်္ဘောကြီး ပင်လယ်ထဲဝင်တော့ လှိုင်းဒဏ်မခံဘူး လို့ မူးကြတယ်ဆိုတာ ဘာမျှမပြောပလောက်တော့ဘူး၊ ကျွန်တော်တို့ဟန်းနီးမူးရဲ့ နိဂုံးဟာ အန်ပြီးမူးတဲ့ မချိဆုံးလို့ ဆိုရမှာဘဲ။

မိုးတွေကရွာ လျှပ်စစ်တွေက လက်သနဲ့ မော်တော်အလံတိုင် ထိပ်ဖျားမှာလဲ ပင်လယ်တို့ ထုံးစံအတိုင်း လျှပ်စစ်ဓာတ်ကလာကပ်နေတော့ အဲဒါကို တချို့မိန်းမကြီးတွေက ပင်လယ်စုန်းတဲ့ ခင်ဗျ။ စားချင်သောက်ချင်လို့ လာကပ်ရှာတယ်ဆိုပြီး ခေါစာကျွေးတဲ့လူနဲ့၊ တိုင်ကိုယောင်းမနဲ့ ခေါက်သူနဲ့။

အဲသည်လို သူတို့စိတ်ထင် ဒါတွေလုပ်ကြသော်လည်း မိုးသက်လေထဲမှာ လျှပ်စစ်ဓာတ် ဟာ မပျောက်သေးဘဲနေတော့၊ ကျွန်တော်တို့လူငယ် လင်မယားနှစ်ယောက်၊ ကယုကယင်နေကြ တာ ပင်လယ်စုန်းက မကြိုက်တဲ့အတွက် ရောက်လာတာလို့ သူတို့က စွပ်စွဲကြပြန်တယ်ခင်ဗျ။

စင်စစ်တော့လဲ ကျွန်တော်တို့ဟာ ပင်လယ်ထဲမှာ လေပြင်းမုန်တိုင်းထလို့ လှိုင်းကပုတ် မော်တော်က လှုပ်နေတော့ ညှားစလင်မယားဘဲဗျာ၊ ဒီလိုအဖြစ်ကလဲ မကြုံဘူးတော့ ကြောက် ကြောက်ရွံ့ရွံ့နဲ့ တယောက်တယောက် ပွေ့ပွေ့ဖက်ဖက်နဲ့ ယုယုယယနေမိကြပေါ့သဗျ။ ဒါကို သူတို့က စောစောကတည်းက မျက်စိဆံပင်မွေးစူထားကြဟန်တူပါရဲ့ အခုလေပြင်းမုန်တိုင်းထ တာဟာ ပင်လယ်စုန်းကြောင့် သူမကြိုက်တာကို သူ့ပိုင်နက်ထဲမှာ ကျွန်တော်တို့က ပြုမိလို့ အားလုံး အသက်အန္တရာယ်တွေ စိုးရိမ်ရတဲ့ အခြေရောက်နေပြီ။ ဒါကြောင့် ကျွန်တော်တို့က အနေအထိုင် ဆင်ခြင်ကာ တောင်းပန်သင့်တယ်လို့ မိုးထဲလေထဲဒုက္ခထဲမှာ သူတို့က ကျွန်တော် တို့ကို တရားခံလုပ်နေကြသေးသဗျာ။

သူတို့ဘာဘဲ ပြောနေကြနေကြ၊ ကျွန်တော်တို့နှစ်ယောက်မှာတော့ တုံးလုံးလဲနေကြပြီ။ သူတို့ပြောတာနားက ကြားပေမင့်လို့ လူတွေက မလှုပ်နိုင်ကြတော့ဘူး။

စင်စစ်ပင်လယ်၏ ရာသီဥတု အံ့သြဘွယ်ကောင်းသည်ကား၊ မိုးကြီးလဲရွာနေသည်။ လေပြင်းလဲ တိုက်နေသည်။ ကျွန်တော်တို့တကိုယ်လုံးမှာ ရွှဲရွှဲစိုနေသည်။ ကိုယ်ကမိုးပေါက်တွေ က တဖောက်ဖောက် မှန်နေသည်။ သို့သော် အေးခြင်း ချမ်းခြင်းမရှိဘဲ မော်တော်ကို ပင်လယ် လှိုင်းက ပုတ်တော့ မြင့်သွားလိုက် နိမ့်ဆင်းသွားလိုက် ပုခက်ကိုလွဲပေးသည့်နှယ် အိပ်၍ကောင်း လိုက်တာလေ။ နံနက်မိုးသောက် အလင်းရောက်၍ နေခြည်ပြပြမှာ ရာသီဥတုကလည်း ငြိမ်သက် လို့ ကျွန်တော်တို့ ရှင်ပျကြည်လင်စွာ အိပ်ရာမှနိုးကြတော့ မတန်းသင်္ဘောကြီးသည် ကျွန်တော် တို့ မော်တော်အနီးမှာ ရောက်နေချေပြီတည်း။

## အခဏ်း(၃)

### ကျွန်တော်နှင့်ဆရာကြီးရွှေဥဒေါင်း

ပြီးခဲ့သော အခန်း(၂)ရေးစဉ်က ဇူလိုင်လ အတွင်းဖြစ်ရာ ဆရာကြီးရွှေဥဒေါင်းနည်း'ဟူ၍ ဆရာကြီး အရက်သောက်ပုံ သောက်နည်းနှင့် မကြာခဏအစားအစာ ခြိုးခြံနည်းတို့ကို ရေးစဉ်က ဆရာကြီး မကွယ်လွန်သေး။ ဆရာကြီးပါ သူ့အကြောင်းသူ ဖတ်စိမ့်သောငှာ ရည်ရွယ်ပါသည်။ သို့သော် ဖတ်မသွားရရှာတော့၊ သြဂုတ်လ ၁၀ရက်နေ့ ညရ–နာရီမှာ လူကြီးရောဂါဖြင့် လူတဘဝ ဇာတ်သိမ်းသွားလေပြီ။

မန္တလေးမှ ရှမဝသို့၊ ရှမဝမှ ကျွန်တော့်အိမ်အနီးရှိ ကိုဖေသိန်းအိမ်သို့ တယ်လီဖုံးဆက်ခြင်းဖြင့် ထိုည ၉–နာရီလောက်မှာပင် ဆရာကြီးကွယ်လွန်ကြောင်း ကျွန်တော်သိပါသည်။ သို့ရာ တွင် အလောင်းမြေမချမီ ကျွန်တော်မန္တလေးသို့ သွားရန်ကား၊ လားလားမျှစိတ်မကူးနိုင်ပါ။

နောက် ၃–၄ရက်အတွင်း ကျွန်တော့်ကို တွေ့ရှိကြသော စာပေနယ်က လူများကလည်း 'အင်း . . ခင်ဗျားဆရာကြီးဆုံးတာ မန္တလေးကို မသွားဘူးလား'ဟု မေးကြပါသည်။ အချို့သူတို့ မျက်နှာ၌ အံ့ဩသော အရိပ်အရောင်များပင် ပေါ်ကြပါသည်။ (ယခုဒေါ်ကြီးစိုးဆီက စာရတော့ မန္တလေးက မိတ်ဆွေများကလည်း မျှော်ကြကြောင်း သိရပါသည်။) ဆရာကြီးနှင့် အချစ်ခင်ဆုံး သော အရင်းနှီးဆုံးသော ဆရာကြီး၏ သားတပည့်ဟု တိုင်းသိပြည်သိ ကြေညာထားသော ကျွန်တော်က ဒီဆရာကြီးရဲ့ အသုဘကိုမှ မသွားဘူးဆိုတော့ အံ့ဩသူတို့ အံ့ဩထိုက်ကြပါပေသည်။ ကျွန်တော် မသွားနိုင်သည့်အကြောင်းကား ကျွန်တော့်တွင် ရှိနေပါ၏။ သည်အကြောင်း စဉ်းစားလိုက်တော့ ဆရာကြီးကို ကျွန်တော်ပထမဦးဆုံးအကြိမ် တွေ့ရစဉ်တုန်းက အခါကာလ သည် ပြက်ပြက်ထင်ထင် ပေါ်လာပါဘိတော့သည်။

၁၉၄၆–ခုနှစ်၊ မေလထဲတွင် ကျွန်တော့်မွေးသဖခင်၏ စီမံပေးချက်အရ ဆန်အိတ် ၂၀၀– နှင့်ပေါင်းတည်မြို့မှ မန္တလေးမြို့သို့ သွားရတော့မည်ဆိုသောအခါတွင် ကျွန်တော့်ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လောက်အောင်ပင် ဝမ်းသာလှပါသည်။ ဆန်ကုန်သည်ကြီးဖြစ်၍ လူချမ်းသာလာ တော့မည် မို့လားတဲ့၊ မဟုတ်ရေးချ မဟုတ်၊ ကျွန်တော်မြင်းလှည်းသမား ဘဝကပင်၊ ရန်အောင် ရတနာ စုံထောက်ဝတ္ထုကို အထပ်ထပ်အခါခါရေးရင်း၊ ကြည့်မြင်တိုင်မှ ဗဟန်းသို့ အလုပ်သွား သော သူရိယဦးသိန်းမောင်အား ကျွန်တော့်မြင်းလှည်းနှင့် ကြုံတိုင်းအလကားတင်လျက် ဆရာကြီးရွှေဥဒေါင်း အကြောင်းကို မေးမြန်းလေ့ရှိသည်။ ဆရာကြီးသည် မန္တလေးသား။ စစ်ဖြစ် သည်နှင့် အညာသို့ ပြန်သွားသည်။ ထိုမှတဖန် ယခုစစ်ပြီးခေတ်မှာ မန္တလေးလူထုသတင်းစာတွင် အယ်ဒီတာ လုပ်နေကြောင်း သိရသဖြင့် ကျွန္တော မန္တလေးရောက်ရင်ဖြင့် ငါကြည်ညိုနေတဲ့ ဆရာကြီးကို ငါတွေ့ရတော့မှာဘဲ၊ ငါ့ရန်အောင်ရတနာ စုံထောက်ဝတ္ထုလေးကို ဆရာကြီးပြရ တော့မှာဘဲဟု တအားခဲခဲ ရှိနေခြင်းကြောင့် အနှစ်နှစ်အလလက မွေးမြူခဲ့သော ဆန္ဒပြည့်ဝ တော့မှာမို့ တသက်မှ တခါစီသာ ကြုံရတတ်သော ဝမ်းသာမှုမျိုးကို ကျွန်တော်ခံစားရခြင်းဖြစ်ပါ ၏။

မန္တလေးရောက်တယ်ဆို ဆန်အိတ်တွေကို ပွဲရုံမှာအပ်ပြီး အခွင့်သာသည်နှင့် လူထု သတင်းစာတိုက်ကိုသွား၊ စစ်ပြီးခေတ်မှာ ဆရာကြီး၏ ပထမဦးဆုံးထုတ်သော 'အကြံဉာဏ်ဖြင့် ကြီးပွားရေး'စာအုပ်၊ စက္ကူအခက်အခဲကြောင့် (ရလေရာ)ရောင်စုံ စာရွက်တွေနှင့် ပ–ဒ–တ ၃အုပ် ခွဲရိုက်ထားသည်ကို ၃ိ–စီနှင့်ဝယ်၊ ရောင်းသူအမျိုးသမီးအား ဆရာကြီးရွှေဥဒေါင်း ယခု ဘယ်မှာနေသလဲ မေး. . . .။

ထိုစဉ်က အသက် ၃၀ မျှခန့်မှန်းရသော အမျိုးသမီးခပ်ချောချောကား လူထုဒေါ်အမာဘဲ ကိုခင်ဗျ။ ဆရာကြီး၏ ဂေဟာကို သေချာစွာဘဲ ညွှန်ကြားလိုက်ပါ၏။

ထို့ကြောင့် ဆရာကြီး၏ တသက်တာ မှတ်တမ်းထဲတွင် ကျွန်ုပ်၏တပည့်များအခန်း၌. . .

၁။ သော်တာဆွေ

၁၉၄၆–ခုနှစ်တွင် ဝက်လက်မှမန္တလေးသို့ ပြောင်းလာခဲ့၍ ဓါးတန်းရပ်၊ ဝင်းမောင်၏ အိမ်၌ မှီခိုလျက်ရှိစဉ်၊ တနေ့သောနံနက်၌ လူငယ်တယောက် ရောက်လာ၏။ ကျွန်ုပ်သည် သူ့ကို တကြိမ်မျှ မမြင်ဘူးသည့်ပြင် သူ၏ ကိစ္စကိုလည်း မခန့်မှန်းတတ်သည်နှင့် အန်းတန်းတန်းဖြစ်ကာ နေရာထိုင်ခင်း ပေးလေရာ၊ သူကလည်း ရဲတင်းသော အမူအရာမရှိဘဲ ခပ်တွံ့တွံ့နှင့်ပင် ဝင်၍ ထိုင်၏။ ကျွန်ုပ်က ကိစ္စကိုမေးသောအခါ သူက ဝတ္ထုတပုဒ် ရေးသားထားကြောင်း ၎င်းကို ကျွန်ုပ်က ကြည့်ရှုပြင်ဆင်ပေးစေလိုကြောင်း ပြောလေသည်။

အလုပ်အကိုင်၊ နေရပ်၊ အသက်အရွယ်စသည်တို့ကို မေးမြန်းကာ စကားအနည်းငယ် ပြောကြပြီးနောက် ကျွန်ုပ်က သူ၏စာမူကိုယူခိုင်းလိုက်၏။ နောက်တခေါက်လာသောအခါ ဖိုးကျင်မောင်သည် စာမူကလေးနှင့်အတူ ဆန်တအိတ်လည်း ယူလာ၏။ အချိန်အတန်ကုန်သော အလုပ်ကို လုပ်ပေးရလျှင် လုပ်ခရချင်သော ကျွန်ုပ်၏ ဝါသနာကိုဝန်ခံ၍ ဆန်အိတ်ကိုမြင်ရခြင်း ကြောင့် ရုတ်တရက် ဝမ်းသာသလိုလို ဖြစ်မိသော်လည်း ဤဆန်အိတ်အတွက်ကြောင့် ညံ့ဖျင်း သော စာမူတခုကို ကောင်းသည်ဟု မပြောမိစေဖို့ လိုအပ်ခြင်းကိုလည်း သတိရသည်နှင့် ဆန်အိတ်ကို ရိုးသားစွာ ငြင်းပယ်မိပါသေးသည်။ သို့ရာတွင် ဖိုးကျင်မောင်က ‘ဦးကြီး စားရအောင် စေတနာနှင့် ပေးခြင်းဖြစ်ပါသည်’ဟု သတင်းပေးသည်နှင့် လက်ခံလိုက်ရ၏။ ကျွန်ုပ်သည် သူ၏စာမူကို ဖတ်ဖို့အချိန်မရသေးသော်လည်း၊ ဖိုးကျင်မောင် ခဏခဏလာ၍ စကားပြောသည်နှင့် စာမူအကြောင်း မသိရသေးစေကာမူ လူကိုမူကား တိုး၍တိုး၍ သဘောကျ လာလေပြီ။ ကျွန်ုပ်တခုသတိပြုမိသည်ကား ဖိုးကျင်မောင်သည် အထင်ကြီးခံချင်၍ ဝင့်ကြွားကာ ဟိတ်ထုတ်တတ်သော လူငယ်တယောက်မဟုတ်၊ ရိုးရိုးကလေးတင်ပြတတ်သူတယောက် ဖြစ်သည်ဟု ကျွန်ုပ်အကဲခတ်မိ၏။ ဤအချက်သည် သူနှင့်ကျွန်ုပ်ရေ့အဖို့တွင် ကြာရှည်လေးမြင့် ဆက်ဆံ၍ ဖြစ်နိုင်မည့် လူငယ်တယောက်ဖြစ်ကြောင်း ညွှန်ပြ၏။

ယင်းကား ဆရာကြီးဘက်က ကျွန်တော့်အပေါ် အမြင်ဖြစ်၍ ကျွန်တော့်ဘက်က ဆရာကြီးအား ကြည့်ရှုခဲ့ပုံကိုလည်း ယခုအလျဉ်းသင့်ခိုက်၍ ဖော်ပြရပေတော့မည်။

ဓါးတန်းရှိ ဆေးရုံအလုပ်သမားများ ကွာတာရှေ့၌ ရထားလုံးရပ်စေလျက်၊ ကျွန်တော် မြင်းလှည်းပေါ်က ဆင်း၍၊ ဆရာကြီးနာမည်ကို မေးသည်၌၊ အတွင်းကထွက်လာသူမှာ ဒေါ်ကြီးစိုး ဖြစ်ပါ၏။

'ဆရာကြီး ရှိပါတယ် လာပါ'ဟု ခေါ်သွား၍ အတွင်းသို့ ရောက်သောအခါ၊ ဆရာကြီး သည် ကျွန်တော်ဝင်သောဘက်မှ ဘေးတိုက်ခပ်စောင်းစောင်း၊ ဟောင်းမြင်း၍ ညံ့ဖျင်းသော စားပွဲ ကုလားထိုင်နှင့် စာရေးနေသည်ကို တွေ့ရပါသည်။ စုံထောက်ဝတ္ထုရေး ဆရာကြီးနှင့် စုံထောက် ဝတ္ထုရေးဆရာ ဖြစ်ချင်နေတဲ့လူဘဲ၊ ကျွန်တော်လဲ သေချာစွာကြည့်ရှုတတ်သည်ပေါ့။ ထိုစဉ်က ဆရာကြီး၏ဖောင်တိန်ကား၊ အဲဗားရှပ် အကောင်းစား မင်လုံးအကြီးအငယ်လုပ်၍ ရသော ကလစ်ကလေးနှင့်။ ဆရာကြီးစာရေးပုံမှာ ဖောက်တိန်ကိုလက်ညှိုးနှင့် လက်ခလယ်ကြား ညှပ်သည်။ နောင်မှာ သိရသည်ကား၊ လက်ညှိုးလက်မကြား အနာဖြစ်ရာမှ အကျင့်ပါသွားသည်။

ထိုအချိန်၌ ဆရာကြီးသည် စာရေးဆရာဘဝကို ပြန်လည်ထူထောင်ခါစ၊ စီးပွားရေးအား ဖြင့် မပြည့်စုံသေး။ မျက်မှန်ဘယ်ဘက်ဂိုင်းသည် ကျိုးနေ၍ ဂိုင်းပြတ်မှာ ချည်ထားသောကြိုးနှင့် နားရွက်မှာ ရစ်ပတ်ထားရသည်။ ဆရာကြီးလက်ထဲ၌ မပြတ်ဆုပ်ကိုင်ထားတတ်သော ဆေးတံ အရိုးမှာ ကျိုးပြီး ပြန်တပ်ဖြစ်၍ တိုနေ၏။ ဆေးအိုးကလည်း ဟောင်းမြင်း၍ မွဲခြောက်ပါဘိ။ ဆေးတံကိုက်သော နေရာမှာလည်း အောက်ဖက်ကပေါက်နေ၏။ လက်ဖက်ရည်ကြမ်းအိုးကလည်း မြေအိုးမှ နှုတ်သီးပဲ့ ကြီး။ ယခုပင် ကျွန်တော့်မျက်စိထဲ မြင်ယောင်မိသေးသည်။

ထို့ကြောင့် ကျွန်တော်သည် ပထမအခေါက်မှာ ဆရာကြီး၏ အခြေအနေကိုကြည့်ပြီး ဒုတိယအခေါက်မှာ ဆန်တအိတ်ယူသွားခြင်း ဖြစ်ပါသည်။ ကျွန်တော့်ဝတ္ထုလေးကိုကြည့်ရှုပေးရန် ဟူ၍မရည်ရွယ်ပါ။ စာပေအားဖြင့် ကျွန်တော်အင်မတန် ကြည်ညိုလေးစားနေသော ဆရာကြီး အား ကိုယ်တတ်နိုင်နေသောအခါ၌ ကျွန်တော်ဤမျှမက ပူဇော်ကန်တော့ရန် စေတနာထားပြီး ဖြစ်ပါသည်။ သို့အတွက် ကျွန်တော် ဆန်ကုန်သည်ဘဝ ပေါင်းတည်နှင့် ခေါက်ကယ်ပြန်ကယ် ကူးသန်း၍ မန္တလေးတွင် ရှိနေစဉ် အခွင့်သင့်သမျှ ဆရာကြီးအိမ် သွားတိုင်းသွားတိုင်း စားသောက်ဖွယ်ရာတွေ မပြတ်ဆောင်ကျဉ်းခဲ့ပါသည်။ နေ့လယ်နေ့ခင်းမှာ သောက်ဖို့ဆိုလျှင် ဘီယာ၊ ညနေအတွက် ဘရန်ဒီ၊ ဝီစကီ ထိုစဉ်ကကစ်ဘီခေတ်ဖြစ်၍ အကောင်းစားချည်း။ ဆရာကြီးနှင့် ကျွန်တော်သည် အရက်ကလေးတမြမြသောက်၍ ထမင်းဟင်းကောင်း ကြိုက်ပုံ ချင်းတူညီလှသည်။

ထိုစဉ်၌ ကျွန်တော်မှာ (ကသာသွားခါနီး) ဆရာကြီး၏တသက်တာ မှတ်တမ်းတွင် ပါသည့်အတိုင်း (ကျွန်ုပ်သည် မြစ်ဆိပ်သို့ဆင်း၍ သူ့ကိုနှုတ်ဆက်ရင်း သူဌေးသားကလေးပေ လောဟု မုဒိတာဖြစ်မိပါသေးသည်)ဟု ဆိုရလောက်အောင် ငွေကြေးကို ဖောဖောသီသီ သုံးနိုင် သူဖြစ်ပါ၏။

ယင်းခေတ်က အင်္ဂလိပ်ငွေ သုံးလေးသောင်းများ တခါတရံ ပေါင်းတည်သို့ပြန်ပို့ရန် အစိုးရငွေတိုက်အချိန်မမီတော့၍ အထုပ်လိုက်ဆရာကြီး၏ အိပ်ရာပေါ်ပစ်တင်လိုက်ကာ 'ဦးကြီး ကျွန်တော်နက်ဖန်မှ လာယူတော့မယ်'ဟု ပြောလိုက်သောအခါတို့တွင် ဆရာကြီးက 'ဟေ့ မင်းငွေတွေ ဒို့သုံးလိုက်ရင် ဘယ့်နှယ်လုပ်မလဲကွ'ဟု ပြောသောအခါ ကျွန်တော်က ရက်ရက် ရောရောကြီး 'ဦးကြီးသဘောရှိ'

ထို့နောက် ကျွန်တော်ကသာကပြန်ရောက်၊ ဖွတ်ဖြစ်ပြီး စာရေးဆရာသော်တာဆွေ ဘဝ ရောက်လာသောအခါ၌ (ဤအချက်သည် သူနှင့်ကျွန်ုပ်ရှေ့အို့တွင် ကြာရှည်လေးမြင့် ဆက်ဆံ၍ ဖြစ်နိုင်မည့် လူငယ်တယောက်ဖြစ်ကြောင်း ညွှန်ပြ၏)ဟု ဆရာကြီးရေးခဲ့သည့်အတိုင်းပင် ဆရာကြီးနှင့် ကျွန်တော်သည် မန္တလေးမှာလည်းကောင်း၊ မေမြို့မှာလည်းကောင်း၊ ရန်ကုန်မှာ လည်းကောင်း၊ ကြိမ်ဖန်များစွာ တအိမ်တည်းအတူ (ဆရာကြီးအိမ်မှာ)နေခဲ့ဘူးပေရာ၊ နောက်ဆုံး ခွဲခွာလိုက်ရ သည်ကတော့ ဆရာကြီးသည် လုပ်သားသတင်းစာ အယ်ဒီတာချုပ်အလုပ်မှ ထွက်၍ ဆင်းဒဝစ်လမ်း၊ ရှမဝတိုက်ရှေ့ရှိ အစိုးရတိုက်ခန်းကြီးမှ မန္တလေးမြို့သို့ ပြောင်းရွှေ့သွားသည်တွင် ဖြစ်ပါတော့၏။

ယင်းသို့ဖြင့် ဆရာကြီး အနိစ္စ ရောက်သောအခါ ကျွန်တော်မန္တလေးသို့မသာပို့ မသွား နိုင်တော့သည်ကား၊ ကျွန်တော်အား (ရိုးရိုးကလေး တင်ပြတတ်သူ)ဟု ဆရာကြီး ရေးခဲ့သည့် အတိုင်း ကျွန်တော်မှန်ရာကို ပြောရလျှင်ဖြင့် ဆရာကြီးသေဆုံးပြီဟု သိရသောအချိန်မှာ နက်ဖန် မနက်၊ ကျွန်တော့်အိမ်ထောင်အတွက် ဆန်ဘိုးမျှ ခဲယဉ်းနေသောကြောင့်ပါ ခင်ဗျား။

ကြည့်စမ်းပါ ဦးကြီးရယ်. . . (ဦးကြီးပြောခဲ့တဲ့အတိုင်း ဦးကြီးလားရာ ပြဟ္မာဘုံကဘဲနေပြီး ဒီစာကို ရှုပါတော့။) ဦးကြီးနဲ့ ကျွန်တော် စတင်တွေ့စဉ်က ဦးကြီးက မလိုချင်ပါဘူးဆိုတာတောင် မှ ကျွန်တော်သုံးတင်းဝင် ဆန်အိတ်ကြီးကို အတင်းပေးခဲ့တယ်။ အခုဦးကြီးဆုံးတဲ့အချိန်ကျတော့ လက်ရှိ ဆန်ဈေးနဲ့၊ ကျွန်တော့် အိမ်ထောင် လူ၉ယောက်စာအတွက် မနက်ဖန်ဆန်ဘိုးမျှ ခဲယဉ်း နေပါသောကြောင့် ဦးကြီးအသုဘကို ကျွန်တော်မလာနိုင်တော့ပါဘူးခင်ဗျား. . . .။

ဒါပေမယ့်လို့ ရက်အနည်းငယ် အတွင်းမှာဘဲ ကျွန်တော်ကြိုးစားပမ်းစား ငွေရှာပြီးတော့ ဩဂုတ်လ ၂၅ ရက်နေ့က. . .

ဒေါ်ကြီးရေ့. . . .

ခုအချိန်မှ ကျွန်တော်လာလို့လဲ အကြောင်းမထူးတော့ပါဘူး၊ သည်တော့ ကျွန်တော် လာလို့ ကုန်မယ့်စရိတ်ကို ဒေါ်ကြီးကိုဘဲကန်တော့လိုက်ပါတယ်။ ဆိုပြီး ကျွန်တော်စာတိုက်ကနေ ပြီး ဒေါ်ကြီးစိုးဆီကို ငွေတရာ ပို့လိုက်ပါတယ် ဦးကြီးရေ. . . .။

လွမ်းဆွတ် သတိရစွာနှင့်. . . .

ဘဝ၏ ဒုက္ခ သုခ။

၁၉၅၅–ခုနှစ်၊ မေနှင့်ကျွန်တော် ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ကြသောအခါ ကျွန်တော့် မှန်တမ်းဝင်ငွေမှာ ရှမဝတွင် ဝတ္ထုတိုတပုဒ် ၃၀ဝိ–အဟိကဏ္ဍအတွက် ၃၀ဝိ၊ ပေါင်း ၆၀ဝိ–မှ ယခင်အိမ်ထောင်၏ ကလေးစရိတ် ၂၅ဝိ–ပေး၍ ကျန်ငွေ ၃၅ဝိ–မှာ လင်ကိုယ်မယားနှစ်ယောက် ထဲကောင်းကောင်းကြီး သုံးနိုင်စားနိုင်ပါသည်။ အခြားမဂ္ဂဇင်းများ ရေးနိုင်လျှင်လည်း အပိုဝင်ငွေ ရသေးသည်။

ထိုစဉ်က ကုန်ဈေးနှုန်းများလည်း မကြီးမားကြ။ ငါးခူ၊ ငါးရံ့နှစ်ကျပ်ခွဲ သုံးကျပ်။ အကောင်းစားငါးမြင်း ငါးကြင်း ပုဇွန်ထုပ်ကြီးများမှ ၅–ကျပ်၊ ကြက်–ဝက်–ဘဲ–ဆိတ် ၅–ကျပ် ပတ်လည်၊ ဆီတပိဿာ နှစ်ကျပ်ခွဲ။ ပုံးလုံဝယ်နိုင်လျှင် ၂၄–ကျပ်၊ ဆယ်ပိဿာမက အပိုတွက်လဲ ရသေးသည်။ ပုံးခွံလဲရသေးသည်။ အို့. . . အဲသည်တုန်းက ဆီပုံးခွံ၊ ရေနံပုံးခွံဆိုတာများ စကားထဲ ထည့်ပြောမနေကြ။ ကြက်သွန် အာလူး တပိဿာ ပြား ၅၀–၆၀။ ရာသီအလျောက် အလွန်ရှား ချိန်မှပြား ၇၀–၈၀။ ဆန်အကောင်းစား စပါးနက် ငကျွဲတတင်း ဆယ့်လေးငါးကျပ်။ ကောက်သစ် ပေါ်ခါနီး ရှားပါးဆုံးအချိန်မှ ၁၆–၁၇။ တတင်းယူလျှင် အရပ်ထဲက ကုန်စုံဆိုင်မှ အိမ်ပေါ် အရောက်လာပို့၏။ နို့ဆီသကြား ငါးသေတ္တာကား ဖောခြင်းသောခြင်း။ အဝတ်အထည်အတွက် လည်း ပြဿနာမရှိ။ ကျွန်တော့်လုပ်ငန်းကလည်း သော်တာဆွေရေးသမျှ ယူပါရစေဆိုသော ထုတ်ဝေသူတွေ အသင့်ရှိနေကြ၏။

ယင်းသို့သော ဝင်ငွေ၊ ယင်းသို့သော ခေတ်အခါ၌ မေနှင့်ကျွန်တော် ညားခဲ့ကြလေရာ စိတ်ကူးယဉ်အပျော်ဖတ် ဝတ္ထုမျိုးဖြစ်ပါမူ သူတို့နှစ်ယောက် နှစ်ရှည်လများ ရည်းစားထားပြီး နောက် ခက်ခက်ခဲခဲတွေ့ရန် ဖန်တီးပေးလိုက်ပြီကဘဲ။ ‘မေနှင့်မောင်’သည် သက်ဆုံးတိုင် ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်း’ဟု အဆုံးသတ်လိုက်နိုင်ပါ၏။

သို့သော် ကျွန်တော်တို့၏ တကယ့်ဘဝကား မြော်လင့်ချက်ကြီးစွာသော သမီးရည်းစား ဘဝမှ လွန်မြောက်၍ ဒုက္ခ၏အစမျှ ရှိသေး၏။

ကျွန်တော်သည် ပထမအိမ်ထောင်တုန်းက ပထမအရွယ်၏ ဒုက္ခ ယခုဒုတိယအိမ်ထောင် တွင် ဒုတိယအရွယ်၏ဒုက္ခဘောင်ကို ဝင်ရလေပြီ။

ဘဝရှိသမျှကား ဒုက္ခရှိရမည်။ သုခကော မရှိဘူးလားတဲ့။ ရှိပါသည်။ သို့သော် ဤသုခ ဆိုသည်ကား ဘဝဒုက္ခထဲတွင် ခေတ္တမျှ ပေါ်လာတတ်သော နားနေရာ စခန်းကလေး များတည်း။ ဥပမာဆိုရသော် ကျွန်တော်တို့သည် ခရီးရှည်သွားကြမည်ဆိုလျှင် အိပ်စက်နေနားရန် စခန်းများ ရှိရပေမည်။ ဘဝခရီးထဲမှ သုခသည် ဤအပန်းဖြေစခန်းကလေးနှင့်သာတူပေသည်။ ဉစ္စာပစ္စည်း ဆင်းရဲချမ်းသာမရွေး လုပ်ငန်းကြီးငယ်မဟူ၊ သူ့ဘဝခရီးမှာ သူ့ဒုက္ခနှင့် သူ့သုခနှင့်သာ ဖြစ်ချေ သည်။ သူတောင်းစားမှာလည်း သူတောင်းစား၏ဒုက္ခနှင့် သူတောင်းစား၏သုခရှိ၏။ သူဌေးမှာ လည်း သူဌေး၏ဒုက္ခနှင့် သူဌေး၏သုခရှိ၏။

သူဌေး၏ ဒုက္ခသုခနှင့် သူတောင်းစား၏ ဒုက္ခသုခတို့သည် ပုံစံချင်းတော့ မတူကြချေ။ သို့သော် ခံစားမှုကတော့အတူတူဘဲဖြစ်၏။ ဥပမာလေးငါးရာတန် စားသောက်ပွဲကြီးနှင့် သူဌေး ကြီးထမင်းမြိန်ခြင်းသည် ပြားလေးငါးဆယ်ဘိုနှင့် သူတောင်းစားထမင်း မြိန်ခြင်းနှင့် မခြားနားပါ။ လေအေး စက်ခန်းတွင် အိစက်ညက်ညောသော ဖဲမွေ့ရာပေါ်၌ သူဌေးကြီး အိပ်ပျော်နေခြင်း သည် လမ်းဘေးပလက်ဖောင်းပေါ်၌ သူတောင်းစားအိပ်နေခြင်းနှင့် မခြားပါ။ လူတယောက် စားကောင်းတာချင်း၊ အိပ်ကောင်းတာချင်း အတူတူဘဲ ဖြစ်ပါ၏။ စားမဝင် အိပ်မပျော်တာချင်းလဲ အတူတူဘဲဖြစ်ပါ၏။

ယင်းသို့လျှင် လူတန်းစားအသီးသီးတို့သည် ကိုယ့်ဘဝတွင် ကိုယ့်ဒုက္ခကိုယ့်သုခတွေ တထွေထွေနှင့် ကိုယ့်ဘဝကိုယ် ခံမင်နေကြခြင်း ဖြစ်ကြပါကုန်သတည်း။

## ကမ္ဘောဇခရီး

လွန်ခဲ့သော ၁၉၅၅–ခုနှစ် နွေရာသီတွင် ကျွန်တော်တို့သည် မောင်းမကန်သို့ သွားခဲ့ကြ ပြီ။ ယခု ၁၉၅၆–ခုနှစ် နွေရာသီမူ မေ၏ဇာတိကမ္ဘောဇဌာနီ တောင်ပိုင်းရှမ်းပြည် တောင်ကြီးမြို့ သို့ သွားရန် စီမံကြသည်။

တောင်ကြီးတွင် မေဓါဆွေမျိုးမိဘများ ရှိကြသော်လည်း၊ ထိုစဉ်က မေသည် ရန်ကုန်သို့ ကျောင်းသွားနေစဉ် ပညာမသင်မှု၍ ကြင်ယာတလင်ယူသူ ကျွန်တော့်အားသားမယား ရှိလျက်နှင့် ဖောက်ပြားကာ နောက်တမယားယူသူဟု လူဆိုးစာရင်းတွင် တင်သွင်းထားကြ၍ ကျွန်တော်တို့ကို လက်သင့်မခံကြသေးသဖြင့် ကျွန်တော်တို့သည် တောင်ကြီးမှာဟော်တယ်တွင် တည်းခိုရမည်။ သို့မဟုတ် အိမ်တလုံးငှားနေရမည်။ ထို့ကြောင့် ဤခရီးအတွက် ငွေတော်တော်များများ လိုပြန်လေသည်။

သို့သော် ထိုစဉ်က ငွေရေးကြေးရေးကို ကျွန်တော်မမှုပါ။ သော်တာဆွေ ဘုန်းမီးနေလ တောက်ပနေချိန်ဖြစ်၍ စာအုပ်တိုက်တခုခုတွင် ကျွန်တော့်ဝတ္ထုရှည်လုံးချင်း ဘယ်လောက်တန် ရေပေးမည်။ စရံငွေ အခုဘယ်လောက်ပေးပါဟူ၍ တောင်းယူနိုင်သည်။ ထို့အပြင် ထိုစဉ်မှာ မြဝတီမဂ္ဂဇင်းတိုက်က သော်တာဆွေလိုလျှင် ကြိုတင်ငွေ ၅ဝဝိ–တိတိ ငွေစာရင်းဌာနကထုတ် ပေးပါ၊ သည်ထက်ပိုလျှင် အထက်သို့ အကြောင်းကြားပါဟူသော အမိန့်ရှိနေသည်။ သို့သော် ဤငွေပေးပြီး စာမူတင်ငင် တောင်းခံနေမည့်ငွေမျိုးကို ကျွန်တော်မလိုချင်ပါ။ စရံယူသော အကျင့်လည်း ကျွန်တော့်တွင်မရှိပါ။

ထို့ကြောင့် ဝတ္ထုတပုဒ်ထဲနှင့် ငွေနှင့်ကနဲနေအောင်ရသော ရုပ်ရှင်ဘက်ကို ကျွန်တော် လှည့်သည်။

ယင်းကာလဝယ် ကျွန်တော့်အိမ်ကလေးသို့ လာရောက်သောက်စားပျော်ပါးနေကြသူများ ထဲတွင် ထိုခေတ်ကအောင်ဖေယျုရုပ်ရှင် ကုမ္ပဏီပိုင်ရှင် ဦးသောင်းစိန်လည်း ပါဝင်လေရာ တညနေခင်း၌ သောက်ကြစားကြရင်း. . .

'ကိုသောင်းစိန် ခင်ဗျား ကျွန်တော့်ဆီက ရုပ်ရှင်ရိုက်ဖို့ ဝတ္ထုဇာတ်လမ်းတပုဒ် မလိုချင် ဘူးလား'

ကိုသောင်းစိန်က လှိုက်လှိုက်လှဲလှဲဖြင့်. . .

'ဟာ. . . တပုဒ်မက လိုချင်တာပေါ့ဗျာ၊ ခင်ဗျားက စာရေးဆရာ၊ ကျွန်တော်က ရုပ်ရုပ်ထုတ် လုပ်သူ၊ ကိုဆွေ့ကို ကျွန်တော်ပေါင်းတော့ အဲဒီ ရည်ရွယ်ချက်လဲ ပါတာပေါ့ဗျ'

'ဒါဖြင့် ကျွန်တော်အခု ဇာတ်လမ်းတပုဒ် ပြောပြမယ်လေ၊ ကြိုက်ရင်စရံငွေတထောင်ပေး ပါ၊ မကြိုက်သေးရင် နောက်တပုဒ်ပြောပြအုံးမယ်'

ကိုသောင်းစိန်က 'အိုကေ'ဟုဆိုလိုက်၍ ကျန်လူများကလည်း

'ဟာ. . . ဟန်ကျတာဘဲ၊ ကျုပ်တို့လဲ အရက်သောက်ရင်း ဝတ္ထုဇာတ်လမ်း နားထောင်ရ တော့ ဖိမ်ပေါ့'

ဤပွဲတွင် ဖဆပလ အမတ်လုပ်ခဲ့ဘူးသူ ဦးငွေးကြွယ်နှင့် ပမညတအမတ် ဖြစ်ခဲ့ဘူးသူ ဦးကံညွန့် (ဆိတ်ဖြူ)လဲပါပေသည်။

ယင်းသို့ဖြင့် ကျွန်တော်ရုပ်ရှင် ရိုက်နိုင်အောင် တမင်ရည်ရွယ်၍ စိတ်ကူးထားသော ဇာတ်လမ်းတပုဒ်ကို ပြောပြရာ နားထောင်သူအားလုံးလည်း ကြိုက်၍ ကိုသောင်းစိန်လည်း အလွန်သဘောကျကာ. . . .

'ကြိုက်ပြီ–ကြိုက်ပြီ–ကိုဆွေနက်ဖန် ကျွန်တော်ငွေတထောင်ယူခဲ့တော့မယ်'

ကိုသောင်းစိန်ကို ငွေအရေးတကြီးတောင်းရတာ ကျွန်တော်အားနာပါတယ်ဗျာ ဟောဒီ မအဂ္ဂါက တောင်ကြီးပြန်ပြီး နွေရာသီတလလောက် နေချင်တယ် ပြောနေလို့ဗျ'

'ဟာ. . . နွေရာသီတောင်ကြီး ကောင်းတာပေ့ါဗျာ။ ခင်ဗျားတို့သွားနှင့်၊ ကျွန်တော်တောင် လာနိုင်ရင်လာခဲ့အုံးမယ်၊ ငွေအတွက်တော့ စိတ်ချ၊ နက်ဖန် ကျွန်တော်ယူခဲ့မယ်၊ ကဲ. . ခင်ဗျားတို့ သွားဘို့သာ စီစဉ်ကြပေရော့'

ထိုစဉ်က ရုပ်ရှင်ထုတ်လုပ်သူနှင့် ဝတ္ထုဇာတ်လမ်းတွင် ဘာပြဿနာမျှ မရှိချေ။ ကိုယ်ကြိုက်ရာ ဇာတ်လမ်း ကိုယ့်သဘောအတိုင်း ရိုက်ပေရော။ ထို့ကြောင့် စာရေးဆရာ တယောက်အဖို့လည်း ကိုယ့်ဇာတ်လမ်းအတွက် ဘာအခက်အခဲမျှမရှိပေ။ လိုချင်သူကြိုက်လျှင် ကိစ္စပြီးနေ၏။

## အင်္ဂလိပ်ပြဒဿါး

ကျွန်တော်တို့ ခရီးထွက်ရန် ပြင်ဆင်ပြီးကြသည်မှာ ဧပြီလဆန်း ထိုစဉ်က ဖဆပလ အစိုးရနှင့် သောင်းကျန်းသူရောင်စုံတို့ခေတ်ဖြစ်၍ မီးရထားလမ်းတို့သည် နေ့သာမောင်းဝံ့လျက် ညမှာ စိတ်မချရ။ ထို့ကြောင့် ကျွန်တော်တို့သည် လေယာဉ်ပျံနှင့်သွားကြရန် စိတ်ကူးသည်။ သို့သော် ထိုသက္ကရာဇ် ၁၉၅၆–ခုနှစ်သည် ပါလီမန်အစိုးရ၏ တတိယမြောက် ရွေးကောက်ပွဲကြီး လုပ်ခါနီးနေ၍ သူတို့ပါတီဝင်တွေသာ ဥဒဟိုသွားလာနေကြခြင်းဖြင့် ကျွန်တော်တို့အနေနှင့် လေယာဉ်ပျံနားမကပ်နိုင်။

ထို့ကြောင့် မီးရထားနှင့်ဘဲ သွားပါတော့မည်ဟု ဧပြီလ ၉–ရက်နေ့မှာ အထက်တန်း လက်မှတ် သွားယူကာ ၁၃–ရက်နေ့ထွက်မယ့် ရထားမှဘဲ ရခဲ့တော့သည်။

'ဟယ်. . . ဒီရက်သွားရလဲ မနည်းဘူးဟဲ့ဆိုပြီး ဝမ်းသာအားရနဲ့ပြန်အလာ၊ အိမ်လဲရောက် ရော မမွှေမေကဆူပါလေရောဗျာ။

သင်္ကြန်အကျနေ့ကြီး ဖြစ်နေလို့ အောက်မေ့ပါသလား။ မဟုတ်ပါ ကျုပ်ဇနီးက ကမ္ဘော ဇရှမ်းစပ်ပေမယ့် အင်္ဂလိပ်စာတတ်ခရစ်ယန်မ ဖြစ်လေတော့ အင်္ဂလိပ်ပြဿဒါး ၁၃–ရက်ဖြစ်နေ လို့တဲ့ဗျာ။

ကျွန်တော်ကတော့ မြန်မာပြဿဒါးနေ့တောင် အမှုမထားတဲ့အကောင် ဖြစ်လေတော့ ဒါတွေသတိမမူခဲ့ဘူး။

'မောင်ဟာ အားကြီးညံ့တာဘဲ၊ ဒီရက်မှာ ဒိပြင်လူတွေမသွားကြလို့ ဒီနေ့ကို မောင်ရလာ တာဖြစ်မှာဘဲ'

'ငါ. . . ဒါမသိဘူးလကွာ၊ နက်ဖန်ထွက်မယ့် ရထားက စမေးတာဘဲ၊ အဲဒီနေ့မှ ရတယ်ဆိုလို့ ယူခဲ့ရတာဘဲ'

'တကယ်ဆိုမောင်က ဆယ့်နှစ်ရက်နေ့မရရင် ဆယ့်သုံးရက်နေ့ကြီးတော့ မသွားချင်ဘူး၊ ဆယ့်လေးရက်နေ့မှဆိုပြီး တရက်ကျော်ယူလာဘို့ ကောင်းတာ'

'ဟာ. . . ဒီဆယ့်သုံးဂဏန်း မကောင်းဘူးဆိုတာက အင်္ဂလိပ်လူမျိုးအယူပါကွ၊ အမေကျော် ဒွေးတော်လွမ်းမနေစမ်းပါနဲ့၊ ဒို့မြန်မာမှာ ရက်ရာဇာ ပြဿဒါးတွေရှိပါတယ်၊ မှန်းတွက်ကြည့်ရ အောင်'ဆိုပြီး ပက္ခဒိန်ကိုကြည့်၍. . . 'အင်း ဧပြီလ ဆယ့်သုံးရက်မှာ မြန်မာလို တန်ခူးလဆန်း လေးရက်၊ သောကြာနေ့၊ (တန်ခူးသာလှ၊ ထွန်းပကဆုန်)ဆိုတော့ ဒီဧပြီလ ဆယ့်သုံးရက် သောကြာနေ့ဟာ ရက်ရာဇာဗျ၊ ကဲ. . . '

'အို. . . ဒီမြန်မာအတွက်တွေ မေမသိဘူးလေ၊ မေတို့အင်္ဂလိပ်စာသင်ခဲ့ရတော့ ဒီဆယ့်သုံး ဂဏန်းမကောင်းဘူး ဆိုတာသာနားလည်ခဲ့တာဘဲ'

'အလကားပါကွာ. . . . စိတ်ထဲစွဲမထားပါနဲ့၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်ပါတယ်'

ဤစကားသည် မှန်တတ်လေသည်။ အကြောင်းမှာ ဤ၁၃ရက် ရထားထွက်မည့်နေ့မနက် ကျွန်တော်တို့အား ဘူတာသို့ပို့ရန် ကိုသောင်းစိန်၏ကားသည် သူ့ဒရိုင်ဘာနှင့် ညဦးကပင် ကျွန်တော်တို့အိမ်မှာ လာအိပ်မည်ဆိုပြီး၊ ယခု နံနက် ၅ချက်တီးသည်တိုင်အောင် ရောက်မလာ ချေ။

## ဥပါဒါန်နှင့် ဥပါဒ်

ကျွန်တော်တို့လင်မယားမှာ သူတို့မော်တော်ကား၊ ညဦးက ကိစ္စကြီးငယ်ရှိ၍ မလာနိုင်သည်ဖြစ်ပြီး၊ ယခုနံနက်စောစောတော့ အချိန်မီလာလိမ့်မည်ဟု တွက်ဆကာ နံနက် ၄–နာရီထိုးကတည်းက အိပ်ရာမှထ၍ ပြင်ဆင်ထားကြ၏။

မီးရထားကား ရန်ကုန်ဘူတာကြီးမှ ၆–နာရီတိတိတွင် ထွက်မည်ဖြစ်၏။ ကျွန်တော်တို့ အိမ် ၇–မိုင်မှ ဘူတာကြီးသို့ မိနစ် ၂၀နှင့် ရောက်အောင် အမြန်မောင်းယူရမည်။

ကျွန်တော်သည် နာရီတကြည့်ကြည့် အိမ်ရှေ့တမျှော်မျှော်နှင့် ၅နာရီခွဲလေတော့. . . ရင်ထဲထိတ်စပြုလေပြီ။

မိရွှေမေကား အင်္ဂလိပ် ၁၃ရက်ကို ရိုးမယ်ဖွဲ့ကာ ကျွန်တော့်အားဆူလေပြီ။

'ကဲ. . . . ပြောတယ်မှတ်လား၊ ဒီ ၁၃ ရက်မကောင်းပါဘူးဆိုတာ၊ အခုဘယ့်နှယ်လုပ်မလဲ'

'စောင့်ပါအုံးလေ. . . အချိန်ရှိပါသေးတယ်၊ ဘူတာကို ဒီကနေ ၁၅မိနစ်လောက်တင် ရောက်တာဘဲ'

'အခုနှယ် သူတို့ကားရောက်လာတောင် ဘယ်လောက်ကသီလင်တနိုင်မလဲ၊ ဘူတာ ရောက်လက်မှတ်လဲအုံးမှာနဲ့၊ တွဲရှာပြီးပစ္စည်းတွေ တင်ရအုံးမှာနဲ့

'ဒီအခြေကျမှတော့ ဖြစ်သလိုလုပ်ရတော့ မှာပေါ့ကွာ. . .၊ ခေါင်းအေးအေးထားစမ်းပါ'

သို့နှင့် ၅နာရီ ၃၅မိနစ်က လက်တံစွန်းလေသော် မိရွှေမေသည် ဆောင့်ဆောင့်အောင့်အောင့်နှင့် ထိုင်ရာမှ ထသွားပြီး. . .

'လာတော့မှာမှတ်ပါဘူး၊ ခုနှယ်မှသွားလဲ မှီတော့မှာ မှုတ်ဖူး' ဆိုလျက် အိမ်ရှေ့အသင့်ထုတ်ထားသော ပစ္စည်းများကို အိမ်ထဲတဒုံးဒုံး ပြန်သွင်းနေပါတော့သည်။

ကျွန်တော်လည်း စိတ်လျှော့၍ ပက်လက်ကုလားထိုင်ပေါ် ခွေပျော့ပျော့ထိုင်နေရာမှ. . .

'ဟော့. . . . ခုတော့ ဖြေးဖြေးပေါ့ကွာ၊ ထားပါအုံး၊ ငါသွင်းပါမယ်'

'ဖြေးဖြေးလုပ်မနေနဲ့၊ မိုးလင်းလာပြီ ပစ္စည်းတွေ ထုတ်ပြီးမှကားမလာလို့ မသွားရတာ သူများမြင်တော့ ရှက်စရာကြီး'

'မင်းနှယ်ကွာ. . . မဆိုင်တာ၊ ကိုယ့်ဟာကိုယ် ဒုက္ခရောက်ရတဲ့ အထိ သူများအတွက်ပါ ထည့်ပြီး အဆစ်ရှက်ရအုံးမယ်လို့ဘဲ. . . မိန်းမများ ကြံကြံဖန်ဖန်'

'အို. . . (နက်ဖန်မနက်တော့ ကျမတို့ကို ရှင်တို့တွေ့ရတော့မှာ မဟုတ်ဖူး၊ အိမ်သော့ခတ် ထားတာဘဲ မြင်ရတော့မယ်)လို့ အိမ်နီးပါးနားတွေကို နှုတ်ဆက်ထားတာရှင့်'

'ဟဲ့. . . နှုတ်ဆက်ထားတာကော ကိုယ်အဆင်မပြေလို့ မသွားနိုင်တာ၊ ကိုယ်ကမျင်းကျော ထတာမှ မဟုတ်တာ၊ ရှက်စရာလားကွ. . . '

'ကဲ. . . ငွေပေးထားပြီးဖြစ်တဲ့ ဒီလက်မှတ်တွေ အတွက်ကကော ဘယ့်နှယ်လုပ်မလဲ၊ ရော့. . . အခုသွားပြီး ငွေပြန်တောင်းချေ'

'ဟ. . . ရမလားဟ. . . ဒါမျိုးက တံတားပျက်လို့ ရထားမထွက်ဖြစ်မှသာ ပြန်ရတာကို ငါ. . ဒီက ဘတ်စ်ကားနဲ့ သွားလို့. . . ဘူတာကြီးရောက်မယ့် အချိန်မှာ ရထားက ထွက်သွားတာ ဒါးပိန်လောက် ရောက်နေရော့မယ်'

'ဒါဖြင့် ဒီငွေဆုံးရတော့မယ်ပေ့ါ၊ အဲဒါ သူငယ်ချင်းကောင်းကျိုးဘဲ၊ တက္ကစီ အော်ဒါလုပ် ထားရင် ဒီလိုဖြစ်မှာ မဟုတ်ဖူး၊ မော်တော်ကားရှိတဲ့ မောင့်သူငယ်ချင်းတွေဟာ တယောက်မှ စကားမတည်ဘူး၊ အရင်နှစ်ယောက်တုန်းကလဲ ဒီလိုဘဲဂျောက်ချဘူးပြီ မဟုတ်လား'

သူပြောတာဟုတ်၏။ တဦးကတင့်တယ်။ တဦးက အမတ်ကိုဋ္ဌေးကြွယ်၊ တင့်တယ်က. . . . (၁၉၅၆ခုနှစ်မှာ ရုပ်ရှင်ဒါရိုက်တာအဖြစ်နှင့် ကားရိုက်နေပြီဖြစ်၍)လွန်ခဲ့သော တပို့တွဲလဆန်း တရက် နေ့နံနက်က ရှမဝဦးကျော်၏မွေးနေ့ ထမနဲပွဲသွားရန် ကားနှင့်လာခေါ်မည်ဆိုပြီး၊ ပေါ်လာတော် မမူ။ ကိုဋ္ဌေးကြွယ်ကလည်း တနေ့ရုပ်ရှင်ကြည့်ရန် လာခေါ်မည်ချိန်ထားပြီးအချိန် လွန်မှ သတိရသတဲ့။ ထို့ကြောင့် ကျွန်တော်က အသံခပ်ပျော့ပျော့နှင့်ဘဲ. . .

'ကွာ. . . ကိုယ့်ဆန္ဒမပြည့်တိုင်းလဲ တဖက်သားကို အပြစ်မတင်ပါနဲ့၊ အခု. . . မောင်စဉ်းစားတာက၊ ငွေပေးပြီးသားကိစ္စကို မသွားရင်မဖြစ်တာ ကိုသောင်းစိန်သိတယ်၊ ဒါနဲ့သူ့စကားအတိုင်း မလာနိုင်တာက၊ သူ့မှာ ဒို့ဟာထက် အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စရှိနေ၍သော်လည်းကောင်း၊ သို့မဟုတ် သူညဦးကအရက်မူးပြီး ကားချင်းတိုက်မိလို့ ကားပျက်သွားသည်လည်းကောင်း၊ သူဆေးရုံရောက်နေသည်လည်းကောင်း၊ ဖြစ်နိုင်တယ်ကွ. . '

'အရင်နှစ်ယောက်တုန်းကလဲ မောင်ဒီလိုပြောတာဘဲ'

'ဒါက ကိုယ်ချင့်တရား လူလူချင်း တန်ဘိုးထားပြီး ဖြစ်နိုင်သလောက် စဉ်းစားရတာပေါ့ ကွ၊ ဟော. . . နော့ပြီး. . . ' ကျွန်တော်ရုတ်တရက် သတိရ၍ တခုဖြစ်နိုင်တာက ဒီနေ့ရထားမထွက်နိုင်တာ သူအသေအချာသိလို့မလာဘဲ နေတာလဲ ဖြစ်နိုင်တယ်ကွ'

ထိုစဉ်ကာလက သောင်းကျန်းသူတွေလက်ချက်နှင့် ဤသို့လဲဖြစ်တတ်သည်။

'ဒီလိုဆိုရင် မေတို့စိတ်အေးရအောင် သူ့ဒရိုင်ဘာဖြစ်ဖြစ် ညကတဲလာပြီး ပြောခိုင်းဘို့ကောင်းတယ်'

'ဒါတော့ကွာ. . . ဒို့သိနေပလား အောက်မေ့လို့၊ ဒါမှမဟုတ် အခု မနက်စောစောရောက်လာပြီး ဒို့အထုပ်အပိုးပြင်ထားတာ ကြည့်ပြီးကျီစယ်ချင်လို့လဲ ဖြစ်နိုင်တယ်ကွ၊ ကိုသောင်းစိန်ပျော်တတ်တာလဲ မင်းသိသားနဲ့. . . '

ဤသို့ပြောနေစဉ် အိမ်ရှေ့မှာကားမီးရောင်ထိုးလာသဖြင့်. . . .

'ဟော ပြောတုန်းဆိုတုန်း လာပဟေ့'

ကျွန်တော် လက်ကနာရီကို ကြည့်လိုက်သော် ၆–နာရီထိုးရန် မိနစ် ၂၀–လိုတော့သဖြင့် ကျွန်တော်တွေးတောချက်မှန်ပြီဟု တွက်ဆကာ ပြုံးဖြီးဖြီးကြီး ကားပေါ်မှ ဆင်းလာသော ကိုသောင်းစိန်မျက်နှာကို ကြည့်၍. . .

'ဘယ့်နှယ်လဲဆရာကြီး၊ ဒီကနေ့ ရထားမထွက်ဖြစ်ဖူးမဟုတ်လား'

ဤတွင် ကိုသောင်းစိန်သည် နကိုကပြူးသောမျက်လုံးများကိုဖြဲ၍. . .

'ဟင်. . . ဟုတ်လား၊ ကျုပ်တို့ညက ကိုးယိုးကားယားဖြစ်လို့ အခုမနက်မှ ကြိုးစားပမ်းစားလာတာဗျာ'

ယင်း၌ ကျွန်တော့်ရင် တဒိတ်ဒိတ်ခုန်ကာ. . .

'အိုး. . . အိုး. . . ရထားမထွက်ဖြစ်တာ ကျွန်တော်သိလို့မဟုတ်ပါဘူး၊ ခင်ဗျားတို့ ခုမှလာတာကို ကောက်ပြီး အထင်နဲ့ပြောတာ'

'ဟာ. . . ဒီလိုဆိုဘယ့်နှယ်မထွက်ဖြစ်ရမှာတုန်း လာတင်ကြ ယူစရာတွေ'

'ဟာ. . . ခုမှဆိုရထား မှီပါအုံးမလားဗျ'

'ဘယ်နှစ်နာရီ ရှိပြီမို့လဲ'

ကိုသောင်းစိန်သည် နာရီမရှိတော့ချေ။ မနေ့က သူနှင့်ကျွန်တော် မြို့ထဲလျှောက်သောက်ကြရင်း အပြန်၌ (ကိုသောင်းစိန်နာရီဆိုင် တခုခုမောင်းစမ်းဗျာ၊ ကျွန်တော့်မှာ နာရီမရှိ ဘူး၊ လက်ပတ်နာရီတလုံးတော့ ဝယ်သွားအုံးမှဘဲ)ဆိုတော့ သူက (ဗမာပြည်က နာရီတွေ မကောင်းပါဘူးဗျာ၊ ဒီမှာ ကျွန်တော် စင်ကာပူက စိတ်ကြိုက်ဝယ်လာတဲ့နာရီ၊ ခင်ဗျားယူသွားဗျာ' ဟု ဆို၍ ချွတ်ပေးလိုက်ခြင်းဖြင့် ယခုကျွန်တော့်လက်ရောက်နေ၏။

ကျွန်တော်က ယင်းနာရီကိုကြည့်၍. . .

'၆–နာရီ ထိုးဘို့ ၁၉မိနစ်ပဲ လိုတော့တယ်ဗျ၊ ရထားက ၆–နာရီထွက်မှာ မမှီနိုင်တော့ဘူးထင်တယ်'

'ဟာ. . . မမှီ မှီအောင် ကျွန်တော်မောင်းပေးမယ်ဗျ၊ လာ. . . ပစ္စည်းတွေ အမြန်တင်ကြ၊ ကျွန်တော်ညက ကားမလွတ်နိုင်တာ ခွင့်လွှတ်ကြဗျာ၊ ညက မိတ်ဆွေတယောက် မူးပြီးကားမှောက်တဲ့ ကိစ္စကြောင့် နာရီပြန်တချက်မှ အိမ်ပြန်ရောက်လို့ဗျ. . .'

စိတ်ကတော့ မှီမယ်တယ်ပြီး မထင်ချေ။ သို့သော် နောက်ဆုံးပြန်လာရုံဘဲပေါ့ဟု တတ်နိုင်သလောက် အမြန်ဆုံးတင်ကြလေသည်။

အားလုံးတင်ပြီး၍ ကားစက်နှိုးကာမှ ဒေါ်ရွှေမေလက်ပွေ့အိတ်ထဲတွင် မီးရထားငွေပေးထားသော ပြေစာဖြတ်ပိုင်းရှာမတွေ့၍ ကမူးရျူးထိုးဖြစ်ကြသေးသည်။

ဒီလောက် အချိန်လုနေရသည့်အထဲ အိမ်သော့ခလောက် ပြန်ဖွင့်တော့လည်း စိတ်ဇောကကြီးနေ၍ လွယ်လွယ်နှင့် သော့ပေါက်ထဲသော့ထိုးမရ။ ပွင့်ပြီး အထဲရောက်ပြန်တော့ (ထိုအိမ်လေးမီးမသွယ်ရသေး၍) မီးချစ်က မီးခြစ်လို့ တော်တော်နှင့် မတောက်၊ နောက်ဆုံးမှ ဒေါ်ရွှေမေ

ကျွန်တော့်အားစိတ်လုပ်ပြီး (ရော့ဒီလက်မှတ်တွေ ငွေပြန်တောင်းချေ)ဟုဆိုရင်း၊ သူ့လက်ပွေ အိတ်ထဲမှ သူထုတ်သောနေရာ၊ ကျွန်တော့်ပက်လက် ကုလားထိုင်ဘေးမှာ တွေ့ရသည်။

သူ့ ကျွန်တော်ဆွဲထုချင်စိတ် ပေါက်လာသည်။

ကားစထွက်သောအခါ၌ ကျွန်တော့်လက်ပတ်နာရီမှာ ၆နာရီထိုးရန် ၁၆မိနစ်သာလိုတော့သည်။ ကိုသောင်းစိန် ကိုယ်တိုင်ကားကို အမြန်ဆုံးမောင်းလေသည်။

ကျွန်တော်က 'ဘယ့်နှယ်လဲ၊ မှီမှလဲလုပ်နော်၊ သိပ်မောင်းနေလို့ ဘူတာမရောက်ခင် ကျုပ်တို့ကားမှောက်လို့ ဒုက္ခရောက်နေကြအုံးမယ်'

ကိုသောင်းစိန်ကတော့ ဘာမျှမပြော၊ သူ့ဒရိုင်ဘာ ကိုစိန်ဝင်းက အပြင်ဘက်အလင်းရောင်ကို ကြည့်ပြီး. . .

'မှီပါတယ်ဆရာ၊ အရင်မန္တလေး ဦးတင့်တို့ အပြန်ကျွန်တော်လိုက်ပို့တုန်းက ဒီအချိန်ပါ ဘဲ'

'အေး. . . မှီတော့ မှီပြီး ကျွန်တော်တို့အရောက်နဲ့ ရထားအထွက်နဲ့. . . '

ကိုသောင်းစိန်က 'ဒီလိုဆို ကျွန်တော်ဂါတ်ဗိုလ်ဆီ ပြေးပြီး ရထားရပ်ခိုင်းပေးမယ်ဗျာ'

နောက်ထပ်ဘယ်သူမှ ဘာစကားမှမပြောတော့ချေ။ ဂျာမန်ဘောက်စ်ဝက်ဂွန်း ကားပုပြတ်ပြတ်ကလေးသည် ရန်ကုန်ပြည်လမ်းမကြီးမှာ အမြန်နိုင်ဆုံးပြေးနေပေသည်။ ကျွန်တော့်လက်က နာရီကိုကြည့်နေ၏။ ၆နာရီထိုးရန် ၁၀ မိနစ်အလိုမှ ၉မိနစ် ၈မိနစ် ၇မိနစ် ၆မိနစ် ၅မိနစ် ၄မိနစ် ၃မိနစ် ၂မိနစ်။ ထိုအချိန်မှ ကျွန်တော်တို့ ကွမ်းခြံကုန်းဘူတာကြီးနား ချဉ်းကပ်မိ၍ နာရီစင်က နာရီကြီးကို ကျွန်တော်လှမ်းပြီး ကြည့်လိုက်မိတော့မှ ကျွန်တော့်ရင်ထဲက အလုံးကြီး ဝုန်းကနဲ ကျသွားပေတော့၏။

အကြောင်းမှာ မီးရထားနာရီကြီးသည် ၆နာရီထိုးရန် မိနစ်၂၀ လုံးလုံးကြီး လိုနေလေသေးသည်တကား။

ကျွန်တော့်မှာ အားရဝမ်းသာသော အသံကြီးနှင့်. . . .

'အောင်မယ်လေး ကိုသောင်းစိန်၊ ဘူတာနာရီကြီးက အဝေးကြီးလိုသေးတာဗျ၊ ဟောဒီ ခင်ဗျား ကျွန်တော့်ပေးတဲ့ နာရီကမြန်နေတာ'

ကားကို ဂိတ်ထိုးရပ်လိုက်ရင်း. . .

'ဟာ. . . ကျွန်တော့်နာရီ အချိန်အင်မတန် မှန်တာဗျ၊ ဘယ့်နှယ်မြန်နေရမလဲ၊ ကျွန်တော် ဝယ်ခဲ့တာ ငါးနှစ်ရှိပြီ'

(ယခုတိုင် ဤနာရီကျွန်တော့်ဆီမှာရှိနေရာ ဤစာရေးချိန်ထိ ကျွန်တော့်လက်ထဲမှာ ၁၇နှစ်၊ ကိုသောင်းစိန် သုံးခဲ့တာ၅နှစ်နှင့် ၂၂ နှစ်ရှိပြီဖြစ်သော ဤရွှေရောင် နာရီလေးသည် လှတုန်း ကောင်းတုန်းပင်) ယင်းနာရီကို အပြစ်တင်မိပေရာ ကိုယ့်ဟာကိုယ်တွေးမိမှ ကျွန်တော့် ခေါင်း ကျွန်တော်ဖနောင့်နှင့် ပေါက်ချင်တော့၏။

'ဟာ. . . ဒါကျွန်တော့်အပြစ်ပဲဗျ၊ ခရီးသွားဘို့ စိတ်ကစောပြီးတော့ ညဦးတုန်းက ဘုန်းကြီး ကျောင်းက ကျောက်စည်နှက်တဲ့ နာရီသံနဲ့ သွားတိုက်ထားမိတာဗျ'

ဤမှ ကိုသောင်းစိန်လည်း စိတ်အေးသက်သာဖြစ်သွားကာ

'အောင်မယ်လေး ဖြစ်မှဖြစ်ရလေ ကိုဆွေရာ'

'ဤတွင်ကျွန်တော့်ဇနီးမဘိုဆန်က. . .

'ဒါဘာမှမဟုတ်ဖူး၊ ဆယ့်သုံးရက်နေ့ ကောင်းကျိုးဘဲ'

'မေ့ဟာကလဲ မဆိုင်လိုက်တာကွာ၊ ကဲ. . . ငါက နာရီမြန်ထားလိုက်မိပြီထား၊ ကိုသောင်းစိန် ကား ညဦးကထဲက ရောက်နေရင် ဘာဒီလို ဖြစ်ဖို့ရှိသလဲ'

'ဒါက မရောက်နိုင်အောင် ဖန်တီးထားပြီကိုမောင်ရဲ့'

'ဘယ်သူက ဖန်တီးထားတာလဲ'

'အကြောင်းအကျိုးကပေါ့'

'ဒါဖြင့် ကိုသောင်းစိန် မိတ်ဆွေ ကားမှောက်ရတာလဲ ဒို့ဆယ့်သုံးရက်နေ့ ခရီးထွက်တဲ့ ကိစ္စကြောင့် ဖြစ်နေပါရောလား၊ အဲဒီလူများ သေရင် ဒို့တရားခံပေါ့'

ကျွန်တော်တို့သည် အေးအေးဆေးဆေးပင် ရထားတွဲတွင် ကိုယ့်အခန်းထဲကိုယ်ရောက် ကြ၍ အားလုံးပစ္စည်းတွေ နေထားတကျ လုပ်ကြပြီးသည်တိုင်၊ ရထားထွက်ရန် ၁၅ မိနစ်မျှ လိုသေးသဖြင့် ကိုသောင်းစိန်က. . .

'လာဗျာ. . ကိုဆွေ၊ ခုန စိတ်မောရတာတွေ ပြေသွားအောင် ဝီစကီ ဝမ်းပတ်စီလောက် မော့ကြစို့'

ထိုစဉ်က ခမ်းနားသန့်ပြန့်လှသောမီးရထား ဟော်တယ်သည် ကျွန်တော်တို့ အသောက် သမားများအား အချိန်မရွေး ဆီးကြိုလျက်ပင်။

ကုလားစကား နားထောင်ညား

ထိုစဉ်က မီးရထားတို့သည် ညမခုတ်မူ၍ ကျွန်တော်တို့စီးလာခဲ့သော ဒဂုန်ရွှေမန်းစာပို့ ကြီးသည် တောင်ငူတွင် တညအိပ်ပြီး၊ ဧပြီ ၁၄–ရက်နေ့ မွန်းတည့်အချိန်မှာ သာစည်သို့ဆိုက် သည်။ သာစည်ကလောရထား ရှိသည်နှင့် ရောက်ရောက်ချင်းဘဲ ရထားပြောင်းရသည်။ ကလော မြို့မှာ ထိုညအိပ်မည်။ 'ဟော်တယ်ကလော'တွင် တည်းခိုကြမည် စိတ်ကူးသည်။

သို့သော် ၎င်းရထားပေ ရောက်သည်၌ အတော်ပင်လူရေလည်သော ကုလားတယောက် နှင့် စကားစိပ်မိရာတွင်. . .

'အောင်မာ. . . ခင်ဗျားတို့ကလောမှ ဘာလို့အိပ်နေမလဲဗျ၊ ဘူတာမှာ တောင်ကြီးသွားမယ့် ဘတ်စ်ကားတွေ လာကြိုနေတာရှိတယ်ဗျ၊ တခါထဲ ဆက်ပြီးစီးလိုက်ရုံပေါ့'

ဤတွင်သူ၏ မွေးရပ်ဌာန ရောက်ချင်ဇော ထန်နေသော မရွှေမေက ဝမ်းသာအားရ ဖြစ်ကာ. . . .

'ဒီလိုဆို ဟန်ကျတာပေါ့မောင်၊ ညတွင်းချင်းဘဲ တောင်ကြီးရောက်တာပေါ့'

'ရောက်တာတော့ ဟုတ်ပါပြီ၊ လမ်းခရီးက စိတ်ချရဲ့လား'

ကုလား. . . . 'အောင်မယ်လေး ကျနော်တို့ ရှမ်းပြည်ဘာမှမဖြစ်ပါဘူးဗျာ၊ ခုလို သင်္ကြန်တွင်း ဆိုသာပြီး စိတ်ချရသေးတယ်၊ ဗုဒ္ဓဘာသာတွေက ဒီလိုအခါကြီး ရက်ကြီးတွေမှာ မကောင်းတာ မလုပ်ဖူးဗျ'

အောင်မယ်လေး ကုလားကဘဲ တရားပြနေချေပြီ။ ကျွန်တော်တို့ စီးသောအထက်တန်း တွဲမှာ အားလုံး ၄–ယောက်ရှိသည့်အနက် အခြားခရီးသည် မြန်မာစစ်ဗိုလ်ကလည်း ထောက်ခံ သဖြင့် ကျွန်တော်တို့ ယခုညဘဲ တောင်ကြီးတက်ရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

## မောတို့ဌာနီ

ကျွန်တော်ရှမ်းပြည် မီးရထားကို စီးဘူးသည်မှာ ဤအကြိမ်သည် ဒုတိယအခေါက်ဖြစ်၏။ သို့သော် ပထမအခေါက်တုန်းကမူ ခရီးဆုံးမဟုတ်ပေ။ ၁၉၅၄–ခုနှစ် မေနှင့်ကျွန်တော်သမီး ရည်းစား အရူးအမူးဖြစ်ကြစဉ် အောက်တိုဘာလ သီတင်းကျွတ် ကျောင်းအပိတ်မှာ သူတောင်ကြီးသို့ ခေတ္တပြန်စဉ် ကျွန်တော်သည် ခွေးရုပ်ဘူတာအထိ လိုက်ခဲ့ခြင်းဖြစ်သည်။ ဤဘူတာသည် ရှမ်းပြည်မီးရထား အတက်အဆင်းခရီးဆုံးဖြစ်၍၊ ကျွန်တော်က မြန်မာပြည်သား မီးရထားကို ပြန်စီးခဲ့ရသည်။ မေပြန်လာသည့် ရက်ကိုဘဲ၊ မောင်မျှော်နေတော့မယ်ဆိုသော မှာတမ်းကြီးနဲ့ပေါ့။ လူပြည်မှာ ၁၅ရက်လောက် လွမ်းခဲ့ဘူးပါရဲ့ဗျာ။

ဤရထားလမ်းခရီးမှာ ယင်းမာပင်ဘူတာကို လွန်လတ်သော် မြန်မာပြည်နှင့် ရာသီဥတု ရှုမျှော်ခင်းများ ပြောင်းလဲလာလေသည်။ ခွေးရုပ်ဘူတာကို ကျော်လျှင် မီးရထားလမ်းက တောင်ကမ်းပါးယံတွေကို ဖင်တပြန် ခေါင်းတပြန် လွန်းထိုးတက်ရလေသည်။ မီးရထား၏ လက်ဝဲဘက်ကို ငုံ့ကြည့်လိုက်သော်၊ သစ်ပင် ဝါးပင်တွေ နိမ့်မြင့်စီလျက်နှင့် နက်ရှိုင်းသော တောင်အောက်ချောက်ကြီး။ လကျာ်ဘက် ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်လျှင် မြင့်မား သော တောင်ကမ်းပါး တောင်ထွတ်များသည် မိုးကိုတိုးနေသည်။

ဆင်တောင်နှင့် မြင်းတိုက်ဘူတာ အကြားရောက်လျှင် တောင်မြင့်ကြီးပေါ်သို့ ခုတ်မောင်း နေပြီဖြစ်၍ နံဘေးပတ်ဝန်းကျင်တွင် နိမ့်ချည်မြင့်ချည် လှိုင်းထနေသော တောင်ထိပ် ရင်ပြင်ဝယ်၊ ထိုတကွေ့ သည်တတွေ့၌ ဝွမ်းပုံကြီးများနှင့်တူသော မိုးသားထွေးကြီးတွေကို မြင်ရလေသည်။

ကျွန်တော်မြေပြင်မှ မြင်ရသော ကောင်းကင်ထဲ မိုးသားတွေလို လှုပ်ရှား၍မနေ။ ချမ်းအေးသဖြင့် တောင်ထိပ်ဖျား မြစိမ်းကမ္ဗလာပေါ်တွင် ငြိမ်သက်စွာ အိပ်စက်နေကြသည်နှင့် တူပေသည်။

သွား၍ယူမလား

မိုးသားထွေးကြီးတွေ

လေတွင် မလှုပ်တုံ့

ပုံ့ပုံ့ကြီး လျောင်းလျက်

မြစိမ်းကမ္ဘလာထက်ဝယ်

အိပ်စက်နေကြသည့်နှယ်

ရှုဖွယ်သာမော. . . ဤမြိုင်ကျော. . . .

ထိုညနေ ၆–နာရီ ၅–မိနစ် အချိန်ဝယ် ကလောဘူတာသို့ ဆိုက်ရောက်လေသည်။ ရှမ်းပြည်မှာ အေးသည်ဆိုသဖြင့် ရန်ကုန်က ချုပ်ပြီး ခေါက်ယူလာခဲ့သော ကုတ်အင်္ကျီကို ထုတ်၍ ဝတ်လိုက်ရသည်။ ထင်းရှူးပင်များကို ဖြတ်၍ တိုက်လာသော လေအလျင်သည် တရှီးရှီးနှင့် ညည်းသံပါ၍ သူ့မှာပင် ချမ်းအေးတုန်ခိုက်သော လက္ခဏာဖြစ်လာလေသည်။

ကလော'မြို့'ဆိုရသော်လည်း ပတ်ဝန်းကျင်မှာ လူနေအိမ်ခြေထက် တောင်ကုန်းနိမ့်မြင့် ချိုင့်ဝှမ်းနှင့် ထင်းရှူးတောကိုသာ မြင်ရသည်။ မြန်မာပြည်ဝယ် ထင်းရှူးပင် အများဆုံးသော အရပ်ဒေသပေတည်း။ တောတောင်၏ သဘာဝအလှ စင်းလုံးချော။

ကျွန်တော်တို့ ရထားပေါ်မှ ဆင်းကြ၍ ဘတ်စ်ကားပေါ်နေသားတကျ ရောက်လတ်သော် ၆–နာရီ ၁၅–မိနစ်. .။

'တောင်ကြီးနှင့်ကလော ဘယ်နှစ်မိုင်ဝေးပါသလဲ. .'

'၄၄–မိုင်ဝေးပါတယ်. .'

ကျွန်တော့်နံဘေးရှိ ခရီးဖော်ကိုမေး၍ ဖြေပါသည်။

'ဒီ. . . မော်တော်ကား၊ ဒီ. . ခရီးတောင်ဆင်း တောင်တက်ကို နှစ်နာရီနဲ့ ရောက်ပါ့မလား. .'

'မကြာပါ အလွန်ဆုံးတနာရီခွဲပ. . '

ထိုသရောအခါဝယ် တောင်ကြီးမြို့သို့ ညဦး ၈–နာရီခန့်တွင် ရောက်တော့မည်ဖြစ်၍ ကျွန်တော်တို့ ဝမ်းသာသွားကြပါသည်။

သို့သော် ကားထွက်ခါနီးမှ ခရီးသည်များနှင့် ကားရှင်တို့စကားအချေအတင် ပြောပွဲ ကလေး ကျင်းပသဖြင့် ၁၅–မိနစ်မျှ အချိန်ပုပ်သွားပါသည်။

ကားရှင်။ 'ကားခတယောက် ၅ိခင်ဗျ'

ခရီးသည်။ 'အို. . . ခါတိုင်း ထုံးစံတယောက် ၃ိ ဟာကို'

'သင်္ကြန်တွင်း ဓာတ်ဆီဈေး တက်သွားလို့ဗျ'

'ဒါဖြင့် ၄ိ–ယူတော်ပြီလေ. . . မနေ့ကကျုပ်တို့ တောင်ကြီးက စီးခဲ့တာ ၄ိပဲ'

'အခုမော်တော်ယာဉ် အသင်းက ၅ိ–မှပြေးနိုင်မတဲ့. . . '

အို. . . ၅ိ တော့ မစီးဘူးကွ၊ ဘယ့်နှယ်ကွာ၊ ဓာတ်ဆီက တဂါလံ ၁ိ–တက်တယ်ဘဲ ထားပါအုံး၊ ဒင်းကား ၄–ဂါလံလောက် ဒီလောက် မတရားလိုချင်တာတော့. . . မစီးဘူး၊ မစီးဘူး၊ အခုပြန်ဆင်းမှာဘဲ ခင်ဗျားတို့ကော. . . '

ခရီးဘော်ချင်း လူညှိသည်၌ ဘုမသိ ဘမသိ ဖြစ်သောကျွန်တော်တို့ကပါ ကိုယ့်ဘဝတူ များ ဘက်ကပါ၍ အားလုံးညီညွတ်သွားလေသည်။

ထိုအခါ၌ ကားဆရာသည် သူ့အသင်း လူကြီးများဆီသို့ ပြေးသွား၍ ပြန်လာပြီးမှ ၄ိ–နှင့် (ငါးကျပ်မရမှန်းသိ၍) သဘောတူတော့သတည်း။

တကတဲဗျ။ ကားစက်မနိုးမီ ပိုက်ဆံပေး၍ လက်မှတ်ဝယ်ရ၏။ လူစေ့တက်စေ့ ငွေရခါမှ ကားထွက်၏။ သို့သော်ဖြူးဖြူးဖြောင့်ဖြောင့် မသွားသေးပေ။

ပထမတော်တော်ကား ဓါတ်ဆီသွားထည့်တာက ၁၅မိနစ်ကြာ၏။

ဒုတိယကလောမြို့ ဂျင်ကလယ်ကိုလမ်းကြိုလမ်းကြားလျှောက်မောင်းကာ တနေရာတခါ ရပ်၍ နာမည်တခုကို ခေါ်နေတာက ၁၅မိနစ်။ ဘဇာနည်း စုံစမ်းကြည့်တော့ ယခုကားမောင်း သူမှာ

ဒရိုင်ဘာအစစ် မဟုတ်သေး၊ စပယ်ယာမျှသာဖြစ်၍ သူ့ဆရာကားမောင်းသူကို ရှာနေရခြင်းဖြစ်သတဲ့။

နောက်ဆုံးမှ ဒရိုင်ဘာသည် ဘိန်းခန်းထဲမှ ထွက်လာဟန်တူပါရဲ့။ ယိုင်တိုင်တိုင်နှင့် ကားပေါ်ရောက်လာ၏။

မော်တော်ကား မြို့မှစထွက်တော့ ကလောတွင် တောင်စွယ်နေကွယ်၍မဟုတ်၊ တောင်အောက် နေရောက်သွားပြီ ဖြစ်သဖြင့် မှောင်စပြုလေပြီ။

နောက်ဆုံး အလင်းရောင်ဖြင့် ကျွန်တော့်လက်က နာရီကို ကြည့်လိုက်တော့ ၇နာရီ။

ထိုမှတပြီးကား မော်တော်ကားထဲတွင် မီးလည်း ဖွင့်မပေးသဖြင့် မှောင်ထဲမှာပင် ကျွန်တော်တို့ ဗလုံးဗထွေးပါသွားတော့၏။

မော်တော်ကားက ကားအိုကားမင်း၊ လမ်းကအတက်အဆင်း လူတွေကဒင်းကြမ်းပြည့်၊ ကျွန်တော်တို့နေရာက နောက်ဆုံး။ ခုန်လိုက်တာ တရုန်းရုန်းနှင့် ခေါင်းနှင့်အမိုးနှင့် မဆောင့်မိ ရန် မနည်းသတိထားနေရသည်။ မီးရထားတွင် အထက်တန်းက ဗိမ်ခဲ့သမျှ ဂိန်တော့သည်။

၈ နာရီတွင် ဟဲဟိုးရောက်၍ မော်တော်ကား ရပ်နားပြီး ခရီးသည်များနှင့် စပယ်ယာ ဒရိုင်ဘာတို့ ညစာသုံးဆောင်ကြသည်။ ကျွန်တော်တို့ကား ခရီးပန်း၍ ခေါင်းမူးနောက်နေသဖြင့် စားလိုစိတ်မရှိ။ မေသာကော်ဖီတခွက်သောက်သည်။ ကျွန်တော်မူရေချိုး၍ အရက်သောက်ပြီးမှ သာ တခုခုစားနိုင်မည်။

၈ နာရီ ၁၅ မိနစ်ရှိသည်တိုင်အောင် ကားမထွက်သေးသဖြင့် ကျွန်တော်သည် ကားဆရာ ၏ စားသောက်ပွဲနား ချဉ်းကပ်ပြီး အသနားခံပါသည်။

အခုအတိုင်းဆိုရင် ၉နာရီတောင်ကြီးရောက်ပါ့မလားခင်ဗျာ၊ တောင်ကြီး ရောက်သော် ကျွန်တော်တို့မှာ သွားစရာအိမ်မရှိ၍ ဟော်တယ်တခုခုတွင် အခန်းငှားရပါသည်။ အချိန်မဲ့ နေလျှင် အခန်းရနိုင်ပါဦးမည်လား။

ထိုအခါ စပယ်ယာ၏ ဆိုစကားမှာ. . .

ကိစ္စမရှိပါ၊ တောင်ကြီးဟော်တယ်ကို အိပ်ပျော်နေသည်တိုင်အောင် သူနှိုးပေးနိုင်ပါသည်။ မောင်ပိုင်လေသံမျိုးနှင့်ပြော၏။

ကျွန်တော်မှာ များစွာစိတ်သက်သာရသွားလျက် ချစ်ဇနီးအား သံတော်ဦး တင်ပြီးနောက် တောင်ကြီး ရွှေမြို့တော်ရောက်မှ (မေပြောသား ကောင်းလှသော) ယုန်လျှံ ဟော်တယ်သို့ သွားကာ ကောင်းမွန်စွာ စားသောက်လိုက်မည်ဟု အားခဲလိုက်ပါသည်။

သို့သော် ဟဲဟိုးမှထွက်ခဲ့၍ စိတ်ထင်နာရီဝက်မျှအကြာ ကားသည် ဘေးကပ်ရပ်၍ ဘရိတ်အုတ်လိုက်သည်နှင့် တချိန်တည်းမှောင်ကြီး မည်းမည်းထဲမှ. . .

'ရပ်လိုက်လို့ ဆီးအော်နေတာ မကြားဘူးလား၊ ပစ်ထဲ့လိုက်မယ်၊ ဘာမှတ်လို့လဲ'ဟူသော အသံနက်ကြီး ပေါ်လာသဖြင့် ကျွန်တော်မှာ ကွေ့န္တထိုစဉ်ကာလမှာ မြန်မာပြည်သားတို့ ခံစားနေရသော ခရီးသွားတုန်း ဓါးပြတိုက်ခြင်းကို ဈေးဦးပေါက်ခံရပြီဟု အောက်မေ့လိုက်ပါသည်။

သို့သော် မဟုတ်ပါ။ မြို့စောင့် တပ်မတော်သား၏ အာဏာသံပေ။ ဤနေရာသည် ရွှေညောင်မြို့အဝင်တည်း။

'ခင်ဗျားတို့ကား ဘယ်သွားမလို့လဲ'

'တောင်ကြီးကိုပါ'

'မသွားနိုင်ဘူး၊ လမ်းမှာ တိုက်ပွဲဖြစ်နေတယ်၊ စက်ရပ်၊ မီးညိမ်းလိုက်'

ဘယ်သူမှ ဘာမျှမပြောနိုင်ကြတော့။ မီးကိုရေနဲ့ သတ်လိုက်သလို ရှဲရှဲမှမကြားရတော့။ အားလုံး ဆိတ်ငြိမ်သွားကြသည်။ တော်တော်ကြီးကြာမှ ကားပေါ်ထိုင်ရတာ ညောင်းလာ၍ အောက်ဆင်းသူဆင်း၊ ချောင်းဆိုးသူဆိုး၊ သလိပ်ဟက်သူစက်နှင့် လှုပ်လှုပ်ရှားရှားလေး ဖြစ်လာကြသည်။

ထိုအခါမှ အခုနရဲဘော်များလည်း ပူစိတ်ပျောက်၍ စိတ်အေးပေါက်လာပြီ ဖြစ်ခြင်း ကြောင့် သူတို့နှင့်စကားပြောနိုင်လေသည်။ လူတို့၏ နကိုမူလစိတ်ဓါတ်အတိုင်း သာယာချောင် ချိစွာ ရှိလာလေသည်။

'ကျွန်တော်တို့က တာဝန်ရှိလို့ တားရတာဘဲဗျာ၊ ခင်ဗျားတို့သွားရဲရင်လဲ သွားကြပေါ့'

'မသွားရဲပါဘူး၊ ရဲဘော်ကျွန်တော်တို့ ဒီမှာအိပ်ဖို့ထက် မြို့ထဲသွားအိပ်ကြရင်ကောင်းမယ်၊ နို့ပြီးရွှေညောင်မှာ ဆင်းမယ့်လူတွေလဲပါတယ်'

'ကောင်းပြီ၊ ဒါဖြင့် သွားနိုင်ပါပြီ'

ကျွန်တော်မှယခုအချိန်တွင် မည်မျှပင် ခရီးပန်းပန်း ဝမ်းကဟာလာပြီဖြစ်၍ တောင်ကြီးသို့ ခုညမရောက်သော်လည်း ရွှေညောင်မြို့ထဲတွင် အိပ်ရမည်ဆိုတော့ အစား အသောက်ဆိုင်တော့ ရှိတန်ကောင်းရဲ့ဟု တံတွေးမျိုချလိုက်ပါသည်။

သို့သော် အဘယ်လျှင် ဟုတ်ပါလိမ့်မည်နည်း။ ထိုည ရွှေညောင်မြို့တွင် ဂျပန်ခေတ်က ကျွန်တော်တို့ ရန်ကုန်မှာ ညအချိန်လေကြောင်း ဥဩဆွဲထားဘိသကဲ့သို့ တမြို့လုံးမှောင်မည်း တိတ်ဆိတ် ချောက်ကပ်နေဘိ၏။

ရွှေညောင် ဆင်းမည့်သူများ အိမ်ရှေ့သို့ ရောက်လတ်သော် မော်တော်ကားကိုရပ်၍ တော်တော်လေး ဆူဆူညံညံ လှုပ်လှုပ်ရွရွဖြစ်ကြသည်။ ဆင်းသူဆင်း။ ပစ္စည်းသယ်သူသယ်၊ ရှေ့ခရီးမဆက်နိုင်၍ ညည်းသူညည်း။ ၎င်းတို့အထဲတွင် ကုလားလင်မယား၊ နှစ်စုံပါသည့်အနက်၊ တယောက်သော ကုလားမမှာ ကိုယ့်ဒုက္ခကိုယ် ဆိတ်ငြိမ်စွာမခံတတ်သဖြင့် မယားကြောက်ရပုံ ပေါ်သော သူ့လင်အား (ကုလားပြဿဒါး မလွတ်မှုကြောင့်လားမသိ) မရပ်မနား တွတ်ထိုးလိုက် သည်မှာ ကျွန်တော်သည် သူတို့ဘာသာစကား ကောင်းစွာနားမလည်မိသည့်ကိုပင် ဝမ်းသာရပါ တော့၏။

ယင်းသို့ ကျွတ်စီကျွတ်စီရှိနေစဉ်မှာပင် စစ်ဖိနပ်သံတဖြောင်းဖြောင်း ကြားရပြီးနောက် ရဲဘော်များရောက်လာကြ၍. . .

'ခင်ဗျားတို့ ဒီနေရာမှာဘာဖြစ်နေကြတာလဲ၊ မြို့ပြင်မှာတိုက်ပွဲဖြစ်နေတာ မသိကြဘူးလား ဟိုကလှမ်းပစ်လိုက်လို့ အလကားသေနေကြမယ်'

အားလုံး ဆိတ်ငြိမ်သွားကြသည်။

ယခုအချိန်၌ ကျွန်တော်တို့မှာ အစားကို မျှော်လင့်စရာ မရှိတော့။ အိပ်ဖို့နေရာလေး ရရင်ဘဲ တော်လှပြီဖြစ်ကြောင်း ထိုရဲဘော်သည် သူပေးချင်သောအမိန့်ကို အောင်မြင်စွာပေးရပြီး ၍ သွေးအေးသွားပုံ ပေါ်သောအခါ၌ ကျွန်တော်သူ့အနားသို့ ချဉ်းကပ်သွားပြီး. . .

'ကျွန်တော်တို့ဟာ တောင်ကြီးကိုသွားမယ့် ရပ်ဝေးခရီးသည်တွေပါ ရဲဘော်၊ ဒီမှာအိပ်ဖို့ နေရာလေးတော့ ကြံဖန်လုပ်ပေးစမ်းပါ'

'ဟာ. . . ဒါဖြင့်လာ၊ ဘူတာကိုလိုက်ခဲ့။ ဒီပြင်လူတွေလဲ အိပ်စရာမရှိရင်လာကြ'

ဟိုကုလားတသိုက်မှာ ရွှေညောင်မှာ ဆင်းသူများ၏ အိမ်တွင်အဆင်သင့်သွားကြ၍ ကျွန်တော်တို့နှင့် နှစ်ယောက်သာပါလာလေသည်။ အချို့ကား သူတို့အသိမိတ်ဆွေများရှိရာသို့ သွားကြသည်။

ဘူတာသည် ဘယ်လောက်ဝေးသည်မသိ၊ မှောင်ကြီး မည်းမည်းမှာ အိပ်ရာလိပ်နှင့် အရေးကြီးသော ပစ္စည်းအချို့ကိုဆွဲကာ ထိုရဲဘော်နောက်လိုက်ခဲ့ရသည်။ အတန်ငယ် လျှောက်မိတော့မှ တမန်တလင်းခင်းသော အထစ်ပေါ်တက်မိ၍ ဘူတာထဲ ရောက်မှန်းသိရသည်။ ဤအတွင်းမှာ ပို၍ မှောင်မည်းလေသည်။

ထိုရဲဘော်က'ကဲခင်ဗျားတို့ လင်မယားက ဒီမှာအိပ်၊ ဟိုနှစ်ယောက်က ဒီကိုလာ'ဆိုသဖြင့် သူနေရာချထားရာမှာပင် သဲတွေရှုပ်ရှုပ်ပေါ်၌ အိပ်ရာလိပ်ကို ဖြန့်ခင်းလိုက်ရ၏။

ကျွန်တော်သည် ယခုညအစာ မစားရတော့ပြီကိုသိ၍ ဆာတိုင်းရေကို ခဏခဏ သောက်မည်ဟု ကားပေါ်မှ ရေချိုင့်ကို ဆွဲယူလာခဲ့သည်။ ရေကားမပါတော့။ မီးရထားပေါ်က အဆင်းတွင် လေးမှာစိုး၍လည်းကောင်း၊ ဘတ်စ်ကားပေါ် ဖိတ်မှာစိုး၍လည်းကောင်း သွန်ခဲ့ သည်။ ဤသည်ပင်လျှင် ဒုက္ခဝေဒနာကို ခံစားဘို့ဖြစ်တော့၏။ အကြောင်းမှာ 'ရဲဘော်ရေကလေး တဆိတ်လောက် ရပါရစေ'ဆိုသောအခါ ထိုရဲဘော်က 'မရနိုင်ဘူးဗျ'ဟု တိုတောင်းစွာပြန်ပြောပါသည်။

သေဟဲ့နိဒ္ဒိယ. . .

ငတ်ကံငယ်ကြုံ ကြုံတော့တယ်။

## တညတာ ဒုဗ္ဘိက္ခန္တာရကပ်

စကားလဲမပြောရ၊ မီးလဲမထွန်းရ ဟူသော အမိန့်ကြောင့် ကျွန်တော်မှာ စီးကရက်ကလေး မျှ မဟာဘဲ ကျိတ်မြုံနေကြသည်။ ဝမ်းပိုက်တို့ကား မဆိတ်ငြိမ်ပေ။ တချက်တချက်၌ တဂွီဂွီမြည်ကြသည်။ ရေကလေးမျှ မသောက်ရသဖြင့် နှုတ်ခမ်းအာခေါင်တို့ ခြောက်လာလေသည်။ လျှာနှင့် လိမ်းကာလိမ်းကာ တံတွေးကို စု၍စု၍မျိုချရသည်။

ညဥ့်နက်သန်းခေါင်မရွေး လိုချင်သော အစားအစာကို ရနိုင်သည့် ရန်ကုန်မြို့တော်ကြီး ဆီသို့ ကျွန်တော်စိတ်ရောက်သွားသည်။ ပထမ၌ ကျွန်တော်အလွန်ကြိုက်သော တရုတ်တန်းက အစားအစာတွေ တူကလေးဖြင့် ညှပ်ကာ အရက်ကလေးတမြမြနှင့် စားခဲ့ပုံ။

ဒါတွေ တွေးမိတော့ တကယ်မစားရေမယ့် သွားရည်ယို၍ ထိုသွားရည်ကို ပြန်မျိုချရခြင်း ဖြင့် ရေငတ်သက်သာသလို ရှိလာသည်။

ဒုတိယကား အရက်နှင့် တွဲဖက်သောက်မကောင်းသဖြင့် ကျွန်တော်သိပ်ကြိုက်လှသော မဂိုလမ်းကကုလားအစားအစာများ။ ဒန်ပေါက်၊ ပလာတာ၊ စမူဆာ၊ ဆိတ်နို့အုံကင်တို့ဖြင့် ကျွန်တော်ကောင်းကောင်းကြီး သတိရပါသည်။ ထုတ်ထုတ် ထုတ်ထုတ်နှင့်ဝါးလို့ကောင်းလှသည်။ နို့နံ့သင်းသင်းလေးနှင့် ဆိမ့်သောအရသာရှိသည်။

ထိုမှတပြီးကား ညဥ့်နက်လာလေလေ ပိုဆာလာလေလေဖြင့် တဖြည်းဖြည်း အဆင့် အတန်းနိမ့်လာလိုက်သည်မှာ ကိုယ်စားဘူးသော အရာထဲမှ အဆင်းရဲဆုံးနှင့် အညံ့ဆုံးကိုပင် သွား၍တမ်းတမိပါတော့သည်။

၁၉၄၅–ခုနှစ် ဂျပန်ပြေးအပြီး စစ်တောင်းမြို့မှ မြင်းဝယ်ကအပြန် မြင်းများနှင့် လမ်းခရီး မှန်းခြေ မကိုက်သဖြင့် လှည်းကူးသို့ ညသန်းခေါင်လောက်မှရောက်ရာ၊ ဤအခါ ကျွန်တော့် အဖော် မြင်းလှည်းသမား၏အသိမှာ အလွန်ဆင်းရဲသော အဖိုးကြီး အဖွားကြီးဖြစ်၍ အချိန် မတော် ထမင်းချက်ကျွေးရာတွင် ဟင်းမှာအဖျော်ကင်းသော ငါးပိရည်ကျဲနှင့် ကြက်ခြမ်းသီး စိမ်းကလေးများကို တို့ကာတို့ကာ စားရသည်မှာ ဆာလွန်းလှသဖြင့် မြိန်လှဘိတောင်း။

သည်ထက်ဆိုးဝါးသည်မှာ ၁၉၄၁–ခုနှစ် ဂျပန်အဝင်၌ စစ်ကိစ္စဖြင့်ခရီးသွားစဉ် တောထဲ တောင်ထဲ၌ ၃–ရက်မျှပေါင်မုံ့ခြောက်ကို ရေနှင့်သောက်နေရပြီးမှ ကာမနှင့်သူရက်အကြား အနောက်စူးစူးရှိ တောင်ပေါ်ရွာတခု၌ ထမင်းပူပူကို ငရုပ်သီးထောင်းနှင့် ဆားနှင့်နယ်ကာ စားခဲ့ ရခြင်းဖြစ်တော့သည်။

ယခုအခြေ၌ ကျွန်တော်တို့သည် ဒီလိုအစာကလေးများဘဲ စားပါရစေတော့ဟု ဆုတောင်းမိပါသည်။ သို့သော် ရေကလေးတပေါက်မျှ မသောက်ရပါ။

ထိုသို့ စိတ်ရောက်တတ်ရာရာ တွေးတောရေင်း အချိန်ကြာလတ်သော် အိပ်မပျော်ဘူး လိုလို၊ ပျော်သလိုလိုနှင့် ကြက်တွန်သံတွေက တကြော်ကြော် ကြားရတော့ အားတမျိုး ရှိလာခဲ့ ပြီးနောက်၊ လင်းရောင်ပေါက်လာ၍ ကျွန်တော်အိပ်ရာမှထလိုက်သောအခါ ညကရဲဘော်ကို ကလော်တုတ်ချင်စိတ် ပေါ်ပါတော့သည်။ အကြောင်းမှာ ကျွန်တော်တို့အိပ်သည်၏ တဖက်ခန်း မှာပင် သောက်ရေအိုးစင်ကြီး ရှိနေ၏။

တမင်ဘဲ ကျွန်တော်တို့ကို ညှဉ်းလေသလားဟု နံနက်၌သူ့ကို မေးမြန်းစုံစမ်းကြည့်သော အခါ သူကိုယ်တိုင်ကလည်း မသိရှာ။ သူသည်ညမှောင်မှ ဤဘူတာရောက်၍ လွယ်လင်မှ မေမြို့သို့ ဗိုလ်သင်တန်းတက်ရအောင် သွားမည့်ရဲဘော်ဖြစ်၏။ အမှောင်ထဲ၌ မျက်ကန်းဖြစ်နေ စဉ် အိပ်ဖို့နေရာ ခေါ်ပေးသည်ကိုပင် ကျေးဇူးတင်ပါ၏ရဲဘော်။

## မေ့အပြောနှင့်

ရွှေညောင်နှင့်တောင်ကြီးသည် ၁၂–မိုင်မျှသာဝေးရာ ညက ဘတ်စ်ကားနှင့်ပင် ခရီးဆက် ခဲ့ကြ၍ နံနက် ၉–နာရီ၌ တောင်ကြီးရွှေမြို့တော်သို့ ရောက်လေ၏။

'ကဲ. . မေရေ. . . မေ့မြို့ရောက်မှဖြင့် မေဘဲဒါရိုက်တာလုပ်ပေရော့ကွာ. . 'အားလုံးခရီးသည် များ သူ့နေရာနှင့်သူ ဆင်းသွားကြ၍ ကျွန်တော်တို့ချည်း ကျန်သောအခါ အစိုးရည့်ရိပ်သာခေါ် သည့် 'ဆာကတ်စ် ဟောက်'သို့ ပို့စေ၏။

ဥယျာဉ်ပန်းမာန်နှင့် သေသပ်လှပ၍နေချင်စဖွယ်ပါ။ သို့ရာတွင် လူပြည့်နေပြီး အခန်းအားမရှိတော့။

ထိုမှ ညွှန်လိုက်၍ ကမ္ဘောဇဟော်တယ်သို့ ရောက်ပြန်၏။

ဈေးနှင့်နီးသော တိုက်အိမ်ကြီး အောက်ထပ်က စားသောက်ခန်း၊ ဒီမှာတည်းရင် နိပ်တာ ဘဲ။

သို့သော်. . . . မနိပ်ချေ။ တောင်စခန်းမြို့မှာ နွေရာသီဧည့်သည်တွေများနေ၍ အခန်းအား မရှိတော့ချေ။

ကဲ. . . ဒါဖြင့် ဘယ်မှာတည်းခိုဘို့ ရှိသေးသနည်း။ မနေ့က ဟဲဟိုးတွင် တောင်ကြီး ဟော်တယ်ကို အချိန်မရွေး သူပို့ပေးနိုင်ပါတယ်ပြောသော ကားစပယ်ယာက 'တောင်ကြီးဟော် တယ်ရှိပါတယ်ဗျ. . . '

ဈေးနဲ့တော့ အလှမ်းဝေးသတဲ့။

ဝေးပါစေ. . . ဝေးပါစေ. . ရလျှင်ဘဲ တော်ပါပြီ။

ထိုဟော်တယ်ကျမှပင် ရှောရှောရှူရှူရပေတော့သည်။

ရမှာပေါ့ဗျ။ အခြားနေချင်တဲ့ လူမှမရှိတာကို. . . . ။

ကျွန်တော်သည် ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း၍ ရယ်မောချင်လာလေသည်။

မေနှင့်ကျွန်တော် ရည်းစားဘဝက ကျွန်တော်သည် တောင်ကြီးမြို့အကြောင်းကို စာဖြင့် လှမ်းမေးလေ့ရှိသည်။ (တောင်ကြီးမှာ ဧည့်သည်တွေ ကောင်းကောင်းမွန်မွန်တည်းဘို့ ဟော်တယ်တွေ ဘာတွေရှိသလား) (ရှိတာပေါ့ မောင်၊ မေတို့မြို့ကို အထင်မသေးပါနဲ့၊ မြန်မာ ပြည်မှာ နာမည်ကြီး တောင်စခန်းမြို့ဘဲ) (ဒါဖြင့် ဟော်တယ်တခု နာမည်ပေးစမ်းပါ) (တောင်ကြီး ဟော်တယ်)

ထိုအခါ ကျွန်တော်သည် ‘ပြန်လည်တွေ့ဆုံသည့်တိုင်အောင် ဝတ္ထုတွင် ကျွန်တော့်ဇာတ်လိုက် အေးဆွေအား ထိုတောင်ကြီးဟော်တယ်မှာ တည်းခိုစေကာ ဇာတ်အိမ်ဖွဲ့လိုက်လေသည်။ ထိုဟော်တယ်၏ ပုံသဏ္ဍာန်အနေအထားကို ရန်ကုန်ဟော်တယ်ကြီးများအတိုင်း ကျွန်တော့်မျက်စိ ထဲ၌ မြင်ယောင်၍ ရေးသားထားပါသည်။

လား. . လား. . . ယခုမျက်မြင်ကိုယ်တွေ့ ကျွန်တော်ကိုယ်တိုင်ရောက်ရတော့ ဟက်ဟက်ပက် ပက်သာ ဖင်ဆောင့်၍ ဆောင့်၍အော်ကြီးဟစ်ကျယ် ရယ်ချလိုက်ချင်ပါတော့သည်။

ကြည့်ပါ မိတ်ဆွေရယ်. . . . နည်းနည်းပါးပါး ကွာတာဖြင့် ကျွန်တော်ဒီလောက် မပြောပါ ဘူး။ အခုတောင်ကြီးဟော်တယ်ဆိုတာက အောက်သမန်တလင်းခံ၊ သွပ်မိုး၊ ပျဉ်ကာနှင့် ကုလား အိမ်တန်းလျားကို အခန်းတွေ ခွဲထားခြင်းဖြစ်ပါသတည်း။ ထိုစဉ်က ရန်ကုန်မှာ တလအစိတ်ဆို သော အခန်းမျိုး၊ ဟော်တယ်ခန်းလုပ်၍ တနေ့တဆယ်တဲ့။

‘ကဲ. . . ဒေါ်ရွှေမေရေ. . . အထင်နဲ့အမြင် ကွာခြားလှချေလားဗျာ. . . ဒီအိမ်တန်းလျားမှာတော့ ဒို့တာရှည်မနေနိုင်ဘူး၊ စာရေးဘို့ စားပွဲကုလားထိုင်လဲမရှိ၊ ပြတင်းပေါက်မရှိ၊ ရှေ့ဝင်ပေါက်နဲ့ နောက်ဖေးထွက်ပေါက် နှစ်ခုဘဲရှိတယ်၊ ထမင်းဟင်းစားဘို့ ဈေးသွားလိုက်ရတာကလဲ အဝေးကြီး၊ အဲသည်လိုနေရာမှာ ဦးကျော်တို့ လူစုရောက်လာရင် ဒုက္ခကွ’

အကြောင်းမှာ ကျွန်တော်သည် ရှမဝ ဦးကျော်အား တောင်ကြီးမြို့သည် နွေရာသီမှာ အေးချမ်း၍ တည်းခိုခန်းတို့လည်း ကောင်းသည်၊ စားသောက်စရာ အမဲသားငါး ဟင်းသီးဟင်း ရွက်တွေကလည်း အလွန်ပေါဟု မေကကျွန်တော့်ကို ပြောသည့်အတိုင်း ကျွန်တော်တို့ ရောက် သခိုက်မှာ လိုက်လာကြရန် ဖိတ်ခေါ်ခဲ့သဖြင့် ကာတွန်းကိုဖေသိန်းနှင့် ဦးကျော်သား မောင်ဆွေတင့်၊

အထွန်းခေါ် မောင်လှထွန်းတို့ ၄–ယောက်ဧပြီလ ၂၂ ရက်နေ့တွင် လေယာဥ် နှင့် ရောက်လာကြမည်။

ထို့ကြောင့်. . . . 'ကဲ. . မေရေ. . . ဒီအတိုင်းဆိုရင်ဖြင့် ကိုယ်တို့ထက် နောက်လိုက်လာမယ့် လူ တွေအတွက် အိမ်တလုံးငှားရမှ ဖြစ်တော့မယ်ကွ'

သို့သော် ထိုအချိန်မှာ တောင်ကြီးတွင် အိမ်တလုံးငှားရဘို့မှာ ရန်ကုန်မှာကဲ့သို့ပင် မလွယ်ကူတော့ပါ။ အဘယ်ကြောင့်ဆိုသော် တောင်ကြီးမှာလည်း ရန်ကုန်မှာကဲ့သို့ပင် သောင်းကျန်းသူ ဆူပူမှုကြောင့် တောရွာတွေကလူတွေ ခိုအောင်းနေကြခြင်းဖြင့် လူနေအိမ်ခြေ များ ပြည့်နှက်နေချေပြီ။

တောင်ကြီးသူ မရွှေမေပင်လျှင် ၂–နှစ်အတွင်း ပြောင်းလဲနေသော တောင်ကြီးမြို့ကို အံ့သြနေရသည်။ မျက်နှာစိမ်းတွေ အိမ်သစ်တွေအများကြီး တွေ့နေရသည်ဟု ပြောပါသည်။ ရာသီဥတုပင်လျှင် ရှေးယခင်က သစ်ပင်ဥယျာဥ်များကိုခုတ်၍ အိမ်များဆောက်ပစ်ကြခြင်းဖြင့် နွေရာသီမှာ ဟိုတုန်းကလောက် မအေးတော့ဟု မြို့ခံလူများကလည်း ပြောပါသည်။

## အိမ်တလုံး

ယင်း၌ ကျွန်တော်သည် ကိုသောင်းစိန် ရေးပေးလိုက်သော မိတ်ဆက်စာနှစ်စောင်ကို ထုတ်ရတော့သည်။ တစောင်က ထိုစဥ်က ဘုန်းမီးနေလ တောက်ပလျက်ရှိသော စပ်ရေသိုက်၏ သား စပ်ဟုန်ဖ၊ ကိုသောင်းစိန်နှင့် အင်္ဂလန်တွင် မိတ်ဆွေဖြစ်ခဲ့ကြ၍ အပြန်ခရီးမှာ သင်္ဘော တစင်းထဲ အထက်တန်းမှာ အတူစီးခဲ့ကြသည်။ စပ်ဟုန်ဖတွင် တောင်ကြီးမှာ ဟော်တလုံးရှိသည်။ သို့သော်ထိုအချိန်၌ စပ်ဟုန်ဖသည် တောင်ကြီးမြို့၌မရှိ။ ဘယ်သို့ရောက်နေသည် ကျွန်တော် မသိ။

ဒုတိယတစောင်က ထိုစဥ်က ဗန္ဓုလရုပ်ရှင်ရုံကို မူလတည်ဆောက်သူ ဗန္ဓုလရုပ်ရှင်ရုံ ပိုင်ရှင် ဦးချစ်ဖေ။ သူ့ကိုတော့ သူ့ရုပ်ရှင်ရုံသွားသောအခါ သူ့အိမ်ကို ညွှန်ပြ၍ လွယ်ကူစွာ တွေ့ရပါသည်။

ဦးချစ်ဖေခင်ဗျား. . .

ယခုဤစာနှင့်လာသူမှာ ကျွန်တော်၏ သူငယ်ချင်းစာရေးဆရာ သော်တာဆွေဖြစ်ပါ သည်။ သူလိုသောအကူအညီကို ပေးစေလိုပါသည်။

သောင်းစိန်

ထိုစဉ်မှာ ကိုသောင်းစိန်က အောင်ဇေယျရုပ်ရှင်ထုတ်လုပ်သူ၊ ဦးချစ်ဖေက တောင်ကြီး မြို့မှာ ရုပ်ရှင်ရုံပိုင်ရှင်မို့ သူတို့ချင်းက အလုပ်ချင်းဆက်နေသော မိတ်ဆွေရင်းချာတည်း။

ဦးချစ်ဖေသည် ကျွန်တော့်အား စာဖတ်ပရိသတ်အနေဖြင့်လည်း သိပြီးဖြစ်နေ၍ ပြုံးရယ်ကာ. . .

'ဦးသော်တာဆွေ ဒီလိုအချိန် နွေရာသီမှာ တောင်ကြီးမြို့မှာ အိမ်ငှားလို့ ဘယ်ရပ့ါမလဲ ခင်ဗျာ'

ကျွန်တော်က စိတ်ပျက်စွာ. . 'ဟာ. . ဒုက္ခဘဲဗျာ. . '

'ဦးသော်တာဆွေ ဒုက္ခမရောက်ရပါဘူး၊ ကျွန်တော်တို့မှာ ဦးသော်တာဆွေအတွက် အိမ်တလုံးရှိပါတယ်၊ သို့သော်အိမ်ငှားခကတော့. . . '

သူက ပြုံးစိစိနှင့် စကားဖြတ်ထား၍ ကျွန်တော်က. . .

'ကျသလောက် ပေးရမှာပေ့ါဗျာ'ဆိုတော့. . .

'မဟုတ်ဖူး၊ တပြားမှမပေးမှုရမယ်'

တောင်ကြီးမြို့ ဈေးအရှေ့ဘက် မဟာသုခလမ်းရှိ သစ်သားအိမ်ကလေးတလုံးသို့ ကျွန်တော်တို့ကို သူ့ကားနှင့်ဘဲ လိုက်ပို့ပါသည်။ ထိုစဉ်က စကားနယ်အမတ် ဦးထွန်းရတို့၏ အိမ်ပိုကလေးဖြစ်ပါသည်။ ငှားလေ့မရှိ။ ဧည့်လာစောင်လာ ထားခြင်းဖြစ်သည်။ ဦးထွန်းရနှင့် ဦးချစ်ဖေမှာ အင်းသားညီအကိုတော်များ ဖြစ်ကြသည်။

လူတရပ်လောက်မြင့်သည့် တထပ်အိမ်ကလေး၊ သုံးပင်နှစ်ခန်း နောက်ဖေးမီးဖိုဆောင်နှင့် ကျွန်တော်တို့အတွက် အခန့်သင့်ဖြစ်သွားလေသည်။ ဈေးနှင့်လည်းနီးလှ၏။ ဒီအိမ်ကလေး ရောက်တော့ ကျွန်တော်တို့သည် လာမည့်ဧည့်သည်များလည်းရှိနေ၍ အိုးခွက်အချို့ကိုဝယ်ပြီး ထမင်းဟင်းစား ပန်းကန်များကို နံဘေးတိုက်အိမ်ကြီးရှိ ဦးထွန်းရ၏ကြီးတော်ထံမှ ငှားရမ်းကာ ကိုယ့်ဟာကိုယ်ချက်ပြုတ်စားကြသည်။

အင်းသားနှင့် အင်းစကား

ကျွန်တော်တို့နေရသော သစ်သားအိမ်ကလေးမှာ လျှပ်စစ်မီးမရှိချေ။ ကျွန်တော်တို့ ရောက်မှ ဦးထွန်းရ၏ ကြီးတော်တိုက်မှ မီးနှစ်ပွင့်ကို သွယ်ပေးထားပါသည်။

တနေ့သော နံနက်ခင်း၌မေမရှိ၊ ကျွန်တော်တယောက်တည်း စာဖတ်နေစဉ် ဦးထွန်းရ ကြီးတော် (သူတို့အခေါ်) အမ်းစမ အဖွားကြီးရောက်လာကာ ကျွန်တော်နှင့်ထွေရာလေးပါး ပြောနေရာမှ. . .

'ဆရာလေး မန်းစားပီး မအိုက်ဖူးလား'

မန်းဆိုသည်မှာ ထမင်းကိုဗျ။ ကျွန်တော်တို့ဆီမှာဆိုရင် ထမင်းစားပြီးတဲ့အခါ ချွေးထွက်ပြီး အိုက်တယ်မဟုတ်လား။ သူတို့ရှမ်းပြည်မှာတော့ အချိန်မရွေးအေးတာဘဲ၊ ဒါကြောင့်

'ကျွန်တော်တို့ ဒီအရပ်မှာတော့ မအိုက်ပါဘူး. . .'

ဒီတော့ အဖွားကြီးက. . .

'ဒေါ်ဒေါ်တို့တော့ ခဏအိုက်တာဘဲ၊ နို့. . . ဆရာလေးတို့ ညကောဘယ်အချိန်အိုက်သလဲ'

ကျွန်တော် အံ့အားသင့်ပြီး. . .

'ဟာ. . . ညဆို သာမအိုက်သေးသပေါ့၊ ဒေါ်ဒေါ်ရာ'

'တညလုံး မအိုက်ဖူးလား'

'လုံးဝ မအိုက်ပါဘူး ခင်ဗျာ'

'ဘယ်အချိန်မှာမှ မအိုက်ဖူးလား'

'မအိုက်ပါဘူး. . . မအိုက်ပါဘူး'

ကျွန်တော်က ခေါင်းကလေးယမ်းကာ တောင်ကြီးမြို့လို အေးမြသောရာသီမှာ ဘယ်အချိန်မှ မအိုက်ပါဘူးဟု ပြောလိုက်သည်။

ထို့နောက်အဖွားကြီးသည် သူ့မျက်နှာတယ်ပြီး ပီတိကျလှပုံမပေါ်ဘဲ ပြန်သွားသည်။ မေပြန်ရောက်လာသောအခါ ကျွန်တော်က. . . .

'ဟေ့. . . မေရ. . ခုန အဖွားကြီးလာတယ်ကွ၊ ငါ့ကိုထမင်းစားပြီး မအိုက်ဘူးလား၊ ညဘယ်အချိန်အိုက်သလဲ မေးသကွ၊ ဒါနဲ့ငါက ဘယ်အချိန်မှ မအိုက်ပါဘူးလို့ ပြောလိုက်ရသကွ. . .'

'ထိုအခါ မေမျက်လုံးပြူးကာ. . . .

'ဟာ. . . မောင်ရေ. . . ပူတာအိုက်တာကို မေးတာမဟုတ်ဖူးရှင့်၊

ဘယ်အချိန်အိပ်သလဲမေးတာ၊ ညသူက မီးမှိတ်ချင်လို့နဲ့တူတယ်၊ သူတို့အင်းသားတွေ အသံထွက်က အိပ်တာကို အိုက်တယ်ပြောကြတယ်'

'အောင်မယ်လေး၊ ဒါဖြင့် မေရေမြန်မြန်သွားပြီး တောင်းပန်လိုက်ပါကွာ၊ ငါက သူ့ကို ဘုပြောလိုက်သလို ဖြစ်သွားပြီ၊ ည၉–နာရီလောက် အိပ်ပါတယ်၊ အဲဒီ အချိန်လောက် မီးမှိတ်လို့ ပြောပါကွာ. . .'

မေသည် အမြန်ဘဲ အဖွားကြီး အိမ်သို့ကူးသွားရ၏။

အင်းသားစကားနှင့် မြန်မာစကားသည် တလွဲတခြား ကွဲပြားနေသည်များရှိ၏။ ဥပမာ သူတို့က အိပ်တာကို အိုက်တယ်၊ အိုက်တာကိုတော့ အိပ်တယ်၊ တိုင်ကိုတိမ်၊ တိမ်ကိုတိုင်၊ မှိုင်တာကိုမှုိင်း၊ အကယ်၍ အင်းသားစကားမှာ 'သူသည် တိမ်ကိုမှီ၍ တိုင်ကိုကြည့်ကာ မှိုင်းနေသည်'ဟု ဆိုလျှင် 'တိုင်ကိုမှီ၍ တိမ်ကိုကြည့်ကာ မှိုင်နေသည်'ဟု ဆိုခြင်းဖြစ်ပါသည်။

## ဧည့်မြောင်များ

ကျွန်တော်တို့သည် ဦးထွန်းရအိမ်တွင် တည်းခိုနေရသော ဧည့်သည်များဖြစ်၍ ကျွန်တော်တို့ဆီ တဆင့်လာနေသူများကို ဧည့်မြောင်များဟု ခေါ်ရပေမည်။ သူတို့ကား ရှုမဝဦးကျော်၊ မောင်ဆွေတင့်၊ အထွန်းနှင့် ကာတွန်း ကိုဖေသိန်းတို့ဖြစ်၏။

ဧပြီလ ၂၂–ရက်နေ့ ရောက်လာမည့် သူတို့လူစုအတွက် ၇–ရက်မျှ စော၍ရောက်နေ သော ကျွန်တော်တို့က အိမ်သည်အဖြစ်နှင့် ဆီးကြိုရလေမည်။ ဤအခြေ၌ သူတို့သည် ကျွန်တော်ကိုသာ အားထားရမည်။ အကြောင်းမှာ သူတို့သည် ဤရပ်ဌာနီကို တခါမျှ မရောက် ဘူးသေး၊

ဆက်သွယ်ထားသော အသိအကျွမ်းလည်း မရှိသဖြင့် ကျွန်တော်ကသာလျှင် သူတို့နေထိုင်ရန်အတွက် ကြိုတင်စီမံထားရမည်ဟု အချိန်းအချက်ရှိသည်။

ထို့ကြောင့် ထိုနေ့နံနက် ကျွန်တော့်မရီး၏ စတေရှင် ဝက်ဂွန်းကားနှင့် တောင်ကြီးမြို့မှ ၂၂ မိုင်ဝေးသော ဟဲဟိုးလေယာဉ်ကွင်းသို့ ကျွန်တော်တို့ လင်မယားယွန်းခဲ့လေသည်။ ဟဲဟိုး သည် တောင်ပေါ်မြို့ပင်ဖြစ်သည်။ သို့သော်–ကလောနှင့်တောင်ကြီးလောက်တော့ မမြင့်ချေ။ ထိုမြို့နှစ်မြို့ကြား အလယ်လောက်မှာ တည်ရှိသည်၊ တောင်ပိုင်းရှမ်းပြည်၏ လေဆိပ်မြို့ဖြစ် သည်။ ကြီးကျယ်စည်ကားခြင်းမရှိ သေးငယ်ခြောက်ကပ်လှ၏။

လေဆိပ်သည် မြို့နှင့် တော်တော်လှမ်းသေးသည်။ လေဆိပ်၏ ရှုခင်းမှာ ဝန်းကျင်တွင် အာလူးနှင့် ဂျုံတို့ထွက်သော လယ်ယာတို့မှ လွန်လတ်သော် မှိုင်းပျသော တောင်လဘို့ တောင်နှာမောင်း တောင်ရိုး တောင်တန်း တောင်ထွတ်တို့ပေတည်း။

၁၁–နာရီခန့်တွင် လေယာဉ်လာကြောင်း သံချောင်းခေါက်လိုက်သည်၏ မကြာမီ၌ တောင်ဘက်ရှိ တောင်ပခုံးပေါ်မှာ သိန်းငှက်မျှရှိသော လေယာဉ်ပျံကလေး၊ ပျပျပေါ်လာ၏။ ထိုမှ တဖြည်းဖြည်း ကြီးလာလိုက်သည်ကား၊ နောက်ဆုံးတွင် လူနှစ်ဒါဇင်မျှ စီးရသော ဒါကိုတာ လေယာဉ်ကြီးသည် ဝီးကနဲလေဆိပ်ထဲသို့ ထိုးဆင်းလာတော့၏။

လေယာဉ်ငှက်ကြီး စက်သတ်၍ သူ့အတောင်နောက်က ဝမ်းပိုက်ကိုဖွင့်လိုက်သောအခါ၌ ရန်ကုန်မှ သူမျိုလာခဲ့သော ခရီးသည်တွေ ထွက်လာကြသည်။

'ဟော. . . ဖေဖေ ဟိုမှာ ဦးလေးဆွေ'

ဦးကျော်သား မောင်ဆွေက သူ့အဖေအား ကျွန်တော့်ကိုဝမ်းသာအားရ ပြသည်။ ဦးကျော်မှု ကျွန်တော့်ကိုမြင်လျှင် (ထိုစဉ်ကမှုအတိုင်း) သူ့ထံမှ ပိုက်ဆံတောင်းမှာ စိုးရိမ်နေသေး သည့် မျက်နှာမျိုးဖြင့် မတုံတေးတေးကြည့်၍ ဆင်းလာ၏။ အမှန်လည်း ကျွန်တော်သည် တောင်းရန်ရည်ရွယ်ထားပါသည်။ သို့သော်. . . ယခုချက်ချင်း မဟုတ်သေး။ သူ့ကိုကျွန်တော့်အိမ် ပေါ်မှာ ကောင်းမွန်စွာ ကျွေးမွေးပြုစု၍ ကျွန်တော့်ကျေးဇူးတွေ သူ့အပေါ် တော်တော်ကြီး ရှိလောက်မှ မှည့်ပဟာဆိုပြီး ချည်ပြီးတုတ်ပြီး အလီကြီးတောင်းလိုက်ရန်ဖြစ်ပါသည်။

ကျွန်တော့်ဇနီး ကမ္ဘောဇ၏ သမီးတော်ကိုလည်း သင်ကြားထားပါသည်။

'ဒါဟာ. . . . ကိုယ့်အိမ်ပေါ် ငွေထုပ်ရောက်လာတာဘဲကွ၊ သူ့ကိုလက်သပ်မွေးရမယ်၊ ပြုစု ကျွေးမွေးတဲ့အခါမှာ သာမန်ဧည့်ဝတ်လောက် မဟုတ်ဖဲ၊ တနေ့မှာ ဖျက်ဖို့အမဲမွေးနေတာ၊ သို့မဟုတ်

နို့ညှစို့ နို့စားနွားမကို ဖွဲ့နှ နှမ်းဖတ်တွေကျွေးနေတာလို့ သဘောထားရတယ်ကွဲ့ သိရဲ့လား၊ ဒါမှ မင်းလိုချင်တဲ့ အင်းလေးဇင်းမယ်တွေ။ ဘန်ကောက်လုံချည်တွေ ကိုသောင်းစိန် မိန်းမများ လက်ဆောင်ပေးဘို့ ငွေကြယ်သီးတွေ ဘာတွေဖောဖောသီသီ ဝယ်နိုင်မှာကွ'

ထို့ကြောင့် ကျွန်တော်တို့ လင်မယားမှာ ဦးကျော်တို့လူစု ရောက်လာသည်ကို ရွှေထုပ် ကောက်ရသလောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကာ ကားနှင့် တင်ခေါ်လာခဲ့ပါတော့သည်။

'ခင်ဗျား လာမှကြိုပ့်မလားလို့'

ကားပေါ်ရောက်သည်နှင့် ဦးကျော်ကစ၍ ပဋိသန္ဓာရပြုလာသည်။

'ဟာ. . . သေသေချာချာ ချိန်းထားတဲ့ကိစ္စ၊ ကျွန်တော်က ခင်ဗျားလို မေ့ချင်ယောင် မဆောင်တတ်ပါဘူးဗျ။ နို့. . . ခင်ဗျားကျွန်တော့်မြင်တော့ကော ချက်ချင်းမှတ်မိလား'

'ကိုရင့်ရုပ်ကြီး ကျုပ်ကဘာလို့ မမှတ်မိရမှာတုန်း'

'သေသေချာချာကြည့်စမ်းပါအုံး၊ ကျွန်တော်က အခုရန်ကုန်မှာတုန်းကလို မဟုတ်ဖူး၊ ဘောင်းဘီနဲ့ ကုတ်အင်္ကျီနဲ့ လည်စည်းနဲ့ အူတူပီယန်လို ဝတ်ထားတယ်လေ'

ယင်းမှ ကိုကျော်သည် ကျွန်တော့်ကို လှမ်းကြည့်ကာ. . .

'ဟ. . . ကိုရင်ဘာတွေ ဝတ်ထားမှန်း ကျုပ်ခုမှသတိပြုမိတယ်'

'တောက်. . . နာလိုက်တာဗျာ။ ကိုယ့်ကိုယ်ကို အထင်ကြီးတလုံးနဲ့၊ ကျကျနန ဆင်ယင် လာတာ။ နောက်ပိတ် ဖိနပ်တောင် မစီးတာကြာလို့ ခြေကြပ်ပြီး အတော်နာကျင်နေပါသည်။

သို့နှင့် ကျွန်တော်က အောင့်သက်သက်ဖြစ်၍. . .

'ခင်ဗျားဟာ. . . တယ်ပြီး အိုဗဇား ပေးရှင်းညံ့တဲ့လူဘဲ'

'ကျုပ်က ကိုရင်ကို အိုဗဇာ့လုပ်ရအောင် လာတာမှမဟုတ်ဖဲ၊ နို့. . . . ကိုရင်က ဒါတွေဝတ် လာရအောင် ဒီအရပ်မှာ လိုလိုလားဗျ၊ အခုဖြင့် ကျွန်တော်တို့ မအေးပေါင်ဗျာ'

'ဒါက ဟဲဟိုး၊ နို့ပြီး ခုအချိန်က မွန်းတည့်လောက် ရှိနေပြီကိုဗျ၊ တောင်ကြီး မနက် စောစောပိုင်းမှာ ဘယ်လောက်အေးသလဲဆိုတော့ ခင်ဗျား ဟိုရောက်တော့သိလိမ့်မယ်'

‘ဟိုရောက်တော့ ကျုပ်တို့နေဘို့ ဟော်တယ်ခန်း စီစဉ်ပြီးပလား. . . . ’

‘ဟော်တယ်ခန်းမရဘူး ဆရာကြီး၊ နွေရာသီမှာမို့ ကျွန်တော်တို့အရင် ရောက်နှင့်တဲ့ လူတွေနဲ့ပြည့်နေပြီ’

‘ဒါဖြင့် ဘယ်မှာနေရမလဲ’

‘ဘုန်းကြီးကျောင်း ဇရပ်တခုခု ရှာနေရမှာပေါ့ဗျာ’

ကိုကျော်က ကျွန်တော့်စကားမမှုဘဲ တုံဏှိဘာဝေ နေသည်၌. . .

‘အလကား ပြောတာပါဗျာ. . . ကျွန်တော်က ခင်ဗျားတို့လာမှာမို့ အိမ်တလုံး သီးသန့်ရှာ ထားပါပြီ၊ ဒီမှာ ကြိုတင်စီမံမှုမရှိဘဲ ဟော်တယ်သာ အားကိုးလာရင် ဒုက္ခဗျို့၊ ကျွန်တော်တို့ တောင် ရောက်စကတော်တော်လေး ဂျောက်ကျလိုက်သေးတယ်၊ အခု ခင်ဗျားတို့တော့ ကျွန်တော်တို့ရှိနေလို့’

‘ကိုရင့်ကို ဒီလောက်မှ အားမကိုးရလဲ ရိုက်သတ်ပစ်ဖို့ ကောင်းတော့မှာပေါ့’

‘အခု ကျွန်တော်တို့နေရတဲ့ အိမ်ကလေးက အိမ်အို အိမ်မင်းလေးဗျ၊ အမြင်မလှဘူး၊ သို့သော် အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပုဝါ ဆိုရမယ်ပေါ့ဗျာ၊ ဘာကြောင့်လဲဆို ကျွန်တော်တို့ လင်မယားနေကြတာကိုဗျ. . . ’

## အခမဲ့ ညော့်ရိပ်သာ

တောင်ကြီးတမြို့လုံးတွင် တခုတည်းသာရှိသော ပုလိပ်လက်ပြတိုင် လမ်းဂွမှသည်၊ တောင်နှင့်မြောက်လာသော မင်းလမ်း (Main Road) တောင်ကြီးမြို့၏ အကြီးဆုံးအစည်ဆုံး လမ်း အနောက်ဖက်လွန်လျှင် ဈေးလမ်း၊ အရှေ့ဘက်ကိုမူ မဟာသုခလမ်း။

၎င်း မဟာသုခလမ်းထဲသို့ ပုလိပ်လက်ပြတိုင်မှ အရှေ့စူးစူးဝင်ခဲ့ပါ။ မကြာမီ၌ လမ်းတခု ကို ဖြတ်ကျော်ပြီးနောက် လက်ဝဲဘက်တွင် တိုက်ဖြူဖြူကြီး တလုံးကို တွေ့ရလိမ့်မည်။ တိုက်ဖြူ ကြီး၏နံဘေးရှိ သစ်သားအိမ် မွဲခြောက်ခြောက် ကလေးမှာ ကျွန်တော်တို့၏ အခမဲ့ညော့်ရိပ်သာ ပေတည်း။

ဤအိမ်ကလေး၏ အိုဇာပုံကိုကြည့်ရခြင်းအားဖြင့် သူ့အသက်သည် ကျွန်တော်တို့၏ ဘိုးဘလောက်ရှိပေမည်။ သူ၏ရင်ခွင်တော်၌ အဆက်ဆက်သော အိမ်ထောင်သားတို့ နေခဲ့ကြ မည်။ ဒုမင်္ဂလ သုမင်္ဂလတွေဖြစ်ပွားခဲ့ကြမည်။ ငိုသံတွေ ရယ်မောသံတွေ သူကြားခဲ့ပေမည်။ သူသည်များစွာသော လူ့ဘဝကဏ္ဍတွေကို ကိုယ်တွေ့မျက်မြင် သိရှိခဲ့ပေမည်။ သူသာပြောပြ မည်ဆိုပါက ဘဝသရုပ်ဖော်ဆရာများ၏ စာကောင်းသဖွယ်ရှိချေမည်။ သူသည် ကျွန်တော်တို့ ထက် လောကအနေကြာခဲ့ပေပြီ။ လောကဓံကို ပို၍ကြုံတွေ့ခဲ့ပေပြီ။ အသွင်မသင့်သော်လည်း အမြင်ရင့်သော အဖိုးအိုနှင့် တူလေသည်။

ဤသို့နှလုံးပိုက်မိသောအခါ၌ ကျွန်တော်တို့သည် ဘအို၏ရင်ခွင်တွင်နေရသော လူမမယ် မြေးကလေးသဖွယ်သူ၏ အရိပ်အာဝါသတွင် နှစ်သိမ့်ကြည်နူးမိလေ၏။

## တောင်ကြီးမြို့နှင့် သူ့နာမည်

မြန်မာပြည်တွင် အမည်နာမ၌ ‘တောင်’ပါသော မြို့တွေရှိလေသည်။ ဥပမာ ရွှေတောင်၊ တောင်တွင်းကြီး၊ တောင်ငူ၊ သို့သော် ထိုမြို့တို့၏တည်နေပုံမှာ တောင်နှင့်မည်သို့မျှ မပတ်သက် ဖဲ ရှိလေသည်။

တောင်ကြီးမြို့ကား ပေလေးထောင်ကျော်မြင့်သော တောင်ထိပ်ဖျား၌ တည်ရှိနေ၏။ ထိုမျှမက မြို့၏အရှေ့ဘက်တွင် ပေတထောင်မျှမြင့်သော တောင်ရိုးတောင်တန်းကြီးက တောင်ကြီးမြို့၏ အနွတ္တသညာ လက္ခဏာသဖွယ်မားမားကြီး ရှိနေ၏။

ကျွန်တော်တို့၏ တည်းအိမ် ခေါင်းရင်းပြတင်းကို ဖွင့်လိုက်ပါက ယင်းတောင်တန်းကြီးကို ထင်းထင်းကြီး မြင်ရသည်။ ထိုတောင်တန်းပေါ်၌ လူများရှိနေပါက လှမ်းခေါ်လိုက်လျှင် ကြားနိုင် မည်ထင်ရသည်။ သို့သော် အမြင်နီး၍ ခရီးဝေးသောတောင်၊ အမောင်ထင်သကဲ့သို့ မဟုတ်ချေ တကား. . . ။

ကျွန်တော်တို့သည် ထိုတောင်ကြီးကို ငေးမောကြည့်ရှုကာ ယခင်က မကြုံခဲ့ဘူးသော အာရုံကိုခံစားရသည်။ ထူးခြားသော ရှုခင်းကိုမြင်ရသည်။ သစ်လွင်သော စိတ်ကူးကို ယဉ်မိသည်။

ကာတွန်းဆရာ ကိုဖေသိန်းနှင့် မောင်ဆွေတင့်မှာ (ထိုစဉ်သူသည် ပုံဆွဲခြင်းကို ပန်းချီ ဆရာ ဖြစ်နိုးနိုး စိတ်ဝင်စားနေခိုက်ဖြစ်၍) စက္ကူနှင့် စုတ်တံထုတ်ကာ လက်စမ်းကျင့်ကြသည်။

တောင်ထိပ်ဖျားက တိမ်ကိုဖမ်း၊ အောက်ခြေတွင် သစ်တော်ပင်များ ဝန်းရံထားသော ညီအမချောတို့ အိမ်ကလေးကိုထည့် အလယ်တွင်မူ နေရောင်မှာ ငွေရောင်တောက်နေသော ယူကလစ်ပင်တို့ကို အသားယူ၍ ရောင်စုံခြယ်ကြ၏။

အခြားတယောက်သော အထွန်းခေါ် မောင်လုထွန်းကမူ ဓါတ်ပုံဝါသနာရှင်မို့ ကင်မရာ တပြင်ပြင် ရှိနေသည်။

ဆရာကျော်ကား ကမ္ဘောဇ အအေးဓါတ်တွင် ကြက်နာကလေးလို ကုပ်လျက် သူ့လက်ကလေး တလှုပ်လှုပ်နှင့် ဒိုင်ယာရီရေးနေဘိ၏။

ထိုစဉ်တုန်းက ကိုဖေသိန်းလည်း အိမ်ထောင် မကျသေး။ မောင်ဆွေနှင့် အထွန်းက လူပျို ပေါက်ကလေး။ ဦးကျော်ကမူ ၄၇–နှစ်၊ ကျွန်တော်ဆိုလဲ ၃၇–နှစ်ရှိသေးတာဘဲ။ ကျွန်တော်တို့ သည် ထိုအချိန် ထိုအိမ်ကလေးတွင် နေစဉ်က အလွန်ပျော်မွေ့ကြသည်။ နံနက်စောစောထ လမ်းလျှောက်လိုက်ကြ၊ ဈေးထဲဝင်၍ ရှမ်းပြည် လက်ရာသရေစာတွေ စားလိုက်ကြ၊ ကျွန်တော်တို့ အားလုံးသည် ဤဒေသသို့ ပထမဦးဆုံး ရောက်ခြင်းဖြစ်၍ အားလုံးအသစ်အဆန်းဖြစ်နေကာ တွေ့သမျှ မြင်သမျှ စိတ်ဝင်စားစရာချည်း။ စာရေးဆရာက စာရေးဘို့စိတ်ကူး၊ ပုံဆွဲဆရာတွေက ပုံဆွဲဘို့ အကွက်ယူ၊ ကင်မရာရှင် အထွန်းက ဓါတ်ပုံရိုက်. . . ။

ဦးကျော်လည်း ထိုစဉ်က စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိပါလိမ့်မည်။ ဘဝဒုက္ခထဲတွင် ခေတ္တမျှ ပေါ်လာတတ်သော 'သုခ'ဆိုသည့် နားနေရာ စခန်းကလေးသို့ ဆိုက်ကပ်နေစဉ် ဖြစ်ပေ သည်။ ယင်းအချိန်ဝယ် သူပြုစုတည်ထောင်ခဲ့သော ရှုမဝမဂ္ဂဇင်းသည် အောင်မြင်ခြင်း၏ သက်တမ်း ၁၀–နှစ်ထဲ ရောက်နေစဉ် စောင်ရေအများဆုံး၊ လူကြိုက်အများဆုံးဖြစ်လျက် အထွတ် အထိတ်၌ တည်နေခိုက်မို့ ဦးကျော်၏ဘဝတာတွင် အပျော်ဆုံးသော ကာလတခုဟု ကျွန်တော် ထင်ပါသည်။

သို့သော် ဘဝဟူသည် ရပ်တည်နေသည်မရှိ၊ အချိန်နှင့်အတူ ရွေ့လျားလျက်ရှိပေရာ၊ ထိုခရီးမှာ နိမ့်မြင့်တက်ကျ ဝမ်းသာဝမ်းနည်း အသီးသီး အဆင့်ဆင့်သော အပိုင်းကဏ္ဍတို့ဖြင့် ပြီးလေရာ၊ ထိုနှစ်က ထိုအချိန် ထိုအိမ်ကလေးတွင် ကျွန်တော်တို့လူစုသည် တအိမ်သားတည်း အဖြစ် ခေတ္တဆုံဆည်းခိုက်ကား လူ့ဘဝတွင် လိုရင်းအကျဆုံးဖြစ်သော စားကောင်းခြင်း၊ အိပ်ကောင်းခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံခဲ့ကြပါပေ၏။ ကိုဖေသိန်းသည် ထမင်းစား ရာတွင် အကြာဆုံးနှင့် အနှေးဆုံးဖြစ်၍ 'နောက်ကျပန်းကန်ဆေး ခွေးကျွေး'ဆိုသော စကား အတိုင်း ဖြစ်ပါမူ သူချည်း လုပ်ရပေလိမ့်မည်ဟု ကျွန်တော်တို့က နောက်ကြသည်။

ယင်းကာလကို ယုခပြန်တွေးလိုက်တော့ အတိတ်ဖြစ်သွားခဲ့ချေပြီ။ ထိုအတိတ်ကား ပြန်၍ မရစကောင်း၊ သို့ရာတွင် စာရေးဆရာ၏စွမ်းပကားဖြင့် ကျွန်တော်တို့ ထိုအတိတ်ကို ပြန်၍သွားကြရအောင်။ လူမရောက်သော်လည်း စိတ်ကပြန်ရောက်နိုင်ပါ၏။ လောကတွင် စိတ်သာမူလ ပဓာန မဟုတ်ပေလော။

## တောင်တက်ပွဲ

ရှမ်းပြည် တောင်ကြီးမြို့သို့သွားရောက် လည်ပတ်ကြလျှင် တောင်ပေါ်တက်ခြင်းနှင့် မုံတဝဂူသွားရောက်ခြင်း မပြုခဲ့ပါက ကာယဒုက္ခနှင့် စိတ္တသုခပြည့်စုံကြမည် မဟုတ်ပေ။

ထို့ကြောင့် တနေ့သ၌ ကျွန်တော်တို့သည် တောင်ပေါ်တက်ရန်စီမံကြသည်။ ထမင်း ဟင်းချက်သွားရမည်။ တောင်ပေါ်ရောက်မှစားကြမည်။

ယင်းနံနက်၌ နေရောင်နှင့်အတူ အိမ်မှ ထွက်ခဲ့ကြသည် ဦးကျော်၊ ကိုသိန်းဖေ၊ အထွန်း၊ မောင်ဆွေနှင့် ကျွန်တော်တို့လင်မယား။ ဤလူစုမှာ မေသာလျှင် မိန်းမသားဖြစ်နေ၍ သူ့အား တောင်ခပန်းတွင် မောင်ထမ်းရမည်။ တောင်တရိုးဆီတွင် မောင်ပိုးချီရမည် အောက်မေ့ခဲ့ရာ၊ တကယ်ကျတော့ ဘယ်ဟုတ်မှာတုန်း၊ ကျွန်တော်တို့အားလုံးထဲတွင် မေကအမာဆုံးဖြစ်နေသည်။ သူကဘဲ ရှေ့ဆောင်လမ်းပြ ဦးဆောင်သွားသည်။ မကြာခဏနားရန် သူ့ကို ကျွန်တော်တို့က တောင်းပန်ရသည်။

အပျော့ဆုံးက ဦးကျော်၊ ဒုတိယက ကျွန်တော်။ ဒီအထဲမရွှေမေက လူတက်ဖို့ ဖောက်လုပ်ထားတဲ့ ရှေးခေတ်က အင်္ဂလိပ်အခေါ် Loves Lane ဆိုတဲ့ လမ်းပြေပြေက မတက်ဖူးတဲ့ဗျာ။ တောင်တက်တယ်ဆိုတာ ခဲခဲယဉ်းယဉ်းမှ အရသာရှိတယ်ဆိုပြီး၊ ဖြတ်လမ်းက ခေါ်သွားသဗျ။ ကျွန်တော်တို့မှာ ဘယ်သိမတုန်း။ သူသွားရာလိုက်ရတော့ သေချင်ပက်ကျိဖြစ် ကရော။ သူတို့ဆီမှာတော့ဒီလိုဘဲ မိန်းမဖော်တွေ တက်နေကျတဲ့။ အာဂဟာမမျိုးတွေ၊ သူ့စိတ်ထဲမှာ သူတို့မိန်းမသားတွေ တောင်တက်နိုင်တာ၊ ကျွန်တော်တို့ကို ယောက်ျားတွေရယ်လို့ အထင်ကြီးဟန်တူပါရဲ့။ သို့သော် ကျွန်တော်တို့က ယောက်ျားတွေပေမယ့် အပျော့စားတွေကဘဲ။

သူတို့အရပ်အခေါ် ဒီတောင်တက်တာကို 'ဘုရားတောင်တက်ကြမယ်' ဆိုတော့ ဦးကျော် စိတ်ထဲမှာ သူ့ဇာတိရွှေတောင်မြို့က ရွှေနတ်တောင်ဘုရား တက်ရသလို အောက်မေ့ဟန်တူပါရဲ့။ သူ့စတိုင်အတိုင်း ဘန်ကောက်လုံချည်နဲ့ အပေါ်ဖုံး အင်္ကျီနဲ့ဆိုတော့ဂွဘဲ၊ သို့သော် တော်ပါ

သေးရဲ့ဗျာ။ အတွင်းခံဘောင်းဘီခပ်ရှည်ရှည်ကပါလို့။ ပုဆိုးခါးစည်းပြီး တက်ရတော့တယ်။ လက်နှစ်ဖက် သွယ်တက်ရတယ်။ သစ်ပင်မြစ်တွေဆွဲတက်ရတယ်။

ကျွန်တော်ဖြင့် 'ဟော့ ရောက်သေးဘူးလားကွ. . .' 'ရောက်သေးဘူးလားကွ'နဲ့ လှမ်းလှမ်း မေးရင်း ခရီးတဝက်လောက်ရောက်တော့ ပြန်ဆင်းချင်စိတ် ပေါ်လာတာ အမှန်ဘဲ။ ဦးကျော်လဲ ပြန်ဆင်းချင်စိတ် ပေါ်တဲ့အကြောင်း နောက်တော့ပြောပြတယ်။ အဲဒီမှာ တခုတော်ပါသေးရဲ့။ ကိုသိန်းဖေက တောင်တက်တဲ့ စာတွေဖတ်၊ ပုံတွေလေ့လာခဲ့ဘူးထင်ပါရဲ့။ ကြိုတင်မြော်မြင်ပြီး ကြိုးတချောင်း ဝယ်ခဲ့ပေလို့။ ရှေ့ကမောင်ဆွေတို့ အထွန်းတို့ လူငယ်တွေကို ဆွဲခိုင်းပြီး မှေးတက်ခဲ့ရတယ်။ ဆရာကျော်ကြီးက နောက်ပိတ်ဆုံးလေ။

နောက်ဆုံးတော့ လှိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်ပေါ့ဗျာ၊ ဟဲဟဲ. . ဟဲဟဲ (မချိသွားဖြဲလေး. . .)

ဤတောင်ကြီးပေါ်၌ ဘုရားတောင်၊ တောင်ချွန်း၊ ကျောက်တလုံးဟူ၍ သုံးဌာနရှိခဲ့ရာ၊ ပထမဦးဆုံး ကျွန်တော်တို့ ဘုရားတောင်ကို သွားကြသည်။ နံနက် ၈–နာရီမှ စတင်ခဲ့ရာ၊ ထိုဘုရား တောင်ပေါ်ရောက်သည့်၌ ၁၀–နာရီကျော်ခဲ့ပေပြီ။

## ဘုရားတောင်

ဘုရားတောင်ဟု ခေါ်သည်မှာ အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော တန်းဆောင်းနှင့် ဆင်းတုတော် ရှိခြင်းကြောင့်ဖြစ်၏။ အခြားစေတီ သုံးဆူလဲရှိသည်။ ဂျပန်များ ဌာပနာတိုက် ဖောက်သွား၍ ဝမ်းပိုက်ဟောင်းလောင်းဖြစ်ကြကုန်၏။

ထိုတောင်ပေါ်တွင် အစောင့်လူနေကာ တဲကျောင်းတခုရှိသည်။ သို့သော် ဘုန်းကြီး သီတင်းမသုံး။ ရှမ်းအဖိုးအိုနှစ်ယောက်သာရှိသည်။ ကျွန်တော်တို့ရောက်သည်ကိုမြင်လျှင် လက်ဖက် ရည်ကြမ်းပွဲနှင့် လာ၍ဧည့်ဝတ်ပြုကြသည်။ စကားစမြည်ပြောသည်။

ကျွန်တော်တို့ရောက်ပြီး တအောင့်လောက်အကြာ၌ အခြားဘုရားဖူးများ ရောက်လာကြ သည်။ ပအို့လူမျိုး ပေါ်လိန်း(အမျိုးသား) မယ်လိန်း(အမျိုးသမီး)တွေဖြစ်၏။ ဥပုသ်နေ့မှာ သူတို့လာတတ်ကြသည်ဟု အဖိုးအိုကပြော၏။ ထိုနေ့သည်တန်ခူးလပြည့်။

သူတို့သည် ဘုရားကို သက်သက်လွတ် သစ်သီးနှင့် ဆွမ်းကပ်ကြ၏။ ကပ်ပုံမှာ ခဲဘွယ် တမျိုးကို တပွဲစီခွဲ၍ ကိုယ့်ဆွမ်းဗန်းနှင့် ကိုယ်အသီးသီး ကပ်ကြလေရာ ဘုရားရင်ပြင်အပြည့်မျှ ရှိလေ၏။ ဖယောင်းတိုင်မီးလည်း ထွန်းညှိကြသည်။

ရှိခိုးပထာန ပြုကြသည်မှာလည်း အချိန်ကြာ၏။ ပြီးလျှင် အသီးသီး ခေါင်းလောင်းထိုးကြ လေသည်။

ထို့နောက် ဆွမ်းဘောဇဉ်ကို သိမ်းဆည်း၍ သင်ဘုတ်ပြင်ပေါ်၌တင်ကာ ကျီးငှက်တွေကို ကျွေးလေသည်။

ဤကိစ္စအဝဝပြီးတော့မှ သူတို့ထမင်းစားကြ၏။ သူတို့ဟင်းမှာ မန်ကျည်းရွက်သုတ်၊ ပဲပုပ်၊ ကြွေမုံ့ကြော်၊ သရက်သီးမှည့်၊ အားလုံး သက်သက်လွတ်စြ်၏။

ကျွန်တော်တို့သည် လက်ဖက်ရည်ကြမ်းတအိုးနှင့် တော်တော်ကြာ အမောဖြေကြ၏။ ထိုစဉ်မှာ မေသည် အဆင်သင့်ယူခဲ့သော ငါးဖိန်းကင်တခုနှင့် ဟင်းချိုအိုးတည်သည်။ ဆူလျှင် ထိုတောင်ပေါ်တွင်ရှိသော စွယ်တော်ရွက်နုတွေကို ခတ်၍အိမ်မှချက်ခဲ့သော ကြက်သားဆီပြန်၊ ပဲပုပ်ချက်၊ သရက်သီးသနပ်နှင့် စားလေရာ လူတွေကလည်း ပင်ပန်းဆာလောင်နေသဖြင့် အလွန် မြိန်ကြကုန်၏။

ဒုက္ခနှင့်ရင်း၍ သုခရှာခြင်းတမျိုးပေတည်း။

ကျွန်တော်တို့ ထမင်းစားပြီးသောအချိန် ပုံဆွဲဆရာနှင့် ဓာတ်ပုံဆရာတို့ အလုပ်ရှုပ်ကြ သည်။ ဒိုင်ယာရီ ဆရာကျော်ကလဲ ရေးပါ့ဗျာ။ ကျွန်တော်တော့ အရက်ကလေး နှစ်ခွက်လောက် နှင့်မို့ ထင်ရှူးပင်အောက် သူ့ရွက်ဆံခြောက်မွေ့ရာပေါ်၌ ကျောက်တုံးပေါ်လက်ခုခေါင်းအုံး၍ မှိန်းဘိ၏။

တရေးနိုးလတ်သော် မျက်နှာဖြူမ ၃–ယောက်နှင့် ကိုဖေသိန်းတို့သည် သူတို့ပုံဆွဲစာအုပ် နှင့် လဲလှယ်ကြည့်ရှုနေကြသည်ကို တွေ့ရသည်။ မေးစမ်းကြည့်တော့ ယခု ရန်ကုန်ကန်တော်ကြီး ရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကို သွန်းလုပ်သော ပန်းပုဆရာကြီး၏ဇနီးနှင့် သူ့အဖော်မ နှစ်ယောက်၊ ပန်းချီဝါသနာရှင်တို့ပါတဲ့ ဥရောပမှ လာရောက်လည်ပတ်ကြသူများတည်း။

ကျွန်တော်တို့သည် နာရီပြန် တချက်ခန့်၌ ကိုင်းကိုင်းကြီး ငုံ့ကြည့်နေသော တောင်ထွတ် ဖြစ်ရာ တောင်ကြီးမြို့ တမြို့လုံးသည် ကျွန်တော်တို့မျက်စိအောက်ရောက်နေလေ၏။ လေယာဉ် ပျံပေါ်က မြင်ရသည့်နှယ်၊ အိမ်ခြေတိုက်တာတွေ ငယ်သွားလေရာ၊ အောက်မှလုပ်မ်းအော်လိုက် လျှင်

ကြားရမည်ထင်ရသော ကျွန်တော်တို့ အိမ်ကလေးကို မနည်းရှာကြည့်ရသည်။ နံဘေးက တိုက်ဖြူဖြူကြီးကြောင့်သာ တွေ့ရသည်။

တောင်အောက်က ကြည့်တော့ တောင်ထွတ်ကိုနီးသည်ထင်ရ၍ ထိုတောင်ထွတ်မှ အောက်ကိုပြန်ကြည့်တော့ ဝေးသည်ထင်ရ၏။ အားလုံးအရာတို့သည် သေးငယ်လှပါဘိ။

'အော်. . . ငါ့မြေ ငါ့ယာ ငါ့တိုက်တာနဲ့လို့ လူတွေဟာ ကိုယ်ပိုင်တာ ကလေးတွေကိုကြည့်ပြီး၊ အထင်ရောက်လိုက်ကြတာ၊ ဒီအပေါ်ကနေ ငုံ့ကြည့်လိုက်တော့ တမြို့လုံးဟာ ဘာမှမဟုတ် ဖူး၊ ကလေးကစားတဲ့ မြို့ပုံစံအရုပ်နဲ့ တူသေးတော့တယ်'ဟု ဦးကျော်က တစိမ့်စိမ့်ကြည့်ရင်း မှတ်ချက်ချသည်။

'အဲဒါဟာ လောကကို အပြင်ကထွက်ကြည့်တဲ့ အမြင်မျိုးပေါ့ဗျ၊ ထာဝစဉ်ဒီလိုဘဲ မြင်တတ်ဖို့လိုတယ်'ဟု ကျွန်တော်က ပညာရှိလုပ်၏။

'ကြည့်စမ်း. . . ဟိုအိမ်. . . . ဟိုအိမ်ကလေးတွေထဲမှာ လူတွေ၊ အိမ်ထောင်သားတွေဟာ ကိုယ့်အစု အအုပ် ကိုယ့်အလုပ်၊ ကိုယ့်ဒုက္ခ ကိုယ့်သုခ အသီးသီးနဲ့နေကြတာ၊ ပုရွက်ဆိတ်အုံထဲ က ပုရွက်ဆိတ်ကလေးတွေနဲ့ မတူဘူးလားဗျာ. . .'

'သိပ်. . . တရားကျမနေနဲ့ ဆရာကြီး၊ လူပါကျသွားလို့ အရိုးအသားရှာမတွေ့ဘဲ နေအုံးမယ်. . .'

ထိုတောင်ချွန်းပေါ်တွင် အတော်နားနေပြီးမှ ကျွန်တော်တို့အောက်သို့ ပြန်ဆင်းကြသည်။ အဆင်းတွင် မြန်မြန်ရောက်အောင် စောက်သော ဖြတ်လမ်းမှ ဆင်းကြသဖြင့် လူတွေကိုယ်ကို ထိန်းမတ်နိုင်ရန် သစ်ပင်ငယ်များကို နှုတ်၍ တောင်ဝှေးလုပ်ကြရသည်။ ဤအထဲမှ ဆရာကျော် မှာ ခဏခဏ ဖင်လျှောကျခြင်းဖြင့် သူ့အတွင်းခံဘောင်းဘီပြဲလေသည်။ ကျွန်တော်တို့က အမြင် မတော်၍ မပြောသော်လည်း သူ့သားကမနေ. . . .

'ဟော. . ဖေဖေ. . . ဘောင်းဘီပြဲနေပြီဗျ'ဆိုတော့မှ သူ့ပုဆိုးခါးစည်းကိုဖြေချ၍ တောင် အဆင်းမှာ သူ့ပိုးလုံချည်နှင့် စတိုင်တင်းနေတော့၏။

တောင်ချွန်းမှ ဆင်းပြီး နည်းနည်းပြေသော နေရာရောက်သောအခါ ကျွန်တော်တို့၏ ရှေ့ဆောင်လမ်းပြ ကင်းထောက်မယ်က. . .

'ဟော. . . ဟိုက တောင်ဂမူဟာ. . ကျောက်တလုံးဘဲ၊ အဲဒီကို သွားကြအုံးမလား' ဟု ကျွန်တော်တို့ပုံပန်းတွေကိုကြည့်၍ မေးမြန်းရာ၊ ဦးကျော်နှင့် ကျွန်တော်သည် နှစ်ယောက်စလုံးကို တိုင်ပင်ထားကြသည့်အလား။ ဦးခေါင်းတွေယမ်းကြကာ. . .

'ဟာ. . . တော်ပြီ. . . တော်ပြီ. . . အောက်မြန်မြန်ရောက်မယ့် လမ်းသာညွှန်ပြပါတော့. . '

၃-နာရီလောက် အိမ်ပြန်ရောက်၊ နောက်တနေ့မနက်တွင် ကျွန်တော်တို့ ကိုယ်ရော လက်တွေမှာ ထုရိုက်ထားသလို နာနေတော့သည်။ လမ်းမလျှောက်နိုင်ကြတော့၊ မရွှေမေ တောင်ပေါ်သူကတော့ ဘာမျှမဖြစ်၊ ဈေးသွားပြီး ဝယ်ခြမ်းချက်ပြုတ်လို့၊ ကျုပ်တို့ကတော့ သူဝယ်လာတော့မှ နံနက်စာ မုံ့ဟင်းခါးကို စားရတော့သဗျား. . .။

## တောင်ကြီးနှင့်ရှမ်း

ရှမ်းပြည်တောင်ကြီး၊ တောင်ကြီးရှမ်းပြည် သွားကြမည်ဆိုတော့ ဟိုရောက်လျှင် ရှမ်းတွေ အကြား မြန်မာစကားမှ လွယ်လွယ်ကူကူ ပြောဖြစ်ပါ့မလားဟု တွေး၍ စိုးရိမ်ခဲ့ကြောင်း၊ ဦးကျော်က ပြောပြပါသည်။ စင်စစ်သော်ကား၊ တောင်ကြီးမြို့သည် ရှမ်းပြည်ဟု ဆိုရသော်လည်း မြန်မာပြည် အရပ်ရပ်ရှိ မြို့များကဲ့သို့ပင်။ တရုတ်ကုလား စီးပွားဖွံ့ဖြိုးရာဖြစ်သည်။ ရောင်းရေး ဝယ်တာ ကုန်တိုက်ကြီးတွေမှာ အများအားဖြင့် သူတို့သာကြီးစိုးကြသည်။ မြန်မာနှင့် ရှမ်းကပြား တွေမှာ လခစားနှင့် ကုန်သည်၊ ဈေးသည် ငယ်ကလေးများသာ ဖြစ်ကြသည်။ မြို့ပေါ်တွင် ရှမ်း စစ်စစ်ပင် နည်း၏။

ပကတိအားဖြင့် တောင်ကြီးမြို့သည် မြန်မာပြည်၏ အခြားမြို့များနှင့် မခြားနားဘဲ ၅-ရက်တကြိမ် ကျင်းပသော ဈေးနေ့ကျမှသာလျှင် ပတ်ဝန်းကျင်ရှိ တောတောင်ဒေသတို့မှ ပအို့၊ ပလောင်၊ တောင်ရိုး၊ ရှမ်း၊ ဓနုစသော လူမျိုးတွေ လာရောက်ကြ၍ ကမ္ဘောဇဌာနီ မည်ပေသော သရုပ်ကို ပေါ်ပေသည်။ ဤအခါတွင် တောင်ကြီးဈေး အတွင်းဝယ် ရှမ်းကုန်းမြေမြင့်ထွက် သစ်သီးသစ်နှံ သစ်ဥသစ်ဖုတို့ အစုအစု ပုံနေလေသည်။ ၎င်းတောင်ကြီးမြို့ကို တည်ဆောက်ကြသော ကျောထောက်နောက်ခံ လူမျိုးစုအစစ်အမှန်ကို မြင်ရလေသည်။ ၎င်းတို့အထဲမှာ ပအို့က အများဆုံးဖြစ်၏။

တကယ်ဆိုတော့ တောင်ကြီးမြို့ မျက်မြင်ကွင်းမှာ ရှမ်းအကြောင်းကို ရေးစရာ မယ်မယ် ရရ ရှာမတွေ့ပါ။ တောင်ကြီးမြို့ပေါ်မှာ ရှမ်းစစ်စစ်ကို မရှိသလောက် ဆိုရမည်ပင်။

ဟော. . . စကားစပ်မိ၍ ပြောရဦးမည်။ အခု ကျွန်တော့်မိန်းမလဲ မအေရှမ်းမ၊ ဖအေ မြန်မာလေ။

အမယ်. . . စကားစပ်မိလို့ ဦးကျော်ကလဲ ပြောသဗျ။ သူ့အဖွားဟာ စကားနယ်က ရှမ်း အစစ်တဲ့၊ တိုင်းပြည်မသာယာလို့ မြန်မာပြည်ရောက်လာပြီး ရွှေတောင်မှာ အခြေစိုက်သဖြင့် သူတို့ဆင်းသက်လာခဲ့ရတယ် ဆိုသကိုးဗျ။ ဦးကျော်ဟာ မြန်မာစကား ကောင်းကောင်းမပီတဲ့ သူ့အဖွား ရှမ်းမကြီးကို မှီလိုက်သေးသတဲ့၊ ဒါကြောင့် ဦးကျော်က သူ့မှာရှမ်းသွေး လေးပုံတပုံ ပါတယ်လို့ ဆိုဗျ။

သော်တာဆွေမှာလည်း ရှမ်းသွေးပါသည်

အော်. . . သူများပြောပြီး ကျွန်တော့်ကိုယ် ကျွန်တော်ပြန်စိစစ်လိုက်တော့လည်း ရှမ်းသွေး မကင်းချေတကား။ အစဦးတော့ ကျွန်တော်မသိသေးပါဘူး၊ တခါတော့ ကျွန်တော်က အဖေ့ကို မေးကြည့်တယ်။ 'အဖေရယ်. . . လူများတွေက ကျွန်တော့်ကိုဗမာနဲ့မတူဘူး၊ တရုတ်ကပြားလားလို့ မေးကြတယ်၊ ကျွန်တော်တို့မှာ တရုတ်သွေးများ စပ်သလားဗျာ' မေးကြည့်တော့ အဖေက 'တရုတ် သွေးစပ်တာမဟုတ်ဖူး၊ မင်းဗမာနဲ့ သိပ်မတူတာက ဒို့မှာရှမ်းသွေးပါတယ်၊ ငါ့အဖိုးက ရှမ်းမျိုး ဘဲ' ပြောမှ ကျွန်တော်မှာ အော်. . ရှမ်းနဲ့ တရုတ်က နယ်ချင်းစပ်နေတော့ ရုပ်ချင်းဆင်ကြသကိုး လို့ သဘောပေါက်ရတော့သဗျ။ ဒါကြောင့် ကျွန်တော့်ကို တရုတ်လို့ မထင်ကြပါနဲ့တော့ဗျာ. . . နော်. . . . ။ ကျွန်တော်တိုင်းရင်းသား လူမျိုးစစ်စစ်ပါ။

## မုန်းချက်နှင့် နှမ်းထွက်

ဦးကျော်တို့ လူသိုက် ကျွန်တော်တို့တည်းအိမ်လေးသို့ ရောက်ပြီး၊ ၁၀–ရက်မျှ လောက်အကြာ နေ့လယ်ခင်း၌ ကျွန်တော့်ကို သိကျွမ်းနေပြီဖြစ်သော စာပို့လုလင်ရောက်လာ ကာ အိမ်အောက်မှ 'ဦးသော်တာဆွေ မန်နီအော်ဒါပါတယ် ခင်ဗျာ' ဟု အသံကိုကြားရသည်တွင် ကျွန်တော်မှာ လွန်စွာအံ့သြသွားလေသည်။

ငါ့ဘယ်သူ့ဆီမှလဲ မမှာရဘဲနဲ့ ဘယ်ကများ၊ လာပါလိမ့် အို. . . ဘယ်ကဖြစ်ဖြစ် ငွေရတာ ဝမ်းနည်းစရာလား၊ ယူထားလိုက်ရုံပေါ့ဟု အားခဲပြီး အောက်ဆင်းလာတော့ လားလား. . ဖြစ်ပုံက 'ဦးသော်တာဆွေမှ ကျေးဇူးပြု၍ ဦးကျော်သို့' တဲ့။

ကျုပ်မျက်လုံးကိုပြူးသွားတယ်။ ငွေကလေးကလဲ ၁၀ဝိ–ထဲရယ်။ ဒါနဲ့ ကျွန်တော်က အပေါ်လှမ်းပြီး. . .

'ဦးကျော်ခင်ဗျား ငွေများထားသလား'

'ဟုတ်တယ်၊ ကျုပ်မှာငွေကုန်ခါနီးနေတာနဲ့' ဆိုပြီး သူဆင်းလာတယ်။

ကျွန်တော့်မှာ အရှိုက်ထိုးလိုက်သလို ငိုင်ဆင်းသွားတော့သည်။

ဘယ့်နှယ်ဗျာ အိမ်ပေါ်ငွေသေတ္တာ ရောက်နေပြီး လိုသလောက် တောင်းယူလိုက်မယ်လို့ အားခဲထားပါတယ်။ ဒင်းကား ငွေကလေးတရာ ပြန်မှာသုံးနေရတယ်ဆိုတော့ တောက်။

ပြီးတော့ သူတို့သားအဖနှစ်ယောက် ပြောကြတာလဲ နားထောင်ဦးလေ။

မောင်ဆွေက. . . 'ဖေဖေငွေရောက်ပြီ၊ ကျွန်တော်ရှမ်းဘောင်းဘီဝယ်မယ်၊ ခါးဝယ်မယ်'

'ဟာ. . . မဝယ်နဲ့အုံးကွ၊ ငါ့မှာ သုံးစရာတွေရှိသေးတယ်'

'အို. . . ဖေဖေကလဲ ဦးလေးတာက ရှမ်းခါးဝယ်ခဲ့ပါမှာလိုက်လို့ဗျ'

'မင်းခါးက ဘယ်လောက်ပေးရမှာလဲ'

'စျေးမေးကြည့်ပြီးပြီ နှစ်ဆယ်လောက်ဖဲ'

'ဒါဖြင့် မင်းဦးလေးဆွေဆီက ချေးရရင် ဝယ်သွားလကွာ၊ ဟိုကျမှ မောင်တာဆီက တောင်းပေးလိုက်'

သေဟဲ့ နန္ဒိယ။

အလီကြီးတောင်းလိုက်မဟဲ့လို့ သူ့ကိုကောင်းမွန်စွာ ကျွေးမွေးပြုစုခဲ့ရသမျှ အလဟဿ ဖြစ်လေပြီ. . .။ ကျွန်တော့်စိတ်ကူးယဉ် ကျောက်တောင်ကြီး အစိတ်အစိတ်အမွှာမွှာကွဲလေပြီ။ ကျုပ်ကပင် သူ့သား ငွေချေးရဦးမတဲ့။

သာစွအင်းလေး သတင်းမွှေးသည်၊ ရှေးယခင်ကပင် ကြားဘူးနားဝနှင့် စိတ်ကူးယဉ်ခဲ့ရ သည်။

အင်းပြင်ကျယ်ကြီးထဲတွင် ရေပေါ်၌ရွာများတည်၍ နေကြသည်။ ကျွန်းမျောအပေါ်ရှိ အိမ်တွေကို ဆောက်ကြသည်။

ကျွန်းမျောဆိုသည်မှာ အောက်ကမြေနဲ့မဆက်ဖဲ ရေပေါ်မှာနေသော ကျွန်းကိုဆိုရပါ မည်။ 'ရေပေါ်မှာ ပေါ်နေတဲ့ကျွန်းဆိုကာ ကြားရသည်နှင့် အံ့သြမိပါသည်။ ထို့ပြင် ထိုကျွန်း သည် မျောနေ၍ 'ကျွန်းမျော'ဟု ခေါ်တန်ရာ၏ဟု စဉ်းစားမိပြန်သောအခါ၌ ကျွန်တော်မှာ အတော်ပင် ဦးနှောက်ရှုပ်စရာ စိတ်ကူးယဉ်မိပြန်တော့၏။

ရေပြင်ကျယ် အင်းအိုင်တို့မှာ လေပြင်းထန်တတ်သည်။ ထိုအခါ၌ ကျွန်းမျောပေါ်တွင် တည်ဆောက်ထားသော အိမ်တို့ကို လေကတိုးဝှေ့ခြင်းဖြင့် သူတို့တရွာလုံးသည် ရောဝတီမြစ် အတွင်းက ရွက်လှေကြီးများကဲ့သို့ မျောကုန်ကြပေလိမ့်မည်။ ထို့ပြင်လေပြင်း ဝဲလှည့်ခြင်း၊ လေဗွေထခြင်းများဖြစ်လျှင် ကျွန်းချင်းအိမ်ချင်း တိုက်ခိုက်ကြ၍ လျှောင်လှုပ်သကဲ့သို့ ဖြစ်ကုန်ရာ သည်။ မြန်မာတို့ထုံးစံ အိမ်ခြေရင်းခေါင်းရင်း၊ အရှေ့အနောက် တောင်မြောက်တို့သည်လည်း တချိန်နှင့် တချိန်မတူဘဲ တမျိုးပြီးတမျိုး ပြောင်းလဲနေတော့မည်။

'ဗမာအတွေး–ရှမ်းအပြေး'ဆိုသကိုဗျ။ အဲဒီအတွေးသာ မှန်လိုက်ရင်လဲ အကြီးအကျယ် ဒုက္ခပါဘဲလား။

မဟုတ်သေးပါဘူးလေ၊ ဒီလိုမဖြစ်ရအောင် သူတို့တနည်းတလမ်း စီမံကြည်မှာပေါ့။

ဘယ်လို စီမံမလဲ။

ကဲ. . ဗမာလေး. . တွေးလိုက်စမ်း။

သူတို့အိမ်တွေ ခေါင်းရင်းခြေရင်း နှစ်ဖက်မှာလည်းကောင်း၊ အိမ်ရှေ့နှင့်နောက်ဖေးဘက် မှာလည်းကောင်း၊ ကျွန်းမျောဘေးတွင် အောက်က မြေကြီးရောက်အောင် တိုင်ကြီးနှစ်တိုင် သို့မဟုတ် လေးတိုင် အခိုင်အမာစိုက်ပြီး အိမ်တွေကို ကြိုးများနှင့် ဆိုင်းထားပေမည်။ သို့မှသာ လျှင် အိမ်သည် မရွေ့မရှား မလှည့်မပတ်ရှိတော့မည်။

အင်း. . . အဲဒါ ဖြစ်နိုင်ရဲ့၊ အဲဒီပုံစံအတိုင်း ကျွန်းမျောတခုပေါ်အိမ်တလုံး၊ သို့မဟုတ် နှစ်လုံး သုံးလုံး၊ စသည်ဖြင့် စိတ်ကူးယဉ်ကြည့်လိုက်တော့ သူတို့ရွာက အိမ်ခြေတွေဟာ ဆင်းရဲ ချမ်းသာလိုက်၍ ရန်ကုန်မြစ်ထဲမှာ ကျောက်ချထားတဲ့ လှေတွေ သမ္ဗာန်တွေ သင်္ဘောတွေနှင့် တူတော့သကိုး။

အဲ. . . တရွာကတရွာကို တအိမ်သားလုံး အလည်သွားချင်တယ် ဆိုရင်ဖြင့် တိုင်ကဆိုင်းကြိုးတွေဖြုတ်၊ အိမ်ခေါင်မိုးပေါ် ရွက်တိုင်ထူပြီး လေကြောင်းလိုက်၍ လွင့်ရုံရှိတော့တာပေါ့။ တယ်လဲနိုပ်လိုက်ပါလား။ ဒါကြောင့် သူတို့ရေထဲ ကျွန်းမျောပေါ် အိမ်ဆောက်နေကြတာဘဲ။ တယ်လဲဉာဏ်ကြီးတဲ့လူတွေပါကလား။

တကထဲ ရွာလုံးကျွတ် မင်္ဂလာဆောင် ကိစ္စအတွက်လည်းကောင်း၊ အလှူအတန်းအတွက်လည်းကောင်း၊ သွားစရာရှိကြရင်ဖြင့် ဟီ. . ဟီ. . . ကျွန်တော်တို့ဆီမှာ နွားလှည်းတွေ၊ မော်တော်ကားတွေ၊ မောင်းသွားကြသလို သူတို့မှာတော့ အိမ်တွေရွက်လွှင့်သွားကြတော့မှာဘဲ။ တယ်လဲကောင်းလိုက်ပါကလား။ စရိတ်စကလဲမကုန်။ ဘယ်သူဖြင့်မမာလို့မလိုက်နိုင်ဘူးဆိုတာမရှိ။ ဘယ်ကလေးမှလဲ လိုက်ပါရစေ ပူစရာမလို။

အို. . . . သူတို့ဌာနသည် နတ်ဘုံနတ်နန်းပါတကား။

အင်းလေးကန်တွင် ကျွန်းမျောပေါ်တွင် အိမ်ဆောက်၍ ရွာတည်နေကြကြောင်း ကျွန်တော်၏ဇနီး ကမ္ဘောဇသမီးတော်က ပြော၍ကြားရသောအခါ၌ ကျွန်တော်ကအထက်ပါ အတိုင်း ရွှေဉာဏ်တော်စူးရောက်ပြီး ‘မင်းပြောတဲ့အတိုင်း အဲလိုနေမှာဘဲ’ ဟု သူ့ကိုပြောကြည့်ရာ

‘အို. . . မိမောင်စိတ်ကူးကဖြင့် လွန်ပြီးစာရေးဆရာပီပီ တွေးကြောကိုရှည်တယ်’

‘အေးလေ. . ဒါတော့ ငါကအတွေး မင်းကအပြေးကိုကွ. . ’

‘မင်းကအပြောလို့ဆိုပါ စကားပြောတာ ကာရန်လိုက်မနေစမ်းပါနဲ့. . . ’

‘ဟာ. . . ဒါက ကာရန်လိုက်ပြောတာ မဟုတ်ဖူးကွ၊ ‘ငါက အတွေးမင်းကအပြေး’ဆိုတာ မူရင်းကို ပြောတာဘဲ’

‘ဘာအဓိပ္ပာယ်လဲ’

‘အို. . ငါကဗမာ မင်းကရှမ်းမလေကွာ. . . ‘ဗမာအတွေး ရှမ်းအပြေး’ဆိုတဲ့ စကားကို နာမ်စားသွင်းပြောတာကွ’

‘တော်စမ်းပါ. . . ဗမာအတွေး ရှမ်းအပြေးဆိုတာဖြင့် သက်သက်ဗမာတွေက ရှမ်းကိုနှိမ်တဲ့ စကားပါ။

'ဟ. . ဒီစကားမင်းက မခံနိုင်ရအောင် အခုငါတွေးတာတွေ မဟုတ်ဖူးလို့ မင်းပြောနိုင်သလား'

'ဒါကတော့ မေလဲကိုယ်တိုင် မရောက်ဖူးလို့ မသိသေးဘူး. . . '

'ဒါဖြင့် ငါလိုပညာရှိကို ငြင်းမနေနဲ့တော့၊ ဒို့ရောက်တဲ့တနေ့မှာ အမှန်သိကြမှာပေါ့'

'ကဲ. . . ပြောနေကြာရော့၊ တောဟေမဝါ၊ သာတဲ့နန်း ဗမာအတွေးရှမ်းအပြေးတဲ့ စခန်းမဝေးလှတဲ့ အင်းလေးဌာနီ၊ မကြာမီသိရအောင် ဗမာတွေး တွေးအပြီးမှာ ရှမ်းပြေး ပြေးကြည့်ကြစို့ရဲ့ ဒီမလေရွှာစား မော်တော်ကားနဲ့ပို့'

(ထိုစဉ် ဦးထွန်းရက စံကားနယ် အမတ်ဆိုတော့ ရွာစားမက နယ်စားလို့တောင် ခေါ်ချင်ခေါ်နိုင်တာပေါ့ဗျာ၊ ဘာကြောင့်ဆို ဦးထွန်းရတို့ ကားနဲ့ပို့တာကိုး)

## တောင်ကြီးမှအင်းလေး

မေလ ၃–ရက်နေ့ မွန်းတည့် ၁၂–နာရီခန့်တွင် ဦးထွန်းရ၊ ဦးသိန်းညီအစ်ကိုနှစ်ယောက်တို့၏ မော်တော်ကား နှစ်စီးဖြင့် ဦးကျော်၊ မောင်ဆွေ၊ အထွန်း၊ ကိုဖေသိန်းနှင့် ကျွန်တော်တို့ လင်မယား သကောင့်သား ဒါဇင်ဝက်တို့သည် အင်းလေးသို့သွားရန် တောင်ကြီးမြို့မှ ထွက်ခဲ့ကြလေ၏။

တောင်ကြီး တောင်ခပန်း၌ ကွေ့ကာ ပတ်ကာ ဆင်းနေစဉ်တွင် ရာသီဥတုမှာ မှိုင်းပျပျရှိသည်။ တောင်ခိုး တောင်ငွေ့တို့သည် ဟိုတစု သည်တစု ပူ၍နေကြသည်ကို အပေါ်မှစီး၍ ကြည့်နိုင်သည်။ အောက်ခြေ ခပ်လှမ်းလှမ်းမှာ ကျီးဖြူကန်ဖွေးဖွေးကိုမြင်ရသည်။ ကျီးငှက်၏ ပုံသဏ္ဍာန်နှင့်တူ၍ ကျီးဖြူကန်ခေါ်သည်ဟု ဆိုကြသည်။ တချို့ကလည်း ဤကန်တူးစဉ် စော်ဘွား၏ ပခုံးပေါ်ကို ကျီးဖြူလာနား၍ဟု ဆိုကြသည်။

၁၂–နာရီခွဲတွင် တောင်ကြီးမြို့မှ ၁၂–မိုင်ဝေးသော ရွှေညောင်မြို့သို့ ရောက်ကြ၍ခေတ္တရပ်နားပြီး ဘူတာရုံကို ဝင်ကြည့်ကြသည်။ တောင်ပိုင်းရှမ်းပြည်၏ မီးရထားလမ်းဆုံး မှန်ပေ တကား။

တောက်။ ကျွန်တော်တို့လင်မယား ရန်ကုန်မှလာစဉ် ဧပြီလ ၁၄–ရက်နေ့ညက အစာ ငတ်ရေငတ် တညတာ ဒုက္ခကွန္တရကပ် ခံ၍အိပ်ခဲ့ရ၏။ နေရောလေး ပြန်မြင်ရတော့၊

ယခင်ကဒုက္ခောသည် ယခုရယ်မောစရာ ဖြစ်နေသည်ကို ဆင်ခြင်မိ၏။ ဘူတာရုံအခန်း နှစ်ခုစပ်ကြားက လူသွားလမ်း သဲရှပ်ရှပ်။

ရွှေညောင်မှ ထွက်ခဲ့၍ ၃–မိုင်သာသာခန့် ရောက်သည်တွင် ပေါ်ရိသတ်ဘုရားကို တွေ့ရသည်။ ဘုရားဟောင်းကျောင်းပျက်ကို မြင်လျှင် သူ့အဖွားက စံကားနယ်ကရှမ်းမျိုးဟုဆိုသော ဦးကျော်သည် သူ့ဘိုးဘွား ဘီဘင်ကို တွေ့ရသည်အလား၊ မော်တော်ကားရပ်ခိုင်းပြီး အထွန်းအား ဓါတ်ပုံကို ရိုက်စေတော့သည်။

## နွေစိုက်စပါး

ထိုမှ. . . ရှေ့သို့လားသော် နွေရာသီတွင် မြန်မာပြည်နှင့် ခြားနားသော ရှုမျှော်ခင်းကို တွေ့ရသည်။ တာလမ်းဘေး နှစ်ဖက်မြောင်းတွေမှာ ရေတွေပြည့်လျှံကာ တသွင်သွင်စီးလျက် လယ်တွေမှာ ကောက်စိုက်နေကြ၏။

တန်ခူးလ ကောက်စိုက်တယ်ဆိုတော့ ကျွန်တော်တို့ မြန်မာပြည်သားအဖို့ ထူးဆန်းနေသည်။

'ဘယ့်နှယ်. . . ဦးထွန်းရ. . ဒီအချိန်ကောက်စိုက်နေတော့ ဘယ်အချိန်ရိတ်ကြသလဲဗျ. . .

'ဝါဆို ဝါခေါင်မှာ ရိတ်တာပေါ့ခင်ဗျာ'

'ဟင်. . အဲဒီအချိန်မှာ ရေမကြီးဘူးလား. . . '

'ကြီးပြီလား ဆရာ. . လှေနဲ့ သွားရိတ်ရတယ်'

'အို စပါးပင်တွေ ရေမနစ်ဖူးလား'

'မနစ်တဲ့ အမျိုးခင်ဗျ၊ ရေများလေ သူကမြင့်လာလေဘဲ'

နားလည်ပါပြီ။ ကျွန်တော်တို့ မြန်မာပြည် ရေများရာဒေသများတွင် စိုက်ကြသော 'တတောင်ပို'စပါးမျိုး ဖြစ်ပေသည်။

သူတို့ဆီ၌ လယ်ယာစိုက်ပျိုးရသည်မှာ ကျွန်တော်တို့မြန်မာပြည်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ကျွန်တော်တို့ဌာနီမှာ တနွေလုံး ကုန်းခြောက်ခြောက်နှင့်နေ၍ မိုးဦးကျ ရေကလေး ရလာမှ ထွန်ယက်စိုက်ပျိုးရသည်။ သူတို့ဆီကတော့ ဆယ့်နှစ်ရာသီ ရေများနေလျက် တပေါင်း တခူး ရေနည်းသွားသည့် အခါလေးကိုဖမ်းပြီး ထွန်ယက်စိုက်ပျိုးရပေသည်။

မြန်မာပြည်က မိုးကိုကြိုရ၏။ သူတို့ဆီက ရေကျကို စောင့်ရ၏။ ကျွန်တော်တို့ဆီတွင် တာလမ်းနံဘေးတွေမှာ အရိပ်အာဝါသအတွက် ကုက္ကိုပင်တွေ၊ သူတို့ဆီမှာတော့ မန်ကျည်းပင် တွေ၊ ရွက်နုဝေလျက် တက်ခူးချင်စရာ ကောင်းလှသည်။

ရွှေညောင်မြို့ရောက်ရန် မိုင်ဝက်မျှအလိုတွင် ရွှေရန်ပြေစေတီတဲ့။ ဘုန်းကြီးကျောင်းကြီး တခုမှာလည်း အလွန်ရှေးကျသော အနုစိပ်လှသော ပန်းပုလက်ရာတွေနှင့် ဆရာကျော်တို့ ဓါတ်ပုံ ရိုက်ကြသေးသည်။

## ညောင်ရွှေနှင့် ရွှေညောင်

ညောင်ရွှေနှင့် ရွှေညောင်ကို စာဖတ်သူ မြန်မာပြည်သာဖြင့် သတိထားပါလေ။ ညောင်ရွှေ မှာ မြန်မာရာဇဝင်တွင် ပါဝင်ခဲ့၍ ကျွန်တော်တို့နားမှာ ယဉ်နေသဖြင့်။ ရွှေညောင်ဟူသောနာ မည်ကို ထပ်ကြားရသည်တွင် နာမည်ချင်း ဦးနှင့်ပဲ့ငြိနေသောကြောင့် တခုထဲပေလော. . . နားထွေး စရာ ဖြစ်နေသည်။ စင်စစ်ကားတမြို့စီ။ ၇–မိုင်သာသာကလေး ဝေးသည်။

ရွှေညောင်သည် တောင်ကြီးနှင့်ဟဲဟိုးသွား ကားလမ်းပေါ်တွင်ရှိ၍ ခုခေတ်မှာ မီးရထား ဘူတာကြောင့် ထင်ရှားသည်။ ညောင်ရွှေကား ထိုရွှေညောင်မှ ခွဲသွားရသော အင်းလေးသို့ စီးဆင်းသော ချောင်းကမ်းပါးပေါ်တွင် တည်ရှိသည်။ ရှမ်းပြည်စော်ဘွား မြို့တော်ကြီးဖြစ်၍ ရာဇဝင်မှာ ထင်ရှားခဲ့သည်။ ကြီးစွာသော ဟော်နန်းကြီး ရှိသည်၊ နောက်ဆုံး စိုးစံခဲ့သူကား စပ်ရွှေသိုက်။

ညောင်ရွှေမြို့ရှိ ရတနာမာန်အောင် စေတီတော်ကြီးကား၊ ရွှေပြောင်ပြောင် ဘုံအဆင့် ဆင့်နှင့် သပ္ပာယ်လှပါပေစွ။ ဤပုံမျိုးကို မြန်မာပြည်၌ မတွေ့ဘူးသေးချေ။ လေဘက်းလေးတန် တွင် အုတ်နံရံတံတိုင်းကြီး ကာရံထား၏။

နေ့လယ်တနာရီ ၁၅–မိနစ်တွင် ကျွန်တော်တို့သည် အင်းလေးသို့သွားရန် လှေဆိပ်သို့ ရောက်ကြ၏။

သူတို့ဆီက လှေတွေမြင်ရတော့ ကျွန်တော်တို့မျက်စိတွင် ထူးဆန်းပြန်ချေသည်။ မြန်မာပြည်ရှိ ဘယ်အရပ်က လှေနှင့်မှမတူ။ အထူးသဖြင့် ကိုယ်ထည်ပြောင်ပြောင်နှင့် ရှည်လျားသည်။ လှေဝမ်းပိုက်ထဲတွင် အကန့်များလည်းမရှိ။ ဖျာခင်းပြီး ပြေပြစ်စွာထိုင်ရသည်။ ရေစိမ့်မဝင်နိုင်အောင် စပ်ကြောင်းများကို သရိုးကိုင်ထားသည်။ ဤလှေကြီးမျိုးကို ပဲ့ချိတ်စက်တပ်သည်။ ယင်းမော်တော်နှင့် ကျွန်တော်တို့ ခရီးဆက်ခဲ့ကြသည်။

ညောင်ရွှေမှ အင်းထဲထွက်သော ချောင်းမှာ ၁၀–ပေမျှသာကျယ်ရာ၊ ထိုအထဲတွင် ပိတ်စွယ်ပင်များက နှစ်ဖက်ညှပ် ပေါက်နေရုံမက ဗေဒါပင်တွေကလည်း ထူပြောလှသဖြင့် မော်တော်ပင် အတော်ခဲယဉ်းစွာ ထိုးထွက်ရ၏။ အချို့နေရာတွင် လမ်းပျောက်နေ၍ လှေပေါ်မှာ အသင့်ဆောင်ထားရသောထိုးဝါးနှင့် ဗေဒါအုံတွေကို တွန်းဖယ်ရသည်။ ဤနေရာသည် ‘ဘဲအုပ်က တရာနှစ်ရာ ဗေဒါက တပင်ထဲ မဟုတ်။ ‘ဦးဗေဒါ အားမာန်ကောင်း၊ ချောင်းပိတ်ရှော့ ဘဲ’

ယင်းသို့ခက်ခက်ခဲခဲသွားနေရစဉ် မျက်နှာချင်းဆိုင်လာသော လက်လှော်လှေကိုမူ မော်တော်လာတာမြင်လျှင် ချောင်းကျယ်ကျယ်နေရာမှာ ရပ်တန့်၍ နေရသည်။ မော်တော်ချင်းတွေ့လျှင် နှစ်ဦးလုံးက စက်ရပ်ပြီး ဖြည်းညှင်းစွာ ရှောင်ရသည်။

ဤနည်းဖြင့် နှစ်မိုင်ကျော်မျှ ခရီးသွားရပြီး၊ နောက်ဆုံးကွင်းပြင်ကျယ်ကြီးထဲ ရောက်မှ မော်တော်ကို စက်ကုန်ဖွင့်ရလေတော့၏။

ဒီအခါကျတော့ဖြင့် တယ်စီးလို့ ကောင်းလှသဗျာ. . .။

ရေရောင်မှာ စိမ်းရာကပြာ၊ ပြာရာမှ ရင့်မောင်းလာလေသည့်တွင် အင်းထဲ တမိုင်ခရီးမျှ ရောက်လေသော်. . ပကတိ ပင်လယ်အတိုင်း ဖြစ်သွားလေ၏။

ရေရောင်ချင်း တူဘိလည်း၊ ပင်လယ်ကဲ့သို့ လှိုင်းလှေလုံးဝမရှိ။ လက်နှင့်ခပ်ယူသော် ပကတိစိမ်းပြာပြာ အခဲကြီးများပါလာမည်ထင်ရ၏။ တကယ်ကြည့်တော့ လက်ထဲတွင် ဘာရောင်မျှမရှိ။

ဤအင်းကြီးသည် အရှေ့နှင့်အနောက် တောင်ရိုးနှစ်ခုကြား၌ ဒယ်အိုးကြီးသဖွယ် တည်ရှိနေလေရာ၊ အနံ ၇မိုင်၊ အလျား ၁၄–မိုင်၊ ရှည်သတည်း။

## သံသရာကြီးနှင့် ဘဝတကဏ္ဍ

ကျွန်တော်သည် ၁၉၅၅ ခုနှစ်၊ နွေရာသီကမောင်းမကန် ပင်လယ်ကမ်းခြေသို့ ရောက်ခဲ့သည်။

မောင်းမကန်ကမ်းခြေသည် ဒီရေအတက်အကျ လှိုင်းဂီတဖြင့် အဆုံးသတ်မရှိသော ပင်လယ်ရေပြင်ကို ကြည့်၍ ရှုမောရသည်။

အင်းလေးသည် နယ်နိမိတ် သတ်မှတ်ထားသော ရေ၊ မြေ၊ တောတောင်ကို ကြည့်၍ ကြည်နူးရ၏။

ပင်လယ်ရှုမျှော်ခင်းသည် အဆုံးကိုမခန့်မှန်းနိုင်သော သံသရာကြီးနှင့်တူ၍ အင်းလေးကန်သည် မိမိ၏ ပစ္စက္ခဘဝ တကဏ္ဍနှင့်တူပါသည်။

'အင်းလယ်သို့ရောက်၍ ရေထဲ ဆောက်လုပ်ထားသော ဗိုလ်တဲကိုမြင်ရသော်၊ ကျွန်တော်တို့အား ဦးထွန်းရက ပထမ၌ ဤဗိုလ်တဲတွင် တည်းစေမည်၊ ကြုံပြီးခါမှ ထိုစဉ်က ပါလီမန်ရွေးကောက်ပွဲနီးနေ၍ ဖ–ဆ–ပ–လမှ နိုင်ငံရေးပုဂ္ဂိုလ်များ၊ မဲဆွယ်တရားဟောရန် လာကြမည်ဖြစ်သောကြောင့် ကျွန်တော်တို့ကို အင်းပေါ်ခုံရွာသို့ ခေါ်သွားရသည်ဆိုသော ပြောင်းလဲချက်ကို လွန်စွာမှဝမ်းသာရပါတော့၏။ အကြောင်းမှာ ဤဗိုလ်တဲသည် လူနေအိမ်ခြေနှင့်မနီး၊ ရေလယ် တွင်ထီးထီးကြီးရှိနေသသောကြောင့် ကျွန်တော်တို့အား အကျယ်ချုပ်နှင့် ထောင်ချထားသကဲ့သို့ သာရှိချေသည်။ ကံကောင်းပေစွ။ မိမိလိုချင်တာခိုင်းစေရန် ဗိုလ်တဲစောင့်သာရှိသတဲ့။

ထိုရေလယ်ခေါင်မှ လွန်မြောက်လေသော်၊ ရွာနေအိမ်ခြေများကို မြင်ရ၍၊ ဦးထွန်းရက ရွာနာမည်များကို ပြောပြသည်၌ ဒိုင်ယာရီဆရာဦးကျော်က ဘာလုပ်ဖို့ရယ်မသိ တကုပ်ကုပ်နှင့် ရေးဘိ၏။ ကျွန်တော်တို့ကတော့ ပေါက်တတ်ကရစကားသွေးကြ၏။

## ကလေးခြေ ချူဆွဲသတဲ့

'ဟော့. . . မောင်ဆွေ၊ မင်းဟိုရောင်ရင်တော့ ခြေထောက်ချူဆွဲထားရလိမ့်မနော်. . . '

အကြောင်းမှာ အင်းလေးကန်ရေထဲ၌ ဆောက်လုပ်နေထိုင်ကြသော အိမ်တို့၌ ဆော့တတ်သောကလေးအရွယ်များကို ခြေထောက်၌ ချူကုံဆွဲထားသည်။ မိဘတို့သည် ချူသံကို ကြားနေ ပါက

ကလေးအိမ်ပေါ်၌ ကောင်းစွာရှိနေကြောင်းသိရ၍ ချုသံပျောက်သွားပါက အိမ်အောက်ကျသွားပြီဖြစ်သဖြင့် ကြည်လင်သော ရေထဲ၌ ကလေးကိုမြင်ရလျက် လွယ်ကူစွာ လိုက်၍ဆယ်ယူရသည်။ သို့နှင့် သူတို့ဆီက ကလေးများသည် မကြာမီရေကူးတတ်ကုန်၏။ ဒါကျွန်တော့်မိန်းမရဲ့အပြောခင်ဗျ၊ ထိုအကြောင်းကို ပြောပြ၍ သူတို့အား ကျွန်တော်က နောက်ခြင်းဖြစ်ရာ၊ မောင်ဆွေက. . .

'ဦးလေးရ ကျွန်တော်က ငယ်ပေမယ့်လို့ မဆော့ဘူးခင်ဗျ၊ ဟောဒီဦးလေး ကိုဖေသိန်း သာကြီးကောင်ကြီးမားနဲ့ သိပ်ဆော့တာ၊ သူ့ခြေထောက်ကို ချုကြီးကြီး ဆွဲပေးရမယ်'

'အေး. . ငါ့ခြေထောက် ချုကြီးကြီး ဆွဲပေးရမယ်ဆိုရင် ငါ့ထက်ကြီးတဲ့မင်းအဖေခြေထောက်တော့ ခလောက်ဆွဲပေးရမှာဘဲ'

ကိုဖေသိန်းက ပြန်အုပ်သည်၌ မောင်ဆွေက မထောင်းတာသော်လည်း သူ့မွေးသဖခင်က ဒိုင်ယာရီရေးနေရာမှ. . .

'ကျုပ်ကိုမထည့်ကြနဲ့လေ၊ ကိုရင်တို့ဟာ ကိုရင်တို့ချင်းပြောကြ'

ထိုအခါ အင်းလေးအကြောင်း ကြားဘူးထားသည်များထဲမှ နောက်တခုသတိရ၍. . .

'ဟော့. . . မောင်ဆွေရ၊ ဒို့က ကိုဖေသိန်းကိုတော့ 'အယ်ပုံတာတေလုပ်သလို လုပ်ရမယ်ကွ'

'ဘယ်လိုလုပ်ရမလဲ၊ ဦးလေးပြော. . .

## အယ်ပုံတာတေ

ရှေးခေတ်က (ယခုတော့မသိ) သူတို့အင်းလေး၌ လူပျိုလှည့်ကြသည်မှာ ညဥ့်အချိန် လူပျိုကအပျို့အိမ်ကို သွားရသည်။ ထိုအခါတွင် လူကြီးမိဘများက ရှောင်ပေးရ၍ အပျိုက လူပျိုကို မပြန်မချင်း ဧည့်ခံစကားပြောရသည်။

တခါသော် မာနကြီးလှသော မိဘနှင့် သမီးပျိုတယောက်ရှိလေရာ၊ ထိုမာနကို ချိုးရန်၊ ရွှတ်တတ်နောက်တတ်သဖြင့် သူတို့အင်းသားစကားဖြင့် 'အယ်ပုံတာတေ' အမည်ရသော လူသည် အခြားအဖော်တယောက်နှင့် ဘုန်းကြီးကျောင်းက တင်ပျဉ်ဆင်းတုတော်ကို လုံခြုံအောင် စောင်နှင့် ပတ်၍ လူသုံးယောက်လာကြသည့်ဟန် အလယ်မှ မ,ယူပြီး လှေပေါ်မှ အိမ်ပေါ်သို့ တင်ကြ၏။

အပျိုရှေ့ရောက်သောအခါလည်း သူတို့သုံးယောက် ထိုင်ကြသည့် သဏ္ဍာန်ထိုင်ကြပြီး ခေတ္တအကြာ၌ လူနှစ်ယောက်က 'ကျွန်တော်တို့ ပြန်ပါအုံးမယ်၊ ခင်ဗျားကို လူပျိုလှည့်ရအောင် လာသူကတော့ ဟောဒီကိုလူချောပါဘဲ'ဟု အပျိုကိုပြောပြီး ဆင်းတုတော်ကို ထား၍ ပြန်သွားကြ ၏။

မာနကြီးလှသော အပျိုကလည်းစကားမစ။

ဒီလို အေးချမ်းသော ရာသီမှာ လူတိုင်းပင် တကိုယ်လုံး စောင်ခြုံလေ့ရှိကြသဖြင့် ဆင်းတုတော်မှန်းလည်းမသိ။

တစ–တစနှင့် ညဥ့်နက်လာလေသော်၊ အပျိုလည်း အိပ်ချင်လာပြီဖြစ်၍ နောက်ဆုံး၌ သည်းမခံနိုင်တော့ဘဲ. . .

'ရှင်. . . ဘယ့်နှယ်ဟာလဲ၊ ငုတ်တုတ်ကြီး ထိုင်နေလို့ပြီးရောလား၊ ပြောစရာရှိ ပြောပြီး ပြန်လေ၊ သန်းခေါင် ကျော်ပြီတော့'

ရှေ့မှငုတ်တုပ်မလှုပ်။

သည်လိုနှင့် ကြာလတ်သော်၊ မရွှေချောက မခံမရပ်နိုင်အောင် ဒေါသထွက်ကာ သူ့မိဘများကိုခေါ်၍ တိုင်တော့သည်။

'ဟော. . ဒီမှာ လာပြီး ကြည့်လုပ်ကြပါအုံး၊ လူရှေ့မှာ အရုပ်ကြီးလို ငုတ်တုတ်ကြီး ထိုင်နေပြီ။ ဘာတခွန်းမှလဲ မပြောဘဲနဲ့၊ ပြန်ချိန်တန်လို့လဲ မပြန်ဘူး၊ ဘယ်လိုလူစားလဲ မသိဘူး'

ထိုသရောအခါ မာနရှင် မိဘနှစ်ပါးသည် အူယားဖားယား ရောက်လာကြပြီး၊ ''ဟဲ့ မောင်ရင် လွန်လှချည့်လား၊ မင်းဘယ်သူ့သားလဲ'ဟု လည်ဂုတ်ကို ညှစ်၍ စောင်ခြုံကို လှစ်လိုက်လေသော်. . .

ရှင်တော်မြတ်ဘုရား၏ ရုပ်ပွားတော် ဆင်းတုမုနိအရှင်ကို ဖူးမြင်ရလေကား၊ တုန်လှုပ်ချောက်ချားစွာ။ ရှိခိုးကန်တော့ကြပြီးနောက်၊ ရှက်ဖွယ်ကိစ္စ လူသူလေးပါး မသိရလေအောင် ချက်ချင်းပင် လှေနှင့် တင်၍ရွာထိပ်ကျောင်းသို့ ပြန်ပို့ရလေ၏။

သို့သော်. . လှေလှော်သွားစဉ် တခုသောနေရာမှ. . .

'ဖျို့ဆရာကြီး သမက်လောင်း ကျောင်းပို့သလား. . 'ဟူသော အယ်ပုံတာတေ၏ အော်ဟစ်သံကို ကြားရသည်ဟူသတတ်။ ပြောစမှတ် စကားပေတည်း။

ဤအကြောင်းကို အခြေခံ၍ ကျွန်တော်က နောက်ခြင်းဖြစ်ရကား

'ဒီလိုလေကွာ. . . မောင်ဆွေရ၊ မင်းနဲ့ငါက ကိုဖေသိန်းကို ဆင်းတုတော်လို စောင်နဲ့လုံအောင် ပတ်ပြီး၊ အလယ်ကညုပ်ခေါ်သွားမယ်၊ အပျို့အိမ်ပေါ်ရောက်တော့ ဒို့၃–ယောက်ထိုင်ကြ ပြီးဟိုအတိုင်းဘဲ ကိုဖေသိန်းကို ရှေ့ထားပြီး ဒို့ကပြန်သွားမယ်၊ အဲဒီအခါမှ ကိုဖေသိန်းက ဘာမှ မပြောဘဲ ငုတ်တုတ်ကြီး မလှုပ်ဖဲနေ၊ ဒီတော့ ခုနအင်းလေးပုံပြင် အယ်ပုံတာတေအကြောင်း ကြားဘူးနေတဲ့ အပျိုဟာ ကိုဖေသိန်းကို ဆင်းတုတော်မှတ်ပြီး သူ့မိဘတွေကိုခေါ်မယ်၊ ဒီတော့ မိဘတွေကလဲ (အင်း. . . ခေတ်သစ်အယ်ပုံတာတေတော့ ဒို့အိမ်လာပွေသွားပြီ)ဆိုပြီး ပြန်ပို့ဘို့ ဘယ်ကျောင်းက ဆင်းတုတော်လဲ သိရအောင် စောင်ခြုံဖွင့် အကြည့်မှာ. . .'

'အဟား. . ဟား. . ဟား. . 'မောင်ဆွေသဘာတွေ့သွားကာ. .

'ဦးလေး မျက်နှာကြောင် တလုလုလေးလဲမြင်ရော၊ သားအမိသားအဖေတွေ ဝိုင်းပြီး ဘယ်လိုလုပ်ကြမလဲ မသိဘူးနော်. . '

'သူ့သဘောကျပြီး သမီးနဲ့ပေးစားချင် ပေးစားလိုက်မှာကွ'

'အာ. . . ဟုတ်တယ်၊ ဦးလေး ဖေသိန်းလုပ်ပါလားဗျ၊ လူပျိုကြီးဘဝက စွံသွားအောင်'

ပြုံးစေ့စေ့နှင့်နားထောင်နေသော ကိုဖေသိန်းက. . .

'မင်းတို့အကြံမဆိုးပါဘူးကွာ. . . ဒါပေမယ့် မင်းအဖေကမှ ကျောင်းဆင်းတုနဲ့ တူတာက အခု ထိုင်နေပုံကြည့်လေ. . .'

ဤတွင် လှေဝမ်းအလယ်၌ အသားဖြူဖြူ၊ နဖူးပြောင်ပြောင်နှင့် (ပြောမယ်ဆိုလဲ ပြောစရာ) တင်ပျဉ်ခွေထိုင်နေသော ဆရာကျော်ကို သွားထိပြန်ကာ. . .

'ကိုရင်တို့ဟာ ကိုရင်တို့ပြောကြတာ ကျုပ်ဆွဲမထည့်ကြနဲ့ဆို'

ယင်း၌ သူ့သားတော်မောင်က သူ့အဖေကို စေ့စေ့ကြည့်ပြီး'

'ဟုတ်တယ် ဟုတ်တယ်၊ ဦးလေးဖေသိန်းပြောတာ၊ ဖေဖေက ကျောင်းဆင်းတုနဲ့ တူတယ်'

'တယ်. . . ဒီကောင်လေး. . ပြောရမယ့် မပြောရမယ့် စကားမှန်းမသိ၊ လူကြီး မရှိမသေနဲ့'

ဆရာကျော်က သားကိုဆုံးမစကားပြောရာ

'ဟာ. . . ဖေဖေကလဲ၊ ကျောက်ဆင်းတုနဲ့ တူတယ်ပြောတာ မရှိသေးရာရောက်မှာလာဗျာ'ဟု မောင်ဆွေကစောဒက တက်သည် ကျွန်တော်က. . 'ဟုတ်သားဘဲဗျာ၊ ကျောက်ဆင်းတုကိုဘဲ လူတွေရှိခိုးဦးခိုက် ပြုနေကြတာဘဲ'

'တော်. . . တော်. . ကိုရင်ကြဲစည်တဲ့ ကိစ္စကိုရင်ထဲ ဆင်းတုတော်လုပ်'

ဤတွင် ကိုဖေသိန်းက. .

'ဟာ. . ကိုဆွေနဲ့တော့ မဖြစ်တော့ဘူးဗျ၊ သူ့ပါးစပ်က ညဘက်ဆို အရက်နံ့တထောင်း ထောင်း ထွက်နေတာဘဲ'

'အဲ. . ဟုတ်တယ် ဒီတော့ ဦးကျော်ဘဲလုပ်'

'ကိုရင် ပါးစပ်ပိတ်စမ်း မပြောကောင်းတဲ့ စကားကို သိကြားသာသနာရောက်ရင် ဈေးဦး ပေါက် မိုးကြိုးပစ်ခံရမှာ ကိုရင်ဘဲ'

'အောင်မယ်လေး. . ကျွန်တော့်ပါးစပ်က တွေ့ကရာတွေ ပြောတတ်ပေမယ့် စိတ်ထဲက ဘုရား တရား ကြည်ညိုတယ်ဆိုတာ သိကြားမင်းက သိပြီးသားပါဗျာ'

## အင်းထဲတွင် အိမ်ခြေတည်နေပုံများ

ကျွန်တော်တို့ ခရီးသည်လမ်းတွင် နန်းပန်မြို့ကို ဖြတ်ကျော်ခဲ့ပြီးနောက်၊ ညနေ၃–နာရီခွဲ တွင် အင်းကြီး၏ တောင်ဘက်အစွန်၌ရှိသော အင်းပေါ်ခုံရွာသို့ ရောက်ကြလေ၏။

ထိုအခါကျမှပင် ကျွန်းမျောပေါ်ဆောက်ထားသော အိမ်တို့ကိုမရွေ့ရှားအောင် ဆိုင်းကြိုး နှင့် ထားရလျက် ခရီးသွားလိုလျှင်တအိမ်လုံး ရွက်လွှင့်သွားကြလိမ့်မည်ဟူသော ကျွန်တော် မဟာဗမာ၏ အတွေးပြဿနာကြီး ရှင်းလင်း သွားပေတော့၏။

ကျွန်းမျောဆိုသည်မှာ ထူထပ်သိပ်သည်းလှသော ဗေဒါပြင်မှ အစပြုမည်ဖြစ်၏။ ထိုဗေဒါ ပြင်ပေါ်ကို လေနှင့်မိုးနှင့် ဒိုက်သရောတို့တင်မည်။ ထိုဒိုက်သရောတို့သည် ပုပ်၍ ပေါင်းစည်း

သောအခါ မြေသြဇာဖြစ်ကာ မြက်ပင်များပေါက်မည်။ ယင်းသို့လျှင် ကာလကြာသောအခါ၌ ရေပေါ်၌ပေါ်လာသော ကျွန်းမျောများ ဖြစ်လာလိမ့်မည်တည်း။

ထိုကျွန်းမျောများပေါ်၌ အိမ်တွေတည်ဆောက်ကြသည်ဆိုသည်မှာ ဟိုရှေ့ခေတ်သမယ အင်းလေးတွင် လူနေတည်စက တံငါ အိမ်ကလေးများသာ ဖြစ်ပေမည်။

ယခုခေတ် တိုးတက်ကြီးပွားနေသော အင်းလေးရွာများရှိ အိမ်ကြီး အိမ်ကောင်းတို့မူ ရေအောက်မြေတွင် တိုင်စိုက်၍ ဆောက်ထားကြသည်သာ ဖြစ်ကုန်၏။ အချို့လည်း ရေတိမ်ရာ တွင် မြေကိုဖို့ယူ၍ ကျွန်းပြုကာ ကုန်းပေါ်တွင် ဆောက်ကြ၏။

ခုအချိန်လည်း ကျွန်းမျောပေါ်တွင် အိမ်မဆောက် မဟုတ်ပါ။ သို့သော် သေးငယ်သော တဲကလေးများသာတည်း။ အချို့သည် ကျွန်းမျောပေါ်တွင် မြေကြီးတင်၍ ကုန်းပြုကာ အသီး အပင်စိုက်ရန် အသုံးချ၏။ ဥယျာဉ်မြေသတော။

အင်းလေးရှိ ရွာတို့သည် ကုန်းတတန် ရေတတန်နှင့် အင်မတန်ချောင်ကျ၍ မီးရထားလမ်း မော်တော်ကားလမ်း သင်္ဘောလမ်းမှာလည်း မရှိသောကြောင့် သိပ်ပြီး 'တောကျ' လှသည်ထင်ရသည်။ သို့သော်မှားလေစွ။ စီးပွားရေးလုပ်ငန်းကောင်း၍ ကြေးရတက်များရှိသဖြင့် သူတို့အိမ်တွေမှာ ပီယာနို၊ ရေဒီယို ဖရစ်ဂျစ်ဒါနှင့် ပန်ကာနှင့်၊ တရွာလုံး စုဆောက်ထားကြသော လျှပ်စစ်ဓါတ်အားပေးစက်နှင့် အင်ဂျင်မီးများလည်း သီးပွင့်ကြကုန်၏။ အင်းလေးလူချမ်းသာတို့ တွင် သူတို့ဌာနေ ရေပြင်တွင်သုံးရန် ပဲ့ချိတ်မော်တော်၊ ကုန်းလမ်းတွင်သွားရန် မော်တော်ကား များလည်းရှိကြ၍ အင်းဆိပ်ကမ်းမြို့ ဖြစ်သော ညောင်ရွှေမြို့၌ထားကြ၏။

အင်းလေးရှိ ရွာတို့၏လုပ်ငန်းမှာ တံငါလယ်ယာနှင့်ပိုးထည်များ ရက်လုပ်ခြင်းပေတည်း။

မြန်မာပြည်၌ ဝတ်နေကြသော ဘန်ကောက်သည် အင်းလေးမှအများဆုံးထွက်၏။ ဇင်းမယ်အထည်ကား မြန်မာပြည်တွင် အင်းလေးမှတပါး အခြားဒေသတွက မထုတ်လုပ်နိုင်ကြ ကုန်။

မရက်လုပ်နိုင်သည်မှာ အရောင်ဆိုးအကွက်ဖော်ပုံကလည်းခက်၊ လက်လည်း ဝင်လှသော ကြောင့်ဖြစ်၏။ ဘန်ကောက်နှစ်ထည်ပြီးချိန်မှာ ဇင်းမယ်တထည်သာရ၏။

ထိုနည်းကိုယူ၍ အခြားဒေသတွင် လုပ်မဖြစ်မဟုတ်ပါ။ ဖြစ်ပါ၏။ သို့သော် လက်ခ,ချင်း ကွာလှ၍ အင်းလေးထွက်နှင့် ယှဉ်၍ပြိုင်ပြီးရောင်းနိုင်မည်မဟုတ်ပါ။

## ဘာကြောင့် လက်ခချင်း ကွာရပါသနည်း

တခါက အင်းလေးမှ ထိုပညာတတ်သူ ယက္ကန်းသည်များကိုခေါ်ကာ ရန်ကုန်တွင် ဇင်းမယ် ဘန်ကောက်ယက္ကန်းထောင်ရန် ကြံစည်ဘူးကြ၏။ သို့သော်အင်းလေးသူများသည် ရန်ကုန်ရောက်သောအခါ၌ ရက်ခန္ဓန်းကို သူတို့ရွာက စျေးနှင့်မလုပ်နိုင်တော့ချေ။

အကြောင်းမှာ လူနေမှုစရိတ်က ကွာခြားလှသောကြောင့်ဖြစ်၏။ ထို့အတွက် မန္တလေး ကလည်း မရက်နိုင်ခြင်းဖြစ်၏။

အင်းလေးသူ အင်းလေးသားတို့မှာ ရေထဲတွင်နေကြ၍ များစွာမှ လူနေမှုစရိတ် အကုန် အကျ သက်သာလှ၏။ ပြဇာတ် ရုပ်ရှင်များကြည့်ရန်လည်းမရှိ။ ညစျေးတန်းထွက်ပြီး ဒန်ပေါက် ခေါက်ဆွဲစားရန်လည်း နတ္တိ၊ ၅–ရက်တကြိမ် ရှိသောနန်းပန်စျေးသို့ ကိုယ့်လေနှင့်ကိုယ် သွားချင် မှသွားပြီး လိုချင်တာကို ဝယ်ပါဘိ၏။

အလုပ်သမားများသည် မြို့အရပ်ဒေသများမှာလို အဝတ်အစားကို ဟန်ကျပန်ကျ ဆင်ယင်ပြီး လမ်းစရိတ် အကုန်အကျခံကာ အလုပ်ရှိရာသို့သွားရန်မလို။ ကိုယ့်အိမ်ပေါ်မှာပင် ကိုယ့်ယက္ကန်းစင် ကရှိနေ၏။ သို့မဟုတ် ဟိုနားဒီနားက ယက္ကန်းရုံများကို ထမီရင်လျားနှင့်ဘဲ လေနှင့်သွားလိုက်ရုံပေ့ါ။

အင်းလေးတွင် ယောက်ျားရော၊ မိန်းမပါ ယက္ကန်းရက်ကြသည်။ သူတို့၏ အသက်မွေးမှု ပညာနှင့် လုပ်ငန်းသည် အိမ်ပေါ်မှာဘဲရှိနေ၏။

ကျွန်တော်တို့ တည်းခိုခဲ့သော အင်းပေါခုံရွာသည် အင်းလေးနယ်တွင် ဘန်ကောက်နှင့် ဇင်းမယ် အများဆုံးရက်သော ရွာကြီးဖြစ်၏။ တရွာလုံး၏ လုပ်ငန်းသည် ယက္ကန်း။ လူချမ်းသာ တွေလည်း များလှ၏။

လှေတစင်းနှင့် ကျွန်တော်တို့သည် ရွာထဲကိုလျှောက်လည်သောအခါ၊ အိမ်၏တံတားစွန်း ပေါ်တွင် ပိုးမျှင်များ ရေဆေးနေသည်ကိုမြင်ရသည်။ လက်ခတ်သံ စီစီညံနေသည်။ တချို့ တအိမ် တစင်သို့မဟုတ် သီးသန့်ဆောက်ထားသော ယက္ကန်းရုံကြီးများ စင်ပြိုင်ခတ်ကြသည်။ ဤကား. . . ယင်း ၁၉၅၆–ခုနှစ်က တွေ့ခဲ့ရသော မြင်ကွင်း။

## မတ်တတ်ရပ် လေ့ခတ်သည်။

ကျွန်တော်တို့သည် လှေပေါ်တွင်ထိုင်၍ လက်ဖြင့်သာ လှော်တတ်သည်။ သူတို့ဆီက လူများကား၊ မတ်တတ်ရပ်ကာ လက်တဖက်နှင့် တက်ကိုကိုင်ပြီး ပေါင်ကြားသွင်းကာ ခြေခုံနှင့် ကလတ်၍ ခတ်သည်။

ကောင်း၏။ လှော်အားလည်းရှိ၏။ တကိုယ်လုံးလည်း လှုပ်ရှားမှုရ၏။ ဤနည်းမျှ မပြုရ သော် အင်းလေးသူ၊ အင်းလေးသားတို့မှာ လမ်းလျှောက်ရန် မြေကြီးမရှိသဖြင့် အောက်ပိုင်းသိမ် မကုန်လော၊ သူ့ဒေသနှင့်သူ့ဓလေ့သည် လျော်ကန်သင့်မြတ်သည်သာတည်း။

## အင်းသားနှင့်ဆေးခါး

ဒီလိုအင်းအိုင်ဒေသ စိမ့်စမ်းရှိရာဌာနတွင် ငှက်ဖျားရောဂါရရှိပေမည်။ အနောက်နိုင်ငံ ဆေးပညာရှင်တို့ ဖော်စပ်သော ငှက်ဖျားရောဂါ ကာကွယ်သည့် ကွီနိုင်သည် ခါးလှ၏။ ထို့အတူ အနောက်နိုင်ငံဆေးတွေ မြန်မာများ မကြားဘူးခင်က အင်းသားတွေစားနေသော ဆေးခါးမှာ လည်း ခါးလှ၏။ သို့သော်ဟင်းထဲထည့်ချက်စားသည်ဖြစ်၍ လေးပင်သောအရသာဖြစ်လာ၏။

အင်းသားတို့မှာ အကျင့်ပါနေ၍ ဆေးခါးမပါလျှင် စားမဖြစ်။ ကျွန်တော်တို့မစားဘူးသူ ပင်လျှင် ခွေးတောက်၊ တမာ၊ ကြက်ဟင်းခါးသီးမျိုး ကြိုက်နှစ်သက်သူဖြစ်လျှင် ဆေးခါးကို ခံတွင်း တွေ့သွားတတ်ပါသည်။

ဆေးခါးသည် သူတို့အင်းထဲတွင် ရှိသော 'ဆေးခါးပင်'ကို အခြောက်လှန်းပြီး ဆီးဖြူသီး ဖန်ခါးသီးတို့နှင့် အမှုန့်ထောင်းထားခြင်းဖြစ်သည်။ ထိုအမှုန့်ကို လျှာနှင့်တို့ကြည့်လျှင် တွန့်တက် သွားအောင် ခါးလှ၍ ဟင်းတအိုးလက်သည်းတကော်စာမျှခတ်ရ၏။

သူ့အရသာမှာ ပထမချိုသွားပြီး ဒုတိယခါး၍ တတိယပြန်ချိုခြင်းဖြင့် အဆုံးသတ်သွား၏။

## ဖောင်တော်ဦးဘုရား

ကျွန်တော်တို့ရောက်ပြီး နောက်တနေ့၌ ဈေးနေ့ကြုံသဖြင့် နန်းပန်ဈေးသို့ သွားကြပြီး နောက် နေ့လယ်ပိုင်းတွင် အင်းလေးရှိထင်ရှားသော ရွာကြီးများကို မော်တော်နှင့်လည်ပတ်ကြ သည်။

အင်းလေးဌာနီတွင် အထူးသဖြင့် အံ့သြချီးကျူးရသည်မှာ သူတို့ဆီတွင် ကျွန်တော်တို့မြန်မာပြည် မျက်စိဖြင့် ကြည့်သော်ရွာနှင့်မလိုက်အောင် ဘုန်းတော်ကြီးကျောင်းနှင့် စေတီပုထိုး များ ကြီးကျယ်ခမ်းနားလှခြင်းပင်ဖြစ်သည်။

'တပဲရလို့ နှစ်ပြားလှူ၊ ငါတို့လူမျိုး တုနိုင်ရိုးလား'ဆိုသည့် သရုပ်ကိုပေါ်ပေသည်။

ရှေးကျသော စေတီဂူပုထိုးများ၌ရှိသော ပန်းချီပန်းပုတို့သည် ပုဂံခေတ်က လက်ရာမျိုးဖြစ်ကြောင်း အလောင်းစည်သူ (မဏိစည်သူ) မင်းလက်ထက်က ဤဌာနီ စတည်ခဲ့သည်ဟု အဆိုပြုကြသည်။

ထို့အပြင် အလောင်းစည်သူမင်း တည်ထားကိုးကွယ်ခဲ့သည်ဆိုသော ဖောင်တော်ဦး ဘုရား။

'ဖောင်တော်ဦးဘုရား'ဆိုရာ၌ စေတီကြီးတဆူမဟုတ်။ ရုပ်ပွားတော်ငယ် ၅–ဆူ၊ တင်ပလ္လင်ခွေကိုယ်တော်များဖြစ်ကြ၏။ သို့သော်ရှေးခေတ်အဆက်ဆက်က ချခဲ့သော ရွှေများ ထူပြောလှ၍ မူရင်းပုံတော်ကို မဖူးမြင်ရတော့ပေ၊ ကောက်ရိုးမှုအင်ုံလို လုံးတုံးတုံးဖြစ်နေတော့၏။

ကျွန်တော်တို့ရောက်သွားချိန်၌ ထိုရုပ်ပွားတော်များ သီတင်းသုံးရန် ကျွန်းကြီးတခုပေါ်မှာ ကြီးကျယ်ခမ်းနားသော ဂန္ဓကုဋီကျောင်းတော်ကြီးကို တည်ဆောက်နေသည်။ တပိုင်းတစမြင်ရရုံ နှင့် အင်းလေးပိသုကာတို့ လက်စွမ်းကို သိသာပေ၏။

ဤဖောင်တော်ဦး ရုပ်ပွားတော်များမှာ သီတင်းကျွတ်ပွဲတော်အချိန်တွင် အင်းလေးရှိ ရွာများသို့ အဖူးအမျှော်ခံရန် ဒေသစာရီကြွချီသည်မှတပါး၊ အခြားအချိန်များတွင် မူလနေရာမှ ပင့်၍မရဟု အဆိုရှိခဲ့သည်။

## တန်ခိုးတော်

တခါသော် အာဏာတော် အစွမ်းပြလိုသော စော်ဘွားတဦးသည် လူထုဆန္ဒဆန့်ကျင်၍ ပွဲတော်ခါမဟုတ်ပါဘဲလျက် ရုပ်ပွားတော်များကို ဖောင်နှင့်ပင့်ချီလေရာ အင်းလယ်တွင် လေကြီး မိုးကြီးကျပြီး ဖောင်မှောက်၍ ရုပ်ပွားတော်များ ရေသို့ခကုန်၏။

စော်ဘွားသည် မိမိအမှားကို ရှိခိုးအသနားတော်ခံပြီး ရုပ်ပွားတော်များကို ပိုက်နှင့်တိုက်၍ ဆယ်ရာ လေးဆူသာရပြီး၊ တဆူသောကိုယ်တော်ကား၊ သူ့အလိုအလျောက် မူလကျောင်းတော် သို့ရောက်နေသော ဟူ၏။

ထိုကိုယ်တော်မှာ ကျောင်းစောင့်ကိုယ်တော်ဟူ၍ သီတင်းကျွတ်ပွဲတော်ခါ ဒေသစာရီ ကြွချီတော်မူရာမှာ အခြားသောလေးဆူသာ ပင့်ရ၍ ဤကိုယ်တော်ကိုမူ အမြဲတမ်း ကျောင်းဆောင်မှာ ထားခဲ့ရသည်ဆို၏။

## အထူးဧည့်သည်တော်

ဦးကျော်အား ကျွန်တော်သည်အစက 'ဧည့်မြောင်'ဟုဆိုခဲ့၏။ သို့သော် အင်းလေး ရောက်သောအခါ၌ သူသည်အထူးဧည့်သည်တော် ဖြစ်သွားလေ၏။ အကြောင်းမှာ ကျွန်တော် သည် ဦးထွန်းရအားကိုသောင်းစိန် ရေးပေးလိုက်သောစာနှင့် ဦးချစ်ဖေမှတဆင့် သိကျွမ်းရသည်။ ဦးကျော်ကား ရှေးယခင် စစ်ကြီးမဖြစ်မီကာလကပင် မိတ်ဆွေဖြစ်ခဲ့ကြ၏။ အသို့ဟူမူ ဦးကျော် သည် ဟိုယခင်ခေတ်က ရန်ကုန်မြို့စကော့ဈေးမှာ နာမည်ကြီး မြပိုးထည်တိုက်တွင် ကြီးမှူးသူ တယောက်ဖဲ။ ဦးထွန်းရတို့ အင်းသားများနှင့် ပိုးထည်များအရောင်းအဝယ် အဆက်အသွယ်ရှိခဲ့ သည်။

ဦးကျော်သည် ဦးထွန်းရထက် ကြီးသူဖြစ်၍ အင်းလေးရောက်သွားသောအခါ ဦးထွန်းရ၏ ဦးရီးတော်များနှင့် တွေ့ရသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေကြသော မိတ်ဆွေဟောင်းတွေ မမြော်လင့်ဘဲ ဆုံစည်းကြသဖြင့် လွန်စွာလှိုက်လှိုက်လှဲလှဲ ရှိကြသည်။ ထိုအခါမှာ ကျွန်တော်တို့ သည် ဦးကျော်၏ ဧည့်မြောင်များဖြစ်သွားကြလျက် ထိုအရပ်ရှိ ဦးကျော်၏မိတ်ဆွ လူချမ်းသာကြီး များ အိမ်တို့တွင် ဆင်ဖြူတော်မှီ ကြံစုတ်ရသည်မှာ လွန်စွာချိုမြိန်လှပေ၏။

အင်းလေးဌာနေ၊ ဝနေကျလိမ့်မည် အောက်မေ့ခဲ့သော အရပ်မှာစီးကရက်မှာ နိုင်ငံခြား ဖြစ် အကောင်းစား ၅–သုံးလုံးတွေ။ ခမ်းနားသော အိမ်ထောင်ပရိဘောဂနှင့် ပီယာနို၊ ရေခဲသေတ္တာ တို့ပင်ရှိသည်။ အိမ်ကြီးတအိမ်မှာ ကျွန်တော်တို့ လင်မယားအား အခန်းတခန်းနှင့် သီးသန့် အိပ်ရာပေးသည်တွင် ထိုအခန်း၊ ထိုကုတင်၊ ထိုမွေ့ရာမျိုးကို ကျွန်တော်တို့သည် ယခင် ကလည်းမရှိခဲ့ဘူး၊ နောက်လည်းရဘို့ကို မြော်လင့်ရန် ခဲယဉ်းလှပါတော့၏။

အင်းလေးတွင် ကျွန်တော်တို့လူသိုက်သည် ပျော်ရွှင်လှစွာ နှစ်ညအိပ်မျှ နေထိုင်လည်ပတ် ကြပြီး၊ ထိုခရီးကို နှစ်သိမ့်ကျေနပ်အားရစွာ တောင်ကြီးသို့ ပြန်ခဲ့ကြပါတော့၏။

တတိယတွဲ ဤမှာပင်ရပ်၍ စတုတ္ထတွဲကို ဆက်လက်ဖတ်ရှုပါခင်ဗျား . . .

သော်တာဆွေ

## အခန်း ( ၅ )

ဘဝရှိကား ဒုက္ခ ရှိရမည်။ သုခကော မရှိဘူးတဲ့လား။ ရှိပါသည်။ သို့သော် သုခ ဆိုသည်ကား ဘဝ ဒုက္ခထဲတွင် ခေတ္တမျှပေါ်လာတတ်သော နားနေရာ စခန်းကလေးများသာတည်း – ဟုဆိုခဲ့သည်နှင့်အညီ၊ ထိုစဉ်က ကျွန်တော်တို့လူသိုက် တောင်ကြီးမြို့သို့ သွားရောက်နေထိုင် လည်ပတ်ခဲ့ကြခြင်းသည် ဘဝ ဒုက္ခထဲမှ ခေတ္တမျှပေါ်လာသော သုခ စခန်းလေးတခုပေတည်း။ လုပ်ငန်းတာဝန်ဘာမျှမရှိ။ ပူပင် ကြောင့်ကြစရာ နတ္ထိ။ စားကောင်း၊ နေကောင်း၊ ပျော်ရွှင်ခြင်း အပြည့်နှင့်။

ဤအကြောင်းကို ယမန်နေ့ကပင် ရှုမဝတိုက်၌ ကျွန်တော်တို့လူသိုက် ပြန်ပြောင်းပြောဆို တသနေခဲ့ကြသေးသည်။ ပြန်မရနိုင်တော့သော 'လောက နိဗ္ဗာန်လေး' ဟု မှတ်ချက်ချကြသည်။ ဆယ့်ရှစ်နှစ်ဆိုသော ကာလကြီးက ကွာခြားပစ်ခဲ့ကြလေပြီ။ ထိုစဉ်က ကိုဖေသိန်း၊ မောင်ဆွေတင့်၊ မောင်လှထွန်းတို့မှာ လူပျိုများ၊ ယခုကား အိမ်ထောင်ကျကြ၍ ဘဝရေယဉ်ကြော မျောနေကြပြီး၊ ဆရာတော်ကြီးမူ ရှုမဝ မဂ္ဂဇင်းမှ တဆင့်တက်၍ ရှုမဝရုပ်ရှင် တာဝန်ကြီးနှင့် စိတ်ပန်း လူပန်း၊ မကြာခဏလဲ နာမကျန်း ဖြစ်တယ်ခင်ဗျ။

ကဲ. . . . ကျွန်တော်တို့ကကော တဲ့။

### သားသမီးဇောနှင့် အားကြီးမော

ယင်း ၁၉၅၆ ခုနှစ်က ကျွန်တော်တို့ လင်မယား တောင်ကြီးသို့ သွားခဲ့ကြခြင်းမှာ ဦးကျော်တို့လူစုကဲ့သို့ နားနေ အပန်းဖြေရန်သက်သက် မဟုတ်။ နောင် ဆယ့်နှစ်နှစ်မျှကြာလာသောအခါဝယ် ကျွန်တော်က 'သားနှင့်မြေးနှင့် ဖြစ်လာတော့' ဝတ္ထုကိုရေး၍ မြန်မာ့အသံ မှ 'အားကြီးမောတဲ့ သားသမီးဇော' ဟူသော အမည်ဖြင့် ဇာတ်လမ်းပမာ အသံလွှင့်ရန်ကိစ္စကို စတင်ဖန်တီးခြင်းပင် ဖြစ်တော့သည်။

ကျွန်တော့် မူရင်းဝတ္ထုအမည် 'သားနှင့် မြေးနှင့် ဖြစ်လာတော့' ကို အသံလွှင့်ဆရာများက 'အားကြီးမောတဲ့ သားသမီးဇော' ဟု နဘေ ကာရန်နှင့် နာမည်ပြောင်းလိုက်ခြင်းကို ကျွန်တော်အလွန်သဘောကျ၏။ သူတို့ပေးတဲ့ နာမည်သိပ်ကောင်းတာဘဲ၊ ငါ–ဘာလို့ ဒီဝတ္ထုရေးတုန်းက

ဒီနာမည် မစဉ်းစားမိသလဲဟု ကိုယ့်ကိုယ်ကို မေးခွန်းထုတ်တော့ တဖြည်းဖြည်းနှင့် အဖြေထွက်လာ၏။ ဪ. . . . လောက၌ လူတို့သည် ကိုယ့်ဟာ ကိုယ်တော့ ဒုက္ခလို့မထင်။ ဘဝကို မောတယ်၊ ပန်းတယ်လို့ မအောက်မေ့ဘဲကိုး။ နံဘေးက ကြည့်မှသာ အမြင်မှန်ကို ရတတ်ကြပေတာဘဲဟု လောက ဓမ္မတာကို စဉ်းစားမိတော့၏။

အသံလွှင်ရန် စီစဉ်ကြသော ပညာရှိတို့က ကျွန်တော့် အဖြစ်မှန်ကို ရေးထားသော ဤဝတ္ထုကို ဖတ်ကြတော့၊ ကျွန်တော့် ဒုက္ခကို မြင်ကြပါလိမ့်မည်။ ဒါကြောင့် 'အားကြီးမောတဲ့ သားသမီးဇောတဲ့' ဟုတ်လိုက်လေဗျာ။

ထို ၁၉၅၆ ခုနှစ်တုန်းကတော့ သားသမီးဇောနှင့် အားကြီးမောသူမှာ ကျွန်တော် မဟုတ်သေး။ ကျွန်တော့် ဇနီးမေသောလျှင်တည်း။ အကြောင်းမှာ မေနှင့် ကျွန်တော့်နှင့် ညားတော့ မေသည် အသက်နှစ်ဆယ်မျှ ရှိသေးသော်လည်း အပျိုစင် မဟုတ်။ ကလေးနှစ်ယောက် မိခင်။ သူ့လင်ကလဲ ရှိနေဆဲ။

မေသည် လွတ်လွတ်လပ်လပ် မဟုတ်ကြောင်းကို ကျွန်တော်တို့ စာချင်း သမီးရည်းစားဖြစ်နေစဉ်ပင် သိရှိခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း ထိုနည်း၄င်းဘဲမို့၊ ဘာများ အသာ အနာ စဉ်းစားနေစရာ ရှိတော့သနည်း။ ကျွန်တော်တို့မှာ လူချင်းမညားနိုင်ကြသော်လည်း စာချင်း သမီးရည်းစားဖြစ်နေရရင်ဘဲ တော်ပါပြီ ဟူသော တွက်ကိန်းဖြင့် သူ့ဆီက ချစ်သဝဏ်လွှာလေးတွေကို ဖတ်ကာ ကျွန်တော့် ဝတ္ထုတွေထဲမှာ ကျွန်တော်ကလူပျို၊ သူက အပျို။ ရည်းစား၊ နှစ်ပါးသွားနေရသည်ကိုပင် ကျေနပ်နေကြပါသည်။

**Love exists not without hope**. အချစ်သည် မျှော်လင့်ခြင်းမရှိဘဲနှင့် တည်မြဲမနေဟု ဆိုသော်လည်း ထိုစဉ်က ကျွန်တော်တို့ မြော်လင့်ချက်မှာ အိုးအိမ်ထောင် တည်ထောင်ကြရန်မဟုတ်။ လူချင်း ခဏတဖြုတ်လောက်သာ တချိန်ချိန်, တနေရာရာမှာ တွေ့ကြဘို့လောက်သာတည်း။

ယင်းသို့ဖြင့် ဒုတိယပိုင်းအစ အခန်း(၁၉) တွင် ဖော်ပြခဲ့သည့်အတိုင်း၊ ၁၉၅၄ ခုနှစ် ဖွန်လတွင် မေသည် ရန်ကုန်မြို့ ကံပဲ့ဆရာအတတ်သင်တန်းသို့ ကျွန်တော် မျှော်လင့်ဘဲရောက် လာခဲ့တော့သည်။

စာရည်းစားအဖြစ်နှင့် အနှစ်နှစ်အလလကား စိတ်ထဲ ခဲထားကြသည့်အတိုင်း၊ သည်လိုဖြစ်လာလိမ့်မည်မထင်ဘဲနှင့် လူချင်းတွေ့ကြရလေတော့၊ မီးကုန် ယမ်းကုန် ချစ်ကြလေ၍ ကျွန်တော်

တို့နှစ်ယောက် ကြည်နူးမှုကလွဲပြီး အခြားဘာမှ မစဉ်းစားကြတော့ချေ။ သည်တော့ ပတ်ဝန်းကျင် က စကားပြောလာ၏။

ပြောလာပုံက ဤသို့တည်း။

သူတို့ ရှမ်းပြည်မှ အမျိုးသမီးလေးယောက်လာခဲ့ကြရာ၌ ဖော်ပြခဲ့သော ခင်စန်းညွှင့်သာ မေ့ဘက်တော်သားဖြစ်၍ ကျွန်နှစ်ယောက်က တောင်ကြီးမြို့မှ ကိုသောင်းဖေထံသို့ အခိုင်အမာ တိုင်စာရေးလေတော့၏။

သည်အကြောင်းကို ပြန်ပြောင်း၍ စဉ်းစားလိုက်တော့၊ မေနှင့် ကျွန်တော်သည် မမြော်လင့်ကြဘဲ ယခုလို ညားလိုက်ကြခြင်းသည် သူတို့နှစ်ယောက် ဤသို့လုပ်ကိုင်ကြခြင်းက အကြောင်းတရား ဖြစ်နေပေတော့သည်။

အကယ်၍ သူတို့နှစ်ယောက်သည် ဥပေက္ခာပြုထားနိုင်ကြမည် ဆိုပါက ကိုသောင်းဖေနှင့် မေ့ မိသားစု နားသို့ ပေါက်ကြားသွားမည် မဟုတ်သဖြင့် မေနှင့် ကျွန်တော် ရန်ကုန်တွင်ဖြစ်တဲ့ ကိစ္စ ရန်ကုန်၌သာ ပြီးသွားနိုင်ပေမည်။ အကြောင်းမှာ ကျွန်တော်တို့နှစ်ယောက်သည် ဘဝကိုယ်စီမလွတ်လပ်ကြသည်မို့ ယခု တွေ့တုန်းတွေ့ကြခိုက်သာ ကြည်နူးလိုက်ကြ၍ တနှစ်မျှ မကြာသော သူ့စာသင်တန်းပြီးဆုံးသွားသည်၌ လူချင်း လွမ်းဆွေးကြီးစွာ ခွဲလိုက်ကြရုံမှတပါး အခြား အကြောင်းမရှိ။ ယခုတော့ ကိုသောင်းဖေကြီး ဖြုန်းစားနဲ့ရောက်လာတော့ ကျွန်တော်တို့ မှာ ဝုန်းကနဲရင်တဆိုင်ရပေတော့သည်။

နံနက်စောစီးကြီး ကိုသောင်းဖေနှင့် သူ့ညီ ကျွန်တော်အိမ်ရောက်လာတော့ ကျွန်တော် အိပ်ရာက မထသေးပေ။ နော်မာက အိပ်ရာထဲလာနှိုးပြီး ''အိမ်ရှေ့မှာ. . . . တော့် မေ့ရဲ့ယောက်ျား၊ တောင်ကြီးက လိုက်လာသတဲ့တော်'' ဟု ဆောင့်ကြီး, အောင့်ကြီး ပြောလေတော့ ကျွန်တော် ကဗျာကရာ လူးလဲထကာ မျက်နှာမှ မသစ်နိုင်ဘဲ ကျွန်တော် တခါမျှမမြင်ဘူးသော ကျွန်တော့်အား ရန်ပြုမည့်မျက်နှာထားနှင့် လူနှစ်ယောက်အား ကျွန်တော် ယောက္ခမကြီး မျက်မှောက်မှ ''လာဗျာ၊ လက်ဖက်ရည်ဆိုင်သွားရအောင်'' ဟု ကျွန်တော်က ရှေ့မှ ဆင်းသွား ရ၏။

လမ်းထိပ် လက်ဖက်ရည်ဆိုင် ထိုင်မိကြသောအခါ ကိုသောင်းဖေသည် သူ့အကျႌဆောင် အမျိုးသမီးက ပို့စမင်းထံမှဖြတ်ယူပြီး သူ့ဆီ ပို့လိုက်သော ကျွန်တော် မေ့ထံရေးသော စာ တစောင်နှင့်မေ့အမ ခင်ထားရီက ကျွန်တော်အား ပတ်ပတ်စက်စက် ရေးထားသော စာ တစောင် ကို ထုတ်ပြပြီး. . . .

''ခင်ဗျား ဘာငြင်းနိုင်သလဲ''

ကျွန်တော် တုံဏှိဘာဂေ. . .။

''လူယုတ်မာ၊ မယားခိုး. . .''

ကိုသောင်းဖေသည် အရပ်ခြောက်ပေကျော်၍ ကျွန်တော့်ထက် အင်အားဗလ များစွာကြီး ပါသည်။ သူမည်သို့ ထလုပ်လိုက်လျှင် မည်သို့ ရှောင်ရပါ့မလဲသာ စဉ်းစားနေရသည်။ မျက်လုံး ချင်းတော့ မဆိုင်ရဲ။ သူ့ခြေလက် အရိပ်အခြည်ကိုသာ ကြည့်နေရသည်။

ကျွန်တော်က အင်းမလှုပ်, အဲမလှုပ်နေလေတော့ သူသည် စိတ်ကို အလွန် ချုပ်တည်း ရသော အသံနှင့်. . . . .

''တကယ်. . . . တောက်. . .၊ ခင်ဗျား ခု ဘာမှ မပြောနိုင်တော့ဘူးလား''

သည်တော့မှ ကျွန်တော်က သူ့မျက်နှာကို ကြည့်၍. . . .

''ဘာပြောစရာ ရှိတော့သလဲဗျ၊ ဆိတ်ဆိတ်နေ ဝန်ခံတယ် မဟုတ်လား၊ ခင်ဗျား ကြိုက်သလို စီမံတော့''

''ခင်ဗျားကို မယားခိုးမှုနဲ့ တရားစွဲနိုင်တယ်၊ သိလား. . .''

''သဘောရှိလုပ်လေ''

''ဒါပေမယ့် ဒီလို နှစ်ဖက်စလုံး အရှက်တကွဲ အကျိုးနဲ့ ကိစ္စကို ကျုပ် မလုပ်ချင်ပါဘူး၊ ခင်ဗျား ကျုပ် မိန်းမနဲ့ နောက်ထပ် မဆက်သွယ်တော့ပါဘူးဆိုတဲ့ ကတိကိုသာ ပေးပါ''

''ကောင်းပါပြီ၊ ကဲ. . . ခင်ဗျားတို့ပြန်ကြပေတော့၊ ကျွန်တော်မျက်နှာတောင် မသစ်ရသေး ဘူး'' ဟု ဆိုပြီး ကျွန်တော်က သူတို့အရင် ထ, ပြန်ခဲ့ပါတော့သည်။

ထိုနေ့ ထိုရက်များကား ကျွန်တော့်ရင်ထဲ မီးတောက်သည့်နေ့များ ဖြစ်ပေတော့သည်။ ကျွန်တော် စိတ်လေလျှင် နားနေရာဖြစ်သော အမကြီး ခင်မျိုးချစ်တို့ဂေဟာသို့ သွားသည်။ ထိုအခိုက်မှ အမကြီးတို့ကလည်း သူတို့၏အေးရိပ်သာဖျက်၍ လှည်းတန်းတွင် ( နောင် မီးလောင်ခံရမည့် ) အိမ်သစ်ကို ဆောက်နေစဉ်ဖြစ်၍ အင်းလျားလမ်းရှိ သူတို့မိတ်ဆွေ ကျောင်းဆရာတယောက်၏အိမ်သို့ သွားနေသည်။ သူတို့တည်းခိုရာ ဂေဟာရောက်တော့လည်း

နောက်ဖေး အစေခံတန်းလျားက တခန်းဟာမို့ သူတို့ သားအမိ သားအဖ သုံးယောက်အပြင် နောက်တယောက်အိပ်စရာ မရှိ။ ဒါနှင့် ထို့နေ့ အမကြီးဆီရောက်လာသော ဦးစံဝင်း ( ထိုစဉ်က ဘီအိုစီက အရာရှိကြီး ) ၏ ဂိုလ်ဒင်းဗယ်လီက ခမ်းနားသော တိုက်ကြီးသို့လိုက်သွားပြီး ဘီယာ သောက်သည်။ ပြီးလျှင် ထိုစဉ်က အသံလွှင့်ဌာန ညွှန်ကြားရေးဝန် ဦးခင်ဇော် K ဆီသို့ သွားကြ ၏။ ထိုမှ သုံးယောက်သား မြို့ထဲသို့ သွားကြကာ အိမ်တအိမ်၌ အမျိုးသမီးတစုနှင့် ပိုကာ ကစား ကြသည်။ ထိုစဉ်က ကျွန်တော့်ရင်ထဲ ပူလောင်လှသော အချစ်မီးဖြင့်၊ ယခုတော့ အိပ်မက်သလိုဘဲ ဖြစ်နေသည်။ နောက်ထပ် ဘယ်ရောက်၍ ဘယ်သူတွေနှင့် တွေ့သေးသည်ကို မမှတ်မတော့။ သုံးရက်မြောက်မှ အိမ်ပြန်ရောက်တော့ မယားကလဲ မကြည်ဖြူ ယောက္ခမကလဲ ငြူစူ။

လောကတွင် ကျွန်တော်၏ သောကအရောက်ဆုံးသော အချိန်တချိန်ပါပေတည်း။ ကိုသောင်းဖေအား ကျွန်တော်ပေးလိုက်သော ကတိအရ မေ့ထံသို့ စာရေးရန်လည်း မဖြစ်။ လူချင်း တွေ့ရဘို့ ကြိုးစားရန်လည်း မသင့်တော့။

သို့ရာတွင် နောက်တနေ့မနက်မှာ ကိုသောင်းဖေကြီးတယောက်တည်း ကျွန်တော့် အိမ်သို့ရောက်လာပြန်ကာ ကျွန်တော့်အား သူနှင့်အတူ လိုက်ခဲ့ရန် ခေါ်၏။ ကျွန်တော်မှာ အံ့သြ လျက် . . . . .

''ဘာကိစ္စလဲဗျာ. . . . ''

''မေက ခေါ်ခိုင်းလို့ပါ''

''ဗျာ. . . မေနဲ့ နောက်ထပ် မဆက်သွယ်ဘို့ ခင်ဗျားဘဲ ကျွန်တော့်ဆီက ကတိတောင်းသွား တယ်မဟုတ်လား''

''ဟုတ်ပါတယ်ဗျာ. . . .၊ဒါပေမယ့် မေက ခင်ဗျားနဲ့ နောက်ဆုံးအကြိမ် တွေ့အောင် ခေါ်ပေးရမယ်ဆို့လို့. . . . ''

သူ့မျက်နှာထားသည် မတင်းမာတော့၊သူ့အသံမှာ ပျော့၏။ ကျွန်တော့်ကိုပင် တောင်းပန် နေသည်။

သို့နှင့် သူနှင့်ပါသွားရကာ စမ်းချောင်းထိပ်မှာ စောင့်နေသော မေနှင့် တွေ့ရ၏။ ထိုအချိန်၌ မေ၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ရသည်မှာ ကိုသောင်းဖေအား ကြောက်ရွံ့သည့်ဟန် စိုးစဉ်းမျှ မပေါ်။

''ဟင်. . . မောင် ပိန်သွားလိုက်တာကွယ်'' ဟု ဆိုပြီး ကျွန်တော့်လက်ကို ဆီး၍ကိုင်၏။ ဟို– လူကြီး မျက်နှာကလည်း မယားကို အလွန်ကြောက်ရွံ့သည့် ပုံမျိုး။

ထိုနေ့စဉ် ကျွန်တော်တို့၏ ဘဝပြဿနာကို သုံးယောက်သား မျက်နှာချင်းဆိုင်ရှင်းလိုက်ကြသည်ကား။ ၄င်းမှာ ကျွန်တော်သည် လက်ရှိမယားကို စွန့်ခွာ၍ မေ့အား အတည်တကျ ယူနိုင်၊ မယူနိုင်၊ ယူမယ်၊ မယူဘူး။

ဤနေရာ၌ ကျွန်တော်သည် စိတ်ကူးယဉ်ဝတ္ထုထဲက ဇာတ်လိုက်ဖြစ်နေပါမူ ထိုဝတ္ထုရေးဆရာ၏ဆန္ဒအရ မိမိ မိုက်မှားခဲ့သောအပြစ်ကို သူ့လင်အား တောင်းပန်၍ ကိုယ်ကျိုးစွန့်စား သောအဆွေးမင်းသားကြီး ဖြစ်ကောင်းဖြစ်သွားပေလိမ့်မည်။ သို့မဟုတ် အခြားသူသာ ကျွန်တော့်နေရာ၌ဖြစ်ဘိမူ မည်သို့ ဆုံးဖြတ်မည် မသိရသော်လည်း ကျွန်တော်ကမူကား မေကလဲ ယခု လက်ရှိ လင်ကိုကွာ၍ ကျွန်တော်နှင့်ယူမည်ဆိုပါက ကျွန်တော်ကလဲ အဆင်သင့်ပါဘဲ ဟူသောအဖြေကို ပေးလိုက်ပါတော့၏။

ဟုတ်သလေ. . . (ကျွန်တော့်တွက်ကိန်းက) သူ့လင်သူ မခံမင်တော့၍ ကျွန်တော့်ရင်ခွင်ထဲ ရောက်လာသူအား ကျွန်တော်က စွန့်ပစ်သင့်ပါသလား။ ရှောင်တိမ်းသင့်ပါသလော. . .။

ယင်းသို့ဖြင့် ၁၉၅၄–ခု၊ နိုဝင်ဘာလ ၁၆–ရက်နေ့၌ မေသည် ကျောင်းမှထွက်ကာ ကျွန်တော် အပြီးအပိုင် ခေါ်ယူခဲ့တော့ကြောင်းကို ဖော်ပြခဲ့သည်။

ထိုအကြောင်းကို ကိုသောင်းဖေလည်း မကြာမီသိ၍ ကျွန်တော်တို့ ဦးဘရှင်၏အိမ်မှာ နေ့စဉ်ပင် သူမေးစမ်းရှာဖွေ၍ လိုက်လာသေး၏။ သူ့အား မစုံမက်တော့၍ ကျွန်တော်နောက် လိုက်သွားသည်ကို သူခွင့်လွှတ်ပါကြောင်း၊ ကျွန်တော်က သူ့ဇနီးဟောင်းအား ယုယကြင်နာစွာ ပေါင်းသင်းပါမည့်အကြောင်း သဘောထားကြီးစွာ ပြောရှာပါ၏။ အကယ်၍ ကျွန်တော်နှင့် အဆင်မပြေတော့သဖြင့် မေ သူ့ဆီပြန်လာပါက လက်ခံရန် အသင့်ဖြစ်ပါကြောင်း။

မေနှင့်ကျွန်တော် ညားပြီးနောက် ကိုသောင်းဖေ ဒုတိယအကြိမ် ရန်ကုန်သို့ ရောက်လာပြန်ခြင်းအား အကောင်းလာခြင်း မဟုတ်တော့။ သူ ဆေးရုံကြီးရောက်နေမှ ကျွန်တော်တို့ သိရပါတော့သည်။ နေ့စဉ်ပင် ညနေတိုင်း ကျွန်တော်တို့ လင်မယားကသွား၍ ထမင်းပို့ရပါ၏။

သူ့ရောဂါကား (Cancer in Penis) ကျင်ချောင်းတွင် ကင်ဆာတဲ့။ ဘယ်တော့မှ ကုရသော ရောဂါမျိုး မဟုတ်ပေ။ ဆေးဝါးကောင်းလျှင် ခေတ္တခဏမျှတော့ သက်သာတတ်ပါ၏။ သို့နှင့် အတော်အတန်သက်သာလာသောအခါ တောင်ကြီးသို့ ပြန်သွားပါ၏။ သူသွားခါနီး၌ မေ က ငွေမှာ

တောင်ကြီးသို့လာ၍ သူ့သားလေးနှစ်ယောက်ကို တွေ့ချင်ကြောင်းပြောတော့ ကိုသောင်းဖေက စိတ်ချလက်ချသာ လာခဲ့ပါ။ ကောင်းမွန်စွာ တွေ့ရပါစေမည်ဟု ကတိပြု သွား၏။

သို့သော် ကျွန်တော်တို့ တောင်ကြီး ရောက်သွားချိန်၌ ကိုသောင်းဖေသည် တောင်ကြီး မှာ မရှိတော့။ သူ့ကင်ဆာရောဂါနှင့်ပင် မန္တလေးဆေးရုံသို့ရောက်၍ အသည်းအသန် ဖြစ်နေ၏။

ထို့ကြောင့် မေသည် ထိုနှစ်မှာ သူ့ကလေးများကို တွေ့ခွင့်မရခဲ့ပေ။ ကလေးတို့သည် ကိုသောင်းဖေ၏ မိဘများက ရှေးရိုးစဉ်လာ ဗုဒ္ဓဘာသာ အင်းသား လူမျိုးများ။ မေတို့က ခရစ်ယန် ခေတ်ပညာတတ်များ။ လူတန်းစားချင်းက ဆန့်ကျင်ဘက်ဖြစ်နေသည်။ ထို့ပြင် ကိုသောင်းဖေမှာ မေတို့အမ ရုံးက ကားမောင်းသော ဒရိုင်ဗာ။ မေက ၁၄ နှစ်သမီးမျှရှိသေး သော ကျောင်းသူလေး။ သူ ရှူးရှူးမိုက်မိုက်နှင့် ထိုစဉ်က ကိုသောင်းဖေအား သူ ဘာကိုကြိုက်မိသ လဲ မသိတော့ဟု ပြောသည်။ ယခု ကလေးနှစ်ယောက်မွေးပြီးမှ သူ့ယောကျ်ားအပေါ် လင်စိတ်, သားစိတ် ကုန်သွားသည်။ ကိုသောင်းဖေအား မယားတယောက်အနေနဲ့ သဘောမကျနိုင်တော့ သော အကြောင်းအရာ အချို့ရှိလာသည်ဟု ဆိုသည်။ သို့သော် သူ့အား အလွန်ချစ်ရှာသော၊ အလိုလိုက်လွန်းသော ကိုသောင်းဖေအပေါ်မှာတော့ လင်ကဲ့သို့ မချစ်နိုင်သော်လည်း ကရုဏာ ကတော့ အပြည့်၊ ကံဆိုးရှာသူကြီးရယ်လို့ သနားရှာသည်။

ဦးကျော်တို့လူသိုက်ရှိစဉ်ကပျော်ရွှင်ခဲ့ကြသလောက်၊ သူတို့ပြန်သွားပြီးနောက်ပိုင်း၌ ကျွန်တော် တို့လင်မယား စိတ်မကြည်ကြတော့ပြီ။ မေနှင့် နဂိုကတည်းက အဆင်မပြေခဲ့သော ကိုသောင်းဖေ အမေကြီး၏ ပိတ်ပင်ချက်ဖြင့် မေသည် သူ့သားများကို တွေ့ခွင့်မရတော့သည့်၌ တငိုငို တယိုယို နေလေရာ နောက်ဆုံးတွင် မန္တလေးဆေးရုံရောက်နေသော သူ့ ခင်ပွန်းဟောင်း ထံ သွားချင်ပါ သည်ဆိုတော့ ကျွန်တော်အဖို့မှာလည်း အဆင်သင့်ပါဘဲ။ အကြောင်းမှာ ထိုအချိန် တွင် ဖ–ဆ–ပ– လ အစိုးရ ပြစ်ဒဏ်ခံ၍ ဆရာကြီးရွှေဥဒေါင်း ထောင်ထဲရောက်နေခိုက် ဖြစ်ပေရာ၊ ကျွန်တော်တို့ လင်မယားသည် တောင်ကြီးမှတဆင့် မန္တလေးသို့ ရောက်သွားကြပြန် လေ၏။

မန္တလေးနန်းတော်ထဲ ထောင်ဝင်စာ သွားတွေ့ကြသောအခါ ဆရာကြီးက ''ငါ့တပည့် လင်မယား နှစ်ယောက်စလုံးတောင် တတန်တက လာခဲ့ကြသကွယ်'' ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ် လေတော့ ကျွန်တော့်မှာ အမှန်အတိုင်း ထုတ်ဖော်ပြောလိုက်ပါက နှစ်ဖက်စလုံးအဖို့ အကျိုးရှိ မည် မဟုတ်ခြင်းကြောင့် စိတ်ထဲ မလုံမလဲနှင့်ပင် အသာ ပြုံးနေလိုက်ရပါ၏။ အမှန်ကိုဆိုရသော် မေ့ကိစ္စသာ မရှိပါက ကျွန်တော်မန္တလေးကို လာဖြစ်မည် မဟုတ်ချေ။ ခုတော့ ဆရာကြီးအတွက် သက်သက် လာခဲ့ရသည့် ပုံမျိုး၊ ချော်လဲ ရောထိုင်နေလိုက်ရသည်။ ဒါလည်း မကောင်းပါဘူး။

ဆေးရုံသို့မူကား ကိုသောင်းဖေ၏ ဆွေမျိုးများရှိနေခြင်းကြောင့် ကျွန်တော် လိုက်ရန် မသင့်။ ဆေးရုံဝအထိသာ လိုက်ပို့ရ၍ မေ တယောက်တည်းသာ သွား၏။

ကိုသောင်းဖေကား မျှော်လင့်စရာ မရှိတော့ပြီတဲ့။ မေ့အား သူ သေခါနီး ဝေးလံစွာမှ လိုက်လာသည့်အတွက် အလွန်ဝမ်းသာကြောင်း ပြောကာ မျက်ရည်ကျသည်တဲ့။ ကိုကြင်ဆွေနှင့် သင့်တင့်အောင် ပေါင်းပါ၊ ကလေးများအား တတ်နိုင်လျှင် ရန်ကုန်သို့ခေါ်ယူ၍ ခေတ်ပညာ တတ်အောင် သင်ကြားပေးပါ၊ သူကဲ့သို့ခေတ်ပညာမတတ်သော လူနုံ လူဖျင်းကြီး မဖြစ်ပါစေနှင့် ဟု မှာကြားသွားသည်တဲ့။

မေက မျက်ရည်လည်ရွဲနှင့် ပြောပြတော့ ကျွန်တော့်မှာလည်း မျက်ရည်စိုရပါ၏။

ယင်းသို့လျှင် သေခါနီး သူ့ခင်ပွန်းဟောင်း၏ မျက်နှာကိုမြင်လာခဲ့ရသော မေ့မျက်နှာမှာ ဟန်မဆောင်နိုင်လောက်အောင်ပင် မသာမယာ ရှိနေရကား၊ ကြာသော် မဖြစ်ကပြီ။ တနေ့နေ့ ဒီအထုပ် ပေါ်သွားပါက (ငါ့တပည့် လင်မယားနှစ်ယောက်စလုံးတောင် တတန်တက လာခဲ့ကြ သကွယ်) ဆိုသော ဆရာကြီး၏ဝမ်းမြောက်မှု ပျက်ပြယ်သွားသည်ထက် (ဒါ. . . အကိုကြီးတပည့် သော်တာဆွေတို့ လင်မယားကလေ၊ သူတို့ ဆရာကြီးအကြောင်း သတင်းစာထဲ တွေ့တွေ့ချင်း လာခဲ့ကြတာတဲ့) ဟု ဂုဏ်တင် နေသော ဒေါ်ကြီးစိုးက ကျွန်တော့်ကို ကလော်တုတ်မည့် မုချ ဖြစ် ပါသောကြောင့် ကိုသောင်းဖေ မသေမီပင် ‘‘ မေရယ်၊ မထူးတော့ပါဘူးကွာ ’’ ဟု နားချပြီး ကျွန်တော့်ဇနီးအား မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ခပ်သုတ်သုတ် ပြန်လည်ဆောင်ကြဉ်းခဲ့ရပါ သတည်း။

## ဒုတိယ အခေါက်

ကျွန်တော် ရှမ်းပြည်သို့ ဒုတိယတခေါက်ကား နောက်တနှစ် ၁၉၅၇–ခု။

ထိုအကြိမ်ကား အိမ်မှ ကျွန်တော်တို့ လင်မယားနှစ်ယောက်ထဲ မဟုတ်တော့ပေ။ မေနှင့် ကျွန်တော်နှင့် အိမ်ထောင်သည် သုံးနှစ်ထဲ ရောက်ပြီမို့ အိမ်ပေါ်တွင် မေမွေးမြူသော ကြောင်များ၊ အိမ်အောက်တွင် ကျွန်တော်၏ ကြက်များ၊ ဘဲများ။

အိမ်တွင်တယောက်မျှ မကျန်ဘဲ တံခါးပိတ်၍ သွားကြရမည်ဆိုသောအခါ၌ အိမ်အောက်နေသော ကြက်–ဘဲများအတွက် နဘေးအိမ်တွင် အစာပေးထားခဲ့၍ ဖြစ်သည်။ အိမ်ပေါ်က ကြောင်များကိုမူ ဟိုဘက်အိမ် ခဏသွားနေကြပါ ဆို၍လည်းရမည်မဟုတ်။ သူတို့သခင် မရှိလျှင် သူတို့ တခြားသို့ လစ်ကြမည်ဖြစ်သောကြောင့် ဤကြောင်များကိုပါ ဆောင်ကြဉ်းသွားရန် ကျွန်တော်တို့ စီစဉ်ကြရ၏။ စီစီမာဆိုသော ကြောင်မကြီးနှင့် နီနီဝါဝါမည်သော သားနှစ်ကောင်၊ ဖြူဖြူချော်သော သမီးတခု၊ သူတို့လေးကောင်အတွက် ခြင်းကြီးတလုံး ရက်ရ၏။

မေသည် သူနှစ်သက်သော တိရစ္ဆာန်များကို မွေးမြူရာ၌ သာမန် မွေးရိုး မွေးစဉ် မဟုတ် (pet) ခေါ် အချစ်တော်အဖြစ် မွေးမြူတတ်သဖြင့် လွန်စွာ သံယောဇဉ်ကြီးမားသော ဒုက္ခမျိုး ပင် ဖြစ်ချေသည်။

သို့မို့ကြောင့် ကျွန်တော်တို့ အိမ်ကထွက်လာကြသောအခါ အဝတ်သေတ္တာ၊ အိပ်ရာလိပ်တို့သာမက ကြောင်ခြင်းများက တခု။ သို့သော် ရထားပေါ် ရောက်လာသောအခါ၌ တာဝန်မကြီးတော့ပါ။ ကျွန်တော်တို့က အထက်တန်းတွဲက စီးကြသည်မို့၊ ရထားမထွက်မီပင် တံခါးပိတ်ပြီး လွှတ်ထားလိုက်နိုင်ပါ၏။

ထိုစဉ်က မြန်မာပြည်ရောက်စ ဂျပန်လုပ် အထက်တန်းတွဲတို့တွင် ည–လေး၊ နေ့–ရှစ်ယောက်တွက် သီးသန့်တခန်းမှာ ရေချိုးခန်းတခု၊ အိမ်သာတခုနှင့်တွဲလျက် အင်မတန် သန့်သန့်ပြန့်ပြန့်ရှိလှ၏။ မီးစုံ ပါ၏။ အထက်တန်းသည် အထက်တန်းပီပီ ဖိမ်ရှိလှတုန်းဖြစ်၏။ ကံအားလျော်စွာ ကျွန်တော်တို့နှင့် တတွဲတည်းပါလာသောအခြား လင်မယားနှစ်ယောက်မှာ လည်း ကြောင်ချစ်တတ်ကြသူများ ဖြစ်နေသည်နှင့် အဆင်ပြေလှ၏။ ကျွန်တော်တို့ ကြောင်ကလေးများကလည်း ခြောက်လ, ခုနစ်လအရွယ် ဝါဝါဝင်းဝင်း သန့်သန့်ရှင်းရှင်းကလေးတွေ။ ကျွန်တော်တို့ ကြောင်မကလေးမှာ ဗိုလ်ကဖြူနေ၍ ဖြူဖြူချော်သော်လည်း ကျောကတော့ ရွှေရောင်ပင်။ သူတို့အမေကြီးမှာ အဝါရောင်နှင့် လိပ်ခွံရောင် ဒိုးကွက်ကြား။

ကျွန်တော်တို့ ဇနီးမောင်နှံ၏ ရှမ်းပြည်သွား၊ ယခု ဒုတိယ အခေါက်မှာ ပထမအခေါက် က ဒုက္ခရောက်သလောက် အစစအရာရာ အဆင်ပြေလှ၏။

ညနေ–၄ နာရီလောက် ရွှေညောင်ဘူတာ ရောက်လာသောအခါ မေ့အမေ ဒေါ်တင်တင်တို့ မောင်နှံက သူတို့မော်တော်ကားနှင့် လာကြိုနေ၏။ ကျွန်တော်တို့ ပစ္စည်း များကို ရထားပေါ်က ဂျစ်ကားပေါ်တင်နေစဉ် မေ့အမေယောက်ျား မစ္စတာ ဇေဗီးယားက ကျွန်တော်တို့ လင်မယားအား ရုံပိုင်ကြီး ဦးရွှေသောင်း သူ့အခန်းထဲ ခေတ္တကြွပါဟု ဖိတ်ခေါ် ကြောင်း၊ ဦးရွှေသောင်းမှာ

ကျွန်တော်၏ စာဖတ်ပရိသတ်ဖြစ်၍ ယနေ့ ကျွန်တော်လာမည်ကို သိသဖြင့် ဆီးကြိုနေပါကြောင်း။ ဦးရွှေသောင်း အခန်းထဲရောက်လာသောအခါ ကျွန်တော့် အတွက် ရှမ်းပြည်ထွက် အရက် သုံးပုလင်း။

ယင်း ဦးရွှေသောင်းကား ဤမှစ၍ နောက်နောင် ကျွန်တော် ရှမ်းပြည်သို့သွားလေတိုင်း အလာတွင် သုံးပုလင်း၊ အပြန်မှာ သုံးပုလင်း ဆီးကြို၍ လက်ဆောင်ပေးလေ့ရှိပါ၏။ ထို့ကြောင့် ကျွန်တော်တို့ကလည်း ရှမ်းပြည်တွင်ထင်ရှားသော ငါးခြောက်များ၊ ကျွန်တော်ရေးသော စာအုပ်များကို လက်ဆောင်ပြန်ရပါ၏။ (ယခု အချိန်ကား ဦးရွှေသောင်း ပင်စင်ယူပြီ ထင်ပါ၏။ ကျန်းမာပါစေ။)

ကျွန်တော်တို့ တောင်ကြီးမြို့သို့ ရောက်သွားကြသောအခါ၌ ကျွန်တော်တို့အတွက် သီးသန့်အိမ်ကြီးတလုံး။ မေတို့ မိဘများ၏အိမ်။ ခြံဝင်းကျယ်ကြီးထဲတွင် မမတင်တို့က သီးသန့် အိမ်ဆောက်နေ၍ ဤအိမ်ကြီးမှာ ကျောင်းဖွင့်ချိန်တွင် ကျောင်းသားများကို အငှားထား၍ နွေရာသီ ကျောင်းပိတ်ချိန်၌ မြန်မာပြည်မှရောက်လာသော မောင်နှမများအတွက် ဖြစ်နေ၏။

ယင်းသို့ အိမ်ကြီးတလုံးရမည်ကို ကြိုတင်သိရှိနေပြီး ဖြစ်သောကြောင့် ကျွန်တော့်ထုံးစံ အတိုင်း ရှမ်းပြည်သို့လာလိုသော မိတ်ဆွေ သင်္ဂဟများကို ဖိတ်ခေါ်ခဲ့လေရာ၊ ယမန်နှစ်က ကိုဖေသိန်းနှင့် ဦးကျော်တို့ သားအဖများ။ ယခုနှစ်မှာ ကိုသန်းတင်၊ ဒဂုန်တာရာ၊ မင်းရှင်၊ မြသန်းတင့်။

ဤအကြောင်းနှင့် ပတ်သက်၍ ဒဂုန်တာရာ၏ 'ရောဝတီ၊ ယန်စီ၊ ဘော်လဂါ' စာအုပ်ထဲတွင် ရေးသားထားသည်မှာ စာမျက်နှာ ၁၂၆–က စ၍. . . . .

တောင်ကြီးမြို့မှာ တောင်ပေါ်တွင် တည်ရှိ၍ အငှားကားနှင့် တက်ကြရလေသည်။ တောင်ကြီးတွင်ရောက်နှင့်နေသော သော်တာဆွေအား ရှုမဝမှ သံကြိုးရိုက်တားသော်လည်း သော်တာဆွေ လာမကြို။

တောင်ကြီးကားလမ်းမှာ တဖက်က ချောက်ကြီး။ တဖက်က တောင်နံရံ။ မနေ့ကပင် လော်လီကားတစင်း တောင်အောက်ကျသွားသည်ဟု ကားမောင်းသူက ပြောသည်။ လမ်းမှာ ကားနှစ်စင်း ရှောင်သာရုံ။ ကားမောင်းသူများသည် အကွေ့တွင် တကျွီကျွီနှင့် တအားကွေ့သည်။ ကျွန်တော်ကား ရင်တလှပ်လှပ်နှင့် ငြိမ်၍ လိုက်ပါလာရသည်။ (အင်း. . . . . ဒါကြောင့် သူ ခုထိ မိန်းမ မရတာ။ တယ်ကြောက်တာကိုး။

သော်တာဆွေနေသော လမ်းအမည်မသိ၍ မေးကြရသည်။ လမ်းကွေ့တခု၌ ဆွယ်တာ လှလှကလေးများနှင့် ခေတ်ဆံဆံ ဝတ်ထားသော မိန်းမပျိုနှစ်ယောက်ကိုတွေ့၍ (သူ ဒီလိုတော့

ကြည့်တတ်သား) ''ဒါ. . . . သော်တာဆွေ ပရိသတ်နဲ့တူတယ်''ဟု ဆိုကာ ကားရပ်၍ မေးကြလေသည်။

''အပေါ်တက်သွား ကျောင်းနားမှာ ဆရာတုတ်ကတော်အိမ်ဆိုရင် ရပါတယ်''

တောက်ကြီးမြို့မှာ မြေပြန့်ပေါ် တောင်နှစ်ဖက်ရံထားသည်။ ကျွန်တော်တို့သည် တောင်ခြေသို့ တိုးသွားကြသည်။ အိမ်ဝ၌ သော်တာဆွေဇနီး မေနှင့် အဆင်သင့်တွေ့ရသည်။ သော်တာဆွေမှာ နွေရာသီတွင် တောင်ကြီးရှိ ယောက္ခမအိမ်၌ နေလေသည်။

ည အိပ်ရာဝင်မှ သော်တာဆွေသည် ပေါက်လာလေသည်။ သူ၏မျက်နှာမှာ နီမြန်းလျက်ရှိလေသည်။ သူသည် လျှာသံလေးလေးနှင့် ကျွန်တော်တို့အား သံကြိုးမရိုက်ကောင်းလားဟု အပြစ်တင်နေ၏။ ကျွန်တော်တို့မှာ ရယ်မောကြရလေသည်။

''ဘာလို့ သံကြိုးမရိုက်ရတာလဲ၊ ကျွန်တော် လာကြိုမှာပေါ့''

သော်တာဆွေသည် မူးလျှင် ပြောပြီးသားစကားကို ထပ်ထပ်ပြောတတ်သည်။(ဟဲ့. . . အမူးသမားတိုင်း ဒီလိုဘဲပေါ့ကိုယ့်လူရဲ့။ ဒဂုန်တာရာနှင့် ကျွန်တော်မှာတနှစ်ထဲ၊ တလထဲ။ သူက ကျွန်တော်ထက် ရက်အနည်းငယ်သာကြီးသည်။)

''ဘာမှမဟုတ်ဖူးဗျ၊ အရက်သောက်နေရတာနဲ့ ကျွန်တော်တို့ကို မေ့ပြီး မကြိုဘဲနေတာ'' ဟု မင်းရှင်က ပြောလိုက်သည်။ သော်တာဆွေသည် မင်းရှင်ကို လာထုသည်။

ကျွန်တော်တို့ ခြင်ထောင်ထဲ ဝင်ကြရလေပြီ။ သော်တာဆွေက ''ဘာဖြစ်လို့ သံကြိုးမရိုက်ရတာလဲ''ဟု အပ်ကြောင်း ထပ်နေလေသည်။

အထက် ဖော်ပြပါသည် ဒဂုန်တာရာက သူ၏စာအုပ်ထဲမှ တဖက်သတ် စွပ်စွဲချက် ဖြစ်သည်။ သူတို့လာမည်ဆိုသည့် သံကြိုး ကျွန်တော် မရရိုး အမှန်။ ကျွန်တော် ညမှောင်လျှင် မူးသည်ဆိုသည်ကား ဟုတ်လေစွ။ သို့သော်–ကျွန်တော်သည် ဘယ်တော့မှ ညနေ ၅ နာရီ မကျော် ဘဲ အရက်သောက်လေ့ မရှိ။ နို့ပြီးကြည့်ဦးလေ၊ သူ့စာထဲမှာက. (ရှုမဝက သံကြိုးရိုက်ထားသော် လည်း သော်တာဆွေ လာမကြို) တဲ့။ ဘယ့်နှယ်ဗျာ၊ သူတို့ကိုယ်တိုင်ကမှ မရိုက်ကြဘဲ။ ရှုမဝကို ရိုက်လိုက်ပါပြောတော့ ဦးလေးကျော်ကလဲ မေ့မေ့လျော့လျော့ ဖြစ်နိုင်တာပေါ့။ ဒါကိုတော့ သူ ထည့်မစဉ်းစား။ ကဲ–ပြီးတဲ့အတိတ် ထားပါတော့လေ။

## ကိုသန်းတင်

ကျွန်တော့်မှာ သူတို့လူသိုက် ရောက်လာကြတော့ လွန်စွာ ဝမ်းသာလှသည်။ အားလုံး ကျွန်တော်နှင့် ချစ်ခင်ကြသူများချည်း ဖြစ်သည်။ စာဖတ်သူသည် သူတို့လေးယောက်အနက်မှ ကိုသန်းတင်ကို စာရေးဆရာအဖြစ်နှင့် သိကြမည် မဟုတ်သော်လည်း စာပေသစ်မဂ္ဂဇင်း စတင်ထုတ်ဝေခဲ့သူ၊ စာပေဝါသနာရှင်၊ စာရေးဆရာဆိုလျှင် ချစ်ခင်မြတ်နိုးတတ်သူ၊ သူ့အိမ်မှာ ကျွန်တော်တို့ စာရေးဆရာတွေက သာလာယံဇရပ်လို သွားရောက်စားသောက် နေထိုင်ကြသည်။ ကိုသန်းတင်သည် အရက်ကို တစက်မျှ သောက်တတ်သူ မဟုတ်သော်လည်း အရက်သမား မိတ်ဆွေတွေကိုတော့ အရက် ဝယ်တိုက်တတ်သည်။ မေနှင့် အိမ်ထောင်မကျမီ ကျွန်တော့် ဘဝတွင် ယောက်ျာမ မုန်တိုင်းကျသောအခါများ၌ ကိုသန်းတင်အိမ်မှာ သွားရောက်နေထိုင်ခဲ့ ရသည့် အကြိမ်တွေ မရေတွက်နိုင်လောက်အောင်ပင်။ ထိုစဉ်က ကိုကြည်လင်(ကွယ်လွန်သူ)၊ မြသန်းတင့်၊ ကျော်အောင်၊ အောင်လင်း(လူပျိုဘဝ) တို့က ကိုသန်းတင်အိမ်တွင် အမြဲတမ်းနေ ကြသူများ။ မင်းရှင်နှင့် ဒဂုန်တာရာက တခါတရံ ရောက်လာတတ်သူ။ ရန်ကုန်မှာနေစဉ် ကိုသန်းတင် ထမင်းသာ ကျွန်တော် စားခဲ့ဘူးလေရာ ယခုမှ ကျွန်တော်က သူ့ကို ကျွေးခွင့်ရ သဖြင့် အထူးဘဲ ဝမ်းသာမိတော့၏။ ကျွန်တော့်အတွက် ကြုံတောင့်ကြုံခဲသော အခွင့်အရေးကြီး ပါပေ။

## တူတော်မောင် ဘက်ညီမှ

သည်နေရာမှာ ကိုသန်းတင် ကျေးဇူးကိုချည်း ဖော်ပြနေ၍မပြီးသေး။ အလျဉ်းသင့်တုန်း၌ ကိုသန်းတင့်ဇနီး မမြမြကိုလည်း ချီးကျူးရပါဦးမည်။

ဆိုပါတော့ ကျော်အောင်၊ ကြည်လင်၊ မြသန်းတင့်၊ အောင်လင်းတို့က ထိုအိမ်မှာ အမြဲတမ်းနေကြသူများ။ သို့သော် ဒီကောင်တွေနှင့် မပြီးသေးချေ။ သူတို့ညှော်သည်များက အချိန်မရွေး ပါလာတတ်ကြသေး၏။ ယင်းသို့ ပါလာသမျှကို မမြမြက ဒိုင်ခံထမင်းကျွေးရသည်။ ကိုသန်းတင်ကလည်း သူ့အိမ်ရောက်လာသူမှန်သမျှကို ထမင်းကျွေးလိုက်ရမှ ကျေနပ်သူ ဖြစ်သည်။ ထို့ကြောင့် ပခုက္ကူတင်ရွှေ (ကလောင်အမည် မင်းနိုင်) က ကိုသန်းတင်အား သူခေါ်နေကျအတိုင်း ''ဒီအဖိုးကြီးက လူ့ပြည်ကို သူများထမင်းကျွေးဘို့ ရောက်လာတာနဲ့တူပါရဲ့ဗျာ'' ဟု ပြောစမှတ်ပြု၏။ (ကိုသန်းတင်အသက်က ကျွန်တော့်ထက် ငယ်သေးသည်)။

ထိုစဉ်က ကိုသန်းတင်အလုပ်သည် ပညာအုပ်။ သူ့လခ မည်မျှရပါမည်နည်း။ သို့သော် သူ့မီးဖိုချောင်မှ လာသမျှ လူများအတွက် ဘယ်တော့မှ ထမင်းဟင်း မပြတ်ရ။ သူ့မိန်းမအား'' မြ မရှိရင် မင်း လက်ဝတ်, လက်စားတွေ သွားပေါင်နော်၊ ဘယ်တော့မှ မငြူစူနဲ့'' ဟု သူတို့ လင်မယားချင်း တိုးတိုးကျိတ် ပြောသည်ကို ကျွန်တော် နားဆက်ဆက် ကြားခဲ့ဘူးပါ၏။ ဇနီး ဒေါ်မြမြကလည်း လင်တော်မောင်၏ ပါရမီကို ဖြည့်ခဲ့ပါပေ၏။

ဖြည့်ခဲ့ပါပေ၏ဟု ရေးလိုက်ရာ၌ ကိုသန်းတင်၏ ထိုဇနီး ဒေါ်မြမြ ကွယ်လွန်ပြီကို ဖော်ပြ လို၍ ဖြစ်ပါသည်။

ဟော ယခု 'ထိုဇနီး ဒေါ်မြမြ' ဟု ရေးလိုက်ရသည်မှာလည်း ယခု ကိုသန်းတင်၏ လက်ရှိ ဇနီးမှာလည်း 'ဒေါ်မြမြ' ဘဲ ဖြစ်နေသောကြောင့် ပါတည်း။

ယခင်ဇနီးတုန်းက ကိုသန်းတင်သည် 'မြ–မြ' ဟု ခေါ်သည်နည်းတူဘဲ ယခု ဇနီးအား လည်း 'မြ–မြ' ဘဲ ခေါ်နေတော့ ကျွန်တော်တို့က ဤသို့ ပြောစမှတ်ပြုကြ၏။

''ဟော့. . . . ဒို့ကိုသန်းတင်က အရင် မမြမြ သေခါနီးတုန်းက (မောင်–မြကလွဲရင် ဘယ့်သူမှ မယူတော့ပါဘူး) လို့ ကတိပေးလိုက်လို့နဲ့ တူတယ်နော်)

ဟား. . . . ဟား ဒီလိုဘဲ ပြောစရာ ဖြစ်နေတာကိုး၊ ကိုသန်းတင်ရဲ့။

ကဲ. . . ယခင်ဇနီးနှင့် ယခုဇနီး နာမည်ချင်းတူတာတော့ ဟုတ်နေပါပြီ။ ယခင် 'မြ' တုန်းက လိုဘဲ ယခု 'မြ' က လင်၏သူငယ်ချင်း မိတ်ဆွေများအပေါ် ကြည်ဖြူရက်ရော ပါဦးမည်လော။ တနေ့တော့ ကျွန်တော်တို့ လူစုလူရုံးနှင့်လာပြီး စမ်းသပ်ရဦးမည်။

ထိုစဉ် ကိုသန်းတင်တို့လူစု တောင်ကြီးလာချိန်က ပထမဇနီး မမြမြ မကွယ်လွန်သေးပေ။ ကျွန်တော်က မေ့အား ကိုသန်းတင်အား 'အကို' ဟု ခေါ်၍ လွန်စွာ ခင်မင်လေးစားသွားပါ၏။ ထို့ကြောင့် ဤမိတ်ဆွေတစုကို စေတနာထက်သန်စွာ ကျွေးမွေးပြုစုလိုက်ပါ၏။

ထိုအချိန်က အိမ်သည်ဖြစ်နေသော ကျွန်တော်သည် ဦးကျော်တို့နှင့်တုန်းကသာ အတူရောက်ခဲ့ဘူးပြီ ဖြစ်သော၊ အသိမိတ်ဆွေများလည်း ရှိနေပြီဖြစ်သော အင်းလေးသို့ ကိုသန်းတင်တို့ လူစုကိုလိုက်ပို့လိုက်ပါသေး၏။

ထို့နောက် ကျွန်တော်တို့အင်းလေးမှ ပြန်ရောက်လာသောအခါ ကျွန်တော့်အိမ်တွင် ကျွန်တော်နှင့် မသိကျွမ်းသေးသော ဧည့်သည်တဦး ရောက်နေ၏။ ထိုလူကား ဗိုလ်အုန်းကျော်၊

တောခိုပြန်။ ဒဂုန်တာ၏ မိတ်ဆွေ။ သူက စာရေးခေါ်ထားခြင်းဖြင့် ရောက်လာသည် ဖြစ်၏။ ကျွန်တော့်အိမ်မှာ ဧည့်သည် ငါးယောက် ဖြစ်သွားသည်။

ထိုစဉ်က ဗိုလ်လက်ျာသည် ရှမ်းပြည်တွင် စိုက်ပျိုးရေး လုပ်လေရာ ဗိုလ်အုန်းကျော်က ဗိုလ်လက်ျာကုမ္ပဏီ၏ မန်နေဂျာဖြစ်၏။ ထို့ကြောင့် နောက်တနေ့မှာ ကျွန်တော်တို့လူစု ဗိုလ်လက်ျာ စိုက်ခင်းသို့သွားကြပြန်၏။

တောက်ကြီးမှ ရွှေညောင်အနီး တောင်လေးလုံးထိအောင် ကားစီးသွားကြ၍ ထိုမှဆင်းပြီး ခုနစ်မိုင်လောက် ခြေလျင်လျှောက်ကြရသည်။ ဒီလိုအပင်ပန်းခံဘို့ ဝါသနာမပါသော ကျွန်တော်မှာ ဤခရီးလာမိတာ မှားပြီဟု ကိုယ့်နဖူးကိုယ် လက်ဝါးနှင့် ရိုက်လိုက်မိ၏။ ၁၁ နာရီ လောက်မှ ထိုနေရာသို့ရောက်ကြ၏။ ဗိုလ်လက်ျာစိုက်ခင်းမှာ လယ်ကေ နှစ်ရာကျော်မျှ။ ဂျုံကို မူလထား၍ ပဲပုပ်၊ ငရုတ်၊ ခရမ်းချဉ် စသည်တို့ကို စိုက်၏။

ကျွန်တော်တို့ရောက်သွားမှ ဗိုလ်အုန်းကျော်က သူ့အလုပ်သမားများကို ထမင်းချက်စေသည်။ သူတို့မွေးမြူထားသော ကြက်သားနှင့် ပဲဟင်း၊ ကြက်ဥကြော်တို့ဖြစ်၍ လူတွေ ပင်ပန်းနေကြသည်နှင့် အတော်ပင် မြိန်လိုက်ကြ၏။

ဤဌာနသို့ ကျွန်တော်တို့ သွားခဲ့ကြခြင်းမှ ရောက်ဖူးတယ်ဆိုရအောင်ကလွဲ၍ ကျွန်တော့် အဖို့တော့ အကျိုးထူး မရှိ။ နေ့လယ် ၃–နာရီလောက်မှာ ပြန်ခဲ့ကြသည်။

အပြန်တွင် ဗိုလ်အုန်းကျော်က ကျွန်တော်တို့ကို ထွန်စက်နှင့်ပို့၏။ ထန်စက်၏ နောက်တွင် ကုန်တင်သော တွဲပတ်လက်ကိုတပ်၍ တက်စီးစေ၏။ သည်ခရီး၊ သည်ယာဉ်ကို အဘယ်လျှင် သာမန်လူသား တို့စီးနိုင်အံ့နည်း။ ထို့ကြောင့် ဒဂုန်တာရာ၏မှတ်တမ်းတွင် (ပက်လက်တွဲထဲ၌ မျက်နှာကြီး နီနေသော သော်တာဆွေသည် အိမ်ကာ လိုက်ပါလာသည်။ ဆောင့်လိုက်သည်မှာ ခုန်ခုန် တက်သွား၍ ကျွန်တော့်တို့မှာ ခြေလျင် ဆင်းလျှောက်ကြရသည်။ သော်တာဆွေတယောက်သာ ပတ်လက်တွဲထဲ ပါလာသည်။ တောင်လေးလုံး ရောက်လာသော အခါ တခေါင်းလုံး နီနေ၍ ရေချိုးပစ်ကြရလေ၏) တဲ့။

ခေါင်းတွေနီတာက လယ်ထွန်စက်က ဖုံ ထ၍တည်း။ အလာတုန်းက ခြေလျင်လာခဲ့တဲ့ ခရီး။ အပြန်တွင် ဖိမ်နှင့် ထိုင်လိုက်ကြတော့မည်ဟု အားလုံး တွဲပက်လက်ပေါ် တက်ကြသည်။

သို့သော လယ်တွေ ပတ်ကြားအက်ကွဲ၊ ခရောင်းထဲတွင် ဤလယ်တွန်စက် တွဲပက်လက် ပေါ်၌ အဘယ်လျှင် သာမန်လူသားတို့စီးနိုင်အံ့နည်း။ လယ်ခွန်စက်ထွက်ပြီးမကြာမီ သူတို့တွေ

တယောက်ပြီးတယောက် ခိန်ဆင်းကြ၍ ဒီခရီး ဒီနည်း ဒီပုံဖြစ်မည်ကို ကြိုတင်သိထားသော ကျွန်တော်သည်သာ အရက်ကို တမူးတဝကြီး သောက်ထားသဖြင့် စည်းစိမ်ကြီးမားစွာ အိမ်မောကျပြီး လိုက်ပါလာတာကဘဲ။ ကားစီးရမည့်နေရာ တာလမ်းမသို့ ရောက်တော့မှ သူတို့က ကျွန်တော့်ကိုနိုး၍ ထပြီး ရေမိုးချိုးလိုက်ရ၏။ ဒီအချိန်မှာတော့ လူ့ကို အိုကေ လို့။ 'အိမ်သောယောက်ျား–နိုးသောလား' ဆိုသည့်အတိုင်း လူမှာ ရွှင်ရွှင်လန်းလန်းဖြစ်လျက် တခွက် လောက် ထပ်ချပြီးတဲ့နောက် အိမ်ရောက်လျှင် ဇနီးသည် မီးဖိုချောင်ပို့ရန် ထိုအရပ်သားတွေ အမဲ ပစ်၍ရထားသော တောဝက်သားကို တပိဿာတောင် ဝယ်ခဲ့သေးဗျာ။ သူတို့တတွေမှာတော့ ဒဂုန်တာရာ့ စာအတိုင်းပါဘဲဗျာ။ ပန်းလျလျတွေ နွမ်းကျ, ကြွေကျတော့မည့်အတိုင်း။

## ဒဂုန်တာရာနှင့် ဗိုလ်အုန်းကျော်

သူတို့နှစ်ယောက်မှာ ဘယ်တုန်းကစပြီး ဘယ်လို ခင်မင်ခဲ့ကြသည် ကျွန်တော်မသိ။ ယခုလို ပြန်လည်၍ တွေ့တုန်းတွေ့ခိုက် 'မခွဲတမ်းကြင်လိုက်မည်'ဆိုသည့်အလား ဗိုလ်အုန်းကျော်ပါ ကျွန်တော့်အိမ်သို့ ပြန်လည်လိုက်ပါလာသည်။ နောက်တနေ့တွင် ကိုသန်းတင်၊ မင်းရှင်နှင့် မြသန်းတင့်တို့ ပြန်သွားကြသော်လည်း သူတို့နှစ်ယောက် နေရစ်ခဲ့ကြသေးသည်။

ဒီလူနှစ်ယောက်မှာ ပုံစံချင်းတူပါဘိသည်။ ရုပ်ဆင်းအင်္ဂါတူတာ မဟုတ်။ ပြောပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံ၊ စားပုံ၊ သောက်ပုံ။ နှစ်ယောက်စလုံးပင် အရက်က တစက်မှ မသောက်တတ်တော့ ကျွန်တော်နှင့်ဖြင့် ပဏာမရ။ သူတို့နှစ်ယောက်ကတော့ဗျို့ ငါးထန်းရွက်နှစ်ကောင် တွေ့ကြတဲ့ အတိုင်းပါပဲ။ အမြဲတမ်း တပူးတွဲတွဲ ခေါင်းချင်းဆိုင်ပြီး ပြောလိုက်ကြတာလဲ တတွတ်တွတ်၊ တီးတိုး တီးတိုးနဲ့။ ဘယ်လောက်များလဲဆိုရင် တယောက်အိမ်သာ သွားတာတောင် တယောက် က လိုက်သွားပြီး တံခါးအပြင်က ထိုင်စောင့်ပြီး ပြောနေကြသဗျ။

သူတို့ဘာတွေ ပြောကြသလဲ။ သူတို့လူပုံစံတွေ ကြည့်ရခြင်းအားဖြင့် ကျွန်တော်စိတ်ဝင် စားမည့် အကြောင်းအရာမျိုး ဟုတ်မည်မထင်သဖြင့် ကျွန်တော်တော့ သူတို့အနား မကပ်ပေါင်။

ကျွန်တော်သိရသလောက်တော့ ဗိုလ်အုန်းကျော်ဟာ ဝါးခယ်မသား ဆိုလားဘဲ။ ဟိုယခင် က ခင်နှင်းယု မဖြစ်သေးသော မခင်စုနှင့် အင်မတန်ချစ်ခင်ခဲ့ကြဆိုသကိုး။ ယခုခင်နှင်းယုရေးတဲ့ ဝတ္ထုတွေဖတ်ပြီး သူဆွေးရပါသတဲ့။ ဒါကြောင့်ဒီနေရာမှာတော့ ဒီလူဒဂုန်တာရာ့ထက် သာပေ တယ်လို့ ကျွန်တော် ချီးမွမ်းရသဗျ။ ဘာကြောင့်ဆို ကျုပ်တို့ဒဂုန်တာရာက ဆွေးတာ လွမ်းတာ တောင် နားလည်မယ့်လူမှ ဟုတ်ပုံမပေါ်ဘဲ။

ထိုနှစ်တွင် တောင်ကြီးမြို့မှာ ပအိုဝ့်အမျိုးသား လွတ်မြောက်ရေးအဖွဲ့နှင့်၊ ပအိုဝ့် လက်နက်ကိုင်တပ်ဖွဲ့ကို လက်နက်စွန့်ပွဲကြီးကျင်းပသဖြင့် ဤပွဲကြီးပြီးအောင် ဒဂုန်တာရာနှင့် ဗိုလ်အုန်းကျော်တို့ နေကြသည်။

သူတို့ ပြန်သွားကြသော်လည်း ကျွန်တော့်မှာ ဧည့်သည်က မပြတ်သေးပါ။ ရန်ကုန်မှ နောက်ထပ် ကာတွန်းကိုအောင်ရှိန်နှင့် မင်းယုဝေတို့ ရောက်လာကြသေးသည်။

ထိုစဉ်က မင်းယုဝေသည် ငွေတာရီ သေပြီးခါစ၊ အဆွေးမင်းသားပေါ့ခင်ဗျာ။ အရက်တွေ ဘာတွေများ ကြိုးစားပမ်းစားသောက်လို့. . . ။

ကျွန်တော်က ပြောတယ်။ ''ဆွေးမနေပါနဲ့ဗျာ၊ လူ့ပြည်မှာ မိန်းမမရှားပါဘူး''ဆိုတော့ အောင်မယ်သူက ''ကျွန်တော့်အရီကလွဲပြီး နောက်ထပ်ဘယ်သူမှ စိတ်မကူးတော့ပါဘူးဗျာ''တဲ့။ အဟတ်–ဟတ်–ဟား။

ကိုအောင်ရှိန်ကား တောင်ကြီးမြို့အရှေ့ဘက်က တောင်တန်းကြီးသည် ညမှောင်မှောင်၌ ကြည့်ရှုပါက ရင်သားမောက်မောက်နှင့် အမျိုးသမီးတယောက် လဲလျောင်းနေသည်နှင့် တူသည် ဟု 'မမလေး ချစ်လိုက်ပါတဲ့အာရုံ၊ ရွှေမြင့်မို တတောင်လုံး တုံးမှတ်လို့ခုန်'မဟုတ်ဖဲ၊ တောင်ကြီး တောင်ကို ဖက်အိပ်လိုက်ချင်ပါသတဲ့။ သူကတော့တမျိုးဘဲ။

## ပြန်တော်ပြန်

ထိုနှစ်ကား ကျွန်တော်တို့လင်မယား တောင်ကြီးသို့ လာခဲ့ရခြင်းသည် ပျော်စရာအတိ ပြီးသည်။ မေဓါဝီဘဆွေမျိုးများသည် ကျွန်တော့်အား လက်သင့်ခံ၍ ကျွန်တော့်မိတ်ဆွေ သူငယ် ချင်းများနှင့် မိတ်ဖွဲ့ပွဲကြီးလည်း မည်ပေသည်။

ကိုသောင်းဖေလည်း ယမန်နှစ်ကပင် မန္တလေးဆေးရုံမှာ ကွယ်လွန်ခဲ့ပြီဖြစ်၍ မေသည် သူ့ကလေးများအား ခေါ်ယူ၍လည်းရခဲ့ပေပြီ။ အကြီးလေးက ဆယ်နှစ်၊ အငယ်က ကိုးနှစ်သား။ ဤနှစ်ကောင်သည် နောင်ဆယ့်နှစ်နှစ်မျှကြာသောအခါ၌ ကျွန်တော့်အား 'သားနှင့်မြေးနှင့်ဖြစ် လာတော့'ဝတ္ထုကို ရေးစေ၍ မြန်မာ့အသံမှ 'အားကြီးမောတဲ့ သားသမီးဖော'အမည်ဖြင့် အသံ လွှင့်ရလိမ့်မည်ကို ပသို့လျှင် ထိုအချိန်က ကျွန်တော်တို့တွေးထင်ပါအံ့နည်း။ လောကတွင် မမြော်လင့်သော အရာတို့သည် ဖြစ်တတ်စွ။

ကျွန်တော်တို့သည် ယမန်နှစ်က ကိုသောင်းဖေနှင့်အတူ ဤကလေးနှစ်ယောက်ကို တွေ့ရန် လာခဲ့ကြခြင်းဖြစ်သည်။ တွေ့ခွင့်မရခဲ့။ ယခုနှစ်မူ သွားလေသူ ကိုသောင်းဖေ၏ဆန္ဒ အတိုင်း ဤကလေးများအား ကျွန်တော်တို့ရန်ကုန်သို့ပင် ခေါ်ခဲ့ရပေပြီ။

ကျွန်တော်တို့ သည်နှစ်ခရီးကို ပြန်လည်စိစစ်လိုက်တော့၊ အားလုံး အောင်မြင်မှုတွေထဲမှ သေးမွှားသော ဆုံးရှုံးမှုလေးတရပ်ကြုံရသေးသည်။ ယင်းကားအခြားမဟုတ်။ ရန်ကုန်က လာစဉ် စီစီမာမည်သော ကြောင်မကြီးနှင့် ဝါဝါ–နီနီ–ဖြူဖြူမည်သော ကြောင်ကလေးသုံးကောင်ပါခဲ့ သည့်အနက် အပြန်ခရီးတွင် တောင်ငူဘူတာ၌ ရထားဆိုက်စဉ် နီနီမည်သောကြောင်ထီးကလေး သည် အမှတ်တမဲ့ ဖြုတ်ကနဲ ပြတင်းပေါက်မှ ခုန်ဆင်းပြေးသည်။ ကျွန်တော်အောက်ဆင်းလိုက် တော့ ရထားအောက်ဝင်ပြေးရာ ညအချိန်လည်းဖြစ်သည်မို့ ''နီနီ–မြီမြီ''ဟူ၍ တနီနီ တမြီမြီ ခေါ်သော်လည်း သူပြန်မလာတော့။ ဘာမျှမတတ်နိုင်တော့ပေ။

ထိုအခါမေက သူ့ကြောင်လေးတော့ ဒုက္ခရောက်ပါပြီဟူ၍ မျက်ရည်စမ်းစမ်းဖြစ်လေရာ၊ ကျွန်တော်က. . .

''ဟော့. . ကြောင်ဘဲကွ၊ ဘာဒုက္ခရောက်စရာရှိသလဲဟင်. . .''

''ဘယ်သူက အစာကျွေးပါ့မလဲ''

''အောင်မယ်လေး. . . ထမင်းဆိုင် ထမင်းသည်တွေ အပြည့်ရှိနေတဲ့ တောင်ငူဘူတာကြီးမှာ ပူမနေစမ်းပါနဲ့ကွာ. . .၊ နို့ပြီးကြောင်ဆိုတာ ခွေးလိုမဟုတ်ဖူး၊ ကျွေးချင်မွေးချင်တဲ့လူတွေ ပေါပါ တယ်''

ယင်းသို့ပြောမှ မေသည် စိတ်သက်သာရသွားပြီးနောက်. . .

''ဒီမှာ ဝါဝါနဲ့ဖြူဖြူတို့က ငြိမ်ငြိမ်လေး နေရက်သားနဲ့ သူတကောင်ထဲက ဘာလို့ ခုန်ဆင်းပြေးသလဲ မသိပါဘူးမောင်ရယ်''ဟု ညည်းပြန်တော့ ကျွန်တော်ရုတ်တရက် သတိရ၍. . .

''ဟော့ မေရဲ့၊ ဒီလိုနဲ့တူတယ်ကွ၊ ဒို့အိမ်ထောင်မှာက နံမယ်တူနှစ်ခုမရှိရဘူးနဲ့ တူတယ်ကွ၊ ဘာကြောင့်ဆို မင်းသား ဟောဒီကောင်နံမယ်က နီနီမဟုတ်လား. . .''

အမှန်ဘဲ တိုက်တိုက်ဆိုင်ဆိုင် မေ့သားနှစ်ယောက်အနက် အငယ်ကောင် ခင်မောင်စိုး ငယ်မည်က 'ငယ်ငယ်'၊ အကြီးကောင်ခင်မောင်ဦး နာမည်က 'နီနီ'ဖြစ်ပါ၏။

## အခန်း [၆]

''ဟော. . . မအေကြီးရဲ့ နင့်ဟာနဲ့ ငါ့ဟာကနင်နဲ့ ငါနဲ့ဟာကို အနိုင်ကျင့်နေကြတယ်ဟေ့''

အိမ်တအိမ်တွင် ကလေးများ ဆူညံဆူညံ ရှိနေခိုက် ဖအေဖြစ်သူက မအေဖြစ်သူကို လှမ်းပြောလိုက်၏။

အဓိပ္ပာယ်မှာ ဤမောင်နှံသည် ငယ်လင်ငယ်မယား မဟုတ်ချေ။ ယခင် အိမ်ထောင်နှင့် ကွဲပြီး လင်ပါ မယားပါ သားသမီးများနှင့် အိမ်ထောင်ကျလျက် နောက်ထပ်ကလေးလည်းမွေး၏။ ထို့ကြောင့် 'နင့်ဟာနဲ့ ငါ့ဟာ. . .'ဆိုသည်က ယခင်အိမ်ထောင်နှင့် ရခဲ့သည်များ။ နင်နဲ့ငါနဲ့ဟာ. . .' ဆိုသည်က သူတို့လင်စုံမယားဖက်က နောက်မွေးတဲ့ကလေး။ ယင်းသို့လျှင် ထိုအိမ်မှာ ကလေး သုံးမျိုးဖြစ်နေ၏။

မေနှင့်ကျွန်တော် ညားကြရာမှာလည်း ဤသဘောပင်။ သူ့ဘက်က ကလေး၊ ကျွန်တော့် ဘက်က ကလေး 'နင့်ဟာ ငါ့ဟာ'တွေနှင့်ပင်။ သို့သော် ကျွန်တော်တို့တွင် 'နင်နဲ့ငါနဲ့ဟာ' ကတော့ မရနိုင်တော့ချေ။ အကြောင်းမှာ မေသည် ဒုတိယကလေးမွေးပြီးနောက်တွင် အစာအိမ် ရောဂါဖြစ်၍ ဝမ်းဗိုက်ကိုခွဲလိုက်သောကြောင့် နောက်ထပ် ပဋိသန္ဓေလွယ်ရန် မဖြစ်နိုင်တော့သည် နှင့် တားဆီးပစ်ခဲ့ရလေပြီ။ ထို့ကြောင့် မေနှင့်ကျွန်တော်သည် 'နင်နဲ့ငါနဲ့ဟာ. . .'မရှိတော့ဘဲ 'နင့်ဟာနဲ့ ငါ့ဟာ' နှစ်မျိုးဖြင့်သာ ဘဝခရီး သွားရပေတော့မည်။

အိမ်ထောင်တခုတွင် လင်ပါမယားပါ သားသမီးများ ရှိနေပါက ငယ်လင်ငယ်မယား တမိသားတည်းဖြစ်သော အိမ်ထောင်ထက်တော့ ပြဿနာတက်စရာ ရှိနေတတ်ပေသည်။ စင်စစ် ဤအရေးမှာ လင်ယောက်ျား သဘောထားထက် မယားဘက်က ပို၍အရေးကြီးသည်။ အကြောင်းမှာ ကျွန်တော်တို့ မြန်မာလူမျိုးထုံးစံတွင် 'စီးတဲ့ရေ–ဆယ်တဲ့ကန်သင်း'ဟူ၍ စီးပွား ရေး၊ ငွေကြေးနှင့် မီးဖိုချောင်ကို ဇနီးသည်က ကိုင်ရသည်။ သားသမီးများ စားဝတ်နေရေးသည် သူ့အပေါ်မှာ တည်သည်။ ဤအခေါက်မယားလုပ်သူက ကျောသား,ရင်သား ခွဲခြားလာပါက ပဋိပက္ခ ပေါက်ပွားလာပေတော့မည်။

ဤနေရာ၌ မေဇ္ဈာ်သဘောထားကို ကျွန်တော်ချီးမွမ်းရသည်။ ကျွန်တော့်သားသမီးများ အားဆက်ဆံပုံမှာ သူ့သွေးအရင်းအချာများနှင့် မခြားပါ။

ကျွန်တော်သည် ပထမအိမ်ထောင်နှင့် သားသမီးစရိတ် တလလျှင် ၂၅ဝ ပေးပါမည် ဟူသော ဝန်ခံကတိဖြင့် ကွာရှင်းခဲ့ပြီးဖြစ်သော်လည်း သားသမီးများနှင့်ကား ကျွန်တော် ကင်းကွာ ရသည် မဟုတ်ပေ။ ယင်းမှာ ယောက္ခမဟောင်းကြီး၏ အကြံဥာဏ်ဖြစ်ပေသည်။ အကြောင်းမှာ ကျွန်တော်က တလလျှင် ကလေးတယောက် ၅ဝ နှုန်းနှင့် ငါးယောက်အတွက် ၂၅ဝ ပေးမည် ဆိုထားသော်လည်း ကျွန်တော်သည် အစိုးရလခစားမဟုတ်၊ တရားရုံးက ဆုံးဖြတ်ထားသည်လည်း မဟုတ်သောကြောင့် ကျွန်တော်သည် သားသမီးများအား သံယောဇဉ်မပြတ်မှသာ မှန်ကန်စွာ ပေးနေပေလိမ့်မည်ဟု သူတွက်ဆဟန်တူပါ၏။ ကလေးတွေကို ကျွန်တော့်အိမ်သို့ အခါအခွင့် သင့်တိုင်း ကျောင်းပိတ်တိုင်း မှန်မှန်လွှတ်၏။ ဤမျှသာမကသေး၊ တကြိမ်သောအခါ၌ ယောက္ခမ ကြီးနှင့် သူ့မောင်အငယ်ဆုံးသည် ရွာတန်းရှည်ရှိ ကျွန်တော့်အိမ်လေးသို့ လိုက်လာကြကာ ထရံသာ ခြားလျက်ရှိသော အတွင်းခန်းထဲရှိ မေ့အား နားဆတ်ဆတ် ကြားစေလျက် ကျွန်တော့် အား ယခုဇနီးလဲ ဇနီးပေါ့၊ ယခင် မယားကြီးဆီလဲ လာပါဟုဖိတ်ခေါ်လေရာ ကျွန်တော့်မှာ ကြက်သီးမွေးညှင်းများ ထသွားလျက်၊ ကျွန်တော်သည် မယားတယောက်တည်းနှင့် အားမရ၍ အငယ်အနှောင်း ထားသည်မဟုတ်ပါ။ ယခင်အိမ်ထောင်၌ မပျော်ပိုက်၍ နောက်တအိမ်ထောင် ပြောင်းခြင်းဘဲ ဖြစ်ပါသည်။ နော်မှာ့ထံသို့ ဇနီးမယားအဖြစ်နှင့် ကျွန်တော်ဘယ်တော့မှ ပြန်လာ တော့မည် မဟုတ်ကြောင်း ပြောင်ပြောင်ဘဲ ငြင်းလိုက်ရပါ၏။

ဒီအရင် ပထမတခါလဲ သူတို့ဆွေမျိုးထဲက ခပ်စွာစွာမိန်းမတယောက်နှင့် ကျွန်တော် မြင်းလှည်းသမားဘဝက မိတ်ဆွေမတယောက်ကို လွှတ်၍ ဤနည်းအတိုင်းပင် ကျွန်တော့်အား ပထမမယားနှင့်ဆက်ဆံရန် လာရောက်ပြောကြဘူးသည်။ ကျွန်တော့်မှာ သူတို့စကားကြားရသည် နှင့်ပင် ရှက်ပါသည်။ သူတို့သည် ကျွန်တော့်သဘောရင်းကို နားမလည်ကြပါ။ သူတို့ပတ်ဝန်း ကျင်ရှိ မယားကြီး မယားငယ် ထားကြသော လူတန်းစားကဲ့သို့ပင် ကျွန်တော့်ကိုထင်မှတ်၍ လာရောက်ကျေးဇူးပြုကြခြင်း ဖြစ်ပေသည်။ သို့သော် သူတို့မျက်နှာမရကြပါ။ ''ခင်ဗျားတို့ ဒီကိစ္စ အတွက်နဲ့တော့ နောက်ထပ် ကျွန်တော့်အိမ် မလာကြဘို့ တောင်းပန်ပါတယ်. . .''ဟုပြော၍ လွှတ် လိုက်ရ၏။ ''အောင်မာလေး. . . . ကြီးကျယ်လိုက်တာ. . .''ဟု သူတို့က ကျွန်တော့်ကို ငြူစူပြောဆို ကာ ပြန်သွားကြ၏။

သူတို့လာကြစဉ်က မေနှင့် ကျွန်တော်ညားသည်မှာ ၅လ ၆လမျှ ရှိပါဦးမည်။ ဤသို့ တခြားလူ လွှတ်ရုံနှင့် အားမရ၍ ယောက္ခမဟောင်းကြီးကိုယ်တိုင် သူ့မောင်ခေါ်၍ လာသည်က

တလမျှ ကွာခြားပါသည်။ ထိုနောက်၌ကား ယင်းကိစ္စ ပြီးပြတ်သွားကာ ကျွန်တော့်သားသမီးများကိုသာ မှန်မှန်လွှတ်တော့၏။

ကလေးများကလည်း လာရန်ဝမ်းသာကြ၏။ ဖအေ့ဆီကိုထက် သူတို့မိထွေးတော် မေ့ဆီကိုဖြစ်နေ၏။ အကြောင်းမှာ သူတို့သည် မေ့ကိုခင်တွယ်နေကြပေပြီ။ အဘယ်ကြောင့်ဆို သော် မေသည် သူတို့ကို ကောင်းမွန်စွာ ကျွေးမွေးပြုစု၏။ သူတို့သည် စနေနေ့ခင်းရောက် တနင်္ဂနွေညနေမှ ပြန်၊ တညဉ့်အိပ်လေ့ရှိ၏။ အပြန်တွင်မေက မုံ့ဖိုးပါပေးလိုက်သေး၏။ ပေးပုံမှာ ကျွန်တော့်တွင် အကြီးဆုံးသမီး ဒင်ပယ်လ်ဆွေ၊ သား–ကျော်ကျော်၊ သော်သော်၊ သမီး မော်မော်၊ မေဘယ်လ်ဟူ၍ ငါးယောက်ရှိသည့်အနက်မှ မေနှင့်ကျွန်တော် ညားစနှစ်များတွင် အကြီးသုံး ယောက်သာ လာနိုင်သဖြင့် မပါခဲ့သော အငယ်နှစ်ယောက်အတွက် မေကမုံ့ဖိုးအညီအမျှပေး လေ့ရှိ၏။

မေနှင့် ကျွန်တော် ညားစ ၁၉၅၄–၅၆မှ ၅၇–ခုနှစ် ဧပြီလအထိ မေသည် သူ့ရင်သွေး ကလေးများနှင့် ခွဲခွာနေရရာ ကျော်ကျော်၊ သော်သော်မှာ သူ့သားငယ်နှစ်ယောက်နှင့် ရွယ်တူ ဖြစ်နေသဖြင့် သူ့အား တနည်းအားဖြင့် ကလေးအစားထိုး ပေးထားသလိုဖြစ်နေ၍ သူနှစ်သိမ့် ရသည်ဟု ပြော၏။ လွန်ခဲ့သောအခန်းက ဖော်ပြခဲ့သည့်အတိုင်း ၁၉၅၇–ခုနှစ်တွင် သူ့သား ကလေးနှစ်ယောက်ပါ ကျွန်တော်တို့အိမ် ရောက်လာကြသောအခါ၌ မေ့မှာ သားလေးယောက် ဖြစ်သွားလေ၏။ ထို ၁၉၅၇–ခုနှစ်တွင် မေ့သားအကြီး နီနီက ကိုးနှစ် ကျွန်တော့်သားအကြီး ကျော်ကျော်က ဆယ်နှစ်၊ မေ့သားအငယ် ငယ်ငယ်က ရှစ်နှစ်၊ ကျွန်တော့်သားအငယ် သော်သော် က ရှစ်နှစ်။

ဤကလေးများကလည်း ကစားဖော် ရွယ်တူကလေးတွေများ ဖြစ်နေသော သူတို့ချင်း အင်မတန် ခင်ကြ၏။ သူတို့ချင်း ကစားကြသည်မှာ အကြီးအကြီးချင်း တတွဲ၊ အငယ်အငယ်ချင်း တတွဲ၊ သူတို့ထက် နှစ်နှစ်ကြီးသော ဒင်ပယ်လ်က လူကြီးလုပ်၍ ကစားကြသည်။

## ကျွန်တော့်သဘောထား

ထို ၁၉၅၇–ခုနှစ် နွေရာသီ၊ ကျွန်တော်တို့ တောင်ကြီးမြို့သို့ သွားကြစဉ်က အလုံမှ မေ့အမေ ဒေါ်စောမွန်တို့ မိသားစုလဲ တောင်ကြီးသို့ရောက်လာကြ၍ တအိမ်ထဲနေကြသည်။ မေ့သားလေး နှစ်ယောက်ကို သူတို့အဝတ်သေတ္တာလေးများနှင့် ကျွန်တော်တို့နေအိမ်သို့ ရောက်လာ ကြသောအခါ မမွန်က ကလေးများနှင့် ကျွန်တော့်ကြားမှာ အောင်သွယ်လုပ်ပေးရာ သည်။

''ဟော့ဒါ မင်းတို့အဖေဘဲ၊ ခေါ်စမ်း ဒက်ဒီလို့၊ နီနီ. . . ခေါ်''

သည်တော့ အကြီးကလေးက ကျွန်တော့်အား မရွံ့မရဲလေးကြည့်၍. . .

''ဒက်ဒီ''တဲ့။

''ငယ်ငယ်ကလဲ ခေါ်''ဆိုတော့ အငယ်ကောင်ကလည်း အကြီးနည်းတူဘဲ. .

'ဒက်ဒီ''တဲ့။

သည်တော့ ကျွန်တော့်ရင်ထဲမှာ လှိုက်ဖိုသွားသည်။ ကျွန်တော့်သားသမီးအရင်းများက ကျွန်တော့်အား 'ဒါဒါ' ခေါ်ကြ၏။ ယခု 'ဒက်ဒီ'ခေါ်သည့် သားများ တိုးလာကြပြီ။ ထို့အပြင် မွှတ္တလေးဆေးရုံ၌ သူတို့ဖခင် ကိုသောင်းဖေက သေခါနီး၌ မေ့အားမှာကြားသွားသော စကား (ကိုကြင်ဆွေနဲ့ သင့်တင့်အောင်ပေါင်းပါ၊ ကလေးများအား တတ်နိုင်လျှင် ရန်ကုန်သို့ခေါ်ယူ၍ ခေတ်ပညာတတ်အောင် သင်ကြားပေးပါ၊ သူကဲ့သို့ ခေတ်ပညာမတတ်သော လူနုံလူဖျင်းကြီး မဖြစ်ပါစေနှင့်)

သည်စကား ကျွန်တော့်နားထဲ ကြားယောင်လာတော့ စိတ်ထဲမှာ ထိခိုက်လာသည်။ သူတို့ အဖေဆန္ဒအတိုင်း သည်ကလေးများကို ပြုစုပေးခြင်းဖြင့် ကျွန်တော်တို့မှားခဲ့သော အပြစ်ကြီးကို အဖတ်ဆည်ရတော့မည်။ ကိုသောင်းဖေ ကိုယ်စား သည်ကလေးများကို ကျွန်တော်တာဝန်ယူရ တော့မည်။ ကျွန်တော့်သားသမီးအရင်းနှင့် မခြားချစ်ပါတော့မည်ဟု အဓိဋ္ဌာန်ပြုလိုက်ပါ၏။ ယခု ဒီသားတွေ အိမ်ထောင်တွေကျ၍ သူတို့သားသမီးများပင် ရကုန်ကြပါပြီ။ ကျွန်တော်သည် သူတို့ အား ကြိမ်းမောင်း ရိုက်ပုတ်ခြင်း တခါမျှ မပြုခဲ့ပါ။ 'ပထွေး'မို့ဟု အပြောခံရမှာကို အလွန်စိုး သဖြင့် သတိထား ဆင်ခြင်ခဲ့ပါ၏။ မေလည်း 'မိထွေးဟူ၍ ပြောစရာ တကွက်ကလေးမရှိအောင် ကျွန်တော့်သားသမီးများအပေါ်၌ သဘောထားခဲ့ကြောင်း ကလေးများကိုယ်တိုင်အသိပင်။

ဒါပေမယ့် ရိုးရိုးလေး ကျွန်တော်တခုတော့ ပြောချင်ပါသည်။ သူတို့ကလေးချင်း တစုံ တရာကို အရှုံးအနိုင်ကစားကြသောအခါ၌ ကျွန်တော့်သားအရင်းဘက်က နိုင်စေချင်သော စိတ်ဆန္ဒရှိကြောင်း ကျွန်တော်ဝန်ခံပါသည်။ ဘယ်လိုပင် ကိုယ့်စိတ်ကိုယ်ထားပါသည် ဆိုသော် လည်း သွေးက သွေးဘဲကိုခင်ဗျ။ သို့သော်. . . .

မြေးကျတော့ သွေးနှင့်မဆိုင်တော့ပြန်ဘူးဟု ကျွန်တော်ထင်ပြန်သည်။ ယခုကျွန်တော့်မှာ ရှိနေသော မြေးများသည် မယားပါသားများက မွေးတာမို့ ကျွန်တော်နှင့် သွေးမစပ်ပါ။ သို့သော် သူတို့ကလေးတွေကို ကျွန်တော် ချစ်လိုက်တဲ့ဖြစ်ခြင်းကား ကျွန်တော့်ကိုယ်ပင် ကျွန်တော် အံ့သြ မိရတော့သည်။ မူလက ကျွန်တော်သည် ကလေးကို သိပ်ချစ်တတ်သူမဟုတ်ဟု ကိုယ့်ကိုယ်ကို ထင်မိသည်။ အကြောင်းမှာ ယခင်အိမ်ထောင်နှင့် နေစဉ်ကကိုယ့်သားသမီး အရင်းများနှင့် သိပ်ပြီး လက်ပွန်းတတီး မနေခဲ့။ ဘာကြောင့် လက်ပွန်းတတီး မနေခဲ့သနည်း။ ယခုပြန်စဉ်းစား တော့ အကြောင်းရှာတွေ့ပါပြီ။ ယောက္ခမကြီးကြောင့်ကိုးဗျ။ ယောက္ခမကြီးနဲ့ ကျွန်တော်နဲ့က ဘယ်တော့မှ မတည့်တော့ ကျွန်တော်က အိမ်မှာ ညအိပ်ချိန်လောက်ပဲ ရှိနေသည်။ တခါတရံ လနှင့်ချီ၍ အခြားမိတ်ဆွေများအိမ်တွင် သွားနေသည်ဆိုတော့ ကလေးများနှင့် အနေဝေးပြီး စိမ်းသလို ဖြစ်ကြသပေါ့။

ယခုတော့ ကျွန်တော့်အိမ်တွင် ကျွန်တော်ဘုရင်မို့၊ နောက်ပြီး ကျွန်တော့်အလုပ်ကလည်း အိမ်မှာတွင် စာရေးရုံဘဲ ဆိုတော့ ဒီကလေးတွေ မြေးတွေနှင့် အမြဲတစေရှိနေသည်။

ဟိုယခင်တုန်းက ကြက်သားဟင်း ချက်လျှင် အသဲအမြစ်ကို ကျွန်တော်သာစား၏။ ယခုကား ကျွန်တော် မစားရက်တော့။ ဒီမြေးကလေးများကိုကျွေးသည်။ မြေးမလေး နှစ်ယောက်ရှိ သည့်အနက် အကြီးမကလေးက ကြက်ဝှေးစေ့ကို ကြိုက်သည်။ ထို့ကြောင့် ကျွန်တော့်အား. . . .

''ပါပါ၊ ကြက်သားဝယ်ရင် ကြက်ဖဝယ်ပါနော်၊ ဒါမှ မီမီကြက်ဝှေးဥ သုံးခုစားရမှာ''ဟု ဆို၏။ သူက ကျောက်ကပ်တလုံးကိုပါ ထည့်ပြောခြင်းဖြစ်၏။ ထိုအခါ အငယ်မက. . .

''ဟေ့. . . အက်ဗီကတော့ ကြက်ဖဝယ်ဝယ် ကြက်မဝယ်ဝယ် အသဲစားရတာဘဲကွ. . .''

သူကအသဲစားသမား။ ထို့ကြောင့် ခြောက်နှစ်ရှိပြီဖြစ်သော အကြီးမက. . .

''နင်ဟာ. . အသဲစား ဘုရင်မပေါ့''ဟုပြော၏။ အငယ်က အဓိပ္ပာယ်ကို နားမလည်သေးဘဲ. .

''အို. . . အသဲစားတာ ကောင်းတာပေါ့. . .''

အကြီးမလဲ ယင်းအဓိပ္ပာယ်ကို နားလည်မည် မဟုတ်ပါ။ ဒီသီချင်းထဲက စကားလုံးကို သူရနေ၍သာဘဲ။

ဒီကလေးမနှစ်ယောက်ဟာ ဘယ်ဘက်က မျိုးရိုးနွယ်ခဲ့၍မသိ။ အင်မတန် အဆိုအက ဝါသနာပါကြသည်။ သီချင်းတော်တော် များများလည်းရကြပြီး အတော်ကောင်းမွန်အောင်လည်း စည်းနှင့်ဝါးနှင့် ကတတ်ကြသည်။ အရွယ်လေးတွေနှင့် မလိုက်အောင် တော်သည်ဟု ချီးမွမ်းခြင်း ခံရသည်။ မင်းသမီး နွဲ့နွဲ့စန်းသည် ကျွန်တော့်အိမ်နှင့် ကပ်လျက်အိမ်မှာ နှစ်နှစ်လောက် နေသွားခဲ့ဘူးရာ ''ဦးဆွေ မြေးတွေကြီးရင် ပန်တျာကျောင်း ပို့ပါ''ဟု ပြောသည်။

ဩော်. . . ဘယ်ဘက်အမျိုး နွယ်ခဲ့၍မသိဟု ကျွန်တော်ဆိုခဲ့မိသည်။ သူတို့ဖွားအေ ကျွန်တော့်ဇနီး မေကအင်မတန် သီချင်းဆိုဝါသနာပါတာလား။ ငယ်ငယ်ကလည်း ကျောင်းကွန်ဆက်တွေမှာ အဆိုအကတွင် နာမည်ရဆိုသကိုးဗျ။ အင်း. . . အင်း. . ဒါကြောင့် ဒါကြောင့်. . . ။

## ဝက်နှင့်ကြက်

ကျွန်တော့်မြေး အကြီးဆုံးလေးနာမည်မှာ 'မိမိဂဲလ်'၊ အငယ်ကျတော့ 'အက်ဖီ'ဟူ၍ သူတို့ဖွားအေက အင်္ဂလိပ်လို မှည့်လေရာ အငယ်မလေး နှစ်ခါလည်လောက်ရောက်တော့ ဝက်ကလေးလို ဝ, သဖြင့် ကျွန်တော့်က သူ့အား 'ဝက်ဖီ'ဟုခေါ်၍ အကြီးမအား 'ကြွက်ဖီ'ဟု ခေါ်မိတော့၏။ နောက်တဖြေးဖြေးနှင့်ကား ဝက်နှင့်ကြက်ဟူ၍သာ ခေါ်တော့၏။

ကျွန်တော်သည် နာရီပေါင်းများစွာ စာရေး၊ သို့မဟုတ် စာဖတ်နေရာမှ ခေါင်းထောင်ထလိုက်၍ သူတို့ကလေးတွေကို မမြင်၊ သူတို့ကလေးတွေအသံ မကြားရသော်. . .

''ဟော့. . . ဝက်တွေ, ကြက်တွေ မရှိကြဘူးလား၊ ဘယ်သွားကြလဲ''ဟု ကုန်းအော်မိတတ်၏။

တခါတရံ မြို့ထဲက သူတို့ဖွားအေအိမ် တရက် နှစ်ရက် သွားနေပါက ကျွန်တော်လွမ်းရသည်။ ''ဟဲ့. . . ကလေးတွေ ဘယ်တော့မှ ပြန်လာကြမယ် ပြောသွားသလဲဟ. . . 'ဟု သူတို့ဖွားအေကြီးကို မေးရသည်။

ယခုအချိန်ထိ ကျွန်တော့်သားသမီးအရင်းများက အိမ်ထောင်မပြုကြသေး၍ ကျွန်တော့် တွင် သွေးစပ်သောမြေး မရသေးပါ။ အကယ်၍ ရလာလျှင်လည်း ဒီမြေးတွေထက်တော့ ပိုချစ်နိုင်တော့မည်မထင်ပါ။ ထို့ကြောင့် မြေးကျတော့ သားသမီးလို သွေးနှင့်မဆိုင်တော့။ နီးစပ်ရာ ပိုချစ်မှာဘဲဟု ကျွန်တော်ဆိုချင်၏။

လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်က ကျွန်တော့်ထက် ဆယ်နှစ်ကြီးသော ရှမဝ ဦးကျော်က ပြောဘူး၏။

''အိမ်မှာ ကြက်သားချက်ရင် ကိုယ်က အသဲ,အမြစ်မှ စားချင်တယ်ဆိုတာ လူငယ့်စိတ်ဗျ။ လူကြီးစိတ်ဖြစ်လာတော့ရင် မစားချင်တော့ဘူး''ဟု ဆိုရာ (ဦးကျော်မှတ်မိဦးမလား) ကျွန်တော်က

''ဒါဘာဆိုင်လဲဗျ။ အသဲအမြစ်ကြိုက်တဲ့လူက အသဲအမြစ်စားမှာပေ့ါဗျ။ ခြေထောက်ရိုးနဲ့ ခေါင်းကြိုက်တဲ့လူက ခြေထောက်နဲ့ခေါင်း စားမှာပေ့ါ၊ တင့်တယ်နဲ့ကျွန်တော်ဆိုရင် အရက် သောက်တဲ့အခါမှာ သူကခြေထောက်ရိုးနဲ့ခေါင်း ကျွန်တော်က အသဲအမြစ်စားတယ်''

ဒီတော့ ဦးကျော်က ''ကိုရင်ငယ်သေးတယ်၊ နားမလည်သေးဘူး''ဟု ပြန်ပြော၏။

ဟုတ်ကဲ့. . . ဦးကျော်။ ကျွန်တော်အခုနားလည်ပါပြီ။

ကြက်သားဝယ်လျှင် မြေးကြီးမှာတဲ့အတိုင်း ကြက်ဖကို ရွေးဝယ်ရပါသည်။ အသဲကိုလည်း ကျွန်တော်မစားတော့ပါ။ မြေးငယ်စားသည်ကိုသာ ကြည့်၍နှစ်သိမ့်လှပါ၏။

ကျွန်တော်သည် အဆိုအကတွေ ဝါသနာမပါ,ပါ။ အငြိမ့်ဇာတ်ပွဲတွေလည်း အလွန်ဘဲ ကြည့်ခဲ့လှပါသည်။ သို့သော် ဒီမြေးမလေးနှစ်ယောက် ဆိုကြ,ကကြလျှင်တော့ ကျွန်တော့်မှာ ကြည့်မဝနိုင်တော့ပါ။ အားအားရှိလျှင် သူတို့ကလေးတွေကို ဆိုခိုင်း ကခိုင်းရပါသည်။ မှုံရွှေရည် သီချင်းများ သူတို့အစ,အဆုံး စည်းချက်, ဝါးချက်ကျအောင် ကလိုက်ပုံမှာလည်း နွဲ့နွဲ့စန်းကပင် ချီးမွမ်းပါသည်။

နို့ပြီး သူတို့မရတဲ့သီချင်း ရေဒီယိုက တီးလုံးလာတာကိုလည်း စည်းဝါးမှန်အောင် ကြည့်ကောင်းအောင် က,တတ်ကြပါသည်။

## ကျွန်တော်နှင့် ငှက်ကြီးဝံပို

တိုက်ဆိုင်မှုကလေးတခု ပြောရဦးမည်။ ဤမြေးမနှစ်ယောက်အနက် အငယ်မ အက်ဇီက ကျွန်တော်နှင့်တော်တော်တူပါသည်။ အသားအရောင်ရော၊ မျက်စိအစ်ပုံရော။ နို့ပြီးသူ့အမေနှင့် အဖေမှာ ပါးချိုင့်မပါဘဲနှင့် သူ့တွင်ပါလာပါသည်။ အသားရောင်ကလည်း သူ့အမေ,အဖေက် ဖြူပြီး ကျွန်တော်နှင့်တူနေပါသည်။ ဒါကြောင့် ဒီကလေးအဖေကို ကျွန်တော်၏ မယားပါသားမှန်း မသိ၊

သားအရင်းဘဲ အောက်မေ့သူတွေက ''ဒီမြေးအငယ်မလေးက သူ့အမေအဖေနဲ့ မတူဘူး၊ ဖိုးအေနဲ့တထေရာထဲဘဲဟေ့၊ ပါးချိုင့်ရော ဘာရော''ဟု ပြောသံများကြားရသည်၌ ကျွန်တော့်မှာ လွန်စွာမှ ဝမ်းသာလှပါသည်။ ယင်း၌ ငန်းတော်ရေ မြွေမင်းသားနှင့် မထွေးလေးပုံပြင်ကို သတိရ မိပါသည်။

မထွေးလေးတို့ သားအမိ လက်ပံပင်ပေါ်ရှိ ငှက်ကြီးဝံပို၏ အသိုက်တွင် နေရသောအခါ၊ မထွေးလေးက သားချော့ရာ၌ ''ငန်းတော်ရေ မြွေမင်း၏သား၊ လက်ပံပင် မိခင်သိပ်တယ်၊ အိပ်ပါတော့လား''ဟုဆိုလျှင် ငှက်ကြီးကမကြိုက်။ 'တပေါက်နှစ်ပေါက် ပေါက်လိုက်ရမလား. .''ဟု ကြိမ်းသတဲ့။ ဒီတော့မှ မထွေးလေးက ''ငှက်ကြီးရယ်ဆို ဝံပို၏သား၊ လက်ပံပင် မိခင်သိပ်တယ်၊ အိပ်ပါတော့လား. . .''ဆိုတော့မှ ငှက်ကြီးက ဟား ဟား. . . ဟားဟား. . နဲ့ သဘောကျသတဲ့။

ဟဲ. . ဟဲ. . ကျုပ်လဲ ဒီပုံဖြစ်နေပြီကော။ ကိုယ်နှင့်သွေးမစပ်တဲ့မြေးကို ''သူတို့မြေးအဖိုးရယ် မပြောရဘူး တူလိုက်တာ''ဆိုတော့ ကျွန်တော့်မှာ ငှက်ကြီးဝံပိုလိုဘဲ ဟား. . . ဟား. . ဟား. . . ဟား. . . ။

## မြေး မထိနဲ့

တကြိမ်သောအခါက မြေးအကြီးမ အပြစ်တခုရှိသဖြင့် သူ့အဖေက တော်တော်ဘဲ ရိုက်နေရာ၊ ဖွားအေကြီးကလည်း ''ကြောက်တဲ့လူရှိအောင် တခါတလေတော့ ရိုက်ပေးမှ''ဟု ဆို၍ကြည့်နေသည်ကို ကျွန်တော့်မှာ မခံမရပ်နိုင်ဖြစ်ကာ ''အပြစ်ရှိတာနဲ့ရိုက်တာ တခြားစီဘဲကွ၊ နောက်ဒီလိုမနေနဲ့၊ ဒါမျိုးမလုပ်နဲ့ဆို ပြီးရောပေါ့ကွ၊ ခလေး ကျွဲရိုက် နွားရိုက်ရိုက်ရသလားကွ''ဟု ဆိုပြီး ကလေးကို သူ့အဖေလက်ထဲမှလုယူကာ ''ဟေ့ကောင်မင်းဟာ ငါ့သားအရင်းမဟုတ်ဘူးကွ၊ ငါက မင်းပထွေး ဒါပေမယ့်လို့ မင်းဟာရှစ်နှစ်သားကလေးက ငါ့ဆီရောက်လာတာ ဒီနေ့အထိ မင်းကို ငါက တချက်ရိုက်ဖူးသလား''ဟု ဒေါသတကြီးပြောလိုက်မိသည်။ နောက်သွေးအေးသွား သောအခါ၌ (မင်းဟာ ငါ့သားမဟုတ်ဖူး၊ ငါကမင်းပထွေးကွ)ဟု ပြောလိုက်မိသည့်အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရပြန်သည်။

စင်စစ်လည်း ကျွန်တော်ကိုယ်တိုင်က ကလေးမြေးငယ်ကို ရိုက်တတ်သူမဟုတ်ပါ။ သားသမီးအရင်းတွေကိုရော မယားပါသားတွေကိုရော ကျွန်တော်တခါမျှ မရိုက်ခဲ့ပါ။

သို့သော် တကြိမ်ကအဖြစ်တခု ကျွန်တော်ယခုတိုင် အမှတ်ရနေပါသေးသည်။ မြေးငယ် 'ဝက်'ခေါ်သည့် အက်ဖီသည် ဆော့ရင်း ကျွန်တော့်စာပွဲပေါ်က ဖွင့်ထားသော ဖောင်တိန်အောက် သို့ ဒေါက်ကနဲ ကျသွားသည်နှင့် ကျွန်တော်သည် ရုတ်တရက် ဒေါသဖြစ်၍ စိတ်မြန်လက်မြန် လူဖြစ်ရကား ကလေးကျောကို ဖြန်းကနဲ တချက်ရိုက်လိုက်မိသည်။ ရိုက်ပြီးပြီးချင်း စိတ်မကောင်း လွန်း၍ မြေးကိုချော့လိုက်ရတာ။ ဒီနေ့နောက်ထပ် စာမရေးနိုင်တော့ဘူး။ ဒီမြေးလျှောက်ချီပြီး မုံ့ဝယ်ကျွေးနေရတော့သဗျာ။

## 'မောင်' နှင့် 'ပါပါး'

သားသမီးအချစ် မြေးအနှစ်ဟု ဆိုစကားပြုကြရာ၊ ကျွန်တော်ကိုယ်တွေ့မရှိခင်က စိတ်အတွေးဖြင့် မြေးကို ကိုယ့်ရင်နှစ်သည်းချာ အောက်မေ့ခဲ့၏။ ကျွန်တော့်ပထမမြေးဦး မွေးခါနီးတုန်းကလည်း ငါ့မယားပါသားက မွေးတာ၊ ငါ့သွေးပါတာမဟုတ်၊ ဒီကလေးတော့ ငါချစ် လို့ရမှာ မဟုတ်ဖူးဟု ထင်ခဲ့သည်။ ဒီကလေးမွေးရင်တော့ ငါ့အိမ်မှာ ဆူဆူညံညံနဲ့ ငါ့အလုပ်ကို အနှောင့်အယှက်ဖြစ်တော့မှာဘဲဟု မလိုစိတ်ထားပင် ပေါ်ခဲ့ပါ၏။

သို့သော် မွေးဖွားလာပြီး ကလေးငယ်မျက်နှာမြင်ရတော့ ကရုဏာစိတ် ပေါ်လာ၏။ ထိုစဉ်မှာ သူ့အဖေရော အမေရော ဘာအလုပ်မှမရှိ။ အိမ်ပေါ်တင်ကျွေးထားရသည်ဖြစ်ရာ ''ဩော် ဒီကလေးလဲ ငါကျွေးမွေးပြုစုရမှာပါလား''ဟု စေတနာသန်သောသဘော သက်ဝင်လာ ၏။

ယခင် အိမ်ထောင်နှင့် နေစဉ်က ကျွန်တော်ကလေးချီတာမြင်လျှင် အိမ်နီးပါးနားများက ''မောင်ကြင်ဆွေ ကလေးချီတယ်ဟေ့၊ ဒီနေ့ မိုးရွာလိမ့်မယ်''ဟု ပြောစမှတ်ပြုလောက်အောင်ပင် ကျွန်တော်က ကလေးချီခဲလေရာ ယခုမြေးငယ်ကျတော့ ချီချင်စိတ်ပေါ်လာ၏။

နောင်. . . ဒီကလေးက စကားတလုံးနှစ်လုံး ပြောတတ်လာသောအခါ၊ သူ့အလိုလို ကျွန်တော့်အား ''ပါပါး''ဟု ခေါ်လာ၏။ ဒါကြောင့် ယခုမြေးများက ကျွန်တော့်အား ''ပါပါး'' ''ပါ'' ''ပါပါ''ဟုခေါ်လေ့ရှိလေရာ၊ ဟိုယခင်တုန်းက မေက ကျွန်တော့်အား 'မောင်'ဟု ခေါ်သည်ကို သုတိသာယာ ဖြစ်ဘိသို့ ယခုမြေးများက ကျွန်တော့်အား 'ပါပါ'ဟု ခေါ်ရာတွင် ကြီးစွာသော ပီတိသောမနဿဖြစ်ရ၏။

ယခုအချိန်ဆိုလျှင် မေက ကျွန်တော့်အား 'မောင်'ဟု ခေါ်သည်ထက် မြေးများက 'ပါပါး' ဟု ခေါ်သည်ကို ပို၍နှစ်သက်မိ၏။

သူတို့ဖအေ,မအေနှင့်လည်းကောင်း၊ ဖွားအေကြီးနှင့်လည်းကောင်း၊ တစုံတခု မကျေနပ်မှု ရှိလျှင်. . . ''ပါပါးကို တိုင်ပြောလိုက်မယ်၊ ပါပါး. . . ဟောဒီမှာ. . .''ဟူသော အသံမျိုးကို ကြားရလျှင် ကျွန်တော့်မှာ အူလှိုက်အသဲလှိုက် ရှိလှပါသည်။ ကိုယ်စာရေးနေရာမှပင်. . . . ''ဘာလဲသမီး အေးကွာ၊ ဒီမာမီကြီးကို ပါပါးရိုက်ပါ့မယ်''ဟု ပြောလိုက်ရတာ လွန်စွာအရသာရှိဘိ၏။

အမကြီး ခင်မျိုးချစ်သည် ကျွန်တော့်ထက် မြေးရနောက်ကျ၏။ သူ့ချွေးမမွေးခါနီးတုန်းက

''ငဆွေရယ်၊ ငါ့အိမ်လဲ နင့်အိမ်လိုဘဲ ကလေးတွေနဲ့ ရှုပ်ရှုပ်ရက်ရက် ဖြစ်လာအုံးမှာဘဲ၊ ငါတော့ နားငြီးမခံနိုင်ဘူးဟေ့. . .၊ ကလေးမြေးငယ် ကရိကထလဲ မခံချင်ဘူးတဲ့''ဟု ပြောတော့ ကျွန်တော်က ရယ်မော၍ ''စောင့်ကြည့်ရအုံးမပေါ့ဗျာ. .''ဟု ဆိုပြီး ကျွန်တော်မြေးရခါနီးတုန်းက ကျွန်တော့်စိတ်ဖြစ်စဉ်ကိုလဲပြောပြရာ၊ အောင်မယ်သူက ခပ်မာမာပင်. .

''ဟဲ့. . ငါကတော့ မင်းစိတ်မျိုးမထင်နဲ့ကွ၊ ဒီသံယောဇဉ်တွေ ရမယ်မထင်ဘူး''ဟု တရားသမားပီပီ တရားစကားနှင့် ပြောခဲ့လေရာ၊ ဟားဟား. . သူ့ချွေးမက မွေးချလိုက်တော့ ယောက်ျား လေးတယောက်၊ မိန်းကလေးတယောက် အမြွှာပူးခင်ဗျာ. . .၊ မရွှေစာကြီး တချီထဲနဲ့ မြေးတရှဉ်း ရရော၊ အခုတော့ ''သော်တာဆွေ. . . မင်းပြောတာ ဟုတ်သကွ''ဝန်ခံရှာ၏။

## သားချစ်နှင့် မြေးချစ်

သားသမီးကို ချစ်သောအချစ်နှင့် မြေးကိုချစ်သော အချစ်၊ နှိုင်းယှဉ်ကြည့်က မတူသော အချက်များကို တွေ့ရသည်။ မြေးကိုချစ်သောအချစ်က ပို၍ မွန်မြတ်သန့်စင်သည်ဟု ထင်မိ သည်။ အဘယ်ကြောင့်ဆိုသော် သားသမီးကိုချစ်ရ၊ ကျွေးမွေးပြုစုရသည်မှာ ကိုယ်ကမွေးတဲ့ ကိုယ့်ရင်သွေးတွေကဘဲ၊ ကိုယ့်တာဝန်လုံးလုံး မဟုတ်ပေဘူးလား။ မြေးကျတော့ တကယ်ဆိုရင် သူ့မှာ အမေနဲ့အဖေနဲ့ကဘဲ၊ ကိုယ်ကနေမယ်ဆို အနေသာကြီးကဘဲ။ ဒါကိုမနေနိုင်လို့ ကိုယ်က ဝင်ချစ်တာဟာ စေတနာသက်သက် မဟုတ်ပါလား။

နို့ပြီး သားသမီးအပေါ် မိဘများက ချစ်ကြသည်မှာ မြော်လင့်ချက်အချို့ရှိနေ၏။ ဘယ်သူ့သားသမီးလေးတွေဟာဖြင့် တော်လိုက်တာကွယ်. . . ဆိုသောဂုဏ်။ နောင် ဒီသားသမီးတွေ ကြီးပြင်း၍ သူတို့အလုပ်အကိုင်များ ရသောအခါ မိဘများပင်ပန်းနွမ်းနွယ်လျှင် ခိုလှုံရမှာဘဲ ဆိုသော ရည်ရွယ်ချက်သည် မိဘတို့မှာ ရှိတတ်စမြဲတည်း။

ဟော. . . မြေးကျတော့. . . ဩော်. . . သူတို့လေးတွေ အရွယ်ရောက်အောင်မှ ငါ့အသက်ရှည်ပါဦးမလားဟု စိတ်ထဲတွင် တွက်ဆနေရလျက် ဘာမျှပြန်၍ ရယူချင်သောဆန္ဒမရှိ။

## မြေးသည် အဖိုး,အဖွား၏ ကြီးဖော်

တနည်းအားဖြင့် အဖိုးအဖွားသည် မြေးများကို ချစ်သည့်အကြောင်းတချက် ရှိပါသေး၏။ မြေးရလာသောအချိန်၌ ကျွန်တော်တို့အရွယ်သည် ကြီးကြပြီ မဟုတ်ပါလား။ ကိုယ်နှင့်ဟိုယခင် ချစ်ကျွမ်းဝင်ခဲ့ကြသော ငယ်ပေါင်းကြီးဖော်တို့လည်း အချို့သေဆုံးကြပြီ။ အချို့အနေဝေး၍ သွားကြပြီ။ အချို့အဆင်မပြေ၍ လူချင်းမတွေ့နိုင်ကြတော့ပြီ။ ကျွန်တော့်ကိုယ်ပင် ကျွန်တော် သာဓက တင်ကြည့်စမ်းပါမည်။ ယခင်က နေ့စဉ်သောက်ဖော်စားဖက်များ ဖြစ်ကြသော သန်းဆွေ၊ မိုးဝေ သေကြပြီ။ မင်းရှင် တင့်တယ် ရှိကြသေးသော်လည်း လူချင်းအနေဝေး၍ အလုပ်ချင်း အလှမ်းကွဲသွားကြပြီ။ ထို့အပြင် ကျွန်တော်တို့မှာ ဟိုတုန်းကလို မရွှင်ကြတော့ပြီ။ ၎င်းပြင် ငယ်စဉ်ကလိုလည်း ဟေးလား ဝါးလား မပျော်ပါးချင်တော့။ သည်တော့ ကိုယ့်အိမ်မှာပင် အနေများတော့၏။ ကိုယ့်အိမ်မှာဆိုတော့ မငယ်ကြတော့ပြီဖြစ်သော ကိုယ့်သားသမီးတွေက ကိုယ့်ကို ကွယ်ရာတွင် 'ဘူတာကြီးဘဲ၊ အဖိုးကြီးဘဲ'ဟု ပြောကြ၍ တယ်ပြီး ဆေးဘော်ကြောဘက် မလုပ်ကြတော့။ သူတို့ခေတ် သူတို့အမြင်နှင့် ခြားနားပစ်ခဲ့ကြပြီ။

ဒီတော့ ကျုပ်တို့မှာ မြေးငယ်တွေဘဲ အဖော်လုပ်ရတော့သဗျ။ သူတို့ကလေးတွေ ဆိုတော့ ကိုယ်ပြောချင်ရာ ပြော၊ ဆိုချင်ရာ ဆိုတိုးတိုးဖော်ရသဗျ။ တခါတရံ ကိုယ်က ငယ်မူပြန် လို့ ကိုယ့်ခေတ်က ကိုယ်ရခဲ့တဲ့ကာသီချင်း ဆိုချင်လဲဆို၊ ခေတ်မမှီဘူး၊ အသံမကောင်းဘူး၊ စည်း ဝါးမကျဘူးလို့လဲ သူတို့က မပြောဘူးဗျ။ ကျေနပ်နှစ်သက်စွာဘဲ နားထောင်နေကြသဗျ။

တခါတရံ ကျုပ်တို့လင်မယားချင်း ကတောက်ကဆ ဖြစ်ခဲ့ကြပြီး စိတ်ပြေစ ပြုကြလို့ ပြန်စကားပြောချင်ရင် မြေးကလေးတွေကို အသုံးချရသဗျ။ '' ဟဲ့ သမီး၊ နင့်မာမီကြီး သွားပြော ချေစမ်း ထမင်းခူးလို့. . ''

''ဟဲ့. . မြေး၊ ပါပါကြီး ကော်ဖီသောက်မလားလို့ သွားမေးစမ်း. . . ''

အင်း. . ဟင်း. . ။ ဒီလိုများလဲ အောင်သွယ်လုပ်ခိုင်းရသေးဗျ။ ဒါကြောင့် ကျုပ်တို့ မြေးကို ချစ်ကြတာ အကြောင်းတချက်ပဲ ခင်ဗျ။

လွန်ခဲ့သော ဇန်နဝါရီလ ၁၃ ရက်နေ့က ကျွန်တော်က 'ဝက်'ဟုခေါ်သည့် မြေးငယ် အက်ဖီ လေးနှစ်ပြည့်ပါသည်။ သူတို့လေးတွေကို မွေးနေ့ပွဲ လုပ်ပေးလေ့ရှိရာ သည်နှစ်သည် အချိန်မှာတော့ ခရစ်စမတ်ပွဲနှင့်လည်း နီးခဲ့၍ ကျွန်တော်တို့မှာ တော်တော်ဘိုင်ကျနေ၏။ ရှိငွေမှာ နောက်ထပ်ငွေမရမီ အလျင်မှီရုံလောက်သာဖြစ်နေ၏။ ထို့ကြောင့် သူ့မာမီကြီးက. .

''မြေးရေ. . . . မြေးမွေးနေ့တော့ မာမီကြီးတို့မှာ ပိုက်ဆံမရှိလို့ ဘာမှမကျွေးနိုင်တော့ဘူး ကွယ်. .''ဟု ပြောတော့ မြေးငယ်က. . .

''ကိစ္စမရှိပါဘူး မာမီကြီးရယ်. . .၊ ဟိုက မာမီကြီးပို့လိုက်တဲ့ အက်ဖီရဲ့ ဘာ့ဒေးကိတ်ပဲ အက်ဖီသူငယ်ချင်းတွေကို ဝေမျှကျွေးရမှာပေါ့''ဟု ပြန်ပြောလိုက်တော့ ကျွန်တော့်ရင်ထဲမှာ လှိုက်ဖို၍ သွားပါသည်။ မြို့ထဲရှိ သူ့မိခင်ဘက်က ဖွားအေက သူ့မြေးများ မွေးနေ့ကို ပြည်သူ့ မုံ့တိုက်မှ မွေးနေ့ကိတ်ဝယ်၍ ပေးလေ့ရှိပါသည်။ ဒီကိတ်မုံ့လေးကိုဘဲ အနီးပတ်ဝန်းကျင်မှာရှိ တဲ့ သူ့မိတ်ဆွေကလေးတွေကို ခွဲဝေကျွေးပါမည်ဟု ပြောလိုက်ခြင်း ဖြစ်တော့ကျွန်တော်ရင်ဆို့ သွားလျက်. . . .

''ကဲ. . . . အမေကြီးရေ၊ မင်းဟိုလက်စွပ်ကလေးဘဲ အပေါင်ဆိုင် ပြန်ပို့တာပေါ့ကွာ. . .''ဟု ပြောပြီး မုံ့ဟင်းခါး ငါးပိသုပ်သာကျွေးလိုက်ရ၏။

သြော်. . . ဒီမြေးလေးတွေ လူဖြစ်လာမှ ကုန်ဈေးနှုန်းတွေကြီးလှ၍ ကျွန်တော်တို့မှာ ငွေကြေးကျပ်တည်းကြသည်။ သူတို့လေးတွေ ဝတ်ရသည်မှာလည်း ကြည့်ပါဦး။ ဟိုတုန်းကဆို လျှင် ကလေးနှင့်လိုက်သော အမျိုးအစား အဆင်လှလှလေးတွေ ချုပ်ပေးရသည်။ ယခုတော့ ဖျင်စအသစ် ဝယ်နိုင်သည်က နည်းပါးလှ၍ သူတို့အဖေ ပုဆိုးဟောင်းနှင့် ကျွန်တော့်ပုဆိုး အပြဲ များကို အင်္ကျီ ဘောင်းဘီလေးတွေ ချုပ်ပေးရသည်။ ထို့ကြောင့် တခါတရံ ကျွန်တော့်မြေးများ အား ''ဟဲ့ ပုဆိုးစုတ်ကလေးတွေ''ဟု ခေါ်မိတတ်၏။ သူတို့လေးတွေကတော့ နားမလည်ရှာဘူး။ ''ဟေ့ ငါဒက်ဒီ့ ပုဆိုးဝတ်ရတယ်ကွ၊ ပါပါးပုဆိုး ဝတ်ရတယ်''နှင့် ဂုဏ်ယူကြ၏။ သြော်. . သူတို့ စိတ်ထဲ ကလေးဆိုတာ ဒီလိုဘဲ၊ လူကြီးအဝတ်ဟောင်း ဝတ်ရသည်ဟု မှတ်ယူကြလိမ့်မည် ထင်ပါ ၏။

ကဲ. . . . သားမြေးတွေအကြောင်း သည်တွင် ခေတ္တရပ်နားပြီး ဆွေမျိုးများအကြောင်း ရေးပါ ဦးမည်။

ဆွေမျိုး

ကျွန်တော်သည် တခါတရံ အလျဉ်းသင့်၍ အိမ်ထောင်ရေးဆောင်းပါးများ ရေးသော အခါ၌ ကြင်ဘက်ရှာသူတို့အား မိမိချစ်သူတယောက်တည်း ဝ,ကွက်မကြည့်ဘဲ ဆွေမျိုးအသိုက် အဝန်း၏ အခြေအနေ၊ စိတ်နေသဘောထားတွေကိုပါ စူးစမ်းဘို့ အကြံဉာဏ်များ ပေးခဲ့ပါ၏။ အကြောင်းမှာ အိမ်ထောင်ကျပြီဆိုလျှင် လင်သည်မယားဘက်က ဆွေမျိုး၊ မယားသည် လင်ဘက် ကဆွေမျိုး စက်ကွင်းထဲသို့ ဝင်ရောက်ရပြီ မလွဲတည်း။ ထိုအခါ ဤဆွေမျိုးတို့က ကောင်းမွန်ပါ က စိတ်ချမ်းသာရာရ၏။ မကောင်းဘူးဆိုလျှင် အကြောင်းအမျိုးမျိုးတွေနှင့် စိတ်ဆင်းရဲစရာ ကြုံရတတ်၏။ ဆွေမျိုးဆိုတာတွေကလည်း ကင်းကွာ၍ရသည်မဟုတ်ပေ။ ကိုယ့်အိုးကိုယ့်အိမ်နှင့် သီးသန့်နေပေမင့်လည်း သူတို့လာကြပေလိမ့်မည်။ ကိုယ်ကလည်း သွားရသောအလှည့်ရှိပေ မည်။ ထိုအခါ ချစ်ခင်ကြင်နာမှုရှိကြသည်၊ သူ့ဘက်ကိုယ့်ဘက် မျှတမှုရှိကြသည်ဆိုလျှင် ကောင်း၏။ ကိုယ့်ဘက်ကိုယ် ယက်ချင်တဲ့ လိပ်မျိုးတွေ၊ အနိုင်အထက် ကျင့်ချင်တဲ့ ကျားမျိုးတွေ နှင့် တွေ့လျှင်ကား အခြားနိမ်းတတ်လေသတည်း။

ထို့ကြောင့် ဆွေမျိုးအသိုက်အဝန်းကို ကြည့်ဟုဆိုရာ၌ ပထမသူတို့သားအမိ သားအဖ ညီအကို မောင်နှမဆက်ဆံပုံကို ကြည့်ပါ။ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိပါသလား၊ အပြောအဆို သိမ်သိမ်မွေ့မွေ့ ရှိပါသလား၊ အပြောအဆို ကြမ်းကြမ်းတမ်းတမ်းနှင့် အကြီးက အငယ်ကို အနိုင့်အထက် ပြုကျင့်တတ်ပါသလား၊ မိဘမသေခင်က အမွေခွဲချင်နေကြသလား. . . ။

ဒုတိယ သူတို့ဆွေမျိုးချင်း ဆက်ဆံပုံ၊ အပေးအယူမျှတပါ၏လော။ မနာလိုဝန်တိုမစ္ဆရိယ ရှိတတ်ပါသလား။ အတင်းအဖျင်းပြောတတ်ပါသလား။ တဦးကိုတဦး ကျွေးချင်မွေးချင် ပေးချင် ကမ်းချင်ရှိပါသလား။ အခြေအနေမြင့်သူက နိမ့်သူကို ဘယ်လိုသဘောထားပါသနည်း။ ၎င်းတို့ကို ဆင်ခြင်သုံးသပ်ရပေမည်။

ဒီအကြောင်းတွေ ကျွန်တော် ရေးပြနိုင်တာ သော်တာဆွေ စိတ်ကူးဉာဏ်ကောင်းလှလို့ မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် ဒီအကောင်းအဆိုးနှစ်မျိုးထဲကို ဝင်ရောက်ခဲ့ရလို့ဘဲဗျို့။ မယုံ မရှိနဲ့ ကိုယ်တွေ့တွေ ကိုယ်တွေ့တွေ။ ကဲ. . . လာပါပြီခင်ဗျာ။

''ဒီမှာ မောင်ကြင်ဆွေရဲ့ ဆွေမျိုးကြောင့်ကြ, သုံးကြောင့်ကြရှိသကွယ့်၊ ကိုယ့်ထက်သာ မှာ စိုးတယ်၊ ကိုယ့်ထက်နာမှာ စိုးရတယ်၊ ကိုယ်နဲ့တန်းတူနေမှာ စိုးရတယ်၊ ဘာကြောင့်လဲဆို တော့ ဒင်းတို့က ကိုယ့်ထက်သာနေရင် ကိုယ်ကအောက်ကျ, နောက်ကျဖြစ်မှာပေါ့ကွယ်၊ ကိုယ့်ထက်နာ– ကိုယ့်ထက်ဆင်းရဲတယ်ဆိုရင် ကိုယ်ကပေးရကမ်းရလိမ့်မယ်၊ ကိုယ့်ဆီလာတောင်းကြ, ရမ်းကြ လိမ့်မယ်၊ နို့ပြီး ကိုယ်နဲ့တန်းတူနေတယ်ဆိုရင်လဲ ကိုယ့်ကို ဂုဏ်တုဂုဏ်ပြိုင် လုပ်လိမ့် မယ်ကွယ့်. . . .''

ကဲ. . . စာရှုသူခင်ဗျာ။ ဒီအတိုင်းဆိုရင်ဖြင့် တောထွက်ပြီး သစ်တပင်ရင်း ဝါးတပင်အောက် မှာ တကိုယ်တည်း တရားကျင့်နေဘိုပဲရှိတော့တယ် ခင်ဗျ။ အိမ်ထောင်သားမွေးမှု မပြုပါလေနဲ့ တော့။

ဤဆုံးမသြဝါဒကား ကျွန်တော့်ပထမ ယောက္ခမကြီး၏ မိခင်အဖွားကြီးက ကျွန်တော် သူတို့အိမ်တက်ရောက်၍ မကြာမီမှာ သွန်သင်ပြောပြလိုက်တာ ခင်ဗျ။

တနည်းတဖုံအားဖြင့် ရယ်စရာစကားဟူ၍ ယူဆဘွယ်ရှိသော်လည်း အမှန်စင်စစ်ကား ကျွန်တော့်ယောက္ခမ အိမ်ထောင်နှင့် သူတို့ဆွေမျိုးသားချင်းများ ကျင့်သုံးကြသည်က ဤအတိုင်း ပင်။ သမီးယောက်မ၊ ချွေးမနဲ့ယောက္ခမ ကွယ်ရာတွင် တယောက်နှင့်တယောက် အတင်းပြော ကြလား၊ အလွန်ပြော။ လလယ်ရက် ငွေကျပ်လို့တဦးက တဦးစီချေးရင် အတိုးနဲ့။ ထိုအခါ အတိုး ပေးရသူကလည်း သူများငွေချေးပြီး တနည်းတဖုံ ကြွားသေးဗျ။ ဘယ်လိုလဲဆိုရင်. . .

''အို. . ကျုပ်တို့ ဘဏ်မှာငွေရှိသားဘဲ၊ ကျုပ်တို့ သမီးယောက်မချင်း သူက ဒီငွေတိုးလေးရ မျှ စားရတာမို့ တမင်ချေးတာပါ''တဲ့။ ကြုံဘူး, ကြားဘူးကြရဲ့လား ကိုယ့်လူတို့။

သူတို့အမျိုးမှာ ညီအကိုမောင်နှမချင်းလည်း မတည့်တတ်ကြ။ တဖြုန်းဖြုန်း ရန်ဖြစ်တတ် ၏။ ကျွန်တော့်ဇနီးတွင် မွေးပေါက်ဖော် လေးယောက်ရှိရာ အကြီးဆုံးသည် အငယ်တွေကို အနိုင် ကျင့်တတ်၏။ နာနာကျည်းကျည်း ထိုးခတ်တတ်၏။ ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတတ်၏။ မိဘက သားမြေးများ အပေါ်၌ သဘောထားပုံလည်း မကောင်းပါ။ ကျွန်တော့်သား 'သော်သော်' မွေးတဲ့ ၁၉၄၈–ခုနှစ်က ရောင်စုံသူပုန်တွေအားကောင်း၍ 'ရန်ကုန် အစိုးရ'ဟု ခေါ်လောက် အောင် နယ်တွေအဆက်အသွယ် ပြတ်သဖြင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းများ အခြေပျက်လေ ရာ ထိုခဏမှာ ကျွန်တော့်တွင် ဝင်ငွေမရှိ။ ဒီတော့ ကျွန်တော်တို့မိသားစုကို သူထမင်းအလကား ကျွေးမထားနိုင်ပါဘူးဟု ယောက္ခမကြီးက အကုန်နှင်ချ၏။ ဒါကို ကျွန်တော်ခွင့်လွှတ်ပါတယ်။ သို့သော်

ယခုတိုင် ကျွန်တော့်စိတ်ထဲ အခဲမကျေနိုင်သည်ကား. . . ကျွန်တော့်သားအကြီးက 'ကျော် ကျော်'မို့ အငယ်ကို 'ဇော်ဇော်'ဟု မှည့်မည်ပြုရာ ယောက္ခမကြီးက ဘာပြောတယ်ထင်ပါသနည်း။

''ဟေ့. . . . နင့်သားကို ဇော်ဇော်လို့ မမှည့်နဲ့၊ ငါ့ဦးလေး ဦးဇော်ဖေဆိုတာ ရှိနေတယ်၊ ဟိုတုန်းက ပဲခူးမှာ ဌာနာအုပ်ကြီးပေါ့၊ နင့်နာမည်ပါတဲ့ 'သော်သော်'လို့ မှည့်ပါလားဟဲ့''ဟု ဆိုသဖြင့် ယခု ကျွန်တော့်သားမှာ 'ဇော်ဇော်'မဖြစ်ဖဲ 'သော်သော်'ဖြစ်နေပါ၏။

ကဲ. . . ဘာဆိုင်သနည်း။ ကျွန်တော့်မှာ ငွေကြေးမရှိ၍ အိမ်ပေါ်ကနှင်ချတာ ဘာမျှမပြော လိုပါ။ ဒီကလေး (သူ့မြေး)နာမည်မှည့်တာများ ကျွန်တော့်ငွေမရှိတာနဲ့ သူ့အမေမောင်၊ သူ့ဦး လေးနာမည် 'ဇော်'တလုံးပါတာနဲ့ 'ဇော်ဇော်'မမှည့်ရဘူး ဆိုတာ စာဖတ်သူများ စဉ်းစားကြည့်ကြ စမ်းပါခင်ဗျာ။

သို့သော် ကျွန်တော် ဤကိစ္စကို သူတို့အိမ်ပေါ်မှာပင် ဂလဲ့စားချေခဲ့ရပါသည်။ ကျွန်တော် ဂလဲ့စားချေပုံကား. . .

၁၉၅၂-ခုနှစ် ကျွန်တော့်သမီး အထွေးဆုံး မေဘယ်လ် မွေးသောအခါ ကျွန်တော်အိမ် တွင်မရှိ။ ကျေးတောရွာ နောက်ခံထားသော ဝတ္ထုတပုဒ်ရေးရန် ကိုယ့်ရွာသို့ပြန်နေ၏။ ဤဝတ္ထု 'ဘွဲ့ကြော ကြက်သူခိုး'ပြီး၍ ပြန်လာခဲ့သောအခါ အလဲ့. . . . အိမ်မှာ သူ့ဦးလေး ဦးဇော်ဖေဆိုတာ အဖိုးကြီး, အဖွားကြီး လင်မယား၊ သမီးနှစ်ယောက်နဲ့ ရောက်နေသဗျ။

ဒီအချိန် ဒီအခါမှာ ယခင်ဌာနအုပ်ဟောင်းကြီးဟာလဲ ပင်စင်ပါရောင်းပြီး သူ့အဖွားကြီး က ဖဲရိုက်ပစ်လို့တဲ့။ ဖြူခါပြာခါ ကျနေသဗျ။ ဒီတော့ ကျွန်တော့်ယောက္ခမကြီးက ကျွန်တော့် ဘာပြောသလဲသိလား။

''ဟေ့. . . ဒီမှာ မောင်ကြင်ဆွေ၊ သူတို့လာနေကြတာ မင့်မိန်းမ မျက်နှာမြင်တာကိုလာကြ တာကွ၊ အခုဒီမှာနေကြတာလဲ ဟိုငါ့ဦးလေး သမီးနှစ်ယောက်က မင့်မိန်းမကို ပြုစုဘို့၊ အနီး ဘာလျှော်ဘို့ပေါ့ကွာ''ဆိုတော့ ကျွန်တော်က. . . .

''ဟာ ကောင်းတာပေါ့ခင်ဗျာ. . .''

အမှန်မှာတော့ ဟိုဟာတွေက စားစရာ,နေစရာမရှိလို့ တက်လာကြတာဗျ။ ဆွေမျိုး ကြောင့်ကြ, သုံးကြောင့်ကြမှာ ဒုတိယအကွက် ဝင်နေသကိုးဗျ။ ဒါကြောင့် ကျွန်တော့်ယောက္ခမ ကြီးက ဘာဆက်လက်ပြောသလဲဆိုရင်. . .

''အဲဒီတော့ သူတို့စားစရိတ်ကို မင်းကခံကွာ''တဲ့။

နိပ်ပေ့၊ ကျိတ်ဟ. . .။

အဲသည်အချိန်မှာ ကျွန်တော်က အဖေ့ဆီကလဲ ငွေရလာတယ်။ လုံးချင်းဝတ္ထုတပုဒ်ကလဲ ပြီးလာတယ်ဆိုတော့ ငွေကဖြိုးနေသကိုးဗျ။ ဒါကြောင့်သူ့နာမည်မှာ 'ဇော်'ပါတာနဲ့ ငါ့သားနာမည်တောင် 'ဇော်ဇော်'မမှည့်ရအောင် ဒီလောက်ကြီးကျယ်မြင့်မြတ်လှတဲ့ ပုဂ္ဂိုလ်ကြီး မိသားစု တော့ ငါက ကျွေးလိုက်မဟဲ့လို့ စိတ်ထဲကခဲပြီး. . .

''ကျွေးမယ်ဗျာ''ဟု အာမခံပြီး နေ့စဉ်ဘဲ ကျွန်တော်က ဟင်းလျာကောင်းကောင်းမွန်မွန် တွေ ဝယ်ခြမ်းပေးသဗျ။ ကျွန်တော့်မူရင်း သူ့ကိုပေးနေကျ၊ ထမင်းလခကိုလဲ မပျက်စေရဘူး။ သည်တော့ သူတို့အဲဒီအမျိုးတွေက ကျွန်တော့်ကို ဘယ်လိုခေါ်ကြမှတ်သလဲ။ ''သူဌေးလေး. . . သူဌေးလေး''တဲ့။ ဟဲ. . . ဟဲ. . ။

စင်စစ်တော့ သူတို့အမျိုးတွေဟာ ဆွေရယ်, မျိုးရယ်လို့ တဦးကို တဦးအိမ်ပေါ်တင်ပြီး ထမင်းကြာကြာကျွေးတဲ့အမျိုးမဟုတ်ဖူးဗျ။ ပြောခဲ့ပြီကော။ သော်သော် မွေးစနှစ်၊ ၁၉၄၈–ခုနှစ် မှာ ကျွန်တော်ဘိုင်ကျလို့ ယောက္ခမကြီးက သမီးနဲ့မြေးတွေကို အိမ်ပေါ်ကမောင်းချ၊ သံလျင်က အဒေါ်က သနားတယ်လို့ခေါ်သွား။ ပယ်ပယ်၊ ကျော်ကျော်၊ သော်သော်၊ ကလေးသုံးယောက်နဲ့ နော်မာဟာ နှစ်လလောက် ကြာခဲ့တယ်။ အဲဒါကို နောက်တိုင်းပြည် အခြေအနေကောင်းလို့ ကျွန်တော်ဝင်ငွေရ တော့ရင် ထမင်းကြွေးတောင်းတဲ့အတွက် တလ ၅၀–နှုန်းနဲ့ရက်တွက်ပါ ပေးလိုက်ရသဗျ။

ဒါကိုလဲ ကျွန်တော်ကစိတ်ထဲ တေးထားပြီး အဲဒီအဖိုးကြီး အဖွားကြီးမိသားစုကို ကျွန်တော်က ရက်ရက်ရောရောကြီး ကျွေးနေခြင်းဘဲ။

ဒါပေမယ့် တော်တော် အံ့သြစရာကောင်းတဲ့ အမျိုးတွေခင်ဗျ။ ''သူဌေးလေးက ဒီနေ့ ဒို့ကို ဘာဟင်းကျွေးအုံးမယ် မသိဘူးဟေ့''နဲ့ သူတို့ပြုံးပြုံးရွှင်ရွှင် နေ့စဉ် ချက်ပြုတ်စားနေကြလို့ တလက နှစ်လ,သုံးလဝင်လာတော့ ကျွန်တော့်ယောက္ခမကြီးက အဲဒီအဖိုးကြီး,အဖွားကြီး မိသားစု ကို မသဒ္ဓါချင်ဘူး ဖြစ်လာပြန်သဗျ။ ငါ့သမီးနဲ့သားမက်လုပ်စာကို ဒင်းတို့အလကား လာစားနေ တယ်ဆိုတဲ့ စိတ်မျိုး ပေါက်လာဟန်တူသဗျ။ နို့ပြီး ဒါတွေအတွက် ငါ့သားမက်ကုန်နေတဲ့ငွေကို ငါရရင် ကောင်းမှာဘဲလို့ တွက်ဆလာတယ်လဲ ဖြစ်လိမ့်မယ်ဗျ။ သူညည်းသည်တွေအပေါ်မှာ ငြူငြူစူစူဖြစ်လာတယ်။ တနေ့ရွှေညည်းသည်၊ နှစ်နေ့ ငွေညည်းသည်လို့ ရွတ်လာတယ်။

အကြောင်းပြချက်ကလေး တခုလဲဖန်တီးလိုက်ဗျ။ ဘယ်လိုလဲဆိုရင် အဖိုးကြီးအဖွားကြီး မှာ သမီးနှစ်ယောက် ပါခဲ့တယ်လို့ ကျွန်တော်ပြောခဲ့တယ် မဟုတ်လား။ တယောက်က အိမ်ထောင်ရှင်၊ လင်နဲ့ ခဏကွဲလာတာ။ ကျွန်တော်တို့အိမ်ရောက်ပြီး တလမကြာခင်ဘဲ သူ့လင် က လာခေါ်လို့ပါသွားပြီ။ ကျန်တဲ့အငယ်မက အပျိုလေး၊ ဒီဟာလေးနဲ့ကျွန်တော့်ကို ယုတ်ပတ် လာသဗျ။

''အင်း. . . ဒီအရွယ်တွေဆိုတာ တအိမ်ထဲ ကြာကြာနေလို့ စိတ်ချရတာ မဟုတ်ဖူး၊ နို့ပြီး ကောင်မလေးကလဲ အနေအထိုင် ရဲတင်းပါဘိသနဲ့''

မအေကြီးက စကားခင်းပေးလိုက်တော့ သမီးဖြစ်သူက. . .

''ဟုတ်တယ်. . . . ကိုကြင်ဆွေ့ကို ပွတ်သီးပွတ်သပ်နေပြီး ကိုကို ကိုကို. . . နဲ့''ဟု ထောက်ခံ လိုက်၏။ သူတို့ရေချိုးခန်းထဲမှာ ပြောနေကြသည်ကို ကျွန်တော်ကကပ်လျက် အိပ်ခန်းထဲမှနေ၍ ကြားနေရ၏။

ကောင်မလေးက ကျွန်တော်နှင့်ရင်းရင်းနှီးနှီးနေ၍ ကိုကိုခေါ်တာမှန်ပါသည်။ သို့သော် ကလေးမက သူတို့ထင်သလို စိတ်မျိုးမဟုတ်ရှာပါ။ ကျွန်တော့်အား ကျွေးမွေးထားသူရယ်လို့ အရေးပေးခြင်းသာ ဖြစ်ပါသည်။

ကျွန်တော့်ဘက်ကလည်း ''ခင်ဗျားတို့ အမျိုးထဲတော့ ဒီတယောက်ထဲနဲ့ဘဲ ရေးဆလံ၊ ဒိုးဆလံပါဗျို့''ဟု အော်ပြောလိုက်ချင်ပါ၏။

သည်လိုနှင့် တယ်ပြီးမကြာပါချေ။ နော်မာတို့သားအမိနှင့် ဟိုသားအမိ ပူညံပူညံဖြစ်ကြ ပြီး ထိုအဖိုးကြီးနှင့် အဖွားကြီးတို့ လစ်ကြပါလေသတည်း။

ထိုအခါ ယောက္ခမကြီးက ကျွန်တော့်အား ''မင်းတို့နောက်ထပ်ကလေးတယောက် တိုးလာပြီကွာ၊ ငါ့ကို ထမင်းလခငါးဆယ်တိုးပေးတော့''ဆိုသည်နှင့်အညီ ကျွန်တော်က ပေးလိုက် ပါ၏။

ဤနေရာ၌ ခေတ္တဖြတ်ပြောပါရစေ။ လွန်ခဲ့သောသုံးလလောက်က ကျွန်တော့်သားသမီး များက သူတို့ဆွေမျိုးများမကောင်းကြောင်း ရေးရပါမည်လား၊ သူတို့ဦးလေးက ရှက်လှပါသည် ဆို၍ ကျွန်တော့်ကိုလာပြီး ရန်တွေ့ကြပါ၏။ သည်အခါမှာ ကျွန်တော်က (ဩော်. . . ငါ့သားသမီး လေးတွေ စိတ်မကောင်းဖြစ်ရှာကြပါလား)ဟု ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့နေလိုက်ပါ၏။ ပယ်ပယ်နဲ့ သော်သော် က ''ဒါဒါ. . . နောက်မရေးပါနဲ့တော့''ဟု တားမြစ်သွားကြသေး၏။ အခု ဒါဒါ စိတ်ထဲရှိတာကို ထုတ်ပြောတော့မယ် သားတို့သမီးတို့ရေ၊ မင်းတို့အဖေဟာ စာရေးဆရာ။ ဟုတ်တာမှန်တာကို

မကောင်းမကောင်းဘူး၊ ကောင်းရင် ကောင်းတယ်ရေးရမှာဘဲ။ တနည်းအား ဖြင့်လဲ ဒါဟာ ငါ့ဘဝရှင်းတမ်းဘဲ။ အေး. . . မင်းတို့ကိုလဲ ငါပြောချင်တယ်။ မင်းတို့မှာ ဟိုဘက် အမျိုးက မကောင်းတဲ့စိတ်ထားမျိုးရှိမယ်ဆိုရင် ထုတ်ပစ်လိုက်ကြ၊ ခါပစ်လိုက်ကြ။ ညီအကို မောင်နှမဆွေမျိုးသားချင်း ဘယ်လိုစိတ်ထားရမယ်ဆိုတာကို ဒါဒါဘဝကိုယ်တွေ့တွေနဲ့ ရေးပြပါ မယ်။ စာဖတ်ပရိသတ် အားလုံးအတွက်ပဲ။ အဲဒါမရောက်ခင် မင်းတို့အမျိုးတွေ မကောင်းခဲ့ပုံ တွေ ကျန်သေးတယ်။ ရေးပြဦးမယ်။ အခုလက်ရှိ သက်ရှိတွေနော်။ မယုံရင်မေးကြည့်ကြ။

## သော်သော်ကျောင်းနေ နောက်ကျရခြင်း

သော်သော်သည် ၁၉၄၈–ခုနှစ်တွင်မွေးဖွားခဲ့၍ မေနှင့်ကျွန်တော် ညားသော ၁၉၅၄ခုနှစ် မှာ ၆နှစ်သားရှိပြီ။ သို့သော်လူကောင်က ငယ်စဉ်က ခပ်ညှက်ညှက်မို့ ကျောင်းမနေရသေး။ ၁၉၅၅–ခုနှစ်၊ ဇွန်လ ကျောင်းတွေဖွင့်စမှာ သော်သော်အား ကျောင်းအပ်တော့မည်၊ ကျောင်းဝင် ကြေးပေးပါဟု ပယ်ပယ်နှင့်ကျော်ကျော်ကလာတောင်း၏။ ထိုစဉ်က ပယ်ပယ်နှင့်ကျော်ကျော် နေကြသော စိန်ဖီလိုမီနာ့စ်မို့ ငွေကတော်တော်လေးများ၏။ သူတို့လာသောနေ့မှာ ကျွန်တော် တို့တွင် ငွေလွယ်လွယ်မရှိသဖြင့် ''မင်းတို့ဖွားအေကြီးကို ခေတ္တစိုက်ပြီး ကလေးကျောင်းအပ်ထား ခိုင်းလိုက်ပါကွာ၊ နောက်တနင်္ဂနွေတော့ လာခဲ့၊ ဒါဒါပေးပါမယ်''ဟု ပြောလွှတ်လိုက်၏။

သို့နှင့် နောက်တနင်္ဂနွေ လာကြ၍ ''ဘယ့်နှယ် သော်သော် ကျောင်းအပ်ပြီးပြီလား'' မေးတော့၊ ''မအပ်ရသေးဘူး''တဲ့၊ ''ဟဲ့. . . နေရာမရဘဲ နေပါအုံးမယ်ကွာ. . .''ဆိုတော့. . . . ''မယ်သီလရင်တွေနဲ့ မာမီကြီးနဲ့ခင်တယ်၊ ဘယ်အချိန် သူသွားပြောပြောရတယ်၊ အပ်ပြီးတယ် ဆိုရင် ဒါဒါကငွေမပေးဘဲ နေမှာစိုးလို့တဲ့''

''ဟဲ့. . . ငါ့သားအတွက် ငါကမပေးဘဲ နေမလားကွ''ဆိုပြီး သူတို့တောင်းသောငွေကို ပေးလွှတ်လိုက်၏။ သို့သော် နောက်တနင်္ဂနွေလာကြတော့ သော်သော်အတွက် နေရာမရှိတော့ ၍ မရတော့တဲ့။ ယင်းသို့ဖြင့်သော်သော်သည် ကျောင်းနေတနှစ်နောက်ကျခဲ့ရပါ၏။

သို့သော် သော်သော်က ဉာဏ်ကောင်း၍ တန်းကျော်တွေတက်ခဲ့ရ၏။ တက္ကသိုလ်ဝင် စာမေးပွဲမှာ ဒီသုံးခုရသဖြင့် ဆရာဝန်လိုင်းလိုက်ရ၍ ယခု M.B.B.S နောက်ဆုံးနှစ်၊ အကယ်၍သာ သူ့ဖွားအေကြီး ဒီငွေလေး တပတ်လောက်ကို မတွက်ကပ်ခဲ့ဘူးဆိုလျှင် ယခုနှစ် ကျွန်တော့်သား ဆရာဝန်ဖြစ်နေပြီပေါ့။ ဒီကလေးကျောင်းစရိတ်ဆိုတာက သူတို့လစဉ်ပေး ၂၅ဝိ အပြင် တောင်း တာနော်။ ကျွန်တော်ပေးခဲ့ပါ၏။ မေကလဲ ကြည်ဖြူခဲ့ပါ၏။

## သူတို့ဆွေမျိုးချင်း မလိုတမာ ရှိလိုက်ကြပုံများ

ယင်းသို့ ကျွန်တော်က ငွေကိုမှန်မှန်ပေးနေတော့ သူတို့ဆွေမျိုးချင်း ဘယ်လို တွန်းကြပါသနည်း။

၁၉၅၈ ခုနှစ်၊ မိုးတွေ တဖွဲဖွဲရွာနေခိုက် သူတို့ခြေရင်း ခေါင်းရင်း အိမ်ချင်းကပ်လျက်နေကြသော နော်မာ၏ ညီမတဝမ်းကွဲသည် ထီးမပါ ဘာမပါနှင့် သုတ်သီးသုတ်ပျာ ရောက်လာပြီး. . .

''ကိုကြင်ဆွေ. . . . ကိုကြင်ဆွေ. . . ရှင်ကတော့ နော်မာ့အကြောင်းဘာမှ မသိဘူး၊ ငွေတွေသာ မှန်မှန်ပေးနေတာဘဲ''ဟု မေ့ရှေ့တွင် ပြော၍ ကျွန်တော်က. . .

''ဟဲ့ . . . . နော်မာ ဘာဖြစ်လို့တုန်း. . . .''

''အိမ်ရှေ့အိမ်က ကျောင်းဆရာတယောက်နဲ့ ဖြစ်နေတယ်တော့၊ အဲဒါသူတို့ကို ငွေမပေးနဲ့တော့. . .''

ဒီအချိန်မှာ ဒီကောင်မက အသက် ၂၀ကျော်၊ အိမ်ထောင်နှင့်။ သူနော်မာတို့သားအမိနှင့် ရန်ဖြစ်ထားဟန် တူပါသည်။ ဒီတော့ ကျွန်တော်က. . .

''ဟဲ့. . ဒါ. . . ငါနဲ့ဘာဆိုင်တုန်း၊ ငါတောင် အခုနောက်မိန်းမယူထားပြီဘဲ၊ နော်မာလဲ သူနောက်လင် ယူချင်ယူနိုင်တာပေါ့။ ငါအခုငွေပေးနေတာက ငါ့သားသမီးတွေအတွက် ပေးနေတာဘဲ။ နော်မာလင်ယူလဲ ငါကတော့ ပေးနေမှာဘဲ၊ သွားသွား နင်. . . ငါ့အိမ်ပေါ်က ခုချက်ခြင်း ဆင်းသွား''ဟု မောင်းထုတ်လိုက်၏။

ဒင်းလမ်းမ ရောက်သွားမှ ကျွန်တော်နောင်တရ၏။

''တောက်. . ဒီဟာမ၊ ငါပါးချလွှတ်လိုက်ရ အကောင်းသား''

အကြောင်းမှာ တနေရာ၌ ဖော်ပြခဲ့သည့်အတိုင်း ၁၉၄၈–ခုနှစ် နော်မာတို့ သားအမိတွေ သူတို့အိမ်သို့သွား၍ ခိုကိုးရစဉ် ကျွန်တော့်သမီး ပယ်ပယ်က လေးငါးနှစ်။ သူက အပျိုပေါက်။ သူကျောင်းသွားခါနီး အလှပြင်နေသည်ကို ကလေးက မော့ကြည့်နေမိသဖြင့် ဘာမပြော ညာမပြော ကလေးပါးကို ဖျန်းကနဲ ရိုက်လိုက်၏။ အနီး၌ရှိနေသော ကျွန်တော်က. . . ''ဟ. . ဘာဖြစ်လို့ ရိုက်တာလဲဟယ်. . .''ဆိုတော့ ''ရိုက်ချင်လို့''တဲ့။

ကျွန်တော်ငွေမှန်မှန် ပေးနေသည်ကို နော်မာအား မနာလိုသူကား ဒီဟာမတကောင်ထဲ မဟုတ်သေး။ နောက်တကောင်မ ရှိနေသေး၏။ သူ့ပစ်စာမှာ နာမည်မပါသော်လည်း လူချင်း နီးနီးကပ်ကပ် နေခဲ့ဘူးတာကလား။ သူ့လက်ရေးနှင့် သူ့လေသံကို ကျွန်တော်သိတာပေါ့။ နော်မာနှင့် ဆွေမျိုးချင်း အလွန်ရင်းပါသည်။ သူ့စာမှာ. . .

ဟဲ့. . ကြင်ဆွေ

နင်က အဝေးမှာနေပြီး ဘာမှမသိဘူး။ နင့်မယားကို ငွေမှန်မှန်ပေးနေတယ်။ နင့်ဟာမက ခုနောက်မီးလင်းနေပြီ သိရဲ့လား။ နင် နွားကျခံပြီး ငွေပေးမနေနဲ့တော့။

နင့်ကို နွားမဖြစ်စေလိုသူ

ကျွန်တော်က ဤစာနှင့်ပူးတွဲ၍ အရင်ဟိုဟာမ ပြောသွားတာတွေပါ ရေးထည့်ပြီး နော်မာ့ထံသို့ သူတို့ပြောတာတွေ ဟုတ်နေလျှင် နော်မာ ကောင်းမွန်စွာ အိမ်ထောင်ပြုနိုင်ပါ သည်။ ယင်းသို့ပြုသော်လည်း ကျွန်တော်က ကိုယ့်သားသမီးအတွက် ပေးနေသော ငွေကိုတော့ မှန်မှန်ပေးနေမှာဘဲဟု စာရေးလိုက်၏။

သို့သော် နော်မာသည် သူတို့စွပ်စွဲသကဲ့သို့ မဟုတ်ပါချေ။ အကယ်၍ နော်မာ နောက်အိမ်ထောင်ပြုသွားလည်း ကျွန်တော် အလွန်ဝမ်းသာပါညမ်။

ဩော်. . . နော်မာတို့အဖြစ်ကလည်း. . .

ကျွန်တော်သူ့ကို အလွန်သနားပါသည်။

သနားရာမှ ‘ဒီလောက်တောင်ဟယ်. . ’ဟု ဒေါသလည်းထွက်ရ၏။ ဥပမာတခု ပြပါမည်။

၁၉၆၂–ခုနှစ် တနေ့သော နံနက်ခင်း၌ သူသည်တယောက်တည်း ကျွန်တော့်အိမ်သို့ မလာစဖူး စိတ်ညစ်ညူးသောမျက်နှာနှင့် ရောက်လာ၏။ သူဘယ်လိုဖြစ်လာပါသနည်း။ ကျွန်တော် စိတ်မကောင်း။ အကျိုးအကြောင်း မေးကြည့်တော့. . . .

ဘော်အဖြစ်က ဒီလိုတဲ့ဗျာ။ သူတို့နဲ့ခေါင်းရင်းအိမ်က မိန်းမကြီးနဲ့ ရန်ဖြစ်သတဲ့။ ဒီတော့ အဲသည်အဒေါ်ကြီးက ''နင်တို့ဟာ မောင်ကြင်ဆွေပေးလို့ စားနေရတာ၊ အခုမောင်ကြင် ဆွေကို နောက်ထပ် ငွေမပေးတော့ဘို့ သွားပြောမယ်''ဆိုလို့တဲ့ဗျာ။ အဲဒါ အခုဒီမိန်းမကြီး လာပြောသွားပြီလား။ သူဘယ်လိုပြောပြော ကျွန်တော်က ငွေမပေးဘဲတော့ မနေပါနဲ့ လာပြောတာတဲ့ဗျာ။

''ဒီမိန်းမကြီးနဲ့ ကျွန်တော်က ဘာမှတော်တာလဲ မဟုတ်၊ အိမ်ချင်းကပ်နေခဲ့၍ လူချင်း သိရုံဘဲ။ ဒီအဒေါ်ကြီးကလဲ ကြံကြံဖန်ဖန် ခြိမ်းချောက်တယ်။ ဒါကြောင့်. . .

''ဖြစ်မှဖြစ်ရလေ နော်မာရယ်၊ ဘယ်သူက ဘာပြောပြော၊ ငါ့သားသမီးအတွက် ငွေကို တော့ ငါပေးမှာပေါ့ဟ''ဆိုပြီး အနီးရှိ မေအား. . .

''အခု ဒီလထဲအတွက်ကော ပေးပြီးပြီလား''

မေက ''ပေးပြီးပါပြီ''ဟု ပြော၍ နော်မာက ''ရပြီးပါပြီ ကိုကြင်ဆွေ။ ကျေးဇူးတင်ပါတယ် မေရယ်''ဟု ဆိုပြီးမေ့လက်ကို သူကကိုင်၏။

''ကဲ. . ဒါဖြင့် နော်မာစိတ်အေးလက်အေး၊ စိတ်ချလက်ချသာ ပြန်ပေရော့၊ မေသူ့ကို ဘတ်စ်ကားဂိတ်ရောက်အောင် လိုက်ပို့လိုက်စမ်းကွာ''

အမျိုးသမီးနှစ်ဦး တယောက်လက် တယောက်ကိုင်၍ လမ်းမရောက်သွားကြတော့ ကျွန်တော် သူတို့ကိုကြည့်ကာ အတိတ်ဆီသို့ပြန်သွားမိသည်။

၁၉၄၂–ခုနှစ်၊ နော်မာနှင့်ကျွန်တော်ညားကြတော့ သူက ဆယ့်ငါးနှစ်၊ ကျွန်တော်က နှစ်ဆယ့်သုံးနှစ်။ နော်မာနှင့် ကျွန်တော် ဆယ့်နှစ်နှစ်ပေါင်းခဲ့ပြီး၊ ၁၉၅၄–ခုနှစ်မှာ မေနှင့် ကျွန်တော်ညားကြတော့ မေကနှစ်ဆယ်၊ ကျွန်တော်က သုံးဆယ့်ငါးနှစ်။

နော်မာနှင့် ကျွန်တော်သည် တလမ်းတည်း အိမ်ချင်းနီးကပ်စွာ နေခဲ့ကြ၍ လူချင်း မြင်တွေ့ပြီး ချစ်ကြိုက်ခဲ့ကြသည်။

မေနှင့် ကျွန်တော်သည် အလွန်ဝေးကွာသော မြို့များမှ လူချင်းမမြင်ဘူးပဲလျက် သော်တာဆွေဝတ္ထုတွေ နှစ်သက်ခဲ့ရာမှ လူချင်း ချစ်ကြိုက်ခဲ့ကြသည်။

နော်က စာရေးဆရာကိုမသိ၊ ငွေကိုသာကြည့်တတ်သည်။

မေက ကျွန်တော့်ကို သော်တာဆွေ၊ အနုတ်လက္ခဏာ တလ ၂၅ဝိနှင့် ယူခဲ့သည်။

ဤကား နော်မာနှင့်မေ ခြားနားချက်။

သူတို့ချင်း ခြားနားသလို သူတို့ဆွေမျိုးချင်းလည်း ခြားနားလှ၏။

## အရေးပေါ် ကြားဖြတ်မှာကြားချက်

စာဖတ်သူများ ခင်ဗျား–

ကျွန်တော့်ဇနီးနှစ်ယောက်နှင့် သူတို့ဆွေမျိုးများ အကြောင်းရေးနေရာမှ ယခု ရှုမဝ ဦးကျော်အကြောင်း ကြားဖြတ်ဝင်ရသည်မှာ ဤ'ကျွန်တော့်ဘဝ ဇာတ်ကြောင်း'ကို ရှုမဝတွင် လစဉ် ရေးနေခိုက် ထိုလ (ဖေဖော်ဝါရီ၊ ၁၉၇၄)တွင် ဦးကျော်အနိစ္စရောက်ပါသဖြင့် သူ့အကြောင်းကို ကျွန်တော်ရေးရန် တာဝန်ရှိသည်နှင့် ရေးလိုက်ရပေရာ ယင်းဆောင်းပါးသည် ကျွန်တော့်ဖြစ်အင် တစိတ်တဒေသ ပါဝင်နေ၍၎င်း၊ ဦးကျော်အကြောင်းကို ကျွန်တော့်ဘဝ မှတ်တမ်းထဲတွင် ပါဝင်စေလို၍၎င်း ထည့်သွင်းလိုက်ခြင်း ဖြစ်ပါသည်။

## ရှုမဝ ဦးကျော်မည်သော ဖွဲ့သတ္တိခဲ

၁၉၄၇–ခုနှစ်၊ နိုဝင်ဘာလ၊ ဒုတိယသီတင်းပတ်၊ တခုသော နံနက်ခင်း၌ လမ်းလျှောက် တုတ်ကိုင်၍ ဆေးတံကြီးခဲထားသော အသားညိုညို၊ အရပ်ရှည်ရှည် လူကြီးတယောက်နှင့် လက်ဆွဲသားရေအိတ် ကိုင်ထားသည့် အသားဖြူဖြူ၊ အရပ်ပြတ်ပြတ် လူငယ်တယောက်သည် ရန်ကုန်မြို့၊ ဗိုလ်ချုပ်ဈေး အနောက်ဖက်တန်း၊ အခန်းနံပတ် ၁၄၆–တွင်ဖွင့်ထားသော သံတခါး ပေါက်မှ ဝင်ခဲ့ကြပြီး အတွင်းမှာ လူတယောက်မှမတွေ့ရ၍ လူငယ်က အပေါ်ထပ် လှေကားဝ ကို မော့်ကြည့်လျက်. . .

''ရှုမဝဦးကျော်ရှိပါသလား ခင်ဗျာ''ဟု မေးလိုက်လေ၏။

ထိုသူနှစ်ဦးအနက် လူကြီးက ဆရာကြီးရွှေဥဒေါင်း၊ လူငယ်က သော်တာဆွေ။ သူတို့ သည်မန္တလေးမြို့မှ ရန်ကုန်၊ ယခုမနက်ဆိုက်ရထားနှင့် ရောက်လာကြခြင်းဖြစ်သည်။

ကျွန်တော်သည် ထိုနေ့နံနက်ခင်းက ဖော်ပြခဲ့သော အခန်းအပေါ်ထပ်မှ ဆင်းလာခဲ့ သော ရှုမဝဦးကျော်ကို ယခု ၁၉၇၄–ခု၊ ဖေဖော်ဝါရီလ ၂၅–ရက်၊ နေ့လယ် ၃–နာရီခန့်၌ ကြံတောသုသာန်က သင်းချိုင်းဂူထဲသို့ ဝင်သွားခဲ့သည်အထိ၊ စိစစ်လေ့လာကြည့်ရှုခဲ့ရာ ရှုမဝ ဦးကျော်သည် အင်မတန် ဖွဲ့သတ္တိကောင်းသူ၊ အလွန်ဝီရိယရှိသူ၊ အလုပ်တခုကို မဖြစ်မနေလုပ် တတ်သူဖြစ်လျက် လူချင်းပေါင်းသင်းဆက်ဆံမှုမှာလည်း တဖက်သားကိုကူညီတတ်ခြင်း၊ သည်းခံ ခြင်း၊ ခွင့်လွှတ်ခြင်း၊ ရန်ငြိုး,အာဃာတမထားတတ်ခြင်းတို့ဖြင့် ပြည့်စုံလှပါပေ၏။

အောက်ပါစာကို ကြည့်စမ်းပါ။

ရှုမဝတိုက်

စာတည်းအဖွဲ့နှင့်ပုံနှိပ်ဌာန

အမှတ်၁၊ ဆင်းဒဝစ်လမ်း၊ ရန်ကုန်။

၁၁၊ ၁၀၊ ၅၈။

သော်တာဆွေသို့

ခင်ဗျားသည် စော်ကားလွန်းအားကြီးသည်။

ခင်ဗျားပြုမူပုံသည် ကျွန်တော်၏လူငယ်များကို အုပ်ထိန်း၍မရလောက်အောင် ဖြစ်နေပြီ။

ကျွန်တော်တသက်နဲ့တကိုယ် ဘယ်သူ၏လက်နဲ့မျှ အရှုယ်ပင်မခံခဲ့ရဘူးပေ။

ခင်ဗျားတို့မူးချင်တိုင်းမူးပြီး စော်ကားချင်တိုင်း လာ၍စော်ကားနေတာ ဆက်လက် သည်းမခံနိုင်ပါ။

ခင်ဗျားနဲ့ ကျွန်တော်ယခုအချိန်ကစ၍ လူချင်းအဆက်ဖြတ်ပြီဖြစ်ကြောင်း။

မောင်ကျော်

၁၉၅၈–ခု၊ အောက်တိုဘာလ၊ ၁၁–ရက်နေ့ နံနက်စောစောတွင် ရှမဝကားမောင်းသော ဒရိုင်ဗာ ကိုသိန်းမောင်သည် ရှမဝကားနှင့် ခုနှစ်မိုင်ရွာတန်းရှည်ရှိ ကျွန်တော့်အိမ်သို့ ရောက်လာပြီးအထက်ပါစာကို ပေးပါသည်။ ထိုအချိန်၌ ကျွန်တော့်မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေနှင့်။ ဒီဒဏ်ရာဒဏ်ချက်တွေကို ကျွန်တော်ဘယ်လိုရခဲ့သလဲမသိ။ ''မောင်ဟာ ညကအရက်တွေ အလွန်အကျွံမူးပြီး ကိုသိန်းမောင် ရှမဝကားနဲ့လာပို့တာဘဲ''ဟု ကျွန်တော့်ဇနီးမေ ပြောတာဘဲသိ ၏။ ''မောင်ဘယ်လိုဖြစ်လာတာလဲ''ဟု မေမေးသည်ကိုလည်း ကျွန်တော်မဖြေနိုင်။ ကျွန်တော်မှာ ထိုစဉ်က ဒီလိုဘဲအရက်သိပ်မူးခဲ့ပြီဆိုလျှင် မူးတုန်းကိုယ်လုပ်ခဲ့တာတွေ မမှတ်မိတော့။ ထို့ကြောင့် ဦးကျော် ပေးခိုင်းသောစာကို ဖတ်ပြီး–

''ကိုသိန်းမောင်၊ ကျွန်တော်မနေ့က ရှမဝတိုက်မှာ ဘာဖြစ်ခဲ့သလဲဗျာ''

''ဦးကျော်နဲ့ အာစရိက စာပွဲမှာထိုင်ပြီး စကားအချီအချပြောနေကြရင်း အာစရိက ဦးကျော်ခေါင်းကို စီးကရက်သံဗူးနဲ့ ကောက်ထုတာဘဲဗျာ''

သည်တော့မှ ကျွန်တော်က တအံ့တဩဖြစ်လျက်. . . . .

''ဟာ. . . ဟုတ်လား၊ ဦးကျော် တော်တော်နာသွားသလား''

''သိပ်မနာပါဘူး၊ နဖူးမှာ နဲနဲတော့ ရောင်သွားတယ်''

''နို့ပြီး ကျွန်တော့်မျက်နှာနဲ့ ခေါင်းက ဒဏ်ရာတွေကကော ဦးကျော်က ကျွန်တော့်ကို ပြန်ဆော်တာလား''

''ဘယ် ဟုတ်ရမလဲ၊ ဦးကျော်က အာစရိကို လက်ဖျားနဲ့တောင် မတို့ဘူး၊ သူ့ကောင်လေး တွေက ဝိုင်းဆော်ကြတာ''

''ဆော်ထိုက်ပါပေတယ်ဗျာ၊ ကျွန်တော်စိတ်မဆိုးဘူးလို့ အဲဒီလူငယ်တွေကို ပြောလိုက်ပါ''

''ဦးကျော်က အာစရိ လဲနေတော့ ဟဲ့မလုပ်ကြနဲ့၊ မလုပ်ကြနဲ့လို့တားပြီး ကျွန်တော့်ကို ဆေးတိုက်လိုက်ပို့ခိုင်းတယ်၊ အာစရိကို ဆရာဝန်က ဆေးထိုး,ဆေးထည့်ပြီးမှ ကျွန်တော်ဒီအိမ် ပြန်ပို့ရတာ''

''အင်း. . . ကျုပ်တော့ဘာမှ မမှတ်မိဘူးဗျာ''

အမှန်ဘဲ။ ဦးကျော်ကို ကျွန်တော်ဘာ့ကြောင့် စီးကရက်ဗူးနှင့် ကောက်ပေါက်မိသနည်း။ ယခုတိုင် စဉ်းစား၍မရပါ။ ဘာမျှ ရန်ငြိုး,ရန်စရှိစရာ လူချင်းလဲမဟုတ်။ ကျွန်တော့်တွင် အရက်ဂြိုဟ်ဆိုးဝင်လျှင် မြင်ရာလူကို ထိုးနှက်ချင်သော၊ ကျွန်တော်မသိသော ကျွန်တော်၏ အတွင်းစိတ် ယုတ်သာလျှင် ဖြစ်ပေလိမ့်မည်ဟု သတ္တုချရပါတော့၏။

အဲ. . . ဖြစ်ပြီး အမူးပြေပြီဆိုလျှင်တော့ စိတ်မကောင်းခြင်း နောင်တရခြင်းတွေ အပြည့်။ အဲသည်တုန်းက ကျွန်တော့်စိတ်တွေ ဘယ်လောက်ထိခိုက်ပါသနည်း။ ဦးကျော်၏ ထိုစာကလေး ကို ယခုတိုင် မပျောက်ပျက်အောင် သိမ်းဆည်းထားသည်ကိုသာ ကြည့်ပါတော့။

ရှုမဝတိုက်ကို ကျွန်တော်တော်တော်နှင့် မသွားဝံ့တော့ပေ။ သို့သော်ရှုမဝအတွက် ကျွန်တော် ဝတ္ထုရေးခြင်းကိုကား မပျက်။ ထိုအောက်တိုဘာလထဲမှာ ရှုမဝတွင် ကျွန်တော် ဆောင်ရွက်စရာတွေကား ပြီးခဲ့ပြီ။

အဲ. . . နိုဝင်ဘာလဆန်း မဂ္ဂဇင်းထွက်ရက်ရောက်တော့ ကျွန်တော်မနေနိုင်တော့ပါ၊ ရှုမဝ မဂ္ဂဇင်းနှင့် ဦးကျော်ကို ကျွန်တော်ချစ်သောစိတ်က လှုံ့ဆော်လာသဖြင့် အို. . . ဖြစ်ချင်ရာဖြစ်တော့ ဟု ရှုမဝအတွက် ရေးထားသော 'မိရွှေနီ' ဝတ္ထုကို ကိုင်ကာ အိမ်မှာထွက်ခဲ့ပေတော့သည်။

ကျွန်တော့်ဘဝကို ဖန်တီးရာတွင် ကျွန်တော့်ကို အကူအညီပေးသူများမှာ ကျွန်တော့် အဖေနှင့် အမေပြီးလျှင် ရှုမဝဦးကျော်သာ ဖြစ်ပါ၏။ ဦးကျော်ကိုလဲ ကျွန်တော်ပြောဘူးပါသည်။

ကြည့်စမ်းပါ။ ၁၉၅၄–ခုနှစ်၊ မေနှင့်ကျွန်တော်ညားကြတော့ ယောက္ခမဟောင်းကြီးက ကျွန်တော့်တွင် သားသမီးငါးယောက်ရှိရာ၊ တယောက်လျှင် ငါးဆယ်စီ၊ တလနှစ်ရာ့ငါးဆယ်ပေး နိုင်ပါက ကြွလိုရာ ကြွ၊ ယူလိုရာမိန်းမ ယူဆိုသောအခါတွင် ထိုစဉ်က ရှုမဝမှ တပုဒ်သုံးရာသာ ရနေသော ကျွန်တော့်အဖို့ အခက်မဟုတ်တုံလော။ ထို့ကြောင့် ဦးကျော်က ဖန်တီးပေးပါသည်။ ရှုမဝမဂ္ဂဇင်းမှာ 'အဟိ' ကဏ္ဍထည့်ပေးကာ တလသုံးရာ၊ ဝတ္ထုဖိုးနှင့် ခြောက်ရာကျပ်ဟူ၍ ပေးလေသောကြောင့် ဒီဖေကို ယခုထိ တိမ်တိမ်မည်ရသည် မဟုတ်ပါလော။

ဤမျှ ကျေးဇူးခံကျေးဇူးစားရှိနေသော ဦးကျော်အား သူကလူချင်း အဆက်ဖြတ်ပြီဆို သော်လည်း ကျွန်တော်ကမဖြတ်နိုင်ပါ။ သူပြောလိုရာ ပြော၊ ပြုလိုရာ ပြုစေတော့ဟု ကျွန်တော် ရှုမဝတိုက်ထဲ ရဲဝံ့စွာဘဲ ဝင်သွားပါသည်။ ဦးကျော်သည် သူထိုင်နေကျစားပွဲမှာဘဲ ထိုင်နေပါ သည်။ ရှုမဝတိုက်သားများက ကျွန်တော်လာတာမြင်တော့ ကျွန်တော်တို့နှစ်ယောက် ဘာဖြစ်ကြ အုံးမလဲဟု စိတ်စောကြသည်။

သို့သော် ဦးကျော်သည် ကျွန်တော့်မြင်သောအခါ ပြုံးတုံးတုံးလုပ်နေ၍ သူ့စာပွဲနား ရောက်တော့. . . .

''ဟင်း. . . . ဟင်း. . . . ကိုရင်ကြီး လာမှလာပါအုံးမလားလို့ ကျုပ်ကစိုးရိမ်နေတာ. . . .''

ဒီတော့ ကျွန်တော်က မာမာဘဲ။

''ခင်ဗျား မလာနဲ့ဆိုတော့ကော မလာဘဲ နေရမလားဗျ၊ ကျွန်တော့်တာဝန်က ရှိနေတာ ဘဲ၊ ဟောဒီမှာ ရှုမဝအတွက် ဝတ္ထု''ဟု စာမူကို လှမ်းပေးလိုက်တော့ သူဝမ်းသာအားရယူပြီး၊ တခါတည်း ဖတ်လေတော့သည်။

ဦးကျော်သည် ကျွန်တော့်စာများကို သူအားနေလျှင် ချက်ခြင်းဖတ်လေ့ရှိသည်။ ပြင်စရာ ဖြတ်စရာရှိလျှင် နှစ်ဦးသဘောတူ ဆွေးနွေးကြသည်။ 'မိဒ္ဓေနီ'ဝတ္ထုကို သူတထိုင်တည်းနှင့် ဖတ်ပြီး ဘာမျှပြင်စရာ ဖြတ်စရာမရှိ၊ ''သိပ်ကောင်းတာဘဲ''ဟု စာပွဲကို လက်နှင့်ပုတ်၍ ပြောသည်။

''သော်တာဆွေရေးတာ မကောင်းတာများရှိဘူးလို့လား''ဟု ကျွန်တော်ကပြောပြီး နှစ်ယောက်သား ပလဲနံပ သင့်နေကြတော့ ရှုမဝတိုက်သားတွေက ပြုံးစိစိလုပ်နေကြသည်။ သူတို့က ကျွန်တော်နှင့်ဦးကျော်ကို လင်မယားဟု ခေါ်ကြသည်။ ဘာကြောင့်ဆို စာမူနှင့် ပတ်သက်၍ ငြင်းခုံကြရမှာလည်းကောင်း မကြာခဏဆူဆူညံညံဖြစ်တတ်သည်။ နောက်ပြီး ပြန်တည့်ကြလေသည်။

ဦးကျော်၏ သားသမီးများသည် သူတို့အဖေအပေါ်၌ ကျွန်တော့်လောက် နွဲ့ဆိုးဆိုးကြ လိမ့်မည်မဟုတ်။ ကျွန်တော် ငွေအသုံးလိုလျှင် ကိုယ်ကရစရာရှိရှိ၊ မရှိရှိ အတင်းတောင်းတတ် သည်။ မပေးဘဲ မနေရအောင်လုပ်သည်။

ဥပမာ–သူ့ဆီပိုက်ဆံတောင်းနေတာ တနာရီလောက် ရှိနေပြီဆိုအံ့။ ဦးကျော်ကလည်း ကိုရင့်ပေးစရာမရှိဘူးဆို၍ ဘူးခံနေပြီ။ ဒီတော့ ကျွန်တော်က. . . .

''ဦးကျော်. . . . ခင်ဗျား ကျွန်တော့်ကို မပေးဘူး ပေးမယ်နောက်ဆုံး တခွန်းထဲပြော တော့ဗျာ''

သူ့ပါး စူဖောင်းဖောင်းလေးနှင့်. . . .

''မပေးဘူးဗျာ. . .၊ မပေးဘူး မပေးဘူး. . . .။ အခွန်းတရာပြောတယ်. . . .''

''ကဲ. . . ဒါဖြင့် ကျွန်တော်က သူ့အခန်းထဲရှိ ရေဒီယိုကို မ,သွားလေတော့၏။

''ဒါဟာ ရေဒီယိုပြန်ပေးဆွဲတာဘဲ၊ ကိုသိန်းမောင်ကို လွှတ်ပြီး ငွေ၅ဝ–နဲ့ ကျွန်တော့်အိမ်မှာလာရွေးပါ''ဟု ပြောပစ်ခဲ့၏။

တကြိမ်လည်း ကျွန်တော်က တတွတ်တွတ် တောင်းနေသည်။ သူသွားရာလိုက်သည်။ အိပ်မည်လုပ်သည်ကိုလည်း ခြေထောက်ဆွဲတောင်းနေသည်။

''အောင်မယ်လေးလေ၊ ကျုပ်တော့ သေတော့မှာဘဲ၊ နားပူလိုက်တာ. . .''

''မပူချင် ပေးလိုက်ပါလားဗျ၊ အလွယ်လေး''

''ပိုက်ဆံပေးဘို့က မရှိဘူးဗျ၊ မရှိဘူး. . .''

''အောင်မယ်လေး. . မဂိုလမ်း ကုလားမရှိဘူး၊ ရန်ကုန်မြစ်ထဲ ရေမရှိဘူး၊ ရှုမဝဦးကျော်မှာငွေမရှိဘူးဆိုတာ ကျုပ်ကမယုံသေးဘူး. . . .''

ဒီလိုဦးကျော်အား ကျွန်တော်ကအတင်း ကပ်ပူနေသည်ကို ရှုမဝတိုက်သားများရော၊ ဦးကျော်အိမ်သားများရော အားလုံးမြင်ကြကြားကြသည်။ သို့သော် ကျွန်တော်တို့နှစ်ယောက် ကြားမှာ ဘာမျှဝင်၍ မစွက်ဖက်ကြ။ ပြုံးစိစိနှင့် ကြည့်နေတတ်ကြ၏။ သူတို့မှာ ကျွန်တော်တို့ အဖြစ်ကို ရိုးနေပြီ။

ဦးကျော်သည် နေ့လယ်နေ့ခင်းမှာ ပက်လက်ကုလားထိုင်တွင် အိပ်စက်လေ့ရှိရာ သူသည် ထိုနေ့၌ အိပ်ချင်လာ၍ စိတ်တိုလာပြီး ဖြစ်ရာ. . . .

''ပိုက်ဆံမရှိပါဘူးဆိုနေတာ၊ ကဲဟော့ဒါဘဲ ယူသွား''ဟု သူစိတ်လုပ်၍ သူ့လက်က မြလက်စွပ်ကို ချွတ်ပေးရာ၊ ဒီဖေကိုက ဘာချမ်းသာပေးမလဲ၊ အပေါင်ဆိုင်သွားပေါင်ပစ်လိုက်တာ ပေါ့။

## သူ့ဝါသနာ

ရှုမဝဦးကျော်သည် ကြည်လင်အေးမြသော မျက်နှာရှိသည်။ စကားပြောလျှင် တိုးတိုးညင်သာ ပြောတတ်သည်။ သူ့တွင်မယဉ်ကျေး မဖွယ်ရာသော ပျော်ပါးမှုမရှိ။ သူမက်မောသည် ကစီးကရက်သောက်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းနှင့် စာဖတ်ခြင်း။

စီးကရက်ကို အကောင်းစားမှ တမျိုးတည်း သီးသန့်လျက် တလိပ်ပြီးတလိပ် အဆက်မပြတ်သောက်၏။

ရုပ်ရှင်ကိုဇတ်ကားတိုင်းလိုလိုကြည့်၏။

စာကို နာမည်ကြီးစာအုပ်တွေကိုရော၊ ရှုမဝတိုက်သို့ ပို့သောစာရေးဆရာ ကြီးငယ်တို့၏ စာမူတွေရော အားလုံးဖတ်၏။

စာရေးဆရာငယ်တွေ စာမူများ ဖတ်ရသည်မှာ မဂ္ဂဇင်းတွင်သုံးရန် သင့်မတင့် တည်းဖြတ် ရန် ဖတ်ခြင်းဖြစ်၍ နာမည်ရ စာရေးဆရာကြီးတို့၏ လက်ရေးမူများကိုကား သူတည်းဖြတ်ရန် ဘာမျှမလို။ မုချကေန် မဂ္ဂဇင်းထဲ ထည့်ရမည်ဖြစ်လျက်၊ သူကနှစ်သက်ခုံမင်လှစွာ ရှေးဦးစွာ ဖတ်လိုသောကြောင့် ဖတ်ခြင်းသာဖြစ်၏။

သူစာမူတခုဖတ်ပြီး နှစ်သက်လှသည်ဆိုတော့ တယောက်ထဲ ပြုံးပြုံး ပြုံးပြုံးနှင့် သူ့မျက်နှာရှေ့တွင် စီးကရက်မီးခိုးတွေ ဝေနေလေရော့။

ဦးကျော်သည် အလုပ်ကိုအင်မတန် ကြိုးစားသူဖြစ်၏။ ယခင်မဂ္ဂဇင်းတမျိုးတည်းလုပ်စဉ် အခါက သူ့စိတ်အာရုံကို မဂ္ဂဇင်းထဲမှာသာ ထား၏။

## ရှုမဝ ရုပ်စုံမဂ္ဂဇင်း

ဟိုယခင်က သူရိယမဂ္ဂဇင်း၊ မြန်မာ့အလင်း မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းဟူ၍သာ ရှိခဲ့ပေရာ၊ ဦးကျော် စတင်တီထွင်လိုက်သော ရှုမဝကျတော့ ရှုမဝရုပ်စုံမဂ္ဂဇင်းဟူ၍ အမည်သ,လိုက်သည်နှင့် အညီ သူ့မဂ္ဂဇင်းမှာ အတွင်းပုံတွေပါ နှစ်ရောင်သုံးရောင်ခြယ်ရပေသည်။ ဒီလိုရောင်စုံပါရာမှာ စာအုပ်ကို ဗလတ်– ဗလတ်လှန်၍ ကြည့်သောအခါ အရောင်မထပ်ဖဲ တမျိုးပြီးတမျိုး ကူးပြောင်းသွားရန်လဲ စီစဉ်ရသည်။

ပုံရိုက်ဆရာသည် ရုပ်ပုံတခုကို အရောင်အနု အရင့် အတွဲအဖက်သုံးမျိုးရိုက်ပြီး ပြရသည်။ ဦးကျော်သည် ဤသုံးပုံကို အချိန်အတော်ကြာကြည့်သည်။ အနီးတွင် ကျွန်တော်တို့ ရှိနေလျှင် ခေါ်ပြပြီး သဘာတူဆုံးဖြတ်ကြသည်။

ရုပ်ပုံတခုကို ဒီမင်ဒီအရောင်နှင့် ရိုက်စေဟု ဆုံးဖြတ်ပြီးသော်လည်း ဦးကျော်အလုပ် ကတော့ မပြီးသေးချေ။ စက်ခန်းဝင်ပြီး မကြာခဏသွားသွား ကြည့်ရသေး၏။ အကြောင်းမှာ မင်လွှတ်တာ အနည်းအများ၊ စက်ဆရာမှာ သူက တဆက်တည်းမြင်နေရ၍ အရောင်ပြောင်း သည်ကို မသိနိုင်သဖြင့် ဦးကျော်က ကြည့်ပြီးပြောရ၏။

ထို့ကြောင့် ရှုမဝမဂ္ဂဇင်းကြီး တဟုန်ထိုး တက်နေစဉ်က ရှုမဝ၏ အလှသည် မယှဉ်သာ အောင် ဖြစ်ခဲ့ပေ၏။

## စာရေးဆရာစုံ မဂ္ဂဇင်း

ရှုမဝသည် ရုပ်စုံမဂ္ဂဇင်းသာမဟုတ်သေး၊ စာရေးဆရာစုံ မဂ္ဂဇင်းဖြစ်အောင်လဲ ဦးကျော် က စတင်ခဲ့သည်ဟု ကျွန်တော်ဆိုချင်ပါသည်။ အကြောင်းမှာ [ကလောင်သစ်များ ရေးသားပေး ပို့နိုင်ကြပါသည်]ဟု ခေါ်ငင်သည်ကို ကျွန်တော် ရှုမဝမဂ္ဂဇင်းတွင် တွေ့ရပါသောကြောင့် သော်တာဆွေ ရှုမဝသို့ ရောက်လာခြင်းဖြစ်ပါတော့၏။

တင့်တယ်သည် ရှုမဝမဂ္ဂဇင်းနှင့် နာမည်ရလာသူဖြစ်သည်။ ထို့နောက် သန်းဆွေ၊ မင်းရှင်၊ ရဲခေါင်၊ သော်တာဆွေတို့ကို ရှုမဝကပေါက်ဖွားခဲ့သည်။ ထို့နောက် ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ သာဓု၊ လင်းယုန်နီတို့လည်း ရှုမဝမှာ ဝင်ရောက်ကျက်စားကြသည်။

ရှုမဝသည် ကလောင်ဟောင်း၊ ကလောင်သစ်၊ စာရေးဆရာကြီး၊ စာရေးဆရာငယ်တို့ ပျော်မွေ့ရာဖြစ်သည်။

ရှုမဝသည် သူခေတ်ကောင်းစဉ်က စာရေးဆရာတွေကို စာမူခအများဆုံးပေးခဲ့သူ ဖြစ်သည်။

ထိုစဉ်က ရှုမဝတိုက်သည် လစဉ်မဂ္ဂဇင်းသာ မဟုတ်သေး၊ အခြားစာအုပ်များ ထုတ်ဝေမှု မှာလည်း အောင်မြင်ခဲ့၍ ဦးကျော်သည် သူ့ကြိုးစားမှု၊ သူ့စိတ်စေတနာနှင့် အကျိုးပေးကာ လွန်စွာကြီးပွားခဲ့ပေသည်။ ဖော်ပြခဲ့သော ဗိုလ်ချုပ်စျေး အနောက်ဖက်တန်း၊ အမှတ် ၁၄၆ တိုက်ခန်းကျဉ်းကလေးနှင့် သီတာအေးမည်သော ပုံနှိပ်စက် ပိစိကွေးကလေးမှသည်၊ ယခု ဆင်းဒဝစ်လမ်းက အိမ်ကြီးနှင့် ပုံနှိပ်စက်ကြီးငယ်တွေ၊ မော်တော်ကားတွေနှင့် ဖြစ်လာခဲ့သည်။

လူကြည့်တော့ အေးစက်စက်၊ ပျော့ညက်ညက်ကလေးဖြစ်သော ဦးကျော်သည် လစဉ် မဂ္ဂဇင်းကြီးတခုကို အောင်မြင်ခဲ့၍ စာရေးဆရာသစ်၊ ပန်းချီဆရာသစ်တွေ ပေါက်ဖွားပေးခဲ့ရုံ သာ မကသေး၊ ရုပ်ရှင်မင်းသားသစ်၊ မင်းသမီးသစ်၊ ဇာတ်ဆောင်သစ်များကို ဖန်တီးရန်လည်း ရှိသေးသည်ကို ဟိုယခင်က မည်သူမျှ မတွေးထင်ခဲ့။ ဦးကျော်ကိုယ်တိုင်လည်း မသိ။ သူ့စိတ် အကြံအစည်လည်းမရှိ။ သည်လိုဖြစ်လာရန် စတင်ဖန်တီးလာသူကား ကိုတင့်တယ်ဟု ဆိုရမည် ပင်။

၁၉၅၂ခုနှစ်၊ ဆရာတင့်တယ် ဗိလတ်မှ ပြန်ရောက်ခါစ ရှုမဝဦးကျော်နှင့် တိုင်ပင်ကြသည် က ရှုမဝမဂ္ဂဇင်းမှတဆင့် ရှုမဝသတင်းစာ ထုတ်ကြရန်။

တင့်တယ်သည် စိတ်ကူးယဉ်ပုံစံကြီးကို ဆွဲ၏။ ဆရာဇေယျ၊ ဆရာဇော်ဂျီ၊ ဆရာဇဝန၊ ဇကွဲသုံးလုံးကို အမျှးပြု၊ ထိုစဉ်က ကြေးမုံသတင်းစာ မထုတ်ရသေးသော အောင်ဗ (ကိုသောင်း) ကို သတင်းထောက်ချုပ်ခန့်၊ သော်တာဆွေနှင့် သန်းဆွေက တွဲဘက်အယ်ဒီတာ။

အောင်မလေးဗျာ. . . . အဲသည်တုန်းက ဆရာတင့်တယ်ရဲ့ အကြံအစည်နဲ့ ရည်ရွယ်ချက် ကြီးက တကယ့်အံ့ဘွယ် ဘနန်းကြီးပါဗျာ။ အတိုချုပ်က မြန်မာပြည်တွင် စောင်ရေအများဆုံး၊ ဩဇာတိက္ကမအရှိဆုံး သတင်းစာကြီးဖြစ်ပြီးတော့ ဟိုတုန်းက ဖ–ဆ–ပ–လအစိုးရကို ကြိုးကိုင် မယ်လို့ဗျို့။ ဆရာတင့်တယ်ဟာ အရက်ကလေးထွေထွေနဲ့ ဆေးပေါ့လိပ်ကလေး လက်ကြားညှပ် ပြီဆိုရင် မစားရဝခမန်း အင်မတန်အပြောကောင်းတယ်။ သည်အခါမှာ တိုင်းပြည်ထိပ်သီး သတင်းစာတိုက် ပိုင်ရှင်လောင်းကြီး ဦးကျော်ကလဲ စီးကရက်မီးခိုးငွေ့တဝေဝေထဲမှာ သူ့ခေါင်း လေး တညိတ်ညိတ်။ ကျွန်တော်တို့ တွဲဘက်အယ်ဒီတာလောင်း နှစ်ယောက်ကလဲ အဟီး. . ဟီး။

သည့်နောက်တော့ သူတို့သတင်းစာထုတ်မယ့်အကြောင်း တဖြည်းဖြည်း ရပ်ဆိုင်းသွား ပြီးတော့ တခါရုပ်ရှင်ရိုက်ကြမယ် လုပ်ကြပြန်ရောဗျို့။

အင်း. . . ဦးကျော်ရဲ့စာပေနဲ့ ဖြစ်ထွန်းလာတဲ့ ရှိစုမဲ့စု ငွေလေးကုန်ဘို့. . . ကုန်ဘို့။

''ဒီမှာ ဦးကျော်၊ ခင်ဗျားစာပေနယ်မှာ အောင်မြင်နေပြီ၊ စာဖတ်သူတွေအတွက် လစဉ် မပြတ် အကျိုးပြုနေပြီး၊ သို့သော် တိုင်းပြည်မှာ ဘယ်လိုလူမျိုးတွေအတွက် ကျန်နေသေးသလဲ၊ ခင်ဗျား စဉ်းစားစမ်း. . . ''

ဆရာတင့်တယ်သည် စကားကိုဖြတ်ကာ ဆေးပေါ့လိပ်ကို ဖွာရှိုက်လိုက်သည်။ ဒီနေရာ မျိုးမှာ ဦးကျော်ကတော့ ဘာမျှမပြော။ နားထောင်ရုံ သက်သက်ပင်။ သည်တော့မှ ဆရာတင့်တယ်က သူ၏ပြူးကျယ်သော မျက်လုံးကြီးကို ဖြဲလိုက်ပြီး သူ့စကားကိုဆက်၏။

''စာမတတ်လို့ စာမဖတ်နိုင်တဲ့လူတွေ စာတတ်သော်လဲ စာဖတ်ဝါသနာမပါတဲ့လူတွေ စာပေကို မြတ်နိုးရမှန်း မသိတဲ့ဆေးလိပ်ခုံ စက်ချုပ်ရုံက မိန်းကလေးတွေ ဆိုက်ကားသမားတွေ ခေါင်းရွက်ဗျက်ထိုး ဈေးသည်တွေ သူတို့ကို ကျွန်တော်တို့က ဥပေက္ခာထားလို့ မဖြစ်သေးဘူး။ သူတို့အတွက် အသိပညာကို ကျွန်တော်တို့က ဘယ်လိုပေးမလဲ. . .''

ဆရာတင့်တယ်သည် သူ့စကားရပ်ပြန်ကာ ကျွန်တော်တို့အား မေးခွန်းထုတ်သည့် သဘောနှင့် သူ့မျက်လုံးပြူးကြီးကို ဝိုင်းဝိုင်းလှည့်ကြည့်သည်။ ကျွန်တော်ကလည်း ရုတ်တရက် စိတ်ကူးရသည်နှင့်. . .

''လောက်စပီကာနဲ့ စာဖတ်ပြမယ်. . .''

သည်တော့ ဆရာတင့်တယ်သည် ကျွန်တော့်ဘက် ဖျတ်ကနဲမျက်စောင်းထိုးကြည့်ပြီး ''မောင်ဆွေ၊ တိတ်တိတ်နေစမ်း'ဟု ပြောပြီးမှ ဦးကျော်ဘက်လှည့်၍ ''ရုပ်ရှင်ဗျ. . . ရုပ်ရှင်၊ ရုပ်ရှင်နဲ့ သူတို့ကိုကျုပ်တို့ ပညာပေးရမယ်''

ယင်းသည် ဆရာတင့်တယ်၏ စိတ်ကူးယဉ်စေတနာ ဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့် သူတို့သည် ရုပ်ရှင်ရိုက်ရန် ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။ ထိုအခါမှာ ဆရာတင့်တယ်တွင် ဗိလတ်က ဝယ်လာခဲ့သော ရုပ်ရှင်ရိုက်နည်း စာအုပ်ထူကြီး၊ ပုံအမျိုးမျိုးနှင့် ပါလာသည်။ ဒါကြီးကို လှန်၍လှန်၍ ဖတ်ပြီး ရုပ်ရှင်ဘယ်လိုရိုက်ရမည်ကို ဦးကျော်အားဘာသာ ပြန်၍ ပြောပြနေသည်။ မြန်မာပြည်က ရုပ်ရှင်သမားတွေ ဒါတွေ နားမလည်ကြောင်း၊ သူသာ တကားရိုက်ပြလိုက်ပါက ဟိုလူတွေ မျက်ဖြူဆိုက် ကုန်ကြပေတော့မည်။

သို့ဖြင့် ရှေးဦးဆုံး သူ့ဝတ္ထု 'လာလုလုငေး'ကိုရိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ဇာတ်လိုက် မှာ ပြဇာတ်နယ်မှ တက်သစ်စ မင်းသားမြင့်စိုး၊ မင်းသား၏သူငယ်ချင်း ဇာတ်ရံအဖြစ် သန်းဆွေ နှင့် သော်တာဆွေ။

သည်တော့ ကျွန်တော်တို့မှာလဲ ဝမ်းသာရတယ်လေ။ ''ဟေ့. . သန်းဆွေရ၊ သူတို့သတင်း စာထုတ်မယ်လုပ်တုန်းက ဒို့ကို တွဲဘက်အယ်ဒီတာ၊ အခုရုပ်ရှင်ရိုက်တော့ မင်းသားဇာတ်ရံ

တကယ်လို့ သူတို့နောက်တခါ ခေတ်ပြားကုမ္ပဏီဖွင့်အုံးမယ်ဆိုရင် ဒို့အဆိုတော်တွေ ဖြစ်နေအုံးမလားဘဲနော်၊ ဟီး. . . ဟီး. .''

မင်းသမီးကိုလည်း သူတို့အသစ်စက်စက်ပဲ တင်ချင်သည်။ သို့နှင့် ဦးကျော်၏တခုသောမွေးနေ့ထမနဲပွဲတွင် အဆိုတော် ဒဂုန်ခင်ခမျာ ကြမ္မာဆိုး ငင်ရှာပါတော့၏။

ဤအချိန်မှာ ဆရာကျော်သည် မည်မျှဖြိုးနေပါသနည်း။ သူ့မွေးနေ့ပွဲတွင် ညမှာ အငြိမ့် နှင့်၊ မနက်ခင်းဧည့်ခံပွဲမှာ ဒဂုန်ခင်၏ စန္ဒယား အဆိုအတီးနှင့်။

ထိုအခါ၌ ဒဂုန်ခင်၏ နာမည်ကြီးခေတ်စားနေသော 'တောကမောင်ကြီးတွေက မိရွှေမိကိုခင်ကြသယ်တော့'ဆိုနေစဉ် ဆရာတင့်တယ်သည် စန္ဒယားခုံ၌ ထိုင်နေသော ဒဂုန်ခင်အား ရှေ့ကကြည့်၊ ဘေးကကြည့် နောက်ကကြည့်၊ လှည့်ပတ်ကြည့်ပြီးသည့်နောက် ဦးကျော်အားအသာလက်တို့ခေါ်သွားပြီး (ကျွန်တော်ကလဲ ကပ်လိုက်သွားသည်။)

''တွေ့ပြီဦးကျော်၊ တွေ့ပြီ တွေ့ပြီ သေသေချာချာ ကြည့်စမ်း၊ ဒဂုန်ခင့်မျက်လုံးမျက်ခုန်းကအော်ဒရီဟာဘန် မျက်လုံးမျက်ခုန်းအတိုင်းဘဲ၊ မြန်မာရုပ်ရှင်မင်းသမီးထဲမှာ ဒီလိုမျက်ခုန်းမျက်လုံးမျိုးမရှိသေးဘူး''

ဦးကျော်ကတော့ ဘာမျှပြန်မပြောသေး။ ဘယ်လက်က သူ့ရင်ပတ်ပိုက်လို့။ ညာလက်ကသူ့နှုတ်ခမ်းမှာ စီးကရက်တေ့လျက် ကျွန်တော်ကသာလျှင် အငြိမ်မနေနိုင်။

''အော်ဒရီဟာဘန် မျက်လုံးမျက်ခုန်းနဲ့ တူတယ်ဆိုတာတော့ ဟုတ်ချင်ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့်ဗျာ ဒဂုန်ခင်က တင်မရှိရင်မရှိနဲ့''

ဒီတော့ ဆရာတင့်တယ်ဟာ ကျွန်တော့်ဘက်ဖျတ်ကနဲ လှည့်တဲ့ပြီး. . .

'မောင်ဆွေ၊ မင်းနားမလည်ဘဲနဲ့ လူကြီးတွေထဲ ဝင်ပြီးမအာချင်စမ်းနဲ့ကွ၊ ဒီခေတ်ကြီးမှာမိန်းမတွေအတွက် တင်,ရင်ဆိုတာက လိုချင်သလို လုပ်လို့ရတယ်ဟေ့. . .''

မှန်ပါသည်။ သို့ရာတွင် ဒဂုန်ခင်သည် ဤအတု,အခု,အဖုတွေကို သုံးလေ့ရှိသူ မဟုတ်။ သူ့ဟာသူ ပန်တျာကျောင်းက နည်းပြဆရာမဟူ၍ ရိုးရိုးနှင့်ယဉ်ယဉ်နေသူ။ တကယ်တဲဗျာ၊ ရုပ်ရှင်ရိုက်ရမှာ ဒါတွေသုံးရတော့ အလေ့အကျင့်မရှိတဲ့အတွက် သူ့ခမျာလမိုင်းမကပ်တော့ဘူး၊ လမ်းလျှောက်ရာမှာ တင်ပါးက လူနဲ့မလိုက်ချင်တော့သလို။ လူကရှေ့ရောက်၊ သူကနောက်ကျန် ခဲ့၊ ရင်သားများကလည်း စောင်းလိုစောင်း၊ ရွဲ့လိုရွဲ့။ ဘယ်လိုမှအပေါက်အလမ်းမတည့်တော့။

သူ့ဝတ္ထုဇာတ်လမ်းက မင်းသမီးကားဗျ။ ဒဂုန်ခင်ဟာ သီချင်းဆိုရာမှာ အသံကောင်းပေမယ်လို့ စကားပြောရာမှာ အသံမာတယ်။

ဒါဟာ ကျွန်တော်က မင်းသမီးတယောက်ထဲ ပြောနေတာနော်။ ဒါရိုက်တင်ကလဲ ချာလိုက်တာလွန်လို့။ ဇာတ်ကားတခုလုံးဟာ ဘယ်နေရာမှ ရစရာမရှိဘူး၊

ဒါနဲ့ 'လာလုလုငေး'ဇာတ်ကားကြီး ရုံတင်တော့ ရှုံးလိုက်တဲ့အမျိုးဗျာ။ အရင်းတပြားမှ မရတဲ့အပြင် ရုံခ၊ ကြော်ငြာခတွေအကြွေးတင်ရော။

ရှေးဦးစွာ စပြတဲ့ သောကြာနေ့၊ ပထမ ၁၂–နာရီခွဲပွဲမှာ စာရေးဆရာကြီးတင့်တယ်၊ ရှုမဝ ရုပ်ရှင်ကုမ္ပဏီ၊ လာလုလုငေး ဝတ္ထုကလဲ လူကြိုက်များတဲ့အရှိန်နဲ့ ရုံပြည့်ခမန်းဘဲ လာပါ တယ်၊ နောက်ပွဲတွေကျတော့ တနေ့တခြား ရေနည်းငါးဆိုသလို တပွဲတခြား လူနည်းနည်းသွား လိုက်တာလေ၊ ခုနစ်ရက်တပတ်နဲ့ဘဲ ရပ်ပစ်လိုက်ရတယ်။

လာလုလုငေးဟာ အဖျင်းတကာ့ ထိပ်တင် အဖျင်းဘုရင်ဆိုတဲ့ နာမည်သတင်း ပြန့်သွား တော့ နယ်ကစရန်ငွေ ကြိုပေးထားတဲ့ရုံရှင်တွေကလဲ နောက်ထပ်မရှုံးအောင် စရံအဆုံးခံကြတယ် မြေနီကုန်းက ရုံပိုင်ရှင် အမျိုးသမီးကြီးများလေ၊ သူကစဘော်ငွေ ၅၀၀၀ိ (ငါးထောင်)ပေးထား တော့ လာလုလုငေး အစမ်းပြတဲ့ပွဲမှာဘဲ ကြည့်ရင်းငိုလိုက်တာလေ။ ဦးကျော်က ခင်ဗျားငွေ ပြန်ပေးပါ့မယ်ဆိုတော့မှ တိတ်သွားတယ်။

ဒါကြောင့် လာလုလုငေးဟာ မြို့ထဲက ရွှေဂုန်ရုံမှာ ကြည့်သူမရှိဘဲ ခုနစ်ရက်ပြပြီးတဲ့ နောက် ဘယ်ရုံမှ မသွားတော့ဘူး။ ယခုရှုမဝဖလင်သေတ္တာတွေထဲမှာ ရှိနေလေရဲ့။ ခင်ဗျားတို့ ကြည့်ချင်တယ်တော့ မလုပ်ကြနဲ့။ မင်းသမီး ဒဂုန်ခင်က သူ့ကိုသနားရင်ဖြင့် ဒီကားမပြပါနဲ့လို့ တောင်းပန်ထားတယ်ခင်ဗျ။ မင်းသမီးကားဗျ။

သည်ဇာတ်ကားကို စတင်ရိုက်မည်စီစဉ်တုန်းက ဆရာတင့်တယ် စီမံကိန်းချသည်မှာ အချိန်လေးလနှင့် ခြောက်လကြားငွေလေးသောင်းနှင့် ခြောက်သောင်း။ သို့သော် ကားပြီးတော့ လေးနှစ်ကြာ၏။ ငွေသုံးသိန်းကျော် ကုန်၏။ မူလက နှစ်သိန်းလောက်ငွေယားကလေးရှိနေသော ဆရာကျော်မှာ ငွေတသိန်းမျှ ကြွေးတင်တော့၏။

ထိုအခါ ဆရာကျော်မနေနိုင်တော့ပြီ။ ငွေမျောငွေနှင့်လိုက်ရာတွင် ရုပ်ရှင်နှင့်မျောသဖြင့် ရုပ်ရှင်နှင့်လိုက်မှဘဲဟု ဆုံးဖြတ်ချက်ချကာ၊ သူ့ 'လာလုလုငေး'နောက်မှ ရိုက်၍ အရင်ပြပြီး

ဇာတ်ကားရော၊ ဒါရိုက်တာရော၊ မင်းသမီးရော အကယ်ဒမီရသွားသော 'ကကြီးရေက' ဇာတ်ကား ဆရာ သာဓုကို ချဉ်းကပ်ပါလေ၏။

ထိုစဉ်က ဦးကျော်၏ 'ရွှေရင်သိမ်းသစ်'ကို ဒါရိုက်တာ သာဓု၊ မင်းသမီးမြတ်မွန်၊ မင်းသား မောင်ယဉ်ထွေးနှင့်ရိုက်ရန်စီစဉ်ကြ၏။

နောက်တော့သာဓုက ဝတ္ထုဇာတ်လမ်း မကြိုက်ဖူး၊ မောင်ယဉ်ထွေးကို သဘောမကျဘူးဟု ဂျီးများလာ၏။

ဦးကျော်သည် သူ့'ရွှေရင်သိမ်းသစ်'ဝတ္ထုကို ကျွန်တော်တို့အား ဖတ်စေ၍ မဂ္ဂဇင်းဝတ္ထု ရှည်အဖြစ်နှင့် ပထမကြော်ငြာသသော ရှုမဝမှာ ထည့်ရကောင်းမလားဟု တိုင်ပင်၏။

ကျွန်တော်က သူ့ဝတ္ထုကိုဖတ်ကြည့်ပြီး ''ခင်ဗျားဟာ ရုပ်ရှင်အဖြစ်နဲ့ စွံ မစွံတော့ ကျွန်တော်က ရုပ်ရှင်နားမလည်လို့ မပြောတတ်တော့ဘူး၊ မဂ္ဂဇင်းမှာ ထည့်ဘို့တော့ ခင်ဗျား လူပျိုပေါက်က စိတ်ကူးတာကြီး အနှစ် ၂၀–လောက် နောက်ကျနေပြီ၊ ခေတ်မမှီတော့ဘူး''ဟု ပယ်ချလိုက်၏။ သန်းဆွေကလည်း ကျွန်တော့်ဘက်က ထောက်ခံ၏။ ထို့ကြောင့် သူ့ရွှေရင်သိမ်း သစ်ဝတ္ထုရှုမဝမှာ မပါခဲ့။

သည်နေရာ၌ အလျဉ်းသင့်၍ ဦးကျော်စိတ်ထားတခုကို ပြောရဦးမည်။ သူသည် ငယ်စဉ် ကပင် စာရေးဆရာဖြစ်အောင် ကြိုးစားခဲ့၏။ နှစ်ပဲတန်ခေတ်တွင် မွန္တလေးမှ နှစ်အုပ်လား ထုတ်ခဲ့ဘူးသည်။ ရှုမဝမဂ္ဂဇင်းထုတ်တော့လည်း သူစာရေးဆရာဖြစ်ချင်တုန်း။ ထို့ကြောင့် သူ'ဇော်ဟိန်း'ဟူသော နာမည်နှင့် ကလောင်စမ်း၏။ သို့ရာတွင် (ငါ့မဂ္ဂဇင်း ငါအယ်ဒီတာချုပ်ပဲ၊ ငါရေးချင်တာ ရေးမှာပေါ့)ဟူသော စိတ်ထားမျိုး သူ့တွင်မရှိ။ သူရေးပြီး တင့်တယ်၊ သန်းဆွေ၊ ကျွန်တော်တို့အား ပြလေ့ရှိ၏။ ကျွန်တော်တို့က ''ခင်ဗျားဟာ မနိုင်ပါဘူးဗျာ''ဆိုလျှင် သူမထည့် တော့။ ယခုသူနောက်ပိုင်း၌ ရေးခဲ့သော ''ဖိုးရှုမဝ''ကိုပင် သူ့ကော်ပီကို ကျွန်တော့်အား ပထမ ဖတ်စေ၏။ အပိုအလိုဖြတ်ပါ–ပြင်ပါ ဟုအပ်၏။

''ခင်ဗျား . . ဖိုးရှုမဝမှာ ဟာသပါနေတယ်၊ ခင်ဗျား သိရဲ့လား''ဟု ကျွန်တော်ကပြောတော့ ''ဟုတ်ပါတယ် ဒါကြောင့်ခင်ဗျားကို တည်းဖြတ်ခိုင်းတာပေါ့''ဟု ပြန်ပြော၏။

မောင်ယဉ်ထွေးနှင့် ပတ်သက်၍ သာဓုနှင့်ကျွန်တော် စကားပြောခဲ့ဘူး၏။

''ဦးကျော်နယ်ကွာ၊ ငါ့သဘောတော့ မောင်ယဉ်ထွေးအစား သူ့သား မောင်ဆွေကို မင်းသားလုပ်ခိုင်းချင်သေးတယ်. . .''ဟု သူကပြော၍ ကျွန်တော်က ''မောင်ဆွေ့ထက် မောင်ယဉ်ထွေးက အရပ်အမောင်းကောင်းတယ်၊ ရုပ်လဲချောပါတယ်. . . .''

''ဟ. . . မင်းသားက ရုပ်ချောတာထက် အမူအရာကောင်းဘို့ လိုတာကွ၊ မောင်ယဉ်ထွေး မျက်နှာ ငါကြည့်ရတာဖြင့် မထုန်တေတေး အေးစက်စက်နဲ့. . .

သည်အကြောင်း ကျွန်တော်က ဦးကျော်ကိုပြောပြတော့. . .

''ဟုတ်တယ် မောင်ယဉ်ထွေး အေးစက်စက်မျက်နှာနဲ့ ရှီးသားတဲ့အမူအရာဘဲ ကျွန်တော့် ဇာတ်လမ်းနဲ့ အံကိုက်နေတာဗျ''

သို့သော် သာဓုကတော့ မောင်ယဉ်ထွေးကို ဘယ်လိုမျှဘဝင်မကျ။ ဦးကျော်အား ''ခင်ဗျား မင်းသားခင်ဗျားဘဲ ရအောင်သင်၊ ကျုပ်တော့မသင်ချင်ဘူး၊ နို့ပြီး. . . မြတ်မွန်ကိုလဲ ခင်ဗျားကောင်နဲ့ ဇာတ်တိုက်ဖို့ အချိန်ကုန်ခံပြီး ပေးမထားနိုင်ဘူး. . . . .'' ဆိုလေသဖြင့် ဦးကျော် ခမျာမှာ စမ်းစမ်းအေးကို မြတ်မွန်ကိုယ်စား မောင်ယဉ်ထွေးနှင့်ဇာတ်တိုက်ရန် ခေါ်ရလေ၏။

သာဓုလက်ထဲ ရောက်သောအခါ၌ မောင်ယဉ်ထွေးကို စိတ်ကြိုက်ဖြစ်ရန် ဦးကျော်သည် ကြိုးစားပမ်းစား သင်ရှာ၏။ အခါမလပ် စိတ်ကူးရတိုင်း သင်ကြားနိုင်ရန် စမ်းစမ်းအေးအား ရှမဝ တိုက်မှာ နေစေတော့၏။

ထိုမှတဖန် ဇာတ်ကားတွေ တကားပြီးတကား အောင်ပွဲဆင်နေသော သာဓုထံမှ နောက်ဆုံးရာဇသံ လာပြန်၏။ မောင်ယဉ်ထွေးနှင့်တွဲရန် သူ့မင်းသမီးကိုလည်း မပေးနိုင်၊ ဦးကျော်ဝတ္ထုကို မကြိုက်၍သူလည်း ရိုက်မပေးနိုင်၊ ဇာတ်လမ်းနှင့် မင်းသားမကောင်းသည့် အတွက် ဒါရိုက်တာနှင့် မင်းသမီးနာမည်ပျက်မခံနိုင်။

သည်တော့မှ ဦးကျော်သည် လွန်စွာခံပြင်းလျက်၊ သူ၏မီးခဲပြာဖုံး သတ္တိပေါ်လာတဲ့ပြီး. . .

ဟော့–ငါဒါရိုက်တာ၊ မင်းသားမောင်ယဉ်ထွေး၊ မင်းသမီးသစ် စမ်းစမ်းအေး၊ ငါ့ရွှေရင် သိမ်းသစ်ကားကို ငါကိုယ်တိုင်ရိုက်တော့မည် ဟုဆုံးဖြတ်ချက် ချလိုက်လေသတည်း။

ယင်းသည် ဦးကျော်၏ဆုံးဖြတ်ချက် ချလိုက်လေသတည်း။

အသေအရှင်ပွဲကြီးပေကဘဲ။

ဤပွဲမှာ ဦးကျော်ကွဲခဲ့သော် ကိစ္စပြီးပြတ်ပြီး ယခုလိုရှုမဝရုပ်ရှင် မဆိုထားနှင့် ရှုမဝမဂ္ဂဇင်း ပင် ဘယ်သောင်ဘယ်ကမ်း ဆိုက်လေမည်မသိ။

ယခုကား ဦးကျော် အောင်ခဲ့ပြီ။ သူ၏လုံ့လဇွဲသတ္တိဖြင့် မည်သူမျှမမျှော်လင့်ခဲ့သော အောင်ပွဲကြီးကို ဦးကျော်ရယူခဲ့လေပြီ။

ဦးကျော်သည် သူ့ဘဝတာတွင် အောင်ပွဲများဖြင့်သာ အဆုံးသတ်သွားပါ၏။ ရှုမဝမဂ္ဂဇင်း နှင့် ရှုမဝရုပ်ရှင် အဓွန့်ရှည်ပါစေ။

## မေတို့ဆွေမျိုး

မေတို့ဆွေမျိုးများနှင့် ကျွန်တော်ပထမဦးဆုံးအကြိမ် တွေ့ဆုံရသည်က မေနှင့်ကျွန်တော် ညားပြီး ငါးလမျှအကြာ ၁၉၅၅–ခုနှစ် ဧပြီလတွင် ကျွန်တော်တို့အား (ဟန်းနီးမူး ထွက်ပါလား. . . ဟူသော) တင့်တယ်၏ခေါ်ဆောင်မှုဖြင့် မောင်းမကန်သို့ သွားကြစဉ်က ဖြစ်ပါ၏။

ကျွန်တော်တို့ စီးခဲ့သော မတန်းသင်္ဘောသည် ထားဝယ်မရောက်မီ မော်လမြိုင်မှာ တညအိပ်ရသည်။ မေ့အမေဒေါ်စောမွန်၏ယောက်ျား ဦးမော်တင်သည် အကောက်ဌာနမှ အရာရှိဖြစ်ပေရာ ထိုစဉ်က အကောက်တော်ဝန်ထောက်အဖြစ်နှင့် မော်လမြိုင်မြို့မှာ တာဝန်ကျ နေ၏။

မတန်းသင်္ဘောမော်လမြိုင် ဆိပ်ကမ်းဆိုက်သည်၌ အကောက်ဌာနက အရာရှိများ သင်္ဘောပေါ်တက်လာကြသောအခါ မေက သူ့ခဲအိုကို မျက်စိရှာ၍ မတွေ့သည်တွင် အရာရှိ ငယ် တယောက်အား ''ဦးမော်တင် သင်္ဘောကို မလာဘူးလားရှင်. . . .''ဟု မေး၍အရာရှိငယ်က. . .

''ဆရာ ဒီနေ့မလာဘူး ပြောပါတယ်၊ ဘာကိစ္စရှိလို့ပါလဲ''

''အထူးကိစ္စမရှိပါဘူး၊ ကျမက ဦးမော်တင့်ဇနီး ဒေါ်စောမွန်ညီမပါ။ ဒီသဘော်နဲ့ကျမတို့ မောင်းမကန်ကို သွားတယ်လို့ နှုတ်ဆက်လိုက်ပါရှင်. . . . ''

ထိုအခါ အရာရှိငယ်တဦးက ပျာပျာသလဲဖြစ်ကာ. . .

''ဟာ. . . . ဒီလိုဆို ကျွန်တော်အခုဘဲ ဆရာ့ကို သွားပြောလိုက်ပါ့မယ်၊ သူတို့အိမ်အနီးလေး ပါ''

မေက ''ကိစ္စမရှိပါဘူး၊ အားနာစရာကြီး၊ နေပါစေရှင်. . . ''ဟုဆိုသော်လည်း မရ။

မကြာမီ၌ မေကကမ်းပေါ်သို့ လှမ်းကြည့်၍. . . .

''ဟော ကိုကိုတင်နဲ့ မမမွန်တို့လာကြပြီ၊ မညိုမဖြူလဲဘဲ''

မေပြရာ ကျွန်တော်လှမ်းကြည့်လိုက်သည်။ အသက် ၃၀နှင့် ၄၀ကြား လင်မယားနှစ်ယောက်။ ၆နှစ် ၇နှစ်အရွယ် သမီးလေးနှစ်ယောက်။

ယခင် မယားဟောင်း၏ ဆွေမျိုးများနှင့် ဆက်ဆံခဲ့ပြီးဖြစ်သော ကျွန်တော်သည် ယခု မယား၏ ဆွေမျိုးများက ဘယ်ပုံလာကြမည်နည်း။ မေးခွန်းပေါ်လာသည်။

သူတို့သည် ကမ်းစပ်ရောက်၍ မေ့ကိုမြင်ကြရသောအခါ လွန်စွာဝမ်းမြောက်ဝမ်းသာ ရှိကြသည်။ လက်တွေပြကာ သင်္ဘောပေါ်သို့ ကလေးမနှစ်ယောက်က အပြေးတက်လာကြပြီ။ မေ့ကိုဖက်လဲတကင်း ပြုကြသည်။ သူတို့သည်မေ့အား 'မဖြဲ'ဟု ခေါ်ကြသည်။ ကလေးများက 'လေးလေးဂျဲ'ဟု ခေါ်ကြသည်။

ဦးမော်တင်သည် အရပ် ၆ပေကျော်မြင့်သည်။ ကျွန်တော့်အားတွေ့လျှင် တွေ့ချင်းလက်ကိုဆန့်တန်းပေးကာ. . .

''ကိုဆွေ့စာတွေ ကျွန်တော်အင်မတန်ကြိုက်တာ၊ မဖြဲကို ဝတ္ထုတွေထည့်ရေးနေကတဲက ထင်သားဘဲ၊ ဟဲဟဲ. . . ခုတော့ ကျွန်တော်တို့ မယားညီအကိုဖြစ်နေပြီ. . . ''

ကျွန်တော့်ဝတ္ထုများတွင် တခြားသူက ကျွန်တော့်ကို 'ကိုဆွေ'ဟုခေါ်စေရာ ကျွန်တော့် အား လူချင်းတွေ့လျှင် 'ကိုဆွေ'ဟုခေါ်သည်မှာ ကျွန်တော့်စာနှင့် မည်မျှရင်းနှီးကြောင်း ထင်ရှား လှပါသည်။ ထို့ကြောင့် ကျွန်တော်ကလည်း သူ့လက်ကိုစိတ်ပါလက်ပါ ဖျစ်ညှစ်ကာ. . .

''ဝမ်းသာပါတယ် ကိုကိုတင်. . . .''

မေကခေါ်သည့်အတိုင်း သူ့အမကိုလည်း. . .

''မမမွန်တို့ မော်လမြိုင်မှာရှိတယ်လို့ မေကပြောထားပါတယ်. . .''

စင်စစ် မရီးရယ်လို့ ဝါကကြီးနေသဖြင့် 'မမမွန်'ဟု ခေါ်ရသော်လည်း အသက်ချင်းမှာ ကျွန်တော်က ၆နှစ် ကြီးနေပါ၏။ သို့သော် ရုပ်ရည်ပုံသဏ္ဍာန်ချင်းကမူ သူကဝဝခန့်ခန့် မင်းကတော်ကြီးဟာမို့ ကျွန်တော့်လို သေးသေးသွယ်သွယ် လူအငယ်စားက 'မမ'ဟု ခေါ်ထိုက်သောအသွင် ရှိနေပါ၏။

ကျွန်တော်တို့ ဆွေမျိုးသစ်များ အကျွမ်းတဝင် ဖြစ်ကြပြီးနောက် တင့်တယ်နှင့်လည်း မိတ်ဆက်ပေးလိုက်ပါ၏။ ယင်းမှာ မကြာမီအတွင်းတွင် အထက်တန်းခရီးသည်များမှ သွားရောက်ခွင့်ရှိသော အရက်ခန်းထဲသို့ ကျွန်တော်တို့ရောက်ရှိကြကာ သင်္ဘောကက်ပတိန်က ဝီစကီနှင့် ကျွန်တော်တို့ကို ဧည့်ခံလေသောကြောင့် ကျွန်တော်တို့ ဆွေမျိုးသစ် တွေ့ဆုံပွဲသည် အင်မတန် မင်္ဂလာအခမ်းအနားနှင့် ပြည့်စုံသည်ဟု ဆိုရမည်ဖြစ်ချေ၏။ အကြောင်းမှာ သင်္ဘောအရာရှိတို့ သည် အကောက်တော် အရာရှိတို့အား ခင်မင်ရင်းနှီးအောင် ပြုလုပ်တတ်ကြကုန်၏။

ဘယ်လိုဘဲ ဖြစ်ဖြစ်လေ၊ ကျုပ်တို့အဖို့တော့ ကောင်းတာပေါ့ဗျ. . . .။

ထိုည လူချင်းခွဲကြသောအခါ၌ မေက မမမွန်၏ ကလေးများအား မုံ့ဖိုးတယောက် တဆယ်စီပေးလိုက်၍ ကိုကိုတင်က ကျွန်တော့်အား ဝှိုက်လေဘယ်လ် ဝီစကီတပုလင်းပေးခဲ့ပါ ၏။ နိပ်လိုက်ပလေဗျာ. . .။

## ကြက်မျိုး၊ ဘဲမျိုး

ကျွန်တော်သည် ကြက်တွေ၊ ဘဲတွေ မွေးမြူလေ့ရှိသူမို့ ဤတိရစ္ဆာန်နှစ်မျိုးကို လေ့လာမိပါ၏။ သူတို့နှစ်မျိုး၏ စိတ်နေစိတ်ထားမှာ ဆန့်ကျင်ဘက် ခြားနား၏။

ကြက်အမျိုးသည် တကောင်နှင့်တကောင် အကြင်နာတရားမရှိချေ။ ကြီးနိုင်ငယ်ညှဉ်း အချင်းချင်း အင်မတန် ရက်စက်ကြ၏။ နိုင်ကောင်သည် ကြောက်ကောင်ကို အနီးကပ်မခံ။ တခါ တရံ မြင်သည်နှင့် လိုက်လံထိုးဆိတ်၏။ မိတ်လိုက်နေသော ကြက်ဖနှင့် ကြက်မ၊ သားမခွဲသေး သော

ကြက်သားအမိတို့သာလျှင် သင့်တင့်စွာအတူတကွ နေတတ်, စားတတ်ကြ၏။ အခြားမဲ့၌ ကား တကောင်နှင့်တကောင် သင့်မြတ်သည်မရှိချေ။ သင်သည် စိတ်မချမ်းမသာ မဖြစ်လိုလျှင် နေဝင်ရီတရောတွင် ကြက်စင်ပေါ်သို့ ကြက်တွေ အိပ်တန်းတက်နေကြသည်ကို မကြည့်ပါနှင့်။ သူတို့အော်မြည်ကြသည်ကိုလဲ မကြားချင် ပြုနေပါ။ အဘယ်ကြောင့် ဆိုသော် နိုင်ကောင်က ကြောက်ကောင်ကို အဆင့်ဆင့်အသီးသီးလိုက်လံထိုးဆိတ်နေကြလေရာ ညမှောင်၍ သူတို့မျက်စိ တွေ မမြင်ကြတော့မှ ငြိမ်းအေးသွားတော့၏။

ဘဲများကား ဤသို့မဟုတ်။ တကောင်နှင့်တကောင် ထိုးဆိတ်ခြင်းလဲ မပြုတတ်။ နိုင်ကောင်, ကြောက်ကောင် ဟူ၍လည်းမရှိ။ အချင်းချင်း သင့်တင့်စွာ အုပ်စုဖွဲ့၍နေတတ်၏။ ဘဲနှစ်ကောင်မှသည် ရာချီသောအုပ်အထိ၊ အိပ်အတူ, စားအတူ သွားအတူ။ ဘဲတအုပ်မှာ ခေါင်းဆောင်တကောင်တော့ ရှိတတ်၏။ ၎င်းခေါင်းဆောင်သွားရာကို နောက်က တစုတရုံးတည်း တန်းလိုက်၏။ ၎င်းခေါင်းဆောင်ရပ်နားလျှင် အားလုံးဘဲ ရပ်နားပြီး အိပ်စက်သူကအိပ်စက်၊ အမွေးအလေး သန့်စင်သူက သန့်စင်နှင့် နှုတ်ကလည်းအော်မြည်ခြင်း မပြုကြဘဲ တိတ်ဆိတ်စွာ နေတတ်ကုန်၏။ ဘဲခေါင်းဆောင်က မပြုကြဘဲ တိတ်ဆိတ်စွာ နေတတ်ကုန်၏။ ဘဲခေါင်းဆောင် က စတင်အသံပေးပြီး သွားပြန်ပြီဆိုလျှင်ဖြင့် အားလုံးဘဲ ပါးစပ်ကအော်မြည်ကာ လိုက်ကြပြန် ကုန်၏။

ဘဲအမျိုးသည် စည်းရုံးခြင်း၊ ညီညာခြင်း၊ အချင်းချင်း ချစ်ခင်ကြင်နာခြင်းတရား ရှိကြကုန် ၏။ ကြက်အမျိုးကား ဤသို့မဟုတ်၊ ဖော်ပြခဲ့သည့်အတိုင်း ဘဲနှင့်ဆန့်ကျင်ဘက်။

ယင်းသို့ ကြည့်ရှုသုံးသပ်သောအခါတွင် လူတွေမှာ ကြက်အမျိုးနှင့်တူသော လူတန်းစား၊ ဘဲအမျိုးနှင့်တူသော လူတန်းစားဟူ၍ နှစ်ရပ်တွေ့လာရ၏။ ဆင်းရဲချမ်းသာ၊ ဂုဏ်ကြီးဂုဏ်ငယ် နှင့်မဆိုင်။

၃၀–၃–၇၄ နေ့၊ နံနက်ခင်းက အထက်ပါစာကို ကျွန်တော်ရေးပြီး ရှေ့ဆက်ရန် စဉ်းစား နေစဉ် နေ့လယ်ခင်း၌ စာပို့လုလင်ရောက်လာ၍ သော်တာဆွေ စာပေသင်တန်းသို့ လာသော စာတွေ ဆယ့်နှစ်စောင်ထဲမှ လက်နှိပ်စက်စာလုံးနှင့် ဒေါ်ခင်မေရီနာမည်နှင့် စာတစောင် ပါလာ လေရာ ကျွန်တော်က. . . .

''ဟော့. . . မေရေ. . . ဟောဒီမှာ မေမျှော်နေတဲ့ စာခင်ဗျ. . .''

မေသည် ရေချိုးနေရာမှ ချက်ခြင်းပင် ပခုံးပေါ် တဘက်တင်၍ ရောက်လာပြီးစာကို ဖောက်ဖတ်သည်။ ကျွန်တော်ပါ ကြားစိမ့်ငှာ အသံထွက်၍ဖတ်သည်။ သူ့စာဆုံးသောအခါ ကျွန်တော်က. . .

‘‘အောင်မယ်. . . ဒီစာက အခုငါရေးနေတဲ့ အကြောင်းအရာနဲ့ အကျုံးဝင်နေသကွ၊ ပေးစမ်း. . .’’

ထိုစာမှာ အောက်ပါအတိုင်းဖြစ်၏။

၂၆–၃–၇၄

တောင်ကြီး

ချစ်သောညီမ

စာရေးလိုက်ပါသည်။ တောင်ကြီးအိမ်မှာ ရှိသောသူအားလုံး နေကောင်းကြပါသည်။ ညီမတို့အားလုံးလည်း နေကောင်းကြမည်ဟု ယုံကြည်ပါသည်။

တနေ့က ကိုတူးဆီကစာရ၍ နီငယ်တို့မိသားစု တောင်ကြီးကိုလာဘို့ စီစဉ်နေကြ ကြောင်း သိရ၍ဝမ်းသာပါသည်။ ကလေးများကိုလည်း အလွန်ဘဲ တွေ့ချင်ပါသည်။ ဒါပေမယ့် အခု တောင်ကြီးကိုတက်လာရင် အရင်ကလို သက်သက်သာသာတော့ မရှိတော့ပါ။ မီးရထားက ရွှေညောင်ဘူတာကို ညသန်ကောင် ၁၂–နာရီ၊ သို့မဟုတ် တနာရီမှ ဆိုက်သည်။ တခါတရံ အစောဆုံး ည၁၀–နာရီမှာ ဆိုက်ပါသည်။ ဒီက ခရီးသည်ကြိုကားတွေကလည်း ဓာတ်ဆီအခက် အခဲကြောင့် ညပိုင်းကို သိပ်မဆွဲတော့ပါ။ ရွှေညောင်မှ တောင်ကြီးကိုညအချိန် သိပ်မဆွဲတော့ပါ။ ရွှေညောင်မှ တောင်ကြီးကို ညအချိန် တက္ကစီ စင်းလုံးငှားရင် ၁၀၀–ကျပ်ဆိုတယ်။ ဆစ်၍ရရင် အနည်းဆုံး ၉၀–ကျပ်ဘဲ၊ တယောက်ချင်းစီးရင် လူကြီး ၁၅–ကျပ်၊ ကလေး ၇–ကျပ်ခွဲ။ အဲဒါလဲ ကားက အလွန်နည်းနေ၍ အလုအယက် ပြေးတက်ရသည်။ တချို့ကတော့လည်း ညအချိန်ကြီး ဆက်မသွားတော့ဘဲ ရွှေညောင်ဘူတာမှာ အိပ်ကြရသည်။ နံနက်မှ တောင်ကြီးကို တက်ရသည်။ ညအိပ်ခရီးသည် ရှိနေပြန်တော့ ခါးပိုက်နှိုက်နဲ့ အလစ်သမားများကလဲ ရှိလာကြပြန်ရော။

အဲဒါကြောင့်မို့ ကလေးများပါလာရင် အခက်အခဲတွေ့မည်စိုး၍ အိပ်ရာခေါင်းအုံးနဲ့ စောင်များပါ ယူခဲ့ပါလို့။ ညမှောင်နဲ့မဲမဲ ‘နိုရာ’နဲ့ ကလေးများ အားငယ်ဝမ်းနည်းနေမှာ အလွန် သနားပါသည်။ မမတင်လဲ အရင်ရုံးမဟုတ်၊ ယခု ရုံးပြောင်းသွားရလို့ ရုံးကားမသုံးနိုင်တော့ပါ။ ဟိုတုန်းကလို လာမကြိုနိုင်ပါ။

တောင်ကြီးမှာ အချိန်မဟုတ် မိုးကလဲ အလွန်ရွာနေပါသည်။ တနေ့က လေကြီးမိုးကြီး ကျလာတာကြောက်စရာဘဲ၊ ဒို့အိမ်နံဘေးက တရုတ်ဘုံကျောင်းက ခေါင်မိုးတွေအားလုံး လွင့်ပါ ကုန်ရော။

နီကြီးကော. . . . အခု West ဖက်ကို တခါပြန်သွားရသည်ဟု ကိုတူးစာထဲမှာ ပါသည်။ အလုပ်အကိုင်ကော အဆင်ပြေရဲ့လား. . . .။ အလွန်ရခဲသော အလုပ်ကိုရသွားလို့ အလွန်ဝမ်းသာ ပါတယ်။ ငယ်ငယ်ရွယ်ရွယ် ရှာနိုင်ဖွေနိုင်တုန်းမှာ စုမိဆောင်းမိအောင်ပြောပါ။ သူ့သားလေး နှစ်ယောက်ကို ဓာတ်ပုံရိုက်ပြီး ပို့ပေးပါ။ အလွန်ဘဲ ကြည့်ချင်တွေ့ချင်ပါသည်။ 'မကြီး' ကော အလုပ် လုပ်နေတုန်းဘဲ မဟုတ်လား။

ကိုမော်တင် စစ်တွေပြောင်းရမည်ကိုလဲ ကြားရပါသည်။ ဒေါ်စောမွန်တော့ အထုပ်အပိုး ပြင်ပြီး နွေရာသီရက်အား ခရီးထွက်တော့မှာပေ့ါလေ။ ဒီမှာတော့ ဒို့ကျောင်းဆရာ၊ ဆရာမတွေ ဘယ်မှမသွားရ။ ဧပြီလ ပထမသီတင်းပတ်မှာ အခြေခံပညာရေး စစ်တမ်းကောက်ယူဘို့ သင်တန်းတက်ပြီး ဒီတနွေလုံး မေလကျောင်းပြန်ဖွင့်တဲ့အထိ လုပ်အားပေးရမယ်လို့ အထက်က အမိန့်ရောက်နေတယ်။

ကိုတူးစာထဲမှာ သူတို့မိသားစု ဘတ်ဂျက်အခက်အခဲ အလွန်ကြီးမားနေကြောင်း ရေးလာ လို့ အလွန်စိတ်မကောင်းပါ။ အိမ်နောက်က မြေကွက်ကို မြန်မြန်စျေးကောင်းကောင်းနဲ့ ရောင်းရ ပါစေလို့ဘဲ ဆုတောင်းပါသည်။

တောင်ကြီးမှာလည်း မကြုံဘူးအောင် အစစအရာရာ ရှားပါးပါသည်။ ငရုတ်သီးခြောက် ပြား ၅၀–ဖိုးဝယ်ရင် မရောင်းဘဲ။ ၇၅–ပြားဖိုးမှ ဆယ့်လေးငါးတောင့်လောက်ရသည်။ နို့ဆီက တဗူး ၆– ကျပ် ၅၀–ပြား၊ ဆပ်ပြာတတောင့် ၉–ကျပ်၊ သကြား ၁၈–ကျပ်၊ ကြံသကာ ၆–ကျပ်။

ညီမတို့ရော အလုပ်အကိုင် ဘယ်လိုနေကြသလဲ။ ခုအခါ မစုမိချင်နေပါစေ။ ကြွေးမတင် ရင် ဘုရင်ဘဲဆိုရမယ်။

ညီမတို့အားလုံး ကျန်းမာရွှင်လန်းကြပါစေ. . .။

ကိုဆွေ့ကို သတိရကြောင်း ပြောလိုက်ပါ။ နီငယ်တို့လာဖြစ်ရင် ကြိုတင်စာရေးပါလို့ နော်။ သတိဝိရိယနဲ့ လာပါလို့။ ကလေးများပါလို့ ပိုပြီးစိတ်ရှည်ရှည် ခေါ်ခဲ့ပါလို့ ပြောပေးပါ။

ချစ်သောအမ

ခင်ထားရီ

P.S

နိုငယ် S.I.P. Training တက်ရမည်ဆို၍ ဝမ်းသာပါသည်။ အကယ်၍ တောင်ကြီးလာနေရင် သူ့ Training တက်ရက်နှင့် ကြုံကြိုက်နေမည်ဆိုလဆင် နောင်အဆင်ပြေမှ လာပါလို့ မမတင်က ပြောပါသည်။ အလုပ် အလွန့်အလွန်ရှုားပါး၍ ရတုန်းရခိုက် ကြိုးစားပါလို့လဲ မှာပါသည်။

မေတို့မောင်နှမများမှာ ဒေါ်တင်တင်၊ ဒေါ်စောမွန်၊ ဦးခင်မောင်အေး(ကိုတူး)၊ ခင်ထားရီ၊ ခင်မေရီ။

ဒေါ်တင်တင်က တောင်ကြီးတွင် ရုံးဝန်ထောက်၊ ခင်ထားရီက ကျောင်းဆရာမ၊ ဒေါ်စောမွန်က ရန်ကုန်အလုံတွင် ကျောင်းဆရာမ၊ ဦးခင်မောင်အေးက ရန်ကုန်တက္ကသိုလ်တွင် ပါမောက္ခ(သစ်တော)၊ ခင်မေရီက စာရေးဆရာကတော် မေ။

အထက်ဖော်ပြပါစာမှာ ခင်ထားရီက မေ့ဆီရေးသောစာဖြစ်ပါသည်။ ဤစာကို ထောက်ချင့်ခြင်းအားဖြင့် သူတို့ညီအမ မောင်နှမတွေ၏စိတ်ထားကို သိသာနိုင်ပါသည်။

ထိုစာထဲတွင်ပါသည့် နီကြီး၊ နိုငယ် ဆိုသည်မေ့သား ခင်မောင်ဦး(အနီ)နှင့် ခင်မောင်စိုး (အငယ်)တို့အား သူတို့တောင်ကြီးမှာခေါ်သော နာမည်များ ဖြစ်ပါသည်။

နီကြီး West ဖက်သွားသည်ဆိုခြင်းမှာ ခင်မောင်ဦးသည် ယခုသင်္ဘောသားအလုပ်နှင့် ဂျာမနီပြည်သို့ သွားပါသည်။ နိုငယ် S.I.P Training တက်ရမည်ဆိုသည်က ခင်မောင်စိုးသည် ရဲအုပ်အတတ်သင် ကျောင်း လျှောက်ထား၍ဖြစ်ပါသည်။ 'မကြီး' ဆိုသည်က ခင်မောင်ဦး၏ ဇနီး။ သူတို့ဆွေမျိုး စုသည် တဦးကိုတဦး ဤမျှပင် ဂရုစိုက်ကြသည်။

အကြီးဆုံး ဒေါ်တင်တင်ဆိုလျှင် သူ့မောင်နှင့်ညီမတွေသာမက မွေးသမျှ တူ–တူမတွေ ၏ မွေးနေ့များကို မှတ်သားထားလျက် ကလေးမွေးနေ့တိုင်းကို စာရေးသည်။ လက်ဆောင်ပို့ သည်။ သူတို့သည် ခရစ်ယာန်များဖြစ်ကြလေရာ နှစ်စဉ် ခရစ္စမတ်ကဒ်များ တဦးနှင့်တဦး ပို့ကြ သည်မှာ အလုပ်ကြီးတခု။

ဒေါ်တင်တင်တို့ တောင်ကြီးမှ ရန်ကုန်လာပြီဆိုလျှင်ဖြင့် ရန်ကုန်က မောင်နှမတွေ အတွက် ရှမ်းပြည်ထွက်ပစ္စည်းတွေ တပုံတပင်ကြီးပါလာ၏။ ကလေးတွေအတွက်ဆိုလျှင် အဝတ်စနှင့်

အင်္ကျီကလေးတွေ လူစေ့တက်စေ့။ ကျွန်တော့်အတွက်လဲ ပါတာခင်ဗျ။ ဘာလဲ သိလား။ ရှမ်းပြည်ထွက်အရက်၊ ရွှေလိမ္မော်၊ ဆတ်ချိုနု စသည်ဖြင့်. . . ။

ခင်မောင်စိုး၊ သူ့ဇနီး နိုရာ (Nora)နှင့် ကျွန်တော့်မြေး 'ကြွက်''ဝက်'တို့သည် (၃၁-၃-၇၄)နေ့ ညနေရထားဖြင့် တောင်ကြီးသို့သွားကြပြီ။ ကျွန်တော်တို့ကလည်း တောင်ကြီးမှာ ရှားသည်ဆိုသော ဆပ်ပြာနှင့် ငရုတ်သီးများကို အမှုန့်ကြိတ်ပေးလိုက်ရ၏။ ခင်ထားရီကြိုက်သော မရမ်းချိုသီးများလည်း ဝယ်ပေးလိုက်ရ၏။ ခင်ထားရီသား နီစန်းအတွက် ချိုချဉ်ထုပ်များလည်း ပါသွား၏။ အခြား ကျွန်တော်မသိလိုက်တာတွေ ရှိသေး။ သူတို့ဆွေမျိုးသားချင်းများသည် တဦး ကိုတဦး အင်မတန် ချစ်ခင်ကြင်နာကြ၏။

တောင်ကြီးရှိ ညီအမတို့သည် ရန်ကုန်နေ မောင်ညီမနှင့် တူ-တူမတို့အား နွေရာသီတွင် တောင်ကြီးသို့ လာရောက်နေထိုင်ကြစေလို၏။ ကျွန်တော်သည် မေနှင့်ညားပြီး များစွာသောနွေ ရာသီတို့တွင် တောင်ကြီးအေးရိပ်သာကို သွားရောက်ခိုလှုံခဲ့ဘူးပါ၏။ တခါတရံ အိမ်လုံးကျွတ် လာခဲ့ကြ၍ တောင်ကြီးမှာ ဆွေမျိုးသားချင်းတွေဆုံကြလျှင် လွန်စွာ ပီတိသောမနသဖြစ်ရ၏။ သူတို့ခြံဝင်းကျယ်ကြီးထဲမှာ မမတင်နှင့် ခင်ထားရီတို့က အိမ်တလုံး သီးသန့်ဆောက်နေကြ၍ မေတို့ မိဘလက်ထက်က အိမ်ကြီးမှာ တည်းခိုကြရ၏။

မှတ်မှတ်ရရ တနှစ်များ ရန်ကုန်ကသုံးအိမ်ထောင် ဆုံမိကြရာ၊ ၃-နှစ်မှ ၁၂-နှစ်ထိ ကလေးချည်း တဒါဇင်ကျော်၏။ ကျွန်တော့်သား ကျော်ကျော်၊ သော်သော်တို့က ပါလိုက်သေး ၏။ စားသောက်ချိန်မှာ သူတို့အား သံချောင်းခေါက်၍ ခေါ်ရ၏။ ထမင်းနှစ်ကြိမ်အပြင် မနက် စောစော၊ နေ့လယ်စာ၊ တနေ့လျှင် လေးကြိမ်ကျွေးရ၏။ ဤကလေးတွေ ကျွေးမွေးမှုအတွက် ခင်ထားရီက စီမံရ၏။

ယင်းသို့ ကလေးရောလူကြီးပါ နှစ်ဆယ်ကျော်လောက်ကို တလလောက် ကျွေးမွေးရပြီး နောက် တအုပ်စီ, တအုပ်စီ ပြန်သွားကြသောအခါ ဒေါ်တင်တင်နှင့် ဒေါ်ခင်ထားရီတို့က မျက်ရည် စို့ကြသေး၏။ ဒေါ်တင်တင့် ယောက်ျား ဦးထွန်းနီက ကလေးတွေကို တရှုပ်ရှုပ်နမ်း၍ နှုတ်ဆက်၏။

ထိုအချိန်က ဘိုင်စကယ် သုံးဘီးစီး၊ ငွေလိုမ့်၊ ဂေါ်လီပစ်၊ ဖယ်တောက်၊ ဖန်ခုန်ခဲ့ကြသော ကလေးတို့သည် ဤစာရေးနေချိန်၌ လူပျို အပျိုဖြစ်ကြ၍ အချို့အိမ်ထောင်ပင် ကျကုန်ကြလေ ပြီ။

မုံတဝဂူ

၁၉၅၆–ခုနှစ်၊ ဦးကျော်၊ မောင်ဆွေတင့်၊ အထွန်း၊ ကိုဖေသိန်းနှင့် ကျွန်တော်တို့ လင်မယား တောင်ကြီးတွင် တအိမ်တည်း အတူတကွနေခဲ့ကြသော အကြောင်းကို ရေးသားဖော် ပြစဉ်က (ရှမ်းပြည် တောင်ကြီးမြို့သို့ သွားရောက် လည်ပတ်ကြလျှင် တောင်ပေါ်တက်ခြင်းနှင့် မုံတဝဂူ သွားရောက်ခြင်း မပြုခဲ့ပါက ကာယဒုက္ခနှင့် စိတ္တသုခပြည့်စုံကြရမည် မဟုတ်ပေ။)ဟု ကျွန်တော်ဆိုခဲ့သည်။ သို့သော် ထိုစဉ်က ကျွန်တော်တို့သည် တောင်ပေါ်တက်ခြင်းနှင့် အင်းလေးသို့ သွားရောက်လည်ပတ်ခြင်းသာ ပြုခဲ့သည်။ မုံတဝဂူသို့ မသွားဖြစ်ခဲ့ကြချေ။

ဖော်ပြခဲ့သော ၁၉၅၈–ခုနှစ်၊ ရန်ကုန်က ဆွေမျိုးသုံးအိမ်ထောင် ဆိုကြသောအခါမှ ကျွန်တော်လည်း မုံတဝဂူသို့ ရောက်ဖြစ်ပါတော့သည်။

ယခုတခါ နောက်တဖန် သွားချင်စိတ်ကား မရှိတော့ပါ။ တချီထဲနှင့်နံပြတ်ပါရော။

ဤမုံတဝဂူ မရောက်ဖူးခင်က ကျွန်တော်သည် ပင်းတယဂူကို ရောက်ခဲ့ဘူးပြီးဖြစ်၍ မုံတဝဂူလဲ ပင်းတယဂူလိုဘဲ သွားရလာရအထဲဝင်ရ ကောင်းမှာဘဲဟု အောက်မေ့ခဲ့၏။ သို့သော် . . . . ပါစင်အောင် လွဲပါချေ၏။

ကြည့်ပါ။ ကျွန်တော်တို့ ပင်းတယသွားစဉ်က တောင်ကြီးကနေပြီး ဟဲဟိုး၊ အောင်ပန်း မြို့တွေ ဖြတ်ပြီး မော်တော်ကားနှင့် သွားကြသည်။ ပင်းတယဂူဝ ရောက်တော့မှ အထဲဝင်ကြရုံဘဲ မဟုတ်လား။

မုံတဝဂူကတော့ ဟုတ်ပေါင်ဗျာ။ အိမ်ကထွက်ကတည်းက ခြေလျင်၊ တောင်ကြီးမြို့ တောင်ဘက်စူးစူး၊ ဝါးဖြားရွာ ဖြတ်ပြီးသွားရသဗျ။ နည်းတဲ့ခရီးလဲ မဟုတ်။ သုံးလေးမိုင်လောက် ရှိမည်ထင်ပါသည်။ ဟိုမှာ ထမင်းစားကြဘို့ အိမ်ကချက်ပြုတ်ပြီး သယ်ဆောင်လာကြရသေး သည်။ လူတစု တအုပ်ကြီးဟာ ခရီးရှည်တော့လမ်းမှာ တကွဲစီ တတွဲစီ ဖြစ်ကြရော။ သစ်ပင် ဝါးပင်တွေက နည်းနည်းကျဲကျဲဟာမို့ လူတဖွဲ့နဲ့တဖွဲ့ကိုတော့ လှမ်းမြင်ကြရပါသည်။ ခေါင်းဆောင် လမ်းပြလုပ်သူက မမတင်တို့ရုံးမှ မင်းစေလုလင် ကိုအုန်းဖေ။ သို့သော် ကိုအုန်းဖေသည် လုလင်ဆိုပေမင့် လုံမပျိုကဲ့သို့ ပြောဟန်ဆိုဟန်နှင့် ကိုယ်လက် လုပ်လီ–လုပ်လဲ့ ရှိဘိသည်။ သူသည် ဤမုံတဝဂူကို သွားနေကျ။ သည်လို မရောက်ဖူးသေးတဲ့လူတွေ ခေါ်သွားဘို့ ဝါသနာပါသတဲ့။ ဟုတ်ပါတယ်။ ဒီခရီးမှာ သူသိပ်ပျော်နေပါတယ်။ ရှေ့ရောက် သွားလိုက်၊ နောက်ကလူတွေ စောင့်ခေါ်လိုက်၊ ဟိုအကြောင်း, သည်အကြောင်းတွေပြောလိုက် နှင့်။ ယောက်ျားတွေ နားတော့သိပ်ပြီး မချဉ်းကပ်။ အမျိုးသမီးတွေနဲ့သာ သူ့အဖွဲ့နဲ့ကျသည်။ အမျိုးသားများကို သူရွံ့တွန့်တွန့်ရှိသည်။

ဤခရီးမှာ လမ်းတွင်ဇီးပင်တွေ အင်္ဂလိပ်လို Ras berry ခေါ်တဲ့ ငါးဥသီးတွေရှိသဖြင့် ၎င်းတို့ကို ခူးစားကြကာ ကလေးတွေမှာ အလွန်ပျော်ကြသည်။ သွားရသည်မှာလည်း ပြေပြေဆင်းဆင်း နံနက်ခင်းနေကလည်း မပြင်းသေးသည်မို့ ပြေး၍ပင် ကောင်းနေပါသည်။

သို့နှင့်အိမ်က ၈နာရီလောက် ထွက်ခဲ့ကြရာ တနာရီကျော်ကျော်လောက် ကြာတော့ ၉နာရီခွဲလောက်မှာ မုံတဝဂူသို့ရောက်ကြပါသည်။ ဂူသည် တောင်ကမ်းပါးရံကို ဖောက်ထားပါ သည်။ ၎င်းဂူအနီးမှာ စမ်းရေအိုင်ကြီးရှိပါသည်။ ကျွန်တော်တို့သည် ဤရေအိုင်နံဘေးမှာ ခေတ္တစခန်းချကြပါသည်။ အိမ်မှသယ်ဆောင်လာခဲ့သော စားသောက်စရာများကို လူစောင့်နှင့်ဒီမှာ ထားခဲ့ပြီး၊ ဂူထဲဝင်ပြီး ပြန်ထွက်မှ နံနက်စာကို စားကြပါသည်။ ကျွန်တော်တို့လိုဘဲ အခြားလာကြသူများလဲ ရှိပါသည်။

အပန်းဖြေကြ၍ ပြေလောက်တော့ ''ကဲ. . . ဂူထဲဝင်ကြစို့''ဆိုသောအခါ ''အပေါ်အင်္ကျီ အနွေးထည်တွေကို ချွတ်ခဲ့ကြ''ဟူသော ကိုအုန်းဖေအမိန့် ထွက်လာပါသည်။ အဘယ်ကြောင့် နည်း။ ကျွန်တော်နားမလည်ပါ။ ဒီအပြင်ဘက် နေရောင်အောက်မှာတောင် စမ်းအိုင်ဘေး၌ အေးစိမ့်စိမ့်ရှိနေသေးတာ၊ ဂူထဲမှာ မည်သို့ရှိမည်နည်း။ ပင်းတယဂူထဲ ဝင်ကြတုန်းက ကျွန်တော်တို့ အပေါ်အင်္ကျီတွေ ချွတ်မပစ်ခဲ့ကြရပါ။

တဖန် ဖယောင်းတိုင်တွေ ဝေပေးကြပြန်လေတော့၊ ကျွန်တော့်စိတ်ထဲ အလိုဘုရားရေ၊ မလွယ်တဲ့ကိစ္စပါလားဟဲ့။ ဘဇာကြောင့်ပါနည်း။

ဩော်. . . ဒီလိုကိုး၊ ပင်းတယဂူမှာက ဗမာ့ခေတ် ဦးအုန်းခင်၊ ဒေါ်ဒဂုန်ခင်ခင်လေးတို့ ကောင်းမှုကြောင့် လျှပ်စစ်မီးတွေရှိနေ၍ ဒီမုံတဝဂူမှာတော့၊ ဂူဝက ဆယ်ပေလောက်မှာ မှောင် အတိ။

ကိုအုန်းဖေက လက်နှိပ်ဓာတ်မီးတလုံးနှင့် ရှေ့ဆုံးက ဦးဆောင်သည်။ ကျွန်တော်တို့ လူသိုက်မှာ အလယ်က လက်နှိပ်ဓာတ်မီးတလက်၊ နောက်ဆုံးက တလက်။ ကျန်လူများက ဖယောင်းတိုင် ကိုင်ကြရသည်။ လက်နှိပ်ဓာတ်မီး သုံးလက်ကြီးတောင်ပါနေတာ၊ ဖယောင်းတိုင် တွေ လိုပါသေးသလားတဲ့။ လိုပါတယ်ခင်ဗျ။ ဘာကြောင့်ဆို လမ်းက ဖြူးဖြူးဖြောင့်ဖြောင့် မဟုတ်။ ဒေါင့်ဒဲ့တွန့်လို ကွေ့ကွေ့ကောက်ကောက်။ နို့ပြီး လူတွေက မတ်တတ်ချည်း သွားနေ သည်မဟုတ်။ ငုံ့တိုးသည့်အခါတိုးရ၏။ လေးဘက်ထောက် တွားသွားသည့်အခါ သွားရ၏။ တယောက်ဖင်နှင့် တယောက်ခေါင်း တိုက်သည့်အခါ တိုက်၏။ ဂူထဲသို့ အရင်သွားပြီး ပြန်လာ တဲ့လူများလဲ ဒီလမ်းဘဲဖြစ်သဖြင့် ပခုံးချင်း၊ ဘေးချင်းတိုက်ကာ ရှောင်ကြရသေး၏။ ဖယောင်း တိုင်လေးတွေ ကိုယ်စီနှင့်။

အပေါ်အင်္ကျီ အနွေးထည်တွေကို ချွတ်ခဲ့ခိုင်းသည်ကိုလည်း ဒီအထဲရောက်မှ ကျွန်တော်သိပါပြီ။ ဤဂူတွင်းလမ်းကြောင်းသည် စွတ်စိုထိုင်းမှိုင်းလျက် အချို့နေရာမှာ ရေစပ်စပ် ရွှံ့စေးစေးဖြစ်နေရာ အင်္ကျီကောင်းတွေ ပစ်ရကုန်ပေလိမ့်မည်။

ကျွန်တော်သည် ဤမျှသွားရခက်ခဲသောခရီး၊ တဖြည်းဖြည်းစိတ်ပျက်လာလျက် ဂူတွင်း နက်လာလေလေ၊ ဒေါသ ထွက်လာလေလေနှင့် ကျွန်တော့်ရှေ့မှ တကုန်းကုန်းသွားနေသော မေ့ထမိ ခါးပုံစကို ဆွဲလိုက်နေရာမှ. . .

''ဟော့. . . မေရ. . . မရောက်သေးဘူးလားကွ''

''နီးပါပြီ. . . မောင်ရ. . . .''

''ရောက်တော့ ဘာတွေ့ရမှာလဲဟ. . .''

''မောင်ရောက်တော့ ကြည့်ပေါ့. . .''

ငါ့လခွီးတဲ့မှ ဒီလိုမှန်းသိ ငါမလိုက်ဖူးဟေ့၊ ဘုရားစူး''

''တောက်. . . . ဘယ်သူကများ အီးပေါက်လိုက်ပြန်ပါလိမ့်ဟော့. . . . .''

''ဤဂူတွင်း လမ်းခရီး၌ အီးပေါက်ခြင်း သည်းခံပါဗျို့. . .''

လူငယ်တယောက်က ထအော်လိုက်၏။ လူတန်းကြီးက တဟားဟား ပွဲကျသွား၏။

ဤသို့ နာရီဝက်လောက် ခက်ခက်ခဲခဲ သွားရပြီးတဲ့နောက် ရောက်ပါပြီတဲ့ဗျို့။

'ရောက်ပါပြီတဲ့ဗျို့'ဆိုရသည်က လမ်းဆုံး၍သာ။ ဘယ်ကိုရောက်တာတဲ့လဲ၊ ရှေ့မှာ ချောက်ကြီးခင်ဗျ။ အောက်မှာ ရေစပ်စပ်နှင့်။ သူ့ကမ်းပါးစောက်က ပေ ၂၀ လောက်နက်မယ်။ အထဲ ဆင်းချင်တဲ့လူ ဆင်းဘို့ထင့်၊ ဆယ့်ငါးတောင်လောက် မျှင်ဝါးတလုံး ထောင်ထားတယ်။ ဒီဝါး ဆွဲဆင်းချင် ဆင်းကြပေါ့။ ဒီလိုနာရီဝက်လောက် လေးဘက်ထောက် မိကျောင်းတွား၊ ငါးရှဉ့်တိုး၊ အမျိုးမျိုး ပင်ပန်းကြီးစွာ လာခဲ့ကြတာ ဘာမှရစရာမရှိတဲ့ ဒီချောက်ကြီးထဲ မည်သူက ဆင်းချင်မည်နည်း။

သြော်. . တခုတော့ရှိရဲ့။ တဦးနဲ့တဦး ဂေါ်ရည်သွေးနေကြတဲ့ အပျိုလေးနဲ့ လူပျိုလေး ဒီချောက်ကြီးထဲ ငုံ့ကြည့်ရင်း ကောင်မလေးရဲ့ ခေါင်းစည်းပုဝါလေးက အောက်ကျသွားတယ်၊ ဒီတော့

ကောင်လေးက ကဗျာကရာ ဒီဝါးလုံးတွယ်၊ အောက်ဆင်းသွားတဲ့ပြီး၊ သူ့ငနဲမ ပုဝါလေး ကို ကောက်ယူတဲ့ကာ ပါးစပ်နဲ့ကိုက်ပြီး ပြန်တက်လာတယ်။ ဟား. . . . ကျွန်တော်သာ ဆိုရင်လေ၊ ဒီပုဝါ ချောက်ထဲက မြေကြီးမထိရအောင် ဝါးလုံးကို တခါထဲလျှောတိုက် ဆင်းချလိုက်မှာဘဲ။ ကိုယ်ကအရင် ပုဝါအောက်ရောက်တော့မှ လည်ပင်းပတ်ပြီး ယူခဲ့မယ်။

ဒါဟာ ကျွန်တော်က လူပျိုလေးတယောက်နေရာက စိတ်ကူးတာဘဲ။ တကယ်လို့ ဒီအခု အချိန်မှာ မေ့ခေါင်းက ပုဝါလေး ကျသွားမယ်ဆိုရင်. . . .

''မင်းကိုက ကချော်ကချွတ်နိုင်ပါတယ်ကွာ၊ နေပစေ၊ အစားလိုချင် မြို့ထဲရောက်မှ ပြန်ဝယ်ယူ၊ တယ်. . . ငါလူပါတောင် ကန်ချလိုက်ချင်သေး''

ဒီလိုဘဲ ကျွန်တော်ပြောပစ်လိုက်မှာဘဲ။

အဓိပ္ပာယ်ကား ဤမုံတဝဂူခရီးသည် ဂေါ်ရည်သွေးနေကြသော အပျိုလေး၊ လူပျိုလေးနှင့် သမီးရည်းစားတို့အဖို့ အလွန်ကောင်းလှပါသည်။ မှောင်မိုက်မိုက် ချောင်ကြိုက်ကြတဲ့အခါမျိုး။ သို့သော်မေနှင့်ကျွန်တော် ညားသည်က ငါးနှစ်ကျော်နေပြီဆိုတော့ နေရာကောင်း၊ အကွက် ကောင်း တွေ့ပါသော်လည်း မိုးလွန်မှထွန်ချပါတကား။ အချားနိမ်း ပေတည်း။ အချည်းနှီးသော ဤခရီးကို ကျွန်တော့်အား ခေါ်လာရပါမည်လားဟု နှုတ်က တဖျစ်တောက်တောက်။

ရှေ့ပွဲလာအားလုံးပင် ဂူပေါက်ထဲမှ ကြက်တွေလို တယောက်စီတယောက်စီ ထွက်လာကြ ကာ၊ ဒီချောက်ကြီး ငုံ့ကြည့်ရင်း သက်ပြင်းတွေ ချကြ၏။

''ခေါင်းဆောင်လမ်းပြ ကိုအုန်းဖေခင်ဗျာ၊ ရှေ့ခရီးဆက်စရာ ရှိပါသေးသလား. . .''

''မရှိပါဘူးဆရာ၊ ပြန်ကြရုံ ရှိပါတော့တယ်''

''အပြန် ဘယ်လမ်းက ပြန်ရမှာလဲခင်ဗျ''

''ဒီ ဂူပေါက်ထဲဘဲ ပြန်ဝင်ပြီး သွားကြရမှာဘဲဆရာ့. . .''

''ဟိုက်. . . သြော်. . . ဒုက္ခပါဘဲလား''

ကျွန်တော်ခေတ္တ စကားနားပြီး. . .

''ဒီဂူပေါက်ဟာ ဘယ်တုန်းက ဘယ်သူတွေက ဘာလုပ်ဖို့ ဖောက်ကြတာတဲ့လဲဗျ''

''ဘယ်တုန်းကလဲတော့မသိဘူးစရာ့၊ စော်ဘွားကို ပုန်ကန်တဲ့ သူပုန်တွေ ပုန်းခိုဘို့ ဖောက်တာလို့ ပြောကြတာဘဲ စရာ့''

''တောက်. . . သူပုန်တွေနှယ်. . . ဖောက်မယ့်ဖောက်လဲ ဖြောင့်ဖြောင့်တန်းတန်းနဲ့ လူကောင်းကောင်းသွားနိုင်အောင် ဖောက်ကရောပေါ့၊ ခုတော့ ကျွန်တော်တို့ ဒုက္ခများလိုက်တာဗျာ''

''ဆရာ. . ခုလိုလာမယ်မှန်း မသိလို့ နေပါလိမ့်မယ်ဆရာ. . .''

''ကျွန်တော်မေ့သွားလို့ပါ ဆရာ. . .''

မောပန်းခြင်းကို ရယ်မောခြင်းဖြင့် ဖြေဖျောက်ကြကုန်သည်။

ထိုနေရာမှာ တအောင့်တနား နေကြပြီးနောက် လာလမ်းအတိုင်း အလာတုန်းက ဒုက္ခမက၊ နှစ်ထပ်ကွမ်းမို့ ပိုမိုပင်ပန်းစွာပြန်ခဲ့ကြရတော့၏။

ဂူဝက စမ်းရေအိုင် ရောက်တော့မှ ကျွန်တော်သက်ပြင်းကြီးချကာ အရက်ပုလင်း ဖွင့်လိုက်ပါတော့၏။

အချိန်မှာ ၁၁–နာရီလောက်ရှိချေပြီ။ ဒီရောက်မှ မီးဖိုပေါ်တင်၍ ငဖိန်းကြော်ကိုခတ်ထား သော ဟင်းချိုအိုးထဲကို ယခုမှ လိုက်ခူးကြသော ဟင်းရွက်စုံတွေခတ်၊ ပါလာခဲ့သော ကြက်သား ဆီပြန်၊ သေဖွဲ့နှင့် ပဲပုပ်ကြော်၊ သရက်သီးသနပ်တို့နှင့် ထမင်းကို ဖက်ခင်း၍စားရရာ လူတွေက ပန်းနေတော့ တယ်ပြီးမြိန်လှသကိုး။

စားပြီးတယ်ဆို သစ်တပင်ရိပ်မှာ အရက်သမားတို့စည်းစိမ်ဖြင့် ကျွန်တော်အိပ်တော့ သည်။

အချို့က ရေကူး၊ အချို့က တောထဲတောင်ထဲ လျှောက်လည်။

နေ့လယ် ၂–နာရီလောက်ရှိတော့မှ အားလုံး လူပြန်စု၍ ပြန်ခဲ့ကြတော့၏။

အပြန်သည် အလာတုန်းကထက် ပင်ပန်း၏။ အလာတုန်းကတောင်ခြေ အဆင်း၊ အခုပြန် အတက်။ နို့ပြီး နေကလည်း နံနက်နေနှင့် နေ့ခင်းနေ။

ကလေးတွေဘဲ ကောင်းတယ်။ သူတို့သည် နေပူကိုလည်းမကြောက်ရ၊ မောရပန်းရမှန်း လည်းမသိ။ ပြေးလိုက် လွှားလိုက်။ ငါးဥသီးတွေ၊ ဇီးသီးတွေခူးစားလိုက်နှင့် တဟီးဟီး၊ တဟား ဟား။

ကျွန်တော်မူကား အလာတုန်းက အေး၍ ဝတ်လာခဲ့သော ကုတ်အင်္ကျီကို ကျောပေါ် တင်ရသည်မှာ အင်မတန်လေးလံသော ဝန်ထုပ်ကြီး တင်နေပါ၏။ သည်အထဲ မလွှဲမရှောင်သာ သဖြင့် အရက်ပုလင်းပါသောအိတ်ကို လွတ်ထားရသေး၏။ အကြောင်းမှာ အရက်သမားတခုခု ဖြစ်လျှင် အရက်ပဲအားကိုးတတ်သည့်အတိုင်း အမောပြေ၊ အပူခံဟု လမ်းမှာ အရက်ကို တစွတ် စွတ် သောက်လာခဲ့၏။ လူမူးလာသောအခါ၌ စိတ်ကူးယဉ်မိ၏။

ဤတောလမ်းခရီးဝယ် သော်တာဆွေ ပင်ပန်းနွမ်းနွယ်နေသည်ကို ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်းသဖြင့် သိကြားမင်းသိ၍ ကုန်းနှီးအပြည့်အစုံနှင့် စီးမြင်းတကောင် ဖန်ဆင်း လွှတ်လိုက်လေ၏–ဟူ၍။ သို့သော် တောခွေးတကောင် ဖြတ်ပြေးသည်ကိုသာ မြင်ခဲ့ရပါ၏။

သည်လိုနှင့်ဘဲ အိမ်ပြန်ရောက်၊ နောက်တနေ့ကျတော့ မနေ့က ခရီးပန်းတာနဲ့၊ အရက် သောက်လွန်တာနဲ့ အရက်နာ ကျပြီး ကျွန်တော်အိပ်ရာက မခွာနိုင် ဖြစ်ပါရောလားဗျ။

ဒီလို အရက်နာကျတာမျိုးတော့ ကျွန်တော့်မိန်းမက ရိုးနေပြီ။ ဝမ်းနုတ်ဆေးကျွေးပြီး အနားမှာ လက်ဖက်ရည်ကြမ်းတအိုးထားပေး၏။ လူကတော့ခေါ်မှလာ၏။ သို့သော် ကျွန်တော့် အား အနားက တဖဝါးမကွာ ဂရုတစိုက် ပြုစုသူတယောက်သည် မောင်းထုတ်လို့မှ မရအောင် ရောက်လာ၏။

## စေတနာရှင်

လူကြီးထဲကတော့ မဟုတ်။ အသက် လေးငါးနှစ်သားမျှရှိဦးမည်။ သူ့နာမည်ဖိုးမော်ဟု ခေါ်၏။ ဦးမော်တင်၊ ဒေါ်စောမွန်တို့၏ ဆဋ္ဌမမြောက်သားဖြစ်၏။ သူ့အား မော်လမြိုင်မှာမွေး သောကြောင့် ဖိုးမော်ဟု မှည့်ခေါ်ခြင်းဖြစ်၏။ အမတွေနှင့်နေရသောကြောင့် မိန်းကလေးဟန်ပန် ရှိ၏။ မိန်းကလေးလိုဘဲ ကန့်ကရပြောတတ်၏။

ကျွန်တော့်အိပ်ရာနံဘေး ကျုံ့ကျုံ့လေးလာထိုင်နေလျက်. . . .

''ဦးလေးဆွေ ဘာလိုချင်လဲ၊ ဖိုးမော်ဘာလုပ်ပေးရမလဲ၊ ပြောနော်''

''ဘာမှ မလိုချင်ပါဘူးကွာ၊ ဘာမှလဲ လုပ်ပေးစရာ မလိုပါဘူး''

''ဦးလေးဆွေ ဒီလိုဖြစ်တာကို ဖိုးမော်သိပ်သနားတယ်''

''အေးကွာ. . ကိစ္စမရှိပါဘူး''

''ဦးလေးဆွေ. . . နှိပ်ပေးရမလား၊ နင်းပေးရမလား၊ ဖိုးမော်နင်းနှိပ်ပေးပါမယ်''

''ကျေးဇူးတင်ပါတယ်ကွာ၊ ဘာမှလုပ်စရာ မလိုပါဘူး၊ ဖိုးမော်သွားကစားချေပါ''

''ဖိုးမော် မကစားချင်ပါဘူး၊ ဦးလေးဆွေ အနားမှာ ပြုစုနေချင်ပါတယ်''

သူက စကားလေးလဲ တော်တော်တတ်တဲ့ကောင် ဖြစ်၏။ ကျွန်တော့်စိတ်ထဲ အင်း. . . ဒီကောင်တော့ ငါ့ဆီက မုံ့ဘိုးလိုချင်လို့ဘဲ အောက်မေ့မိ၍ ငွေတကျပ်ထုတ်ပေးကာ. . .

''ရော့. . . ရော့. . ဖိုးမော်၊ မုံ့သွားဝယ်စားချေ''

သို့သော် သူက ခါးခါးသည်းသည်း ငြင်းလျက်. . . .

''ဦးလေးဆွေဆီက မုံ့ဘိုးလိုချင်လို့ မဟုတ်ပါဘူးဗျာ''

''နို့. . . တခြားကလေးတွေနဲ့ မကစားဘဲ ဘာကြောင့် ငါ့အနား လာနေတာတုန်း''

''ဒီလို. . . ဦးလေးဆွေရဲ့ မညိုမဖြူတို့က ပြောတယ်၊ နင့်ဦးလေးဆွေမနေ့က အရက်တွေ သိပ်သောက်လို့ ဒီနေ့သေတော့မယ်တဲ့၊ သေရင်နင့်ကို သရဲချောက်လိမ့်မယ်တဲ့၊ ဒါကြောင့် ဦးလေးဆွေကို မသေခင် ကျွန်တော်လာပြီးပြုစုတာပါ၊ ဦးလေးဆွေသေရင် ကျွန်တော့်ကို သရဲ မချောက်နဲ့နော်၊ နော်''

ဩော်. . . ဒီလိုကိုး။ ဒါကြောင့် ကျွန်တော်စိတ်ပေါက်ပေါက်ရှိလာ၍. . .

''အေး အေး၊ မချောက်စေချင်ရင် မင်းအခု ငါ့အနားမှာမနေနဲ့''ဟု ဆိုတော့မှ သူထိုင်ရာ မှထ၍. . .

''မညိုနဲ့မဖြူတို့ကိုတော့ အရမ်းကြီးချောက်လိုက်စမ်းပါနော်''

''အေး. . . အေး. . . သွားတော့ကွာ''

သို့တိုင် သူအခန်းထဲက မထွက်သေးဘဲ. . .

''ဦးလေးဆွေ၊ ဘယ်တော့သေမှာလဲ ဟင်''

''ညသန်းကောင်လောက်'' (ကျွန်တော့်နှုတ်ထဲ တွေ့ရာပင်)

''လေးလေးဂျဲ ပြောပြီးပလား''

''ပြောပြီးပြီ''

''ဒါနဲ့တောင် လေးလေးဂျဲက မဖြူနဲ့မညိုတို့က ဦးလေးဆွေသေတော့မယ်ပြောတယ် ဆိုတော့ တောက်တီးတောက်တဲ့ တဲ့''

''အေး၊ မင်းသရဲချောက် မခံချင်ရင် မြန်မြန်သွားတော့ကွာ''

ယင်းမှ သူထွက်သွားတော့၏။

ကမြင်းမ ကောင်၊ ယခု ဤစာရေးနေချိန်မှာတော့ လူပျိုဖြစ်နေချေပြီ။

## အခန်း (၇)

### အဟိ

ရှမဝမဂ္ဂဇင်းထဲတွင် ဟာသကဏ္ဍတခု ကျွန်တော်က တာဝန်ယူ၍ ထည့်သွင်းရတော့မည် ဟု ကဏ္ဍနာမည်ကို ဦးကျော်၊ တင့်တယ်နှင့် ကျွန်တော်သုံးယောက် တိုင်ပင်စဉ်းစားသောအခါ ကျွန်တော့်မှာ ကိုယ့်ဟာကိုယ် ဘယ်လိုအမည်ပေးရမည်မသိ ဖြစ်နေသောအခါ တင့်တယ်က ရုတ်တရက် သွက်လက်စွာပင်. . . .

''ကိုရင် သုံးသုံးနေတဲ့ စကားလုံးတခုရှိသားဘဲလေ. . . 'အဟိ' ဆိုတာ''

သည်တော့မှ ကျွန်တော်ချက်ခြင်းသတိရတော့၏။ သူများကို ပြောင်နောက်သောအခါ၊ ဥပမာ (စင်စစ် အမှန်အားဖြင့် ဤဝတ္ထု ဇာတ်ကွက် ဇာတ်လမ်းကလေးမှာ တကယ့်အဖြစ်အပျက် ကလေးဘဲဟု ဘဲဆိုဘဲ၊ ဆိုရင်တော့တာဘဲ။ အဟိ)

၁၉၃၈-ခုနှစ်က ရေးတော့ ဗိုလ်ဘင်ရိုး ဝတ္ထုနိဒါန်းတွင် ထိုစဉ်က သူ့ဝါကျတွေမှာ 'ဘဲ' တွေ အများကြီး သုံးနေသော ဗန်းမော်တင်အောင်ကို ကလိခြင်း။

နို့ပြီး. . . . (အဲ အဲ နို့ပေတဲ့တချက်ကလေးတော့ အခွင့်သင့်လို့ ဂုဏ်ယူပါရစေ။ အနီးလို ကိစ္စမျိုးတွေကြောင့်ဘဲ ထင်ပါရဲ့။ (အဟိ)အချို့ လက်ဝဲဆရာ ဆိုသူများက (အဟိ)ကျွန်တော့်ကို တိုးတက်နေသော အစိတ်အပိုင်းအပေါက်ဝသို့ ခေါင်းပြူနေပြီ ဆိုလားဘဲ။ (အဟိ)ချီးမွမ်းကြ တယ်။ တချို့ကတော့ (အဟိ) ကျွန်တော့်ကွယ်ရာမှ. . . .

''ဒီ သော်တာဆွေဆိုတဲ့ ခွေးမသားဟာ အလကားအကောင်၊ တိုင်းပြည်စာဖတ်ပရိသတ် ညံ့လို့ ဒီကောင်စာရေးဆရာ ဖြစ်နေတာ. . . .'တဲ့။ (အဟိ)ကျွန်တော်နှင့် ကျွန်တော့်စာဖတ် ပရိသတ်ကို ဆဲကြပါသည်။ (အဟိ)

ထိုစဉ်က သူတို့ကိုယ်သူတို့ လက်ဝဲဆိုသူများက ကျွန်တော့်ကို ဝေဖန်ကြသဖြင့် ကျွန်တော်က ''ကျေးဇူးဆပ်နည်း နိသျည်း'ဝတ္ထု စကားချီးတွင် သူတို့အား ကလိခြင်းဖြစ်ပါသည်။

ယင်းကဲ့သို့ ကျွန်တော့်အရေးအသားကို အကြောင်းပြု၍ တင့်တယ်က အဆိုပြုရာ ဦးကျော်ကလည်း သဘောကျ၍ 'အဟိ'ဖြစ်သွားပါတော့၏။

ရှုမဝ မဂ္ဂဇင်းတွင် နှစ်ဖောင်၊ ဆယ့်ခြောက်မျက်နှာ တာဝန်ယူရမည်။ ဤသို့ ကဏ္ဍတခု ပြုစုရသည်မှာ ဝတ္ထုတပုဒ်တည်း စာမျက်နှာ လေးငါးဆယ် ရေးရသည်ထက် ခက်ပါသည်။ မဂ္ဂဇင်းကြီးထဲက မဂ္ဂဇင်းကလေးဖြစ်နေရာ တတ်နိုင်သမျှ အခန်းစုံအောင် ပါရပေမည်။

ထို့ကြောင့် ခေါင်းကြီး၊ အယ်ဒီတာ အာဘော်၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာပြောင်တို့ အပြင် အမေ့ပြုံင်စို့လား၊ ဤလည်း တအဟိ၊ လင့်ဖနောင့်ပေါက်ဆေး၊ မယား ဖိနပ်စာ၊ အဟိ အသံလွှင့်ဌာန၊ အဟိ လွှတ်တော်စသော အခန်းများကို တီထွင်လိုက်ရသည်။ အခန်းတိုင်းတွင် ဤပုံစံမျိုး မည်သူမဆို ရေးသားပေးပို့နိုင်သည်။ ဟာသ၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာပြောင်များ လည်း ရေးပို့နိုင်ပါသည်ဟု ကြေညာချက်ဖြင့် နှစ်လလောက်သာ ကျွန်တော်တယောက်တည်း ကလောင်နာမည်အမျိုးမျိုးဖြင့် စာပုံစံတွေ အမျိုးမျိုး ရေးခဲ့ရသည်။ သုံးလမြောက်မှစ၍ အခြား ဝါသနာရှင်တွေ ဝင်လာကြတော့၏။

လာသမျှ ကျွန်တော်က ပထမဖတ်၍ ရွေး၊ ကျွန်တော် ရွေးတာများကို တဖန် ဦးကျော်အား တင်ပြရသည်။ ဦးကျော်သည် မည်သည့်စာကိုမျှ သူမဖတ်ဖဲနှင့် လွှတ်ပေးသည် မရှိချေ။ ကျွန်တော်ရေးတာ ရွေးတာတွေသည် မကောင်းမှာစိုး၍တော့မဟုတ်။ ကောင်းမှာကို တော့ ယုံကြည်သည်။ သို့သော် ဟာသဆိုတော့ အပြောင်အလှောင်, အငြိအစွန်း ရှိမှာစိုး၍ဖြစ် ၏။ ဦးကျော်၏ စာတည်းဘဝမှာ ကျွန်တော် ဟာသဆရာနှင့် ဟိုလက်ဝဲဆရာတွေကို အမြဲ သတိထားနေရရှာ၏။ ကျွန်တော်သည် နောက်ပိုင်း၌ အသက်အရွယ်အလျောက် လက်ရာပြောင်း ခဲ့၍

ထိုလူများကား ဦးကျော်သေခါနီးအထိ ငြင်းကြ ခုံကြတုန်းဖြင့် ၎င်းတို့လည်း သည်အတိုင်း ဘဲ သေကြအံ့ထင်၏။ (ဤကား စကားချပ်)။

ရှုမဝမဂ္ဂဇင်းမှာ ကျွန်တော့် အဟိကဏ္ဍဖွင့်သောအခါ ထိုစဉ်က မောင်ဆွေတင့်နာမည်နှင့် ဝတ္ထုတွေ မရေးတတ်သေးသော ဦးကျော်သား မောင်ဆွေသည် ပန်းချီလိုလို၊ ကာတွန်းလိုလို ပုံဆွဲ လေ့ကျင့်နေလေ၏။ ကျွန်တော့်အဟိကဏ္ဍအတွက် လက်တည့်စမ်းသောအခါ ဦးကျော်က သူ့သားပုံများကို သူ့ဆန္ဒသက်သက်ဖြင့်မသုံးပေ။ ''မင့် ဦးလေးဆွေပြ၊ သူ့အဟိမှာ သူအယ်ဒီ တာ သူကြိုက်မှ သုံးနိုင်မယ်''ဟု ပြောပြီး ကျွန်တော်က ရွေးချယ်ရန် သုံးတော့ပုံ ပုံငယ်တခုကို ၅ကျပ်နှုန်း သူ့သားအား ပေး၏။ မောင်ဆွေ့ပုံများကို ကျွန်တော်ကလည်း နှစ်သက်၍ သုံးခြင်းဘဲ ဖြစ်၏။ မကြိုက်လျှင်ပယ်ချသည်။

ထိုစဉ်က ကျွန်တော့်အဟိကဏ္ဍမှာ မောင်ဆွေနှင့် တက်သစ်စ ပန်းချီမောင်စိန်ပုံများကို သုံး၏။

ရှုမဝမဂ္ဂဇင်းမှာ အဟိကဏ္ဍသည် အောင်မြင်၏။ နှစ်သက်အားပေးသူတွေ ရှိလာ၏။ ဟာသအတိုအထွာ၊ ကဗျာ၊ ဆောင်းပါး၊ စာပြောင်၊ ဝတ္ထုတို၊ ကလောင်သစ်တွေ ပေါက်ဖွားလာခဲ့ သည်။ အဟိတွင် လက်စွဲသုံးနိုင်သော ပင်တိုင်ကလောင်ရှင်တွေရလာသည်။ မစံလှဝင်းခိုင်၊ ခင်ဂွမ်းဂွိ၊ ရွှေကူမေနှင်း၊ အီကြာကွေး၊ ငွေမောင်း၊ မောင်လရောင်၊ ရွှေတည်ရန်နောင်၊ အောင် (လျှပ်စစ်)၊ ကျိုက်လတ်မိုးမြင့်၊ မောင်ရည်တင့်၊ သုဝဏ္ဏကျော်စိန်၊ သူရတက်ပု၊ ဖုန်းဖုန်း၊ နတ္တလင်း ချစ်လွင်၊ ပေါင်းတည်စန်းမြင့်၊ ပြည်အေးကို၊ မမညွန့် . . . .။

၁၉၅၉-ခုနှစ်ရောက်သောအခါ ဦးကျော်ကကျွန်တော့်အား-

''ကဲ . . . . . ကိုရင့်မှာ တပည့်လက်သား စုံပြီ၊ အဟိဆိုတဲ့ နံမယ်လဲ ပရိသတ်ရှိနေပြီ၊ ကိုရင့် ဖာသာကိုရင် တကျပ်တန်သီးသန့် အဟိထုတ်ပေရော့၊ ရှုမဝထဲမှာ အဟိကဏ္ဍစထည့်ကထဲက ကျုပ်ဟာ ကိုရင့်ကို စာတအုပ်ထုတ်သွားနိုင်ဘို့ ရည်ရွယ်ချက် ရှိခဲ့တယ်။ ကဲ . . . အခု အချိန်တန်ပြီ''

ဦးကျော်သည် သူ၏စေတနာအတိုင်း ကျွန်တော့်အား စာရေးတာအပြင် စာတအုပ်နှင့် အသက်မွေးဝမ်းကျောင်း ဖြစ်အောင် ကြံဆောင်စီမံပေးလိုက်ပါသည်။ ထို့ကြောင့် အဟိကို လစဉ် စာစောင်အဖြစ် အရေးပိုင်ရုံးတွင် သွားရောက်မှတ်ပုံတင်၍ ၁၉၅၉ခုနှစ်၊ ဩဂုတ်လတွင် အဟိ နံပတ်တစ်ကို စတင်ထုတ်ဝေလိုက်ပါတော့၏။

ထိုစဉ်က မည်သူမဆို စာနယ်ဇင်း ထုတ်ဝေနိုင်သည်။ လုံးချင်းဝတ္ထုဆိုလျှင်ကား မှတ်ပုံတင်နေရန် မလို။ ဘာစာပေတိုက်၊ ညာစာပေတိုက်ဟူ၍ သတင်းစာထဲ ကြော်ငြာပြီး ထုတ်လိုက်ရုံဘဲ။ ထို့ကြောင့် ကျွန်တော်သည် 'သော်တာစာပေ'ဟူသော အမည်ကို ယူလိုက်ပြီး 'အဟိ'ကို လစဉ် ထုတ်ဝေသည်။ နောင်၌ သော်တာစာပေမှ လုံးချင်းဝတ္ထုများကိုလည်း ထုတ်သည်။

ကျွန်တော်သည် ကိုယ်ပိုင်စာအုပ် စတင်စဉ်က မ,တည်ငွေတထောင် ကိုယ့်မှာရှိ၍ မဟုတ်။ မန္တလေးစာအုပ်ကိုယ်စားလှယ် ရဲရင့်ဦးဌေးဆီမှာ လစဉ်အလီလီ စာအုပ်ဖိုးတွေထဲမှ နှိမ်သွားပါဟူ၍ ချေးယူလိုက်ခြင်းဖြစ်ပါသည်။ ဦးဌေးကလည်း ထိုငွေကို ချက်ခြင်းဘဲ ပို့လိုက်၏။

ကျွန်တော်၏ပထမဦးဆုံး စာအုပ်ထုတ်ရန် ဩဂုတ်လကို ရွေးချယ်သည်မှာ ကျွန်တော် သည် ၁၉၄၇–ခုနှစ်၊ ဩဂုတ်လမှာစတင်၍ စာရေးဆရာဖြစ်သောကြောင့် ဤလကို ကျွန်တော်၏ ကံကောင်းသောလဟု စိတ်ထဲမှတ်ယူမိသည့်အတွက် ဖြစ်ပါ၏။

ပထမဦးဆုံးအကြိမ် ၅၀၀၀–ရိုက်ရာ ၄၀၀၀–ကျော်ကုန်သဖြင့် တော်တော်ဘဲ အကျိုးရှိပါ ၏။ ထို့နောက် ကြော်ငြာက လစဉ် ၂၅၀–ကျပ်၊ ၃၀၀–ကျပ်ရပြန်သည်။

ယင်းသို့ဖြစ်ရကား၊ လစဉ် ဤအဟိထုတ်ခြင်းနှင့် ရှုမဝအတွက် ဝတ္ထုတပုဒ် ရေးခြင်းဖြင့် ပင် ကျွန်တော်၏ ဘဝရပ်တည်ရေးမှာ ပြေလည်တင့်တယ်လျက် ရှိလေပြီ။

## နွားဝယ်ဘို့ ငွေ ၈၀၀

ဤသို့ ကိုယ့်စာအုပ်ကိုယ် မထုတ်မီကမူ ရှုမဝကပေးသော ငွေ ၆၀၀–ကျပ်မှ ယခင်အိမ် ထောင်ဟောင်းက ကလေးစရိတ် ၂၅၀–ကျပ်ပေးရ၍ ကျန် ၃၅၀–ကျပ်နှင့် ၁၅၉၇–ခုနှစ်တွင် မေ၏သားနှစ်ယောက်ပါ ရန်ကုန်ရောက်လာသောအခါ ကျွန်တော်တို့မှာ လစဉ် အလျင်မှီရုံ လောက်သာရှိ၏။

ထိုစဉ် တနေ့သ၌ ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ် လင်မယားသည် ရွာတန်းရှည်ရှိ ကျွန်တော့်အိမ်ကလေးသို့ လာရောက်လည်ပတ်ကြရာ ကျွန်တော့်အိမ်အနီးမှာ နို့စားနွားမ မွေးမြူသူများရှိကြ၍ နွားခြံတွေမှာ နွားမ,မြည်သံ၊ နွားကလေးအော်သံတွေနှင့် နွားနို့ညှစ်နေကြ သည်များကို မြင်ရသောအခါ. . . .

''အောင်မယ်၊ မင်းတို့ရွာကလေးက တကယ့်တောရွာလေးဘဲ၊ ပျော်စရာကွယ်၊ ရန်ကုန် အနီးမှာ ဒီလိုနို့စားနွားမ,တွေ မွေးကြတာ သူတို့တော်တော် အကျိုးရှိကြမှာပေါ့. . .''

''ရှိတယ်ကိုလတ်ရဲ့၊ ကျွန်တော်တောင် သူတို့အားကျပြီး နွားမွေးချင်စိတ် ပေါ်မိတယ်. . .''

ကိုလတ်က စိတ်ပါဝင်စားကာ. . . .

''အေး. . . မွေးပါလားကွ. . . .''

''မွေးတာက ဟုတ်ပါရဲ့၊ ကျွန်တော့်မှာက ငွေရင်းမရှိဘူး. . .''

''ငွေရင်း ဘယ်လောက်တောင် လိုမှာလဲ''

''နို့စားနွားမက ဈေးမသေးဘူး၊ အနည်းဆုံး ၅၀၀–ကျပ်ဘဲ၊ ဒီတော့ နွားခြံဆောက်ရမှာနဲ့၊ နွားစာဝယ်ရမှာနဲ့၊ ၇၀၀–ကျပ် ၈၀၀–ကျပ်လောက် မ,တည်ရမှာဘဲ. . .''

ဦးခင်မောင်လတ်မှာ သူတတ်နိုင်လျှင် တဖက်သားကို အမြဲတမ်းကူညီမစချင်စိတ် ရှိသူ ဖြစ်ရာကား မဆိုင်းခဏပင်. . .

''ဒါဖြင့် မင်း နက်ဖန်ခါ ငါ့ဆီလာပြီး ၈၀၀–ကျပ် ယူလှည့်ကွာ. . .''ဟု ပြောလိုက်တော့၏။

နောက်တနေ့ ကျွန်တော် သူတို့အိမ်ရောက်သွားသောအခါ ကိုလတ်သည် ကျွန်တော့် အား တက္ကသိုလ်စာတိုက်သို့ ခေါ်သွား၍ ငွေ ၈၀၀–ကျပ် ထုတ်ပေးလိုက်၏။

## နို့စားနွားမ မွေးမြူရေး

စင်စစ် နွားမွေးမြူရေးအကြောင်း ပြောကြစဉ်က ကျွန်တော်သည် အကယ်နွားမွေးလို၍ မဟုတ်။ စကားအဆင်သင့်၍သာ (ကျွန်တော်တောင် သူတို့အားကျပြီး နွားမွေးချင်စိတ် ပေါ်မိ တယ်)ဟု ပြောလိုက်မိခြင်းဖြစ်၏။ အမှန်ကား နို့စားနွားမမွေးမြူရသည့်မှာ လွယ်ကူသောအလုပ် မဟုတ်ချေ။ ခိုင်းနွားမျိုးကဲ့သို့ ကောက်ရိုး၊ မြက်ကျွေးထားရုံနှင့်မပြီး။ နွားမမှ နို့ရစိမ့်သောငှာ ဖွဲနု၊ ဆန်ကွဲ, နှမ်းဖတ်ကို ဆားနိုင်နိုင်နှင့်ကျို၍ နယ်ဖတ်ကျွေးရသည်။ အစာတွင် ဆားငန်မှ အရည် များများသောက်၍ နွားနို့များများထွက်၏။ ကျွန်တော်သည် မြင်းလှည်းသမားဘဝက မြင်းမွေးခဲ့ ဘူးရာ နို့စားနွားမသည် မြင်းထက် ကျွေးရ မွေးရကရိကထနိုင်၏။

အကယ်၍ ကိုလတ်ပေးသော ငွေ၈ဝဝိ–ကျပ်ထဲမှ ၅ဝဝိ–ကျပ်၊ ၆ဝဝိ–ကျပ်တန် နွားမဒန်း မတကောင် ဝယ်လိုက်ပါအံ့။ သူ့ကိုသားတင်ရမည်။ သားမွေးအောင် စောင့်ရမည်။ သားမွေးမှ နို့ရမည်။ သားနှင့်နို့ကျနေပြီဖြစ်သော နွားမကိုကား တထောင်အောက် မရနိုင်ချေ။

ကဲ. . . ဟုတ်ပါပြီ။ ကျွန်တော်သည် နွားမဒန်းတကောင်ဝယ်၍ သားတင်ပြီး ကျွေးမွေးပြုစု လိုက်ရာ တနှစ်ကြာသောအခါ သားကျပါပြီ၊ နို့ရပါပြီတဲ့။ သူ့အတွက် ကျွန်တော်မည်မျှအရင်း အနှီးဝင်နေပြီနည်း။

သူ့ကို ကျွန်တော်ခြောက်လလောက် နို့ညှစ်ပြီးသောအခါ တဖန်သားတင်ပေးရမည်။ ဇည်းကပ်လာသည်နှင့်တပြိုင်နက် နို့အရနည်းလာပြီး ဇည်းရင့်သောအခါ၌ နို့မရတော့ပြီ။ ထိုအခါ ဤနွားမသားအမိကို ကျွန်တော်က သူတို့ဆီက ဝင်ငွေမရဘဲနှင့် အလကားသက်သက် ကျွေးထားရတော့မည်။

ထို့ကြောင့် နို့စားနွားမ မွေးမြူလိုသူတို့သည် အနည်းဆုံး နှစ်ကောင်ရှိမှ ဖြစ်၏။ တကောင် နို့မရချိန်တွင် တကောင်က ရနေရမည်။ အဓိပ္ပာယ်မှာ နွားမနှစ်ကောင်သည် တလှည့်စီ ဝင်ငွေရနေ၍ သူတို့ချင်း တပြန်စီကျွေးနေရာ၌ လူကသူတို့အား ပြုစုခ ဝင်စားရမည်။

ယင်းသို့မှ နွားမကြီးများက နွားကလေးတွေမွေး၍ နို့စားနွားမ ဆယ်ကောင်ဖြစ်လာပြီ ဆိုအံ့။ ဒီလိုနဲ့ ငါးကောင်စီ၏ ရငွေကို ငါးကောင်စီက စားနေကြ၍ လူက သူတို့အား ပြုစုကျွေး မွေးခကြားဝင်စားရမည်သာ ဖြစ်သည်။ နို့စားနွားမ အကောင်နှစ်ဆယ် ဖြစ်လာပါပြီတဲ့။ ထိုနည်း ၎င်းဘဲ။ နွားများလာတော့ ကိုယ်ချည်းမတတ်နိုင်သဖြင့် အလုပ်သမား ငှားရတော့မည်ဖြစ်၍ အလုပ်သမားများအား ဖဲ့၍ပေးရပြန်တော့သည်။ ထို့ကြောင့် နို့စားနွားမ မွေးမြူသူတို့သည် နွားတွေသာ တင်းကုပ်မဆံ့အောင် များလည့မည်။ ငွေကတော့ အဖတ်တင်မလာဘဲ ရငွေနှင့် ထွက်ငွေက ညီမျှလျက်သာ ရှိနေ၏။ ဘယ်တော့မှ ငွေတွေ လုံးကနဲခဲကနဲ ရမည်နည်း။ နွားတွေ တအုပ်တမကြီး ရောင်းပစ်သောအခါမှဘဲ ဖြစ်၏။

သို့သော်လည်း ဒီလိုတအုပ်တမကြီး ဖြစ်လာဖို့က ကျွန်တော်တို့ မြန်မာလူမျိုးများမှာ အင်မတန် အသုံးစရိတ်ကျဉ်းသော ဟိန္ဒူကုလားများကဲ့သို့ မလွယ်ကူချေ။ ရွာတန်းရှည်နေစဉ်က နို့စားနွားမ မွေးမြူခြင်းဖြင့် ကြီးပွားနေသည်ဆိုသော ကိုစောလှကို ကျွန်တော်လေ့လာခဲ့သည်။ သူ့နွားခြံမှ နွားတွေ နှစ်စဉ် တိုးတက်နေသည်တော့မှန်ပါ၏။ သို့ရာတွင် ဗမာပီပီ သာရေးနာ ရေးကြုံလာတိုင်း ထုတ်ထုတ်ရောင်းရသဖြင့် နွားမဆယ့်ကိုးကောင်ထက် တိုးတက်ခဲ့သည်မရှိချေ။

လူပင်ပန်းလိုက်သည်ကလဲ အလွန်ဘဲ။ နံနက် ၃နာရီက ထပြီးနို့ညှစ်ရသည်။ တဖန်နေ့လယ် ၃နာရီမှာ ညှစ်ရပြန်သည်။ နွားမတကောင်ကို တနေ့နှစ်ခါညှစ်ရသည်။

ထို့အပြင် ကျွန်တော့်စိတ်မှာ မသက်မသာ ခံစားမိသည်ကား နွားမကြီးနှင့် သူ့သား ကလေးရဲ့ဖြစ်အင်။ တင်းကုပ်ထဲတွင် နွားသားအမိနှစ်ကောင်ကို မျက်နှာချင်းဆိုင် ကြိုးတိုတိုနှင့် ချည်ထားသည်။ နွားမကြီးနို့သည် သားကလေးဘက် လှည့်မပေးနိုင်အောင် နံဘေးမှ ညှပ်တန်း ရိုက်ထားသည်။

နို့ညှစ်တော့မည်ဆိုတော့မှ နွားကလေးအား ကြိုးဖြည်၍ နွားမကြီးနား ဆွဲလာကာ ခဏကလေးစို့စေသည်။ နွားမကြီးက သူ့သားကလေး စို့စိမ့်သောငှာ နို့ကိုချပေးလိုက်သောအခါ နွားကလေးကို ဆောင့်ဆွဲယူ၍ တိုင်မှာချည်ထားလိုက်ပြီး၊ နွားမကြီး၏ နို့ကိုညှစ်ယူတော့၏။ စင်စစ်ကား နွားကလေးသောက်ရမည့်နို့ကို လူက လုယူခြင်းဘဲဖြစ်ပါ၏။ ထိုအချိန်မှာ နွားကလေးက နို့စို့ချင်လွန်းလို့ တဘဲဘဲအော်နေ၏။

ကိုလတ်ပေးလိုက်သော ငွေ ၈၀ဝိကို ကိုင်၍ အထက်ပါအကြောင်းများကို လင်မယား နှစ်ယောက် ဆွေးနွေးကြသောအခါ မေက. . .

''ဒီလိုဖြင့် နွားမ မဝယ်နဲ့ပေါ့ မောင်ရယ်. . .''

''နွား မဝယ်တော့ ဒီငွေကို ဒို့ဘာလုပ်မလဲ၊ ပြန်ပေးလိုက်ရမှာကလဲ နှမြောစရာကြီး. . .''

''အို. . . ဘာလို့ ပြန်ပေးရမှာလဲ သူတို့မှာ ပိုလျှံလို့ ကိုယ့်ပေးတာဘဲ၊ မေလက်ကောက် လုပ်ပစ်လိုက်မယ်လေ. . . .''

ဩော်. . . ကိုယ့်သားမယားဆိုတော့ ရွှေဝတ် ရွှေထည်ဆင်ရဦးမှာပါလား။

''အေး. . . လုပ်. . . လုပ်. . .''

ယင်းသို့ဖြင့် ဆရာလတ်တို့ လင်မယား ကျွန်တော်တို့ရွာသို့ သူတို့ဝယ်ပေးသော ကျွန်တော်တို့နွားမကို ကြည့်ရအောင် လာကြသောအခါ ကျွန်တော်က မရှံ့မရဲမျက်နှာဖြင့် နွားမဖြစ်ဖဲ လက်ကောက်ဖြစ်သွားရသည့်အကြောင်းကို ရှင်းပြရတော့၏။

ဒီတော့ ကိုလတ်က ဝမ်းသာအားရဘဲ. . .

''ဟင်း. . . အလဟဿ သုံးစားမပစ်ဖဲ လက်ကောက်အဖတ်တင်တာ တော်သေးတာပေ့ါကွာ . . .''တဲ့။

ထိုမှစ၍ သူတို့ငွေ ၈ဝဝိ အကြောင်းကို ကျွန်တော်တို့ စကားဆက်မပြောကြချေ။

## သားရှင်ပြုခြင်း

အဖေသည် ကျွန်တော်နှင့် ကျွန်တော့်ထက်ဆယ်နှစ်ငယ်သော သားတယောက်ကို ဖွားမြင်ခဲ့၍ ဤသားနှစ်ယောက်ကို တကြိမ်စီ အခြားကိတ္တိမသားများနှင့် ရှင်ပြုခဲ့ပြီးနောက်၊ ယခု မြေးများကို ရှင်ပြုချင်ပြန်ပြီတဲ့။ ကျေးတောရွာ လူကြီးများသည် ငွေယားကလေးရှိလျှင် ဒါမျိုးဘဲ စိတ်ကူးနေတတ်၏။

ကျွန်တော့်အမေသည် သားသမီးကိုးယောက် ဖွားမြင်ခဲ့ရာ၊ ငါးယောက် အဖတ်တင်ခဲ့ သည်။ အကြီးဆုံးသမီးက ကျွန်တော်အရွယ်မရောက်မီကပင် အိမ်ထောင်ကျခဲ့သော်လည်း သားသမီးမထွန်းကားချေ။ ဒုတိယနှင့် တတိယ သမီးများက ငယ်စဉ်ကပင် သေဆုံးကုန်ကြသည်။ ကျွန်တော်က စတုတ္ထမြောက် သားဖြစ်၏။ ကျွန်တော့်အောက် ညီမလေးကလည်း ငယ်စဉ်ကပင် ဆုံ၏။ ထိုညီမ၏အောက် ဆဌမမြောက် သားကား လူခြောက်ကလေးဖြစ်နေ၏။

## လူခြောက်

သူ့ကို ဖွားမြင်သောအခါ ကျွန်တော်သည် ခြောက်နှစ်သားလောက်ရှိ၍ ကောင်းမွန်စွာ မှတ်မိနေပါပြီ။ ယောက်ျားကလေးအင်္ဂါစုံပါ၏။ နေ့စေ့လစေ့ မွေးခြင်းဘဲဖြစ်၏။ သို့သော်မိခင် ကား ကိုယ်ဝန်ဆောင် ဗိုက်မပေါ်ခဲ့ချေ။ အကြောင်းမှာ ဤလူခြောက်ကလေး အရပ်သည် တထွာသာသာမျှရှိ၍ သူ့အရပ်နှင့် ကိုယ်လုံးကိုယ်ထည် အချိုးကျသော လူကလေးဘဲဖြစ်၏။ သူ့အသားရောင်က လူအသားရောင်နှင့်မတူ၊ ချောကလက်ရောင်ဖြစ်နေ၏။ မွေးစဉ်က ဝဝလင် လင်လေးဖြစ်သော်လည်း အသက်မရှူပါ။ သို့ရာတွင် သူ့ခန္ဓာကိုယ်သည် ပုပ်၍မသွား၊ တဖြည်း ဖြည်းခြောက်သွား၍ နောက်ဆုံးမှာ ကမ္ဗဌာန်းရုပ်လေးသာ ဖြစ်သွားတော့၏။

သည်လိုလူခြောက်ကလေးမွေးလျှင် မိဘကိုကောင်းကျိုးပေးတတ်သည်ဆို၍ သူ့အား ပုဆိုး, အကျီများ ဝယ်ပေးရသည်။ ကျွန်တော့်အတွက်ဝယ်တိုင်း သူ့ဘို့ ငယ်ငယ်ကလေး ချုပ်ပေး ရသည်။ သူ့ကိုမှန်သေတ္တာထဲမှာ ရေမွှေးနှင့်ထားသည်။ ကိုယ့်လူက မိဘကိုဘယ်မျှကောင်းကျိုး ပေးမည်တော့

မသိ။ သူ့မွေးပြီး ကာလများစွာကြာအောင် ဟိုကသည်က လာရောက်ကြည့်ရှုကြ သူများကို မင်္ဂလာတပါးလုပ်၍ ညှော်ခံကျွေးမွေးရသည်များကိုတော့ ကျွန်တော်ကောင်းစွာမှတ်မိ ၏။

သူ့ကို လာရောက်ကြည့်ရှုသူတွေ ရှိးသွားကြသောအခါ သူ့အား အိမ်အပေါ်ထက် အခန်းထဲမှာ ထား၏။ ကျွန်တော် သူ့အနား သွားသွားပြီး စကားပြော၏။ သူက ဗုဒ္ဓဟူးသားကိုး၊ သူ့နာမည် မောင်လှရွှေဟု ပေးထား၏။

''ဟော့ကောင်. . . . ငါ့ညီမောင်လှရွှေ၊ လူခြောက်တွေဟာ အိပ်မက်ထဲမှာ စကားပြောတယ်တဲ့ ကွ. . .၊ မင်း ငါညအိပ်တဲ့အခါမှာ အိပ်မက်ထဲ လာစကားပြောပြပါလားကွ၊ ဒို့ညီအကိုနှစ်ယောက် အိပ်မက်ထဲမှာ ကစားကြရအောင်လားကွ. . . .''

သို့သော်. . . . . သူသည် ကျွန်တော့်အိပ်မက်ထဲသို့ တခါမျှ မှတ်လောက်သားလောက် ရောက်မလာခဲ့။ ကျွန်တော့်မိဘများလည်း သူ့အတွက် ဘာမျှထူးထူးခြားခြား အိပ်မက်သည်ဟု မကြားမိခဲ့။ ထို့ကြောင့် သူ့အားအသက်မရှိတော့သော လူခြောက်ဟုဆိုကြ၏။

ဤဆဌမမြောက် လူခြောက်ကိုမွေးပြီးနောက် သတ္တမမြောက်က သမီးမိန်းကလေး အမြင့်။ အဋ္ဌမမြောက်က သားယောကျ်ားလေး မောင်အေး။ နဝမမြောက် အငယ်ဆုံးက သမီး ချိုချို ကျွန်တော်တို့အမေသည် ၁၉၄၁–ခုနှစ်မှာ ကွယ်လွန်သည်။

အမြင့်သည် ကျွန်တော့်အမေသေပြီး မကြာမီပင် ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ ကျွန်တော့် အရင် အိမ်ထောင်ကျသော်လည်း ရှေ့ဦးပိုင်းမှာ သမီးတွေချည်းဆက်မွေးနေ၍ အဖေမှာ ရှင်ပြု ဘို့မြေးမရခဲ့။ ကျွန်တော့်ကျတော့ လားလား ကိုယ်ပိုင်မွေး သားနှစ်ယောက်အပြင် မယားပါ သားနှစ်ယောက်ကပါ တိုးလာတော့ အဖေအကြိုက်တွေ့သွားကာ ''ကဲ. . . မင့်သားတွေ ရှင်ပြုဘို့ ငါ့ပေးတော့ကွ. . .''ဟု တောင်းလေတော့၏။

ကျွန်တော့်အဖို့မှာလည်း ဖခင်ကျေးဇူးဆပ်ရန် ဒါဘဲတတ်နိုင်သည် ဖြစ်သောကြောင့် ''အဖေ သဘောရှိပါဘဲဗျို့. . .''

သို့သော် စင်စစ်တွေးကြည့်တော့၊ ကျွန်တော့်သားတွေသည် ခရစ်ယန်မ,တွေက မွေးတာ ချည်းဖြစ်နေ၏။ နော်မာက R.C ရိုမန်ကက်သလစ်။ မေက ဘက်ပတစ်။ ကျွန်တော်က မိရိုးဖလာ ဗုဒ္ဓဘာသာ။ သို့သော် ကျွန်တော်တို့သည် ဘာသာရေးကို အယူသည်းကြသူများ မဟုတ်။ မေ၏ ခရစ်ယန်ကိစ္စတွေကို ကျွန်တော်ကခွင့်ပြု၏။ ကျွန်တော်၏ ဗုဒ္ဓဘာသာကိစ္စကိုလည်း မေကခွင့်ပြု ၏။ နော်မာကား အထူးပြောစရာမရှိ။ ဒီသားသမီးတွေစရိတ် ကျွန်တော်က ပေးထားတာဘဲ။ ထို့ကြောင့် နောင်ကြီးတော့မှဘဲ သူတို့အသိတရားနဲ့ သူတို့ကြိုက်ရာဘာသာ ကိုးကွယ်ကြပစေ။ အခုတော့ အဖေ့ဆန္ဒအတိုင်း ရှင်ပြုပစေဟု နှစ်မိသားတွေကို ကျွန်တော်,မသွားတော့၏။ ဒီကောင်တွေက ဆယ်နှစ်ကျော်တွေ။

၁၉၅၉ ခုနှစ်၊ နွေရာသီဖြစ်ရာ ထိုစဉ်က ၇၃ နှစ်ရှိပြီး ၁၉၇၂–ခုနှစ်၊ ၈၆–ခုနှစ်မှ သေမည့် အဖေသည် ''ငါ. . . နောက်ဘယ်လောက်ကြာ နေရမယ်သိတာမဟုတ်ဖူး၊ မင်းသားတွေလဲရှင်ပြုချိန် ရောက်တုန်း၊ ငါ့မှာလဲ ငွေရှိတုန်း''ဟု ဆိုပါသည်။ ကျွန်တော့်မှာတော့ ထိုအချိန်တွင် သားတွေနှင့် ကျွန်တော်တို့ လင်မယား သွားဘို့စရိတ်မှ အနိုင်နိုင်ပါ။ အဲဒါနဲ့ ကျွန်တော်တို့လင်မယား သားတွေရှင်ပြုဘို့ ရွာခဏပြန်ကြမယ်လို့ အမကြီး ခင်မျိုးချစ်နဲ့ ကိုလတ်တို့အိမ် သွားနှုတ်ဆက် တော့ သူတို့သည် ဝမ်းသာအားရ ''အောင်မယ်. . ဒို့လဲ ဒါနပြုပရစေကွယ်''ဟုဆို၍ ငွေတရာ ပေးလှူလိုက်ပါ၏။

ဤအလှူတွင် ကျွန်တော့်ရွာသားများက ''ဒို့ရွာအလှူတွေမှာ ဝက်သားတွေစားနေရတာ ရိုးနေပြီ၊ ငါးခြောက်ထောင်း စားချင်သကွယ့်၊ ရန်ကုန်သားတွေ ရန်ကုန်က ငါးခြောက်ဝယ်ခဲ့ပါ. . '' ဟု တောင်းဆိုကြ၏။

ဤတွင် စဉ်းစားကြည့်မိ၏။ စစ်မဖြစ်မီခေတ်နှင့် စစ်ပြီးခေတ်သည် ပြောင်းပြန်ဖြစ်နေ၏။ ရှေးအင်္ဂလိပ်ခေတ်က 'ဝက်သားတုံးကြီး ဒူးခေါင်းလောက်၊ သူများစားတာ မြင်ဘူးပါရဲ့. . . 'ဟုပင် သံချပ်ထိုးကြ၏။ အလှူအတန်းတို့တွင် ဝက်သားကျွေးပါက တကယ့်ဒိတ်ဒိတ်ကြဲ အလှူမှု။ ငါးခြောက်ထောင်းခေါ် ငရံ့ခြောက်ကို ပြုတ်ထောင်းပြီး ကြော်ထားသည်များ ကျွေးသည်ကိုတော့ ဆင်းရဲသားစာ၊ ဖွတ်ကျားအလှူဟု ယူဆကြ၏။

ဟော. . . . ယခုတော့ ဝက်သားသည် ဖွတ်ကျားအလှူ။ ငါးခြောက်ထောင်းအလှူမှ အကောင်းစား ဖြစ်နေပြန်ချေသည်။ ပိုက်ဆံကုန်တာမှာလည်း ဒီခေတ် ငရံ့ခြောက်ဈေး၊ ဆီဈေး၊

ကြက်သွန်ဈေးက ကြီးလှသဖြင့် ဝက်သားထက် များစွာပိုကုန်နေ၏။ စင်စစ်တော့ လူတွေ၏ စိတ်သည် စားရတာများသည်ကိုရှိုး၍ စားရခဲသည်ကို တမ်းတကြခြင်းသာဖြစ်၏။

မည်သို့ဆိုစေ ကျွန်တော် သူတို့ဆန္ဒကို ဖြည့်စွမ်းနိုင်ခဲ့ပါ၏။ ကျွန်တော့်မှာ ငွေရှိ၍တော့ မဟုတ်ပါ။ ဤအကြောင်းကို ကျွန်တော့်ညီ ဗိုလ်မှူးမောင်အေးအား ပြောပြသောအခါ လိုသမျှ ငရုံ့ခြောက်တွေကို သူကဝယ်ပေးလိုက်ပါ၏။

ဤရှင်ပြုပွဲကို သတ္တုချကြည့်လိုက်သောအခါ ကျွန်တော်ကသားစိုက်၊ လှူဘွယ်ဒါတဗ္ဗဝတ္တု အစုံစုံကို အဖေနှင့်ညီတို့က အကုန်အကျခံကြ၍ လုပ်အားမှာ ရွာသူရွာသားတို့ ဖြစ်ကြကုန်၏။

အဲ ဆရာလတ်နှင့် အမကြီးခင်မျိုးချစ်တို့ ငွေတရာပါသည်ကိုလည်း ယမမင်းထံ သက်သေခံရန် မှတ်တမ်းတင်လိုက်ပါ၏။

## သူတို့အမှု

ရှုမဝဦးကျော်သည် ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ရှုမဝရုပ်ရှင်ကို တည်ထောင်သည်ဟု မှတ်တမ်းတင်လျက် 'လာလုလုငေး' ဇာတ်ကားကို ဒါရိုက်တာတင့်တယ်နှင့် စတင်ရိုက်ကူးသည်။

လာလုလုငေးသည် ရှုမဝ၏ ပထမကား ဖြစ်သော်လည်း တင့်တယ်၏ ရှေ့ဦးဆုံး မဟုတ်ချေ။ တင့်တယ်သည် ရွှေမြင့်မိုရ်ရုပ်ရှင်မှ 'ကျမ အနုပညာသည်' နှင့် 'မမထား' ဇာတ်ကားတွေကို အရင်ရိုက်နေစဉ်မှ ဦးကျော်က သူ့စာရေးဆရာကြီးကို ဒါရိုက်တာအဖြစ်နှင့် သူများဦးပါပြီရယ်လို့ မနေနိုင် မထိုင်နိုင် လာလုလုငေး ဇာတ်ကားကို ရိုက်ရန် ထိုးအပ်ခြင်းဖြစ်ပါ၏။ ထိုအချိန်၌ တင့်တယ်အား စာပေနယ်မှာရော၊ ရုပ်ရှင်နယ်မှာရော၊ ဘီအေ ဘီအယ်လ်၊ ဗိလတ်ပြန် စာရေး ဆရာကြီးဟူ၍ လွန်စွာအထင်ကြီးနေပါ၏။ တင့်တယ်သည် ဒါရိုက်တာ မလုပ်မီက ရုပ်ရှင်နယ်မှာ ဟိတ်ပြေးနေသည်ကတော့ အေဝမ်းရုပ်ရှင်မှ 'အကျော်အမော်' ဇာတ်ကားနှင့် ဖိုးပါကြီး အကယ်ဒမီ ရသော 'ဖိုးပြုံးချို' ဇာတ်ကားမှာ တင့်တယ်၏ဇာတ်ညွှန်းများ ဖြစ်ကုန်၏။

လွန်ခဲ့သော ဧပြီလ ရှုမဝက 'ရှုမဝဦးကျော်မည်သော ဖွဲ့သတ္တိခဲ' ဆောင်းပါးတွင် ကျွန်တော်ရေးသားခဲ့သည့်အတိုင်း တင့်တယ်သည် ဗိလတ်က ပြန်လာသောအခါ ပထမ ရှုမဝ သတင်းစာထုတ်ရန်၊ ဒုတိယ ရုပ်ရှင်ရိုက်ရန် ဦးကျော်အား နားချသည်မှာ မှန်ပါသည်။ သို့သော်

ဦးကျော်သည် မလုပ်မီမှာ အလွန်ချင့်ချိန်တတ်သူ ဖြစ်ရကား၊ စောင့်ဆိုင်းစဉ်းစားနေစဉ်၌ ရွှေမြင့် မိုရိ ရုပ်ရှင်နှင့် တင့်တယ်ဆက်သွယ်သွားမိခြင်းဖြစ်ပါ၏။

ယင်းကား ကိုဌေးကြွယ်ကောင်းမှုတည်း။ ထိုစဉ်က ကိုဌေးကြွယ်သည် ဖ–ဆ–ပ–လ ပါလီမန်အမတ်၊ ရွှေမြင့်မိုရိ ရဏ်ရုပ်ရှင်ပိုင်ရှင် ဦးသန်းဖေနှင့် မနိုင်ရင်ကာ၊ တင့်တယ်နှင့်ကား သောက်ဖော်စားဖက်။ ထို့ကြောင့် ကိုဌေးကြွယ်သည် တင့်တယ်အား ဦးသန်းဖေဆီခေါ်သွားပြီး လျှင်. . . .

''သန်းဖေကြီး မင်းကြီးပွားချမ်းသာချင်ရင် ဒီမှာ ငါ့သူငယ်ချင်း ဘီအေဘီအယ်လ် ဗိလတ်ပြန် စာရေးဆရာတင့်တယ်ကို ရုပ်ရှင်ဒါရိုက်တာ လုပ်ခိုင်းဘို့ ရှိတော့တာဘဲ''ဟု တချက်လွှတ် အမိန့်ထုတ်လေသည်။

ဦးသန်းဖေလည်း ရွှေဘောတော် ကျသွားသဖြင့် 'ကျမ အနုပညာသည်'နှင့် 'မမထား' နှစ်ကားပြူးရိုက်ရန် သဘောတူလိုက်လေ၏။ ဒါရိုက်တာဆိုလျှင် ကားရှိမှ တင့်တယ်သဖြင့် တင့်တယ်အား တင့်တယ်ရန် ဦးသန်းဖေသည် အော်စတင် ကားလေးတစီးကို ၈၅၀၀ိနှင့် ဝယ်ပြီး၊ တင့်တယ်အား ၁၂၀၀ဝိ ထား၍ ပေးလိုက်လေ၏။

ယင်းသို့လျှင် တင့်တယ်သည် နေ့ချင်းညချင်း ကားနှင့်ဘာနှင့် ဒါရိုက်တာဖြစ်သွားသော အခါ ဦးကျော်မှာ 'တင့်တယ်က ငါ့အရင်ပြောနေတာ၊ အခုသူများ ဦးသွားပြီ'ဟု မအောင့်နိုင် မအီးနိုင်ဖြစ်ကာ 'လာလုလုငေး'ဇာတ်ကားရိုက်ရန် အမြန်စီမံ၍ ရှုမဝရုပ်ရှင်ကုမ္ပဏီကို တည်ထောင်လိုက်လေ၏။

ဟော. . . . လာပြန်ပြီ နောက်တယောက်

သူကား နှောင်းကာလတွင် ဘီသုံးလုံး ရုပ်ရှင်ပိုင်ရှင် ဖြစ်လာမည့် ဦးဘခန့်ပေတည်း။

ကိုဘခန့်သည် ကျွန်တော်နှင့် သက်တူရွယ်တူမျှ ကျွန်တော့်စာဖတ်ပရိသတ်ဖြစ်၍ အရက်လည်း အလွန်ကြိုက်သဖြင့် ကျွန်တော်နှင့် သောက်ဖော်စားဘက်။

တနေ့သည်၌ အရက်တပုလင်း၊ ဘဲကင်တကောင်နှင့် ကျွန်တော့်အိမ်ရောက်လာကာ စားသောက်ကြရင်း သူက စကားစ၏။

''ကိုဆွေ၊ ကျွန်တော်တင့်တယ်နဲ့ ရုပ်ရှင်တကား ရိုက်ချင်တယ်ဗျာ''

''ရိုက်ပါလားဗျ''

''အဲဒါ. . . . ဆရာတင့်တယ်နဲ့ ကျွန်တော်နဲ့ မသိဘူးဗျ၊ ကိုဆွေက ပြောပေးစမ်းပါ''

''ခက်ပါဘူးဗျာ. . . . ကျွန်တော်ပြောပေးပါ့မယ်''

''နို့ပြီး. . ကျွန်တော်ရိုက်ချင်တာကလဲ သူရေးတဲ့ ရှုမဝမဂ္ဂဇင်းထဲက 'မကြင်သာသည်' ဝတ္ထုရှည်ဘဲ''

''ဟာ. . . . ဒါဖြင့် ပိုပြီး အဆင်ပြေတာပေါ့ဗျာ၊ ကျွန်တော်ပြောပေးပါမယ်''

သို့သော် ကျွန်တော်ဤအကြောင်းပြောပြ၍ ဦးကျော်နားပေါက်သွားသောအခါ ဆရာကျော်မှာ မခံမရပ်နိုင် ဖြစ်ရပြန်တော့သည်။

''ဒီ 'မကြင်သာသည်'ဝတ္ထုဟာ ကျွန်တော့် ရှုမဝမဂ္ဂဇင်းထဲမှာ ပါခဲ့တာဘဲဗျာ၊ ရှုမဝ ရုပ်ရှင်ကလွဲပြီး တခြားကုမ္ပဏီရိုက်ခွင့်မပေးနိုင်ဘူး၊ ဒီတော့ကိုဆွေ ဒီလိုလုပ်၊ ခင်ဗျား ကိုဘခန့်ကို ပြောလိုက်၊ တင့်တယ်နဲ့ ဒီဝတ္ထုကို ရိုက်ချင်ရင်ဖြင့် ရှုမဝရုပ်ရှင်နဲ့ရိုက်ရမယ်၊ နို့ပြီး. . . သူ့ကို လုံးလုံး မပေးနိုင်ဘူး၊ တဝက်ရှယ်ယာဘဲ ပေးနိုင်မယ်လို့. . . .''

ဒီစကား ကိုဘခန့်ကို ကျွန်တော်ပြောပြသောအခါ ကိုဘခန့်က သဘောကျပါသည်။

''အဆင်သင့်ပါဘဲ ကိုဆွေ၊ ဦးကျော်လိုလူနဲ့ အစုစပ်လုပ်ရမှာကို ကျွန်တော် ကြိုက်ပါတယ်. . .''

''ဒါဖြင့် ခင်ဗျားတို့ချင်း တွေ့ဆုံပြီး ပြောဆိုကြ. . .''ဟုဆိုပြီး ဦးကျော်နှင့် ကိုခန့် တွေ့ပေးလိုက်သောအခါ မကြင်သာသည် ဇာတ်ကားအတွက် မ,တည်ငွေ တသိန်းထားမည်။ ဒါကို ကိုဘခန့်က ငါးသောင်း၊ ရှုမဝက ငါးသောင်း။ စာချုပ်စာတမ်းလုပ်ကြမည် စီစဉ်ကြသောအခါ ကိုဘခန့်က သဘောကျပါသည်။ သို့သော် သူ့လက်ထဲမှ ယခုငါးသောင်းမရှိသေး၍ ပထမအရစ် အနေနှင့် နှစ်သောင်းငါးထောင် ယူထားပါဟု ပဏာမပြောခဲ့ပြီး နောက်တနေ့တွင် ကိုဘခန့်က ဦးကျော်အား ကျွန်တော့်ရှေ့မှာ ငွေနှစ်သောင်းငါးထောင် ပေးအပ်သည်။ ငါးသောင်းမပြည့်သေး ၍ စာချုပ်စာတမ်းတော့ မလုပ်ကြသေး။

ကိုဘခန့်သည် ယခုဟာ ပထမအကြိမ် ရုပ်ရှင်ရိုက်ခြင်းမဟုတ်။ သူ့မိတ်ဆွေတယောက် နှင့် ရှယ်ယာစပ်၍ ဘီဝမ်းဖလင်းဟု နာမည်တပ်ကာ 'လုလေခက်လေ'ဇာတ်ကားတကား ရိုက်ပြီးပြီ။

လှလေခက်လေ ဇာတ်ကား အောင်မြင်သည်။ အမြတ်ငွေတော်တော်များများ ရလိုက် သည်။ သို့သော် သူ့မိတ်ဆွေနှင့် စိတ်ဝမ်းကွဲကြ၍ အစုရှယ်ယာကို ခွဲယူခဲ့ကာ သူ့ဖာသာသူ ကုမ္ပဏီတခုထောင်မည်ဟု စိတ်ကူးခဲ့သည်။ သို့သော် ဖော်ပြခဲ့သည့်အတိုင်း ဆရာကျော်နှင့် တွေ့သွားသောအခါမှာ ရှုမဝရုပ်ရှင်မှာ ရှယ်ယာဝင်ရသော အဖြစ်သို့ (ခေတ္တ)ရောက်သွားရရှာပါ သည်။

ကဲ. . . ယခုအခြေအနေ၌ ကျွန်တော်တို့ ဆရာတင့်တယ်အဖြစ်ကို ကြည့်ကြစမ်းပါ။ ရွှေမြင့်မိုရ်ရုပ်ရှင်မှ ကျမအနုပညာသည်နှင့် မမထား၊ ရှုမဝရုပ်ရှင်မှ လာလုလုငေးနှင့် မကြင်သာ သည်။ မည်သည့် ဒါရိုက်တာဆီမှလည်း နည်းနာမယူဘူး၊ ဇာတ်ကားတကားမျှလည်း လုပ်ကိုင်ခဲ့ ဘူးခြင်း မရှိသေးပါဘဲနှင့် ဇာတ်ကားလေးကားကြီး တပြိုင်နက် ရိုက်ရသော ဒါရိုက်တာသည် မြန်မာပြည်မှာ ရှိခဲ့ပါသလော။ ကမ္ဘာမှာကော ရှိပါသလော။ ဟေ. . . . ရုပ်ရှင်ဆရာတို့ ဖြေကြစမ်း ပါ။

ဤလေးကားအနက် သုံးကားပြဖြစ်သည်။ 'ကျမအနုပညာသည်'နှင့် 'မမထား'ဇာတ်ကား ကိုဘယ့်နှယ်နေသလဲဟု ဦးသန်းဖေအား ကျွန်တော်မေးကြည့်သောအခါ 'ကျွန်တော်ကတော့ ကြိုတင်ငွေတွေ ရထားလို့ မရှုံးဘူးဗျ၊ နယ်ကကန်ထရိုက်တာတွေတော့ ကွဲကုန်တယ်ဗျ. . . .၊ ကျွန်တော့် ကုမ္ပဏီလဲ နံမယ်ပျက်သွားတယ်ဗျ'ဟု ဖြေပါသည်။ 'လာလုလုငေး' ဇာတ်ကားအကြောင်း ကား 'ဦးကျော်မည်သော ဖွဲ့သတ္တိခဲ'ဆောင်းပါးတွင် ဖော်ပြခဲ့ပြီးပါပြီ။

'မကြင်သာသည်'ဇာတ်ကားကိုကား 'လာလုလုငေး'ပြီးကတည်းက ရိုက်လက်စကြီးနှင့် သည်ဘဝ သည်မျှနှင့် တော်ပါတော့ဟု ဦးကျော်က ရပ်ပစ်လိုက်တော့၏။

## တင့်တယ်၏လက်စွမ်းကို ပထမဦးဆုံး အကဲဖမ်းမိသူ

ထိုလူကား ကိုဘခန့်ဖြစ်၏။ သူသည်ဦးကျော်အား ငွေနှစ်သောင်းငါးထောင်ပေးပြီး နှစ်လမျှ အကြာ၌ တနေ့တွင် ကျွန်တော့်အိမ်သို့ ရောက်လာ၏။ သူ့ထုံးစံအတိုင်း သူ့ဂျစ်ကားနှင့် ရမ်တပုလင်းနှင့် ဘဲကင်တကောင်နှင့် ဖြစ်သော်လည်း ခါတိုင်းလို သူ့မျက်နှာက မရွှင်ပျပါ။ သောက်ကြ စားကြရင်းမှ သူက စိတ်ပျက် အားပျော့သောအသံနှင့် စကားစ၏။

''ကိုဆွေ့တော့ အပူကပ်ရအုံးမှာဘဲ. . .''

''ဘာများလဲ ကိုဘခန့်. . .''

''ဦးကျော်ဆီက ငွေနှစ်သောင်း ငါးထောင်ကို ပြန်လိုချင်တယ်ဗျာ. . .''

ကျွန်တော်မှာ အံ့အားသင့်သွားလျက်. . .

''ဗျာ. . ဘာဖြစ်လို့လဲ. .''

''ခင်ဗျားလူကြီး သောက်သုံးမကျပါဘူး''

''ဟင် ဦးကျော် ဘာဖြစ်လို့လဲ''

''ဦးကျော်ပြောတာ မဟုတ်ပါဘူး၊ တင့်တယ်ဟာ ရုပ်ရှင်မှ မရိုက်တတ်တာဘဲ''

''ဘယ့်နှယ်၊ ဘီဘေဘီအယ်လ် ဗိလပ်ပြန် စာရေးဆရာကြီးဘဲဗျာ''

''ဘီအေ ဘီအယ်လ် ဗိလပ်ပြန်စာရေးဆရာနဲ့ ရုပ်ရှင်ရိုက်တာဘာဆိုင်လဲဗျ''

''အေးလေ ခင်ဗျားတို့ ဘယ်သူကဆိုင်တယ်ပြောလို့ တင့်တယ်ကို အလုအယက် ဒါရိုက်တာ လုပ်ခိုင်းနေကြတာတုန်း''

''ပြောတတ်ပါဘူးဗျာ''

''ကျွန်တော်ပြောတတ်ပါတယ်၊ 'သူများယောင်လို့ပေါင် အမောင်တောင်မှန်းမြောက်မှန်းမသိ' ပါဘဲ''

''ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်အခုရွှေမြင့်မိုရ်မှာ သူရိုက်တာတွေ သွားလေ့လာကြည့်တော့ ရုတ်တမ်းတွေဘဲ၊ လူကလဲ ကားရိုက်တုန်းမှာဘဲ မူးနေလိုက်တာပေလို့''

''ခင်ဗျားအစက တင့်တယ် သောက်တတ်မှန်းမသိဘူးလား''

''ဒီလို လုပ်ငန်းခွင်မှာတော့ သောက်လိမ့်မယ် မထင်မိပါဘူးဗျာ၊ ခုဖြင့် ဒုက္ခရောက်တော့ မှာဘဲ၊ 'မကြင်သာသည်'မှာ ကျွန်တော် ရှယ်ယာမပါချင်တော့ဘူးဗျာ၊ ကျွန်တော့်ငွေ ဦးကျော်ဆီ ကပြန်တောင်းပေးပါ ကိုဆွေရာ၊ ရှိကြီးခိုးပါရဲ့''

ကိုဘခန့်ကြီးကို ကျွန်တော်သနားစိတ်ပေါ်လာ၏။

''အေးလေ၊ ကျွန်တော် ဦးကျော်ကို ပြောကြည့်မယ်''

''ပြောတဲ့အခါမှာ တင့်တယ်ရိုက်တာ မကြိုက်လို့ဆိုတာကို မသိပါစေနဲ့၊ တင့်တယ်ရိုက်တဲ့ကားတွေက များနေတော့ ကြာမှာစိုးလို့ ကျွန်တော့်ငွေက အတိုးနဲ့ချေးရတာမို့ မအောင့်နိုင် လို့ လို့ပြောပြပါနော်. . ''

'ကောင်းပါပြီ ခင်ဗျာ''

သို့နှင့် ကိုဘခန့်၏ဆန္ဒကို ဦးကျော်အား ပြောပြသောအခါ ဦးကျော်က ဝမ်းသာအားရ ပင်. . . .

''အား. . . ကြိုက်ပါတယ်ဗျာ၊ ကျွန်တော့်ရှုမဝရုပ်ရှင်မှာ သူလိုလူ ရှယ်ယာပါတာလဲ မလိုလား ပါဘူး''

''ဒါဖြင့် သူ့ငွေ နှစ်သောင်းငါးထောင် ပြန်ပေးလိုက်ပေါ့''

''ပေးမယ်ဗျာ၊ ဒါပေမယ့်''ဆို၍ သူခေတ္တစဉ်းစားပြီးမှ ''ငွေတွေက အလုပ်ထဲဝင်သွားပြီဖြစ်လေတော့ နှစ်သောင်းငါးထောင်ကို တခါထဲမပေးနိုင်ဘူး၊ တလငါးထောင်စီ ငါးလပေးမယ်လို့ ပြောလိုက်ပါ''

ဒီအဖြေကြားရတော့ ကိုဘခန့်ကလည်း ဆုံးပြီးသားငွေ ပြန်ရသကဲ့သို့ ဝမ်းသာသွား သည်။

''ဘယ်နည်းနဲ့ဖြစ်ဖြစ် ပြန်ရရင် တော်ပါပြီဗျာ''

ယင်းသို့ဖြင့် ကိုဘခန့်သည် ဦးကျော်ဆီက ငွေ ပြန်ရဘို့သေချာတော့ သူ့တွင်နောက် ထပ် ရှိလာသောငွေနှင့် မ,တည်ကာ သူ့ကိုယ်ပိုင်ကုမ္ပဏီနှင့် ဇာတ်ကားရိုက်ရန် စီမံလေသည်။ သူ့ကုမ္ပဏီနာမည် သူပေးလိုက်သည်က 'ဘီသုံးလုံး'တဲ့။ သူရွေးချယ်သည်က သာဓု၏ 'တဖောက်ကန်း'ဝတ္ထု။ ဒီနာမည်ကြီး မကောင်းပါဘူးဆို၍ သာဓုဝတ္ထုထဲက ဇာတ်လိုက်နာမည် မြဒင်ကို ယူကာ ဗိုလ်မြဒင်။ ကိုဘခန့်သည် တင့်တယ်ရိုက်တာ ကြည့်ပြီး ကတည်းက တရားကျလာဟန် တူပါ၏။

''ရုပ်ရှင်ရိုက်တာမှာ ဒါရိုက်တာက အရေးကြီးဆုံးဗျ၊ ဒါရိုက်တာကတော့ စိတ်ချရတာထဲက ငှားမှဘဲ၊ ဦးချင်းစိန် ဘယ့်နှယ်လဲဗျ''

''ဟာ. . . . ကောင်းတာပေါ့ဗျာ''

''မင်းသား မင်းသမီးတော ့နာမည်ကြီး သောင်းကျော်တွေကို မငှားနိုင်ဘူးဗျို့ ကျွန်တော့်မှာ ငွေက လေးငါးခြောက်သောင်းလောက်ရှိတာ၊ ကျွန်တော့်ကုမ္ပဏီက အသစ်ဆိုတော့ နယ်က ဘုတ်ကင်တွေလဲ လာမှာမဟုတ်ဖူး၊ ဒါကြောင့် မင်းသားမင်းသမီးအသစ်ကို တင်မယ်ဗျာ''

''ခင်ဗျား စိတ်ကူးထားတာ ရှိပလား''

''ရှိပြီ၊ မင်းသမီးက''ဟုဆိုပြီး ''ကိုဆွေ၊ ခင်ဗျားမရီနဲ့နော်''

''အလို. . . ကျွန်တော်က ဘာကြောင့် ရီရမှာတုန်း''

''ကျွန်တော့်မိန်းမ မမြရီကို စိတ်ကူးတယ်ဗျာ''ဆိုပြီး သူကရယ်နေသဖြင့်. .

''ဘယ့်နှယ်၊ ကျွန်တော့်တော့ မရီနဲ့ဆိုပြီး ခင်ဗျားက ဘာကြောင့်ရီနေသတုန်း''

''အဲဒါ ဖြစ်ပါ့မလား''

''သူ့ရုပ်ရည်က ပြောစရာမရှိပါဘူး၊ အမူအရာကောင်းရင် ဖြစ်နိုင်တာပေါ့ဗျ၊ အဲ–တခုတော့ ပြောရအုံးမယ်၊ မမြရီ ရုပ်ရှင်ရိုက်နေတုန်းမှာ ခင်ဗျားကတော့ သူ့ကိုမရိုက်နဲ့ဗျ''

အကြောင်းမှာ ကိုဘခန့်သည် မယားငယ်ငယ်လေး ယူထားပြီး သူအရက်မူးလျှင် ကောင်မလေးကို အလွန်ရိုက်တတ်သူဖြစ်ပါ၏။

''နို့ပြီး မင်းသားကကော. . .''

''ထွန်းဝေ ထွန်းဝေကို ကိုဆွေသိလား''

ထိုစဉ်အခါက ကိုထွန်းဝေသည် ဗြိတိသျှဘားမားမှ ဇာတ်ကားအချို့တွင် ဇာတ်ရံမျှ ခေတ္တခဏ ပါဘူးသေး၏။ ကိုထွန်းဝေကို ကျွန်တော်သိသည်မှာ သူရန်ကုန်မရောက်မီက ဖြစ်၏။

၁၉၅၁–ခုနှစ်၊ ကျွန်တော် ဆရာမြမျိုးလွင်၏အိမ်တွင် နေစဉ် ရုပ်ရည်ချောမောသော လူရွယ်နှစ်ယောက် ရောက်လာပြီး သူတို့မန္တလေးမြို့မှာ ပြဇာတ်ကချင်၍ ဇာတ်ညွှန်းတပုဒ် လောက် ရေးပေးစမ်းပါဟု ပြော၏။ ထိုစဉ် ရန်ကုန်မှာ ကျွန်တော့် ပြဇာတ်တခုက ဝင်းဝင်းရုံတွင် ကပြီးတာ မကြာသေး။ သို့နှင့် ကျွန်တော်က ရေးပေးပါမည်ဟု ပြောလိုက်သော်လည်း သူတို့ နောက်ထပ်ပေါ်မလာကြတော့။ အလုပ်မဖြစ်ကြ။ ဤနှစ်ယောက်အနက် တယောက်က ကိုထွန်းဝေ၊

တယောက်က ကိုဇော်ဝင်း၊ ကိုဇော်ဝင်းသည် ကိုထွန်းဝေထက်အရင် ရုပ်ရှင်မင်းသား ဖြစ်သွား၍ အေဝမ်းကုမ္ပဏီမှ 'သားရွှေဒေါင်းတောင်'ဇာတ်ကားကို ခေါင်းဆောင်မင်းသားအဖြစ် နှင့် ရိုက်ခဲ့ဘူး၏။

ကိုထွန်းဝေကား ကျွန်တော်ရန်ကုန်သို့ ပြန်ရောက်လာသောအခါ တမနက် သူ့အဖော် တယောက်နှင့် ကျွန်တော့်အိမ်ရောက်လာပြီး သူ့အကြံအစည်ကို ပြောပြ၏။ သူစိတ်ကူးသည်မှာ စာစောင်နာမည်က 'ဝတ္ထုနေ့စဉ်'တဲ့ခင်ဗျ။ နေ့စဉ်ဝတ္ထုတိုတပုဒ်၊ နှစ်ပုဒ်နှင့် အခန်းဆက်ဝတ္ထု ရှည်ပါသော စာစောင်ကို သတင်းစာကဲ့သို့ နေ့စဉ် ထုတ်ဝေသွားမည်တဲ့။ ဒါကြောင့် စာရေး ဆရာတွေ စုံအောင် ဝတ္ထုလိုက်တောင်းမည်တဲ့။

ကျွန်တော်က ''ကောင်းဗျာ၊ လုပ်ပေါ့၊ ကျွန်တော်တတ်နိုင်သလောက် ရေးပေးပါ့မယ်''ဟု ပြောလိုက်ရ၏။

သို့သော် သူ့ပုံစံကား မြန်မာပြည်မှာလဲ မပေါ်သေး။ ကမ္ဘာမှာလဲမရှိသဖြင့် သူလဲ မလုပ်ဖြစ်။

ယင်းမှ ကိုထွန်းဝေနှင့် ကျွန်တော် အဆက်ပြတ်သွားပြန်လေရာ တနေ့သ၌ ဗြိတိသျှဘား မား ရုပ်ရှင်ခြံထဲတွင် ရွှေဒုံးဘီအောင်၏ 'မာလာရီ' ရုပ်ရှင်ကား ရိုက်နေရာသို့ ကျွန်တော်နှင့် ရှုမဝဦးကျော် ရောက်ရှိသွားသောအခါ ကိုထွန်းဝေအား ဆရာရွှေဒုံးဘီအောင်နောက်က ဖိုင်ကလေးပိုက်၍ ဇာတ်လမ်း မှတ်တမ်းလိုက်ရေးနေသည်ကို တွေ့ရပြန်တော့၏။ ဦးကျော်သည် ထိုစဉ်ကတည်းက ရုပ်ရှင်ရိုက်သည် များကို လေ့လာနေသူဖြစ်၏။ သူခေါ်သွား၍ပင် ဤဗြိတိသျှဘားမား ခြံထဲသို့ ကျွန်တော်ပါသွား ခြင်းဖြစ်၏။

ဦးကျော်သည် ကိုထွန်းဝေအား ဆရာသုခရိုက်သည့် 'သည်ဆောင်းဟေမန်'ဇာတ်တွင် မြင့်မြင့်ခင်၏မောင်အဖြစ်နှင့် သရုပ်ဆောင်သည်ကို မြင်ရကတည်းက သဘောကျနေ၏။

'စကားပြော ပြတ်သားတယ်၊ ဒိုင်ယာလော့ကောင်းတယ်ဗျ' ဟုချီးမွမ်း၏။

ဤအကြောင်းကို ကျွန်တော်သည် ကိုဘခန့်အားပြောပြပြီး–

''အခု ရှုမဝက ရိုက်နေတဲ့ 'လာလုလုငေး'ထဲမှာတောင် ကိုထွန်းဝေကို ဆရာဝန်အဖြစ်နဲ့ ဇာတ်ရံသုံးထားသေးတယ်''

''ဟာ. . . ကျွန်တော်တော့ ထွန်းဝေကို တခါထဲ မင်းသားတင်လိုက်တော့မယ်ဗျာ. . .''

ကိုဘခန့်သည် အားရပါးရကြီး ပြောချလိုက်လေ၏။

ခါတော်ချိန်သင့်၊ ပန်းနှယ်ပွင့်၏။ ကိုထွန်းဝေသည် ဤတကားတည်းနှင့်ပင် အကယ်ဒမီ ရ၍နာမည် တဟုန်ထိုးတိုက်သွားလေသည်။ ကိုဘခန့်လည်း ဤ'ဗိုလ်မြဒင်'ဇာတ်ကားနှင့်ငွေတွေ အလွန်ရ၍ ဘီသုံးလုံးရုပ်ရှင် ကြီးပွားလေသတည်း။

ယင်း၌ စာရှုသူသည် ကိုထွန်းဝေမင်းသားဖြစ်လာပုံ၊ ရှုမဝဦးကျော်ဒါရိုက်တာ ဖြစ်လာပုံ၊ စမ်းစမ်းအေး မင်းသမီးဖြစ်လာပုံတို့ကို အကြောင်းအကျိုးဆင်ခြင်၍ ကြည့်စေလိုပါသည်။

## မှန်သောဗေဒင်

စင်စစ် ကျွန်တော်သည် ဗေဒင်လက္ခဏာကို ဝါသနာမပါ။ ပိုက်ဆံကုန်ခံ၍ မေးမြန်းလေ့ရှိ သူမဟုတ်။ သို့ရာတွင် ဤပညာကို လေ့လာသင်ကြားနေသူ၊ အသက်မွေးဝမ်းကျောင်းပြုလိုသူတို့ သည် ကျွန်တော်နှင့် အခွင့်ကြုံပါက စာရေးဆရာဖြစ်သော ကျွန်တော့်လက္ခဏာကို ကြည့်လိုကြ သည်။ စူးစမ်းလိုကြသည်။ ဟောကိန်းထုတ်၍ သူတို့ပညာစွမ်း ပြလိုကြသည်။ ကျွန်တော်သတိပြု မိသမျှ သူတို့သည် အမှန်ကြီးလည်းရှိ၏။ အမှန်လေးလည်းရှိ၏။ တက်တက်စင်အောင် လွဲတာ လည်းရှိ၏။

လွန်ခဲ့သော နွေရာသီ ဧပြီလအတွင်းက ကျွန်တော်နှင့်အိမ်ချင်းကျောချင်းကပ်နေသော ဗိုလ်ကြီးကြည်ကတော်၊ ဒေါ်ကြည်က ''ဦးဆွေ၊ ခဏလာစမ်းပါ''ဟု လှမ်းခေါ်သဖြင့် သူတို့အိမ်ထဲ ရောက်တော့ အသားဖြူဖြူနှင့် လူငယ်တယောက်ကို မိတ်ဆက်ပေး၏။

''သူက မောင်သိန်းအောင်တဲ့ အမြတ်တော်ခွန်ရုံးက စာရေးကျော်မျိုးထွန်းပါ၊ ဦးဆွေ လက္ခဏာကို ကြည့်ချင်လို့တဲ့''

ထိုသူငယ်သည် ဤပညာကို အတော်ကြိုးစားနေဟန်ရှိပါသည်။ သူ့တွင်လက္ခဏာကြည့် ရန် ပစ္စည်းအစုံပါသည်။ စက္ကူပေါ်တွင် ကျွန်တော့်လက္ခဏာကို ဘယ်ရောညာရော ယူပြီးနောက် နှစ်ယောက်ထဲ အိမ်အပေါ်ထပ်တက်၍ ဟောပါသည်။

အတိတ်ကိုဟောရာ၌ ''ဆရာမှန်ရင်မှန်တယ်၊ မှားရင်မှားတယ် ပြောပါဆရာ၊ ကျွန်တော့် ကိုအားမနာပါနဲ့''ဟု ပြောပါသည်။ သူ့ဟောချက်တွေမှာ မှန်တာများပါသည်။

အနာဂတ်ကို ဟောရာ၌ ကျွန်တော်သည် ၁၉၁၉–ခုနှစ်၊ မေလဖွားဖြစ်၍ ထိုဗေဒင် ဟောချိန်က ၅၅–နှစ်၊ မေလကျော်လျှင် ၅၆–နှစ်ထဲရောက်ကာ ကြာသာပတေးဂြိုလ်ထဲဝင်ပြီဖြစ်၍

ရှေ့အဖို့ အလွန်ကောင်းတော့မည်၊ သည့်ထက်နာမည်ကြီးဦးမည်၊ ဝင်ငွေလည်းကောင်းမည် စသည်ဖြင့် အကောင်းတွေချည်း ဟောပြီးနောက်. . . .

''ဒါပေမယ့် ဆရာရော. . . . ဂြိုလ်ကူး, ဂြိုလ်ပြောင်းလေးမှာတော့ နဲနဲအန္တရာယ်ရှိတယ်၊ ဝမ်းဗိုက်ကို ဥပါဒ်ပေးလိမ့်မယ်''

ဟယ်. . . သောက်ကျိုးနဲခင်ဗျာ. . .။ သူဟောတဲ့ ကောင်းမယ့်ဟာတွေ၊ နောက် မမှန်ချင်ရှိရမယ်၊ ဖွန်လဆန်း တရက်နေ့မှာ ကျွန်တော်ဝမ်းကိုက်ပါရောခင်ဗျာ။ ခဏ, ခဏ နောက်ဖေးအိုးပေါ်ထိုင်ရ၊ သွားလိုက်တော့ တစက် နှစ်စက်။ အစားပျက်အအိပ်ပျက်။ အင်္ဂလိပ် မြန်မာ နှစ်ဖြာ သောဆေးဝါးများနှင့် ကုသပါသော်လည်း တော်တော်နှင့်မပျောက်။ ထို့ကြောင့် လွန်ခဲ့သော ဇူလိုင်လ ရှုမဝတွင် 'ကျွန်တော့်ဘဝဇာတ်ကြောင်း' မရေးနိုင်ခဲ့တော့။ တလမပြတ်စိမ့်ငှာ ကျွန်တော် ကြိုးစားကြည့်သေးသော်လည်း ဦးနှောက်က မကြည်၊ ကိုယ်လက်အင်္ဂါတွေက ခွန်အား မရှိ၊ စိတ်က မလန်းဆန်း။

ခါတိုင်း ပေးနေကျအချိန် လဆန်း ၁၀–ရက်ကျော်တော့ အယ်ဒီတာ မောင်မြင့်မြတ်က ဖုန်းဆက်၍တောင်း၏။ ကျွန်တော့်ဖြစ်ထွေ ပြောပြ၍ ''ဒါပေမယ့် ငါကြိုးစားတုန်းပါဘဲကွာ. . . လေးငါးရက်လောက် စောင့်ပါအုံး''

သို့သော် ၁၇–ရက်နေ့ရောက်တော့. . .

''မောင်မြင့်မြတ်ရေ. . . ငါလက်မြှောက်လိုက်ပြီကွာ. . ''ဟု ပြောလိုက်ရတော့၏။

ကျွန်တော့်စာရေးဆရာ သက်တာတွင် ဤမျှလောက် ရက်ရှည်အောင် စာရေးပျက်ခဲ့သည်မရှိသေး။

ပါနေကျ လစဉ်ကို တလပျက်လိုက်ရတော့ ကျွန်တော့်ကိုယ် ကျွန်တော်အပြစ်တင်မိ၏။ ကြည့်စမ်း၊ မေလအတွင်းက ရေးနိုင်ရက်သားနှင့် ရက်များစွာ အချိန်ဖြုန်းခဲ့မိသည်ကို နောင်တရခဲ့သည်။ နောက်ဆိုရင်တော့ ရေးစရာ တာဝန်ရှိသည်ကို အချိန်လိုသေးတာပဲဟု ဆိုင်းမထား တော့ဘဲ စာရေးနိုင်သည်နှင့် တပြိုင်နက် ရေးလိုက်တော့မှာဘဲဟု ဆုံးဖြတ်ချက်ချလိုက်၏။

သို့နှင့် ဖွန်လ ၂၅ ရက်လောက်တွင် ရောဂါသက်သာလာ၍ လူတဖြည်းဖြည်း ပြန်လည် လန်းဆန်းစပြုသည်တွင် ၂၉ ရက်နေ့နံနက်တွင်ကား ကျွန်တော်စာရေးတော့မည်ဟု ''မေရေ ဒီနေ့မနက် ဈေးသွားကွာ၊ ငါစာပွဲ စောစောထိုင်တော့မယ်''ဟု ပြောလိုက်၏။

မေ ဈေးသို့ထွက်သွားလေပြီ။

ကျွန်တော် စာရေးစားပွဲတွင် ထိုင်လေပြီ။

သို့သော် စာရေးတဲ့အလုပ်က တော်တော်ကြာ ဖြတ်ထားပြီး ပြန်ရေးတော့ ချက်ခြင်း အရှိန်မရတတ်ဖူးခင်ဗျ။ ယခင် နာမကျန်းဖြစ်စဉ်က မောင်မြင့်မြတ်ဆီက ဖုန်းလာ၍ ကျွန်တော် ကြိုးစားရေးသားထားသော သုံးမျက်နှာကို ပြန်ဖတ်ကြည့်တော့လည်း ကိုယ့်ဟာကိုယ် လုံးဝ မကြိုက်။ အခုအသစ် ပြန်ရေးရမှာဘဲဟု ကျွန်တော့်ဘဝဇာတ်ကြောင်း (၂၂)ဟု ခေါင်းစဉ်တပ်ပြီး တော့လည်း ဘာက စရေးရမည်မသိ ဖြစ်နေဘိ၏။ ဖောင်တိန်ကို စက္ကူနှင့်မတို့နိုင်ဘဲ အတော် ကြာကြီး ငူနေပြီးနောက်၊ အနည်းငယ်လမ်းလျှောက်မည်ဟု ထိုင်ရာမှ ထလိုက်၏။ ကိုယ့်ကိုယ်ကို လည်း ငါစာရေးဆရာမှ ဟုတ်ပါလေတော့လားဟု အောက်မေ့မိ၏။

## ဂျော်ကီ

ဂျော်ကီသည် ကျွန်တော်တို့အိမ်မှ ခွေးဖြစ်၏။ ကျွန်တော့်ကို သူအင်မတန်ချစ်၏။ ကျွန်တော်စာရေးလျှင် ကျွန်တော့်စာပွဲအောက်မှာ အိပ်နေ၏။ ကျွန်တော်အိမ်ပေါ်တက်လျှင် အိမ်ပေါ်လိုက်၏။ ကျွန်တော်ထမင်းစားလျှင် ကျွန်တော့်ကုလားထိုင်နားမှာ ထိုင်၏။ ကျွန်တော် အပြင်ထွက်လျှင် ကျွန်တော်က ''ဂျော်ကီ မလိုက်နဲ့ ပြန်တော့''ဟု မပြောမချင်း လိုက်၏။

ဤခွေးကို ကျွန်တော်တို့ငယ်စဉ်က မွေးရသည်မဟုတ်။ မူလမွေ့အကို ကိုခင်မောင်အေး ၏ ခွေးဖြစ်၏။ ကိုခင်မောင်အေးသည် အလုံတွင် သစ်တောမင်းကြီးအလုပ်နှင့် နေရာမှ ပါမောက္ခ(သစ်တော)အဖြစ်နှင့် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရသည့်၌ သထုံကျောင်းဆောင် အပေါ်ထပ်မှာနေရသဖြင့် ခွေးမွေး၍ မဖြစ်တော့ပေ။ ထို့ကြောင့်သူ့ညီမ 'ဒေါ်ခွေးချစ်'ဆီ ရောက်လာခြင်းဖြစ်၏။

ဂျော်ကီ ကျွန်တော်တို့အိမ်ရောက်တော့ အခါလည်ကျော်သားရှိနေပေပြီ။ ဒေါက်တောင် ဆုပ်မျှရှိသော ခွေးပု၊ ခြေတို၊ မွေးရှည်မျိုး။ တကိုယ်လုံး ဆွတ်ဆွတ်ဖြူပြီး ခေါင်းတခုထဲ ကွက်မဲနေ၏။ နားရွက်ကုပ်၏။ မျက်လုံးပြာ၏။ မြင်သူတိုင်းက ''ဟယ်. . . ချစ်စရာလေး''ဟု ပြော တတ်ကြ၏။ အချို့က သူ့ကိုသားစပ်လိုကြ၏။

ဂျော်ကီသည် ဗမာခွေးမျိုးမဟုတ်ချေ။ သို့သော် မစင်ကိုတော့ ကျုပ်တို့ဗမာခွေးတွေထက် ကြိုက်၏။ ထို့ကြောင့် တခါအိမ်သာတွင်းထဲ ကျလေရာ ကျွန်တော်တို့မှာ လွန်စွာ ဒုက္ခများခဲ့ရ ၏။

ကျွန်တော်တို့အိမ်မှာ ရေလောင်းကျင်းအိမ်သာ။ ကျင်းမှာ ရှိုးရှိုးတွင်းဆိုလျှင် ကြွက်တွေ က ဖောက်လွန်းလို့ တခါတည်းနှင့် အကြာကြီးသုံးရအောင် ရေထွက်လုနီးပါး အနက်ကြီးတူးပြီး ကြွက်မဖောက်နိုင်အောင် အပေါ်ယံ လေးပေကျော်ကို အုတ်အင်္ဂတေကိုင်ထားရ၏။ အဝကို အုတ်အင်္ဂတေအပြားကြီး ဖုံးထား၏။ လူထိုင်ဘို့ အုတ်အင်္ဂတေခုံရော၊ ကျင်းတူးခပါငွေ ၃၀ဝိ ကျော်ကုန်၏။

ဂျော်ကီရောက်ပြီး ခြောက်လမျှအကြာ တနေ့သ၌ ဂျော်ကီပျောက်လျက် အိမ်သာကျင်း ထဲမှ တဖွက်ဖွက် ခွေးရေကူးသံကြားရ၏။ ဘသားချောသည် ယိုပေါက်မှ မစင်ကုန်နှိုက်ရင်း ချော၍လျှောကျသွားခြင်းတည်း။

ကဲ. . . ခွေး အသေထားမလား၊ ဖုံးထားသော အုတ်အင်္ဂတေပြားကြီး ဖွင့်ပြီး ဆယ်မည်လား။ ဒေါ်ခွေးချစ်က ဆတ်ဆတ်လူး။ သူ့ခွေးအသေမထားနိုင်ပါဘူး၊ ဒါဖြင့် ငါးပေပတ်လည်နှင့် လက်တဝါးမျှထူသော တွင်းနှုတ်ခမ်းနှင့် အင်္ဂတေအသားကိုက်နေသည့် အဖုံးကြီးကိုဖွင့်ရန် အရပ်ကူပါ လူထပ်ပါဟု အိမ်နီးပါးနားများကို ခေါ်ရတော့၏။ သံတူရွင်းတွေ၊ ကုတ်တွေ၊ ပေါက်ပြားတွေ ရှာရ၏။ ပထမတွင်းနှုတ်ခမ်းနှင့် အဖုံးအင်္ဂတေသားကိုက်နေသည်ကို သံတူရွင်း များနှင့် ထိုးခွာပြီးမှ ယောက်ျားလေးငါးယောက်အားနှင့် ကုတ်နှင့်ကော်၍ ဖွင့်ရ၏။ ပင်ပန်းကြီး စွာတကား။ သို့သော်တဖက် ဝင်းထရံက ခံနေသဖြင့် လိုချင်သလောက် ဖွင့်၍မရ။ တောင်ဆုပ် မျှသာ ပွင့်၏။ အင်း. . . ဤအပေါက်နှင့်ပင် ဆယ်ရပေတော့မည်။

ရေတွင်းလောက်နီးပါး နက်နေတာဘဲ။ အထဲဘာမျှမမြင်ရ။ လက်နှိပ်ဓာတ်မီးနှစ်လက်နှင့် ထိုးကြည့်တော့မှ ခွေးစုတ်တကိုယ်လုံးမပြီး တွင်းထဲပတ်ပတ်ချာလည် ရေကူးနေ၏။ ပါးစပ်က လည်း တအီးအီးနှင့် လူကိုအကူခေါ်နေ၏။

ငွေရာသီမို့ တွင်းကလည်းအလွန်နက်နေ၏။ ခွေးကူးပုံကြည့်၍ ရေကခွေးတရပ်သာသာ တော့ရှိပုံပေါ်၏။

အကယ်၍ အပေါက်ကို လိုသလောက်သာ ဖွင့်ရမည်ဆိုပါက အိမ်တွေ ရေနံချေးသုတ် သောလှေကားနှင့် ကျွန်တော်ဆင်းဆယ်မည်ဖြစ်၏။ ယခုတော့ အပေါက်ကလှေကားချပြီး လူမဆင်းသာ။ ထို့ကြောင့် ကြိုးကွင်းလျှောချ၏။ သို့သော်ဤနည်းသည်မဖြစ်ပေ။ ခွေးသည် သူ့ခေါင်းကို ကြိုးကွင်းစွပ်မခံ။ ပါးစပ်နှင့် ကိုက်၏။ လက်နှင့်တွယ်၏။ ဤသို့ဖြစ်၍ အပေါ်သို့ ဆွဲကြည့်သော် တတောင်လောက် မြောက်လျှင် ပြုတ်ပြုတ်ကျ၏။ ခွေးပါးစပ်သည် ခွေးကိုယ်မြဲ အောင် ခံနိုင်သည် မဟုတ်။

ထို့ကြောင့် တနည်းကြံရ၏။ ကြက်ဥကျင်းလုပ်ရန် ဈေးအမှိုက်ပုံမှ ကျွန်တော်ယူခဲ့သော ဇကောသာသာ အဝကျယ်သည့် တထွာလောက် ဖောက်ရှိသော သင်းဘောသီးခြင်းကို ကြိုးလေးဘက်ဆိုင်းပြီး ချရ၏။ သည်တော့မှ ခွေးကောင်က တွယ်တက်၍ သူ့ကိုယ်ခြင်းထဲ ရောက်သည်၌ ဆွဲတင်ရ၏။

ခွေးတွင်းဝနီးလာတော့ အနံ့ကလည်း ဆိုးဝါးလာ၍ အကူလုလူများ ဝေးရာသို့ရှဲကြ၏။ ကျွန်တော်နှင့် မေသာမရှိမရှာနိုင်ဘဲ။

ခြင်းကို မူလက စောင်းချရ၍ ယခုခွေးပါလာသောအခါ အပေါက်က ဆွဲတင်၍မရတော့။ ထို့ကြောင့် ကျွန်တော်က ခွေးကိုပွေ့ယူရမည်။ အပေါ်ရောက်လျှင် ခွေးက သူ့ကိုယ်ကို ခါလိမ့်မည်ဖြစ်သည့်အတွက် မေ့အား ''မင်း ခပ်ဝေးဝေးသွားပြီး ဟောဒီကြိုးကို ဆွဲထားဟေ့. . .''

ခွေးကို ပွေ့ချီတင်လိုက်၍ လွှတ်လိုက်သောအခါ ထင်သည့်အတိုင်းပင် သူ့ကိုယ်ကို ခါလိုက်သည်၌ အသားဖြူသော ကျွန်တော့်တကိုယ်လုံးသည် မျက်နှာပါမဲမှောင်၍ သွားလေ၏။ အကြောင်းမှာ ကျွန်တော်တို့ နေ့စဉ်သုံး၍ သွန်ချထားသော မစင်ရေတို့သည် အိမ်သာကျင်းထဲ၌ ပုံဆွဲမင်ကဲ့သို့ မဲနက်ပြီးပျစ်ချွဲနေ၏။ ခွေးဖြူလည်းခွေးနက်၊ ကျွန်တော်လည်း လူနက်ဖြစ်သွားကြသဖြင့် အားနာစရာကောင်းလှသော အကူလုလူတို့မှာ ပင်ပန်းရှုံ့ရှာကြသည့်အထဲမှ ဟားကွက်ရသွားကြ၍ ကျွန်တော်ဝမ်းသာမိပါသေးသည်။

စင်စစ် ဂျော်ကီ၏အသက်ကို ကယ်ရသည်မှာ လူငါးယောက်ခြောက်ယောက်။

သို့သော် သူသည်ကျင်းထဲမှ ဆွဲယူသူ၊ အပေါက်ဝမှ ပွေ့တင်သူ၊ သူ့မျက်မြင် ကျွန်တော့်တယောက်ကိုသာ သူ့အသိဉာဏ်မှာရှိလျက် ဂျော်ကီသည် ထိုနေ့မှစပြီး ကျွန်တော့်ကို အလွန်ချစ်ခင်ရှာသည်။ ခွေးပေမင့် အသက်သခင် ကျေးဇူးရှင်ဟု သူသိပေသည်။ ထို့ကြောင့် ကျွန်တော့်အနားမှ မခွာဘဲနေတတ်ပြီး၊ သွားလေရာကို လိုက်တတ်သည်။

## ကျွန်တော်တို့ကံကြမ္မာ

ဖော်ပြခဲ့သည့်အတိုင်း ဇွန်လ ၂၉ ရက်၊ စနေနေ့မနက်က ကျွန်တော် စာရေးတော့မည် ဟု စာပွဲတွင်ထိုင်၍ မိမိကိုယ်မိမိ 'ငါ. . . သော်တာဆွေမှ ဟုတ်ပါရဲ့လား'ဟု ထင်ရလောက်အောင် ခေါင်းထဲတပြုံကြီးရှိပါလျက်၊ လက်က ဘာစာရေးရမှန်းမသိဖြစ်နေကာ တွေဝေငေးမှိုင်နေရာမှ

ခဏတော့ နည်းနည်းလမ်းလျှောက်ဦးမည်ဟု အိမ်ရှေ့ထွက်ခဲ့သည်၌ ဂျော်ကီက ကျွန်တော့် ခြေထောက်နှင့် ကပ်ပါလာခဲ့သည်။

ကျွန်တော့်အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်မှာ အိမ်ရှေ့အဖီထုတ်၍ မုံ့ဟင်းခါးဆိုင် ဖွင့်ထားသည်။ မုံ့ဟင်းခါး စားနေကြသောလူများထဲမှ ကျွန်တော့်မိတ်ဆွေတယောက်က. .

''ကိုဆွေ. . လာဗျို့ မုံ့ဟင်းခါးစား၊ ဘယ့်နှယ် ဝမ်းကိုက်တာ''

''ပျောက်သွားပြီဗျ ကျွန်တော်ဒီနေ့ဘဲစာရေးတော့မလို့''

''ကောင်းပါလေဗျာ၊ လာဗျာ. . . မုံ့စားရအောင်''

''ကျွန်တော်စာရေးမယ့် မနက်ဆိုရင် ဗိုက်လေးမယ့်အစာ မစားဘူး၊ ကော်ဖီတခွက်ပဲ သောက်တယ်''

ထိုစဉ်၌ ဂျော်ကီသည် မုံ့ဟင်းခါးဆိုင်နား လာသောခွေးနီလေးတကောင်ကို လိုက်ကိုက်သည်။ ခွေးနီလေးက လွတ်အောင်ပြေးသည်။ ကျွန်တော် ဟိုလူနှင့်စကားဖြတ်ပြီး ''ဟဲ့. . . ဂျော်ကီ ပြန်ခဲ့''ဟု ခေါ်သောအခါ ချက်ချင်းပြန်လာသည်။ ကျွန်တော့်ခြေထောက်နားရောက်တော့ သူထိုင်ချလိုက်ပြီး၊ သူ့မြီးဒူးသူ တအင်းအင်းနှင့် ပြန်ကိုက်နေသည်။ ကျွန်တော့်စိတ်ထဲ ဒီကောင် သူ့အမေက ရေမပြတ် ချီးပေးနေရက်သားနဲ့ ဘယ့်နှယ် ဝဲသန်းစွဲနေရပါလိမ့်ဟု အောက်မေ့မိ သည်။

မေသည် သူ့ကိုယ်သူ အိမ်ရှိခွေးများ၊ ကြောင်များ၏ အမေဟုဆိုလျက် ဂျော်ကီကို အထူး ဂရုတစိုက် ကျွေးမွေးပြုစုသဖြင့် ဂျော်ကီ၏ကိုယ်သည် ဖြူဖွေးသန့်စင်လျက် အလွန်ဝသည်။ မြင်သူတိုင်းက နှစ်သက်ကြသည်။

ယခု သူ့မြီးဒူးသူ ပြန်ကိုက်နေသည်မှာ ကြာလှသဖြင့် ကျွန်တော်က ''ဟဲ့. . . . ဂျော်ကီ. . တော်တော့၊ ငါအိမ်ထဲပြန်တော့မယ်၊ လာ. . . လိုက်ခဲ့''ဟုဆို၍ ကျွန်တော်ကသွားတော့ သူနောက် မှ လိုက်တော့လိုက်ပါသည်။ သို့သော်နောက်ခြေနှစ်ခုက ဒရွတ်ဆွဲလျက် ရှေ့လျက်နှစ်ချောင်း သာ ထောက်နိုင်တော့သည်။ မုံ့ဟင်းခါးဆိုင်ရှိ လူတိုင်းအံ့အားသင့်ကြသည်။ ထိုစဉ် ကိုဖေသိန်း လည်း မုံ့ဟင်းခါးစား ရောက်လာ၍. . .

''ကိုဆွေ. . ခင်ဗျားခွေးဘာဖြစ်တာလဲဗျ''

''မသိဘူးဗျ. . . ခုန အကောင်းဘဲ''

လူအများ အံ့သြစွာ ဝိုင်းကြည့်နေကြစဉ်၊ ဂျော်ကီသည် နောက်ခြေ ဒရွတ်ဆွဲနှင့် ရှေ့လက်နှစ်ချောင်းသာ လှမ်းလျက် အိမ်ထဲဝင်ရာ တံခါးဝရှိတန်းကို မကျော်နိုင်ဘဲ ဖြစ်နေသောကြောင့် ကျွန်တော်က သူ့ရင်ပတ်ကို ပွေ့ချီ၍ ယူခဲ့ရ၏။ အိမ်အောက်ရောက်လျှင် သူ့ကိုချလိုက် ပြီး ခြေနှစ်ချောင်းကိုဆွဲကာ ဖျစ်ညှစ်ပေး၏။ သို့သော်. . . မရ။ ဒရွတ်ဆွဲက မထ။

ကျွန်တော့်စိတ်ထင် လူများခြေကျင်သလို ခေတ္တခဏအကြောဆွဲသွားတာ၊ မကြာမီ ပြန်ကောင်းသွားမှာဘဲဟု အောက်မေ့လျက် သူ့အားထားခဲ့ပြီး စာရေးစာပွဲပြန်ထိုင်၏။ စာရွက်ကိုပြင်၏။ ဖောင်တိန်ကို ဖွင့်၏။ သို့သော် တော်တော်ကြာသည့်တိုင် စာတလုံးမျှ မင်က မထွက်။ ''ဟင်. . . ငါ အနှစ်အစိတ်ကျော် စာတွေမပြတ် ရေးခဲ့တယ်ဆိုတာ မယုံနိုင်စရာ ဖြစ်နေပါကောလား''ဟု မိမိကိုယ်မိမိ စိတ်ထဲကပြောမိသည်။ ထိုစဉ်တွင် ဂျော်ကီသည် ကျွန်တော့်စာပွဲအောက် ရောက်လာ၍ သစ်သားတန်းကို တဂျစ်ဂျစ်ကိုက်နေသဖြင့် ''စာရေးမရတဲ့အထဲ ဒီခွေးက တမှောင့်''ဟု သူ့ကိုယ်ကိုမ,ချီ၍ နောက်ဖေးဘက် ကြက်ခြံနား သွားချထားလိုက်၏။

ကျွန်တော်သည် စာပွဲပြန်ထိုင်လည်း စာမရေးနိုင်ဘဲ ငိုင်မြဲငိုင်နေ၏။ ထိုစဉ် သစ်သားကို ခွေးကိုက်သံကြားပြန်၍ နောက်ဖက်လှည့်ကြည့်လိုက်တော့ ဂျော်ကီသည် ရေကပြင်အောက် ရောက်နေကာ သူ့လမ်းတွင် တွေ့ရာသစ်သားတိုင်ကို ကိုက်ပြီး နောက်ခြေဒရွတ်ဆွဲနှင့် ရှေ့လက်တွားကာ ကျွန်တော့်အိမ်နောက်ဖက်သို့ မရပ်မနား ထွက်သွားပါလေတော့၏။

သည်တော့မှ သည်ခွေးတော့ တခုခုလုပ်ရန်လိုလာပြီဟု ကျွန်တော် သိ၍ အိမ်ပေါ်က သားတယောက်အား လှမ်းခေါ်ပြီး. . .

''ဟေ့ကောင်. . . ဂျော်ကီနောက် လိုက်သွား၊ ပြန်ခေါ်လာခဲ့ပြီး အိမ်အောက်မှာ သံကြိုးနဲ့ ချည်ထား၊ နင့်အမေ ဈေးကပြန်လာရင် တိရစ္ဆာန်ကုဆေးရုံ ပို့သင့်ပို့ရမှာဘဲ''

ဂျော်ကီကား အိမ်မှ ပေတရာကျော်လောက် ရောက်သွား၍ ဝင်းထရံတခုကို ကွေ့လိုက်သဖြင့် ကျွန်တော့်မျက်စိအောက်မှ ပျောက်သွားလေပြီ။ ကျွန်တော်သည် စာရေးစာပွဲမှာ ထိုင်၍ ငိုင်လျက်ပါဘဲ။ ထိုသို့ စာရေးမရနိုင် ရှိနေရသည့်အထဲ ကျွန်တော့်သား ခင်မောင်စိုး ခွေးနောက် လိုက်သွားတာကြာပြီ၊ ခုတိုင် ပြန်မရောက်သေးပါလားဟု စိတ်ထဲ ဇနီးဇနောင့် ဖြစ်လာသော ကြောင့် ထိုင်ရာမထ,ပြီး အိမ်နောက်ဖေးဘက် လိုက်သွားမိပြန်တော့သည်။

ကျောဘက်ရှိ ဗိုလ်ကြီးကြည်၏ အိမ်ဝင်းထရံထောင့်ကို ကျော်လွန်သောအခါ လမ်းကျဉ်းလေးထဲမှာ ကျွန်တော့်သားသည် ခွေးအား ကလေးများနှင့် ဝိုင်းအုံကြည့်နေသည်ကို တွေ့ရသဖြင့်

''ဟေ့ကောင်. . . ဘာလို့ ဒီလောက်ကြာနေတာလဲကွ၊ အိမ်ပြန်ယူခဲ့ပါဆိုတာကို. . .''

သားသည် မျက်နှာကို ရှုံ့တွလျက်. . .

''ကျွန်တော့်ကိုက်လို့ ဒက်ဒီရဲ့''ဟု သူ့ခြေသလုံးမှာ သွေးစို့နေသည်ကိုပြ၏။ ထိုအခါ ကျွန်တော်က. . .

''ဒါဖြင့် ဖယ်ကြကွာ၊ ငါဘဲယူခဲ့မယ်''ဆိုပြီး ဂျော်ကီ့ကိုယ်ကို သူလက်ပြင်နှစ်ဖက်အောက်မှမ,၍ ယူခဲ့သည်။ မကြာပါ ခြေလေး, ငါးလှမ်းမျှ လှမ်းရသေးသည်။ ဂျော်ကီ့ပါးစပ်သည် နောက်ဖက်ပြန်လှည့်လိုက်ပြီး ကျွန်တော့်ညာဘက်လက်မကို ဝါးလိုက်ပါလေတော့၏။

''ဒီခွေး. . ငါ့ပါ ဆော်ပဟ''ဟု အော်ပြီး အောက်လွှတ်ချလိုက်သည်။ ကျွန်တော့်လက်မကား သွေးငေါက်တောက် ပန်းလေပြီ။

ကျွန်တော်သည် ခွေး၏ပုံသဏ္ဍာန်ကို ကြည့်သည်။ သခင်မှန်းမသိတော့ပြီဖြစ်ရကား. . .

''ဒီခွေး ရူးပြီဟေ့. . သတ်ပစ်ကြတော့''ဟု အမိန့်ထုတ်လိုက်ရတော့၏။

သို့တိုင်မည်သူမျှ မလှုပ်မရှား နေကြပြန်သဖြင့် ကျွန်တော့်သားအား ''သွား. . . ခင်မောင်စိုး၊ ဗိုလ်ကြီးကြည်အိမ်မှာ ပေါက်ပြားကြီးရှိတယ်၊ ယူပြီးအနှောင့်နဲ့ ထုသတ်လိုက်. . .''

အောင်မယ်. . . . ဒီကောင်က ကိုယ့်အိမ်ကခွေးမို့ မသတ်ရက်ဟု အင်တင်တင်လုပ်နေရာ. .

''ဟကောင်ရ၊ ဒါဟာ. . ဝေဒနာဆိုး ခံစားနေရတဲ့ ဒီခွေးအတွက်ရော ဗိုလ်ကြီးဆိုလူတွေအတွက် ရော သတ်ရမှာကွ. . .၊ ငါ့လက်က ခုမဆုပ်နိုင် မကိုင်နိုင်ဖြစ်နေလို့ပေါ့၊ နို့မဟုတ်ရင် ငါကိုယ်တိုင် သတ်မှာကွ''

ထိုစဉ် ဗိုလ်ကြီးကြည်၏သား ညီနောင်၊ ဒါမျိုးဆို အင်မတန်အားကိုးရသော သက်သက်နှင့် ဆက်ဆက် ပေါက်ပြားကြီးဆွဲပြီး သူတို့အိမ်ဝင်းထဲမှ ထွက်လာသဖြင့်. . .

''ဟုတ်ပြီ ဆက်ဆက်၊ တချက်ထဲနဲ့ အသက်ထွက်အောင် အုတ်ဆက်ကို ထုကွာ. .''

သုံးလေးချက်နှင့်ပင် ဂျော်ကီ အသံမမြည်နိုင်ဘဲ စန့်၍သွားလေတော့၏။

''ကဲ. . . ခင်မောင်စိုး၊ ဒို့ခြံထဲဆွဲသွားပြီး အိမ်ရှေ့က အုန်းပင်အောက်မှာ မင်းအမေ ပြန်မရောက်ခင် မြုပ်ကွာ၊ သူမြင်ရင် ငိုတော်မူနေအုံးမယ်''

ကျွန်တော့်လက်မမှာ သွေးတွေထွက်လိုက်သည် အလွန်ဘဲ။ ဒဏ်ရာဘယ်နှစ်ပေါက် မှန်းတောင် မမြင်ရ။ ဆက်ဆက်က ဓာတ်ဆီနှင့်နယ်ပြီး အဝတ်စနှင့် ပတ်တီးစည်းပေးမှ သွေးကျ ရပ်သွား၏။ ကျွန်တော့်မှာ ကိုယ့်လက်က ဒဏ်ရာကြည့်ရင်း ဝမ်းနည်းပက်လက် ဖြစ်ရတော့သည်။ တလလောက် စာမရေးနိုင်ဖြစ်ခဲ့တာ အခုဝမ်းကိုက်ပျောက်၍ ရေးမည်ကြိုးစားနေတုန်းမှ မိနစ် ပိုင်း၊ အတွင်းမှာ ခွေးကိုက်ခံရသည်။ ဒီဒဏ်ရာကြောင့် ဘယ်လောက်ကြာ စာမရေးနိုင်ဘဲ ဖြစ်နေ ဦးမည်နည်း။ 'တောက်'ဂျော်ကီရယ်၊ မင်းမနေနိုင်လို့ ကိုက်ရတာ ဘယ်ဘက်လက်မ,ဆိုရင် ပြတ်သွားတောင် ငါမနမြောပါဘူးကွာ၊ ခုတော့သူနဲ့ စာရေးနေရတဲ့ ညာဘက်လက်မ,မှ''ဟု စိတ်ထဲမှ ရေရွတ်မိ၏။

ကျွန်တော့်မှာ စာမရေးနိုင်သည်ကို စိတ်မကောင်းဆုံး ဖြစ်ပါသည်။ ခွေးရူးကိုက်ခံရသူတို့ ၏ ထုံးစံအတိုင်း ဝမ်းဗိုက်တွင် ဆေးဆယ့်လေးချက် နေ့စဉ်ရက်ဆက် ထိုးရမည်ကို သည်လောက် မမှုပါ။

ထို့အပြင် ကျွန်တော့်အလုပ်မှာ ကိုယ့်ဝတ္ထုဆောင်းပါးတွေ ရေးရရုံသာ မကသေး၊ သော်တာဆွေ စာပေသင်တန်းဟု စာပေးစာယူသင်တန်းလည်း ဖွင့်ထားပါသဖြင့် အခု ဝမ်းကိုက် သည်အတွင်း ဖတ်စရာ၊ ပြန်စရာစာတွေ အကြွေးတင်နေလိုက်တာလေ ဆန်တခွဲသာသာဝင်မည့် ခြင်းတောင်းနှင့် အပြည့်ရှိနေပါပြီ။ ကဲအခုတခါ ခွေးရူးကိုက်တာနှင့် ဆက်လက်ပြီး နောက်မည်မျှ ကြာ စာမရေးနိုင် ဖြစ်နေပါဦးမည်နည်း။ ဒီအတွင်း စားဘို့သောက်ဖို့က မည်သို့ကြံရပါမည် နည်း။ ကျွန်တော့်တွင် ငုတ်တုတ်စာသာရှိ၍ စာရေးစာပွဲ မထိုင်နိုင်သောအခါ မရှိပါ။

အခု လက်ငင်းက သက်ပြင်းချပြီး ဆေးရုံသွားဘို့ဘဲ ရှိတော့တာဘဲ။ ဘယ်ဆေးရုံ သွားရ ပါမည်နည်း။ ရန်ကုန်တွင် ယခင်ကအထူးသီးသန့်ထားသော ခွေးရူးကိုက်ဆေးရုံလည်း မရှိတော့ ပြီ။

ဗိုလ်ကြည်ကို မေးကြည့်တော့. . .

''အင်းစိန် တိရစ္ဆာန်ဆေးရုံကို သွားပေါ့ ကိုဆွေရဲ့''ဆိုသဖြင့် ခွေးသေကောင်လဲ မြုပ်ပြီး၊ မအေကြီးလဲ ဈေးကပြန်ရောက်လာ၍ စရိတ်စကတောင်းပြီး သားအဖနှစ်ယောက်အိမ်မှ ထွက်ခဲ့ ကြရတော့၏။ ခင်မောင်စိုး ညို့သကျည်းမှာတော့ ဒဏ်ရာသိပ်မရှိပါ။ အစွယ်ခြစ်ရာ သွေးစို့ရုံ လေးဘဲ။ သို့သော်ခွေးရူးပြီး ကာကွယ်ရေးဆေးတော့ ကျွန်တော့်နည်းတူ ထိုးရမည်။ ကျွန်တော့် လက်မ,ကတော့ တဖျဉ်းဖျဉ်း နာကျင်လျက်။

သို့နှင့် အင်းစိန်လမ်းမကြီး ရောက်တော့ အဆင်သင့်ဘဲ စီးသူမပါသော အစိုးရ လေးဘီး ကားပြာ သုံးယောက်စီးလေး လာသဖြင့် လက်တားပြီး ခရီးပြောကာ တက်စီးခဲ့ကြလေ၏။

သည်အချိန်မှာ ကျွန်တော်သည် ပိုက်ဆံကို အထူးဆင်ခြင်၍ သုံးနေရပါသဖြင့် ကားမီတာ သေတ္တာတွင် တဖြောက်ဖြောက်တက်နေသော ဂဏန်းကိုကြည့်နေမိပါသည်။

''အင်း. . တော်ပါသေးရဲ့။ တိရစ္ဆာန်ကုဆေးရုံရှေ့ ရပ်လိုက်တော့ တကျပ်နှင့်ပြားရှစ်ဆယ်။ သို့သော် ကျွန်တော်က ငွေကျပ်တန်နှစ်ရွက်ထုတ်ပေးလိုက်တော့ ကားမောင်းသူက. . . .

''သုံးကျပ်ကျတယ်ဆရာရဲ့''

ကျွန်တော် အံ့အားသင့်လျက်. . .

''ဟ. . မီတာမှာ တကျပ်ပြားရှစ်ဆယ် ပြနေပါလားကွယ့်''

''ခင်ဗျား မသိသေးဘူးလား၊ ကျွန်တော်တို့ မော်တော်ယာဉ်ဌာနက အခစျေးနှုန်းတွေ တက်ထားတာ၊ သတင်းစာတွေထဲမှာတောင် ပါပြီးပြီ''

အမှန်ဘဲ ကျွန်တော် မသိသေးပါ။ သားတော်မောင်က. . .

''ဟုတ်တယ် ဒက်ဒီရဲ့''ဆိုသဖြင့် နောက်တကျပ် ထုတ်ပေးလိုက်ပါ၏။

ကျွန်တော်တို့ ဆေးရုံရှေ့သို့ရောက်တော့ ၈နာရီထိုးပြီး၍ ဆေးရုံဖွင့်ထားပါပြီ။ ဆေးရုံ ရှေ့မှာ ခွေးတွေ၊ ကြောင်တွေ၊ ကြက်တွေ၊ ဝက်တွေ၊ ပိုင်ရှင်အသီးသီးနှင့် ကုသရန် ရောက်နေကြ ပါပြီ။ သို့သော် ဆရာဝန်ကတော့ မရောက်သေး။ ကျွန်တော်တို့ကတော့ တိရစ္ဆာန်ပါသူမဟုတ်၍ အထဲဝင်ပြီး ဆရာဝန်စားပွဲရှေ့မှာ ထိုင်စောင့်သည်။ မကြာမီ ဆရာဝန်ရောက်လာလျက် ကျွန်တော့်ကို မြင်လျှင်မြင်ချင်း. . .

''ဘယ့်နှယ်. . . ကြက်ပဲလား ဦးသော်တာဆွေ''

သူ့ဆီမှာ ကျွန်တော်တိုက်ကြက်များကို အခါများစွာ ကုသဘူးပါသည်။

''ဒီတခါတော့ ကြက်မဟုတ်ဖူး ဒေါက်တာရေ့၊ ကျွန်တော့်ကို ကုဘို့ဘဲ''ဟုဆိုပြီး လက်က ဒဏ်ရာကိုပြ၍ အကျိုးအကြောင်းပြောပြတော့ ဆရာဝန်က ကျွန်တော့်စကားဆုံးအောင် နားထောင်နေပြီးမှ. . . .

''ဦးသော်တာဆွေ၊ ခွေးရူးကိုက်တာတော့မှန်တယ်၊ ဒါပေမယ့် ကျွန်တော်တို့ဆေးရုံက လူကိုမကုဘူး၊ တိရစ္ဆာန်ကိုသာ ကုရတယ်ခင်ဗျ''

ကျွန်တော့်ကိုယ် တွန့်ကနဲဖြစ်သွားပြီး. . .

''အား. . . ဒါဖြင့် ကျွန်တော်တို့ ဘယ်သွားကုရမှာလဲ''

''ဦးသော်တာဆွေနေတဲ့အရပ်က ဘယ်ဒေသလဲ''

''ကမာရွတ် လှိုင်ဒေသစိတ်ပါ''

''ဒါဖြင့် မြောက်ဥက္ကလာပ ဒေသန္တရဆေးရုံကိုသွားပါ''

''ကျေးဇူးတင်ပါတယ်ဒေါက်တာ''ဟုပြောပြီး ကျွန်တော်တို့သားအဖနှစ်ယောက် ထိုင်ရာမှ ထခဲ့ကြတော့သည်။

မြောက်ဥက္ကလာပဆိုတော့ သမိုင်းလမ်းဆုံက နံပတ် ၆ကားစီးမှဘဲ။

ဆေးရုံရှေ့ အင်းစိန်လမ်းမကြီးရောက်တော့ မကြာမီ 'ကြားကား'ခေါ် ပုဂ္ဂလိကကားလေး ရောက်လာ၍ သက်သာချောင်ချိစွာနှင့် သမိုင်းလမ်းဆုံသို့ ရောက်ခဲ့သည်။ ကားခတယောက် တမတ်စီဘဲ ပေးလိုက်ရ၏။ သမိုင်းလမ်းဆုံမှ မြောက်ဥက္ကလာပသို့ ကား၊ ဒီလို'ကြားကား'ဆိုတာ မရှိတော့ပြီ။ နံပတ် ၆သာ မရမက တိုးတက်စီးရပေတော့မည်။ တစီးပြီးတစီး လာဘို့ကလည်း အကြာကြီး။

ဒီနံပတ် ၆စောင့်နေဆဲတွင် အစိုးရလေးဘီးကားပြာလေး လာတာမြင်တော့ သားတော် မောင်က ကမာရွတ်က အလာတုန်းကလိုဘဲ အောက်မေ့၍ လက်တားမည်ဟု သူ့လက်မြောက် လေရာ၊ ကျွန်တော်က ဖျတ်ကနဲပုတ်ချပြီး. . . .

''မင်းအိတ်ထဲ ပိုက်ဆံဘယ်လောက်ပါလို့လဲ''

''ဆယ်ပြား''

''နင့်မေလွှား. . ဒီကနေ မြောက်ဥက္ကလာပဆေးရုံကို အစိုးရကားတွေ အခုနှုန်းနဲ့ဆိုရင် ရကျပ် ဂကျပ်ထက် အောက်မှာမဟုတ်ဖူး၊ မင်းအမေ ငါ့ပေးလိုက်တာက တဆယ်ပြည့်တာ မဟုတ်ဖူးကွ''

ယင်းသို့ဖြင့် လူတွေတင်းကြမ်းပြည့်နှင့် ညာဘက်စောင်းပြီး ကိုင်းညွတ်လာသော နံပတ် ၆ကားငယ်ကို အတင်းတိုးရှိုး၍ လိုက်ခဲ့ရတော့သည်။ ကားပေါ်ရောက်တော့ အသက်ရှူလည်း ကြပ်၊ လူမှာလည်း အနေခက်၊ လက်ကလည်း သွေးတစက်တစက်ပြန်ထွက်လာ၍ အနာကပိုနာ လာသည်။ မိနစ်လေးဆယ်မျှကြာမှ မြောက်ဥက္ကလာပ ဆေးရုံရှေ့ရောက်၍ ဆင်းခဲ့ရသည်။

တခါမျှ ဒီကိစ္စမျိုးကြုံဘူးသေးသည်မဟုတ်၍ ဆေးရုံထဲရောက်တော့ ဘယ်သွားဘာလုပ် ရမည်မသိ။ လူတွေကတော့ အပြည့်ဘဲ။ ရှုစိ ရှုစိနှင့်။

ဒါနဲ့ ဘယ်နေရာက ဘယ်သူ့ထံသွားမေးသင့်သလဲဟု ဟိုဟိုဒီဒီမျက်စိရှာတော့ အခန်း၀ တခုမှာ စာပွဲတလုံးနှင့် လူငယ်နှစ်ယောက် ထိုင်နေသည်မြင်၍ သူတို့ထံသွားပြီး. . .

''ကျွန်တော်တို့ ခွေးရူးကိုက်လို့ဗျာ. . . ဘယ်ဆေးခန်း သွားရမလဲ''မေးတော့ ထိုသူငယ်က အေးဆေးစွာဘဲ. . .

''ဟိုမှာ စာအုပ်သွားဝယ်ပါ''

ကျွန်တော်က နားမလည်၍. .

''ဘယ်မှာစာအုပ်ဝယ်ရမှာလဲခင်ဗျာ''

''ဟို ဒေါင့်ချိုးအကွေ့မှာ'' သူလက်ညှိုးညွှန်ပြ၍. . . ''တအုပ်ပြား ၃၀၊ လူနာလက်ကိုင်စာ အုပ်ဖဲ''

''အဒီစာအုပ်ဝယ်ပြီးတော့ ကျွန်တော်တို့ ဘယ်သွားရမလဲ''

''ကျွန်တော့်ဆီ ပြန်လာခဲ့ပါ''

စာအုပ်ကို တန်းစီ၍ဝယ်ခဲ့ရ၏။ သူ့ဆီရောက်တော့ နာမည်၊အသက်၊ နေရပ်၊ အဖေ နာမည်မေး၍ရေးပေးသည်။ တယောက်က လက်မှတ်ထိုးသည်။

ဒါပြီးလျှင် ဒီစာအုပ်ပြန်ပေးတော့ ကျွန်တော်က. . .

''ရှေ့ဆက် ဘာလုပ်ရမှာလဲ''

''ဟိုမှာ သွားထပ်လဗျာ''

''ဘယ်မှာလဲ''

''ခင်ဗျားခုန စာအုပ်ဝယ်တဲ့ စာပွဲရှေ့နားမှာ အပေါက်ရှိတယ်''

ဟိုက် သမဝါယမဆိုင်မှာလို ထပ်ထားတဲ့စာအုပ်တွေက တပုံကြီးပါလား။

နာရီဝက်လောက်ကြာပြီ။ ၉နာရီခွဲလောက်မှ လူတယောက်က ဤစာအုပ်တွေယူပြီး အခန်းတခုထဲ ဝင်သွား၏။ ၅မိနစ်လောက်ကြာတော့ သူဒီစာအုပ်တွေကိုင်၍ ပြန်ထွက်လာပြီး နာမည်တယောက်စီခေါ်ကာ တန်းစီစေ၏။ လူတွေက လေးငါးဆယ်။ အခန်းကကျဉ်းတော့ ကွေ့ကာကောက်ကာ ထောင့်ထဲတွန့်စီရ၏။ ကျွန်တော်တို့က လူအစိတ်လောက် နောက်မှကျ၏။ ရှေ့ဆုံးလူကစတင်ပြီး ဆရာဝန်ခန်းထဲဝင်ရ၏။ လူနာတဦးကို ၂မိနစ်၊ ၃မိနစ်မှ ၅မိနစ်အထိ ကြာတာတွေ့ရတော့ ကျွန်တော်တို့ထံသို့ တနာရီ၊ တနာရီခွဲလောက်ကြာမှ ရောက်တော့မည်ဟု မှန်းဆရ၏။

အနာက သွေးတစက်စက်နှင့် တစစ်စစ်နာနေသည်။

အမှန်က ကျွန်တော်တို့လိုလူနာကို အရေးပေါ်ဌာနသို့ အမြန်ဆုံးပို့ဘို့ကောင်းသည်။ ဤခွေးရူးကိုက်ရောဂါသည် အလွန်ဆိုး၏။ ယခုလို ကျွန်တော့်အနာကကျသော သွေးစက်ထိသူ ပင် ကူးနိုင်သည်ဟုသိရ၏။ အဲဒီနေ့က ကျွန်တော့်သွေးစက်ထိသူပေါင်း မည်မျှရှိမည်နည်း။ လူတွေပွတ်ခဲနေတဲ့ ဘတ်စ်ကားပေါ်မှာရော ဆေးရုံတွင် တန်းစီရာမှာရော။

သို့သော် တန်းစီရာမှာတော့ သိပ်မကြာလိုက်။ ၁၅မိနစ်ခန့်တွင် အရပ်ခပ်ပြတ်ပြတ်၊ ခေါင်းကြီးကြီး၊ မျက်လုံးပြူးပြူးနှင့် လူငယ်တယောက် ပြုံးရွှင်သောမျက်နှာနှင့် ကျွန်တော့်ဆီ ရောက်လာပြီး. . .''

''ဆရာ ဦးသော်တာဆွေ မဟုတ်လားခင်ဗျာ''

''ဟုတ်ပါတယ်''

''ကျွန်တော့်နံမယ်သက်ဦးပါ၊ ဆရာကမသိပေမယ့် ကျွန်တော်ကတော့ ဆရာ့ကိုသိတာပေါ့ ဆရာ့စာဖတ်ပရိသတ်ဖဲ ဆရာအခုဘာဖြစ်လို့လဲ''

လက်ကအနာပြပြီး အကျိုးအကြောင်းပြောပြတော့ သူကသွက်လက်ဖျတ်လတ်စွာ. . .

''အာ. . ဆရာ၊ ဒါမျိုးကိုဒီလို ဘယ်တန်းစီနေလို့ဖြစ်မလဲ၊ လာလာ''ဟု ကျွန်တော်တို့ သားအဖနှစ်ယောက်ကို အခန်းတခုထဲခေါ်သွားပြီး၊ အမျိုးသမီးဆရာဝန်ကို ပြောပြသည်။ ဆရာဝန်မကလည်း လှိုက်လှိုက်လှဲလှဲပင်. . .

''ဦးသော်တာဆွေကို ခုမှတွေ့ဘူးပေမယ်လို့ ဦးသော်တာဆွေသမီး ဒင်ပယ်လ်ဆွေနဲ့ တော့ သိပါတယ်''ဆိုပြီး သွေးစို့နေသော ကျွန်တော့်လက်ကအနာကို ပထမ ပြုစုစေသည်။

မောင်သက်ဦးသည် ထိုဆေးရုံက အလုပ်သမားပင်ဖြစ်ရာ၊ ဆိုင်ရာဌာနကို သူက ဦးဆောင်၍ခေါ်သွားသည်။ အခြားသူနာများအား ခေတ္တဖယ်၍ ကျွန်တော့်အား အရင်လုပ်ပေး စေသည်။

ဆက်ဆက်အိမ်ကစည်းပေးလိုက်သော ပတ်တီးကိုဖြည်၊ ရေနွေးနှင့်ဆေး၊ ဝါဂွမ်းနှင့် သုတ်ပြီး အရက်ပြန်ပွတ်တော့မှ ကိုယ့်လက်မကအနာကို သေချာစွာမြင်ရသည်။ လက်သည်းရင်း နှင့် အထက်အောက် အပေါက်ကြီးနှစ်ပေါက်။ လက်ချောင်းအလယ်မှာ အပေါက်ငယ် ငါးပေါက်။

ဆေးထည့်၊ ပတ်တီးစည်းပြီးသောအခါ ဆရာဝန်အခန်းသို့ ပြန်၍ဝမ်းဗိုက်တွင် ဆေးထိုးရ သည်။ အား. . ဒီဝမ်းဗိုက်ဖဲ ဒုက္ခများပြန်ပြီကော။

''ဦးသော်တာဆွေ. . . ဒီနေ့ကစပြီး နေ့ဆက်မပြတ် ၁၄ရက်၊ ဆေး ၁၄လေးလုံးထိုးရမယ်၊ နောက်တပတ်ခြားစီ ၂လုံး၊ ပေါင်း ၁၆လုံးထိုးရမယ်၊ ကဲ အခုလဲ လက်မကအနာအတွက် ပင်နီစလင်တလုံး သွားထိုးလိုက်ပါအုံး''ဟုပြော၍ စာတရွက်ရေးပေးလိုက်ပါသည်။

မောင်သက်ဦးပင် ဦးဆောင်သွား၍ ဆေးထိုးခန်းက ဆရာမများအား ကျွန်တော် သော်တာဆွေဖြစ်ကြောင်း ပြောပြတော့ သူတို့လည်းဝမ်းသာကြလျက် မကြာခဏအသံလွှင့်သော ကျွန်တော့် ဒန့်သလွန်သီးဇာတ်လမ်းကို အလွန်သဘောကျကြောင်း ပြောကာ၊ ဖော်ရွေစာ ပြုစု ကြပါသည်။

ဆေးထိုးမည့်ဆရာမသည် ဆရာဝန်ရေးပေးလိုက်သည်ကို ကြည့်ကာ. . .

''ဆရာ အရင်က ပင်နီစလင်ထိုးဘူးလား''

''ထိုးဘူးပါတယ် ဆရာမ''

''ဒါပေမယ့် ဆရာဝန်ကတော့ တက်စ်လုပ်အုံးလို့ ရေးပေးလိုက်တယ်၊ မကြာပါဘူး ဆရာရယ်၊ ၁၀မိနစ်ထဲပါ၊ ၁၀မိနစ်ကြာလို့မှ ဘာမှမဖြစ်ရင် ထိုးလိုက်ရုံပါဘဲ''ဟုပြောပြီး ကျွန်တော့်လက်မောင်းမှာ ဆေးနှစ်စက်သုံးစက်ခန့် ထိုးသွင်းလိုက်ပါသည်။

ပြီးလျှင် ကျွန်တော့်အား ခုံရှည်တခုမှာ ထိုင်၍နေစေပြီး. . .

''ဆရာ. . မတည့်ရင် ကိုယ်လက်တွေ ယားလာမယ်၊ ဒါမှမဟုတ် ခေါင်းမူးလာမယ်''

ကျွန်တော်နာရီကိုကြည့်၍နေသည်။ ၁၀နာရီထိုးရန် ၅မိနစ် အလိုမှ ၁၀နာရီ ၃မိနစ်ရှိ သွားသောအခါ ကျွန်တော်ဆရာမဆီထသွားပြီး. . .

''ဘာမှမဖြစ်ဖူး ဆရာမ''

ဒီတော့မှ Pen/strep ပင်နီစလင်ကို ထိုးပေးလိုက်ပါသည်။ (ပင်နီစလင်မှာ အမျိုးတွေ အများကြီးရှိပါသည်။)

ကဲ သည်နေ့တော့ ပြီးပဟဲ့ဟု ကျွန်တော်တို့သားအဖသည် ဆရာမများနှင့် ဆရာဝန်မကို ရော သွားရောက်နှုတ်ဆက်ပြီး၊ ဆေးရုံဝင်းမှထွက်ခဲ့ကြသည်။ လမ်းမရောက်သော် ရပ်ထားသော သုံးဘီးကားတစီး အဆင်သင့်တွေ့၍ သုံးကျပ်ခွဲနှင့်ဈေးတည့်ပြီး စီးခဲ့ကြသည်။ ယင်းသည် သူက ဆေးရုံပို့ပြီး ဗလာပြန်ရမည်မို့ ဤဈေးနှုန်းနှင့်ရခြင်းဖြစ်သည်။ ကျွန်တော့်အိမ်မှ ဤဆေးရုံသွား မည်ဆိုသော်သည်မျှနှင့်မလိုက်။ ငှားတိုင်းလိုက်ကြရသည့် အစိုးရလေးဘီးကားတို့က ဖော်ပြခဲ့ သည့်အတိုင်း ဈေးတွေမတန်တဆတက်နေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘယ်နည်းနဲ့မျှ နေ့စဉ်တက္ကစီကားငှား၍ မသွားနိုင်ပါ။ ကျွန်တော့်အိမ် ၆မိုင်မှ ပထမနံပတ် ၉ကို ၈မိုင်မရမ်းကုန်း စီး၊ ထိုမှ နံပတ် ၆။ နေ့စဉ် ဤကားနှစ်တန်းစီး၍ သွားရမည့်ကိစ္စကား. . . အောင်မာလေး ရင်လေး လိုက်ပါဘိတော့ခင်ဗျာ။ ထိုင်ခုံရဘို့ မမြော်မှန်းနိုင်၊ ကားပေါ်လူရောက်ဖို့ပင် အနိုင်နိုင်။

သည်လိုတွေး၍လာခဲ့ရာ၊ ၅မိနစ်မျှကြာသောအခါ ကျွန်တော့်လက်ဖဝါးတွေ ယားလာ သဖြင့် 'အောင်မယ်. . ဒုက္ခရောက်ရတဲ့အထဲ ဘယ်ကများ ငွေရဦးမှာလဲ'ဟု အောက်မေ့မိ၏။ နောက်တော့ လက်ဖဝါးသာမက တကိုယ်လုံး တဖျဉ်းဖျဉ်းထပြီး အုတ်ဆက်က အလွန်ယားလာ ပါလေသည်။ မျက်နှာမှာလည်း အသားတွေ တင်းမာလာ၏။ ထို့ကြောင့် ကျွန်တော်သည် နေရာ အနှံ့အပြား တဗျင်းဗျင်းကုတ်ရာမှ နောက်ဖက်၌ ထိုင်လိုက်လာသော သားဘက်သို့လှည့်၍. .

''ဟေ့ ငါ့မျက်နှာဘယ့်နှယ်နေလဲ ကြည့်စမ်းပါကွယ့်''ဆိုတော့ သူအလန့်တကြားဖြစ်ကာ. .

''ဟာ . . . . ဒက်ဒီ 'အလားဂျစ်'ဖြစ်ပြီ၊ ဆေးရုံမြန်မြန်ပြန်မှ ကားဆရာ ပြန်လှည့်ပါဗျို့''

ကျွန်တော့်တကိုယ်လုံးသည် ခြေဆုံး ခေါင်းဆုံး အနီကွက် အပိန့်အပိန့်ကြီးတွေ ရဲကနဲ ရဲကနဲထွက်ထွက်လာကာ မနေနိုင်မထိုင်နိုင်အောင် ယားယံ၏။ ဣန္ဒြေမဆည်နိုင်။ ကိုယ်တိုင်သာမက နံဘေးလူကိုပါ ကုတ်ခိုင်းရ၏။ မျက်နှာတပြင်လုံးသည် တင်းကြပ်လျက် ဖူးရောင်နီမြန်းနေ၏။

ဆေးရုံပြန်ရောက်၍ ဖြေဆေးထိုးပြီးသည့်တိုင်အောင် နာရီဝက်လောက် ယားယံနေသေး ၏။ နောက်မှ တဖြေးဖြေးအရောင်တွေရော၊ အယားတွေရော ကျဆင်းသွား၏။ ကိုယ်တွင် အချို့ နေရာတွေမှာ ကုတ်သောလက်သည်းရာတွေ သွေးစို့၍ ကျန်ခဲ့၏။

ဆေးနှင့်မတည့်ခြင်းသည် ကြောက်ဖွယ်ပါတကား။ ပြန်၍ဖြေဆေးမထိုးရပါမူ ဘယ်အထိ ဤဝေဒနာကို ခံစားရမည်မသိ။ အချို့မှု . . . ဤသို့မယားဘဲ မူးဝေလဲကျပြီး အော့အန်ပါသတဲ့။ ထို့ကြောင့် ဒေါက်တာရမ်းကုများကို သတိထားကြပါကုန်။ ပင်နီစလင်သည် ယခင်ကတည့်ခဲ့ သော်လည်း နောင်မတည့်ခင် မတည့်ပြန်ဘူးတဲ့။ မရေရာသောဆေးဘဲ။ ထို့ကြောင့်ထိုးတိုင်း စမ်းရပါသတဲ့။

ကျွန်တော့်ကိုစမ်းကြည့်ပါ။ ယခင်က ပင်နီစလင်တွေများစွာ ထိုးခဲ့ဘူးပါသည်။ နို့ပြီး ၁၀မိနစ်လဲ စမ်းသပ်မှုပြုပါသေးသည်။ သို့တိုင် ဤစမ်းသပ်ချိန်တွင် ဘာမျှမဖြစ်ဖဲ၊ ထိုးပြီး ၁၀မိနစ်လောက်ကြာမှ ဒုက္ခတွေ့ရသည်။ ကိုယ့်အိတ်ထဲ ငွေလေးငါးကျပ်ရှိ၍ သုံးဘီးကား စီးမိလို့ ပေါ့ဗျာ။ ပြည်သူ့ဘတ်စ်ကားသာ စီးမိမည်ဆိုလျှင်၊ လမ်းမှာရပ်ခိုင်း၍လည်း ရမည်မဟုတ်။ ရှေ့မှတ်တိုင်ရောက်မှဆင်း၊ ဆေးရုံပြန်ဘို့ကားကိုလည်း မည်မျှကြာအောင် စောင့်ရဦးမည်နည်း။ သည်အတွင်း ကားဂိတ်မှာ ကျွန်တော်အမဲခြောက်ဖုတ်က, ကနေရပေလိမ့်မည်။ သြော် . . ဒုက္ခများ ရောက်ချင်တော့ ကိုယ့်အိမ်ထဲ ကိုယ်နေရင်း . . . . ။

## ဆေးထိုးရသူများ

အစပထမ၌ ကျွန်တော်တို့သည် ခွေးကိုက်ခံရသော ကျွန်တောတို့သားအဖနှစ်ယောက် သာလျှင် ခွေးရူးရောဂါကာကွယ်ဆေးထိုးရမည်ဟု အောက်မေ့ခဲ့သည်။ စင်စစ်ကား ဤခွေးနှင့် ထိတွေ့သူအားလုံး ထိုးရမည်။ ထို့ကြောင့် ဗိုလ်ကြီးကြည်သား ဆက်ဆက်နှင့် သက်သက်နှစ် ယောက်ပါ ပါဝင်နေသည်။ ဆက်ဆက်က ခွေးကိုရိုက်သတ်ပြီး ကျွန်တော့်လက်အနာကို ဓာတ်ဆီ

နှင့်နယ်၍ ပတ်တီးစည်းပေးသည်။ သက်သက်က ခွေးသေကိုအမြီးက ဆွဲလာပြီး ခင်မောင်စိုးနှင့် တွင်းတူး၍ မြှုပ်ကြသည်။

သို့အတွက် ဗိုလ်ကြီးကြည် သူ့သားနှစ်ယောက်ကိုဆေးထိုးရန် အင်းစိန်တိရစ္ဆာန်ကုဆေးရုံ ကဆရာဝန်ကြီးကို ဖုန်းဆက်သောအခါ၊ သူ. . . . ကျွန်တော့်အား ညွှန်ကြားမှုလွဲပြီကိုသိရသည်။ ဆရာဝန်ကြီးက ဤတိရစ္ဆာန်ကုဌာနက လူတို့အားမကုသ။ ဘီပီအိုင်မှာ ခွေးရူးကာကွယ်ဆေး ရနိုင်သည်ဟု ပြောသည်။ ထို့ကြောင့်. . . . ဗိုလ်ကြီးကြည်သည် ဤဆေးကိုဝယ်ပြီး အင်းစိန်မီးရထား ဆေးရုံမှ သူ့မိတ်ဆွေ ဒေါက်တာတင်ဦးထံမှ သူ့သားတွေကိုထိုးစေသည်။ ကျွန်တော်တို့အား လည်း အင်းစိန်သို့လိုက်ခဲ့ကြရန် ကိုဖေသိန်းအိမ်ကဖုန်းကိုဆက်၍ခေါ်သည်။ သို့သော် ထိုအချိန် ၌ ကျွန်တော်တို့သားအဖနှစ်ယောက်သည် မြောက်ဥက္ကလာပဆေးရုံမှာ တန်းစီနေကြလေပြီ။

## နောက်တဦးတိုးလာခြင်း

ထိုသူကား ကျွန်တော့်ဇနီးမေ (ဒေါ်ခွေးချစ်)ဖြစ်တော့၏။ ထိုနေ့ညနေ ဗိုလ်ကြီးကြည်နှင့် ကျွန်တော်တို့တွေ့သောအခါ ဤခွေးသည် ယနေ့မှ စိတ်နောက်ဖောက်ပြန်သော်လည်း လွန်ခဲ့ သော ၁၀ရက်ကပင် သူ့ကိုယ်တွင် ရောဂါပိုးများ ပြန့်နှံ့ထကြွနေပြီဖြစ်သောကြောင့် ဒီ၁၀ရက် အတွင်း သည်ခွေးနှင့်တွေ့ထိသူများပါ ကာကွယ်ဆေးထိုးရမည်ဖြစ်ကြောင်း ဗိုလ်ကြီးကြည်က ဆရာဝန်ထံကသိခဲ့ရ၍ ပြောပြတော့ ဒေါ်ရွှေမေထံသို့ ဒါရိုက်ဦးတည်ချက် ဖြစ်သွားတော့၏။ အကြောင်းမှာ သူသည် အားအားရှိလျှင် ခွေး၏နှာခေါင်းကို သူ့နဖူးနမ်းစေ၍ သူကခွေး၏ နှာခေါင်းကို နမ်းလေ့ရှိ၏။ ကြောင်များနှင့်လည်း ထိုနည်းလည်းကောင်း။

''ကိုဆွေတို့လဲ နက်ဖန် မြောက်ဥက္ကလာ မသွားနဲ့တော့၊ အင်းစိန်မှာဘဲထိုး၊ မေလဲလိုက်ခဲ့''ဟု ဗိုလ်ကြီးကြည်က ပြောတော့၊ အင်းစိန်မြောက်ဥက္ကလာထက် သွားရန်ပြန်ရန် များစွာလွယ်ကူသဖြင့် ကျွန်တော်တို့သားအဖနှစ်ယောက်မှာ လွန်စွာဝမ်းသာသွားကြသည်။ သို့သော်မေကမူ သူ့မှာဘာဒဏ်ရာဒဏ်ချက်မှ မရှိဘဲနှင့် အသားအနာခံ၍ အင်းစိန်သွားပြီး မထိုးနိုင်ပါဘူး၊ နောက်မှဖြစ်ချင်ရာဖြစ်စေတော့ဟုဆို၏။

ဒီဟာမ ခေါင်းမာမှန်း ကျွန်တော်သိ၏။ သူ့အားဘယ်လိုမှခေါ်ရမည်မဟုတ်။ ထို့ကြောင့်

''ဒီမှာ ဗိုလ်ကြည်၊ ဒီဆေးကို အိမ်ယူလို့မရဘူးလား. . .''

''ရတာပေါ့၊ ကိုယ်ဝယ်ထားတာဘဲ၊ ဒါပေမယ့် ဒီမှာက ဘယ်သူထိုးမလဲ၊ နို့ပြီးဒီဆေးက အအေးသေတ္တာထဲ ထည့်ထားရတယ်. . .''

''ကိုအေးမောင်အိမ်မှာ ဖရစ်ဂျစ်ဒါရှိတယ်၊ နို့ပြီးတော့ စမ်းစမ်းတို့ ဆရာဝန်လင်မယား လေ. . .''

အားလုံးပင် ရွှင်လန်းသွားကြသည်။

ကျွန်တော်တို့မိတ်ဆွေ ကိုအေးမောင်တို့အိမ်မှာ ဗိုလ်ကြီးကြည်အိမ်မှ လှမ်းခေါ်လို့ကြား ရသည်။ ဒေါက်တာစမ်းစမ်းဆိုတာက စာရေးဆရာထင်လင်း၏သမီး။ သူ့ခင်ပွန်းလည်း ဆရာဝန် ဘဲ။ ကျွန်တော်နှင့်ပတ်သက်၍ ကျွန်တော့်အိမ်နှင့် မျက်စောင်းထိုးအိမ်မှာ ငှားရမ်းနေကြသည်။

အဆင်များပြေချင်တော့လဲ ဟုတ်လား။

နောက်တနေ့မနက်မှာ ကျွန်တော်တို့သားအဖနှင့် ဆက်ဆက်၊ သက်သက်တို့ ဗိုလ်ကြီး ကြည်ကားနှင့် လိုက်သွားပြီး အင်းစိန်မှာထိုးကြသည်။ ပြီးလျှင် ဆွေးတွေယူလာခဲ့၍ ကိုအေး မောင် ဖရစ်ဂျစ်ဒါထဲ သွားထည့်ထားလိုက်သည်။

နောက်တနေ့မနက်မှာ စမ်းစမ်းယောက်ျား ဒေါက်တာမောင်မောင်ရေးက လာပြီးထိုးပေး သည်။ ဒီလိုကိုယ့်အိမ်မှာဘဲ ကိုယ်ထိုးနေရတော့ ဒေါ်ရွှေမေကြီး မငြင်းနိုင်တော့ဘူး။

စင်စစ်တော့ ကျွန်တော်သည် သူ့ဒဏ်ကိုခံရခြင်းပင်။ ကျွန်တော် ဖော်ပြခဲ့ပြီ။ ထိုဇွန်လ ၂၉ရက်၊ စနေနေ့နံနက်က အမှန်ဆို ကျွန်တော်ဈေးသို့သွားနေကျကို ဒီနေ့တော့ မရေးတာကြာ ပြီဖြစ်တဲ့စာကို စောစောစီးစီး စရေးလိုက်မည်ဟု သူ့အားကျွန်တော့်ကိုယ်စား ဈေးကိုလွှတ်လိုက် သည်။ အကယ်၍ ကျွန်တော်ဈေးကိုသွားမည်ဆိုက သူ့ခွေးကိုကျွန်တော့်ထက်ပို၍ ယုယုယယ ပြုစုမည်ဖြစ်သောကြောင့် သူသာလျှင် အကိုက်ခံရပေမည်။ ဒီလိုဆိုတော့ ကျွန်တော် အကိုက်ခံရ တာဘဲ ဝမ်းသာမိပါသည်။

ယခုဆေးထိုးကြသည်မှာ ဆက်ဆက်၊ သက်သက်နှင့် မေတို့က အဖွဲ့ဝင်အဖြစ် ရလုံး၊ ကျွန်တော်တို့သားအဖက ခွေးကိုက်ခံရသူများမို့ တင်းပြည့် ကျပ်ပြည့်၊ ရက်ဆက် ၁၄လုံး၊ နောက်တပတ်ခြားမို့ နှစ်လုံး၊ ပေါင်း ၁၆ လုံး။

သည်လိုရက်ရှည်များစွာဆိုတော့ မလွှဲသာ မရှောင်သာ၍ ထိုးပေးနေကြသော ဒေါက်တာ မောင်မောင်ရေးနှင့် စမ်းစမ်းတို့လင်မယားကို အားနာစရာကောင်းလာသည်။ သူတို့မှာမနက်

ဖြစ်ကတတ်ဆန်း ထမင်းဟင်းကို စားသွားကြရသည်။ ညနေမိုးချုပ်မှ ပြန်ကြရသည်။ တခါတရံ နိုက်ဂျူတီကျကြသေး၏။

သည်အကြောင်း ကျွန်တော်စဉ်းစားမိတော့ ဖျတ်ကနဲကိုယ့်နဖူးကိုယ် လက်ဝါးနှင့်ရိုက်လိုက်မိသည်။ ကြည့်စမ်း၊ ကိုယ့်သားအရင်းခေါက်ခေါက် သော်သော်ကိုမေ့နေတယ်။ သော်သော်သည် ဆရာဝန်သင်တန်း နောက်ဆုံးပိုင်းရောက်နေပြီကဘဲ။ ထို့ကြောင့် စမ်းချောင်းသူ့အမေအိမ် တွင်နေသော သော်သော်ထံ အကြောင်းကြားလိုက်သည်။

ယခုဆို သော်သော် နေ့စဉ်အချိန်မှန်လာ၍ ဆေးထိုးပေးနေသည်။ ကျွန်တော့်လက်မက အနာကိုလည်း၊ အိမ်မှာပင် ဆေးဝါး ဝါဂွမ်းပတ်တီး အစုံအလင်နှင့် နေ့စဉ်ပြုစုခဲ့ရာ၊ ဆေး ရလုံးထိုးပြီး ၇ ရက်မြောက် ဇူလိုင်လ ၅ရက်နေ့၌ စာစ၍ရေးနိုင်သည်။ အနာက ပျောက်ကင်းသေးသည်တော့ မဟုတ်ပါ။ ဂွမ်းများများခံ၊ ပတ်တီးထူထူစည်းပြီး လက်မကို အသာမွေး၍ စာကိုတလုံးချင်း ရေးရပါသည်။ သူငယ်တန်းကလေး ရေးသကဲ့သို့ နှေးကွေးပါသည်။ ယခုအစကနေ၍ ဤနေရာအထိ၊ တမနက်လျှင် ၄နာရီနှုန်းဖြင့် ၅ရက်၊ နာရီ ၂၀ခန့် ရေးခဲ့ရပါသည်။ စာရေးစဉ် လက်မက ကျဉ်တင်တင် အောင့်တောင့်တောင့် နေပါသည်။ ဒီစာမူ ပြီးလျှင်တော့ နားရဦးမည်။ လဆက်မို့ နှစ်လပြတ်မခံနိုင်၍သာ ကြိုးစားရေးနေရသည်။ ယနေ့သည် ဇူလိုင်လ ၉ရက်၊ ဆေးဆယ့်တစ်လုံး ထိုးပြီးပါပြီ။ ဝမ်းဗိုက်သည် ဖူးရောင်တင်းမာပြီး အနီပြင်ကြီးဖြစ်ကာ ယားယံနေပါ၍ ဘယ်လက်က ဗိုက်ကို တရွရွကုတ်ရင်း၊ ညာလက်က တရွရွ စာရေးနေရပါသည်။

ယူဆချက်များ

ဤခွေးကိုက်ခံရခြင်းနှင့်ပတ်သက်၍ ကိုယ့်အိမ်ကခွေးက ကိုယ့်ပြန်ကိုက်တယ် ဆိုတော့ ကျွန်တော့်မှာ အင်မတန် ကံနိမ့်နေ၍ ကြမ္မာဆိုးဝင်ခြင်းဟု ပြောပါသည်။ သို့သော် ကျွန်တော်သည် ဤအဆိုးထဲမှ အကောင်းကို ထုတ်ယူလိုက်နိုင်သည်ကား. . . ယခုမိတ်ဆွေဖတ်နေ သော စာပင်။

အချို့က အိမ်ကခွေး ယင်းသို့သေသွားခြင်းသည် အိမ်သားထဲမှ တယောက်ယောက်၏ ဒဏ်ကိုခံသွားခြင်းဖြစ်သည်။ ထိုအိမ်မှာ နောက်ထပ်မကောင်းဆိုးဝါး မဖြစ်နိုင်တော့. . တဲ့။ ဒါဗမာလူမျိုးတွေအယူ။

ဘာဘဲဖြစ်နေနေ၊ မပူပင်တတ်သော ကျုပ်တို့အိမ်နီးပါးမိတ်ဆွေ ဒေါ်ကြည်စုက မူကား. . ကျွန်တော် ခွေးကိုက်ခံရတဲ့ သတင်းကြားတော့ သူလာကြည့်ပြီး သူ့မျက်နှာက ဝမ်းသာအားရ နှင့်. . .

''ဟာ. . ဒီနေ့ စနေနေ့ဘဲ၊ စနေနေ့မှာ ခွေးကိုက်ခံရရင် ထီပေါက်တတ်တယ်ဗျ၊ စနေနံက 'ထ'ထီ၊ ခွေးက တနင်းလာနံ ငွေဗျ၊ 'စနေခွေးကိုက် သိန်းဆုပိုက်'အတိတ်နဲ့ ထီတစောင်သွား ထိုးဗျာ. . . .

ဒါကို ကျုပ်မိန်းမက သဘောကျပြီး တကယ်ဘဲ ထိုးသဗျ။ အကယ်တိ ဤအတိတ်နဲ့များ ထီပေါက်နေရင်ဖြင့် ကျုပ်တို့အရပ်သားတွေ စနေနေ့တွေမှာ ကိုက်တတ်တဲ့ခွေး လိုက်ရှာနေမှာ စိုးရသေး။

အချို့ကလည်း ကျွန်တော့်မှာ ယင်းသို့ဖြစ်သည့်အတွက် ဒါနပြုခြင်း၊ ဘုန်းကြီးဆွမ်းကျွေး ခြင်းပြုသင့်သည်ဟု ပြောပါသည်။ သည်တော့မှ မကောင်းတာတွေ ပျောက်၍ အကောင်းဝင် မည်။

ယင်းကိုလည်း ကျွန်တော့်ခရစ်ယန်မက သဘောကျ၍. . .

''ဟုတ်သားပဲမောင်. . . ဇူလိုင်လ ၄ရက် မြေးကြီးမွေးနေ့နဲ့ တခါထဲ တွဲလုပ်လိုက်ပါလား၊ မောင်တို့ ဗုဒ္ဓဘာသာဘုန်းကြီးတွေလဲ ဆွမ်းကျွေးလေ၊ နေ့ခင်းမှာ မေတို့ဘစ်ရှော့လဲ အိမ်ပင့် ပြီး ဆုတောင်းမင်္ဂလာပြုခိုင်းမယ်. . .''

ဘစ်ရှော့ဆိုသည်မှာ ခရစ်ယန်ဂိုဏ်းအုပ်ဘုန်းကြီးဖြစ်ပါသည်။

ကျွန်တော့် အယူအဆတွင်လည်း ဒါနပြုခြင်းသည် ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် 'ဒါနဥ္စဓမ္မစရိယာ' မင်္ဂလာတပါး ဖြစ်ပါသောကြောင့်. . . .

''ကောင်းပြီ မင်းမြေးမွေးနေ့မှာ အုန်းနို့ခေါက်ဆွဲကျွေးမယ် စိတ်ကူးထားတယ် မဟုတ် လား၊ ဒီတော့ ဒို့ဘုန်းကြီးအတွက် ဆွမ်းသပ်သပ်ချက် မနေနဲ့တော့၊ အိမ်လဲမပင့်ဘူး၊ ဗမာဘုန်း ကြီး အိမ်ပင့်ရတာ ကရိကထများသကွ၊ ငါကိုယ်တိုင် ကျောင်းသွားပို့မယ်၊ အဲ. . . မင်းတို့ ခရစ်ယန် တော့ မင်းတို့ထုံးစံအတိုင်း လုပ်ကြပေရော့. .''

ထို့ကြောင့် ဇူလိုင် ၄ ရက်နေ့မှာ အုန်းနို့ခေါက်ဆွဲအချိန်တဆယ်ကို အိမ်နီးနားချင်းများ လည်း ကျွေးသည်။ မနက်ပိုင်းမှာ ဘုန်းကြီးကျောင်းလည်း ကျွန်တော်သွားပို့သည်။ နေ့ခင်းပိုင်း မှာ

သူတို့ဘုန်းကြီး ဘစ်ရှော့နှင့် တပည့်တပန်းများ ရောက်လာကြကာ စားသောက်ပြီးတဲ့နောက် ဓမ္မသီချင်းများ သီဆိုကြပါသည်။ ပြီးလျှင် ဘစ်ရှော့က တရားအနည်းငယ်ဟောပါသည်။

အဓိပ္ပာယ် အတိုချုပ်မှာ. . .

ကလေးသူငယ်ကဲ့သို့သော သူကိုကောင်းကင် နိုင်ငံတော်က လက်ခံ၏။

ကလေးသူငယ်တို့မည်သည် မကောင်းမှုကိုမပြု။ အမုန်းတရားမရှိ။ ချစ်ခြင်းကိုသာ သူသိ၏။ (နို့စို့ရွယ်လောက်ကို ဆိုပါလိမ့်မည်။)

ဤကဲ့သို့သော သဘောတရားရှိသူအား ကောင်းကင်ဘုံက တံခါးဖွင့်ထားပါ၏။

ထို့နောက် ကျွန်တော်တို့အိမ်သို့ ကောင်းချီးမင်္ဂလာပြုပါရန်၊ ဘုရားသခင်ထံ ဆုမွန်တောင်းပါသည်။

''အာမင်''

ဆုတောင်းဆုံးသောအခါ၊ သူတို့ခရစ်ယန် ထုံးစံအတိုင်း အားလုံး တပြိုင်တည်းဆိုလိုက်ကြရသည်။

ကဲ. . . စာရှုသူများခင်ဗျာ. . .၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာနှင့် ခရစ်ယန် လင်မယားနှစ်ယောက် သည် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာသော ကောင်းမှုကိုပြုလိုက်ကြပါပြီ၊ 'သာဓု'ခေါ်လိုခေါ်၊ 'အာမင်'ဟုဆိုလိုသူ ဆိုကြပါကုန်။

ဗုဒ္ဓဘာသာသည် ဗုဒ္ဓဘာသာအမှုကို ပြုရလျှင် စိတ်ချမ်းသာသည်။

ခရစ်ယန်သည် ခရစ်ယန်အမှုကိုပြုရလျှင် စိတ်ချမ်းသာသည်။

မိုဟာမေဒင်သည် မိုဟာမေဒင်အမှုကိုပြုရလျှင် စိတ်ချမ်းသာသည်။

ဤကား ဘုရား တရား၏ ဂုဏ်ကျေးဇူးပေတည်း။

ဘာသာကိုးကွယ်သူတို့၏ သုခပေတည်း။

## ခွေးကိုက်ခံရခြင်း

'ခွေးရူးကိုက်သော် ကုရန်မခက်၊ ခါးအထက်ကို ချက်နှင့်တိုင်းကာ အောက်ပင့်ခွာလျက်' (ဘာအဓိပ္ပာယ်မှန်းလဲမသိ) ဤကဗျာကို ဤမျှသာဖော်ပြပြီး၊ ဤအရေးအသားသည် 'ခ' ခွေး အက္ခရာများထပ်၍ ဂမ္ဘီရဆန်ဆန် ပါသည်ဟု ကဗျာသင်ခန်းစာတွင် သင်ကြားခဲ့ရပါသည်။

ဟော. . . . ယခု ကျွန်တော့်မှာ တကယ်ခွေးရူးကိုက်ခံရတော့၊ အင်္ဂလိပ်ဆေးကလဲ ဤကဗျာ နှင့် ခပ်ဆင်ဆင်ဘဲ။ ခါး၏အထက်၊ ချက်၏ပတ်လည်မှာ ရက်ဆက် ၁၄လုံး၊ တပတ်ခြား ၂လုံး၊ ပေါင်း ၁၆လုံး ထိုးရရာ၊ မနေ့က ၂၆ရက် ဇူလိုင်တွင် နောက်ဆုံးအလုံးထိုးပြီးခဲ့ပြီ။ ဝမ်းဗိုက်တွင် အကျိတ်အဖုများဖြစ်၍ နီရဲယားယံနေ၏။ လက်မ,က ခွေးကိုက်ဒဏ်ရာလည်း အကင်းမသေ သေး။ လက်သည်းခွံအရင်းက ညိုမဲလျက်၊ ထုံကျဉ်နေ၍ ဖောင်တိန်ကို မဖိနိုင်သေးပါ။ ဝါဂွမ်း ထူထူခံ၊ ပတ်တီးစည်း၍ ဤစာကိုရေးရ၏။

ကျွန်တော့်မှာ ဝမ်းကိုက်နှင့် ခွေးကိုက်နှစ်ခု ဆက်လိုက်သဖြင့် တလစာရေးပျက်ခဲ့သည်။ ဩဂုတ်လတွင် ပါခဲ့သော ကျွန်တော့်ဘဝဇာတ်ကြောင်း (၂၂)သည်လည်း (၂၁)နှင့်အကြောင်း အရာမဆက်။ အရေးပေါ်သီးသန့်ဖြစ်သွား၏။ ယခုမှဆက်ရပါမည်။ ဤစဉ်က ရေးခဲ့သည်မှာ ဘီသုံးလုံးကုမ္ပဏီ ကိုဘခန့်က ကိုထွန်းဝေကို ပထမဦးဆုံး မင်းသားသစ်တင်ခဲ့သည့်အကြောင်း။

## အနုပညာသည်၏ အရည်အသွေး

စာရေးဆရာများသည်လည်းကောင်း၊ ရုပ်ရှင်ဇာတ်လိုက်များသည် လည်းကောင်း၊ ဒါရိုက်တာများသည်လည်းကောင်း၊ အဆိုတော်များသည်လည်းကောင်း၊ တကယ်စွံမည့်သူသည် စကတည်းက တပုဒ်တည်း၊ တကားတည်းနှင့် လျှမ်းလျှမ်းတောက်သွား၏။ စကတည်းက သမန် ကာ ရှန်ကာဆိုလျှင် နောင်လဲ ဒီလိုဘဲ သမန်ကာရှန်ကာ ဖြစ်သွားတော့၏။

သက္ကရာဇ်ကိုဖြင့် မမှတ်မိတော့ပြီ။ တခုသော နံနက်ခင်း၌ ကျွန်တော်သည် ကျောက်မြောင်းရှိ ဆရာသုခ၏အိမ်သို့ အလည်ရောက်နေစဉ်၊ အမာစိန်နှင့် ကိုမောင်မောင်အေး တို့ လင်မယားလည်း ရောက်လာကြပြီး၊ ဆရာသုခအား အမာစိန်ကို ရုပ်ရှင်မင်းသမီးတင်ရိုက် ရန် ပြော၏။ ထိုအချိန်၌ အမာစိန်သည် ရုပ်ရှင်တကားရိုက်ဖူးပြီ။ သို့သော် မအောင်မြင်၊ သာမန် ထဲ ရောက်နေ၏။ ထို့ကြောင့် ဆရာသုခက. . .

''ရုပ်ရှင်မင်းသားမင်းသမီးဟာ ပထမဦးဆုံးတကားမှာ အရေးအကြီးဆုံးဘဲကွ၊ ဒေါင်ကနဲ လွှတ်ရင် ထိပ်ကပြေးမှ၊ ညည်းမန္တလေးမှာ အငြိမ့်ကနေစဉ်တုန်းကဘဲက ရုပ်ရှင်မင်းသမီး လုပ်မယ်စိတ်ကူးရင် ငါ့ဆီလာခဲ့လို့ပြောခဲ့တယ်မဟုတ်လား''

အမာစိန်သည် မျက်ငယ်လေးနှင့်. . .

''ဟုတ်ပါတယ် ဆရာ''

''အေး. . . ခုတော့ ညည်းငါ့ဆီလာတာ မိုးလွန်မှထွန်ချသလိုဖြစ်နေပြီ၊ သည့်ပြင်ဒါရိုက်တာနဲ့ တကားရိုက်ပြီးပြီ၊ မဟန်ဘူး၊ အဲဒါဟာ နောင်အတွက် မလွယ်တော့ဘူးကွ၊ ရုပ်ရှင်မှာ ရှေးဦး ဆုံးကား စွံဘို့ဟာ အင်မတန် အရေးကြီးတာ၊ စထွက်ကထဲက အီရော အီရောဆိုရင် နောက်လဲ အီရော အီရောဘဲဟေ့''

ဆရာသုခစကားမှန်လှသည်။ ယခုထိပ်တန်းရောက်နေကြသော မင်းသားမင်းသမီးတို့မှာ ပထမဦးဆုံးကား ကတည်းက ထူးချွန်လာသူများသာ ဖြစ်ကြသည်။ ဆရာသုခ ကိုယ်တိုင်လည်း ဒါရိုက်တာအဖြစ်နှင့် သူ၏ပထမဦးဆုံးကား 'ဂုဏ်ရည်မတူ'ကတည်းက 'မယ်သုံပေါက်စီ၊ ပေါက်စီ မယ်သုံ'နှင့် သောသောညံ၍လာခဲ့သူဖြစ်သည်။

ကျွန်တော်နှင့် ရင်းနှီးသူများအကြောင်း ပြောရလျှင် သာဓုနှင့် ဝဏ္ဏသားအဖသည် ပထမ ဦးဆုံးကားတွင် အကယ်ဒမီရကြသူများဖြစ်သည်။ ရှုမဝဦးကျော်မူ 'ရွှေရင်သိမ်းသစ်'၌ အကယ်ဒမီ မရသော်လည်း၊ မေနွဲ့ဇာတ်ရံဆုရခဲ့သည်။ ဒါရိုက်တာသစ် တယောက်အနေနှင့်အများတကာ ချီးမွမ်းခံရသူဖြစ်သည်။ ရုပ်ရှင်မင်းသားသစ်၊ မင်းသမီးသစ် မွေးထုတ်ရာ၌ ရဲရင့်အောင်မြင့်သူဖြစ် သည်။ ယခုဖခင်လက်ရာ ဆက်ခံရသော သားကလေးမောင်ဆွေတင့်သည် အထူးကြိုးစားလျက် ရှိပေသည်။ ရှေ့ဦးဆုံးကားသည် အလွန်အရေးကြီးလှဘိ၏။ မောင်ဆွေတင့်. . .။

ဖွန်လ ရှုမဝတုန်းက ကျွန်တော်ဖော်ပြခဲ့သည့် ကိုဘခန့်သည် သူ'ဗိုလ်မြဒင်'ကားမှာ ကိုထွန်းဝေကို စွတ်ရွတ်ပြီး မင်းသားတင်လိုက်ရာ ကိုထွန်းဝေမှာ ဤတကားတည်းနှင့် အကယ်ဒမီ ရ၏။ လျှမ်းလျှမ်းတောက်သွား၏။ ဗိုလ်မြဒင်မှာ သာဓု၏လက်သံနှင့် ထွန်းဝေ၏လက်သံသည် အင်မတန် ကိုက်ညီသွားသည်။ ဤကားမှာ မှန်းဆသည်ထက် အောင်မြင်သွားသည်။ ဝင်ငွေမှာ မြော်လင့်သည်ထက် ရလေရာ ကိုဘခန့်၏ဘီသုံးလုံးကုမ္ပဏီ ထောင်တက်သွားလေတော့သည်။ ထိုအခါ ကိုဘခန့်ကြီးသည် မော်မဆုံး၊ ပျော်တပြုံးပြုံးဖြစ်လျက်၊ သူ၏ ဒုတိယကားအဖြစ် ကျွန်တော်၏ ဘွဲ့တွေကြက်သူခိုး ဝတ္ထုကို ရိုက်မည်ဟုပြောတော့၊ ကျွန်တော်အံ့အားသင့်ရသည်။ ဤဝတ္ထုမှာ အများအားဖြင့် ပြနေကြသော ရုပ်ရှင်များလို ကောင်မလေးနှင့်ကောင်လေးချစ်ခန်း

ကြိုက်ခန်းလည်းမပါ၊ ကျေးတောသား တက်ပုတို့ လင်မယားနှင့် သူ့ယောက္ခမကြီး ရန်ဖြစ်နေကြသည်သာဖြစ်သည်။ ထို့ကြောင့်ကျွန်တော်က. . .

''ကိုဘခန့်ရဲ့ ဒီဝတ္ထု ရုပ်ရှင်ရိုက်လို့ ဖြစ်ပါ့မလားဗျ''

ကိုဘခန့်သည် ဆုံးဖြတ်ချက် ရဲရင့်ပြတ်သားသူဖြစ်သည်။

''ဖြစ်ပါတယ်ဗျ၊ ခုပြနေကြတဲ့ ဇာတ်ကားတွေနဲ့ မတူဘူး၊ တမျိုးတဘာသာ လာရမယ်၊ ဒီတော့ ဇာတ်ညွှန်းပါ ကိုဆွေခွဲပေးဗျာ''

ထိုအချိန်က ပေါက်ဈေးမှာ ဝတ္ထုချည်း ငွေ ၃၀၀ဝိ၊ ဇာတ်ညွှန်း ၂၀၀ဝိ၊ ကျွန်တော်သည် စာရေးဆရာအဖြစ်မှ ဤမျှငွေကို မရခဲ့သေးဘူးပေရာ၊ ငါးထောင်ကြီးသောငွေကို လိုချင်သည် ဖြစ်၍ ဝမ်းသာအားရဘဲ သဘောတူလိုက်၏။

''ကောင်းပါပြီဗျာ၊ ဒါရိုက်တာ ဘယ်သူ့ရိုက်ခိုင်းမလဲ''

''ဦးချင်းစိန်ဘဲ''

''ဒါဖြင့် အရင်ဗိုလ်မြဒင်တုန်းက ဆရာချင်းရဲ့ ရိုက်ကွက်ဇာတ်ညွှန်းအတိုအစတွေ ကိုဘခန့်ဆီ ရှိမှာပေါ့''

''ရှိပါတယ်''

''ဒါဖြင့် အဲဒါတွေယူခဲ့ဗျာ၊ သူ့ပုံစံကျွန်တော် ကြည့်ရေးပေးမယ်''

စင်စစ် ဇာတ်ညွှန်းရေးရသည်က ပုံစံရှိနေ၍ မခက်ပါပေ။ ခက်သည်က. . .။

စာရေးရာ၌ ခံစားမှုစိတ်အာရုံ

ကျွန်တော် ဤဘွန္တောကြက်သူခိုး ဝတ္ထုရေးရာ၌ စိတ်အာရုံခံစားမှု အပြည့်အဝရှိသည်။ ၁၉၅၃ခုနှစ်၊ မိုးရာသီ၌ ကျွန်တော်ရွာသို့ ပြန်သွားစဉ် နံနက် ၄နာရီခန့်၌. . .

''မနုဿတ္တ၊ ဒုလ္လဘသည်၊ ရခဲဘိခြင်း၊ ရစဉ်တွင်းဝယ်၊ အရင်းမပျက်၊ အမြတ်ထွက်အောင်၊ ဆောင်ရွက်ကြလော့၊ ဒါနကိုပြု၊ သီလိုက်စုကာ၊ ဘာဝနာကို စီးဖြန်းပါမှ၊ သံသရာ ဤစခန်းက၊ လွတ်လမ်းကိုမြင်တော့သည်။

သံပြိုင် 'ဘွဲ့တော် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ . . .'

ကျေးရွာထုံးစံ ဝါတွင်းကာလ နံနက်စောစော၌ ဤသို့သော နိဗ္ဗာန်ဆော်သံကိုကြားတော့ ကျွန်တော့်ခေါင်းထဲမှာ ထိုဝတ္ထုစ၍ ပဋိသန္ဓေတည်တော့၏။

တောရွာက ကာလသား လူပွေလူလည်တို့သည် ဤသို့နိဗ္ဗာန်ဆော်ထွက်ရင်း ကြက်ဝင်ခိုးတတ်၏။ ယင်းကို အစဦးအခြေခံ၍ ဇာတ်လမ်းကို တွေးတောဖန်တီးလိုက်သည်။

## ဇာတ်ကောင်များကား

ကျွန်တော် ဤမိုးတွင်းကြီး၌ ရွာသို့ပြန်ခဲ့သည်မှာ ယောက္ခမကြီးနှင့် ထုံးစံအတိုင်း ရန်ဖြစ်ခဲ့လို့ဖြစ်၏။ ထို့ကြောင့် 'ဖြူပြာမှုလကျီ'ဝတ္ထုတိုကစပြီး ဇာတ်ကောင်ဖန်တီးထားသော တက်ပု၊ မနော်၊ သားဟစ်တလုံးနှင့် ယောက္ခမတို့ကို ဖော်ထုတ်လိုက်၏။ နောက်ထပ် အသစ်ဖြည့် သည်ကား၊ ကျွန်တော့်ရည်းစား နှစ်ယောက်။ ထိုစဉ်က သူနာပြုဆရာမ 'ခိုင်'နှင့် မန္တလေးမခင်နီ။ သူ့ကို 'အရီ'လုပ်လိုက်မည်။ တောမြို့သူကလေး ထိုစဉ်ကထုတ်ခဲ့သော ဘွဲ့တော်ကြက်သူခိုး ဝတ္ထု ကျောဘက်အဖုံးမှာ သူ့ဓာတ်ပုံကို ဦးအုန်းလွင်အား ကြည့်ဆွဲစေခဲ့ခြင်းဖြစ်၏။ ဓာတ်ပုံထဲမှာ အလွန်လှတဲ့ ကောင်မလေး။ (ခုတော့ သေလေလား၊ ရှိသေးရဲ့လားမသိ။)

စာရေးစဉ်၌ စိတ်က ဤရည်းစားဆီရောက်နေ၍ အင်မတန်ရေးကောင်းသည်။ ကျွန်တော် စာရေးကောင်းလျှင် ကဗျာဖြစ်သွားတတ်သည်။

ညနေဆီ နေခြည်လျှပ်ရင်ဖြင့်

မရွှေရီ ကေသီနတ်ရယ်က

ရေကြည်ခပ်ရန်တဲ့ လာခဲ့ပြီ။

အလှထူးပါဘိ

မြဖူးမှာ ရွှေစာရံသို့

နေဝါလျှံ ကြည်ကြည်လဲ့တွင်ဖြင့်

ကိုယ်မူဟန် သီသီနွဲ့ငယ်နှင့်

ချစ်ဖွယ်ငေါ်ရီ။

ဇာတ်ကွက်နှင့် ဆီလျော်အောင် ယင်းသို့သူ့အလုကိုဖွဲ့ခဲ့သည်။ သမီးရည်းစားအချစ် သည် လူ၌အင်အားအကောင်းဆုံးဖြစ်ပေရာ၊ ထိုစိတ်ကို အသုံးချရလျှင် လုပ်ငန်းတွင်ကျယ်လှ သည်။ သူ့ကို တက်ပုမိတ်ဆွေ၊ မြို့သူအပျိုချောကလေးနေရာ ထားပြီး 'ခိုင်'ကိုတော့ တက်ပု (ကျွန်တော့်)မယားနေရာ ထားလိုက်သည်။ ထားရပုံကား ယောက္ခမကြီး ခလောက်ဆန်၍ တက်ပု တို့လင်မယား ကွဲသွားရသောအခါ ဝတ္ထုစာသားမှာ. . .

''ဟယ်. . . ကွာမယ် ကွာမယ်ဆိုတုန်းက မတားကြတာက အရပ်က၊ တကယ့်တကယ်ကွာပြီ လို့ လွမ်းရတာက ငါပါလားဟဲ့၊ ဟင် ဒါဘယ်သူတွေက လွန်ကြတာလဲ၊ တကယ်ဆို 'မလျော်ပါ ဘူး မောင်တက်ပုရယ်၊ မနော်ရယ်'လို့ ဝိုင်းတားကြပါတော့တဲကလား၊ ခုတော့ သူတို့မှာ ပါးစပ် အပ်နဲ့ချုပ်ထားသလိုမြဲလို့၊ အရပ်အားကိုးလို့ဖြင့် ဘယ်တော့မှ မဟန်ပါဘူးလေ''

လွမ်းပြီဗျူ၊ လွမ်းပြီ။

ကျွန်တော့်မယား မျက်လုံးရွဲရွဲ နှာတံပေါ်ပေါ်လေးကိုတွေးပြီး လွမ်းရတယ်။ သူတခါ တလေ စိတ်ကောက်ပြီဆိုမှဖြင့် 'ဟင့်ဟင့်'ဆိုပြီး ခြေဆောင့်တတ်တဲ့ သူ့ပေါင်တံရှည်ရှည်၊ ခြေသလုံးကက်ကက်ကလေးကိုတွေးပြီး လွမ်းရတယ်။ (ဤကား 'ခိုင်'၏ပုံသဏ္ဌာန်ပင်)

''အမယ်လေး မငွေမြိုင်ရယ်'' ကျွန်တော့်မယားက ခြေထိုး ခြေဆောင့်ကောင်းလို့ ဇာတ် မင်းသမီးကြီး မငွေမြိုင်လို့လဲ ကျွန်တော်က ချစ်စနိုးခေါ်တယ်။ ငါတော့ လွမ်းတာနဲ့သေရတော့ မယ်မြိုင်ရယ်။

ယင်းသို့ ခိုင်ကို မြိုင်လုပ်လိုက်ရ၏။

အနှီလို ချစ်သူရည်းစားများကို ချော့မြူပြီးနောက် ယောက္ခမကြီးကိုလည်း စိတ်ထဲ အခဲ မကျေသည်နှင့်. . .

အို . . ယောက္ခမကြီး၊ ယောက္ခမကြီး၊ အသင်သာ သမီးနှင့် သမက်ကြား ဝင်မရှုပ်ငြားက၊ ငါတို့လင်မယား ကွဲကြမည်မဟုတ်ပါတကား။ လင်နှင့်မယား လျှာနှင့်သွားမို့ ဖြစ်ပြီးခဏ ပြန်လို့ တည့်ကြမည် မဟုတ်ပါကလား။

ခုတော့ ယောက္ခမကြားဝင်ရှုပ်လို့ ဗရုတ်ဗယက် ကွဲသွားကြရတယ်၊ ယောက္ခမကြားဝင် တောလို့ ဒရောသောပါး ကွဲကြရတယ်၊ ယောက္ခမ ကြားဝင်အူလို့ ငြူငြူစူစူဖြစ်သွားကြရတယ်၊ ယောက္ခမ ကြားဝင်ဟောင်လို့ မောင်နဲ့မယ်နဲ့ ဝေးကြရတယ်။ လောက၌ ယောက္ခမတို့သည် ကြောက်စရာ့သတ္တဝါမျိုးတွေပါတကား။ ဤကမ္ဘာမြေဝယ် ယောက္ခမတို့သည် မရှိအပ်။ သမီးများ အပျိုဖြစ်၍ လင်ယူတော့မည်ဆိုလျှင် သင်းတို့ကို သတ်ပစ်ဘို့ကောင်းသည်တကား။ သင်းတို့ကို သမီးချောချောမေါးပေးဘို့ သက်သက်သာ အသုံးချဘို့ကောင်းသည်တကား။ သမီးလင်ရပြီဆို လျှင် သင်းတို့အား လူ့ပြည်မှ ထွက်ခွာသွားကြစေကုန်သတည်း။

. . . ဟူ၍ ယောက္ခမကြီးအား ရည်ညွှန်းဆော်ထည့်ခဲ့၏။

အချစ်နှင့်အမုန်းသည် အင်အားချင်းမတူဘဲဖြစ်ရကား၊ ဤစိတ်ကို အသုံးချခြင်းအားဖြင့် စာရေးရာမှာ ကျွန်တော်ပျော်လှသည်။ ညောင်းသည်၊ ညာသည်၊ ပင်ပန်းသည် (ရေးနေစဉ်မှာ) မသိ၊ မရှိ။ ကိုယ့်စိတ်ကူးယဉ်အာရုံကို ခံစားနေရသည်မှာ လွန်စွာအရသာရှိပါဘိ။

ဟောဗျ။ သည်ဝတ္ထုကို ယခုပြန်လည်၍ ကျွန်တော်ဇာတ်ညွှန်းရေးရမယ်ဆိုတော့ ကျွန်တော် လှလှကြီး ဒုက္ခရောက်ပါရောလား။ ရေးချင်စိတ်မရှိဘူး။ အာရုံခံစားမှု မရှိတော့ဘူး။

စင်စစ် ဝတ္ထုတပုဒ်ကို ရုပ်ရှင်ဇာတ်ညွှန်းရေးတော့မည်ဆိုလျှင် မူလဝတ္ထုကိုဖျက်ပြီး ပြန်ရေးရခြင်းဘဲဖြစ်၏။ ဝါကျလှလှရေးဘို့မလို။ စာကိုဖွဲ့နွဲ့ရန် အကြောင်းမရှိ။

မည်သူက မည်သို့မျက်နှာနှင့်ခြေဆောင့်၍ လက်မောင်းတန်း၍ မည်သည့်စကားကိုပြော ဟု စကားပြောကိုသာ တိကျပြတ်သားစွာ ရေးပေးရသည်။

စင်စစ်ကား စာရေးဆရာ စာရေးသည်မှာ ဇာတ်လမ်းအသစ်အဆန်းကို စိတ်ကူးပြီး၊ ဇာတ်ကောင်တွေကို ကိုယ်စား၊ ကိုယ်ပွားအာရုံခံစားပြီး ရေးခြင်းဖြစ်သည်။

ယခု ဇာတ်ညွှန်းရေးရသောအခါ၌ ဝတ္ထုသည် မရေးမီနှင့် ရေးစဉ်တုန်းကသာ ကျွန်တော့် စိတ်အာရုံမှာ အသစ်အဆန်းဖြစ်၍ ရေးပြီးနောက်တွင်ကား မသစ်ဆန်းတော့ပါပြီ။ ကိုယ့်ဟာကို ပြန်မဖတ်ချင်တော့ပြီ။ နို့ပြီး ဤဇာတ်ကားမှာ ပါဝင်ကြမည့် မင်းသားဖိုးပါကြီး၊ မင်းသမီး ရွှေစင်မေ၊ မြမြရီတို့လည်း ကျွန်တော်၏ ကိုယ်ပွားကိုယ်စားအဖြစ် အာရုံခံစား၍မရပါ။

ထို့ကြောင့် ကျွန်တော်ဇာတ်ညွှန်းရေးရသည်မှာ အနုပညာသည်၏ ရသမြောက်စာပေကို ရေးသားခြင်းမဟုတ်တော့ဘဲ၊ ငွေလို၍ မိမိကိုယ်မိမိ အတင်းခိုင်းစေခြင်းဖြစ်ရကား များစွာပင်ပန်း လှပါ၏။ ငြီးငွေ့လှပါ၏။ ထို့အတွက် နောက်နောက်တွင် ကျွန်တော်ဇာတ်ညွှန်းမရေးတော့ဘဲ ဝတ္ထုခသာ ယူတော့၏။ ငွေလိုချင်၍တော့ ကိုယ့်ကိုယ်ကို အတင်းခိုင်းစေသောအမှု မပြုတော့ပြီ။

စင်စစ်ကျွန်တော်စာရေးနေသည်မှာ ငွေလိုချင်လို့ အဓိကမဟုတ်ဖဲ၊ စိတ်ကူးနေရတာ၊ ရေးနေရတာ အရသာရှိလို့ဘဲဖြစ်ပါ၏။

ရုပ်ရှင်နှင့် ပတ်သက်၍လည်း ကျွန်တော့်ကိုယ် ကျွန်တော်စိစစ်ကြည့်သည်။ ကျွန်တော် ဇာတ်ညွှန်းမရေးချင်ပါ။ ဒါရိုက်တာ မလုပ်ချင်ပါ။ အဲ. . . သရုပ်ဆောင် ဇာတ်ကောင်တော့ လုပ်ချင် ၏။

ကျွန်တော်သည် ဇာတ်ညွှန်းရေးချင်မည်၊ ဒါရိုက်တာလုပ်ချင်မည်ဆိုလျှင် ဖြစ်နိုင်သော အခွင့်အရေးတွေ များစွာရှိခဲ့ပါ၏။ ကျွန်တော့်ကို ငွေတွေပုံအပ်မည့်သူတွေ ရှိပါ၏။ ကျွန်တော့် တွင် ငွေချမ်းသာတဲ့ မိတ်ဆွေတွေ ရှိနေတာဘဲ။ သို့သော် ကျွန်တော်မလုပ်ချင်။ ဇာတ်ညွှန်း ဘာကြောင့် မရေးချင်သနည်းကိုတော့ ဖော်ပြပြီးပြီ။ ဒါရိုက်တာ ဘာကြောင့်မလုပ်ချင်သနည်း ကား၊ ကျွန်တော့်မှာ ဒါရိုက်တာ လုပ်နိုင်လောက်အောင် စိတ်မရှည်ပါ။ သည်းမခံနိုင်ပါ။ မချော့ မော့နိုင်ပါ။ အောက်မကျို့နိုင်ပါ။

ဝတ္ထုတပုဒ်ထဲတွင် ဇာတ်ကောင်တွေ ဘယ်လောက်ထည့်ထည့် ကျွန်တော်တယောက် တည်း စာပွဲတလုံးမှာထိုင်ပြီး ဒင်းတို့အား ခိုင်းလိုရာခိုင်း၊ စေလိုရာစေ၊ ပို့ချင်တဲ့အရပ်ပို့၊ သေဆို သေ၊ ရှင်ဆိုရှင်၊ မီးကိုသေလို့။

ရုပ်ရှင်ဒါရိုက်တာအလုပ်ကတော့ ဒီလိုဟုတ်ပေါင်ဗျာ။ တကယ်လူတွေကို အသံဘက်က ရော၊ မီးဘက်ကရော၊ ဆက်တင်ဘက်ကရော၊ ရှုခင်းဘက်ကရော၊ ဟာ. . . နည်းပါဘူးဗျာ၊ ကိုယ်တာဝန်ယူပြီး လုပ်ရတဲ့အလုပ်တွေ။ အခုသည်အလုပ်အကြောင်းသည်မျှ ရေးပြရတာဘဲ၊ ကျွန်တော်ပင်ပန်းလာတယ်။ တော်ပြီ။

စာရေးဆရာအလုပ်သည် တကိုယ်တော်အလုပ်။ ဒါရိုက်တာအလုပ်က အများကောင်းမှ အလောင်းလှသဗျ။

ရုပ်ရှင်အလုပ်သည် သိန်းချီရင်း၍ သိန်းချီမြတ်နိုင် ရှုံးနိုင်ပါ၏။ သို့သော် ရုပ်ရှင်ဇာတ် ကားတခုကို ကျွန်တော်သည် ဝတ္ထုတပုဒ် စာတအုပ်လောက် တန်ဘိုးမထားပါ။ အဘယ်ကြောင့်

ဆိုသော် ဆရာသုခကိုယ်တိုင် ဟိုတနေ့က ကျွန်တော့်အိမ် ရောက်လာပြီး ''ဟော့ကောင်၊ မင်းဘဝ ဇာတ်ကြောင်း ပထမအုပ်၊ ဒုတိယအုပ်၊ တတိယအုပ် ပေးစမ်းကွာ''ဆို၍ ကျွန်တော်ချက်ခြင်းဘဲ ယူပေးလိုက်နိုင်ပါ၏။

ကဲ. . . ကျွန်တော်က အခု ''ဆရာရဲ့ ဂုဏ်ရည်တွေ ကားနဲ့ဘဝသံသရာ ဇာတ်ကားကြည့်ချင် ပါတယ်''ဆိုလျှင် ဒင်းပြနိုင်ပါမလား။ ရုပ်ရှင်ဆိုတာက ကောက်ရိုးမီး။ ပြီးပြီးပျောက်ပျောက် ဟာမျိုးပါ။

ဒါပေမယ့် ကျွန်တော် ရုပ်ရှင်ဇာတ်ဆောင်တော့ လုပ်ချင်သဗျ။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ဝါသနာဘဲ ပြောရမှာဘဲ။ ကျွန်တော်ငယ်စဉ် လူပျိုပေါက်က ရုပ်ရှင်မင်းသား ဖြစ်ချင်ခဲ့ ကြောင်းကို ဖော်ပြခဲ့ပါပြီ။ မဖြစ်ခဲ့။ သို့သော်အသက်ကြီး၍ စာရေးဆရာဖြစ်ပြီးတော့မှ ရုပ်ရှင်ထဲ ပါဝင်ခွင့်ရတော့သည်။

## ကျွန်တော်နှင့်ရုပ်ရှင်

ကျွန်တော် ပထမဦးဆုံး ပါခဲ့သောကားမှာ အသံတိတ်၊ ယျလေးလုံး ဇာတ်ကားဖြစ်ပါ သည်။ ရွှေမြင့်မိုရ် ကုမ္ပဏီ၊ ဒါရိုက်တာဦးဘရှင်၊ မင်းသားသစ် (ဤတကားထဲရိုက်ရသည်) ခင်မောင်သောင်း၊ မင်းသမီး မေနု၊ ၁၉၄၉ ခုနှစ်လောက်က ထင်ပါသည်။ ထိုစဉ်၌ ဦးဘရှင်သည် မြေနီကုန်း မဟာမြိုင်လမ်းတွင်နေ၍ ကျွန်တော့်အိမ်နှင့်နီးသဖြင့် ကျွန်တော်တို့ပုလင်းတူ ဖန်ခွက် ချင်း အင်မတန်ရင်းနှီးကြ၏။ ထိုစဉ်မှာပင် ကျွန်တော်သည် ဒါရိုက်တာလုပ်ရကောင်းနိုး သူရုပ်ရှင် ရိုက်ရာ လိုက်လေ့လာပါသည်။

တနေ့သ၌တော့ ရွှေမြင့်မိုရ်ခြံထဲတွင် ဦးဘရှင်က ''ကိုဆွေတခန်းပါဗျာ''ဆို၍ ကျွန်တော် ဖိုးပါချင်မှာ ပါလိုက်ရပါသည်။ ဘုရင့်သမီးတော် ကြင်ယာရွေးပွဲ၌ ခုနှစ်ပြည်ထောင် မင်းသားများ ကြွရောက်လာခြင်းဖြစ်ပေရာ ကြယ်နီ၊ သန်းနွဲ့၊ မြင့်ဖေ၊ ချစ်မောင်၊ သောကြာ၊ ကျွန်တော်ပေါ့ ခင်ဗျာ၊ ဟာသခန်း။

ဒီဇာတ်ကားပြလို့ ကိုယ့်ရုပ်ကိုယ်ကြည့်မိတော့ စိတ်ပျက်လိုက်၊ ရှက်လိုက်တာဗျာ။ ကျွန်တော်တို့နေရာက လူရွှင်တော်ခန်း။ ဟိုလူတွေကတော့ ပြဇာတ်က,နေကျ၊ ရုပ်ရှင်ရိုက်နေကျ လူရွှင်တော်တွေဘဲဗျ။ ပရိသတ်ရယ်အောင် လုပ်တတ်ကြတာဘဲ။ ကျွန်တော့်မတော့ စန္ဒကူမှာ မင်းသော်တာ ဆိုတဲ့စာတမ်းကြီးနဲ့ ထွက်လာပါတယ်။ ပုဆိုးတောင်ရှည်၊ ထိုင်မသိမ်းအင်္ကျီ၊ လည်ပင်းပုတီးကြီးနဲ့၊ နားမှာ စီးကရက်ဗူးက ကုလားရွှေတွေ နားတောင်းပန်လို့၊ ခေါင်းက

အဝတ်စတခုကို ပတ်တီးလိုစည်းပြီး၊ ယပ်တောင်ကို ခေါင်းပေါင်းစ လုပ်ထားသဗျ။ မျက်နှာကြီးက လဲ မအီမလယ်ကြီးနဲ့။

အဲဒီအခန်း ရိုက်စဉ်တုန်းက ကျွန်တော်ဟာ ရဲဆေးရယ်လို့ တင်ထားတာ တော်တော်ဘဲ မူးနေတယ်။ ဦးဘရှင်ဟာ ကင်မရာနံဘေးနားက ရယ်ပြီး ဝါးခြမ်းတချောင်း ထောင်ပြရင်း. . . .

''ကိုဆွေ၊ ဟောဒီဝါးခြမ်းပြတာ မင်းသမီးဘဲဗျ။ ဒါကိုကြည့်ပြီးတော့ ငမ်းတဲ့အမူအရာ လုပ်ပါ''

ရုပ်ရှင်ကင်မရာရှေ့မှာ ပထမဦးဆုံး မတ်တတ်ရပ်ဖူးတဲ့ အကောင်၊ ကျွန်တော်ဘာလုပ် တတ်မည်နည်း။ လူမှာ မရှုနိုင်၊ မကယ်နိုင်၊ မအီမလယ်ကြီးသာ ဖြစ်နေတာပေါ့။

စင်စစ် ဤအလုပ်မျိုးသည် လွန်စွာအလေ့အကျင့် လိုပါ၏။ Stage Fright ခေါ် ဇာတ်ခုံပေါ်၌ ကြောက်ရွံ့ခြင်း၊ Audience Fright ဟောပြောပွဲ၌ လူထုကို ကြောက်ရွံ့ခြင်း။ Camera Fright ခေါ် ကင်မရာရှေ့မှာ ကြောက်ရွံ့ခြင်းတို့သည် လေ့ကျင့်၍ မအောင်မြင်မီ တွင် ရှိစမြဲပင်။

ယင်းတို့သည် တဘာသာစီ သီးခြားကြောက်ရွံ့မှု ဖြစ်သည်။ ပြဇာတ်ကနေသူသည် ရုပ်ရှင်ကင်မရာရှေ့ ရောက်တော့ လန့်သေးတာဘဲ။ ရုပ်ရှင်သမားလည်း ဇာတ်ခုံပေါ်မှာ အကျင့် မရှိလျှင်မရ။ ပြဇာတ်ရုပ်ရှင်သမားရယ်လို့ လူထုရှေ့မှာ ဟောပြောဖြစ်မည်မထင်နှင့်။ တမျိုးစီ ကျင့်ယူရသည်။

ကျွန်တော်၏ ဒုတိယကားမှာ ရှုမဝက လာလုလုငေးပါခင်ဗျား။ အဲဒီကားမှာလဲ မနိုပ်သေး၊ ရင်ခုန်တုန်းဘဲ။ တတိယမြောက်ကား သာဓုရဲ့ ညွှန့်သည် ဇာတ်ကားမျာ အတော်လေး ဖြစ်လာပြီး၊ နောက် အကယ်၍သာ နှင့် ဖတ်စ်ကလပ် တို့ကျတော့ ကျွန်တော်အောင်မြင်ပါပြီ။ ဖတ်စ်ကလပ်မှာ ကျွန်တော့်ကိုယ် ကျွန်တော် တော်တော်အားရပါသည်။ ဇာတ်လမ်း၏ ရည်ရွယ် ချက်ကို ဦးဆောင်ရသူလဲဖြစ်နေ၏။ ပရိသတ်၏ ချီးမွမ်းခြင်းကိုလည်း ရခဲ့ပါ၏။

သာဓု၏ ဇာတ်ကားများထဲတွင် မေနွဲ့နှင့် ကျွန်တော်လင်မယားချည်း လုပ်ရရာ၊ ကျွန်တော့်အတွက် အကွက်ဝင်လာခြင်းဖြစ်နေ၏။ အကြောင်းမှာ မေနွဲ့နှင့် ကျွန်တော်တွင် ရာဇဝင်ကြေးလေး ရှိနေ၏။

၁၉၄၉–ခုနှစ် မြို့တော်ခန်းမတွင် ဝန်ဇင်းမင်းရာဇာ ပြဇာတ်ကစဉ်က ရွှေညာမောင် ဦးချင်းစိန်က မင်းသား မောင်ရာဇာ၊ ကျွန်တော်က မောင်ရာဇာရဲ့ ညီလေး မောင်ဆင်၊ မေနွဲ့က မင်းသမီး၊ မောင်ရာဇာကတော်။

အရေးကြီးဆုံးအခန်းမှာ ရှင်ဘုရင်က မောင်ရာဇာကို အခေါ်လွှတ်တော့၊ ဇနီးဖြစ်သူဟာ သူ့လင်တော်မောင် မင်းပြစ်မင်းဒဏ်သင့်ပြီထင်၍ မေနွဲ့သည် ''အောင်မလေး ကိုရာဇာရဲ့၊ ကိုရာဇာရဲ့''ဟု အော်ပြီးတော့ ကန့်လန့်ကာကွယ်မှ ပြေးထွက်အလာ၊ ကျွန်တော်နှင့် ရွှေညာ မောင်က လယ်ကွင်းရှုခင်းမှာ နွားရုပ်တွေနဲ့ လယ်ထွန်ဟန်ပြုနေရာက မေနွဲ့အော်သံကြားတော့ ထွန်နားကခွာပြီး ဇာတ်ခုံရှေ့ပိုင်း မိုက်ကရိုဖုန်းအောက်မှာ ထိတ်လန့်တဲ့ အမူအရာတွေနဲ့ မတ်တတ်ရပ်နေ။

မေနွဲ့က ပြေးထွက်လာတဲ့ပြီး၊ ရွှေညာမောင်ရှေ့မှာ ပစ်လှဲလိုက်တော့၊ ရွှေညောမောင်က အိုက်တင်ခံနေတုန်း၊ ကျွန်တော်က ဘာလုပ်ရမှန်းမသိဘဲ၊ တခုခုတော့ လုပ်မှဘဲဆိုပြီး၊ လုပ်မိလုပ် ရာ မေနွဲ့ကို ဖတ်ကနဲ ကောက်ပွေ့လိုက်တယ်။ အဲဒါ ပထမဦးဆုံးညကိုးဗျ။ ကျွန်တော်နဲ့ဇာတ် တိုက်ထားတာလဲ မဟုတ်ဖူး။

အမှန်က ရွှေညာမောင်က မင်းသားအိုက်တင်နဲ့ တဖြည်းဖြည်းကိုယ်ကို ကွေးလာပြီးမှ မင်းသမီးကို ယုယုယယလေး ပွေ့ချီမှာကိုဗျ။ ဒီနေရာက လွှမ်းခန်း။

ခုတော့ သူ့မင်းသမီးက ကျွန်တော့်လက်ထဲ ရောက်နေတော့ မင်းသားလဲ ကိုယ်ကြီး ကိုင်းကိုင်းနဲ့ မစန့်တငန့်ဖြစ်ပြီး၊ လေသံခပ်တိုးတိုးနဲ့ ''ဟေ့ကောင်. . . . ပြန်ချ ပြန်ချ. . .''ဆိုတော့ ကျွန်တော်ကလဲ စိတ်ပျက်လက်ပျက် ဖြစ်ပြီး ဖုတ်ကနဲ လွှတ်ချလိုက်တော့၊ မေနွဲ့တော်တော် အောင့်သွားရှာတယ်။ အသံတိုးတိုးကလေးနဲ့ ''သေတော့မှာဘဲ''လို့ ညည်းတယ်။

ဒါနဲ့ ဇာတ်ခုံနောက်ကွယ်ရောက်ကြတော့ မေနွဲ့က ကျွန်တော့်ကိုရန်တွေ့သဗျ။ ''ကျုပ်က မင်းသမီး မင်းသားကပွေ့ရမှာကို ရှင်က ဘာလို့ပွေ့ရတာလဲ၊ မင်းသမီးကို ပွေ့ချင်ဖက်ချင်ရင် မင်းသားဖြစ်အောင် လုပ်တော်ရေ့'တဲ့။

အခု သာခုရဲ့ ဇာတ်ကားတွေမှာ သူနဲ့ ကျွန်တော်နဲ့ လင်မယားချည်း လုပ်ရတော့ ကျွန်တော်က ဟိုနောက်ကြောင်း ပြန်ဖော်ပြီး ''ဘယ့်နှယ်လဲ. . ဒေါ်ရွှေနွဲ့''လို့ အသားယူလိုက်သဗျ။ ဒီတော့ သူကလဲ အောက်ကျမခံပါ။ ''ဟုတ်ပါတယ် ကျုပ်လင်ကြီးရယ်. . . နက်ဖန်ခါတော့ ခေါက်ဆွဲကြော် ဝယ်ခဲ့အုံးနော်''တဲ့။

မေနွဲ့နှင့် ကျွန်တော်မှာ လင်မယားလုပ်ကြရန် အသက်ရှယ်ချင်း၊ ရုပ်ရည်ချင်း၊ အသားရောင်ချင်း၊ လိုက်ဖက်ညီသည်ဟု ပြောကြသည်။ ရုပ်ရှင်ရိုက်သောအခါ နှစ်ယောက်တွဲရာ၌ အသားရောင်ချင်း တူညီဘို့လိုသည်။ အကြောင်းမှာ မီးရောင်ပေးရာ၌ အသားညိုသူကိုတမျိုး၊ အသားဖြူသူကိုတဖုံ၊ မီးရောင်အနည်းအများ၊ အနီးအဝေး ပေးရသည်။ မေနွဲ့နှင့် ကျွန်တော် သည် နှစ်ယောက်စလုံး အသားဖြူသူများ ဖြစ်ကြသည်။

## ဒါရိုက်တာကောင်း

သာဓုသည် ဒါရိုက်တာကောင်းတယောက် ဖြစ်သည်ကို အထူးပြောစရာမလို။ သူ၏ပထမဦးဆုံးကား ကကြီးရေက တွင်ဇာတ်ကား၊ မင်းသား ထွန်းဝေ၊ မင်းသမီး မြတ်မွန်၊ ဒါရိုက်တာ သာဓု၊ အကယ်ဒမီ ၄ ခုရရှိခဲ့သည်။ စရိတ်က ကျဉ်းကျဉ်းနှင့်လည်း ဇာတ်ကားဖြစ်အောင် ရိုက်နိုင်သည်။ ဖတ်စ်ကလပ် ဇာတ်ကားမှာ ထွန်းဝေနှင့် မြတ်မွန်၊ သော်တာဆွေနှင့် မေနွဲ့၊ ဤလေးယောက်ထဲသာ အများဆုံးရိုက်၍ ပြီးစီးသွားသည်။ ဆက်တင် အခမ်းအနားကကော ဘာရှိသနည်း။ မေနွဲ့နှင့် ကျွန်တော်၏အတွင်းဝန်ညှော်ခန်း၊ စာပွဲ၊ ကုလားထိုင်၊ ခန်းဆီး၊ လိုက်ကာ သားသားနားနားလေးနှင့် မြတ်မွန်၊ ထွန်းဝေတို့ လင်မယား၏ ဒရိုင်ဗာအခန်း။ အများအားဖြင့် ဤနှစ်ခန်းထဲနှင့်ဘဲ သူ့စတူဒီယိုထဲမှာ ပြီးအောင်ရိုက်သွား၏။

သာဓု စိတ်ရှည်ပုံ၊ သည်းခံနိုင်စွမ်းရှိပုံလည်း ပြောရဦးမည်။ တနေ့သ၌ ကျွန်တော်တို့ သည် မနက် ၁၁နာရီခန့် ကတည်းက စ,ရိုက်လိုက်ကြရာ၊ ညနေ ၅နာရီလောက် ရောက်တော့ ကဲ. . ဒီနေ့အဖို့ပြီးပြီ၊ အားလုံးပြန်နိုင်ပြီဟု ကြေညာပြီး တခဏ၌ ကင်မရာဖလင်ကို ထုတ်နေ သော ဓာတ်ပုံဆရာသည် မျက်နှာပျက်သွားလျက် သာဓုအား ''ဟာ. . . ဆရာရေ၊ ကင်မရာဂျမ်းဖြစ်လို့အထဲက ဖလင်တွေ မလည်ဘူးဗျာ''

အဓိပ္ပာယ်မှာ အားလုံး ဒီနေ့ရိုက်သမျှ အရုပ်မထင်ဘူးပေါ့။ ကျွန်တော်တို့မှာ အားလုံး ဟယ်ကနဲ ဖြစ်သွားကြသော်လည်း၊ သာဓုမှာမူ မျက်နှာမပျက်ဖဲ ပြုံးရွှင်စွာဘဲ ဓာတ်ပုံဆရာ၏ ပခုံးကိုပုတ်လိုက်ပြီး ''ဒါဘာဖြစ်သလဲ၊ ပြန်ရိုက်တာပေါ့''ဟု ဆို၍ အလုပ်သမားအားလုံးဘက်သို့ ''ကဲ. . ရဲဘော်တို့၊ ဒို့နိုက်ရှူတင်၊ ညဆက်ရိုက်ကြမယ်. . .''

ကျွန်တော်တို့မှာ မငြင်းသာ။ နေ့စားအလုပ်သမားတို့မူ နှစ်ဆရကြမည်မို့ ဝမ်းသာကြကုန်၏။

ယင်းသို့ဖြစ်ရသည်မှာ အလုပ်ကြန့်ကြာသွားသည့်ပြင် လူအစိတ် သုံးဆယ်လောက်ကြီး ညစာထမင်း ချက်ကျွေးရသည်မှာလည်း ရှိသေး၏။ စားဖိုမှူး သူ့အမ ဒေါ်ဘူတီအား ချက်ခြင်း ဘဲကားနှင့် ဈေးသို့လွှတ်လိုက်၏။

ရုပ်ရှင်ရိုက်ရာတွင် အခက်အခဲပေါင်း များစွာရှိလေရာ၊ အချို့ဒါရိုက်တာတို့သည် စိတ်တိုင်းမကျလျှင် ဆဲဆိုခြင်း၊ အော်ငေါက်ခြင်း၊ ကြိမ်းမောင်းခြင်းများ ပြုတတ်ကြသော်လည်း သာဓုမူ ရုပ်ရှင်ရိုက်ရာမှာ စိတ်တိုခြင်း၊ ညည်းညူခြင်း၊ နည်းနည်းလေးမျှမရှိပေ။ အမြဲတမ်းဘဲ သူ့မျက်နှာ ပြုံးပြုံးနှင့် သင်ကြားပြသပေးနေ၏။ အမှားမှား အယွင်းယွင်း ဖြစ်လျှင်လည်း ''အခါ တရာမမှားနိုင်ပါဘူး သူငယ်ချင်းရာ၊ ဆက်လုပ်''ဟု အားပေးတတ်ပါသည်။

## သာဓု၏ဖြတ်ထိုးဉာဏ်

သာဓု ရုပ်ရှင်ရိုက်ရာမှာ မည်သည်ကမျှ မှီးခြင်း၊ ခိုးခြင်းမရှိ။ သူ၏ကိုယ်ပိုင်ဝတ္ထု ကိုယ်ပိုင် စိတ်ကူးများသာဖြစ်ရာ၊ ဇာတ်ညွှန်းကို ကြိုရေးမထား။ ရိုက်ရင်းမှ တကွက်ပြီးတကွက်၊ တခန်းပြီး တခန်း ရေးသွား၏။ သူ့သားမောင်ဝဏ္ဏ (ယခုအကယ်ဒမီရ ဒါရိုက်တာ)က ဇာတ်လမ်းမှတ်တမ်း တင်ရ၏။

ညှော်သည် ဇာတ်ကားကို ရိုက်စဉ်ကတောရွာမှ ဦးကြယ်နီ၊ ဒေါ်စိန်ခင်လင်မယားသည် မြို့ပေါ်ရှိ ကျွန်တော်နှင့် ဒေါ်မေနွဲ့တို့အိမ်မှာ လာရောက်တည်းခိုသည်။ ဦးကြယ်နီမှာ ညညတွင် အသံပြဲကြီးနှင့် ထထအော်သော ရောဂါဆိုးရှိသဖြင့် ကျွန်တော်တို့လင်မယားမှာ အိပ်ကောင်းခြင်း မအိပ်ရ၊ ခဏ ခဏထပြီး သူ့ကိုပြုစုရသည်။ ကျွန်တော်တို့၏သား ဂုတန်းကျောင်းသားလေးမှာ လည်း စာကြည့်ရာတွင် အနှောင့်အရှက်ဖြစ်ရ၏။ ညှော်သည် ဒုက္ခပေးတဲ့သဘောပေါ့ဗျာ။ ထိုစဉ် ကသားလုပ်သူမှာ မောင်ဝဏ္ဏ။

ကျွန်တော်နှင့်မေနွဲ့လင်မယားမှာ အိပ်ရာမှ အလန့်တကြားကမန်းကတန်း၊ ကပိုကရို ထရသည့်အခန်းများပါရာ၊ ကျွန်တော်တို့၏ ကုတင်ဘေးစာပွဲပေါ်မှာ လုပသောမီးသီး ဖန်အုပ် ဆောင်းကြီးရှိ၏။

ကျွန်တော်အိပ်ရာမှ စိတ်ပျက်စွာ ထထိုင်သည့် တခန်းရိုက်ပြီး နောက်တခန်း ရိုက်ရန် ကင်မရာနှင့် မီးအနေအထားကို အလုပ်သမားတွေ ပြောင်းကြရာတွင် ထိုဖန်အုပ်ဆောင်းကို မီးကြိုးတချောင်းနှင့် မတော်တဆ ရိုက်မိသဖြင့် အောက်ကျ၍ အစိတ်စိတ်အမွှာမွှာ ကွဲသွား တော့၏။

ဤအခါမှာ အသင်ဒါရိုက်တာဆိုလျှင် ဘာလုပ်မည်နည်း။ ဒီအခန်း ခဏရပ်ထားပြီး၊ ဒီဖန်အုပ်ဆောင်းမျိုး နောက်တခုသွားဝယ်ခိုင်းမည်ထင်ပါ၏။ သည်နေရာကလည်း ပြန်ထပ်ရိုက်စရာရှိသေးသည်။

သာဓုကား ဤသို့မဟုတ်။ သူ့နဖူးသူ လက်ညှိုးတချက်ထောက်၍ စဉ်းစားလိုက်ပြီး၊ ကင်မရာကို ပြင်စေကာ ဖန်အုပ်ဆောင်း ကျကွဲသံ၊ အသံတု တခုလုပ်လိုက်ပြီး၊ မေနွဲ့က ''အမယ်လေးတော်''အော်၍ ပြေးလာကာ ဖြစ်မှဖြစ်ရလေဆိုသော အမူအရာမျိုးနှင့် မျက်နှာအနီးကပ် တချက်ရိုက်သည်။ ကျွန်တော်က ''မင်းကြောင်က ကြွက်တင်မဟုတ် အိမ်မြှောင်ပါ ခုတ်သကိုးကွ'' ဟု လူမပါဘဲ အသံချည်းပြောလိုက်ရသည်။ ပြီးလျှင် မေနွဲ့ခြေထောက်နားမှာ ဖန်အုပ်ဆောင်းအစိတ်အစိတ်မွှာမွှာ ကွဲနေပုံကို ရိုက်လိုက်သည်။ ထို့နောက် သာဓုအိမ်က ကြောင်ကြီး စတူဒီယိုထဲယူလာပြီး၊ ကင်မရာရှေ့မှာ ထွက်ပြေးအောင် ကျောကုန်းလက်ဝါးနှင့် ရိုက်လွှတ်လိုက်သည်။ ဖန်အုပ်ဆောင်းအသစ် ဝယ်စရာမလိုတော့ဘဲ သဘာဝအကွက်တခုတိုး၍ ပိုကောင်းသွားလေ သည်။

## ဇာတ်ကောင်ကိုင်ပုံ

ကျွန်တော်သည် ယခင်က 'ယျလေးလုံး'နှင့် 'လာလုလုငေး'မှာ ရိုက်ခဲ့ဘူးသည်ဆိုသော်လည်း မဖြစ်စလောက်ဖဲ ရင်ဒိတ်ဒိတ်ခုန်ခြင်း မပျောက်သေးမူ၍ သာဓုနှင့် စတင်ရိုက်တော့ အစိမ်းသက်သက်ပင် ဖြစ်ပါသည်။ ဤလိုအစိမ်းအရိုင်းကို သာဓုကိုင်ပုံမှာ ညင်သာလှသည်။ ပထမအစမှာ လူချင်းပင် တွဲမပေးသေးချေ။ ဥပမာ မေနွဲ့နှင့်ကျွန်တော် လင်မယားစကားပြော ခန်းကို မီးဖိုခန်းထဲမှာ မေနွဲ့တယောက်တည်း ''ဒီမှာ ကိုသော်ရေ''ဟု ကျွန်တော့်ခေါ်သံနှင့် တကပ်ရိုက်လိုက်ပြီးမှ တဖန်ညှော်ခန်းမှာ ကျွန်တော့်တယောက်တည်း မီးဖိုဘက် နားစွင့်ဟန်နှင့် ''ဘာလဲ မနွဲ့''

ဤသို့စကားတိုတိုလေးတွေနှင့် ကျွန်တော့်ကိုစရိုက်ခဲ့သည်။ မေနွဲ့လို သဘာရင့် အကယ်ဒမီရ မင်းသမီးကြီးနှင့်တွဲရသည်မှာ ကျွန်တော့်အဖို့မလွယ်။ သူ့အမူအရာကိုလိုက်နိုင် အောင်၊ အိုင်တင်ခံနိုင်အောင် ကြိုးစားရပါသည်။ မေနွဲ့ကလည်း ကျွန်တော့်ကို သင်ကြားပေးပါ သည်။ သာဓုက ကျွန်တော်တို့ လင်မယားနှစ်ယောက်အချီအချ ပြောရမည့်စကားကို ရေးပေးပြီး သောအခါ၊ ကျွန်တော်တို့နှစ်ယောက်သည် စတူဒီယို ထောင့်တနေရာသွား၍ တယောက်နှင့် တယောက် အပြန်အလှန် တတွတ်တွတ်ပြောကြရသည်။ ဒီနေရာမှာ ကျွန်တော်က မေနွဲ့ကို တကယ့်ကိုယ့်မယားလို စိတ်ထဲမှာထားရသည်။ ယင်းမှာ ရုပ်ရှင်၏သဘော တရားအမှန်ပင်ဖြစ် ချေသည်။

ရုပ်ရှင်ရိုက်ရန်ကားနှင့် လိုက်ခေါ်သောအခါ ဒေါ်မေနွဲ့အိမ်က ပထမပြန်၍၊ ဒေါ်မေနွဲ့ ကျွန်တော့်အိမ်သို့ ပါလာသောအခါ ဒေါ်မေနွဲ့က ကျွန်တော့်ဇနီးအား ''ဒီမှာ မေရေ့. . . အခု အချိန်ကစပြီး စတူဒီယိုက မပြန်မချင်း ကိုသော်တာဆွေဟာ ကျမလင်ဖြစ်ပြီရှင့်''ဟု နောက်သလို ပြော၍ ကျွန်တော့်အားလည်း ''တော့်မယားမေ မဟုတ်တော့ဘူးနော်''ဟု စိတ်ဓာတ်ကိုသွင်းပေး သောသဘောနှင့် ပြောရှာပါသည်။

ထို့ကြောင့် ဤဖတ်စ်ကလပ်ကား၌ ဒေါ်မေနွဲ့နှင့် ကျွန်တော့်အတွဲမှာ ကောင်းမွန်စွာ အောင်မြင်ပါသည်။

သာဓုလည်း ဤဇာတ်ကားတွင် ကျွန်တော့်ကို အတော်အားရပုံပေါ်၍ ''ဟေ့. . . နင့်ကို ပရိုဖက်ရှင်နယ်လ် အက္ကတာဖြစ်အောင်လုပ်ပေးမယ်၊ နောက် ငါရိုက်မယ့် 'စျေးသည်'ဇာတ်ကား မှာ နင်နဲ့မေနွဲ့ဘဲ တွဲပေးမယ်''ဟုပြောပြီး ကျွန်တော့်အား စရံငွေတောင် ပေးထားလိုက်ပါသေး သည်။ သို့သော် ရုပ်ရှင်နယ်မှာ ယခုလက်ရှိ အခြေအနေအမျိုးမျိုးကြောင့် ဇာတ်ကားများ အရိုက် ကျဲလေရာ၊ သာဓု၏ 'စျေးသည်' ဇာတ်ကားမှာ ယနေ့အထိ မရိုက်ဖြစ်သေး။

သာဓု၏ 'ဖတ်စ်ကလပ်'ကားပြီးမှ နောက်တကား ကျွန်တော်ရိုက်သည်မှာ 'ကိုယ်ထင် ကုတင်ရွှေနန်း'။ ယင်းမှာ ကျွန်တော်၏ ပပဝတီ ဝတ္ထုကို နာမည်ပြောင်းရိုက်ခြင်း ဖြစ်သည်။ ဒီဝတ္ထုကို ဒါရိုက်တာ ကိုဝေဇင်၊ ထုတ်လုပ်သူ ဒေါ်မေမြတို့နှင့် စတင်ဆက်သွယ်စဉ်က ကျွန်တော့်အား ဇာတ်ညွှန်းလည်း ရေးပေးရန်၊ ဇာတ်ဆောင် တနေရာလည်းပါရန် ပြော၏။ ဒီတော့ ကျွန်တော်က (ကိုယ့်ဝတ္ထု ကိုယ်ဖျက်ပစ်ရမည်) ဇာတ်ညွှန်းတော့ မရေးချင်တော့ဘူးဗျာ။ ဇာတ်ဆောင်တော့ ပါမယ်။

ဤဇာတ်ကားကို ရုံတင်ပြသတော့၊ မေနှင့် ကျွန်တော်နှစ်ယောက်အတူကြည့်နေစဉ်၊ ကျွန်တော့်စိတ်ထဲမှာ မချိတင်ကဲ ခံစားမှုဝေဒနာတရပ် ပေါ်လာပါသည်။

ကြည့်စမ်း. . . ဤဝတ္ထု ကျွန်တော်ရေးစဉ်က၊ ကျွန်တော်က လူပျိုအေးဆွေ၊ မေက တောင်ကြီးကဝေဟူ၍ စိတ်ကူးယဉ် သမီးရည်းစားဇာတ်လမ်း ဖန်တီးခဲ့ရာ၊ ယခု ရုပ်ရှင်ထဲကျ တော့ အေးဆွေနေရာမှာ လူရွှင်တော် မင်းသားစိန်မြင့်၊ မေ့နေရာမှာ မင်းသမီးတင်တင်နွဲ့။ ကျွန်တော်ကိုယ်တိုင်က မုဆိုးဖိုသူဌေးကြီး ဦးကျော်မင်းလုပ်ရပြီး၊ ကိုယ့်အိမ်က အစေခံမလေးကို ကိုယ့်တူဆီက လုယူတဲ့အခန်း၊ ဘယ်နိုင်ပါ့မလဲဗျာ။

နို့ပြီး. . . ဤဝတ္ထုထဲမှာပါသည့် မေနှင့်ကျွန်တော် အပြန်အလှန် ရေးခဲ့သည့်ရည်းစားစာများ ကို တီးကွက်သွင်း၍ စိန်မြင့်နှင့် တင်တင်နွဲ့ဆိုဟန် သီချင်းတွေကြားရတော့ ကျွန်တော့်စိတ်ထဲ တမျိုးကြီးဘဲ။ ဒါနဲ့မေ့ကို ကျွန်တော်ကပြောပြတော့ ''အို. . . . မောင်ကလဲ၊ ခုမောင့်အသက်အရွယ်

က ဟိုတုန်းကလိုမှ မဟုတ်တော့တာဘဲ၊ ဦးကျော်မင်းအရွယ် ရောက်နေပြီ၊ ဦးကျော်မင်းလုပ်တာ ဘဲကောင်းပါတယ်''ဟု ဇရာကိုပြသော နှစ်သိမ့်စကားကို ပြောပါ၏။

ယင်းသည်မှန်ပါ၏။ ကိုဝေဇင်သည်လည်း သာဓုကဲ့သို့ပင် ဇာတ်ကောင်ကိုင်ရာမှာ စိတ်ရှည်၍ သိမ်မွေ့ညင်သာသူ၊ သင်ကြားပြသမှု ကောင်းမွန်သူဖြစ်ခြင်းကြောင့် ကျွန်တော်သည် ဦးကျော်မင်းနေရာ၌ ကိုယ့်ကိုယ်ကို မဆိုးလှဟု မှတ်ချက်ချရ၏။

ကျွန်တော်နှင့်တွဲရသော မိန်းကလေးမှာ အသက် ၁၈နှစ် အောက်ရှိသေးသည်။ ကျွန်တော်က ၅၀ကျော်နေပြီ။ ဒါကို ဟာသဖြစ်အောင် ဇာတ်လမ်းနှင့်အမူအရာက သယ်ဆောင် ရ၏။ ဒေါ်မေမြက သူတို့နောက်ဇာတ်ကားရိုက်လျှင် ကျွန်တော့်ကို ခေါ်ဦးမည်ဟု ပြောထားပါ သည်။ သို့သော် 'ကိုယ်ထင် ကုတင်ရွှေနန်း'ပြီးမှ ယနေ့တိုင် သူတို့မှာ နောက်တကားရိုက်ခွင့် မရသေး။ ထို့ကြောင့် ကျွန်တော်လည်း 'ကိုယ်ထင် ကုတင်ရွှေနန်း'ပြီးမှ 'ဇာခန်းဆီးနောက်ကွယ် မှာ'တွင် မင်းအောင်၊ ဒေါင်းနွယ်ဆွေတို့နှင့် မတောက်တခေါက် ပါလိုက်ရသည်။ ထို့နောက် မရှိတော့။ သို့အတွက် ''ဆရာ. . . . အခု ဘာကားရိုက်နေသလဲ''ဟု မေးသောသူများနှင့်တွေ့သော အခါ ''ဘာကားမှ မရိုက်ပါဘူး''ပြောတော့၊ မေးသူက မကျေနပ်ဖဲ ''ဟင်. . . ဘာလို့မရိုက်သလဲ၊ ရိုက်ပါအုံးဆရာ. . .''

ဒီတော့မှ ကျွန်တော်က ရင်ဖွင့်ရတော့၏။

''ကျုပ်ကတော့ ရိုက်လိုက်ချင်တာ သေလုရောဗျို့၊ အဲဒါငှားမယ့်ကုမ္ပဏီနဲ့ ဒါရိုက်တာက မရှိလို့ဗျ. . .''

ဟော. . . အခုတော့ တကားရိုက်ရဦးမည်ထင်ပါသည်။ ဇာတ်ကားရှည်ကြီးတော့ မဟုတ်မူ ဘဲ ရွှေပြည်စိုးရုပ်ရှင်မှ 'တောင်တန်းပြာမှ နေဝန်းနီ'ဇာတ်ကားနှင့်တွဲပြရန် ပေတထောင်မျှကားတို ကလေး။ မကြာခဏ အသံလွှင့်လေ့ရှိသော ကျွန်တော်၏ လူ့မနော ဇာတ်ကားကို မင်းသမီး ပေါက်စလေးများနှင့် သော်တာဆွေကိုယ်တိုင် ဒန့်သလွန်သီးရောင်းပုံကို ဒါရိုက်တာ ကိုကျော်ဆန်းက ရိုက်ကူးပါလိမ့်မယ်။ ငွေရောင်ပိတ်ကားပေါ်မှာ မြော်တော်မူ။

ကဲ. . . သည်လ သည်မျှနှင့်ရပ်နား၍ ရှေ့လမှာ ဆက်ဖတ်ပါခင်ဗျား။

## ဗေဒင်လက္ခဏာပညာနှင့် ကျွန်တော်၏ ယုံကြည်ယူဆချက်

လွန်ခဲ့သော ဩဂုတ်လ ရှုမဝမဂ္ဂဇင်း၌ ''ကျွန်တော့်ဘဝဇာတ်ကြောင်း (၂၂)တွင်၊ ဗေဒင်လက္ခဏာဆရာပေါက်စ ကျော်မျိုးထွန်းက ကျွန်တော့်အသက် ၅၅ ကကျော် ၅၆ ထဲဝင်လျှင် အကောင်းထဲရောက်ပါပြီ။ သို့သော် မွေးလအလွန် ဂြိုလ်ကူးဂြိုလ်ပြောင်းလေးမှာ ဝမ်းဗိုက် ဥပဒ်ပေးစရာရှိသည်ဟု ဟောသည့်အတိုင်း၊ ပထမ ဝမ်းကိုက်ပြီးနောက်၊ ခွဲစိတ်ခံရ၍ ဝမ်းဗိုက်မှာဘဲ ဆေး ၁၆ ချက် အထိုးခံရသဖြင့်၊ သူ့ဟောကိန်းမှန်လှချေ၏ဟု ဖော်ပြခဲ့သော ကြောင့်၊ ကျွန်တော့်စာဖတ်ပရိသတ်ထံမှ ''ဆရာ. . . ဗေဒင်ကိုယုံသလား၊ ဗေဒင်လက္ခဏာကို ဘယ်လို သဘောထားသလဲ''ဟု အချုပ်အားဖြင့်ဆိုသော မေးခွန်းများ ရောက်လာကြပါသည်။

သို့အတွက် ယခု ကျွန်တော့်သဘောထားကို ဖော်ပြပါအံ့။

စင်စစ် ကျွန်တော်သည် ဗေဒင်လက္ခဏာပညာကို ဝါသနာပါသူမဟုတ်။ သည်စာအုပ်မျိုး တွေ ဖတ်လေ့လဲမရှိ။ ပိုက်ဆံပေး၍ မေးမြန်းခြင်းလဲ မပြုတတ်။ သို့ရာတွင် ကျွန်တော့်အား စာရေးဆရာတယောက်အနေဖြင့် ကြည့်စမ်းပါရစေဆိုသော ဗေဒင်လက္ခဏာ ပညာရှင်များ၏ ဟောကြားခြင်းများကိုတော့ ကြားနာခဲ့ဘူးပေရာ၊ ၎င်းတို့မှာ အမှန်ကြီးလဲရှိ၏။ အမှန်လေးလဲရှိ ၏။ ဘာမျှမမှန်သူများလဲ ရှိကြသည့်အနက် မှန်သည်များကိုသာ ရွေးချယ်ဖော်ပြပါမည်။

## ပထမဦးဆုံး မှန်သူ

ကျွန်တော် စာရေးဆရာအဖြစ်ရောက်မှ ပထမဦးဆုံး မှန်ကန်စွာ ဟောခဲ့သူမှာ မန္တလေး မြို့မှ ဆရာသန်းဖြစ်ပါသည်။

မန္တလာ သာတဲ့ကျေးဆီက၊

အပြန်မှာ စာဖွဲ့ရေးခဲ့မယ်ကွယ့်၊

ညာခွဲ့လေးရယ်တဲ့ သိစဖွယ်။

အစတုန်းကတော့၊

လှဖုန်းလာပါဆိုလို့၊

မှာတာကို ပျိုမေမေ့ပြီလား။

စောင့်ရက်တွေ ကိုးဆယ်ပြည့်တောင်မှ၊

တွေ့ရအောင်သူမဖန်ဘူး၊

တမူဟန် စိတ်တော်ပြောင်းတယ်ထင့်၊

လှမျက်ခြယ် နွယ်နွယ်နှောင်းရယ်

ခေါင်းရှောင်တော့တယ်။

ကညာနွဲ့ပျို ပျော်တဲ့စရိုက်ကယ်နဲ့၊

ချာတဲ့ကိုယ် ငသော်မိုက်ကိုလ၊

လာခဲ့ဆို ကရော်တိုက်တာလော့၊

မေးလိုက်ချင့် သက်လှယ်ရယ်၊

ဘယ့်နှယ်လဲ ညိုသွေး။

အခုများ

သူ့အား မမင်သာလို့၊

ကြင်ရှာသူ ပွေရတက်ကယ်နဲ့၊

မနေသာ ပြန်မည်ရက်မှာဖြင့်၊

နှောင့်သဇင် မောင့်ကြင်သက်ကို

ခွန်းဆက်ခဲ့သေး။ ။

သည်လေးချိုးဟာ အခန်း ၁၃ ကျွန်တော့်ဘဝဇာတ်ကြောင်း ဒုတိယအုပ်မှာ ပါပြီးပါပြီ။ ပထမဦးဆုံး ဗေဒင်မှန်တဲ့အချိန်နဲ့ တိုက်ဆိုင်လို့ နှုတ်ထဲရောက်လာလို့ ကောက်ရေးမိလိုက်တာကတော့ ကျွန်တော့်စိတ်ထဲ ရှေးဖြစ်ဟောင်း အောက်မေ့ပြီး၊ ငယ်မူငယ်စိတ်ပေါက်လာလို့ပါဘဲ ခင်ဗျာ။

ဒီလေးချိုးကို ၁၉၅၄ ခုနှစ်၊ ဇူလိုင်လထဲမှာ၊ ကျွန်တော့်အသက် ၃၅နှစ်က၊ မေမြို့လားရှိုး လမ်း နဂါးဒေါ်ဦးတိုက်ထဲမှာ ရေးခဲ့ပါတယ်။ ဒီလေးချိုးဖတ်တော့ရင် စာဖတ်သူစိတ်ထဲမှာ မိန်းကလေးတယောက် ပေါ်လာပါလိမ့်မယ်။ ခုအချိန်မှာဆိုရင် သူကလေးဟာ ရှိမရှိ မသိတော့ ဘူး။ ကျွန်တော့်စိတ်ထဲမှာလဲ သူဟာ ပျောက်ကွယ်သွားခဲ့ပါပြီ။ ဒီလေးချိုးဘဲအဖတ်တင်နေပါ တယ်။ သူနဲ့ကျွန်တော် ဇာတ်လမ်းအဆုံးသတ်ဟာ အဲဒီကဗျာထဲမှာ အပြည့်အစုံ ပါပါတယ်။

ဒီလေးချိုးကို မန္တလေး မြန်မာ့လမ်းစဉ်သတင်းစာထဲမှာပါပြီး၊ ကျွန်တော်ပြန်မည့်နေ့ တရက်အလိုမှာ မန္တလေးရွှေပြည်ရပ်၊ ရွှေပြည်ဆီစက်ပိုင်ရှင်၊ ကျွန်တော့်မိတ်ဆွေ ကိုလှဖေဟာ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ အရပ်ခပ်ပြတ်ပြတ်၊ အသက် ကျွန်တော့်လောက်ဖဲ ခန့်မှန်းရတဲ့ လူတယောက်နဲ့ ကျွန်တော်ရှိရာ ဆရာကြီးရွှေဥဒေါင်းအိမ်ရောက်လာပြီး မိတ်ဖွဲ့ပေးပါတယ်။

ကိုလှဖေဟာ နန်းတော်ကျွန်းရွာဇာတိဘဲ။ ကျွန်တော်စာရေးဆရာမဖြစ်မီ၊ နန်းတော်ကျွန်း မှာ 'ဘရန်ဒီတပုလင်း' ဝတ္ထု ရေးနေတုန်းကတည်းက သိကျွမ်းခင်မင်ခဲ့ကြတာမို့၊ ကျွန်တော့်မူလ နာမည်အတိုင်း. . . .

''ဒီမှာ ကိုကျင်မောင်၊ သူက လက္ခဏာဆရာ ဆရာသန်းပါ။ စာရေးဆရာ သော်တာဆွေ လက္ခဏာ ကြည့်ချင်လို့တဲ့''ဆိုသဖြင့် နေရာထိုင်ခင်းပေးပြီး ဆရာသန်းအား ကျွန်တော့်လက်ကို ဖြန့်ပြလိုက်ရပါသည်။

ထိုအချိန်က ကျွန်တော့်စာရေးသက် ၇ နှစ်မျှရှိသေး၍၊ ဆရာသန်းဟောသည်မှာ ကျွန်တော်သည်စာရေးဆရာအဖြစ်နှင့် သည့်ထက်နာမည်ကြီးရဦးမည်။ စာရေးဆရာအဖြစ်နဲ့ဘဲ တည်မြဲ သွားမည်၊ သို့သော် အခြေအနေတော့ ပြောင်းလဲဘို့ရှိသည်။ အကောင်းဘက်များပါသည် စသည်ဖြင့် ဟောပြီး နောက်ဆုံးတွင် ကျွန်တော့်အား ''ဆရာ့မှာ အခုလက်ရှိ အိမ်ထောင်နဲ့မဟုတ် လား'' မေးပြီး၊ ကျွန်တော်က ခေါင်းညိတ်တော့ ''ဒါပေမယ့် အခုအိမ်ထောင်နဲ့ကွဲပြီး နောက်အိမ် ထောင်ပြုရ တော့မယ်၊ သိပ်မကြာဘူး။ လပိုင်းဘဲလိုတော့တယ်''ဟု ဇူလိုင်လထဲတွင် ဟောလိုက်ရာ၊ မေနှင့် ကျွန်တော်သည် ထိုနှစ် နိုဝင်ဘာလထဲတွင် ညားသွားကြပါသတည်း။

## ဒုတိယအကြိမ် မှန်ကန်ခြင်း

ဤအကြိမ် ဟောကြသူများကတော့ ဗေဒင်ဆရာ လုပ်စားကြသူများမဟုတ်။ အပျော်တမ်း ဝါသနာရှင်များဖြစ်ကြသော ကျွန်တော့်သူငယ်ချင်းများ၊ စာရေးဆရာ မင်းရှင်နောင်(ကွယ်လွန်) နှင့် ကိုမောင်မောင် (တောင်ကြီး)တို့ဖြစ်၏။

အိမ်စောင့်အစိုးရလက်ထက်မို့ မှတ်မိပါသည်။ ၁၉၆၀ခု နှစ်ဦးလောက်မှာ ထင်ပါသည်။ ရွာတန်းရှည်ရှိ တလအစိတ်နှင့် ကျွန်တော်ငှားရမ်းနေရသော အိမ်ငယ်ကလေးတွင် ကျွန်တော့် မိတ်ဆွေသင်္ဂဟတွေ လာနေကျအတိုင်း ကိုမောင်မောင့်ကားနှင့် မင်းရှင်နောင်ရောက်လာကြပြီး၊ ကျွန်တော်တို့ထုံးစံ အရက်သောက်နေကြစဉ်၊ မင်းရှင်နောင်သည် ကျွန်တော့်လက္ခဏာကို ကြည့်ပါသည်။ မွေးနေ့ ရက်၊ လ၊ ခုနှစ်သက္ကရာဇ်ကိုမေးပါသည်။ ကျွန်တော်ကပြောပြီး. . .

''ကိုယ့်လူ ကောင်းတာရှိရင်သာဟော၊ မကောင်းတာရှိရင် စိတ်မချမ်းသာအောင် မပြောနဲ့''

သူသည် စာရွက်နှင့် တွက်ချက်ကြည့်ပြီး. . .

''ကိုယ့်လူဇာတာမှာ မကောင်းတာမရှိပါဘူး၊ ကဲ. . . ကိုယ်ထူးထူးခြားခြားတွေ့တာ ပြောလိုက်မယ်ဟေ့၊ မောင်ရင်ဟာ ဒီအိမ်ကလေးက မကြာခင် ပြောင်းရွှေ့ရတော့မယ်ဟေ့''

''အလိုလေး. . . ဘယ်ကိုပြောင်းရမှာလဲဗျာ''

''ဒီထက်ကောင်းတဲ့အိမ်၊ ဒီထက်သာတဲ့နေရာ''

''ကျွန်တော့်မှာ ဘာရည်ရွယ်ချက်မှမရှိဘူး''

''မောင်ရင့်မှာ ရည်ရွယ်ချက်မရှိပေမယ့် မောင်ရင့် ကံဇာတာက ပြနေတယ်ခင်ဗျ''

''ဒါဟာ မဖြစ်နိုင်ဘူး၊ ကျွန်တော်က ဒီအိမ်ကလေးကိုလဲ နှစ်သက်တယ်ဗျာ၊ ဒီအရပ်မှာလဲ ပျော်တယ်ဗျာ၊ ဘယ်မှ ပြောင်းချင်ရွှေ့ချင်စိတ်မရှိဘူး၊ နို့ပြီး ခင်ဗျားဟောတာ မဖြစ်နိုင်တာ ပြောရအုံးမယ်၊ ကျွန်တော်က ဟောဒီအိမ်ကလေးကို ဝယ်ဘို့စိတ်ကူးထားတာဗျ၊ အိမ်ရှင်က ရောင်းချင်တယ် ပြောသံကြားတယ်၊ တထောင်လောက်ပေးရင် ရမယ်ထင်တယ်၊ အခု ကျွန်တော့် ဝတ္ထုရိုက်တဲ့ 'ဘွဲ့နွှော'ဇာတ်ကား ရုံတင်ပြီးရင် ကိုဘခန့်ဆီက ကျန်ငွေ ၂၀၀၀ဝိရမယ်၊ အဲဒီတော့ ဝယ်မယ်လို့ ကျွန်တော်တို့ လင်မယားတိုင်ပင်ပြီးသား''

''ဟုတ်တယ်၊ ဆရာမင်းရှင်နောင်ရဲ့''ဟု အနီးရှိ မေကပါ ထောက်ခံတော့၊ ဗေဒင်ဆရာ သူ့ဟာသူ ဇဝေဇဝါဖြစ်သွားပြီး သူတွက်ချက်ထားတာတွေကို ကိုမောင်မောင့်ပြတယ်။ သူတို့ဟာ ဒီပညာမှာ အယူအဆချင်းတူညီကြတယ်။ နှစ်ယောက်သား ဘယ်ဒင်းက ဘာညာနဲ့ ကျွန်တော် နားမလည်တဲ့ ဗေဒင်စကားတွ ပြောကြပြီးတဲ့နောက် ကိုမောင်မောင်က ရဲရင့်ပြတ်သားတဲ့မျက်နှာနှင့်. . . .

''မင်းရှင်နောင်ပြောတာ ဟုတ်တယ်ကိုဆွေ၊ ခင်ဗျား ဒီအိမ်က ပြောင်းရမှာတော့ 'သိကြားမင်း ဖျက်တောင် မပျက်နိုင်ပါဘူးရှင် ဖြစ်နေပြီ''

''အောင်မယ်လေးဗျာ. . . ဘယ်လိုအကြောင်းနဲ့ ဘယ်လိုအိမ်မျိုးကိုပါလိမ့်''

''ခင်ဗျားမိဘလက်ထက်မှာ ဘယ်လိုအိမ်မျိုး နေခဲ့လဲ၊ အခု ဒီလိုအိမ်မျိုးလေး မဟုတ်ဖူးမှတ်လား''

''ဘယ် ဟုတ်မှာတုန်းဗျာ၊. . . . ဒါတော့'' ထိုအချိန်၌ ကျွန်တော် ခပ်မူးမူးလဲ ရှိလာ၍ ''ခင်ဗျားက တောင်ကြီးက တရုတ်သူဌေးတန်ဖဲယားသား တိုက်နဲ့နေခဲ့သလို ကျွန်တော်လဲ တောလယ်ပိုင်ရှင်သားဘဲဗျ၊ သွပ်မိုး ပျဉ်ထောင်အိမ်ကြီးနဲ့ နေခဲ့တာပေါ့ဗျ. . .''

''အဲဒီအိမ်မျိုးဘဲ၊ ခင်ဗျားအခုပြောင်းရမှာက (ဇာတာရှင်သည် ယခုသက်ရောက်၌ မူလငယ်စဉ်ကထက် မနိမ့်ကျသော အနေမျိုးမှာ နေရမယ်)တဲ့ဗျ''

''ကဲ. . . ဒါဖြင့် ကိုမောင်မောင်ရေ. . . ကျွန်တော့် အဖေအိမ် ကျွန်တော်ပြန်မှဘဲ ခင်ဗျားတို့ ဟောကိန်း မှန်တော့မယ်''

''ပြင်စရာ မလိုဘူးဗျ၊ အိမ်က အိမ်သစ်တဲ့ဗျ. . .''

''ဘုရား. . . တရား. . . ကျွန်တော့်အဖေအိမ်မျိုး၊ အိမ်သစ်ဆိုရင် ဒီရန်ကုန်မှာ တသောင်းပေးလို့ ရမှာလဲမဟုတ်၊ ငှားနေလဲ လခတရာထက် မအောက်ဖူး၊ ကဲ. . . သည်တော့ ကျွန်တော့်အဖို့ ဘယ်နည်းနဲ့မှ လမ်းမမြင်၊ ဒီအရပ် ဒီအိမ်ကလဲ ပြောင်းချင် ရွှေ့ချင်စိတ်မရှိ''

''ခင်ဗျား မလုပ်ချင်တိုင်းဖြစ်မယ် အောက်မေ့သလား ကိုဆွေ၊ သတ္တဝါဆိုတာ ကံထားရာမှာနေရတယ်၊ ခင်ဗျား ကံတရားကို မယုံဘူးလား''

''ကံဆိုတာ ကမ္မကလာတယ်၊ အလုပ်ကိုပြောတာ မဟုတ်လားဗျ၊ ဒီတော့ ကျွန်တော့် အခုလက်ရှိ လုပ်အားဝင်ငွေနဲ့ ခင်ဗျားတို့ဟောတဲ့ ပုံစံက ဝေးလွန်းလို့ဗျာ''

''ဒါပေမယ့်. . . . ကံဆိုတာက အခုလက်ရှိ အလုပ်အပြင်၊ ဟိုအတိတ်ဘဝက အလုပ်၊ ကံကလဲ ရှိသေးတာကိုးဗျ၊ ဒါကို အခုခင်ဗျားဉာဏ်နဲ့ ဘယ်မြင်နိုင်မှာတုန်း. . . ''

ထိုအခါ မင်းရှင်နောင်က. . .

''ဒီမှာ. . . . ဖိုးဆွေ၊ အချိန်က စကားပြောလိမ့်မယ်ကွာ. . . .''

''အေး. . . အဲဒါအမှန်ဆုံးဘဲ သူငယ်ချင်း''

အချိန်၏ ယန္တရားတွင် သတ္တဝါတို့သည် ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်၊ တက်ချိန် တက်တက်၊ ကျချိန်ကျ၊ ရချိန်ရ၊ ကုန်ချိန်ကုန်။ ဘယ်အရာမျှ တည်မြဲသည်မဟုတ်။

သူတို့ ကျွန်တော့်အား ဗေဒင်ဟောကြပြီး သုံးလေးလအကြာ မေလထဲမှာထင်ပါသည်။ ကျွန်တော်တို့ ကိုဘခန့်ဆီက ငွေ ၂၀၀ဝ ကျပ်ရပါသည်။ သူတို့ဟောခဲ့တာလဲ မေ့နေပါပြီ။ ငွေရတဲ့နေ့ ညနေကျွန်တော်နေသော အိမ်ရှင် လင်မယားထံသွား၍ ယခုနေသောအိမ်ကို ကျွန်တော်ဝယ်ချင်ကြောင်း ပြောတော့၊ လင်မယားနှစ်ယောက်တိုင်ပင်ကြပြီး၊ ထောင့်နှစ်ရာရလျှင် ရောင်းမည်ဟုပြောရာ၊ ကျွန်တော်က ဘာမျှ ဆစ်တွက်မနေတော့ဘဲ၊ ကောင်းပြီ နက်ဖန်မနက် ငွေချေစာချုပ်ကြမယ်''ဟု ပြောပြီး အိမ်ပြန်ခဲ့၏။

အိမ်ရောက်၍ မေ့အား ပြောပြတော့. . .

''အို. . မောင်ကလဲ ၁၂၀၀ ကျပ်ဆိုတာ ၁၀၀၀ ကျပ်လောက် ရောင်းချင်လို့ဖြစ်မှာ၊ မောင်ကဆစ်ဖို့ကောင်းတယ်. . ''

''အို. . ကိုယ်ပေးနိုင်တဲ့ အခြေအနေရှိနေတာဘဲကွာ၊ သူတို့ပြောဆိုတဲ့ ဈေးရတယ်လို့ဆို ပြီး ဝမ်းသာကြပါစေ. . . ''

သို့သော် ကျွန်တော့်စေတနာနှင့် စိတ်ထင်ကား လွဲချေပြီ။ သူတို့တွက်ဆကြသည်ကား သူတို့ဆိုဈေးကို ကျွန်တော်ကမဆစ်ဖဲ ပေးလိုက်သည်မှာ သူတို့အိမ်သည် သည်ထက်မက တန်နေလို့၊ ဒီထက်ပိုပြောလဲ ရမှာပါဘဲဟု အောက်မေ့ကြမည် တူ၏။ နောက်တနေ့မနက်ကျ တော့ ၁၂၀၀ ကျပ်နှင့် မရောင်းနိုင်တော့ဘူး၊ ၁၅၀၀ ကျပ်ရမှ ဟုဆို၏။ ဒီတော့ ကျွန်တော် ဒေါသထွက်လေပြီ။

''ဟင်. . . ခင်ဗျား ယောက်ျား မဟုတ်ဖူးလား၊ ယောက်ျားစကား မပြောတတ်ဖူးလား၊ တော်. . . ခင်ဗျားအိမ်ကို ဘယ်လောက်နဲ့ပေးပေး ကျုပ်မဝယ်တော့ဘူး. . .''

ထိုမှ တလကျော်ကျော်မျှ အကြာ တနေ့သောနေ့လယ်ခင်း၌ ကျွန်တော့်ညီ ဗိုလ်မှူး မောင်အေး ကားနှင့်ရောက်လာပြီး. . .

''အကိုကြီး. . . ကျွန်တော်နဲ့ ခဏလိုက်ခဲ့စမ်း''ဟု သူ့ကားနှင့် အခု ကျွန်တော်စာထိုင်ရေး နေသော ခြောက်မိုင် မာလကာခြံက ဤအိမ်ကိုခေါ်လာခဲ့ပြီး. . .

''အကိုကြီး. . . ဒါ. . . . ကျွန်တော် အကိုကြီးဘို့ ဆောက်တဲ့ အိမ်ဘဲ၊ ပြီးပြီ ဒီနေ့ဝါဆိုလဆန်း ၁၃ရက်၊ သဘက်ခါ ဝါဆိုမယ်၊ ဒီတော့ နက်ဖန်ခါဘဲ အကိုကြီးပြောင်းလာပြီး နေပေတော့''ဟု ဤလေးပင် ပတ်ပတ်လည် ဆင်ဝင်အိမ်မြင့်ကြီးကို ပေးအပ်ခြင်းခံရပါသောကြောင့် ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် မင်းရှင်နောင်၊ ကိုမောင်မောင်တို့ ဟောကိန်းနှင့်အညီ ပြောင်းရွှေ့ရတော့ပါကြောင်း။ အခု ၁၄ နှစ်ကျော်ပြီပေါ့ ခင်ဗျာ။

## တတိယအကြိမ် မှန်ကန်သူ

ဆရာမိုက်ကယ်ဖြစ်၏။

၁၉၆၁ ခုနှစ်၊ ၆၂ ခုနှစ်လောက်ကဘဲစပြီး မိုက်ကယ်ကို မြဝတီတိုက်မှာ မကြာခဏ တွေ့နေ၏။ သူဘာကိစ္စနှင့် မဂ္ဂဇင်းတိုက်သို့ လာလေ့ရှိသည်ကို ကျွန်တော်မသိချေ။ သူ့ပုံသဏ္ဍာန်က ပိန်ခြောက်ခြောက်၊ အသားညိုညို၊ နှုတ်ခမ်းမွှေး စုတ်ဖွားဖွား၊ အဝတ်အစား မသေမသပ်၊ မျက်နှာထား ခပ်မှိုင်းမှိုင်းနှင့် ခင်မင်နှစ်သက်ဖွယ်ကောင်းသူ မဟုတ်ချေ။ ထို့ပြင် ထိုစဉ်က သူသည် ရုပ်ရှင်မင်းသမီး ခင်မာလာတို့ သားအဖနှင့် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ခဲ့ကြောင်း လဲ သတင်းစာများထဲတွင် ဖတ်ထားရသဖြင့် သူ့ကိုခပ်ချဉ်ချဉ် ရှိနေ၍ တနေ့သောအခါ မလွဲ မရှောင်သာ စာပွဲတခုမှာဆုံရာ အယ်ဒီတာ မောင်အုန်းကျော်က. . . .

''ကိုဆွေ. . . ဒါ. . . ဆရာမိုက်ကယ်လေ''ဆိုပြီး သူ့အား ''ဒါ. . ဆရာသော်တာဆွေဘဲ''ဟု မိတ်ဖွဲ့ပေးသည်၌ ကျွန်တော့်မှာ စိတ်ထဲမလိုလားပါဘဲလျက်၊ သူ့ဆန့်ပေးသောလက်ကို ဆွဲကိုင် လိုက်ရ၏။ သည်နောက်တော့ ကျွန်တော်သူ့ကို မမြင်ချင်ယောင်ပြုနေလိုက်တော့၏။

သို့ရာတွင် တနေ့သ၌တော့ သူနှင့် မလွှဲမရှောင်သာ ဆုံတွေ့ရပေတော့သည်။ ၁၉၆၃ ခုနှစ်၊ ဇွန်လထဲမှာ ဖြစ်၏။ ထိုစဉ်က ရွှေသို့ဂျာနယ်တွင် ကျွန်တော် အပတ်စဉ် မှန်မှန်ရေး၍ ထိုနေ့က ပန်းဆိုးတန်း၊ ပြန်ကြားရေးဌာနမှ စာမူခ ငွေထုတ်ပြီးအပြန်၊ မိုးအေးအေးရှိသည်နှင့် ကျွန်တော်တယောက်ထဲ ဘလူးစကိုင်းဘားဝင်၍ သောက်နေစဉ် သူရောက်လာပြီး ကျွန်တော့် စာပွဲဝင်ထိုင်ကာ ကျွန်တော်တယောက်ထဲပါလား၊ သောက်နေတာဘယ်လောက်ကြာပြီလဲ၊ ဘာအရက် သောက်နေသလဲ မေးသဖြင့် ကျွန်တော်က ‘ရမ်’ဟု ဖြေတော့၊ သူက. . .

‘‘ရမ်တမျိုးထဲဘဲ စွဲသောက်သလား. . . စကော့ချ် ဝီစကီတွေဘာတွေကော မသောက်ဖူး လား’’ဟု မေးပြန်လေတော့ ကျွန်တော်စိတ်ပေါက်ပေါက်ရှိလာ၍. . .

‘‘ဟ. . . မိုက်ကယ်ရ၊ စကော့ချ်ဝီစကီက ဒို့ဗမာရမ်ထက် အပြတ်အသတ်ကောင်းတာဘဲ၊ တပတ် သုံးကျပ်ခွဲ လေးကျပ်ကြီးမို့ မသောက်နိုင်လို့ ဒီတကျပ်ခွဲတန် ရမ်သောက်နေရတာဘဲကွာ၊ မင်း ငါ့ကိုအခုစကော့ချ်ဝီစကီ တိုက်မယ်လား၊ သောက်လှချေပေါ့ကွာ’’

မိုက်ကယ်၏ ရုပ်ပုံမျိုးသည် သူ့အသက်ကို ခန့်မှန်းရန်ခဲယဉ်းလေရာ၊ သူသည် ကျွန်တော့် ထက် ကြီးမည်လော၊ ငယ်မည်လောမသိ။ ကျွန်တော့်စိတ်ထဲတွင် ဖြစ်ပေါ်သည့်အတိုင်း၊ သူ့အား မင်း ငါနှင့်ပြောလိုက်မိသည်။

မိုက်ကယ်သည် ကျွန်တော် ဤသို့ပြောသည်ကို မနှစ်သက်ပုံမပေါ်။ ကျွန်တော့် ပြောဟန် ဆိုဟန်နှင့် အမူအရာကို အကဲခတ်သလိုကြည့်ကာ ခေါင်းနှစ်ချက် သုံးချက်ညိတ်လိုက်ပြီးတိုက်ပါ မယ်ဟုဆို၍ စကော့ချ်ဝှိုက်လေဘယ်တပုလင်း မှာလိုက်လေ၏။

သူ့အရက် နှစ်ခွက်လောက် ဝင်သွားတော့ ကျွန်တော်သူ့အပေါ် စိတ်ပျော့သွားသည်။ ဖော်ရွေလာသည်။ ဒီတော့ သူကကျွန်တော့်လက္ခဏာ ကြည့်ပါရစေ ဆိုလေရာ ကျွန်တော်က. . .

‘‘ဟ. . မိုက်ကယ်၊ ငါတော့ ဗေဒင်လက္ခဏာ ဝါသနာမပါဘူးကွာ’’

‘‘အဲဒီ ဝါသနာမပါတဲ့လူမို့ဘဲ ကျုပ်ကကြည့်ချင်တာ’’ဟု ပြောပြီး ကျွန်တော့်လက်ကို ဆွဲကြည့်ပါတော့သည်။

သူသည် ခုတွေလတွေလဲ မေးမနေ။ ကြာကြာလဲ ကြည့်နေသည်မဟုတ်ဖဲ၊ ခဏအတွင်း မှာပင် ကျွန်တော့်လက်ကို လွှတ်လိုက်ပြီး. . .

''ကျုပ် ထူးထူးခြားခြား ထင်ရှားတာ တချက်ထဲ ပြောလိုက်မယ်၊ ခင်ဗျား နိုင်ငံခြား သွားရလိမ့်မယ်''

ကျွန်တော်က ပြက်ရယ်ပြုသော မျက်နှာနှင့်. . .

''အောင်မလေးဗျာ၊ ဒါများ ထူးခြားသတဲ့၊ ငါ့လက္ခဏာကြည့်တဲ့ လူတိုင်းကဘဲ ဟောဒီနေရာမှာ စတားပါလို့ဆိုလား၊ ဒီလိုဟောကြတာဘဲ''

သို့သော် သူသည် ကမ္ဘြေမပျက်။

''သူတို့က ဘယ်တော့သွားမယ်လို့ ဟောသလဲ''

ကျွန်တော်က ဟုတ်တိုင်းမှန်ရာဘဲ. . .

''အဲသလိုတော့ အချိန်ကိုမပြောနိုင်ကြပါဘူး''

ဒီတော့ သူကရဲရင့်ပြတ်သားစွာ ''ကျုပ်ကတော့ အတပ်ဟောလိုက်မယ်၊ သုံးလအတွင်းဘဲ၊ မစွန်းရဘူး''

မိုက်ကယ်ဟောသည်မှာ ဖွန်လထဲမှာ ဖြစ်ပေရာ၊ ဩဂုတ်လနောက်ဆုံးအပတ်မှာ ကျွန်တော်ဆိုဗီယက်ယူနီယံသို့ မင်းရှင်၊ သာဂဒိုး တို့နှင့်အတူ သွားရောက်ခဲ့ရလေ၏။

## သွေးထွက်ရှံမက၊ သေအောင်မုန်ခြင်း

သုံးလအတွင်း ကျွန်တော်နိုင်ငံခြားသို့ သွားရမည်ဟု မိုက်ကယ်ဟောစဉ်က ဘယ်ပုံဘယ်နည်း သွားရမည်နည်း။ ကျွန်တော့်စိတ်ထဲမှာ ဘဲဥအစာရှာမရသလို ဖြစ်နေပါသည်။ အကြောင်းမှာ တော်လှန်ရေးအစိုးရ လက်ထက်ဖြစ်လေရာ၊ အစိုးရအရာရှိများကိုသာ သက်ဆိုင် ရာကိစ္စနှင့် လွတ်လေ့ရှိသည်။ ကျွန်တော်မှာ ဘာအရာရှိမျှမဟုတ်။ ယခင့်ယခင် ဗေဒင်ဆရာ များ ကျွန်တော့်အား နိုင်ငံခြားသွားရလိမ့်မည် ဟောစဉ်ကမူ ကျွန်တော်မှန်းဆ၍ ရပါသည်။ အကြောင်းမူကား ကျွန်တော့် ချစ်မိတ်ဆွေများ ဖြစ်ကြသော (ဆေးဝါးဝယ်ယူရေး ကိစ္စနှင့် ကမ္ဘာလှည့်လေ့ရှိသော) ဒီဆူဇာ ဦးခင်ဇော်၊ အပျင်းပြေ ပြင်သစ်ပြည်၊ ဂျပန်ပြည်တို့သို့ သွားလေ့ရှိ သောမိုးကုတ် ကိုမြမောင် (ကွယ်လွန်)နှင့် ကိုတင်မောင်တို့က ကျွန်တော့်အား တခါခါတော့ ခင်ဗျားပါ ခေါ်သွားဦးမယ်ဟု ပြောဘူးကြသောကြောင့် ဖြစ်ပါသည်။ ယခုတော်လှန်ရေးအစိုးရ လက်ထက်

ရောက်သောအခါကား ဤကဲ့သို့ ပြင်ပလူများအား ကမ္ဘာ့သုံးငွေကို ဖြုန်းခွင့်မပေးတော့ပြီ။ ထို့ကြောင့် ကျွန်တော့်မှာ မိုက်ကယ်ဟောကိန်းကို ဘဲဥအစရှာမရဖြစ်သည်။

သူဟောစဉ်က သူ့ဝီစကီလဲ သောက်ကောင်းကောင်းနှင့် ကျွန်တော်က အထက်ပါ အကြောင်းများ ပြောပြပြီး. . .

''ငါတော့ လမ်းမမြင်ဘူး မိုက်ကယ်''

ဒီတော့သူက ''ကျုပ်ကတော့ ထင်းထင်းကြီးမြင်နေသဗျ''

''ဘယ်နည်းဘယ်ပုံ သွားရမှာတုန်း''

''ဒါတော့ ကျုပ်မပြောတတ်''

လာ။ လာ။ ကျွန်တော်သွားရပုံက ဆိုဗီယက် ယူနီယံ စာရေးဆရာအသင်းမှ မြန်မာနိုင်ငံ က စာရေးဆရာသုံးယောက်ကို သူတို့ဌာနီသို့ လာရောက်လည်ပတ်ကြရန် ဖိတ်ကြားလိုက်ရာ၊ တော်လှန်ရေးအစိုးရက သူ့အမှုထမ်း မဟုတ်ဖဲလျက်၊ ကျွန်တော့်အား ရွေးချယ်လိုက်ခြင်းဖြစ်ပါ သည်။

ကျွန်တော်တို့သည် ဆိုဗီယက်ယူနီယံတွင် သီတင်းသုံးပတ် အရှေ့ဂျာမနီတွင် တပတ်၊ တလတိတိ လည်ပတ်ခဲ့ပြီး၊ စက်တင်ဘာလ တရက်နေ့မှာ မြန်မာပြည်သို့ ပြန်ရောက်ကြပါ သည်။

ထိုမှ ခြောက်လမျှအကြာ ၁၉၆၄ ခု၊ မတ်လအတွင်း တနေ့သော ၁၁နာရီခန့်၊ ကျွန်တော် နံနက်စာ စားပြီးစတွင် အိမ်ရှေ့မှာ ဂျစ်ကားတစီး ထိုးရပ်လျက် တယောက်တည်းကိုယ်တိုင် မောင်းလာသော မိုက်ကယ်ဆင်းလာပါသည်။ သူယခင်က တခါမျှမရောက်ဖူး။ ဘယ်လိုကဘယ် လို မေးစမ်းလာသည်မသိ။

ကျွန်တော်က ပြတင်းပေါက်မှ လှမ်းကြည့်၍. . .

''ဟာ. . . မိုက်ကယ်ပါလား၊ လာဟိတ်''

သူအိမ်ပေါ်ရောက်သောအခါ. . .

''ထိုင်ကိုယ့်လူ၊ နေ့ခင်းကြီး နေပူပါဘိသနဲ့၊ ဘာကိစ္စ''

မိုက်ကိုယ်သည် နှုတ်လေး၍ စကားပြောလည်း နည်းလျက်ပြောလျှင်လည်း တဲ့တိုး တိုက်ရိုက်။

''ခင်ဗျားကို အရက်တိုက်ရင်း လက္ခဏာဟောချင်လို့ပါ၊ ဟော်တယ်တခုခု သွားကြရ အောင်၊ လိုက်ခဲ့ပါ''

''ဟာ. . . အခုဘဲ ထမင်းစားပြီးတယ်ကွာ၊ အရက်မသောက်နိုင်တော့ပါဘူး၊ နိုးသိုင့်ကိစ်ဖဲ၊ နို့ပြီး မင်းငါ့ကို လက္ခဏာလဲ ဟောပြီးပြီ မဟုတ်လား၊ မင်းဟောတာ မှန်လို့ဘဲ ငါအခုဆိုဗီယက် ယူနီယံနဲ့ အရှေ့ဂျာမနီက ပြန်ခဲ့ပြီလေ''

သူ ဦးခေါင်းလေးလေးရမ်း၍. . .

''အဲသည်တုန်းက ဒါတခုဘဲ ဟောရသေးတာဘဲ၊ မစုံသေးဘူး၊ ဒါကြောင့် ထပ်ဟောချင် လို့''

''ဒါဖြင့် အခု ဒီမှာဘဲဟောကွာ၊ မင်းဟော်တယ်တော့ မလိုက်နိုင်တော့ဘူး''ဆိုပြီး ကျွန်တော့်လက်ဝါးကို ဖြန့်ပေးလိုက်ပါသည်။ ဒီတခါတော့ သူခုနစ်ကြရာဇ်တွေ့ပါမေး၏။

သူ့ဟောကိန်းမှာ ကျွန်တော့်တွင် အကောင်းချည်းဖြစ်နေ၏။ သူဟောသည့်အတိုင်းတွေ ရေးပြရလျှင် ကျွန်တော်ကြွားရာရောက်ချေမည်။ အချို့ကို အခြားဗေဒင်ဆရာတွေဆီကလဲ ကြားခဲ့ဘူး ပါပြီ။ သို့သော် အခြားဆရာတွေထက် ထူးခြားမှုတခုကိုတော့ ဖော်ပြသင့်သည်ထင်ပါ သည်။ အဘယ်နည်းဟူမူ၊ သူအားရအောင် ဟောပြီးသောအခါ၊ ကျွန်တော်၏စာရေးသော ဖူးစကက် စက္ကူတရွက်ပေါ်မှာ ကျွန်တော့်အား ဖောင်တိန့်ကိုဖွင့်၍မင်တွေ ခါချစေ၏။ ကျွန်တော်လည်း သူပြောသည့်အတိုင်းလုပ်၍ စာရွက်ပေါ်မှာ မင်စက်တွေ တော်တော် များသွား သောအခါ သူက''တော်ပြီ''ဟုဆို၍ ရပ်စေပြီး စက္ကူကိုအလယ်မှ ချိုးခေါက်လိုက်၏။ ထို့နောက် ပြန်ဖြန့်လိုက်ပြီး ကျွန်တော့်အား. .

''ကြည့်စမ်း. . . ဘာတွေ့သလဲ''

ကျွန်တော်က သေသေချာချာ ကြည့်သော် ဦးခေါင်းနှင့် နှုတ်သီးနှင့်၊ မျက်လုံးနှင့် အတောင်ပံနှစ်ဖက်ဖြန့်၍. . .

''သိန်းငှက်ပါလားဟ မိုက်ကယ်ရ''

သူက အားရကျေနပ်စွာနှင့် မပြုံးမရယ်၊ မျက်နှာထားတည်တည်နှင့်. . .

''အဲဒါ ခင်ဗျားဘဲ၊ မှန်ဘောင်သွင်းပြီး ထားလိုက်ပါ''

ကျွန်တော်က သူကျေနပ်အောင် စာရွက်ကို မျင်များသေ့အောင် မှုတ်ရင်း ''အေး ကောင်းပါပြီကွာ၊ ကဲ မင်းဟောချင်တာတွေ ကုန်ပြီမဟုတ်လား၊ ငါက ထမင်းစားပြီး အိပ်လေ့ရှိတယ်ကွာ''

တကယ်ဆို သူအလိုက်သိစွာ နှုတ်ဆက်ပြီး သွားဘို့မဟုတ်လား သို့သော် သူကအမိန့်ပေးသံနှင့်. . .

''ခင်ဗျား ဒီနေ့မအိပ်ရပါဘူး၊ ကျုပ်နဲ့အရက်သောက်ရအောင် လိုက်ခဲ့ပါ''

''ဟ. . . ထမင်းစားပြီးနေပြီဆိုတော့ ဘယ့်နှယ်လုပ် အရက်သောက်နိုင်တော့မှာလဲ၊ သွားကွာ . . . ငါမလိုက်ဖူးဆို မလိုက်ဖူး''

ကျွန်တော်မှာ ထမင်းစားပြီးတိုင်း အိပ်နေကျမို့ အိပ်ချင်စိတ်နှင့် စိတ်တိုနေရာ၊ သူက ညှို့မျက်လုံးလိုလို ပေရင်းရင်းနှင့် ကြည့်နေပြန်သဖြင့်. . .

''ကဲကွာ. . ငါတော့ အိပ်တော့မှာဘဲ''ဟုပြောပြီး၊ ကျွန်တော်နေ့ခင်း အိပ်လေ့ရှိသော ကွပ်ပျစ်ရှိရာ အိမ်အောက် ဆင်းခဲ့တော့မှ သူလည်းနောက်က လိုက်ပါလာခဲ့၏။

ကွပ်ပျစ်နားရောက်တော့ အသင့်ပြင်ထားသော ခေါင်းအုံးနှင့်သင်ဖြူးပေါ် ကျွန်တော် တုံးလုံးလှဲလိုက်ပြီး မျက်လုံးမှိတ်ကာ. . .

''ကဲ. . . မိုက်ကယ်၊ သွားပေတော့''

ဒီတော့မှ ကိုယ်တော်မြတ် ထွက်သွား၏။ ကားစက်နှိုးပြီး မောင်းသွားသံကြားရ၏။ သည်တော့လဲ သူ့အတွက် ကျွန်တော့်စိတ်မှာ မကောင်းဖြစ်ရပြန်၏။

ကြည့်စမ်း. . . သူငါ့အိမ် တမင်တကာလာရှာတယ်။ သူ့အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ပညာနဲ့ သူငါ့ကိုအလကား ဗေဒင်ဟောရှာတယ်။ နို့ပြီး ငါ့ကို အရက်တိုက်ရအောင် ဟော်တယ်ခေါ်ရှာတယ်။ ဒါကို ငါက အတင်းမောင်းထုတ်လိုက်တယ်။ ငါမိုက်ရိုင်းရာ ကျနေပါပကောလား။ အားနာစရာ ကောင်းလိုက်တာဟယ်။

ယင်းသို့ ကျွန်တော်အတွေးဝင်နေစဉ် အိမ်ရှေ့မှာ ကားတစီးစက်ရပ်သံကြား၍ ကျွန်တော် လှမ်းကြည့်လိုက်တော့ သူ။

မိုက်ကယ်သည် သူ့ဂျစ်ကားကို ဘက်ဂီယာနှင့် ပြန်လာလျက်။ သူ့အား ကျွန်တော် ခေါင်းထောင်ကြည့်နေသည်ကို မြင်တော့ကားပေါ်က မဆင်း၊ လက်ဝါးပက်လက်လှန်၊ လက်ယပ် ခေါ်လျက်. . .

''လာပါ၊ ခင်ဗျား ကျွန်တော်နဲ့အတူ လိုက်တော့မယ် မဟုတ်လား''

ဒီတော့ မနေသာတော့ပါ။ အိပ်ရာကထ၊ အနီးရှိ တိုင်မှာချိတ်ထားသည့် ရှပ်အင်္ကျီလေး ဝတ်ပြီး သူနှင့်ပါသွားရတော့၏။

မိုက်ကယ်၏ ဝီလ်ပါဝါသည် ကျွန်တော့်ကို နိုင်သွားလေပြီ။

သို့နှင့် ကျွန်တော်တို့လမ်းကထွက်၍ ပြည်လမ်းမကြီးတက်မည်ပြုသောအခါ သူက ဘယ်ဟော်တယ်သွားချင်သလဲ မေး၍၊ ကျွန်တော်က လက်ျာဘက်ကို ပြလိုက်သည်။ ကမာရွတ် ဂိတ်တဲနီးသောအခါ ကျွန်တော်ရုတ်တရက် သန်းဆွေကို သတိရလေ၍ စကားတခွန်းမျှ မပြောဘဲ နေကြရာမှ. . .

''ဟော့. . . မိုက်ကယ်၊ မင်း သန်းဆွေကို သိလား''

''လူချင်းတော့ မတွေ့ဘူးသေးဘူး၊ နံမယ်တော့ ကြားဘူးပါတယ်''

''အေးကွာ. . ဒို့သန်းဆွေကို ဝင်ခေါ်ရအောင်ဟေ့၊ သန်းဆွေက ရယ်စရာမောစရာ ပြောတတ်တယ်၊ မင်း. . သူ့ကိုတွေ့ရင် ခင်သွားမှာပါ၊ သန်းဆွေဟာ အင်မတန်ချစ်စရာကောင်း တယ်''

''သူ့အိမ်က ဘယ်မှာလဲ''

''ကမာရွတ်အဝိုင်းကြီးရောက်တော့ အင်းစိန်လမ်းဘက် ချိုးမောင်း၊ သူ့ခေါ်ပြီးတော့ ဒို့ကမာရွတ် သဟာယဘုရား သွားသောက်ကြမယ်၊ မင်းဒို့အိမ်ပြန်ပို့တော့လဲ နီးအောင်''

သို့နှင့် သန်းဆွေအိမ်သို့ရောက်ကြသောအခါ အဆင်သင့်ဘဲ သန်းဆွေကို တွေ့ရ၍ ကျွန်တော်တို့နှစ်ယောက် အိမ်ပေါ်တက်သွားကြပြီး. . .

''ဟော့. . . သန်းဆွေ၊ ဒါဗေဒင်လက္ခဏာ ဆရာမိုက်ကယ်ကွ''

သန်းဆွေက ပြုံးရွှင်လျက်. . .

''နာမည်ကျော်ဘဲ ကြားဘူးပါတယ်''

''အေး. . . သူကလဲ မင်းကိုကြားဘူးသတဲ့၊ အခုတော့မိတ်ဆွေဖြစ်ကြပေရော့ကွ၊ ဒို့ မင်းကို သဟာယဘားသွားပြီး၊ အရက်သောက်ကြရအောင် လာခေါ်တာ၊ ဒါနဲ့ မိုက်ကယ်ရေ. . . မင်းအရက်မသောက်ခင် သန်းဆွေလက္ခဏာ ကြည့်လိုက်အုံးကွာ''ဆိုသဖြင့် သန်းဆွေက လက်ဖြန့်ပေး၍ မိုက်ကယ်က ကိုင်ကြည့်လိုက်သည်။ ဘာမျှမကြာ တစ်ကနေ တဆယ်အထိ စိတ်ထဲကရေတွက် သလောက်ဖဲကြာမည်။ မိုက်ကယ်သည် သန်းဆွေလက်ကို မနှစ်သက်သလို တွန်းဖယ်လိုက်ပြီး. . .

''သူ့ကို ဟောစရာမလိုတော့ဘူး၊ သူ့လူ့ဘဝကံကုန်ပြီ၊ သူသေတော့မယ်''

အနီး၌ သန်းဆွေ၏ဇနီးလည်းရှိလေရာ ကျွန်တော်ထောင်းကနဲ ဒေါသထွက်လျက်. . .

''ဟင်. . . မိုက်ကယ်၊ မင်းဘာပြောတယ်၊ ဘာပြောတယ်''

''သူသေတော့မယ်၊ နှစ်မကူးဘူး''

''အရူး. . မင်းပါးစိပ်ပိတ်''ဟုဆို၍ ကျွန်တော်ထိုးပြုရာ သန်းဆွေကိုယ်က ကြားဝင်ခံ၍. . . .

''မလုပ်ပါနဲ့ ကိုဆွေရာ၊ သူပြောတိုင်း ဖြစ်ရမလားဗျ၊ လာဗျာ. . . ပျော်ပျော်ပါးပါး ဘားသွား သောက်ကြတာပေါ့. . . ''ဟုဆို၍ သူကဦးဆောင်ပြီး အိမ်ပေါ်မှ ဆင်းကြ၏။

ကျွန်တော် စိတ်မကောင်းဖြစ်လိုက်တာလေ၊ ဒီကောင့်ကိုခေါ်သွားမိတာ ဘယ့်နှယ်ဗျာ၊ မွေးနေ့ ခုနှစ်သက္ကရာဇ်လဲမမေး၊ လက်ဝါးကို ခဏလေးကြည့်လိုက်တာနဲ့ သေတော့မယ်။ ဟောတာ။ ဘယ့်နှယ်လုပ် ယုံစရာရှိမတုန်း။

သို့သော် သန်းဆွေသည် နောက်တလမျှ မကြာလိုက်ပါ။ သင်္ကြန်တွင်း ဧပြီလ ၁၄ရက် နေ့မှာ အင်းလျားကန်၌ ရေနစ်သေဆုံးခဲ့ပါသတည်း။

မိုက်ကယ်ကိုလည်း သည့်နောက်မှာ တခါမျှ မတွေ့ရတော့။ ဘာသတင်းမျှလည်း မကြားရ။ သေလေလား၊ ရှိသေးလားမသိ။ စင်စစ်တော့ မိုက်ကယ်သည် လူဆန်းတယောက်ပင်။

ကျွန်တော်ကသူ့ကို ထိုးမည်ပြုသည်တွင် စိတ်ဆိုးဟန်လည်းမပြ။ ကျွန်တော်ဤသို့ပြုမိသည်ကို သူက သိပြီးပုံသဏ္ဍာန်မျိုး။

## ကံကုန်ခြင်း၏ အရိပ်လက္ခဏာ

မိုက်ကယ်သည် သန်းဆွေအား လူ့ဘဝကံ ကုန်နေပြီဟု ဟောခဲ့၏။

သန်းဆွေသည် ဧပြီလ ၁၄ ရက်နေ့၊ နေ့လယ် ၃နာရီလောက်သေမည်ဖြစ်ရာ၊ ၁၃–ရက် နေ့ညနေမှာ ကျွန်တော့်အိမ် ရောက်လာပြီး ကျွန်တော်နှင့် အရက်အတူသောက်သွား၏။ ညဥ့်ဦး ၇– နာရီလောက်မှ ပြန်သွား၏။

နောက်တနေ့ (သန်းဆွေသေမည့် ၁၄–ရက်နေ့)နံနက်ခင်းတွင် ကိုဖေသိန်း ကျွန်တော့် အိမ်ရောက်လာပြီး. . .

''ကိုဆွေ. . . မနေ့ညနေက သန်းဆွေလာတယ် မဟုတ်လား''

''လာတယ်ဗျ. .၊ ကျွန်တော်နဲ့ အရက်သောက်ပြီး ၇နာရီလောက်မှာ ပြန်သွားတယ်၊ ဘာပြု လို့လဲ''

''ကျွန်တော့်စိတ်ထဲ ထူးဆန်းတာတခု ပြောချင်လို့ဗျာ''

''ဘာများတုန်း''

''ဒီလိုဗျ၊ ကျွန်တော်မနေ့ညနေက လှည်းတန်းဈေးက ဟင်းလျာဝယ်ပြီး ပြန်အလာ ပေတရာလမ်းမကူးမယ်အလုပ်၊ နောက်က ကိုဖေသိန်းလို့ ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ သန်းဆွေဗျ၊ လိပ်ပြာတောင်ဆိုင်ရှေ့မှာ မတ်တတ်ရပ်လို့၊ သူ့မြင်ရတာ ကျွန်တော့်စိတ်ထဲ တမျိုး ကြီးခံစားမိတယ်၊ ဒါနဲ့ သူကျွန်တော့်ဆီလျှောက်လာပြီး အနားရောက်တော့ ခင်ဗျား အိမ်ပြန်မလို့ မှုတ်လား၊ အဆင်သင့်ဘဲ၊ ကျွန်တော်ဘယ်သွားရမှန်းမသိဖြစ်နေတာ၊ ခင်ဗျားနဲ့အတူလိုက်ပြီး ကိုဆွေဆီ သွားမယ်ဗျာဆိုပြီး သူကျွန်တော်နဲ့အတူ ပါခဲ့တယ်၊ ဘတ်စ်ကားပေါ် ရောက်ပြီးတဲ့ နောက် ကျွန်တော်သူ့ကိုလုံးဝမေ့သွားတယ်ဗျ၊ ဒါနဲ့ဒီထိပ်ကမှတ်တိုင်ရောက်လို့ ကားပေါ်ကဆင်း ပြီး လမ်းထဲဝင်ခဲ့တော့ နောက်က ကိုဖေသိန်းလို့ ခေါ်သံကြားလို့ လှည့်အကြည့်လိုက်မှာ

သန်းဆွေကိုမြင်ရတော့၊ ကျွန်တော်လန့်သွားလိုက်တာဗျာ၊ ဘယ့်နှယ်ဖြစ်မှန်းမသိဘူး၊ ခုထက်ထိ ကျွန်တော့်စိတ်ထဲမှာ ခံစားမှုတမျိုးဖြစ်နေတယ်၊ အဲဒါ ဘယ်လိုမှန်းမသိဘူး''

ထိုစဉ်ကတော့ ကျွန်တော်လည်း ဘာမှန်းမသိပါ။ နောက်သန်းဆွေသေတော့မှ မိုက်ကယ် အဟောနှင့် ကိုက်ကြည့်တော့ သန်းဆွေလူ့ဘဝကံကုန်နေခြင်း၏ နိမိတ်လက္ခဏာဟူ၍ ယူဆရ ပါတော့၏။ ယင်းအခိုက်အတန့်၌ ကိုဖေသိန်းကိုပြသည်။ သို့မဟုတ် ကိုဖေသိန်းက မြင်သည်။

ကျွန်တော့်အနေအားဖြင့်ကား ဘာမှမထူးခြား။ သန်းဆွေရောက်လာသည်။ အရက်အတူ သောက်သည်။ စားသောက်ပြီးပြီးချင်း အိပ်တတ်သော ကျွန်တော်နှင့်အတူ ခုတင်ပေါ်အထိ လိုက်ထိုင်ကာ၊ ကျွန်တော့်ရင်ပတ်ပေါ် စောင်ခေါက်ကို တင်ပေးပြီး ''ကျွန်တော်သွားပြီကိုဆွေ''ဟု နှုတ်ဆက်သွားရာ၊ သူ၏နောက်ဆုံးနှုတ်ဆက်ခွဲခွာသွားခြင်းဖြစ်ကြောင်း ကျွန်တော်ပသို့လျှင် တွေးထင်နိုင်ပါအံ့နည်း။ ၁၀ နှစ်ကျော်ပြီ သူငယ်ချင်း။

## ဆန်းစစ်ကြစို့

ကျွန်တော့်အား ဟောကြားခဲ့သည်များအနက် မှန်ကန်လှသော ဟောကိန်းများကို ယခု ရွေးထုတ်ဖော်ပြခဲ့ပြီ။ မမှန်ကန်သည်များကိုတော့ ဟောကြားသောဆရာတို့၏ ဂုဏ်သိက္ခာကို စောင့်ထိန်းသောအားဖြင့် ချန်လှပ်ခဲ့ပါ၏။

သို့ရာတွင် ကျွန်တော့်ကိုဟော၍ မမှန်သောဆရာများသည် အခြားသူအချို့ကမူ သူတို့ အတွက် မှန်ကန်လှပါပေသည်ဟု ကြွေးကြော်ကြသည်။ ထိုနည်းအတူ ကျွန်တော်က မှန်ကန်လှပါ သည်ဟု အခုနဖော်ပြခဲ့သော ဆရာများကိုလည်း သူတို့အတွက် မမှန်ဘူးဟု ပြောကြသူများ ရှိပါလိမ့်ဦးမည်။

သည်တော့ ကျွန်တော်ယူဆသည်မှာ ဟော၍မှန်ကန်သော၊ လူတို့၏ရေးဖြစ် နှောင်းဖြစ် ကို တပ်အပ်သိနိုင်သော ဗေဒင်လက္ခဏာပညာသည် အမှန်စင်စစ် ကေန်ရှိ၏။

ထို့ကြောင့် ဗေဒင်လက္ခဏာပညာကို ကျွန်တော်ယုံ၏။

သို့ရာတွင် ဤပညာကို လေ့လာကျင့်သုံးကြပါလျက်၊ ဗေဒင်ဆရာတို့သည် တညီတညာ တည်းမရှိ၊ အမှန်ကြီး၊ အမှန်လေး၊ အမှားလွဲ၊ မှန်တဲ့အခါမှန်၊ မှားတဲ့အခါမှား။ ယင်းသို့အဘယ် ကြောင့် ဖြစ်ရပါသနည်း။ ကျွန်တော်စဉ်းစားကြည့်တော့ မဟုတ်မှလွဲရော့ (ဗေဒင်ဟောသလိုဗျာ)

ဗေဒင်လက္ခဏာပညာသည် လက်နက်ကောင်းကြီးတခုပါဘဲ။ ဥပမာ၊ သေနတ်ပါဗျာ။ သေနတ်မှ ကမ္ဘာကျော် ဝင်ချက်စတာကုမ္ပဏီမှ ထုတ်လုပ်သော ဝင်ချက်စတာ အမဲလိုက်သေနတ် ဆိုပါတော့ဗျာ။

ဒီသေနတ်တွေကို အမဲလိုက်မုဆိုးတွေ အများဘဲ သုံးဆောင်ကြပါတယ်။ ဒါပေမယ့် ဒီသေနတ်မျိုးသုံးတဲ့ မုဆိုးတွေဟာ အားလုံးတန်းတူရည်တူရှိကြသလား။ မရှိပါဘူး။ အခုနပြော တဲ့ ဗေဒင်ဆရာတွေလိုဘဲ၊ အမှန်ကြီး၊ အမှန်လေး၊ လွဲတဲ့အခါလွဲ၊ မှန်တဲ့အခါမှန်၊ ချာတူးလန် တဲ့မုဆိုးလဲရှိ၊ ဆာရိုက်ဒါဟက်ဂတ်ရဲ့ စိတ်ကူးယဉ်ဇာတ်လိုက်ကြီး အလန်ကွာတာမိန်းလို ပစ်တိုင်း မလွဲတဲ့ ဟောတိုင်းမှန် ကမ္ဘာကျော်ဆရာကြီး ကိုင်ရိုလဲရှိခဲ့သပေါ့။ မဟုတ်ဖူးလားခင်ဗျာ။

ဤကား ဗေဒင်ပညာနှင့် ဗေဒင်ဆရာတွေအပေါ် ကျွန်တော်၏ ယူဆချက်ပါတည်း။ ထိုမှ တပြီး ဗေဒင်ဆရာတွေက ကျွန်တော်တို့ကိုဟော၍ မှန်သော်ရှိ၊ များသော်ရှိ၊ ကိုယ့်အတွက် ဘာအကျိုးထူးပါသနည်း။ ဒါတော့ ခံယူသူအပေါ်မှာ တည်လေပြီ။

ပုဂ္ဂိုလ်ရေးရာ ကျွန်တော့်အတွက် ပြောရပါမူ၊ ဘာအကျိုးမျှထူးသည်မထင်ပေါင်ဗျာ။ ဘာကြောင့်ဆို. . . .

(၁) ဆရာသန်းကမဟောလဲ ကျွန်တော်မေနဲ့ညားမှာ ညားရမှာဘဲ။ ဒါဘယ်သူမပြုမိမိမှု ကိုဗျ။ ကျွန်တော်က ကလောင်ကမြင်းကြောထ၊ ရည်းစားတွေ အများကြီးထားပြီး မယားသစ် ရှာနေတဲ့ကောင်ကိုဗျ။

(၂) မင်းရှင်နောင်နဲ့ ကိုမောင်မောင်ကမပြောလဲ ကျွန်တော့်အဖေက သူ့သားကြီး ရန်ကုန်မှာ ဒီလိုအိမ်စုတ်ကလေးနဲ့ နေရတာ စိတ်မကောင်းဘူးဆိုတာနဲ့ ကျွန်တော့် ညီငယ်က အိမ်တလုံး ဆောက်ပေးတာဘဲ။ ဟို ငှားအိမ်ကလေးကနေပြီး ခုအိမ်ကြီး ကျွန်တော်ပြောင်းရတော့မှာပေါ့။

(၃) ကျွန်တော်နိုင်ငံခြားသွားရတာလဲ ဘာကြောင့်ဆိုတာ ကျွန်တော်သိပါတယ်။ ကိုယ့်စွမ်းပကားနဲ့ကိုယ်ဘဲ။

(၄) သန်းဆွေသေရတာလဲ မိုက်ကယ်နဲ့ ဘာမှမဆိုင်ပါဘူး။ သူသေနေ့စေ့လို့ သေရတာ ပါဘဲ။

သို့သော် မှန်ကန်တာကို ကြိုတင်ဟောကြားနိုင်တဲ့ ဆရာတွေကိုတော ့အံ့သြချီးကျူး ရတယ်ပေါ့ဗျာ။ သည်တော့ ဗေဒင်ဆရာဟာ ဗေဒင်ဆရာအတွက်ဖဲ ဖြစ်တော့သပေါ့။ သူတို့

ဟောတာမှန်ရင် သူတို့နာမည်ကြီးပြီး သူတို့ပိုက်ဆံရမယ်။ ဗေဒင်(မေး)ဝါသနာရှင်တွေကတော့ ကုန်ကြပေရော့။

ဒါပေမယ့် ဗေဒင်မေးခြင်းသည် အကျိုးမဲ့တယ်လို့တော့ ကျွန်တော်မဆိုပါဘူး။ ဗေဒင်ကို မေးချင်တဲ့စိတ်၊ ဗေဒင်ဆရာကို ယုံကြည်စိတ်ရှိတဲ့လူမှာ သူနဲ့သင့်လျော်သော အကျိုးအာနိသင် ရှိတယ်ဆိုတာ ကျွန်တော်မြင်ပါတယ်။

ဘယ်လိုလဲဆိုရင် ဗေဒင်မေးတဲ့လူ နှစ်မျိုးနှစ်စားတွေ့ရပါတယ်။ ပထမတမျိုးက ဗေဒင် မေးရမှာကို အင်မတန်ဝါသနာပါတယ်။ ဘယ်က ဗေဒင်ဆရာ ဘယ်သူဟာဖြင့် သိပ်မှန်တာဘဲလို့ ပြောသံကြားရရင် သူသွားတော့တာဘဲ။ သူ့စိတ်ထဲမှာ ဒီဗေဒင်ဆရာဟာဖြင့် သူ့အတွက် ရှေ့အဖို့ ကောင်းတာတွေဟောတော့မှာဘဲ၊ အဆိုးရှိလဲ ယာယီ ယတြာနဲ့လုပ်ပေးလိမ့်မယ်လို့ မြှော်လင့်တယ်။ အဲသည်တော့ ဗေဒင်ဆရာဆိုတာကလဲ အင်္ဂဝိဇ္ဇာသမားတွေဘဲဗျာ။ အသွေးမြင် အသွင်သိပြီး မြောက်တန်မြောက်၊ ချောက်တန်ချောက်နဲ့ ငွေချူယူလိုက်တော့တာပေါ့။ ဒီလို အမျိုးအစားကတော့ အများအားဖြင့် အမျိုးသမီးတွေ ဖြစ်ကြပါတယ်။ သူတို့က ဗေဒင်ဆရာကို အချော့တော်၊ အထိန်းတော်လို သဘောထားကြတယ်။ ကိုယ်ရေးကိုယ်တာတွက် ဗေဒင်ဆရာကို အားကိုးတော့တာဘဲ။

ဒုတိယ အမျိုးအစားက ကျန်းမာရေး ချို့ယွင်းလို့၊ စီးပွားရေးပျက်လို့၊ လုပ်ငန်းကိုင်ငန်း အပေါက်အလမ်းမတည့်လို့၊ အိမ်ထောင်ရေး အဆင်မပြေလို့ ချစ်ဒုက္ခရောက်လို့၊ ရာထူး လျှောကျမှာစိုးလို့၊ သို့မဟုတ် တက်အောင်လို့၊ မဖြစ်သင့်တာတွေ ဖြစ်လို့ (ဥပမာ ကျွန်တော့်ကို ကိုယ့်ခွေးက ကိုက်တာမျိုး) စာမေးပွဲအောင်ဘို့လို့၊ ကိုယ့်လုပ်ငန်းသစ်တခုလုပ်မှာ ကိုယ်နဲ့တော် ၏ မတော်၏ သိချင်လို့ စသည်စသည်ဖြင့်။

အချုပ်အားဖြင့်တော့ စိတ်ဓာတ်ကျဆင်းသူတွေ၊ ကိုယ့်စိတ်ကိုယ်မနိုင်သူတွေ၊ ကိုယ့်ကိုယ် ကို မယုံတဲ့သူတွေဟာ ဗေဒင်ဆရာဆီသွားပြီး အားကိုးကြတာပေါ့ဗျာ။ ကိုယ့်ပြဿနာတင်ပြ တော့ ဗေဒင်ဆရာကလဲ တတ်သမျှမှတ်သမျှ သုတြနဲ့ အတ္တအကျိုးဆောင်တော့တာပေါ့။ သူတို့ ဟောတာကလဲ ကျွန်တော်အခုနဖော်ပြခဲ့တဲ့အတိုင်း အမှန်ကြီးလဲရှိမယ်၊ အမှန်လေးလဲရှိမယ်၊ တက်တက်စင်အောင် လွဲတာလဲရှိမယ်။ အဲ. . . ကိုယ်နဲ့ ထိုက်သလိုဖြစ်ကြတာပေါ့ဗျာ။ အဲသည် တော့ ဗေဒင်ဆရာမှာ ဘယ်လိုအခွင့်အရေးရှိသလဲဆိုရင် မှန်တာအဟောခံရတဲ့လူဟာ ဒီဆရာ တယ်မှန်လိုက်ပါလားလို့ သူ့ပတ်ဝန်းကျင်မှာ ကြွေးကြော်ကြတယ်။ အဟောမမှန်တာ ခံလိုက်ရ တဲ့လူကတော့ သူငွေကုန်ခံ့ရတာ တွေးနမြောပြီးရှက်လို့ ကျိတ်မြုံနေရော။

သို့သော် အခိုက်အတန့်အားဖြင့်တော့ရင် ထိုဗေဒင်ဆရာကို ယုံကြည်မှုနှင့် ထိုဗေဒင်ဆရာညွှန်ကြားသော ယာယီယတြာတွေလုပ်ရခြင်း၊ ပန်း၊ ဆီမီးဘုရားမှာပူဇော်ရခြင်း၊ ငါး ငှက်သက်စေ့လွှတ်ရခြင်း၊ ကိုယ့်မွေးနေ့ မွေးရပ်က ရေချမ်းကပ်လှူခြင်း၊ ဘုန်းကြီးဆွမ်းကျွေးရခြင်းစတဲ့ကောင်းမှုတွေ ပြုလုပ်နေရတဲ့ အခါသမယနဲ့ ဖြစ်ပေါ်လာမယ့်အကျိုးကို မျှော်လင့်နေရတဲ့ အချိန်ကာလအတွင်းမှာတော့ စိတ်သက်သာရာရတာ အမှန်ပါဘဲခင်ဗျာ။ ဒါဟာ ဗေဒင်ရဲ့ အကျိုးအာနိသင်ပါဘဲ။

သို့သော် အမှန်စင်စစ်မှာတော့ လူ့ဘဝဆိုတာ အများသိတော်မူကြတဲ့အတိုင်း၊ ဖြစ်ချိန် တန်ဖြစ်၊ ပျက်ချိန်တန် ပျက်၊ တက်ချိန်တန် တက်၊ ကျချိန် ကျ၊ ပွချိန် ပွ၊ ပိန်ချိန်မှာတော့ ပိန်ကြတာဘဲခင်ဗျာ။ အဲသည်တော့ ဗေဒင်ဟာ မှားချင်မှား၊ မှန်ချင်မှန်၊ အခိုက်အတန့်အတွက် တပါတိုးစိတ်ဓာတ် အားဆေးကလေးပါဘဲ။ ဤဆေးကို သင်လိုလျှင် မှီဝဲပါလေ။

သို့သော် ဆေးစားမှားတာလဲ ရှိတတ်သဗျ။ ဘယ်လိုလဲဆိုရင် ဥပမာ. . .

ရုပ်ရှင်မင်းသားဖြစ်ချင်တဲ့ ဘဲတကောင်ဗျ။ သူ့မှာ ငွေကြေးကလဲ အတော်အသင့်ရှိတော့သူ့ငွေနဲ့ သူ့ဇာတ်ကားသူရိုက်ပြီး သူမင်းသားလုပ်ဖို့အကြံနဲ့ နာမည်ကျော် ဗေဒင်ဆရာ တယောက်ဆီသွားတိုင်ပင်ကော။ ဆရာက သူ့ဇာတာတွက်ချက်ပြီး လုပ်သာလုပ်၊ ဖြစ်ရမယ်ပေ့ါ။

ဒါနဲ့ ကျိတ်လိုက်တာ ငတိ ရှိတာကုန်လို့ မင်းသားတော့မဖြစ်ဖူး၊ ကြွေးတွင်းထဲနစ်နေပါရောလား။

ဒါ. . ဥပမာပြောတာနော်။ ဟိုလူသည်လူ ရည်ညွှန်းတာမဟုတ်ပါဘူး။ ဟဲ. . ဟဲ. . ။

ဤဂေဟာသို့

လူမှန်သမျှ မွေးပြီး သေရမှာချည်းဖြစ်သော်လည်း နေရာ၊ သေရာတို့ကား မတူကြချေ။ အချို့မှာ ထိုအိမ်မှာမွေး၊ ထိုအိမ်မှာဘဲနေပြီး ထိုအိမ်မှာပင် သေဆုံးကြသည်။ ဤကား လူနည်းစုဖြစ်ပါသည်။ များစွာသောလူတို့ကား မွေးရာတခြား၊ သေရာတဌာနသာ ဖြစ်ကြသည်။ ဤလူများစုမှာလည်း နေရာဌာနအမျိုးမျိုးတွင် အိမ်အမျိုးမျိုးပြောင်းရသူများလည်း ရှိပေရာ၊ ကျွန်တော် သည်ယင်းလူစုတွင် ပါဝင်သည်ဟု ဆိုရပါမည်။

ကြည့်ပါ။ ကျွန်တော်သည် မွေးဖွားရာကျေးရွာဂေဟာတွင် ၁၄ နှစ်သားအထိသာ စွဲစွဲမြဲမြဲနေခဲ့ရပြီး၊ ရွာကကျောင်းမှ ၇တန်းအောင်၍ မြို့ကျောင်းသို့ ပြောင်းခဲ့ရသောအခါ၊ ၈တန်းမှာ မြို့ပေါ်ရှိဒွေးလေး၏အိမ်၌နေသည်။ ၉တန်း၊ ၁၀တန်းရောက်သောအခါ လူဝါးဝလာပြီး ခြေရှည် လာပြီဖြစ်၍

တအိမ်တည်းမနေတော့ဘဲ ကျောင်းအနီးရှိ ဆရာ၏အိမ်မှာ နေချင်နေသည်။ ကျွန်တော်တို့၏ အတန်းပိုင်ဆရာသော်နှင့် ဆရာကတော်က ကျွန်တော့်ကိုချစ်ကြသည်။ ပေါင်းတည်မြို့နှင့် တမိုင်သာသာမျှကွာသော သိမ်ကြီးအရပ်ရှိ ဦးရီးတော်သူ၏အိမ်မှာ နေချင် လည်းနေသည်။ ထိုဦးရီး၏ဇနီးမှာ သားသမီးထွန်းကားသည်မဟုတ်၍ ကျွန်တော့်ကိုသားကဲ့သို့ ချစ်ရှာသည်။ ၈တန်းတုန်းက နေခဲ့သော မူလဒွေးလေးအိမ်မှာ နေချင်လည်းနေသည်။ ကျွန်တော် နှင့် တတန်းတည်းသား မြို့ပေါ်ရှိကိုအောင်ဖေအိမ်မှာ လိုက်နေချင်လည်းနေသည်။ ဘုရားကြီး ကျောင်းတိုက်ထဲရှိ ကျွန်တော့်ကိုချစ်သော ဘုန်းကြီးဦးသြဘာသကျောင်းမှာ သွားနေချင်လည်း နေသည်။ ရွာကအိမ် ပြန်နေချင်လည်း နေသည်။ တအိမ်အိမ်တွင် တလကိုးသီတင်းနေချင်လည်း နေသည်။ တရက်နှစ်ရက်ပဲ နေချင်လည်းနေသည်။ ကဲ. . . ကျွန်တော် ဘယ်လိုအကောင်လဲဆိုတာ အကဲဖမ်းကြပေရော့၊ နွေရာသီကျောင်းပိတ်ရက်များတွင်မူ ကျွန်တော်၏ရည်းစားနှစ်ယောက်ရှိရာ ဇီးကုန်းမြို့တွင် အကိုတော်သူ၏ အိမ်မှာသွားနေသည်။

ကျွန်တော်သည် ရည်းစားများသူဖြစ်သော်လည်း၊ ပေါင်းတည်မြို့ပေါ်တွင်တော ့မစွံချေ။ အကြောင်းမှာ ကျွန်တော့်တွင် နာမည်ပျက်ကလေးရှိ၏။ ထန်းရည်၊ အရက်သောက်တတ်သည်။ ကြက်တိုက်တတ်သည်။ ၁၆ နှစ်သားတွင် ဘင်ခွဲရ၏။ ထိုဘင်ခွဲပြီးဆေးတိုက်ထဲက သူငယ်ချင်း နှစ်ယောက်နှင့် တွဲ၍ထွက်အလာ ကျွန်တော်စာပေးထားသော ဟိုက်စကူးကျောင်းက ကောင်မ လေးနှင့် ပက်ပင်းသွားတိုးလေ၍ အဲသည်ကတည်းကစပြီး ကျွန်တော် ပေါင်းတည်မြို့ပေါ်မှာ ဂေါ်လမ်း 'ကန်း'သွားပေတော့သည်။ မြို့ငယ်ကလေးပေကိုး။ သနားဘွယ်ပင်တည်း။

သို့သော် ကျွန်တော့်မှာ သတင်းကောင်းကလေး တခုတော့ရှိ၏။ 'ကဗျာစပ် သိပ်ကောင်း တာဘဲ'။ ထိုစဉ်က ပေါင်းတည်မြို့တွင် ကဗျာခေတ်စား၏။ ရဟန်းခံ ရှင်ပြုဖိတ်စာများ ကာရန် နဘောနှင့် ရေးရ၏။ မင်္ဂလာသြဘာရတု ပိုဒ်စုံများ၊ အဖျင်းဆုံးဗျာ၊ မြူနီစီပယ်လူကြီး ရွေးကောက် ပွဲသော်မှ ဟိုဘက်သည်ဘက် စောင်းချိတ်သော ကဗျာမျိုး ရေးပေးရ၏။ ဤမှာဘက်တွင် ဆရာသော်တပည့် မောင်ကျင်မောင်ဟု ကျွန်တော်နာမည်ထောင်၏။ မြန်မာပြည်အရပ်ရပ်တွင် လူအိုရှုံများ တည်ထောင်သော ဒေါ်ဦးဖွန်းလည်း ကဗျာချစ်သူဖြစ်၏။ ပေါင်းတည်မြို့ လူအိုရုံ အကြောင်း ကျွန်တော်လေးချိုးတပုဒ် စပ်ပေးရာ အနွေးထည် ဂွမ်းလုံချည်တကွင်းချီးမြှင့်၏။

ကျွန်တော်တို့ကျောင်းမှာ ၈တန်းကစ၍ ကဗျာကိုသင်ရရာ၊ ၉တန်းရောက်သောအခါ၌ ကျွန်တော်သည် ကဗျာမျိုးစုံကို စပ်တတ်နေပြီ။ လေးချိုးကို အများဆုံးစပ်ဖြစ်သည်။ အကြောင်း အရာတခုကို ပေးပါက ပြည့်စုံသော လေးချိုးတပုဒ်ကို နာရီဝက်ထက် ပိုမကြာစေရ။

ကျွန်တော်သည် အတန်းထဲတွင် ကဗျာတခုသာထူးချွန်၍ အခြားဘာသာရပ်များမှာ သာမန်မျှဖြစ်၏။ ၉တန်းတွင် တနှစ်ရှုံးခဲ့၏။ ၁၂ နှစ်သား ၈တန်း၊ ၁၆နှစ်နှင့် ၁၇နှစ် ၉တန်း၊ ၁၈နှစ်သားမှ ၁၀တန်းကိုအောင်ခဲ့၍ ၁၉၃၈ခုနှစ်၊ ၁၉နှစ်သားတွင် ကြည့်မြင်တိုင် ဆရာဖြစ် သင်တန်းကျောင်းမှာ ဘော်ဒါသွားနေရတော့၏။

ကျွန်တော့်ဘဝတာအတွက် ကျွန်တော့်မိဘများ ရည်ရွယ်သည်မှာ ထိုစဉ်က 'ဟိုက်ယား ဂရိတ်'ခေါ် မြန်မာလို ဆယ်တန်းဆရာဖြစ် အောင်မြင်သောအခါ ပညာရေးမှာ ကိစ္စပြီးချေပြီ။ ကျေးရွာပြန်ပြီး တနေရာရာမှာ ကျောင်းဆရာလုပ်ရုံဘဲ ရှိတော့၏။ လယ်သမားသား ကျောင်း ဆရာဖြစ်တယ်ဆိုတာ ကျေးရွာလူထုအဖို့ တော်တော်အတန်းမြင့်လှချေပြီ။ ယင်းခေတ်က 'အင်ဂလိုဘာနေကလာစကူးလ်'ခေါ် အင်္ဂလိပ် မြန်မာနှစ်ဘာသာ သင်သောကျောင်းနှင့် 'ဘာနေ ကလာစကူးလ်'ခေါ် မြန်မာစာသက်သက်သာ သင်သောကျောင်း နှစ်မျိုးရှိလေရာ၊ မြန်မာစာ သက်သက်သမားသည် ၁၀တန်းနှင့် ဟိုက်ယားဂရိတ် ဆရာဖြစ်အောင်ပြီးသောအခါ ရှေ့ဆက် စရာ မရှိတော့ပေ။

စင်စစ်ကျွန်တော့်လည်း ဤမျှနှင့်ဘဲ ရပ်တန်းက ရပ်ဖို့ပင်။ သို့ရာတွင် ကြည့်မြင်တိုင် ဆရာဖြစ်သင်ကျောင်းမှာနေစဉ် တနေကသ၌ ကျွန်တော်ရှိုးကျကျနှင့် မြို့ထဲသို့အသွား၊ လမ်းမှာ တွေ့သောမျက်နှာဖြူတယောက်သည် ကျွန်တော့်အား အင်္ဂလိပ်လို တစုံတခုမေး၏။ ကျွန်တော် သူ့စကားကို ဘာမျှနားမလည်။ ထို့ကြောင့် ကိုယ်ကြားဘူးသော 'နိုး'တလုံးအသုံးပြု၍ ''အိုင်နိုး. . အိုင်နိုး''ဟု ပြောရင်း ခေါင်းကိုသွက်သွက်ခါအောင် ယမ်းပြလိုက်တော့. . . ထိုမျက်နှာဖြူသည် ကျွန်တော့်အား အရူးတယောက်ကိုကြည့်သောအကြည့်မျိုးဖြင့်ကြည့်ပြီး ပြုံးရယ်ကာ ထွက်သွား လေ၏။ (No နိုးဆိုတာ မဟုတ်၊ မရှိ၊ မသိဟု ကျွန်တော်ဆိုလို၏။ ညသတ နိုးကိုမှ ကျွန်တော် မသိသေးတာကိုး) ထိုမျက်နှာဖြူလုပ်သွားပုံ ဘယ်လိုဖြစ်နေသနည်း။ ကျွန်တော့်စိတ်ထဲမှာ များစွာ မကျေနပ်။ ထို့ကြောင့် အင်္ဂလိပ်စာတတ်သော မိတ်ဆွေတယောက်ကို ဒီအကြောင်းပြောပြတော့၊ သူက. . .

''မောင်ရင့် အိုင်နိုး အိုင်နိုးက ဘာဆိုချင်တာလဲ''

''ကျွန်တော်မသိဘူး၊ ကျွန်တော်မသိဘူးပြောတာပါ''

ထိုအခါသူသည် အားရပါးရ ရယ်မောလျက်. . .

''အိုင်နိုး. . . အိုင်နိုးဆိုတဲ့ အဓိပ္ပာယ်က ကျွန်တော်သိတယ်၊ ကျွန်တော်သိတယ် ပြောတာကွ၊ မောင်ရင်က အဲလိုပြောရင်းခေါင်းယမ်းပြတော့ မျက်နှာဖြူက ဘယ်လိုထင်သွားမလဲ၊ မောင်ရင် စဉ်းစားကြည့်တော့''

ဒီနေရာမှာ ကျွန်တော်ရှက်လိုက်တာလေ။ နို့ပြီး ထိုမိတ်ဆွေက ဆက်ပြောသေး၏။

''ကိုရင့်ရုပ်ရည်လေးနဲ့ ဝတ်စားထားတာက တကယ့်ကောလိပ်ကျောင်းသားစတိုင်၊ ဒါကြောင့် မျက်နှာဖြူက အင်္ဂလိပ်လိုမေးတာ၊ ကိုရင်က အင်္ဂလိပ်စာ တလုံးမှမတတ်''

ကျွန်တော် ကြီးစွာသော မဟာအရှက်တော်ကြီး ရလေ၏။

ထိုစဉ်က ရန်ကုန်မြို့မှာ မြန်မာစာ၊ မြန်မာစကား သက်သက်သာ တတ်နေ၍ မဖြစ်ပေ။ ဈေးဝယ်ရာမှာ အင်္ဂလိပ်လို၊ သို့မဟုတ် ကုလားလို မေးနိုင်ပြောနိုင်မှ အရာရောက်၏။ မြန်မာ စကားသက်သက်သာဆိုရင်ဖြင့် တောအမဲဘဲဟု ကွဲပေရော့။ အနည်းဆုံးလန်ချားစီးရာမှာပင် ဆီးတား၊ ဘားယား၊ ဒိုင်းနား၊ ရပ်ခိုး၊ ဂိုမောင်းပြောနိုင်မှ ကုလားက လေးစား၏။ ဟဲ့. . ကုလား၊ ဘယ်ဘက်သွား၊ ညာဘက်ချိုး ဆိုတာမျိုးတွေ ပြောနေရင်ဖြင့် ကုလားက ဂျန်ဂလိဝါးလားဘဲဟု လန်ချားခ ပိုတောင်းပြီသာ မှတ်ပေရော့။

ပေါင်းတည်မြို့မှာ လန်ချားတွေ ရှိနေသဖြင့် လန်ချားစီးကုလားစကားတော့ ကျွန်တော် ကောင်းကောင်းတတ်နေပါသည်။ သို့သော်အင်္ဂလိပ်လိုတော့ အေ၊ ဘီ၊ စီ၊ ဒီမှ မတတ်သေး။

ကျွန်တော့်မိဘများသည် ကျွန်တော်ငယ်စဉ်က အဘယ်ကြောင့် မြို့ပေါ်ရှိ အင်္ဂလိပ် ကျောင်းတွင် မထားခဲ့ပါသနည်း။ မထားနိုင်လို့လား။ မဟုတ်ပါ။ တောရွာက လယ်ပိုင်ရှင် လူချမ်း သာထဲကဘဲ။ ရန်ကုန်ကောလိပ်ထားနိုင်လောက်အောင် ငွေကြေးပြည့်စုံပါသည်။ ဒါဖြင့် မြို့ပေါ် မှာ အင်္ဂလိပ်ကျောင်းရှိတယ်ဆိုတာ မသိလို့လား။ သိလိုက်သမှ။ အမှန်စင်စစ်က ကျွန်တော့် နောင်တော် နောင်တော်များ လုပ်သွားပုံက စံတင်ရလောက်အောင် ဖြစ်နေသောကြောင့်တည်း။

အသို့ဟူမူ၊ ကျွန်တော်တို့ရွာမှာ ကျွန်တော့်ထက် ဆယ်နှစ်လောက်ကြီးသော လူတသိုက် အား၊ သူတို့မိဘများက သားချင်းအပြိုင်အဆိုင် မြို့ပေါ်တွေပို့၍ အင်္ဂလိပ်ကျောင်းမှာ ထားခဲ့ကြ ပါသည်။ သို့သော်သူတို့သည် မြို့ပေါ်မှာ ၄–၅–၆နှစ်မျှ သွားနေကြသော်လည်း ဘယ်လောက် စာတတ်၍ ဘယ်နှစ်တန်း ရောက်ခဲ့ရမှန်တော့မသိရ။ နောက်ဆုံးမှာ လူပျိုပေါက်အရွယ်တွေ ကာလသားရောဂါ ရလာသူနှင့်၊ ဘိန်းစွဲပြီး ဖဲသမားဖြစ်လာသူနှင့်၊ တယောက်သောသူမှာ နူတောင်လာခဲ့ပြီး၊ မကြာမီသေဆုံး၏။ နို့ပြီး ကျွန်တော်တို့ဦးလေးတော်သူတယောက်လည်း

သာယာဝတီမြို့ပေါ်မှာ အင်္ဂလိပ်ကျောင်းသွားထားတာ၊ ပညာတော့ပေါက်ရောက်ပါရဲ့။ သို့သော် သူ့တည်းအိမ်က ခရစ်ယန်ဖြစ်လေတော့ ခရစ်ယန်ဘာသာထဲဝင်ပြီး ခရစ်ယန်မနဲ့ လက်ထပ်သွား သဗျ။

အဲသည်ဟာတွေ စိစစ်လိုက်တော့ ကျုပ်တို့ရွာမှာ ဖြစ်ပေါ်လာတဲ့စကားက မြို့ပေါ်ပို့ အင်္ဂလိပ်ကျောင်းထားရင်ဖြင့် ဖာကျိုးလာမယ်၊ ဘိန်းစားဖဲသမားဖြစ်လာမယ်၊ ခရစ်ယန်ဖြစ်သွား မယ်။

ဣတိတသမာ ထို့ကြောင့် ကျွန်တော်အား ငယ်စဥ်ကအင်္ဂလိပ်ကျောင်း မပို့ခဲ့ခြင်း။

သို့သော် ကဲ. . ယခုတော့ မဖြစ်ကဘူး၊ ဖော်ပြပါ မဟာအရှက်တော်ကြီး ရပြီးကတည်းက ကျွန်တော် အင်္ဂလိပ်စာ သသင်တော့မယ်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး ဆရာဖြစ်အောင်ပြီးတဲ့ နောက် မိဘထံသို့ ဒီခေတ်မှာ အင်္ဂလိပ်စာမတတ်ရင် လူစဥ်မမှီတော့ဘူးဟု အကျိုးအကြောင်း ပြောပြီး အင်္ဂလိပ်စာအလွတ်ပညာသင်ကျောင်းမှာ နေတော့မည်ဟု စာရေးလိုက်ပြီး ဆရာဖြစ် ကျောင်းဘော်ဒါမှ ဖော်ပြခဲ့သည့် ခရစ်ယန်ဖြစ်သွားသော ကျွန်တော့်ဦးလေးအိမ် စမ်းချောင်း ဇလွန်လမ်းမှာ သွားနေလိုက်တော့၏။ ကျွန်တော်နေသော ကျောင်းက မအူပင်လမ်း၊ ဒေါ်မမ၏ ခေတ်သစ် အင်္ဂလိပ်စာသင်ကျောင်း။

ယခု ကျွန်တော်ဦးတည်ဖော်ပြနေသည်မှာ နေရာအမျိုးမျိုးတွင် အိမ်တွေအမျိုးမျိုးမှာ နေခဲ့ရပုံတွေ ဖြစ်ပေရာ၊ ဦးလေးအိမ်မှာ တယ်မကြာလိုက်ပါ။ ဦးလေး၏ဇနီး ဒေါ်လေး၏ တူမကို စာပေးမိသဖြင့် ဒီစာကို သူငယ်မက သူ့ဒေါ်လေးပြ၊ သူ့ဒေါ်လေးက သူ့အဖေကြီးကိုပြ၊ ဟာ. . . အဖိုးကြီးက ကျွန်တော့်ကို ပက်ပက်စက်စက် နှံလိုက်တာ ကျွန်တော်ဟာ ချက်ခြင်းဘဲ အဝတ်သေတ္တာနဲ့ အိပ်ရာလိပ်ကလေးဆွဲပြီး၊ မအူပင်လမ်းက ဒေါ်မမရဲ့ ကျောင်းဘော်ဒါအိမ်ကို ပြောင်းခဲ့ရတော့သပေါ့။

အဲ. . . မအူပင်လမ်းရောက်တော့ နောက်တအိမ်ပြောင်းဘို့ ဖြစ်လာပြန်တာက ဒေါ်မမအိမ် က နံပတ် ၁၁။ ၁ရက ကျွန်တော့်ပထမဦးဆုံး ဇနီးလောင်းလျာ နော်မာတို့ရဲ့အိမ်မို့၊ ၁၉၄၂ခုနှစ် သူနဲ့ကျွန်တော်ညားကြတော့ ယောက္ခမကြီးအိမ်တက်၊ သားမက်ကလေးအဖြစ်နဲ့ ရောက်သွား ရော။

သို့သော် ကျွန်တော့်မှာ အိမ်တအိမ်ထဲ ငြိမ်ငြိမ်ဆိတ်ဆိတ်နေဘို့ ကံဇာတာက မရောက် သေးတော့ မြင်းလှည်းသမားဘဝမှာ ယောက္ခမကြီးနဲ့ ရန်ဖြစ်တိုင်း တခြားသွားသွားနေရသည် များက ဆရာမ ဒေါ်မမအိမ်၊ မြင်းလှည်းသမား ကိုမောင်ခင်အိမ်၊ ကိုသိန်းလေးအိမ်၊ ကိုဘလှအိမ် ဖိနပ်ထောင်ဆရာ ကိုသောင်းအိမ်။

နောင် စာရေးဆရာဖြစ်လာတဲ့အခါ ယောက္ခမကြီးနဲ့ နောင်ဂျိန်တိုင်း သွားသွားနေရတဲ့ အိမ်များမှာတော့ ဆရာမ ဒေါ်မမအိမ်၊ စာရေးဆရာ မင်းရှင်နောင်အိမ်၊ တင့်တယ်အိမ်၊ အမကြီး ခင်မျိုးချစ်အိမ်၊ အောင်လင်း၊ မြသန်းတင့်၊ ကျော်အောင်တို့ရှိရာ ကိုသန်းတင်အိမ်၊ တခါတရံ မွန္တလေးတက်ပြီး ဆရာကြီးရွှေဥဒေါင်းအိမ်၊ ဆရာမြမျိုးလွင်အိမ်။

ဒီလို အိမ်အမျိုးမျိုးမှာ လူတန်းစားအမျိုးမျိုးနဲ့နေပြီး၊ သူများတွေ၏ထမင်း အများဆုံးစား တဲ့နေရာမှာတော့ ကျုပ်လိုလူ ဇမ္ဗူရှိသေးရဲ့လားလို့တောင် ကြွေးကြော်လိုက်ချင်ငဲ့။

ကျောင်းသားဘဝက အိမ်အမျိုးမျိုး ရောက်နေခဲ့တာကတော့ ကျွန်တော့်ဝါသနာ။ သားမယား ရပြီးမှ သူများအိမ်တွေသွား သွားနေရတာက ကျွန်တော့်ယောက္ခမကြီးကျေးဇူး။ သမက်ကလေး ဝါသနာကို ပါရမီဖြည့်ပေးသည်နှင့် တူသေး၏။

အင်း. . . အဲသည်လောက် ဂဏှာမငြိမ်တဲ့ အကောင်၊ နောက်ဆုံးချည်တိုင်နဲ့ တွေ့တောက တော့ ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလမှာ မေနှင့်ကျွန်တော်ညား၍ ဒါရိုက်တာ ဦးဘရှင်အိမ်မှာ နှစ်လ မျှနေပြီး၊ တလအစိတ်ပေးရသော ခုနှစ်မိုင်ရွာတန်းရှည်ရွာက အိမ်ကလေးမှာ ကိုယ့်အိုးကိုယ့်အိမ် ထူထောင်သည်က စ,ပါသည်ခင်ဗျာ။

''မောင်ဆွေ. . မိန်းမရတိုင်း အိမ်ထောင်ကျတာ မဟုတ်ဖူး၊ လင့်ဝတ္တရားသိ၊ လင့်တာဝန် ထမ်းဆောင်နိုင်တဲ့ မယားကိုရမှ အိမ်ထောင်ကျတာကွ''ဟူသော အမကြီး ခင်မျိုးချစ်၏စကား အတိုင်း၊ မေနဲ့ညားတော့ ကျွန်တော်တကယ် အိမ်ထောင်ကျပါပြီ။ ထိုအိမ်ထောင်မှာ ပျော်သွားပါ ပြီ။ ကိုယ့်အိမ်ကလွဲ၍ အခြားဘယ်အိမ်ကိုမျှ မသွားချင်တော့၊ မစားချင်တော့။ အခြားမိတ်ဆွေ များကသာ ကျွန်တော့်အိမ်လာ၍ နေကြ၊ လည်ကြ၊ စားကြ၊ သောက်ကြသော အပိုင်းသို့ ရောက်ခဲ့ပါပြီ။

ကြည့်စမ်း. . . အိမ်ထောင်တခု၏ ပျော်ရွှင်မှုသည် အိမ်အဆောက်အဦနှင့် ဘာဆိုင်သနည်း။ ကျွန်တော့် မွေးဖွားခဲ့ရာ၊ ကျွန်တော့်မိဘအိမ်မှစပြီး ကျွန်တော်လည်ပတ် နေထိုင်ခဲ့သောဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်း၊ ဆရာသမားတို့၏ အိမ်တွေနှင့်နှိုင်းယှဉ်သော် ဤရွာတန်းရှည်ရွာက အိမ်ကလေး မှာ အဖျင်းဆုံးအညံ့ဆုံး။ ကျွန်တော့်တသက်တာတွင် နေခဲ့ဘူးသော ဂေဟာတို့တွင် အိမ်၏တန်ဘိုး အမဲ့ဆုံး။

သို့သော် ဤအိမ်စုတ်ကလေးမှာ ကျွန်တော်လည်း ပျော်၏။ လာရောက်လည်ပတ်ကြ သော မိတ်ဆွေ သူငယ်ချင်းတွေလည်းပျော်၏။ ထို့ကြောင့် သူတို့သည် ခဏခဏလာကြ၏။ အိုးပိုင် အိမ်ပိုင်တိုက်နှင့် ကားနှင့် နေကြသော လူတန်းစားများပါဝင်၏။

စင်စစ် 'အိမ်သာ ညွှေ့လာ'ဆိုသောစကားသည် အိမ်ယာဥယျာဉ် ပန်းမာလ်နှင့် ခမ်းနား ကြီးကျယ်စွာ မျက်မြင်ကွင်း သာယာနေခြင်းကိုမဆိုလို။ ယင်းနှင့်မဆိုင်။ အိမ်ထောင်တခု သာယာမှုမှာ အိမ်ရှင်မ,နှင့်သာ ဆိုင်ပေသည်။

အမှန်ကိုဆိုရသော် ကျွန်တော့်အိမ် လာကြသော ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းတို့ သည် ရိုးရိုးလူတွေ မဟုတ်ကြ။ ကျွန်တော်ကဲ့သို့ပင် အရက်သမား၊ လူပွေ လူတေတွေ ဖြစ်ကြ၏။ မေသည် ယင်းလူမျိုးတွေကို ကျေနပ်အောင်ပြုစုနိုင်၏။ ကျွန်တော့်အိမ်မှာ အမြဲမပြတ် စားဘို့ မွေးထားသော ကြက်တွေ ဘဲတွေကို ချက်ကျွေး၏။ မေ၏ ဟင်းချက်လက်ရာကို လူတိုင်းကြိုက် ကြ၏။ အမူးသမားတွေ သောက်ကြစားကြရင်း ''မေ သီချင်းဆိုပြပါ'' ခိုင်းလျှင်ဆိုပြ၏။ မေသည် အင်္ဂလိပ်၊ ဂျပန်၊ မြန်မာသီချင်းများစွာဆိုနိုင်၏။ အသံလည်း ကောင်း၏။ အဆိုလည်းကျ၏။

ထို့ပြင် အမူးသမားတွေကိုလည်း ထိန်းနိုင်သေး၏။ ဥပမာတခုပြပါမည်။ ကျွန်တော့်အိမ် လာရောက်သောက်စားကြသူများထဲတွင် 'ငွေကို လေလိုသုံးသူ'ဟု ဝတ္ထုတပုဒ်ပင် ကျွန်တော်ရေး ခဲ့သော မိုးကုတ် ကိုမြမောင်သည် အချမ်းသာဆုံးနှင့် မူးလျှင်သူများအပေါ် ဗိုလ်အကျချင်ဆုံး၊ အနိုင်ကျင့်ချင်ဆုံး လူဖြစ်၏။ ဒါကတော့ သူ့ငွေအားပေကိုး။

တခါသော် သူနှင့်ပင် အတူပါလာခဲ့သော ဝတ်လုံတယောက်ကို သူတော်တော် ထွေသည် ၌ ရှေ့နေအလုပ်သည် မကောင်းကြောင်း၊ အမှုသည်တွေအပေါ် ဝိုစား ရယ်စား ဖြစ်ကြောင်း၊ အမှန်ကိုအမှားဖြစ်အောင်၊ အမှားကို အမှန်ဖြစ်အောင် လုပ်ကြကြောင်းများနှင့် အတော်ပင် ပစ်ပစ်ခါခါ ရှုတ်ချပြောဆိုနေလေရာ၊ ထိုဝတ်လုံခမျာ သူ့အရက်သောက်ထားရသည်မို့၊ နို့ပြီး လူချင်းလဲ အောက်ကျို့နေရသည်မို့ ပြန်၍ ဘာမျှဟဟမပြောဝံ့။ သနားစရာလေးဖြစ်နေရာ၊ မေက ထိုဝတ်လုံဘက်မှနေ၍ ရှေ့နေလိုက်တော့ ကိုမြမောင်က စိတ်ဆိုးလျက်. . .

''ဒါခင်ဗျားနဲ့ ဘာဆိုင်တုန်း၊ သူ့မှာပါးစပ်ရှိသားဘဲ၊ သူ့ဟာသူ ပြန်ပြောပါစေလား''

ဒီတော့ မေက. . .

''ကျမနဲ့တော့ မဆိုင်ပါဘူး၊ ဒါပေမယ့်လို့ ကျမရဲ့ အိမ်ခေါင်မိုးအောက်မှာ လူတဦးက အခြားတဦးကို တဖက်စီးနင်းအနိုင်ကျင့်နေတာကို ကျမ ငြိမ်ကြည့်မနေနိုင်ဘူး. .၊ အားနည်းတဲ့ ဘက်က ကူညီရမှာဘဲ၊ ဒါကို သဘောမကျရင် ကိုမြမောင်အခု ကျမအိမ်ခေါင်မိုးအောက်က ထွက်သွားလိုက်ပါ''

နားစွင့်နေကြသော နံဘေးအိမ်က လူများနားမလည်စေလို၍ အင်္ဂလိပ်လိုပြောလိုက်ရာ၊ ကိုမြမောင်သည် ရုတ်တရက် တွေကနဲ ဖြစ်သွားပြီးမှ ပြုံးရယ်ကာ. . .

''ကျွန်တော့်ကို ဒီလိုပြောဝံ့တဲ့မိန်းမ လူ့ပြည်မှာ ခင်ဗျားတယောက်ဖဲ တွေ့ဘူးသေးတယ် ဗျာ၊ ဟုတ်တယ်၊ ခင်ဗျားပြောတာ မှန်တယ်၊ မေ့ကို ကျွန်တော်လေးစားသွားပါပြီ၊ ပိုခင်သွားပြီဗျာ'' ဟု ပြန်ပြောတော့၏။

ဒီနေရာမှာ မေ့ကို ကျွန်တော်လဲ အံ့သြသွားသည်။ ဘယ့်နှယ်ဗျာ. . ကိုယ့်ကို ငွေတထောင် တောင်းလဲပေး၊ နှစ်ထောင်တောင်းလဲပေးနေတဲ့လူကို အိမ်ပေါ်က နှင်ချတယ်လို့။

ဤမှစပြီး ''ကိုမြမောင် အလှူ့ပေးတဲ့လူဟာ မေတယောက်ဖဲရှိတယ်. . .''ဟု ကိုမြမောင် ၏ ကိုယ်ရံတော် (ပီအေ)တွေကရော၊ သူ့အပေါင်းအသင်းများကရော ပြောစမှတ်ပြုကြ၏။

စင်စစ်တော့ ကိုမြမောင်သည် မူးလျှင်သူများ အနိုင်ကျင့်ချင်၊ အထက်စီးနင်း ပြောချင်သည်မှတပါး၊ အခြားမဲ့၌ စိတ်နှလုံးကောင်းသူ၊ ကူညီမ,စချင်သူ၊ အပေးအကမ်း ရက်ရောသူဖြစ်၏။

ဤရွာတန်းရှည်ရွာက အိမ်ကလေးတွင် ဒီလိုဘဲ ကျွန်တော့်သူငယ်ချင်းမိတ်ဆွေတွေက မော်တော်ကား ကြီးငယ်တွေနှင့်လာ၍ တရုံးရုံးသောက်ကြ၊ စားကြ၊ ဆူကြ၊ ပူကြသည်များကို ထိုရွာသားတွေကလည်း ကြည်ဖြူကြ၏။ တခါတရံ၌ သန်ကောင်သန်လွဲ၊ မိုးရေတွေထဲ မူးမူးနှင့် မော်တော်ကား ကွေ့တာ လှည့်တာမှာ လမ်းဘေးချော်ပြီး မြောင်းထဲကျတယ်ဆိုလဲ ကျွန်တော့် အိမ်နီးပါးနားကလူတွေ ကုတ်တွေ၊ တုတ်တွေနဲ့ ထွက်လာကြပြီး ကူညီကြတယ်။

ဘာကြောင့်များ ကျုပ်တို့လူစုအပေါ် သဘောကောင်းနေကြသလဲသိလား။

ကျွန်တော် ထိုရွာကလေးရောက်၍ တနှစ်လောက်၊ အကြာ၊ တနေ့တွင် ကိုမြမောင်နှင့် ကျွန်တော်မြို့ထဲကအလာ၊ ရွာထိပ်တွင် အမိုးသာရှိ၍ အကာဗလာနတ္ထိနေသော အဆောက်အဦ လေးတခုကို ကိုမြမောင်သည် သူ့ကားပေါ်မှနေ၍ မြင်သော်. . .

''ကိုဆွေ. . . ဒါဘာလဲဗျ၊ အထဲမှာ ထိုင်ခုံလေးတွေ ကြည့်ရတော့ စာသင်ကျောင်း ထင်တာဘဲ. .''

''မှန်ပါသဗျာ. . . ကျွန်တော်တို့ မဟာရွာတန်းရှည်က မဟာမူလတန်းကျောင်းပါဘဲ''

''နို့ . . . အကာလဲ မရှိပါလား''

''အကာမရှိဆို ကမ္ဘာကအသိဘဲဗျာ၊ ဟောဒီ ရွာတန်းရှည်သား ဖွတ်ကြားတွေ ဟိုအလှူခံ သည်အလှူခံနဲ့ ငွေစုနေကြတုန်းတဲ့ဗျ''

''ဒါဖြင့် ခင်ဗျားအိမ်ရောက်တဲ့အခါမှာ အဲဒီကျောင်းကမကထလုပ်ကြတဲ့ လူကြီးတွေ ခေါ်ပေးစမ်းပါ''

သို့ဖြင့် အိမ်ရောက်သောအခါ ကျွန်တော့်သား တယောက်အား မည်သူမည်ဝါတွေ ခေါ်ချေစမ်းဟု လွှတ်လိုက်၏။

မကြာမီ လူကြီးသုံးယောက် ရောက်လာကြသည်။ မြင်ကွင်းကား လူကြီးများအဖို့ မတင့် တယ်လှ။ ကမောက်ကမလဲ နိုင်ပေသည်။

တလအစိတ်မျှ ပေးရသော ကျွန်တော့်အိမ် သုံးပင်နှစ်ခန်းခနော်နနီ ခနော်နဲ့ အိမ်ကလေးရှေ့တွင် အိမ်ထက်ရှည်သော ချက်ပလက် ဘဲလ်အဲယားကားကြီးရပ်လျက်၊ ကျွန်တော် နှင့် ကိုမြမောင်က အိမ်ဦးခန်းလေးမှာ ဟော်တယ်က ပထမတန်းပန်းကန်ခွက်ယောက် အစား အသောက်တွေနှင့် ပုလင်းထောင်နေကြသည်။ ကျွန်တော်တို့ နှစ်ယောက်သည် အစဦးက ဟော်တယ်တွင် စားသောက်နေကြရာမှ စိတ်ကူးတမျိုးရကာ ဝီစကီ၊ ဆိုဒါ၊ ရေခဲနှင့် စားသောက် စရာများကို ပန်းကန်ခွက်ယောက်တွေနှင့်တကွ ကားပေါ် တင်စေပြီး ကျွန်တော့်အိမ်သို့ လာခဲ့ကြ ခြင်းဖြစ်သည်။ အဖြစ်က စကားစပ်မိသဖြင့် ကျွန်တော့်အိမ်တွင် ငရုဉ်ဟင်း ချက်သည်ပြောမိ၍ ကိုမြမောင်က သူထိုဟင်းစားချင်သည်။ ဒီဟော်တယ်ကဟာတွေ ရိုးအီနေပြီဆိုကာ၊ ထိုမှာပြီးသား ဟင်း ခြောက်ပွဲကို ကျွန်တော့်အိမ်သားတွေ စားပါစေတော့ဟု ယူခဲ့ခြင်းဖြစ်၏။ ယင်းသို့နည်း ဖြင့် ကျွန်တော့်အိမ် ရောက်လာသော ဆော်ဒါပုလင်းခွံနှင့် ပန်းကန်ခွက်ယောက်တို့ကား ဘယ်တော့မှ ဟော်တယ်သို့ ပြန်ရောက်ကြသည်မရှိ။ နောက်မှ သူ့ထုံးစံအတိုင်း ကျသမျှ တန်ဘိုးငွေကို ရှင်း၏။ ကိုမြမောင်သည် ကျွန်တော့်ဇနီးချက်သော ငရုဉ်သား ဖားသားတို့ကို ဟော်တယ်က တရုတ်ချက်တွေထက် ခံတွင်းတွေ့၏။ ဒါကြောင့် သူမြိန်မြိန်ယှက်ယှက်တုတ်နေရာ

ရောက်လာကြသော အရပ်လူကြီးသုံးယောက်သည် ကျွန်တော်တို့နှစ်ယောက်အား ကြည့်၍ သူတို့ကိုဘာကိစ္စ ခေါ်သလဲဟုမစဉ်းစားတတ်အောင် ဖြစ်နေပုံပေါ်သည်။ သူတို့အား အတူတကွ စားသောက်ကြရန် ခေါ်သည်ဟုလည်း တွေးထင်စရာ မရှိ။ ထို့ကြောင့် ကျွန်တော် ကစ၍ အရက်ပုလင်းနှင့် စားစရာများငေးကြည့်နေကြသော သူတို့အား . . .

''ခင်ဗျားတို့ကို သောက်ရစားရအောင် ခေါ်တာမဟုတ်ပါဘူးဗျာ၊ ဟောဒီ ကျွန်တော့် မိတ်ဆွေက စုံထောက်ဗျ၊ ဒီရွာထိပ်က စာသင်ကျောင်းလေးအတွက် မေးချင်လို့တဲ့ဗျ'

ထိုအခါ ကိုမြမောင်က. . .

''ခင်ဗျားတို့ ဒီကျောင်းလေးကာဘို့ အလှူငွေကောက်နေတယ်လို့ကြားတယ် ဘယ်လောက် ရပြီလဲ''

တယောက်သော လူကြီးက တုံ့နှေးနှေးနှင့်. . .

''ဖြစ်ဖြစ်မြောက်မြောက် မရသေးပါဘူးဗျာ၊ တချို့က ပါးစပ်ထည့်စာရင်းဘဲ ရှိတဲ့ဟာက ရှိသေးတယ်''

ကိုမြမောင်က ''ကဲ. . ဒါဖြင့်ရင် နောက်ထပ် ဘယ်လောက်ရရင်ဖြစ်မလဲ''

''လူကြီးများသည် ဘာအဓိပ္ပာယ်လဲဟု နားမလည်သေးဘဲ တဦးမျက်နှာ တဦးကြည့်နေ ကြပြီးမှ တဦးကစိတ်ပျက်သောအသံနှင့်. . .

''အလှမ်းတော့ ဝေးပါသေးတယ်ဗျာ၊ အခုရမယ့် စာရင်းလောက်က ၃၀ဝိလောက်ရှိတာ နောက်ထပ် ၇၀ဝိ လောက်ကို လိုနေပါသေးတယ်''

ထိုအခါ ကိုမြမောင်က သူ့အိတ်ထဲက ငွေစက္ကူအုပ်ထုတ်၍ ရာတန်ခုနှစ်ရွက်ဆတ်ကနဲ ဆွဲပေးလိုက်တော့ရာ၊ လူကြီးများရုတ်တရက် သူတို့မျက်စိသူတို့ မယုံသလို အံ့အားသင့်နေကြရာ ကျွန်တော်က. . .

''ယူကြလေဗျာ၊ ခင်ဗျားတို့ ငွေ ၇၀ဝိ လိုချင်တယ်ဆိုလို့ ပေးတဲ့ဟာဘဲ''

သည်တော့မှ တယောက်က လက်ခပ်တုန်တုန်ဖြင့် ယူပြီး နှုတ်သွက်သူလူလည်လည် တယောက်က ပြုံးပြုံးပျာပျာဖြင့်. . .

''သူဌေးမင်း နာမယ်အမိန့်ရှိပါခင်ဗျာ၊ သူဌေးမင်းကောင်းမှု အနုမောဒနာ ခေါ်ကြဘို့ ကျွန်တော်တို့အသင်းကနေပြီး သတင်းစာထဲ ထည့်ပေးပါ့မယ်ခင်ဗျာ''

ယင်း၌ ကိုမြမောင်က လက်ခါ၍. . .

''ကဲ. . . သွားကြ သွားကြ၊ ခင်ဗျားတို့ လိုချင်တာ ကျွန်တော်ပေးပြီးပြီ၊ ဒီကိစ္စကို သတင်းစာထဲ ထည့်ဘို့လဲ မလိုဘူး၊ ကျွန်တော့်နာမယ်လဲ မသိချင်ကြပါနဲ့၊ သော်တာဆွေ့သူငယ်ချင်း၊ အရက်သမားတယောက်လို့ဘဲ ယူဆကြပါ၊ ကဲ. . . ကြွကြဗျာ၊ ဒီပွဲမှာက လူကြီးမင်းတို့နဲ့ မလျော်ပါဘူး၊ ကျွန်တော်တို့က အရက်သောက်နေကြတာဗျ''

လူကြီးသုံးယောက်မှာ အံ့သြစွာနှင့် ပြန်သွားကြကုန်သည်။

နောက်တနေ့၌ ကျွန်တော့်ဆီလာကြ၍ ကိုမြမောင်အကြောင်းကို မေးမြန်းကြပြီး၊ ရွှန်းပ သော မျက်နှာတွေနှင့်. . .

''ဟာ. . . ဒီလိုဆို တထောင်တောင်းလဲ ရမှာနော်''ဟုဆိုကြ၍ ကျွန်တော်က ''နှစ်ထောင် တောင်းလဲ ရမှာဘဲဗျ''ဟု ပြန်ပြောလိုက်တော့. . .

''ဟာ. . . ဒီလိုဆို ဦးသော်တာက စောစောက ကြိုပြောထားရောပေါ့ဗျာ''ဟု အားမလို အားမရ ပြောသဖြင့် ကျွန်တော်မှာ လူတို့၏သဘောမနောကို တွေးမိ၍ ပြုံးမဲ့မဲ့နှင့် ရယ်လိုက်ရ ပါ၏။

ယင်းသို့ဖြင့် ထိုရွာသားများ ကျွန်တော်နှင့်အပေါင်းအသင်းများကို ခင်မင်လေးစားသွား ကြခြင်းဖြစ်ပါ၏။

## တွေ့ပုံဆန်းကြယ်

ကိုမြမောင်နှင့် ကျွန်တော်က တွေ့ပုံဆန်းကြယ် အံ့ဘွယ်ဘနန်းပင်။ ၁၉၅၄ ခုနှစ်၊ နွေရာသီကုန်ဆုံး၍ မိုးဦးကျတွင် ကျွန်တော် မေမြို့မှမန္တလေးဆင်းလာသောအခါ ကျွန်တော့် သူငယ်ချင်း စာရေးဆရာတဦးသည် ဖိမ်နန်းတခုကို အုပ်ချုပ်၍ မင်းလုပ်နေ၏။

အဖြစ်ကဒီလိုပါ။ ထိုစဉ်ကသူသည် ရဲဘက်မှာလုပ်၍ ရာဇဝတ်အုပ်။ သူ့မိတ်ဆွေ ဖိမ်ခေါင်းကြီး အမှုတခုနှင့် ထောင်ကျသွားသောအခါ၊ သူ့အားဖိမ်နန်းကြီးကို လွှဲအပ်ခဲ့သည်။ ထိုအခါ ဖိမ်နန်းမိဖုရားကြီးနှင့်သူသည်ညား၍နေ၏။ ဤဖိမ်နန်းမှမောင်းမမိဿံတို့သည် ငယ်ရွယ် ၍လှပကုန်၏။

သို့ဖြင့် ကျွန်တော်အမှတ်မထင် ရောက်သွားသောအခါ သူငယ်ချင်းက. . .

''သူငယ်ချင်းရေ မပြန်နဲ့ကွာ၊ စာရေးဆရာ တယောက်အနေနဲ့ သိသင့်သိထိုက်တာတွေ ဒီမှာရှိတယ်၊ ကိုယ်လဲ ခုကောင်းစားနေတုန်း ဒီမှာ ပျော်ပျော်ပါးပါးနေစမ်းပါ၊ စားချင်တာစား သောက်ချင်သလောက်သောက်''

သူ့ဇိမ်နန်းမှာ အရက်နှင့်မျှာ လိုချင်သလောက်ရနေတော့ ကျွန်တော်ပျော်သွားပြီး ရက်များစွာပင် နေခဲ့တော့၏။

ထိုအတွင်းတနေ့သ၌ သူတို့လင်မယားသည် စစ်ကိုင်းသို့ တညဥ့်အိပ်ခရီး သွားလေရာ၊ သူ့ဇိမ်နန်းကို အုပ်ချုပ်ရန် ကျွန်တော့်ကို လွှဲအပ်ခဲ့၏။

''ကိုဆွေ၊ ည၁၁ နာရီထိုးရင်ပိတ်၊ ဘယ်သူလာလာဖွင့်မပေးနဲ့တော့၊ တံခါးသံကြိုးနဲ့ သော့ခတ်ထား''

အဲဒီညမှဘဲဗျာ၊ ကိုရွှေမြမောင်က ကားကြီးတစီးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်လာတော်မူတယ်။ အဲသည်တုန်းက မန္တလေးမြို့မှာ အချမ်းသာဆုံး မိုးကုတ်မြမောင်ဆိုတာ ကျွန်တော် မသိသေး။ သာမန် မြမောင်ထဲကပင် အောက်မေ့၍ သူနှင့်ရန်ဖြစ်လိုက်ကြ၏။

ဝင်းတံခါး သော့ခတ်ပြီး နာရီဝက်လောက်အကြာမှာ အိမ်ရှေ့တံခါး သံကြိုးလာလှုပ်တော့ အိပ်ရာဝင်ခါနီး အစာပိတ်သောက်နေသော ကျွန်တော်က အသံမာမာနှင့်. . .

''ပိတ်ပြီဟေ့''

သူက အသံညှင်းညှင်းပင်. . .

''မြမောင်ပါ''

ဤနာမည်နှင့် ဤအသံကြားခဲ့လျှင် မန္တလေးမြို့ရှိ ဇိမ်နန်းအားလုံးတို့၏ တံခါးအပေါင်း သည် အချိန်မရွေး ဖွင့်ရပေမည်။ ဒါကိုမသိသော ကျွန်တော်က. . .

''ဘာ မြမောင်လဲ၊ ဘာကောင်မှ ဒီအချိန်မှာ မဝင်ရတော့ဘူးဟေ့၊ ဖာအိမ်ပေမယ့် စည်းနဲ့ ကမ်းနဲ့ကွ၊ နားလည်လား''

ဒီတော့ သူတောက်တချက် ပြင်းစွာခေါက်လိုက်ပြီး. .

''ဟေ့ မင်းဘယ်သူလဲ မင်းငါ့အကြောင်း မသိဘူးလား''

''မင်းအကြောင်းငါက ဘာလို့သိရမှာလဲ''

''ဟော့ မင်းငါ့အကြောင်းမသိရင် မင်းဘယ်ကဘာကောင်လဲ ဆိုတာပြောစမ်း''

''ငါ ရန်ကုန်ကကွ၊ စာရေးဆရာ သော်တာဆွေ ပေါင်းတည်သားကွ''

ကျွန်တော်က အရက်မူးမူးနှင့် မိမိဂုဏ်ကိုဟေးလိုက်၏။ ဒီတော့ သူကားဆီပြန်သွားပြီး လက်နက်တခုခုယူဟန် တူပါ၏။ သူ့အပေါင်းအသင်းများက ဆွဲကြ၏။

''ကိုဆွေ၊ အဲဒီတုန်းက ကျွန်တော်ခင်ဗျားကို သေနတ်နဲ့ပစ်သတ်မယ်လို့ဗျ၊ ပါလာတဲ့ အဖော်တွေက မြမောင်ဆိုတဲ့ ခင်ဗျားနံမယ်လဲ ပြောပြီးနေပြီ၊ သော်တာဆွေကလဲ ခင်ဗျား အကြောင်းမသိလို့၊ နို့ပြီး မူးလဲနေလို့ပါ၊ မလုပ်ပါနဲ့ဗျာ၊ နောက်သော်တာဆွေ ဝတ္ထုတွေမဖတ် ရဘဲ နေပါအုံးမယ်၊ ဘာညာနဲ့တားကြ၊ ဆွဲကြလို့ဗျ၊ အဲဒီတုန်းက ကျွန်တော်လဲ တော်တော်မူး နေတာ''

သူနှင့်ကျွန်တော်နှင့် ခင်မင်သွားကြတော့ သူကထုတ်ဖော်ပြော၏။ ယင်းမှပင် ကျွန်တော် မှာ ထိုဖိမ်နန်း၌ ရန်ဖြစ်လိုက်ရသော မြမောင်မှာ သူဖြစ်ကြောင်း သိရပါတော့၏။

ဤကား သူနှင့်ကျွန်တော် ညမှောင်မှောင်မှာ အသံချင်းရန်ဖြစ်လိုက်ရခြင်း။ နောက်. . . လူချင်း မိတ်ဆက်ရသည်ကား. . .

၁၉၅၆ ခုနှစ်၊ မေနှင့်ကျွန်တော် ပထမဦးဆုံးအကြိမ် တောင်ကြီးသွားပြီး ပြန်အလာ အောင်ဖေ့ယျ ကိုသောင်းစိန်၊ ကျွန်တော်တို့အား ဘူတာမှာလာကြိုရင်း ''ကိုဆွေ. . . စောပါသေး တယ်ဗျာ၊ တခွက် နှစ်ခွက်စီလောက် မော့်ကြအုံးစို့ရဲ့''ဆိုပြီး ထိုစဉ်ကရှိသော စပတ်လမ်း နေရှင်နယ်ဟော်တယ်သို့ ခေါ်သွား၏။ ယင်းအချိန်က ဖ၊ဆ၊ပ၊လ သြဇာညောင်းသော ဟော်တယ်ဖြစ်ပေရာ၊ ပါလီမန် စည်းဝေးနေချိန်လည်းဖြစ်၍ ဤဟော်တယ်မှာ တောအမတ်တွေ တည်းခိုနေကြသည်။ ညဦး ၈နာရီခန့်ဖြစ်၍၊ သောက်ဝိုင်းတွေ စည်ကားနေသည်။ ကိုသောင်းစိန် က စာပွဲတလုံးတွင် ကျွန်တော်တို့လင်မယားကို ထိုင်စေပြီး. . .

''အား. . . . အဆင်သင့်ဘဲ သော်တာဆွေ ပရိသတ်တွေနဲ့ မိတ်ဆက်ပေးရအုံးမယ်''ဆိုပြီး၊ သူအရက်ဝိုင်းတွေမှ သွားသွားခေါ်လာကာ ကျွန်တော်နှင့်မိတ်ဆက်ပေးသူများထဲတွင် ကိုမြမောင် တယောက် အပါအဝင်ဖြစ်ပေသည်။

ထိုစဉ်က ကျွန်တော်၏ကလောင်လည်း ဟာသဝတ္ထုများနှင့် တက်နေတုန်း။ ကျွန်တော့် ဝတ္ထုများထဲက သော်တာဆွေ၏ရည်းစားမေနှင့်လည်း ညားခါစဆိုတော့ သူတို့စိတ်ဝင်စားကြ သည်။

''ဟောဒါ သော်တာဆွေဝတ္ထုတွေထဲက သော်တာဆွေရည်းစားမေပါဘဲခင်ဗျား။ အခုတော့ သူတို့ညားလေသတည်းဗျ''

ကိုသောင်းစိန်က အားရပါးရ ပြောပြ၏။

## ကိုမြမောင်နှင့်ကျွန်တော် ဒုတိယအကြိမ် ရန်ဖြစ်ပြန်ခြင်း

၁၉၅၉ ခုနှစ်၊ မန်းရာပြည့်ပွဲ ကျင်းပစဉ်က၊ ကိုမြမောင် မန္တလေးမှာရှိနေသည်။ ရန်ကုန်တွင်နေသော သူညီ ကိုတင်မောင်က လင့်ရိုဗာကားတစီးနှင့် မိတ်ဆွေတသိုက်ကို မန္တလေးသို့ ခေါ်သွားရာ၊ ကျွန်တော်နှင့် ကာတွန်းကိုအောင်ရှိန်ပါသွားသည်။

စောခွန်ချိုအမေ၊ ကိုမြမောင်အမေ၊ ကိုတင်မောင်အမေတို့သည် ညီအမအရင်းများဖြစ်ကြသည်။ မန္တလေးမြို့တွင် ဓားတန်း၌ ကိုမြမောင်အမေက ရေခဲစက်ဝင်း၊ ကိုတင်မောင်အမေက စွပ်ကျယ်စက်ဝင်း မျက်နှာချင်းဆိုင် ဖြစ်ကြသည်။ ကျွန်တော်တို့ ရန်ကုန်မှလာသော လူသိုက် သည် ကိုတင်မောင်တို့ စွပ်ကျယ်စက်ဝင်းထဲရှိ အိမ်ကြီးတလုံးမှာ တည်းကြသည်။ လူတိုင်း ခုတင် တလုံး၊ အိပ်ရာတခုစီနှင့်။ တညမျှအိပ်ရသေးသည်။ ကိုမြမောင် ရောက်လာ၍ ကျွန်တော့်ကို မြင်တော့ ကိုတင်မောင်အား. . .

''ဟေ့. . တင်မောင်၊ ကိုဆွေတော့ ငါ့အိမ်ခေါ်သွားမယ်ကွာ၊ လာဗျာ. . . ကိုဆွေ ကျွန်တော့် အိမ်မှာနေပါ''

ကိုမြမောင် အိမ်ဝင်းဝမှာ ကုလားဒရဝမ်ရှိသည်။ သူ့တိုက်တွင် သူနေပုံမှာ ဟော်တယ်နှင့် တူသည်။ အခန်းတွေမှာ လေအေးစက်ရှိသည်။ အခန်းတံခါးပိတ်ထားသည်။ တံခါးနားမှာ သူခိုင်း ဘို့စေဘို့ မြန်မာလုလင်ငယ်တယောက် ခုံတခုနှင့် အမြဲထိုင်နေရသည်။ ကျွန်တော့်ကိုသူနှင့်ဘေး ချင်းယှဉ်လျက် တခန်းမှာ နေစေသည်။ သူ့အိမ်က အခန်းတို့ကား ရန်ကုန်က စထရင်းဟော် တယ်မှာ နေရသည့် အတိုင်းပါဘဲ။ ဩော်. . . သူဒါကြောင့် ရန်ကုန်ရောက်တော့ ဆွေမျိုးသားချင်း တွေအိမ် မနေနိုင်ဘဲ၊ စထရင်းဟော်တယ်မှာ တည်းရတာကိုးဟု ကျွန်တော်စဉ်းစားမိ၏။

ကျွန်တော့်ကို သူတခမ်းတနား တယောင်တဆောင်ထားပါသည်။ သို့သော် မကြာလိုက် ပါ၊ တညနှင့်တနေ့ဘဲ ဆိုပါတော့။ အကြောင်းမှာ ကျွန်တော်ရောက်ပြီး နောက်တနေ့ညစာကို ရန်ကုန်က

လိုက်ပါလာသော ဧည့်သည်များအား သူ့အိမ်တွင် ခေါ်ကျွေးရာ၌ သူမူးလာသော အခါ၊ သူ့ထုံးစံအတိုင်း နိုင်ငံ့ထက်စီးနင်းပြောဆို၏။ အချို့လူများက ရန်ကုန်တွင် သူ့အရက် သောက်ရင်း ခံနေကျမို့ အပန်းမကြီးသော်လည်း သူနှင့်သိပ်ပြီးမရင်းနှီးဘဲ ကျွန်တော်ခေါ်လာခဲ့ သည့် ကိုအောင်ရှိန်အတွက် ကျွန်တော်ရှက်၏။ ခံပြင်း၏။ သို့သော် ကျွန်တော်သည် ဤဧည့်ရှေ့ ၌ ဘာမျှမပြောသေးဘဲ အောင့်အည်းသည်းခံနေပြီး ဧည့်သည်များ ပြန်သွားတော့မှ သူ့အား ကျွန်တော်က ကိုယ့်အိမ်သို့ခေါ်၍ ကျွေးမွေးသော ဧည့်သည်များအား ဤသို့ပြုမူပြောဆိုရန် မသင့်ကြောင်း သတိပေးစကား ပြောမိရာ၌၊ တကထဲ သူနှင့်ကျွန်တော်ရန်ဖြစ်ပါရောဗျို့။

နှစ်ယောက်စလုံး မူးနေကြသည်မို့ အချေအတင် ဘာတွေညာတွေပြောကြသည်တော့ မမှတ်မိတော့ပါ။ နောက်ဆုံး၌ သူကကျွန်တော့်အား ''ခင်ဗျား ကျုပ်အိမ်ကထွက်သွား''ဆိုသည် အထိ ရောက်သွားတော့၏။

ကျွန်တော်ကလည်း ဘာရမည်နည်း။

''သွားဆို. . . ခုချက်ခြင်းပေါ့ ကိုမြမောင်ရာ၊ မန္တလေးမှာ သော်တာဆွေအိမ်မရှားပါဘူး''ဆိုပြီး အခန်းထဲဝင်၊ ချွတ်ထားတဲ့ ရှပ်အင်္ကျီကောက်ဝတ်၊ ခရီးစရိတ် အိတ်ထဲနှိုက်ကြည့်လိုက်တော့ ပိုက်ဆံတပြားမှမတွေ့။ ကျွန်တော့်အဝတ်သေတ္တာလေးဆွဲ။ အပြင်ထွက်လာပြီး. . .

''ကျွန်တော့်အိတ်ထဲက ပိုက်ဆံ ဘယ်ရောက်တယ်မသိဘူး၊ တပြားမှ မရှိတော့ဘူး''ဟု ပြောမိတော့ သူထိုင်ရာမှ ငေါက်ကနဲထ၍ ကျုပ်အိမ်မှာ ခင်ဗျားပိုက်ဆံ ဘယ်သူကယူမှာတုန်း၊ ခင်ဗျားပိုက်ဆံက ဘယ်လောက်များကြီးမို့လဲ''

''ခြောက်ဆယ်လောက်ဗျ''ဟု ကျွန်တော်ကပြောတော့. . .

''အောင်မယ်လေး. . ဒီပိုက်ဆံလောက်များ''ဆိုပြီး သူ့အိမ်အပေါ်ထပ်တက်သွားတော့ ကျွန်တော်က. . .

''နေပစေ ကိုမြမောင်''ဆိုပြီး သူ့တိုက်ထဲကအထွက် တံစက်မြိတ်လောက်အရောက်မှာ အပေါ်ကကျလာတဲ့ ငွေစက္ကူအုပ်တွေဗျာ၊ ဆယ်တန်အုပ်၊ ငါးကျပ်တန်အုပ်၊ ရာတန်အုပ်၊ တဖုန်း ဖုန်းနဲ့ ထိန်ထိန်လင်းနေတဲ့ ဓာတ်မီးတိုင်အောက်မှာ ထွေးကနဲဖွေးကနဲ နေတော့သဗျ။

သူသည် တိုက်အပေါ်ထပ်မှ ငွေထုပ်တွေ ပေါက်ချရင်း ပါးစပ်ကလည်း. . .

''ဟောဒီမှာ ခင်ဗျားကြိုက်သလောက်ယူသွား၊ ဘယ်နှစ်သိန်းယူမလဲ၊ ယူစမ်း. . . ယူစမ်း''ဆိုပြီး လက်နှစ်ဖက် ဘယ်ညာကိုင်ပြီး ပစ်ချနေ၏။

ကျွန်တော်ကလည်း. . .

''ဟော့. . ဒီပိုက်ဆံမျိုး တပြားမယူဘူး၊ ကိုယ့်လူ ဟောဒီမှာကြည့်ပါ''ဟု လက်မြှောက်ပြပြီး ကိုယ့်အဝတ်သေတ္တာလေးဆွဲပြီး လျှောက်ခဲ့၏။

အချိန်မှာ ညသ၁ နာရီလောက် ဒီကိစ္စကသူငယ်ချင်းတွေကို ပြောမကောင်းသဖြင့် ကိုတင်မောင့်အိမ် ကိုအောင်ရှိန်တို့ရှိရာတော့ ကျွန်တော်မသွားတော့ပါ။ အဆင်သင့်လာသော ဆိုက်ကားတစီးပေါ်တက်ပြီး 'ညောင်ဇင်တန်း'ဟု ပြောလိုက်ကာ ဆရာမြမျိုးလွင်အိမ်သို့ ယွန်းခဲ့တော့၏။ ထိုအချိန်၌ ရန်ကုန် ဒီဖူဇာတိုက်ကြီးက မန်းရာပြည့်ပွဲမှာ ဆိုင်ခန်းလာ၍ဖွင့်ရာ၊ ဆရာလွင်အိမ်တွင် ဦးခင်ဇော်နှင့် ဒီဖူဇာမယ် မျာလေးပွေတို့ ရောက်နေကြ၍ ဆိုင်ခန်းက ပြန်လာခါစ၊ သူတို့မအိပ်ကြသေး။ ကျွန်တော့်မျက်နှာမြင်မြင်ချင်း အိမ်ထဲမှထွက်လာသော မမသောင်းဆီက ဆိုက်ကားခ တောင်းပေးလိုက်ရ၏။ (အမှန်စင်စစ်တော့ ကျွန်တော့်ပိုက်ဆံ မပျောက်ပါ။ ညနေက ကိုမြမောင်အိမ်တွင် ရေချိုးပြီး အဝတ်လဲတော့ သေတ္တာထဲထည့်လိုက် သော ဝတ်ပြီးသားရှပ်အင်္ကျီအိတ်ထဲ ရောက်နေကြောင်း နောက်နေ့နံနက်မှ တွေ့ရ၏။)

အချိန်အခါမဟုတ်၊ ကျွန်တော်ဤသို့လာခဲ့ရခြင်း၏ အကြောင်းစုံကိုပြောပြတော့ အားလုံးရယ်မောကြကာ ဆရာလွင်၊ ဦးခင်ဇော်နှင့် ကျွန်တော်တို့သုံးယောက်သည် မမြော်လင့် သော တွေ့ဆုံပွဲဟု အိပ်ရာဝင်ခါနီး သောက်ပွဲလေးတခု ကျင်းပလိုက်ကြသေး၏။

ထိုမှ တလမျှအကြာ ကျွန်တော်၏ ရွာတန်းရှည်အိမ်ကလေးသို့ ဘဲလ်အဲယားကားကြီးနှင့် ကိုမြမောင်၏မန်နေဂျာ ကိုထွန်းတင်ရောက်လာကာ ''ခင်ဗျာလူက ခေါ်ခိုင်းလိုက်တယ်ဗျ''

''သူ ရန်ကုန်ဘယ်တုန်းက ရောက်တာလဲ''

''မနေ့ကဘဲဗျ''

သို့နှင့် ကိုမြမောင်ရှိရာ စထရင်းဟော်တယ်သို့ရောက်သွား၊ ကျွန်တော်တို့နှစ်ယောက် သည် မန္တလေးတွင် ဖြစ်ပျက်ခဲ့သည်တို့ကို တခွန်းတပါဒမျှ မပြောဆိုကြဘဲ ရှေးယခင်ကအတိုင်း ပင် ရင်းနှီးခင်မင်စွာ ဆက်ဆံကြ၏။ သူသည် ကျွန်တော့်အား ပို၍လည်းခင်မင်လေးစားလာ၏။ စင်စစ် ကိုမြမောင်၏ဘဝတာမှာ သူနှင့်ပေါင်းသင်းကြသော လူများသည် များသောအားဖြင့် သူ့ကိုဆန့်ကျင်ဘက် လုပ်ဝံ့သူမရှိ၊ သူပြောသမျှ၊ သူလုပ်သမျှ ဟုတ်ဟုတ်မဟုတ်ဟုတ် ခေါင်းငုံ့ ခံ၍

ကျိတ်မြုံနေ၍ ကပ်ဖားစားကြသူများသာရှိပေရာ၊ သူ့အား မဟုတ်မခံ ပြတ်သားစွာပြောဆို တတ်သော ကျွန်တော်တို့လင်မယားကို တန်ဘိုးထား၍ လေးစားခင်မင်၏။ ကိုမြမောင်သည် လူသည် လူပါးဘဲ။ ဘယ်လူက သူ့အပေါ် ဘယ်လိုစိတ်စေတနာနဲ့ ပေါင်းတယ် သင်းတယ်ဆို တာ သူသိ၏။

ရန်ကုန်တွင် သူ့ဆွေမျိုးသားချင်းတွေ တိုက်ကြီးတာကြီးတွေနဲ့ရှိသပေါ့။ သို့ရာတွင် သူသည် တနေ့လျှင် ငါးဆယ်ခြောက်ဆယ်ပေးရသော စထရင်းဟော်တယ်မှာသာနေ၍ ကျွန်တော်၏ ဇနပုဒ်က အိမ်စုတ်ကလေးကိုသာ လာရောက်လည်ပတ်လေ့ရှိ၏။ တခါတရံ အမူးလွန်လျှင် ညအိပ်ပင် နေသွားသေးသည်။

''ရန်ကုန်မှာ ကိုမြမောင် သွားလည်တာနဲ့ ထမင်းစားတာ သော်တာဆွေ့တအိမ်ဘဲရှိ တယ်''ဟု သူ့အပေါင်းအသင်းများက ပြောစမှတ်ပြုကြ၏။

ဟုတ်ပါ၏။ ကိုမြမောင် ကျွန်တော့်အိမ်မှာပျော်ပါသည်။

''ကိုဆွေ. . . ခင်ဗျားအိမ်လာလည်ရတာ ကျွန်တော့်စိတ်ကြည်နူးတယ်ဗျာ၊ လေကောင်း လေသန့်လဲရတယ်၊ ရှုခင်းလဲသာတယ်၊ နားလဲ ဆိတ်ငြိမ်တယ်''

မှန်သပေါ့။ ရန်ကုန်ထဲမှာတော့ ကားသံတွေ တညံညံနဲ့။ ထိုစဉ်က ကျွန်တော်တို့ရွာမှာ ကားဆိုတာက သူနှင့်အခြားမိတ်ဆွေတွေလာမှဘဲရှိ၏။ ဆိတ်ငြိမ်သည်ကတော့ ပကတိတောရွာ ကလေးဘဲ။ ငွေကြေး သိပ်ပြီးချမ်းသာသူလည်း မရှိ။ အားလုံးလက်လုပ် လက်စားချည်း။ ရှုခင်း သာယာလိုက်ပုံတော့ ကျွန်တော့်အိမ်နောက်ဖေးမှာ ဘာအဆောက်အဦမျှမရှိသော ပေ ၅၀၀ လောက် ကုန်းမြင့် ဆင်ခြေလျှော။ ထိုအဆုံးမှာ မိုးအခါတွင် ရေစီးသော ရိုးတခု။ ဤရိုးလွန်တော့ ဧကများစွာ ကျယ်သည့် ခြံဥယျာဉ်ကြီး။ သရက်၊ မရမ်း၊ ပိန္နဲ၊ ကနစိုပင်တွေနှင့်။ ရာသီအလျောက် ပေါ်သော သူတို့အသီးများကား ဘုံစာဟီ။ တခါတရံ မြို့ထဲ့လူများ၊ ကျောင်းသူကျောင်းသားများ လာ၍ ပျော်ပွဲစားကြသည်။

ဤရွာကလေးမှာ ငါးနှစ်ကျော် ကျွန်တော်နေခဲ့သည်။ တခါတရံမှ သူခိုးသူဝှက်သံ မကြားခဲ့ရ။ ရွာသားတွေအားလုံးသည် များသောအားဖြင့် ဆွေမျိုးတွေဖြစ်ကြ၏။ အိမ်ကြီးအိမ် ကောင်းများ မရှိကြပါ။ ပကတိတောရွာကလေးမို့ ကျေးတောရွာမြင်ကွင်းပါသော ရုပ်ရှင်ဇာတ်ကားများ မကြာခဏ လာ၍ရိုက်ကြသည်။

နံနက် မိုးသောက်ပြီဆိုလျှင် မြို့ထဲမှာလို မော်တော်ကား စက်သံတွေ၊ ဟွန်းသံတွေ မကြားရ။ ကျေးငှက်သာရကာတို့၏ မြည်တွန်သံကိုဘဲ ကြားရသည်။ မိုးရာသီမှာဆိုလျှင် နောက်ဖေးရိုးမှ ဖားအော်သံ၊ ခရုမြည်သံတွေက သာယာလှသည်။

ကျွန်တော့်အိမ်နှင့် ကိုက်၂၀၀မျှကွာသော ခြံဒေါင့်ရိုးစပ်မှာ နို့စားနွားမမွေးသော ကိုထွန်း သိန်း၏ဂေဟာရှိသည်။ သူ့အိမ်ခေါင်းရင်းမှာ မြင့်စောက်လှသော နဘဲပင်ခြောက်ကြီးရှိသည်။ နံနက်မိုးသောက် မြူနှင်းဝေဝေမှာ သူ့နွားတင်းကုပ်ထဲက နွားမီးဖိုမှ အူထွက်နေသော မီးခိုးတန်း ပြာပြာ။ နဘဲပင်ကြီး အကိုင်းတွေပေါ်မှ အော်မြည်သီဆိုနေကြသော ကျေးငှက်သာရကာတွေ။ မေသည် ဤရှုခင်းကို လွမ်းဆွတ်မိကြောင်း သတိရတိုင်း ပြောတတ်သည်။

ကျွန်တော်တို့သည် ဤနေရာနှင့် ဤဂေဟာလေးကို ခင်တွယ်သည်။ လာရောက်လည် ပတ်ကြသော ကျွန်တော့်မိတ်ဆွေများလည်း ပျော်ကြသည်။ ထို့ကြောင့် လွန်ခဲ့သောအခန်းက ဤအိမ်ကလေးနှင့် မြေပေတရာပတ်လည်ကို ဝယ်ဘို့လုပ်ကြောင်း ဖော်ပြခဲ့သည်။ သို့သော် အဆင်မပြေခဲ့။ လူတို့သည် နေရာတခုမှာ နေချင်တိုင်းနေ၍မရ။ မိမိကံကြမ္မာပို့ဆောင်ရာ သွားရသည်ဖြစ်ရကား၊ ၁၉၅၅ခုနှစ်၊ ဖေဖော်ဝါရီလမှ စ၍နေခဲ့သော ဤရွာကလေးမှသည်၊ ၁၉၆၀ခုနှစ်၊ ဇူလိုင်လ ၆ရက်နေ့တွင် ကျွန်တော့်ညီဆောက်ပေးသည့် ယခုဤစာရေးနေသော အိမ်ကြီးသို့ မင်းရှင်နောင်နှင့် ကိုမောင်မောင် ဗေဒင်ဟောခဲ့သည့်အတိုင်း ပြောင်းခဲ့ရပါတော့၏။

ဤဂေဟာမှာပင် ကျွန်တော်ခေါင်းချရအံ့လော။ အခြားသို့ပင် ပြောင်းရဦးမည်လော။ အဘယ်မှာ ပြောနိုင်အံ့နည်း။ ကိုဖေသိန်းအိမ်မှာတွေ့ဆုံသော မွန္တလေးမုနာမည်ကြီး ဗေဒင် လက္ခဏာဆရာ ရဟန်းတပါးကဖြင့် သည့်ထက်သာတဲ့၊ ကောင်းတဲ့နေရာနဲ့ ဂေဟာကို ပြောင်းရ ဦးမည်ဟု ဟောထားပါ၏။ စောင့်ကြည့်ဦးစို့။ ကျွန်တော်ကတော့ မပြောင်းချင်ပါ။

## အဟိ

ကျွန်တော့်ဘဝဇာတ်ကြောင်းတွင် 'အဟိ'မည်သော လစဉ်ထုတ် ဟာသမဂ္ဂဇင်းလေး တအုပ် အကြောင်းကို မထည့်သွင်းလျှင် ပြည့်စုံမည်မဟုတ်ချေ။ သူ့အကြောင်းဖော်ပြတော့၊ သူနှင့် ပတ်သက်ရာ စာရေးဆရာ၊ ကာတွန်းဆရာတွေလည်း ပါဝင်ပေလိမ့်မည်။

## အဟိနိဒါန်း

ကျွန်တော်သည် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ရှုမဝမဂ္ဂဇင်းတွင် 'ဘရန်ဒီတပုလင်း' မည်သော ဝတ္ထုနှင့် စာပေနယ်ကို ဝင်ရောက်ခဲ့သူဖြစ်ပေရာ၊ ကျွန်တော့်စိတ်ထဲမှာ ဩဂုတ်လသည် ကျွန်တော့်အဖို့ အောင်မြင်မှုပေးသောလ,ဟု ယူဆမိသည်။ ထို့ကြောင့် ရှုမဝမှာ ဟာသကဏ္ဍ တခုထည့်သွင်းရန် ဦးကျော်နှင့် တိုင်ပင်စီစဉ်ပြီးသောအခါ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ၊ ရှုမဝရုပ်စုံ မဂ္ဂဇင်းမှာ 'အဟိ' ကို စတင်ထည့်သွင်းခဲ့ပါသည်။ အဟိသည် ရှုမဝရုပ်စုံမဂ္ဂဇင်းကြီးမှ ဟာသ မဂ္ဂဇင်းငယ်ကလေး ဖြစ်ပေရာ၊ အယ်ဒီတာ့အာဘော်၊ ခေါင်းကြီး၊ ဝတ္ထု ကဗျာနှင့် ဟာသအတို အထွာမျိုးစုံစွာပါရပေသည်။ ပထမတလ နှစ်လမှာ ကျွန်တော်တယောက်တည်း ကလောင်နာမည် အမျိုးမျိုးနှင့် ရေးခဲ့သည်။ 'ဤလည်းတအဟိ' 'အမေ့ပြိုင်စို့လား' 'လင့်ဖနောင့်ပေါက်ဆေး' 'မယားဖိနပ်စာ' 'အဟိလွှတ်တော်' စသောကဏ္ဍများကိုဖွင့်၍ မည်သူမဆိုအတိုအထွာများ ပါဝင် ရေးသားနိုင်အောင် စီစဉ်ပေးရသည်။ ဖိတ်ခေါ်ရသည်။ သို့နှင့်သုံးလမြောက်မှစ၍ ဟာသ ဝါသနာရှင် ကလောင်လက်သစ်တွေ ပါလာပေတော့သည်။ အဟိကဏ္ဍအတွင်းပုံများကို ထိုစဉ်က ရှုမဝမှ တက်သစ် ပန်းချီမောင်စိန်ကို ရေးဆွဲခိုင်းသည်။ ထိုမှတဖန် အဟိပထမဦးဆုံး ပေါက်ဖွား လိုက်သော ပုံဆွဲဆရာကလေးကား မောင်ဆွေတင့်ဖြစ်ပေသည်။ ၁၉၅၇ ခုနှစ်ထိ ၂၄လသော ရှုမဝမဂ္ဂဇင်းထဲရှိ အဟိကဏ္ဍတွင် မောင်ဆွေတင့်၏လက်ရာများကို တွေ့နိုင်ပါသည်။ သို့သော် သူသည် တခုခုကို စူးစူးစိုက်စိုက် လိုက်စားသူမဟုတ်။ ဤသို့ပုံတွေဆွဲနေရာမှနောက် စာရေး ဆရာဘက်လိုက်သွား၏။ ယခု သူ့ဖခင်လက်ရာဆက်ခံ၍ ရုပ်ရှင်ဒါရိုက်တာလုပ်နေပြန်၏။

## သီးခြားအဟိ

အဟိကဏ္ဍကို ရှုမဝရုပ်စုံမဂ္ဂဇင်းမှာ စတင်ထည့်သွင်းစဉ်က ဦးကျော်သည် ကျွန်တော့်အား 'သောကြာ' ကဲ့သို့ ဟာသစာစောင်တခု သီးခြားထုတ်သွားနိုင်အောင် ကြံစည်ပေးခြင်းဖြစ်ပါသည်။

''စာပေလုပ်ငန်းနဲ့ အသက်မွေးမယ်ဆိုရင် ကိုယ်စာရေးတာအပြင် စာတအုပ်ထုတ်နိုင်ရင် ပိုကောင်းမယ်''

ဦးကျော်က ကျွန်တော့်ကို ပြောခဲ့ပါသည်။ သူပြောသည့်အတိုင်းလည်း စီစဉ်ပေးပါသည်။ သူ့အစီအစဉ်အတိုင်း ရှုမဝရုပ်စုံမဂ္ဂဇင်းမှာ သော်တာဆွေ၏ အဟိကဏ္ဍပါခဲ့၍ တလထက်တလ

သော်တာဆွေ၏ တပည့်လက်သား ကလောင်သစ်ကလေးတွေ ပေါက်ဖွားလာခဲ့ရာ၊ နှစ်နှစ်မြောက်သောအခါ၌ ဦးကျော်က ကျွန်တော့်အား ''ကဲ. . ကိုရင်ကြီး၊ ကိုရင်ကြီးမှာ တပည့်လက်သားတွေနဲ့ အတောင်အလက်စုံပြီ၊ အဟိကို သီးခြားခွဲထုတ်ပေရော့''

ထို့ကြောင့် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လတွင် အဟိနံပတ်၁ကို စတင်ထုတ်ဝေလိုက်ပါသည်။

ထိုအချိန်ကာလက စာတအုပ်ထုတ်ဖို့ရာ အလွန်လွယ်ကူလှပါသည်။ အချိန်မှန်မှန်ထုတ် သောသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများသာလျှင် စာတိုက်ခ အထူးနှုန်းရရန် အရေးပိုင်ရုံးမှာ သွားမှတ်ပုံတင်ရပါသည်။ ဤသို့မှတ်ပုံတင်ရသည်မှာလည်း လွယ်ကူလှ၏။ အရေးပိုင်ရုံးသွား၊ စာရေးကြီးတွေ ပြောပြ၊ စာရေးကြီးက လျှောက်လွှာပုံစံပေး၊ လိုအပ်သည်များရေး၊ အရေးပိုင်နဲ့ တွေ့၊ လက်မှတ်ထိုးပေး၊ ၁၀မိနစ်အတွင်းမှာဘဲကိစ္စပြီးသွား၏။ ကျွန်တော့်အဟိ မှတ်ပုံတင်နံပတ် ရခဲ့၏။ ထိုမှတဆင့် စာတိုက်သွား၊ စာတိုက်ခ အထူးနှုန်း R.430 နံပတ်ကို ရခဲ့၏။ တနှစ်အတွက် ငွေ ၅ဝိ ပေးခဲ့ရ၏။

ကိုယ်ထုတ်လိုမှထုတ်၊ အချိန်မှန်မထုတ်သော လုံးချင်းဝတ္ထုတို့ကား၊ ဘာမျှမှတ်ပုံတင်နေစရာမလို။ ဘာစာပေ၊ ညာစာပေ၊ ဘာတိုက်ညာတိုက်၊ စာရေးဆရာဘယ်သူဆိုပြီး၊ သတင်းစာထဲ က ကြော်ငြာထုတ်ရုံဘဲ။ စက္ကူဆိုတာကလည်း တထုတ်မှ ၈ိ ပတ်လည်၊ လိုချင်သလောက် ဝယ်ယူ၍ရ၏။ ထို့ကြောင့် ကျွန်တော့်မှာ လစဉ်အဟိအပြင်၊ လုံးချင်းဝတ္ထုထုတ်ရန် သော်တာစာပေ လည်း အမည်ယူထားလိုက်ပါသေး၏။

## အဟိ ရင်းနှီးငွေ

စာတအုပ်ထုတ်ရာ၌ ရင်းနှီးငွေတွေ ရှိရပေမည်။ သို့သော် ကျွန်တော့်မှာ ရရစားစားမို့ လက်ထဲပိုသည် မရှိသောကြောင့် မွန္တလေးမှ စာအုပ်ကိုယ်စားလှယ် ရဲရင့်ဦးဌေးထံ စာရေးလိုက်ရသည်။

ဦးဌေးခင်ဗျာ. . .

ကျွန်တော်အခု 'သောကြာ' ကဲ့သို့ 'အဟိ' မည်သော ဟာသစာစောင်တခု ထုတ်မည်။ နို့ပြီး 'သော်တာစာပေ' ဆို၍ လုံးချင်းဝတ္ထုများလည်း ထုတ်မည်။ ကျွန်တော်ထုတ်သမျှ စာအုပ်တွေ

အထက်မြန်မာပြည်အတွက် ဦးဌေးကိုချည့် ကိုယ်စားလှယ်ပေးမည်ပေါ့။ ဒါကြောင့်အခု ကျွန်တော့်မှာ ရင်းနှီးဘို့ ငွေ၁၀၀၀ဝိ(တထောင်ကျပ်)ပေးလိုက်ပါ ခင်ဗျာ။

နောက်တဖြေးဖြေး လစဉ်ကြည့်နှိမ်သွားပေါ့ဗျာ။ ကြီးပွားတိုးတက်ပါစေ။

သော်တာဆွေ

သော်တာဆွေက ဟာသစာစောင်တွေ သီးသန့်ထုတ်မယ်ဆိုတော့ ဟိတ်ကလဲ ရှိနေ သကိုး။ ဦးဌေးဆီကငွေ မကြာခင်ဘဲ ရောက်လာပါလယ်။ သည်တော့ ဒီငွေတထောင်ကို ကျွန်တော့်လက်ထဲ မထားပါဘူး။ (သုံးစားပစ်လိုက်မိမှာ စိုးလို့) ဦးကျော်လက်ထဲ အပ်လိုက်တယ်။ အဲသည်တုန်းက ရှုမဝတိုက်မှာက စက္ကူတွေ တပုံတပင်ကြီးရှိတယ်။ ပေါက်ဈေးနဲ့ ရှုမဝစက္ကူတွေ ယူရိုက်မယ်။ ကျွန်တော်က စာအုပ်ဖြစ်အောင် လုပ်ပေးရုံဘဲ။ ဖြန့်ချီတော့လဲ ရှုမဝကဘဲ တလ တခါ စာရင်းရှင်းကြ။

ကျွန်တော့်အဖို့ စာတအုပ်လုပ်ရတာ အင်မတန်လွယ်ကူပါတယ်။ ဘယ်စာရေးဆရာတွေ ဆီကမှ စာမူတောင်းစရာ မလိုပါဘူး။ အဟိ ရှုမဝရုပ်စုံမဂ္ဂဇင်းမှာ ရင်ခွင်ပိုက် ရှိစဉ်တုန်းကတည်း က ကျွန်တော်ရွေးချယ်ထားတဲ့ ကလောင်သစ်တွေရဲ့စာမူများအပြည့်။ ကျွန်တော့်အဟိဆောင်ပုဒ် က ‘ကလောင်အမည် သစ်သော်လည်း အဟိက ရွေးချယ်လျှင် စံချိန်မှီစာမူဖြစ်ကြောင်း စိတ်ချရ သည်။

အဟိအမှတ် ၁က ကျွန်တော့်ကလောင်သစ်တွေ ကြည့်မယ်ဆိုရင် မြင့်ထွန်း၊ ထွန်းညွန့်ဦး၊ ညွန့်အောင်၊ မိစန္ဒာ၊ မေမြတ်လေး၊ မစံလှဝင်းခိုင်၊ မောင်ကြက်ပေါ၊ အောင်(လျှပ်စစ်)၊ ယစ်ရွှေရည်၊ မျိုးဂေါင်း၊ ငွေမောင်း၊ ပေါင်းတည်စန်းမြင့်၊ နတ္တလင်း ချစ်လွင်၊ ပြည်အေးကို၊ မမညွန့်၊ မွန်းစန္ဒာ၊ မောင်လရောင်၊ ကျိုက်လတ်မိုးမြင့်၊ အီကြာကွေး၊ ရွှေတည်ရန်နောင်၊ ဖုန်းဖုန်း၊ ဘိက္ခုအဂ္ဂ စိဏ္ဏ။

နောက်ဆုံးနှစ်ဦးက သင်္ကန်းဝတ်များဖြစ်ကြသည်။ သို့သော် ဘိက္ခုအဂ္ဂစိဏ္ဏအား ကျွန်တော်နှင့် လူချင်းတွေ့ရတော့၊ လူဝတ်နှင့်ဖြစ်နေပြီ။ ဖုန်းဖုန်းကား ယခုအညာတွင် ကျောင်းထိုင်ကိုယ်တော်ကြီး ဖြစ်နေသည်။ ရန်ကုန်သို့ မကြာခဏ ကြွတတ်သည်။ သူ့ကလောင် သည် အဟိမှ ကျော်လွန်ပြီး ငွေတာရီ၊ မြဝတီတို့တွင် တွေ့ရတတ်သည်။ စာပေကို အမြတ်တနိုး ကြိုးစားရေးသားရင်းဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူမည့် ပုဂ္ဂိုလ်နှင့်တူလေသည်။ ဒုံးတလုံးတော့ တပည့်တော် လှူမယ်နော်။

ယင်းသို့ အဟိကို ရှုမဝရုပ်စုံမဂ္ဂဇင်းမှ ခွဲထုတ်သောအခါ၊ ပထမဦးဆုံး မျက်နှာဖုံးကို ကိုအောင်ရှိန်အား ဆွဲစေပါသည်။ နောက်ကိုဖေသိန်း၊ အတွင်းပုံများကိုလည်း သူတို့နှစ်ယောက် အပြင်၊ မောင်ဆွေတင့်နှင့် ကာတွန်းစိန်ကြီးကိုလည်း ဆွဲခိုင်းပါသည်။ နောက်နောင်တွင် အဟိသည်

စာရေးဆရာများထက်။ ယခုနာမည်ကြီးနေသော ကာတွန်းဆရာလေးတွေ မွေးဖွားရာ ဖြစ်ခဲ့တော့သည်။

## ကာတွန်းဝင်းမောင်

အဟိထုတ်၍ သုံးလေးအုပ်မျှရှိသောအခါ ကျွန်တော်နေထိုင်ရာ ရွာတန်းရှည်အိမ်သို့ အသက် ၂၀ လောက်လူငယ်တစ်ဦး ရောက်လာကာ၊ သူဆွဲထားသောပုံများကို ပြ၍၊ အဟိတွင် ရေးဆွဲချင်ပါသည်ဟု ပြောသည်။ ကျွန်တော်ကိုယ်တိုင် မရေးဆွဲတတ်သော်လည်း ရှုမဝရုပ်စုံ မဂ္ဂဇင်းတိုက်တွင် ရုပ်ပုံအမျိုးမျိုးတွေ မျက်စိယဉ်နေ၍၊ သူ့လက်ရာများ အစွမ်းအစရှိသည်ကို ကျွန်တော်မြင်သည်။ သို့သော် ကျင့်စမို့ မပြည့်စုံသေးပေ။ ထို့ကြောင့်သူလဲအကျိုးရှိ၊ ကျွန်တော်လည်း အလုပ်ပြီးအောင် စီမံသည်။

''ဒီလိုလုပ်ကွာ၊ မင်းငါ့အိမ်နဲ့ ကိုအောင်ရှိန့်အိမ်၊ ကိုဖေသိန်းအိမ်တို့ကို ကူးသန်းနေကွာ၊ ဘာလုပ်ရမလဲဆိုရင် ငါရွေးထားတဲ့စာမူတွေကို ခေါင်းစည်းပုံဆွဲဘို့ ကိုအောင်ရှိန်နဲ့ ကိုဖေသိန်း ဆီသွားပို့၊ အဲဒီတော့ သူတို့ဆွဲတာတွေကိုလဲ မင်းထိုင်ကြည့်၊ မင်းဆွဲတာကိုလဲ သူတို့ကိုပြ၊ အဲဒါဟာ. . . ဆရာနဲ့ ပုံဆွဲလက်ထပ် သင်တာပေါ့ကွာ၊ ဟုတ်လား. . .''

ယင်းသို့ဖြင့် သူသည် ကိုအောင်ရှိန်နှင့် ကိုဖေသိန်းတို့ထံတွင် တပည့်ခံရာ ရောက်သွား ပေသည်။ သူ့လက်ရာများကိုလည်း တဖြည်းဖြည်း အဟိမှာ သုံးလေရာ၊ နောက် ၂နှစ်မျှကြာ သောအခါ။ မျက်နှာဖုံးရော အတွင်းပုံမတွပါ၊ ကိုအောင်ရှိန်နှင့် ကိုဖေသိန်းတို့ လက်လွှတ်ရ သောအခြေသို့ ရောက်ခဲ့ပါတော့သည်။

## အနုပညာ၏သဘော

ဤနေရာ၌ အနုပညာ၏သဘောကို စစ်ကြောမိပါသည်။ ဝင်းမောင်သည် ကျွန်တော့်အိမ် စတင်ရောက်ခဲ့စဉ်က၊ သူ့ဖာသာသူ ကာတွန်းဝါသနာပါ၍၊ စွတ်ရွတ်ရေးဆွဲနေသည်။ ဘယ်ဆရာ နှင့်မျှ မျက်မြင်ကိုယ်တွေ့ သင်ကြားဘူးသေးသည် မဟုတ်။ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်က ကိုအောင်ရှိန်နှင့် ကိုဖေသိန်းထံတွင် လက်တွေ့သင်စေသည်။ ထို့ကြောင့် ဝင်းမောင်သည် ကိုအောင်ရှိန်နှင့် ကိုဖေသိန်းတို့၏ တပည့်ရင်းချာဖြစ်ပါပေသည်။ သို့ရာတွင် ယခုဝင်းမောင်၏ ကာတွန်းလက်ရာတွေကြည့်ပါ။ ကိုအောင်ရှိန်ဟန်နှင့် တူပါသလား။ ကိုဖေသိန်းပုံနှင့် ဆင်ပါသ လား။ မတူပါ၊ မဆင်ပါ၊ ဝင်းမောင်ရေးချက်က သူ့မူနှင့်သူ တမျိုးတဘာသာ လာပါသည်။

ကျွန်တော်သတိထားမိသည်။ ပန်းချီဆရာတွေ၊ ကာတွန်းဆရာတွေထံမှာ လက်တွေ့လာရောက် သင်ကြသော တပည့်တပန်းများရှိကြလေရာ၊ များစွာသော တပည့်တို့သည် သူတို့ဆရာ့လက်ရာနှင့်တူအောင် ကြိုးစားကြသဖြင့်၊ သူတို့ပုံများမှာ ဆရာ့နောက်လိုက်၊ ဒုတိယဖိုးစိန်များဖြစ်ကြကုန်သည်။ တဘာသာထူး၍ မလာကြပါ။ ယင်းသည် ထူးချွန်သော အနုပညာရှင် မဟုတ်ခြင်းပင်။

ဝင်းမောင်ကား သူ့ပညာနှင့်သူ တမျိုးတဘာသာ လာခဲ့သဖြင့် ယခုအချိန်၌ တိရစ္ဆာန်မျိုး စုံ ရေးဆွဲနည်း၊ အမျိုးသမီးပုံရေးဆွဲနည်း၊ အမျိုးသားပုံ ရေးဆွဲနည်းစသော စာအုပ်များကိုပင် ထုတ်ဝေလျက် ရှိလေပြီ။

ထို့ကြောင့် အဟိသည် ကာတွန်းဝင်းမောင်ကို မွေးဖွားပေးသည် မည်သောကြောင့် ကျွန်တော်ဝမ်းသာအားရ ဖြစ်မိပါသည်။

စင်စစ် အထင်အရှားအားဖြင့် ဝင်းမောင်တယောက်သာ ကျွန်တော်ခေါင်းတပ်ပြောလိုက်သော်လည်း၊ အဟိက ပေါက်ဖွားခဲ့သော ကာတွန်းဆရာလေးများမှာ ဝင်းမောင်တယောက်တည်း မဟုတ်ချေ။ သူ့အဖွဲ့အပေါင်းအဖော်များ ရှိချေသေး၏။ အသို့မူ အဟိအတွက် ပုံများကို ဝင်းမောင်အား ကျွန်တော်စိတ်ချလက်ချ လွှဲထားလိုက်သောအခါ ဝင်းမောင်သည် သူ့ရောင်းရင်း သူငယ်ချင်းများကိုပါ အဟိတွင် လက်တည့်စမ်းစေတော့၏။ ၎င်းတို့တွင် ကျွန်တော်သိသမျှ ရွှေမင်းသား၊ စံရွှေမြင့်နှင့် နာမည်ကြီးသူ မြင့်သိန်း၊ ကြံ့ဗဟုန်း ရေးဆွဲသူ အောင်မြင့်။ သူက ကျွန်တော့်အဟိထဲမှ ကျွန်တော့်ဇာတ်လိုက် 'ကြံ့ဗဟုန်း' နာမည်ပါ ယူသူဖြစ်၏။ နောက်နီလာရုပ်စုံဆွဲသူ တင်အောင်နီ၊ ပေါ်ဆန်းမွှေးစသည်တို့ ဖြစ်ကြကုန်၏။ သူတို့သည် ကာတွန်းစာအုပ် တွေ ပလူပျံအောင် ထုတ်ရစဉ်က နာမည်လျှမ်းလျှမ်းတောက်သူများ ဖြစ်ကြ၏။

## အဟိ၏ လုပ်ဖော်များ

(၁) ငွေမောင်း

အဟိကဏ္ဍကို ရှုမဝရုပ်စုံမဂ္ဂဇင်းထဲ ထည့်သွင်းနေစဉ်ကပင်၊ ကလောင်အမည် ငွေမောင်း ဖြင့် သူ့လိပ်စာမပါသော စာမူများရောက်လာသည်။

ကိုဆွေ. . . .

ကျွန်တော့်ထံ စာပြန်စရာ မလိုပါ။ ကျွန်တော့်ဝတ္ထုများကို ကိုဆွေကြိုက်သလိုသုံးပါ။ မကောင်းရင် ပယ်ပါ။ ကျွန်တော်ရှုမဝကို အမြဲစောင့်ဖတ်နေပါတယ်။ ကျွန်တော်ကတော့ တောတွင်းတနေရာကဘဲ။

စင်စစ် သူ့စာမူများကို ပယ်ရသည်ဟူ၍ မရှိပါ။ ရောက်လာသမျှ ကောင်းတာချည်းဖြစ် ၏။ ငွေမောင်း ကျွန်တော်နှင့် တူသည်မှာ ဟာသကိုလည်း ရေးတတ်၏။ စုံထောက် လျှို့ဝှက်သဲဖို မျိုးလည်း နိုင်နင်း၏။ သူ၏ 'ညနေ ၅နာရီ'မည်သော ဝတ္ထုကို သော်တာဆွေနာမည်တပ်၍ ရှုမဝ ရုပ်စုံမဂ္ဂဇင်းထဲ ထည့်ခဲ့ဘူး၏။

ကျွန်တော်အဟိမှ အယ်ဒီတာလုပ်စဉ်က ရောက်လာသမျှသော ကလောင်သစ်များထဲတွင် ငွေမောင်းကို ကျွန်တော်အားအရဆုံးနှင့် စာပေနယ်၌တောက်ထွန်းလာမည့် ကြယ်တပွင့်ဟူ၍ အမြော်လင့်ဆုံးဖြစ်၏။

သို့သော် ထင်သလိုမဖြစ်လာခဲ့ပေ။ အဘယ်ကြောင့်နည်း။ ယခု သူ့အကြောင်းရေးပြ မည်။ သူ့အကြောင်းရေးပြရသည်မှာ သူ့အကျိုးအတွက် မဟုတ်ပေ။ စာပေဝါသနာရှင်တို့ ရှုကွက်တခု ရစိမ့်ငှာဖြစ်၏။

အဟိကို ရှုမဝရုပ်စုံမဂ္ဂဇင်း ရင်ခွင်မှခွာ၍ သီးသန့်ထုတ်မည့်နှစ်မှာပင် ငွေမောင်းအမည်ခံ ကိုတင်သန်းသည် အလင်းသို့ရောက်လာသည်။ သူသည် သထုံသားဇာတိ။ ၁၉၄၈–၄၉ခုနှစ် တက္ကသိုလ်မှ ကျောင်းသားများတောခိုစဉ်က ပါသွားခဲ့သူဖြစ်၏။

သူ. . . ကျွန်တော့်အိမ်ရောက်လာသည်နှင့် အဟိကို သီးခြားထုတ်သည်နှင့် အဆင်သင့်ပင်။ အဟိ၏ လုပ်ဖော်တဦးဖြစ်လာခဲ့လေ၏။ ကျွန်တော့်အိမ်မှာပင် အိပ်စားနေသည်။ သူသည်စာပေ နယ်သို့ ခြေစုံပစ်ဝင်ရမည့်အချိန်သို့ ရောက်နေပေပြီ။ အခြေအနေကလည်း ပေးနေပြီ။ သူ့ဝတ္ထုတွေကိုထည့်ရန် အဟိရှိနေပြီ။ ရှုမဝရုပ်စုံမဂ္ဂဇင်းရှိနေပြီ။ လုံးချင်းဝတ္ထုဆိုလျှင် 'သော်တာ စာပေ'မှ ထုတ်နိုင်ပြီ။ ငွေမောင်းသည် ပင်ကိုယ်လည်းရေးတတ်သည်။ မှီးလည်း မှီးတတ်သည်။ ဘာသာပြန်လည်း ကောင်းသည်။ အင်္ဂလိပ် မြန်မာ နှစ်ဘာသာနိုင်သည်။

'မခင်နှင်းဆီ'ဝတ္ထုကို ကျွန်တော်ရေးနေစဉ်က သူကျွန်တော့်အိမ်မှာ ရှိနေသည်။ ဤဝတ္ထု သည် P.C. Wodehouse ၏ The Code of Woodstars ကို မှီးရေးခြင်းဖြစ်ပေရာ၊ ကျွန်တော် တဝက်ကျော်ကျော်ရေးပြီးသောအခါ၌ ကျွန်တော်ရေးလက်စ စာမူတွေနှင့် အင်္ဂလိပ်စာအုပ်ကို သူ့ ကျွန်တော်ပေးလိုက်သည်။

''အဲဒါ နှစ်ခုစလုံးကို ခင်ဗျားဖတ်ကြည့်၊ အင်္ဂလိပ်စာအုပ်ထဲက ဘယ်သူ့ကို ကျွန်တော် ဗမာလို ဘယ်လူလုပ်ထားတယ်၊ ဘာပစ္စည်းကိုဘာပြောင်းထားတယ်၊ ဘယ်နေရာကို ဘယ်မြို့ လုပ်ထားတယ်၊ အဲဒါတွေ တွေ့လိမ့်မယ်. . .''

သူဖတ်ပြီးပြီ ပြောသောအခါ. . .

''ခင်ဗျား. . . သဘောပေါက်ရဲ့လား. . .''

''ပေါက်တယ်. . . ကိုဆွေ. . .''

''ဒါဖြင့် ခင်ဗျား ကျွန်တော့်ကိုယ်စား ဆက်ရေးသွားနိုင်ပါ့မလား. . .''

''ဟာ. . . ရေးနိုင်တယ်ကိုဆွေ၊ အဆုံးသတ်က 'အူရီလာ'ဆိုတဲ့ code word လျှို့ဝှက်စကား၊ အဲဒါကို ဘယ်လိုပြောင်းမလဲသာပြော''

''အဲဒါ ကျွန်တော့်တာဝန်ထား၊ နောက်ဆုံးအခန်းကို ကျွန်တော်ရေးမယ်. . .''

ကျွန်တော်ရေးခဲ့သော ဟာသဝတ္ထုတို့မှာ ပင်ကိုယ်ဘဲဖြစ်ဖြစ်၊ မှီးတာဘဲဖြစ်ဖြစ် mystery ခေါ် လျှို့ဝှက်ဇာတ်လမ်းဆင်၍၊ နောက်ဆုံးမှာ twist ခေါ်အလှည့်နှင့် ဇာတ်သိမ်းလေ့ရှိရာ၊ ဇာတ်လမ်းအပိတ်သည် အရေးကြီးဆုံးဖြစ်၏။ သူရော်သွားလျှင် တအုပ်လုံး ရော်သွား၏။ သူကောင်းပါမှ ရေးလာသမျှကို ပရိသတ်ကျေနပ်သွားကာ ဟားကနဲရယ်မောပြီး၊ ဟင်းကနဲ နှစ်သက်သော သက်ပြင်းကြီးကို ချပေလိမ့်မည်။

ဝုဒ်ဟောက်စ်၏ မူရင်းဇာတ်လမ်းမှာ အင်္ဂလန်ပြည်တွင် Lord ခေါ်မြို့စား နယ်စားဘွဲ့ရသော လူကြီးလူကောင်း တယောက်သည် ဤအချိန်မှာ မြို့စားနယ်စားခေတ်မဟုတ်၍၊ စီးပွားရေးမကောင်းသဖြင့် အမျိုးသမီးတို့၏ ရင်တု၊ ဘရာဇီယာနှင့် တင်တုကော့ဆက်များလုပ်သော ကုမ္ပဏီတခု တိတ်တိတ်ပုန်း တည်ထောင်ထား၏။ သူနှင့်တန်းတူရည်တူလူများ မသိစေရ၊ သိလျှင် သူလိုနယ်စားပယ်စားမျိုးကြီးက ဒီလိုမိန်းမတွေရဲ့ အောက်ကလီအာပစ္စည်းတွေ လုပ်ရောင်းနေရတယ်ဆိုတော့ မည်မျှရှက်စရာကောင်းပါသနည်း၊ ဒါကြောင့်သူက လျှို့ဝှက်ထား၏။ ဤလျှို့ဝှက်ထားခြင်းကို ဖော်နိုင်သည်က 'အူရီလာ'ဆိုသည့် လျှို့ဝှက်စကားကလေးတလုံး တည်းပင်။ ဒီစကားလုံးသည် သူ့အားနိုင်ပေါက်။

ယင်းကို ကျွန်တော်က မြန်မာလိုရေးထားတော့ သူ့အတိုင်းယူ၍မရပြီ။ ကျွန်တော်တို့ မြန်မာမှာ နယ်စားမြို့စားမျိုးတွေလဲ မရှိတော့။ နို့ပြီး. . . ကျုပ်တို့မြန်မာလူမျိုးက ဇာဘော်လီချုပ်တာ၊ ဘရာဇီယာလုပ်တာ ရှက်စရာလော။ မိမိနာမည်တွေတပ်ပြီးတောင် လိပ်စာနှင့်ကြော်ငြာနေကြသည် မဟုတ်ပါလား။

ထို့ကြောင့် မြန်မာလူမျိုးများအဖို့ အရုပ်ဆိုးသော လုပ်ငန်းကြီးတခုကို ပြောင်းယူရသည်။ ကိုသံခဲကြီး မည်သောလေးလုံးခြောက်ဖက်လူကြီးသည် ကာမအားတိုးဆေးများဖော်၍ ရောင်းစားနေသည်။ သို့သော် သူကိုယ်တိုင်မူ သူ့ဆေးသူစမ်းရင်းဖြင့် တလွဲတချော်ဖြစ်၍ လူစဥ့်မမှီဖြစ် သွား၏။ ဒါကို သူလူသိမခံဝံ့။ ယင်းကို ကျွန်တော်က 'မခင်နှင်းဆီ'ဟု လျှို့ဝှက်စကားလုပ်ပစ် လိုက်သည်။ ဤစာအုပ် မကြာမီပြန်ထွက်မည်။ ဒုတိယအကြိမ် ရိုက်ခွင့်ရပြီ။

ဤ'မခင်နှင်းဆီ'ဝတ္ထုသည် ငွေမောင်း၏လက်စွမ်းကို သိသာနိုင်သည်။ ကျွန်တော်ရှေ့က ရေးခဲ့သမျှကို သူနောက်က လိုက်နိုင်သည်။ ကျွန်တော့်လက်ရာနှင့်မခြားပါ။ ထို့ကြောင့် ကျွန်တော် သူ့ကို အောင်မြင်ကျော်ကြားသော စာရေးဆရာတယောက်ဖြစ်လာရန် မြှော်လင့်ခဲ့သည်။ အားပေးခဲ့သည်။

သို့ရာတွင် သူဖြစ်မလာချင်တော့။ အကြောင်းကဤသို့ဖန်လာ၏။ 'ကျွန်တော့်အဟိ စာအုပ် ရိုက်နှိပ်သည်က စမ်းချောင်း၊ ကျွန်းတောလမ်း၊ မြမြဝင်း ပုံနှိပ်စက်၊ ကိုသန်းတင်၏နေအိမ် တွင်ဖြစ်၏။ ကိုသန်းတင်က သူ့ဇနီးနာမည်နှင့် ပုံနှိပ်စက်ထောင်ထားခြင်းဖြစ်သည်။

ထိုစဥ်မှာ ကိုသန်းတင်က ရှူးမေးနီးယားသံရုံးမှ မစ္စတာယူနက်စကူးမည်သော အရာရှိတယောက်နှင့် ခင်မင်လေ၍ ရှူးမေးနီးယားသံရုံးမှ မြန်မာလိုထုတ်သော စာအုပ်များအတွက် ကိုသန်းတင်က အင်္ဂလိပ်မှ မြန်မာလို ဘာသာပြန်ပေးရသည်။ ဘာသာပြန်ပေးရသည်ကများ တော့ ကိုသန်းတင်ကတဆင့်၊ 'ငွေမောင်းအား ပြန်ခိုင်းပြန်သည်။ ဘာသာပြန်ခလည်း မြက်မြက်ကလေးရကြသည်။ သို့သော် ကိုသန်းတင်မှာ အခြားအလုပ်ကလည်းရှိသဖြင့် နောက်တော့ ရှူးမေးနီးယားသံရုံးမှ ဘာသာပြန်ခြင်းများကို ငွေမောင်းသို့သာ လွှဲပေးတော့၊ ငွေမောင်းသည် မစ္စတာယူနက်စကူးနှင့် ဒါရိုက်ဆက်သွယ်သွားလေ၏။ မစ္စတာယူနက်စကူးသည် ကိုသန်းတင်မှ တဆင့် ကျွန်တော်နှင့်လည်း ခင်မင်လာသူဖြစ်သည်။ သူကိုယ်တိုင် စာရေးဆရာဖြစ်ရန် ကြိုးစား ခဲ့သည်။ သို့သော် မအောင်မြင်။

ကျွန်တော်က ''မအောင်မြင်ခဲ့လို့ မပြောပါနဲ့၊ မအောင်မြင်သေးဘူးလို့သာ ဆိုသင့်ပါ တယ်၊ ဘာကြောင့်လဲဆိုတော့ စာရေးဆရာတယောက်ဟာ ဘယ်အချိန် ဘယ်အသက်အရွယ်မှာ ဖြစ်ရမယ်လို့

ကန့်သတ်ထားတာမှ မဟုတ်ဖဲ၊ ဖွဲ့သတ္တိရှိရှိနဲ့ မသေမချင်းကြိုးစားရင် တနေ့နေ့ ဖြစ်လာနိုင်တာဘဲ၊ နို့ပြီး စာရေးဆရာဆိုတာ အသက်ကြီးလာလေလေ၊ ဘဝအတွေ့အကြုံ များလာလေလေ ကောင်းလေဘဲ မဟုတ်လား''

ဤစကားကို ကျွန်တော်သည် သူ့အိမ်ညစာစားပွဲမှာ ပြောခြင်းဖြစ်လေရာ၊ မစ္စတာ ယူနက်စကူး အလွန်သဘောကျသွားလျက်–

''ဒါဟာ. . . စာရေးဆရာတယောက်ရဲ့ အဖိုးတန်စကားပါဘဲ၊ ကျွန်တော်အများကြီးအားရှိသွားပါတယ်၊ ကျွန်တော်ကြိုးစားပါအုံးမယ်''

မစ္စတာယူနက်စကူးသည် စာရေးဆရာဘဝကို သဘောကျ၏။ ကျွန်တော်တို့ မြန်မာ စာရေးဆရာတွေကိုလည်း ချစ်ခင်သည်။ ထိုစဉ်က ကျွန်တော်တို့ စာရေးဆရာအသင်းက ဖျာပုံ သို့ သင်္ဘောတစ်စီးငှား၍ ခရီးထွက်ကြရာ သူလည်းလိုက်ပါလျက် ဝီစကီပုလင်း တဒါဇင် ဆပ္ပလိုင်း လုပ်ပါသည်။ မြန်မာစာရေးဆရာတွေနှင့် စကော့ချ်ဝီစကီ တွေ့ခြင်းကား ကြုံတောင့် ကြုံခဲတည်း။

သူ ကျွန်တော်နှင့်သိကျွမ်းပြီး မြန်မာပြည်၌ နှစ်နှစ်လောက်နေ၍ ပြန်သွားလေရာ၊ မစ္စတာ ယူနက်စကူးသည် ရူးမေးနီးယားပြည်၌ ယခု စာရေးဆရာဖြစ်လေလား၊ မဖြစ်လေလားတော့ ကျွန်တော် မပြောနိုင်။ ထိုစဉ် ထိုအချိန်က ထွန်းပေါက်သော စာရေးဆရာတယောက် ကေန်ဖြစ်လာလိမ့်မည်ဟု မြှော်လင့်ထားသော ကျွန်တော့်တပည့်ကြီး၊ ငွေမောင်းကား မှန်းချက်နှင့် နှမ်းထွက်ကိုက်မလာပေ။

အကြောင်းကား လူပျင်းထမင်းဝ သွားသောကြောင့်ပင်။

အသို့ဟူမူ၊ မစ္စတာယူနက်စကူးသည် ငွေမောင်းဘာသာပြန်သည်ကိုလည်း သဘောကျ၊ ငွေမောင်းကိုလည်း ခင်မင်လေ၍ သူပြန်ခါနီး ဆက်သွယ်ပေးခဲ့ခြင်းအားဖြင့် ရုရှားသံရုံးမှာ ငွေမောင်း သည် စကားပြန်၊ ဘာသာပြန်အလုပ်ကို ရလေ၏။ လခလည်း ကောင်း၏။ ဒီတော့ ငွေမောင်းသည် စာရေးသည့်ဘက်ကို မကြိုးစားတော့ပေ။ ပေါ့လျော့သွား၏။ ကျွန်တော့်အိမ်ရှေ့ က အိမ်ကိုတလ ၅ဝ နှင့် ငှားကာ သူ့သားမယားတွေနှင့် နေလေတော့၏။ အကြောင်းအကျိုး ကွင်းဆက်ကလေး တွေကြည့်တော့၊ ရှမဝရုပ်စုံမဂ္ဂဇင်းထဲတွင် အပဟိကဏ္ဍပါခဲ့ရာမှသည် တောပြန် အလင်းရောက် ငွေမောင်းသည် ရန်ကုန်၌ လူတလုံးသူတလုံး ဖြစ်သွားလေပြီ။ သူ့မှာ သံရုံးက ပေးသောကားနှင့် အိမ်မှာ တယ်လီဖုန်းနှင့်။ ကျွန်တော့်ထက် လူနေမှုအဆင့်အတန်း မြင့်သွားပါ ပြီ။

သို့ရာတွင် ကျွန်တော်က သူစာရေးဆရာဖြစ်မလာသည့်အတွက် မကျေနပ်။

စင်စစ် ကိုယ့်အခွင့်အရေးရခိုက်မှာ စာရေးသည့်အလုပ်ကို ဒလကြမ်းတွန်းရမည်။ လစဉ် မဂ္ဂဇင်းမှာပါနိုင်အောင်၊ နောက်ပြီးလုံးချင်းထုတ်နိုင်အောင်။ ကျွန်တော်ကိုယ်တိုင် ဤသို့ မရပ်မနားကြိုးစားခဲ့သည် မဟုတ်ပါလား။ အခုလဲ ကြိုးစားလျက်ဖဲ၊ စာရေးဆရာအလုပ်သည် ရပ်နားရသည်မဟုတ်ပေ။ လုချင်သော အပျိုလေးသည် အမြဲတမ်း ဇီးလိမ်းဝတ်စားပြင်ဆင် ဘိသကဲ့သို့ ပင်။

ငွေမောင်း၏ လက်စွမ်းကို ကျွန်တော်သိသည်။ သူမဂ္ဂဇင်းဝတ္ထုရေးလျှင် ရှုမဝရုပ်စုံမဂ္ဂဇင်း မှာ ပါနိုင်သည်။ လုံးချင်းရေးလျှင် စွံနိုင်သည်။ ထို့ကြောင့် ကျွန်တော်က ''သံရုံးအလုပ်လဲ လုပ်ပေါ့၊ စာကိုလဲ ကြိုးစားရေးစမ်းပါ'' တိုက်တွန်းသောအခါ သူကဆင်ခြေပေး၏။

''ကိုဆွေ့. . . မနက်ရုံးသွား ညနေမှပြန်၊ တနေ့လုံး ရုံးအလုပ်တွေနဲ့ ပင်ပန်းနေတော့ ဘယ်မှာ စာရေးနိုင်မလဲဗျာ''

''ဒါပေမယ့် ခင်ဗျားအရက်သောက်ပြီး မူးနေဘို့တော့ အချိန်ရှိသပေါ့''

ငွေမောင်းသည် ဆရာ့တပည့်ပီပီ ကျွန်တော့်လိုဘဲ အရက်ကိုတော့ အလွန်ကြိုက်သူဖြစ် ၏။ ကျွန်တော်ကဆက်လက်ပြီး ပြောသည်။

''ဒီမှာ ကိုတင်သန်း၊ လူ့ပြည်မှာ ယောကျ်ားတွေ ကြိုက်တတ်တဲ့မကောင်းမှု သုံးခုရှိတယ်၊ တစ်–အရက်သောက်ခြင်း၊ နှစ်–လောင်းကစားခြင်း၊ သုံး–မိန်းမလိုက်စားခြင်း၊ ဒီသုံးမျိုးကိုအများ လူထုက ကဲ့ရဲ့ပြစ်တင်ရှုတ်ချကြတယ်။ ဒါပေမယ့် လူ့ပြည်မှာအရက်သမားတွေ၊ ဖဲသမားတွေ၊ မိန်းမလိုက်စားတဲ့လူတွေ အပြည့်ဘဲဗျာ။ ကျွန်တော်နဲ့ခင်ဗျားကိုယ်တိုင် အရက်သမားဗျာ ဟုတ်လား။ တကယ်တော့ရင် ဘယ်အလုပ်အကိုင် ဘယ်အဖွဲ့အစည်းကမှ လူတွေကို အရက် သောက်စားဘို့၊ လောင်းကစားဘို့၊ မိန်းမလိုက်စားဘို့ရယ်လို့ သီးသန့်အချိန်ပေးမထားပါဘူး။ အခွင့်အရေး ဖန်တီးပေးမထားပါဘူး။ သို့သော်လဲ အရက်သမားမှာ အရက်သောက်ဖို့ပိုက်ဆံနဲ့ မူးနေဘို့ အချိန်ရှိသဗျ။ ဖဲသမားမှာ လောင်းကစားဘို့ငွေနဲ့ ဖဲရိုက်ဘို့အချိန်ရှိသဗျ။ မိန်းမလိုက် စားသူမှာလဲ ထိုနည်းၫင်းဘဲ. . .၊ ဒီတော့ လူအများစုက မကြိုက်မနှစ်သက်တဲ့ အဲဒီမကောင်းမှုတွေ လုပ်ဖို့ အချိန်နဲ့ပစ္စည်းရှိနေရင်ဖြင့် ဘယ်သူမှ ကဲ့ရဲ့ပြစ်တင် ရှုတ်ချခြင်းမပြုတဲ့ စာရေးခြင်း အလုပ်ကို ဘယ်မှာအချိန်မရှိဘူးလို့ ဆင်ခြေပေးနေရမလဲဗျ။ ကျွန်တော်မြင်းလှည်းမောင်းရင်း၊ ကုန်သည်လုပ်ရင်း စာရေးလာတဲ့ကောင်။ ဒိပြင်လူသာခင်ဗျား ဒီဆင်ခြေမျိုးပေးရင်ပေး၊ ကျုပ်ကိုတော့ မပေးနဲ့. . .''

သူ ကျွန်တော့်ကို ကြောက်လည်းကြောက်၊ ချစ်ခင်လေးစားသူလည်း ဖြစ်သည်မို့. . .

''ကျွန်တော်ကြိုးစားပါမယ်''ဟု အာမခံ၏။

''အင်း. . . ကြိုးစားမယ်ဆိုတာက အကြွေးထားလို့ရတာမဟုတ်ဘူးနော်''

ယင်းသို့ ကျွန်တော်တိုက်တိုက်တွန်းတွန်း လုပ်ခြင်းဖြင့်၊ လေးငါးရှစ်နှစ်အတွင်းမှာ စာသုံးအုပ်ထွက်လာ၏။ (၁)လွတ်အောင်သာ ပြေးပါမေရယ် (၁–ကျပ်တန် ဝတ္ထု)၊ (၂) ချိုမိုင်မိုင် (ဘာသာပြန်ရုရှားဟာသဝတ္ထု ၂–ကျပ်တန်၊ သော်တာစာပေမှ ထုတ်ပေးလိုက်၏။) (၃) ချစ်အထ္တာဝါကြောဝယ် (ဒီဝတ္ထုတော့ သူ့နာမည်နှင့်မဟုတ်၊ ကျွန်တော့်နာမည်နှင့် မြစာပေမှ ထုတ်၏။) အဘယ်ကြောင့်ဆိုသော် သူ့ကို ကျွန်တော်က မီး၍ရေးနိုင်သော P.G.Wodehouse ၏ Luck of Bodkins နှင့် Laughing Gass ဝတ္ထုနှစ်အုပ် ပေးထားရာ၊ သူသည် ပထမအုပ်ကို ရေးနေပြီဖြစ်သော်လည်း တော်တော်နှင့် မပြီးနိုင်သဖြင့်၊ သူ့ရေးလက်စတွေယူ၍ ကျွန်တော်က အပြီးရေးကာ သော်တာဆွေနာမည်နှင့် ထုတ်လိုက်ခြင်းဖြစ်၏။ 'မခင်နှင်းဆီ'တုန်းက ကျွန်တော် ကရှေ့မှကိုင်၍ သူက နောက်မှကိုင်၏။ 'ချစ်အထ္တာဝါကြောဝယ်'မှာတော့ သူကရှေ့က၊ ကျွန်တော်က နောက်ပိုင်းကိုင်ရ၏။

သူ့လက်စွမ်းကို ကျွန်တော်ဤမျှ ယုံကြည်စိတ်ချပါ၏။ သို့သော်သူသည် လခကောင်း သောသံရုံးအလုပ်နှင့် 'လူပျင်းထမင်းဝ'၍ စာပေနယ်ကို ခပ်အင်အင်လုပ်နေခဲ့ရာ၊ ယခုတော့ ငတိမနေသာပြီ။ ထိုသံရုံးမှအလုပ်ကို နုတ်ထွက်ခဲ့ရ၍ စာပေဘက်သို့ ပြန်လှည့်လာကာ ကျွန်တော်ပေးထားသော Laughing Gass ကိုမှီးပြီး 'သတင်းကြီးတဲ့ မင်းသမီး'ဟု လုံးချင်းဝတ္ထုရှည်ကြီးရေးလာသည်။ ၆၄–ရွက်ရှိသော ကျောင်းသုံးဗလာစာအုပ် ၁၁–အုပ်၊ ဝတ္ထုစာအုပ်အနေ ဖြင့်စာမျက်နှာ ၆၀၀–ကျော်လိမ့်မည်။ ငတိမည်မျှကြိုးစားလာသနည်း။ ခလုတ်ထိမှ အမိတ,ပေ သကိုး။ ယခုငွေမောင်းစာပေနယ်သို့ အောင်မြင်စွာ ရောက်လာမည်လော။ ဤစာအုပ်ဖြင့် ကြည့် ရမည်။ မူရင်းဝတ္ထုကတော့ အလွန်ကောင်း။ ဖတ်သူ ကလေ့မြေမဆည်နိုင်အောင်ပင် ရယ်ရသည်။ ကမ္ဘာကျော်ဝတ္ထုကြီးပေကိုး။

## ကျိုက်လတ် မိုးမြင့်

ငွေမောင်းနောက် အပဲလုပ်ဖော်အဖြစ် ဒုတိယရောက်လာသူမှာ ကျိုက်လတ်မိုးမြင့်။ အပဲသည် ရှမဝရုပ်စုံမဂ္ဂဇင်းမိခင်၏ ရင်ခွင်ထဲမှာ ရှိစဉ်တုန်းကပင်၊ သူသည် တောသဘာဝဟာသတိုထွာများကို ရေးပို့၍ ကျွန်တော်ရွေးချယ်ထည့်သွင်းခဲ့၏။ လူချင်းတော့ သူယခုကျွန်တော့်အိမ် ရောက်လာမှပင် မြင်ဘူးသည်။ အရပ်မြင့်မြင့်၊ အသားညိုညို၊ အင်မတန်ရိုးသား သောပုံသဏ္ဌာန်ရှိ၏။ သူ့မျက်ကွင်းက ကျယ်ကျယ်ဝိုင်းဝိုင်း မျက်လုံးရွဲကြီးနှင့်၊ ကလေးကြီးနှင့်တူ ၏။

သူက ''ဆရာ. . . ကျွန်တော် အဟိမှာ ကူလုပ်ပါရစေ''ဆိုတော့. . .

ကျွန်တော်က ''ခင်ဗျားအဟိမှာ ဘာပြုလို့ လုပ်ချင်တာလဲ၊ လခကောင်းကောင်းရမယ်များ ထင်လို့လား၊ တခြားအလုပ်မရှိဘူးလား''

''အရင်တုန်းက ရှိတယ်ဆရာ၊ အခုမရှိတော့ဘူး''

''ဘယ်က အလုပ်ပြုတ်လာတာလဲ''

''ပြုတ်တာမဟုတ်ပါဘူးဆရာ၊ ကြေးမုံသတင်းစာမှာ စာပြင်တဲ့အလုပ်ပါ၊ အခု ကြေးမုံ ပိတ်ထားလို့. . .''

''ခင်ဗျား ကြေးမုံမှာလုပ်တုန်းက လခဘယ်လောက်ရသလဲ''

''၁၂၀ ရပါတယ်''

''ခင်ဗျားမှာ သားမယား မရှိဘူးလား''

''ဒီလောက်ကြီးလို့မှ အမြီးမပေါက် ဘာမျောက်လဲဆရာ၊ ကလေးသုံးယောက်တောင် ရှိပါ တယ်''

''ဒီလခ ၁၂ဝ နဲ့လောက်သလား''

''ဘယ်လောက်မလဲ ဆရာ။ မိန်းမက ပဲပြုတ်ရောင်းရတယ်''

''အောင်မယ်၊ ဒီလိုဆို ခင်ဗျားထိုင်စားလောက်သားဘဲ၊ ကဲ. . . ကဲ ကျွန်တော့်အဟိကလဲ ကြေးမုံက ပေးသလိုဘဲ ၁၂ဝ ယူဗျာ''

ထိုအချိန်၌ ငွေမောင်းကိုတော့ ကျွန်တော်က လခပေးစရာ မလိုပေ။ ကျွန်တော့်အိမ်တွင် အိပ်စားနေလျက်၊ သူက အဟိကို လုပ်ရင်း ရှုမေးနီးယားသံရုံးမှ ဘာသာပြန်ခ,တွေရနေ၏။

## ဖုန်းကြီးကျောင်း မျိုးဂေါင်း

ကျွန်တော့်အိမ် နောက်ထပ်ရောက်လာသူမှာ ဖုန်းကြီးကျောင်း မျိုးဂေါင်းနာမည်နှင့် အဟိ တွင် ရေးနေသော ဗိုလ်ဖေသန်း (ယခုတော့ ဗိုလ်မှူးပေါ့)။ သူကတော့ အလုပ်မရှိ၍ လာသူ မဟုတ်။ စစ်တပ်က ခွင့်ရက်ရှည်ရသည်နှင့် ကျွန်တော့်အိမ် ရောက်လာရာ ငွေမောင်းနှင့်တွေ့လေသော် ဆရာတပည့်များပီပီ အရက်သမားချင်း ချစ်ကြည်သွားလျက် ကျွန်တော့်အိမ်မှာ ဘော်ဒါနေ တော့၏။

ထိုအချိန်၌ ရန်ကြီးအောင်သည် ခြောက်လသားမျှ ရှိလေရာ ညအိပ်လျှင် သူတို့သုံး ကောင် တခြင်ထောင်ထဲ အိပ်ကြရသည်။ ဗိုလ်ဖေသန်းသည် ကျွန်တော့်အား 'အဖေ'၊ မေ့အား 'အမေ'ဟုခေါ်သည့်တိုင် ချစ်ခင်ရင်းနှီးသွား၏။ ငွေမောင်းနှင့်လည်း သူတို့နှစ်ယောက်သည် ယခုတိုင် အဆက်အသွယ် မပြတ်။ ညီအကိုရင်းကဲ့သို့ ချစ်ခင်ကြ၏။

ထိုအချိန်၌ ကျွန်တော့်အိမ်ကလေးမှာ လူစည်လှသည်။ ကျိုက်လတ်မိုးမြင့်သည် မြောက်ဥက္ကလာမှာနေ၍ မနက်ဆိုလျှင် ကျွန်တော့်အိမ်ရောက်လာကာ ထမင်းစားပြီးမှ ပုံနှိပ်တိုက်၊ ဘလောက်တိုက်သို့သွား၏။ ဝင်းမောင်လည်း တရက်ခြား နှစ်ရက်ခြားလာ၏။

တနင်္ဂနွေနေ့ဆိုလျှင် ထိုစဉ်က အင်းလျားဆောင်တွင်နေသော အဟိရေးဘော်မလေးတွေ ဖြစ်ကြသည့် ရွှေကူမေနှင်း၊ ပဲခူးမြင့်လေး၊ အုတ်ဖိုမလွမ်းမူတို့လာကြ၏။ သူတို့က ထမင်းစားရုံ မက အပြန်တွင် သူတို့ကျောင်းမှာ ဟိုဒင်း ဒီဒင်းသုပ်စားရန် ပုဇွန်ခြောက်၊ ငါးပိ၊ ငရုတ်၊ ကြက်သွန်တို့ပါ သယ်သွားကြသေး၏။ မိန်းကလေးများ စရိတ်မသေးပေ။ သူတို့က အရက် မသောက်၍ တော် သေး၏။ ကျွန်တော်တို့ ယောကျ်ားပိုင်းကတော့ ကျိုက်လတ်မိုးမြင့်တယောက် ဖဲ မသောက်တတ်။ ထို့ကြောင့်သူ့ကို မိန်းမပိုင်းထဲသွင်း၍ ကောင်မလေးတွေနှင့် ထမင်းစားစေ ရာ၊ အောင်မယ် သူကဘဲရှက်လို့ ရဲရဲမစားဝံ့တဲ့ပုံမျိုး တွေ့ရသေး၏။ ကိုမိုးမြင့်ကား ဤမျှရိုး၏။ (အခု မြောက်ဥက္ကလာမှာ ပြည်သူ့တရားသူကြီး ဖြစ်နေသတဲ့ဗျ။)

## အောင်(လျှပ်စစ်)

အဟိလုပ်ဖော် တတိယရောက်လာသူမှာ အောင်(လျှပ်စစ်) နာမည်နှင့် အဟိတွင် ရေးနေသူဖြစ်၏။ စစ်သူမြလေး ဆိုသော ကလောင်နာမည်လည်းရှိ၏။ သူ့နာမည်ရင်းက မောင်မြအောင်။ သူ့ကို နောက်တော့ ကျွန်တော်တို့က 'အောင်'ဟု တလုံးထဲခေါ်ကြ၏။

ထိုစဉ်က အောင်သည် စစ်တပ်ဆာဂျင်ဘဝမှ ကျန်းမာရေးမကောင်း၍ ဆေးပင်စင်နှင့် ထွက်ခဲ့ရရာ၊ သူရသည့် လစာလေးနှင့် သူ့အိမ်ထောင်မစားလောက်။ ထို့ကြောင့်အဟိမှာလုပ်ပါရ စေ လာခြင်းဖြစ်ရကား၊ ကျွန်တော်မနေသာတော့ဘဲ. . .

''ကဲ. . . ကိုမိုးမြင့် ၁၂ဝိက ၁ဝဝိ ယူဗျာ၊ အောင်ကလဲ ၁ဝဝိ ယူဗျာ၊ နှစ်ယောက်အတူ အလုပ်ကို ခွဲလုပ်ကြတာပေါ့''ဟု စီစဉ်လိုက်ရ၏။

ထိုအချိန်၌ ငွေမောင်းကား သံရုံးအလုပ်ဖက် ရောက်သွားပြီ။ ကျွန်တော်သည် စာအုပ် ထုတ်နေသော်လည်း စာရွေးခြင်း၊ စာရေးခြင်းမှလွဲ၍ အခြားမလုပ်ချင်။ မလုပ်နိုင်။ စာရင်းသော်မှ မေ့ကိုကိုင်ခိုင်း၏။ ထိုစဉ်က တလလျှင် တရာနှစ်ရာလောက်တော့ တပည့်လက်သားကို ပေးနိုင် သည်။ အဟိတွင်ပါသော ကြော်ငြာခဘဲကြည့်ပါ။ မျက်နှာဖုံးကျောဘက် ပွင့်ကောင်း ငန်ပြာရည် ကြော်ငြာက ၁၅ဝိ။ အတွင်းဘက်မှာ ဒီဆူဇာ၊ ဆင်နှစ်ကောင်ဆေးပြင်းလိပ်နှင့် နဂါးဆေးတိုက်က ၆ဝိစီ။ ဒီတော့ ၁၈ဝိ+၁၅ဝိ=၃၃ဝိ အလကား ရမနေပါလား။ စာအုပ်ထွက်တယ်ဆို ဒီငွေ ၃၃ဝိက ချက်ခြင်းရတာဘဲ၊ အဟိကလဲ မြတ်နေသေးတယ်။ ဒါကြောင့် ကိုမိုးမြင့် ၁ဝဝိ၊ အောင် ၁ဝဝိ၊ ပေးနိုင်ခဲ့သပ။

သို့သော် ကိုမိုးမြင့်သည် အောင်ရောက်ပြီး နှစ်လမျှအကြာ ကြေးမုံသတင်းစာပြန်ဖွင့် သဖြင့် အဟိမှ ထွက်သွားပါတော့သည်။ ဒီတော့ ကျွန်တော်က အောင်ကို တလလျှင် ၁၅ဝိ ပေးလိုက်၏။

ထိုအချိန်မှာ ရွာတန်းရှည်မှ ယခုနေသော မာလကာခြံအိမ်သို့ ရောက်ပြီဖြစ်၍ စာအုပ် ဖြန့်ချီရေးကို ရှုမဝသို့ မပေးတော့ဘဲ၊ သော်တာစာပေဟု ဆိုင်းဘုတ်တပ်၍ ဖြန့်တော့၏။ ကိုယ်ရေးသော လုံးချင်းစာအုပ်များကိုလည်း ထုတ်သည်။ လုံးချင်းကျောဘက် မျက်နှာဖုံးကိုလည်း၊ ဒီဆူဇာမှ ကြော်ငြာတောင်း၍ ငွေယူလိုက်သေး၏။ ဒီဆူဇာ ဦးခင်ဇော်နှင့် ကျွန်တော်ကား သောက်ဖော်စားဘက်၊ အလွန်ရင်းနှီး၍ ကျွန်တော်တောင်းသမျှ ကြော်ငြာကိုပေး၏။

သို့ရာတွင် အဟိစာအုပ်အရောင်းရကား တစတစလျော့ပါးလာ၏။ လျော့ပါးရသည်ကား စာအုပ်က တဖြေးဖြေးညံ့လာသောကြောင့်ဖြစ်၏။ ဘာမှာညံ့ညံ့လာပါသနည်း။ အတွင်းပုံများ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပထမမူလရိုက်စဉ်က ကိုသန်းတင်၏ မြမြဝင်း ပုံနှိပ်စက်တွင်ဖြစ် ရာ၊ ဤစက်က အတွင်းပုံတွေကို အရောင်ပါအောင် ရိုက်ပေးနိုင်၏။ စက်ကလည်း ကောင်း၏။ စက်သမားကလည်း တော်၏။

နောက် ကိုသန်းတင်က သူ့စက်ကို ရောင်းပစ်လေရာ ရွှေတည်ရန်နောင် ဆက်သွယ်ပေး သော စမ်းချောင်း ဦးမောင်မောင်စက်ကို ပြောင်းရသည်၌ ထိုစက်သည် စက်ကလည်းကောင်း၊

စာလုံးတွေကဟောင်း၊ စက်သမားကလည်း အရောင်ပါအောင် မရိုက်ပေးနိုင်သဖြင့် စာအုပ် ဒလဟော ထိုးကျလေသည်။

ထင်တလုံး

ကျွန်တော်သည် မိမိကိုယ်မိမိ တော်တော်အထင်ကြီးခဲ့ဘူး၏။ အပဟိကိုစတင်ရိုက်စဉ်က တသောင်းရိုက်မယ် စိတ်ကူး၏။ အဘယ့်ကြောင့်ဆိုသော် ထိုစဉ်က ရှုမဝရုပ်စုံမဂ္ဂဇင်းသည် နှစ်သောင်းရိုက်လေရာ၊ ရှုမဝတွင် နှစ် နှစ်ပါဝင်ခဲ့သော အပဟိကဏ္ဍကို သီးသန့်စာအုပ် ခွဲထုတ် လိုက်ပါက၊ တသောင်းတော့ မရောင်းရပါလော။ နို့ပြီး ရှုမဝမဂ္ဂဇင်းမှာ သော်တာဆွေ ရေးနေကျ ဝတ္ထုမျိုး တပုဒ်အပဟိတွင် ဟာသဝတ္ထုရှည်အဖြစ်နှင့် ပါဦးမည်။ နှစ်သောင်းရောင်းရသော ရှုမဝ ပရိသတ်ထဲမှ သော်တာဆွေ ပရိသတ်တသောင်း မရှိနိုင်ပါဘူးလား။

ဤအကြောင်းကို ဦးကျော်အား ပြောပြတော့. . .

''ကိုရင့် ပရိသတ်ဟာ ရှုမဝပရိသတ်ဖဲ၊ ရှုမဝဖတ်တဲ့လူတိုင်း ကိုရင့်ကို ကြိုက်ကြတာ ချည်းဘဲ၊ သို့သော် ကိုရင်တယောက်ထဲ ခွဲထွက်တော့ရင် ရှုမဝဖတ်တဲ့ လူတွေအားလုံးက ကိုရင့် အပဟိကို ဝယ်ကြလိမ့်မယ် မအောက်မေ့နဲ့''

''အေးလေ၊ ဟုတ်ပါတယ်၊ ဒါကြောင့် ရှုမဝနှစ်သောင်းရှိတာကို အပဟိက တသောင်းရိုက် မယ်ပြောတာပေါ့''

''ဒီလောက်လဲ မထင်နဲ့ကိုရင်''

''ဦးကျော်က ကျွန်တော့်ကို တယ်အထင်သေးတာကိုးဗျ''

''ကိုရင့်ကို ကျုပ်အထင်မသေးပါဘူး၊ ဒါပေမယ့် ရှုမဝရုပ်စုံမဂ္ဂဇင်းဟာ ဇာတ်သဘင်အဖွဲ့ ကြီးနဲ့တူသဗျ၊ ကိုရင်က ဒီဇာတ်သဘင်အဖွဲ့ကြီးထဲမှာ အင်မတန် လူကြိုက်များတဲ့ ဇာတ်ဆောင် ကောင်းတယောက်ပေါ့ဗျ။ ဒါပေမယ့် ကိုရင်ကတစင်ခွဲထောင်တဲ့အခါမှာ''

''တော်၊ တော်. . . ကျွန်တော်နားလည်ပြီ၊ ဒီတော့ ဘယ်လောက်က စရိုက်ရင် ကောင်းမယ် ထင်သလဲ''

''ငါးထောင်က စကြည့်ပေါ့ဗျာ၊ စာတအုပ်ဟာ စထွက်ထွက်ချင်း ကွက်တိပြတ်ရင်ကောင်းတယ်၊ ဒါမှမဟုတ် မလောက်မင ဖြစ်ရင်ပိုကောင်းတယ်''

အောင်မယ်လေးဗျာ။ တကယ်တော့ မုန်းချက်နဲ့နှမ်းထွက်မကိုက်လိုက်ပါလား။ ငါးထောင်ရိုက်ပါတယ်။ လေးထောင်ပျော့ပျော့ဘဲ ကုန်တယ်ခင်ဗျ။ တသောင်းများရိုက်မိ ဒုက္ခဘဲ။ အရှုံးပေါ်ရောဘဲ။ မောင်မင်းကြီးသား ဦးရွှေကျော်ကယ်ပေလို့။

''အင်း. . . ဒီလောက်ကုန်လဲ မဆိုးပါဘူးဗျာ၊ လုပ်သာသားဘဲ၊ နောက်လ စောင်ရေတိုးလာအုံးမလား ကြည့်''ဟု ဦးကျော်က အားပေးပါသည်။ ''စာအုပ် ပိုကောင်းလာအောင်လဲ ကြိုးစားဗျ''

ကျွန်တော် တတ်နိုင်သလောက် ကြိုးစားပါ၏။ သို့သော်လည်း ပထမဦးဆုံးလ ရောင်းရတဲ့စံချိန်ကိုဘဲ မှီတယ်မရှိ။ တလထက်တလ တစတစကျသည်ထက်သာ ကျလာသဖြင့် လေးလမြောက်မှာ ၄၀၀၀ဘဲ ရိုက်ဝံ့တော့၏။ ဒီလေးထောင်လဲမကုန်။ နောက် ဦးမောင်မောင်စက်ရောက်တော့ ၃၀၀၀ဘဲ ရှိတော့သဗျ။ ဒီသုံးထောင်လဲ မကုန်။ အဟိသာမဟုတ်၊ အဟိနှင့် အသွင်တူသည့် 'သောကြာ'လည်း ဒီလိုဘဲ ကျကျလာသဖြင့်၊ သောကြာထုတ်သူ အောင်ဗလသည် ယခုသောကြာထုတ်နေသူ ကိုမောင်လေးအား အလကားပေးလိုက်တော့၏။

ဘာကြောင့် ဤစာအုပ်ငယ် တကျပ်တန်လေးတွေ ဤမျှစောင်ရေကျရသနည်း။ အကြောင်းရှာတော့ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်စသည့် နှစ်ကျပ်တန်မဂ္ဂဇင်းကြီးတွေ နှင့် ယှဉ်ကြည့်ပါ။ ထိုစဉ်က ယင်း ၂ကျပ်တန် မဂ္ဂဇင်းကြီးများ အပြိုင်ကြဲနေကြရာ၊ စာမျက်နှာ ၃၀၀ ကျော်။ ကျွန်တော်တို့အဟိနှင့် သောကြာက အရွယ်အားဖြင့် မဂ္ဂဇင်းကြီးတွေ တဝက်သာ ရှိပြီး၊ စာမျက်နှာက ၁၀၀ လောက်ကလေးရယ်။ နို့ပြီး မဂ္ဂဇင်းကြီးတွေက နာမည်ရ ကလောင် ရှင်ကြီးတွေ အစုံအလင်။ ကျွန်တော့်အဟိက စာမူခ ပေးရမှာစိုးလို့ ဘယ်နာမည်ရှိ စာရေးဆရာ ဆီကမှ စာမူမတောင်းဘူး။ (ကလောင်အမည်သစ်သော်လည်း အဟိက ရွေးချယ်လျှင် စံချိန်မှီ စာမူဖြစ်ကြောင်း စိတ်ချရသည်) ဆောင်ပုဒ်နှင့်အညီ အသစ်တွေချည်း ကျွန်တော်ပြုပြင်ထည့်နေ တာဘဲ။ ခေတ်သာမပြောင်းဘူးဆိုလဲ ကျွန်တော့်အဟိဟာ ဘယ်တော့မှ မပြုတ်နိုင်ပါဘူး။ သုံးထောင်လောက် ရိုက်၊ နှစ်ထောင်လောက်ကုန်၊ တထောင်လောက် အဟောင်းဈေးရောင်း၊ တအုပ်တမတ် ငွေ ၂၅ဝ၊ ဒါအမြတ်ဖဲ။ နောက်ပြီး ကြော်ငြာခက ၃၀ဝ ကျော်၊ စားသာနေတာ ပေါ့ဗျ။ ဒါပေမယ့်တဲ့ ကုမ္ပဏီတွေ ပြည်သူပိုင်လဲသိမ်းလိုက်ရော၊ ကြော်ငြာဘိုး တပြားမှ မရတော့ဘူး။ အဲသည်မှာ အဟိမျက်ဖြူဆိုက်ကရော၊ အဟိ မဟိနိုင်တော့ဘူး။ အဟင့်လို့ ညည်းသံပါလာရော။

ဒီအထဲ အဟိမှာ ခိုးမည့်တပည့်များကလဲ မွေးမိရက်သားဖြစ်နေသေးဗျ။

အပါလုပ်သားစာရင်း ပြန်ကြည့်လိုက်မယ်ဆိုရင်. . .

ပထမဆုံး. . ငွေမောင်း

ဒုတိယ. . . . . ကျိုက်လတ် မိုးမြင့်

တတိယ. . . . အောင်(လျှပ်စစ်)

၁၉၆၄ ခုနှစ်လောက်မှာ အောင်သေဆုံးတော့၊ မြင်းပွဲ အပိတ်နဲ့လဲကြုံလို့ မြင်းပွဲစာရေး လုပ်နေတဲ့ မောင်လရောင် အပါကို ရောက်လာတယ်။ အဲ. . . မောင်လရောင်တော့ အောင်လို ၁၅ဝိ မပေးနိုင်တော့ဘူး။ တလ ၁၀ဝိနဲ့ဘဲ။ ဒီတုန်းက မောင်လရောင်က လူပျိုမို့ ''တပြားမှမပေး လဲ လုပ်နိုင်ပါတယ်ဆရာ''လို့ ပြောရှာပါတယ်။ သို့သော် လခတရာအပြင် သွားတာလာတာ အတွက်တနေ့ တကျပ်နှစ်ကျပ်လဲ လမ်းစရိတ် ပေးပါသေးတယ်။

ဒါပေမယ့် မောင်လရောင်ဟာ အပါမှာ ကြာကြာမလုပ်ပါဘူး။ အဆုတ်ရောဂါကုဌာနမှာ အလုပ်ရသွားလို့၊ အပါမှာလုပ်ဖို့ မြောက်ဥက္ကလာက ဝင်းမောင်ခေါ်လာတဲ့ အကောင်ကိုတော့ ကျွန်တော် သူ့နာမည်ထည့်မရေးချင်ဘူး။ အပါလုပ်သားစာရင်းကို အောက်ပါအတိုင်းဘဲဆက် မယ်။

စတုတ္ထ. . . မောင်လရောင်

ပဥ္စမ. . . သူခိုး(၁)

ဆဋ္ဌမ. . . . သူခိုး(၂)

ဒီသူခိုးနှစ်ကောင်လက်ထဲမှာ အပါဟာ နှစ်ထောင်ဘဲ ရိုက်ရတော့၊ ရောင်းလို့တထောင် မကုန်ဘူးလုပ်ကြတယ်။ အမှန်တော့ တထောင်ကျော်ကုန်ပါတယ်။ သို့သော် တပည့်သူခိုးလုပ်ပုံ က အသစ်ရောင်းရတာ ၇၀၀၊ ၈၀၀ လောက်ပြတယ်။ ကျန်တာကိုအဟောင်းစာရင်းပြတယ်။ ဒီတော့ သူဘာယ်လိုစားသလဲဆိုရင် အသစ်က ကိုယ်စားလှယ်ကို ၃၀% ကော်မရှင်ပေးတော့ တအုပ်ပြား ၇၀ ရတယ်။ အပါ အဟောင်းဈေးက နောက်ပိုင်းမှာ တအုပ်ပြား ၂၀သာရတဲ့ အတွက်၊ သူစာရင်းလိမ်ပြတာမှာ တအုပ်ကို ပြား ၅၀ စားရတယ်။ အုပ်တရာ ငွေ ၅ဝိ၊ နှစ်ရာမှာ ၁၀ဝိ၊ ဒီလိုလုပ်စားနေတာကိုး။ နောက်ဆုံး အပါစောင်ရေ ကျလာလှတယ်ဆိုပြီး ကျွန်တော်ကိုယ် တိုင် စာအုပ်ဆိုင်တွေမှာ လိုက်စစ်ဆေးတော့ ဗူးပေါ်သလိုပေါ်လို့၊ ဒီကောင့်ကို ကျွန်တော် အလုပ်ကမထုတ်ရပါဘူး၊ သူ့ဟာသူဘဲ မလာတော့ဘူး။

အဲဒီကောင်ဟာ အပဲ အယ်ဒီတာဆိုပြီး၊ ဘာစာမှဖြစ်မြောက်အောင် မရေးတတ်ဖဲနဲ့၊ စာပေလုပ်သားအဖွဲ့ဝင်လို့ စာအုပ်ထုတ်ခွင့် မှတ်ပုံတင်တောင် ယူထားသဗျ။ ခုတော့ စက္ကူတွေ ရောင်းစားလို့ဆိုလား၊ မှတ်ပုံတင်ကို ရုပ်သိမ်းလိုက်ပြီ ကြားရတာဘဲ။

ဆဌမမြောက် နံပတ်နှစ်သူခိုးကလဲ ကာတွန်းဝင်းမောင်ဘဲ မြောက်ဥက္ကလာက ခေါ်လာတာဘဲ။ ကောင်လေး အသက် ၂၀လောက်။ စကားနည်းနည်းနဲ့ အင်မတန်ရိုးသားပုံရှိတယ်။ ဒါပေမယ့်လို့ ကျွန်တော်ဟာ ကိုယ့်တပည့်ဆိုရင် ယုံကြည်တဲ့စိတ်၊ ချစ်တဲ့စိတ်နဲ့အင်မတန် လူကဲ ခပ်ညံ့တာဘဲ။ အဲဒီကောင်လေးက အရင်ကောင်ထက်တောင် ခိုးသေးတယ်။ သူဘယ်လောက်များခိုးလိုက်သလဲဆိုရင် အပဲမှာ လစဉ်အရှုံးပြလာသည်အထိဘဲ။ အဲဒီအထိလဲ ဒီကောင်လေး ခိုးတယ်ဆိုတာ ကျွန်တော်မသိသေးဘူး၊ ဘာကြောင့်လဲဆို ဒီကောင်လေးဟာ လူပျိုဘဲ။ မနက်တိုင်း အိမ်ရောက်လာ မနက်စာထမင်းကို ကျွေးတယ်။ သူ့လခ ၁၀၀ိအပြင်၊ တနေ့ကို ငွေတကျပ်လဲ လမ်းစရိတ်ပေးတယ်၊ ဒီတော့ အရင်ကောင်က အိမ်ထောင်နဲ့မို့ မလောက်လို့ ခိုးတယ်။ ကျွန်တော်ခွင့်လွှတ်တယ်။ ဒီကောင်လေးကတော့ လူပျိုမို့၊ နို့ပြီး ကျွန်တော့်အိမ်မှာလဲ နေ့စဉ် ထမင်းစားနေသူမို့ ထမင်းရှင်ကို မပြစ်မှားတန်ဘူးလို့ ယုံကြည်မိတယ်။

တောက်၊ ဒီကောင်လေး ဘယ်လောက်များ အခိုးကြမ်းလိုက်သလဲဆိုတော့. .

၁၉၅၉ ခုနှစ်၊ ဩဂုတ်လက စထုတ်ခဲ့တဲ့အပဲ၊ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလအထိ ၁၄၅အုပ် ကျွန်တော်ထုတ်ခဲ့တာ အောက်တိုဘာလမှာ ကျွန်တော်ဆက်မထုတ်နိုင်ဘူး။ ရပ်ရတော့၊ ရဲသုံးဘော် ကိုခင်မောင်က မရပ်ပါနဲ့၊ သူဆက်ထုတ်ပါရစေ။ ကျွန်တော့်ကို တလ၃၀ဝိ ပေးပါ မယ်။ အဲသည်တုန်းက ကာတွန်းတွေ၊ ရုပ်ပြဇာတ်လမ်းတွေ ခေတ်စားနေတော့၊ အပဲထဲမှာ ရုပ်ပြဇာတ်လမ်းတွေထည့်ပြီး စောင်ရေတက်အောင် သူလုပ်မယ်ဆိုတော့ ကျွန်တော့်စိတ်ထဲ ငါ့အပဲလဲ မရပ်ရဘူး၊ ငါလဲ တလ ၃၀ဝိ ရမယ်ဆိုတော့၊ သဘောတူလိုက်သပေါ့။

ကျွန်တော်ဟာ အပဲရဲ့နောက်ဆုံးသူခိုးလေးကို ဘယ်လောက်များ သံယောဇဉ်ရှိလိုက်ပါ သလဲဆိုတော့ ကိုခင်မောင်နဲ့ သုံးနှစ်စာချုပ်လုပ်ရာမှာ၊ ကျွန်တော့်တပည့်ကို အပဲလုပ်သား အဖြစ်နဲ့ တလကို ၁၂၀ိက စပေး၊ နောက် အခြေအနေကောင်းရင် တိုးပေးပါမယ်ဆိုတာလဲ ပါသေး။

သို့သော် ကိုခင်မောင်နှင့်ကျွန်တော်စာချုပ် ပေချုပ်လုပ်နေကြတာက စက်တင်ဘာလ စတုတ္ထသီတင်းပတ်ထဲမှာ ဆိုတော့ ကျွန်တော် နောက်ဆုံးထုတ်တဲ့ အပဲစာအုပ်ဖိုးတွေကို တပည့်အလိမ်မာလေးက လျှောက်တောင်းနေပြီ။ သူ့နာမည်က မောင်လိမ်မာတဲ့ခင်ဗျာ။ သို့သော် သူလိမ်ပုံ မာလွန်းလွန်းလို့ အလိမ်မာလို့ ကျွန်တော်ရေးတယ်။ ဘယ်လောက် လိမ်မာ သလဲဆိုရင်

စာအုပ်ဖိုးတွေ လျှောက်တောင်းတာ အကုန်ရရက်သားနဲ့ တချို့တဝက်သာရသေး တယ်၊ ဘယ်ဆိုင်မှာ ဘယ်လောက်လို့ ကျွန်တော့်ကို စာရင်းပေးတယ်။ ဒီလရောင်းမကုန်တဲ့ စာအုပ်တွေကိုလဲ လွှစ္စလမ်းရှိတဲ့ ကိုခင်မောင့်အလုပ်ခန်းမှာ လာထားပါ၊ အဟောင်းဈေးမချနဲ့ အုံး၊ ကိုခင်မောင်နောက်ထုတ်မယ့် အဟိကိုလဲ လာထိခိုက်မယ်လို့ ကျွန်တော်က တားမြစ်သေး တယ်၊ စာအုပ်တထောင်လောက်ရှိမယ်။

ဒါနဲ့ အောက်တိုဘာလဆန်းမှာ ကိုခင်မောင်ထည့်သွင်းမယ့် စာမူနဲ့ကာတွန်းဇာတ်လမ်း တွေ ကြည့်ရှုစစ်ဆေးဘို့ ကျွန်တော် ကိုခင်မောင်အလုပ်ခန်း ရောက်သွားတော့ ဟယ်သောက် ကျိုးနဲ့ အဟိစာအုပ်ထုပ်တွေ မရှိတော့ဘူး။ ကိုခင်မောင့်မေးကြည့်တော့ ''ဆရာ့တပည့်ဘဲ ဆရာ ယူခိုင်းတယ်ဆိုပြီး ယူသွားပါရောလား'' ဆိုတော့ ကျွန်တော်မျက်လုံးပြူးပြီ။ ဒါနဲ့ အဟောင်းဝယ် တဲ့ဆိုင်သွားကြည့်တော့ တွေ့ရော။ တအုပ်ပြား ၂၀နဲ့ ငွေအပြေတခါတည်းပေးလိုက်ပါပြီတဲ့။

ဒီတော့ ဒီကောင်လေး ကျွန်တော်မယုံသင်္ကာရှိလာလို့ သူစာအုပ်ဖိုးကျန်တယ်လို့ စာရင်း ပေးထားတဲ့ဆိုင်တွေ လိုက်မေးတော့၊ အောင်မယ်လေးဗျာ. . . တခါတည်း အပြေပေးလိုက်တဲ့ အကြောင်း၊ စာရင်းစာအုပ်တွေထုတ်ပြလို့ ကျွန်တော့်မှာ အရှက်ကွဲခဲ့ရ။ ဟင်း. . ဖြစ်လိုက်တဲ့ ဒေါသ၊ လောကမတော့ ပြောမပြချင်လောက်အောင်ဘဲ။

ဒါနဲ့ နောက်တနေ့မနက်စောစော ဝင်းမောင်နဲ့ ရွှေတည်ရန်နောင်ခေါ်ပြီး ဒင်းအိမ်လိုက် သွားတော့၊ အောင်မယ်သူက မျက်နှာပြောင်ပြောင်ဘဲ။ သူ့အမှားကို ဝန်ခံပါသတဲ့၊ ငွေတော့ တပြားမှ ပေးစရာမရှိတော့ဘူး၊ ဆရာကြိုက်သလို ဆုံးမပါတဲ့။ လည်စင်းပေးတယ်။

ဟွန်း. . . လက်သနခံလို့။

ကျွန်တော်တခွန်းမှမပြောတော့ဘူး 'ထွီး' သူ့မျက်နှာကို တံတွေးနဲ့ တချက်ထဲထွေးပစ်ခဲ့ပြီး ကျောခိုင်းခဲ့တော့တယ်။

ကျွန်တော်က သူ ကိုခင်မောင့်ဆီမှာ ဆက်ပြီးအလုပ်ရဘို့ စီစဉ်နေတုန်း သူက အဟိကို အပြတ်ထွက်ခတ်ခတ်သွားတာကိုး။ ပက်စက်တဲ့ကောင်နှယ်။

ကျွန်တော်နောက်တော့ နဖူးပေါ်လက်တင် စဉ်းစားတယ်။

ပထမဦးဆုံး တပည့်ငွေမောင်း၊ ဒုတိယ ကျိုက်လတ်မိုးမြင့်၊ တတိယ အောင်(လျှပ်စစ်) စတုတ္ထ မောင်လရောင်။ သူတို့ဟာ စာရေးဆရာတွေ၊ စာပေစိတ်ဓာတ် ရှိကြတယ်။ ကြေးနီတပြား

အမှားမလုပ်ကြဘူး။ ပဥ္စမနဲ့ ဆဋ္ဌမသူခိုးနှစ်ကောင်ကတော့ ထမင်းစားစရာမရှိလို့ အဟိကို ဝင်ကပ်ကြတဲ့ အကောင်တွေဘဲ။ စာပေနဲ့ စာရေးဆရာစိတ်ထားကို နားမလည်ကြဘူး။

ဪ. . အဟိကို စေတနာ့ဝန်ထမ်း အမြဲတမ်းကူညီနေတဲ့ လူတယောက်ကျန်နေတယ်။ ရွှေတည်ရန်နောင်ဘဲ။ အောင် (လျှပ်စစ်)သေတယ်၊ မောင်လရောင် မရောက်မီသူဘဲ။ မောင်လရောင် ထွက်သွားတယ်၊ ပထမသူခိုးမရောက်မီ သူဘဲ၊ ပထမသူခိုးလစ်သွားတယ်၊ ဒုတိယ သူခိုးမရောက်မီ ရွှေတည်ရန်နောင်ဘဲ။ သူကျွန်တော့်ဆီက လခတပြားမှမယူဘူး။ သူယူတာက ကျွန်တော့်ဆီကပညာဘဲ။ အခု အဟိမရှိတော့ဘူးနော်၊ ရွှေတည်ရန်နောင်မှာ 'ရယ်စရာ'ဆိုတဲ့ ဟာသစာစောင်၊ အဟိနဲ့ပုံတူဘဲ၊ အရင်က အဟိက ရေးဘော်တွေနဲ့ ယခုတိုင် ထုတ်နေဆဲဘဲ။ ရွှေတည်ရန်အောင်ဟာ လူလည် လူတော်တယောက်ဖဲ။ ငါ့တပည့် စားသာပါစေကွယ်။

## အဟိနိဂုံး

ကိုခင်မောင်နှင့် ကျွန်တော်၏အဟိအတွက် သုံးနှစ်စာချုပ်မှာ အဟိကို ကျွန်တော်ရိုက်နေသည့် ပြည်ရွှေဘိုပုံနှိပ်တိုက်က ကြွေး ၁၂ဝဝိကို စစချင်း ကိုခင်မောင်ကပေး၊ ၎င်းကို ကိုခင်မောင် က ကျွန်တော့်ကို တလ ၃ဝဝိ ပေးသည့်အထဲမှ လစဉ် ၁ဝဝိစီ နှိမ်သွား။

ထို့ကြောင့် ရုပ်ပြဇာတ်လမ်းများနှင့် ကိုခင်မောင်ထုတ်သော အဟိမှာ ၁၉ရ၁ခု၊ နိုဝင်ဘာလမှ စလိုက်ရာ ၁၉ရ၂ ခုနှစ်၊ ဖွန်လတွင် သက်ဆိုင်ရာက ကာတွန်းနှင့် ရုပ်ပြဇာတ်လမ်း စာအုပ်တွေ ပိတ်ထာထဲမှာ အဟိပါသွားလေသတည်း။

ကျွန်တော် ဝမ်းသာလိုက်တာလေ။.

အလကား တလ ၃ဝဝိ ရနေတာကြီးများ ပိတ်လိုက်တာ ဘာကြောင့် ဝမ်းသာရသလဲ မေးချင်ကြမည်။ ကိုခင်မောင်စီစဉ်ထုတ်နေတဲ့ အဟိကို ကျွန်တော် လစဉ်တွေ့နေရတာက ကျွန်တော့်မှာ ငွေ ၃ဝဝိ ရတာနဲ့ မကာမိအောင် ခံစားမှု၊ ဝမ်းနည်းမှုတွေက ဖြစ်နေပါတယ်။ မူလ အဟိရဲ့ ရည်ရွယ်ချက်မဟုတ်တဲ့ စာမူတွေ၊ ဇာတ်လမ်းတွေ ရောင်းကောင်းအောင်ရယ်လို့ ထည့်နေတာကို သုံးနှစ်စာချုပ်ကြီးနဲ့မို့ ကျွန်တော် ကြည့်နေရတာ ရင်နာလှသဗျာ။ ကိုယ်က မွေးထားတဲ့ ကိုယ့်ရင်သွေးကို သူများကယူသွားပြီးတော့ ကိုယ်မကြိုက်တဲ့ အမူအကျင့်တွေ လုပ်ခိုင်းနေတာနဲ့ တူနေသကိုးဗျ။

ဒါကြောင့် ကျွန်တော့်အဟိ ပိတ်လိုက်တာကို ကျွန်တော် ဝမ်းသာတာဘဲ။

သို့သော် တခါတခါကျတော့ ကျွန်တော့်အဟိ လွမ်းတယ်ဗျာ။ ကျွန်တော့်တပည့်တွေကို သတိရတယ်။ မြန်မာပြည် အရပ်ရပ်က အဟိတပည့်တွေ အခုတော့ ကျွန်တော်နဲ့ စာအဆက် အသွယ်ပြတ်ခဲ့ကြပြီ။

၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ရှမဝရုပ်စုံမဂ္ဂဇင်းထဲက စပြီး အဟိကို ကျွန်တော်ပျိုးထောင်ခဲ့ တာ ၁၉၇၁–ခုနှစ်၊ စက်တင်ဘာလထုတ် အဟိအထိ တပည့်ကလောင်သစ်ပေါင်း ၁၀၀ ကျော်ခဲ့ ပါတယ်။ သည်အထဲမှာ တချို့လဲ ခဏတဖြုတ်၊ တနှစ်တန်သည်၊ နှစ်နှစ်တန်သည်လောက်ဖဲ ရေးပြီး ရပ်သွားကြပါတယ်။ တချို့လဲ အခုအထိ အဓါန့်ရှည်စွာ မဂ္ဂဇင်းကြီးတွေမှာ ရေးနေကြပါ တယ်။

ကဲ. . . ဒီနေရာကနေပြီး တပည့်တို့ရဲ့ အဟိဆရာက အဟိမှာရေးခဲ့ဘူးတဲ့ ကလောင်ရှင် အားလုံးကို နူတ်ဆက်လိုက်ပါတယ် ခင်ဗျား။

စာဖတ်သူအားလုံးတို့ ကျန်းမာရွှင်လန်းကြပါစေ. . . .။

သော်တာဆွေ

ကျွန်တော့်သားကျော်ကျော်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ အမှတ် ၁၂၈ ၊ အောက်ကြည့်မြင်တိုင်လမ်းနေ ဦးစောဝီဆင်သိန်း၊ ဒေါ်မေစီ ( ဒု လက်ထောက် အကောက်ခွန် မင်းကြီး) တို့၏ သမီး မဝင်းဝင်းသိန်း (ပ နှစ်၊ သတ္တဗေဒ)နှင့် ရန်ကုန်မြို့ အမှတ် ၁၇ မအူပင်လမ်းနေ စာရေး ဆရာကြီး ဦးသော်တာဆွေ၊ ဒေါ်နော်မာတို့၏ သား ကျော်ကျော်၊ (ကြယ်ငါးပွင့် သဘော်ာကော်ပိုရေးရှင်း) တို့သည် နှစ်ဦး သဘောတူ (၂၅ ၊ ၅ ၊၇၆) နေ့တွင် ရုံးတော်၌ လက်ထပ်ပြီးစီးကြောင်း။

(ပုံ) ဝင်းဝင်းသိန်း ( FLORENCE )

ကျော်ကျော် ( GEORGE )

အထက်ပါကြော်ငြာသည် ( ၂၇–၅–၇၆ )နေ့ ကြေးမုံသတင်းစာတွင်ပါလာ ခြင်းဖြစ်ပါသည်။

ဤကြော်ငြာ၌ စာအထားအသိုသည် ကျွန်တော်တို့ မြန်မာဓလေ့နှင့် မည်သည့် အချက်တွင် ဆန့်ကျင်နေပါသနည်း။

ယင်းအချိန်မှာပင် ကျွန်တော်တို့၏ ဇာတိကျေးရွာမှ ကျွန်တော့်အစ်မအကြီးဆုံး ဒေါ်သိန်းမောင်နှင့် ညီမအငယ်ဆုံး ချိုချိုသည် ကျွန်တော့်အိမ်တွင် ရောက်နေကြသည် ဖြစ်၍ ဒီကြော်ငြာ ဖတ်ပြီး သူတို့မကျေမနပ်ဖြစ်ကြ၏။

'ကျင်မောင်ရယ်. . . . နင့်သားဟာ နွားကျလှချေလား' ဟု အမက ကျွန်တော့်အားပြော၍ ညီမက 'ရှက်စရာပါတော်၊ စစချင်း ကိုယ့်ဘက်က အောက်ကျနောက်ကျ'

ကျွန်တော်မှာ ရုတ်တရက် နားမလည်မှု၍. . . .

'ဟဲ့. . . . နင်တို့ဘာတွေ ပြောနေကြတာတုန်း'

နှုတ်သွက်သော ညီမငယ်က သတင်းစာကြော်ငြာကိုလက်ညှိုးနှင့်ထောက်ပြ၍. . . .

'စာရေးဆရာကြီးရယ်. . . . ကိုယ့်သား ကြော်ငြာစာများ သေသေချာချာ ဖတ်မကြည့်ဘူးလား ထုံးစံယောက်ျားလေး ဘက်က မိဘနဲ့နာမည်နေရပ်တွေ အပေါ်ရောက်နေသတော့'

သည်တော့မှ သူတို့ဘာဆိုလိုကြသနည်း၊ ကျွန်တော် သဘောပေါက်ကာ. . .

'အော်. . . . နင်တို့က ဒါပြောကြတာလား၊ အဲဒါ အင်္ဂလိပ်ပုံစံကွ'

'မစပ်. . . . မဟပ်. . . ငါးပတ်ဟင်းချိုခတ်လို့တော်၊ ကွေ့ အကိုကြီးသားဟာ မယားကြောက်ရ တော့မှာဘဲ'

'ဘာဆိုင်လို့တုန်းဟ'

'ကြည့်ပါလား. . . အခုထဲက ကိုယ့်နာမည်က ယောက်ျားတန်မဲ့ မိန်းမ,နာမည်အောက် ရောက်နေတာဘဲ'

'ဟာ. . . . ဒီလိုဆို အင်္ဂလိပ်လူမျိုးတွေအားလုံး မယားကြောက် ဖြစ်ကုန်ကြရောပေါ့ '

'သူတို့လူမျိုး ဘယ်လိုနေနေလေ ကိုယ့်တူကိုယ့်သား မယားကြောက်တော့ မဖြစ်စေချင်ဘူး'

'မယားကြောက်တာလည်း မကောင်းပါဘူး၊ မယားနိုင်တာလည်း မကောင်းပါဘူးကွာ၊ မကြောက်မနိုင် တယောက် တယောက် ချစ်ခင်လေးစားမှုပြိုင်နေတာ အကောင်းဆုံးပါ '

'ဒါနဲ့ နေပါအုံးအကိုကြီးရဲ့၊ မိန်းကလေး အဖေနာမည်က ဦးစောဝီလ်ဆင်သိန်းဆိုတော့ ဘာလူမျိုးလဲ'

'ကရင်ကွ. . . . ကရင်၊ ခရစ်ယန်တွေ'

ချိုချိုသည် ရယ်မောကာ. . . . .

'ဟ. . . ဟ. . . ဒို့ အမျိုးကတော့ ဟန်ပြီဟေ့၊ အကိုကြီး အခုမိန်းမ မေက ရှမ်းခရစ်ယန်၊ သားမိန်းမက ကရင် ခရစ်ယန်၊ ကိုအေးမိန်းမက တရုတ်ခရစ်ယန်'

ဟုတ်လဲဟုတ်ပါဘိ၊ ကျွန်တော့်ညီ ကိုအေးမိန်းမကလဲ ခရစ်မှတရုတ်အမျိုးသမီး၊ ထို့ကြောင့် ကျွန်တော်ကချော်လဲ ရောထိုင်. . . . .

'ကောင်းတာပေါ့ကွာ၊ အမျိုး ဘာသာ စည်းရုံးချစ်ကြည်ရေးပေါ့ '

'ဒါဖြင့် အမျိုး ဘာသာတွေ စုံသွားအောင် သော်တာဆွေကျတော့ ကုလားမ ယူခိုင်းပေါ့ '

ပြောလည်း ပြောစရာပါပေ။

ကျွန်တော်တို့တွင် ညီအကိုမောင်နှမငါးယောက် ရှိကြသည့်အနက် သားကနှစ်ယောက်၊ သည်သားနှစ်ယောက်စလုံး ယူလိုက်ကြသည့် မိန်းမတွေက ခုန ချိုချိုပြောသည့် အတိုင်းပင် ခရစ်ယန်မတွေ။

'ကဲ. . . . မင်းမိန်းမတွေ ဘာဖြစ်နေနေ ငါတော့ ငါ့မြေးတွေ ရှင်ပြုသွားချင်သကွာ' ဆိုသဖြင့် ၁၉၅၉ ခုနှစ် နွေရာသီက ရွယ်တူတွေဖြစ်ကြသော ကျွန်တော့် မယားပါသား နှစ်ယောက်ရော၊ ကိုယ်ပိုင်သား နှစ်ယောက်ရော၊ ပေါင်းလေးယောက်၊ အဖေ့ ဆီပို့၍ ရှင်ပြုစေလိုက်ပါ၏။ အဖေအတော် ကျေနပ်သွား၏။ ဦးခင်မောင်လတ်နှင့် အမကြီးခင်မျိုးချစ်တို့ကလည်း အလှူငွေ ၁၀ဝိ ပါဝင်လိုက်သေး၏။

သည်အချိန်က ယခုမိန်းမယူသည်ဆိုသော ကျော်ကျော်က ၁၂ နှစ်။

ကျွန်တော့်တွင် ယခင်အိမ်ထောင်နော်မာနှင့် သားသမီးငါးယောက်ပေါက်ဖွားခဲ့သည်။

အကြီးဆုံးနံပတ် (၁) ဒင်ပယ်လ်ဆွေ။

(၂) ကျော်ကျော်။

(၃) သော်သော်။

(၄) မော်မော်။

(၅) မေဘယ်လ်။

ဤသားသမီးငါးယောက်ကို ကျွန်တော်၏ဘဝနှင့် ကတ္တားခွဲပြရလျှင် ဒင်ပယ်လ်ဆွေသည် ဂျပန်ခေတ် ၁၉၄၄ ခုနှစ်၌ မွေးခဲ့၍ မြင်းလှည်းသမား၏သမီး၊ ကျော်ကျော်သည် ကက်ဘီခေတ် ၁၉၄၅ ခု၊ နှစ်ဦးပိုင်း၌ မွေးခဲ့၍ ဆန်ကုန်သည်၏သား၊ ကျန် သုံးယောက်ကတော့ လွတ်လပ်ရေးရပြီးမှ မွေးဖွားကြသော စာရေးဆရာ၏ သားသမီးများသာဖြစ်၏။

သို့သော် ကျွန်တော်သည် အလုပ်အကိုင်အလျောက် ဘယ်ဘဝဘဲ ရောက်နေနေ စာရေးဆရာ စိတ်တော့ အမြဲ ရှိနေ၏။ ကျော်ကျော်မွေးစဉ်က ကျွန်တော်ရန်ကုန်၌မရှိ။ ကသာမြို့တွင် ကုန်ရှုံးကြွေးကျန်ဖြင့် အခြားမိန်းမ (ဆန်ဆုံစား ကံကုန်သွား ဝတ္တထဲကမသူ) နှင့် ယာယီအိမ်ထောင်ကျနေ၏။ နို့မဟုတ်လျှင် နောက်တယောက်ထပ်ရမှာကို ကြောက်လှပါဘိ။ တကယ်ပြောတာပါ။

## ဟစ်တလုံး ဖြစ်ပေါ်လာခြင်း

ယင်းသို့ ကျွန်တော်ကသာ၌ရှိနေစဉ် ဒုတိယကလေး သားယောက်ျားလေးမွေးကြောင်း စာရတော့ သားဦးမိန်းကလေး မွေးပြီး သားယောက်ျားလေး တမ်းတနေသော မိဘတို့ဝမ္မတာ ဝမ်းသာလှ၏။

ထို့ပြင် စာထဲမှာကလေးသည် ကျန်းမာသန်စွမ်း၍အာပေါင်အာရင်းသန်သန်နှင့် ငိုသံကလည်း လည်ချောင်းထဲလောက် စပီကာထည့်သလားထင်ရအောင် ကျယ်လောင်လှကြောင်း၊ ဖအေတူ၍ အသားဖြူဖြူနှင့် ချောမောလှပကြောင်း၊ စသည်များ ပါလာတော့ ကျွန်တော်သားကြည့်ရန်

အမြန်ပြန်ချင်လှပြီ။ သို့သော်အခြေအနေက ပြန်ခွင့်မရသေးတော့ ကိုယ့်သားကိုစိတ်ကူးနှင့် ရော်ရမ်းတမ်းတကာ စာရေးဆရာလျှောင်းလျှာပီပီ ဇာတ်လမ်းတပုဒ် အကြံဉာဏ်ထုတ်လိုက်လေ၏။

ထိုစဉ်မှာ နော်မာတို့သားအမိတွေသည် ကျွန်တော်တို့ရွာ ကျွန်တော့်ဖခင်အိမ်၌ ရောက်နေသည် ဖြစ်သောကြောင့် ဇာတ်လမ်းသည် ကျေးရွာနောက်ခံ ဖြစ်သွား၏။ ဇာတ်လိုက်ကတက်ပု၊ သားဟာစ်တလုံး၊ မအေက မနော်၊ ရှုမဝတွင်ကျွန်တော်၏ တတိယ မြောက်ဖြစ်သော ဝတ္ထု 'ဖြူပြာမူလကျီ' ထွက်ပေါ်လာခဲ့လေ၏။

ဟစ်တလုံးကို လူကြိုက်များလာသဖြင့် တင့်တယ်၏တိုက်တွန်းချက်အရ နောက်ထပ် စိတ်ကူးလိုက်လေရာ 'ချိုချိုရှို့ချင်လို့' 'ဦးကြီးမူ' 'ကြက်သမားဟစ်တလုံး' 'ဘွဲ့ဒွေ့ာကြက်သူခိုး' လုံးချင်းဝတ္ထုရှည် (ရုပ်ရှင်ရိုက်ပြီး) တို့ကို ရေးဖြစ်ခဲ့ပါ၏။

ဤဝတ္ထုများတွင် ဟစ်တလုံးသည် ကလေးဆိုးလေးဖြစ်သည်။ မိဘကိုလည်းမကြောက်၊ သူထင်ရာမြင်ရာ လျှောက်လုပ် တတ်သည်။ တခုခုကို မရမနေပူဆာတတ်သည်။

အင်း ဇမ္ဗူဒီပ နိမိတ္တတဲ့၊ ဟုတ်လိမ့်မလားကွယ်ရို့။ ဟစ်တလုံးအား အခြေခံ ဖြစ်ပေါ်လာစေသော ကျွန်တော့်သား ကျော်ကျော်လည်းမကောင်းပါ။

မိဘစကားကို နားမထောင်ဘူး၊ အင်မတန် ပေတယ်၊ တေတယ်၊ ဆယ်ကျော်သက် ကလေးနှင့် အရက်သောက်တယ်၊ ဖဲရိုက်တယ်ဗျ ၊ ဆရာဇေယျသား ကိုကိုကြီးနဲ့ သတို့ သက်တူရွယ်တူ တေဖော်တေဘက်။

စာရေးဆရာများ ဖြစ်ကြတဲ့ မိဘတွေက လက်မှိုင်ချရတဲ့ သားတွေပါ ခင်ဗျာ။ အရပ်ထဲက တိုင်စာ တောစာ လာလိုက် ယင် ဒီစာရေးဆရာသားနှစ်ယောက် တွဲရက်ပဲ။ ဒါနဲ့တနေ့သ၌တော့ ဆရာဇေယျနှင့် စကားသင့်၍. . . .

'ဆရာရေ့. . . . . သားသမီးမကောင်း မိဘခေါင်း ဆိုတော့ ကျွန်တော်တို့ မနိုပ်တော့ ဘူးဗျာ' ဆိုတော့ ဆရာဇေယျက သူ့လေသံ အေးအေးနှင့်. . . . .

'နို့. . . ကျုပ်တို့ကကော ကောင်းခဲ့လို့လားဗျာ ' တဲ့။

အဲသည်နှစ်ကောင်စလုံး စာသင်၍မရချေ။

ကျွန်တော့် သားသမီးများထဲတွင် ကျော်ကျော်သည် ပညာအညံ့ဆုံး။ ယခုကြည့်ပါ။ ဒင်ပယ်လ်ဆွေက ဆေးကျောင်း အမှတ်(၁)တွင် အင်္ဂလိပ်စာပြ ဆရာမ။ သော်သော်က ဆရာဝန်လောင်း နောက်ဆုံးနှစ်။ မော်မော်ကဘွဲ့ရပြီး။ မေဘယ်လ်က ဘွဲ့ယူရန်နောက်ဆုံးနှစ်။ ကျော်ကျော်ကား ယခု မိန်းမရသည့်တိုင် ၉ တန်းမျှမအောင်ချေတကား။

ငယ်စဉ်က သူတို့ မအူပင်လမ်းနှင့် နီးသော မဟာမြိုင်လမ်းရှိ စိန့်ဖိလိုမိနာစ်မှာ နေခဲ့သည်။ ထိုကျောင်းကမိန်းကလေး ကျောင်းဖြစ်၍ ယောကျ်ားလေးက ၄ တန်းအောင်ထိသာ နေနိုင်သဖြင့် ကျော်ကျော် ၅ တန်းမှာ ရန်ကုန်အရှေ့ပိုင်းက စိန့်ပေါလ် ကျောင်းသို့ ပြောင်းပို့ရသည်။

'ကျော်ကျော်သည် ငယ်ငယ်တော့ တော်သား။ နောက်တော့ ကြီးလာလေ ဆိုးလာလေဖြစ်သောကြောင့် ၆ တန်း ၇ တန်းရောက်၊ လူမျိုပေါက် ဖြစ်လာသည်၌ မအူပင်လမ်း အိမ်မှာဘဲ ခေါ်ထားပေတော့'ဟု အကြောင်းကြားလာလေ သဖြင့် ကျွန်တော့်အိမ်ခေါ် လိုက်ရတော့သည်။

အပေါင်းအသင်းလဲ ပြောင်းသွားစိမ့်သောငှာ ကျောင်းကိုလဲ ပြောင်းလိုက်ရသည်။ ပြည်လမ်းအသံလွှင့်ရုံအနီးက ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(ယခင်တီတီစီ)။ ကျွန်တော့် ၆ မိုင်အိမ်နှင့်လည်းနီး၏။

အိမ်မမေ့သားများလည်း ဤကျောင်းတွင်ပင် ဖြစ်သောကြောင့် ကျောင်းသွားကျောင်းပြန်သုံးယောက်သား မြိုင်သွားသည်။

ဤသုံးကောင်အနက် အငယ်ဆုံးခင်မောင်စိုးကသာ တနှစ်တတန်းမှန်မှန်အောင်လျက်၊ ဟိုနှစ်ကောင်က တဖုတ်ဖုတ်ကျ၏။ မောင်ကျော်ကျော်ကား ၉ တန်းမှာ သူ့ပညာ သက်တမ်းကုန်လေသည်။

ထိုစဉ်က ၉ တန်းသည် အစိုးရစစ်ဖြစ်ရာ ကျော်ကျော် ၉ တန်းမှာ နှစ်ခါကျပြီးသောအခါ ထိုကျောင်းမှာ ဆက်မနေရတော့။ သို့သော် မိဘအနေနှင့် အားမလျော့သေး။ ညကျောင်းဆက်တက်စေ၏။

ဒါနှင့် ၉ တန်းကို တတိယအကြိမ် ဖြေရပြန်ရာ၊ သို့သော် မအောင်ပြန်ချေ။

'ကဲကွာ. . . . ကျောင်းမဆွေးသေးပါဘူး. . . ဆက်အုံး'

ဤစတုတ္ထမြောက် နှစ်တွင်ကား. . . . ကျုပ်သားဘယ်လောက်တော်ပါသနည်း။ စာမေးပွဲပင်ဖြေခွင့်မရတော့ချေ။ အကြောင်းမှာ ကျောင်းတက်ရက် မပြည့်၍. . . တဲ့။ ကဲ ကိစ္စပြတ်ကရော၊

စင်စစ် သူကဉာဏ်ထိုင်း၍ ရှုံးတာမှမဟုတ်ဘဲ၊ ငယ်စဉ်က အတန်းထဲမှာ ရှေ့ပိုင်းနံပတ်တွေ ချိတ်ခဲ့သားဘဲ။ နောက်ကြီးလာပြီး လူပျိုပေါက် ဖြစ်တော့မှ စိတ်လေပြီး ကျောင်းနေချင်စိတ်၊ စာသင်ချင်စိတ် ကုန်ခမ်း သွားသောကြောင့်တည်း။

ကဲ. . . . ပညာမသင်ချင်ဘူးဆိုတော့ ညာဏအရာမှာ မနိုင်၍ ပေါ့ခင်ဗျာ။ ကဲ. . . သည်တော့ ကာယဘက်ကော တဲ့ဗျာ။

သူတို့ လူပျိုပေါက် ညီအကိုလေးယောက်အား သူများစော်ကားခြင်း မခံရစိမ့်သောငှာ၊ နွေရာသီ ကျောင်းပိတ်ရက်များ ၌ အခကြေးငွေပေး၍ ကရာတေးပညာကို သင်စေပါသည်။ ကျောင်းသွား၊ ဆရာ့ထံနည်းခံပြီး၊ ဤပညာက အိမ်မှာအများကြီး လေ့ကျင့်ရသည်။ တော်တော်လဲ ခက်ခဲပါသည်။ ဖွဲ့သတ္တိလဲရှိရမည်၊ ဝါသနာလဲပါရမည်။ နှစ်နှင့်ချီ၍ ကြိုးစားလေ့ကျင့်ရသည်။ အသားလဲ အနာခံနိုင်ရသည်။ အုတ်ခဲကို ထက်ပိုင်းကျိုးအောင် လက်ဝါးစောင်း ခုတ်နိုင်ရသည်။

ဟင်း. . . . မောင်ကျော်ကျော်တို့က ဒါမျိုးဘယ်ရမည်နည်း။ ကျန် သားသုံးယောက်က ခါးပတ်ဝါ ၊ ခါးပတ်ပြာတွေရသည့်တိုင် နှစ်နှစ်သုံးနှစ် ကြိုးစားလိုက်ကြသည်၊ မောင်ကျော်ကျော် ကတော့ သီတင်းနှစ်ပတ် သုံးပ်မျှနှင့် ရပ်သွားသည်။

ကျွန်တော်က 'ဟဲ့. . . ကျော်ကျော်. . . မင်းဘာလို့ ဆက်မလုပ်တော့တာလဲ. . . ' ဟု မေးတော့။

'ဟာ. . . ဒါဒါရယ်. . . လူလဲပင်ပန်းတယ်၊ အသားလဲနာတယ်. . . . '

'အေးပေါ့ကွာ. . ဒီလိုမှလဲ ဒီပညာတတ်မှာပေါ့. . . '

'ဒီပညာတတ်တော့ကော ဘာလုပ်မှာလဲ ဒါဒါရယ်. . . '

'ဟ. . . သူများအစော်ကားမခံရဘူးပေါ့ကွ၊ လူချင်းယှဉ်လိုက်ယင် ကိုယ်က အောက်မကျဘူးပေါ့ကွ၊ ကဲ. . . မင်းအခု ဟို ကောင်သုံးကောင်နဲ့ တယောက်ချင်း ချရဲပဲ့မလား. . . . '

'ဘာလုပ် မချရဲရမှာလဲ ဒါဒါရယ်၊ သူတို့ကရာတေးပညာတွေ ဘယ်လောက် တတ်နေ နေ. . . ကျွန်တော့်ကို ဂွလေး တချောင်းသာ ပေးစမ်းပါ. . . '

'အောင်မလေး တော်လိုက်လေ ငါ့သားရယ် ' ဟု ကျွန်တော့်စိတ်မှ ချီးမွမ်းလိုက်ရပါ၏။

ကျွန်တော့်သား ကျော်ကျော်သား ဤကဲ့သို့ လူစားပါတည်း။

ကာယဘက်ကရော ဉာဏဘက်ကရော ဘာပညာမှ သင်လို့မရဘူး။ အဲသည်တော့ အကျင့်စရိတ္တကကော ကောင်းသတဲ့လားဆိုတော့၊ ဆယ်ကျော်သက် ကလေးနဲ့ အရက်သောက်တယ်။ ဖဲရိုက်တယ်။

## သူ့ဘဝလမ်းကြောင်း

ကျော်ကျော်သည် ကျောင်းလည်းမနေ၊ နေ့မှာ လျှောက်လည်ချင်ရာလည်၊ ညလည်း အိမ်ပြန် အိပ်ချင်မှအိပ်၏။ သည်လိုနေတော့ ထိုစဉ်မှာ ကျွန်တော့် လစဉ် အဟိက ထုတ်နေဆဲမို့ သူ့အား စာအုပ်ကိစ္စမှာ ကူညီစေပါသည်။ လစဉ်ဖြန့်ချီရေး၊ ငွေသိမ်းရေး။

အတိအကျတော့ ကျွန်တော်မမှတ်မိတော့။ ၁၉၆၈–ခု ၆၉ ခုနှစ်လောက်ကထင်သည်။ တခုသော အင်္ဂလိပ် လဆန်း ရက်ကုန်ပိုင်း၌. . . .

'ကဲ. . . ကျော်ကျော်ရေ. . . ဒီနေ့စာအုပ်ဆိုင်တွေ့က ငွေသိမ်းခဲ့တော့' ဟု ဆိုင်တွေမှ စာအုပ်လက်ခံ ဘောင်ချာတွေပေး၍ လွှတ်လိုက်သည်။

ထိုည ပြန်မလာ။

နောက်နေ့လဲ မလာ။

နောက်နေ့လဲ မလာ။

အဲ. . . သုံးရက်ကြာတော့ အိမ်ကသားနှစ်ယောက်ကို သူ့အရှာလွှတ်ရတယ်။

'မတွေ့ တွေ့အောင်ရှာ၊ မရ ရအောင်ခေါ်ခဲ့ကြသိလား. . . .'

'ဟုတ်ကဲ့. . . ဒက်ဒီ. . . '

ညီအကို နှစ်ယောက်သား ထွက်သွားကြ၏။ အပြန်တော့ မအူပင်လမ်းက သော်သော်ပါခဲ့၍ သုံးသောက်သား တရားခံကို ညှပ်ပူးညှပ်ပိတ် ခေါ်ခဲ့ရသကိုး။

အိမ်ပေါ်ရောက် သူ့ကို ကျွန်တော့်စာရေး စာပွဲမှာထိုင်စေပြီး. . . .

‘ကဲ. . . .  ကျော်ကျော် စာအုပ်ဖိုးတွေ ရခဲ့ပလား. . . .’

‘ရခဲ့တယ်. . . .’

‘ဒါဖြင့် ဘယ်မလဲ. . .’

‘ကျွန်တော်သုံးဖြစ်လို့ကုန်ပြီ’

စားပွဲပေါ်ရှိ ပေတံကိုယူ၍ သူ့ကျောကိုသုံးလေးချက်ရိုက်ပစ်လိုက်သည်။ကျွန်တော်သည် သားသမီးကို အင်မတန် ရိုက်ခဲ့ဘိခြင်း၊ အို. . . . မရိုက်ဆို ဒီသားကို ဒီတခါဘဲ ရိုက်ဖူးပါတယ်။ သည့်အပြင် သားသမီးတွေလဲ တခါမှမရိုက်ခဲ့ဖူးပါဘူး။

အခုတော့ သူ့လုပ်ပုံ၊ ကြည့်စမ်း။ ငွေငါးရာကျော် ခြောက်ရာလောက်ကြီး၊ လစဉ်အဟိ လည်ပတ်နေရတဲ့ ငွေရင်း။ မေ့လက်ကောက်နှစ်ကွင်း ပေါင်လိုက်ရတော့တယ် ခင်ဗျာ။ အမကြီးခင်မျိုးချစ်တို့ ပေးထားတဲ့ နွားဝယ်ဖို့ ငွေ ၈ဝဝ ရတုန်းက ဝယ်ထားတာလား။

လူ့ဘဝကား သူများထားရာမှာမနေ၊ ကိုယ့်လမ်းကိုယ်သာ ရှာဖွေ၍ သွားကြသည်။

(ဝါ )တနည်းကား ဘာသာရေး စကားပြောရသော် ကိုယ့်ကံကြမ္မာက ကိုယ့်ကို ဖန်တီးသွားသည်။

အထက်ပါ ကိစ္စကြောင့် ကျော်ကျော့်ကို နှင့်မချပါ။ ကျွန်တော်က စိတ်မြန်လက်မြန်မို့ ပေတံနှင့် သုံးလေးချက်ရိုက်လိုက် မိသည်ကိုပင် စိတ်အေးသွားတော့ စိတ်မကောင်း ဖြစ်သွား ရပါသည်။

တကယ်ဆို ဒီကောင်ကို ကျနော်သတိထားဖို့ ကောင်းသည်။ သူဖဲ ရိုက်တတ်သည် မဟုတ်လား။ ဂျာမဏီပြည်က ကျွန်တော်ဝယ်ခဲ့၍ ညီအကိုတွေ တယောက်တလုံးစီ ပေးတဲ့နာရီ၊ သူ့ဆီမှာတလလောက်ဘဲ တွေ့ရသည်။ နောက်မှမြင်တော့၍ မေးတော့စက်ပျက်လို့ ပြင်ဆိုင်အပ် ထားရတယ်ဆိုပြီး၊ သည့်နောက် လုံးဝ ပျောက်သွားတော့၏။

အဲဒါကို စဉ်းစားဖို့ ကောင်းရက်သားနဲ့၊ သူ့အားငွေသိမ်းခိုင်းသည်မှာ ကျွန်တော့် အမှားဘဲဟု ကိုယ့်ကိုယ်ကိုသာ အပြစ်တင်၍၊ ဒီသားမိုက်လေးအား ကျွန်တော် ဘာမျှနောက်ထပ် ပြောဆိုပြစ်တင် ခြင်း မပြုတော့ပါ။ သို့သော် လူတို့မည်သည် အမှားတခုကို ပြုပြီးနောက် နောင်တရမြဲတည်း။

ကျော်ကျော်သည် ညီအကိုတွေကိုလည်း ရှက်ပါလိမ့်မည်။ အိမ်မှာ အတူဆက်နေရန် သူ့လိပ်ပြာ မသန့်တော့ဟန် တူပါသည်။ မကြာမီ ကျွန်တော့် အိမ်မှ ထွက်ခွာသွားလေတော့၏။ မအူပင်လမ်းအိမ်ကို ပြန်နေသည်။ ထိုအိမ်ကို သူ့ဦးလေး (နော်မာ၏ မောင်အငယ်ဆုံး) ဂျယ်ဂျယ်ရှိသည်။ ဂျယ်ဂျယ်က ကြယ်ငါးပွင့် သင်္ဘောဘက်မှာ အင်ဂျင်နီယာ။

လအနည်းငယ်ကြာသော် ကျော်ကျော် သင်္ဘောသား ဖြစ်သွားပြီဟု ကြားရသည်။

ပထမဦးဆုံးအခေါက် သူနိုင်ငံခြားမှ ပြန်ရောက်လာသောအခါ ကျွန်တော့်အိမ်လာပုံ မျက်နှာပန်း လှပါဘိသည်။ ဖအေကြီးအတွက် ဝီစကီနှင့် ဘီယာနှင့် ငါးသုံးလုံး စီးကရက်တွေနှင့်၊ မအေကြီးအတွက် မိန်းမဝတ် အင်္ကျီတွေနှင့် သူ့ညီအကိုများ အတွက် ဘောင်းဘီတွေ၊ ဂျာကင်တွေနှင့်။

သည်လိုဘဲ သူနိုင်ငံခြားမှ ပြန်လာတိုင်း ပြန်လာတိုင်း မိဘသားချင်းများအတွက် နိုင်ငံခြားပစ္စည်းများ ယူလာပေရာ၊ ယခု ကျွန်တော်ဝတ်နေရသော ဂျာကင်နှင့် ရှပ်အင်္ကျီများမှာ ဒီသားကျေးဇူးပါဘဲ။ ကျော်ကျော်သည် စာမသင်ချင် ကျောင်းမနေ ချင်သော်လည်း မအေနှင့် နီးစပ်တာလေး တခုတော့ရှိ၏။ ကဗျာစာပေဝါသနာ ပါတယ်ခင်ဗျာ့။ အဟိထုတ်စဉ်က သူရေးတာလေး တွေ ကျွန်တော်သုံးဘူးပါတယ်။ ဒါကြောင့်ပြောရ၏။

'ငါ့သား. . . . မင်းသင်္ဘောသား ဘဝကနေပြီး စာရေးဆရာဖြစ်အောင် ကြိုးစားစမ်းပါကွာ၊ ငါသာမင်းလို ကမ္ဘာလှည့်ရတဲ့ သင်္ဘောသား ဖြစ်ခဲ့မယ်ဆိုရင်၊ ဂျက်လန်ဒန်တို့ကိုတဲ့ ကမ္ဘာ့ စာရေးဆရာ ဖြစ်နိုင်တာပေါ့ကွာ၊ ဒီတော့ ဖအေမဖြစ်နိုင်တာ သားဖြစ်အောင် လုပ်စမ်းပါကွာ. . . .'

အော်. . . . ကိုယ့်ဆန္ဒလေ. . . .

သို့သော် ဒီကောင် ခုအထိတော့ စာတလုံး ပေတပေါက်မှ ထွက်မလာသေး။ သင်္ဘောနှင့် ထွက်သွားလိုက်၊ ပြန်လာ လိုက်နှင့် ခုခေတ်သင်္ဘောသားတွေ ဖြိုးကြသည့်အတိုင်း သုံးစားပျော်ပါး တေတုန်း ပေတုန်းဘဲ ရှိနေရာမှ၊ လွန်ခဲ့သောမေလ တတိယ သတင်းပတ်လောက်က ဒင်ပယ်လ်ဆီက တယ်လီဖုန်းလာ၏။

'ဒါဒါ. . . . ကျော်ကျော် ဒါဒါ့အိမ် မလာဘူးလား'

နိုင်ငံခြား သင်္ဘောလိုက်ရန် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောမှုဆင်းနေတော့ တော်တော်ကြာပြီဟု ကြားရသည်။

'ဟော့ အေ. . . သူငါ့အိမ်မလာတာ ဘယ်နှစ်လ ရှိပြီလဲတောင် ဒါဒါ မသိတော့ပါဘူးကွာ၊ ဘာဖြစလို့လဲ'

'ကျော်ကျော် မိန်းမခိုးသွားတယ်. . .'

'အမယ်. . . . ငါ့သားလဲ ကြိုက်တဲ့သူရှိသကိုး၊ ဘယ်သူ့သမီးလဲ'

'ဦးဝီလ်ဆင်သိန်းသမီး၊ ခရစ်စမတ်တုန်းကတောင် ပယ်ပယ်တို့နဲ့အတူ ဒါဒါ့အိမ် ပါလာခဲ့သေးတယ်လေ. . .'

'အင်း. . . ချောသားဘဲကွာ၊ ဟန်ကျတာပေါ့'

'ဒါဒါက ဟန်ကျနေ ဟိုဘက်က သဘောမတူရင် ဘယ့်နှယ့်လုပ်မလဲ. . .'

'ဘာဖြစ်လို့ သဘောမတူရမှာလည်း. . .'

'သူတို့ဘက်က သိပ်ချမ်းသာတာ'

'တိုက်နဲ့ကားနဲ့လား'

'သဘော်တောင်ရှိတယ်'

'ဟိုက်. . . တယ်နိုင်ပါလား။ ဒီလိုဆို ငါ့သားသူဌေးသမက် ဖြစ်ရတော့မှာပေါ့ '

'ဖြစ်ရင်တော့ ကောင်းတာပေါ့ ဒါဒါတော်ကြာသဘောမတူဘဲ ခွဲပြနေမှ. . . .'

'အောင်မယ်လေး. . . . ကိုယ့်ဘက်က အရှုံးမရှိပါဘူးကွာ၊ သမီးဘာမှ တွေးပူမနေနဲ့ဟော့၊ အခု ကျော်ကျော်တို့ ဘယ်မှာ လဲ. . . .'

'မသိဘူး. . . . . ဒါကြောင့် ဒါဒါ့အိမ်များ လာနေသလားလို့မေးတာ. . .'

'မလာဘူးကွာ၊ နို့. . . ကျော်ကျော်သွားနေတတ်တဲ့ လမ်း ၄၀ ကအိမ်ကော မေးပြီးပလား. . . .'

'သော်သော် ရောက်ပြီးပြီး၊ မသိဘူးလို့ ပြောတယ်တဲ့၊ အမှန်ကတော့ သူတို့သိပုံဘဲတဲ့. . . .'

'အေးကွာ. . . အချိန်တန်တော့ နပိန်ကန်လိမ့်မပေါ့ '

ထိုမှစပြီး၊ မေလ ၂၇ ရက်နေ့ ကြေးမုံသတင်းစာ၌၊ ဤစာအစ၌ ဖော်ပြခဲ့သော လက်ထက်ပြီးစီးခြင်းကြော်ငြာ ပါလာ ခဲ့လေ၏။

ကိုယ့်သားသမီး ညားပြီးနေခါမှ သဘောမတူပါဘူး၊ အတင်းခွဲမယ်၊ သို့မဟုတ် တသက် အပြတ်ဘဲ စွန့်လွှတ်တယ်ဆိုသော မိဘတို့သည် နှစ်ဖက်စလုံးကို စိတ်ဆင်းရဲရအောင် လုပ်ကြခြင်း ဖြစ်သည်။ မည်သို့မျှလည်း အကျိုးအမြတ်မရှိ။ နောက်တနေ့၌တော့ နောင်တနဲ့ စိတ်သောက ရောက်တတ်ကြသည်။ ဤအကြောင်းကို ကျွန်တော်သည် ရှုမဝမဂ္ဂဇင်းတွင် 'ကာလနှင့် မာန ' ဟူ ၍ ဝတ္ထုတပုဒ် ရေးခဲ့ဘူးပြီ။

ယခု ကျွန်တော့်သား ကျော်ကျော် တွေ့ကြုံရသော မိဘတို့ကား မည်သို့လာမည်နည်း. . . .။ ကျွန်တော် စောင့်ကြည့် နေသည်။

အင်း. . . . အင်မတန် တော်ကြပါပေသည်။ သူတို့လက်ထပ်ပြီးစီးခြင်း ကြော်ငြာပါပြီး တပတ်အတွင်းမှာပင် ပယ်ပယ် ကျွန်တော့်အိမ် ရောက်လာသည်။ ပယ်ပယ်က ဦးဝီလ်ဆင်သိန်း သမီးများ၏ ကျူရှင်ဆရာမ ဖြစ်သည်။ သူတို့အိမ်သားချင်း ရင်းနှီးကြသည်။

ပယ်ပယ် မျက်နှာမှာ ရွှင်ကြည်လို့။

'ဟန်ကျပြီ ဒါဒါရေ. . . .၊ ဟိုဘက်က သဘောတူတယ်၊ မင်္ဂလာစရိတ် အားလုံး အကုန်အကျခံမယ်တဲ့'

'အဲသည်လိုမှပေါ့။ ငါကတော့ ခုအချိန်မှာ တပြားမှ မတတ်နိုင်ဘူးဟေ့၊ ဒို့စာရေးဆရာတွေ စက္ကူမရလို့ စာအုပ်မထုတ် ရတာ ၆ လ ရှိပြီပဟ၊ ရှိခဲ့တာလေးတွေ ပေါင်စားနေရတယ် '

'မလိုပါဘူး ဒါဒါရယ်၊ သူတို့ဘက်က သူဌေးဘဲဟာ၊ အဲဒါ ဇွန်လ ၁၂ ရက်နေ့မှ လက်ထပ်ပေးမယ်၊ ၂၆ ရက်နေ့မှာ ဝက်ဒင်ရီဆက်ပရှင် လုပ်မယ်တဲ့၊ ဒီတော့ဖိတ်စာမှာ ဒါဒါ့နာမည်ကို ဘယ်လိုထည့်ရမလဲတဲ့၊ စာရေးဆရာ နာမည်ထည့်ရမလား၊ လူနာမည် ထည့်ရမလား၊ ဦးဝီလ်ဆင်သိန်းက မေးခိုင်းလိုက်လို့ သမီး ဒီလာတာ'

'အောင်မယ်လေး. . . . ကြိုက်တဲ့နာမည်ထည့်၊ နှစ်ခုစလုံးထည့်ချင်လဲ ထည့်လို့ပြောလိုက် '

'နို့ပြီးတော့ ဒါဒါဘက်က ဖိတ်ဖို့ဖိတ်စာ ဘယ်လောက်ယူမလဲတဲ့'

ကဲ. . . .  အဲဒါကျတော့ အဖြေရကြပ်ပြီ။ ကျွန်တော့်ဘက်က မိတ်ဆွေသင်္ဂဟတွေ ကြည့်လိုက်တော့ အရင်းအနှီး သူတွေကိုပြောရမည်ဆိုလျှင်၊ ကိုလတ်နဲ့ အမကြီးခင်မျိုးချစ်၊ စာရေးဆရာထင်လင်း၊ ရှုမဝအိမ်ထောင်စု စသည်ဖြင့် စာပေအုပ်စု၊ သို့သော် ဦးကျော်ရှိစဉ်ကဘဲ မောင်ဆွေတင့်တို့ မြင့်မြင့်သန်းတို့ မောင်နှမတွေ အိမ်ထောင်ကျကြသည်။ သူတို့မင်္ဂလာဆောင်လိုက်ကြသည်ကိုပင် ကျွန်တော်မသိ။ ဦးကျော်မြေး ချီနေသည်ကိုတွေ့ရမှ 'ဒါဘယ်သူက မွေးတာတုန်း' ဟု မေးယူရ၏။

အမကြီးခင်မျိုးချစ်နဲ့ ထင်လင်းလဲ ထိုနည်းလည်းကောင်းဘဲ။ သူတို့သားသမီးများ အိမ်ထောင်ပြုကြသည်ကို ကျွန်တော့် အားရေးကြီးခွင်ကျယ်လုပ်၍ ဖိတ်မနေကြ။ ကျွန်တော့်မှာလဲ မြေးနှစ်ယှဉ်းနဲ့လေ။ သားနှစ်ကောင် အိမ်ထောင်ကျတုန်းကလဲ. . . .  ကျွန်တော့်ဘက်က မည်သူ့ကိုမျှ အသိမပေးခဲ့ပေ။ ဒါဟာတဦးနဲ့တဦး အရေးမထားလို့ မဟုတ်ဘူး။ ဒီလိုသားသမီးကိစ္စမှာ မိတ်ဆွေသင်္ဂဟတွေကို ဒုက္ခမပေးချင်တဲ့ သဘောဘဲ၊ ဖိတ်သဟဲ့ဆိုရင် သွားရတော့မယ်။ လက်ဖွဲ့ရတော့မယ်။ ဒီဒဏ်တွေကို မခံချင်စေလောက်အောင် တဦးကိုတဦး ချစ်ခင်သက်ညှာကြလို့ပါဘဲ။

ဒါကြောင့်သမီးအား ရှင်းရှင်းဘဲ ပြောလိုက်ရတော့သည်။

'ဒါဒါ. . . .  ဖိတ်စာတခုမှ မလိုချင်ပါဘူး'

ဒင်ပယ်လ် မျက်လုံးဝိုင်းသွားကာ. . . .

'ဟင်. . . .  ဒါဘာဖြစ်လို့လဲ ဒါဒါ '

'ဒါဒါ့ဘက်က ဘယ်သူမှ မဖိတ်ချင်ပါဘူးကွာ၊ အချင်းချင်းတွေ ဒုက္ခမပေးချင်ဘူး'

ပယ်ပယ်က ခေတ္တတွေဝေနေပြီးမှ. . . . .

'သတို့းသား အဖေဘက်က ဖိတ်စာတခုမှ မယူဘူးဆိုတော့လဲ မကောင်းပါဘူး ဒါဒါရယ် '

အင်း. . .  ဒီလိုတော့လဲ. . .  ဟုတ်ပေသား ထို့ကြောင့်. . . .

'ကဲ. . . . ကဲ. . . .  အသင့်အတင့်တော့ ယူခဲ့လေကွာ၊ လေးငါးဆယ်ခုလောက် '

'ဒါဒါက နာမည်ကျော် စာရေးဆရာကြီးဆိုတော့ ဖိတ်စာတော်တော်များများ လိုမှာဘဲလို့ သူတို့ကထင်နေတာ'

'ဒါဒါက နာမည်ကျော် စာရေးဆရာဆိုပေတဲ့ ဂုဏ်ကြီးရှင် မျက်နှာကြီး မဟုတ်ဘူးကွ၊ နို့ပြီး ဒါဒါ မိတ်သင်္ဂဟတွေကလဲ လူချမ်းသာတွေ မဟုတ်ကြဘူး'

'ဒါဒါတော့ ဆက်ဆက်လာပါနော်'

'တောက်. . . . ငါတောင်သိပ်မလာချင်ဘူးကွာ၊ ငါက ခုအချိန်မှာ အိမ်မထွက် ဘတ်စ်ကား ပေါ် တက်ရမှာကို ကြောက်နေတာ'

'ဒါဒါကို ကျော်ကျော်တို့အိမ်က ကားနဲ့လာခေါ်မှာပါ '

အောင်မယ်. . . ကျော်ကျော်တို့အိမ်က ကားဆိုပါလား၊ ကျော်ကျော်က အခု ဘယ်မှာမို့တုန်း'

'သူ့ယောက်ခမ အိမ်မှာလေ ဒါဒါရဲ့၊ သူတို့တိုက်အောက်ထပ်မှာ ရေချိုးခန်းရော အိမ်ထောင်ပရိဘောဂတွေ အစုံ အလင်နဲ့ ဝယ်ပေးထားပြီ ဒါဒါရဲ့'

'အမယ်. . . တယ်ဟုတ်ပါလား'

'ကျော်ကျော် ကုသိုလ်ကောင်းတယ် ဒါဒါ၊ သူ့ယောက်ခမတွေကလဲ သူ့ကိုချစ်ကြတယ် '

သမီးကိုချစ်ယင် သမက်ကိုချစ်ရမယ်ကွ၊ သားကိုချစ်ယင် ချွေးမကို ချစ်ရတယ်ကွ၊ ဒီလိုသားမကနဲ့ ချွေးမကို မချစ် တတ်တဲ့ အမျိုးဆိုယင် ဝေးဝေးကရှောင် '

'ဒါဒ့ါ ချွေးမတွေကို ဒါဒါချစ်လား'

'ငါ့သမီးတွေလိုဘဲ ချစ်ပါတယ်ကွာ၊ ဒါနဲ့ ကျော်ကျော်လက်ထပ်မှာ ဘယ်ချာ့ချိမှာလဲ'

'ချာ့ချိမှာမဟုတ်ဘူး၊ သူတို့အိမ်မှာဘဲ သင်းအုပ်ဆရာခေါ်ပြီး လက်ထပ်မယ်တဲ့'

'ဝက်ဒင်ရီဆက်ပရှင်ကော၊ အင်းယားလိတ်တွေ၊ ကရဝိတ်တွေ လုပ်နေအုံးမှာလား'

'မလုပ်ပါဘူး၊ သူတို့အိမ်မှာဘဲ သူတို့တိုက်ကလဲ အကြီးကြီးခြံဝင်းကြီးကလဲ အကျယ်ကြီးဘဲ၊ လာတဲ့လူတွေကို ဒန်ပေါက်ထမင်းနဲ့ အိုက်စ်ကရင်ကျွေးမယ်၊ ဒါကြောင့် ဘယ်လောက်ချက်ရမလို့ ခန့်မှန်းရမလဲလို့ ခန့်မှန်းလို့ရအောင် ဒါဒ့ါဘက်ကလူဘယ်လောက် ဖိတ်မယ်ဆိုတာကိုလဲ မေးခိုင်းလိုက်တာ'

'အောင်မယ်လေး. . . . ငါ့ဘက်က စုစုပေါင်း ငါတယောက်ဘဲလို့ သဘောထားလိုက်ပါကွာ'

'သူတို့ဘက်ကတော့ တော်တော်များမယ် ဒါဒါ '

'လူချမ်းသာ ဂုဏ်ကြီးရှင်ကြီးပိုင်းကိုကွ'

'ဒါကြောင့် ရီဆက်ပရှင်မှာ လူတွေကို နှစ်သုတ်ခွဲ ဖိတ်မယ်၊ ပထမအသုတ်က နေ့ခင်း ၃ နာရီကနေ ၅ နာရီ၊ နောက် အသုတ်က ၅ နာရီကနေ ၈ နာရီ၊ ဖိတ်စာမှာ အချိန်နှစ်မျိုးခွဲလိုက်မယ်၊ အဲဒီမှာ ဒါဒါကိုတော့ နှစ်ချိန်စလုံးဘဲ နေစေချင်တယ်၊ သတို့သား အဖေဆိုပြီး သူတို့ဆွေမျိုးတွေနဲ့ မိတ်ဆက်ပေးချင်တယ် '

'ကောင်းပါပြီဗျာ. . . . ကောင်းပါပြီ'

## စာပေ၏သဘော

ယခင်လက ကျွန်တော့်သား ကျော်ကျော်အကြောင်းရေးခဲ့သည်ကို မိတ်ဆွေတယောက်က 'ကိုယ့်သားမကောင်းကြောင်း ဒါလောက်ဘဲ ရေးရသလားဗျာ၊ တကယ်ဆို သူ့ခဗျာ မယားရစ ယောက်ခမဘက်က သဘောကျစရာဖြစ်အောင် ဖာဖာထေးထေး ဖေးဖေးမမလေး ရေးရောပေါ့ 'ဟု ပြော၏။

ဒီတော့ ကျွန်တော်က 'အော်. . . ခင်ဗျားပြောပုံက ကျုပ်သားကို နွားမရွံ့ပိတ်ရောင်းတဲ့ သဘောမျိုး လုပ်ရမယ်ပေါ့ '

'အာ. . . ဒီလိုလဲ မဆိုပါဘူးဗျာ၊ တကယ်ဆို သူဆိုးခဲ့တေခဲ့တာလေးတွေမရေးဘဲ ထားလဲ ဖြစ်သားဘဲဗျာ၊ ခင်ဗျားကို ဘယ်သူကမှ စစ်ဆေးမေးမြန်းနေတာမှ မဟုတ်ဘဲ၊ တချို့ စာရေးဆရာများ သူတို့သားသမီးတွေ တော်ကြောင်း ကောင်းကြောင်း ရေးလိုက်ကြတာဗျာ၊ ခင်ဗျားနဲ့တော့ ကွာပ့ါ '

ကျွန်တော်ပြုံးမိ၏။ တခါတရံ ကျွန်တော်ရေးသားဟန်ကို စာပေမရင့်ကျက်သေးသူတို့ နားမလည်ကြကုန်။ ကျော်ကျော် အကြောင်းကို ကျွန်တော် ဤသို့အဘယ်ကြောင့် ရေးသနည်း။ သူတို့မသိ။ ဒီတော့ ထုတ်ဖော်ပြောရပေတော့မည်။

'ကဲ. . . ဒီမှာဗျာ၊ ခင်ဗျားကို ကျွန်တော်မေးပါရစေ၊ ကျွန်တော်ရေးသားတဲ့ ကျော်ကျော် အကြောင်းဖတ်ရတော့ သူ့အတွက် ခင်ဗျားစိတ်ထဲ ဘယ်လိုခံစားမှု ဖြစ်လာသလဲ'

'ကောင်လေး သနားပြီး ချစ်သွားတယ်ဗျ။ ဒါကြောင့် ဒီကလေး ကရုဏာစိတ်နဲ့ ခင်ဗျားကို ဒီလိုမရေးသင့်ဘူးပြောတာ ပေါ့ဗျ'

'အဲ. . . ဟုတ်ပြီ၊ အကယ်၍ ကျွန်တော်က ကိုယ့်သားအကြောင်း မကောင်းတာတွေ ချန်ထားပြီး ကောင်းတာတွေသာ တစိတ်ကို တအိတ်လုပ်ရေးမယ်ဆိုယင် ခင်ဗျားစိတ်ထဲမှာ ကျွန်တော့်သားအပေါ် သနားတယ်၊ ချစ်တယ် ဆိုတဲ့စိတ်ပေါ်ပါ့အုံး မလား'

သူ ရုတ်တရပ်မဖြေ. . . . တွေ၍နေသဖြင့် ကျွန်တော်က ဆက်လက်၍. . . .

'မပေါ်ပါဘူး၊ ခင်ဗျား သောက်မြင်တောင် ကပ်အုံးမယ်၊ ကျွန်တော်ပြောရဲတယ်၊ ဒီမှာ ကျွန်တော့်သားအကြောင်း မကောင်းတာတွေ ထုတ်ဖော်ရေးတာဟာ ကျွန်တော့်မှာတခြား ရည်ရွယ်ချက်လဲ ရှိသေးတယ်၊ ဘယ်လိုလဲဆိုယင်. . . .

(ဟေ့. . . . ကျော်ကျော်ရေ၊ မင်း ငယ်ငယ်တုန်းက ပညာသင်ပျက်ခဲ့တယ်၊ ဒီက မိဘလက်ထဲမှာ မင်းဆိုးခဲ့တေခဲ့တယ်၊ ကဲ ပြီးခဲ့တာတွေ ထားတော့၊ အခုဆိုယင် မင်း မိန်းမရပြီ၊ လူကြီးဖြစ်ပြီ၊ မကြာမီ သားသမီးများလဲ မွေးဖွားတော့မယ်၊ ဒီတော့ မင်း ရှေ့ဆက်ပြီး မမိုက်နဲ့တော့ကွာ) လို့ ပြောလိုက်ခြင်းဘဲ၊ ဒါကို ကျော်ကျော် နားလည်လိမ့်မယ်လို့လဲ မျှော်လင့်တယ်၊ လူ့စရိုက်မှာ ငယ်ငယ်ကမိုက်ပြီးယင် ကြီးတော့ လိမ္မာတတ်တယ်လို့လဲ ကျွန်တော် ယုံကြည်တယ်၊ အခုလဲ သူ့ယောက်ခမ မိဘများက သူ့အပေါ် ဘယ်လောက် ကောင်းသလဲဆိုတာ ဆက်ရေးရအုံးမယ် '

## လက်ထပ်ပွဲနှင့် မင်္ဂလာညစာခံပွဲ

ကျွန်တော်တို့ မြန်မာထုံးစံမှာတော့ မင်္ဂလာဆောင်သဟေ့ဆို တနေ့ထဲနဲ့ အပြီးနွှဲပစ်လိုက်ကြတာဘဲ။ သူတို့ ခရစ်ယန်တွေ အင်္ဂလိပ်စတိုင် လုပ်ကြသည်ကတော့ လက်ထပ်ခြင်းကတနေ့၊ 'ဝက်ဒင် ရီဆက်ပရှင်' ခေါ် မင်္ဂလာညစာခံပွဲ တနေ့သီးခြား လုပ်ကြသည်။

ကျော်ကျော်တို့ လက်ထပ်ရာတွင် လူများများမဖိတ်၊ နှစ်ဖက်မိဘ ဆွေမျိုးရင်းချာလောက်နှင့် သင်းအုပ်ဆရာ၊ တရား ဟောဆရာလောက်သာ။ မင်္ဂလာညစာခံပွဲကျတော့မှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟတွေအားလုံးကို ဖိတ်စာတွေနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖိတ်၏။

ကျွန်တော့်ထံ ဖိတ်စာများယူလာတော့ သော်သော်က ရှေးဦးစွာ ဖိတ်စာတစောင်ကို 'ဒါဒါနှင့်အန်တီမေ' ဟု ရေးလေ ရာ၊ ကျွန်တော်က. . . .

'ဟဲ့. . . . ငါတို့များ ဖိတ်စာရေး ဖိတ်နေရသေးသလားဟဲ့' ဆိုတော့ သော်သော်က. . . . .

'အမှတ်တရပေါ့ ဒါဒါရယ် ' ဟု ပြောပြီး၊ ကျွန်တော့်အိမ်က သားများအတွက် 'ခင်မောင်စိုး နှင့် နို့ရာ' 'ခင်မောင်ဦးနှင့် အကြီး' ဟု ရေးပြန်၏။ ပြီးလျှင် 'အခု အန်ကယ်ကြည် ဇနီးနာမည်က ဘယ်သူလဲ'ဟု မေး၍ ကျွန်တော်က ပြောပြတော့ ဖိတ်စာ တစောင်ကို ' ဗိုလ်ကြီးကြည်၊ ဒေါ်ခင်စောမူနှင့် သားသမီးများ'ဟု ရေး၏။

အင်း. . . . အဲသည်အိမ်တော့ ဖိတ်ထိုက်သည်ဟု ကျွန်တော်ယူဆ၏။ လွန်ခဲ့သောနှစ် ဗိုလ်ကြီးကြည်သား၊ သက်သက် မင်္ဂလာဆောင်တုန်းက သော်သော်ကစိတ်၊ ကျွန်တော်ကအစိတ်၊ ကျွန်တော့်ညီ မောင်အေးက အစိတ် လက်ဖွဲ့ခဲ့ဘူး၏။ နို့ပြီး ဗိုလ်ကြီးကြည်နှင့် ဒေါ်ခင်စောမူ မင်္ဂလာဆောင်တုန်းကလည်း ငွေနှစ်ဆယ် အခိတ်မျှဆိုလျှင် မျက်နှာပန်းလှမည် မဟုတ်၍ အမှတ်တရ ဖြစ်စိမ့်သောငှာ လက်စွပ် တကွင်းစာ မဟူရာကျောက် ၆ လုံး၊ မေက လက်ဖွဲ့၏။ နို့ပြီး ဗိုလ်ကြီးကြည်တွင် မော်တော်ကားလည်းရှိနေ၍ စနေနေ့ညနေပိုင်းလည်း ဖြစ်သောကြောင့် သူတို့ အိမ်သားများ လာနိုင်လိမ့်မည်ဟု ယုံကြည်၏။ အကယ်၍ မဖိတ်မိလျှင်အပြစ်တင်လိမ့်မည်ဟုလဲ ထင်မိ၏။

ဗိုလ်ကြီးကြည်အိမ် ဖိတ်စာရေးပြီးတော့ သော်သော်က. . . .

'ဒါဒါ ဘယ်သူ့တွေ ရေးရအုံးမလဲ'ဟု မေး၏။ ကျွန်တော်ရုတ်တရက် အစဉ်းစားရခက်နေ၍ 'ထားခဲ့ပါကွာ၊ ငါကြည့်ပြီး ရေးလိုက်ပါမယ် 'ဟု ပြောလိုက်ရ၏။

ကလေးတွေ ပြန်သွားကြပြီးနောက် တစောင်လျှင် ၃ ကျပ်တော် ကျသည်ဆိုသော ကျွန်တော့်စားပွဲပေါ်ရှိ ဖိတ်စာတွေ ကြည့်၍ ကျွန်တော်ရင်လေးနေ၏။

အင်း. . . . ဒါတွေနဲ့ ငါ ဘယ်သူ့မှ ဒုက္ခမပေးချင်ဘူး၊ သည်ခေတ်၊ သည်အချိန်၊ သည်အခါတွင် သွားရခက်. . . လာရခက်၊ ငွေပိုငွေလျှံကရှား၊ ပစ္စည်းဥစ္စာကလည်း ဈေးကြီးပါဘိသနဲ့။ ကျွန်တော့်မိတ်ဆွေအသိုင်းအဝန်းကလည်း စာပေနယ်ဆိုတော့ ဖွတ်ကျားချည်းဘဲ။ ကျွန်တော်ကိုယ်ချင်း စာမိ၏။

ထွက်ေနနွယ် မာလာသိန်းတို့သား မင်္ဂလာဆောင်တုန်းက ဖိတ်စာရောက်လာ၏။ တမြို့ထဲသား စာပေသမားချင်းလဲ ဖြစ်၊ သူတို့လင်မယားကလဲ ကျွန်တော့်အား အကို အကိုနှင့် ခင်ကြ၏။ မသွား၍ မဖြစ်။

မြို့လယ်က သမတဟိုတယ်မှာဆိုတော့ သွားလို့လဲ လွယ်နေ၏။ အင်း သွားတာကတော့ အာနေး ဂျားနေး တမတ်စီနဲ့ ကိစ္စ ပြီးပါပြီ။ သို့သော်မင်္ဂလာဆောင် သွားတယ်ဆိုတော့ လက်ဖွဲ့ကလေးတော့ ပါဦးမှ။

ဇနီးသည်အား အိမ်မှာ ငွေဘယ်လောက် ရှိသနည်း။ တီးခေါက်ကြည့်တော့ နိမ်းဟဲ့။

ထို့ကြောင့် နောက်ဆုံး၌အကြံရ၏။ အိမ်မှာ မရှိ၍လဲဖြစ်သော (အရှေ့ဂျာမနီမှ မစ္စက်အက်ရှင်က လက်ဆောင် ပေးလိုက်သည့်) ပန်းအိုးလေးတလုံး။ ဒါလေး စက္ကူထူထူနှင့်ပတ်၊ ဖဲကြိုးလေးစည်းပြီး ယူသွားရပါသဗျ။

အနီးလိုအဖြစ်မျိုးကို ကျွန်တော်၏ ဖွတ်ကျားမိတ်ဆွေများ မကြုံတွေ့စေလိုပါ။

## ခင်မကြီး

ကျွန်တော်မှာ ဒီလိုသား မင်္ဂလာဆောင်ဖိတ်စာ တထပ်ကြီးနှင့် စိတ်အိုက်နေစဉ် တရက်သောနေ့လည်ခင်း၌ အိမ်ရှေ့တွင် မော်တော်ကားတစီး ထိုးရပ်ပြီး (ခန့်ခန့်ကြီး ဓါတ်ပုံရှင့်) ခင်မကြီး ဆင်းလာ၏။

'အလိုခင် မလာစဖူး အလာထူး ဘာကိစ္စထူးများ ရှိလို့လဲဆို. . . . '

'ခင့်သမီး မင်္ဂလာဆောင်လေ၊ ကိုဆွေ့လာဖိတ်တာ'ဟု ဆိုပြီးသူ့လက်ပွေ့အိတ်ထဲမှ ဖိတ်စာတစောင် ထုတ်ပေး လေတော့ ကျွန်တော့် ကိုယ်မှာတီ ဆားနှင့်တို့သလို တွန့်သွားကာ. . . .

'အောင်မယ်လေး. . . . ခင် မောင့်ကို သေစေ ညွှန်းရော့သလား'

'ဘာလဲကိုဆွေရဲ့၊ မင်္ဂလာဆောင်ဖိတ်စာပေးထာနဲ့ သေစေညွှန်းရောလား'

'ခင့်သမီးမင်္ဂလာဆောင်က ဘယ်မှာလဲ'

'အင်းယားလိပ် ဟိုတယ်မှာ'

'အဲဒါ. . . . သေစေ ညွှန်းတာပေါ့ ခင်ရာ၊ အင်းယားလိတ် ဟော်တယ်ကို မော်တော်ကား မရှိတဲ့ ကျုပ်လိုဖွတ်ကျား ဘယ်လိုသွားပါ့မလဲ '

'အို. . . ကိုဆွေကလဲဘဲ ခင်က ကိုဆွေ့ကို အထူးခင်မင်တဲ့လူမို့လို့ အင်မတန် တကလာပြီး တော့ ဖိတ်တာသိရဲ့လား'

'သိပါတယ်ဗျာ၊ ကျုပ်ကလဲ ခင့်ကိုအထူးဘဲ ခင်မင်ပါတယ် သို့သော်လဲ အင်းယားလိတ် ဟော်တယ်သွားဖို့ ဆိုတာ ကတော့ ကောင်းကင်တမွတ် ကြယ်ကို ဆွတ်လိုက်ချင်တယ်။ အဲဒါက ပါးစပ်ကပြောရုံနဲ့ပြီးတယ် '

ခင်နှင့်ကျွန်တော်မှာ ၁၉၄၆ ခုနှစ် ကျွန်တော်ဆန်ကုန်သည် ဘဝက မန္တလေးမှာ လူပျိုယောင်ဆောင်နေစဉ် အဲသည်တုန်းက ငယ်ငယ်လေး ရှိသေးသော ခင်မကြီးအား ကျွန်တော်က အပျိုမှတ်၍ မျက်စိတွေ့ခဲ့ပြီး ၁၉၅၁ နှစ်ကျတော့ ကျွန်တော်က စာရေးဆရာဘဝနှင့် မန္တလေးမြို့ နိုင်ငံတော် သင်္ကြန်ကျင်းပတာမှာ အစိုးရညွှ်သည်တော်အဖြစ်နဲ့ ပါသွားတဲ့အခါ သူ့အားကလောင်ရှင် 'ပတ္တမြားခင်'အဖြစ်နှင့် ကျွန်တော်တို့ ခင်မင်သွားကြသည်။

နောက် သူတို့အိမ်ထောင်နှင့် ရန်ကုန်မြို့ ပြောင်းလာပြီး 'ခန့်ခန့်ကြီးဓါတ်ပုံတိုက်' ဖွင့်လေ တော့ ပိုမို၍ရင်းနှီးသွား၏။ ထိုစဉ်က ကျွန်တော့်မှာ စာရည်းစာများထံ ဓာတ်ပုံများပို့ရလေရာ သူက 'ခင့်စိတ်ကြိုက် ရိုက်ပေးတဲ့ ဓာတ်ပုံတွေကို အမျိုးသမီးတိုင်း ကြိုက်စေရမယ် 'ဟု ဆိုကာ အလကား ရိုက်ပေးလေ့ရှိသည်။

ထို့ကြောင့် သူသည် အရင်းနှီးဆုံး မိတ်ဆွေဖြစ်၍ သူ့သမီးမင်္ဂလာဆောင်ကို လာဖိတ်ခြင်း ဖြစ်ပါ၏။

'ကိုဆွေရာ. . . ခင့်သမီးမင်္ဂလာပွဲကို လာဖြစ်အောင် လာစေချင်ပါတယ် '

'နေပါအုံး ခင်ရယ်၊ ကိုဆွေမလာဘဲ ဒီမင်္ဂလာပွဲက ဖြစ်မှာဘဲ မဟုတ်လား'

သူက ခြေဆောင့်၍. . . .

'အိုး. . . . '

'ဒါဖြင့် ဒီလိုလုပ်ခင်ရေ'

ကျွန်တော်သည် ရုတ်တရက် စိတ်ကူးရလာ၍. . . .

'ခင်နဲ့ကိုဆွေနဲ့ သားသမီး မင်္ဂလာပွဲကို ဘာတာစနစ်လုပ်ကြမယ် '

'ဘယ်လို ဘာတာစနစ်လဲ'

ကျွန်တော်သည် အနီးရှိ စာရေးစာပွဲပေါ်မှ ကျော်ကျော် မင်္ဂလာဆောင်ဖိတ်စာတွေ ယူလိုက်ပြီး သူ့အားတခု ပေးလိုက်၍. . . .

'ဒီမှာဖတ်ကြည့်စမ်း'

'ဟင်. . . ကိုဆွေ့သားမင်္ဂလာဆောင်ပါလား၊ ခင့်ကိုလဲ ဖိတ်ရမယ်. . . . '

'ဖိတ်တယ်. . . . ဖိတ်တယ်၊ အခုဘဲဖိတ်ပြီ၊ ရော့ တခယူသွား။ သို့သော် ဒီလိုလုပ်၊ ခင့်သမီးမင်္ဂလာဆောင်လဲ ကိုဆွေ့ကိုဖိတ်တယ်၊ ကိုဆွေ့သားမင်္ဂလာဆောင်လဲ ခင့်ကိုဖိတ်တယ်၊ ဒါပေမယ့် ကိုယ့်သားမင်္ဂလာဆောင်ပွဲလဲ မလာနဲ့၊ ခင့်သမီး မင်္ဂလာဆောင်ပွဲလဲ ကိုယ်မလာဘူး၊ ဒါဟာ ဘာတာစနစ်ဖဲ။ နှစ်ဖက် မျှမျှတတ ကျေနပ်ရောပေါ့နော် '

'အို. . . ကိုဆွေဟာကလဲ ဘယ်နှယ့်တုန်း '

'ခုနှယ့်မှာ ကိုယ်တို့လို ကားမရှိတဲ့လူတွေမှာ သွားရလာရ ကြပ်လွန်းလို့ပါကွာ။ ကြည့်၊ ခင့်သမီးမင်္ဂလာပွဲက အင်းယားလိတ် ဟော်တယ်မှာ၊ ကိုဆွေလာမယ်ဆိုယင် ပထမ ၈ မိုင် မရန်းကုန်းကို နံပတ် ၉ ကားစီးရမယ်။ ဒုတိယ မြောက်ဥက္ကလာနဲ့ကမ္ဘာအေး လမ်းဆုံကို နံပတ် ၆ ကားစီးရမယ်။ အဲဒီကမှ တခါ နံပတ် ၅ ကားစီးရမယ်၊ အဲသည်မှာ မင်္ဂလာ ဆောင်လာတယ်ဆိုတော့ ပိုးလုံချည်နဲ့ အပေါ်အကျီ ဝတ်ရအုံးမယ်၊ ဒီအဝတ်တွေဟာ ကားသုံးတန် ကြပ်ကြပ်တည်းတည်း စီးရမှာဆိုတော့ ချွေးသံ့ရွှဲရွှဲနဲ့ဖွတ်ဖွတ်ကျေရော၊ နို့ပြီးတော့ အပေါ်အကျီ အတွင်းအိတ်ကို ခါးပိုက်နှိုက်က ဘလိတ်ဓားနဲ့ခွဲတာလဲ ခံရအုံးမယ်၊ ခုနှယ် ရန်ကုန်မှာ ခါးပိုက်နှိုက်မပါတဲ့ ဘတ်စ်ကားရယ်လို့ မရှိဘူးခင်ဗျ။ အဲဒီအန္တရာယ်ကြောက်လို့ သုံးစီးကားစီးမယ် ဆိုယင်လဲ ကိုယ်တို့ဆီမှာကရဖို့မလွယ်ဘူး။ ရပြန်ယင်လဲ မတန်တဆ ပေးရတယ်ခလေးမရယ် တွေးဆပါကွယ် ခင်ရယ် '

သူသည် ကျွန်တော်ပြောသည်များကို ငြိမ်၍ နားထောင်နေပြီးနောက်. . .

'ဒါဖြင့် ခင့်ကားနဲ့ လာခေါ်မယ်လေ'

'ဒါလောက် ဒုက္ခမရှာပါနဲ့ ခင်ရယ်၊ ကိုဆွေ မပါလဲ ပြီးတဲ့ ကိစ္စကြီးကို'

'အို. . . အတင်းခေါ်မှာဘဲ၊ ကဲ ခင်ပြန်မယ် '

သူထိုင်ရာမှထသွားသောအခါ ဝင်းပေါက်အထိ ကျွန်တော်က လိုက်ပို့ယင်း ယောကျ်ား ကောင်းတို့ဝတ္တရားအတိုင်း. . . .

'ခင်ကအခုထက်ထိ လှတုန်းဘဲကွာ'

'ကျေးဇူးတင်ပါတယ်ကိုဆွေရာ၊ ကိုဆွေလဲ ခင့်ဆီလာပြီး ဓာတ်ပုံ ရိုက်အုံးလေ'

'မလိုတော့ပါဘူးခင်ရာ၊ ပေးစရာ ရည်းစားလဲ မရှိတော့ပါဘူး'

'အဘိုးကြီးစတိုင်လေ ပုတီးနဲ့ဘာနဲ့ရိုက်ပေါ့ '

'တော်ပြီ. . . . တော်ပြီ '

ခင်ပြန်သွားပြီးနောက် ဖိတ်စာတွေကြည့်ကာ ကျွန်တော်ရင်လေးနေသည်။ ဒါတွေ ဘယ့်နှယ့် လုပ်ရပါ့မလဲ။ ဟယ် အလဟဿတော့ မဖြစ်ရဘူးဟု ကိုယ့်စိတ်ထဲကပြောပြီး. . . .

ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်။

စာရေးဆရာထင်လင်းနှင့်ဇနီး။

ကာတွန်းဦးဖေသိန်းနှင့် ဒေါ်ခင်လေးနွယ် ဟု တစောင်စီရေးပြီး ၎င်းတို့နာမည်တွေ အောက်က သွားရန်မလို လက်ဖွဲ့ရန်မလိုဟု ထပ်၍ရေးလိုက်၏။ သူတို့ဆီသွားပေးသောအခါ ဦးခင်မောင်လတ်က သူ့ဖိတ်စာကြည့်ပြီးနောက်. . . .

'သော်တာဆွေက တယ်လိမ္မာတာဘဲကွာ၊ ဒို့ကလဲ မသွားချင် မသွားနိုင်တာနဲ့ အဆင် သင့်ဘဲ' ဟု ပြော၍ ထင်လင်းက လည်း 'သော်တာဆွေက ပညာရှိဘဲ ကိုလတ်ရဲ့'ဟု ချီးမွမ်း၏။

မှန်ပါသည်။ ကျွန်တော့်သားမင်္ဂလာပွဲ၌ ကျွန်တော့်ဘက်က သားခင်မောင်စိုးနှင့် စုစုပေါင်း ကိုဖေသိန်းတယောက်ကလွဲ ပြီး ဘယ်သူမှမလာချေတကား။

သူတို့ဘက်ကတော့ ကားကြီးကားငယ်တွေ အသွယ်သွယ်နှင့်။ ဆွေမျိုးမိသင်္ဂဟအား တောင့် လှပါပေ၏။

## နှစ်ထပ်ကွမ်းဆွေမျိုး

သတို့သမီးဖခင် ဦးဝီလ်ဆင်သိန်းနှင့် မိခင် ဒေါ်မေစီသည် အပေါက်ဝမှနေ၍ လာသမျှ မိတ်ဆွေမိတ်သင်္ဂဟများအား ကျွန်တော်နှင့်လက်ဆွဲနှုတ်ဆက်စေကာ. . . .

'ဒါ. . . သတို့သားရဲ့အဖေပါ '

'ဟုတ်ကဲ့. . . . ကျွန်တော်သော်တာဆွေပါ'

ဒီလိုမိတ်ဖွဲ့ကြရတော့တချို့ကလဲ. . . .

'စာတွေတော့ ဖတ်ဖူးတာကြာပါပြီ၊ ခုမှ လူချင်းတွေ့ရ၊ ဆွေမျိုးတော်ရတာ ဝမ်းသာပါတယ် 'ဟု ပြောကြ၏။ သူတို့ဘက်က ကရင်အမျိုးသား အမျိုးသမီးတွေဖြစ်ကြ၏။

အသက် ၆၀ ခန့်၊ မျက်နှာငွေဒင်္ဂါးကဲ့သို့ ဖြူဖြူဝိုင်းဝိုင်းကြီးနှင့် ကရင်အမျိုးသားကြီးတဦးကား ကျွန်တော့်လက်ကို ခပ်ကြမ်းကြမ်း ဖျစ်ညှစ်လှုပ်ယမ်းကာ. . . .

'ဟေ့. . . . သူနဲ့ငါ ခုမှမိတ်ဖွဲ့နေစရာ မလိုဘူးကွ၊ ဒို့ဟာ ခုဆိုယင် နှစ်ထပ်ကွမ်းဆွေမျိုး တော်ရတာ' ဟု ပြောသဖြင့် ဦးဝီလီဆင်သိန်းတို့ လင်မယား အံ့သြဝမ်းသာကြသည်။

သူ့နာမည်က 'ဦးလောမတ်စ်' ဖြစ်သည်။ ကျွန်တော့် ဇနီးမေရဲ့ တဝမ်းကွဲအမ၏ ယောက်ျား မို့ သူနှင့် ကျွန်တော်နှင့် မယားညီအကို တဝမ်းကွဲ။ ဤအကြောင်းကို ဦးသောမတ်စ်ကရှင်းပြောတော့ ဒေါ်မေစီက ကျွန်တော့်အား. . . .

'သောမတ်စ်နဲ့ကျမက ဖတ်စ်ကာစင်ပါ'

သူတို့ချင်းမောင်နှမ တဝမ်းကွဲဟု ပြောပါသည်။ ဟုတ်သပေါ့လေ။ ကျုပ်တို့ကရင် မြန်မာ နှစ်ထပ်ကွမ်း ဆွေမျိုးတော် သွားခြင်းပေါ့။

## ခမည်း ခမက် မိတ်ဆက်ပွဲ

ဦးဝီလ်ဆင်သိန်းတို့ ဇနီးမောင်နှံနှင့်ကျွန်တော်သည် ဖွန်လ ၁၂ ရက်၊ ကျော်ကျော်တို့ လက်ထပ်သည့်နေ့ကမှ တွေ့မြင် ဘူးကြခြင်းဖြစ်သည်။ ကြီးကျယ်ခမ်းနားလှသော သူတို့တိုက် အပေါ် ထပ် ဧည့်ခန်းထဲတွင် ကျွန်တော်သမီးဒင်ပယ်လ်ဆွေက. . .

'ဒါ ပယ်ပယ်တို့ ဒါဒါပါဘဲ' ဟု မိတ်ဆက် ပေးတော့ ကျွန်တော်တို့လက်ချင်း ဖျစ်ညှစ်ကြကာ၊ ဦးဝီလ်ဆင်သိန်းက. . . .

'ဟုတ်ကဲ့. . . . ဝမ်းသာပါတယ်ဆရာ'

ဦးဝီလ်ဆင်သိန်းက အငြိမ်းစား အကောက်ခွန်မင်းကြီးဆိုတော့ တော်တော် ကြီးကြီး ထယ်ထယ် အိုအိုမင်းမင်းနေလိမ့် မည်ဟု အောက်မေ့ခဲ့ရာ (သူ့သမီး ကျွန်တော့် ချွေးမပြောပြ၍ သိရသည်။)

သူ့အသက် ၆၃ နှစ်သည် လူပုံသဏ္ဌာန်အားဖြင့် ကျွန်တော် ၅၇ နှစ်ထက်ပင် နုပျိုဖျတ်လတ်နေပါသေးသည်။ လူက အရပ် ခပ်ပြတ်ပြတ်ပဲ။ သူ့ဇနီးကလည်း အသက်ကို မခန့်မှန်းလောက်အောင်ပင် နုပျိုလှ၍ပြောပလောက်အောင် ချောမောသူဖြစ် ပါသည်။ တွေ့သူတိုင်း က. . . .

'ဒေါ်မေစီ တော်တော်ချောတယ်နော်' ဟု ပြောကြရသည်။

လက်ထက်သည့်နေက လူငါးဆယ်လောက်ကို အမဲသား ငါး ပုဇွန်ဟင်း ၆ မျိုးနှင့် ထမင်းကျွေးရာ ဟင်းတွေ တော်တော်ကောင်းတယ်ဗျာ။ ဦးဝီလ်ဆင်သိန်းက. . . .

'ဒါ. . . . ကျွန်တော့်ဇနီး ချက်တာတွေပါဘဲ' ဟု ပြောသည်အလား တယ်တော်ပါလား။

ကျွန်တော့် ချွေးမလည်း သူ့အမေလို ဟင်းချက်ကောင်းစေသတည်း။

## အိမ်ရှင်မတာဝန်

အိမ်ထောင်တခုတွင် အိမ်ရှင်မထမင်းဟင်း ချက်ကောင်းခြင်း မကောင်းခြင်းသည် အိမ်ထောင်သက် ရင့်လာလေလေ စကားပြောလေဖြစ်လာသည်။

လူတို့မည်သည့်မှာ စားခြင်းဖြင့် အသက်ရှည် နေကြပေရာ အစားကောင်းဖို့လိုသည်။ အစားကောင်းကို မမက်မောသူ ဟူ၍မရှိ။ ကိုယ့် အိမ်မှာစားမကောင်းလျှင် တခြားသို့သွားပြီး စားပေလိမ့်မယ်။ ကိုယ့် အိမ်အစားအစာကို နှစ်သက်နေပြီ ဆိုပါက ထိုယောက်ျား အိမ်မြဲလေပြီ။

ထို့ပြင် အိမ်ရှင်မ,တို့ တာဝန်တခုကို ကျွန်တော် ပြောလိုသေးသလဲ။ အိပ်ရာသန့်ရှင်းဖို့နှင့် မိမိခေါင်းမှာ သန်းတွေမရှိ ဖို့ အရေးကြီးလှပေသည်။

တချို့အမျိုးသမီးများ ဝတ်စားဖီးလိမ်းထားလိုက်တာ ပျံလို့ပါဘဲ။ နို့ပေတဲ့ ခေါင်းမှာ သန်းတွေရွစိရွစိ။ အိပ်ရာထဲ ကြည့်ဦးမလား။ ကြမ်းပိုးတွေမင်းမူလို့ မနက်အိပ်ရာကနိုးလို့ မျက်စိ နှစ်လုံး ဖွင့်ကြည့်လိုက်ပြီဆိုမှဖြင့် ခြင်ထောင်ခေါင်မိုး ထောင့်တွေမှာ ကြမ်းပိုးတွေ နီရဲရဲနေတာ တွေ့ရသဗျ။

အဲဒါ အိမ်ရှင်မတွေရဲ့တာဝန်ဘဲ။ အိပ်ရာက ထကြပြီဆိုယင် ခြင်ထောင်ကိုတင်၊ စောင်တွေ ကိုခေါက်၊ အိပ်ရာမှ တွန့်ကြေမနေစေနဲ့။

တူနှစ်ကိုယ်မြဲကြဖို့

ဘုရားသခင်တွဲဖက်၍ ထမ်းဘိုး တင်တော်မူသော

အရာကို လူမခွဲခွာစေနှင့်

ရှင်မာကု၊ ၁၀ း–၉ ။

အဲဒါ ကျော်ကျော်တို့ မင်္ဂလာဆောင် ဖိတ်စာ ခေါင်းစီးစာတမ်းပါဘဲ။ သူတို့လက်ထပ် သောအခါ ကရင်သင်းအုပ်ဆရာ မန်းသောရီက ဤစာကို ရှေးဦးစွာ ရွတ်ဆိုပြီးမှ ဆုံးမဩဝါဒစခန်း မိန့်ကြားပါ၏။

'အခုသားတို့သမီးတို့ တဦးနဲ့တဦး ချစ်ခင် နှစ်သက်ကြလို့ လက်ထပ်ကြတယ်ဆိုတာ အဖဘုရားသခင်ရဲ့ အလိုတော်ဘဲ။ အခု မင်းတို့နှစ်ယောက်ကို ဘုရားသခင်က တွဲဖက်ပြီးထမ်းဘိုး တင်ပေးလိုက်တယ်။ ကိုယ်တော်၏ဆန္ဒကို လူသားတို့က မဖျက်ဆီးအပ်ဘူး။ လူ့ဘဝမှာ မင်းတို့ မသေမချင်း အိုအောင် မင်းအောင် ပေါင်းသင်းကြဖို့ဘဲ။ ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်

ဖြစ်သောကြောင့် အိုနာကျိုးကန်း ဖြစ်သော်လဲ တဦးကိုတဦး မစွန့်ပစ်ရဘူး၊ ဘုရားသခင်တင်ပေးတော်မူတဲ့ ထမ်းဘိုးနဲ့ မင်းတို့ မခွဲမခွာ လူ့ဘဝခရီးစဉ်မှာ ဘက်ညီညီရုန်းကြရလိမ့်မယ်’

သည့်စကားကို ကျွန်တော် တော်တော်ကြိုက်၏။ မှန်၏။ အိမ်ထောင်ဘက်ဆိုတာ လှည်းတစီး၊ နွားနှစ်ကောင် ထမ်းပိုးတပ် ရုန်းရသလို လင်မယားနှစ်ယောက်ဟာလဲ အိမ်ထောင်တာဝန်တည်းဟူသော လှည်းကြီးကိုပြိုင်တူရုန်းကန် ကြရတာဘဲ။ အဲ့သည်အခါမှာ လင်နဲ့မယား ဘက်ညီဖို့ အရေးကြီးလှပါတယ်။

မမြဲတဲ့အိမ်ထောင်တွေကို လေ့လာကြည့်မယ်ဆိုယင် ဘက်မညီတွေ တွေ့ရတတ်ပါတယ်။ တယောက်ကတော်ပြီး တယောက်ကညံ့နေမယ်ဆိုယင် တဖက်စောင်းနင်း ဖြစ်ပြီး သာယာတဲ့ အိမ်ထောင်အရသာကို မရနိုင်ပါဘူး။ လင်နဲ့မယားမှာလင် ကလဲ ကိုယ့်မယားကို ချီးမွမ်းစရာလေးတွေ တွေ့ရမယ်။ မယားကလဲ ကိုယ့်လင်အပေါ်မှာ နှစ်သက်ကြည်ညိုစရာများ ရှိရပါမယ်။ ဒါမှတဦးကိုတဦး လေးစားပြီး ချစ်ကြည်မှု ခိုင်မြဲနိုင်ပါတယ်။

နို့ပြီး လင်နဲ့မယားတယောက်ကိုတယောက်ကကြောက်တယ်၊ နိုင်တယ်ဆိုတာလဲ မကောင်းပါဘူး။ လူစည်း ဘီလူးစည်း ဆိုတာကို လင်နေရာလင်၊ မယားနေရာမယား၊ ခွဲခြားပြီးတဦးကိုတဦး အလေးထားရမယ်။ ကျီး ဘုတ်ရိုသေ၊ ဘုတ် ကျီးရိုသေ၊ ဆိုသလိုပေါ့။

တချို့မိဘများဟာ ကိုယ့်သားက ချွေးမကို နိုင်စေချင်တယ်။ ကိုယ့်သမီးကျတော့လဲ သားမက်ကို နိုင်စေချင်ပြန်တယ်။ အမျိုးက ‘လင်နိုင်မယားနိုင်‘မျိုးပေါ့လေ၊ ဒါဟာ မကောင်းဘူး. . . . ’

ဥပမာ အိမ်ထောင်တခုမှာ မယားကချည်း စီမံခန့်ခွဲနေတယ်။ ဆွေမျိုးဆက်ဆံရေး မညီမျှဘူး။ ကိုယ့်ဘက်က ဆွေမျိုး တွေတော့ ကျွေးလိုက် မွေးလိုက် ပေးလိုက်ကမ်းလိုက်။ လင့်ဘက်က ဆွေမျိုးတော့ မသဒ္ဒါဘူး၊ မကြည်ဖြူဘူး။ အိမ်လာ တာတောင် မကြိုက်ချင်ဘူး။ ဒါကိုလင်က သိရက်နဲ့ မယားမပြောဝံ့လို့ ငြိမ်နေရတယ်ဆိုယင် ဒီလူကို သူ့ဘက်ကဆွေမျိုးတွေက မယားသြဇာခံရတဲ့ ‘နွားဘဲ’ ‘တယ်နွားကျတဲ့ ကောင်’လို့ ပြောကြတယ်။ ဒီတော့ ခင်ဗျားတို့သမီးဘဲ ‘နွားမယား’ ဖြစ်ရမယ်။

ထိုနည်းလည်းကောင်းဘဲ၊ တအိမ်ထောင်မှာ လင့်သြဇာချည်းရှိနေတယ်။ မယားက ထားရာမှာ နေရတယ်။ ကိုယ့်ဆွေ မျိုးမိဘရယ်လို့ ရဲရဲတောင် မဆက်ဆံဝံ့ဘူးဆိုယင် သူ့ဘက်က ဘယ်လို ပြောကြမလဲ။ ဒီဟာမ လင်ကို သိပ်ကြောက်ရ၊ လင်နိုင်ခံရ တဲ့ ခွေးမဘဲပေါ့။ ဒီတော့ ခင်ဗျားတို့သားဘဲ ‘ခွေးမလင်’ ဖြစ်မယ်။

တကယ်တော့ အိမ်ထောင်တခု ပြုကြပြီဆိုယင် နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟတော့ ရှိကြစမြဲဘဲ။ အဲသည်မှာ တဖက်နဲ့ တဖက် မျှတဖို့ အရေးကြီးပါတယ်။ သူ့ဘက်ဆွေမျိုးရယ်၊ ငါ့ဘက်ဆွေမျိုးရယ်၊ ခွဲခြားမနေဘဲ အားလုံးကို ရည်တူတန်းတူ ထားရ ပါတယ်။ ကိုယ့်ဘက်က ဆွေမျိုးထက်ကို သူ့ဘက်က ဆွေမျိုးကိုပိုပြီး ဂရုစိုက်သင့်ပါတယ်။ ညာတကာနည္ဂ သင်္ဂဟော ဆွေမျိုး မိတ်သင်္ဂဟတို့အား သင်္ဂြိုလ်ထောက်ပံ့ခြင်းသည် မင်္ဂလာတပါးလို့ဆိုပါတယ်။ ဒီတော့ ကိုယ့်ဘက် ဆွေမျိုးချည်း မင်္ဂလာပြုမနေဘဲ နှစ်ဖက်မျှပြီးတော့ ပြုရပါမယ်။

ကျွန်တော်တို့ မြန်မာလူမျိုး ထုံးစံမှာ လင်ကရသမျှ ဉစ္စာကို မယားထံအပ်နှံတယ်။ မယားက မီးဖိုစောင်အုပ်စီးတယ်။ ဒါကြောင့် ဆွေမျိုးမိတ်သင်္ဂဟ နှစ်ဖက်ဆက်ဆံမှုမှာ မယားအပေါ်မှာအများကြီး တည်နေပါတယ်။

ဒီတော့ အိမ်ထောင်ရှင် အပေါင်းတို့ဟာ 'နွားမယား'လဲ မလုပ်ချင်ကြပါနဲ့၊ 'ခွေးမလင်'လဲ မဖြစ်ချင်ကြပါနဲ့လို့ ကျွန်တော်က သားမင်္ဂလာဆောင်နဲ့ စပ်လျဉ်း၍ ဒီနေရာကနေပြီး မင်္ဂလာစကား ပြောကြားလိုက်ပါတယ် ခင်ဗျား။

## နှစ်ယောက်ထဲ မဟုတ်တော့ဘူး

မိန်းမပျိုလေးတယောက်နှင့် ယောကျ်ားပျိုလေးတယောက် ချစ်ကြိုက်ကြပြီး သမီးရည်းစား ဖြစ်သွားကြပြီဆိုလျှင် သူတို့ ချင်းတဦးကိုတဦးကလွဲပြီး အခြားဘာမျှ မမြင်ကြတော့ချေ။ 'နှစ်ယောက် ထဲဆိုလျှင် မောင်ရယ်၊ ဝေရက်တောင်ထိပ် နေချင်ယင် ခုသွား၊ ရေရှားတဲ့ သဲကန္တာရ ဆာဟာရ မရှောင်တယ်၊ နေမမြင် ရေပြင်ခဲ မြောက်ဝင်ရိုးစွန်းကိုဘဲ ခေါ်ခေါ်၊ ပျော်ပါတယ်၊ မောင်ရယ် သဲသဲမဲမဲဖွဲ့နဲ့၊ နှစ်ယောက်ထဲ နေချင်တယ်' ဟုတ်လား. . .။

သို့သော် အကြင်မောင်မယ် နှစ်ဦးဟာ သမီးရည်းစား ဘဝနဲ့ အားမရတော့လို့ လင်မယားညားကြပြီ ဆိုတဲ့အခါ ကျတော့၊ အင်လျားကန်စောင်းမှာ၊ တိရစ္ဆာန်ရုံထဲမှာ၊ ရွှေတိဂုံဘုရားကြီးမှာ၊ ကမ္ဘာအေးလိုဏ်ဂူကြီးထဲမှာ ချိန်းတွေ့ကြတုန်းကလို နှစ်ယောက်ထဲ မဟုတ်ကြ တော့ဘူး။ ဝေရက်တောင်ထိပ် ဆာဟာရ သဲကန္တာရ၊ မြောက်ဝင်ရိုးစွန်း ဆိုတာတွေလဲ ကမ္ဘာ့မြေပုံထဲ ကြည့်မှဘဲ မြင်ရတော့မယ်၊ အဲသူတို့နှစ်ယောက် ဘယ်ရောက်သွားကြသလဲဆိုတော့ ယောက္ခမတွေ ယောက်မတွေစတဲ့ တိုတိုနဲ့ လိုယင်းပြောယင် အင်္ဂလိပ်ကို in law 'အင်လော'ခေါ်တဲ့ မယားဘက်ကအမျိုး လင်ဘက်က အမျိုးတွေထဲ ရောက်သွားကြတာ ဘဲ။

အဲဒီအခါမှာ ငါ့သားမှငါ့သား၊ ငါ့သမီးမှ ငါ့သမီးဟဲ့ ငါ့မောင်မှ ငါ့မောင်ဟု ကိုယ့်သားက ချွေးမကို နိုင်စေချင်တယ် ယောက်မကို နိုင်စေချင်တယ်. . . . စသည်ဖြင့် လင်မယား နှစ်ယောက်ကြားမှာ ကိုယ့်သွေးသား ဘက်ကချည်း နေမယ်ဆိုတဲ့ အမျိုးထဲ ရောက်သွားယင်ဖြင့် တယ်မလွယ်တော့ဘူး ခင်ဗျာ့။ 'ပြည်ပန်းညို ချိုချင်ရက်ကနဲ့ ဆားကဖျက်တယ် ' ဆိုတာ ဖြစ်တတ်ကြတယ်။

ရှေးလူကြီးများဟာ သားသမီးများ အိမ်ထောင်ပြုတော့မယ်ဆိုယင် မျိုးရိုးအဆိုးအကောင်း စုံစမ်းလေ့ ရှိကြပါတယ်။

စင်စစ်တော့ လူကြီးမိဘတွေတော့ ကိုယ့်သားသမီးကို ချစ်တယ်ဆိုယင်ဖြင့် သမီးရယ်၊ သမက်ရယ်၊ သားရယ်၊ ချွေးမရယ် ကျောသားရင်သား ခွဲခြားမနေဘဲ သဘောထားကြီးဖို့ လိုပါတယ်။ လင်နဲ့မယား လျှာနဲ့သွားဆိုတာလို သူတို့ချင်း ပဋိပက္ခဖြစ်ယင်လဲ ဘက်မလိုက်ဘဲ အမှားအမှန်ကို ဆုံးဖြတ်ပေးရပါမယ်။ တခါတရံ အသေးအဖွဲလေးဆိုယင် ဥပေက္ခာ ပြုသင့်ယင် ပြုရပါတယ် '

ဒါဟာကိုယ့်ဖို့လဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုယင် သားသမီး စိတ်ဒုက္ခရောက်ကြယင် လူကြီးမိဘကလဲ သောက ရောက်ကြရမှာဘဲ မဟုတ်ပါလား။

ယခု 'ကျွန်တော့်ဘဝ ဇာတ်ကြောင်း' ရေးခဲ့တာမှာ ကျွန်တော်ဟာ သားမက်တယောက် အနေနဲ့ အရင်အိမ်ထောင်ရဲ့ ယောက္ခမ ဆွေမျိုးများ အကြောင်းနဲ့ ယခုလက်ရှိ အိမ်ထောင်ရဲ့ ဆွေမျိုးသားချင်းများ အကြောင်းကို နှိုင်းယှဉ် ဖော်ပြခဲ့ပါပြီ။

အဲ. . . . အခုတော့ တမျိုးလာရပါလိမ့်မယ်။ ကျွန်တော့်မှာ အခုချွေးမသုံးယောက်တောင် ရှိနေပြီမို့ ကျွန်တော်က ယောက္ခမ မိဘအနေနဲ့ ရေးပြပါတော့မယ်။

## ပထမဦးဆုံး ချွေးမ

ကျွန်တော့်တွင် ကျော်ကျော်၊ သော်သော်၊ ခင်မောင်ဦး၊ ခင်မောင်စိုးမည်သော သားလေးယောက် ရှိသည့်အနက်၊ ကျွန်တော်တို့ လင်မယားအား ပထမဦးဆုံး ဈေးဦးပေါက် ယောက္ခမအဖြစ် ဖန်တီးပေးသူကား၊ ခင်မောင်စိုး ဖြစ်တော့၏။ ဒီကောင် မိန်းမယူလိုက်ပုံကလည်း မိဘများမှာ တော်တော် သဲထိတ်လိုက်ဖို့ ဖြစ်လိုက်ရ၏။

၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ တခုသော တနင်္ဂနွေနေ့ နံနက်စောစီးတွင် ကိုဖေသိန်းသည် အင်းစိန်ရှိ သူ့ဆွေမျိုး အိမ်သို့ မုန့်ဟင်းခါးစား သွားရအောင်ဟု ကျွန်တော့်အား မရမကခေါ်ခဲ့ပြီး၊ လမ်းရောက်သောအခါ၌ သူ့မျက်နှာတွင် အရေးကြီး သော အမူအရာနှင့်. . . .

'ကိုဆွေတော့ ကျွန်တော်မပြောဘဲ နေလို့မဖြစ်တော့ဘူး ပြောရတော့မှာဘဲ' ဆိုသဖြင့် ကျွန်တော်က 'ဘာများတုန်းဗျ၊ ပြောစရာရှိ ပြောသာပြောပါ '

'ခင်ဗျားသား ခင်မောင်စိုးဟာ ရန်ကုန်ပြန်ရောက် နေတယ်ဗျ. . . .'

မန္တလေး ကောလိပ်ကျောင်း သွားနေရတဲ့ကောင်က ရန်ကုန်ပြန်ရောက်နေတယ် ဆိုတော့ ကျွန်တော့် စိတ်ထဲ မကျေ မနပ်ဖြစ်ကာ. . . .

'ခင်ဗျား ဘယ်မှာတွေ့တာတုန်း'

'ဘတ်စ်ကားပေါ်မှာ ကျွန်တော်တွေ့တာ နှစ်ခါရှိပြီ၊ ခင်ငြိမ်းကြည်နဲ့လဲ တွေ့သတဲ့'

ကျွန်တော်တို့နှင့် အတူပါလာခဲ့သော သူ့ညီမကလည်း. . . .

'ခင်ငြိမ်းကြည်တင် မဟုတ်ပါဘူး၊ မမကြည်နဲ့လဲ တွေ့တာဘဲတဲ့'

'ဘယ်လိုင်း ဘတ်စ်ကားပေါ်မှာ တွေ့ကြတာတုန်း'

'ဒီ ကျမတို့ နံပတ် ၉ ကားပေါ့'

'ဘယ်လောက်ကြာပြီလဲ၊ တွေ့ကြတာက'

'ဒီလေးငါးဆယ်ရက် အတွင်းမှာဘဲဗျ၊ ခင်ဗျား အိမ်နောက်ဖေးအိမ်က ကိုကံညွန့်နဲ့လဲ တွေ့သတဲ့'

'တွေ့တော ခင်ဗျားတို့သူနဲ့ နှုတ်မဆက်ကြဘူးလား'

'သူက မျက်မှန်ပြာကြီးတပ်ပြီး ကျွန်တော်တို့ကို မမြင်ချင်ယောင် ဆောင်နေတာဗျ၊ ရုပ်ဖျက်တဲ့သဘောနဲ့ ဆံပင်မညှပ်ဘဲ ရှည်ရှည်ကြီးလဲထားလို့၊ စကားကုန် ပြောရယင်ဗျာ သူမိန်းမခိုး လာပြီးနေတာတဲ့၊ ခင်ဗျား မယုံနိုင်လောက်အောင် အံ့သြမှာဘဲ'

ကျွန်တော်က ခေါင်းကို သွက်သွက်ခါ၍ 'ဟင့်အင်း ကျွန်တော် သိပ်လဲမအံ့သြပါဘူး၊ မယုံလဲမရှိပါဘူး၊ ဒါမျိုးဖြစ် နိုင်တယ်၊ ဖြစ်တတ်တယ်လို့ ကျွန်တော် တွေးထားဘူးသားဘဲ. . . '

ကျွန်တော်မှာ သားသမီး ၇ ယောက်ရှိသည်။ ထိုစဉ်က လူပျိုပေါက် ၄ ယောက်၊ အကြီးဆုံး သမီးပျိုတယောက်၊ ၁၄ နှစ် နှင့် ၁၂ နှစ် သမီးငယ် နှစ်ယောက်။

ကျွန်တော်သည် သားသမီးများ အကြောင်းကို စဉ်းစားရာ၌ အဖြစ်လည်းတွေး၏။ အပျက်လည်းတွေး၏။ မိဘတို့ ဝတ္တရားအတိုင်း သူတို့အား ကျောင်းထားရာ၌ စာမေးပွဲကို မှန်မှန်အောင်ချင်လည်း အောင်ကြမည်။ တဖုန်းဖုန်း ရှုံးချင်လည်း ရှုံး ကြမည်။

ဖြူးဖြူးဖြောင့်ဖြောင့် ပညာသင်ချင်မှ သင်ကြမည်။ ပညာမစုံ အခါမသင့်မီ၊ လင်နောက် လိုက်ချင် လိုက်ကြမည်။ မိန်းမ ခိုးပြေးချင်လည်း ပြေးကြပေလိမ့်မည်။

ကျွန်တော်သည် ကိုယ့်သားကိုယ့်သမီးရယ်ဟူ၍ အကောင်းဘက်ကချည်း မစဉ်းစား လူအားလုံးတို့ ဖြစ်တတ် ပျက်တတ်သမျှကို ငါ့သားသမီးတွေလဲ ဖြစ်တတ်မှာဘဲဟူ၍ ကြိုတင် တွေးတောလေ့ရှိ၏။ ဟော ယခုအပျက်ဘက်က တွေးတော တတ်သည့်အတိုင်း သားတယောက် ဖောက်လေပြီ မဟုတ်တုံလော။

ဒီကောင်မှာ မန္တလေးသွား ကျောင်းနေရ၏။ ၁၉၆၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်မြင်လေရာ၊ ထိုနှစ်မှ ပညာရေး ဌာနက တမျိုးထွင်လျက်၊ အောင်မှတ်ကြည့်ပြီး ကျောင်းသား တွေကို ကျားကွက်ရွှေ့သလို ဟိုကျောင်းသည်ကျောင်း အတင်းပြောခိုင်း၊ ယောက်ယက်ဆန်ခတ်၊ လုပ်ပစ်လိုက်ရာ၊ ကျွန်တော့်သားကို မန္တလေးပို့ခြင်း ခံရသည်။ ရန်ကုန်မှာဆိုလျှင် ကျွန်တော့်အိမ်နှင့် ယူနီဗာစီတီကို ခြေကျင်သွား၍ရသည်။ ၄ ဖါလုံလောက်ဘဲရှိသည်။ ဘတ်စ်ကား စီးသော်မူ ငါးပြား။ မန္တလေး ဆိုတော့ ကျောင်းဘော်ဒါနေရ၍ တလလျှင် ၁၅၀ ပို့ရသည်။

ကျွန်တော်ချည်း မတတ်နိုင်ပါ ဆွေမျိုးများနှင့် စုပို့ရသည်။ သည်လို မိဘကမတတ်နိုင်သော ကျောင်းသားဆိုလျှင် ကျောင်းမတက်နိုင်တော့ပြီ။ ထိုနှစ်က စီမံကိန်းသည် ကျောင်းသားနှင့် မိဘတွေ မည်မျှဒုက္ခသောက ရောက်ခဲ့ကြကြောင်း အနီးသက်ဆိုင်ရာ ပုဂ္ဂိုလ်တို့သည် ပြန်လည်စဉ်းစား သင့်ကြသည်။

ကျွန်တော်တို့မှာ မနိုင်ဝန်ထမ်းရသကဲ့သို့ လစဉ်အားခဲ၍ သား၏ကျောင်းစားရိတ်ကို ပို့ခဲ့ရရာ ပထမနှစ် မြောက်ခဲ့ပြီ၊ ဒုတိယနှစ်ဝက်လောက် ဥပစာ(ခ)မှာ ဖောက်ခြင်းဖြစ်သည်။ မိဘ ဒေါ်ထ

သောကရောက်နေသော ကိစ္စမျိုး ဖြစ်ပေတကား။ သို့သော် ကျွန်တော်မူ ဒါမျိုးဖြစ်တတ်သည်၊ ဖြစ်နိုင်သည်ဟု တွေးတောလေ့ရှိသူမို့ တယ်ပြီး ထူးခြားလှသည် မဟုတ်၊ ထို့ပြင် လူ

ဆိုတာ ကိုယ့်ဘဝကိုယ် ဖန်တီးကြတာဘဲဟု ယုံကြည်ရကား၊ သည်သားအတွက် တယ်ပြီး ပူပင်သောက မဖြစ်ဘဲ၊ ကြားရိုးကြားစဉ် ကြားနေရသကဲ့သို့ပင် ကိုဖေသိန်းအား. . . .

မိန်းခလေးက ဘယ်ကတဲ့လဲဗျ'

'ဒါတော့ ကျွန်တော်မသိဘူးဗျ'

'နို့. . . . ခင်ဗျားက ဘယ်ကကြားတာလဲ'

'ဒီအနီးပတ်ဝန်းကျင်ကဘဲဗျ ၊ ခင်ဗျားတို့ကိုသာ အသိမပေးကြတာ၊ လူတော်တော်များများက သိနေကြပြီ၊ ခင်ဗျားအိမ်က သားတွေလဲ သိတတ်တဲ့၊ သူတို့မေးကြည့်ပါလား'

'အောင်မာ. . . ဟုတ်လား၊ ဒီကောင်တွေက သူတို့ညီအကိုချင်းဖုံးဖိထားကြတာပေါ့လေ၊ အာဂအောင်တွေဘဲ'

ဒါကိုတော့ ခင်မောင်ဦးနှင့် ကျော်ကျော်အား စိတ်မျက်မိသည်။ ညီအကိုချင်း တဦးဦးက မဟုတ်တာ မသင့်တာလုပ် သည်ကို မိဘအား တိုင်ကြားသင့်သည်ဟု ယူဆသည်။ သို့ဖြင့် ကျွန်တော်တို့ အင်းစိန်သွားကြပြီး ၁၀ နာရီလောက် အိမ်ပြန် ရောက်သောအခါ သူတို့အမေအား အသိမပေးသေးဘဲ အိမ်ရှိသားနှစ်ယောက်အား တိုးတိုးခေါ်၍မေးရသည်။ ဟုတ်ကြောင်း ဝန်ခံကြသည်။

'ဒါနဲ့ မင်းတို့က ငါ့ကိုဘာကြောင့် ကြိုကြိုတင်တင်မပြောကြတာလဲ။ မင်းတို့ညီအကိုချင်း တောင် ဒါမျိုးကို ဖျက်ရတား ရမယ် မဟုတ်လား'

'ကျွန်တော်တို့ သိတဲ့အချိန်မှာ သူတို့ဟာက ဖျက်လို့တားလို့မရတော့ဘူး၊ မဖြစ်တော့ဘူး ဒက်ဒီ၊ ကောင်မလေးက ကိုယ်ဝန်ရှိနေပြီ'

'အင်း. . . . ခုခေတ်ကောင်မလေးတွေက ဖြစ်ရမယ်'

ဒီခေတ် သမီးရည်းစားတို့တွင် မိန်းခလေးများက အတင့်ရဲလှသည်။ ယောကျ်ားလေးခေါ်ရာ လျှောက်လိုက်တတ်သည်။ ခင်မောင်ဦး၊ ခင်မောင်စိုးတို့တွင် ရည်းစားများရှိကြရာ ကျွန်တော်တို့ အိမ်ပေါ်အထိ လိုက်လိုက်လာကြသည်။ မိဘများအား ယောက်ခမလောင်းအဖြစ်နှင့် မိတ်ဖွဲ့ကြသည်။ သူတို့ချင်းမညားသေးဘဲလျက် ကျွန်တော်တို့အား သားများခေါ်သည့်အတိုင်း မာမီ ဒက်ဒီ ဟု

ခေါ်နေကြပြီ။ ကျွန်တော်တို့ရှေ့မှာဘဲ နီးနီးကပ်ကပ် ကယုကယင်နေကြသည်။ ဒီတော့ လူကြီးများက မျက်စိရှက် ၍ ရှောင်ပေးကြရသည်။ ကိုယ်က သားယောက်ျားလေးရှင်ဆိုတော့ ဘာမျှမပြောဘူးပေါ့။

ရာသီဥတု သာယာတဲ့အခါမှာ အင်းယားကန်ဘောင်ရိုးများ လမ်းလျှောက်သွားပြီဆိုလျှင် သမီးရည်းစားစုံတွဲတွေ လူသွားလမ်းနဲ့ သုံးလေးပေလောက်အကွာမှာ ကျောခိုင်းပြီး တယောက်ခါး တယောက်ဖက်နေကြသဗျ။ ကောင်မလေးက ကောင်လေး ပခုံးပေါ် ခေါင်းတင်လို့ဗျ။ ကျုပ်တို့ခေတ်တုန်းကနဲ့ ကွာပါ့ဗျာ။

ဒါနဲ့တခါက ကျွန်တော့်ဇနီးကိုတောက် ဒီခေတ်ရည်းစားထားရတာ တယ်နိပ်တာဘဲကွာ၊ ငါလူဖြစ်တာ အနှစ် ၃၀ လောက် စောသွားတယ်' ဟု ပြောမိတော့ မေက ကျွန်တော့်နဖူး ခေါက်သဗျ။

သမီးရည်းစားဘဝ ဒီလောက်အတင့်ရဲကြတော့ လည်လွန်းဘီး ဘာဖြစ်တတ်သနည်း။ အခု ကိုယ်ဝန်ရှိလို့တဲ့။ ကဲ ယောက်ျားလေးက တကယ်မချစ်ဘူး သစ္စာမရှိဘူးဆိုယင် ဒီမိန်းကလေး မခက်ပါလား။

ယင်းသို့ တွေးတောမိပြီး ခင်မောင်ဦးအား. . . .

'ကဲ. . . . မင်းညီခိုးလာတာ ဘယ်က မိန်းကလေးလဲ၊ မန္တလေးကလား'

'မဟုတ်ဘူး. . . . ဒီရန်ကုန်ကဘဲ'

'ဒါဖြင့် ငါတို့အိမ် သူခေါ်ခေါ်လာတဲ့ ဘယ်ကောင်မလေးလဲ'

ခင်မောင်စိုးက ရည်းစားအများသား။ သူတို့နာမည်လေးတွေ ကျွန်တော်တို့အကုန်သိ။

'ခုဟာက အိမ်တခါမှ ခေါ်လာဘူးတာ မဟုတ်ဘူး'

'အေ. . . ဒါဖြင့် ကျောင်းသူလား၊ အရပ်သူလား'

'စိန့်ဂျွန်း မိန်းခလေးကျောင်းက'

'မိဘများကကော'

'ဒါတော့ ကျွန်တော်တို့ ကောင်းကောင်း မသိသေးဘူး'

'နို့ ဒီကောင်နဲ့ ဒီကောင်မလေး အခုဘယ်မှာလဲ'

'ကျွန်တော့်ညီကတော့ မန္တလေးကို စာမေးပွဲဖြေရအောင် ပြန်သွားပြီး၊ ကောင်မလေးကတော့ သူ့အဒေါ်တယောက် အိမ်မှာ'

'သူ့မိဘက လိုက်မခေါ်ဘူးလား'

'မခေါ်လို့ ဖြစ်မှာပေါ့'

'သူတို့ဟာက ဘယ်လိုစိတ်ကူးတဲ့လဲကွ၊ မိန်းမခိုးထားပြီး ကျောင်းပြန်သွားတာက'

'နီငယ်က (သူ့ညီသူ နီငယ်ဟုခေါ်သည်) စာမေးပွဲဖြေပြီးမှ ဒက်ဒီနဲ့မာမီကို ဖွင့်ပြောမယ်တဲ့'

'ဒီအတွင်း မင်းတို့ကတော့ မပြောနဲ့အုံးပေါ့လေ ဟုတ်လား'

သူတို့ ခတ်မဆိတ်နေကြသည်။

'ကဲ. . . . သွား သွား၊ အလွဲ ဆံပင်ကောင်းကြတဲ့ကောင်တွေ၊ ညီအကိုချင်းရယ်လို့ သစ္စာမရှိရာမှာ ရှိနေကြတဲ့ကောင်တွေ'

ကျွန်တော် ငေါက်လွှတ်လိုက်သည်။ ဤအရေးတော်ပုံကို ကျွန်တော်ကတော့ သူတို့အမေအား ပြောရပေတော့မည်။ ကြိုတင်သိလျက်နှင့် မပြောမိပါမူ အခုန ကျွန်တော်က သားများငေါက်လိုက်သကဲ့သို့ ကျွန်တော်လည်း ကိုယ့်ဇနီး၏ အငေါက်ကို ခံပေမည်။

ဒီအကြောင်းကြားသည်နှင့် တပြိုင်တည်း မေသည် ယမ်းပုံမီးကျ ဒေါသူပုန်ထမှာကိုလည်း ကျွန်တော်သိပါ၏။ သူသည် ဤသားအား အလွန်အထင်ကြီးသည်။ အားကိုးသည်။

သူ့သားသည် အရပ် ၆ ပေနီးပါးနှင့် ကာယဗလလည်း ကောင်းသည်။ ရုပ်ရည်လည်း ချောမောသည်။ ဉာဏ်ပညာလည်း ထူးချွန်၍ အတန်းတွေကျော်တက်ခဲ့သဖြင့် သူ့အကို ခင်မောင်ဦးနှင့် ကျော်ကျော်တို့ထက် သာကာ ကောလိပ်ကို ဦးစွာ ရောက်သူဖြစ်သည်။ ၁၀ တန်းအောင်တော့ ၁၆ နှစ်ပင် မပြည့်သေးဟု သူ့သားသူ အလွန်ဂုဏ်ယူနေသည်။

အခုတော့ ဒီသားတော်မောင် ချော်တာ ငေါ့ချေပြီ။ မိခင်တယောက် အနေနှင့် မည်သို့ ခံစားရ မည်နည်း။ ကျွန်တော် စဉ်းစားပါသည်။ ထို့ကြောင့် ပြောမည့် အချိန်ကို ကျွန်တော်ချင့်ချိန်နေရ၏။

ကျွန်တော်ကိုဖေသိန်းဆီက ကြားရသည်မှာ နံနက် ၇ နာရီခန့်၊ အင်းစိန်ကပြန်လာပြီး ကျွန်တော့်သားများကို တိတ်တိတ်ခေါ်၍ စစ်ဆေးပြီးသည်မှာ ချက်တုန်းပြုတ်တုန်း၊ သည်အချိန် ငွေ့ပြောလိုက်ပါက ကျွန်တော်တို့သည် နံနက် စာမှ ဖွ ကောင်းကောင်း ဟဲရတော့မည်မဟုတ်။ ထို့ကြောင့် ညစာစားပြီး လင်မယားနှစ်ယောက် အေးအေးဆေးဆေး ရှိတော့မှ သွားကြား ထိုးယင်း. . .

'ဟော့. . . မေ. . . ဒီနေ့ ထမင်းစားကောင်းလားကွ'

'ကောင်းတယ် မောင်၊ မနက်ကလဲကောင်း၊ ညစာလဲ ကောင်းတာဘဲ'

'အင်း. . . ဒါဖြင့် ငါတနေ့လုံးအောင့်ထားရတဲ့ မပြောယင် မဖြစ်တဲ့ကိစ္စ မင်း ငါပြောရ တော့မှာဘဲ'ဟု အစချီပြီး ဖြစ်ကြောင်းရဲ့ကုန်စင်ကို မယုံယင် မင်းသားတွေလဲ ခေါ်မေးကြည့်တော့ဟု ဖွင့်ဟလိုက်ပါတော့၏။

ကျွန်တော်ထင်တဲ့အတိုင်း မလွဲပါ။ သူသည် ခေတ္တငိုင်၍ ကြက်သေ သေသွားပြီးနောက် သောက်ရေခွက်ကိုကိုင်၍ ပေါက်လိုက်သည်။ ကြေးဖလားမို့ တော်ပါသေး၏။ ထိုနောက် ထမင်း စားပန်းကန် တချပ်ကို ပန်းကန်ပြားပျံအဖြစ်နှင့် ပြတင်းပေါက်မှ ပစ်လွှတ်လိုက်၏။ ပြီးလျှင် ကျန်ပန်းကန်များကို လက်ရွယ်ပြန်သည်နှင့် ကျွန်တော် သူ့လက်နှစ်ဖက်ကို ချုပ်ကိုင်လိုက် ရကာ. . . . .

'ဟော့. . . ဒေါပွယင် သည့်ပြင်နည်းပွစမ်းပါကွ၊ ဒီလိုတော့ မလုပ်စမ်းပါနဲ့၊ ခုနှယ် ပန်းကန်ခွက်ယောက်က ဝယ်ချင်တိုင်း ဝယ်ရတာ မဟုတ်ဘူး'

သည်တော့ သူအိမ်ရှေ့ထွက်သွားကာ ဧည့်ခန်းနံရံမှာ ချိတ်ထားသော ဓားလွယ်ကိုဖြုတ်၍ ဓားအိမ်မှဓားကို ဆွဲထုတ် သည်။ သူ့ကိုယ်သူခုတ်မည်လား၊ သို့မဟုတ် မည်သူ့ကို ခုတ်မည်နည်း။ မဟုတ်ပါ။ သူ ဓားရွယ်ပုံက နံရံတို့၊ တိုင်တို့၊ ဘီရိုတို့ကို ခုတ်ချေတော့မည်။

သစ်သားပစ္စည်း ရှားပါးချိန်မှာ ဒါလည်းမဖြစ်၊ ကျွန်တော်ပြေး၍ဆွဲကာ ဓားကိုအိမ်အောက်သို့ ပစ်ချလိုက်ရသည်။

ကျွန်တော့် မိန်းမသည် ဒေါသဖြစ်လျှင်စိတ်ကြမ်း ကိုယ်ကြမ်းဖြစ်သည်။ သူသည်အိပ်ခန်း ထဲသို့ ပြေးဝင်ကာ ကျွန်တော့် ခေါင်းအုံးအောက်မှာထားသော ဓားမြှောင်ကြီးကို ဓားအိမ်မှဆွဲထုတ်၍ ခေါင်းအုံး၊ မွေ့ရာတို့ကို ထိုးနေပြန်ချေသေးသည်။

‘မင်းဟာကလဲကွာ၊ ကိုယ်ဒေါသထွက်တာနဲ့ အိမ်ကပစ္စည်းတွေ ပျက်စီးရာပျက်စီးကြောင်း ချည်း မလုပ်စမ်းပါနဲ့၊ ဒီခေတ် က ပိုက်ဆံရှိတိုင်း ကိုယ်လိုချင်တာ ဝယ်ရတာမဟုတ်ဖူး ဆိုတာလဲ သတိထားစမ်းပါအုံး’

သည်တော့မှ သူ အိပ်ရာထဲပစ်လှဲ့ကာ စိတ်ကြီးမာန်ကြီးနှင့် ငိုပါလေတော့သည်။ အင်း မိန်းမပီပီ ငိုပေစေငိုပေစေ၊ ငိုတာဘာမျှအန္တရာယ်မရှိ။ ချော့လိုလည်းရဦးမည်မဟုတ်သေးသည်နှင့် ကျွန်တော်အိမ်ရှေ့ခန်းပြန်ထွက်ကာ စီးကရက် သောက်နေ လိုက်သည်။ နာရီဝက်မျှကြာသောအခါ မရွှေစာစကားဖန်လေးနှင့် ထွက်လာသည်။ ကျွန်တော့်ရှေ့ ဒူးထောက်ထိုင်ကာ ကျွန်တော့် ဒူးတွင် နဖူးတင်လျက်. . . .

‘မောင်ရယ်. . . . မေ့ သားလေးတော့ ရေတိမ်နစ်ပါပြီ’

‘အေးပါကွာ. . . . လူဆိုတာ ကိုယ့်ဘဝ ကိုယ်ဖန်တီးကြတာဘဲ။ မိဘက ဘယ်လောက် ကောင်းစေချင် ကောင်းစေချင် သူတို့က လိုက်နာအုံးမှကွ’

‘ကျမသားလေး ပညာတပိုင်းတစနဲ့ ဘယ့်နှယ့် လုပ်ပ့ါမလဲ’

‘အောင်မယ်လေး. . . လူ့ပြည်မှာ ဆယ်တန်းမှ မအောင်တဲ့ လူတွေ အပုံကြီးကွာ၊ နောက်တော့သူ့ဟာသူ လုပ်စရာ ပေါ်လာမှာပေါ့ ’

‘ပညာမပြည့်စုံတော့ အောက်ကျ နောက်ကျ ၊ တော်ကြာ အောက်တန်းစာရေးလောက်မှ မရတော့ခက်တာကို ပြောတာ မောင်ရဲ့’

‘ဒါတော့ သူ့ကံပေါ့ကွာ၊ သတ္တဝါတခု ကံတခုဘဲ၊ မင်းတို့ခရစ်ယန်လို့ပြောရယင် ဘုရားသခင် အလိုတော် အတိုင်းပေါ့ ကွာ. . . .’

အော်. . . . သည်လိုပြောလိုက်ပါမှ တမျိုးဖောက်လာ ပြန်တော့သည်။ သတိတရား နောင်တ ရလာဟန်နှင့် ဒူးထောက်ယင်း ကိုယ်ကို မတ်မတ်ရပ်၍ လက်သီးနှစ်လုံးကို မေးစေ့တွင် ကပ်လျက်. . . .

‘အို. . . . အဖဘုရားသခင် ဒီအိမ်ထောင်မှာ အပြစ်ရှိယင် ဘုရားကျမကိုသာ အပြစ်ပေး တော်မူပါ။ ကျွန်တော်မသားလေး ကို ချမ်းသာပေးတော်မူပါ၊ ဒီအပြစ်မှ လွှတ်တော်မူပါအရှင်’

ကဲ. . . . ကိုယ့်သား ကမြင်းကြောထတာကိုဘဲ အိမ်ထောင်နှင့်ကိုင်၍ သူတို့ဘုရားအား တိုင်တည်နေပြန်ချေသည်။ သူဖတ် လေ့ရှိတဲ့ အင်္ဂလိပ်ဝတ္ထုတွေထဲက ခရစ်ယန်ပုံ၊ ပူပုံပန်းခင်ဗျ။

ကျွန်တော် ခပ်ချဉ်ချဉ် ရှိလာသည်နှင့်. . . .

'တော်ကွာ. . . . မင်းဟာက မဆီမဆိုင်၊ မင်းသားကိစ္စ မင်းဘဲဆုံးဖြတ်ရမှာပေါ့ကွာ၊ ဘုရားသခင် ဆွဲမထည့်စမ်းပါနဲ့'

သည်တော့သူ အသံမာလာပြန်လျက်. . .

'မေ့ သားလေးကို ဒီအရွယ်နဲ့ ဘယ်နည်းနဲ့မှ မိန်းမ မပေးစားနိုင်သေးဘူး၊ ဒီကလေးဟာ အသက် ၁၈ နှစ် ပြည့်တာ မဟုတ်သေးဘူး'

ယင်း၌ ကျွန်တော်တခုတွေးမိ၍. . . .

'အေးကွယ်. . . ဒို့ဘက်က သမီးမိန်းကလေးဆိုလဲ အသက်မစေ့သေးဘူးဆိုပြီး တရားစွဲရရဲ့၊ ခုတော့ ကိုယ့်ဘက်ကသား ယောကျ်ားလေး ဖြစ်နေတာ တပူနာသကွာ' ဟုပြောမိရာ မရွှေစာက သူ့လွှမ်းခန်းဝယ် ဖေါက်ရမည်လားဟု. . . .

'ဒီမှာကိုရွှေမောင်၊ ဒါ အရွှမ်းဖေါက်စရာ မဟုတ်ဘူး'

'အေးပါကွာ. . . . ငါလဲ စကားဦးတည်ရာ ပြောမိတာပါ။ အော် တခုစဉ်းစားမိပြန်တယ်ဟေ့'

'ဘာလဲ'

'ဒို့သားငယ်သလို သူတို့သမီးကလဲငယ်တယ်၊ အသက် ၁၈ နှစ်၊ မပြည့်သေးဘူးဆိုယင် သူတို့ဘက်က တရားစွဲနိုင် တယ်ကွ'

'တရားစွဲတော့ သူတို့ချင်းကွဲ၊ သားကောင်းသေး၊ စွဲပါစေတော်. . . . '

'ဟင်း. . . . ကွဲရုံတင်မကဘူး၊ မင်းသား ထောင်ကျနိုင်တယ် '

'ကျပါစေတော်၊ ဒီလောက်မိုက်တဲ့ အကောင်မျိုး၊ ကြိုးဘဲပေးပစ်ပစ်၊ ဘယ်လိုဟာမမျိုးနဲ့ တွေ့ရတယ် မသိပါဘူး၊ ဘယ်လိုအမျိုးအစားများပါလိမ့်၊ ကျုပ်သားလေး ငယ်ငယ် မုန့်ပေးကြိုက် ရအောင်၊ အမိဖမ်းတယ် ဆိုရအောင်လဲ ဒီကခလေးမှာ ဟိုအရာရှိကြီးများ သားတွေလို မော်တော်ကား

နဲ့၊ ဒါမှမဟုတ် မော်တော်ဆိုင်ကယ် တဖုတ်ဖုတ်နဲ့၊ အိတ်ထဲ ငွေစက္ကူတွ အခေါက် လိုက်ထည့်လို့ဆိုလဲ ဟုတ်သေး၊ ခုတော့ အိမ်ကအကောင်မှာ အိတ်ထဲ ကျပ်တန်တရွတ်တောင် အနိုင်နိုင်ရယ်၊ ဘယ့်လိုဟာ မမျိုးနဲ့ အရေးတကြီး ဖြစ်ရတယ် မသိပါဘူး'

'ကဲ. . . . ဘယ်လိုဟာမမျိုးလဲ သိချင်ယင်၊ မင်းသားကြီး ခေါ်မေးကြည့်တော့ဟေ့ သူတွေ့ဘူးသတဲ့'

အိမ်က အကောင်တို့သည် သူတို့အမေ ဒေါ်သူပုန်ထနေသည်ကို အိမ်နောက်ဖေးမှာ ရှောင်တိမ်းနေကြသည်။ ဒီကလုမ်းခေါ်လိုက်မှ မျက်နှာလေးတွေ မသာမယာနှင့် ရောက်လာကြသည်။

မအေသည် သူ့သားကြီး မျက်နှာမြင်ရသော်၊ ဒေါသတွေ ပြန်ထွက်လာလျက်. . . .

'အနီ. . . . နင်ကပါ နင့်ညီဘက်က အလိုတူအလိုပါပေါ့ ဟုတ်လား၊ နင်တို့ ညီအကိုငါ့ကို သေအောင် နှိပ်စက်ကြတာ ပေါ့၊ မွေးခဲ့ကျွေးခဲ့တဲ့ အမေကို နှိပ်စက်ကြဟဲ့. . . . နှိပ်စက်ကြဟဲ့'ဟုဆို၍ သူ့ရင်ပတ်ကို စုံထုကာ ခုန်လေသော်၊ မအေကဲ့သို့ ဒေါသကြီးသော သူ့သားကလဲ. . .

'နိုငယ်လုပ်တာနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲဗျ'ဆိုပြီး ကျွန်တော့်စာရေးစာပွဲကို လက်ဝါးစောင်း ခုတ်လေရာ၊ အလို. . . ဘုရားရေ ခါးပတ်ပြာ အဆင့်ရှိသော သူ့ကရာတေးလက်ဝါးစောင်းက အုတ်ခဲ နှစ်ထပ်ဆင့်တောင် ထက်ပိုင်းပြတ်လေရာ၊ စားပွဲ ပေါ်တွင် ခင်းထားသည့် လက်သန်းလုံးခန့်ထူသည်။ မှန်မှာ အစိတ်စိတ်အမွှာအမွှာ ကွဲလေသတည်း။

ကျွန်တော် ဒေါသထောင်းကနဲထွက်ကာ၊ 'ဟေ့ ကောင် နင်တို့သားသမီး မကျေမနပ်ဖြစ်ကြတာနဲ့ ငါ့မှန် ဒီလိုလုပ်ရ ရောလားဟင်၊ ငါငွေကုန်ခံ သင်ပေးထားတဲ့ ပညာနဲ့ ဒါကျေးဇူးဆပ်တာလားကွ'

'ကျွန်တော် ရုတ်တရက်ယောင်ပြီး လုပ်မိတာပါ၊ လက်ကအကျင့်ပါနေလို့၊ ကျွန်တော်မှားသွားပါတယ် ဒက်ဒီရယ် '

'အေး. . . မင်းမှားတယ် ပြောတာကနောက်၊ အခုငါ့မှန်ကရစရာမရှိအောင် ကွဲကြေသွားပြီ၊ ခုနှယ် ဒါမျိုးတရာပေးလို့ ရမယ်ထင်သလား၊ မင်းတို့သားသမီးချင်း ကြိုက်သလောက် ဒေါ်ပွကြ၊ အိမ်ကပစ္စည်းတော့ ဘာမှမထိကြနဲ့တော့ဟေ့'

ကျွန်တော်သည် ယခုမှ တကယ်ဒေါပွကာ၊ ထမင်းစားခန်းထဲဝင်ပြီး အရက်ပုလင်းပြန်ကိုင်တော့သည်။ သူတို့သားအမိ ချင်း စကားများကျန်ခဲ့သည်။

'ငယ်ငယ် ခု ဘယ်မှာလဲ'

'ခင်မောင်ဦး ငယ်မည်က နီကြီး၊ ခင်မောင်စိုးက နီငယ်မို့' သူ့သားကြီးကို 'အနီ'၊ သားငယ်ကို 'ငယ်ငယ်'ဟု ခေါ်သည်။

'မန္တလေးကို စာမေးပွဲဖြေရအောင်၊ ပြန်သွားပြီ'

'သူ့ဟာမကော'

'၈ မိုင်မှာ'

'ဘယ်သူ့ အိမ်မှာနေလဲ'

'သူ့ မိတ်ဆွေအိမ်၊ ဆွေမျိုးအိမ်ဆိုလားဘဲ'

'ဟင်. . . . ဒါဖြင့် ငါ့သားလေးကို ဒင်းကခိုးတာပေါ့'

'မဟုတ်ပါဘူး'

'ဟဲ့ ဘယ့်နှယ့် မဟုတ်ရမှာလဲ၊ ငါ့သားကခိုးတယ်ဆိုယင်၊ တို့ဘက်က ဆွေမျိုးမိတ်ဆွေအိမ် ဖြစ်ရမှာပေါ့'

'အစဦး ငယ်ငယ်က ကန်တော်လေးက အယ်လင်အိမ်ခေါ်သွားတာ၊ နောက်ငယ်ငယ် မန္တလေးပြန်တော့ ကောင်မလေး တယောက်ထဲ အယ်လင်အိမ်မှာ မဖြစ်ဘူးဆိုပြီး၊ ၈ မိုင်ကအိမ်ကို ပြောင်းသွားတာ'

'အဲဒီ့ ၈ မိုင်အိမ်ကို နင်သိလား'

'သားဖြစ်သူက မပြောဘဲနေရာ. . . . '

'ဟဲ့ အနီ၊ ငါမေးနေတာ နင်မကြားဘူးလား'

ဟိုကောင်က ဖွတ်ပေနေပြန်၍ ကျွန်တော်က အိမ်ရှေ့ခန်းပြန်ထွက်လာခဲ့ကာ၊ 'ဟေ့ မင်းက ဒီ၈မိုင် အိမ်မေးနေတာ သိတော့ ဘာလုပ်မလို့လဲ၊ မင်းချွေးမ သွားခေါ်တော့မလို့လား'

'အောင်မယ် ဒီဟာမမျိုး အိမ်ပေါ်အတက်ခံဖို့ ဝေးပါသေးရဲ့ ကျုပ်သားလေး ငယ်ငယ် ဖျက်လိုဖျက်ဆီး လုပ်ရပါမို့လား ဆိုပြီး သွားရိုက်ချင်လို့ မေးနေတာ'

'အောင်မယ်. . . . အာဂပါလားဟဲ့၊ သူများအိမ်သွားပြီး သူများသမီးရိုက်ချင်လို့ ဖြစ်မလား။ ကိုယ့်သားတော့ ဆုံးမဖို့ စိတ်မကူးဘူး'

'အိမ်ကအကောင်လဲ မွန္တလေးကပြန်လာတော့ သိမပေါ့လေ'

'နင့်သားပြန်လာတော့ နင့်အိမ်မလာဘဲ သူ့မယားဆီသွားမှာပေါ့'

'အဲဒီတော့ မိမေတို့ ဘယ်လိုလဲဆိုတာ သိကြရောပေါ့လေ၊ အတင်းကို ဆွဲမချတော့ ပြောချင်ညှင်းပြော'

'မပြောချင်ပါဘူးဗျာ၊ မပြောပရစေနဲ့ ကဲသည်တော့ ဒီလိုလုပ်၊ မနက်ဖန်ကျတော့ မင်းသားဆီစာရေး၊ မင်းတို့ဖြစ်တာ မာမီတို့အားလုံးသိပြီ၊ စိတ်အေးလက်အေးနဲ့သာ စာမေးပွဲသာ ကောင်းကောင်းဖြေ၊ စာမေးပွဲပြီးယင် မိန်းကလေးဆီမသွားဘဲ အိမ် ကိုတန်းပြန်ခဲ့၊ ဒီရောက်မှ အစစအရာရာ တိုင်ပင်ပြီး စီမံမယ်လို့. . . . '

'အို. . . မောင်ရယ် မေ့သားကို မိန်းမမပေးစားနိုင်သေးဘူး'

'အေးလေ. . . . ပေးစားတာ မပေးစားတာက နောက်၊ ကိုယ့်သားကိုယ့်ဆီ ပြန်ရောက်ဖို့က ပထမ အရေးကြီးတယ် မဟုတ်လား၊ လူငယ်ချင်း ချစ်ခြင်းခွင်းတယ် ဆိုတာလဲမကောင်းပါဘူး၊ ငါ့သဘောကတော့ သူတို့ချင်း ကြိုက်ကြတယ်ဆိုယင် နူနူ ဝဲဝဲယူကြပစေ၊ နက်ဖြန်ကျ မင်းအကို မင်းအများနဲ့လဲ သွားတိုင်ပင်အုံး'

အလုံတွင် သူ့အကိုအရင်းနှင့် အမရင်းများရှိသည်။ စိတ်ချင်းသည် သူနှင့်မတူချေ။ အရေးအခင်းတခုခုကြုံလျှင် စိတ်အေးအေးနှင့် ခေါင်းအေးအေး ထားတတ်ကြသူများဖြစ်သည်။

မိရွှေမေသည် ထို့နေညဌ် သူ့သားအငယ်သုံးလေးနှစ် အရွယ်က ဓာတ်ပုံလေးတွေကြည့်ကာ တော်တော် ငိုပစ်လိုက် သည်။ အော် မိခင်များသောကကြီးပါဘိခြင်း။

ကျွန်တော်ကားကိုယ့်သားဘက်ချည်း မကြည့်နိုင်၊ ကိုယ့်မှာသမီးလေးတွေကလည်းရှိတော့ ဟိုမိန်းကလေးဘက်ကိုလည်း စဉ်းစားကြည့်သည်။ သားရှင်ကပင် ဒီလောက်ဖြစ်နေလျှင် သမီးမိန်းကလေးမိဘမောင်ဘွားများ ပသို့ရှိအံ့နည်း။

အော် အချိန်တန်အရွယ်ရောက်တော့ သမီးရည်းစားရယ်လို့ထားကြ၊ မနေနိုင်လို့ထားကြတာတော့ တားမဖြစ်ဘူးလေ။ သို့သော် ပညာမစုံ အခါမသင့်သေးဘဲနဲ့ ဒီလိုခရီးလွန်ကြတယ်ဆိုတော့ မိဘများဘယ်လောက် သောကရောက်ကြရသလဲ။ သားသမီးများ နောင်ရေးလဲ စိတ်မအေးရ။ အထူးသဖြင့် မိန်းကလေးဘက်ကသိပ်ပြီး သတိထားဖို့ကောင်းတယ်။ 'ဆူးကျလဲ ဖက်ပေါက်တယ်၊ ဖက်ကျလဲ ဖက်ဘဲပေါက်တယ်'။ မြန်မာလူမျိုး မိန်းကလေးများနဲ့ အင်မတန်ဆီလျော်တဲ့စကား။

ဤသားကိစ္စမှာ ကျွန်တော့် သဘောထားကတော့ မည်သူကိုမျှ အရှက်တကွဲ အကျိုးနဲဖြစ်အောင် မလုပ်လို။ ဟိုဘက်က သဘောမတူဘူးဆိုတောင် ကိုယ့်သားနှင့်ချွေးမ အိမ်ခေါ်ထားလိုက်မည်။ မေ စိတ်အေးသွားသောအခါ သူ့ကိုနားချရမည်။ သို့သော်. . .

အောင်မလေးဗျာ. . . . မိမေတို့ ဖြစ်လာကြပြန်တော့လဲ ကျွန်တော်စကားတလုံးမျှ ပြောစရာမလိုတော့ပါချေ။

ကျွန်တော့်ဇနီးစိတ်ဓါတ်ကား ကြမ်းတမ်းလျှင် ငမန်းလွှ၊ နူးညံ့လျှင် ဂွမ်းစ ဟုဆိုရအံ့ထင်သည်။ နောက်တနေ့နံနက် သူ အလုံသို့ ထွက်သွားပြီး ညနေပြန်ရောက်လာသောအခါ သူ့မျက်နှာမှာ ထီပေါက်လာသလို. . . .

'မောင်ရေ. . . . ကောင်မလေးကသနားစရာ၊ သူ့မျက်နှာက ချစ်စရာလေး'

ကျွန်တော်မှာ ရုတ်တရက်အပြောင်းအလဲ မြန်လှပုံကို ကြည့်ယင်း ဟင်းကောင်းစားရတော့မလို တံတွေးသီးသွားပြီး. . .

'အေ. . . . တခါဖြင့် ခက်ကြပြီပေါ့'

'ခင်ဆွေဦးနဲ့ တူတယ်၊ ခင်ဆွေဦးလိုဘဲ အသားဖြူဖြူ၊ မျက်လုံးရွဲရွဲ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းလုံးလုံးလေးနဲ့'

သူသည် ဆရာကြီးမဟာဆွေသမီး ခင်ဆွေဦးကို အပျိုပေါက်ကလေးတုန်းက မြင်ဘူးသည်။

'အေး. . . ခင်ဆွေဦးနဲ့တူယင် လှသပေါ့ကွာ'

'လှရုံတင်မကဘူး သဘောသကာလဲယ ကောင်းပုံပေါ်တယ်' ပျံတံတံ၊ နံ့တံ့တံ့ထဲက မဟုတ်ဘူး၊ ကျေနွေလဲ ရှိတယ်'

'ဟယ်. . . တယ်စာတဲ့ဆိုပါလား၊ မင်းဘယ်မှာတွေ့ခဲ့လို့တုန်း'

'မမွန်နဲ့ သူတို့အိမ်ကိုသွားကြတယ်'

'အလို. . . သူတို့အိမ်က ဘယ်မှာလဲ၊ ဘယ်သူက သိနေလို့တုန်း'

'မောင်မောင်က ငယ်ငယ်နဲ့ရောက်ဖူးနေတာ၊ မောင်မောင်ဘဲ လိုက်ပို့တယ်'

မောင်မောင်ကား သူ့မမွန်၏ သားကြီးသြရသ။

'ကောင်မလေးအမေကလဲ သဘောကောင်းပါတယ်'

'အေး. . . . ကောင်းဟဲ့. . . . '

'နို့ပြီး မေတို့လို ခရစ်ယန်ဘဲ့. . . '

'ဟယ်. . . . တံခွန်နဲ့ ကုက္ကားချည်းပါလားဟဲ့'ဆိုပြီး၊ ကျနော်သည် အနီး၌ပြုံးစေ့စေ့နှင့် နေသော သားတကောင်အား မျက်စိမှိတ်ပြလိုက်ပြီး ခပ်ထန်ထန်အသံနှင့်. . . . .

'ဟေ့. . . အနီ၊ မင်း ဒီကောင်မလေးနေတဲ့ ၈ မိုင် အိမ်ကို သိတယ် မဟုတ်လား'

'အောင်မလေး. . . ဒီဟာမမျိုး ငါ့အိမ်ပေါ် အတက်မခံသေးဘူး၊ ငါ့သားလေးငယ်ငယ် ဖျက်လိုဖျက်ဆီး လုပ်ရမလားဆိုပြီး သွားရိုက်ချင်လို့ကွ၊ မင်းတို့ ငါ့စိတ်လဲ သိတယ်မဟုတ်လား'

သည်အခါ၊ မရွှေမေသည် ကျွန်တော့်ကို ပွတ်သီးပွတ်သက်လုပ်လာကာ. . .

'အို. . . မောင်ကလဲ မေစိတ်ဆိုးတုန်းပြောမိတာဘဲ၊ အခုတော့ သမီးချင်းလဲ စာပါတယ်၊ မိန်းမချင်းလဲ ကိုယ်ချင်းစာပါ တယ်. . . . '

'အေ စောစောကသာ စာတတ်မယ်ဆိုယင်၊ ပန်းကန်ပြားပုံလဲ ပြတင်းပေါက်က ထွက်မှာမဟုတ်ဖူး၊ မွေ့ရာနဲ့ ခေါင်းအုံး တွေနဲ့ ခါးမြှောင်ရာနဲ့ ပေါက်ကုန်မှာ မဟုတ်ဖူး၊ ငါစာရေး စာပွဲကမှန်ကြီးလဲကွဲမှာ မဟုတ်ဖူး၊ နို့ ခုဒီမိန်းကလေးက ၈ မိုင်က အိမ်မှာမဟုတ်တော့ ဘူးလား. . . . '

'ငယ်ငယ်က သူပြန်လာယင်၊ မိဘတွေပြောပြီးလာ တောင်းမယ်ဆိုလို့ သူ့အမေအိမ် ပြန်ရောက်နေပြီ'

'သူ့အမေအိမ်က ဘယ်မှာလဲ'

'၃၄ လမ်း အိတ်ဆယ်စီယာရုံနောက်နားမှာ အော်မောင်ရယ် သူတို့နေရတာက ၄ ထပ်အပေါ်ဆုံးထပ်၊ လူတွေကများ ပြီး အခန်းလေးကသိပ်ကျဉ်းတာဘဲ'

'အေး. . . မင်းဘာဆိုလိုတာလဲ ငါနားလည်ပါတယ်ကွာ။ မင်းကြိုက်သလိုသာ စီမံတော့။ နို့ အလုံက မင်းအကိုနဲ့ အမက ဘာပြောသေးထ'

'ဖြစ်မိမှဖြင့် လက်ထပ်ပေးလိုက်ရုံပေါ့တဲ့'

'အင်း. . . ကောင်းပါတယ်ကွာ၊ နို့ မင်းသားပညာရေးကော'

'ကျောင်းဖွင့်တော့ မန္တလေးပြန်သွားပေါ့၊ ကိုတူးကပြောတယ်၊ သူမလှမြင့်နဲ့ လက်ထပ်တုန်း ကလဲ ဒီလို အင်တာဘီမှာ ဘဲတဲ့'

'ဟင်. . . . ဒါဖြင့် မင်းတို့ကမျိုးနဲ့ပါလား'

'မောင်ကလဲ အကောင်းပြောနေတာ၊ နောက်တော့ ဒီလို ဘီ–အက်စ်–စီ အောင်အောင် ကြိုးစားတာဘဲတဲ့'

ကိုတူးဆိုသည်မှာ မေ့အကို ထိုစဉ်က အလုံတွင်သစ်တောဝန် ဦးခင်မောင်အေး၊ ယခုကွယ်လွန်ခဲ့ပြီ၊ ဖြစ်သမျှကို စိတ်ချမ်းသာအောင် ဆောင်ရွက်တတ်သူဖြစ်သည်။

'အေး. . . မင်းသားက မင်းအကိုလို အိမ်ထောင်တန်းလန်းနဲ့ စားကြိုးစားယင် ကောင်းတာပေါ့ကွာ'

'ကြိုးစားရမှာပေါ့ မောင်ရာ'

'အေး. . . အေး၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့'

သူတို့မင်္ဂလာဆောင်အတွက် ဘာအခမ်းအနားမျှ မလုပ်နိုင်၊ ထုတ်စရာလည်း ငွေကြေးကမရှိ၊ ရှိသည့်တိုင် မိတ်ဆွေ သင်္ဂဟကိုဒုက္ခပေးသော ကိစ္စမျိုး၊ ကျွန်တော်တို့စီမံမည်မဟုတ်။ ဒင်းတို့ချင်း ညားရပြီးတာဘဲ မဟုတ်လား။

ခင်မောင်စိုး မန္တလေးမှပြန်ရောက်သောအခါ ကျွန်တော်တို့က လင်မယားနှစ်ယောက်၊ မိန်းကလေးဘက်က သူ့အမေနှင့် အကိုတယောက်။ စုစုပေါင်း ကျွန်တော်တို့ ၆ ယောက်၊ အလုံရှိ ခရစ်ယန်သင်းအုပ် ဆရာအိမ်သို့ သွား၍ လက်ထပ် ပေးလိုက်ပြီး ချွေးမကို ကျွန်တော့်အိမ်

ခေါ်လာခဲ့ကာ အိမ်မှာ ညှော်လာသောင်လာ အပိုဆောင်ထားသော ခြင်ထောင်၊ စောင်၊ ခေါင်းအုံးများ ခွဲဝေပေးလိုက်ရသည်။ ဘာတခုမျှ အသစ်ဝယ်မပေးနိုင်။

'ဟော့ကောင်တွေ ပညာရအောင်သင်၊ အလုပ်မရခင်အိမ်ပေါ် ချွေးမတော့ ခေါ်မလာခဲ့နဲ့ကွ'ဟု သားလေးကောင်ကို တဖွဖွပြောခဲ့သော ကျွန်တော့်စကားသည် ယခုတထစ်လျှော့လိုက်ရပြီ။ အော်. . . . ဖြစ်လာပြန်တော့လဲ မိဘဟူသည် မစိမ်းရက် နိုင်ပါတကား။

အင်း. . . . သားကိုစွ၊ ကြားစက အင်မတန် ဒေါ်ထခဲ့သော ကျုပ်မိန်းမကတော့ ချွေးမအိမ်ပေါ် ရောက်တယ်ဆိုတာဘဲ၊ နောက် ၄ လကြာယင် မွေးတော့မယ် သူ့မြေးဖို့တဲ့ဗျ။ ကျွန်တော့်ဆွယ်တာဟောင်းတထည် ဖျက်ပြီး(သိုးမွေးသစ်ကလဲ မဝယ်နိုင်ဘဲကိုး) ကလေးဖို့ ခြေအိတ်တဲ့၊ ခေါင်းစွပ်တဲ့ ထိုးပါလေရောဗျား။

အော်. . . တခါတရံ သူတို့သားအမိ သမီးယောက်ခမတွေ အကြည်စိုက်နေကြပြီ ဆိုယင် ကျွန်တော်က အော်တတ်တယ်

'ဟေ့ . . . . ငါ့စာပွဲတင် မှန်လဲ ရော်ပေးကြအုံးဟဲ့'

## ခင်မောင်စိုး၏ ပညာရေး

ခင်မောင်စိုးသည် ရန်ကုန်ပြန်လာပြီး၊ မိန်းမခိုးထားခဲ့၍ စာမေးပွဲဖြေရန် မန္တလေးသို့ ပြန်သွား သည်ဟု ဆိုခဲ့သည်။ စင်စစ်တော့ သူစာမေးပွဲ ဖြေခွင့်မရပေ။ အဘယ်ကြောင့်ဆိုသော် ကျောင်းတက် ရက် မပြည့်လို့တဲ့။

မန္တလေး တက္ကသိုလ်၌ ကျောင်းဘော်ဒါ သွားထားပါလျက်၊ ကျောင်းတက်ရက် မပြည့်ရသည့် အကြောင်းကား သူ့အား မိဘနှစ်ပါးက ဘာမျှအထူးအထွေ မေးနေစရာ မလိုတော့ပေ။ ရန်ကုန်မှာ ရည်းစားထားပြီး မန္တလေးနှင့် ကူးကလန် ခတ်နေသော ကြောင့်သာ ဖြစ်ပေမည်။ ဒါကို သူ့အကို ခင်မောင်ဦးလည်း စောစောစီးစီးကဘဲ သိပေမည်။ သူ့ညီသွားရပြန်ရ၊ မိန်းမခိုးရသည့် ကိစ္စလည်း သူကူညီပေမည်။ အကြောင်းမှာ ဂျာမဏီပြည်မှ ကျွန်တော် ဝယ်လာခဲ့၍ သူတို့ကို တယောက်တလုံးစီ ပေးထားသော နာရီများက ခင်မောင်စိုး မိန်းမမူပြီးသောအခါ၌ သူတို့နှစ်ယောက်စလုံးတွင် မရှိတော့ချေ။

တယောက်အပေါ် တယောက် တော်တော်ကောင်းကြသော ညီအကိုနှစ်ယောက်။

ယင်း၌ ခင်မောင်စိုးသည် မန္တလေးသို့ ၂ နှစ်ကျောင်းသွားနေခဲ့ရာ၊ တနှစ်သာ အရာ ရောက်ခဲ့၍ ဥပမာ (က)ကိုသာ အောင်တော့သည်။ ထို့ကြောင့် သူ့အားနောက်ထပ် မန္တလေးသို့ ကျောင်းဆက်ထားသင့်၊ မိဘများက ဆက်ထားနိုင်၊ မထားနိုင်၊ စဉ်းစားရသည်။ အဖြေနှစ်ခုလုံးက တပြိုင်တည်းထွက်လာသည်။

သူနှစ်စဉ် အတန်းမှန်မှန် တက်သွားသည့် တိုင်အောင် ဘွဲ့ရဖို့ သုံးနှစ်ကျန်သေးသည်။ ဤသုံးနှစ်ကာလမှာ သူ့ကျောင်း စရိတ်သာမက အိမ်က သူ့မယားနှင့် မွေးဖွားသည့် ကလေးတွေကိုပါ ကျွေးမွေးထားရမည် ဖြစ်သောကြောင့် စာရေးမှ ထမင်းစားရသော မိဘနှစ်ပါးသည် မတတ်နိုင်။ ရန်ကုန်တက္ကသိုလ်တွင်ဆိုပါက အိမ်မှာထမင်းစား၍ ကျောင်းသို့ ခြေကျင်သွားနိုင်သည်ဖြစ် သောကြောင့် ပြဿနာ ပြေလည်နိုင်သည်။ ယခုကား ထိုစဉ်က ပညာရေးဌာန၏စီမံကိန်းအရ မန္တလေးပို့ခြင်းခံရသူ၊ ရန်ကုန် တက္ကသိုလ်တွင် နေခွင့်မရသော ကြောင့် ဒီကောင်၏ ပညာရေးမှာ ဘယုသုက္က ဖြစ်ရလေ၏။ အစိုးရဌာနတခုခု အလုပ်ရမှသာလျှင် ညကျောင်း သက်ကြီးတက္ကသိုလ်တွင် ပညာသင်ခွင့်ရလေသောကြောင့်၊ ကဲ. . . ငါ့သား မင်းအလုပ်တခုခုရအောင် ရှာပေရော့၊ အဲဒီအလုပ်ရတော့ မင်းသက်ကြီးတက္ကသိုလ် ဆက်နေချင်လဲနေ၊ မနေချင်လဲ မင်းသားမယားတော့ မင်းထမင်းကျွေးနိုင်ရမပေါ့။

သို့သော် အများသိတော်မူကြသည့်အတိုင်း သည်ခေတ်ကြီးမှာက တက္ကသိုလ်ဒီဂရီ အပြည့် အဝရသူရော၊ မရသူပါ အလုပ်တခုခုရဖို့က အလွန်ခဲယဉ်းရကား၊ ခင်မောင်စိုးသည် အလုပ်သမား မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးသည့်နောက် ကျောင်းသားလည်း မဟုတ်တော့ သော အလုပ်လက်မဲ့ အိမ်ထောင်ရှင်။

သို့သော် ဒီကောင်သည် မိဘလုပ်သူ ကျွန်တော်တို့က ကျိုကျိုတက် ချမ်းသာနေသည်ဟု အောက်မေ့လေသလားမသိ။ တနည်းနည်းအားဖြင့် ခေတ်အလျောက်ဝင်ငွေရဖို့ မကြိုးစား၊ သူ၏ များပြားသော အပေါင်းအသင်းများနှင့် လပ်ယားလပ်ယားသာ နေသည်။ သူ့အလုပ်ကား ပိုက်ဆံတပြားမှ မရဘဲနှင့် အချိန်ကုန်သည့် ဘော်လီဘော ပုတ်ခြင်း၊ ဂစ်တာတီးခြင်း။

'အေး. . . . ဘော်လီဘောလေး သွားပုတ်လိုက်၊ အိမ်မှာနေ ဂစ်တာလေးတီးလိုက်၊ စားချိန်တန်စားလိုက်၊ အိပ်ချိန်တန် အိပ်လိုက်နဲ့ တယ်ဖိမ်ရှိနေပေါ့ကွာ၊ မယားယူပြီးတော့ ကလေး တယောက် ရနေပြီ၊ ပိုက်ဆံတပြားမှတော့ ရအောင် မရှာတတ်ဘူး'

ဒီသားကို စိတ်တိုင်းမကျဖြစ်၍ တနေ့သ၌ ကျွန်တော်က ညည်းညူစကား ပြောမိလေရာ၊ သူ့မအကြီးက. . .

'တိုးတိုးပြောပါ မောင်ရယ်၊ ကောင်မလေးကြားယင် စိတ်ဆင်းရဲပါမယ်၊ ခမျာလေး သွေးနုသားနုနဲ့' ဟု သူ့ချွေးမ အတွက် ကာကွယ်ပြောလေတော့၊ ကျွန်တော့် နှုတ်မှ. . . .

'အေး. . . . အေး. . . . အေ. . . .'

'အေး'မှ သည်'အေ'ထိအောင် ကျွန်တော့် နှုတ်သံသည် တိမ်သွားရသည်။ ဟုတ်ပါသည်။ သားမိုက်တာနှင့် ချွေးမလေး စိတ်ကို မထိခိုက်စေလိုပါ။

'အခု သူတို့အတွက် စိတ်ပူမနေနဲ့တော့၊ ကျောင်းဆက်မနေ ရပေမယ့် ကိစ္စမရှိပါဘူး၊ အလုပ်ကောင်းကောင်း ရတော့ မှာဘဲ သူ့အမေကြီးက ဆက်ပြောသဖြင့်. . . .

'ဘယ်မှာလဲ ၈၂ ကျပ်စားလား၊ ၁၂၆ ကျပ် ကြီးများတောင်လား၊ ငါးပိရည် ဟင်းရွက်ပြုတ်နဲ့ ချဉ်ပတ်တို့စရာတွေ တဝကြီး စားရတော့မှာလား'

'မောင်ကလဲ နားထောင်ပါဦး၊ မောင့်ကို မပြောရသေးဘူး သူ့ဦးလေးတူးက သူ့တူကို သူတို့သစ်တောဘက် သွင်းပေးမ လို့တဲ့'

'ခုခေတ်ကြီးမှာက ကိုယ့်တူကိုယ်သားရယ်လို့ အလုပ်သွင်းပေးချင်တိုင်း ရရောတဲ့လား'

'ဒီနှစ် သစ်တောဘက်မှာက သစ်တောကျောင်းတက်ဖို့ ကျောင်းသားတွေ ခေါ်ထားတယ်လေ၊ အသက် ၂၀ အောက် ၉ တန်း အောင်ယင် လျှောက်နိုင်တယ်'

'လူကဘယ်နှစ်ယောက် ရွေးမှာတဲ့လဲ'

'၆ ယောက်. . . .'

'ဟင်း. . . ခြောက်ယောက်လောက် လျှောက်မှာမြင်ယောင်သေးတော့'

'ဒါက ဘာအရေးလဲ ကိုတူးတယောက်လုံး ရှိနေတာဘဲ. . . .'

ကိုတူးဆိုသူမှာ မေ့အကို ဦးခင်မောင်အေး(ကွယ်လွန်) ထိုစဉ်က သစ်တောဝန်။

'နို့ပြီး ဘာမှမျက်နှာလိုက်ရာလဲ မကျနိုင်ဘူး။ အသက် ၂၀ အောက် ၉ တန်းအောင်ကို ခေါ်ထားတာ၊ ဒီကအသက် ၁၈ နှစ်နဲ့ အင်တာဒုတိယနှစ် ရောက်နေတာဘဲ။ နို့ပြီး ကိုတူးပြောတာက

သစ်တောဘက်က သည့်ပြင်ဟာတွေထက် ကျန်းမာရေးနဲ့ ကိုယ်လုံးကိုယ် ပေါက်ကြဲ့ခိုင်တာကို သိပ်ရွေးတာတဲ့။ ဒါကြောင့် သူ့တူကြီးနဲ့ အနက်ကိုက်ဘဲတဲ့၊ ရမှာသေချာပါ တယ် တဲ့. . . . '

သည်လိုဆိုယင်ဖြင့် ကျွန်တော့်သား ကိုယ်လုံးကိုယ်ထည်ကြီးကတော့ ဘာမျှပြောစရာမရှိ၊ အသက် ၁၈ နှစ်နှင့် ၅ ပေ ၁၀ လက်မ ကျော်နေပါသည်။ ဘောလုံးကန်သည်။ ဘောလီဘော ပုတ်သည်။ အာကီဒို့ကာရတေးလေ့ကျင့်နေသည်၊ သည့်ပြင်နေရာမှာ ဘယ်လောက် သောက်သုံးမကျ ကျကျ ကာယဗလဘက်မှာတော့ ကျွန်တော့်သားအတွက် ကျွန်တော်အားတက် ရပါ သည်။

'အေးဟေ့၊ ကဲ. . . အဲသည် သစ်တောကျောင်း တက်ခွင့်ရတော့ ဘယ်တော့ ဘာဖြစ်ရမှာ တုန်း'

'၂ နှစ် ထရိန်နင်ယူရတယ်၊ ထရိန်နင်ယူတုန်းမှာ လစာ ၁၂၆ ကျပ်ရမယ်၊ တောတက်ရ ယင် ခရီးစရိတ်ရမယ်၊ အဲ. . . နောက်တော့ တောအုပ်ဖြစ်မယ်'

'အင်း. . . . ကောင်းပေ့ကွာ၊ အဲဒါရအောင် လုပ်ပစေဟေ့ တဖက်ဖက်ကဟော့ အသက်ရှူ ပေါက်ကလေး ချောင်ဖို့ရှိအုံးမှ သဲကွ'

သည်ခေတ်အလုပ်တခုလျှောက်ရသည်က လွယ်သည်မဟုတ် ရပ်ကွက်က ငါးဦးကော်မီတီ နှင့် သက်ဆိုင်ရာဒေသစိတ် လ အ က ၏ထောက်ခံစာတွေ ပထမရအောင် ယူရသည်။ ပြီးမှ သစ်တောရုံးမှ လျှောက်လွှာပုံစံနှင့်ပူးတွဲ၍ မေမြို့သစ်တောကျောင်း သို့လျှောက်ရသည်။ သူ့ဦးလေး သစ်တောအရာရှိကြီး၏ မျက်နှာဖြင့် အင်တာဗြူးခေါ်မှာတော့ သေချာပါသည်။

သစ်တောဘက်တွင် မည်သည်များကို မည်သို့မေးမြန်းတတ်၍ မည်သည်က မည်မျှအရေးကြီး ကြောင်း သူ့ဦးလေးက ပြောပြထားသည်။ ဘာတွေ ဘာတွေ ကြိုးစားပြင်ဆင် ထားရမည်လည်း ညွှန်ကြားထားသည်။

ဟုတ်ကဲ့. . . . မျှော်လင့်ထားသည့်အတိုင်းဘဲ အင်တာဗြူးခေါ်ပါပြီ။

ကဲ သားကြီးရေ့၊ ဒီတချီတော့ ကြိုးစားလိုက်စမ်းကွဲ့။

အိပ်ရာလိပ် လိပ်၊ အသွားအပြန်စရိတ်အပြင် အပိုသုံးဖို့ပါယူသွား။(လက်ကောက်ကလေး တကွင်း ပေါင်ပေး လိုက်တယ်)။

မန္တလေးရောက်ယင် ဆရာ မြမျိုးလွင်အိမ်မှာတည်း၊ မေမြို့ရောက်တော့ သူ့ဦးလေးတူး စာရေးပေးလိုက်တဲ့ သစ်တော ကျောင်းအုပ်ကြီး အိမ် သွား။

သွားခါနီး မေ့သားကြီးကိုတဲ့ မှာလိုက်တယ်

သူ့သားသွားခါနီး၌ ထမင်းစားနေစဉ်၊ သူ့အမေမှာကြားလိုက်သည့်စကားများ ကျွန်တော့် နားထဲ ယခုတိုင် ကြားယောင် ဝနေပါသည်။

'သားရယ် မင်း ခုသွားတော့ယင်လေ မေမြို့မှာဖြစ်ဖြစ် မန္တလေးမှာဖြစ်ဖြစ် သူများအိမ်မှာ ဘယ်တော့မှ ထမင်း ဝအောင် မစားပါနဲ့၊ အိမ်ရှင်များ စားသလောက်သာကြည့်စား၊ ပြီးတော့မှ ဆိုင်သွားဝယ်စားနော်၊ ဒါကြောင့်လဲ ပိုက်ဆံအပို ပေးလိုက်တာဘဲ'

ထိုစဉ် ၁၉၆၅ ခုနှစ် မန္တလေး မေမြို့မှာက ဆန်တပြည် ၇ ကျပ်ကျော်နေရာ ဤသို့ သူ့ အမေကသူ့သားအား မှာကြား နေသည်မှာများစွာ လျော်ကန်သင့်မြတ်လှ၏။ အကြောင်းမှာ သူ့သားသည် ဆန်နို့ဆီဗူး ၃ လုံး ချက်လောက်ကို အေးအေးလေး လွေးပစ်၏။ ဆရာ မြမျိုးလွင် လင်မယား နှစ်ရက်စာလောက်ကို သူတနပ်ထဲနှင့် ချွတ်ပစ်မည်ဖြစ်၏။ သည်တော့ ဒီခေတ်ကြီးမှာ သူစိမ်းအိမ်တွင် ရှက်ဖို့ကောင်း၏။ ရှက်စရာအိမ် မဟုတ်တောင် အားနာဖို့ကောင်း၏။ အင်း ခြေရာတထောင် ငမဲခေါင်ကို မွေးမိ သည်ကိုဗျ။

ကျွန်တော့်ကိုလည်း ပြောသေး၏။

'မောင်ရယ် အခုသစ်တောဘက် တန်းရသွားမယ်ဆိုယင် ကျောင်းမှာဆက်နေတာထက် ကောင်းသွားတာပေါ့နော်၊ ခုနှယ် ဘီအေ၊ ဘီအက်စ်စီ အောင်ပြီးတွေတောင်မှ အောက်တန်း စာရေး ရဖို့က ခဲယဉ်းနေတာဘဲ'

'အေးကွာ အဆိုးထဲက အကောင်းဖြစ်ပါစေ ဆုတောင်းရသပေါ့'

သို့သော် မဖြစ်ပါချေ။ အိမ်က ထွက်သွားပြီး ၁၀ ရက်မျှ အကြာ၌ ပြန်ရောက်လာသည်။ မအောင်ခဲ့ပါ။ မအောင်ခဲ့တာ အလွန်အသည်းနာစရာ ကောင်း၏။ အခြားဟာတွေအားလုံး ဟန်ကျပြီး အပြေးပြိုင်တာမှ ဆဌမမှ မချိတ်လို့ပါတဲ့ ခင်ဗျာ။

အင်း. . . . ထမင်းတနပ် ဆန်နို့ဆီဗူး ၃ လုံး စားတဲ့ အရပ် ၅ပေ ၁၀လက်မကျော်ရှိတဲ့ ခန္ဓာကိုယ်ကြီး ဒါမျိုးမှမစွံတော့ ရင်နာစရာမကောင်းပါလား ခင်ဗျာ။ သူ့ခြေတလှမ်းဟာ သူများ တလမ်းခွဲစာရှိနေတဲ့ဟာ ဘာ့ကြောင့်မနိုင်ရပါသနည်း။

အလုံမှ သူ့ဦးလေးတူး ရောက်လာသည်။ ကျွန်တော့်ဇနီးက သူ့ဦးလေးဖြစ်သူ ဆောင်ရွက်ပေးလျက်သားနဲ့ အခြေမလှ ဖြစ်ခဲ့ကြောင်း ဝမ်းနည်းပက်လက်ဆီးပြောရာ သူ့အကို က. . .

'ငါ သိပြီးပါပြီဟာ၊ ငါ့ဆီ မေမြို့က အဲဒီနေ့ဘဲဖုန်းလာတယ်၊ သည့်ပြင်ဟာတွေအားလုံး ဟန်ကျပြီး ဒီအပြေးပြိုင်ပွဲသာ ကျန်တော့ သူ့ကို အားလုံးက ပထမ မှန်းထားကြတာတဲ့ကွ။ လား လား တကယ်ကျတော့ ဘယ်နံပတ်မှမချိတ်ဘူး။ မိုင် ၂၀ ပြိုင်ပွဲ မှာ ၁၃ မိုင်နဲ့ လဲကျန်ခဲ့တာကွ' ဆိုပြီး မချင့်မရဲမျက်နှာနှင့်. . . .

'နေစမ်းပါအုံး၊ ငါ သူ့ကို သေသေချာချာပြောထားပါတယ်၊ တို့သစ်တောဘက်မှာ ဒါဟာ အရေးကြီးဆုံးဘဲ၊ မနက်တိုင်း စောစောထပြီး အမောခံနိုင်အောင် အပြေးကျင့်ထားပါဆိုတာ မကျင့်ဘူးလား'

ဤတွင် ကျွန်တော်ကဖြတ်၍. . . .

'ကိုတူးရေ. . . . ကျွန်တော်ကျမ်းကျိန် ပြောပါ့မယ်၊ ခင်ဗျားတူဟာ တမနက်မှ ၇ နာရီထက် စောပြီး မထခဲ့ပါဘူးခင်ဗျ၊ တလှမ်းမှုလဲ အပြေးမကျင့်ခဲ့ပါဘူးခင်ဗျ။

ကိုတူးသည် မကျေမနပ်နှင့် သူ့ညီမဘက်ပြန်လှည့်၍. . . .

'နင့်လဲ ငါ့မှာထားသားဘဲ၊ နို့ မအေကကော သားကို မပြောဘူးလား'

'ပြောပါတယ်ကိုတူးရယ်၊ သူအမြဲဘောလီဘောပုတ်နေတာဘဲ၊ ကိစ္စမရှပါဘူး၊ အမောခံ နိုင်ပါတယ်ဆိုပြီး တမနက်မှမထခဲ့ပါဘူး၊ ကျောပြောင်ကြီးနဲ့ နေဖင်ထိုးအောင် အိပ်တာ ချည်းဘဲ. . . . '

'ဘောလီဘောပုတ်တာနဲ့ ဒုန်းပြေးတာ ဘာဆိုင်သလဲဟ၊ တယ်ခက်တာကိုး'

'အဲဒီတခက်ဟာ တသက်တာကဏ္ဍ ပြောင်းသွားတာဗျ'ဟု ကျွန်တော်ကဝင်ပြောလိုက်၏။

'ရှာလေအုံး. . . . ၁၂၉ သို့မဟုတ် ၈၂ ကျပ်စားအလုပ်'

ကျွန်တော့်သားတို့သည် ကျွန်တော်နှင့် မတူကြလေကုန်။ ကျွန်တော်သည် ကျောင်းသား ဘဝကတည်းက စောစောအိပ် ၍ စောစောထခဲ့သူဖြစ်၏။

မည်သူမျှ ခိုင်း၍ နှိုး၍မဟုတ်ပေ။ နံနက်စောစော စာကျက်ခြင်း၊ သင်္ချာတွက်ခြင်း၊ ကဗျာစပ်ခြင်းတို့သည်အခြား အချိန်တို့ထက် နှစ်ဆမျှဉာဏ်အားကောင်းကြောင်း ကိုယ့်တွေ့ သိရ၍ဖြစ်၏။

နောက်အိမ်ထောင်ကျ၍ မြင်းလှည်းသမားဘဝ ရောက်သောအခါလည်း မြင်းလှည်း သမားတို့ထုံးစံ၊ နံနက် ၄ နာရီမှာထပြီး မြင်းစာကျွေး၍ မနက်စောစောမှာ မြင်းလှည်း ထွက်ခဲ့ရသည်သာ ဖြစ်၏။

လက်ဖက်ရည်ဆိုင် ထွက်သောအခါမှာလည်း ထို့အတူပင် မနက် ၄ နာရီ အုန်းမောင်း ခေါက်မှာ ရေနွေးအိုး စ,တည် ရသည်။

ကုန်သည်ဘဝရောက်ပြန်သော်လည်း ကျွန်တော်မှာ မနက်စောစောထသောအကျင့်က ပါနေပြီး၊ ဘယ်သောအခါမျှ သာအလုပ်မှရှိရှိ , မရှိရှိ နံနက်လင်းအောင်အိပ်၍မရ။ နောက်အကျ ဆုံး အရုဏ်တက်သာဖြစ်၏။

စာရေးဆရာအဖြစ် ရောက်သောအခါ၌ကား အထူးဖော်ပြစရာ မလိုတော့ပြီ။ ရေးအား တွေးအားသည် နံနက်စောလေ ကောင်းလေဖြစ်ရုံမက မနက်ခင်းလမ်းလျှောက်ယင်း စဉ်းစားသည်က ပို၍တွင်ကျယ်ကြောင်း သိသည်နှင့် မနက် ၅ နာရီထက် နောက်မကျအောင် အိပ်ရာထခဲ့သည်သာ ဖြစ်၏။

နံနက်စောစောသည် လူသားတို့အား လိုချင်သော ဆန္ဒကိုဖြည့်စွမ်းပေးနေပါသည်။ ကာယဘက်ကကော၊ ဉာဏ်ဘက်ကလော။ သည်နံနက်စောစော အချိန်မှာထ၍ သိလိုချင်တာကို ကြိုးစားလိုက်စမ်းပါ။ အောင်မြင်ခြင်းကို ပေးကမ်းနေသော အချိန် ကာလဖြစ်ပါသည်။

ယခု ကျွန်တော့်သားလေးဖြစ်အောင် ဆင်ခြင်ကြည့်လိုက်စမ်းပါ။ ရက်အနည်းငယ်မျှ နံနက်စောစော ထပြေးရမှာလေး ပျက်ကွက်မိသည်နှင့် မိမိတသက်တာအတွက် မျှော်လင့်ချက်ကြီး ဆုံးရှုံးသွားရပြီ မဟုတ်ပါလား။

ကျွန်တော်သည် ဒီကောင်မေမြို့ ပြန်လာပြီးမှ နံနက်စောစော လမ်းလျှောက်တိုင်း ဤအကြောင်းကို စဉ်းစားမိသည်။ မနက်စောစော ထပြေးခြင်းသည် သူ့တယောက်ထဲ ထူးထူးခြားခြား ဆန်းဆန်းပြားပြားလည်းမဟုတ်၊ မိုးဉတုကုန်ပြီဖြစ်သော နိုဝင်ဘာလမှစ၍ ရန်ကုန်မှ မရန်းကုန်းသွား

ပြည်လမ်းမကြီးတလျှောက် နံနက် ၅ နာရီဆိုလျှင် ကာယဗလ သမားတွေ ကျန်းမာရေးလေ့ကျင့် လိုက်စားသူတွေ အစုလိုက်လည်းကောင်း အတွဲလိုက် လည်းကောင်း၊ အမြန်ပြေးသူနှင့် ဖြည်းဖြည်း လျှောက်သူနှင့် အင်းလျားကန်ဘောင်ရိုးတွင် မြှောက်ချည်လွှဲယမ်း လေ့ကျင့်ခန်းယူသူများနှင့် များစွာအားကျစရာ ကောင်းလှပါသည်။

ဒါတွေ ဒါတွေမြင်ရလေ ကျွန်တော့်သား ကျွန်တော်ကရုဏာဒေါသဖြစ်လေ၊ သူသာမက သူ့အမေကိုလဲ မကျေနပ်။ ကြည့်ပါ၊ ကျွန်တော်သည် နံနက်မိုးမလင်းမီထ၊ မီးဖွင့်ပြီး 'ဟေ့ ထကြ ထကြ'ဟုနှိုးလျှင် 'မောင့်လို စောစောအိပ်တာ မဟုတ်ဖူး၊ ကလေးတွေအိပ်ရေးဝအောင် အိပ်ပါစေ'ဟု သူကကာကွယ်၏။

'အေး. . . . ငါလို စောစောအိပ်ပါ့မလားကွ၊ အလကား သက်သက် ဒေါင်ဒေါင်ဒင်ဒင် လုပ်နေကြတာနဲ့ရက်ကော့ချိန်ချာ ဖွင့်၊ သီချင်းလိုက်ဆိုနေရတာနဲ့ ထမင်းစားရမှာ မဟုတ်ဖူး သူတောင်းစားဖြစ်မယ့် အလုပ်တွေ လုပ်နေကြတာကိုးကွ'

ကျွန်တော်မှာ ဤသို့သာမြည်တွန်တောက်သီး နေရတော့သည်။ ကြာတော့ ကိုယ့်စိတ်အာရုံ အညစ်ညူးမခံတော့ပြီ။ မွဲချင်တဲ့ခွေး ပြာပုံဝင်ပါစေလေ။

ဟင်း. . . ခုတော့သိကြပြီမဟုတ်လား။ တဆိတ်ရှိမအကြေးက ကာဆီးကာဆီးနဲ့။ ကောင်းစေ ချင်လို့ နတ်ပြည်တင်၊ ခွေးဖင်ဘုံမှတ်ဆင်းတဲ့ကောင်။ ရှာစမ်း၊ ရှာစမ်း၊ နေ့စား ၃ ကျပ် ၁၅ ပြားနဲ့၊ လစာ ၁၂၆ စားမျိုး။ ဒီလိုအလုပ်တောင် ဘယ်တော့ ရမှာလဲ။

ဟော. . . . ရုပ်ရှင်မင်းသားလုပ်ခိုင်းဦးမယ်တဲ့ဗျာ. . . .

သို့နှင့်တနေ့တော့ သူ့အမေက ကျွန်တော့်ကိုမေးသည်။

'မောင်. . . . ဂလုပ်ရုံကကိုကျော်မင်း ကိုကျော်ဝင်းတို့နဲ့ခင်တယ် မဟုတ်လား'

'ဟာ. . . . ခင်တာပေါ့. . . . အင်မတန်ခင်'

'နို့ပြီး. . . . သူတို့ မန္တလေးရုပ်ရှင်ကုမ္ပဏီ ရုပ်ရှင်မင်းသား မင်းသမီးလျှောက်ဖို့ ခေါ်ထား တယ် မဟုတ်လား'

(ထိုစဉ်က ဟုတ်ပေသည်)

'ဟုတ်သလေ၊ အဲဒါဘာဖြစ်လဲ၊ မင်းကများ ရုပ်ရှင်မင်းသမီးလျှောက်ချင်လို့လား၊ ဟား ဟား'

'မဟုတ်ဘူးမောင် ငယ်ငယ့်ကို ရုပ်ရှင်မင်းသားလျှောက်ခိုင်းရ ကောင်းမလားလို့'

'အေ. . . . '

ကျွန်တော် ရုတ်တရက် အာမေဋိတ်သံ အော်လိုက်ပြီးမှ ဒီကောင်ဥပဓိရုပ်ကို ရုပ်ရှင်မျက်စိနှင့်ကြည့်၍ စဉ်းစားမိသည်။

'အေး. . . . ဟုတ်တယ်ကွ၊ ဒီကောင် ကိုယ်လုံးကိုယ်ပေါက်ကြီးနဲ့ ဗမာမင်းသားထဲမှာ သူ့လောက်ဘော်ဒီလှတာ မရှိသေးဘူး။ မျက်လုံး၊ မျက်ခုန်း၊ နှာတံ၊ နှုတ်ခမ်းလဲ ဖိုတိုဂျင်းနစ် ဖြစ်နိုင်

'နို့ပြီး သူ့မှာအထူးခြားဆုံးတခု မေပြောရမယ်၊ အမေရိကန် ရုပ်ရှင်မင်းသား ရောဘတ်မစ်ချင်နဲ့ ကတ်ဒေါက်ကလတ်စ်လို မေးစေ့ အလည်တည့်တည့်မှာ ဒင်ပယ်လ် (အချိုင့်)ရှိတာလေ'

'အေး. . . ဟုတ်သကွ ဟုတ်သကွ'

'ဒါက မြန်မာရုပ်ရှင်မင်းသားထဲမှာ မပြောနဲ့၊ ကမ္ဘာမင်းသားတွေထဲမှာတောင် ရှားတယ် မဟုတ်လား'

'မှန်သဗျာ'

'ကြည့်ပါ. . . . မေ့သားရုပ်ရှင်ထဲရောက်ယင် တရှိုင်ဒေါ်နယ်ဟယူလို လာမယ်၊ အသက်ငယ်ငယ်နဲ့ ကိုယ့်လုံးကိုယ်ပေါက် တောင့်တောင့်လှလှ၊ ဒေါင်ကောင်းကောင်း'

'အစစ်ဖဲ. . . . အစစ်ဖဲ။ ဟို ဆမ်းမားပလေ့စ်ကားထဲက စန်ဒြာဒီးနဲ့ တွဲတဲ့ကောင်မဟုတ်လား'

'ဟုတ်တယ်'

(ကဲ. . . . ကိုယ့်သားတော့ ကိုယ်အထင်ကြီးနေကြပြီ၊ စာဖတ်သူများ သည်းခံကြပါနော်။ အော် မိဘစိတ်ခင်ဗျ)

ကဲ. . . . ပြောနေကြတယ်၊ ငါ ကိုကျော်မင်းဆီ စာရေးပြီး လူကိုယ်တိုင်လွှတ်မယ်။ သူတို့ ရက်ချိန်းတောင် ကပ်နေပြီး မင်းသားရှိရဲ့လား'

'ရှိပါတယ်. . . . နောက်ဖေးက ဗိုလ်ကြည်တို့အိမ်မှာဘဲ'

'ကဲ. . . သွားခေါ် '

ကျွန်တော်စာပွဲထိုင် စာရေးတော့သည်။

ဦးကျော်မင်းခင်ဗျာ. . . . .

ယခု ဤစာနှင့်လာသူမှာ ကျွန်တော့်သား ဖြစ်ပါသည်။ ကိစ္စက ရုပ်ရှင်မင်းသားရွေးချယ်ဖို့ကြည့်ရှုပါရန်။

အသက် ၁၈ နှစ်၊ ပညာအရည်အချင်း အိုင်အေ ဒုတိယနှစ်၊ ဂစ်တာတီးတတ်သည်။ သီချင်း (အင်္ဂလိပ် မြန်မာ) ဆိုတတ်သည်။ အာကီဒို ကာရတေးတတ်သည်။ ဘောလုံးကန်ကောင်းသည်။ ဘောလီဘော အရပ်ချန်ပီယန်ဖြစ်သည်။

ရုပ်ရည်နှင့်အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်ကား မြင်တဲ့အတိုင်းပါဘဲခင်ဗျ။ သူနှင့်သင့်လျော်တဲ့ ဇာတ်လမ်းလဲ ကျွန်တော်ရေးပါမည်ခင်ဗျား။

ကျန်းမာရွှင်လန်းပါစေ. . .

သော်တာဆွေ

စာကိုအိတ်ထဲထည့်ပိတ်လိုက်သည်။

နံနက် ၉ နာရီခန့်။

'အချိန်ကောင်းဘဲဟေ့၊ ကဲ သွားဖို့ပြင်စမ်း၊ ဆင်စမ်း၊ အလုပ်တခုဟာ မနက်အချိန်အကောင်းဆုံးကွ၊ နေအုံး၊ နေအုံး၊ ကိုကျော်မင်းဒီအချိန် အိမ်မှာလား၊ ရုပ်ရှင်ရုံ ရောက်ပလား၊ သွားမေးလိုက်အုံးမယ်ဆိုပြီး တယ်လီဖုန်းရှိရာ ကိုဖေသိန်းအိမ်သို့ လာခဲ့ရပါသည်။ ဂလုပ်ရုံဖုန်းနံပတ်လှည့်ပတ်လိုက်ရာ အဆင်သင့်ပင်။

'ကျွန်တော် ကျော်မင်းပါခင်ဗျာ'

'ကျွန်တော် သော်တာဆွေပါ'

'အို. . . ဆရာ ဘာကိစ္စ'

'ဒီမှာ. . . . ကိုကျော်မင်းတို့ မန္တလေးရုပ်ရှင်က မင်းသားရွေးချယ်တာမှာ ကျွန်တော့်သား တယောက် ကြည့်စေချင်တယ်'

'ဟာ. . . . ကောင်းတာပေါ့ဗျာ'

'ဒီမှာ ကိုကျော်မင်း၊ ကျွန်တော်ဒီကောင်ကို လွှတ်လိုက်မယ်။ ကြည့်ပါအုံးနော်။ အရပ်အမောင်းကတော့ ဗမာမင်းသားထဲမှာ မရှိသေးဘူးဗျ၊ ၁၈ နှစ်နဲ့ ၅ ပေ ၁၀ လက်မကျော်နေပြီ'

'အာ. . . . ဟုတ်လား'

'ဟုတ်တယ်၊ နို့ပြီးတော့ ရောဘတ်မစ်ချင်လို ကတ်ဒေါက်ကလတ်စ်လို မေးစေ့မှာ ဒင်ပယ်လ်နဲ့ဗျ'

'ဟာ. . . . တယ်နိပ်ပါလား'

'ဒီကောင့်ခင်ဗျားကြည့် 'ဆမ်မားပလေ့စ်' ထဲက 'ထရွိုင်ဒေါ်နယ်ဟယူး' လိုနေမယ်'

(မယားစကားအတိုင်း)

'ကျွန်တော်ပြောတဲ့အတိုင်း မယုံနဲ့၊ ခင်ဗျားကိုယ်တိုင် ကြည့်အုံးပေါ့ဗျာ'

'ကျွန်တော်အခုလဲ လွှတ်လိုက်မယ် '

'လွှတ်လိုက်ပါ လွှတ်လိုက်ပါဆရာ. . .'

'ခင်ဗျား. . . ဒီဂလုပ်ရုံမှာဘဲ ရှိနေမှာလား'

'စိတ်ချဗျာ၊ ဆရာ့သားမလာမချင်း ဘယ်မှမသွားဘဲစောင့်နေမယ် '

'အိုကေ'

ကျွန်တော်ဖုန်းချလိုက်တော့ အနီးရှိစားပွဲမှ ပုံဆွဲနေသော ကိုဖေသိန်းမှ မျက်နှာပေါ် မျက်စိကျော်ကြည့်ပြီး. . .

'ဟုတ်တယ်ဗျ. . . ခင်ဗျား အကောင်ကြီး အဲဒီ အလုပ်နဲ့တော်တယ် '

'ကျွန်တော်လဲ အဲဒီလိုထင်လို့ဘဲ' ဟု ခပ်သွက်သွက်ပြောပြီး ခပ်သုတ်သုတ် အိမ်ပြန်ခဲ့ကာ ဇနီးသည်အား. . . .

'တဝက်တော့ သေချာသလောက်ဘဲဟေ့၊ ကိုကျော်မင်းက ငါ့သားမလာမချင်း စောင့်နေပါ့မယ်တဲ့၊ သွားဟေ့ ခပ်မြန်မြန် အနီလဲ လိုက်သွားမလို့လား'

အကြောင်းမှာ ညီအကို နှစ်ယောက်သားပြင်ဆင်ပြီး အခန်းထဲမှ ထွက်လာကြ၍ ဖြစ်၏။

အကြီးကောင်က ဟုတ်ကြောင်း ခေါင်းညိတ်ပြသောအခါ ကျွန်တော်က ဝမ်းသာအားရနှင့်. . .

'အေး. . . ကောင်းတယ် ကောင်းတယ်၊ အရပ် ၅ ပေ ၁၀လက်မကျော်နဲ့ ၅ ပေ ၄ လက်မ မတ်တင်းတွဲသွားတော့ တို့ မင်းသားလောင်းကို တနည်းအားဖြင့် ပို့ပေးရာရောက်ဘာပေါ့ကွာ၊ ကဲ သွားကြ သွားကြ၊ နို့ပြီး ဦးကျော်မင်းနဲ့တွေ့ပြီးပြီးချင်း အိမ်တန်းပြန်ခဲ့ကြနော်၊ ဘယ်မှ ခြေစကြာဖြန့်မနေကြနဲ့အုံး၊ သတင်းကောင်းကို ကိုယ့်မိဘက အရင်သိပေစေ၊ နောက်မှတခြား လျှောက်ပြောကြားလား'

သားနှစ်ယောက် (သူ့အမေလဲ မွေးဘဲ မွေးတတ်ပလေ၊ အရှည်နဲ့အပု) ဘေးချင်းယှဉ်ထွက်သွားကြသည်ကို ကျွန်တော် တို့ လင်မယားနှစ်ယောက်၊ အိမ်ပေါ်မှနေ၍ မျက်စိတဆုံးကြည့်နေကြသေး၏။ ပီတိဖြစ်နေသော မိခင်က. . .

'မောင်ရေ. . . . '

'ဗျာ. . . . ဗျာ'

'ငယ်ငယ် သစ်တောဘက်မှာ အလုပ်မရတာဟာ ဆင်ဖြူတော်ဝင်ချင်လို့၊ ဘာတဲ့ မောင်တို့ဗမာစကားရှိပါတယ် '

'ကြွက်ဖြူမှလာတာပေါ့ကွာ၊ ဆင်က ကြွက်ကို သူ့နှာခေါင်းထဲဝင်မှာ ကြောက်တယ် '

'အကောင်းပြောတာပါ '

'အေးလေ၊ ငါကလဲ အကောင်းပြောတာပါ၊ ဘာလဲ မင်းကမင်းသား ရုပ်ရှင်မင်းသား အဖြစ်အောင်မြင်ယင် ကားစီးတော့မယ် တိုက်ဆောက်တော့မယ်ပေါ့ ဟုတ်လား၊ ဟား. . . ဟား'

'မဟုတ်ပါဘူး၊ မေက ကိုယ့်သားမြေးတွေ တင့်တောင့်တင့်တယ်တယ်ရှိတာ မြင်ရယင်တော်ပါပြီ'

'အေးကွာ. . . . ပါရမီရှိယင် ဖြစ်လိမ့်မပေါ့၊ ဒါက ပါရမီအလုပ်ဘဲကွ၊ ဖြစ်ချင်တိုင်းလဲ မဖြစ်ရပါဘူး၊ ပါရမီပါယင် မဖြစ်ချင် လို့လဲ မနေရဘူး၊ လူဆိုတာ ကိုယ့်ဘဝကိုယ် ပို့ပေးနေတာဘဲ၊ အဲ. . . . ကိုယ့်ကြိုးစားမှုလဲ လိုသပေါ့ကွာ'

'မေတော့ မေ့သားဖြစ်လိမ့်မယ် ထင်တာဘဲ'

'ဟယ်. . . ထင် ထင် ထင်၊ ကိုယ့်ဟာကိုယ် ထင်တာ ဘယ်သူမှ ပိုက်ဆံတပြားမှ ပေးရတာ မဟုတ်ဘူး'

ကျွန်တော်လည်း သားက မင်းသားလုပ်၊ ဖအေက ကိုယ့်သားနှင့် တော်သော ဇာတ်လမ်းတွေရေး ဟု စိတ်ကူးယဉ်မိပါ သည်။

ဤသို့လျှင် မိဘနှစ်ပါး ထင်တလုံးစီနှင့် နေလိုက်ကြရာ သားတော်နှစ်ပါးသည် ၁၁ နာရီလောက်၌ ပြန်ရောက်လာကြသည်။ အိမ်အောက်စားပွဲ၌ စာရေးနေသော ကျွန်တော်သည် သူတို့မျက်နှာကဲ ဆီးကြည့်နေသည်။ ဒင်းတို့ မျက်နှာတွေ့တယ် မသာယာလှပါ။ သို့သော် ကျွန်တော်က. . . .

'ဟော့ . . . . မင်းတို့ ကိုကျော်မင်းနဲ့ မတွေ့ခဲ့ကြဘူးလား'

'တွေ့ခဲ့ပါတယ် '

'တွေ့တော့ ငါ့စာ ပထမ မပြဘူးလား'

'ပြပါတယ် '

'စာဖတ်ကြည့်ပြီးတော့ (မင်းတို့အဖေ ဝါသနာကတော့ တသက်လုံး ပျောက်မှာမဟုတ်ပါဘူး၊ တော်တော်နောက်တဲ့လူ၊ အေး. . . အေး ဟိုအပြင်ဘက်မှာ ထိုင်ကြကွာ၊ ကော်ဖီသောက်သွားကြအုံး) ဆိုပြီး သူ့လူတယောက်ကို ကော်ဖီတွေ မုန့်တွေမှာ ပေးခိုင်းတယ် '

ကျွန်တော် လွန်စွာ အံ့အားသင့်လျက်. . . .

'နေစမ်းပါအုံး၊ မင်းတို့ကို သူ့စားပွဲမှာ ခဏဘဲထိုင်ခိုင်းပြီး မင်းတို့မျက်နှာတွေ မကြည့် ဘူးလား'

'သူ့စားပွဲမှာ သည့်ပြင် ဧည့်သည်တွေနဲ့'

'ဟာ. . . ဘယ်နှယ့်ဖြစ်ပါလိမ့် '

ကျွန်တော် ဦးနှောက်ခြောက်ကာ ထိုင်ရာမှ ကပျာကရာထ, ပြီး ကိုဖေသိန်းအိမ်ပြေး၍ ဖုန်းကို ကောက်ကိုင် ရပြန် သည်။ ကိုကျော်မင်းကို သူ့ရုံးမှာမတွေ့တော့ အိမ်ကိုဆက်ရမှာပေါ့။

'ဟလို. . . . ဦးကျော်မင်း၊ ကျွန်တော် သော်တာဆွေပါ'

'ဟုတ်ကဲ့ ဆရာ'

'အခုန ကျွန်တော့်သား တွေ့လိုက်တယ် မဟုတ်လား'

'တွေ့ပါ့ဗျာ တွေ့ပါ့ ၊ ဟား ဟား ဟား ဟား' နှင့် တော်တော်ကြာရယ်မောပြီးမှ. . . .

'ဆရာလဲ ပျင်းနေထင်ပါရဲ့ မတွေ့ရတာလဲ ကြာပြီ၊ မြို့ထဲလာအုံးဗျာ၊ ဘီယာသောက် ခေါက်ဆွဲစားကြရအောင်၊ ဒါဘဲ နော် ' ဆိုပြီး ဒေါက်ကနဲ့ ဖုန်းချလိုက်တော့၏။

ကျွန်တော်လည်းဖုန်းကို ဂေါက်ကနဲချလိုက်ပြီး တောက်တချက် ပြင်းစွာခေါက် လိုက်ပါသည်။ အဖြစ်သနစ်ကို ကျွန်တော် စဉ်းစားမိပါပြီ။ အိမ်ကို သုတ်ခြေတင်ခဲ့သည်။ တွေ့၍ငိုင်နေကြသော ဟိုနွားတရှဉ်ကို အိမ်အောက်မှာဘဲတွေ့ရ၍. . . .

'ဟေ့. . . . ငါရေးပေးလိုက်တဲ့စာကို ငယ်ငယ်ကမပြဘဲ အနီက ကိုကျော်မင်းကို ပြတာ မဟုတ်လား'

'ဟုတ်တယ်'

'နေစမ်းပါအုံး၊ ငါက မင်းအတွက်ရေးပေးတဲ့စာကို မင်းအကိုဘာလို့ ပြခိုင်းရတာလဲ'

'ကျွန်တော် ရုပ်ရှင်မင်းသား မလုပ်ချင်ဘူး၊ ကိုကိုက သူလုပ်မယ် ပြောတာနဲ့'

'ဘာ'

ကျွန်တော်အသံသည် ဘဝင် ရောက်သွားသည် ထင်မိ၏။ ကျွန်တော့်ပါးစပ်သည် နားရွက် အထိပြဲသွားသည် ထင်မိ၏။ သူတို့စိတ်ထဲတွင် ကျွန်တော်ရေးပေးလိုက်သောစာမှာ(ဦးကျော်မင်း ယခု ဤစာနှင့်လာသူအား ရုပ်ရှင်မင်းသား ချက်ချင်းခန့် လိုက်ပါ)ဟု အမိန့်ပေးလိုက်သည် အောက်မေ့ကြ ဟန်တူ၏။

ကျွန်တော်သည် သူတို့ခန္ဓာကိုယ်တွေ တလှည့်စီကြည့်၍ အတန်ကြာ စကားမပြောနိုင်ဘဲ ဖြစ်နေပြီးမှ. . . .

'သက်သက် ငါ့ကို သောက်ရှက် ခွဲကြတာဘဲကွာ၊ ၅ ပေ ၁၀ လက်မကျော်တွက် ရေးပေးလိုက်တဲ့စာကို ၅ ပေ လေးလက်မ မတ်တင်းကောင်းက ဝင်ပြတော့ ဟိုက တလွဲထင် တော့တာပေါ့ကွ၊ ထို့ အားလုံး ကိုးရိုးကားရား ဖြစ်ကုန်ကြတာပေါ့။ နေစမ်းပါအုံး၊ မင်းက ရုပ်ရှင်မင်းသား မလုပ်ချင်ရအောင် မင်းကိုယ်မင်း ဝေလ မင်းသားထင်နေသလား၊ မိုးကုတ် ကိုမြမောင် အောက်မေ့နေသလား၊ မလုပ်ချင် မလုပ်ချင်ဘူး အစကတဲက ပြောပါတဲ့လား၊ ဘာလို့ လူချင်းလဲပြီး ပုံမှားရိုက်ချင်ရတာလဲ၊ တော်တော် မင်းတို့မျက်နှာတွေ ငါမကြည့်ချင်ဘူးဆိုပြီး သူတို့အား ကျောခိုင်းခဲ့၍ ၁၃ ထစ်သောလှေကားကို တဒုံးဒုံးနှင့် တမင် ခြေသံပြင်းပြင်းနင်းပြီး အိမ်ပေါ်သို့ တက်ခဲ့သည်။

ဟင်း. . . ဒင်းတို့ မအေကြီး ဒီကိစ္စမှာ သူ့သားတွေအတွက်ဘာများ ကာကွယ်ပြောနိုင် ဦးမည်နည်း။ ဆင်ဖြူတော်ဝင်တော့မယ်ဆိုတဲ့ မအေကြီး၊ ခု ခွေးဝဲစားမှ မသိတော့ဘူး။

အိမ်ပေါ်ရောက်သောအခါ၌ မီးပူတိုက်နေသော ချွေးမအား. . . .

'ဟေ့. . . . နင့်မာမီ ဘယ်မှာလဲ'

အိပ်ခန်းထဲ လက်ညှိုးထိုးပြသဖြင့် 'ဟေ့ မအေကြီး' ဟု ဒေါသတကြီး အော်လိုက်ပြီး ခန်းဆီးကို လက်နှင့်ဆွဲဖွင့်လိုက် တော့ သူ့မြေးသူချော့သိပ်နေရာမှ နှုတ်ခမ်းကို လက်တား၍. . . . .

'ရှူး. . တိုးတိုး. . . ခလေးသိပ်နေတယ်. . .

ကျွန်တော်လှေကားကတက်လာပုံရော ပြောလိုက်သည့်အသံပါ တောသုံးတောင်ကို အစိုးရသောမကာသရာဇာခြင်္သေ့ မင်းကြီးမာန်ပါ။ သို့သော် ဖွားအေလက်ထဲ မျက်လုံး ကြောင်တောင်လေးနှင့် မြေးမလေးမျက်နှာမြင်ရတော့ ကြာပွတ်သံ ကြားရသော ဆပ်ကပ်ထဲက ခြင်္သေ့အိုကြီး ဖြစ်သွားပါပြီ။ နောက်ထပ် ဘာသံမျှမဟဝံ့တော့ပါ။ ဖွားအေကြီးကသာ သူ့မြေး သူပြောနေတော့သည်။

'မြေးမကြီးက သိပ်လှတာဘဲ၊ သိပ်ချစ်စရာလဲကောင်းတာဘဲ၊ ဝူးဝူးလဲချိုးပြီးပြီ၊ ခါးခါးလူး ပြီးပြီ၊ နို့နို့လဲ ချိုပြီးပြီ၊ အိပ်တော့နော် အိပ်တော့၊ အပ် အပ် သွတ် သွတ်ဆို၍ မတ်တပ်ချီလျက် သူ့ကိုယ်ကိုလှည့်ပတ်ယမ်းကာဖြင့် သီချင်းဆို သိပ်နေတော့ ကျွန်တော့်မှာ သူတို့မြေးအဖွားကို ကြည့်၍ ပီတိဖြစ်ရပါသည်။

ဤတွင် မြေးငယ်က ကျွန်တော့်အား လှမ်းကြည့်၍ လက်ကလေးလှုပ်တော့ဖွားအေက. . .

''ဟော. . . ဖိုးဖိုးဆီလာချင်သတဲ့၊ ဖိုးဖိုးသိပ်မှ အိပ်ချင်သတဲ့။ ယူစမ်း ဖိုးအေကြီး''ဟု ဆိုပြီး ကျွန်တော့်လှမ်းပေးတော့ ကျွန်တော့်စိတ်မှာ ကြည်နူး၍သွားရပြန်ပါသည်။ မြေးငယ်ကို ရင်ခွင် ပိုက်၍ ပါးစပ်က ပရစ်ပတောက်လဲ ပြောရပါပြီ။ သီချင်းလဲဆိုရပါပြီ။

'မြေးမြေးက ဖိုးဖိုးပေါ်မှာအိပ်ချင်တယ် ဟုတ်လား၊ ဖိုးဖိုးပေါ်မှာမှ အိပ်ချင်တယ်၊ ကောင်း တာပေါ့ကွယ်၊ ငါ့မြေးကြီးတယ်လဲဝတဲ့လူကြီးပါလား။ ခါးခါးနံ့လဲမွေး၊ ချူးချူးနံ့လဲမွေး၊ အင်းအင်းနံ့ လဲမွေး အားလုံးမွေးတာဘဲလား၊ အို့ အေအေ''

''ဟော. . အောင်မင်္ဂလာစိန် မီးတွေဝင်းလို့ထိန်၊ အောင်ငြိမ်းတက်ခေတ်စိန်ရောက်လာပြီ၊ ခါတော်ချိန် ဂါရဝေ ဦးချလို့သာ သားမောင်စိန်၊ သားမောင်စိန်ဟေ့ ပြိုင်စံမပေါ်နိုင်ငံကျော်တဲ့ အောင်ငြိမ်းတက်ခေတ်စိန်''

ကျွန်တော်တို့ လူပျိုပေါက်က ရန်ကုန်တွင်နာမည်ကြီးလှသော တက်ခေတ်စိန်၏ သီချင်း ကိုဆိုယင်း ကျွန်တော်သည် လေးလရွယ်မြေးငယ်ကို ရင်ဝယ်ပိုက်ချီကာ အခန်းထဲမှာ လှည့်ကာ ပတ်ကာ ခြေက,ကနေရော့လားခင်ဗျာ။

''အောင်မယ်လေး. . . မြေးကြီးကရီတယ်၊ ရီတယ်၊ အာခေါင်နီလေးနဲ့ ပိုးပိုးနဲ့ကရတာ သဘောကျတယ်နော်''ဟု ပြောပြီးတဖန်. . .

''ဟော. . နေ့ရောညရော အရောင်မမှိန်အောင် ငြိမ်းတက်ခေတ်စိန်။ ယခုနှစ်မှပေါ်လာ တယ်စိန်၊ ကြာလေကောင်းလေ ဟောင်းလေသစ်တဲ့ အောင်ငြိမ်းတက်ခေတ်စိန်''

ကျွန်တော်တို့မြေးအဖိုးသည် အခန်းထဲလှည့်ကာ ပတ်ကာက,လျက်ပါဘဲခင်ဗျာ။

× × ×

ဤဇာတ်လမ်းကို မြန်မာ့အသံ ဦးဇော်ဝင်းက ကျွန်တော် သော်တာဆွေအဖြစ်နှင့် လည်းကောင်း၊ အကယ်ဒမီ ရုပ်ရှင်မင်းသမီးမေသစ်က ကျွန်တော့်ဇနီးမေအဖြစ်လည်းကောင်း၊ 'အားကြီးမောတဲ့သမီးဖေ'အမည်ဖြင့် မြန်မာ့အသံမှ အသံလွှင့်လေ့ရှိပါသည်။ မူရင်းမြဝတီတွင် ၁၉၆၇–ခုနှစ်က ကျွန်တော်ရေးစဉ်ကမူ 'အော်သားနှင့်မြေးနှင့် ဖြစ်လာတော့'ဖြစ်ပါသည်။ ယင်းသည်

ယခု 'ကျွန်တော့်ဘဝဇာတ်ကြောင်း'နှင့် အကျုံးဝင်နေပါသောကြောင့် အနည်းငယ် ပြင်ဆင်ဖြည့်စွက် ရေးသားလိုက်ခြင်းဖြစ်ပါသည်။)

## ဒုတိယချွေးမ

ကျွန်တော်တို့အား ဒုတိယချွေးမ ဆောင်ကြဉ်းပေးသူကား၊ မေ့သားအကြီး ခင်မောင်ဦး ဖြစ်၏။ ကျွန်တော်တို့ သားများထဲတွင် အရပ်အပုဆုံးဖြစ်၍၊ ၅ပေ ၄လက်မ မတ်တင်းနှင့်၊ ၅ပေ ၁၀လက်မကျော် သူ့ညီခင်မောင်စိုးအတွက် ရုပ်ရှင်မင်းသားရွေးရန် ကျွန်တော်ရေးပေးလိုက်သော စာကို မန္တလေး ရုပ်ရှင်ဦးကျော်မင်းအား ပြသူဖြစ်၏။

ရုပ်ရည်ကား ကျွန်တော့်သား ၄ယောက်ထဲတွင် မျက်နှာအနေအထားနှင့် အသားအရည် အချောဆုံးဖြစ်၏။ ကိုယ်လုံး ကိုယ်ပေါက်လည်း ကျစ်လစ်မာကျော၍ အချိုးအစားကျ၏။ ကရာတေး ခါးပတ်ပြာ ရထားသူဘဲ။

ယင်း၌မိတ်ဆွေက. . .

'ဒါဖြင့် အရပ်ပုပေမယ့် ရုပ်ရှင်မင်းသား ဖြစ်နိုင်သားဘဲ၊ ကမ္ဘာကျော် ရုပ်ရှင်မင်းသား ဂျိမ်းစ်ကဂ္ဂနီ၊ အော်ဒီမာဖီတို့ဟာ ဂျပုမင်းသားတွေဘဲ ဆိုငြားအံ့။

'မဖြစ်နိုင်ပါဘူးဗျာ၊ ဒီကောင်စကားပြောတာက လေးစိတ်မကွဲဘူး၊ နေ့စဉ်ကြားနေရတဲ့ ကျွန်တော်တို့အိမ်သားများတောင် သူ့စကားကို နားလည်အောင် မနည်းနားထောင်ယူရတယ်။ စကားပြောမြန်ပြီးတော့ ဗလုံးဗထွေးနေပါတယ်'

ဒါကြောင့် သူရုပ်ရှင်မင်းသား လုပ်ချင်လို့ သူ့ညီစာကို ဦးကျော်မင်း ပြခဲ့တယ်ဆိုတော့. . .

''အေးကွာ. . မင်းကိုများ ဦးကျော်မင်းတို့က အယောင်ယောင်အမှားမှား မင်းသားရွေးလိုက် မိတယ်ဆိုယင်ဖြင့်၊ စကားပြောမင်းသားတွေဖြစ်တဲ့ ထွန်းဝေ၊ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်းတို့ သေရောဘဲ''လို့ ပြောရသေးဗျ။

ဒေါသဖြစ်ခဲ့တာတွေဟာ နောက်ပိုင်းကျတော့ ရယ်စရာဖြစ်လာတတ်သဗျ။

အဲဒီ ကျွန်တော့်သားဟာ သူတို့ညီအကို ၄ယောက်ထဲမှာ အပုဆုံး၊ အညှက်ဆုံးဖြစ်သည့် နည်းတူဘဲ၊ ဉာဏ်ပညာအရာကျတော့လဲ၊ အညံ့ဆုံး၊ အဖျင်းဆုံးပါဘဲခင်ဗျာ။ အစိုးရစစ် စာမေးပွဲ မှန်သမျှမှာ ငယ်စဉ်ကတည်းကစပြီး တတန်း ၂နှစ်ချည်းဘဲ။

အဲသည်ခေတ်တုန်းက ၄တန်း၊ ၇တန်း၊ ၉တန်းတွေဟာ အစိုးရစစ်ချည်း ဖြစ်လေတော့၊ ကျောင်းစ, နေစဉ်ကတည်းက အသက်အလျောက် သူ့နောက်တတန်းက နေခဲ့ရတဲ့ သူ့ညီ ခင်မောင်စိုးဟာ မန္တလေးတက္ကသိုလ် ရောက်သွားတဲ့အခါမှာ၊ သူဟာ ပညာရေးတက္ကသိုလ်မှာ ၉တန်းတွင် တန့်ကျန်ခဲ့တယ်။ ဒီ ၉ တန်းမှာ သူဟာထုံးစံအတိုင်း ၂နှစ်နဲ့ အောင်ပါရဲ့။ သို့သော် ၁၀ တန်းလဲရောက်ရော ကိုယ်တော်မြတ် ၂ နှစ်ဖြေတာတောင် မအောင်တော့တဲ့အတွက် ကျောင်းက ထွက်ရတော့တယ်။ ဒီတော့ဒင်းဘာလုပ်တယ် ထင်ပါသလဲ၊ ကျောင်းထုတ်ခံရတော့ မခံချင်စိတ် တွေပေါ်လာပြီး၊ ရှက်ရှာတယ်ထင်ပါရဲ့ဗျာ။ တခါထဲမိန်းမခိုးပြေးပါလေရော။

လူရယ်လို့ဖြစ်လာကြယင် ချစ်တာကတော့ သင်စရာမလိုပါဘူး။ ပညာသာ သင်မရရှိရ မယ် မဟုတ်လား။

ကိုယ့်သားသမီး ဒီလိုဖြစ်တယ်ဆိုတော့ လူကြီးတွေထုံးစံအလန့်တကြားပေါ့ ခင်ဗျာ။

'ဟဲ့. . . ဟဲ့. . . . ဘယ်ကမိန်းခလေးလဲ၊ ဘယ်သူဘယ်ဝါ သမီးများပါလိမ့်'

'ဒီအိမ်ကို လိုက်လာနေကျ 'အကြီး'ဘဲ'

သားများဆီက အဖြေရ၏။

သည်'အကြီး'ဆိုသည့် မိန်းကလေးနှင့် ခင်မောင်ဦး ရည်းစားဖြစ်နေကြသည်မှာ သူတို့ချင်း ၈တန်းတုန်းကဘဲ။ သူတို့ချင်းတူညီတာ တချက်ရှိ၏။ နှစ်ယောက်စလုံး ရုပ်ရည်ချော မောပြီး၊ အချိုးကျကျ ပုပုညှက်ညှက်ကလေးတွေ ဖြစ်ကြ၏။

'အဲ. . ဉာဏ်ပညာ အရာမှာတော့ ကောင်မလေးကတော်တယ်။ သူတို့ခိုးပြေးကြတဲ့ အချိန်မှာ အကြီးက ကောလိပ်တွင် ဒုတိယနှစ်အောင်ပြီးပြီ။

'ကျွန်တော်တို့သားက လေ့ကျင့်ရေးကျောင်းမှာ ၁၀တန်းနှစ်ခါ ရှုံးပြီးပြီ။

'ဟယ် ဒါနဲ့ မိန်းကလေးကလဲ တက္ကသိုလ်မှာ ပညာဆုံးခန်းမရောက်သေးဘဲနဲ့၊ ဘာကြောင့် ဒီလိုအရင်တလို ဖြစ်ကြတာတုန်း။

'အော်. . ဒီခေတ် ကောင်လေး ကောင်မလေးတွေက သမီးရည်းစားဖြစ်တယ်ဆိုဘဲ မခွဲဘဲ တတွဲတွဲ အသဲစွဲ ကြင်နာလိုက်ကြတာက နှစ်ဖက်မိဘသဘောတူ စေ့စပ်ထားပြီးတဲ့ အတိုင်းဘဲ၊ ဟိုဘက်မိဘက မသိချင်နေရမယ်၊ ကျုပ်တို့အိမ်တော့ ဒီကလေးမဟာ သူ့ရည်းစားနဲ့မကြာခဏ ပါပါလာတယ်၊ ကျုပ်တို့ကိုတောင် ကျုပ်တို့သားခေါ်တဲ့အတိုင်းဘဲ၊ မာမီ ဒက်ဒီ. . . နေပြီ။

ကျုပ်တို့အဖို့လဲ ဒီခေတ်မှာ အဆန်းမဟုတ်ဘူး။ သားတွေခေါ်ခေါ်လာကြတဲ့ သူတို့ ရည်းစားတွေရဲ့ မာမီဒက်ဒီအခေါ်ခံရတာက ရိုးနေပါပြီ။ တချို့မိန်းကလေးတွေဟာ နောက်ပိုင်း ကျတော့ တကယ်မာမီ ဒက်ဒီ တော်မသွား ကြရရှာပါဘူးခင်ဗျာ။

အဲ. . . အခုအကြီးနဲ့ ခင်မောင်ဦးကတော့ သူတို့ဟာညားကြသည်အထိ တယောက်ဆို တယောက်သာဘဲ၊ သူတို့ချင်း စွဲစွဲမြဲမြဲသစ္စာရှိကြပါပေတယ်။

အင်း. . . ကောင်း၏။. . . ကောင်း၏. . သို့သော်. . .

ဟဲ့. . . ကောင်းတော့နင်တို့။ အကြောင်းရှိတော့ ငါတို့မိဘတွေပါကလားဟဲ့. . . '

ပညာမပြည့် အလုပ်အကိုင်မရှိသေးတဲ့ နင်တို့ကိုဘယ်မိဘက ခေါ်ယူကျွေးမွေးထားပါ မည်နည်း။

## ဤတာဝန်

နှစ်ဖက်မိဘ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါမှာ မိန်းကလေးမိဘက ချမ်းသာပါပေသဗျာ။ သူတို့ နေတာက ဝင်ဒါမီယာမှာ ခြံနှင့်ဝင်းနှင့် အိမ်တွင်တယ်လီဖုန်းနှင့်၊ မော်တော်ကားနှင့်။ သူတို့အဖေ ကလည်း မျိုးကြီးရိုးကြီး၊ အလုပ်ကြီးအကိုင်ကြီးနှင့်။

ယောက်ျားလေး မိဘများတော့ ခင်ဗျားတို့စာဖတ်သူများသိကြတဲ့ အတိုင်းပါဘဲနော်. . ။ ကျွန်တော် မဖော်ပြတော့ပါဘူး။

မိန်းကလေးအဖေက မော်တော်ကား အရောင်းအဝယ်လဲလုပ်တယ်၊ ဝပ်ရှော့လဲ ရှိတယ် ဆိုတာသိရတော့၊ ကျောင်းပညာအရာမှာ မစွံတဲ့ ကျုပ်တို့သားကြီး၊ သူ့ယောက်ခမက ခေါ်ယူ ထားပြီး၊ စက်မှုလက်မှု ပညာဖြစ်တဲ့ မော်တော်ကား ပြင်ရာဌာနမှာ အလုပ်သင်ကြား ပေးထား

လိမ့်လေမလားလို့ ကျုပ်တို့စိတ်ကူးနဲ့ တွေးပြီး ဝမ်းသာမိပါသဗျား။ ဒီကောင်မျိုး ဒီယောက်ခမမျိုးရတာ တော်တယ်လို့။

သို့ပါသော်လဲ သူတို့သမီးကို သူတို့အိမ်ပြန်ပြီး ဒီသားမက်နှင့်အတူ လက်မခံနိုင်ဘူးတဲ့ ဗျား။ ဒင်းတို့ထိုက်နှင့် ဒင်းတို့ကံဖြစ်လိုရာဖြစ်စေတော့တဲ့၊ အင်း. . . ၁၀တန်းမှ မအောင်တဲ့ လူမွဲရဲ့ သားပေကိုး။

ဒီအသံကြားရတော့ ကျုပ်က ဒေါသဖြစ်မိသဗျ။ ဒါကြောင့်. . .

'ဟေ့. . . သော်တာဆွေကို စာရေးဆရာ ဖွတ်ကြားရယ်လို့ အထင်သေးသလား၊ နဂါးမှန်း သိအောင် အမောက်ထောင်ပြလိုက်ရအုံးမပေ့ါ'လို့ ကြိမ်းလိုက်တော့ ကျုပ်မိန်းမက လန့်သွားပြီး. . .

'မောင်. . ဘာလုပ်မလဲဟင်. . .'

'ဘာလုပ်ရမလဲကွ၊ ငါ့သားနဲ့ ငါ့ချွေးမ ငါ့အိမ်ခေါ်ထားမှာပေ့ါကွ'

ကျုပ်တို့မြန်မာမှာ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိတယ်။ သားဆိုးသမီးဆိုးကို ပစ်ရိုးမရှိပါဘူး။

ပစ်တယ်ဆိုတာက လွယ်ပါတယ်။ ဟိတ်ဟန်လဲ ကောင်းပါတယ်။ တယ်ခေါင်းမာလိုက်ပါလား၊ မာန်မာနကြီး လိုက်ပါလားလို့လဲ သူများအထင်လဲ ခံချင်ခံရမယ်ပေ့ါ။ သို့သော် ဒီလိုပစ်လိုက်ကြတော့ ဘယ်သူဆင်းရဲမယ်လဲ၊ သားသမီးလေးတွေဆင်းရဲမယ်။ သားသမီးလေးတွေဆင်းရဲတော့ နှလုံးသားမှန်ကန်တဲ့ မိဘများကော စိတ်ချမ်းသာနိုင်ပါဦးမည်လော။ ဒါကြောင့်. . . .

'ဟေ့ လာခဲ့ကြ၊ ငါ့သားနဲ့ ငါ့ချွေးမ၊ ငါ့အိမ်မှာလာနေ' အရင်သားနဲ့ ချွေးမတုန်းကဘဲ လိုပေ့ါဗျာ။

အောင်မယ် ဒီသားနဲ့ချွေးမက ကျွန်တော့်အိမ်ပေါ်ရောက်လာမှဘဲ သူတို့ဘက်က မိသားဖသားပီပီ သမီးမိန်းကလေး ပြန်အပ်တဲ့ ကိစ္စလုပ်ပါဦးတဲ့။

လုပ်တယ်၊ ကျွန်တော်တို့ လင်မယားနဲ့ ဒီကလေးနှစ်ယောက် (သူတို့အိမ်က လာခေါ်တဲ့ မော်တော်ကားနဲ့ဘဲ) တညနေသူတို့ ဝင်ဒါမီယာအိမ်ကို သွားလိုက်ကြပါတယ်။

ကလေးတွေက နှစ်ဖက်မိဘ ရှိနိုးကန်တော့ကြ၊ မိန်းကလေးအဖေက ကျွန်တော့်ကို အရက်တပွဲနဲ့ ညှော်ခံပါတယ်။ ခမည်းခမက် နှစ်ဖက်မိဘ အသိအမှတ်ပြုလိုက်ကြတဲ့ သဘောပေါ့ ကောင်းပါတယ်။

ဟောတဖန် လာပြန်သေးဗျ။ Wedding Reception ခေါ်တဲ့ မင်္ဂလာညှော်ခံပွဲ လုပ်ပါဦး တဲ့။

ဒါတော့ ကျွန်တော့်လုံးဝသဘောမတူဘူး. . .

'ဘယ့်နှယ်ကွာ. . . ဒီလင်မယား ညားပြီးနေမှဘဲ၊ သက်သက် ပိုက်ဆံအပိုကုန်အောင် ထွေလီကာလီတွေ မလုပ်ချင်စမ်းပါနဲ့' ဆိုတော့ ကျုပ်မိန်းမက. . .

'ဒါတော့မောင်ရယ်. . . သူတို့မိန်းကလေးဘက်က ကြည့်တော့ သူတို့မိဘဂုဏ်သိက္ခာလဲ ရှိသေးမှတ်လား'

'ဟဒါဖြင့် သူတို့မိဘက ချမ်းသာသားဘဲ၊ သူတို့ပိုက်ဆံနဲ့ လုပ်ပါစေလား'

'ဒါတော့ မောင်ရယ်. . . ယောက်ျားလေးဘက်က လုပ်စေချင်တာပေါ့'

'ဟ လုပ်စေချင်ကော ဒို့ကဘယ်လောက် ချမ်းသာလို့လဲ'

'ဒါတော့ မောင်ရယ်. . . နှစ်ဖက်လက်ဖွဲ့ကြေးနဲ့ ပြန်ရမှာပါ၊ ပိုချင်တောင် ပိုအုံးမယ်''

''အော်ဒီလိုကိုး ဒါပေမယ့် ငါ့ဘက်ကတော့ ဘယ်မိတ်ဆွေသင်္ဂဟမှ ဒုက္ခပေးဖို့ မဖိတ်ဘူး ဟေ့၊ နင်တို့ဟာနင်တို့ လုပ်ချင်လုပ်ကြ'

တကယ်ဘဲ ကျွန်တော် ကျွန်တော့်ဘက်က ဘယ်သူ့မှ အကြောင်းမကြားခဲ့ပါဘူး။ မာလာဆောင်ရှေ့က ယုဒသနိခန်းမဆောင်မှာ လုပ်ဖြစ်သွားကြပါတယ်။ အိုက်စ်ကရင်နဲ့ပလိန်း ကိတ်တွေ ဘာတွေကျွေးလို့။ ကာလပေါ် တီးဝိုင်းနဲ့ဘာနဲ့၊ ကျွန်တော်လဲ သွားလိုက်ပါတယ်။

အဲသည်လို အဲသည်နည်းညားပြီး၊ ကျွန်တော့်အိမ်လာနေကြတဲ့ လင်မယားဟာ ၁၉၇၀ ခု ဖေဖော်ဝါရီမှာ သူတို့သားကြီး သြရသကို မွေးဖွားပါသည်။

သို့သော်လဲ ကျွန်တော်တို့ချွေးမကို ပညာသင်မပျက်စေပါဘူး။ တက္ကသိုလ်မှာ ဆက်နေ စေပါတယ်။ (ယခု ဘီအေအောင်ပြီးပါပြီ)

သားဖြစ်သူတော့၊ ၄–တန်း ၂နှစ်၊ ၇ တန်းလဲ ၂နှစ်၊ ၉တန်းလဲ ၂နှစ်၊ ၁၀ တန်းကျတော့ ၂နှစ်တောင်မအောင်တော့တာမို့. . .

'ကဲ. . ငါ့သားရွှေသွေး. . . ပညာရေးတော့ မင်းတော်တော့၊ ကျောင်းပညာမဲ့ အသက်မွေးဝမ်းကျောင်းဘဲ ရှာပေတော့လကွာ၊ ဗမာပြည်မှာ ပညာမတတ်လို့ ထမင်းငတ်သေတဲ့ မသာမရှိပါ ဘူး'

## ချွေးမနှစ်ယောက်

အချို့အိမ်ထောင်များ၌ ယောက်ခမနှင့်ချွေးမ မတည့်ကြ။ သမီးယောက်မ မတည့်ကြ၊ လင်ညီအမ မတည့်ကြ ရှိတတ်ကြလေရာ၊ ကျွန်တော့်ချွေးမနှစ်ယောက်ကတော့ တည့်လှပါပေသ ဗျာ။ တဦးနှင့်တဦး ချစ်ကြင်သော ညီအမအရင်းနှင့်မခြား ပါပေဘူး။

သားအငယ် ခင်မောင်စိုး၏ဇနီး ကျွန်တော်တို့၏ ပထမဦးဆုံး ချွေးမကြီး၏နာမည်ကို ယခုထိ မဖော်ပြရသေးပေ။ သူသည် ခရစ်ယန်မို့၊ ခရစ်ယန်နာမည် Nora နိုရာ၊ ဗမာလိုမြမြသန်း ဖြစ်ရာ ကျွန်တော်တို့အိမ်မှာတော့ သူ့ကို နိုရာဟုဘဲ ခေါ်ကြသည်။

နိုရာ–ကျွန်တော်တို့အိမ်သို့ ချွေးမအဖြစ်နှင့် ရောက်လာသောအခါ၊ သူ့ယောက်ခမ ကျွန်တော့် ဇနီးက သူ့ချွေးမအား မည်မျှချစ်ကရုဏာ ထားပါသနည်းဟူမူ၊ တနေ့သ၌ ကျွန်တော် က 'ဟော့. . နင့်ချွေးမ စိန်ဂျွန်း မိန်းခလေးကျောင်းကလို့ ဆိုတယ်၊ သူဘယ်နှစ်တန်းလဲကွ'ဟု မေးကြည့်တော့ ၉ တန်းလို့ ပြောသံကြားတာဘဲ မောင်ရဲ့'

'၉ တန်းအောင်သလား၊ မအောင်သေးဘူးလား'

'မသိဘူး'

'မေးမကြည့်ဘူးလား'

'ဘာလို့ မေးကြည့်နေမလဲ မောင်ရယ် မအောင်ဘူးဆိုယင် သူရှက်ရှာမှာပေါ့' (တကယ် ဘဲ ခုထိ နိုရာ ၉ တန်းအောင် မအောင်ကို ကျွန်တော်တို့မသိပါ) သူ့ချွေးမသူ ဤမကြင်နာပါ သည်။ ယောက်ခမနှင့် ချွေးမရယ်ဟူ၍ ဘာလုပ်လိုက်စမ်း ကိုင်လိုက်စမ်း၊ ခိုင်းစေလေ့မရှိ။ အိမ်မှာလုပ်စရာ ရှိသည်ကို သူကချည်း လုပ်သွားသည်။ ချွေးမများကမနေနိုင်၍ ဝင်လုပ်ကြမှလုပ် ကရော။ ဒါတောင်

သူက 'နေပစေ. . နေပစေ မာမီလုပ်မယ်'ဟု ပြောတတ်သည်။ အိမ်ထောင်စု တစုတွင် ခေါင်းဆောင် အိမ်ရှင်မ၏ လမ်းပြမှုကအရေးကြီးပေသည်။

ကျွန်တော်တို့အိမ်တွင် ချွေးမများ ကလေးမွေးကြသည်။ မီးနေဝတ်တွေ၊ အနှီးဝတ်တွေ၊ လူငှားရလျှင်ရ၊ မရလျှင် သူကိုယ်တိုင် လျှော်ဖွတ်ပစ်လိုက်သည်။ ဒီတော့ ချွေးမများကိုယ်တိုင် လည်း သူတို့လင်ညီအမချင်း၏ အဝတ်တွေကို တဦးအတွက်တဦး လျှော်ဖွတ်ပေးကြရသည်ပေါ့။

ကျွန်တော်တို့အိမ်တွင် ဘယ်သူ့အဝတ်၊ ဘယ်ဝါ့အဝတ်ဟူ၍ ခွဲခြမ်းမှုမရှိပေ။ ကျွန်တော် တို့အဘိုးကြီး၊ အဘွားကြီးနှင့် သားနှစ်ယောက်၊ လင်မယားနှစ်စုံနှင့်၊ မြေး ၄ယောက်နှင့်အတူ တကွနေကြရာ အဝတ်ဟောင်းခြင်းတခုထဲသာ ထားသည်။ အလျဉ်းသင့်ရာလူက အားလုံးကို လျှော် သည်။ မီးပူတိုက်သည်။ အဝတ်တွေများနေလျှင် အတူတကွလျှော်ကြသည်။ ကျွန်တော်တို့ အိမ်တွင် ရေတွင်းရှိသည်။ တယောက်ချီးလျှင် တယောက်ကငင်ပေးသည်။ မည်သူမျှ တွက်ကပ် မှုမရှိကြ။ ကလေးများကိုလည်း သူ့သမီး၊ ငါ့သားမခွဲခြားဘဲ အတူတကွ ပြုစုကျွေးမွေးကြသည်။ မြေး ၄ယောက်ကလည်း သင့်မြတ်ကြသည်။

နို့ပြီးအိမ်တွင် မိန်းမချင်းအတင်းပြောမှုလဲမရှိ။ အခြားသူလာပြောလျှင်လည်း ငြိမ်ပြီးတော့ ခံမနေတတ်။ မဟုတ်လျှင် ဇတ်ဇတ်ကြဲ ဖွင့်ချတတ်သည်။

တခုသော ခရစ်စမတ်ညဥ့် ကျွန်တော်တို့အိမ်တွင် အုန်းနို့ခေါက်ဆွဲကျွေးသည်။ ဝေးနီး မိတ်ဆွေများလာကြသည် အနီးကပ်အိမ်မှ နိုရာနှင့်ရွယ်တူခန့် သူတို့ချင်းအင်မတန်ချစ်ခင်ကြ သော မိန်းကလေးတယောက်လဲ လာရောက်နေသည်။

ဤမိန်းကလေးသည် လင့်မိဘအိမ်တွင်နေရာ၊ ယောက်မနှင့်လည်းမတည့်။ ယောက်ခမ နှင့်လည်း အဆင်မပြေ၍ သူ့ယောက်ျားလစာ မဖြစ်စလောက်နှင့် အိုးခွဲစားနေရသည်။ ဒီတော့ ယောက်ခမနှင့် သင့်မြတ်နေသောနိုရာကို အားကျရာမှ မနာလိုစိတ် ပေါ်လာဟန်တူ၏။

'ဟိုနေ့ကလေ ယူ့ယောက်ခမက အိမ်လာပြီး အိုင့်ယောက်ခမကိုပြောနေတယ် ချွေးမများ အလိုလိုက်ယင် မကောင်းဘူး၊ ရောင့်တက်တယ်၊ အိမ်မှာဘာမှမလုပ်ဘူး၊ ဒီကချည်း ကျုံးလုပ်ရ တာဘဲ. . . တဲ့'

ဒီစကားလဲကြားရော နိုရာဟာ အလွန်တရာအံ့အားသင့်တဲ့အသံနဲ့. . .

'ဟင်. . . မာမီကဒီလိုပြောတယ်'

'ဟုတ်တယ်၊ ဒါ အိုင်က ယူ့ကိုခင်လို့ သတိထားဖို့ပြောတာ'

အချို့မိန်းကလေးဆိုယင် (အော်. . . ဒီလိုပါလား)ဟု မြုံနေပေလိမ့်မည်။ နိုရာကား ဤသို့ မဟုတ် သူတို့နှစ်ယောက်ပြောကြသည်မှာ နိုရာတို့ အိပ်ခန်းထဲတွင်ဖြစ်လေရာ၊ ဟိုမိန်းကလေး စကားလဲဆုံးရော၊ နိုရာသည် ဟောဟောဒိုင်းဒိုင်းဘဲ ဧည့်ခန်းထဲထွက်သွားတဲ့ပြီး မေ့အား. .

'မာမီ ဒီလိုဘဲပြောတယ်ဆို'ဟု ထိုမိန်းကလေးစကားကို တိုက်ရိုက်မေးချလိုက်တော့သည်။

မေသည်ရုတ်တရက် အံ့အားသင့်နေပြီးမှ ထိုင်ရာမှထတဲ့ပြီး. .

'နိုရာ. . အဲဒီကောင်မခေါ်ခဲ့စမ်း၊ ဟောဒီမှာ သူ့ယောက်ခမလဲရှိနေတယ်၊ မျက်နှာစုံညီရှင်း'

သည်တော့မှ ထိုမိန်းကလေးသည် မျက်နှာငယ်လေးနှင့် ထွက်လာတဲ့ပြီး. . .

'ကျမပြောတာ ဒီလိုမဟုတ်ပါဘူး အန်တီ'သူ့စကားမဆုံးမီ. . .

'အောင်မာ. . ငါကိုယ်တိုင် နားဆတ်ဆတ် ကြားပါသဗျ'

ဤစကားပြောလိုက်သူကတော့ ကျွန်တော်ပင်။ နိုရာတို့အိပ်ခန်းနှင့် မီးဖိုခန်းသည် နံရံသာ ခြားလေရာ သူတို့ပြောစဉ်က ကျွန်တော်သည် မီးဖိုခန်းထဲတွင်ရှိသည်ဖြစ်၍. . .

'ဟုတ်တယ်မေ၊ သူဒီအတိုင်းပြောတာဘဲ'

ထိုအခါ မေသည်အလွန်ဒေါပွလျက်. . .

'ဟင် ကောင်မ၊ ငါ့အိမ်ကဟာစားတာ အခုနင့်လည်ချောင်းထဲတင် ရှိသေးတယ်၊ သွား အခု ငါ့အိမ်ပေါ်က ဆင်းသွား၊ နောက်လဲ ဘယ်တော့မှ မလာခဲ့နဲ့တော့'

အပြီးအပြတ် ပြောချလိုက်တော့၏။

အိမ်ထောင်တခုတွင် အင်လောတို့အကြား၌ ဤလိုကတုံးကတိုက်မျိုးလည်း စိုးရိမ်ရ၏။

ကျွန်တော်တို့ချွေးမနှစ်ယောက်ကို ကြည့်မည်ဆိုလျှင် 'အကြီး'က သွက်လတ်ဖျတ်လတ်၍ ပါးနပ်ထက်မြက်သည့် ပုံသဏ္ဍာန်ရှိသည်။ 'နိုရာ'ကအူတူတူ အေးစက်စက်နှင့် ပျော့ညံ့မည်ထင်ရ သည်။

သို့သော် သူသည်စိတ်ဓါတ်အားဖြင့် ရှင်းရှင်းနှင့် ပွင့်လင်းရဲရင့်သူဖြစ်ကြောင်းအထက်ပါ သာဓကဖြင့် သိရသည်။

## သူတို့အမျိုး

အကြီးတို့အမျိုးက ကုန်သည်မျိုး၊ စီးပွားရေးသမားများသာ ဖြစ်သည်။ ငွေကြေးချမ်းသာသူများ ဖြစ်ကြသည်။

နီရာတို့အမျိုးကလခစားမျိုး ကျောင်းဆရာမျိုးဖြစ်ကြသည်။ သူတို့အဖေက မန္တလေးမှ ဒိုင်အိုကျောင်းအုပ်ဆရာကြီး သူတို့အမများလည်း ကျောင်းဆရာမများ ဖြစ်ကြသည်။ မန္တလေး စစ်ကိုင်း မေမြို့တို့တွင် နေကြသည်။ ရန်ကုန်ရောက်လျှင် ကျွန်တော်တို့အိမ်သို့ ရင်းနှီးစွာ ဝင်ထွက်သွားလာကြသည်။ နှစ်ဖက်ဆွေမျိုးပီသစွာ ဆက်ဆံကြသည်။

နီရာ့အမ ဒေါ်နွဲ့ဆိုသူက ယခု ကျွန်တော်တို့ အိမ်အနီး ဗမိုင်ပြည်လမ်းတွင်ဖြစ်၍ သူတို့ ကလေးများနှင့် ကျွန်တော်တို့မြေးများသည် အထူးချစ်ခင် ကြင်နာကြသည်။ နှစ်အိမ့်တအိမ် ဆက်ဆံကြသည်။

နီရာ့အမေလည်း ရန်ကုန်တွင်ရှိရာ ကျွန်တော်တို့ အိမ်နှင့်အဆက်မပြတ်ရှိသည်။ စားသောက်စရာများ ပို့လေ့ရှိသည်။ သူ့မြေးများမွေးနေ့ဆိုလျှင် မွေးနေ့ကိတ်မုန့်ပို့မြဲဖြစ်သည်။

နီရာတို့တွင် မွေးချင်းပေါက်ဖော်များလှသည်။ သူတို့မောင်နှမ ညီအမချင်းတို့သည် တဦးနှင့် တဦး ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာ ရှိကြပါပေသည်။

သဘောသကာယလဲ ကောင်းမွန်ကြပါပေသည်။ အားလုံး ကျွန်တော်တို့နှင့် ရင်းနှီးစွာ သိကျွမ်းကြသည်။

## မိဘတို့ဝတ္တရား

'ငါ့သားတွေ ပညာတတ်အောင်သင်၊ အလုပ်မရခင်တော့ ချွေးမတွေ အိမ်မခေါ်လာကြနဲ့ ကွ'

ကျွန်တော့်သားတွေ ရည်းစားထားတတ်ပြီဆိုကတည်းက သည်စကားကို ကျွန်တော်တဖွဖွ ပြောခဲ့ပါသော်လဲ တကယ်ဖြစ်လာကြတော့ ကြိုတင်သတိပေးသော မိဘစကားသည် 'မိဘစကား' ဖြစ်လာပြီဆိုတော့ ရင်ဆိုင်ရမည့် မိဘဝတ္တရားသည် 'မိဘဝတ္တရား'ဟူ၍ ခွဲခြားရပြန်သည်။

အကယ်တွက္ကို 'မင်းတို့ငါတဖွဖွပြောထားသားဘဲကွ၊ ဒင်းတို့မိန်းကလေးရှင်တွေက ပစ်သေး တာ၊ ငါတို့ကလဲ ပစ်တယ်ကွ'ဆိုငြားအံ့၊ ဘယ်သူတွေဒုက္ခရောက်ကြမလဲ၊ ဒီသားသမီး တွေ၊ ဒီသားသမီးတွေ ဒုက္ခရောက်ကြမယ်၊ ဒီသားသမီးလေးတွေ ဒုက္ခရောက်တော့ မိဘများကော စိတ်ချမ်းသာပါဦးမည်လား။

ဒါကြောင့် ကျွန်တော်ကပထမဦးဆုံး ခင်မောင်စိုးတုန်းကလဲ ငါ့သားငါ့ချွေးမ၊ ဒုတိယ ခင်မောင်ဦးကျတော့လဲ ထိုနည်းလည်းကောင်းဘဲ။

သည်တော့ မေက. . .

'မေ့သားတွေတော့ လွန်လှပါပြီ'ဟု မျက်ရည်ခံလေးထိုး၏။ သည်တော့ ကျွန်တော်က. . .

'ဖြစ်လာပြန်တော့လဲ ဘယ်တတ်နိုင်မလဲကွာ၊ မရှိအတူ၊ ရှိအတူ၊ ကျွေးရမွေးရမှာပေါ့'

ကျွန်တော်တို့မှာ ချမ်းချမ်းသာသာ ချောင်ချောင်လည်လည်ကြီး ရှိ၍မဟုတ်ပါ။ ဆင်းရဲ သားများ ပြောစကားရှိသည်။

'လက်လှုပ်မှ ပါးစပ်လှုပ်ရ'ဆိုသည့်အတိုင်း ကျွန်တော်တို့စာရေးဆရာလည်း လက်လှုပ်မှ ပါးစပ်လှုပ်ရသူများ ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ လက်ကရေးနိုင်ပါမှ ထမင်းစားဖို့ ပိုက်ဆံရကြသူ များဖြစ်ပါသည်။

ကျွန်တော်၏ဝင်ငွေမှာ ဘယ်တော့မှလက်ထဲတွင် များများစားစား ရှိမနေပါ။ စားလောက် သောက်လောက်ရုံက သိပ်မပို။ ပြတ်လတ်သည်လဲ မဟုတ်ပါ။

ကျွန်တော့ ကံဇာတာအတိုင်း 'မရှိမရှား'သာ ဖြစ်သည်။ ထို့ကြောင့် တခါတရံ၌ မေက ပြောတတ်၏။

'ခုနှယ် လက်ထဲမှာ ငွေငါးထောင် တသောင်းလောက် ရှိစေချင်တယ် မောင်ရယ်'

'ရှိတော့ မင်းက ဘာလုပ်မလဲကွ'

‘အရောင်းအဝယ်လေး ဘာလေးလုပ်မှာပေါ့၊ ဒီခေတ်ကြီးက ဒါမျိုးလုပ်နိုင်မှ စားသာတာ’

‘အောင်မာ မင်းကလုပ်တတ်လို့လား’

‘အမယ်. . . မောင်ကမေ့ကို အထင်မသေးပါနဲ့၊ လက်ထဲငွေငါးထောင်မျိုး တသောင်းမျိုးသာ ရှိလိုက်စမ်းပါ’

‘တော်ပါကွာ. . . ကိုယ်နဲ့မတန်တဲ့ ငွေစကား၊ ကြေးစကားတွေ ပြောမနေပါနဲ့’

‘အော် မောင်တကုပ်ကုပ်နဲ့ စာရေးနေရတာ အနားရစေချင်လို့ပါ’

‘အောင်မယ်လေး. . . ဒီငါးလေး ရေထဲကူးနေရတာ သနားပါတယ်ဆိုပြီး ကုန်းပေါ်ဆယ် မတင်လိုက်ပါနဲ့ဗျာ။ မောင့်ဟာမောင် ဒီလိုစာရေးနေရတာဘဲ ကျေနပ်ပါတယ်၊ မောင်စာမရေးဘဲ မနေနိုင်ဘူး’

## လူတို့ကံ

လူတို့တွင် ‘သူ့ ထိုက်နှင့်သူ့ကံ’ဆိုသည်မှာ မှန်၏။ ခင်မောင်စိုးသည် မယားရပြီး ကလေး တယောက် မွေးသည့်တိုင်အောင် ဘာအလုပ်မှုမရှိဘဲ တော်တော်ကြာခဲ့သည်။

တောအုပ်ဖြစ်ရန်လည်းကောင်း၊ ရုပ်ရှင်မင်းသား ဖြစ်ရန်လည်းကောင်း၊ မိဘများစီမံပေးခဲ့ သည်။ ဖော်ပြသည့်အတိုင်းမအောင်မြင်ခဲ့။ နောက်ပိုင်း၌ သူ့ဟာသူ အလုပ်ရချင်တော့ လှိုင်ဒေသ စိတ်ပညာအုပ်ရုံးမှ စာရေးတဲ့။ ၁၂၆ ကျပ်။ ဒါလည်း ရဖို့လွယ်သည်မဟုတ်ပါ။

သူ ဘောလီဘော အပုတ်ကောင်းသောကြောင့် ထိုဌာနတွင် အားကစားသမားလိုသည် နှင့် အဆင်သင့်သွားခြင်းဖြစ်ပါသည်။

ထိုမှသူသည် ညကျောင်းလုပ်သားကောလိပ်တွင် နေခွင့်ရ၏။ အခု ဘီအေအောင်ပြီးပါပြီ။

ပညာရုံးအုပ် စာရေးမှတဆင့် မူလတန်း ကျောင်းဆရာလဲ သူ့ကလေးနှစ်ယောက် မုန့်ဖိုး လောက်တော့ရပါသည်။ အော် ဟိုတုန်းကများ သားတယောက်ဒီဂရီရ၍ အလုပ်ရပြီဆို မိဘများ ရင်အေးရ၏။ ခုတော့ဗျာ ဒီလစာလေး ၁၅ဝထဲနဲ့ အိမ်ခွဲထုတ်လိုက်ယင် ဒင်းတို့ခွေးမဖြစ်ပါလား။ အေးငါ့မသေခင်လုပ်နိုင်ကိုင်နိုင်တုန်းတော့ အိုးမကွာအိမ်မကွာနေပါသားရယ်။

ကျွန်တော့်အတွက် တဖက်တလမ်း အသက်ရှုချောင်ရသည်က သည်အချိန်မှာ သမီးအကြီးဆုံး ဒင်ပယ်လ်ဆွေက ဆေးကောလိပ်အမှတ် (၁)မှာ အင်္ဂလိပ်စာပြ ဆရာမဖြစ်နေ၍ လည်းကောင်း၊ ကျော်ကျော်က သင်္ဘောသား ဖြစ်သွား၍လည်းကောင်း၊ ၁၉၇၁ခုနှစ် လောက်ကစ ပြီး ပထမ အိမ်ထောင်က သားသမီးများကို ငွေကြေးမထောက်ပံ့ရတော့ပါ။ သော်သော်ကလည်း ယခုနှစ် ဆရာဝန်ဖြစ်ပြီ၊ သမီးငယ် နှစ်ယောက်ကလည်း ဒီဂရီရပြီးပြီ။

သူတို့ဦးလေး (နော်မာ့မောင် အငယ်ဆုံး) ဂျယ်ရယ်က (လူပျိုကြီး)သင်္ဘော အင်ဂျင်နီယာ ဖြစ်၍ နိုင်ငံခြား သင်္ဘောလိုက်ရသဖြင့် ယခုသူတို့အိမ်မှာ နှစ်သိန်းကျော်တန် ဒတ်ဆန်း ၁၂၁ နှင့်၊ ကျုပ်ယောက္ခမ ဟောင်းကြီးလဲ၊ အိုဇာတာ ကောင်းပါသဗျ၊ ကျော်ကျော့် မင်္ဂလာဆောင်မှာ တွေ့စဉ်က ကျွန်တော့်အား ‘မင်းသားက ကြက်ကန်းဆန်အိုး တိုးတာဘဲ’ဟု ပြောရာ၊ ကျွန်တော် က ‘သော်တာဆွေမျိုးက ဘုန်းနဲကံနဲ့ပါဗျ’ဟု ပြန်ပြောလိုက်၏။

ကျွန်တော်တို့အသက်ရှု ကြပ်ခဲ့ရသည်ကတော့ ခင်မောင်စိုးအတွက်ဖြစ်၏။ ဒီကောင်က အိမ်ထောင်ကျ၍ ၁၀တန်းပင်မအောင်တော့ ဘယ်နေရာ ဘယ်ဌာနမှာ ဘာအလုပ်ရပါမည်နည်း။

ပထမကလေးမွေးပြီး ဒုတိယကလေး ပဋိသန္ဓေရှိတော့မှ အလုံကသူ့ဦးလေး သစ်တော ဝန် ဦးခင်မောင်အေးရုံးမှာ ရုံးစေအလုပ်ကြမ်းသမား ၈၂ ကျပ်စား အလုပ်ရ၏။

၁၅ဝ ရသည့် ကျောင်းဆရာ ခင်မောင်စိုးကျောင်းက ကမာရွတ် သုခလမ်းတွင် ဖြစ်ခြင်းကြောင့် အိမ်မှာနေပြီး ခြေကျင်သွား၍ရ၏။ ယခု ၈၂ကျပ်စားကြီးမှာ ဗမိုင်ကျွန်တော့်အိမ်မှ အလုံ သို့ ကားနှစ်တန်စီးပြီးသွားရမည်ဖြစ်ခြင်းကြောင့် ဒင်းလစာနှင့် ဒင်းစရိတ်ဘဲ ကိစ္စပြီးရချေရဲ့ဟု သူ့ဦးလေး ဦးခင်မောင်အေးက သူ့တူလင်မယားကို သူ့အိမ်ခေါ်ထားခဲ့၏။

သို့သော် သူတို့ဟာသူတို့ ချက်စားရသည်ဖြစ်၍ ကျွန်တော်တို့အိမ်မှ ဆန် ဆီပေးနေရ သေး၏။

သူ့ဇနီး ‘အကြီး’သည် ကျွန်တော်တို့အိမ်နေစဉ်က ကလေးငယ်ရှိသော်လည်း၊ မေနှင့် နီရာက ကြည့်ရှုထားသဖြင့် ကျောင်းနေမပျက်ခဲ့ဘဲ၊ ဘီအေအောင်ခဲ့ပါပြီ၊ သို့သော် ထုံးစံအတိုင်း အလုပ် ကတော့ မရသေးဘူးပေါ့။

သို့ရှိစဉ် ကျော်ကျော်က သတင်းကောင်းယူလာ၏။

‘အခု သင်္ဘောသားတွေ ခေါ်နေတယ်’

သည်တော့ ကျွန်တော်က ‘ဟာ. . . အိမ်ကနှစ်ကောင်စလုံးဘဲ လျှောက်ကြဖော့’

သို့သော် သင်္ဘောသားရဖို့ကလည်း မလွယ်ပါပေ။ လျှောက်လွှာပုံစံကလေး ရဖို့ကအစ၊ ခဲယဉ်းသည်။ ဟိုဌာန သည်ဌာနတွေလည်း အဆင်ပြေအောင် လုပ်ရသည်။ သို့ရာတွင် ထိုဌာနတွေမှာ စာရေးဆရာ သော်တာဆွေကို သိကျွမ်းခင်မင်သူတွေရှိနေသဖြင့် အားလုံး အဆင်ပြေသွားပေသည်။

သို့သော် လူဆိုတာ ကုသိုလ်ကံ ရှိပေသေးရာ ညီအကိုနှစ်ယောက်အတူတူလျှောက်ရာ၌ ခင်မောင်ဦးကို အင်တာဗြူးခေါ်သည့်စာက အရင်ရောက်လာ၏။ ခင်မောင်စိုးက နောက်ကျပြီး လက်ထဲရောက်တော့လည်း ရက်လွန်နေ၏။

ထို့ကြောင့် တိုတိုဘဲ လိုယင်းပြောရလျှင် ခင်မောင်စိုးကား ပိုနေမြဲ ကျားနေမြဲ၊ ကျောင်းဆရာဘဲဖြစ်လျက်၊ ခင်မောင်ဦးကား သော်တာဆွေ၏စာပေမိတ်ဆွေများ ကျေးဇူးဖြင့် လွယ်ကူစွာ ဘဲ သင်္ဘောသားဖြစ်သွားလေသည်။

ထိုအခါ သစ်တောရုံးမှ အလုပ်ထွက်ခဲ့ပြီး၊ လင်မယားတွေတွေ ကျွန်တော်တို့အိမ် ပြန်ရောက်လာကြ၏။

သို့သော် သင်္ဘောသားလက်မှတ် ရပြီးသော်လည်း သင်္ဘောလိုက်ဖို့က မလွယ်သေးပေ၊ ကပ်ရပေးရ ကမ်းရတွေကရှိသေး၏။ ကျုပ်တို့မှာက ပေးစရာ ကမ်းစရာ မရှိလေတော့ တော်တော်ကြီးကြာမှ၊ ကျော့်ကျော့်ဦးလေး ဂျယ်ရယ်၏ ကျေးဇူးဖြင့် သူလိုက်သော သင်္ဘောနှင့် အင်္ဂလန်နှင့် ဂျာမနီသို့ ပါသွား၏။

ယင်းသင်္ဘောသည် မြန်မာပိုင် ကြယ်ငါးပွင့်မှ ဖြစ်လေရာ သင်္ဘောသားလစာ ၃၀ဝိခန့် ရသည့်အနက်မှ၊ တဝက်ကို လစဉ်အိမ်သို့ပြန်ပို့ရ၏။ ယင်းငွေကို သူ့ဇနီးအကြီးကရ၏။ ထိုအခါ အကြီးသည် သူ့ယောက်ျားမရှိခိုက်၊ သူ့အမေနှင့် နေလိုပါသည်ဟု သားအမိတွေ ဝင်ဒါမီယာသို့ သွားနေကြ၏။

ယင်းလုံလျှင် ခင်မောင်ဦးသည် ပြည်သူပိုင် ကြယ်ငါးပွင့်သင်္ဘောမှ တခေါက်လျှင် တလခွဲ နှစ်လကြာသည်။ နိုင်ငံခြားကို နှစ်ခေါင်သုံးခေါက် လိုက်ပြီးနောက်၊ နိုင်ငံခြားပိုင်သင်္ဘောကို လိုက်ရန်ဟု ပြည်တွင်းသင်္ဘောမှဆင်းလိုက်၏။

နိုင်ငံခြားသင်္ဘောက လခလည်းပိုရသည်။ အနည်းဆုံး တနှစ်ခွဲနှစ်နှစ်ကျော် ပြည်ပနိုင်ငံ တွေ သွားလာနေရ၍ နိုင်ငံခြားငွေစုမိပြီး၊ ယင်းငွေနှင့် ပစ္စည်းတွေများများ ဝယ်လာနိုင်သည်။ သင်္ဘောသားတယောက် မြန်မာပြည်မှာ ချမ်းသာသွားနိုင်သည်။

ဒီအကြောင်း ကျွန်တော်ကသိရတော့ 'အေး ကောင်းပါပါသကွာ၊ နိုင်ငံခြားသင်္ဘော လိုက်ရဖို့ကော လွယ်ရဲ့လားကွ. . .'

'အကြီးတို့ဘက်က နိုင်ငံခြားသင်္ဘောတွေ ကိုယ်စားလှယ်လုပ်တဲ့လူနဲ့ အဆက်ရှိသတဲ့ ဒက်ဒီရဲ့. . .'

'အေး. . . ကောင်းပါသကွာ' မင်းမယားဘက်က မင်းကိုဂရုတစိုက်ရှိလာပြီဆိုတာ ဝမ်းသာပါ တယ်'

သို့သော် နိုင်ငံခြားသင်္ဘောကို တော်တော်နှင့်မတက်ရသေးပေ။ ထိုစဉ်မှာ ခင်မောင်ဦး တွင် ဝင်ငွေတပြားမှ မရှိတော့ပေ။ အကြီးတို့သားအမိတွေ ကျွန်တော်တို့အိမ် ပြန်ရောက်လာကြ ၏။ ထိုအခါ သူ့အမေအိမ်မှာ ကလေးတယောက်မွေးခဲ့၍ သားနှစ်ယောက်ဖြစ်လာ၏။ အထက် အောက် တနှစ်နှင့် ရှစ်လခြား၏။

အိမ်ကဖွားအေကြီးက မြေးငယောက်နှင့် နေရ၍ ဝမ်းသာသပေါ့ဗျာ။ ခင်မောင်စိုးက သမီးနှစ်ယောက်၊ ခင်မောင်ဦးက သားနှစ်ယောက်။ ခင်မောင်စိုးရေ နီရာပါ အရပ်မြင့်ကြသည် ဖြစ်၍ သမီးလေးနှစ်ယောက်က ခြေတံလက်တံရှည်ပါဘိ။ ခင်မောင်ဦးနှင့် အကြီးကနှစ်ယောက် စလုံး ပုညက်ကြသည်ဖြစ်၍ သားလေးတွေကလည်း ပုညက်ပါဘိ။ ထို့ကြောင့် ကျွန်တော်က သူတို့ဖွားအေကြီးအား 'အင်း မင်းမြေးတွေက တအိမ်ထဲမှာ တစင်ထဲသီးတဲ့ ပဲလင်းမြွေသီးနဲ့ ပုံလုံသီးတွေဘဲ'ဟု ပြောရ၏။

သည်မြေးငယောက် ကျေးဇူးကား ကျွန်တော်တို့ ခံစားရပါပေသည်။ အကြောင်းမှာ သူတို့မအေ နှစ်ယောက်စလုံးပင် နို့ထွက်ကောင်းကြသဖြင့် ကလေးတွေအတွက် ရသောနို့မှုန့် တွေကို ကျွန်တော်တို့လူကြီးများက ကော်ဖီဖျော်သောက်ရ၏။ အင်း. . . ကောသလမင်း အိပ်မက် ၁၆ချက်က 'နွားကလေးနို့ နွားကြီးစို့'ဆိုတာ ဒါပါဘဲကိုး။

ယင်းသို့မြေးအဖွား သားအမိတွေကို တတ်နိုင်သမျှ ကျွေးမွေးပြုစု၍ ပျော်ပျော်ရွှင်ရွှင် နေကြရသော်လည်း၊ ခင်မောင်ဦး နိုင်ငံခြားသင်္ဘော လိုက်ဖို့ဆိုသည်က ပြောခဲ့သလောက် မလွယ်ပြန်ချေ။ ငွေနှစ်ထောင်ပေးရမလို၊ သုံးထောင်ပေးရမလို အသံထွက်လာ၏။

သားမြေးတွေ ကျွေးထားနိုင်ပါ၏။ သည်လောက်ငွေပေးဖို့တော့ ကျွန်တော်တို့မှာမရှိ။ ပြည်တွင်းသဘော်ာ ပြန်လိုက်ဖို့လဲ ဆင်းပြီးမှ မလွယ်ပြန်တော့။ ခင်မောင်ဦးအတွက် အသက်ရှူကြပ်လာရပြန်သည်။

သို့နှင့် တနေ့သ၌တော့ မိုးကုတ် ကိုမြမောင်ရှိစဉ်က ကျွန်တော်နှင့် သောက်ဖော်စားဖက် မိတ်ဆွေ ကိုထွန်းတင်အိမ်ရောက်လာ၏။ သူကကလေး ပုပုရှည်ရှည်လေးတွေကြည့်၍ ကျွန်တော်တို့မြေးတွေဆိုတာ သိရတော့၊ သားတွေမှာကော အလုပ်ရှိကြပြီလားမေးသည်မှ ခင်မောင်ဦး အကြောင်း ရောက်သွားသည့်၌ ကိုထွန်းတင်သည် ကျွန်တော့်ပေါင် ဖျတ်ကနဲရိုက်၍. . .

'အောင်မယ်လေး ကိုဆွေရယ် ခင်ဗျား ကိုသန်းအောင်ကို မေ့နေပြီလားဗျ၊ အဲသည်နိုင်ငံခြားသဘော်ာ ကုမ္ပဏီတွေဘက်မှာ သူကပိုင်တာပေါ့ဗျ။ ကိုဆွေ့သားကို ကျွန်တော့်ဆီလွှတ်လိုက်။ ကျွန်တော်ကိုသန်းအောင်ဆီ ပို့ပေးလိုက်မယ်။

ကျွန်တော့်မှာ လွန်ခဲ့သောဆယ့်ကိုးနှစ်က သောက်ဖော်စားဘက်အချို့ကို ဘယ်သူ ဘယ်ဌာနရောက်နေသည်မသိပါ။ သူတို့ကသာ ကျွန်တော့်စာတွေမပြတ်ရှိနေ၍ သတိရကြ သည်။ ဤကိုသန်းအောင် ကျေးဇူးနှင့်ပင် ခင်မောင်ဦးသည် ဟောင်ကောင်အိုးရှင်းရှစ်ပင်း သဘော်ာကုမ္ပဏီနှင့် ဆက်မိ၍ အိုးရှင်းဟုပ် ခေါ် တရုတ်သဘော်ာနှင့် လိုက်ခွင့်ရသွားပေသည်။

သူငယ်ချင်းကျေးဇူးဖြင့် ပိုက်ဆံတပြားမှမကုန်ပါ။ ကိုသန်းအောင်လဲ ကျွန်တော့်သားလေး ကို 'သော်တာဆွေလေး' ဟု ကူညီစောင်မပါပေသည်။

ထိုတရုတ်သဘော်ာမှာ ခင်မောင်ဦးသည် တလလျှင် ဟောင်ကောင်ဒေါ်လာ ၇၅၀ ရ၍ သားမယားထံ တဝက်ပြန်ပို့ရာ အကြီးသည် လစဉ်ဗမာငွေ ၄၀၀ ကျော်ရသည်။

ထိုအခါ၌ ကျွန်တော်တို့ချွေးမသည် ကျွန်တော်တို့အိမ်တွင်မနေတော့။ သူ့အမေထံ ပြန်နေသည်။

ယင်းသို့ဖြင့် ရက်တွေ၊ လတွေ၊ ကြာညောင်း သွားလေရာ တနှစ်ခွဲပြည့်သွားသည့်၌ ခင်မောင်ဦး ပြန်လာရတော့မည်ဟု စာရောက်လာ၏။

ထိုအခါ ကျွန်တော့်စိတ်တွင်ဝင်ဒါမီယာက ချွေးမနှင့်မြေးတွေ ကျွန်တော့်အိမ်ပြန်ရောက်လာတော့မှာဘဲဟု ဝမ်းမြောက်မိ၏။ အကြောင်းမှာ ခါတိုင်းဆိုလျှင် အကြီးသည် သူ့ယောက်ျား သဘော်ာလိုက်သွားစဉ်က သူ့အမေအိမ်ပြန်နေ၍ ခင်မောင်ဦး သဘော်ာဆင်းလျှင် ကျွန်တော်တို့ အိမ်ပြန်ရောက်နေကျ ဖြစ်၏။

ယခုတော့ ခင်မောင်ဦး ဘယ်နေ့ဘယ်အချိန် မင်္ဂလာဒုံလေဆိပ်ကကြိုရမည်ဟု သိရသည် အထိ အကြီးတို့သားအမိသည် ကျွန်တော်တို့အိမ်ပြန်မရောက်သေး၍ ကျွန်တော်က သူတို့အမေ အား. . .

'ဟဲ့. . . . မအေကြီးရဲ့ အခုထိ အကြီးတို့သားအမိတွေ တို့အိမ်ပြန်မရောက်သေးပါလား။ မင်းသားပြန်ရောက်ယင် သူတို့ဒီအိမ်မှာဘဲ နေကြမှာမဟုတ်လား'

'နေမှာပေါ့ မောင်ရဲ့၊ မေ့သားက မေနဲ့ခွဲမနေနိုင်ပါဘူး ဒီအမေကိုလဲ ဘယ်တော့မှ ပစ်သွားမှာမဟုတ်ပါဘူး'

သို့ရာတွင် ထိုနေ့ကအကြီးတို့အိမ်က မော်တော်ကားလာခေါ်၍ မေမင်္ဂလာဒုံလေဆိပ် သို့ပါသွားသည်။ ကျွန်တော်သူတို့နေသွားသောအခန်းကို ရှင်းလင်းလျက်။ သားနဲ့ချွေးမ မြေးပုပု ဝဝလေးတွေကို တမျှော်မျှော်နေခဲ့သည်။

သို့သော်လည်း ညဥ့်သန်းခေါင်ကျော်၍ မေတယောက်တည်းသာ အိမ်ပြန်ရောက်လာ သဖြင့်. . . .

'ဟဲ့. . . မင်းသား ဒီညလေယာဉ်နဲ့ ပါမလာဘူးလား'

'ပါပါတယ်မောင်ရဲ့၊ ပစ္စည်းတွေလဲပါလို့ ဝင်ဒါမီယာက အိမ်ကိုလိုက်သွားတယ်၊ နောက်မှ အေးအေးဆေးဆေး ပြောင်းလာကြမယ်ထင်ပါရဲ့'

'သို့သော် မလာတော့ချေ။ ဝင်ဒါမီယာက သူ့ယောက်ခမအိမ်မှာ အခန်းတခုရအောင် နံဘေးက အဖီချနေတော့မည်တဲ့။ ပါလာတဲ့ပစ္စည်းတွေကို ရောင်းချလိုက်တော့ သုံးသောင်းခွဲ လောက်အဖတ်တင်တယ်တဲ့။

ဟား ဟား ကျုပ်သားသည် သူ့ယောက်ခမအိမ်မှာ မျက်နှာပန်းလှသွားပေပြီ။

## ပေါင်းတည်အသင်း

ရန်ကုန်တွင် နယ်မှလာရောက်နေထိုင်ကြသူ များသည် သာရေးနာရေးကိစ္စများအတွက် မိမိတို့မြို့နာမည်များဖြင့် အသင်းများ ဖွဲ့စည်းထားလေ့ရှိပေရာ ကျွန်တော်၏ ဇာတိမြို့က 'ပေါင်းတည်အသင်း'ဆိုတာလည်း ရှိနေ၍ နှစ်စဉ်လိုပင် မိတ်ဆုံထမင်းစားပွဲ ကျင်းပမြဲ ဖြစ်သော်

လည်း ကျွန်တော်မှုကားအသင်းသားဖြစ်နေပါလျက် ယခင်နှစ်တွေတုန်းက တခါမျှမသွားဘဲ လွန်ခဲ့သော ၁၉၇၅ ခုနှစ်ကမှ ကျွန်တော့်ညီတော်မောင်က အိမ်ရောက်လာပြီး သူ့ကားနှင့်ခေါ် သဖြင့် ကန်တော်ကြီး အလည်ကျွန်း မိတ်ဆုံထမင်းစားပွဲ ကျင်းပရာသို့ ရောက်သွားလေတော့ ကျွန်တော်က ယခင်က မသွားမိခဲ့သည်များ မှားလေစွဟု နောင်တရမိတော့၏။

အကြောင်းမှာ လွန်စွာပျော်စရာကောင်း၏။

ဟိုယခင် ကျွန်တော်ထင်ခဲ့သည်ကတော့ မိတ်ဆုံထမင်းစားပွဲဆိုတာ အလှူအိမ်ထမင်း ကျွေးသလိုဘဲ လူတွေစုပြုံ ရောက်လာကြပြီး ထမင်းဝိုင်းတခုလူလေးငါးခြောက်ယောက် စုစားလိုက်ကြ ပြီး အသီးသီးပြန်ကြလေကုန်။ ဒါလောက်ဘဲ အောင့်မေ့ခဲ့၏။

နိုး. . . ကျွန်တော့်အထင် တက်တက်စင်အောင်လွဲ၏။

ယခု ဖော်ပြမည့် ကန်တော်ကြီးအလည်ကျွန်း၌ ကျင်းပခဲ့သည့် ပေါင်းတည်အသင်း မိတ်ဆုံ ထမင်းစားပွဲကား ဤသို့ ဘယ်ဟုတ်မည်နည်း။

ထမင်းလက်မှတ်တစောင် ၅ကျပ်နှင့် ကြိုတင်ရောင်းချထား၍ ထမင်းစားချိန်မှာ ယူစားရန် ထမင်းဟင်းထုပ်တွေ အပြည့်အစုံရှိနေသည့်အပြင်. . .

ကြည့်လိုက်စမ်းပါ. . ကန်တော်ကြီး အလယ်ကျွန်း စိမ်းစိုသော သစ်ပင်တွေအောက်မှာ လူတွေဟိုတစု သည်တဖွဲ့၊ ဖျာတွေကော်ဇောတွေခင်းလျက်၊ သိုက်မြိုက်လှစွာ စားသောက်စရာ တွေ၊ စတုဒီသာ နိမ္မာန်ဈေး၊ ကက်ဆက်သီချင်းတွေ ဝေဝေစည်စည်နှင့်။

လက်ဖက်၊ ဂျင်းသုတ်၊ ဆီထမင်း၊ ကောင်ညှင်းပေါင်း၊ မုန့်ဆီကြော် မုန့်လုံးရေပေါ်၊ အကြော်စုံ၊ လက်ဖက်ရည်ကြမ်း၊ ရှရပတ်ရည်စသည်ဖြင့် လူတစုတဖွဲ့မှာ တမျိုးမဟုတ် တမျိုးတော့ရှိပေရာ အသင်းသည်ကိုယ့်ဇာတိ မြို့သားတွေအဖွဲ့တိုင်းကို စုံစေ့အောင်သွားမည် ဆိုလျှင် တနေရာမှာ ညှော်ဝတ်ကျေရုံ အနည်းငယ်စီဘဲ စားပါ။ နို့မဟုတ်လျှင် သင် ၅ိပေးထားရ သော ထမင်းထုပ်သည် အလဟဿဖြစ်သွားပေတော့မည်။ ကြက်သားဟင်း၊ ဘာလချောင်ကြော် နှင့် သရက်သီးသနပ်နှင့် ၅ိမက တန်ပါဘီ။

လာကြတဲ့လူတွေက အများအားဖြင့် အိမ်ထောင်စုံတွေဘဲ ကလေးမြေးငယ်တွေလဲပါရဲ့။ အပျိုလူပျိုတွေ၊ ယောက်ခမတွေ ယောက်ဖတွေ၊ ချွေးမတွေ သားမက်တွေ အထွေထွေပေ့။

## ပေါင်းတည်နှင့်ပေါင်းနယ်

'မြိတ်'ဟုရေးပြီး 'ဘိတ်'ဟု ခေါ်ကြဘိသကဲ့သို့ ကျွန်တော်တို့မြို့ကိုလည်း 'ပေါင်းတည်' ဟုရေးပြီး 'ပေါင်းနယ်'ဟု ကျွန်တော်တို့မြို့နယ်သားများက ခေါ်ကြသည်။

အကယ်၍ လူတယောက်က 'ကျွန်တော်ပေါင်းတည်သားပါ'ဆိုခဲ့သော် သင်မယုံပါလေ နှင့်။

ကျွန်တော်တို့အရပ်သားများသည် မိမိမြို့မိမိ 'ပေါင်းနယ်'ဟုခေါ်၍ ကိုယ့်ကိုယ်ကိုလည်း 'ပေါင်းနယ်သား'ဟုဘဲ ပြောကြသည်။

ယခု ရန်ကုန်ရောက် ပေါင်းနယ်သားများကား ရောင်းဝယ်စားတဲ့ ကုန်သည်တွေ၊ လခစား အမှုထမ်း အရာထမ်းတွေ၊ စာရေးဆရာတွေ။

ဟီး. . . ဟီး. . . အနှီလိုဆိုလိုက်တော့. . .

'အောင်မလေး. . . စာရေးဆရာများ၊ လူထုထဲ ဟရင်းတကဏ္ဍသွင်းရအောင် မင်းတို့ပေါင်း တည်သား စာရေးဆရာက ဘယ်နှစ်ယောက်များ ရှိလို့လဲ'ဟု စောကြောချင်အံ့။ ကျွန်တော်ဖြေ ပါမည်။

## ပေါင်းတည်သား စာရေးဆရာများ

ဒီမလေမိတ်ဆွေ သည်ခေတ်မှာ မြန်မာတပြည်လုံးတွင် အခြားမြို့တွေနှင့်စာလျှင် ကျွန်တော် တို့ပေါင်းတည်မြို့က စာရေးဆရာ အထွက်ဆုံးထင်သဗျ။

ကျွန်တော်သိသမျှ ရေတွက်ပြပါ့မယ်။ ပေါင်းတည်သားစာရေးဆရာဖြစ်တာ ပထမဦးဆုံး နံပတ်ဝမ်းက ကျွန်တော်သော်တာဆွေဘဲ။ အဲရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားလို့ နောက်ပါး စဉ်စိုက် တဖြုံးဖြုံးလိုက်လာကတာကတော့ ယုဝတီမာလာသိန်း၊ ထွန်းနေနွယ်၊ မောင်ကျော်သာ၊ ကောက်လှိုင်း၊ ပေါင်းတည်ခင်မောင်အေး၊ ပေါင်းတည်စန်းမြင့်၊ ပေါင်းတည် မင်းသိန်း၊ ပေါင်းတည် ဘုန်းကြည်၊ ရွှေတည်လျော်င (ပေါင်းတည်အုန်းမောင်) ရွှေတည်ရန်နောင်၊ ရွှေတည်ခင်ထွေး၊ နန္ဒာသိန်းဇံ၊ သိန်းလွင်။

'ကျွန်တော်မသိလို့၊ ကျန်တာလဲ ရှိချင်ရှိဦးမယ်။ ကဲ အခုဟာဘဲ ရေတွက်ကြည့်လိုက်စမ်း ၁၄ ယောက်။

အို. . . . ဘယ်ကဦးမလဲဗျာ။ နောက်တယောက် ကျန်နေသေးတယ်။ ဘယ်သူလဲဆိုယင် တက္ကသိုလ်ဘုန်းနိုင်။

သူဟာဇာတိ တညင်(သန်လျင်) မွေးဖြစ်သော်လည်း ပေါင်းတည်မှာ လူလားမြောက်၊ ပေါင်းတည်ကျောင်းမှာဘဲ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ခဲ့တာမို့ သူ့ကိုလဲ ပေါင်းတည်သား စာရေးဆရာ စာရင်းသွင်းပါလို့ ကျွန်တော့်အား အမှာစကားရှိထားသဗျ။

ထို့ကြောင့်ပေါင်းတည်သား စာရေးဆရာ ၁၅ယောက်။ ကဲကျုပ်တို့မြို့သား စာရေးဆရာ အင်အား မတောင့်ပါလားခင်ဗျာ။

သည်အထဲပေါင်းတည်ခင်မောင်အေး တယောက်ဖဲ ပဲ့ထွက်သွားသေးတယ်၊ အဲသည် ၁၉၇၅ခုနှစ်၊ မိတ်ဆုံစားပွဲက သူရှိသေးလို့ ကျွန်တော်တို့အတူ သောက်ခဲ့ကြသေးတယ်။

## ၇၅ ရာခိုင်နှုန်း

ကျွန်တော်တို့ ပေါင်းတည်သားတို့ မည်သည် ၇၅ရာခိုင်နှုန်းသော ပုရိသတို့က ယစ်ရွှေ ရည် မှီဝဲတတ်ကြပါသဖြင့် အဲသည်မိတ်ဆုံစားပွဲမှာ ကိုယ်ကြိုက်ရာလေးတွေကိုယ်စီ ပါလာကြ။ ပထမတော့ ကျိတ်ကျိတ်၊ ကိုယ့်နေရာနှင့် ကိုယ်ခွက်ပုန်းလေးတွေပေါ့၊ နောက်နည်းနည်းစီ ထွေလာကြတော့ ရှင်းရှင်းရယ် ဘွင်းဘွင်းကွယ် ဖြစ်လာကြပြီး လင်ရောမယားရော ခွက်ပြိုင်ကြိတ်ကြတဲ့။ သခင်မြသိန်း နဲ့ ဒေါ်စောတို့ရဲ့ ခင်းကျင်းထားတဲ့ နေရာမှာ အသောက်သမား အပေါင်း သူတော်ကောင်းတို့ သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ကြသဗျား။

ဟိုတုန်းက 'ဗိုလ်အုန်းသီး' ပိုင်ရှင်။ သူကလဲ ပေါင်းတည်သားဘဲကလား။ သူတို့သားအဖ မှာ ပုလင်းတော်တော် များများပါလာလို့ ကျွန်တော်တို့ ဖောဖောသီသီကြီးပါဘဲဗျာ။

သည်ပွဲမှာ ကျွန်တော်သော်တာဆွေ မဖြစ်မီက ပေါင်းတည်မြို့ပေါ်မှာ သိက္ခမ်းခင်မင်တဲ့ သူငယ်ချင်းမိတ်ဆွေတွေ၊ စာရေးဆရာဖြစ်ခါမှ စာသာဖတ်ဖူးပြီး၊ လူမတွေ့ဖူးသေးတဲ့ နှောင်းလူငယ် တွေ မိတ်ဟောင်းမိတ်သစ်အပေါင်းဖြစ်ပြီး အပျော်ကြီး ပျော်ခဲ့ပါသဗျာ။

## အသောက်သမားတို့၏စံချိန်

ဥပမာအားဖြင့် ကျွန်တော်တို့ကျောင်းမှာတုန်းက သင်ကြားခဲ့ရတဲ့ ဂျော်မက်ထရီ ဘာသာက လ,ခြမ်းကွန့်ပါလေးကို ပုံစံပြုပြောမယ်ဗျာ။ ဒီကွန်ပါလေးမှာ ဒီဂရီ ၁၈၀ရှိတယ်။ လက်ဝဲဘက်ကနေ ၁ ဒီဂရီကစပြီးတက်လာလိုက်တာ ၉၀ ဒီဂရီဟာ ထိပ်ဆုံး။ မွန်းတည့်။ အဲ နောက် ၉၁ ဒီဂရီကစပြီး မွန်းလွဲလာလိုက်တာ ၁၈၀ ဒီဂရီလဲရောက်ရော နေဝင်ရောဆိုပါတော့ ဗျာ။

အသောက်သမားတွေရဲ့ အမူးဒီဂရီဟာလဲ ဒီပုံစံအတိုင်းပါပဲ။ တခွက်နှစ်ခွက်ကစပြီး တက်လာလိုက်တာ ၉၀ဒီဂရီမွန်းတည့်အထိဟာ သောက်လို့အကောင်းဆုံး၊ မူးလို့အကောင်းဆုံး။ အဲ ၉၀ ဒီဂရီကကျော်ပြီး မွန်းလွဲပိုင်းရောက်တော့ တဖြည်းဖြည်းဒေါင်းပြီ၊ သောက်လို့လဲ တယ်အရသာ မရှိတော့ဘူး ထူပူနေပြီ။ အမူးကလဲလွန်လာပြီ။ ပြောမှားဆိုမှားနဲ့ ဘာလုပ်လို့ ဘာကိုင်မိမှန်း မသိတော့ဘူး။ လွတ်ပြီ။

စင်စစ်တော့ အရက်သမားတွေ အတွက်သောက်လို့အကောင်းဆုံး၊ မူးလို့အရသာအရှိ ဆုံး၊ အချိန်ဟာ ၄၅ဒီဂရီကနေပြီး ၉၀ ဒီဂရီအထိဘဲ။ သည့်ထက်ကျော်ယင် မကောင်းတော့ဘူး။

ထိုမှတဖန် အဲဒီအသောက်အမူး ဒီဂရီကို ကျွန်တော်တို့ ဘဝသံသရာနဲ့ နှိုင်းယှဉ်ကြည့်ရ မယ်ဆိုယင်ဖြင့် ၁ ဒီဂရီကစပြီး တခွက်စနှစ်ခွက်စဟာ လူ့ဘဝရောက်ပြီး တနှစ်ထက်တနှစ် ကြီးလာတာနဲ့တူပါခင်ဗျာ။ အဲ့ . ဒီဂရီ၄၀ ကျော်။ ၄၅ ဒီဂရီလောက်ဟာဖြင့် အပျိုပေါက် လူပျိုပေါက်အရွယ်ရောက်ကြလို့ လူ့ဘဝပျော်စပြုပြီ။ ၄၅ ဒီဂရီနဲ့ ၉၀ ဒီဂရီအကြားဟာဖြင့် သမီးရည်းစား ဘဝပါဘဲ။ ၉၀ ဒီဂရီကကျော်ယင်ဖြင့် လင်မယား ညားသွားသည်နှင့် တူလေ သတည်း။ ရှေ့လျှောက်တယ်မကောင်းတော့ဘူး။ သောက်ရတာသယ်အရသာ မတွေ့တော့သလို၊ အချစ်အရသာလဲ သိပ်မရှိတော့ဘူး။ အရက်သမား မူးမူးရူးရူးဖြစ်လာသလိုဘဲ၊ လင်မယား ပူညံ ပူညံဖြစ်လာတယ်။

'မဟုတ်ဘူးလား ကိုယ့်လူတို့ . . .'

'ဟုတ်ပါတယ်ဆရာ၊ မှန်ပါတယ်ဆရာ၊ တဆံခြည်မလွဲပါဘူးဆရာ'

အထက်ပါဝေဒနာကို ထိုနေ့ကပေါင်းတည်အသင်း ထမင်းစားပွဲမစမီ . . အရက်ပွဲတွင် ကျွန်တော်က ဟောကြားကာ တပည့်စာရေးဆရာများက တခဲနက် ထောက်ခံကြသည်။

'ဒါပေမယ့်လို့ . . . ဒီမှာ ကောက်လှိုင်း'

‘ပြောပါအကို. . . . တပည့်ကြီး နားထောင်ရက်ပါ’

‘ချစ်သူတွေဟာ ချစ်၍အကောင်းဆုံးဖြစ်တဲ့ သမီးရည်းစားဘဝမှာ ရပ်တန့်မနေနိုင်သလို၊ ငါတို့စာရေးဆရာ တွေဟာ(အဲ့လေ) ငါတို့အရက်သမားတွေကော သောက်လို့ အကောင်းဆုံး ဖြစ်တဲ့ ၆၀ံ ဒီဂရီ ၇၀ံ ဒီဂရီ ၈၀ံ ဒီဂရီ အထိလောက်မှာ ရပ်တန့်နေနိုင်ပါသလား’

‘ဘယ်နေနိုင် လိမ့်မှာလဲအကို၊ ပညာရှိတွေက ငါးပါးအာရုံ ကာမဂုဏ်ကို သောက်လေ. . . သောက်လေ ငတ်မပြေလို့ ပြောကြတယ်. . .၊ တကယ်သောက်လေ သောက်လေ ငတ်မပြေက ဟော့ဒါမှ အစစ်ဗျ’ဟု ဆိုပြီး သူ့ရွှေဝမ်းဗိုက်ကြီး၊ အိုးစရည်းနှင့် သောက်လုံးကြီးလှသော ကောက်လှိုင်းသည် သူ့ဖန်ခွက်ထဲက အရက်ကိုခေါင်မိုးပေါ်မှ လောက်စာလုံးကျသို့ ဂလောက် ဂလောက်နှင့် မော့ချလိုက်လေ၏။

ဒီတော့ ကျွန်တော်က. . .

‘အဲ တပည့်ကြီးရဲ့ အခု မင်းအမူး ဒီဂရီဘယ်လောက်ရှိပြီထင်လဲ’

‘အစိတ်သုံးဆယ်လောက်ဘဲ၊ ရှိလိမ့်အုံးမယ်၊ နို့ အကို့ဒီဂရီကော’

‘ငါတော့ ၄၀ကျော် ၄၅ လောက်ရှိပြီကွာ’

‘ဒါဖြင့် အကိုကျင်မောင် ခုနပြောခဲ့တဲ့ အတိုင်းဆိုယင် အပျိုပေါက် လူပျိုပေါက် အရွယ် ရောက်စအချိန်ပေ့ါ’

ဤစကားမှာ ကျွန်တော့်ငယ်နာမည် သိနေသူ ကျွန်တော်၏ ညီဝမ်းကွဲ (စမ်းချောင်း ပါတီ ယူနစ် ဥက္ကဌ) ဗိုလ်ကြီးညွန့်မောင်က ဝင်ထောက်ခြင်း ဖြစ်ပေရာ. . . ကျွန်တော်က. . .

‘အေးကွဲ့. . . အခု ငါ့အာရုံထဲမှာ လူပျိုပေါက် စိတ်ကလေးတောင် ပေါ်နေတယ်’ဟု ပြောလိုက်မိတော့ သူက. . .

‘ဒါဖြင့် ဟောဟိုမှာ ကြည့်လိုက်စမ်းပါအကို၊ သူဘယ်သူတုန်း’

ဗိုလ်ကြီးညွန့်မောင်ပြရာ လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့နှင့် ပေနှစ်ဆယ် အစိတ် လောက်ကွာသည့် သစ်တပင်အောက်မှာ အခြားလူစုနှင့် အတူရပ်လျက်၊ ကျွန်တော်တို့အား တစေ့တစောင်း ကြည့်နေသော အမျိုးသမီးတယောက်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ပိန်ပိန် ပါးပါး၊ နဖူးပြောင်ပြောင်။ ကျွန်တော့်ထက် အသက်ကြီးသည်ထင်ရသည်။

‘အေး. . . ဘယ်သူလဲကွ. . .

ကျွန်တော်က မေးမိတော့ ညီတော်မောင်မှာ အံ့အားသင့်လျက်။

‘အကို တကယ်မသိဘူးလား. . .’

‘ငါ့တသက်တာမှာ တခါမှ မြင်ဘူးတယ် မထင်ပါဘူးကွာ. . .’

‘အရှိ. . . ရှိရှိ. . .’

ဗိုလ်ကြီးညွန့်မောင်သည် သူ့နဖူးသူ လက်ဝါးနှင့်ရိုက်လိုက်ပြီး ‘ဟုတ်ရဲ့လား အကိုကျင်မောင်ရယ်. . .’

သည်နေရာတွင် ဤအမျိုးသမီးအား ကျွန်တော်က မသိဘူး။ တခါမျှလဲ မြင်ဘူးတယ် မထင်ဘူးဆိုသည်ကို ဗိုလ်ကြီးညွန့်မောင်သာမကဘဲ၊ ဒူးတင်ပေါင်တင် သောက်နေကြသော အခြားပေါင်းတည်သား စာရေးဆရာများလဲ မယုံနိုင်အောင် ရှိနေကြရာမှာ ကျွန်တော်တို့အထဲ အကြီးဆုံးဖြစ်သည့် သခင်မြသိန်းက. . .

‘ဟေ့. . . . ကျင်မောင် မင်းဖြီးနေတာကွ’ဟု ဆိုလာသည်နှင့် ကျွန်တော်က. . .

‘ဒီမှာ အကိုမြသိန်း၊ အသောက်သမားရဲ့ သီလဟာ အရက်ဘဲ၊ အရက်သမား အရက်သောက်နေတဲ့အခါမှာ ဘယ်တော့မှ မုသားမပြောဘူး။ ဒါကြောင့် ထန်းရည်မူး ကျွဲခိုးပေါ်ဆိုတဲ့ စကားတောင်ရှိတယ် မဟုတ်လား. . . .

‘အေး. . . မင်းပြောတာ ဟုတ်သလိုလိုဘဲ၊ ကဲ. . . ဘယ်သူလဲ့ဆိုတာ ပြောပြကြစမ်းကွာ’

သည်တော့မှ ဗိုလ်ကြီးညွန့်မောင်က ထိုအမျိုးသမီးအမည်ကို ထုတ်ဖော်ပြောလိုက်သောအခါ. . .

‘အ ရှိ ရှိ ရှိ. . .’ဟုဆို၍ ကိုယ့်နဖူး ကိုယ်ရိုက်မိသူမှာ ကျွန်တော်ဖြစ်သွားလေ၏။

‘ဟင်. . . သူ သူ သူအဲဒါ သူ ဟုတ်ရဲ့လား ဖိုးညွန့်မောင်ရယ်’

‘ဟုတ်ပါတယ်. . . အကိုကျင်မောင်ရဲ့ ကျွန်တော်ကတော့ အကို့ဘက်ကရော ဟိုဘက်ကရော နှစ်ဖက်အမျိုးဘဲ၊ ကျွန်တော်ခေါ်လိုက်ရမလား. . .’

'ခေါ်လိုက်ပါကွာ၊ ငါသူ့ကိုတွေ့ချင်ပါတယ်၊ ဒို့ချင်းမမြင်ရတာ နှစ်ပေါင်းကို. . .'

ကျွန်တော့်စိတ်ထဲမှာ တွက်နေစဉ်၊ ဖိုးညွန့်မောင်က သူ့အမဝမ်းကွဲကို လှမ်းခေါ်လိုက်၍၊ သူကျွန်တော်တို့ဝိုင်းထဲ ရောက်လာပြီး ကျွန်တော့်ရှေ့တွင် ထိုင်သောအခါ ကောက်လှိုင်းက. . .

'ဆရာမကတော့ မှတ်မိတယ် မဟုတ်လား'

ဤမေးခွန်းကိုမဖြေ။ ကျွန်တော့်အား စေ့စေ့ကြည့်ပြီး. . .

'သူ. . . မကောင်းဘူး' ဟုဆို၏။

'ဘာပြုလို့လဲ. . . ဆရာမ'

'သူ. . . သူများကို သူ့ဝတ္ထုတွေထဲမှာ ထည့်ရေးတယ်လေ. . . .'

'ဒါတော့အမိရယ်၊ စာရေးဆရာ လောင်းလျာတယောက်နဲ့ အရွယ်ရောက်စက ပတ်သက်မိသူတွေရဲ့ ရလာဒ်ပါဘဲ၊ မင်းအတွက် သူ့အသဲက ပူဆွေးခဲ့ရတော့ နောင်သူ့အသဲက စကားပြောလာတဲ့အခါမှာ သူ့စိတ်ထဲ တွေ့တာတွေကို ပြောတော့တာပေါ့ကွာ၊ သို့သော် မင်းကိုနာကျည်းစရာတော့ သူမပြောပါဘူးနော်၊ သူမနေနိုင်လို့ ရေးရှာတာ ခွင့်လွှတ်လိုက်ပါကွယ်'

ဤစကားမှာ ကျွန်တော့်စိတ်ထဲကသာ ပြောလိုက်ခြင်းဖြစ်ပါသည်။ နှုတ်မှမူကား သူ့မျက်နှာကို စေ့စေ့ကြည့်၍ အတိတ်က ကျွန်တော့်စိတ်ထဲ စွဲလမ်းခဲ့သည့် အရာတခုကို သတိရလျက်. . .

'မျက်နှာမှာ ကျောက်ပေါက်ရာလေးတွေ နည်းနည်းမှမရှိတော့ဘူးနော်'

သူလည်း အထူးသတိရဟန်တူ၏။ သူ့မျက်နှာ လက်ဝါးနှင့်စမ်းကြည့်၍. . .

'ဟုတ်တယ်. . . အားလုံးပျောက်သွားကုန်တယ်'

သူနှင့်ကျွန်တော်သည် အချီအချ ဤစကားတခွန်းစီသာပြောကြပြီး၊ နောက်ထပ် ဘာတခွန်းမျှ မဟကြတော့ဘဲ၊ နှစ်ယောက်သား အတန်ကြာတွေးနေပြီးမှ သူက 'သွားတော့မယ် နော်' ဟု နှုတ်ဆက်၍ ကျွန်တော်က ခေါင်းညိတ်လိုက်သည်၌ သူထိုင်ရာမှထသွားလေ၏။

သူရှိစဉ်အခါမှာ ကျွန်တော်တို့ နှစ်ယောက်အကဲကြည့်လျက် အားလုံးဆိတ်ငြိမ်နေကြ၏။ ငြိမ်ရမပေါ့။ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစနှစ်များတွင် ပေါင်းတည်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ခဲ့သူများသည် ၈တန်း၊ ၉တန်းတွင် သူ့တပည့်များသာဖြစ်ကြကုန် ၏။

ဤစာအစက ဖော်ပြခဲ့သော ပေါင်းတည်သား စာရေးဆရာတို့သည် အများအားဖြင့် သူ့တပည့်များသာတည်း။ သူတို့၈တန်း ၉တန်းတွင် သင်နေစဉ်အခါမှာ ကျွန်တော်က စာရေးဆရာဖြစ်နေပြီမို့ သော်တာဆွေ၏ ဝတ္ထုများထဲတွင် သူတို့ဆရာမ၏ နာမည်ဆင်တူရိုးမားများဖြင့် သူတို့ဆရာမအား စောင်းပါးရိပ်ခြေ ရေးထားသည်များကို သူတို့ဖတ်ရှုရပေမည်။ သို့သော် သူတို့ဆရာမအတွက် နာကျည်းစရာ စိတ်ဆိုးစရာတော့ မဟုတ်ပေ။

ထိုစဉ်က သော်တာဆွေ၏ ဟာသ,ဝတ္ထုများသာဖြစ်၍ ရယ်မောရသည်သာ ရှိကြပေမည်။ သူတို့ဆရာမ ငယ်စဉ်ကနှင့် သော်တာဆွေ လောင်းလျာတို့ ဖြစ်ပျက်ခဲ့သည့် အတိတ်ဇာတ်လမ်းကလေးကိုလည်း သူတို့သည် သက်ကြီးစကား သက်ငယ်နားဖြင့် ဟိုမှသည်မှ တစွန်းတစကြားဘူးတာလည်း ရှိုကပေလိမ့်မည်။ ယင်းတို့သည် ဟုတ်မှန်တာထက် ပိုချင်လည်းပိုနေမည်။ လိုချင်လည်း လိုနေပေလိမ့်မည်။ ထို့ကြောင့် ယခုအပိုအလိုမရှိ၊ အတိအကျ မှန်ရာကို ရေးပြပါ မည်။

စင်စစ်တော့ ဤအကြောင်းသည် ယခုသူတို့ဆရာမကြီးနှင့်သော်လည်းကောင်း၊ လက်ရှိအခြေနှင့် သက်ဆိုင်တော့မည် မဟုတ်ချေ။ လွန်ခဲ့သော အနှစ် ၄၀ ကျော်လောက်က လူပျိုပေါက်ကလေး တယောက်နှင့် အပျိုပေါက်ကလေး တယောက်၏အကြောင်းသာဖြစ်၏။

## အတိတ်ဇာတ်ကြောင်း

ထိုစဉ်က လူပျိုပေါက်ကလေး၏ အသက်သည် ၁၅နှစ်၊ အပျိုပေါက်ကလေး၏အသက် သည် ၁၄နှစ်။

သူသည် ကျွန်တော့်ထက်တနှစ်ငယ်၏။ သူ့မွေးသက္ကရာဇ်ကို ကျွန်တော်သိတာပေါ့။ ရွာချင်းတဆက်တည်းနေတာဘဲ။ သို့သော် ကျွန်တော်တို့ ရွာကြီးသည် ရှည်လျားလှ၏။ တပိုင်းတွင် နာမည်တမျိုးစီနှင့်။ သူတို့အပိုင်းနှင့် ကျွန်တော်တို့အပိုင်းသည် ဝေးကွာလှသော ကြောင့် ငယ်စဉ်တောင်ကျေး အကလေးဘဝမှာ သူနှင့်ကျွန်တော်သည် တဦးကိုတဦး မမြင်ဘူး ခဲ့ချေ။ သူတို့ကိုးကွယ်သည်က ဘုန်းကြီးကျောင်းတကျောင်း၊ ကျွန်တော်တို့က တကျောင်း။

ကျွန်တော်တို့ ဘုန်းကြီးကျောင်းမှာ (ထိုစဉ်က အလယ်တန်းခေါ်သည်) သတ္တမတန်းအထိ သင်သည့် လောကဓာတ်ကျောင်းဖြစ်၏။

ဤကျောင်းမှ ရတန်းအောင်၍ ကျွန်တော် ၁၈နှစ်သားမြို့ကျောင်းသို့ သွားရမှ သူကလေး ကို ကျွန်တော်တွေ့မြင်ရခြင်းဖြစ်ပါသည်။

စင်စစ်သူသည် ကျွန်တော့်အရင် မြို့ကျောင်းသို့ ရောက်နေ၏။ ထိုရပ်ကွက်မှ မူလတန်း ကျောင်းတွင် သူ၄တန်းအောင်သောအခါ စကောလားရှစ်ရ၍ ၅တန်းကစပြီး မြို့ပေါ်ကအစိုးရ ဟိုက်စကူးကျောင်း (နောင် သူဆရာမဖြစ်လာသည့်ကျောင်း)သို့ ပြောင်းနေရ၏။

ကျွန်တော်မြို့သို့သွားပြီး ၈တန်းကစနေရသည့်ကျောင်းက မြန်မာစာသက်သက် သင်သည့် မြူနီစပယ်အထက်တန်းကျောင်းဖြစ်၏။ ထို့ကြောင့် သူနှင့်ကျွန်တော်နှင့် ကျောင်းချင်း မတူချေ။

သို့သော် ရွာချင်းတဆက်တည်းနေသောကြောင့် ကျောင်းသွားကျောင်းပြန် တလမ်းတည်း ဖြစ်လေသည်။ ဤသူကလေးကား ကျွန်တော့်အား လူ့ဘဝတာဝန်ကို စတင်ထမ်းဆောင်စေသူ ဖြစ်ပေ၏။

ဝတ်ကောင်းစားလှကို ဝတ်ဆင်စေသည်။ ဟန်အမူအရာကို လုပ်စေသည်။ ရေမွှေး၊ ပေါင်ဒါ သစေသည်။ လူငယ်တို့ဘာဝ နဖူးမွေး ဗလဖျစ်ဖြစ်နေသည်ကို ရိတ်တန်ရိတ်၊ နှုတ်တန် နှုတ်ပစ်ရသည်။

အကြောင်းမှာ ဤကာလသည် မဟာနဖူး ကောင်းသော ရုပ်ရှင်မင်းသား ဘတင့်၊ ဘမြင့်၊ မောင်မောင်အေး၊ မောင်မောင်ကလေးတို့ ခေတ်ဖြစ်၍ နဖူးလွင်လွင် ဆံပင်ပိပိနှင့် ပေးတင့်ရောင် တောက်အောင် ဖြီးရသောအချိန်ဖြစ်၏။ ရှည်လျားသော နောက်လှန်ဆံတောက် ကြီးများ ထားရ၏။ ကော့စ်မက်တစ်ကို ဗျစ်ခဲကြီးဖြစ်အောင် လိမ်းရ၏။ ဆံပင်ချပ်သွားလျှင် ဗက်စလင်နှင့် အရောင်တင် ရ၏။ မလွယ်ဘူး။

အမျိုးသမီးများလည်း ယခုခေတ်ကဲ့သို့ ဆံရှည် ဆံတို၊ ဖားလျားချတွေမဟုတ်။ ဆံရစ်ကနေ ဆံတောက်၊ ပြီးမှ အုပ်လုံးသွင်း၍ ဘီးဆံထုံး, ထုံးကြရသည်။ ယင်းတွင် ကျွန်တော် တို့ လူပျိုပေါက်ခေတ်မှာ ဆံတောက်နှစ်မျိုး ပေါ်ခဲ့သည်။ နားရွက်နောက်ကောက်သည့် အရှည် ဆံတောက်နှင့် နားရွက်ပေါ်တင်၍ နားဋ္ဌောင်းပေါ်ရုံနေသော အတိုဆံတောက်။ ယင်းကို ဂျပန် ဆံတောက်ဟုခေါ်၏။

ထိုအချိန်တွင် ကျွန်တော့်ချစ်သူလေးက မြို့ကျောင်းရောက်နေတဲ့ မြို့သူကလေးဘဲ။ ဂျပန်ဆံတောက်နဲ့ပေါ့ဗျ။ ရောင်ထုံးကလေ နံဘေးကကြည့်ယင် မြွေဟောက်ပါးပျဉ်းလို ထောင်နေတယ်။ ရှေ့တည့်တည့်ကကြည့်ယင် ဝိုင်းနေတဲ့ စပယ်ပွင့်။ နို့ပြီး နဖူးမှာလဲ ဆံယဉ်စ လေးတွေက မျက်ခုန်းမွေးထိခမန်းဘဲ။ အဲ့သည်ခေတ်က မိန်းကလေးတွေဟာ နှုတ်ခမ်းနီ မဆိုးတတ်သေးပါဘူး။ ကျွန်တော်ချစ်သူလေးနှုတ်ခမ်းက နကိုအတိုင်း ဝါကျင့်ကျင့်လေးပါဘဲ။ အသားဖြူတယ်၊ အရပ်မြင့်တယ်။ ဒါကြောင့် ကျွန်တော့်ဝတ္ထုထဲမှာ သူ့ကို မြင့်မြင့်ဖြူလို့တင်စား ခဲ့ပါတယ်။ လူချင်း မချစ်ရသော်လဲ ကျွန်တော့်ဝတ္ထုတွေထဲမှာတော့ သူ့ကိုအမျိုးမျိုးဖန်တီးပြီး ကျွန်တော်ချစ်ခဲ့တာဘဲလေ။

လူတွေမှာ ကျောက်ပေါက်ခဲ့ပြီး ကျောက်ပေါက်ရာ ရှိမယ်ဆိုယင် အရုပ်ဆိုးတယ် မဟုတ်လား။ ကျွန်တော့်ချစ်သူလေးမှာ ငယ်စဉ်က ကျောက်ပေါက်ခဲ့ပြီး မျက်နှာမှာ ကျောက်ပေါက်ရာတွေရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်မျက်စိထဲမှာ အဲဒါကိုဘဲ အလှကြီးလှပြီး စိတ်ထဲမှာ အစွဲကြီး စွဲခဲ့ပါတယ်။

အဲသည်တုန်းက သူဆယ့်လေးငါးနှစ်သမီး ရုပ်ပုံလေးဟာလေ ကျွန်တော့်အသဲပြင် ဖလင်ပြားမှာ ထင်ရှားစွာ စွဲမိခဲ့တာ၊ အခုမျက်စိမှိတ်ကြည့်လိုက်ယင် ပြန်ပြီး မြင်ယောင်လို့ရပါတယ်။

ဟိုနေ့က ကန်တော်ကြီးမှာတွေ့ခဲ့တဲ့ တက္ကသိုလ်ဘုန်းနိုင်တို့၊ ပေါင်းတည်ဘုန်းကြည်တို့၊ ဆရာမကြီး မဟုတ်ပါဘူး၊ အဲသည်ကောင်မလေးကို ချစ်ခဲ့တာလဲ အခုသော်တာဆွေကြီး မဟုတ်ပါဘူး။ မောင်ကျင်မောင်လို့ခေါ်တဲ့ ဆယ့်လေးငါးနှစ်အရွယ် တောသားလေးပါဗျ။

Love is at first sight မြင်လျှင် မြင်ချင်းကိုယ်ချစ်မိကြိုက်မိပါတယ်ဆိုတာ အဲသည်အရွယ်။ အဲသည်အခါပါဘဲ။

ပေါင်းတည်မြို့ဟာ ကျွန်တော်တို့ရွာနဲ့ ၃ မိုင်ကွာပါတယ်။ သူကလေးတို့အပိုင်းက ကျွန်တော်ရွာမြောက်ဖျား မြို့နဲ့နှစ်ဖာလုံလောက် ပိုနီးပါတယ်။ မနက်မိုးလင်းယင် မြို့ဘက်က မြင်းရထားတွေလာကြတယ်။ ကျွန်တော်က သူကလေးပါတဲ့ ရထားကိုဘဲ စောင့်စီးတယ်။

သူကလေးဟာလေ မြင်းလှည်းအလယ်လောက်မှာ ကျုံ့ကျုံ့ကလေး ထိုင်တတ်တယ်။ သည်လိုဘဲ ကျောင်းသွားကျောင်းပြန် တလှည်းတည်းစီး၊ တခရီးထဲသွားကြတော့ သူကလေးနှင့် ကျွန်တော်ဟာ . . ရင်းနှီးခင်မင်လာတယ်။ တယောက် တယောက်တွေ့ကြယင် ပြုံးပြပြီး နှုတ်ဆက် စကားပြော လုပ်ကြတယ်။

သည်လိုဘဲ သူကလေးနဲ့ ကျွန်တော်နဲ့သိကျွမ်းပြီး၊ သုံးလေးလလောက်ကြာတော့ သူတို့ ရွာအနီးက သဲပုံစေတီလေးမှာ နှစ်စဉ်ကျင်းပမြဲဘုရားပွဲလုပ်၍ ပွဲနှစ်ညခံသည်။ တောဘုရားပွဲဆို တာ နွားလှည်းတွေနဲ့ လာကြည့်ကြတဲ့အကြောင်း မိတ်ဆွေတို့သိပြီးပါနော်. . .။ သူတို့အိမ်က လှည်းနားတွင် ကျွန်တော်တို့လှည်းကို ကျွန်တော်ကိုယ်တိုင်မောင်း၍ လှည်းချင်းကပ်ထားလိုက် သည်။

ပထမညတွင် ဟိုဘက်လှည်း၊ သည်ဘက်လှည်းမှ တယောက်နှင့်တယောက် အကြည့်ချင်း ဆုံကြသည်မှတပါး ဘာမျှအကြောင်းမထူး။ လူပြက် ပြက်လုံးကောင်းလျှင် တဦးတဦးကြည့်ရယ် လိုက်ကြသည်ပေါ့။ အဲ. . ဒုတိယည သန်းခေါင်လောက်တွင်တော့ သူသည် ၅နှစ်ရွယ် သူငယ် မလေးတယောက်နှင့် နှစ်ယောက်တည်း လှည်းပေါ်မှဆင်း၍ ပွဲခင်းပြင်သို့ ထွက်သွားလေသည်။ ဒီအချိန်မှာ ကျွန်တော့်တွင် ဆရာရှိနေပြီ။ ပေါင်းတည်မြို့ပေါ်မှ ကျွန်တော့်ထက် ၂နှစ်လောက် ကြီးသည့် ၉တန်းကျောင်းသားကြီး ကိုမောင်အေးဖြစ်သည်။ သူကပြောသည်။

'ဟေ့ကောင်. . . လိုက်သွားတော့၊ အဲဒါ မင်းကိုခေါ်ထုတ်တာဘဲကွ'

ကျွန်တော့်ရင်မှာ တဒိတ်ဒိတ်ခုန်နေသည်။ နေးကန်–နေးကန်နှင့် လှမ်းရမှန်းမသိသော ခြေလှမ်းဖြင့် ကျွန်တော်လိုက်သွားသည်။ သူက တချက်ပြန်ကြည့်၍ ကျွန်တော်ပါလာမှန်းသိပါ သည်။ ထို့ကြောင့် သူ့တူမလေးကို ဖက်ကာ၊ စကားတပြောပြောနှင့် သွားသည်။ သူတို့နှင့် ကျွန်တော်မှာ ပွဲခင်းလယ်ကွင်းထဲမှ တက်ပြီး ပေတရာလမ်းမကြီးပေါ်တွင် ၁၅ပေမျှ အလှမ်းကွာ သည်။ လပြည့်ကျော်တရက်နေ့ညမို့ ဝန်းဝန်းပြည့်သော ဖိုးလမင်းကြီးသည် ငွေရောင်ပက်ဖျန်း လျက်နေ သည်။ လူပြတ်သောနေရာသို့ ရောက်လျှင် သူတို့သည် လမ်းဘေးသို့ ဖဲ့ဆင်းကာ ကုက္ကိုပင်ကြီးတပင်အောက်၌ ထိုင်ကြလေသည်။ ကျွန်တော်သည် လူနှစ်ဖက်စာမျှရှိသော ကုက္ကို ပင်လုံးကြီး၏ တဖက်အကွယ် မတ်တတ်တွေကာ နေဘိ၏။

ထိုစဉ်၌ ကျွန်တော့်စိတ်ထဲတွင် နှစ်ယောက်သားမျက်နှာချင်းဆိုင်ပါက ချစ်သူတို့ဘာဝ ဘာပြောလိုက်မည်၊ ဘယ်သို့ပြုမူလိုက်မည်ဟု ကြိုတင်စဉ်းစားထားဖို့နေနေသာသာ ကျွန်တော့်ကို မြင်လျှင် သူတို့ရှုရှုပေါက်တော ချောင်းကြည့်နေရပါမည်လားဟု ရန်တွေ့မှာကိုပင် တွေးတော စိုးရိမ်နေရပါသည်။

သို့သော် သူကလေးက မျက်မှန်တော်မရှိပေဘဲ သူတို့ကိစ္စပြီး၍ ထအလာ ကျွန်တော့်ကို မြင်တော့ အံ့အားသင့်ဟန်ဖြင့်. . .

'ဟင်. . . ဒီနားမှာ ရပ်နေတယ်'

'အင်း. . . 'ဟု ကျွန်တော်က မတုန်မလှုပ် ကျောက်ရုပ်မျက်နှာကြီးနှင့် ဖြေလိုက်သည်။

နောက်ပြီး တယောက်တယောက် ဘာမျှဆက်မပြောကြ။ သွားလည်း မသွားကြသေးဘဲ တဦးနှင့်တဦး တွေ၍ကြည့်နေကြသည်။

ရွက်သစ်လဲစ ကုက္ကိုပင်ကြီးသည် ဖိုးရွှေလ၏ ဘော်ငွေရည်များကို ကျွန်တော်တို့အပေါ် ဇကာချလျက်နေလေသည်။ ဤအချိန်၌ ကျွန်တော့်နှုတ်မှာ အပ်နှင့်ချုပ်ထားသကဲ့သို့၊ ကိုယ်မှာ လည်း စုန်းကဝေများက မလှုပ်ရှားနိုင်အောင် ပြုစားထားသည့်နှယ် ရင်ထဲမှာသာ ဒိုင်နမိုစက် မောင်းသလို တဒုန်းဒုန်းခုန်လျက်နေလေ၏။

သူကမူကား အဖော်မလေးတယောက်နှင့်မို့ ကျွန်တော့်လောက် ကြောက်သွေးပိုမည် မဟုတ်။ ထို့ကြောင့် ခေတ္တမျှအကြာ၌ သူကလေးကပင် စကားပြန်ဆက်သည်။ သို့သော် သူပြော တဲ့စကားလဲ ကြည့်ပါဦးတော့. . . . ။

'အော်. . ပွဲကြည့်ရအောင် လာသလား' တဲ့။

'ဟုတ်ကဲ့. . . 'ဟု ကျွန်တော်က မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။ အခြားမဲ့၌ကား ကျွန်တော့်နှုတ်မှ လှုပ်၍မရပြန်တော့။ နှစ်ယောက်သား ဆိတ်ငြိမ်သွားကြပြန်သည်။

သန်းခေါင်ယံ ညဥ့်လေအေးသည် တဖြူးဖြူးတိုက်ခတ်လျက်နေသည်။ သူ့ပါးပြင်မှ ကာတီကူရာပေါင်ဒါနံ့က သင်းသင်းပျံ့ပါဘိတည်း။ ဤအာရုံကို ခံစားမိသည်မှ ကျွန်တော့် နှာခေါင်းက အသက်ရှူ၍သာ၊ အကယ်၍ လူသည် အသက်မရှူဘဲ နေ၍ဖြစ်ပါက ကျွန်တော် သည် ဤမျှကိုမှ အသိဉာဏ်ဝင်စားမည် မဟုတ်ချေ။ စင်စစ်ကား ကျွန်တော့်၌ ဦးနှောက် စက်ရပ် ၍နေချေပြီ။ အချစ်နတ်ဖမ်းစားခြင်းကို ခံနေရချေပြီ။ သို့အတွက် သူကလေးက သူ့အင်အား ရှိသမျှလေးနှင့် လှုပ်၍နှိုးပြန်သည်။

'ပွဲကောင်းရဲ့လား. . . '

'ကောင်းသားဘဲ. . . '

ကျွန်တော်ဒါဘဲ ပြန်ဖြေတတ်သည်။ စင်စစ်ကား သူကလေးသည် ရေအိုင်တခုကို မရဲတရဲ လက်ကြဲကလေးနှင့် ကတွတ်ဖောက်၍နေသည်။ စီးကျလာမည့် ရေအလျင်ကို ခံယူရန် အဆင်သင့်စောင့်နေဘိသည်။

သို့သော်. . . ကျွန်တော်တည်းဟူသော ရေအိမ်မှာ ဖောက်လိုက်စဉ်သာ မြေစိုင်တခဲ လက်ထဲပါလာပြီး၊ ရေစီးကတော့ ထွက်၍မလာပါ။ ငါးခုံမလေးသည် တဖြည်းဖြည်း စုန်ဆင်းလာမည်လားဟု စောင့်ပါသေးသည်။ သို့သော် စိမ့်၍မျှထွက်မလာသဖြင့် နောက်ဆုံး၌ သူကလေး သည် ခေါင်းလေးကို အောက်ငုံ့နေရာမှ လေးလေးငြိမ့်ငြိမ့်လေး မော်လိုက်ကာ. . .

'သွားတော့မယ်နော်. . . '

'ဟုတ်ကဲ့'ဟု ကျွန်တော်က အသိဉာဏ်မပါသော နှုတ်သံဖြင့် အနူးအညွတ် ခွင့်ပြုလိုက်လေ၏။ တခဏအတွင်း၌ သူကလေးသည် သူ့တူမလေးပခုံးကို ဖက်ကာ ထွက်သွားပါလေတော့ သည်။

ကျွန်တော်သည် သူတို့အနီးမှ ထွက်ခွာသွားမှ အသက်ရှူရန် သတိရသကဲ့သို့ သက်ပြင်း ကြီးကို ချလိုက်လေ၏။

ကျွန်တော်ပွဲခင်းထဲသို့ ပြန်ရောက်သောအခါ တာနံဘေးမှ အရိပ်အခြေကြည့်နေသော ကိုမောင်အေးက အကြီးအကျယ်သူပါလေ၏။

'တကယ်ဆို မင်းပွဲခင်းထဲခေါ်သွားပြီး မုန့်လေးဘာလေး ကျွေးပါလားကွ၊ မင်းမှာ ပိုက်ဆံ ပါတယ်မဟုတ်လား'

'ပါသားဘဲ'

'ခုတော့. . . ကောင်မလေးရှေ့မှာ လဒင်ူကြီး ငူနေတယ်၊ ဟိုက ညွှတ်ပါရဲ့ မင်းက မဆွတ် တတ်ဘူး'

'အခု ကျွန်တော် ဘာလုပ်ရမလဲ'

'မင်းပါးစပ်က မပြောရဲတော့ စာပေးပေါ့ကွ။ မင်းရည်းစားစာကော ရေးတတ်လား၊ ငါရေး ပေးရမလား'

'ဟင့်အင်း. . . မလိုပါဘူး၊ ကျွန်တော်ရေးတတ်ပါတယ်'

ကျွန်တော် ရည်းစားစာကို ရက်တော်တော်ကြာရေးပါသည်။ ထိုစဉ်မှာ ကျွန်တော်က ကဗျာစပ်တတ်နေပြီမို့၊ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ဘောလယ်၊ ရတု အစုံပါသည်။ လျှောက်လွှာစာရွက်ကြီး နှစ်ရွက်နှင့် ၄မျက်နှာအပြည့်။ ကျွန်တော်၏ ပထမဦးရည်းစားစာ ဖြစ်ပါသည်။

သူညနေ ကျောင်းဆင်းလာတော့ လမ်းမှာလိုက်ပေးပါသည်။

'ဒီမှာ. . . ဒီမှာ. . . '

ကျွန်တော် သူ့နောက်နား ကပ်သွားတော့၊ သူက. . .

'ဘာလဲ. . '

စာကိုပြ၍ တုန်ရီသောအသံဖြင့်. . .

'ရော့. . . ယူပါ'

'အို. . . မယူချင်ပါဘူး'

'ဘာဖြစ်လို့လဲ'

'ငယ်ပါသေးတယ် ကျမဒါတွေနားမလည်သေးဘူး၊ လူကြီးတွေသိယင် ဆူမှာသိလား'ဆိုပြီး သူကျွန်တော်နှင့် အလှမ်းဝေးအောင် ခပ်မြန်မြန် လျှောက်သွားလေတော့ ကျွန်တော်မှာ ကိုယ့်စာ ကို ကိုင်ရက်တန်းလန်းကြီး ကျန်ခဲ့လေ၏။

ထိုနောက်၌ ကျွန်တော်၏ အခါတော်ပေးကိုမောင်အေး ရောက်လာတော့ သူ့ကို ကျွန်တော်က တိုင်ပြော၏။

'သူ ငယ်သေးတယ်၊ ဒါတွေ နားမလည်သေးဘူးလို့ ပြောတယ်ဗျ၊ လူကြီးတွေသိလဲ ဆူမှာတဲ့'

'အော်. . . မိန်းခလေး ဒီလိုပြောတတ်တာပေါ့ဟ၊ ဒါနဲ့မင်းက စာမပေးလိုက်တော့ဘူးလား'

'သူက မယူဘူးဗျ'

'အော်. . . ကိုကျင်မောင့်စာ ကျမမျှော်နေတာ ကြာပါပြီလို့ ပြောပြီး လက်ကယူမှာလားကွ။ သူ့မှာ လွယ်အိတ်ပါသားဘဲ၊ လွယ်အိတ်ထဲ ထိုးထည့်လိုက်ပါလားကွ၊ သွား. . သွား အခု သူကိုမြကြီး မြင်းလှည်းပေါ်တက်နေပြီ၊ မြင်းလှည်းပေါ်လိုက်ပေးချေကွာ'

'ဟာ. . . ကျွန်တော်မရဲဘူး၊ ကျွန်တော့်တကိုယ်လုံး တုန်နေတယ်ဗျာ'

'ဒါဖြင့် ငါပေးပေးမယ်' ဆိုပြီး သူကျွန်တော့်စာကို ယူသွား၏။

ထိုညတညလုံး ကျွန်တော်ကောင်းကောင်း အိပ်မပျော်ဘူးဆိုတာ ယုံပါခင်ဗျာ။ ကိုမောင်အေးက သူ့လွယ်အိတ်ထဲ ကျွန်တော့်စာကို ထိုးထည့်လိုက်ကာ ကျွန်တော်မြင်ပါတယ်။ ပြီးတော့ ကိုမောင်အေးက ပြုံးကြဲကြဲ မျက်နှာကြီးနဲ့ မြင်းလှည်းပေါ်က ပြန်ဆင်းလာတယ်။

နောက်တနေ့မနက် ကျွန်တော်ကျောင်းတက်သွားဖို့ အိမ်ကထွက်လာတော့ ရင်တုန် ပန်းတုန်ဘဲ ဖြစ်နေပါသေးတယ်။ တာလမ်းပေါ် ရောက်ပြီး ကျွန်တော်တို့ လယ်ဦးထိပ်ပြွန်ပေါက် ပေါ်က အုတ်ခုံလေးမှာထိုင်ပြီး မြင်းလှည်းစောင့်နေတုန်း မနေ့က သူကလေးစီးသွားတဲ့ ကိုမြကြီး သား ကိုကုလားမြင်းလှည်းက ကျွန်တော့်ရှေ့မှာထိုးရပ်ပြီး. . .

'ဟေ့. . . ဟော့ဒီမှာ မင်းစာပြန်ယူကွ၊ ကောင်မလေးက လက်မခံဘူး၊ ငါ့အဖေကို ပြန်ပေးတာ၊ အဲဒါ ငါ့အဖေက မင်းကိုပြန်ပေးခိုင်းတယ်၊ ရော့. . .'ဆိုပြီး ကျွန်တော့်ရှေ့မှာ ပစ်ချလိုက်၏။

အဲသည်အချိန်မှာ ကိုမြကြီးဆိုတာက အသက် ၄၀ကျော်လောက်ရှိပါတယ်။ သူ့သား ကိုကုလားဆိုတာက အသက် ၂၀ကျော်လောက်ရှိပါတယ်၊ ဒီမြင်းလှည်းသမားက ကျွန်တော့်စာ ပြန်ပေးတော့ ကျွန်တော်ဘယ်လောက်ရှက်လိုက်သလဲဗျာ။ နို့ပြီး မြင်းလှည်းသမားဆိုတာက လူမျိုး တရာ့တပါးနဲ့တွေ့ပြီး တယ်ပါးစပ်ဖွာကြတာဘဲ။

'ကျင်မောင်က ဟိုကောင်မလေး စာပေးလို့၊ ဟိုကောင်မလေးက လက်မခံဘူး'

ဒီသတင်းဟာ ခရီးသွားတွေနဲ့ မြင်းလှည်းသမားလောကမှာ ပြန့်နှံ့သွားတာပေါ့ ခင်ဗျာ။ အဲသည်တုန်းက ကျွန်တော်တို့ ရွာနဲ့ပေါင်းတည်မြို့ကို မြင်းလှည်းခ လူကြီးတပဲ၊ ကလေး ၂ပြား။ သူကလေး ကျွန်တော်စာပေးတယ်ဆိုတဲ့သတင်းလဲ ပြန့်နှံ့သွားရော။

'အောင်မာ. . . ဟော့ကောင် မင်းလူကြီးဖြစ်နေပြီ၊ ရည်းစားစာတောင်ပေးနေပြီ၊ ၂ ပြားမရ တော့ဘူးကွ'လို့ ခင်မင်တဲ့မြင်းလှည်းသမားတွေရဲ့ နောက်ပြောင်တာကို ခံရသေးသဗျ။

ကျွန်တော် ဘယ်လောက်ရှက်လိုက်သလဲဗျာ။ လူတောထဲ ခေါင်းမဖော်ဝံ့တော့ဘူး။ သူကလေးမျက်နှာလဲ မကြည့်ရဲတော့ဘူး။ သူ့မြင်ယင် ကျွန်တော်ဝေးဝေးက ရှောင်တော့တယ်၊ ၁၅၃၅ ခုနှစ်။

အဲသည်ကတည်းက သူနဲ့ ကျွန်တော်မတွေ့လိုက်ကြတာလေ၊ ဖော်ပြခဲ့တဲ့အတိုင်း ၁၉၇၅ ခုနှစ်၊ ကန်တော်ကြီး အလယ်ကျွန်းမှာ ပေါင်းတည်အသင်း မိတ်ဆုံထမင်းစားပွဲ ကျင်းပ တော့မှဘဲ ဗိုလ်ကြီးညွန့်မောင်က ခေါ်ပေးလို့။

မောင့်ချစ်ဦး

အရွယ်လေး ငယ်သေးလို့ နားမလည်။

ကညာမယ် စာရယ်ပေးစဉ်က

ဘာ. . . အမယ်. . ဟာ. . ငယ်သေးတယ်လို့

ညှာမလွယ် ကာကွယ်ရေးရယ်ကြောင့်

ဝေးခဲ့ရတယ်။

လွန်ခဲ့တဲ့ နှစ်လေးဆယ်

ချစ်ရေးဖယ်ခဲ့တဲ့ မောင့်ချစ်ဦး။

ဟိုတနေ့ကတော့

နှစ်ကိုယ်တွေ့ကြလို့

ကိုယ်ရှေ့မှာ သူလာရပ်ပေမယ့်

မှတ်မိတော့ဘူး. . . ။ ။

## စာပေဆွေးနွေးပွဲ

ယခုမိတ်ဆွေ ဖတ်နေသည်ကတော့ ၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ရှုမဝမဂ္ဂဇင်းပေါ့။ သို့သော် ကျွန်တော် ဤစာရေးခဲ့ရသည်ကတော့ ၁၉၇၆ ခု ဒီဇင်ဘာလထဲမှာ ခင်ဗျ။ ဒီဖေဖော်ဝါရီလထုတ် မဂ္ဂဇင်းမှာပါဖို့ကို ဒီဇင်ဘာလထဲမှာသော်လည်းကောင်း၊ ဇန္နဝါရီလဆန်း၊ ပထမသီတင်းပတ်ထဲမှာသော်လည်းကောင်း၊ အယ်ဒီတာများထံ ပေးပို့နိုင်ပါမှ အချိန်မှီပါသည်။ ထို့ကြောင့် ဤဒီဇင်ဘာလထဲမှာပင် (စာရေးတယ်ဆိုတာ ဘယ်နေ့ပြီးမည်ဟု တပ်အပ် ကန့်သတ်မရနိုင်ပါသဖြင့်) စတင်ရေးသားလိုက်ပါသည်။

ယင်းဒီဇင်ဘာလထဲမှာဆိုတော့ ကျွန်တော်တို့ မြန်မာ နတ်တော်လ။ စာဆိုတော် ရာသီခင်ဗျာ။ သည်တော့ ကျွန်တော်ဟာ စာပေဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ လုပ်ခဲ့ရတာမို့၊ ဒါတွေကျွန်တော့်ခေါင်းထဲရောက်နေတယ်။ အဲသည်ဟာတွေထဲမှာ အချို့အကြောင်းအရာတွေက စာဖတ်သူများအဖို့ အကျိုးရှိလိမ့်မည်ဟု ယူဆမိသည့်အတွက် ဒူးတိုက်အမေးအဖြေဆွေးနွေးပွဲ များမှ သင့်လျော်ရာများကို ရေးသားဖော်ပြလိုက်ပါသည်။

မေး။ 'ဆရာ ရှုမဝမဂ္ဂဇင်းထဲမှာ ဆရာသွားရောက်လည်ပတ်ခဲ့ရတဲ့ ဆိုဗီယက်ယူနီယန်နဲ့ အရှေ့ဂျာမနီ၊ ဆိုရှယ်လစ်ပြည်တွေအကြောင်း ရေးသားခဲ့တာမှာ နောက်ဆုံး နိဂုံးချုပ်တွင်. . .

'ကျွန်တော် မြန်မာပြည် ပြန်ရောက်လာသောအခါ အဲဒီဆိုရှယ်လစ် တိုင်းပြည်တွေမှာ. . .

သူတောင်းစား မရှိဘူး၊

လောင်းကစား မရှိဘူး၊

သူခိုးဒမြ မရှိဘူး၊

ပြည့်တန်ဆာ မရှိဘူး ဆိုတာတွေ ဟုတ်ပါသလားလို့ မေးကြတယ်။

ဘာအထူးဖြေစရာ လိုပါတော့သလဲ၊

သူတို့ပြည်တွေမှာ ပညာမဲ့မရှိဘူး၊

အလုပ်လက်မဲ့ မရှိဘူး၊

ဆင်းရဲသား မရှိဘူး၊

ကျိုကျိုတက် ချမ်းသာသူမရှိဘူး။

လူတန်းစားအားလုံး တပြေးထဲ တညီထဲ ဖြစ်နေကြပြီမို့ အဲဒါတွေ ရှိစရာလိုပါသေး သလား။ ကျွန်တော်ရေးခဲ့တာတွေဖတ်ပြီး ကိုယ်တိုင်ဘဲ ဆုံးဖြတ်ကြပါတော့ ခင်ဗျာ'

အဲသည်အတိုင်း ရေးထားပါတယ်။ ကျွန်တော်ဟာ ရှုမဝမဂ္ဂဇင်းထဲမှာလဲ လစဉ်ဘဲ ဖတ်ခဲ့ပါတယ်။ နို့ပြီးအဲဒါတွေ တလုံးတစည်းထဲပေါင်းပြီး 'သူတို့ပြည်'အမည်နဲ့ စာအုပ်သီးသန့်ထုတ်တော့လဲ ဝယ်ဖတ်ခဲ့ပါတယ်။ ဒီလို တလုံးတစည်းထဲ တဆက်တည်းဖတ်ရတော့ ဟိုယခင် လစဉ်ပြတ်တောင်း ပြတ်တောင်းဖတ်ရတာထက် ပိုကောင်းပါတယ်။ ဆိုလိုချက်တွေလဲ ကွက်ကနဲ၊ ကွက်ကနဲပေါ်လာပါတယ်။ ဆိုရှယ်လစ်ရဲ့ သဘောတခုကိုလဲ နားလည်လာပါတယ်။ အရင်းရှင် စနစ်နဲ့ ခြားနားချက်တွေကိုလဲ သိလာပါတယ်။

ဒါပေမယ့် ကျွန်တော့်အထင်အမြင်နဲ့ ဆန့်ကျင်နေတာတခုကိုတော့ မေးပါရစေ ဆရာ။ ဘာလဲဆိုလို့ရှိယင် သူတို့ဆိုရှယ်လစ်တိုင်းပြည်တွေမှာ ပညာမဲ့မရှိဘူး၊ အလုပ်လက်မဲ့ မရှိဘူး။ ဆင်းရဲသားမရှိဘူး ကျိုကျိုတက်ချမ်းသာတဲ့သူလဲ မရှိဘူးဆိုပြီးတော့ သူတို့ပြည်က စီးပွားရေး၊ ပညာရေး၊ လူနေမှုစနစ်၊ ဖို့မဆက်ဆံရေးတွေကိုပါ ဆရာ့စာအုပ်ထဲမှာ ဖော်ပြထားတဲ့အတွက် ပြည့်တန်ဆာမရှိဘူး သူတောင်းစားမရှိဘူး၊ သူခိုးဒမြ မရှိဘူးဆိုတာတွေ ကျွန်တော်လက်ခံနိုင်ပါတယ်။ နားလည်နိုင်ပါတယ်။

ဒါပေမယ့် ငွေကြေးနဲ့ လောင်းကစားမှု မရှိဘူးဆိုတာတောင် ကျွန်တော်သဘောမပေါက်သေးဘူးဆရာ။ ဘာကြောင့်လဲဆိုယင် လူတွေဟာ ငွေကြေးချောင်လည်လို့ ပြည့်ပြည့်စုံစုံ ရှိလာပြီဆိုယင် အပျော်သဘော အားနေတဲ့အချိန် ဖြုန်းတဲ့အနေနဲ့ ဖဲကစားခြင်း၊ ပိုကာဆွဲခြင်း ငွေကြီးကြေးကြီး သမားများက လေးကောင်ဂျင် ကစားခြင်း မြင်းပွဲရှိတုန်းကဆိုယင် မြင်းလောင်းခြင်းများပြုတတ်ကြတယ် မဟုတ်လား ဆရာ။ မရှိဆင်းရဲသားတွေဟာ ငွေကြေးမတတ်နိုင်လို့ နေကြတာ။ အဲသည်တော့ သူတို့ ဆိုရှယ်လစ်တိုင်းပြည်တွေမှာ စားဝတ်နေရေး မပူရတော့ဘူး။ ဘဝဖူလုံမှုရှိနေပြီ။ လူတွေဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ဆိုတော့ သာပြီး လောင်းကစားမှုတွေ မလုပ်ကြဘူးလားဆရာ'

ဖြေ။ 'အခုခင်ဗျားပြောတာတွေဟာ ကျွန်တော်တို့အမြင်၊ မြန်မာ့အတွေးပါဘဲ။ ကျွန်တော် လဲ ဒီမေးခွန်းကို သူတို့ပြည်မှာ မေးခဲ့ဘူးပါတယ်။ ကျွန်တော်တို့ အဇာဘိုင်ဂျန်ပြည်၊ ဘကူးမြို့ကနေပြီး ကီလိုမီတာ ၁၀၀ (၆၂–မိုင်ခွဲ)ဝေးတဲ့ ၄ နာရီခရီး ပင်လယ်ရေနံတွင်းကို သွားကြတော့ သင်္ဘောပေါ်မှာ ပါလာတဲ့ သူတို့လူမျိုးတွေဟာ ဖဲကစားသူ ကစားကြတယ်။ စစ်တုရင်ထိုးသူထိုးကြတယ်။

ဖယ်တောက်သူတောက်၊ အန်စာပစ်သူပစ်၊ ကျားထိုးသူထိုး။ နို့ပြီး ကျွန်တော်တို့ မြန်မာပြည်မှာ မရှိလို့ ကျွန်တော်အမည်မခေါ်တတ်တဲ့ ကစားနည်းမျိုးတွေလဲ တွေ့ရပါတယ်။ အဲသည်ကစားတဲ့ ပစ္စည်းကရိယာတွေဟာ သင်္ဘောပေါ်က ဘီရိုတခုထဲမှာ ပါလာတာတွေချည်းဘဲ။ ယူကစားပြီး ပြန်ထားကြတယ်။ ဒါပေမယ့် ဘယ်ကစားနည်းမျိုးပဲ ကစား ကြစေကာမူ ကျွန်တော်ဝိုင်းစုံအောင် လျှောက်ကြည့်ခဲ့ပါတယ်။ တခုမှ ငွေနဲ့ကြေးနဲ့ မဟုတ်ဖူး။ စကားတွေ တသောသော တဟီးဟီး တဟားဟားနဲ့ အလကားတမ်း ကစားကြတာချည်းဘဲ။ တချို့ဝိုင်းမှာ နိုင်တဲ့လူက ရှုံးတဲ့လူကို မနာမကျင်ထုတာ၊ နှက်တာနဲ့၊ ထိပ်ခေါက်တာလောက်ပဲ တွေ့ရပါတယ်။ ကျွန်တော်တို့ပြည်မှာ ရှေးလူကြီးတွေ သုံးပုံဖဲ ကစားတော့ အိုးမဲခွေတဲ့ သဘော ပေါ့ဗျာ။

'အဲသည်တော့ ကျွန်တော်က ကိုယ်တို့မြန်မာပြည်ကလူများနဲ့ ချိန်ထိုးကြည့်တယ်၊ ကျုပ်တို့ မြန်မာတွေဆိုယင် ဒီလိုခရီးမျိုး သင်္ဘောပေါ်မှာ ကစားလိုက်မယ့် ဖြစ်ခြင်းဗျာ။ ငွေစက္ကူ တွေ အထပ်လိုက် အခေါက်လိုက်ပေါ့ ဟုတ်လား။ အပြန်ခရီးမှာဆိုယင် သူတို့ပြည်က အလုပ် သမားတွေဟာ တပတ်တခါလုပ်ခငွေ ရတာမို့ သူတို့အိတ်ထဲ ငွေကြေးအပြည့်ဘဲ။

'ဒါနဲ့ သူတို့ဟာ ဘာကြောင့်ပိုက်ဆံနဲ့ မကစားကြပါသလဲ။ ဥပဒေနဲ့ ဒါမှမဟုတ် အလုပ် သမား စည်းကမ်းအမိန့်နဲ့ တင်းကြပ်စွာ ပိတ်ပင်ထားလို့လားလို့၊ ကျွန်တော်တို့ကို လိုက်ပို့တဲ့ ဘာကူးမြို့က စာရေးဆရာကြီး စူလီမာနော့ကို မေးကြည့်တော့ 'ဘယ်လိုမှမပိတ်ပင်ပါဘူး၊ သူတို့ ကစားချင် ကစားနိုင်ကြ ပါတယ်။ ဒါပေမယ့် သူတို့အလုပ်သမား ဘဝတူချင်း မိသားစုစိတ်ဓါတ် ရှိတော့ တယောက်ငွေတယောက် မလိုချင်ကြပါဘူး၊ ကျုပ်တို့ဆိုရှစ်လစ်တိုင်းပြည်မှာ ဆိုရှယ်လစ် စိတ်ဓတ်ဆိုတာက အလုပ်မလုပ်ဖဲနဲ့ အလကား လိုချင်တဲ့စိတ်၊ အချောင်လိုချင်တဲ့စိတ်၊ တဦးဆုံး ရှုံးမှ တဦးအမြတ်ထွက်မယ့် စိတ်ထားမျိုးတွေ မရှိကြတော့ပါဘူး'တဲ့ခင်ဗျ။

'အစပထမတော့ သူ့စကားကို ကျွန်တော်မယုံချင်လှဘူး။ သူတို့ပြည် သူတို့လူမျိုးအတွက် သယ်သယ်ပိုးပိုး ပြောမိတယ်၊ အောက်မေ့မိတယ်၊ ဒါပေမယ့် သူပြောပြီး မကြာမီအတွင်းမှာဘဲ မယုံချင် မနေရလောက်အောင် အကြောင်းတခုပေါ်လာတာက သင်္ဘောကြမ်းပြင်ပေါ်မှာ ကျနေတဲ့ မြန်မာငွေ ၅ကျပ်နဲ့ တန်ဖိုးတူတဲ့ တရူဘယ်တန် ငွေစက္ကူတရွက်၊ ပိုင်ရှင်မဲ့၊ အဲဒါကို ကျွန်တော်က ရူမဝထဲမှာ ရေးပြီးပြီ။ လုံးချင်းထုတ်တော့လဲ ပါသွားပြီ'

မေးသူ။ 'ဟုတ်ကဲ့ . . . ကျွန်တော်ဖတ်ပြီးပါပြီဆရာ၊ မယုံနိုင်ဆရာဘဲ'

ကျွန်တော်။ 'ဟုတ်တယ် . . . ကျွန်တော်လဲ ကိုယ်တွေ့မို့ဘဲ။ အဲဒါ ဆိုရှစ်လစ်တိုင်းပြည်က ဆိုရှယ်လစ် စိတ်ဓါတ်ပါတဲ့ခင်ဗျာ'

'ကျွန်တော်တို့တိုင်းပြည်က လူတွေနဲ့ ကွာပါဘိဗျာ'

'ဒီ လူ့စရိုက်တွေက တိုင်းပြည်တပြည်ရဲ့ လူနေမှုစနစ်ဇယား ဓလေ့ထုံးစံတွေအပေါ်မှာ တည်နေတာကိုဗျ။ ကျွန်တော်တို့တိုင်းပြည်က ကျွန်တော့်အသက်နဲ့ မှီခဲ့သမျှဆိုယင် နယ်ချဲ့ အရင်းရှင်စနစ်က အခြေပြုခဲ့တာဘဲ၊ ကျွန်ဘဝ အင်္ဂလိပ်ခေတ်ကာလတုန်းကဆိုယင် လောင်းကစားမှု တွေကို တရားဝင် ခွင့်ပြုထားတယ်။

'ရန်ကုန် မန္တလေး မြို့ကြီးတွေမှာ အပတ်စဉ် မြင်းပွဲရှိတယ်။ ဖဲ၊ လေးကောင်ဂျင်၊ အနီ ထောင်စသည်တွေ ကစားဖို့ တရားဝင်လိုင်စင်နဲ့ ကလပ်တွေ ဖွင့်ပေးထားတယ်။

'အရင်းရှင်စနစ်မှာ လောင်းကစားတာ အမြတ်ကြီးစားတာ၊ ခေါင်းပုံဖြတ်တာ၊ လူညွန့်ခူး တာ၊ လူများ မျက်ခုန်းပေါ်စကြိန်လျှောက်တယ် ဆိုတာတွေဟာ ကဲ့ရဲ့ရှုတ်ချစရာမဟုတ်ဘူး၊ လူတော် လူလည်တွေရဲ့ ဂုဏ်သရေရှိတဲ့ချီးမွမ်းစရာ အလုပ်လို့ယူဆနေကြတယ်။

'ဘာအလုပ်ဖဲဖြစ်ဖြစ် ငွေရယင်ကောင်းတာဘဲ။ အဲသည်ခေတ်စကားဘဲကြည့်လေ၊ Money Makes Everything ငွေရှိယင်ဘာမဆိုဖြစ်တယ်။

'ငွေများတရားအောင်တယ်လို့ ဆိုခဲ့ကြတယ် မဟုတ်လား ငွေသာရတဲ့နည်းနဲ့ရှာ။ မော်တော် ကား ဘယ်နှစ်စီးဝယ်မလဲ တိုက်ဘယ်နှစ်လုံးဆောက်မလဲ၊ မယားငယ် ဘယ်နှစ်ယောက် ယူမလဲ ဟုတ်လား။

'အဲ့ . သူတို့ဆိုရှယ်လစ်တိုင်းပြည်တွေကျတော့ ဒီလိုမဟုတ်ဖူး။ ခင်ဗျားငွေရှိတိုင်း သုံးချင် တိုင်းသုံးလို့ မရဘူး၊ ကျွန်တော် သူတို့ပြည်အကြောင်းမှာ ရေးခဲ့ပြီကော၊ ဟော်တယ်မှာ ထမင်းစားတာတောင်မှ လူတယောက်စာ အကန့်အသတ်နဲ့ ကျွန်တော်တို့ဆီက ဟော်တယ်တွေ စားသောက်ဆိုင်မှာလို လိုချင်တိုင်းမှာလို့ရတာမဟုတ်ဖူး၊ ပိုက်ဆံရှိတိုင်း အစားအစာကို ဖြုန်းတီး ခွင့်မရှိဘူး။ နို့ပြီး ပုဂ္ဂလိကပိုင် အိမ်တွေဆောက်မယ်၊ ကားတွေဝယ်မယ်ဆိုတာလဲ မရှိရဘူး။ ကြည့်ပါလား ကမ္ဘာအသိဘဲ သူတို့ထိပ်သီးခေါင်းဆောင်ကြီး ကရုရှက်ဝန်ကြီးချုပ်ရာထူးက ပြုတ် သွားတဲ့အခါမှာ နေစရာအိမ်မရှိဘူး၊ သားသမီးအိမ်သွားကပ်နေရတယ်၊ ဗလလောက်ကြာမှ အစိုးရ တိုက်ခန်း တခန်းရတယ်။

'သူတို့ဆိုရှစ်လစ်တိုင်းပြည်မှာ ပညာမဲ့မရှိဘူး၊ အလုပ်လက်မဲ့မရှိဘူး၊ ရှေ့ရေးတွေးပူစရာ မလိုပါဘူး၊ ဘဝဖူလုံမှု ရှိတယ်ဆိုရာမှာ လခတွေ၊ ဝင်ငွေတွေ သိပ်များများကြီး ရနေလို့မဟုတ် ဖူး။

လူတိုင်းကို လူတန်းစေ့ သူတို့တိုင်းပြည်အလျောက် စားနိုင်၊ ဝတ်နိုင်၊ နေနိုင်အောင် ဖန်တီးပေးထားတာဘဲ။

ကာယလုပ်သား၊ ဉာဏလုပ်သားရယ်လို့လဲ ဝင်ငွေသိပ်ပြီးကွာဟမှုရှိတာမဟုတ်ဘူး၊ ဒါကြောင့် လူတန်းစား ညီမျှတယ်ဆိုတာပေါ့။

'အဲသည်တော့ သူတို့တိုင်းပြည်မှာ ငွေရှိတိုင်း သုံးစရာဖြုံးစရာရှိတာလဲ မဟုတ်တော့ ပိုက်ဆံကိုလဲ မက်မောစရာမဟုတ်တော့ဘူးဗျ။

ဒါကြောင့် . . . လောင်းကစားမှု လုယက်တိုက်ခိုက်မှု၊ ခေါင်းပုံဖြတ်မှုတွေလဲ အလိုလိုကင်းရှင်းသွားတယ်ဗျ။ သူတို့ဆိုရှယ်လစ်တိုင်းပြည်တွေမှာက ကျန်းမာရေးနဲ့ ပတ်သက်လာယင် ဆရာဝန်အလကား၊ ဆေးအလကား။

သွားနာ၊ သွားကိုက်၊ သွားစိုက်အလကား။ မျက်မှန်လဲ အလကားရတယ်လို့ ဟိုတနေ့က ကျွန်တော့်အိမ်ကို သူတို့ပြည်စာအုပ် ယူယင်းလာသွားတဲ့ ဂျာမဏီမှာတုန်းက ကျွန်တော့်စကား ပြန်အမျိုးသမီးဒေါက်တာ အနက်မရီအက်ရှ်က ပြောသွားသေးဗျ'

'သူက အခု ဗမာပြည်မှာ ရှိနေသလား'

'ဟုတ်တယ် . . . သူ့ယောက်ျား မစ္စတာအက်ရှ်က ဗမာပြည်မှာ အရှေ့ဂျာမနီသံရုံး အတွင်းရေးမှူးဘဲ'

'ဒီဇင်ဘာလ (၂၆-၃)ရှုမဝမှာ အောင်ဗလရဲ့ 'သတင်းစာဆရာဝတ္တု'ကို ဝေဖန်တဲ့ဆောင်းပါးရေးတာ သူဘဲနော်'

'ဟုတ်တယ်၊ သူက မြန်မာစာပေကို အထူးလေ့လာလိုက်စားနေတာပဲ'

'ဟုတ်ကဲ့ဆရာ၊ ဒါနဲ့ ကျွန်တော်တခုမေးပါရစေ၊ ဆရာ 'သူတို့ပြည်'စာအုပ်ကို ရေးတဲ့အခါမှာ ဘယ်စာအုပ်တွေ မှီငြမ်းပြုပါသေးသလဲ'

ကျွန်တော်ရုတ်တရက် နားမလည်နိုင်ပဲ . . .

'ကိုယ့်ဟာကိုယ် ရေးတာပဲဗျာ၊ ဘာတွေ မှီငြမ်းပြုနေရအုံးလဲ'

'ဒီလိုပါဆရာ၊ တချို့ နိုင်ငံခြားပြန်တွေဟာ သူတို့ရောက်ခဲ့တဲ့ တိုင်းပြည်တွေအကြောင်း ရေးတော့မယ်ဆိုယင် ဟိုတိုင်းပြည်က ပေးလိုက်တဲ့ ဝါဒဖြန့်စာအုပ်တွေ ဒါမှမဟုတ် ဗမာပြည် ပြန်ရောက်မှ ရန်ကုန်မှာရှိတဲ့ သက်ဆိုင်ရာတိုင်းပြည်က သံရုံးသွားစာအုပ်တွေတောင်းပြီး ဘာသာပြန် ထည့်တတ်ကြလို့ပါ'

'ဟား. . . . ဟား. . . ကျွန်တော့်စာအုပ်ထဲမှာ အဲဒါမျိုးဘာသာပြန်ထည့်တာ စာတလုံး တွေ့ယင် သော်တာဆွေ လက်ဖြတ်ပစ်ဗျာ၊ ဘယ်ကဝါဒဖြန့်စာမှ ပါတာမဟုတ်ဖူး၊ ကျွန်တော် ကိုယ်တိုင် ကြုံတွေ့ကြားသိသမျှတွေချည်း ရေးတာဘဲ'

'ကြိုက်ပြီဆရာ၊ ကျွန်တော်လဲ ဆရာ့လိုဘဲ စာရေးဆရာဖြစ်ချင်တဲ့သူပါ၊ ဒီတော့ မေးပါရ စေဆရာ၊ ဝတ္ထုရေးတဲ့အခါမှာ ဇာတ်လမ်းကို အဓိကထားသင့်ပါသလား၊ ဇာတ်ကောင်ကို အဓိက ထားသင့်ပါသလား၊ ကမ္ဘာကျော်စာရေးဆရာကြီး လီယိုတော်လ်စတွိုင်း ဝတ္ထုများမှာဆိုယင် ဇာတ်လမ်း ထက်ဇာတ်ကောင်ရဲ့စရိုက်ကို အဓိကထားရေးတယ်လို့ ဖတ်ရပါတယ်။ ဒီကိစ္စနဲ့ပတ် သက်လို့ ဆရာ့ထင်မြင်ချက်ကို ဆွေးနွေးစေချင်ပါတယ်'

## ဇာတ်လမ်းနှင့်ဇာတ်ကောင်

ဖြေ။ 'ကျွန်တော့်ထင်မြင်ချက်ပြောရမယ်ဆိုယင် ကျွန်တော်ဟာ အခုစာရေးအသက် အနှစ် ၃၀အတွင်းမှာ ဝတ္ထုတိုရှည်ပေါင်း ၆၀၀ (ခြောက်ရာ)လောက် ရေးပြီးခဲ့ပါပြီ၊ ခုလဲရေးဆဲပါ ဘဲ၊ အဲသည်လို ဝတ္ထုရေးတဲ့အခါမှာ ကျွန်တော့်စိတ်ထဲ ငါတော့ ဒီဝတ္ထုမှာ ဇာတ်လမ်းကိုအဓိက ထားလိုက်မယ်၊ သို့မဟုတ် ဇာတ်ကောင်ကို အဓိကထားလိုက်မယ်လို့ဆိုတဲ့ စိတ်ကူးလုံးဝမရှိပါ ဘူး၊ ကျွန်တော်ရေးချင်တာကို ရေးတတ်သလို ရေးသွားတာပါဘဲ၊ အဲ. . . နောက်. . . ကိုယ့်ဝတ္ထုတွေ ကို ပြန်စိစစ်ကြည့်တော့ယင် တချို့ဝတ္ထုမှာ ဇာတ်လမ်းအဓိကဖြစ်နေတယ်၊ တချို့ဝတ္ထုမှာ ဇာတ်ကောင် အဓိကဖြစ်နေတယ်။ ဒါက ကျွန်တော်တမင်လုပ်တာမဟုတ်ဘူး၊ ရေးတဲ့အကြောင်း အရာနဲ့ ရည်ရွယ်ချက်ကိုလိုက်ပြီးတော့ သူ့ဟာသူဖြစ်သွားတာပါဘဲ'

မေး။ 'ဆရာဘယ်လိုဝတ္ထုတွေမှာ ဇာတ်လမ်းကအဓိကဖြစ်ပြီးတော့ ဘယ်လိုဝတ္ထုတွေက ဇာတ်ကောင်အဓိက ဖြစ်နေပါသလဲ'

ဖြေ။ 'အင်း. . . . အဲဒါ ယေဘုယျအားဖြင့် ပြောရမယ်ဆိုယင် များသောအားဖြင့် ဘဝသရုပ် ဖော်ဝတ္ထုတွေက ဇာတ်ကောင်စရိုက် အဓိကဖြစ်နေပြီး တခြားဝတ္ထုမျိုးတွေက ဇာတ်လမ်းအဓိက

ဖြစ်နေတာတွေကို တွေ့ရပါတယ်၊ ဆရာကြီး တော်လ်စတွိုင်းရဲ့ ဝတ္ထုတွေမှာ ဇာတ်ကောင် စရိုက်တွေ အဓိကဖြစ်နေတယ်ဆိုတာ မှန်ပါတယ်၊ ဆရာကြီးက ဘဝသရုပ်ဖော်ဝတ္ထုတွေဘဲ အများဆုံး ရေးခဲ့တာကိုး'

မေး။ 'ဘဝသရုပ်ဖော်ဝတ္ထုတွေနဲ့ အခြားဝတ္ထုမျိုးတွေ ရေးရတာ၊ နို့ပြီး ဇာတ်ကောင်အဓိကထားရေးရတာနဲ့၊ ဇာတ်လမ်းအဓိကထားရေးရတာဟာ. . . ဘယ်ဒင်းကခက်ပြီး ဘယ်ဒင်းက လွယ်ပါသလဲ ဆရာ'

ဖြေ။ 'အဲဒီဟာမှာ ဘယ်ဒင်းကခက်တယ်၊ ဘယ်ဒင်းလွယ်တယ်လို့ ခွဲခြားပြီးမပြောနိုင်ပါ ဘူး၊ ကျွမ်းကျင်ရာ လိမ္မာဆိုတဲ့အတိုင်းဘဲ၊ တတ်ကျွမ်းသူအဖို့မှာ ဘယ်ဒင်းမဆိုလွယ်ကူပြီးတော့ မတတ်ကျွမ်းသူအဖို့မှာ ဘယ်ဒင်းမဆို ခက်နေပါတယ်'

ဤတွင် အခြားတယောက်က ဖြတ်၍ မေးပါသည်။

'ကဲ–ဆရာ၊ ကျွန်တော်တို့ဟာ အခု စာရေးလေ့ကျင့်နေတယ်ဆိုပါတော့. . .။ ဒီတော့ ကျွန်တော်တို့ ရေးစလူငယ်တွေဟာ ဇာတ်ကောင်အစိကထားပြီး ရေးသင့်ပါသလား၊ ဇာတ်လမ်း ကို အဓိကထားပြီး ရေးသင့်ပါသလား'

'အဲသည်မေးခွန်းဟာ မောင်ရင်က ကျုပ်ကိုမေးတာထက် မောင်ရင့်ကိုယ် မောင်ရင်မေး ရမယ့် မေးခွန်းဘဲ'

'ဘယ်လိုမေးရမှာလဲဆရာ'

'ဒီလိုပါလေ၊ မောင်ရင်ဟာဇာတ်ကောင်ကို အဓိကထားပြီး ရေးနိုင်ပါသလား. . .၊ ဇာတ်လမ်းကိုအဓိကထားပြီး ရေးနိုင်ပါသလား၊ ကိုယ့်ကိုယ်ကို မေးကြည့်ပါ၊ အဲသည်တော့ ကိုယ်ရေးနိုင်တာ ရေးရုံပေါ့၊ ဒီတော့မှ ဝတ္ထုဖြစ်လာမှာဘဲ၊ ကဲ. . . မောင်ရင်အခု ဝတ္ထုဘယ်နှစ်ပုဒ် ရေးဘူးပလဲ'

'ရေးတော့ ရေးတာဘဲဆရာ၊ တပုဒ်မှတော့ ဖြစ်ဖြစ်မြောက်မြောက် မရှိသေးဘူး'

'သင် စာရေးဆရာဖြစ်ချင်တာလား စာရေးချင်တာလား'

'ကဲ တခုမေးစမ်းပရစေအုံး၊ မောင်ရင် စာရေးဆရာဖြစ်ချင်တာလား၊ စာရေးချင်တာလား'

သူ ခေတ္တ တွေသွားပြီး. . .

'ဟာ. . ဆရာ့မေးခွန်းက ဘာကိုဆိုလိုတာလဲ၊ စာရေးချင်တာနဲ့ စာရေးဆရာဖြစ်ချင်တာ မတူဘူးလား'

'မတူပါဘူး၊ (၁) စာရေးဆရာဖြစ်ချင်တဲ့လူဟာ သူစာရေးဆရာဖြစ်အောင် ကြိုးစားတယ်၊ တပုဒ်နှစ်ပုဒ် သုံးပုဒ်စသဖြင့် ရေးကြည့်တယ်၊ မအောင်မြင်ဘူး၊ စာရေးဆရာဖြစ်မလာဘူး ဒီတော့ သူဆက်မရေးတော့ဘူး၊ လက်လျှော့လိုက်ကရော၊ (၂) အဲ. . စာရေးချင်တဲ့လူကတော့ စာရေးဆရာ မဖြစ်ချင်နေ သူရေးချင်တာတွေကို ရေးနေမှာဘဲ၊ မဂ္ဂဇင်းတိုက်တွေပို့လို့ အယ်ဒီတာတွေကပယ် လဲ သူဂရုမစိုက်ဘူး၊ ရေးမြဲရေးနေမှာဘဲ သူ့ဆန္ဒက သူစာရေးနေရယင်ဘဲ ကျေနပ်နေတာဘဲ၊ အဲဒီလူမျိုးဟာ နောက်ဆုံးမှာ စာရေးဆရာဖြစ်လာတတ်တာဘဲ၊ သဘောပေါက်ရဲ့လား. . . '

'ပေါက်ပါတယ် ဆရာ'

'ကဲ. . သည်တော့ ခင်ဗျားဟာ စာရေးဆရာဖြစ်ချင်တဲ့လူလား၊ စာရေးချင်တဲ့လူလား (ဝါ) မရေးရမနေနိုင်တဲ့လူလား၊ ဒီမေးခွန်းကို ကိုယ့်ဟာကိုယ်မေးပြီး ကိုယ့်ဟာကိုယ်ဖြေပါ၊ ကိုယ့်အလုပ်က သက်သေပြပါ'

'နားလည်ပြီ ဆရာ'

နောက်တယောက်မေး။ 'ဆရာ ကျွန်တော်တို့ ဆရာနဲ့နီးနီးကပ်ကပ်လာနေမယ်ဆိုယင် စာရေးဆရာဖြစ်အောင် သင်ပေးနိုင်ပါ့မလား'

'သင်မပေးနိုင်ပါဘူးခင်ဗျာ၊ ဒီပညာက သင်ပေးလို့ရတာမဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ် ကြိုးစားမှဘဲ ဖြစ်နိုင်ပါတယ်'

'နို့. . ဆရာ စာရေးဆရာမဖြစ်မီက ဆရာကြီးရွှေဥဒေါင်းအိမ် သွားနေသေးတယ်ဆို၊ အဲဒီ တော့ ဆရာကြီးက သင်ပေးတယ်မဟုတ်လား'

'မဟုတ်ပါဘူးခင်ဗျာ၊ ဆရာကြီးက ကျွန်တော့်ကို ဘာမှသင်မပေးပါဘူး၊ ကျွန်တော်ကသာ ဆရာကြီးရဲ့ ဝတ္ထုရေးပုံရေးနည်းတွေကို ကိုယ့်ဟာကိုယ် လေ့လာယူရတာပါ၊ ဆရာကြီးနဲ့ ကျွန်တော် ဆက်သွယ်မိတဲ့အခါမှာ ကျွန်တော်ဟာ ဘယ်စာအုပ်တိုက်ကိုမှ ပို့ဖို့မဟုတ်၊ ဘယ်သူ့ ကိုမျှ ဖတ်ခိုင်းဖို့မဟုတ်ဘဲ ဝတ္ထုတွေတော်တော်များများ ရေးပြီးနေပါပြီ၊ ခေါင်းထဲမှာလဲ စိတ်ကူး ပြီးသားတွေ အများကြီးရှိနေပါတယ်။ ဒါနဲ့ 'ဘရန်ဒီ တပုလင်း'ကစပြီး ပရိသတ်က လက်ခံလာ တဲ့အခါမှာ သော်တာဆွေဟာ ဝတ္ထုတွေမရပ်မနား ရေးနိုင်လာတာပါဘဲ၊ အဲသည်တုန်းကဆိုယင် ခေါင်းထဲရှိနေ တာတွေကို လက်ကတောင် မနိုင်ပါဘူး'

နောက်တယောက်မေး. . .

'ဒီမှာ ဆရာ၊ ကျွန်တော် ဝတ္ထုရေးကြည့်တဲ့အခါမှာ ဝါကျတွေ မပြေမပြစ်ရှိနေပါတယ်၊ နို့ပြီး ကိုယ်လိုချင်တာတွေကို ရောက်အောင်ရေးဖို့ အခက်အခဲတွေ့နေပါတယ်၊ ဒါဘယ်လိုလုပ်ရပါသလဲဆရာ'

'စာများများဖတ်ပါ၊ စာအရေးအသား များများလေ့ကျင့်ပါ. . .'

'ဘယ်လိုစာအုပ်တွေ ဖတ်ရမလဲ ဆရာ'

'ဘယ်စာအုပ်မျိုးမဆို ခင်ဗျားကြိုက်နှစ်သက်ရာကို ဖတ်ပါ၊ ဖတ်တဲ့အခါမှာ သာမန်စာဖတ်တဲ့သူဟာ စာတပုဒ်ကို ဖတ်တယ်၊ ပြီးတော့ယင် ဒီဝတ္ထုမကောင်းဘူး ကောင်းတယ်၊ မကြိုက်ဘူးကြိုက်တယ်လို့ ဆုံးဖြတ်ချက် ချတတ်ကြတယ်၊ ဒါဟာသူတို့အလုပ်ပြီးပြီ။

သို့သော် စာရေးဆရာဖြစ်ချင်သူ စာရေးလေ့ကျင့်နေသူ အဖို့မှာဆိုယင် ဒါလောက်နဲ့မပြီးဘူး၊ ဝတ္ထုတပုဒ်ကို ဖတ်ပြီးတော့ယင် ဘာကြောင့်ဒီဝတ္ထုကို ငါကကောင်းတယ်မကောင်းဘူး၊ ကြိုက်တယ် မကြိုက်ဘူးလို့ ပြောသလဲ၊ ကိုယ့်ဟာကိုယ်ဝေဖန်သုံးသပ်ပါ၊ အဖြေကိုရအောင်ရှာပါ၊ ဒီတော့မှ မိမိရေးတဲ့အခါမှာ ကိုယ်မကြိုက်တာ မကောင်းတာတွေ ရှောင်ရှားပြီးဖတ်သူအဖို့ ကြိုက်စရာကောင်းတာတွေကို ရေးနိုင်ပါလိမ့်မယ်'

'နို့ပြီး စာဖတ်တဲ့အခါမှာ သမန်ကာ ရှန်ကာမလုပ်ပါနဲ့၊ သတ်ပုံကိုလဲ သတိထားမှတ်သား ပါ၊ ဝါကျအထားအသို အဖွဲ့အနွဲ့ကိုလဲ ဂရုစိုက်ပြီးဖတ်ပါ။ တချို့ဝတ္ထုတွေမှာ ဇာတ်ကွက် ဇာတ်လမ်းကောင်းသော်လည်း သင်မကြိုက်တဲ့ ဝါကျအထားအသို အဖွဲ့အနွဲ့အရေးအသားတွေ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်၊ သည်တော့ယင် သင့်အဖို့ အကျိုးရှိရအောင် လုပ်ရမှာက သင်မကြိုက် တဲ့နေရာကို ထပ်ဖတ်ပြီး ငါသာဆိုယင် ဒီနေရာမှာ ဘယ်လိုရေးလိုက်မှာဘဲလို့ စိတ်ကူးထဲမှာ ရေးကြည့်လိုက်ပါ၊ ဒီလောက်မက တတ်နိုင်ယင် စက္ကူပေါ်မှာ ချပေးပစ်လိုက်ပါ၊ သူ့'အညံ့' ပြင် ပြီးတော့ယင် ကိုယ့်ရဲ့'အကောင်း'ဖြစ်သွားပါစေ၊ ဒါဟာ ကျွန်တော်ကိုယ်တိုင် ကျင့်သုံးနေတဲ့နည်း ကို ပြောတာပါ။

'အဲ. . . . ဝတ္ထုတပုဒ်ကို ဖတ်လို့ဇာတ်ကွက်ဇာတ်လမ်းရော ဝါကျအထားအသို အရေးအသား အဖွဲ့အနွဲ့ရော သင်ကြိုက်နှစ်သက်နေပြီဆိုယင် မှတ်သားနည်းယူပါတော့၊ တတ်နိုင်လျှင် ကူးပြီး ရေးလိုက်ပါ၊ သည်ထက်မက တတ်နိုင်ယင် တပိုဒ်နှစ်ပိုဒ်သော်လည်းကောင်း၊ စာတမျက်နှာ နှစ်မျက်နှာသော်လည်းကောင်း၊ တပုဒ်လုံး အစအဆုံးသော်လည်းကောင်း၊ အလွတ်ကျက်လိုက်ပါ. . .'

ကျွန်တော်သည်လိုပြောလိုက်တော့ စာရေးဆရာဖြစ်ချင်သူတို့ မျက်လုံးပြူးသွားတဲ့ကာ. .

'အောင်မယ်လေး. . ဆရာရယ်၊ ဒီလောက်တောင်လဲ လိုသလား၊ ဆရာကိုယ်တိုင်ကော ဒီလိုအလွတ်ကျက်ခဲ့ဘူးပါသလား'

'ကျုပ်လား. . . စာရေးချင်စိတ် မပေါ်ခင် ကျောင်းသားကတဲက ဝေဿန္တရာဇာတ်တော်၊ ရေသည်ပြဇာတ်၊ ပါပဟိန်ပြဇာတ်၊ ကျည်းကန်ရှင်ကြီးမေတ္တာစာ၊ ဦးပုည မေတ္တာစာ၊ ဦးကြင်ဥ ပဒေသာ သီချင်းတွေကို တအုပ်လုံး အလွတ်ကျက်ခဲ့တာတွေပေါ့ဗျာ၊ နောင် စာရေးချင်စိတ် ပေါ်လို့ စာရေးလေ့ကျင့်တော့လဲ အဲသည်တုန်းက ကျွန်တော်အကြိုက်ဆုံးဖြစ်တဲ့ ဆရာကြီး ရွှေဥဒေါင်းရဲ့ တချို့ဝတ္ထုတွေကို ကျွန်တော်အလွတ်ကျက်ခဲ့သေးဗျ. . . '

'စာရေးဆရာတိုင်း ဒီလိုဘဲလားဗျာ'

'ဒါတော့ ကျွန်တော်ဘယ်သိမလဲ၊ ကျွန်တော်နဲ့ အင်မတန်ခင်မင်ရင်းနှီးတဲ့ အမကြီး ခင်မျိုးချစ်တော့ သူလဲ ဒီလိုဘဲကျက်ခဲ့တယ်လို့သိရတယ်။ နို့ပြီး ကမ္ဘာကျော် စာရေးဆရာကြီး ဆမ်းမာဆက်မွန်ဟာ ကမ္ဘာ့စာပြောင်ဆရာကြီး ဂျိုနသန်ဆွစ်ဖ်ရဲ့ Tale of Tub 'ဘေးလ်အော့ဖ် တဗ်'ဆိုတဲ့ စာအုပ်အထူကြီးကို တအုပ်လုံး အာဂုံဆောင်ခဲ့သတဲ့ဗျ'

'အောင်မလေး. . . စာရေးဆရာဖြစ်ဖို့ကလဲ မလွယ်ပါလားဆရာရယ်'

သူတို့ ညည်းညူသံ ထွက်လာ၏။

အောင်မယ်. . . ဒီလောက် ဘယ်ကအံ့းမလဲဗျ၊ စာရေးဆရာဖြစ်ချင်တဲ့လူဟာ စာရေးတတ် လာအောင် ဒီလိုရေးနည်းရေးဟန် စာသွားစာလာတွေကို လေ့လာရရုံသာ မကဘူး၊ ရေးစရာ အကြောင်းအရာတွေ ရဖို့အတွက် ကိုယ့်ဘဝ အတွေ့အကြုံတွေကို လေ့လာသုံးသပ်ရတယ်၊ ကိုယ့်ပတ်ဝန်းကျင်က လူတွေရဲ့ ဘဝတွေကိုလဲ စူးစမ်းလေ့လာရတယ်၊ ဥပမာ ကျွန်တော်ပြော မယ်၊ ကျွန်တော်စာပေဆုရခဲ့တဲ့ 'ဘဝထိုထို'ဝတ္ထုတိုပေါင်းချုပ်ဟာ ကျွန်တော့်ဘဝအတွေ့အကြုံ တွေဘဲ၊ 'သတ္တဝါတို့၏ သံသရာ'နဲ့ 'ဤလောကမြေမဟီဝယ်'က သူများဘဝတွေကို လေ့လာပြီး ရေးတာဘဲ'

## မဂ္ဂဇင်းတိုက်များသို့ စာမူပို့လျှင်

မေး။ 'မဂ္ဂဇင်းတိုက်တွေကို စာမူပို့ယင် အယ်ဒီတာဆို ဘယ်လိုရေးရမလဲ'

ဖြေ။ 'သိပ်ရှည်ရှည် မရေးနဲ့ သူ့မှာအပိုတွေ ဖတ်ဖို့အချိန်မရှိဘူး'

အယ်ဒီတာခင်ဗျာ. . . .

ကျွန်တော်၏ ဤဝတ္ထုကို ဆရာတို့မဂ္ဂဇင်း၌ သုံးရန်ပို့လိုက်ပါသည်။ မကြိုက်မနှစ်သက် ပါက ကျွန်တော်ထံ ပြန်ပို့ပါရန် တံဆိပ်ခေါင်း အပြည့်အစုံ ထည့်ပေးလိုက်ပါသည်။

ဆရာ ကျန်းမာ ချမ်းသာပါစေ။

အဲသည်လောက်ဘဲ ရေး။ ကိုယ့်လိပ်စာ အပြည့်အစုံထည့်။

မေး။ 'အယ်ဒီတာဆီရေးတဲ့ စာထဲမှာ (ဆရာတို့ မကြိုက်မနှစ်သက်ပါက အဘယ်ကြောင့် ဆိုသည်ကို ဝေဖန်ညွှန်ကြားချက်နဲ့ ပြန်ပို့ပါ)လို့ ထည့်မရေးသင့်ဘူးလား'

ဖြေ။ 'မရေးနဲ့၊ ဘယ်မဂ္ဂဇင်းတိုက်က အယ်ဒီတာမှ ဘာကြောင့် မကြိုက်သလဲဆိုတာ မျိုးတွေ ဝေဖန်ညွှန်ကြားပေးမနေနိုင်ဘူး။ သူတို့မှာ နေ့စဉ်ဖတ်ရတဲ့ စာမူတွေက အများကြီး၊ ဝေဖန်ညွှန်ကြားချက် လိုချင်ယင် သော်တာဆွေ စာပေသင်တန်းနဲ့ ဆက်သွယ်ပါ၊ နို့ပြီး ခင်ဗျားတို့ စာရေးရာမှာ အထူးသတိပြုစေချင်တာက လက်ရေးလှတာ မလှတာတော့ မတတ်နိုင် ဘူးလေ၊ လူတွေမှာ အရုပ်ဆိုးတွေ၊ လူချောတွေရှိသလိုဘဲ၊ လက်ရေးလှသူ မလှသူရှိတာဘဲ၊ အဲဒါမှာ လက်ရေးလှတာ မလှတာ အရေးမကြီးဘူး၊ ဖတ်လို့ရှင်းအောင် လက်ရေးကို ကွဲကွဲပြားပြား ထင်ထင်ရှားရှားရေးပါ၊ ခုခေတ် ကျွန်တော်တခါတလေ တွေ့ရတာဖြင့် လက်ရေး ဖက်ရှင်တွေ၊ ပိုစတာလက်ရေးဆိုတာမျိုးတွေ ကြည့်လို့တော့ လှသလိုရှိပါရဲ့၊ ဖတ်လို့တော့မလွယ် ဘူး၊ ဒါကြောင့် ခင်ဗျားတို့ စာရေးတဲ့အခါမှာ လက်ရေးမလှချင်နေပါစေ၊ ပီသရှင်းလင်းပါစေ၊ နို့ပြီးတတ်နိုင်သလောက် အမှားပြင်တာတွေ ခြစ်ရာတွေ ပေါ့ပါစေနဲ့၊ ကျွန်တော် ပထမဦးဆုံး ဝတ္ထုရေးတုန်းကများလေ တကြောင်းမှာ စာတလုံးမှားသွားတာနဲ့ တမျက်နှာလုံး ပြန်ရေးလိုက် တာဘဲ ၊ အဲ ပြောယင်း တခုသတိရတယ်၊ စာကိုလေ ထပ်ထပ်ရေးစမ်းပါ တိုးတိုးပြီးကောင်း လာတာကို တွေ့ရပါလိမ့်မယ်၊ မယုံယင်ခင်များ ဝတ္ထုတပုဒ်ကို ရေးလိုက်ပါ၊ ဖြည့်စရာ ဖြတ်စရာ တွေ့တွေ့ပြီး ပိုကောင်းပါလိမ့်မယ်၊ ကမ္ဘာပေါ်မှာ အရှည်လျားဆုံးဖြစ်တဲ့ တော်လ်စတွိုင်းရဲ့ **War and Peace** စစ်နဲ့ ငြိမ်းချမ်းရေး

ဝတ္ထုကြီးကို ဆရာကြီး တော်လ်စတွိုင်းဟာ. . . ဘယ်နှစ်ခါပြန် ရေးတယ် အောက်မေ့သလဲ၊ ၆ ခါတဲ့ ခင်ဗျ၊ ၆ ခါ'

မေး။ 'ဆရာကော အဲလိုဝတ္ထုတပုဒ်ကို အခါခါထပ်ပြီး ရေးဘူးပါသလား'

ဖြေ။ 'ကျွန်တော်ရဲ့ ပထမဦးဆုံး ဟာသဝတ္ထုဖြစ်တဲ့ 'ဘရန့်ဒီတပုလင်း' နဲ့ 'ရန်အောင် ရတနာ' ဆိုတဲ့ စုံထောက်ဝတ္ထုကို ကျွန်တော် ဘယ်နှစ်ခါပြန်ရေးသလဲတောင် မမှတ်မိတော့ဘူး'

မေး။ 'မရေးနိုင်တော့ဘူးဗျာ၊ ဒါရေးမှစားရတော့ တပုဒ်ပြီးတပုဒ် ရေးဖို့သာကြိုးစားရတာ ဘဲ၊ ဆရာကြီး တော်လ်စတွိုင်း တို့နဲ့တော့ မတူဘူးပေါ့ဗျာ၊ သူတို့ပြည်က ဝတ္ထုတပုဒ်ဆိုယင် နင့်နေအောင်ရတာ၊ နို့ပြီးဆရာကြီးကိုက **Count** ကောင့် ဘွဲ့ရတဲ့ နယ်စားကြီးဆိုတော့ ငွေကြေးဘာပူစရာ လိုသလဲ၊ သူ့ဝတ္ထုတပုဒ်ကို သူနောက်ဆုံး စိတ်ကြိုက်တွေ့မှဘဲ လက်လွှတ် မယ်'

'ကဲ. . . . ဆရာကော ဆရာကြီးတော်လ်စတွိုင်းလို နယ်စားကြီး ဖြစ်မယ်ဆိုယင် သူလိုဘဲ ဝတ္ထုတပုဒ်ကို အထပ်ထပ်အခါခါရေးနေမှာဘဲလား'

'ဟင့်အင်း. . . . တပုဒ်တောင် ရေးဖြစ်မယ်မထင်ပါဘူး၊ နယ်စားစည်းစိမ်နဲ့ ဇိမ်ခံနေမှာပေါ့ ချစ်ဒေဝီတွေ ယစ်ရွှေရည်တွေနဲ့'

'အိုး. . . ဆရာကလဲ'

'တကယ်ပြောတာပါဗျ၊ မယုံမရှိပါနဲ့'

# ဘဝအရသာ

(၁)

ရာသီစာ

သူ့ရာသီ အခါသက်ပြီမို့

နှုရာသည့် တမာကတက်တွေနဲ့

မန်ကျည်းရွက်ရယ်တဲ့ ရာသီစာ. . . . ၊

မရမ်းကလဲ ကင်းပြီးကောဗျ

ဝမ်းတဝ ခံတွင်း. . .  ထမင်းမြိန်စရာပေါ့

ချိန်အခါ ရာသီက ကျွေးခိုင်မှာ

လွှေးလိုက်ကြပါ။

ပြီးတဖန် အလျှံပယ်လာလိမ့်အုံးမယ်ဗျ

အသီးအနှံအသွက်သွက်

ဥအမယ်မယ်တွေကလဲ မဆုံးပါဘူး

သုံးလေးလ ဤရာသီမှာ. . . .

ပြည်မြန်မာ၏ ထွက်ကုန်ပေါ. . . . ။

စားစရာတွေ

များလှ. . . . ဖြာဖြာဝေလို့

ကမ္ဘာမြေ ရှာမှ ရှားပေလိမ့်

ကြွား၍ မပြော။

'သုံးလေးလ ဤရာသီမှာ'ဆိုသည်က ပြာသို၊ တပို့တွဲ၊ တပေါင်း တန်ခူး၊ ဤလများသည် မြန်မာပြည်၏ ကောက်ပဲသီးနှံပေါ်ချိန် ဖြစ်ပါသည်။ မြေပေါ်သီးနှံ၊ မြေအောက် သစ်ဥ သစ်ဖုတွေ၊ ဒါတွေ ဘာတွေလဲဆိုတာ ကျွန်တော်တို့ဗမာတွေသိပြီးမို့၊ အထူးဖေါ်ပြမနေတော့ပြီ။

ထို့အပြင် လူတွေ စိုက်ပျိုးပြုပြင်ရသည် မဟုတ်ဘဲလျက်၊ အချိန်တန်လျှင် နှစ်စဉ်မှန်မှန် ဆွတ်ခူးစားနိုင်ကြသည်များကတော့ တမာ၊ ကတက်၊ ယင်းဒိုက်၊ လဲလူ၊ မန်ကျည်း စသည့် သက်ကြီးပင်များ။ ဤအပင်ကြီးတွေ ရွက်ဟောင်းကြွေညောင်း၊ ရွက်နုပြောင်းပြီးဆိုလျှင်ဖြင့် စား၍ မကုန်၊ ခူးသူမနိုင်အောင်ပင် ပေါကြွယ်ကြကုန်သည်။

တောနယ်မှာဆိုလျှင် ဒါမျိုးတွေ အရောင်း အဝယ်မရှိ။ ဘယ်သူ့အပင် ဘယ်သူ့ခြံက ဟူ၍ မခွဲခြား။ တက်နိုင်သူ ခူး၍သာ သွားပေရော့။'ဟော့. . . . ငါ့ဖို့ တနပ်စာ ပို့လိုက်စမ်းပါ ဟော့' တောင်မှာနိုင်သေး။

## မန်ကျည်းရွက်သုတ်

သည်နေ့ နံနက်စာ၌ ကျွန်တော်တို့၏ ထမင်းစားပွဲတွင် မန်ကျည်းရွက်သုတ်ပါသည်။ ကျွန်တော်သည် မန်ကျည်းရွက်သုပ်ကြိုက်သူ ဖြစ်သည်အားလျော်စွာ ပေါ်တုန်းပေါ်ခိုက်တွင် နှစ်ခြိုက်စွာ စားလေ့ရှိပါသည်။

သည်လိုစားတိုင်း စားတိုင်း အမြဲသတိရလေ့ရှိသည်ကတော့ ကျွန်တော် ငယ်စဉ်တောင် ကျေး အကလေးဘဝက ကျွန်တော့်ဇာတိရွာမှ ဒေါ်မယ်လှ ဦးဖိုးမြတို့၏ နှစ်စဉ် အိမ်ခေါင်မိုး မိုးသော နံနက်စာ ထမင်းစားပွဲကြီးပေတည်း။

မှတ်မိသည်။ ရွာတွင် သူတို့လင်မယားနာမည်ကို တွဲ၍ခေါ်ပြီဆိုလျှင် မယ်လှ၊ ဖိုးမြ။ မမယ်လှ၊ ကိုဖိုးမြ။ မိန်းမနာမည်က ရှေ့မှလာ၏။

အကြောင်းမှာ သူတို့အိမ်ထောင်တွင် မိန်းမက ဦးစီး၏။ ကိုဖိုးမြသည် သဘောကောင်းလှ ၏။ ရိုးသား၏။ အူသည် အ,သည် အထိ ဆိုနိုင်၏။

မမယ်လှက ထက်မြတ်၏။ သွက်လက်၏။ နှုတ်သီးကောင်း လျှာပါးဟု ဆိုနိုင်၏။ မမယ်လှက ကိုဖိုးမြကို နိုင်သည်မှာ ညတွင် နေမထွက်သကဲ့သို့ မှန်၏။

ထို့ကြောင့် ဤကဲ့သို့ မိန်းမအား ကောင်းနေ၍ဘဲလားမသိ။ သူတို့က မွေးလိုက်သည်မှာ အားလုံး သမီး မိန်းခလေးတွေချည်း။ သားယောကျ်ားလေး တယောက်မှမပါဘူး။ အောင်မယ်. . . . သူတို့သမီးလေးတွေက ချောသဗျ။ မမယ်လှကိုယ်တိုင်က သူ့နှာမည်နဲ့လိုက်အောင် ကျေးတော သူမ အချောအလှ တယောက် ဖြစ်ခဲ့ပေသကိုးဗျ။

သို့အတွက် သူတို့သမီးအကြီးဆုံး မအုန်းကြည် အပျိုအရွယ်ရောက်ကတည်းက အရပ်၏ အကူလိုသော သူတို့အိမ် ဗာဟီရကိစ္စများအတွက်ဆိုလျှင် ရွာက ကာလသားများအား အထူးဖိတ်ခေါ်နေစရာမလိုတော့ပေ။ အကြောင်းရှိက သူ့ထက်ငါဦးအောင် စုပြုံလာကြသည်သာ။

ကျေးရွာတို့ဓမ္မတာ ဆင်းရဲသားဂေဟာတွင် နှစ်စဉ်အချိန်မှန်မှန် အကူအညီလိုသည် ကတော့ တနှစ်တခါ အိမ်ခေါင်မိုး ပြန်မိုးရခြင်းပင်။ မမယ်လှ ကိုဖိုးမြတို့အိမ်မှာ သုံးပင်နှစ်ခန်း ခြေရင်းဘက် မီးဖိုဆောင်၊ နောက်ဖေးတွင် နွားတင်းကုတ်တွဲထားသဖြင့် သက်ကယ် ၆၀၀ မျှ နှစ်စဉ်မိုးရသည်။

နက်ဖြန်နံနက် မိုးရမည်ဆိုလျှင် ယနေ့ညနေက အားလုံးဖျက်ချ။ နောက်တနေ့ နေထွက်မှ စ၍မိုးကြသည်။ ၁၀ နာရီကျော် ၁၁ နာရီလောက်မှ ပြီးသည်မို့ လာရောက်ကူညီကြ သူများအား ဒေါ်မယ်လှတို့အိမ်က နံနက်စာ ထမင်းကျွေးရသည်။

ဒေါ်မယ်လှတို့အိမ်နှင့် ကျွန်တော်တို့အိမ် နီးကပ်သည်။ ထို့ပြင် မအုန်းကြည် အောက်အငယ် အုန်းရီ၊ အုန်းမှီတို့မှာ ကျွန်တော်နှင့် အသက်မတိမ်းမယိမ်း။ ငယ်စဉ်က ကစားဖော်များဖြစ်ခဲ့ကြ၍ သူတို့အိမ် ဗာဟီရကိစ္စဆိုလျှင် ကျွန်တော်သွားရောက် ကူညီရသည်။

တောက်တိုမယ်ရ လုပ်နိုင်သော ကျွန်တော့်အသက် ၈နှစ် ၉နှစ်အရွယ်မှသည် ကျွန်တော် ရွာမှထွက်လာခဲ့သည့် ၁၅–နှစ်သားအထိ နှစ်စဉ် သူတို့ အိမ်ခေါင်မိုး,မိုးတိုင်း ကျွန်တော်ပါဝင်ကူညီခဲ့၍၊ သူတို့အိမ်ခေါင်မိုး,မိုးသော နံနက်စာထမင်း စားပွဲတိုင်း ကျွန်တော် မြိန်ယှက်စွာ စားသောက်ခဲ့ပါသည်။ ထိုစဉ်က ထမင်းမြိန်ခဲ့သည်များကို ယခု ပြန်စဉ်းစားကြည့် တော့ အံ့သြရသည်။

ဘာဟင်း ဘာကျွေးများမို့နည်း။ ဘယ်တော့ မေ့နိုင်မည်မဟုတ်ပါ။ ဘာကြောင့်ဆို နှစ်စဉ်– နှစ်စဉ်၊ ဒါဘဲ–ဒါဘဲ။ ထပ်ခါ–ထပ်ခါ ကျွေးခဲ့သည်ကတော့ ပဲကြီးဟင်း၊ မန်ကျည်းရွက် သုတ်၊ ငါးပိကြော်။

ငါးပိကြော်က ယခု ကျွန်တော်တို့ မြို့မှာစားနေကြသလို ပုဇွန်ငပိလေးပါကာမျှနှင့် ပုဇွန်ခြောက်၊ အချိုမှုန့်၊ သကြား၊ မန်ကျည်းရည်၊ ငရုတ်သီးမှုန့်၊ ကြက်သွန်ဖြူနီနီရွှရွှကြော်တွေနှင့် မဟုတ်။ ပုဇွန်ငပိရယ်၊ ငရုတ်သီးလေးစိတ်ကွဲထောင်းရယ်၊ ဒါဘဲ ဆီပူတိုက်၍ ကြော်ထားခြင်း ဖြစ်ပေသည်။ ပဲကြီးဟင်းကလည်း ရေလုံပြုတ်ပါဘဲ၊ မန်ကျည်းရွက်သုတ်ကား. . . . .

နှစ်စဉ် သူတို့အိမ်ခေါင်မိုး,မိုးချိန်တိုင်း ဟောင်းရွက်ကြွေညောင်း ရွက်သစ်လောင်းလေ့ရှိ သည့် သူတို့အိမ် နံဘေးက မန်ကျည်းပင်ကြီးမှ ထိုမနက်ပင် အုန်းရီနှင့်အုန်းမှီတို့ လွယ်အိတ် ကလေးကိုယ်စီနှင့် တက်ခူးထားသည့် နုနုထွေးထွေး ပုလုကွေးလေးတွေ ဖြစ်ကြကုန်၏။ ယင်းကိုလည်း ကြက်သွန်စိမ်းရယ်၊ ဆားရယ်၊ ပဲကြီးဟင်း အနှစ်ရယ်၊ နယ်ထားခြင်းမျှ ဖြစ်ပါ သည်။

မည်သို့ပင်ဖြစ်လင့်ကစား ဤဟင်းသုံးမယ်နှင့် ကျွန်တော်တို့ ကျေးတောသားများ ထမင်း မြိန်လိုက်ကြတာလေ. . . ။

မန်ကျည်းရွက်သုပ်. . . . မန်ကျည်းရွက်သုပ်။

'ဒီပွဲမှာ မန်ကျည်းရွက်သုပ်တိုက်ပါအုန်းဗျို့. . . . '

လှမ်း၍အော်၏။

'အုန်းရီနှင့် အုန်းမှီကခူး၊ အုန်းကြည်ကသုပ်တဲ့ မန်ကျည်းရွက်သုပ်ကို မင်းတို့ တယ်ကြိုက် ကြမှာပေါ့လေ. . . . . '

ကာလသားကြီးများက ကာလသားငယ်များကို ရယ်စရာပြောကြ။ စင်စစ်တော့ လူတိုင်းပင် ဤမန်းကျည်းရွက်သုပ်နှင့် ထမင်းမြိန်ကြ။ တနှစ်တခါ ပေါ်တုန်းပေါ်ခိုက် ရက်ပိုင်း လောက်သာစားရတဲ့ ရာသီစာပေကိုး။

ယင်းအကြောင်းကို ပြန်ပြောင်းတွေးမိရာမှ ကျွန်တော့်စိတ်ထဲ ရေးစရာပေါ်ခဲ့ပေသည်။

အစက ဖေါ်ပြခဲ့သည့်အတိုင်း ထိုနေ့ ကျွန်တော့်၏ထမင်းစားပွဲမှာ မန်ကျည်းရွက်သုပ် ပါခဲ့သည်။ သူနှင့်တွဲဖက် ပဲကြီးဟင်းလဲ ပါပါသည်။ ထိုမျှမက ငါးရံ့ခြောက်ဖုတ် ဆီဆမ်း၊ အဆိမ့်၊ ချို–ချဉ်–ငန်–စပ် ရသာမျိုး စုံမနေပါလော့။

သို့သော် ကျွန်တော်ခံတွင် မမြိန်ပါ။ ငယ်စဉ်တောင်ကျေးကလေးဘဝက ဒေါ်မယ်လှတို့ အိမ်ခေါင်မိုး,မိုးသော ထမင်းပွဲနှင့် ကွာလှပါဘိ။ ကြည့်စမ်း၊ ဟိုတုန်းက ဆီမပါ၊ ပုဇွန်ခြောက်၊

စိမ်းစားငံပြာရည်၊ အချို့မှုန့်၊ ကြက်သွန်ဥကြီးနိုင်နိုင် ဆီရွဲရွဲဆမ်းနှင့် ပဲကြီးဟင်းဆိုလဲ ဂျင်း၊ ကြက်သွန်ဖြူဆီသတ်လို့ ချက်ပြီးကျက်မှ စားခါနီးတွင် ကြက်သွန်နီကျွတ်ကျွတ်ကြော်လဲ ဖြူးထား လိုက်သေး၊ နို့ပြီး တွဲဖက် ငရုံ့ခြောက်ဖုတ်နှင့် ဝက်သာနီချက်၊ ငရုတ်သီးခြောက်ရွရွကြော် ဘယ်လောက် မြိုင်ဆိုင်ပါသနည်း။

သို့သော် ကျွန်တော် ထမင်းမမြိန်ပါ။

ဒီတော့ လူနေထိုင်မကောင်း၍ ခံတွင်းပျက်နေလို့လား။

ဟင့်အင်း. . . လူလဲ နေထိုင်ကောင်းပါသည်။ ခံတွင်းလည်းမပျက်ပါ။

စင်စစ်ကား ကျွန်တော့်ဘဝအခြေအနေ ပြောင်းလဲလာခဲ့သောကြောင့်သာ ဖြစ်ပါ၏။

အကယ်၍ ကျွန်တော်သည် ကျေးတောရွာမှာ မွေးဖွားခဲ့သည့်အတိုင်း ကျေးတောရွာ မှာဘဲ ကြီးပြင်းနေထိုင်ခဲ့မည်ဆိုပါလျှင် ကျွန်တော့်ခံတွင်း ပြောင်းမည်မဟုတ်ပါ။ အယင်အတိုင်း ဘဲ ရှိနေပါလိမ့်မည်။

ဥပမာ ကြည့်ပါတော့. . . .။ ကျွန်တော်နှင့် ရွယ်တူတန်းတူ သူငယ်ချင်းတွေဟာ သည်ရွာမှာ မွေး၊ သည်ရွာမှာဘဲ ကြီးပြင်းနေထိုင်ကြလေတော့ သူတို့ခံတွင်းတွေ မပြောင်းကြပါ။

ဒေါ်မယ်လှတို့ရဲ့ မန်ကျည်းရွက်သုပ်၊ ပဲကြီးရေလုံပြုတ်နဲ့ ငါးပိကြော်မျိုးဘဲ ယခုတိုင် သူတို့ မြိန်ကြပါသည်။ ကျွန်တော်မူကား ယခုဆိုလျှင် ဒီဟင်းမျိုးကို ကိုယ့်အတွက် စားစရာဟူ၍ ပင် မအောက်မေ့မိတော့။

ယင်းကား ကျွန်တော် ရွာကခွာခဲ့ပြီးမှ တစတစ ခံတွင်းပြောင်းလာခဲ့ခြင်း ဖြစ်ပါတော့ သည်။

ကျွန်တော် ရွာမှာနေစဉ်အခါ ကိုယ့်အိမ်က ထမင်းဟင်းမှလွဲ၍ အခြားစားနိုင်သည့် သွားရေစာမှာ ကောက်ညှင်းထုပ်၊ ဘူးသီးကြော်၊ ပဲကြော်၊ မုန့်စိမ်းပေါင်း။ အထူးသဖြင့်ကား. . . . . ဒေါ်ရွှေလှိုင်ထမင်းသုပ်။ ဤထမင်းသုပ်ဆိုင်သည် ကျွန်တော်တို့ စာသင်ရသည့် ရွာဦးထိပ်က ဘုန်းကြီးကျောင်းအနီးတာလမ်းမ၊ မြင်းလှည်းဆိပ်တွင် ရှိပါသည်။

သို့ရာတွင် ဤထမင်းသုပ်က တခါပြင် တပန်းကန့်ပြားကို နှစ်ပြားမို့။ ကျွန်တော်တို့ စားချင်တိုင်း ဝယ်မစားနိုင်ကြပါ။ နို့ပြီး တပြားဖိုးဝယ်စားလိုက်လျှင် ကလေးတယောက်သွားရည် စာအတွက် ဗိုက်ဝသွားပါသည်။

ထမင်းသုပ်ကား နှစ်ပြားကြီးတောင်ပေးရသော်လည်း တခါပြင်နှင့် အားရတင်းတိမ်နိုင် ခြင်း မရှိပါ။ စားလို့လည်း ကောင်းလှ၏။ ထမင်းကို ငရုတ်ဆီနှင့် နီရဲနေအောင် အရောင်တင် ထားလျက် ပဲမှုန့်၊ ဆီချက်၊ ငံပြာရည်ထည့်ပြီးနောက် အမဲသားစင်းကော ဟင်းရည်ပျစ်ပျစ်ကို ဆမ်းပေးပါသည်။ သူနှင့်တွဲဖက်စားသောက်ရန် ကြက်သွန်ဖြူ၊ ငရုတ်သီးငါးပိကြော်၊ သရက်သီး ပိုးသီး (သို့မဟုတ်) မရမ်းသီးဆားစိမ်ကို အရံထားပေးပါသည်။ ယင်းခေတ်က ကျွန်တော်တို့ရွာ က ကျောင်းသားများမှာ နေ့စဉ် မုန့်ဖိုးရသူ အလွန်တရာနည်းပါလျက် ကျွန်တော်မှ လယ်ပိုင်ရှင် လူချမ်းသာသားမို့ တနေ့လျှင် တပြားရပါသည်။

ထို့ကြောင့် နက်ဖြန်နေ့လယ်ကျောင်းဆင်း ထမင်းသုပ်စားလိုလျှင် ဒီမုန့်ဖိုးကို မသုံးဘဲ ထားရပါသည်။ ထိုထမင်းသုပ်ကိုစားပြီးနောက် လက်တွင် စွဲကျန်ရစ်ခဲ့သော ငံပြာရည်နံ့ကလေးကို လည်း နမ်းရှူ၍ နေမိပါသေးသည်။ အတန်းထဲတွင် စာသင်ယင်း မကြာခဏ။

ယင်းအချိန်အခါဝယ် ကျွန်တော့်စိတ်ထဲတွင် လူ့ပြည်၌ ဤထမင်းသုပ်သည် အကောင်း ဆုံးပေတကားဟု အောက်မေ့ခဲ့၏။

ထို့နောက် ရွာကျောင်းမှ ၇ တန်းအောင်၍ မြို့ကျောင်းရောက်သွားပြီး ခေါက်ဆွဲကြော်၊ ခေါက်ဆွဲပြုတ်၊ ကြက်သားဟင်းနှင့် ပလာတာ၊ ဒန်ပေါက်ထမင်း စသည်တို့ကို စားမိပြန်တော့။ ဟဲ့. . . ဒါတွေက ငါတို့ရွာက ထမင်းသုပ်ထက် ကောင်းနေပြန်ပါပြီကော။

ထိုမှတပြီးကား ကျွန်တော် ရန်ကုန်မြို့ကြီးသို့ ရောက်ခဲ့၍ ယခုအချိန် ယခုအရွယ်မှာဆို လျှင် ကျွန်တော် အစားမျိုးစုံတွေစားဘူးနေပြီ။ ရန်ကုန်မြို့တွင် ကျွန်တော် မရောက်ဘူးသည့် ဟော်တယ်လဲ မရှိတော့။ အထက်တန်းကျသော တရုတ်စာ၊ ကုလားစာတွေ ဝီစကီနှင့် အစပျိုးပြီး ဝိုင်ဖြူဝိုင်နီနှင့် ဟင်းမယ်အမျိုးမျိုးကိုစားကာ ရှန်ပိန်နှင့် အဆုံးသတ်သော အနောက်တိုင်းသား ညစာစားသောက်ပွဲကြီးများလည်း ဟဲခဲ့ဘူးပြီဖြစ်ရကား၊ ကျွန်တော်တို့ခံတွင်းသည် အလွန်တရာ လျှာဝါးဝနေချေပြီ။ တော်ရုံတန်ရုံ ကောင်းလှပါသည်ဆိုသော အရသာသည် မတိုးတော့

သည်တော့. . . . ရလာဒ်ကား ကျွန်တော့်ဘဝအရသာ ပျက်စီးသွားခြင်းပင်။ ကျွန်တော်, အဖို့ဝယ်အားလုံးသော ကောင်းသောအရာတို့သည် ဟုန်သွားချေပြီ။

ငယ်စဉ်ကကိုယ့်ရွာတွင် ပိုက်ဆံနှစ်ပြားစု၍ စားခဲ့ရသော ထမင်းသုပ်၏ အရသာမျိုး၊ ပေါင်းတည်မြို့ပေါ် တက်ပြီး ၁၀ပြားတန်ခေါက်ဆွဲကြော်၊ စားရသည့်အရသာမျိုးတို့သည် ယခု အချိန်၌ ဘယ်လိုအကောင်းစား၊ ဘယ်လောက် အဖိုးတန်ကြီးတွေဘဲစားရစားရ၊ ပြန်၍မရတော့ပြီ ကျွန်တော့်အဖို့ အကောင်းတို့သည် ဆုံးခဲ့ချေပြီတည်း။

ဤကား ခံတွင်း၏အရသာ။

ထိုမှတပြီး ကျွန်တော်ဆက်၍ တွေးမိပြန်သည်ကား. . .

[၂]

ရုပ်ရှင်

အသက် ၅၀ကျော်ပြီး ၆၀ နီးနေသော ကျွန်တော်သည် ယခုအချိန်၌ အိမ်ထဲကအိမ်ပြင် တယ်မထွက်ချင်တော့ပါ။ အပျော်အရွှင်ပွဲလမ်းသဘင်တို့လည်း မလိုလားတော့ပြီ။

အိမ်တွင်စာဖတ်ခြင်း၊ စာရေးခြင်းဖြင့်ဘဲ ကိုယ့်ဘဝကို နှစ်သိမ့်နေနိုင်ပါပြီ။ သို့စဉ်လျက် တခါတရံ မလွဲမရှောင်သာအောင် ပင့်ဖိတ်ခြင်းများရှိနေတတ်သေးသည်။

ထိုနေ့ညနေခင်း ကျွန်တော်စာဖတ်နေစဉ် နောက်ဖက်မှ. . .

'ဘဘ. . . . ဘဘ'ဟု ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ ကိုဖေသိန်းသမီးဖွန်ပွင့်. . .

'ဘာတုန်းသမီး'

'ဘဘအတွက် တယ်လီဖုန်း'

ကိုဖေသိန်းအိမ်နှင့် ကျွန်တော့်အိမ်မှာ ခြေလှမ်းတရာခန့်။

ကျွန်တော်ဖုန်းကိုကောက်ကိုင်၍. . .

'ဟဲလို. . . . သော်တာဆွေပါ'

'ကျွန်တော်. . . . ကျော်ဟိန်းပါဆရာ'

ကျွန်တော်. . . . ဝမ်းသာအားရသံဖြင့်. . .

'အေး. . . .'

'ကျွန်တော်ရုပ်ရှင်ကြည့်ဖို့ ဖိတ်ထားတာ ဒီနေ့ဆရာ'

လွန်ခဲ့သောတပတ်လောက်ကပင် သူကျွန်တော့်အိမ်လာ၍ ကြိုပြောထားခဲ့သည်။

'အေး. . . ဟုတ်ပြီ၊ ဘယ်အချိန်၊ ဘယ်ရုံမှာလဲကွာ'

'ခုည ဂုနာရီ၊ အစိုးရရုပ်ရှင်မြင့်တင်ရေး ဂိုလ်ဒင်ဘယ်လီ ဆရာ'

'အား. . . အဲဒီက သွားရပြန်ရခက်တယ်ကွာ၊ တို့လိုကားမရှိတဲ့လူစား ဖိတ်ဖို့မကောင်းဘူးကွာ'

'သိပါတယ်ဆရာ. . . ကျွန်တော်ကားနဲ့လာခေါ်၊ ကားနဲ့ပြန်ပို့မှာပါ'

'အေးကွာ. . . ဒီလိုဆိုတော့လဲ မင်းမှာတာဝန်ကြီးတာပေါ့၊ ငါမကြည့်လဲဖြစ်ပါတယ်ကွာ၊ မင်းသာကျော်ဟိန်းဆို လူတိုင်းကြိုက်ပြီးသားပါ'

'မလုပ်ပါနဲ့ဆရာ၊ သူများတွေကြိုက်တာထက် ကျွန်တော့်ကြိုးစားမှုလေး ဆရာ့ထင်မြင် ချက်၊ ဝေဖန်ချက်ပေးစေချင်လို့ပါ၊ ဆရာကတော်ပါနော်။ ကျွန်တော် ၆နာရီခွဲ လာခေါ်မယ် ဆရာ'

'အိုကေ. . . '

ရုပ်ရှင်မင်းသားကျော်ဟိန်းသည် သူကိုယ်တိုင်ဒါရိုက်တာလုပ်၍ သူကိုယ်တိုင် သူ့စိတ်ကြိုက် ထုတ်လုပ်သော ဇာတ်ကားကို သူကြည်ညိုလေးစားသော စာရေးဆရာ၊ ရုပ်ရှင် ဆရာများအား လက်မွန်မဆွဲခေါ်၍ ပြတတ်သည်။ ယခုဇာတ်ကားမှာ ဤစာရေးသည့် (၆–၂–ဂဂ)တိုင် ရုံရက်မျှ မကြေငြာရသေးသည့် 'ကျနော့်ကိုယ်စား ပြောပေးပါ' ဇာတ်ကားဖြစ်ပါသည်။ ကျွန်တော်မလွဲမသွေ သွား၍ ကြည့်ရပါတော့မည်။

သည်တော့ ဒီညနေ ကျွန်တော်စာဖတ်ခြင်းကို ရပ်တန့်၍ ကျွန်တော့်ဘဝဖြစ်စဉ်နှင့် ရုပ်ရှင်ကိုပြန်ပြောင်း စဉ်းစားမိပါတော့၏။

ကျွန်တော်သည် ရုပ်ရှင်ရုံရှိသောမြို့နှင့် ၃ မိုင်မျှဝေးသော ကျေးတောရွာဇနပုဒ်၌ မွေးဖွား ခဲ့သူဖြစ်ရကား ငယ်စဉ်အခါက ရုပ်ရှင်ကြည့်ရဖို့ အလွန်ခဲယဉ်းပါသည်။ ၁၀နှစ်သားကျော်ခါမှ မြို့သို့ အခြားသူများနှင့် လိုက်နိုင်သွားနိုင်၍ ကြည့်ရပါသည်။

တခါတခါ ကြည့်ရဖို့လည်း အတော်စီစဉ်ရပါသည်။ လူစုရပါသည်။ ဒီလူစုထဲမှာ အမေ အဖေက ထည့်ပါမှ လိုက်ရပါသည်။

ထိုစဉ်က ပေါင်းတည်မြို့ပေါ်မှာ ရုပ်ရှင်က ညတပွဲသာဖြစ်လေရာ ကျွန်တော်တို့ရွာမှ ၆နာရီလောက်ထွက်ကြပါသည်။ မြို့ပေါ်အရောက် လူအုပ်နှင့် ခပ်မှန်မှန်လျှောက်ကြရာ တနာရီလောက်ကြာပါသည်။

မောင်းထုရ၌ ကြော်ငြာစဉ်က ၇နာရီခွဲ ဆက်ဆက်ပြသပါမည် ဆိုသော်လည်း၊ လူလာနည်းလျှင် နောက်လာမည့် လူစောင့်ပြီး ၈နာရီကျော် ၉နာရီလောက်မှ ပြတတ်သဖြင့် တခါတရံ သန်းခေါင်ကျော်လောက်မှ ရုပ်ရှင်ပြီးသည်။

ဒီအချိန်ကြီးလည်း ကျွန်တော်တို့ သီချင်းတကြော်ကြော်နှင့် ရွာသို့ပြန်ကြပါသည်။

ရုပ်ရှင်ကြည့်ရတယ်ဆို တယ်ပြီးပျော်ကြတာကိုး။ အဲသည်တုန်းက အသံထွက်ကား မပေါ်သေး။ စာတမ်းထိုးကားများသာ ဖြစ်သည်။

ထိုအချိန်က ၃ တန်း၊ ၄ တန်း ရောက်နေပြီဖြစ်သော ကျွန်တော်က စာဖတ်တတ်နေပြီ ဖြစ်၍ ကိုယ့်ရွာမှ စာမတတ်သောသူများကို ဖတ်၍ပြရပါသည်။ ဒီလိုအသံထွက်ဖတ်သဖြင့် အနှောင့်အယှက် မဖြစ်ပါ။ တရုံလုံး ဒီလိုဘဲ ဖတ်ကြပါသည်။ စာတမ်းပျောက်၍ ရုပ်လုံးပြန်ပေါ် လာမှ မီးရေနှင့် သတ်သလို ရပ်သွားကြပါသည်။

ရုပ်ရှင်ရုံအပေါ်ထပ်မှ ဆိုင်းဝိုင်းကလည်း တီးပါသည်။ ထိုးခန်းသတ်ခန်းဆို နှောင်ဂျိန်၊ အလွမ်းဆို သီချင်းနှင့် မြန်မာအဆွေ ရုပ်ရှင်ကုမ္ပဏီ 'တောမြိုင်စွန်း' ဇာတ်ကားမှထင်ပါရဲ့။ ယခုတိုင် ကျွန်တော် သီချင်းတပိုင်းတစရနေသေး။

ရေတံခွန် စမ်းချောင်း၊ ရုပ်ဖျောက်လို့

မနေသာ. . .

ဥစ္စာစောင့်မ, မေကညာ

မောင်ဘဌေးမှာ အပြေးလိုက်လို့ရှာ. . . .

အဲသည်တုန်းက မင်းသာမောင်ဘဌေးက ဦးတင်နွယ်ထင်ပါရဲ့ဗျာ။

ထိုစဉ်အခါမှာ ကျွန်တော်တို့အဖို့ မကောင်းသောရုပ်ရှင်ကားသည်မရှိ။ မကြိုက်သော မင်းသား မင်းသမီးလည်းမရှိ။ အဲ. . . လူကြမ်းဆိုယင်တော့ သိပ်မုန်းသဗျ။ ပိတ်ကား ဓားနဲ့တက်ခုတ်ချင်တယ်။ ခဲနဲ့လှမ်းထုချင်တယ်။

အဲသည်တုန်းက လူကြမ်းတွေက ပြန့်ကြီး၊ လှမောင်ကြီး၊ မြိုင်ရာဇာဖိုးစောကြီး၊ မိန်းမကြမ်းက မသိန်းရင်၊ မမြလေး၊ အော့ကြောလန်အောင် ကောင်းခဲ့ကြတဲ့ ပညာသည်တွေဘဲ ဆိုတာ(ခုမှသိတယ်)

အဲသည်တုန်းကတော့ ဇာတ်ကားထဲပါသမျှ တကယ်ဖြစ်တယ်ဘဲ အောက်မေ့ခဲ့တာကိုးဗျ။ ပဲရော့ရုပ်ရှင်က 'သံလက်သီး'ဇာတ်ကားမှာ မင်းသားဘမြင့်ကို လူဆိုးအဖွဲ့က ညာဘက်လက် ကောက်ဝတ်ကို ဓားစက်ထဲထည့်ဖြတ်ပစ်တော့ ကျွန်တော့်မှာ ငိုလိုက်ရတာလေ။

အဲ. . . နောက်တော့မှ မင်းသားက အဲဒီပြတ်တဲ့လက် သံလက်သီး စွပ်ပြီးထိုးတော့ လူဆိုး မှန်သမျှ အားလုံးရှုံးကုန်တာဘဲ။ ဒီတော့မှ ကျွန်တော့်မှာ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်းလေ။

ဇာတ်ကားတကားလုံး မင်းသားဘက်ကချည်း အနိုင်ရလို့ ကျွန်တော်အားရဝမ်းသာရှိခဲ့ ရတာကတော့ 'ဝတလုံး'ဇာတ်ကားခင်ဗျ၊ မင်းသားက မောင်မောင်အေး။ သူ့နဖူးစည်းမှာက ဝတလုံးနဲ့။

အဲဒီဇာတ်ကားမှာ မင်းသားက တန်ခိုးကြွဒ္ဒိပါဒ်နဲ့ ပြည့်စုံတဲ့လူစွမ်းကောင်းဘဲ၊ ဝတလုံးက နှစ်လုံးဖြစ်အောင် နှစ်ကိုယ်ခွဲလိုက်တယ်။ နောက်လေးကိုယ်ခွဲလိုက်တယ်၊ နောက်ရှစ်ကိုယ်ခွဲလိုက် တယ်။ ရန်သူဆိုတာ မြင်တာနဲ့ ဖင်သနီတန်းပြေးကုန်ကြတာပေါ့။ အဲ. . . ဘုရင့်စစ်သည်တော်တွေ လိုက်လာကြတဲ့အခါကျတော့ဗျို့ သူက မြင်းစီးသွားရာကနေပြီး ရုပ်ပြောင်းပစ်လိုက်တာ တခါထဲ ကောက်ရိုးလှည်းမောင်းတဲ့ ကျေးတောသားကြီး ဖြစ်သွားသဗျ။ ဘုရင်တပ်သားတွေ ကျော်လွန်သွား တော့မှ မြင်းစီးနေတဲ့ မင်းသားမောင်အေး ပြန်ဖြစ်လာသဗျ။ တခါတရံကျတော့လဲ အကြော်စုံ ရောင်းနေတဲ့ ဈေးသည်မ,ကြီးဖြစ်သွားသဗျ။ ဒီတော့ နောက်ကလိုက်လာတဲ့ရန်သူတွေ က အဒေါ်ကြီးကို 'နဖူးစည်းမှာ ဝလုံးနဲ့ မြင်းစီးသွားတဲ့လူတယောက် မတွေ့ဘူးလား. . .' မေးတော့ ကျွန်တော်တို့မှာ ရယ်လိုက်ရတာလေ၊ တကယ်. . တကယ် ကောင်းတဲ့ကားဗျာ။

အဲ. . . ဇာတ်လိုက်မင်းသမီးထဲမှာ ကျွန်တော်တို့ချီးမွမ်းခဲ့ရတာကတော့ 'ခင်စန်း'ခင်ဗျာ. . .။ တင်ငွေနဲ့တွဲတဲ့ 'လူစွမ်းကောင်း'ဆိုတဲ့ ဇာတ်ကားထဲမှာ တင်ငွေက လေယာဉ်ပျံမောင်းလို့၊ ခင်စန်းက လေယာဉ်ပျံအတောင်ပေါ်မှာ လေကတိုးတော့၊ ထမီတဖျတ်ဖျတ်နဲ့။ ဟိုဘက်က လေယာဉ်ပျံ အတောင်ပေါ်ကို ခုန်ကူးတယ်ဗျာ။ လေယာဉ်ပျံတွေမောင်းနေတုန်း ကောင်းကင်မှာ အမယ်လေး . . . မတော်မတဲ့များ ခြေချော်လက်ချော်ကျ မခက်ပါလား။ သူမို့လို့ဘဲ တကယ့်မိန်းမ အာဇာနည် ပါကလား။

အဲသည်တုန်းက ရုပ်ရှင်ထဲကလုပ်သမျှ တကယ်အဟုတ်တွေချည်းဘဲ ထင်ခဲ့တာကိုးဗျ။ ဒီတော့မှလဲ တကယ့်အရသာအပြည့် ရှိတာဗျ။

နောက် ကျွန်တော်ရွာကျောင်းက ၇ တန်းအောင်၊ ကျောင်းပြောင်း မြို့ပေါ်က ဆွေမျိုး အိမ်မှာနေရတော့ ရုပ်ရှင်တွေပြတိုင်း ကြည့်ရပါပြီ။

ပေါင်းတည်မြို့မှာ အဲသည်တုန်းက ရုပ်ရှင်ရုံနှစ်ရုံတောင်ရှိတယ်။ မြို့မရုံ၊ တိုင်းချစ်ရုံတဲ့။

ကျွန်တော်လူပျိုပေါက်အရွယ်မှာ ခေတ်စားတာက စတန့်ကားတွေ၊ မင်းသားတွေက တင်ငွေ၊ တင်ဖေ၊ တင်ဆွေ၊ ချစ်ရွှေ၊ ကျော်အေး၊ အဲသည်မင်းသားတွေဟာ ကိုယ်လုံးကိုယ်ပေါက် လှတယ်၊ ကာယဗလကောင်းတယ်၊ ဒိုင်ပင်တွေ ကျွမ်းတွေတကယ် စွန့်စွန့်စားစားလုပ်ကြတာဘဲ။

အဲသည်အခါမှာ ကျွန်တော် ရုပ်ရှင်မင်းသား ဖြစ်ချင်တဲ့စိတ်ပေါ်တော့။ တန်းဘား၊ ကွင်းဘား၊ ကစားခဲ့တယ်။ ကျွမ်းပစ်ဒိုင်ဗင်ထိုးလေ့ကျင့်ခဲ့တယ်။ ကိုယ်လုံးပေါ်မှန်ရှေ့မှာ မာဆယ်လ်တွေ ထုတ်ထုတ် ကျင့်လိုက်ရတာကလဲ အမော။

အဲသည်တုန်းက ရုပ်ရှင်မင်းသားတွေများ ကျွန်တော်ဘယ်လောက် သဘောကျခဲ့သလဲဆို ယင် ရုပ်ရှင်ကြော်ငြာစာရွက်က သူတို့ပုံတွေကို ခဲနဲ့ထပ်ဆွဲတယ်။ နောက်ဆွဲပါများတော့ ခဲထပ်စရာမလိုတော့ဘဲ ကူးဆွဲနိုင်တယ်. . .။

နောက်တော့ မကြည့်ဘဲနဲ့ အလွတ်ဆွဲနိုင်တဲ့ အခြေရောက်ကရောဗျို့။ ငါလဲ ရုပ်ရှင်မင်း သားဖြစ်အောင် လုပ်မဟဲ့လို့ အားခဲလိုက်မိပါတယ်။

အဲသည်စိတ်ကူးရှိတဲ့အတိုင်းဘဲ ကျွန်တော်ရန်ကုန်မြို့ကျောင်းလာနေတဲ့အခါမှာ၊ ရုပ်ရှင် မင်းသားဖြစ်ဖို့ ကြိုးစားခဲ့တဲ့အကြောင်း ‘ကျွန်တော့်ဘဝဇာတ်ကြောင်း’ တနေရာမှာ ဖော်ပြပြီးခဲ့ ပါပြီ။

အများသိတော်မူကြတဲ့ အတိုင်းဘဲ၊ ကျွန်တော်ရုပ်ရှင်မင်းသားမဖြစ်၊ စာရေးဆရာဖြစ်လာ တဲ့အခါမှာ၊ ကျွန်တော်ရေးတဲ့ဇာတ်လမ်းတွေ ပြဇာတ်လဲ ကခဲ့ကြပါပြီ။ ဝတ္ထုတွေကို ရုပ်ရှင် လည်း ရိုက်ခဲ့ကြပါပြီ။ ကိုယ်တိုင်လဲ (မင်းသားမဟုတ်သော်လဲ သရုပ်ဆောင်အဖြစ်) ဇာတ်ကား တော်တော်များများမှာ ပါခဲ့ဘူးပါပြီ။

ကျွန်တော် ရုပ်ရှင်အကြောင်း ကောင်းကောင်းနားလည်နေပါပြီ။ အဲသည်အခြေရောက် လာတော့ ကျွန်တော့်မှာ ရုပ်ရှင်ကြည့်တဲ့အခါ၊ ဟိုတုန်းကလို အရသာမရှိတော့ဘူးဗျို့။ ဒါဟာ ဘာလဲဆိုယင်တော့ ကိုယ့်အသိဉာဏ်က ကိုယ့်အရသာကို ဖျက်ပစ်လိုက်တာဘဲဗျ။

[၃]

စာပေအရသာ

ဟော့. . . ကျော်မောင် ကျင်မောင် နှစ်ယောက်စလုံးလာခဲ့'

တန်းပိုင်ဆရာကခေါ်တော့ နှစ်ယောက်သား ဆရာရှေ့သွားရပ်ပြီး လက်ပိုက်ကြည့်နေကြရတယ်။

'မင်းတို့ ဘာပြုလို့ ရန်ဖြစ်ကြတာလဲ'

အဖြစ်ကတော့ နေ့လည် ကျောင်းဆင်းချိန်မှာ သူငယ်ချင်းတယောက်ကငှားတဲ့ သုခရဲ့ 'မိုးတစိမ့်စိမ့်' ၂ပဲတန် ဝတ္ထုကို ကျော်မောင်နဲ့ ကျင်မောင်ဟာ ခုံတန်းရှည်မှာ နှစ်ယောက်ဘေးချင်းယှဉ်ထိုင်ပြီး အတူဖတ်ကြရာမှ တယောက်မပြီးသေးဘဲ၊ တယောက်က စာမျက်နှာလှန်လိုက်တာကစပြီး စကားများ ရန်ဖြစ်ကြတာဘဲ၊ တယောက်တယောက်ပေတံနဲ့ ခုတ်ကြတယ်။

ဆရာက နှစ်ယောက်စလုံးကိုဘဲ ကြိမ်လုံးနဲ့သုံးချက်စီ ဆော်လိုက်သဗျ။ အဲသည်တုန်းက ကျင်မောင်ဆိုတဲ့ ကျွန်တော်ဟာ ၈တန်း၊ ၁၅နှစ်သားရှိနေပါပြီ။ ကာလပေါ်ဝတ္ထုဆို မြင်တာနဲ့ မဖတ်ဘဲမနေနိုင်ဘူး။ စာအုပ်ရှင်ကလဲ ကျောင်းဆင်းယင် သူ့အိမ်ပြန်ယူသွားမှာမို့ ကျော်မောင်နဲ့ လုကြရာမှ စာအုပ်ရှင်ပြောတဲ့အတိုင်း နှစ်ယောက်အတူဖတ်ယင်း ရန်ဖြစ်ကြတာဘဲ။

အို. . . အဲဒီတုန်းကများ ဘာစာအုပ် ဖတ်ရဖတ်ရကောင်းတာဘဲ။ အဲသည်တုန်းက ၂ ပဲတန်၊ ၃ ပဲတန်၊ ၄ ပဲတန် လုံးချင်းဝတ္ထုခေတ်ဗျ။ သုခ၊ ရဲထွဋ်၊ တက်ထွန်း၊ မင်းဆွေ၊ မဟာဆွေ၊ မေမြို့မောင်၊ အချစ်လွမ်းဝတ္ထုတွေဗျ၊ လူငယ်ကြိုက်တွေပေါ့။

အဲသည်လို ဝတ္ထုမျိုးလေးတွေကစပြီး စာပေအရသာခံယင်း တဆင့်တဆင့် တိုးတက်လာလိုက်တာ အခု ကျွန်တော်ကိုယ်တိုင် စာရေးဆရာဖြစ်လာတော့ ဖတ်စရာစာအုပ် ရှားသွားရော ဗျာ။ မြန်မာစာပေ မပြောနဲ့တော့၊ အင်္ဂလိပ်လိုဟာတွေတောင် တော်ရုံတန်ရုံစာ မတိုးတော့ဘူး။

အဲသည်တော့ ကိုယ့်ဘဝကိုယ်ပြန်ပြီး အားလုံးသတ္တုချကြည့်လိုက်တဲ့အခါမှာ အင်း. . . အခုဆိုယင် ဟိုစဉ်တုန်းက ကျွန်တော်တို့ရွာ တာလမ်းထိပ်က ဒေါ်ရွှေလှိုင် ထမင်းသုပ်စားရတဲ့ အရသာမျိုး၊ ပဲရော့ရုပ်ရှင်က မင်းသားဘမြင့်ရဲ့ 'သံလက်သီး' ဇာတ်ကား၊ ဗြိတိသျှဘားများ ကုမ္ပဏီက

မောင်မောင်အေးရဲ့ 'ဝတလုံး'ရုပ်ရှင်ကြည့်ရတဲ့ အရသာမျိုး၊ ဆရာသုခရဲ့ 'မိုးတစိမ့်စိမ့်' တက်ထွန်းရဲ့ 'ပိတောက်ရွှေဝါ'ဝတ္ထုဖတ်ရတဲ့ အရသာမျိုးတွေ ကျွန်တော်ပြန်မရတော့ဘူးဗျာ။

အော်. . . လောကကြီးများ တယ်ခက်ပါလား။

ဒါကြောင့် စေ့စေ့တွေးလိုက်တော့ 'ဘဝအရသာဟူသည် ကြာလေကျယ်လေ ကျဉ်းမြောင်းသွားလေပါတကား'ဟူ၍ မှတ်ချက် ချလိုက်ချင်တော့သဗျာ။

## ကျွန်တော့်ဘဝဇာတ်ကြောင်း (ပဉ္စမတွဲ)

### (၁)

### စာရေးဆရာနှင့် သူ့ဝတ္ထု

တနေ့၌ ကျွန်တော့်ထံသို့ ရောက်လာသော စာတစောင်မှာ။

နေ့စွဲ ၇၊ ၅၊ ၇၇။

ဆရာခင်ဗျား. . .

ဒီနေ့ဟာ ကျွန်တော့်အတွက် စာမေးပွဲအောင်မြင်တဲ့ နေ့လိုဝမ်းမြောက်ဝမ်းသာဖြစ်ရတဲ့ နေ့တနေ့ပါ။ အကြောင်းကိုရှင်းပါရစေ။

ရန်ကုန်မှာ ဒေသကောလိပ် လာတက်နေတဲ့ နယ်ကကျွန်တော့်နှမလေးထံ ရောက်သွားပါတယ်၊ သူတို့ရဲ့ မြန်မာစာပြဋ္ဌာန်းတဲ့စာအုပ်ကိုကြည့်မိတော့၊ ဆရာရေးတဲ့ 'မှန်ကန်ခြင်း နှင့် ရဲရင့်ခြင်း' ဝတ္ထုကို တွေ့ရလို့ပါဘဲ။

ဒီဝတ္ထုကို ကျွန်တော်အင်မတန် ကြိုက်လေတော့၊ ကျွန်တော့်စိတ်ထဲမှာ မဆွကဘဲ၊ သည်လို စာပေမျိုးဟာဖြင့် ကျောင်းသုံးတောင် ပြဋ္ဌာန်းသင့်တယ်လို့၊ အတွေးပေါ်မိတဲ့အတွက်၊ ကိုယ့်ဆန္ဒပြည့် သွားတာမို့၊ တနည်း မိမိတွေးထင်ချက် မှန်ကန်သွားတာမို့၊ ကျွန်တော်ရဲ့နာမည်ကို၊ စာမေးပွဲ အောင်စာရင်းမှာ တွေ့လိုက်ရသလို ဝမ်းမြောက်ဝမ်းသာ ပီတိဖြာရပါတယ်။

ဆရာ့စိတ်ထဲမှာကော ဘယ်လိုခံစား မိသလဲဟင်၊ ဆရာ့ကို ဥာဏ်ပူဇော်ခလဲ ပညာရေး ဌာနက ထိုက်ထိုက်တန်တန် ချီးမြင့်မှာဘဲ။ တခါထဲ အပြတ်ဘယ်လောက်ပေးသလဲ။

ဒါမှမဟုတ်၊ ကျောင်းသုံးပြဋ္ဌာန်းတာမို့ နှစ်စဉ်ရောင်းရတဲ့ စာအုပ်အရေအတွက် ပေါ်လိုက်ပြီး ရာခိုင်နှုန်း Royalty နဲ့ပေးပါသလား ဆရာ. . .

အထက်ပါစာကို ဖတ်မိတော့၊ ကျွန်တော့်မှာ သိန်းထီကြီးမထိုးရပါဘဲနှင့် သိန်းဆုကြီး ပေါက်သည်ဟု စွပ်စွဲခြင်းကို ခံရဘိသကဲ့သို့၊ ကိုယ့်ဟာကိုယ် ဘာမှန်းမသိ၊ နားဝေတိမ်တောင် ဖြစ်ရပါသည်။

စာရေးသူမှာလည်း လိပ်စာအပြည့်အစုံမပါ။ ကိုလေး၊ မြောက်ဥက္ကလာ ဟူ၍သာ တွေ့ရသည်။

ဒီသူငယ်က ကျွန်တော့်အား လူချင်းမတွေ့ဘူး၊ မမြင်ဘူး၊ စာချင်းလည်း အဆက်အသွယ် မရှိဘူးဘဲလျက်၊ သက်သက်တတန်တက စာရေး၍၊ မနောက်တန်ရာ ကျွန်တော့်စိတ်ထဲမှာ မချင့် မရဲကြီးဖြစ်လျက်၊ အနီးရှိ ဇနီးသည်အားထိုစာကို ပေးဖတ်စေပြီး. . .

'ကဲ ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ အဲသည်ကျောင်းသုံးစာအုပ်တော့ ဒို့ရှာကြည့်ဖို့ ကောင်းတယ်ကွ'

'လွယ်ပါတယ်မောင်ရယ်၊ အလုံက မေ့တူမမေမို့ဟာ ဒီနှစ် ဒေသကောလိပ်တက်နေရတာ ဘဲ'

သို့နှင့် တနင်္ဂနွေနေ့တနေ့မှာ မေမို့အား ဤစာအုပ်ကိုယူခဲ့၍ အိမ်သို့လာရန် မှာကြား လိုက်တော့မှ၊ ဘွားကနဲ ကျွန်တော်ဝတ္ထုကို ကျွန်တော်တွေ့ရပါတော့သည်။ စာအုပ်အမည်က. . .

ဒေသကောလိပ် မြန်မာစကား ပြေစု၊ ပထမနှစ်။

ဤစာအုပ်တွင် စာမူပေါင်း (၂၂)ပုဒ် ပါသည့်အနက်၊ ကျွန်တော့်ဝတ္ထုမှာ မာတိကာ နောက်ဆုံးနံပတ် (၂၂)အခြားစာမူတို့မှာ ဝတ္ထုရှည်ကြီး တပုဒ်ထဲမှလည်းကောင်း၊ ဆောင်းပါးတခု ထဲမှ လည်းကောင်း၊ ကောက်နုတ်ချက်များသာဖြစ်၍၊ ကျွန်တော့်စာမူကား ရှုမဝမဂ္ဂဇင်းထဲတွင် ရေးခဲ့သည့်အတိုင်း မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း'ဝတ္ထုတိုအစအဆုံးဖြစ်ပါ၏။

ကျွန်တော့်ထံ စာရေးသူမောင်ကိုလေးက (ကျောင်းသားဖြစ်ဟန်တူပါသည်) ဤဝတ္ထု ကျောင်းသုံး ပြဋ္ဌာန်းတာတွေ့ရ၍၊ သူ့မှာ စာမေးပွဲအောင်စာရင်းထဲတွင် သူ့နာမည်တွေ့ရသကဲ့ သို့ ဝမ်းမြောက်ဝမ်းသာပီတိဖြစ်ရသည် ဟုဆိုလေရာ၊ ကျွန်တော်မူကား မိမိစာပေကို ပထမဦးဆုံး အကြိမ်၊ ကျောင်းသုံးပြဋ္ဌာန်းခံရသည်မို့၊ ကျွန်တော့်ဘဝတွင် ချစ်ဦးသူနှင့် ပထမဦးဆုံးအကြိမ် တွေ့လိုက်ရ သကဲ့သို့ပင် အတိုင်းမသိ၊ လှိုင်းပီတိသည် တအိအိငယ် ရင်ဝယ်ခံစားမိပါသည်။

ဤဝတ္ထုကို ကျောင်းစာအုပ်တွင် ရွေးချယ်ပြဋ္ဌာန်းကြသော ပညာရေးဌာနက ပညာရှိကြီး များကိုလဲ အထူးကျေးဇူးတင်လျက် စိတ်ထဲမှ ရှိခိုးဂါရဝ ပြုလိုက်ပါသည်။

သို့ရာတွင် ပထမဦးဆုံး ချစ်ဦးသူတို့သည်၊ ပထမဦးဆုံး အကြိမ်တွေ့ပြီး လူချင်းခွဲခွာလာ ရသောအခါ ဟယ် ငါ့ဘာတွေမပြောလိုက်ရဘူး၊ ဘယ်လိုမပြုမူလိုက်ရဘူး တောက် ဒါတွေကလဲ ခုမှဘဲ သတိရတော့တယ်လို့ ချစ်ဦးသူတိုင်း အားမရ တင်းမတိမ်နိုင်ဘဲ ရင်ထဲမှာ နှန့်နှန့်ခံစား ရတယ် မဟုတ်လား။

အဲ အခု ကျွန်တော့်ဝတ္ထုကို ပထမဦးဆုံးအကြိမ် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်း ခံရတာ မှာလဲ ဒီလိုပါဘဲ။ ကျွန်တော့်ဝတ္ထုလေး ကျွန်တော်ပြန်ဖတ်ကြည့်တော့ ဟယ် ငါဒီနေရာမှာ ဒါတွေ လိုသွားပါလား၊ သည့်နှယ်ပြင်ရေးလိုက်ရ ဘယ်လောက်ကောင်းမလဲဟု စိတ်ဝယ်အားမလိုအားမရ ခံစားမိပါသည်။ အကြောင်းမှာ ကျွန်တော့်ဝတ္ထုတွင် ချို့ယွင်းချက်များ တွေ့ရှိနေပါ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်လို ဝတ္ထုတွေ ဟောတပုဒ်၊ ဟောတပုဒ်ရေး၍ အသက် မွေးဝမ်းကျောင်းပြုခဲ့ရသော စာရေးဆရာတို့မှာ စာတပုဒ်ကို ရေးပြီးအေးအေးဆေး ဆေး ပြန်လည်ကြည့်ရှု နေနိုင်သည်မဟုတ်။

ယနေ့ရေးပြီးမှ နက်ဖြန်ထမင်းစားဖို့သည်မို့ စာမူပြီးပြီးချင်း စာအုပ်တိုက်သို့ ပြေးပို့လိုက် ရသည်သာ။

ထို့ကြောင့် ကျွန်တော်၏ ‘မုန်ကန်ခြင်းနှင့်ရဲရင့်ခြင်း’ ဝတ္ထုတွင် အဓိကဇာတ်ဆောင် ရွာသူကြီး ဦးအောင်ဒွန်းအား ကျွန်တော်(စာရေးသူ)က ငယ်စဉ်တောင်ကျေး ကလေးဘဝမှတွေ့ရ ပုံကို ရေးသားဖော်ပြရာ၌ ကျွန်တော်၏ အသက်အထားအသို လွဲနေပါသည်။

ဝတ္ထုရှေ့ပိုင်း၌ ၈နှစ် ၆နှစ်သားထားပြီး ဆုံးခါနီးမှ ၁၀ နှစ်သားထားရမည်ကို ယခုရှေ့ နောက် လွဲနေသည်။ (စာသင်သားများ သတိထားကြည့်ပါ) ယင်းကို ကျွန်တော်က မဂ္ဂဇင်းမှာ ပုံနှိပ်ပြီး စာအုပ်ထွက်မှသိခဲ့သည်။

ထိုထက် စာသင်သားများအတွက် ပို၍အရေးကြီးသည်ကား ဝတ္ထုပြီးခါနီး နောက်ဆုံး အပိုင်းဒ်၌။

[ရွာတွင် သူကြီးမရှိတော့ကြောင်း ကြားသိရသော အခါ၌ ဆယ်အိမ်ခေါင်းတွေခေါ်၍ စစ်ဆေးမေးမြန်းပြီး ဦးအောင်ဒွန်းအား သူကြီးရာထူးမှ ချလိုက်ကာ နောက်ထပ်သူကြီးသစ် ရွေးကောက်ပွဲလုပ်လိုက်လေသည်။]

ကဲ. . . ကြည့်စမ်း။ အထက်ပါဝါကျသည် ပြည့်စုံပါရဲ့လား။ ဆယ်အိမ်ခေါင်းတွေကို ဘယ်သူကခေါ်ပြီး သူကြီးသစ်ရွေးကောက်ပွဲကို လုပ်ပါသနည်း။

ပြုလုပ်သူနာမ်ပုဂ္ဂတခု ပျောက်မနေပါလား။ သော်တာဆွေသည် ဝါကျပြည့်စုံအောင်မှ မရေးတတ်ဘူးလား။ အမှန်စင်စစ် ကျွန်တော်မူလ ရေးခဲ့သည်က. . .

[ကျွန်တော်တို့ရွာသည် ပေါင်းတည်မြို့အပိုင် ဖြစ်လေရာ ရွာတွင်သူကြီးမရှိတော့ကြောင်း သက်ဆိုင်ရာမှ ကြားသိရသောအခါ၌ ရွာသို့မြို့ပိုင်မင်းရောက်လာလျက် ဆယ်အိမ်ခေါင်းတွေ ခေါ်၍ ဖြစ်ပုံကိုစစ်ဆေးမေးမြန်းပြီး ဦးအောင်ဒွန်းအား သူကြီးရာထူးမှချလိုက်ကာ နောက်ထပ် သူကြီးသစ် ရွေးကောက်ပွဲ လုပ်လိုက်လေသည်။]

ကဲ. . . . သည်တော့ မူလရေးခဲ့သော (ကျွန်တော်တို့ရွာသည် ပေါင်းတည်မြို့အပိုင်ဖြစ်လေ ရာ) (သက်ဆိုင်ရာမှ) (ရွာသို့မြို့ပိုင်မင်း ရောက်လာလျက်) ဒီစာတွေ ဘာကြောင့်ကျန်ခဲ့ပါ သနည်း။

ယင်းက မဂ္ဂဇင်းစာအုပ် လုပ်ရပုံကို သိသူများမှ နားလည်ပေမည်။

ဤ 'မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း'ဝတ္ထုကို စာဖောင်သွင်းသောအခါ၌ နောက်ဆုံးစာမျက်နှာ မှာ မဂ္ဂဇင်းကော်လံစာနှစ်ကြောင်းခန့် ပိုနေသည်။

သည်နှစ်ကြောင်းလေးနှင့် အခြားတမျက်နှာသို့ ပို့လိုက်ရလျှင်လည်း အလွန်အရုပ်ဆိုး ပေမည်။ အင်မတန် ညံ့ဖျင်းသော အယ်ဒီတာ အယ်ဒီချာဖြစ်တော့မည်။ ထို့ကြောင့်အခက်အခဲ တွေ့နေရသော ဦးကျော်သည် ကျွန်တော့်အားခေါ်ပြီး. . .

'ဟောဒီမှာ ကိုရင့်ရဲ့ဝတ္ထုကို မဂ္ဂဇင်းစာနှစ်ကြောင်းဖြုတ်ပေးစမ်း'ဟုဆိုသဖြင့် လိုရင်း အဓိပ္ပာယ် မပျောက်ရအောင် ဖော်ပြပါတို့ကို ဖြုတ်လိုက်ရခြင်းဖြစ်ပါ၏။

ဤဝါကျမှာ နာမ်ပုဒ်ပျောက်သွားခြင်းသည် ဝတ္ထုဖတ်ရှုသက်သက်အဖို့ ဘာမျှအရေး မကြီး။ သို့သော် ကလေးသူငယ်များသင်ရသော ကျောင်းသုံးစာအုပ်အဖြစ်ကား သင့်လျော်သည် မထင်မိပေ။

ထို့ကြောင့် အကယ်၍သာ ကျောင်းသုံးစာ ရွေးချယ်ရေးကော်မတီက ဝတ္ထုကို သုံးကြောင်း တဆိတ်ကလေးမျှ ကျွန်တော့်အား သိခွင့်ပေးပါကမူ ကျွန်တော်သည် ဤချို့ယွင်း ချက်ကလေးများကို ပြုပြင်ပေးလိုက်ဟန် ကောင်းပါရဲ့လို့ စိတ်ဝယ်ခံစားမိပါ၏။

[၂]

## သူ့ဝတ္ထုနှင့်သူ့သံယောဇဉ်

ကျွန်တော်သည် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ စာရေးဆရာဖြစ်မြောက်ခဲ့ရာ ယခု ၁၉၇၇ ခုနှစ် နိုဝင်ဘာလဆိုတော့ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပါပြီ။

ဤနှစ် ၃၀အတွင်း မရပ်မနားရေးခဲ့ရာ တလလျှင် အနည်းဆုံးတပုဒ်၊ အချို့လများတွင် ၂ပုဒ်၊ ၄ပုဒ်ပင် ရေးခဲ့သဖြင့် ဝတ္ထုတိုရှည်ပေါင်း ၅၀၀ ကျော်ခဲ့ပါပြီ။

သို့သော်. . . ကျွန်တော့်စိတ်ဝယ် ဘယ်တပုဒ်မျှပြီးပြည့်စုံသည်ဟု မထင်မိပါချေ။ ရေးပြီး တခဏသာ ကိုယ့်ဟာကိုယ် ဟုတ်လှပြီထင်မိသော်လည်း နောက်နောင် ပြန်ဖတ်သောအခါ၌ ကြာလေ ကြာလေအားမရ တင်းမတိမ်နိုင်လေ ဖြစ်ရပါ၏။

ကုန်ကုန်ပြောရလျှင် သည်နေ့ရေးပြီးသောစာ၊ မနက်ဖြန်ပြန်ဖတ်သောအခါ မကျေနပ် ချက်တွေ တွေ့ရတတ်ပါသည်။

ဤသို့ဖြစ်ရသည်မှာ ကိုယ့်စာကိုယ် အမြတ်တနိုး အလေးအနက်ထားသော စာရေးဆရာ တိုင်းပင် ဖြစ်ဟန်ရှိပါသည်။ အကြောင်းမှာ ကမ္ဘာ့ထိပ်သီး စာရေးဆရာကြီး လီယိုတော်လ်စတွိုင်း သည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံးဖြစ်သော သူ၏'စစ်နှင့်ငြိမ်းချမ်းရေး'ဝတ္ထုကြီးကို ၆ကြိမ်တိတိ အစအဆုံးပြန်ရေးပါသည်တဲ့။

'အင်နာကရီနာ' ဝတ္ထုကိုရေးလိုက်၊ ရပ်လိုက်၊ ထပ်ရေးလိုက်၊ ပြန်ရပ်လိုက်နှင့် ၃နှစ်ကြာ၍ အစအဆုံး ပြီးသည့်တိုင်အောင် သူ့ဟာသူ စိတ်တိုင်းမကျသေး၍ ဒီဝတ္ထုတော့ ပုံနှိပ်ထုတ်ဝေခြင်း မပြုတော့ပါဟု ပစ်ထားရာမှ သူ့စာပေမိတ်ဆွေများက ဖတ်ကြည့်ပြီး ဟာသိပ်ကောင်းပါတယ်လို့ တိုက်တွန်းသောကြောင့်သာ စာအုပ်အဖြစ် ထွက်လာတာတဲ့ခင်ဗျာ။

ဆီးစေ့နဲ့မြင့်မိုရ်တောင်ကို နှင်လိုကောင် ယှဉ်ဝံ့တယ်လို့ ဆိုချင်ဆိုကြရော့။ ကျွန်တော်လဲ ကျွန်တော့်စာတွေအပေါ်မှာ ဒီလိုပါဘဲဗျ။

သည်တော့မှ (ရေးတုန်းတခဏကလွဲပြီး) အားရကျေနပ်တယ်မရှိဘူး။ သို့သော် တော်လ်စတွိုင်းက Count ဘဲ့ရနယ်စားကြီး စာရေးပြီး အသက်မွေးသူမဟုတ်။

ဒီကပြည်သူ့ ဖွတ်ကျားလေး သော်တာဆွေ မှာတော့စာကလေးတွေ ဟောတပုဒ်၊ ဟောတပုဒ် ရေးနိုင်ပါမှ ထမင်းကလေး ဟောတလုပ်၊ ဟောတလုပ် စားနိုင်တဲ့အကောင်။

ခင်ဗျားတို့သိပါတယ်နော်။ ဘယ်မှာစာတပုဒ်ရေးပြီးအချိန်နဲ့ မွေးလို့ ပြန်လည်ပြုပြင်နိုင်မှာလဲ။ ရေးပြီးယင် ပိုက်ဆံမြန်မြန်ရဖို့ မြန်မြန်ပို့ပစ်လိုက်တာဘဲ။

## ကြက်မဥ, အုသည်နှယ်

မပို့လို့လဲမဖြစ်ဘူး၊ ကျွန်တော်စာရေးရတာ ကြက်မဥအုရတာနဲ့တူပါတယ်။ ကြက်မရဲ့ ဝမ်းပိုက်ထဲမှာ ဥသိမ်တွေအများကြီးရှိသော်လဲ တနေ့တလုံးဘဲ၊ တလုံးပြီးမှတလုံး အုနိုင်ပါတယ်။ ဒီနေ့တလုံး ဥထုတ်လိုက်ပါမှ နောက်ထွက်မယ့် ဥသိမ်က အောင်မြင်တဲ့ဥအဖြစ်ကို ရောက်လာပါတယ်။

ထိုနည်းလည်းကောင်းဘဲ စာရေးဆရာခေါင်းထဲမှာ ရေးစရာတွေအများကြီးရှိနေသော်လဲ တပုဒ်ပြီးမှတပုဒ်ရေးလို့ရပါတယ်။ ဒီတပုဒ်ရေးထုတ်လိုက်ပြီးပါမှ နောက်တပုဒ်ကို ခေါင်းထဲမှာ ဖန်တီးယူနိုင်ပါတယ်။ မရေးဘဲရပ်ထားလိုက်လို့လဲ မဖြစ်ဘူး။ ရပ်ထားယင်နောက်ထပ် တိုးတက်မှု မရှိတော့ဘူး။

## လက်ယက် သဲတွင်းကလေး

တနည်းအားဖြင့် စာရေးဆရာရဲ့ဦးနှောက်ဟာ မြစ်ထဲချောင်းထဲရှိ သဲသောင်ပြင်ပေါ်က လက်ယက်သဲတွင်းကလေးနဲ့ တူပြန်ပါတယ်။ ဒီလက်ယက်သဲတွင်းကလေးမှာ အောက်က စိမ့်လာ တဲ့ ရေတအိုးစာလောက်တော့ ရှိနေတာဘဲ။ အဲဒါလေး ခပ်ယူလိုက်ယင် နောက်ထပ် တအိုးစာ ထွက်လာပြန်ပါတယ်။ ခပ်မယူဘူးဆိုယင် သူ့ဒီအတိုင်းဘဲ နေမှာပါဘဲ။ စာရေးဆရာရဲ့ ဦးနှောက် ဟာလဲ ဒီလိုပါဘဲ။ တပုဒ်ရေးပြီးမှ နောက်တပုဒ်လာပါမယ်. . . . ။

အဲသည်နောက်တပုဒ် လာဖို့ကလဲ ရေးပြီးသောရှေ့တပုဒ်ကို မေ့ပြီးလုံးဝသံယောဇဉ်ဖြတ် ပစ်ရပါတယ်။ အခြားစာရေးဆရာတော့ မသိဘူး။ ကျွန်တော့်အဖြစ် ပြောရပါဦးမယ်။ ကျွန်တော် ဟာ စာတပုဒ်ရေးပြီးယင် အဲသည်စာမူဟာ ကျွန်တော့်အိမ်မှာ ရှိနေသမျှကာလပတ်လုံး ကျွန်တော်သူ့ကို မေ့လို့မရဘူး။ သူ့အကြောင်းဘဲ တွေးနေတယ်။ အဲသည်တော့ စာဆိုတာ ရေးလို့ ပြီးပြည့်စုံ

တယ်မှမရှိတာဘဲ။ ဖြတ်စရာ ပြင်စရာ ဖြည့်စရာတွေ စဉ်းစားမိပြီး ဖြတ်–ဖြတ် ပြင်ဆင်နေမိပြန်ပါရောဗျ၊ ဒီတော့ နောက်တပုဒ်ကို မကိုင်နိုင်သေးတဲ့ အခြေဖြစ်နေရော. . . .။ အတွေးဟောင်းတွေပြီးဆုံးခါမှ အတွေးသစ်ကဝင်နိုင်ပါတယ်။

ယခု စာဖတ်သူ သတိထားမိယင် သိမှာပေါ့ဗျာ။ ဒီရှုမဝမဂ္ဂဇင်းမှာ 'ကျွန်တော့်ဘဝဇာတ်ကြောင်း'ကို စ,ရေးလာကတည်းက လစဉ်ခေါင်းစည်းပုံကို ကိုဖေသိန်းချည်း ရေးဆွဲလာခဲ့တာ အမှတ်(၅၇)ထိရော။ အမှတ် (၅၈)ရောက်တော့ ပုံဆွဲဆရာ ပြောင်းလာပါတယ်။

ဘာကြောင့်ပြောင်းပါသနည်း။

ကိုဖေသိန်းက အလွန်အလုပ်များတယ်ခင်ဗျ။ သူ့ကိုယ်ပိုင် 'ပုံပမာ'ကာတွန်းစာအုပ်လဲ ထုတ်တယ်၊ နံဘေးက လာအပ်သမျှလဲ လက်ခံတယ်။ ဘယ်တော့မှ ငြင်းပယ်လေ့မရှိဘူး။ ဒီတော့ ကျွန်တော့်စာမူဟာ သူ့အိမ်မှာ ရက်တွေကြာနေရော။ သူ့မဂ္ဂဇင်းကို အချိန်မှီဆွဲပေးနိုင်တာတော့ မှန်ရဲ့။ သို့သော်. . . . ကျွန်တော်မှာ အခက်ကြုံရပါရော။

ဘာကြောင့်လဲဆိုတော့ ကိုဖေသိန်းအိမ်နဲ့ ကျွန်တော့်အိမ်က အနီးကလေး။ ခြေလှမ်း ၁၀၀လောက် ဝေးလေတော့ ကျွန်တော်ဟာ ကိုယ့်စာမူကိုယ် သံယောဇဉ် မဖြတ်နိုင်ဘူး။ ပြင်စရာ ဖြည့်စရာလေးတွေတွေးမိယင်း သွားယူပြီး ပြင်လိုက်ဖြည့်လိုက်ယင်းနဲ့ ဒီစာမူ ရှုမဝမရောက်မချင်း ကျွန်တော်မှာ နောက်တပုဒ်ကို စိတ်ဖြောင့်ဖြောင့် မတွေးနိုင် မရေးနိုင်တော့ဘူး။

ဒါကြောင့် ကိုဖေသိန်းဆီ ကျွန်တော့်စာမူကို မပို့တော့ဘဲ ဆွဲချင်တဲ့သူနဲ့ ဆွဲခိုင်းပစေတော့ဆိုပြီး ရေးပြီးပြီးချင်း ရှုမဝတိုက်ဖဲသွားပို့လိုက်ရတယ်ဗျာ။ အတင်း သံယောဇဉ်ဖြတ်လိုက်ရတာပေါ့။

## [၃]

## စာရေးတဲ့အရသာ

စင်စစ် ကျွန်တော့်စာမူနဲ့ ကျွန်တော့်ရဲ့ဖြစ်အင် ဆင်ခြင်ကြည့်တော့ အပျိုချောအလှပြင် တာနဲ့ တူနေချေတော့ဗျာ။ ကြည့်စမ်းပ. . . မိန်းမပျိုလေးများ ခမ်းခမ်းနားနား အပြင်သွားရတော့ မယ်ဆိုယင် အလှပြင်လို့ ပြီးနိုင်တယ်ကိုမရှိဘူး။ အိမ်ကမထွက်မချင်း တနာရီကြာကြာ၊ နှစ်နာရီ ကြာကြာ၊

သုံးနာရီကြာကြာ မှန်နားက မခွာနိုင်ဘူး၊ သူ့ကိုယ်သူ အလှပြင်ရတာငြီးငွေ့တယ်၊ ပင်ပန်းတယ် မရှိဘူး။ ပြင်လေ လှလေလို့ထင်ပြီး ပျော်နေတာဘဲ။

ကျွန်တော်တို့စာရေးဆရာများလဲ ဒီလိုပါဘဲ။ ကိုယ့်စာကိုယ်စိတ်အားထက်သန်စွာ ရေးနေရတဲ့အခါမှာ ကိုယ်လက်အင်္ဂါညောင်းနေတာ၊ ထမင်းဆာနေတာတောင် မသိပါဘူး။ ကိုယ့်ဟာ ကိုယ် စိတ်ဝင်စားပြီး အင်မတန် အရသာရှိနေတာဘဲ။ အဲ. . အဲသည်အချိန်မျိုးမှာ အမှတ်မဲ့ ကိုယ့်နာမည်ခေါ်လိုက်တဲ့အသံ ကြားလိုက်မယ်ဆိုယင် လန့်သွားတယ်ဗျ။ ဘိန်းစားဘိန်းလန့်သလိုဘဲ။

ဘာကြောင့်လန့်ပါသနည်း။

ဤစာရေးနေစဉ်မှာ စာရေးဆရာ၏စိတ်သည် ပစ္စက္ခဘဝတွင် မရှိပါဘူး။ သူ့ဝတ္ထုဇာတ်အိမ်တည်ရာ ဘဝအခြေအနေတွင် ရောက်နေပါသည်။ သူ့ဝတ္ထုထဲက ဇာတ်ကောင်တွေဟာ သူနဲ့အတူရှိနေတာဘဲ။

ဥပမာ ပြပါမည်။ ယခုဒေသကောလိပ်သုံး မြန်မာစကားပြေစုစာအုပ်၌ပါသော 'မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း' ဝတ္ထုတွင် ကျွန်တော်သည် ၈နှစ် ၉နှစ်သားအရွယ်ကလေးဖြစ်နေ၍ ဤဝတ္ထု၏ အဓိကဇာတ်ဆောင် ရွာသူကြီးဦးအောင်ဒွန်းနှင့် ကျွန်တော်စကားပြောနေ၏။ ကျွန်တော်က သူ့အား 'ဘိုး' ဟု ခေါ်သည်ဖြစ်၍. . .

'ဘိုးရယ်. . . ဝမ်းလျားမှောက်စမ်းပါအုံး၊ ကျွန်တော်အရုပ်တွေ ကြည့်ချင်လို့ပါ'

'အို. . . အခု ထိုင်ယင်းကြည့်ယင်လဲ မြင်ရသားဘဲမြေးရဲ့'

'မဟုတ်ဖူး. . . မဟုတ်ဖူး. . . မှောက်ကြည့်မှ ပိုကောင်းတယ်'

ဘိုးက ကျယ်ပြန့်သောကျောပြင်ဝယ်၊ နဂါးရုပ်၊ ဂဠုန်ရုပ်၊ ဇော်ဂျီရုပ်၊ နတ်ရုပ်၊ ကြောင်ရုပ်၊ ကျားရုပ်၊ ခြင်္သေ့ရုပ်၊ အင်းကွက်စသည်တို့မှာ ဆေးနီဆေးနက်တို့ဖြင့် ယခုမျက်စိနှင့် ကြည့်သော် လွန်စွာမှ လက်ရာမြောက်လှပါပေသည်။ အချိုးအစားကျ၍ ပီပီသသရှိပါပေသည်။

'ဘိုးရယ်. . . ဒီအရုပ်တွေ ဘိုးကို ဘယ်သူထိုးပေးသလဲဟင်'

'ဘိုးဟာဘိုး ထိုးတာပေါ့ကွ'

'အောင်မယ်. . . မဖြစ်နိုင်တာချည်းကို၊ ဘိုးဝါတယ်၊ ကဲ. . . ဘိုးကျောကုန်းကိုဘိုး မြင်လို့လား'

'မှန်ထဲ နောက်ပြန်ကြည့်ထိုးတာပေါ့ကွ'

'အောင်မယ်. . . အောင်မယ်. . . ဘိုးအိမ်မှာ ဘိုးကျောကုန်းလောက်ကြီးတဲ့မှန် တချပ်မှမရှိဘဲနဲ့'

ဘိုးသည် ရယ်မောကာ. . .

'အလကားပြောတာပါကွာ၊ ဆရာဦးထိုးပေးတာပေါ့ကွ ဆရာဦးကိုမင်းသိတယ်မဟုတ် လား'

ဆရာဦးသည် ဘိုးအိမ်ခေါင်းရင်းက ထိုးကွင်းထိုးဆရာဖြစ်ပါ၏။ ထို့ပြင် ရုပ်သေးရုပ်တွေထုသော ပန်းပုဆရာလည်းဖြစ်ပါ၏။

'ဘိုး. . . ဒီအရုပ်တွေထိုးတာ မနာဘူးလားဟင်. . '

'နာတာပေါ့မြေးရဲ့၊ ဒါပေမယ့် ယောက်ျားဆိုတာ ဆေးထိုးခံနိုင်တဲ့ သတ္တိရှိရမယ်ကွယ့်၊ ငါ့မြေးလဲ ကြီးယင်ထိုးကွင်းထိုးရမယ်ကွယ့်'

ဘိုးသည် နေ့စဉ်နံနက်တိုင်း ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်တွင်ထ၍ဘုရားရှိခိုး ပြီး စာရွတ်၏။ သူစာရွတ်သည်ကို ဘေးသုံးလေးအိမ်လောက်က ကြားရ၏။ သို့သော်. . . ဘာမျှနားမလည်နိုင်ပေ။ သူ့အသံ 'ဟန့်နံ့. . ဟန့်နံ့'ဟူ၍သာ ကြားနေရ၏။

'အဖေ. . . ဘိုးက ဟန့်နံ့ ဟန့်နံ့နဲ့ ဘာလုပ်နေတာလဲအဖေရ'

ကျွန်တော်ငယ်စဉ်က အိပ်ရာထဲတွင် အဖေ့အားမေးခဲ့၏။

'စာဝါးတာ ခေါ်တယ်သားရဲ့'

'ဘာလို့ စာဝါးတာလဲ အဖေရ. . . '

'သူရထားတဲ့စာတွေကို မမေ့မပျောက်အောင် နှုတ်ကမြန်မြန်ရွတ်နေတာပေါ့ကွာ'

'ကျွန်တော်လဲ ဘိုးလို စာဝါးချင်တယ် အဖေ'

'ဒါဖြင့် စာများများတတ်အောင် သင်ပေါ့ကွ၊ ထမင်းစားချင်တော့ ထမင်းရှိမှ စားဖြစ်သလို၊ စာဝါးချင်တော့ ကိုယ်တတ်ထားတဲ့ စာရှိမှပေါ့ကွ'

အဲသည် စာရေးနေတဲ့အချိန်မှာ ကျွန်တော်ဟာ ၈နှစ် ၉နှစ်သားကလေးစိတ်ဓါတ်နဲ့ ကွယ်လွန်ပြီဖြစ်တဲ့ အဖေနဲ့အတူ ကျွန်တော်မွေးဖွားခဲ့တဲ့ အိမ်ကြီးအပေါ် ထပ်အိပ်ရာထဲမှာ သားအဖနှစ်ယောက်သား ဟိုတုန်းကအတိုင်း ကျွန်တော့်အာရုံထဲမှာ ခံစားနေစဉ် ဖြစ်လေတော့၊ သည့်နှယ်တုန်း ကျွန်တော့်ဇနီးက တခုခုပြောစရာရှိလို့ နောက်ကနေ 'မောင်'လို့များ ခေါ်လိုက်တဲ့အသံလေး ကြားရရုံနဲ့ ဆတ်ကနဲ လန့်သွားတတ်ပါတယ်ခင်ဗျာ။

အဲ. . . မေ့အသံကို ကျွန်တော်အကြောက်အလန့်ဆုံး အခါမျိုးကတော့ ချစ်သူဟောင်းနဲ့ နှောင်းအတိတ်က တွေ့ခဲ့ရပုံလေးတွေ ပြန်ရေးနေစဉ်တုန်းပေါ့။ ဥပမာ. . .

လူချင်း မတွေ့ဘူးသေးလျက်၊ ဓါတ်ပုံချင်းသာ လဲလှယ်၍၊ စာချင်း ကာလကြာရှည်စွာ ရည်းစားဖြစ်ပြီးကြမှ ချိန်းတွေ့ကြရသည်မှာ ကျွန်တော်တို့လို လူစားမျိုးမှာသာ ကြုံရသော အခင်းအရေးမျိုးဖြစ်ပါသည်။ ချိန်းထားသော စာသင်ကျောင်းထဲသို့ သူရောက်လာ၍ ကျွန်တော် သူ့လက်ဆွဲခြင်းကို ဆီးယူလိုက်ကာ. . .

'ဘာတွေများ ယူလာလဲ လွင်ရယ်. . '

'အထဲကျမှကြည့်ပေါ့ဆွေရယ်၊ လာ. . . လာ. . 'ဟု ဆိုပြီး စာသင်ခန်းတံခါးတွန်းဖွင့်လိုက်သည်။ အလိုက်သင့် ပွင့်သွားပြီး နှစ်ယောက်စလုံး အထဲရောက်တော့ သူမင်းတုံး ထိုးပိတ်လိုက်သည်။

ပြီးလျှင် သူ့လက်ဆွဲခြင်းထဲ၌ အပေါ်ကဖုံးအုပ်ပြီး ပါလာသော ကော်ဇောပါးပါးလေးကို အဆင်သင့်ဘဲ နှစ်ခုဆက်ထားသောစားပွဲပေါ်မှာ ခင်းလိုက်သည်။ သူ့ခြင်းထဲမှာကား ဘရန်ဒီ အသေးတလုံး၊ ကော်ဖီဗူး၊ ရေခဲဓါတ်ဗူးငယ်၊ ဝက်သားပေါင်း၊ ဂျပန်ယပ်တချောင်း။

'ဒါတွေက လွင်နဲ့ဆွေ နေ့လယ်စာလေ၊ ဟောဒါကဆွေအကြိုက်'

'အို. . . နေပူပူကြီးမှာ နေ့ခင်းကြီး ဆွေမသောက်တတ်ပါဘူးလေ'

'ဒါတော့ မောင့်သဘောဘဲ၊ ဆွေအခု တွေ့ကြတော့လွင့်ကို စာတွေထဲမှာ ရေးတုန်းကလို ချစ်သေးရဲ့လားဟင်'

‘အား. . . . သိပ်ချစ်၊ အရမ်းချစ်ဖဲ. . ’ဟု ပြောပြောဆိုဆို ကိုယ်ချင်းထပ်၊ ရင်ချင်းအပ်၍ နမ်းလိုက်သည်။

‘အား. . . ဆွေ. . . လွင့်ကိုချစ်တာအမှန်ဘဲ’

‘လွင်. . . ဘယ့်နှယ်လုပ်သိသလဲဟင်’

‘ဆွေရင်ထဲမှာ ဒိတ်ဒိတ်ခုန်နေတယ်’

‘လွင့်ရင်ထဲ ခုန်နေတာဘဲ၊ မောင်သိတယ်’

‘လွင်ကလဲ ဆွေ့ကိုချစ်တာကိုမောင်ရဲ့ သမီးရည်းစားတွေ့တဲ့အခါ ချစ်ရိုးမှန်ယင် ရင်ခုန်ရမယ်တဲ့’

‘အဲလို ရင်ခုန်ယင် ချစ်တယ်လို့ ဘယ်သူပြောလဲ’

‘အင်္ဂလိပ်စာအုပ်တွေထဲမှာ ဖတ်ဖူးတာဘဲ’

‘ဒါဖြင့် အင်္ဂလိပ်လိုရော နမ်းလိုက်အုံးမယ်’

‘ဆွေ့ သဘောရော့. . .

မျက်နှာလေးမော့၊ နှုတ်ခမ်းကလေး နီထွေးထွေး။

ယင်းကိုရေးနေခိုက် နောက်မှ ‘မောင်ရေ. . ထမင်းစားကြစို့လားကွယ်’ဟူသော မေ၏အသံကိုကြားရလေရော၊ ကျွန်တော်မှာ ထခုန်မိမတတ် လန့်ဖျပ်၍သွားကာ၊ အရေးကောင်းဒိန်းဒေါင်း ဖျက်သည်ဟု အောက်မေ့မိပါတော့သည်။

စင်စစ်တော့ စိတ်မလုံခြင်း၊ အမှန်ဘဲ ကျွန်တော်လက်ရှိဘဝကိုမေ့ကာ အတိတ်က ချစ်သူနှင့်ကြည်နူးခဲ့သော အရသာကို ခံစားနေခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် အိပ်မက်နေခြင်း၊ မေ့အသံကြောင့် အိပ်ရာမှ လန့်နိုးသည့်နှယ်တည်း။

စင်စစ်စာရေးသူသည် မိမိစိတ်ကူးယဉ်နှင့် ဖန်တီးထားလင့်ကစား၊ ရေးနေစဉ်မှာ ကိုယ်တကယ်ဖြစ်ပျက်နေသကဲ့သို့ ခံစားရသည်။ ဒါမှ အသက်ပါလာသော စာဖြစ်သည်။

ကျွန်တော်ရေးခဲ့သော 'အလှဘယ်မှာနည်း' ဝတ္ထုတွင် ၁၉၄၄ခုနှစ်၊ ကြည့်မြင်တိုင်နတ်စင်လမ်း၊ ဂျပန်ဗုံးချ၍ ကျွန်တော် (မြင်းလှည်းသမားလေး မောင်ကြင်ဆွေ)၏ ချစ်သူလှလှကြည် သေဆုံးသွားသည်။ ကျွန်တော်မြင်းလှည်း ဒုန်းစိုင်း၍ရောက်သွားတော့ သူ့အမေဆီးပြောသည်။

'အောင်မယ်လေး. . . မောင်ကြင်ဆွေရဲ့ ဟောဒီဟာ မင်းအလှရဲ့ အလောင်းကွဲ့. . . '

'အလိုလေး. . . ကြည့်ရက်စရာမရှိပါလားဗျာ၊ ဗုံးဆံလဲမှန်၊ မီးလဲလောင်ထား၊ တကိုယ်လုံး ညှိုမဲတွန့်ခွေလို့။

'မောင်ကြင်ဆွေရဲ့ သူက တနင်္ဂနွေနေ့မို့ အိမ်မှာနေတယ်။ အမေကတော့ ဈေးသွားနေ လို့၊ အောင်မယ်လေး. . . ငါ့သမီးနဲ့အတူ လိုက်မသွားရဘူးကွဲ့. . . . မောင်ကြင်ဆွေရဲ့ မင်းကိုသူသိပ်ချစ်ရှာတယ်ကွယ်၊ မင်းပေးတဲ့ကြောင်လေးကို ဘယ်လိုခေါ်တယ်မှတ်သလဲ၊ 'ကိုဆွေ'တဲ့ မင်းပါး စပ်က သွေးစသုတ်ပေးရတဲ့ လက်ကိုင်ပုဝါလေးလဲ သူတရိုတသေ သိမ်းထားရှာတယ်။ အို. . . မင်းကိုသူ သိပ်ချစ်ရှာပါတယ်ကွယ်။

ကိုကြင်ဆွေက အလှကို ဘယ်နေ့လက်ထပ်ဖို့ ပြောမလဲမသိဘူး၊ တနေ့တော့ ပြောမှာဘဲပြောမှာဘဲနဲ့ အခုတော့ မင်းမပြောတော့ဘူး မဟုတ်လား'

အမေကြီးသည် ကျွန်တော်အားဖက်၍ ငိုပါတော့သည်။ ကျွန်တော့်မှာလည်း မျက်ရည်တွေတွေကျရပါသည်။

ယင်းစာလုံးများရေးနေစဉ် အမှန်ဘဲ ကျွန်တော့်မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေ့နေပါ သည်။ ဒီဝတ္ထုဟာ တကယ်ဖြစ်ပျက်ခဲ့တာလဲ မဟုတ်ဘူးနော်။ ကိုယ့်စိတ်ကူးယဉ်တဲ့ ဇာတ်လမ်း မှာ ကိုယ်အဟုတ်လိုဘဲ ခံစားနေရတာ၊ ဒီဝတ္ထုရေးတုန်းက ကျွန်တော်ဟာ အသက် ၂၀ရွယ် မြင်းလှည်းသမားလေး မောင်ကြင်ဆွေ ဖြစ်နေတယ်။

အဲဒီဝတ္ထုဖတ်တဲ့ လူတွေဆီကလဲ အဲသည်နေရာဟာ သူတို့လဲရင်နင့်လှတယ်၊ မျက်ရည် စို့တယ်လို့ စာတွေလာပါတယ်၊ (ဤဝတ္ထုစာပေဆုရ ဝတ္ထုတိုပေါင်းချုပ်တွင်ပါသည်။)

ထို့ကြောင့် စာရေးဆရာသည် တနည်းအားဖြင့် သရုပ်ဆောင်သူဖြစ်သည်။ ရုပ်ရှင်ပညာသည်များက ကိုယ်လက်အင်္ဂါမျက်နှာအမူအရာ အပြောအဆိုနှင့် သရုပ်ဆောင်သည်။ စာရေး ဆရာက စိတ်နှင့်သရုပ်ဆောင်သည်။

သူ့စိတ်ထဲရှိတဲ့ ခံစားချက်တွေကို စာဖတ်သူတို့အား ကူးစက်စေသည်။ တူညီသော ရသကို ခံစားစေသည်။

လောက၌ လူတို့တွင်တပ်မက်သော ဆန္ဒအမျိုးမျိုးရှိကြသည်၊ ကျွန်တော်ယခုအသက် အရွယ်တွင် ကိုယ့်ဘဝကိုယ် ဆင်ခြင်ကြည့်လိုက်သောအခါ ကျွန်တော်အကျေနပ်ဆုံး အနှစ်သက် ဆုံးသည် စာတပုဒ်ကို စိတ်ရောကိုယ်ပါ ပိုင်နိုင်စွာရေးနေရသော အရသာပင် ဖြစ်ပါတော့သည်။

ထို့ကြောင့် ကျွန်တော့်ဘဝတလျှောက်ဝယ် စာတပုဒ်ပြီးတပုဒ် မရပ်မနား ရေးပါရစေ. .။

မသေမချင်း ရေးနိုင်တဲ့ကိုယ်ဖြစ်ရပါလို၏။

မြတ်ဒါန

အလှူဒါနပြုခြင်းသည် မည်သည့်ဘာသာမဆိုရှိကြ၏။

ရှင်ပြုမင်္ဂလာဘိတ်ကြားစာ

သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရား အဆူဆူအပေါင်းအား ဦးထိပ်ထားပြီး၊ သံသရာဝဋ္ဋ်မှလွတ်မြောက် ရာအမှန်၊ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ၊ ကွယ်လွန်သူ ကျေးဇူးရှင် အမိအဘများ အားရည်စူး၍ အစ်မကြီး ဒေါ်သိန်းမယ်ကို အမှူးပြုကာ၊ မောင်ညီမများ ဖြစ်ကြသော ကျွန်တော်–ကျွန်တော်မတို့၏ ရင်နှစ်သီးချာ သားရတနာများကို ဗုဒ္ဓမြတ်စွာ ဘုရားသာသနာတော်၌ မဗ္ဗဇ္ဇိတရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြင့်မည် ဖြစ်ပါ၍၊ ၁၃၃၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၉)ရက်၊ (၁၁. ၄. ၇၇)တနင်းလာနေ့ နံနက် (၉)နာရီတွင် ကြို့ပင်ရွာ ဦးထွန်းကြိုင် ဒေါ်ချိုချိုတို့ ၏နေအိမ် အလှူမင်္ဂလာ ဏ္ဍာပ်သို့ ပရိတ်တရားတော်ကို အတူတကွနာကြားရန်၊ ကြွရောက်ပါမည့်အကြောင်း လေးစားစွာ ဘိတ်ကြားအပ်ပါသည်။

အလှူဒါယကာနှင့် ရှင်သာမဏေလောင်းများ

ဦးမောင်အေး. . . . ဒေါက်တာ ဒေါ်တင်တင်ချိုတို့၏သား

မောင်အောင်မျိုးအေး

မောင်အောင်နိုင်အေး

မောင်ကျော်နိုင်အေး

ဦးထွန်းကြိုင်. . . ဒေါ်ချိုချိုတို့၏သား

မောင်သိန်းသန်းထွန်း

မောင်ခင်စိုးလတ်

ဦးကြည်လွင်. . . ဒေါ်ခင်နွယ်တို့၏သား

မောင်အောင်လွင်

မောင်သောင်းလွင်

မောင်ထွန်းတင့်လွင်

ဦးထွန်းရှိန်. . . ဒေါ်အုန်းကျင်တို့၏သား

မောင်တင်ထူးရှိန်

လပြည့်ကျော် ဇရက်နေ့ညနေ ၄နာရီညှော့ခံရှင်လောင်းလှည့်ပါမည်။

ကျွန်တော်သည်အထက်ပါဖိတ်စာကို ၎င်းဖိတ်စာ၌ဖော်ပြသော မဏ္ဍပ်အတွင်း သစ်သား ခုံတန်းလျားကြီးပေါ်တွင် ခြေဆောင့်လဲလျောင်းလျက် လက်တန်းပေါ်တွင် ခေါင်းတင်၍ အထပ် ထပ်အခါခါဖတ်ယင်း ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်လှန်စဉ်းစားလျက်ရှိလေ၏။

ဤဖိတ်စာကိုရေးသူမှာ ကျွန်တော့်ညီ မောင်အေးဖြစ်၏။ သူသည် ကျွန်တော့်ထက် ၁၀နှစ် ငယ်၏။ ကျွန်တော်တို့တွင် ယခုလက်ရှိ အမအကြီးဆုံးဒေါ်သိန်းမယ်၊ ကျွန်တော်၊ မောင်အေး၊ ချိုချို၊ မောင်နှမလေးယောက်ရှိလေရာ ကျွန်တော်တို့ညီအကိုက ရန်ကုန်မြို့တွင်နေ ကြသည်။

အမကြီးဒေါ်သိန်းမယ် (မုဆိုးမ)က ရွာတွင်ဘဲ ခေါင်းရင်းခြေရင်းကပ်၍ အိမ်သီးခြားရှိ သည်မို့ ညီမအထွေးဆုံး ချိုချိုက ကျွန်တော်တို့ (ကွယ်လွန်သူ)မိဘနှစ်ပါး အိမ်တွင်နေသောကြောင့် ၎င်းဖိတ်စာမှာ (ကြို့ပင်ရွာ ဦးထွန်းကြိုင် ဒေါ်ချိုချိုတို့၏နေအိမ်)ဟု ဖြစ်ရ၏။ ယခင်တုန်းကတော့ ကျွန်တော်တို့မိဘများ ဦးဘိုးဆယ်. . ဒေါ်လှရင်တို့၏ နေအိမ်ပေါ့။ ထို့ထက် ယခင်တုန်းကဆိုမူ ဦးထွန်းနေ. . . ဒေါ်ငွေဘော် ကျွန်တော်တို့ ဘိုးဘွားများနေအိမ်ပေါ့။ နောင်းသော် မည်သူတို့အိမ်ဖြစ်လိမ့်ဦးမည်ကို ကျွန်တော်မသိတော့။ ကျွန်တော်သေပြီ။

ကဲ. . . မသေမီလေး ကျွန်တော်ရေးချင်တာတွေ ရေးပါရစေ။

ဖိတ်စာတွင် အလှူရှင် ဦးမောင်အေးနှင့် ဒေါ်ချိုချိုက မောင်နှမအရင်းဖြစ်ကြ၍ ဦးကြည်လွင်နှင့် ဦးထွန်းရှိန်က ကျွန်တော်တို့၏ ညီဝမ်းကွဲများဖြစ်ကြသည်။

တောရွာဓလေ့ထုံးစံ ကိုယ်တတ်နိုင်သလောက် အလှူငွေထည့်ကြ၍ စုပေါင်းရှင်ပြုကြခြင်းဖြစ်သည်။ ယင်းသည် ယခုလက်ရှိဘဝတွင်လည်း ရေစက်အတူချ၊ အမျှအတူဝေ၍ နောင်ဘဝများတွင်လည်း ဆွေစဉ်မျိုးဆက် အထုံပါသွားကာ သံသရာမှ နိဗ္ဗာန်အထိ အတူလက်တွဲ သွားကြလိမ့်မည်ဟု ကျွန်တော်တို့ ဗုဒ္ဓဘာသာများ အယူရှိကြသည်။

လူ့ပြည်၌ မိမိယုံကြည်ရာသည် မိမိ၏အမှန်တရားဖြစ်သည်။ ဤသို့ဆွေမျိုးသားချင်းများစုပေါင်းရှင်ပြုရန် ကမကထလုပ်သူမှာ မောင်အေးဖြစ်သည်။

ယခု သူ့သားများတင်သာမဟုတ် ၁၉၅၉ခုနှစ် သူလူပျိုဘဝကပင် ကျွန်တော့်ဖခင်က ကျွန်တော့်သားများကို ရှင်ပြုချင်သည်ဆိုသောအခါ သူပင်လျှင် အလှူငွေများစွာ ပါဝင်၍ စီစဉ်ပေးသည်။

ကျွန်တော့်ညီ မောင်အေးကား၊ ကျွန်တော်နှင့်မတူ။ ဘာသာရေးကို အလွန်ယုံကြည်သူ၊ သာသနာရေးကို ဆောင်ရွက်လိုသူဖြစ်သည်။ သူဗိုလ်မှူးအဖြစ်နှင့် မြိတ်ပုလဲကျွန်းကို အုပ်ချုပ်ခဲ့ရစဉ်က ထိုကျွန်းမှာ ကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်းများပြုခဲ့သည်။

သို့သော် လောက၌ ဖြစ်ရပုံများ ထိုဘုရားတကာ ကျောင်းတကာသည် အသက်၃၈ နှစ်ထိလူပျိုကြီးဘဝနှင့်နေပြီး မိန်းမယူမယ့်ယူတော့ သူ့ဇနီးက ခရစ်ယန်ဖြစ်နေချေသည်။ ထို့ကြောင့် ကျွန်တော်တို့ဆွေမျိုးသားချင်းများက ပြောကြသည်။

သူတို့ညီအကို နှစ်ယောက်က တခြားဟာတွေ မတူချင်နေ၊ မိန်းမယူတာချင်းတော့ တူကြတယ်’ဟု၊ အကြောင်းမှာ စာဖတ်သူများ သိကြသည့်အတိုင်း ကျွန်တော်ယူခဲ့သည့် ဇနီးများ လည်း ခရစ်ယန်များချည်း။

သို့ရာတွင် ‘လူချင်းတူသော်လည်း အသက်ရှူချင်းတော့ ကွဲသေးသည်’ဆိုဘိသကဲ့သို့ ခရစ်ယန်မ ယူတာချင်း တူပေမင့် သူနှင့်ကျွန်တော် စိတ်သဘောချင်းမတူကြပေ။ အဖြစ်ချင်း လည်းမတူကြပေ။

ကျွန်တော့တွင် ပထမဇနီးက သားနှစ်ယောက်၊ ဒုတိယဇနီးကသားနှစ်ယောက်၊ ပေါင်း ၄ယောက်၊ ဤသား ၄ယောက်တို့သည် သူတို့မိခင်ဘက်က ခရစ်ယန်အသိုင်းအဝိုင်းတွင် ကြီးပြင်း ကြသည်ဖြစ်၍ သားတွေ အသက်၈နှစ် ၉နှစ် ၁၀နှစ်သို့ ရောက်လတ်သော် ကျွန်တော် စဉ်းစားမိ၏။

(အေးဟဲ့. . . . ငါ့မိန်းမတွေက ခရစ်ယန်မ တွေမို့တော်တော့ နို့မဟုတ်ယင် သူတို့သားတွေ ရှင်ပြုချင်လှချည်ရဲ့ လုပ်ကရော့မယ်။)

တကယ်ဆိုတော့ ကျွန်တော်မှာ သားသမီး (၇)ယောက်ကို ကလောင်တချောင်းတည်းနှင့် တာဝန်ယူရသည် ဖြစ်သောကြောင့် ငွေပိုဟူ၍မရှိ။ လှူစရာနတ္ထိ။ သို့အတွက် သည်ခရစ်ယန်မ သားတွေတော့ ဗုဒ္ဓအမွေနှင့် ပြတ်ကရောဟယ်လို့အောက်မေ့ခဲ့။

သို့သော် မပြတ်ပါချေ။ ဒီကောင်တွေ ကြီးလာလိုက်တာ အပြိုင်းအရိုင်းနှင့် ဆယ်ကျော် သက်ပိုင်း ရောက်လာသောအခါ ကျွန်တော့်ဖခင်သည် ရွှေထုပ်ကောက်ရသကဲ့သို့ ဝမ်းသာအား ရဖြစ်လျက်. . . .

‘ဟေ့. . မင်း မိန်းမတွေ ဘာဖြစ်နေနေကွ၊ ငါ့မြေးတွေကို ငါရှင်ပြုချင်တယ်’ဟု ဆိုလေသည် ၌ ကျွန်တော်မနေသာတော့ပါ။

ကျွန်တော်မှာ မွေးသဖခင်အား ကျေးဇူးဆပ်ရန် (အဖေ့အကြိုက်) ကိုယ်တတ်နိုင်သည်က ဒါဘဲရှိသည်မို့ ဇနီးသည်တို့အား. . .

‘ကဲ. . မင်းတို့သားတွေ နောက်တော့ ဘယ်ဘာသာဘဲဖြစ်ဖြစ်ပေါ့ကွာ သူတို့စိတ်ကြိုက် ရွေးချယ်ကြပစေ၊ ငါခွင့်ပြုတယ်၊ အခုတော့ ငါ့အဖေဆန္ဒပြည့်လိုက်ကြပါ၊ သားတွေလဲ ဗဟုသုတ ရတာပေါ့’ဟု တချက်လွှတ်အမိန့်နှင့်တောင်းဆိုပြီး သည်သားလေးယောက်ကို အဖေ့လက်ဝကွက် ၍ အပ်လိုက်တော့သည်။ ယင်း၌ကျွန်တော့်ညီမောင်အေးနှင့် သူတို့သားအဖနှစ်ယောက် အားရ ပါးရအလှူဒါနပြုကြတော့သည်။

ကျွန်တော်မှာမူ ဤသားတွေကို ရွာသို့အသွားအပြန်ဆောင်ကြဉ်းရသည်ပင် အနိုင်နိုင်ပါ။

ဒါကို ရွာသားတွေကတော့ မသိကြပါချေ။ ကျွန်တော့်အား အထင်တကြီးနှင့်. . .

'ရန်ကုန်သွားကြီး၊ မင်း. . . တို့ရွာ အလှူလာလုပ်ယင် ဝက်သားကြက်သားတွေတော့ မကျွေးနဲ့ကွာ၊ ဒါတွေက ဒီမှာစားရတာ ရိုးနေပြီ၊ ငါးခြောက်ထောင်းကျွေး'ဟု တောင်းဆိုကြ၏။

ခေတ်က ပြောင်းနေချေပြီ။ ဟိုယခင်ကာလဆိုလျှင် အလှူတွေမှာ ဝက်သားမှ ဝက်သား။

'ဝက်သားတုံးကြီး ဒူးခေါင်းလောက်၊ သူများစားတာမြင်ဘူးပါရဲ့ ဟူသော ဘာကာရန်မှ မမိသည့် သံညှပ်ပင် ရှိခဲ့သည်။ ထိုစဉ်က ငါးခြောက်ထောင်းကျွေးသော အလှူသည် ဖွတ်ကျား။

လူတွေ၏ဆန္ဒသည် ဘာရယ်လို့မဟုတ်။ အစားရနည်းတာများတာ၊ ရှားတာနှင့်ပေါတာကို စကားပြောကြခြင်းဖြစ်သည်။

ခုခေတ်မှာကြည့်စမ်း။ အသားတကာ အသားထဲတွင် ဝက်သားကအပေါဆုံး။ ငါးခြောက် ထောင်းဖြစ်ဖို့ကား ကြည့်စမ်း။ ငါးရံ့ခြောက်ဈေး၊ ဆီဈေး၊ ကြက်သွန်ဈေးတွေက ဝက်သား ကြက်သားကျွေးသည်ထက် သုံးဆမျှရှိနေ၏။ သို့တိုင် ကျွန်တော်တို့ ရွာသားတွေဆန္ဒပြည့်ဝသွား ကြပါပေသည်။ အကြောင်းမှာ မောင်အေးက ငါးခြောက်တွေ ရန်ကုန်မှ အလုံအလောက်ပူ ဝယ်ယူ လာခဲ့၏။

သည်အလှူပြီးတော့ ရွာသားတွေက ကျေနပ်အားရစွာနှင့်. . .

'ကဲ. . အကိုကြီး အလှူတော့ပြီးပြီ၊ ညီအလှည့်ကျန်တော့တယ်၊ ဒါပေမယ့်ညီကအခုထိ မိန်းမမရသေးတာက ခက်သကွာ'

ထိုအချိန် ၁၉၅၉ ခုနှစ်မှာ အသက် ၃၀မျှရှိပြီဖြစ်သော မောင်အေးက ပြုံးစိစိ။ သူ့အား ဆွေမျိုးသားချင်းများက အိမ်ထောင်ချထားလိုက်ချင်ကြတာ၊ ဟိုကနှင့်စပ်၊ သည်ကနှင့်စပ်ပေါ့။ ဒါပေမယ့် မောင်အေးဆန္ဒနှင့် မတိုက်ဆိုင်ခဲ့ပေ။ နောက်ဆုံး ရန်ကုန်မြို့မှာ သူ့ဟာသူယူလိုက် သည်ကတော့ ဖော်ပြခဲ့သည့်အတိုင်း ခရစ်ယန်ဆရာဝန်မ။ ၁၉၆၇ ခုနှစ်၌ လက်ထပ်သည်။

သို့နှင့် အလှူဖိတ်စာ၌ ဖော်ပြထားသောသူ့သား ၃ယောက်ဖွားမြင်ခဲ့သည် သမီးမရှိ။ သားချည်း။

ကျွန်တော်တို့ဖခင်ကား မောင်အေးသားများ ရှင်ပြုမှီအောင် မနေရတော့ပေ။ ၁၉၇၂ ခုနှစ် အသက် ၈၆နှစ်၌ ကွယ်လွန်ခဲ့သည်။

မောင်အေးသားများ ရှင်ပြုတာ ၁၉၇၇ခုနှစ်၊ ဧပြီလ။ သူ့သားများအား ရှင်ပြုရန်မှာ ကျွန်တော့်သားများတုန်းကကဲ့သို့ မလွယ်ကူပေ။ တဖက်ဘာသာနှင့် တော်တော်စကားပြောယူ ရသေး၏။

အကြောင်းမှာ မောင်အေးဇနီးသည် R.C ခေါ် ရိုမန်ကက်သလစ်ဖြစ်၍ သူတို့လက်ထပ် စဉ်က သူတို့ဘာသာ ထုံးတမ်းစဉ်လာအရ သူတို့ဘုရားရှိခိုးကျောင်းမှာ ကျင်းပခဲ့ရသည်။ နို့ပြီး ရိုမန်ကက်သလစ်တို့သည် သားသမီးတို့အား ငယ်စဉ်ကပင် သူတို့ဘာသာသို့ သွတ်သွင်းခဲ့ကြ သည်ဖြစ်၍ မောင်အေးသားများက ခရစ်ယန်ကလေးများ ဖြစ်နေကြပြီ။

ထို့ကြောင့်ဗုဒ္ဓဘာသာလို ရှင်ပြုရန်အတွက် တဖက်ဘာသာ သက်ဆိုင်ရာပုဂ္ဂိုလ်ထံမှာ ခွင့်တောင်းရသည်။ ဟိုဘက်ဘာသာ သက်ညှာသောအားဖြင့် ကလေးတွေဖခင် စိတ်ချမ်းသာပါ စေဟု လိုက်လျောခြင်းကြောင့်သာ ကျွန်တော့်ညီခများမှာ သူ့သားတွေ သူရှင်ပြုရခြင်းဖြစ်ပါ သည်။

ထို့ကြောင့်ခရစ်ယန်မ ယူတာချင်းတူသော်လည်း၊ ကျွန်တော့်ညီနှင့် ကျွန်တော်မှာ အခြေခံ ချင်း မတူပါဟုဆိုခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်၏ပထမဇနီးက R.C ရိုမန်ကက်သလစ်၊ ယခုလက်ရှိဇနီးက A B M ခေါ် ဘက်ပတစ်ပါဘဲ။ သို့သော် သူတို့ကို ကျွန်တော်ဘယ်လို အာမဘဗ္ဗေနှင့်မှ လက်ထက်ပွဲမကျင်းပ ခဲ့ချေ။ ဟော့ အင်္ဂလိပ်မြန်မာ နှစ်ဘာသာ၊ ဘာမှမလုပ်နဲ့ကွာ။ ဒို့ချင်းချစ်တာ မေတ္တာ ပဓာနဘဲ။ အေး မင်းတို့ခရစ်ယန်ဘာသာ ထုံးစံတွေတော့ ငါမပါဘဲနဲ့ လုပ်ချင်တာ လုပ်နိုင်သပေါ့။ ငါ့ပါချင် လဲ ပါမယ်လေ။ ဥပမာ–ခရစ်စမတ်ပွဲတော်မျိုး။

## ဘာသာရေးစိတ်

ကျွန်တော်သည် မြန်မာပြည်ဘွား တိုင်းရင်းသားမို့ မိရိုးဖလာဗုဒ္ဓဘာသာဝင် တယောက် ဖြစ်ပါသည်။ သို့စဉ်လျက် ကျွန်တော်သည် ဘာသာကို အယူမသီး၊ သိပ်ပြီးအလေးမထား။ ကိုယ့်သားတွေမှ ကိုယ်ရှင်ပြုဖို့ မကြိုးစား။ သူတို့ဟာသူတို့ ယူချင်တဲ့ဘာသာယူပစေတော့ ပေယျာလကန် ထားသည်ဟု ဆိုကြပေမည်။ မှန်၏။

ယခုကျွန်တော် ရေးသားဖော်ပြနေပုံက ဤအတိုင်းပင်ဖြစ်နေသည်။ သို့ရာတွင် ကျွန်တော့် ကိုယ်ပင် ကျွန်တော်နားမလည်နိုင်လောက်အောင် ဘာသာရေးနှင့် ပတ်သက်၍ ခံစားမှု တရပ် ကြုံတွေ့ခဲ့ရပါသည်။

အဘယ်မှာနည်းဆိုသော်၊ မောင်အေး၏ လက်ထက်ပွဲ၌ ၁၉၆၉ခုနှစ်၊ ဇန်နဝါရီလ ၁ရက်၊ အင်္ဂလိပ်နှစ်ဆန်း တရက်နေ့တွင် ရန်ကုန်မြို့အင်းလျားလမ်း စိန့်အော်ဂတ်စ်တီး ဘုရားရှိခိုး ကျောင်း၌ သူတို့မင်္ဂလာလက်ထပ်ပွဲကို ခမ်းနားစွာ ကျင်းပသည်။

ဘုရားရှိခိုး ကျောင်းခမ်းမ အပြည့်မျှ လူတွေလာကြသည်။ ဤပွဲမှာ ကျွန်တော်တို့ ဆွေမျိုး သားချင်းဖက်ကဆို၍၊ ကျွန်တော်တို့ လင်မယားနှစ်ယောက်သာ ပါသည်။

ကျွန်တော်သည် ဘာသာအားလုံးကို လေ့လာသုံးသပ်ထားသည်ဖြစ်၍၊ ဘယ်ဘာသာမဆို သူတို့၏လုပ်ရပ် လုပ်ရိုးလုပ်စဉ်ဘာသာဖြစ်သည်ဟု ယူဆလျက်၊ ကျွန်တော့်ညီဗုဒ္ဓဘာသာက၊ ခရစ်ယန်လို လက်ထပ်နေသည်ကို ကျွန်တော့်စိတ်ထဲတွင် မည်သို့မျှ သဘောမထားမိချေ။

သို့စဉ်လျက် သတို့သမီးနှင့် သတို့သားကို သူတို့ဘုန်းကြီးက လက်ထပ်ပေးပြီးနောက်၊ နှစ်ယောက်စလုံးက ဘုန်းကြီးရှေ့မှောက်၌ ဒူးထောက်နေရကာ ဘုန်းကြီးက အတော်ကြာမျှ သူတို့ ဘာသာသုတိသြဘာ မင်္ဂလာစကား ရွတ်ဖတ်သရဇ္ဈာယ်နေသည်။

ထိုစဉ်မှာ ပရိသတ်အားလုံးက ခရစ်ယန်တို့ပုံစံ၊ လက်သီးဆုပ်နှစ်လုံးပူးကာ နဖူးနှင့်အပ်၍ မျက်စိမှိတ်လျက် ဆိတ်ငြိမ်စွာနေရသည်။

နောက်ဆုံး ဘုန်းတော်ကြီး၏ ဆုတောင်းပြီးမှ 'အာမင်'ဟု ဆို၍ခေါင်းကိုမော့၊ မျက်လုံးကို ဖွင့်လိုက်ကြရသောအခါလားလား၊ ကျွန်တော့်မျက်စိမှာ မျက်ရည်တွေဝေနေပါတော့သည်။

ကျွန်တော့်ကိုယ်ကျွန်တော်ပင် အံ့အားသင့်လျက်၊ ဟင် ဒီမျက်ရည်တွေ ငါဘာကြောင့် ထွက်ရပါလိမ့်၊ ငါဘာဖြစ်ပါလိမ့်။ ကျွန်တော့်ကိုယ်ပင် ကျွန်တော်အဓိပ္ပာယ်ဖော်ရန် ခဲယဉ်းနေပါ တော့သည်။

နောက်မှ စဉ်းစားမိသည်ကား၊ စင်စစ်ကျွန်တော်၏ အသိစိတ်ကမဟုတ်ဘဲ၊ ကိုယ့်ဘာသာ ကို မိရိုးဖလာက စွဲလာခဲ့သော ကျွန်တော်၏အတွင်းစိတ်၊ မသိစိတ်က ကျွန်တော့်၏ တအူထုံဆင်း ညီအရင်းက တခြားဘာသာဝင် ဘုန်းကြီးရှေ့မှောက်၌ ဒူးထောက်နေရသည်ကို မခံ ချင်သော မလိုလားသောကြောင့် ဖြစ်ပေလိမ့်မည်။

## ဟတ်ချိုးဘုရား

စင်စစ် စိတ်၏အစွဲ နှုတ်၏အစွဲတို့ကား ပျောက်ခဲဘိခြင်း။ ကျွန်တော်ကျောင်းသားဘဝ၊ ရန်ကုန်မြို့တွင် ကျွန်တော့်ဦးလေးအိမ်နေစဉ်က ဦးလေး၏အိမ်ထောင်သည်၊ ခရစ်ယန်များဖြစ်၍၊ သူတို့ခရစ်ယန် အသိုင်းအဝိုင်းနှင့် လိုက်လျော ညီထွေနေခဲ့သည်။

သမ္မာကျမ်းစာအုပ်ကို ဖတ်ခဲ့သည်။ ဘုရားရှိခိုးကျောင်းတက်ခဲ့သည်၊ ဓမ္မသီချင်းများရွတ်ဆိုခဲ့သည်။ ကျွန်တော့်ကိုယ်ကျွန်တော် ခရစ်ယန်ဟန်ဆောင်၍ ခရစ်ယန် မိန်းကလေးတွေကို ဂေါ်ခဲ့သည်။

သို့သော်သူတို့သည် ကျွန်တော့်ကို တယ်ပြီးမယုံကြည်လှ။ ယခင်က တောရွာမှာ ကြီးပြင်းခဲ့ပြီး ယခုမှ သူတို့၏ အသိုက်အဝန်းထဲ ရောက်လာသည်ဖြစ်၍. . . .

'နင် ဘုရားသခင်ရဲ့ သားတော် ဟုတ်ရဲ့လား' ဟု မေးကြ၏။

'အေးပေါ့ဘာ၊ ငါ့ဦးလေးလိုဘဲ ငါခရစ်ယန်ပေါ့'ဟု ဖြေခဲ့၏။ သို့သော် တနေ့သ၌ (မှတ်မှတ်ရရ ရှိပါသေးသည်။ ၁၉၃၉ ခုနှစ် ခရစ်စမတ်ပွဲတော် ဆောင်းရာသီ၌) ကျွန်တော် နှာစေး၍ သူတို့ရှေ့မှ ရုတ်တရက် ချေဆက်လိုက်မိသည်၌ ကျွန်တော့်အလိမ်ပေါ်သွားလေသည်။

အသို့ဟူမူ ကျေးလက်တောရွာနေ ကျွန်တော်ကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ချေဆက်သေအခါ၌ ဘုရားတတတ်ကြသည်။ ဥပမာ 'ဟတ်ချိုး ဘုရား' အချို့ဆိုလျှင် 'ဟတ်ချိုး ဘုရား တရား အနိစ္စ ဒုက္ခ အနတ္တ'တွေပါ တသီကြီးပါသွားကြသည်။ ကျွန်တော်တို့အိမ်ရှိ လူကြီးမိဘများ ချေဆက်လျှင် ဤသို့ပင် ဖြစ်နေသောကြောင့် ကျွန်တော်မှာလည်း ယခုတိုင် ဤအစွဲ ဤအကျင့်က ရှိနေပါသဖြင့် ၄င်းခရစ်ယန်မကလေးတွေ၏ ရှေ့မှောက်၌. . . .

'ဟတ်ချိုး ဘုရား'ဟု ရေရွတ်လိုက်မိသည့်အတွက်၊ ခိုးထုတ်ခိုးတယ်နှင့် မိဘိသကဲ့သို့. . .

'ဟင် ဒို့ကိုညာတာ၊ ဒို့ကိုညာတာ၊ သူဗုဒ္ဓဘာသာကြီး၊ ဗုဒ္ဓဘာသာကြီး'ဟု လက်ညှိုးတငေါက်ငေါက်ထိုး၍၊ တီဆားနှင့်တို့သလို ဖြစ်သွားကြကုန်၏။

ကလေးနှင့် ဘာသာရေး

ကျွန်တော်တို့ဗုဒ္ဓဘာသာ လူမျိုးများမှာ ဗုဒ္ဓဘာသာကမွေးလျှင် ဗုဒ္ဓဘာသာကလေး တွေဘဲ၊ အလိုလိုဖြစ်နေချေသည်။ သူတို့ခရစ်ယန်တွင်မူ ဤသို့မဟုတ်၊ ကလေးများအား **Baptize** ဘက်ပတိုက်ခေါ် ဘာသာသွင်းခြင်းကို ပြုလုပ်သေးရသည်။ မောင်အေး၏သားများက သူတို့ဘာသာသို့ သွင်သွင်းပြီးဖြစ်နေကြပြီ။

သို့သော် ကလေးတွေဆိုသည်ကား ဘာသာရေးကို မစဉ်းစားတတ်သေး။ ယခုသူတို့ တောရွာသို့လာ၍ ရှင်ပြုရမည်ဆိုသောအခါ၊ အလွန်ပျော်နေကြသည်။ ကျောင်းသို့သွားလျက် ဘုန်းတော်ကြီး ဩဝါဒကို နာခံလျက် သင်္ကန်းဟောင်းတွေ၊ ပုတီးစိပ်တွေ ကျက်ကြသည်။

ယင်းသို့သံဃာစင်ပေါ်တွင် ကျက်ရင်း၊ ရွတ်ရင်းမှ၊ လယ်ထဲသွားပြီး ဖားကလေးတွေ ဖမ်းချင်သည်၊ ပုစွန်တွင်း နှိုက်ချင်သည်ဟု ဆိုကြသည်။

အကြောင်းမှာ သူတို့သည် ယခုနွေရာသီမှ ဤတောရွာသို့ရောက်ကြသည် မဟုတ်။ မိုးတွင်းတုန်းကလည်း (မောင်အေးက သူ့သားများအား ရွာပြ) တခေါက်လာခဲ့ဘူးပြီမို့၊ ထိုစဉ်တုန်းက သူတို့သည် လယ်ထဲလိုက်ပြီး၊ ဖားငါးပုစွန် ဖမ်းခဲ့ကြသည်။ ယခုကား နွေရာသီမို့ လယ်ထဲတွင် ရေမရှိတော့ချေ။ ဘုန်းကြီးကျောင်းက၊ ကန်မှာသာရှိ၏။ ထို့ကြောင့်ရွာမှ ရွတ်နောက်တတ်သူ များကပြောကြ၏။

'မင်းတို့ ဖားငါးပုဇွန် ဖမ်းချင်ယင် အခု သင်္ကန်းတောင်းတွေ၊ ပုတီးစိပ်တွေကို ရအောင် ကျက်ကြ'

အကြီးဆုံးကောင်က. . . .

'ဘာဆိုင်လဲဗျ'

'ဆိုင်ပြီလားကွ၊ ခုနှယ်မင်းတို့မြင်တဲ့အတိုင်းဘဲ လယ်တွေထဲမှာ ရေမရှိလို့ ဖားငါးပုစွန် မရှိတော့ဘူး၊ ဘုန်းကြီးကျောင်းက ရေကန်ထဲမှာသာ ရှိတော့တာကွ၊ ဒီတော့ မင်းတို့ ကိုရင်လေး တွေ ဖြစ်တဲ့အခါမှာ ဘုန်းကြီးကျောင်းမှာနေရမယ်၊ အဲဒီတော့ယင် ကန်ထဲဆင်းပြီး ဖားငါး ဖမ်းကြပေတော့'

'ဘုန်းကြီးက မဆိုဘူးလား'

'မဆိုပါဘူးကွ၊ သူကတောင်မင်းတို့ကို ဖားငါးဖမ်းနည်းကို သင်ပေလိမ့်မယ်'

'ဘုန်းကြီးက ဖမ်းတတ်လို့လား'

'ဟာ. . . . သိပ်တတ်တာပေါ့ကွ၊ သူ့ကိုယ်မှာ ရုံထားတဲ့သင်္ကန်းကြီးမြင်လား၊ အဲ. . . . အဲဒါကြီး ဖြန့်ပြီး ရေထဲမှာ ငါးတွေဖားတွေကို သဲသဲယူတာပေါ့၊ မင်းတို့ကိုရင်ဖြစ်တဲ့ အခါမှာ အဲဒီလို သင်္ကန်းနဲ့ ငါးဖမ်းနည်းကိုသင်ပေးမှာ'

သူတို့သည် မျက်လုံး ကလေးတွေ ကလယ် ကလယ်နှင့်နားထောင်ကြ၏။ သူတို့နှင့်အတူ ရှင်ပြုကြမည့် ရွာခံကလေးများက ပြုံးစိစိနေကြရ၍ မယုံသင်္ကာဖြစ်လာဟန်နှင့်. . . .

'ဟေ့. . . ဟုတ်ရဲ့လားကွ' ဟုမေးရာ သူတို့အထဲတွင်အကြီးဆုံးဖြစ်သူ ဘုန်းကြီးကျောင်းမှာ ဆွမ်းခံစားခဲ့၍ ဘုန်းကြီးကျောင်းဝါးဝနေသော မောင်အောင်လွင်က. . . .

'ဟုတ်တာပေါ့ကွ၊ သင်္ကန်းမစည်းရခင် ခုနှယ် ရေကန်ထဲဆင်းယင်တော့ ဘုန်းကြီးက ရိုက်တယ်ကွ၊ ကိုရင်ဖြစ်ယင်တော့ သဘောရှိဘဲ'

သို့နှင့်သူတို့သည် ဘုရားရှိခိုးတွေ၊ သင်္ကန်း တောင်းတွေ၊ ပုတီးစိပ်တွေကြိုးစားပမ်းစား ကျက်ကြသည်။ စာရွတ်ရတာမောသွား၍ တထောက်နားကြသောအခါ ညီအကိုထ,၍ ဆော့ကြ သည်။

သူတို့သည် ကာတွန်းစာအုပ်တွေ နင်းကန့်ဖတ်ထားသော ကာတွန်းဇာတ်လိုက် သိုင်းသမား၊ စိတ်ဝင်နေကြသူများဖြစ်၍ ယားယီးအားအီးနှင့် တကြော်ကြော်အော်လျက် သတ်လိုက်ပုတ်လိုက်ကြရာ၊ တော်ကြာ ထွေးကနဲ့ သံဃာစင်ပေါ်ကကျသွားပြီးတယောက် ဟော တယောက်၊ တယောက်။

သူတို့သည်ဆော့နေကျ နကိုထဲကကျင့်သားရကြပြီးဖြစ်၍ နာရကျင်ရမှန်းမသိကြ။ သူ့အဖေ ကလည်း သင်ထားသည်။ တယောက်နှင့်တယောက် သတ်ကြပုတ်ကြပြီး မငိုကြစတမ်း။

မငိုပါဘူး. . . . မငိုပါဘူး။ သံဃာစင်ပေါ်ကသာ တဖုတ်ဖုတ်ကျနေကြသည်။ သူတို့ဆော့ကြ ၍ သံဃာစင်တော့ မမှောက်ပေါက်ပေါက်သွားတာတော့ အမှန်ပင်။

အကြောင်းမှာ သံဃာစင်ပတ်လည်နဲ့ ဝါးနီးကို ရက်၍ကာထားသော ရာဇမတ်ကွက်ထဲမှ မြဲပြီး ထွက်ထွက်ကျသွားသည်ဖြစ်၍ ရာဇမတ်ကွက်ကို ပြန်ဖာမည့်လူက အသင့် စောင့်နေရ သည်။

ဤသို့လျှင်သူတို့သည် ရှင်လောင်းလှည့်သောအခါ မြင်းစီးရမည်။ ကိုရင်ဖြစ်သောအခါ ဘုန်းကြီးကျောင်းက ရေကန်ထဲမှာ ဖားငါးပုစွန် ဖမ်းရတော့မည်ဟု တွေးတောပျော်ရွှင်လျက် စာကြိုးစား၍ကျက်ကြကုန်၏။

## တောအလှူ

ကျေးတောရွာတို့တွင် အိမ်တအိမ်၏ သာရေးနာရေးကိစ္စသည် တရွာလုံးနှင့်သက်ဆိုင် သည်။ အစမှအဆုံးတိုင် တတ်နိုင်သမျှလာရောက်ကူညီကြသည်။ အထူးဖိတ်ခေါ်စရာပင်မလိုပေ။ မြို့အရပ် ဒေသတို့မှူ အရပ်ကအကူအညီထက် ငွေကြေးကို အားထားရသည်။ ငွေရှိမှ ပြီးမြောက် နိုင်သည်။ မဏ္ဍပ်နှင့်စားပွဲကုလားထိုင်များ ငှားစားသူတွေ ရှိသည်။ မည်သည့်အဆောင်အယောင် အခမ်းအနားကို မည်မျှဟုဈေးဖြတ်လျက် လာရောက်တပ်ဆင်ပေးသည်။

ကိုယ်လိုချင်သော စာတမ်းဆိုင်းဘုတ်ကို ရေးဆွဲပေးသည်။ ကိစ္စပြီးသောအခါ သူတို့ဟာ သူတို့သိမ်းဆည်းယူငင်သွားကြသည်။ အရပ်က လက်ပိုက်ကြည့်နေရုံဘဲ။

သည့်ထက်မက ငွေကြေးတတ်နိုင်သူတို့ကမူ အိမ်တွင်မဏ္ဍပ်ထိုးမနေတော့ဘဲ စထရင်း ဟိုတယ်၊ သမတဟိုတယ်၊ အင်းလျားကန် ဟိုတယ်၊ ကရဝိတ်ဟိုတယ် စသည်တို့၌ အခမ်းအနား ရော အကျွေးအမွေးရော ကျင်းပကြသည်။

မောင်အေး မင်္ဂလာဆောင်စဉ်က လက်ထပ်ပွဲကို စိန့်အော်ဂတ်စ်တီး ဘုရားရှိခိုးကျောင်း တွင်ကျင်းပ၍ ညှော်ပရိသတ်ကို အင်းလျားကန်ဟိုတယ်၌ ထမင်းကျွေးသည်။

ယခု သူ့သားများ ရှင်ပြုကား၊ ရွာက ကျွန်တော်တို့ မွေးဂေဟာရှေ့မှာ မဏ္ဍပ်ထိုးရသည်။ ခေါင်းရင်းက တလင်းထဲမှာ ထမင်းစားရုံ ဆောက်ရသည်။ ယင်းတို့ကို ဆောင်ရွက်ကြသူများကား အခတပြားမှ မပေးရသောရွာသားများဖြစ်သည်။

ကျွန်တော်တို့တွင် ၄ ကေမျှ ကျယ်သောခြံကြီးရှိရာ၊ ထိုခြံကြီးထဲတွင် ဝါးဘိုးရုံ၊ ဝါးနက်ရုံ တွေများစွာရှိသည်။

ထိုဝါးများကို ခုတ်၍မဏ္ဍပ်ထိုးသည်။ ထမင်းကျွေးရုံဆောက်သည်။ သက်ကယ်များကား မိုးကျခါနီးတွင် မိုးဖို့ဝယ်ယူထားသော အိမ်များမှ ခေတ္တငှားရမ်းပြီး နီးမချည်ဘဲ မိုးလိုက်ကြသည်။

အလှူမဏ္ဍပ်တွင်ခင်းရန် ဖျာများနှင့်ထမင်းဟင်းကျွေးရန် ပန်းကန်ခွက်ယောက်များ၊ ချက်ပြုတ်ရန် အိုးကြီးဒယ်ကြီးများကား ကျေးရွာဘုံအသင်းမှ ဝယ်ထားသော ပစ္စည်းများဖြစ်၍ ဘုန်းတော်ကြီးကျောင်းမှာ အသင့်ရှိနေသည်။ ထမင်းစားရုံ၌ ခင်းကျင်းရန် စားပွဲကုလားထိုင်များကား ဟိုအိမ်သည်အိမ်မှ ငှားရမ်းခြင်းဖြင့် လုံလောက်နေပေသည်။

အလှူမဏ္ဍပ်ဆောက်သည့်နေ့မှစ၍ အလှူပြီး၍ မဏ္ဍပ်ဖျက်သည့်နေ့အထိ၊ သီတင်းတပတ်လောက်တော့ အလှူအိမ်မှာ လူများပျားပန်းခတ်မျှနေသည်။

ဝေယျာဝစ္စဆောင်ရွက်သူများ သံဃာစင်ပေါ်မှာလာထိုင်၍ စကားစမြည်ပြောသူများ၊ တရားဓမ္မဆွေးနွေးငြင်းခုံသူများစသည်ဖြင့် လူပေါင်းလေးငါးဆယ်မျှကို နေ့စဉ်ထမင်းကျွေးနေရ သည်။

ကွမ်း၊ ဆေး၊ မပြတ်လက်ဖက်ရည်ကြမ်းနှင့် မြည်းစရာမလစ်ဟင်းရ၊၊ မနက်စာ ညစာ ထမင်းအိုး ဟင်းအိုးနှင့် လက်ဖက်ရည်ကြမ်းအိုးကား မီးခိုးတလူလူ။

ထင်းပေါက်သူ ရေခတ်သူယောက်ျားကလေးများ၊ အစားအသောက် ချက်ကြပြုတ်ကြ သော အမျိုးသမီးများ၊ သူတို့ကြိုက်သော သီချင်းများဇာတ်ထုပ်များ သည်ခေတ်မှာ ကက်ဆက် နှင့် အသံချဲ့စက် တညံညံပေါ့။

ပျော်သည် ပျော်သည်၊ လူတိုင်းပျော်ကြသည်။

## ငါးသလောက်ပေါင်း

ကျွန်တော်တို့ရွာသားများသည် ကျွန်တော့်သားများကို ရှင်ပြုစဉ်က ငါးခြောက်ထောင်းစားချင်သည်ဟု တောင်းဆိုခဲ့ကြ၍ ယခုမောင်အေးသားများကျတော့ ငါးသလောက်ပေါင်းတဲ့။

ရန်ကုန်မြို့နယ်တွင် အလှူအတန်းတို့၌ ဝက်သားကြက်သားများ ကျွေးကြသည်။ ထိုအသားများ မတတ်နိုင်ပါမှ ငါးသလောက်ပေါင်း ဆင်းရဲသောအလှူဖြစ်သည်။ ရန်ကုန်မှာ ငါးသလောက်ဈေးက ချိုသည်။

ကျွန်တော်တို့ရွာသားများကား သူတို့ဆီတွင် ငါးသလောက်ထက်ပေါသော ဝက်သား၊ ကြက်သား၊ အမဲသား ကိုယ့်ရွာဖြစ်တွေကို အလှူအရံနေ့များ၌ နေ့စဉ်တလှည့်စီ စားနေကြရ၍ အလှူကြီးနေ့တွင် သူတို့အတွက် စားရခဲသော ငါးသလောက်ပေါင်းကို တောင်းဆိုကြခြင်းဖြစ် သည်။

အကြောင်းမှာ ကျွန်တော်တို့အရပ်သည် မြစ်မနီး၊ ရေဝေးကုန်းတွင်းကျသော ဒေသဖြစ် ၍ မိုးတွင်းမှာသာ ရေရှိလျက်၊ ချောင်းငါး လယ်ငါးများသာစားရသည်။ မြင်ငါးဖြစ်သော ငါးသလောက် မရှိချေ။ အခြားအရပ်က လာမှသာရသဖြင့် ရှားပါးပြီး စျေးကြီးလှချေသည်။ ကျွန်တော်တို့ ကျေးရွာသားများမှာ ငါးသလောက်ကို အစိုစားဘူးသူ ရှားပါးလျက် ငါးသလောက် ပေါင်းငပိ ငါးခြောက်လောက်သာ စားဘူးကြသည်။ ငါးသလောက်ပေါင်းဆိုသည်ကား အချို့မှာ ကြားမှမကြားဘူး ပေါင်းချောင်ကြီးထဲထည့်ပြီး ကောက်ညှင်းပေါင်းသလိုမျိုး ပေါင်းတာလားကွဲ့။

စင်စစ် ငါးသလောက်ပေါင်းသည် ဒီခေတ်မှာ ငါးခြောက်ထောင်းလောက် အကုန်အကျ မများချေ။ ငါးခြောက်ထောင်းလိုလည်း ဆီနှင့်ကြက်သွန် များများမလိုပါ။ ခရမ်းချဉ်သီးနိုင်လျှင် ပြီးသည်။ ခရမ်းချဉ်သီးကား ကျွန်တော်တို့ရွာမှ ပေါလှချေသည်။

သို့သော် ငါးသလောက်အစိုကား အလှူလုပ်ရန် လူထောင်ကိုးရာစာကြီးကို ပေါင်းတည် မြို့စျေးမှာ ဝယ်၍ မရနိုင်ပါ။ ထို့ကြောင့်မောင်အေးသည် သူ့ကုန်တင်ကားနှင့် အလှူနေ့အချိန် မီရောက်ရန် ရန်ကုန်မြို့မှ စီမံခဲ့သည်။

ထိုကားဆိုက်ရောက်လာသောအခါ ငါးသေတ္တာတွေ ကားပေါ်မှ ချကြရ၍ လူတွေ ဥအော်သောင်းနင်း ဝိုင်းဝန်းကြည့်ရှုကြသည်။

စိန်တုံးတွေ၊ ခါးတွေ၊ ဒယ်တွေ ပြင်ကြသည်။

'ရင်ကိုခွဲ အူအသဲ အရင်ထုတ်ဟေ့၊ ပြီးမှ အကြေးထိုးကြ'

ကျွန်တော်တို့ရွာတွင် မြို့သို့သွားပြီး အလှူအဒါန်းများ၌ ချက်ပြုတ်လုပ်ကိုင်ဘူးသူများရှိ ကြ၍ ငါးသလောက် ပေါင်းတတ်သူများရှိကြသည်။

'ဟာ. . . ဝမ်းတွင်းသားတွေ လပ်သဟေ့၊ ပွဲဘဲတာကွ၊ သည်းချေနဲ့ ချေးတွေထုတ်ပစ်ကြ၊ အူအသဲတွေ ခရမ်းချဉ်သီးနဲ့ချက်၊ ငါးသလောက်ကလီစာဟင်း စားရခဲဘိခြင်းကွာ'

ဤဟင်းပင် ဒယ်အိုးခပ်ကြီးကြီးတလုံး ရသဖြင့် ထိုညမှာ ငါးသလောက်ပေါင်းသူတွေ သူရာရေတမြမြနှင့် ပျော်ကြပါးကြသည်။

အလှူနေ့တွင် ရွာသူရွာသားတို့ တမ်းတ,ကြသည့် ငါးသလောက်ပေါင်း၊ သရက်သီးသုတ်၊ ပဲသီး ဂေါ်ဖီရွက်နှင့် ဘဲဥကြော်၊ ပူးသီးဟင်းချို၊ ငရုတ်သီးတောင့်ကြော်တို့နှင့် ဝက်ဝက်ကွဲအောင် ကျွေးလိုက်ရ၏။ မြို့အလှူနှင့်တူ၊ ကျွေးရမွေးရ စားကြ သောက်ကြ အားရပါးရရှိလှ၏။

ယင်းသို့လျှင် အလှူလာပရိသတ်နှင့် ရွာသူရွာသားအားလုံးတို့ ကျေနပ်ပျော်ရွှင်စွာဖြင့် အလှူ့ဒကာများ ဖြစ်ကြသော ဦးမောင်အေး–ဒေါက်တာဒေါ်တင်တင်ချို၊ ဦးထွန်းကြိုင်–ဒေါ်ချိုချို၊ ဦးကြည်လွင်–ဒေါ်ခင်နွယ်၊ ဦးထွန်းရှိန်–ဒေါ်အုန်းကျင်တို့၏ သားများရှင်ပြုမင်္ဂလာပွဲကြီး ပြီးဆုံး အောင်မြင်စွာ အထမြောက်သွားပါသတည်း။

## အကျိုးအမြတ်

ဤရှင်ပြုပွဲကြီးတွင် ကိုရင်ပေါင်း (၉)ပါးဖြစ်မြောက်သွားသည့်အနက်မှ ရွာခံကလေးများ သည် ဗုဒ္ဓရတနာသုံးပါးနှင့် ယဉ်ပါးပြီးဖြစ်၍ ယခုမှ တရားသစ်ဓမ္မသစ်နှင့် တွေ့ထိရသော မောင်အေး ၏သားများကို ဖော်ပြလိုပါသည်။

ဘာသာဟူသည် ကလေးသူငယ်တို့အား နီးစပ်ရာ ဖြစ်တတ်သည်မို့ သူတို့လည်း 'ရွှေပင် နား ရွှေကျေး'ဖြစ်လျက် အခြားကလေးများနည်းတူ ၇ ရက်သင်္ကန်းစည်းကြသည်။ ရှင်ကျင့်ဝတ် နှင့်အညီ နေကြရပါသည်။

ညတွင် ဘုန်းကြီးကျောင်းမှာ ကျိန်းစက်သည်။ နံနက်စောစော အရုဏ်ဆွမ်း ဘုဉ်းပေးရန် တကြိမ်၊ ၁၀နာရီကျော်လောက် နေ့ဆွမ်းဘုဉ်းပေးရန်တကြိမ် အိမ်သို့ကြွရသည်။

ဗုဒ္ဓဘာသာထုံးစံ၊ လူကြီးများ၏ ညွှန်ကြားချက်အရ၊ သူ့အဖေအား မူလအတိုင်းမခေါ်စေ ဘဲ 'ဒကာကြီး ဒကာကြီး' ဟု ခေါ်ရသည်ကို သူတို့လွန်စွာကျေနပ်ကြသည်။ သူတို့အဖေလည်း လွန်စွာပီတိဖြစ်နေသည်။

တနေ့သ၌ သံဃာစင်ပေါ်တွင် သတို့သင်္ကန်းတောင်းပုတီးစိတ် ကျက်ကြစဉ်က ကျွန်တော်တို့ က နောက်ပြောင်ထားသည့်အတိုင်း. . .

'ဘယ့်နှယ် ကိုရင်တို့၊ အခုသင်္ကန်းစည်းပြီးတော့ ဘုန်းကြီးကျောင်းက ရေကန်ထဲမှာ ငါးဖမ်းရရဲ့လား၊ ပုစွန်နှိုက်ရရဲ့လား'ဟု မေးသောအခါ ညီအကိုသုံးယောက်သည် မျက်လုံးကို ပြူးလျက် အကြီးဆုံးကိုရင်က. . .

'ကြည့်စမ်း. . . ဒကာကြီးတို့ဟာ လူညာကြီးတွေဘဲ ကျွန်တော်တို့ဘုန်းကြီးကပြောတယ်ဗျ၊ ပါဏာတိပါတာ သူများအသက်မသတ်ရဘူး၊ မုသာဝါဒ လိမ်ညာမပြောရဘူး' အဒိန္နာဒါနာသူများ ပစ္စည်း မခိုးရဘူး၊ ကာမေသုမိစ္ဆာစာရာ သူတပါးသားမယားမပြစ်မှားရဘူး၊ သုရာမေရိယ သေရက်

သေရက် မသောက်ရဘူး၊ အပယ်ကျတတ်တယ်ဗျ' ဟုဆိုပြီး ကျွန်တော့်ကိုလက်ညှိုးငေါက် ငေါက်ထိုး၍ 'ဟောဒီ ဦးကြီးတော့ ငရဲအိုး ဂျိုးကပ်တော့မယ်၊ နေ့တိုင်း အရက်တွေသောက်နေ တာဘဲ' ဟု ပြောလိုက်ပါ၏။

ယင်းသည်ကို ကြားရသည်၌ နောင်တွင် ဤကလေးများသည် အခြေအနေရဘယ်ဘာ သာဝင်ဘဲဖြစ်သွားကြစေတော့၊ ယခု ဗုဒ္ဓဘာသာ၏ အခြေခံ၊ ကံငါးပါးနားလည်သွားကြသည်ကို ပင် ကျွန်တော်တို့ ဝမ်းမြောက်ကြရပြီ ဖြစ်ပါကြောင်း။

## ကလေးဆိုးချန်ပီယန်

ကျေးတောရွာနေ လုပ်သားပြည်သူတို့သည် မိမိတို့ဆွေမျိုးညာတကာ သာရေးနာရေး ကိစ္စ၌ မပျက်မကွက် ဆက်ဆက်လာတတ်ကြသည်။ တယောက်တလေ ဝတ်ကျေတန်းကျေ မဟုတ်။ အချို့ဆိုလျှင် အိမ်လုံးကျွတ် လူကြီးလူငယ် ညဥ့်အိပ်ညဥ့်နေ လာတတ်ကြလေသည်။

လွန်ခဲ့သောလတွင် ဖော်ပြခဲ့သော ကျွန်တော့်ညီနှင့် ညီမသားများရှင်ပြုတွင် အလှူ မတိုင်မီ ၃–၄ရက်လောက်ကပင် အရပ်ခပ်ဝေးဝေးမှ ဆွေမျိုးတွေစတင်ရောက်ရှိကြပေပြီ။ ဤဧည့်သည်လာတို့မှာ လူကြီးလူငယ်များသာမက၊ နို့စို့နို့ညှာများလည်း ပါတတ်ကြလေရာ၊ အချို့ ကလေးသူငယ်များမှာ သဘောသကာယ ကောင်းမွန်ကြ၍ အချို့မူ လူကြီးကို ဒုက္ခပေးတတ် သောကလေးဆိုးများ ဖြစ်ကြကုန်သည်။ ယင်း၌ကလေးဆိုးတွေအကြောင်း စကားစပ်မိရာမှ သက်ကြီးစကား သက်ငယ်ကြား စိမ့်သောငှာ အဘွားအိုကြီးတယောက်က စတင်ပြောကြားသည် မှာ. . .

'ခုခေတ် ဘယ်ကလေး ဘယ်လောက်ဆိုးတယ် ပြောပြောဟေ့. . . ကျင်မောင်ငယ်ငယ်က ဆိုးတာကိုတော့ ဘယ်သူမှမမှီဘူးမှတ်ပါ'

'ဟာ. . . ကျင်မောင်လိုဆိုးတာတော့. . . လူ့ပြည်မှာအယင်ကလဲမရှိဘူး၊ နောက်ထပ်လဲ ရှိတော့မှာ မဟုတ်ပါဘူး မယ်စံရာ' ဟု အဘိုးအိုကြီး တယောက်ပါဝင်ရောက်ထောက်ခံလိုက်လေ ရာ အားလုံးသောပရိတ်၏ မျက်စိတို့သည် ကျွန်တော့်မျက်နှာပေါ်သို့ ရောက်ရှိကြကုန်တော့၏။ အကြောင်း မှာ ယင်းအဘွားကြီးနှင့် အဘိုးကြီးပြောနေကြသော 'ကျင်မောင်' မှာ ခင်ဗျားတို့ စာရေးဆရာကြီး သော်တာဆွေ၏ ငယ်နာမည်ပါတည်း။

ဇာတာဖွဲ့ရာတွင် ကျွန်တော့်အား နေ့သင့်နံသင့် မှည့်ထားသောနာမည်မှာ 'မောင်ချစ် လှိုင်' ဖြစ်သော်လည်း၊ ဤနာမည်သည် ဇာတာပေရွက်ထဲတွင်သာ နေသည်။ ကျွန်တော့်အား

မည်သူကမျှ ဤနာမည်ဖြင့် မခေါ်ကြချေ။ တရွာလုံးရှိ လူကြီးလူငယ်များက ကျွန်တော့်အားခေါ်ကြသည်မှာ 'ကျင်မောင်' သို့မဟုတ် 'ဗိုလ်နီ' သာဖြစ်ကြချေ၏။ ဤကျင်မောင်ခေါ် ဗိုလ်နီသည် ငယ်ငယ်က အလွန်ဆိုးသတဲ့။ ပြောစမှတ်ပြုကြသည်။ ကျွန်တော်ကတော့ ဘယ်သိမှာလဲလေ. . ။

ကျွန်တော်ငယ်ငယ်က ဆိုးလှကြောင်း သူတို့တွေ ပြောသားကောင်းလှလို့ ယခု ကျွန်တော်လူကြီးဖြစ်မှ စဉ်းစားဆင်ခြင်ကြည့်တော့၊ ကလေးများ ဆိုးတတ်သော အကြောင်းနှစ်ချက်ကိုတွေ့ရသည်။

(၁) မကျန်းမမာ ချူချာသောကလေး။

(၂) လူကြီးမိဘ အလွန်အလိုလိုက်သောကလေး။

ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ကြည့်လိုက်တော့ ကျွန်တော့်ခမျာလေးမှာ ဤနှစ်ချက်နှင့်ကွက်တိ အကျုံးဝင်နေကြောင်းတွေ့ရ၏။

(၁) ကျွန်တော်ငယ်ငယ်က အလွန်ချူချာသည်ဆိုဘဲ။ ဘယ်လောက်များဆို သုံးခါလည်သားမှ ထိုင်နိုင်သတဲ့။

(၂) ကျွန်တော့်မိဘများတွင် သားသမီး ၈ယောက်မွေးခဲ့သည့်အနက်၊ ကျွန်တော်က စတုတ္ထမြောက်ဖြစ်လျက် သားဦး။ ပထမဦးဆုံး သမီးကြီးက ယခုမောင်အေးအလှူ ဖိတ်စာ၌ အမျှုးထားခဲ့သော ဒေါ်သိန်းမယ်၊ ဒုတိယနှင့် တတိယက မသိန်းမြနှင့် မသိန်းလှ။ သူတို့နှစ်ယောက်ကား ကျွန်တော်မမွေးမီကပင် သေကုန်ကြသည်။ ယင်းသို့ကျွန်တော့်မိဘများမှာ သမီးချည်း ၃ယောက်ဆက်မွေးပြီး၊ တယောက်သာ အဖတ်တင်နေစဉ်. . . စတုတ္ထမြောက်မှာ သားယောကျ်ား ဖွားလိုက်တယ်ဆိုတော့ မိဘများမှာ ဒီသားဦး သားထူးကြီးကိုတကယ်ချစ်၊ တယ်အလိုလိုက် ကြဆိုသကိုဗျ။ ဒီကလေးကလဲ မွေးကတည်းက မမာလိုက်တာဗျာ။ သူ့ကုရတဲ့ ဆေးဖိုးနဲ့ သူ့ကိုယ်ကို နှစ်ဖက်ချိန်ခွင်မှာ ထည့်စက်မယ်ဆိုယင် ငွေဘက်ကလေးမယ်တဲ့၊ ပြောကြတယ်။ ဒါတော့ ဟုတ်နိုင်တာဘဲဗျ။ အဲသည်ခေတ်က ငွေဒင်္ဂါးတွေ သုံးရတာကိုး။

နို့ပြီးသူ့ကို ဘယ်သူကမှလဲ အသက်ရှည်မယ် မထင်ကြဘူး။

ဒီကလေးအသက်ရှည်ဖို့လဲ လိုလိုလားလား မရှိကြဘူးတဲ့။ ဘာကြောင့်လဲဆို လူကြီးမိဘ ကို သိပ်ညည်းဆဲတဲ့ ကလေးမို့. . . ကျွန်တော့်မိဘများကိုသာ သနားကြပြီး 'ဒီကောင်သေမှနင်တို့ အေးမှာဘဲဟယ်' လို့ ပြောကြသတဲ့။

ကျွန်တော်တို့အိမ်ကို အရင်တခါ ရောက်ခဲ့ပြီး နောက်တခါထပ်ရောက်လို့ ကျွန်တော့် ငိုသံကြားရတယ်ဆိုယင်ဘဲ 'ဟဲ့ဒီကလေး မသေသေးဘဲကိုး' ပြောရသတဲ့။

အင်း. . . ပြောမယ်ဆိုလဲ ပြောစရာပလေ။ ကျွန်တော့်ကိုယ်က သုံးခါလည်သားရှိလို့ ထိုင်နိုင်သည့်တိုင်အောင်မှ အရိုးပေါ်အရေတင်ယဲ့ယဲ့ကလေးရှိသတဲ့။ ဒါပေမယ့်စိတ်နဲ့ဖွဲ့ကတော့ တယ်ကြီးသတဲ့ဗျာ။ တခုခုအလိုမကျလို့ ငိုလိုက်မိယင် ဘယ်လိုမှချော့လို့မရဘူး။ သူ့ကိုယ်မှာ အသားမရှိလို့ရိုက်စရာကလဲ နေရာမရှိဘူး ငိုတာများ နေ့ကူးပြီးငိုသတဲ့။ ဘယ်လိုလဲဆိုယင် ဒီနေ့ငိုတယ်၊ မောလို့အိပ်ပျော်သွားတယ်။ နောက်တနေ့ အိပ်ရာကနိုးတော့ဆက်ငိုတယ်။

'သူငိုပုံကလေ. . . ခြေခွင်လေးနှစ်ဖက် ထိုးထိုးပြီး လက်ခုပ်ကလေးတီးတီးငိုတယ်'

ကျွန်တော့်ငိုပုံကို ကျွန်တော့်အမလေး မသိန်းမယ်ကပြောပြရာ၊ ကျွန်တော့်စိတ်ထဲတွင် ခပ်ရေးရေး မှတ်မိသလို ရှိလာပါသည်။

'ကျင်မောင်ဟာ ငိုတော့အင်မတန်ကြီးတဲ့ကောင်ကွ' ကျွန်တော်တို့ ဦးကြီးတယောက်က ဆက်ပြောသည်။

'လက်နဲ့ရိုက်လို့များလား သူ့အသားလဲနာ ကိုယ့်အသားလဲနာ မမှုပါဘူးတဲ့ဗျ၊ ဒီကောင် စကားလဲတတ်တယ်၊ ဒီကောင့်ဖွဲ့ နောက်ဘယ်တော့မှကျွတ်လဲသိလား၊ ရေစည်ထဲဖောက်ထိုးနှစ်ရတယ်၊ တခါနဲ့တော့မရဘူး၊ နင်မတိတ်ဖူးလား၊ တိတ်မလား။ မေးမေးပြီး သုံးလေးခါက် လောက်နှစ်ရတယ်၊ နောက်ဆုံးလူမွန်းပြီး မျက်နှာပြာလာတော့မှ သူ့အသံမထွက်နိုင်တော့ဘဲ လက်လျှော့တယ်၊ အာဂကောင်လား လကွာ'

ယင်း၌ ကျွန်တော်မှတ်မိလာပြန်သည်။ ကျွန်တော်တို့အိမ်မှာ ခါးစောင်းလောက်မြင့်၍ အဝကယောက်ျားကြီး လက်နှစ်ပိုင်းစာမျှကျယ်သော သစ်သားရေဆည်ပိုင်းကြီး ရှိပါသည်။ ကျွန်တော်ငိုပြီဆိုလျှင် ခြေနှစ်ချောင်းကိုင်၍ ဇောက်ထိုး နှစ်ကြပါသည်။

'သူက စရိုက်ဆိုးရုံတင် မဟုတ်ဖူး၊ စိတ်သဘောလဲ ယုတ်တယ်ပုပ်တယ်'

ကျွန်တော့်အမလေးက ဆက်လက်ပြောပြန်တော့ ယင်းကိုဖြင့် အသက်၅၀ကျော် ၆၀နီး နေပြီဖြစ်သော ကျွန်တော်မခံချင်။

'ဟဲ့. . . ငါကဘယ်လို သဘောယုတ်လို့ပုပ်လို့လဲ'

'နင်. . . ငယ်ငယ်က အလကားနေယင်း ငါးကျည်းခြောက်ထဲ မပြတ်စားနေတာ မှတ်မိရဲ့လား'

'အေး. . . ဒါတော့မှတ်မိသားဘဲ'

'အမှန်ပင်၊ ကျွန်တော်ကငါးကျည်းခြောက်ကို အလွန်ကြိုက်၏။ ငါးကျည်းခြောက်မှလက်ကောက်ဝတ်လောက် ပွပွကြွပ်ကြွပ်ကြီးတွေ ငယ်တာမျိုးကို ကျွန်တော်မစား။

'စားတော့ နင်အသားဘဲစားတယ်၊ ခေါင်းနဲ့အရေပြားကို လွှင့်ပစ်တယ်'

ဒါတော့ ကျွန်တော်ကတွေ၍စဉ်းစားပြီး. . .

'အေး. . ဒါဟုတ်ချင် ဟုတမှာပေါ့ဟ'

'ဟုတ်ချင် ဟုတ်မှာပေါ့မဟုတ်ဘူး၊ ဟုတ်ကိုဟုတ်တယ်၊ အဲဒီမှာ နင်ဘယ်လိုသဘောပုပ်သလဲ ယုတ်သလဲဆိုယင် ကိုယ်မစားဘဲခေါင်းနဲ့အရေပြားကို ဒိပြင်လူစားချင်စားပါစေဆိုတာကို ဘယ်သူ့မှပေးမစားဘူး၊ ခြေနဲ့နင်းပြီး ကြမ်းပေါက်ကနေ အောက်ချချပစ်တယ်'

ယင်းကိုတော့ ကျွန်တော်မမှတ်မိချေ။ သည်အတိုင်းမှန်လျှင်ဖြင့် ကျွန်တော့်သဘောယုတ်ခဲ့သည်၊ ပုပ်ခဲ့သည်အမှန်။ အမလေးက ကျွန်တော့်ထက် ၅နှစ် ၆နှစ်မျှ ကြီးလေရာ၊ ကျွန်တော့်စရိုက်ဆိုးအားလုံးကို သူကောင်းကောင်းမှတ်မိပေလိမ့်မည်။

'နင်. . . အကျင့်ယုတ်ခဲ့တာတွေတော့ ငါ့အဖို့တသက်မမေ့နိုင်စရာတွေ အများကြီးပါဟယ်၊ ကြည့်စမ်းပါအုံး ဝက်ပုပ်သွားတုန်းကဘော ဝက်ပုပ်က ဘကြီးတို့အိမ်သာမှာ ချီးမယိုနိုင်ပါဘူး ခုအိမ်ကို ချက်ချင်းပြန်ပါဆိုလို့၊ ဒင်းငိုကျော့ရည်တော့မယ် ဟိုအိမ်မှာက သူ့ကိုနှစ်စရာ ရေစည် ပိုင်းမရှိဘူးဆိုပြီး ချက်ချင်းပြန်ခဲ့ကြရတယ်'

'အေးဟဲ့. . . အဲဒါတော့ ငါ့စိတ်ထဲမှာ ခပ်ဝါးဝါးဘဲ၊ အဲသည်အချိန်မှာ ခပ်ဝါးဝါးဘဲ။ အဲ့သည်အချိန်မှာ ငါ့အသက်ဘယ်လောက်ရှိပြီလဲ အမလေး'

'၄–၅နှစ်လောက်ပေါ့'

ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော်တို့ဘကြီးဆိုသည်မှာ ကျွန်တော်တို့အမေ၏ အဖေ။ နာမည်က ဦးခိုထောင်၊ အဲသည်အခါမှာ ဘကြီးက မယားနှစ်ဆက်သေပြီး၍ တတိယမြောက်အိမ် ထောင်နှင့် ဝက်ပုပ်မြို့ကလေးမှာနေသည်။ ဝက်ပုပ်သည် ပြည်ရွှေတောင်လမ်းဝယ်၊ ပေါင်းတည် မြို့နှင့် ၃–

၄မိုင်လောက်ဝေးသည်။ ကျွန်တော်တို့ရွာသည် ပေါင်းတည် တာပွန်လမ်းဝယ်ပေါင်း တည်မြို့နှင့် ၃မိုင်ဝေးသည်။

ထို့ကြောင့် ကျွန်တော်တို့ရွာနှင့် ဝက်ပုပ်သည် ၇မိုင်မျှဝေးသည်ပေ့ါ။ ပေါင်းတည်မြို့ ဗဟို ထား၍ မြင်းလှည်းနှစ်တန်စီးရသည်။

ဟုတ်ပါပြီ၊ ကျွန်တော်တို့ အိမ်သူအိမ်သား အားလုံးလိုဘဲဝက်ပုပ်က ဘကြီးတို့အိမ်ကို သွားလည်ကြသည်။ ထိုစဉ်က ဘကြီးတို့အိမ်သည် ကြံခင်းလုပ်၍ အိမ်ကကြံခင်းကြီးအနီးမှာ ယာတဲသာသာဘဲ၊ အိမ်သာကကျင်းအိမ်သာ ပြည့်လုပြည့်ခါနီး လောက်တွေတဖွားဖွားနှင့်၊ နို့ပြီး အမိုးအကာကလည်း လုံလုံလဲလဲမရှိ၊ တံခါးမှ ဂုန်နီအိတ်စုတ်ကလေး ဒီတော့ ကျွန်တော်မှာ ချီးယို၍မဖြစ်တော့၊ ချက်ချင်းအိမ်သာပေါ်က ပြေးဆင်းလာခဲ့ပြီး ချီးယိုချင်တယ်၊ ဒီမှာယိုလို့ မဖြစ်ဘူး၊ ခုချက်ချင်းအိမ်ပြန်မယ်’ဆိုတဲ့အတွက် မဆိုင်းခဏပင် အားလုံးပြန်ခဲ့ရသည်တဲ့။

‘ကြည့်စမ်းပါအုံး. . . ဝက်ပုပ်ကနေပေါင်းတည် ပေါင်းတည်ကနေရွာအထိ မြင်းလှည်းနှစ်တန် စီးရထား၊ လမ်းမှာ နှစ်နာရီလောက်ကြာတယ်၊ သူ့ဖင်မို့လို့ အောင့်ထားနိုင်ပေသပေ့ါ’ဟု ကျွန်တော်အမလေးက ရှုံ့ရှုံ့မဲ့မဲ့နှင့် ချီးမွမ်းသမှု ပြု၏။

‘အဲ. . . တဆက်ထဲဘဲ ဆွေမျိုးတွေဆုံတုန်းမို့ ကြုံတုန်းကြုံခိုက် သူ့အကြောင်းတော့ ပြောလိုက်ရအုံးမယ်’

‘အမလေးက သူ့စကားကိုဆက်ပြန်သည်။

‘အဲဒီ ဝက်ပုပ်ကပြန်လာပြီးကထဲက သူတမျိုးအကျင့်တန်လာပြန်တာက နောက်ဘယ်ရွာ ဘဲသွားသွား သယ်ငယ်မိုးထရံကာတွေနဲ့ ဆင်းရဲသားအိမ်တွေဆို မဝင်နဲ့ အဲဒီအိမ်မျိုးတွေက ဟင်းလဲကောင်းကောင်း ချက်မကျွေးနိုင်ဘူး နောက်ဖေးအိမ်သာကလဲ မကောင်းဘူး၊ သွပ်မိုး ပျဉ်ထောင်နဲ့ ချမ်းသာတဲ့လူတွေအိမ်မှ သွားလည်ရမယ်၊ ဆင်းရဲသားတွေကို ဆွေမျိုးမတော်ချင် ဘူးလို့ ဆိုပြန်သရှင့်. . . ’

‘ဟုတ်ပါသတော်. . . ’

ကြားထဲမှ ကြီးဒေါ်တယောက်က ဝင်ရောက်ထောက်ခံကြသည်။

‘ဒို့. . သဖန်းကုန်းရွာ သူတို့သားအမိသားအဖတွေ လာကြပြီဆိုမှဖြင့်၊ ကိုတိုးနဲ့ ရှင်ရေးတို့ အိမ်၊ မောင်ဖိုးမန်း မစိန်ဖြူတို့အိမ်၊ မောင်ဖိုးရီတို့အိမ်ပေ့ါလေ၊ အဲဒီလို အိမ်ကြီးရခိုင်မျိုးဝင်ကြ

ရသတော့၊ ကျုပ်တို့လိုအိမ်မျိုးများ’ ကျွန်တော့်အား လက်ညှိုးထိုးပြ၍ ‘သူပါယင် ခြေဦးတောင် မလှည့်ရပါဘူး’

ကျွန်တော်မှာ ပြုံးရယ်၍သာနေရပါသည်။

‘အမယ် ဒါတောင်နောက်တော့ သွပ်မိုး ပျဉ်ထောင်အိမ်တိုင်းကိုတောင် မဟုတ်တော့ပြန်ဘူးအရီးရေ့ . . . ’

အမလေးက ဆိုပြန်သည်။

‘တခါ ဂျီးစိန်ဖြူတို့အိမ်ကသူ့ကို အမဲခြောက်နဲ့ခရမ်းချဉ်သီး ချက်ကျွေးလိုက်လို့တဲ့၊ သူ့မှာ မကျေနိုင်မချမ်းနိုင် နောက်ဒီလိုအိမ်မျိုးမသွားတော့ဘူး ဦးဖိုးရီတို့အိမ်လဲ မကောင်းဘူး၊ သူ့မိန်းမ ငါးဟင်းချက်တာ သိပ်ပြီးငရုတ်သီးစပ်တယ်၊ နောက်ဆို သဖန်းကုန်းရောက်ယင် ဒွေးလေးရေးတို့ အိမ်ဘဲ သွားရမယ်လို့ အမိန့်ထုတ်တယ်’

အော်. . . ကြားရ ကြားရကျွန်တော့်မှာ ကိုယ့်ဟာကိုယ်ယုံရခက်၊ မယုံရခက်။ မယုံလို့လဲ မဖြစ်ပေ။ သဖန်းကုန်းရွာမှ ဦးကြီးဖြစ်သူက ဆိုပြန်လေသည်။

‘အေးပေ့ါဟ. . . ကိုတိုးတို့ ရှင်ရေးတို့က ငွေကြေးလဲ ချမ်းသာတော့ သူ့ဒွေးလေးရေးက သူ့တူကြီးမျက်နှာမြင်တယ်ဆိုဘဲ ‘ဟော ဒီမှာ ဗိုလ်နီကြီးတို့ရောက်လာပြီ ဟေ့. . . ငါ့တူကြီး ဘာဟင်းစားမလဲ မင်းကြိုက်တာကိုပြော ဆိုပြီးလမ်းထိပ်က ဈေးကလေးကိုပြေးပြီး အဝယ်ခိုင်းလိုက်တာကိုကွ ငါသိတာပေါ့’

[မှန်၏။ ဒါကိုတော့ ကျွန်တော်ကောင်းကောင်းမှတ်မိသည်။ ယခု ပေါင်းတည်မြို့ပေါ် ရောက်၍ မျက်စိကွယ်နေသည်ဖြစ်သော ဒွေးလေးရေးသည် ဟိုယခင် ကျွန်တော်ငယ်စဉ်တုန်းက သာ မဟုတ်၊ ယခုတိုင် သူ့အိမ် ကျွန်တော်ရောက်သွားပြီဆိုပါက ကျွန်တော်အသံကြားလျှင် ဟဲ့. . ဗိုလ်နီကြီး ထမင်းစားပြီးမှ ပြန်မယ်မဟုတ်လား၊ သူကြိုက်တဲ့ဟင်းမေးပြီးမှ ချက်ကြဟဲ့’ဟု နှုတ်အကျင့်ပါနေပါသေးသည်။]

‘ဟုတ်တယ်ဦးကြီးရဲ့’ အမလေးက ရှေးခေတ်ဟောင်းအကြောင်း ဆက်ပြန်သည်။

‘အဲဒီအိမ်မှာက သူနဲ့ကစားဖော် မြမောင်ကလဲရှိတယ် မဟုတ်လား၊ ဒွေးလေးရေးတို့ အိမ်ရောက်လို့ သူစားချင်တဲ့ဟင်းတွေပြောဆိုပြီး ညီအကိုနှစ်ယောက် ကစားနေပြီဆိုတော့မှ ကျမတို့သားအမိ သားအဖတွေ အခြားဆွေမျိုးတွေအိမ်သွားကြရတာ’

'အဲသလောက်အကောင်' ဦးကြီးကစကားဆက်ပြန်သည်။ 'ဒါပေမယ့်ပ ကျင်မောင့်ကို တခုချီးမွမ်းရမှာက သူများအိမ်ရောက်ယင် သူဟင်းကောင်း ကျွေးကောင်း စားချင်သလိုဘဲ၊ သူ့အိမ်လာတဲ့ဧည့်သည်ကိုလဲ ဟင်းကောင်းကျွေးကောင်း စားရစေတယ်ကွဲ့၊ ဘာလို့လဲဆို ငါက ကောင်းကောင်းမှတ်မိတယ်၊ သူတို့အိမ်များ ငါရောက်သွားတယ်ဆိုယင် ဟောဒီမှာ. . . အဖေရေ၊ အမရေ သဖန်းကုန်းက ဦးကြီးလာပြီဗျို့၊ ဟင်းကောင်း ချက်တော့လို့ အော်တော့တာဘဲ'

'ဒါတော့ ဟုတ်တယ်'ဟု အမလေးက ထောက်ခံသည်။ 'ဘာလို့လဲဆို သူနားလည်ထား တာက အိမ်ကိုဧည့်သည်ရောက်ယင် ဟင်းကောင်းချက်ရမယ်၊ ဧည့်သည်လာယင် သူဟင်း ကောင်းစားရမယ်၊ ဒါကြောင့် အိမ်ကို ဧည့်သည်မပြတ်လာဖို့ဘဲ သူက တမ်းတနေတာ ဦးကြီးရဲ့'

## ဘုန်းကြီးကပ်တဲ့ ဘိလပ်ရည်

'ငါ့တူက အစားကောင်း အသောက်ကောင်းတော့ တယ်ကြိုက်ဟုတ်လား ဟီးဟီး'ဟု ရယ်မောလျက် အမလေးကို ကြည့်၍ 'ဟဲ့. . . သိန်းမယ်ရဲ့ နင်မှတ်မိသေးလား ဘယ့်သူ့အလှူ တုန်းကပါလိမ့်၊ ဘုန်းကြီးတွေကပ်တဲ့ ဘိလပ်ရည်မှ သောက်ချင်လှပါပြီဆိုပြီး ငိုတာ'

'သာယာကုန်း ဦးပုကြီးတို့ အလှူတုန်းကပေါ့'

'အေး. . ဟုတ်ပြီ. . . ဟုတ်ပြီ. . တကဘဲကွာ ညနေတရားနာခါနီး ဘုန်းကြီးတွေကို ဘိလပ်ရည် လဲကပ်ကရော၊ အဲဒီဘိလပ်ရည်သောက်ချင်လှပါပြီဆို ငိုတော့တာ ဟာ အလှူရှင် ကလဲမျက်လုံး ပြူးရော၊ ဆွေမျိုးချင်း သူ့အကြောင်းလဲ သိနေတာကိုကွ'

အဲဒီရွာကလဲ မြို့နဲ့အဝေးကြီး ဘိလပ်ရည်ကလဲ ဘုန်းကြီး ၁၀ ပါးမို့ ၁၀လုံးဘဲ အတိ အကျဝယ်ထားတာ၊ အောင်မယ် အဲဒီပရိသတ် ဗိုလ်ပုံအလယ်ငိုတော့မှ ငါ သူ့အသံကို သေသေ ချာချာစူးစမ်းမိသပေါ့၊ လူကောင်က ပိန်ညှောင်သလောက် သူ့အသံက တယ်ပြီးစူးရှ ကျယ်လောင်တာဘဲ၊ သူ့ ငိုသံလဲကြားရော အလှူမဏ္ဍပ်တခုလုံး ငြိမ်ကျသွားပြီး ပရိသတ်အားလုံး သူ့ဘက် လှည့်ကြည့်ရတာဘဲ တကတဲကွာ လည်ချောင်းထဲများ လောက်စပီကာ တပ်ထားသလား အောက်မေ့ရတယ်'

## ဟာစ်တလုံး

ယင်း၌ အဘိုးကြီးစကားမဆုံးမီ။ ကျွန်တော့်စာ ငယ်မူလက်ရာတွေ ဖတ်မိမည်ဖြစ်သော ကျွန်တော့်ညီမ ဝမ်းကွဲတယောက်က. . .

'ဟုတ်တယ် ဦးကြီးရေ့. . . . ဒါကြောင့် သူစာရေးဆရာဖြစ်လာတော့ ဟာစ်တလုံးဆိုတဲ့ ကလေးဆိုး ဇာတ်ကောင်လေးကို ဖန်တီးနိုင်တာဘဲ၊ ဟုတ်တယ်မှုတ်လား အကိုကြီး'ဟု ကျွန်တော့် ဘက်လှည့်မေး၍ ကျွန်တော်ကဘာမျှမဖြေ၊ ပြုံးစိစိနေတော့ အဘိုးကြီးဘက် ပြန်လှည့်ကာ. . .

'ကဲ. . . နောက်ဘာဖြစ်ကရောလဲ ဆက်ပြောပါအုံး'

'ဘယ်လိုမှ ချော့မရ ပြုမရ၊ အားလုံးနားမခံသာဖြစ်တော့ ဖိုးဆယ်ရော လှရင်ရော လင်မယားနှစ်ယောက်သား သူ့ပါးစပ်အတင်းပိတ်ပြီး မဏ္ဍပ်အပြင် ဆွဲထုတ်သွားမှာ ဘုန်းကြီး တပါးက. . .

'ဟဲ့. . . . ထူးထူးခြားခြား တယ်ပြီးစူးဝါးတဲ့အသံပါလား၊ ဒါဘယ်သူ့ကလေးလဲ ဘာကြောင့် ဒီလောက်ငိုရတာလဲ' မေးလို့ အကျိုးအကြောင်းလျှောက်လိုက်တော့ ဘုန်းကြီးက ခေါ်ခိုင်းပြီး သူ့အတွက် ဘီလပ်ရည်ကို စွန့်ကြဲလိုက်တယ်။ ဒီတော့မှ အေးသွားတယ်။ ဟာ. . . အဲဒီပွဲမှာ ကြို့ပင်ရွာက မောင်ဖိုးဆယ် မလှရင်တို့သားဆိုတာတော့ တခါထဲ နာမည်ကြီးသွားတော့တာဘဲ လကွာ'

## မင်းကတော် လက်ဖက်ပွဲ

အထက်ပါအတိုင်း ကျွန်တော့်အတွက် သုတိသြဘာ မင်္ဂလာအဖြာဖြာသည် ညာတကာနံ ပရိသတ်၌ ရင်သပ်ရှုမော အံ့သြနေကြစဉ်၊ သည်မျှနှင့် မပြီးသေး၊ ကျွန်တော့်အမလေးက ဆက်ပြန်သည်မှာ. . .

'ဦးကြီးနယ်. . . . အဲသည်ဘီလပ်ရည်ကိစ္စတုန်းက ကိုယ့်ကျေးရွာပရိသတ်၊ ဆွေမျိုးသားချင်း တွေထဲမို့ တော်သေးတာပေါ့၊ နောက်တခါ ပေါင်းတည်မြို့ပေါ်တက်ပြီး ပရိသတ်ထောင်ချီရှိတဲ့ မဏ္ဍာကြီးထဲမှာ မြို့ကမျက်နှာစိမ်းတွေနဲ့ ဖြစ်ခဲ့ရတာမှ အဆိုးဆုံးရှက်ဖို့အကောင်းဆုံးဘဲဦးကြီးရဲ့'

'အဲ. . . ဟုတ်လားဟဲ့၊ ပြောစမ်းပါအုံး ဘယ်သူ့အလှူမှာလဲ'

'အလျှုမဟုတ်ဘူး အဲသည်တုန်းက နိုင်ငံရေးမှာ ဝံသာနုတွေထထတဲ့ခေတ်၊ သမတ ဦးချစ်လှိုင်ဆိုတာ ဦးကြီးမှတ်မိမှာပေါ့'

'အာ. . မှတ်မိတာပေါ့ဟာ မမေ့အပ်တဲ့ ပုဂ္ဂိုလ်ကြီးမျိုးဘဲ'

'အဲသည် သမတဦးချစ်လှိုင် တရားပွဲမှာပေါ့၊ နေရာကလဲ ပေါင်းနယ်ဘုရားကြီးကျောင်း တိုက်ထဲ ရွှေတောင်လမ်းဘက်မှာ ရောမဏ္ဍပ်ကြီးထိုးလို့၊ တောရွာတွေကရော မြို့ပေါ်တွေက ရော လာလိုက်ကြတဲက ပရိသတ်ကလဲ ကြိတ်ကြိတ်ခဲ၊ အဲသည်ပွဲကိုတော့ ကျမတို့နဲ့ မနီးမဝေး မှာ မင်းကတော် စိုးကတော်တွေနဲ့ တူပါတယ်၊ ကော်ဇောကြီးခင်းထိုင်ကြလို့ သူတို့ကတရား ဟောတာ နားထောင်ယင်း ယွန်းအစ်လက်ဖက်အုပ်ကြီးနဲ့ လက်ဖက်တွေကို ဘဲဥတွေနဲ့ သုတ် စားနေကြတယ်၊ အဲဒါ သူမြင်တော့ စားချင်ပါတယ်ဆို ငိုပါလေရော'

ဦးကြီးက. . .

'အို. . . ဒါတော့ မြို့ပေါ်မှာဘဲဟယ်၊ ဘဲဥပြုတ်နဲ့ လက်ဖက်သုတ်တော့ ဝယ်ကျွေးယင်ရ သားဘဲ'

'အောင်မယ်လေး. . . အဲသည်လို ရရိုးဆိုယင် စကားထဲတောင် ထည့်မပြောသေးဘူး၊ ခုတော့ လူကြီးတွေက ကျမကို သွားဝယ်ဖို့ခိုင်းပြီးသားရယ် စားရပါစေ့မယ်၊ ခဏလေးစောင့်ပါဆို တာမရဘူး၊ သူ့စိတ်က ဒါဆိုဒါမှကိုး။

'ခင်ဗျားတို့ဝယ်ကျွေးတာ ကျွန်တော်မစားချင်ဘူး၊ ဟိုမမတွေစားတာမှ စားချင်တယ်ဆိုပြီး သူ့ထုံးစံအတိုင်း အာခေါင်သံခြစ်ပြီး ဝက်ဝက်ကွဲအောင် ငိုပါလေရော၊ ဒီတော့နံဘေးပတ်လည်က လူတွေ ကျမတို့ကို ဝိုင်းကြည့်ကြပြီး. . .

'ဟဲ့. . . . . ဒီကလေး ဒီလောက်တောင် ဘာပြုလို့ငိုတာလဲ၊ ချော့ကြပါဟဲ့၊ လူကလေး ဘာဖြစ်လို့ငိုတာလဲ၊ ဘာညာဆိုတော့၊ သူက မင်းကတော်ဆွေဆီ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဟိုမလှလှတွေစားတဲ့ လက်ဖက်စားချင်တယ်ဆိုတော့ မင်းကတော်များကလဲ သဘောကောင်း ရှာပါတယ်၊ ဒါဖြင့်လာကွယ်ရော့ ရော့ စားလှည့် ဆိုပြီးခေါ်ကျွေးတော့မှ အငိုရပ်တော့တယ်။ ကျမတို့မှာဖြင့် ရှက်လိုက်ရတာလေ မပြောပါနဲ့တော့'

ဤတွင် အသံတသံက. . .

'အောင်မယ်လေး၊ ဒီလိုကလေးမျိုးများ လူတောသူတောထဲ ခေါ်သွားသေးသကိုး'

'ဟဲ့ . . . ခေါ်မသွားလို့မှ မဖြစ်တဲ့ဟာကြီးကို၊ မိဘဘယ်သွားသွား သူ့ကိုထားခဲ့လို့မရဘူး'

'ဒါတော့ အလိုလိုက်လွန်းပါသတော်'

'အေးဟဲ့ ဖိုးဆယ်နဲ့ လှရင်လောက် ဒီသားအလိုလိုက်တာမျိုးတော့ ငါမတွေ့ဘူးသေးဘူး'

ကျွန်တော်တို့ဦးကြီးက ဝင်ပြောလိုက်ပါသည်။

မှန်ပါသည်။ ကျွန်တော့်မိဘ ကျွန်တော့်ကို အလိုလိုက်လိုက်ပုံမှာတော့ စိတ္တကျော်သူ ပုတ္တောဝါဒပျို့တွင် (ငါမွေးဘူးမှ ငါ့မိဘတို့ ငါ့ကိုသည့်နှယ် ချစ်ရှာတယ်)ဟုသိလာတော့သည် ဆိုဘိသကဲ့သို့ ကျွန်တော်မှာ ယခုအချိန်တွင် ကိုယ်ပိုင်သားသမီးများသာမက မြေးများပါ ပေါက်ဖွားခဲ့ပြီမို့ ကျွန်တော့်မိဘကို ကျွန်တော့်အား မည်မျှအလိုလိုက်ခဲ့သည်ကို ကြာလေသိလာလေဖြစ်ပါတော့သည်။

ကျွန်တော့်ကလေးဘဝတာမှာ ကိုယ့်ပတ်ဝန်းကျင်ကိုယ့်အမြင် ကိုယ့်ဆန္ဒအလျောက် ကျွန်တော်လိုချင်တာ မရခဲ့သည်။ ကျွန်တော်စားချင်တာ မစားခဲ့သည်ဟူ၍ မရှိခဲ့ပါချေ။ ကျွန်တော်တို့ခေတ် ကျွန်တော်တို့ဒေသ အလျောက် ကလေးသွားရည်စာဆိုပါမူ ကျွန်တော်တို့အိမ်မှရွာတွင် အကြီးဆုံးကုန်စုံဆိုင်ကြီး ဖွင့်ထားသည်ကဘဲ ထန်းလျက်၊ ကြံသကာ၊ မြေပဲလှော်၊ ပဲကြီးလှော်၊ စားတော်ပဲ စသည်များအိမ်တွင် အမြဲရှိ၏။ အပြင်မှ အခြားသူများ လုပ်ရောင်းကြ သည့် မုန့်ဟင်းခါး၊ မုန့်လုပ်ဆောင်း၊ မုန့်လုက်သုတ်၊ ဘူးသီးကြော်၊ ပဲကြော်၊ ဘယာကြော်၊ တို့ဟူးသုတ်၊ ကောက်ညှင်းထုပ် စသည်များလည်း ဒီလိုဆင်းရဲသား ဈေးသည်များမှာ ကျွန်တော်တို့ကုန်စုံဆိုင်ကြွေးက ကင်းကြသည်မဟုတ်မူ၍ ကျွန်တော့်မြင်လျှင် စားသွားပါအုံးဟဲ့ ယူသွားပါအုံးဟဲ့ ဗိုလ်နီကြီး။

ကျွန်တော်အထူးသဖြင့် နှစ်သက်၍ အိမ်တွင်အမြဲစားလေ့ရှိသည်ကား ငါးကျည်းခြောက် နှင့် ဒူးရင်းယိုဖြစ်ပါ၏။

ငါးကျည်းခြောက်ကို အခုန ကျွန်တော့်အမလေးပြောသည့်အတိုင်း အခွံနှင့်အရိုးတွေပစ် ၍ အသားချည်း ထုတ်စားခဲ့သည်။ ဈေးဆိုင်ခုံမှာ အချိန်မရွေး ကျွန်တော်လိုသလောက်ယူစား၊ ဒူးရင်းယိုမူကား ရွာသားများ ဝယ်စားနိုင်ကြမည်မဟုတ်မူ၍ ကျွန်တော့်အတွက်သက်သက်ဝယ်ပြီး အိုးတလုံးနှင့် မပြတ်ထည့်ထားရသည်။

ဒူးရင်းယိုနှင့် ကျွန်တော်နှင့် ဓာတ်စာတည့်သည်ဟုလည်း ဆေးဆရာများကပြော၏။ ကျွန်တော်ကလည်းကြိုက်၏။ ဤဒူးရင်းယိုကို ကျွန်တော်သည် အရုပ်လိုဆော့ကစားယင်းစား၏။

အသို့ဟူမူ စာဖတ်သူမိတ်ဆွေများ သိကြပါမည်။ ဒူးရင်းယိုသည် ရွှံ့စေးကဲ့သို့ပုံအမျိုးမျိုး လုပ်၍ရ၏။ ကျွန်တော်တို့ကျေးရွာကလေးများသည် ရွှံ့စေးကိုနွားရုပ်၊ ကျွဲရုပ်စသည်များလုပ်၍ ကစားတတ်ကြပါသည်။

ထိုစဉ်က 'ဝက်သားတုံးကြီး ဒူးခေါင်းလောက် သူများစားတာ မြင်ဘူးပါရဲ့'ဆိုသော သံညှပ်ခေတ်ဖြစ်၍ ကျွန်တော်သည် ဝက်သားကိုအထူးနှစ်သက်လျက် ဒူးရင်းယိုလက်တဆုပ်ကို ဝက်ရုပ်လုပ်ကာ မိခင်အားပြသ၍. . .

'ဟောဒီမှာ အမ'

ကျွန်တော်တို့ဒေသမှာ အမေကို 'အမ'ဟု ခေါ်ကြပါသည်။

'ကြည့်. . . ဒီဝက်တကောင်လုံးကို ကျွန်တော်စားပစ်လိုက်တော့မယ်'ဟု ပြောပြီးကိုက်ဖဲ့ စားပစ်လိုက်၏။

ဤသို့လျှင်နွားရုပ်လုပ်၍ နွားတကောင်လုံးကိုလည်းကောင်း၊ ကျွဲရုပ်လုပ်၍ ကျွဲတကောင် လုံးကိုလည်းကောင်း။ ကိုက်ကိုက်စားပြရသည်မှာ ကျွန်တော်လည်း ပျော်လှသည်။ အမလည်း ဝမ်းသာလှသည်။

'ငါ့သားစားပုံက တယ်ဟုတ်သကိုးကွဲ့'

ချီးမွမ်းစကားဆိုလေ၏။

## ဟင်းကောင်းမှစားသည်

ထမင်းစားသောအခါလည်း ကျွန်တော်သည်အိမ်က ကုန်စုံဆိုင်တွင် အမြဲရှိသောအမဲ ခြောက်၊ ငါးရံ့ခြောက်၊ ငါးပုပ်ခြောက်၊ ဘဲဥ၊ ငါးသေတ္တာ၊ စသည်တို့လောက်ကို ထမင်းနှင့်စားရန် ဟင်းလျာစာရင်းတွင် မသွင်းပေ။

အမဲသား၊ ကြက်သား၊ ဝက်သား၊ ငါးအစိမ်းအစိုများကိုမှ ကျွန်တော်နှစ်သက်၏။ ထမင်းနှင့် စားရသော ဟင်းဟု အောက်မေ့၏။

ကျွန်တော်တို့ကျေးတောရွာများမှ ဟင်းလျာစျေးရယ်ဟူ၍ မရှိချေ။ ကိုယ့်အရပ်ကပေါ်၍လည်းကောင်း၊ အခြားရွာမှ လာ၍လည်းကောင်း၊ ရောင်းချပါမှဝယ်ယူရပါသည်။

ထို့ကြောင့် အမဲသား၊ ဝက်သား၊ ငါးတို့သည် နေ့စဉ်မလာတတ်၊ မရတတ်။ တခါတရံ ပြတ်လတ် တတ်သည်။ သည်တော့ကော ကျွန်တော် အငတ်ခံသလားတဲ့။ ဝေးပါသေး။

## ခမဲကြက်မျိုး

ကျွန်တော်တို့မွေးဂေဟာတွင် ရှေးယခင်က မည်သို့ရှိမည်မသိခဲ့သော်လည်း ကျွန်တော့်ကို မွေးဖွားပြီးသည့် နောက်တွင် အိမ်မှာဟင်းစားကြက်မျိုး မပြတ်တော့ချေ။

အကြောင်းမှာ ကျေးတောရွာဒေသတွင် ငယ်စဉ်က မကျန်းမာသော ကလေးသူငယ်တို့ အား ခမဲပေးလျက် ရှိကြရာ ကျွန်တော့်အတွက် အုန်းခွံရောင်ကြက်မတကောင်၊ ၎င်းကြက်မကြီး က စတင်ပေါက်ဖွားခဲ့ရာ ကျွန်တော်တို့အိမ်မှာ ကြက်များ (ကြက်နာမကျဘူးဆိုလျှင်) ညတွင် အဝယ်လာတတ်သော ကြက်ထမ်းကုလားကိုပင်ထုတ်၍ ရောင်းရသေးသည်။

သို့အတွက် မနက် ၉နာရီကျော်လို့မှရွာထဲ အမဲသားငါးစျေးသည်များ မလာတော့ဘူးဆို လျှင် ကျွန်တော်တို့အိမ်က သူရင်းငှား ကိုစိန်ခိုကြီးအား. . .

‘ဗိုလ်ခို. . တခြားကဟင်းသည် မလာတော့ဘူးဗျို့’ဟု ပြောလိုက်ရုံဘဲ။

ထို့ကြောင့် ကျွန်တော့်အမေက မေးတတ်၏။

‘ငါ့သားကဟင်းကောင်းမပါဘဲ တနပ်တလေမှ မစားနိုင်ဘူးလားကွဲ့’

‘မစားနိုင်ဘူး အမရဲ့’

‘ဒါဖြင့်. . ငါ့သားကြီးလို့ မိန်းမယူရင်ခက်မယ်’

‘ဘာဖြစ်လို့လဲအမရဲ့’

'ဘယ်ယောက်ခမအိမ်က ဒီမိဘအိမ်လို မင်းကိုနေ့တိုင်း ဟင်းကောင်းချည်း ချက်ကျွေးနေမှာလဲကွဲ့၊ ကဲ မင်းရွာထဲလျှောက်ကြည့်စမ်း၊ တို့အိမ်လိုနေ့တိုင်း ဟင်းကောင်းချက်တဲ့အိမ်ရှိသလား'

ကျွန်တော်ခေတ္တတွေ၍ စဉ်းစားပြီး. . .

'ဟုတ်တော့ဟုတ်တယ်အမရယ်၊ ခက်သားဘဲ'ဟု ဆို၍ရှေ့ရေးတွေးပူကာ ကျွန်တော်ငိုင်ကျသွား၏။ အကြောင်းမှာ ထိုစဉ်က ကျွန်တော်တို့ကျေးရွာခလေ့ကို ကျွန်တော်နားလည်ခဲ့သည်မှာ သားယောက်ျားလေးတယောက် မိန်းမယူလျှင် ယောက်ခမအိမ်လိုက်နေရသည်။ ယောက်ခမခိုင်းတာလုပ်။ ယောက်ခမကျွေးတာစား မယားစကားနားထောင်။

ယင်းကိုတွေး၍ ကျွန်တော်စိတ်လေးနေပုံရှိတော့ အမက ပြုံးလျက်. . .

'ဒါဖြင့်. . . ဒီလိုလုပ်ကွာ၊ ငါ့သားကြီးယင် မိန်းမမယူနဲ့ကွာ၊ ဘုန်းကြီးလုပ်။ အဲဒါဆိုယင် အခုတို့အိမ်မှာ စားရတာထက်တောင် ဟင်းကောင်းတွေ ပိုစားရအုံးမယ်'

ဤတွင် ကျွန်တော့်မျက်စိထဲ ဘုန်းတော်ကြီးဆွမ်းပွဲများက ဟင်းခွက်တွေမြင်ယောင်လာလျက်. .

'အား ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော်ကြီးယင် မိန်းမ မယူတော့ဘူး၊ ဘုန်းကြီးဘဲ လုပ်တော့မယ်'ဟု ဝမ်းသာအားရပြောလိုက်တော ့အမက ရွှင်ပျသောမျက်နှာနှင့် ခေါင်းရင်းပြတင်းပေါက်နားတွင် ခေါင်းဖြီးနေသော အဖေအား. . .

'ဒီမှာ . . . . ဟိုလူကြီးကြားလား'

အဖေသည် တတောင်သာသာမျှရှိသော သူ့ဆံပင်ကို စိတ်မရှည်စွာ ဘီးနှင့်ခုတ်နေရာမှ ကျွန်တော့်ဘက်သို့ ဆတ်ကနဲလှည့်၍. . .

'ဘာလဲဟ. . . သိန်းမယ်မ'

'တော့်သားကကြီးယင် ဘုန်းကြီးလုပ်မယ်တဲ့'

ကျွန်တော့်အမေက အဖေ့ကို 'ဟိုလူကြီး'ဟုခေါ်၍ အဖေကမူ အမေ့အား 'သိန်းမယ်မ'ဟု ခေါ်ပါသည်။ အကြောင်းမှာ သူတို့သမီးအကြီးဆုံး သိန်းမယ်က သူ့မိခင်အား အမ'ဟု ခေါ်သဖြင့်

'သိန်းမယ်အမ'ဒါကို မြန်မြန် ခေါ်လိုက်တော့ 'သိန်းမယ်မ'ပေါ့ခင်ဗျာ။ ဒီသမီးဦးမမွေး မီက မည်သို့ခေါ်လေမည်နည်း။

## ဘုန်းကြီးလုပ်မယ့်လူ

ကျွန်တော်ကြီးလျှင် မိန်းမမယူတော့ဘူး၊ ဘုန်းကြီးလုပ်တော့မယ်ဆိုကြောင်း ကျွန်တော့် အမကပြော၍ အဖေကြားသွားသောအခါ၊ အဖေသည် ခေါင်းဖြီးနေရာမှ သူ၏ဆံထုံးတော်ကြီး (တိကျမှန်ကန်စွာပြောရလျှင်) ဩဇာသီးကို ဦးခေါင်းနောက်တွင် ခပ်စောင်းစောင်းလေး ထုံးရစ် လိုက်တာ၊ ကျွန်တော်တို့ သားအမိနှစ်ယောက်နား ချဉ်းကပ်လာပြီး၊ ကျွန်တော့်လက်ကို ဆွဲကိုင် လျက်. . .

'အောင်မယ်လေး ဘုန်းကြီးလုပ်မယ့် အုန်းသီးမှုတ်ကယ်၊ တကယ်သာ ငါ့သားကြီး ဘုန်းကြီး လုပ်မယ်ဆိုယင် ခိုကြီးကို ကပ္ပိယအဖြစ်နဲ့တခါထဲ ထည့်လိုက်ရလိမ့်မယ်'

ခိုကြီးကား ကျွန်တော်တို့အိမ်က သူရင်းငှား ကိုစိန်ခိုကို ပြောခြင်းဖြစ်ပါသည်။ သူ့အား ဗိုလ်ခိုဟူ၍လဲ ခေါ်ပါသည်။

'ဘာဖြစ်လို့လဲ အဖေရဲ့. . .'

'နို့ ဆွမ်းပွဲမှာ ဝက်သားဟင်းနဲ့ သရက်သီးမှည့် ပါမယ်ဆိုယင် ကိုယ်တော့်ကို ဗိုလ်ခိုဘဲ ထမ်းခန်မှ ဖြစ်မယ်မဟုတ်လား'

ကျွန်တော်က ရှက်စနိုး ရယ်ကျဲကျဲကလေး ဖြစ်သွားကာ. . . .

'ဟာ. . . အဖေကလဲဗျာ'

အကြောင်းမှာ ကျွန်တော့်တွင် ငယ်စဉ်က ပြောစမှတ်တခု ယခုတိုင်ရှိခဲ့၏။

တနေ့သောနံနက်စာ ထမင်းပွဲ၌ ဝက်သားဟင်းနှင့် သရက်သီးမှည့်ပါခဲ့လေရာ ထိုအခါ ကျွန်တော်မှာ ၈နှစ် ၉နှစ်သားမျှရှိပြီဖြစ်၍ စကားတွေ တော်တော်တတ်နေကာ 'အသီးသရက် အသားဝက်၊ အရွက်လက်ဖက်တဲ့ဆိုတယ်၊ လက်ဖက်တော့ ထမင်းစားပြီးမှကြိတ်မယ်၊ အခု ဝက်သားနဲ့ သရက်သီးက စတီးမယ်'ဟု ကြီးဝါးပြီးနှံလိုက်လေရာ၊ ထမင်းစားပြီး၊ လက်ဖက်ပွဲသို့

မဆက်နိုင်တော့ပြီ။ ထမင်းပွဲမှာပင် စားရင်းတန်းလန်းက၊ တုံ့ကနဲလဲကျသွားတဲ့ကာ၊ အစာတွေ လည်ချောင်းထဲဆို့နေ၍၊ မရှုနိုင်မကယ်နိုင်ဖြစ်နေတော့၏။

အိမ်သားများလည်း အားလုံးမျက်လုံးပြူးကြကာ 'အောင်မယ်လေး သေတော့မှာဘဲ၊ ဟဲ့ လက်ထိုးအန်လိုက်. . . လက်ထိုးအန်လိုက်'ဟု ပြောသော်လည်း ကျွန်တော်မှာ နားကကြား၏။ လူမှာ ဘာမှမလုပ်နိုင်တော့ဘဲ၊ တအင်းအင်းနှင့် အော်နေရသောကြောင့် အဖေ၏ခိုင်းစေချက် အရ၊ ဗိုလ်ခိုသည် ကျွန်တော်အား ရေနစ်သူပမာ သူ့ပခုံးပေါ်တွင် ဇောက်ထိုးမှောက်ခုံထမ်းလျက်၊ မီးဖိုချောင်ထဲမှ ဟိုပြေးသည်ပြေး ခုန်ပေါက်ရ၏။

သည်တော့မှ လည်ချောင်းထဲက၊ ရောထွေးနေသော သရက်သီးမှည့်တွေ၊ ဝက်သားဟင်း တွေ အတောင့်လိုက်ထွက်ကြပြီး လူသက်သာရာ ရသွားတော့၏။

ကျွန်တော်၏ ငယ်ကျင့်မှာ၊ ကောင်းတာ ကိုယ်ကြိုက်တာများ စားရပြီဆိုလျှင် မချိမဆံ့ စားတတ်၏။ နောက်တမျိုး ကျွန်တော်စားပြီးဆိုလျှင် လူကြီးတွေ ကြိုတင်သတိထားရသည်ကား ထန်းသီး။

အောင်မယ်လေးဟဲ့ ထန်းသီးများ ကောင်းကောင်းကန်းကန်း'ဟုဆိုအံ့။

စာဖတ်သူသည် မြို့နေလူတန်းစားမို့ ထန်းသီးမျိုးကို စုံစုံလင်လင် ရေရေလည်လည် မစားဘူးလို့ ဖြစ်ပါလိမ့်မည်။ ဤနေရာ၌ ကျွန်တော် 'ထန်းသီးမျိုး'ဟု ဆိုထားသည်။ အများအား ဖြင့် သိကြသည်မှာ ထန်းသီးဆို တမျိုးထဲဘဲဟု အောက်မေ့ကြပါလိမ့်မည်။

နိုးမဟုတ်။ ထန်းသီးမှာ အမျိုးမျိုးရှိ၏။ ထန်းဖြူ၊ ထန်းဝါ၊ ထန်းပြာ၊ ထန်းညို၊ ထန်းနက်ဟူ ၍ အသီးရောင်အမျိုးမျိုး ကွဲပြားကြ၏။ ယင်းအရောင် ၅မျိုးအနက် ထန်းဖြူနှင့် ထန်းဝါသည် အညံ့ဆုံးဖြစ်၏။

အရသာသိပ်မကောင်း၊ အချိုပေါ့၏။ အလုံးကြီးသော်လည်း သီးအိမ်ငယ်၏။ အဲထန်းပြာ၊ ထန်းညို၊ ထန်းနက်တို့ကား ကောင်း၏။ အားလုံးအထဲတွင် ထန်းနက်က ဖတ်စ်ကလပ်။ ထန်းညို နှင့် ထန်းပြာက မနီးရိုးစွဲ အတူတူလိုဘဲ။

ထန်းမျိုးတို့သည် အရောင်သာမက သီးလုံးပုံသဏ္ဍာန်ချင်း လည်းမတူကြပေ။ ထန်းဖြူ ထန်းဝါတို့မှာ အသီးလုံးကဝိုင်းပြီး၊ ဖင်ပြားပြားကြီးတွေနှင့် အနှစ်အိမ်တိမ်၏။ ထန်းပြာ၊ ထန်းညို၊ ထန်းနက်တို့က သီးလုံးရှည်၍ ဘောင်စောက် ဖင်ချွန်းချွန်းဖြစ်ပြီး အနှစ်အိမ်တွင်းနက်၏။

ယင်းထန်းမျိုးတို့သည် အသီးစားရာတွင် ခြားနားရုံမက၊ ထန်းရည်ထွက်ရာတွင်လည်း မတူကြပေ။ ထန်းဖြူ ထန်းဝါတို့သည် ထန်းရည်အထွက်နည်းလျက်၊ သောက်ရသည့် အရသာများလည်း၊ ထန်းပြာ၊ ထန်းညို၊ ထန်းနက်တို့ကိုမမီပေ။

ထို့ပြင် ထန်းသီးစားရာတွင် အရွယ်သုံးစားရှိသေး၏။ အရည်စုတ်၊ အနှစ်ကော်၊ ဖားအိုင်။

အရည်စုတ်က ထန်းသီးနုနု စားဖြစ်အရွယ်၊ ထန်းမျက်နှာဝခေါ် အပေါ်ပိုင်းကိုလှီးဖြတ်လိုက်ပြီး၊ ထန်းသီးအိမ်ကို လက်မနှင့်ထိုး၍ အရည်စုတ်ယူရသည်။ အနှစ်အနည်းငယ်မျှသာရှိသေးသည်။ စားလို့တော့ ကောင်းလှ၏။ သို့သော် ထန်းသီးတခိုင်လုံး စား၍မျှ ဝလိမ့်မည်မဟုတ်ပါ။ ဤထန်းသီးနုမျက်နှာဝကို ဖြတ်၍ငါးပိရည်တို့ကြသည်။

အနှစ်ကော်က ဒုတိယအရွယ်၊ စား၍အကောင်းဆုံးဖြစ်သည်။ သီးအိမ်ထဲ လက်မနှင့်ထိုးကော်လိုက်ပါက အနှစ်ဖက်လည်းရသည်။ အရည်ချိုလည်း စုတ်ရသည်။

ဖားအိုင်းအား အနှစ်အိမ်ထဲမှာ အရည်မရှိတော့ပြီ။ လက်မနှင့်ထိုးကော်၍ မရတော့ပြီ။ ဓားနှင့်ခြမ်းပြီး အနှစ်ကို ထုတ်ယူရ၏။ မြို့ပေါ်တွင် ကုလားတွေ ခုတ်၍ ရောင်းကြသည်မှာ ဤအရွယ်တွေများသည်။ ဒါမှလည်း ရွှေမြို့သားတို့ စားတတ်သည်။ ဝါးရမာသည်။ အချိုပေါ့ သည်။

ထန်းသီး၏ အရွယ်သုံးစားကို နားလည်သူတို့က သီးလုံးကြည့်ရုံနှင့် သိကြသည်။ ထန်းသီး၏ အညှာမှာ အုပ်ထားသောအခွံတလက်စိမ်းစိမ်းရှိ၏။

ထန်းသီးငယ်သည် တဖြည်းဖြည်းကြီးလာ၍ အထဲမှာအနှစ်တည်ပြီးလူစား၍ဖြစ်သော 'အရည်စုတ်'အရွယ်ရောက်သောအခါ ထိပ်အုပ်အခွံ ဘလတ်စိမ်းစိမ်းအောက်မှာ လက်ညှိုးလုံးခန့်ရှိသော အဖြူရစ်ပေါ်လာ၏။ ထိုအဖြူရစ်က တဖြည်းဖြည်းငယ်လာပြီး 'ကွယ်ပျောက်သွားသော အခါ 'လည်ရစ်ဝင်ပြီ'ခေါ်၍ အထဲကအနှစ်တွင် အရည်ခန်းပြီး 'ဖားအိုင်း'ဖြစ်သွားလေသည်။

စား၍အကောင်းဆုံးသော အရွယ် 'အနှစ်ကော်'ကား 'အရည်စုတ်'နှင့် 'ဖားအိုင်း'အကြားလည်ရစ်ကလေး ခပ်သေးသေးလည်ရစ်မဝင့်တဝင်'ဟု ခေါ်၏။ အနှစ်လည်း ဝါးရ၏။ အရည်လည်းစုတ်ရ၏။ ထန်းသီးကြိုက်သူအဖို့ စား၍ မငြီးနိုင်သောအရွယ်ပေတည်း။ ထန်းသီးချိုပုံကားမြမြလေး. . . .။

ကျွန်တော်မွေးဖွားခဲ့သောရွာသည် ပေါင်းတည်မြို့ တောင်ဘက် ၃မိုင်ကွာ 'ကြို့ပင်ရွာ'ဟု ခေါ်၏။ ဤရွာ၏အနောက်စူးစူး ၄မိုင်ခန့်အကွာမှာ ကျွန်တော့်မိခင်၏ဇာတိ 'ကုက္ကိုပင်ရွာ'ရှိ၏။

ထိုရွာတွင် ကျွန်တော့်မိခင်ဘက်မှ အမွေရခဲ့သော လယ်အချို့နှင့် အပင်တရာကျော်သော ထန်းတော်ကြီးတခုရှိ၏။ ထန်းတပင်ကို တနှစ်လျှင် ၂-ဂဲနှင့် ထန်းတက်ခချရ၏။

နွေရာသီ တပေါင်းလရောက်ပြီဆိုလျှင် ထန်းသီးများလှိုင်လှိုင်ပေါ်လေရာ ကျွန်တော်တို့ အိမ်မှ တနှစ်လျှင် တခေါက်နှစ်ခေါက်လောက်သွား၍ ကောင်းနိုးရာရာအပင်များမှ ထန်းသီး လှည်းတစီးတိုက် တင်လေ့ရှိ၏။

ဤထန်းသီးလှည်းရောက်လာ၍ ကျွန်တော်ထန်းသီးစားပြီဆိုသောအခါ ကိုစိန်ခိုသည် ရေကိုသာစည်ပိုင်းအပြည့် ခပ်ထားပေရော့။ အကြောင်းမူကား ထန်းသီးကိုနိုင်သည်မှာ ရေဖြစ်၏။ ကျွန်တော်သည် ထန်းနက်သီးလည်ရစ် မဝင့်တဝင့် 'အနှစ်ကော်ချည်း အလုံးပေါင်းမြောက်များစွာ တနင့်တပိုးစားပြီး ရင်အင့်၍ တုံးလုံးလဲပြီဆိုသောအခါ ဝက်သားနှင့်သရက်တီးတုန်းကလို လူကို ဇောက်ထိုးထမ်း၍ ခုန်စရာမလိုတော့ပေ။

ရေကိုသာ လူကိုယ်ပေါ်မှ နိုင်နိုင်လောင်းပေးပေရော။ ကျွန်တော်သည် တအင်းအင်း အော်နေရာမှ တဖြည်းဖြည်းအသံတိုးတိုးသွားပြီး နောက်ဆုံးမှာ ရေစိုကွက်ထဲတွင် (ပူအိုက်လှ နွေရာသီကလား)ဖိမ်ရှိစွာ အိပ်ပျော်သွားလေတော့၏။ ကျွန်တော့်ဗိဇမှာ တခုခုကြိုက်၍ ခံတွင်း တွေ့၍ စားပြီဆိုလျှင် ဘယ်တော့မှ တော်တော့တန်တော့ဟု တား၍မရပေ။

ထို့ကြောင့် ကျွန်တော်ငယ်စဉ်အခါက 'ကလေးဆိုး'ဟူ၍ သာမက 'အစားသရဲ'ဟူ၍လည်း နာမည်ကြီးခဲ့ပါ၏။

## သား၏စိတ်ကိုစမ်းခြင်း

ထိုအချိန်၌ ကျွန်တော့်အသက် ၁၀နှစ်သားလောက်ရှိပြီထင်ပါသည်။ ကျောင်းနေ၍ဘဲ ဒုတိယတန်းလား တတိယတန်းလား ရောက်နေပါပြီ။ ကျောင်းပိတ်ထားသည်။ တခုသောနွေရာသီ တနေ့သ၌ အဖေက ကျွန်တော့်အား. . .

'မင်း ဒီနေ့နေ့လယ်ခင်းလောက်မှာလေ တာလမ်း၊ ဒို့လယ်ထိပ် ပြွန်ပေါက်ပေါ်ကနေပြီး စောင့်ကြည့်နေစမ်း'

'ဘာကို စောင့်ကြည့်ရမှာလဲ အဖေ'

'သာမှန်တို့လူသိုက် ရွာထဲက ထွက်လာကြလိမ့်မယ်ကွ၊ အဲဒီတော့ မင်းသူတို့နောက် သူတို့မသိအောင် နောက်ယောင်ခံလိုက်သွားပြီး သူတို့ဘယ်နေရာမှ ဘာလုပ်ကြမလဲဆိုတာကို ချောင်းကြည့်ခဲ့စမ်း'

'သူတို့ ဘာဖြစ်လို့လဲ အဖေ'

'အဲဒါ သိရအောင် မင်းကိုလိုက်ကြည့်ခိုင်းတာပေါ့ကွ'

ကျွန်တော်တို့ရွာသည် ပေါင်းတည်မြို့မှ တောင်ဘက်စူးစူးသဖန်းကုန်းအထိရောက်သော ပေတရာလမ်းနှင့် လယ်ကွက်များတော်တော်ခြားကာ ပြိုင်တန်းလျက်ရှိ၏။ ရွာမှတာလမ်းသို့ ထွက်သော ရွာပေါက်ဝမှာ တာလမ်းအနီးမှာရှိသော ဘုန်းတော်ကြီးကျောင်း၏ တောင်ဘက် နံဘေးတွင်ရှိ၏။ အဖေက ကျွန်တော့်အား စောင့်ကြည့်ရန် ပြောသောနေရာ၊ တာလမ်းပွန်ပေါက် မှာ ရွာဝနှင့် တခေါ်၊ တအော်လောက်သာ ကွာသည်ဖြစ်၍ တနေရာမှတနေရာ လှမ်းကြည့်သော် တယောက်တယောက် မည်သူမည်ဝါဟူ၍ သိနိုင်၏။

ဤပွန်ပေါက်၏ တည်ရာ၊ တာလမ်းနံဘေးရှိ လက်ဝဲလက်ျာ နှစ်ဘက်စလုံးက လယ်ကွက် တို့မှာ ကျွန်တော်တို့၏လယ်ချည်းဖြစ်သောကြောင့် ယင်းပွန်ပေါက်ရေလွှတ်ရေပိတ်ကို အဖေ အလိုရှိသလို စီမံချုပ်ကိုင်နိုင်သဖြင့် လူတွေက ကျွန်တော့်အဖေပွန်ပေါက်ဟု ပြောကြ၏။

သူတို့အသက်အရွယ်အလျောက် 'ဖိုးဆယ်ပွန်ပေါက်' 'မောင်ဖိုးဆယ်ပွန်ပေါက်' 'ကိုဖိုး ဆယ်ပွန်ပေါက်' 'ဦးဖိုးဆယ်ပွန်ပေါက်'ဟု ခေါ်ကြသဖြင့်၊ ထိုစဉ်အခါက ကျွန်တော့်စိတ်ဝယ် ဤပွန်ပေါက်ကို ကျွန်တော့်အဖေက မိမိလယ်ကွက်တွေအတွက် ရေလွှတ်ရေသွင်းပြုရန် ငွေကုန် ကြေးကျခံ၍ ဖောက်ထားသည်ဟု အောက်မေ့ခဲ့၏။ ထို့ကြောင့် ကျွန်တော်ကလည်း ဒါဒို့အဖေ ပွန်ပေါက်၊ ငါတို့ပွန်ပေါက်ဟု ဝင့်ကြွားခဲ့ပါ၏။

အဖေပြောသည့်အတိုင်း ထိုနေ့နေ့လယ်ခင်းက ဤပွန်ပေါက်ဝမှ အုတ်ခုံလေးပေါ်သို့ ကျွန်တော်ရောက်ခဲ့၍ နာရီဝက်ကြာသည့်ဌ် ဘုန်းကြီးကျောင်းတောင်ဘက် ရွာပေါက်ဝမှ ကိုသာမှန်တို့လူသိုက် ထွက်လာကြသည်ကို မြင်ရပါ၏။

သူတို့ လ ၄–၅ယောက် နွားတကောင်ကို မောင်းလာ၏။ သူတို့လက်တွင် တောင်းများ ကိုင်လာသည်ကိုလည်း မြင်ရ၏။ တောင်းကိုကျောပိုးလာသူက ပိုးလာ၏။ ကိုသာမှန်က ရှေ့ဆုံး မှ နွားကိုမောင်းလာ၏။

ကိုသာမှန်သည် မရှိဆင်းရဲသားဖြစ်သော်လည်း ကာလသားတယောက်ဖြစ်၍ အရက်သောက်သည်။ ဖဲရိုက်သည်။ ပိုက်ဆံရရန် အလုပ်မျိုးစုံလုပ်သူဖြစ်သည်။ လူပျင်းလူဖျင်းမဟုတ် ချေ။

သူတို့လူသိုက်သည် ရွာဝမှထွက်၍ တာလမ်းကိုကျော်ပြီး လယ်ကွင်းထဲ အရှေ့စူးစူးသို့ သွားကြသည်။ ထိုအခါ ကျွန်တော်ကလည်း တာလမ်းပေါ်မှဆင်းခဲ့ကာ သူတို့နည်းတူအရှေ့စူးစူး သို့ဘဲ မျဉ်းပြိုင်လမ်းဖြင့် သူတို့နောက်ယောင်ခံလိုက်ခဲ့၏။

ကျွန်တော်တို့ရွာ၏ အရှေ့ဖက် နှစ်ဖာလုံလောက်မှာ မြောက်ဖက်မှတောင်ဘက်သို့ စီးဆင်းနေသော ချောင်းငယ်တခုရှိ၏။ ဤချောင်းကမ်းပါးနားရောက်တော့ သူတို့ချောင်းထဲ ဆင်းသွားကြ၏။ ထိုအခါ ကျွန်တော်က မိမိရောက်ရာချောင်းကမ်းပါးတွင်ရပ်ပြီး သူတို့အရိပ် အခြည်ကို ကြည့်နေ၏။ ၎င်းတို့သည် ထိုချောင်းကိုကျော်ပြီး ရှေ့သို့ခရီးဆက်သွားမည်ဆိုပါက ဘယ်ရောက်သွားမည် မသိသည်ကို ကျွန်တော်ရှေ့ဆက်မလိုက်လိုတော့ပြီ။

သို့သော်သူတို့လူသိုက်သည် ချောင်း၏ဟိုဘက်ကမ်းပေါ်သို့ တက်သွားသည်ကို မမြင်ရ လေတော့၊ သူတို့ကိစ္စသည် ချောင်းထဲမှာဘဲဖြစ်တန်ရာဟု တွက်ဆပြီး သူတို့ဆင်းသွားရာနေရာ သို့ မှန်း၍ကျွန်တော် ချောင်းကမ်းပါးရိုးကို လျှောက်ခဲ့တော့သည်။

ဤချောင်းသည် နွေရာသီမှာ ရေများခမ်းခြောက်၍၊ အချို့ဒေါင့်ကွေ့ ကျင်းအိုင်နေရာ တို့တွင်သာ ရေအနည်းငယ်ရှိတော့၏။

ကျွန်တော်ချောင်းကမ်းပါးပေါ်မှ ချောင်းထဲသို့ ကွက်ကြည့်ကွက်ကြည့်နှင့်လျှောက်ခဲ့ရာ တော်တော်ကြာတော့ သူတို့လူသိုက်ကို တွေ့ရပါပြီ။ ရေမခန်းသေးသည့် လက်ပံပင်ကွေ့ကြေး ပင်အိုင်ရဲ့အနီးမှာ ကျွန်တော်မြင်တော့ ကိုသာမှန်သည် နွား၏ငယ်ထိပ်ကို ပုဆိန်နှင့်ထုနေလေ ပြီ။ သုံးချက်ထုမှ လဲသွားပြီးသေဆုံး၏။

ထိုအခါ ကိုသာမှန်က လည်ပင်းကိုလှီး၊ ခေါင်းကိုဖြတ်၏။ ကျန်လူများက နွား၏ ခြေဆစ် လက်ဆစ်တွေကို ဖြတ်၏။ ထို့နောက် နွားကိုပက်လက်လှန်၍ ရင်ဘတ်မှစ၍ခွဲပြီး သားရေကို လွှာကြ၏။

စင်စစ် ဤချောင်းကလေးနာမည်ကိုက 'အုံးတုံးချောင်း' သို့မဟုတ် 'နွားသတ်ချောင်း'ဟု ခေါ်သည်။ မူလနာမည်ရင်းက အုံးတုံးချောင်း မည်ပေသည်။ နှောင်းသော် ဤချောင်းစီးဆင်း သွားရာ နံဘေးအနီးပါးနား ရွာများက နွေရာသီမှာ နွားသတ်လိုလျှင် ဤချောင်းထဲသို့သာ လာရောက် သတ်ဖြတ်ကြသဖြင့် 'နွားသတ်ချောင်း'ဟု ခေါ်တွင်ခြင်းဖြစ်ပေ၏။

ကြည့်လေ. . . နေရာကလည်း ဘယ်မျှလုံခြုံပါသနည်း။ နံဘေးပတ်ဝန်းကျင်မှ ဘယ်ကကြည့်ကြည့် မမြင်ရ။ ချောင်းကလေးအကျယ်က ပေသုံးလေးဆယ်မျှ ကမ်းပါးစောက်စောက်နှင့် လူနှစ်ရပ်သုံးရပ်စာလောက် နက်၏။

ကျွန်တော်ကိုသာမှန်တို့အနီး ကမ်းပါးပေါ်မှ တောင်ချုံကလေးအောက်တွင် ဝပ်လျား မှောက်ကြည့်နေ၍ သူတို့ကို ကောင်းစွာမြင်ရသည်။ သူတို့ကတော့ မသိရှာ။ အမဲတကောင်နှင့် အလုပ်များနေကြ၏။

နွားကို သားရေနွှာပြီးသောအခါ ရင်ကိုခွဲ အူအသဲစသည့် ဝမ်းတွင်းသားများကို အနီးရှိ ရေအိုင်ဆီသို့ ယူသွားကြကာ တယောက်သောသူက အူတွေကိုခွဲ၊ အချို့ကို ပြောင်းပြန်လှန်၍ အတွင်းမှ အညစ်အကြေးတွေထုတ်ပြီး ရေဆေးသည်။ အခြားသူများက နွားကိုဖျက်ကာ အရိုး အသားခွာပြီး၊ သူတို့တွင် ချိန်ခွင်နှင့် အလေးများလည်း ပါခဲ့၍ အသားများကို ပေါင်သား လက်သား နံပတ်သားမျှ၍ တပိဿာစီ နှီးများနှင့်တွဲကာ တောင်းများထဲသို့ ထည့်ကြသည်။

ထိုစဉ် ၎င်းတို့ထဲက လူတယောက်က နွား၏ခန္ဓာကိုယ်တွင် စား၍အကောင်းဆုံးသော ချက်ပြုတ်၍ အနူးလွယ်ဆုံးသော သူတို့အမဲဖျက်သမားများမှ သိမည်ဖြစ်သော အူအသဲ အသား အစအနများကို ဟိုမှသည်မှလျှောက်လှီးတဲ့ကာ သူတို့တွင် အသင့်ပါလာသော အိုးကြီးတလုံးထဲ မှာ ရေမဆေးသွေးစက်လက်ဖြင့် ချက်လေသည်။

သူတို့တွင်တောင်းလာခဲ့သော ငရုတ်သီး၊ ကြက်သွန်နှင့် ဆီဆား ထင်းများလည်း အသင့် ပါလာဟန်တူပါသည်။ ဖိုခနောက်ကား ပုစွန်ကျစ်စာခဲသုံးလုံး၊ မီးဖိုရာနှင့် အသင့်ရှိနေပြီးသား။ သူတို့သည် ယခင်ကလည်း ဤနေရာသို့ ဤသို့လာ၍နွားသတ်နေကျဖြစ်ပေမည်။ အနီးပတ်ဝန်း ကျင်မှာ အမဲရိုးတွေပုံလျက်ရှိပေသည်။

နာရီဝက်လောက်ကြာသည်၌ သူတို့ဟင်းအိုးသည် ပွက်ပွက်ဆူလေသည်။ ထိုခဏမှာပင် သူတို့သည် အိုးကိုမီးဖိုပေါ်က မချဘဲ ရေးဦးဆုံးဝါး၍ရမည့် ဟင်းဖတ်များကို ခူးခပ်ပြီး အရက်နှင့် စားကြ သောက်ကြပါသည်။

သူတို့သည်လက်ကလည်းအလုပ်မပျက် ပါးစပ်ကလည်း အစားမပျက်၊ ယောက်ချိုဖွန်းကြီး နှင့် အငွေ့တထောင်းထောင်းထနေသော အိုးထဲမှ ဟင်းဖတ်တွေ ကော်ခပ်လိုက်၊ တဖူးဖူးမှုတ်ပြီး အရေသောက်လိုက်၊ အဖတ်စားလိုက် လုပ်နေကြသည်မှာ သူတို့ကြည့်ရလွန်စွာ မြိန်ရှက်ပုံပေါ် ပေသည်။ ထို့ပြင် ဟင်းအိုး၏ရနံ့ကလည်း ချောင်းကမ်းပါးပေါ်ရှိ ကျွန်တော်၏ နှာခေါင်းဆီသို့

ပျံ့တက်လာလေရာ ကျွန်တော်မှာ သူတို့နား ချောင်းကြည့်ရုံနှင့် မနေနိုင်တော့ဘဲ၊ တရွာထဲသား လူချင်းလည်းရင်းနှီးပြီးဖြစ်နေရာ ကမ်းပါးစောက်မှ ဒလဟောဆင်းချလိုက်ပြီး. . .

'ဟိတ်လူကြီးတွေ ကျွန်တော်လဲ စားချင်တယ်ဗျ'

သူတို့သည် ရုတ်တရက် အံ့အားသင့်သွားပြီးမှ. . .

'ဟာ. . . ဗိုလ်နီကြီး မင်းတယောက်ထဲလား လာလကွာစားလှည့်'

ကျွန်တော်ဝင်၍ကြိတ်တော့ရာ ဟာ. . . ကောင်းလိုက်တာဗျာ ကျွန်တော်ခါတိုင်းစားနေကျ အမဲသားဟင်းတွေနဲ့ကို မတူဘူးတမူ ထူးထူးခြားခြား ကောင်းပါတယ်ဗျာ။ ဒီလောက်ကောင်းတဲ့ အမဲသားဟင်း ကျွန်တော်ယခင်က တခါမျှ မစားခဲ့ဘူးသေးပါဘူး။

'ဟေ့ကောင်. . . ဟင်းတွေအများကြီးကွ၊ မင်း အားရပါးရတဝစားကွာ'

သူတို့က ရက်ရောစွာ ကျွေးမွေးပါသည်။

'နို့ပြီးမင်း. . . ဒို့ ဒီမှာ ဒါလုပ်တာကို ဘယ်သူမှလျှောက်မပြောနဲ့နော်'

'အေးပါဗျာ'

ကျွန်တော်မှာ အစာဝါးယင်း အာလုပ်သံကြီးနှင့်. . . . .

'မင်းကိုကော ဘယ်သူပြောလို့ သိတာလဲ'

'ဘယ်သူမှပြောတာ မဟုတ်ပါဘူးဗျ၊ ကျွန်တော်ဟာ ကျွန်တော့်'လက်က ဝွလေးကိုပြ၍ 'ငှက်ပစ်ဖို့ ချောင်းရိုးလျှောက်လာယင်း တွေ့တာဗျ'

သူတို့ဟာက လူသိမခံချင်တဲ့အလုပ်၊ ကျွန်တော့်အဖေကလွှတ်လိုက်လို့ဆိုသော် သင့်လျော်မည်မဟုတ်။

ယင်း၌ ကျွန်တော်စဉ်းစားသည်။ အဖေသည် သူတို့နွားသတ်ရာသို့ ကျွန်တော်အား ချောင်းမြောင်း၍ လိုက်သွားရန်အဘယ့်ကြောင့် ခိုင်းပါသနည်း။

သူတို့၏ထူးထူးကဲကဲ အမဲသားဟင်းကိုစားယင်း တွေးလိုက်တော့ ထိုစဉ်က ကျွန်တော့် စိတ်ထင်မှာ ဟင်းကောင်းကြိုက်သော ကျွန်တော့်အား ဒီလိုထူးခြားသော အမဲသားဟင်းကို စားဘူးစေချင်လို့ဟု အောက်မေ့မိသည်။

သို့သော် အကယ်စင်စစ်ကား ဤထင်မြင်ချက်သည် ပါးစင်အောင်လွဲချေ၏တကား။ ထိုနေ့ညနေ နေဝင်ရီသရော ကျွန်တော်အမဲသားတတွဲကို လက်ထဲဆွဲကာ အိမ်ထဲဝင်လေတော့ အဖေသည် ကျွန်တော့်အား မျက်လုံးဖြဲ၍ကြည့်ကာ. . .

'ဟေ့. . . မင်းအမဲသားတောင် ယူလာခဲ့တယ် ဟုတ်လား'

'ဟုတ်တယ်အဖေ၊ သူတို့က မင်းတို့အိမ်ဖို့လဲ တတွဲယူသွားကွာဆိုတာနဲ့ မိုးခိုသားတွေ ပေးလိုက်တယ်အဖေရဲ့'

'မင်း. . . သူတို့လုပ်တာ သေသေချာချာမြင်ခဲ့ရဲ့လား'

'မြင်ပါတယ်အဖေ၊ ကိုသာမှန်ကြီးက နွားနဖားကြိုးကို ဘယ်ဘက်လက်ကကိုင်ပြီး ညာဘက်လက်က ရဲဒင်းပုဆိန်ကြီးနဲ့ နွားငယ်ထိပ်ချိုနှစ်ခုကြားက ဘုကိုထုတာ၊ ပထမတချက်က ဘဲကနဲ အော်လိုက်သေးတယ်၊ ဒုတိယအချက် မအော်နိုင်တော့ဘူး၊ တတိယအချက်မှာတုံးကနဲ လဲသွားတာဘဲ'

ယင်း၌အဖေသည်လက်တား၍. . .

'တော်ဘီ. . . တော်ဘီငါ့သား၊ မင်းအဲလိုဖြစ်တော့ နွားကြီးကို မသနားဘူးလား'

'သနားတာပေါ့ အဖေ'

'သနားရက်သာနဲ့များကွာ သူ့အသားကိုစားဖို့ ယူခဲ့ရသေးတယ်'

'ဟာ. . သနားတာနဲ့စားတာ ဘာဆိုင်သလဲအဖေရဲ့ စားလို့ကသိပ်ကောင်းတာဘဲ၊ အဲဒီနေ ရာမှာ ချောင်းထဲသူတို့ချက်တဲ့ ဟင်းတွေတောင် ကျွန်တော်တဝစားခဲ့သေးတယ်'

အဖေသည် ပါးစပ်အဟောင်းသား ဖြစ်သွားကာ. . .

'ဟေ့. . . မင်းကသွေးစိမ်းရှင်ရှင်နဲ့ အမဲဖျက်တဲ့ ဟင်းတောင်စားခဲ့တယ်'

‘ဟုတ်တယ်အဖေရ. . . သိပ်ကောင်းတာဘဲ၊ ကျွန်တော်တို့အိမ်မှာ ချက်တာတွေထက်ကို ကောင်းတယ်၊ အူအသဲအသား အစုံဘဲလားဗျာ. .’

အဖေသည် ကျွန်တော့်ကိုစေ့စေ့ကြည့်၍ ကျွန်တော့်စကားကို စိတ်ပျက်စွာနှင့် နားထောင်နေရာမှ ဦးခေါင်းကို လေးလေးယမ်းကာ ကျွန်တော့်မိခင်ရှိရာ အိမ်ထဲသို့လှမ်း၍. . .

‘မအေကြီး. . . . မင်းသားတော့ ကမ်းကုန်ပဟေ့၊ သူပြောတာ ကြားရဲ့မဟုတ်လား’

မိခင်ဖြစ်သူကတော့ သူ့ပင်ကိုယ်အမူအရာ အတိုင်းဘဲ အေးဆေးစွာဘဲ. . .

‘ကြားပါတယ်ဖအေကြီးရဲ့ ကို့ပြောသားဘဲ၊ သူရွှေရင် ဝတ်သတ်တာသွားကြည့်ပြီး ဝက်ဖျတ်တုန်းချက်တဲ့ ဝက်သားဟင်း စားနေကျပါလို့ အစားသရဲတဲ့ဘက်မှာ သူ့ဆရာရွှေရင်က ရှိပြီးသား’

စင်စစ်အဖေက ကျွန်တော့်အား ကိုသာမှန်တို့ အမဲပေါ်တာကို သွားကြည့်ခိုင်းသည်မှာ နွားကိုသတ်တာ တကောင်လုံးကို သွေးစိမ်းရှင်ရှင်ခုတ်တာ လှီးတာတွေမြင်ရတော့ ကြောက်လန့်ရွံ့ရှာပြီး ကျွန်တော့်စိတ်တွင် အမဲသားစားချင် စိတ်များကုန်ခမ်းသွားလိမ့်မည်လားဟု တွက်ဆ ဟန်တူပါသည်။

အချို့လူများသည် ဒီလိုသတ်တာဖြတ်တာ မြင်ရသည်နှင့် စားချင်စိတ်ကုန်သွားသူတွေ လည်း ရှိကြသည် မဟုတ်ပါလား။ သို့သော် ဒီဖေ့သားကြီးကား သည်လိုလူစားမျိုး မဟုတ်ပေ။ သွေးစိမ်းရှင်ရှင် လတ်လတ်ဆတ်ဆတ်မြင်လေ ပိုစားချင်လေ။ ကျွန်တော့်တွင် ကျားစိတ်ဝင်ခဲ့ သည်ထင်ပါ၏။

## ကျားနို့စားခဲ့သူ

အကြောင်းမှာ ကျွန်တော်သည် ဖော်ပြခဲ့သည့်အတိုင်း ငယ်စဉ်က အလွန်ချူချာသည်။ ဆရာအမျိုးမျိုး ဆေးဝါးအမျိုးမျိုးနှင့် ကုသခဲ့ရသည်။

အင်္ဂလိပ်ဆရာ၊ မြန်မာဆရာစုံသည်။ အင်္ဂလိပ်ဆရာဝန်က ကျွန်တော့်အား ငါးကြီးဆီကို သောက်စေသည်။

သို့သော် ထိုခေတ်က ငါးကြီးဆီသည် ယခုခေတ်လို အခဲလေးတွေ အလုံးလေးတွေဖြစ်အောင် စီမံထားသည် မဟုတ်သေး။ ပုလင်းကြီးနှင့် အရည်သက်သက်မျှဖြစ်လျက် ချွဲပျစ်ပျစ်ကြီး။ အနံ့ကလည်း အလွန်ဆိုးရွား၏။ ဘယ်ကလေးမျိုးမှ သူ့အလိုအလျောက်သောက်ကြမည်မဟုတ်။ ထို့ကြောင့် မြန်မာကလေးဆေးတိုက်နည်း ထုံးစံအတိုင်း နှာခေါင်းဖျစ်၊ အတင်းပါးစပ်ဖြဲအာခေါင်ထဲဇွန်းနှင့် ထိုးခွံ့ကြသည်။

အခြားကလေးမျိုး ရမည်ဖြစ်သော်လည်း ကျွန်တော့်လို အကျင့်တန်သော အကောင်က ဘယ်ရမည်နည်း။ အတင်းချုပ်တိုက်၍ ဝမ်းထဲရောက်ပြီးသားကိုမှ ကျွန်တော်မကြိုက်တာကြီး မသောက်ဘူးဆိုတာ တိုက်ရပါမည်လားဟု မရမကလက်ထိုးပြီး ပြန်အန်ချပစ်၏။ နို့ပြီး ဒီကိစ္စအတွက် တနေ့လုံး ငိုတော့၏။ ထို့ကြောင့် ကျွန်တော့်အား ငါးကြီးဆီတိုက်ခြင်းကို လက်လျှော့ရသည်။

နောက်ဆုံး ကျွန်တော်နှင့် အဆင်သင့်သော ဆေးကား ‘ကျားနို့’ပင်တည်း။

မြန်မာဆရာတယောက်သည် ဗေဒင်လည်းတတ်သည်။ ၁၂၈၁ ခု ကဆုန်လပြည့်ကျော် ၁၃ ရက်၊ တနင်းလာနေ့ နံနက်အစောကြီး သန်းခေါင်ကျော်နာရီပြန်တချက်ခန့်၌ ဖွားသည်။ ယင်းကို နေ့သင့်နံသင့်တွက်ချက်ပြီး. . .

‘ဒီကလေး မသေရဘူး၊ သက်ဖိုးရှည်ရမယ်၊ သို့သော် သူ့ဓာတ်စာက ရှားတယ်၊ ရဖို့ခက်တယ်၊ ကျားနို့’

‘ကတ်သီး ကတ်သတ်ဗျာ. . .

‘ယင်းကို ကျွန်တော့်ဘကြီး (ကျွန်တော့်မိခင်၏အဖေ) ဦးနိုထောင်က တာဝန်ယူသည်။

‘ငါ့တာဝန်ထားကွာ ငါ့မြေးအတွက် ငါမရရအောင် ရှာမယ်’ဆိုပြီး တောသို့သွား၍ တောလိုက်မုဆိုးများထံတွင်မှာကြားရသည်။ ၁ကျပ်သားကို ငွေဒင်္ဂါးတကျပ် ပေးရသည်။ ငွေနှင့် စက်ဝယ်ရသော ကျပ်တိုက်ဈေးဟုခေါ်သည်။

ကျားနို့သည် ကျွန်တော်စားရတော့ အရည်မဟုတ်၊ အခဲဖြစ်သည်။ ကျားတို့မည်သည် လျှာက ကြမ်းတမ်းလှသဖြင့် မိခင်သည် သားငယ်တို့အား သူ့နို့သီးကို သားပါးစပ်တွင်စွပ်၍ မတိုက်နိုင်ပေ။ ဖက်ရွက်သစ်ရွက်တို့ အပေါ်မှာ နို့ရည်ကိုချပေးရသည်။

သည်တော့မှ ကျားကလေးများက လျှက်ရစားရသည်။ ကျားနို့သည် မူလမိခင်ရင်အုံမှ ထွက်စဉ်က အရည်ဖြစ်သော်လည်း အပြင်ရောက်၍ ကြာသွားသောအခါ ခဲသွားပေမည်။ ထို့ကြောင့် ကျွန်တော်စားရသည်မှာ ကျားကလေးတို့၏ စားကြွင်းစားကျန် သစ်ရွက်ပေါ်မှ ဖြူဖြူပြားပြား အခဲကလေးများဖြစ်၏။ ဒါကို ကျွန်တော်ကလည်းကြိုက်၏။

ကျွန်တော်နှင့်လည်းတည့်သဖြင့် ၅ နှစ် ၆နှစ်သားလောက်စ၍၊ ကျန်းမာလာလိုက်သည်မှာ ကျွန်တော်သည် ယခုအသက် အရွယ်အထိဖျားနာ၍ ဆရာခေါ်ရသည် ဆေးတိုက်သွားရသည် မရှိခဲ့ပါချေ။

တခါတရံ ဖြစ်တတ်သည့် တမြို့လုံး၊ တရပ်ကွက်လုံး တအိမ်သားလုံး တုတ်ကွေးကွေး ကြလို့မှ ကျွန်တော်မကွေးတတ်ပေ။ ငယ်စဉ်က ချူချာသလောက် ကြီးပြင်းလာသောအခါ ကျန်းမာလှသည်ဟု ဆိုရပေမည်။

## ကျားစိတ်ကျားမာန်

ကျွန်တော်မှာငယ်စဉ်က ကျားနို့နှင့် နာလန်ထခဲ့ရသည်ဖြစ်၍ လူတွင် ကျားစိတ်ဝင်နေ သည် ထင်ပါသည်။ စိတ်ဆိုးလျှင် အင်မတန် ဒေါမာန်ကြီးတတ်သည်။

ငယ်စဉ်က ကလေးချင်းရန်ဖြစ်လျှင်၊ ဘာလက်နက်မျှ အားမကိုးဘဲ လူချင်းပူးမိလျှင် အတင်းဖက်ကိုက်တတ်သည်။ ယခုကြီးလာသောအခါလည်း အရက်မူး၍ သတိလစ်သောအခါ များတွင် နီးရာလူကို ကိုက်တတ်ပါသည်။

ကျွန်တော်နှင့်ခင်မင်ရင်းနှီးသော သောက်ဖော်စားဖက်တို့မှာ ကျွန်တော့်အကိုက်မခံရဘူး သူ မရှိသလောက်ပင်။ အော် ကျွန်တော်တို့သောက်ခေတ် ကောင်းစဉ်တုန်းက ကျွန်တော် ့အကိုက်ကို ခဏခဏ ခံဘူးသော သန်းဆွေ။ မိုးဝေ၊ မင်းရှင်နောင်တို့ကား ကွယ်လွန်ကြပေပြီ။

ယခုသက်ရှိမှု တင့်တယ်၊ မင်းရှင်၊ အောင်လင်း၊ ကိုမောင်မောင်၊ (ယခုသူကတော့ 'ပညာဗလ'တဲ့၊ ဇင်တရား ဟောနေသည်)တို့သာ ကျန်တော့၏။ ကျွန်တော်အရက်မူးလျှင် မည်မျှ ကိုက်တတ်သနည်း။ သူတို့ကိုဘဲ မေးကြည့်ပေရော့။ 'ငါ့မယုံငါ့မယားမေးကြည့်'ဆိုတာ ဖြစ်မှာစိုး ၍၊ မေ့ကိုတော့ လာမမေးနှင့်တော့ သူကား ကျွန်တော်အရက်မူး၍ ဒေါသဖြစ်တိုင်း အကိုက်ခံ ရသူဖြစ်၏။

ထို့အပြင် ကျွန်တော်သည် အသားငါးကိုလည်း အင်မတန်မက်မောဓ၏။ ကျွန်တော်ထမင်းပွဲမှာ အသားဟင်းမပါလျှင်မပြီး။ အသားမစားရလျှင် ထမင်းမျိုမကျတတ်။ ကျွန်တော်ယခု နေ့စဉ်ဈေးသို့သွားနေသည်မှာ ကိုယ်စားလိုသော ဟင်းကိုဝယ်လို၍ဖြစ်၏။

တချို့က ထင်ကြပြောကြ၏။ သော်တာဆွေက သူ့အိမ်ထောင်သူသိပ်ပြီး ဂရုစိုက်တာ၊ နေ့တိုင်းဈေးသွားဝယ်ပေးတယ်တဲ့။ ဘယ်ဟုတ်မှာတုန်း၊ ကျုပ်ကိုအကောင်းဘက်က သိပ်ပြီး မချီးမွမ်းကြနဲ့ဗျ။ ကိုယ်တွက်ကိန်းနဲ့ ကိုယ်လုပ်နေတာပါ။

ကျွန်တော့်အိမ်မှာ ကြက်တွေဘဲတွေ မွေးထားတာကတော့ ဒီနေ့ဈေးကဝယ်လာတဲ့ ဟင်းခံတွင်းမတွေ့တော့ဘူးဆိုလျှင် ချက်ချင်း ဟင်းအပြောင်းလွဲ လုပ်ရအောင်ဗျ။

ကျွန်တော်သည် အသားဆိုလျှင် ဘာအသားမျှ မရှောင်လူစားကောင်းသည့် အစာမှန် သမျှအားလုံးကိုစား၏။ စားတတ်အောင်လည်း သင်ကြားပေးခဲ့သူ ကျွန်တော့်မှာ ရှိခဲ့၏။ ကျွန်တော့်မိခင်က (တနေရာ၌ဖော်ပြခဲ့သည်) 'အစားသရဲတဲ့ဘက်မှာ သူ့ဆရာရွှေရင်က ရှိပြီး သား' ဟု အဖေ့ကို ပြောသည်။ မှန်၏။

အများမစားသော၊ လူတိုင်းမစားသော ကြောင်သား၊ မြွေသား၊ လိပ်သားစသည်တို့ကို စားတတ်အောင် သင်ပေးသူကား ကျွန်တော့်ဆရာ ကိုရွှေရင်ပါတည်း။ တောသား၊ ဆင်ရဲသား အောက်သက်ကျေသူ။ ထန်းတက်၊ အရက်ချက်လည်း ကျွန်တော်ကိုသင်ပေးခဲ့သူ။

သူ့ကိုလူအများက လူဆိုးလူမိုက်ဟု အသိအမှတ်ပြုကြသည်။ အစိုးရကလည်း သူ့ကို လက်လှမ်းမီသမျှဥပဒေနှင့် အပြစ်အမျိုးမျိုးပေးခဲ့သည်။ သို့သော် ကျွန်တော့်အဖို့ကား ကိုရွှေရင် သည် တကယ့်လူတော်လူကောင်း မိတ်ဆွေကောင်းကြီးပါ။

သူသည် ဂျပန်ခေတ်က အသတ်ခံရ၍ သေသွားခဲ့သည်။ သတ်သူကလည်း ကျွန်တော့် သူငယ်ချင်းဘဲ။ သူတို့နှစ်ယောက်အကြောင်းကို 'တရားခံရှာစမ်း' အမည်ဖြင့် သွေးသောက် မဂ္ဂဇင်းမှာ ကျွန်တော်ဝတ္ထုတပုဒ် ရေးခဲ့သည်။ ယင်းဝတ္ထုကို ဂျီ ဒီ အာ (အရှေ့ဂျာမဏီ)က ဘာသာပြန်ယူသွားသည်။

ကိုရွှေရင်အကြောင်းကို ကျွန်တော့်ဘဝနှင့် တွဲ၍ရေးသားပါအုံးမည်။

နယ်လွဲလူဆိုး

ကျွန်တော်အမှတ်သညာကောင်းစွာ ထားတတ်သောအရွယ်၌၊ ကျွန်တော်တို့ အိမ်ရှေ့တည့်တည့်က အိမ်မှာ အသက် ၃၀ကျော် ၄၀အတွင်း ဒေါ်ဇာနုမည်သော ငါးစိမ်းမကြီးနှင့် သူ့သမီးနှစ်ယောက် နေထိုင်ကြသည်။

ထိုစဉ်မှာ သမီးအကြီးမလှတင်က အပျိုဖြစ်ပြီ။ သမီးအငယ်က ၃–၄နှစ်လောက်အရွယ်။ ကျွန်တော့်ထက် ငယ်သည်။ သူ့နာမည်ကို၊ အကြီးမက 'လှတင်'မို့ သူ့အား 'လှရှင်'ဟု မှည့်ထားသော်လည်း မည်သူကမျှ ဤနာမည်ကို မခေါ်ကြ။ သူ့ကိုယ်က ဗိုက်ပူနံကားလေးမို့ 'ဗိုက်ပူ' သို့မဟုတ် 'မိခွေး'ဟု ခေါ်ကြသည်။

ကျွန်တော်ကတော့ သူ့ကိုဗိုက်ပူဟူ၍ဘဲ နှုတ်ကျိုးခဲ့သည်။ နောင် သူအပျိုအရွယ်ရောက် မှ အားနာလာ၍ 'မိခွေး'ဟုခေါ်တော့သည်။

သူတို့သားသမီးများသည် ကျွန်တော်တို့ရွာ ဇာတိမဟုတ်ချေ။ မူလက ကျွန်တော်တို့ရွာ အနောက်ဘက်၊ တမိုင်မျှကွာသော ဥသျှစ်ကုန်းရွာမှဖြစ်သည်။

အိမ်ခြေ အစိတ်သုံးဆယ်မျှသာ ရှိသော ရွာသိမ်ရွာငယ်လေးဖြစ်သည်။ အောင်မယ်. . . ရွာငယ်ပေမယ့် လူဆိုးသူဆိုးထွက်သည်။ နွားခိုးသည်။ နွားသတ်သည်ဟူ၍တော့ နာမည်ကြီး သဗျ၊ ထိုခေတ်က။

ဒေါ်ဇာနုတို့ သားအမိတွေ ကျွန်တော်တို့ရွာ လာရောက်နေထိုင်စဉ်က သူတို့အိမ်မှာ ယောကျ်ားဟူ၍ မရှိပေ။ သူတို့သားအမိ ၃ယောက်သာရှိပေရာ၊ သမီးအကြီး မလှတင်က အိမ်မှာ ယက်ကန်းခတ်သည်။ ဒေါ်ဇာနုက နံနက်ဝေလီဝေလင်းမှာ ဈေးဗန်းတခု ခံတောင်းတလုံး၊ ခေါင်းပေါ်ရွက်၍၊ ပေါင်းတည်မြို့သို့သွားသည်။

ငါးဒိုင်မှငါးများကို ဖောက်သည်ဈေးနှင့်ယူပြီး၊ လက်လီဈေးနှင့်ဈေးထဲတွင် ငါးစိမ်းတန်းမှာ ထိုင်ရောင်းပြီး နောက်၊ နံနက် ၉နာရီခန့်၊ မြို့သူမြို့သားတွေ ဈေးဝယ်စဲသွားသောအခါ ကျန်ငါးများကို ခေါင်းပေါ်ရွက်ခဲ့၍ မြို့မှသည် ကျွန်တော်တို့ရွာအထိ ၃မိုင်ခရီးကို အရပ်စဉ်အတိုင်း ခြေကျင်လျှောက်ရောင်းခဲ့သည်။

၁၁ နာရီလောက် အိမ်ပြန်ရောက်၍ မကုန်သေးခဲ့သော နေ့လယ်နေ့ခင်းမှာ သမီးဖြစ်သူ မလှတင်က ရွာထဲလျှောက်ရောင်းလိုက်သည်။

ယင်းသို့ဖြင့် သူတို့သားအမိများမှာ အိမ်ထောင်တွင် ဦးဆောင်ခေါင်းရွက် ယောကျ်ား လုပ်သူ မရှိပါသော်လည်း စားဝတ်နေရေးမှာ မသိမ်ငယ်မချို့တဲ့ခဲ့ပေ။

စင်စစ် ဒေါ်ဇာနုတွင် ခင်ပွန်းလင်ရှိသည်။ သို့သော် ကျွန်တော်တို့ရွာသို့ သူတို့သားအမိ တွေ ပြောင်းလာချိန်မှာ သူ့ယောကျ်ားသည်၊ အစိုးရပြစ်ဒဏ်ဖြင့်၊ ပြည်မြို့အပိုင်၊ ပေါက်ခေါင်းရွာ တွင် နယ်လွှဲခံနေရသည်။

'နယ်လွှဲ'ဆိုသည်မှာ ထိုစဉ်အင်္ဂလိပ်ခေတ်က အကြင်လူတယောက်သည်၊ ခိုးသည်၊ တိုက်သည်၊ ဆိုးသည်၊ မိုက်သည်မှန်၏။ သို့သော်သူ့အား ဥပဒေအရ ထောင်ချရန်၊ မယ်မယ်ရရ ပုဒ်မမတပ်နိုင်၊ သက်သေသက္ကာယ ရှာမရ၊ ထို့ကြောင့် 'ကျော်စော'မှုလုပ်၍ မိမိရပ်ရွာတွင် မနေစေဘဲ၊ အခြားတနယ်သို့ ပို့ထားခြင်းဖြစ်သည်။

ဤစဉ်၌ သက်ဆိုင်ရာ သူကြီးအိမ်မှာ လက်မှတ်ထိုးရသည်။ ကိုယ့်အိုးကိုယ့်အိမ်တည် ဆောက်ကာ မိမိဖာသာ လုပ်ကိုင်စားသောက်ရသည်။ သားမယားပါ ခေါ်လိုကခေါ်ယူ၍ အတူတကွ နေထိုင်ခွင့်ရှိသည်။

သို့သော် ဒေါ်ဇာနုသည် သူ့လင်နယ်လွှဲရာသို့ လိုက်မသွားခဲ့ပေ။ သူတို့၏မူလ ဉသျှစ်ကုန်းမည်သော ရွာသိမ်ရွာငယ်လေးမှ ကျွန်တော်တို့ရွာကြီးသို့ ပြောင်းရွှေ့လာခဲ့ကာ မြေဝယ်အိမ်ဆောက်၍ သူ့ယောကျ်ားလူဆိုး နယ်လွှဲပြန်ကြီးကို မျှော်လင့်နေခဲ့ပေသည်။

## ရွှေရင်လာပြီ

ထိုစဉ်က ကျွန်တော့်အရွယ်သည် ပုဆိုးလည်ပင်းရောက်ဖြင့် ငွေလိမ့်တုန်းအချိန်ဖြစ်ပေ သည်။

'ဇာနုလင် ရွှေရင်နယ်လွှဲက လွတ်လာပြီဟေ့' သူကျွန်တော်တို့ ရွာရောက်သောနေ့၌၊ ဤအသံ ထွက်ပေါ်လာတော့ ကျွန်တော်အံ့ဩမိသည်။

'အဖေရဲ့ မဇာနုလင်ရွှေရင်ဆိုတာက မိန်းမကြီးလား အဖေရဲ့၊ ဘယ့်နှယ် မဇာနုကမိန်းမ ကြီးနဲ့ညားနေရတာလဲ'

အကြောင်းမှာ ဤအချိန်၌ ကျွန်တော်တို့ရွာတွင် ဒေါ်ရွှေရင်ခေါ်သော မိန်းမကြီးရှိသည်။ ထို့ကြောင့် 'ရွှေရင်' ဆိုတာ မိန်းမဘဲဟု ကျွန်တော့်အရွယ်အလျောက် ကျွန်တော့်စိတ်ထဲတွင် မှတ်သားထားသည်မို့ ကျွန်တော့်အဖေကို မေးမိခြင်းဖြစ်ပါသည်။ သည်တော့အဖေက. . .

'ဟဲ့. . . ရွှေရင်ဆိုတိုင်း မိန်းမဖြစ်ရမလားကွ၊ ယောက်ျားပေါ့၊ မင်းသွားကြည့်ပါလား'

သည်တော့ ကျွန်တော့်ရွှေပန်းငေါက်တောက်နှင့် သူတို့အိမ်ဝင်းထဲ ရောက်ခဲ့သည်။ ကိုရွှေရင်သည် ပိုးလုံချည် အနီကွက်တုံးနှင့် သက္ကလပ်အပေါ်ဖုံး အင်္ကျီနက်ပြာရောင်ကို ဝတ်ထား သည်။ ဆံပင်ရှည်သျှောင်ထုံးနှင့် မျက်နှာသုတ် တဘက်ကြီးကို ခပ်စောင်းစောင်း ပေါင်းထား သည်။

သူသည် မိန်းမသားချည်းနေခဲ၍ မလုံမလဲရှိနေသော သူ့ဝင်းခြံကိုကာရန် ဝါးဘိုးဝါးများ ကို ခုတ်ခွဲနေသည်။ ကျွန်တော်သူ့အနီး၌ ဆောင့်ဆောင့်ထိုင်ကာ သူ့ကို သေသေချာချာ ကြည့် သည်။

မျက်နှာကောက်ကောက် မျက်ပေါက် ကျဉ်းကျဉ်း၊ နှာတံပေါ်ပေါ်၊ အသားညိုညို၊ အရပ် အမောင်းကောင်းသည်။ လူနေပုံစံမှာ အများနှင့်မတူ ခါးစန့်ကာ ကျောကော့၍ ရင်ဘတ်မော့ နေသည်။

သူ့မိန်းမကတော့ သစ်တုံးတွေလှည်းပေါ်တင်ယင်း သစ်လုံးခိုက်မိ၍ ပြောသည်။ အချို့ ကတော့ လူတွေဝိုင်းရိုက်ထားလို့ဟု ပြောကြသည်။

သူသည် ဆေးလိပ်မသောက်တတ် ကွမ်းမပြတ် ငုံလေ့ရှိသည်။ သူ့သွားတို့သည် သစ်ခေါက်ဆိုးရောင် ဖြစ်နေသည်။

ဤသူကားနာမည်ကြီး အစိုးရစာရင်းဝင် လူဆိုးတည်း။

ယခု ကျွန်တော်တို့ရွာ သူ့မိန်းမဂေဟာသို့ ရောက်လာသည်မှာ ပေါက်ခေါင်းရွာက နယ်လွှဲ သက် ၃နှစ်စေ့၍ ပြန်လာခြင်းဖြစ်သည်။ သူသည်ယခင်ကလည်း နယ်လွှဲတကြိမ်ခံခဲ့ရ ဘူးသေးသည်။ အင်းမတွင်ဖြစ်သည်။ နယ်လွှဲခံထားသူမှာ ခြေချုပ်နှင့်ဖြစ်သည်။ ကန့်သတ်ထား သောနေရာမှ မကျူးလွန်ရ၊ ကျူးလွန်သော် ထောင်ဒဏ်ခံရမည်ဖြစ်ရာ၊ အင်းမတွင် နေစဉ်က နယ်ကျွံမိ၍ ထောင် ၉လ အကျခံရသည်။

ယခု ပြန်လာခဲ့သော ပေါက်ခေါင်းနယ်လွှဲမှုမှာ ဒုတိယအကြိမ်ဖြစ်သည်။

သူသည်အတိတ်က ဘာတွေဆိုးခဲ့မိုက်ခဲ့သနည်း။ ကျွန်တော်မသိ။ ကျွန်တော်တို့ရွာရောက်ခဲ့၍ ကျွန်တော်နှင့်သိကျွမ်းပြီးမှသော်ကား၊ လူလည်း အသက် ၄၀လောက်ရှိနေပြီ။ နောက်ထပ် ဘာရာဇဝတ်မှုမျှ ဖြစ်ပွားခြင်း မရှိတော့ပေ။

ကျွန်တော်သည် သူ့ကို ရွာရောက်စ လူသစ်အဖြစ်နှင့် သေသေချာချာ ထိုင်ကြည့်ပြီး နောက် သူတို့တံစက်မြိတ်အောက်မှာ ကြက်ကလေးနှစ်ကောင် ခြင်းနှင့်လှောင်ထားသည်ကို မြင်မိ၍ အနီးသို့သွားကြည့်သည်။ ခြင်းယက်ထားသည်မှာ ခရီးဆောင် ပုံဏ္ဏာန်ဖြစ်၍ ဒီကြက်ကလေးနှစ်ကောင်သည် သူနှင့်အတူယူလာခဲ့ခြင်းဖြစ်ပေမည်။ အဖလေးတွေ ၂လ ၃လမျှရှိဦး မည်။ ကျွန်တော်သည် ထိုစဉ်ကပင် ကြက်ကိုစိတ်ဝင်စားတတ်သည်။

သူသည် ဝါးခွဲနေရာမှ အလုပ်ကိုခေတ္တနား၍ ကျွန်တော်ဆီထလာပြီး. . .

'ဟိတ်. . . သိပ်ပြီး ကပ်ကြည့်မနေနဲ့ကွ၊ မင်းရွှေပန်းကြက်ဆိတ်လိမ့်မယ်'ဟု ရယ်မောကာ ပြောသည်။ သူ့အိမ်ထဲ ကျွန်တော်ရောက်ခဲ့၍ သူ့ကို ကျွန်တော်ထိုင်ကြည့်နေခဲ့သည်မှာ ၁၀ မိနစ်လောက်ရှိပြီ။ ယခုမှ သူစတင် စကားပြောခြင်းဖြစ်သည်။ ကျွန်တော်က သူပြောတာကို ပုဆိုးစနှင့် ဖုံးလိုက်ပြီး သူ့ကိုမော့်ကြည့်ကာ. . .

'ခင်ဗျား ကြက်လေးတွေက တိုက်ကြက်မျိုးလားဗျ'

'အေးပေါ့ကွ. . . ကျောက်စာတိုင် ရွှေနီမျိုးတွေ၊ သူတို့အဖေက ပေါက်ခေါင်းနယ်မှာ နာမည်ကြီးပေါ့'

'ဟင် ဟုတ်လား ကျွန်တော့်ကို တကောင်ပေးပါလားဗျ'

'မင်းက ကြက်တိုက်ဝါသနာပါလား'

'အင်း. . . '

'ဒါဖြင့် ကြီးတော့ ယူလကွာ၊ ခုနှယ် သူတို့ညီအကို နှစ်ကောင်ထဲရှိတာ ခွဲလို့မကောင်းသေးဘူး'

'အေး. . ဒီလိုဆိုယင် ကျွန်တော်နေ့တိုင်းလာပြီး အစာကျွေးမယ်နော်. . '

'မင်းတို့အိမ်က ဘယ်မှာလဲ မင်းက ဘယ်သူ့သားလဲ'

'ဟော့ဒီ အိမ်ရှေ့ကအိမ်ကြီးလေဗျာ၊ ကျွန်တော့်အဖေက ကိုဖိုးဆယ်ပါ'

'အော်. . မင်းက သူကြီးကိုဖိုးဆယ်သားကိုး'

ထိုစဉ်က ကျွန်တော့်အဖေသည် ခေတ္တယာယီ သူကြီးလုပ်နေရ၏။

'ဟုတ်တယ်ဗျ'

'ဒါဖြင့် ငါက မင်းတို့အိမ်နေ့တိုင်းလာရအုံးမှာကွ၊ မင်းတို့အိမ်က ခွေးကိုက်တတ်သလား'

(ကျွန်တော်တို့အိမ်က ဈေးရောင်း၍ ကိုက်ခွေးမမွေးပါ။)

'မကိုက်တတ်ပါဘူးဗျာ'

အကြောင်းမှာ ကိုရွှေရင်သည် ပေါက်ခေါင်းနယ်လွှဲမှ ထွက်လာပြီဖြစ်သော်လည်း ယခု သူရောက်လာသောရွာတွင် ခေတ္တခြေချုပ်ရှိနေသေးသည်။ နေ့စဉ် သူကြီးအိမ်မှာ လက်မှတ်ထိုးရ သေးသည်။

ယင်းသို့လျှင် ကိုရွှေရင်က ကျွန်တော်တို့အိမ်သို့ နေ့စဉ်လက်မှတ်ထိုးရအောင်လာ၊ ကျွန်တော်က သူ့အိမ်သို့ ကြက်စာကျွေးရန် မပြတ်သွားခြင်းဖြင့် သူနှင့်ကျွန်တော်၏ ခင်မင်မှုမှာ အလျင်မပြတ် တိုးတက်ခဲ့ပေသည်။

ကိုရွှေရင်နှင့် ကျွန်တော်တူညီမှုတခု ရှိသေးသည်။ သူလည်း အင်မတန်ဟင်းကောင်း ကြိုက်တတ်ခြင်းဖြစ်သည်။ ဖော်ပြခဲ့သည့် အတိုင်း သူ့ဇနီး ဒေါ်ဇာနုမှာ နေ့စဉ် မြို့သို့သွားသော ငါးစိမ်းသည်ဖြစ်၍ သူတို့အိမ်မှာ ဟင်းကောင်းမပြတ်ပေ။ ထို့ကြောင့် သူတို့အိမ်သည် ကျွန်တော် ၏ စားအိမ်သောက်အိမ်ဖြစ်ခဲ့သည်။ သူတို့အိမ်မှာ ထူးထူးခြားခြားဟင်း (ဥပမာ–ကြောင်သား၊ လိပ်သား၊ မြွေသား၊ ဖားသား)ရှိပြီဆိုပါက သူ့သမီးလေးအား ကျွန်တော့်ကို အိမ်သို့လာခေါ်စေ သည်။ ကျွန်တော်အလည်လွန်၍ အိမ်တွင်မရှိဘူးဆိုပါမူ ဟင်းကိုပို့ထားသည်။

ထို့ပြင် ကိုရွှေရင်သည် အိမ်တွင် ဝက်မပြတ်မွေးတတ်၍ ကိုယ့်ဝက်ကိုယ်သတ်စားသည်။ သို့မဟုတ် အခြားသူ၏ဝက်ကို ဝယ်၍ပေါ်သည်။ ကိုယ်စားချင်သမျှ စားရသည့်အပြင် ရောင်းသင့်တာ ရောင်းခြင်းဖြင့် တခါတရံ အမြတ်ပင်ပေါ်သေးသည်။

ထို့ကြောင့် 'ဝက်သတ်စားတာတော့ သူ့ဆရာ ရွှေရင်က ရှိနေပြီ'ဟု ကျွန်တော့်မိခင်က ပြောခြင်းဖြစ်သည်။

## ကျွန်တော်၏ကြက်ဆရာ

ဖော်ပြခဲ့သော ကိုရွှေရင် နယ်လွှဲရာမှ ယူလာခဲ့သည့် ကြက်ဖလေးနှစ်ကောင်သည် အချိန်တန်အရွယ်ရောက်သော် တိုက်ကြက်ကောင်းလေးများဖြစ်ခဲ့၍ အကြီးကောင်က 'မိုက်ခေါင်' အငယ်ကောင်က 'ရွှေနီ' နာမည်ဖြင့် တိုက်ပွဲများဝင်ခဲ့ရသည်။

တိုက်ကြက်တို့မည်သည်မှာ တအိမ်ထဲတွင် အတူမွေးထား၍ တကောင်နှင့်တကောင် အကြောက်အနိုင် မရှိသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ကြက်တို့မည်သည်မှာ မွေးကြောက်မွေး နိုင်ကို အမှတ်သညာ ထားတတ်သည်။

ဥပမာ ကိုရွှေရင်၏ ကြက်နှစ်ကောင်တွင် ရွှေနီ၊ အမွေးရောင်က အနီ။ မိုက်ခေါင်က ချိတ်။ (အညိုရင့်)ဖြစ်လေရာ ရွှေနီက မိုက်ခေါင်ကို ငယ်ကြောက်ဖြစ်လေသဖြင့် ရွှေနီသည် ချိတ်မွေးအရောင်ကို ကြောက်လေသည်။

အခြားကြက် ချိတ်မွေးဆိုလျှင် မိုက်ခေါင်မှတ်ပြီး သူခံမခွပ်ချင်ပေ။ တိုက်ကြက်တို့ မည်သည်မှာ ဝိုင်းထဲတွင် ကြက်မွေးမရှောင်တိုက်ရမည် မဟုတ်ပါလား။ ထို့ကြောင့် ရွှေနီကို ကျွန်တော့်အိမ်သို့ ခွဲမွေးရသည်။ ကျွန်တော်တို့အိမ်နှင့် ကိုရွှေရင်အိမ်မှာ သီးသန့်ဝင်းနှင့်ဖြစ်၍ တကောင်နှင့်တကောင် မမြင်ရ။ ကြက်ချင်းခွဲခွာပြီး ဆယ်၊ ကိုးရက်မျှကြာသောအခါတွင် ရွှေနီ သည် ကြက်မွေးရောင်အမှတ်အသားပျောက်ပြီး မိုက်ခေါင်ကို ခံခွပ်လေတော့သည်။ မည်သည့် ကြက်မွေးရောင်ကိုမဆို သူမရှောင်တော့ပြီ။

ယင်းသို့ ရွှေနီကို ကျွန်တော့်အိမ် ယူမွေးထားခြင်းဖြင့် တိုက်ကြက်တကောင်အား နေ့စဉ် အချိန်မှန် ရေကိုင်နည်း၊ ပြုစုနည်းတို့ကို ကိုရွှေရင်က ကျွန်တော့်အား လက်ပူးလက်ကြပ်သင် ကြားပေးခြင်းအားဖြင့် ကျွန်တော်သည် ငယ်စဉ်ကပင် ကြက်သမားတို့အတတ်ကို ကျွမ်းကျင်ခဲ့ ပေသည်။

## ထန်းတက်ခြင်း

ကိုရွှေရင်သည် ညမနက်အချိန်မှန် ထန်းရည်လေး တမြမြသောက်နေတတ်သူ ဖြစ်၍ မိမိစိတ်ကြိုက်ထန်းရည်ကို သောက်ရစိမ့်ငှာ ကိုယ်တိုင်ထန်းတပင်ကိုတက်သည်။ ကျွန်တော် ၉နှစ်

၁၀နှစ်သားရှိသောအခါ ထန်းပင်ပေါ်သို့ သူနှင့်အတူ လိုက်၍ တက်ခြင်းအားဖြင့် ကြာလတ်သော် ကျွန်တော်သည် ထန်းစကိုလှီးဖြတ်တတ်ပေပြီ။ ထန်းပင်ကို ထန်းသမားသည် မနက်လျှင်တကြိမ်၊ ညနေတွင်တကြိမ်၊ အချိန်မှန်မှန်၊ ထန်းစကိုလှီးဖြတ်ခြင်း၊ ထန်းရည်ချခြင်း ပြုရသည်။

ကိုရွှေရင်မအားသောအခါ သို့မဟုတ် သူခရီးလွန်နေသောအခါ ကျွန်တော်က သူ့ကိုယ် စား တက်ခဲ့သည်ဖြစ်၍ ကျွန်တော့်အား 'ထန်းသမားလေး' ဟုပင် ခေါ်ကြကုန်သည်။

## ဖားနှင့်မြွေဟောက်

ကျွန်တော်တို့ကလေးသူငယ်များသည် မိုးရာသီခါ လယ်ထွန်ချိန်များ၌ လယ်ထဲသို့ လက်ဖက်ရည်ပို့သွားရသည်။ နံနက် ၉နာရီ ၁၀နာရီခန့်တွင် လက်ဖက်ရည်ကြမ်းတအိုးနှင့် စားစရာတခုခုကို လယ်ထွန်းသမားထံသို့ သွားပို့ရခြင်းဖြစ်သည်။

ကျွန်တော် ၁၃ နှစ်သားအရွယ်၊ တနေ့နံနက် ၁၁ နာရီခန့် လက်ဖက်ရည်ပို့က အပြန် တွင် တခုသောလယ်ကန်သင်း ကြွက်တွင်းဝ၌ ဖြူဖြူပြားပြားကြီးကို မြင်ရလေရာ ကျွန်တွင်းဝ၌ လက်ထောက်နေထိုင်နေသော စားဖားကြီးဘဲဟု ကပျာကရာပြေး၍ နှိုက်လေသည်။ စင်စစ်ကား ဤဖြူဖြူကြီးသည် ဖား၏ရင်ဘတ်မဟုတ် ပါးပျဉ်းထောင်နေသော မြွေဟောက်ကြီး၏ လည်ပင်း ကြီးတည်း။

မြွေဟောက်လည်း ကျွန်တော့်အရောက်ကို မစောင့်ဘဲ လူပြေးလာသည်ကိုမြင်လျှင် တွင်းထဲသို့ ခေါင်းလှည့်၍ ဝင်သွား၏။ ဒါကို ကျွန်တော်က 'အောင်မာခွေးမသားဖားက လူပါးဝ လို့' ဟုဆိုပြီး လေးဘက်ထောက်ကာ အတင်းကုန်းနှိုက်သည်။

မြွေကြီး၏ ကောက်ကွေးထားသောကိုယ်ကို ကျွန်တော်လက်နှင့် ထိမိသည်။ ပြုတ်ကြမ်း ကြမ်းကြီး၊ ဖား၏ ပေါင်လုံးကြီးဘဲဟု ဆွဲထုတ်ရန် ကြိုးစားသည်။ သို့သော် မြွေက ကျွန်တော့် လက်ရှေ့တိုးလေ သူကနောက်ဆုတ်သွားလေနှင့် မိမိရရ မကိုင်မိဘဲဖြစ်နေသည်။ မြွေ၏ကိုယ်လုံး ကို ကျွန်တော်က ဖား၏ခြေထောက်ဟု အောက်မေ့မိရာ 'ရောမဖားကြီးဘဲ၊ တကောင်ထဲနဲ့ ဟင်းတအိုးပြည့်ကြီး' ဟု တွက်ဆကာ၊ မရမနေကြိုးစားသည်။

လယ်ကန်သင်းတွင် အသင့်တွေ့ရသော ထွန်းသွားဟောင်းကလေးနှင့် ကြွက်တွင်းကို တူးကာ၊ တူးကာ နှိုက်သည်။ တဖဲ့တူးပြီးတိုင်း တခါနှိုက်သည်။ နှိုက်တိုင်းနှိုက်တိုင်း မြွေကိုယ်ကို လက်နှင့်ထိမိသည်။

သို့သော်သူက နောက်သို့တွန့်တွန့်ရှန်သွားသဖြင့် မိမိရရကိုင်မိသည်မရှိ။ ကျွန်တော့်မှာ ကြာလေကြာလေ အားမရလေဖြစ်လာသည်။ ဖားသားစားချင်ဇောနှင့် မလျှော့သောဖွဲလုံ့လဖြင့် ထွန်သွားနှင့်တူးလိုက်၊ နှိုက်လိုက် လုပ်နေသည်။ တခါတည်းလည်း ဖားပေါ်အောင် အပြီးမတူး ဝံ့။ ဖားကခုန်ထွက်ပြီး ရေထဲခုန်ချပြေးမှာ စိုးရသေးသည်။

ယင်းသို့ ကျွန်တော်ကြိုးပမ်းနေစဉ် ကိုရွှေရင်သည် ပေါက်ပြားကြီးထမ်းကာ သူ့လယ်ထဲ မှပြန်အလာ ကျွန်တော်ကဝမ်းသာအားရ ခေါ်လိုက်တော့သည်။

'ကိုရွှေရင် လာစမ်းဗျို့ မြန်မြန် ဖားကြီးဗျ၊ ဖားကြီးအကြီးကြီးဘဲ'

သူသည် သုတ်သုတ် သုတ်သုတ်နှင့် ရောက်လာပြီး. . .

'ဟေ့ ဟုတ်လား၊ မင်းမြင်လိုက်လို့လား'

'မြင်ရုံမကဘူး၊ အခုနှိုက်တိုင်း နှိုက်တိုင်းတောင် သူ့ခြေထောက်ကို စမ်းမိသေးတယ်ဗျ၊ မမှီတမှီ ဖြစ်နေလို့ ခင်ဗျားပေါက်ပြားနဲ့ ပေါက်လိုက်စမ်းဗျာ'

သူတွင်းပေါက်အလိုက် သုံးချက်မျှပေါက်၍ မြေစာကိုယက်ထုတ်ပြီးသောအခါ ကျွန်တော်က. . .

'တော်တော့ဗျာ တော်တော့၊ ခင်ဗျားပေါက်ပုံနဲ့ ဖားကိုယ်သွားပေါက်မိလို့ ဖားထိုက်ပိုင်း ပြတ်ပြီး စားမကောင်းဘဲဖြစ်အုံးမယ်၊ ကျွန်တော်နှိုက်ယူတော့မယ်'ဆိုပြီး ကျွန်တော်ကုန်း၍ နှိုက်လိုက် တော့သည်။

ကြွက်တွင်းတို့မည်သည် တွင်းအဆုံးဝယ် ကြွက်မိသားစုများအိပ်စက်ရန် လည်းကောင်း၊ အစာသိုလှောင်ရန်လည်းကောင်း ကျယ်ပြန့်သော ဂလိုဏ်ခေါင်းရှိသည်။

ကိုရွှေရင်၏ ပေါက်ပြားချက်ကြောင့် မြွေသည် နောက်သို့ဆုတ်၍ဆုတ်၍သွားယင်း ဂလိုဏ် ခေါင်းထဲသို့ ရောက်နေပြီဖြစ်၍ သူ့ကိုယ်အခွေကို လိုသလို လှည့်နိုင်ပြီဖြစ်ရကား ကျွန်တော် လက်နှိုက်လိုက်လျှင် နှိုက်လိုက်ချင်း အပြင်ဘက်ရှူးကနဲ ကျွန်တော့်လက်မောင်းကို ပေါက်လိုက လေတော့သည်။

သို့သော် မမြင်ဘဲ ရမ်းပေါက်ရသည်ဖြစ်၍ ကျွန်တော့်အသားကို မထိ၊ သီသီကလေး လွဲကာ နံဘေးရွှံ့ထဲမှာ သူခေါင်းစိုက်နေသည်။ ဤမှ ကျွန်တော့်ရင်ထဲ ရှန်းကနဲပူသွားကာ. . .

'အောင်မယ်လေး မြွေကြီးဗျ' ဟုအော်ယင်း လက်ကိုအမြန်ရုပ်လိုက်သည်။

သို့သော် လူမှာ ရွံ့ထဲမှာ လေးဘက်ထောက်ဖြစ်နေ၍ လက်ရုပ်ပြီးသည့်တိုင် ကျွန်တော့် မျက်နှာမှာ မြွေနှင့်နီးကပ်လှသည်။ မြွေသည် နောက်တချီအားယူ၍ ပေါက်လိုက်လျှင် ကျွန်တော့် မျက်နှာသို့ ရောက်နိုင်ပေသည်။

သို့သော် မြွေသည် ပေါက်ခွင့်မရ၊ လျင်မြန်လှသော ကိုရွှေရင်၏လက်မှ ပေါက်ပြားက ကျွန်တော့်အော်သံနှင့်အတူ မြွေ၏ဦးခေါင်းကို ထုခွဲပြီးဖြစ်နေသည်။

မြွေတို့မည်သည် တချက်နှင့်ကိစ္စမတုံးချေ။ ကိုရွှေရင်သည် ဆက်ကာ ဆက်ကာထု၏။ နောက်ဆုံး မြွေဦးခေါင်းကိုဖြတ်ပစ်လိုက်ကာ ပေါက်ပြားရိုးမှာ ထန်းကျောလျှော်နှင့် ချိ၍ထမ်းခဲ့ လေ၏။

ကျွန်တော်မှာ ရင်တုန်မပျောက်သေးဘဲ. . .

'ကျွန်တော် ဖားမှတ်လို့ဗျာ၊ ကုန်းနှိုက်နေလိုက်တာ'

ကိုရွှေရင်က ကွမ်းဝါးမပျက်ဘဲ. . .

'အခု မြွေက ပိုဟန်တာပေါ့ကွ၊ ဖား၁ ၁၀ကောင်နဲ့ ဘယ်လဲမလဲ၊ တို့နှစ်နပ်စာတော့ ရနေတာဘဲ၊ မင်းနယ် မြွေသားက ထန်းရည်နဲ့ သိပ်လိုက်တာကွ'

မြွေဟောက်ကြီး၏အလယ်ပိုင်းမှာ ယောက်ျားကြီး၏ လက်ကောက်ဝတ်လောက်ရှိသည်။ အလျားမှာ ပေါက်ပြားရိုးတွင်ချိထမ်းခဲ့ရာ အမြီးက မြေကြီးတိုက်နေသည်။ ထိပ်မှာကြာကြီးနှင့် ဝမ်းဗိုက်တွင် သံကွင်းဆက်များရှိ၍ အဆိပ်ပြင်းလှသည်။ ဆေးမမီသော မြွေမျိုးဖြစ်၏။ အကယ်၍ ကိုရွှေရင်လက်သာစက္ကန့်ဝက်မျှ နှေးလိုက်ပါက ယခုမိတ်ဆွေတို့ စာရေးဆရာ သော်တာဆွေသည် စာပေနယ်၌ ပေါ်ထွန်းလာတော့မည်မဟုတ်ချေ။

## မြွေပွေးနှင့်မြွေဟောက်

အကယ်၍သာ ကျွန်တော်နှင့်တိုက်ပွဲဝင်လိုက်ရသော မြွေသည် မြွေဟောက်မဟုတ်။ မြွေပွေးဖြစ်ခဲ့ပါမူ ကျွန်တော့်အဖို့မလွယ်ကူပါချေ။ မြွေပွေးတို့မည်သည် မြွေဟောက်ကဲ့သို့ မဟုတ်။ အကြောက်အရွံ့လုံးဝကင်းမဲ့လျက် မည်သည့်ရန်သူကိုမှ ရှောင်ရှားခြင်း၊ တိမ်းဖယ်ခြင်း မပြု။ သူ့အသားလာထိပါက ယင်ကောင်ကိုမျှ မလွတ်အောင် ပေါက်နိုင်သည်။

သို့သော် သူ့အသားမထိသမျှ ကာလပတ်လုံးတော့ သူကလုံးဝလှုပ်ရှားခြင်း မပြုတတ်၊ သက်မဲ့ထင်းခြောက်ကဲ့သို့နေသည်။ ထို့ကြောင့် မြွေပွေးဓာတ်သိသူတို့သည် မြွေပွေးကိုသတ်ရန် လွယ်ကူလှချေသည်။

ကျွန်တော့်ဘကြီး ဦးဖိုးသွယ်ဆိုသူရှိခဲ့သည်။ သူသည်မြွေသားအလွန်ကြိုက်၏။ သူ့တွင် မြွေရှာကောင်းသော ခွေးတကောင်ရှိ၏။ နာမည် 'တက်တူ'ဟုခေါ်၏။ တက်တူ၏လျှာတွင် 'စက်' ခေါ် အမဲကွက်များရှိ၍ မြွေဆိပ်ပီးသည်။

ဟင်းလျာရှာချင်သောနေ့၌ ဘကြီးသွယ်နှင့် တက်တူတို့သည် တောသို့ထွက်ကြ၏။ တက်တူ သည် ချုံကြိုချုံကြားလျှောက်တိုး၏။ မြွေတွေ့ပြီဆိုလျှင် သူ့သခင်ကိုအသံပေး၍ ခေါ်၏။ တောငယ်၌ ရှိတတ်သော လူတို့၏ဟင်းစားမြွေမှာ မြွေပွေး၊ မြွေဟောက်၊ လင်းမြွေ၊ ငန်းစောင်းတို့ ဖြစ်လေရာ၊ လင်းမြွေနှင့် ငန်းစောင်းသည် ကြောက်တတ်၍ ရန်သူတွေ့လျှင် ပြေးတတ်သဖြင့် တက်တူက သခင်ရောက်မလာမီ ဒင်းတို့ လွတ်ထွက်မသွားစိမ့်သောငှာ အမြီးဆွဲထား ခါးလယ်ဆွဲ ကာ လုပ်ထားရ၏။ မြွေဟောက်ဖြစ်ဘိမူ ဒေါသတကြီး ပါးပြင်းထောင်နေသော မြွေဟောက်နှင့် အလမ္ပာယ်ကစားနေရ၏။

အဲ. . . မြွေပွေးဖြစ်ဘိမူကား မောင်တက်တူမှာဘာမျှလုပ်စရာမလို၊ ထင်းချောင်းကဲ့သို့ စန့်စန့်ကြီးတန်းနေသော မြွေပွေးကို ထိုင်ကြည့်နေရုံဘဲ။

ထိုအခါ ဘကြီးသွယ်က တထွာမျှရှိသော သူ့လက်စွဲတော်သံချွန်လေးနှင့် မြွေပွေး၏ ဦးခေါင်းအလယ်တည့်တည့်ကို ဇတ်ကနဲစိုက်ထိုးပြီး ဓါးမတိုလေးနှင့် လည်ပင်းဖြတ်လိုက်ရုံပင်. . .

'ငါလခ္ခီးတဲ့ မြွေပွေးဟာ သတ်ရအလွယ်ဆုံးကွ၊ မြွေတကာ့မြွေထဲမှာလဲ စားလို့အကောင်း ဆုံး၊ အလေးပင်ဆုံးကွ'ဟု ဘကြီးသွယ်က ပြောစမှတ်ပြုခဲ့ပါသည်။

မှန်၏။ မြွေတို့မည်သည် အဆိပ်ပြင်းလေ အသားကစား၍ လေးပင်လေဖြစ်၏။ ထိုအဆိပ်ပြင်း သော မြွေသားသည် လူ၏မျက်စိကိုထိခိုက်တတ်သည်ဖြစ်လေရာ ဘကြီးသွယ်သည် အသက် ၄၀လောက်ကစ၍ မျက်စိမှုန်ခဲ့ရာ ၅၀ရွယ်လောက်၌ ရေးရေးသာမြင်ရတော့သဖြင့် မြွေသားစားခြင်းကို လုံးဝဖြတ်လိုက်ရ၏။

မြွေတကာ့မြွေထဲတွင် မြွေပွေးသည် အဆိပ်အပြင်းဆုံးဖြစ်၍ မြွေဟောက်က ဒုတိယလိုက် ၏။ သူတို့နှစ်မျိုးသည် သဘာဝချင်း မတူကြပေ။

မြွေပွေးသည် ကိုယ်လုံးကိုယ်ထည်တုတ်သည်ဖြစ်၍ မခွေတတ်ပေ။ သွားစနှ့်စနှ့် နေစနှ့် စနှ့်ဘဲ။ သူသည် မည်သည့်ရန်သူကိုမှမကြောက်၊ သူများကိုလည်း မချောက်တတ်။ ရန်မရှာတတ် ဘဲ၊ အဲ သူ့ကိုလာထိလျှင်တော့ သေပေရော့။

မြွေဟောက်များ သူများကိုရန်ရှာတတ်သည်။ ချောက်လည်းချောက်တတ်သည်။ ကြောက် လည်းကြောက်တတ်သည်။ ကြွားလည်းကြွားတတ်သည်။ မြွေဟောက် ပါးပြင်းထောင်ခြင်းသည် ဝင့်ကြွားစွာချောက်လှန့်ခြင်းဖြစ်သည်။ တဖက်သားက ကြောက်၍ပြေးလျှင် သူလိုက်မည်၊ အဲ မပြေးဘဲ သူ့ကိုပြန်ဆော်တော့မည် ပြုသောအခါ သူကပြေးလေတော့သည်။ မလွတ်သာလျှင် အတင်းပြန်ကိုက် တတ်သည်။

ဖော်ပြခဲ့သော ကျွန်တော်နှင့် ရင်ဆိုင်ခဲ့ရသည့်မြွေဟောက်သည် ကြွက်တွင်းဝ၌ ပါးပြင်း ထောင်လျက်နေရာမှ ကျွန်တော်ကဖားမှတ်၍ သူ့ဆီဒလကြမ်း ပြေးသွားသောအခါ သူက ကျွန်တော့် ကြောက်ပြီး ပါးပြင်းချ၍ တွင်းထဲခေါင်းလှည့်ဝင်သွားသည်။

အကယ်၍ မြွေပွေးသာဖြစ်ဘိမူ သူမလှုပ်မရှားနေပေမည်။ ထိုအခါ ကျွန်တော်က သူ့ကို မြွေပွေးမှန်းသိ၍ ရှောင်လျှင်ရှောင်ရော့၊ မသိဘဲ သူ့ခေါင်းလက်နှင့်သွားထိလိုက်လျှင် တချက် တည်းနှင့် ကိစ္စပြီးပေရော့။ ဒီသော်တာဆွေဆိုတဲ့ကောင် စာပေနယ်၌ ပေါ်လာတော့မည် မဟုတ် ချေ။

## မြွေသား

ယခုတော့ ကျွန်တော်သည် သေကံမရောက် သက်မပျောက်ခဲ့။ မြွေပွေးမဟုတ်၊ မြွေဟောက်ဖြစ်နေ၍ ကျွန်တော်တို့အိမ်ပြန်ရောက်ကြသောအခါ ကိုရွှေရင်သည် ဝမ်းသာအားရ စွာနှင့် ဒီမြွေကြီးကို အရေမဆုပ်ပေ။ မီးမြိုက်သည်။ မြွေကိုမီးမြိုက်သောအခါ ကြက်ခြေထောက် အကြေး ကဲ့သို့ မြွေ၏ အပေါ်ယံအကြေးများကွာကုန်သည်။ သို့သော် မြွေ၏အသွေးအရောင် အကွင်းအကွက် ကြီးတွေကား မပျောက်။ စိုပြေသောအရောင်နုနုတော့ ဖြစ်သွားသည်။

ကိုရွှေရင်သည် တလံလောက်ရှည်သော မြွေကိုယ်ကြီးကို လက်နှစ်သစ်ကွင်းစီခုတ်၍ ဆီပြန်ချက်သည်။ မိုးတွင်း သား–ငါး–ဖားပုစွန်နှင့် အစာရေစာပြိုးနေသော မြွေမကိုယ်ဝန်ဆောင် ကြီးကလား၊ ဝမ်းထဲ ဥတွေ အဆီတွေနှင့် ဆူလိုက်တာဗျာ စားလို့ကောင်းလိုက်တဲ့ဖြစ်ခြင်း။

'အလကား နားမလည်တဲ့လူတွေက မြွေကိုအရေဆုတ်ပစ်ကြတာကွ၊ ဟောသည်လို မီးမြိုက်ပြီး အပေါ်ယံအကြေးချွတ်လိုက်တော့ မီးခိုးနံ့ လေးလဲသင်းတယ်၊ အရေပြားကလဲ နူးအိ နေတော့ ဘယ်လောက်စားလို့ကောင်းသလဲ'ဟု ကိုရွှေရင်က ပြောပါသည်။

မှန်ပါ၏။ မြွေအရေပြားက စေးစေးထုတ်ထုတ်နှင့် ဝါး၍ကောင်းလှပါသည်။ ထိုအခါသည် ကျွန်တော်လူ့ပြည်ရောက်မှ ပထမဆုံးအကြိမ် မြွေသားစားဘူးခြင်း ဖြစ်ပါ၏။ တကတဲ တခါတဲနဲ့ မြွေသား ကြိုက်သွားကရော။

မြွေသားသည် အမဲသားကဲ့သို့ အမျှင်များဖြစ်သော်လည်း အမျှင်လုံးသေး၍ နူးညံ့သည်။ အမဲသားထက်ချို၍ လေးပင်သည်။ မြွေကို မီးမြိုက်ပြီး အရိုးပါ လက်နှစ်သစ်ကွင်းခုတ်၍ ချက်သည်က အမြန်ချက် အမြန်စား ကာလသားကြိုက်ဖြစ်သည်။

အရေပြားတွင် မြွေ၏ပင်ကိုယ်အတိုင်း ရောင်စုံအကွင်းအကွက်ကြီးတွေနှင့် ဖြစ်ရကား တော်ရုံ တန်ရုံလူ မစားရဲပေ။ မစားချင်ပေ၊ အများအားဖြင့် စားကြသည်ကား၊ မြွေကိုပထမအရေ ဆုတ်ပြီး ပြုတ်သည်၊ သို့မဟုတ် မီးကင်သည်။ ထို့နောက် အရိုးအသားခွဲထုတ်၍ အသားချည်း ဆီပြန်ချက် စားသည်။ သို့မဟုတ် စပါးလင်နိုင်နိုင်နှင့် ကြွပ်ကြွပ်ကြော်စားသည်။ ကောင်း၏။ ကျုပ်တော့ ရေးယင်းပင် စားချင်စိတ်ပေါ်လာသည်။

စက်ာပူတရုတ်တို့ စားကြသည်ကား (မိုနိုကိန်း ရုပ်ရှင်ကားထဲတွင်) မြွေကိုအရေဆုတ်၊ ရေနွေးအိုးထဲထည့်၊ တကောင်လုံးပြုတ်ပြီးမှ အရိုးပါခုတ်၍ ဆော့စ်နှင့် တို့စားကြသည်။ အင်း သူတို့စားပုံက အမြန်လုပ်၊ အမြန်စား။

## လိပ်သား

တနေ့သောလယ်ထွန်ဖြုတ်ချိန်၌၊ ကိုရွှေရင်သည် သူ့လယ်ထွန်ကိုင်း တဖက်စွန်းတွင် လွယ်အိတ်တလုံး ချိတ်ဆွဲထားလျက် ကျွန်တော်က သူထွန်ဖြုတ်ရာ သွားကြည့်သောအခါ၊ ထိုလွယ်အိတ် မျက်စပစ်ပြ၍ 'ဟေ့. . . ဗိုလ်နီ အဲဒီအိတ်ထဲဘာရှိလဲ သွားကြည့်စမ်း'

ကျွန်တော်ကသွားပြီး အိတ်ကိုဖြုကြည့်လျက်. . .

'ဟင်. . . လိပ်ကြီးဗျ'

'မင်း. . . လိပ်သားစားဘူးလား'

'မစားဖူး ဘူးဗျ'

'မင်းတို့အိမ်မှာ လိပ်သားမချက်ဘူးလား'

'တခါမှ မချက်ဖူးဘူးဗျ၊ တခါ ဗိုလ်ခို လယ်ထဲက လိပ်တကောင်ဖမ်းလာတာ အဖေက လိပ်ကိုသတ်မစားကောင်းဘူးတဲ့ဆိုပြီး ဘုန်းကြီးကျောင်းကရေကန်ထဲ သွားလွှတ်ခိုင်းတယ်'

'ဟာ. . . ဟား. . . မင်းအဖေက လိပ်သားကောင်းမှန်း မသိလို့နဲ့တူပါတယ်ကွာ'

'လိပ်သားက ကောင်းသလားဗျ'

'မင်း. . . ဖားသားတော့ စားဘူးတယ် မဟုတ်လား'

'ဟာ. . . သိပ်စားတာပေါ့'

'လိပ်သားက ဖားသားထက် ကောင်းတယ်'

ကျွန်တော်သည် ဖားသားကို အလွန်ကြိုက်သူဖြစ်၍. . .

'ဟင် ဟုတ်ရဲ့လား'

'မင်းအခုစားကြည့်ပေါ့ကွာ၊ အဲဒီလိပ် အိတ်ထဲကထုတ်လိုက်စမ်း'

ကျွန်တော်အိတ်ကိုဖြုတ်၍ မြေကြီးပေါ် သွန်ချလိုက်သည်။ ထမင်းစားပန်းကန်ပြား လောက်ရှိသည်။ ခေါင်းနှင့်ခြေလက်မထွက်ဘဲ မြေကြီးပေါ်ဒုတ်ကနဲ ကျလာရာ

'ခင်ဗျားလိပ် သေနေပြီလားဗျ'

'မင်း. . . သူ့ဖင်လက်နဲ့ ကုတ်ကြည့်ပေါ့ကွ'

'သူ့ဖင် ဘယ်ဘက်ကလဲ'

'အဲဒီ မင်းခြေမနားက ဘက်ပေါ့ကွ'

ကျွန်တော်သည် ကိုရွှေရင်ပြသည့်ဘက်က အခွံအောက်ဖက်ကို လက်နှင့်ကုတ်ပေးလိုက်သောအခါ လိပ်ခေါင်းကပြူကနဲ ထွက်လာတော့ ကိုရွှေရင်ကရယ်မောရ၍ 'ကဲ. . . အရှင်ကြီးပါကွ၊ မင်း ဒီလိပ် သတ်နိုင်ပါ့မလား'

'တခါမှတော့ မသတ်ဖူးဘူး၊ အခု သတ်ကြည့်မယ်လေ'

ဤတွင် ထိုအချိန်၌ ဥသျှစ်ကုန်းရွာမှ လိပ်သားစားရအောင်လိုက်လာခဲ့သော ကိုရွှေရင်ညီ ကိုစောနန်းဆိုသူလည်းပါခဲ့၍ သူက. . .

'အောင်မယ် အာဂလူပါလားဟေ့၊ မင်းက လိပ်ကိုဘယ်လိုသတ်မှာလဲကွ'

သူ့ခေါင်းကို ဓားနဲ့ခုတ်မှာပေါ့ဗျ'ပြောပြီး အနီးရှိပုတ်စင်ပေါ်က ဓားမတိုကို ကျွန်တော် သွားယူပေးသောအခါ ကိုရွှေရင်က သူ့ညီအား. . .

'ဒီကောင်က သူမလုပ်ချင်ဘူး၊ မလုပ်နိုင်ဘူး မလုပ်ဝံ့ဘူးဆိုတာမရှိဘူးကွ၊ အခုသူ ထန်းပင်တတ်တတ် ထန်းစလှီးတတ် ထန်းရည်ချတတ်ရှိနေပြီ မောင်ရေ့'ဟု ပြောပြသောအခါ ကိုစောနန်း အံ့ဩသောမျက်နှာဖြင့်. . . .

'အောင်မယ် တယ်တော်တဲ့လူပါလားဟေ့၊ အခုလိပ်သတ်တာ ကြည့်ရအုံးမယ်'ဟု ပြောသောအခါ ကျွန်တော်က ဓားမတိုကိုယူခဲ့ပြီး လိပ်၏အမြီးဖက်ကို လက်နှင့်ကုတ်လိုက်သည်။ လိပ်ခေါင်း ပြူကနဲထွက်လာသည့်၌ ကျွန်တော်ကဓားနှင့်ခုတ်လိုက်သည်။ သို့သော် လိပ်ခေါင်းက ကျွန်တော့်လက်ထက်မြန်ပါသည်။ ဓားချက်မကျမီသူ့ခေါင်းက ပြန်ဝင်ပြီးနေ၍ ကျွန်တော့်ဓား သည် မြေကြီးကိုသာ ဒုတ်ကနဲခုတ်မိတော့၏။

ဤတွင် ညီအကိုနှစ်ယောက် ရယ်မောကြ၍ ကိုရွှေရင်က ကဲ. . . မင်းလိပ်ခေါင်းကိုပြတ်အောင် ခုတ်စမ်းကွာ'ဟု ပြောပြီး သူတို့နှစ်ယောက် ထွန်မှုဖြုတ်သော နွားများနှင့်အတူ နွားတင်းကုတ်ထဲ ဝင်သွားကြလေ၏။

ကျွန်တော်တယောက်သာ လိပ်တကောင်နှင့် အလုပ်များလျက် ကျန်ရစ်သည်။ လိပ်အမြီး ကို လက်နှင့်ကုတ်ပေးလိုက် ခေါင်းပြူလာလိုက် ဓားနှင့်ခုတ်လိုက် လွတ်သွားလိုက် ကျွန်တော့်ဓား သာ မြေကြီးတဒုတ်ဒုတ်နှင့် ခုတ်မိနေသည်။ ကြာလာတော့လိပ်ကလည်း သူ့ရန်ရှာမှန်းသိ၍ ဘယ်လိုဘဲ အမြီးကုတ်ကုတ် ခေါင်းမထွက်တော့ပြီ။ တယ်မလွယ်ပါလား။

ယင်းသို့ ကျွန်တော်အကြံအိုက်နေစဉ် ကွမ်းတရာညှက်ခန့်ကြာသောအခါ ကိုနန်းစော သည် တင်းကုတ်ထဲမှ ပြန်ထွက်လာပြီး. . .

'လိပ်ကိုဓားနဲ့ခုတ်မသတ်ရဘူးကွ၊ ဟောဒီလိုသတ်ရတယ်'ဟု ပြောပြီးလိပ်ကိုယူကာ အနီး ရှိသစ်တုံးပေါ်တွင် ခေါင်းဘက်ကသုံးချက်၊ အမြီးဘက်ကသုံးချက် ဖင်ပြန်ခေါင်းပြန်ဆောင့်ပြီး အောက်သို့ပစ်ချလိုက်ရာ လိပ်၏ ခေါင်းနှင့်ခြေလက်လေးဘက်တို့သည် အပြင်သို့ စန့်စန့် ကလေးထွက်ကာ ငြိမ်သက်နေလေတော့၏။

ထိုမှ နွားတင်းကုတ်ထဲသို့ယူသွားပြီး နွားမီးဖိုတွင် အသင့်ပြင်ထားသော မီးကျီခဲရဲရဲဖြင့် မြှုက်လေသည်။

အံ့သြဘွယ်ရာ ရင်ဘတ်နှင့် ကျောဘက်ကို ပယ်ပယ်နယ်နယ် မီးမြှုက်သောအခါ အခွံ မာမာကြီးဟု ထင်ရသောလိပ်၏ ကျောကုန်းနှင့် ရင်ဘတ်တို့သည် ဆီစိမ်ထားသောသားရေစ ကဲ့သို့ ပျော့ပျောင်းနူးညံ့သွားလျက်၊ ကျောအလယ်တည့်တည့်နှင့် ရင်ဘတ်အလယ်တည့်တည့်မှာ သာ ဂုံညင်းခန့်ရှိသော အရိုးပြားပြားနှစ်ခုကို တွေ့ရတော့၏။ ထိုမှတပြီးကား လိပ်တကောင်လုံး ကို သည်းခြေနှင့် မစင်မှတပါး တခြားဘာမျှ ပစ်စရာမရှိတော့ပါ။ လိပ်အူသည် ထုတ်ထုတ်– ထုတ်ထုတ်နှင့် တော်တော်စား၍ ကောင်း၏။

'ဖွတ်ဥ လိပ်သဲ ကျွဲနို့ခဲ'ဟု အဘယ်ပညာရှင်က မိန့်ခဲ့လေသည်မသိ။

လိပ်သားသည် ကြာကြာမချက်ရပါ၊ ကုန်းရေ နှစ်ဌာနနေသော သတ္တဝါဖြစ်လင့်ကစား ငါးကဲ့သို့ပင် ရေဆူရုံဖြင့်နူးပါသည်။ လိပ်သား၌ ထူးခြားသည်မှာ သူ့အသားသည် အချို့နေရာ၌ ငါးကဲ့သို့လည်းရှိ၏။ ပေါင်နှင့် လက်မောင်းတို့က ကြက်သားကဲ့သို့ အမျှင်အမျှင်လည်း ရှိ၏။ အကြိတ်ခဲအဆီအဥလည်းရှိ၏။ မီးမြှုက်လိုက်သဖြင့် ပျော့သွားသောရင်ဘတ်ဖြူဖြူကြီးနှင့် ကျောကုန်းမဲမဲကြီးတို့မှာ ကော်ပြားကဲ့သို့ဝါး၍ စားကောင်းလှ၏။ လိပ်တကောင်၏ ကိုယ်ထဲတွင် အသားအမျိုးမျိုးနှင့် အရသာအမျိုးမျိုးရှိ၏။ ကျွန်တော့်သဘောပြောရလျှင် ရေသတ္တဝါထဲတွင် ကျွန်တော်သည် လိပ်သားကို အကြိုက်ဆုံးဖြစ်၏။

ယခုဖော်ပြပါ ကိုရွှေရင်တို့ ဖမ်းလာခဲ့သော လိပ်မှာ 'ဇင်းရှော'ဖြစ်၏။ ကျွန်တော်တို့ အရပ်ဒေသမှာ ဇင်းရှောလိပ်၊ ဆောက်လိပ်ဟူ၍ နှစ်မျိုးရှိလေရာ၊ ဆောက်လိပ်သည် တကောင်လုံးမှာ စားစရာ အသားသိပ်မရှိ။ အူအသည်းခေါင်းနှင့် ခြေချောင်း လက်ချောင်းများ သာရှိ၏။

သူ၏ကျောကုန်းနှင့် ရင်ဘတ်မှာ အားလုံးအရိုးသက်သက်သာဖြစ်၏။ ဆီချို၊ ဆီခွက် လုပ်ကြသည်မှာ ဆောက်လိပ်၏ ကျောကုန်းကြီးများသာ ဖြစ်၏။

လိပ်သားကို ဟင်းကိုင်ရာ၌ အထူးအရေးကြီးသည်မှာ၊ ပထမမီးမြိုက်ပြီး၊ ကျောကုန်းနှင့် ရင်ဘတ်ကို ခွာလိုက်သောအခါ၊ ပေါင်ချုန်နှစ်ဖက်နှင့် လက်နှစ်ချောင်း၏ အရင်းမှာ အဆီခဲနှင့် တူသည့်အညီလုံး တခုစီရှိ၏။

ဤအညီလုံးလေးခုကို သတိကြီးစွာထား၍ ထုတ်ပစ်လိုက်ပါ။ သို့မဟုတ်လျှင် လိပ်သား သည် အလွန်ညှီ၏။

မြန်မာပြည်တွင် ကျွန်တော်ကျွမ်းကျင်ခဲ့သော မြို့များ၌ လိပ်သားဝယ်၍ရသည်မှာ ကသာနှင့် တောင်ကြီးမြို့ဖြစ်၏။ သူတို့ဆီက လိပ်များမှာ စကောလောက်အထိ ကြီးသော ဘင်းဝင်းခေါ် လိပ်အကြီးစားမျိုးဖြစ်၏။

အကောင်လိုက် မီးမမြိုက်ဘဲ အစိမ်းလိုက်ခုတ်၍ တပိဿာတွဲ ငါးဆယ်သားတွဲ ရောင်းကြ၏။

## တောင်ကြီးကလိပ်သား

တခုသော နွေရာသီ၊ တောင်ကြီးမြို့သို့ ကျွန်တော်သွားနေရာ တနံနက်ခင်း၌ ငါးတန်းထဲ မှာ လိပ်သားတွေခုတ်ပြီးတော့ တွဲထားတာတွေ့ရ၏။ ကျောသားရင်သားတွဲ၊ ဝမ်းတွင်းသားတွဲ၊ အချိန်နှင့်မဟုတ်၊ တတွဲ ၅ကျပ်ဟုဆို၏။

တတွဲလျှင် အလေးချိန် ရဝိသား ၈ဝိသားခန့်ရှိပေလိမ့်မည်။ ဤအချိန်တွင် ကြက် ဝက် အမဲက တပိဿာ ၅ကျပ်ဈေးမျှရှိ၍ သူ့လိပ်သားဈေးသည် (ကျွန်တော် လိပ်သားကြိုက်သူအဖို့) များသည်ဟု မဆိုနိုင်ပါ။ သို့သော် တအိမ်လုံးတွင် လိပ်သားကို စားမှာက ကျွန်တော်တယောက် ထဲရယ်. .။ နို့ပြီး စားချင်တာက ကျောသားရင်သားရော။ အူအသည်းပါသော ဝမ်းတွင်းသားရော။

ဈေးရောင်းသူများက တခွန်းတည်း ပြောတတ်သော အင်းသားများဖြစ်၍ တဝက်စီခွဲ ရောင်းရန် ပြောမရသဖြင့်၊ နှစ်မျိုးနှစ်တွဲ ၁ဝ ဖိုးဝယ်ခဲ့ရတော့၏။

အိမ်ရောက်သော် မိန်းမက ဆူပါလေ၏။

'လိပ်သားကို ဒီအိမ်က ဘယ်လူမှ စားတာမဟုတ်ဘူး၊ တော်တယောက်ထဲစားမှာကို ဘယ့်နှယ်. . . ဒီလောက်ကြီး ဝယ်လာရတာလဲ. . '

'ဟဲ့. . . နင်တို့ရှမ်းပြည်က အင်းသားဈေးသည်တွေအကြောင်း နင်သိသားနဲ့၊ ခွဲရောင်းပါဆို တာ မရဘူး အတွဲလိုက်ယူမှတဲ့. . . '

'ဒါဖြင့်လဲ တတွဲတော်ရောပေါ့တော်'

'ဟဲ့. . . . တတွဲထဲက လိပ်တကောင်လုံးရဲ့ အသားမစုံဘူး၊ ငါက အစုံစားချင်တာ'

'ဒါဖြင့်. . . ဒီနှစ်တွဲလုံး တပိဿာ ငါးဆယ်လောက်ကြီးကို ရှင်တယောက်ထဲ ဘယ့်နှယ်လုပ် စားမှာလဲ'

'အလဟဿ မဖြစ်ရပါဘူးဟယ်၊ ငါမကုန်ကုန်အောင် စားပေါ့မယ် တရက်နဲ့မကုန် နှစ်ရက်၊ နှစ်ရက်နဲ့မကုန် သုံးရက်ပေါ့. . . '

ကိုယ်အစား လောဘကြီးပြီး အဝယ်များလာတော့လည်း ကိုယ့်မယားကိုဘဲ၊ စကားပျော့ ပျော့ အားလျော့လျော့နှင့် ပြောရသည်။

သို့သော် ဒီလိပ်သားတွေ ကျွန်တော်စိတ်ကြိုက်ချက်ပြီး၊ မီးဖိုပေါ်မှာ ဆူကတည်းကစပြီး ရွှေလိမ္မော်နှင့် တီးလိုက်ရာ၊ ညနေစောင်းတော့ လိပ်သားအိုးကို ထမင်းနဲ့လူးပြီး အစသိမ်းလိုက် ရသော အဖြစ်သို့ရောက်သွားလေ၏။

ကျွန်တော့်မယားဘက်က ဆွေမျိုးများ တအံ့တသြ ဖြစ်ကြကုန်၏။ 'နင့်ယောက်ျား၊ အစား သရဲဆိုတာ တို့တော့ယုံပြီ' လို့ ကျုပ်ဇနီးကို ပြောကြသတဲ့။

## အင်းသူကြီး ကိုရွှေရင်

ကိုရွှေရင်သည် ကျွန်တော်တို့ရွာရောက်မှ ဘာရာဇဝတ်မှုမျှ ပြုခြင်းမရှိတော့ဘဲ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်လေရာ၊ သူတို့အိမ်ဆောင်သည် တစထက်တစ စီးပွားဖြစ် လာခဲ့သည်။

နောက်ပိုင်း၌ အင်းလေလံဆွဲနိုင်သော အခြေသို့ပင်ရောက်ခဲ့၍ ကျွန်တော်တို့ရွာမှ တမိုင်ခွဲမျှဝေးသော သရက်ခြောက်ပင် အင်းကို နှစ်စဉ်လိုပင် ရရှိခဲ့သည်။

သရက်ခြောက်ပင် အင်းဆိုသည်မှာ ဖော်ပြခဲ့သောအုံးတုံးချောင်းခေါ် နွားသတ်ချောင်း တွင်ဘဲဖြစ်၍ ထိုနေရာသည် သရက်ခြောက်ပင်ရွာနှင့် နီးသောကြောင့် သရက်ခြောက်ပင်အင်း ဟုခေါ်သည်။

ထိုအင်းသည် 'ပက်အင်း'မဟုတ်။ မိုးတွင်းတွင် ချောင်းထဲမှာ လုပ်ရသော 'မြင်းဝင်းအင်း' ဖြစ်၏။

မြင်းဝင်းအင်းဆိုသည်မှာ ထိပ်ဝ ချောင်းလုံးပြည့် ပေ ၅၀ကျော် ယင်းရှည်ကြီးကို အလျား လိုက်။ ချောင်းအောက်ခြေမှ ၂၅ ဒီဂရီခန့် စောင်းစောင်း ထောင်ထားခြင်းဖြစ်လေရာ၊ ရေစီးတွင် ပါလာသမျှ ရေသတ္တဝါအားလုံး ယင်းပေါ်တွင်လာ၍ တင်ရပေသည်။

ထိုအချိန်တွင် ကျွန်တော့်အသက်သည် ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်၍ မိုးရာသီ အင်းလုပ်ချိန် များ၌ ကျောင်းပိတ်လျှင် ကိုရွှေရင်၏ အင်းထဲသို့သာ ကျွန်တော်သွားရောက် ပျော်မွေ့လေ့ရှိ၏။

## အင်းထဲက ငါးဟင်း

အင်းထဲကငါးဟင်းကို ဘယ်အိမ်က အိမ်ရှင်မှချက်သော ငါးဟင်းကမှ မှီလိမ့်မည်မဟုတ် ချေ။ အဘယ်ကြောင့်နည်း ငါးကိုခုဖမ်း ခုချက်သည်။ ငါး၏ပကတိ လတ်ဆတ်သော အရသာ အပြည့်ကို ရရှိသောကြောင့်ဖြစ်၏။

သာမန်အားဖြင့်ကြည့်သော် ငါးအရှင်ကို ခုသတ်၊ ခုချက်တာချင်းသည် အတူတူဘဲဟု အောက်မေ့ဘွယ်ရှိ၏။ သို့သော်မတူပါချေ။ ဖမ်းထားသည့် အချိန်က ခြားနားစေပါသည်။

ဥပမာတခု ပြောပါမည်။

ဆရာကြီး ရွှေဥဒေါင်းကကျွန်တော့်ကို ပြောဘူးပါသည်။ ရှေးခေတ်က သစ်တောအရာရှိ မျက်နှာဖြူ ဗိုလ်တယောက် သစ်တောထဲမှာ လာနေတော့ ငှက်တွေကို သေနတ်နဲ့ပစ်ပြီး လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ကြော်လှော် စားလေ့ရှိသတဲ့။

ဒါနဲ့ဗိုလ်ဆီက မျက်နှာလိုချင်တဲ့ တောသားတယောက်က စန္ဒိုက်အရှင်တွေ ထောင်ဖမ်းလာပြီး လက်ဆောင်ပေးတယ်။ ဒါပေမယ့် ဗိုလ်ကသူ့ကို ပိုက်ဆံအတင့်အသင့်ပေးပြီး စန္ဒိုက်တွေကိုတော့ လက်မခံဘူး။ 'လူကလေး ပြန်ယူသွားပါလို့'ပြောတော့၊ တောသားက 'ဘာဖြစ်လို့လဲသခင်'မေးတော့ ဗိုလ်က. . .

'လူကလေးရဲ့ အကောင်တွေက မလတ်တော့ဘူး'

'ဒီတော့ ကိုရွှေတောသား အံ့အားသင့်ပြီး. . . '

'အိုသခင် ဒီအရှင်ကောင်တွေက ဘယ့်နှယ် မလတ်ရမှာတုန်း'

ဗိုလ်က 'ကျွန်ုပ်ပြောတယ်၊ မလန်းဆန်းတော့ဘူး ဆိုတယ်၊ ဘာကြောင့်လဲဆိုယင် သူတို့ကိုလူက ဖမ်းထားတာကြာပြီ သူတို့စိတ်ညစ်နေပါတယ်၊ ဒီတော့ သူတို့အသားဟာစားလို့မကောင်းတော့ပါဘူး'

ဗိုလ်ဆိုလိုတာက ဒီစန္ဒိုက်တွေဟာ အရှင်တွေဆိုပေမယ့် ဖမ်းလှောင်ထားတာကြာပြီမို့အစာရေစာ ကောင်းစွာမစားရဘဲ၊ အဆီအသား ခမ်းခြောက်နေပြီ၊ ဒါကြောင့် သူတို့အသားဟာပကတိ လတ်ဆတ်သည်မဟုတ်မူ၍ စားလို့မကောင်းတော့ဘူးဖြစ်ပါသည်။

ဤစကားသည် မှန်လှ၏။ ယခုရန်ကုန်ရွှေမြို့တော်မှာ ကြက်အရှင်ဝဝတွေ ခြင်းထဲကရွေးတယ်၊ ကုလားအား ဟာလာလုပ်၊ အမွေးနှုတ်၊ သို့မဟုတ် အရေဆုတ်ခိုင်း၊ ဒီထက်လတ်ဆတ်တာတော မရှိတော့ဘူး အောက်မေ့ကြ။ နီးမဟုတ်သေး ကျွန်တော်ကိုယ်တွေ့ပြောပြ မယ်။

ကိုယ့်အိမ်ကကြက်၊ အခုဖမ်းပြီး အခုချက်ချင်း ချက်စားတဲ့အရသာကိုလုံးဝမမှီချေ။ ဘယ်လိုကွဲပြားသလဲ လျှာအတွေ့ကိုတော့ ရေးပြလို့ မလွယ်ကူဘူး။ သို့သော် ထင်ရှားတဲ့ခြားနားချက် ပြရလျှင်ဖြင့် ဆိုပါတော့ ဒီကြက်နှစ်မျိုးကို တအိုးစီညဦးက ချက်စားတယ်'

နှစ်အိုးစလုံးမှာဘဲ ဟင်းတွေကျန်နေတယ်။ အဲသည်ဟင်းနှစ်ခုကို မနက်ကျတော့ယှဉ်ကြည့်ပါ။ ဈေးကဝယ်တဲ့ ကြက်သားဟင်း အနေအထားသည် မနေ့ကအတိုင်းဘဲ၊ မည်သို့မျှပြောင်းလဲခြင်းရှိမည် မဟုတ်သော်လည်း ကိုယ့်အိမ်က ချက်ချင်းဖမ်းချက်လိုက်တဲ့ ကြက်သားကအေးချမ်းတဲ့ နံနက်ခင်းမှာ အရည်နဲ့ အဆီအသားခဲ၍တွဲပြီး အပေါ်ကျောတင်းနေပါလိမ့်မယ် ခင်ဗျာ။ ကျောက်ကျောလိုဘဲ။

ငါးလည်း ထိုးနည်းလည်းကောင်းပါဘဲ။ ဈေးထဲက ဝယ်ချက်စားတဲ့ငါးဟင်းနှင့် အင်းထဲ အိုင်ထဲက အခုဖမ်းပြီး ချက်ချင်းချက်စားတဲ့ဟင်းဟာ ဒီလိုဘဲ ခြားနားပါတယ်။ အရသာချင်းဟာ ပြောပလောက်အောင် ကွာခြားပါတယ် ခင်ဗျာ။ ဒါဟာပြောမယုံလျှင် ကြုံဘူးမှသိမည်မို့ တခါ တခေါက်လောက်သွားရောက် လည်ပတ်တော်မူကြပါ။ ကျွန်တော်ကား ငယ်စဉ်ဆယ်ကျော်သက် ကပင် ကိုရွှေရင်၏အင်းထဲ၌ ဤမှာဘက်ကစားရည်ဝခဲ့ပါသည်။

## ငါးမျိုးစုံဟင်း

ထိုပြင်အင်းလုပ်သားတို့သည် ငါးမျိုးစုံလည်း စုပေါင်းချက်ပြုတ်တတ်သည်။ ကျွန်တော် တို့ ယခုဈေးထဲက ဝယ်ခြမ်းစားကြသည်မှာ ငါးခူဆို–ငါးခူ၊ ငါးရံ့ဆို ငါးရံ့၊ ငါးကြင်းဆို ငါးကြင်းချည်း မဟုတ်တုံလော။ အင်းထဲမှာကား တခါတရံငါးမကျသောနေ့များတွင် အင်းသား တို့မှာ အလုပ်ကလည်းပါး၊ မြင်းဝင်းထဲရောက်တဲ့ငါးကလည်း ဟင်းစားမျှရှိနေတော့ အားလုံး ငါးသိန် ငါးနုတ် ပါရှိသမျှ စုပေါင်းပြီး ငါးမျိုးစုံချက်စားရတာဟာ တမျိုးတည်းသော ငါးဟင်းထက် များစွာ ပို၍ကောင်းလှပါ၏။

အဲ . . ငါးတွေ အရမ်းကျပြီ။ မြင်းဝင်းထဲမှာ တွန်းခုံနှင့်ဆွဲတောင်းနှင့်ထမ်းပြီး၊ ကမ်းပေါ်တင် ရပြီ ဆိုသောအခါများ၌ တကောင်ချင်း ကိုယ်ကြိုက်ရာငါးကိုရွေး၍ ကိုယ်ကြိုက်သလိုစားကြ စတမ်းဆိုသောအခါ လက်ဝါးလောက်ရှိသော ငါးပြေမကြီးများကို အကြေးထိုးမွှန်း၍ ငန်ပြာရည် ထဲနှစ်ပြီး မီးကျီခဲမှာကင်ခြင်း ပင်ကိုယ်အရသာလေးပင်သော ငါးမွေထိုးကြီးများကျတော့ ဆားပင် မလို မွှန်းပြီးအရှည်လိုက် တံစို့ကင်ရုံဘဲ။ အထူးသဖြင့် ယခု စာရေးယင်းပင် ကျွန်တော်တမ်းတမိ သည်ကတော့ လက်ကောက်ဝတ်လောက် ငါးရံ့ခေါင်းတိုကြီးများကို အကြေးမထိုး၊ ဈေးမဖောက် တကောင်ချင်း ရွှံ့နှင့်မံပြီး မီးဖုတ်။ ရွှံ့လုံးဖြူပြီး အက်ကွဲလာသောအခါ ထမ်ခြမ်းခွဲလိုက်စမ်း။ အရေပြားသည် ရွှံ့နှင့်ခြောက်ကပ်နေသည်ဖြစ်ရာ ဖြူဖွေးသန့်စင်နေသော အသားများကို အရိုး နှင့် ခွဲထုတ်ယူပြီး သံပုရာသီး၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဥကြီး၊ နံနံပင်တို့နှင့် သုတ်ထားစမ်း။ အို . . . ဘယ်လောက်ကောင်းသနည်း။ မြို့ကြီးပြကြီးတွေက ဟော်တယ်တွေမှာ မရနိုင်။

ကျွန်တော် တခါတရံ စိတ်ကူးရ၍ ဈေးထဲက အဲသည်လို ငါးရံ့ခေါင်းတိုမျိုး အရှင်ဝယ် ပြီး ရွှံ့အုံမီးဖုတ်ပြီး စားကြည့်ပါတယ်ဗျာ။ ခုခေတ် အများသုံးနေကြတဲ့ အချိုမှုန့်ကူတာတောင်မှ ဟိုးယခင် ကိုရွှေရင်အင်းထဲမှာ စားခဲ့ရသလို မကောင်းပါဘူး။

ဘာကြောင့်လဲ တွက်စစ်ကြည့်လိုက်တော့ ဈေးထဲမှာရတဲ့ ငါးတွေက အရှင်ဆိုပေမယ့် ရေထဲကဖမ်းပြီး လှောင်ထားတာ ကြာလှပြီမို့ ဆရာကြီးရွှေဥဒေါင်းရဲ့ သစ်တောဗိုလ်ပြောသလိုဘဲ၊ ဒီငါးတွေက စိတ်ညစ်နေကြပြီကိုဗျ။

အဲသည်တော့ ကျွန်တော်တို့ သတိပြုသင့်တာက ကိုယ်ချက်စားတဲ့ သားငါးတောင်မှ စိတ်ညစ်ယင် မနိပ်ဘူးဆိုတာဘဲ။

## ချစ်တီးထမင်းစားပွဲ

ပေါင်းတည်မြို့ ရန်ကုန်ပြည်လမ်းရှိ ချစ်တီးသူဌေး အာရနကြီး၏ ထမင်းစားပွဲသို့ ကျွန်တော့်အဖေနှင့် ကျွန်တော်သွားရောက်ခဲ့စဉ်က ကျွန်တော့်အသက် မည်မျှရှိပြီလဲ မပြောနိုင်သော်လည်း စိတ်ထဲတွင် ကောင်းစွာ အမှတ်သညာတော့ ထားတတ်နေပါပြီ။

ကျွန်တော်တို့သားအဖ ချစ်တီးတိုက်ဝ ရောက်သည်ဆိုလျှင် ကျွန်တော်တို့အိမ်သို့ မကြာခဏလာနေကျ ကျီးကန်းမကြီးသည့် လူကြီးလို အပေါ်ဖုံးအင်္ကျီလေးနှင့် ဆံရစ်သျှောင်ထုံးကလေး နှင့် ကျွန်တော့်အား ပွေ့ချီ၍သူတို့တိုက် အပေါ်ထပ်သို့ ခေါ်သွားပါသည်။ နှုတ်မှလည်း နောက်မှလိုက်လာသော အဖေ့အား

'အကိုလာမှ လာပါ့မလားလို့ ကျွန်တော်စိုးရိမ်နေတာ၊ အခုဒီချွတ်ကရား သားအဖ နှစ်ယောက် လာကြတော့ ကျွန်တော်သိပ်ဝမ်းသာတာဘဲ'

ကျွန်တော်တို့သားအဖတွေ အပေါ်ထပ်လှေကားဝသို့ ရောက်ကြသောအခါ၌၊ နှင်းဆီပန်းနှင့် သံပုရာသီးတွေ လင်ပန်းကြီးထဲထည့်၍ အသင့်စောင့်နေသော ချစ်တီးကုလားများက ကျွန်တော်တို့အား တစ်ယောက်လျှင် နှင်းဆီပန်းတပွင့်စီနှင့် သံပုရာသီးတလုံးစီ ပေးပါသည်။

အောင်မယ်. . . ဒီထမင်းစားပွဲလာကြသူတွေက ချစ်တီးကုလားတွေရော၊ မြန်မာတွေရော စုံလို့ပါလား။ ကျွန်တော်တို့ရွာက ဦးထွန်းတုတ်နှင့် ဦးရိုင်တို့လဲ ပါသဗျာ။ စင်စစ်တော့ ချစ်တီးတို့သည် ကျေးရွာက လယ်ပိုင်ရှင်များအား တမင်ရွေးချယ်ဖိတ်ကြား၍ မိတ်ဆွေဖွဲ့ခြင်းပင် ဖြစ်ပေသည်။

သူတို့ထမင်းစားပွဲကား ဘာစားပွဲမျှမရှိ။ သင်ဖြူးပေါ်တွင် ငှက်ပျောဖတ်တွေ တန်းလျားချထားသည်။ ထိုငှက်ပျောရွက်အနီးတွင် လူတွေက တင်ပလ္လင်ခွေ၍ စီတန်းထိုင်နေကြသည်။

ထမင်းပွဲက မစသေး၊ လူတိုင်း၏လက်ထဲမှာပင် သံပုရာသီးတလုံးစီနှင့် နှင်းဆီပန်းတပွင့်စီရှိနေ၍၊ ကျွန်တော်တို့မြန်မာများမှာ အစဦးဒါတွေ ဘာလုပ်ရမှန်းမသိသော်လည်း နောက်မှ အရိပ်အခြည် ကြည့်၍ ချစ်တီးကုလားများနည်းတူ ၎င်းတို့အား ဘယ်တဖက် ညာတဖက်ကိုင်၍ တလှည့်စီ နမ်းရှုပ်နေကြကုန်၏။

ကဲ. . . ထမင်းစားပွဲကြီး စပါပြီ။ ကုလား ၄ယောက် ရှေ့နောက်တန်းစီ၍ ပေါ်လာသည်။ ပထမကုလားက ထမင်း၊ ဒုတိယကုလားက ပဲဟင်း၊ တတိယကုလားက ကြက်သားဟင်း၊ စတုတ္ထ ကုလားက ချက်တနီးသရက်သီးသနပ်၊ ၄က်ပျောဖက်ထဲလျှောက်ထည့်သွားကြ၍ မြန်မာကုလား အားလုံး လွေးကြတော့သည်။

လိုသောအရာကို နောက်ထပ် လိုက်၍ထည့်ပေးနေသေးသည်။ ကျုပ်တို့တောသား မြန်မာတွေအဖို့ ဒီလိုချစ်တီးထမင်းဟင်းမျိုးက စားရခဲယဉ်းဘိခြင်းမို့ ရွာပြန်ရောက်ခဲ့သော် ပြောမဆုံးပေါင် တောသုံးထောင်။

ချစ်တီးသူဌေးကိုယ်တိုင်က မြို့ပေါ်သို့ရောက်ခဲ့လျှင် သူ့တိုက်သို့ အချိန်မရွေးဝင်၍ လက်ဖက်ရည်သောက်ဖို့လဲ မှာလိုက်သေးတဲ့အကြောင်း။

## ချစ်တီးနှင့်စတင် သိကျွမ်းခြင်း

ယင်းကိုတော့ ကျွန်တော်မမီ၊ မိဘများပြော၍ သိရပါသည်။ တောလက်ကျေးရွာများသို့ သွားရန် ခြေခင်းလက်ခင်းသာယာသော တခုသော နွေရာသီတနေ့သည်၌ မြို့ပေါ်မှအဖေ၏ မျက်နှာသိ မြန်မာတယောက်နှင့် ချစ်တီးကုလား တယောက်သည် အိမ်သို့ရောက်လာလျက် မြန်မာက ကျွန်တော့်အဖေအား. . .

'ဦးဖိုးဆယ် ဟောဒါဟာ အရနကြီးတိုက်က တောလိုက်စာရေးဘဲ၊ သူ့နာမည်က ချစ်တီး လိုက အခေါ်ရခက်ပါတယ်လေ မြန်မာတွေဟာ သူ့ကို ကျီးကန်းမကြီးလို့ခေါ်ကြတယ်' ဆို သောအခါ ထိုကုလားက. . .

'ဟုတ်တယ် ဦးဖိုးဆယ် ကျွန်တော့်နာမည် ကျီးကန်းမကြီးခေါ်ပါတယ်၊ အခု ဦးဖိုးဆယ် အိမ် ကျွန်တော်လာရတဲ့ အကြောင်းက ဦးဖိုးဆယ်ကို အကူအညီတခု တောင်းချင်လို့ပါဘဲ' ဟု ဆိုကာ အဖေ့မျက်နှာကို စေ့စေ့ကြည့်၍ စကားရပ်လိုက်သည်။

ဒီတော့ကျွန်တော့်အဖေ စိတ်ထဲဝယ် ဒီကုလားက ငါ့ဆီဘာအကူအညီများတောင်းမှာပါ လိမ့်ဟူသော အတွေးမျိုးဝင်နေစဉ်၊ ကုလားကဆက်၍. . .

'တခြားမဟုတ်ပါဘူး ဦးဖိုးဆယ် ကျွန်တော်အခု အနောက်ကွင်းက ညောင်ဖြူရွာကို သွားစရာရှိပါတယ်၊ ကျွန်တော့်အိတ်ထဲမှာလဲ ငွေတွေပါလာတယ်၊ ဒီတော့ ဟောဒီမိတ်ဆွေက ပြောပါတယ်၊ ဒီလမ်းခရီးဟာ ငွေနဲ့ကြေးနဲ့သွားလို့ စိတ်မချရဘူးတဲ့၊ ဒီတော့ ကျွန်တော်က ဒါဖြင့် ဒီငွေကိုဒီရွာက ယုံကြည်စိတ်ချရတဲ့ လူကြီးလူကောင်းတယောက်ကို အပ်ခဲ့ပါရစေပြော တော့ သူက ဒီလိုယုံကြည်စိတ်ချရတဲ့လူဖြင့် ဦးဖိုးဆယ်ဘဲဆိုလို့ ကျွန်တော်လာခဲ့တာပါ၊ မများပါ ဘူး၊ ငွေက ၃ဝဝိ ထဲပါ'ဆို၍ ထုတ်ပေးတော့၊ အဖေက လက်ခံရသပေါ့။

'ကျေးဇူးတင်ပါတယ် ဦးဖိုးဆယ်၊ ကျွန်တော်ညနေပြန်လာတော့ ဝင်ယူပါမယ်'ဟုဆိုပြီး သူတို့နှစ်ယောက် ထွက်ခွာသွားကြသတဲ့။

သို့သော် ကျီးကန်းမကြီးသည် သူ့ငွေကိုပြန်ယူရန် ထိုနေ့ညနေလည်းမလာ၊ နောက်တ နေ့လည်းမလာ၊ သဘက်ခါလည်းမလာ၊ ဖိန်းနွှဲ့ခါလည်းမလာ၊ ဆယ်ရက်လောက် ကြာတော့မှ သူ့ချစ်တီးကုလားနွားလှည်းဖြင့် ကျွန်တော်တို့ တလင်းထဲပေါက်ချလာပြီး နွားတွေဖြုတ်တော့ အဖေက. . .

'ဟဲ့ ကျီးမကြီးရဲ့ မင်းငွေယူရအောင် ခုမှဘဲလာရသလား၊ မတော်မတဲ့ ငါကသုံးများပစ် လိုက် မခက်ပါလား'

ဒီတော့ ကုလားက. . .

'မခက်ပါဘူး အကို၊ ငွေဆိုတာသုံးဖို့ဘဲ၊ အကိုသုံးစရာရှိ သုံးလိုက်ပါလား၊ ကျွန်တော်အခု လာတာလဲ ဒီငွေယူရအောင်ရယ် မဟုတ်ပါဘူး၊ လမ်းကြုံလို့ဒီနွားတွေ အမောဖြေယင်းနဲ့ရေတိုက် ပါရစေအကို'

'ဟဲ့. . . ဟိုနွားစည်ထဲ သွားတိုက်ပေါ့ဟဲ့'လို့အဖေကပြောပြီး၊ ဒီငွေအကြောင်းနဲ့ ပတ်သက် လို့ စဉ်းစားသတဲ့။ ပြီးတော့ နွားရေတိုက်နေတဲ့ကုလားကို. . .

'ဟဲ့ ကျီးကန်းမကြီးရဲ့ မင်းငွေကိုသုံးချင်သုံးပါလားဆိုတော့၊ နောက်ပြီးအတိုးနဲ့ ပြန်ဆပ်ရ တယ်ပေါ့ ဟုတ်လား'

‘ဟာ ဒီလိုမဟုတ်ပါဘူးအကို၊ အကိုက ကျွန်တော်တို့တိုက်လာချေးတာမှ မဟုတ်ဘဲ၊ အကို့ယုံလို့ အကို့ဆီ ကျွန်တော်လာအပ်ထားတဲ့ငွေကို အကိုသုံးတာ ကျွန်တော်တို့က ဘယ်အတိုးတောင်းနေမှာလဲ၊ အကိုသုံးစရာရှိသုံးပါ’ဆိုပြီး ကျီးကန်းမကြီးဟာ နောက်ထပ်ငွေအကြောင်း ဘာမှစကား၊ မဆက်တော့ဘဲ တခြားစကား ပြောင်းသတဲ့၊

အကို့ခြံထဲ ငှက်ပျောပင်များ မရှိဘူးလား’

ကျွန်တော်တို့တွင် ငှက်ပျောခြံသပ်သပ်တခြံရှိသည်။

‘အရှေ့ဘက်ခြံထဲမှာ ရှိပါ့ကါ၊ ဘာလို့လဲ’

‘ကျွန်တော်တို့က ငှက်ပျောဖတ်နဲ့ ထမင်းစားတယ်မို့လားအကို’

‘အေးကြိုက်သလောက် ခုတ်ယူသွားစမ်းကွာ’ဆိုပြီး ကျွန်တော်တို့ သူရင်းငှားအား ဟော့ခိုကြီး၊ ခြံထဲလိုက်သွားပြီး ခုတ်ပေးလိုက်စမ်းကွာ’

ဤသို့လျှင် ကျီးကန်းမကြီးသည် ငွေ ၃၀ဝ ကို ကျွန်တော့်အဖေထံတွင် လက်လွတ်စပယ် ထားခဲ့ကာ၊ ငှက်ပျောဖတ်စည်းတလိပ်ကို သူတို့ချစ်တီးလှည်းပေါ်တင်၍ မြို့သို့ပြန်သွားလေ သတည်း။

ဤနေရာ၌ ကျွန်တော့်မိဘများ စီးပွားရေးအခြေအနေကို ဖော်ပြရပါမည်။ ကျွန်တော့် အဖေသည် အချို့က မြှောက်ထိုးပင့်ကော်လေးဖြင့် တောသူဌေးဟု ခေါ်ကြသော လယ်ပိုင်ရှင် တယောက်ဖြစ်ပါသည်။

ကျွန်တော်တို့ရွာ အရှေ့ဘက်ကွင်းမှာ၊ ကိုယ်တိုင် လုပ်ကိုင်နေသော လယ်တရှဉ်းလုပ် အပြင်၊ အခြားကွင်းများတွင်လည်း သီးစားလယ်ခချထားသော လယ်များလည်း ဟိုဟိုဒီဒီမှာ ရှိနေပါသေးသည်။ ယင်းကိုချစ်တီးကုလားတို့က မြို့ပေါ်ရှိ မြေစာရင်းဌာနရုံးမှ သိရှိကြကာ၊ ကျီးကန်းမကြီးသည် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းမရှိ အကြောင်းရှာပြီး အိမ်သို့လာ၍ ငွေ ၃၀ဝ အပ်နှံသွားခြင်း ဖြစ်ပါသည်။

ထိုခေတ် ထိုအခါက စပါးဈေးသည် တင်းတရာမှ ငွေတရာပတ်လည်တွင်ရှိ၍ ယင်းငွေ ၃၀ဝ မှာ နည်းသည်မဟုတ်ပါချေ။ ရောင်းဝယ်ဖောက်ကားလျှင် တရင်းတနှီးပင် ဖြစ်ပါသည်။

ကျီးကန်းမကြီး ပြန်သွားလတ်သော် ကျွန်တော့်အဖေနှင့်အမေသည် တီးတိုးတိုင်ပင်ကြ၏။ လက်ထဲငွေရောက်က အဘယ်သူသည် မသုံးဘဲအောင့်အည်း၍ နေနိုင်အံ့နည်း။ အိမ်တွင် ကုန်စုံ

ဆိုင်ဖွင့်၏။ အရောင်းအဝယ် ဝါသနာပါသော ကျွန်တော့်အမေက အောက်အရပ်မှ ငါးပိများကို မှာယူရန် စိတ်ကူးရလေ၏။ အဖေကသဘောတူလေ၏။

ငါးပိများရောက်လာပြီးနောက်၊ အရိုင်းကို ဆန်ကွဲဆန်နှစ်များထိုးကာ ပြုပြင်၍ စဉ့်အိုးထဲ သိပ်ပြီး၊ လက်လီရောင်းခြင်း စပါးပေါ်ပေး အကြွေးရောင်းခြင်းတို့ဖြင့် လွန်စွာ တွက်သားတိုက် လေ၏။

ယင်းသို့ရှိနေစဉ် တလလောက်ကြာသောအခါ၌ ကျီးကန်းမကြီးသည် သူ့ချစ်တီးလှည်းက နွားချူသံတညံညံနှင့် ရောက်လာပြန်၏။ သည်တော့အဖေက ဆီးတဲ၍ 'ဟေ့. . . ကျီးကန်းမကြီးရဲ့ မင်း . . . ငွေတောင်းရအောင် လာတာလားကွ. . .'

'မဟုတ်ပါဘူးအကိုရာ၊ ခရီးကြုံလို့ နွားတွေအပန်းဖြေယင်းနဲ့ ခဏ ဝင်နားတာပါ'

'အေး. . . ဒါဖြင့်တော်သေးကွာ၊ မင်းငွေ ဒို့သုံးထားတယ်ကွ'

'အကိုတို့ အကျိုးရှိမယ်ဆိုယင် သုံးပါအကို၊ အတ္တပရနှစ်ဝအကျိုးရှိအောင် ကျွန်တော်တို့ လဲ အတိုးလေးပေးပေါ့'

'အေး. . . ထင်သားဘဲ အတိုးတောင်းတော့မယ်ဆိုတာကိုး ဘယ်လောက်တိုးပေးရမှာတုန်း ကါ'

'မများပါဘူး အကို ငါးမတ်တိုးပါ'

'ဟေ. . . . တကျပ် မရဘူးလားကွ'

'ရပါတယ် အကို'

ဤမှစ၍ ကျွန်တော့်မိဘများတွင် ချစ်တီးကြွေးစတင်၍ ဝင်ပါသတည်း။ ချစ်တီးကုလား များသည် အိမ်သို့ မကြာခဏလာပါလေသတည်း။

ဟေ ဟေ ဟေ့ ဟေ. . .

ဟေ ဟေ ဟေ့ ဟေ

ကျွန်တော်ခြောက်ခါလည်သားအရွယ်မှာ ဝမ်းသာလွန်း၍ ပါးစပ်ကအော်ပြီး ထခုန်နေပါသည်။

'ဟော့ အဖေရေ အဖေရေ၊ ကျီးကန်းမကြီးတို့ လာပြန်ပြီထင်တယ်ဗျ။ ချစ်တီးလှည်းသံကြားတယ်အဖေရဲ့'

ချစ်တီးနွားက ကြေးခလောက်သံ။ ချစ်တီးလှည်းက ကျွန်တော်တို့ မြန်မာလှည်းတွေထက် ဝန်ရိုးတိုတော့ ကိုယ့်လူမျိုးလှည်းဘီးခွင်နှင့် အသင့်လုပ်ထားသည့် ရွာဦးအုတ်တံတားစောင်း တဖက်ကို ကုလားလှည်းဘီး သံဖနောင့်နှင့် ကြိတ်ဖြတ်လာသောအသံ ဤအသံတွေအဝေးက ကြားရုံမျှနှင့် ကျွန်တော်လူမမယ်အရွယ်ကပင်၊ ချစ်တီးလှည်းမှန်းကို ခွဲခြားသိနေခဲ့ပါပြီ။

ဒီလို ချစ်တီးလှည်းသံကြားပြီဆိုလျှင် ကျွန်တော်အင်မတန် ဝမ်းသာလှသည်။ ချစ်တီးကုလားတွေက ကျွန်တော့်ကို ချစ်ကြသည်။ သူတို့ရောက်လာလျှင် ကျွန်တော့်ကိုရယ်သည်။ ပါးကိုနမ်းသည်။ ကျွန်တော်က သူတို့နားရွက်ကိုဆွဲလည်း အရယ်မပျက်။ ကျွန်တော့်မိဘများက 'ဟဲ့. . ကျီးကန်းမကြီးရဲ့ ဒီကလေးကို သိပ်အရောမဝင်နဲ့ အင်မတန်ကျိပတ်ချင်တယ်။ ဆိုလည်း ကျွန်တော့်ကို ချီရာကမချ။ 'ကိစ္စမဆိဘူးအကို ကျနော်တူ့ကို တိတ်ချစ်တယ်'ဟု ဆိုပြီး သူတို့မှာ ပါလာသော ချစ်တီးမုန့်များကို ကျွေးသည်။ ပိုက်ဆံတမူး တမူး မုန့်မုန့်ပေးလေ့ရှိသည်။ ကျွန်တော်မှာ ဤအရွယ်၌ ကျေးတောရွာလူချမ်းသာ၏ သားပီပီ ရွှေခြေကျင်းဝတ်ရလေရာ၊ ကျီးကန်းမကြီးက ကျွန်တော့်ခြေကျင်းကို ကိုင်ကြည့်ပြီး. . .

'အကိုကြီး တားတားခြေကျင်းဟာ ရွှေဟောင်းနေဘီ၊ ရွှေကောင်းကောင်းနဲ့ အသစ်ကြီး ကြီးလုပ်ပေးပါ'

'ဒီတော့အဖေက ဟယ်. . . ငါ့မှာပိုက်ဆံမရှိဘူးကွ'

'အမှတ်လေး ပယား ပယား၊ အကိုကြီးလိုလူက ပွိုက်ဆံမရှိဘူးပြောတယ်၊ အကိုကြီးမှာ လယ်တွေနဲ့ တောသူဌေးဘဲ'

'ဟော့ ကလေးဘဲ ဒါရှိပြီးတာပေါ့၊ ဇယားချဲ့မနေချင်ပါဘူး'

'အကိုကြီး ဦးထွန်းတုတ် တားလေး အခုအတစ်လုပ်ပေးထားတယ်'

ကျွန်တော့်အဖေ မျက်လုံးကျယ်လာကာ. .

‘ဟော့ ဖိုးထွန်းတုတ်က တယ်လုပ်လိုက်ပါလား’

‘နို့ပြီး တူ့သမီး ရွှေလက်ကောက်လဲဘဲ ကျနော်ဘဲလိုက်ဝယ်ပေးလိုက်တာ၊ ချစ်တီး ရွှေရတာ သိပ်ကောင်းတာဘဲ’

ဟေ ဟေ ဟော့ ဟေ

ဟေ ဟေ ဟော့ ဟေ

ကျွန်တော်သည် ပါးစပ်ကအော်ယင်း ရွှေပန်းငေါက်တောက်နှင့် အိမ်ရှေ့လက်ရမ်းတွင် လက်ထောက်ကာ တဆွေ့ဆွေ့ခုန်လျက်။

‘ဟုတ်တာပေါ့ကွ၊ ကျီးကန်းမကြီးတို့ လာပြန်ပြီကွ’

နွားကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်နှင့် ချွန်ဝိုင်းဝိုင်းပစောက်ပုံ ဦးချိုကို ဆေးပြာခြယ်ထားသော ချစ်တီးနွားဖြူတရှဉ်းသည် ကိုယ်အိမ်မှာ နီပြာ ပန်းရေးလျက်၊ ဒဏ်သေ အမိုးသရိုးကိုင်နှင့် ချစ်တီးလှည်းသည် ကျွန်တော်တို့တလင်းထဲသို့ ဝင်လာလေ၏။

ကျွန်တော့်အဖေက အိမ်ရှေ့နေရောင်ကာမှ လှမ်း၍ တည်တည်ခံ့ခံ့အသံနှင့် . . .

‘ဟဲ့ ကျီးကန်းမကြီးတို့ လာကြပြန်ပလား’

‘ဟုတ်ကဲ့ အကိုကြီး’

‘ကဲ . . . လှည်းဖြုတ် လှည်းဖြုတ်၊ နွားတွေ ရေတိုက်ကွဲ့ အိမ်က နွားတွေလွှတ်ထားတုန်း၊ မင်းနွားတွေ တင်းကုတ်ထဲသွင်းချင်သွင်းထားလေ။ မြက်ခင်းထဲ ကောက်ရိုးလဲရှိတယ်’

ကျီးကန်းမကြီးဟုခေါ်သည်မှာ သူ၏နောက်စေ့၌ သျှောင်ထုံးကြီးက ကျီးမြီးလို ဂုတ်ပေါ် တွဲကျနေခြင်း၊ နှာခေါင်းက ကျီးနှုတ်သီးကဲ့သို့ ချွန်ထွက်နေခြင်း၊ မျက်လုံးပြူးခြင်း၊ အသားရောင် က ကျီးကန်းရောင်အတိုင်း ဖြစ်နေခြင်းတို့ကြောင့် ဤအမည်တပ်ထားခြင်း ဖြစ်သတည်း။

သူတို့လှည်း တလင်းထဲရောက်လျှင်ပင် ကျွန်တော့်သူ့အနီးသို့ ရောက်နေလေပြီ။

‘ဟား . . . ချွတ်ကရား’ဟု ဆိုကာ ကျီးကန်းမကြီးက ကျွန်တော့်ကို ကောက်ချီကာ သူ၌ အသင့်ပါလာသော ချစ်တီးမုန့်ကို ကျွေးသည်။

ဤအချိန်မှာ စပါးတလင်းကြေချိန်ဖြစ်သည်။ မနေ့က ယပ်ပြီးသားစပါးတင်းတထောင် ကျော် အပုံကြီးသည် ရွှေစေတီကြီးလို ဝင်းနေသည်။ ထိုစပါးပုံကြီးကို ကျီးကန်းမကြီးက ငေးကြည့်နေရာ အဖေက အိမ်ပေါ်မှဆင်းလာပြီး. . .

'ဟေ့ ကျီးကန်းမကြီး စပါးပေါ်ချိန်မို့ ကြွေးတောင်းရအောင် လာသလား။ ဒီနှစ်အတိုးဘဲ ပေးနိုင်အုံးမယ်ကွ'

ဒီတော့ ကျီးကန်းမကြီးက တောင်းပန်တိုးလျှိုးသောမျက်နှာနှင့်. . .

'အောင်မယ်လေး အကိုကြီး၊ ဒီလိုမပြောပါနဲ့၊ ဒီလိုမမွေးပါနဲ့၊ အတိုးလဲမပေးပါနဲ့၊ ကျနော် အလယ်သက်သက်လာတာပါ၊ ကျနော်တို့ ဒီမှာ အခုမနက် ထမင်းချက်စားမယ်၊ အကိုကြီးတို့နဲ့အတူ ပျော်ပွဲစားမယ်၊ ဟောဒီမှာ ကျနော်တို့ မူလကျိုဝယ်ခဲ့ပါတယ်'ဆိုပြီး လှည်းပေါ်က တောင်းထဲ၌ အသင့်ပါလာသော ကြက်အရှင်ကိုပြ၏။ ပြီးလျှင် စပါးပုံကြီးကို ကြည့်လျက်. . . .

'အကိုကြီး ဒီစပါးပုံကြီးက တင်းရေဘယ်လောက်ထွက်မလဲ'

'ထောင့်တရာ ထောင့်နှစ်ရာပေါ့ကွာ'

'အာ. . . အများကြီးပါလား လယ်ဘယ်နှစ်ကေလုပ်တာလဲ'

'ကေ ၂၀ ကျော်ကွ'

'ဒါ အကိုကြီးလယ်ချည်းဘဲနော်'

ကျီးကန်းမကြီးက သူ့လုပ်ငန်းအတွက် စူးစမ်းသည်ကို မသိရှာသော ကျွန်တော့်အဖေက ဂုဏ်မောက်သံနှင့်. . .

'အောင်မာ မင်းက ငါ့များ သူများလယ်ယူလုပ်ရတဲ့လူစားမှတ်လို့လား၊ ငါကတောင် သူများ သီးစားချထားတဲ့ လယ်တွေရှိသေးတယ်ကွ'

'အား. . . ဒီလိုဆို ဝမ်းသာပါတယ် အကိုကြီး' ဆိုပြီးသူ့ရင်ခွင်ထက်၌ မုန့်စားနေသော ကျွန်တော့်ကိုပြ၍. . .

'ဒီမှာအကိုကြီး ချွတ်ကရားကို ကျောင်းမထားသေးဘူးလား'

‘ဟင့်အင်း. . . မထားသေးဘူးကွ’

ကျွန်တော်တို့ဆီမှာ ထိုအချိန် ၆နှစ်သားဆို ငယ်သေးသည်။ ကျွန်တော် ၇ နှစ်သားမှ ကျောင်းစနေရ၏။

‘ထားဝယ် မြို့က အင်္ဂလိပ်ကျောင်းမှာ လာထားပါနော်၊ ကျနော်တို့တိုက်မှာ သူ့ကို ထမင်းကျွေးမယ်၊ ကာပီရေတိုက်မယ်၊ အိပ်ခိုင်းမယ်၊ တနင်္ဂနွေကျောင်းပိတ်တော့မှ တပတ်တခါ ပြန်ပို့မယ်နော်၊ ကျနော် သူ့ကိုတိတ်ချစ်တယ်’

အဲသည်တုန်းက ဒီချစ်တီးကုလားကြီးဟာ ကျွန်တော့်ကို တကယ်ဘဲချစ်သည်ဟု အောက်မေ့ခဲ့ပါသည်။

ယင်းအခိုက်၌ ပုဝါခေါင်းပေါင်း သျှောင်တစောင်းနှင့် ပိုးကြီးလုံချည်တပတ်နွမ်းကို ဒုံးခံ နေသော ဦးထွန်းတုတ်ရောက်လာကာ. . .

‘အောင်မာ မောင်ဆယ်ရေ၊ ကျီးကန်းမကြီးတို့ မင်းတို့အိမ်စက်ကျနေပြန်ပါလား’

‘ကျီးကန်းမကြီးသည် ဝမ်းသာ အယ်လဲနှင့်. . . .

‘ဟာ. . . အဆင်သင့်လိုက်တာ အကို၊ ကျနော် အကို့အိမ်လာခေါ်မယ်လို့ ကျနော်တို့ ပျော်ပွဲစားလာတယ်အကို၊ ကျနော်တို့နဲ့ဒီမှာ ထမင်းအတူတူစားပါနော်’

ဤအချိန်တွင်မူ ထမင်းချက် ခွဲ့မာကုလားက လှည်းပေါ်မှာ အိုးများ ခွက်များချလျက် ချက်ပြုတ်နေလေပြီ။

‘အေး. . . မင်းကို ငါ့သားကတောင် တတ,တနဲ့ ကျီးကန်းမကြီးတို့ မလာတော့ဘူးနဲ့’

‘နောက်တခါ ကျနော်လာမယ် ပြောပါအကို၊ အခု တူ့ကိုလဲ ပြန်ခေါ်ပါအုံး၊ ကျနော်တို့နဲ့ ထမင်းအတူတူ စားရအောင်’

‘အိမ်မရှိဘူးကွ ကျောင်းသွားပြီ’

‘အ. . . ကောင်းတယ်. . . ကောင်းတယ် နို့အကိုတား ဘယ်တော့ ရှင်ပြုမလဲ’

‘ငယ်သေးတယ်ကွ၊ စာမှ ကောင်းကောင်းမဖတ်တတ်သေးဘူး’

'သူရှင်ပြုယင် ကျနော်လဲ အလှူပါချင်တယ်နော် ကျနော့်ကိုပြောပါအကို၊ ကုက္ကိုပင်ရွာက ဦးပန်းဖူးတိလား၊ သူ့သားနှစ်ယောက် ရှင်ပြုတယ်လေ၊ ငွေတထောင်ကျော်ကုန်တယ်၊ အစဦး တူက ငွေနဲလို့ မပြုချင်သေးဘူး ပြောတယ်၊ ဒီတော့ ကျနော်က ဟာ. . . ငွေအတွက်တော့ မပူနဲ့ ဆိုပြီး ကျနော်တို့တိုက်ကဘဲ ငွေတထောင် ထုတ်ချေးလိုက်တယ်၊ ဒါ အလှူအားပေးတာ၊ ကျနော် လဲ ကုတိုရမှာဘဲနော်'

'အေး. . ရတာပေါ့ကါ၊ အတိုးမယူယင်သာ ရမယ်ကွ'

'ဟာ. . . ဒါတော့ အကိုရာ၊ ကျနော့်သဘောချည်းဆိုယင် ဟုတ်တာပေါ့။ ဒါပေမယ့် တဌေးက ရှိသေးတာကိုး၊ ဒါပေမယ့်အကိုလှူချင်ပြောပါ အလှူအတွက်ဆိုပြီး အတိုးနဲနဲနဲ့ရ အောင် ကျနော်တို့ တဌေးကိုပြောပါးပါမယ်၊ အလှူဆိုယင် ကျနော်တို့ တဌေးကလဲ အားပေး ချင်ပါတယ်။

ချစ်တီးများကား ဘာသာရေးကိုပင် တည်ခင်း၍ သူတို့ငွေပင် ငွေရင်းကို ပစ်သွင်းနိုင် လောက်အောင် လည်ပတ်ကြပေသည်။ ဗုဒ္ဓဘာသာလူကို အလှူနှင့်ဆိုလျှင် ငယ်နိုင်ဖြစ်ကြောင်း သူတို့သိကြ၏။

ဟိုရွာ ဒီရွာ ဘုန်းကြီးကျောင်းဘုရားပွဲများ လုပ်ကြလျှင်လည်း ဟိုရွာက ပွဲနှစ်ချီခံလျှင် ဒီရွာက သုံးချီခံရန် သူတို့ကတရားလူကြီးများဖြစ်ကြတော့ လယ်ပိုင်ရှင်ကြီး များအားနောက်မီးထိုး ပေးတတ်သေး၏။

ဤမျှသာ မဟုတ်သေး၊ သားရေး သမီးရေးကိစ္စတွင်လည်း သူတို့ပါဝင်ကြပြန်သည်။ ကိုဖြူက သားအတွက်၊ မယားလို ငါးထောင်ကုန် တင်တောင်းပေးသည်ဆိုလျှင် ကိုမဲသားအတွက် ခြောက်ထောင်ကုန် တင်တောင်းအောင် သူတို့က ဖန်တီးတတ်သေး၏။ ရွာများ၌ ဘုန်းတော်ကြီး များ ပျံလွန်တော်မူပြီဆိုလျှင် ချစ်တီးများ ထ,ကကြသည့်ပွဲပင်ဟု ဆိုလောက်ပါ၏။

မြန်မာပြည်က တောသားကြီးများဟာ အဲဟို အင်္ဂလိပ်လက်ထက် အရင်းရှင်ခေတ်က ဒီလောက်ဘဲ အ,ခဲ့သလားဆိုတော့ အခုလွတ်လပ်ရေးရပြီးသည်အထိဘဲ အရှိန်မပြေသေးဘူးဆို တာ ကျွန်တော့်အဖေကိုဘဲ သာဓကတင်ပြပါဦးမည်။

၁၉၅၃ ခုနှစ်က ကျွန်တော်သည်ရွာသို့ ခေတ္တပြန်၍ ဖခင်၏နေအိမ်တွင် 'ဘာသာနှင့် အရင်းရှင်စနစ်' ဝတ္ထုကို ရေးနေသည်စဉ် ဤဝတ္ထုမှာ ချစ်တီးကုလားများအကြောင်း အခြေခံ၍ ရေးဟောင်းနှောင်းဖြစ်တွေ သိရှိရန်. . . .

'အဖေ. . . ဟိုတုန်းက ချစ်တီးကုလား ကျီးကန်းမကြီးတို့ မူတူးဆာမိတို့ကို သတိရသေးလား'

'အေး. . . မင်းမေးတော့ တွေးမိသကွယ်၊ မူတူးက ငါ့အပေါ်မှာ ကျီးကန်းမကြီးတို့ထက် ကောင်းတယ်ကွ၊ ငါအစဦး ကျီးကန်းမကြီးတို့တိုက်ကချည်း ငွေယူနေတာ၊ နောက် မင်းညီမောင် အေးမွေးတဲ့နှစ် ၁၂၉၁ ခု၊ မင်းအမေကလဲ မမာ၊ စပါးဈေးကလဲ ၆၅ ကျပ်အထိ ထိုးဆင်းသွား တော့ သူတို့ငွေကို ငါခါတိုင်းနှစ်လို အတိုးပြည့်မပေးနိုင်ဘူး၊ တဝက်ဘဲယူပါအုံး ဆိုတာ၊ တကထဲ အရင်းပါဆပ်ရမယ်လုပ်ကရောကွ၊ ဒီအချိန်မှာ ကျီးကန်းမကြီးလဲ မရှိဘူး၊ နတ်တလင်းသွားနေ တယ်၊ သူတို့သူဌေးအာရနကြီးကလဲ ရန်ကုန်တဲ့၊ မမာလို့ ဆေးကုရအောင် သွားတယ်။ အာရနကြီးရှိရင်တော့ ဒီလိုဘယ်ဖြစ်မလဲကွာ၊ ငါ့ကိုသိပ်ယုံတာ. . .။

(ခင်ဗျား ကျွန်တော်မရှိပေမယ့် လိုချင်သမျှ ငွေတွေကို အချိန်မရွေးလာယူပါ၊ ကျွန်တော့်တိုက်က အကောင်တွေကို ပြောခဲ့ပါမယ်)လို့ သူသွားခါနီးမှာ သွားတာကွ၊ ငါက ဒီအကြောင်း ပြောပြတော့လဲ သူတို့တိုက်ကကောင်တွေက မရဘူးဟေ့. . .'

'ခင်ဗျား အတိုးကုန်မပေးနိုင်ယင် ကျန်တဲ့အတိုးပါ အရင်းထဲထည့်ပြီး လယ်ပေါင်ထားပါ လို့ လုပ်ကရော၊ ဒီတော့ ငါဒေါသထွက်ပြီး. . .

'အောင်မာ. . . ငါလိုကောင်က မင်းတို့ဆီမှာ လယ်ပေါင်ထားရမှာလား၊ လူယုံကြည်မှုနဲ့သာ လက်မှတ်ထိုးချေးတာကွ လယ်ပေါင်မထားဘူး၊ မင်းတို့ဘာလုပ်ချင်သလဲ၊ မင်းတို့သူဌေးလာတော့ ငါပြောပြမယ်၊ ငါ့ဘယ်လိုကောင်မှတ်သလဲ' ဘာညာနဲ့ငါက အသံခပ်ကျယ်ကျယ်ဘဲ၊ လက်သီး လက်မောင်းတန်းပြီး ဒေါနဲ့မောနဲ့ပြောနေတုန်း၊ စွပ်ပရားကြီးတိုက်က မူတူးပေ့ါ အာရနကြီးတိုက် ရှေ့ရောက်လာပြီး ငါ့ကို အသာလက်ယက်ခေါ်တယ်၊ ငါက. . .

'မင်းတို့ ခဏနေကြအုံးဆို ဆင်းသွားပြီး၊ မူတူးက အကျိုးအကြောင်းမေးလို့ ပြောပြတော့ မူတူးကပါ ငါ့ဘက်ကနာပြီး အောင်မာ. . . . သူတို့ငွေလေး သုံးထောင် အတိုးလေး လေးရာ့ငါးဆယ်နဲ့ အကိုကြီးလိုလူကို ဒီလိုပြောရသလား၊ ကျုပ်မခံနိုင်ဘူး၊ လာပါ ကျနော်တို့တိုက်ကို လိုက်ခဲ့ အကိုကြီး သုံးထောင်မဟုတ်ဘူး၊ ငါးထောင်ယူအကိုကြီး၊ သူတို့ငွေတွေကို အတိုးရောအရင်းပါ ချက်ချင်း ဆပ်ပစ်လိုက်ဗျာ' ဆိုပြီး သူတို့တိုက်ရောက်တော့ ငွေငါးထောင်ချက်ချင်းထုတ်ပေးတယ် ငါက. . . .

'ဟဲ့ ငါးထောင်မယူချင်ဘူး၊ လေးထောင်တော်ပါပြီဆိုတာ တောင်မရဘူး၊ 'အကိုကြီးလို လူကို ငွေလေးသုံးထောင်နဲ့ ဒီလိုပြောတာ မခံနိုင်လွန်းလို့ပါ'ဆိုပြီး ဇွတ်အတင်း ပေးတယ်ကွ၊ ငါလဲ

ဟိုကောင်တွေ ခံပြင်းနေတစိတ်နဲ့ လက်မှတ်ထိုးယူခဲ့ပြီး သူတို့တိုက်ပြန်ရောက်တော့ 'ကဲ. . မင်းတို့လိုကောင်တွေက ငါလိုလူကို ငွေလေးသုံးထောင်နဲ့ ဒီလိုပြောရသလား၊ ရော့. . . မင်းတို့ဟာ အတိုးရောအရင်းပါ အခုယူလိုက်ကွ'ဆိုပြီး ငွေတွေပစ်ပေးလိုက်တယ်၊ ဒီကောင်တွေ မျက်ခွက်မျက်နှာကိုပျက်လို့၊ 'ကျနော်တို့မှားပါတယ်မယူပါရစေနဲ့ လုပ်သေးတယ်၊ ဟယ်ငါကလဲ ဘယ်ရမလဲ အတင်းပေးဘဲ၊ မင်းတို့က ငါလိုလူကို ဘာမှတ်လို့လဲ၊ ငါတို့ဗုဒ္ဓဘာသာလူမျိုးက သူများအကြွေးကို တရွေးသားမှ မဆပ်ဘဲမနေဘူး၊ အကြောင်းမသင့်တုန်းသာ ထိုက်တန်တဲ့ အတိုးပေးတာ၊ နောင်တမလွန်ဘဝမှာ မင်းတို့မြီးများ ခံမယ့်လူစားအောက်မေ့သလား' ဘာညာနဲ့ တောင်ပိုင်းက မောင်ရိုင်ကြီးနဲ့ ကိုထွန်းတုတ်လဲရှိတယ်၊ ငါပြောလိုက်ဆိုလိုက်တာလေ၊ ဒီကောင် တွေ ခေါင်းမဖော်ဝံ့ဘူး၊ မျက်နှာကြီးတွေအောက်ချလို့၊ ငွေအတင်းပေးတာကို အကုန်မယူဘူး၊ ငါလိုလူကို ဒီတိုက်နဲ့အဆက်ပြတ်သွားယင် သူဌေးပြန်လာတော့ သူတို့ကိုအလုပ်ဖြုတ်ပစ်ပါတော့ မယ်၊ တထောင်တော့ ချန်ထားပါ ငိုကြီးချက်မနဲ့ ပြောလို့ ငါညှာလိုက်ရတယ်'

(အင်း. . . သူက ညှာလိုက်ရသတဲ့၊ အဖေတို့များ အဲသည်လောက် တော်တဲ့လူ)

အဖေ့စကား ကျန်ပါသေးသည်။

'နို့ပြီး ဒီအကြောင်းကို သူတို့သူဌေး ပြန်လာယင်မပြောပါနဲ့ အကိုကြီးက ဘာမှမဖြစ်ဘဲနဲ့ ငွေနှစ်ထောင် လာဆပ်တာဘဲ၊ ပြောပါလို့ မှာကြသေးတယ်၊ ဒါတော့ ငါက ဘယ်နေလိမ့်မလဲ၊ ဒီကောင်တွေနောက်တော့ ငါ့အပေါ် ခေါင်းမဖော်ဝံ့အောင်ဆိုပြီး အာရနကြီးပြန်ရောက်တယ်ကြားတော့ ငါသွားပြောတာ ဒီကောင်တွေကို မာန်လိုက် မဲလိုက်တဲ့ဖြစ်ခြင်း ချစ်တီးလို ဘာတွေပြောသလဲတော့ မသိဘူး၊ ပွက်ပွက်ညံသွားတာဘဲဟေ့'

ချစ်တီးလို ဘာတွေပြောသလဲ မသိဘူးဟု၊ အဖေကဆိုပါသည်။

သို့သော် ကျွန်တော်က ယခုအသိဉာဏ်နှင့် ဘာသာပြန်ရလျှင်ကား၊ အာရနကြီးသည် စိတ်ဆိုးဟန်ပြုလိုက်ကာ သူ့ကောင်တွေကို မျက်ခွက်မျက်နှာပျက်ဟန်ဆောင်စေလျက်. . . .

'အေး. . . မင်းတို့လုပ်ပုံ သိပ်ဟုတ်တာဘဲကွ၊ ဒီမောင်ဖိုးဆယ်ဟာ မောင်ရိုင်ကြီးတို့လို မောင်ထွန်းတုတ်တို့လို ငွေချေးငွေသုံးမဂိုက်ဘူးကွ၊ အတိုင်းအဆလေးနဲ့ လုပ်နေတယ်၊ သူကနှစ်စဉ်မှန်မှန် အတိုးဆပ်နိုင်နေတော့ သူ့ဆီကတို့ နှစ်ထပ်တိုးရတယ်ကိုမရှိဘူး၊ အခု စွပ်ပရားတိုက် က ငါးထောင်၊ ငါတို့ဆီမှာ တထောင် ခြောက်ထောင်ဖြစ်သွားပြီ၊ ခြောက်ထောင်ဆိုတော့ ငါးမတ်တိုးနဲ့ အတိုးချည်းတနှစ်မှာ ငွေ ၉၀ဝ မှန်မှန်ဆပ်နိုင်ယင် ဆပ်ပေ့ါကွာ၊ မဆပ်နိုင်ယင် အတိုးရောအရင်းပါ ပေါင်းရတဲ့ နှစ်ထပ်တိုးရပြီဟေ့ အဲသည်လို နှစ်ထပ်တိုးတွေ ဆင့်ကဲဆင့်ကဲ တက်လာလို့

ငွေပင်ငွေရင်းများလာတဲ့အခါမှာ ခင်ဗျားဆီမှာ ငွေများလာပြီ ဆပ်နိုင်သလောက် ပြန်ဆပ်ပါ၊ မဆပ်နိုင်သေးယင် ဒီအတိုးနဲ့ ဒီလောက်ငွေတွေ မထားနိုင်ဘူး'ဆိုပြီး ငါးမတ်တိုးက၊ တကျပ်ခွဲတိုး တကျပ်ခွဲက နှစ်ကျပ်၊ နှစ်ကျပ်ခွဲအထိ တက်ရမယ်ကွ၊ မင်းတို့လုပ်တာ သိပ်ဟုတ် တာဘဲဟေ့း ဝေးလေးလေးဟူ၍ ဖြစ်ပါသတည်း။

အဖေ့စကားသည် မဆုံးသေးပါ။ သူ့ကို အတင်းချော့ပြီး အကြွေးချေးတာ ခံရသေးသည်။

'နောက်တော့ဟေ့. . တနေ့ငါသူတို့တိုက်ရှေ့ ဖြတ်လျှောက်အသွားမှာ ကျီးကန်းမကြီးရယ် ဖုတ်ဖုတ် ဖုတ်ဖုတ်နဲ့ ပြေးလိုက်လာပြီး အကိုကျနော်မရှိတုန်း ဟိုကောင်တွေလုပ်ပုံနဲ့ သူဌေးက ကျနော့်ကို သိပ်ဆူနေတာဘဲ၊ ကျွန်တော်တို့တိုက်ကို အဆက်ဖြတ်မပစ်လိုက်ပါနဲ့နော်၊ ငွေလို ချင်သလောက် လာယူပါ၊ အခုလဲဘဲ အကိုမြို့ကိုလာတုံး ဈေးသုံးဘို့တဲ့၊ ဟောဒီမှာငွေ ၅၀ဝိ အတင်းပေးခိုင်းလိုက်တယ်၊ အကိုမယူယင်ဖြင့်ကျနော် ဒုက္ခများပါလိမ့်မယ်'ဆိုပြီး ငါ့အိတ်ထဲ အတင်းထည့်သွားလို့ယူခဲ့ရသေးတယ်ကွ။ လက်မှတ်တောင် နောက်ခရီးကြုံမှထိုးပါတဲ့၊ စွပ်ပရား ကြီးတိုက်က မူတူးက သူတို့ထက် သာသွားတာကိုလဲ အာရနကြီးက တဖျစ်တောက်တောက်တဲ့ ကွ'

စင်စစ်ကား၊ အာရနတိုက်၊ စွပ်ပရားတိုက်၊ ခွဲခြားထားသော်လည်း (ပေါင်းတည်မြို့ပေါ်မှာ ချစ်တီးတိုက်တွေ များစွာရှိသည်။)

ပင်ရင်းမှာအတူတူပင်ဖြစ်သည်။ အာရနတိုက်၌ ငယ်သားများကို အာရနကအုပ်ချုပ်၍ စွပ်ပရားတိုက်၌ ငယ်သားများကို စွပ်ပရားက အုပ်ချုပ်သည်။ ဒီစတြိတ်မြို့က ဤသို့စွပ်ပရားလို အာရနလိုကောင်တွေကို ရန်ကုန်ချစ်တီးက အုပ်ချုပ်ပြန်၏။ ရန်ကုန်ကချစ်တီးတွေကို မဒရပ်မြို့ ပင်ရင်းဌာနက အုပ်ချုပ်ပြန်၏။ သူတို့ကား သူဌေးမဟုတ်၊ ကိုယ်စားလှယ်များသာဖြစ်၏။ တိုက်မန်နေဂျာဟု ခေါ်ပေမည်။

ချစ်တီးများကား ဘယ်ရွာက ဘယ်သူ့၌ လယ်ဘယ်နှစ်ကေရှိသည်ကို တိုက်စာရေးများ ထံမှ သိပြီးဖြစ်၏။ တိုက်စာရေးနှင့် တရားမရုံးစာရေးနှင့် ရှေ့နေရှေ့ရပ်တွေနှင့် ချစ်တီးများကား၊ လူမျိုးခြားသော်လည်း တောသားတွေအပေါ်၌ အမဲလိုက်သွေးစုတ်ကြသော စားဖော်သောက်ဖက် များ ဖြစ်ကြကုန်၏။

သူတို့အတွက်နယ်ချဲ့၏ တရားမဥပဒေက မားမားရပ်လျက်ရှိ၏။ အကြင်သူကို ချေးထား သော ငွေရင်းငွေတိုးသည် ထိုသူ၏လယ်အားလုံးကို ကာလပေါက်ဈေးနှင့် ပိုင်လောက်ပြီဆိုသော အခါ၌ တခါတည်း တရားစွဲ၍ သိမ်းလိုက်တော့၏။ နယ်ချဲ့အစိုးရ၏ အရင်းရှင်ဘက်လိုက် ဥပဒေကလည်း တရားခံဘာမျှထုချေနေစရာမလို။

သူ့တံဆိပ်ခေါင်းက လက်ရေးပြပြီး 'ဒါမောင်မင်းထိုးတဲ့ လက်မှတ်မဟုတ်ဘူးလို့ ငြင်းနိုင်သလား' မေးခွန်းတခုနှင့် ကိစ္စပြီးတော့၏။

ဤဝတ္ထုအစ၌၊ ကျွန်တော်သည် ချစ်တီးထမင်းစားပွဲနှင့် ဇာတ်လမ်းဖွင့်ခဲ့သည်။ အဲသည်တုန်းက ကျွန်တော် ၄–၅နှစ်အရွယ်လဲ။ ချစ်တီးထမင်းဟင်းများက ကောင်းစွာမှတ်မိ နေပါပြီ။

ယင်း အာဟာရများသည် တောနေလယ်ပိုင်ရှင်ကြီးတို့အား အပင်းအဆိပ်လုင်းခြင်းပင် ဖြစ်ကြောင်း နောက်တစတစရုပ်လုံးပေါ်လာလေရာ၊ ကျွန်တော် ၁၂ နှစ်သားအရွယ်လောက်၌ ကျွန်တော်တို့ရွာမြောက်ပိုင်းက လယ်ပိုင်ရှင်ကြီး ဦးထွန်းတုတ်မှာ လယ်တွေခြံတွေ သိမ်းယူရုံ လောက်နှင့် ချစ်တီးကြွေးတွေ မကျေလေ၍ အိမ်ကြီးကိုပါ လေလံပစ်ခံရသဖြင့်၊ သူများခြံထဲတွင် တဲကုတ်ကလေးဆောက်၍ နေရသည့်ဘဝရောက်သွားတော့၏။

ယခင်တုန်းက ချစ်တီးတွေ မြှောက်ပေးခြင်းဖြင့် သားတွေကို ဘိုင်စကယ်ကိုယ်စီ ဝယ်ပေး၍ ဘိုင်စကယ်နှင့် မြို့ကျောင်းသို့ သွားနေကြသော သားများလည်း ချက်ချင်း လယ်ကူလီဘဝရောက်ကြရကုန်သည်။ တောင်ပိုင်းက ဦးရိုင်ကြီးလည်း ထိုနည်းလည်းကောင်းပင်။

ယင်းတို့တွေကို သင်ခန်းစာ ရလိုက်သော ကျွန်တော့်အဖေသည်၊ ထိုစဉ်မှာ ချစ်တီးကြွေး က သူ့တွင်ရှိသော လယ်အားလုံးကို မပိုင်လောက်သေး၍ ချစ်တီးများကက သူ့အား ကြိုးရှည်ရှည်လှန်ထားစဉ် ဖြစ်သော်လည်း၊ နောင်ရေးတွေးပြီး၊ ရှိတဲ့လယ်တဝက်လောက်ရောင်းကာ ချစ်တီးကြွေးများကို အပြီးဆပ်လိုက်ခြင်းအားဖြင့်၊ ကျွန်တော့်မိဘများမှာ အခြားလယ်ပိုင်ရှင် များကဲ့သို့ ပုံပန်းမပျက်။ ကျွန်တော်ကလည်း ဦးထွန်းတုတ်သား၊ ကိုကျင်မောင် ကိုစောလှိုင်တို့ ကဲ့သို့ ကျောင်းကမထွက်ရဘဲ ပညာကို ဆက်လက်သင်ကြားနိုင်ခြင်းဖြင့် ယခုသော်တာဆွေ ဖြစ်လာရပါသတည်း။

မိဘများ ဂုဏ်ကျေးဇူးရည်စူး၍. . . . .

## ဘဝစစ်တမ်း

ယခုမိတ်ဆွေ ဖတ်ရှုလျက်ရှိသောစာအုပ်သည် ၁၉၇၈ခုနှစ် ဩဂုတ်လထုတ် ရှုမဝ မဂ္ဂဇင်း ဖြစ်လေရာ ၁၉၄၇ ခုနှစ် ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် 'ဘရန်ဒီ တပုလင်း'မည်သော ဟာသ ဝတ္ထုကလေးဖြင့် စာပေနယ်သို့ စတင်၍ ဝင်ရောက်ခဲ့သော ကျွန်တော် သော်တာဆွေ၏ စာရေး သက်မှာ ၃၁ နှစ်ရှိခဲ့ချေပြီ။ လူ၏အသက်ကား ၅၉ နှစ်နှင့် ၃လ။

ကျွန်တော်သည် ၂၈ နှစ်သားကစ၍ စာရေးဆရာဖြစ်ခဲ့ရာ၊ ထိုစာရေးဆရာ ဖြစ်သည့် နေ့မှစ၍ စာပေလုပ်ငန်း သက်သက်ဖြင့်သာ အသက်မွေးခဲ့သည်။ အခြားဘာအလုပ်မျှ မလုပ် တော့။ မည်သည့်လခစားအလုပ်မျှလည်း မလုပ်ခဲ့ပါ။ အချို့ ကျွန်တော်တော့ကို ရှုမဝမှာ အယ်ဒီ တာဟု ထင်ကြသည်။ မဟုတ်ပါ။

ကျွန်တော်သည် ကိုယ့်စာကိုယ် ရေး၍သာ ရသမျှနှင့် တင်းတိမ်ရောင့်ရဲစွာ နေထိုင်ခဲ့ ပါသည်။

ထို့ကြောင့် ကျွန်တော့်ကို ချမ်းသာသလားမေး။ မချမ်းသာဘူး။ ဆင်းရဲသလားမေး၊ မဆင်းရဲဘူး။ ကျွန်တော်သည် မချမ်းသာဘူး၊ မဆင်းရဲဘူး။ ဤနှစ်ခုအကြား၌ တည်ရှိနေသူဖြစ်ပါ ၏။ ဒီတော့. . .

အဲသည်ဘဝကို ကျေနပ်နှစ်သိမ့်မှု ရှိရဲ့လားဟု မေးယင်ဖြင့် 'ဟုတ်ကဲ့' ဟုဖြေရပါမည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ဘဝရည်ရွယ်ချက်ကိုက စာရေးဆရာဖြစ်နေရခြင်းနှင့် စာမပြတ်ရေးနေရခြင်းသာတည်း။ အခြားဘာမျှ မလုပ်ချင် မလိုချင်။

ကျွန်တော့်ဘဝတွင် ငွေရေးကြေးရေးအရာမှာ 'မရှိမရှား'ဖြစ်လျက်၊ သားသမီးများကို လည်း တာဝန်ကျေပွန်စွာ ပြုစုနိုင်ခဲ့ပါသည်။

ကျွန်တော့်တွင် သားသမီး ၇ယောက်ရှိသည့်အနက်၊ ၅ယောက်က ဒီဂရီရကြသည်။ သားနှစ်ယောက်က ပညာပါရမီမပါကြသော်လည်း သူတို့ကုသိုလ် အလျောက် သည်ခေတ်မှာ 'တာစား'နေသည့် သင်္ဘောသားများ ဖြစ်သွားကြ၍၊ အောင်မယ်. . . သူတို့ကပင် အချမ်းသာဆုံးဖြစ် ပြီးတော့ လွန်ခဲ့တဲ့နှစ်လလောက်ကဘဲ သားကြီးခင်မောင်ဦးက မိဘကို ငွေတသောင်းကန်တော့ တယ်ခင်ဗျ။

ကျွန်တော်တို့ လင်မယားနှစ်ယောက် ဘဝတာမှာ တခါတရံရုပ်ရှင် ဝတ္ထုကလေးများ ရောင်းရ၍ ငွေထောင်ချီပြီးရဘူးပါရဲ့။ တသောင်းလုံး ပြုန်းကနဲကြီး ကိုင်လိုက်ရတာကတော့ အခု ဒီသားကြီး ကန်တော့မှပါဘဲ ခင်ဗျာ။

ယခုအချိန်တွင် ကျွန်တော်တို့ လင်မယားမှာ ဘယ်သားသမီးအတွက်မှ ပူပင်ကြောင့်ကြ စရာ မရှိတော့ဘဲ၊ အိမ်တွင်မြေးများနှင့် ဆူလိုက်ပူလိုက် မာန်လိုက်မဲလိုက်ဖြင့်ပင် ပျော်ရွှင်စွာနေ ကြပါသည်။

ဟော. . . . ယခုပင်အိမ်ရှေ့ရေတွင်းမှာ မြေးကလေးတွေ ရေချိုးနေတာကြည့်၍. . .

'ဟေ. . . တော်ကြတော့ဟ၊ နင်တို့ရေချိုးနေတာ ကြားလှပြီ၊ သက်သက် ခေါင်းဆပ်ပြာ တိုက်ပြီး အမြှုပ်ထအောင် လုပ်နေကြတာဘဲ'

ဤတွင်မြေးငယ်မိစွာက. . .

'ခေါင်းလောင်း ချိုးရမလားမေးတော့၊ မာမီကြီးက ချိုးလို့ပြောတာဘဲ ပါးပါးရဲ့'

'အေးလေ. . . ခေါင်းတခါလောင်း၊ တခါဆပ်ပြာတိုက်ချိုးယင်ပြီးရောပေါ့ ခုတော့. . . နင်တို့ ဟာက ဆပ်ပြာတိုက်လိုက် အမြှုပ်ဖွလိုက် ရေလောင်းလိုက်လုပ်နေတာက ဘယ်နှစ်ကြိမ်ဘယ်နှစ် ခါရှိနေပြီလဲ၊ တော်ကြတော့၊ ကြာယင် အအေးမိလိမ့်မယ်'

'အိုး. . . ပါးပါးရယ်၊ မီးမီးတို့ဟာ မီးမီးတို့ရေငင်ချိုးတာဘဲဟာကို၊ ပါးပါးဖို့လဲ ငင်ထားအုံး မယ် သိရဲ့လား'

ကျွန်တော့် အိမ်ရှေ့ကရေတွင်းမှာ စက်သီးတပ်၍ အညာမှလာသော သစ္စေးသုတ် နီးပုံး ကလေးများနှင့် ဖြစ်ခြင်းကြောင့် သူတို့ကလေးများလည်းပေါ့ပါးလွယ်ကူစွာ ငင်နိုင်ကြပါသည်။

'ဟေ့. . . ရှေမနေနဲ့၊ တော်ဆိုတော်တော့၊ နင်တို့ရေချိုးနေကြတာ နာရီဝက်မကတော့ဘူး. . '

စင်စစ်တော့ သူတို့နှစ်ယောက်သည် ခေါင်းဆပ်ပြာတိုက်ပြီး ဆပ်ပြာမြှုပ်ချင်း ပြိုင်နေကြ သည်။ တယောက်နှင့်တယောက် ဆပ်ပြာမြှုပ်နှင့် ပေါက်ကစားနေကြသည်။ တကထဲ. . . သူတို့ ရေတခါချိုးလျှင် ကုန်လိုက်သည့် ရေနှင့်ဆပ်ပြာက လူကြီးတယောက်စာမကာ။

ဤတွင်ကျွန်တော် သူတို့အရွယ်၊ ငယ်စဉ်ဘဝနှင့် နှိုင်းယှဉ်ကြည့်မိသည်။

ထိုခေတ်ထိုအခါတုန်းက ကျွန်တော်၏ဇာတိ ကျေးရွာဒေသမှာ နွေရာသီတွင် ရေအလွန်တရာရှားပါးလှသည်။ ရေကို ဆပ်ပြာနှင့်မချိုးနိုင်ကြပါ။ ဆပ်ပြာနှင့်ရေချိုးလျှင် ပထမကိုယ်နှံ့အောင်ရေလောင်း။ ဆပ်ပြာတိုက်ပြီးလျှင် ယင်းဆပ်ပြာမြုပ်တွေ စင်ကြယ်သွားအောင် ရေကိုအားရပါးရ လောင်းချိုးရသည်မဟုတ်ပါသလား။

ထိုစဉ်အခါက ကျွန်တော်တို့ဆီမှာ နွေရာသီရေရှားပြီဆိုပါက ကိုယ်ကို ရေလောင်းချိုးနိုင်သည့် အခြေသို့ပင် မရှိပါ။ အဝတ်ရေဆွတ်၍ ရေပတ်တိုက်ရသည်။ သို့မဟုတ်ယောက်ျားများပြုလုပ်လေ့ရှိကြသည့် 'ကိုယ်ရေသပ်သည်' ဟုခေါ်သည်။ ရေအိုးရှေ့မှာ ခါးတောင်းမျှောင်အောင်ကျိုက်ပြီး လက်ဝါးနှစ်ဖက်နှင့် ရေကိုကော်ကာ မျက်နှာသစ်၊ ပခုံးရင်ဘတ်တို့ကိုလက်နှင့်သပ်ချရသည်။ ပေါင်တွေကို လက်ဝါးရေစိုနှင့် ပွတ်ရသည်။ ဤနည်းဖြင့် တနေ့တာတွက် ရေချိုးခြင်းပြီးရသည်။ ရေနို့ဆီဗူးတလုံးလောက်ဘဲ ကုန်ပေလိမ့်မည်။

ကျွန်တော်တို့အရပ်သည် မြစ်မနီးရေဝေးရပ်ဖြစ်၏။ မိုးရာသီနှင့်ဆောင်းအခါ၊ ရေတွင်းတွေရေမနည်းမီသာ၊ ရေကိုဝအောင်ချိုးရသည်။ တပေါင်းလမှစပြီး တနွေလုံးမူကား၊ ရေကိုတတ်နိုင်သမျှ ချွေတာကြပေရော့။

## နွေရာသီရေခပ်ချိန်

ယင်းမှာ သန်းခေါင်အချိန်တွင်ဖြစ်၏။ ရေခပ်ဖို့ကို တအိမ်တွင် လူနှစ်ယောက်လို၏။ မနေ့က ညနေမှာ၊ ရေတွင်းထဲတွင် ရေကမြေကြီးစိုရုံသာရှိတော့၏။ ခပ်လို့ငင်လို့ကတော့ တစက်မျှမရတော့။

သည်တော့ ကိုယ့်ရေပုံးကို ရေတွင်းပတ်လည်မှာ တန်းစီချကာ ရေပုံးကြိုးကို တွင်းဘောင်ပေါ်မှာ အုတ်ခဲနှင့် ဖိထားခဲ့ရသည်။ သန်းခေါင်ပြကြက်တွန်တော့မှ ရေအိုးကိုယ်စီနှင့် ထလာခဲ့ ကြ။ သည်အချိန်တော့ ရေတွင်းထဲမှာ ရေတော်တော်များများ ရှိနေပြီ။ ရေပုံးတွေထဲမှာ ရေတွေ ဝင်နေပြီ။

သည်လိုအချိန်တွင် ရေတတွင်းမှာ လူနှစ်ဆယ်အစိတ်လောက် အမြိုင်ငင်လိုက်ကြတာ ပထမဦးဆုံး ပုံးပြည့်လုနီးပါးပါပြီး၊ နောက်တဖြည်းဖြည်း နည်းနည်းလာလိုက်တာ နောက်ဆုံးမှာ ဖင်ကပ်နှင့်ရပ်လိုက်ကြရ၏။ တယောက်က မပြတ်ငင်နေ တယောက်ကအိမ်ပြန်ပို့ဖြင့် တမနက် မှာ တအိမ်တွင် ရေသုံးလေးအိုးစီရတတ်ကြသည်။ ဤသည် တနေ့တွက်တအိမ်သုံးစာ ဒီတော့ ဘယ်မှာ ရေကိုကိုယ်ပေါ် လောင်းချိုးနိုင်အံ့တော့နည်း။

## တော်တော့

အခုန ကျွန်တော့်မြေးများ ရေချိုးစဉ်က 'တော်တော့'ဟု ပြောရသည်မှာ ရေကုန်မှာစိုး၍ မဟုတ်၊ အအေးမိမှာစိုးလို့ဖြစ်သည်။ သို့သော် ကျွန်တော်ငယ်စဉ်က ရေချိုးလျှင်လူကြီးများက 'တော်တော့'ဟု ပြောရသည်မှာ ရေရှားပါးလွန်း၍ဖြစ်၏။

ထောင်သားများသည် ရေကိုပုံစံနှင့်ချိုးရသည်။ ကျွန်တော်လည်း ငယ်စဉ်က ကျွန်တော်၏ ဇာတိရွာတွင် နွေရာသီမှာရေကိုပုံစံနှင့် ချိုးခဲ့ရပါသည်။ အရိုးတပ်ထားသော အုန်းမှုတ်ခွက်နှင့် ၄ မှုတ်ချိုးရပါသည်။ ကျွန်တော်လည်း ငယ်စဉ်က ကျွန်တော်၏ဇာတိရွာတွင် နွေရာသီမှာရေကို ပုံစံနှင့် ချိုးခဲ့ရပါသည်။ အရိုးတပ်ထားသော အုန်းမှုတ်ခွက်နှင့် ၄ မှုတ်ချိုးရပါသည်။ ပထမ မျက်နှာသစ်၊ ရေးဦးဆုံးတမှုတ်ကို ဘယ်ဘက်ပခုံးပေါ်လောင်း၊ ဒုတိယမှုတ်ကို ညာဘက်ပုခုံးပေါ် လောင်းပြီး၊ (ဆပ်ပြာ မသုံးနိုင်ပါ)၊ နောက်ထပ်နှစ်မှုတ်လောင်းပြီးသောအခါ ရေချိုးခြင်းကိစ္စ ပြီးဆုံးရတော့၏။

ဒါဟာ ကျွန်တော်ကကလေး၊ ချေးတွေညစ်ပတ်လွန်းလို့နော်၊ လူကြီးများမှု ဤမျှရေကို မသုံးနိုင်ပါ။ ဖော်ပြခဲ့သည့်အတိုင်း ကိုယ်ရေသပ်ခြင်း၊ ရေပတ်တိုက်ခြင်းဖြင့် ပြီးရ၏။

ကျွန်တော်ငယ်စဉ်က ကျွန်တော်တို့ရွာထက်ဆိုးသော ရွာတရွာကို တွေ့ခဲ့ရသေး၏။ ကျွန်တော့်မိခင်၏ ဇာတိရွာ၊ ကုက္ကိုပင်ရွာဟု ခေါ်ပါသည်။ ကျွန်တော်တို့ရွာမှ အနောက်စူးစူးသို့ ၅မိုင်ခန့်ဝေးပါသည်။

ကျွန်တော် ၁၀ နှစ်သားခန့်က ထင်ပါသည်။ တခုသောနွေရာသီ ထိုရွာသို့ အလည် ရောက်သွားသည်။ ကျွန်တော်ရေမချိုးရတော့ပါ။ သို့သော် တနေ့သ၌တော့ ကျွန်တော့်ကိုယ်မှာ ရေမသုံးလျှင် မဖြစ်သောအခြေနှင့် ကြုံရလေ၏။ အသို့ဟူမူ ကျွန်တော်သွားရောက်နေသော အိမ်နောက်ဖေး၌ ရေစပ်စပ်နှင့် ရွံ့ဗွက်အိုင်ကြီးရှိ၏။ ထိုဗွက်အိုင်ကြီးထဲမှာ ငါးကလေး ဖားက လေးများကို မြင်လေရာ ကျွန်တော်ဟာဘာမျှ မစဉ်းစားမဆင်ခြင်၊ ခါးတောင်းမြှောင်အောင် ကျိုက်ပြီး တခါတည်းဆင်း၍ဖမ်းလေ၏။ သို့သော် အဘယ်မှာ တကောင်တမြီးမျှဖမ်း၍ရလေအံ့ နည်း။ ရွံ့ဗွက်က ပေါင်ရင်းထိအောင် နက်လေသဖြင့် အထဲမှာ ဖား ငါး ရှိနိုးနှင့် မွှေနှောက်ပြီး အပေါ်ပြန်တက်ခဲ့လေတော့ လူမှာ လက်မောင်းရင်းနှင့် ပေါင်ရင်းအထိ ရွံ့နှစ်တို့နှင့် ပြီးနေလေ သတည်း။

အိမ်ပြန်ရောက်သောအခါ ကျွန်တော့်မိခင်၏ အမ(ဝမ်းကွဲ) ဒေါ်ရွှေပု၊ ကျွန်တော့်အခေါ် ကြီးပုသည် မျက်လုံးမျက်ဆံပြူးလျက် 'အောင်မယ်လေး ကျောင်မောင်ရယ်၊ ငါသေသာသေလိုက် ချင်တော့သဟဲ့၊ သေသာသေလိုက်ချင်တော့သတဲ့'ဟု တောက်တီးမြည်တွန်ပြီး. . .

'ငါ ဒီရွံ့တွေ နင့်ကိုယ်က ဘယ်လိုလုပ်ပေးရပါ့မလဲ'

သူအတော်ကြာ စဉ်းစားနေပြီး နောက်မှ'လာလာ'ဟု ကျွန်တော့်အား ပုတ်စင်နားခေါ် သွား၍ ဝါးခြမ်းတချောင်းရှာပြီး ကျွန်တော့်ခြေနှင့် လက်တို့မှရွံ့တွေကို ခြစ်ချ၏။ ပြီးမှအဝတ်ရေ ဆွတ်၍ ရေပတ်တိုက်ပေး၏။

သည်မျှရေရှားသည်။ နွေရာသီမှာ သောက်ဖို့နှင့် ချက်ဖို့ပြုတ်ဖို့ ရေများကို ဝေးလံသော အရပ်သို့သွား၍ ရေခပ်ကြရသည်။ သူတို့ရွာတွင် ရေတွင်းမရှိ။ အဘယ်ကြောင့်မရှိသနည်းဆို သော် သူတို့ရွာသည် နွေမှာ ရေရှားသလောက် မိုးရာသီအခါမှာ တရွာလုံး ရေထဲတွင်နေရ၏။

တအိမ်နှင့်တအိမ် လှေနှင့်ကူးရ၏။ ဘုန်းတော်ကြီးက လှေနှင့်ဆွမ်းခံကြွရ၏။ သည်တော့ ရေတွင်းတူးထား၍ အဘယ်မှာဖြစ်တော့အံ့နည်း။ မိုးတွင်းမှာ ရွံ့နစ်တွေဝင်၍ ပို့ပို့ကုန်မည်ပေ့။

ဒါနှင့်သည်လိုအရပ်၌ အဘယ်ကြောင့် ရွာတည်၍နေကြကုန်လေသနည်းဟု ဆိုအံ့။ မိုးတွင်းမှာ ရေကြီးပြီး ရေပြန်ကျသွားတော့ နုံးတင်မြေနုတွေရ၍ မြေသြဇာ ကောင်းတယ်ခင်ဗျ။ အင်းအိုင်များပေါ၍၊ ငါး၊ ငါးပိ၊ ငါးခြောက်တို့ရကြတယ်ခင်ဗျ။

နှောင်းသော်ကာလ ကျွန်တော်လူပျိုပေါက် အရွာသို့ရောက်သောအခါ သူတို့ရွာသည် ရေဒုက္ခမှ လွတ်ကင်းသွားကြ၏။ အဘယ်ကြောင့်ဟူမူ သူတို့ရွာက ဘုန်းတော်ကြီးကို ကျေးဇူးတင် ရပေမည်။ စေတီတဆူတည်ရန် ကြီးစွာသောကန်ကြီးကိုတူးစေပြီး မိုးတွင်းရေကြီးလျှင် ရေမဝင်နိုင် လောက်သော ကန်ဘောင်ရိုးကြီးကို ပြုလုပ်စေခြင်းဖြင့် ထိုကန်ကြီးသည် နေ့လည်းရေမခမ်းတော့ ဘဲ တရွာလုံးက သုံးကြရလေတော့၏။

ဤရွာမှာ ထိုစဉ်ကာလက ရေဒုက္ခကလွတ်သွားပြီ ဖြစ်သော်လည်း လူချမ်းသာတို့မှာ နွေအခါတွင် ဒမြရန်ကို လွန်စွာကြောက်ရွံ့ကြရ၏။ အင်္ဂလိပ်ခေတ်မှာ ကျေးရွာဇနပုဒ်တို့တွင် လွန်စွာ အုပ်ချုပ်ရေးညံ့ဖျင်း၏။ ရပ်ရွာလူထု၏ အသက်အိုးအိမ်ကို မည်သို့မျှ အကာအကွယ် မပေးနိုင်။ ဖြစ်ပြီးခါမှ ရာဇဝတ်မှုဖွင့်၍ ပုလိပ်များက ကျေးရွာသားတို့ကို ငွေညှဉ်းပန်းလေ့သာရှိ ကြ၏။

ထိုစဉ်အခါက ဒမြရန်မည်မျှ ကြောက်ရသနည်းဟူမူ သွပ်မိုးပျဉ်ထောင်အိမ်ကြီးနှင့် ငွေကြေးချမ်းသာသူတို့မှာ ညအချိန်တွင် မိမိတို့အိမ်မှာ မိမိတို့မအိပ်ဝံ့ကြ။ ကိုယ့်ပစ္စည်းကို ပိုက်ပြီး ကောက်ရိုးပုံများ ခြံစည်းရိုးများ၌ ပုန်းလျှိုး ကွယ်လျှိုးအိပ်ကြရသည်။ ဒီည မိမိဘယ်နေရာ အိပ်မည်ကို အခြားသူမသိစေရ။ အဘယ်ကြောင့်ဆိုသော် ရွာတို့တွင် ဒမြလက်ထောက်ချသူတို့ လည်း

ရှိသေးသည် မဟုတ်လား။ နံနက် အရုဏ်ကျင်းလုနီးမှ မိမိအိပ်သောနေရာကိုမည်သူမျှ မသိမီ အိမ်သို့ပြန်ခဲ့ကြရ၏။ မည်မျှဒုက္ခကြီးသော ရွာပါနည်း။

## ကျွန်တော်တို့၏မျိုးရိုးစဉ်ဆက်

ဤရွာသည် ကျွန်တော်တို့ မိဘဘိုးဘွားတို့၏ရွာဖြစ်၏။

ထိုရွာသူကြီး ဦးထွန်းနေ၊ ဇနီးဒေါ်ငွေဘော်၊ သူ၏ညီမ ဒေါ်ရွှေသော်၊ ခင်ပွန်းဦးခိုထောင်၊ ထိုဦးခိုထောင် ဒေါ်ရွှေသော်တို့မှ ကျွန်တော့်မိခင် ဒေါ်လှရင်နှင့် ညီမဒေါ်ကြင်တို့ကို မွေးဖွားပြီး သကာလ၊ သူတို့လူမမယ်မှာပင် ဒေါ်ရွှေသော် ကွယ်လွန်လေသော်၊ ကျွန်တော့်ဘကြီးရင်းချာ အရက်သမားကြီး ဦးခိုထောင်က ဒုတိယအိမ်ထောင်ပြုလေသဖြင့်၊ သားသမီးမထွန်းကားသော ဦးထွန်းနေ ဒေါ်ငွေဘော်တို့က မလှရင် မကြင်ညီအမကို ကောက်ယူမွေးစားလေသည်။

ကျွန်တော့်ဖခင် ဦးဖိုးဆယ်၏ဇာတိရွာကတော့ ကျွန်တော်မွေးဖွားခဲ့ရာ ယခုကြို့ပင်ရွာဘဲ ဖြစ်၏။

မောင်ဖိုးဆယ်သည် ဦးထွန်းနေ၏ တူတော်လေရာ၊ အချိန်တန် အရွယ်ရောက်သည်၌ မောင်ဖိုးဆယ်ကို မလှရင်နှင့်ပေးစားလိုက်၏။

ဦးထွန်းနေ ဒေါ်ငွေဘော်တို့သည် ကုက္ကိုပင်ရွာ၌ လူချမ်းသာများဖြစ်၏။ သူတို့ကွယ်လွန် သော် ကျွန်တော့်မိဘများကအမွေရ၏။

ကျွန်တော့်အဖေနှင့် အမေတို့သည် သူတို့သမီးအကြီးဆုံး မသိန်းမယ်မွေးပြီး၊ အခါလည် အရွယ်လောက်၌ နွေရာသီတွင် ရေဒုက္ခနှင့် ဒမြအလွန်ကြောက်ရသော ထိုကုက္ကိုပင်ရွာမှ ကြို့ပင် ရွာသို့ ပြောင်းရွှေ့ခဲ့ကြသည်။

ကုက္ကိုပင်ရွာက အိမ်ကြီးဖျက်ပြီးယူခဲ့၍ ကြို့ပင်ရွာမှာဆောက်သည်။ ကုက္ကိုပင်ကွင်းက လယ်တွေရောင်း၍၊ ကြို့ပင်ကွင်းက လယ်တွေဝယ်သည်။ အဖေသည်မူလ သူ့ဇာတိရွာ၌ ပြန်ပြီး အခြေချခြင်း ဖြစ်သည်။

အဖေ့တွင် လူလားမမြောက်ခင်ကပင် မိဘများကွယ်လွန်ခဲ့သည်။ သို့အတွက် ကျွန်တော်တို့ အဖို့ အဖေ၏မိဘများ နာမည်က ဦးရွှေသာ ဒေါ်ရွှေနှစ်ဖြစ်ကြောင်းသာ ယခုဤ စာရေးလို၍

မေးမှသိရသည်။ ကျွန်တော်တို့တွင် ဘကြီးဦးခိုထောင် တယောက်သာ အသက်ထင် ရှားတွေ့ရသည်။ ကျွန်တော်အမှတ်သညာထားတတ်သော အရွယ်မှာ ဘကြီးဦးခိုထောင်သည် ဒုတိယ အိမ်ထောင်လည်း ပျက်စီးပြီး၍၊ တတိယအိမ်ထောင်နှင့် ဖြစ်သည်။

ထိုတတိယအိမ်ထောင်မှ မွေးသော ကျွန်တော်၏ဦးလေးကလေးတွေမှာ အကြီးဆုံးက ကျွန်တော့်ထက်တနှစ်ငယ်သည်။ ထွန်းရှိန်၊ ဥာဏ်မောင်၊ ကြည်မောင်ညီအကို ၃ယောက်။ သူတို့အား ကျွန်တော့်မိဘများကယူ၍ ကျွန်တော်နှင့်အတူ ရှင်ပြုပေးရသည်။

ကျွန်တော့်ဘကြီး ဦးခိုထောင်ကတော့ အိမ်ထောင်အဆက်ဆက် ဆင်းရဲလှသည်။ ဆင်းရဲမှာပေါ့ တယ်သောက်တဲ့လူကြီးဘဲ ပါးစပ်နဲ့အရက်နံ့က ပြတ်သည်မရှိ။ ကျွန်တော်ငယ်စဉ်က ကျွန်တော့်အတွက် ဓါတ်စာကျားနို့ကို ရှာပေးခဲ့သည်။ သူ မကြာခဏကျွန်တော်တို့အိမ်သို့ လာတတ်သည်။ သူလာတိုင်း ကျွန်တော့်မိခင်က အရက်ဖိုးပေးရသည်။

## ယစ်ထုပ်ကြီး နှစ်ယောက်

ကျွန်တော်တို့ ဆွေမျိုးထဲတွင် ထင်ရှားကျော်ကြားသော အရက်သမားကြီး နှစ်ယောက်ရှိသည်။ ဦးခိုထောင်နှင့် သူ့တူဦးဖိုးသစ်၊ (ကျွန်တော့်မိခင်၏အကိုဝမ်းကွဲ)တို့ဖြစ်သည်။ သူက လက်သမားဆရာကြီးဖြစ်သည်။ လက်နှင့်အလုပ် မပြတ်လုပ်သလို ပါးစပ်နှင့်အရက် မပြတ်သောက်သည်။ သူ့အနီးမှာ အရက်ပုလင်းက အမြဲရှိရသည်။ လက်ဖက်ရည်ကြမ်းပန်းကန်နှင့် တဝက်လောက် တခါမော့လိုက်၊ ဆားကလေး လျှက်လိုက် မကြာခဏတစွတ်စွတ်သောက်နေရမှ အလုပ်တွင်ကျယ်သူဖြစ်၏။

ဥပမာ သူ့ကို အိမ်တဆောင်ဆောက်ရန် အလုပ်အပ်သည်ဆိုပါတော့။ စကတည်းက တပည့်လက်သားများအတွက်ကဘယ်လောက်၊ ဆရာကြီးအတွက်က ဘယ်လောက်ဟု လက်သမားခကို ခွဲခြားထားရသည်။ ဆရာကြီးအတွက်ကား ငွေပေးရန် မလိုချေ။ အရက်ချက်ရောင်းသော အိမ်မှာဆရာကြီးယူသလောက် အရက်ကိုပေးဖို့သာ မှာကြားထားရ၏။ ထိုအိမ်ပြီးသောအခါ ဆရာကြီးအတွက် ငွေတပြားမျှ မရရုံမက အရက်ဖိုးကသူ့အပေါ်စူးနေသည်သာ ဖြစ်လေ၏။

သူ့ကိုလူများက အလုပ်ကို တကယ်လုပ်သောသူ အရက်ကိုတကယ်သောက်သောသူ’ဟု ချီးကျူးကြရသည်။ အခြားမှာလုပ်စရာမရှိလျှင် အိမ်ထောင်ပရိဘောဂများကို မပြတ်လုပ်နေသည်။ ထိုခေတ်က ပွတ်လုံးခေတ်ဘဲ သူ့လက်ရာများကကောင်းမွန်လှသည်။ သူလုပ်သမျှ ရောင်းမ လောက်။

သို့တိုင် သူ့အရက်ဖိုးကမပို။ ထမင်းကို မယားလုပ်စာစားရသည်။ သူ့ဇနီးကျွန်တော့် အရီး မယ်စံက နေ့စဉ်ကောက်ညှင်းထုပ် ရောင်းရသည်။

ဦးဖိုးသစ် အရက်မသောက်သောအချိန်မှာ သူအိပ်ပျော်နေစဉ်ဖြစ်ပါသည်။ သို့သော် ပတ်ဝန်းကျင်နားမချမ်းသာချေ။

## အိပ်ယင်းဆဲသူ

ဦးဖိုးသစ်သည် မနက်မိုးလင်းကတည်းက အရက်ကလေးတမြမြနှင့် အလုပ်လုပ်၏။ မွန်းတည့်ခါနီး၌ ထမင်းစား၏။ ထမင်းစားပြီးသော် အရက်မူးမူးနှင့် အိပ်ပျော်သွားလေပြီ။ ထိုကဲ့သို့ အိပ်ပျော်သွားသောအခါ သူ့ကိုယ်တွင် အဝတ်မကပ်တော့။ ကိုယ်တုံးလုံးနှင့်လူးလိမ့် ယင်း ပါးစပ်ကမပြတ် ကျယ်လောင်စွာဆဲတော့သည်။ 'ငါရိုးမသားတွေ' ဒါဘဲ။ သူ့အိမ်နီးပါးနား နှင့် လမ်းဖြတ်သွားသူများက ကောင်းစွာကြားနေရသည်။ ဒါသည် ကျွန်တော်တို့ရွာမှာ သမရိုးကျ ဖြစ်နေပြီ။

သူသည် ရန်ဖြစ်တတ်သူမဟုတ်။ မည်သူနှင့်မှလည်း ရန်ညှိုးရန်စမရှိ။ သူဘယ်သူ့ကို ဘာကြောင့်ဆဲသနည်း။ မည်သူမျှမသိကြ၊ သူကိုယ်တိုင်ကမူ သူအိပ်ပျော်တုန်း ဆဲနေသည်ဟု ပြောသည်ကိုပင် သူကမယုံချင်။ ကဲ. . မခက်ပေဘူးလား။

သည်လို နေ့လည်နေ့ခင်း၌ ဦးဖိုးသစ်အိမ်မှ ဆဲသံပျောက်သွားပြီဆိုပါက သူအိပ်ရာကနိုး ၍ အရက်ကလေးတမြမြနှင့်အလုပ်လုပ်နေပြီဘဲ မှတ်ပေရော့။

စင်စစ်တော့ သူ၏အိပ်ယင်းဆဲသံသည် အခြားသူတို့ အိပ်ယင်းဟောက်သံနှင့် အတူတူ ပင်။

## ကျွန်တော့်အဖေ ဒမြအရိုက်ခံရ၍ ဦးကြီးဖိုးသစ်ခါးကျိုးခြင်း

ဖော်ပြခဲ့သည့်အတိုင်း အဖေသည် နွေရာသီမှာ ရေအလွန်ရှား၍ ဒမြအလွန်ကြောက်ရ သော ကုက္ကိုပင်ရွာကို စွန့်ခွာခဲ့ပြီး ကြို့ပင်ရွာသို့ပြောင်းရွှေ့ခဲ့သည်။ အင်္ဂလိပ်တခေတ်လုံး ဂျပန် တခေတ်လုံး ကျွန်တော်တို့အိမ်မှာ ခိုးသားဒမြအန္တရာယ်မှ ကင်းဝေးစွာနေနိုင်ခဲ့ရာမှ ၁၉၄၉–၅၀ ခုနှစ်လောက် ဖ–

ဆ–ပ–လခေတ်၊ ပြည်ဒီစတြိတ်နှင့် ပေါင်းတည်မြို့နယ်ကို ရဲဘော်ဖြူများသိမ်း ပိုက်ထားစဉ် မင်းမဲ့စိုးမဲ့အခါမှာ ကျွန်တော့်အဖေအိမ်ကို ဒမြအတိုက်ခံရပါသည်။

'မင်းတို့ငယ်ငယ်က တက်တက်ကစားတဲ့ အိမ်ရှေ့ဝင်းထရံမှာ ကပ်ပေါက်နေတဲ့ တရုတ် စကားပင်က သူတို့ကျော်တက်ကြတယ်၊ မင်းအဖေကခုခံမယ်ကြံပါသေးရဲ့၊ ဒါပေမယ့်. . .

(အဘိုးကြီး ခင်ဗျားတံခါးဖွင့်မပေးယင် အိမ်ကိုပြိုကျအောင် လက်ပစ်ဗုံးနဲ့ထုမယ်၊ ခင်ဗျား ကို အသေသတ်မယ်)ဆိုတာနဲ့ မင်းအဖေကလဲ တယောက်ထဲမို့ အလျှော့ပေးလိုက်ပြီး. . .

(ကဲ. . . ရော့ယူကြ ငါ့ရှိတာ ဒါဘဲ)ဆိုပြီး သူ့ခေါင်းအုံးအောက်ကငွေ ၅၀၀ ကို ပေးတယ်၊ ဒါကို ဒမြတွေက မကျေနပ်ဘဲ. . .

(ခင်ဗျား. . . ဒါလောက်မက ရှိရမယ်)ဆိုပြီး ကြိုးနဲ့တုတ်၊ ရိုက်တောင်းကြတယ်၊ မင်းအဖေ ကလဲ အိမ်မှာရှိတာ အမှန်ဒါဘဲမို့ နောက်ထပ်မပေးနိုင်တာကို သူတို့မယုံကြဘူးဆိုပြီး ရိုက်လိုက် ကြတာ သတိမေ့သွားတော့မှ သေပြီမှတ်ပြီး ဆင်းသွားကြတယ်'

အဖေ ဒမြတိုက်ခံရတယ်ကြားရ၍ ကျွန်တော်ရွာသို့ ပြန်သွားတော ့ကျွန်တော့်ယောက်ဖ က ပြောပြပါသည်။

အဖေကတော့ သားကိုပြောမပြရက်ပေ။ အဖေ့တွင် တုတ်ဒဏ်ရာတွေနှင့် အတွင်းကြေ ကြေ၍ ဆရာဝန်နှင့် ခြောက်လလောက် ကုယူရသည်။ ထိုဒဏ်ရာများ ပျောက်သော်လည်း မကြာ ခဏ ခေါင်းမူးတတ်သောဝေဒနာကား သေသည်အထိ ပါသွားခဲ့သည်။

ထိုည အဖေ့မှာ ဒမြများ အရိုက်ခံနေရစဉ် အဝေးကနေရာမှ ခါးကျိုးသွားသူကတော့ သူ့ယောက်ဖကြီး ဦးဖိုးသစ်။

ယင်းညက ဦးဖိုးသစ်သည် အရက်မူးလွန်ပြီး အိမ်မပြန်နိုင်ဘဲ သူ့သူငယ်ချင်း ဦးထွန်းစိန် အိမ်မှာ အိပ်ပျော်နေသည်။ ဦးထွန်းစိန်အိမ်က လူတရပ်ကျော်ကျော်မြင့်၏။

ဦးဖိုးသစ်၏အိမ်က သူအရက်သမားမို့ သူ့အဖို့ သူတွက်ပြီး တက်ရဆင်းရလွယ်အောင် လှေကားလွတ် ဒူးလောက်အမြင့်သာ ဆောက်ထား၏။

ဂင်းည ရွာထဲ ဆူဆူညံညံနှင့် သူအိပ်ရာမှလန့်နိုး၍ ဦးဖိုးဆယ်အိမ် ဒမြတိုက်နေတယ် ကြားတော့ ငါ့ယောက်ဖ ငါသွားကူမှဘဲဟု သူ့အိမ်ဒူးလောက်အဆင့်မှတ်၍ ဆင်းလိုက်တော့

ဦးထွန်းစိန်အိမ် လူတရပ်ကျော်ကျော် အမြင့်ကြီး ဖြစ်နေသောကြောင့် အောက်ရောက်သော် သူမထနိုင်တော့ဘဲ ခါးကျိုးသွားတော့၏။

ကျွန်တော့်အဖေ ဒမြအရိုက်ခံရခြင်းနှင့် ဦးကြီးဖိုးသစ် ခါးကျိုးသည်အတွက် တရွာလုံးက စိတ်မကောင်းဖြစ်ကြပါသည်။

ကျွန်တော့်အဖေထက် ဦးဖိုးသစ်အတွက် ပို၍ဝမ်းနည်းသူများကတော့ ရွာတွင် အရက် ရောင်းကြသူများဖြစ်ပါ၏။

အဘယ်ကြောင့်ဆိုသော် ဦးဖိုးသစ်သည် ခါးကျိုး၍ဆေးရုံရောက်သည့်နေ့မှစ၍ တသက် တာလုံး အရက်ဖြတ်ပစ်လိုက်ပါတော့၏။

လူတို့သည် အဖြစ်ဆိုးတို့ ကြုံကြိုက်ပြီး၍ ကာလရွေ့လျောသောအခါ လွန်ခဲ့သော ထိုဒုက္ခတို့ကို ဟာသလုပ်တတ်ကြသည့်အတိုင်း နှောင်းသော်ကာလ၌။

ညောင်ဦးက ကမ်းပါးပြိုသည်။

စမ္ပာနဂိုရ်က နွားမကြီး ပေါင်ကျိုးသည်။

ဦးဖိုးဆယ် ဒမြအရိုက်ခံရသည်။

ယောက်ဖကြီး ဦးဖိုးသစ် ခါးကျိုးသည်ဟု ပြောစမှတ်ပြုကြကုန်၏။

## ကျွန်တော်စာရေးပုံ

တနေ့သောနံနက်ခင်း အိမ်အောက်စာပွဲ၌ ကျွန်တော်စာရေးနေစဉ် ရေးဘော် ထင်လင်း ရောက်လာလေ၍ အနီးရှိ ပက်လက်ကုလားထိုင်ကို ညွှန်ပြကာ. . . .

'ထိုင်ဗျို့. . . ရေးလက်စ စာပိုဒ်ကလေး အဆုံးသတ်လိုက်အုံးမယ်'ဟု ပြောပြီး ကိုယ့်စိတ် အာရုံထဲ ဝင်စားနေသည့်ဝါကျကို လွတ်ထွက်မသွားအောင် ဖိသွန်နေစဉ် ထင်လင်းသည် ကျွန်တော်ပြောသည့်နေရာတွင် မထိုင်ဘဲ ကျွန်တော့်အနီးရောက်လာပြီး ကျွန်တော်စာရေးပုံကို ခါးထောက်ကြည့်နေသည်။ ကျွန်တော်ရေးပြီး၍ သူ့ကိုမော်ကြည့်လိုက်သောအခါ. . .

'ခင်ဗျားစာရေးပုံက လူထိုင်တာကလဲ တစောင်း၊ စာရွက်ထားတာကလဲ တစောင်း၊ ဖောင်တိန်ကိုင်ပုံကလဲ နှစ်အသွားတစောင်း၊ နို့ပြီးနှိပ်လိုက်တာကလဲ စက္ကူပေါက်ထွက်ခမန်းဘဲဟု မှတ်ချက်ချလေသဖြင့်. . .

'ဟုတ်တယ်ဗျာ. . . ကျွန်တော့်ငယ်ကျင့်ပါနေတာ၊ ပြင်လို့မရတော့ဘူးဗျ'

မှန်ပါသည်။ ကျွန်တော့်ဖောင်တိန်အသွားများမှာ နှစ်တခြမ်းစောင်းစောင်းပြီး၊ အပျက် အစီး မြန်ဆန်သဖြင့် ဖောင်တိန်ကို တည့်တည့်ရေးရန် ကြိုးစားခဲ့ပေါင်းများလှပါပြီ။ မရပါ။ သတိထားနေတုန်းလေး ခဏဘဲ။ နောက်. . . ရေးသော စာထဲစိတ်အာရုံ ရောက်သွားသည်၌ ဖောင်တိန်သည် စောင်းမြဲ၊ စောင်းမြဲ။ သည်လိုစောင်းမှလဲ ကျွန်တော်ရေးရဆွဲရ အားရှိနေပါသည်။

ထင်လင်း ပြောသည့်အတိုင်း လူထိုင်တာ တစောင်း။ စာရွက်ထားတာကတော့ ကျွန်တော်ကြီးမှ၊ စာရေးဆရာဖြစ်မှ အလိုအလျောက် ပေါ်လာသောအကျင့်။ ဖောင်တိန်တစောင်းကိုင်တတ်ခြင်းနှင့် စာရွက်ကို သိပ်နှိပ်ရေးတတ်ခြင်းမှာ ကျွန်တော်၏ မွေးသဖခင် သင်ကြားပေးလိုက်ခြင်းဖြစ်ပါ၏။

ကျွန်တော်တို့ခေတ် ပညာသင်ကြားခဲ့ရသည်မှာ သူငယ်တန်းကနေ ဒုတိယတန်းအထိ ကျောက်သင်ပုန်းနှင့် ကျောက်တံ။ တတိယတန်းနှင့် စတုတ္ထတန်းမှာ ခဲတံနှင့် ဗလာစာအုပ်ကိုင်ခဲ့ရပြီး၊ ပဥ္စမတန်းရောက်တော့မှ မင်အိုးနှင့် ကလောင်တံကို စ၍ကိုင်ရပါတော့သည်။

မှတ်မိသေးပါသည်။

ကျွန်တော် ၄တန်း (အစိုးရစစ်) အောင်ပြီး နောက်တနှစ်ကျောင်းပြန်ဖွင့်ခါနီး၌ အဖေက ဇီးကုန်းမြို့သို့ အမေက ပေါင်းတည်မြို့သို့ တနေ့တည်းအိမ်ကအတူ ထွက်ပြီးသွားကြလေရာ တယောက် တခြားစီပြန်လာသည်၌ ရှေ့ဦးစွာ မွန်းတည့်လောက် ပြန်ရောက်လာသော ကျွန်တော့်အမေမှာလည်း ကလောင်တံတချောင်းနှင့် မင်အိုးတလုံး၊ ညနေစောင်းမှရောက်လာသော အဖေ့တွင်လည်း ကလောင်တံတချောင်းနှင့် မင်အိုးတလုံး။ ကျွန်တော့်မှာ တခါတည်း မင်အိုးနှစ်လုံးနှင့် ကလောင်တံ နှစ်ချောင်းရလေတော့ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း. . .

ထိုနေ့ညမှစ၍ အဖေသည် ကျွန်တော့်အား ကလောင်တံရေးနည်းကို စတင်သင်ကြားပေးပါတော့သည်။

'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ'ဆိုကြသည်နှင့်အညီ၊ အဖေသည် သားအား စာရေးနည်းကို သင်ကြားပေးရပါသော်လည်း သူကိုယ်တိုင် စာပေကျမ်းဂန်တတ် မြောက်သူဖြစ်ပါလျက်

သူစာသင်ကြားစဉ်ရေးခဲ့ရသည်များက ကန့်ကူဆံနှင့် ကညစ်များဖြစ်နေ ခြင်းကြောင့် 'ကဲ–ကညစ်၊ ပေမှာခြစ်'သည့်ပုံစံ ဖြစ်နေလေရာ၊ စက္ကူပေါ်ကို ကလောင်သွားက တအားဖိဆွဲနေခြင်းဖြစ်ပါတော့၏။

ထို့ကြောင့် ကျွန်တော်စာရေးသည့်အခါမှာ ကလောင်သွားကို သိပ်ပြီးနှိပ်တတ်နေခြင်းဖြစ်ပါသည်။

ဘယ်လောက်များ နှိပ်တတ်သနည်းဟူမူ ဂက်စတင်နာလို ထူသောစက္ကူမျိုးပင် တခါတရံ ပေါက်ပြဲထွက်သွားတတ်၏။ သို့အတွက် စက္ကူပါးပါးနှင့် စာရေး၍မရပါ။

အဲ. . နောက် ကလောင်သွား စောင်းရေးတတ်သည်ကတော့ အဖေက တမင်စောင်းရေးဖို့ ဘဲ သင်သွားတာခင်ဗျ။ ဘယ်လိုလဲဆို၊ 'အာရနကြီးရေးတာက ဟော့ဒီလို အသွားကို တခြမ်း စောင်းရေးတယ်ကွ'ဆိုပြီး အဖေက ရေးပြပါသည်။

အာရနကြီးကို မိတ်ဆွေသိပြီးဖြစ်ပါသည်။ ပေါင်းတည်မြို့ပေါ်က အဖေ့ငွေချေးတဲ့ ချစ်တီး တိုက်က ချစ်တီးသူဌေးဆိုတာလေ။ ထိပ်ပြောင်ပြောင် ဗိုက်ရွှဲရွှဲကြီးနဲ့၊ နဖူးပြာတွေသုတ် လို့၊ သူတို့ချစ်တီးစားပွဲမှာ ထိုင်ကာ၊ ကလောင်တံနဲ့၊ မင်အိုးနဲ့၊ စာရင်းအင်းရေးခြစ်နေတာကို အဖေက ကြည့်ရှုမှတ်သားထားပါလိမ့်မယ်။ တော်ပါသေးရဲ့။ ကျုပ်အဖေဟာ ကလောင်တံပက် လက်ရေးတဲ့ ချစ်တီးနဲ့မတွေ့ခဲ့ပေလို့။

ထိုခေတ် ထိုစဉ်အခါက အဖေသည် ချစ်တီးကုလား သူဌေးဆိုသူတွေကို အထင်ကြီး သည်။ ဆွေမျိုးရင်းချာထက် အားကိုးရသည်ဟု ထင်ခဲ့သည်။

ချစ်တီးကုလားတွေ၏ ပုံစံကိုသဘောကျခဲ့သည်။ ကြည့်ပါ။ ကျွန်တော့်ကိုလုပ်ပေးသည်မှ ချစ်တီးစာရေးစာပွဲ။

သည်စာပွဲကလေး ကျွန်တော်အမှတ်တရ မွေးဂေဟာမှယူခဲ့သည်။ ယခု ဤစာရေးခါနီး ပင်၊ ကျွန်တော့်အိပ်ရာ ကုတင်အောက်၌ ထားသော ထိုစာပွဲလေးကို ဆွဲထုတ်ကြည့်လိုက်သေး သည်။

မိတ်ဆွေမြင်ဘူးကောင်း မြင်ဘူးမှာပေါ့။ ထိုချစ်တီး စာရေးစာပွဲမျိုး၊ အလျားနှစ်ပေ၊ အနံ တပေခွဲ၊ အမြင့်က တစ်ပလ္လင်ခွေ ထိုင်ရေးရသည်။

တဖက်နိမ့်မြင့်လျှော အပေါ်သုံးပုံတပုံက ကလောင်တံနှင့် မင်အိုးများတင်ရန် အသေရိုက် ထားပြီး သုံးပုံနှစ်ပုံက ပတ္တာငယ်နှစ်ခုနှင့်ဖွင့် ပိတ်လို့ရသည်။ ထိုအပေါ်မှာ စာရေးရသည်။ အတွင်းမှာ စာအုပ်များ ငွေများထည့်ရန် အံရှိသည်။ သော့အိမ်ရှိသည်။

ဤစာပွဲကို အဖေက သူ့ယောက်ဖ လက်သမားဆရာကြီး ဦးဖိုးသစ်အား ချစ်တီးတိုက် ခေါ်သွားပြီး၊ ကျွန်တော့်အတွက် ရိုက်ပေးစေသည်။ ကျွန်တော့်စာပွဲက ချစ်တီးတွေ စာပွဲထက် သာသည်မှာ ခြေထောက်လေးတိုင်က ပွတ်လုံးတွေခင်ဗျ။

ကျွန်တော်သည် ဤစာပွဲငယ်ဖြင့် အိမ်တွင်ကျောင်းသင်ခန်းစာများကို လုပ်ကိုင်ခဲ့ပါ၏။

ထိုစဉ်က အဖေ့စိတ်တွင်သူ့သားအား ဤချစ်တီးစာပွဲကို လုပ်ပေးခြင်းအားဖြင့် တနေ့ သောအခါ သူ့သားသည် ချစ်တီးသဌေးကြီးကဲ့သို့ ငွေချေးစားသော လူချမ်းသာကြီးများဖြစ်လာ လိမ့်နိုး မျှော်လင့်ကောင်း မျှော်လင့်ပေအံ့။

နိမ်းဟဲ့ . . . အခုဖြစ်လာတော့ သူ့သားသည် ဖွတ်ကျားစာရေးဆရာ။

## ကျွန်တော့်အဖေနှင့်အမေ

ကျွန်တော့်အဖေနှင့် အမေသည် ကျွန်တော်မှတ်မိသမျှ တခါမျှ ခွန်းကြီးခွန်းငယ် စကား များသည်မကြားရခဲ့ဘူးချေ။ လူ့ပြည်မှာ ရန်မဖြစ်ဘူးတဲ့ လင်မယားဆိုယင် တို့တော့ဖိုးဆယ် လှရင်တို့လင်မယားဘဲ တွေ့ဘူးသေးတယ်ဟု ပြောစမှတ်ပြုကြရ၏။

သည်တော့ နှစ်ယောက်စလုံးက သဘောကောင်းကြလွန်းလို့လားဟု မေးဘွယ်ရှိ၏။ အဖေကသိပ်ပြီး ကောင်းလှသူမဟုတ်ပါ။ ကျွန်တော့်လိုဘဲ စိတ်တိုတယ်၊ ဒေါသကြီးတယ်၊ ဆတ်ဆတ်မခံတတ်ဘူး။

အဲ. . . . ကျွန်တော့်အမေကတော့ အလွန်သဘောကောင်းခင်ဗျ။ ကျွန်တော့်တသက်တာမှာ ကျွန်တော့်အမေဟာ ဘယ်သူ့အပေါ်မှ စိတ်ဆိုးတယ်ဆိုတာကို တခါမျှမတွေ့ခဲ့ဘူးပါဘူး သားသမီးကို ရိုက်နှက်ဆုံးမတာတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဘယ်တော့မှ ဒေသမပါဘူး။

လူတို့မည်သည်မှာ ကျားကျားမမ တခါတရံ စိတ်အခန့်မသင့်တဲ့အခါမှာ ဆဲရေးတိုင်း တာ တတ်ကြသည်။ သို့သော် ကျွန်တော့်အမေသည် ဆဲရေးသောစကားလုံး၊ ကြမ်းတမ်းသော စကားလုံးတလုံးမျှ သုံးသည်ကို ကျွန်တော်မကြားရခဲ့ဘူးပေ။ မည်သူမျှလည်း ကြားခဲ့ဘူးမည် မဟုတ်ပေ။

ကျွန်တော့်အမေသည် အိမ်မှာငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆားစသည်ကုန်စုံဆိုင် ရောင်းသည်ဟု ဖော်ပြသည်။ ကျေးရွာဓလေ့၊ မရှိဆင်းရဲသားတွေနှင့် အင်မတန်အကြွေး တွေကျလှသည်။

သို့သော် ကျွန်တော့်မိခင်သည် ဘယ်သူဖြင့် ကြွေးတွေများလှပြီ၊ နောက်အကြွေးမပေးတော့ဘူးဟူ၍ မရှိ။ မညည်းမညူလိုသမျှ ပေးလိုက်သည်သာ။ နို့ပြီး အကျဥ်းအကြပ်တွေ့၍ သူ့အိမ်လာပြီး ငွေချေးပါအုံး။ ဘယ်တော့မှ မရှိဘူး၊ မချေးနိုင်ဘူးဟု မငြင်း။

'မရှိဘူး' 'မပေးနိုင်ဘူး'ဆိုသည့် စကားမျိုး ကျွန်တော့်မိခင်၌ မရှိပေ။ ဒါကြောင့်သူ့ကို တရွာလုံးက ချစ်ကြ၏။

## နာနီ

သည်လို အမျိုးသမီးမျိုး ကျွန်တော့်တသက်တာတွင် နှစ်ယောက်တွေ့ဘူးပါသည်။

တယောက်က ကျွန်တော့်အား အင်္ဂလိပ်စာ သင်ကြားပေးသော ကျောင်းဆရာမ၊ အပျိုကြီး စမ်းချောင်း မအူပင်လမ်း၊ အိမ်နံပါတ် (၁၁)တွင် ယခုပင် အသက်ထင်ရှားရှိပါသေး သည်။ ဘယ်တော့မှ စိတ်မဆိုးတတ်ဘူး၊ ဒေါသမရှိဘူး၊ ဘယ်သူဘယ်လောက်ဆိုးဆိုး ခွင့်လွှတ် တဲ့ဘက်က ကြည့်တတ်သည် မြင်တတ်သည်။

ကျွန်တော့်မိခင်လိုဘဲ ဘယ်သူက ဘာတောင်းတောင်း၊ ဘာချေးချေး၊ 'မရှိဘူး' 'မပေးနိုင်ဘူး'ဆိုသည့် စကားလုံးမရှိချေ။ သူ့အိမ်တွင် အလွတ်ပညာသင်ကျောင်း ဖွင့်ထားလေရာ၊ ကျောင်းသားတွေက ကျောင်းလခ ဘော်ဒါကြေးပေးလျှင်ယူမည်။

မပေးနိုင်သေးနေ။ ဘယ်တော့မှ တောင်းလေ့မရှိ။ ပေးပြီးပြန်ချေးလျှင်လည်းရသည်။ ထို့ကြောင့်သူ့အား တပည့်တွေက တသက်မမေ့နိုင်အောင် ချစ်ကြသည်။ အချို့တပည့်မများ ဆိုလျှင် ကျောင်းဘော်ဒါအဖြစ်နှင့် တအိမ်တည်းနေခဲ့ရာမှ၊ နောင်သော် အလုပ်အကိုင်ရသည် အထိပင် ဆရာမကြီးနှင့်မခွဲမခွာ နေကြသည်။

ယခုအခါ၌ အလွတ်ပညာသင်ကျောင်းတွေ ပိတ်ပင်လိုက်ပြီဖြစ်၍ ဆရာမကြီး၏ ကျောင်းမရှိတော့သော်လည်း၊ ရန်ကုန်မြို့နယ်ရှိ တပည့်ဟောင်းတို့သည် နှစ်စဉ် မေဒေးနေ့၌ စုပေါင်းကန်တော့ပွဲ လုပ်ကြသည်။

ထိုမနက်စာ ဆရာမကြီးအိမ်မှာ ငွေစုပြီး ချက်ပြုတ်စားသည်။ တပည့်ဟောင်းချင်း တွေ့ကြလျှင် ဆရာမကြီးအကြောင်း မပြောမိတဲ့အခါမျှ မရှိကြ။ အနည်းဆုံး 'နာနီနဲ့တွေ့သေးလားနာနီ့ဆီမသွားဘူးလား နာနီနေကောင်းရဲ့လား'ဟု မေးသည်။ အလျင်းသင့်၍ ဖော်ပြပါဦး မည်။

နာနီ့ကိုစာရေးဆရာ ကျော်အောင်၊ မြသန်းတင့်၊ ကိုသန်းတင်တို့လည်း ချစ်ခင်ကြပါ သည်။ သူတို့ကား နာနီ၏တပည့်များမဟုတ်ကြ။ သူတို့ဒီဂရီရစ အလုပ်မရမီမှာ ကျွန်တော်က နာနီ့ကျောင်းတွင် ကျောင်းဆရာလုပ်စေပါသည်။ ပထမ ကိုသန်းတင်၊ ဒုတိယ ကျော်အောင်၊ တတိယ မြသန်းတင့်။

မြသန်းတင့် မိန်းမရသည့်မှာ နာနီကျေးဇူးပါပေ။ ကျောင်းဆရာလုပ်နေစဉ် ဇတန်းသူ့တပည့်မ ခင်မမကို သူကကြိုက်သတဲ့။ ကျွန်တော့်ကိုပြောပါသည်။ ဒီတော့ ကျွန်တော်က 'မင်းကြိုက် မင်းဂေါ်ပါလားကွ'ဆိုတော့ 'ဟ ငါမဂေါ်တတ်ဘူး'တဲ့။

မှန်ပါသည်။ သူမဂေါ်တတ်ပါ။ သူဂေါ်လို့လည်း ခင်မမက (တော်တော်ချောသည်) သူ့ရုပ်ပုံ မှုန်မွှားမွှားကြီးကို ကြိုက်လိမ့်မည်မဟုတ်ပါ။ မြသန်းတင့်သည် အရုပ်ဆိုးသူတော့ မဟုတ်ပါ။ ဒါပေမယ့် သူ့ရုပ်ကြည့်ရတာက မျက်မှန်ထူကြီးနဲ့ တမျိုးကြီးဘဲ။ ရှေးလူကြီး ဓာတ်ပုံ ဟောင်းကလေးကို ပုံကြီးချဲ့ထားသည်နှင့် တူနေပါသည်။

နို့ပြီး ထိုစဉ်ကသူသည် စာရေးဆရာ မတောက်တခေါက်ယခုလို ပေါက်ပေါက်မြောက် မြောက် မဖြစ်သေး။ မြသန်းတင့်လည်းမဟုတ်သေး။ သူ့နာမည်ရင်း မြသန်းဘဲ။ နောက်ဦးသိန်း ဖေက သူ့အမေနာမည်နှင့်တွဲပြီး၊ သိန်းဖေမြင့်လုပ်တော့မှသူကလဲ သူ့အမေနာမည် 'တင့်'ထည့် ပြီး၊ မြသန်းတင့်သတဲ့ဗျာ။ သက်သက်ကိုယ့်လိုလူများ သောက်မြင်ကပ်လို့ဆဲယင်. . . မအေပါ ပါအောင်။

ဒါနဲ့ ကျွန်တော်က မြသန်းဖြစ်အင် နာနီ ပြောပြတော့၊ နာနီကဘဲ ခင်မမအမေနဲ့ နားဖောက်ပြီး ပေးစားလိုက်လို့ မြသန်းဟာ အခုမိန်းမကို ရတာပါခင်ဗျာ့။

ဒီစာမရေးမီ (၁၀–၇–၇၈) နေ့ကလည်း ၃၃ လမ်းဂုဏ်ထူးစာပေတိုက်မှာ စာရေးဆရာ မောင်သော်နှင့် တွေ့၍ သူကဘဲစပြီး 'နာနီ'နဲ့တွေ့သေးလား၊ နာနီနေကောင်းရဲ့လား'ဟု မေးသည်။ ယင်း မောင်သော်သည် နာနီ့တပည့်လည်း မဟုတ်ပါ။ နာနီကျောင်းမှာ ဆရာလည်း မလုပ်ဖူးပါ။ မအူပင်လမ်း နာနီ့အိမ်အနီးတွင် ခေတ္တနေဘူးခဲ့၍ နာနီ့အကြောင်း သိလာသူဖြစ် ပါသည်။ သူကဘဲ ဆက်ပြောသည်။ 'ကိုဆွေ့နာနီက အလောဘ၊ အဒေါသ၊ အမောဟဗျ. . .'

နာနီဆိုသည်မှာ အင်္ဂလိပ်လို ကလေးထိန်း အားယားဟု အဓိပ္ပာယ်ရသည်။ နာနီ မွေးစားသော သူ့တူကလေးအား 'နာနီ'ဟု ခေါ်စေရာမှစပြီး အားလုံး တပည့်တွေကရော ပတ်ဝန်းကျင်တရပ်လုံးကရော နာမည်ရင်း မခေါ်ကြတော့ဘဲ ချစ်စနိုး 'နာနီ'ဟု ခေါ်ကြကုန်သည်။

နာနီ နာမည်ရင်းမှာ ဒေါ်မမ (ဘီအေဒီတီ) ရှေးယခင်က ပညာအုပ်လုပ်ခဲ့၍ နောက်ပင်စင်ယူပြီး အင်္ဂလိပ်စာအလွတ် ပညာသင်ကျောင်းဖွင့်သည်။ ၁၉၃၈–၃၉ ခုနှစ်လောက်မှယခု အလွတ်ပညာသင်ကျောင်းတွေ ပိတ်ပစ်သည်အထိပဲ။

စင်စစ် လူတယောက်၏ စိတ်နေသဘောထားသည် ပညာနှင့်အလုပ်အကိုင်နှင့်မဆိုင်၊ မွေးရာပါစိတ်နေသဘောထားပင် ဖြစ်သည်။

ကျွန်တော့်မိခင်ကား တောမှာမွေး၊ တောမှာကြီးရသည်။ ကျောင်းလည်းမနေဘူး။ စာတလုံးမျှလည်း မတတ်ရှာပါ။ သို့သော် မှတ်ဉာဏ်တော့ အလွန်ကောင်း၏။ သူတနေ့လုံး ဈေးအကြွေးရောင်းရသမျှတွေ စိတ်ထဲမှတ်ထားပြီး ညနေ ကျွန်တော်ကျောင်းကပြန်လာမှ ဘယ်သူ. . . ဘာက. . . ဘယ်လောက်ဖိုးဟု ပြောပြ၍ စာရင်းရေးစေပါသည်။

ထိုခေတ်ထိုအခါက ကျွန်တော်တို့ ကျေးရွာဒေသတွေမှာ များသောအားဖြင့် အမျိုးသမီးတွေစာမတတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီးကျောင်းများသာ ရှိရကား ဘုန်းတော်ကြီးတို့သည် မာတုကာမနှင့် ကြမ်းတပြေးတည်းပင် ထိုင်ကြသည်မဟုတ်သောကြောင့် အဘယ်လျှင် အမျိုးသမီးတို့အား စာသင်ပေးသောကိစ္စ ရှိတော့အံ့နည်း။

နို့ပြီး ထိုအချိန်က အမျိုးသမီးတို့သည် စာတတ်ရန်မလိုဟု ယူဆကြသည်။ ယောကျ်ားတို့ကား စာတတ်ရမည်၊ စာတတ်မှ ဖြစ်မည်။ ဘဇာအတွက်ဟူမူ ယောကျ်ားမှန်သမျှ ရှင်ပြုရမည်။ သင်္ကန်းစည်းရမည်ဖြစ်၍ သင်္ကန်းတောင်းတွေ၊ ပုတီးစိပ်တွေကျက်မှတ်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ရမည်မဟုတ်ပါလား။

ကျွန်တော့်အဖေကား ဘုန်းကြီးစာကို တော်တော်သင်ခဲ့ဘူး၍ စာပေကျမ်းဂန် တတ်မြောက်ပါသည်။ စာဖတ်လည်း ဝါသနာပါသည်။ အိမ်၌အားနေသော အခါများတွင် စာဖတ်လေ့ရှိပါသည်။

ဗေဒင်ပညာလည်း အတော်အသင့်တတ်၍ သူ့ဗေဒင်ကို သူယုံကြည်သည်။ ကျွန်တော့် အား အိမ်ထောင်သုံးဆက်လဲမှ မြဲမည်ဟု အဖေပင် ဗေဒင်ဟောခဲ့၏။ ထို့ကြောင့် ကျွန်တော်

ဘယ်သွားသွား ဘာဖြစ်နေတယ်ကြားကြား တယ်ပြီမပူလှ။ ဒီကောင် မိန်းမသုံးယောက်မရသမျှ မသေသေးဟု သူတွက်ဆကြောင်း ပြောပြပါသည်။

ကျွန်တော် အမှတ်သညာထားတတ်သည့်အရွယ်မှစ၍ အဖေလယ်ထွန်တာကို တခါမျှ မမြင်ဘူးချေ။ သူရင်းငှားနှင့်သာ စီမံခန့်ခွဲသည်။ ခါးတောင်းကလေး ကပိုကရိုကျိုက်၊ ခမောက်ကလေးဆောင်း၊ ကိုင်းခုတ်ဓားလေး ပခုံးပေါ်တင်ပြီး လယ်ထဲတော့ တနေ့တခါလောက် သွားတတ်သည်။ လယ်ထဲမှာ စပါးပင်၏ အသက်နှင့်လျော်အောင် ရေထုတ်ရေသွင်းလုပ်ရသည်။ ဒါကိုတော့ သူရင်းငှားနှင့် လွှတ်ထား၍မရ။

အဖေသည် ငယ်စဉ်တုန်းကသာ လယ်ကို ကိုယ်တိုင်လုပ်ခဲ့သည်။ အသက် ၃၀ကျော် တော့ ဘာကိုမျှ လက်ကြောတင်းအောင် မလုပ်တော့။ သူ့ကိုယ်သူ အလွန်သက်သာအောင် နေတတ်သူဖြစ်သည်။ စီးပွားရေးအားဖြင့်တော့ ငွေရင်းလေးကလည်းရှိသည်မဟုတ်ပါလား။ စပါးပေါ်ချိန်မှာ စပါးဝယ်လှောင်သည်။ နောက်တက်ဈေးမှာ ပြန်ရောင်းသည်။

ကျွန်တော့်မိခင်ကား အလုပ်နှင့်လက်နှင့် မပြတ်လုပ်တတ်သူဖြစ်သည်။ အိမ်တွင် ကုန်စုံဆိုင်ဖွင့်ထားသည်က ဘာမျှ လူအားမစိုက်ရသော အပရိကအလုပ်မျှ ဖြစ်သည်။ မိုးတွင်းမှ ခြံစိုက်သည်။ ၁၂ ရာသီမပြတ် လုပ်သည်က ရက်ယန်းယက်ခြင်း။

ကျေးတောသူ အမျိုးသမီးတိုင်းသည် ဆေးလိပ်သောက်တတ်ကြသည်။ အများအားဖြင့် ဆေးပေါ့လိပ်၊ ပြောင်းဖူးဖက်လိပ်ကြီးတွေ၊ ကျွန်တော့်မိခင်ကားဘာ အဖေ့လိုဘဲ ဆေးပြင်းလိပ်နှင့် ဆေးတံသောက်သည်။ ဆေးပေါ့လိပ် သောက်သူတိုင်းသည် ရက်ကန်းယက်ယင်း ဆေးလိပ် မသောက်နိုင်ပေ။ ကျွန်တော့်မိခင်ကား ဆေးတံခဲလျက် ရက်ကန်းယက်၏။

ကျွန်တော့်အမေသည် အရပ်အမောင်းကောင်း၍ ကိုယ်လုံးကိုယ်ထည် တောင့်တင်းပြည့်ဖြိုးသည်။ အသားဖြူသည် မဟာနဖူးကျယ်ကျယ်၊ မေးရိုးကားကားနှင့် မျက်နှာလေးဒေါင့်ကျ သည်။ နှုတ်ခမ်းပါး၍ ပိပိစိစိရှိသည်။

အဖေကား ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်နှင့် ပိန်ပိန်ပါးပါးဖြစ်သည်။ ခါးရှည်ပြီး ကျောကုန်းက လေးကိုင်းကဲ့သို့ ကွေးသည်။ ခြေလှမ်းပုံ၊ သွားပုံကအစ ကျွန်တော့် သဏ္ဍာန်အတိုင်းပါဘဲ ခင်ဗျာ။

ကျွန်တော်သည် ကိုယ်ထည်မှာ အဖေနှင့်တူ၍ မျက်နှာကအမေနှင့်ဆင်တူပါသည်။ ကိုယ်ကို အပင်ပန်းမခံချင်။ လက်ကြောတင်းအောင် မလုပ်ချင်။ တတ်နိုင်သလောက် ရေသာခို ချင်သည်က အဖေနှင့်တူပြီး အရက်ကြိုက်သည်က အမေမျိုးဗျ။ ကြက်တိုက်သည်က အဖေမျိုးဗျို့။

ကျွန်တော့်အဖေသည် ငယ်စဉ်က ကြက်တိုက်ခဲ့သည်။ နောက်တော့ ဘုရားလူကြီးတွေ ဘာတွေဖြစ်ပြီး အသက် ၄၀ ရှိတော့မှ ဖြုတ်ပစ်လိုက်သည်။

အဖေ့တိုက်ကြက်များထဲတွင် 'မိုးတညင်'ဆိုတဲ့ ကြက်ဟာတယ်ကောင်းဆိုဘဲ။ အဖေ အမှတ်တရ ပြောလေ့ရှိပါသည်။ ကြက်တိန်ညင် ခွပ်–ခွပ်သတဲ့ဗျာ။ ကြက်ပျံကခါးစောင်းလောက် မြင့်အောင်ပျံသတဲ့။ နှစ်ကောင်ဆိုင် ပျံလိုက်ရယင် မျက်လုံးစုံဖောက်သတဲ့။ တပွဲမျှ မရှုံးခဲ့ဖူးဘူး၊ ပွဲတိုင်းနိုင်ခဲ့သတဲ့။

နောက်ဆုံး အဖေက ဒီကြက်တိုက်တဲ့အလုပ် ဖြုတ်ပါတော့မယ်ဆိုပြီး 'မိုးတညင်ကို ရောင်းလိုက်တော့ ဟိုခေတ်က အင်္ဂလိပ်ငွေဒင်္ဂါးတွေ ၃၀၀ (သုံးရာ)တောင် ရပါသတဲ့ခင်ဗျာ။ အဲသည်တုန်းက ဒီငွေဟာဆိုယင် ပထမတန်းလယ်တကေဖိုး နွားနှစ်ရှဉ်းဖိုးပါဘဲ ခင်ဗျာ။

သူ့ကြက် ဘယ်လောက်ကောင်းမယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ နောက်လူလက်ထဲမှာ ဒီကြက်ဟာ တော်တော် စီးပွားဖြစ်လိုက်ဆိုဘဲဗျ။ ကျွန်တော့်အဖေကတော့ 'စီးပွားဖြစ် စီးပွားပျက်' လောင်းကစားတတ်သူ မဟုတ်ပါ။ ဝါသနာပါခဲ့ရုံသာ။ ဒါလဲ အဖေနှင့် ကျွန်တော်တူ ၏။

ကျွန်တော့်အဖေသည် သေရည်သေရက်ကို မသောက်တတ်ပါ။ အဆင်သင့်လျှင် လည်းကောင်း၊ ကြုံလျှင်လည်းကောင်း၊ ထန်းရည်ကို တခွက်တဖလားလောက်တော့ မော့တတ်ပါ သည်။ ထန်းရည်ကို ဒီလောက်တော့ ကျေးတောရွာတို့တွင် အမျိုးသမီးများလည်း သောက်တတ် ကြပါသည်။

## ခုနှစ်နေ့စုံ

အိမ်ထောင်တခုတွင် အိမ်သူအိမ်သားတွေ ခုနှစ်နေ့စုံရှိပါက ထိုအိမ်ထောင်ချမ်းသာတတ် သည်ဟု ကျွန်တော်တို့မြန်မာများ အယူရှိကြပါသည်။ ကျွန်တော့်မိဘ၏အိမ်ထောင်တွင် စုံခဲ့ပါ သည်။ ကျွန်တော့်ညီ မောင်အေးက တနင်္ဂနွေ၊ ကျွန်တော်က တနင်္လာ၊ အဖေကအင်္ဂါ၊ ကျွန်တော့်အောက် လူချောက်ကလေး မောင်လှရွှေက ဗုဒ္ဓဟူး၊ ညီအမြင့်က ကြာသပတေး အမကြီး မသိမ်းမယ်က သောကြာ၊ ကျွန်တော့်မိခင်က စနေ။

အောင်မယ်. . . သားသမီးတွေ ဘယ်လောက်များများ၊ ဒီလိုနေ့စုံတဲ့ အိမ်ထောင်က ရှားသားဗျ။ နေ့တွေထပ်ထပ်နေတတ်ကြတယ်။ ကျွန်တော်တို့တောင်မှ လူခြောက်ကလေးကို စာရင်းသွင်းလိုက်ကြတယ်။ သူဟာ အသက်မရှိပေမယ့် အိမ်သားတယောက်ဖြစ်မှ အသိအမှတ် ပြုထားရပါတယ်။ သူ့ခန္ဓာကိုယ်မှာ အသက်မပါခဲ့ပေမယ့် ဝိဉာဉ်ကတော့ အိမ်ထဲမှာရှိနေတယ်လို့ ယူဆကြပါတယ်။

ထို့ကြောင့် ကျွန်တော့်ကို အဝတ်အစား ဝယ်ပေးတိုင်း သူ့ခန္ဓာကိုယ်နဲ့တော်တဲ့ ပုဆိုး ကလေး အင်္ကျီကလေးပေါ့ဗျာ။ ကလေးကစားစရာအရုပ်ကို အဝတ်ချုပ်ပေးသလိုပေါ့. .

မောင်လှရွှေမွေးစဉ်က သူအရပ်အမောင်းသည် ခေါင်းမှခြေဖျားအထိ၊ တထွာလောက် ရှိပါသည်။ ခြေလက်အင်္ဂါအစုံအလင် ရွှေပန်းကလေး ဆန်စေ့လောက်နှင့် ယောက်ျားလေးဖြစ် မှန်းထင်ရှားသည်။

မွေးစမှာ ဝဝလင်လင်ကလေးဘဲ။ နောက်တော့မှ တဖြေးဖြေးနှင့်ခြောက်ခြောက်သွားပြီး ကမ္ဗဋ္ဌာန်းရုပ်ကလေးဖြစ်သွားတယ်၊ ပုပ်စော်မနံပါ။ သူ့ကိုမှန်သေတ္တာလေးထဲ ထည့်ထားပါသည်။

## ဓာတ်ဆရာကြီးဦးသာဆန်းနှင့် ဘကြီးဦးခိုထောင်

ကျွန်တော့်မိခင်သည် လူခြောက်ကလေးအပါအဝင် သားသမီး ၉ယောက် ဖွားမြင်ခဲ့ရာ၊ အဌမမြောက် မောင်အေးကိုမွေးသောအခါ၌ မီးတွင်းထဲမှာ ပြင်းထန်စွာသော နာမကျန်းခြင်း ဖြစ်လေ၏။

ရပ်ရွာက ဆရာများသာမက မြို့ပေါ်မှ အင်္ဂလိပ်ဆေးဆရာဝန်များကို ခေါ်ယူကုသပါ သော်လည်း မသက်သာချေ။

ဆရာပေါင်းစုံ၍ လက်လျှော့ရမည့်အခြေသို့ ဆိုက်ရောက်သလောက်ဖြစ်နေချိန်၌ တနေ့ သောအခါတွင် ကျွန်တော့်ဘကြီး ဦးခိုထောင်သည် သူ့ထုံးစံအတိုင်း ပါးစပ်ကအရက်နံ့တထောင်း ထောင်းနှင့် သူနှင့်ရွယ်တူလောက်ဘဲ သူ့လို အသောက်သမားကြီးတယောက်ကို ကျွန်တော်တို့ အိမ်သို့ခေါ်လာပြီး၊ အဖေ့အား. . .

'ဒါ. . ငါ့သူငယ်ချင်း ဓာတ်ဆရာ ဦးသာဆန်းဘဲ၊ ငါ့သမီးအသက်ကိုကယ်ဖို့ ခေါ်ခဲ့တာ၊ အခု မင်းတို့ကုနေကြတဲ့ဆရာတွေလို ခဏလာကု ဆေးဖိုးဝါးခနဲ့ ခြေကြွယူပြီး ပြန်သွားတာမျိုး မဟုတ်ဘူး၊ ငါ့သမီးရောဂါမပျောက်မချင်း ဒီအိမ်မှာ ငါနဲ့အတူနေပြီး ကုနေမှာဘဲ'

ဦးသာဆန်းသည် အရက်သမားကြီးဖြစ်သော်လည်း ဉပမိရုပ်ကောင်းလှပါသည်။

ကျွန်တော့်ဘကြီးလိုဘဲ လူကောင်ထွားထွားခန့်ခန့်၊ ပိုးပဝါပိုးလုံချည်၊ သက္ကလပ် အင်္ကျီ နက်ပြာရောင်နှင့် ထိုအချိန်က သူ့အသက် ၆၀ လောက် ခန့်မှန်းရပါသည်။

မောင်အေးမွေးတာ မြန်မာ သက္ကရာဇ် ၁၂၉၁၊ ကျွန်တော့်အသက်က ၁၀–နှစ် ၁၁–နှစ် သားရှိပြီမို့ ဒီလူကြီးတွေအကြောင်း ကောင်းကောင်းမှတ်မိခဲ့ပါသည်။

အဘိုးကြီးနှစ်ယောက်သည် နံနက်အိပ်ရာထတယ်ဆို ကျေးတောရွာဓလေ့အတိုင်း လက်ဖက် ရည်ကြမ်းနှင့် လက်ဖက်ပဲလှော် အနည်းငယ်မျှ စားသောက်ပြီး အိမ်မှထွက်သွားကြ သည်။

၁၀ နာရီ ကျော်ကျော် ဆွမ်းခံပြန်ချိန်လောက်တွင် တယောက်တယောက်တွဲပြီး အိမ်ပြန် လာကြ။ ဧည့်ခန်းမှာထိုင် ကွမ်းယာဝါးနေကျ။ အချို့အရက်သမားများလို စကားကျယ်ကျယ် ပြောခြင်း၊ ဆူခြင်း၊ ညံခြင်း မရှိကြ။ နောက်ဖေးမီးဖိုခန်းမှာ ထမင်းပွဲပြင်ပြီး၍. . .

ကဲ. . . ထမင်းစားကြရအောင် ဆိုသောအချိန်၌ သူတို့နှစ်ယောက်သည် မတ်တတ်ထ၍ လမ်းမလျှောက်နိုင်တော့ပြီ၊ နှစ်ယောက်သား ဖင်ရွှေ့–ဖင်ရွှေ့နှင့် ထိုင်လျက်ပင် ထမင်းစားခန်းသို့ လာကြသည်။

စားပြီးသောအခါလည်း ဒီလိုဖင်ရွှေ့ ဖင်ရွှေ့ပင် ဧည့်ခန်းသို့ ပြန်လာကြသည်။ ထိုအချိန် ၌ သူတို့အတွက် လဲလျောင်းရန်အိမ်ရှေ့ခန်းမှာ သင်ဖြူးနှင့် ခေါင်းအုံးများ ပြင်ဆင်ထားကြပြီဖြစ် ၍၊ နှစ်ယောက်သား တရေးတမော အိပ်စက်ကြသည်။

ဟော. . . နေ့လည်ခင်းသူတို့အိပ်ရာကနိုးကြတော့ ကြည်ကြည်လင်လင်ဘဲ၊ ကောင်းစွာ အိပ်ရာက ထနိုင်ကြပြီ။ မျက်နှာပါသစ်ပြီး နှစ်ယောက်သားအိမ်က ထွက်သွားကြပြန်၏။

အဲ. . . ညနေစောင်းပြီး နေဝင်ခါနီးလို့ ပြန်လာကြယင်တော့ နှစ်ယောက်သား တယောက် ကိုတယောက် တွဲလို့ဘဲ၊ အိမ်ပေါ်ရောက်၊ ဧည့်ခန်းမှာ ထိုင်မိကြပြီး ထမင်းစားခေါ်တော့ မတ်တတ်ရပ် မလာနိုင်တော့ပြန်ပြီ။ မနက်ကလိုဘဲ ဖင်ရွှေ့ ဖင်ရွှေ့။

ယင်းသို့ သူတို့သည် မပြတ်သောက်၊ မပြတ်မူးနေကြသော်လည်း ဆရာဦးသာဆန်းသည် သူ၏ဆေးဝါးကုသမှု မပျက်ရ၊ မချို့ယွင်းရပေ။ အိမ်ပေါ်တွင် လူနာခန်းဝင်သည် ထွက်သည်မှာ လည်း ဖင်ရွှေ့–ဖင်ရွှေ့ဘဲ။ သို့သော် သူ၏ကုသမှုက ထက်မြက်အောင်မြင်ခဲ့ပေသည်။

ပထမဦးဆုံး လူနာကိုစပြီး မေးလိုက်ကတည်းက ကျွန်တော့်မိခင်အား. . .

'သမီး. . . ဘာများစားချင်လဲ သမီးစိတ်ထဲစားချင်တာ တခုခုတော့ ရှိမှာပေါ့လေ၊ သမီးစဉ်းစားစမ်း၊ ဟာ. . . ဒါတော့ မီးတွင်းထဲမှာ ငါနဲ့တည့်မှာမဟုတ်ဘူးလို့ကို မထားနဲ့ စားချင်တာသာ ရဲရဲဝံ့ဝံ့ပြောလိုက်'

သည်တော့ ကျွန်တော့်မိခင်မှာ မျက်လုံးများ အရောင်လက်လာကာ၊ တံတွေးပင် တချက်မျိုချလိုက်ပြီး. . .

'ဟုတ်တယ် ဆရာ၊ ကျမစားချင်တာရှိပါတယ်၊ မီးတွင်းထဲမတည့်စာမှန်းသိလို့ မပြောဝံ့ တာ'

'အို. . . ဆရာ့ကိုတော့ ပြောသာပြော၊ ဆရာကျွေးမယ်၊ သမီးစားချင်တာစားပြီး ဘာအန္တရာယ်မှ မဖြစ်အောင် ဆရာကာကွယ်ပေးနိုင်တဲ့ဆေးတွေ ရှိပါတယ်၊ ပြော–ပြော၊ သမီး ရဲရဲသာပြော. . .

သည်တော့ ကျွန်တော့်အမေက မဝံ့မရဲလေးပြောလိုက်သည်မှာ. . .

'ဆရာ. . . ပုစွန်ချဉ်ကို နံနံပင်နဲ့ သုပ်ပြီး သခွားသီးစိမ်းကို ငါးပိရည်နဲ့ တို့စားချင်တယ်'

မီးတွင်းထဲမှာ မီးနေသည်နှင့် မည်မျှမတည့်သော အစာများပါနည်း။ ကြားကြားသမျှ လူနာကြည့်ပရိသတ်တို့ မျက်လုံးပြူးကြသည်။

ဆရာက ကေ္တဒါတော့ ကျွေးလိမ့်မည်မထင်ကြ။ သို့သော် ဆရာ ဦးသာဆန်းကား အေးဆေးစွာပင်. . .

'ဟာ. . . သမီးနဲ့သိပ်တည့်တာပေါ့၊ စားသာစား၊ သမီးကြိုက်သလောက်စား'

ယင်းသို့ဖြင့် ကျွန်တော့်မိခင်သည် ထိုနေ့မှစပြီးထမင်းခံတွင်းတွေ့လာကာ တဖြည်းဖြည်း ကျန်းမာလာလျက် သီတင်းနှစ်ပတ်အတွင်းမှာ အကောင်းပကတိ ဖြစ်သွားခဲ့ပါသတည်း။ ဆရာ ဦးသာဆန်းကား ရန်ကုန်နှင့်ပြည် မီးရထားလမ်း၊ ဘူတာငယ်ကလေးနှင့် ခုနှစ်ရွာမှဖြစ်ပါ၏။

ထိုမှ ကျွန်တော့်မိခင်သည် နှစ်ပေါင်းများစွာ ကျန်းမာနေလျက်၊ နဝမမြောက်သမီး အထွေးဆုံးလေး ချိုချိုကို မွေးဖွားပြီး ထိုသမီးကလေး သုံးလေးနှစ်အရွယ်ရောက်သောအခါ၌ သွေးဆုံးရောဂါဖြင့် အိပ်ရာထဲ လဲ့ပြန်လေသည်။

ထိုအခါ၌ကား ကျွန်တော့်မိခင်သည် ဒီတောင်ကိုတော့ မကျော်နိုင်တော့ရှာပေ။ လူတိုင်း၌ မွေးနေ့ရှိဘိသကဲ့သို့ သေနေ့သည် မလွှဲမသွေ ရှိပေရကား၊ ကျွန်တော့်မိခင်သည် ၁၂၅၅ခုနှစ် ကဆုန်လတွင် ဖွားမြင်ခဲ့၍ ၁၃၀၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်နေ့ အသက် ၄၈ နှစ် တွင် အနိစ္စရောက်ခဲ့ပါ၏။

## မွေးမေ့ ဆုမွန်

ထိုအချိန်သည် အင်္ဂလိပ်သက္ကရာဇ်အားဖြင့် ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလဆန်းဖြစ်ပေရာ၊ ဤအခါ၌ ကျွန်တော်သည် ဖော်ပြခဲ့သော နာနီ၏ အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်း၌ ရောက်နေလေပြီ။ နာနီ့အိမ်မှာ ဘော်ဒါနေသည်။

ကျွန်တော့်မိခင် အသည်းအသန်မမာသောသံကြိုးစာ ရောက်လာချိန်၌ ကျွန်တော် အပြင်းအထန် ကြိုးပမ်းနေသည်မှာ. . . (နောင်တွင် 'ရန်အောင် ရတနာ' ဟူသော နာမည်ဖြင့် လုံးချင်းထွက်လာမည့်) စုံထောက်ဝတ္ထုတိုတပုဒ်ကို သူရိယ မဂ္ဂဇင်းအတွက်၊ အားသွန်ခွန်စိုက် ရေးသားနေခိုက် ဖြစ်ပါ၏။

အကြောင်းမှာ ထိုစဉ်က သူရိယမဂ္ဂဇင်းသည် ဝတ္ထုတိုပြိုင်ပွဲကျင်းပ၏။ ဝတ္ထုသုံးမျိုး၊ ပထမ ဟာသ၊ ဒုတိယ စုံထောက်၊ တတိယ စွန့်စား၍ ကြီးပွားချမ်းသာခြင်း၊ ရွေးချယ်ခြင်းခံရက တပုဒ် ၃၅ ဆုငွေရမည်။

ပထမဦးဆုံးရေးပို့လိုက်သည့် ဟာသဝတ္ထု 'အဖျားဖြတ်ဆေး' မှာ ညစ်ညမ်းသည်ဟူ၍ အပယ်ခံရ၏။ နောင်တွင် . . . . . သူက 'ဘရမ်ဒီတပုလင်း' အမည်ဖြင့် သော်တာဆွေ စာပေနယ်သို့ ရောက်ခဲ့၏။

ဒုတိယပြိုင်ပွဲဝင်သော စုံထောက်ဝတ္ထုကား၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးမို့ စက္ကူအခက် အခဲကြောင့် ပြိုင်ပွဲမလုပ်ဖြစ်တော့သဖြင့် ပြန်ပို့ခြင်းခံရ၏။

ကျွန်တော့်မိခင် အသည်းအသန်မမာကြောင်း သံကြိုးစာလာသောအခါ၊ ဤဝတ္ထုရေးနေ ခိုက်ဖြစ်၍၊ ရေးလက်စ ကော်ပီလေးတွေ ပိုက်ပြီး အိမ်သို့ပြန်ခဲ့ရ၏။

ယင်းအချိန်သည် နိုဝင်ဘာလဆန်း၊ ပြိုင်ပွဲရက် ကန့်သတ်ချက်က အင်္ဂလိပ်လဆန်း ၁၀ ရက်နေ့ အရောက် နောက်ဆုံးထား၍ ပို့ရမည်။ ကျွန်တော်သည် အိမ်ရောက်သော် မိခင်လူနာ အား ခေတ္တခဏမျှသာ ကြည့်နိုင်သည်။ အနားတွင် ကြာကြာမနေနိုင်။ စာရေးသည့်ဘက်ကို စိတ်ရောက်နေသည်။ ဒီဝတ္ထုပြိုင်ပွဲ အချိန်မီဖို့က အရေးကြီးနေသည်။

ကျွန်တော်တို့အိမ် အောက်ထပ်မှာက လူနာကြည့်လာသူတွေက ခြေချစရာ မရှိလောက် အောင် များပြားနေလေရာ၊ ကျွန်တော်သည် အိမ်အပေါ်ထပ်တက်ပြီး၊ ကျွန်တော့်ညီလူခြောက် ကလေးရှိသည့် အခန်းထဲမှာ တံခါးပိတ်ရေးနေရသည်။

ယင်းအချိန်၌ ဝေးနီးရပ်ခြားမှ ဆွေစုံမျိုးစုံလည်း ရောက်နေပြီဖြစ်ပေရာ၊ သည်လိုနေ့ လား၊ ညလား စိုးရိမ်နေရသော အခိုက်အတန့်၌၊ အနီးမှာ သားစုံသမီးစုံလည်း ရှိနေသင့်ပေ သည်။ သို့သော် ကျွန်တော်တယောက် ပျောက်ပျောက်နေသဖြင့် ကျွန်တော့်မိခင်က သတိရခိုက် မှာ၊ သားကြီးမျက်နှာ မမြင်ရ၍ မေးမြန်းတော့၊ လာခေါ်ကြသည်။

မိခင်သည် ကျွန်တော့်အား သူ့လက်ကိုကိုင်စေလျက် အားနည်းလှသော အသံဖြင့်. . .

'သား စာတွေရေးနေတယ် ပြောတယ်'

'ဟုတ်တယ်. . . အမ'

'ဘာစာတွေလဲ'

'ဝတ္ထုပါ အမရယ်. . . ဝတ္ထုပါ၊ ကျွန်တော် စာရေးဆရာဖြစ်ချင်လို့ပါ'

'အေး. . အေး. . . သွားရေးချေ။ ငါ့သားဆန္ဒပြည့်ဝပါစေကွယ်'ဟု ပြောပြီး ကျွန်တော့်လက်မှ သူ့လက်ဆုပ်ကို ဖြေလျှော့လိုက်ပါသည်။ ယင်းသည် ကျွန်တော့်မိခင်က ကျွန်တော့်အားနောက် ဆုံးပြောသွားသော စကားပင်ဖြစ်ပါတော့၏။

ဗုဒ္ဓဘာသာ၏ ဘဝယုံကြည်မှု

ကျွန်တော့်မိခင်သည် ၁၂၈၅ခု ကဆုန်လတွင် မွေးဖွားခဲ့၍ ၁၃၀၃ခု၊ တန်ဆောင်မုန်း လဆန်း ၈ ရက်(အသက် ၄၈နှစ်၊ ၆လ)တွင် အနိစ္စရောက်ခဲ့သည်။

ကျေးတောရွာတို့ လုပ်ငန်းစဉ်နှင့် ဓလေ့ထုံးစံအရ၊ ကျွန်တော့်မိခင်သည် ဤတန်ဆောင် မုန်းလ၌ ကွယ်လွန်ခြင်းသည် အချိန်ကောင်း အခါကောင်းဟုဆိုရပေမည်။

အဘယ်ကြောင့်ဟူမူ၊ ယင်းအချိန်သည် သီတင်းဝါလလည်း ကျွတ်ခဲ့ပြီ။ လယ်များလည်း ပြီးစီးခဲ့ပြီ။ 'ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း'မို့ကောက်လည်း မရိပ်ရသေး၍ လယ်သမားတို့ အားလပ်နေကြသော ရာသီဖြစ်သောကြောင့်၊ သာရေးနာရေးကိစ္စတို့ကို စိတ်လွတ်ကိုယ်လွတ် သွားလာနိုင်ကြသည်။

အကယ်၍ သီတင်းဝါလမကျွတ်မီ မိုးတွင်းကြီး လယ်တွေအပူတပြင်း လုပ်ရတုန်း၌၊ ယင်း အသုဘကိစ္စဖြစ်ပါမူ လယ်သမားတို့၌ အနှောင့်အယှက်ဖြစ်ကြ၍ အခါကျပ်ကြီးမှာဘဲကွာ'ဟု ညည်းညူတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လယ်သမားတို့မှာ မိုးဦးကျ၊ ပျိုးချပြီးကတည်း က၊ ပျိုးနုတ်ရက်ကောက်စိုက်ရက်တို့ကို သတ်မှတ်ပြီး၍ လယ်သမားတိုင်းတွင်၊ တနှစ်တွင်သည် တလ၊ တလတွင် သည်တရက်က အရေးကြီးလှသည်မို့ ဤအသုဘအတွက် အခက်အခဲ တွေ့ကြ ကုန်သည်။ ဝေးလံရပ်ခြားဆွေမျိုးများလည်း ဖိတ်ကြားခြင်းမပြုနိုင်တော့ဘဲ၊ အလွန်ရင်းချာသူများ လောက်သာ၊ ပါးစပ်သတင်းလောက်ဖြင့်၊ ကိစ္စကိုပြီးလွယ်စီးလွယ် လုပ်ပစ်လိုက်ကြရတော့သည်။

သို့သော် ချွင်းချက်ကား ရှိသေး၏။ ဤချွင်းချက်မှာ ကျေးရွာတွင် ပစ္စည်းဥစ္စာချမ်းသာ သူ၊ ဝေးနီးရပ်ခြားတွင် ဆွေအားမျိုးအား ကောင်းသူများနှင့် အထူးသဖြင့် ရဟန်းတကာရဟန်း အမတို့အတွက်ဖြစ်၏။ အသို့ဟူမူ ဤလူတန်းစားသည် ဒီမသာကို ငွေကုန်ကြေးကျခံကာ ဆွေအားမျိုးအားနှင့် သိုက်သိုက်ဝန်းဝန်း၊ ခမ်းခမ်းနားနား သဂြိုဟ်လိုကြသည်ဖြစ်သောကြောင့် ယင်းမသာကို 'အေးမသာ'လုပ်ပစ်လိုက်လေ၏။

အေးမသာဆိုသည်မှာ မသာချရက်ကို ကာလကြာညောင်းစွာ ရွှေ့ဆိုင်းပစ်လိုက်ခြင်းဖြစ် သည်။ ဥပမာ လယ်တွေ အပူတပြင်း လုပ်ရချိန်၊ မိုးတွင်းကြီး ဝါခေါင်လ၌ သေဆုံးသည်ဆိုအံ့၊ ဒီမသာကို ဆောင်းရာသီရောက်၊ လှည်းလမ်းပေါက်မှသဂြိုလ်ရန် မြေခေါင်းသွင်းထားလိုက်ကြ၏။

'မြေခေါင်းသွင်း'ဆိုသည်မှာ အလောင်းကို ခိုင်လုံသောခေါင်းထဲ၌သွင်းပြီး မိမိတို့အိမ် အနီးတနေရာရာမှာ ထိုခေါင်းကိုခေတ္တယာယီ မြှုပ်ထားလိုက်ခြင်းဖြစ်သည်။ ဤသို့လုပ်ခြင်းသည် တခါတရံ၌ မဖွယ်မရာဖြစ်တတ်၏။ ကျွန်တော် ငယ်စဉ်ကာလ အမှတ်သညာထားတတ်စအရွယ် က ကြုံတွေ့ခဲ့ရသည်ကို ယခုသတိရမိသေးတော့သည်။

## ငိုအားထက်ရယ်အားသန်ရခြင်း

ရဟန်းအမဒေါ်ခင်သည် မိုးတွင်းကာလ တော်သလင်းလထဲ၌ သေဆုံး၏။ ယော်-ခက်က ပြီ၊ ပစ္စည်းဥစ္စာကလည်း ချမ်းသာသည်။ ရဟန်းအမလည်း ဖြစ်နေသည်။ ထို့ကြောင့် မယ်တော်ပုံ အဖြစ်နှင့် တခမ်းတနား သင်္ဂြိုလ်ရမည်။

'အမယ်လေးတော် အမေခင်ရယ်. . . တလနှစ်လများဆိုင်းပြီး သီတင်းကျွတ် တန်ဆောင် မုန်းမှာဘဲ သေပါတော့'

ရပ်ရွာသူများက ပြောကြ၏။

'ဟယ်. . သေတာ ဘယ်တတ်နိုင်မလဲ၊ မင်္ဂလာဆောင်တာမှ မဟုတ်တာ၊ ဘယ်ရက်ကန့် သတ်လို့ရမှာလဲ၊ မြေခေါင်းသွင်းထားလိုက်ရတော့မှာပေါ့'ဟု ရပ်ရွာလူကြီးများက စီမံကြသည်။

ကောင်းမွန်ခိုင်ခန့်သော ကျွန်းပျဉ်ခေါင်းကြီးကို လုပ်ကာ ဒေါ်ခင့်အိမ်နောက်ဖေးအိမ်နှင့် ခပ်လှမ်းလှမ်းခြံစည်းရိုးနားတွင် မြှုပ်နှံထားလိုက်ကြသည်။ ရွာအတွင်းမှာ ဖြစ်နေသော်လည်း ဒေါ်ခင့်တစ္ဆေကို မည်သူမျှမကြောက်ကြ။ ဘယ့်နှယ်ရဟန်းဒါယကာမကြီးဘဲ၊ သေယင် ဘယ်တစ္ဆေသရဲဖြစ်ပါ့မလဲ၊ နတ်ပြည်သွားပြီး နတ်သမီးဖြစ်ရောပေါ့။

ဒေါ်ခင့်ဝိညာဉ် အကယ်ပင် နတ်သမီးဖြစ်လေသလော မည်သူမျှ အတတ်မပြောနိုင်သော် လည်း ဒေါ်ခင့်အလောင်းက ငါးရှဉ့်များဖြစ်သွားသည်ကိုတော့ အရက်သမားကိုသာဖြိုးတို့အသိ ဆုံးပေါ့။

အကြောင်းမှာ ရဟန်းအမဒေါ်ခင့်ခြံသည် နောက်ဖေးဘက် လယ်ကွင်းနှင့် ဆက်စပ်နေ၍ မိုးတွင်းမှာ ထိုခေါင်းမြှုပ်ထားသောနေရာတွင် ရေဝပ်တတ်သည်။ ငါးရှဉ့်တို့မည်သည် လူသေ၊ ခွေးသေစသော အသားအပုပ်အစပ်ကို အလွန်ကြိုက်တတ်သည်။

ဒေါ်ခင့်အလောင်းထည့်သော ခေါင်းကြီးမှာ ကျွန်းသားအကောင်းစား ပျဉ်ပြားများဖြစ်သော်လည်း သစ်သားတို့မည်သည် အမျက်ပါတတ်သည်။ အမျက်ဆိုသည်မှာ ထိုသစ်ပင်၏ အတက်ထွက်ရာပင်ဖြစ်ပေရာ ထိုအရာကလေးသည် မြေထဲရေထဲ၌ ကာလကြာညောင်းတော့ ချောင်ပြီးကျွတ်ထွက်သွားတတ်၏။ ငါးရှဉ့်တို့သည် ဒေါ်ခင့်အလောင်းမှ အပုပ်နံ့ရတော့ ဤ အမျက်ပေါက်တို့မှ ဝင်ကြကုန်၍။

မိုးကုန်တာတော့သေချာသည်။ ဘယ်လလဲတော့ ကျွန်တော်မမှတ်မိပြီ။ ဒေါ်ခင့်အသုဘ ကို မယ်တော်ပုံအဖြစ်နှင့် ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြတော့မည်ဟု ထိုခေါင်းကိုဖော်၊ အထဲမှာ အလောင်းမည်သို့ရှိသနည်းဟု အဖုံးကိုဖွင့်ကြည့်တော့၊ ဒီကိစ္စမျိုးကို ကိုယ်ထိလက်ရောက် ပြုရလေ့ရှိသော အရက်သမား ကိုသာဖြိုးလူသိုက် ရုတ်တရက် တအံ့တသြဖြစ်ကြလျက်. . .

'ဟော့. . . ဟော့. . . မြန်မြန်ပိတ် မြန်မြန်ပိတ် ဘယ်သူမှ မပြောကြနဲ့ကွ'

အကြောင်းမှာ အထဲတွင် ဒေါ်ခင်၏အရိုးများနှင့် ငါးရှဉ့်များသာ ထွေးလုံးလိမ်ပတ်နေကြကုန်သတည်း။ ဒီကောင်တွေထုတ်ပစ်လို့လဲ မဖြစ်၊ နည်းနည်းနောနောမှမဟုတ်၊ ခေါင်းလုံးပြည့်က ဘဲ။

သည်လိုနှင့် ဤငါးရှဉ့်များကိုပင် ခေါင်းထဲက ပြန်မထွက်နိုင်အောင် သူတို့ဝင်သော အပေါက်တို့ကို သစ်သားနှင့်အသေရိုက်၍ပိတ်၊ ကြိတ်မှိတ်ပြီး ဒေါ်ခင့်မယ်တော်ပုံအဖြစ်နှင့် ခမ်းနားစွာ သင်္ဂြိုဟ်ပစ်လိုက်ရပါသတည်း။

ထိုအခင်းဖြစ်စဉ်ကမူ ဒါကို လူအများမသိကြ။ သို့သော် ခေါင်းမြုပ်ခေါင်းဖော် လုပ်သည့် ဦးသာဖြိုးတို့လူသိုက်က အသောက်သမားတွေ မဟုတ်လား။ 'ထန်းရည်မူးကျွဲခိုးပေါ်'ဆိုစကား အတိုင်း နောင်းသော် ရပ်လုံးသိ၊ ရွာလုံးသိ ထိုစဉ်က ဆယ်နှစ်သားမျှ ရှိသေးမည်ဖြစ်သော ကျွန်တော်ပင် ယခုမှတ်မိနေသေးတာဘဲ။

ကျွန်တော့်မိခင် ဈာပန

ရှေးခေတ်ကကျေးရွာဓလေ့နှင့် ဤထူးထွေသည့်အံ့ရာသောဝ် အဖြစ်အဆန်းလေးကို စာဖတ်သူများသိစိမ့်ငှာ အလျဉ်းသင့်၍သာ ဖော်ပြလိုက်ရသည်။

ဤဒေါ်ခင်ခင်ကိစ္စနှင့် ကျွန်တော့်မိခင် အသုဘမှာမည်သို့မျှ မသက်ဆိုင်ပါ။ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့်အမေသည် တန်ဆောင်မုန်းလထဲ သေဆုံးသဖြင့် အခါကောင်း ရက်ကောင်းမို့ ဝေးနီးချောင်းခြား အရပ်အရပ် အရွာရွာမှ ဆွေစုံမျိုးစုံလာကြသည်။ အချို့ဆိုလျှင် ကျွန်တော့်မိခင် အသည်းအသန် မမာစဉ်ကတည်းက ရောက်နေကြလေရာ သေဆုံးပြီးမှ အသုဘ ကို အိမ်တွင် ၇ရက်ထားသည်ဖြစ်၍၊ မသာချပြီးမှပြန်ကြမယ့် ဧည့်သည်တွေဟာ ကျွန်တော်တို့ အိမ်တွင် သာမဆန့်သဖြင့် ရွာထဲရှိအခြားဆွေမျိုး မိတ်သင်္ဂဟတို့ အိမ်တွေမှာလည်း တည်းခိုကြ ရကုန်သည်။ နေ့လယ်နေ့ခင်းမှာ အိမ်ရှေ့က မဏ္ဍပ်ကနားဖျဉ်းထဲတွင် နေကြသည်။ ကွမ်းဆေး၊ လက်ဖက် မပြတ်ဧည့်ခံရသည်။ ရေနွေးအိုးတို့မပြတ် မီးထိုးနေရသည်။ မသာချပြီးသည့်အထိ ရက်ပေါင်းများစွာ ထမင်းရေချောင်းစီး ကျွေးမွေးနေရသည်။ ယင်းသည်ကွယ်လွန်သူ ကျွန်တော့် မိခင် ဒေါ်လှရင်၏ ဒါနမည်ပါ၏။

မသာကို ၇ ရက်တောင် ထားသည်ဆိုတော့ အလောင်းကို အပုတ်နံ့မထွက်အောင် မည်သို့စီမံပါသနည်း။ ထိုစဉ်က ယခုခေတ်လိုထိုးဆေးတွေ ရှိ မရှိပင် မသိပါ။ ခေါင်းထဲသို့ ပွဲ့လျက်မှုန့်တွေ ထည့်ထားလိုက်ခြင်းသာ ဖြစ်ပါသည်။ ခေါင်းအောက်က ကျောက်ဖရုံသီး ခံထား လိုက်ပါသည်။ ပွဲ့လျက်မှုန့်တို့က အလောင်း၏ အရည်ကိုစုပ်ယူထားပါသည်။ ကျောက်ဖရုံသီး က အပုတ်နံ့ကိုစုတ်ယူပါသည်။

အလောင်းကိုပထမ ၄ ရက်အိမ်ပေါ်ဧည့်ခန်းတွင် ကုတင်နှင့်ဇာဖျဉ်တွေနှင့် လှပစွာ ပြင်ဆင်ထားပါသည်။ ကျန် ၃ရက်အိမ်ရှေ့တွင် စပ်ဆရာတို့က တလားကြီးလုပ်ပြီးပြီဖြစ်၍ လှည်းဘီး ၄ဘီးတပ်သော ထိုဆေးရေးတလားကြီးပေါ်တွင် ခမ်းနားစွာထားပါသည်။

တလားပေါ်ရောက်သည့်နေ့မှစ၍ မသာချပြီးသည်အထိ ၃-ရက်တိတိဆိုင်းသွင်းသည်။ ထိုဆိုင်းတွင် နောက်ထ နှစ်ယောက်အပြင် အဆိုတော် မင်းသမီးလည်း ပါသေးသည်။ သူတို့ သည် ရှေ့ပိုင်းမှာ ပရိသတ်ကိုပျော်တော်ဆက်သည်။ နောက်ပိုင်းမှာ အသုဘနှင့်ဆိုင်သော တီးကွက်များ တေးသီချင်း များဖြင့်အလွမ်းသယ်သည်။ ရွှေပွဲလာတို့ မျက်ရည်တရွဲရွဲ့ပေါ့။

လူတို့၏စိတ်ဓာတ်မှာ အပူသောကရှိနေလျှင် လွမ်းဆွေးအောင်လုပ်ပေးလိုက်ပါက ‘ငိုချင် ရက် လက်တို့’ဆိုစကားအတိုင်း မျက်ရည်တွေကျဆင်းလာလျက် ရင်ထဲမှာ ပေါ့သွားတတ်သည်။ တနည်းအားဖြင့် ဒါမျိုးကိုဘဲ အရသာတမျိုးခံစားကြသည်။

သည်လိုဘဲ ဈာပန ၇ ရက်အတွင်းမှာ ဆွေစုံမျိုးစုံသိုက်သိုက်ဝန်းဝန်းနှင့် ငိုလိုက်ကြ၊ လွမ်းလိုက်၊ ဆွေးလိုက်ကြ စားလိုက်သောက်လိုက်ကြနှင့် တနည်းအားဖြင့် နှစ်သိမ့်စရာကြီးလို

ဖြစ်နေခဲ့ရာမှ တကယ်တန်း ပူဆွေးသောက ရောက်နေကြရသည်ကတော့ အသုဘသဂြိုဟ်ပြီး၍ ဆွေမျိုးသားချင်းများ ပြန်သွားကြပြီး ကျွန်တော်တို့မိသားစုချည်း ကျန်ခဲ့သောအခါ သမယပင် ဖြစ်ပါတော့၏။

သည်တော့မှ လူတွေမှာ ယောင်တောင်တောင် ကြောက်တက်တက်နှင့် မိခင်နေရာမှာ ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။ အစဦးတုန်းကတော့ မိခင်သေပြီး ဖြစ်သော်လည်း အလောင်းက ရှိနေသေးသည့်အတွက်၊ ကျွန်တော်တို့အမေအိမ်က ဘယ်မှထွက်မသွားသေးဘူးဟု ခံစားကြရသည်။ ယခုတော့မှ တကယ်မရှိတော့ဘူး ဘယ်တော့မှလည်း ပြန်မရှိတော့ဘူး ကျွန်တော်တို့အမေ အပြီးသွား၍ အပြီးသွားပြီ။

ကျွန်တော်တို့အိမ်သား အားလုံးထဲတွင် အငိုကြွေးဆုံးကား သမီးမိန်းကလေးများဖြစ်၍၊ တကယ့်တကယ် အပူဆွေးဆုံးက ကျွန်တော့်ဖခင်ဖြစ်ကြောင်းကို ယခုကျွန်တော်၏ အသိဉာဏ် ဖြင့် ပြန်လည်စဉ်းစားမိပါသည်။

## မုဆိုးဖိုဘဝ

သူ–မုဆိုးဖိုဘဝနှင့် အသက်ထက်ဆုံး နေရတော့မည်။

အကြင်လင်မယားတို့သည် အသက်ထက်ဆုံး ပေါင်းသင်းကြသည်ရှိသော် မုဆိုးဖို သို့မဟုတ် မုဆိုးမ၊ တယောက်ယောက်က ဖြစ်ရတော့မည်မှာ ခေါင်းလား၊ ပန်းလားပင် (တူစုံမောင်မယ် လေယာဉ်ပျံ ပျက်ကျတာမျိုးတွေတော့ ခြွင်းချက်ထားတော့ပေါ့) ထိုအခါတွင် အချိန်အရွယ် အခြေအနေအလျောက်၊ ထိုမုဆိုးဖို သို့မဟုတ် မုဆိုးမဘဝနှင့်ဘဲ အဆုံးသတ်သွား မည်လား ဟူသည်ကား၊ အကြင်ပုဂ္ဂိုလ်၏ အပေါ်၌ တည်ပေတော့သည်။

ကျွန်တော့်မိခင် သေသောအခါ၌ ကျွန်တော့်အဖေ အသက်သည် ၅၄ နှစ်၊ နောက်ထပ် အိမ်ထောင်ပြုလိုသော် ပြုနိုင်သေးသည့်အရွယ်ပင် (ယခုအသက် ၆၀ ရှိပြီဖြစ်သော ကျွန်တော်က တွက်ဆ၏။) သို့သော် ကျွန်တော့်အဖေသည် မပြုတော့ပြီ။ ကျွန်တော့်မိခင်ကို သတိတရ တသသ နေကြောင်း ထင်ရှားသည်။

သက်သေပြပါမည်။

ကျွန်တော့်မိခင်သေပြီးကတည်းက နှစ်စဉ်မှန်မှန် တန်ဆောင်မုန်းလဆန်း ( ) ရက်နေ့ တိုင်း ဆွမ်းသွတ်သည်။ အဲ=သို့ကလို ရှိနေရာမှ ကျွန်တော့်အမေသေတာ ၁၉၄၁–ခုနှစ်၊ နောင် ကျွန်တော် အိမ်ထောင်ကျတာက ၁၉၄၂–ခုနှစ်၊ ကျွန်တော့်သမီးအကြီးဆုံး ဒင်ပယ်ဆွေ (Dimple Swe) မွေးတာ ၁၉၄၄–ခုနှစ် ဟောဗျ၊ ကျွန်တော့်သမီးသည် ကျွန်တော့်အမေ ဝင်စားတာပါဟု ကျွန်တော့်အဖေက အခိုင်အမာပြောဆိုပါတော့၏။ အကြောင်းပြချက်ကတော့ သူအိမ်မက်သတဲ့။

ကဲဗျ. . . . တခြားသူ ကြားဘူတာဝင်ပြီး ကန့်ကွက်စရာရှိတော့တနည်း။ အကြင်လူ တယောက်၏ ယုံကြည်ချက်သည် ထိုလူအတွက် အမှန်ကန်ဆုံးသာဖြစ်တော့သည်။ ဤကား ကျွန်တော်တို့၏ ယူဆချက်ပင်။ ထို့ကြောင့် ကျွန်တော်ကလည်း 'ချော်လဲရောထိုင်'၊ 'ဟုတ်တယ် အဖေ၊ ကျွန်တော်လဲ ဒီလိုဘဲ အောက်မေ့မိတယ်၊ ပယ်ပယ့် မွေးခါနီးတုန်းက ကျွန်တော့်အမေ ကို ခဏခဏအိပ်မက်တယ်အဖေရဲ့'ဟု မီးလောင်ရာလေပင့် လုပ်ပေးတော့သည်။

ဤကား အတ္တပရ နှစ်ဝအကျိုးရှိပင်။ ကျွန်တော်တို့ဗုဒ္ဓဘာသာ ကိုးကွယ်သူတို့မှာ တမလွန်ဘဝသည်ရှိ၏။ လူ့ပြည်ကိုအလယ်တွင်ထား၍ အထက်တွင် နတ်ဘုံ၊ ဗြဟ္မာဘုံ၊ အောက်တွင် အပယ်လေးဘုံ ယခု ကျွန်တော့်မိခင်သည် အပယ်လေးဘုံမှ လွတ်ကင်းလျက်၊ လူ့ပြည်ပြန်ရောက်လာပြီး ကျွန်တော့်၏သမီး အဖေက သူ၏မြေးဖြစ်လေတယ်ဆိုတော့ အဖေ သည် သူ၏ယုံကြည်မှုနှင့် သူမည်မျှဝမ်းသာရှာချိမ့်မည်နည်း။ ယခင်က ကျွန်တော့်မိခင်၏ လက်ဝတ်လက်စား ရွှေစလေးများကို သူ့မြေးအား ခမည်းပေးသည်။

ပယ်ပယ် နှစ်ခါလည်သမီး အရွယ်လောက်၊ ရွာကိုရောက်သွားသောအခါလည်း၊ အဖေ့ စကားအရ ကျွန်တော့်အမေလူဝင်စားဖြစ်သည်ကို ကျော်ကြားနေပြီဖြစ်၍ ဒါမျိုးဆိုရှုင်းချက်မရှိ ယုံကြည်တတ်သော ကျေးတောရွာသားတို့ ခလေ့အတိုင်း ကလေးအား လာရောက်ကြည့်ရှုကြ လျက်။

'အဲဒါ မလှရင်ဝင်စားတာတဲ့၊ ဟုတ်မှာပါဘဲ၊ မလှရင်နဲ့ တော်တော်တူတာဘဲ'ဟု ဝမ်းသာ အားရ ဝိုင်းဝန်းထောက်ခံကြကုန်၏။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ကျွန်တော့်အမေနှင့် ကျွန်တော့်သမီးဟာ မြေးအဖွားကဘဲ၊ ရုပ်ရည်ချင်းတူသင့်သလောက်တော့ တူကြမှာပေါ့။

အချို့ဆိုလျှင် ကလေးကိုချီကာ. . .

‘ဟဲ့. . . မလှရင်လေး. . နင်ငါ့မှတ်မိရဲ့လား၊ ငါမြကွန်းရယ်လေ အမယ်. . အမယ် ရီတယ် . . . ရီတယ်. . . . မှတ်မိတယ်တော့’

ထို့ပြင် တနေ့သ၌ ပယ်ပယ်သည် ကျွန်တော်တို့ အိမ်နှင့် တော်တော်အလှမ်းဝေးသော ဒေါ်ရွှေယုအိမ်သို့ တယောက်တည်းသွားသည်တဲ့။ ထိုအခါဒေါ်ရွှေယုက ကောက်ချီသည်ကို မငိုသည့်ပြင်၊ ကျွေးသော သရေစာကိုလည်း စားသည်တဲ့။ အကြောင်းမှာ ကျွန်တော့်အမေရှိစဉ်က ဒေါ်ရွှေယုနှင့် အင်မတန်ခင်သည်။ မရှိဆင်းရဲသော ဒေါ်ရွှေယုအိမ်သို့ မကြာခဏသွား၍လည်း လှေ့ရှိသည်။ ကူညီထောက်ပံ့လှေ့ရှိသည်။ ဤသို့ဖြင့် ဒေါ်ရွှေယုက ကျွန်တော့်အမေကို သတိရ၍ ‘ဟဲ့. . နင်မလှရင်ရယ်လား’ဆိုတော့ ကလေးက ခေါင်းညိတ်သတဲ့ဗျ။

ယင်းသို့ဖြင့် ကျွန်တော့်သမီးသည် ကျွန်တော့်အမေဝင်စားတာဖြစ်ကြောင်း ကျွန်တော်တို့ရွာမှာ ပိုမိုသေချာသွားလေသတည်း။

မည်သို့ပင် ဖြစ်လင့်ကစား ယင်းသည် ကောင်းသောအကြောင်းတရားနှင့် အကျိုးရှိသော ယုံကြည်မှုပင်ဖြစ်တော့သည်။ ကျွန်တော်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့ပင်ဖြစ်သည်။ ကျေးတောရွာတွေမှာ များစွာသော အိမ်တို့တွင် လူဝင်စားဆိုသူတွေရှိတတ်ကြသည်။

ဤနေရာ၌ ကျွန်တော့်အမ ဒေါ်သိန်းမေ အကြောင်းပြောချင်ပါသည်။ သူသည် ကျွန်တော်တို့ မွေးချင်းထဲမှာ အကြီးဆုံးဖြစ်၍ ကျွန်တော် ၁၁ နှစ်သားအရွယ်၌ အိမ်ထောင်ကျခဲ့ သည်။ သို့သော် သားသမီးမထွန်းကားခဲ့၊ တယောက်သာ မွေးဖွားပြီး အဖတ်မတင်ခဲ့ပေ။ သို့နှင့် သူတို့လင်မယား နှစ်ယောက်တည်း အိမ်တဆောင်နှင့်နေခဲ့ရာ ၁၉၆၆–ခုနှစ်၌ သူ့ခင်ပွန်းသည် ကိုစံတင် သေဆုံးသောအခါ အမလေးသည် သည်းစွာငိုကြွေးခဲ့၏။ ၃၆–နှစ်ကျော်ကျော် ပေါင်းသင်းခဲ့သော သူ့လင်ယောကျ်ားကို တမ်းတလွမ်းရပေမည်။

သို့သော်လောက၌ ဝမ်းနည်းခြင်းသည်လည်းကောင်း၊ ဝမ်းသာခြင်းသည်လည်းကောင်း ဘာမဆို သင်္ခါရချည်းဖြစ်ပေရာ အမလေး၏ သူ့လင်အတွက် သောကဗျာပါဒကိုလည်း အချိန်က ကုစားလိုက်ခြင်းဖြင့် တစတစ သက်သာရာရခဲ့၍ ကောင်းစွာပကတိ ရှိပြီးသည့်နောက် ၅–နှစ် လောက်အကြာ. . .

၁၉၇၀–ခုနှစ်နွေရာသီ ကျွန်တော်ရွာသို့ပြန်သွား၍ အဖေ့အိမ်တွင် ၅–ရက်မျှနေခဲ့ရာ၊ တနေ့သောအခါ၌ ကျွန်တော့်ညီမ အငယ်ဆုံး ချိုချို၏နှစ်ခါလည်ကျော် သားငယ်၏ရင်ဘတ် လည်ပင်းမှကြိုးနှင့်ဆွဲထားသော ဒင်္ဂါးဝိုင်းခန့် ညစ်ထပ်ထပ်အိတ်ငယ်တခုကို မြင်ရ၍၊ ကျွန်တော် က ‘ဟဲ့. . . ဒီကောင်ကြီးလည်ပင်းကဟာက ဘာတုန်းကွ’ဟုမေးမိရာ အနီးတွင်ပြောင်းဖူးဖက်

ဆေးပေါ့လိပ်ကြီးကို ဖွာနေသောအမလေး မသိန်းမယ်က ရီကျဲကျဲလေးနှင့်၊ 'သူ့နွားဘိုးလေးနဲ့ စပါးဘိုးလေးပေးထားရတာလေ' ဟုပြောတော့ ကျွန်တော့်မှာရုတ်တရက် နားမလည်ပါ။ အကြိုး အကြောင်း မေးကြည့်တော့မှ ဒီကလေးကြီးက အမလေးယောက်ျား ကိုစံတင်ရယ် ဝင်စားတာတဲ့ ဗျ။

'သူ့နွားဘိုးလေးနှင့် စပါးဘိုးလေး' ဆိုသည်မှာ ကိုစံတင်ရှိစဉ်က ကိုင်ခဲ့သောနွား၊ လုပ်၍ ရခဲ့သောစပါးကို သူမရှိသည့်နောက် ရောင်း၍ရသော ပိုက်ဆံကိုဆိုသည်။ ယင်းကိုရည်၍ ငွေဒင်္ဂါးပြားနှစ်ပြားကို အိတ်ကလေးထဲထည့်ချုပ်ပြီး လည်ပင်းမှာ ဆွဲထားပေးခြင်းဖြစ်ပါသည်။ ဤခမည်းရမှ ခလေးသည် အလွန်ကျန်းမာသတဲ့။

အမှန်ဘဲဒီကောင်ကြီးသည် ဤနှစ်ခါလည်ကျော်မှာ ဂင်တိုတို၊ ဝတုတ်တုတ်ကြီး၊ သူ့နာမည်က မောင်ခင်လတ်တဲ့။

ကျွန်တော်ကသူ့လက်ကို ဖမ်းကိုင်၍. . .

'ဟော့. . . မင်းက တကယ်ဘဲ ကိုစံတင်လားကွ' ဆိုတော့ သူက ပြုံးပြုံးကြီးနှင့် ကျွန်တော့် လက်ခုံကိုဆိတ်၍ ပုစွန်ဆိတ်. . . ဆိတ်. . . ဆိတ်. . . လုပ်နေပါသည်။

ကျွန်တော့်အမလေးက နှစ်ခြိုက်စွာပြုံးနေသည်။

ဘယ်သူဘာဘဲပြောပြော စင်စစ်တော့ ကိုယ့်ယုံကြည်ချက်သည် ကိုယ့်အတွက်အမှန်ပင် ဖြစ်သည်။

ထို့ကြောင့်ဤနေရာ၌ ကျွန်တော်က (ပျောက်သောသူရှာလျှင်တွေ့၊ သေသောသူကြာ လျှင်မေ့) ဟူသောစကားကို (သင်ယုံမူ သေသူကို ပြန်လည်တွေ့)ဟူ၍ပင် ဖြည့်စွက်လိုက်ချင်ပါ ၏။

ရှည်ရှည်ဝေးဝေး ရေးမနေတော့ပါဘူး။ ယခုရှုမဝပရိသတ်နှင့် အနီးစပ်ဆုံးကို ဖော်ပြရ သော် ရှုမဝဦးကျော်သည် ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သေဆုံးသွားကြောင်း ခင်ဗျားတို့ သိကြသည်။ သို့သော် ယခုဦးကျော်သည် ရှုမဝတိုက်သို့ ပြန်ရောက်နေကြောင်းကို မိတ်ဆွေတို့ မသိကြသေး။ ရှုမဝအနေနဲ့ကလည်း တရားဝင်ပြော၍မဖြစ်။ ယခု ကျွန်တော့်အနေနဲ့ဖြင့်သာ ပျိုးလာခဲ့သော အကြောင်းအရာနှင့် ဆက်စပ်၍ ရေးသားဖော်ပြနိုင်ခြင်းဖြစ်ပါသည်။

တခြားမဟုတ်ပါဘူး။ ဦးကျော်၏သမီး– ယခု ရှုမဝတွင်အမှုဆောင်စာတည်း မြင့်မြင့်သန်း ၏ သားကြီး သြရသဟာ ဦးကျော်ဝင်စားတာပါတဲ့ခင်ဗျာ။ သူတို့အိမ်ထောင်စုမှာ ပြောနေကြပါ သည်။ အခုဒီသူငယ်သုံးခါလည် ကျော်လောက်ရှိနေပြီခင်ဗျ။ သူ့ကို ဖိုးကျော်. . . ဖိုးကျော်လို့ ခေါ်ကြတယ်။

ဟိုတုန်းက ဦးကျော်ထိုင်ခဲ့တဲ့ စာပွဲမှာ ယခုသူ့သမီးများဖြစ်တဲ့ တင့်တင့်သန်းတို့ မြင့်မြင့်သန်းတို့က ငွေကိုင်စာရင်းကိုင်ထိုင်ကြတယ်။ လွန်ခဲ့တဲ့ တလလောက်က ကျွန်တော်က စာမူပေးပြီး တင့်တင့်ဆီက စာမူခငွေကို ယူနေတုန်း၊ ဖိုးကျော်ဟာ ကျွန်တော့်နောက်ကရောက် လာပြီး ကျွန်တော့်ပေါင်ကို ဖက်ပြီး ကျွန်တော့်တင်ပါးကို ခေါင်းနှင့်ဝှေ့နေတယ်၊ ဒီတော့ အနီးမှာ ထိုင်နေတဲ့ ဦးကျော်ကတော် ဒေါ်ကြည်သန်းက. . .

'ဟဲ့. . . . ဖိုးကျော် နင်က နင့်သူငယ်ချင်းကို သတိရလို့လား'ဟုဆိုလိုက်တော့ ကျွန်တော့်မှာ ရုတ်တရက် ဦးကျော်ကို သတိရပြီး ရင်ထဲမှာ တမျိုးကြီးခံစားလိုက်ရသည်။

ညှော်ခန်းထောင့်၌ ထောင်ထားသော ဦးကျော်၏ဓာတ်ပုံကြီးကို လှမ်းကြည့်လိုက်မိသည်။ ဒီကလေး၏ မျက်နှာမှာ ဦးကျော်၏မျက်စိနှင့်မေးစေ့ချင်း တူတာလည်းအမှန်၊ ကျွန်တော်သည် ကလေး၏ နူးညံ့သော ဆံပင်မွေးလေးတွေကို လက်ဖြင့်သပ်ယင်း. . .

'ဟုတ်လား. . မင်းဦးကျော်လားကွာ၊ ဦးကျော်ဆိုယင်. . . ငါ့ကို ဟိုတုန်းကလို ပိုက်ဆံတွေ ပေးပါအုံးကွ'ဆို၍၊ သူ့မျက်နှာရှေ့လက်ဝါးဖြန့်လိုက်သည်၌၊ 'ဟဲ့. . . ဟဲ့. . . ငါ့ကိုဘာလို့ကိုက်ရတာ တုန်း'

ကျွန်တော့်လက်ကို ကိုက်သဖြင့် ဒေါ်ကြည်သန်းက. . .

'ဟဲ့. . . သား လူကြီးကိုဒီလိုမလုပ်ရဘူး'ဆွဲဆို၍ခေါ်၏။

ကျွန်တော်က 'အေးကွာ ငါကမင်းကို ပိုက်ဆံတောင်းတာနဲ့ ကိုက်ရသလား'ဆိုတော့ သူ့မိခင် မြင့်မြင့်သန်းက. . .

'သူကိုယ်တိုင်က ပိုက်ဆံတောင်းမရလို့ စိတ်ကောက်နေတာလေ၊ သူအားကြီးဆိုးတယ်၊ မအေ့ဆီက မုန့်ဖိုးခဏခဏတောင်းပြီး တွေ့ကရာတွေ ဝယ်စားနေလို့ ဆူပူနေရတာ ဦးလေးရဲ့'

အော်. . . ဖြစ်မှဖြစ်ရလေ ဦးကျော်ရယ်။

အင်း. . . ကျွန်တော့်အမေသည် ကျွန်တော့်သမီးဖြစ်ရသကဲ့သို့၊ ဦးကျော်သည် သူ့သမီး၏ သား ဖြစ်နေရပါတကား။

သေသူတို့သည် ကျန်လူတို့၏ ယုံကြည်ယူဆရာဘဝတွင် ဖြစ်တတ်ကြသည် တမုံ့။

ကျွန်တော့်မိခင်သည် ကျွန်တော့်ဖခင်၏ ယုံကြည်ယူဆချက်အရ ကျွန်တော့်သမီးကြီး ဖြစ်နေရလျက် ယခုရန်ကုန် ဆေးတက္ကသိုလ်အမှတ်တစ်တွင် အင်္ဂလိပ်စာပြ ဆရာမဒေါ်ဦးဦးမေ။

နို့ . . . ကျွန်တော့်အဖေကော ယခု ဘာဖြစ်သွားပြီနည်း။

## ကျွန်တော့်အဖေ၏ကံကြမ္မာ

ကျွန်တော့်အဖေသည် သူ့ကိုယ်သူ ဗေဒင်တွက်လျက် 'ငါက ကံကောင်းတယ်ကွ၊ ငါ့ဇာတာမှာ ဘယ်တော့မှ မဆင်းရဲနိုင်ဘူး'ဟု ပြောလေ့ရှိပါသည်။

ကျွန်တော်သိရသမျှ အဖေ့ဘဝတာမှာဖြင့် သူ့စကားအတိုင်းမှန်ပါသည်။ အဖေ့တွင် ငွေရေးကြေးရေး . . . ဘယ်တော့မှ ချို့တဲ့သည်မရှိ။ သူစားချင်ရာ စားနိုင်သည်။ သူဝတ်ချင်ရာ ဝတ်နိုင်သည်။ သူလှူချင်တာ လှူနိုင်သည်။ သားသမီးများက ထောက်ပံ့စရာမလို၊ သားသမီးများ အား သူကကြည့်ရှုထောက်ပံ့ရသည်သာ။

ကျွန်တော်သည် နိုင်ငံကျော် စာရေးဆရာကြီး ဖြစ်ပါလျက် အဖေ့ဆီက မကြာခဏလက်ဝါးဖြန့်ခဲ့ရသည်။ အဖေသည် ကျွန်တော်တောင်းသမျှ ဘယ်တော့မှမငြင်း။ မရှိဘူး မပေးနိုင်ဘူး ဆိုသည့် စကားအဖေ့ဆီမှာ မကြားခဲ့ဘူး။

အဖေသည် ငွေရေးကြေးရေးအားဖြင့် ချမ်းသာသော်လည်း၊ ကျန်းမာရေးအားဖြင့် မကောင်းရှာပေ။

၁၉၄၉–၅၀ခုနှစ်၊ ဖဆပလခေတ် ပြည်ခရိုင်တွင် ရဲဘော်ဖြူ အုပ်စိုးစဉ်က၊ မင်းမဲ့တိုင်းပြည်ဖြစ်၍၊ သူ့ဒမြတိုက်ခံရတာ ဒမြရိုက်ခံရပြီးကတည်းက ခေါင်းထဲမူးဝေတတ်သည်။ မကြာခဏ ဖျားနာတတ်သည်။

သို့တိုင် သူ့အသက်ကရှည်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ အသက် ၈၆ နှစ်ထဲရောက်အောင် နေခဲ့ရသည်။ ၁၉၇၀ ခုနှစ်လောက်က သူ့အသည်းအသန် ဖြစ်လေရာ၊ သူ့ကိုယ်သူ သေတော့ မည်ဟု တွက်ဆလျက်သားသမီးတွေ အားလုံးခေါ်ကာ လယ်မြေခြံမြေများကို အမွေခွဲပေးသည်။

ထို့အပြင် သားသမီး ၄ယောက်ကို ငွေသားတယောက်တထောင်စီလည်း ပေးလိုက်သေးသည်။ သို့သော် အဖေသည်တကယ်မသေ။ ကျွန်တော်တို့ရှိနေစဉ်မှာပင် နာလန်ထလေသဖြင့်

ကျွန်တော့်အဖို့ အပြန်တွင် အဖေပေးထားသော ငွေတထောင်ယူသွားရမှာ ခပ်ခက်ခက်ဖြစ်နေလေတော့ အဖေက. . .

'အို ယူသာသွားပါကွာ၊ ငါ့မှာရှိပါသေးတယ်'

အမှန်ပင် အဖေ့မှာ ရှိနေပါသေးသည်။ နောက်တနှစ် ၁၉၇၁ ခုနှစ်မှာ ပဥ္စင်းခံပါသေး သည်။

အဖေသည် သူ၏အသက်ကြီးသော အပိုင်းမှာ၊ အိမ်နှင့်ဘုန်းကြီးကျောင်းကိုသာ၊ ကူးသန်း နေတော့သည်။ ဘုန်းကြီးကျောင်းမှာ လိုသမျှ ဒါတဗ္ဗဝတ္တုအစုစုကို လှူဒါန်းသည်။ ဇရပ်ဆောက်သည်။ သိမ်ဟောင်းကို ပြင်သည်။ စာပေပိဋကတ်ဟောင်းတွေလှူသည်။

ကျွန်တော်က ရန်ကုန်မှ ဝယ်ဝယ်ပို့ရသည်။ ဘာဘဲလှူလှူ (ဦးဖိုးဆယ်နှင့် သားသမီးများ ကောင်းမှု)ဟု ကမ္ပည်းထိုးသည်။

'ငါလှူတာတွေ တော်တော် မျိုးစုံနေပြီကွ၊ သားမြေးများလည်း ရှင်ပြုပြီးပြီ၊ ငါတခု ကျန်နေတာက ရဟန်းဒကာကွ'ဟုဆိုပြီး သူမသေမီ တနှစ်မှာ ရဟန်းခံပွဲလုပ်သည်။ ဤအလှူ သွားယင်း အဖေအား ကျွန်တော်က နောက်ရသေးသည်။

'အဖေ ရဟန်းဒကာ ဖြစ်ပြီးယင်တော့ သေမယ့်အခါ ရာသီကို သတိထားဗျနော်'

'ဟေ ဘာလို့လဲကွ'

'အဖေ မှတ်မိအုံးမှာပေါ့၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက ရဟန်းဒကာမ ဒေါ်ခင်သေ တော့လေ. . ဝါတွင်းကြီးဖြစ်နေလို့၊ မြေခေါင်းသွင်းထားရပြီး ပြန်ဖော်ချတော့ ငါးရှဉ့်တွေကို သင်္ဂြိုဟ်လိုက်ရတာလေ'

အဖေက ရယ်မောလျက် 'မင်းဘဲကြံကြံဖန်ဖန် မှတ်မိသကွာ'ဟုပြောပြီး 'သေတာဘဲဟာ့ ဘယ်နေ့ရက်တော့ ကန့်သတ်လို့ ရမှာလဲကွ'

'ဟင်း ဒါဘဲနော်၊ အဖေသေလို့ ငါးရှဉ့်တွေဖြစ်နေယင်တော့ ကျွန်တော်ချက်စားပစ်မှာဘဲ'

သို့သော် အဖေသေချိန်က ကောင်းသွားပါသည်။ ၁၃၃၄ ခုနှစ်နွေရာသီ ကဆုန်လဆန်း ၈ရက်နေ့မှာ သေဆုံးခဲ့ပါသည်။

နောက်ဆုံးအမွေ။

အဖေသေတော့မှ ကျွန်တော်တို့ နောက်ဆုံးရသော အမွေကိုအံ့သြရသည်။ ငွေတစ်ရာ။ ညီအကို မောင်နှမ ၄ယောက်၊ တယောက်ကို အစိတ်စီ။ ဘာကြောင့် အံ့သြရပါသနည်း။ ဒီငွေက ယခုခေတ် ငွေစက္ကူတွေမဟုတ်။ ရှေးရှေး အင်္ဂလိပ်ခေတ်ဟောင်းက ငွေဒင်္ဂါး၊ ဆာပါချုံနှင့် ဝေလာဝေးခေါ်တဲ့ ငွေအစစ်တွေ။

သည်တော့မှ အဖေ့တွင်ပေး၍ မကုန်လှူ၍မခန်းဖြစ်အောင် ချမ်းသာနေသည့် အဖြစ်ကို ကျွန်တော်တို့ စဉ်းစားမိပါတော့သည်။

အဖေ၏ စီးပွားရေးလုပ်ငန်းကို ကြည့်မည်ဆိုလျှင်၊ ကျွန်တော့်အမေသေပြီးမှ ဘာမျှကြိုးကြိုးပမ်းပမ်းမရှိ။ ကိုယ့်လယ်တွေကိုမှ ကိုယ့်အိမ်က မလုပ်တော့ဘဲ၊ လယ်ထောက်ခ ချထားသည်။ သူကတစ်နှစ်တခါလောက်သာ စပါးအရောင်းအဝယ်လုပ်တော့သည်။

စပါးပေါ်စ ဈေးနည်းတုန်း ဝယ်ထားလိုက်။ နောက်ပိုင်းဈေးတက်တော့ ထုတ်ရောင်းလိုက်ဒါဘဲ၊ ယင်းကို ဂျပန်တခေတ်လုံးနှင့် ဖဆပလ ခေတ်တွေထဲမှာ လုပ်ခဲ့ရပြီးနောက်၊ တော်လှန်ရေးအစိုးရတက်၍၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို တည်ဆောက်သောအခါ၊ အဖေသည် ဤစပါးရောင်းအဝယ်ကိုမလုပ်ရတော့ပေ။ သို့သော်အဖေ့မှာ ဝင်ငွေမရတော့ဘူးရယ်လို့ ဆင်းရဲမသွား။ သူသည် ယခင်တုန်းကလိုပင် သုံးချင်ရာသုံး၊ လှူချင်ရာလှူနှင့် နေခဲ့လေရာ၊ ကျွန်တော်တို့မှာ အဖေ့တွင် ဘယ်လိုငွေတွေများ ရှိနေသနည်းဟု တွက်ဆ၍ မရရှိခဲ့သည်။ သူကလည်း မပြော။

ဟော ယခုသူသေလို့ ဒီငွေဒင်္ဂါးလက်ကျန်တရာကို တွေ့ရတော့မှဘဲ အဖေငွေကြေးချမ်းသာခဲ့ပုံကို သိရပေတော့သည်။

ဤဆာပါချုံနှင့် ဝေလာဝေးခေါ် ငွေသားအစစ် ဒင်္ဂါးတို့ကား၊ ကျွန်တော်တို့ လူလားမမြောက်မီ၊ ဂျော့ဘုရင်နံပတ် ၅ မတိုင်ခင်က ထုတ်ခဲ့သော အင်္ဂလိပ်ဒင်္ဂါးများဖြစ်ပေရာ ကျွန်တော်တို့ မိခင် ရှိစဉ်ကတည်းက၊ စုဆောင်းခဲ့ရခြင်း ဖြစ်ပေမည်။

မည်မျှ များပြားခဲ့ပါမည်နည်း။ မပြောနိုင်ပါ။ ရှေးလူကြီးတို့သည် ငွေကိုမြေ၌မြှုပ်၍ စုဆောင်းတတ်သည်။ 'မြေ၌မြှုပ်ထား ငွေဒင်္ဂါး တိုးပွားမရမှတ်' ဟု ဆိုခဲ့သော်လည်း၊ သုံးငွေ မတူခြင်း ခေတ်အဆက်ဆက် ပြောင်းခြင်းဖြင့် ဤဆောင်ပုဒ်က မှားယွင်းရသည်။

ဤငွေဒင်္ဂါးတို့သည် နောင်စကျ္ကူကိုသာ သုံးကြသောအခါ ဘယ်ခေတ်ဘဲရောက်ရောက်၊ ငွေသားစစ်စစ်၏ ပေါက်ဈေးကို ရောင်းရသောကြောင့် အဖေမှာ သူသေသည်အထိ သုံးချင်ရာ သုံး လှူချင်ရာ လှူနိုင်ခဲ့ပေသည်။

ထို့ကြောင့်အဖေက သူ့ဘဝကုသိုလ်ကောင်းသည်ဟု ဆိုခဲ့သည်မှာ မှန်ကန်ပေစွ။

ကျွန်တော့်အဖေ သေဆုံးပြီးနောက်၊ ကြို့ပင်ကောက်မြို့အနီး ရွာငယ်တရွာမှ နာမည်ကြီး လှသော နတ်လေချွန်ထံသို့ ကျွန်တော့်ညီမ ချိုချိုက သွား၍အဖေ ဘယ်ဘဝလားလေသနည်း မေးရာ၊ နတ်သားဖြစ်ပြီး နတ်ပြည်ရောက်သွားပြီတဲ့ခင်ဗျ။

မည်သို့ပင်

ဖြစ်လင့်ကစားဗုဒ္ဓဘာသာတို့ ယူဆချက်သည် ယုံကြည်သူတွေအဖို့ အကျိုး တရား ရှိသည်သာတည်း။

# စာရေးဆရာ၏ သဘော သဘာဝ

[၁]

အချို့သော် အသိမိတ်ဆွေများသည် လမ်းတွင် ကျွန်တော်နှင့်အမှတ်မထင် တွေ့၍ ပဋိသန္ဓာရ ပြုကြရာ၌။

'ဆရာအခု ဘာတွေရေးနေသလဲ' တော်တော်အဖြေရခက်သည့် မေးခွန်းပါ။ အမှန် အတိုင်း 'စာတွေရေးနေတာပေါ့'ဟု ဖြေလိုက်သော် ဘုကျသော စကားဖြစ်တော့မည်။

ထို့ကြောင့် 'ဟိုဒင်းသည်ဒင်းတွေ ရေးနေတာဘဲဗျာ'ဟု ပြီးလွယ်စကြောင်း ပြောလိုက်ရ ၏။ ယင်းသည် သူ့အတွက် သင့်လျော်သော အဖြေဖြစ်သည်ထင်၏။ သူနောက်ထပ် ဘာမျှ မဆက်တော့ပြီ။

အချို့ကမူ 'ဆရာခုတလော ဘာမှ မရေးတော့ဘူးလား. . .'ဟုဆို၏။ စင်စစ်သူသည် ယခု လက်ရှိ ကျွန်တော်ရေးသည့် စာများနှင့် အဆက်ပြတ်နေသည့် အဓိပ္ပာယ်ပင်။

ထို့ကြောင့်သူ့ကို ကျွန်တော်ဘာမျှ စောဒက တက်မနေတော့ဘဲ. . . 'ဟုတ်ကဲ့ မရေးတော့ပါဘူးဗျာ. . .' ဟု ပြောလိုက်တော့၏။

ယင်းသည် သူ့မေးခွန်းနှင့် သင့်လျော်သော အဖြေဘဲဟု ကျွန်တော်ယူဆ၏။ အမှန် အတိုင်း 'ကျွန်တော်လစဉ်မပြတ်ရေးနေတာဘဲဗျာ၊ ခင်ဗျားမတွေ့လို့ပါ၊ (သို့မဟုတ်) မဖတ်လို့ပါ' ဟု ပြောလိုက်သော် သူကြိုက်လိမ့်မည်မထင်ပါ။ စင်စစ် ဤမေးခွန်းမျိုးမေးသော လူစားများမှာ စာပေကို မပြတ်လေ့လာ လိုက်စားနေသူများ မဟုတ်ပါ။

သို့မဟုတ် ကျွန်တော်ရေးနေသည်များကို မျက်ခြည်ပြတ်နေသူများသာဖြစ်သည်။ သည်က ကျွန်တော် ခမျာမှာတော့ စာရေးဆရာဖြစ်သည့် ကာလမှစ၍ ယခုတိုင် အနှစ် ၃၀ ကျော်ခဲ့ပါပြီ။ ရေးလိုက်ရတာ၊ ရေးလိုက်ရတာ၊ (ကျွန်တော်သည် မဂ္ဂဇင်းစာရေးဆရာဖြစ်သည့် အားလျော်စွာ) လစဉ်မပြတ်အနည်းဆုံး မဂ္ဂဇင်းတခုမှာ စာတပုဒ်တော့ ပါမြဲဖြစ်ပါသည်။ ဥပမာ ကြည့်ပါတော့၊ ယခု ရှုမဝမဂ္ဂဇင်းမှာပင် လစဉ်မပြတ်နံပါတ်တပ်ခဲ့သည်မှာ ၇၂ ပင် ရှိခဲ့ပါချေပြီ။

ထို့အပြင် ယခုတလော သွေးသောက် မဂ္ဂဇင်းမှာလည်း လစဉ်လောက် နီးနီးဝတ္ထုတိုများ ပါခဲ့ပေသည်။

ဒီလောက် ရေးနေတဲ့အကောင်ကိုမှ 'အခုဘာတွေ ရေးနေသလဲ'၊ 'ဘာမှမရေးတော့ဘူးလား' ဟု မေးလိုက်တော့၊ ရင်ဝတည့်တည့် လက်သီးနှင့် ထိုးလိုက်သလို အောင့်သက်သက်ရှိလှပါသည်။

စာရေးဆရာတယောက်အဖို့ ထိုထက် အခံရဆိုးသော စကားမျိုးရှိသေးသည်။ ပြောတတ်သောသူများကား စာပေအနုပညာကို ဘာမျှနားမလည်သော လူစား၊ ငွေကြေးသာပဓာန ထားတတ်သည့် စီးပွားရေးသမားများ ဖြစ်ချေသည်။

ဥပမာ ကျွန်တော့် ကျောင်းနေဘက်သူငယ်ချင်း တယောက် မော်တော်ကားကြီး စီး‌ခေါ် အောင်စီးလျက်. . .

'ဟေ့ ဖိုးကြင်ဆွေ၊ စာရေးဆရာလုပ်တာ ကိုက်ရဲ့လား'

သည်တော့ ကျွန်တော်က. . .

'ဟ စာရေးဆရာဆိုတာ ခွေးမှမဟုတ်ဖဲ ကိုက်မလားကွ'

'ဖိုးကြင်ဆွေကတော့ လုပ်ပြီကွာ၊ ငယ်ငယ်က အကျင့်တွေကို မပျောက်သေးဘူး၊ ငွေကြေး စီးပွားရေးဟန်ရဲ့လားလို့ မေးတာကွ'

'ဒါတော့ ဘယ်ဟန်မလဲကွာ. . ကိုယ်က စီးပွားရေးသမားမှ မဟုတ်တာဘဲ'

'အဲဒီတော့ စာလဲရေးပေါ့ကွာ၊ စာမရေးတဲ့အချိန်မှာ သည့်ပြင်ငွေရမယ့် အလုပ်မျိုးလဲ လုပ်အုံးပေါ့'

သူ့အထင်အမြင်တွင် အင်မတန် လျော်ကန်သင့်မြတ်သည့် မဟာအကြံဉာဏ်ကြီးပါပေ။

သူ့စိတ်ထဲ ယူဆသည်မှာ စာဆိုတာ အမြဲတမ်း ထိုင်ရေးနေတာမှမဟုတ်ဘဲ စာမရေးတဲ့ အချိန်တွေမှာ ကျွန်တော်ဟာ အလဟဿ နေတာဘဲဟု အောက်မေ့ချေမည်။ တကယ်တော့ စာရေးဆရာတယောက်တည်း စာတပုဒ်ကို ဘယ်လိုဖြစ်မြောက်အောင် ဖန်တီးရသလဲဆိုတာ၊ မသိသူအဖို့ အပြစ်ဆိုစရာလည်း မဟုတ်ပေ။

စင်စစ် စာရေးဆရာ တယောက်အဖို့တွင်၊ သူ့ခေါင်းထဲရေးစရာတွေ ရောက်လာရန် အတွက် အမြဲတမ်း ရှာဖွေဖန်တီးနေရပါသည်။ ထိုအလုပ်မှလွဲပြီး အခြားကိစ္စကို သူ့ခေါင်းထဲ မသွင်းနိုင်ပါ။ မသွင်းချင်ပါ။

အမှန်အားဖြင့် စာတပုဒ် စာတအုပ်ကို ထိုင်ရေးလိုက်သည့်အချိန်က ကြာညောင်းလှသည် မဟုတ်သော်လည်း၊ ထိုစာကို ရေးနိုင်ဖို့ရှာဖွေစုဆောင်း ကြံစည်ဖန်တီးရသည့် အခါကာလက ပြောမပြနိုင်လောက်အောင်ပင် ရှည်လျားလှပါသည်။

ကျွန်တော်တို့ လူပျိုပေါက်အရွယ်က မိန်းကလေးတယောက်ကို ချစ်မိ၍ဆိုလျှင် စားလဲ ဒီစိတ်၊ အိပ်လဲ ဒီစိတ်ဆိုဘိသို့၊ ကျွန်တော်တို့ စာရေးဆရာများမှာလည်း၊ စာတပုဒ်ကို ရေးတော့ မည်ဟု သူ့စိတ်ထဲအပြည့်အစုံ ရောက်လာပြီဆိုလျှင်ဖြင့်၊ စားလဲဒီစိတ်၊ အိပ်လဲဒီစိတ်ပါဘဲခင်ဗျာ။

လူပျိုကလေး တယောက်ဟာသူ့ချစ်သူလေးကို မညားမီကာလအတွင်းမှာ သူ့မျက်စိထဲ ဝယ်၊ ဝဲလယ် ဝဲလယ် နေဘိသို့၊ စာရေးဆရာတယောက်ဟာလဲ သူ့စာပုဒ် မပြီးခင် အတွင်းမှာ ဖြင့် သူရေးနေတဲ့ အကြောင်းအရာနဲ့ ဇာတ်ကောင်တွေက သူ့စိတ်ထဲမှာ ဝဲလယ်ဝဲလယ်ပါဘဲ ခင်ဗျာ။

အဲ. . . . ခြားနားသည်ကတော့ လူပျိုလေးနဲ့ အပျိုလေးဟာ ညားသွားပြီဆိုလျှင်ဖြင့် ရာသက် ပန်ရိုးမြေကျ ပေါင်းကြစေသတည်းဟု ဆိုရမည်ဖြစ်သော်လည်း၊ ကျွန်တော်တို့စာရေးဆရာများမှာ တော့၊ စာတပုဒ်ပြီးသွားလျှင်ဖြင့်၊ ၎င်းကို မေ့ပစ်လိုက်ဖို့ ကြိုးစားရပြန်ပါရော ခင်ဗျာ။

ရည်းစားထားတဲ့ ကိစ္စမှာတော့ အသစ်တွေ့လို့ အဟောင်းမေ့တယ်လို့ ဆိုကြပါတယ်။

ကျွန်တော်တို့စာရေး ဆရာများမှာတော့ အသစ်တွေ့ဖို့ အဟောင်းကို မေ့ရတာပါခင်ဗျာ။ ဒီအဟောင်းက ခေါင်းထဲက မထွက်သမျှကာလမှာတော့ နောက်ထပ်အသစ်ရဲ့ ပဋိသန္ဓေက အောင်မြင်မလာနိုင်ဘူးခင်ဗျ။

၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ရှမဝမှာဘဲ စာရေးဆရာ စာရေးရတာဟာ၊ ချောင်းထဲ မြစ်ထဲ၊ သဲသောင်ပြင်က လက်ယက်သဲတွင်းကလေးနဲ့ တူတယ်လို့၊ သို့မဟုတ် ကြက်မ ဥအုရတာနဲ့ တူတယ်လို့ ကျွန်တော်ရေးခဲ့ပါပြီခင်ဗျာ။

သဲတွင်းကလေးဟာ အထဲမှာရှိနေတဲ့ရေကို ခပ်ယူလိုက်ပါမှ နောက်ထပ် ထွက်လာသကဲ့သို့၊ ကြက်မဟာလဲ ဥတလုံးဥပြီးမှ နောက်ထပ်တလုံး အုနိုင်သကဲ့သို့ စာရေးဆရာဟာလဲ တပုဒ်ပြီးမှ တပုဒ်ရေးနိုင်ပါတယ်။ အဲဒါမှာ ရေးပြီးသားကိုအပုဒ်က အတွေးအခေါ် ဇာတ်ကွက်ဇာတ် လမ်း ဇာတ်ကောင်တွေကိုလဲ မေ့ပစ်အောင် ကြိုးစားရပါသေးတယ်။

ဘယ်လိုလုပ်ရသလဲဆိုယင် ဒီပြီးပြီးသားစာမူကို ကိုယ်ရည်ရွယ်ထားတဲ့ စာပေတိုက်သို့ အမြန်ပို့ပစ်လိုက်ရခြင်းပါဘဲ။ အဲသူသာ အိမ်မှာရှိနေတုန်းဆိုယင်ဖြင့် စိတ်ထဲက တအုံနွေးနွေး ရှိနေဆဲ။ ဟိုဒင်းလေး ပြင်လိုက်ချင်တာနဲ့၊ သည်ဒင်းလေး ဖြည့်လိုက်ချင်တာနဲ့၊ သံယောဇဉ်ကို ပြတ်နိုင်တယ် မရှိဘူးခင်ဗျာ။ ဥပမာ အားဖြင့် မိန်းမပျိုလေးတယောက် အပြင်ထွက်ဖို့ အလှပြင် နေတာနဲ့ တူပါတယ်။ သူဟာ အိမ်ထဲက မထွက်ရမချင်း မှန်နားက မခွာနိုင်ဘဲ ကိုယ်ကိုဟိုလှည့် လိုက် သည်လှည့်လိုက်၊ တင်ကော့လိုက် ရင်မော့လိုက်နဲ့။ အို. . . ဒါကို ခင်ဗျားတို့ သိပါတယ်လေ။ ကျွန်တော်ရေးပြစရာ မလိုတော့ပါဘူး။

[၂]

ကျွန်တော်သည် ထိုနေ့နံနက်ပိုင်းက ဝတ္ထုတိုတပုဒ် ပြီးလေပြီ။ သွေးသောက်အတွက် ဖြစ်၏။ ဝတ္ထုအဆုံးသတ်ပြီး ဟူးကနဲသက်ပြင်းကြီး ချလိုက်၍၊ ထိုင်ရာမှထ၊ ကိုယ်လက်အညောင်း ဆန့်ယင်း. . .

'မေ. . . ငါထမင်းစားလို့ ရပြီ'ဟု ဇနီးသည်အား လှမ်းပြောလိုက်ရ၏။ အချိန်က ၁၁ နာရီ ကျော်ပြီ

နံနက်စာစားပြီး ကျွန်တော် တမေ့မိုန်း၏။ အိပ်ရာမှ ထလတ်သော်၊ ရေမိုးချိုး၊ ပြီးပြီးသား ဝတ္ထုကို ပြန်စစ်ဆေး၊ ဟိုးဒင်းလေးပြင်၊ သည်ဒင်းလေးဖြည့်၊ ကြည့်မဝ၊ မိန်းမပျိုလေးများ မှန်ရှေ့ က မခွာနိုင်သလို။ အို. . . မဖြစ်ဘူး။ ဒင်းသံယောဇဉ် ဖြတ်ပါမှ၊ ဒင်းရှိသမျှ၊ ငါနောက်တပုဒ် ရေးနိုင်မှာမဟုတ်ဘူး။ ရှုမဝအတွက် ရေးရက်လည်း ရောက်နေပြီ။

ထို့ကြောင့် သူ့ကိုလိပ်၊ မျှော့ကြိုးနဲ့ပတ်၊ အဝတ်လဲပြီး သွေးသောက်တိုက်သို့ လစ်ခဲ့ရ၏။

အဲ. . . . အိမ်ကမထွက်မီ မှာခဲ့ရသေး။

'ဟေး. . . မေရေ၊ ဒီညနေ ကိုငှက်ရိုးရယ်သေတ္တာတလုံးလာပေးလိမ့်မယ် ဘာမှမေးမနေနဲ့၊ ယူသာထားလိုက်သိလား' ဆိုပြီး ကျွန်တော်ခြံဝင်းထဲမှ အမြန်ထွက်ခဲ့၏။ နို့မဟုတ်လျှင် မိန်းမပီပီ ဘာသေတ္တာလဲ၊ ဘာလုပ်ဖို့လဲ စပ်စုနေပါဦးမည်။ ဘာဖြစ်ကြောင်းသူ့အား ကျွန်တော်ပြော၍ မဖြစ်။ ဒီကိစ္စကို သူကြိုက်လိမ့်မည်မဟုတ်။

သူကကြောင်ကို အလွန်ချစ်တတ်သောသူ၊ ကိုငှက်ရိုးလားပို့မှာက ကြောင်ထောင်ချောက်။

## သွေးသောက်တိုက်

သွေးသောက်အိမ်က အင်းလျားလမ်းမှာ ကျွန်တော့်နေရာနှင့် တမိုင်ခွဲလောက်ဝေး၏။

ကျွန်တော်တို့ ဖမိုင် မာလကာခြံကထွက်၊ အင်းလျား ကန်ဘောင်ရိုးပေါ်တက်၊ ကန်ဘောင်ဆုံးတော့ တက္ကသိုလ်ဝင်းထဲဖြတ်၊ နို့ပြီးမှ အင်းလျားလမ်းဆက်၊ ရာသီဥတု သာယာချိန်မှာ လမ်းလျှောက်ကောင်းရုံလေးပါဘဲ။

နေ့လယ် ၂နာရီလောက် သွေးသောက် လင်မယားနှင့်အဆင်သင့်ဘဲတွေ့၍၊ ကိုပြည့်စုံက သူ့တိုက်သံတံခါးကို ဖွင့်ပေးယင်း. . .

'ဝတ္ထုပါလားဗျ. . .'

'မပါဘဲနဲ့ ကျွန်တော်ဘာကိစ္စလာမလဲဗျ' ဆိုပြီး ကျောဘက်ခါးကြားက စာမူလိပ်ကို ထုတ်ပေးလိုက်၏။

စာပွဲ၌ ထိုင်မိကြသောအခါ ဒေါ်ခင်လတ်က 'ကိုဆွေ ဘာသောက်မလဲ'

'ဘာသောက်စရာတွေများ ရှိလို့လဲဗျာ၊ ဘီယာလား၊ ဘရန်ဒီလား၊ ဝီစကီလား၊ ရှန်ပိန် လား၊ ကျွန်တော်က ဘာမဆို သောက်တာပါဘဲဗျာ'

ဒေါ်ခင်လတ်က သူ့မျက်နှာ၊ ဝဝိုင်းဝိုင်းတွင် အပြုံးလှိုင်းများလှုပ်ရှားကာ 'အောင်မယ် လေး. . .'ဒါတွေတော့ ဘယ်ရှိမှာတုန်း၊ အိမ်ကလူလဲ မသောက်တာကြာပြီ'

'နို့ ဘာသောက်ဖို့ မေးတာတုန်း'

'ရေ. . .'

'အောင်မယ်လေး. . . ဒါဆို မသောက်ရတာ ကြာပြီပေးစမ်း ပေးစမ်း. . .'

'အကောင်းပြောစမ်းပါ၊ အအွေးသောက်မလား၊ အအေးသောက်မလား'

'ကဲ လွယ်ရာပေးဗျာ'ဆိုတော့မှ ကိုပြည့်စုံက. . .

'သူ့မျက်နှာချွေးစို့လာတာဘဲကွာ၊ အောရိန်းချ်ပေးလိုက်ပါ'ဆိုပြီး သူတို့အိမ်ဖော်မလေး ကို ပန်ကာဖွင့်ခိုင်း၏။

'ကျွန်တော်က. . . . အဲ. . . ခင်ဗျားပညာရှိတယ် ဒါကြောင့် ပညာရှိရဲ့ဝတ္ထုကို ခင်ဗျားလက်ထဲ ကိုင်ထားတာဘဲ'

'ထိုအခါမှ ဒေါ်ခင်လတ်က အအေးသေတ္တာထဲမှ လိမ္မောရည်တပုလင်းနှင့် ပလိန်းကိတ်ကို ယူပေးပါသည်။

ကျွန်တော်က စားယင်းသောက်ယင်း သူတို့နှင့် လေပန်းပြီးနောက် 'ကဲစားလို့သောက်လို့ ပြီးပြီ၊ ဝတ္ထုဖိုးလဲ ငွေရပြီ ကျွန်တော်သွားတော့မယ်'

ကိုပြည့်စုံက 'အစောကြီးရှိသေး နေပါအုံးလားဗျ၊ လေးနာရီထိုးလောက်မှ ပြန်ဗျာ၊ ကျွန်တော့်သမီး ကျောင်းကြို့ယင်း ကားနဲ့လိုက်ပို့ပါမယ်'

'နေပါစေဗျာ ဒီခရီးနဲ့ဒီခရီး ကျွန်တော့်ခြေထောက်ကလေးအကျင့်ပျက်သွားပါအုံးမယ်၊ နို့ပြီး ကျွန်တော်အိမ်မပြန်သေးဘူးဗျ၊ ထင်လင်းဆီ သွားအုံးမယ်'

ကျွန်တော်တို့ အသက်ကြီးကာမှ ဟိုဟိုဒီဒီလဲ သွားလာလည်ပတ်မှုမရှိတော့။ ကျွန်တော်နှင့်နီးနီးနားနားဆိုလျှင် တိုးတိုးဖော် ထင်လင်းတယောက်ဘဲ ရှိတော့သည်။ သူ့အိမ်က လှည်းတန်းမှာ ကျွန်တော့်အိမ်နှင့် တမိုင်လောက်ဘဲဝေး၏။ ကိုပြည့်စုံအိမ်ကနေပြီးတော့လဲ တမိုင် လောက်ဘဲ လျှောက်ရတော့မည်။

ကျွန်တော်သည် ယခုအချိန်၌ ဝတ္ထုတပုဒ်ပြီးခဲ၍ ထိုအပုဒ်ကို စိတ်ထဲမှဖျောက်ကာ နောက်တပုဒ် ကူးရတော့မည်။ ဤကြားကာလအချိန်ဝယ်၊ ကျွန်တော့်ဦးနှောက်ကို အနားပေးလိုသည်။

ထင်လင်းအိမ်သွားပြီး ထင်လင်းနှင့် လေပန်းလိုသည်။ ကိုယ်နှင့်စိတ်သဘော တိုက်ဆိုင်သူချင်းဆိုလျှင် စကားတွေ ပြောမကုန်နိုင်အောင်ရှိတတ်သည်။ သူလည်း ကျွန်တော့်လိုဘဲ (ယခုအချိန်မှာ) အိမ်ထဲက တတ်နိုင်သလောက် မထွက်ဘဲနေသူဖြစ်သည်။

ကျွန်တော်တို့ စာပေနယ်မှာ အသက်အရွယ်ချင်းတိုက်ဆိုင်သူ သုံးယောက်ရှိသည်။ ဒဂုန်တာရာရယ်၊ ထင်လင်းရယ်၊ သော်တာဆွေရယ်၊ သူတို့သည် ၁၉၁၉ ခုနှစ် မေလဖွားတွေဖြစ်ကြသည်။

ဤသုံးယောက်တွင် ကျွန်တော်က မေလ ၂၆ရက်ဖွားဖြစ်၍၊ အငယ်ဆုံး အထွေးဆုံးဖြစ်သည်။ သူတို့က ရက်ပိုင်းကြီးကြသည်။ ဒဂုန်တာရာကား ကျွန်တော်တို့နှင့် အနေဝေး၍ တွေ့ခဲလှသည်။ အခု မျက်စိမကောင်းသဖြင့် ဟိုဟိုဒီဒီတောင် တယောက်ထဲသွားဖို့ ခဲယဉ်းနေသည်ဟုကြားရသည်။

အော်. . . သူကလူပျိုကြီး အိမ်ထောင်သားမြေး မရှိလို့လဲတမျိုးဒုက္ခဟဲ့။ အင်း. . . ဒုက္ခများမသေသေးသူတွေအဖို့ အမြဲတမ်း ရှိနေပါကလား ကရို့. . . ။

ယင်းသို့ အတွေးယာဉ် စီးခဲ့ခြင်းဖြင့် ကျွန်တော်သည် ထင်လင်းဂေဟာသို့ ခြေလှမ်းရမှန်းမသိဘဲနှင့် ရောက်ခဲ့တော့သည်။ သူ့အိမ်ရှေ့ရောက်သော် ကျွန်တော်ချက်ချင်း မဝင်ရသေး။ အိမ်ဝမှာ ဆော့နေကြသော သူ့မြေးသုံးကောင်ကို မေးရသေး၏။ လက်ညိုးနှင့် နှစ်နေရာကို ထိုးပြကာ. . . .

'ဟေ့. . နင်တို့အဘိုး ဟိုမှာလား၊ ဒီမှာလား'

အကြောင်းမှာ ထင်လင်းအိမ်က ကျဉ်းမြောင်းသလောက် မြေးတွေကများလွန်း၍ သူသည် မြေးတွေဒဏ်မခံနိုင်သဖြင့် မူလအိမ်ပေါ်တွင် မနေနိုင်တော့ဘဲ ခြေရင်းဘက်က သူ့စာသင်ကျောင်းကလေးထဲမှာ အခန်းတခုဖွဲ့၍ နေရသည်။ ကိစ္စကြီးငယ်ရှိမှသာ အိမ်ပေါ်သို့တက်သည်။

ကျွန်တော်သည် ယခုရောက်ခဲ့သော နှစ်နေရာကို နှိုင်းယှဉ်၍ ကြည့်မိသည်။ အင်းလျားလမ်းမှ သွေးသောက်တိုက်က မြို့ကြီးဝင်းကြီးကျယ်သလောက် ထင်လင်းအိမ်က ဝင်းထရံမရှိ ဟိုဘက်အိမ် ဒီဘက်အိမ် နံရံသာ ခြားနေ၏။

နို့ပြီး ထင်လင်းမှာ မြေးတွေများသလောက်၊ သွေးသောက်မှာ တယောက်မျှမရှိသေး။ ကိုပြည့်စုံ ဒေါ်ခင်လတ်တို့တွင် သားနှစ်ယောက်သမီးတယောက် လူပျိုအပျိုအရွယ်ရောက်ပြီ ဖြစ်နေကြသော်လည်း တယောက်မျှ အိမ်ထောင်မကျသေး။ သမီးလေးကို လာမည့်သီတင်းကျွတ် မှ မင်္ဂလာဆောင်ပေးမည်ဟု သမီးနှင့်သမက်နေရန် တိုက်ငယ်တလုံးကို သူတို့တိုက်ကြီးနံဘေးမှာ ယခုဆောက်လုပ်နေသည်။

အော် . . ကိုပြည့်စုံတို့မှာတော့ မြေးရဖို့ကို ယခုမှ ခတ်ကွင်းပြင်တုန်းပါကလား။ ကိုထင်လင်းမှာတော့ မြေးတွေ ဘယ်လောက်များနေသနည်းဟူမူ၊ အရှင်သာရိပုတ္တရာသည် ကောင်းကင်မှ ကြယ်တွေကို ရေတွက်နိုင်သည်ဟုဆို၏။

ကျွန်တော်ကား ထင်လင်း၏ မြေးတွေကို မရေတွက်နိုင်ပါ။ အနှီလိုဆိုတော့ သော်တာဆွေက ပိုလွန်းသည်ဟု ပြောကြမည်။ မဟုတ်ဘူး။ ခင်ဗျားစဉ်းစားကြည့်ပါ၊ ထင်လင်း၏ သုံးပင်နှစ်ခန်း အိမ်ကျဉ်းကလေးထဲတွင် သူ့သမီးနှင့် ချွေးမတွေ၊ ဘယ်နှစ်မက ပေါက်ဖွားထားပါ သနည်း။

ရှင်သာရိပုတ္တရာ ကောင်းကင်ကကြယ်တွေ ရေတွက်ရသည်မှာ ကြယ်တွေကငြိမ်ငြိမ်သက် သက်ရှိကြကုန်၏။ ဤထင်လင်း၏ မြေးပုစုခရုတွေက အိမ်ကျဉ်းကျဉ်းကလေး အိပ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ ဝင်လိုက် ထွက်လိုက်နှင့် တလှုပ်လှုပ် တရွရွနေကြတာကို ကျွန်တော်ဘယ်သို့ ရေတွက်ပါမည်နည်း။ နို့ပြီး ရွယ်တူတွေမျက်နှာတူတွေ တကယ်မလွယ်ဘူးနော်။

ယခုပင်လျှင် ကျွန်တော်သူတို့အိမ်ရှေ့ရောက်တော့၊ အိမ်ပေါ်တွင် မဆန့်၍ အန်ကျလာဟန်တူသော မြေးသုံးယောက်ကို 'နင်တို့အဘိုးဘယ်မှာလဲ' ဟု မေးလိုက်တော့ တယောက်က အိမ်ပေါ်ကိုပြ၏။ တယောက်ကစာသင်ကျောင်းဘက်ပြ၏။ ကျွန်တော်ခက်ပြီ။ ထိုစဉ်မှ သူတို့အဘွားဒေါ်ခင် အိမ်ရှေ့ထွက်လာတာမြင်၍. . .

‘ဆရာထင်လင်း ဘယ်မှာလဲဗျ’ဟု မေးတော့မှ၊ ကျောင်းဘက်ညွှန်ပြ၍ ထိုအဆောက်အအုံထဲဝင် စာသင်ခန်းကိုဖြတ်ခဲ့ပြီး၊ သူ့အိပ်ခန်းဝက်သိုက်ကလေးထဲ ဝင်ခဲ့ရသည်။ အဆင်သင့်ဘဲ တွေ့၍. . .

‘လာထိုင် ကိုဆွေ’ဆိုပြီး သူ၏ တခုတည်းသော ပက်လက်ကုလားထိုင်လေးမှ ထပေးကာ အိပ်ရာပေါ်မှာ ထိုင်၏။

တခဏမျှသာ စကားပြောနေပြီးနောက် သူ့လက်ပတ်နာရီကို ကြည့်၍. . .

‘၄ နာရီမှာ ကျွန်တော့်ကလတ်စ်ရှိတယ်ဗျို့၊ ၁၅ မိနစ်လိုတော့တယ်၊ ကျွန်တော်သွားရေချိုးလိုက်အုံးမယ်၊ ခင်ဗျားမပြန်သေးဘူး မဟုတ်လား၊ ကျွန်တော့်ကလတ်စ်ပြီးအောင် နေအုံးဗျာ၊ ရော့ ဒီမှာစာအုပ်တွေ ဖတ်နေ’ဟု စာအုပ်တပုံ ကျွန်တော့်ရှေ့ထိုးပေး၏။

ကျွန်တော်လည်း မမှောင်မချင်း အိမ်သို့မပြန်လိုသေးပေ။ ပြန်လျှင်အခ္ခရာယ်ရှိ၏။

အဘယ်ကြောင့်ဆိုသော် မေက အလုံမှ သူ့တူမတယောက်က ထင်းမီးသွေးကန်ထရိုက်ရသတဲ့ဗျာ၊ အဲဒါကို ကျွန်တော်တို့ အပိုင်းက ထင်းမီးသွေးဆိုင်တွေကို ရောင်းဖို့လိုက်စပ်၊ ‘ကိုယ့်ဖို့ ငါးဆယ် တရာရနဲလား’ဆိုပြီး ကျွန်တော့်မိန်းမက ကျွန်တော့်ကို ခိုင်းနေတယ်ဗျ။ ကျွန်တော်ကလဲ ဒီအလုပ်ကို ကျားမြီးဆွဲရမှာထက် ကြောက်တယ်။

ဒါကြောင့် ထင်လင်းအား ကျွန်တော်က. . .

‘ခင်ဗျားလုပ်စရာရှိတာကို အေးအေးဆေးဆေးသာလုပ်ဗျာ၊ ကျွန်တော်ဒီမှာစာဖတ်ယင်း စောင့်နေမယ်’

ထင်လင်းအခန်းမှာ စာအုပ်တွေ၊ ပန်းချီကားတွေ၊ ပန်းချီဆွဲကိရိယာတွေနှင့် ရှုပ်ပွနေ၏။ သူသည် အင်္ဂလိပ်စာပြ ဆရာလည်းလုပ်၏။ စာလည်းရေး၏။ အပျော်တမ်းပန်းချီလည်း ဆွဲ၏။ လူတယောက်ထဲ အင်အားကို သုံးမျိုးအသုံးချနေသူဖြစ်၏။

## စာအုပ်ကောင်း

ထင်လင်း ကျွန်တော့်ရှေ့ချသွားသော စာအုပ်တွေထဲမှ တအုပ်ကို ဆွဲထုတ်လိုက်၏။ ကံအားလျော်စွာ ကျွန်တော်ကြိုက်သော စာအုပ်ကောင်းဖြစ်နေ၏။ ယင်းကား ထင်လင်း မြန်မာပြန်သော ပေါ်လီယာနာ။

ယခု စာအုပ်က တတိယအကြိမ် နှိပ်ခြင်းဖြစ်၏။ ပထမဦးဆုံးအကြိမ် လွန်ခဲ့သော ၃နှစ်ကပင် ဤစာအုပ်ကို ကျွန်တော်ဖတ်ပြီးပါပြီ။ သို့သော် ဒီစာအုပ်မျိုးက တကြိမ်မက ဖတ်ထိုက်သော စာအုပ်ဖြစ်၏။

စာအုပ်များတွင်ဆုံးလျှင်ပြီးရော ရေသောက်သလို ဂလောက်ဂလောက် ဖတ်ရသော စာအုပ်၊ အစာအာဟာရကောင်း စားရသလို အရသာခံပြီး ညက်ညက် ဝါးမျိုရသော စာအုပ်ဟူ၍ နှစ်မျိုးရှိလေရာ၊ ပေါ်လီယာနာ သည် ဒုတိယ အမျိုးဖြစ်၏။

ပေါ်လီယာနာသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဝါဒမရွေး။ ဗုဒ္ဓဘာသာ ဖတ်ဖတ်၊ ခရစ်ယန်ဖတ်ဖတ်၊ ဘာသာမထားသော ကွန်မြူနစ်ဘဲဖတ်ဖတ်၊ အကျိုးရှိသော စာအုပ်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်း လူမှန်သမျှကြုံတွေ့ခံစားရတတ်သော ဒုက္ခဝေဒနာမျိုးကို ကုစားပေးရန် ဒီစာအုပ်က ညွှန်ပြ၏။

ကျွန်တော်သည် ဤစာအုပ်ကို နှစ်ခြိုက်စွာဖတ်နေလိုက်ရာ အချိန်သည် ကုန်သွားမှန်း မသိလိုက်ရပေ။ ထင်လင်းသည် သူ့တနာရီသင်တန်းပြီးဆုံး၍ အခန်းထဲပြန်ရောက်လာကာ အပေါ်အင်္ကျီကိုချွတ်ယင်း. . .

'ကိုဆွေ ခင်ဗျားပျင်းနေပြီလားဗျ'

ဒီတော့မှ ကျွန်တော်က စာအုပ်ကို မျက်နှာကခွာလိုက်ပြီး၊

'ပျင်းဖို့ဆိုတာ ခင်ဗျားပြောမှ သတိရတော့သဗျာ'

စင်စစ် ကျွန်တော်လိုအကောင်မှာ စာရေးလျှင် ရေးနေ၊ စာဖတ်လျှင် ဖတ်နေ၊ သို့မဟုတ်ပါက စာရေးဖို့ကို မပြတ်စိတ်ကူးနေရသူဖြစ်ပေရာ ပျင်းနေဖို့ကို အချိန်မရှိရှာပေ။ ထင်လင်းက စာရေးစာဖတ်အပြင် ပန်းချီဝါသနာတခုက ကျွန်တော့်ထက်ပင် ပိုနေပါသေးသည်။

ထိုညနေ၌ ထင်လင်းနှင့်ကျွန်တော်သည် တနာရီလောက်လေပန်းပြီးနောက် ၆နာရီခန့် ဝယ် ကျွန်တော်ပြန်သင့်ပြီဟု ထိုင်ရာမှအထတွင် သူ့စာအုပ်စင်မှာ မြန်မာစာ မြန်မာမှုးမင်းသုဝဏ် ဟူသော စာအုပ်ကို တွေ့လိုက်ရာ. . .

'ဟာ ဒီစာအုပ်ကို ကျွန်တော်ယူသွားအုံးမယ်ဗျို့'

ထိုစာအုပ်ကို ခါးထိုး၍ ကျွန်တော်သည် ရှခင်းသာလှသည့် နေဝင်ရီသရောဝယ် လမ်းလျှောက်၍ပင် ပြန်ခဲ့သည်။

အိမ်သို့ရောက်သော် လက်သမားဆရာ ကိုငှက်ရိုးထံမှ ကျွန်တော်မှာထားသော ကြောင် ထောင်ချောက်က ရောက်ရှိနေပေပြီ။

အလျားနှစ်ပေကျော်ကျော်၊ အနံ တပေပတ်လည်ခန့်၊ လေးထောင့်သေတ္တာတဖက်ပိတ် ရိုက်၍ ကျန်တဖက်မှာ အဖွင့်အပိတ်နှင့် မောင်းခြေနင်း တပ်ဆင်ထားပေသည်။

ကြောင်ဝင်လျှင် မလွတ်ပြီ။ ကြောင်ဝင်ရန်မှာ ငါးကြော်၊ ငါးကြော်မကြိုက်ကြောင်မိုက်' ဆိုသောစကားရှိသည်။ အိမ်ရှင်မကို မနက်ကတည်းက ကျွန်တော်စားဖို့ ငါးကြော်ထားခိုင်းခဲ့ သည်။ ကျွန်တော်ထမင်းစားပြီး အိပ်ရာဝင်ခါနီး၌ ကြောင်ထောင်ခြောက်ထဲ ငါးကြော်ထည့်၍ ပြင်ဆင်ထားလိုက်သည်။

ည–ညတွင် အိမ်ထောင်တကာလည်၍ ကြက်ငယ် ဘဲငယ်တို့ကို ကိုက်ချီလေ့ရှိသော ထိုကြောင်ကို ကျွန်တော့်အိမ်အတွက်သာမက တရပ်ကွက်လုံးအဖို့ ကျွန်တော် သုတ်သင်ရပေ မည်။

## စာရေးဆရာ့ကံ

ကျွန်တော်အရက်သောက်စဉ်တုန်းကမူ ညစာထမင်းစားပြီးတယ်ဆို တခေါခေါ် အိပ်ပျော် သွားပေတော့သည်။ ယခုအရက် မသောက်တော့ ၉နာရီ ၁၀ နာရီ မကျော်ဘဲ၊ အိပ်မပျော်တတ်၊ သည်တော့ စာအုပ်ကို အဖော်ပြုရသည်။

ထို့ကြောင့် အခုညမှာတော့ ညနေက ထင်လင်းအိမ်မှ ကျွန်တော်ပင့်ခဲ့သော ဆရာ မင်းသုဝဏ်၏ မြန်မာစာ မြန်မာမှု သုတေသနဆောင်းပါး ပေါင်းချုပ်ဖြစ်၏။ အားလုံး (၃၂)ပုဒ် ရှိရာ၊ မာတိကာခေါင်းစဉ်အတိုင်း ဖတ်ခဲ့၍ (၁၁)ပုဒ် မြောက်တွင် အိမ်အောက်မှ ဂျောက်ကနဲ

ထောင်ချောက်ကျသံနှင့်အတူ ဒုတ်ကနဲ တချက် ကြောင်တိုးသံကြားရသည်၌ ကျွန်တော်ဝမ်းသာအားရစာအုပ်ချပြီး အိပ်ရာမှ ခုန်ထ၍ လက်နှိပ်ဓါတ်မီးနှင့် အောက်သို့ ဆင်းခဲ့တော့သည်။

အခြားကြောင်များ ဖြစ်နေအုံးမှာလားဟု သံဇကာရိုက်ထားသည့် အပေါ်ပေါက်မှ မီးထိုးကြည့်လိုက်သည်။

ဟား. . ဟား. . ဟုတ်သပေါ့။ ဒီကြောင်နက်၊ ကြောင်သိုးကြီး၊ နှစ်ပိဿာခွဲ သုံးပိဿာလောက်ရှိမယ်။

ဒီကြောင်ကို ကျွန်တော်ဘယ်လိုစီမံသလဲ။ ဒီကိစ္စကိုထား စာဖတ်သူတွေနဲ့ မဆိုင်ဘူး။ ကြောင်သားဟာ အုန်းနို့နဲ့နှပ်စားယင် သိပ်ကောင်းတယ်ဆိုပေမင့် ခင်ဗျားတို့ကို ကျွန်တော်ဟင်းတဖတ်မှ ကျွေးနိုင်တာမဟုတ်ဘူး။

အဲ. . . စာပေဝါသနာရှင်များအတွက် ကျွန်တော်ပြောချင်တာက 'အမဲသားငါး ရှာဖွေနေကြတဲ့ မုဆိုးမှာ မုဆိုးရဲ့ကံ၊ တံငါမှာ တံငါရဲ့ကံ ရှိနေသလိုဘဲ အမြဲတမ်းစာရေးဖို့ ရှာကြံနေတဲ့ စာရေးဆရာမှာလဲ စာရေးဆရာကံရှိသည်' လို့ ကျွန်တော်ပြောချင်တယ်ဗျ။

ဘာကြောင့်လဲဆိုတော့ အခုကြောင်မိတဲ့အချိန်မှာ ကျွန်တော်ဖတ်နေတဲ့ ဆရာမင်းသု ဝဏ်ရဲ့ ဆောင်းပါးနာမည်က ကြောင်တသက်၊ ကြက်တမြုံ' တဲ့ခင်ဗျ။ ဒီဆောင်းပါးနဲ့ ကျွန်တော်ကြောင်ဖမ်းရတာက သိပ်ပြီးသက်ဆိုင်နေတယ်။

ပထမတော့ ဒီဆောင်းပါးထဲကလိုရင်းလောက်ဘဲ ကျွန်တော်ထုတ်ယူမယ် စိတ်ကူးပါသေးတယ်၊ ဒါပေမယ့် ဆရာ့စာ အရသာဟာ ပျက်သွားမယ်။ ကျွန်တော်နှမြောတယ်။ ဒါကြောင့် သိပ်လဲမရှည်သမို့ အားလုံးဘဲ ကူးထည့်လိုက်ပါတယ်။ အမှန်ဆို ဆရာမင်းသုဝဏ်ဆီ ကျွန်တော်ခွင့်တောင်းဖို့ တာဝန်ရှိပါတယ်။ သို့သော် ဆရာက ယခု မြန်မာပြည်မှာမနေ။ ဂျပန်ပြည်မှာ ကိုယ့်တိုင်းပြည်မှာ ကိုယ်ကျောင်းဆရာလုပ်ရတာ အားမရသေးလို့ သူများတိုင်းပြည်ပါသွားပြီး ဆရာလုပ်နေချေသေးရဲ့ ကျန်းမာရွှင်လန်းပါစေ။

ဆရာ့ဆောင်းပါးသည် အောက်ပါအတိုင်းဖြစ်၏။

## ကြောက်တသက် ကြက်တမြုံ

ပုဂ္ဂိုလ်တဦး သောင်းကျန်းနေခြင်းကြောင့် ပုဂ္ဂိုလ်အများ အတိဒုက္ခရောက်ရသောအခါမျိုး ၌ ကြောင်တလက် ကြွက်တမြုံ့ဘဲဟော့’ဟု လူကြီးသူမများ ပုံခိုင်းပြောဆို ညည်းညူသည်ကို ကြားဘူးရသည်။

၎င်းစကားပုံကို ငယ်ငယ်ကပင် ကြားဘူးသည်။ အခြေခံသဘောကို ငယ်ငယ်ကပင် နားလည်လိုက်သည်။ ကြောင်သည်ကြွက်ကို ခုပ်၍စားသည်ကို ခဏခဏကြုံတွေ့နေရသော ကြောင့် ၎င်းစကားပုံကို အလွယ်နှင့်ပင် နားလည်လိုက်ပုံရပါသည်။ ထို့ပြင်လည်း ကြောင်ကြွက်တို့ နှင့် ပုံခိုင်းရလောက်အောင် ထပ်တူထပ်မျှ ဖြစ်ပေါ်နေသော ပတ်ဝန်းကျင် ကိစ္စတို့ကလည်း ၎င်းစကားပုံကို ရှင်းလင်းပြလျက်ရှိပြန်သည်။

စာဖတ်တတ်သောအရွယ်၊ စာအုပ်များကို ကြည့်ရသောအခါ ကြောင်တသက်ပုံ၊ ကြွက် တမြုံ့ ဟူ၍လည်းကောင်း၊ ကြောင်တကောင်အတွက် ကြွက်တမြုံ့ဟူ၍လည်းကောင်း၊ ကြောင် တကောင်အတွက် ကြွက်တမြုံ့ပျက်သည်ဟူ၍ လည်းကောင်း စကားပုံတို့ကို ငယ်စဉ်က ကြားဘူး သည်နှင့် အနည်းငယ်ကွဲ၍တွေ့ရပြန်သည်။ ကြောင်တလက်မှ ကြောင်တသက်ဟု ပြောင်းသွား သည်သာ။ အခြေခံသဘောမှာ မထူးခြားပေ။ ပုဂ္ဂိုလ်တဦးသောင်းကျန်းနေခြင်းကြောင့် ပုဂ္ဂိုလ် အများ အတိဒုက္ခရောက်ရခြင်းကိုပင် ဖော်ပြပေသည်။

ထို့ကြောင့်လည်း စလေဆရာ ဦးပုညသည် ဝိဇယပြဇာတ်၌ ဝိဇယမင်းသား သောင်းကျန်း ပုံကို ပြရာတွင် ၎င်းစကားကို ထည့်သွင်းထားခြင်းဖြစ်ပေရာသည်။

သားရှူးသားမိုက်၊ ဒုစရိုက်ကို

လိုလိုက်မိ၍၊ ကေရာဇ်ဘုန်းထက်

မင်းဖြစ်လျက်နှင့်၊ ငါအရှက်တွေ့ရပြီ။

ရေမြေ့သနင်း၊ မင်းတို့ဓမ္မတာ

ပြည်သူနှင့်သား၊ အချစ်အားဖြင့် မခြားရာ။

မေတ္တာညီမျှ ကောင်းပေသည်။

စရိုက်မသိ အမိုက်ပိုကို

အလိုမလိုက်ကောင်းသင့်ပေ။

ကြောင်တသက်ပုံ၊ ကြွက်တမြုံသို့

ကြုံလာချေမင့်၊ သင်းသေမှမြန်စွာ

ပြည်ထဲရေး သာတော့မည်။

ခုနှစ်ရာ ဒမြနှင့်၊ ဝိဇယလူငယ်တို့ကို

အမိုက်နွယ် မကျန်ကြွင်းရအောင်

ခုချက်ချင်း သတ်ကြရမည် မှူးမတ်များ။

အသက်အနည်းငယ်ရ၍ စာအတော်ဖတ်မိသော အခါတွင်ကား၊ ဤစကားပုံ၏ ရင့်ကျက်သောအဖြစ်၊ ရှေးကျသော အတ္တုပ္ပတ္တိတို့ကို တွေ့သိရပြန်သည်။

မြန်မာစကားပုံ များစွာရှိသည့်အနက် အတ္တုပ္ပတ္တိကို အခိုင်အခံ့ပြောပြနိုင်ရလောက် အောင် စာပေ အထောက်အထားရှိသည့် စကားပုံတို့မှာ အတော်နည်းပေသည်။ သို့ပြောခြင်းဖြင့် များစွာသော စကားပုံတို့သည် ယခုမှပေါ်လာသော ခေတ်သစ်စကားပုံများ ဖြစ်ကြသည်ဟု မဆိုလိုပါ။

ရှေးကျမည်ပင် ဖြစ်သော်လည်း၊ စာပေအထောက်အထား မရှိကြဟူ၍သာ ဆိုလိုပါသည်။ ကြောင်တသက်ပုံ၊ ကြွက်တမြုံဆိုသော စကားပုံမှာကား စာပေမှတ်တမ်းရှိသော စကားပုံတရပ် ဖြစ်ပေသည်။

သို့သော်လည်း ထိုရှေးအထောက်အထား မှတ်တမ်းများပါသည့် စကားပုံသည် ယခုလက် ရှိ စကားပုံနှင့်မတူ၊ စကားအရာတွင် ကွဲလွဲလျက် ရှိသည်ကို တွေ့ရသည်။

ဥပမာအားဖြင့် ဆိုရသော်၊ ပုဂံပြည် အလောင်းစည်သူမင်းကြီးသည်၊ သားတော် မင်းရှင်စော၏ မသင့်သော အမူအကျင့်နှင့်စပ်၍၊ ပြောသည့်စကားတို့တွင် ဤစကားပုံကို တွေ့သည်။

ငါမသေခင်ကပင် ဤကဲ့သို့ကျင့်သည်။ ငါမရှိ၍ မင်းဖြစ်တပြီးကား ငါ့သားတော်၊ သမီးတော်၊ ငါ့မှူးတော် မတ်တော်တို့ကို ညှဥ်းပန်းနှိပ်စက်လတံ့သည်ဟု ကြောင်တကောင်နှင့် ကြွက်တမြုံကို ပုံပမာပြု၍ စားကျေး စားလက်နှင့်တကွ၊ အချွေအရံ ဥစ္စာရွှေငွေတို့ကို ရုပ်သိမ်း တော်မူ၍ နှောင်အိမ် သွင်းထားလေ၏။

ဤကား မဟာရာဇဝင်ကြီးတွင် ဦးကုလား မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ဤစကားပုံကို အလောင်းစည်သူမင်းကြီး အကယ်ပင်သုံးခဲ့သည်။ မသုံးခဲ့သည်ကို တပ်အပ်မပြောသာချေ။

မည်သို့ပင်ဖြစ်စေ ဦးကုလားတို့ခေတ် သက္ကရာဇ် ၁၁၀၀ (ထောင့်တရာ)ဆီတွင် ဤစကားပုံ ခေတ်စားနေလေပြီဟုကား မှတ်ယူဘွယ်ရှိသည်။ ဤတွင် သတိပြုရန်မှာ ယခုလက်ရှိ စကားပုံတို့တွင် ကြွက်ဟု ဆိုသော်လည်း ထိုအခါကမူ ကြက်ဟုဆိုခြင်းပင် ဖြစ်ပေသည်။

ကြောင်နှင့်ကြွက်မှာ ကမ္ဘာ့ရန်ဖြစ်၍ အလွန်နီးစပ်သည်။ ကြောင်နှင့်ကြွက်မှာကား ထိုမျှ မနီးစပ်ပေ။ ကြွက်ဟု ဆိုရမည်ကို ကြက်ဟူ၍ စာကူးချွတ်ခဲ့လေသလား၊ ပုံနှိပ်မှားခဲ့လေသလား စဉ်းစားဘွယ်ရာပင်။ သို့သော်လည်း အလေးပြုလောက်သောစာတို့တွင် ဥ အုသောကြက်ကိုသာ တွေ့ရသည်။ အကောင်မွေးသည့် ကြက်ကို မတွေ့ရပေ။

သက္ကရာဇ် ၁၈၃၄ ခုနှစ်တွင် စစလျင်ထောင်မှူး ရှင်ထွေးညိုစီကုံးသည့် ပြည်စုန်မော်ကွန်း အပိုဒ် ၈၌ အောက်ပါအတိုင်း တွေ့နိုင်ပေသည်။

ရွှေတောင်နန်းကို၊ ပြဋ္ဌာန်းစိုးလစ်

ယင်းသည့်နှစ်က၊ သက္ကရာဇ်အစွန်

လေးခုလွန်သော်၊ မျက်မာန်မရှေး

ဖရင်သွေးအား၊ လုပ်ပေးကြံရှာ

လျာကာသို့အောင်၊ ညှာတာရှောင်လည်း

ကြောင်နှင့်ကြက်မြုံ၊ ပမာတုံ့သား

ထုံးပုံပြင်ကို နတ်ရှင်မှတ်ပြီး

မုန်ညှင်းသီးရှိ၊ မီးကိုတျင်းတျင်း

အကြွင်းမထား၊ ပွားတော်လောင်ပြန်

ရန်လည်းထို့နှယ်၊ ပယ်သော်ကောင်းဟု

ကျိုးကြောင်းမျှော်တင်း၊

နားတော်သွင်းသည်

ခပင်းအားလုံး မှတ်ရာတည်း။ ။

ရှင်ထွေးညိုလက်ထက် ပထမ အင်းဝခေတ်တွင် ဤစကားပုံမှာ (ဝါ)ပုံခိုင်းမှာ ပုံပြင်ထုံးစံ ဘဝသို့ ရောက်နေပြီကို ထောက်သော်၊ ဤစကားပုံ၏ အသက်မှာ မငယ်လှကြောင်း မှတ်ယူရပေမည်။

အလောင်းစည်သူ ခေတ်ကိုရောက်သည်ဟု အခိုင်အမာမဆိုရဲသော်လည်း၊ ပုဂံခေတ်တွင် ပေါ်နေပြီဟူ၍ကား ဆိုနိုင်စရာရှိပေသည်။ ဤစကားပုံကို ပညာရှိတို့ လွှန်စွာလေးစားခဲ့ပုံ ရပေ သည်။

စာဆိုတော် နဝဒေးကြီးသည် ဘုရင့်နောင်၏ မြေးတော်တပါးအတွက် ဖွဲ့ဆိုခဲ့သော ယိုးဒယားမိဖုရား ချေင်းအပိုဒ် (၁၈)တွင်. . .

မြစ်ပြည့်လျှင်းအောင်၊ သူကောင်ပိတ်ထိုင်း

စစ်ကိုင်းပင်းယ၊ ရေမျှလွယ်ကာ

မခတ်သာတည့်၊ တခါချောင်းနောင်း

တောင်းလတ်လျှောက်ထုံ၊ သစ္စာယုံမှ

တမြံ့ကြက်ပြောင်၊ ကြောင်တကောင်သို့

နောက်နောင်ကျွန်စနစ်၊ ဖြစ်တငေ

## ကျွန်တော်နှင့်အရက်

စာပေသမားတယောက်အနေဖြင့် မိမိအိမ်တွင် တစထက်တစ များပြားလာသောစာအုပ်များကို နှစ်ရှည်လများ ထိန်းသိမ်းထားရန် နေရာနှင့်ကြွက်၊ ခြ၊ ပိုးဟပ်တို့အန္တရာယ်က လွယ်ကူလှသည် မဟုတ်သောကြောင့် ကျွန်တော့်အနေဖြင့်မူ မိမိအိမ်၌ လက်ငင်းသုံးရန်မလိုသော စာအုပ် တွေ များပြားလာသောအခါ သင့်လျော်သည်များကိုရွေးချယ်၍ တက္ကသိုလ်စာကြည့်တိုက်သို့ သွားရောက်လှူဒါန်းပစ်လိုက်သည်။

တဖန် ကိုယ်အသုံးပြုရန် လိုလာသောအခါ လွယ်ကူစွာသွားရောက်ငှားရမ်းနိုင်သည်ဖြစ်ရကား ယင်းသို့စာကြည့်တိုက်ရှိခြင်းသည် မိမိအဖို့ရော အများအတွက်ရော အကျိုးထူးလှပေ သည်။

လွန်ခဲ့သောလက ကျွန်တော်သည် စာအုပ်အချို့အလိုရှိ၍ တက္ကသိုလ်စာကြည့်တိုက်သို့ ရောက်သွားသည်။ စာကြည့်တိုက်မှူးဦးသော်ကောင်းက စာမေးပွဲမေးခွန်းကိစ္စတွေနှင့် အခန်းထဲ အောင်းနေရ၍ ကျွန်တော်နှင့်တွေ့ခွင့်မရခဲ့။ သို့သော် ကိစ္စမရှိပါ။ စာကြည့်တိုက်အမှုထမ်းတွေ ဖြစ်ကြသော ကျွန်တော်ချစ်ဆွေမတွေက ကျွန်တော့်ကို ဝမ်းသာအားရ ကြိုဆိုကြလျက် ဒေါ်မေ ကြည်ဝင်းက–

'ဆရာ ဘာကိစ္စလဲ ဘယ်သူ့တွေ့ချင်လို့လဲ. . .'

'ဘယ်သူမှ အထူးချင်လှလို့ မဟုတ်ပါဘူးဗျာ၊ လာတဲ့ကိစ္စကတော့ စာအုပ်ငှားချင်လို့ဘဲ၊ အဲဒါ–ဒီမှာတင်ဖတ်ဖို့မဟုတ်ဘဲ အိမ်ယူသွားဖို့ဆိုတော့ စာကြည့်တိုက်မှူးနဲ့တွေ့မှ'

ကျွန်တော်စကားမဆုံးမီ ဒေါ်စောမြင့်ကြည်က. . .

'ရပါတယ်ဆရာ ဆရာ့လို စာအုပ်တွေလှူထားတဲ့ လူကိုကျမတို့အနေနဲ့လဲ ငှားနိုင်ပါ တယ်၊ လက်မှတ်ထိုးယူသွားရုံပါဘဲ၊ ဆရာ ဘာစာအုပ်လိုချင်လဲ'

ကျွန်တော်က စာအုပ်နာမည်တွေ အိမ်မှရေးယူခဲ့သော စာရွက်ကိုပေးလိုက်တော့ ဒေါ်စောမြင့်ကြည်က ဖတ်ကြည့်ပြီး–

'ရပါတယ်ဆရာ. . . ခဏစောင့်ပါ၊ ကျမ သွားယူလိုက်ပါ့မယ်'

ထိုနောက် ဒေါ်မေကြည်ဝင်းက ကျွန်တော့်အား ကုလားထိုင်တလုံးကို ဆွဲပေး၍–

'ထိုင်ပါအုံးဆရာ. . .'

ကျွန်တော်ထိုင်မိတော့. . .

'ဒါ ဦးသိန်းဖေမြင့်လာတုန်းက ထိုင်သွားတဲ့ကုလားထိုင်ဘဲဆရာ'

(ကိုသိန်းဖေမြင့်ဆုံးသည်မှာ မကြာလှသေးပေ) ကျွန်တော်က ကျောကိုတွန့်လိုက်၍. . .

'ဟုတ်လား'

'အဲဒါ ဆရာသိန်းဖေမြင့်ကို ကျမတို့ အော်တိုရေးပေးခိုင်းဖို့ သတိမရလိုက်ဘူး၊ ဆရာတော့ အခု ကြုံတုန်းကြုံခိုက်. . . '

'အေးပေါ့လေ. . . ဆန့်သောလက်မကွေးမီ၊ ကွေးသောလက်မဆန့်မီ အနိစ္စသဘောက ကိစ္စချောတယ်ဆိုတော့ ကျွန်တော်က အခု ဆန့်ထားသောလက်ကွေးပြီး ရေးပေးခဲ့ပါမယ်'ဆိုပြီး သူပေးသောစာအုပ် ကျွန်တော့်လက်ထဲရောက်တော့ ရုတ်တရက် ဘာကိုရေးပေးရမည်နည်း စဉ်းစားလိုက်ရသည်။

ကျွန်တော်သည် ဤသို့အော်တိုရေးခိုင်းလျှင် စာအုပ်ရှင်၏ပုံဏ္ဍာန်ကိုကြည့်၍ ရေးတတ်သည်။ အပျိုလူပျိုကလေးများဆိုလျှင် ကျွန်တော်ရေးပေးလေ့ရှိသော 'ချစ်တဲ့သူနဲ့ညားပါစေ'ဆို လျှင် သူတို့အလွန်သဘောကျကြသည်။ ယခုအမျိုးသမီးတွေအရွယ်ကိုကား ကျွန်တော်အမှန်းရခက်နေသည်။ အကယ်တိသူတို့သည် အိမ်ထောင်ကျပြီး၊ တယောက်တယောက် ထုနှက်နေကြပြီဆိုပါက ကျွန်တော့်ထိပ်ကို ခေါက်ချင်ပေလိမ့်မည်။ ထို့ကြောင့် အနှောင့်အသွားလွတ်သောစာမျိုးကိုဘဲ ရေးပေးလိုက်ရတော့သည်။

ကျွန်တော်စာရေးနေစဉ်မှာ သူတို့သည် ကျွန်တော့်မျက်နှာကိုကြည့်၍ အကဲခတ်မိကြပါလိမ့်မည်။ ဒေါ်မေကြည်ဝင်းက လွှတ်ကနဲပြောလိုက်သည်။

'ဆရာ အခု အရက်မသောက်တော့ဘူးမှတ်လား'

ကျွန်တော်သူ့ကို မော်ကြည့်လိုက်ပြီး–

'ဟုတ်ပါသဗျား'

အမှန်ဘဲ ကျွန်တော်အရက်မသောက်သည်မှာ ကြာပြီဖြစ်ရကား. . . .

'ခင်ဗျား ဘယ့်နှယ်လုပ်သိလဲဟင်'

'မျက်နှာကြည့်ယင် သိတာပေါ့ ဆရာရယ်၊ ဆရာ့ အခုမျက်နှာက ကြည်ပြီးဖြူဝင်းနေ တယ်၊ ဟိုအရင် ကျမတို့ ဆရာ့အိမ်လာတုန်းက ဆရာ့မျက်နှာက ဒီလိုမှမဟုတ်ဘဲ'

သူတို့သည် သော်တာဆွေနှင့် သော်တာဆွေ့ဝတ္ထုများအကြောင်း ဘွဲ့ယူစာတမ်းရေးရန် ကျွန်တော့်အိမ်သို့ လာရောက်မေးမြန်းလေ့ရှိခြင်းဖြင့် ကျွန်တော်နှင့် ခင်မင်ရင်းနှီးခဲ့သူများဖြစ်ကြပါသည်။ ရဲရဲတင်းတင်း ပြောကြဆိုကြပါသည်။

'ဆရာ အရက်ဖြတ်လိုက်ပြီပေါ့ ဟုတ်လား'

'ပါဏာပေတံ ဝေရာမဏီတော့ မဟုတ်ပါဘူးဗျာ၊ သောက်တဲ့အခါ သောက်ပါသေးတယ်'

ကျွန်တော် မုသာဝါဒတော့ မပြောဝံ့ပါ။

လွန်ခဲ့သော သီတင်းကျွတ်လ ဝါကျွတ်ကန်တော့ပွဲရက်များ၌ ကျွန်တော့်အဟီစာစောင် ထုတ်စဉ်က ရေးနေကျ 'ဇမ္ဗူဒိတ်ငဆိတ်'မူကား ကျွန်တော့်အိမ်သို့ နို့ဆီ၊ သကြား၊ လက်ဖက် ခြောက်နှင့် စီးကရက်များယူလာလျက်. . .

'ဆရာ အရက်မသောက်ဘူးဆိုလို့ ပုလင်းတော့ မပါခဲ့တော့ဘူး ဆရာ'

'အေးကွာ ငါအရင်ကလို အရက်မသောက်တော့ဘူးကွ'

ဒါလည်း မုသားမဟုတ်ပါ။

ထိုနောက် တဖန်ရက်အနည်းငယ်ခန့်ကြာသည့်၌ ယခင်က အဟီတွင်ရေးနေကျပင်ဖြစ် သော 'ဝင်းသူ'ရောက်လာလျက် အဟီပြုတ်ပြီးမှ သူနှင့်ကျွန်တော် မတွေ့ရတာကြာပြီဖြစ်သော အချိန်ကာလအတွင်းက သူ၏ဘဝခရီးများအကြောင်း ပြောပြပြီး သူပြန်ခါနီး၌ သူ့လက်ပွေ့အိတ် ကြီးထဲမှ အိုးလ်ဘရုန်ဒီတလုံးကို ထုတ်ကာ–

'ဦးလေးကို ဘာကန်တော့ရမှန်း မသိဘူးဆိုတော့ ဖေဖေက နှင့်ဆရာ အရက်သမားဘဲ၊ အရက်ကန်တော့တာ အကောင်းဆုံးပေါ့ဆိုတာနဲ့ ကျမယူခဲ့တာ'

ဝင်းသူကား အဟီတွင် သူ့ကိုယ်သူ ယောက်ျားလေးလုပ်၍ ဟာသတွေရေးခဲ့သော အမျိုး သမီး တက္ကသိုလ်ဆရာမတယောက် ဖြစ်ပါသည်။

'အေး. . . မင်းဖေဖေက ပညာရှိဘဲကွ'

'ဦးလေး အခု အရက်သောက်သေးတယ်မှုတ်လား'

'အေးပေါ့ကွ၊ အရက်ဖဲ ငါမသောက်ဖဲ ဘယ်နေမလဲ၊ သောက်တဲ့အခါ သောက်တာပေါ့'

'သောက်တဲ့အခါ သောက်တယ်ဆိုတော့ မသောက်တဲ့အခါ ရှိသေးတယ်ပေါ့'

‘အေး. . . ဟုတ်တယ်၊ ငါအရင်တုန်းကလို နိစ္စဓူဝနေ့စဉ်မသောက်တော့ဘူး၊ မင်းတို့ဖေဖေ ကော’

သူ့အဖေလဲ ကျွန်တော့်လိုဘဲ သောက်ခဲ့သူဖြစ်သည်။

‘ဖေဖေတော့ အခု လုံးဝဖြတ်လိုက်ပြီ၊ ဦးလေးကောအပြတ်ဖြတ်ပါတော့လား’

‘ဟော့အေ. . . ငါမဖြတ်ချင်ဘူး’

‘ဘာဖြစ်လို့လဲ’

‘ငါက အရက်ကို ဖြတ်လိုက်ယင် အရက်ကိုငါကြောက်လို့ ဖြစ်သွားမှာပေါ့ကွ၊ သူက ငါ့ကို နှစ်ပေါင်းများစွာ နိုင်လာတာ၊ ငါက သူ့ကို ပြန်နိုင်ချင်သေးတယ်၊ နို့ပြီး ငါကအရက်ကိုအသုံးချ စရာအကြောင်းလေးတွေ ရှိသေးတယ်၊ အရက်က အသုံးချတတ်ယင် အကျိုးရှိနိုင်တယ်ကွ. . . ’

ရှုမဝအတွက် ဤစာကိုရေးခါနီး အောက်တိုဘာလ ၂၆ရက်နေ့၊ နေ့လယ်ခင်း၌ အိမ်ရှေ့ တွင် မာဇဒါဖယ်မလီယာကားတစီး ထိုးရပ်ပြီး လူရွယ် ၃–၄ယောက် ဆင်းလာကြသည်။ အဟိ ရေးဘော်များမဟုတ်၊ စာရေးဆရာများမဟုတ်။ ကျွန်တော်သူတို့ကို တခါမျှ မမြင်ဘူးပါ။ သို့သော် သူတို့သည် စာပေဝါသနာရှင်များ၊ ကျွန်တော့်စာတွေနှင့် ရင်းနှီးပြီးကြသူများဖြစ်၍ လူနှင့်စာနှင့် မကွဲပြားသော ကျွန်တော့်ကိုလည်း ရင်းနှီးပြီးသားဖြစ်နေကြလျက်. . .

‘ဆရာ ကျွန်တော်တို့တော့ မူးလာကြပြီ၊ ခွင့်လွှတ်ပါ ဆရာ’

သူတို့မျက်နှာတွေနှင့် ခြေလှမ်းလာပုံတွေ မြင်ကတည်းက ကျွန်တော်သိပါပြီ။

‘မြွေမြွေချင်း ခြေမြင်ပါတယ်၊ မူးလာတာ ဘာဖြစ်သတုန်း အရက်သောက်ယင် မူးရမှာပေါ့ လာပါ. . . . ထိုင်ကြပါ’

သူတို့အား ကျွန်တော်က နေရာထိုင်ခင်းပေးပြီးတော့ သူတို့သည် မည်သူမည်ဝါများဖြစ် ကြောင်း မိတ်ဆက်ကြပါသည်။ ကျောင်းဆရာတယောက်၊ ပညာရေးသုတေသနအဖွဲ့မှ အရာရှိ တယောက်၊ ဆိုဗီယက်ပြန် ပီအိတ်ချ်ဒီဘွဲ့ရ ဒေါက်တာတယောက်။

ထိုသူက

'ဆရာ ကျွန်တော်ဆိုဗီယက်မှာ ၅နှစ်ကြာနေခဲ့ပါတယ်၊ သူတို့ပြည်စာအုပ်ထဲမှာ ဆိုဗီယက် အကြောင်းရေးတာ ကျွန်တော်သိပ်သဘောကျတယ်၊ ဆရာရေးတာတွေဟာ အင်မတန် ယထာဘူတ ကျပါတယ်'ဟု သူလိုလူတယောက်က ချီးမွမ်းတော့ ကျွန်တော်ဝမ်းသာရပါသည်။

ကျောင်းဆရာက. . .

'ဆရာရေးတာတွေက ဘာမှကြွားဝါဝင့်ကားခြင်းမရှိဘူး၊ အင်မတန် ရိုးရိုးသား ရေးတာဘဲ' ဟုဆို၍ သုတေသနအရာရှိကမူ. . .

'ကျွန်တော်တော့ ဆရာရေးတာတွေ အားလုံးသဘောကျတယ်၊ ကြက်တိုက်တဲ့အကြောင်း တွေရေးတာလဲ ကြိုက်တာဘဲ၊ ဒါကြောင့် အခု ကျွန်တော်တို့ သဟာယဘားမှာ သောက်ကြယင်း နဲ့ ဆရာ့စာတွေအကြောင်း ပြောကြပြီး ကျွန်တော်တို့သုံးယောက်စလုံး အကြိုက်ညီကြတာနဲ့ ဆရာ့ကို သွားကန်တော့ကြမယ်ဆိုပြီး အခုလာခဲ့ကြတာဘဲ'ဟု ပြော၍ သူ့လွယ်အိတ်ထဲမှ ရမ်ပုလင်းတလုံး ထုတ်ပါသည်။

'ဆရာ. . . ခုအချိန်တော့ သောက်မယ်မဟုတ်ဘူး၊ ဆရာ. . . သောက်ချင်တဲ့အချိန်မှ သောက်ပါ၊ ဆရာသောက်တော့ သောက်သေးတယ်မဟုတ်လား'

'သောက်ပါတယ်'

'သိပါဘူး၊ တချို့က ဆရာ မသောက်တော့ဘူးလိုလို ပြောကြလို့'

'အော်. . . ဒါက ကျွန်တော်တခါက ရေးလိုက်တဲ့အတွက်ကြောင့်ပါ'

မှန်ပါသည်။ ယင်းကိစ္စအတွက် ကျွန်တော့်မိတ်ဆွေ ကျွန်တော့်စာဖတ်ပရိသတ်တွေမှာ ဇဝေဇဝါရှိနေကြပါသည်။ ၎င်းကို ယခုအလျဉ်းသင့်လာသည်နှင့် ကျွန်တော်ရှင်းပါတော့မည်။

ကျွန်တော်သည် ၁၉၄၂ ခုနှစ်၊ အသက် ၂၃ နှစ်သားမြင်းလှည်းသမားဘဝမှစ၍ နေ့စဉ် မပြတ် အရက်ကို (အချိန်နှင့်မှန်မှန်) သောက်ခဲ့ပေရာ ၁၉၆၉ခုနှစ် အရက်သောက်သက် ၂၇ နှစ်၊ လူသက် ၅၀ တွင် အရက်ကိုမဖြတ်မဖြစ်သောအခြေသို့ ဆိုက်ရောက်ခဲ့ပါတော့သည်။ ထို့ကြောင့် ကျွန်တော်ရေးလိုက်သည်မှာ. . .

## အလှော့ပေး၍အောင်နိုင်ခြင်း

၁၉၆၉ခုနှစ်၊ ဇူလိုင်လ ၄ရက်၊ သောကြာနေ့ နာရီပြန်နှစ်ချက်လောက်၌ မော်တော်ဆိုင်ကယ်လေး တဖုတ်ဖုတ်နှင့် စာရေးဆရာမောင်လရောင် ကျွန်တော့်အိမ်ရောက်လာတော့ ကျွန်တော်ဝမ်းသာအားရဖြစ်ကာ. . .

'ဟာ. . အဆင်သင့်ပဲဟေ့ မောင်လရောင် မင်းငါ့တခုကူညီစမ်းပါကွာ'

'ဘာလဲဆရာ'

'မင်း ငါ့အတွက် တနာရီလောက် အချိန်ကုန်ခံနိုင်ရဲ့လား'

'ကိစ္စမရှိပါဘူးဆရာ၊ ကျွန်တော်အားပါတယ်'

'ဒါဖြင့်ဆိုပြီး ကျွန်တော်အိမ်ပေါ်တက်၊ ရှပ်အင်္ကျီဝတ် မေ့ဆီက ငွေ ၁ဝိတောင်း၊ ပုလင်းနှစ်လုံး လွယ်အိတ်ထဲထည့်အောက်ပြန်ဆင်း။

'ကဲ. . မောင်လရောင်ရေ့ ဧမိုင်မရမ်းကုန်းအရက်ဆိုင်သွားကြစို့'

မောင်လရောင်သည် ယခင်က ကျွန်တော့်အဟိတွင် တွဲဘက်အယ်ဒီတာ၊ ယခု အ(အဟိပြုတ်တော့) သူ့အလုပ်က အဆုတ်ရောဂါကုဆေးရုံတွင်ဖြစ်၍ မော်တော်ဆိုင်ကယ်လေးတစီးရနေသည်။

ယင်းမော်တော်ဆိုင်ကယ်ပေါ် ကျွန်တော်သူ့နောက်က ထိုင်လိုက်သွား၍ ဧမိုင်သမိုင်းလမ်းဆုံနားက ပြည်သူ့အရက်ဖြူဆိုင်ရှေ့ရောက်တော့ အသောက်သမားများ တန်းစီလျက်ရှိကြ ချေပြီ။

မြန်မာပြည် အရက်လုပ်ငန်းတွေကို ပြည်သူပိုင် သိမ်းပြီးမှ ရန်ကုန်တွင် ပြည်သူ့အရက်ဆိုင်တို့သည် ပုံစံမကြာခဏပြောင်းကာ အမျိုးမျိုး ရောင်းချလေ့ရှိ၏။

ပြည်သူပိုင်မသိမ်းမီ ဟိုတရုတ်လိုင်စင်တွေ ခေတ်တုန်းက ကြည့်မြင်တိုင်၊ မြေနီကုန်းနှင့်ကမရွတ်ပင် ဈေးချင်းမတူခဲ့ပေ။ ကမာရွတ်က ရန်ကုန်ရေိယာ အပြင်ဘက်မို့ ဈေးသက်သာ၏။ တပုလင်း ၃။ မြို့ထဲနှင့်ကြည့်မြင်တိုင်၊ မြေနီကုန်းတို့က နှစ်ကျပ်ခွဲ။ အရက်အဆင့်အတန်းချင်း အတူတူပင်။

ပြည်သူပိုင်သိမ်းလိုက်တော့ တရုတ်အရက်တွေထက်ပိုကောင်းလာပြီး အားလုံးဈေးက တညီထဲ၊ တပုလင်း ၃ိ–၁၀ပြားကစ၏။ နောက် ၃ိ–၂၅ပြား၊ နောက် ၃ိ–ပြား ၃၀၊ အဲသည်ကနဦး တုန်းက ဘာတာပုလင်းရော ပုလင်းကြီးရော၊ လူတယောက်ကို လိုချင်သလောက် အချိန်မရွေး ဝယ်၍ရခဲ့၏။

နောက်တနှစ်မှ ၂နှစ်လောက်ကြာသည်၌ အရက်ကိုလိုချင်သမျှ ရမည်ဆိုတာ ပပျောက် လာပြီး ချိန်လုံးပြည့်အရက်ဆိုင်တွေမှာ အရက်မရှိတော့ဘဲ ရောင်းချင်တဲ့အချိန်မှ ရောက်လာပြီး လူတယောက် တပုလင်းဘဲဆိုသည့် ကန့်သတ်ချက်တွေ ဖြစ်လာသည်။ ဤအခါတွေမှာ မှောင်ခို ဈေး ၅ိမှ ၁ဝိမကဖြစ်လာသည်ကို အသောက်သမားများသာမက သတင်းစာဖတ်သူများပါ သိလာ ကြပါသည်။

ထို့နောက်ပိုင်း၌ ပို၍ဆိုးလာသည်ကား ပုလင်းလိုက်ရောင်းသည်ဟူ၍မရှိတော့ပဲ အရက်ဖြူကို ပက်ချင်နှင့်ရောင်းတော့၏။ တပတ်လျှင် ပြား ၃၀က စခဲ့၏။

သည်တော့ ယခင်က တပုလင်း ၃ကျပ် ၁၀ပြားမှ ၂၅–ပြား ၃၀ ရောင်းခဲ့သော ပြည်သူ့ ဆိုင် ပုလင်းမျိုးကို ၁၃ ပက်ထား၍ ၃ကျပ်ပြား ၉၀ရောင်းလေ၏။ ကမ္ဘာတွင် တပုလင်း၁၂ ပတ် ထားသော ကမ္ဘာသုံးပုလင်းမျိုးကို ၁၅ပက် ၄ကျပ်ပြား ၅၀ဖိုးဝယ်မှ ပုလင်းလည်ပင်း မထိတထိ မပြည့်တပြည့်ရ၏။

ယင်းသို့ပက်ချင်နှင့် ရောင်းခြင်းမှာလည်း ဖော်ပြခဲ့သည့် အတိုင်းမကြာခဏ ပုံစံအမျိုးမျိုး ပြောင်းသည်ဖြစ်၍ တခါတရံပက်ချင်နှင့် လိုသလောက်ရပြီး တခါတရံလူတယောက်လျှင် တခါ ဝယ် ၅ပက်တဲ့၊ ၃ပက်တဲ့။

အစက ဖော်ပြခဲ့သော မောင်လရောင်နှင့် ကျွန်တော်ဂမိုင် အရက်ဖြူဆိုင်သို့ သွားသည့် နေ့မှာ ၃ ပက်နှုန်းဖြစ်ရကား မော်တော်ဆိုင်ကယ်သော့ခတ်ပြီး. . .

'ရှော့ဟေ့. . . မောင်လရောင်၊ မင်းက ငွေတကျပ်နဲ့ တပုလင်းယူထား' ဆိုပြီး လူနှစ်ဆယ် လောက် နောက်မှတန်းစီရ၏။

ယင်းသို့ အရက်ဖြူဆိုင်တို့မည်သည် မသောက်ရသေးသူတို့၏ လေပျို့သော၊ သောက် ပြီးသူတို့၏ ချွဲဟတ်သောချောင်းသံ၊ ချွဲသလိပ်သံတို့ဖြင့် ရွံဘွယ်လိလိဖြစ်ရကား အရက်မသောက် တတ်သော မောင်လရောင်အား ကျွန်တော်သနားလှပါသည်။ ကိုယ်မချိတော့ အမိသော်လဲ သားတော်ခဲဆိုဘိသို့ ကိုယ့်တပည့်လည်း မညှာနိုင်တော့ပေ။ တန်းစီလူထုသည် လိပ်သွားသကဲ့ သို့

တရွေ့ရွေ့ဖြင့် ကျွန်တော်တို့တယောက်သုံးပက်စီရတော့ လူတန်းအပြင်ဘက်ထွက်ခဲ့ပြီး မောင်လရောင်ပုလင်းထဲက သုံးပက်ကို ကျွန်တော့်ပုလင်းထဲ ပေါင်းထည့်ပြီး. . .

'ကဲ. . . တကျော့စီအုံးကွာ'

အကြောင်းမှာ ယင်းသို့ပက်ကို ကန့်သတ်ရောင်းရာ၌ ရှိပြီးသားပုလင်းထဲသို့ ထပ်ထည့် မပေးတော့ပေ။ လူတယောက်သုံးပက်သာ ရောင်းရမည်ဆိုတဲ့ အထက်က အမိန့်အရတဲ့။ ယင်းလူက ခွက်လွတ်ပုလင်းလွတ်နှင့် ပြန်တန်းစီတော့ ရနိုင်ပြန်၏။ ထို့ကြောင့် မောင်လရောင် ကို ကျွန်တော် အကြိမ်ကြိမ်တန်းစီခိုင်း၏။ ကုလားပြီး တယောက်အားလည်း တခါကို ငွေတကျပ် ပေး၍ဝယ်ခိုင်း၏။ သုံးပက်ပြား ၉ဝ။ ဆယ်ပြားအပို သူ့အားပေး၏။ သူကလည်း သုံးခါစီ တပက်ဖိုးရနေတော့ ကူရှီးပေါ့။

ယင်းကုလားကြီးနှင့် မောင်လရောင် တခါပြီးတခါ တန်းစီခြင်းဖြင့် ကျွန်တော့်တွင် ပါခဲ့သော ပုလင်းနှစ်လုံးပြည့် ၉ကျပ်ဖိုး ပက် ၃ဝရသောအခါ ပြန်ခဲ့ကြတော့၏။

'အင်း. . . ဆရာတို့ အရက်သောက်ရတာကလဲ ဒုက္ခပါဘဲလား'

မောင်လရောင်က ညည်း၏။

ကျပ်တပည့် ညည်းထိုက်ပါပေ၏။ ဤအရာမှာ မောင်ပေါက်ကျိုင်းပုံပြင်ထဲက ကျီးဖို ကျီးမလို ဒီနေ့စာတော့ ပြီးပြီ။ နက်ဖြန်ခါတွက် လိုသေးဆိုဘိသို့၊ ကျွန်တော့်မှာ ယနေ့သောကြာ တပုလင်း၊ နက်ဖြန် စနေတပုလင်းကုန်ပြီ တနင်္ဂနွေနေ့အတွက် ဆက်ရပါဦးမည်။

ဟယ်. . . တနင်္ဂနွေ သားတွေကျောင်းအားတဲ့ ရက်ကပဲ။ ထိုနေ့ရောက်သော်. . .

ကဲ. . . သွားကြ၊ သားတို့ သင်တို့ဖခင် ကျေးဇူးရှင်အတွက် သုံးပက်စီ အလီလီဝယ်၍ ဟောဒီ နှစ်ပုလင်းအပြည့် သွင်းခဲ့ကြလော့။ ရော့. . . ငွေတဆယ်လို့ ဟိုနေ့ကကျွန်တော်တို့ ဝယ်ပုံဝယ်နည်းပြောပြပြီး ခြေကျင်ဖြင့် ခရီးနီးတဲ့ ကမာရွတ်အရက်ဆိုင်ကြီးကို အိမ်ကသားနှစ် ယောက်နဲ့ နောက်ဖေးအိမ်ကသူတို့ သူငယ်ချင်းတယောက်ပါ လွှတ်လိုက်တယ်။ ၁၂ နာရီ လောက် သူတို့ထွက်သွားကြ။

အရက်က သည်လို မလောက်မင ပက်ချင်နဲ့ရောင်းတဲ့အခါတွေမှာ ပထမနေ့ ည၌ဦးပိုင်း ကကုန်ရင် နောက်နေ့ မွန်းလွဲပိုင်းတနာရီ၊ နှစ်နာရီ၊ သုံးနာရီ၊ အို ရောက်ချင်တဲ့အချိန်မှ ရောက်တတ်သည်မို့. . . .

ဒီနေ့ စောစောရောက်ပါစေ. . .

ငါ့သားတွေ နေပူကြီးထဲ ကြာကြာတန်းမစီရပါစေနဲ့။

မိုးလဲမရွာပါစေနဲ့။

အရက်ဝယ်ရာမှာ ရှောရှောရှူရှူဖြစ်ပါစေလို့ ဆုတောင်းယင်းနဲ့ ကျွန်တော့်ခမျာ လူမှာ ဂဏှာမငြိမ်နိုင်ပဲ နာရီတကြည့်ကြည့်နဲ့နေတုန်း။ နှစ်နာရီခွဲလောက်မှာ ကလေးသုံးယောက်ဟာ မျက်နှာမသာမကြည်နဲ့ ပြန်ရောက်လာကြတယ်။

'ဟော့. . . မရခဲ့ကြဘူးလားကွ. . .'

ကျွန်တော်က အမောတကြီးနှင့် ဆီးမေး၏။

'ဧပက်ထဲ ရခဲ့တယ်ဒက်ဒီ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့ကို တယောက် ၃ပက်ထက် ပိုမရောင်းဘူးတဲ့. . '

'ဟ. . ငါပြောသလို ပထမ ၃ပက်စီဝယ်၊ ပုလင်းတလုံးထဲစုထည့်ပြီး နောက်မှနှစ်ယောက်က ခွက်နဲ့ ၃ပက်စီ ပြန်ဝယ်ဆိုတာ'

'ဟုတ်တယ်၊ ကျွန်တော်တို့ ဒီလိုဝယ်တာပဲ၊ ပုလင်းတလုံးထဲစုထည့်နေတာ၊ ရောင်းတဲ့လူ ကမြင်သွားတော့ မင်းတို့ဟာ သောက်တာမဟုတ်ဖူး၊ အပြင်ယူသွားမှာ မရောင်းနိုင်ဘူးလို့ပြော တယ် ဒက်ဒီရဲ့'

'ဟယ် တယ်ဂွကျလိုက်ပါလား'

'ဒိပြင် လူတွေတော့ သုံးပက်စီ ခဏခဏရောင်းနေတာ မြင်လို့ ကျွန်တော်တို့ကပြော တော့ (ဟိုလူတွေက သောက်တာ မင်းတို့က အပြင်ယူသွားပြီး မှောင်ခိုရောင်းမဲ့ကောင်တွေ)ဆို တာနဲ့ ကျွန်တော်တို့ရန်ဖြစ်ကြမယ်လို့'

'ဟာ. . တယ်ခက်လိုက်ကြပါကလား'

'သူတို့ကဘဲ ကျွန်တော်တို့ကို (မင်းတို့ ဘာလုပ်ဝါးဝတာလဲ အတီးခံချင်သလား)ဆိုပြီး အပြင်ထွက်လာလို့ ကျွန်တော်တို့က (လာထိဝံ့ ထိကြည့်ကြစမ်း)ဆိုပြီး တကယ်နှံကြမယ် ဟန်ပြင်တော့သူတို့ အနားမကပ်ရဲကြဘူး၊ အလကား ငခြောက်တွေဘဲ'

တော်ပေသေး၏။ လူကြီးနှင့်လူငယ်တွေမို့ ကျွန်တော့်သားတွေအတွက် စိုးရိမ်လို့မဟုတ်၊ ဒီကောင်လေးတွေက အသက် ၂၀ပတ်လည်။ လူရွယ်လေးတွေက မလောက်လေး မလောက်စားပေမင့် ကျွန်တော်ငွေကုန်ခံ၍ သင်ကြားပေးထားသည့် ကရာတေးပညာမှာ ခါးပတ်အနက်ရပြီး နေ့တိုင်းလေ့ကျင့်နေတဲ့ကောင်တွေ။ သူတို့လက်ဝါးစောင်းက အုတ်ခဲနှစ်ထပ်လောက် ထက်ပိုင်းကျိုးသည်။ လူတယောက် ချက်ကောင်းမိလျှင် တချက်ထဲနှင့် အသက်ထွက်နိုင်သည်။ နို့ပြီးစိတ်တွေကလဲ ကြွပ်ဆတ်ဆတ်၊ ပညာတတ်စ ရွနေတဲ့ကောင်လေးတွေ။

အောင်မယ်လေး ဘုရား. . . ဘုရား၊ ကျုပ်သားတွေ ကံကောင်းလို့ လူသတ်မှုမဖြစ်ပါလား။

ခုကာလ ပြည်သူ့အရက်ဆိုင်က လူတွေ ဆက်ဆံပုံမျိုးနဲ့မဖြစ်ဘူး–မဖြစ်ဘူး။ ဆိုင်ထဲရှုန်းရင်းဆန်ခတ် ဖြစ်ကြယင်လဲ သူတို့ပိုင်နက်အတွင်းမှာ ကိုယ့်သားတွေပဲ အလွန်ဖြစ်မယ်။ အနည်းဆုံး ဝတ္တရားနှောင့်ယှက်မှုကနေပြီး ကျွန်တော်တသီတတန်းကြီးတွေး၏။

ဖအေ အသောက်သမားကြီးကြောင့် သားလူပျိုပေါက်ကလေးတွေ အရက်ဆိုင်တန်းစီတိုးရတာကိုကလဲ မကောင်းပါဘူး။

ဒီတော့ မင်းဘာလုပ်မလဲ။

ကိုယ့်ကိုယ်ကိုယ်မေး။

ကျွန်တော်အိပ်ရာထဲမှာ နဖူးပေါ်လက်တင် စဉ်းစား၏။ လက်ပေါ်နဖူးတင်စဉ်းစား၏။ လက်မောင်းပေါ် ပါးတင်စဉ်းစား၏။ ပါးပေါ်လက်မောင်းတင် စဉ်းစား၏။

ပုလင်းလိုက် ဝယ်လို့ရတဲ့ရမ်တို့ ဘရမ်ဒီတို့ဝယ်သောက်နိုင်မလား။

တနေ့တပုလင်းလောက် ကုန်နေတာ၊ ခုအချိန် ကျွန်တော့်ဝင်ငွေနဲ့ အိမ်သုံးစရိတ်တွေကြီးနေတာနဲ့ မတတ်နိုင်ပါဘူး။

ဒါဖြင့် မင်းကိုယ်တိုင်ဘဲ နေ့စဉ်အရက်ဖြူဆိုင်ကြီးသွားပြီး ၃ပက်စီ တန်းစီတိုးတောက်နေမလား။

ဒီလောက် အောက်ကျနောက်ကျဒုက္ခမခံနိုင်။ ကျွန်တော်အရက်သောက်ခဲ့သည်မှာ ကိုယ့်အသက် ထက်ဝက်ကျော်ခဲ့ပြီ။ ဒီလိုဒီမျှ အခက်အခဲမျိုး ခက်သောအခါ၊ ဘယ်နေရာ ဘယ်ဌာနတွင်မှ မကြုံဘူးခဲ့၊ မကြားဘူးခဲ့။ နို့ပြီး ကျွန်တော်အရက်သောက်သည်ကလည်း ထမင်း ပွဲနှင့်နှ၊ စားကောင်းအိပ်ပျော်အောင် ဟူသောရည်ရွယ်ချက်နှင့်. . .

ကဲ. . . ဒါဖြင့် မင်းဘယ်လိုလုပ်မလဲ။

အရက်ဖြတ်တော့. . .

## မင်းအရက်ဖြတ်တော့

ဟုတ်တယ် ဒါဘဲရှိတော့တယ်။ ကဲ. . . ဘယ်လိုဖြတ်မလဲ၊ အရက်ဖြတ်နည်း အမျိုးမျိုးရှိကြ သည်။

ဆရာဝန်ဆီသွား ဆေးထိုးဆေးစား၍ ဖြတ်ကြသည်။

တံတားလေး စိတ္တဇဆေးရုံသို့သွား၍ဖြတ်ကြသည်။

သင်္ကန်းစည်းပြီး ဘုန်းကြီးကျောင်း သွားနေ၍ဖြတ်ကြသည်။

ဆရာဝန်ဆီမှဆေးထိုးဆေးစား၍ လည်းကောင်း၊ တံတားလေး စိတ္တဇဆေးရုံသွား၍ လည်းကောင်း၊ ဖြတ်ကြသော ကျွန်တော်တို့၏ စာပေနယ်အသိုက်အဝန်းထဲကကား (နာမည်တွေ ထုတ်မပြောချင်ပါ) ဘယ်လူမှ မပြတ်ကြပါဘူး။ ခွေးမြီးကောက်ကျည်တောက်စွပ်ပါဘဲ။

သည်တော့ ကိုယ့်အရင်ဖြတ်ကြတဲ့ နောင်တော့်နောင်တော်များမှ ဒီနည်းဒီပုံနှင့် မပြတ် ကြယင်ဖြင့် ကျွန်တော်ကကော သူတို့ထက်ထူးပြီး ဘာသားနဲ့ထုထားတာမို့လဲ သူတို့နည်းမလိုက် တော့ပါဘူး။ သံသရာ ရှည်လှတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ဘဲ ဖြတ်ပါတော့မယ်။

ကျွန်တော့်နည်းက ဘာလဲ. . .

အရက်သောက်တာဘဲ၊ ဘယ်သူကမှ ကိုယ့်ပါးစပ်ထဲ အတင်းချုပ်တိုက်နေတာမဟုတ်။

ဟောသည် လက်၊ ဟောသည်အရက်၊ ဟောသည်ခွက်၊ ဤသုံးခုပြုမှသာ ကိုယ့်ပါးစပ်ထဲ ရောက်တာ။

ကဲ. . . ဒင်းတို့ကို ငါမပြုတော့ပါဘူးတဲ့။ ယင်းသို့ဆိုလျှင် အရက်မှာ တောင်ပံရှိနေဦးတော့၊ ကိုယ့်ပါးစပ်ဖွင့်မပေးလျှင် ဒင်းဘာတတ်နိုင်တော့သနည်း။

၁၉၆၉–ခု၊ ဇူလိုင်လ ၆ရက်၊ တနင်္ဂနွေနေ့၊ ထိုနေ့ညစာစားခါနီး ဇနီးသည်က. . .

'မောင်ရေ. . . . ဆိုဒါဝယ်ခိုင်းလိုက်ရမလား'

'ဟော့. . . ဘာလုပ်ဖို့လဲကွာ'

'မောင်. . . ဒီနေ့အရက်ဖြူ ဇပက်နဲ့ မလောက်ယင် ဝီစကီဘဲဖောက်သောက်လိုက်လေ'

'ဟော့အေး. . . မလိုပါဘူးကွာ'

'ဒါဖြင့် ဘီယာနဲ့တွဲသောက်မလို့လား'

ဤနေရာတွင် ပြောရဦးမည်။ ယင်းအချိန်မှာ ကျွန်တော့်အိမ်တွင် ဖော်ပြပါအတိုင်း သားများဝယ်ခဲ့သော အရက်ဖြူ ဇပက်အပြင် မဖောက်ရသေးသော ဝှိုက်လေဘယ် ဝီစကီ တပုလင်းနှင့်သော့တံဆိပ်ဘီယာသုံးလုံးရှိနေသည်။

ဟ. . . . မန္တလေးရမ်တောင် ဝယ်မသောက်နိုင်ဘူးဆိုတဲ့ကောင်က ဘယ့်နှယ်တုန်းဟု ဆိုအံ့။ ယင်းဝီစကီနှင့် ဘီယာများမှာ ကျွန်တော့်ပိုက်ဆံနှင့် ဝယ်ထားသည်မဟုတ်ပါ။ မိတ်ဆွေများက လက်ဆောင်ပေးထားတာပါ ခင်ဗျာ။

ဒါတွေဟာ တခါတလေမှရသည်မို့၊ ကျွန်တော်မသောက်ရက်ပါ။ ဧည့်လာစောင်လာ အလှုသောက် အပြုသောက်၊ အိမ်မှာ ထိုက်ထိုက်တန်တန်လူလာလျှင် ထိုက်ထိုက်တန်တန်ပြုစုဖို့ လိုလိုမယ်မယ်ထားတာ ဆိုပါတော့။

ဒါကြောင့် ကျွန်တော့်ဇနီးသည်က အရက်ကိုရေချိန်ပြည့်မှ ပြီးတတ်တဲ့ ကျွန်တော့်ကို ဒါတွေသောက်မလားမေးခြင်းပါ။ ဒီနေရာမှာ ကျွန်တော်က ခက်တောင့်ခက်ခဲ အစွန့်စားကြီး စွန့်စားပြောလိုက်တဲ့ စကားကတော့. . .

'ဟော့. . . ငါဘာမှ မသောက်တော့ဘူးဟေ့'

ကျွန်တော့်ဇနီးမှာ သူ့နားသူမယုံနိုင်အောင် ဖြစ်သွား၏။ ထိုစဉ်သူနှင့် ကျွန်တော်ညားခဲ့သည်မှာ ၁၅နှစ်ကျော်ခဲ့ပြီ။ တနေ့မပြတ် အဝသောက်တဲ့လူက ဒီလိုပြောတယ်ဆိုတော့. . . .

+ + +

ကျွန်တော်ကဲ့သို့ နေ့စဉ်မပြတ် အရက်သောက်ခဲ့ကြသော မိတ်ဆွေများ၊ အချို့ဆိုလျှင် စကော့ချ်ဝီစကီ ဂျိုက်လေဘယ်လ်မှ ဂျော်နီဝါကားဆိုလျှင် ဘလက်လေဘယ်လ် (စက္ကူအနက် ပတ်)မှ ဗက်စစ္စတီးနိုင်းကို သိပ်မကြိုက်ဘူး။ ဂွန်ဟိတ်ကပျော့သေးတယ်ဆိုသော လူစားများ ထောင်ထဲ ၃–၄နှစ်တန်သည်နေပြီး ပြန်လွတ်လာကြတော့ ကျွန်တော်ကမေးကြည့်ဘူးသည်။

'ခင်ဗျားတို့ ထောင်ထဲရောက်ရောက်ချင်း အရက်မသောက်ရတော့ ဘယ့်နှယ်နေကြလဲ'

'အား. . . သိပ်ခံရတာပေါ့ ကိုဆွေ၊ စားမဝင် အိပ်မပျော်တော်တော်ကြာကြီးပေါ့ဗျာ'

ကျွန်တော်တွေးကြည့်ပြီးသူတို့ကို သနားခဲ့မိသည်။ ယခုကား ကျွန်တော့်ကိုပင် ကျွန်တော် မသနားနိုင်တော့ပြီ။ မိမိကိုယ်မိမိတခဏ၊ (နှစ်ရက်သုံးရက် အလွန်ဆယ့်လေးငါးရက်ပေါ့ဗျာ) ရက်စက်လိုက်ခြင်းဖြင့် ကိုယ့်တသက်လုံး အရက်ဝဋ်မှ လွတ်ရမည့်စွန့်စားခန်းကြီး။

ဝီစကီအကောင်းစားမှ သောက်ပြီး ကိုယ့်ကိုယ်ကို ရွှေလိုအုနေတဲ့ ကွယ်လွန်သူ ကျွန်တော့်မိတ်ဆွေကြီး ငွေကိုလေလိုသုံးသူ မိုးကုတ် ကိုမြမောင်လိုလူကပင်. . .

'ကိုဆွေရေ. . . . နောက်ကျင့်သားရတော့လဲ ဖြစ်သွားတာဘဲဗျ'ဟု (သူထောင်ကျစဉ်က အကြောင်းများပြောယင်း)ဆိုခဲ့သေးတာ။ ကျွန်တော်က ဒီအရက်ကို ဘာ့ကြောင့်မသောက်ဘဲ မနေနိုင်ရမှာတုန်း။

အဲ့သည်ည အိမ်မှာရှိနေတဲ့ ဂျိုက်လေဘယ်လ် ဝီစကီပုလင်းကို ကြည့်ပြီးတော့. . .

'နင်က ကမ္ဘာကျော်တဲ့ စကော့ချ်ဝီစကီ'

အနောက်ဂျာမနီ သံအမတ်ကြီး ဗွန်ကိုင်ဇာပေးထားတဲ့သော့တံဆိပ် ဘီယာပုလင်းတွေ ကြည့်ပြီးတော့. . .

'မင်းတို့က ကမ္ဘာမှာနာမည်ကြီးလှတဲ့ ဂျာမနီဘီယာတွေ'

သားများ နေ့လယ်ကရခဲ့တဲ့ အရက်ဖြူ ဥပက်ကြည့်ပြီးတော့ဖြင့်. . .

'အသင် အရှင်တို့ကား ငါတို့ပြည်ထွက်ဖြစ်လျက် ပိုက်ဆံပေးလို့မှ (လိုချင်တိုင်းတရား ဝင်)ဝယ်မရပါတကား'

'ဟေ့. . . နင်တို့အားလုံးကို ငါတခုမှမသောက်တော့ဘူး'

စိတ်ထဲက ကြုံးဝါးပြီး ကျွန်တော်ဖွတ်ပေနေလိုက်တယ်။ အဲ့သည်ည ကျွန်တော် တော်တော်ခံရတာပေါ့ဗျာ။

ထမင်းစားတော့ တဝေ့ဝေ့ တဟော့ဟော့ လေတပျို့ပျို့နဲ့ စားတဲ့ထမင်းဟင်းတွေ မျိုမကျဘူး။ နောက် ကျွန်တော့်ဇနီးက ဝမ်းဘဲပေါင်းမြူစွမ်ဝယ်ပေးတယ်။ ဒါလဲ လေးငါးဇွန်းထက် ပိုသောက်လို့မရဘူး။ ညအိပ်ရာဝင်ခါနီးတော့ ကော်ဖီခါးခါး (နို့မပါဘူး။ အရက်သမားဟာ နို့ကို လုံးဝမကြိုက်ဘူး။) ဖျော်ပေးတယ်။ ဒါကိုအအေးခံပြီး လူနာဆေးသောက်သလို အတင်းမျိုချ လိုက်တော့ တခွက်ဝင်သွားတယ်။ ဒါပေမယ့် ရောင့်ရဲတိမ်ခြင်းမဖြစ်၊ လူဟာ မသက်သာဘူး။

ကျွန်တော်သည် ၁၉၄၂ ခုနှစ်ကစပြီး ကျင်လည်ခဲ့ရာ ဘဝအမျိုးမျိုးမှာ ကြုံရာရရာ အရက်အမျိုးမျိုးကို နေ့စဉ်မပြတ် တရက်မလပ်သောက်ခဲ့ရာ ထိုနေ့ ၁၉၆၉ခုနှစ်၊ ဇူလိုင်လ ၆ရက် နေ့ဆိုတော့ ၂၇ ခုနှစ်၊ ကျွန်တော့်အသက်ကို ထက်ဝက်ကျော်ခဲ့ပြီ။ သောက်သက် ဆီးလ်လဗား ဂျူဗလီ မြောက်ခဲ့ပြီဆိုရမည်။ ဒါကို ချက်ချင်းဖြတ်လိုက်တယ်ဆိုတော့ အရက်သမား မဆိုထားနှင့်၊ ကွမ်းနှင့်ဆေးလိပ် စွဲနေသူများပဲ ခဏတဖြုတ်ရပ်ပြီး အငတ်ခံကြည့်ကြစမ်းပါ။

ကျွန်တော့်အဖြစ်မှာတော့ ငါဒီညတော့ဖြင့် ဒုက္ခစခံတော့မယ်ဟေ့. . . ဆိုပြီး ထိုနေ့အထိ သောက်ခဲ့ပုံ အမျိုးမျိုးတွေပြန်လည်စဉ်းစားမိတယ်။ ကိုယ်မွေးဖွားခဲ့ရာ တောရွာဇနပုဒ်ကလေးမှ သည် မိမိရောက်ခဲ့ဘူးသော နိုင်ငံခြားမြို့ကြီးပြကြီး ဟော်တယ်ကြီးများအထိ ကိုမောင်ခိုကြီး ထန်းရည်တဲကလေးမှသည် ဘရန်ဒီ၊ ဝီစကီ၊ ဝိုင်ဖြူ၊ ဝိုင်နီ၊ ရှန်ပိန်အထိ ပါသောဥရောပပုံစံ ညစာ စားပွဲကြီးများ။

တကယ် ထမင်းငတ်သည်မဟုတ်စေကာမူ တခါတရံအချိန်တန်၍ ထမင်းမစားရသဖြင့် ဆာလောင်မွတ်သိပ်ဘူးသူများ စဉ်းစားမိကြပေမည်။ ပထမ ကိုယ်စားချင်ရာလေးတွေ စားလိုက်ရ ကောင်းမှာဘဲဟု တွေးမိရာမှ ကိုယ်စားဘူးခဲ့သော ထမင်းဟင်းအမျိုးမျိုး ထိုနောက်တွင် ဟိုယခင် ကိုယ်မစားချင်သောအရာများပင် ယခုဖြင့်ဒါမျိုးတောင် စားလိုက်ရကောင်းမှာပဲဟူသော စိတ်မျိုး ပေါ်ဘိသကဲ့သို့ ကျွန်တော့်မှာလည်း ဂျပန်အပြေး အင်္ဂလိပ်အဝင်တွင် အခြေအနေဗရုတ်သုက္ခ ဖြစ်၍ တောအရက် မြို့အရက်ပြတ်ချိန်၌ ဂျပန်စစ်တပ်မှ ကျန်ခဲ့သောအရက်ပုံတွေ ရေရော သောက်ရသည့် ပေါ့ခါးခါး ပူရှိန်းရှိန်းကြီးတွေပင် သောက်ချင်စိတ်ပေါ်လာပါတော့သည်။

ထိုစဉ် ကျွန်တော့်မှာ ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာတွင်နာမည်ကြီး ဝီစကီနှင့် ဘီယာများ အပြင် မြန်မာပြည်မှာ (ထိုစဉ်က) ပြဿနာတက်လျက်ရှိသော အရက်ဖြူ ဇူပက်ပင်ရှိနေရာ ကျွန်တော်သည် ကိုယ့်အဓိဋ္ဌာန် ကိုယ်ဖျက်၍ အကြိမ်ကြိမ် သောက်တော့မည်ဟု ကြံမိကြောင်း ဝန်ခံပါ၏။

သို့သော် လက်ရှိအခြေအနေ အရက်ပြဿနာကို စက်ဆုပ်ရွံရှာ ရှက်ကြောက်နာကျည်း စိတ်ဖြင့် အောင့်အည်းသည်းခံနေခဲ့ရာ အိပ်မပျော်ပဲ တလူးလူး တလိမ့်လိမ့်နှင့် နံနက်မိုးသောက် တော့ 'ငါတညဖြင့် အောင်ပြီဟေ့'ဟု ကိုယ့်စိတ်ထဲက ကြွေးကြော်လိုက်မိပါ၏။

သည်လို ကျွန်တော်ဝေဒနာခံစားနေရသည့် နေ့ရက်များ၌ ကျွန်တော့်အလုပ်ဝတ္တရားဖြစ် သည့် စာရေးခြင်း၊ စာဖတ်ခြင်းမျှမပြုနိုင်ပါ။ သို့သော် ဇူလိုင်လ ၂၆ရက်နေ့ ညနေမှစပြီး အလူး အလဲခံရသော ၂၇ရက်နေ့ ကျော်လွန်ခဲ့ပြီး ၂၈ရက်နေ့၌ နည်းနည်းသက်သာရာရခဲ့ပြီး စိတ်ပေါက်ပေါက်နှင့် အောက်ပါကဗျာကိုတော့ ရေးလိုက်မိသေး၏။

သူရာရွှေပြည်

အို. . . အသောက်သမားအပေါင်း

ယောကျ်ားကောင်းတို့လေး

သောင်းသောင်းဖျဖျ နားဆင်ကြလော့

တခုသော စကြဝဠာ၊ ထိုကမ္ဘာဝယ်

သူရာရွှေမိုး၊ ရွာသွန်းဖြိုးသည့်

ပြည်မျိုးတခု ရှိသတဲ့လေး။

တိုင်းသူပြည်သား၊ လူအများသည်
ခံထားစည်အိုး၊ မပြတ်ဖြိုးလျက်
အမျိုးမျိုးသောအရက်၊ ကိုယ်နှစ်သက်ရာရာ
သောက်ကြပါသတဲ့၊ အချို့မှာလည်း
ကြက်မြီးစတိုင်၊ ဒလပိုင်တဲ့။

အရက်မျိုးစုံ၊ ရွှာသွန်းပုံမှာ
လေဟုန်တွင် ပထမ၊ ရန့်ပြသတဲ့
ဥပမာသဏ္ဍာန်၊ ရမ်ဆိုအံ့ ထိုရန့်တဲ့
ဝီစကီဆိုမူ၊ ထို့တူအညီ
ဘရန်ဒီလည်း၊ ထိုနည်းလည်းကောင်း
လူအပေါင်းအား၊ အိုးမမှားအောင်
ညွှန်ကြားပြီးမှ၊ ရွှာသွန်းချသတဲ့
လာကြ၊ ကိုယ့်လူဖို့အရက်ဖြူမှ
သုံးပက်ရတဲ့၊ ဒီကထွက်ခွာ
ထိုကမ္ဘာသို့ ငါတို့သွားမည်
လိုက်လိုသောသူ၊ စာရင်းယူပြီး

အဖြူတပုလင်း၊ ကိုယ်စီနှင်း

အသင်းဝင်ကြေး၊ ယူခဲ့ကြလေး. . . ဝေး. . .

ဟေး. . . ဟေး. . . .

ယင်းသည့်ကမ္ဘာ၊ ရှိသည့်ဟာကို

အပိုလိုတွေ လွှတ်လွှတ်နေတဲ့

အမေရိကန်မှ မသိသေးဘူးတဲ့ ကိုယ့်လူတို့

လာကြသုတ်သုတ်၊ စိတ်မရှုပ်နဲ့

အဟုတ်တကယ်ပဲ၊ ကျုပ်အိပ်မက်ထဲမှာ

တွေ့ခဲ့တာဗျ၊ ဟား. . . ဟား. . . ။

× × ×

တစ်ါရလောက၌ ဘာမျှမမြဲ၊ အကြောင်းကြောင်း အရာရာအားလုံးတို့သည် အဆုံးရှိရ၏။ အကောင်းလည်း အဆုံးရှိ၏။ အဆိုးလည်း အဆုံးရှိ၏။ အချိန်အခိုက် အတန့်သာ အကောင်းအဆိုးဟု ပြောနေကြခြင်းဖြစ်၏။ နောက်တော့ ဒီအကောင်းရော အဆိုးရော ဘာမျှမရှိတော့။

ကျွန်တော်သည် အရက်ဖြတ်ခြင်းဝေဒနာကို ခံစားနေရပြီးနောက် ၃ရက်ကျော် ၄ရက်မြောက်၌ လူမမာ နာလန်ထကဲ့သို့ စားနိုင်အိပ်နိုင်စပြုလေပြီ။ သီတင်းတပတ်မျှ ကျော်သည့်၌ ကျွန်တော်သည် အရက်သေစာ ဘာမျှမသောက်စားတတ်သူကဲ့သို့ လူကောင်းပကတိ ဖြစ်သွားလေပြီ။ စားချိန်တန်စား၊ အိပ်ချိန်တန် အိပ်နိုင်သည်။ အရက်သောက်တုန်းကထက်ပင် ထမင်းမြိန်ပြီးလူမှာ လန်းလန်းဆန်းဆန်းရှိလှသည်။

ယင်းအကြောင်းကို 'အလျှော့ပေး၍ အောင်နိုင်ခြင်း'ဟု ကျွန်တော်ရေးခဲ့သည်။ သို့သော် ကျွန်တော်သည် 'သူရာမေရိယပါဏာပေတံ ဝေရာမဏီ'အဖြစ်တော့ မရောက်ခဲ့

ရပါချေ။ အရက်တစက်မျှမသောက်ဘဲ တနှစ်ပြည့်အောင်ပင် မနေခဲ့ရပါ။ ပြန်သောက်ရန်အကြောင်းက ဖန်လာခဲ့ပါတော့သည်။ အလျှော့ပေး၍ အောင်နိုင်ခြင်းမှသည် 'အောင်နိုင်ခြင်းကို အလျှော့ပေးလိုက်ရခြင်း'အဖြစ်သို့ ရောက်ခဲ့ပါသည်။

ကျားသေသော်လည်း ကျားရေက မပြောင်းဆိုဘိသို့ ယခင်က သောက်ဖော်တွေ၏ စက်ကွင်းက မလွတ်ကင်းနိုင် ဖြစ်ရပါသည်။ ကျွန်တော်ကိုယ်တိုင်ကိုကလဲ မစွမ်းရင်းက ရှိ၍ ကန်စွန်းခင်းက ငြိသည်ဟု ဆိုနိုင်ပါသည်။

ဥပမာဆိုသော် ဤစာကိုရေးနေစဉ် နိဝင်ဘာလ ၂ရက်နေ့ ညနေက ကျွန်တော့် သောက်ဖော် ကိုသင်းအောင်သည် ကျွန်တော်နှင့် မတွေ့ရတာကြာလို့ဟု သူ့ကားနှင့် ရောက်လာကာ 'ဆရာရေ့ ကိုတင်နွယ်တော့ ခရစ်စမတ်မှ တောင်ငူကပြန်လာဖို့ ခေါ်ရမှာဘဲ၊ ဒီတော့မှ ကိုထွန်းဝေရော လူစုံကြပြန်တာပေါ့'ဟု ပြောလျက် သူ့လက်ထဲမှာ ရေခဲနှင့်ရမ်ပုလင်း ပါလာသည်။ ဒါကို ကျွန်တော်ကဟာ. . . 'ကျွန်တော်တော့ မသောက်တော့ဘူးဗျ. . .၊ ကိုသင်းအောင် တယောက်ထဲဘဲ သောက်တော့'ဟု ဆိုပြီး ကျွန်တော်က အနားမှ ထိုင်ကြည့်နေရပါမည်လား. . . နိုး. . . .

သောက်သင့်သော သူနှင့် သောက်သင့်သော အချိန်တွင် ကျွန်တော်သောက်ရပါမည်။ သို့သော် ယခင်အချိန်တွေတုန်းကလိုတော့ ကျွန်တော်သည်အရက်၏ ကျေးကျွန် မဟုတ်စေရတော့။ ကိုယ်သောက်ချင်မှ သောက်မည်။ မသောက်လိုက မသောက်ဘဲ နေနိုင်သော အရက်၏အရှင်သခင်သာ မိမိကဖြစ်ရမည်။ ယင်းသို့ဖြစ်အောင် ကြိုးစားရသည်။ မိမိစိတ်ကို မိမိနှိမ်နင်းတိုက်ခိုက်ရသည်။ လောက၌ ကိုယ့်ကိုယ်ကိုယ် နိုင်နင်းမှ တကယ်အောင်မြင်ခြင်း ဖြစ်ကြောင်း။

## အောင်နိုင်ခြင်းကိုလျှော့ပေးလိုက်ရခြင်း

၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၆ရက်၊ တနင်္ဂနွေနေ့ညတွင်၊ စတင်၍ ကျွန်တော် အရက် ဖြတ်ခဲ့ရာ၊ လပေါင်းများစွာ ပြတ်သွားသည်၌၊ ယင်းကို 'အလျှော့ပေး၍ အောင်နိုင်ခြင်း' ဟု ရှုမဝမဂ္ဂဇင်းတွင် ထိုနှစ်အတွင်းမှာပင် ကျွန်တော်ရေးသားမိခဲ့သည်။

စင်စစ်ကျွန်တော်စာရေးလောကြီးမိခြင်းသာ။ 'လူတယောက်ကို မသေချင် မချီး ကျူးပါနှင့်ဦး' ဆိုဘိသကဲ့သို့၊ မိမိကိုယ်မိမိလည်း မသေမီ အပြီးအပိုင် မဆုံးဖြတ်နိုင်ပါ။ အကြောင်းမှာ

လောကကြီးတွင် မိမိတယောက်တည်း နေသည်မဟုတ်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် အကြောင်းကြောင်းအရာတွေက ရှိသေးသည်။

၁၉၇၀ ခုနှစ်၊ ဧပြီလဆန်းတွင် ကျွန်တော့်မိတ်ဆွေ မိုးကုတ် ကိုတင်မောင်ဆီက အကြောင်းစကား ရောက်လာသည်။ 'ကိုဆွေဒီနှစ်သင်္ကြန်ရက်တွေမှာ ကျွန်တော်တို့ မိသားစု ပေလီသွားကြမယ်လို့၊ ဘန်ဂလို ငှားပြီးနေပြီ၊ အစီအစဉ်ကတော့ အောင်ကြည် နဲ့ ကိုထွန်းတင်က ရှေ့ဦးစွာ ကျွန်တော့်ကား လင့်ရိုဗာနဲ့ပြည်ကနေ. . . တောင်ကုတ်လမ်း က သွားနှင့်မည်၊ ကျွန်တော်တို့မိသားစုက နောက်နှစ်ရက်ကြာမှ လေယာဉ်နဲ့ လိုက်လာမည်။ ကျွန်တော်တို့နှင့် ဒေါက်တာ ရယ်ဂျီဘဖေတို့ လင်မယားလည်းပါမည်။ အဲဒါ. . . ကိုဆွေက ပေလီ မရောက်ဖူးသေးဘူးပြောလို့ အခုလိုက်မလား၊ လိုက်ယင် လေယာဉ်နဲ့ လိုက်ချင်သလား'

သူ့အမေးကို အကြောင်းပြန်ဘို့ ကျွန်တော်စဉ်းစားသည်။

၁၉၅၅ ခုနှစ်က မောင်းမကန်ကမ်းခြေသို့ ရောက်ခဲ့ဘူးပြီ။ ယခုနောက်မှ ခေတ် ထလာသော ပေလီသို့ မရောက်ဖူးသေး။ လိုက်ကိုလိုက်ရမည်။ သည်လိုရေမြေရှင်တကာ နှင့် တွေ့တုန်းမှ မလိုက်၊ ကျွန်တော်လူမိုက်ပေါ့။

ကဲ. . . . ဘာနဲ့လိုက်မည်နည်း။

လေယာဉ်နဲ့ဆိုတော့ လူ့အထက်တန်းလွှာတို့ စရိုက်၊ ဖိမ်ကလေးနှင့်၊ ငြိမ့်ကနဲ ရောက်သွားမည်။ သည်တော့ ကိုယ့်ကိုယ်ကိုမေးရသည်။

နင် သူတို့ကအလွှာသား၊ မဟုတ်ဖူး. . . ။ ဖွတ်ကြား စာရေးဆရာ စာရေးနိုင်မှ ထမင်းစားရသူ၊ စာရေးကွက်ဘဲ အမြဲရှာနေရသူ။ ဒီတော့ လေယာဉ်နဲ့ လိုက်လို့တော့ ရေးစရာ ရမည်မဟုတ်။ ကားနှင့် ရန်ကုန်ကနေ ပြည်ကိုသွား၊ ပြည်က ပန်းတောင်းကူး၊ တောင်ကုတ်လမ်းက ရခိုင်ပြည်၊ သံတွဲမြို့နယ်ပေလီဂို။ သည်ခရီးမျိုးမှ စာရေးဆရာအဖို့ အကျိုး ရှိနိုင်မည်။ အိုကေ. . . . ။

ကျွန်တော်သည် ဒိုင်ယာရီသမား မဟုတ်မူ၍၊ နေ့စွဲနဲ့တော့ အတိအကျ မမှတ်မိ။ ဧပြီလ ပထမသီတင်းပတ် အတွင်းမှာ ထင်ပါသည်။ နံနက် ၈ နာရီလောက်တွင် ကိုတင်မောင်၏ လင့်ရို ဗာကားနှင့် ကျွန်တော်တို့သုံးယောက် ရန်ကုန်မြို့မှ ခရီးထွက်ခဲ့ကြသည်။

ကျွန်တော် ခရီးဖော်များကို မိတ်ဆက်ပေးရဦးမည်။

ကိုထွန်းတင်။

သူကမိုးကုတ် ကိုမြမောင် ရှိစဉ်တုန်းက၊ ကိုမြမောင်၏ လက်စွဲတော် **P.A.**။ ကိုမြမောင် သေဆုံးပြီးနောက်၊ (ထိုအချိန်က သိပ်လည်း မကြာသေးသည်မို့) ဘာအလုပ်မျှ မရှိသေးဘဲ၊ ကိုမြမောင်၏ညီ၊ ကိုတင်မောင်၏ ကူညီမစမှုဖြင့် နေရသေးသည်။

အောင်ကြည်။

သူကတော့ ကိုတင်မောင်အိမ်တွင် ဘက်စုံဆောင်ရွက်ရသည့် အိမ်ဖော်လူပျိုကြီး။ ကျွန်တော်တို့နှင့်ဆိုတော့ သူက လူငယ်ချာတိတ်ဘဲ။

ကျွန်တော်တို့ကားသည် ရန်ကုန်မြို့မှ တံချိုးထဲထွက်ခဲ့၍ သုံးဆယ်မြို့ရောက်မှ ထမင်းစား ဖို့ တထောက်နား၏။ ကျွန်တော်တို့သည် တရုတ်ဆိုင်တခုထဲ ဝင်ရောက်၍ စားသောက်စရာများ မှာလိုက်ပြီးနောက်၊ ကိုထွန်းတင်က. . . . .

'ဟေ့ အောင်ကြည်၊ တို့ဖို့ ကြည့်လုပ်အုံးကွာ'ဟု ပြောလိုက်ပြီး မကြာမီ၌ အောင်ကြည် သည် ဆိုဒါ၊ အရက်၊ ရေခဲနှင့်စပ်ပြီး နှစ်ဖန်ခွက်ကို ကျွန်တော်တို့ရှေ့ စာပွဲပေါ် လာချသည်တွင် ကိုထွန်းတင်က မဆိုင်းမဏ္ဍပင် ဖန်ခွက်ကို ကောက်ကိုင်၍ 'ကိုဆွေ လုပ်ဗျာ'ကျွန်တော်ကလည်း ဖန်ခွက်ကို ကောက်ကိုင်လိုက်ကာ၊ အရက်သမားတို့ ထုံးစံ ခွက်ချင်းတေ့ပြီးနောက်၊ အသီးသီး မော့ချလိုက်ကြလေ၏။

အဲသည် တမော့သောက်ပြီး ဖန်ခွက်ကို ပြန်ချလိုက်တော့မှ ကျွန်တော် ရုတ်တရက်သတိရ၍၊ ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူးသွား မိတော့သည်။ ယင်း၌ ကိုထွန်းတင်သည် ကျွန်တော့် အမူအရာကြည့်၍ အံ့အားသင့်လျက်. . . . .

'ဟင်. . . ကိုဆွေ၊ ဘာဖြစ်တာလဲ'

'ဟာ. . . . ကျွန်တော် အရက်ဖြတ်ထားတာ တော်တော်ကြာပြီဗျ'

'အို. . . . ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားနဲ့ဆိုတော့ ဟိုတုန်းက အတိုင်းဘဲ၊ အမှတ်တမဲ့ ကောက်မော့လိုက်မိ တယ်၊ ကျွန်တော် အရက်ဖြတ်ထားတာ ကိုယ့်ဟာကိုယ်မေ့နေတာဗျ'

သည်တော့မှ ကိုထွန်းတင်သည် တဟားဟား ရယ်မောလျက်. . . . .

'ဟာ ဒါဖြင့် ကိုဆွေ့ဟာ အမေ့ကောင်းဘဲ၊ ခုမှတော့မထူးဘူး၊ သောက်လက်စနဲ့ ဆက်သောက်ဗျာ၊ တတက်စားလဲ ကြက်သွန်၊ နှစ်တက်စားလဲ ကြက်သွန်ဆိုတာလို. . . .၊ တခွက် သောက်လဲအရက်၊ နှစ်ခွက်သောက်လဲ အရက်၊ တပုလင်းသောက်တော့ ပတ်လက်'

ယင်းစကားကြားရသည်၌၊ ဟင်. . . ငါတော့ ဝိပါတ်လည်ပြီဟု အတပ်သိလိုက်သည်။ အကြောင်းမှာ ကျွန်တော် အရက်သမား စာရေးဆရာများထဲတွင် ဝက်သား မစားသော ပုဂ္ဂိုလ် နှစ်ယောက်ရှိသည်။

တက္ကသိုလ် နန္ဒမိတ်နှင့် မောင်သော်ကခေါ် ဗိုလ်မှူးဘသော် အစားမျိုးစုံနှင့် သောက်ဝိုင်းဖွဲ့နေရာမှ၊ အဲ သူတို့မူးလာပြီ ဆိုမှဖြင့် ကောက်ကြိတ်ပါပြီဗျ။ တရုတ်အမဲ။ ထိုအခါ၌၊ သန်းဆွေ နှင့် မင်းရှင်တို့က ဝမ်းသာအားရရ ထ,အော်တတ်သည်။

'ဟား. . . နန္ဒမိတ်ကြီး ဝက်သား စားပဟေ့'

'မောင်သော်ကကြီး အဆီခဲပဟ'

ယင်းအခါမှာ ခမျာကြီးများ သတိရလျက် မျက်ခွက်မျက်နှာ ပျက်ကြပြီး. . . .

'ဟာ. . . . ခင်ဗျားတို့ကလဲ မပြောဘဲနေ ဖြစ်သားနဲ့ဗျာ'

ဒီတော့ ကျွန်တော်က လူကြီးလုပ်၍ ဖြန်ဖြေရ၏။

'အေး. . . အေး. . . . သန်းဆွေနဲ့ မင်းရှင်တို့ကလဲ မသိလို့ပြောမိပြီ ထား၊ ဒီတော့ ခင်ဗျားတို့အဖို့လဲ မထူးပါဘူး၊ တဘက်စာလဲကြက်သွန် နှစ်ဘက်စားလဲ ကြက်သွန်ဆိုတာလို တဖတ်စားလဲဝက်သား၊ တပန်းကန်လုံးမျိုးလဲ ဝက်သားဘဲ'ဟု အားပေးစကား ပြောလိုက်တော့မှ မောင်သော်ကနှင့် နန္ဒမိတ်တို့မှာ မစွမ်းရင်းကလည်းရှိ၊ ကန်စွမ်းခင်းကလည်း ငြိကြပြီး၊ 'အေ ဟုတ်တယ်၊ ကိုဆွေပြောတာ မှန်တယ်ဗျ'ဟု ဆိုလျက်၊ ဝက်သားဆက်စားကြကုန်သတည်း။

ယခု ကိုထွန်းတင်နှင့် ကျွန်တော်လည်း ထိုနည်းအညီပါဘဲ။ ကျွန်တော်သည် အရက်ကို ဆက်၍ သောက်ပါသတည်း။

ဟာ. . . . အရက်ကလဲ မသောက်ဘဲ ဖြတ်ထားတာ၊ ကြာလို့ထင်ပါရဲ့ဗျာ။ သောက်လို့ ကောင်းလိုက်တာကလဲ လွန်ပါရော။ သောက်ကျောကလည်း ဘယ်လောက် တွေ့ပါသနည်း။ ပြည်မြို့ရောက်တော့ ကျွန်တော်တို့တည်းသော ကိုထွန်းတင် မိတ်ဆွေကလည်း သမဏေန သမဏော ဂေါ့နေဏ ဂေါဏော ကျွန်တော်တို့လို အရက်သမားဘဲ၊ သူ့အိမ်ကလည်း မြစ်ကမ်း လေတဖြူးဖြူးနဲ့။

အင်း. . . စေ့စေ့တွေးတော့၊ ရေးရေးပေါ်ဆိုတာလို၊ မိတ်ဆွေတို့ သိခဲ့ကြတဲ့အတိုင်းဘဲ။ ကျွန်တော် အရက်ဖြတ်တုန်းက ဘယ်လောက် ခက်ခက်ခဲခဲ ဖြတ်ခဲ့ရသလဲ။ ဟော. . . . အခုပြန် သောက်တော့ လွယ်လိုက်တာ။ ငှက်ပျောသီးအခွံ နွှာစားတာကမှ ကြာနေအုံးမယ်၊ ကိုယ့်ရှေ့ အရက်ခွက်ကလေး လာချတာနဲ့ ကောက်မော့လိုက်သတဲ့။ စင်စစ်တော့ အိမ်ထောင်ပျက်မကို လင်ပြန်ပေးစားပြီး၊ ဟန်းနီးမွန်း လွှတ်လိုက်သကဲ့သို့ပေတည်း။

အကြောင်းမှာ ကျွန်တော်အရက်ဖြတ်ထားသည်ကို၊ ကိုတင်မောင်ကလည်း မသိ။ သူကားပေါ်မှာ ကျွန်တော်နှင့် ကိုထွန်းတင်ကြိုက်တတ်သော ရမ်ပုလင်းတွေအပြည့်။ ဒါတွေနှင့် ကျွန်တော်တို့ကားသည်၊ နောက်တနေ့နံနက်မှာ ရောဝတီမြစ်ကို ဖောင်နှင့်ကူး၊ ပန်းတောင်း ရောက်တော့ တောင်ကုတ်လမ်းကို ချီတက်ခဲ့ကြသတည်း။

ကျွန်တော်တို့တွင် ကားလမ်းပြ ခရီးသွား စာအုပ်ကလေးပါခဲ့သည်။

ပြည်ကနေပြီး တောင်ကုတ်သို ၁၁၅ မိုင်ဟု တွေ့ရသည်။ ပြည်မှ ပန်းတောင်း ၁၆ မိုင် ဆိုသဖြင့် ယင်းကိုနှုတ်လိုက်သောအခါ၊ ပန်းတောင်းနှင့် တောင်ကုတ် ၉၉ မိုင်သာ ရှိတော့သည်မို့၊ အင်မတန် စက်ကောင်းလှသော ကျွန်တော်တို့ လင့်ရိုဗာကားကြီး၊ တနာရီ မိုင် ၃၀ ဘဲ မောင်းတော့၊ အခု. . . . ပန်းတောင်းက ၈ နာရီထွက်ပေရာ၊ အလွန်ဆုံး မွန်းတည့် ၁၂ နာရီ ဘဲပေါ့။

တောင်ကုတ် ရွှေမြို့တော် ရောက်မှ ကျွန်တော်ကို မနက်စာ ထမင်းစားမယ်။

သို့သော် မှန်းချက်နှင့် နှမ်းထွက် မကိုက်ပေတကား။

အကြောင်းမှာ ပန်းတောင်းနှင့် တောင်ကုတ်လမ်းဟာ ဆင်တဲကနေပြီး ရေပေါ်ကြီးအထိ မိုင် ၆၀ လောက်သာ ကတ္တရာလမ်း၊ ကျန်တာက မြေကြမ်းလမ်းမှာ။ ခုမှဘဲ ရဲဘက်တွေနှင့် ကျောက်ခဲထုပြီး ခင်းကြတုန်း။

ဟာ. . . . လမ်းအကွေ့အကောက် များလိုက်တာကလဲ၊ မေမြို့လမ်း၊ တောင်ကြီးလမ်းတို့ ထက် ဆိုးသေးသဗျ။

ဒီတော့အနည်းဆုံး တနာမိုင် မိုင် ၃၀ လောက် ထွက်လာတဲ့ ကျွန်တော်တို့ကားဟာ ၁၅ မိုင်နှုန်းတောင် မပေါက်ချင်တော့ဘူး။ တောင်ပေါ်လမ်းဆိုတော့ ရေကလဲ အင်မတန် ခဲယဉ်းတယ်ဗျာ။

ကျွန်တော်တို့ဟာ ၁၁ နာရီလောက်မှာ ရေဆာလာလို့၊ ကားလဲရေထည့်ဘို့လိုတာနဲ့ ကျောက်ခဲထုနေတဲ့ တဲကလေးတခုရှေ့ရပ်ပြီး ရေတောင်းတော့၊ ကားထဲထည့်ဘို့မဆိုထားနဲ့၊ လူသောက်ဖို့တောင် အနိုင်နိုင်ဗျာ။

သူတို့ကရေကို တမိုင်ခွဲလောက်မှာ သွားခတ်ရတယ်ဆိုတာနဲ့ ရေဒန်ဖလားလေး တဝက်သာသာကို ကျွန်တော်တို့သုံးယောက်မျှသောက်ပြီး၊ ငွေ ၅ ကျပ် လှူခဲ့ပါတယ်။

အဲသည်အခါမှာ ထိုလူက ရှေ့တွင်ရေရနိုင်တဲ့ နေရာကိုကောင်းကောင်း ညွှန်ကြားလိုက် သဗျ။

ဟုတ်ပါတယ် သူတို့နေရာနဲ့ တမိုင်ခွဲလောက်အကွာ၊ ကားလမ်းနံဘေးမှာ စိမ့်ထွက်နေတဲ့ ရေအိုင်ကလေး။ အချင်းနှစ်ပေလောက်၊ အမြင့်တတောင် သာသာလောက်၊ ကျောက်စည်ကလေး ဝိုင်းထားလို့။ အဲသည်အထဲမှာ ရေသန့်သန့် ခပ်ယူနိုင်ပါတယ်။

ဘယ်လောက်ခပ်ယူယူ လျော့မသွားဘူး။ အပေါ်ကယူ၊ အောက်ကထွက်၊ ဘယ်လောက် အံ့သြစရာ ကောင်းလိုက်ပါသလဲ။ ကျွန်တော်တို့ ရှေးခေတ် မြန်မာခေါ်ခေါ်ရယင် 'နတ်ရေတွင်း' ဘဲပေါ့နော်။

ကျွန်တော်တို့ဟာ အဲသည်တော့မှာဘဲ။ ဒီလမ်းခရီးမှာရေဆောင်ဖို့ သတိရတော့တယ်။

ဒါပေမယ့် ကျွန်တော်တို့မှာ ရေသည်ဖို့ မပါခဲ့ဘူး။ ဒီတော့ ကျွန်တော်တို့ ညကသောက် လို့ ကျန်နေတဲ့ ရမ် လက်လေးသစ်လောက်ကို ကိုထွန်းတင်နဲ့နှစ်ယောက် ရှင်းပစ်လိုက်ပြီးမှ အဲသည်ပုလင်းထဲ ရေထည့် ယူခဲ့ရတယ်။

ဟောသည်နေရာမှာ တခုပြောချင်သဖြို့ ဒီလိုအချိန်မျိုးမှာ ဗိုက်ထဲအစာမရှိဘဲနဲ့ နောက်ပြီး စားစရာလဲ မရှိဘဲနဲ့ အရက်မသောက်သင့်ဘူး။ အရက်ကြောင့် ရင်ကပူလာ၊ ကားဆောင့်တာနဲ ဗိုက်ကပိုဆာလာ၊ ၁၂ နာရီလဲကျော်ပြီကိုဗျ။

ဟာ ထမင်းဟင်း စားချင်တဲ့စိတ်နဲ့ အခံရခက်လိုက်တာ။ မပြောပါနဲ့တော့ဗျာ။ အဲသည် အချိန်မှာ ကျွန်တော်တို့စိတ်ထဲ တောင်ကုတ်မြို့ ရောက်ဖို့ဟာ ဘဝတသက်တာမှာ ကျွန်တော်တို့ အတွက် အကြီးဆုံးသော ရည်ရွယ်ချက်ကြီး ဖြစ်နေတာပါဘဲ။ သဲကန္တာရထဲ ရေငတ်နေတဲ့လူလို တောင်ကုတ်ရောက်မှ ထမင်းစားရမည် မဟုတ်ပါလား။

## တောင်ကုတ်နှင့် ငရုတ်သီး

ဟောရောက်ပါပြီဗျ။ နေ့လည် ၂ နာရီခွဲလောက်။ လူနေရပ်ကွက်ထဲ ဝင်မိပြီဆိုဘဲ၊ တွေ့တဲ့လူကို ဈေးဘယ်မှာလဲ၊ ထမင်းဆိုင် ဘယ်မှာရှိသလဲမေးရ။ ညွှန်ပြလိုက်သည့်အတိုင်း တောင်ကုတ်ဈေးကလေးက တောင်ကုတ်ချောင်းကမ်းနဖူး ထိပ်ကလေးမှာပါ။

ချောင်းရေ ပြာပြာလေးနှင့် သာယာပါသည်။ ကျွန်တော်တို့ကားသည်(ထမင်းဆိုင်)ဟု ဆိုင်းဘုတ်ရေးထားသည့် ဝါးကပ်မိုး ဝါးထရံကာ တဲအိမ်ကလေး တလုံးရှေ့ ထိုးရပ်ပြီး၊ အထဲဝင်ခဲ့ ကြတယ်။

မြင်ကွင်းမှာ ထမင်းဟင်းအိုး ပန်းကန် ခွက်ယောက်တွေလဲ မတွေ့ရတော့၊ ငါတို့ ဆိုင်မှားပြီး ဝင်လာတာများလားလို့ 'ဒါ ထမင်းဆိုင် ဟုတ်ပါရဲ့လား' မေးတော့မှ ကုလားဆင် မိန်းကလေးက၊ သူ့အသံ ဝဲဝဲလေးနှင့် 'ဟုတ်ပါသဆင့်' ပြောပြီး၊ ကျွန်တော်တို့ကို လက်ဖက်ရည်ကြမ်းအိုး တည်ခင်းထားသော သစ်သား စားပွဲကြမ်းရှည်မှာ ထိုင်စေပါသည်။

'ဘာဟင်းများ ရနိုင်မလဲ'

'ကြက်သား ဝက်သား အမယ်သား. . . .'

'ကဲ အဲသည် ဟင်းသုံးမျိုးနဲ့ ဒီပြင် ခင်ဗျားတို့ဆိုင်ရှိတာ လူသုံးယောက်စာ ထည့်စမ်းဗျာ၊ မြန်မြန်လေး'

ဒီတော့မှ သူမီးဖိုဆောင်ထဲဝင်သွားပြီး ထမင်းဟင်းတွေ လာချတော့သကိုးဗျ၊ ကျွန်တော် ပထမဦးဆုံး ကြက်သားဟင်း ရည်ဆမ်းပြီး ထမင်းတလုပ် ကြက်သားတဖဲ့နဲ့ ကောက်တုတ်လိုက်တယ်၊ ဟာ စပ်လိုက်တာဗျာ။

ဒါနဲ့ အစပ်ပြေအောင်ဆိုပြီး ခရမ်းပုသီး လေးစိတ်ကွဲဟင်းကို တတုံးကောက်ကြိတ်လိုက်တော့၊ အောင်မယ်လေး ပို၍စပ်သဗျ။ ဒါနဲ့ ဟို တခြားခွက်ဟာဖြင့် စိမ်းစိမ်းရှည်ရှည်လေးတွေ ဖြတ်ကြော်ထားတာ၊ ပဲသီးကြော်ထင့်ဆိုပြီး တဇွန်းကော်ဆော်လိုက်ပြန်တော့၊ အဲဒါက ငရုတ်သီးစိမ်းတောင့်တွေ ထက်ပိုင်းဖြတ် ကြော်ထားတာဗျ အလိုလေးရှီး လူကိုမိုးပေါ်ပျံတက်သွားတော့မ လား၊ အောက်မေ့ရတော့သဗျ။

အမဲသားလဲစပ်၊ ဝက်သားလဲစပ်၊ သူတို့လူမျိုးအကြိုက်၊ အားလုံးအစပ်ချည်းမို့ ကျွန်တော်တို့ဖြင့် မတတ်နိုင်တော့ပါပြီ။ အစပ်ပြေဖို့ ဟင်းရည်သောက်ကလည်းမရှိ။ သူတို့ချီပေးထားတဲ့ အရည်သောက်ကလည်း လက်ဖက်ရည်ကြမ်း ပူပူ။ အရက်နှင့် အေးအေးမျှောချဖို့ ရေခဲဝယ်ခိုင်းပြန်တော့လည်းမရ၊ မရှိတဲ့။

ဒါနဲ့ ကျွန်တော် စိတ်ကူးရတယ်။ တရုတ်ဆိုင်ဆိုယင်ဖြင့် ဒီလို အစပ်ဟင်းတွေက လွတ်မှာဘဲလို့ ဆိုင်ရှင်မကိုမေးကြည့် 'ဒီနား တရုတ်ဆိုင် မရှိဘူးလားဗျ'

'ဟိုဘက်ကဟာ တရုတ်ခေါက်ဆွဲ ဆိုင်ပါဘဲ'ဆိုလို့ ကျွန်တော် ရုတ်တရက်ထသွား၊ ရခိုင်ပြည်ရောက်လို့ တော်တော်အသားမဲနေတဲ့တရုတ်ကို. . . . .

'ဟေ့ ပေါက်ဖော် အခေါက်ကင်၊ အသားကင်၊ ဘဲကင်များ မရှိဘူးလား' မေး၊ 'ဘာကင်မှ မရှိဘူး ဆရာကီး'

'နို့ ဘာရမလဲ'

'ကောက်စွဲကြော်ရယ်၊ အစီးကြော်ရမယ် ဆယ်နှစ်မျိုး ဟင်းချိုရမယ်. . . . '

'ဟာ ဒါတွေက ကြာကြာစောင့်ရမှာချည်းဘဲ၊ အခုမြန်မြန် ဆန်ဆန်စားဖို့ ရနိုင်တာများမရှိဘူးလား'

'ဝက်ခေါင်းသုပ် ရမယ်ဆရာကီး'

'ဒါဖြင့်ဝက်ခေါင်းသုပ်တပွဲနဲ့ ဟင်းချိုတခွက်၊ မြန်မြန်လုပ် ဝက်ခေါင်းသုပ်ကို ဟိုဘက်ဆိုင် အရင်ပို့'လို့ မှာခဲ့တယ်။

အဲ ဝက်ခေါင်းသုပ် ရောက်လာလို့ ဖမ်းကြိတ်လိုက်တယ်။ အောင်မယ်လေး စပ်တာပါဘဲ ဗျာ။ ဘယ်မစပ်ဘဲ နေမလဲ (စားပြီးမှ စဉ်းစားမိသည်) တရုတ်ဆိုင်ဆိုပေမယ့် 'ရောမ,နေ ရောမသားလိုကျင့်' ဆိုတဲ့အတိုင်း ရခိုင်ပြည်ရောက်နေတဲ့ တရုတ်ဟာ ရခိုင်ကြိုက်တဲ့ လိုက်လုပ်ရမှာပေါ့။

တဖြည်းဖြည်းတွေးမိတယ်။ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားထဲမှာ ကျွန်တော် ကျွမ်းကျင်တဲ့ တောင်ပိုင်း ရှမ်းပြည်သားတွေ ငရုတ်သီးစပ်စားလှပြီ အောက်မေ့တာ အခု ကျွန်တော့်အိမ်က

ဇနီးရှမ်းမဟာ မြန်မာပြည်က ငရုတ်သီးအားမရလို့ သူတို့ဌာနီက ပဒေါင်ငရုတ် သီးမှာ မှာစားရတယ်။ အခုပုံဖြင့် ရခိုင်ပြည်နယ်တောင်ကုတ်က လူတွေကို မမီဘူးထင်တယ်ဗျို့။ ဘယ့်နှယ်ဗျာ ငရုတ်သီးစိမ်းတောင် ထက်ပိုင်းဖြတ်ကြော်ပြီး ပွဲရံပေးသကိုးဗျ။

ဒီလိုနဲ့ ကျွန်တော်တို့ နံနက်စာဟာ ရှူးရှူးရှဲရှဲ မျက်ရည်ရွဲ့ရွဲ့နဲ့ ပြီးခဲ့ရတယ်။

အင်း နေသေးသပ၊ သံတွဲမြို့ကြီးရောက်မှ ကောင်းကောင်းကြိတ်လိုက်မယ်။ အဲဒီမှာ ငါ့ သူငယ်ချင်း နန္ဒမိတ်ကြီးလဲရှိတယ်၊ သူ့ကို အကောင်းဆုံး ဟော်တယ် ပို့ခိုင်းမယ်ပေါ့။ တောင်ကုတ်နဲ့ သံတွဲဟာ မိုင် ၄၀ လို့ စာအုပ်ထဲမှာ တွေ့ရတော့ တို့ကားမောင်းရလှ ၃ နာရီ၊ ဟိုကိုညဦး ၆ နာရီ၊ အလွန် ၇ နာရီ၊ အချိန်ကောင်း ရောက်မှာဘဲ။

သို့သော် ဂဏန်းအတွက်နှင့် မှန်းချက်မကိုက်ချေ။ တောင်ကုတ်ကနေ သံတွဲကို ကားလမ်းမှ မဖောက်ရသေးတာဘဲ။ ချွေရာသီမို့ လင်ကွင်းထဲဖြတ်ပြီး နွားလှည်းလမ်းအတိုင်း မောင်းခဲ့ရတာ ကဘဲဗျာ၊ ညနေ ၆ နာရီကျော်လောက်မှာ လမ်းဆုံးပြီး၊ ချောင်းကလေးတခု တွေ့နေပါရော။ ကျွန်တော်တို့သိခဲ့ရတာက ပြည်နဲ့ ပေလီခရီးမှာ ရောဝတီမြစ် တခုဘဲဖြတ်ရမယ်၊ ဒီ. . . . ကမ်းမှောင်ချောင်း ရှိနေတာ မပါဘူးဗျ။

ဒါနဲ့ ကျွန်တော်တို့ လမ်းမှားလာလေသလား၊ စဉ်းစားတော့ တခြားလမ်းခွဲတခုမှလဲ မတွေ့ခဲ့ဘူး။ ယော် ခက်ကပြီ၊ အချိန်ကလဲ နေဝင်သွားပြီး။ မှောင်ပျပျ။ ထိုစဉ် ချောင်းဟိုဘက် ကမ်းမှာ လူတယောက် လမ်းလျှောက်လာတာ မြင်တာနဲ့လှမ်းမေးလိုက်တယ်။

'ဗျို့ ဆရာကြီးသံတွဲကို ဘယ်လမ်းကသွားရသလဲဗျ'

သူက တိုတိုတုတ်တုတ်. . . .

'ဒီလမ်းကဘဲ'

'နို့ ဒါဖြင့် မော်တော်ကား ကူးလို့ရသလား၊ ဘာနဲ့ကူးသလဲ'

'မော်တော်နဲ့ ဆွဲတဲ့ ကုတို့ဖောင်ရှိတယ်'

'အခု ဘယ်မှာလဲ ကျွန်တော်တို့ ဒီညကူးလို့ ရနိုင်အုံးမှာလား'

'ဒါတော့ ကျုပ်မသိ'ဆိုပြီး သွားပါရောဗျ။

ဒါနဲ့ ကျွန်တော်တို့ကဲ အခုညတော့ ဒီတောစပ်မှာဘဲ အိပ်ရတော့မယ်ထင်ပါရဲ့။

ညကျားများ လာဆွဲလေမလား၊ မထူးဘူး။ အရက်သမားများ အားငယ်ယင် အရက်ဘဲ အားကိုးစရာရှိတဲ့အတွက်၊ 'ဟေ့ အောင်ကြည်ရေ. . . အရက်ပုလင်းသာ ထုတ်တော့ကွာ'ဆိုပြီး ကိုထွန်းတင်နဲ့ နှစ်ယောက် ပုလင်းသစ်တလုံး ဖွင့်သောက်ကြတယ်။

အောင်ကြည်ကတော့ မသောက်တယ်ရှာ။ ကျွန်တော်တို့ကိုဘဲ မျက်လုံးကလေး ကြောင် တောင်နဲ့ ကြည့်နေရှာတယ်။ သူ့ခမျာလဲ စိတ်အားငယ်ပုံပေါ်ရဲ့။ ကျွန်တော်တို့လဲ ငယ်ပြီလား သို့သော် အရက်သမားတို့၏ စိတ်မာန်ဖြင့် အော်ပစ်လိုက်၏။

'အရက်ကို အဖော်လုပ်ကာ အဟုတ်ဘဲသောက်လို့ ပျော်တော့မယ်၊ အနားဝယ်၊ မယားသယ်၊ ဖျော်ဖြေသူ ဝေးတယ်'

အောင်မယ် အရေးဆိုတော့ အိမ်ကဟာမ သတိရသားဗျ။

သို့သော်. . . . သူတော်ကောင်း နတ်ကောင်းမဆိုသလို၊ ကျွန်တော်တို့ သူယုတ်မာများလဲ မ,ဖို့ နတ်ယုတ်မာက ရှိနေသေးထင်ပါရဲ့။

ကျွန်တော်တို့ သောက်လိုက်လို့ ပုလင်းမှာ လက်လေးသစ်လောက်အကျန်၊ ည ၈ နာရီ လောက်မှာ လူလေးငါးယောက် ဝီလီဂျစ်ကားတစင်းနဲ့ ရောက်လာတယ်။ အဲဒီ ကားဒရိုင်ဘာက ဖိုးဆရာခင်ဗျာ။

သူ့ကားမီးရောင်နဲ့ ချောင်းစပ် ကျောက်စရစ်ခဲ ပြင်ပေါ်မှာ ကျွန်တော်တို့ ပုလင်းထောင် နေတာလဲမြင်ရော၊ သူတယောက်ထဲလာပြီး၊ ကျွန်တော်တို့ရှေ့မှာ မရမ်းသီးမှည့်တွေ လာချပြီး 'ချဉ်ဖြုံးကလေးတွေ၊ အရက်နဲ့မြည်းလို့ သိပ်ကောင်းတာပေါ့ဗျာ' ဆိုတော့ ကျွန်တော်တို့က မြွေမြွေချင်း ခြေမြင်ပါပြီ။ သူ့တခွက်ငှဲ့ပေးလိုက်တယ်။ အဲဒီမှာ သူနဲ့ကျွန်တော်တို့ အဖွဲ့ကျသွား တော့တာဘဲ။

သူ့နာမည်က ကိုချစ်ညွန့်တဲ့။ သူနဲ့ပါလာတဲ့ အရာရှိတွေနာမည်လဲပြောပြတယ်။ ခုည သူတို့ကားကူးဖို့ ကုတို့ဖောင်လာရမှာဘဲ၊ ဘာမှမပူနဲ့ အားပေးလို့ ကျွန်တော်တို့ရင်ထဲက အလုံးကြီး ကျသွားသဗျ။

ဒါပေမယ့် ၁၀ နာရီလောက်မှ ဆွဲဖောင် ရောက်လာတော့၊ သံတွဲမြို့ကို ၁၁ နာရီ ကျော်မှ ရောက်သဗျ။ ရုပ်ရှင်ဖြုတ်ပြီ။ ဆိုင်တွေလဲ သိမ်းကုန်ကြပြီ။ ထမင်းဆိုင် ခေါက်ဆွဲဆိုင်တွေလဲ ပိတ်ကုန်ပြီ။ နန္ဒမိတ်ကိုမေးတော့လဲ အဲသည် ကိုချစ်ညွန့်ကဘဲ သိသဗျ၊ သံတွဲမှာမရှိဘူး၊ ခရီးထွက်သွားသတဲ့၊

ဟော. . . . . ကျွန်တော်တို့အတွက် ညစာအခက်ကြုံရပြန်ပြီ။ ကျွန်တော်တို့ သွားရမှာက ငပလီ ဒေါက်တာ၊ သာဒင်ဘိုတဲ့ဗျ။ အဲဒီသွားလို့ကလဲ ဒီအချိန်ကြီးမှာ ဘာမှ စားစရာမမြင်ဘူး၊ ဒါနဲ့ (အဲဒီအရပ်မှာ ရောက်နေတဲ့ ကျွန်တော့်သူငယ်ချင်း) ဗိုလ်ကြီးကျော်မြင့်ဆိုတာ ကြားဘူးလားမေးတော့၊ ကိုချစ်ညွန့်က ဟားလိုက်ရယ်ပြီး၊ ဒီအရပ်မှာ ဗိုလ်ကြီးကျော်မြင့် မသိတဲ့လူ ဘယ်ရှိမလဲဗျာ၊ သူကငပလီမှာ နလက ဥက္ကဋ္ဌဘဲ။ သူနဲ့သာ ကျွမ်းယင်တော့ ခင်ဗျားတို့ နည်းပြည်ရောက်တာဘဲ။ တပ်ထဲသာဝင်သွား၊ ကင်းစောင့်ရဲဘော်တွေမေး၊ အိမ်အရောက် လိုက်ပို့ပေးလိမ့်မယ်။

မှန်ပါသဗျာ။ ညသန်းခေါင်းကျော် မှောင်ဝါးဝါးမှာ ကျွန်တော်တို့ကားဟာ သံတွဲနဲ့ သိပ်မဝေးလို့ ငပလီရောက်။ ကင်းစောင့်ရဲဘော် ညွှန်ကြားလိုက်တဲ့အတိုင်း ဗိုလ်ကြီးကျော်မြင့် အိမ်ရှေ့ကပြင်တက်၊ တံခါးပုတ်နှိုးပြီး၊ ကျွန်တော်တို့နာမည်ပြောလိုက်တယ်။

လင်မယားနှစ်ယောက်သား ဝမ်းသားရ ခုန်ပေါက်ထွက်လာကြပြီး ဗိုလ်ကြီးကျော်မြင့် ကတော် 'လှိုင်'ဟာ ကျွန်တော့်ကိုယ်ကို ဖျစ်ညှစ်ကြည့်ယင်း. . .

'ဟင်. . . ကိုဆွေ. . . လှိုင်တို့ အိပ်မက်နေတာ မဟုတ်ပါဘူးနော်'

ဒီတော့ ဗိုလ်ကြီးကျော်မြင့်က. . .

'ဟ. . . လှိုင်ရ. . . တကယ့်သော်တာဆွေ ဟုတ်မဟုတ် သိရအောင် သူ့ရှေ့ပုလင်း ဖွင့်ပေး ကြည့်လိုက် ပါလားကွ'

'ဟာ. . . . ဒါအစစ်ဘဲ အစစ်ဘဲ'ဆိုပြီး လှိုင်သည် အခန်းထဲဝင်သွား၍ လင်ပန်းနှင့် ပုလင်း ဖန်ခွက်များ အပြည့်အစုံယူထွက်လာလေ၏။

ယင်းမှာ ကျွန်တော်တို့၏အစဉ်အဆက်အတိုင်း သန်းခေါင်ကျော် သောက်ပွဲကျင်းပကြ လေသတည်း။

ဗိုလ်ကြီးကျော်မြင့်တို့လင်မယားနှင့် ကျွန်တော်သည် ၁၉၅၃ ခုနှစ် နွေရာသီ၊ ကျွန်တော် မေမြို့သို့ သွားရောက်နေစဉ် ကတည်းက ခင်မင်ခဲ့ကြသည်။

ထိုစဉ်သူတို့က ယူအမ်ဘီတပ်၊ ဗိုလ်ကြီးကြည်၊ ဗိုလ်ကြီးသိန်းထွန်းတို့နှင့်အတူ ခင်မင်ခဲ့ ကြသည်။ နောင်သူတို့ဟာတွေ ရန်ကုန်ရောက်လာကြ။ ကျွန်တော်တို့အိမ်မှ သူတို့စားအိမ် သောက်အိမ်ဖြစ်၊ နောက်သူတို့ အသီးသီး နယ်ပြောင်းသွားကြ။ ကွဲကွာခဲ့ကြတာ ၁၇ နှစ်ကျော်ပြီ။ ဟော. . . . ယခုမှပြန်တွေ့ကြ။

သူတို့လင်မယားဟာနှစ်ယောက်စလုံး သောက်တတ်ကြတယ် ပထမ လှိုင်ဟာမသောက် တတ်ရှာပါဘူး။

အဲ. . . . ဗိုလ်ကြီးကျော်မြင့်က သူတယောက်ထဲ သောက်နေတော့၊ အနားမှာ ငုတ်တုတ်ကလေးထိုင်နေရတဲ့ ဇနီးကို အားနာစရာကောင်းတယ်၊ တချို့ မိန်းမတွေဟာ လင်အရက်သောက်တာကို အတ္တသမား၊ သူ့အတွက်သာ သုံးဖြုန်းနေတာဘဲလို့ ပြောတတ်ကြ တယ်။ အဲဒီသဘောထားတွေက လွတ်အောင်ဆိုပြီး ဗိုလ်ကြီးကျော်မြင့် ကြံလိုက်တာက သူမယားကို အရက်သောက် သင်လိုက်တာဘဲခင်ဗျာ။

ဟော အခုတော့ လှိုင်ဟာ သူ့ထက်တောင် သောက်နိုင်နေပြီတဲ့ဗျ။ အမျိုးသမီးများ အရက်သောက်ပြီဆိုယင် ယောက်ျားထက်တောင် ပိုတတ်သနော်။

ယခု ဗိုလ်ကြီးကျော်မြင့်တို့ လင်မယားကတော့ ဘက်ညီပါတယ်။ ဘယ်လောက်သောက် သောက်နှစ်ယောက်စလုံး မူးတယ်၊ ရမ်းတယ်၊ ဆူတယ်၊ ပူတယ် မရှိပါဘူး။

အဲ. . . လှိုင်ကမူးလာတယ်ဆိုယင် သူ့ဝါသနာအတိုင်း သီချင်းဆိုတော့ က,တော့တာပါဘဲ ခင်ဗျာ။ ဗိုလ်ကြီးကျော်မြင့်က ပါးစပ်ဆိုင်းတီးတယ်။

ယခု ဗိုလ်ကြီးကျော်မြင့်တို့ လင်မယားကတော့ ဘက်ညီပါတယ်။ ဘယ်လောက်သောက် သောက်နှစ်ယောက်စလုံး မူးတယ်၊ ရမ်းတယ်၊ ဆူတယ်၊ ပူတယ် မရှိပါဘူး။

အဲ. . . လှိုင်ကမူးလာတယ်ဆိုယင် သူ့ဝါသနာအတိုင်း သီချင်းဆိုတော့ က,တော့တာပါဘဲ ခင်ဗျာ။ ဗိုလ်ကြီးကျော်မြင့်က ပါးစပ်ဆိုင်းတီးတယ်။

လှိုင်ဟာ တကယ်တော့ အသံကောင်း အဆိုကောင်း အက,ကောင်း ခင်ဗျ။

အဲသည်ည ကျွန်တော်တို့ ဘယ်လောက်ပျော်လိုက်ကြသလဲ။ ကျွန်တော်ဟာ ဘယ်အချိန်မှာ သတိလစ်သွားတယ်မသိဘူး။ သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မနက် ၉ နာရီလောက် အခန်းတခုထဲက ကင်းမကော့နှစ်ခုပေါ်မှာ ကိုထွန်းတင်နှင့် ကျွန်တော်ဟာ၊ စောင်နဲ့ခြင်ထောင်နဲ့ ကျကျနနအိပ်လို့။ အိပ်ရာနှစ်ခုကြားက စားပွဲပေါ်မှာတော့ ရမ်ပုလင်း အသစ်ဖွင့်ပြီး သားနဲ့ ရေဖန်ချိုင့်နဲ့။

လှိုင်ဟာ ဘယ်အချိန်က ဈေးထသွားပြီး ဝယ်ချမ်းထားတယ် မသိဘူး။ အရက်စားပွဲမှာ ပူပူနွေးနွေးကြက်သားကြော် ကွတ်ကွတ်နဲ့ ဆလတ်ရွက်၊ သခွားသီး၊ ခရမ်းချဉ်သီးသုပ်နဲ့။ သူ့အသံကတော့ မီးဖိုဆောင်ထဲက သီချင်းတကြော်ကြော်။

အဲသည်အချိန်မှာ ဗိုလ်ကြီးကျော်မြင့်က ပေလီတွင် နလက ဥက္ကဋ္ဌ၊ သောင်းယံဦးဘား၏ ဦးစီးနာယက၊ သူ့ထက်ကြီးတာမရှိတော့ဘူး။ ကဲ. . . သည်တော့ ကျွန်တော်တို့အဖို့. . .

ဘာလိုသေးလဲ။ ကျားကြီးတွေလဲ

အမြီးဆွဲပြီး တက်စီးနိုင်သေး။

မြွေးပွေးတွေကော သဘောသိပ်ကောင်း၊

ဦးခေါင်းပုတ်လိုက် ရင်ခွင်ပိုက်ပြီး၊

နို့ တိုက်ချင်လဲ. . . တိုက်နိုင်သေး. . . ပေါ့။

## ပေလီနှင့် မောင်းမကန်

ပေလီ၏ ရာသီဥတုသည် ကြည်လင်အေးမြ၏။ အေးချမ်းသည်မဟုတ်၊ လေတဖြူးဖြူး တိုက်ခိုက်နေသော်လည်း အထူးတလည်အနွေးထည် ဝတ်နေစရာမလိုပေ။

ပင်လယ်ပြင်မှ ဖြတ်ကျော်လာခဲ့သောလေမို့ အပူအအေးသမလျက် သန့်ရှင်းစင်ကြယ်လှ သည်။ နေ့လယ် နေ့ခင်းတွင် နေရောင်ခြည်က တောက်ပစူးရှသော်လည်း ပူပြင်းခြင်းမရှိချေ။

မြန်မာပြည်တွင် ပင်လယ်ကမ်းခြေ အပန်းဖြေရိပ်သာဟူ၍ ယခုအခါ နှစ်ခုရှိသည့်အနက် နောက်မှပေါ်ခဲ့သော ပေလီသည် မူလ ပထမ အင်္ဂလိပ် လက်ထက်ကပင် ရှိခဲ့သော မောင်းမကန် ထက် သာယာလှပ၍ ပြည်မမှနေပြီး သွားလာရန်လည်း ပိုမိုလွယ်ကူရသည်။

၁၉၅၅–ခုနှစ် အင်္ဂလန်မှ ပြန်လာခါစ ထိုတိုင်းပြည်၏ပင်လယ်ဆိပ်ကမ်းသာတို့ကို နှလုံးမွေ့ခဲ့သော တင့်တယ်သည် အမှူးပြု၍ ဂုဏ်ဝင်းတို့သူငယ်ချင်းတစု အပါအဝင် ကျွန်တော် တို့ လူသိုက် မောင်းမကန်သို့သွားကြစဉ်က အတော်ကြီးကို ပင်ပန်းခက်ခဲ့လှပါသည်။

ရန်ကုန်မှ ထားဝယ်တို့ ကျွန်တော်တို့ လေယာဉ်ခမတတ်နိုင်၍ ထိုစဉ်က ရှိခဲ့သော 'မတန်း' ခေါ် တရုတ်သင်္ဘောကိုစီးခဲ့ရရာ အသွားရော အပြန်ပါ၊ မသက်သာသော ဝေဒနာကို ခံစားရပါသည်။

*တသက်မှာ တခါသွား*

*မိုက်မှားမလို့ပဲ။*

*နောက်တဖန် တန်ပကွဲ*

*ဒို့ရဲ့စိတ်ထဲ* ။ ။လို့ ကဗျာဆရာ ဂုဏ်ဝင်းစိတ်ထဲကတော့ စပ်မိလေမလား မသိ။

အကြောင်းမှာ ကျွန်တော်တို့သည် သင်္ဘောမှာလည်း ပထမတန်း ဒုတိယတန်းတွေ မတတ်နိုင်လို့ဘဲ၊ ကုန်းပတ်က စီးရရာ၊ အိပ်ရာမှာလည်း လူမျိုးစုံတွေနှင့် တန်းစီ၍ ကျောခင်းရသည်။ ယင်းသို့ရှိလေရာမှ ပင်လယ်ခရီးကို မသွားဘူးသူတို့ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း သင်္ဘောသည် ရေဝတီရေကြောမှ လွတ်ခဲ့ပြီး ပင်လယ်လှိုင်းနှင့်လုံးထွေးခုန်ပေါက်သောအခါ ကျွန်တော်တို့ အားလုံးမှာ မူးဝေအော့အန်ကြကုန်သည်။

ထို့ပြင် မတန်းသည် ထားဝယ်ကမ်းခြေသို့ ကပ်နိုင်သည်မဟုတ်မူ၍ သင်္ဘောမှ မော်တောင်ငယ်နှင့် လူတွေ မြွတ်သိပ်ခဲ၊ ပစ္စည်းတွေ ဖွာလန်ကြဲ၊ ကူးရသည်မှာလည်း လွန်စွာ စိတ်နှလုံးမချမ်းမြေ့ ဘွယ်ကောင်းလှပါသည်။

ထားဝယ်မြို့ပေါ်သို့ရောက်သော်လည်း မသက်သာသေးပါ။ ထိုမှ မောင်းမကန်သို့ ကြမ်းတမ်းသော ကားလမ်းခရီးကို သွားရသေးသည်။ ဒါလည်း တိုက်ရိုက်မရောက်။ လမ်းမှာ ချောင်းတခု ကန့်လန့်ဖြတ်ခံနေ၍ (ထိုစဉ်က တံတားမရှိသေး) ကုတို့နှင့်ကူးပြီး ဟိုမှာဘက်တွင် ကားတတန် ပြောင်းစီးခဲ့ရသေးသည်။

သို့ဖြင့် ခက်ခက်ခဲခဲသွားကြ၍ ရောက်သောအခါ ဟိုမှာတည်းခိုရန်ကလည်း ရေးခေတ် ဗိုလ်တဲအဟောင်းကြီးများသာဖြစ်သည်။ ထိုစဉ်က ကျွန်တော်တို့ တည်းခဲ့သော ဗိုလ်တဲ နံပါတ် တစ်ကြီးမှာ ကြမ်းများပင် ကျိုးပေါက်နေချေပြီး ခြံကြီးကတော့ တကေလောက် ကျယ်၏။ ယင်းကို တင့်တယ်က ၂၅ဝဝိ နှင့် ဝယ်လိုက်သည်။

ယင်းအချိန်ကား တင့်တယ်၏ အတောက်ပဆုံးသောအချိန် ဝတ္ထုတွေ ရုပ်ရှင် ဇာတ်ညွှန်းတွေနှင့် ငွေအရဆုံးအချိန်။ သူ့အပြောကား မူလ ဗိုလ်တဲဟောင်းကြီးဖျက်ပြီး ဗိုလ်တဲငယ် ၄–၅ လုံးလောက်ကို ခေတ်မှီလှပစွာ ဆောက်မည်။ အင်္ဂလန်မှာ ကဲ့သို့ ဟောလီးဒေးလာကြသူများ၊

ဟန်းနီးမွန်း ထွက်ကြသူများကို ဈေးကောင်းနှင့်ငှားစားမည်။ ဟော်တယ်တခုပါဖွင့်၍ ကြီးစွာသော စီးပွားရေးလုပ်ငန်းကြီးကိုလုပ်မည်။ ယင်းအကြံုက်မှာ ဂုဏ်ဝင်းက မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်နှင့် နားထောင်ရှာသည်။

ကြည့်စမ်း တင့်တယ်က သူ့အဲဒီမောင်းမကန်ဟော်တယ်မှာ ကျွန်တော့်ကိုလဲ မန်နေဂျာ ခန့်လိုက်ပါလားဗျို့. . .။ ကောင်းလေစွ တကား။

ဟင်း. . . ယင်းသည်လည်း အဆန်းမဟုတ်ပါပေ။ တင့်တယ်ဘီလပ်က ပြန်လာခါစ ရှုမဝ ဦးကျော်နှင့် ရှုမဝ ရုပ်ရှင်ကုမ္ပဏီကြီး မတည်ထောင်မီ ရှေ့ဦးပထမ ရှုမဝသတင်းစာ ထုတ်မည် စီမံကိန်းဆွဲသော အခါတုန်းကလည်း ကျွန်တော့်အား သူ၏တွဲဘက် အယ်ဒီတာဘဲ ခန့်ထားသည် မဟုတ်ပါလား ကျုပ်ကလဲ လုပ်မှာဘဲပေါ့။

ယခု ကျွန်တော် ဤသို့ ရေးသားဖော်ပြသည်၌ စာဖတ်သူများက တင့်တယ်၏ စိတ်ကူးယဉ်လေထဲက တိုက်အိမ်များကို သရော်သည်ဟု ထင်ဘွယ်ရှိ၏။ အမှန်ကား မဟုတ်ပါချေ။ စိတ်ကူးယဉ် ဆိုသည်မှာ သူစိတ်ကူးစဉ်က ဤသို့ မဖြစ်မြောက်လိမ့်မည်ဟု မထင်။

ကေန်မုချဖြစ်ရမည်ဟူသော ယုံကြည်မှုအတိဖြင့်ပြီးရကား၊ သူ ကျွန်တော့်ကို မောင်းမကန် ဟေ်ာတယ်မန်နေဂျာ ခန့်စဉ်ကလည်း ကျွန်တော့်အပေါ်ထားသော သူ၏ စေတနာအစစ်အမှန် ရှုမဝ သတင်းစာ အယ်ဒီတာခန့်စဉ်ကလည်း ကျွန်တော့်အပေါ်ထားသည့် စေတနာ အစစ်အမှန်။

သည်တော့ ကျွန်တော်က သူ့အား အဘယ်လျှင် ကျေးဇူးကန်းဘွယ်ရှိပါသနည်း။ တဖန် သူခန့်အပ်သကဲ့သို့ ကျွန်တော်ဖြစ်မလာသည်များကိုလည်း တနည်းအားဖြင့် ကျေးဇူးတင်ရ ပြန်တော့သည်။

အဘယ်ကြောင့် ဆိုသော် ကျွန်တော်သည် ဟော်တယ်မန်နေဂျာ ဖြစ်ယင်လဲ ဒုက္ခရောက် မှာဘဲ။ ကျွန်တော်က မူးမူရမ်းရမ်း အကောင်မဟုတ်လား။

အဲ. . . . သတင်းစာ အယ်ဒီတာဖြစ်ယင်လဲ ပြောချင်တော့ပါဘူးဗျာ၊ ခုအတိုင်း သော်တာဆွေလေး ပိုနေမြဲ ကျားနေမြဲဖြစ်နေတာကိုဘဲ။ သူ့စိတ်ကူးတွေ မအောင်မြင်ပေလို့ဟု တွေးတွေးပြီး ကျေးဇူးတင်ရပြန်သဗျ။

အင်း–လူဆိုတာ ကျေးဇူးကို ကြံဖန်ပြီး တင်တတ်ရမယ်လို့ ရှေးလူကြီး သူမများက ဆိုကြတည် မဟုတ်ပါလား။

ကျွန်တော် သိသမျှဆိုလျှင် ဤပေလီကမ်းခြေ၏ သာယာလှပပုံကို ဗိုလ်ကံကြီးမည်သော စစ်ဗိုလ်က သူ့မိတ်ဆွေအောင်ဗလ(ဦးသောင်း) အား ပြောကြားသည်။ အောင်ဗလသည် ကိုယ်တိုင် သွားရောက်ကြည့်ရှုပြီး သူ့ဆရာသမားဖြစ်သူ ဗမာ့ခေတ် ဦးအုန်းခင်နှင့် ဒေါ်ဒဂုန် ခင်ခင်လေးတို့ကို ပြောသည်။

သူတို့ ထိုပေလီတို့ ရောက်သွားတယ်ဆိုလျှင်ပဲ ဒီနေရာ မြန်မာပြည်၏ဆိပ်ကမ်းသာ လုပ်သင့်သည်ဟု ၁၉၅၄ ခုနှစ်တွင် ဗိုလ်တဲနှစ်လုံးကို စတင်တည်ဆောက်ခဲ့ရာမှ သူတို့၏အင်အား ဖြင့် ယခု ပေလီကမ်းခြေ အပန်းဖြေရိပ်သာကြီး ဖြစ်ခဲ့ပေတော့သည်။

နှောင်းသော် ထိုင်လီက် ဗိုလ်တဲနှစ်လုံးအနက် တလုံးက ယခု ကျွန်တော်တို့မိတ်ဆွေ ဗိုလ်ကြီးကျော်မြင့် ဦးစီးဖွင့်လှစ်ထားသော 'သောင်ယံဦးဘား' ဖြစ်နေတယ်ခင်ဗျ။ ဘာဖြစ်ဖြစ်လေ၊ ကျုပ်တို့လိုလူစားကတော့ အိုင်တွေ့ ခြေဆေးမှာဘဲ၊ ဘားတွေ့ အရက်သောက်မှာဘဲ။

သောက်–သောက် နေ့မလင်း ညမလင်းသောက်။

နောက်တနေ့တွင် ကျွန်တော်တို့ ရန်ကုန်မှ စီစဉ်ခဲ့ကြသည့်အတိုင်း ကိုတင်မောင်တို့ မိသားစုနှင့် ဒေါက်တာ ရယ်ဂျီဘဖေတို့ ဇနီးမောင်နှံ ရောက်လာကြ၍ ကျွန်တော်တို့က မဇင်လေဆိပ်သို့ သွားကြိုပြီး ဗိုလ်တဲသို့ ပို့ကြရသည်။ ထိုအခါဝယ် ကျွန်တော်တို့မှာ စားအိမ် သောက်အိမ် နှစ်နေရာဖြစ်သွားလေပြီ။ ဗိုလ်ကြီးကျော်မြင့်တို့ဂေဟာနှင့် ကိုတင်မောင်တို့ ဗိုလ်တဲ။

ကိုတင်မောင်နှင့် ရယ်ဂျီဘဖေတို့လဲ သောက်တတ်ကြပါသည်။ သို့သော် သူတို့လူတန်း စားကောင်း စကော့ချ်စီစကီကလွဲ၍ ထို့ထက်နိမ့်ကျသော အရက်ကိုသောက်လျှင် ငရဲကြီးအံ့ ထင်ကြကုန်သလော။

ကျွန်တော်တို့ကတော့ ဘာအရက်မျိုးမဆို သောက်နေရမှ။ ဟော–သူတို့သောက်တဲ့ ဝီစကီဝင်နိုပ်လိုက်လဲ ဖြစ်တာဘဲ။

ယင်းသို့လျှင် ကျွန်တော်မှာ မိတ်ကောင်းဆွေကောင်းများနှင့် စားပေါက် သောက်ပေါက် ပြည့်ဖြိုးနေသော်လည်း စာရေးဆရာတည်းဟူသော ဘဝဝဋ္ဋဒုက္ခ ပါလာသူ ဖြစ်ရကား ပေလီမှာ နေ၍ ၄–၅ ရက်မျှ ကြာသောအခါတွင် ငမိုးရိပ်ကိုကြိမ်စကြာနှင့် ရိုက်ခေါ်ဘိသို့ ရန်ကုန်မပြန် လျှင် မဖြစ်သောအခြေသို့ ဆိုက်ရောက်ရလေ၏။

အကြောင်းမှာ ထိုစဉ်ဝယ် ကျွန်တော်သည် 'အိုးဝေဂျာနယ်'တွင် 'ပြောရအုံးမယ်မမြရီရေ့'၊ 'ရွှေတုဂျာနယ်'၌ 'ကျနော်ကြုံတွေ့ကြားသိသမျှ' အပတ်စဉ်ကဏ္ဍ ယူရေးနေသောကြောင့် ဖေဖော်ဝါရီလ လယ်ထွက် ဂျာနယ်များအတွက် စာရေးရက်ရောက်လာလေပြီ။ ထိုအခါတွင် ကျွန်တော်မှာ

အခက်ကြုံလေပြီ။ အဘယ်ကြောင့်ဆိုသော် အရက်သမားစာရေးဆရာဖြစ်ပါလျက် အရက်နှင့် စာမရေးတတ်ပါ။

ဥပမာဆိုသော် ကွယ်လွန်သူမိုးဝေနှင့် မကွယ်လွန်သေးသူ တင့်တယ်တို့သည် အရက်သောက်ယင်းလဲ စာရေးတတ်၏။ အရက်သောက်ပြီး မူးမူးနှင့်လည်း စာရေးတတ်၏။

## မိုးဝေနှင့်အရက်

မိုးဝေဆိုင်လျှင် တခါတရံ သူ့အိတ်ထဲ၌ ပိုက်ဆံတပြားမှမရှိ။ သို့သော် မိတ်ဆွေတွေခေါ် လာပြီး ဘားထဲဝင်၍ အရက်တိုက်၏။ သူက အရက်သောက်ယင်း စာရေး၏။ သူက မှီးရေးသမား။ ဘာသာပြန်သမား ဖြစ်ရကား စာပွဲပေါ် စာရေးစက္ကူတင်၊ ပေါင်ပေါ် အင်္ဂလိပ် စာအုပ်ကိုထားကာ သောက်ယင်းစားယင်း တနံ့နံ့ တွယ်တော့သည်။

ထိုစဉ် သူ၏ထုတ်ဝေသူက စုံထောက် ဦးဆန်နီ ဖြစ်ပေရာ မိုးဝေလက်ရေးတမျက်နှာ ဘယ်လောက်ဆိုတာ ကန့်သတ်ပြီးသား၊ 'ရှော့ပတ္တမြား၊ ရှော့နဂါး'စကားရှိသည့်အတိုင်း မိုးဝေရေး ပြီးသမျှစာမူတွေယူသွား၍ သူ့တပည့်ကျော် အောင်ကျော်ကြီးက စုံထောက်မဂ္ဂဇင်းတိုက်သွားပြီး ငွေထုတ်။

ဟော–မိုးဝေတို့လူသိုက် ဘားထဲက ပြန်ထွက်လာကြသောအခါ၌ သူ စာမျက်နှာ တော်တော်များများ ရေးပြီးသွားပြီဖြစ်သော်လည်း ပိုက်ဆံကတော့ ပါမလာတော့ပါ။ သူတို့ဗိုက်ထဲ အရက်များသာ ပြည့်လာတော့သည်။

## တင့်တယ်နှင့်ဖြေလျှော့ခွေ

၁၉၄၈ ခုနှစ်က ကျွန်တော်တို့ ပဒေသာမဂ္ဂဇင်း ထုတ်နေစဉ်က တင့်တယ်သည် (နောင်တွင် စာအုပ်အဖြစ်နှင့်ရော ရုပ်ရှင်အဖြစ်နှင့်ရော အလွန် နာမည်ကျော်ကြားလာသည့်) ဖြေလျှော့ခွေ အခန်းဆက် ဝတ္ထုရှည်ကြီးကို ရေးနေသည့်ရက်များအတွင်း တနေ့သောနံနက်၌ တင့်တယ်ဇနီး မအေးစိန်သည် ကုလားပဲဟင်းနှင့် သရက်သီးသနပ်နှင့် ဝက်သားဆီပြန်ဟင်း ချက်၏။ ဒါကို ညက အိပ်ပျက်ခံပြီး စာရေးထားသော တင့်တယ်သည် ခံတွင်းမတွေ့ပေ။ လူထိုင်းမှိုင်းရသည့်အထဲ ထိုင်းမှိုင်းသောဟင်းလျာမျိုးချည်း ဖြစ်နေသည်။

သို့သော် ဤထမင်းပွဲမှာ ဤစာရေးသူလည်း ပါနေသောကြောင့် သူ့နှုတ်ကတော့ ဘာမျှ မပြော၊ မျက်နှာကြီးသာ မှုန်တေနေ၏။ ထိုစဉ် ထမင်းစားခန်း၏ ခန်းဆီးနံရံပေါ်သို့ ကျီးကန်း ၃–၄ ကောင်က သူတို့အား ထမင်းစားဖိတ်ခေါ်ဘိသို့လာရောက် နား၏။

တင့်တယ်သည် မျက်စိတချက်လှန်ကြည့်လိုက်ပြီး။

'စိန်ရေ. . . ကျီးကန်းတွေကွာ'

ထိုအခါ မအေးစိန်ကချစ်လင်အားခပ် ညုညုအသံလေးဖြင့်

'ဟဲ–ဟဲ–ဟဲ–သူတို့ လာနေကျဘဲမောင်ရဲ့'

ယင်း၌ တင့်တယ်သည် သူ့ထမင်းပန်းကန်ပြားကို ဂွမ်းကနဲပေါက်ခွဲပစ်လိုက်ကာ. . . .

'လာနေကျဖြင့် နင့်ခြင်ထောင်ထဲ ခေါ်သွားထားဟာ၊ နင့်ခြင်ထောင်ထဲ ခေါ်သွင်းထားဟာ' ဟု ဆိုပြီး ထိုင်ရာမှ ဝုန်းကနဲထ၏။ ထိုအခါ မအေးစိန်က. . .

'အော်. . . နင်က ငါ့အပြင် မယားငယ်လိုချင်လို့ ကျီးကန်းနဲ့ ငါ့ကို ပေးစားတယ်ပေါ့လေ'ဆိုပြီး သကာလ လင်မယား နှစ်ယောက်သား ထွေးလုံးသတ်ပုတ်ကြတော့၏။

ယောကျ်ားနှင့်မိန်းမဖြစ်သော်လည်း ပန်းပဲမောင်တင့်တယ်နှင့် ဆန့်ကျင်ဘက်ကျလှသော ကျွန်ုပ်တို့ စာရေးဆရာတင့်တယ်သည် လင်နှင့်မယား အင်အားချင်း မျှတလျက် ထမင်းစားခန်းမှသည် ဧည့်ခန်း၊ ဧည့်ခန်းမှသည် မီးဖိုခန်းသို့ လင်မယား နှစ်ယောက်သားတွန်ထိုး သတ်ယင်းပုတ်ယင်း တရွေ့ရွေ့ ရောက်သွားကြ၏။

ဒါမျိုး နောကျေနေပြီဖြစ်သော ဤစာရေးသူ စောဖေကတော့ ထမင်းစားမပျက်ပေ။ ယာလည်းညက်စေ ကြက်လည်းပန်းစေ သဘောထားပြီး မိမိလည်းထမင်းဝ၊ သူတို့လင်မယား လည်း နောက်ဖေးရေချိုးခန်းထဲ ရောက်သွားတော့မှ သွားရောက် ဖြန်ဖြေလိုက်တော့၏။

ယင်းအချိန်သည် အချိန်ကောင်းပင်။ အကယ်တန်ဘိ အလိုက်ကန်းဆိုးမသိစွာ ကျွန်တော်က စောစီးစွာ သွားဖျဉ်ပါမူ ယောကျ်ားတို့ဟန်ဖြင့် ဒေါ်မန်ပြင်းနေရမည့် တင့်တယ်က မအေးစိန်အား အသေသတ်တော့မည့်နှယ် 'ဟာ–မောင်ဆွေမဆွဲနဲ့ကွာ၊ ငါ့မဆွဲနဲ့' လုပ်နေပေဦး မည်။

ခုတော့ နှစ်ယောက်စလုံး ပန်းနေကြပြီဖြစ်၍ တူစုံမောင်မယ် စိတ်ကြိုက်ဖြစ်သွားကာ ကျွန်တော့်စကားကို ကျိုးနွံစွာဘဲ နားထောင်ကြတော့၏။

'ကဲ–မအေးစိန် တော်ဗျာ၊ သူ့ကိုလွှတ်လိုက်၊ ခင်ဗျားကလဲ မအေးစိန်ဆံပင်တွေ လွှတ်လိုက်တော့၊ ကဲ–ရေမိုးချိုး အဝတ်လဲ၊ ခင်ဗျား ရုံးချိန်နီးနေပြီ'

ထိုစဉ်၌ တင့်တယ်သည် ပြန်ကြားရေးရုံးမှာ ပြန်တမ်းဝင် အရာရှိကြီးတယောက်တည်း ဖြစ်နေပေသည်။

တင့်တယ်သည် အဝတ်လဲပြီး လွယ်အိတ်နှင့် သူ့ထီးဆွဲကာ အိမ်ပေါ်မှ ဆင်းခဲ့သည်။ အိမ်ရှေ့ရောက်သော် နေက ပူပြင်းနေပြီဖြစ်၍ ထီးကိုဆွဲဖွင့်လိုက်တော့ ခရိုင်တအုံ့လုံး ပြုတ်နေသည်ဖြစ်ရကား ထီးရွက်မပွင့်ဘဲ ထီးရိုးသာလျှင် ဘောင်ဘောင်ရိုးတံကဲ့သို့ သူ့လက်ထဲ ငေါက်နဲ ပါလာသည်၌ တင့်တယ်သည် အနော်ရထာမျက်ဘီသော ကျန်စစ်သားက အရိန္ဒမာလှံကို စွပ်ပစ်လိုက်

ဘိသကဲ့သို့ 'ထီးပျက်နေတာတောင် ပြင်ထားရမှန်းမသိဘူး ဂမြင်းမ'ဟူသော မန္တန်ကို ရွတ်လျက် အိမ်တံခါးဝ၌ ကမ္ဘာမကျေမျက်နှာနှင့် ကြည့်နေသော မအေးစိန်ကို ဆော်ထည့်လိုက် လေသည်။

သို့သော် မအေးစိန်သည် ကျန်စစ်သားအား လုပ်ကြံရန် ချောင်းမြောင်းနေကြသော စစ်သည်များကဲ့သို့ မအ၊ 'ဟဲ့. . . . သေခြင်းဆိုး ကာလနာ'ဟူသော ဂါထာဖြင့် ရှောင်လိုက်ပြီး၊ နင် ညကျ အိမ်ပြန်လာတော့ သိစေမယ်နော်'ဟု ကြိမ်းဝါးယင်း ကျန်ခဲ့လေ၏။

သို့သော် တင့်တယ်သည် ထိုည အိမ်သို့မပြန်တော့ချေ။ ထိုညသာမက သူ့ရေးလက်စ 'ဖြေလျှော့ခွေ'ဝတ္ထု မပြီးမချင်း မပြန်တော့ချေ။ သူသာမက ကျွန်တော့်ကိုပါ ည အိမ်ပြန်မအိပ်စေ ပါ။

ထိုစဉ်က ကျွန်တော်တို့ ပဒေသာမဂ္ဂဇင်းရိုင်နှိပ်ရာ ယခု မြန်မာ့ ဂုဏ်ရည်လမ်းခေါ်သည့် ကာလ်ဘတ်လမ်း စကြဝဠာ ပုံနှိပ်တိုက်မှာ ညတွင် သူစာရေးသည်။ သူစာရေးရာ၌ မှိုင်ငြိမ်းပြုသော ပစ္စည်းများမှာ လက်ညှိုးလောက်ရှိသော ဆေးပေါ့လိပ်အစိတ်တထုပ်၊ ချက်အရက်နှစ်ပုလင်း၊ ကြက်ခေါင်း ၆ လုံး၊ ခြေထောက်ရိုး တဒါဇင်။

ထိုစဉ်က စကြဝဠာပုံနှိပ်တိုက်နှင့်မလှမ်းမကမ်းရှိ ကာလ်ဘတ်လမ်း ချက်အရက်ဆိုင်ကြီး၏ ဂေါ်ရင်ဂျီမ လက်ရာကောင်းများဖြစ်၏။ နန္ဒမ်းဝါဝါ၊ ငရုတ်သီးစပ်စပ်၊ မဆလာ နံ့ပြင်းပြင်းနှင့်။

သူသည် ဒါတွေကိုမှီဝဲယင်း ဤဖြေလျှော့ခွေ ဝတ္ထုထဲက ဇာတ်လိုက်သူဌေးသား၊ မြန်မာပြည်တွင် အထပ်သားကို စတင်တီထွင်သော 'ကိုကိုလတ်'ဖြစ်နေလျက် မအေးစိန်ကြီး နေရာတွင်မူ အင်မတန်တော်သော အိမ်ဖော်မလေး 'အလုံ'ဖြစ်နေမည်ကို ကျွန်တော်ရိပ်စားမိပါ သည်။

မီးရောင်ရဲရဲတွင် ချွေးသံရွှဲရွှဲနှင့် သူ့မျက်လုံးပြူးကြီးက သရဲချောက်သလို ပြူးကြောင်နေ သော်လည်း သူ့စိတ်ထဲတွင်မူ သူဖန်ဆင်းထားသော 'အလုံ'နှင့် ပီတိသုခကေဂ္ဂတ ကျနေပါလိမ့်မည်။

ကျွန်တော်ဆိုသောအကောင်သား အရက်သောက်ပြီးလျှင် စာရေးဖို့မဆိုထားနှင့်၊ စာမျှ ဖတ်ချင်စိတ်မရှိတော့ပါ။ စားပြီးအိပ်နေ ဘိက္ခုဝေသာဖြစ်လျက် တရေးနိုးမှ စက္ကူပုံပေါ်ကထပြီး သူရေးထားသော စာရွက်များကို နံပါတ်တပ်ရပါသည်။ နငယ်အမြီးတိုများကို ဆက်ရပါသည်။ ယင်းကိစ္စပြီး၍ ကျွန်တော်တခွက် ထပ်သောက်ပြီး ပြန်အိပ်သော်လည်း သူမအိပ်၊ ရေးမြဲရေးမြဲ။ သူ၏ဘယ်လက်က အမြဲတမ်းဆေးပေါ့လိပ်ကို ကိုင်ထား၏။ ညာလက်က စာရေး၍ အောင့်လာ တောင့်လာသောအခါ အရက်ခွက်နှင့် ကြက်ခြေထောက်ရိုးကို ပြောင်းကိုင်၍ ခေတ္တနားတတ်၏။

ဤနည်း ဤပုံဖြင့် သူရေးခဲ့သော 'ဖြေလျှော့ခွေ' ဝတ္ထုကို ပဒေသာမဂ္ဂဇင်း၌ အခန်းဆက် ထည့်ခဲ့ရာ တလ–တလလျှင်စောင်ရေ ၅၀၀(ငါးရာ)၅၀၀ ခုန်၍တက်ခဲ့၏။

ဤကား တင့်တယ်–မိုးဝေ စာရေးပုံနှင့် ကျွန်တော်ရေးပုံကွာခြားချက်တည်း။ သူတို့က အရက်သောက်လေ မူးလေရေးကောင်းလေ ထင်ပါရဲ့ဗျာ. . . .။ ကျွန်တော်ကား အရက်မူးဖို့မဆို ထားနှင့် ဝမ်းထဲမှာ အရက်၏အရိပ်အငွေ့ ရှိနေလျှင်ပင် မရေးနိုင်တော့ပါ။

ထို့ကြောင့် သည်နေ့ စာရေးတော့မည်ဆိုလျှင် မနေ့ကအရက်သောက်တာ များသွားပါ က နံနက်စောစော ဝမ်းနှုတ်ရပါသည်။

သို့အတွက် ငပလီမှာရှိစဉ် ဟိုမှာဘဲ စာရေးရ၍ ဖြစ်ကောင်းဖြစ်ရဲ့ဟု တခံနက် လှိုင့်အား. . .

'လှိုင်ရေ. . . မနက်တော့ ကျွန်တော့်အတွက်တော့ အရက်မလုပ်နဲ့တော့ဗျာ၊ ဝမ်းနှုတ်ဆေးနဲ့ လဘက်ရည်ကြမ်းဘဲ ပေးတော့'

ထိုစဉ်က ရနေသေးသော အန္တရူးဆော့တ်နှင့် ဝမ်းနှုတ်လိုက်သည်။ သို့သော် ရက်ဆက် နေ , ညမလင်း သောက်ခဲ့တာတွေက များနေပြီဖြစ်သောကြောင့်၊ လူသည် အရက်နာကျ၍ ရင်ထဲက ကတုန်ကယင်ဖြစ်လျက် စာတမျက်နှာမျှ မရေးနိုင်ပါ။ ခေါင်းထဲ ရေးစရာတွေရှိလျက် လက်ကမလိုက်။ ကတုန်ကယင် ဖြစ်နေသော ရင်ထဲက ခံစားမှုမပေး။ ကျွန်တော် အခန်းထဲစာရေး ဖို့ကြိုးစားနေစဉ် အပြင်ဘက်အရက်ဝိုင်းမှ ညံသံပေးလျက်. . . ။

အင်း. . . မဖြစ်ကပြီ၊ ငါဒီအရပ်မှာတော့ စာရေးလို့ မဖြစ်ကပြီ။ ထို့ကြောင့် နောက်တနေ့တွင် ကိုတင်မောင်အားအကျိုးအကြောင်းပြောပြပြီး လေယာဉ်လက်မှတ် ဝယ်ပေးခိုင်း ရတော့သည်။

'ဘယ်နှယ့်ကိုဆွေ၊ ကမ်းခြေမှာ ဘီကီနီမလေးတွေ ဟယ် မနေနိုင်ဘူးဗျာ'

သို့ဖြင့် သင်္ကြန်အပြီးမှ ပြန်ကြရမည် သူတို့အား မစောင့်နိုင်တော့ဘဲ ဘုန်းမောင် တကောင်တည်း လစ်ခဲ့ရပါသတည်း။

ဤကား ကျွန်တော်သည် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၆ ရက် တနင်္ဂနွေနေ့ညတွင် အရက်ဖြတ်ခဲ့ပြီး ၁၉၇၀ ခု၊ ဧပြီလဆန်းမမှတ်မိသောနေ့၌ ငပလီသွားရာမှ အရက်ပြန်သောက်မိ ခြင်းပင်။ ထိုအခါတွင် ပြည်သူ့အရက်ဖြူဆိုင်တို့သည် ယခင်ကလိုအရက်ကို ခဲခဲယဉ်းယဉ်းမဟုတ် ပြန်တော့ဘဲ ဈေးတက်ယူသော်လည်း လိုချင်သမျှ လွယ်ကူစွာရနေသောကြောင့် ကျွန်တော် ဖြတ်ဖို့ မကြိုးစားတော့ဘဲ မူလအတိုင်းပင် ဆက်လက် သောက်နေခဲ့သည်။ သို့သော် မိမိတသက်တာတွင် ၂၃ နှစ်သားလေးမှ သည်အသက် ၅၀ ကျော်အထိ နေ့စဉ် သောက်ခဲ့ပြီးမှ အကြောင်းအားလျော်စွာ ဖော်ပြခဲ့သည့်အတိုင်း ၉ လမျှ ဖြတ်လိုက်မိခြင်းဖြင့် 'ရှင်ကြီးဝမ်းလည်း ဝင်းဘူးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ဘူးပြီ' ဆိုသကဲ့သို့ အရက်သမားဘဝနှင့် အရက်မသောက်တဲ့ ဘဝကို ထင်ရှားပြတ်သားစွာ နားလည်ခဲ့ပေပြီ။

အရက်သမားဘဝမှာ အစားအသောက် အသွားအလာ အနေအထိုင်က ကျဉ်းမြောင်းလှသည်။ ကျွန်တော်အရက်ကို နေ့စဉ်မပြတ် သောက်နေစဉ်က အရက်မပါလျှင် ဘာအစာကိုမျှ မစားချင် မသောက်ချင်၊ စား၍မဝင် မျို၍မကျ။ အရက်ကို ရှေးဦးပထမ သောက်လိုက်ရပါမှ နောက်က အစားလိုက်၍ရသည်။ လူ၏အာသီသမှာ အစားထက် အရက်သောက်ချင်စိတ်က ပို၍ များနေသည်။

ဥပမာ ထမင်းစားတော့မည်ဆိုအံ့။ ထမင်းစားပွဲတွင် ထိုင်လိုက်သည်။ စားသောက်ဖွယ် အမယ်မယ်တွေ မြင်ရလင့်ကစား ဘာမျှ စားသောက်ချင်စိတ် မရှိသေး။ ရှေ့ဦးပထမ အရက်ကို တခွက်လောက်ချလိုက်ပြီးမှ မြည်းစရာကလေးတို့ကနန်း စိတ်ကနန်း စားရ၏။ သည်လို မြည်းစရာလေး စားလိုက်၊ အရက်ကိုတခွက်ပြီးတခွက် သောက်လိုက်၊ ရင်ထဲတော်တော်ပူလာမှ လေတက်၍ ရင်ချောင်လာပြီး ထမင်းကို စားနိုင်ပေတော့သည်။

ညအိပ်သောအခါလည်း အရက်မူးပါမှ အိပ်ပျော်၏။ တရေးနိုးသော် ဆက်၍မပျော်ဘဲ သော် ထပ်၍ သောက်ရသေး၏။

ထိုသရော ကာလများဝယ်၊ ကျွန်တော့်စိတ်တွင် ဆင်ခြင်မိသည်မှာ ငါ့ဘဝတလျှောက်၌ အရက်သောက်ခဲ့သည်က ကြာလှပြီဖြစ်၍ အရက်ဝင်မှ စားနိုင်သည်၊ အရက်မူးမှ အိပ်ပျော်သည်။ အရက်သည် ငါ့အတွက် ဆေးဖြစ်နေပြီ၊ အရက်တော့ ငါဘယ်နည်းနှင့်မျှ ဖြတ်၍ ဖြစ်တော့မည် မဟုတ်ဟု ထင်သောကြောင့် အရက်ဖြတ်ဖို့ကို မကြိုးစားဘဲ၊ အလုပ်အကိုင်မပျက်အောင် အရက်ကို နံနက်ပိုင်း မသောက်မိဖို့ကိုသာ အထူးသတိထားလျက် သောက်ချိန်ကို ကန့်သတ်လိုက်ရသည်။ 'ညနေ ၅–နာရီ'။ ယင်းကိုအကြောင်းပြု၍ ကျွန်တော်ကဲ့သို့ အရက်သမားများအား အရက်ကို အချိန်နှင့် ချိန်းတွေ့ရသော ရည်းစားကဲ့သို့ 'အရက်ကို ရည်းစားထားပါ' 'ဟူသော ဆောင်းပါးပင် ကျွန်တော်ရေးခဲ့ဘူးပါသည်။

ထိုသို့ ကျွန်တော် အရက်ကို ထမင်းစားခါနီးတိုင်း အချိန်မှန်မှန် သောက်နေသော အခါကာလတို့တွင် ကျွန်တော်သည်မိမိကဲ့သို့ အရက်သမား မဟုတ်သောသူ၏အိမ်သို့ ထမင်းစား မသွားဝံ့ပါ။ သူတို့က ထမင်းစားဖိတ်လျှင် တခုခု အကြောင်းပြ၍ ရှောင်ကြဉ်ရပါသည်။

ထို့အပြင် ခရီးကထင်းသွားသောအခါလည်း အရက်ပုလင်း ဆောင်သွားရလျက် ကိုယ့် ပတ်ဝန်းကျင်က ပရိသတ်ကြောင့် အနှောင့်အယှက် ဖြစ်တတ်သေးသည်။ ဥပမာ ကျွန်တော် မီးရထားဖြင့် ခရီးရှည်သွားပြီ ဆိုပါစို့။ ထမင်းစားချိန်ရောက်သောအခါ ကိုယ်နှင့် တခုတည်း သို့မဟုတ်၊ မျက်နှာချင်းဆိုင်က အမျိုးသမီးများ ရဟန်းသံဃာတော်များ ဖြစ်နေပါက ကိုယ့်စိတ် ကိုယ် မလုံမှု၍ တကယ်ဘဲ အခက်အခဲကြီး တွေ့ရပါသည်။ ကျွန်တော်မှာ မိမိကိုယ်မိမိ အရက်သမားကြီးဟူ၍ ကိုယ့်ခါတ်သိသော ကိုယ့်စာဖတ်ပရိသတ်ထံ ကြွေးကြော်ထားလင့်ကစား

သူစိမ်းအမျိုးသမီးများနှင့် ရဟန်းသံဃာများ ရှေ့မှောက်တွင်တော့ ပုလင်းဖောက်၍ သောက်ဝံ့ သော သတ္တိမရှိပါ။ ထို့ကြောင့် ရေပုလင်းလိုလိုနှင့် ယူ၍ အိမ်သာထဲသွားပြီး ကသိကအောက် သောက်ခဲ့ ရသော ဒုက္ခများကို ခံစားခဲ့ရဘူးပါသည်။

ထို့အပြင် အရက်သမားသည် အစားလည်းရွေး၏။ အသားနှင့်အချဉ် အငန် အစပ်တို့ကို ကြိုက်၏။ အချိုနှင့် နွားနို့၊ မလိုင်၊ ထောပတ် စသော အဆီအအိမ့်တို့ကို မနှစ်သက်ပေ။

သို့အတွက် တအိမ်တအိမ် ညှော်သည်အဖြစ်နှင့်ရောက်၍ ကော်ဖီ လက်ဖက်ရည်နှင့် ညော်ခံမှာကို ကြောက်သည်၊ အရက်သမားတို့၏ လက်သည် ရေချိန်မရသေးပါက လက်ဖက်ရည် ပန်းကန်လုံးနှင့် ပန်းကန်ပြား ထပ်ကိုင်လျှင် ချပ်ချပ် ချပ်ချပ်နှင့် မြည်တတ်သည်။ဒီလိုမဖြစ်အောင် အလွန်သတိကြီးစွာထားရ၏။ ကော်ဖီ သို့မဟုတ် ဂလောက်နှင့် မော့ရပါသည်။ အိမ်ရှင်ကျေနပ် အောင်သာ။ မိမိမှာတော့ အရသာတွေ့သည် မဟုတ်။ အို. . . . ဒုက္ခကြီးတမျိုးပါဘဲလေ။ မုန့်အချို တွေပါ တွန်းကျွေးနေမည်ဆိုလျှင်ဖြင့် အော်. . . . ကျွန်တော် ပိုက်ပြည့်နေလို့ပါခင်ဗျာ၊ မဆာလို့ပါ ခင်ဗျာနှင့် တောင်းပန်ရတာ အမော။

ထို့ကြောင့် အရက်သမားတို့မှာ အစားအသောက်၊ အသွားအလာ၊ အနေအထိုင် ကျဉ်းမြောင်းလှသည်ဟု ကျွန်တော်ဆိုခဲ့ခြင်းဖြစ်ပါ၏။ နေရာတကာ၌လူတောမတိုးခြင်း တမျိုးပင်တည်း။

## ကျွန်ခဲ့ပြီ

ယင်းကဲ့သို့ အဖြစ်တွေကို ကျွန်တော်သိလျက်နှင့်ပင် ဝိပက်ကြမ္မာထင်ရဲ့၊ နှစ်ပေါင်းများစွာ ကျွန်တော် အရက်သမား ဘဝကိုလားခဲ့ရသည်။ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော် အရက်ကို တခါဖြတ်လိုက်မိတော့မှ နှစ်ပေါင်း သည်လောက်ကြာ၊ အရက်ကို သည်လိုစွဲသောက်လာပြီးမှ ဖြတ်လို့မရဘူးဆိုတာ မဟုတ်ပါလား၊ အရက်မသောက်လျှင် စားမဝင်ဘူး၊ အိပ်မပျော်ဘူးဆိုတာ မဟုတ်ပါလား၊ အမှန်တရားတွေ သိလာပါတော့သည်။

သည်တရားတွေသိလာ၍ ယခုအခါ၌ ကျွန်တော်သည် ယခင်ကလို အရက်ကို တာဝန် ဝတ္တရားကြီး အနေနှင့်မသောက်တော့သောအခါ၊ ထမင်းစားချိန်၌ အလိုလို ထမင်းဆာလာသည်။ ဘာဟင်းနှင့်မဆို ဟင်းမရွေးဘဲ မြိန်လာသည်။ ယခင် အရက်သောက်တုန်းက ထမင်းစားကောင်း သည်ထက် ပိုစားကောင်းလာသည်။ အိပ်စက်ရာမှာလည်း အိပ်ချိန်ရောက်လျှင် အိပ်ပျော်သွား သည်သာ ဖြစ်ပါသည်။

အစားအသောက်တွင်လည်း ကျွန်တော့် ဝမ်းထဲမှာ အရက်၏ ဓါတ်များ ပြယ်ပျောက်သွား ပြီဖြစ်၍၊ အချိုနှင့်နို့ အဆီအအိမ့်များကိုလည်း နှစ်သက်၍လာပါပြီ။ ယခင်တုန်းက လက်ဖက်ရည်နှင့်

ကော်ဖီဆိုမသောက်ချင်တဲ့ အကောင်က ယခုအိပ်ခါနီး ခြင်ထောင်ချတော့ မည်ဆိုလျှင် ဘီစကွတ်စား၍ ကော်ဖီခါးခါး သောက်လိုက်ရမှနှစ်သိမ့်ကျေနပ်သောအဖြစ်သို့ ရောက်ရှိနေပါပြီ။

လောကကြီး၌ အရက်မရှိတော့ဘူးဆိုလဲ ကျွန်တော်မမူတော့ပြီ၊ အရက်ဆိုင်တွေအားလုံး ပိတ်ပစ်မည်ဆိုလဲ. . . . ပိတ်ဘရိတ်ပေါ့။ သို့သော် ကျွန်တော်သည် အရက်ကို ပါဏာပေတံဝေရာမဏီ တော့မဟုတ်၊ သောက်သင့်သည် အခါ၊ သောက်သင့်သော အပေါင်းအသင်း အဖွဲ့အစည်းနှင့် ဆိုလျှင် ကျွန်တော်သောက်သည် သာတည်း ယခင်ကလိုနေ့စဉ် နိစ္စဓူဝအိမ်တွင်အမြဲမပြတ်ထား ၍ သောက်နေခြင်းအမှုကိုတော့ မပြုတော့ပြီ။ ကျွန်တော့်မယုံလျှင် ကျွန်တော့်မယားကို မေးကြည့်ပါ။ ရက်စရာပြောသည်မဟုတ် လိမ်မာရေးခြားရှိသော ဇနီးမယားတို့သည် မိမိလင်၏ မကောင်းသော အမှုတို့ကို ဖုံးကွယ်ထားမည် ဖြစ်သော်လည်း သူ့လင်၏ကောင်းအင်ကိုတော့ ဂုဏ်တင်၍ ပြောချင်လိမ့်မည်သာတည်း။

ဤတွင်ကျွန်တော့်ဘဝဇာတ်ကြောင်း ပဥ္စမတွဲနိဋ္ဌိတံ။

သော်တာဆွေ

# ကျွန်တော့်ဘဝဇာတ်ကြောင်း(ဆဌမတွဲ)

## စာပေဟောပြောပွဲ

ကျွန်တော်တို့ စာရေးဆရာများသည်ဟိုယခင် စာရေးဆရာအသင်းကြီး ရှိစဉ်ကဆိုသော် လနတ်တော် စာဆိုတော်ပွဲသို့ရောက်တိုင်း၊ ရောက်တိုင်း နှစ်စဉ် ပြဇာတ်က ခဲ့ရသည်။ ယခုနောက်ပိုင်းတွင်မူ အသင်း အဖွဲ့နှင့် ပြဇာတ် မကရတော့ပဲ အနယ်နယ် အရပ်ရပ်မှ သုံး လေးယောက် တတွဲ 'ခေါ်ကောက်' ဖိတ်ကြားခြင်း ခံရ၍ စာပေ ဟောပြောပွဲများပြုလုပ်ရသည်။

ယင်းသို့ ဟောပြောပွဲများပြုလုပ်ရာ၌ တစ်ခါတစ်ရံ အဆင်မပြေမှုများ ကြုံတွေ့ရတတ်သည်။ ဤအကြောင်းကို နှစ်စဉ်စာဆိုတော် ရာသီသို့ရောက်တိုင်း ရောက်တိုင်း ကျွန်တော်သတိရ၍ ရေးမည်ဟု ကြံခဲ့ရသည်မှာ အကြိမ်ကြိမ် ရှိခဲ့ပါပြီ။ ယခုမှ ရေးဖြစ်ပေတော့သည်။ ဖြစ်တတ်သည့် အကြောင်းရင်းကား။

(၁) ဟောပြောမည့် ပုဂ္ဂိုလ်များ အတွဲအစပ်။

(၂) ကြားနေမည့် ပရိသတ်၏ အဆင့်အတန်းနှင့် အသက်အရွယ်။

စင်စစ် 'စာပေဟောပြောပွဲ' သည် နာမည်နှင့် ကိုက်ညီအောင် စာရေးဆရာတွေချည်းသာ သီးသန့် ဖိတ်ကြားသင့်သည်။ ဟိုယခင် စာပေဟောပြောပွဲတွင် စတင် ပေါ်ပေါက်ခဲ့စဉ်က ဤအတိုင်းပင် ပြုလုပ်ခဲ့ကြပေသည်။ သို့သော် ယခုနောက်ပိုင်းတွင်ကား အချို့သော စီစဉ် ဖိတ်ကြားသူများက ဆန်းပြားလာကာ စာရေးဆရာများသာမက ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ဂီတ အဆိုတော်များပါ ပူးတွဲ ဖိတ်ကြားခြင်းပြုကြကုန်သည်။ သူတို့ဆန္ဒကား ပရိသတ်မျိုးစုံ၏ ကြိုက်နှစ်သက်ခြင်းရှိ၍ လူများစွာ ကြီးကြီးငယ်ငယ် ရွယ်ရွယ် လတ်လတ်တို့ လာကြရန်။

မှန်ပါသည်။ သည်လိုပွဲမျိုးဆိုလျှင် လာကြသည့် ပရိသတ်က ကွင်းလုံးပြည့်ပါပဲ နားသောတဆင်လိုသူများသာမက ဝမ်းရေးအတွက် ဈေးရောင်းရန်၊ ဆေးလိပ် ကွမ်းယာသည် နှင့် စားသောက်ဆိုင်များပင် ဖွင့်တတ်ကြပါသေးသည်။

အငြိမ့်ပွဲသမျှ၊ သို့သော် ဤပရိသတ်ကြီးမှာ စာပေကိုနားလည်၍ စာရေးဆရာတို့၏ ဟောပြောမှုကို

နားထောင်လိုသူများက လူနည်းစုဖြစ်ပြီး၊ ရုပ်ရှင်မင်းသား မင်းသမီးနှင့် ဂီတ အဆိုတော်များ၏ သီချင်းကို နားသောတဆင်လိုသူ၊ လူကိုယ်တိုင် ကြည့်ရှုလိုသူများက ပရိသတ် ရှေ့ပိုင်းတွင် ရွှစိ ရွှစိနှင့် ကြိတ်ကြိတ် တိုးနေကြကုန်သည်။ စပါတော့ဗျို့၊ ထွက်ပါတော့ဗျို့ ဟူသော အော်ဟစ် တောင်းဆိုသံများပင် ပေါ်ထွက်လာတတ်သည်။

ကဲ သည်တော့ ဘယ်လူစု အရင်ပွဲထုတ်မည်နည်း။ ဖိတ်ကြားသူများက လေးစားအပ် သော စာရေးဆရာကြီးများရယ်လို့ ထိုပုဂ္ဂိုလ်ကြီးများကို ရှေ့ဦးပိုင်း တင်ပေးလိုက်သည် ဆိုလျှင် အကြင် စာရေးဆရာက ဟာသဉာဏ်ရွှင်ရွှင်ဖြင့် ရယ်စရာ မောစရာများကို ပြောတတ်သည့် ရှိသော် တော်ပါသေး၏။ သို့မဟုတ် ထိုစာရေးဆရာက လာရောက်ကြားနာသူ ပရိတ်သတ်အား စာပေပညာ ဗဟုသုတ ရပါစေတော့ရယ်လို့ အလေးအနက် ဟောပြီဆိုလျှင်ဖြင့် ရုပ်ရှင်မင်းသား မင်းသမီးနှင့် ဂီတအဆိုတော်များ၏ ပရိသတ်သည် နားကလောတော်မူလာလျက် သူတို့ ကြာရှည်စွာ သည်းမခံနိုင်တော့ပဲ၊

''ဘယ်နှယ့်လဲ အာလူးတွေ ဘယ်နှစ်အိတ်၊ ဘယ်နှစ်ပိဿာများ ဖုတ်မလို့လဲ ဆရာကြီးရဲ့ တော်ပါတော့'' ဟူသော အသံမျိုးတွေ ပေါ်လာတတ်ကြကုန်၏။ သူတို့ စိတ်ထဲဝယ်သည် ဘဲအို ဘဲနာကြီးတွေက သက်သက်ဝင်ရှုပ်နေတာပဲ။

ကဲ သည်တော့ ၎င်းတို့စိတ်ကြိုက်ဖြစ်အောင်၊ ပွဲဖြစ်အောင်ရယ်လို့ ရုပ်ရှင်နှင့် တေးဂီတ ပညာရှင်တွေကို ရှေးဦးစွာ ပွဲထုတ်ပေးလိုက်သည်ရှိသော် လက်ခုပ်သံ တဖြောင်းဖြောင်း၊ လက်ခေါက် သံ တရှီရှီ။ အပြတ်မိုက်တာပဲ။ ဘာပဲ ညာပဲနှင့်ရှုစား နားသောတ ဆင်ကြပြီး တဲ့နောက် စာရေး ဆရာများဟောပြောမည့် အပိုင်းလည်း ရောက်ကရောသူတို့ ပြန်ကြပါရော ခင်ဗျ။ ကြည့်စမ်း ဤ အခမ်းအနား စင်မြင့် နဖူးစည်းမှာ စာလုံးကြီးနှင့် ရေးထားလိုက်တာက ဘယ်နှစ်ကြိမ်မြောက် စာဆိုတော်နေ့ စာပေဟောပြောပွဲ။

သည်တော့ ကျွန်တော့်အား စာပေဟောပြောပွဲကို လာရောက်ဖိတ်ကြားပြီဆိုလျှင်ဖြင့် ရှေ့ဦးစွာ ဘယ်နေ့ ဘယ်ရက်လဲဆိုတာ မမေးသေးဘူး၊ ''ကျွန်တော်နဲ့ ဘယ်သူ ဘယ်ဝါတွေ ဖိတ်သလဲဗျ'' စုံစမ်းလိုက်တယ်။ အဲ ရုပ်ရှင်နှင့် တေးဂီတ ပညာရှင်များ ပါလာပြီဆိုလျှင်ဖြင့်၊

''အား၊ ကောင်းတယ်ဗျို့၊ ဒါနဲ့ ဘယ်နေ့ဘယ်အချိန်လဲဗျ'

လာရောက်ဖိတ်ကြားသူက နေ့နဲ့အချိန်လည်းပြောရောအဲ့သည်တော့မှ ကျွန်တော်က မျက်လုံးပြူးနဲ့ ဒိုင်ယာရီ သို့မဟုတ် ပြက္ခဒိန်ကို ကြည့်လိုက်ပြီး၊

''ဟာ၊ အဲသည်နေ့ အဲသည် ရက်တော့ ဆောရီးပဲဗျို့'' အစချီပြီး ဘယ်နေ့ကလဲ ဘယ်က လာဖိတ်ထားတာ၊ အဲသည်ရက်အတွက် ကျွန်တော် လက်ခံထားလိုက်ပြီ၊ ဘာညာနှင့် ပြောဆို တောင်းပန်ပြီး လွှတ်လိုက်ရပါတော့၏။

အားလည်းနာပါရဲ့၊ မတတ်နိုင်ဘူး။ ကိုယ့်အန္တရာယ်ကိုယ်လွတ်အောင် ရှောင်ရတာကိုဗျ။ ဒါနဲ့တောင် မမျှော်လင့်တာမျိုးနဲ့ကြုံပြီး ခံရတတ်တာ ရှိသေးဗျ။ မှတ်မှတ်ရရ နမူနာ တစ်ခုပြရမယ်ဆိုယင်ဖြင့် ၁၉၇၅ ခုနှစ် စစ်တောင်း စက္ကူစက်ကလာဖိတ်တာ။ လာဖိတ်သူက ကိုအောင်တဲ့၊ သူနဲ့ ကျွန်တော်ဟာ အဲသည်ကတည်းကစပြီး ယခုတိုင် ခင်မင်ဆက်ဆံလျက် ရှိပါသည်။ သူ ရန်ကုန်ရောက်ယင် ကျွန်တော့်အိမ်လာတယ်၊ ညအိပ်တဲ့အခါမှာ အိပ်သွားပါ တယ်။

ကိုအောင် ကျွန်တော့်အိမ်လာဖိတ်တော့ ကျွန်တော်က ထုံးစံအတိုင်းပဲ၊ ''ကျွန်တော်နဲ့ ဘယ်သူတွေ ဖိတ်သလဲဗျ''

''ဘယ်သူ့မှ မဖိတ်ရသေးဘူး ဆရာ၊ ဆရာ့ဆီ ပထမဦးဆုံးဦးတည်လာခဲ့တာပဲ၊ ဆရာ တတ်နိုင်ယင် ဆရာ့အပြင် နောက်နှစ်ယောက်ပါ ဖိတ်ပေးစေချင်ပါတယ်''

အင်း ရုပ်ပြ တေးသံရှင်တို့ရဲ့ အန္တရာယ်ကတော့ ကင်းသွားပြီ။ ကျွန်တော် စိတ်ထဲက မှတ်ချက်ချ လိုက်ကာ၊

''ခင်ဗျား ဘယ် စာရေးဆရာတွေများ အာသီသ ရှိသလဲ''

''ကျွန်တော် မပြောတတ်ပါဘူး ဆရာ၊ ဆရာကသင့်လျော်မယ်ထင်တဲ့ လူသာ ကြည့်ခေါ် ပေးပါ တော့''

''အင်း သည်လိုဆိုယင်'' ကျွန်တော်က မိမိနှင့် ရင်းနှီးနီးစပ်သူများကို စဉ်းစားလိုက်ကာ ''ကာတွန်း ဦးဖေသိန်း ဘယ့်နှယ်လဲ၊ ကျွန်တော်က စာပေဝတ္ထုအကြောင်းပြောမယ်၊ သူက ကာတွန်းနဲ့ ရုပ်ပြ ဇာတ်လမ်းတွေအကြောင်း ပြောလိမ့်မယ်''

ကိုအောင်သည် အားတက်သရော မျက်နှာနှင့်။

''ဟာ၊ ကောင်းတာပေါ့ ဆရာ''

''ကဲ၊ နောက်တစ်ယောက်က သတင်းဂျာနယ်ပါ ဘက်စုံသွားအောင် အထောက်တော် လှအောင် ဘယ့်နှယ်လဲ''

''ဟာ၊ သူ့ရယင်လဲ သိပ်ကောင်းတာပေါ့ဆရာ''

''ရမရတော့ ခေါ်ကြည့်ယင် သိရမှာပေါ့၊ ကဲ၊ ဒါဖြင့်လာ ကိုဖေသိန်းအိမ်သွားမယ်၊ သူ့အိမ်က သည်နားတင်ပဲ၊ တယ်လီဖုန်းလဲ ရှိတယ်။ အဲသည်က ကိုလှအောင် ခေါ်ကြည့်မယ်'' ဆိုပြီး ကျွန်တော်တို့ထိုင်ရာမှ အထတွင် ကိုအောင်က၊

''အား၊ ဆရာ၊ ကျွန်တော် ပြောဖို့ တစ်ခုကျန်နေသေးတယ်၊ ကျွန်တော်တို့ ဗိုလ်မှူးက ဟောပြောဖို့ လာတဲ့ စာရေးဆရာတွေကို ကျိုက်ထီးရိုးဘုရားလဲ သွားချင်ယင် ပို့ပေးမယ်ဆိုတဲ့ အစီအစဉ် ရှိတယ်၊ သည်တော့ ဆရာကတော်တွေပါ လိုက်ချင်ယင် ခေါ်ခဲ့နိုင်ပါတယ်တဲ့''

ယင်း၌ အနီးတွင်ရှိနေသည့် ကျွန်တော့်ဇနီး၏မျက်နှာမှာ ဝင်းထိန်သွားသည်။ အကြောင်းမှာ သူသည် ကျိုက်ထီးရိုးသွားချင်နေ၏။ တစ်ခါမျှ မရောက်ဖူးသေး။

ကျွန်တော်က ''ကဲ ဘယ့်နှယ်လဲ မေလိုက်မလား''ဟု ရေလာမြောင်းပေး လုပ်ပေးလိုက်တော့။

''ဟင် အာနားစရာကြီး''

သို့သော်လူကတော့ ခုထပြီး အဝတ်လဲတော့မည် ပုံသဏ္ဍာန်။ ဤတွင် ကိုအောင်က လှိုက်လှဲစွာဖြင့်။

''ဘာမှ အားမနာနဲ့ မမမေ၊ ကျွန်တော်တို့က မိုက်ကရိုဘတ်စ် ကားတစ်စီးလုံးနဲ့ လာခေါ်မှာ၊ ပို့မှာ၊ တခြားလူတောင်ခေါ်ချင်ပင် ခေါ်နိုင်ပါသေးတယ်၊ ဟိုမှာ နေ့မို့ စားဖို့ ဘာမှ မစိုးရိမ်နဲ့၊ ကျွန်တော်တို့ စက္ကူစက် တည်းခိုရိပ်သာက အင်မတန် ကောင်းပါတယ်''

သို့ဖြင့် ကိုဖေသိန်းမောင်သို့ ရောက်သွားသောအခါ၊ အဆင်သင့်ပင် တွေ့ကြ၍ တတိယ အကြိမ်မြောက် ကျိုက်ထီးရိုးသို့သွားလိုနေကြသော သူတို့ ဇနီးမောင်နှံနှင့်လည်း အိုကေ။ ဆရာ ကတော် ဒေါ်နွယ်က ကိုအောင်အတွက် လက်ဖက်ရည်တွေ မုန့်တွေပင် တိုက်ကျွေးလေ၏။

ထိုနောက် ကျွန်တော်က သတင်းဂျာနယ်တိုက် အထောက်တော်လုအောင်ဆီ ဖုန်းဆက်သည်။ သို့သော် ကိုယ်တော်ချောမရှိချေ။ သည်လို စာပေဟောပြောဖို့တဲ့။ နယ်ထွက် သွားကတဲ့။ သူ့ဇနီးသည် ဒေါ်ကြည်ကြည်မြင့်က ပြောသည်။ ကဲ သင်းတို့ ဇနီးမောင်နှံ ကျန်ခဲ့ပေရော့။ သတင်းစာဆရာ နောက်တစ်ယောက်၊ ကျွန်တော် သတိရပြန်သည်။ ဆရာအောင်ဗလ။ သူ့ဆီ ဖုန်းဆက်လိုက်သည်။ အဆင့်သင့်ပဲ တွေ့။ ယခု အမေရိကသို့ပင် သူနှင့် အတူပါသွားသော သူ့ဇနီးသည် တင်တင်ဝင်းပါ လိုက်ရမည်ဆိုတော့၊ အောင်ဗလလည်း စစ်တောင်းစက္ကူစက် ဟောပြောပွဲလိုက်ရန် အိုကေသွားပေတော့သည်။

ကျွန်တော် တစ်ခုသတိထားမိသည်။ ဆရာအောင်ဗလသည် သူဘယ်သွားသွား သူ့ထက်အသက် သုံးဆယ်လောက်ငယ်သော ဇနီးချောလေးကို သူနှင့် အမြဲမခွဲပဲ ခေါ်သွားလို သည်။ အယင်တစ်ခါ သူ့ကို ကျွန်တော်မြိတ်မြို့ စာဆိုတော်ပွဲသို့ ခေါ်စဉ်ကလည်း တင်တင်ဝင်းပါ လိုက်ရမှဆိုသဖြင့် ကျွန်တော်မှာ မြိတ်က လာဖိတ်သူကိုပြော၍ စီစဉ်ပေးလိုက်ရသည်။ ဩော်၊ သူ့ဇနီးလေး ငယ်လည်းငယ်၊ ချောလည်း ချောပေသကိုး။ အကယ်၍များ သူသည် တာနောယကွ ဘီးလူးကို တန်ခိုးရှိပြီး၊ အာခေါင်လည်း ကျယ်မယ်ဆိုယင်ဖြင့် တင်တင်ဝင်းကို ရွှေကြုတ်ထဲ ထည့်ပြီး ပါးစပ်ထဲ ငုံထားမယ်ထင်ပါရဲ့ ထွီ။

သို့သော် ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်လို့တော့ဖြင့် သည်ဇနီးကလေးအပေါ် မှာလည်း အင်မတန် စည်းကမ်း ကြီးတယ်ခင်ဗျ။ မှတ်မှတ်ရရ ပြောရမယ်ဆိုယင် အဲသည် စစ်တောင်းစက္ကူစက် သွားကြတော့။

၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက် စနေ့နေ၊ နာရီပြန်တစ်ချက်၊ ရန်ကုန်ကထွက် (ကိုဖေသိန်း၏ ဒိုင်ယာရီမှတ်တမ်း) ညနေ ၅ နာရီလောက် စက္ကူစက်ရောက်၊ ထိုည ရုပ်ရှင်ထဲမှာ ဟောပြော၊ ကိုဆွေ ပထမ၊ ကိုယ်ဒုတိယ၊ ကိုသောင်း တတိယ၊ နောက်တစ်နေ့ တနင်္ဂနွေနံနက် သိမ်ဇရပ် စစ်တောင်းဈေးထဲသို့ သွားကြသည်။

သည့်ဈေးထဲမှာပဲ အောင်ဗလ(ကိုသောင်း) တို့အဖြစ်ကဖန်လာတာခင်ဗျ။ ခုခေတ် မှောင်ခိုဈေးတို့ ထုံးစံ၊ အမျိုးသမီးကြိုက် ပစ္စည်းတွေက တော်တော်ရှိတယ်။ ကိုဖေသိန်းဇနီးနဲ့ သော်တာဆွေဇနီးက ဝယ်ကြသည်။ သည်တော့ အောင်ဗလဇနီးကလည်း ဝယ်ချင်တယ်။ သို့သော် သူ့ခများလေးမှာ ငွေကပါမလာဘူး။ သူ့ပိုက်ဆံအိတ်ကလာကာနီးမှာပဲ အိမ်ကသေတ္တာ ထဲ မေ့ကျန်ခဲ့တယ်ဆိုလားပဲ။

သူတို့ဇနီးမောင်နှံဟာ သူ့လခ၊ ကိုယ့်လခနဲ့မို့ အိမ်စရိတ်သပ်သပ်ဖယ်ပြီး၊ ကိုယ်တိုင်သုံး ငွေကို ကိုယ်စီ သီးသန့်ထားကြသတဲ့။ အဲဒါနဲ့ တင်တင်ဝင်းက အိမ်ရောက်တော့ယင် ပြန်ပေးပါမယ်လို့ အောင်ဗလဆီမှာ ငွေချေးတော့၊ အောင်ဗလက သည်လို နမော်နမဲ့နိုင်တာ အကျင့်ပါတယ်၊ မချေးဘူးလို့ ဆိုသတဲ့ဗျ။ ဒါကြောင့် တင်တင်ဝင်းဟာ သော်တာဆွေဇနီး မေဆီက ငွေ ၆၀ ချေးပြီး ဝယ်ရရှာပါတယ်။

အင်း၊ အင်း အချစ်ကအချစ်၊ ငွေကငွေ၊ သည်လိုမှပေါ့။

နို့ပြီး စစ်တောင်းစက္ကူစက်က ဗိုလ်မှူးစီစဉ်ပေးတဲ့အတိုင်း အားလုံး ကျိုက်ထီးရိုးဘုရား သွားကြဖို့ပဲ။ သို့သော် အောင်ဗလက တနင်းလာနေ့မှာ အလုပ်ပြန်တက်ရမှာမို့ သူမလိုက်နိုင် ဘူး၊ သည်တနင်္ဂနွေ ညနေ အရောက်ပြန်မှ ဖြစ်မယ်တဲ့။ သည်တော့ တင်တင်ဝင်းလေး အခက်တွေ့ပြန်ရော။ လူကလည်း ကျိုက်ထီးရိုးလိုက်ချင်ရှာမယ်ပေါ့။ ဒါပေမယ်လို့ သူကိုယ်တိုင် မပြောဝံ့ရှာဘူး၊ သည်တော့ ကျွန်တော် တို့အနေနဲ့ကကော၊

''ကိုသောင်းရယ်၊ ခင်ဗျားမလိုက်နိုင်လို့ ပြန်ရပေမယ့်၊ တင်တင်ဝင်းလေးတော့ ကျွန်တော် တို့နဲ့ ထည့်လိုက်ပါ''လို့ ကိုတာနောကို ကျွန်တော် မပြောဝံ့ဘူး ခင်ဗျ။

ဒါနဲ့ အဲသည်တနင်္ဂနွေနေ့ ကိုဖေသိန်းတို့ လင်မယားအဖို့တော့ ဖိမ်ပါပဲ။ ကျွန်တော်တို့ မှာ ကိုဖေသိန်းတပည့် ကာတွန်းလှကျော်စိန်တယောက်တည်း လူပိုပါလိုက်သေး။ ကျွန်တော်တို့ ကို ကျိုက်ထီးရိုးလိုက်ပို့ကြတာကတော့ ကိုအောင်နဲ့ ကိုကျင်တို့ပဲ ခင်ဗျ။ ကျိုက်ထိုရောက်တော့ ယင် တပ်က လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံပါသေးတယ်။ နို့ပြီး ကျိုက်ထီးရိုးတောင်ပေါ်မှာ ကျွန်တော် တို့တည်းခိုဖို့လဲ အဲသည်မှာရှိတဲ့ အစောင့်တပ်ကို ဝိုင်ယာလက်နဲ့အကြောင်း ကြားထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့တောင်ပေါ်ရောက်တဲ့ အခါမှာ အသင့် စောင့်ကြိုလို့ပါပဲ။ ကျေးဇူးကြီးလှပါဘိ။

ကျွန်တော်တို့ဟာ တောင်ပေါ်မှာ တစ်ညအိပ်၊ နောက်တစ်နေ့မနက် ပြန်ဆင်း၊ စစ်တောင်း စက္ကူစက်က ကားကကင်ပွန်းမှာ လာကြိုနေ၊ ထိုည စစ်တောင်းစက္ကူစက်က တည်းခို ရိပ်သာမှာပဲအိပ်။ ဇန်နဝါရီလ ၂၈ ရက် အင်္ဂါနေ့မှစစ်တောင်းစက္ကူစက်က မိုက်ကရို ဘတ်စ်နဲ့ပဲ ကျွန်တော်တို့ကို အိမ်အရောက်ပြန်ပို့။

ကျွန်တော်တို့ တသက်တာမှာ ဤခရီး တစ်ခေါက်ကိုဖြင့်မမေ့နိုင်ဖွယ်မရှိပါ။ စစ်တောင်း စက္ကူစက် တည်းခိုရိပ်သာကလည်း အလွန် ကောင်းမွန်ပါသည်။ ဟိုတယ်ကြီးများသဖွယ် ရေချိုးခန်းနှင့် အိပ်ခန်းတွဲလျက်၊ လင်မယား တစ်စုံတွဲစီအခန်း ရပါသည်။ ပတ်ဝန်းကျင် ရှုမျှော်ခင်းကလည်း သာယာပါဘိတောင်း။ ကျွေးမွေးပြုစုသည်မှာလည်း ဘာမျှ လိုလေသေးမရှိ။

သို့ရာတွင် သူတို့ဘက်က အစစအရာရာပြည့်စုံသည်လောက် ကျွန်တော်တို့ဘက်က စာပေ ဟောပြောမှုတွင် ကျေနပ်အားရခြင်း လုံးဝ မရှိခဲ့ပါ။

အကြောင်းကမူကား၊

## ကျွန်တော်တို့နှင့် ရုပ်ရှင် ရွှေဘာ တွေ့ဆုံရခြင်း

စစ်တောင်းစက္ကူစက် စာပေ ဟောပြောပွဲ ကျင်းပခြင်းသည် ဤအကြိမ် ပထမဦးဆုံး ဖြစ်ပေရာ စီစဉ်သူများသည် စေတနာ လွန်ကဲကာ အဲသည်အချိန်က အလွန် ခေတ်စားသည့် ရွှေဘာ၏ ရုပ်ရှင်ကား တစ်ခုနှင့် စာပေ ဟောပြောပွဲတွဲ၍ ထား၏။ စစ်တောင်း စက္ကူစက် ရုပ်ရှင်ရုံ၌ ရေးသားသည်မှာ၊

စာရေးဆရာကြီး ဦးသော်တာဆွေ၊
သတင်းစာဆရာ စာရေးဆရာကြီး ဦးအောင်ဗလ၊
နိုင်ငံကျော် ကာတွန်း ဆရာကြီး ဦးဖေသိန်း၊
ဤဟောပြောပွဲ အပြီးတွင် ပြည်သူ့ အသည်းစွဲ ဇာတ်လိုက်မင်းသား ရွှေဘာ ပါဝင်သော (. . . . .) ဇာတ်ကားကို ပြမည်။

အလာ့၊ လားလား၊ လာလိုက်ကြတာ လာလိုက်ကြတာ။ နေဝင်မိုးချုပ် ကတည်းက ရုပ်ရှင်ရုံ တစ်ရုံလုံး ပြည့်နေပြီ။ လာကြသည့် ပုဂ္ဂိုလ်များကတော့ ရွှေဘ ပရိသတ်တွေပေါ့ ခင်ဗျာ။ ဆယ်နှစ်ပတ်လည် ကလေးတွေ။ အောင်မယ်လေးရောက်ကတည်းက အငြိမ်မနေကြဘူး။ ရွှေဘကွ၊ ရွှေဘနဲ့သူတို့ ပါးစပ်က အော်ကြပြီး တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ထွေးလုံး သတ်ပုတ်နေကြတာပါပဲ။

အင်း၊ ဒင်းတို့တွေ ဟောပြောပွဲ အချိန်ကျယင်တော့ ငြိမ်တန်ကောင်းရဲ့ အောက်မေ့ မိတယ် မရဘူးခင်ဗျ။ ဟောပြောပွဲအစ အခမ်းအနားမှူး ပြောတုန်းမှာသာ ရုပ်ရှင် ပြတော့မယ် အောက်မေ့လို့ ခေတ္တ ငြိမ်သွားကြတယ်။ အဲ ကျွန်တော်စဟောလို့ ခဏလဲကြာရော ဆူမြဲ ပူမြဲပဲ။ ဘယ်နှယ့်လုပ်မလဲ။ ကျွန်တော်ပြောတဲ့ စာပေစကားသူတို့စိတ်မဝင်စား၊ နားမှလည်းမလည်ပဲကို ဗျ။ သည်တော့ အခမ်းအနားမှူးက ကျွန်တော်ဟောပြောနေတဲ့ အနား လျှောက်လာပြီး ''ဆရာ ခဏ၊ ခဏ''ဆိုပြီး စကားပြောခွက်ရှေ့က ဝင်ပြီး၊

''ဟေ့၊ ကလေးတွေ ကလေးတွေ၊ မင်းတို့ သည်လို ဆူပူအော်ဟစ်နေကြလို့ရှိယင် တို့ ရုပ်ရှင် မပြတော့ဘူးနော်၊ ရုပ်ရှင်ကြည့်ချင်ယင် ငြိမ်ငြိမ်နေကြ၊ ကိုယ့်နေရာကိုယ်ထိုင်၊ မဆော့နဲ့ ပါးစပ်မဟနဲ့''

ဒါပေမယ့် ခဏပဲခင်ဗျ။ တော်ကြာ ကျွက် ကျွက်၊ ကျွက် ကျွက်နဲ့ လှုပ်ရှား ဆူပူလာ ပြန်ရာ။ အရေးထဲမှာ မိုက်ကရိုဖုန်းကလည်း ခဏ ခဏ ပျက်သေးတယ် ခင်ဗျ။ နို့ပြီး ရုပ်ရှင်ရုံက လည်း သွပ်မိုးသွပ်ကာဆိုတော့ အသံက ထွေးလုံးပြီး ကိုယ်ပြောတာတောင် ကိုယ့်နားထဲမှာ ဂူးဂူး ဝါးဝါး ဖြစ်နေတယ် ခင်ဗျ။

အမှန်က သည်နေရာမှာ သည်ပရိသတ်နဲ့ စာပေ ဟောပြောပွဲ လုပ်ဖို့ လုံးဝ မသင့်လျော် တော့ပါဘူး။ ကျွန်တော်တို့ ဖြတ်ပစ်ပြီးတော့ ရွှေဘ ရုပ်ရှင်သာ ပြဖို့ ကောင်းတော့တာပဲ။ ဒါပေမယ့် စာပေ ဟောပြောပွဲဆိုပြီး ချထားတဲ့ အစီအစဉ်ကြီးက ရှိနေပြီမဟုတ်လား။ ကျွန်တော် တို့မှာ လုပ်ရမယ့် တာဝန်ကို လုပ်ရတော့တယ်။ ကျွန်တော် ပြီးတော့ ကိုဖေသိန်း၊ ကိုဖေသိန်း ပြီးတော့ အောင်ဗလ။

ကျွန်တော်တို့က ပြောလိုက် အခမ်းအနားမှူးက ခဏ ခဏ လာပြီးတော့ ''ဟေ့၊ ကလေး တွေ မင်းတို့ သည်လိုဆူဆူပူပူ လုပ်နေယင် တို့ရုပ်ရှင် မပြတော့ဘူးနော်၊ ရုပ်ရှင်ကြည့်ချင်ယင်

ငြိမ်ငြိမ်နေကြ၊ ကိုယ့်နေရာကိုယ်ထိုင်၊ မဆော့နဲ့၊ ပါးစပ်မဟနဲ့''လို့ ကြိမ်းလိုက်နဲ့ပဲ ကျွန်တော်တို့ ဟောပြောပွဲကြီး ပြီးခဲ့ရပါရော ခင်ဗျာ။

ကျွန်တော်ထင်တယ်၊ သည်ဟောပြောပွဲကြီး တစ်ခုလုံးမှာ ကလေးတွေ နားလည်တာက တော့ သူတို့ ဘာမှန်းကို သိကြမယ်မဟုတ်ဘူး။ သူတို့ ရွှေဘ ရုပ်ရှင်ကားကြည့်ရအောင် လာတာ ကို ကျွန်တော်တို့က စိန်ကောင်း ကျောက်ကောင်း ရောင်းရာမှာ ဆေးရိုးသည် ဝင်ရှုပ်တယ်၊ မြင်းကောင်းမောင်း ခွေးကျိုးကန့်လန့် လုပ်တယ်ပဲ အောက်မေ့ကြခင်ဗျ။

ဒါကြောင့် နှစ်စဉ် စာပေ ဟောပြောပွဲ စီစဉ်ဖိတ်ကြားတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော် ပန်ကြားချင်တာက သနားစရာကောင်းလှတဲ့ ကျွန်တော်တို့ စာရေးဆရာတွေကို ဆေးရိုးသည်နဲ့ ခွေးကျိုး မဖြစ်ပါရစေ နဲ့လို့။

စီစဉ် ဖိတ်ကြားတာမှာ အရေးကြီးတာက အစက ဖော်ပြခဲ့တဲ့ အတိုင်းပဲ။

(၁) ဟောပြောမည့် ပုဂ္ဂိုလ်များ အတွဲမစပ်။

(၂) ကြားနာမည့် ပရိသတ်၏ အဆင့်အတန်းနှင့် အသက်အရွယ်။

အထက်ပါ စစ်တောင်း စက္ကူစက်က ဟောပြောပွဲ အတွဲအစပ် ကြည့်စမ်းပါ။ စာရေးဆရာ တွေနဲ့ ရွှေဘ ရုပ်ရှင်ကားတွဲမိနေတယ်။ သည်တော့ ကြွလာကြတဲ့ ပရိသတ်အများစုက ဖော်ပြ ခဲ့တဲ့ အတိုင်းပါပဲခင်ဗျာ။ စာပေဆိုတာ ချိုနဲ့လား၊ မြွေနဂါးတောင် ကြောက်ဖူးကွယ်၊ ရွှေဘကွ ရွှေဘ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများ။

ကျွန်တော့်မှာ ဘဝပါရမီက သူများထက် နည်းနည်းပါးပါး ထူးခြားတဲ့ အကောင်ဆိုတော့ သည်ထက် ဆိုးတဲ့ အဖြစ်တောင် ကြုံခဲ့ဖူးပါသေးတယ် ခင်ဗျ။

## ပြည်ထောင်စုနေ့ ဟောပြောပွဲ

၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလဆန်းမယ်ပေါ့။ ကျွန်တော့်တပည့် ငွေမောင်းဟာ အတော်သားနားတဲ့ ပုဂ္ဂိုလ်နှစ်ဦးနဲ့ ကျွန်တော့်အိမ် ရောက်လာပါတယ်။ တစ်ယောက်က ရှစ်မိုင်မြို့နယ် ဥက္ကဋ္ဌတဲ့။ တစ်ယောက်က အတွင်းရေးမှူးတဲ့။ လာတဲ့ကိစ္စက သူတို့မြို့နယ်မှာ ပြည်ထောင်စုနေ့ ဟောပြောပွဲလုပ်ဖို့ ကျွန်တော့်ကို လာဖိတ်တာတဲ့။

ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးပါ ကျွန်တော့်တပည့် ငွေမောင်းက အကြောင်းပြု လာဖိတ်တာဆိုတော့ ကျွန်တော် အတယ်မှာ ငြင်းနိုင်ပါအံ့နည်း။ မငြင်းရုံမက အဲသည်တုန်းက ကျွန်တော် ချောက်ကျပါး မဝသေးတော့ ကျွန်တော့်အပြင် ဘယ်သူတွေ ဖိတ်သေးသည်လဲတောင် မမေးလိုက်မိဘူး။ ဘယ်သူတွေနဲ့ပဲဖြစ်ဖြစ် ကိုယ့်တာဝန်ကို ကျေပွန်ဖို့နဲ့ ကိုယ်ဟောပြောချက် ကောင်းဖို့ပဲ အရေးကြီးတယ်လို့ တွက်ဆပြီး၊ ပြည်ထောင်စုနေ့နဲ့ ပတ်သက်ပြီး ဟောကြားဖို့ မြန်မာ ရာဇဝင်ကိုပြန်ဖတ်ရပါတယ်။

မြန်မာ ပြည်ထောင်စုကြီးကို ပထမဦးဆုံးအကြိမ် စည်းရုံးခဲ့တာ ဘုရင် အနော်ရထာ။ ဒုတိယ တောင်ငူခေတ်တပင်ရွှေထီးနှင့် ဦးအောင်ဇေယျ။ တတိယ ကုန်းဘောင်ခေတ် အလောင်းဘုရား ဦးအောင်ဇေယျ။ စတုတ္ထ ယခု လက်ရှိပြည်ထောင်စုကြီးကို စည်းရုံးထားတဲ့ ဗိုလ်ချုပ်အောင်ဆန်း နှင့်ဗိုလ်ချုပ်ကြီး နေဝင်းတို့ ခေတ်ပေါ့။

ဒါကို ကျွန်တော် စီကာ စဉ်ကာ ရေးပြီး အလွတ်ကျက်၊ မှန်ရှေ့မှာ ဟောပြောဖို့ လေ့ကျင့်။ ရှစ်မိုင်မြို့နယ်ဆိုတော့ အကျယ်ကြီးပဲ။ လာကြမည် ပုဂ္ဂိုလ်တွေကလည်း အနိမ့်အမြင့် ဟုတ်မည် မထင်။ ထို့ကြောင့် ကျွန်တော် တစ်နာရီလောက်မိန့်ခွန်းကို အတော်ကြီး ကြိုးစားထား လိုက်ပါတယ်။

သို့သော်လဲတဲ့ အဲတဲ့။ (ဇင်အောင်လိုပဲ ရေးလိုက်ချင်တော့တယ်) ဟောပြောရမယ့် အချိန်ရောက်လို့ ကျွန်တော်ကို ကားနဲ့ လာခေါ်ပြီး ပို့ထားခဲ့ကြတာက ဘယ်နေရာ ထင်ပါသလဲ။ စန်းသော်တာ ရွာကလေး အလယ်ခေါင်က ကုန်းကမူမြင့်ကလေးပေါ်မှာ ခင်ဗျ။ စားပွဲလေး တစ်လုံး၊ ရေဖန်ချိုင့်လေး တစ်ခု၊ လော်စပီကာနဲ့၊ ရှေ့မှာ ဖျာကလေး သုံးလေးချပ် ခင်းလို့။ လူကြီး လေးငါးယောက် ထိုင်လို့။ ကလေးဆယ့်လေးငါးယောက်က ရုတ်ရုတ် ရုတ်ရုတ်နဲ့ ဆော့ကြလို့။ ကျွန်တော် ရောက်ရောက်ချင်း တွေ့ရခဲ့ရှုခင်းကတော့ ဒါပဲ။

သည့်နေရာမှာ စန်းသော်တာရွာရဲ့ ရာဇဝင်ကို ပြောရပါမယ်။

စန်းသော်တာ ရွာဆိုတာက ကျွန်တော် ယခင် ၁၉၅၅ ခုနှစ်က ၁၉၆၀ ခုနှစ်အထိ မြောက်ဘက်ထိပ်နဲ့ ကမ္ဘာအေး ကုန်းမြင့်ကြားမှာ ဖြစ်ကတတ်ဆန်း တည်ထားတဲ့ ရွာကလေး ခင်ဗျ။ နေကြတဲ့ လူတွေကတော့ မျိုးစုံတွေပဲ။ သူတို့ဟာ ကမ္ဘာအေး စေတီတော်နဲ့ လိုဏ်ဂူတော်ကြီး တည်ဆောက်စဉ်က အနယ်နယ်အရပ်ရပ်ကလာကြတဲ့ အလုပ်ကြမ်းသမားတွေ ပဲ။ အဲသည်မှာ အလုပ်တွေလည်း ပြီးရော နှစ်ကာလကလည်း ကြာခဲ့ပြီမို့ သူတို့ ဇာတိဌာန မပြန်နိုင်ကြတော့ပဲ ဖြစ်ကတတ်ဆန်း နေလက်စ ရွာကလေးကိုပဲ ‘စန်းသော်တာ’ လို့ အမည် လှလှကလေး သမုတ်ပြီးနေကြတယ်ခင်ဗျ။ (အခုတော့ မရှိတော့ဘူး။ ၁၉၇၄ ၊ ၇၅ ခုနှစ် လောက်ကပဲ အစိုးရက ဖျက်သိမ်းပြီး သူတို့နှင့် သင့်လျော်ရာ နယ်မြေမှာ နေရာချပေးလိုက်ပြီ) သည့်ရွာကလေးရှိစဉ်ကတော့ ပုံကျ၊ လူမျိုးစုံ အလုပ်မျိုးစုံနဲ့ တော်တော်လေး စည်ပင်ခဲ့သပေါ့။ အနယ်နယ် အရပ်ရပ် လာကြတဲ့အလုပ်ကြမ်းသမား ဆင်းရဲသားများ ဖြစ်ကြလေတော့ စာတတ်ကြသူက နည်းတယ်၊ စာဖတ်သူ မရှိသလောက်ပါပဲ။

ကျွန်တော် ရွာတန်းရှည်ရွာမှငါးနှစ်တိုင်တိုင် နေခဲ့တာပဲ။ ရွာချင်းထိပ်တိုက်နေခဲ့တဲ့ အဲသည် ရွာသားတွေနဲ့ ကောင်းကောင်းကြီး ရင်းနှီးခဲ့သည်ပေါ့။ သို့သော် သူတို့ဟာ စာပေနဲ့ အကျွမ်းဝင်သူများ မဟုတ်လေတော့ ကျွန်တော့်ကို စာရေးဆရာရယ်လို့ မသိကြဘူး။ သူတို့ ရွာသားများနဲ့ ကျွန်တော်ပြုလေ့ပြုထရှိသည် အတိုင်းပဲ ကျွန်တော့်ကို ကြက်သမား အရက်သမား အဖြစ်နဲ့ပဲ သိကြတယ်။

ကိုင်း၊ ယခု ကျွန်တော်က သူတို့ဆီမှာ စာရေးဆရာကြီးအဖြစ်နဲ့ ပြည်ထောင်စုနေ့ အကြောင်း ဟောရန် ရောက်နေပါပြီ။ ကျွန်တော်နှင့် တွဲဘက်ကတော့။

အဆိုတော်ကိုအံ့ကြီး

သူလည်း ကျွန်တော့်လိုပဲ ရောက်နေပြီ။ အကော်ဒီယန်လေး ကိုင်လို့။ ကျွန်တော်တို့လာ ရောက် ဖိတ်ကြားတဲ့ ဥက္ကဋ္ဌတို့ အတွင်းရေးမှူးတို့ကတော့ တော်ပါပေတယ်။ ကျွန်တော်တို့ကို ကားနဲ့လာခေါ်၊ သည်နေရာမှာ ချထားခဲ့ပြီးတဲ့နောက် သူတို့ကတော့ မရှိကြတော့ဘူး။ မြို့နယ် တစ်ခုလုံးကလည်း အကျယ်သားကလား။ တစ်ခြားနေရာတွေ သွားပြီး သည်လိုပဲ စီမံနေကြရ ထင်ပါရဲ့။ အဲ ကျွန်တော်တို့ နှစ်ယောက်ဟာ မတ်တပ်ရပ်ပြီး ဟောပြောရမယ့် စားပွဲလေးရှေ့က သင်ဖြူးပေါ်မှာ ထိုင်ကြလို့။ ဆိုင်က ဝယ်လာတာ ဘယ်လောက်ကြာနေပြီမှန်း မသိ။ အေးစက်နေတဲ့ ကော်ဖီရော။ ကိတ်မုန့်ရော လက်ဖက်ရည်ကြမ်းနဲ့ လက်ဖက် ဂျင်းသုတ်တွေရော ပေးထားပါတယ်။ ဧည့်ခံသူများက ဆရာတို့စားပါ၊ သောက်ပါနဲ့။ ဘယ် ကျွန်တော်တို့မှာ ဒါတွေ စားချင် သောက်ချင်စိတ် ရှိနိုင်ပါ့မလဲဗျာ။ ကွဲရောက်လာကြတဲ့ ပရိသတ် ကြည့်ပြီးပဲ ရင်မော နေကြတယ်။

လော်စပီကာနဲ့ ကြေငြာသူက ''ပြည်ထောင်စုနေ့ စာပေဟောပြောပွဲကြီးမှာ နိုင်ငံကျော် အဆိုတော် ကိုအံ့ကြီးနဲ့ နာမည်ကျော် စာရေးဆရာကြီး ဦးသော်တာဆွေက ဖျော်ဖြေတော့မှာမို့ ကွဲရောက် အားပေး ချီးမြှင့်တော်မူကြပါ''လို့ တကြော်ကြော်နဲ့ မကြာခဏ အော်တော့ ဆယ်နှစ်ပတ်လည် ကလေးတွေခင်ဗျ။ ပုဆိုး လည်ပင်းရောက်တွေ၊ နှာချေးတွဲလောင်းတွေနဲ့။ တချို့ဟာဆိုယင် သူတို့အောက် နို့စို့ နို့ညှာလေးတွေ ချီလို့ထိန်းလို့။

အင်း၊ ကျွန်တော်တို့ ရောက်စက ဆယ့်လေးငါးယောက်ဟာ အခု တစ်နာရီလောက် ကြတော့ လောက်စပီကာက တကြော်ကြော် ခေါ်တာနဲ့၊ လူလတ်ပိုင်းက အမျိုးသမီးအချို့နဲ့ အစိတ် သုံးဆယ်လောက်တော့ ရှိပြီခင်ဗျ။ သို့သော် လူကြီးပိုင်းကတော့ ပြောပလောက်အောင် မရောက်ကြသေးဘူး။

ဒါနဲ့ အထက်ကလာပြီး ဦးဆောင် ခေါင်းရွက်လုပ်သူက(ထင်ရဲ့) ရွာခံလူကို မေးတယ်ဗျ။

''ဘယ်နှယ့် သည်ရွာမှာ လူကြီးတွေ ယောကျာ်းကြီးတွေပဲ၊ မရှိတော့ဖူးလားဗျ''

ဖြေ။ ။ ''ရှိပါတယ်ဗျ။ ဒါပေမယ့် သူတို့က မိုးချုပ်မှအလုပ်က ပြန်ရောက်တယ်ဆိုတော့

ရေမိုးချိုးမှအလုပ် ပြန်ရောက်တယ်ဆိုတော့ ရေမိုးချုပ်၊ ထမင်းပါစားသောက်ပြီး ခုအချိန်မှာ ခဏတဖြုတ် နားနေကြတုန်း ဖြစ်ပါတယ်''

''ဟာ သည်လို နေလို့ ဘယ်ဖြစ်မလဲဗျ။ ခု ဘယ်အချိန်ရှိနေပြီလဲ၊ သွားဗျာ တစ်အိပ်တစ်ယောက် လာရမယ်လို့ လျှောက်ခေါ်ချေ''

သည်အချိန်တွင် အသံချဲ့စက်ကလည်း အဆိုတော် ဦးအုံ့ကြီး၊ နိုင်ငံကျော် စာရေးဆရာ ဦးသော်တာဆွေဆိုတဲ့ နာမည်ဖော်လို့ တကြော်ကြော် အော်နေပါသည်။ သည်လိုနှင့် လူလေးငါး ဆယ်လောက် ရောက်လာတော့၊ ကျွန်တော်တို့ကို ပွဲစဖို့ ပြောပါရော။

ကျွန်တော်က''ကဲ ကိုအုံ့ကြီး၊ ခင်ဗျားက အရင်စ ဗျာ''

သူလည်း အလွန်စိတ်ပျက်တဲ့ မျက်နှာနဲ့ အင်း ရောက်မိမှဖြင့်သည်ကိစ္စလုပ်မှ ပြီးတော့မှာပဲဆိုတဲ့ သဘောနဲ့ အကော်ဒီယန်လေးကိုင်၊ ထိုင်ရာမှထပြီး မိုက်ရှေ့သွားတဲ့ကာ ရွှေပွဲလာတို့ကို သူ့ဆိုတီးနဲ့ ဖျော်ဖြေတော့၊ ဟာ ပရိသတ်ဟာ ငြိမ်လို့၊ ဆော့တဲ့ ကလေးတွေရပ်၊ ငိုတဲ့ကလေးတွေတိတ်၊ နောက်ထပ်လည်း အပျို လူပျိုလေးတွေ သုတ်သုတ် သုတ်သုတ်နဲ့ ရောက် လာကြသဗျ။

သည်နေရာမှာ ကျွန်တော် တွက်ဆမိပြီ။ ဒါဟာ အဆိုတော်တွေရဲ့ ပရိသတ်ပဲ။ စာရေးဆရာ အတွက်တော့ မနိုပ်ကပြီ။

ကျွန်တော်က ပြည်ထောင်စုနေ့အတွက် ဟောပြောရန်ရယ်လို့ ရာဇဝင်မှ ကောက်နုတ် စီစဉ်ထား သည်၊ ယခု စန်းသော်တာ ပရိသတ် နားလည်မှာက တပင်ရွှေထီးဆိုတာ မြေနီကုန်းက ရုပ်ရှင်ရုံ၊ ဘုရင်နောင့်က ကျောက်မြောင်းမှာ၊ အနော်ရထာဆိုတာက ရန်ကုန်မြို့လယ်ခေါင်က လမ်းမကြီး၊ နို့ပြီးသူတို့က ကျွန်တော့်ကို သိထားတာကလည်း အယင် ရွာတန်းရှည်မှာ နေသွားတဲ့ ကြက်သမား၊ အရက်သမား၊ မူးယင်သိပ်ဆိုးတဲ့လူ။

အင်း ကျွန်တော် စဉ်းစားမိပါပြီ။ သည်ပရိသတ်ကိုဖြင့် စာရေးဆရာ သော်တာဆွေ အဖြစ်နှင့် မျက်နှာပြလို့ မဖြစ်တော့ကပြီ။ သည်တော့ ဘာလုပ်မည်းလဲ။

ကိုအုံ့ကြီး၏ ဆိုတီးကို ပရိသတ် စိတ်ဝင်စားနေကြစဉ် ကျွန်တော် အသာလေး ထိုင်ရာမှထ၊

အခင်းကြီးစယ် သွားမလိုနှင့် အလင်းရောင်ထဲကထွက်၊ အမှောင်ရိပ်ခိုပြီးတဲ့နောက် ရွာရိုးလျှောက် လစ်တော့တာပေါ့ဗျာ။

အရေးထဲ သူ့အိမ်ထဲက ထွက်လာတဲ့ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ တွေ့။

''ဟာ ကိုသော်တာကြီး၊ မတွေ့တာ ကြာပြီကော၊ အမယ်ရှိုးနဲ့ မိုးနဲ့ပါလား၊ ခင်ဗျား ဘယ်က လာတုန်းဗျ''

ကျွန်တော်လည်း ရုတ်တရက် ဉာဏ်ဖြင့်။

''ကမ္ဘာအေးဘုရားဖူးပြန်လာတာဗျ၊ ခင်ဗျားကော ဘယ်တုန်း''

သူက စိတ်ပျက်လက်စွာနှင့် မျက်နှာကို ရှုံ့မဲ့လျက်၊ တစ်နေ့လုံးအလုပ်လုပ်လို့ ပင်ပန်းရတဲ့ အထဲ တစ်အိမ်တစ်ယောက်လာရမယ်ဆိုလို့ဗျ''ဟု ပြောပြီး၊ သုတ်သုတ်နှင့် သွားပါတော့၏။

သည်အချိန်မှာ ကိုအံ့ကြီး၏ သီချင်းသံက၊

''ရွှေညောင်ပင်ညိုညို
ငှက်ရွှေသြက ချွဲသကို
ချစ်သူဝေးလို့ အလွမ်းတွေပို''

ကျွန်တော်မှာမူကား ဤအသံနှင့်ဝေးလေ စိတ်အေးရလေမို့ သုတ်ခြေတင်ခဲ့ကာ ပေတရာလမ်းမ ရောက်သည်၌ ဘတ်စ်ကားမှတ်တိုင်သို့ ယွန်းခဲ့ပါသတည်း။

## မတွေးထင်သောသူ

မှတ်မှတ်ရရ ယခုနှစ် ၁၉၇၉ ခု ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့ နံနက်ခင်းတွင် ကျွန်တော်၏နေ့စဉ် ဝတ္တရားအတိုင်း ဈေးမှ ချက်ပြုတ်စရာ ဟင်းလျာဝယ်၍ ပြန် လာခဲ့သည်။ ကျွန်တော့်အိမ်ခြံဝန်းတွင် အိမ်ရှေ့ပေါက်နောက်ပေါက် နှစ်ပေါက်ရှိပေရာ ကျွန်တော့်အကျင့်မှာ

အသွားတွင် အိမ်ရှေ့ပေါက်မှ အတွင်းဂလန့်ဖွင့်၍ထွက်ခဲ့ပြီး အပြန်၌ နောက်ဖေးပေါက်မှ ဝင်လေ့ရှိသည့်အတိုင်း နောက်ဖေးလှေကားမှ တက်ခဲ့ကာ မီးဖိုဆောင်ထဲ ရောက်သည်၌ ဇနီးသည်က၊

''မောင်ရေ၊ အိမ်ရှေ့မှာ ဘုန်းကြီးတစ်ပါး ညှော်သည်ရောက်နေတယ်၊ ဘာကိစ္စလဲမသိဘူး၊ ဒကာကြီး တွေ့ချင်လို့တဲ့''

ကျွန်တော်သည် ဈေးဝယ်အိတ်ကို သူ့လက်သို့ ပေးအပ်လိုက်ကာ သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး၊

''ခါတိုင်းလာနေကျ ဖုန်းဖုန်းမဟုတ်လားကွ၊ သူ့စာအုပ်ပေးရအောင်လာတာ ဖြစ်မှာပေါ့''

ဘုန်းဘုန်းကား ကျွန်တော် ယခင် အဟိုကိုထုတ်နေစဉ်က ဘုန်းဘုန်းဟူသော ကလောင် အမည်ဖြင့် ဟာသစာပေ အတိုအထွာများကို ရေးသားခဲ့သော ရဟန်းတစ်ပါးဖြစ်သည်။ ယခုမူ ''အရှင်ဝဏ္ဏသီရိ'' နာမည်ဖြင့် ရဟန်းပီပီ ဘာသာရေးဆိုင်ရာ စာပေများကို ထိုက်ထိုက်တန်တန် ရေးနေသည်။ ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း ၁ နှင့် ၂ ထွက်ပြီး၊ ယခု တတိယ အုပ်ပြီးပြန်သဖြင့် ကျွန်တော့်ထံလာပေးသည်ဟု ထင်မိသည်။ ဘုန်းကြီးဆို၍ ကျွန်တော့်အိမ်ကို သူပဲမကြာခဏ လာတတ်ပေသကိုး။

သို့သော် ကျွန်တော့်ဇနီးက၊

''ဖုန်းဖုန်း မဟုတ်ဖူး၊ ဖုန်းဖုန်းဆိုယင် မေ သိတာပေါ့၊ ခု ဖုန်းကြီးက မေ တစ်ခါမှ မမြင်ဖူးဘူး''

''အခု ဘယ်မှာလဲ၊ အိမ်ပေါ်မှာလား၊ အိမ်အောက်မှာလား''

''အိမ်ရှေ့စိန်ပန်းပင်အောက်က ပက်လက်ကုလားထိုင်မှာ''

ကျွန်တော် အိမ်ရှေ့ဘက် ထွက်ခဲ့ပြီး ဆင်ဝင်ခန်းမှ အောက်သို့ငုံ့ကြည့်လိုက်သည်။ ကျွန်တော် တသက်တာတွင် တစ်ခါမျှ မမြင်ဘူးသေးသော ရဟန်းတစ်ပါး။ ထည်ထည်ဝါဝါ သင်္ကန်း အကောင်းစားများနှင့်မဟုတ်။ အသားညိုညစ်ညစ်နှင့်ကြုံလှီသော ကိုယ်ကာယလည်းရှိပေသည်။ ဆင်းရဲသားဘုန်းကြီး တစ်ပါးပေတည်း။ အသက်အားဖြင့် ကျွန်တော်ထက် ကြီးကောင်း ကြီးမည် ဖြစ်ပြီး၊ ငယ်ဖြူဖြစ်ခဲ့သော် ဝါတော် ၄၀ ကျော်အံ့။

သို့နှင့် ကျွန်တော် အိမ်ပေါ်ကဆင်းခဲ့ပြီး သူ့ဇနီးကိုချဉ်းကပ်သွားသည်ရှိသော် စက္ကူခြွေချနေရာမှ ကျွန်တော့်ကိုမော်ကြည့်၍

''သြော်၊ ကိုကျင်မောင်၊ တယ်အရွယ်တင်တဲ့လူပဲဗျ၊ ငယ်ရုပ်မပျောက်ဖူး''

သူပြောပုံက ကျွန်တော်နှင့် လွန်စွာရင်းနှီးလှ၏။ နို့ပြီး ကျွန်တော်၏ငယ်နာမည်ကိုလည်း ခေါ်၏။ ကေ့ွန ကျွန်တော်၏ဇာတိနယ်မြေက ဖြစ်အံ့ထင်၍

''ဦးဇင်း ပေါင်းတည်ကလားဘုရား''

''မဟုတ်ပါဘူး''ဆို၍ စာတစ်ရွက်ဖြန့်ကာ ရဟန်းတစ်ပါး၏ လိပ်စာကိုပြ၏။ ထိုရဟန်းဘွဲ့နှင့်တွဲလျက် (ရဝေထွန်း)ဟု တွေ့ရသဖြင့် ကျွန်တော်က ဝမ်းသာအားရ၊

''သြော်၊ ဦးဇင်းက ရဝေထွန်းကိုး''

ရဝေထွန်းကိုကား စာဖတ်သူများ သိကြပါလိမ့်မည်။ မဂ္ဂဇင်းကြီးတွေ၌ စာများရေးလေ့ ရှိသော ရဟန်းတစ်ပါးပင်။ ကျွန်တော် အဟိထုတ်စဉ်ကလည်း ''မာတူး''နာမည်ဖြင့် ဟာသ စာပေများ ရေးခဲ့သော အဟိရေးဘော်တစ်ဦးပေတည်း။ ကျွန်တော်က ယခုမှ လူချင်း တွေ့ရသည်ဟု ဝမ်းသာမိခြင်း။ သို့သော် ထိုကိုယ်တော်က ဦးခေါင်းကိုယမ်းလျက်။

''ကျုပ်က ရဝေထွန်းမဟုတ်ပါဘူး၊ အခု သူ့ကျောင်းတိုက်မှာ တည်းတာမို့၊ သူကပဲ ကိုကျင်မောင်ရဲ့ အိမ်ကို ညွှန်လိုက်လို့ ရောက်လာတာပါ၊ သည်လိပ်စာကို သူ ရေးပေးလိုက်တာပဲ'' ဟု ကျွန်တော့်လိပ်စာကိုပြ၏။ သော်တာဆွေ ၂၅ ၊ စွပ်ကျယ်စက်လမ်း၊ ကမာရွတ် နံပါတ် ၉ ကားစီး၊ စွပ်ကျယ်စက် မှတ်တိုင်ဆင်း။

ကဲ၊ ဒါဖြင့် သူ ဘယ်သူလဲ၊ ကျွန်တော် ဦးနှောက်ခြောက်သွားပြန်လေပြီ။ သူကဆက်လက်၍

''ကိုကျင်မောင်ကတော့ ခု အခြေမှာ ကျုပ်ကိုဘယ်နည်းနဲ့မှ မှတ်မိမှာမဟုတ်ပါဘူး၊ ဒါပေမယ့် သော်တာဆွေကတော့ ကျုပ်ကို သူ့ဝတ္ထုတွေထဲမှာ ထည့်ရေးခဲ့ပြီဗျ''ဟု ပြော၍နှစ် ခြိုက်စွာ ရယ်မော၏။

ဟောဗျ၊ ကျွန်တော့်ဘယ်ဝတ္ထုထဲမျှား သူ့ထည့်ရေးမိပါလိမ့်။ ကျွန်တော် သူ့ကိုပိုမိုစိတ်ဝင်စားလာကာ နားထင်ကို လက်ညှိုးနှင့်ထောက်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်၍ စဉ်းစားသည်။ သူ့မျက်နှာက ညိုညိုသွယ်သွယ်၊ ပါးပါး၊ ချပ်ချပ်၊ သူကပြုံးလျက်။

''ကိုကျင်မောင် စဉ်းစားမရဘူး မှတ်လား၊ လူချင်းကွဲကွာသွားကြတာကလဲ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ ကိုဗျ၊ ကျုပ်ကပြောမှပဲ ကိုကျင်မောင် သိတော့မှာပဲ''

''ဟုတ်ပါတယ်၊ တပည့်တော် ပန်းပေးပါပြီ''

''ကဲ ဒါဖြင့် ၁၉၄၆၊ ၄၇ ခုနှစ်လောက်က ကိုကျင်မောင်ကျင်လည်ခဲ့တဲ့ အထက်မြန်မာပြည်ကို ပြန်စဉ်းစားပါ''

''ဟုတ်ပြီ။ ကျွန်တော်စိတ်ထဲ လင်းကနဲ ပေါ်လာသည်။ ကျွန်တော် ကုန်သည်အဖြစ်နှင့် ခရီး လှည့်စဉ်က ကျွန်တော်တို့ပေါင်းတည်သာများနှင့်အတူဖြစ်၍ ကျွန်တော်၏ဇာတိနာမည် ကျင်မောင် အဖြစ်နှင့်သာ အများကခေါ်ခဲ့ကြသည်။ ထို့ကြောင့်သူသည် အထက်အညာမှ ဖြစ်ရချိမ့်မည်။ သို့သော် သူ့ကို ကျွန်တော်က တပ်အပ်မပြောနိုင်သေးမူ၍ သူက ဆက်လက်ကာ၊

''ကိုကျင်မောင်က ကသာမှာတုန်းက မီးရထားကကိုလှမောင်နဲ့ ကိုမြကြီးတို့ကိုတော့ သတိရ မှာပေါ့နော်''

''အာ၊ သူတို့ကိုတော့ ကျွန်တော် အဲ၊ တပည့်တော် ဘယ်မေ့မှာတုန်း''

ဤလူနှစ်ယောက်ကား ကျွန်တော်၏ အထက်မြန်မာပြည်ဝတ္ထုများထဲတွင် ကျွန်တော်၏ မိတ်ဆွေ မီးရထားလက်မှတ်စစ်ကိုလှငွေနှင့် ကိုအောင်ကြီးဟု နာမည်များကိုပြောင်း၍ ရေးထားသူများ ဖြစ်ကြပါ၏။

ဦးပဥ္စင်းက ဆက်လက်၍၊

''ကဲ သည်တော့ ကိုကျင်မောင် ကသာ၊ မြစ်ကြီးနား မီးရထားမှာ လိုက်နေစဉ်တုန်းက မိုးညှင်းနဲ့

မိုးကောင်းဘူတာကြား မင်းကုန်းဘူတာကလေး ဝက်တွေနဲ့ အရက်ပုံးတွေ တင်တင်လာတဲ့ ချာတိတ်ကလေးတစ်ယောက်ကိုကော သတိရသေးရဲ့လား''

''အာ၊ ရပါဗျာ၊ သူက ကြက်နဲ့အရက်တွေ တပည့်တော်တို့ကို အပတ်စဉ် ပေးနေကျပဲ''

''ဒါဖြင့် သူ့နာမည်ကော''

''အဲ၊ နာမည်တော့''ဆိုပြီး ကျွန်တော် စဉ်းစားမရ ဖြစ်နေလေရာ၊

'' မြဖေလေ၊ အဲသည်မြဖေဟာ ကျုပ်ပဲဗျ၊ ဟုပြောလိုက်လေရာ၊ ကျွန်တော် ရုတ်တရက်ကြီး အံ့သြဝမ်းသာဖြစ်သွားကာ ''ဟိုက်၊ မောင်မြဖေ''ဟု ဟိုတုန်းက ခေါ်နေကျအတိုင်းခေါ်လိုက်ပြီး သူ့ဇက်ပိုး လက်ဝါးနှင့် ပုတ်လိုက်မည် ရွယ်လိုက်မိသော်၊ သူ့မျက်နှာပြုံးဖြီးဖြီး၊ ကတုံးကြီးနှင့် ဘုန်းကြီးဖြစ်နေ၍ ကျွန်တော့်လက်ကို ဘရိတ်အုပ်လိုက်ရ၏။ ပြီးမှ ဝမ်းသာအားရ ရယ်မောမိလျက်၊

''ဟော မောင်မြဖေ ဦးဇင်း၊ ဦးဇင်း မောင်မြဖေ ဖြစ်နေတာကိုး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်လောက်က ဝက်နဲ့ အရက်တွေ ရောင်းဝယ်နေတဲ့ ကျေးတောသား မောင်မြဖေလေးကို အခု သင်္ကန်းဝတ် ရဟန်းအဖြစ်နှင့် တွေ့ရတော့၊ အဲ တပည့်တော် အံ့သြရတော့တာပေါ့၊ ကိုယ်တော့်ဇာတ်လမ်းလေးများ ပြောစမ်းပါအုံး''

''ကျုပ် ဇာတ်လမ်းကတော့ အထူးအထွေ မရှိပါဖူး။ ကိုကျင်မောင်ရယ်၊ ကိုလှမောင်နဲ့ ကိုမြကြီးကို မန္တလေးပြန်သွားကြတော့၊ နောက်လက်မှတ်စစ်တွေနဲ့ ကျုပ်နဲ့ အပေါက်အလမ်း မတည့်ကြဖူး၊ ကျုပ် အလုပ် မဖြစ်တော့ဘူး၊ သည်တော့ ကိုလှမောင်က (မင်း သည်မှာ အလုပ်မဟန်တော့လို့ရှိယင် ငါ့ဆီလိုက်ခဲ့၊ ငါကြည့်ရှုမယ်လို့) စကားရှိတာနဲ့ ကျုပ်မန္တလေး လိုက်သွားတော့ ကိုလှမောင်က မီးရထားဘက်မှာ အလုပ်သွင်းပေးတယ်။ ကျုပ်က ဘုန်းကြီးကျောင်း စာလောက်ပဲတတ်တော့ အလုပ်ကြမ်းဘက်ကပေါ့ဗျာ၊အဲသည်မှာပဲ အိမ်ထောင်ကျတယ်။ အခု ပင်စင်ယူပြီးတော့ ရဟန်း ဝတ်လိုက်တာပဲ''

''နို့ ကိုလှမောင်နဲ့ ကိုမြကြီးကော''

''ကိုမြကြီးကတော့ ဆုံးရှာပြီ၊ ကိုလှမောင်ကတော့ အခုပင်စင်ယူပြီး သူ့ဇနီး မကင်းနဲ့ မန္တလေး

တမာတုန်းက အိမ်မှာပဲ၊ အဲသည် အိမ်မှာ ကိုကျင်မောင် နေသွားဖူးသေးတယ်ဆို၊ ကသာက ဟိုကောင်မလေးနဲ့တဲ့''

ကျွန်တော်ပြုံး၍ ခေါင်းညိတ်လိုက်ရ၏။ ရေးဖြစ်ဟောင်းတွေ တွေးမိ၏။ ခေတ္တ စကားပြတ်နေပြီးမှသူက ဆက်လက်၍

''ကိုကျင်မောင် တစ်ယောက်ဟာ ကျုပ်တို့ အညာမှာကြီးတဲ့လူ၊ ခင်ဗျားတို့ လူသိုက်ဟာ ကျုပ်တို့ အညာမှာယာယီ မိန်းမတစ်ယောက်စီတော့ ယူကြတဲ့ လူချည်းပဲ၊ နို့ပြီး အချိန်တန်လို့ အိမ်ပြန်ကြတော့ ကိုယ့်မယားကိုယ် ထားပစ်ခဲ့ကြတာချည်းပဲ၊ အဲ ကိုကျင်မောင်တစ်ယောက် ကတော့ သူများထက် ထူးသဗျာ''

ကျွန်တော့်မျက်နှာ ရှက်အမ်းအမ်း ဖြစ်သွားကာ၊

''ဟုတ်ပါတယ်။ ဒါကြောင့် သူတို့က တပည့်တော်ကို မရဲပဲနဲ့ကျွဲပြိုးစီးတယ်၊ ဝမ်းမနိုင်ပဲနဲ့ ပဲကြီးဟင်းစားတယ် ပြောကြတာပေါ့''

''အင်း၊ ကိုကျင်မောင်က သည်ကောင်မလေးကို တကယ်ချစ်သွားပြီး သနားတတ်တဲ့လူကိုဗျ၊ ကိုကျင်မောင်အကြောင်း ကျုပ်တို့ စကားစပ်မိလို့ ပြောကြတယ်၊ နို့ ကိုကျင်မောင် စာရေးဆရာဖြစ်မှ ကိုလှမောင်နဲ့ တခါမှ မတွေ့ရသေးဖူးဆို''

''ဟုတ်တယ်၊ တပည့်တော် မန္တလေး ရောက်တဲ့အခါမှာ ကိုလှမောင်က သူ့အလုပ်နဲ့ နယ်ရောက်ရောက်နေတယ် ကြားရတယ်၊ ကသာမှာတုန်းက မီးရထားဝင်းထဲ အတူနေခဲ့ကြတဲ့ လူတွေဆို၊ ကိုစိုးဝင်းတစ်ယောက်ပဲ တပည့်တော် စာရေးဆရာဖြစ်မှ တွေ့ရတဲ့ လူရှိတယ်''

''နို့ပြီး ကိုထွေးမောင်ကြီးကော''

''ဟာ သည်လူကြီး ရှိသေးလို့လား''

''ရှိပါဗျာ့ မန္တလေးမှာပဲ''

''သူတော့ တခါမှလဲ မတွေ့ဖူး၊ တွေ့လဲ မတွေ့ချင်ပါဖူးဗျာ၊ လူညစ် လူယုတ်မာကြီး''

''ဘာဖြစ်လို့လဲ''

ကျွန်တော်မှာ အညာတွင် ကျွန်တော်တို့လူသိုက် ကြေးကုန်ကူးခဲ့ကြစဥ်က မောင်မြဖေ မသိသေးသော အကြောင်းများကို ပြောလိုက်ရသေး၏။

## ရေးဖြစ်ပေါင်း

ဦးဇင်း မောင်မြဖေသည် ကျွန်တော်နှင့်အတန်ကြာ စကားပြောပြီး ပြန်သွားသောအခါ ကျွန်တော့်စိတ်သည် ရေးပေါင်းနှောင်းဖြစ်ထဲ ဝဲလည်၍ သွားလေ၏။ မောင်မြဖေကို ကျွန်တော့် ဝတ္ထုထဲ ထည့်ရေးခဲ့မိသည်အမှန်။ အဘယ်ဝတ္ထုမှာ အဘယ်သို့ပါနည်း ပြန်စဥ်းစားလိုက်တော့၊ ဤဝတ္ထုသည် သုံးကြိမ်ပင် ပုံနှိပ်ပြီးခဲ့ပြီး။ ပထမဦးဆုံး လုံးချင်းဝတ္ထု''ချစ်ပန်းနှစ်ခိုင်''၊ဒုတိယအကြိမ် ''ဆန်ဆုံစား လုံးချင်းဝတ္ထု နာမည်ဖြင့် ငွေတာရီ မဂ္ဂဇင်းတွင် ၁၉၆၁ ခုနှစ် ဖွန် နှင့် ဇူလိုင် နှစ်လဆက်၍ ဖော်ပြခဲ့သည်။ တတိယအကြိမ် ၁၉၇၆ ခုနှစ်တွင် ''ချစ်ဦးသက်လျာနှင့် နှောင်းချစ်သူ''အဖြစ် လုံးချင်းထုတ်ခဲ့သည်။ ဤ နှောင်းချစ်သူ ဝတ္ထုတွင် မောင်မြဖေကို ရှာလိုက် သောအခါ။

တဘူတာဝင်၊ တဘူတာထွက်နှင့် တောင်နီဘူတာသို့ရောက်ခဲ့သောအခါ ကျွန်တော့် မိတ်ဆွေလေး မောင်ထွေးသည် သူ၏ အပတ်စဥ် မှန်မှန်ပြုနေကျ ဝတ္တရားအတိုင်း ကြက်အရှင် တစ်ကောင်နှင့် အရက်နှစ်ပုလင်းကိုလာ၍ ပေး၏။ အကြောင်းမှာ မောင်ထွေးသည် ကျွန်တော် ကြေးကုန်ကူးစဥ်ကပင် ကျွန်တော်၏ အဝယ်တော်ဖြစ်ခဲ့၍ ယခုမူ ကျွန်တော်ထုတ်ပေးထားသော ငွေရင်းဖြင့် သူတို့ရွာမှ ကြက်၊ ဝက်နှင့် အရက်တို့ကို ကိုလုငွေတို့ပါဝါနှင့်မီးရထားတွင် အလကား တင်၍ ကသာမြို့သို့ သွားရောက်ရောင်းချခြင်းကို ပြုရ၏။ ထို့ကြောင့် သူသည် ကျွန်တော်တို့ပါ မည့် အပတ်ဆိုလျှင် ကြက်နှင့်အရက် တခါတရံ ဆတ်သား၊ ဂျီသားများနှင့် ဘူတာမှ လာစောင့်နေလေ့ရှိ၏။

ဤအပတ်ပေးသော ကြက်ကလေးမှာ ၅၀ သားခန့်၊ ကြက်ဖမြီးပေါက်ကလေးဖြစ်၏။ မသူသည်ဤကြက်ဖလေးကို မြင်လျှင် မြင်ခြင်း ယုယစွာပိုက်ချီလျက်။

''ဟင် သည်ကြက်ကလေး မွေးဖို့လား''

ကျွန်တော်က''အေး၊ ဟုတ်တယ်၊ မြစ်ကြီးနားကျယင် ဒို့ဗိုက်ထဲမှာ မွေးဖို့၊ အခုဆို မင့်ဗိုက်ထဲလဲ ပဲပေါ့''

မသူသည် ကြက်ဖလေးကို ကရုဏာသက်ကာ မျက်လုံးကလေး ပြူး၍

''ဟင် သတ်စားမှာလား''

''အရှင်လတ်လတ် စားလို့မှ မဖြစ်တာကွာ''

''အို ကိုကလဲ သနားပါတယ်ကွယ်၊ သတ်မစားပါနဲ့''

''သတ်စားမလို့ ဘေးမဲ့ လွှတ်ပေးလိုက်ရမှာလား''

''ဟင် ကျမ မွေးထားချင်လို့ပါ၊ ပေးနော် ပေးပါ၊ ကျမကို ပေးပါနော်၊ ကသာကျယင် ကျမ မွေးထားပါရစေနော်''

ဤကား မသူ ဟူသော အပျက်မလေးကို ကျွန်တော်က မီးရထားပေါ်မှာ ကယ်တင်၍ ခေါ်လာခဲ့ပြီး၊ တဖန် မိုးကောင်းဘူတာမို့ ရောက်လာသောအခါ၊

နေ့လယ် ခရီးတထောက်အဖြစ် တစ်နာရီမှ ရပ်နားမည်ဖြစ်၏။ နေ့ဝက် ခရီးတာဖြင့် ညောင်းညာခဲ့သော ကျွန်တော်တို့သည် အောက်သို့ဆင်းရန် ဟန်ပြင်ကြလေသည်။

ကိုလုပ္ပငွေတို့မူကား ရထားရပ်လျှင် ရပ်ချင်းပင် ကျွန်တော်တို့ဆီကို လာကာ၊ ရထားရပ်လျှင် ရပ်ချင်းပင် ကျွန်တော်တို့ဆီကို လာကာ၊ ဘူတာကျောဘက်က ထမင်းဆိုင်သို့ သွားနှင့်ရန် မှာကြားပြီး၊ ဘူတာထဲသို့ စာရင်းအပ်ရန်သွားကြလေပြီ။

''အောင်မယ်၊ ဟော့ မသူ၊ ထမင်းစားသွားတာများသည်ကြက်ပိုက်လို့၊ ဘာလို့ ယူခဲ့ရမှာဘဲကွ၊ ကုလားဆိုင်မှာ ကြက်သားဟင်းတွေ ချက်ပြီးသား ရှိပါတယ်''

ကြက်ကိုပိုက်၍ လိုက်ရန် ဟန်ပြင်နေသဖြင့် ကျွန်တော်ကပြောလိုက်ရာ၊ မသူသည် ကျွန်တော့်ကို မျက်စောင်းကလေးတချက်ဝေ့၍

''အို၊ ကိုကလဲ ပြောရှော့မယ်၊ သည်မှာ ထားပစ်ခဲ့ရမှာ စိတ်မချလို့ ယူခဲ့မလို့ပါ''

''အေး၊ ဒါဖြင့်ယူခဲ့လေ ဟိုကျတော့ ပိုစိတ်ချရတာပေ့ါ၊ ကိုလုငွေတို့က အရက်မူးမူးနဲ့ ကိုလားကို ချက်ချင်းအရေဆုတ်ခိုင်းပြီး ကြော်စားချင်စားတာ''

မသူ မျက်လုံးပြူးကာ၊

''ဟင်၊ ဒါလောက်တောင်ပဲလား ရှင်တို့ရယ်၊ ဒါဖြင့် ထားခဲ့ရတော့မှာပ၊ သူများများ ဖမ်းသွား အုံးမှာလား''

''ကြိုးနဲ့သာ ချည်ထားခဲ့ပါကွာ၊ သည်မီးရထားမှာ တို့ပစ္စည်းခိုးမယ့်သူ သန္ဓေမတည်သေး ဘူးမှတ်ထား''

ကျွန်တော်တို့ ဘူတာနောက်ဘက်က ကုလားထမင်းဆိုင်သို့ရောက်ခဲ့ကြပါသည်။

''ကိုကျင်မောင် ဒါ ခင်ဗျားတို့ မင်္ဂလာထမင်းပဲလား''

ထမင်းစားပွဲတွင် လူစုံတက်စုံ စားကြတော့မည့်အပြု၌၊ ကိုလုငွေက အရက်ပုလင်းကို ငုံ့ယင်း ပြုံးကျဲကျဲနှင့် မေးလိုက်ပါသည်။ ဤအချိန်၌ ကျွန်တော့်အိမ်တွင် ကြည်ရွှင်ခြင်းသာ ဖြစ်နေလျက်၊

''ဟုတ်ပလေ၊ ကိုလုငွေ သည်မင်္ဂလာပွဲမှာ ကျွန်တော်တို့ ဖန်ခွက်တွေထဲထည့်၊ အောင်ဖေယျတု ငွေခရမဟုတ်ပဲ၊ ခင်ဗျား ပုလင်းထဲက သွန်းဆုပတ္တနာ အရက်သာများများထည့် ပေရော့ဗျာ၊ မသူကော နည်းနည်းသောက်လေ၊ လိမ္မော်ရည် ရောပေးမယ်''

''ဟုတ်တယ်၊ သတို့သမီးလဲသောက်မှာပေါ့''

ကိုအောင်ကြီးကပါ ထောက်ခံလိုက်ရာ မသူသည်ဦးခေါင်းယမ်းခါ၍၊

''မသောက်ပါရစေနဲ့ရှင်၊ မီးရထားပေါ်မှာ ပူကပူ၊ အိုက်ကအိုက်သနဲ့''

ကျွန်တော်သည် သူ့မျက်နှာကလေးကို စေ့စေ့ကြည့်နေရာမှ သူ့မေးစေ့ချွန်ချွန်လေးကို ဆွဲလိုက်ကာ၊

''အေး၊ ဒါဖြင့်နေ၊ ညကျယင်တော့ သောက်ရမှာပဲ၊ မင်းကိုယ် ငါဖက်ရတာနွေးအောင်''

မသူသည် ရှက်သယောင်မျက်နှာနှင့်၊ ကိုလှငွေတို့နှစ်ယောက်က သဘောကျစွာ ပြုံးနေကြပါသည်။

## မြစ်ကြီးနားမှ အပြန်ခရီး

နေ့လယ် ၃ နာရီခန့်၌၊ တောင်နီဘူတာသို့ ရောက်သောအခါ ကျွန်တော်တို့ မိတ်ဆွေလေး မောင်ထွေးသည် ကသာသို့လိုက်ရန် ဝက်တစ်ကောင်၊ အရက်တစ်ပုလင်းနှင့် အသင့်စောင့်နေသည်ကို တွေ့ရ၏။ သူ ကျွန်တော်တို့တွဲပေါ်ရောက်၍ ကျွန်တော်တို့ထံ၌ သူပေးလိုက်သော ကြက်ကလေးကို ထူးထူးဆန်းဆန်း အရှင်လတ်လတ်မြင်ရသည်တွင် အလွန်ပင် အံ့သြခြင်းဖြစ်ကာ၊

''ဟင်၊ ဆရာ သည်ကြက်ကလေး ပြန်ပါလာတယ်၊ ဘာဖြစ်လို့လဲ''

အကြောင်းမှာ ကျွန်တော်တို့သည် ခါတိုင်းအခါများ၌ဘယ်တော့မှ လူမြင်သူမြင် ပြန်ယူမလာ။ မြစ်ကြီးနားဘူတာဝင်ကတည်းက အိမ်စောင့်လူကြီးအား ကြော်ခိုင်းထား၍ လည်းကောင်း၊ ချက်ခိုင်း၍လည်းကောင်း၊ နံနက်ခင်း၌ ဆွတ်ပြုတ်အဖြစ်နှင့်လည်းကောင်း၊ တနည်းနည်းအားဖြင့် ဝမ်းထဲထည့်လာကြသည်သာ။

ကြက်ကလေးအား သတ်မစားခဲ့ရပုံကို အကျိုးအကြောင်းပြောပြလိုက်သောအခါ မောင်ထွေးသည် ကြက်ငယ်ကို ဖတ်ကနဲ ကောက်ကိုင်လိုက်ပြီး၊

''ဟင်၊ ဖိုးကံကောင်းလေး၊ နင် နင့်အမေမွေးတဲ့ အသက်မရှိတော့ဘူး၊ ဟောသည် မမပေးတဲ့အသက်ပဲ့ ကျန်တော့တယ်သိရဲ့လား''

မောင်ထွေးမှာ ယခု သူ့အခြေအနေအလျောက် အကုသိုလ်ပစ္စည်းနှင့် အသက်မွေး နေသည် ဖြစ်သော်လည်း နဂိုစိတ်ဓာတ် နူးညံ့သိမ်မွေ့သူဖြစ်သောကြောင့် ကြက်ကလေးကို အကယ်ပင် ကြင်ကြင်နာနာနှင့် ဝမ်းသာအားရ ပြောလိုက်ခြင်းဖြစ်ပါသည်။ မသူကို ''မမ''ဟု ခေါ်လိုက်ခြင်းသည် သူနှင့်ရွယ်တူလောက်ပင် ဖြစ်သော်လည်း မသူ၏အင်္ဂါရုပ်မှာ ပင်ကိုယ်အားဖြင့် ရည်မွန် သန့်ပြန့် ၍လည်းကောင်း၊ ကျွန်တော်နှင့်တွဲနေသည် ဖြစ်သောကြောင့် လည်းကောင်း၊ ကျိုးနွံစိတ်ရှိသူ ပီပီလေးစားသမှု ပြုလိုက်ခြင်းဖြစ်ပေ၏။

ဤတွင် မသူကလည်း အချက်ရလျှင် စိတ်ကြီးဝင်တတ်သော မိန်းမတို့၏ ဝါသနာ အတိုင်း၊ တောသားရုပ်နှင့် အမြင်နုပ်နေသော မောင်ထွေး၏ လေသံလိုက်ကာ၊

''အေးကွယ်၊ မင်းပြောသလိုပဲ၊ သူကဖိုးကံကောင်းလေးပါ သူ့အမေမွေးတဲ့အသက် မရှိတော့ဘူး၊ ငါ့ကြောင့်အသက်ရှင်နေရတာမို့ အခု ငါ့သားကလေးပ''ဟု ပြောယင်း၊ မောင်ထွေး လက်ထဲက ပြန်ယူ၍ ကြက်ကလေး၏ မျက်နှာကိုဘယ်ပြန်ညာပြန် နမ်းလိုက်ပါသည်။

''အင်း၊ ခင်ဗျားသားတော်မောင်က နူတ်သီးနဲ့ဆိတ်လို့မျက်လုံးပေါက်တောက် ကျိုးနေ ပါအုံး မယ်''ဟု ဆိုပြီး ကျွန်တော်ပြုံးလိုက်မိပါ၏။ သို့သော် ကျွန်တော့်အပြုံးမှာ တာမရှည်နိုင်ပါ ချေ။ ခေတ္တမျှ၌ ကျွန်တော့်စိတ်အာရုံတွင် သူ၏ ဤမျှနူးညံ့သော နှလုံးသားလေးကို ယခု သူ့ဘဝ နှင့် ရေးရေးမျှယှဉ်မိကာ ကျွန်တော် မျက်ခုံး တွန့်လိုက်မိပါတော့၏။

ဤကား ''ဆန်ဆုံစား၊ တံကုန်သွား'' ဝတ္ထုတွင် ကျွန်တော်၏ ရေးသားချက် ဖြစ်ပါသည်။ ယင်းအကြောင်းအရာသည် ၁၉၄၇ ခုနှစ်ဦးပိုင်းက ဖြစ်ပျက်ခဲ့ရ၍ မေလလောက်မှာ ကျွန်တော် အညာကပြန်ခဲ့ရပြီး၊ ဩဂုတ်လ ရှုမဝမဂ္ဂဇင်းတွင်စတင်ပြီး ကျွန်တော်စာရေးဆရာဖြစ်သည်။ ၁၉၄၈ ခုနှစ်မှာ ဤ ''ဆန်ဆုံစား ကံကုန်သွား''ဝတ္ထုကို မသူအတွက်ခံစားချက် အပြည့်နှင့်ရေး သည်။ ထိုဝတ္ထုမှ ကြက်ဖလေးကိုပေးသူ မောင်ထွေးသည် အစဉ်ဖော်ပြခဲ့သော ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့က ကျွန်တော့်အိမ်သို့ ရဝေထွန်း ညွှန်ကြားသော လိပ်စာဖြင့် ရောက်လာသည့် ဦးပဉ္စင်း မောင်မြဖေဖြစ်ပါ၏။ မင်းကုန်းက မောင်မြဖေကို တောင်နီက မောင်ထွေးဟု

ကျွန်တော်ပြောင်းထားခြင်းဖြစ်ပါ၏။ တောနီနှင့် မင်းကုန်းသည် မိုးညှင်းနှင့် မိုးကောင်းကြားက ဘူတာငယ်များ ဖြစ်ပါ၏။

လောက လူဘဝဖြစ်စဉ်တို့သည် အံ့သြဖွယ်ကောင်းပါ၏။ မောင်မြဖေကို ကျွန်တော် ဟိုမှာ စတင်တွေ့စဉ်ကပင် သည်သူငယ်သည် (ကျွန်တော့် ထက်ငယ်၏။) အခြေအနေ အလျောက် ရာဇဝတ်မှုနှင့်မကင်းသော အကုသိုလ်မှုဖြင့် ( သူ့မိဘအား လုပ်ကျွေးသည်) အသက်မွေးမှု ပြုနေရသော်လည်း၊ ရိုးသားဖြောင့်မတ်သည်၊ စိတ်နှလုံးသား နူးညံ့သည်၊ သစ္စာရှိသည်၊ ကျေးဇူးတရား သိတတ်သည်။ လူကောင်းလေး တစ်ယောက်ပဲပေဟု မှတ်ချက်ချခဲ့ပေရာ၊ ယခု ဦးမေဓာနန္ဒ ဘွဲ့တော်ဖြင့် ရဟန်းအဖြစ်သို့ ရောက်နေသည်။ ပင်စင်ကို ဇနီးအားလွှဲ၍ အိမ်ထောင်ကိုစွန့်နိုင်သည်။ ကျွန်တော်တို့ထက် သာပါပေသည်ဟု သူ့အတွက် အနီမောဒနာ ပြုလိုက်ရပါ၏။ ကျွန်တော်တတ်စွမ်း သမျှလည်း လှူလိုက်ပါ၏။

## ကသာမြို့သို့

ကျွန်တော်သည် စာရေးဆရာ ဖြစ်ပြီးသည့်နောက်မှ စာရေးဆရာ တစ်ယောက်အနေနှင့် အလွန်သွားချင်လှသော မြို့တစ်မြို့သည် ရှိ၏။ ထိုမြို့သည် အထက်မြန်မာပြည် ကသာမြို့ဖြစ်၏။

ကသာမြို့သည် ကျွန်တော့်ဘဝကို ပြောင်းပစ်လိုက်သော မြို့ဖြစ်၏။ တိုက်ရိုက်ဆိုရသော် ကျွန်တော့်ကို စာရေးဆရာအဖြစ် ပို့ပစ်လိုက်သော မြို့ဖြစ်၏။

ဤအကြောင်းကို ကျွန်တော့် စာတွေ ရေရေလည်လည်ဖတ်ဖူးသူတို့က သိပြီး ဖြစ်ကြ ပါမည်။ မသိသေးသူများအတွက် အကျဉ်းမျှ ပြောရပါသော် ကျွန်တော်သည် ၁၉၄၆ ခုနှစ် အသက် ၂၇ နှစ်သား အရွယ်က ကသာမြို့သို့ ဆန်ကုန်သည်အဖြစ်နှင့် ရောက်ခဲ့၏။ ထိုမြို့တွင် ကုန်ရှုံး ကြွေးကျန်၍ တော်တော်နှင့် မပြန်နိုင်ပဲ ရှိနေခိုက်၊ နောင် စာရေးဆရာ ဖြစ်လာသော အခါ 'ဆန်ဆုံစား ကံကုန်သွား'ဝတ္ထုကို ရေးရန် ထိုဝတ္ထုထဲမှာ 'မသူ'ဟု ကျွန်တော် အမည်ပေးထားသော မိန်းကလေးနှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့ရ၏။

ဤမိန်းကလေးနှင့် ပတ်သက်၍ပင်လျှင် ကျွန်တော့်ဖခင်က ကျွန်တော်အားသည်မှာ သားမယား ရှိပါလျက်နှင့် နောက်တစ်ယောက် ခေါ်လာရပါမည်လား၊ နင့် မယားငယ်နှင့်နင်သွား တော့ဟု အိမ်မှ

မောင်းချလိုက်၏။ သည်တော့ ကျွန်တော့်ကြွေးရှင် ပေါင်းတည်မြို့ စက်သဌေး (ထိုစဉ်က မြန်မာ့အလင်း သတင်းစာတိုက်ပိုင်ရှင်) ဦးမောင်ကြီးကလည်း ကျွန်တော့်အား သူ့ငွေ တွေ အလွဲသုံးစားမှု ပုဒ်မ ၄၀၆ နှင့် တရားစွဲမည် ဆိုသဖြင့် ကျွန်တော့်မှာမန္တလေးသို့ သုတ်ခြေတင်ခဲ့ရ၏။ မသူကိုလည်း မကျွေးမွေးနိုင်တော့သဖြင့် ဂေါဝိန်ဆိပ်မှ ကသာ သင်္ဘောပေါ်သို့ တင်ပေးလိုက်ရ၏။ ကျွန်တော်ကိုယ်တိုင်မှာလည်း နေစရာ စားစရာ မရှိတော့၍ ကိုယ့်ကြွေးရစရာရှိသော အိမ်မှာ ထိုငွေ မရမချင်း မဆင်းနိုင်ပါဘူးဟု အတင်း တက်နေခဲ့ရ၏။ ထိုစဉ်အခါမှာ လူတစ်ယောက်အဖို့ လွန်စွာပင် စိတ်ဆင်းရဲ ပင်ပမ်းရမည် ဖြစ်ပေရာ ကျွန်တော့် မှာ ထိုဝေဒနာမှ လွတ်စိမ့်သောငှာ လူ့ဘဝတွင် ရယ်စရာတွေ တွေး၍ ရယ်စရာ ဝတ္ထုတွေ ရေးခဲ့ ခြင်းဖြင့် မကြာမီဟာသ စာရေးဆရာ ဖြစ်လေတော့၏။

ကျွန်တော်သည် ၁၉၄၇ ခုနှစ် ဖွန်လတွင် ကသာမြို့မှပြန်ခဲ့၍ ထိုနှစ် ဩဂုတ်လ ရှုမဝ မဂ္ဂဇင်းတွင် 'ဘရန်ဒီ တစ်ပုလင်း' ဝတ္ထုဖြင့် သော်တာဆွေ ဖြစ်လာခဲ့၏။ ထိုမှ ကျွန်တော်သည် စာရေးဆရာ အဖြစ်နှင့် ကသာမြို့သို့ ရောက်ချင်လိုက်တာ ရောက်ချင်လိုက်တာ၊ ဟော၊

၁၉၇၆ ခုနှစ် စာဆိုတော်လ ရက်များအတွင်းမှ စာရေးဆရာ ရန်အောင် မောင်မောင် ကျွန်တော့်အိမ်ရောက်လာပြီး၊ ကသာမြို့သို့ စာပေ ဟောပြောပွဲလိုက်ဖို့ ဖိတ်ပါတော့၏။

ရန်အောင် မောင်မောင်သည် အသားအရည် ပြည့်ပြည့်ဖြိုးဖြိုးနှင့် ပြုံးရွှင်သော မျက်နှာ ရှိ၏။ သူသည် ထောင်မ<sup>ဲ</sup>းတစ်ယောက်ဖြစ်၍ အကျဉ်းသားများ အကြောင်း၊ ရာဇဝတ်မှုခင်းများ အကြောင်း ရေးလေ့ရှိသော ကလောင်ကောင်းတစ်ချောင်း ဖြစ်၏။ စာသာ ဖတ်ခဲ့ဖူး၍ လူချင်း ခုမှတွေ့ရ၏။

''ဆရာ၊ လိုက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ် ဆရာ''

ရန်အောင် မောင်မောင်သည် (ထိုစဉ်က) ကသာ ထောင်မ<sup>ဲ</sup>းဆိုသည်ကို သိကတည်းက တစ်နေ့ သူကျွန်တော့်ကိုလာဖိတ်အံ့ဟု စိတ်ကူးယဉ်နှင့် တွေးထင်နေခဲ့သည် ဖြစ်သောကြောင့် ကျွန်တော်သည် ဘာမျှ မူလကျီ သွန်နီတွေ လုပ်မနေတော့ပဲ၊

''ကျွန်တော် ခင်ဗျားကို မျှော်နေတာ ကြာပြီဗျ''

ရောက်ရ ပုံချင်း

၁၉၄၆ ခုနှစ်က ကျွန်တော် ရောက်ခဲ့သော ကသာမြို့နှင့် ၁၉၇၆ ခု နှစ်ပေါင်း သုံးဆယ် ကွာ ကသာမြို့သည် ကျွန်တော့်အဖို့ မမှတ်မိနိုင်လောက်အောင်ပင် ကွာခြားနေပါပြီ။ ဟိုတုန်းက ကသာမြို့သည် စုတ်ချာသလောက် ယခု စည်ပင်လှ၏။

ရောက်ရပုံချင်းကလည်း လွန်စွာ ခြားနား၏။ ယခု လာခဲ့ရပုံမှာ ရန်ကုန်မှ ထွက်ခဲ့ပြီး နောက် မန္တလေး မြစ်ကြီးနား ရထားဖြင့် လိုက်ခဲ့ကြ၍ နဘား ဘူတာတွင် ကသာမြို့ စာပေအဖွဲ့ ကော်မတီက လာရောက် ကြိုဆိုပြီး ကားနှင့် ခေါ်သွားကြသည်။ ကသာမြို့ ရောက်သောအခါ သစ်တောဌာနကမိုလ်တဲမှာ ခမ်းနားစွာတည်းရသည်။

''ဆရာ လိုသမျှပြောပါ''ဆို စကားတွေနှင့်။

ဟိုယခင် ၁၉၄၆ ခုနှစ်က လာခဲ့ရတုန်းကများဗျာ မောင်ကျင်မောင်ဆိုတဲ့ ကောင်လေးကို ကသာ တစ်မြို့လုံးက သိတဲ့ လူတစ်ယောက်မျှ မရှိ။ ဧရာဝတီမြစ်ကြောင်းမှာ မန္တလေးမြို့က လာခဲ့ရာ မော်တော်တစ်စင်းတွင် ဘေးတွဲ လှေနှစ်စင်းနှင့် ဆန်အိတ် သုံးရာပါခဲ့၏။ သယ်ဆောင် ခ မန္တလေးနှင့်ကသာ ဆန်တစ်အိတ် ကိုးကျပ်နှုန်း၊ ၂၇၀၀ ကျပ် ကျသည့်အနက် မန္တလေးတွင် စရန် ၁၀၀၀ ကျပ် ပေးခဲ့၍ ကျန် ၁၇၀၀ ကျပ်ကို ကသာရောက်လျှင် ပေးရမည် ဖြစ်လေရာ ကျွန်တော် စိတ်ကူးခဲ့သည်မှာ ကသာမြို့ကြီးရောက်လျှင် ပွဲရုံကြီး တစ်ခုခုတွင် ဆန်အိတ်များကို အပ် (မန္တလေးမှာကဲ့သို့ထင်လို့လေ) ပွဲစားဆီက ငွေ ၁၇၀၀ ကျပ် တောင်း၍ မော်တော်ရှင်ကို ပေးရမည် ဖြစ်၏။

ယခုမူ ရေရှိသည့်ချောင်း နာခေါင်းသာ ဖော်သေလိုက်ချင်တော့ဆိုဘိသို့ ဖြစ်ရသည်ကား၊ ထိုအချိန်၌ အထက်ဆန်များ ပြောက်ကျားပေါ်နေ၍ လည်းကောင်း၊ အစိုးရဆပ္ပလိုင်း ဆန်များ မရောင်းစဖူး ထူးထူးခြားခြား အများကြီးရောက်နေ၍ လည်းကောင်း ကျွန်တော့်ဆန်တွေကို လုံးကနဲဝယ်မည့်သူ မဆိုထားဘိ လက်ခံမည့် ပွဲရုံမျှပင် မတွေ့ရ။ အမှန်မှာ ထိုစဉ်က ကသာတွင် ပွဲရုံကြီးကြီးဟူ၍လည်း ဖြစ်ဖြစ်မြောက်မြောက် မရှိ။ ပွဲစားဆီ ငွေကြိုတောင်းဖို့ ဆိုတာကတော့ မိမိကိုယ်မိမိ ရှူးခဲ့သလားပင် အောက်မေ့ရတော့သည်။ ထို့ကြောင့် ကျွန်တော့် ဆန်တွေမှာ ကုန်းပေါ်သို့တင်ရန်နေရာမရသေး။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

လေးရက်မြောက်သောနေ့တွင် မော်တော်ရှင်က အရေးဆိုလေပြီ။

ငါးရက်က ကျော်လျှင် သူ့မော်တော် အလုပ်သမားများနှင့် ဘေးတွဲလှေက လုပ်သားများ အတွက် နေ့စဉ် ကျွန်တော်က စားစရိတ် ခံရမည်တဲ့။

မြို့ပေါ်သို့တက်၍ မန္တလေးမိတ်ဆွေများက မိတ်ဆက်စာများနှင့် ညွှန်ကြားပေးလိုက် သော အိမ်များသို့ သွားပါသည်။ ထိုအိမ်ရှင်များက လူကို ကောင်းစွာ ဖိတ်ကြပါသော်လည်း ဆန်ထားရန် နေရာမပေးနိုင်။ သို့သော် အိမ်ရှင်တစ်ဦးကမူ ဈေးဝင်းထဲ၌ ဂိုဒေါင်အားများ ရှိတတ်ကြောင်းနှင့် ဈေးခေါင်းကို မိတ်ဆက်ပေးလိုက်ပါသည်။ ကျေးဇူးတင်ပါသည်။ ဈေးကောက် ကိုတက်ပြားနှင့် ကျွန်တော် မိတ်ဆွေဖြစ်သွား၍ အဆင်သင့်ပင် ဆန်ထားရန် နေရာရသွား ပါသည်။ ဈေးဝင်းထဲမှာ ဝက်သားရုံရှိလေရာ။ တခြမ်းက ဝက်သားဆိုင်မထွက်သဖြင့် ထိုနေရာမှာ ဆန်အိတ်တွေ ထားလိုက်ရ၏။

ကိုတက်ပြားသည် ကျွန်တော်နှင့်ရွယ်တူမျှဖြစ်၍၊ သူလည်းအသောက်သမား၊ ကျွန်တော် လည်း အသောက်သမား။ အရက်သမားချင်း ခင်မင်လွယ်သွားပါသည်။ ကျွန်တော်ကငွေ အရေးကြီး ကြောင်းပြော၍ ကိုတက်ပြားက ဆန်အိတ်များကို ကုန်းပေါ်သို့မတင်မီ ရောင်းနိုင်သမျှ ရောင်းရအောင် သူကြိုးစားပေးပါသည်။ သို့သော် လက်ငင်းကနည်းနည်း၊ အကြွေးကများများ (သူ့ အာမခံနှင့်) ရောင်းရသည်။ ဈေးကိုလည်းကြည့်ပါဦး။ ကျွန်တော်လာခဲ့စဉ်က မန္တလေးတွင် သုံးတင်းဝင် ဆန်တစ်အိတ်ပေါက်ဈေး ၂၅ ကျပ်၊ (မအုံ့သြနဲ့ အဲသည်တုန်းက ကတ်စတီခေတ်၊ အင်္ဂလိပ်ငွေ) ယခု မော်တော်ခက ၉ ကျပ်၊ ထိုကြောင့် ကသာအရောက် အရင်း ၃၅ ကျပ်ကျနေ သည်ကို ၂၅ ကျပ်ဈေးနှင့် ရောင်းပါသည်။

ကျွန်တော် မန္တလေးတုန်းက ကသာဆန်ဈေးကြားခဲ့သည်မှာ တစ်အိတ်လျှင် ၃၀ ကျပ်နှင့် ၄၀ ကျပ်အကြား၊ ကံကောင်းလျှင် ၄၅ ကျပ်၊ ၅၀ ကျပ်ရချိမ့်မည်။ ယခု ဤအိပ်မက်တွေမှေ့ပစ်၍ ၂၅ ကျပ်ဈေးနှင့်သာရောင်းရပေရာ ဆန်အိတ် ၁၀၀ ခန့်ကုန်သွားသော်လည်း လက်ငင်းငွေ ၁၀၀၀ ကျပ် သာသာလေးမျှရပါသည်။ မော်တော်ရှင်အား ဤမျှသာပေးလိုက်နိုင်၍ ကျန်ငွေ ၇၀၀ ကျပ်ကို မန္တလေးကကျွန်တော့်လူများထံ တောင်းယူရန် အကျိုးအကြောင်းအစုံအလင်နှင့် စာရေး၍ လွှတ်လိုက် ရပါသည်။

ကဲ၊ ထိုမော်တော် ပြန်ထွက်သွားသောအခါ ကျန်ဆန်အိတ် ၂၀၀ က ကသာဈေးတွင်းက ဝက်သားရုံထဲ ရောက်ပါပြီ။ ကျွန်တော်ကတော့ ကိုတက်ပြား၏ဦးရီး ဆေးဆရာကြီးဆရာထူး၏ နေအိမ်၌ တည်းခိုခွင့်ရပါသည်။

သို့သော် ကျွန်တော်သည် ဆရာထူး၏ဂေဟာတွင် တစ်ညမျှသာ အိပ်၏။ နောက် တစ်နေ့ညနေမှာ ကိုတက်ပြားနှင့် ပတ်သက်ပြီး မီးရထားလက်မှတ်စစ် ကိုလှမောင်၊ ကိုမြကြီး တို့နှင့် တရုတ်ခေါက်ဆွဲ ဆိုင်မှာ အရက်တစ်ပွဲမျှ အတူသောက်လိုက်ရုံနှင့် လူချင်းခင်မင်သွားကြ၍ ထိုည ကျွန်တော့်အိပ်ရာလိပ် ပိုက်ပြီး မီးရထားဝင်းထဲသို့ လိုက်သွားပေတော့သည်။ ကိုလှမောင် သည် ဇာတိမန္တလေးသား၊ ကိုမြကြီးကစစ်ကိုင်းသား၊ နောင် ကျွန်တော်၏ အညာဝတ္ထုများတွင် ကသာ မြစ်ကြီးနား မီးရထားလက်မှတ်စစ် ကိုလှငွေနှင့် ကိုအောင်ကြီးဟု အမည်ပြောင်းထားကြ သည်မှာ မူလ ထိုလူများ ဖြစ်ကြပါ၏။

## ကျွန်တော်၏ ၇၅

သူတို့နှစ်ယောက်အနက်၊ ကိုမြကြီးသည် စကားအလွန်နည်းသည်။ ကိုလှမောင်က လူသွက်ဖြစ်၍ အသားလတ်လတ်၊ အရပ်ရှည်ရှည်နှင့် သူ၏ဟန်ပန်ပုံသဏ္ဌာန်သည် အမေရိကန်ရုပ်ရှင်မင်းသားကြီး ဂယ်ရီကုပါးနှင့် တူသည်ဟု ကျွန်တော့်စိတ်ထဲတွင် တစ်စားမိ၏။ အများနှင့်မတူ တမူထူးခြားသော ပြောဟန်ဆိုဟန်လည်းရှိ၏။ ဟိုယခင်က ကျွန်တော်ရေးသားခဲ့ သော ဟာသဝတ္ထုများထဲတွင် ''တကယ်မဟုတ်ဖူး၊ ၇၅ တယ်''၊ ဝမ်းသာလွန်းလို့''၇၅ ခါတောင် ကျွမ်းပစ်လိုက်သည်'' ''သည်ကောင်မလေးကို ''၇၅ ခါလောက် နမ်းပစ်လိုက်ချင်သည်'' စသည်ဖြင့် ၇၅ ကို ရေလဲအမျိုးမျိုးနှင့် ကျွန်တော်သုံးထားသည်များကို မိတ်ဆွေဖတ်ဖူးပါလိမ့် မည်။ ဤစတိုင်ကား ကိုလှမောင်ဆီကရခဲ့ကြောင်းကို ကျွန်တော်ဝန်ခံပါသည်။ ကိုလှမောင်သည် ဥပမာ ''သည်မှာ ကိုမြကြီး ခင်ဗျား ၇၅ ပုလင်း သောက်ပစ်လိုက်ဗျ၊ ဘာဖြစ်ရအုံးမလဲ'' ''အောင်မယ် သူတို့က အထက်တိုင် မယ်ပြောသလား၊ ၇၅ ခါတိတိ တိုင်ပါစေဗျာ'' ''ဟင်း၊ သည် ကောင်မလေးမျိုးများ ရမယ်ဆို ၇၅ ယောက်တောင် ယူလိုက်ချင်သေး'' စသည်ဖြင့်။

ထို့ပြင် ကိုလှမောင်သည် အင်္ဂလိပ်စာကို ရေရေလည်လည်ဖတ်နိုင်၍ စာပေကို ဝါသနာ ပါသည်၊ အထူးသဖြင့် အင်္ဂလိပ်စုံထောက်ဝတ္ထုများ၊ လျှို့ဝှက်သဲဖိုဝတ္ထုများကို ဖတ်လေ့ရှိသည်။ သူဖတ်ဖူးသည့်

ဝတ္ထုများကို ကျွန်တော့်အားပြောပြတတ်သည်။ ယင်းမှာလည်း စုံထောက်ဝတ္ထုရေး ရန်ကြံစဉ်နေသော ကျွန်တော်နှင့် ပလဲနံပ သင့်ပြန်၏။

## ခရီးကြုံ မိတ်ဆွေများ

ကျွန်တော် မီးရထားဝင်းထဲသို့ ရောက်သွားသောအခါ (ကသာတွင် ခေတ္တအတူတကွ နေရမည့်) အခြားမိတ်ဆွေ နှစ်ယောက်ကို တွေ့ရပြန်၏။ ကိုစိုးဝင်းနှင့် ဦးထွေးမောင်။ ဆိုသူကို ကျွန်တော်တို့က 'ဦး' တပ်၍ ခေါ်ကြသည်မှာ သူသည်(ထိုစဉ်က အသက် ၄၀ ခန့်) ကျွန်တော်တို့ အထဲတွင် အကြီးဆုံးဖြစ်သောကြောင့်။ လူကောင်လည်း အကြီးဆုံး၊ အထွားဆုံး။ ရုပ်ရည်လည်း အခန့်ညားဆုံးဟု ဆိုရပေမည်။ ပုံသဏ္ဍာန်အားဖြင့် လူထုထည်လည်းကောင်း၊ ဖြူဖြူဝေဝေ၊ ဘိုဆံတောက်မထား၊ ကတုံးတား၍ ကွမ်းလည်းမပြတ်စားလေရာ၊ သူ့မျက်နှာသည် ဘုန်းကြီးနှင့် တူသည်ဟု ကျွန်တော့်စိတ်ထဲတွင်အောက်မေ့မိ၏။ သို့သော် အရက်ကား အလွန်သောက်၏။ ကျွန်တော်တို့အထဲတွင် သူအသောက်နိုင်ဆုံး၊ ဘယ်လောက်သောက်သောက် မူးတယ်ယိုင်တယ် မရှိ။

ယခု ကျွန်တော်နှင့် အတူနေကြတော့မည့် လူလေးယောက် ကိုလှမောင်၊ ကိုမြကြီး၊ ကိုစိုးဝင်း၊ ဦးထွေးမောင် ကျွန်တော်နှင့်ပါ ပေါင်းငါးယောက်။ သည်ငါးယောက်မှာ အထူးခြားဆုံး က ကိုစိုးဝင်းဖြစ်နေပါသည်။ ဘာကြောင့် ထူးခြားသည်နည်း။ သို့သော် အခြားနေရာတွင်မဟုတ်။ ကျွန်တော်တို့ ငါးယောက်ထဲမှာသာ ထူးခြားခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အရက်တစ်စက်မျှ မသောက်တတ်ခြင်းကြောင့်တည်း။ အနူတော လူချောဆိုသည့်သဘောပင် ကျုပ်တို့လေးယောက်ကတော့ လူ့ပြည်မှာ အရက်သောက်ဖို့ မွေးလာကြတဲ့အတိုင်းပဲ။ တယ်သောက်ကြသည်ကိုဗျ။ သို့သော် ကိုစိုးဝင်းအထူးအစပယ်ရှယ်ဝါသနာပါသည်ကား ပိုကာ ကစားခြင်း။ မပြတ်ကစား၏။ နေ့ဆက်ညဆက်ကစား၏။ ကစားရာတွင်လည်းသူက အနိုင်များ ၏။ ကိုလှမောင်က သူကို ''ပိုကာမင်း''ဟု ခေါ်၏။ သူက ပိုကာကစားဖို့ လူ့ပြည်ရောက်လာတာ ဟု ဆို၏။

## ပိုကာဝိုင်း

ထိုစဉ်က ကသာမြို့တွင် ကြေးကြီးသော ပိုကာဝိုင်းများရှိ၏။ ဆယ်ချပ်၊ ကိုင်ဒေါင်း၊ ငါးယောက်ဝိုင်း ကစားရာဝယ် ငါးကျပ်ပတ်လည်၊ လေးကျပ်ပတ်လည်၊ အနည်းဆုံးနှစ်ကျပ် ပတ်လည်၊ နှစ်ခါဒေါင်း

‘တုပ်’၊ ‘ပူးလ်’ ထည့်၍ ကစားကြ၏။

ဥပမာ ငါးကျပ်ပတ်လည် ဝိုင်းဆိုအံ့။ ဒေါင်းကြေး ငါးကျပ်၊ ရွတ်ကျန် တစ်ချပ် တစ်ကျပ် ဒေါင်းသူကို ပေးရ၏။ နို့ပြီး ‘ဆိုက်ဘက်တင်’ ငါးကျပ်၊ ဆိုက်ဘက်တင်ဆိုသည်မှာ ကိုယ့်လက်ထိပ် လက်အောက် နှစ်အိမ်ကို အချပ် ကျန်နည်းသူက များသူထံမှ ငါးကျပ်စီရ၏။ ၎င်းပြင် ‘ပူးလ်’ က နှစ်ခါ ဆက်ဒေါင်း၍ စားမသွား မချင်း အလယ်ပုံကို ငါးကျပ်စီ လက်တိုင်းထည့်နေရ၏။ ထို့ကြောင့် မိမိဖဲသေခဲ့သော် တစ်လက်လျှင် ငွေအစိတ်လော်က ကုန်နေတတ်၏။

ယခုချိန် ကျွန်တော်တို့ သည်ခေတ်တွင် ဆယ့်သုံးချပ် ကိုင်ဒေါင်း ကစားနေကြသည်မှာ မိမိ စားဖဲကို မပစ်ရပေ။ ထိုစဉ် ကသာ၌ ဆယ်ချပ် ကိုင်ဒေါင်း ကစားစဉ်ကမူ စားဖဲကိုပစ်နိုင်၏။ ထို့ကြောင့် မိမိလင်အောက်က ‘တုပ်အိမ်’ ဖြစ်နေခဲ့သော် ထိုသူအား ‘မင်းသား’ဟု ခေါ်၍ သူ့ အထက်အိမ်က ‘ပုဏ္ဏား’ဟု ခေါ်ပြီး လက်အောက်က မတည့်ဖဲတွေကို စား၍၊ စား၍ ပစ်နေနိုင် ၏။ တုပ်ကို ဝိုင်းသတ်ရသည်ရှိသည်မို့ လက်ထိပ်အိမ်ကလည်း ဤမတည့်ဖဲမျိုးကို တမင်ချ၍ပေး၏။ ထို့ကြောင့် သည်လို ‘ပူးလ်တုပ်’ တစ်လက် စားရဖို့မှာ အင်မတန် ခဲယဉ်းလှ၏။ သို့အတွက် ကစားဝိုင်းတစ်ခု၏ တုပ်မှာ တစ်ခါတစ်ရံ တစ်ထောင်မှသည် သုံးလေး ထောင်အထိ ဖြစ်တတ်၏။

ထို ကက်စတီခေတ်က အင်္ဂလိပ် ငွေသည် လက်ဖက်ရည်တစ်ခွက် တစ်မူး၊ ဆန်တစ်တင်း ဆယ့်ကိုးကျပ်မျှ ဖြစ်ပေရာ ဤ သုံးလေးထောင်သည် နည်းသည့် ငွေရင်းပမာဏ မဟုတ်ပေ။ ထို့ကြောင့် တော်တော်နှင့်မတုပ်နိုင်၍ အလယ် သူးလိက ငွေများများ လာသည်နှင့် နှစ်ရက်၊ သုံးရက် ဆက်တိုက် ထိုင်ကြလေရာ အချို့မှာ ဝိုင်းပြီး၍ အထလိုက်တွင် ဗိုင်းဗိုင်းလဲကျသည်များ ကို တွေ့ရဖူး၏။

ထိုခေတ် ထိုအခါ၌ ပိုကာဝိုင်းကို ဖမ်းရိုးထုံးစံ မရှိမူ၍ သည်အိမ် ကစားဝိုင်းလုပ်မှန်း တစ်ရပ်လုံး သိ၏။ ကစားရန်စားပွဲ ကုလားထိုင်မှ အထူးစပါယ်ရှယ်။ ပိုက်ဆံထည့်ရန် အံဆွဲလေး တွေပါသည့် ခြေထောက် တောင်ဆုပ်မျှနှင့် မြန်မာထမင်းစား စားပွဲမျိုး၊ ကုလားထိုင်ကတော့ ခြေထောက်မရှိ။ ဆိုင်းဝိုင်းထဲတွင် နှဲသမားထိုင်သည့် လူ့ကိုယ်ကို တည့်တည့်ထိုင်၍လည်းကောင်း၊ ပက်လက်လှန်၍ လည်းကောင်း ရသည့်ပတ်တာနှင့် ထိုင်ခုံမျိုး။ ကစားယင်း ကိုယ့်အလှည့် မရောက်မီ တုံးလုံးလှဲနေ၍လည်းရ၏။ ထို့ပြင် ဖဲဝိုင်းတွင် အနှိပ်သည်လည်းရှိ၍ ကစားယင်း အနှိပ်လည်းခံနိုင်၏။ တကယ် ဖွဲကြီး နပဲကြီး၊ ငွေလုံး ကြေးလုံးနှင့် ကစားသောပွဲမျိုး ဖြစ်၏။

ကျွန်တော်က ကစားဝိုင်းအကြောင်းသည်မျှ ရေးပြနေသည်မှာ ကျွန်တော့်ဘဝ ဇာတ်ကြောင်းတွင် မသူနှင့် ပတ်သက်၍ ယင်း ကစားသည့် ကိစ္စက တနေရာ၌ အရေးတကြီး ပါနေသောကြောင့် ဖြစ်ပါ၏။

အကြောင်းမှာ ဖော်ပြခဲ့သော ကျွန်တော်တို့ ငါးယောက်အနက် ကိုစိုးဝင်းက အရက် တစက်မျှ မသောက်။ ပိုကာသာအထူးစပါယ်ရှယ် ကစားလျက်။ ကိုလှမောင်၊ ကိုမြကြီး၊ ဦးထွေးမောင်တို့ သုံးယောက်ကမူ အရက်သာ သောက်ကြပြီး ဖဲကိုမူ လက်ဖျားနှင့်မှ မတို့ကြပါပဲ ကျွန်တော်မူကား အရက်လည်း သောက်၏။ ဖဲလည်း ကောင်း၏။

ထိုစဉ်က သီတင်းတစ်ပတ်တွင် ကျွန်တော်၏ လုပ်ငန်းရပ်တွေ ပြောရပါမူ ကိုလှမောင်နှင့် ကိုမြကြီးတို့ လက်မှတ်စစ်လိုက်ရသော မီးရထားက ကသာမြို့မှ ဗုဒ္ဓဟူးနေ့ နံနက်တွင်ထွက်၍ ထိုည မိုးညှင်းအိပ်၊ ကြာသပတေးနေ့ ညနေ မြစ်ကြီးနားရောက်၊ သောကြာနေ့ နံနက်ပြန်ထွက် မိုးညှင်းအိမ် စနေနေ့ညနေ ကသာပြန်ရောက်၊ ကျွန်တော်သည် ဤရက်တွေမှာ မီးရထားနှင့် လိုက်နေပြီး ကျန် တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါ သုံးရက်မှာ ကသာတွင် ကိုစိုးဝင်းနှင့်အတူ ဖဲကစားသည်။

ဝက်သား ဂိုဒေါင်ထဲတွင်ထားသော ဆန်တွေကိုကားပြန်မကြည့်တော့ပေ။ ကိုတက်ပြားကို သာ အာဏာကုန် လွှဲထားလျက် ဘယ်လောက် ရောင်းရသလဲ၊ ရောင်းရတဲ့ ပိုက်ဆံပေး။ ကျွန်တော် မီးရထားနှင့် လိုက်နေရာမှာလည်း အကြောင်းမဟုတ်ချေ။ ထိုစဉ်မှာ မြစ်ကြီးနားတွင် မဟာမိတ် တပ်များရှိနေသေး၍ စစ်တပ်မှရသော စီးကရက် ငါးဆယ်ဝင် ဂိုလ်းဖလိတ် သံဘူးများ ကို တစ်ရာလျှင် ၃၅၀ ကျပ်၊ ၄၀၀ နှင့်ဝယ်၍ ကသာတွင် လေးငါးရာဈေး ရောင်းရ၏။ ယင်းဖြင့် ကျွန်တော်၏ စားစရိတ် သောက်စရိတ်ကို ကာ၏။

ကျွန်တော်တို့ လူငါးယောက်အနက် ကိုစိုးဝင်းက ပိုကာကစားခြင်းဖြင့် အနိုင်များသူဖြစ်၍ ဝင်ငွေရှိ၏။ ကိုလှမောင်နှင့် ကိုမြကြီးကား ထိုစဉ်က မီးရထားမှာ လစာကို မေ့လောက်အောင် အောက်ဆိုက် ကောင်း၏။ ဦးထွေးမောင် တစ်ယောက်သာ ကျွန်တော် သိသမျှ ဘာမျှ လုပ်တာ မတွေ့ ဘာမျှ ဝင်ငွေမရှိ။ သို့သော် ကျွန်တော်က သူ့ကို တန်းတူရည်တူ ထား၍ ပေါင်းသင်း၏။ ကျွန်တော်တို့ အစုစပ် ကြေးကုန် ကူးရာမှာလည်း သူ့ကို တန်းတူ ရှယ်ယာထား၍တွက်၏။ သူ့ အလုပ်က မြစ်ကြီးနား ရထားဖြင့် ကျွန်တော်တို့က ကြေးတွေ တင်လာသောအခါ သူက ကသာ တွင် နေရာချထား၍ ကြည့်ရှုရောင်းချရန် ဖြစ်၏။

သူ၏ဇာတိကို ကျွန်တော်တို့ကောင်းစွာမသိချေ။ ကိုစိုးဝင်းကတော့ မန္တလေးဇာတိပဲ။ သူတို့နှစ်ယောက်လည်း ကျွန်တော်ကဲ့သို့ပင် မြေပဲဆန်၊ ကုလားပဲခြမ်းတို့ဖြင့် ရောက်လာကြပြီး၊ ကုန်ရှုံးကြွေးကျန်ဖြစ်လျက် ကသာမှာသောင်တင်နေကြခြင်းဖြစ်၏။

ထိုစဉ်ကာလဝယ် ကျွန်တော်သည် နောင် စာရေးဆရာဖြစ်လာသောအခါ၌၊ ရေးရန်ဝတ္ထု များအတွက် ဘဝကိုယ်တွေ့တွေဖန်တီးနေကြောင်း ကိုယ့်ဟာကိုယ် မသိပါချေ။

ထိုခေတ်အခါမှာ ကသာမြို့တွင် (ပ)ငါးလုံးထွန်းကားသည်ဟု ပြောစမှတ်ပြုကြ၏။ အသို့ ဟူမူ တခြားအရပ်မှ ရောက်လာသော သူသည်(၁)ရောက်လာကာစ 'ပျင်းရမည်။ (၂) တော်တော် ကြာတော့ 'ပျော်'လာရမည်။ (၃) ပျော်ပါများတော့ 'ပျက်'ရမည်။ (၄)ပျက်တော့ ရှိတာ 'ပြောင်' ရ မည်။ အဲနောက်ဆုံးတော့ (၅)ပါသမျှကုန်၍ 'ပြေး'ရသတည်း။

ဒါကြောင့် ပျင်း၊ ပျော်၊ ပျက်၊ ပြောင်၊ ပြေး။

ဤ(ပ)ငါးလုံးဟာ အခြားသူအတွက်တော့မသိ။ ကျွန်တော်အဖို့တော့ သွေးကိုခြင်းခြင်းနီ ရော့ဗျို့။

ယင်းကား ယခု ကသာမြို့နှင့်မဆိုင်။ ဒုတိယကမ္ဘာစစ်ကြီးပြီးကာစ စစ်ဒဏ် မရှုမလှ ခံလိုက်ရသော အင်္ဂလိပ်ခေတ်ကသာမြို့ဟောင်းကိုသာ ဆိုလိုပါသည်။ ထိုစဉ်က ကသာမြို့ကလည်း မွဲခြောက်စုတ်ချာပါဘိသည်။ မီးလောင်မြေပြင်ဝယ် သက်ငယ်မိုး ဝါးထရံကာ အိမ်တွေ ချည်း။ သစ်ပင်ဥယျာဉ်မရှိ။ မြစ်ထဲမှာဆိုလည်း မဟာမိတ်တို့ဖျက်ပစ်ခဲ့သည့် သင်္ဘောပျက်တွေ။ ကမ်းပါးတောင်ကုန်းပေါ်ရှိ စေတီတော်များလည်း ကြည့်လိုက်ပါဦး။ ၁၉၄၆ ခုနှစ် အောက်တိုဘာလ အထက်မြန်မာပြည် မြေငလျင်ဒဏ်ကြောင့် ခေါင်းလောင်းပုံတွေ ထီးတော်တွေ ပြိုပျက်ကျနေကြကုန်၏။

ထိုအချိန်မှာ ကသာမြို့တွင် လည်စရာ ပတ်စရာ ကြည့်ရှုစရာ မရှိ။ တစ်လလျှင် တစ်ကြိမ် နှစ်ကြိမ်မျှသာပြတတ်သော ရုပ်ရှင်ကားဟောင်းကြီး၊ စာအုပ်ဆိုင်ဆိုတာလည်း မရှိသေး။ သတင်းစာလည်း ခုနှစ်ရက်တစ်ကြိမ် သင်္ဘောလာပါမှစုံပြုံဖတ်ရ၏။

သည်တော့ သည်မြို့ကိုရောက်စ အသူမပျင်းပဲ ရှိပါအံ့နည်း။ အဲ၊ ပျင်းရာမှပျော်လာရ သည်ကား၊ ထိုစဉ်တွင် ကသာမှာမြောပေါ်၏။ အကြောင်းမှာ ကသာပတ်ဝန်းကျင်နှင့် မိုးညှင်း စသော အရပ်တို့၌

ဤခေတ်ကာလမှာ တိုင်းပြည်ပျက်ပြီးကာစ ဆင်းရဲကြ၍ ဗဟုသုတခေါင်းပါး သော မိန်းကလေးများ ပေါ်များသောကြောင့်ဖြစ်၏။

သည်တော့ ကျွန်တော်တို့လို ပုရိသငနဲသားတွေ ပျော်ကြသည်ပေ့ါ။ အဲ၊ နောက် ပျက်ရ သည်ကတော့ လောင်းကစားဝိုင်းများ ပေါ်များခြင်း၊ ယင်းတို့ပင် (ပ)ငါးလုံး၏အကြောင်းခံများ ပေတည်း။

ယခုကသာမြို့ကား ဤသို့မဟုတ်တော့ပြီ။ အစဖော်ပြခဲ့သည့်အတိုင်း လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကနှင့် ကျွန်တော်မမှတ်မိနိုင်လောက်အောင်ပင် ကွာခြားနေပါပြီ။ ယခင်က ကျွန်တော် ကိုလှမောင်တို့ နှင့်အတူ နေခဲ့သော မီးရထားဝင်းပင် ဘယ်နေရာ၌ဖြစ်သည်ကို မသိတော့ပြီ။ ဘူတာနေရာကို ပြောင်းထားသည်။ ဈေးလည်း ယခင်တုန်းကလိုမဟုတ်တော့။ ဈေးရုံကြီးများနှင့် စည်ပင် သိုက်မြိုက်နေပါသည်။ ကျွန်တော်တစ်ခုတည်းမှတ်မိတော့သည်ကား ယခင်က ကျွန်တော်ဈေးမှ ဘူတာဝင်းသို့ ဖြတ်ဖြတ်သွားရသော သစ်တောရုံးကြီး။ ယခု ကျွန်တော်တို့စာရေးဆရာများအား နေရာချထားသည်မှာ ဤသစ်တောရုံးကြီးအနီးတွင် သည်ခေတ်မှ ဆောက်ထားသော ခေတ်မီလှပသည့် အစိုးရတည်းခိုရိပ်သာ။

ကျွန်တော်သည် ဤတည်းခိုရိပ်သာ၌နေစဉ်၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က သိဟောင်း ကျွမ်းဟောင်းများကိုမျှော်မိရာ၊ သော်တာဆွေဆိုတာ ဟိုယခင်က ကုန်သည်လူပေ လူတေလေး မောင်ကျင်မောင်မှန်းသိသော လူတစ်ဦးတည်းသာ ရောက်လာပါ၏။ ဟိုယခင်က အသက် ၄၀ ကျော်၊ ယခု ၇၀ ကျော်ပြီး ၈၀ နီးနေပြီဖြစ်သော အဖိုးကြီးကို ကျွန်တော်ကမြင်မြင်ချင်း မှတ်မိပါ၏။ အခြားသူတွေနှင့် စကားပြောနေရာမှ အပြင်သို့ထွက်၍ ကြိုဆိုကာ၊

''ဦးလေးထွန်းတစ်ယောက် သည်လိုမာမာချာချာတွေ့ရတာ ဝမ်းသာသဗျာ''

သူ့မျက်နှာသည် အလွန်ရွှင်လန်းဝမ်းသာလျက်။

''အောင်မယ်၊ ကိုရင် ကျုပ်ကိုမှတ်မိသကိုး၊ ကျုပ်လဲကိုရင့်မှတ်မိသဗျ၊ ကိုရင် ငယ်ရုပ် မပျောက် သေးဘူး''

သူ ကျွန်တော့် လက်ဆွဲခေါ်ခဲ့ပြီး၊

''ကဲ၊ ကဲ၊ ထိုင်ပါအုံး၊ နို့ မမသောင်းကော''

''မင်းမမသောင်းတော့ ဆုံးတာ ၁၀ နှစ်ကျော်ပြီကွယ်''

''ဩော်    ''

ဤဦးလေးထွန်းနှင့် မမသောင်းတို့ကား ဟိုယခင် ကျွန်တော်တို့ ကသာတွင်ပိုကာကစား စဉ်က သူတို့အိမ်မှာ ဝိုင်းလုပ်သူများ ဖြစ်ပါ၏။

''အင်း၊ အနှစ် ၃၀ ကျော်ပြီဆိုတော့လဲ သေတဲ့ပျောက်တဲ့လူတွေ များကြပြီလေ'' ဦးလေးထွန်းက စကားဆက်၏။ ''နို့၊ ကိုစိုးဝင်းနဲ့ ကိုလှမောင်တို့ကော''

''သူတို့ရှိတယ်ဗျ၊ ကိုမြကြီးနဲ့ တက်ပြားကတော့ သေရှာပြီ''

''ဩော်၊ ဟုတ်လား၊ သည်ကကိုရင့်ရန်သူ ဟိုကောင်ကြီးလဲသေပြီဗျ၊ အဲသည်ဝတ္ထု ကျုပ် ဖတ်ရတော့ သော်တာဆွေဟာ ကိုရင်ပဲဆိုတာ ကျုပ်သိရတာပဲ၊ ဟား၊ ဟား''

''ဆန်ဆုံစား ကံကုန်သွား''သို့မဟုတ် နောက်ထုတ်တော့''နှောင်းချစ်သူ'' ဝတ္ထုကို ပြောခြင်း ဖြစ်ပါသည်။ ဟိုကောင်ကြီးဆိုသည်မှာ ဤဝတ္ထုထဲတွင် ကျွန်တော် အပျက်မလေး''မသူ'' အား သူ့လက်ထဲမှလုယူခဲ့သော မိန်းမထိန်း။

ကျွန်တော့်စိတ်ထဲတွင် ယခုအချိန်၌မူ သူ့အားရန်သူဟူ၍ သဘောမထားနိုင်တော့ပဲ ကရုဏာ သက်မိကာ၊

''ဩော်၊ ကိုယ့်လူကြီးသေရှာပြီကိုး၊ နို့၊ ဟိုကောင်မလေးကော''

ဤမိန်းကလေးကို ထိုစဉ်က ဦးလေးထွန်းသည် ကောင်းကောင်းကြီး သိခဲ့၏။

''သူတော့ ကျုပ်မတွေ့တာ ကြာပြီဗျ၊ ကသာမှာရှိအုံးမလား၊ တခြားရောက်သွားပြီလား မပြောတတ်တော့ဘူး၊ ဘာလဲ ကိုရင်ကတွေ့ချင်သေးလို့လား၊ ဟဲ ဟဲ''

''ဟုတ်တယ်ဦးလေးထွန်း၊ ကျွန်တော် သူ့ကိုတွေ့ချင်လှပါတယ်၊ ဒါပေမယ့် ဟိုတုန်းကလို စိတ်မျိုးနဲ့တော့ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့တုန်းက သူ့အသက် ၂၂ နှစ်ဆိုတော့ အခု သူလဲ ၅၀ ဆယ်ကျော်ပြီပေါ့၊ လူ့ပြည်မှာရှိသေးယင်ပေါ့လေ''

အမှန်ပဲ၊ မသူသည် မသေသေး။ ကသာမြို့ပေါ်မှာ ရှိနေအုံးမည်ဆိုပါလျှင် ထိုည စာဆိုတော် ဟောပြောပွဲ၌ သော်တာဆွေသည် သူ့လင်ဖြစ်ခဲ့ကြောင်းသိရှိပါက သူ ကျွန်တော့်ကို လာတွေ့လိမ့်မည်။ သို့မဟုတ် တွေ့အောင်ဖန်တီးလိမ့်မည်ဟု ကျွန်တော် အတော်ကြီး မျှော်လင့် ခဲ့မိပါသည်။

ယင်းည ကသာမြို့ စာပေ ပရိသတ်မှာ အံ့သြဖွယ်ကောင်းလောက်အောင် များပြားလှပါ၏။ ဟောပြောပွဲတွင် သဘာပတိအဖြစ် သစ်တောအရာရှိကြီး တစ်ဦးက ဆောင်ရွက်၍ ကသာတွင် နေသော စာရေးဆရာမ ကြူကြူသင်းက အခမ်းအနားမှူး လုပ်ပါသည်။ ကျွန်တော်နှင့်အတူ ဟောပြောကြသူများမှာ ရန်ကုန်မှ အတူပါခဲ့သော သိပ္ပံမှူးတင်နှင့် မန္တလေးမှ လိုက်ခဲ့သော ဦးဆန်းထွန်း ဖြစ်ပါသည်။ သူတို့ နှစ်ဦးအလွန် အပြောကောင်းသူများ ဖြစ်ကြပါ၏။

သိပ္ပံမှူးတင် ဟောပြောရာတွင် သူ ပွဲတိုင်း ပြောနေကျ ဆေးလိပ်သောက်တာ မကောင်းကြောင်း မစမီ ''ကျွန်တော်ဟာ စာရေးဆရာဖြစ်ဖို့ မရည်ရွယ်ခဲ့ပါဘူး၊ အခုဟာ ကျွန်တော် မမျှော်လင့်ပဲနဲ့ စာရေးဆရာ ဖြစ်လာတာပါ'' ဟုလည်း ပြောလိုက်ကရော ကြူကြူသင်းမှာ သူ့ ရင်ဘတ် သူ့ လက်ဝါးကလေးနှင့် ဖြတ်ကနဲ ရိုက်လိုက်ပြီး အလွန်အံ့သြဟန် နှင့် ကျွန်တော့်အား''အောင်မလေး ဆရာရယ်၊ ကျွန်မတို့ဖြင့် စာရေးဆရာ ဖြစ်အောင် ကြိုးစား လိုက်ရတာ ခုတောင် ကိုယ့်ကိုယ်ကို စာရေးဆရာ ဖြစ်ပြီရယ်လို့ မထင်ဝံ့သေးပါဘူး''

သည်တော့ ကျွန်တော်က ''အေးလေ၊ ဒါတော့ သူကသူ၊ နင်ကနင်ကိုးကွ''

၍ ကသာ စာဆိုတော်ပွဲ၌ အခြားမြို့ထက် ထူးခြားသည်မှာ ကျွန်တော်တို့ ထိုညက ဟောပြောခဲ့သည်များကို တိတိဖြင့် ဖမ်းထားလျက် နောက်နေ့နံနက်တွင် လက်ဖက်ရည်ဆိုင် စာအုပ်ဆိုင်တို့မှ ကက်ဆက်နှင့်ဖွင့် ထားကြခြင်း ဖြစ်ပါသည်။

၌တွင် မသူကို တမ်းတနေသော ကျွန်တော့်စိတ်ထဲမှာ သူ ညက မလာဖြစ်တောင် ယခု ဈေးထဲမှာ ကျွန်တော့်အသံကို ကြားကောင်းပါရဲ့ ဟု။

## ပဲတော်ရွက်သုတ်

ကသာမြို့ စာဆိုတော်ပွဲတွင် ထိုညက ဟောပြောပြီးခဲ့၍ နောက်တစ်နေ့ နံနက်မှာ ဧည့်ခံ ကော်မတီများက ကျွန်တော်တို့အား နံနက်စာ စားရန် ဈေးထဲသို့ ပို့ကြသည်။ ယခု ကသာဈေး ကား ဟိုယခင် လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်က ကျွန်တော်များကျင်လည်ခဲ့သော ဈေးနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် ကွာခြားနေပါပြီ။ စားသောက်စရာတွေကလည်း ရန်ကုန်မြို့၊ မန္တလေး မြို့များကဲ့သို့ စုံလင်၍ နေပါပြီ။ ရှမ်းပြည်၏ ဆန်းသစ်သော အစာများကိုလည်း တွေ့ရ ပါသည်။

ထိုနေ့နံနက် ကျွန်တော်တို့ စားကြသည်မှာ ကြက်သားနှင့်ရှမ်း ဆန်ခေါက်ဆွဲပြုတ်။ ယင်း ခေါက်ဆွဲပြုတ်၌ ထူးခြားသည်မှာ ပဲတော်ရွက်ခေါ် စတော် ပဲညွှန့်များကို ရေနွေးဖျောပြီး ကတ်ကျေးနှင့် ညှပ်ထည့်၍ စားရခြင်း ဖြစ်ပါသည်။ ၎င်းပဲညွှန့်မှာ ထူးခြားသော အရသာရှိ၏။ ချိုစိမ့်၏။ သင်းပျံ့သော ရနံ့ရှိ၏။ ဟိုယခင် ကျွန်တော် ကသာတွင်နေစဉ်တုန်းကပင် ၎င်း ပဲညွှန့်မျိုးကို ကျွန်တော် နှစ်သက်ခဲ့၏။ ထိုစဉ်ကမူ သည်လို ဆန်ခေါက်ဆွဲမျိုးလည်း ကသာဈေး တွင် မရှိသေးမူ၍ ခေါက်ဆွဲပြုတ်နှင့် စားရသည်မဟုတ်ပဲ အစိမ်းလတ်လတ်ဆက်ဆက်ကို မြေပဲလှော် အမှုန့်ထောင်းပြီး ခရမ်းချဉ်သီး၊ ငရုပ်သီးစိမ်း၊ ကြက်သွန်ဖြူ ဆီချက်တို့နှင့် သုတ်စားရခြင်း ဖြစ်၏။ အရက်နဲ့မြည်းလို့ သိပ်ကောင်းတယ်ဗျာ။ လူ့ဘဝလမ်းကြောင်းဝယ် အနာဂတ်သည် ခရီးဝေး၊ အတိတ်သည် အနီးလေးမို့ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကို ကျွန်တော်သည် ထိုခေါက်ဆွဲဆိုင်၌ ထိုင်နေစဉ် တဒင်္ဂအတွင်း ပြန်ရောက်သွားသည်။ ဘူတာဝင်း အတွင်း သက်တော်နေသည့် အခန်း၌ ကိုလှမောင်ရယ်၊ ကိုမြကြီးရယ်၊ ကိုထွေးမောင်ရယ် ကျွန်တော်ရယ် လေးယောက် အရက်သောက်ကြပြီဆိုလျှင် ၎င်း စတော်ပဲညွှန့်တွေကို ကျွန်တော့် ဇနီး မသူက ထမင်းစား တစ်ပန်းကန် အမောက်ကြီး သုပ်ပေးနေကျ။

''ကမ္ဘာပေါ်မှာတော့ ဟောသည် ပဲရွတ်သုပ်တာ မသူလက်ရာ အကောင်းဆုံးပဲဗျ''

စကားကြွယ်သော ကိုလှမောင်က အိမ်ရှင်မကို ချီးမြှင့်စကားပြောတော့ မသူက ဝမ်းသာလျက်၊

''တကယ်ပဲလား ကိုလှမောင်ရဲ့''

''ရှဲ ကယ်ပါဗျ၊ ဘုရား ဂှဲ ဆူ စူးရစေရဲ့၊ ဟောသည် ကိုမြကြီးကို''

သည်တော့ ကိုမြကြီးက သူ့အာလေးလေး အသံကြီးနှင့်၊

''ခင်ဗျားကလဲဗျာ၊ သူများဗိုက်နဲ့ ခေါးထိုးခံနေပြန်ပါပြီ''

အတိတ်သည် အရောက်မြန်သကဲ့သို့ အပျောက်လည်းမြန်၏။ ကျွန်တော်တို့သည် ဆန်ခေါက်ဆွဲဆိုင်မှ ထခဲ့ကြပြီးနောက်၊ ကသာမြို့တွင် ဟိုဟိုသည်သည် လျှောက်ကြသည်။ မြစ်ကမ်းလမ်းမသို့ ရောက်ကြသောအခါ ကျယ်လောင်သောအသံကို ကြားရ၏။

''ကျွန်တော်ဟာ ကံဆိုးတယ်လို့ပဲခေါ်မလား၊ ကံကောင်းတယ်ပဲခေါ်မလား မသိဘူး၊ ရောက်လေရာ အိမ်ထောင်ကျပါစဆိုတဲ့ ကျိန်စာများ သင့်ပေရောလား၊ ကျွန်တော်သည် ကသာမြို့မှာနေစဉ်က မိန်းမတစ်ယောက်နဲ့ ညားခဲ့ရတယ်ခင်ဗျ''

ယင်းသည် ကျွန်တော် ညကဟောပြောခဲ့ခြင်းဖြစ်၍ သည်ကား အတိအကျကို မည်သူကများ ကျွန်တော့်အား ဆီးကြိုနောက်ပြောင်နေပါသနည်းဟု အသံလာရာ လှမ်းကြည့်လိုက်တော့ စာအုပ်ဆိုင်၊ ဘယ်သူ့ကိုမျှလည်း ထူးထူးထွေထွေမမြင်ရပါပေ၊ ကျွန်တော် ညကပြောခဲ့သည်များ ဆက်၍ ကြားနေရတော့မှ သိပါပြီ၊ ညက ကျွန်တော်အာလူး ပေးခဲ့သည်များကို တိတ်နှင့်ဖမ်းထားပြီး ကက်ဆက်ဖွင့်နေခြင်း။

## ကိုယ့်ရုပ်နှင့်ကိုယ့်အသံ

ကျွန်တော် ဆက်လက်နားထောင်မိသည်။ ကိုယ့်အသံဆိုလို့သာ ယုံရသည်။ သည်အသံနှင့် ကျွန်တော် စိမ်းနေသည်။ ယခင်ကမကြားဖူး၊ ကြားနေကျအသံမျိုး မဟုတ်ပေ။

သည်နေရာမှ စာဖတ်သူနှင့် ကျွန်တော် ဆွေးနွေးလိုပါသည်။ ကျွန်တော်တို့သည် မိမိနှင့် သိကျွမ်းခင်မင်သူများ၏ ရုပ်ကိုလည်းကောင်း၊ အသံကိုလည်းကောင်း၊ မျက်စိထဲ၌ မြင်ယောင်၍ ရပါသည်။ နား၌ ကြားယောင်၍ရပါသည်။ သို့သော် မိမိရုပ်ကို မိမိမြင်ယောင်၍ ရပါ၏လော၊ မိမိအသံကို မိမိကြားယောင်၍ရပါ၏လော။ စာဖတ်သူ အခုပဲ စာဖတ်တာ ခေတ္တရပ်ထားပြီး စဉ်းစားကြည့်လိုက်စမ်းပါ။

ကဲလေ၊ ခင်ဗျား စကားသုံးလေးခွန်းလောက် ပြောဗျာ။ တစ်ယောက်ထဲ ပြောရမှာ ခက်နေယင်၊ အခု ကျွန်တော်စာကိုပဲ အသံထွက်အောင် ဖတ်လိုက်ဗျာ၊ ကဲ၊ အဲသည်အခါ ခင်ဗျား နားထဲ ပြန်ပြီးကြားယောင်လို့ ရပါရဲ့လား။

နို့ပြီး ခင်ဗျားရုပ် ခင်ဗျား မှန်ထဲကြည့်လိုက်ပါအုံး။ မြင်ပြီနော်၊ မြင်ပြီ။ ကဲ၊ မှန်ကခွာပြီးတဲ့ နောက် ကိုယ့်ရုပ်ကိုမျက်စိထဲမှာ မြင်ယောင်လို့ရပါရဲ့လား။

ဟင်း၊ ဟင်း၊ ခင်ဗျားတော့မသိဘူး။ ကျွန်တော်တော့ မရဘူးဗျ။

ကျွန်တော်တို့ဟာ သူစိမ်းတစ်ယောက်ကို လမ်းမှာတွေ့တယ်။ ကိစ္စတစ်ခုအတွက် ခေတ္တ ရပ်ပြီး စကားပြောလိုက်ရတယ်။ လူချင်းခွဲခွာသွားပြီးနောက် သတိရမယ်ဆိုယင် သူ့အသံကို နားထဲမှာ ကြားယောင်လို့ရတယ်။ သူ့ရုပ်ကို မျက်စိထဲမှာ မြင်ယောင်လို့ရတယ်။

အဲ၊ ကိုယ့်အသံဟာ ကိုယ့်နားနဲ့ အနီးဆုံး၊ ကိုယ်စကားပြောတိုင်း ကြားနေကျ၊ ကိုယ့်ရုပ် ဟာ ကိုယ်နဲ့အယဉ်ပါးဆုံး၊ ကိုယ် မှန်ထဲကြည့်ချင်တိုင်းရတယ်။ ဒါပေမယ့် ကိုယ့်အသံ ကိုယ် ကြားယောင်၍မရသော ကိုယ့်ရုပ်ကိုယ် မြင်ယောင်၍မရတာ ဘာကြောင့်လဲဗျာ။

ကျွန်တော်ဟာ သည်စာရေးရာမှာ ကိုယ့်တစ်ယောက်ထဲသဘောနဲ့ ထင်ရာမြင်ရာ စွတ်ထင်နေ တာမဟုတ်ဖူး။ ရေးကာနီးမှာ ကျွန်တော်နဲ့နီးစပ်တဲ့ စာရေးဆရာ ထင်လင်းရယ်၊ အစ်မကြီး ခင်မျိုးချစ်ရယ်၊ မြသန်းတင့်ရယ်၊ တစ်ယောက်စီ တယ်လီဖုန်းနဲ့ ဆွေးနွေးပြီးမှ ရေးတာပါ။

သည်ပြဿနာဟာ ကျွန်တော့်ခေါင်းထဲပေါ်တာ တော်တော်ကြာပါပြီ။ ကိုယ်နဲ့ရင်းနှီးတဲ့ မိတ်ဆွေ သူငယ်ချင်းတွေ မေးမေးကြည့်တယ်။ သူတို့လည်း ကျွန်တော့်လိုပဲ။

ဒါနဲ့ ကျွန်တော် သည်ပြဿနာ မပြေမလည်ရှိနေတော့ တဆင့်စဉ်းစားပြန်တယ်။ ကျွန်တော်တို့ဟာ ကိုယ့်ရုပ်ကိုယ်မှန်ထဲကြည့်မှမြင်ရတာမို့ ကိုယ့်အသံကိုယ်ဆိုတာက ကိုယ်ပြော တုန်း ပြောခိုက်မှာ သာကြားရတာမို့ နားထောင်ခြင်းကို အာရုံမစိုက်နိုင်လို့၊ ကိုယ့်နားမှာ ကိုယ့်အသံမစွဲတာ ထားတော့။ သည်တော့ တဖန်၊ ကိုယ့်ရုပ်ကိုယ် သူစိမ်းတရုံစာလို မြင်ရတဲ့၊ ကိုယ့်အသံကိုယ် တခြားလူ တစ်ယောက်က ပြောနေသလိုကြားရတဲ့ ရုပ်ရှင်ဇာတ်ဆောင်များ ကောခင်ဗျာ၊ သူတို့ဘယ်လိုနေ

ပါမလဲ။

သည့်ဟာမှာလဲ ကျွန်တော်ကိုယ်တိုင် (မိတ်ဆွေသိပြီးဖြစ်ပါလိမ့်မယ်) ရုပ်ရှင်လေးငါးကား လောက် ဇာတ်ကောင်အဖြစ်နဲ့ ရိုက်ကူးခဲ့ပါပြီ။ အဲသည့်မှာ ကိုယ်သိချင်တဲ့ပြဿနာ စိတ်ထဲထားပြီး ရုပ်ရှင်ပြခိုက်မှာ ကိုယ့်ရုပ်ကိုယ် သတိထားကြည့်မိတယ်။ ကိုယ့်အသံကိုယ် ဂရုစိုက် နားထောင်မိတယ်၊ ဒါပေမယ့် ထူးမခြားနားပဲဗျ။ မူလအတိုင်းပဲ ကိုယ့်အသံကိုယ် ကြားယောင်လို့ မရပါဘူး။ ကိုယ့်ရုပ်ကိုယ် မြင်ယောင်လို့ မရပါဘူး။

ဒါနဲ့ ကျွန်တော်မကျေနပ်သေးဘူး၊ ငါက ရုပ်ရှင်လေးမဖြစ်စလောက်ရိုက်ဖူးတဲ့ကောင်။ ရုပ်ရှင်ကို ပယ်ပယ်နယ်နယ် ဇာတ်ကားပေါင်းများစွာရိုက်ခဲ့တဲ့ ရိုက်ဆဲလူကို စုံစမ်းကြည့်အုံးမှပဲ ဆိုပြီး သည့်စာရေးယင်းတန်းလန်းက ခဏရပ်ပြီး အကယ်ဒမီ အခါခါရပြီးတဲ့ မင်းသားကြီး ကိုထွန်းဝေဆီ လှမ်းပြီး ဖုန်းဆက်လိုက်တယ်။ ချက်ချင်းပဲ သူ ဖုန်းကောက်ကိုင်ပြီး၊

''ဟဲ့လို၊ ထွန်းဝေပါ''

''ကျွန်တော်သော်တာဆွေပါ၊ ကိုထွန်းဝေ''

''အိုး၊ ကိုဆွေ၊ မတွေ့တာကြာပြီဗျ၊ လာခဲ့အုံးဗျာ၊ ကျွန်တော်တို့ ထမင်းအတူစားရအောင်၊ အခု ကျွန်တော်တို့ရန်ကင်း ရုပ်ရှင်တိုက်နားမှာ မွန်ထမင်းဆိုင်တွေ သိပ်ကောင်းတာပဲ၊ တမျိုးအစားစာတွေ ရတယ်ဗျ''

ထွန်းဝေကား အသောက်သမားမဟုတ်။ အစားသမား။ သူကြိုက်တယ်ဆိုယင် ကောင်းတတ် သည်။

''ကဲ၊ ကျွန်တော်တစ်နေ့လာခဲ့မယ်လေ။ အခု ကျွန်တော် ခင်ဗျားမေးစရာရှိလို့ စဉ်းစဉ်း စားစား ဖြေစမ်းပါနော်''

''ဟုတ်ပြီ၊ ဆို''

''ခင်ဗျားနဲ့ ကျွန်တော် မတွေ့ရတာကြာပြီနော်၊ သို့သော်ခင်ဗျားမျက်စိထဲမှာ ကျွန်တော့် ရုပ်ကို မြင်ယောင်လို့ရတယ်။ ခင်ဗျားနားထဲမှာ ကျွန်တော်အသံကို ကြားယောင်လို့ရတယ်''

''ဟုတ်တယ်''

''ထိုနည်းလည်းကောင်းပဲ၊ ကျွန်တော်လဲ ခင်ဗျားရုပ်ကို မြင်ယောင်လို့ရတယ်၊ အသံကို ကြားယောင်လို့ရတယ်။ သို့သော် ကျွန်တော့်ရုပ်ကျွန်တော် ကိုယ့်မျက်စိထဲမှာ မြင်ယောင်လို့မရ ဘူး၊ ကိုယ့်အသံကိုယ် နားထဲမှာကြားယောင်လို့ မရဘူး။ သည်တော့ ခင်ဗျားကော ကိုယ့်ရုပ်ကိုယ် မြင်ယောင်လို့ ရပါသည်လား၊ ကိုယ့်အသံကိုယ် ကြားယောင်လို့ ရပါသည်လား၊ စဉ်းစားဖြေပါနော်၊ ခင်ဗျားဟာ ကိုယ့်ရုပ်နဲ့ ကိုယ့်အသံကို ရုပ်ရှင်တွေထဲမှာ အများကြီးမြင်ရ၊ ကြားရသူမို့ မေးတာပါ''

သူ တအောင့်လောက်နေပြီးတော့မှ၊

''ဟုတ်တယ်၊ ရုပ်ရှင်ထဲမှာ ကြည့်တုန်းကြည့်ခိုက်လဲဗျ၊ နောက်တော့မရဘူး၊ အခုလဲ ခင်ဗျားပြောတာနဲ့ ကျွန်တော် စဉ်းစားကြည့်တယ်၊ ကိုယ့်ရုပ်နဲ့ ကိုယ့်အသံကို ကြားယောင်လို့ မရဘူး၊ မြင်ယောင်လို့မရဘူး''

''အိုကေ၊ ဟုတ်ပြီ၊ ကျွန်တော် အဲဒါသိချင်လို့ပဲ၊ ကျွန်တော် အခု အဲသည်အကြောင်း စာရေးနေတယ်၊ ပြီးယင် ရွှေမဝပို့ယင်းနဲ့ မြို့ထဲလာပြီး ကိုထွန်းဝေနဲ့ ထမင်းစားမယ်''

''ဒါဆို ကျွန်တော့်အိမ်ကိုဖုန်းဆက်လိုက်နော်၊ ကိုဆွေ့အိမ် ကျွန်တော်လာခေါ်မယ်''

''အိုကေ၊ သိုင်းကျူး''ဆိုပြီး ဖုန်းချလိုက်တော့၏။

ကဲ၊ သည်ကဏ္ဍ ပြီးကာနီး ကျွန်တော် နောက် တစ်ယောက် မေးလိုက်ပြန်တာကတော့ ဂျာနယ်ကျော် မမလေးပါပဲ ခင်ဗျာ။ အင်း၊ သူကတော့ ဟိုလူတွေထက် တစ်ချက်ထူးသည်ဗျ။ အသံကိုတော့ ကျွန်တော်နည်းတူ ကြားယောင်လို့ မရဘူး။ သူ့ရုပ်တော့သူ မြင်ယောင်လို့ရသည် တဲ့ဗျ။

အားလုံးနဲ့ တစ်ဝက် ကွဲလွဲနေတော့ ကျွန်တော် စိတ်ထဲ ဇဝေဇဝါဖြစ်ပြီး၊

''အမကြီးရဲ့ သေသေချာချာ စဉ်းစားပြီးမှ ဖြေစမ်းပါဗျ၊ အခုပဲ အမကြီး မျက်စိမှိတ်ပြီး ကိုယ့်ရုပ်ကိုယ် မြင်ယောင်ကြည့်လိုက်စမ်းပါ၊ ရရဲ့လား''

''ရတယ်''လို့ပဲ ပြန်ဖြေတယ်။

''ဟာ၊ ဟုတ်ရဲ့လား အမကြီးဟာ၊ ရုပ်ရှင်မင်းသား ကိုထွန်းဝေကတောင် မရဘူးဆိုတာ''

''ကျွန်မတော့ ရတယ်၊ ရတာမှ ကျွန်မ သေသေချာချာ မှတ်မိတယ်၊ အသက် သုံးဆယ်လောက်က စပြီး ကျွန်မ ဆံပင်ကို အလယ်တည့်တည့် ခွဲဖြီးယင်းနဲ့ သတိပြုမိလာခဲ့တာ''

သည်တော့ ကျွန်တော် စဉ်းစားမိသည်။ သူ အသက် သုံးဆယ်လောက်ဆိုတော့ ဂျာနယ်ကျော် ဦးချစ်မောင် ဆုံးပြီးတာ တယ်မကြာလှသေး။

''ဒါဖြင့်၊ အမကြီး မျက်စိထဲမှာမြင်လို့ ရနေတာက ဟိုအရင် အသက် သုံးဆယ်လောက်က အရွယ်လေးလား''

''မဟုတ်ဖူး၊ အဲသည် အသက် သုံးဆယ်လောက်က စပြီး အခု လက်ရှိအရွယ်ကို မြင်လို့ရတယ်''

အင်း။ သူကတော့ သူများထက် ထူးပြီ၊ အခု အသက်ခြောက်ဆယ် ကျော်သည့် တိုင်အောင် မှန်ကိုပဲ အလုပ်ကြီးတစ်ခုလုပ်ပြီး မပြတ်ကြည့်နေဟန်တူရဲ့။

''ကဲ၊ ရုပ်တော မြင်လို့ရတယ်ဆိုတာထားတော့ နို့ အသံကိုကော''

''အသံတော့ ရှင်ပြောသလိုဘဲ၊ ကြားယောင်လို့ မရဘူး၊ ရှင် ဘာလို့ မေးနေတာလဲ''

''အပျင်းပြေ စဉ်းစားချင်လို့ပါဗျာ''

ကဲ စာရှုသူ ခင်ဗျာ။ ကျွန်တော်တို့တော့ သည်မျှပဲဆွေးနွေးပြီးသွားပါပြီ။ ခင်ဗျားကော ကိုယ့်ရုပ်နဲ့ ကိုယ့်အသံကို မြင်ယောင် ကြားယောင်လို့ ရပါသည်လား။ မရယင် ဘာကြောင့်လည်း စဉ်းစားစမ်းပါ။ အကြောင်းရှာစမ်းပါ။ ကျွန်တော်တို့လည်းပဲ စဉ်းစားဆဲပဲ။ အမကြီး ခင်မျိုးချစ်ကတော့ ''မင်းပြောသလို ကိုယ့်ရုပ်နဲ့ ကိုယ့်အသံကို ကြားယောင် မြင်ယောင်ဆို့ နေနေသာသာ၊ ငါ့ရုပ်ငါ မြင်ရတာတောင် မမှတ်မိဘူး''တဲ့။

''ဘာကြောင့်လဲဆိုယင် တစ်ခါက ရုပ်ရှင်ညပွဲကြည့်ရအောင်သွားတာ၊ ခေါင်ဖြီးရမှာလဲပျင်း၊ ဆောင်းတွင်းမို့ အေးကလဲ သမ္မတရုံပေါ်အတက်မှာ ငါ့နံဘေးက လိုက်လာတဲ့ အမျိုးသမီးတစ်ယောက် သူလဲ ငါ့လိုပဲ၊ တဘက် ခေါင်းပတ်ထားတာမို့ အင်း ငါ့လို မိန်းမလဲ ရှိသေးသကိုးလို့ ပြုံးမိတော့၊ သူကလဲပြန်ပြုံးသကွ၊ ဒါနဲ့ သူ ငါ့သိနေတာပဲ၊ သူ့လဲ ငါမြင်ဖူးသလိုလို ရှိပါတယ်လို့ သေသေချာချာ ကြည့်လိုက်တော့လား၊ လား သူက ငါကိုးကွ''

သမ္မတရုံပေါ် အတက်လှေကားနံဘေးမှာ နံရံပြည့် မှန်တပ်ထားသည်။ ဒေါ်ခင်မျိုးချစ် ကတော့ အဲသည်လောက်။ ထင်လင်းကတော့ ဘာသာရေးသမား ခင်ဗျ။ လူတွေဟာ မိမိကိုယ် မိမ် မမြင်နိုင်တဲ့ သတ္တ ဖုံးလွှမ်းမှုသဘောတရားတွေ ရှိနေတယ်။ ခင်ဗျားပြောတာ တော်တော် စဉ်းစားဖို့ ကောင်းမယ်တဲ့။ မြသန်းတင့်ကတော့ စာအုပ်သမားဗျ။ သူ့မှာ အဲသည် အကြောင်းမျိုးတွေ ပါတဲ့ အင်္ဂလိပ်စာတစ်အုပ် ရှိတယ်တဲ့။ သေသေချာချာ မဖတ်ရသေးဘူး။ ဖတ်ကြည့်လို့ ကျွန်တော်မေးတဲ့ အဖြေရမယ်ဆိုယင် ပြောပြမယ်တဲ့။

အဲ သည်စာရေးနေတုန်းမှာပဲ ကျွန်တော် အားမရသေးလို့ ဒါမျိုး အတွေးအခေါ် ဝါသနာပါတဲ့ မိတ်ဆွေတစ်ယောက်ကို သူ့ ဖုန်းနံပါတ်လည်း အဆင်သင့်ရှိနေတာနဲ့ ခုန ကိုထွန်းဝေကို မေးသလိုပဲ မေးလိုက်တော့၊ ဟုတ်တယ် သူလဲပဲ ကျွန်တော်တို့လိုပဲ။ ကိုယ့်ရုပ်၊ ကိုယ့်အသံ ကြားယောင် မြင်ယောင်လို့ မရပါဘူးတဲ့။ ဝန်ခံပြီးနောက်၊

''ဟော့ ဖိုးသော်တာရ၊ ဒါဟာ ဘယ်သူမှ ရမယ်လို့ မထင်ဘူးကွ''

''ဟာ၊ သည်လို မပြောနဲ့အုံး၊ အခုန ဂျာနယ်ကျော် မမလေးဆီ မေးကြည့်တော့ သူဟာ အသံကို ကြားယောင်လို့မရပေမယ့် သူ့ရုပ်သူကတော့ ရသတဲ့ဗျ''

''ဟုတ်ရဲ့လား''

''ဟုတ်တယ်၊ သူ အခိုင်အမာ ပြောတာပဲ၊ သူ အခု အဖွားကြီး ဖြစ်နေပြီ၊ အပျိုလေးမှ မဟုတ်တာပဲ၊ လိမ်တော့ ပြောမယ် မဟုတ်ပါဘူး''

''အမှတ်မဲ့ ရှိးတိုးရိပ်တိပ် မြင်ယောင်တာ ထင်ပါရဲ့ကွာ၊ တခြားလူ တစ်ယောက်လို တို့မျက်စိထဲမှာ ထင်ထင်ရှားရှား မြင်ယောင်လို့ ရသလို၊ ကိုယ့် ရုပ်တော့ ကိုယ်ရမယ် မဟုတ်ပါဘူး''

''ဒါတော့ မသိဘူး၊ သူ့ကို သည်အထိတော့ မမေးလိုက်မိဘူး''

''ဒါနဲ့၊ ဟော့ ဖိုးသော်တာ၊ မင်းမေးတဲ့ ပြဿနာဆက်ပြီး ငါတစ်ခု သတိရတယ်ကွာ''

''ဘာလဲဗျ''

''လူတွေဟာ ကိုယ့်ရုပ်ကိုယ် မှန်ထဲကြည့်တတ်ကြတာပဲကွ၊ တို့လဲ ငယ်ငယ်တည်းက ကြည့်ခဲ့တာ၊ ခုလဲ ကြည့်တုန်း''

''ဟုတ်တယ်၊ ရေချိုးပြီးတယ်ဆို၊ အဝတ်လဲတယ်ဆိုကြည့်မိတာပဲ''

''အဲဒါ ဘာလို့ ကြည့်တာလဲ''

''အင်း၊ ကိုယ့်ကိုယ်ကို''

ကျွန်တော် ရုတ်တရက် အဖြေရခက်နေစဉ်၊

''လှချင်လို့၊ အလှပြင်ဖို့ ကြည့်တယ် ဆိုပါတော့ကွာ''

''ဟုတ်တယ်၊ ဒါအမှန်ပဲ''

''သည်တော့ယင် ငါမေးချင်တာ မင်းလဲ ငယ်ငယ်လေး၊ လူပျိုပေါက်ကတည်းက ကြည့်ခဲ့တာပဲ၊ အဲသည်လို မှန်ကြည့်ယင်း ကိုယ့်ကိုယ်ကို အလှပြင်တဲ့အခါမှာ မင်းရုပ် မင်းချောလှ ပြီး၊ ပြည့်စုံပြီရယ်လို့ အားရ ကျေနပ်ခြင်းရှိရဲ့လား''

''ဟာ၊ ဘယ်ရှိမလဲဗျာ၊ ကျွန်တော်ကလဲ သိပ်ချောတဲ့လူမှမဟုတ်တာဘဲ၊ ကိုယ့်ရုပ်ကိုယ် မပြည့်စုံတဲ့အချက်တွေ အများကြီး တွေ့ရတယ်ဗျ''

''ဒါ၊ လူတိုင်းပဲ သည်လိုနေမယ်ထင်သလား''

''မပြောတတ်ဖူးလေ၊ အပြစ်ပြောစရာရှိအောင် ရုပ်ရည်ချောမောတဲ့လူများတော့ ဘယ်လိုနေမလဲ မသိဘူး''

''အေး၊ အဲဒါ မင်းစုံစမ်းကြည့်စမ်းကွာ၊ မင်းချောတယ် လှတယ်ထင်တဲ့သူတွေကို မေးကြည့်၊ အထူးသဖြင့် အခွင့်ရတိုင်း အလှပြင်တတ်တဲ့ မိန်းမချောလေးတွေကို မေးကြည့်ကွာ''

''ဟုတ်ပြီ၊ ဟုတ်ပြီ၊ ခင်ဗျားပြောမှသတိရတယ်၊ ကျွန်တော်မိတ်ဆွေတွေထဲမှာ ခြောက်ပစ်ကင်းအောင် ချောတယ်လို့ ကျွန်တော်ထင်တဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ အခုပဲ ကျွန်တော် သူ့အိမ်ဖုန်း ဆက်မေးလိုက်မယ်၊ ခင်ဗျား ဖုန်းချလိုက်တော့မယ်နော်''

''နို့ပြီး ငါ့ကိုလဲပြောအုံးဟေ့''

''အေးပါ''

ထို့နောက်၊ နောက်ဖုန်းနံပါတ်တစ်ခုကို ကျွန်တော်လှည့်လိုက်လေသည်။ တဘက်မှ ဖုန်ကောက်ကိုင် သံကြားလိုက်ရ၍၊

''ဟဲ့လို၊ မိမိညွန့်ရှိလားခင်ဗျာ''

အောင့်အောင့်ညှစ်ညှစ်အသံနှင့်၊

''လာပြန်ပြီတစ်ယောက်၊ မရှိဘူး''

ဤအသံ ကျွန်တော်ကျက်မိ၍၊

''မဘီလား၊ ကျွန်တော်သော်တာဆွေပါဗျ''

''ဩော်၊ ကိုသော်တာဆွေ၊ မသိပါဘူးတော်၊ ရှင့်တူမကို ဖုန်းဆက်ခေါ်ကြတဲ့ ယောကျ်ားလေး မိတ်ဆွေတွေ များလွန်းလွန်းလို့ ကျုပ်မှာ သည်ဖုန်းနားမှာပဲ ထိုင်နေရပါသတော့''

''ဒါတော့ ရုပ်ချောတဲ့မိန်းကလေးရဲ့ အကျိုးပေးပေါ့''

''ကြားထဲက ကျုပ်ဒုက္ခများသတော့''

''ဒါတော့ ခင်ဗျားလည်းယင် စားပေါက်ချည်းပေါ့ဗျာ''

''အောင်မယ်လေး၊ ကျုပ်တို့က ဒါမျိုးလဲ ဝါသနာမပါပါဘူး''

''ဒါကြောင့် ခင်ဗျားအပျိုကြီးဖြစ်နေတာ၊ ဝါသနာဆိုတာ ကျင့်ယူယင် ရတာပေါ့ဗျ''

''တော်ပဲကျင့်ယူ''

''ကဲ၊ အဲဒါထား၊ မိမိညွန့် တကယ်ပဲမရှိဘူးလား''

''မရှိပါဖူးတော်၊ ရုပ်ရှင်တဲ့၊ ကိုရိုလာကားနဲ့လာခေါ်တဲ့ ကောင်လေးနဲ့ ပါသွားလေရဲ့၊ ဘာကိစ္စ ရှိလို့လဲ''

''မေးစရာရှိလို့''

''ဘာများလဲ''

''အဲဒါ ခင်ဗျားဖြေနိုင်မယ် မထင်ပါဘူးဗျာ''

''မေးကြည့်ပါအုံးလေ၊ ဖြေနိုင်ယင်ဖြေမှာပေါ့''

''ကိုင်း၊ ဒါဖြင့်မေးမယ်၊ ခင်ဗျားတို့အမျိုးသမီးတွေ မှန်ရှေ့မှာထိုင်ပြီး အလှပြင်တဲ့အခါမှာ ကိုယ့်ရုပ်ကိုယ်ကျေနပ်ပြီး။ ချောပုံလှပုံ ပြည့်စုံပြီရယ်လို့ ရှိရဲ့လား၊ ဆိုလိုချင်တာကဗျာ ခင်ဗျား ရုပ်ခင်ဗျား သိပ်ချောလှသွားပြီလို့ ထင်ရဲ့လား''

သည်တော့ သူ့အသံ ရုတ်တရက် တင်းမာသွားကာ၊

''သည်မှာ ကိုသော်တာဆွေ၊ ဒါ ရှင်က ကျွန်မကို အရုပ်ဆိုးမကြီးရယ်လို့ စော်ကားတာလား''

''အောင်မယ်လေး မဟုတ်ပါဘူးဗျာ၊ မဟုတ်ရပါဘူး၊ ဒါကြောင့် သည်မေးခွန်း ခင်ဗျားမဖြေနိုင်ဘူးလို့ ပြောတာ၊ မိမိညွှန့်နဲ့တွေ့မှပဲ မေးတော့မယ်၊ ဆောရီး ချဲရီယို တာ့တာမဘီ'

ကျွန်တော် ဖုန်းကိုချလိုက်တော့၏။

မဘီက တော်တော်အရုပ်ဆိုးသူ။ ဒါကြီးမှ ကျွန်တော်က သည်မေးခွန်းကို သွားမေးမိတယ်။ အေးလေ ဟိုကောင်မလေးမှလဲ မရှိပဲကိုး။ ကဲ၊ သည်တော့ စာရှုသူမိတ်ဆွေ မိမိညွှန့်လို ချောတဲ့ ကောင်မလေးမျိုးကို ကျွန်တော်ခုနပြောတဲ့ မေးခွန်း မေးကြည့်စမ်းပါ။ ကိုယ့်ကိုယ်ကို လှတယ်ထင်တဲ မရွှေချောလေးတို့လဲ စဉ်းစားဖြေစမ်းပါ။ နို့ပြီး ကျွန်တော်တို့ ခုန ဆွေးနွေးကြတဲ့ ပြဿနာ ကိုယ့်ရုပ်နဲ့ ကိုယ့်အသံကို ဘာလို့ ကြားယောင်မြင်ယောင်လို့ မရသလဲ ဆိုတာ၊ မိတ်ဆွေစဉ်းစား ရယင် ကျွန်တော့်ဆီကို စာရေးပြောစမ်းပါ၊ သင့်လျော်မယ်ဆိုယင် သည်မဂ္ဂဇင်းထဲ ဖော်ပြပေးပါမယ်။ ကျွန်တော့် လိပ်စာက သော်တာဆွေ၊ ၂၅၊ စွပ်ကျယ်စက်လမ်း၊ ကမာရွတ် ရန်ကုန်၊ ဖုန်း ၃၁၂၉၂။ အဲ၊ ခင်ဗျားကို ကျွန်တော် ကူညီနိုင်တာတစ်ခုက ခင်ဗျား စာရေးလှေ့ကျင့်နေတယ်ဆိုယင် တံဆိပ်ခေါင်း ပြား ၃၀ ဖိုးထည့်ပြီး ကျွန်တော့်ဆီမှာ ညွှန်ကြားလွှာတောင်းယူပါ။

ကဲ၊ စာဖတ်သူကို ကျွန်တော်ပြောတဲ့ ပြဿနာ အပျင်းပြေ စဉ်းစားဖို့ တိုက်တွန်းယင်းနဲ့ သည်လ သည်မျှနဲ့ပဲ တော်အုံးမယ်ဗျာ။

လူ့ဘဝ လမ်းကြောင်းငယ် အနာဂတ်သည် ခရီးဝေး၊ အတိတ်သည် အနီးကလေး' ဟု တစ်နေရာတွင် ကျွန်တော်ဆိုခဲ့သည်။ စင်စစ်အားဖြင့် အနာဂတ်သည် ရိုက်နေဆဲ ရုပ်ရှင်ကားနှင့် တူ၍ အတိတ်ကား ရိုက်ပြီးသား ဖလင်လိပ်ကြီးနှင့် တူပေသည်။ သည် ဖလင်လိပ်ကြီးတွင် ကိုယ်လိုချင်သည့်အပိုင်းကို

ပိတ်ကားတွင်တင်၍ ကြည့်နိုင်သလို မိမိ၏အတိတ်က ဇာတ်ကြောင်းများကိုလည်း မိမိ၏ စိတ်အာရုံပြင်တွင်လိုချင်သည့် နေရာမှာ ထင်မြင်၍ ရနိုင်ပေသည်။

## နှစ် သုံးဆယ်ကျော်က ဇာတ်လမ်းတစ်ခု

၁၉၄၆ ခု၊ ဒီဇင်ဘာလ ဆောင်းရာသီ ဆီးနှင်း ထူပြောလှသော မိုးညှင်းမြို့။ ညနေ နေ ထန်းတစ်ဖျား ခန့်၌ပင် အဇ္ဈောခွင်ကို နှင်းငွေ့များဖုံး၍ နေလုံး ပျောက်ရလေပြီ။ ဤအချိန်တွင် မိုးညှင်း ဘူတာရှေ့ မျက်နှာစာဝယ် နက်ဖန်ခါ ကသာမြို့သို့ ယူဆောင်သွားကြမည့် အာလူး၊ ခရမ်းချဉ်၊ မုန်ညှင်း၊ ကြက်ကဲ ခြင်းများ၊ တင်လွယ် ချလွယ်သော ဆန်အိတ်ပိုင်းများ၊ လေးဘက်တုပ်ထားသော ဝက်များနှင့် ခြင်းတောင်း ထမ်းပိုးထမ်း ရှမ်းဈေးသည် ခရီးသည်များမှာ လာမည် မီးရထားကြီးကို ကြိုမျှော်လျက် ရှိကြလေ၏။

သို့စဉ် မျှော်တုန်း မျှော်ဆဲ သူလည်းရောက်လာ၊ မြစ်ကြီးနားမှ ပြန်ခဲ့သော မီးရထားကြီး သည် မြို့အဝင် မှတ်တိုင်မှနေ၍ ဥဩသံပေးလိုက်သော အခါ၌ကား 'ငါတို့ နေရာမှ လွယ်လွယ် ရပါ့မလား'ဟု စိတ်စောနေကြသော ပရိတ်သတ်ကြီးမှာ ရထားမှအရှိန်မသတ်ရမီ ပုရွက်ဆိတ်အုံထဲ ထန်းလျက်ခဲချောင်းကြီးထိုးသွင်းပေးလိုက်သကဲ့သို့ လှုပ်လှုပ်ရွရွ ဝိုင်းအုံစုပြုံ တိုးလျှိုးကြလေ၏။ စင်စစ် ဤရထားသည် ဤဘူတာ၌ တစ်ညလုံး အိပ်စက်မည်မှန်ပါသော်လည်း ရထားရပ်သောအခါ အပေါ်မှဆင်းသူ နည်းပါးသလောက် နောက်ထပ် တက်သူတွေက များပြား လှပေသည်။ အကြောင်းမူကား အထက်မှ ပါလာခဲ့သော နက်ဖြန် ခရီးဆက်ကြမည့်သူများသည် အိပ်ရာ နေရာများချဲ့ထွင် ပြင်ဆင်နေ၍ လည်းကောင်း၊ မိုးညှင်းမှ လိုက်မည့်သူများသည် သူတို့၏ ပစ္စည်းများနှင့် ယခုပင်တက်၍ နေရာယူထားပါမှ နက်ဖြန်ခါ ရှောရှောရှူရှူပါနိုင်မည် ဖြစ်သော ကြောင့်လည်းကောင်း၊ 'ညင် ညယ် ယော် ပ' တည်းဟူသော ရှမ်းသား အထက်သံများနှင့် ဆူညံစွာ နေရာယူနေကြကုန်၏။

ဤရထားတွင် ထိုစဉ်က ဆန်ကုန်သည်လေး ကျွန်တော်သည် ကသာသို့ ရောက်ပြီးနောက် မကြာမီ ဆန်ဈေးစုံစမ်းရန်သွားခဲ့သော မြစ်ကြီးနားမြို့မှ ပထမဦးဆုံးအကြိမ် ပြန်ခဲ့ခြင်းဖြစ်၏။ ကျွန်တော့်အဖို့မူ လက်မှတ်စစ် ကိုလှမောင်၊ ကိုမြကြီးတို့ ပါဝါဖြင့် နေရာမပူပင်ရ။ စာတိုက်တွဲတွင် ချောင်ချိစွာ လိုက်ခဲ့ရပေသည်။

ရထားဆိုက်ပြီး မကြာမီ၌ ကိုလှမောင်နှင့် ကိုမြကြီးသည် ကျွန်တော့်ဆီကို ရောက်လာကြကာ ကိုလှမောင်က၊

''ဗျို့ ကိုကျင်မောင်၊ ခွေတုန်းပဲလားဗျ၊ ကိုယ့်လူ တော်တော် သောက်ထားတယ် ထင်တယ်''

ကျွန်တော်သည် အိပ်ရာပေါ် မှိန်းနေရာမှ ထကာ၊

''သောက်ဖို့ နေနေသာသာဗျာ၊ တစ်နေ့ခင်းလုံး ပူလွန်းလွန်းလို့ လူကို နုံးပြီး မှိန်းနေရတာဗျ''

''ဒါဖြင့် မသောက်ရသေးယင်၊ အခု ကျွန်တော်တို့နဲ့ တရုတ်ဆိုင်သွားပြီး ထမင်းစားယင်း သောက်ကြတာပေါ့ဗျာ''

ကျွန်တော်သည် မျက်နှာသုတ်ပဝါနှင့် ကိုယ်မှ ချွေးတွေကို သုတ်ယင်း၊

''အလိုလေး ကိုလှမောင်နှယ်၊ ကျွန်တော် ခုအချိန်မှာ သောက်ချင်စိတ် လုံးဝမရှိသေးဘူး၊ ပထမဦးဆုံးလိုချင်တာက ရေအေးအေးလေး ချိုးလိုက်ချင်တာပဲဗျာ''

ထိုစကားကြားရလျှင် သူတို့ နှစ်ယောက်သည် ရယ်မောကြ၍၊ ကိုလှမောင်က၊

''ခင်ဗျား ရေချိုးချင်တယ်၊ ဟုတ်လား၊ သို့သော် အခုတွဲပြင်ကို ဆင်းလိုက်ပါ၊ ၅၅ စက္ကန့်အတွင်း ခင်ဗျား ရေချိုးချင်စိတ် ပျောက်ပြီး အရက်သောက်ချင်စိတ် မပေါ်ယင် ကျုပ် လည်ပင်း ပန်းကုံးစွပ်လိုက်ပေါ့၊ အဟတ် ဟား၊ ကိုကျင်မောင်က သည်မိုးညှင်း ဆောင်းရာသီကို မသိသေးဘူး၊ ဟင်၊ ကိုမြကြီး''

ကိုမြကြီးကလည်း အရက်ရှိန်နှင့် ထူအမ်းနေသော သူ့မျက်နှာကို လက်ဖြင့်ပွတ်ကာ အာလေးလေး အသံဖြင့်၊

''ဟောသည့် အထက် မြန်မာပြည်မှာ အချမ်းဆုံးဟာ မိုးညှင်းပေါ့ ကိုကျင်မောင်ရဲ့ ခင်ဗျား အောက်ဆင်းလိုက်ယင် တစ်ခါတည်းရေခဲခန်းထဲ ဝင်လိုက်သလိုအေးစိမ့်လာလိမ့်မယ်''

မှန်ပါပေါသဗျာ။ ကျွန်တော် အောက် ရောက်တယ်ဆိုပဲ ကိုယ်က တစ်ခါတည်းတုန်လာတော့တာပဲ။

ထိုအခိုက် ဘူတာမှ ပေါ်တာကလေး ရောက်လာ၍ ကျွန်တော်တို့၏ အိပ်ရာလိပ်များနှင့် အခြားပစ္စည်းများကို သိမ်းဆည်းကာမီရထား ကွာတာထဲရှိတည်းအိမ်သို့ ယူသွားရန် ခိုင်းစေပြီး၊ ကျွန်တော်တို့ သုံးယောက်သား ပလက်ဖောင်းပေါ်မှ ရထား နောက်ပိုင်းသို့ လျှောက်ခဲ့ကြလေ ၏။

သုံးလေးတွဲမျှ ကျော်မိလျှင် နှုတ်ရွှင်လှသော ကိုလှမောင်သည် သူ့အသိ မိန်းမပျို တစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့်၊

''ဟဲလို မထွေးနုပါလား၊ ဘယ်သွားမလို့လဲ၊ ကသာလိုက်မလို့လား''

မိန်းမပျိုသည် ရုတ်တရက် ကြားရသော ကိုလှမောင်၏ အသံလာရာဘက် လှည့်ကြည့်ပြီး ''ဟင်၊ ကိုလှမောင်ကြီး'' (သူတို့အရပ်တွင် အများအားဖြင့် ဟထိုးသံမပါချေ) ''ဟုတ်တာပ၊ ကျွန်မ ကသာ လိုက်မလို့''

ကိုလှမောင်သည် စုံထောက် ဝတ္ထုများကို ဖတ်လေ့ရှိ၍ စုံထောက်စိတ် ပေါက်နေသူပီပီ မိန်းမပျို၏ အဝတ်အစားကို သေသေချာချာ ကြည့်ပြီး၊

''ဟီ၊ ဟီ၊ မဟုတ်မှလွဲရော့၊ မထွေးနုတော့ ရုတ်တရက်အရေးကြီးတဲ့ ကိစ္စနဲ့ ကပျာကရာ လိုက်လာရန် ဟူပါရဲ့''

မိန်းမပျိုသည် ရုတ်တရက် အံ့သြသလို ဖြစ်သွားကာ၊

''ဟင်၊ ကိုလှမောင်ကြီးပြောတာ မှန်လိုက်တာ၊ ဘယ်နှယ့်လုပ်သိလဲ၊ အရေးကြီးဆို ဟောသည်က

ကျွန်မတို့ အဒေါ်နမ်တီးက လိုက်လာပြီး ဘူတာမှာတွေ့တော့ ကသာက ကျွန်မတို့ အမတစ်ယောက် ဖျားနေတာ သွားကြည့်မယ်ဆိုလို့ အိမ်ကအမေ့ကိုတောင် လူကြုံနဲ့ ပြောခိုင်းပြီး လိုက်လာခဲ့တာပ၊ အိမ်ပြန်ပြီး အဝတ်အစားတောင် မယူခဲ့ရဘူး''

ကိုလှမောင်သည် သူ့မှန်းချက် ကိုက်၍ ကျေနပ်ကာ၊

''အို၊ သည်လိုဆို မိုးညှင်းကချမ်းတာနဲ့ ဒုက္ခပေါ့'' ဟု ပြောပြီး ကိုလှမောင်သည် ရုတ်တက် တစ်ခုခုကို စိတ်ကူးပေါက်သွားကာ ''ဟာ၊ အဆင်သင့်လိုက်ဟာ၊ ကျုပ်တို့မှာ အိပ်ရာလိပ်တစ်ခု အပိုပါခဲ့တယ်''ဟု ဆိုပြီး အိပ်ရာလိပ်များ သယ်နေသော ပေါ်တာကလေးဆီသို့၊

''ဟေ့ ငထွန်း၊ အဲသည် သားရေပတ်နဲ့ အိပ်ရာလိပ်ကို သည်ယူခဲ့စမ်းဟေ့'' ဟု အော်ပြောလိုက်၏။ ပေါ်တာငထွန်းသည် သူပြောသည့်အတိုင်း ယူလာခဲ့သောအခါ ထိုအိပ်ရာ လိပ်ကို မထွေးနုသို့ ပေးအပ်လိုက်၏။

မထွေးနုသည် ကျေးဇူးတင်စွာ မည်သို့မျှ မငြင်းသာသလို ယူလိုက်သောအခါတွင် ကိုလှမောင်သည် မည်သို့မျှ နောက်ထပ် မပြောတော့ပဲ ကျွန်တော်တို့အား ''လာ၊ သွားစို့'' ဟု ဆိုပြီး သူက ရှေ့မှ ဦးဆောင်သွားလေ၏။ ခပ်လှမ်းလှမ်းသို့ရောက်လာသောအခါ ကျွန်တော့်မှာ မနေနိုင်တော့ပဲ၊

''ဗျို့ ကိုလှမောင်၊ ခင်ဗျား ဘယ့်နှယ် စေတနာချော်ခဲ့ထာလဲဗျ''

အကြောင်းမှာ ထိုအိပ်ရာလိပ်က ကျွန်တော့်ပစ္စည်း။

ကိုလှမောင်သည် သူ့ကိုယ်သူ ကျေနပ်ဟန်ဖြင့်၊

''ဟဲ၊ ဟဲ့၊ အဲဒါ ခင်ဗျားနဲ့မထွေးနုကို နဖူးစာရေးပေးလိုက်တာလေ၊ ခင်ဗျား ဂေါ်လမ်းတစ်ခါတည်း ပေါက်သွားတာပေါ့ဗျ''

''ဖြစ်မှဖြစ်ရလေဗျာ၊ ဟိုမဟာဝါကလဲ ဘာမှန်းမသိယူလိုက်တာပဲ''

''သြော်၊ သည်ကောင်မလေးက ကျွန်တော်နဲ့ခင်တာကြာပြီဗျ၊ နို့ပြီး မိုးညှင်းကလဲ ခင်ဗျားသိတဲ့အတိုင်း အိပ်ရာစောင်လုံလုံလောက်လောက်မရှိယင် ဒုက္ခဗျ''

''ကဲ၊ ဒါဖြင့် ကျွန်တော်က ဘယ်အိပ်ရာနဲ့ အိပ်ပါ့မလဲဗျာ''

''ကျွန်တော့် အိပ်ရာနဲ့ အိပ်ပေါ့ဗျ၊ ကျွန်တော်က ခုညအုတ်ကျင်းက ကျွန်တော့်မြေဆီဖွသွားကွေးမှာ၊ ဒါကြောင့် ကျွန်တော်က ခင်ဗျားအိပ်ရာလိပ်ကို ပေးခဲ့တာပေါ့ဗျ၊ ဟတ်၊ ဟား၊ ဟား၊ မနက်ကျယင်သာ ခင်ဗျားအိပ်ရာလိပ်ကိုဖြန့်၊ နေရာယူခိုင်းပြီး ခင်ဗျား အတူသွားထိုင်၊ ဂေါ်ပေတော့၊ ခင်ဗျားကလဲလူချော၊ မထွေးနုကလဲ ဟောသည် ကသာ၊ မြစ်ကြီးနား၊ မီးရထားလမ်း တလျှောက်မှာဆိုယင် အနိပ်ဆုံးတစ်ယောက်ပေါ့ဗျ၊ အသားကလေးက ဝင်းပြီး သူ့အကြောနဲ့ မျက်ခုံးမွှေးလေးတွေက မိုးကောင်းသူပီပီ ကျောက်စိမ်းလိုစိမ်းနေတာပဲ၊ နို့ပြီး ပေါင်လုံးကြီးတွေကလဲ မနော်နွယ်ကြီးတွေ၊ အသက်ကလဲ ၁၆ နှစ် ၁၇ နှစ်၊ ကိုယ်လုံးကိုယ်ပေါက်ကလဲ တုံးတုံးခဲခဲ၊ တစ်တစ်ရစ်ရစ်၊ သည်လိုများဖြစ်ညှစ်''

ကျွန်တော်က သူ့စကားဖြတ်၍၊

''ဟာ၊ ကိုလှမောင် တော်တော့ဗျာ''

''ခင်ဗျားက မလိုချင်လို့လား''

''ခုချက်ချင်းမှ မရတာကြီးကို''

မိုးညှင်းမြို့ ဆောင်းရာသီ နံနက်ခင်းကို တွေ့ကြုံဖူးသူတို့သည် မဲဇာတောင်ခြေရတုကို ရရှိပါက ''သံဝါဖျောက်ဖျောက်ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်''ဟူသော အပိုဒ် ကလေးကို

ရွတ်မိမည်မှာ အမှန်ဖြစ်ချေသည်။ လက်ဝဲသုန္ဒြေရေးသကဲ့သို့ပင် အမှန်ပဲ ဆီးနှင်းပေါက်များ မိုးရွာသလောက် တဖျောက်ဖျောက်ကျနေလျက် နှင်းငွေ့များ သိပ်သည်းနေသဖြင့် မိမိရှေ့၌ သုံးလေးပေထက် ပို၍မမြင်ရ။ လက်နှိပ်ဓာတ်မီးအရောင်ပင်လည်း ယင်းနှင်းထုကို မထိုးဖောက်နိုင်ချေ။ ချမ်းအေးလိုက်သည်မှာကား လက်ဖျားခြေဖျားတွေ ထုံကျင်နေသဖြင့် ထိခိုက်၍မှလည်း နာကျင်ရမှန်းမသိ။

မိုးညှင်းဘူတာသည် မနေ့က ညနေရထားအဝင်တွင် ဆူညံလှုပ်ရှားသလောက်၊ ယခုနံနက် ရထားထွက်ကာနီး၌တိတ်ဆိတ်ငြိမ်သက်လှသည်။ဟိုတစ်နေရာ သည်တစ်နေရာတို့၌ မီးဖိုကိုပတ်ပတ် ဝိုင်း၍လည်းကောင်း၊ အနွေးထည်ရှိသမျှနှင့် လက်ဖက်ရည်ဆိုင်ထဲတွင် ပုံ၍လည်းကောင်း၊ ရထားတွဲထဲ၌ အချင်းချင်းပူးကပ်၍လည်းကောင်း၊ တတ်နိုင်သမျှ မလှုပ်ရှားပဲ နေကြလေသည်။

မလုပ်မဖြစ်သော မီးရထားအရာရှိများသာ အနွေးထည်အထပ်ထပ်တို့ အပေါ်မှ နှင်းခံသားရေဂျာကင်၊ လောင်းကုတ်အင်္ကျီ စသည်တို့ကိုဝတ်၍ ဟိုမှသည်မှ သွားလာလှုပ်ရှားကြ ရကုန်သည်။

မည်သို့ပင်ဖြစ်လင့်ကစား ကသာမြို့သို့ အချိန်မှန်ရောက်ရန်အတွက် လမ်းတွင် နှင်းခွဲ ကိရိယာကို အားကိုး၍ အချိန်စေ့လျှင် ရထားထွက်ရန် ဥသြဆွဲလိုက်ရလေသည်။

ကျွန်တော်မှုကား ပထမသတိပေး ဥသြဆွဲလိုစဉ်ကပင် ဒါရိုက်တာကိုလှမောင်၏ စီစဉ်ချက်အရ မထွေးနုတို့တွဲသို့ရောက်ကာ ကျွန်တော်နှင့်မထွေးနုကို မိတ်ဖွဲ့ပေးခဲ့ပေပြီ။ ကျွန်တော်တို့ နှစ်ယောက်သည် မကြာမီရင်းနှီးသွားကာ၊

''ကိုကျင်မောင့်မှာ အောက်ကဆန်တွေ ဘယ်လောက်ပါခဲ့သလဲ''

''အိတ်သုံးရာပါခဲ့သော ကသာမှာရောင်းလို့ အကြွေးတချို့နဲ့အိတ်တစ်ရာလောက်ပဲ ကုန်သေးတယ်''

''ယော်၊ ဆန်တွေအများကြီးပ၊ တော်တော်နဲ့ရောင်းလို့ ဘယ်ကုန်မလဲ၊ အခု မြစ်ကြီးနား ရောက်ခဲ့တော့ကော ဆန်ဈေးကိုက်ရဲ့လား''

''ကိုက်လှတယ်ကော့မဟုတ်ဖူး၊ မြန်မြန်ကုန်အောင် လာပြီးခွဲတော့ရောင်းချတာပဲ၊ ဒါပေမယ့် မြစ်ကြီးနားမှာက ပွဲရုံကလဲမရှိ၊ လုံးကနဲ ယူမယ် လူကလဲမရှိတော့ ဆန်အိတ်တွေယူ လာရမှာကလဲ

အခက်''

''ဟုတ်တယ်၊ မြစ်ကြီးနားက ကသာလောက်မှမြို့ကြီးတာမဟုတ်ဖူး၊ ဟိုမှာ အေးအေး ဆေးဆေး ဆန်ထားပြီးရောင်းဖို့ အသိအိမ်ရှင်ယင် ကောင်းမှာပဲနော်''

''ဟုတ်တယ်၊ အခုတော့ ကျွန်တော့်မှာ အထက်မြန်မာပြည်ကို အခုမှရောက်ဖူးတာ၊ မြစ်ကြီးနားမှာ အသိမိတ်ဆွေဆိုလို့လဲ တစ်ယောက်မှမရှိဘူး''

မထွေးနုသည် ခေတ္တစကားဖြတ်၍ စဉ်းစားပြီးနောက်၊

''သြော်၊ ကျွန်မတို့အစ်မတစ်ယောက်တော့ မြစ်ကြီးနား ဈေးထဲမှာဆိုင်ရှိတယ်''

''သူတို့က ဘာရောင်းသလဲ''

''ကျောက်စိမ်းတို့၊ ရွှေထည်တို့ရောင်းတာပဲ၊ ဒါပေမယ့် သူတို့နဲ့ဆက်လိုက်ယင် လွယ်တာပေါ့''

''ဟုတ်တယ်၊ သည်လိုဆိုယင် မထွေးနုက ကျေးဇူးပြုပြီးဆက်ပေးပါလား၊ မထွေးနုကော အခုပြန်သွားယင်မိုးကောင်းကင်မှာ ဘာအလုပ်ရှိသလဲ၊ တတ်နိုင်ယင် မြစ်ကြီးနားလိုက်ပြီး မထွေးနုတို့ အစ်မအိမ်မှာတည်းပြီး ကျွန်တော့်ဆန်တွေကူရောင်းပေးယင်ဖြင့် သိပ်ကောင်းမှာပဲ''

ယင်းအခိုက် နန်းစီအောင် ဘူတာသို့ရောက်၍ ရထားရပ်လိုက်သဖြင့် မထွေးနုသည် စကားဖြတ်ကာ အပြင်သို့ အာရုံပြောင်းလိုက်၏။

''ကိုကျင်မောင်၊ နှင်းတွေကွဲပြီး နေရောင်ပေါ်စပြုလာပြီနော်''

''ဟုတ်တယ် မထွေးနု၊ ကိုးနာရီတောင်ထိုးနေပြီပဲ''

ဤသို့လျှင် ကျွန်တော်နှင့်မထွေးနုတို့သည် တဖြည်းဖြည်းနှင့် နေရောင်ရင့်လာသည်နှင့် အတူ လူချင်းရင်းနှီးလာခဲ့ကြသည်။ တစ်ဘူတာဆိုက်လျှင် တစ်မျိုးတစ်မျိုးသော ရှမ်းစာတို့ကို ဝယ်စား ကြသည်။

၁၁ နာရီခန့်အချိန် မော်လူးဘူတာသို့ ဆိုက်ရောက်သောအခါ ကိုလှမောင်နှင့် ကိုမြကြီး သည် ထမင်းထုပ်နှင့် ကြက်သားကြော်တို့ကို ဝယ်လာလျက် ကျွန်တော်အား ပေး၍''ဒါ ထမင်းစား ရမယ့်ဘူတာတော့ မဟုတ်ဖူး၊ ဒါပေမယ့်နေမြင့်လှပြီ၊ ဆာယင်စားကြပေရော့၊ ကြက်သားကြော်မှာ တော့ ဟောသည်ဘူတာက နာမည်ကျော်ပေါ့''

ဟုတ်ပေသည်။ ကြက်သားကြော်ကြီးများမှာ တစ်ကောင်လုံးမှ လေးစိတ်မျှစိတ်ထားသည်။ တစ်စိတ်မှ ငါးမူးရယ်၊ ဤကြက်သားကြော်ရန့်ဖြင့် ကျွန်တော်တို့မှာ ဆာလာ၍ ထမင်းထုပ်ကို ဖြေလိုက်ကြသည်။

ထိုအချိန်ကား၊ မီးရထားသည်အလွန်လူကျပ်လှ၍ မိုးကောင်းမှ မထွေးနုတို့ စီးလာသောတွဲမှာ လူစီးတွဲပင် ဖြစ်လင့်ကစား စစ်ဒဏ်ကြောင့် နေရာထိုင်ခုံများ ကျိုးပဲနေသဖြင့် အချို့မှာ ကြမ်းပြင်ပေါ်၌ ပြား၍ထိုင်ကြရသည်။ ထိုတွဲ၏နံ့ရံ၌ ၇၄ ယောက်ဟု ရေးထားလင့် ကစား လူ ၁၅၀ ကျော်နှင့် ကုန်ပစ္စည်းတွေ ပြွတ်သိပ်နေသောကြောင့် လူခြေချစရာမရှိမှု၍ တွဲအပြင်ထွက်ချင်၊ ဝင်ချင်လျှင် ပြတင်းပေါက်မှကျော်တက်၊ ခုန်ဆင်းပြုရသည်။

ကျွန်တော်တို့ ထမင်းစားကြသောအခါ၌ လူချင်းမှာတစ်ယောက်နှင့်တစ်ယောက် ထိနေ၍ ထမင်းထုပ် ချစရာ နေရာမရှိသဖြင့် မထွေးနု၏ နီးခမောက်ထဲသို့ထည့်ကာ ထိုနီးခမောက်ကို မထွေးနု၏ တင်ပလ္လင်ခွေ ပေါင်ပေါ်တင်ပြီး အတူတူနှိုက်၍ စားကြရသည်။

ခရီးတဝက်နှင့်ပင် ဤမျှ ရင်းနှီးခဲ့၍ ရှေ့ခရီးဆက်၍ကား တစ်ဘူတာရောက်လျှင် မုန့်တစ်မျိုး ဝယ်စားကြခြင်း။ ကျွန်တော်က သောက်ရေ ဆင်းခပ်ရခြင်း။ နှစ်ယောက်စလုံး အညောင်းပြေ အောက်သို့ ဆင်းကြသောအခါ ပြတင်းပေါက်မှတစ်ယောက် တစ်ယောက် ဖေးချ၊ ဆွဲတင်ကြရခြင်းဖြင့် ကျွန်တော်တို့ နှစ်ယောက်၏ တခဏတာ ခရီးမှာ တစ်ဘဝတာခရီး တစ်မျှ နီးစပ်ခဲ့ကြလေ၏။

ဒီဇင်ဘာလ ဒုတိယ သတင်းပတ် ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ထိုနေ့ နံနက်က မိုးညှင်းမြို့မှ ထွက်ခဲ့သော မီးရထားကြီးသည် မိုးကောင်း ဘူတာရှေ့သို့ ဆိုက်ရောက် သောအခါ မထွေးနုသည် ကျွန်တော့်အား အသင့်ဆီးကြိုလျက် ရှိလေ၏။ သူလည်း မြစ်ကြီးနားသို့ ကျွန်တော်နှင့်အတူ လိုက်မည်။ ကျွန်တော်သည် ကသာမြို့မှ ဆန်အိတ် ၂၀ ယူခဲ့သည်။

သို့သော် ကိုလှမောင်သည် ကျွန်တော်တို့ အချိန်း အချက်ရှိသည်ကို မသိဟန်ဖြင့် ''ဩော်၊ မထွေးနု၊

မြစ်ကြီးနားလိုက်မလို့လား၊ ကျွန်တော်တို့လာသည့် စာတိုက်တွဲမှာပဲ စီးတာပေါ့ဗျာ၊ ဗျို့ ကိုကျင်မောင်၊ သူ့ ပစ္စည်းတွေ ကြည့်တင်ပေးလိုက်ပါဗျာ၊ ကျုပ်တို့တော့ စာရင်း သွားအပ်လိုက်အုံးမယ်၊ နို့ပြီး ဟိုအပြင်ဘက်က ကုလားဆိုင်ကိုထမင်းစားလိုက်ခဲ့''ဟု ဆိုပြီး ကိုမြကြီးနှင့် နှစ်ယောက်သား ထွက်သွားကြလေ၏။

မထွေးနု၏ အိပ်ရာလိပ်နှင့် အခြားပစ္စည်းများကို တင်ပြီး၍ ကျွန်တော်တို့ ရထားပေါ် ရောက်ကြသောအခါ မထွေးနုသည် ချိုင့်တစ်ခုကို ဆွဲဖွင့်လိုက်ကာ၊

''ကိုကျင်မောင်၊ သူတို့နဲ့ ထမင်း လိုက်မစားနဲ့လေ၊ သည်မှာ စားပေါ့''

''ဟင်၊ မထွေးနု၊ ထမင်းဟင်းတွေ ယူလာသလား၊ ဘာဟင်းပါသလဲ''

''ကြက်သားကြော်ရယ်၊ ငါးကြင်းဆီပြန်ရမယ်၊ မော်လူးဘူတာမှာတုန်းက ကိုကျင်မောင်က ကြက်သားကြော် ကြိုက်တယ်ဆို''

လမ်းတစ်လျှောက်တွင် ကုန်းဆင်း ကုန်းတက်တွေရှိသဖြင့် ထိုခေတ်က ထင်းမီးဖြင့်မောင်း ရသော ရှေးဟောင်း မီးရထားကြီးသည် နေ့တစ်ခါ မြန်တစ်လှည့်ဖြင့် ညနေ ငါးနာရီခန့်၌ မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်လေ၏။

ဘူတာ၌ မထွေးနုက ဦးဆောင်၍ နွားလှည်း နှစ်စီးကိုငှားကာ ဆန် ဆယ်အိတ်စီတင်ပြီး မြစ်ကြီးနားဈေးသို့မောင်းစေလေ၏။ ကိုလှမောင်နှင့် ကိုမြကြီးသည် ဘူတာ အဝအထိလိုက်ကာ ရှေ့လှည်းပေါ်၌ နှစ်ယောက်အတူတူ ထိုင်သွားကြသော ကျွန်တော်နှင့် မထွေးနုကို လက်ပြ၍ ''ကဲ၊ သွားကြတော့ဗျို့'' ဟု နှုတ်ဆက်လိုက်သေး၏။

''ယော်၊ သည်လောက်ဆန်တွေ ကျုပ်တို့အိမ်ခန်းလေးထဲ ဘယ်ထားနိုင်မှာလဲပ''

မြစ်ကြီးနားဈေးထဲသို့ ရောက်၍ မထွေးနု၏အမ ဆိုင်ခန်းရှေ့၌ လှည်းတွေရပ်လိုက်သော အခါ မထွေးနု အမက ကျွန်တော့် ဆန်အိတ်တွေ ကြည့်ပြီး ဝမ်းသာသော အံ့ဩသော အမူအရာဖြင့် မျက်ခုံးတွန့်၍ ပြောလိုက်၏။

မထွေးနုသည် ရှက်အမ်းအမ်းမျက်နှာဖြင့်၊

''ယော်၊ သည့်လိုဆိုအခက်ပ၊ ကျွန်မတို့ အမဆီအားကိုးပြီး လာခဲ့တာ''

''ရှေ၊ ညည်းတို့ဆန်တွေကလဲ ဘယ်လောက်တောင်လဲပ''

ကျွန်တော်က ''အိတ် နှစ်ဆယ်၊ တင်း ခြောက်ဆယ်ထဲပါ''

''အယာ၊ အများကြီးပ''

ဤတွင် မထွေးနု စိတ်အိုက်သော မျက်နှာဖြင့်၊

''ယော်၊ အမတို့အိမ်မှာ မထားနိုင်၊ ဘယ် သွားချပ့်မလယ်''

''အို၊ သည့်လိုဆို ကောင်းသားပဲ၊ ငှားလို့ လွယ်လွယ်ရရဲ့လား'' ဟု ကျွန်တော်က မေးလိုက်ရာ၊ မထွေးနု အမက ''ရတာပ၊ သူငှားဖို့ ဆောက်ထားတာပဲ၊ တစ်နေ့ နှစ်ကျပ်တဲ့''

'အာ၊ ဒါဖြင့် အဆင်သင့်ပဲ မထွေးနုရေ''

မကြာမီ၌ မထွေနုအမ အိမ်ဆိုင်နှင့် မလှမ်းမကမ်းရှိ ဆိုင်တန်းလျား၏ အခန်း တစ်ခုထဲသို့ ဈေးကူလီများနှင့် ကျွန်တော့် ဆန်အိတ်များကို လှည်းပေါ်မှ သယ်ချနေကြလေ၏။ ကျွန်တော်နှင့် မထွေးနုက ရပ်ကြည့်နေကြသည်။ ထိုစဉ် စပ်စုလိုဟန်ရှိသော အဒေါ်ကြီး တစ်ယောက် ရောက်လာပြီး၊

''ဟယ်၊ မထွေးနုံ၊ဒါ ညည်းတို့ ဆန်တွေလား''

''ဟုတ်ကဲ့ရှင့်''

''ဘယ်က ယူခဲ့တာလဲ''

''ကသာက ရှင့်''

''ရောင်းဖို့လား''

''ဟုတ်ကဲ့ရှင့်''

အဒေါ်ကြီးသည် ခေတ္တစကားရပ်ပြီး၊ ကျွန်တော့်ကိုကြည့်နေမည်ဖြစ်ကြောင်း ကျွန်တော့်စိတ်ထဲတွင် သိလိုက်ပါသည်။ တော်တော်ကြာတော့၊

''ဟင်၊ သည်လူငယ် ငါမမြင်ဖူးပါဘူး ဟဲ့၊ မထွေးနု၊ ညည်းတို့ ဘယ်တုန်းက လက်ထက်လိုက်ကြတာလဲ''

ဟိုက်၊ ဗုဒ္ဓော။

မထွေးနု မျက်နှာ မထားတတ်အောင် ရှက်သွေးဖြာသွားလျက်၊

''ကျွန်မတို့ လက်မထပ်ရသေးပါဘူး ဒေါ်ဒေါ်ရယ်''

မထွေးနုမှာ ရုတ်တရက် နှုတ်ထဲလွယ်ရာ ပြောလိုက်ရသော်လည်း သူ့စကား အဓိပ္ပာယ်က နောင်လက်ထပ်တော့မလို သက်ရောက်နေပေသည်။

ထိုအခါမှ ဟိုအဒေါ်ကြီးလည်း ''ဩ်'' ဟု ဆို၍ ထွက်သွားတော့၏။

စင်စစ်ကား ကျွန်တော်တို့ နှစ်ယောက်သည် အပျက်ပျက်နှင့် နှာခေါင်းသွေးထက်မည့် ဇာတ်လမ်းကို ပျိုးမိလျက်သား ရှိနေချေပြီ။ ကြည့်ပါဦး။ ထိုညပင်လျှင် မထွေးနုအမ ဒေါ်ခင်ပို့ အိမ်ဆိုင်မှာ ပန်းတိမ် အလုပ်သမားတွေနှင့် ယောကျ်ားလေးတွေများ၍ဟု မထွေးနုနှင့် သူ့အဒေါ် တစ်ယောက်ကာ ဆန်ထားရာ ကျွန်တော့်အခန်းမှာလာအိပ်ကြသည်။ ထိုအဒေါ်သည် မထွေးနုနှင့် ကသာသို့ ပါလာခဲ့သော ဒေါ်စိုးမိပင်သည် မထွေးနုနှင့် တွေ့ပုံကြုံပုံကို အခြားသူများအား ဖောက်သည်ချပြီး ဖြစ်နေပေသည်။

နောက်တစ်နေ့ မနက်တွင် ကိုလှမောင်နှင့် ကိုမြကြီးသည် မီးရထား ပြန်မထွက်မီ မြစ်ကြီးနား ဈေးထဲသို့ လိုက်လာကြကာ ကျွန်တော်တို့ အခြေအနေကို ကြည့်ပြီး 'မရွယ်ပဲနဲ့ စောကဲမင်း ဖြစ်နေပါလား' ဟု ပြောဆို နှုတ်ဆက်ကြလေ၏။

ထိုအချိန်မှစ၍ မထွေးနုသည် ထိုဆိုင်ခန်းကလေး၌ လက်လီလက်ကား ရောင်းနေသော ဆန်သည်မလေး။

ဤနံနက်စာတွင်သာ ကျွန်တော်နှင့် မထွေးနုသည် သူ့အမထံ၌ စားကြပြီး သူတို့အိမ်တွင် လူတွေအများကြီး အားနာစရာ။ နို့ပြီး ကိုယ်ကြိုက်ရာ ဟင်းလည်း မစားရမှု၍ ကျွန်တော်တို့ နှစ်ယောက် သဘောတူ ကိုယ့်အခန်းမှာ ကိုယ်ချက်စားရန် ဆုံးဖြတ်ကြသည်။ သူ့အမကလည်း အိုးခွက် ပန်းကန်ခွက်ယောက်များနှင့် ကူညီသည်။ ထို့ကြောင့် မထွေးနုမှာ ဆန်ရောင်းရရုံ သာမက ထမင်းဟင်းချက်ရသော အိမ်ရှင်မ။

ထိုအခါ၌ မြစ်ကြီးနားတွင် ရှမ်း ဆန်သစ်များ ကြိုကြားကြိုကြား ပေါ်နေ၍လည်းကောင်း၊ အစိုးရဆန် ဆပ္ပလိုင်းဆန်များ ရောက်လာ၍လည်းကောင်း၊ ကျွန်တော့် ဆန်များသည် ရောင်းရမတွင်ကျယ်ချေ။ မန္တလေးမြို့တွင် ဆန် အိတ်လိုက်ရာနှင့်ချီ၍ ရောင်းခဲ့သော ဆန်ကုန်သည်ကြီးမှာ ယခု မထွေးနုက ပြည်တောင်းနှင့် ချင်ရောင်းသည်ကို ကြည့်နေရသော အခြေသို့ ဆိုက်ရောက်နေသည်။ ထို့ကြောင့် ကိုလှမောင်နှင့် ကိုမြကြီးတို့ နောက် တစ်ပတ် ကြာသပတေးနေ့ မြစ်ကြီးနားသို့ ပြန်ရောက်လာသောအခါ ကျွန်တော့်ဆန်တွေမှာ တဝက်မျှ ကျန်နေသေးပေသည်။

သို့သော် ကျွန်တော်တို့သည် ဤ ဆန်ကိစ္စကို မည်သို့မျှ အရေးမထားကြပဲ ညားကာစ လင်မယားဆီသို့ အလည်လာကြသော သူငယ်ချင်းများကဲ့သို့သာ နောက်ပြောင် ပျော်ရွှင် ကြလေ သည်။ စင်စစ် ကျွန်တော်တို့မှာ စီးပွားရေး အလုပ်သဘောထက် မထွေးနုနှင့် ကျွန်တော် လင်မယား လုပ်တမ်း ကစားသကဲ့သို့ ဖြစ်နေချေသည်။

ဤနေရာ၌ စာဖတ်သူက 'မင်းတို့ပဲ သည်ယုန်မြင်လို့ သည်ချုံထွင်တာ မဟုတ်လား' ဟု မေးမြန်းချင်ပါအံ့။ မှန်ပါသည်။ ကျွန်တော် ဟုတ်တာ ဖြေပါမည်။ ကျွန်တော်သည် ထိုအသက် အရွယ်က ငယ်ငယ်လေး ရှိသေးတာပဲဗျာ။ သည်လို မိန်းကချောလေးအပေါ် သည့်စိတ်မျိုး ပေါ်မိတာပေါ့။ သို့သော် ကျွန်တော်က တစ်ထွာမျှ ရည်ရွယ်သည်ကို အခြေအနေက တစ်လံမက

ဖြစ်သွားချေသည်။ နို့ပြီး ဤမိန်းကလေးမျိုးကလည်း ကျွန်တော် ဤသို့ ပြုမူအပ်သည့် အစား မဟုတ်ကြောင်း နောက်မှသိရသည်။

အကြောင်းမှာ ကျွန်တော်နှင့် မထွေးနုတို့ မြစ်ကြီးနားသို့ရောက်ကြပြီး သုံးလေးရက်မျှ အကြာ တစ်ညနေခင်း မြစ်တွင်းသဲသောင်ပြင်မှာ လမ်းလျှောက်ကြယင်း လူအလစ် ကျောက်ဆောင် အကွယ်တွင် သူ့ပခုံးလေးဆွဲ၍ သူ့ပါးနမ်းမည်ကပြု ကျွန်တော့်လက်ထဲမှ ဆက်ကနဲရုန်းထွက်ပြီး တောရိုင်းတိရစ္ဆာန်မလေးပမာ မြစ်ကမ်းပေါ်သို့ ခုန်ပေါက် ပြေးတက်သွား ချေသည် တကား။

ကျွန်တော် ဤမျှအထိ မမျှော်လင့်မိ။ ပကတိ အစိမ်းအရိုင်းကလေးပေတည်း။ သူသည် ကျွန်တော့် အား မချစ်၍လည်း မဟုတ်၊ မုန်း၍လည်းမဟုတ်။ ဖိုသတ္တဝါနှင့် ဒါမျိုးမတွေ့ဖူး၊ မကြုံ ဖူးသေး၍သာ လန့်ဖျပ်ပြေးခြင်း ဖြစ်ကြောင်း ကျွန်တော် အတတ်သိလိုက်ပါ၏။ ထိုခေတ် ထိုအချိန် မထွေးနုသည် စိတ်ကူးယဉ် အချစ်ဝတ္ထုများ၊ အနမ်းအရှုံ့ ရုပ်ရှင်များကို ကြည့်ဖူးမည် မဟုတ်ပါချေ။

ယင်းတခဏအတွင်း၌ ကျွန်တော့်စိတ်နှလုံး ဒုန်းဒုန်းချလိုက်လေသည်။ မိမိ အတည်မယူနိုင်ပါပဲနှင့် သည်လို အမျိုးကောင်းသမီးအစိမ်းအရိုင်းကလေးကို လက်ဖျားနှင့်မျှ မထိသင့်။

ဈေးတွင်းက ကျွန်တော်တို့ ဆိုင်ခန်းသို့ ပြန်ရောက်သောအခါ သူ တစ်ယောက်တည်း မီးဖိုမှာ ချက်ပြုတ်နေသည်။ ကျွန်တော့်အားမကြည့်။ ကျွန်တော်ကလည်း လိပ်ပြာလန့်နေ၍ သူ့ကို ဘာမျှ မပြောဝံ့။ တောင်းပန်နေလျှင်လည်း သူက ကျွန်တော့်ကို မချစ် မနှစ်သက်၍မှ မဟုတ်တာပဲ။ စကားစရပြီး ရှေ့ခရီးဆက်စရာ ရှိလာမည်ကို ကျွန်တော် စဉ်းစားမိပါသည်။ ထို့ကြောင့် ခေါင်းရင်းဘက်ရှိ ကျွန်တော်၏ အိပ်ရာပေါ်မှာ စာအုပ်ကိုသာ မျက်နှာအပ်နေ လိုက်တော့၏။

အချိန်သည် ကုန်မှန်းမသိ ကုန်သွားပြီး နေဝင်မိုးချုပ်ကာနီး ခါတိုင်း ထမင်းစားချိန်ရောက် မှ သူ့အသံ ကြားရ၏။

''လာ။ ထမင်းစားမယ် သိရဲ့လား'' တဲ့။

လင်မယားချင်း စိတ်ကောက်ပြီးမှခေါ်တဲ့အသံမျိုး။

တော်ပါသေးသည်။ ထမင်းဝိုင်းမှာ သူ့အဒေါ် မစိုးအိလည်းပါနေ၍ သောင်ပြင်ပေါ် ကျောက်ဆောင် ကွယ်က ကိစ္စကို စကားမဆက်နိုင်ကြတော့။ ကျွန်တော်လည်း ပြီးပြီး ပျောက်ပျောက် ဖြစ်အောင် နေလိုက်တော့သည်။

သို့သော် ဥစ္စာရင်များက ပြီးချင်ပါသော်လည်း ပတ်ဝန်းကျင်က မပြီးနိုင်ကြ။ ထုံးစံအတိုင်း မေးမြန်း စုံစမ်းကြကုန်သည်။ ထင်မြင်ချက် အမျိုးမျိုး ပေးကြသည်။

''သည်ကလေးမဟာ တို့ အရင် သိတုန်းကဖြင့် အပျိုပါ၊ သူ့အမဆီကလဲ ဘာသံမှ မကြားရ''

''သည်သူငယ်က အောက်က ဆန်ကုန်သည်တဲ့၊ သူတို့ချင်း အသိမိတ်ဆွေလောက်ဖဲ ဆိုပဲ''

''အို၊ သည်လို တစ်ခန်းတည်း အတူအိပ်၊ အတူစားနေကြတာ အသိမိတ်ဆွေလောက်ပဲ ဆိုယင် ဘဂ်လား အသိ မိတ်ဆွေပေါ့''

ညတွင် မထွေးနုတို့ တူအရီးနှစ်ယောက်က ခြေရင်းဘက်မှာ၊ ကျွန်တော်က ခေါင်းရင်း ဘက်မှာ အလယ်က ဆန်အိတ်တွေ ထား၍ သီးခြားအိပ်ကြတာကို သူတို့ ထည့်မစဉ်းစား။

''မသိဘူးလေ၊ အဲသည်လိုမဟုတ်လဲ သည်ကလေးမကုသိုလ်ကောင်းတာပေါ့၊ ကောင်လေးက ရုပ်လဲချော၊ ပိုက်ဆံလဲ ရှိပုံပေါ်တယ်''

ဤနံဘေးစကား တီးတိုးများသည် မထွေးနုအမ၏ နားသို့ရောက်၊ ထိုနောက် မိုးကောင်းမှ မထွေးနု၏ မိခင်ကြီးလိုက်လာ၍ ကျွန်တော်နှင့် တွေ့ဆုံ စကားပြောကာ သားမက်လောင်းအဖြစ်နှင့် လူကဲခတ် လေသည်။

အဲသည်မှာ ကျွန်တော် ပြေးဖို့ကြံရလေပြီ။ ကျန်သမျှဆန် ရတဲ့ဈေးနဲ့ရောင်းပြီး သည်တစ်ခေါက် ကြာသပတေးနေ့ ညနေ ကိုလှမောင်တို့ရောက်လျှင် နောက်တနေ့နံနက် သောကြာမှာ ပြန်လိုက်ဖို့ပဲ။

သို့သော် ကျွန်တော့်မှာ ဤရက်မတိုင်မီ အင်္ဂါနေ့တွင် ဂျောက်ပေါက်တိုးရလေသည်။ ထိုနေ့ ကျွန်တော့်ဆန်ထားရာအခန်းမှာ နာရီပြန် တစ်ချက်ခန့် မထွေးနုလည်း မရှိ။ ကျွန်တော် တစ်ယောက် တည်း စာဖတ်နေစဉ်တွင် နေရာတကာ နှံစပ်သော ကျောက်ပွဲစား အဒေါ်ကြီး ဒေါ်စိမ်းအုံ

ရောက်လာလေသည်။ သူနှင့် ကျွန်တော် သိကျွမ်းပြီး ဖြစ်၏။ ကျွန်တော့်မျက်နှာမှ စာအုပ်ကို ခွာလိုက်ကာ၊

''သြော်၊ ဒေါ်ဒေါ် ထိုင်ပါ'' ဟု ဆိုပြီး ဂိုးဖလိပ်သံပူးကို ထိုးပေးလိုက်၏။ ဒေါ်စိမ်းအုံသည် စီးကရက်တစ်လိပ် ထုတ်ယူလိုက်၍ ကျွန်တော်ခြစ်ပေးလိုက်သောမီးနှင့် အားရပါးရဖွာလိုက် ပြီးနောက်၊

''မောင်ကျင်မောင်နဲ့ စကားလေးပြောစရာ ရှိလို့ပါကွယ်''

''သြော်၊ ပြောပါခင်ဗျာ''ဟု ဆိုပြီး ကိုယ်ကိုပြင်ထိုင်လိုက်မိသည်။ ဘာကိုပြောတော့မည်နည်း ကျွန်တော်ရိပ်စားမိသော်လည်း ဘယ်လိုပြောလိမ့်မည်ကို စိတ်စော၍ ကျွန်တော် ရင်တဒိတ်ဒိတ် ခုန်နေ၏။

ဒေါ်စိမ်းအုံသည် စီးကရက်ကို ဒုတိယအကြိမ် ဖွာထုတ်လိုက်ပြီး၊

''ဒေါ်ဒေါ်ကတော့ မောင်ကျင်မောင် သိတဲ့အတိုင်းပဲ စကားလဲ ရှေရှေဝေးဝေးနဲ့ သွယ်သွယ်ဝိုက်ဝိုက် မပြောတတ်ဖူးကွဲ့၊ တိုက်ရိုက်ပဲပြောရတော့မယ်၊ ကိစ္စကတော့ တခြား မဟုတ်ပါဘူး၊ မောင်ကျင်မောင် နဲ့ မထွေးနုတို့ ဘယ်အခြေရောက်နေပလဲဆိုတာ အားလုံးပဲ သိနေကြပါပြီ၊ ကလေးမလေးက အကုန်ဖွင့်ပြောပါတယ်၊ သည်တော့ ကလေးမရဲ့ မအေနဲ့ အမကရော ဒေါ်ဒေါ်တို့ကပါရော ဆိုပါတော့လေ၊ မောင်ကျင်မောင်ရဲ့အခြေအနေ စိတ်နေသဘောထားကို ကြည့်ပြီး အားလုံးကပဲ သဘောတူကြပါတယ်၊ သို့ပေမယ့် ဒါမျိုးက သည်အတိုင်းချည်းနေသွားလို့ မပြီးတဲ့ကိစ္စဖြစ်လေတော့ အခုလက်ငင်းအခြေအနေအရ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မလုပ်နိုင်တောင်မှ နံဘေးလူတွေ ကြားလို့မြင်လို့ကောင်း သွားအောင် လူကြီးလေးငါးယောက်လောက်ဖြစ်ဖြစ် လက်ဖက်ရည်လေး ဘာလေးခေါ်တိုက်ပြီး လူသိနတ်ကြား လုပ်စေချင်တယ်ကွယ်၊ မောင်ကျင်မောင်လဲ မိကောင်းဖခင် သားပဲ၊ ဒေါ်ဒေါ် ပြောတဲ့စကားကို မပယ်ဘူးလို့ ယုံကြည်ပါတယ်''

ကဲ၊ တွေ့ကြပြီပေါ့။ ကျွန်တော် မမျှော်လင့်သောအန္တရာယ်ကို ရင်ဆိုင်ရပေပြီ။ အဒေါ်ကြီး၏ ပြောလိုက်ပုံကား ချည်ပြီး တုပ်ပြီး၊ ''ကော်ပင်ရိပ်လှီး'' စကားပေတည်း။ သို့သော် ကျွန်တော်သည် လူပျိုလူလွတ်မဟုတ်။ သူပြောတဲ့အတိုင်းလုပ်လိုက်ပါက လူယုတ်မာ ဖြစ်တော့မည်ကို သူမသိရှာ။ သည်တော့ မှန်ရာဖွင့်ပြောပါတယ်'' ဆိုသည့်စကား၊ မထွေးနုက ဘာတွေပြောထားပါသနည်း၊ ကျွန်တော်က ဘာမျှမဖြစ်ရသေးပါကြောင်း ငြင်းဆိုလိုက်ပါသော် သူတို့ယုံကြည်ကြပါမည်လော။

မထွေးနုလေး၏ဂုဏ်သရေကို ထိခိုက်တော့ချေမည်။ စေ့စေ့တွေးတော့ တရေးရေးခက်၊ အသက်ရှူ များပင် ကျပ်မိတော့သည်။ နောက်ဆုံးတွင် စကားမပြန်လျှင်လည်း မပြီးသည်မို့ မိသားဖသား ပီသသည့်စကား မုသားဆိုရတော့၏။

''ဒေါ်ဒေါ်ပြောတာ မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်လဲသည်ကိစ္စကို စဉ်းစားနေပါတယ်၊ ဒေါ်ဒေါ်ပြော သလို အခြေအနေအရ ပြီးစလွယ်ကြောင်း စရိတ်ကျဉ်းကျဉ်းနဲ့ လူသိနတ်ကြား လုပ်လိုက်ဖို့လဲ စိတ်ကူးခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ မိဘများကရှိသေးလေတော့ သားသမီး ဝတ္တရားအတိုင်း ပထမ မိဘကိုအသိပေးချင်ပါသေးတယ်၊ ကျွန်တော့် သည်အသက် အရွယ်နဲ့ သည်လိုကြေး နဲ့ငွေနဲ့တောင် လွတ်ထားလေတော့ ကျွန်တော့်ကို ယုံကြည် စိတ်ချပြီး သားမို့ ကျွန်တော့်ဆန္ဒကို ငြင်းပယ်လိမ့်မယ်မထင်ပါဘူး၊ တကယ်လို့ မိဘတို့က သဘောမကျ ဘူး ဆိုသည့်တိုင်အောင်မှ ကျွန်တော်က ကျွန်တော့်ဝတ္တရားအတိုင်း သူတို့ကိုပြောပြီးပြီဟာမို့ ကျွန်တော်ကလဲ ငယ်တဲ့သား မဟုတ်လေတော့ ကျွန်တော့်သဘောအတိုင်း ပြုနိုင်ပါတယ်၊ ဒါကြောင့် ဒေါ်ဒေါ်က မထွေးနုမိဘများကို သိပ်အယင်မလိုပဲ ခေတ္တစောင့်ဖို့ ပြောပေးပါခင်ဗျာ''

ဒေါ်စိမ်းအုံသည် စီးကရက်နှင့်မှိန်း၍ ကျွန်တော့်စကားကို ခေတ္တမျှစဉ်းစားဟန်ပြုပြီးမှ၊

''အင်း မိဘများက ရှိသေးတော့လဲ မောင်ကျင်မောင်ပြောတာ မှန်တာပလေ၊ သည်စကားပြန်ရဖို့က ဘယ်လောက်များ ကြာမယ်ထင်သလဲ''

''ကျွန်တော်တို့အရပ်နဲ့ သည်နဲ့ စားအသွားအပြန် ဆိုတော့ သီတင်းနှစ်ပတ်၊ အလွန်ဆုံး သုံးပတ် လောက်ပါပဲ၊ အဲသည်တော့သိရမှာပါ၊ အကယ်၍ အိမ်က သဘောမတူဘူးဆိုလဲ ကျွန်တော့် သဘောအတိုင်းပြုဝံ့ပါတယ်''

ဤတွင်မှ ဒေါ်စိမ်းအုံသည် အလောဆော်မှုကို မပြုတော့ပဲ၊ မထွေးနုလေးမှာ ရိုးသား၍ စိတ်နေ သဘောထား ကောင်းမွန်ကြောင်း၊ ကလေးမ မိဘများမှာ ရှေးယခင် ကျောက်စိမ်းတွင်း ခေတ်ကောင်းစဉ်က တွင်းပိုင်ရှင်လူချမ်းသာများဖြစ်ခဲ့ကြောင်း၊ ယခုစစ်ဒဏ်ကြောင့် အလုပ်အကိုင် ပျက်၍ အခြေအနေ နွမ်းပါးသွားသည်ဖြစ်ကြောင်း စသည်တို့ကိုပြောပြီး ပြန်မည်ဟု နှုတ်ဆက်သော အခါ ကျွန်တော်က သူ့အားစီးကရက်တစ်ဗူးလက်ဆောင်ပေးလိုက်၏။ ထိုစဉ်က ကျွန်တော့်မှာ ကသာမြို့တွင် ပြန်ရောင်းဖို့ ဝယ်ထားသော ဂိုးလ်ဖလိပ် ငါးဆယ် ဝင်သံဗူးတွေ တစ်ရာကျော်ရှိနေ၏။

ယင်းသို့ဖြင့် ကျွန်တော်သည် မထွေးနုတို့နှင့် ကွန်ခြေမပျက်နေခဲ့ပြီး ကြာသာပတေးနေ့ည၊ ကိုလှမောင်တို့ ရောက်လာကြသောအခါ (ရုတ်တရက် ဖြစ်ပေါ်လာသော ကိစ္စကဲ့သို့) ကသာတွင်ရှိနေသော ဆန်များအတွက် ကျွန်တော် ခေတ္တပြန်မှဖြစ်မည်ဟု အကြောင်းပြပြီး၊ နောက်တစ်နေ့မနက်မှာကိုလှမောင်တို့နှင့်အတူ လိုက်ပါခဲ့လေ၏။

ကျွန်တော်သည် အစ ပထမ၌ လက်ကျန်ဆန်တွေကို ရသမျှဈေးနှင့် အပြတ်ရောင်းပစ် ခဲ့မည်ကြံမိသည်။ သို့သော် နောက်၌မထွေးနုအတွက် စိတ်ကူးတစ်မျိုးရ၍ မရောင်းခဲ့တော့ သဖြင့် ကျွန်တော် ငှားခဲ့သောအခန်းတွင် ဖွင့်ပြီး ရောင်းလက်စ အိတ်ဝက်ခန့်။ မဖောက်ရသေးသည်က ၈– အိတ်နှင့်ဈေးသေတ္တာထဲမှာ ငွေအချို့ ကျန်ခဲ့သေးသည်မို့၊ မထွေးနုသည် ရထားနှစ်ပတ်သုံးပတ်လောက်တော့ ကျွန်တော့်အပြန်ကို မျှော်နေရှာဦးမည် ထင်ပါ၏။

## မရဲပဲနှင့် ကွဲပြဲစီးသူ

မထွေးနုနှင့် ကျွန်တော့်ဖြစ်အင်ကို ခုံတင် ရင်ဖွင့်ပြသောအခါ၌၊ ကျွန်တော့်မိတ်ဆွေ တသိုက်မှာ ရင်သပ်ရှုမော အံ့သြကြကုန်၏။

''အောင်မလေးဗျာ သည်လို အပျိုစစ်စစ်ဆယ့်ခွန်ဆယ့်ရှစ် တစ်တစ်ရစ်ရစ် ကလေးများ၊ လူကြီးလေးငါးယောက်လောက် လက်ဖက်ရည်တိုက်လိုက်ရုံနဲ့ ရမယ်ဟာများ ခင်ဗျားမို့လို့ ခုလိုရှောင်ခဲ့တယ်ဗျာ''

''ကျုပ်သာဆို လူကြီး လေးငါးယောက် မကဘူး၊ ၇၅ ယောက်တိတိ လက်ဖက်ရည်တိုက်မုန့်အဝကျွေးလိုက်မယ်ဗျ''

''ဟင်း ဟင်း ကျွန်တော်နဲ့ လူချင်း လဲလိုက်စမ်းချင်တယ် ကိုကျင်မောင်ရယ်''

''အလကားပါဗျာ၊ သူက မရဲပဲနဲ့ ကွဲပြဲစီး ဆိုတဲ့ လူဗျ စတော့ စတတ်တယ်''

ကျွန်တော့်မိတ်ဆွေများပြောတာမှန်ပါသည်။ ဤမှာဘက်တွင် ကျွန်တော့်၌ သူတို့လောက် သတ္တိမရှိပါ။ သူတို့မှု အသီးသီး မိန်းမ ကိုယ်စီနှင့် ရှိကြပေသည်။ ကိုမြကြီးမှ လွဲ၍၊ ကိုမြကြီး သော်မှ

သူ့ဇနီး မသိန်းတင်နှင့် လေးငါးနှစ် သမီးလေး တစ်ယောက်က ထက်ချပ်မကွာ ပါလာခဲ့သောကြောင့်သာ၊ ထို့ပြင် ကိုမြကြီးမှာ မျက်စိရှေ့မှောက်၌ မယားကို ကြောက်ရသူ။ ကိုလှမောင်နှင့် ကိုစိုးဝင်း၏ ကောင်မလေးတွေမှာ မိုးညှင်းမှ ရှမ်းမလေးတွေ ဖြစ်၏။ အသက် ၂၀ မျှအရွယ်၊ ကုန်စိမ်းသည် မလေးတွေ ဖြစ်သည်။ စနေနေ့ညဆိုလျှင် မိုးညှင်းမှ မီးရထားနှင့် ကသာသို့ ရောက်လာကြ၏။ သူတို့ ကုန်စိမ်းများကို အခြားအဖော်များနှင့် ဈေးထဲ သွားရောင်း ကြ၏။ ညမိုးချုပ်သောအခါ အခြား အဖော်တို့မှာ ဈေးရုံထဲတွင် ဈေးကောက်အား တစ်ယောက် တစ်ည တစ်မူးပေး၍ အိပ်ကြရ၏။ ကိုလှမောင်နှင့် ကိုစိုးဝင်း၏ ကောင်မလေး သိန်းညွန့်နှင့် သိန်းခင်တို့မူ ဘူတာဝင်းထဲသို့လာကာ၊ မီးရထားအလုပ်သမား တန်းလျာတွင် သူတို့ကြင်ဖော် များနှင့် အိပ်ကြ၏။ နံနက်အစောကြီး ဈေးထဲသို့ ပြန်သွားကြ၏။

ဤသို့လျှင် သူတို့ကလေးတို့သည် သီတင်းတစ်ပတ်မှာ စနေနေ့ညနေ ကသာရောက်၊ တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါ ၃ ရက်၊ ကသာမှာဈေးရောင်းနေ။ ဗုဒ္ဓဟူးနေ့နံနက်ရထားဖြင့် မိုညှင်းသို့ပြန်ကြ၏။ ထိုအခါ ကိုစိုးဝင်းသည် သိန်းခင်နှင့် ဗုဒ္ဓဟူး ကြာသာပတေး၊ သောကြာ သုံးညတာ ခွဲခွာရခြင်းဖြစ်၏။ ကိုလှမောင်ကမူ ရထားတွင်မပြတ်လိုက်နေသော လက်မှတ်စစ် ဖြစ်၍ ဗုဒ္ဓဟူးနေ့ည မိုးညှင်းသို့ ရောက်လာသောအခါ ဘူတာမှတစ်မိုင်မျှကွာသော အုတ်ကျင်းရွာ ရှိ သိန်းညွန့်တို့အိမ်လိုက်အိပ်၏။ သောကြာနေ့ည မြစ်ကြီးနားမှ ပြန်ရောက်လာသော အခါလည်း သိန်းညွန့်တို့အိမ်မှာပဲ သွားအိပ်၏။ မိုးလင်းမှ တူမောင်မယ် မီးရထားနှင့် ပြန်လာကြ၏။ သိန်းညွန့်က သူ့ပစ္စည်းများနှင့် ကသာသို့ လိုက်ခဲ့၏။

ကသာမှထွက်ခဲ့သည့် တစ်ခုသော ဗုဒ္ဓဟူးနေ့ည၌ ကျွန်တော်သည် ကိုလှမောင်နှင့်အတူ သိန်းညွန့်တို့ အိမ် လိုက်အိပ်၏။ သိန်းညွန့်တွင် မိခင်မရှိ။ သူ့ဖခင် အသက် ၆၀ ကျော်ကြီးမှာ ကိုယ်လက်အင်္ဂါ မသန်မစွမ်းရှာ။ သိန်းညွန့်က လုပ်ကျွေးနေရခြင်းဖြစ်၏။ ကျွန်တော်တို့ ရောက်သွားသောအခါ အဘိုးကြီးသည် အိမ်အလယ်ခန်း မီးဖိုကြီးအနီးမှာ မထနိုင်ရှာပါ။ တစောင်းကလေးကွေးနေရာမှ ကျွန်တော်တို့ကို နှုတ်ဆက်ပါသည်။ ကိုလှမောင်နှင့် သိန်းညွန့်သည် လူကြီးစုံရာနှင့် အသိအမှတ် ပြုထားသော လင်မယားဖြစ်ပါသည်။

စင်စစ် ကျွန်တော်လည်း မထွေးနုနှင့် ဤသို့ အသိအမှတ်ပြုသော လင်မယားဖြစ်ဖို့ပင်။ သို့သော် ကျွန်တော်သည် ဖော်ပြခဲ့သည်အတိုင်း မဝံ့ရဲခဲ့။ ''မရဲပဲနှင့် ကျွဲပြစီးသူ''ဟု ကျွန်တော့် မိတ်ဆွေများ၏ ဝေဖန်ခြင်းကိုခံရပါသည်။ ထိုမှတဖန် သူတို့ ကျွန်တော့်ကိုအံ့သြရပြန်သည်ကား မထွေးနုလို အပျိုစင် ကလေးကိုတော့ သူ့လူကြီးမိဘများက သဘောတူပေးစားမည် ဆိုပါလျက်ကနှင့်မယူ။ မသူလို

မိန်းမပျက်ကိုတော့ ချုပ်ကိုင်နေသော မိန်းမထိန်းလက်မှ အတင်းလု၍ ယူလိုက်သည်။ နို့ပြီး ခဏာတဖြုတ် အပျော်အပါးမဟုတ်။ လင်မယားအဖြစ်နှင့် ကသာတွင်နေစဉ်ကာလအတွင်း မခွဲမခွာ ပေါင်းသင်းနေလိုက်သေးသည်။

ကိုလှမောင်နှင့် သိန်းညွန့်သည်လည်းကောင်း၊ ကိုစိုးဝင်းနှင့် သိန်းခင်သည်လည်းကောင်း၊ ဖော်ပြ ခဲ့သည့်အတိုင်း မီးရထားနှင့်သွားပြန်နေကြသော သူတို့ကောင်မလေးတွေကို ရောက်တုန်း ရောက်ခိုက် ညတွင် အတူအိပ်ကြသည်မှတပါး ဘယ်တော့မှ အတူတကွမနေကြချေ။ ကောင်မလေးတို့သည် နံနက်မိုးလင်းလျှင် အစောကြီးထပြီး ဈေးသို့သွားကြသည်။ ညမိုးချုပ်လျှင် ဈေးသိမ်းပြီး ပြန်လာကြသည်။ သူတို့ချင်း အတူတကွ ထမင်းစားကြသည်ကိုလည်း ကျွန်တော် တစ်ခါမျှ မတွေ့ခဲ့ဖူး ချေ။ ကျွန်တော်သာလျှင် မသူနှင့် ကိုယ့်အိုးခွက်ဖြင့် ချက်ပြုတ်စားကြသည်။

ဦးထွေးမောင် အမျိုးသမီးကား သိန်းညွန့်တို့လို မီးရထားအပတ်စဉ် မှန်မှန်လိုက်နေသူ မဟုတ်ချေ။ ဘယ်မြို့ဘယ်ရွာကလည်း ကျွန်တော်မသိပါ။ တခါတရံမှ ဦးထွေးမောင်ဆီ ရောက်ရောက် လာတတ်သည်။ ထိုစဉ်အခါက ကျွန်တော့်အသက်သည် ၂၇ နှစ်၊ ကိုလှမောင်နှင့် ကိုစိုးဝင်းတို့က ၃၀ ကျော်၊ ဦးထွေးမောင်က ၄၀ ခန့်။ သူ့အမျိုးသမီးကလည်း သူ့လောက်နီးနီးပဲ။ ရုပ်ရည် သန့်သန့်ခန့်ခန့်။ သိန်းညွန့်နှင့် သိန်းခင်တို့လို ဆင်းရဲသရုပ်မပေါ်ပေ။ သိန်းညွန့်နှင့် သိန်းခင်တို့မှာ နားပေါက်ကလေးတွေရှိသော်လည်း နားတောင်းမရှိရှာချေ။ ကိုထွေးမောင် အမျိုးသမီးကြီးကား သက္ကလတ် ရင်ဖုံးအကျီနှင့်၊ ကျောက်စိမ်းနားတောင်းကြီးနှင့်။

တစ်ခါသော် ထိုအမျိုးသမီးသည် ကျွန်တော်တို့နေသော မီးရထားဝင်းအတွင်းသို့ လိုက်လာပြီး ဦးထွေးမောင်အား ရန်တွေ့သည်။ ကျွန်တော် သိုးသိုးသန့်သန့်ကြားသမျှမှာ ဦးထွေးမောင်သည် ထိုအမျိုးသမီးထံမှ ပစ္စည်းများယူ၍ ကုန်ကူးသန်းရောင်းဝယ်နေသည်ဟုပြော ခဲ့ပြီး သူ့ထံသို့ ပြန်မလာတော့ချေ။ ထို့ကြောင့် သူက မကြာခဏ လိုက်လာရခြင်းဖြစ်သည်။ သည်တစ်ခါတော့ သူ သည်းမခံနိုင်တော့။ ပစ္စည်းပြန်မရချင်နေ၊ လူသာလိုက်ခဲ့ပါတော့။ နို့မဟုတ်လျှင် လူချင်းအပြတ်ဖြတ်၍ ဦးထွေးမောင် ယခုအိပ်နေသော အိပ်ရာလိပ်ကို ပြန်ယူသွား တော့မည်။ ထိုအိပ်ရာလိပ်က ကော်ဇောကြီးကလည်း တော်တော်ကောင်း၏။

ဦးထွေးမောင်သည် အပြောလည်းကောင်း၏။ ဥပဓိရုပ်လည်းကောင်း၏။ လူအနေအထိုင် ကလည်း ခန့်ညားး၏။ သူဆေးလိပ်မသောက်တတ်ချေ။ သူ့တွင် ကွမ်းအစ်တစ်လုံး အမြဲဆောင် ထားလျက် ဘုန်းကြီးတစ်ပါးကဲ့သို့ ကွမ်းမပြတ်ဝါးနေတတ်၏။ လူအင်္ဂါရုပ်ကလည်း ဗိုလ်ဆံတောက်နှင့် မဟုတ်။

ကတုံးနှင့်မို့ ဦးခေါင်းချည်းကြည့်လျှင် ဘုန်းတော်ကြီးနှင့်ပင် တူသေးတော့သည်။ ဦးပြည်းကျယ်ကျယ်၊ နားထင်ကားကား။ သူကွမ်းဝါးယင်း စကားပြောသော အခါ နားထင်သား တလှုပ်လှုပ်နှင့် သူ့အမျိုးသမီးအား ပြေရာပြေကြောင်း ပြောနေလိုက်ရာ၊ နံနက် မိုးသောက် အလင်းရောက်၍ ထိုအမျိုးသမီး ပြန်သွားသောအခါ ဦးထွေးမောင်လည်း မလိုက်၊ အိပ်ရာလိပ်လည်း ပါမသွားသည့်ပြင် ထိုအမျိုးသမီး၏ ကျောက်စိမ်းနားတောင်းကြီးလျှင် ဦးထွေးမောင်ထံ၌ ကျန်ခဲ့တော့၏။

ကျွန်တော်တို့လူသိုက်တွင် ပထမဦးဆုံးပြန်ရသူမှာ ဦးထွေးမောင်ဖြစ်၏။ သူတစ်ဦး ကလည်း ရှေးဦးစွာ ပြန်ရသည့်အကြောင်းကား ကျွန်တော်က တစ်နေရာ၌ ဖော်ပြခဲ့ပြီ။ ကိုလှမောင်ရယ်၊ ကိုမြကြီးရယ်၊ ကိုစိုးဝင်းရယ် ဦးထွေးမောင်ရယ်၊ ကျွန်တော်ရယ် ငါးယောက်စပ်၊ ကသာနှစ်မြစ်ကြီးနား ကြေးကုန် ကူးကြသည်။ ထိုစဉ် ဒုတိယကမ္ဘာစစ်ကြီးပြီးစ စစ်ကြွင်းစစ်ကျန်များဖြစ်ကြသော အမြောက်ဆံ၊ ပုံးဆံ၊ ကျည်ဆံခွံ၊ ဝိုင်ယာကြိုး၊ မော်တော်ကား ပျက်မှ ရေတိုင်ကီစသော ကြေးပစ္စည်းများကို မြစ်ကြီးနားမှဝယ်ပြီး ကသာမြို့တွင် ပြန်ရောင်းကြရာ ကျွန်တော့်တို့မှာ အခြားသူများထက် တွက်သားကိုက်ကြ၏။ ကိုက်မှာပေါ့ ကျုပ်တို့က မီးရထား အလကားတင်ရတာကိုး။

သို့ရာတွင် ကျုပ်တို့မြန်မာလူမျိုးတွေအကြောင်း ခင်ဗျားတို့ သိကြသားမဟုတ်သေး။ ကြေးပစ္စည်း ရောင်းကောင်းတယ်ဆို စစ်ကြွင်းစစ်ကျန် ပုံ့သကူ ပစ္စည်းသာမဟုတ်တော့ပဲ ရထားလမ်းတလျှောက်က ကြေးနန်းကြိုးတွေ တက်ဖြတ်ကြကုန်သောကြောင့် ၁၉၄၇ ခုနှစ် ဦးပိုင်း၌ ဤကြေးပစ္စည်းများ ကိုရောင်းဝယ်ခွင့် သယ်ဆောင်ခွင့်မပြုတော့။ တွေ့ရာမှာဖမ်းစေ၊ သိမ်းစေဟု အစိုးရက အမိန့်ထုတ် လိုက်သောအခါ ကျုပ်တို့မှာဒုက္ခရောက်ကြတော့၏။ မြစ်ကြီးနားတွင် ရထားပေါ်ရောက်နေသော ပစ္စည်းများကို လမ်းမှာပင် တွဲပေါ်မှ ကန်ချပစ်ခဲ့ ရသည်။ ကသာတွင် မရောင်းရသေး သည်များကိုတော့ ပုလိပ်လာဘ်ထိုး၍ပိတ်ထားရပြီး မှောင်ခို ပစ္စည်းအဖြစ်နှင့် လေ့တစ်စီးငှားကာ ဦးထွေးမောင်အား မန္တလေးသို့ လွှတ်လိုက်ရ၏။ သူသည် ဤကြေးထည်များကို ရောင်းပြီးပါက ရငွေကိုကျွန်တော်တို့ အစုရှယ်ယာခွဲရန် ကသာသို့ပြန်လာ ဖို့ ဖြစ်၏။ သို့သော် သူသည် စူဠရေချ၊ စာမျှပင် ရောက်မလာတော့ချေ။ အရေးထဲ သူ့အမျိုးသမီးကတမှောင့်။ လာရောက်မေးတတ် သေးသည်။ ကျွန်တော်တို့အဖြေကတော့၊

''ဟုတ်ကဲ့၊ မကြာမီ ပြန်လာမှာပါခင်ဗျာ၊ ကျွန်တော်တို့လဲ သူ့ကိုမျှော်နေတာပါပဲ''

သို့ရာတွင် မျှော်၊ မျှော်၊ ဘယ်လိုပင်မျှော်မျှော်၊ ဦးထွေးမောင်တော့ ပြန်ရောက်မလာ တော့ပဲ သူသွားပြီး နှစ်လမျှအကြာ မေလထဲ၌ မီးရထားအလုပ်မှ ကိုလှမောင်နှင့် ကိုမြကြီးအား ကသာမှ

မန္တလေးနယ်သို့ ပြောင်းရွှေ့ပစ်လိုက်လေ၏။ ထိုအခါ ကိုစိုးဝင်းလည်း တပါတည်း လိုက်သွားလေတော့ မသူနှင့် ကျွန်တော်နှစ်ယောက်တည်း မီးရထားဝင်းတွင်းသောင်တင်၍ ကျန်ရစ်ခဲ့လေတော့၏။

ကျွန်တော့်ကိုယ် ကျွန်တော် အကြောင်း ပြချက်ကား ကိုတက်ပြားဆီက ဆန်ဖိုးငွေ ၂၅၀၀ ကျပ် မရသေးသောကြောင့်။ သို့ရာတွင် ပေါင်းတည်သား စာတို့ကား ဤမျှငွေကို ဂရုစိုက်မနေပါ နှင့် အဆုံးထားပြီး လူသာ အမြန်ပြန်ခဲ့ပါတော့ ဖြစ်ပေရာ စင်စစ် ကျွန်တော်၏စိတ်ထဲမှာ သံယောဇဉ်ငြိမိသူ မသူအား ခွဲရမှာ သည်းမြည်ာ ဖြစ်နေသောကြောင့်သာလျှင်တည်း။

သို့ရာတွင် ဘယ်လောက်ပင် နှောင်ကြိုးငင်နေလင့်ကစား၊ (၁) ကိုတက်ပြားသည် ကျွန်တော့်အား အသိမပေးပဲ မန္တလေးသို့ လစ်သွားလေပြီ။ (၂) ပေါင်းတည်မှ လူလွှတ်ခေါ် လေပြီ။

သည်တော့ မနေသာ။ မသူကို ကျွန်တော်ခွဲခွာရလေပြီ။

သည်နေရာမှာ ကျွန်တော်ဟာ ကိုလှမောင်၊ ကိုစိုးဝင်း၊ ဦးထွေးမောင်တို့နှင့် မည်မျှ ကွာခြားလေသနည်း။ သူတို့ကား ပြန်တော့မည်ဆို သူတို့ အမျိုးသမီးတို့အား လာမျှ အမှုထား ကြတော့။ မေ့မေ့ ပျောက်ပျောက်ပင်။ ကျောက်ခဲသလဲကဲ့သို့ ပြုနိုင်အားကြပါပေသည်။ ကျွန်တော်မူကား ရင်ထဲတွင် ခံစားလိုက်ရသည့်ဖြစ်ခြင်း။

ကသာ သဘော်စိပ်မှ ခွဲခွာခဲ့ရပြီ၊ ''တိုင်ရှိ သဘော်ကား ဂယက်ဖွေးဖွေးနှင့် ကသာ ကမ်းနံဘေးမှ ဝေးသည်ထက် ဝေးခဲ့ပြီတကား'' ဟု ''ဆန်ဆုံစား ကံကုန်သွား'' သို့မဟုတ် 'နှောင်းချစ်သူ'ဝတ္ထုတွင် ဝတ္ထုသွားအလျောက် အဆုံးသတ်ခဲ့သော်လည်း မသူနှင့် ကျွန်တော့် ဇာတ်လမ်းကား ဤမျှနှင့် အဆုံးသတ်သည် မဟုတ်သေးချေ။

ထိုနေ့နံနက် ကသာမှ သဘော်ထွက်ခဲ့၍ မသူကို ခွဲခွာပစ်ခဲ့သည်လည်း အမှန်ဖြစ်ပါသည်။ သို့သော် နောက်ဆက်တွဲ ဖန်လာပုံကား။

အပျက်မလေး ဘဝမှ ကျွန်တော့် လက်ထဲရောက်သော် အကောင်းဘဝ ပြန်ရောက်၍ ယခု တဖန် ကျွန်တော်က စွန့်ပစ်ခဲ့ရတော့ သူ့ဘဝမှာ ဒုန်းရင်း ပြန်ရတော့မည် ဖြစ်ရတကား။ ကျွန်တော့် စိတ်ဝယ် ကြိတ်မနိုင်ခဲမရ နှလုံးသား တဒိန်းဒိန်ခုန်လျက် သဘော်ပေါ်တွင် ဂဏာမငြိမ်နိုင်ပဲ တမှိုင်မှိုင်

တတွေတွေနှင့်ပါလာခဲ့၍ အင်းရွာသို့ သင်္ဘောဆိုက်သည့်၌ ကသာမှာ သိကျွမ်းဖူးသော မိတ်ဆွေတစ်ဦး ရောက်လာပြီး ကျွန်တော်အား မသူအကြောင်းကို မေးပါသည်။

ကျွန်တော်က ရိုးသားစွာပဲ မချိတင်ကဲအသံနှင့် အမှန်ကိုပြောပြသောအခါ ထိုလူသည် ကျွန်တော့်မျက်နှာရိပ် မျက်နှာကဲကိုမျှ မထောက်ရှု သူက ဝမ်းသာအားရနှင့်၊

''ဟင်၊ သည်လိုဖြင့် ကျုပ်တို့ သည်ကောင်မလေးကို ပြန်ဆုံရအုံးတော့မှာပေါ့၊ ခင်ဗျားကြောင့် ကျုပ်တို့ ငတ်ခဲ့တာကြာပါပြီဗျာ''

ရုတ်တရက် ကျွန်တော် ဘယ်လက်သည် သူ၏ ရုပ်အင်္ကျီလည်ပင်းကို ဆွဲမိလေပြီ။ လက်သီးပြင်းနှင့်လာသော ကျွန်တော့်ညာလက်ကိုကား ကျွန်တော့်အနီးရှိ ကိုဖိုးငွေ (ကျွန်တော့်ကို လာခေါ်သူ) က ဖမ်းလိုက်မိပေ၍သာ။

ထို့နောက် ကျွန်တော် ဘာမျှ မပြောတော့ပဲ အိပ်ရာထဲလှဲပြီး ဝမ်းလျားမှောက်၍ နေလိုက်တော့၏။

စင်စစ်တော့ ထိုသူသာမဟုတ်။ ဤမှာတက် လိုက်စားကြကုန်သော ကာလသားတိုင်းပင် ကျွန်တော့်အပြန်ကို စောင့်နေကြပေသည်။

အင်း၊ ငါ မသူကို မခေါ်ခဲ့တာ မှားလေခြင်း။

ကျွန်တော်သည် ချက်ချင်းပင် သင်္ဘောပေါ်က ပြေးဆင်းကာ ရရာလှေကြုံနှင့် သို့မဟုတ် မော်တော်တစ်စင်းကို ငှားကာ ကသာကို ဆန်တက်လိုက်ချင်လှသည်။ ဘယ်နှယ့်၊ ကျွန်တော့်ခြောက်လကျော် ပေါင်းသင်းခဲ့တဲ့ မယားခင်ဗျာ။

သို့သော် ဤအချိန်၌ ကျွန်တော့်အိပ်ထဲရှိငွေမှာ ကျွန်တော်နှင့် ကိုဖိုးငွေ နှစ်ယောက် နှစ်ယောက် စရိတ်အနိုင်နိုင်ရယ်။

သို့ရာတွင် သူတော်ကောင်း နတ်ကောင်းမ သကဲ့သို့ သူယုတ်မာအား မဖို့ နတ်ယုတ်မာကမျှားရှိလေသေးသည်လားမဆိုနိုင်။ ထိုနေ့ သင်္ဘော ညအိပ်ရန် ထီးချိုင့်သို့ ဆိုက်သောအခါတွင်

အိပ်ရာထဲ တစ်လိမ်လိမ် တစ်ခွေခွေနေသော ကျွန်တော့် အနီးသို့ ကသာမြို့ ဦးလေးထွန်းအိမ်၌ ဖဲအတူတူကစားဘက် မိတ်ဆွေများ ရောက်လာကာ၊

''ဟာ၊ ဟောသည်မှာ တစ်အိမ်ရှိနေတာပဲဗျ၊ အဆင့်သင့်လိုက်လေ၊ ကဲ၊ လာ ထ၊ ကုန်သည်ကြီး''

သူတို့က ကျွန်တော်အား ကုန်သည်ကြီးဟု ခေါ်ကြပါသည်။ ကပျက်ကချော် မဟုတ်။ လေးစားစွာ ခေါ်ခြင်း ဖြစ်သည်။ ထိုမြစ်ညာအရပ်တွင် တရုတ်ကို 'လောပန်'၊ မြန်မာကို 'ကုန်သည်ကြီး' ၊ မွန္တလေးတွင် 'ပွဲစားကြီး ခေါ်သကဲ့သို့ပင် ဂုဏ်တင်ကြခြင်း ဖြစ်ပါသည်။

သူတို့သည် မွန္တလေးတွင်နှင့် ကသာကို စုန်ဆန် ကူးနေကြသော ကုန်သည်များဖြစ်ကြ၍ ကျွန်တော့်အား ငွေထောင်သောင်းနှင့် ရောင်းဝယ် ဖောက်ကားနေသော ကုန်သည်ကြီးဟု အသိအမှတ် ပြုထားကြသည်။ ဟုတ်တုန်းကလည်း သူတို့ မျက်မြင်ပဲ။ ဟုတ်ခဲ့ပေတကိုး။ ယခု ကျွန်တော်က ဖွတ်ဖြစ်နေသည်ကိုတော့ သူတို့ မသိရှာကြ။ ကျွန်တော်က အမှန်အတိုင်း ယခု ပိုက်ဆံမရှိ၍မကစားနိုင်ကြောင်း ပြောပြသောအခါ၌ သူတို့အတွက် အလွန်ကောင်းသော ပြက်လုံးကြီး ဖြစ်သွားကာ ရယ်မောကြလျက်၊

''အောင်မယ်လေး၊ ကုန်သည်ကြီးရယ်၊ ဧရာဝတီ မြစ်ရေခမ်းလို့ သင်္ဘောလမ်းတွေပျက်ပြီး ကျုပ်တို့ ဒုက္ခရောက်ကုန်ကြပါအုံးမယ်၊ ကုန်သည်ကြီးမှာ ငွေမရှိဘူးလို့ မပြောအပ်တာကို မပြောပါနဲ့''

သူတို့ ကျွန်တော့်အား ဤမျှ အထင် ကြီးကြသည်ကို ကျွန်တော်လည်း ရောနှော ရယ်မောကာ၊

''တကယ်ပါဗျ၊ မယုံ ဟောသည်မှာကြည့်၊ အိတ်ထဲ ငွေနှစ်ဆယ်ပဲ ရှိတယ်''

ရုပ်အကျီ အိတ်ဖြဲပြမှပဲ သူတို့ ပိုမို ရယ်မောကြပြန်ပြီး တစ်ယောက်သောသူက၊

''ကဲ၊ ဒါဖြင့် ကျုပ်က ငွေ နှစ်ရာကျော် ထုတ်ချေးမယ်ဗျာ၊ ရော့၊ သုံးကျပ်ဝိုင်းလေးပဲ၊ သည်နှစ်ရာဆို မိုးအလင်း ကစားနိုင်ပါတယ်''

ထိုလူက ရာတန်နှစ်ရွက် ကျွန်တော့်အိတ်ထဲထည့်လိုက်လေပြီ။ ရှေးယခင် ကသာတွင် နေစဉ်က ကျွန်တော်သည် ထိုလူအား ငွေ ငါးရာ တစ်ထောင်ကို မွန္တလေးနှင့် ကသာ သင်္ဘော တစ်ခေါက်စ

သီတင်းတစ်ပတ်မျှ မကြာမဏာ ထုတ်ချေးခဲ့ဖူးသည်။ ယခု ကျွန်တော့်မှာ စီးပွားရေး မျောက်သစ်ကိုင်း လွတ်ဖြစ်နေပြီကို မသိရှာ။

ကျွန်တော်လည်း အိတ်ထဲ ငွေနှစ်ရာ ရောက်လာလေတော့ ကဲ မထူးပြီ။ မယားပူနှင့် အိပ်ရာထဲ တစ်လူးလူး တစ်လိမ့်လိမ့်နေသည်ထက် စိတ်သက်သာရာ ရချိမ့်မည်။ နောက်မှ ဖြစ်လိုရာ ဖြစ်စေတော့။

သဘော်၊ စာရေးခန်းထဲဝယ် သူ့အား အကောက်ပေး၍ ညဥ့်ဦး ရှစ်နာရီခန့်ကစပြီး ကစားလိုက်ကြရာ နံနက် ငါးနာရီအထိ ကျွန်တော့်ဖဲက သေလှသည်။ ဟိုသူဆီက နောက်ထပ် ငွေ တစ်ရာ ယူရသေးသည်။

နောက်ဆုံး ဒေါင်းမယ့်ဒေါင်းတော့ နံနက် လင်းအားကြီးတွင် ပိုကာနှစ်ယောက်နှင့် နှစ်ခါ ဆက်ဒေါင်းလိုက်လေရာ ငွေ ခြောက်ရာကျော် ပူးလ်တုတ်ကြီးကို စားလိုက်ရလေ၏။

(ဤဖဲကစားနည်းကြောင်း ကျွန်တော် တနေရာ၌ ဖော်ပြခဲ့ပြီ)။ တုတ်ပြီး၊ ဝိုင်းပြတ် ဟိုလူကြွေး တွေဆက်ပြီး ကျွန်တော့်လက်ထဲ ငွေ သုံးရာကျပ်ကျော် အနိုင်ပေါ်လေရကာ ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်လာသည်ကို အထူးပြောပြစရာလိုတော့မည် မထင်ပါ။ မသူထံ အမြန်ပြေးချင်သောဇောနှင့် မြစ်ဆိပ်သို့ မျက်နှာသစ်ရန် ဆင်းသွားသောအခါတွင် မြစ်ညာသို့ ဦးတည်လျက် စက်နှိုးနေသော မော်တော်လေး တစ်စင်းကို မြင်ရသဖြင့် အမြန်ပြေးသွား၍ ဘယ်ထွက်မလဲ မေးမြန်းရာ ကသာကိုတဲ့။

''ဟင်၊ ကျွန်တော် လိုက်ပါရစေ ခင်ဗျာ''

''ဒါ၊ သစ်တောဘက်က ဗိုလ်သဘော်ဗျ။ သူ ခွင့်ပြုမှလိုက်ရမှာပဲ၊ သူ့သွားပြော၊ ကေဗင်ထဲမှာ''

ကျွန်တော့် မော်တော်ပေါ် တက်သွားပြီး မျက်နှာဖြူအရာရှိအား ခွင့်တောင်း၍ သူ့အခန်း ထဲဝင်ပြီး ကသာသို့လိုက်ပါရစေဟု အင်္ဂလိပ်လို ပြောသောအခါ သူကလည်း ကြည်ဖြူစွာပဲ 'ငါ မင်းကို ကူညီရတဲ့အတွက် ဝမ်းသာပါတယ်' ဟု ပြန်ပြောသည်၌ တစ်မိနစ်မျှ စောင့်ပါဟု ဆိုပြီး ကျွန်တော် သဘော်ပေါ်သို့ အမြန်ပြေးတက်၍ ကျွန်တော့်လိုက်ခေါ်သူအား အကျိုးအကြောင်း ပြောပြကာ၊

''အေး၊ မင်း သည့်လောက်တောင် ဖြစ်နေလဲ သွားကွာ၊ ငါ မွန္တလေးကပဲ စောင့်နေမယ်''

ဤနည်း ဤပုံဖြင့် ကျွန်တော် ကသာသို့ ပြန်ရောက်ခဲ့ပြီး မသူကို ခေါ်ခဲ့တော့၏။ ထိုစဉ်က မန္တလေးနှင့် ကသာ တစ်စင်းတည်းရှိသော ဧရာဝတီဖလိုလီလာကုမ္ပဏီမှ ၂၀မေသ 'တိုင်ရီ' သင်္ဘောသည် သောကြာနေ့တိုင်း ကသာ ဆိုက်၍ စနေ၊ တနင်္ဂနွေ နှစ်ရက်နားပြီး တနင်္လာမှာ မန္တလေးသို့ ပြန်ထွက်သည်။ ယင်း သင်္ဘောဖြင့် ကျွန်တော်နှင့် မသူသည် ၁၉၄၇ ခုနှစ် ဇွန်လထဲတွင် မန္တလေးမြို့သို့ ရောက်ခဲ့ကြသည်။ ကသာတုန်းကပင် လိပ်စာ ယူထားလိုက်သော ကိုစိုးဝင်းတို့ အိမ်သို့ သွားရောက် တည်းခိုကြသည်။ သူ့ဇနီး ဒေါ်ခင်မေကပါ ကျွန်တော်တို့ကို ကောင်းမွန်စွာ ဧည့်ဝတ် ပြုစုပါသည်။

သို့ရာတွင် ကျွန်တော်မှာ ကြာရှည်စွာ မနေနိုင်ပါ။ ငမိုးရိပ်ကို ကြိမ်ရိုက်ခေါ်ဘိသို့ ကျွန်တော့် အဖေနှင့် စက်သဌေး ဦးမောင်ကြီးက ကျွန်တော့်အား လူလွှတ်ခေါ်သည် ဖြစ်သောကြောင့် ပေါင်းတည်သို့ အမြန်ပြန်ရပါသည်။

ထိုအချိန်၌ ရန်ကုန်မှ ကျွန်တော့်ဇနီးနှင့် သမီးအကြီးဆုံး သုံးခါလည် အရွယ် ဒင်ပယ်လ်၊ နို့စို့ သားငယ် ကျော်ကျေးတို့က ရွာရှိ ကျွန်တော့်အဖေထံတွင် ရောက်နေသောကြောင့် မသူကို အိမ်သို့ ခေါ်မသွားဝံ့ပါ။ ပေါင်းတည်မြို့မှ ၁၅ မိုင်ကွာ ဇီးကုန်းမြို့ရှိ ကျွန်တော့် ဆွေမျိုးအိမ်တွင် ထားခဲ့ကာ အခြေအနေကြည့်၍ 'ငါလာခေါ်မယ်' ဟု မသူအား မှာထားခဲ့ပါသည်။ သို့ရာတွင် မသူသည် ကျွန်တော့်အခေါ်ကို မစောင့်နိုင်တော့။ ကျွန်တော် ရွာမှာ တစ်ညအိပ်ပြီး နောက် တစ်နေ့ ညနေတွင် မသူ ကျွန်တော်တို့ အိမ်ဝင်းထဲသို့ ဝင်ရောက်လာချေတော့သတည်း။

မဟာ ပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်လေသတည်း ဟု ဝေသန္တရာ ဇာတ်တော်တွင် ကျွန်တော် ဖတ်ခဲ့ဖူးသည်။ အဒိပ္ပာယ်ကို ဘာရယ်လို့ ကောင်းစွာ နားမလည်ခဲ့ပါ။ ယခု ကာလကြာရှည် ခွဲခွာနေရသော ဇနီးနှင့်သမီးငယ်နှင့် (ကျော်ကျော်က ကျွန်တော် ကသာတွင်ရှိစဉ် ဖွားသည်မို့) မွေးပြီးမှ တစ်ခါမျှမတွေ့ရသေးသော သားလေးနှင့် ကျွန်တော့် အဖေအနီးတွင် ပျော်ရွှင်စွာရှိကြတုန်း။ အချိန်လေးမှာ အိမ်ပေါက်ဝ ဝင်လာသော မသူမျက်နှာကို မြင်လိုက်ရသော ကျွန်တော့်မျက်စိတို့တွင် မဟာပထဝီ မြေကြီးသည် အိုးထိန်းစက်သကဲ့သို့ ချာချာလည်လေသတည်း။

ထိုခဏတွင် တဒင်္ဂမျှ ကျွန်တော်သတိမေ့သလိုဖြစ်သွားပြီးနောက် အိမ်ပေါ်မှခုန်ချ၍ မသူထံပြေးသွား ရတော့သည်။

''ဟင်၊ မင်း ဘာကြောင့်လိုက်လာရသလဲ၊ မင်းဘာကြောင့် လိုက်လာရသလဲ''

ဤကား ကျွန်တော် မသူကို တွေ့တွေ့ချင်းပြောလိုက်သည့်စကား။ ဖြစ်ရပုံမှာ ဇီးကုန်းရှိ ဆွေမျိုးများက မသူကို ကျွန်တော့် မယားငယ်အဖြစ်နှင့် သူတို့အိမ်တွင် လက်ခံမသွားဝံ့ပါ၊ ညဦးလင်နောက် ညဦးလိုက်သွားပါဟု ရွာရှိ ကျွန်တော့်အိမ်ကို လမ်းညွှန်လိုက်သောကြောင့် မသူ ရောက်လာရခြင်း။

သို့ရာတွင် မသူကို ကျွန်တော်အိမ်ဝင်းထဲ ခေါ်မသွင်းဝံ့ပါ။ ကသာသို့ ကျွန်တော့်အား လိုက်ခေါ်သော ကိုဖိုးငွေအိမ်သို့ ခေါ်သွားပြီး၊ ထိုည ကျွန်တော်လည်း အဖေ့အိမ်ကို မပြန်ရဲတော့ပဲ ကိုဖိုးငွေအား အဖေ့ထံ အကျိုးအကြောင်းကို ပြောစရပါတော့သည်။ ဇာတ်လမ်း အတိုချုပ်ကား ထိုစဉ်က အင်္ဂလိပ် ငွေတစ်သောင်းကျော်ဖိုး ဆန်အိတ်တွေနှင့် မန္တလေးမှ ကသာသို့ တက်သွားခဲ့သော ကျွန်တော် ဆန်ကုန်သည်ကြီးသည် ကိုးလမျှ ကြာသောအခါ၌ မိမိအိမ်သို့ မယားငယ်တစ်ယောက်နှင့် ပဲစေ့နှစ်စေ့ (ပိုက်ဆံတမူး) သာ ပြန်ပါလာခဲ့တော့ သတည်း။

ထိုည မသူနှင့်ကျွန်တော်သည် ကိုဖိုးငွေအိမ်မှာ မပျော်သော အိပ်ခြင်းဖြင့် နှစ်ယောက်သား တဂျက်ဂျက်နှင့်တလူးလူး တလှိမ့်လှိမ့်နေကြသည်။ ကျွန်တော့် အဖေလည်း ကောင်းစွာအိပ်နိုင်မည် မထင်ပါ။ နံနက် ဝေလီဝေလင်း၌ ကိုဖိုးငွေအိမ်သို့ လိုက်လာကာ ကျွန်တော်အား ငွေတစ်ရာပေးပြီး၊

''ကဲ၊ ငါ့သား၊ မင်းမယားငယ်နဲ့ မင်းသွားချင်ရာ သွားပေတော့၊ ငါ့အိမ်က ချွေးမနဲ့ ငါ့မြေးတွေတော့ ငါ့တာဝန်ထားတော့ကွာ''

ကျွန်တော့်အဖေအသံသည် မချိတင်ကဲ၊ သြော်၊ သားဆိုးသားမိုက်၏ ဖခင်။

သို့နှင့် မသူနှင့်ကျွန်တော်သည် မန္တလေးမြို့သို့ပြန်၍ သုတ်ခြေတင်ခဲ့ရတော့သတည်း။ ထိုအခါတွင် တမာကုန်းရပ်ရှိ ကိုလှမောင်တို့အိမ်သို့သွား၏။ ကိုလှမောင်နှင့် ဇနီး မကင်းလည်း ကျွန်တော်တို့ကို ကောင်းစွာလက်ခံ ပြုစုပါသည်။ သူတို့၏ဆောက်ပြီးစ အိမ်သစ်ကလေးမှာ ကျွန်တော်တို့အား ထားပါသည်။ သို့သော် သူများအိမ်တွင် အဘယ်မှာလျှင်ကြာရှည်စွာ စားသောက်၍ နေသင့်ပါ မည်နည်း။ မန္တလေး၌ ကျွန်တော်ရစရာငွေရှိသည်မှာ ကသာတုန်းက ကျွန်တော့်ဆန်ဖိုးတွေ ယူသုံးထားသော ကိုတက်ပြားထံ၌ ၂၅၀၀ (နှစ်ထောင့်ငါးရာ) ထို့ပြင် ကိုလှမောင်ရော၊ ကိုစိုးဝင်းရော၊ ကိုမြကြီးရော။ ကျွန်တော်တို့ အစုရှယ်ယာရသင့်သည်က၊ ဦးထွေးမောင် ကသာမှ မန္တလေးသို့

ယူသွားပြီး ရောင်းထားသောကြေးဖိုးတွေ။ မန္တလေးသို့ ပြန်ရောက်ကြပြီး ကိုစိုးဝင်းက ဦးထွေးမောင်ထံ သွားတွေ့တော့ ကိုကျင်မောင်ရောက်လာမှ ရှင်းကြပါစို့ဟု ပြောသည်တဲ့။

ထို့ကြောင့် တနေ့ခင်း ကိုလှမောင်နှင့် ကျွန်တော် ဦးထွေးမောင် နေထိုင်ရာ ဒေသကို မေးစမ်းပြီးသွားကြရာ ပွဲစားကြီးတစ်ယောက်၏ ဂေဟာ ပွဲရုံမှာ လွယ်ကူစွာပဲ တွေ့ရပါ၏။ သို့သော် ဦးထွေးမောင်သည် ကျွန်တော်တို့အား ဟက်ဟက်ပက်ပက်မရှိလှ။ ကျွန်တော်ကပဲ စပြီး၊ ကြေးဖိုးငွေတွေ ရှင်းကြရန်ပြောတော့၊

''သည်ကိစ္စက ဘယ်လိုရှင်းမလဲ၊ ကိုကျင်မောင်က စာရင်းအင်းနဲ့ပြလေ'' ဆိုတော့ ကျွန်တော်က၊

''ဘာစာရင်းအင်းတွေ ပြနေစရာလိုသလဲဗျ၊ ကျွန်တော်တို့ ကသာမှာလုပ်ကြစဉ်က တက်နိုင်သမျှ လူအားငွေအားစိုက်ကြ၊ နောက်ပြီးတော့ ရသမျှကို ကျွန်တော်တို့ငါးယောက် အညီအမျှ ခွဲယူကြမယ် ဆိုစကားရှိတယ် မဟုတ်လားဗျ၊ သည်တော့ ဦးထွေးမောင်ကို ကသာက ကျွန်တော်တို့ လေ့နဲ့စားစရိတ်ပေးပြီး တင်လွှတ်လိုက်တဲ့ ကြေးတွေရောင်းလို့ တစ်ထောင် ရတယ်ဆို တစ်ယောက်နှစ်ရာယူ၊ ငါးရာရတယ်ဆို တစ်ရာဆီယူ၊ ဒါပဲရှိတယ် မဟုတ်လားဗျ''

သည်တော့ သူက မသာမယာ မျက်နှာပြုံးမျိုးနှင့်

''ဟာ၊ ငွေနဲ့ကြေးနဲ့လုပ်တဲ့ ကုန်သည်အလုပ်က ဘယ်သည်လိုနည်းနဲ့ဖြစ်မလဲဗျ၊ စာရင်းနဲ့ အင်းနဲ့ပြပြီးရှင်းမှ ဖြစ်မှာပေါ့ဗျ''

'' ဟာ၊ ကျွန်တော်တို့မှာ ဘာစာရင်းမှ မထားခဲ့တာပဲဗျ''

''သည်လိုဆိုယင် ကျွန်တော်ကလဲ ဘယ်လိုမှ မရှင်းတတ်တော့ဘူးဗျ''

သူက ဘုကျကျပဲ ပိတ်ပြောလိုက်လေတော့ ကျွန်တော့်မှာ ပြန်ပြောစရာစကား မရှိတော့ပါ။ သို့သော် ကျွန်တော့်လက်က သူ့ရှေ့တွင်ရှိသော ကွမ်းအစ်ထဲမှ ကြေးထုံးဖူးကို ကောက်ပြီး သူ့မျက်နှာကို ပေါက်လိုက်ရာ သူ ကွမ်းဝါးစဉ် လှုပ်စိလှုပ်စိနေသော နားထင်သားကို မှန်ပြီး သွေးစက်စက် ကျလေ၏။

သူ ရုတ်တရက် ဘာလုပ်ရမှန်း၊ ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပင် ကျွန်တော်က ကိုလှမောင် လက်ကို ဆွဲ၍ ကျောခိုင်းခဲ့တော့၏။ ကိုလှမောင်လည်း အံ့အားသင့်လျက်။

''ကိုကျင်မောင်ရယ်၊ ခင်ဗျား လက်ကလဲ မြန်လိုက်တာဗျာ''

''အေး၊ ကျွန်တော့်စိတ်ကတောင် လုပ်ပြီး လိုက်မှ သိတယ်ဗျ''

ထိုစဉ်ကစပြီး 'မှန်ကန်ခြင်းနဲ့ ရဲရင့်ခြင်း' ဆိုသော စကားကို ကျွန်တော့်စိတ်ဝယ် စွဲခဲ့၏။ ဦးထွေးမောင်သည် ကျွန်တော့်ထက် ခွန်အားဗလလည်းကြီး၏။ အသက်လည်းကြီး၏။ သို့သော် သူ ကျွန်တော့်ကို မည်သို့မျှ ခွန်းတုန့်မပြန်ဝံ့ပဲ ကျန်ခဲ့တော့၏။

ယင်းတို့ကား လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်က အတိတ်ဇာတ်ကြောင်း။ ပြေိလ ရှုမဝ ကျွန်တော့်ဘဝ ဇာတ်ကြောင်း ရရ တွင် ဖော်ပြခဲ့သည့်အတိုင်း၊ ယခု ဦးပဥ္စဖြစ်နေသော မောင်မြဖေ ကျွန်တော့်အိမ့်ရောက်လာမှ ပြန်လည်ဆက်သွယ်မိသော ကိုလှမောင်၏ စာထဲ၌ သိရသည်မှာ သူသည် ယခု မန္တလေး၌ ဂတ်ပိုလ်ပင်စင်နှင့်နေသည်။ ကိုမြကြီးတော့ ရုံပိုင်ဘဝနှင့် သေဆုံးသွားသည်။ ကိုစိုးဝင်းတော့ ကောင်းမွန်စွာပဲ ရှိပါသည်။

ကိုထွေးမောင်ကြီးမှာတော့ လုံးဝ မတွေ့ပါ။ သည်တော့ သည်ဘဲနာကြီး လူ့ပြည်မှာ မရှိတော့ပဲ သူများကို ညစ်ပတ်ယုတ်မာတဲ့အတွက် ယောဘုဝရောက်ပြီ ထင်ပါတယ်။

ဒါနှင့် ခင်ဗျား စာထဲမှာပါတဲ့ မထွေးနုလည်းဗျာ ကျွန်တော် တစ်ရက် ကျောက်ရထားနဲ့ မိုးကောင်းကင်တံတားချဖို့တက်သွားတော့ နမ္မတူးဘူတာမှာ သွားတွေ့တယ်ဗျ။ ခင်ဗျားကို မေးတယ်ဗျ။ ကျွန်တော်လည်း တမုဟုတ်ချင်း စဉ်းစားပြီး ဘယ်လို အဖြေပေးလိုက်သည်လည်း ဆိုယင် အားလုံးအတွက် အလုံခြုံဆုံးဖြစ်တဲ့ ခင်ဗျား နိုင်ငံခြား သွားတယ်လို့ အပြတ် ဖြေလိုက်တယ်၊ အဲဒါဗျာ ကျွန်တော် နောက်တွေးကြည့်တော့ ကျွန်တော် သူ့ပေးလိုက်တဲ့ အဖြေဟာ ခင်ဗျားအတွက် ရှေ့ပြေးနိမိတ်ပဲ။ ဘာကြောင့်လည်းဆိုတော့ နောက်နှစ် အတန်ငယ် ကြာတော့ ခင်ဗျား နိုင်ငံခြား (ဆိုဗီယက်ယူနီယံ) ကို သွားရတာပဲ။ အံ့သြစရာပဲနော်။

ဒါနဲ့ သူ့အကြောင်းဆက်ရဦးမယ်။ နင်ကငါတို့အကြောင်းတွေတော့သိပြီ နင်ကကော ဘယ်လိုတုန်း မေးတော့ နမ္မတူးဘူတာက မြစ်ကြီးနားဘက်အထွက် မီးရထားလမ်းအရှေ့ဘက်မှာ ဆန်စက်ကြီး

တစ်လုံး ရှိတယ်။ ကိုကျင်မောင် တွေးကြည့်ယင် ပေါ်လာလိမ့်မယ်။ အဲဒါ သူ့ဆန်စက်တဲ့။ သူက အဲသည် ဆန်စက်ပိုင်သလောက် ဖြစ်နေတာဘဲဗျ။ အဲဒါ ဟိုတုန်းက ခင်ဗျားကို ပေါင်းတည်က စက်ပိုင်သားလို့ ကျွန်တော်ကပို့ထားတာ။ အခု သူ့ဟာသူ ဖြစ်သွားတော့ ကိုကျင်မောင် ဝမ်းမသာပေဘူးလား။ (ကိုလှမောင်၏ ၁-၆-၇၉ နေ့စွဲစာမူရင်း အတိုင်း ဖြစ်ပါသည်။)

ကျွန်တော် အမှန်ပဲ ဝမ်းသာပါ၏။ ဤကား ကျွန်တော်အထက်အညာတွင် ရှောင်ကြည်ခဲ့ရသူ မထွေးနုအကြောင်း။ ကျွန်တော်နှင့် ပေါင်းသင်း၍ ခေါ်လာခဲ့ပြီး မွတ္တလေးမှ ပြန်လွှတ်လိုက်ရသူ မသူအကြောင်းကား လွန်ခဲ့သောမေလက ဖော်ပြခဲ့သည်။ ၁၉၇၆ ခုနှစ် စာဆိုတော်ရာသီက ကျွန်တော် ကသာမြို့သို့ သွားရောက် ဟောပြောရာတွင် နှစ်ပေါင်း သုံးဆယ်ကျော် ကြာခဲ့ပြီဖြစ်သော မသူကိုရည်စူး၍ ကသာမြို့၌ ကျွန်တော့်ဘဝ ကိုယ်တွေ့ကို ရင်ဖွင့်ခဲ့ပါသည်။

ဤကသာ စာဆိုတော်ပွဲ၌ အခြားမြို့ထက် ထူးခြားသည်မှာ ကျွန်တော်တို့ ထိုညက ဟောပြောခဲ့သည်များကို တိပ်ဖြင့် ဖမ်းထားလျက် နောက်တစ်နေ့နံနက်တွင် လက်ဖက်ရည်ဆိုင်၊ စာအိုပ်ဆိုင်တို့မှ ကက်ဆက်ဖြင့် ဖွင့်ထားခြင်း ဖြစ်ပါသည်။

ဤတွင် မသူကို တမ်းတနေသော ကျွန်တော့်စိတ်ထဲမှာ သူ ညက မလာဖြစ်သည့်တိုင်အောင်မှ ယခု ဈေးထဲမှာ ကျွန်တော့်အသံကို ကြားကောင်းပါရဲ့ဟု။

ကသာမြို့တွင် သူရှိနေပါက ကျွန်တော့်ထံသို့ ကေန် လာလိမ့်မည်ဟု မျှော်လင့်ခဲ့ပါ၏။ သို့သော် မသူသည် ကသာမြို့တွင် မနေတော့ဘူးလား။ သို့မဟုတ် လူ့ပြည်မှာပင် မရှိတော့ဘူးလား မသိရ။ ကျွန်တော် ကသာက ပြန်သာလာခဲ့ရသည်။ မသူကိုတော့ မတွေ့ရတော့ပါပြီတည်း။

## ကျွန်တော့် သမီး မင်္ဂလာဆောင်

သည်နှစ် ၁၉၇၉ ခု၊ မေလ ၁၂ ရက်နေ့မှာ ကျွန်တော့်သမီးကြီး Dimple ဒင်ပယ်လ် မင်္ဂလာဆောင်ပါတယ် ခင်ဗျာ။ ကျွန်တော့် စာဖတ်ပရိသတ်ဆီက တချို့စာနဲ့၊ တချို့ တယ်လီဖုန်းနဲ့ မေးခွန်းတွေ တောင်းဆိုချက်တွေ ရောက်လာကြတယ် ခင်ဗျ။ သူတို့ ဆိုလိုရင်း အတိုချုပ် ကတော့ဘယ့်နှယ်သားတွေ မိန်းမယူကြတုန်းကတော့ သားတိုင်း အကြောင်းကို တစ်စောင် တစ်ဖွဲ့စီ

ရေးပြတယ်။ ဖတ်လို့ ကောင်းပါတယ်။ အခု သမီးဦးကြီးကျတော့ကော ရေးဦးမှာလား။ မရေးတော့ဘူးလား။ ဘယ်လိုတုန်း၊ သမီး လင်ယူတာကျတော့ ရှက်လို့လား။ ရေးပါဦးရှင့်။ စသည်ဖြင့် ဘာဘာ ညာညာပေါ့ ခင်ဗျာ။

အဲ တစ်ဦးသောသူ။ နာမည်လည်းမပါ။ လိပ်စာလည်းမဖော်ပြသူ တစ်ယောက်ဆီကဖြင့် စာ နှစ်စောင်တောင်ဆက်တိုက် လာပါတယ် ခင်ဗျ။ သူက ကျွန်တော့်ကို သည်လောက်တောင် စိတ်ဝင်စားတော့ ကျွန်တော်ကလည်း (တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသည့်အတိုင်း) သူ့ကို ပြန်ပြီး စိတ်ဝင်စားမိတဲ့အတွက် သူ့စာအတိုင်း (သတ်ပုံပါမပြင်ပဲ) ဖော်ပြလိုက်ပါတယ်။

ပထမ စာက

၂၄-၆-၇၉

ဦးသော်တာဆွေ။

လိပ်စာ ဟုတ်မဟုတ်တော့မသိပါ။ ရောက်မည် မျှော်လင့်ပါ၏။

ဘယ်နှယ့်တုန်း ဦးသော်တာဆွေ။ သားကလေး မင်္ဂလာဆောင်တုန်းကတော့ 'ရှုမဝ' ထဲမှာ 'ကိုယ်ရေးကိုယ်တာ' ဖတ်ရတာ တော်တော် သဘောကျပါ၏။ အခု မေလထဲ သမီးကြီး မင်္ဂဆောင် အကြောင်း ပါမလာလို့ နောက်လရေးမည်လား ပြောပါအုံး။ သမီးက ကန့်ကွက်သလား။ မင်္ဂလာ ပွဲမှာ မျက်နှာကြီးဒေ အပြည့်အစုံနဲ့ စာဖွဲ့ပြီး မြန်မြန်ရေးစမ်းပါ။ ရေတပ် ဗိုလ်မှူးရဲ့ (အဖေ) အလို ရောင်လို့ ယောက်ခမကြီးရဲ့ သွေးသိပ်ကြီးမနေပါနဲ့။
စာရေးသည်ကိုခွင့်လွှတ်ပါ။

လေးစားလျက်
စာဖတ်သူ

ဒုတိယ စာ

၂၅-၆-၇၉

ဦးသော်တာဆွေ

နှစ်ရက်လောက် အထက်က အသုံးသုံး မကျေတကြေ လူတစ်ယောက် စာရေးလိုက်တာ ရရဲ့လား။ 'ကျွန်တော့် ဘဝဇာတ်ကြောင်း' ရှုမဝ ရုပ်စုံမဂ္ဂဇင်းကို ဖတ်ရက်ပါ။ ဇူလိုင်လထုတ် ရှုမဝမှာတော့ ပါမှာပါမှာ။ ဩဂုတ်လထုတ်မှာ သမီးဦး မင်္ဂလာဆောင်အကြောင်း ရေးဖြစ်အောင် ရေးနော်။ အရင်စာက အိမ်ကကောင်ဒေ မတွေ့အောင် လျှို့ဝှက်ရေးရတာ။ တော်တော်ကြာ စာရေးဆရာကို ဘာဒေ အာလူးဖုတ်နေလဲ ပြောင်လှောင် နေအုံးမယ်။ အဲဒါနဲ့ ဘာဒေရေးဖြစ်မှန်း မသိပါ၊ ခွင့်လွှတ်ပါ။

စာဖတ်သူ

## သည်စာနှစ်စောင်၏ လက်ရေးမှာ တစ်ယောက်တည်း။

အင်း၊ ကျွန်တော့်မှာ သည်လို စာဖတ်ပရိသတ်မျိုးလည်းရှိသည်ကိုး။ ဝမ်းသာပါ၏။ သူ့ကို ကျွန်တော် ကတ္တီလိုင်လား ပုလ္လိင်လား မသိ။ အသက်အရွယ်ကလည်း ခန့်မှန်းမရပါ။ ကျွန်တော့် သမီး အကြောင်းကို အလွန် ရေးစေလိုသူ တစ်ယောက်ယူ၍သာ အသိအမှတ် ပြုရပါမည်။

စင်စစ် ကျွန်တော်သည် ကျွန်တော့်သမီး အကြောင်းကိုရေးရန် ရည်ရွယ်ချက်မရှိခဲ့ပါ။ ကျွန်တော့်သမီး အကြောင်းကလည်း ရေးရန် ထွေထွေထူးထူး မရှိလှပါ။ မိဘကို ဘာဒုက္ခမျှ ပေးခဲ့သော သမီးလည်း မဟုတ်ပါ။ ရိုးသား သိမ်မွေ့သော မိန်းကလေးတစ်ယောက်သာ ဖြစ်ပါ၏။

ကျွန်တော် ယခင်ကရေးခဲ့သော ကျွန်တော့်သားတွေကား လူကြီးမိဘက တော်တော် ဒုက္ခ ပေးခဲ့တဲ့ ကောင်တွေ။ သူတို့အကြောင်း ခင်ဗျားတို့လည်း ဖတ်ပြီးရောပေါ့။ စာမေးပွဲ မအောင်ရတာနဲ့၊ ဝင်မပြေတဲ့ကောင်နဲ့၊ စာသင်ယင်းတန်းလန်း မိန်းမခေါ်ပြေးတဲ့ကောင်နဲ့ ကျွန်တော်တို့မှာ သူတို့ တာဝန်ထမ်းလိုက်ရတာလေ။ အဲဒါတွေ ကျွန်တော့် စိတ်ထဲမှာ အကျိတ် အခဲဖြစ်ပြီး သူတို့အကြောင်း အကောင်းတွေ မဟုတ်ပါဘူး။ မကောင်းတာတွေ ရေးပြခဲ့တာပါပဲ။ သည်လို ရေးလိုက်ရတော့

ကျွန်တော့်ရင်ထဲမှာ ပေါ့သွားတယ်။ ကိုယ့်ရဲ့ဒုက္ခတွေ ကိုယ်ချစ်တဲ့ မိတ်ဆွေတွေကို ဖွင့်ပြောလိုက်သလိုပဲပေါ့။

အခု သမီးကြီးကျတော့ သည်လို စိတ်သောက ရောက်ခဲ့ရတာတွေ ရေးပြစရာ ဘာမှမရှိ ပါဘူး။ လူကြီးမိဘတွေစိတ်ချမ်းသာစေသော မိန်းကလေးသာ ဖြစ်ပါ၏။ ပွင့်ပွင့်လင်းလင်း မိန်းကလေး ဖြစ်ပါ၏။ ကြည့်ပါ၊ သူ့အမေသည် ၁၄ နှစ် သမီးနှင့် လင်ယူပြီး သူ့အဖေသည် သားသမီး ငါးယောက်နှင့် မယားကိုပစ်ခွာ၍ နောက်မိန်းမယူ၏။ အိုးအိမ်ထောင်ကို ပစ်ခွာ၍သွား ၏။

ထိုစဉ်မှာ အကြီးဆုံး သမီး ပယ်ပယ်သည် ၁၀ နှစ် သမီးမျှသာ ရှိသေး၏။ သို့စဉ်လျက် မောင်နှမ ငါးယောက်တွင် သူက အကြီးဆုံးမို့ လူကြီးကလေး လုပ်ရသည်။ သူ့အမေနှင့် အဖေ ခွဲခွာစဉ်က သူ့ဖွားအေစီရင်ချက်အရ သူ့အဖေက သူ့အမေအား ကလေးစရိတ် တစ်လလျှင် ၂၅၀ ကျပ် ပေးရသည်ကို သူ့အဖေက မိတ်ဆွေတို့ သိနှင့်ကြသည့် အတိုင်းပဲ။ လခစားကြီး မဟုတ်။ စာရေးဆရာ ဖွတ်ကျားလားဗျာ။ ဘယ်မှာ ၂၅၀ ကျပ် ကြီး လုံးကနဲ ပေးနိုင်မည်နည်း။ တစ်ရာကျပ်စီ၊ ငါးဆယ်ကျော်စီ လီရသည်တွင် သည် သမီးလေးပဲ ဦးဆောင်ခေါင်းရွက်လုပ်ပြီး သူ့မောင်လေး နှစ်ယောက်နှင့် ဖအေ့ဆီ လာလာတောင်းရသည်။ သူတို့ နေတာက စမ်းချောင်း မအူပင်လမ်း။ သူ့အဖေနှင့် မိထွေး (ထိုစဉ်) နေတာက ပြည်လမ်း ခုနစ်မိုင် ရွာတန်းရှည်။

## ကျွန်တော့် သားသမီးများ

ကျွန်တော့်တွင် ရင်နှစ်သည်းချာ သားသမီး ငါးယောက်ရှိသည်။ အကြီးဆုံးသမီး ပယ်ပယ်၊ ဒုတိယ သားနှစ်ယောက် ကျော်ကျော်၊ သော်သော်၊ တတိယအသုတ် သမီးနှစ်ယောက် မော်မော်၊ မေဘယ်လ် သည်နာမည်တွေ တစ်ခုမှ ကျွန်တော်မှည့်ရတာ မဟုတ်။ ပယ်ပယ်ဟု ခေါ်သည်မှာ သည်သမီး အကြီးလေးတွင် မအေတူ ပါးချိုင့်လေးပါသည်မို့ ပါးချိုင့်ကို အင်္ဂလိပ်လို Dimple ဟု ခေါ်လေရာ သူဖွားအေ ဒေါ်မိုလ်ဆန်ကြီးက ဒင်ပယ်လ်ဟု အမည်ပေးခြင်းဖြင့် ပယ်ပယ်က ခေါ်လာခြင်းဖြစ်၏။ သို့သော် ဒင်ပယ်လ်နှင့် ပယ်ပယ်သည် မိသားစုနာမည်သာဖြစ်၍ သူ့ ဇာတာဝင် နာမည်နှင့် ယခု ကျောင်းဆရာမ နာမည်ကား ဒေါ်ဦးဦးမေတည်း။ ဤနာမည် ကလည်း မူရင်းမဟုတ်သေး။ သွယ်ဝိုက်၍ လာခြင်းဖြစ်သည်။

အသို့ဟူမူ၊

ယခု သက်ရှိထင်ရှားမရှိတော့သော်လည်း မြန်မာပညာရှိကြီး ဆရာပွားဆိုသည်ကိုတော့ စာဖတ်သူများ ကြားဖူးကြပါလိမ့်မည်။ မအူပင်လမ်းတွင် ကျွန်တော်တို့အိမ်နှင့် ဆရာပွားကြီး အိမ်သည် နှစ်အိမ်ခြား မျှဖြစ်လေရာ ကျွန်တော့်သမီးလေး ကင်ပွန်းတပ်သောအခါ ဤမြန်မာ ပညာရှိကြီးကို ပင့်ဖိတ်၍ အမည်ပေးစရာ ဆရာကြီးသည် သေသေချာချာတွက်ချက်ပြီး တစ်ခွန်းတည်းမိန့်လိုက်သည်မှာ ''ဦးမြ''တဲ့ ခင်ဗျာ။

ဟယ်၊ မွတ်ကရော။ ဘယ်နှယ့်ဗျာ သည်သမီးလေး 'ဦးမြ' နဲ့ပြီး သားဦးမို့ 'ဦး'ကိုယူသည်။ 'မြ'ကတော့ ကြာသာပတေး နံထွန်းလို့တဲ့ခင်ဗျ''သည်တော့ ကျွန်တော်က လျှာရှည်ရ၏။ 'မြ' အစား 'မေ'ဆိုယင်ကော မဖြစ်ဖူးလားခင်ဗျာ''

''ဖြစ်ပါသကွဲ့'' (ဘကြီးဦးမြနှင့် လွဲသွားအောင်ပါ)

''နို့ပြီး၊ ဦးတစ်လုံး တည်းမထားပဲ နောက်တစ်လုံးတိုးပြီး ဦးဦးမေဆိုယင်ကော ဆရာကြီးရယ်''

''အာ၊ ပိုကောင်းတာပေါ့ကွယ်''

ယင်းသို့မှ ကျွန်တော့်သမီး ဒေါ်ဦးဦးမေ ဖြစ်ရခြင်းပါတည်း။

သို့ရာတွင် သည် ဦးဦးမေဆိုသည့် နာမည်ကို ကျွန်တော်တို့မိသားစုတွင် ဘယ်သူကမျှ မခေါ်ခဲ့။ ကျွန်တော်လည်း တခါမျှ မခေါ်ခဲ့ဘူး။ ''ပယ်ပယ်'' သို့မဟုတ် တစ်ခါတစ်ရံ ''ပယ်ပူး'' ဟူ၍သာ ချစ်စနိုးခေါ်ခဲ့ကြပါသည်။ ကျောင်းထားသော အခါမှာလည်း ပထမဦးဆုံးကျောင်းက (ထိုစဉ် ပြည်သူပိုင် မသိမ်းသေးသည့်) စိန့်ဖီလိုမီနာ့စ် အင်္ဂလိပ်မယ်သီလရင်ကျောင်းမို့ မြန်မာ နာမည်နှင့် မထားရ။ ဘွားအေကြီး မှည့်သည်နှင့် ကျွန်တော့်နာမည်တွဲ၍ Dimple Swe ဒင်ပယ်လ် ဆွေ။ နှောင်းသော် တက္ကသိုလ်ရောက်သည့်အ မြန်မာနာမည်ပြောင်းရသောအခါ ''ဦးဦးမေ'' က အဓိက နာမည် ဖြစ်သွားရပါတော့၏။

ကျွန်တော့်သားသမီးငါးယောက်ကို ကျွန်တော့်ဘဝနှင့် ခွဲခြားစိတ်ဖြာ၍ ကြည့်ရပါသော် ပယ်ပယ်သည်

မြင်းလှည်းသမားလေး မောင်ကြင်ဆွေ၏ သမီး။ ကျော်ကျော်သည် ကျွန်တော် ကသာအညာ ရောက်နေစဉ်တွင် ၁၉၄၇ ခုနှစ်၌ မွေးသည်မို့ ဆန်ကုန်သည် မောင်ကျင်မောင်၏ သား။ နောက် သော်သော် မော်မော်နှင့် မေဘယ်လ်တို့သာလျှင် စာရေးဆရာ၏ သားသမီးများ ဖြစ်ကြပါကုန်၏။

ကျွန်တော့် သားသမီးများထဲတွင် ပယ်ပယ်သည် မြင်းနှင့်နီးစပ်ခဲ့၏။ သူမြင်းစီးခဲ့ဖူး၏။ နှစ်ခါလည် သမီးလောက်ပဲ။ တစ်ယောက်တည်း သူ့ဟာသူတော့မဟုတ်။ ဖအေနှင့်အတူဖြစ်၏။ မြင်းကိုအညောင်း ပြေ ကျွန်တော် လျှောက်စီးသောအခါ သမီးလေးကို ရှေ့မှတစ်စီးလေ့ရှိ၏။

အောင်မလေးကံကြီးပေလို့

တစ်ခါသော် မှတ်လောက်သားလောက် နောက်တစ်ခါ ကလေးကို ကျွန်တော် မြင်းပေါ်တင် မစီးဝံ့တော့ချေ။ အသို့ဟူမူ ၁၉၄၆ ခုနှစ်၌ ကျွန်တော်၏ နောက်ဆုံးမြင်းနက် နှာကျားကြီး၊ 'တစ်ခါက ဘဝဖော်' အမည်ဖြင့် သူ့အကြောင်းကို ကျွန်တော် ဝတ္ထုတစ်ပုဒ်ရေး ပြီးခဲ့ပါပြီ။

ရထားမြင်းတို့မည်သည် တစ်ပတ်လျှင် တစ်ရက်နား၍ ထိုနေ့တွင် ဆီးဆေး၊ သို့မဟုတ် ဝမ်းချုပ်လျှင် ဝမ်းနုတ်ဆေး ကျွေးရ၏။ ယင်း မြင်းကြီးနားရသော တစ်နေ့နံနက်ခင်းတွင် ကျွန်တော်သည် သမီးလေးကို ရင်ခွင်၌ပွေ့ချီကာ မြင်းကြီးကိုစီး၍ မြင်းဆေးဆရာအိမ်သို့ သွား၏။ မှတ်မိသေး၏။ ထိုမြင်းဆေးဆရာနာမည်က ခပ်ဆန်းဆန်းပဲ ''လာလာကြီး''ဟဲ့။ သူ့ အိမ်က ဝေဠုဝန်လမ်းတွင်ဖြစ်၏။ ကျွန်တော့်မအူပင်လမ်းအိမ်နှင့် ခရီးဆန့်လိုက်သော် သုံးဖာလုံ မျှ ဝေပေးမည်။ ကျွန်တော်တို့ သားအဖနှစ်ယောက်သည် အသွားတွင် ဆရာလာလာကြီးအိမ်သို့ ကောင်းစွာရောက်၍ မြင်းကြီးအားဆီးဆေးကျွေး၏။ မြင်းအား ဆေးကျွေးပြီးသောအခါ ထိုဆေးက မြင်းဝမ်းထဲ မြန်မြန်ပြန့်စိမ့်သောငှာ မြင်းကိုယ်လက်အင်္ဂါကို ခင်ပြင်းပြင်းလေး လှုပ်ရှားပေးရမည်ဖြစ်သောကြောင့် သားအဖနှစ်ယောက်သား မြင်းကိုဇက်ဖျားပုတ်၍ ခပ်သုတ်သုတ်ကလေး စီးလာခဲ့သည်။ မြင်းက မြန်မြန်ပြေးတော့ သမီးလေးက ဝမ်းသာလို့လေ။ ခိုးခိုးခစ်ခစ် ရယ်လာလိုက်တာ။

ဝေဠုဝန်ထမ်းကထွက် ရှမ်းလမ်းတလျှောက် စီးလာခဲ့တယ်။ ဇလွန်လမ်းထိပ်ရောက်တော့ လမ်းက ဆင်ခြေလျှောလားဗျာ။ နံနက်ခင်း နှင်းတွေရွှဲနေတော့ မြင်းကြီးခွာချော်ပြီး ဖုံးကနဲလဲပါ ရောလား။ သားအဖနှစ်ယောက် ကံကြီးပေလို့ပေါ့။ မြင်းကြီးက လက်ယာဘက်တစောင်းလဲတာ၊ ကျွန်တော်က

လက်ဝဲဘက်ကို ဘိုင်စကယ်ပေါ်ကဆင်းသလိုပဲ သမီးလေးပိုက်ရက်သား မတ်တတ် ရပ်ဖြစ်နေသဗျ။ နံဘေးကမြင်တဲ့လူတွေဟာ အားလုံးရင်သပ်ရှုမောဖြစ်ကျပြီး၊

''အောင်မယ်လေး မောင်ကြင်ဆွေရဲ့ နင်တို့သားအဖ ကံကြီးပေလို့ပါလားတဲ့''

မှန်ပါသည်။ ကျွန်တော်ညာဘက်ပေါင်သာ မရုပ်မိဘူးဆိုပါက မြင်းကြီးကိုယ်နှင့် အတူပါ သွားပြီး ကျွန်တော့်ပေါင်ကျိုးမည်။ သမီးလေးက ဦးခေါင်းနှင့် ကတ္တရားလမ်းဆောင့်မိမည်။ ကျွန်တော်တို့ သားအဖ ကုသိုလ်ကောင်းပ၍သာ မမျှော်လင့်သော ဖြစ်ရပ်၌ ကြိုတင်မြော်မြင်မှု မရှိပါပဲလျက် သူ့အလိုအလျောက် ကျွန်တော့်မှာအလိုက်သင့်အလျမ်းသင့် ပြုမူမိလျက်သား ဖြစ်နေပေသည်။

## ဒုတိယအကြိမ်

ပယ်ပယ်ငယ်စဉ်က အသက်အန္တရာယ်ကို စိုးရိမ်ရမှု နှစ်ကြိမ်ကြုံခဲ့ပေသည်။ ဒုတိယအကြိမ်မှာ တိုက်ဖွိုက်ရောဂါ။ ထိုအချိန်သည် ဂျပန်များ စစ်ရှုံးပြီးနောက် အင်္ဂလိပ်တို့ ပြန်လည်အုပ်ချုပ်သော ကက်စ်ဘီခေတ်ဖြစ်၍ တော်ပေတော့သည်။ ယင်းကာလ၌ မြန်မာပြည်တွင် စတင်မြင်ရသော တိုက်ဖွိုက်ဘာသန်း၏ထောက်ခံချက်ဖြင့် ဂေါ်ဒွင်လမ်းရှိ စစ်တပ်ဆေးပေးဌာန၌ သွားယူရပါသည်။ တစ်ခါတည်းနှင့် လုံးကနဲမရပါ။ တစ်ရက်စာစီသာရ၍ နေ့စဉ် နံနက် ၁၀ နာရီအချိန်တိုင်း ကျွန်တော်သွားခဲ့ရပါသည်။

ယင်းရက်များသည် သမီးလေးအတွက် အသက်ကိုစိုးရိမ်ရသောအခါ ဖြစ်ပါသည်။ ဘာမျှ မစားနိုင်မသောက်နိုင်ပဲအသက်ကလေး ငွေ့ငွေ့ရှုနေသော သမီးလေးမျက်နှာကို ကြည့်၍ ကျွန်တော်မှာ အခါခါမျက်ရည်စို့ခဲ့ရပါသည်။ ထိုအချိန်၌ ကလေးသည် စကားကို ပီပီသသမပြော တတ်သေး။ ဘာအဓိပ္ပာယ်မျှမရှိသော တောက်တီးတောက်တဲ့ တစ်ခွန်းစ နှစ်ခွန်းစမျှသာ ပယ်ပယ်ပြောလေ့ရှိသည်မှာ ''ဒါဒါ၊ ပယို၊ ပယို''

''ဒါဒါ''ဆိုသည်မှာ ကျွန်တော့်ကိုခေါ်ခြင်း ဖြစ်ပါသည်။ ဤသို့ခေါ်ရန် မည်သူကမျှ သင်ကြားပေးခြင်းမဟုတ်ပါ။ သူ့ဘာသူသူ နှုတ်ထဲတွေ့ရာ ခေါ်ခြင်းမှ နောက်သားသမီးများ အားလုံးကပါ ကျွန်တော့်အား ''ဒါဒါ'' ဟု ခေါ်ကြပါသည်။

''ဒါဒါ၊ ပယို၊ ပယို''

ယင်းကား ပယ်ပယ်တိုက်ဖွိုက်ရောဂါမဖြစ်မီလေးက စတင်ပြောသောစကားဖြစ်၍ သမီးလေး အိပ်ရာထဲလဲလျက်၊ နေ့လားညလား စိုးရိမ်နေရသောအခါများ၌ ကျွန်တော့်စိတ်ထဲမှာ ဖွဟဲ့၊ မပြောကောင်း မဆိုကောင်း၊ မတော်မတဲ့ ငါ့သမီးလေး တိမ်းပါးခဲ့ယင်ဖြင့် ငါ့သမီးလေး လူ့ဘဝရောက်လာခိုက် သူတတ်သမျှလေး ပြောသွားတဲ့စကား ''ဒါဒါ၊ ပယို၊ ပယို၊''ဆိုတာလေးကို ဖြင့် သမီးလေးမြေပုံခေါင်းရင်းမှာရေးပြီး တိုင်ထူထားလိုက်မှာပဲဟု ကျွန်တော်စိတ်ကူးနှင့်တွေး၍ ဆွေးခဲ့ရပါသည်။

နောက် ဤရောဂါပျောက်ကင်း၍ ကောင်းစွာကျန်းမာလာသည့်၌ ပယ်ပယ်သည် စကားစတတ် သောအခါ ဝါကျရှည်ရှည်နှင့် ပီပီသသပြောတတ်သူ ဖြစ်ပါသည်။

ကျွန်တော်တို့နှင့် မျက်စောင်းထိုးအိမ်မှာ ဒေါ်ကင်ညိမ်မည်သော အဒေါ်ကြီးရှိသည်။ သူ့ အိမ်ရှေ့မှာ ညောင်ပင်ရှိသည်။ ဒေါ်ကင်ညိမ်းသမီးသည် လင်ပေးစားတာကြာပြီဖြစ်သော်လည်း သားသမီးမမွေးဖွား သေး။ ထို့ကြောင့် ဒေါ်ကင်ညိမ်းသည် ညစဉ် ညောင်ပင်ရုက္ခစိုးကို မီးပူဇော် လေ့ရှိသည်။ ယင်းကိုကြည့်၍ ပယ်ပယ်ညစဉ်ပြောခဲ့သည်မှာ၊

''ဒါဒါ ကြည့်ပါ၊ ညောင် ပင် မှာ မီး ထွန်း ထား တယ်''

''ဟုတ်တာပေါ့ သမီးရယ်၊ ဘာတဲ့ ပြန်ပြောပါအုံး''

''ညောင် ပင် မှာ မီး ထွန်း ထား တယ်''

တစ်လုံးချင်း ပီပီသသပြောပါသည်။ သူသည် သည်စကားလေးကို ဟိုလူ့ပြောရ၊ သည်လူ့ ပြောရ။

ဖော်ပြခဲ့သည့် တိုက်ဖွိုက်ရောဂါဖြစ်ပွားပြီးသည့် နောက်ပိုင်း၌ကား ပယ်ပယ်သည် နောက်ထပ် ဘာဝေဒနာမှ ဆိုးဆိုးဝါးဝါးမဖြစ်တော့ပဲ ကျန်းမာရေးနှင့်ပြည့်စုံစွာ ကြီးပြင်းလာခဲ့ ပေတော့သည်။ ငယ်စဉ်က (ကျွန်တော့် သားသမီးများအားလုံး၏ မူလတန်းကျောင်းဖြစ်သော) စိန့်ဖီလိုမီနာ့စ် တွင်နေခဲ့၍၊ ပြင်သစ်စာကို အပိုဘာသာယူခဲ့သည်။ ၁၉၆၆ ခုနှစ်မှာ အင်္ဂလိပ်စာ အဓိကနှင့် ဘီအေ အောင်သည်။ အောင်လျှင်အောင်ချင်း I.D.C တွင် တစ်နှစ်ကျော်ကျော် ဝင်လုပ်ခဲ့ရသေးသည်။ ထိုနောက် အင်္ဂလိပ်စာနည်းပြဆရာမအဖြစ် ၁၉၈၆ ခုနှစ်တွင် မော်လမြိုင် ကောလိပ်သို့ သွားရသည်။ ၁၉၇၀ ခုနှစ် ဩဂုတ်လမှာ မော်လမြိုင်ကောလိပ်မှ ရန်ကုန် ဆေးတက္ကသိုလ် ၁ သို့ ပြောင်းရွှေ့အမှုထမ်းဆောင်ရသည်။

ပယ်စယ် အလုပ်ရကာမှ ကျွန်တော်သည် သူ့အတွက်တစ်လ ၅၀ိ သက်သာသွားသည်။ ယခင်က ကလေး တစ်ယောက် ၅၀ိ နှုန်းနှင့် လစဉ် ၂၅၀ိ ပေးနေရရာမှ ၂၀၀ိ သာ ပေးရ တော့သည်။ သို့သော် သူတို့အမေ လစဉ်ရသော ငွေကားလျော့ပါးမသွားပါ။ ပယ်ပယ်သည် သူရသော လခကို အိမ်အကုန်အပ်၍၊ သူ့အတွက် မုန့်ဖိုးမျှ ပြန်ယူပါသည်။ စင်စစ်ကား ပယ်ပယ်သည် 'အမကြီး အမိအရာ' ဆောင်ရွက်သည်ဟု ဆိုထိုက်သည်။ အိမ်မှာလည်း အင်္ဂလိပ် စာကျူရှင်ပေး၍၊ ရသမျှငွေနှင့် ကြီးပြင်းလာကြပြီဖြစ်သော မောင်များ၊ ညီမများ ကျောင်းစရိတ်ကို သူ့အဖေ လူမိုက်ကြီးကိုယ်စား ထမ်းဆောင်သည်ဟု ကျွန်တော်ဆိုပါသည်။ ကြည့်စမ်း၊ ပယ်ပယ်သည် ၁၉၄၄ ခုနှစ်တွင် မွေးဖွား၍၊ ၁၉၆၆ ခုနှစ်မှာ တက္ကသိုလ်မှ ဘွဲ့ရလျှင် ရချင်း အလုပ်ရခဲ့သော်လည်း၊ တော်တော်နှင့် အိမ်ထောင်မပြုပဲ နေခဲ့ရှာသည်။ ယခု ကျွန်တော့် သားကြီး ကျော်ကျော်က သဘော်သားဖြစ်၍၊ အိမ်ထောင်ကျသွားပြီ။ သော်သော်က ဆရာဝန် ဖြစ်ပြီ။ မောင်မောင်နှင့် မေဘယ်လ်က ဘွဲ့ရ၍ အလုပ်ကိုယ်စီ ရှိကြပြီ။ သည်တော့မှ ကျွန်တော့် သမီးကြီး အိမ်ထောင်ပြု ရှာသည်။

ပယ်ပယ်သည် ရန်ကုန်ဆေးတက္ကသိုလ်မှ ၁၉၇၉ ခုနှစ်တွင် မကွေးကောလိပ်သို့ ပြောင်းသွားရသည်။ မတ်လအတွင်း ခေတ္တရန်ကုန်ပြန်လာသောအခါ၊ သူလက်ထပ်တော့မည့် အကြောင်း ကျွန်တော့်ကို လာပြောသည်။

''ဘယ်သူနဲ့လဲသမီး၊ လူကြီးတွေက ရှာဖွေ စီမံတာလား၊ သမီးဟာ သမီး ချစ်တဲ့သူလား''

''ပယ်ပယ်တို့ချင်း ချစ်ကြတာပါ''

''ကောင်းတယ် ကောင်းတယ်၊ ငါ့သမီးက ချစ်တယ်ဆိုယင် ဘယ်လိုလူပဲဖြစ်ဖြစ် ဒါဒါ ကျေနပ်တယ်''

''ရေတပ်က ဗိုလ်မှူးပါ''

''နာမည်က စောဘဝင်းမဟုတ်လား''

သမီးအံ့အားသင့်သွားလျက်၊

''ဟင် ဒါဒါ့ကို ဘယ်သူပြောလို့ သိနေသလဲ''

''ဘယ်သူမှ ပြောစရာ မလိုပါဘူးကွာ၊ ဒါဒါက စာရေးဆရာပဲ၊ ဒါမျိုး သိတတ်တာပေါ့ကွ''

ယင်း၌ သမီးအား ဖအေကြီးက ကြွားပြောလိုက်သည်ဟု စာဖတ်သူများက ထင်ဖွယ် ရှိသည်။ စင်စစ် ကျွန်တော်အမှန်ကို ပြောခြင်းဖြစ်ပါသည်။ ဟုတ်သည်လေ၊ ကျွန်တော် စာရေးဆရာမို့ပဲ၊ ဒါကိုကြို့သိနေတာပေါ့။

ဟဲ ဟဲ အဖြစ်က သည်လိုပါ။ ကျွန်တော်က စာရေးလေ့ကျင့်နေသူများအတွက်၊ သော်တာဆွေ စာပေ သင်တန်းဖွင့်ထားသည်မို့၊ သင်တန်းသားတွေ၊ သင်တန်းဝင်လိုလူတွေထံမှ တစ်နေ့လျှင် စာလေးငါး ဆယ်စောင် လာနေကျ။ ကျွန်တော်သည် ယင်းစာအိတ်များကို တစ်ခုစီ မဖောက်၊ အာလုံးစုံထပ်ပြီးမှ ထိပ်က ကပ်ကြေးနှင့် ညှပ်၍ ဖွင့်လေ့ရှိသည်။

တစ်နေ့သော မတ်လအတွင်း၌၊ ယင်းစာအိတ်များကို ဖွင့်ဖတ်လိုက်ရာ၊ တစ်စောင်သော စာက ကျွန်တော့် သမီး၏ ရည်းစားစာ ဖြစ်လေ၏။

၂၃-၃-၇၉

ဒင်ပယ်လ်ဒါလင်၊

အခြားအကြောင်းတွေ မရေးခင်၊ အချစ်ကို သိပ်ချစ်တယ်ဆိုတဲ့ အကြောင်းကို ရေးချင် တယ်။ အချစ်ကို သိပ်ချစ်တယ်ဆိုတဲ့အကြောင်း ဘယ်လိုဖွဲ့နွဲ့ရမှန်း မသိဘူး။ အချစ်ကို သိပ်ချစ် နေတယ် ဆိုတဲ့အကြောင်း၊ အချစ်ရဲ့ အဖေ၊ အကိုရဲ့ အဖေ၊ အကိုရဲ့ယောက်ခမလောင်း စာရေး ဆရာကြီးကို ငှားရေးခိုင်းရလျှင် ကောင်းမလား စဉ်းစားမိတယ်။

ဟိုက် ကျွန်တော်မျက်လုံး ပြူးသွားတဲ့ကာ၊ သည်စာက ငါ့ဆီ ဘယ်နှယ်က ရောက်လာပါ သလဲဟု၊ ယင်းစာအိတ်ကို အမှိုက်ခြင်းထဲက ပြန်ယူကြည့်လိုက်တော့ မူလလိပ်စာကပ် ထားသည်က၊

ဒေါ်ဦးဦးမေ(Dimple)
အင်္ဂလိပ်စာဌာန
မကွေးကောလိပ်၊
မကွေးမြို့။

စာအိတ်ထောင့်က 'စောဘဝင်း'၊ ယင်းလိပ်စာကို မှင်နီနှင့် ကြက်ခြေခတ်ပြီး၊ နံဘေးက

C/Oဦးသော်တာဆွေ

၂၅။စွပ်ကျယ်စက်လမ်း၊

ကမာရွတ်၊ရန်ကုန်။

ဟု ပြောင်းရေးထား၏။ ဤသို့ ပြောင်းရေးသည့် လက်ရေးရှင်ကို ကျွန်တော် ကောင်းကောင်း သိသည်ပေ့ါ။ မကွေးကောလိပ်မှ သမိုင်းဆရာမ ဒေါ်သွဲ့သွဲ့စစ်ပေတည်း။ သွဲ့သွဲ့စစ်သည် မြစ်ကြီးနား ကောလိပ်မှာ အလုပ်လုပ်နေစဉ်ကပင် ကျွန်တော့်ဆီသို့ ဝတ္ထုများ ရေးပို့ခဲ့၍၊ ကျွန်တော်ကကြည့်ပြီး၊ ရှုမဝ၊ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းတို့၌ 'မချစ်ရိုန်' ကလောင် နာမည်ဖြင့် သူ့ဝတ္ထုတွေ တော်တော်များ ပါပြီးပေပြီ။

အမှန်က မတ်လအတွင်း ပယ်ပယ် ရန်ကုန် ခေတ္တပြန်တာနေခိုက်၊ စောဘဝင်း၏စာ ရောက်လာသည်။ သည်တော့ သွဲ့သွဲ့စစ်က တဆင့်/ ကျွန်တော့်လိပ်စာကို ပြောင်းရေးပေးလိုက် ခြင်း ဖြစ်ပေတော့သည်။

ဤစာ ကျွန်တော့်ဆီရောက်လာပုံ သိရပြီးသည်၌၊ သမီး၏ ရည်းစားစာကို အစအဆုံး သေသေချာချာ ဖတ်သည်။ နောက်တစ်ခါထပ်ဖတ်သည်။ ကျွန်တော်သည် လက်ရေး ပါရဂူ စုံထောက်တစ်ယောက် မဟုတ်သော်လည်း၊ တွေးတော စဉ်းစားတတ်သော အလေ့အထ ရှိသူ တစ်ယောက်မို့၊ အကြင်သူ၏ စာအရေးအသားကို ကြည့်ပြီး အတော်အသင့်တော့ လူကဲခတ် တတ်ပါသည်။ ထိုသူသည် ရည်းစားစာကို ကျွမ်းကျွမ်းကျင်ကျင် မရေးတတ်။ ရည်းစားစာ ရေးနေသူ လူမဟုတ်။ ယခုမှ အချစ်ကိစ္စကို စိတ်ဝင်စားသောသူဟု ကျွန်တော် အကဲခတ်မိသည်။ သူ၏ စာတစ်နေရာကို ကျွန်တော် ဖော်ပြချင်ပါသည်။

လက်ထပ်ပြီးလျှင် အစ်ကိုတို့အိမ်မှာ အချစ်နဲ့အစ်ကို နေချင်နေမယ်ဆိုတဲ့ အကြောင်း၊ အစ်ကို့အမေ ကို ပြောပြီးပြီ။ အမေကလည်း သဘောတူပါတယ်။ နေလဲနေစေချင်ပါတယ်။ အရေးအကြီးဆုံးက အစ်ကို့အမေရယ်၊ အချစ်ရယ်၊ စိတ်ချမ်းသာဖို့ပဲ။ အစ်ကို့အမေကို အမြဲတမ်း စိတ်ချမ်းချမ်း သာသာနှင့် နေစေချင်တယ်

ကြည့်စမ်း ရည်းစားစာ ရေးယင်း၊ အမေ့ကို သတိရသူ၊ မအေအတွက် ရှေ့တင် စဉ်းစားသူ၊ သည်လူကို ကျွန်တော် မမြင်ရသေးပဲနှင့်၊ သားမက်လောင်းအဖြစ် ကျွန်တော် သဘောကျသွားလေပြီ။

သူတို့ လက်ထပ်ဖို့ရက် ကန့်သတ်ပြီးသည့်၌၊ ပယ်ပယ်သည် သူ့ ခင်ပွန်းလောင်းကို ကျွန်တော့် အိမ်သို့ခေါ်လာသည်။ ကျွန်တော့် စာကဲခတ် မှန်လေသည်။ ဆေးလိပ် မသောက်တတ်၊ အရက်မသောက်တတ်၊ အလွန်ရိုးသား၍ စိတ်နှလုံးထားသိမ်မွေ့သူ ဖြစ်ကြောင်း၊ သူ့ပြောပုံဆိုပုံနှင့် သူ့မျက်နှာအမူအရာက ဖော်ပြလျက် ရှိပေသည်။ သည်လိုလူမျိုးနှင့် ပေါင်းသင်းရခြင်းဖြင့် ကျွန်တော့် သမီးသည် စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိပါပေမည်။

ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာ

ရန်ကုန်မြို့၊ ကမာရွတ်၊ အင်းလျားလမ်း၊

အမှတ် ၁၀၄ (ဘီ) နေ၊ ဦးအေဘိုးအောင် (ကြေးတိုင်ဝန် အငြိမ်းစား)–ဒေါ်ညိမ်းလှ တို့၏သား

ဗိုလ်မှူး စောဘဝင်း ဘီအက်စီ တစ်မတော်(ရေ)

ကို

ရန်ကုန်မြို့၊ မအူပင်လမ်း၊ အမှတ် ၁၇–နေ

စာရေးဆရာ ဦးသော်တာဆွေ–ဒေါ်နော်မာ တို့၏

သမီး

ဦးဦးမေ ( Dimple) ဘီအေ (အင်္ဂလိပ်)

နှင့်

မိဘ ဝတ္တရားရှိသည့် အတိုင်း ထိမ်းမြားမင်္ဂလာ

ဆောင်နှင်း မည်ဖြစ်ပါ၍ ကြွရောက် ချီးမြှင့်ပါရန်

နှစ်ဖက်သော မိဘများက လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

မင်္ဂလာနေ့ရက်။ ။ ၁၉၇၉ ခု၊ မေလ ၁၂ ရက်၊ (စနေနေ့)။

မင်္ဂလာအချိန်။ ။ နံနက် ၁၁း၁၅ နာရီ။

မင်္ဂလာနေရာ။ ။ 'ဖာ တီ မာ မယ်တော် ဘုရားရှိခိုးကျောင်း' ၂၉၂၊ ပြည်လမ်း။

မင်္ဂလာညည်ခံပွဲ ကျင်းပမည့်နေရာ ။ ။ 'စထရင်းဟိုတယ် မားနားလမ်း၊ ညနေ ၁နာရီမှ ၃ နာရီအထိ၊

( ၁၂၊ ၅၊ ၇၉)

ကျွန်တော့်သားသမီးများအား မိမိတို့နှစ်သက်ရာ ဘာသာကို ယူနိုင်သည်ဟု ခွင့်ပေးထား ရာ၊ ကျွန်တော့် သမီးသည် သူနှင့် နီးစပ်ရာ R.C ခေါ် ရိုမန်ကက်သလစ် ဘာသာဝင် ဖြစ်နေသည်။ စောဘဝင်းက Church of England ခေါ် အင်္ဂလီကန် ဘာသာဝင်ဖြစ်နေသည်။ သို့သော် ယခုအချိန်၌ မြန်မာပြည်တွင် သူတို့ခရစ်ယာန် ဘာသာဝင် ဂိုဏ်းတို့အားလုံး စုပေါင်း လိုက်ကြပြီဖြစ်၍၊ ဂိုဏ်းအမည် ခွဲခြားမှုပြဿနာ မရှိတော့ပဲ၊ ပယ်ပယ်တို့ဘက်က ဘုရားရှိခိုးကျောင်း မှာပင် သူတို့ဘုန်းတော်ကြီးများနှင့် လက်ထပ်ကြသည်။

ဤလက်ထပ်ပွဲအပြီး စထရင်းဟိုတယ် မင်္ဂလာညည်ခံပွဲ၌ကား၊ ကြွရောက်လာကြသော ပရိသတ်က များပြား လှပေသည်။ မူလစီစဉ်ထားသော မင်္ဂလာဆွဲခန်းမကြီးတစ်ခုတည်းနှင့် မလုံလောက်တော့၍ နောက်ထပ် အခန်းကို တိုးချဲ့ငှားရမ်းရတော့သည်။ ဤနှစ်ခန်းစလုံး လူပြည့် သည်။

သမီးမင်္ဂလာပွဲ၌ ကျွန်တော် လက်ဖွဲ့လိုက်နိုင် သည်ကား၊ ထိုနေ့ နံနက်စောစောမှ ကောက်ကာ ငင်ကာ ရေးလိုက်သော စာကလေးတစောင်မျှသာ ဖြစ်၏။

၁၉၇၉–ခု၊ မေလ ၁၂ ရက်၊

ချစ်သမီး ပယ်ပယ်သို့။

သမီး

အိမ်ထောင်ကျပြီဆိုတဲ့အခါမှာ၊ လင်ကိုယ်မယားနှစ်ယောက်တည်းနေဖို့မဟုတ်ဖူး။ သူ့ဘက်ကိုယ့်ဘက် ဆွေမျိုးမိတ်ဆွေ အသိုင်းအဝန်းထဲ ကိုယ့်ဘဝကျရောက်သွားပြီဆိုတာကို သတိပြုရမယ်။ အဲသည် အခါမှာ သူ့ဘက်က ငါ့ဘက်ကလို့ မခွဲခြားရဘူး။ သူ့မိဘမလဲ ငါ့မိဘ၊ သူ့ဆွေမျိုးလဲ ငါ့ဆွေမျိုး။ သူ့မိတ်ဆွေလဲ ငါ့မိတ်ဆွေလို့ ညီတူညီမျှ သဘောထားရမယ်။ သူ့ဘက်ကို မိမိကချစ်ခင် လေးစားခြင်းသည် မိမိဘက်ကို သူ့အား(အလားတူ) ချစ်ခင်လေးစား စေသည်နှင့် အတူတူပဲဖြစ်တယ်။

နို့ပြီး လင်မယား ဆက်ဆံမှုကို ဒါဒါ ပြောချင်သေးတယ်။

လင်ကမယားကို နိုင်တယ်။ မယားက လင်ကိုနိုင်တယ်ဆိုတဲ့ကိစ္စ။ ဒါဟာမကောင်းဘူး။ စင်စစ် တစ်ဦးနဲ့တစ်ဦးနိုင်တယ်၊ ကြောက်တယ်မရှိသင့်ဘူး။ (ကျီး ဘုတ်ရှိသေ၊ ဘုတ်ကျီးရှိသေ ဆိုသလို) တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်လေးစားမှုသာ ရှိရမယ်။

အကယ်တိ၊ လင်ကမယားကို အနိုင်ကျင့်နေပြီ ဆိုလျှင်၊ အမျိုးသမီးဘက်က ဆွေမျိုးတွေက သည်ကောင်မ သည်လေက်အောက်ကျနောက်ကျခံလှတာ ''ခွေးမ'' ပဲလို့ ဆိုကြ လိမ့်မယ်၊ သည်တော့ သည်လူဟာ ''ခွေးမလင်'' ဖြစ်ကရော၊ ထိုနည်းလည်းကောင်းပဲ၊ မယားက လင်ကိုနိုင်လှပြီ ဆိုလျှင်လည်း သူ့ဘက်ဆွေမျိုးတွေက၊ သည်ကောင်မလေးကြောက်ရတဲ့ကောင် ''လူ့ငနွား''ပဲ ဆိုကြလိမ့်မယ်။ သည်တော့ သည်မိန်းမဟာလည်း ''နွားမယား'' ဖြစ်ကရော။

ဒါကြောင့် ငါ့သမီးနှင့် ငါ့သားမက်သည်။

နွားမယားလည်း မဖြစ်စေနှင့်၊
ခွေးမလင်လည်း မဖြစ်စေနှင့်၊
ချစ်ခင်ကြင်နာကြသော မနုဿ လင်မယားသာ ဖြစ်ပါစေသတည်း။

ဒါဟာ ဒါဒါ တတ်နိုင်တဲ့ လက်ဖွဲ့ပစ္စည်းပါပဲ။
သက်ဆုံးတိုင် ချစ်ခင်သင့်မြတ်စွာ ပေါင်းသင်း နိုင်ကြပါစေသတည်း။

ဒါဒါ။

## ကျွန်တော်နှင့် ဆရာကြီး ရွှေဥဒေါင်း

ဤအကြောင်းကို ကျွန်တော် ယခင်က အတော်အတန်ရေးခဲ့ပါပြီ။ သို့သော် မပြည့်စုံသေး။ ယခု နှံ့စပ်အောင်ရေးပြပါမည်။ ယင်းကိုရေးရန် ကျွန်တော့် စိတ်ကူးထဲ ပို့လိုက် သည်ကတော့ ၁၉၇၉ ခုနှစ်၊ မတ်လ ရှုမဝ မဂ္ဂဇင်းတွင် လူထုဦးလှ ၏ ''စုံထောက် ဝတ္ထုရေးဆရာကြီး ဆာအာသာကွန်နန်ဒွိုင်းလ်'' ဆောင်းပါးအဆုံးသတ်၌၊

ဆာအာသာကွန်နန်ဒွိုင်းလ်ကိုမွေးတာ သည်နှစ်(၁၉၇၉) မေလ ၂၂ ရက်နေ့မှာ နှစ် ၁၂၀ ပြည့်ပါမယ်။ ကွန်နန်ဒွိုင်းလ်ရဲ့ ရှားလော့ဟုမ်းစ် ဝတ္ထုများကိုမှီးပြီး စုံထောက် မောင်စံရှား ဝတ္ထု များကို တီထွင်ရေးသားတဲ့ ဆရာကြီး ရွှေဥဒေါင်းက သည်နှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ နှစ် ၉၀ ပြည့်ပါမယ်။ ဆရာကြီး ရွှေဥဒေါင်းက သူမွေးတဲ့နေ့ဟာ မှတ်ရလွယ်တယ်၊ ''ကုလသမဂ္ဂနေ့''လို့ ပြောလေ့ရှိပါတယ်။

သည်ဆရာကြီးနှစ်ဦးဟာ ကျွန်တော်တို့ခေတ် စာပေလောကနဲ့ အများကြီး သက်ဆိုင်တယ်လို့ ကျွန်တော်ထင်မြင်ပါတယ်။ ဒါကြောင့် စာပေလုပ်သားများနဲ့ စာပေ ပရိတ်သတ် ပြည်သူလူထုက သင့်လျော်သည်ကို ဂုဏ်ပြုပွဲများလုပ်ကြဖို့ အကြံပြု တင်ပြပါတယ်။

အနီစာ ဖတ်ရတော့ ကျွန်တော့် စိတ်ထဲ၊ အဲ၊ ဟုတ်ပေသားပဲလို့ လူမိုက်နောက်မှ အကြံ ရသဗျ။ သို့သော် မင်းဘာများ ဘယ်လိုဂုဏ်ပြုပွဲများ လုပ်နိုင်မှာလဲလို့ ကိုယ့်ကိုယ်ကိုမေးတော့၊ အောင်မယ်လေး ဘဲဥ အစရှာမရပေါင်ဗျာ။ သူခိုးသေဖော်ညှိရအောင် ဘယ်မှာလည်း အပေါင်း အသင်း၊ ဘယ်မှာလည်းငွေကြေး၊ ဒါနဲ့ ဦးလှက ကမကထပြုပြီး မန္တလေးမှာများ လုပ်လိမ့်လေလား၊ စာရေးမေးကြည့်တော့ ဦးလှဆီက ပြန်စာထဲမှာက [ဆရာကြီး ရွှေဥဒေါင်းမွေးနေ့(နှစ် ၉၀ ပြည့်) မန္တလေးမှာ လုပ်နိုင်မယ် မထင်ဘူးဗျာ]တဲ့။ အဲ၊ ကိစ္စ ပြတ်ကရော။ မန္တလေးစာရေးဆရာကြီး ရွှေဥဒေါင်းကို မန္တလေးမြို့မျက်နှာဖုံး(စာနယ်ဇင်းမှာ) လူထုဦးလှကမှ မလုပ်နိုင်ဘူးဆိုတော့ ရန်ကုန်မြို့က ပါမွှား ငသော်တာကကော ဘာများ တတ်နိုင်ဦးမှာမည်နည်း။ သို့သော် ကျွန်တော့်မှာ လစဉ်ရေး နေတဲ့ ရှုမဝမဂ္ဂဇင်းရှိတယ်။ 'ကျွန်တော့် ဘဝဇာတ်ကြောင်း'ဆိုတဲ့ ကဏ္ဍရှိတယ်။

သည်ကဏ္ဍထဲ ကျွန်တော်တတ်အားသမျှ ကလောင်စွမ်းနဲ့ ဆရာကြီးကို အမှတ်တရ ဂုဏ်ပြုရတော့ မှာပေါ့။

ကဲ၊ စ စို့။

စ ဆို လူထုဦးလှ အာဘော်ပဲ ပြန်ကောက်ကြရအောင်။

ဆာအာသာကွန်နန်ဒွိုင်းလ်ကိုမွေးတာ ၁၉၅၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ နှစ် ၁၂၀ ပြည့်၍၊ ကွန်နန်ဒွိုင်းလ်ရဲ့ ရှားလော့ဟုမ်းစ် ဝတ္ထုများကိုမှီးပြီး၊ စုံထောက်မောင်စံရှား ဝတ္ထုများကို တီထွင်ရေးသားတဲ့ ဆရာကြီးရွှေဥဒေါင်းဟာ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှာ အနှစ် ၉၀ ပြည့်သည်လိုပဲ၊ ဆရာကြီးရွှေဥဒေါင်းရဲ့ စုံထောက် မောင်စံရှားဝတ္ထုတွေ ဖတ်ပြီး စုံထောက် ဝတ္ထုရေးဆရာ ဖြစ်ချင်ခဲ့တဲ့ ကျွန်တော် မောင်သော်တာဆွေဟာလည်း သည်နှစ် ၁၉၅၉ ခု၊ မေလ ၂၆ ရက်နေ့မှာ အသက် ၆၀ ပြည့်ပါတယ်ခင်ဗျာ။ သည်တော့ ဆာအာသာ ကွန်နန်ဒွိုင်းလ်၊ ဆရာကြီးရွှေဥဒေါင်းနဲ့ သော်တာဆွေတို့ဟာ အသက် ၃၀ စီကြီးကြ ငယ်ကြတယ်ပေါ့။ ဟား ၊ ဟား၊ မဆီမဆိုင်၊ လက်ပံသားဓားနဲ့ချိုင်၊ မစပ်မဟပ်၊ ငါးပတ်ဟင်းချိုခပ်၊ ဆင်နားရွက် ဝက်တပ်တယ် ဆိုချင်ဆိုကြရော့။ ကလောင်ဦးတည့်ရာ ရေးလိုက်တာပဲ။

မှန်ပါတယ်။ ဆရာကြီးရွှေဥဒေါင်းက ကျွန်တော့်ထက် အနှစ် ၃၀ ကြီးပြီး၊ ကျွန်တော်က ဆရာကြီးထက် အသက် ၃၀ ငယ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် တွေ့ကြတာ ၁၉၄၆ ခုနှစ်မှာဆိုတော့ ဆရာကြီးအသက်က ၅၇ နှစ်၊ ကျွန်တော်က ၂၇ နှစ်။

## ကျွန်တော် အတွေ့ချင်ဆုံးသောသူ

ကျွန်တော်သည် စာဖတ်ဝါသနာပါသည်မှစ၍၊ အနှစ်သက်ဆုံးသည် စုံထောက်ဝတ္ထု ဖြစ်ပါလျက်၊ မိမိကိုယ်တိုင် စုံထောက်ဝတ္ထုရေးဆရာ ဖြစ်ချင်စိတ်ပေါ်လာကာ၊ စုံထောက်ဝတ္ထု တစ်ပုဒ်ရေးပြီး သောအခါ၌၊ ကျွန်တော် အတွေ့ချင်ဆုံးသော သူမှာ ဆရာကြီး ရွှေဥဒေါင်းသာ ဖြစ်တော့၏။ တွေ့ချင်သည့် အကြောင်းကား ကျွန်တော့်ဝတ္ထုလေးကိုပြ၍၊ တည်းဖြတ်သုတ်သင် သွန်သင်ခြင်းကို ခံယူလို၍ ဖြစ်ပါသည်။

သို့သော် ဆရာကြီးရွှေဥဒေါင်းသည် ဘယ်မှာနေသနည်း၊ ကျွန်တော်မသိ။ သူရိယသတင်းစာတိုက်မှာ အယ်ဒီတာ လုပ်သည်။ သူ့နာမည် ဦးဖေသိန်းဖြစ်သည်ဆိုတာကို သိရသော အချိန်ကား နှောင်းခဲ့လေပြီ။ ဂျပန်ခေတ် ကျွန်တော်မြင်းလှည်းမောင်းနေစဉ်ဖြစ်၏။ ထိုအချိန်မှာ သူရိယသတင်းစာ

သည် ဘောင်ဒရီလမ်းမှ ထုတ်သည်ဖြစ်၍ ကြည့်မြင်တိုင်၌ နေသော သူရိယ ဦးသိမ်းမောင် (နောင် သံတော်ဆင့် ဦးသိမ်းမောင်)က ထို ဘောင်ဒရီလမ်း သူရိယ သတင်းစာတိုက်သို့အသွား ကျွန်တော့် မြင်းလှည်းနှင့်ကြုံသောအခါ မေးကြည့်မှ သိရခြင်းဖြစ်၏။

''ခေတ်ပျက်တော့ သူ့ဇာတိရွာ ဝက်လက်ကို ပြန်သွားတယ်''

နောင် ၁၉၄၆ ခုနှစ်၌ မန္တလေး လူထုသတင်းစာ ထုတ်သောအခါ ထိုသတင်းစာမှာ အယ်ဒီတာလုပ်သည်ဟု ဦးသိမ်းမောင် ထံမှပဲ သိရပြန်သည်။ ထိုအချိန်၌ ၁၉၄၁ ခုနှစ်က သူရိယ မဂ္ဂဇင်းအတွက် ဝတ္ထုတိုပြိုင်ပွဲမှာ စစ်ရိပ်စစ်ငွေ့ကြောင့် မလုပ်ဖြစ်တော့၍ ပြန်ပို့ထားသော စုံထောက်ဝတ္ထုတိုလေးကို ကျွန်တော် အထပ်ထပ် အခါခါပြန်ရေးထားသည်မှာ လုံးချင်းဝတ္ထုအဖြစ် ထုတ်နိုင်လောက်အောင် ရှည်လျားစွာ ပြီးစီးနေလေပြီ ဖြစ်ရကား ကျွန်တော် ဆရာကြီးရွှေဥဒေါင်း ကို ပိုလို့သာ တွေ့ချင်ပေတော့သည်။

သို့ရာတွင် ရန်ကုန်က ကျွန်တော် မြင်းလှည်းသမားလေးနှင့် မန္တလေးတွင် လူထုသတင်းစာ အယ်ဒီတာချုပ်တို့သည် ပေါင်းသင်းဆက်ဆံရန် လွန်စွာအလှမ်းကွာလှပေ သေးသည်။ ယင်းသို့မှ ကျွန်တော်၏ မမျှော်လင့်သော ဆန္ဒပြည့်ဝလာသည်ကား ရန်ကုန်မြို့ကို အင်္ဂလိပ်များ ပြန်လည် အုပ်ချုပ်၊ မြင်းပွဲလုပ်၊ ကျွန်တော့်မြင်းလှည်းပြုတ်၊ အလုပ်လက်မဲ့ဖြစ်၊ ဇာတိရွာပြန်ရောက်၊ အဖေက စီစဉ်ပေးခြင်းဖြင့် ဆန်ကုန်သည်ဖြစ်၊ မန္တလေးမြို့သို့ရောက်သွား။

နောက်တနေ့နံနက်တွင် လူထု သတင်းစာတိုက်သို့ သွားသည်။ အသက် ၃၀ မျှ နွယ်နွယ်လျလျနှင့် ချောမောလှပသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ (လူထု ဒေါ်အမာ ဖြစ်သည်။) ကျွန်တော်က ဆရာကြီးရွှေဥဒေါင်းကို တွေ့လိုကြောင်းပြော၍ ဆရာကြီး နေထိုင်ရာ ဓားတန်းအိမ်ရာ ညွှန်ပြလိုက်သည်။

ကျွန်တော် ရထားလုံးပေါ်မှဆင်း၊ ထိုအိမ်ဝရောက်သောအခါ အသက်လေးဆယ်ခန့် အသားဖြူဖြူ ပြည့်ပြည့်နှစ်နှစ်နှင့် ကိုယ်လုံးကိုယ်ထည် ပြေပြစ်လှသော အဒေါ်ကြီးတစ်ယောက် ထွက်လာတွေ့၍ ကျွန်တော်က ဆရာကြီးရွှေဥဒေါင်း တွေ့လိုကြောင်း ပြောသောအခါ၊ အိမ်ထဲခေါ်၊ ကုလားထိုင် တစ်လုံးမှာ ထိုင်စေပြီး ''ဟိုမှာ မင်းဆရာကြီးစာရေးနေတယ်'' ဟု ပြော ပါသည်။ နောင်အခါ ကျွန်တော်၏ ဝတ္ထုများထဲတွင် 'ဒေါ်ကြီးစိုး''ဖြစ်လာမည့် ဒေါ်စိုးပေတည်း။

ထိုအခါ၌ ကျွန်တော်သည် ဆရာကြီးနှင့် လေးငါးပေမျှအကွာတွင် ထိုင်မိပေပြီ။ ကျွန်တော့်ဘက် တစောင်းနေသော ဆရာကြီးသည် ကျွန်တော့်ကိုလှည့်မကြည့်အားသေးပေ။ သူ့ စာထဲ စိတ်ရောက် နေ၍ ကျွန်တော်ကစပြီး မြင်ရပေသည်။ ဆရာကြီး၏ဖောင်တိန်သည် အဲဗားရှပ်၊ မင်လိုက်ကို ကြိုး၍ ဝယ်၍ရသော နှစ်သွားတွင် ကလစ်ကလေးပါသည့် ဖောင်တိန် အကောင်းစားမျိုးဖြစ်သည်။ ဆရာကြီး စာရေးရာတွင် အများလို ဖောင်တိန်ကို လက်ညှိုးနှင့် လက်မအကြားတွင်မဟုတ်ပဲ လက်ညှိုးနှင့် လက်ခလယ်အကြားတွင် ထား၏။ နို့ပြီး ဆရာကြီး၏ မျက်နှာမှာ ဗယ်ဘက်ကိုင်းမရှိ၊ ကြိုးနှင့်ချည်၍ နားတွင်ရစ်ထား၏။

ကျွန်တော်ထိုင်မိ၍ အချိန်အနည်းငယ်မျှကြာသော် အဒေါ်ကြီးက ''သည်မှာ အစ်ကိုကြီး၊ ညွှေ့သည် ရောက်နေတယ်''ဟု ပြောသောအခါမှ ''အေး၊ ငါသိပါတယ်ကွာ''ဟု ပြောကာ သူရေးလက်စ ဝါကျကို အဆုံးသတ်ပြီးမှ ပထမ သူ့နားရွက်တွင် ရစ်ထားသော မျက်မှန်ကြိုးကို ဖြေ၍ မျက်မှန်ဖြုတ်ပြီးမှ ကျွန်တော့်ဘက်ကို လှည့်ကြည့်၏။ သူ့လက်ဖက်ရည်ကြမ်းကိုငှဲ့၏။ သူ့ လက်ဖက်ရည်ကြမ်းအိုးကား မြေအိုး၊ နှုတ်ခမ်းသည် ပဲ့နေ၏။ သည်အိုးနှင့်ပင် ကျိုသည်ဖြစ်ရ ကား တစ်အိုးလုံး မဲတူးနေ၏။

ဤမျှ ကြည့်ရှုံနှင့် ထိုအချိန်၌ ဆရာကြီး၏ စီးပွားရေးကို ကျွန်တော် သိပါပြီ။ မန္တလေးတွင် ဦးလှက လူထု သတင်းစာထုတ်ဖို့ ခေါ်၍ ဝက်လက်မှ ပြောင်းလာကာစ။ ကိုယ့်နေအိမ်မှ မငှား နိုင်သေးပဲ သူ့တူ ကိုဝင်းမောင်၏ အခန်းတွင် ကပ်ရက်နေရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်တော် နောက်တစ်နေ့ ဆရာကြီးအိမ် လာသောအခါတွင် နွားလှည်း တစ်စီးနှင့် သုံးတင်းဝင် ဆန်တစ်အိတ်ကို တင်ခဲ့ပေသည်။

ထိုစဉ်၌ ဆရာကြီးက ဆင်းရဲသား။ ကျွန်တော်က (ဆရာကြီး၏ တသက်တာ မှတ်တမ်းတွင် ပါသည့်အတိုင်း) သဌေးသားလားဟု ထင်ရအောင် ပြောင်ရောင်နေလှပေသည်။ စင်စစ်တော့ ကျွန်တော်က သူများ ဝမ်းဗိုက်နှင့် ဓားထိုးခံနေသည်ဟု ဆိုရလောက်အောင် ပေါင်းတည်မြို့က စက်သဌေး (မြန်မာ့အလင်း သတင်းစာတိုက် ပိုင်ရှင်) ဦးမောင်ကြီးက တင်ပို့ သမျှ ဆန်တွေကို မန္တလေးတွင် ရောင်းချ၍ ငွေပေါင်းများစွာကို ကိုင်တွယ်နေရသူ ဖြစ်ပါသည်။

ဦးမောင်ကြီးသည် ပေါင်းတည်မှ ဆန် ဘယ်နှစ်အိတ်ကို ရထားတွဲ ဘယ်မျှနှင့် ဘယ်နေ့က

တင်ပို့လိုက်သည်သာ စာရင်းရှိ၍ မန္တလေးမြို့မှာ ဘယ်ဈေး ရောင်းချရသည်ကို ကျွန်တော် တစ်ယောက်သာ သိပါသည်။

သည်တော့ သည်ကောင် သဋ္ဌေးသား အထင်မခံနိုင်ပဲ ခံနိုင်ရိုးလား။ ကျုပ်ကလည်း ဒါမျိုးမှာ လူရိုး လူဖြောင့် တစ်ယောက်မှ မဟုတ်တာကပဲ။ ကိုယ့်စိတ်ကြိုက်တော့ နေ့လယ်နေ့ခင်းတွက် ဘီယာ ခင်ဗျာ။ ညနေ ညခင်းမှာဆို ဘရန်ဒီ ခင်ဗျာ။ ထိုစဥ်က ပေး၀ဒ် ဘရန်ဒီ ခေတ်စားသည်။

ဘီယာကား မဟာမိတ်တို့စစ်တပ်မှ ထုတ်ရောင်းသောသံဗူးနှင့် ဘီယာတွေ ဒါဇင်လိုက်။ ဒါဇင်လိုက်။ ကျွန်တော်ဝယ်၍ ဆရာကြီး အိမ်မှာ ထားပါသည်။ သို့နှင့် ဆရာကြီးအိမ်မှာ ကျွန်တော့်စားအိမ် သောက်အိမ် ဖြစ်လာသည်။

ဆရာကြီးနှင့် ပိုမိုရင်းနှီးခွင့်ရသည်ကား တစ်ခါသော် ဆရာကြီးကတော် ဒေါ်စိုးသည် မြတောင်ရွာသို့ ခေတ္တ ပြန်သွားသောအခါ ဆရာကြီးက ကိုယ့်ဟာကိုယ် ချက်ပြုတ်စားသောက် သည်၌ ကျွန်တော်က ဝင်ရောက်ကူညီရခြင်းပင် ဖြစ်၏။ သည်တော့မှ ဆရာ တပည့်နှစ်ယောက် သည် အရက်ကြိုက် တာချင်း တူညီရုံသာမဟုတ်သေး။ မီးဖိုတွင် ကိုယ်စားချင်သည်ကို ကိုယ်တိုင်ကိုယ်ကြပ် ချက်ပြုတ်တတ်သော ဝါသနာချင်းလည်း တူညီနေကြောင်း တွေ့ရ၏။

မန္တလေးတွင် ရန်ကုန်ထက် စားစရာ ဆန်းဆန်းများရှိ၏။ ၎င်းတို့ကား အညာတွင် ငှက်ခတ်သမားများ ရှိခြင်းကြောင့် ချိုး၊ ခါ၊ စနိုက်၊ တင်ကျီး၊ အောက်ချင်း၊ အောင်မဲညိုစသော ငှက်များကို မန္တလေးဈေးချိုတွင် ဝယ်၍ ရနိုင်ခြင်းပင် ဖြစ်၏။ ဒါမျိုးတွင် ဆရာ တပည့်နှစ်ယောက် မည်မျှ လိုက်ဖက်ပါသနည်း ဟူမူ။ ငှက်မွေးတွေ အတူနှုတ်ကြသည် ဆိုရုံမျှနှင့် လုံလောက်ပါပေပြီ။

## စစ်ကိုင်းတောင်ရိုး ဆူးပုပ်ကလေး

ယင်းသို့ ဒေါ်ကြီးစိုးမရှိခိုက်မှာပင် ဆရာကြီးရယ်။ ကျွန်တော်ရယ်၊ ဆရာကြီးတူ ကိုဝင်းမောင်ရယ်၊ စစ်ကိုင်းတောင်ရိုးသို့ သွားကြသည်။ ချောင်နာမည်ကိုဖြင့် မမှတ်မိတော့။ ဆရာကြီးတို့၏ အသိ သီလရှင်ကြီး ဒေါ်ဉာဏစာရီ စီစဉ်ပေးသော ဇရပ်တစ်ခုမှာ တည်းကြသည်။

၎င်းတွင် အစားအသောက်ကား ကျွန်တော်တို့ ချက်စရာမလို။ ဒေါ်ဉာဏစာရီအား ငွေပေးထားခြင်းဖြင့်

ကိစ္စ ပြီးနေ၏။ သည်နေရာမှာ မယ်သီလရင်မို့ မီးဖိုချောင် ချက်မှု ပြုတ်မှု၌ ကောင်းမွန်ပါ့မည်လားဟု တွေးထင်ဖွယ်ရှိ၏။ အောင်မယ်လေး ခင်ဗျားတို့ သာမန်အိမ်ရှင်မတွေ ထက် နိုင်သေးဗျ။ အဘယ်ကြောင့်ဆိုသော် မြန်မာသီလရင်တို့သည် အများအားဖြင့် ငယ်ဖြူများ မဟုတ်ကြ။

လောကကို တော်တော် ကျွမ်းကျင်ပြီးမှ တရားရသူများဖြစ်လေရာ သူတို့ အလုပ်ကလည်း အများသိကြတဲ့အတိုင်းပဲ။ အမြဲတမ်း အလှူခံထွက်လျက် နေရာတကာ အစုံရောက်ကြသူများဖြစ်ပြီး နေ့စဉ် ကိုယ်တိုင် ကိုယ်ကြပ်ချက်ပြုတ်၍ သံဃာတော်များအား ဆွမ်းကပ် နေကြသူများ ဖြစ်ခြင်းကြောင့် အဘယ်လျှင် သူတို့လက်ရာများသည် ညံ့တော့အံ့နည်း။

ဒေါ်ဉာဏစာရီ၏ လက်ရာတစ်ခုကို ကျွန်တော် ယနေ့တိုင် မမေ့နိုင်သည်ကား ဆူးပုပ်ကလေးနှင့် ငလပိနိုင်းချင်း။ ဟင်းချိုဟင်း၊ ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေးဟု နှစ်မျိုးရှိသည့် အနက် ဆူးပုပ်ကလေးသည် အထက်မြန်မာပြည်တွင် ရှိတတ်ပြီး၊ တိုအထက် မြန်မာပြည်မှာလည်း စစ်ကိုင်းတောင်ရိုးက ဆူးပုပ်ကလေးသာလျှင် အကောင်းဆုံးဟု ကျွန်တော် ထင်ပါ၏။ ငလပိ ဆိုသော (အောက်မြန်မာပြည်က) ငဘဲဖြူနှင့် ခပ်ဆင်ဆင် တူသည့် ငါးကလေးများမှာလည်း စစ်ကိုင်းတောင်ခြေ မြစ်ရေရာတွင်သာ ဆူးပုပ်ကလေးနှင့် တွဲဘက်တော် ဖြစ်ဟန်ရှိပါ၏။

ထိုဆူးပုပ်ကလေး ငလပိ ဟင်းချိုနှင့် နှမ်းပတ်ချဉ်သုပ် ဝက်သားနီချက် တွဲဘက် မိလိုက်ပုံကား ဒေါ်ဉာဏစာရီ၏ လက်ရာကို ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်သည် နောင်တွင် အမှတ်တရ ပြောမိကြပါ၏။

## သေနတ်သံနှင့် သမာဓိ

ကျွန်တော်တို့သုံးယောက် စစ်ကိုင်းတောင်ရိုးသို့ လာခဲ့ကြသည်မှာ ရည်ရွယ်ချက် အသီးသီး ရှိကြပါ၏။ ဆရာကြီးက အေးအေးဆေးဆေး စာရေး စာဖတ်ရန်။ ကျွန်တော်က ဆရာကြီးအား ပေးထားသော ကျွန်တော့် ပထမဦးဆုံးလက်ရာ စုံထောက် ဝတ္ထုလေးကို ဆရာကြီး ဖတ်စေရန် ဆရာကြီးတူ ကိုဝင်မောင် ရည်ရွယ်ချက်ကား ကျွန်တော်တို့ဆန္ဒနှင့် ပဋိပက္ခတည်း။ အကြောင်းမှာ သူသည် ထိုအချိန်က ဆေးရုံစာရေးကြီး ဖြစ်လျက် ခြောက်လုံးပြူးတစ်လက် လိုင်စင်ရကာစတည်း။ ထိုသေနတ်ကို တစ်ခါမျှ မပစ်ဖူးသေး။ ဒါကြောင့် သေနတ်ပစ်စမ်းရန်။

ရောက်ပြီး နောက်တစ်နေ့ နံနက်ခင်း ကိုးနာရီ ခန့်ဝယ် ကိုဝင်းမောင်က ''လာဗျာ ကိုကျင်မောင်၊ ကျွန်တော်တို့ သေနတ်ပစ် သွားကြရအောင်၊ ငှက်ကလေး ဘာလေး ရလိုရငြား၊ ဦးကြီးကော လိုက်အုံးမလား''ဟု မေးတော့ ဆရာကြီးက၊

''သွားပါကွာ၊ ငါမလိုက်တော့ပါဘူး၊ သည်မှာ စာဖတ်နေပါတယ်''

''ဦးကြီး၊ ငှက်ကလေး ဘာလေးမစားချင်ဘူးလား'' ဟု ကိုဝင်းမောင်က ထပ်ကွန့် လိုက်တော့၊

''အေး၊ မင်း ငှက်ပစ်ယင်တော့ အဖိုကို ကြည့်ပစ်ပါကွာ''

''ဘာလို့လဲ၊ ဦးကြီးက ငှက်အထီးသားမှစားချင်လို့လား''

''မဟုတ်ပါဘူး၊ ငှက်မျိုး ပြုန်းကုန်မစိုးလို့ပါ''

ဤမှ ကိုဝင်းမောင်သည် သူ့ဦးကြီး၏ ဟာသကို ရိပ်မိကာ ရယ်မောပြီး ကျွန်တော်တို့နှစ်ယောက် ထွက်ခဲ့ကြသည်။ တောတောင်ချောင်ထဲ ကျွန်တော်တို့ ဟိုဟို သည်သည်လျှောက်ကြယင်း ငှက်တွေ့လျှင် ကိုဝင်းမောင်သည် သေနတ်တစ်ခါမျှ မမြင်ဘူးသော ငှက်တွေကို ကျကျနန ချိန်၍ ပစ်သည်။

သူ့ဦးကြီးပြောလည်း ပြောစရာပင်။ သူ့ သေနတ်သံထွက်ပြီးကာမှ သစ်ပင်ပေါ်က ငှက်တို့သည် မှောက်ခုံကြီး ပျံ၍ပျံ၍ ပြေးကြကုန်၏။

သုံးလေးချက် ပစ်ပြီးနောက် သူ့သေနတ်သံသည် နဘယ် ဘာကောင်မျှ မထိသော်လည်း တတောလုံး ဟိန်းဟိန်းသွားသောကြောင့် သူတော်စင်တို့ တရားအားထုတ်ရာ သည်ဝနာနှင့် မသင့်လျော်သဖြင့် ကျွန်တော်က ''တော်ပါတော့ ကိုဝင်းမောင်ရယ်၊ ခင်ဗျား ကျည်ဆံတွေ ည လူဆိုးတွေ ဘာတွေလာယင် ပစ်ဖို့ထားပါအုံး'' ဆိုပြီး ပြန်ခေါ်ခဲ့ရ၏။

ကိုဝင်းမောင်ကား သေနတ်ရမှ မပစ်စဖူး သုံးလေးချက် ပစ်လိုက်ရသဖြင့် ကျေနပ်အားရ စွာ ပြန်လာလျက် စာဖတ်နေသော ဆရာကြီး အနားသွားပြီး၊

''ဘယ့်နှယ်လဲ ဦးကြီး၊ ကျွန်တော့် သေနတ်သံကြားတော့ လန့်လန့်မသွားဘူးလား''ဟု မေးတော့၊

ဆရာကြီးက သူ့မျက်မှန်ချွတ်၍ သူ့တူမော်ကြည့်ပြီး၊

''ဟော၊ မင်း သေနတ်ပစ်ပြီးလို့ ပြန်ခဲ့ပလား''

ကိုဝင်းမောင်က မကျေနပ်။

''ဦးကြီးက သေနတ်သံ မကြားဘူးလားဗျ''

''မကြားပေါင်ကွာ''

ဤနေရာတွင် ကျွန်တော့်စိတ်ထဲ ဒွိဟဖြစ်၏။ ဆရာကြီးသည် တတောလုံး ဟိန်းသွားသော သေနတ်သံကို မကြားဘူးဆိုတာ သူ့တူကိုပင် နောက်လေသည်ကား၊ သို့မဟုတ် အကယ်ပင် မကြားဘူးလား။

ကျွန်တော်တို့ မူလ စီစဉ်သည်က သောကြာနေ့ ညနေတွင်လာ သုံးညအိပ် နှစ်ရက်နေပြီး တနင်္လာနေ့ နံနက်မှာ တပည့် နှစ်ယောက်မှာ သည်ရောက်မှ ဒေါ်ဉာဏစာရီ၏ လက်ရာကိုလည်း ခံတွင်းတွေ့နေ၏။ ဆရာကြီးကလည်း စာရေး၍ ဖတ်၍ ကောင်းနေ၏။

ထို့ကြောင့် တနင်္လာနေ့ နံနက်မှာ ရုံးအလုပ်ရှိသော ကိုဝင်းမောင်တစ်ယောက်သာ ပြန်သွားပြီး ကျွန်တော်တို့ နှစ်ယောက်တည်း ကျန်ခဲ့သောအခါ ဖော်ပြပါ ကျွန်တော် ဒွိဟ ဖြစ်ခဲ့သော သေနတ်သံကိစ္စကို မေးကြည့်တော့ ဆရာကြီးက အကယ်ပင် မကြားရကြောင်း ပြောပြခြင်းဖြင့် ဆရာကြီး၏သမာဓိအားကို ကျွန်တော် သိရှိရတော့၏။

ဆရာကြီးသည် စာရေးခြင်း၊ စာဖတ်ခြင်း၌ အာရုံစိုက်နေသောအခါတွင် နံဘေးက အနှောင့်အယှက်များ မဝင်နိုင်ပေ။

ဆရာကြီးသည် ထိုစစ်ကိုင်းချောင်၌ တော်တော် အလုပ်ပြီး၏။ လူထု သတင်းစာအတွက် ခေါင်းကြီး

နှစ်ရက်စာကို ကိုဝင်းမောင်နှင့် ပေးလိုက်နိုင်၏။ အခြားစာများနှင့် ကျွန်တော့် စုံထောက်ဝတ္ထုကလေးကိုလည်း ဖတ်ပြီး ဤစစ်ကိုင်းချောင်မှာပဲ အမှာစာ ရေးပေးနိုင်၏။

## ဆရာကြီး ရွှေဥဒေါင်း၏ အမှာစာ

''ကျွန်တော့် ဝတ္ထုလေးကို ဆရာကြီး တစ်ဆိတ်လောက်ကြည့်ပြီး ထင်မြင်ချက်ကလေး သိပါရစေ'' ဟု တောင်းပန်ပြောဆိုကာ လာရောက်အပ်နှံသောအခါ ကျွန်ုပ်မှာ ကြုံတွေ့ခဲ့ရဘူးသော အဖြစ်အပျက်များကို သတိရ၍ အတော်ကလေး ရင်လေးမိလေသည်။ ကြုံတွေ့ခဲ့ရသည်မှာကား ၁၉၃၇ ခုနှစ်မှစ၍ သူရိယတိုက်၌ သူရိယ မဂ္ဂဇင်း ပထမ နံပါတ်မှစပြီး အယ်ဒီတာလုပ်ခဲ့စဉ် ဆုပေးသော ဝတ္ထုတိုများ စစ်ဆေးရွေးချယ်ရသော တာဝန်ကို ဆောင်ရွက်ခဲ့ရာ လစဉ် ဝတ္ထုတိုပေါင်း ၁၀ – ၁၅ မှ စ၍ ၂၀ – ၃၀ အထိ လက်ခံရရှိ သော်လည်း တစ်ခါတစ်ရံ စိတ်တိုင်းကျ ဆိုလောက်သာ ဝတ္ထုမျိုး တစ်ပုဒ်တလေမျှ မတွေ့ရသည့် အတွက်ကြောင့် အသင့်အတင့် ရှိရုံမျှလောက်ပင် ရွေးချယ်လိုက်ရလေသည်။

ရေးသားပေးပို့သူ စာရေးဆရာ ခမျာများမှာ အချောရေးကူးထားပုံ၊ သေချာသပ်ရပ်ပုံတို့ ကို တော်ခြင်း အားဖြင့် ''ကိုယ့်ငါးချဉ် ကိုယ်ချဉ်) ဟူသော စကားအတိုင်း မိမိဝတ္ထုကို မိမိအထင်ကြီးကြသည့် လက္ခဏာရှိပေရာ၊ ရေးသား ထားသော စာများမှာမူကား။ ရေးသားသူ ကာယကံရှင်မှတပါး မသမ်းမဝေပဲနှင့် အစမှအဆုံးတိုင် မည်သူမျှ ဖတ်နိုင်မည်မထင်ပေ။

ကျွန်ုပ်မှာမူ ''သူ့ ဆန်စား ရဲမှ''ဟူသော စကားအတိုင်း အလုပ်ဝတ္တရားဖြစ်နေသည့် အတွက်၊ တသမ်းသမ်း တဝေဝေနှင့်ပင် တစ်ခုပြီးတစ်ခု ဖတ်ရှုခဲ့ရပေတော့သည်။

ထိုအခြင်းအရာကို သတိရသည်နှင့် ကျွန်တော်သည် ပို့လာသောသူ၏ မျက်နှာကို စိတ်ခပ်လေးလေး နှင့်ပင် လှမ်းကြည့်လိုက်မိရာ၊ အကင်းပါး၍ စဉ်းစားဉာဏ် အတော်အတန်ရှိပုံ ပေါ်သော ၄င်း၏မျက်နှာကို မြင်လိုက်ရသဖြင့် အတော်ကလေး အားတက်မိ၏။ ဤသို့သော မျက်နှာရှင်သည် အလွန်ညံ့ဖျင်းသော စာမျိုးကို ရေးလိမ့်မည် မဟုတ်ဟု အကဲဖြတ် လိုက်လေသည်။

သို့နှင့် အားလပ်သော အချိန်တွင် ကြည့်ပေးပါမည်ဟု ဝန်ခံလိုက်ပြီး။ နောက် ကျွန်တော်သည် စစ်ကိုင်းချောင်သို့ အနားယူရန် သွားသောတစ်နေ့တွင်။ ဤဝတ္ထုစာမူကို စတင် ဖတ်ကြည့်လိုက်ရာ၊

စုံထောက်ဝတ္ထုဖြစ်နေသည်ကို တွေ့ရပြန်သောကြောင့် ဒုတိယအကြိမ် စိတ်၏ လေးလံခြင်း ဖြစ်ရပြန်လေသည်။

စာရေးသူကိုယ်တိုင်က ဘာသာပြန်လည်း မဟုတ်။ ပထမအကြိမ် ရေးသားခြင်း ဖြစ်ကြောင်းနှင့်လည်း ပြောသွားဘူးရာ။ ဘာသာပြန်မဟုတ်ပဲ ပထမအကြိမ် စမ်းသပ် ရေးသားရာတွင်။ စုံထောက်ဝတ္ထုမျိုးကို တစ်ခါတည်း လှမ်းဝံ့သောသူသည် လူတော်နှင့်လူရှော်။ ဤနှစ်ယောက်အနက်၊ လူရှော်ဖြစ်ဖို့က နည်းလမ်းများနေသောကြောင့် ပေတည်း။

စုံထောက်ဝတ္ထုမှာ ဉာဏ်ကစားလိုသော ပရိသတ်တို့ ဖတ်ရန်အတွက် ဖြစ်သောကြောင့်၊ ချစ်ခန်း၊ ကြိုက်ခန်း၊ စွန့်စားခန်းနှင့် အလွမ်းအဆွေး ဝတ္ထုများထက်၊ တနည်းအားဖြင့် ရေးသားရန် ခက်ခဲလှပေသည်။ စုံထောက် ဝတ္ထုရေးဆရာအပေါင်းတို့၏ ဘုရင် ဟု ခေါ် လောက်သော ဆာအာသာကိုနင်ဒွိုင်း က ''ဇာတ်ကွက် ဇာတ်လမ်း ဆင်ရာ၌၊ မိမိ ဇာတ်လိုက်ကို အခက်အခဲတွေ ဝိုင်းရံပေးဘို့ကား လွယ်ပါ၏။ သို့ရာတွင် ပရိသတ် ကျေကျေနပ်နပ်နဲ့ လွတ်အောင် နှုတ်ဖို့ကား၊ အမှန်ပင် ခက်ခဲလှပေသည်''ဟု ရေးသားခဲ့လေသည်။

စုံထောက်ဝတ္ထုရေးရာ၌ တရားခံကို ဖတ်ရှုသူများ မရိပ်မိအောင် အထင်အမြင်လွဲစေလောက်အောင်၊ သို့မဟုတ် အတွေးချော်စေ လောက်အောင် ဖန်တီးရန်ကား လွယ်ပါ၏။ သို့ရာတွင် စာရေးဆရာသည် တရားခံအစစ်ကို ထုတ်ဖော်ရှင်းလင်းသည့်အခါ၊ ဖတ်ရှု သူပရိသတ်တို့ ကျေနပ် လောက်အောင်၊ သို့မဟုတ် စောဒကမဝင်နိုင်လောက်အောင် နည်းနာ ကျကျ ဖြေရှင်းဘို့ကား ထိုကဲ့သို့ မလွယ်ကူလှချေ။

ဤ''ရန်အောင်ရတနာ'' ဝတ္ထုမှာ ဘာသာပြန် မဟုတ်သော စုံထောက်ဝတ္ထုများ အနက်တွင်၊ အထက်ပါ ဂုဏ်အင်္ဂါ အရည်အချင်း အရာများနှင့် ပြည့်စုံ လုံလောက်သဖြင့် တွေးခေါ်ခြင်း၊ ဉာဏ်ကစားခြင်းစသော အလုပ်မျိုးကို အရသာခံတတ်သည့် စာဖတ် ပရိသတ်တို့ အတွက် ကျွန်ုပ်က ထောက်ခံချက် ရေးသားပေးလိုက်ရပေသတည်း။

ရွှေဥဒေါင်း

ဆရာကြီးဆီက သည်အမှာစာလေးရဘို့ကား လွယ်ကူလှသည်မဟုတ်ချေ။ ဆရာကြီးသည် အခြားသူစာအုပ်၌ မတွေ့ခဲ့ဘူးပေ။

ဤအမှာစာကို ရသောအချိန်၌ ကျွန်တော် စာရေးဆရာ မဖြစ်သေးပေ။ သော်တာဆွေ နာမည်ကို လည်း မပေးသေးပေ။ ငွေတွေ အထုကြီး အထည်ကြီးကိုင်က ဆရာကြီးစိတ်ဝယ် သဌေးသားလေး ထင်ရသော အခြေတွင်သာရှိနေသေး၏။ အကြောင်းမှာ ထိုစဉ်က ပေါင်းတည်ကတင်ပို့လိုက်သော ဆန်ဘိုးတွေ တစ်ခါတစ်ခါရှင်းလျှင် ကက်စ်ဘီခေတ်က အင်္ဂလိပ်ငွေ လေးငါးသောင်း။ သည်ငွေတွေကို ကျွန်တော်က ဘဏ်မှာ ဒရပ်ဖ် မြင်အေ လုပ်လုပ်ပြီး ရန်ကုန်မြို့က မြန်မာ့အလင်း သတင်းစာတိုက် ဦးတင်ထံ ပို့ရသည်။ (ဦးတင်သည် ဖ–ဆ–ပ–လ ခေတ် ဘဏ္ဍာရေးဝန်ကြီးမဖြစ်မီကပင် ကျွန်တော် တို့ ပေါင်းတည်သဌေး ဦးမောင်ကြီး၏ ဘဏ္ဍာထိန်းဖြစ်ခဲ့၏။) တစ်ခါတစ်ရံ ပွဲရုံကငွေရှင်းတာ နောက်ကျ၍ ဘဏ်အပ် ချိန်မမီသောအခါများတွင် ကျွန်တော်သည် ဤငွေလေးငါးသောင်းအိတ်ကြီးကို ဆရာကြီးတို့ အိပ်ရာပေါ် ပစ်တင်ခဲ့ပြီး၊ ''ဦးကြီးရေ ဒါကြီးတော့ ကျွန်တော်သည်ည သည်မှာပဲ ထားပစ်ခဲ့တော့ မယ်'' ဟု ပြောပြီးပြန်သွား။

ဤငွေအိတ်ကြီးကလည်း သော့ပိတ်ထားရန်မရှိချေ။ ဇစ်နှင့်ဆွဲ၍ဖွင့်ရသော၊ ပိတ်ရသော ဂျပန်ဆရာဝန် များ ကိုင်ခဲ့သည့် သားရေအိတ်ကြီးဖြစ်၏။ ထို့ကြောင့်၊ တရံရောအခါ ဆရာကြီးက ''ဟေ့ကောင် မင်းငွေတွေသည်နည်းသည်ပုံ တို့ဆီမှာ ထားထားပစ်ခဲ့တာ၊ ကဲကွာ၊ တို့က တချို့တဝက် ထုတ်ယူထားမယ်၊ ဒါမှမဟုတ် အားလုံးဖြောင် လိုက်ပြီး မင်း တို့ဆီမှာလာမထားပါဘူးလို့ ပြောယင်၊ မင်းဘယ်နှယ့်လုပ်မလဲ''ဟု ဆိုလေရာ ကျွန်တော်က အေးဆေးစွာပဲ ''ဦးကြီးရေ့၊ ကျွန်တော့်စိတ်ထဲမှာ ဒါမျိုးကို စိုးစဉ်းမျှ မစဉ်းစားမိခဲ့ ပါဘူးဗျာ''ဟု ပြန်ပြောလိုက်ပါ၏။ အမှန်ပဲ။ ကျွန်တော်သည် ငွေရေးကြေးရေးနှင့် ပတ်သက်၍ ဆရာကြီးအပေါ်တွင် ဤသံသယမျိုးကို ဆရာကြီးသတိပေးမှပဲ တွေးမိပါတော့၏။

စင်စစ် ကျွန်တော်ကိုယ်တိုင်မှာလည်း ဤငွေတွေ ကျွန်တော့်ကိုယ်ပိုင်မဟုတ်သော်လည်း ကိုယ်ရေး ကိုယ်တာ လက်ငင်းအခြေအနေအရ လိုသမျှသုံးစွဲသည်ကလွဲ၍ သည့်ထက်ပိုပြီး ခင်မင်တွယ်တာ ခြင်းမရှိခဲ့ပေ။ တစ်နေရာ၌ ဖော်ပြခဲ့သည်။ ဦးမောင်ကြီးသည် ပေါင်းတည်မြို့မှ ဆန်အိတ်တွေ မည်မျှပို့ကြောင်းသာ စာရင်းရှိ၍ မန္တလေးတွင် ဘယ်ဈေးရောင်းရသည်ကိုတော့ မသိချေဟု။ သို့သော် ကျွန်တော်သည် ဘယ်သောအခါမျှ စာရင်းလိမ်၍မပြခဲ့ပေ။ ကျွန်တော် ဘယ်မျှသုံးစွဲကြောင်းကိုသာ အမှန်အတိုင်း ထုတ်နုတ်ဖော်ပြခဲ့၏။

## ဆရာကြီးနှင့် ဦးကြီး

ကျွန်တော် ယခုရေးသားဖော်ပြခဲ့ရာ၌ ဆရာကြီးနှင့်ဦးကြီးဟူ၍ နှစ်မျိုးတွေ့နေရပေသည်။ အမှန်စင်စစ် လူချင်းတွေ့စက ''ဆရာကြီး''ဟု ခေါ်ခဲ့သည်မှန်သော်လည်း နောင် ဆရာကြီးထံမှ နီးနီးကပ်ပပ် အနေကြာလာတော့ ''ဦးကြီး''ဟူ၍ ဖြစ်လာရ၏။ အကြောင်းမှာ ဆရာကြီး၏တူ ဆေးရုံစာရေးကြီး ကိုဝင်းမောင်၏ (အစိုးရက ပေးထားသော) အိမ်ဝိုင်းမှာတော်တော် ကျယ်ဝန်းပြီး အခန်းတွေလည်း တော်တော်များရှိသဖြင့် ကိုဝင်းမောင်၏ အိမ်ထောင်အပြင် ဆရာကြီးနှင့် ဆရာကြီးညီ ဦးဖေစိန်း၏အိမ်ထောင်ပါ လာရောက်နေကြသဖြင့် သူတို့ဆွေမျိုးစု အိမ်ဝိုင်းဖြစ်နေပေသည်။ ယင်း ဆွေမျိုးစုတွင် ကိုဝင်းမောင်ကစပြီး ဦးဖေစိန်းသား မောင်သင်းမောင်နှင့် သမီး ကြည်ကြည်တို့ကပါ အားလုံးဆရာကြီးကို ''ဦးကြီး''ဟုခေါ်ကြသဖြင့် ကျွန်တော်လည်း ''ဆရာကြီး''မှနေပြီး ''ဦးကြီး''ဟူ၍ ဖြစ်သွားခြင်းပါတည်း။ ကျွန်တော့်စိတ်ထဲဝယ် ဆရာကြီးဟု ခေါ်ခြင်းထက် ပိုမိုရင်းနှီး ခင်တွယ်သွားခြင်းပင်။

ထိုစဉ်က ကျွန်တော်၏ တည်းခိုအိမ်မှာ ဈေးချိုတော်နှင့် မလှမ်းမကမ်း ရွှေဘုန်းပွင့်ဘုရား အနီး (လမ်းနံပါတ်တော့မေ့နေပြီ) ကျွန်တော်၏ပွဲဒိုင် မန္တလေးမြို့ ဟသ်ာညွန့် ဆန်စက်ပိုင်ရှင် ဦးသက်တင် ဒေါ်စောရင်တို့က ပေးအပ်ထားသော သူတို့တိုက်နံဘေးက ပျဉ်ထောင်အိမ်တစ်လုံး ဖြစ်၏။ သို့သော် ကျွန်တော်သည် ဤအိမ်တွင် ညသာအိပ်၍ နေ့လည်နေ့ခင်းတို့မှာ ဆရာကြီး အိမ်တွင်သာ အနေများခဲ့ပါသည်။ ညစာကို ဆရာကြီးနှင့်အတူစားခဲ့သည်က များပါသည်။ ယင်းကဲ့သို့ လပေါင်းများစွာနေခဲ့ပြီးနောက် (ဤနေရာ၌ ဆရာကြီး၏ တသက်တာမှတ်တမ်းထဲမှ ကူးယူဖော်ပြလိုက်ပါသည်။)

တစ်နေ့သ၌ ဖိုးကျင်မောင်သည် ကျွန်ုပ်အိမ်သို့လာရောက်၍ အထက်မြစ်ညာ၌ ဆန်ရောင်းရန် သူ၏အရပ်(ပေါင်းတည်မှ ဆန်အိတ်အမြောက်အမြား ယူလာခဲ့ကြောင်း မော်တော်ဘုတ်တစ်စင်းငှား၍ ကသာသို့ဆန်တက်မည်ဖြစ်ကြောင်း ပြော၏။ ဤမျှလောက် ငွေအရင်းအနှီးကောင်းသူ တစ်ယောက်က စာရေးဆရာဖြစ်ဖို့ ရည်ရွယ်ချက်ရှိလေသလောဟု ကျွန်ုပ်ပင် အံ့သြမိပါသေးသည်။ မည်သို့ပင်ဖြစ်စေ၊ သူထွက်မည့်နေ့၌ ကျွန်ုပ်သည် မြစ်ဆိပ်သို့ ဆင်း၍ သူ့ကိုနှုတ်ဆက်ယင်း သဌေးသားကလေးပေလောဟု မုဒိတာ ဖြစ်မိသေးသည်။ ထို့နောက် ကျွန်ုပ်သည် ဖိုးကျင်မောင် တော်တော်ကြာပေါ်မလာသည်နှင့် သူ့တည်းအိမ်သို့ သွား၍စုံစမ်းရာ ၈ လတိုင်တိုင် ဘာသတင်းမျှ မကြားရသည်တွင် စစ်ပြီးကာစဖြစ်၍ ခင်ရှုပ်ရှုပ်ရှိ နေသေးသည့် အညာတခိုအကြောင်းကို သိရသည် နှင့် သဌေးသားတစ်ယောက် တစ်စခန်းသိမ်း သွားပြီလောဟု စိုးရိမ်ပူပန်မိပါသည်။ ဟဲ့၊ ဟဲ၊

သည့်ကောင်က ဘယ်သေအုံးမှာတုန်း။ စာရေးဆရာဖြစ်ဖို့ ကံကြမ္မာက ကျွန်နေသေးသကိုး။ အညာမြေသို့ရောက်သွားရသည်မှာလည်း ကျွန်တော်၏စာရေးဆရာ ပါရမီကို ဖြည့်ဆည်းဖို့ရန် အတွက်သာ။ ကျွန်တော် ဆန်တွေယူသွားရသည်မှာလည်း စင်စစ်တော့ ငွေကြေး မြတ်စွန်းဖို့မဟုတ်။ ဝတ္ထုတွေရှာဖွေဖို့ အရင်းအနှီးမျှသာ ပမာအားဖြင့် တူနေပေတော့ သည်။

ကြည့်လေ၊ မန္တလေးမြို့ ဂေါဝိန်ဆိပ်မှ မှုန်ဝါးသော နှင်းငွေ့အောက်တွင် မော်တော်ထွက်ခဲ့၍ ကြည်လင်သော ညနေခင်း ရှိန်းမကားမြို့သို့ ရောက်သောအခါ ကျွန်တော့် မော်တော်နှင့် ခရီးကြုံပါလာခဲ့သော မိန်းမရှာလင်မယားကို ဇာတ်ကွက်ဆင်လိုက်ခြင်းအားဖြင့် ၁၉၄၈ ခုနှစ် ဩဂုတ်လထုတ် ရှုမဝ၌ပါခဲ့သော ကျွန်တော်၏နံပါတ် ၁၀ မြောက် မှန်ဒါလိပ် ဝတ္ထု ကို ရခဲ့လေသည်။

## ရွှေလိပ်ပြာ

ဆရာကြီး၏မှတ်တမ်းတွင် ၈ လတိုင်တိုင် ဘာသတင်းမျှ မကြားရဆိုသည်မှာ မှန်ပါသည်။ ကျွန်တော်သည် ၁၉၄၆ ခုနှစ် နိုဝင်ဘာလဆန်းတွင် မန္တလေးမှထွက်ခွာသွား၍ ၁၉၄၇ ခုနှစ် ဖွန်လလောက်မှာ ကသာက ပြန်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ဤအချိန်၌ ကျွန်တော်စာရေးဆရာ ဖြစ်ရန်မှာ လွန်စွာနီးကပ်လျက်ရှိချေပြီ၊ ၁၉၄၇ ခုနှစ် ဩဂုတ်လ ရှုမဝ၌ ''ဘရန်ဒီတစ်ပုလင်း'' ဝတ္ထုဖြင့် စတင်ပြီး စာရေးဆရာဖြစ်နေပေတော့သည်။

စင်စစ် ကျွန်တော်စာရေးဆရာ ဖြစ်လာပုံမှာ လိပ်ပြာကောင်၏ဘဝနှင့် တူနေပေသည်။ လိပ်ပြာသည် ဥမှ တောင့်ကောင်တဲ၊ ခူကောင်၊ ပိုးတုံးလုံးကောင် စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပြီးမှ အိပ်ပြာဘဝသို့ ရောက်ရချေသည်။ ကျွန်တော်လည်း ထိုနည်းအတိုင်းပင်။ ဘဝမျိုးမျိုးကို ဖြစ်ပျက် ခဲ့ပြီးမှစာရေးဆရာ ဖြစ်လာရပါသည်။

ကျွန်တော် စာရေးဆရာဖြစ်ရကာနီး နောက်ဆုံးအချိန် ကသာမှပြန်ရောက်လာစကား၊ အဆိုးဝါးဆုံး သော စပ်ကူးမတ်ကူးကာလဖြစ်ပါသည်။ စာဖတ်သူများ သိပြီးဖြစ်သည့်အတိုင်း စက်သဌေး ဦးမောင်ကြီးက ကျွန်တော့်အား သူ့ငွေအလွဲသုံးစားမှု ပုဒ်မ ၄၀၆ နှင့် တရားစွဲဆိုမည် ဆို၍ ပေါင်းတည်မြို့မှ ပြေးခဲ့ရကာ နေစရာ စားစရာမရှိ၊ မန္တလေးမြို့ ပိုက်ကျုံးရပ်နေ ကသာတုန်းက ကျွန်တော့်ဆန်ဖိုးငွေ ၂၅၀၀ ကျပ်၊ ရစရာရှိသော ကိုတက်ပြား၏ ဖခင်အိမ်သို့ သွားရောက်ပြီး အိပ်ရာလိပ်ထဲမှ ကျွန်တော့်ခရီးဆောင် ဓားမြှောင်ကိုထုတ်လျက်၊ ခင်ဗျားတို့က ကျွန်တော့်ငွေကို

မပေးဘူးဆိုလျှင် ခင်ဗျားသားကို ကျွန်တော်သတ်ပစ်မယ်။ သို့မဟုတ် ခင်ဗျားတို့ကတော့ သည်ငွေမရ မချင်း သည်အိမ်ပေါ်ကမဆင်းဟု ဇွတ်ပေကပ်နေခြင်းဖြင့် သုံးလ မျှအကြာတွင် ထိုအိမ်မှာပဲ ကျွန်တော် ပေကပ်နေခြင်းဖြင့် သုံးလမျှအကြာတွင် ထိုအိမ်မှာပဲ ကျွန်တော်ဆရာကြီးအိမ်သို့ ကူးပြောင်းခဲ့ပေတော့သည်။

ထို့ကြောင့် ဆရာကြီးတသက်တာမှတ်တမ်းတွင်၊

ထိုအတောအတွင်း ကျွန်ုပ်သည် ဓားတန်းရပ်မှ ဂု ဏ္ဍန်ရပ်သို့ ပြောင်းရွှေ့နေထိုင် လျက်ရှိရာ တစ်နေ့သ၌ ဖိုးကျင်မောင်ပေါ်လာ၍ သူ၏ ဆန်ကုန်သည် ဇာတ်ရှုပ်ကြီး အကြောင်းကို အလုံးစုံ ရှင်းလင်းပြောပြသည်တွင်မှ သူ၏ သဌေးသားအဖြစ်မှာ ကျွန်ုပ်၏ စိတ်ကူးယဉ်သက်သက်မျှ ဖြစ်ကြောင်း သိရပါတော့သည်တဲ့။

## ဆရာကြီး၏ ချီးမွမ်းခြင်း

ဆရာကြီးရွှေဥဒေါင်း၏ တသက်တာတွင် ကျွန်တော့်အားချီးမွမ်းသမှု နှစ်ကြိမ်ပြုသွားပါ သည်။ ပထမအကြိမ်မှာ အခုနပင် ဖော်ပြခဲ့သည်။ (၁၉၄၇ ခုနှစ်၊ ကျွန်တော် ကသာမှာပြန်လာခါစ) ကြွေးရစရာရှိသောအိမ်သို့ အတင်းတက်သွားပြီး ထိုငွေ မရမချင်း မဆင်းဟု ဆိုသည့်အတိုင်း ယင်းငွေကိုရအောင် ယူခဲ့နိုင်ခြင်း။

ဒုတိယ အကြိမ်မှာ ၁၉၆၃ ခုနှစ်၊ ကျွန်တော့်အား ဆိုဗီယက်ယူနီယံသို့လွှတ်သောအခါ ကျွန်တော့်အိမ် မှာ တစ်လလုပ်မှ တစ်လစားရသည်မို့ ကျွန်တော့်အိမ်ထောင် တစ်လစာအတွက် ငါးရာကျပ် နိုင်ငံခြားသွားဖို့ အဝတ်ဝယ်ရန် ငါးရာကျပ် ပေါင်း တစ်ထောင်ရမှ သွားနိုင်ပါမည် တောင်းဆိုခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်က ဤတစ်ထောင်ရ၍ သွားခဲ့ကြောင်း ပြောပြတော့ ဆရာကြီးက ''ငါ့လူ၊ တော်ပေသပေ့၊ မင်းလိုလူမရှိသေးဘူးကွ'' ချီးမွမ်းသမှု ပြဘူးပါသည်။

စင်စစ်တော့ ဒါတွေသည်ကျွန်တော်က လူချီးမွမ်းခံရအောင် ကြံဆောင်သည် မဟုတ်ပါ။ ကိုယ့်ဝမ်းထာ

ကိုယ်သာသိ၏။ ကျွန်တော့်ဘ၀ အခြေအနေကိုက ဖန်တည်းလာသည့်အတိုင်း မိမိ နှလုံးသားထဲမှ ပေါက်ဖွားလာသည့် စိတ်ဆန္ဒအရ ပြုလုပ်ရခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကသာတွင် တင်ခဲ့သောကြွေး ကိုတက်ပြားဆီက ငွေ ၂၅၀၀ ကျပ် ရဖို့မှာ ကျွန်တော့်ဘ၀တာအတွက် လွန်စွာ အရေးကြီးလှပါ၏။

အကြောင်းမှာ ဤ ကြွေးစာချုပ်ကို ဦးမောင်ကြီးအားပြတော့ ''သည်ငွေက ရအုံးမှာလား'' ဟု မေး၍ ကျွန်တော်က ''ရ ရမှာပေါ့'' ''ဒါဖြင့် သွားတောင်း''ဟူသော ဆိုစကားအရ ဤငွေရပါက ဦးမောင်ကြီးက ကျွန်တော့်အား အပြစ်လွှတ်မည်။

ဤသို့ဆိုလျှင် သူ့စက်ထဲမှာ ကျွန်တော့်ကို အလုပ်တစ်ခုခုပေးထားပေလိမ့်မည်။ ဤကား အဖေ့ဆန္ဒ ဖြစ်သည်။

ကျွန်တော့် အဖေနှင့် စက်သဌေး ဦးမောင်ကြီးက ကျေးဇူးခံ ကျေးဇူးစားရှိသည်။

၁၉၄၅ ခုနှစ်၊ ဂျပန်ခေတ် အပျက် တိုင်းပြည် ဗရုတ်ဗရက်တွင် ပေါင်းတည်မြို့ပေါ်က လူချမ်းသာများ ကျေးတောရွာများတွင် သွားရောက် ခိုလှုံရတော့ ဦးမောင်ကြီးတို့ အိမ်ထောင်စု သည် ကျွန်တော်တို့အိမ်မှာ လာရောက် ခိုအောင်းရသည်။

လေးငါးခြောက်လမျှ ကြာသည်။ သည်အချိန်မှာ ကျွန်တော် အိမ်တွင်မရှိ။ ရန်ကုန်တွင် မြင်းလှည်းမောင်းကောင်းတုန်း။ အဲ့ အနောက် အင်္ဂလိပ်ပြန်ရောက်၊ ကက်စဘီ ခေတ်တွင် မြင်းလှည်းပါ ပြုတ်ပြီး သားသမီး နှစ်ယောက်နှင့် ရွာပြန်ရောက်လာတော့ အဖေက ကျွန်တော့်အား စက်သဌေး ဦးမောင်ကြီးထံ ကြည့်ရှု မ စရန် အပ်နှံထားရာမှ သည်သားက အညာရောက်ပြီး ယောက်မမြင်းစီး ထွက်သွားခြင်း။

ယခု ပြန်ပြီး အဖတ်ဆယ်၍ ရပါဦးမည်လား။

စင်စစ် ထိုအချိန်တွင် ကျွန်တော်၏ ဘ၀နောင်ရေးအတွက် ဦးမောင်ကြီးအား ကျွန်တော့် အဖကလည်း မှီခိုစေချင်သည်။ ကျွန်တော်ကလည်း မျှော်လင့်ချက် ထားပါသည်။ သို့သော် သားအဖနှစ်ယောက်၏ ရည်ရွယ်ချက်ချင်းကား မတူကြပေ။ (အဖေကတော့မသိ) အဖေ၏ စိတ်ဆန္ဒမှာ ဦးမောင်ကြီး၏

စက်ထဲ၌ အနည်းဆုံး ကတ္တား စာရေးကလေးမှအစ အလုပ်တစ်ခုခု ပေးထားရန်။ ကျွန်တော် အာသီသ ထားသည်ကား ဦးမောင်ကြီးသည် ရန်ကုန်မြို့ရှိ မြန်မာ့အလင်း သတင်းစာတိုက်ပိုင်ရှင်ကြီး ဖြစ်၍ ကျွန်တော့်အား ထိုမြန်မာ့အလင်းနှင့် ပတ်သက် သည့် စာပေဌာနတွင် အလုပ်သွင်းပေးဖို့ တောင်းခံရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ဦးမောင်ကြီးထံမှ ဤအခွင့်အရေးကို ရနိုင်ရန် ဖော်ပြခဲ့သော သူ့ ဆန်ဖိုးငွေ ၂၅၀၀ ကျပ်ကို မရမနေ တောင်းယူခြင်း ဖြစ်ပါသည်။

## လမ်းကြောင်းပြောင်းပြီ

သို့သော် ကျွန်တော် ဤငွေကို ရသောအခါ၌ ကျွန်တော့်၏ စိတ်ကူး လမ်းကြောင်း ပြောင်းခဲ့လေပြီ။ မူလ ပထမ ကြံရွယ်သည်က သည်ငွေရ၊ ဦးမောင်ကြီးထံ ပြန်အပ်၊ သူ၏ ခွင့်လွှတ်ခြင်းကိုခံယူပြီး ရန်ကုန် မြန်မာ့အလင်းတိုက်သို့ စာရေး စာချီကလေးပဲဖြစ်ဖြစ် အလုပ်တစ်ခုခုနှင့် ပို့စေဖို့ ဖြစ်ပေသည်။

သို့ရာတွင် ဤငွေကိုရသောအချိန်၌ ကျွန်တော်က 'သော်တာဆွေ' ဖြစ်နေချေပြီ။ သူတပါးအိမ် အတင်းတက်နေပြီး ဘာအလုပ်မျှ မရှိသဖြင့် မိမိ၏ ရှိရင်းစွဲဝါသနာအတိုင်း ဝတ္ထု တွေချည်း ဖိရေးလိုက်ရာ ၁၉၄၅ ခုနှစ်၊ ဇွန်လမှစထွက်သော ရှုမဝမဂ္ဂဇင်းသို့၊ ထိုလအတွင်းမှာပင် အသင့် ရေးပြီးသားဖြစ်သော 'ဘရန်ဒီတစ်ပုလင်း' ဝတ္ထုကိုပို့လိုက်ရာ ဇူလိုင်လဆန်းတွင် ရှုမဝမှ ဤဝတ္ထုကို သြဂုတ်လထုတ်မဂ္ဂဇင်း၌ ထည့်မည် ဖြစ်ပါဦး ဟူသော အကြောင်းပြန်စာရခဲ့ပြီး သြဂုတ်လဆန်း သောအခါ၌ 'ဘရန်ဒီတစ်ပုလင်း'လည်း ရှုမဝ မဂ္ဂဇင်း၌ ပါလေပြီ။ နောက်ဆက်တွဲ ပို့လိုက်သော 'မယ်တမ်ကုန်း'ဝတ္ထုလည်း ရွေးချယ်ထားကြောင်း ပြန်စာရလေပြီ။ ကျွန်တော် မရမနေ တောင်းနေ သော ထိုငွေကိုလည်း တစ်ခါတည်း လုံးကနဲ ရလေပြီ။

ကျွန်တော်သည် ထိုငွေကိုယူခဲ့ပြီး ဆရာကြီးအိမ်သို့ အပြီးပြောင်းခဲ့လေသည်။ ကျွန်တော့် စိတ်ကူးလည်း ပြောင်းသွားပြီဖြစ်သောကြောင့် ထိုငွေများနှင့်အတူ ဦးမောင်ကြီးထံ ပြန်၍ အသနားမခံတော့ပြီ။ သူ့ဆန်ဖိုးငွေတွေ ကိုတက်ပြားထံ၌ ကျန်သည်ဆိုသည်မှာ (သူကတယ်မယုံ လှ၍) မှန်ကန်ကြောင်းနှင့် ထိုငွေကို (ကျွန်တော့်စကားအတိုင်း) မရ ရအောင် တောင်းနိုင်ကြောင်း ထင်ရှားစိမ့်သောငှာ၊ ထို့ပြင် (ကျုပ်သား မလိမ်ညာ တတ်ပါဘူးဆိုသော အဖေ့စကားလည်း ကိုက်ညီအောင်)ငွေ တစ်ထောင်ကို သူ့ထံသို့ စာတိုက်မှပေးပို့လိုက်ပါ၏။ ဦးမောင်ကြီးနှင့် ကျွန်တော်

နောက်ထပ်ဆက်သွယ်ရန်လည်း မလိုတော့ပြီ။ သူ၏ မြန်မာ့အလင်းတိုက်သို့ မရောက်ပါနဲ့ ကျွန်တော်စာရေးဆရာ ဖြစ်လိုသော ဆန္ဒလည်း ပြည့်ဝပြီမဟုတ်ပါလား။

## သူကျေးဇူး

ဦးမောင်ကြီးနှင့် ကျွန်တော်သည် သူမသမီနောက်ထပ်နှင့်နောက်ဆုံး တွေ့ရသည်မှာ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့ မြန်မာ့အလင်းတိုက် အပေါ်ထပ်ဧည့်ခန်းမှာဖြစ်၏။ ပေါင်းတည်မြို့မှ ပြောင်းရွှေ့နေခိုက် ကျွန်တော့်အဖေနှင့် ကျွန်တော်သွားကြခြင်းဖြစ်ပါသည်။ ထိုအခါ၌ ဦးမောင်ကြီးသည် ကျွန်တော့်အား ကြည်ဖြူစွာ ငေးခံလျက် ''မောင်ကျင်မောင်က ကျုပ်ဆီရောက်တော့ စီးပွားရေးသမားမှ မဟုတ်ပဲကိုဗျ၊ စာရေးဆရာလောင်းပဲ''ဟု အဖေအား ပြောပြီး ''ခုတော့ ကိုယ့်လူနာမည် တော်တော်ရနေပြီပဲ''ဟု ကျွန်တော့်ကို ချီးမွမ်းစကားပြော ပါသည်။

ဟိုးယခင်က သူနှင့်ကျွန်တော်သည် တော်တော်ရင်းရင်းနှီးနှီး ရှိခဲ့ကြ၏။ မြန်မာ့အလင်း သတင်းစာနှင့် မြန်မာ့အလင်းမဂ္ဂဇင်းအကြောင်း၊ (ဦးမောင်ကြီးသည် ကြို့ပင်ကောက် ဇာတိဖြစ်၍) သူနှင့်တမြို့တည်း သား စာရေးဆရာများ ဖြစ်ကြသော 'အောင်ထူး' 'သတိုးအိမ်'တို့ အကြောင်း ကျွန်တော်က မေးမြန်းပြောဆိုလျက်၊ ကျွန်တော်လည်း စာရေးဆရာဖြစ်ချင်ကြောင်း ပြောခဲ့ဖူးပါသည်။

စင်စစ်တော့ ကျွန်တော် သည်နည်းသည်ပုံ စာရေးဆရာဖြစ်လာရသည်မှာ ဦးမောင်ကြီး၏ (သူမသိသော) အကျိုးကျေးဇူးတွေ များစွာပါလှပေသည်။ ကျွန်တော်သည် မြင်းလှည်းသမားလေးဘဝမှ ဆန်ကုန်သည်ကြီးဖြစ်၍ မန္တလေးသို့သွားရခြင်း၊ အလွန်တောင့်တ နေသော ဆရာကြီး ရွှေဥဒေါင်းနှင့်တွေ့ဆုံခင်မင်ရခြင်း၊ ဆရာကြီးက ကျွန်တော့်အား သငွေးသား ကလေးဟု ထင်ရလောက်အောင် အခြေအနေ မြင့်တက်ခဲ့ခြင်း၊ အညာမြေ၌ ၈ လ လောက် ပွေခဲ့ တေခဲ့ပြီး၊ ရုတ်တရက်ကြီး စာရေးဆရာ ဖြစ်လာရခြင်းတို့မှာ ဦးမောင်ကြီး၏ ကျေးဇူးကြောင့်သာ ဟု ဆိုထိုက်ပါ၏။ ယင်းတို့ကို ဦးမောင်ကြီးကတော့ စိုးစဉ်းမျှ စဉ်းစာမိမည်မဟုတ်ပေ။

## စုံထောက်နှင့် ဟာသ

ကျွန်တော်သည် မူလပထမက ဆရာကြီး ရွှေဥဒေါင်းကိုအားကျ၍ စုံထောက်ဝတ္ထုရေးဆရာဖြစ်ရန် ကြိုးစားခဲ့သည်နှင့်အညီ ရေးဦးစွာ ပြီးစီးခဲ့သောဝတ္ထုမှာ 'ရန်အောင်ရတနာ' စုံထောက်ဝတ္ထု ဖြစ်ပါသည်။ ဖော်ပြခဲ့သည့်အတိုင်း ဤဝတ္ထုကို ဆရာကြီးအား ပြသ၍ ဆရာကြီးက အမှာစာ ရေးပေးပြီးသောအခါ၊

''မင်းက ငါ့အားကျပြီး စုံထောက်ဝတ္ထုရေးဆရာ လုပ်မလို့ဟုတ်လား၊ ဒါနဲ့ မေးပါရစေ၊ မင်း သည်ဝတ္ထုလေးကို ဘယ်လောက်ကြာကြာ ရေးရသည်လဲ''

ဤအမေးကို ဖြေရန်ကား ကျွန်တော့်အဖို့ မလွယ်ကူတော့ပေ။ ဆရာကြီးမေးခွန်းတွင် ဘယ်လောက်ကြာသည်လဲသာပါသည်။ ဘယ်နှစ်ခါ ရေးရသည်လဲ မပါသေးချေ။ စင်စစ် ဤဝတ္ထု ကလေး ကျွန်တော်ရေးခဲ့သည်မှာ ၁၉၄၁ ခုနှစ်၊ သူရိယမဂ္ဂဇင်း ဝတ္ထုတိုပြိုင်ပွဲ ဝင်သည်ကစပြီး ဆရာကြီးကိုပြသနိုင်သော ၁၉၄၆ ခုနှစ်အထိ ကြာမြင့်ခဲ့ပေသည်။ သည်အတွင်း မူလပြိုင်ပွဲသို့ ပေးပို့စဉ်က မဂ္ဂဇင်းဝတ္ထုတိုကလေးမှ သည် လုံးချင်းဝတ္ထုရှည် ဖြစ်သွားသည့်တိုင်အောင် ကျွန်တော်ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ပြန်၍ပြန်၍ရေးခဲ့သည်ကို မမှတ်မိတော့ပေ။

ဤအကြောင်းပြောပြတော့ ဆရာကြီးက၊

''မင်း၊ သည်လိုဆိုယင် စုံထောက်ဝတ္ထုရေးပြီး ဘယ်မှာအသက်မွေးနိုင်မှာလဲကွ၊ မင်းလို ပိုက်ဆံ ချမ်းသာတဲ့ လူကလဲဗမာပြည်မှာ စာရေးဆရာလုပ်စားဖို့ စိတ်မကူးပါနဲ့ကွာ'' (ထိုအချိန်၌ ကျွန်တော်သည် ကသာသို့မသွားရသေး၊ ဆရာကြီးစိတ်ထဲတွင် ကျွန်တော့်အား သဌေးသားလေး ဟု ထင်တုန်း)။ ''အေး၊ ဝါသနာပါလို့ စာပေနယ် ဝင်ချင်တယ်ဆိုယင်တော့ မင်း ဟာသများ ရေးတတ်မည်လားမသိဘူး၊ အဲသည်ဘက်က ရေးတဲ့လူနည်းတယ်ကွ၊ ငါ့စိတ်ထင်တော့ ဇဝန တစ်ယောက်ပဲရှိတယ်၊ မင်း သူ့လောက် မရေးနိုင်တောင် သူ့တစ်ဝက်လောက် လိုက်နိုင်မယ်ဆို ယင် ဟန်ကျလိမ့်မယ် ထင်တယ်ဟေ့''

ထိုအချိန်ဝယ် ကျွန်တော့်စိတ်ထဲတွင် ဘယ်ဝတ္ထုမျိုးကို ရေးနိုင်သည်ဟု ကိုယ့်ကိုယ်ကို ထင်နေတုန်း။ ဆရာကြီးအား ကျွန်တော် အဖြေမပေးခဲ့သော်လည်း စိတ်ထဲတွင်တော့ 'တေး' လိုက်သည်။

ကသာမြို့မှ ပြန်ရောက်လာသောအခါ၌ကား ကျွန်တော့်အား ဆရာကြီးက တွေးထင်ခဲ့ သော 'သဌေးသားကလေး'ဆိုသည့် မျက်နှာဖုံးလည်း ကွာကျလေပြီ။ လူမှာ နေစရာ၊ စားစရာ မရှိတော့၍ အသက်သေသေ၊ ထိုငွေမရမချင်း မဆင်းတော့ပါဟု သူများအိမ် အတင်းတက်နေရ သောအခါတွင် ကျွန်တော် ပထမဦးဆုံးရေးခဲ့သော သူရိယမဂ္ဂဇင်း ဝတ္ထုပြိုင်ပွဲဝင်စဉ်က 'မိုးတိမ်တောင်' ကလောင်အမည်နှင့် 'အဖျားဖြတ်ဆေး'ဟာသဝတ္ထုကို ပြန်ကိုင်သည်။ သော်တာဆွေ–ဘရန်ဒီတစ်ပုလင်း ဟု ၁၉၄၇ ခုနှစ်၊ ဩဂုတ်လထုတ်၊ ရှုမဝမဂ္ဂဇင်း အမှတ် (၃) တွင် ပါလာခဲ့လေသည်။

## ဒံ တျုံ ဒံ

ယခုအထိ ကျွန်တော် စာရေးသက် အနှစ် သုံးဆယ်ကျော်ခဲ့ပြီ။ သော်တာဆွေဖြစ်မှ ကျွန်တော် ရေးခဲ့သမျှ ဝတ္ထုအမျိုးမျိုး၊ ဆောင်းပါးအထွေထွေ အပယ်ခံရ၍ ပုံမနှိပ်ရသည့် စာတစ်ပုဒ်မျှ မရှိဘူးချေ။

ကျွန်တော်၏ ပထမဦးဆုံး ပုံနှိပ်ခံရသည့်စာမှာ 'ဘရန်ဒီတစ်ပုလင်း' ဝတ္ထုဖြစ်ကြောင်း အများသိပြီး ဖြစ်ကြပါ၏။ ဟာ ကျွန်တော်ပင် အမှတ်မထင် ယခုမူ ဤစာရေးစဉ် စဉ်းစားမိ၍ ပေါ်လာခြင်း ဖြစ်ပါသည်။

သည်စာမူကို ထိုမဂ္ဂဇင်းတိုက်သို့ ကျွန်တော်က ပေးပို့ရသည်လည်း မဟုတ်ပါ။

ဖော်ပြသည့်အတိုင်း ကျွန်တော့် ငွေ မရမန အိမ်တက်နေသောအခါ ဆရာကြီး၏ ညွှန်ကြားချက်အရ ဟာသဝတ္ထုတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးလေရာ ပထမ 'ဘရန်ဒီတစ်ပုလင်း' ဒုတိယ သူ့အဆက် 'မယ်တပ်ကုန်း' ဤဝတ္ထု နှစ်ပုဒ်ကို ရှုမဝတိုက်သို့ ပေးပို့ပြီးသောအခါ တတိယမြောက် 'ဒံတျုံဒံ' ဝတ္ထုကို ရေးသည်။

ဤဝတ္ထုလေး ရေးပြီးသောအခါ 'မယ်တပ်ကုန်း' ဝတ္ထုလည်း အကြောင်းမပြန်သေး၍ ရှုမဝတိုက်သို့ မပို့သေးပဲ 'မင်း၊ ဟာသဝတ္ထုများ ရေးတတ်မလား မသိဘူး'ဟု စူးစမ်းခဲ့သော ဆရာကြီး ရွှေဥဒေါင်းအား ကျွန်တော့် ဟာသဝတ္ထုကို မြည်းကြည့်ပါစေတော့ဟု ''ဟောသည်မှာ ဦးကြီးရေ၊ ကျွန်တော့် ဟာသဝတ္ထုလေး ဖတ်ကြည့်စမ်းပါ'' ဟု ဆရာကြီး၏ စာရေးစာပွဲပေါ်မှာ ထားပစ်ခဲ့သည်။

ထိုစဉ်၌ ဆရာကြီးနေအိမ်မှာ ဓားတန်းမှာပဲ ရှိသေးသည်။ နှစ်ရက် သုံးရက်ကြာ၍ ဆရာကြီးအိမ်သို့ ကျွန်တော် ရောက်ပြန်သောအခါ ဤ စာမူလေးကို ဆရာကြီး စာပွဲပေါ်မှာ မတွေ့မူ၍ ''ဦးကြီးရေ၊ ကျွန်တော့်ဝတ္ထုလေးကော ဘယ့်နှယ့်သဘောရလဲ၊ ဦးကြီး ဖတ်ပြီးပလား'' ဟု မေးသောအခါ ဆရာကြီးမျက်နှာမှာ ရွှင်လန်းအားရစွာနှင့်၊

''ငါတော့ မဖတ်ရသေးဘူးကွ၊ အောင်မာ၊ မင်းဝတ္ထုတယ်ကောင်း ဆိုပါလားကွ၊ မောင်ဘသောင်းက သူ့မဂ္ဂဇင်းမှာ ထည့်မယ်ဆိုပြီး ယူသွားလေရဲ့''

ဆရာကြီး ပြောသော မောင်ဘသောင်းမှာ ထိုစဉ်က မန္တလေးတွင် ထုတ်ဝေနေသည့် ပြည်ညွန့် မဂ္ဂဇင်းအယ်ဒီတာ ဖြစ်ပါသည်။

ထိုစဉ် ဆရာကြီးက ပြင်သစ် စာရေးဆရာကြီး အယ်လိတ်ဇန္ဒာဒူးမားစ်၏ သူရဲကောင်း သုံးယောက် ဝတ္ထုကြီးကို ဘာသာပြန်ရာ၌ ဆရာကြီးက နှုတ်မှရွတ်၍ ကိုဘသောင်းက လက်နှင့် လိုက်ရေးနေသူ ဖြစ်ပါသည်။

ထို့ကြောင့် ကိုဘသောင်းနှင့် ကျွန်တော် သိကျွမ်းနေပြီ ဖြစ်ပါ၏။ သို့သော် ဆရာကြီးက ကျွန်တော်တို့ နှစ်ယောက်အား မိတ်ဖွဲ့ပေးရာ၌ ကိုဘသောင်းကို ပြည်ညွန့် မဂ္ဂဇင်းအယ်ဒီတာ အဖြစ်၊ ကျွန်တော့်ကိုတော့ ''ဟော့၊ သူက မောင်ကျင်မောင်တဲ့၊ ပေါင်းတည်ကကွ၊ စာရေးဆရာ ဖြစ်ချင်လို့တဲ့''‘

သည်တော့ အယ်ဒီတာ တစ်ယောက်က စာပေရူး တစ်ယောက်ကို သဘောထား သကဲ့သို့ပင် ကိုဘသောင်းနှင့် ကျွန်တော် ဆက်ဆံမှု ရှိခဲ့ပေသည်။

သို့ရာတွင် ယခု ကျွန်တော်၏ ဒံတုံဒံ ဝတ္ထုကို ဖတ်ပြီးသောအခါ၌ကား ကိုဘသောင်းသည် ကျွန်တော့်အပေါ် လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

''ကိုကျင်မောင် ဝတ္ထု သိပ်ကောင်းတယ်ဗျာ၊ သည်ဝတ္ထုမျိုး ကျွန်တော် မတွေ့ဖူးသေးဘူး၊ တော်တော်ကို ထူးထူးခြားခြား ကောင်းတဲ့ ဟာသဝတ္ထုပါ''

အမှန်ပဲ။ ကျွန်တော်ရေးခဲ့သော ဟာသဝတ္ထုများထဲတွင် ဤဝတ္ထုလေးက တစ်မျိုး တစ်ဘာသာ

ထူးခြားပါသည်။

ထိုကြောင့် ဝတ္ထုမစမီပင် (ဤဝတ္ထုသည် ယုတ္တိမတန်မှု၍) ဆင်ခြေကန်မနေပဲ ကာတွန်း ရုပ်ရှင် တစ်ခုကို ကြည့်ရဘိ အမှာစာရေးရပါသည်။

ဇာတ်လမ်းကတော့ အင်မတန်ထွားကျိုင်းသော လုလင်ပျိုကြီး တစ်ယောက်နှင့် အလွန်ပင် ညှက်စိ သေးကွေးသော လုံမပျို တစ်ယောက် ညားပြီး မိန်းကလေး သေးဆုံးသွားခြင်းပင်။

ကျွန်တော် ကသာမြို့ မီးရထားဝင်းထဲတွင် ရှိစဉ်တွင် မီးရထား ငွေစာရင်းဌာနမှ စာရေးသမီးရည်စား စုံတွဲ နှစ်ယောက်။ ယောက်ျားက ကိုယ်လုံး ကိုယ်ထည် ကြီးမားသလောက် မိန်းကလေးက သေးကွေးလှ၏။

ဤဆန့်ကျင်ဘက် နှစ်ယောက်ကို မြင်ရသူတို့ မျက်စိထဲတွင် ဝိရောဓိ ဖြစ်ရ၏။ အင်း၊ သေတော့မှာပဲ ဟု စိတ်ထဲမှာ အနိဋ္ဌာရုံ ဖြစ်ရ၏။

ကျွန်တော်လည်း အများနည်းတူ သူတို့ နှစ်ယောက်ကို မျက်စိ ဆံပင်မွေး စူးခဲ့ရာမှ စိတ်ထဲ ဇာတ်လမ်းဖွဲ့မိ၏။

မိန်းကလေး၏ မောင်၊ ဘင်ဂျိုရူးကလေးနှင့် အလွန် နားထိုင်းသော သူတို့မိခင် အဖွားကြီးကို ဇာတ်အားဖြည့်ရ၏။ ဝတ္ထုအဆုံးသတ်တွင်၊

''အောင်မယ်လေး၊ ဟို အကောင့် ဘင်ဂျိုသံ ဒံလဒံကြီးကြောင့် ငါ့သမီးလေး အသက်ဆုံး ပါပေါ့လား''ဟု သွားကျိုး ဟောင်းလောင်းသံနှင့် မအေကြီးက ငိုရှိုက်လိုက်သည့်တွင် ဤအချိန်ကာလမှပင် အဘယ်မည်သော တောကျီးကန်းမိုက်သည် နေ့အချိန် သစ်ခေါင်း မအောင်းမိသော ဇီးကွက်ကောင်နှင့် တွေ့သွားလေသည် မသိ။ လိုက်လံ ထိုးဆိတ်လေရာ တောကျီးကန်းကြီးက ''အား၊ အား'' နှင့် အော်၍ ဇီးကွက်ငယ်က ကြောက်အား လန့်အားနှင့် 'စိကွဲ စိကွဲ'ဟု မပီကလာ ပီကလာအော်သွားသံကို ကြားရလေသတည်းဟု အဆုံးသတ်၏။

ဤဝတ္ထုသဘောသွားမှာ ကြမ်းတမ်းသည် ဖြစ်သော်လည်း ဇာတ်လမ်းဆင်ပုံနှင့် ရေးသားပုံမှာ ဝိရောဓိ

အလင်္ကာမြောက်သဖြင့် ဟာသ အရာ ရောက်သည်ဟု (ပြည်သူ့ညွန့်မဂ္ဂဇင်း ထဲတွင် ပါလာသောအခါ) ဆရာကြီးက ဝေဖန် သုံးသပ်ပါသည်။

သည်ဝတ္ထုကို တင့်တယ်ကလည်း အလွန် ကြိုက်လှ၍ ၁၉၄၈ ခုနှစ်တွင် ကျွန်တော်တို့ ပဒေသာ မဂ္ဂဇင်းတွင်လည်း ထည့်ခဲ့ဖူးသေး၏။

(ယခု ၁၉၇၉ ခုနှစ်၊ မတ်လထုတ် 'အကောက်တော်' မဂ္ဂဇင်းမှာလည်း ဤဝတ္ထုကို ကျွန်တော် ပေးလိုက်သေး၏။)

'ဘရန်ဒီ တစ်ပုလင်း' ဝတ္ထုသည် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ရှုမဝတွင် ပါခဲ့၍ ဤ 'ဒံတုံးဒံ' ဝတ္ထုက စက်တင်ဘာလ ပြည်သူ့ညွန့် မဂ္ဂဇင်းတွင် ပါခဲ့ပါသည်။

ထို့ကြောင့် သူ့ကို ဒုတိယ ပုံနှိပ်ခြင်းခံရသောကျွန်တော်၏ ဝတ္ထုဟု ဆိုပါသည်။

တတိယအကြိမ် ပုံနှိပ်သည်မှာလည်း ပြည်သူ့ညွန့်မဂ္ဂဇင်းတွင်ပဲ ဖြစ်ပါသည်။ ဝတ္ထုအမည်က 'မန္တလေး ရွှေမြေကျင်း'ကို ကိုဘသောင်းက တောင်း၍ ကျွန်တော် အမြန် ရေးပေးလိုက်ရာ အောက်တိုဘာလ၌ ပါလာပါသည်။

ရှုမဝ မဂ္ဂဇင်းတွင်မူ 'ဘရန်ဒီ တစ်ပုလင်း' ဝတ္ထုနှင့် 'မယ်တပ်ကုန်း' ဝတ္ထုကို ဇာတ်လိုက် (မောင်ဖြတ်စ) တစ်ယောက်တည်း ဆက်တိုက်ရေးပို့ခဲ့သည် ဖြစ်သော်လည်း မယ်တပ်ကုန်း ဝတ္ထုက အရေးအသား ကြမ်းသည်ဟု ရှုမဝ ဦးကျော်က ချက်ချင်း မထည့်သေးပဲ ဆိုင်းငံ့ထား သဖြင့် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလ နှစ်လ ရှုမဝတွင် လွတ်ခဲ့ရပြီး နိုဝင်ဘာလမှ 'ဟစ်လို့သာ ငိုလိုက်ချင်တော့' မည်သော ကျွန်တော်၏ ဝတ္ထုဆက်၍ ပါပါတော့သည်။

ထိုနောက်၌ကား ကျွန်တော်လည်း ရန်ကုန် ပြန်ရောက်ခဲ့၍ ကျွန်တော်၏ ဟာသဝတ္ထုများ ရှုမဝတွင် လစဉ် ဆက်တိုက် ပါပါတော့သည်။

ကျွန်တော်သည် မူလက ဆရာကြီး၏ စုံထောက် မောင်စံရှား ဝတ္ထုများကို အားကျ၍ စုံထောက် ဝတ္ထုဆရာ ဖြစ်လိုခဲ့သော်လည်း စင်စစ်အားဖြင့် ကျွန်တော်၏ ဗီဇ အခြေခံမှာ ဟာသ ဝတ္ထုများသာတည်း။

စာရေးဆရာ မဖြစ်မီနှင့် ဖြစ်စ ကျွန်တော့် ဝတ္ထုများရေးခဲ့ရာ ဌာနများမှာ 'ဘရန်ဒီ တစ်ပုလင်း'၊ 'မယ်တင်ပ်ကုန်း'၊ 'ဒံတုံးဒံ' နှင့် 'မန္တလေးရွှေခြေကျင်း' တို့သည် မန္တလေးမြို့ ပိုက်ကျုံးရပ် ကျွန်တော့်ငွေ ရစရာရှိသော ကိုတက်ပြား၏အဖေ ဦးမျှား၏အိမ်နှင့် နန်းတော်ကျွန်း မှ ကိုတက်ပြားညီ ကိုလှစိန် မအေးဝင်းတို့အိမ်တွင် ဖြစ်၍ 'ဟစ်လို့သာ ငိုလိုက်ချင်တော့' နှင့် 'ဖြူပြာမူလကျီ' ဝတ္ထုတို့မှာ ဆရာကြီး ဓားတန်းမှ ပြောင်းခဲ့သော ဂွန္တန်သို့ ပြောင်းရွှေ့သော အချိန်မှာ ကျွန်တော့် ဘရန်ဒီ တစ်ပုလင်း ဝတ္ထုလည်း ရှုမဝ၌ ပါပြီးနေပြီ။

ကိုတက်ပြားထံမှ ငွေလည်း ရခဲ့ပြီဖြစ်၍ ဆရာကြီးအိမ်ပြောင်းရွှေ့ရာ၌ ကျွန်တော်လည်း တခါတည်းပဲ ပါခဲ့ပေတော့၏။

## ခိုဂိုထောင်

ဆရာကြီး ပြောင်းရွှေ့ခဲ့သော ဂွန္တန်ရပ်က အုတ်တိုက်မှာ စင်စစ် လူနေအိမ်မဟုတ်။ အခန်းမရှိ ခိုဂိုထောင် ဖြစ်နေပါသည်။

အလျားပေ ၃၀၊ အနံပေ ၃၀ ခန့် မန္တလေးမြို့ ဈေးခေတ် အချို့တိုက်တွေ ပုံစံအတိုင်း။ အိမ်ရှေ့ တစ်ပေါက်၊ နောက်ဖေး တစ်ပေါက်၊ အမိုးကနိမ့်နိမ့်၊ မျက်နှာကျက်ကမရှိ။ လူထု ဦးလှ ဒေါ်အမာတို့ ပိုင်ဆိုင်သည်ဖြစ်၍ မူလကတည်းက လူနေသည်မဟုတ်။ ဘာပစ္စည်းတွေ ထားခဲ့သည်မသိ။

ကျွန်တော်တို့ ရောက်လာသောအခါ ထိုပစ္စည်းများ မရှိပြီဖြစ်သော်လည်း ပြောင်းရွှေ့ခိုင်း ၍ မရသော ခိုသတ္တဝါများအပြည့် ရာနှင့်ချီ၍ ရှိနေ၏။ အုတ်နံရံ လေးဘက်ခေါင်မိုး အကြား၌ အသိုက်များလုပ်၍ သားသမီးများ ပေါက်ဖွားလျက် ရှိကြကုန်၏။

ကျွန်တော်တို့ ရောက်ကစ အင်း၊ သင်းတို့ ငါတို့ရောက်ယင်ဖြင့် လူကို ကြောက်၍ အရပ်တပါးသို့ ပြောင်းရွှေ့ကုန်ကြအံ့ဟု ထင်မိ၏။

သို့သော် ကျွန်တော်တို့ကို တရွေးသားမျှ မလေးစားကြပါဘူး ခင်ဗျာ။ နံရံလေးဘက် ဟိုမှ သည်မှ ပျံသန်း ကူးလူးလျက် ဖိုမ မြူးတူး၍သာ နေကြကုန်သည်။

ခိုတွေအသံ တဂူးဂူးမြည်နေကြသည်ကို ကျွန်တော်တို့က ခိုညည်းသည်ဟု ခေါ်ကြသည်။ စင်စစ် ခိုများသည် လူတို့ထင်ကြားသကဲ့သို့ ညည်းညူကြသည် မဟုတ်ချေ၊ ထိုတဂူးဂူး အသံသည် ခိုထီးတို့ နှုတ်မှသာဖြစ်လျက်၊ ခိုမများကို ကျူနေကြခြင်းသာ ဖြစ်ကုန်သည်။

နားထဲတွင် အဆက်မပြတ် မြည်နေကြသော ဤအသံများကို ကျွန်တော်တို့ ကြာတော့ နားယဉ်လာ၍ သည်းခံနိုင်ကြပါသည်။ သို့သော် ခိုတို့မည်သည် ပျံ့ယင်းသန်းယင်း ချေးတပျစ်ပျစ် ပါချေသည် ဖြစ်သောကြောင့် ကျွန်တော်တို့မှာ ခြင်ထောင် အမိုးအောက်မှာ သာနေရပါသည်။ ဆရာကြီး စာရေးစာပွဲ အပေါ်မှာလည်း စောင်တစ်ထည်ကို ဖြန့်လျက် မျက်နှာကျက် လုပ်ထားရ ပါသည်။

ကျွန်တော်တို့ရောက်ပြီး သုံးလေးရက်မှ ကြာသော်လည်း၊ ကျွန်တော်တို့ တွေးထင် သကဲ့သို့ လူကို ကြောက်၍ တခြားသို့ပြောင်းရွှေ့ သွားကြခြင်း မပြုသောအခါ၊ ကျွန်တော်သည် မင်းတို့အား အကြမ်းကိုင်မှပဲဟု (တပည့်လိမ်မာ ဆရာအာပတ်လွတ်အောင် ဆရာကြီးကို ဘာမျှ မပြောပဲ) ဝါးလုံးရှည်နှင့် သိမ်းသိမ်းရိုက်သည်။ အုတ်နံရံက လက်ခုပ် တဖောင်သာသာလောက် မြင်တာကလား။ ခိုတွေစုံပြုံနေသည့် အုတ်နံရံပေါ်ကို တချက်တချက် ရိုက်လိုက်လျှင်၊ တစ်ကောင် နှစ်ကောင် ကျကျလာသည်။ ဆရာကြီးကလည်း မသိချင်ယောင်၊ မမြင်ချင်ယောင် ဆောင်နေသည်။

လေးငါးရက် ကြာသောအခါ၊ (ကျွန်တော်တို့မှာ ခိုးသားစား၍လည်း ငြီးငွေ့လာပြီ။) ဆရာကြီးက

''တော်တော့ မောင်ကျင်မောင်ရဲ့၊ မင်းခိုတွေသတ်နေတာ ငါက သဘောတူလို့တော့ မဟုတ်ဖူးကွ၊ သူတို့ကြောက်လန့်ပြီး တခြားများ သွားကုန်မလားလို့ကွ၊ ခုတော့ ဒို့ကပဲ အလျှော့ ပေးရတော့မှာ ပေါ့ကွာ''

ဆရာကြီး ခမျာမှာ သူ့တူ ကိုဝင်းမောင် အိမ်တွင်နေစဉ်အခါ၊ ဟိုအုပ်စုက ကလေးဗုစုခရု တွေ များလွန်းလွန်းလို့၊ အခု ဦးလုတို့ အလကားထားတဲ့တိုက် ရောက်လာတော့လည်း ခိုချေးတွေ တပျစ်ပျစ်အောက်မှာ နေရရှာသည်။ စင်စစ် ဆရာကြီးတွင် ထိုအချိန်၌ ကိုယ့်အိမ်မှ ကိုယ်ငှားနေ နိုင်လောက်အောင် အခြေအနေက မကောင်းသေး၍ ငွေစုနေရတုန်း ဖြစ်ပါ၏။

## ခွေးဘော်ဘီ

ထိုအချိန်၌ ကျွန်တော်တို့ အိမ်သားများမှာ ဆရာကြီး၊ ဒေါ်ကြီးစိုး၊ ညီမ မသေး၊ ကျွန်တော်နှင့် ဆရာကြီး၏ အချစ်တော် ခွေးဘော်ဘီတို့ ဖြစ်ပါသည်။

ဘော်ဘီသည် အဝါနှင့် အဖြူကြား၊ အလုံးကောင်း၊ ဒေါက်ကောင်း၊ အလျားကောင်း၊ နားရွက် ကုပ်ကုပ်နှင့် ခွေးတော် လိမ်မာရေးခြား ရှိသည်။ လူထု သတင်းစာတိုက်နှင့် ကျွန်တော်တို့နေရသော ခိုဂိုဒေါင်မှာ တယ်ပြီးမဝေးလှ။ နောက်ဖေးဝင်းကို ဖြတ်သွားရုံနှင့် ရောက်သည်။ ဆရာကြီးသည် နံနက်ပိုင်းထိုတိုက်သို့ သွားသောအခါ၊ ဘော်ဘီအား စာတစ်အုပ်ကို ကိုက်၍ လိုက်စေသည်။ တစ်ခါတစ်ရံ၌ ဘော်ဘီအား အိမ်ပြန်လွှတ်၍၊ စာတစ်အုပ်ကို ယူစေသည်။ ဘော်ဘီ အိမ်ပြန်ရောက်လာသောအခါ၊ ကျွန်တော်တို့က ဘော်ဘီ အား (ဆရာကြီးက အချိန်းအချက်နှင့် မှာထားခဲ့သော) စာတစ်အုပ်ကို ပေးလိုက်ရသည်။ ထိုစာအုပ်သည် ဆရာကြီးဆီ ဖြူးဖြူးဖြောင့်ဖြောင့် ရောက်သည်ဖြစ်၍၊ ဆရာကြီးမှာ ဝမ်းသာလှ သည်။ နောင်းသော် ဆရာကြီးသည်၊ ဘော်ဘီ၏ လည်ပတ်တွင် စာရေးပြီး ချည်ပေးလိုက်ခြင်း ဖြင့်၊ အိမ်မှပစ္စည်း တစ်ခုခုကို ယူခိုင်း၍ ရသောအခြေသို့ ရောက်ခဲ့၏။

ဆရာကြီးသည် အလုပ်အားလျှင် ဘော်ဘီနှင့် တယုတယနေတတ်သည်။ ထို့ကြောင့် ဆရာကြီး၏ တစ်သက်တာ မှတ်တမ်းတွင် ဘော်ဘီ၏အကြောင်း၊ အမှတ်တရ ရေးထားသည်ကို တွေ့ရပေသည်။

## ဒေါ်ကြီးစိုးနှင့် ကျွန်တော်

ဆရာကြီးက ဘော်ဘီကို ချစ်သကဲ့သို့၊ ဒေါ်ကြီးစိုးက ကျွန်တော့်ကို ချစ်ပါသည်။ ဒေါ်ကြီးစိုးသည် သားသမီးမထွန်းကား၊ သားငတ်သူ ဖြစ်၍၊ ကျွန်တော့်ကို သားသကဲ့သို့ ချစ်ရှာ သည်။ သို့သော် ကျွန်တော်သည် သားဆိုးသကဲ့သို့ နေတတ်သူဖြစ်၍၊ ရှေ့တွင်တော့ အလိုမလိုက်တတ်။ ကျွန်တော်က သွားလာလည်ပတ်၊ သောက်စား မူးရူးတတ်သည်မို့၊ ငေါက်လိုက် ငန်းလိုက်၊ ဆူလိုက် ပူလိုက် လုပ်တတ်ပါသည်။ ကွယ်ရာတွင်တော့ သား သား နှင့်တဲ့။ ဤဂုဏ္ဍနိရပ်အိမ်တွင် နေစဉ်၊ မသေးက ကျွန်တော့်ကို ပြောပြဖူးပါသည်။

''ကိုကျင်မောင်ရယ် ညည ညဥ့်နက်အောင် သိပ်သိပ်မလည်ပါနဲ့၊ ကိုကျင်မောင် ပြန်မလာ မချင်း ဒေါ်ကြီးက မအိပ်ဖူး၊ မနေ့ညများ အကိုကြီးကလဲ ဘော်ဘီကို စောင့်ယင်း၊ ဒေါ်ကြီးကလဲ ကိုကျင်မောင်ကို စောင့်ယင်း ပြောနေကြတယ်၊ ဒေါ်ကြီးက (အကိုကြီးခွေး ဘော်ဘီက တော်သလင်း

လ သူတို့ရာသီမို့ ထားပါတော့၊ သည်ငကျင်မောင် ဆိုတဲ့ အကောင်က အခုထိ ညဉ့်နက်သန်းခေါင် မပြန်ရအောင်က ဘယ်မှာ သွားသေနေလို့လဲ)တဲ့၊ သည်တော့ အကိုကြီးက (မစိုးကလဲကွယ်၊ ကိုယ့်သားမှမဟုတ်တာ၊ သည်လောက် သံယောဇဉ်ကြီးမနေစမ်းပါနဲ့) ဆိုတော့ ဒေါ်ကြီးက (ကြီးရတယ်၊ ကြီးရတယ်၊ ကိုယ့်ဗိုက်က မမွေးနိုင်တော့ ဒင်းပဲ သားလို အောက်မေ့နေ ရတယ်)တဲ့''

ဒေါ်ကြီးစိုးသည် စိတ်ပြင်းထန်သူ၊ ဒေါသကြီးသူလည်းဖြစ်သည်။ သူမနှစ်မမြို့လျှင် အောင့်အည်းထား တတ်သူလည်း မဟုတ်ပေ။ ကျွန်တော့်ကို ကိုယ်ထိလက်ရောက် တစ်ခါမျှ မရိုက် နှက်ခဲ့ဘူးသော် လည်း၊ သူ့လက်ဝါး၊ သူ့လက်သည်းတွေတော့ ကျွန်တော့် မျက်နှာရှေ့မှာ တဝဲဝဲ နေခဲ့ဖူးသည်။ တခါတရံ သူ့လက်သီးနှင့် ကျွန်တော့် မျက်နှာရှေ့ ချိန်ရွယ်ပြီး ''ငါဒိုးပြဲပစ်လိုက်ရ တယ်''ဟူသော သူ့စကားကို ကျွန်တော်သတိရတတ်ပါသည်။ 'ထိုးဖြဲ'ကို 'ထိုးပြဲ'ဟု ဆိုတတ်ကြ သည်မှာ သူတို့ မြတောင်အရပ်က အသံထွက်ပေလားမသိပေ။ ကျွန်တော်ကလည်း ဒေါ်ကြီးစိုးကို ကြောက်လည်း ကြောက်၊ ချစ်လည်း ချစ်ပါ၏။

ထို့ကြောင့် နောင်တွင် ကျွန်တော်၏ ပေါ်အူး၊ အေးဆွေ ဝတ္ထုများ၌၊ ဒေါ်ကြီးစိုးအား အေးဆွေ မည်သော ကျွန်တော်က အလွန်ကြောက်ရပုံများ ပါခဲ့ပေသည်။ ထိုဝတ္ထုများတွင် ကျွန်တော်က ဒေါ်ကြီးစိုး၏စရိုက်ကို ယူ၍ရေးခြင်း ဖြစ်ပါသည်။ ဤဝတ္ထုတွေ ရေးသော အခါတိုင်း၊ ကျွန်တော် သည် ဒေါ်ကြီးစိုးကို သတိရလျက်၊ ဒေါ်ကြီးစိုး၏မျက်နှာ ဟန်ပန် လေသံ တို့ကိုမြင်ယောင် ကြားယောင်၍ရေးခြင်း ဖြစ်ပါသည်။

ယင်းပေါ်အူး၊ အေးဆွေ ဝတ္ထုတွေ၊ တော်တော်များလာသော အခါတွင်၊ ဒေါ်ကြီးစိုးသည် ကျွန်တော့် ပရိသတ်၌ ထင်ရှားလာသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်၊ ဆရာကြီးသည် လုပ်သား သတင်းစာ အယ်ဒီတာချုပ် အဖြစ်နှင့် ရှမဝတိုက်ရှေ့က အစိုးရတိုက်ခန်းတွင် နေစဉ်အခါ၊ တနေ့သ၌ စကားစပ်မိကြ၍၊ ဆရာကြီးက၊

''ငါ့မစိုးလဲ မင်းဝတ္ထုတွေ ကောင်းမှုကြောင့် သော်တာဆွေ ဝတ္ထုထဲက ဒေါ်ကြီးစိုး ဖြစ်ကရောကွ''

ထိုအခါ အနီးတွင်ထိုင်နေသော ဒေါ်ကြီးစိုး၏ လက်မငေါငေါနှင့် လက်သီးသည် ကျွန်တော့်မျက်နှာရှေ့ ဝဲလာကာ၊

''ငါ နင့် ဒိုးပြဲပစ်လိုက်ချင်တယ်''ဟု ဆိုလိုက်ပါသေး၏။

ကျွန်တော့် ကံ

ကျွန်တော်၏ဘဝလမ်းကြောင်းတွင် အခြားလုပ်ငန်းများ၌ အပေါက်အလမ်းမတည့်၊ အောင်မြင်မှုမရ၊ ကြာရှည်မတည်မြဲခဲ့သော်လည်း စာရေးဆရာဖြစ်ဖို့မှာကား ကံကောင်းသည်ဟု ဆိုချင်ပါသည်။ ကြည့်ပါ၊ ကျွန်တော်သည် မြင်းလှည်းသမားဘဝမှ ''ရန်အောင်ရတနာ'' စုံထောက် ဝတ္ထုလေးကို ရေးပြီးသောအခါ၌ ဆရာကြီးရွှေဥဒေါင်းကို အလွန်တွေ့ချင်လှသည်။ သို့သော် ''ဘဲဥအစရှာမရ'' ဖြစ်နေသည်။ ယင်း၌ တိုင်းပြည်အခြေအနေအရ ကက်စ်တီခေတ်ရောက်၊ ကျွန်တော့် မြင်းလှည်းသမား ဘဝလေး ရုတ်တရက် ပျက်စီးသွားရပြီး၊ ဆန်ကုန်သည်အဖြစ်နှင့် မန္တလေးရောက်သွား၊ ဆရာကြီး ရွှေဥဒေါင်းနှင့် တွေ့ရပုံကို စာဖတ်သူများ သိပြီးဖြစ်ကြပါသည်။

သို့တပြီး၊ ကျွန်တော်၏ ဘဝကံကြမ္မာမှာ ဆရာကြီးထံမှသေး။ ဆရာကြီးက သဒ္ဓေးသား လေးဟုထင်ရသော ကျွန်တော်၏ဆန်ကုန်သည် ဘဝကြီး ပျက်စီးရပြီး၊ ဆရာကြီးအိမ်မှာ အိမ်သား တစ်ယောက်အဖြစ်နှင့် နေရလျက်၊ ဆရာကြီးစာရေးရာတွင် ဆရာကြီးက နှုတ်မှရွတ်သည်ကို ကျွန်တော်က လက်မှလိုက်ရေးရသော အခွင့်အရေးကိုရခဲ့ခြင်းဖြစ်ပါတော့သည်။ ကျွန်တော့်လို စာရေး ဆရာ ပေါက်စနအဖို့ ဘယ်လောက်ကောင်းလိုက်ပါသည်လဲခင်ဗျာ။

ဒါကို ဓားတန်းအိမ်တွင် ပြည်ညွန့် မဂ္ဂဇင်းအယ်ဒီတာ ကိုဘသောင်းက လိုက်ရေးနေစဉ် ကပင် ကျွန်တော်လိုချင်နေပါသည်။ သို့သော် အဲသည်အချိန်တုန်းက ကျွန်တော်က သဒ္ဓေးသားလေး၊ ကိုဘသောင်းက ဆရာကြီးဆီက တစ်လ ၆၀ နှင့် လိုက်ရေးနေတာ။ ကျွန်တော် ဝင်စွက်လို့ ဘယ်တော်မလဲဗျာ။

ဟော၊ ဆရာကြီးတို့ ဓားတန်းအိမ်ကနေပြီး၊ ဂွ္ဘာန်ရပ်ကဖော်ပြခဲ့သော ခိုဂိုထောင်အိမ် ရောက်ကြတော့ ကျွန်တော်ကလည်း သဒ္ဓေးသားမဟုတ်တော့ဘူး။ ဆရာကြီးဘာသာပြန် ကိုဘသောင်း လိုက်ရေးခဲ့တဲ့ သူရဲကောင်းသုံးယောက် ဝတ္ထုကလည်း အဆုံးသတ်လို့ ကိုဘသောင်းနဲ့ လုပ်ငန်း ပြတ်သွားပြီ။ သည်တော့မှ ကျွန်တော်က ဤအခွင့်အရေးကိုယူလိုက်ခြင်း ဖြစ်ပါသည်။ ဆရာကြီးအဖို့ လည်းအကြိုက်၊ ကိုဘသောင်းတုန်းက ဘယ်နှစ်နာရီလာ၊ ဘယ်နှစ်နာရီပြန်၊ အချိန်နဲ့။ ဟော အခု ကျွန်တော်နှင့် ကျတော့ တစ်အိမ်တည်းသားချင်း ကလားဗျ။ အချိန်ကန့်သတ်မှုမရှိတော့ပြီ။ ဆရာကြီး စိတ်ဆန္ဒရှိတဲ့အခါမှာ ကျွန်တော့်က အသင့်ပဲ။

ဆရာကြီးထံ၌ ဝတ္ထုတို ရှည်များစွာ ကျွန်တော်လိုက်ရေးခဲ့ဖူးပါသည်။ ဆရာကြီးရေးဟန်၊ ဆရာကြီးလက်သံမျိုးကို ကျွန်တော် ရေးနိုင်ပါသည်။ ရှေးယခင် ကျွန်တော်ဝတ္ထုရေးစက ဆရာကြီး ဝါကျမျိုးတွေ ကျွန်တော်ယူခဲ့သည်။ နောက်မှ ကိုယ့်မူပိုင်ဟန် ပြောင်းခဲ့ခြင်း ဖြစ်ပါသည်။

တစ်ခါတွင် ဆရာကြီးက ''မင်း၊ ငါနဲ့တူအောင် ရေးနိုင်ပါမည်လား''ဟု ဆို၍ ကျွန်တော်က ရေးပြသောအခါ ဆရာကြီးသဘောကျသဖြင့် ဘာသာပြန်စာတစ်အုပ်ကို သူ့နာမည်နှင့်ပင် ထုတ်ခဲ့ဖူးကြောင်း နောက်၌ ကျွန်တော်ဖော်ပြပါမည်။

## ဆရာကြီး၏ စာရေးနည်း

ဆရာကြီး သူ့ဟာသူစာရေးနေသောအခါများတွင် အလျဉ်းသင့်တိုင်း ကျွန်တော် အကဲခတ်ကြည့်ရှုခဲ့ဖူးသည်။ သူရေးသည့် စာလုံးတွေကို နှုတ်မှ တဖွဖွရွတ်ယင်း ရေးသည်။ တခါတရံ ကိုယ်ဟန်လက်ဟန်လည်း ပြုတတ်သည်။ ညာလက်ကရေးယင်း ဘယ်လက်ကဝှေ့ယမ်း ခြင်း၊ လက်ညှိုးထောင်ခြင်း၊ လှုပ်ရှားခြင်းများ ပြုတတ်သည်။ တစ်ခါတစ်ရံ ဆေးတံကြီးခဲလျက် လမ်းလျှောက်ယင်း ဟန်တွေပန်တွေ လုပ်နေချေသေးဗျာ။

စင်စစ်တော့ သူစာရေးနေစဉ်မှာ သူ့ဇာတ်ကောင်တွေ စရိုက်က သူ့ကိုယ်ထဲ ဝင်နေခြင်း ဖြစ်သည်။ ဇာတ်ကောင်၏ လှုပ်ရှားဟန်၊ ပြောဟန်၊ ဆိုဟန်တွေကို သူ့စိတ်ထဲကလည်း (တခါတရံကိုယ်လက်ပါ) လိုက်ပြီး လှုပ်ရှားနေခြင်း ဖြစ်ပေသည်။ နို့ပြီး သူ့ဝါကျတွေကိုလည်း သူအလွန်ဂရုစိုက်ပါသည်။

''တယ်လာတဲ့လူပါလားဗျ၊ ဟင်၊ ကိုယ့်ကိုယ်ကို သတ်သေမလိုလို လုပ်နေရာကနေပြီး၊ ဘာမဆို လုပ်ဝံ့သလေး ဘာလေးနဲ့၊ ဘယ်ယမ်းနေပါကလား၊ သို့သော် ဒါကအရေးမကြီးဘူး၊ ကျုပ်တို့တော့ သည်ကနေ့ည ငွေရဖို့က အရေးကြီးတယ်ဗျ၊ ဟုတ်ဘူးလား မန်းတင့်''

အထက်ပါစကားသည် 'ဒဂုံတင့်'ဝတ္ထုတွင် ဒဂုံတင့်က မန်းတင်အား ပြောသောစကား ဖြစ်ပါသည်။ စာရှုသူ ပြန်ဖတ်ကြည့်လိုက်စမ်းပါ။ အဲသည်စကားပိုဒ်မှာ အပြစ်အနာအဆာ ရှိပါသည်လား၊ ရှာကြည့်စမ်းပါ။ တွေ့သည်လား၊ မတွေ့ဘူးလား။ ကဲ၊ ဒါ ခဏ ထားလိုက်။ နောက် ကျွန်တော် ပြောပြမည်။

## ဒဂုံတင့် မွေးဖွားခြင်း

၁၉၄၈ ခုနှစ်၊ ကျွန်တော်တို့ ပဒေသာ မဂ္ဂဇင်းကို ထုတ်ကြစဉ်က တင့်တယ်က ကျွန်တော့်အား ''ဟေ့၊ မောင်ဆွေရ၊ ငါတို့မဂ္ဂဇင်းမှာ မင်းဆရာကြီးဝတ္ထု လိုချင်တယ်ကွ၊ တို့မဂ္ဂဇင်းအတွက် အထူးသဖြင့် ဇာတ်ကောင်အသစ် ဖန်တီးစေချင်တယ်၊ သည်တော့ မင်း သည်စာအုပ်ယူသွား၊ ဆရာကြီးပေးလိုက်၊ မင်းဆရာကြီးရေးယင် ဖြစ်မှာပဲ''

ဤဝတ္ထုက အင်္ဂလိပ်လို **Raffels** ဖြစ်ပါသည်။ ကျွန်တော် မန္တလေးသို့သွားပြီး ဤစာအုပ်ကို ဆရာကြီးအား ပေးလိုက်ပါသည်။ ဝတ္ထုတိုများဖြစ်လေရာ ဆရာကြီးသည် ၃၊ ၄ ပုဒ်မျှ ဖတ်ကြည့်ပြီးနောက် 'ဟော့၊ ဖြစ်တယ်ကွ၊ ပထမဦးဆုံးတစ်ပုဒ် မင်းပဲလိုက်ရေးပြီး ယူသွားကွာ''

ဤသို့လျှင် ဆရာကြီးထံမှ 'ဒဂုံတင့်' မွေးဖွားလာခြင်း ဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ပဒေသာ မဂ္ဂဇင်း အမှတ် ၁၃ တွင် ဤဝတ္ထု ဒေဂုံတင့်(အမှတ် ၁)ပထမ ဇာတ်သွင်းခြင်း၊' ပါခဲ့လေသည်။ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ ဖြစ်သော ယင်း မဂ္ဂဇင်းသည် ယခု ကျွန်တော့်လက်ဝယ် ရှိနေခြင်းဖြင့် အတိတ်က ကျွန်တော် မှတ်သားဆည်းပူးခဲ့ရသော ဆရာကြီး၏ စာရေးနည်းများကို ယခု စာဖတ်သူအား ပြောပြနိုင်ခြင်း ဖြစ်ပါသည်။

ကဲ၊ အခုန မိတ်ဆွေကို ဒဂုံတင့်က မန်းတင့်အား ပြောတဲ့ စကားတစ်ပိုဒ် စာကဲခတ်ခိုင်းခဲ့တယ်။ အပြစ်အနာအဆာ တွေ့သည်လား၊ မတွေ့ဘူးလား ပြောစမ်း။

ဆရာကြီးကတော့ ရေးပြီး ပြီးချင်းပဲ သူ့ဟာသူမကြိုက်ဘူးတဲ့ ခင်ဗျ။ ဖော်ပြပါစာပိုဒ် ရေးပြီးတယ်ဆိုပဲ သူ့စိတ်ထဲအားရလျှင် ပြုလေ့ရှိသည့်အတိုင်း၊

''ဟော့၊ ငါ့ ဖတ်ပြစမ်း''

ကျွန်တော်ဖတ်ပြသည်။

''တယ် လာတဲ့လူပါလားဗျ၊ ဟင်၊ ကိုယ့်ကိုယ်ကို သတ်သေမလိုလို လုပ်နေရာကနေပြီး''

ဆရာကြီးသည် မျက်စိမှိတ်၍ နားထောင်နေရာမှ၊

''ဟိတ်၊ သေ ကို ဖျက်ပစ်လိုက်စမ်းကွာ'' နောက်ပြီး ကျွန်တော်ဆက်ဖတ်သည်။

''ဘာမဆို လုပ်ဝံ့သလေး ဘာလေးနဲ့၊ တယ်ယမ်းနေပါကလား၊ သို့သော် ဒါက အရေးမကြီးဘူး၊ ကျုပ်တို့တော့ သည်ကနေ့ည ငွေရဖို့က အရေးကြီးတယ်ဗျ၊ ဟုတ်ဘူးလား မန်းတင့်''

ဆရာကြီးသည် ဦးခေါင်းကို ယမ်းခါပြီး၊

''မကောင်းဘူးကွ၊ အရေးကြီး နှစ်လုံးပါနေတယ်'' ခေတ္တစဉ်းစားပြီး ''ကဲ၊ ပြင်ရေးကွာ'' ဆိုပြီး သူ အစက ပြန်ရွတ်ပြသည်မှာ၊

''တတ်လာတဲ့လူပဲဗျ၊ ယင်၊ ကိုယ့်ကိုယ်ကို သတ်မလိုလို လုပ်ရာကနေပြီး ဘာမဆို လုပ်ဝံ့သလား ဘာလေးနဲ့၊ တယ်ယမ်းနေပါသလား၊ သို့သော် ဒါက ကိစ္စမရှိဘူး၊ ကျုပ်တို့တော့ သည်ကနေ့ည ငွေရမှဖြစ်မယ်ဗျ၊ ဟုတ်ဘူးလား မန်းတင့်''

ယင်းသည် ယခုစာအုပ်ထဲ၌ ပါသော စကားအတည်ဖြစ်သွား၏။ ကဲ စာဖတ်သူ (အထူးသဖြင့် စာရေးကျင့်နေသော ကျွန်တော့်သင်တန်းသားများဖြစ်လျှင်) ဒီစာနှစ်ပိုဒ်ကို ပြန်ဖတ်ပြီး နှိုင်းယှဉ်

ကြည့်စမ်းပါ။ 'သေ'ကို ဘာလို့ဖျက်ပစ်ခိုင်းသနည်း။ 'အရေးကြီး'နှစ်လုံး ဘာကြောင့် မထည့်တော့သနည်း။

ဆရာကြီးစာရေးသောအခါမှာ ဟန်ပန်လေသံ ပါသည်။ သူ ကျွန်တော့်ကို ရွတ်ပြနေသောအခါမှာ သူက ဒဂုံတင့်၊ ကျွန်တော်က မန်းတင့်ကဲ့သို့ ပုံသဏ္ဍာန်တည်း။ တဖန် မန်းတင့်က ပြန်ပြောသောအခါမှာလည်း သူက မန်းတင့်၊ ကျွန်တော်က ဒဂုံတင့် ဖြစ်နေပြန် ပါရော။ ဇာတ်ကောင်နှစ်ယောက်၏စကားကြောင်းအလိုက် မာသင့်သည့်အသံက မာ၊ ပျော့သင့် သည့် အသံက ပျော့။

''ဟုတ်တာပေါ့ဗျ၊ ရော့၊ ပြောလဲပြော ဆေးလိပ်လဲ သောက်ပါအုံး''

ဒဂုံတင့်သည် ငွေစီးကရက်ဗူးကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။

ဒါကိုပြောပြတော့ သံမှန်ပဲ။ သို့သော် မန်းတင့်က ပြန်ပြောသော အခါမှာ ငေါ်တူးတူး အသံနှင့်၊

''တော်ပြီဗျာ၊ မသောက်ချင်ဘူး၊ ကျုပ် ပြောစရာရှိတာ ပြောပြီးတဲ့အခါကျတော့ ဆေးလိပ်တောင် ခင်ဗျား တယ်ချင်တော့မယ် မဟုတ်ဘူး''

စင်စစ် ဆရာကြီး တစ်ယောက်တည်းက ကွက်စိပ်ဆရာလို သံနေသံထားပြောင်းကာ ရွတ်ပြနေပါသည်။ ဇာတ်သဘင် ရုပ်ရှင်ပညာသည်များက ကိုယ်လက်အင်္ဂါမျက်နှာအမူအရာနှင့် သရုပ်ဆောင်သည်။ စာရေးဆရာက စိတ်နှင့်သရုပ်ဆောင်သည်။ သူ့စိတ်ထဲရှိသည့် ခံစားမှုတွေ ကို စာနှင့်ရေးပြ၍ စာဖတ်သူအား ကူးစက်စေသော တူညီသောရသကို ခံစားစေရသည်။ ဇာတ်သဘင် ရုပ်ရှင်တို့၌ ဇာတ်ထုပ်တစ်ခုကို ဇာတ်ကောင်ပေါင်း များစွာက သူ့နေရာနှင့်သူ အသီးသီး သရုပ်ဆောင်သွားကြသည်။ စာရေးဆရာကား သူ့ဝတ္ထုတစ်ပုဒ်လုံးထဲ ပါသမျှ ဇာတ်ကောင်တွေကို သူတစ်ယောက်တည်းက စိတ်ခံစားမှု အမျိုးမျိုးဖြင့် သရုပ်ဆောင်ရပေသည်။

ယင်းသရုပ်ဆောင်မှု ပြောင်မြောက်မှုလည်း ဝတ္ထုကောင်းသည်။ ဇာတ်ကောင် အသက်ဝင်သည်။ ကြာရှည် တည်တံ့သည်။

ယခု ကျွန်တော့်ဆရာကြီး လူ့ပြည်မှ ထွက်ခွာသွားခဲ့ပါပြီ။ သို့ရာတွင် ဆရာကြီးကြောင့် ပေါ်ပေါက်ခဲ့၍ လူ့ပြည် စာပေနယ်တွင် ထာဝစဉ်ကျန်ခဲ့မည့် သူတို့သည်ကား၊

စုံထောက် ဦးစံရှား။

ဂျမဒါ ကိုကိုကြီး။

ဇော်ဟိတ်။

သူတော်စိန်။

ဒဂုံတင့်။

သော်တာဆွေ။

ရုတ်တရက် ချက်ချင်း စာရေးဆရာဖြစ်ချင်သောသူ

ဆရာကြီး ဓားတန်းရပ်အိမ်တွင် နေစဉ်ကပင် ကျွန်တော်နှင့်သက်တူရွယ်မျှ မောင်မြိုင်ဖေ မည်သော လူငယ်တစ်ယောက်သည် စာပေဝါသနာပါသူဖြစ်လျက် ဆရာကြီးထံသို့ မကြာခဏ လာတတ်သည်။ ကိုမြိုင်ဖေသည် အသားညိုညို။ မျက်နှာ သွယ်သွယ်၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်း ပါးပါးနှင့် စကားခပ်များများ ပြောတတ်သူ ဖြစ်သည်။ သူသည် ပုံနှိပ်စက်ကလေးဖြင့် အသက်မွေး သည်။ သူ့မျက်နှာတွင် အမြဲတန်း အရေးကြီးသော ကိစ္စတစ်ခုရှိနေသည့် သဏ္ဌာန်ပေါ်သည်။

တနေ့သ၌ သူသည် ဆရာကြီးရှေ့မှောက် ရောက်လာပြီး ရုတ်တရက် ပြောလိုက်သည်မှာ၊

''ဆရာကြီး၊ အခု ကျွန်တော့်ပုံနှိပ်စက်က သူများအပ်တဲ့ ဂျော့ဘ်ကလေးတွေ လုပ်နေရတာ မဟန်ပါဘူးဆရာကြီးရယ်၊ သည်တော့ ကျွန်တော့်ဝတ္ထုကျွန်တော်ရေးပြီး ကိုယ့်ဟာ ကိုယ် ထုတ်တော့ မယ် စိတ်ကူးတယ်''

သည်တော့ ဆရာကြီးက၊

''အေး၊ ကောင်းတာပေါ့ကွယ်''

''ဒါကြောင့် အခု ကျွန်တော့်ဝတ္ထုကို ဘယ်လိုရေးရမည်လဲလို့ ဆရာကြီးဆီကို မေးရအောင် လာခဲ့တာ''ဟု ပြောလိုက်သောအခါ၌ကား ဆရာကြီးခမျာမှာ ရုတ်တရက် ဘာပြောရ မှန်းမသိ။ ပါးစပ်အဟောင်းသားနှင့် 'ဟယ်' ဟုသာ နှုတ်မှ အာမေဍိတ်သံ ထွက်သွားရှာ ပါတော့၏။

ကျွန်တော်သာ ဆရာကြီးနေရာမှာဆိုလျှင် (အမယ်လေးလေ၊ ဒါဆို မင်း ငါ့ကို စောစောက ပြောရောပေါ့ကွာ)ဟု နောက်လိုက်မည် ဖြစ်ပါ၏။ သို့သော် ယခု ဆရာကြီးက ဘာမျှ ပြန်မပြောနိုင် ဖြစ်နေတော့ ကိုမြိုင်ဖေက အားမလို အားမရ ဖြစ်လျက်၊

''ဟော့၊ မောင်မြိုင်ဖေရဲ့ မင်း ငါမေးပါရစေအုံး၊ မင်း ဝတ္ထုရေးချင်စိတ်ပေါ်တာ ဘယ်လောက်ကြာပြီလဲ''

''ညကမှ ဆရာကြီးရဲ့ ကျွန်တော့်မိန်းမကလဲ ငွေရေး ကြေးရေး ညည်းညူနေတော့ ကျွန်တော်က နဖူးပေါ်လက်တင်ပြီး စဉ်းစားမိတယ်၊ ငါလဲ ကိုကျင်မောင်လိုပဲ ဆရာကြီးဆီမှာ ဝတ္ထုရေးသင်ပြီးတော့ယင် ကိုယ့်ပုံနှိပ်စက်နဲ့ကိုယ် ရိုက်ထုတ်လိုက်ရယင် ဟန်မှာပဲလို့''

သည်တော့မှ ဆရာကြီးလည်း အရိုန်ရလာလျက်၊

''အေး၊ ဟုတ်တာပေါ့ကွာ၊ ဒါပေမယ့် ငါက အခု မသင်အားဘူးကွ၊ မင်း မောင်ကျင်မောင် ဆီကပဲ တဆင့် သင်တော့ကွာ၊ ဟော့၊ မောင်ကျင်မောင် မင်း သူ့သင်ပေးလိုက် ပါကွာ''ဟု ကျွန်တော့်ဘက်ပို့လိုက်လေတော့ ကျွန်တော်က၊

''ဟာ၊ ရတယ် ကိုမြိုင်ဖေ၊ ခင်ဗျား ကျွန်တော့်သာ နေ့တိုင်း အရက်တိုက်''

ဒါကိုတော့ သူလက်မခံပေ။ လက်ဝါးကလေးကာ၍ လှုပ်ယမ်းလျက်၊

''ဟာ၊ သည်ဘုရားမကြိုက်တဲ့ သူရာမေရိယျ အလုပ်တော့ သူများလဲ မတိုက်ဘူး၊ ကျွန်တော်လဲ မသောက်ဘူး''

''ဒါဆိုယင်တော့ ခင်ဗျား စာရေးဆရာမဖြစ်ဘူး''

''စာရေးဆရာနဲ့ အရက်၊ ဘာဆိုင်လဲဗျ''

''ဟ၊ စာရေးဆရာဆိုတာ အရက်သောက်ရတယ်ဗျ၊ အခု ဆရာကြီးလဲသောက်တယ်၊ ကျွန်တော်လဲသောက်တယ် မှတ်လားဗျ၊ ကဲ၊ အခု ခင်ဗျားတို့ မန္တလေးမြို့မှာရှိနေတဲ့ တခြား စာရေးဆရာတွေ ကြည့်အုံး၊ ဆရာမြမျိုးလွင် မသောက်ဘူးလား''

သူ မျက်လုံးလေး ပုတ်ခတ် ပုတ်ခပ်နှင့် ဖြေသည်။

''သောက်တယ်''

''ကြည်မြကော''

''သောက်တယ်''

''နှင်းဦးကော''

''ကြွက်တွင်းပဲ''

''ရဲဘော် နေအောင်ကော''

''ရေတံလျှောက်''

''ကဲ၊ စာရေးဆရာမှန်သမျှ သောက်ကြတာချည်းပဲဗျ''ဟု ကျွန်တော်က ပြောလိုက်တော့ သူ့မျက်လုံးပြူးကလေး ပေကလပ် ပေကလပ်နှင့် ခေတ္တ တွေနေပြီးမှ ရုတ်တရက် စဉ်းစားမိဟန်နှင့်၊

''လူထုဦးလှနဲ့ ဒေါ်အမာ မသောက်ပါဘူးဗျာ''

''ဩော်၊ ဟုတ်လား၊ သူတို့ သောက် မသောက်တော့ ကျွန်တော်မသိဘူးဗျာ''

သည်တော့မှ သူ အရှိန်ရလာလျက်။

''နို့ပြီး၊ ဒေါ်မာလာရော၊ အမ်အေ မအုံးရော၊ ဒေါ်ရီကျိန် ရော''

(ထိုစဉ်က ထိုအမျိုးသမီးများ စာရေးကြသည်။)

''အောင်မယ်၊ သူတို့မသောက်ဖူးလို့ ခင်ဗျား ပြောနိုင်သည်လား''

ကျွန်တော်က အတည်ပေါက်ချိုးလိုက်တော့ သူ့မျက်နှာမှာ ဇဝေဇဝါ ဖြစ်သွားပြန်လျက်၊

''နို့၊ သူတို့သောက်လို့လား''

''မသိဘူးလေဗျာ၊ သူတို့မသောက်ဘူးလို့ခင်ဗျား ပြောနိုင်သည်လားလို့ ကျွန်တော်က မေးတာပဲ''

''အမျိုးသမီးတွေပဲ၊ သောက်မလားဗျ''

''ဩော်၊ အမျိုးသမီးအရက်သောက်တာ ခင်ဗျားမမြင်ဘူးသေးပဲကိုး''

''မြင်ဖူးပါဘူးဗျာ''

''မြင်ချင်ယင် ခင်ဗျားမိန်းမကို ချော့ပြီး တိုက်ကြည့်ပါလားဗျ''

''ကြံကြီးစီရာ ကိုကျင်မောင်ရာ၊ ကျွန်တော်ကိုယ်တိုင်မှ မသောက်တာကြီးကိုး''

''ဘာဖြစ်လို့ မသောက်တာလဲ''

''ငရဲကြီးမှာစိုးလို့''

''ပိုက်ဆံကုန်မှာစိုးလို့ကော မဟုတ်ဘူးလား''

''ဒါလဲ ပါတာပေါ့ဗျ''

ကိုမြိုင်ဖေကား သည်လိုလူစားပါ။

## ရန်ကြီးအောင်နှင့် ကျွန်တော်တို့

မည်သို့ပင် ဖြစ်လင့်ကစား ဝေဖန်မြင်ဖန်များတော့ ကိုမြိုင်ဖေနှင့် ကျွန်တော်တို့ ခင်မင်သွားကြလျက် ထိုနောက်မကြာမီ ကျွန်တော့်လက်ရေးမူကို သူ့ပုံနှိပ်စက်၌ ရိုက်နှိပ်ရသည် ဖြစ်၍ ကျွန်တော်က သူ့အိမ်သွားပြီး သူ့စက်ခန်းထဲမှာ ပရုဖ် ကြည့်ပေးနေရသည်။ ထိုအချိန်၌ စာစီသော သူ့လုပ်သားတပည့်များအား သူ ဆုံးမသြဝါဒ ပေးနေပုံ ကျွန်တော် ကြားခဲ့ရသည်မှာ၊

''ကိုယ့် လူတို့ မင်းတို့ တကယ် တိုးတက်ကြီးပွားချင်ယင် လူတော်လူကောင်းဖြစ်ချင်ယင် အစ်ကို့ကိုကြည့်ပြီး စံနမူနာ ယူကြကွ'' (သူ့ကိုယ်သူ အစ်ကိုဟုပြောသည်။) ''အစ်ကိုဟာဆိုယင် မင်းမြင်တဲ့အတိုင်းပဲ၊ အရက်လဲမသောက်ဘူး၊ ဆေးလိပ်လဲမသောက်ဘူး၊ အပျော်အပါးလဲ မလိုက်စားဘူး''

ကျွန်တော့်စိတ်ထဲမှာ ကျိတ်၍ ရယ်ခဲ့ရသည်။ နောင် ၁၉၆၇ ခုနှစ်လောက်၌ ဆရာကြီးသည် လုပ်သားသတင်းစာ အယ်ဒီတာချုပ်အဖြစ်နှင့် ရှမဝတိုက်ရှေ့က တိုက်ခန်းမှာ နေစဉ်တွင် တနေ့သ၌ သူရောက်လာ၍ သူနှင့်ကျွန်တော် ဆုံမိသေးသည်။ ထိုအချိန်၌ သူသည် မန္တလေးက အိုးအိမ်ထောင်နှင့် ကွဲကွာခဲ့၍ ပဲခူးမြို့နယ်က ရွာကလေးတစ်ရွာတွင် နောက် အိမ်ထောင်နှင့် တောင်ယာလုပ်စားနေသည်ဟု ပြောပါသည်။ သူ့အဝတ်အထည်ကလည်း နွမ်းပါး၊ ကိုယ်ခန္ဓာကလည်း ပိန်ခြောက်လျက်၊ သူအလွန်ဆင်းရဲနေကြောင်း ဆရာကြီးနှင့် ဒေါ်ကြီးစိုးရှေ့မှောက်မှာ ညည်းညူ ပြောဆိုနေလေတော့ ကျွန်တော့်စိတ်ထဲတွင် လွန်ခဲ့သော အနှစ် ၂၀ လောက်က ဖော်ပြခဲ့သည့် သူ့ပုံနှိပ်စက်ခန်းထဲတွင် သူ့တပည့်များအား သူဆုံးမသြဝါဒပေးခဲ့သည်များကို ပြန်လည်သတိရမိ၍ သူ့ကို သနားသွားပြီး သူ့စိတ်ကိုလည်း စမ်းလိုသည်နှင့်၊

''သည်မှာကိုမြိုင်ဖေ၊ ခင်ဗျား သည်လောက်ဆင်းရဲနေယင် အခု ကျွန်တော်ခင်ဗျားကို ငွေတစ်ဆယ်ပေးမယ်၊ ယူမလား'' မေးတော့ သူက၊

''ဟာ၊ ယူမှာပေါ့ဗျ'' ဆိုသည်၌ ကျွန်တော်ချက်ချင်းပဲ ထုတ်ပေးလိုက်တော့ သူ့မျက်လုံးမှာ တကယ်ပေးတာမှ ဟုတ်လေရဲ့လားဟူသော သံသယနှင့် ဖတ်ကနဲဆွဲယူလိုက်ပြီး ''ကိုကျင်မောင် ခင်ဗျား ကျွန်တော့် တကယ်ပေးတာနော်''ဟု မေးလိုက်သေး၏။

''ဟုတ်ပါတယ် ကိုမြိုင်ဖေရယ်၊ ဟုတ်ပါတယ်''

ထိုနောက် မကြာမီပင် သူပဲခူးဘတ်စ်ကားအမီ ပြန်ရမည်ဟု နှုတ်ဆက်သွားသောအခါ ဆရာကြီးက ကျွန်တော့်အား၊

''မင်း သူ့ကို ငွေတစ်ဆယ်ပေးလိုက်ပုံ ငါ သဘောကျသကွာ၊ ဟိုတုန်းကတော့ မင်း သူ့ ဆွဲထိုးချင်လောက်အောင်ဖြစ်ခဲ့တာ၊ ခုတော့ မင်း သူ့အပေါ် စိတ်ပြောင်းသွားပြီ ထင်ရဲ့''

''ဟုတ်တယ် ဦးကြီး၊ အခုတော့ ကျွန်တော်ကသူ့ကို သနားစရာ သတ္တဝါလေးလောက်ပဲ အောက်မေ့တော့တယ်''

''အေး၊ အဲဒါကောင်းတယ်ကွ''

ဤနေရာ၌ ကျွန်တော်တို့ဆရာတပည့်နှစ်ယောက်ပြောသော စကားကို စာဖတ်သူများပါ နားလည်အောင် ရှင်းရမည်ဖြစ်လေရာ ကိုမြိုင်ဖေနှင့် ကျွန်တော်တို့ လုပ်ငန်းတစ်ခု ဆက်သွယ်မိ သည်က စတင်ဖော်ပြရပေမည်။

ကိုမြိုင်ဖေသည် ဆရာကြီးအိမ်သို့ မကြာခဏလာတတ်၍ သူ့အား စာရေးဆရာ အတတ်ကို သင်ပေးရန်ပြောသည်မှာ ဆရာကြီး၏ ဓားတန်းအိမ်တွင်ဖြစ်ပြီး ကျွန်တော်တို့ ဂွန္တန်ရိပ်အိမ်သို့ ရောက်သောအခါမူ သူစာရေးဆရာဖြစ်လို့ မဟုတ်တော့ပြန်ပဲ ဆရာကြီး၏ဝတ္ထုတစ်ပုဒ်ကို သူပုံနှိပ် ထုတ်ပါရစေဟု ပူဆာပြန်လေ၏။

ယင်းကိုတော့ ဆရာကြီးက၊

''အေး၊ ဒါတော့ဖြစ်နိုင်မယ်၊ သို့သော် ငါ့မှာ အခု အသစ်ရေးဖို့တော့ မလုပ်နိုင်သေးဘူးကွ၊ ခုခေတ်လူတွေ ဖတ်ဖူးမယ်မဟုတ်သေးတဲ့ ဝတ္ထုတစ်ပုဒ်တော့ ရှိနေတယ်''

''ဘာဝတ္ထုလဲ ဦးကြီး''

''ရန်ကြီးအောင်၊ မင်းဖတ်ဖူးလား မောင်ကျင်မောင်''

''ဘယ်ကြားဖူးမလဲကွ၊ မင်းတို့မမွေးခင်က ငါရေးတာပဲ''

ဆရာကြီး၏ တသက်တာမှတ်တမ်းတွင် ''ရန်ကြီးအောင်'' ကို ရေးစဉ်က ဆရာကြီး၏ အသက်သည် ၂၆ နှစ်မျှရှိသေးသည်။ ၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်ရေးသားခဲ့ရာ ၁၉၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်နေ့တွင် ပြီးဆုံးသည်၊ သူရိယတိုက်က ၁၉၁၇ နှစ်တွင် ထုတ်ဝေခဲ့သည်ဆိုတော့ ထိုစာအုပ်ထွက်ခဲ့သည်မှာ ကျွန်တော်မွေးဖို့ ၂ နှစ် တောင် လိုသေးသည်။

ဤစာအုပ်သည် ဆရာကြီး၏ ပထမဦးဆုံးရေးသော ဝတ္ထုလည်း ဖြစ်သည်။ ကိုယ်ပိုင်ညဏ် ဖြင့်ရေးသော ဝတ္ထုလည်းဖြစ်သည်မို့ ဆရာကြီးက အမှတ်တရသိမ်းထားခြင်း ဖြစ်တန်တူပေရာ စာအုပ်သေတ္တာဟောင်းထဲမှဤစာအုပ်ကို ထုတ်လိုက်သောအခါ စာအုပ်သက် အနှစ် ၃၀ ကျော်နေပြီဖြစ်ရတကား။ စာရွက်တွေကဝါ၊ အချို့နေရာတွေက ဆွေးမြေ့စုတ်ပြတ်နေ ပြီဖြစ်သော ကြောင့် စာစီသမားလက်သို့ သည်အတိုင်းအပ်၍တော့ဖြင့် မဖြစ်ကပြီ။ အားလုံး အသစ်ပြန်ရေး ပေးရမည်။ ဤတွင် ကျွန်တော်အလုပ်ရပြီ။ စာအုပ်မှာ ကူးယူ၍မရနိုင် လောက်အောင် အချို့နေရာ တို့မှာ စုတ်ပြတ်ပြဲပေါက်နေပြီဖြစ်ရကား ဆရာကြီးက ဤစာအုပ် ဟောင်းကိုကိုင်လျက် နှုတ်မှရွတ်ပေး သည်များကို ကျွန်တော်က လိုက်ရေးခဲ့ရပါတော့သည်။

ထို့ပြင် ဤစာအုပ်ကို ကိုမြိုင်ဖေနှင့် ထုတ်မည်ဟု တိုင်ပင်ကြသောအခါ ကိုမြိုင်ဖေမှာ ပုံနှိပ် စက်သာရှိပြီး စက္ကူဖိုး ပန်းချီး ဘလောက်ဖိုးမရှိ ဖြစ်နေပြန်သောကြောင့် ငွေရင်းစိုက်မည့်လူ လိုနေပြန်ချေသည်။

သည်လိုဆိုတော့ ထိုအချိန်တွင် ကျွန်တော်က ကိုတက်ပြားတို့အိမ်မှ မရမနေ ငွေကို တောင်းလာကာစကလား။

ပေါင်းတည်က စက်သဌေး ဦးမောင်ကြီးထံ ငွေတစ်ထောင်ပြန်ပို့ပြီးနောက် ကျွန်တော့် လက်ထဲမှာ ငွေ တစ်ထောင်လောက် ရှိနေသည်နှင့် ဆရာကြီးအား ကျွန်တော့် ငွေ ကိုးရာကျပ် အပ်နှံလိုက်ပြီး ဤစာအုပ် ထုတ်ဝေရေးမှာ ကိုမြိုင်ဖေက စာအုပ်ဖြစ်အောင် ဖန်တည်းသူ။ ဆရာကြီးက ဝတ္ထုရေးသူ။ ကျွန်တော်က ငွေရင်း စိုက်ထုတ်သူအဖြစ်နှင့် အကျိုးအမြတ်ကို သုံးဦး အညီအမျှ ခွဲယူရန် နှုတ်ကတိဖြင့် သဘောတူလိုက်ကြလေ၏။

စင်စစ်တော့ ကျွန်တော့်မှာ ငွေစိုက်ရရုံတွင် မဟုတ်သေးပါ။ ဆရာကြီးနှုတ်မှ ရွတ်ပေးသော လိုက်လံ ရေးခဲ့ရသေးသည်။

နို့ပြီး ကိုမြိုင်ဖေ စက်ခန်းသွား၍ စာပရူ ကြည့်ပေးခဲ့ရသေးသည်။

အကျိုးအမြတ် ရလိုက်ပုံတကား၊

ဤစာအုပ်သည် ၁၉၄၇ ခုနှစ် ကုန်ကာနီးလောက်မှာ ပြီးသည်။ အထက်မြန်မာပြည်တွင် မန္တလေးမြို့ ရဲရင့် ကိုဘဖေ။ အောက်မြန်မာပြည်တွက် ရန်ကုန်မြို့ ရှမဝတိုက်မှ ဖြန့်ချီစေသည်။

ကျွန်တော်တို့ ဆရာ တပည့် နှစ်ယောက်သည် ဤစာအုပ်ပြီးသွားကတည်းက စိတ်အေး သက်သာရှိသွားကာ ငွေရေးကြေးရေး အတွက် ဘာမျှ မစဉ်းစားတော့ပဲ အားလုံးကို ကိုမြိုင်ဖေသို့သာ လွှဲအပ်ထားလိုက်သည်။

သို့နှင့် ရန်ကြီးအောင် ထုတ်ပြီး တစ်လကျော်လောက်ရှိသောအခါ ကျွန်တော် ရန်ကုန်မြို့သို့ ပြန်ရောက်ပြီး၊ ရှမဝတိုက်မှာ အဆင်သင့်ပဲ ကိုမြိုင်ဖေကို တွေ့လေတော့ စာအုပ်ကိစ္စ သတိရပြီး ဘယ်မျှရောင်းရသည်လည်း၊ ငွေ မရှင်းသင်းဘူးလား မေးတော့ ဦးကျော်က သူ့အား မေးငေါ့ပြလျက်၊

''ရောင်းရသမျှ သူ့ပေးလိုက်ပါပြီ''

''ဟုတ်လား၊ ကိုမြိုင်ဖေ ဘယ်မလဲ သည်ငွေ''

မျက်နှာငယ်လေးနှင့်၊

''ကျွန်တော် သုံးပစ်လိုက်ပြီဗျာ''

''ဘာ၊ သည်ငွေ ခင်ဗျား တစ်ယောက်တည်း သုံးပစ်လိုက်ပြီ ဟုတ်လား''

ပြောပြောဆိုဆို ကျွန်တော့်က သူ့အင်္ကျီ လည်ပင်းဆွဲ၍ ထိုးတော့မည့် လက်သီးကို ဦးကျော်က ကြားဝင်တားလျက်

''ဟာ၊ ကိုကျင်မောင် မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့''

သည်တုန်းက ရှမဝ ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း တိုက်ခန်းအမှတ် ၁၄၆ မှာ ကလားဗျ။ ဈေးကလည်း အလွန်စည်တုန်း။ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်လာမှာစိုးသည်နှင့် ကျွန်တော် သူ့ကို ချမ်းသာပေးလိုက်သည်။

ကျွန်တော် ချက်ချင်းပဲ အကျိုးအကြောင်းကို ဆရာကြီးထံ စာရေးလိုက်သည်။ ဦးကျော်ကို လည်း သည် ရန်ကြီးအောင်စာအုပ်နှင့် ပတ်သက်၍ နောင် သည်ကောင်နှင့် ဘာမှမဆိုင်တော့ ကြောင်းကို ပြောခဲ့ပြီးနောက် လက်ကျန် စာအုပ်တွေ ယူ၍ အဟောင်းဈေး ရောင်းရတော့ ငွေ သုံးရာလောက် ရပါတော့တယ် ခင်ဗျာ။

ဆရာကြီးလည်း ကျွန်တော် ပြောမှသိကာ မွန္တလေး စာအုပ်ဆိုင်မှ အုပ်မီသမျှ တောင်းလေရာ ဘယ်မျှရလေသနည်း ကျွန်တော် မသိတော့ပါ။

## ရွှေဘိုနယ်က ချုံကြီးများ

အင်း၊ လောကကြီးမှာ မမျှော်လင့်တာက တယ်ဖြစ်တတ် ကြတာကလား။ သည်လို သည်အကောင်နှင့် သည်ကိစ္စ သည်နည်း အဆုံးသတ်ရမည်မှန်း မသိလေတော့ ကျွန်တော်တို့ ရန်ကြီးအောင် ဝတ္ထုကို ပြန်လည် ရေးပြီးစ အချိန်မှာဖြင့် ဆရာတပည့် နှစ်ယောက် ပျော်လို့ပေါ့ ဗျာ။

အဲသည် ရာသီမှာပဲ ဆရာကြီး၏ ဇာတိ နယ်မြေဖြစ်တဲ့ ဝက်လက်မြို့က ဘုရားပွဲနှင့်လည်း ကြုံလေတော့ ဆရာကြီးက သွားကြဖို့ပြောသည်၌ ကျွန်တော် အလွန် ဝမ်းသာလျက်၊

''ဟာ၊ သိပ်ကောင်းတာပေါ့ ဦးကြီးရာ၊ အဲသည် ဒေသတွေ ကျွန်တော် မရောက်ဖူးသေး ဘူး''

''အထူးသဖြင့် ရန်ကြီးအောင် ဝတ္ထုထဲက ချုံကြီးတွေ မင်းကို ငါ မြင်စေချင်တယ်''

အကြောင်းမှာ ရန်ကြီးအောင် ဝတ္ထုကို ကျွန်တော် လိုက်ရေးစဉ်အခါ ဤဝတ္ထုထဲတွင် လူဆိုးကြီး ဗိုလ်မိုးလုံးက ဇာတ်လိုက် မင်းသမီး မနှင်းမြိုင်အား ခေါ်ဆောင်သွားသော အခန်း၌၊

လူတစ်ယောက်သည် မြင်းပေါ်မှ ဆင်းခဲ့၍ မနှင်းမြိုင်အား ပွေ့ချီပြီးလျှင် အခြား လူများကို ဖယ်ရှားစေကာ မနှင်းမြိုင်အား ချုံကြီးအတွင်းသို့ ခေါ်သွားလေ၏။

ချုံကြီးအတွင်း၌ကား စားဖွယ် သောက်ဖွယ်အမျိုးမျိုးနှင့် တကွ အိပ်ရာ နေရာတို့ကိုပါ ပြည့်စုံစွာရှိသည်ဖြစ်သောကြောင့် ချုံနှင့်မတူ။ အိမ်ကြီး တစ်ဆောင်ကဲ့သို့ တခမ်းတနား ရှိလေ၏။

သည်တော့ မိမိ ဇာတိရပ် (ပေါင်းတည်မြို့နယ်) မှာ ချုံဆိုတာ နွားကျောင်းသား နေရိပ်ခိုဖို့လောက်သာ မြင်ဘူးလာခဲ့သော ကျွန်တော့်အဖို့ အံ့အားသင့်ရသပေါ့။ ဆရာကြီးက ဝတ္ထုထဲမို့ ချဲ့ထွင် ရေးထားသလားဟု၊

''ဦးကြီးရေ၊ ချုံက သည်လောက် ကြီးနိုင်ပါ့မလား'' မေးမိတော့၊

''အေး၊ မင်းတို့ အောက်အရပ်မှာတော့ သည်လို ချုံကြီးမျိုး မရှိပဲကိုးကွ၊ တို့ ရွှေဘိုနယ်မှာ ရှိတယ်ကွ'' ဟု ပြန်ပြော ခဲ့ပါသည်။

မှန်ပါပေသည်။

မီးရထားနှင့် ကျွန်တော်တို့ ဝက်လက် ဘုရားပွဲ သွားကြသောအခါ လမ်းတလျှောက်နံဘေး လယ်ကွင်းကျယ်ကြီးတွေမှာ အိမ်လုံးလောက်ကြီးသော ချုံကြီးများကို ဟော၊ တစ်ချုံ ဟော၊ တစ်ချုံ တွေ့ခဲ့ရပါသည်။

## နို့စိမ်း

ထိုစဉ်က ဝက်လက် ဘုရားပွဲသည် တော်တော် စည်ကားပါ၏။ ၁၉၄၇ ခုနှစ်ပဲ။ လွတ်လပ်ရေး မရသေး။ ကက်စီပီခေတ် ဖြစ်ပေရာ ရှေး အင်္ဂလိပ် စနစ်အတိုင်း 'အာဝါဒေး'ခေါ် လောင်းကစားပွဲ စုံမျိုးပါ၏။

စားသောက်စရာများလည်း အချို့ ဆိုင်များမှာ ဝက်လက်မြို့နယ် ကျေးရွာသားများ ကိုယ်တိုင် ဖွင့်လှစ် ရောင်းချကြ၏။

သည်လို ဆိုင်တစ်ခုမှာပေါ့။ တနေ့ခင်း ဆရာကြီးနှင့်ကျွန်တော် လက်ဖက်ရည်သောက် သွားကြရာ ဆရာကြီးက ပြောသည်။

''ဟော့၊ ငါ့ဖို့ နို့စိမ်း ထည့်ဖျော်ပါကွာ၊ နို့စိမ်း ရှိတယ် မဟုတ်လား''

ထိုအချိန်တွင် အင်္ဂလိပ် စစ်တပ်တို့မှ ထုတ်ရောင်းကြသော နို့စိမ်းဗူးများ ခေတ်စားလျက် ရှိပေရာ မြို့ပေါ်ရှိ လက်ဖက်ရည်တိုင်းမှာလိုပင် နို့စိမ်းသုံးကြသည်။

သို့ရာတွင် ထိုဝက်လက် ဘုရားပွဲက လက်ဖက်ရည်ဆိုင်ရှင်ကား ဆရာကြီးက 'နို့စိမ်း' ဟု ပြောသည်ကို ဆရာကြီး ရွှေဥဒေါင်းမှန်းလည်း သိသည်နှင့် အလွန် လေးစားစွာ နားထောင်လျက် ခေတ္တတွေ၍ နေပြီးမှ ရုတ်တရက် သတိရဟန်နှင့်၊

''သြော်၊ ရပါတယ် ဆရာကြီး ခင်ဗျ၊ ရပါတယ်၊ ခဏတော့ စောင့်တော်မူပါ''ဟု ပြောပြီး ဆိုင်နောက်ဖေးဘက်ထွက်သွား၏။

သို့သော် သူ့ခဏက တော်တော်နှင့် မလာသဖြင့် ဆရာကြီးက၊

''ဘယ့်နှယ်၊ ခင်ဗျား လက်ဖက်ရည်က ကြာလှချေလား'' ဆိုတော့ ဆိုင်ရှင်က ''သည်းခံပါ ခင်ဗျာ၊ သည်းခံပါ၊ နွားမက လယ်ထဲ လိုက်ဖမ်းနေရတုန်းပါ''တဲ့။

## ဆရာကြီး၏ မှာကြားချက်

ဝက်လက်ရှိ ဆရာကြီး၏ ဆွေမျိုးအိမ်တွင် နှစ်ညအိပ် ကြာခဲ့ကြပြီး လပြည့်ကျော် တစ်ရက်နေ့မှာ ကျွန်တော်တို့ ပြန်ခဲ့ကြသည်။

မီးရထားမှာ ခရီးသွားတွေက များလှသည်။ လိုက်ပို့သော ဆရာကြီး၏ တူကလေးက ''ဘကြီးရေ၊ သည်တွဲ အချောင်ဆုံးပဲ''ဆို၍ ကျွန်တော်တို့ တက်ခဲ့ကြသော တွဲမှာ ထိုင်စရာ ခုံလွတ်မရှိတော့။

သို့သော် တစ်ဦးသော သူကောင်းသား ယူနီဖောင်းဝတ်ရာဇဝတ်အုပ် တစ်ယောက်သည် (ရှေးခေတ် မီးရထားတွေမှာ တစ်ယောက်ထိုင်နှင့် သုံးယောက်ထိုင်ခုံ နှစ်မျိုးရှိလေရာ) ခုံရှည်ပေါ် မှာ သူ တစ်ယောက်တည်း လဲလျောင်းတော် မူနေသည်။

အခြားသူတို့မှာ သာမန် ကျေးတောသားများသာ ဖြစ်ကြ၍ သူ့အား ရွံ့ကြောက်ကြီး ဘေးမဲ့ထားကြသော်လည်း ဆရာကြီးမူကား ထိုသူ ရှေ့မှောက်သို့ သွားရောက်ကာ၊

''ဟေ့၊ သည်လောက် လူများနေတဲ့အခါမှာ ဒါဟာ မင်းတစ်ယောက်တည်းအတွက် မဟုတ်ဖူးကွ'' ဟု ပြောလိုက်သောအခါ ရာဇဝတ်အုပ်သည် တုံးလုံးနေရာမှ ငေါက်ကနဲ ထလိုက်ကာ ဆရာကြီး ဒေါ်ကြီးစိုးနှင့် ကျွန်တော်တို့ မျက်နှာတွေ သေချာစွာ ကြည့်ပြီး၊

''ထိုင်ကြပါ ခင်ဗျာ၊ ထိုင်ကြပါ''ဟု ဆို၍ သူကထပေး၏။

ဆရာကြီးက ''မင်း ထစရာ မလိုပါဘူးကွယ်၊ ထိုင်နေပါ။ တို့က မထိုင်ပါဘူး၊ ဟောသည် မိန်းမသား တစ်ယောက်အတွက်သာပါ''

အသက် သုံးဆယ်ခန့် ရာဇဝတ်အုပ်က ဆရာကြီး ဥပဓိရုပ်ကြည့်ပြီး ရိုသေလေးစားစွာနှင့် ထိုင်ပါရန် အတန်တန် ပြောပါသော်လည်း ဆရာကြီးက ငြင်းဆန်လျက် ကျွန်တော့်အား၊

''လာကွာ၊ တို့က ဟိုမှာ သွားကြစို့'' ဟု ခေါ်ပြီး ရထား တံခါးပေါက်ဝ လှေကားထစ်ပေါ် ခြေချ၍ ထိုင်ကြ၏။

## ထန်းရည်ကောင်းနှင့် ခါသားကြော်

ရွှေဘိုနယ်မှာ ထန်းရည်ကောင်း ထွက်သည်။ ဝက်လက်မှလာခဲ့သော် နောက် တစ်ဘူတာ ပေါက္ကံမှာ ထန်းရည်က နာမည်ကြီးသည်။ ငှက်သားကြော်များလည်းရသည်။

ကျွန်တော်တို့သည် ငါးပုလင်းဝင် မြူအိုး တစ်လုံးနှင့် ခါသားကြော်များ ဝယ်ကြသည်။ သည်မနက်စာ ထမင်းကြော်ကို ဆရာကြီးက ရွေး၍ဝယ်သည်။

ငှက်သားကြော်ဟာ ကြာယင် မကောင်းဘူးနော်။ ဆရာကြီးက အရောင်ကြည့်။ အနံ့ခံရုံနဲ့ သိပါသည်တဲ့။

အလား။ သည်အခါ သည်နေရာမှာ ထန်းရည်ကလည်းကောင်း။ ငှက်သားကြော်ကလည်း ကောင်းဆိုတော့ ဆရာတပည့်နှစ်ယောက် သာမိုရေနွေးဓာတ်ဗူးက အဖုံးခွက်နှင့် တစ်ယောက် တစ်လက် နက်လိုက်ကြတာ။

သောက်လိုက်ယင် ချို၊ မျိုလိုက်ယင် ခါး
ခါသားကြော် မွှေးချိုရွှရယ်၊
ကောင်းလှချေလား။

ခရီးသွားနေတဲ့ မီးရထားပေါ်မှာ လေတဟူးဟူး။ ကျွန်တော်တို့က ထန်းရည် တမူးမူးနှင့် ဆရာတပည့် နှစ်ယောက်တော်တော်ပင် အကြည်ဆိုက်ခဲ့ကြသည်။

ဆရာကြီးသည် သူ၏ ဇာတိနယ်မြေဝယ် သူ ငယ်စဉ်က အကြောင်းများကို ပြန်ပြောင်း သတိရပေမည်။

အထူးသဖြင့် ၂၆ နှစ်သားအရွယ်က ပထမဦးဆုံး ရေးခဲ့သော ရန်ကြီးအောင် ဝတ္ထု ဤ တစ်ပုဒ်တည်းနှင့် သူရိယတိုက်က ရွေးချယ်ခြင်းခံရ၍ သူ ရွှေဥဒေါင်း ဖြစ်လာခဲ့သော ဝတ္ထု။

ယင်း ဝတ္ထုထဲက နေရာဒေသတွေ၊ ရှုမျှော်ခင်းတွေ၊ လူဆိုးတွေ ခိုအောင်းနေသည့် ချုံပိတ် ပေါင်းကြီးတွေ၊ ဟော တစ်ခု၊ ဟော တစ်ခု၊ မီးရထားပေါ်မှ လှမ်းမြင်နေရတော့ သူ့ စိတ်ထဲမှာ အလွန် ကြည်နူးနေပုံ ပေါ်ပါသည်။

''မောင်ကျင်မောင်ရေ၊ မင်း စာရေးဆရာဖြစ်ပြီး တစ်နေ့နေ့ ငါ့အကြောင်းများ ရေးမယ် ဆိုယင်၊ တို့၊ အခု မီးရထားပေါ်မှာ တံခါးပေါက်ဝ ထိုင်ပြီး သည် ခါသားကြော်နဲ့ ထန်းရည်

သောက်ခဲ့တာလေးကိုတော့ မမေ့ပါနဲ့ကွာ''ဟု ကျွန်တော့်အား ဆရာကြီးသည် အမှန်ပင် မှာကြားခဲ့ပါ၏။ (၁၉၄၇ ခုနှစ်)

## လူကြွားဖမ်းခြင်း

ဆရာကြီး ရွှေဥဒေါင်း၏ ဘဝတသက်တာ မှတ်တမ်းတစ်နေရာတွင်၊ ကျွန်ုပ်၏ဝါသနာတစ်ခုမှာ လူကြွားများကို အမိဖမ်း၍ ထုတ်ဖော်ချင်တတ်ပေရာ (ကောင်းသောဝါသနာတော့ မဟုတ်ပါ) ဖမ်း၍မိသည်ဆိုလျှင် သူတို့သည် ကျွန်ုပ်အား သောက်မြင်ကပ်သွားသည်က များလေသည် ဟု ရေးသားထားသည်နှင့်အညီ ဆရာကြီးသည် တကယ်ပဲ လူကြွားဖမ်းတတ်သူ ဖြစ်ပါ၏။

ဆရာကြီးသည် တစုံတယောက်နှင့် စကားပြောလျှင် အမှုမဲ့ အမှတ်မဲ့ မဟုတ်။ သေချာစွာနားထောင်တတ်၏။ ထိုလူ့စကားကို သူနားမလည်လျှင်လည်းကောင်း၊ မရှင်းလင်းလျှင် လည်းကောင်း၊ သူ့စိတ်ထဲ မကျေနပ်လျှင်လည်းကောင်း၊ ဖြတ်၍မေးတတ်၏။ အဲ၊ ထိုသူစကားက ယုတ္တိမတန်သူ့အားကြွားဝါ လိမ်လည်သည်ဖြစ်ဘိမူကား၊ သည်းမခံတတ်ပေ။ အားမနာ ပါးမနာ ချက်ချင်းပင်ထုတ်ဖော် အမိဖမ်းပါလေတော့၏။

ဒါကို ဤဖေကိုလည်း ခံခဲ့ရပါ၏။ သို့သော် ဆရာကြီးရေးသကဲ့သို့ (ဖမ်း၍ မိသည်ဆိုလျှင် သူတို့သည် ကျွန်ုပ်အားသောက်မြင် ကပ်သွားသည်က များလေသည်) ဆိုသည် အထဲ၌ ကျွန်တော်မပါပေ။ ကျွန်တော်၏ ကြွားဝါမှုကို ထုတ်ဖော်ပေးလိုက်သည့်အတွက်၊ ကျွန်တော်သည် ဆရာကြီးအားကျေးဇူးတင်၍ မဆုံးတော့ပေ။ ကိုးကွယ် ဆည်းကပ်ထိုက်သော ဆရာတစ်ပါးပေပဲဟု ယူဆမိသည်နှင့်အညီ ကျွန်တော်သည် ဆရာကြီးအား အသက်ထက်ဆုံးပဲ ကိုးကွယ် ဆည်းကပ်ခဲ့ပါ၏။

စင်စစ်အားဖြင့်လည်း ကျွန်တော်သည် လိမ်လည်ကြွားဝါခြင်းမျိုးကို မနှစ်သက်ပါ။ ကျွန်တော့်အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းထဲမှ လိမ်လည် ကြွားဝါတတ်သူများကို သတိချပ်မိလိုက်၊ သူတို့သကဲ့သို့ မပြုမိရန် အထူးဆင်ခြင်ပါသည်။ သို့စဉ်လျက် သည်လိုအသိဉာဏ်မျိုးမပြည့်မီ [ဝါ] သူငယ်နာမစင်မီက ကျွန်တော့်တွင် အမှုမဲ့ အမှတ်မဲ့ဖြင့် မတော်တဆ ကြွားဝါလုံးတစ်ခု စွဲကပ်ခဲ့ပါသည်။ အခြားမဟုတ်။ ကျွန်တော်သည် မြင်းနှစ်ကောင်ကို ဘယ်ညာထားလျက် စစ်တောင်းမြစ်ကိုဖြတ်၍ကူးခဲ့သည်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးကာစ ဂျပန်တို့သည် စစ်နိုင်စဉ်က အောက်မြန်မာပြန်မှ အထက် မြန်မာပြည်သို့ ချီတက်ခဲ့၍ စစ်ရှုံးသောအခါ အထက် မြန်မာပြည်မှ အောက်မြန်မာပြည်သို့

ပြန်လည်စုံဆင်းခဲ့ကြရာ သူတို့မြင်းတပ်မှ မြင်းအချို့သည် စစ်တောင်း၊ မုပ္ပလင်၊ ကျိုက်ထိုမြို့နယ် ကျေးရွာဒေသတို့တွင် ကျန်ရစ်ခဲ့ကြလေသည်။

ထိုစဉ်မှာ ကက်စ်ဘီခေတ် ကျွန်တော်သည် မြင်းလှည်းသမားဘဝမှ မြင်းအရောင်းအဝယ် ကလေး လုပ်နေသဖြင့် ဖော်ပြပါဒေသများသို့ သွားရောက်ကာ မြင်းလှည်းသမား မဟုတ်သော ကျေးရွာသားများထံမှ ဂျပန်ကျန်မြင်းများကို စျေးချောင်ချောင်နှင့် ဝယ်၍ရလေသည်။

ထိုစဉ်၌ စစ်တောင်း တံတားကြီးသည် ပျက်စီးနေ၏။ ကျွန်တော် တည်းခိုသောအိမ်မှာ မြစ်အရှေ့ဘက်ကမ်း ယင်း တံတားပျက်ကြီးအနီးတွင် ဖြစ်၏။ စင်စစ် လူနေလို့ အိမ်ဟုဆိုရသော် လည်း အမှန်အားဖြင့် စပါးကိုထောင်ပျက်ကြီးကို ဖြစ်သလို ဖန်တီးနေကြခြင်းဖြစ်ပါသည်။

ထိုအိမ်ရှင်ကို ယခုဆိုလျှင် သူ့နာမည်ကိုမျှ ကျွန်တော် ပြောမပြနိုင်တော့ပါ။ မေ့ခဲ့ပြီ။

ထိုစဉ်က အသက်အစိတ်မျှရှိသော ကျွန်တော်သည် သူ့အား 'ဦးလေး'ဟု ခေါ်လျက် သူ ရန်ကုန်သို့ မြင်းရောင်းလာချိန် ကျွန်တော်နှင့် အသောက်သမားချင်းခင်မင်ပြီး သူ့ခေါ်ဆောင် မှုဖြင့် ကျွန်တော် မြင်းဝယ်လိုက်သွားခြင်း ဖြစ်ပါသည်။

ပဲခူး၊ သနပ်ပင်မှကျော်လွန်ပြီးကတည်းက စစ်တောင်းမြစ်၏ သည်ဘက်ကမ်းမှာလည်း ဂျပန်ကျန်မြင်းတွေတွေ့သည်။

ကျွန်တော်ကားအဖျားတက် အမှည့်စားရနိုးနှင့် စစ်တောင်းမြို့ပျက်ရောက်အောင် လိုက်သွား ပြီး၊ ဖော်ပြပါအိမ်တွင် တည်းခိုလျက် ဘိုယားကြီးကျေးရွာမှ မြင်းနှစ်ကောင်ဝယ်ခဲ့သည် ဖြစ်သော ကြောင့် 'အပြန်ခရီးမှာ ထိုမြင်းနှစ်ကောင်နှင့် စစ်တောင်းမြစ်ကို ကျွန်တော်ဖြတ်၍ ကူးခဲ့ရလေသည်။

''အောင်မယ်လေး၊ ကံကြီးလို့ခင်ဗျာ၊ အဲသည် မြင်းနှစ်ကောင်မဝယ်ရမီ ဖဲသွားစကား လိုက်တာ ရှိသမျှ ချောတော့မလို့၊ ကျွန်တော် ရောက်သွားတော့ အဲသည် စစ်တောင်းမြို့ ပျက်ရွာကလေးမှာ မသာရှိနေသဗျ။ ကျွန်တော့် တည်းအိမ်က ဦးလေးကြီးက သည်မသာတော့ သွားအုံးမှပဲဆိုလို့ ကျွန်တော်လိုက်သွား၊ မသာကလဲ အရက်နဲ့ ညော်ခံသဗျ၊ အဲသည်မှာအရက် မူးမူးနဲ့ ကျွန်တော်ဖဲဝင်ကစားမိတာ ရှုံးပါရောဗျာ၊ ပထမတော့ ညော်သည်ရယ်လို့ ဂုဏ်မငယ် ရအောင် ဦးလေးကြီးက မသာရှင်ဆီကယူပေးသဗျ၊ ငွေ ၃၀၀ လောက်ပဲ ချောရော ဒိုင်ကိုင်တဲ့ လူက ထိုးသားမညီဘူးဆိုပြီး ဖဲထုပ်လှန်ပါရော၊ အဲသည်မှာ ကျွန်တော် အရှုံးကြီး တန်းလန်းနဲ့၊ မသာအိမ်ကကြွေးလဲ ၃၀၀ လောက်တင်နေပြီ၊ ကျွန်တော် ရပ်ထားလို့မရတော့ဘူး၊ ကိုယ့်မှာ

မြင်းဝယ်လို့ ပါလာတဲ့ငွေကလဲ စုစုပေါင်းမှ ၈၅၀ ၊ ဒါကို စရိတ်နှုတ်ပြီး မြင်းနှစ်ကောင်ရအောင် ဝယ်ရမှာ''

''နေပါအုံးဗျ၊ အဲသည်တုန်းက မြင်းတစ်ကောင် ဘယ်လောက် ပေးရမလဲ''

ကက်စ်ဘီခေတ် အင်္ဂလိပ်ငွေပဲ ၃၀၀ လောက်၊ အဲသည် အရပ်မှာ ဂျပန် ကျန်မြင်းတွေ အလွန်ဆုံး ၄၀၀ ပဲ၊ ထိပ်တန်းမြင်းရမယ်၊ အဲဒါ ကျွန်တော့်မှာ နှစ်ကောင်ဝယ်ဖို့ ပါလာတာကလဲ တစ်ကောင်က ကျွန်တော့်ဦးလေးအတွက် သူကငွေ ၃၅၀ ပေးလိုက်တာ၊ အဲသည်တော့ ကျွန်တော်ဟာဘယ်နည်းနဲ့မှ ဖဲကိုရှုံးနဲ့ပိုင်းလို့ မဖြစ်တော့ဘူး၊ ညနေက ဘိုးယားကြီးရွာမှ မြင်းနှစ်ကောင် စရံရိုက်ပစ်ခဲ့တာ၊ မနက်သွားယူရမှာ၊ ဒါကြောင့် ကျွန်တော်အိမ်ပြန် ရှိသမျှ ငွေယူခဲ့ပြီး လက်သည်ကိုင်ရတော့တာဗျို့''

''ခင်ဗျားက ဖဲလိမ်ရိုက်တဲ့ပညာများကော တက်သလား''

''ဘယ်တတ်ရမှာတုန်း၊ ကံတိုက်ပေါ၊ အဲသည်မှာ ရှုံးလိုက်ယင်တော့ ဒုက္ခပဲဟဲ့ဆိုတဲ့ ရင်ထဲ တထိတ်ထိတ်နဲ့၊ သည်တော့ စိတ်ထဲမှာ အဓိဋ္ဌာန်ပြုလိုက်ရတယ်၊ ငါဟာ သည်အရပ်သား တွေဆီက ငွေကို နိုင်ချင်လို့မဟုတ်ပါဘူး၊ ငါရှုံးတဲ့ငွေပြန်ရယင်တော်ပါမယ်လို့၊ ကိုယ့်အဓိဋ္ဌာန်အတိုင်းပဲဗျို့၊ ကံအားလျော်စွာ တစ်နာရီလောက်အတွင်းမှာ ကျွန်တော့်ဖဲက ငွေ သုံးရာကျော်လောက်စားလိုက်တယ်၊ သည်တော့ ကိုယ့်အရင်းပြန်ရပြီ၊ မသာရှင်ဆီက ယူထားတဲ့ ငွေကျေသွားပြီး၊ အဲသည်မှာ ကျွန်တော်ရပ်လိုက်တော့ ကျွန်တော်မိတ်ဆွေ ဦးလေးကြီးက မကျေနပ်ဖူး၊ ဗျို့ ဘာကြောင့် ကိုယ့်ဖဲကစားနေတုန်း တော်လိုက်ရမှာလဲ၊ ဆက်ကစား၊ များများနိုင်မှာပေါ့လို့ဆိုတယ်၊ တကယ်ဆို သူကလူကြီးဗျ၊ ကျွန်တော်မကစားဖို့ သူက တားမြစ်ရမှာကို သူကချည်း ကစားဖို့တိုက်တွန်း နေလေတော့ သည်လူမျိုးနဲ့ ငါနဲ့ မပေါင်းအပ်ဖူး လို့ ကျွန်တော့်စိတ်ထဲ ဆင်ခြင်မိတယ်။ ဒါကြောင့် မနက်အိပ်ရာက ထတယ်ဆို သူ့ခေါ်၊ ဘိုးယားကြီးသွားပြီး မနေ့က မြင်းနှစ်ကောင်ဝယ်ခဲ့တော့တယ်၊ နေ့ခင်းလောက် မြင်းတွေနဲ့ရောက်လာတော့ သူက တစ်ညလောက်နားဖို့ မနက်မှပြန်ဖို့ ပြောတယ်၊ ဒါပေမယ့် ကျွန်တော်မနေဝံ့တော့ဘူး၊ မသာ ဖဲဝိုင်းကလေးရှိနေတယ်၊ သူကလဲ အမြဲပဲမူးနေ၊ ကျွန်တော်ကလဲ အရကတွေ့မနေနိုင်ဘူး၊ ကစားပစ်မိမှာစိုးတာနဲ့ ကျွန်တော် အဲသည် နေ့ခင်းကြီးမှာပဲ မြင်းနှစ်ကောင် ဇာက်ကြိုးချင်းတွဲပြီး ကျွန်တော် အလယ်ကနေ မောင်းပြီး စစ်တောင်းမြစ်ကို ဖြတ်ကူးခဲ့တော့တယ်''

ယင်းကား ကျွန်တော်စာရေးဆရာဖြစ်စ၊ ၁၉၄၇ ခု၊ ၄၈ ခုနှစ်များတွင် အပေါင်း အသင်းများနှင့် သောက်ယင်း စားရင်း ကျွန်တော် ကိုယ်ရည်သွေးခဲ့သော စကားများ ဖြစ်ပါသည်။

ထိုစဉ်က ယင်းကာလ ကျွန်တော့် အသက်အရွယ် အစိတ်သုံး ဆယ်ခန့်တို့တွင် ဂျပန်ခေတ်၊ တော်လှန်ရေးခေတ်တို့၌ မိမိတို့စွန့်စားခန်းများ စသည်ဖြင့် ပြောစရာ အသီးသီးရှိ ကြလေရာ၊ ကျွန်တော့်မှာမူကားဂျပန်ခေတ် တခေတ်လုံး ရန်ကုန်မြို့ကြီးမှာ မြင်းလှည်းမောင်း နေရလေတော့၊ ဘာမျှ ထူးထူးထွေထွေ ခက်ခက်ခဲခဲ စွန့်စားခဲ့ရသည် မရှိသဖြင့်၊ ဤ ကက်စ်ဘီခေတ်ကလေးရောက်မှ စစ်တောင်းမြစ် ဟိုဘက်ကမ်းသွားပြီး မြင်းဝယ် မြင်းမရမီ ဖဲရိုက်မိလို့ ဂျောက်ကျတော့မလိုဖြစ်။ နောက် ငွေအရင်းပြန်ရအောင် မနည်းလုပ်ရပြီးမှ မြင်းနှစ်ကောင်နှင့် စစ်တောင်းမြစ်ကို အမြန်ကူးခဲ့ရ။

ကျွန်တော်၏ ဤကိုယ်ရည်သွေးစကားတွင် မြင်းနှစ်ကောင်မောင်း၍ စစ်တောင်းမြစ် ဖြတ်ကူးခြင်းသည် ကျွန်တော့် စွန့်စားခန်း၏ အထွတ်အထိပ်ပါပဲ။ သည်စကားပြောနေစဉ်မှာ ဟောလီဝုဒ် ရုပ်ရှင်များထဲမှ ကောင်းဘွိုင်ဇာတ်လိုက်လို့ ကိုယ့်ကိုယ်ကို ထင်မိလို့ ကိုးဗျ။ ပြောရတာ တယ်အရသာရှိ၊ ကြားရတဲ့ သူငယ်ချင်းတွေကလဲ ဘယ်သူမှ ကန့်ကွက်သူမရှိ၊ အားလုံး ယုံကြည်ကြသဗျ။ ကျွန်တော်ဟာ 'ဟီးရိုး' ပါပဲ။

ကျွန်တော် သည်အကြောင်းကို သောက်ယင်း စားယင်း၊ အပေါင်းအသင်း ရောင်းရင်းများနှင့် အကြောင်းသင့်တိုင်း ပြောခဲ့တာဗျ။

သို့သော် အပွဲပွဲနွှဲခဲ့သမျှ၊ သည်ပွဲကျမှ နှာစေးတဲ့လူနဲ့ တွေ့ဆိုသလို၊ ဆရာကြီး ရွှေဥဒေါင်းနှင့် ကျမှ ကျွန်တော် ဒုက္ခ ရောက်တော့တာပါပဲဗျာ။

ဆရာကြီးဟာ ကျွန်တော်ပြောတာတွေကို သေသေချာချာနားထောင်နေပြီး ကျွန်တော် မြင်းနှစ်ကောင်နှင့် ဖြတ်ကူးခဲ့တာ စစ်တောင်းမြစ် သည်ဘက်ကမ်း ရောက်ပြီဆိုတော့မှ၊ မေးရိုး ကားကားနှင့် သူ့ မေးစေ့ ရှည်ရှည်ကြီး ဗယ်လက်ဖဝါးနှင့် ပွတ်သပ်နေရာက၊

''ဟေ့ မောင်ကျင်မောင်ရေ၊ မင်းငါမေးစမ်းပြစေအုံးကွ''

ကျွန်တော့်စကား အရှိန်တန့်သွားပြီး။

''ဘာလဲ ဦးကြီးရ''

''မြစ်ဖြတ်ကူးတော့ မင်းက မြင်းနှစ်ကောင် အလယ်က ဟုတ်လား''

''ဟုတ်တယ်၊ ဦးကြီးရ၊ ကျွန်တော့် လက်၊ ဗယ်တစ်ဖက် ညာတစ်ဖက်က သူတို့ကျောပေါ် တင်လို့''

''အင်းဟုတ်လိုက်တာကွာ၊ မင်းပြောပုံဖြင့် မြင်းနှစ်ကောင်က ရေပေါ်မှာ လည်ကြီးတွေ တန်းတန်း၊ ခေါင်းကြီးတွေထောင်ထောင်နဲ့ပေါ့''

''ဟုတ်တာပေါ့ ဦးကြီးရ သူတို့က ကူးသွားတော့ ကျွန်တော်က သူတို့ကျော မှေးလိုက်ခဲ့ ရုံပဲ''

''မြင်းအကြောင်း မသိတဲ့သူဆိုယင်ဖြင့် ကျလောက်ပါရဲ့ကွာ''

ကျွန်တော့် စိတ်ထဲ ဒိတ်ကနဲ ဖြစ်သွားကာ၊

''ဘာဖြစ်လို့လဲ ဦးကြီးရ''

''ဘယ်မြင်းမှ မြစ်ရဲ့ဟိုဘက်ကမ်း သည်ဘက်ကမ်းကို လည်ကြီးတန်းတန်း၊ ခေါင်းကြီး ထောင်ထောင် ပေါ်နေအောင် ကူးမသွားနိုင်ဘူးကွ''

''စစ်တောင်းမြစ်ကန္နေမှာ သိပ်မကျယ်ဘူးဦးကြီးရ''

''တော်စမ်းပါကွာ၊ သည်မြစ်တံတားကြီးနားမှာ နွေဘယ်လောက် မိုးဘယ်လောက် ကျယ်တယ်ဆိုတာ ငါသိပါတယ်ကွ၊ သည်မှာမှတ်ထား မောင်ကျင်မောင်၊ မြင်းဟာ ရေပြင်ကျယ်ကို ဖြတ်ကူးတဲ့အခါမှာ နှာခေါင်းပေါက်ဝနဲ့ နားရွက်ပဲ ရေပေါ်မှာပေါ်တယ် မောင်ရေ့၊ သည်တော့မင်းဟာ မြင်းနှစ်ကောင်အလယ်က ကျောကုန်းတွေကို ကိုင်လိုက်ခဲ့တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးကွ၊ မြင်းတွေရဲ့နှာရိုး ကိုင်လိုက်မှပဲ၊ ဒါပေမယ့် ဘယ်မြင်းမှ ရေထဲမှာ သူ့နှာရိုးကို အကိုင်မခံနိုင်ဘူး မင်းဘာမင်း ပြန်စဉ်းစားစမ်းပါအုံး''

## လမ်းစပေါ်ပြီ။

ဤနေရာတွင် ကျွန်တော့် စကား ကျွန်တော် ဇဝေဇဝါ ဖြစ်သွားလေပြီ။ ဤအကြောင်း ကျွန်တော်ပြောပေါင်းလည်းများလှပါပြီ။ ကျွန်တော်ဟာ မဟုတ်တာ မမှန်တာ လုပ်ကြံပြောနေ သည်ဟူ၍လည်း မထင်မိခဲ့ပါ။ တကယ့်ဘဝကိုယ်တွေ့ကို ဟုတ်တိုင်းမှန်ရာ ပြောခဲ့သည် ဟူ၍ ကိုယ့်ဟာကိုယ် ယုံကြည်ခဲ့ပါသည်။ သို့ရာတွင် ယခု ဆရာကြီးက မြင်းအကြောင်းနှင့်ပတ်သက်ပြီး ထောက်လိုက်သောအခါ၌၊ ကျွန်တော့်စိတ် ကျွန်တော် မလုံမလဲ ဖြစ်သွားလေပြီ။ ထို့ကြောင့် ကျွန်တော် ရန်ကုန်ပြန်ရောက်ခဲ့ပြီး၊ စစ်တောင်းသို့ ကျွန်တော်နှင့်အတူပါခဲ့ သူကို မေးကြည့်တော့မှ

ကျွန်တော်သည် ကြွားဝါလိုစိတ်ဖြင့် ပထမက သူများကိုညာခဲ့ရာမှ နောက်ပြောပါများတော့ ကိုယ့်ဟာကို အဟုတ်တကယ် ယုံကြည်သွားမိခြင်း ဖြစ်ပါသည်။

ကျွန်တော် အဖော်က ပြောပြသည်မှာ။

''စစ်တောင်းမြစ် ဖြတ်ကူးတော့ ခင်ဗျားနှင့်ကျွန်တော်က လှေပေါ်ကဗျ၊ မြင်းတစ်ယောက် တစ်ကောင်စီကို လှေနံရံ တစ်ဖက်စီ မေးတင်ပြီး ပါးချပ်ကြိုးကို မနည်းကြီးဆွဲခဲ့ရတာ''

သည်တော့မှ အဟုတ်အမှန်ကို ကျွန်တော့် မျက်စိထဲပြန်၍ပေါ်လာပါသည်။ မြင်းသည် ရေကြောက်သော အကောင်မျိုးဖြစ်သည်။ ရေထဲဆင်းအောင် ရိုက်မောင်းချ ကျွန်တော်တို့က လှေပေါ်မှတစ်ဖက်တစ်ကောင် အတင်းဆွဲခေါ်ခဲ့ရလေသည်။ ရေထဲ တော်တော်ရောက်သော် မြင်းတွေ ရေမကူးကြတော့။ ကျွန်တော်တို့ ချုပ်ကိုင်ထားသော သူတို့မေးစေ့တွေ လှေနံရံပေါ် တင်လျက်၊ ကိုယ့်ကြီးတွေ စန့်ကာ မျောလိုက်ခဲ့ကြသည်။ လှေသမား နှစ်ယောက်က ဦးပဲ့ကျုံး၍ လှော်ခတ်ကြ ရသည်။ ရေစီးအရှိန်နှင့် အချိန်တော်တော်ကြာ မြစ်ကို ဖားလွယ်ခုတ် စောင်းမျှော ဖြတ်ခဲ့ရသည်။

ဒါကို ကျွန်တော်လှေနှင့် အဖော်တွေဖျောက်ပြီး ကျွန်တော်တစ်ယောက်တည်း မြင်းနှစ်ကောင် နှင့် မြစ်ကို ဖြတ်ကူးခဲ့သည်ဟု စတင်ကြွားဝါခဲ့မိရာမှ၊ ပြောပါများတော့ အစစ် အမှန်ကို မေ့ပြီး၊ ကိုယ့်ဟာကိုယ် အဟုတ်တကယ်မှတ်ထင်သွားမိခြင်း ဖြစ်ပါသည်။

အောင်မယ်လေး ကံကြီးပေလို့၊ ကိုယ့်ကိုယ်ကို စစ်တောင်းမြစ် မြင်းနှစ်ကောင်နှင့် ဖြတ်ကူးခဲ့တဲ့ ဟီးရိုးကြီး အောက်မေ့နေခဲ့တာ၊ နောက်တစ်ခါ ဒါမျိုးကြုံလို့များ ဖြတ်ကူးခဲ့မိရင် သေမှာ၊ သေကိုသေမှာ။ ဆရာကြီးနှင့် တွေ့လိုသာပဲ။ ကျွန်တော်၏ မုသာဝါဒ ကြွားလုံးကြီး ကျွတ်စကီးပြ သွားခြင်း ဖြစ်ပါတော့၏။ ထို့ကြောင့် ဆရာကြီးကို ကျေးဇူးတင်လှပါသည်ဟု ကျွန်တော် ဆိုပါသည်။

## ကြွားဝါခြင်း၏ဒဏ်။

စင်စစ် မဟုတ်မမှန် လုပ်ကြံကြွားဝါခြင်းသည် မိမိမနိုင်ဝန်ကို ထမ်းရခြင်းနှင့် တူပါသည်။ တနည်းအားဖြင့် ကိုယ်ပိုင်မဟုတ်သည့် ပစ္စည်း သုံးထားမိပြီး၊ တနေ့ ပြန်မဆပ်နိုင်တော့ ဒုက္ခ ရောက်သည့် အဖြစ်မျိုး ကြုံရတတ်သည်။

ကျွန်တော့်ဘဝ ကိုယ်တွေ့ကိုပဲ သာဓက ပြပါဦးမည်။

၁၉၄၇ ခုနှစ်၊ ကျွန်တော် သော်တာ်ဆွေ ဖြစ်စ၊ မန္တလေးမြို့ ဂွန္တန်ရပ်တွင် ဆရာကြီးနှင့် နေစဉ်က၊ ညနေခင်းများတွင် ဆရာကြီးသည် ကြက်တောင်ရိုက်ရအောင် သွားတက်သည်။ သို့မဟုတ် ဘိလိယက်ခုံ သွားတတ်သည်။ ကျွန်တော်က ဤနှစ်မျိုးလုံးတွင် ဝါသနာမင်သူ မဟုတ်မူ၍ ဆရာကြီးနှင့်လိုက်လေ့ မရှိပေ။ ထိုအချိန်က မန္တလေးမှ လူငယ် စာရေးဆရာများဖြစ် ကြသော နှင်းဦး၊ ကြည်မြ၊ ရဲဘော်နေအောင် စသည့် သောက်ဖော်တို့နှင့် တွဲမိနေကြပြီ ဖြစ်၍၊ အပုပ်ချိန်များမှာ သူတို့နှင့်သာ အချိန်ကုန်လေ့ ရှိပါသည်။

သို့ရာတွင် တစ်ခုသော ညနေမှာ ထိုသောက်ဖော်တို့နှင့် လူစုကွဲ၍၊ ဆရာကြီး သွားလေရာ၊ ဘိလိယက်ခုံသို့ လိုက်သွားမိပါသည်။ အခြားသူများ ထိုးတာကြည့်ရုံသာ၊ ကျွန်တော် ကိုယ်တိုင် ထိုးဘို့ လုံးဝ မရည်ရွယ်ခဲ့ပါ။ သို့သော် ကျွန်တော် မထိုးမဖြစ်သောအခြေ အနေသို့ မမျှော်လင့်ပဲ ဆိုက်ရောက်ခဲ့ပါသည်။ စင်စစ်တော့ ကျွန်တော့် ပါးစပ်က ပိတ်မနေမိခဲ့၍ ဖြစ်ရပါသည်။

အကြောင်းမှာ ဆရာကြီးနှင့် အခြားလူ တစ်ယောက် ထိုးရာတွင် ဆရာကြီးအလှည့်မှာ ဟိုလူ ချန်ထားခဲ့သော ဘောသုံးလုံးသည် အတော် စဉ်းစားရခက်နေ၏။ **in-off** အင်းနော့ဖ် ထိုးရမည်လော၊ **can-on** ကဲင်နွန် ထိုးရမည်လော။ ထိုးဘောသုံးလုံး အနေအထားကြည့်၍ ဆုံးဖြတ်ရတော့မည်။ အင်းနော့ဖ် ဆိုသည်မှာ မိမိထိုးဘောက အခြားဘောကို ထိပြီးကျင်းထဲ ဝင်သွားရသည်။ ကဲင်နွန်က မိမိဘောက အခြားဘောနှစ်လုံးကို ထိရသည်။

သည်လို အကျဉ်းအကျပ် တွေ့နေသောအခါမျိုးတွင်၊ ဘိလိယက် ထိုးတတ်သော ပွဲကြည့် ပရိသတ်သည် မည်သည့်နည်းထိုးသင့်သည်၊ ထိုး၍ရနိုင်သည်ဟု စိတ်ကူးတတ်ကြပေရာ၊ ကျွန်တော်က မိမိအမြင်ဖြင့် အင်းနော့ဖ်ထိုးရန် ဆရာကြီးကို အကြံပေးသည်။

ဆရာကြီးသည် ကျွန်တော်ပြောသည့်အတိုင်း ထိုးရန်၊ ကျူတံကို အတော်ကြာကြီး ချိန်ပြီး တော့မှ သူ့လက်မှန်းဆချက် သူအားမအပဲ၊ ကျူတံ ပြန်ရုပ်၍၊

''မရနိုင်ဘူး ထင်တယ်ကွ၊ ဘောနှစ်လုံးက တွင်းနဲ့တတန်းတည်းလိုနေတယ်''

ကျွန်တော်က ''ပါးပါးကလေး ထိုးရင် ရနိုင်ပါတယ်ဗျ''

ဆရာကြီးက မခံချင်။

''အောင်မာ၊ ဒါလောက် ပါးပါးလေး ဘယ်သူထိုးနိုင်မှာလဲကွ၊ မင်းထိုးနိုင်မလား၊ ပြောစမ်း''

သည်တော့ ကျွန်တော်ကလည်း မခံချင်။

''ကျွန်တော် ထိုးပြရမလား''

''အောင်မာ၊ ပြစမ်းပါမောင်၊ ပြစမ်းပါ၊ ကြည့်စမ်းပါရစေ၊ ဒါကို အင်းနော့ဖ်ရအောင် ထိုးနိုင်တယ်ဆိုယင် ချန်ပီယံလက်ပဲကွ'' ဟု ပြောယင်း သူ့ကျူတံကို ကျွန်တော် လှမ်းပေးနေ၏။

ကျွန်တော်မနေသာတော့ပြီ။ ဆရာကြီးက ကျူလှမ်းယူလိုက်ပြီး ဘိလိယက်ခုံနားကပ်၍ ထိုးကွက်ကို မှန်းဆကြည့်လိုက်သည်။

ဘိလိယက်ခုံကြီး (ခုံငယ်ဟူ၍ နှစ်မျိုးရှိသည်။) ခါးလယ်ကျင်းထိုးသွင်းရမည်ဖြစ်၍ ဘောတွေ အနေအထားက ကျွန်တော့်အရပ်အမောင်းဖြင့် သည်အတိုင်းမရနိုင်။ ထို့ကြောင့် ကျူတံအောက်ခံခွေ ကိုတောင်းပြီး ဘိလိယက်ခုံပေါ်တက်ဝမ်းလျားမှောက်၍ ချိန်ရတော့သည်။ ကျွန်တော် ရှေးယခင်က လေ့ကျင့်ခဲ့သောလက် ပြန်ပေါ်လျှင် ရနိုင်ချေသည်။

ပရိသတ်သည် အပ်ကျသံပင်ကြားရလောက်အောင် ဆိတ်ငြိမ်နေသည်။

မျက်စိအားလုံး ကျွန်တော့်ကျူတံနှင့် ချိန်ထားသော ဘောကို ကြည့်နေကြပေမည်။

ဤထိုးကွက်သည် စွန့်စားခန်းဖြစ်သည်။

ရှေ့ကဘောလုံးကို ပိပိပါးပါးထိတယ်ဆိုရုံလောက်ကလေး ပွတ်သွားပါမှ မိမိဘောလုံး ကျင်းထဲ ဝင်နိုင်ချေမည်။ ထူသွားက မဝင်နိုင်၊ တစ်ဘက်လူအဖို့ အကျန်ကောင်းဖြစ်သွားမည်။ ဒါကိုစိုးရွံ့၍ လက်တွန့်သွားသဖြင့် ရှေ့ဘောကိုမှထိပဲသွားပါမူ ရပြီးအမှတ်ထဲမှ အမှတ်အလျှော့ခံ ရမည်။ ထိုမျှမက ရှေ့ဘောကိုမထိပဲ မိမိဘောကျင်းထဲ ဝင်သွားပါက နှစ်မှတ်အလျှော့ခံရမည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်ထိုးရတော့မည်။ အချိန်အတော်ကြီးကြာမျှ စိတ်ကြိုက် ချိန်ပြီး နောက် ကျွန်တော် ဆက်ကနဲထိုးလွှတ်လိုက်တော့သည်။

ကျွန်တော့် ထိုးဘောသည် ရွေ့သည်ဆိုရုံမျှ ညင်ညင်သာသာလေးလိမ့်သွားကာ၊ ရှေ့ဘောကို ထိတယ်ဆိုရုံလောက်ပွတ်ပြီး ကျွင်းထဲသို့ မဝင်ချင့်ဝင်ချင်ပုံမျိုးနှင့် ဝင်သွားလေ၏။

ချန်ပီယံရှော့၊ ချန်ပီယံရှော့ ဟု အော်ဟစ်ကြကာ လက်ခုပ်သြဘာပေးကြကုန်၏။ ကျွန်တော့် အား အထင်ကြီးသော မျက်လုံးများနှင့် ကြည့်ကြကုန်၏။ ဆရာကြီးကမူ ကျွန်တော့် လက်ကို ဆွဲကိုင်လှုပ်ယမ်းလျက်၊

''မင်း၊ သည်လောက်ထိုးတတ်မှန်း ငါမသိဘူးကွာ၊ အဟုတ်ပဲ၊ မင်းကို ငါ ဘိလိယက်ထိုးတတ်တာကို မထင်မိဘူးကွ''

စင်စစ် ဆရာကြီးအထင် မှန်ပါသည်။ ကျွန်တော့် ကိုယ် ကျွန်တော့်သိပါသည်။

တကယ်ဆိုလျှင် ကျွန်တော်သည် ရှေ့နောက်ဆင်ခြင်ချက်ရှိပါက ဤအင်းနော့ဖ် တစ်ချက်ထိုးပြီးကတည်းက သည်ဘိလိယက်ခန်းက ထွက်ခွာသွားသင့်ပါသည်။ သို့သော် မသွားမိ။

မိမိ တစ်ချက်ကောင်းထိုးလိုက်သည်ကို ချီးမွမ်းကြသော မျက်စိများရှေ့မှောက်၌ အသားယူနေမိသည်။

ယင်းသည် ကျွန်တော်၏ မဟာအမှားပင်။

အကြောင်းမှာ ဆရာကြီးသည် အခုန သူ၏ သူနှင့်ပွဲကို အဆုံးသတ်လိုက်ပြီးနောက် ကျွန်တော့်အား၊

''လာဟေ့၊ မောင်ကျင်မောင်၊ မင်းနဲ့ငါ တစ်ပွဲကစားရအောင်''ဟု ခေါ်လေ၏။

မိမိကိုယ် မိမိသိနေသော ကျွန်တော်ခဗျာ အခက်တွေ့ပါပြီ ခင်ဗျာ။

''ဟာ၊ ဆရာကြီး၊ ကျွန်တော်မကစားချင်ဖူးဗျာ''

''ဘာဖြစ်လို့လဲကွ၊ မင်းနဲ့ငါ လက်ရည်မတူလို့လား''

''မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော် ကောင်းကောင်းမထိုးတတ်လို့ပါ''

''အောင်မာ၊ မင်းခုန အင်းနော့ဖ် တစ်ချက်ထိုးပြတာနဲ့ သိပါတယ်ကွ၊ အားလုံးက မင်းလက်ကို မြင်ချင်နေကြမှာပါ။ လာပါ''ဆိုပြီး၊ အခြားသူများသို့၊

''အေး၊ ကိုယ့်လူတို့၊ မိတ်ဆက်ပေးရအုံးမယ်၊ သူက ရန်ကုန်ကပါ၊ လူနာမည်က မောင်ကျင်မောင်၊ ကလောင်နာမည်က သော်တာဆွေဆိုတဲ့ စာရေးဆရာ ပေါက်စလေးပေါ့''ဟု ပြောပြီး ကျွန်တော့်ထံသို့ ကျူတံတစ်ချောင်းကို လှမ်းပေးလင့်၏။ ကျွန်တော် မနေသာတော့ပြီ။ ထိုကျူတံကိုယူလိုက်ရပါပြီ။

ဟယ်၊ ပေါက်တဲ့နဖူး မထူးကပြီ၊ ဖြစ်လိုရာ ဖြစ်စေတော့။

ဆရာကြီးသည် ဘောလုံးနှစ်လုံးတယ်၍ ရှေ့ဦးစွာထိုးလိုက်သည်။

ကျွန်တော်က တယ်ဘောနှင့် ကဲင်နွန်ဆွဲလိုက်သည်။ ပထမတစ်လုံးထိပြီး။ ဒုတိယလုံး အဝေးကြီး။

ကျွန်တော့်လက် တမင်ဖျက်ထိုးသည်ထင်၍၊ ပရိသတ် ရယ်ကြသည်။ သို့သော် သူတို့ရယ်ရန် မဟုတ်ပါ။ ကျွန်တော့်တကယ့်ကို မထိုးတတ်ပါ။

ဆရာကြီးက အမှတ်သုံးဆယ်ကျော်သွားပြီ ဖြစ်သော်လည်း ကျွန်တော် တစ်မှတ်မျှ မရသေး၊ ပရိသတ်လည်း စိတ်ပျက်လာသည်။

ဆရာကြီးကမူ စိတ်ပျက်ရုံမက၊ ဒေါသလည်း ထွက်လာသည်။

''ဟေ့ကောင်၊ ဘယ့်နှယ်လုပ် ထိုးနေတာလဲကွ''

ကျွန်တော်လည်း စိတ်ညစ်လာကာ၊

''ကျွန်တော်မထိုးတတ်ဖူးလို့ ဦးကြီးကိုပြောသားပဲဗျ''

''ဟေ၊ မင်းတကယ်မထိုးတတ်ဖူး''

ဆရာကြီးမှာ အလွန်အံ့အားသင့်ဟန်နှင့် သူ့လက်ထဲက ကျူတံကြီးထောင်၍ ကျွန်တော့်ကို အံ့သြကုန်နိုင်ဖွယ် မျက်နှာနှင့် စိုက်ကြည့်နေလေရာ ဘိလိယက်ခုံပိုင်ရှင်သည် ကျွန်တော်တို့ နှစ်ယောက်ကြားရောက်လာပြီး၊ ဆရာကြီးအား၊

''ဟုတ်ပါတယ်ခင်ဗျာ၊ သူတကယ်ပဲ မထိုးတတ်ပါဘူး၊ သူထိုးပုံ ကျွန်တော်ကြည့်ကြည့်နေ ပါတယ်၊ သူ့ကျူများဟာ အခင်းသက္ကလတ်စကို ထိုးဖောက်တော့မလား၊ သူထိုးတိုင်း ကျွန်တော့် စိတ်ထဲ တထိတ်ထိတ်နေပါတယ်၊ ခုနှယ် သည်အစမျိုးပေါက်ယင် လဲဖို့ကလဲ မလွယ်ပါဘူး''ဟု ပြောပြီး ကျွန်တော့် လက်ထဲက ကျူတံကို လာယူသွားပါတော့သည်။

ဆရာကြီးမှာ သူ့တပည့်ကြီးအတွက် အလွန်ရှက်ပုံ ပေါ်ပါသည်။ ကျွန်တော့် မျက်နှာကို မချင့်မရဲကြည့်လျက်၊

''မင်း၊ မင်း၊ မင်းနှယ်ကွာ''

‘‘ဆရာကြီးကား ရှေ့မဆက်နိုင်ပါ။ သူ့မျက်နှာတွင် (မင်း ခုန အင်းနှော့ဖ်ထိုးလိုက်ပုံက တော့ အပာ့တ်ပါလားကွ)ဟု ဆိုနေပါသည်။

မှန်ပါသည်။ ဤကိစ္စကို ကျွန်တော်ရှင်းရပါမည်။

ဂျပန်ခေတ် ၁၉၄၃ ခုနှစ် ကျွန်တော်သူများလက်ဖက်ရည်ဆိုင်ကို ငှား၍ဖွင့်ခဲ့စဉ်က ဤလက်ဖက်ရည်ဆိုင်တွင် ဘိလိယက်ခုံ ရှိနေပါသည်။ သည်ဘိလိယက်ခုံ ကျွန်တော်နှင့်မဆိုင်။ လက်ဖက်ရည်ဆိုင် ငှားရာ၌ ဒါမပါ။

ဆိုင်ရှင်က သူ့ဟာသူ ဒိုင်ခံ၍ အကောက်ယူပါသည်။ မည်သို့ဖြစ်စေ ဘိလိယက်ခုံရှိသော လက်ဖက်ရည်ဆိုင်လူစည်ပါသည်။

ဘိလိယက်ဝါသနာအိုးတွေ မပြတ်လာကြပါသည်။

ကျွန်တော်ကား ဘိလိယက် ဝါသနာမပါပါ။ ဝါသနာ မပါဘူးဆိုသည်ထက် ကိုယ့်ကိုယ်ကို ဝါသနာ ပါမသွားအောင် ထိန်းထားရသည်ဟု ပြောသင့်ပါသည်။

အကြောင်းမှာ ကျွန်တော့်လိုလူစားအဆင့်၌ ဘိလိယက်ထိုး၍ အကျိုးမမြင်ပါ။

ထိုခေတ်ထိုအချိန် ထိုရပ်ကွက်၌ ဘိလိယက် လာထိုးကြသူများကို ကျွန်တော် သတိထားမိပါသည်။

လူတွေက လက်လုပ်လက်စားတွေလား ခင်ဗျာ။ တော်ကြာ ကလေးကလိုက်ခေါ်တာနှင့် မရတော့ မယားကလိုက်လာပြီး ဟဲ့၊ သေချင်းဆိုး၊ ကာလနာရဲ့၊ အိမ်မှာ လုပ်စရာတွေတော့ ထားပြီး နင်ကသည်လာပြီး ဘိလိယက် ကမြင်းကြောထနေရသလားဟဲ့၊ ဘာဟဲ့၊ ညာဟဲ့နှင့်၊ မကြားဝံ့မနေသာ စကားလုံးတွေ ပါလာတတ်ပါသည်။

စင်စစ်သည်လည်းအရပ်သည်လူတန်းစားနှင့် ဘိလိယက်ခုံနှင့် မသင့်လျော်၍ မူလက မရှိပါ။ သို့သော် ခေတ်အပျက်၌ ကျွန်တော့်ကို လက်ဖက်ရည်ငှားသူသည် ထွက်ပြေးသွားသော တရုတ်တို့၏ လက်ဖက်ရည်ဆိုင်ကို အပိုင်စီးလိုက်ပြီးနောက် လူမရှိတော့သော မျက်နှာဖြူအိမ် တစ်အိမ်မှ ဘိလိယက်ခုံကို သိမ်းယူလာခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သည်အရပ်မှာ မြင်မတော် ဆင်တော်နှင့် ခလောက်ဖြစ်လျက် မူလက ဘိလိယက် မထိုးတတ်သူတွေ ယခု ဘိလိယက် ဝါသနာအိုးတွေ ဖြစ်ကုန်ကြသည်။

ကျွန်တော်သည် ဤလူတန်းစားထဲမပါအောင် ကိုယ့်ကိုယ်ကို သတိထားနေလိုက်သည်။

သို့ရာတွင် သည် ဘိလိယက်ခုံက ကိုယ့်လက်ဖက်ရည်ဆိုင်တွင် ဖြစ်နေတော့ ကျွန်တော့်မှာ မကြည့်ချင်ပဲနှင့် မမြင်ပဲနေလို့မရ။

နေ့စဉ်လိုလို လာထိုးကြသူများထဲတွင် ထိုစဉ်က အသက် ၃၀ လောက်ရှိသည့် ကိုစိန်မောင်ဆိုသူက ''ဟီးရိုး''ပဲ။ သူနှင့်တန်းတူ ဘယ်သူမှ မကစားနိုင်။ ပွင့်ကျောတောင်းကာ သူ့ဆီက ထိုနည်းကို လေ့လာသင်ယူရလေသည်။

ဘိလိယက်ကို နားမလည် ဝါသနာမပါဘူးဆိုသည့် ကျွန်တော်ပင်လျှင် ကိုစိန်မောင်ကို အားကျလှသည်။ သူခဲရာခဲဆစ်ထိုးပုံလေးတွေ ကြည့်မဝဖြစ်ရသည်။ ကိုစိန်မောင်ကို လူတိုင်းက အထူးချီးမွမ်းရသည်မှာ (အခုန ဆရာကြီးတို့အား ကျွန်တော်ထိုးပြလိုက်သည့်) အင်းနော့ဖ် အပါးထိုး ကလေးနှင့် ဘောသုံးလုံးတန်းနေသည်ကို ထိုဘောကခုန်၍ နှစ်လုံးစလုံးကို ထိစေသည့် **Can-on** ကဲ့င်နွန် ဂျန့်ပင်ဘောထိုးပုံ ဖြစ်ပါတော့သည်။

ကျွန်တော်သည် မိမိကိုယ်မိမိ ဘိလိယက် ဝါသနာပါမသွားအောင် ထိန်းထားနိုင်သည်ဟု ဆိုသော်လည်း ကိုစိန်မောင်၏ဖော်ပြပါ ထိုးနည်းနှစ်ခုကိုတော့ ကျွန်တော်အားကျလှသည်။ သူ့လိုတတ်ချင်လှသည်။ ထို့ကြောင့် ကျွန်တော်သည် ဤထိုးနည်းနှစ်ခုကို လူလစ်တိုင်း ခုံအားတိုင်း တစ်ယောက်တည်း ကျိတ်၍ကျင့်ခဲ့ရာ လပေါင်းများစွာ ကြာသည့်၌ အင်းနော့ဖ်အပါးထိုးကလေး ကို တတ်ကျွမ်းခဲ့ပါတော့သည်။ ကဲ့င်နွန်ဂျန့်ပင်းကိုတော့ ကျွန်တော်ဘယ်လိုမျှ လေ့ကျင့်၍ မရခဲ့ပါ။ ခက်လွန်းလှပါသည်။

သို့သော် ဤအင်းနော့ဖ်အပါးထိုးကလေးတစ်ခုတည်းနှင့်ပဲ ကျွန်တော့်ဘဝသင်ခန်းစာ လုံလောက်ပါပြီ၊ စင်စစ် ကျွန်တော်သည် ဤထိုးနည်းကလေးနှစ်ခုတည်းကို ကွက်၍လေ့ကျင့်ခဲ့သည်ကပင် ကျွန်တော့် စိတ်ထားမှုမှန်သည် မဟုတ်ပေ။ သူတပါးအား ဒါကလေးတစ်ချက်တည်း ကွက်၍ ကြွားဝါလိုခြင်း။ ဝမရှိပဲနှင့် ဝိလုပ်ခြင်းဖြစ်ပေရာ နောက်ဆုံး တစ်နေ့တွင်၊

ယခု ဆရာကြီးနှင့် ကျွန်တော်သည် ဘိလိယက်ခန်းထဲမှ သောက်ရက်ကွဲစွာ ထွက်ခဲ့ရပြီ မဟုတ်ပါလား။

ဆရာကြီးက ကျုပ်တပည့်လေးပါ။ နာမည်ရင်း မောင်ကျင်မောင်၊ ကလောင်နာမည် သော်တာဆွေဆိုတဲ့ စာရေးဆရာ ပေါက်စလေးပါဟု မိတ်ဆက်ပေးခဲ့သေးသည်။

တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေ၊ ညက်ညက်ကြေ ဆိုစကားရှိသည်။ ယခုကား ဤသို့မဟုတ်၊ ကျွန်တော်တစ်ယောက် သောက်သုံးမကျသည်နှင့် ဆရာကြီးပါ ချောက် ကျခဲ့ရပြီ မဟုတ်ပါလား။

ဆရာကြီးရွှေဥဒေါင်း ကျွန်တော့်အိမ် ရောက်လာခြင်း

၁၉၅၀ ခုနှစ်၊ မိုးရာသီ ထင်ပါသည်။

တစ်နံနက်ခင်း ကျွန်တော် စာရေးနေစဉ်တွင် ထိုစဉ်က ခြောက်နှစ်မျှ ရှိသေးသော သမီးမလေး 'ပယ်ပယ်'သည် ကျွန်တော့်အနီးသို့ ရောက်လာပြီး အိမ်၌ ဧည့်သည် တစ်ယောက် ရောက်နေကြောင်း ပြောပါသည်။

ထိုစဉ်က ကျွန်တော့် စာရေးစာပွဲမှာ ကျွန်တော် နေသော ကျွန်တော့် ယောက်ခမအိမ်တွင် မဟုတ်ပါ။ ၄င်း အိမ်နှင့် ကြား တစ်အိမ်ခြားသည့် ကျွန်တော် လူပျိုဘဝက အင်္ဂလိပ်စာသင်ခဲ့သော အလွတ် ပညာသင်ကျောင်း စာသင်ခန်းမထဲတွင် ဖြစ်ပါသည်။

ထိုအချိန်သည် ကျောင်းတက်နေစဉ် ဖြစ်ပေရာ ပယ်ပယ်သည် ခန်းလုံးပြည့်မျှသော ကျောင်းသားတို့၏ နောက်ဆုံးရှိ ကျွန်တော့် စာရေးစားပွဲသို့ ရောက်လာလျက်၊

''ဒါဒါ၊ အိမ်မှာ ဧည့်သည်ကြီးတစ်ယောက် ရောက်လာတယ်''

''ဘယ်သူတဲ့လဲ''

''မသိဘူး၊ အရပ်က အမြင့်ကြီး၊ သူ့လက်ထဲ တုတ်ကြီးနဲ့ ဆေးတံကြီးနဲ့''

သမီးလေး သည်လို ပြောလိုက်သည်ဆိုလျှင်ပဲ ကျွန်တော် ဆရာကြီး ရွှေဥဒေါင်းကို သတိရလိုက်သည်။

သို့သော် ရန်ကုန်သို့ လာမည်ဟု စာမရေး အကြောင်းမကြားပဲနှင့် မန္တလေးတွင်နေသော ဆရာကြီးတော့ မဖြစ်နိုင်ပါဘူးဟု အောက်မေ့ကာ ထိုင်ရာမှ ထ၍ သမီးလေးနှင့်အတူ လိုက်လာ ခဲ့သည်။

ဟောဗျ၊ ဟုတ်တာပေါ့။ လမ်းမရောက်၍ လှမ်းကြည့်လိုက်တော့ ကျွန်တော့်ယောက်ခမ အိမ်ရှေ့၌ ဆရာကြီးရွှေဥဒေါင်း မတ်တပ်ရပ်လျက်၊

ကျွန်တော် သမီးကလေး လက်ဆွဲကာ ဆရာကြီးဆီအမြန်သွားပြီး၊

''ဟင်၊ ဦးကြီး ရန်ကုန် ဘယ်တုန်းကရောက်လာတာလဲ''

''မနေ့ကကွ''

ကျွန်တော် အိမ်ပေါ် လှမ်းကြည့်လိုက်တော့ ဧည့်ခန်းတွင် ကျွန်တော့်ယောက်ခမကို မြင်ရ၍၊

''အိမ်ရှေ့ မတ်တတ်ကြီး၊ အိမ်ပေါ်တက်ဖို့ မခေါ်ဘူးလား''

''ခေါ်တော့ ခေါ်ပါသကွာ၊ မင်းယောက်ခမ ထင်ပါရဲ့၊ သူ့မျက်နှာက တယ်မကြည်တာနဲ့''

''ဟုတ်တယ် ဦးကြီး၊ ကျွန်တော့်ကို မကြည်လို့၊ လာ၊ လာ၊ လက်ဖက်ရည်ဆိုင် သွားကြမယ်''

သမီးလေးအား ထားခဲ့ပြီး ကျွန်တော့်တို့ ဆရာတပည့်နှစ်ယောက် လမ်းထိပ် ကျွန်တော် ဂျပန်ခေတ်က ဖွင့်ခဲ့သော လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။

ကျောင်းသားတွေ ဆူဆူညံနေသော စာသင်ကျောင်းကို ဖြတ်ခဲ့ရသည်ဖြစ်၍ ဆရာကြီးက၊

''ဟေ့၊ မင်း ယောက်ခမက မင်း ဟိုဘက်အိမ်မှာ စာသွားရေးနေတယ်ပြောတာ၊ သည် စာသင်ခန်းထဲမှာလားကွ''

''ဟုတ်တယ် ဦးကြီးရ''

''အောင်မယ်လေးကွာ၊ ကိုယ်နေတဲ့ အိမ်မှာတော့ မရေး၊ သည်ကျောင်းသားတွေထဲ သွားရေးတော့ ရေးလို့ ရသလား''

''ရတယ် ဦးကြီးရ၊ ကျောင်းသားတစ်ရာ ဆူပါစေ၊ ကျွန်တော့် ယောက်ခမ ပါးစပ် တစ်ပေါက်လောက် ကျွန်တော် မကြောက်ဘူး''

''မင်း ယောက်ခမနဲ့ မင်းက ဘာဖြစ်ကြလို့လဲ''

ဤနေရာ၌ ထိုစဉ်က ကျွန်တော့် ယောက်ခမနှင့် ကျွန်တော့်ဖြစ်အင် ပြောပြရပါမည်။

ကျွန်တော် စာရေးဆရာ ဖြစ်သောအခါ ကျွန်တော်တို့က ကျွန်တော့် ယောက်ခမအိမ်မှာ ထမင်း လခပေး၍ စားရပါသည်။

ထိုခေတ်က ထမင်းလခကျွေးတွေ တစ်ယောက်လျှင် ငါးဆယ်ကျပ် ဖြစ်လေရာ၊ ၁၉၅၀ ခုနှစ်လောက်တွင် ကျွန်တော့်မှာ သားသမီးက ပယ်ပယ်၊ ကျော်ကျော်၊ သော်သော် သုံးယောက်ရှိပြီ ဖြစ်သောကြောင့် ကျွန်တော်တို့ လင်မယား နှစ်ယောက်နှင့် ငါးယောက်တွက် တစ်လလျှင် ၂၅၀ ကျပ် ကျွန်တော့် ယောက်ခမကို ပေးရပါသည်။

ဤတွင် ကျွန်တော် စာရေး၍ အသက်မွေးရသောအလုပ်မှာ ကိုယ်ရေးနိုင်လျှင် ရေးနိုင်သလို တလလျှင် သုံးလေးငါးရာမျိုး ရသည် မှန်သော်လည်း လခစားလို လုံးခနဲ ထုတ်ရသည် မဟုတ်။ ငါးဆယ်။ တစ်ရာစီ အလီလီရသည် ဖြစ်သောကြောင့် ယောက်ခမ ထမင်း လခကို သည်လိုပဲ လီလီ ပေးရသည်ဖြစ်ရာ ဒါကို ကျွန်တော့်ယောက်ခမကြီးကမကြိုက်။ သူ့ကို ပထမဦးဆုံး ထမင်းလခ ပေးရက်သည် အင်္ဂလိပ်လဆန်း ၁၀ ရက်ဟု သတ်မှတ်မိလေရာ သည်ရက်ကျော်၍ မရ။ သူပေးငွေ ၂၅၀ ကျပ် မပြည့်သေးဘူးဆိုပါက အင်္ဂလိပ်လဆန်း ၁၁ ရက် နေ့က စပြီး သူ ကျွန်တော့်ကို ထမင်းလခ စစ်ကြေငြာလေပြီ။

''သည်စာရေးစားတဲ့ အလုပ်ကို ငါ မကြိုက်ဖူးလို့ ဆိုနေမှပဲ၊ တစ်လ လေးငါးရာမျိုးရတဲ့ လခစား အလုပ်ကို ရှာလုပ်ပါလို့ ဆိုနေမှပဲ၊ ဘယ်တော့မှ လူမွေး လူတောင် ပြောင်မယ့် အကောင်မျိုး မဟုတ်ဘူး၊ ဟဲ့ ကောင်မ နင့်လင်ပဲ နင်ကြည့်ပြောအုံးဟဲ့၊ ငုတ်တုတ်ကြီး ထိုင်မနေနဲ့''ဟု သူ့သမီးဘက်ကလည်း စစ်ဦးဖြန့်လိုက်သေး၏။

ဤသို့ ယောက်ခမက တိုက်စစ်ဆင်တော့ ကျွန်တော့်ခံစစ်ကား ကျွန်တော် ကျောင်းသား ဘဝက ဘော်ဒါ နေခဲ့သော ဖော်ပြပါ စာသင်ကျောင်းသို့သွား၍ ယောက်ခမ ဒဏ်ကြောင့် စိတ်ညစ်စရာတို့၏ ဆန့်ကျင်ဘက် ဟာသ၊ ဝတ္ထုတွေ အပြင် အထန်ရေးခြင်း။ ရှမဝ ဦးကျော်ဆီက ငွေတွေ အတင်း ဆူဆူပူပူ တောင်းခြင်း။ ယောက်ခမက နားပူလေ ကျွန်တော်က ဦးကျော်ကို နားပူလေ။ ကျွန်တော်က ယောက်ခမဒဏ် ခံရ ဦးကျော်က ကျွန်တော့် ဒဏ်ခံရ။ အဘက ငါ့နိုင်၊ ငါက ကြက်ဖကြီးကို နိုင်ပဲ။

တစ်ခါတစ်ရံမျှား ဦးကျော်က သူ့မှာ တကယ် ငွေမရှိသေး၍ မရှိဘူးပြော။ သည်ကောင်က ဘာရမည်လည်း (သည် လက်စွပ်ဟာ ငွေလုပ်လို့ ဖြစ်တာပေါ့) ဆိုပြီး ဦးကျော်လက်က မြလက်စွပ်ကို အတင်းဖြုတ်ယူတယ်။

သို့မဟုတ် လူချင်း အကပ်မခံဘူးဆိုယင် ညှော်ခန်းထဲက ရေဒီယို မ သွားတယ်ဆိုတာ အခု ရှုမဝတိုက်သားများအားလုံး အသိပါပဲ။

သည်လို ဦးကျော်နဲ့ ကျွန်တော် အရေးအခင်း ဖြစ်နေပြီဆိုလျှင် ဦးကျော် ဇနီးသည်လည်းကောင်း၊ သူ့ယောက်ဖများသည် လည်းကောင်း၊ သားသမီးများသည် လည်းကောင်း၊ ဘာမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုကြ။ နံဘေးမှ ပြုံးစိပြုံးစိနှင့် ကြည့်နေတတ် ကြကုန်သည်။

သူတို့က ဦးကျော်နှင့် ကျွန်တော့်ကို လင်မယားဟု တမုတ်ကြကုန်သည်။

ဦးကျော်နှင့် ကျွန်တော် စိတ်ဆိုးမာန်ဆိုးနှင့် ဆူပူနေကြပြီဆိုလျှင် သူတို့က ''လင်မယား ရန်ဖြစ်နေပြန်ပြီ''ဟု ပြောစမှတ် ပြုကြ၏။ ဦးကျော်၏ အပေါ်တွင် သူ၏ ဘယ်သားသမီးမှ ကျွန်တော့် လောက် နွဲ့ဆိုး ဆိုးခဲ့သူ ရှိမည် မဟုတ်ပေ။

ဦးကျော်ဆီက ကျွန်တော် လိုချင်သောငွေကို ရပြီဆိုလျှင် ဦးကျော်နှင့် ကျွန်တော် ကြေအေး ၏။

ကျွန်တော် ယောက်ခမကြီးနှင့် ကျွန်တော် ကြေအေး၏။

သို့သော် ယခု ဆရာကြီး ရွှေဥဒေါင်း ကျွန်တော့်အိမ်သို့ ရောက်လာသော အချိန်ကား လဆန်းရက်ပဲ။ ဝတ္ထုက မပြီးသေး၍ ယောက်ခမအား ငွေ တစ်ပြားမှ မပေးနိုင်သေးသဖြင့် ယောက်ခမ မုန်တိုင်းထန်နေစဉ် ဆရာကြီးနှင့် တွေ့ရခြင်း ဖြစ်ပေသည်။

ဆရာကြီး၏ တသက်တာ မှတ်တမ်းထဲတွင်၊

အားနာတတ်လွန်းခြင်း

၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇-ရက်နေ့တွင် ကျွန်ုပ်တို့၏ 'မင်းလတ်' သင်္ဘောသည် ရန်ကုန် ဆိပ်ကမ်းသို့ဝင်လေရာ လမ်းခရီးတွင် ခရီးသည်အပြည့်ပါသော နေရာများ ရှိခဲ့သော်လည်း (ထုံးစံပေလောမသိ) ရန်ကုန် ဆိပ်ကမ်းသို့ ရောက်လာသောအခါတွင် ခရီးသည် ၂၀၊ ၂၅ ထက် မများတော့သဖြင့် အချို့က ''အမလေးဟဲ့၊ သင်္ဘောကလဲ တစ္ဆေချောက်မှာတောင် ကြောက်ရတယ်'' ဟု ပြောကြသည်။

အချို့ ခရီးသည်များကား ကမ်းပေါ်မှ လာကြိုသူများအား 'ဘယ်သူရေ၊ ဘယ်ဝါရေ' စသည်ဖြင့် လှမ်းခေါ် နှုတ်ဆက်လျက် ရှိကြရာ ဝန်စည်စလယ်များသော ကျွန်ုပ်တို့မှာ ဘယ်သူ့ ကိုမှ လှမ်းခေါ်ရမည့် သူ မရှိသဖြင့် ဇနီးနှင့် ခယ်မတို့ မျက်နှာငယ်ကြခြင်းအတွက် ကျွန်ုပ် သနားမိသည်။

ဤသို့ ဖြစ်ရခြင်းမှာ ကျွန်ုပ် အမှားကြောင့် ဖြစ်သည်။

ကျွန်ုပ်၏ ဝါသနာတစ်ခုမှာ အခြား လူများကို ဒုက္ခမပေးချင်။ ကိုယ့်ဘာသာကိုယ် သွားတတ်သည်။ ရောက်သောအခါမှ ဝမ်းသာကြပါစေဟု သဘောထားတတ်သောကြောင့် ကြိုတင် အကြောင်းကြားခြင်း မပြုခဲ့မိပေ။

ရန်ကုန်၌ ညီအရင်းနှင့် တပည့် နှစ်ယောက်အပြင် မိတ်ဆွေများလည်း ရှိပါလျက် ကြိုတင် အကြောင်းမကြားမိခြင်းအတွက် (အထူးသဖြင့် ပစ္စည်းများ ပါသောကြောင့်) ဇနီးနှင့် ခယ်မတို့ အားငယ်ရခြင်းမှာ ကျွန်ုပ်အပြစ် ဖြစ်သည်။

ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်တိုင်နိုက်က မျက်နှာမငယ်၊ အားမငယ်တတ်သည်နှင့် အခြား လူများလည်း ဤသို့ဖြစ်ရမည်ဟု မျှောလင့်အားကြီးသည့် အပြစ်မျိုး ဖြစ်နေ၏။ ကိုယ်ချင်းမစာ တတ်သော အပြစ်ဟူ၍ကား ဆိုသင့်သည် မထင်ပါ။ ကျွန်ုပ် တစ်ယောက်တည်း ခရီးသွားသော အခါများတွင်လည်း ကြိုတင် အကြောင်းကြားသည်ဟု အလွန် နည်းပါးသည်။

အထက်ပါစာတွင် ဆရာကြီး၏ 'တပည့်နှစ်ယောက်' ဆိုရာ၌ တစ်ယောက်က ကျွန်တော်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့အား လာရောက် ကြိုစေသော ဒုက္ခလည်းမပေးလို၊ ရုတ်တရက်တွေ့ကာ အံ့သြဝမ်းသာစေလိုသော စေတနာဖြင့် ဆရာကြီးသည် စက်တင်ဘာလ ၇–ရက်နေ့တွင် ရန်ကုန်ရောက်ပြီး နောက်တစ်နေ့မှာ ကျွန်တော့် အိမ်သို့လာခဲ့ခြင်း ဖြစ်ပေသည်။

ဆရာကြီးကို တွေ့လိုက်ရတော့ ကျွန်တော် အမှန်ပဲ အံ့သြဝမ်းသာသွားပါ၏။ မန္တလေးမြို့ ဂုန ္တန်ရပ် ခိုဂိုထောင်အိမ်တွင် ကျွန်တော်တို့အတူ နေခဲ့ကြပြီး ၁၉၄၇–ခုနှစ်၊ နိုဝင်ဘာလမှာ ကျွန်တော် ရန်ကုန်သို့ စာရေးဆရာအဖြစ်နှင့် အပြီးအပိုင် ပြန်လာခဲ့သည် ဖြစ်ပေရာ၊ ဆရာကြီး တို့ကို ကျွန်တော် ခွဲခွာခဲ့သည်မှာ သုံးနှစ်မျှရှိပြီ ဖြစ်ပေရကား။ ယခု ဒေါ်ကြီးစိုးရော မသေးပါ အတူ ပါလာသည်ဆိုလေတော့ ကျွန်တော်သည် ဆရာကြီးတို့ ခေတ္တ တည်းခိုရာ ၄၄ လမ်း၊ ဆရာကြီးညီ ဦးဖေစိန်းတို့နေအိမ်သို့ ဆရာကြီးနှင့်အတူ လိုက်ခဲ့ပါတော့၏။

တွေ့ကြတော့ ဝမ်းသာလိုက်ကြတာ။ ဦးဖေစိန်းတို့ မိသားစုနှင့်လည်း ခေါတန်းကို ကိုဝင်းမောင်၏အိမ်တွင် ၁၉၄၆ ခုနှစ်ကပင် ခင်မင်ခဲ့ကြပြီးဖြစ်၍ ထိုစဉ်က ကလေးရွယ်မျှရှိသေး ကြသော (ဦးဖေစိမ်း–ဒေါ်စောလှတို့၏သား) မောင်သင်းမောင်နှင့် သမီးကြည်ကြည်တို့လည်း ဤ ၁၉၅၀ ခုနှစ်မှာ လူပျိုပေါက်၊ အပျိုပေါက်များ ဖြစ်နေကုန်ကြပြီ။

## ရန်ကုန်သို့ ပြောင်းရွှေ့ခြင်း

၁၉၄၉ ခုနှစ်တွင် လူထုသတင်းစာတိုက်ကို ဒိုင်းနမိုင်း ခွဲခံရ၍ သတင်းစာရပ်ထားရသည်၌ ကျွန်ုပ်သည် ဝတ္ထုအတို အရှည်များရေးခြင်းဖြင့် အသက်မွေးလျက်ရှိရာ တစ်နှစ်ကျော်ခန့်မျှ ကြာသောအခါ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်လိုသော ဆန္ဒပြန်းထန်လာခဲ့ပြန်သည်။ သို့ဖြစ်၍ ဇနီးမစိုးနှင့် ခယ်မ မိသေးပါ ကျွန်ုပ်တို့သုံးယောက်သည် ၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာလ တစ်ရက်နေ့တွင် သင်္ဘောဖြင့် ရန်ကုန်သို့စုန်ဆင်းကြလေ၏။

## ရှုမဝနှင့် အဆက်ဖြတ်ပုံ

ကျွန်ုပ်သည် ရန်ကုန်သို့ မဆင်းမီကတည်းက ကျောက်မြောင်းရပ် သီတာလမ်းတွင် အခန်းတစ်ခန်းရဖို့ ကြိုတင်စီစဉ်ထားပြီးဖြစ်သည်နှင့်အညီညီနှင့် ၎င်း၏ အိမ်သူအိမ်သားများ ကျေနပ် စေရန် သူတို့အိမ်၌ ရက်သတ္တတစ်ပတ်မျှ တည်းခိုပြီးနောက် သီတာလမ်းသို့ ပြောင်းရွှေ့ နေထိုင်ကြ ၏။ ထိုစဉ်က ဝမ်းရေးအတွက် ကျွန်ုပ်တို့အားကိုးမှာ သွေးသောက် မဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာနှင့် ဝတ္ထုရှည်များရေးခြင်းဖြစ်၏။ ရှုမဝမဂ္ဂဇင်းအတွက်မူ ကျွန်ုပ်မရေးတော့ ဟု ဆုံးဖြတ်ထား၏။ မရေးခြင်းမှာ ဤသို့သော အကြောင်းကြောင့်ပေတည်း။ ကျွန်ုပ်သည် ဖိုးကြီးမောင်တိုက်တွန်းချက်အရ ရှုမဝအတွက် တော်လ်စတွိုင်း၏ အင်နာကရင်နီးနား ဝတ္ထုကို စာအုပ်ဆိုက်အရွယ် (**Book Length**) ဘာသာပြန်ပေးပြီး၊ ရှုမဝမဂ္ဂဇင်း၌ ထည့်ကြ၏။ ၎င်းအတွက် အခကြေးငွေရှင်းသောအခါ တင့်တယ်ကို ပေးသည်ဟု ဖိုးကြီးမောင် ပြောသော နှုန်းထက် လျော့နည်းနေခြင်းကိုတွေ့ရ၍ ဘာမျှပြန်မပြော သော်လည်း ရှုမဝအတွက် ဘာမျှမရေး တော့ဟု ဆုံးဖြတ်လိုက်သည်။ ကိုယ်ပိုင်ဉာဏ်နှင့် ရေးကြသော စာမူများအတွက် ဘယ်သူ ဘယ်လောက်ရကြသည်ဖြစ်စေ ကျွန်ုပ် ကိစ္စမရှိပါ။ ဘာသာပြန်ဝတ္ထု အတွက်ဆိုလျှင် မည်သူ့ ထက်မျှ ယုတ်လျော့ပေးခြင်းကို ကျွန်ုပ်လက်ခံနိုင်မည် မဟုတ်ချေ။ သို့ဖြင့် ရှုမဝနှင့် ကျွန်ုပ် ပြတ်သွားသည်မှာ နှစ်အတန်ကြာခဲ့သေးသည်။ ရန်ကုန်၌ရှိစဉ် တိုင်းရင်းမေစသော မဂ္ဂဇင်းမျိုး၌ ပင်လျှင် (သော်တာဆွေ၏ တောင်းပန်မှုကြောင့်) ဘာမဆိုင်ညာမဆိုင် ရေးခဲ့ဖူးသော် လည်း ရှုမဝ အတွက်မူ တစ်ပုဒ်မျှ ကျွန်ုပ်မရေးခဲ့ချေ။ ရှုမဝကိုကျော်သည် ကျွန်ုပ်အပေါ်တွင် ယခု တလော၌ တော်သလောက် ထိုစဉ်က ရော်ခဲ့သည်။ ဤလူကား စာပေသမားနှင့် ပတ်သက်၍

အကဲခတ်ရာတွင် (ကျွန်ုပ်အထင်အားဖြင့်) ''ထင်မိထင်ရာ'' လူတစ်ယောက်ဖြစ်၏။ (ဆရာကြီး၏ တသက်တာ မှတ်တမ်းမှ)

ဤနေရာကား ရှုမဝဦးကျော်ကို အကဲခတ်ရာ၌ ဆရာကြီးနှင့် ကျွန်တော်ကွဲလွဲသွားချေပြီ။ ဆရာကြီးသည် ရှုမဝဦးကျော်ကို ကျွန်တော့်လိုမရင်းနှီး၍ ကျွန်တော့်လောက်မသိနိုင်ပါ။ စင်စစ် ဦးကျော်သည် စာပေကို အကဲခတ်ရာ၌ အင်မတန်လိမ္မာပါးနပ်သူဖြစ်၏။ ဦးကျော်သည် စာအုပ်ထုတ်နေသူ၊ သူ့မဂ္ဂဇင်းများများရောင်းရအောင် ရှုမဝ၏အင်အားသည် ဘယ်စာရေး ဆရာတွေ အပေါ်၌ တည်နေသည်ကို ကောင်းကောင်းကြီး သိသူဖြစ်သည်။

ထိုစဉ်က တင့်တယ်၏ခေတ် အချစ်ဝတ္ထုတွင် တင့်တယ်မှတင့်တယ်။ ''နှုတ်ခမ်းနီ ပါးနီ ကလေးတို့၏ အသည်းစွဲ''ဟူ၍ စာရေးဆရာအချင်းချင်းပင် မနာလိုစိတ်ကလေးနှင့် ပြောနေ ရသော အချိန်ဖြစ်သည်။ ယင်း၌ ဦးကျော်သည် သူ့မဂ္ဂဇင်း၌ ပရိသတ်၏အကဲခတ်၍ လူကြိုက်များသော စာရေးဆရာကို လူကြိုက်များသလောက် ဝတ္ထုခကို ပိုပေးသည်။ လူကြိုက်နည်းလျှင် နည်းသလောက် ပေးသည်။ ဘယ်စာရေးဆရာကို ဘယ်လောက်ပေးသည်ဟူ၍ ထုတ်ဖော်မပြော။ ရှုမဝ၏လျှို့ဝှက်ချက် အနေနှင့်ထားသည်။ ထို့ကြောင့် ကျွန်တော်လည်း ရှုမဝ၌ ဘယ်စာရေးဆရာ ဘယ်လောက်ရသည် ကိုမသိ။ ကျွန်တော့်ဝတ္ထုကို တစ်ပုဒ် ၃၀ဝိ ရသည်ကိုသာ ကျွန်တော် သိပါသည်။

စင်စစ် အမှန်ကိုဆိုရလျှင်လည်း ထိုအချိန်၌ ဆရာကြီး၏ စာရေးသက်အင်အားသည် ဘာသာရေးနှင့် အတွေးအခေါ်ဘက် ရောက်နေ၍ ဝတ္ထုဘက်တွင် တင့်တယ်တို့ ကျွန်တော်တို့ လောက် ပရိသတ်မရှိတော့ချေ။ စစ်ပြီးခေတ်မှ နောက်ပေါက်လူငယ်များဆိုလျှင် ရွှေဥဒေါင်းကို သိပ်မသိချင်တော့ပြီ။ ဆရာကြီးသာလျှင်မဟုတ်။ စစ်မဖြစ်မီက နာမည်ကြီးဒိတ်ဒိတ်ကြီး မဟာဆွေ လည်း ထိုနည်းလည်းကောင်းပင်။ သို့အတွက် ဦးကျော်သည် ဆရာကြီးအား လူကို ကြည်ညိုပါသော် လည်း စီးပွားရေးအားဖြင့်ကား နောက်တက်လူများလောက် မပေးတော့ချေ။ အကြင်စာရေးဆရာသည် မဂ္ဂဇင်း၌ စာဖတ်ပရိသတ်အင်အားကောင်းသည်။ သူ့ကြောင့် မဂ္ဂဇင်း ပို၍ ရောင်းရသည်။ ထို့ကြောင့် သူ့ကိုဝတ္ထုခပိုပေးသည်။ ဤကား ရှုမဝဦးကျော်၏ စာမူခ ပေးသော ဝါဒဖြစ်သည်။

## ဆရာကြီး ခေါင်းမာခြင်း

သို့ရာတွင် 'စာရေး ဆရာကြီးများအား နောက်တက်လူငယ်များလောက် မပေးတော့ချေ' ဆိုသော်လည်း ရှုမဝက၊ ထိုဆရာကြီးများအားပေးသောစာမူခမှာ အခြားမဂ္ဂဇင်းတွေ ထက်တော့ မနည်းချေ။

ဥပမာဗျာ ကဲ၊ ရှင်းရှင်းဆိုကြပါစို့၊ ဆရာကြီး သီတာလမ်းနေစဉ်အခါမှာ (ထိုစဉ်က ဝမ်းရေးအတွက် ကျွန်ုပ်တို့အားကိုးမှာ သွေးသောက်မဂ္ဂဇင်းနှင့် ဟံသာဝတီသတင်းစာအပြင် တိုင်းရင်းမေလို မဂ္ဂဇင်းမျိုး၌ပင် ဘာမဆိုင်ညာမဆိုင် ရေးခဲ့ဖူးသေးသည်။)ဟု ဆရာကြီးက ဆိုထားသည်။ ကဲ၊ စာမူခ ဘယ်လောက်ရပါသနည်း။ ကျွန်တော်သိပါသည်။ ဟံသာဝတီက ဘာသာရေးဆောင်းပါးတစ်ပုဒ် ၂၅ ကျပ်ပါ။ သွေးသောက်မဂ္ဂဇင်း ဝတ္ထုတိုတစ်ပုဒ် ၁၀၀ ကျပ်ပါ။ တိုင်းရင်းမေက ၅၀ ကျပ်ပါ။ ရှုမဝ ဦးကျော်က ခင်ဗျားဆရာကြီးရေးယင် ၁၅၀ ကျပ်ပေးပါမည် ဆိုသည်။ ဒါကို သက်သက် ဟိုဘာသာပြန် အယ်နာကရင်နီးနားဝတ္ထုမှာ တင့်တယ်ထက် သူ့ကို နည်းပေးတာ မကျေနပ်ဘူးဆိုပြီး ရှုမဝမှာ သူမရေးတာဗျ။

ဆရာကြီး ဘယ်လောက်များ ခေါင်းမာလိုက်သည်လည်းဆိုယင် တစ်ခါဗျာ ကမ္ဘာကျော် အမေရိကန်စာရေးဆရာကြီး မတ်(က)တွိန်းရဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ကို မှီးရေးထားတာ ဟာသဝတ္ထုဗျ။ သိပ်ကောင်းတာပဲ၊ ဆရာကြီးပေးထားတာ နာမည်က ‘ဟုတ်မှလဲလုပ်ပါ ကိုယ့်လူရာ’ တဲ့။ ကျွန်တော် အဲသည်စာမူဖတ်ကြည့်တော့ ကြိုက်လွန်းလို့လေ၊ (ဦးကြီး ဒါဘယ် မဂ္ဂဇင်းပို့မှာလဲ)မေးတော့ (တိုင်းရင်းမေ)တဲ့။ (ဟာ၊ တိုင်းရင်းမေနဲ့ မတော်ပါဘူးဦးကြီးရာ၊ နို့ပြီး စာမူခလဲ ၅၀ ထဲပေးမှာ ရှုမဝကိုပေး၊ ရှုမဝက ၁၅၀ ပေးမှာ) (ဟိတ်၊ မင်း ရှုမဝကို ငါမရေးဘူးလို့ ဆုံးဖြတ်ထားတယ်ကွ၊)

ယော်၊ ခက်ပြီ။ ကျွန်တော်ကလည်း သည်ဝတ္ထုလေး ရှုမဝထဲ သိပ်ပါစေချင်တယ်။

''ကဲ၊ ဒါဖြင့် သည်လိုလုပ်ဦးကြီး၊ သည်စာမူကို ကျွန်တော့်ရောင်း၊ ကျွန်တော်က ဦးကြီးကို ၁၅၀ိ ပေးမယ်''

''မင်းက ငါ့စာမူဘာလုပ်မှာလဲ''

''ကျွန်တော့် လေသံပြောင်းပြီး သော်တာဆွေ ဟာသဝတ္ထုဖြစ်အောင် ပြင်ရေးမယ်''

''အဲ၊ သည်လိုဆိုယူလေကွာ''

မူရင်း မတ်(က)တွိန်းရေးထားတာကလည်း သူနဲ့ သူ့ပတ်ပလစ်ရှာပဲ။ ဟိုတယ်ကြီး တစ်ခုမှာ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ချောက်ကျကြတာ၊ ကျွန်တော်ကလည်း ကျွန်တော်နှင့် ရှုမဝဦးကျော်ဇာတ်လိုက်ထားပြီး ‘တစ်လိုမ့်နှစ်လိုမ့်’ ဆိုတဲ့ဝတ္ထု ရေးလိုက်တယ်လေ။

ထိုနည်းလည်းကောင်း၊ နောက်တစ်ပုဒ်ကလည်း ဆရာကြီးက ပီ–ဂျီ–ဝုဒ်ဟောက်ရဲ့ ‘အန်ကယ်ဖရက်နဲ့ သူ့တူပွန်နီ’ ဆိုတဲ့ ဝတ္ထုကို မှီးရေးထားတာ၊ ဦးလေးကြီးက လည်သလောက်၊

သူ့တူက အူတယ် အတယ်လေ။ ဆရာကြီးရေးထားတဲ့ အဲသည် ဝတ္ထုဖတ်ယင်းနဲ့ ပွန်နီနေရာမှာ မြင်သန်းတင့်ကြီး အူပုံအပုံတွေ ကျွန်တော့် မျက်စိထဲ မြင်ယောင်လာတာနဲ့၊

''ဦးကြီး၊ သည်ဝတ္ထု တိုင်းရင်းမေပေးဖို့ပဲ မဟုတ်လား''

(ဆရာကြီးက သွေးသောက်တွက်ဆိုလျှင် ဇော်ဟိတ်တွေသာ ရေးပေးနေသည်။)

''အေးကွ''

''ဒါဖြင့် ကျွန်တော့ပဲပေး''

''မင်းဘာလုပ်မှာလဲ''

''အယင်ဝတ္ထုလိုပဲလေ၊ ရွှေဥဒေါင်းကို သော်တာဆွေလုပ်ပြီး ရှုမဝမှာထည့်မယ်''

''ထိုဝတ္ထုတွင် ဟိုစဉ်က မြသန်းတင့် မဖြစ်သေးသော မြသန်းအားဇာတ်လိုက်လုပ်ပြီး 'မစားရသျှော်စော်' နာမည်ဖြင့် ရှုမဝမှာ ထည့်ခဲ့ပါသည်။ ကျွန်တော်က ရှုမဝမှ ၃၀ဝိ ရတော့ ဆရာကြီးကို ၁၅ဝိ ပေးခြင်း ဖြစ်ပါသည်။

ယင်း 'မစားရသျှော်'နှင့် 'တလိုမ့် နှစ်လိုမ့်' ဝတ္ထုပါသော သော်တာဆွေ၏ ဟာသဝတ္ထုတို ပေါင်းချုပ် အမှတ် (၄) 'ကျွန်တော့် ချစ်ဆွေများနှင့် ကျွန်တော်' ယခုထွက်နေပါပြီ။ သိပ်ကောင်းတယ်၊ သော်တာဆွေ၏ ငယ်မူလက်ရာတွေ၊ ဖတ်ဖို့မမေ့ကြပါနှင့်။ ကြော်ငြာတာပါပဲ ခင်ဗျာ။

## စာဖတ်ပရိသတ် ပြောင်းခြင်း

စင်စစ်ကား စစ်ပြီးခေတ်ကာလတွင် ဆရာကြီးရဲ့ စာဖတ်ပရိသတ်မှာ ဝတ္ထုဖတ်သမားနှင့် ခြားနားလှသော လူကြီးပရိသတ်ဖြစ်ချေပြီ၊ ထို့ကြောင့် ဆရာကြီး၏ တသက်တာမှတ်တမ်း တစ်နေရာတွင်၊

## ဦးညွန့်နှင့် ဦးဆန်နီ

ရန်ကုန်သို့ ပြန်ရောက်၍ သီတာလမ်းမ၌ နေထိုင်ရသည်တွင် ဓမ္မမိတ်ဆွေများ ဖြစ်ကြသည့် ဗြိတိသျှ ဘားမား ဦးညွန့်၊ ပဲရောက် ဦးဆန်နီတို့နှင့် တရားဓမ္မ ဆွေးနွေးရခြင်း၊ သော်တာဆွေ ခေါ်ခဲ့သည် စာရေးဆရာသစ်များ ဖြစ်ကြသည့် သုခ၊ သာဓု၊ သန်းဆွေ၊ မင်းရှင်နောင်၊ ဗန်းမော် တင်အောင် စသော လူငယ်များနှင့် မိတ်ဆွေ ဖြစ်ရခြင်းသည် ကျွန်ုပ်အဖို့ 'အမြွတ်'ဟူ၍ အောက်မေ့ပါသည်။ အထူးသဖြင့် ဦးညွန့်၊ ဦးဆန်နီ (တခါတရံ) ဒဂုံ ကိုလှဖေ စသော ပုဂ္ဂိုလ်များနှင့် တရား ဆွေးနွေးရသည်မှာ အတော် အရသာရှိလှပါသည်။ ဦးညွန့်နှင့် ဦးဆန်နီတို့သည် ကျွန်ုပ်နှင့် သိကျွမ်းရသည်မှာ အတန်ကြာပြီ ဖြစ်သော်လည်း ကျွန်ုပ် အား တရားဓမ္မ၌ လေ့လာ လိုက်စားသူ တစ်ယောက် အနေဖြင့် ယခုမှပင် သိကြ၍ အလွန်တရာ အံ့သြ ဝမ်းသာလျက် ရှိကြ၏။ တနင်္ဂနွေနေ့တိုင်း ဦးညွန့်သည် ကျွန်ုပ်အိမ်သို့ သူ၏ကားကို လွှတ်လေ့ရှိရာ ကျွန်ုပ် ရောက်သွားသောအခါ၌ ဦးဆန်နီ ရောက်လျက် ရှိလေပြီ။ ဦးညွန့်သည် ကျွန်ုပ်တို့အား အခင်းအကျင်းနှင့် အကျွေးအမွေးများမှာ မြန်မာ ဓနရှင်များအနက်တွင် အသားနားဆုံး၊ အသပ်ရပ်ဆုံး၊ ဖိမ်အရှိဆုံးဟု ကျွန်ုပ် အသိအမှတ် ပြုဖူးပါသည်။

## အခြားလူ နှစ်ယောက်

ဆရာကြီး၏ တသက်တာ မှတ်တမ်းထဲတွင် (ကျွန်တော်သိရသမျှ) ဆရာကြီးကို အထူး ကြည်ညိုသူနှစ်ယောက် ပါမလာချေ။ ဆရာကြီးသည် မေ့လျော့လို့ပဲလား။ ရေးကွက်မဝင်၍ပဲ လား။ သို့မဟုတ် ထိုသူများက တိုင်းသိ ပြည်သိများ မဟုတ်၍ မရေးချင်လို့ပဲလား။ ကျွန်တော် မသိပါ။ ကျွန်တော့် စိတ်ထဲတွင်တော့ ဆရာကြီးကို သတိရတိုင်း အမှတ်ထင်ထင်ရှိနေ၍ ရေးသား ဖော်ပြလိုက်ပါသည်။

ဆရာကြီး ကျောက်မြောင်း သီတာလမ်းမ၌ နေစဉ်၊ ကျွန်တော်သည် ဆရာကြီးအိမ်၌ အနေများလေရာ တနေ့သ၌ ဖောင်တော်သီမြို့မှ (အသက် ၃၅ နှင့် ၄၀ ကြား ခန့်မှန်းရသော) ကိုအောင်သိန်းဆိုသူ ရောက်လာကာ ဆရာကြီးအား ရာတန် ငွေစက္ကူ တစ်ရွက်နှင့် ရှိခိုး ကန်တော့လေသည်။

''ဆရာကြီးရေးတဲ့ စုံထောက်ဝတ္ထု စွန့်စားခန်း ဝတ္ထုတွေဖတ်ရတာ ကျွန်တော့်အဖို့ ရဲရင့်ဖို့၊ သတ္တိရှိဖို့၊ သစ္စာတည်ဖို့၊ စဉ်းစား ဆင်ခြင်ဉာဏ်မျိုးစုံ အနှစ်သာရတွေ ရတာပါပဲခင်ဗျာ၊ နောက်ဆုံး အချက်က ကျွန်တော့်အဖို့ အကျိုးအရှိဆုံးကတော့ ဆရာကြီးရေးတဲ့ 'အကြံဉာဏ်ဖြင့် ကြီးပွားရေး'

စာအုပ်ပါပဲ ခင်ဗျာ။ အဲသည် စာအုပ်ထဲက နည်းနာအတိုင်း လိုက်နာကျင့်သုံး လိုက်တာ အခုဆိုယင် ကျွန်တော့်မှာ တိုက်တစ်လုံး ဝယ်နိုင်ပါပြီ။ ဆန်စက်တစ်လုံးငှားပြီး စပါးကြိတ်နေပါပြီ။ မကြာမီ ကျွန်တော့် ရည်မှန်းချက်ပန်းတိုင် ရောက်တော့မှာပဲလို့ ဘယ်ရွေ့ဘယ်မျှ ကန်တော့မယ်လို့ အဓိဋ္ဌာန် ထားပါတယ်''

ကိုအောင်သိန်းသည် ဆရာကြီး ရန်ကုန်မှာရှိစဉ်၌ သူဖော်တော်သီမှလာတိုင်း စားသောက် ဖွယ်ရာတွေနှင့် လာရောက် ကန်တော့ရုံဖြင့် အားမရ။ သူမြို့သို့ တစ်ခါ တစ်ခေါက် လာရောက် တော်မူပါ။ အားရပါးရ ပြုစုစမ်းပါရစေဟု အကြိမ်ကြိမ် တောင်းပန်သည်နှင့် တခါသော် ဒေါ်ကြီးစိုးရော ကျွန်တော်ပါ လိုက်ပါသွားလေရာ ကျွန်တော်တို့မှာ အကြီးအကျယ် ဇိမ်တွေ့ခဲ့ရပါသည်။ ကိုအောင်သိန်း၏ အိမ်မှာ ချစ်တီးတိုက်တစ်လုံးကို ဝယ်ထားခြင်း ဖြစ်ပါသည်။ သူတို့လင်မယားသည် ဆရာကြီးအား ရိုသေစွာ ကျွေးမွေးပြုစုပါသည်။ ကျွန်တော်တို့က ဆင်ဖြူတော်မှီ၍ ကြံစုတ်ခဲ့ရပါသည်။

ယင်းသည်မှ စ၍ ကျွန်တော်နှင့် ဒေါ်ကြီးစိုးသည် အဘနိုင်ငံတော်ကြီး၌ ကိုအောင်သိန်း လို လူမျိုး အများအပြားရှိလျှင် တိုင်းပြည်အဖို့လည်း ကောင်းမည်။ ကျွန်တော်တို့အဖို့လည်း နိပ်မည်ဟု ရိပ်စားမိကြပြီဖြစ်၍၊ နေ့လယ် နေ့ခင် အချိန်များ၌ ဆရာကြီးက သူ့ဘာသာသူ စာရေးစာဖတ် ပြုနေသော်လည်း ကျွန်တော်တို့ သားအမိ နှစ်ယောက်မှာမူ ကိုအောင်သိန်းလို လူမျိုး အလာကိုသာ ငုတ်တုတ်ထိုင်ကာ စောင့်မျှော်လင့်ရှိပါသည်။

## ဟော၊ လာပြီ တစ်ယောက်

တနေ့သော် အခန့်စား မော်တော်ကားကြီး တစ်စီး။ အိမ်ရှေ့ဆိုက်ကပ်ပြီး အဖိုးအို တစ်ယောက် တုတ်ကောက်ကြီးကိုင်၍ အိမ်ဝင်းထဲ ဝင်လာတာ၊

''ဒါ၊ စာရေးဆရာ ရွှေဥဒေါင်းအိမ် ဟုတ်ပါသလား''

ဤအချိန်၌ ဆရာကြီးသည် အတွင်းခန်းထဲမှာ စာရေးနေ၍ ထမင်းစားပြီး ဘာအလုပ်မျှ မရှိသော ဒေါ်ကြီးစိုးနှင့် ကျွန်တော်သာ အိမ်ရှေ့ဘက် မျက်နှာပြုကာ၊ အကန်တော့ လာမည့်သူကို မျှော်နေခိုက်ဖြစ်ရာ သို့သော် ယခု လူကြီးမှာ ဆရာကြီးထက် များစွာကြီးနေ၍ ကျွန်တော်တို့ ရည်မှန်းချက်တော့ ဘယ်နည်းနဲ့မျှ မဖြစ်နိုင်ဟု ကျွန်တော်က စိတ်ပျက်စွာနှင့်ပင်၊

''ဟုတ်ပါတယ် ခင်ဗျာ''ဟု အဖြေ ပေးလိုက်သည်၌ ထိုလူကြီးက ထပ်ဆင့်၍၊

''ဟံသာဝတီ သတင်းစာထဲမှာ ဘာသာရေး ဆောင်းပါးတွေ ရေးနေတဲ့လူ မဟုတ်လား'' ဟု မေးမြန်းလေရာ၊ ဤအခါ၌ ကျွန်တော် မျက်လုံးပြူးလေပြီ။ အကြောင်းမှာ ဤအဖိုးကြီးသည် ဆရာကြီးထက် အသက်များစွာ ကြီးရုံမက လည်ပင်း ပုတီးဆွဲ၊ ဝတ်ဖြူ စင်ကြယ်ကြီးနှင့်ဖြစ်၍ ကျွန်တော့်စိတ်ထဲ ထင်မိသည်မှာ ဆရာကြီး ရေးသော ဘာသာရေးဆောင်းပါးများတွင် (တချို့ မကြိုက်တဲ့လူတွေလည်း ရှိတယ်ကွ ဟု ဆရာကြီး ပြောဖူးသဖြင့်) ယင်းအဖိုးကြီးက အပြစ်တွေ့၍ ကြိမ်းချေတော့သည်။ ဤအဖိုးကြီး၏ အင်္ဂါရုပ်ရည်မှာလည်း ခန့်ခန့်ရန့်ရန့်။ ကားပိုင်နှင့်၊ ဒရိုင်ဘာနှင့် အထက်တန်းစားထဲက ဖြစ်၏။ ထို့ကြောင့် ''အင်း၊ သည်တစ်ခါတော့ တို့ ဆရာကြီး အကန်တော့ မခံရပဲ အအုပ်ခံရတော့မှာလား'' ဟု ထင်မိနေသည်။

သို့သော် ကျွန်တော့်အထင် ပါစင်အောင် လွဲလေစွတကား။ ကျွန်တော့် တသက်တာတွင် အံ့သြခြင်းကြီးမက အံ့သြရလေတော့သည်။

ဖြစ်ပုံမှာ၊ ဆရာကြီး အခန်းထဲက ထွက်လာပြီး မျက်နှာချင်းဆိုင် ထိုင်ကာ သူတို့ချင်း စကား သုံးလေးခွန်းမျှ ပြောရသေးသည်။ ၎င်း အဖိုးကြီးသည် ရုတ်တရက် ကုလားထိုင်ပေါ်မှ ဆင်းတဲ့ကာ ဆရာကြီးခြေကို ဦးတိုက်၍ ရှိခိုးကန်တော့ပါလေတော့၏။

ကျွန်တော်တို့ ဆရာကြီးလည်း အပွဲပွဲ အကန်တော့ ခံခဲ့လေသမျှ သည်ပွဲကျမှ မနေတတ် မထိုင်တတ်ဖြစ်ကာ ကုလားထိုင်ပေါ်မှ ဆင်းရလျက်၊

''ဟာ၊ ဦး၊ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ဦးက ကျွန်တော့်ထက် အသက်များစွာ ကြီးပါလိမ့်မယ်''

သို့သော် ထိုအဖိုးကြီးက ဦးခိုက်နေရာမှ မထ။

''အသက်နဲ့ မဆိုင်ပါဘူး၊ အသက်နဲ့ မဆိုင်ပါဘူး၊ ကျုပ်က ဆရာ့ပညာကို ကန်တော့တာပါ''

သူ ဦးသုံးကြိမ်ချပြီးမှ ပြန်ထတော့သည်။ သူတို့ချင်းအသက်ကို ပြောကြသောအခါက ထို အဖိုးကြီးက ဆရာကြီးထက် ဆယ်နှစ်တိတိ ကြီးနေ၏။

''ကျုပ်၊ ဆရာ့ဆောင်းပါးတွေ ဖတ်ပြီးကတည်းက ကန်တော့ချင်လွန်းလို့ ဆရာ့ကိုစုံစမ်း လိုက်ရတာ၊ မနေ့ကမှ တော်ဝင်တိုက်က လိပ်စာရခဲ့လို့''

ထိုလူကြီးသည် နောက်၌ မကြာမဏ လာ၍ ဆရာကြီးနှင့် တရားဆွေးနွေးသည်။ သူ့အိမ်သို့ ကားနှင့် လာခေါ်ပြီး၊ ဆရာကြီးအား ကျွေးမွေးပြုစုလေ့ရှိရာ ကျွန်တော်က ကပ္ပိယ အဖြစ်နှင့် လိုက်သွားလေ့ရှိပါသည်။ ထိုအဖိုးကြီးသည် လူချမ်းသာ၊ သူ့အိမ်က သော်မဆင်လမ်း ထဲတွင်

နှစ်ထပ်တိုက်ကြီး ဖြစ်ပါသည်။ အိမ်ထောင် ပရိဘောဂတွေ ဖိတ်ဖိတ်တောက်လို့။ သူ့ နာမည် ဦးထွန်းလှိုင်၊ ဆရာကြီးအား သူ့အိမ်သွားတိုင်း တစ်ခါ ကန်တော့လျှင် ရာတန် တစ်ရွက် တစ်ရွက် ကျွန်တော့်လက်ထဲ ထည့်လေ့ရှိပါသည်။

ထို့ကြောင့် ဆရာကြီးက ကျွန်တော့်အား တစ်ကြိမ်မက ပြောခဲ့ဘူးပါသည်။

''ဟေ့၊ ငါ့က သူများ ဝတ္ထုတွေ မှီးရေးရတဲ့ စုံထောက် မောင်စံရှားတွေ၊ စွန့်စားခန်း ဝတ္ထုတွေ ဂုဏ်မယူပါဘူးကွာ၊ ငါ့ကို ချီးမွမ်းချင်ယင် ငါ့ကိုယ်ပိုင်ညဏ်နဲ့ ရေးတဲ့ ဘာသာရေးနဲ့ အတွေးအခေါ် ဆောင်းပါးတွေကိုသာ ဖတ်ကြပါ''တဲ့။

## ဘုရား ဘုရား အာရုံပြုခြင်း

၁၉၅၀ ခုနှစ်၊ စက်တင်ဘာလမှ ၁၉၅၁ ခု၊ မတ်လလောက်အထိ ဆရာကြီး ရွှေဥဒေါင်း နေသွားခဲ့သော ကျောက်မြောင်း သီတာလမ်းက အိမ်ကလေးမှာ ခနိမိုး၊ ဝါးထရန်ကာ၊ သစ်သား (အညံ့စား) ပျဉ်ခင်း၊ လေးပင်၊ သုံးခန်းတန်းလျား၊ လှေကားသုံးထစ်ရှိ ခါးစောင်းလောက်မြင့်သော ဆင်းရဲသားငှား အိမ်မျိုးဖြစ်သည်။ သို့သော် နောက်ဖေး မီးဖိုဆောင်၊ အိမ်ရှေ့ လှေကားဆောင် ထုတ်ထားသဖြင့် ညှော်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း ရှိပေသည်။ ဤသုံးခန်း တန်းလျားတွင် ခေါင်းရင်း ခန်းကအိမ်ရှင်၊ ခြေရင်းခန်းကအခြားအိမ်ငှား၊ နောက်မှရောက်သော ဆရာကြီးတို့က အလယ်ခန်းတွင် နေရသဖြင့် ပြတင်းပေါက် မရှိချေ။ အိမ်လခ နှစ်ဆယ်ကျပ်။

ဤသို့ အိမ်တန်းလျားတွင် အခန်းငှားနေသူတို့မှာ အခြားသူ၏ ခြေရင်းသည် မိမိ၏ ခေါင်းရင်း။ မိမိ၏ ခြေရင်းသည် အခြားသူ၏ ခေါင်းရင်း ဖြစ်နေသဖြင့် 'နတ်၊ ဘုရား၊ ရုပ်တု၊ ရုပ်ပုံများ' ကိုးကွယ်တတ်သူများအဖို့ မိမိ၏ ဘုရားစင် နတ်စင်သည် အခြားသူ၏ ဖိနပ်စင်နှင့် ပါးလွှားသော နံရံလေးသာခြားလျက် ရှိတတ်ပေသည်။

ကျွန်တော်တို့ ဆရာကြီးကား ဘာသာရေးသမားကြီး ဖြစ်သော်လည်း မည်သည့် ရုပ်ထု ရုပ်ပုံကိုမျှ ထားရှိသူ မဟုတ်ချေ။ ယင်း၌ ဆရာကြီးသည် စေတီပုထိုး ဆင်းတုတော်များအား ဦးမချဘူးလားဟု မေးဖွယ်ရှိ၏။ ကျွန်တော် မန္တလေး၌နေစဉ် တစ်နေ့တွင် ဆရာကြီးနှင့် ကျွန်တော် သည် မန္တလေးတောင်ပေါ်သို့ တက်သွားကြ၏။ တောင်ထိပ်သို့ရောက်သော် ကျွန်တော်သည် မိမိ ဘုရားဖူး လာခဲ့တာပဲဟု ရောက်လျှင်ရောက်ချင်း ဆင်းတုတော်ရှေ့မှာ ပဆစ်တုပ်ဦးချ၍ ကိုယ်ရထား သော ဘုရားရှိခိုးကို ရွတ်ဆို၏။ ဘုရား တရားကို ကြည်ညိုလှသော ဆရာကြီးလည်း ကျွန်တော့်လိုပဲ

ပြုလုပ်လိမ်မည်ဟု ထင်မိ၏။ သို့သော် ဆရာကြီးကား ဘာမျှ မလုပ်သေးပဲ အုတ်ခုံပေါ်ထိုင်၍ ဆေးတံသောက်ယင်း ကျွန်တော့်ကို ကြည့်နေ၏။ ကျွန်တော့် စိတ်ထဲတွင် ဤအဖိုးကြီးကား နေ့စဉ် နံနက် အိပ်ရာက ထတိုင်း သူ့ အိပ်ရာခေါင်းရင်းဘက်ရှိခိုး ဝတ်ဖြည့်၍ အချိန်ကြာမြင့်စွာ ဘုရား တရား အာရုံပြုလေ့ ရှိသော်လည်း ဘုရားဆင်းတုတော် တွေတော့ ရှိမခိုး ဟုအောက်မေ့မိ၏။ သို့သော် မဟုတ်ချေတကား။ သူ ဆေးတစ်ဆုံသောက်ပြီး အမောပြေသွားသောအခါ ဘုရားရှေ့မှာ ထိခြင်းငါးပါးဖြင့် ကျနစွာ ဝတ်ဖြည့်ပြီး မိနစ်ပေါင်းများ စွာ အာရုံပြုနေလေ၏။

ပြီးသောအခါ ထိုင်ရာမှ ထ၍ ရေညိုညိုရစ်ကာသန်းသည့် ရွှေမန်းတောင်တော်ပေါ်မှ ရောဝတီမြစ်ပြင်ကို ကြည့်ယင်း ကျွန်တော့်ကို မေး၏။

''မင်း တောင်ပေါ်ရောက်ရောက်ချင်း မောမောပန်းပန်းနဲ့ ဘုရားရှိခိုးလိုက်တာ ဘုရား တရားကိုများ အာရုံပြုလို့ရရဲ့လား''

ဤမေးခွန်းကို ကျွန်တော်အဖြေခက်လှ၏။ စင်စစ် ကျွန်တော်သည် အများသူသူငါငါတို့ လုပ်ရိုးလုပ်စဉ် ဘုရားဖူးလာတယ်၊ ဘုရားရှေ့ရောက်တော့ ရှိခိုးတယ်။ ကိုယ်ရတဲ့ ဘုရားရှိခိုး ရွတ်ဆိုတယ်၊ ကိစ္စပြီးပြီ။ ဒါလောက်ပဲ ကျွန်တော်သိ၍ ဒါလောက်ပဲ ပြုလုပ်ခြင်းဖြစ်တယ်။

သို့သော် ဆရာကြီးကား သူမေးလျှင် ပြန်ဖြေမှကြိုက်သည်ဖြစ်သောကြောင့် ခေါင်းငုံ့၍ မနေသာ။ ကျွန်တော်ကလည်း လိမ်ညာမပြောတတ်၍ ကိုယ့်စိတ်ထဲရှိသည့် အမှန်အတိုင်းပဲ၊

''ဘယ်၊ ဘုရားတရားတွေ ထူးထူးထွေထွေ အာရုံပြုလို့ ရနေနိုင်မလဲဦးကြီးရာ၊ အများလုပ် ရိုးလုပ်စဉ် လုပ်လိုက်ရတာပဲပေါ့''

ဆရာကြီးက ရယ်မောလျက် အင်း၊ အင်း၊ ဟု အာမေဋိတ်သံပြုယင်း ခေါင်းတစ်ချက် နှစ်ချက်ညိတ်ပြီး ဘာမျှ ဆက်မပြောတော့ချေ။

## တောင်ပြုံးပွဲတော်

ဆရာကြီးနှင့် ကျွန်တော်သည် တောင်ပြုံးပွဲတော်ကိုလည်း အတူသွားခဲ့ဘူးကြသေးသည်။ စင်စစ် ဤပွဲမျိုးကို ဆရာကြီးနှင့် ကျွန်တော်နှစ်ယောက်တွဲသွားမိခြင်းသည် ကျွန်တော်၏ မဟာ အမှားပင်။ အကြောင်းမှာ သားအဖအရွယ်မျှရှိသော ကျွန်တော်တို့နှစ်ယောက်အား အမျိုးသမီး

ကြီးငယ်တို့က သူတို့အရွယ်နှင့်လိုက်အောင် နောက်ပြောင် သွားကြသည်များကို။ ကျွန်တော်မှာ နွားကြိုးနှင့်ချည်ပြီးရိုက်သကဲ့သို့ ခံခဲ့ရသည်။

''ဟိုလူကြီး၊ တော်တို့ သားအဖနှစ်ယောက် ကောင်းကောင်း သွားကြနော်၊ စိတ်ချပါရစေ၊ ကျုပ်တော့ သန်းခေါင်ကျော်မှ ပြန်ရောက်မယ်''

''အဘိုးကြီး ဆေးတံနဲ့တုတ်ကောက်တော့ ပျောက်မကျန်ခဲ့စေနဲ့နော်''

''ဟဲ့၊ ငါ့လင်လေး၊ ငါ့ယောက္ခမထီးကြီးကို ကောင်းကောင်း ကြည့်ရှုခေါ်သွားနော်၊ အိမ်ရောက်ယင် အမယ်ကြီးက ပွက်နေအုံးမယ်''

''ဟော၊ အလို၊ တော်တို့သားအဖနှစ်ယောက်က သည်ရောက်နှင့်နေကြတာကို၊ ကျုပ်လိုက်ရှာလိုက်ရတာ၊ လာခဲ့ လာခဲ့၊ နှစ်ယောက်စလုံးတုတ်ကောက်ခဲ့၊ အဘိုးကြီးတော့ သူ့တုန်နဲ့ သူပြန်ချရမယ်''

စသည်ဖြင့် လမ်းလျှောက်နေကြသော ကျွန်တော်တို့ နှစ်ယောက်အား ကားနှင့်လည်းကောင်း၊ ဒုန်းမောင်းသွားသော နွားလှည်းဖြင့်လည်းကောင်း ဖြတ်ကျော်သွားကြသော် အမျိုးသမီးများက နောင်ပြောင်သွားကြကုန်သည်။ ဆရာကြီးကား မန္တလေးသားပဲ။ သူငယ်စဉ်ကပင် ဒါမျိုးတွေ တွေ့ဖူးကြုံဖူးခဲ့ပြီဖြစ်၍ ရိုးနေပေမည်။ ကျွန်တော့်အဖို့ကား ပထမဦးဆုံး အကြိမ်ဖြစ်၍ ကြက်သီးမွေးညင်းထလှပါ၏။ သည်ဟာမတွေ ပြန်တွယ်ချင်လှပါ၏။ ဣန္ဒြေသမ္ပတ္တိကြီးနှင့်ရှိနေသော ဆရာကြီးကို ကြောက်၍ နှုတ်ပိတ်နေခဲ့ရပါ၏။

စင်စစ် ဤပွဲကား ထီးဘုရင်အုပ်ချုပ်မင်းလုပ်ခဲ့၍ သာသနာရောင်ဝါ ရွှန်းရွှန်းဖြစ်သည့် ရတနာပုံ မြို့တော်သူတို့ မြို့တော်သားတို့မှာ အစဉ်ထာဝရ ကိုယ်ကျင့်သိက္ခာကြီးမားစွာနေကြရသဖြင့် စိတ်အညောင်းဖြေစေသော ပွဲတော်ကြီးဟု ဆိုရကောင်းအံ့သင်သည်။ စတင် ပျော်ရွှင်သည့် နယ်မြေမှာ ဈေးချိုကထွက်၍ နန်းတော်ကျုံးဘက် ရောက်လျှင်ပင်၊ လမ်းတွေ တွေ့သမျှ လူများကိုသာမက သူ့အိမ်ဝသူ ရပ်နေသူများကိုပါ အရွယ်လိုက်၍ ငါ့မယား၊ ငါ့ယောက်ခမ၊ ငါ့ယောက်ဖ စသည်ဖြင့် စိတ်ထဲထင်ရာ တွေ့ကရာလျှောက်အော် သွားကြပါကုန် သည်။

မရောက်ဖူးသေးသော အရပ်ဒေသ သည်လည်းကောင်း၊ မကြုံဖူးသေးသော ပွဲတစ်ခုခုသည် လည်းကောင်း၊ ပထမဦးဆုံးအကြိမ်သည် စိတ်ထဲမှာ အတွေ့ထိဆုံး ဖြစ်ပေရကား၊ ထိုနေ့ ဆရာကြီးနှင့် ကျွန်တော်အိမ်ပြန်ရောက်ခဲ့ကြပြီး၊ နောက်တစ်နေ့ နံနက်မှာ ကဗျာတစ်ပုဒ် ကို ကျွန်တော် ရေးဖြစ်သွားပါသည်။

မောင်တို့ တောင်ပြုံး

ဟေး အပျိုလုလု ငါ့မိန်းမ၊ ယောက္ခမကြီးလား၊ ယောက်ဖလားတဲ့(ကြည့်စမ်း) ဘယ်နှယ့် ဘယ်လို ဆိုချင်ရာဆို ပျိုပျိုအိုအို၊ ဖိုဖိုမမ၊ ဘာမျှမထောက်၊ တဘက်သား လက်ဖျားနဲ့မထိရှုံ ဝိုင်းအုံလို့နောက်ကြ၊ ကြောက်စရာသည်လူတွေ၊ မိတ်ဆွေကြုံဖူးရဲ့လား၊ အဲသည်များ တစ်ခါ တစ်ခေါက်ရောက်ဖူးအောင် သွားပါလား၊ အမူသမားတို့ ပျော်ရွှင်ရာ ယှဉ်မသာ ခေါင်အဆုံး၊ တောင်ပြုံးဆိုတဲ့ပွဲတော်လေ။

မန္တလာ မြောက်ညာစခန်းမှာပေါ့၊

တရံတခါ ရောက်လာစမ်းပါတော့

နတ်နန်းစံ နောင်ညီမင်းမှာဖြင့်

ပွဲခင်း အလွန်စည်လှ

နှုတ်ဝစီ ထင်ရာယမ်းစေငဲ့၊

ဆန်းပါဘိ သည်ချိန်ခါ။

'မိုးလဝါခေါင်၊ ရေဖောင်ဖောင်၊ လရောင်ထွန်းပြ၊ ရှစ်ရက်မှသည် လပြည့်ကျော် တစ်ရက်အထိ သွားလို့သာကြည့်ကြရော့၊ သတိဖြင့်ထား၊ လင်နှင့်မယား၊ အတူသွားလို့၊ မယားချောလျှင်၊ လင်ကိုမထောက်၊ ရှေ့မျက်မှောက်ပင်၊ ငေါက်ငေါက်လက်ညှိုး၊ တည့်တည့်ထိုးပြီး၊ 'မယားခိုး'လို့ ဆိုချင်ဆိုမည်။ အပျိုရည်ချောမော သဘောတွေ့ကြယင်ဖြင့် ရှေ့နောက်ဝိုင်းညှပ်၊ မသွားတတ်အောင်၊ ပါးစပ်ကယမ်း၊ နှုတ်ကကြမ်းပါဘိသနဲ့။

မကြားချင်လျှင်၊ နားပင်ပိတ်ကြတော့၊

တစ်ပါးခင်ကို၊ စကားတင်လို့ချိတ်ပေမယ့်၊

နိပ်လှသူ ကညာပျိုရဲ့

ဘဇာကို ဘယ်လိုတုံ့မယ်လဲ

ခေါင်းငုံ၍မနေသာ။

''ဟဲ့၊ နင်လားငါ့လင်၊ ဟင်၊ ကလေးတွေလား၊ အိမ်မှာထားခဲ့၊ ခွေးစားကုန်ပြီ'' ခပ်တည်တည်နှင့်၊ မထီမဲ့မြင် ခွန်တုံ့သာတင်ပေရော့၊ သည်တော့မှ ဂဇော်မောင်တွေ အပျော်ရောင် ဟဒသမြူးလို့၊ တစ်ဌာန ကူးကြပေလိမ့်။

တစ်နှစ်မှာ တစ်ခါနွှဲကြပါတဲ့

ချစ်စရာ မဟာပွဲပေမို့၊

ပြစ်အနာ မရှာပဲလေတော့

စိတ်ထဲ ထင်မြင်ရာဖြင့်

ရွှင်ရွှင်သာ အပြိုင်ပြောရှာကြ၊

သောပါဘိ သည်နေရာ

စည်ပါဘိ အံ့မခန်း။

ကုန်းလမ်းရေလမ်း တရကြမ်း၊ အယမ်းပွတ်သိပ်၊ မန္တလာ ဖေယျာနှစ်ပြေသာက၊ လာကြတဲ့လူတွေ ကြိတ်ကြိတ်ခဲလို့၊ နတ်ပွဲမှာကလိုက၊ ခုန်လိုခုန်၊ ပျော်မျိုးကစုံပါဘိ၊ မျက်နှာသိရော မသိသူရော ပြောချင်ရာပြော၊ သဘောရှိခေါ်၊ ပျော်တာသာ ပဓာန၊ နောင်ခါမှ မေ့ပစ်လိုက်၊

အမှတ် မထားကြနဲ့ဗျ၊

နတ်နှစ်ပါး အလိုရှိင်လို့

မငြိုငြင် ခွင့်တော်ပေးစည်ဖြင့်

ကိုယ်ထင်ရာ ဖွင့်အော်လို့ ‘အေး’နိုင်ရဲ့

ပျို့ထွေးကို ပြီချင်ပြီတော့

မယ်ကြည်လျှင် မောင့်ကိုပြုံးပေလိမ်၊

မယ်မုန်းသော် ဗွေမယူဘူး၊

သို့တမူ သည်ဓလေ့ကိုဖြင့်

နေရပ်ထံ ပြန်လို့တွေ့တဲ့အခါ၊

မေ့ကြစတမ်း။

ဤကဗျာကို ဆရာကြီးအားပြသောအခါ ဆရာကြီးသည် တပြုံးပြုံးနှင့်ဖတ်ကြည့်ပြီး၊

''အောင်မယ်၊ ကိုယ့်လူ တယ်ဟုတ်ပါလားဟေ့၊ ဇော်ဂျီ့ လက်သံမျိုးပဲကွ''

''ကျွန်တော် ဆရာဇော်ဂျီပုံစံယူရေးတာပါ''

## ဦးခင်မောင် (ဖျူဟာခင်)

ဆရာကြီး၏ ‘တသက်တာ မှတ်တမ်း’စာအုပ်တွင် သူနှင့်ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေ သူငယ်ချင်းများအကြောင်း ပါခဲ့လေရာ၊ ယင်းလူများအနက် ကျွန်တော်နှင့်ပါ တွေ့ဆုံခင်မင် လိုက်ရသူမှာ ဦးခင်မောင်ဖြစ်ပါ၏။

ဆရာကြီး ကျောက်မြောင်း သီတာလမ်းမှာနေစဉ် တစ်ခုသော နေ့လယ်ခင်းမှာ ဆရာကြီးနှင့် ကျွန်တော် ရှုမဝသို့လာဃင်း ဗိုလ်ချုပ်ဈေးထဲလျှောက်နေစဉ် သူ့အရပ်သည် ဆရာကြီး၏ ပခုံးလောက်ပဲရှိသော လူပုပုညှက်ညှက် တစ်ယောက်သည် မျက်နှာချင်းဆိုင်လာရာမှ သူကအယင်မြင်၍ ဆရာကြီးကို ပြေးဖက်လျက်၊ အလွန်ဝမ်းသာ လှိုက်လှဲစွာနှင့်၊

''ဟာ၊ မောင်ဖေသိန်း၊ မောင်ဖေသိန်း''

ဆရာကြီးကလည်း ရုတ်တရက် အံ့အားသင့်လျက်၊ သူ့ပခုံးအောက်က လူကိုငုံ့ကြည့်ယင်း၊

''အာ၊ ကိုခင်မောင်၊ ကိုခင်မောင်၊ ခင်ဗျား ခု ဘယ်မှာနေလဲဗျ''

''ကျောက်မြောင်းမှာ၊ ကိုယ့်လူကော''

''ကျုပ်လဲ ကျောက်မြောင်းမှာပဲ၊ ရောက်တာသိပ်မကြာသေးဘူး''

ထိုနောက် တစ်ယောက် တစ်ယောက် နေသောလမ်းနှင့် အိမ်နံပါတ်ကိုပြောကြရာ နေအိမ်ချင်း တယ်မဝေးလှချေ။

ထို့ကြောင့် ဆရာကြီး၏ တသက်တာမှတ်တမ်း (သုံးအုပ်တွဲ) စာမျက်နှာ ၆၁၄ တွင်၊

ရန်ကုန်သို့ပြန်ရောက်၍ သီတာလမ်း၌ နေရသည်တွင်၊ နှစ်ပေါင်း အတန်ကြာမျှ ကွဲကွာ နေရသော 'ရင်ဘတ် မိတ်ဆွေ' ကိုခင်မောင်နှင့် ပြန်လည် ဆုံဆည်းခွင့်ရပြီး၊ နံနက်တိုင်း အတူ လမ်းလျှောက်ရခြင်းသည် ကျွန်ုပ်အဖို့ အမြတ်ဟူ၍ အောက်မေ့ ပါသည် ဟု ရေးထားပေသည်။

ထိုအချိန်က အသက် ၆၁ နှစ် ရှိပြီဖြစ်သော ဆရာကြီးနှင့် (ယခု ဤစာရေးသူ အသက်ပေါ့၊) သူ့အား မင်းနှင့်ငါ ပြောလောက်အောင် ဆရာကြီးထက် အသက်ကြီးသော လူပုညှက်ကလေး ဦးခင်မောင်သည် တစ်ယောက်နှင့် တစ်ယောက်အားရအောင် ပွေ့ဖက် နှုတ်ဆက်ကြပြီးနောက်၊ ဆရာကြီးက ကျွန်တော့်ကို ညွှန်ပြ၍၊

''သည်မှာ ကိုခင်မောင်၊ ဒါ ကျုပ်တပည့် စာရေးဆရာ သော်တာဆွေလေ၊ ခင်ဗျား သူ့ဝတ္ထုတွေများ ဖတ်ဖူးမလား မသိဘူး''

ဦးခင်မောင်သည် ရုတ်တရက်ပဲ လှိုက်လှိုက်လှဲလှဲရှိလှစွာနှင့်၊

''ဟာ၊ သော်တာဆွေ၊ သူ့ဟာသဝတ္ထုတွေ ကိုယ် သိပ်ကြိုက်တာပေါ့ကွာ၊ ရှုမဝမှာ လက်မလွတ်တမ်းဖတ်တာပေါ့''

ပြောယင်း ကျွန်တော့်ကို လက်ကမ်းပေး၏။

''ဟော့၊ ကိုခင်မောင်လဲ ဟိုတုန်းက ဗျူဟာခင်နာမည်နဲ့ စုံထောက်ဝတ္ထုတွေ ရေးခဲ့တယ်ကွ''

ကျွန်တော်လည်း ချက်ချင်း သတိရ၍ အလွန်ဝမ်းသာသွားကာ၊

''ဟာ၊ ဗျူဟာခင်၊ စုံထောက် ဒေါက်တာသောင်းထိုက် ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်တည်းနဲ့ ပျောက်သွားတဲ့ ဗျူဟာခင်ကို ကျွန်တော် စုံထောက်နေတာ ခုမှတွေ့ရသဗျာ''

တစ်ယောက်တစ်ယောက် စိတ်ပါလက်ပါလက်ဆွဲနှုတ်ဆက်ကြပြီး ဦးခင်မောင်နှင့် ကျွန်တော်လည်း တစ်ခါတည်း ရင်းနှီးခင်မင်သွားကြလေ၏။

''ကဲ၊ ကိုယ့်လူတို့ အခုဘယ်ကလာလို့ ဘယ်သွားကြမလို့လဲ''

မိတ်ဆွေပွဲ ပြီးသောအခါ ဦးခင်မောင်က စကားဆက်၏။ ဆရာကြီးက၊

''ရှုမဝကလာခဲ့ကြတယ်၊ အိမ်ပြန်ဖို့ ရှိတော့တယ်''

''ဒါဖြင့် ကိုယ့်အိမ်အယင်လိုက်ခဲ့ကွာ၊ နောက်မှ မောင်ဖေသိန်းအိမ် ကိုယ်လိုက်ခဲ့မယ်၊ ကိုယ့်မိန်းမတော့ ခုနှယ် မောင်ဖေသိန်းတွေ့လိုက်ရယင် သိပ်ဝမ်းသာမှာပဲ''

''မစိုးလဲ ခင်ဗျားတွေ့ရယင် ဝမ်းသာမှာပဲဗျ''ဟု ဆရာကြီးက ပြန်ပြောပြီး၊ ကျွန်တော်တို့ သုံးယောက်သား ဗိုလ်ချုပ်ဈေးမှ ထွက်ခဲ့ကြလေ၏။

ဤနေရာ၌ ဆရာကြီးနှင့် ဦးခင်မောင်ဆက်ဆံရေးကို အတိတ်သို့ ပြန်၍ကြည့်ကြ ရအောင်။

ဆရာကြီး၏ တသက်တာမှတ်တမ်းတွင် ဦးခင်မောင်အား ရှေ့ပိုင်းတွင် ကိုခင်မောင်တင့် ဟု ရေးခဲ့သည်။ နောက်ပိုင်းမှာ ကိုခင်မောင်ဟုဖြစ်လေရာ တစ်ဦးစီဟု ထင်စရာရှိနေသည်။ သို့သော် တစ်ယောက်တည်းပါ။ ကျွန်တော်လူကိုယ်တိုင် တွေ့ဆုံခင်မင်ခဲ့ရပါသည်။ ယင်း ဦးခင်မောင်တင့် သို့မဟုတ် ဦးခင်မောင်သည် မြန်မာပြည်တွင် 'ဂျာနယ်' ဆိုသည်ကို ပထမဦးဆုံး စတင် ထုတ်ဝေခဲ့သူဖြစ်သည်။ ထို့ကြောင့် သူ့အကြောင်းကို ကျွန်တော်တို့သိသင့်သည်။ ဆရာကြီး ရေးခဲ့သည်နှင့် ကျွန်တော်သိသမျှ ဖော်ပြပါမည်။

ရန်ကြီးအောင် ဝတ္ထု၊ ရတနာပုံ ဝတ္ထု၊ ရူပနန္ဒီ ဝတ္ထု၊ စုံထောက် မောင်စံရှား ဝတ္ထု၊ ရတနာပူရ ဝတ္ထု စသည်များကို ရေးသားပြီးသော အခါတွင် ရွှေဥဒေါင်းဟူသော အမည်မှာ အတော် တက်လာခဲ့ပါလေပြီ။ ထိုစဉ်ကမူ ဝတ္ထုဘက်တွင် ပီမိုးနင်းနှင့် ကျွန်ုပ်အပြင် ထင်ထင်ရှားရှား မထွက်ပေါ်သေးသည်ဖြစ်၍ ဂုဏ်ယူလောက်အောင် မရှိလှပါ။ ရေးသမျှ ဝတ္ထုများ ရောင်း၍ စွံရုံလောက်သာ ရှိကြပါ၏။ သို့သော် ကျွန်ုပ်ရရှိသော 'မူပိုင်'တန်ဖိုးငွေမှာ မနည်းလှပါ။ ဥပမာ

ရတနာပူရ ဝတ္ထုအတွက် သူရိယတိုက်မှ ခြောက်ရာကျော်ထက် မနည်းသော တန်ဖိုး ရှိသောကြောင့် တော်တော်ဟန်သည်ဟု ဆိုနိုင်လောက်ပါ၏။ ထိုအချိန်တွင် လယ်ယာစိုက်ပျိုးရေးဘက်၌ မိတ်ဆွေဖြစ်ခဲ့သော ကိုခင်မောင်တင့်မှာ ရန်ကုန်မြို့ ကုန်သည်လမ်း တွင် ဘားမားဟောက်စ် (Burma House) အမည်နှင့် မြန်မာဖြစ် သစ်သား ပန်းပု၊ ဆင်စွယ် ပန်းပု၊ ငွေထည်၊ ယွန်းထည် စသောပစ္စည်းများကို နိုင်ငံခြားခရီးသည်များသို့ ရောင်းသည့် ဆိုင်တစ်ဆိုင် ဖွင့်လှစ်၍အတော် တွင်ကျယ်စွာရောင်းချလျက် ရှိ၏။ ကိုခင်မောင်တင့်နှင့် ကျွန်ုပ် သည် မြန်မာ့ဗျူဟာ ဂျာနယ်ခေါ် ရက်သတ္တပတ်စဉ်ထုတ် စာစောင်ကို ထုတ်ဝေခဲ့ရာ မြန်မာပြည်တွင် ပထမဦးဆုံး 'ဂျာနယ်' ဖြစ်လေသည်။ ၎င်းဂျာနယ်မှာ တစ်စောင် တစ်မတ် ရောင်းရ၍ ပန်းရောင် မျက်နှာဖုံးရှိလေရာ ဂျာနယ်ထွက်သော စနေနေ့များ၌ စာရေးစာချီများ၏ လက်တွင် တစ်အုပ်စီကိုင်လာကြသဖြင့် တစ်မြို့လုံး နီးပါး မြင်ရခြင်းမှာ လုံးဝတာဝန်ယူကာ စတင် စီစဉ် ထုတ်ဝေရသော ကျွန်ုပ်အဖို့အရာ၌ ကြည်နူးအားတက်ဖွယ် ကောင်းလှပါပေသည်။ ၎င်းဂျာနယ်မှာ ကိုခင်မောင်တင့်က ငွေစိုက်၍ ကျွန်ုပ်ကလုပ် အားလုံးအတွက် တာဝန်ခံ ဖြစ်လေသည်။

မြန်မာ့ဗျူဟာဂျာနယ်မှာ ပထမဦးဆုံး ဂျာနယ်ဖြစ်၍ ပရိသတ် အားပေးခြင်းကို ခံယူရရှိပါ လျက်၊ သတ်တမ်းမရှိရခြင်းမှာ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်နှစ်ယောက်စလုံး၏ ပျော့ညံ့ နုံချာမှု ကြောင့် ဖြစ်လေသည်။ ကျွန်ုပ်အဖို့ရာ၌ စိတ်ကူးဘက်တွင် လည်းကောင်း၊ အရေးအသားဘက် တွင် လည်းကောင်း၊ မညံ့လှသော်လည်း အလုပ်တစ်ခုကို တာဝန်ယူချင်သည့် လေးစားမှု မရှိခြင်း။ ကိုခင်မောင်တင့်ဘက်၌ မြန်မြန် သဌေးဖြစ်ချင်ခြင်းတည်းဟူသော ချွတ်ယွင်းချက် တို့ကြောင့် ဂျာနယ်ကလေး ပျက်ရခြင်းအတွက် ကျွန်ုပ် နှမြောလှသည်။

ထို့နောက် ယဉ်ယဉ်ကလေး ဖျက်ဆီးခြင်း ခေါင်းစဉ်နှင့် ဆရာကြီး ရေးထားသည်မှာ လည်း၊

ကိုခင်မောင်တင်နှင့် 'ဘက်' ရ၍ အတူတကွ ပျော်ပျော်နေခဲ့ကြပါတော့သည်။ သို့ရာတွင် ကျွန်ုပ်တို့ ပျော်ခြင်းမှာ ဟိုတယ်တစ်ခုမှ တစ်ခုသို့ပြောင်းပြီး ဘိလိယက် ထိုးယင်း ဘီယာသောက်ကြခြင်းမျှ ဖြစ်ပါသည်။ ဘိလိယက်ထိုးခြင်း၊ ဘီယာသောက် ခြင်းတို့သည် အပြစ်ကြီးများမဟုတ်သော်လည်း စုပေါင်းလိုက်သည့် အခါ၌မူ ပျော်သည် ထက် ပျော်ချင်သော စိတ်မျိုး တစ်နေ့ တစ်ခြား ပြင်းထန်လာ၍ ယဉ်ယဉ်လေးနှင့် လူကို ဖျက်ဆီးသော ပျော်နည်းမျိုးဟူ၍ ကျွန်ုပ် မှတ်ချက်ချ လိုက်သည်၊ အခြားလူများအတွက် မပြောတတ်။ ကျွန်ုပ်နှင့် ကိုခင်မောင်တင့်တို့မှာမူ ဤအတွက်ကြောင့် အတော် ဒဏ်ခံလိုက်ရပါသည်။ ဒဏ်ဟူသည်မှာ အခြားမဟုတ်။ အိုးနှင့် ဆန် မတန်လောက်

အောင် ပိုက်ဆံကုန်ကျရခြင်းပင် ဖြစ်ပါ၏။ ကျွန်ုပ်မှာ ထိုစဉ်က လခနှင့် ဝတ္ထုရေးခြင်းအတွက် စုစုပေါင်းငွေ နှစ်ရာကျော် ရရှိပါလျက်၊ (ငွေ နှစ်ရာသည် ထိုခေတ်၌ အတော်ကြီးအရာရောက်သည်) ညတိုင်း ငါးကျပ်၊ တစ်ဆယ် သုံးဖြုန်းချင်သည့်အတွက် အဘယ်မှာ ချောင်ချိန်နိုင်ပါအံ့နည်း။ ကျွန်ုပ်တို့၏ အဖြစ်ကား အခြားမဟုတ် လခ တစ်ထောက်ကျော်ရသော အင်္ဂလိပ် အရာရှိကြီးများ၏ ပျော်ပါးနည်းကို ဘိလပ်ပြန် ဆရာ ခင်မောင်တင့်၏လမ်းပြခြင်းအရာ သွားရည်ကျ၍ အတုခိုးမိခြင်းပင် ဖြစ်လေသည်။

အထက်ပါများကို ဆရာကြီး၏ စာအုပ်ထဲမှ ကျွန်တော်ကူးယူ ဖော်ပြသည်မှာ ထိုလူကြီးနှစ်ယောက်၏ ရှေး အင်္ဂလိပ်ခေတ်က လူတန်းစား အခြေအနေနှင့် ကျွန်တော်တွေ့ရသော ၁၉၅၀–၅၁ ခုနှစ်က အခြေအနေကို နှိုင်းယှဉ် ဖော်ပြလို၍ ဖြစ်ပါသည်။

ကဲ၊ ကျွန်တော့ ကိုယ်တွေ့ကို ပြန်ဆက်မည်။ ကျွန်တော်တို့ ဗိုလ်ချုပ်ဈေးထဲမှ ထွက်ခဲ့ကြသောအခါ၊ ဦးခင်မောင်က ရှေ့ဆောင်၍ ကျောက်မြောင်းသို့ သွားသော ဘတ်စ် ကားကို စီးခဲ့ကြသည်။

## ချက်အရက်နှင့် ဝက်အူချောင်း

ဦးခင်မောင် အိမ်သို့ ရောက်ကြသောအခါ၊ ဆရာကြီးနှင့် ဦးခင်မောင်ကတော်သည် လိုက်လိုက်လဲလဲနှုတ်ဆက်ကြပြီးနောက် ဦးခင်မောင်သည် မီးဖိုဆောင်ထဲမှ သူ ယခု ချက်ချင်းပဲ ဆီပူတိုက်လာခဲ့သော ဝက်အူချောင်းလေး သုံးချောင်းနှင့်ချက်အရက် ပုလင်းဝက်ကို ယူလာပြီး ဆရာကြီးအား၊

''မောင်ဖေသိန်းရေ၊ ကိုယ့် အခု အခြေအနေကတော့ ဒါပဲကွာ'' ဟု သူ့မျက်နှာက မချိပြုံးနှင့် ပြော၍ ညှော်ဝတ်ပြုပါသည်။

ဆရာကြီး ရွှေဥဒေါင်းမှာကော ထိုအချိန်၌ သူနှင့် ဘာထူးသည်တုန်း။ တပည့်တပန်းများက ဝတ်ပြုမှသာ ဟိုတယ်၌ အရက်ကောင်းများ သောက်နိုင်၍၊ သူ့အိမ်၌မူ ချက်အရက်ပဲပုံမှန် မှီဝဲနေစဉ် ဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီးကလည်း လောကဓံကို ကြံ့ကြံ့ခံ ရမည် ဟူသော အမူအရာနှင့်၊

''ကျုပ်လဲသည့်လိုပါပဲဗျာ'' ဟု ပြောပြီးနောက် ဟိုယခင်က ဟိုတယ်စဉ်လျှောက်၍ ဘိလိယက်ထိုးယင်း ဘီယာသောက်ခဲ့ကြသော ဆရာကြီးနှစ်ယောက်သည် ချက်အရက်နှင့် ဝက်အူချောင်းကလေးကို တမြုံ့မြုံ့ တွယ်ယင်း ယခု သူတို့၏လက်ရှိ အခြေအနေကို ပြောဆို နေကြလေ၏။

ထိုအချိန်တွင် ဦးခင်မောင်မှာ ဘာအလုပ် ဘာဝင်ငွေမျှမရှိ။ တစ်ဦးတည်းသော သား၏အိမ်မှာ မှီခိုနေရခြင်းဖြစ်သည်။ သား၏လခမှာလည်း အကြီးစားထဲက မဟုတ်မူ၍ သိပ်ပြီး ချောင်ချောင် လည်လည်ကြီး မရှိကြ။

စင်စစ် ဦးခင်မောင် အကြောင်း ကျွန်တော် နောက်၌သိရသည်မှာ မွေးဇာတာ ကောင်းလှ၍ အိုဇာတာ ညံ့ဖျင်းလှသူ ဖြစ်သည်။

## ဘိလပ်ပြန် ခင်မောင်တင့်

သူသည် ငယ်စဉ်က အင်္ဂလန်သို့ ပညာသင်သွားခဲ့ရ၏။ ရန်ကုန် တက္ကသိုလ်မှ ဒီဂရီများရ၍ နောက်ထပ်နိုင်ငံခြား ဘွဲ့ထူးယူရန် အစိုးရစရိတ်နှင့် သွားရသည် မဟုတ်ပါချေ။ သူ့ မိဘများက ချမ်းသာလှသဖြင့် သူ ငယ်စဉ်ကလေးကပင် ရှမ်းစော်ဘွား၏ သားများကဲ့သို့ အင်္ဂလန်သို့ ပညာသင်ပို့ထားခြင်း ဖြစ်ပေသည်။ (စပ်ရွှေသိုက်နှင့် ကျောင်းနေဘက် ဖြစ်သည်) သို့သော် သူသည် ဘာဘွဲ့ထူးမျှ မရခဲ့ချေ။ အကြောင်းမှာ သူ့ပညာကို လမ်းဆုံးအောင် မသင်ရမီ သူ့မိဘများ စီးပွား ပျက်သဖြင့် တစ်ပိုင်း တစ်စနှင့် မြန်မာပြည်သို့ ပြန်လာခဲ့ရသည်။

သို့နှင့် သူသည် ကမ္ဘာ့ ဗဟုသုတရခဲ့၍ ဆရာကြီး မှတ်တမ်းတွင် ဖော်ပြခဲ့သည့်အတိုင်း၊ နိုင်ငံခြားသားများကိုရောင်းရန် သစ်သားပန်းပု၊ ဆင်စွယ်ပန်းပု၊ ငွေထည် ယွန်းထည်စသော ပစ္စည်းများနှင့် ဘားမားဟောက်စ် ကြာမေ ံသကျုန ဆိုင်ကို ဖွင့်သည်။ ဤတွင် စီးပွားဖြစ်ထွန်း၍ သူသည် စာပေလည်း ဝါသနာ ပါသူဖြစ်သဖြင့် မြန်မာဗျူဟာ ဂျာနယ်ကို ဆရာကြီးနှင့်အတူ ထုတ်ခဲ့သည်။

ထိုကြောင့် သူ့ကလောင်နာမည် 'ဗျူဟာခင်' ဟု ယူခဲ့သည်။ ဤဗျူဟာခင်ကို ဘယ်မှာမှ ရှာမတွေ့ရသဖြင့် ဆရာကြီးအား ကျွန်တော် မေးကြည့်သောအခါ၊

''ဟာ၊ သူက ဖြစ်မြောက်အောင် ရေးတတ်တာ မဟုတ်ဖူးကွာ၊ အဲသည် ဒေါက်တာ သောင်းထိုက် ဝတ္ထုတွေက ငါရေးပေးရတာတွေကွ''

အင်း။ ဒါကြောင့်ကိုး။

စင်စစ် ဦးခင်မောင်သည် အင်္ဂလိပ်စာ ကျွမ်းကျင်စွာ တတ်ပါသော်လည်း မြန်မာလို ဖွယ်ဖွယ်ရာရာ မရေးတတ်ချေ။ မြန်မာကလေးကို ငယ်စဉ်က အင်္ဂလန်ပို့၍ အတင်း အင်္ဂလိပ် လုပ်ခိုင်းထားပေသည်ကိုး။ သူ့ စာရေးဆရာ ဖြစ်အောင်တော့အတော် ကြိုးစားခဲ့သေးဟန် တူပါသည်။ နောင် သူနှင့် ကျွန်တော် ရင်းနှီးလာသောအခါ ဆရာကြီး ရွှေဥဒေါင်း အကူအညီ မပါပဲ သူ့ဟာသူ ရေးထားသော ဝတ္ထုများကို သင့်လျော်သလို အသုံးပြုပေးပါရန် ကျွန်တော့်ကို အပ်သည်။ သူသည် ပင်ကိုယ်ဉာဏ်နှင့် ရေးတတ်သည် မဟုတ်။ မှီးရေးများဖြစ်လျက် မြန်မာစာ အရေးအသား စံချိန်မမီပါ။

'အမတ်မင်း အရှုပ်တော်ပုံ' ဆိုသည့် စုံထောက်ဝတ္ထု တစ်ပုဒ်သာ ကျွန်တော် တော်တော်ပြုပြင်ပြီး ထိုစဉ်ကပင် မိုးဝေ ဦးစီးထုတ်နေသော စုံထောက် မဂ္ဂဇင်းသို့ ပို့ပေးခဲ့၍ မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ဗျူဟာခင်၏ နောက်ဆုံးလက်ရာ အနေနှင့် ပါခဲ့ပေတော့သည်။

ဦးခင်မောင်၏ တသက်တာတွင် သူ၏အကောင်းဆုံးသော ဘဝမှာ အင်္ဂလန်တွင် ကျောင်းနေခဲ့ရစဉ် ဖြစ်ပါသည်။ တခါတရံတွင် လွမ်းလွမ်းတတ သူပြန်၍ ပြောပြတတ်ပါသည်။

''ဟော့၊ သော်တာဆွေရ၊ အင်္ဂလန်မှာ လူတန်းစား သုံးရပ်ရှိတယ်ကွ၊ အထက်တန်းစားရယ်၊ အလယ်တန်းစားရယ်၊ အောက်တန်းစားရယ်၊ သူတို့ချင်းဟာလဲ ဘယ်တော့မှ မရောဘူး။ လူချင်းတွေ့လို့လဲ နှုတ်ဆက်စကားပြော မလုပ်ဖူး''

သည်တော့ ကျွန်တော်က မေး၏။

''သည်လူတန်းစား သုံးရပ်ကို သူတို့ချင်း ဘယ်လို ခွဲခြားသိကြသလဲ''

''အဝတ်က အဝတ်၊ အထက်တန်းစားဟာ အကောင်းစား အဝတ်ကို အသစ်အဆန်း ပေါ်လာတယ်ဆိုယင် ရှေးဦးစွာ ဝတ်တယ်၊ အဲသည်အဝတ်ကို သူ မဝတ်ချင်တော့လို့ အဟောင်းဆိုင် ရောင်းလိုက်တော့မှ အလယ်တန်းစားက ဝယ်ဝတ်ရတယ်၊ နောက်တစ်ခါ အလယ်တန်းစား မဝတ်ချင်တော့လို့ အောက်တန်းစားက ဝယ်ဝတ်ရတယ်''

''နေပါဦး ဦးခင်မောင်ရာ၊ အောက်တန်းစား အလယ်တန်းစားတွေက အထက်တန်းစား ဝတ်တဲ့ အဝတ်ကို ဆိုင်မှာသွားပြီး အသစ် ဝယ်မဝတ်ကြဘူးလား''

''ဘယ်မှာ ဝတ်နိုင်မှာလဲကွ၊ ပိုက်ဆံမှ မရှိကြတာကို၊ မင်း အခု မော်တော်ကား ဝယ်မစီး နိုင်သလိုပေါ့ကွ၊ သည်မှာ မင်းနားလည်အောင် ငါပြောအုံးမယ်၊ အထက်တန်းစားဆိုတာက ဘာအလုပ်မှ မလုပ်ဖူးကွ၊ သူ့မှာ အမွေ ရတာတွေနဲ့ ကုမ္ပဏီ ရှယ်ယာ ငွေစုလက်မှတ်တွေနဲ့ အလိုလို ဝင်ငွေတွေက ရနေတယ်၊ သည်ဝင်ငွေ ထွက်ငွေတွေကို စာရင်းအင်းကိုင်ဖို့ မန်နေဂျာ တစ်ယောက် ထားရသေးတယ်၊ အိမ်မှာ ဘဏ္ဍာစိုး၊ ထမင်းချက် စားပွဲထိုးရှိတယ်၊ ဟော့၊ သော်တာဆွေ 'ဘရိတ်ဖတ်စ်' ဆိုတာ မင်း ဘယ်လို နားလည်သလဲ''

''မနက်စာပေါ့ဗျ''

''အေး၊ အဲသည် မနက်စာဟာ အထက်တန်းစားတွေက ဘယ်အချိန် ဘယ်နေရာမှာ ဘယ်လို စားသလဲ သိသလား''

''ကျွန်တော်တော့ မျက်နှာသစ်ပြီးတယ်ဆို မီးဖိုချောင်ထဲဝင်၊ ထမင်းကြမ်းနဲ့ ထန်းလျက်ခဲ ဟဲလိုက်တာပဲ''

''မင်းဟာက၊ မြန်မာတောသား ဘရိတ်ဖတ်စ်ပဲ၊ အင်္ဂလန် လန်ဒန်က အထက်တန်းစား တွေကတော့ မနက် မိုးလင်းပေမယ့် အိပ်ရာက မထသေးဘူး၊ မျက်နှာ မသစ်သေးဘူး၊ ခေါင်းအုံး

မြင့်မြင့်နဲ့ စားဖြစ်လောက်အောင် ခေါင်းထောင်ပြီး ရင်ဘတ်ပေါ်မှာ ခွစားပွဲကိုအစေခံက လာတင်ပေးရတယ်၊ ကော်ဖီကွ၊ ကြက်ဥကွ၊ ဘေကင်ကွ၊ ဆော့ဆိတ်ချ်ကွ၊ ပေါင်မုန့်ကွ၊ ထောပတ်ကွ''

''ဟင်၊ မျက်နှာမသစ်ဖဲ စားတယ်''

''အေး၊ အဲဒါ သူတို့ ထုံးစံပဲ၊ အဲဒါတွေ စားပြီးတော့မှ တမှေး ပြန်အိပ်လိုက်သေးတယ်''

''တယ်ပျင်းတဲ့ လူတွေပဲ''

''ပျင်းတာမဟုတ်ဖူး၊ ဇိမ်ခံတာကွ၊ ငါ လန်ဒန်မှာ နေတုန်းက အဲသည် အထက်တန်းစား အဆင့်မှာ နေခဲ့တယ်''

အင်း။ ဟုတ်ပေမပေါ့။ ဟုတ်ပေမပေါ့။

သို့သော် ယခု ကျွန်တော်နှင့် တွေ့တဲ့ အချိန်မှာတော့ ဦးခင်မောင်သည် သား၏အိမ်တွင် ကပ်နေရလျက် အင်္ဂလန်တုန်းက ဝီစကီတွေ၊ ဝိုင်တွေ၊ ရှန်ပိန်တွေ လှိုင်လှိုင်ဟဲခဲ့သော ဦးခင်မောင်မှာ ချက်အရက်ကိုမှ အနိုင်နိုင် မှီဝဲနေရရှာပါသည်။ သို့သော် သူသည် သူသောက်တဲ့ ချက်အရက်ကို ချက်ဟု မခေါ်ချေ။ 'ဘားမီးစ် စတပ်' တဲ့။ သူ အလွန် ကြိုက်သော ဝက်အူချောင်းကိုလည်း 'ချိုင်းနိစ်ဆော့ဆိတ်ချ်' တဲ့။ သည်ပစ္စည်းတွေကို အင်္ဂလိပ်ကို ပြောလိုက်ရတော့ လျှာမှာ အရသာထူးမလာမင့် သူ့ စိတ်မှာတော့ တစ်မျိုးတစ်ဖုံ ကျေနပ်မိသည် ထင်ပါရဲ့။

ဆရာကြီး ကျောက်မြောင်း၌ နေစဉ်အခါမှာ သူ၏ ဓမ္မမိတ်ဆွေသည် ပဲရော့ ဦးဆန်းနီ၊ ဗြိတိသျှဘားမား ဦးညွန့်နှင့် သွန်မဆင်လမ်းက လူချမ်းသာကြီး ဦးထွန်းလှိုင်ဖြစ်၍ သောက်မိတ်ဆွေကား ကျွန်တော်နှင့် ဦးခင်မောင် ဖြစ်ပါ၏။

ထိုစဉ်အခါမှာဆရာကြီးနှင့် ဦးခင်မောင်သည် ရှေးအင်္ဂလိပ်ခေတ်တုန်းကလို ဟိုတယ်တွေတင် ဘိလိယက်ထိုးရင်း ဘီယာမသောက်နိုင်ကြတော့သော်လည်း၊ အောင်မယ် သူတို့ တတ်အားသမျှ လေးနှင့် ဇိမ်ခံ လိုက်ကျပုံကတော့ သဘောကျစရာ ခင်ဗျ။

ကျွန်တော် သူတို့နှင့် လိုက်ဖူးသည်။ ဦးခင်မောင်ခေါ်တဲ့ ဘားမီးစ်စတပ် တစ်ပုလင်း၊ ချိုင်းနိစ်ဆော့ဆိတ်ချ် လေး ငါးချောင်းလောက်နှင့် ရန်ကုန်မြစ်ဆိပ် သွားရော ခင်ဗျာ။ သမ္ပာန် တစ်စင်းကို တစ်နာရီ တစ်ကျပ်နှုန်းနဲ့ မြစ်ထဲ ဟိုဟိုချက်အရက်ကလေး တမြမြနဲ့ လေပန်းနေကြတာပဲ၊ စကားတွေကတော့ မနိမ့်ဖူး။ ဘာသာရေးတွေ၊ နိုင်ငံရေးတွေ၊ ကမ္ဘာ့ စာပေအကြောင်းတွေ။

## ဆရာကြီးနှင့် ဦးခင်မောင် နောက်ဆုံးခွဲခွာခြင်း

ဆရာကြီး ရန်ကုန်မှပြန်ပြီး နှစ်နှစ်မျှ အကြာတွင် ဦးခင်မောင်သည် သူတို့ချင်း နောက်ထပ် မတွေ့ရတော့ပဲ သေးဆုံးသည်။ ဆရာကြီး ကျောက်မြောင်း၌ ငါးလကျော်မျှ နေထိုင်သွားလေရာ မန္တလေး လူထု သတင်းစာပြန်ဖွင့်၍ ဆရာကြီးပြန်လာသောအခါ ဦးခင်မောင်နှင့် ကျွန်တော်က သင်္ဘောပေါ်သို့ လိုက်ပို့ကြသည်။ ကျွန်တော်တို့ ညနေ ငါးနာရီလောက်မည်ဖြစ်လေရာ၊ ထိုအချိန်၌ ဆရာကြီးတွင် အခုနမှ ပူပူနွေးနွေး ရလိုက်သော ရာတန်တစ်ရွက်က ရှိနေသည်။ ဤရာတန်ကား ဆရာကြီး သင်္ဘောပေါ်တက်ကာနီးတွင် သွန်မဆင်လမ်းရှိ သူ၏ ဓမ္မမိတ်ဆွေကြီး ဦးထွန်းလှိုင်ကို ကျွန်တော်နှင့် သွားရောက် နှုတ်ဆက်လိုက်ရာ၌ ဦးထွန်းလှိုင်က ဆရာကြီးအား ကန်တော့လိုက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီးက ဤရာတန်ကို ကျွန်တော့်အားပေး၍၊

''ကဲဟေ့ ဖိုးကျင်မောင်၊ တို့ ဖဲယားဝဲလ်အတွက် ရမ်တစ်ပုလင်းရယ်၊ ဦးခင်မောင်ဖို့ ချိုင်းနိစ်ဆော့ဆိတ်ချဉ်နဲ့ မင်းစားချင်တာ ဝယ်ခဲ့ကွာ''

ကျွန်တော့်စိတ်ကြိုက်ကား ငါးဆယ်သားမျှရှိသော ဝက်အချင်းတစ်ခွေ ဝယ်ခဲ့သည်။ ဆရာကြီးကလည်း အလွန်သဘောကျ၍၊

''ဟာ၊ သိပ်ကောင်းတာပေါ့ကွ၊ မင်းပြုတ်တတ်ရဲ့လား၊ သိပ်မနူးစေရဘူး၊ ကျက်ရုံလေး ပြုတ်ရတယ်ကွ၊ အချိုရည်လေးလဲ သောက်ရအောင်၊ ငါပဲ ပြုတ်ပါ့မယ်ကွာ၊ ဟေ့၊ မစိုး မီးဖိုလုပ်စမ်းဟေ့''

သူတို့မှာ သင်္ဘောပေါ်တွင် ချက်ပြုတ် စားသောက်သွားရန် အိုးခွက်များနှင့် ရေနံမီးဖို အလာတုန်းကအတိုင်းပင် ပါခဲ့သည်။

ယင်းသည် ဆရာကြီးနှင့် ဦးခင်မောင် (ခေါ်) ဦးခင်မောင်တင့်၏ နောက်ဆုံးနှုတ်ဆက်ပွဲ ဖြစ်ပေတော့သည်။

ကျွန်တော်ကား ထိုလသည် မတ်လ၊ ၁၉၅၁ ခုနှစ်၊ ဧပြီလ နိုင်ငံတော်သင်္ကြန်ကို မန္တလေး၌ ကျင်းပမည်ဟု ကြေငြာပြီးဖြစ်၍၊ ဆရာကြီးအား၊

''ဦးကြီးရေ၊ ကျွန်တော်တော့ နိုင်ငံတော သင်္ကြန်ပွဲမှာ အစိုးရ၏ ဧည့်သည်အဖြစ်နဲ့ မန္တလေးကို လာခဲ့မယ်ဗျ၊ နို့ပြီး နွေရာသီမှာ ဦးကြီးနဲ့အတူ မေမြို့လိုက်နေမယ်''

သင်္ဘောထွက်ကာနီး၌ သင်္ဘောက အဆင်း၍ ဆရာကြီးကို နှုတ်ဆက်ခဲ့ပါသည်။

လွန်ခဲ့သော ရှေးခေတ်က ဖဆပလ အစိုးရလက်ထက်တွင် ကျွန်တော်တို့ ရန်ကုန်မြို့မှာ စာရေးဆရာအသင်းနှင့် သတင်းစာ ဆရာအသင်း ရှိရုံမက မန္တလေးမြို့မှာလည်း အထက်မြန်မာ နိုင်ငံ စာရေးဆရာအသင်းနှင့် အသင်းစာဆရာအသင်းဟူ၍ ရှိသေးလေရာ၊ ၁၉၅၁ ခု နှစ်ဦးပိုင်း တွင် အထက်မြန်မာနိုင်ငံက စာရေးဆရာ၊ သတင်းစာဆရာများကို ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ခေါ်ယူ၍ အောက်မြန်မာပြည်က စာရေးဆရာ၊ သတင်းစားဆရာများနှင့် တွေ့ဆုံစေ၏။

ထို့နောက် တဖန် ကချင်ပြည်နယ်ဝန်ကြီး ဆမားဒူးဝါး ဆင်ဝမ်းနောင် ကြီးမှူးကျင်းပသော မြစ်ကြီးနားမြို့ မနောပွဲသို့လည်း သူတို့အစိုးရအဖွဲ့သွားရာ၌ ကျွန်တော်တို့ ရန်ကုန်မြို့က စာရေးဆရာ လေးယောက်၊ သတင်းစာဆရာ လေးယောက်ကို ဧည့်သည်တော် အဖြစ်နှင့် ခေါ်ငင်သွား၏။

ဤမနောပွဲသည် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီ ဖြစ်လေရာ ဧပြီလတွင် နိုင်ငံတော်သကြန်ကို မန္တလေးမှာ ကျင်းပရာ၌လည်း ရန်ကုန်မြို့က စာရေးဆရာ လေးယောက်နှင့် သတင်းစာဆရာ လေးယောက်ကို ခေါ်ငသ်သေး၏။ ယင်းမှာ ကျွန်တော့်ပြဿနာ ဝင်လေ၏။ အကြောင်းမှာ ထိုစဉ်က ကျွန်တော်သည် စာရေးဆရာအသင်း၏ အမှုဆောင် တစ်ယောက်ဖြစ်၍ အထက်မြန်မာ နိုင်ငံက စာရေးဆရာ၊ သတင်းစာဆရာများ ရန်ကုန်မြို့သို့လာကြစဉ်က ကျွန်တော်သည် ဧည့်ခံကော်မတီဝင် ဖြစ်ခဲ့သည်။ တစ်ခုသော နံနက် ဝန်ကြီးချုပ် အိမ်တော်မှာ ကျွန်တော်တို့ စာရေးဆရာ၊ သတင်းဆရာများအား လက်ဖက်ရည်ပွဲကျင်းပရာမှ ဇန်နဝါရီလထဲ ဖြစ်၍ လာမည့် ဖေဖော်ဝါရီလ မြစ်ကြီးနားမနောပွဲသို့ နိုင်ငံတော်အစိုးရအဖွဲ့က သွားကြမည် ကြေငြာပြီး ဖြစ်သောကြောင့် ကျွန်တော်သည် ဝန်ကြီးချုပ်အား ကျွန်တော်တို့ စာရေး ဆရာများလည်း ဗဟုသုတအလို့ငှာ ယင်းမနောပွဲသို့ ခေါ်သင့်ကြောင်း အဆိုပြုသည််၌၊ ဝန်ကြီးချုပ်က ''အေး၊ ဟုတ်တာပေါ့ကွ'' ဆိုပြီး၊ ချက်ချင်းပဲ သူ့အတွင်းဝန်အား စီစဉ်စေခြင်းဖြင့် ကျွန်တော်တို့ စာရေးဆရာတွေ၊ သတင်းဆရာတွေ မနောပွဲသို့ လိုက်ပါရခြင်းဖြစ်ပေ၏။ ကျွန်တော်တို့ စာရေးဆရာအသင်းမှ လူလေးယောက် ရွေးချယ်ရလေရာ ဤမနောပွဲသို့ ဖိတ်ခေါ်ရန် သဘော် ပေါ်ရောက်ကြ၍ သဘော်က ည ၇ နာရီခွဲမှ ထွက် အဆိုပြုသော ကျွန်တော့်အား အဘယ်မှာ ချန်ထား၍ ရမည်နည်း။ ရှေ့ဆုံး နံပါတ်တစ်က ထားရသည်ပေါ့။

ဟော၊ ယခုတဖန် နိုင်ငံတော်သကြန် မန္တလေးသို့သွားရန် စာရေးဆရာ လေးယောက် ခေါ်ရာ၌လည်း ကျွန်တော်ကပါချင်ပြန်ပြီမို့ ပြဿနာတက်ရပါ၏။ အကြောင်းမှာ ကျွန်တော်သည် လွန်ခဲ့သော ဖေဖော်ဝါရီလက မြစ်ကြီးနားမနောပွဲသို့ လိုက်ထားပြီး ယခုလည်း နိုင်ငံတော်သကြန် မန္တလေးသို့ လိုက်ဦးမည်ဆိုတော့ အသင်းသားတွေ အများအပြားရှိရာ၌ သိပ်ပြီးအခွင့်အရေး ယူရာကျနေပြီ။ ထို့ကြောင့် ယခင်မနောပွဲတုန်းက လိုက်ထားသူတွေ မည်သူမျှမလိုက်ရဟု

အသင်းကဆုံးဖြတ်လိုက်သည်။ မနေ့ပွဲတိုန်းက နွဲခဲ့သူများကတော့ ဥက္ကဋ္ဌ ဒဂုန်တာရာ ရယ်၊ ငွေထိန်းအစ်မကြီး ဂျာနေဂျို (ဂျာနယ်ကျော်မမလေး)ရယ်၊ အမှုဆောင်ထဲက ကျွန်တော်နှင့် မင်းရှင်း။

ကျွန်တော်တို့ မြစ်ကြီးနားမှ ပြန်ရောက်ပြီး၊ ဂလုပ်ရုံတွင် ကြည့်လိုက်ရသော ရုပ်ရှင်ကား မှာ **Destination Moon** လ သို့ ဒုံးပျံနှင့် သွားကြသော စိတ်ကူးယဉ် ဇာတ်လမ်း။ ယင်း၌ ကျွန်တော့်ခေါင်းထဲ ကျွန်တော်တို့ မနေ့ပွဲသို့ လေယာဉ်နှင့် သွားကြသည်ကို ရောထွေးပြီး စိတ်ကူးရကာ၊ ဒဂုန်တာရာရယ်၊ အမကြီး ဂျာနေဂျိုရယ်၊ မင်းရှင်ရယ်၊ ကျွန်တောရယ် လ သို့ သွားကြသော ဝတ္ထုကို ရလိုက်ပါသည်။ ကျွန်တော် မူရင်းပေးမိသော နာမည်မှာ 'လ သို့' ဖြစ်လေရာ ဦးကျော်က ''ခင်ဗျာ့ ဝတ္ထု နာမည်ကြီးက တုံးလိုက်တာ၊ မကောင်းပါဘူးဗျာ'' ဆိုပြီး 'ဖိုးသော်တာ စန္ဒာလကိုကွယ်' ဟု ပြောင်းပစ်လိုက်ပါသည်။

ယင်းဝတ္ထုသည် ထိုနှစ် ၁၉၅၁ ခု၊ ဧပြီလ ရှုမဝတွင်ပါလာလေရာ တော်တော် လူကြိုက်များသည်။ ချီးမွမ်းစာများ လာကြသည့်အနက်မှ မိုးကောင်းမြို့က ကျွန်တော့် စာ ရည်းစား တစ်ယောက်က (မောင်ဟာ ခရီးသွားရယင် ဝတ္ထုကောင်းတွေ ရတာပဲ၊ မန္တလေးမြို့ နိုင်ငံတော် သကြံန်ကိုလိုက်ခဲ့ပါအုံးလား၊ လွင်လည်း ရောက်အောင် လာခဲ့မယ်လေ) ဆိုသည်၌ ကျွန်တော်မှာ ဤနိုင်ငံတော် သကြံန်ပွဲကို မလိုက်ရ မနေနိုင်တော့ပြီ။ နို့ပြီး လွန်ခဲ့သော မတ်လ တုန်းက ရန်ကုန်မြို့မှ ပြန်သွားသော ဆရာကြီး ရွှေဥဒေါင်း အားလည်း (ဦးကြီးရေ၊ ကျွန်တော်တော့ နိုင်ငံတော် သကြံန်မှာ အစိုးရ ဧည့်သည်အဖြစ်နဲ့ မန္တလေးကို လာခဲ့မယ်ဗျ။ နို့ပြီး ဦးကြီးနဲ့အတူ မေမြို့ကို လိုက်နေမယ်) ဟု ပြောလိုက်သည် မဟုတ်ပါလား။

သို့သော် ယခု စာရေးဆရာ အသင်းကတော့ ကျွန်တော့်ကို ပ လိုက်ပြီ။ ကဲ ဘယ်လိုကြံ ပန့်။ စာရေးဆရာ အသင်းက လူ လေးယောက်ရွေးသည့်အနက် ကျွန်တော်နှင့် ခင်မင်ရင်းနှီးလှ သူမှာ သန်းဆွေနှင့် မင်းအောင်တို့ ပါနေသည်။

ထိုစဉ်က ရှုမဝတိုက်ခန်းသည် (ယခု ဆင်းဒဝစ်လမ်းကတိုက်ကို မဆောက်ရသေး) မောင်ထော်လေးလမ်းမှာ ဖြစ်သည်။ နိုင်ငံတော် သကြံန်ပွဲသို့ နောက်တစ်နေ့နံနက်မှာ သွားကြ ရမည်ဆိုတော့ ထိုညနေခင်းမှာ ကျွန်တော်တို့ ရှုမဝမှာ ဆုံကြသည်။ မင်းအောင်က သူ ခရီးသွား ရမည်ဖြစ်၍ ခေါင်းလိမ်းဆီ ဝယ်ချင်တယ်။ ဘာအမျိုး ဝယ်ရကောင်းမည်လည်းဆိုတော့ အောင်လင်းက 'ကီဝိ' တံဆိပ်ဝယ်ရန် ပြော၏။ ကျွန်တော်က ကီဝိ မကောင်းပါဘူးကွာ၊ ငါတော့ 'ကိုဘရာ' သုံးတာပဲဆိုပြီး ကျွန်တော်က ကိုဘရာကိုဝယ်ရန် ပြော၏။ မင်းအောင်သည် ကျွန်တော်တို့ ပြောနေသည်ကို အမှတ်တမဲ့ ဇဝေဇဝါ ဖြစ်နေပြီးမှ ရုတ်တရက် သူ့ အသံပြကြီးနှင့် ကျယ်လောင်စွာ ရယ်မောကာ၊

''ဟော့၊ အောင်လင်းနဲ့ သော်တာဆွေရာ၊ ငါ မင်းတို့ပြောသလောက် မအ သေးပါဘူးပါကွာ၊ ကီဝိနဲ့ ကိုဘရာ ဆိုတာက ဖိနပ်တိုက်ဆေးတွေပါကွ''

အောင်လင်းက ရုတ်တရက် အံ့အားသင့်ဟန်နှင့်၊

''မင်း၊ ဘယ်သူ ပြောသလဲ''

''အောင်မာကွာ၊ ဟိတ်၊ ငါ သိပါတယ်ကွ၊ ကိုဘရာက မြွေကွ၊ ကိဝိ ဆိုတာ ငုံးကွ''

ဤတွင်မှ အောင်လင်းက မင်းအောင်ကို ချီးကျူးသော မျက်နှာနှင့် ကြည့်ပြီး ကျွန်တော့်အား၊

''သည်ကောင်ကြီးက တကယ့် လူလည်၊ လူပါးကြီး ဖြစ်နေပြီဗျ၊ နှပ်လို့ မရတော့ဘူး''

သည်တော့မှ ကျွန်တော်က၊

''ဟေ့၊ မင်းအောင်၊ မင်း တသက်လုံးက မသုံးဘူးခဲ့တဲ့ ခေါင်းလိမ်းဆီတွေကိုလဲ ဝယ်မနေနဲ့တော့၊ မန္တလေးလဲမလိုက်နဲ့တော့ မင်းကိုယ်စား ငါသွားမယ်၊ မင်းကို ငါ ငွေတစ်ရာ ပေးမယ်''

သည်တော့ မင်းအောင်က ''တကယ်လား'' ဆို၏။

''အေး၊ ဒါပေမယ့် အခု လက်ငင်းတော့ ငါးဆယ်ပဲ ပေးခဲ့နိုင်မယ်၊ ကျန်တာကိုတော့ နောက်မှယူကွာ'' ဆိုတော့ မင်းအောင်ကြီးက ''မင်းလိုကောင်ဆီက နောက်ထပ်ရဖို့ ဆိုတာ ကတော့ကွာ၊ ဟေ့ သော်တာဆွေ ရွှေအိုးပေးမယ်ဆိုပြီး လစ်သွားတဲ့ မြေခွေးကိုစောင်တဲ့ ပုဏ္ဏားလောက် ငါ မမိုက်ပါဘူးကွာ၊ ဟား ဟား ဟား''

''အောင်မာကွာ၊ ဟေ့၊ မင်းက ငါ့ကို ငွေလေး ငါးဆယ်မှ မယုံဘူးလား၊ သည်မှာ ဦးကျော် တစ်ယောက်လုံး ရှိပါသေးတယ်ကွ''

ဤတွင် ကျွန်တော်တို့ ပြောစကားတွေ တပြုံးပြုံးနှင့် နားထောင်နေသော ဦးကျော်က တီ ဆားနှင့် တို့သလို သူ့ကိုယ်တွန့်သွားကာ၊

''အောင်မယ်လေး၊ ကိုရင်တို့ကိစ္စပဲ ကျုပ် ဆွဲမထည့်စမ်းပါနဲ့၊ ကိုမင်းအောင် ကျုပ် ဘာမှ တာဝန် မယူဘူးနော်''

ကျွန်တော် လွန်စွာ စိတ်ပျက်သွားကာ၊

''အမယ်လေးဗျာ၊ သူ့များ အားကိုး ရပ့်မလားအောက်မေ့ပါတယ်၊ ဟေ့ သည်မှာ မင်းအောင်၊ မင်း ငါအကောင်းပြောတာပါကွ၊ မန္တလေးက ပြန်လာတော့ မင်း ငါတကယ် ပေးမှာပါကွ''

''မင်း၊ ငါ့ တကယ်ပဲပေးပေး၊ မင်း အသုံးအတိုင်း ဂျ ကယ်ပဲပေးပေး မရဘူးကွာ၊ ငါ မန္တလေးလိုက်ဖို့ အားလုံးပြင်ဆင်ပြီးသား၊ မင်း သည်လောက် လိုက်ချင်နေယင် မင်းလူ သန်းဆွေ ကို ပြောကြည့်ပါလား''

''ရမှာမဟုတ်ဖူးကွာ၊ သူကလဲ မေမြို့က သူ့မြာနဲ့ ချိန်းပြီးသားကွ''

ယင်းတို့ဖြင့် ကျွန်တော်သည် နိုင်ငံတော် သင်္ကြန်မန္တလေးမြို့သို့ စာရေးဆရာ အဖွဲ့အနေနှင့် ပါမသွားတော့ချေ။ သို့သော် နောက်တစ်နေ့ သင်္ကြန်အကြိုနေ့မှာ ရန်ကုန်က ညွှန့်သည်တွေ

မန္တလေးတွင် လေယာဉ်ဆိုက်ကြသည်၌ ကျွန်တော်သည် သန်းဆွေနှင့် မင်းအောင်တို့ပါသည့် စာရေးဆရာ၊ သတင်းစာဆရာတို့အဖွဲ့ထက် တစ်နာရီ စောရောက်နေ၏။ အကြောင်းမှာ ထိုနေ့ညနေ မောင်ထောင်လေးလမ်း ရှမဝတိုက်မှ ကျွန်တော် စိတ်ပျက်စွာ ထွက်ခဲ့ပြီး မန္တလေးသို့ မီးရထားနှင့် လိုက်ရတော့မည်လား ဖြစ်နေစဉ်၊ လမ်းတွင် ကံအားလျော်စွာ မင်းရှင်နောင်နှင့် တွေ့၏။ ကျွန်တော်ကအကျိုးအကြောင်းကို ပြောပြသောအခါ သူသည် ဖဆပလ အဖွဲ့တွင် ကျွမ်းကျင်သူဖြစ်၍၊ သူနှင့် ခင်မင်သော ဝန်ကြီးနှစ်ယောက်၏ ကိုယ်စား ကျွန်တော့်ကို လိုက်နိုင်အောင် စီစဉ် ပေးခြင်းဖြင့် ကျွန်တော်တို့က ဖဆပလ အဖွဲ့နှင့် ပါလာခဲ့ကြခြင်း ဖြစ်ပါသည်။ မန္တလေး ဖဆပလတွေကို မန္တလေး ဖဆပလများက လာရောက် ကြိုဆိုနေကြလေရာ၊ ကျွန်တော်တို့နှစ်ယောက်ကို မြင်တော့၊

''ဟင် စာရေးဆရာတွေနဲ့ သတင်းစာ ဆရာတွေက နောက်လေယာဉ်နဲ့ သတ်သတ်လာမယ်ဆိုပြီး သည်စာရေးဆရာ နှစ်ယောက်က ဘယ့်နှယ် ဖဆပလတွေထဲ ပါလာရတာလဲ၊ ဆွမ်းဆန်ထဲ ကြွက်ချေးရောလို့''

သည်တော့ ကျွန်တော်က ''ကြွက်ချေးထဲ ဆွမ်းဆန် ရောတာပါဗျာ၊ ခင်ဗျားတို့ကို ဂုဏ်ပြုချင်လို၊ အခု ကျုပ်တို့လာတာက သော်တာဆွေ မင်းရှင်နောင် အနေနဲ့ မဟုတ်ဖူး၊ ခင်ဗျားတို့ ဝန်ကြီးများအနေနဲ့ဗျ'' ဟု ပြောပြပြီး၊ မင်းရှင်နောင်က အဖြစ် အစစ် အမှန်ကို ရှင်းပြတော့ ထိုစဉ်က မန္တလေး ဖဆပလ အဖွဲ့ အတွင်းရေးမှူး၊ နောင် အမတ်ဦးငွေးကြွယ် ဟု နာမည်ကျော်လာသော ယခု ကိုယ်တစ်ခြမ်း လေငန်းဖြတ်၍ ဒုက္ခိတဖြစ်ပြီး ဤစာရေးနေစဉ်၌ ဘယ်ရောက်နေမည် မသိရသော ကိုငွေးကြွယ်က၊

''ကဲ ကိုယ့်လူတို့ကို နေရာချထားရမယ်၊ ကိုရင်တို့ နှစ်ယောက်က ဖဆပလ ဧည့်သည်လုပ်မလား၊ စာရေးဆရာ ဧည့်သည်လုပ်မလား''

''ဘယ်လို ခြားနားမှာမို့လဲ''

''ခြားနားမှာတော့ အများကြီးပဲ၊ ဖဆပလ ဧည့်သည်ကို ကျုပ်တို့ မန္တလေး ဖဆပလ အသင်းက တစ်ယောက်တစ်နေ့ ၁၀ိ ခုနှစ်ရက်တွက်ပေးမယ်၊ စာရေးဆရာဆိုယင် သည်မန္တလေး စာရေးဆရာအသင်းက ဖွတ်ကြားပဲ၊ ဘယ်လိုကျွေးမယ် မသိသေးဘူး၊ နေဘို့တိုက်ခန်းတောင် အခုကမန်းကတန်း ရှာကြတုန်းပဲ၊ ကျုပ်တို့မှာတော့ ဖဆပလ အသင်းတိုက်က အဆင်သင့်ပဲ''

''ဒါဖြင့် တစ်ခုမေးပါရစေအုံး၊ ကျွန်တော်တို့က ဖဆပလ ဧည့်သည် လုပ်ပြီးတော့၊ သည်ဖဆပလ အသင်းတိုက်မှာ မတည်းလို့ကော ဖြစ်သလား''

''ဟာ ဖြစ်တာပေါ့၊ အများကြီး ဖြစ်တာပေါ့၊ ကြိုက်တဲ့အသိ မိတ်ဆွေအိမ် သွားနေနိုင်ပါတယ်၊ တာဝန်တောင်ကင်းသေး''

''ကောင်းပြီ၊ ဒါဖြင့် ကျွန်တော်တို့ဖဆပလ ညှော့သည်ပဲလုပ်မယ်''

ကျွန်တော့်စိတ်ကူးမှာ သူတို့ဆီက ငွေယူပြီးတော့ ရွှေမန်း စာရေးဆရာ အသင်းက ညှော့်ခံကျွေးမွေးရာတွင် သွားရောက်စားသောက်နေဖို့ ဖြစ်ပါသည်။ အမှန်ပဲ၊ ကိုဌေးကြွယ်ပြော သည့်အတိုင်း ရောက်သည့်နေ့မှာပင် သူတို့က တစ်ယောက်ကို တစ်နေ့ကို ၁၀ိ နှုန်းပေးပါသည်။ သို့သော် ၇ ရက်တွက်ဆိုပြီး ၇၀ိ မရပဲ သူတို့ထုံးစံ ၁၀ိ ခေါင်းပုံဖြတ်၍ ၆၀ိ ပဲရပါသည်။ သို့သော် ကျွန်တော်တို့ ဘာမျှ ပြောစရာမရှိ၊ ဖဆပလ တိုင်းပဲ ၆၀ိ စီ ရကြတာပဲ။

နောက်တစ်နာရီမျှ ကြာလာသောအခါ၌ ရန်ကုန်က စာရေးဆရာ သတင်းစာ ဆရာများပါသော လေယာဉ်ဆိုက်ရာ ကျွန်တော်က မန္တလေး စာရေးဆရာများနှင့် ဆီးကြို နေလေတော့ သန်းဆွေနှင့် မင်းအောင်သည် ကျွန်တော့်အား တစ္ဆေကို မြင်ရသည်ကဲ့သို့ ဖြစ်သွားကြ၏။

## ဆရာမြမျိုးလွင်၏ ဂေဟာ

ဆရာမြမျိုးလွင်၏ဂေဟာသည် မန္တလေးမြို့ ၃၄ လမ်း ညောင်တန်းတွင် ရှိပါသည်။ ဆရာကြီး ရွှေဥဒေါင်းသည် ရန်ကုန်မြို့မှ ပြန်သွားပြီးနောက် ၎င်းအိမ်မရသေးပဲ ဆရာ မြမျိုးလွင်၏ အိမ်တွင် တည်းခိုနေထိုင်ပါသည်။ ဆရာလွင်တို့အိမ်မှာ ခြံဝင်း အသင့်အတင့် ကျယ်၍ သုံးပင်နှစ်ခန်း၊ သူတို့မှာ လင်မယား နှစ်ယောက်နှင့် 'တုပ်ပွ' မည်သော ခွေးကြီး တစ်ကောင်သာရှိ၍၊ အောက်ထပ် တွင်နေကြပြီး၊ ဆရာကြီးတို့အား အပေါ်ထပ်မှာနေစေပါသည်။ ထိုနှစ်က နိုင်ငံတော် သင်္ကြန်ညှော့သည် များသည် သင်္ကြန်အကြို ဧပြီလ ၁၂ ရက်တွင်ရောက်ကြ၍၊ နှစ်ဆန်း ၃ ရက်၊ ဧပြီလ ၁၈ ရက်နေ့တွင် ပြန်ကြသည်။ ကျွန်တော်မူ မပြန်တော့ပဲ၊ မိမိ လေယာဉ် လက်မှတ်ကို ရောင်းလိုက်ပြီး ဆရာလွင်၏အိမ်သို့ သွားရောက်ကာ ဆရာကြီးနှင့်အတူ ဆရာလွင်၏အိမ်သို့ သွားရောက်ကာ ဆရာကြီးတို့နှင့်အတူ နေထိုင်လေ၏။

ယင်း၌ ကျွန်တော်သည် ဖဆပလညှော့်သည် လုပ်သဖြင့်ရသည်က ၆၀ိ/ လေယာဉ် လက်မှတ် ရောင်း၍က ၁၀၀ိ/ ပေါင်း ၁၇၀ိ၊ ရလိုက်ပါ၏။

ဧပြီလ ကုန်ကာနီး၌ ဆရာကြီး ရွှေဥဒေါင်းသည် မူလက အစီအစဉ် ရှိသည့်အတိုင်း၊ မေမြို့သို့ ပြောင်းရွှေ့ကာ ညန်တောရပ်ဝယ်၊ နှစ်ထပ်တိုက်၊ အောက်ထပ်ကို တစ်လ ၅၀ိ နှင့် နေထိုင်လေတော့၊ ကျွန်တော်လည်း ပါသွားသည်ပေါ့။

အဲသည်အခါမှ ပထမဆုံးအကြိမ် ရောက်ရသည်မှာ ကိုယ့်အဖို့ သစ်၍၊ ဆန်း၍၊ နေရ၊ ထိုင်ရ၊ ကြည့်ရ၊ ရှုရ၊ လည်ရ၊ ပတ်ရ၊ အရသာရှိလှသည်။ ကြာသွားတော့၊ သို့မဟုတ် အခေါက်ခေါက် အခါခါ ရောက်တော့ ရိုး၍ အီ၍ သွားတော့သည်။

## မေမြို့

မေမြို့သို့ရောက်လျှင် ကျွန်တော် ပထမဦးဆုံးရေးရသည့် ဝတ္ထုမှာ ၁၉၅၁ ခုနှစ် ဇွန်လ ရှုမဝတွင်ပါခဲ့သော 'ရွှေမန်း သင်္ကြန်' ဝတ္ထု၊ မန္တလေးသင်္ကြန်ကို နောက်ခံထားပါသည်။ ဒုတိယဝတ္ထုမှာ ထိုနှစ်ဇူလိုင်လ ရှုမဝတွင် ပါခဲ့သော 'အပူအအေး' ဝတ္ထု၊ ယင်းကား မိုးကောင်းမှ လာခဲ့သော 'လွင်' နှင့် ကျွန်တော် မန္တလေးမြို့ ဝက်စလီ မိန်းကလေးကျောင်းထဲမှာ ချိန်းတွေ့ခဲ့ ကြသည်ကို လူ၏စိတ်သဘာဝနှင့် ရာသီဥတု အကြောင်းဖွဲ့နွဲ့ရေးသားခဲ့သည်။ ထိုဝတ္ထုတွင် မေမြို့အကြောင်း တော်တော် ဖွဲ့နွဲ့ရေးသားခဲ့ပါသည်။

မေမြို့မှာ အစဉ် လေအေးတိုက်နေသည်။ စာရေးလျှင် မှန်ပြတင်းတွေ ပိတ်ထားရသည်။ ရုတ်တရက် ပွင့်လာ၍ အမှတ်မဲ့ လေဝင်လာလျှင် ရေခဲရေနှင့် ပတ်လိုက်သည်လား အောက်မေ့ရသည်။ တစ်ခါတစ်ခါ၌ ဆင်ဝင်တိုးလိုက်သလားများ ဆိုလိုက်ချင်သည်။ စာရွက်တွေ ဖိထားလိုက်ရတာက ရင်တပိုက်၊ လိုက်ကောက်ရအုံးမှာက ပြန့်ကြဲ။

ကိုယ်မှာ ချွေးမထွက်၊ စွပ်ကျယ်တစ်ထည်ကို ၃-၄ ရက်ဝတ် ကျွန်တော်ဖြင့် ရောက်စ အသားတွေပတ်၍ ဟောဇဟင် ဝယ်လိမ်းရသည်။ အိပ်၍ပျော်သည်၊ စား၍မြိန်သည်။ မေမြို့ နွေနေ့လယ်ခင်းသည် ရန်ကုန်ဆောင်းတွင်း နံနက်ခင်းနှင့် နှိုင်းယှဉ်နိုင်သည်။ အို မေမြို့မှာ အိမ်ထဲနေလျှင် နံနက်ခင်းရယ်၊ နေခင်းရယ်၊ အပူအအေး မခြားနားပါဘူးလေ၊

နံနက်ဦး လမ်းလျှောက်ရဝယ်၊ ထင်းရှူးတော သို့မဟုတ် ယူကလစ်ပင်တွေအနီး ဖြတ်လျှောက်ရသောအခါ၊ သူတို့ရနံ့က သင်းပျံ့လှပါဘိသည်။ ရင်းတွင်းမှာအေး၍ စိမ့်၍ သွားပါသည်။ အထူးသဖြင့် အာရုံကြောတွေကို လန်းဆတ်စေပါသည်။ လမ်းလျှောက်ရင်း ခုန်ချင် ပျံချင်စိတ် ပေါ်လာပေသည်။

မေမြို့တွင် ကုက္ကိုပင်မရှိ။ ကျွန်တော်တို့မြေလတ်ပိုင်းတွင် မပေါက်သော အအေးကြိုက်ပင်တို့သာ ရှုမျှော်ခင်းမှာ မင်းမူ နေကြသည်။ ညန်ပင်၊ ထင်းရှူးပင်၊ ယူကလစ်ပင်၊

ဆစ်လီဗားအုတ်ကအစ ကျွန်တော်တို့ မြေပြန့်သားတွေ နာမည်မခေါ်တတ်သော အခြားအပင်များ။ ပင်ရိုးပင်စည် ရှည်လျားသည်၊ ရွက်အုပ် ကိုင်းခတ်တွေနှင့် မြင့်မားနေသည်။ မြိုင်ကျနေသည်။

ဤမြိုင်၏ အောက်ခြေဝယ်၊ စိမ်းမြသော မြက်ခင်းပြင်။ ထိုမြက်ခင်းပြင်တွင်၊ ပန်းနုရောင် အဆင်းရှိသော အင်္ဂလိပ်လို လီလီအော့ဖ်ဗဲလီး **Lily of valley** ခေါ် ပန်းတစ်မျိုးတို့က တန်ဆာဆင်နေသည်။ လမ်းနံဘေး တောစပ်ထိအောင် ဧည့်ခံနေသည်။ နဲ့အော်လံ ပုံသဏ္ဌာန် ၆ ရွက်ယှက်ထားသော သူတို့၏ ပွင့်ဖတ်တို့မှာ မောကုန်းမြင့် မိန်းမပျိုလေး၏ ပါးပြင်ကဲ့သို့ နီသွေးလှနေသည်။ မင်းကတော် နဖူးကဲ့သို့ ချောမွတ်ပါသည်။ ကျောင်းသူပျိုမလေး၏ လက်ဖဝါး ကဲ့သို့ နူးညံ့ပါသည်။ ရနံ့မှာ သန့်စင်သော နို့စို့ရွယ်ကလေးငယ်၏ ပါးမို့ကလေးကဲ့သို့ သင်းတယ်လို့ဆိုရုံလေး။

တကယ်တော့ သူတို့ဟာ မေမြို့မှာ ဂုဏ်အငယ်ဆုံးပါ။ လမ်းနံဘေး အလေ့ကျပန်း၊ ဘုရားလည်းမတင်၊ စားပွဲလည်းမထိုး၊ အပျိုတို့ကလည်းမပန်၊ ပန်းခြံဥယျာဉ်တွေ့မှာလည်းပေါက် စေခွင့်မပေး။ ဘယ်ပေးကြလိမ့်မတုန်း။ မေမြို့မှာက နှင်းဆီ၊ ဂန္ဓမာ၊ ဇီဇဝါ၊ ဒေလီယာ စတဲ့ အခြားနာမည်ကြီး အကျော်အမော် ပန်းတကော့ဖော်တွေက ပေါလှသကိုး။

ဘယ်ကြည့်လိုက်၊ ပန်းဗလာခြံလာမရှိ၊ မြေရှိခြံရှိ၊ ပန်းရှိ၊ လူစိုက်လျှင်စိုက်၊ မစိုက်လျှင် သူတို့ဘာသာအလေ့ကျပွင့်လိုက်လေသည်။ ပင်လုံးကျွတ် ပွင့်ရမည်ဆိုလျှင်၊ ပန်းပင်တွေ မဆိုထားနှင့် ပန်းအမျိုးအမည် မဝင်သော သစ်ပင်များပါ ပွင့်ကြသည်၊ အို အဆုံးကုန်ပြောမည်။ လမ်းဘေး အသေးအမွှား မှိုချဉ်ပင်ကလေးတွေကအစ ပွင့်ကြသည်။ ပွင့်ပွင့် အကုန်ပွင့်။ မေမြို့သူတွေလဲပွင့်၊ ဖွံ့ဖွံ့ ကားကား တုံးတုံး လုံးလုံး ရှိကြကုန်သည်။

မေမြို့ ရှုမျှော်ခင်းမှာ အကွက်မဟာ၊ ဗလာမရှိ၊ သစ်ပင်မြိုင်နန်း၊ ပန်းခြံလွှမ်း၍၊ ပန်းပွင့် မြာပွင့် အမျိုးမျိုး အပွင့်တွေနှင့် တင့်တင့်ရွှန်းနေသတည်း။

ပန်းပေါတဲ့ ပန်းတောမြို့
အပွင့်ပေါတဲ့ အမြင့်ကျောမြို့
အပျိုချောတဲ့–ထိုမောမြို့။

(၁) ချစ်ဆွေတို့ရေ၊
မေမြို့ကို မရောက်ဖူးယင်ဖြင့်
ရောက်ဖူးအောင် တစ်ခါလာခဲ့
သာတဲ့မြိုင်နန်း။

(၂) အအေးရပါဗျ၊
အေးဓာတ်ကယ် လေပြေနှင်၍
လေပြေတွင် မာလာနံ့တွေက

သင်းပျံ့ကြိုင်လျှမ်းပါတဲ့
ခင်းသန့်မြိုင်နန်း။

## ရဲရင့်အစ ကိုဘဖံက

ရဲရင့်စာပေသည် မန္တလေးမြို့၌ရှိ၏။ ယခုလက်ရှိ ပိုင်ရှင်သည် ဦးဌေးဖြစ်လင့်ကစား မူလက ဤရဲရင့်စာပေကို စတင်တည်ထောင်ခဲ့သူမှာ ဦးဘဖံ ဖြစ်၏။ ဦးဘဖံသည် ဆရာကြီး ရွှေဥဒေါင်း၏ ညီဝမ်းကွဲဖြစ်၏။

၁၉၄၆ ခုနှစ် ဓားတန်းရပ်ရှိ ဆရာကြီးရွှေဥဒေါင်း၏နေအိမ်တွင် ကျွန်တော် ဝင်ထွက်သွားလာနေစဉ်မှာပင် ကိုဘဖံနှင့် ကျွန်တော် သိကျွမ်းခင်မင်ရ၏။ ကိုဘဖံသည် ထိုစဉ်က အသက် ၃၀ ကျော်၊ ကျွန်တော်ထက် ၃ ၊ ၄ နှစ်ခန့်ကြီး၏။ သူ၏ဇာတိ ဝက်လက်မြို့မှ မန္တလေးသို့ ရောက်လာသောအခါ သူ့မှာ ငွေ ၃၀ဝ ခန့် (ကတ်စဘီခေတ် အင်္ဂလိပ်ငွေ) ပါခဲ့၏။ သူ့ဘဝလမ်းကို ယင်းငွေဖြင့် မန္တလေးတွင် အစပျိုးရမည်ဖြစ်လေရာ ပထမ မြင်းလှည်းဝယ်မောင်း မည် စိတ်ကူးသေး၏။ သို့သော် ထိုငွေ ၃၀ဝ သည် မြင်းတစ်ကောင် ဖိုးမျှရှိနေ၍ လှည်းဖိုးကို ချေးငှားရဦးမည် ဖြစ်ရတကား ငွေကြေးအခက်အခဲ ရှိနေ၏။ ထိုစဉ်အခါ ရှုမဝနှင့် ဆရာကြီး ရွှေဥဒေါင်းဆက်သွယ်မိသည်၌ ဆရာကြီး၏ အကြံပေးချက်ဖြင့် ကိုဘဖံသည် မန္တလေးမြို့မှ ရှုမဝ၏ အထက်မြန်မာပြည် စာအုပ် ကိုယ်စားလှယ်ဖြစ်လေ၏။ ရှုမဝ ကြီးပွားလာသည်နှင့်အမျှ သူကြီးပွားလာခဲ့၏။

ကျွန်တော်၏ ပထမဦးဆုံးသော 'ဘရန်ဒီတစ်ပုလင်း' ဝတ္ထု၊ ၁၉၄၇ ခုနှစ် ဩဂုတ်လ ရှုမဝ မဂ္ဂဇင်း၌ ပါလာသောအခါ ထိုစာအုပ် ကျွန်တော် လက်ဖျားနှင့်မထိရမီ ''ဟောသည်မှာ ခင်ဗျား ဝတ္ထု၊ ရှုမဝထဲပါလာပြီဗျ'' ဟု မဂ္ဂဇင်းစာမျက်နှာကို လှန်ပြသူမှာ ကိုဘဖံဖြစ်၏။

နောင် စာရေးဆရာအဖြစ်နှင့် ကျွန်တော် မန္တလေးမှ ရန်ကုန်သို့ပြန်ခဲ့၍ ကျွန်တော်တို့ ၁၉၄၈ ခုနှစ်မှာ ပဒေသာမဂ္ဂဇင်းထုတ်သောအခါ သူ့အား အထက်မြန်မာပြည် ကိုယ်စားလှယ် ပေးခဲ့သည်။ အခြား စာအုပ်ထုတ်ဝေသူများက မန္တလေးတွင် ဘယ်ကိုယ်စားလှယ်နှင့် ဆက်သွယ်ရလျှင် ကောင်းပါမည်နည်း မေးသောအခါတို့တွင်လည်း ကျွန်တော်က ဦးဘဖံ ရဲရင့် စာပေးရုံးတော်ကြီး၊ မန္တလေးဟူ၍ ညွှန်ပြခဲ့သည်ချည်း။ ထို့ကြောင့် ရန်ကုန်မြို့ကထွက်သမျှ စာအုပ်တိုက်တို့၏ အထက်မြန်မာပြည် ကိုယ်စားလှယ်သည် ထိုစဉ်ခေတ်က ကိုဘဖံ တစ်ဦးတည်း ဖြစ်ခဲ့၏။

မူလ ရှမဝတစ်ဦးတည်းနှင့် စစဉ်က ၂၈ လမ်းထိပ် ၈၄ လမ်းထောင့်တွင် ကြက်လျှာစွန်းကွမ်းယာဆိုင်ကလေးမျှသည် ရုံတော်ကြီး၌ တိုက်ခန်းနှင့် ဖြစ်လာခဲ့၏။ ကိုယ်ပိုင် အိမ်လည်းဝယ်နိုင်လေပြီ။ ထိုအခါတွင် သူသည် စာအုပ် ကိုယ်စားလှယ် လုပ်ရုံသာမဟုတ်တော့ပဲ မန္တလေးမြို့မှနေ၍ စာအုပ်ထုတ်ဝေခြင်းကိုလည်း ပြုလေ၏။

## ဆင်စွယ်ကလေး

၁၉၅၁ ခုနှစ် နွေရာသီ ဖော်ပြခဲ့သည့်အတိုင်း ဆရာကြီးတို့အိမ်ထောင်စုနှင့် ကျွန်တော်မေမြို့တွင်နေစဉ်အခါ ကိုဘဖံသည် လက်ရေးစာမူတစ်ခုကို ယူလာ၏။ ဆာရိုက်ဒါဟက်ဂတ်၏ **Ivory Child** ဝတ္ထုကို ဘာသာပြန်ထားခြင်း ဖြစ်၏။ ဘာသာပြန်သူမှာ စာရေးဆရာမဟုတ်၊ စာပေဝါသနာရှင်မျှသာ ဖြစ်၏။ ဤစာမူကို ဆရာကြီးနာမည်နှင့် ထုတ်ရန်ပြော၏။

''အစ်ကိုကြီးရေ အဲသည်လူက သူ့စာမူ စာအုပ်ဖြစ်ယင် တော်ပြီတဲ့၊ စာမူခကို အစ်ကိုကြီး ယူပါ''

ဆရာကြီးက တင်းမာစွာ၊

''ဟာ၊ သူများရေးတဲ့စာမူကို ငါက နာမည်ခံပြီး ပိုက်ဆံယူရမှာလားကွ''

ကိုဘဖံကား စာရေးဆရာ စင်စစ်၏သဘောထားကို နားလည်သူ မဟုတ်ချေ။

''ဟုတ်တာပေါ့ အစ်ကိုကြီးရေ၊ အစ်ကိုကြီး အေးအေးလေးနဲ့ ပိုက်ဆံရအောင်လို့ဟာပဲ''

''တော်စမ်းပါ ဘဖံရာ၊ ငါရေးတာမဟုတ်တာကို ငါရေးတာ လုပ်လို့ဖြစ်မလားကွ''

''အစ်ကိုကြီးက နည်းနည်းပါးပါး ကြည့်ရှုပြင်ပေါ့ဗျာ''

ဆရာကြီးသည် ထိုစာမူကိုကောက်ကိုင်၍ အနည်းငယ် ဖတ်ကြည့်ပြီး ပြန်ချလိုက်ကာ၊

''ဟာ၊ သည့်အရေးအသားမျိုး ငါ့နာမည်နဲ့ထုတ်လို့၊ တော်စမ်းပါ ဘဖံရာ''

''ကျွန်တော် ဖတ်ကြည့်ပြီးပြီ၊ သူ့ဝတ္ထုက သိပ်ကောင်းတာပဲ''

''ဆာရိုက်ဒါဟက်ဂတ်က ကောင်းတာကိုးကွ၊ ကောင်းမှာပေါ့''

ဤနေရာ၌ ဆရာကြီး၏သဘောထားကို ကျွန်တော် နားလည်လေပြီ။ ထို့ကြောင့် ကျွန်တော်က၊

''သည်မှာ ကိုဘဖံ၊ သည်ဝတ္ထုကို ဆရာကြီးနာမည်နဲ့ထုတ်ရယင် ဘယ်လောက်ရမှာလဲ''

''ကျွန်တော်က ၆ဝဝ ပေးမယ်''

ထိုခေတ်ကငွေ ၆၀၀ သည် မနည်းချေ။ ဆရာကြီးအိမ်မှာ ကျွန်တော် အလကား စားသောက်နေတာလည်း ကြာလှလေပြီ။

''ဒါဖြင့် ကောင်းပြီ၊ ဆရာကြီးနာမည်နဲ့ ထုတ်နိုင်အောင် ကျွန်တော်လုပ်ပေးမယ်''

ဆရာကြီးက အံ့သြသောမျက်နှာနှင့်၊

''မင်းက ဘယ်လိုလုပ်မှာလဲကွ''

''ဦးကြီးရေးတာနဲ့တူအောင် ကျွန်တော် အားလုံးကို ပြင်ရေးမှာပေါ့ဗျ''

''အောင်မာ၊ မင်းကငါရေးတာနဲ့တူအောင် ရေးနိုင်မလား''

''ကြည့်ပေါ့ဦးကြီးရာ၊ ဦးကြီးသဘောတူတော့ လက်မှတ်ထိုးလိုက်ပေါ့''

## ကျွန်တော် စာရေးနည်း

ဤနေရာ၌ ကျွန်တော် ကိုယ်ရည်သွေးပါရစေ။ ကျွန်တော်သည် စာပေနယ်သို့ ပထမ ကဗျာကစ၍ ဝင်လာခဲ့သူဖြစ်ပါသည်။ ကဗျာကမားသည် စာကျက်သန်သူ ဖြစ်သည်။ အကြောင်းမှာ ကဗျာတွေအမျိုးမျိုးရေးနိုင်ရန် ကဗျာတွေ အမျိုးမျိုး အလွတ်ရွတ်ဆိုနိုင်မှ ဖြစ်ပါသည်။ ဥပမာ ကျွန်တော် လေးချိုးတစ်ပုဒ်ရေးတော့မည်ဆိုအံ့။ ရှေးဦးစွာ ကိုယ် ကြိုက်နှစ်သက်၍ ကိုယ်နမူနာယူလိုက်သော လေးချိုးကို တတွတ်တွတ်ရွတ်ဆိုရပါမည်။ လွန်ခဲ့သောလက ''မောင်တို့ တောင်ပြုံး'' ကဗျာကို ဤရှုမဝ၌ ဖော်ပြခဲ့သည်။ ယင်းကဗျာသည် ဆရာဇော်ဂျီ၏ ပုံသဏ္ဌာန်ကို ယူခြင်းဖြစ်ပေရာ ရှေးဦးစွာ ဆရာဇော်ဂျီ၏ လေးချိုးတစ်ပုဒ်ကို တတွတ်တွတ်ရွတ်ဆိုပြီးမှ ရေးခြင်းဖြစ်ပါသည်။ မည်သည့်ကဗျာမျိုးကမဆို သည်လိုပဲရွတ်ဆို၍ မိမိကိုယ်ကို ကဗျာသက် သွင်းယူရသည်။ ယင်းနည်းခြင့် ကျွန်တော်သည် ရတု၊ ရကန်၊ အဲအန်၊ လူတား စသည်ဖြင့် မည်သည့် ကဗျာမျိုးမဆို ရေးတတ်ပါသည်။ (ပြောင်မြောက်အောင်မြင်သော ကဗျာဆရာ မဖြစ်တာတော့ထားပါ။ ကျွန်တော်ရေးတတ်ကြောင်းသာ ပြောတာပါ။)

ကျွန်တော် ကျောင်းနေစဉ်အခါတွင် ၈ တန်းကစ၍ (ထိုခေတ်တွင်) ကဗျာကိုသင်ခဲ့ရပါသည်။ ၈ တန်း ၉ တန်းတွင် ဒွေးချိုး၊ ကြိုချိုး၊ လေးချိုးအထိ၊ ၁၀ တန်းရောက်မှ တေးထပ်ကို သင်ပါသည်။ သို့သော် ကျွန်တော်သည် ကဗျာစပ်ချင် လောဘကြီးသည်။ ၁၀ တန်းရောက်မှ သင်တာကို မစောင့်နိုင်တော့။ ၉ တန်းတွင် ပြဋ္ဌာန်းသော ဦးပုည မေတ္တာစာ ပေါင်းချုပ်ထဲမှ ''ညောင်ရွှေမြို့ပေး မေတ္တာစာ''၏ အဆုံးသပ် တေးထပ်ကို အလွန်သဘောကျမိပါသည်။ ယခုတိုင် အလွတ်ရ ပါသေးသည်။

ရွှေဝတိန်စံတု၊
ငွေကမ္ဘုအောင်မြေ၊
သာမျိုးမျှော့ခေါင်ဖွေ၊
ပြည်ညှောင်ရွှေသီရိ၊
နိဂြောဓ ရွှေဘုံ၊
လွှမ်းအာရုံ စောလိုက်ပါဘိ၊
ခမည်းတော် ဆည်ဖန်၊
နန္ဒာကန် ဇာတိ၊
ဆင်မောင်မယ် ဂီရိ၊
မျှော်ရှိတိုင်း နေ့ရေ၊
ဆည်မသာ ရွှေသဲ၊
ဖြေလဲ ခု လွမ်းရှိန်မပြေ၊
ရွှေယွန်းသူ့ ပန်းခွေ၊
ပြန်လွယ်စေ သည်ဇော့နှင့်၊
မြတ်ဗောဓိ မွေတော်ရှင်၊
ဘုန်းဖျား ရင်ပြင်၊
ကြယ်ယံကြွေ့ နတ်သွင်ငယ်၊
သွန်းရေစင် လောင်းရှာလိမ့်လေး။

ကဲ၊ ဘယ်လောက်ဆိုကောင်းလဲဗျာ။ အဓိပ္ပာယ်လဲ မသိခဲ့ပါဘူး။ ခုလဲ မသိပါဘူး။ ဒါပေမယ့် နှုတ်ထဲမှာစွဲနေတယ်။ သည်တေးထပ်မှာ ဦးပုညဟာ (အစက ခြောက်လုံးတယ်။ နောက်ဆုံးဝယ် ခုနှစ်နှင့်လေး) မဟုတ်ပဲ။ အစက ငါးလုံးတည်း တည်တည်ထားတယ်။ ဥပမာ ရွှေဝတိန်စံတု၊ နိဂြောဓရွှေဘုံ။

ကျွန်တော်ကျက်ခဲ့တဲ့ တေးထပ်ကလေး အစွဲဆုံးပဲ။ နှုတ်ကတတွတ်တွတ် ရွတ်မိတယ်။ ဒါကြောင့် ဆရာက တေးထပ်စပ်နည်း သင်မပေးခင်ပဲ ကျွန်တော်ဟာ သည်တေးထပ်နဲ့ ဆင်တူရိုးမားကို ရေးနိုင်ခဲ့ပါတယ်။ ကျွန်တော်ရဲ့ ပထမဦးဆုံး ချစ်ရည်စားဆီကို ရေးခဲ့တာပါ။ သည်ကောင်မလေးနာမည်က 'အယိန်' တဲ့။ တရုတ်ကပြားမလေး။

မေတ္တာဂုဏ် သိရိပျို့။
ကြိမ်ကြိမ်ပို့ မှန်းကာ၊

အယိန်တို့ ကျန်းမာစွာငယ်၊
ချမ်းသာယာ စုံပြည့်၊
ပျိုလေးတို့ ရိပ်သာဘုံ၊
စိတ်အာရုံစောလိုက်ပါဘိ၊
နှမလေး တွေ့ချင်ပါ၊
နေ့စဉ်သာ မျှော်ကြည့်၊
အလွမ်းတွေ ပိုမိုမိ၊
ကိုကို၏ မေတ္တာ၊
ပြစ်တယာ ကိုးဆယ်ခြောက်၊
ညှိုးပယ်ပျောက် ကင်းလွတ်စေသော၊
စိတ်သွားတိုင်း ကိုယ်ပါ၊
လိုရာကို ပြည့်ညှားဖို့၊
ရှိတွားလို့ ဦးထိပ်ပန်ဆင်၊
ဘုန်းမြတ် ရင်ပြင်၊
ဆုတောင်းလို့ သွန်းရေစင်ငယ်၊
လွမ်းရွှေပင် ပျိုးမိတော့လေး။

ဒါ ကျွန်တော် ပထမဦးဆုံးရေးခဲ့တဲ့ တေးထပ်ပဲ။ ကျွန်တော်ကဗျာတွေရေးနိုင်ခြင်းဟာ ထိုကဗျာမျိုးတွေ အလွတ်ကျက်ပြီး တတွတ်တွတ်ရွတ်ဆိုခြင်းက စတာပဲ။

ဟော၊ နောက် ကဗျာကနေပြီး ဝတ္ထုရေးဖို့ စကားပြောဘက် ကူးတဲ့အခါကျတော့လည်း သည်လိုပဲ။ ကျွန်တော်ကြိုက်နှစ်သက်တဲ့ ဝတ္ထုထဲက စာအရေးအသားတွေကို အလွတ်ကျက်ခဲ့ တယ်။ ကူးကူးရေးခဲ့တယ်။ အဲသည်တော့ ကျွန်တော်အကြိုက်ဆုံးဟာ ဆရာကြီး ရွှေဥဒေါင်း ဖြစ်နေလေ တော့ ဆရာကြီးရဲ့ တချို့စာတွေကို ကျွန်တော် အာဂုံဆောင်တော့တာပေါ့။ ဂျာမဒါ ကိုကိုကြီး (လုံးချင်း) ဝတ္ထုများတော့ တစ်ပုဒ်လုံးရသလောက်ပဲ။ အဲသည်အကြောင်း စကားစပ်မိလို့ ပြောကြတော့ အစ်မကြီး ခင်မျိုးချစ်က ''ငါလဲ သည်လိုပါပဲကွ''ဆိုပြီး၊ ဆရာကြီး သခင် ကိုယ်တော်မှိုင်းရဲ့ ''မှာပုံတော်''ဝတ္ထုကြီးထဲက တချို့စာတွေနဲ့ ကဗျာတွေကို ရွတ်ပြတယ်။ သည်တော့ အနီးမှာရှိနေတဲ့ ဦးခင်မောင်လတ်က၊

''အဲဒါ၊ မင်းတို့ချည်းမထင်ကြနဲ့ဟေ့၊ အင်္ဂလိပ်စာရေးဆရာကြီး ဆန်းမားဆက်မွန်လဲ ကမ္ဘာသရော်စာရေးဆရာကြီး ဂျိုနသန်ဆွစ်ဖ်ရဲ့ **Tale of Tub** ဆိုတဲ့ စာအုပ်ထူကြီးကို အလွတ်ကျက်သတဲ့ကွ''

ကျွန်တော်သည် မူလကတည်းက ဆရာကြီး ရွှေဥဒေါင်းကဲ့သို့ စုံထောက် ဝတ္ထုရေးဆရာ ဖြစ်ရန် ကြံရွယ်ခဲ့သည့်အတိုင်း ဆရာကြီး၏ ရေးနည်းရေးဟန်တွေကို ထပ်တူထပ်မျှ လေ့ကျင့်ခဲ့ သည်။ ထို့နောက် ဆရာကြီးနှင့်လူချင်းတွေ့ကြ၍ ဆရာကြီးအိမ်ရောက်သောအခါမှာလည်း ဆရာကြီးနှုတ်မှ ရွတ်သည်များကို လိုက်ရေးခဲ့သည်။

ထို့ကြောင့် ကိုဘဖ ယူလာခဲ့သော ဆာရိုက်ဒါဟက်ဂတ်၏ **Ivory Child** ဘာသာပြန်စာမူသည် ဆရာကြီးရွှေဥဒေါင်း၏ ''ဆင်စွယ်ကလေး'' နာမည်နှင့် စာအုပ် ထုတ်ဝေ ဖြစ်ခဲ့ပါသတည်း။

## ဆရာကြီး ရွှေဥဒေါင်း၏ 'အုပ်ပေါင်း'

'အုပ်ပေါင်း' သည် လူနာမည် ဖြစ်နေ၏။ သည်နာမည်တွေ့ရတော့ ကျွန်တော် အံ့သြမိ သည်။ နို့ပြီး သည်လူကလည်း မောင်ထွန်းလင်း မည်သော လူချမ်းသာတစ်ယောက်၏ အစေခံ တပည့်။ အုပ်ပေါင်းဆိုသော စကားလုံးမှာ ကျွန်တော်တို့ မြန်မာတွေ လူနာမည် ပေးလေ့မရှိပါ။ ခေါင်းပေါင်း ပေါင်းရာ၌ ဆံပင်ကို 'ပတ်ပေါင်း'၊ 'အုပ်ပေါင်း' ဟူ၍ ရှိပေရာ၊ 'ကိုလူပျို မြို့အုပ် လောင်းရယ်၊ အုပ်ပေါင်း ပေါင်းလို့ တုတ်တစ်ချောင်းနဲ့ လမ်းကို လျှောက်တယ်' ဟု ကျွန်တော်တို့ ငယ်စဉ်က သီချင်းတစ်ပုဒ် ပေါ်ခဲ့ဖူးပါသည်။

ယင်း 'အုပ်ပေါင်း'ကို လူနာမည်အဖြစ်နှင့် ကျွန်တော်တွေ့ရသည်မှာ ၁၉၄၇ ခုနှစ်၊ မန္တလေးမြို့ ၈၃ လမ်း ဂွတ္တန်ရပ်တွင် (တနေရာ၌ ဖော်ပြခဲ့ပြီ) ခိုတွေ အလွန်များသည့် လူထု ဦးလှ နှင့် ဒေါ်အမာတို့၏ တိုက်ခန်း၌ ဆရာကြီးနှင့် ကျွန်တော် အတူနေစဉ်အခါက တနေ့မှာ ဆရာကြီး၏ စာအုပ်သေတ္တာဟောင်းကို ရှင်းရာ၊ ဝတ္ထုနာမည် မတပ်ရသေးသည့် ဆရာကြီး လက်ရေးနှင့် ဖူးစကက် ၁၆ မျက်နှာခွဲ ၁၇ ထိ နံပါတ် ထိုးထားသော ကော်ပီတစ်ခု တွေ့ရပါသည်။ စာရွက်များဝါ၍ နှုတ်ခမ်းသားများတွင် ပိုးလည်း ကိုက်ထားလေပြီ။ စစ်ကြီး မဖြစ်မီကပင် ရေးသားထားဟန် တူပါ၏။

ယင်းစာမူကို ကျွန်တော်ဖတ်ကြည့်တော့ ဆရာကြီး တစ်ခါမျှ မရေးဖူးသေးသည့် ဇာတ်ကောင်များနှင့် ဟာသဝတ္ထုတစ်ပုဒ်၏အစ ဖြစ်နေလေရာ၊ ကျွန်တော့်စိတ်ထဲ စွဲလမ်းပြီး ညအိပ်ရာဝင်၌ ဆက်လက် စိတ်ကူးလိုက်ရာ နံနက်မိုးသောက်၌ စလယ်ဆုံးပြီးသော ဝတ္ထု တစ်ပုဒ် ဖြစ်သွားပါတော့၏။

ထို့ကြောင့် ဤစာမူနာကို ဆရာကြီးအားပြပြီး၊ ဘာကြောင့်ဆက်မရေးပါသနည်း၊ မေးကြည့်တော့ ''ငါ၊ မရေးချင်တော့ပါဘူးကွာ၊ ဘာမှန်းတောင် ကောင်းကောင်း မမှတ်မိတော့ ဘူး'' ဟု ပြောသည်၌၊ ကျွန်တော်က ''ဒါဖြင့်၊ ကျွန်တော့် ပေးပါ ဦးကြီး၊ ကျွန်တော် ဆက်ရေးချင်ပါတယ်''ဟု တောင်းသောအခါ၊

''ဖြစ်မယ်ဆို ယူပေါ့ကွာ''

ယင်းစာမူတွင် ဆရာကြီး ရေးထားသည့် ခေါင်းဆောင်ဇာတ်ကောင်နှစ်ယောက်၏ နာမည်မှာ ဆရာက ''မောင်ထွန်းလင်း'' တပည့်က 'အုပ်ပေါင်း' ဖြစ်နေပါသည်။ ဇာတ်လမ်း ဇာတ်သွား ကြည့်လျှင် ဆရာက အူတူတူ၊ ကြောင်တောင်တောင်၊ လူအေး လူပျော့။ သည်တော့ ကျွန်တော့် စိတ်ထဲတွင် 'ထွန်းလင်း' ဆိုသည့် နာမည်က မာသည်၊ ထက်သည်။ သူ့စရိုက်နှင့် မလိုက်ဟု တွေးမိပြီး၊ သည်လူ့စိတ်သဘောထားကိုလည်း ချစ်မိသဖြင့် ကျွန်တော့်နာမည် တစ်လုံးလည်း ပါအောင် 'အေးဆွေ' ဟု ပြောင်းလိုက်သည်။ အလားတူ 'အုပ်ပေါင်း' ဆိုသည့် နာမည်ကိုလည်း ကျွန်တော့်သဘောမကျ။ ဘာကြီးမှန်းမသိ။ သူ့ဇာတ်သွားက အစေခံပေမယ့် သခင်ကို ဆရာလုပ်နိုင်သည်။ အကြံဉာဏ် ပေးနိုင်သည် ဖြစ်သောကြောင့် အမတ်ကြီး ဦးပေါ်ဦး ကို သတိရပြီး၊ သို့သော် ရှေးပညာရှိကြီးနှင့် ကွဲပြားအောင် 'ပေါ်အူး' လုပ်ပစ်လိုက်ပါတော့သည်။

ဤဝတ္ထုသည် 'သည်မောင့်လက်သံ'နာမည်ဖြင့် ၁၉၄၈ ခုနှစ်၊ မတ်လထုတ် ရှုမဝ အမှတ် (၁၀) တွင် သော်တာဆွေ၏ ပဥ္စမမြောက် ဝတ္ထုအဖြစ်နှင့် ပါလာပါသည်။ မူလရေးစဉ်က ရှေ့ဆက်ရန်လမ်းမရှိ။ သည်တစ်ပုဒ်တည်းနှင့် ကိစ္စပြီးဖို့ပင်။ သို့သော် ဒေါ်ခင်မျိုးချစ်နှင့် တွေ့ပြီး၊ ဤဝတ္ထုသည် မူရင်းက ကမ္ဘာကျော် အင်္ဂလိပ် ဟာသ ဆရာကြီး (နောင်သေကာနီးတွင် ဆာ ဘွဲ့ရသည်) **P.G. Wodehouse** ၏ လက်ရာဖြစ်ကြောင်း၊ ကျွန်တော့်ဝတ္ထုထဲက 'အေးဆွေ' သည် **Bartram Woodstar** 'ပေါ်အူး' က **Jeeves** ဖြစ်ကြောင်းပြောလျက် ကျွန်တော့်အား ဤ **Jeeves** ဝတ္ထုတွေကို ဦးခင်မောင်လတ်နှင့် သူတို့ လင်မယားနှစ်ယောက်က စာတက်ပေးခြင်း ဖြင့် မူရင်; **Jeeves** 'ဂျိဗ်စ်' ကို ဆရာကြီးက 'အုပ်ပေါင်း'၊ ကျွန်တော်က 'ပေါ်အူး'လုပ်ခဲ့သော ဝတ္ထုတွေ ရှုမဝမဂ္ဂဇင်းထဲမှာ အတိုချည်း ၁၅ ပုဒ်၊ လုံးချင်းအဖြစ် ပပဝတီ နှင့် မခင်နှင်းဆီ နှစ်ပုဒ် ရေးဖြစ်ခဲ့ပါတော့သည်။

စင်စစ် ဤဝတ္ထုများတွင် ဂျိဗ်စ် ပေါ်အူးက အဓိက ဇာတ်ကောင်။ စာရေးဆရာ တစ်ယောက်သည်အရေးကြီးသော ဇာတ်ဆောင် တစ်ယောက်ကို နာမည်ပေးရာ၌ အမှုမဲ့ အမှတ်မဲ့ မဟုတ်။ သူ့စိတ်ထဲတွင် ငြိတွယ်သောအကြောင်းတစ်ခုခုတော့ ရှိတတ်ပေရာ၊ Jeeves ဂျိဗ်စ်ကို ဆရာကြီးက ဘာကြောင့် 'အုပ်ပေါင်း' ဟု နာမည် ပေးပါသနည်း။ ဆရာကြီးအား ကျွန်တော် မမေးခဲ့မိပေ။ မေးရန်လည်း အကြောင်းမရှိပေ၊ သို့သော် ထို 'အုပ်ပေါင်း' ဟူသော နာမည်ကို ဆရာကြီး၏ လက်ရေးမူမှာ တသက်တာမှတ်တမ်းတွင် ကျွန်တော် ရှာဖွေတွေ့ရှိ လေ၏။

ဆရာကြီးသည် ဂျပန်ခေတ်၌ သူ၏ဇာတိ ဝက်လက်မြို့၌နေရပြီး၊ ရန်ကုန်မြို့နှင့် မပြစ်စလောက် တစ်ဆွဲတစ်ငင်မျှ ကုန်ကူးခြင်းကို ပြုလေရာ၊ သူ့တသက်တာ မှတ်တမ်းထဲတွင်။

## သစ္စာရှိသော ခွေး

ကျွန်ုပ်သည် ပုစွန်ခြောက် သုံးပိဿာကို လွယ်အိတ်တွင်ထည့်ကာ လွယ်လျက်၊ ကွမ်းခြံ ဘူတာကြီးသို့ ထွက်လာခဲ့ရာ၊ မီးရထားလက်မှတ်ရဖို့ အရေးမှာ မလွယ်ကူကြောင်း တွေ့ရှိရလေ ပြီ။ အကြောင်းမူကား၊ ရထားသည် ညနေ ၅ နာရီမှထွက်ရန် ဖြစ်သော်လည်း ကျွန်ုပ်ရောက်သွား သည့် ၁၁ နာရီ အချိန်ကတည်းက ခရီးသည် ကျူတန်းကြီးသည် လူ ရှစ်ဆယ်ခန့် ရှိနေပြီကို တွေ့ရသောကြောင့်ပေတည်း။ ကျွန်ုပ်သည် ရောက်သည်နှင့် တမြိုင်နက် ထုံးစံအတိုင်း နောက်ဆုံးမှ ဝင်၍ရပ်ရပါသည်။ အသိမိတ်ဆွေ ဟူသည်မှာ (တကယ်ကြင်နာမှုရှိခဲ့လျှင်) နိမ့်သည် မြင့်သည် မရွေး၊ အားကိုးရခြင်းကို ဤတစ်ကြိမ် ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။ ကျွန်ုပ် သည် 'ကျူ' တန်းထဲတွင် ရပ်လျက်ရှိစဉ်၊ ကျွန်ုပ်၏နောက်မှ တစ်ဖြောက်ဖြောက် ရောက်လာကြ သူများလည်း ဝင်၍ ရပ်ကြသဖြင့်၊ ဆယ်ယောက်ထက်မနည်း ရှိကြလေပြီ။ ထိုအခါ ကျွန်ုပ်၏ နောက်ဆီမှ ''ဆရာကီး ဘယ်လဲ'' ဟု မေးလိုက်သဖြင့်၊ လှည့်၍ကြည့်လိုက်ရာ၊ ပီမိုးနင်းနှင့် အဖွဲ့ ကျ၍ တရုတ်တန်းတွင် ကျက်စားကြစဉ်က ကျွန်ုပ်တို့၏ အခိုင်းအစေ ဖြစ်ဖူးသည့် 'တရုတ် ပြောင်းထိုးသမား' အုပ်ပေါင်းဖြစ်ကြောင်း တွေ့ရ၏။ ကျွန်ုပ်အပေါ်၌ 'သစ္စာရှိသောခွေး' ပမာ ခင်မင်၍၊ ကျွန်ုပ်ခိုင်းစေသမျှကို သွက်လက်စွာနှင့် လိုလိုချင်ချင် ဆောင်ရွက်တတ်သည့် အလျောက် ကျွန်ုပ်ကလည်း ဖောဖောသီသီ ပေးကမ်းထားသူ ဖြစ်လေသည်။ တရုတ်တန်း ရပ်ကွက်၌ တရုတ် ဘိန်းစားများအနက်တွင် ကျွန်ုပ်ကို ကြည်ညိုလေးစားသူ အလွန်ပေါ်များ သည်နှင့် တနေ့သ၌ ကိုခင်မောင်က ''သည်လူစုတွေထဲမှာတော့ မောင်ဖေသိန်းက ဘုရင် တပါး ပါပဲ'' (**Uncrowned King** ) ဟု ပြောဖူးလေသည်။ ကျွန်ုပ်၏ ဝါသနာမှာလည်း ကျွန်ုပ်ကို ခင်မင်လေးစားသူများ၏ နိမ့်ကျမှုကြောင့် ရှက်တတ်သည်မရှိ။ ကလေးများ (ယုတ်စွအဆုံး) ခွေး များက ချစ်ကြသည် ဆိုလျှင်လည်း ဝမ်းမြောက်စွာ ဂုဏ်ယူလိမ့်မည်သာ ဖြစ်လေသည်။

အုပ်ပေါင်းသည် ကျွန်ုပ်ထံသို့ ချဉ်းကပ်လာရာ၊ ကျွန်ုပ်က အကျိုးအကြောင်းကို ပြောပြ သောအခါ၌၊ ''သည်လိုဆို ဆရာကီး ဖယ်ပါ၊ ကျွန်တော် ရပ်နေပါ့မယ်'' ဟု ပြောသည်နှင့် သူ့ အား နေရာဖယ်ပေး၍ ကျွန်ုပ်မူ သစ်ပင်ရိပ်အောက်သို့သွား၍ ထိုင်နေရလေ၏။ ဤအတော အတွင်း ကျွန်ုပ်သည်လက်ဖက်ရည်ဆိုင်သို့ သွား၍ ကိုယ်တိုင် သောက်ပြီးနောက် အုပ်ပေါင်း အတွက်လည်း

တစ်ခွက်ယူကာ လာပေးလိုက်သေးသည်။ ယုတ်ညံ့သော တရုတ်ဘိန်းစား တစ်ယောက်အတွက် ဝတ်ပြုရသည်ဟူ၍ ကျွန်ုပ်မရှက်တတ်။

အင်း၊ ဤစာဖတ်လိုက်ရတော့မှပဲ ကျွန်တော်၏ 'ပေါ်အူး' နေရာ၌ ဆရာကြီးပေးထား သော 'အုပ်ပေါင်း'မှာ တရုတ်ဘိန်းစား ပြောင်းထိုးသမား ဖြစ်နေပါရော့လား။ ဆရာကြီးသည် အုပ်ပေါင်းအား တော်တော် စွဲစွဲငြိငြိ ရှိခဲ့ကြောင်း ထင်ရှားသည်။ ယခု တသက်တာ မှတ်တမ်းထဲ ၌ ဖော်ပြသည်မှာ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်က ဖြစ်ပေရာ၊ ဆရာကြီးဆီက ကျွန်တော်ယူသော ဝတ္ထုအစထဲတွင် `နနလနျ ဂိုဗ်စ် နေရာ၌ အုပ်ပေါင်းကို သွင်းခဲ့သည်ကား၊ စာရွက်များဝါပြီး နှုတ်ခမ်းသားများ ပိုးစားထားသည်ကို ထောက်ချင့်ခြင်း အားဖြင့် ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ နှစ်ပေါင်း များစွာက (ဝါ) ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာကြီး ပီမိုးနင်းတို့ ရန်ကုန်မြို့ တရုတ်တန်းမှ သည်လူကြီးတွေ ပွေ့ခဲ့ကြစဉ်က ဖြစ်ပါချိန်မည်။

သောက်ကျိုးနဲ သည်လူကြီးတွေပွေခဲ့ကြပုံက တိုင်းထက် အလွန်ပါလားခင်ဗျာ။ ကျွန်တော်တို့ ခုခေတ် စာရေးဆရာလေးတွေ သူတို့ခေတ်ကို အဘယ်မှာ မီနိုင်ပါအံ့နည်း။ ကြည့်စပ်းပါဗျာ။

## တညအတွင်း နည်းမျိုးစုံပျော်ခြင်း

ကျွန်ုပ်၏အဘိုးက ''ယောက်ျားဆိုလျှင် စုံရမည်''ဟု ပြောဘူးခြင်းသည် ကျွန်ုပ်၏နားထဲ၌ စွဲလျက်ရှိပုံကို ဖော်ပြခဲ့ဘူးရာ လူအဖြစ်နှင့် ဖိမ်ခံမှု၊ သို့မဟုတ် ကျေနပ်မှု အမျိုးမျိုးကို လက်လှမ်းမီသမျှ အတော်စုံလင်အောင် ခံစားဖို့ ကြိုးစားခဲ့ဘူး၏။ ကျန်းမာရေးအတွက် လေ့လျှော်ခြင်း၊ ကြက်တောင်ရိုက်ကစား ခြင်း၊ ခြင်းလုံးခတ်ခြင်းစသော ပျော်နည်းမျိုး၊ မြင်းစီးနည်း၊ ဆင်စီးခြင်း၊ ကျားစောင့်ခြင်းစသော ပျော်နည်းမျိုး၊ ဖဲကစားခြင်း၊ လေးကောင်ဂျင် ထိုးခြင်း၊ အနီထောင်ထိုးခြင်းစသည့် ရင်ခုန်ရသော ပျော်နည်းမျိုးတို့သည် အတော်စုံခဲ့ပါပြီ။ တရားအားထုတ်ခြင်းအားဖြင့် အတော်အတန်လူများ မခံစားခဲ့ရသည့် ပီတိအကြီးစားနှင့် စိတ်၏ ငြိမ်းချမ်းကြည်လင်ခြင်းကိုလည်း ခံစားခဲ့ရဘူးပါပြီ။ အထက်ပါ ကျေနပ်စွာ ခံစားမှုများအပြင် ဖော်ပြခဲ့သည့် မိတ်ဆွေများနှင့် သုရာမေရယဘက်တွင် တထိုင်တည်းနှင့် အမျိုးစုံအောင် ခံစား ဘူးခြင်းမှာလည်း အတော်အတန်လူများခံစားဖို့ စိတ်ကူးမရနိုင်လောက်အောင် စုံလင်လှပါ၏။ ကိုသိန်းဖေအား ဟိုတယ်သို့ခေါ်သွား၍ ပုလင်းထောင်ပေးထားပြီး ကိုခင်မောင်တင့်နှင့် ဘိလိယက်ထိုးပြပြီးနောက် တရုတ်ဟိုတယ်၌ ကျွေးမွေးပြုစု ခြင်းမှာ အတော်ပျော်စရာ ကောင်းပါ၏။ သို့သော် ကိုသိန်းဖေကား ဤမျှလောက် နှင့် ရန်ကုန်သို့ လာရကျိုးမနပ် သေးဟုဆို၏။ ဤတွင် ပီမိုးနင်းနှင့် အစီအစဉ် လုပ်ရပြန်သည်။ တညသ၌ ကျွန်ုပ်သည် ကိုသိန်းဖေအား ပီမိုးနင်း၏

နေအိမ်သို့ ခေါ်သွား၍ သူ၏သားကလေးအား ဘီယာလေးပုလင်း ဝယ်ခိုင်း၏။ ပီမိုးနင်းနှင့် ကျွန်ုပ်မှာ တပုလင်းစီသာ သောက်ကြသော်လည်း လောဘကြီးသော ကိုသိန်းဖေ အတွက် နှစ်ပုလင်း ဝယ်ရခြင်းဖြစ်လေသည်။ ဘီယာပုလင်းများ ပြောင်၍ 'ပြောကောင်းဆိုကောင်း' အခြေအနေ သို့ရောက်ကြသည့်တွင် ကျွန်ုပ်တို့သည် တရုတ်တန်း ဘက်သို့ ဓာတ်ရထားနှင့် ထွက်လာကြ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့ သည်ပီမိုးနင်းအား သဘာပတိတင်မြှောက်ပြီး ကျွန်ုပ်က ဘဏ္ဍာထိန်း (အသုံးတော်ခံ) တာဝန်ကိုလုံးဝ တာဝန် ယူရပါမှ ကျေနပ်နိုင်မည်ဟု အတိုက်အခံ ပြောယူရပါသည်။ ပီမိုးနင်းသည် ၎င်းရပ်ကွက်၌ အသိအကျွမ်း ပေါမျှားသူဖြစ်၍ ဘိန်းခန်းတခန်းသို့ ဝင်ပြီးလျှင် သီးသန့်ထားသော အထက်ထပ်သို့ ခေါ်သွား၍ ဝါးကိုအပြားလိုက်ထုထားသည့် တရုတ်ဖျာပေါ်၌ နေရာယူကြ၏။ ခေါင်းအုံးများမှာ စဥ့်ကိုကြွေရည်သုတ်ထားသည့် လေးထောင့်ပုံသဏ္ဍာန်ဖြစ်ကြ၏။ လက်ဖက်ရည် ကြမ်းအိုးနှင့် ပန်းကန်များလည်း အသင့်ရှိကြသည် ပေါက်ဖော် တယောက်က ထိုးပေးသည့် 'ပြောင်း'ကို စကားတပြောပြောနှင့် တယောက်တလှည့် 'ရှူ'ကြရာ အတော်ကလေး 'ဖိန်း' လာသောအခါ၌ ကိုသိန်းဖေက 'အဖိန်း'ပြေအောင် ဘီယာသောက်ချင်သည်ဆို၍ ဘီယာ သုံးပုလင်း ဝယ်ခိုင်း၏။ စားစရာအဖို့မူ ဂဏန်းပေါင်းများမှာလိုက်၏။ အလှည့်ကျသူက ရှူလျက် ရှိစဉ် ကျန်နှစ်ယောက်တို့က ဘီယာသောက်ယင်း ဂဏန်းလက်မများကို ဖဲ့ယူစုတ်ရသည်မှာ ဇိမ်တခုဖြစ်၏။ ဘီယာက'ယစ်'၍ ဘိန်းက 'ဖိန်း'စေသဖြင့် ဇိမ်နှစ်မျိုး ခံစားလျက်ရှိကြစဉ် သဘာပတိ ပီမိုးနင်းက 'ကုတ်ကင်း'ပွတ်ကြဖို့ အကြံပေးသည်နှင့် ဘဏ္ဍာထိန်းဖြစ်သော ကျွန်ုပ်က ကုတ်ကင်း (မက်ထုပ်) သုံးထုပ် ဝယ်ယူလိုက်၏။ (ကုတ်ကင်းမှာ ဘိန်းခန်း၌ပင် ရောင်းသည်။)

ကိုသိန်းဖေ အဖို့မှာ 'ကုတ်ကင်း'သည် အထူးအဆန်းဖြစ်၍ အလွန်ရွှင်ပျလာခြင်းအားဖြင့် သူ၏ကျေနပ်ခြင်းကို ဖော်ပြသည်။ ကုတ်ကင်းပွတ်ကြစဉ် ပီမိုးနင်းနှင့် ကျွန်ုပ်သည် ကိုသိန်းဖေ၏ အမူအရာကို စောင့်ကြည့်ကာ အကဲခတ်လျက်ရှိကြရာ ဘိန်း၏ဖိန်းခြင်း၊ ဘီယာ၏ယစ်ခြင်း တို့ကြောင့် အတော်အတန်မျှလောက်သာ စကားပြောသေးသော ကိုသိန်းဖေသည် ကုတ်ကင်း ထုပ်ဝက်ခန့် ဝင်သွားသောအခါ ၌ကား ကျွန်ုပ်တို့အထဲတွင် စကားအများဆုံး လူတယောက် ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်တို့လည်း စကားများချင်ကြပါ၏။ သို့သော် ကိုသိန်းဖေ၏ အမူအရာ ပြောင်းလဲခြင်းကို သိလိုကြသည်နှင့် သတိထား၍ ထိန်းထားကြခြင်းဖြစ်လေသည်။

## ကျွန်ုပ်၏ သတိကောင်းခြင်းတချက်

''ဘယ်မှာလဲဗျာ၊ ခင်ဗျားတို့ကုတ်ကင်းက ဘာမှလဲ မဖြစ်ပါပဲလားဗျ''ဟု ကိုသိန်းဖေက ပြောလိုက်ရာကျွန်ုပ်တို့က ရယ်လိုက်ကြ၏။ ''ဘာရယ်ကြတာလဲဗျ'' ဟု သူကပြန်မေးရာ ပီမိုးနင်းက

''ခင်ဗျားကိုကျွန်တော်တွေ့ရကတည်းက ဒီလောက်စကားပြောတာ တခါမှ မတွေ့ရဘူးဘူး''ဟု ပြောလိုက်သည်တွင်မှ သူ့ဟာသူရပ်တန့်စဉ်းစားပြီး ''ဟုတ်တယ်ဗျို့''ဟုဆိုကာ ရယ်မောလေသည်။ ကိုသိန်းဖေကား လူဆန်းတယောက်ဖြစ်၏။ စကားနည်းသူတယောက်ကား မဟုတ်။ လူသွက် တယောက်ပင်ဖြစ်၏။ သို့ရာတွင်အရက်သောက်ကြသော အခါများ၌ အခြားလူများသည် အူရှင်သည့် အလျောက် စကားများလာတတ်ကြပေရာ ကိုသိန်းဖေမူကား ဘယ်မျှလောက် သောက်သည်ဖြစ်စေ၊ နဂိုအတိုင်း မှန်မှန်သာ ပြောတတ်သူတယောက်ဖြစ်လေသည်။ သို့ဖြစ်၍ ပီမိုးနင်းက စကားများသည်ဟု ပြောလိုက်သောအခါ ချက်ချင်းနားလည်၍ ရယ်မောကာ ဝန်ခံလေသည်။ ကိုသိန်းဖေ၌ ကျွန်ုပ်သဘောကျသော အချက်အလက်များအနက် ဤဝန်ခံလွယ်သော အချက်သည် တခုအပါအဝင် ဖြစ်လေသည်။ (တခါတရံတွင် တောင်းပန်၍ မရပဲ အများကြီး သောက်ချင်တတ်သောဝါသနာကိုမူ ကျွန်ုပ်သဘောမကျချေ။ သို့ရာတွင် ထိုအဖြစ်မျိုးကား နည်းပါးလှပါသည်။) မလင်းတလင်းရှိအောင် တမင်တကာ စီမံထားသော အခန်းကလေးထဲ၌ (အရှုသမားများသည် ထိန်ထိန်လင်းသော အလင်းရောင်မျိုးကို မကြိုက်) ဘီယာ၏ယစ်ခြင်း၊ ဘိန်း၏ဖိန်းခြင်း၊ ကုတ်ကင်း၏တက်ကြွခြင်း၊ ဂဏန်း၏ စုတ်ဝါး၍ကောင်းခြင်းတည်းဟူသော ဖိမ်အမျိုးမျိုးတို့ကိုခံစားယင်း စိတ်ဝင်စားဖွယ် ကိုယ်တွေ့ အဖြစ်အပျက်များအကြောင်းကို တယောက်တလှည့် ပြောပြရခြင်းမှာ လူ့ဘဝ၌ တွေ့ကြုံရခဲလှသော ကာမဂုဏ်ဖိမ်ကြီး တမျိုးပေတည်းဟု ကျွန်ုပ် ခဏခဏ သတိရမိပါသည်။ ထိုကဲ့သို့ သတိရသည့် အခါတိုင်းလည်း 'ငါသည် ယခုအချိန်၌ အလွန်ပျော်လျက်ရှိသည်၊ တနေ့သော် ဤအပျော်မျိုးကိုစွန့်လွှတ်၍ လွတ်မြောက်ရေးအတွက် ကြိုးစားအားထုတ်ရဦးမည့် တာဝန်ကြီး ရှိချေသေးသည်တကား'ဟူသော စိတ်အကြံသည် ဖြစ်ပေါ်လာတတ်သည်ချည်းဖြစ် ပါသည်။ အခြားသောအချိန်များ၌ မေ့ချင်မေ့မည်။ အပျော်ကြူးသော အချိန်များ၌မူ ကား သတိရမြဲ ဖြစ်သောကြောင့် မိမိ၏သတိကောင်းခြင်းမှ ဟုတ်ပါလေစ၊ တစုံတယောက်က သတိပေးနိုးဆော်ခြင်း ဖြစ်လေသလော ဟူ၍ပင် စဉ်းစားမိပါသည်။

## ပျော်တော်ဆက်ကြပြန်ခြင်း

ကျွန်ုပ်တို့၏ပျော်ပါးမှုကား ဤမျှနှင့် ပြီးဆုံးသေးသည် မဟုတ်ချေ။ အခန်းမှ ထွက်လာကြသောအခါ ၁၂ နာရီ ကျော်ပြီဖြစ်ရာ ''ကျေနပ်ပြီလား''ဟု ပီမိုးနင်းက မေးရာတွင် ''ဒီပြင်ဘာများရှိသေးသလဲ''ဟု ကိုသိန်းဖေက ပြန်၍မေး၏။ ဤတွင်ပီမိုးနင်းသည် ကွမ်းရာဆိုင် တဆိုင်သို့ ချဉ်းကပ်၍ ဆိုင်ရှင်ကုလားအား တီးတိုးမေးရာ ကုလားက အထုပ်ကလေး တထုပ်ပေး၍ ကျွန်ုပ်က ပိုက်ဆံတမတ် ပေးလိုက်ရ၏။ ထို့နောက်ဘဲကင်တကောင်ဝယ်ဖို့ ပြောသဖြင့် ကျွန်ုပ်က

ဝယ်ခဲ့ရ၏။ ဤမှတဖန် မဂိုလ်လမ်းသို့ ခြေလျက်လျှောက်သွား၍ ဖာလူဒါဆိုင်သို့ ဝင်ကြပြီးလျှင် နို့သုံးခွက် မှာယူ၏။ ဤအတောအတွင်း ပီမိုးနင်းသည် အထုပ် ကလေးကို ဖြည်၍ အတွင်း၌ရှိသော သစ်ရွက်ခြောက်ကလေးများကို လက်ဖဝါးပေါ်တွင်တင်ကာ ရေအနည်းငယ်ထည့်၍ နယ်ချေတော့သည်။ ထို့နောက် ကျွန်ုပ်တို့အား သုံးပုံတပုံမျှစီ ခွဲဝေပေး၍ ပါးစပ်ထဲသို့သွင်းကာ ညက်ညက်ပါအောင်ဝါးစေပြီးမှ နို့တခွက်စီ သောက်ချစေ၏။

ကျွန်ုပ်က ''ဘာလဲသိလား ကိုသိန်းဖေ''

''ဆေးခြောက်မဟုတ်လားဗျာ''

''မြည်းဘူးသလား''

''ဒီနည်းတော့ မစမ်းဘူးဘူး၊ ကြက်သားနဲ့တော့ ချက်စားဘူးတယ်''

ပီမိုးနင်းက ဆက်လက်၍–

''ကျေနပ်ပြီလား ကိုသိန်းဖေ''

''ဘာရှိသေးလဲဗျ''

''ခင်ဗျားခံနိုင်ရေ ရှိပါ့မလား''

''ကိစ္စမရှိဘူး၊ ခင်ဗျားတို့နဲ့ အတူပျော်ရပြီး သေသွားလျှင်လဲ ဝမ်းမနည်းဘူး''

ဤစကားမှာ တကယ်ပြောခြင်းဖြစ်၏။ ပျော်မှုနှင့် ပတ်သက်၍ တကယ်လောဘကြီးသောလူတယောက်ဖြစ်သည်။ ကျွန်ုပ်က ကန့်ကွက်ပါသေး၏။ သို့သော် ပီမိုးနင်းက အစဖော်လိုက်ပြီဖြစ်သောကြောင့် ကိုသိန်းဖေသည် သူ၏ဝါသနာအတိုင်း နားပူပါလေတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လမ်းကလေးတလမ်းသို့ ဝင်ကြ၍ နှစ်ထပ်တိုက် တတိုက်သို့တက်ကြပြီးလျှင် အခန်းတခန်းသို့ ဝင်သွားကြရာ ပေရေညစ်ပတ်သော ကြမ်းပြင်ပေါ်တွင် အလွန်ပေရေ ညစ်ပတ်သော ယောက်ျား မိန်းမများသည် လဲလျောင်းလျက် ရှိခြင်းကို တွေ့ရ၏။ ကြက်ချေး နံ့နှင့်တူသော အနံ့ဆိုးသည်လည်း နှာခေါင်းထဲသို့ ဖွတ်တိုးဝင်လျက်ရှိ၏။ ကျွန်ုပ်မှာ ကြုံ ရဘူးသည်နှင့်ခံနိုင်သော်လည်း ကိုသိန်းဖေမူကား ရုတ်တရက်တန့်သွားခြင်းကို မြင်လိုက်ရသည်။ သို့ရာတွင် ကိုသိန်းဖေအကြောင်းကို ကျွန်ုပ်သိရသလောက်မှာ ပျော်မှုအတွက်ဆိုလျှင် ကြက်ချေး နံ့ကို မဆိုထားဘိ၊ လူ့ချေးတွင်းထဲသို့လည်း ကျွန်ုပ်တို့ဆင်းလျှင် လိုက်၍ဆင်းမည့်သူ ဖြစ်လေ သည်။ ပထမ၌ ကိုသိန်းဖေသည် လက်ကိုင်ပဝါကိုထုတ်၍ နှာခေါင်းသို့ ပိတ်ဆို့မည်ပြုပြီးမှ အံကြိတ်ကာ ပြန်၍တည်လိုက်သည်။ ကြက်ချေးနံ့မှာ အခြားမဟုတ်၊ မာဖီးယားသမားများ၏ ကိုယ်မှ တငွေ့ငွေ့ထွက်လျက်ရှိသည့် ချွေးနံ့ပင်ဖြစ်လေသည်။ တယောက်တည်းအဖို့၌ ဤမျှလောက် မထင်ရှားသော်လည်း ရေမချိုးသည့်ကုလီ အတန်းအစားယောက်ျားမိန်းမ တဒါဇင်ခန့်တို့၏ ကိုယ်ကာယမှသည် ညစ်ပတ်ပေရေသော ကြမ်းပြင်မှ တငွေ့ငွေ့တလူလူ ပြန်လွင့်လျက်

ရှိခြင်းဖြစ်သောကြောင့် အတော်အတန်လူများ မခံမရပ်နိုင်အောင် ရှိတော့သည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ပထမအကြိမ်ပီမိုးနင်းနှင့် ရောက်ဘူးစဉ်က လေ့ကားမှ ပြန်ဆင်း ပြေးခဲ့ရဘူးသည်။ ဤအရာမျိုးတွင်ကိုသိန်းဖေသည် ကျွန်ုပ်ထက် အသည်းကောင်းပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်အား 'ကော့ပါးဖီးလ်'ဟု ခေါ်ခြင်းဖြစ်လေသည်။

## လောဘကြီးသော ကိုသိန်းဖေ

အခန်း၏တထောင့်၌ မင်အိုးဖြင့်ထည့်သော ရေကြည်ဗူးကလေးနှင့် စီးကရက် သံဖူးပြားကလေးကိုရှေ့တွင်ချထားကာ ဝိုင်းထိုင်နေကြသော လူသုံးလေးယောက်ရှိရာသို့ကျွန်ုပ်တို့လူသုံးယောက် သွား၍ထိုင်ကြ၏။ မင်အိုးဖြင့်ထည့်သော ရေကြည်မှာ ရေကိုချက်၍ ရွေးထုတ်ယူထားသည့် 'ရေကြည်' (**Distilled Water**) ဖြစ်လေရာ စီးကရက် သံဖူးပြားကလေးထဲ၌ကား မာဖီးယားထုပ်ကလေးများနှင့် ကုတ်ကင်းထုပ်ကလေးများ ထည့်ထား၏။ လူတယောက်လျှင် အနည်းဆုံးကုတ်ကင်းမူးထုပ်နှင့် မာဖီးယားသုံးပဲထုပ် လိုလေသည်။ ဆေးထိုးသမားသည် ကုတ်ကင်းတထုပ်နှင့် မာဖီးယားတထုပ်ကို ပန်းကန်လုံးကလေးထဲသို့ ဖြည်ထည့်၍ မင်ဖူးထဲမှ ရေကြည်နှင့် ရောစပ်၏။ ထို့နောက်ဆေးထိုးပြွတ်ကလေးထဲသို့ စုတ်ယူလိုက်ပြီးလျှင် လောဘကြီးသော ကိုသိန်းဖေအား ရှေးဦးစွာ ထိုးပေးရ၏။ အခြားလူတယောက်သည် မိမိမစမ်းသပ်ဘူးသော အလုပ်တခုတွင် သူတပါးနောက်မှ လုပ်မည်ဖြစ်သော်လည်း ကိုသိန်းဖေ မူကား သူတပါးကို မစောင့်နိုင်၊ သူသာလျှင် ရှေးဦးစွာ လုပ်လိုက်ချင် သည်အထိ လောဘကြီးသူဖြစ်လေသည်။ ပန်းကန်လုံးကလေးမှ သုံးပြွတ်စာထွက်၍ ထိုးပြီးသောအခါ ကိုသိန်းဖေသည် ကောင်းကောင်းမသိသာ သေးဟုဆိုကာ ထပ်၍ထိုးချင်သေးသော်လည်း ကျွန်ုပ်တို့က စောင့်ကြည့်ပါဦးဆိုကာ တောင်းပန်ထားကြရလေသည်။ (မာဖီးယားကို ကုတ်ကင်းနှင့် ရောစပ်၍ထိုး ရခြင်းမှာ ကုတ်ကင်း 'ဖိမ်'အတွက် မဟုတ်၊ ဆေးထိုးသောအခါ၌ မနာစေရန် ဖြစ်လေသည်။ ကုတ်ကင်းရောစပ်၍ ထိုးသောအခါ လုံးဝနာကျင်ခြင်း မရှိပဲ ယားကျိကျိမျှသာ ရှိလေသည်။)

ကျွန်ုပ်တို့သုံးယောက်လုံး တလှည့်စီထိုးပြီးကြ၍ ကိုသိန်းဖေအား ''ဘယ့်နှယ်လဲဆရာကြီး ထိုးဦးမလား''ဟုမေးရာတွင် ကိုသိန်းဖေမှာ ဦးခေါင်းယမ်း၍ သာ ပြနိုင်တော့သည်။ အကြောင်းမူကား သူသည် ကျွန်ုပ်တို့အထဲတွင် 'အရှိုင်း' သက်သက်ဖြစ်၍ အတော် 'ထိ'လျက်ရှိပေသောကြောင့်တည်း။ ကိစ္စပြီး၍ထမည်ပြု ကြသောအခါ ကိုသိန်းဖေ မထနိုင်တော့ ချေ။ ထမည်လုပ်ပြီးမှ ပြန်၍ထိုင်သွားသည်။ မျက်တောင်များကား စင်းလျက်ရှိလေပြီ။ ခက်ချေပြီ တကား။ ဤတွင် ကုလားတယောက်က ဆောင်းထားသော ဦးထုပ်ကိုချွတ်၍ ကိုသိန်းဖေ၏ မျက်နှာကိုဖုံးပေးလိုက်ရာ

ငါးမိနစ်ခန့်ကြာသောအခါ လူကောင်းပကတိဖြစ်၍ ကြည်လင်စွာ ရှိလာလေပြီ။ ပြန်ကြဖို့ပြောသောအခါ ကိုသိန်းဖေက အနည်းဆုံး တပြွတ်တည်းဖြစ်စေ ဖြည့်ခဲ့ပါရစေဦးဟု ပြောသေး၏။ အတော်'ရွှတ်'သော လူတယောက်ပေတည်း။ သို့ရာတွင် ကျွန်ုပ်တို့က မလျော်ကြောင်းပြော၍ အတင်းခေါ်ခဲ့ရလေသည်။ ပီမိုးနင်းက ''ကျုပ်တို့ အထဲမှာတော့ ဗိုလ်ဆွဲတဲ့လူတယောက်ပဲဗျို့''ဟူ၍ အောချသော အမူအရာနှင့် ကျွန်ုပ်အား ပြော လေသည်။ (ထိုစဉ်ကမူ ရန်ကုန်တမြို့လုံးတွင် မာဖီယားခန်းဟူ၍ ဤတခန်းတည်းသာရှိလေရာ ပီမိုးနင်း၏ ဗဟုသုတအစွမ်းကြောင့် ကျွန်ုပ်တို့ ရောက်နိုင်ခြင်းဖြစ်လေသည်။ ဤခေတ်၌မူ ရှိကောင်းမှ ရှိတော့မည်ထင်သည်။)

## ပီမိုးနင်း၏ တိုက်ခန်း

ကျွန်ုပ်တို့သည် မာဖီယားခန်းမှ ဆင်းလာကြသောအခါ လန်ချားနှစ်စီးခေါ်၍ ကိုသိန်းဖေနှင့် ပီမိုးနင်းကတစီး၊ ကျွန်ုပ်နှင့် ဘဲကင်က တစီးပြန်လာကြ၏။ ကရိလမ်းထောင့်၌ ရှိသော ပီမိုးနင်း၏တိုက်ခန်းသို့ ရောက်ကြသောအခါ လက်ဖက်ရည်ဆိုင်တဆိုင်သည် နံနက်ခင်း ရောင်းရန်အတွက် နံပြားများ ဖုတ်လျက်ရှိလေပြီ။ ကျွန်ုပ်တို့သည် နံပြားခြောက်ခုဝယ်၍ ပီမိုးနင်း၏ တိုက်ခန်းသို့ တက်လာကြပြီး ပီမိုးနင်းကတော်နှင့် သားကလေးများကို နှိုး၍ဘဲကင်ကို အတုံးအတစ်ဖြစ်အောင် ခုတ်စင်းစေ၏။ ထို့နောက်အိမ်သားအားလုံး ဘဲပင်နှင့်နံပြားကို ဝိုင်းဖွဲ့ကာ မြိန်ရှက်စွာ စားသောက်ကြ၏။ ကိုသိန်းဖေကမူ ဤမျှလောက်ကောင်းသော နံပြားနှင့် ဤမျှလောက်ချိုဆိမ့်သော ဘဲကင်ကို တသက်လုံး မစားဘူးကြောင်းပြောရာ ပီမိုးနင်းနှင့် ကျွန်ုပ်တို့က ရယ်ကြရသေးသည်။ အကြောင်းမူကား ဘဲကင်၏ထူးခြားချက်ကြောင့်မဟုတ်၊ ဆေးခြောက်၏ သတ္တိဖြစ်ခြင်းကို ကျွန်ုပ်တို့သိကြရသောကြောင့် ဖြစ်လေသည်။ လူ ခြောက်ယောက်တို့သည် နံပြားခြောက်ခုနှင့် ဘဲကင်တကောင်ကို အရိုးပါဖြူ အောင်စုတ်ကြ ပြီးနောက် အိမ်ရှေ့ခန်းတွင် မွေ့ရာကြီးခင်း၍ ကျွန်ုပ်တို့သုံးယောက် သားအတူတကွ အိပ်ကြလေ သည်။ အမျိုးမျိုးစုံအောင် လုပ်ခဲ့ကြသောကြောင့် ခေါင်းအုံးနှင့် ဦးခေါင်းထိမိသည်နှင့်တပြိုင်နက် အိပ်ပျော်သွားကြသည်ဟု ထင်ကြလျှင် မှားကြပေလိမ့်မည်။ အိပ်ရာနဘေးတွင် စီးကရက်၊ ဆေးပေါ့လိပ်၊ မီးခြစ် စသည်များကိုချထား၍ ကိုယ်တွေ့အဖြစ်အပျက်များကို ဆေးလိပ်တဖွားဖွား နှင့် ဟားတိုက်ကာ တလှည့်စီပြောကြလေတော့သည်။ ကိုသိန်းဖေသည် ရယ်စရာ ပုံတိုပတ်စ ကလေးများ ပြောတတ်သူဖြစ်ရာ (ရယ်စရာများကိုသတိရတတ်၍ ရယ်မိလျှင် အူတက်မတတ် ရယ်မိတတ်သော) ဆေးခြောက်သတ္တိကြောင့်ပြောသူ ကလည်းအပြောကောင်း၊ ရယ်သူများ ကလည်း မပြောမီကပင်

ရယ်လိုက်မည်ဟု အသင့်ပြင်ဆင်ထားပြီးရကား လင်းအားကြီး အရုဏ်တက် အချိန်ကြီးတွင် တခစ်ခစ် တခိခိနှင့် ကြိတ်၍ ရယ်မိကြပါတော့သည်။ ဤနည်းဖြင့် မိုးလင်းသည့်တိုင်အောင် အချိန်ဖြုန်းကြလေရာ ပီမိုးနင်းနှင့် ကိုသိန်းဖေတို့မှာ တညတည်း အတူ ပျော်ကြရုံဖြင့် နှစ်ပေါင်းများစွာ ပေါင်းသင်းလာကြသည့် မိတ်ဆွေများသဖွယ် ခင်မင်ရင်းနှီးခြင်း ရှိသွားကြလေသည်။ ဤအကြောင်းကို မသိသောလူများသည် တညတာကလေး အတွက်နှင့် ဤအဖြစ်မျိုးသို့ ရောက်နိုင်သည်ဆိုခြင်းကို ယုံကောင်းမှပင် ယုံနိုင်ကြပေလိမ့်မည်။ ဤကဲ့သို့ အတူပျော်ကြခြင်းမှာ ထိုညသည် ပထမဆုံးနှင့်နောက်ဆုံးညဖြစ်လေရာ ကိုသိန်းဖေ ပြန်သွားသည့် နောက်တွင်လည်း ဤလူနှစ်ယောက်တို့သည် တယောက်အကြောင်းကိုတယောက် တမေးတည်း မေးကြ၍ မမေ့နိုင်သော မိတ်ဆွေများအဖြစ်သို့ ရောက်သွားကြတော့သည်။

## ရွှေဥဒေါင်း အရက်သောက်နည်း

စင်စစ် ဆရာကြီး အရက်သောက်ခြင်းမှာ ထမင်းစားကောင်းအောင် သောက်ခြင်းသာ ဖြစ်သည်။ ထမင်းစားချိန်နှင့်လည်း ဝေး၍ မသောက်ပေ။ ထမင်း စားကာနီးလျှင် မသောက်ပဲ မနေပါ။ ၁၉၅၀–၅၁ ခုနှစ်၊ ကျောက်မြောင်းသီတာလမ်းထိပ်၊ ကျောက်မြောင်းကြီးလမ်းမကြီးပေါ် မှာ ထိုခေတ်က လိုင်စင်စစ် တရုတ်အချက်အရက်ဆိုင်ကြီးရှိရာ၊ ထမင်းစားတော့မည်ဆိုလျှင် ''မစိုး ထမင်းခူးတော့ဟေ့''ဟု ဆိုပြီး၊ ကျွန်တော့်ကို မျက်ရိပ်ပြ၍ လမ်းထိပ် ခေါ်သွား၏။ ဆိုင်ကြီး ထဲ ရောက်တော့ အရက်ရောင်းသော ကောင်တာရှေ့သွားပြီး ''တစွတ်ကူး''ဟု ပြောလိုက်၏။ တရုတ်လို တစွတ်ကူးဆိုသည်မှာအရက်ငါးမူးဖိုး ဖြစ်သည်။ ထိုအခါ တရုတ်က သူ့ရှေ့ အပေါက်ဝတွင် (ယခုခေတ်ပြား ၆၀ တန် ၃ ပတ်မျှ ရှိချိမ့်မည်) ဆရာကြီးသည် တချက်တည်း ကောက်မော့ပြီး၊ ကျပ်တန်တစ်ရွက် ထုတ်ပေး၍၊ ကျွန်တော့်အတွက် နောက်ထပ်တစွတ်ကူး ထည့်ခိုင်း၏။ ကျွန်တော့် အိတ်ထဲ ပိုက်ဆံပါခဲ့၍၊ သည့်ထက်ပိုသောက်ကြရန် ပြောလျှင် ''ဟေ့ မနက်ထမင်းစား ကာနီးသည့်လောက် တော်ပြီကွ၊ မင်းလဲတော်တော့''ဟု ပြောပြီး ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်သွားတော့၏။ ကျွန်တော်တို့နှစ်ယောက် အပြင်ထွက်ပြီး အရက်တခွက်စီ သောက်လိုက်ကြ သည်မှာ အသွားအပြန် ၁၀ မိနစ်မျှကြာပေလိမ့်မည်။ အိမ်ပြန်ရောက်တော့ ထမင်းပွဲ အဆင်သင့်ဖြစ်နေ၏။

အိမ်၌ ပုလင်းရှိလျှင်လည်း၊ ဆရာကြီးသည် သည့်ထက်မသောက်ပေ။ တစ်ခါတစ်ရံ ညစာဆိုလျှင် အနည်းငယ် ပို၍သောက်သည်များလည်း ရှိတတ်၏။

သို့တိုင် ဆရာကြီးသည် နေ့စဉ်ရက်ဆက်အစဉ်တစိုက် ဤသို့ချည်းသောက်နေသည် မဟုတ်ချေ။ မကြာခဏ အရက်ဖြတ်တတ်၏။ သူ ဖြတ်ပုံကလည်း ဆန်း၏။ ဘယ်လောက်ကြာ ဆက်သောက်ပြီး၊ ဘယ်သောအခါ၌ ဘယ်နှစ်ရက်ဖြတ်မည်ဟု ကန့်သတ်ထားသည်လည်း မဟုတ်ပေ၊ ဆရာကြီးနှင့် ကျွန်တော်သည် မန္တလေးမှာလည်းကောင်း၊ မေမြို့မှာလည်းကောင်း၊ ရန်ကုန်မှာ လည်းကောင်း၊ လပေါင်းများစွာ အတူတကွ နေခဲ့ဖူးပေသည်။ သူ့ကိုယ်သူ ချင့်ချိန်လျက်၊ သူ အရက်သောက်ရပ်တော့ဦးမည်ဆိုလျှင်၊ ဒေါ်ကြီးစိုးအား။

''ဟော့ မစိုး၊ နက်ဖန်ခါ ငါ့အတွက် အသီးအရွက်ပဲဟော့'' ဟု ပြောလိုက်၏။ အကြောင်းမှာ ထိုအခါ၌ ဆရာကြီးသည် အရက်လည်း မသောက်တော့ပေ။ ထမင်းဟင်းလည်း မစားတော့ပေ။ ဖူးသီး၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ မုံညင်းရွက် စသည်တို့ကို ပြုတ်၍ ပဲငန် ပြာရည်နှင့် တို့စား၏။ ဆလတ်ရွက်၊ ခရမ်းချဉ်သီး၊ သခွားသီးစိမ်း၊ ငှက်ပျောသီးတို့ ကိုစား၏။ ဤလိုချည်း သုံးလေး ငါးရက် နေပြီးတော့မှ ''မစိုး ငါ နက်ဖန်ခါ ထမင်းစားတော့မယ်''ဟု ပြောလိုက်၏။ ထိုအခါ၌ ကျကျနန ထမင်းဟင်းကောင်းနှင့် အရက်ငါ တွယ်လေပြီ။ နာလန်ထ ကဲ့သို့ မြိန်မြိန်ယှက်ယှက်၊ အခြားသူများထက် နှစ်ဆ သုံးဆ စားပါတော့၏။

''ဟော့ ဖိုးကျင်မောင်၊ မင်းငါ့လိုများ တခါတလေ လုပ်ကြည့်စမ်း၊ ဘယ်လောက် စားသောက်ကောင်းပြီ။ နေလို့ထိုင်လို့ ကောင်းသလဲဆိုတာ တွေ့ရမယ်၊ လူ ကျန်းမာရေး အတွက် သိပ်ကောင်းတာ၊ လူသစ်စိတ်သစ်ဖြစ်သွားတာပဲကွ''ဟု ပြောခဲ့ဖူးပါသော်လည်း၊ ကျွန်တော်သည် တခါမျှ ဆရာကောင်းတပည့်၊ ပန်းကောင်းမပန်ခဲ့ဖူးသည်ကို ဝန်ခံပါသည်။ သူ့ ပုံစံကလည်း လွယ်တာမဟုတ်ဖူးဗျ။ စာဖတ်သူ စမ်းကြည့်စမ်းပါလား။

## ဆရာကြီးရွှေဥဒေါင်းနှင့် အရက်

စင်စစ် ဆရာကြီးသည် အရက်ကို အလွန်ကြိုက်နှစ်သက်သူဖြစ်ပါသည်။ ဆရာကြီးနှင့် ကျွန်တော် တွေ့ဆုံပြီး လျင်မြန်စွာခင်မင်ရင်းနှီးသွားသည်မှာလည်း ဆရာတပည့် နှစ်ယောက် အရက်ကြိုက် ချင်း တူညီသောကြောင့်ဟု ဆိုနိုင်ပါသည်။

သို့ရာတွင် ဆရာကြီး အရက်သောက်သည်မှာ (နှစ်ပေါင်းများစွာအကြိမ်ပေါင်းမရေတွက် နိုင်အောင်ကျွန်တော်နှင့်အတူသောက်ဖူးခဲ့သမျှ) မူးယစ်ပျော်ပါးရန်မဟုတ်မူပဲ၊ ထမင်းစားသောက် ကောင်းရန်နှင့် အိပ်ပျော်ရန်အတွက်သာ ဖြစ်ပါသည်။ ဆရာကြီးတွင် အရက်သောက်ရာ၌ သူ့ ကိုယ်သူ ချင့်ချိန်သော ကန့်သတ်ချက်ရှိ၏။ သူ့ရေချိန်ရပြီဆိုလျှင်''ဟော့ ငါတော်ပြီကွ''၊ ထိုအခါ၌

မည်သည့်အရက်မျိုးပင်ဖြစ်ပါစေ၊ မည်သည့်လူကပင်ဖြစ်ပါစေ၊ ''လုပ်ပါအုံး ဆရာကြီးရယ်၊ နောက်ထပ် သည်တစ်ခွက်ကလေးပါ''ဆိုစေဦးတော့ ဖူးဆိုဖရုံမသီးတော့ပေ။

မှတ်မိပါသေးသည်။ ဆရာကြီးတို့ ကျောက်မြောင်းသီတာလမ်း၌နေစဉ်၊ တနေ့သ၌၊ မင်းရှင်နောင်နှင့် ကျွန်တော်သည် အရက်နှင့်အမြီးများယူလာ၍၊ ဆရာကြီးနှင့်အတူသောက်ကြ သည်၊ ဆရာကြီးက သူ့ 'လစ်မစ်'ရောက်၍တော်ပြီဟု ဆိုသောအခါ၊ ကျွန်တော်နှင့် စောစောကပင် နှံထားသဖြင့် တော်တော်ထွေနေပြီဖြစ်သော မင်းရှင်နောင်က၊

''ဆရာကြီးရ ကျွန်တော်တို့ကိုချစ်ယင် ဟောသည်နောက် တစ်ခွက်ကလေးတော့ သောက်ကိုသောက်ရမယ်၊ မသောက်ယင် ကျွန်တော့်ကို မချစ်လို့ပဲ'' ဟု အရက်သမားတို့၏ ပလီစိ ချောက်ချက်ကိုလုပ်လေရာ၊ ဆရာကြီးသည် မျက်နှာထား တင်းသွားလျက်၊

''ဟော့ကောင် တော်စမ်း၊ ငါ့ကို သည်စကားမျိုး ဘယ်တော့မှမပြောနဲ့၊ မင်းဟာ မင်းသောက်''ဟု အော်ငေါက် ပစ်လိုက်၏။ ကျွန်တော်ကား အမူးကလေးပင် ပြေသွားသလောက် မင်းရှင်နောင်လည်း မျက်နှာထား ခက်သွား၏။ သည်တော့မှ ဆရာကြီးလည်း မျက်နှာထား ပျော့ ပျောင်းသွားလျက်၊

''သောက်တယ်ဆိုတာဟာ သတိလေးနဲ့ သောက်ရတယ်ကွ၊ အရက်ဟာသောက်တတ်ရင် ဆေး၊ မသောက်တတ်ရင် ဘေးဖြစ်တတ်တယ်၊ ပိုက်ဆံကုန်ခံပြီးတော့၊ ကိုယ့်ဘေးတော့ မဖြစ်ကြ ပါစေနဲ့ မောင်တို့''

ဆရာကြီးသည် အရက်မူး၍ တောင်စဉ်ရေမရ ပြောခြင်း၊ ရီခြင်း၊ ကလိခြင်း၊ အော်ဟစ် ဆူပူခြင်းမျိုးတို့ကို လျစ်လျူရှုမထားတတ်ပေ။ ၁၉၅၁ ခုနှစ်၌၊ မေမြို့ ညန်တောရပ်တွင် တိုက်အိမ် တစ်လုံး အောက်ထပ်ကို တလ ၅၀ိ နှင့် ငှားရမ်းကာ၊ ကျွန်တော်ပါသွားရောက်နေထိုင်ခဲ့ကြ ကြောင်း တစ်နေရာ၌ ဖော်ပြခဲ့ပြီ။ '

ထိုစဉ်၌ ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက်စလုံး၏ စာများကို နှစ်သက်သော ဗိုလ်ကြီးတင်ထွေးဆိုသူသည် သူ့အိမ်သို့ ကျွန်တော်တို့အား ဖိတ်ခေါ်၍ ကျွေးမွေးခြင်း၊ ကျွန်တော်တို့ကြိုက်တတ်မှန်းသိ၍ အာမီရမ်တို့ကိုလာ၍ ပေးခြင်းများပြုသည်။ တနေ့သ၌၊ ဗိုလ်ကြီးတင်ထွေးသည် ၆ ပုလင်းတောင် လာ၍ပေးထားလေရာ၊ ထိုည ဆရာတပည့်နှစ်ယောက် သောက်ကြ၏။ ဆရာကြီးကား၊ သူ့လစ်မစ်နှင့်သူ။ ကျွန်တော်ကားအရက်တွေများနေသဖြင့် အားရပါးရနှံလေရာ၊ အမူးလွန်သွားချေသည်။

နံနက် ၅ နာရီခန့်၌ ဆရာကြီးသည် ကျွန်တော့် အိပ်ရာထဲ လာကြည့်၏။

''ဟော့ကောင် ဘယ့်နှယ်နေလဲကွ''

ကျွန်တော်က ''ဘာဖြစ်လို့လဲ ဦးကြီးရ''ဟု ဆိုပြီး သူ့ဘက်လှည့်ကြည့်လိုက်ရာ၊ ''အားအား ကျွန်တော့်လည်ပင်း သိပ်နာနေတယ်''ဟု ရုတ်တရက် ခံစားရသည့်အတိုင်း လွတ်ကနဲ ပြောလိုက်မိတော့၊

''အေး အေး၊ အိပ်နေခဲ့''ဟု ပြောပြီး သူ့လမ်းလျှောက်တုတ်နှင့် ထွက်သွား၏။

ကျွန်တော့်စိတ်ထဲဇဝေဇဝါ။ ငါဘာဖြစ်လို့ပါလိမ့်။ ခါတိုင်းဆိုလျှင် ဆရာကြီးသည် ကျွန်တော်အား အိပ်ရာမှနှိုးပြီး သူနှင့် လမ်းလျှောက်လိုက်ရန် ခေါ်နေကျ။ ယခုတော့ (အေး အေး အိပ်နေခဲ့)ဟု ပြောပြီး ထားပစ်ခဲ့၏။

တစတစနှင့် ကျွန်တော့်လည်ပင်းသာမက၊ မေးရိုးပါ နာကျင်နေကြောင်း ခံစားရ၏။ အိပ်ရာမှထသောအခါ၊ လည်ပင်းတခြမ်းစောင်းနေ၍ ဒေါ်ကြီးစိုးက၊

''ဟဲ့ကောင် မှတ်ပလား''ဟု မေး၏။

ကျွန်တော်က ဘာမှန်းမသိ၍။

''ဘာဖြစ်လို့လဲ ဒေါ်ကြီးရဲ့''

''နင့်ကို နင့်ဦးကြီးက လက်သီးနဲ့ထိုးထားတာ''

''ဟင်၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ''

''နင် ညကမူးပြီး ကျော်မကောင်း ကြားမကောင်း အော်ဟစ်နေတာ၊ ဘယ်လိုမှ နားမခံသာတဲ့အသံကြီးနဲ့ သီချင်းတွေလဲဆိုရဲ့၊ နင့်ဦးကြီးက (ဟဲ့ကောင် တော်၊ သွားအိပ်တော့) ဆိုတာလဲမရဖူး၊ ဒါကြောင့်သည်ကောင်တော့မဖြစ်တော့ဖူးဆိုပြီး နင့်အကျီကော်လံစဆွဲပြီး၊ လက်သီးနဲ့ တစ်ချက်တည်းပစ်ထိုးလိုက်တာ၊ နင်လဲပြီးမေ့သွားတော့မှ၊ အိပ်ရာထဲ မသေးနဲ့ငါက ဆွဲပို့ထား လိုက်ရတာ''

ထိုနှစ်သည် ၁၉၅၁ ဖြစ်လေတော့၊ ကျွန်တော့်အသက်က ၃၂ နှစ်၊ ဆရာကြီးက ၆၂ နှစ်၊ အဖိုးကြီးပင် ဖြစ်လင့်ကစား ကျွန်တော့်အား တစ်ချက်တည်းနှင့် နောက်ကောက်ကျအောင် ဆော် နိုင်ပေသေးသည်။ သူ့ဇာတ်လိုက် ဖော်ဟိတ် လက်သီးမျိုးပေတကား။ ကျွန်တော်မှာ ၃ ရက် လောက်ကြာမှ လည်ပင်းနာပျောက်၏။ ထိုမှစပြီး ဆရာကြီးနှင့် ကျွန်တော် မူးအောင်မသောက်ဝံ့ တော့ပြီ။ အမူးလွန်လျှင် ဆူတတ်ပူတတ်သည်မှာလည်း ကျွန်တော့် အကျင့်ဆိုး။

## အရက်ကိုချော့သောက်၊ မွေးသောက်

''မောင်ကျင်မောင်၊ မင်းအရက်ကို တော်တော် ကြိုက်သလား''

တနေ့သ၌ ဆရာကြီးက ကျွန်တော့်အား မေးဖူးသည်။ သည်တော့ ကျွန်တော်က မှန်တဲ့အတိုင်းပဲ၊

''ဟာ ကျွန်တော်သိပ်ကြိုက်ပါတယ် ဦးကြီး''

''ဒါဖြင့်၊ အရက်ကို အသက်ရှည်ရှည် သောက်ချင်ယင် ချော့သောက်၊ မွေးသောက်ကွ''

''ဘယ်လို ချော့ရ မွေးရမှာမလဲ ဦးကြီး''

''သည်လိုကွ၊ အရက်ရဲ့ သဘာဝဟာ လူရဲ့ အာသီသကို ရပ်တန့်မနေစေဘူး၊ သူ့ကို တစက်ထက်တစ ပိုပိုပြီးသောက်စေတဲ့သတ္တိရှိတယ်၊ ပထမတစ်ခွက်၊ တစ်ခွက်က နှစ်ခွက်၊ နှစ်ခွက်က သုံးခွက်၊ စသည်ဖြင့် တဆင့်တဆင့် တက်သွားရောမဟုတ်လား''

''ဟုတ်ပါတယ် ဦးကြီး၊ ကျွန်တော်ဆိုအခု တစ်ပုလင်းလောက်စံချိန် ရောက်နေပါတယ်''

''အဲဒါမကောင်းဘူး၊ များနေပြီ၊ ပြန်လျှော့သင့်ပြီ၊ ငါဆိုယင် တစ်နေ့ လေးငါး ခြောက်ပက်၊ ပုလင်းဝက်ထက် ပိုပြီးဘယ်တော့မှ အတက်မခံခဲ့ဘူး''

''ဦးကြီး ဘယ်လိုပြန်လျှော့သလဲ''

''ငါမကြာခဏ အရက်သောက်ရပ်ပြီး ထမင်းဟင်းမစားပဲ အသီးအရွက်တွေစားနေတာ၊ အဲဒါပေါ့ကွ၊ အဲ လေးငါးခြောက်ရက်ကြာလို့ ပြန်ပြီး ထမင်းစားတဲ့အခါမှာ လူ့ရဲ့ခန္ဓာကိုယ်ဟာ အသစ်ဖြစ်ပြီး အင်မတန် စားလို့သောက်လို့ကောင်းသကွ၊ အရက်လဲ အူရိုင်းလေး ပြန်ဖြစ်ပြီး နည်းနည်းလေးနဲ့ ထိရောက်တော့တယ်''

ယင်းသို့လျှင် ဆရာကြီးသည် သူ၏ကျန်းမာရေး အတွက် အစားအသောက်ကို အထူးဂရုစိုက်ခဲ့ပေသည်။ သူ့ခန္ဓာကိုယ်ကို ပြုပြင်ခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် အသက် အရွယ်နှင့်မလိုက်အောင် မာချာလှသည်။ နာမကျန်းအလွန်ဖြစ်ခဲသည်။ အခြား သက်ကြီး ရွယ်ကြီးများကဲ့သို့ အနှိပ်အနင်း အချိုးအဖွဲ့ခံရခြင်းကို ကျွန်တော်တစ်ခါမျှ မတွေ့ခဲ့ဖူးပေ။

## လမ်းလျှောက်ခြင်း

နံနက်စောစောထ၍ လမ်းလျှောက်ခြင်းကား ဆရာကြီး၏ ထာဝရအလုပ်ဖြစ်ခဲ့သည်။ ဘယ်အရပ်မှာ နေနေ၊ ဘယ်ရာသီဥတုမှာပဲဖြစ်ဖြစ်၊ အချိန်မှန်မှန် ခရီးမှန်မှန်အဝိဋ္ဌာန်နှင့် လျှောက်သူ ဖြစ်ပေသည်။ နံနက်စောစောကြီး မိုးတွေသည်းစ ရွာနေပါစေ၊ လေတွေပြင်းစွာ တိုက်နေပါစေ၊

မိုးကာအကျီနှင့် ဦးထုပ်နှင့် ထွက်သည်။ မန္တလေးမှာလည်းကောင်း၊ မေမြို့မှာ လည်းကောင်း၊ ဆရာကြီးနှင့် ကျွန်တော်အတူနေခဲ့ဖူးသည်။ ဆရာကြီးနှင့်တန်းတူ ကျွန်တော် လမ်းလျှောက် မလိုက်နိုင်ခဲ့ပါ။ ထို့ကြောင့် ဆရာကြီး၏ တသက်တာ မှတ်တမ်းထဲတွင် ( ဖိုးကျင် မောင်မူကား၊ ကျွန်ုပ်နှင့်မေမြို့တွင် အတူနေကြစဉ်၊ နံနက်တိုင်း လမ်းလျှောက်လိုက်ဖို့ကြိုးစားရှာ သည်။ ဤတစ်ကောင်လည်း ခပ်ပျင်းပျင်းရှိသည်။ သို့သော် ကျွန်ုပ်ဆူမည်ကို ကြောက်သည်နှင့် သူ့ဘာသာသူ မထသော်လည်း၊ ကျွန်ုပ်က နှိုးလိုက်လျှင် လူးလဲ၍ထဖော်ရလေသည်။)

''ဟေ့၊ ဖိုးကျင်မောင်ရ၊ မင်းရဲ့အကြီးဆုံးရန်သူဟာ ဘယ်သူလဲ၊ မင်းသိရဲ့လား''

မေမြို့၏အေးချမ်းလှသည့် တစ်ခုသောနံနက် ဆရာကြီးသည် ကျွန်တော့်အား အိပ်ရာထဲမှ နှိုးခေါ်လာပြီး လမ်းလျှောက်လာကြစဉ်၊ အထက်ပါမေးခွန်းကို မေးလေရာ ကျွန်တော်မှာ ရုတ်တရက် ဘာကိုဖြေရမှန်းမသိ။

ဆရာကြီးက ဆက်လက်၍၊

''မင်းရဲ့အကြီးဆုံးရန်သူဟာ မင်းပဲကွ၊ အဲ၊ မင်းကိုယ်မင်းနိုင်ပြီဆိုယင် အားလုံးကိုနိုင်တော့ တာပဲ၊ သည်တော့ မင်းကိုယ်မင်း နိုင်အောင်ကြိုးစားရမယ်၊ အခု ကြည့်စမ်း၊ မင်းအိပ်ရာထဲက မထချင်ဘူး၊ မနက်စောစော ဖိမ်လေးနဲ့ မှေးနေချင်တယ်၊ အဲဒါ မင်းစိတ်အလိုပဲ၊ အဲသည်အလို ပျက်အောင် ဖျက်နိုင်ဖို့ ကြိုးစားရမယ်၊ သည်လိုဖျက်နိုင်တော့ ဘာကျိုးရှိသည်လဲလို့ မင်းကမေး ချင်လိမ့်မယ်၊ အဲဒါကို ငါမဖြေနိုင်ဘူး၊ မင်းစိတ်ကိုမေးနိုင်တဲ့အခါမှာ မင်းဟာမင်း သိလာ လိမ့်မယ်''

## ဦးထင်

မန္တလေးမှာလည်းကောင်း၊ မေမြို့မှာလည်းကောင်း၊ ဆရာကြီးနှင့် ကျွန်တော်အတူနေကြ စဉ် လမ်းလျှောက်ရာတွင် ဆရာကြီးနှင့် တန်းတူလိုက်နိုင်သူတစ်ယောက်ကား ရှိလေသည်။ ထို လူကား အခြားမဟုတ်၊ မန္တလေး လူထုဒေါ်အမာ၏ဖခင် ဦးထင် ဖြစ်ပေသည်။

၁၉၅၄ ခုနှစ်၊ ဆရာကြီးနှင့်ကျွန်တော်တို့ မေမြို့သို့တက်ကြသောအခါ ယခင်သကဲ့သို့ အိမ်ငှားစရာမလိုတော့ပေ။ ဒေါ်အမာ၏ဖခင် ဦးထင်လည်းပါလာသဖြင့် ဦးထင်၏ သမီး တစ်ဦး ဖြစ်သူ နဂါးဒေါ်ဦး၏တိုက်မှာ နေထိုင်ကြရပေသည်။ထိုတိုက်မှာ ဈေးနှင့်သိပ်မဝေးလှ။ လားရှိုးလမ်းတွင် ဝင်းနှင့်ခြံနှင့် သီးသန့်ခန်းညားစွာ ရှိပေသည်။

ဤတိုက်တွင် မေမြို့ဈေးထဲမှာ နဂါးဆေးလိပ်ဆိုင်ထွက်သော ဒေါ်ဦး၏တပည့် အဘိုးကြီး အဘွားကြီး လင်မယားနှစ်ယောက်တည်းသာ အိမ်စောင့်အဖြစ်နှင့် နေကြသည်။

ထိုနှစ်က ကျွန်တော်နှင့် ဦးထင်သည် အထူးပင် ခင်မင်ရင်းနှီးခဲ့ပါသည်။ ကျွန်တော်က ဦးလေးဟု ခေါ်ခဲ့ပါသည်။

ဦးလေးထင်သည် စကားပြော အေးအေးနှင့် စိတ်နေသဘောထားလည်း အေးဆေးသူ ဖြစ်ပါသည်။ ဆရာကြီးနှင့်အကြောင်းပြောယင်း တခါတရံ ဟိုအကြောင်း သည်အကြောင်းပြော ယင်း ငြင်းခုန်တတ်ကြသည်။ ထိုအခါ ဆရာကြီးသည် စိတ်တိုသူ၊ စိတ်ထန်သူဖြစ်၍ ခင်းဗျားဟာ ဘာညာနှင့် အော်တက် ငေါက်တတ်ပါသည်။ ဦးလေးထင်ကား ဘယ်တော့မှ စိတ်ထွက်သည်မရှိ။ သူ့အသံ အေးအေးလေးသည် မည်သို့မျှမပျက်ပေ၊ ဦးလေးထင်ကလည်း (စာရေးရန် ဝါသနာ မပါပေမယ့်) ဆရာကြီးကဲ့သို့ပင် စာအလွန်ဖတ်သူဖြစ်ပါသည်။ မြန်မာ့စာပေ၊ ကမ္ဘာ့စာပေကို နှံ့စပ်သူဖြစ်ပါသည်။ စာပေအရည်အသွေး ဆရာကြီးနှင့် တန်းတူလိုက်နိုင်သည်။

ဦးလေးထင်နှင့် ကျွန်တော်သည် ထို ၁၉၅၄ ခုနှစ် ကတည်းက ခွဲခွာခဲ့ကြပေရာ၊ ယနေ့ထိ နောက်ထပ်တစ်ခါမျှ မတွေ့ရတော့သဖြင့် ယခု ဆရာကြီး ရွှေဥဒေါင်းအကြောင်း ကျွန်တော် ရေးစဉ်မှာ သူ့အား အထူးသတိရ၍၊ သည်အဘိုးကြီး လူ့ပြည်မှာ ရှိသေးရဲ့လားဟု ဒေါ်အမာထံ သို့ ဦးလေးထင်အကြောင်းနှင့် အခြား ကျွန်တော်သိလိုသည်များကို မေးမြန်းလိုက်ရာ ဒေါ်အမာ ထံမှ အောက်ပါစာ ရောက်လာပါသည်။

## ဒေါ်အမာထံမှစာ

ကိုသော်တာဆွေ

အဖေ့အကြောင်း ရေးပေးလိုက်ပါတယ်။ အဖေအသက် ၉၁ နှစ်ရှိပါပြီ။ ကျန်းကျန်းမာမာ ပဲ၊ ခုထက်ထိ တစ်နေ့သုံးမိုင်လောက် လမ်းလျှောက်နိုင်သေးတယ်။ ကျွန်မတို့နဲ့ အတူနေပါ တယ်။ ဦးလေးသိန်းနဲ့ အသက်ချင် ၄၅ ရက်ကွာပါတယ်။ အဖေက ၄၅ ရက်ကြီးပါတယ်။ အဖေနဲ့ဦးလေးသိန်းက **A.B.M** ကျောင်းမှာ ကျောင်းနေဘက် ငယ်သူငယ်ချင်းပါ။ ကျွန်မ အမေ ဒေါ်စုက ဦးဖြိုးအောင်ရဲ့သမီး၊ ဦးဖြိုးအောင်ကဦးရောရဲ့ဆရာ။ ဦးရောက ဦးလေးသိန်းအဖေပါ။ ဒါကြောင့် ကျွန်မအမေ ဒေါ်စုနဲ့ ဦးလေးသိန်းကလည်း ငယ်ငယ်ကတည်းက သိကြ ကျွမ်းကြတယ်။ သိပ်လည်း ရင်းနှီးပါတယ်။ မောင်နှမလိုပါပဲ။ မိဘကစပြီး ငယ်ပေါင်းတွေပါ။

တသက်တာမှတ်တမ်းကို ကျွန်မ အရေးခိုင်းတာပါ။ ဦးလေးသိန်းက ပထမ မရေးရဲပါဘူး။ သူ့ကိုယ်သူလူဟုတ်ကြီးထင်ပြီး ကိုယ့်အတ္ထုပ္ပတ္တိ ကိုယ်ရေးနေတယ်လို့ သူများကထင်မှာ စိုးလို့ပါ တဲ့။ ကျွန်မက သည်လိုဘယ်ဟုတ်မည်လဲ၊ ဘယ်လိုလူအကြောင်းဖြစ်ဖြစ် စာရေး ဆရာက အရေးကောင်းယင် ဖတ်ကောင်းတဲ့ စာကောင်းတစ်အုပ်ဖြစ်တာပဲ။ ဘယ်လိုလူအကြောင်းဖြစ်ဖြစ်

ဖတ်ကောင်းဖို့ပဲ လိုပါတယ်။ ဦးလေးသိန်းက ရေးယင်ကောင်းမှာပါ။ ရေးသာရေးပါလို့ ဖွတ်တိုက်တွန်းတယ်။ အဲသည်တော့ သူ အမှန်တွေ အမွေပေးခဲ့တဲ့စာအုပ် ဖြစ်ရစ်ပေစေပေါ့လို့ ကျွန်မ အတန်တန် တိုက်တွန်းခဲ့ရပါတယ်။ သည်တော့မှ၊ ကဲ၊ ရေးပါတော့မယ်ဆိုပြီး စာရေးတယ်။ ရေးပြီး အဖတ်မခိုင်းဝံ့သေးဘူး။ နောက်တော့မှ တဖြည်းဖြည်းရဲလာပြီး မသေခင် မှာပဲ သတင်းစာမှာ ထည့်လာတာပါ။

နောက် လူထုတိုက်ကပဲထုတ်လို့ စာအုပ်တွေဖြစ် သုံးတွဲရိုက်နိုင်ပြီး စာပေဗိမာန်ဆု ရပါတယ်။

ဦးလေးသိန်းက ကျွန်မတို့အမေကို ငယ်ကြောက်ပါ။ ဘာလို့လဲဆိုတော့ အမေက စ တတ် ပြောင်တတ်၊ ရယ်စရာ လုပ်တတ်လွန်းလို့တဲ့။ ဦးရောက ကြွားတတ်တယ်။ သူ့သား မောင်ဖေသိန်း လောကုတ္တရာစာတွေ ဘယ်လောက် ရနေပြီဆိုတာကို ကျွန်မတို့အဘိုးဆီ ခေါ် ခေါ်လာပြီး ရွတ်ဆို အပြခိုင်းနေကျ။ သူတို့သားအဖ လာယင် ကျွန်မတို့အမေက တိုင်တွယ်က ချောင်းကြည့်နေတယ်။ ဦးရောကြီးက မောင်ဖေသိန်း ဆိုပြလေကွာလို့ခိုင်းယင် အမေက တိုင်တွယ်ကနေပြီး ‘အဟိ’လို့ ရယ်လိုက်တယ်။ သည်မစုရဲ့ အဟိသံကြားတာနဲ့ ဦးလေးသိန်းက နဂိုကမှ စကားထစ်ရတဲ့အထဲ ရှက်ပြီးဆိုလို့ မဖြစ်တော့ဘူး။ ပိုထစ် ပိုမှားကုန်ရော။ မစုကလည်း အချိုးတည်း တိုင်နားက လစ်ပြေးရောတဲ့။ ဒါကြောင့် မစုများ ငယ်ငယ်တုန်းက သိပ်ကြောက်တာပဲ တဲ့၊ ကျွန်မအမေဆုံးတာ ၁၉၆၆ ခုနှစ်ကပါ။ အဖေကတော့ ခုထိ ကျန်းမာပါသေးတယ်။

နောက်ထပ် သိချင်တာရှိယင်လည်း စာရေးပါ။

အမာ

ကျေးဇူးတင်ပါတယ် ဒေါ်အမာ

## ဆရာကြီး ငယ်မူပြန်ခြင်း

၁၉၅၂ ခုနှစ်မှ၊ ၁၉၅၈ ခုနှစ်များအတွင်း၊ တစ်ခုသော သင်္ကရာဇ်၊ တစ်ညသောအခါ၊ ဆရာကြီး ရွှေဥဒေါင်းနှင့်ကျွန်တော်သည် ဆင်းဒဝစ်လမ်းရှိ ယခု ရှုမဝတိုက်၌ အိပ်စက်ရလေ၏။ အိပ်စက်ရသည့်အကြောင်းမှာ ဆရာကြီးသည် နက်ဖြန် နံနက် အစောရထားနှင့် မန္တလေးသို့ ပြန်မည်မို့ ဖြစ်၏။ ရန်ကုန်ဘူတာကြီးနှင့် ရှုမဝတိုက်သည်နီး၏။ ငါးမိနစ်မျှ ဖြည်းညင်းစွာ လမ်းလျှောက်ရုံနှင့် ရောက်၏။

ကောင်းစွာ မှတ်မိနေပါသည်။ ထိုညဌ် လမင်းသည် ထိန်ထိန်သာနေ၏။ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် အိပ်ရန်မှာ ရှမဝတိုက် အပေါ်ထပ်တွင် လိုက်ကာ ပတ်လည် ကာထား သော အခန်းငယ် တစ်ခုမှာ ကင်းမကော့ နှစ်လုံးနှင့်ဖြစ်၏။ ရှမဝတိုက်မှာ လူများသဖြင့် သည်လို အခန်းလေးတွေ တန်းစီးနေ၏။ ည ၈ နာရီလောက်ရှိ၍ ကျွန်တော်တို့ အပေါ်ထပ်သို့ တက်ခဲ့ကြသောအခါ၊ လှေကားနားရှိ ဗီရိုပေါ်တွင် ထိုစဉ်က လူပျိုပေါက်မျှရှိသေးသော မောင်ဆွေ တင့်၏ လက်ဆွဲ ဘာဂျာကိုတွေ့တော့ ဆရာကြီးသည် လှမ်းယူလိုက်၏။ ကျွန်တော့်စိတ်တွင် ဆရာကြီးသည် အတီးအမှုတ်ဆို ဘာမျှ မတတ်သော ကျွန်တော်ကဲ့သို့ပင် သည်လက်ဆွဲဘာဂျာ ကို ဆွဲတတ်လိမ့်မည် မထင်ချေ၊ သို့သော်၊

အောင်မယ်၊ ကောင်းကောင်းကြီး ဆွဲတတ်တယ် ခင်ဗျ။ သူသည် အနည်းငယ်မျှ လက်သံစမ်းပြီးနောက် လသာသာစရန်တာသို့ထွက်သာ လက်ကလည်း ဘာဂျာဆွဲ၊ နှုတ်ကလည်း သီချင်းများကို ဆိုနေချေတော့ဗျား။ တခဏမျှ မဟုတ်။ တစ်ပုဒ်ပြီး တစ်ပုဒ်။ မြန်မာသီချင်းရော။ အင်္ဂလိပ်သီချင်းများပါ။ ကျွန်တော် မှတ်မိသော သီချင်းတစ်ပုဒ်မှာ၊

လမင်း၊ ပဝင်း လမင်းသော်တာ၊

မျှော်ကာပူပွား ဖော်ကွာသူများ၊

မနေသာ၊ ဖြေရှာ ထက်ယောင် ထင်မှား၊

လွမ်းအားပိုမိတာ၊ ဖော်မစုံ တကိုယ်တည်း ဖိုသည့်

ဘဝင်မှာ၊

ဖူးစာရှင် မျက်နှာချင်း လမင်း၊

လမင်းမှာ ဆုံစို့ဗျာ။

စစ်ကြီးမဖြစ်မီ 'ခေတ်ဆန်သူ' ဇာတ်ကားမှ ဘတင့်တယောထိုးယင်းဆိုသော သီချင်း ဖြစ်၏။ ဒါကို ဆရာကြီးက ကျကျနန ဆိုတီးနေတော့ ရှမဝတိုက်သား လူကြီး၊ လူငယ်များ ပြုံးစိ ပြုံးစိနှင့် မျက်စပစ်သူများ၊ မေးငေါ့ပြသူများ၊ သူတို့ စိတ်ထဲတွင် အာဂ အဖိုးကြီးပါလားပေါ့။

ဟုတ်တယ်၊ ဆရာကြီးကလည်း အာဂ အဖိုးကြီးပဲ။ သူသည် ဂီတစျာန် ဝင်နေတော့ နံဘေး ပတ်ဝန်းကျင်ကိုလည်းကောင်း၊ သူ့အသက် အရွယ်ကို လည်းကောင်း၊ ဘာမျှ သတိ မရတော့။ လက်က ဘာဂျာဆွဲ၊ ပါးစပ်က သီးချင်းဆို။

စင်စစ် ဆရာကြီးသည် ဂီတကို တော်တော် ဝါသနာပြင်းသူ ဖြစ်သည်။ သူငယ်စဉ် ပဲခူးမြို့ ဖိုင်းဂနိုင်းရပ်ကွက်တွင်နေစဉ်က စန္ဒရားကို အရပ်က အော့ကြောလန်အောင် တီးခဲ့ဖူး ကြောင်း သူ့တသက်တာ မှတ်တမ်းတွင် ဖော်ပြထား၏။ စုံထောက် မောင်စံရှား ဝတ္ထုများတွင် လည်း (စစ်ပြီးခေတ်မှ ဦးစံရှား ဖြစ်သည်။) မောင်စံရှားသည် အမှု တစ်ခုပြီး၍ ဦးနှောက်နား သောအခါ တယောထိုးလေ့ ရှိသည်နှင့်အညီ။ ဆရာကြီးသည် ငယ်ရွယ်စဉ်က တယောက်လည်း ထိုးခဲ့သည်။

ကျွန်တော်နှင့် တွေ့သိသော အချိန်တွေကား၊ ဆရာကြီးသည် အသက် ၆ဝ ကျော်ပြီ ဖြစ်၍၊ သူ့အိမ်တွင် စန္ဒရားသော်လည်းကောင်း၊ တယော သော်လည်းကောင်း မရှိတော့ပြီ။ ယခု မောင်ဆွေတင့်၏ လက်ဆွဲဘာဂျာတွေ့တော့ အမှတ်မဲ့ငယ်ဇာတိပေါ်လာပြီး ကောက်တွယ် နေခြင်းတည်း။

စင်စစ် ထိုအချိန်၌ ဆရာကြီးသည် အရက်မမူးသော်လည်း၊ ထန်းရည်လေး ထွေထွေနှင့် လသာသာမှာ ငယ်မူပြန်နေသည်ဖြစ်ကြောင်း၊ သူ့အား ထန်းရည်တိုက်ထားသော အီဖေကိုယ် တစ်ယောက်သာ သိရှိပါ၏။ ထန်းရည် သတ္တိသည် အတော် အသင့်သောက်လျှင် လူကို ရွှင်မြူး စေ၏။ ကျွန်တော်လည်း ဆရာကြီး၏ ဘာဂျာနှင့် သီချင်းသံ နားထောင်၍ ပျော်နေပါ၏။ ကျုပ်တို့ ဆရာကြီးသည် အဆို အတီးလည်း မည့်ပါကလား။

ထိုစဉ်က ဆရာကြီးသည် မန္တလေးမြို့တွင် လူထုသတင်းစာ အယ်ဒီတာအဖြစ်နှင့် နေထိုင် လျက်၊ အစ၌ ဖော်ပြခဲ့သော သက္ကရာဇ်များတွင် ဆရာကြီးသည် ရန်ကုန်သို့ တစ်နှစ်လျှင် တစ်ခေါက်လောက် လာလေ့ရှိရာ၊ ဖော်ပြပါ ဆရာကြီးသည် ထန်းရည်ထွေ၍၊ လသာသာ ရှမဝ တိုက် ဝရန်တာ၌ အဖိုးကြီး ငယ်မူပြန်ခဲ့သော ခုနှစ်ကို ကျွန်တော် အတိအကျ မဖော်ပြနိုင်သော် လည်း၊ ထိုနှစ် ထိုအခေါက်က ဆရာကြီးအား ဖိတ်ခေါ်ကျွေးမွေးပြုစုကြသူ လူအချို့ကိုကား၊ ကျွန်တော် ကောင်းစွာ မှတ်မိနေပါသေးသည်။ မမေ့နိုင်စရာကောင်းသော အကြောင်းအလည်း ရှိသောကြောင့် ဖြစ်ပါ၏။

## ဒေါ်ခင်မျိုးချစ်၏ ဟင်းချက်လက်ရာ

ဆရာကြီးကို ဖိတ်ခေါ်ကျွေးသော သူ့ထမင်းပွဲက ဟင်းလျာများမှာ ဘာလချောင်ကြော်၊ သခွားသီးစိမ်း၊ တညင်းသီးတို့စရာ၊ ကြက်အသည်းအမြစ်ကြော်၊ မုံလာဥ မုံလာရွက်နှင့် ငါးရံ့ ချဉ်ရည်၊ မနိပ်လား။

မနိပ်ဖူးဗျာ။ ဘာကြောင့်ဆို ချက်ပုံကမှ မဟုတ်တာပဲ။ သည်မှာမိတ်ဆွေ၊ ကျုပ်တို့ မြန်မာ တွေ ချဉ်ရည်ဟင်းချက်ရာမှာများသောအားဖြင့် မန်ကျည်းသီး သို့မဟုတ် အချို့ကို ရောက်ရည်နှင့်။ ဖော်ပြပါ မုံလာဥ မုံလာရွက်နှင့် ငါးကိုချက်ရာတွင် ရောက်ရည်ကို သုံးသင့်ပါ၏။ သို့သော် ရောက်ရည်ကို မီးဖိုပေါ်တွင် မခတ်ရပါ။ အိုးကို မီးအေးအေးနှင့် ထား၍ စားကာနီးမှ ရောက်ရည်ခတ်၊ ကိုယ့်စိတ်ကြိုက်ရတော့ ပန်းကန်ထဲထည့်ရပါသည်။ သို့မဟုတ်ပဲ ရောက်ရည် ခတ်ပြီး အိုးကို မီးဖိုပေါ်၌ တင်ထားမည်ဆိုပါက ထိုဟင်းသည်ချဉ်ခါးကြီး ဖြစ်ပါလေသတည်း။

အဲ ဒေါ်ခင်မျိုးချစ် ချဉ်ရည်ဟင်းက အဲသည်နည်းပဲ ဖြစ်သွားသဗျ။

ကဲ သူ့ကြက်အသည်းအမြစ်ကြော်ကကော၊

စင်စစ် ကြက်အသည်းအမြစ်တို့မှာ သိပ်ကျက်လျှင် မကောင်းတတ်ပေ။ ကြက်သားဟင်း ချက်ရာတွင်လည်း ကျွမ်းကျင်သော အိမ်ရှင်မတို့သည် အသားနူး၍ ဟင်းအိုးကို ချကာနီးတော့မှ အသည်းအမြစ်ကို ထည့်ကြသည်။ အသည်းအမြစ်တို့ မည်သည်မှာ ကျက်သည်ဆိုရုံလေးမှ စားကောင်း၏။ အကျက်လွန်သည်ဆိုလျှင် မာသွားသည်။ အသည်းက ခါးတတ်သည်။ ယခု ဒေါ်ခင်မျိုးချစ်အသည်းအမြစ်ကြော်ကား ထိုအတိုင်းပါပဲ ခင်ဗျာ။

စင်စစ် အသည်းအမြစ်ချည်း ကြော်စားမည်ဆိုလျှင် ခရမ်းချဉ်သီးနှင့် ကြက်သွန်ဥကြီး အကွင်းအကွင်းလှီး၍ ကုလားခပတ်ကြော်သလို ဒယ်အိုးပေါ်မှာ ဆီပူတိုက်ရုံမျှသာ။ ယခုတော့ မဟုတ် ပေါင်ဗျာ၊ ဒေါ်ခင်မျိုးချစ် တို့ အသည်းအမြစ်ကြော်သည်ကဲ့သို့ ကြော်ထားလေတော့၊ ကြက်သည်း ကြက်မြစ်ကလေးတွေ မာတောင့် ရှုံ့တွ ခါးသက်လို့။

သည်တော့ သူ့ထမင်းဝိုင်းမှာ ကြက်သည်းကြက်မြစ်ကြော်ကလည်းခါး၊ ချဉ်ရည်ဟင်း ကလည်းခါး၊ အဲ ဘာလချောင်ကြော်လေး တစ်ခုတော့ ကောင်းပါ့ဗျာ။ ကောင်းမှာပေါ့၊ ဈေးက ကြော်ပြီးသား ဝယ်ထားတာကိုဗျ။

ဒါကြောင့် သူ့ကြင်ယာတော် ဦးခင်မောင်လတ်က ကျွန်တော်အား ပြောဖူး၏။

''မင်းတို့ အမကြီးကို မီးဖိုချောင်ထဲ မဝင်စေချင်တာက၊ သူ့ငါးခြေမွေးမီးမလောင် လက်မွေးမလောင် ထားချင်လို့မဟုတ်ဖူးဟေ့၊ အချက်အပြုတ်မှာ ဘယ်လိုမှ အသုံးမကျလွန်းလွန်း လို့ကွ''

ထိုနေ့က ကျွန်တော်တို့ စားသောက်ပြီး ပြန်လာကြသောအခါလည်း၊ ဆရာကြီးက ''မင်း ခင်မျိုးချစ်က ဒါလောက်ပဲအချက်အပြုတ်ညံ့ရသလားကွ''ဆို၍၊ ကျွန်တော်က ''အောင်မယ်လေး ဦးကြီးရေ၊ ဒါနမူနာရှိသေးတာ၊ နောက်သည့်ထက်ညံ့တာတွေ လာပါလိမ့်အုံးမယ်ဗျ'' ဟု ပြောလိုက် ရပါ၏။

## အချီးမွမ်းအကဲ့ရဲ့လွတ်သူ

ဤသူကား ဒေါ်နုယဉ်ဖြစ်၏။ ထိုနှစ် ထိုအခေါက်က ဆရာကြီးအား ထမင်းဖိတ်ကျွေး သူများထဲတွင် ဆရာတက်တိုးနှင့် ဒေါ်နုယဉ်တို့ ဇနီးမောင်နှံလည်း ပါခဲ့ပေသည်။ ဧည့်မြှောင် အဖြစ် ကျွန်တော်အပြင် ရှုမဝ ဦးကျော်နှင့် ဒေါ်ခင်မျိုးချစ်တို့ လင်မယားလည်း ပါခဲ့သည်။ ဤထမင်းပွဲ၌ကား

ဒေါ်နုယဉ်၏ လက်ရာကို ချီးမွမ်းစရာလည်းမလို၊ ကဲ့ရဲ့စရာလည်းမရှိ၊ အကြောင်းမှာ ဆန်းကဖေးတွင် ကျွေးသောကြောင့် ဖြစ်ပါ၏။

## ငွေဥဒေါင်း ကတော်

သူ့ကိုကား ထမင်းဟင်း လက်ရာနှင့် ပတ်သက်၍ ဘာမျှပြောလိုစိတ်မရှိ။ တွေ့မိတိုင်း ဒေါသထွက်ခြင်းသာ ဖြစ်သည်၊ (ယခုဇနီးမဟုတ်ပါ ၊ ထိုစဉ်က ငွေဥဒေါင်းသည်၊ ယခုကဲ့သို့ အစိုးရတိုက်တာ ဂေဟာတွေနှင့် ဦးဝိစာရ ကွက်သစ် မဖြစ်သေးသော) ဆန်းကဖေးရှေ့ရှိ ရှေး ဖဆပလ ခေတ် မင်းမနိုင်ကွက်သစ်၌၊ မဓမတိုင် ဓနိမိုး ဝါးသရံကာ အိမ်ကလေးနှင့် စံမြန်းနေ၏။ တပည့်ကြီးပီပီဆရာကြီးအား ထမင်းတစ်နပ်ခေါ်ကျွေးရာ၊ ဆရာကြီးသွားလေရာ မပါမဖြစ်သော ကျွန်တော်သာမက ဒဂုန်တာရာကိုလည်း ဖိတ်၏။ ငွေဥဒေါင်းသည် အရက်သမားမဟုတ်သော် လည်း သူ့ဆရာကြီးနှင့် ကျွန်တော်က ကြိုက်တတ်မှန်းသိ၍၊ ထိုစဉ်က ခေတ်စားသော နိုင်ငံခြား ဖြစ် ဟေးဝဒ် ဘရန်ဒီ တစ်ပုလင်း ဝယ်ထားပါ၏။ ထိုထမင်းစားပွဲတွင် ဒဂုန်တာရာကလည်း မသောက်တတ်သဖြင့် ဤအရက်ပုလင်းသည် ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက်နှင့်မချော ချေ။ တဝက်သာသာမျှ ကျန်နေ၏။

ထိုအချိန်က ဆရာကြီးသည် ၄၄လမ်းတွင် ရှိသော သူ့ညီဦးဖေစိန်အိမ်၌ တည်းသည်ဖြစ် ၍၊ ထမင်းစားသောက်ပြီး ဆရာကြီးအား ငွေဥဒေါင်းနှင့်ကျွန်တော်က ဗိုလ်ချုပ်ဈေးရှေ့ရှိ (ထိုစဉ် က) တက္ကစီ ကားဂိတ်အထိ လိုက်ပို့၏။ ဆရာကြီးသုံးဘီးကားနှင့် ထွက်သွားသောအခါ၊ ငွေဥဒေါင်းကကျွန်တော့်အား၊

''ဟေ့ ဖိုးသော်တာ အိမ်မှာ ကျန်ခဲ့တဲ့ အရက်ပုလင်း၊ ငါသောက်တာလည်း မဟုတ်ဖူး၊ မင်းလိုက်ယူပါလားကွ''ဟု ပြောသဖြင့်၊ ကျွန်တော် ဝမ်းသာအားရနှင့် သူ့အိမ်ပြန်လိုက်သွား၏။ ရောက်သော် သူ့မိန်းမခေါ်၍ ''ဟေ့ ဟိုအရက်ပုလင်း ပေးစမ်း''ဟု ဆိုသည်၌၊

ဘာလုပ်ဖို့လဲတော် ပုလင်းလေးက လှတာနဲ့၊ ကျွန်မအရက်တွေ သွန်ပစ်ပြီး၊ ငန်ပြာရည် ထည့်ထားလိုက်ပြီ''တဲ့။

သည်အကြောင်းကို တွေးမိတိုင်း၊ ကျွန်တော် သူ့မိန်းမကို သတ်ချင်သည်ဟု ပြောတော့၊ ငွေဥဒေါင်းက၊

''ငါ့မိန်းမ သတ်ချင်တာတော့ ကိုယ့်လူတစ်ယောက်တည်းမဟုတ်ဖူး မောင်ရေ၊ သည့်ပြင် အများကြီး ရှိသေးတယ်''

''ဘယ်သူတွေလဲ ပြောစမ်း၊ စုပေါင်းပြီး သတ်သင့်လဲ သတ်ရအောင်''

''တို့ အရပ်ထဲ လျှောက်ရောင်းတဲ့ ဈေးသည်မ တွေကွ''

''ဘာလို့လဲ အကြွေးတွေဝယ်ပြီး ဈေးဖိုးတွေ မပေးတော့လို့လား''

''မဟုတ်ဖူးကွ၊ ငါ့မိန်းမအကျင့်က မနက် မျက်လုံး နှစ်လုံး ပွင့်တယ်ဆို၊ အိမ်ရှေ့ လှေကားထစ်ပေါ်ထိုင်ပြီး၊ လာသမျှ ဈေးသည်ခေါ်၊ မရောင်းနိုင်တဲ့ ဈေးဆစ်၊ အဲ၊ နောက်ဆုံး ကိုးနာရီလောက်ရှိလို့ လာနေကျ ဈေးသည်တွေ ကုန်တိုင်း ဈေးဦးဈေးဖျားကြီး မရောင်းနိုင်တဲ့ ဈေးဆစ်ရပါမို့လားလို့ သတ်ချင်၊ ကြက်သားသည်ကလဲ သတ်ချင်၊ အမဲသားသည်ကလဲ သတ်ချင်။ သတ်ချင်သူတွေ ဝိုင်းကာ ပတ်လည်မောင့်ရဲ့ မှုန်ရွှေရည် ပေါ့ကွာ''

သို့သော် ထို ငွေဥဒေါင်း ကတော်ကို ဘယ်သူမှ မသတ်လိုက်ရပါ။ ၁၉၇၀ ခုလောက်၌ သူ့ ရောဂါနှင့်သူ သေသွားပါသဖြင့်၊ ယခု ငွေဥဒေါင်းကြီးသည် တောင်ကြီးမြို့၌ နောက်ဇနီး သည် နန်းမေခင်နှင့် စမ်းရေအသွင် ကြည်လင်အေးမြလျက် ရှိပါကြောင်း။

ဤစာကို ကျွန်တော်သည် သည်နှစ် နွေရာသီ၌ ရန်ကုန်မြို့မှာ စာမရေးနိုင်လောက် အောင် ပူပြင်းလှသဖြင့် (၂၉–၄–၈၀)နေ့က ယခု ငွေဥဒေါင်းကြီး စံမြန်းနေရာ တောင်ကြီးမြို့သို့ ရောက်ခဲ့ပြီး၊ အေးမြသော မောရိပ်သာ၌ ယနေ့(၁၆–၅–၈၀)တွင် ရေးသားနေခြင်း ဖြစ်ပါတယ် မစ္စတာ ဒေါင်းကြီးရေ့၊

ကဲ၊ ကျုပ်တို့ ဆရာကြီးအကြောင်း ဆက်ဦးစို့။

## ဆရာကြီးကို ချစ်ကြည်ညိုသော တပည့်များ

အစစ်အမှန်ကို ပြောရလျှင်၊ ဆရာကြီးသည် သူနှင့် ခေတ်ပြိုင် စာရေးဆရာများထဲတွင် အရပ် အရှည်ဆုံး ဖြစ်သည့်နည်းတူ၊ အသက်လည်း အရှည်ဆုံး၊ စာတွေလည်း အများဆုံးရေးခဲ့ သူဖြစ်လျက်၊ ချစ်ကြည်ညိုသော တပည့် တပန်းလည်းအပေါ်များဆုံး ဖြစ်ပါ၏။ ဆရာကြီး ရေးခဲ့ သော စာများကလည်း အမျိုးစုံသဖြင့် တပည့်တပန်းများကလည်း အမျိုးစုံပေသည်။ သတင်းစာ ခေါင်းကြီးဖတ် ပရိသတ်၊ ဝတ္ထုကြိုက် ပရိသတ်၊ တရားဓမ္မ ပရိသတ်၊ လူကြီး၊ လူလတ်၊ လူငယ်စုံ ပေသည်။ ထို့ကြောင့် ဆရာကြီး ရန်ကုန်မြို့သို့ ဆင်းလာပြီဆိုလျှင် ပရိသတ်မျိုးစုံက တွေ့ဆုံ ဝတ်ပြုကြကုန်သည်။

ဗန်းမော်တင်အောင် ထမင်းစားပွဲ

ထိုအချိန်က ဗန်းမော် တင်အောင်ခေတ် ဖြစ်သည်။ လင်းယုန် ဂျာနယ်ကို ထုတ်လျက်၊ သူ့လုပ်ဖော်ကိုင်ဘက် စာရေးဆရာ တသိုက်နှင့် လွန်စွာ မြိုင်ဆိုင်၍နေရာ၊ ဆရာကြီးကိုဂုဏ်ပြုကျွေးမွေးသော ထမင်းစားပွဲ၌ ဗန်းမော်တင်အောင်၏ပွဲသည် အကြီးဆုံးနှင့် အခမ်းအနားဆုံးဟု မှတ်တမ်းတင်ရပါမည်။

အင်းလျားရိပ်သာလမ်း ဟိုင်ဖွမ် ဟိုတယ်တွင် ဖြစ်၏။ လင်းယုန် သစ်လွင်၊ လင်းယုန်မောင်မောင်၊ မောင်လင်းယုန်(ရှမ်းပြည်) စသော လင်းယုန် စာရေးဆရာများ၊ ရွှေဓားလည်း ရှိသေးသည်။ သန်းဆွေလည်း ပါဝင်ခဲ့သေးသည်။ စုစုပေါင်း လူ တစ်ဒါဇာလောက်ကို ဗန်းမော်တင်အောင်သည် သူ အရက် မသောက်တတ်သော်လည်း သူ့ လင်းယုန်ကြွက်တွင်းများနှင့် ကျွန်တော်တို့အား အဝအပြဲ တိုက်ကျွေးစားသောက် စေပါသည်။ ဗန်းမော်ကြီး အဆူဖြိုးဆုံးသော ကာလပေတည်း။

ထိုထမင်းစားပွဲသည် ဆရာကြီး မပြန်မီ သုံးရက်ခန့်က ဖြစ်ပေရာ၊ ပြန်သည့်နေ့ နံနက် ရှမတိုက်မှ ဆရာကြီးနှင့် လိုက်ပို့သူ ဦးကျော်တို့၊ ကျွန်တော်တို့ ဘူတာသို့ ရောက်ကြသောအခါ၊ ဗန်းမော် တင်အောင်နှင့် လင်းယုန် တစ်သိုက်လည်း ဘူတာသို့ ရောက်နှင့်နေသည်ကို တွေ့ရသ ဖြင့်၊ ဆရာကြီးက၊

''အောင်မယ်၊ ကိုယ့်လူတွေ မိုး မလင်းတော့ဘူး၊ ဘယ်အချိန်ကများ အိပ်ရာက ထလာကြသလဲကွဲ့'' ဆိုတော့ ဗန်းမော်တင်အောင်က၊

''ကျွန်တော်တို့ သည်ည မအိပ်ကြသေးဘူး ဆရာကြီးရဲ့၊ ဂျာနယ်ဖောင် ပိတ်ရက်မို့ တစ်ညလုံး လုပ်ကြပြီး၊ ဆရာကြီး ခု ပြန်မယ့် ၅ နာရီ ရထားအမီ လာခဲ့ကြတာ''

မှတ်မိပါသေးသည်။ ရထားထွက်ကာနီး ပလက်ဖောင်းပေါ်မှာ လင်းယုန်များက ရွှေဥဒေါင်းအား ဦးချ ကန်တော့ကြသောအခါ၊ ကျွန်တော်က ဆရာကြီး ရှေ့တည့်တည့်တွင် တမင် မတ်တတ်ရပ်နေသဖြင့် ဗန်းမော်ကြီးက၊

''အောင်မာ ကြည့်စမ်း၊ ကြည့်စမ်း၊ တခြား လူတွေကမြင်ယင် ကျုပ်တို့က သူ့ပဲ ဦးချနေတယ် ထင်ရအောင် ဆရာကြီး ရှေ့တည့်တည့်ကမှ ရပ်နေတယ်'' ဆိုပြီး၊ ကျွန်တော့်ကို ဆွဲတွန်းပစ်ပါသည်။

ကျွန်တော်က ဆရာကြီးရှေ့မှာ အဆစ်ပနေတော့၊ ခင်ဗျားတို့ အပို ကုသိုလ်ရအောင်လို့ ပါဗျာ''

''သွား၊ သွား၊ မလိုချင်ဘူး''

ထိုအခါက ကျွန်တော်တို့ ပျော်လိုက်ကြတာ။ လွန်ခဲ့တဲ့ညက ဆရာကြီးအား ကျွန်တော် ထန်းရည် တိုက်ခဲ့သည့်အကြောင်း ပြန်ကောက်ရဦးမည်။

ထိုစဉ်က ရှုမဝတိုက်ရှေ့ ဆင်းဒဝစ်လမ်း ဟိုမှာဘက်တွင် ယခုကဲ့သို့ ခမ်းနား ကြီးမားလှသော ရိပ်သာ တိုက်တာအဆောက်အအုံကြီးတွေမရှိသေး။ ထန်းပင်တွေ ပြည့်နှက်လျက်၊ ထန်းတက်သော ကုလားတဲ့ကုပ် အချို့သာ ဟိုတစ်လုံး၊ သည်တစ်ခု တည်ရှိနေ၏။ ပင်ကျရည်ကို အချိန်မရွေးရနိုင်၍၊ ကျွန်တော်၊ တင့်တယ်၊ သန်းဆွေတို့ နေ့လယ်နေ့ခင်း အပျင်းပြေသောက် လေ့ရှိကြ၏။

## ဦးကျော်နှင့်အရက်

နက်ဖန်မနက် ဆရာကြီး ဘူတာဆင်းရန် သည့်ည ရှုမဝတိုက်မှာ အိပ်စက်မည် ဆိုတော့ ထိုညစာကို ဦးကျော်ကပဲ မရှောင်သာ၊ မငြင်းသာ ကျွေးပေတော့သည်။ ကျွန်တော်ကား ဦးကျော် ထမင်းစားပွဲ ဆိုကတည်းက စိတ်ပျက်လှပေပြီ။ အကြောင်းမူကား ကျွန်တော်တို့ဆရာ တပည့် ကြိုက်လှသော ယမကာ မပါသည်က သေချာနေပေပြီ။ ဦးကျော်သည် ဇန်းမော် တင်အောင် ကဲ့သို့ မိမိ မသောက်သော်လည်း အခြား ကြိုက်နှစ်သက်သူများ သောက်ပါစေလားဟု သဘောထားသူမဟုတ်၊ မိမိသောက်လျှင် လည်းကောင်း၊ အခြားသူအား တိုက်လျှင်လည်းကောင်း၊ သူ့ထံသို့ ငရဲပြည်က ဗီဇလာပို့တော့မည်ဟု အောက်မေ့ နေသူ ဖြစ်၏။

ထို့ကြောင့် ဤအကြောင်းကို ကျွန်တော်တို့သည် ထိုညက ရှုမဝ ထမင်းပွဲသို့ မချဉ်းကပ်မီ၊ တာဝါဘားမှာ ဆရာ တပည့်နှစ်ယောက် သောက်ယင်း ဦးကျော်က သူရာမေရိယျံ၌ ယူဆပုံကို ကျွန်တော်က ဆရာကြီးအား ပြောပြရသေး၏။

''ဒါပေမယ့် ဦးကြီးရ၊ သူ့ကို အရက် ညာတိုက်နေတဲ့ လူတော့ ရှိသဗျ''

''ဘယ်သူလဲကွ''

''ဂျာနယ်ကျော် မမလေးဗျ''

''ဘယ်လို တိုက်တာလဲကွ''

''အခု၊ ဦးကျော် နေ့စဉ် ထမင်းစားကာနီးတိုင်း သောက်နေရတဲ့ ဂျာနယ်ကျော် မမလေးရဲ့ ဝံသဗျူဠ ဆေးဆိုတာက အရက်ပဲ ဦးကြီးရ''

''ဟုတ်ရဲ့လား''

''ဟုတ်တာပေါ့၊ အရက်မှ တော်တော် ပြင်းတဲ့အရက်၊ ကျွန်တော် ကိုယ်တိုင် သောက်ခဲ့ဖူးလို့သိတာ''

''မင်း၊ ဘယ်မှာ သောက်ရတာလဲ''

''ဂျာနယ်ကျော် မမလေးအိမ်မှာ၊ တရုတ်ပြည်က ဧည့်သည်တစ်ယောက်ကို ဒေါ်မမလေးက သူ့အိမ်မှာ ညစာ တစ်ပွဲကျွေးတယ်၊ အဲသည်ပွဲမှာ ဖိတ်တာက တရုတ်ဧည့်သည် ရယ်၊ စကားပြန်ရယ်၊ ဦးကျော်ရယ်၊ ဆရာဇော်ဂျီရယ်၊ ဒဂုန်တာရာရယ်၊ ကျွန်တော်ရယ်၊ ကျွေးတာက အတော်ကောင်းတယ်ဗျာ၊ တရုတ်ဟော့ပေါ့၊ စားပွဲပေါ်မှာ မီးသွေးမီးနဲ့ ကျိုက်ကျိုက် ဆူနေတဲ့အိုးထဲ အသားမျိုးစုံ၊ အသည်းမျိုးစုံ၊ ဝက်အူနုတို့၊ အချင်းတို့၊ ကျောက်ကပ်တို့၊ ကိုယ်စား ချင်ရာထည့်ပြီး စားရတာလေ၊ ဦးကြီးစားဖူးမှာပေါ့''

''အေး၊ အရက်နဲ့သိပ်လိုက်တာကွ''

''ဟုတ်တယ်၊ အဲသည်မှာ အရက်ကမပါဘူးဗျ၊ သည်တော့ ကျွန်တော်ကဖွင့်ပြောရရော၊ (အစ်မကြီးစားစရာတွေက သိပ်ကောင်းတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်က အရက်မပါမစားတတ် တော့ ၊ မျိုမကျဘူးဖြစ်နေတယ်ဗျာ)ဆိုတော့ သူထသွားပြီး ဝံသဖျူ့ပုလင်း ယူလာပေးတယ်ဗျ၊ (ရှင်၊ ဒါသောက်ကြည့်ပေါ့)တဲ့၊ ဟာ၊ ကျွန်တော်သောက်လိုက်တော့ တကယ့်အရက်ပဲဗျ၊ ဖန်ခွက်နဲ့လက်သုံးလုံးလောက်၊ လက်သုံးလုံးလောက် သုံးခွက်လောက် ချလိုက်ရတယ်။ ကျွန်တော် စံချိန်ရပြီး တစ်ခါတည်းစားကောင်းသွားတော့တာပဲ၊ နောက်ပြီးကျွန်တော် မူးတော့ တာပဲ''

''ဦးကျော်သောက်တော့ကော မမူးဘူးတဲ့လား''

''ဘယ်မူးမလဲဦးကြီးရ၊ ဆေးလုပ်ပြီး ဟင်းရည်သောက်ဇွန်းနဲ့ တစ်ဇွန်းနှစ်ဇွန်းလောက် သောက်နေရတာကို၊ အဲဒါ ကျွန်တော်က သူ့သားမောင်ဆွေနဲ့ မောင်ဇော်တို့ကို (ဟော့၊ မင်းတို့ အဖေသောက်နေတဲ့ ဂျာနေဂျိုရဲ့ ဝံသဖျူ့ဆိုတာ အရက်ပဲကွ)ပြောလို့ ကောင်းလေးတွေ ခိုးခိုး ကျိတ်နေတာ၊ ဦးကျော်သူ့ပုလင်းသူ မနက်းဝှက်နေရတယ်၊ အဲဒါ ဦးကြီးသောက်ကြည့်မလား၊ ခု ထမင်းပွဲကျတော့ ကျွန်တော် ဦးကျော်ဆီက တောင်းပေးမယ်လေ''

''နေပါစေကွာ၊ ကဲ၊ တို့သုံးပတ်ဆီလောက်ဆို တော်ရောပေါ့၊ ထမင်းစားကောင်းရုံပေါ့ ကွာ''

''ကျွန်တော် ပုလင်းနဲ့ နည်းနည်းလောက်ယူခဲ့ရ ကောင်းမလားလို့''

''မလုပ်ပါနဲ့ကွာ၊ သူ့ထမင်းစားပွဲမှာ သူမကြိုက်တာကို''

ထို့ကြောင့် ထမင်းပွဲ ပုလင်းဆွဲနေကျ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်ဟာ ဦးကျော်ထမင်းကျွေး၊ ပုလင်းနဲ့ဝေးလို့ဆွေးလုပါတယ်၊ လွမ်းလုပါတယ်၊ ညည်းမနေအားပဲ၊ ''ကဲ၊ ဆရာကြီးလာ၊ ထမင်းသုံးဆောင်ပါ''ဆိုတော့ ကျွန်တော်ပါထ၊ လက်ဆေးကျိတ်ရ၊ စိတ်ကတော့ နောက်တစ်ခွက်လောက်သောက်လိုက်ရကောင်းမှာ၊ နောက်တစ်ခွက်လောက် သောက်လိုက်ရ ကောင်းမှာနဲ့ပဲ ထမင်းပွဲပြီးသွားရော၊ အရက်သမားတို့မည်သည် သူ့စိတ်ကြိုက်မသောက်ရလျှင် ဘယ်လောက် ဟင်းကောင်းကောင်း စားလို့မြိန်ရိုးလားဗျာ။ ဆရာကြီးလည်း ကျွန်တော့်လိုပဲ နေလိမ့်မပေါ့။

ကျွန်တော်တို့ ထမင်းပါစားသောက်ပြီး နာရီ ဝက်လောက်အကြာ ဆရာတပည့် နှစ်ယောက် အပြင်ဘက် လမ်းလျှောက်ထွက်ခဲ့ကြ၏။ ဆရာကြီးမှာ သူ့လမ်းလျှောက်တုတ်နှင့် ဆေးတံကတော့ အမြဲပဲပါ။ ဟိုဟိုသည်သည်လျှောက်ကြလို့ နေဝင်ရီသရောရှိတော့ ဆရာကြီးဟာ ရှမဝ တိုက်ရှေ့မှာရှိနေတဲ့ ထန်းတောမော်ကြည့်ယင်း ထန်းပင်ပေါ်မှာ ထန်းရည်ခံထားတဲ့ မြူအိုး ကလေးတွေမြင်တော့''

''ဟေ့၊ သည်မှာ ထန်းရည်ရသလားကွ''

''ရတာပေါ့ဦးကြီးရ၊ ဦးကြီးချမလား''

''အေး၊ ကောင်းသားပဲကွာ''

''လာဗျာ၊ ထမင်းစားပြီး အစာနှိမ်လေး၊ ညကျ ဗိုက်လေးပြီး အိပ်ကောင်းအောင်''

ဆရာတပည့်နှစ်ယောက်သား ထန်းတောအတွင်း ကုလားတဲတစ်ခုထဲဝင်သွားကြ၏။ ကျွန်တော်ကရောက်နေကျပဲ။ ထန်းတက်ကုလားကို၊ ''ဟေ့၊ ရန်ကနား၊ လုပ်ကွာ၊ ခုညချတွေ မပေးနဲ့၊ မနက်ချ နေကျော်တွေရှိသေးလား''

''ရှိတယ် ဆပ်''

''ထိုနောက် ကျွန်တော်က အိမ်ထဲမှ ငွေတစ်ကျပ်ထုတ်၍၊ ရန်ကနားကတော် ကုလားမ အား၊ ''ကဲ၊ နင်က ငါတို့စားနေကျ မြည်းစရာလုပ်ဟာ''

မကြာမီ၌ ဆရာကြီးနှင့် ကျွန်တော်သည် ရန်ကနား၏ထန်းရည်တဲကုပ်ထဲ၌ စားပွဲထိုင်ကြ လေပြီ။ စားပွဲထိုင်သည်ဟု စကားအရပြောရသော်လည်း စင်စစ် ရန်ကနား၏တဲအတွင်းမှာ ဘာစားပွဲမှမရှိချေ။ ဖရိုဖရဲ ကြမ်းခင်းပေါ်မှာ ကျွန်တော်တို့က ဖင်ချထိုင်ကြ၍ ရှေ့တွင် ထန်းရည် ပုလင်းနှင့် ဖန်ခွက်တစ်လုံး တစ်ယောက်တလဲ မော့ကြသည်။ အမြည်းကား သံပန်းကန်ပြားတစ်ခု မှာ ရန်ကနားကတော် စီမံပေးသော ပဲကြီးလှော်၊ ပုစွန်ခြောက်၊ ကြက်သွန်ဖြူဆီဆမ်း၊ ညှပ်မိုးချုပ် ပြီဖြစ်၍ ထွန်းညှိထားသည်က ရေနံဆီမီးခွက်။

လာရောက် သောက်ကြသူများကား ကျွန်တော်တို့ချည်းမဟုတ်။ အခြားကော်ရင်ဂျီ ကုလားများလည်း တဖြောက်ဖြောက် လာနေကြသည်။ သို့သော် သူတို့လူမျိုးများသည် ထန်းရည် အရက်တို့ကို ဖန်ခွက်နှင့်ဘာနှင့် ဇိမ်ခံပြီး သောက်ကြသူများမဟုတ်။ နေရာထိုင်ခင်းပင်မလို။ လူက မတ်တတ်ပဲ။ ပုလင်းဝကို နှုတ်ခမ်းနှင့်မထိစေပဲ ပါးစပ်ထဲ တစ်ချီတည်းလောင်းထည့်ပြီး ထွီး ကနဲ ခွဲသလိပ်တို့ကို ထွေးထုတ်ကာ၊ ဘာကြောင့်မှန်းမသိ။ နိယာမ သင်းကားဟု ရေရွတ်ယင်း သုတ်ခြေတင်တော့သည်။

ဤသို့လျှင် ကုလားပေါင်းများစွာလာ၍ ပုလင်းပေါင်းများစွာကုန်သွားသော်လည်း ကျွန်တော် တို့ ဆရာတပည့်နှစ်ယောက်ကား သုံးပုလင်းလောက်ကို တော်တော်နှင့် မကျွတ်သေး၊ စကားစမြည်းပြောကာ ဇိမ်တွေ့နေကြသည်။ သည်လို ထန်းရည်နှင့် ပဲကြီးလှော်၊ ပုစွန်ခြောက်၊

ကြက်သွန်ဖြူသုပ်တို့ကလည်း လိုက်ဖက်လှသည်။ ဆရာကြီးသည် အတော်ကျေနပ်ပုံရ၏။ ညနေက တာဝါဘားတွင် ဘရန်ဒီနှင့် အာလူးကြော် စားသောက်ခဲ့ရသည်ထက်ပင် ကျေနပ်ပုံပေါ် ၏။ ထို့ကြောင့် ဆရာကြီးသည် စားသောက်ယင်း အရှိန်ရလာသောအခါ ပြုလေ့ရှိသည့်အတိုင်း သူ့ဆေးတံကို ဘေးချပြီး ကျွန်တော့်အား ''ဟေ့ကောင်၊ ငါ့စီးကရက်တစ်လိပ်ပေးကွာ''ဟု ပြောလိုက်သောအခါ၌ ကျွန်တော်က ရှပ်အင်္ကျီအိတ်ထဲမှ ထိုခေတ် ထိုအခါက ကျွန်တော် သောက်သည့် ကြောင်နက် စီးကရက်ကို ထုတ်ပေးလိုက်ရပါသည်။ ဆရာကြီးသည် အခြားအချိန် များ၌ သူ့ဆေးတံမှတပါး အခြား ဘာမျှ မသောက်သော်လည်း ယမကာမှီဝဲနေစဉ်၌မူ စီးကရက် ကို သောက်လေ့ရှိပါသည်။

## ရန်ကနားတဲကုပ်မှ ရောမတိုက်ကြီး

စာရှုသူများခင်ဗျား။ ယခု ကျွန်တော် စာရေးဟန်ကို ရုပ်ရှင်သဏ္ဍာန် ရှုကွင်းရှုကွက် ပြောင်းပါတော့မည်။

ကဲ၊ ယခု ရှုကွင်းကား၊ ၁၉၅၈ ခုနှစ် ဟိုဘက်အလွန်က ရှမဝတိုက်ရှေ့ရှိ ထန်းတောထဲ ရန်ကနား၏ ထန်းရည်တဲအတွင်း၌ ဆရာကြီးရွှေဥဒေါင်းနှင့် သော်တာဆွေ ထန်းရည်သောက်နေကြသည်။ ကျိုးတိုးကျဲတဲ ကြမ်းခင်းပေါ်တွင် နှစ်ယောက်သား မျက်နှာချင်းဆိုင် တင်ပလ္လင်ခွေ ထိုင်ကြလျက် သူတို့ရှေ့မှာ ထန်းရည်တစ်ပုလင်း၊ မပြောင်လက်သော ဖန်ခွက်ထူကြီးတစ်လုံး၊ အမြည်းထည့်သည် ညစ်ထပ်ထပ် သံပန်းကန်ပြားတစ်ချပ်၊ ကြောင်နက်စီးကရက်တစ်ဗူး၊ ဆေးတံတစ်ချောင်း၊ ဆရာကြီး၏ လက်ယာဘက်တွင်မူ သုသွားလေရာပါတော့ လမ်းလျှောက်တုတ်။

ကဲ၊ ဤမြင်ကွင်းကို ဖြတ်ကနဲပိတ်လိုက်။ နောင် ၁၀ နှစ်မျှကြာသောအခါလို့ စာတန်းကြီး ထိုးလိုက်ပြီး ထင်းကနဲ ပေါ်လာသော ရှုခင်းသစ်ကား၊

ခေတ်မီသော အိမ်ထောင်ပရိဘောဂတို့နှင့် ခမ်းနားလှသော ဧည့်ခန်းမကြီးအတွင်းဝယ် ဆရာကြီး ရွှေဥဒေါင်းနှင့် သော်တာဆွေသည် စီးကရက်ကိုယ်စီနှင့် ဖိမ်ကျကျ ပက်လက် ကုလားထိုင်တစ်လုံးစီပေါ်၌ ထိုင်ကြ၍၊ သူတို့ရှေ့ရှိ စားပွဲဝိုင်းငယ်ပေါ်မှာ လှပသော ဂျော်နီဝါကား (ဘလက်လေဘယ်လ်) တစ်ပုလင်း၊ အအေးစိမ် ဆိုဒါနှစ်လုံး၊ စားစရာ အမြည်း တစ်ပန်းကန်၊ ဆရာကြီး၏ဆေးတံ၊ သော်တာဆွေ၏ စီးကရက်တစ်ဗူး၊ သို့သော် ဤစီးကရက်ဗူး ကား ကြောင်နက်မဟုတ်တော့၊ ဒူးယားဖြစ်နေချေပြီ။ နို့ပြီး ဆရာကြီး၏ လက်ယာဘက်မှာ ခါတိုင်းရှိနေကျ လမ်းလျှောက်တုတ်လည်း မဟုတ်တော့ပဲ ချိုင်းထောက်ကြီး ဖြစ်နေလေသတည်း။

အကြောင်းမူကား ဆရာကြီးသည် ပေါင်ကျိုး၍ပြီးနေပြီ။ သတင်းစာကြီးတစ်စောင်၏ အယ်ဒီတာချုပ်ကြီး ဖြစ်နေပြီ။ ထန်းတောကြီးကို ရှင်းလင်းသုတ်သင်၍ ဆောက်လုပ်ထားသော ယခုအစိုးရတိုက်ကြီးများ၌ ရှုမဝတိုက်ရှေ့တည့်တည့်ရှိ မြေညီထပ် အခန်းမှာ မိမိဂေဟာအဖြစ်နှင့် နေထိုင်လျက်ရှိလေပြီ။

ကဲ၊ ဤကဲ့သို့ဖြစ်လာလိမ့်မည်ဟု အဘယ်သူသည် အဘယ်တုန်းက မျှော်လင့်တွေးထင်ခဲ့ အံ့နည်း။ လောကကြီးသည် မမျှော်လင့် မတွေးတတ်နိုင်သည်တို့ ဖြစ်တတ်သည်တမုံ့။

သော်တာဆွေသည် ရှုမဝသို့ ရောက်တိုင်း၊ ယခင်က တင့်တယ်၊ သန်းဆွေတို့နှင့်အတူ (အင်း၊ သည်စာရေးယင်း လွမ်းမိရဲ့) ထန်းရည်သွားသောက်လေ့ရှိသော ရန်ကနားတို့တဲနေရာရှိ ဆရာကြီး၏အခန်းသို့သွားကာ၊ ကောင်းပေ့ဆိုသော ယစ်ရွှေရည်တို့ကို မှိုဝဲလေ့ရှိ၏။

ကြည့်ပါ။ ထိုအချိန်အခါမှာ ဆရာကြီးသည် ယစ်ရွှေရည် အကောင်းစားတွေ၊ အတွင်းမှာ မှန်တွေကာထားသည့် အရက်ဗီရိုကြီးနဲ့မှားထည့်လို့ဗျ။ ဘီယာ၊ ဘရန်ဒီ၊ ဝီစကီ၊ ဂျင်၊ သင်လိုချင် တာပြောစမ်း၊ နို့ပြီး ဘီယာနဲ့ ဆိုဒါအအေးစိမ်ထားဖို့ ဖရက်ဂျစ်ဒါလည်း ရှိနေသဗျ။ ဆရာကြီးလည်း သည်စည်းစိမ်မျိုးရလိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးထင်ဘူးတာ မဟုတ်ပဲနဲ့ ဗြုန်းကနဲ ကောက်ရ လိုက်တာနဲ့ တူနေပါ၏။ ကြည့်လေ၊ အသစ်စက်စက် ဖယ်မလီယာကားနဲ့၊ ဒရိုင်ဘာနဲ့။

''ငါ့အခန်းကို အဲယားကွန်ဒစ်ရှင် တပ်ပေးခိုင်းဖို့ ပြောအုံးမယ်၊ မင်း မအိုက်ဖူးလားဟေ့''

''နည်းနည်းတော့အိုက်ပါတယ်၊ မိုးက အုံ့ပြုက်ပြုက်ကြီးနေတာကိုး၊ မိုးရွာလိမ့်မယ် ထင်ပါတယ်၊ မိုးရွာယင်တော့ အေးသွားမှာ''

''ဟော့၊ သောက်လကွာ၊ မင်းလက်နှေးလှချေလား''

''ဖြည်းဖြည်းပေါ့ ဦးကြီးရာ၊ ဝီစကီဆိုတာ ဇိမ်ဆွဲသောက်မှကောင်းတာ။ ဦးကြီးကော စားလေ၊ ငါးရှဉ့်ကြော်ကောင်းရဲ့ မဟုတ်လား''

''အင်း၊ ကောင်းပါတယ်ကွာ၊ ဟေ့၊ ရေသတ္တဝါတွေထဲမှာ ငါးရှဉ့်ဟာ တခြားငါးတွေထက် လေးပင်တယ်၊ အရသာရှိတယ်လို့ ငါထင်တယ်ကွ''

''ဟုတ်တယ် ဦးကြီး၊ တချို့ဟာ ငါးရှဉ့်ကို ကြောက်တယ်၊ ရွံတယ်၊ တီကောင်ကြီးနဲ့ တူတယ်ဆိုပြီး မစားကြဘူး၊ ကျွန်တော် မိန်းမဟာ သည် ငါးရှဉ့်ကို ချက်သာ ချက်ပေးတာ၊ သူ မစားဘူး''

''ဒါ မိန်းမတွေရဲ့ သဘောပဲကွာ၊ ဟေ့၊ ငါးရှဉ့် ချက်နည်း ဘယ်နှစ်နည်း ရှိလဲ''

''ကျွန်တော် သိတာတော့ သုံးနည်းပဲ၊ ပထမဦးဆုံး ကျွန်တော် သိခဲ့တာကတော့ ကျွန်တော့်တို့ တောမှာ လယ်ထဲက ငါးရှဉ့် ရလာပြီဆိုယင်၊ ချက်ချင်းစားချင်ယင် မီးကင်ထား လိုက်တယ်၊ ဖြည်းဖြည်းမှ စားမယ်ဆိုယင် ခွေပြီး မီးကင်ထားလိုက်တယ်၊ အဲဒါကို လက်နှစ်သစ် ကွင်းလောက် ခုတ်ပြီး၊ မန်ကျည်းမှည့်ရည်နဲ့ မြန်မာချက် ချက်တာပဲ၊ ဒုတိယနည်းက တရုတ်နည်းဗျ၊

ငါးရှဥ့်ကို ပြုတ်လိုက်တယ်၊ အကောင် ကွဲအက်သွားတော့ အရိုးတွေထုတ်၊ အသားချည်း ခွာယူပြီး၊ ကြက်သွန်ဖြူ ဓားပြားရိုက်၊ ဆီများများနဲ့ အိနေအောင် အိုးပူတိုက်ပြီး ငရုတ်သီးခြောက်ကြော် လေးစိတ်ကွဲ အုပ်လိုက်တာပဲ၊ အဲဒါ ငရုတ်ဟိုတယ်တွေကနည်း၊ အခု ကျွန်တော့်မိန်းမ ချက်ပေးလိုက်တာကတော့ ပထမ ငါးရှဥ့်ကို ရေနွေးဖြောလိုက်တယ်၊ သည်တော့ အရေခွံပေါ်က အညိတွေ ပွတက်လာပြီး အလွှားလိုက်၊ အလွှားလိုက် ကွာထွက်သွားအောင် ဓားနဲ့ ခြစ်ပစ်၊ အဲဒါတွေ စင်ကြယ်သွားတော့ ရင်ခွဲ၊ အူအသည်းတွေ ထုတ်ပစ်၊ နောက် ဒယ်အိုး ထဲ ရေစပ်စပ်ထည့် ငန်ပြာရည်နဲ့ပြုတ်''

''ဟော၊ ဘာ ငန်ပြာရည်လဲကွ''

''မြန်မာ ငန်ပြာရည် ဦးကြီးရဲ၊ ကျွန်တော့်မိန်းမ ဖော်မြူလာက ရေ သတ္တဝါဆိုယင် မြန်မာ ငန်ပြာရည်၊ ဝက်၊ ကြက်၊ ဘဲ၊ အမဲ စတဲ့ ကုန်းသတ္တဝါဆိုယင် တရုတ် ပဲငန်ပြာရည်အကြည် အနောက် သင့်လျော်ရာနဲ့ချက်''

''အေး၊ ဟုတ်သဟေ့၊ ဝက်သားနဲ့ မြန်မာ ငန်ပြာရည်ကတော့ မလိုက်ဆုံးပဲကွ၊ ကဲ၊ ခုန ငါးရှဥ့်ချက်နည်း ဆက်ပြောပါအုံး''

''အဲဒါလို ငန်ပြာရည်နဲ့ပြုတ်လို့ အကောင်အသားတွေ အက်ကွဲလာတော့ မီးဖိုပေါ်ကချ၊ အေးလာတော့ အရိုးတွေ ထုတ်၊ အသားချည်း ခွာယူပြီး ငရုတ်၊ ကြက်သွန်ဖြူ နီ၊ ဂျင်းနိုင်နိုင် ဆီများများနဲ့ ခုလို ခြောက်နေအောင် ကြော်တာပါဦးကြီးရာ။ အဲဒါက နေ့ချင်းမကုန်လဲ ကြာကြာ ထားလို့ ရတယ်၊ မန်ကျည်းမှည့်ရည်နဲ့ အရိုးပါထုတ်ချက်တဲ့ မြန်မာနည်းနဲ့၊ ခုန တရုတ်ချက်နည်း က ကြာကြာမခံဘူး၊ အသိုးမြန်တယ်''

''စားလို့လဲ၊ အခု သည် ချက်နည်းက ပို ခံတွင်းတွေ့သဟေ့၊ ငါးရှဥ့်ဈေးက ငါးဈေးနဲ့ ဘယ်နှယ့် နေသလဲကွ''

''ဟာ၊ တစ်ဝက်လောက် ကွာတယ်၊ ငါးခူ၊ ငါးရံ့ဈေးနှစ်ဆဆိုယင် ငါးရှဥ့်က တစ်ဆယ်ပဲ၊ ဒါပေမယ့် ငါးရှဥ့်က ဝယ်တတ်ဖို့ လိုတယ်၊ ငါးရှဥ့်မှာ ပနီ၊ ပမွဲလို့ နှစ်မျိုးရှိတယ်၊ အဲဒါ ပမွဲက မကောင်းဘူး၊ ပနီက ကောင်းတယ်၊ နို့ပြီး ငါးရှဥ့်ဟာ သေနေယင် မကောင်းဘူး''

''ဟေ့၊ ခုတလော ဖားမရဘူးလားကွ၊ မင်း မိန်းမချက်တဲ့ ဖားသားဟင်းလဲ ငါကြိုက်သကွ''

ဆရာကြီးသည် ဟင်းလျာကို မြိုးမြိုးမြက်မြက်နှင့် ထူးထူးခြားခြားကလေးတွေ စားလိုသည်ဖြစ်၍ ဖားသား၊ ငါးရှဥ့်ဟင်းများကို ကျွန်တော့်ပို့လေ့ရှိပါသည်။

''ဈေးထဲ ဖားကောင်းကောင်း မတွေ့ပြန်ဖူး ဦးကြီးရဲ၊ ခု မိုးတွင်းတွေ့တဲ့ ဖားတွေက မွေး ဖားကြီးတွေ သဘာဝ ဖားလို စားမကောင်းဘူး၊ သဘာဝဖားက ယောက်ျားကောင်းလို ရင်အုပ် ကားကား၊ ခါးကျဥ်ကျဥ်၊ တင်ချပ်ချပ်နဲ့ လက်မောင်းတို့ ပေါင်တို့၊ ခြေသလုံးတို့ ကြီးရတယ်၊ ခု

မွေးစားတွေက သည်လို ဟုတ်ပေါင်ဗျာ၊ ဖျဉ်းစွဲနေတဲ့ မိန်းမလို ဗိုက်ကြီးအနန္တာရဲ့လက်သေးသေး၊ ခြေသေးသေးလေးတွေဗျ''

''အေးကွ၊ မင်း မွေးဖားမပြောနဲ့၊ မွေး ငါးကြင်းတွေတောင် သဘာဝ မြစ်ထဲ ချောင်းထဲက ဖမ်းရတဲ့ ငါးကြင်းလောက် မကောင်းဘူး၊ အဆီတွေများပြီး အချိုး ပေါ့သကွ''

''ဟုတ်တယ် ဦးကြီးရ၊ အခု ရွှေငါးကြင်းဆိုတဲ့ မွေး ငါးနီတာရဲကြီးတွေဟာ အဆီတွေများလို့ ကြိုက်တဲ့လူ နည်းတယ်၊ ငါးခူ ငါးရံ့လောက်တောင် ဈေးမရှိဘူး၊ ဒါနဲ့ ဦးကြီး၊ လိပ်သားစားဖူးလား၊ ရေသတ္တဝါထဲမှာ ကျွန်တော်တော့ လိပ်သားကို အကြိုက်ဆုံးပဲဗျာ၊ လိပ်ကလဲ ရခဲတယ် ဗျာ၊ ရယင် ကျွန်တော် ချက်ချင်း လာပို့မယ်''

''အေး လုပ်စမ်းပါကွာ၊ မင်းကြိုက်တယ်ဆို ကောင်းလို့ဖြစ်မှာပေါ့''

''သည်မှာ ဦးကြီးရ၊ လိပ် တစ်ကောင်ထဲမှာ စားစရာအမျိုးမျိုးပါတယ်၊ ငါးလို အသား၊ ကြက်လိုအသား၊ ဝက်လို့အခေါက်၊ နို့ပြီး တယ်အကောင်မှမရှိတဲ့ အဆီတုံး အကျိတ်အခဲ၊ ဝက်ဆီလို မအီဘူး၊ နွားနို့အုံသားလို စားလို့ကောင်းတယ်''

''ဝက်လိုအခေါက်က ဘယ်နေရာက အသားလဲကွ''

''အသားမဟုတ်ဘူး၊ လိပ်ရဲ့ ကျောကုန်းနဲ့ ရင်ဘတ်က မီးမြိုက်လိုက်တဲ့အခါ ရာဘာလို ပျော့အိသွားတာ ဦးကြီးရ၊ အုန်းသီးစိတ်ကြီးတွေလိုပဲ၊ အဲဒါက သိပ် စားကောင်းတယ်၊ လိပ်မှာ အမျိုးမျိုးရှိတယ်၊ ကမ္ဘာလိပ် အကြီးဆုံး၊ အငယ်ဆုံးဆောက်လိပ်၊ လိပ်လတ်တွေက လိပ်ကြည်၊ စင်းချော၊ ဘင်းဝင်း၊ အဲဒါဗျာ စင်းချောနဲ့ ဘင်းဝင်းဟာ စားလို့အကောင်းဆုံးပဲ၊ ဟောဗျ၊ လိပ်၊ ငါး၊ ဖား ရေသတ္တဝါတွေ အကြောင်းပြောတုန်း မိုးက တဝုန်းဝုန်း ရွာချလာပြီ၊ ကျွန်တော် ထီးလဲ ပါမလာဘူး၊ မိုးသားတွေကြည့်ရတာ မိုးကတော့ ကြာလိမ့်မယ် ထင်သဗျ''

''သည်မိုး တော်တော်နဲ့မစဲယင်၊ ငါ့ကားနဲ့ လိုက်ပို့ခိုင်းပါ့မကွာ''

''နေအုံး၊ ဦးကြီး ကားလိုချင်မှ လိုအုံးမယ်၊ ဆရာလတ်တို့ ရှိအုံးမလား၊ ကျွန်တော် ဖုန်းဆက်ကြည့်လိုက်မယ်''

ထိုစဉ်၌ ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်တို့က အင်္ဂလိပ် လုပ်သား သတင်းစာတွင် လုပ်ကြ၍ တစ်နေ့လုံး ရုံးထိုင်ကြသည်။ ကျွန်တော် သူ့တို့တိုက်သို့ ဖုန်းဆက်လိုက်၍၊

''ဟဲလို၊ ကိုလတ် ကျွန်တော် သော်   ''

''အေး၊ မင်းအသံ မှတ်မိပါတယ်ကွာ၊ ဘာလဲ''

''ကျွန်တော် အခု ဆရာကြီး ရွှေဥဒေါင်း တိုက်ခန်းမှာ ကိုလတ်တို့ပြန်ယင် ကျွန်တော့် ဝင်ခေါ်ပါ''

''အေး ကောင်းပြီ၊ ဟိတ်၊ အခု မိုးအေးအေးမှာ မင်းတို့ ဆရာ တပည့်နှစ်ယောက် ဘာတွေလုပ်နေကြသည်လဲဆိုတာ ငါစုံထောက် ဦးစံရှား လုပ်လိုက်မယ်ဟေ့၊ မင်းတို့ အရက်သောက်နေကြတယ် မဟုတ်လား''

''မှန်လိုက်လေ ဦးလန်ဘားရယ်၊ ဂျော်နီဝါကား၊ ဝီစကီ ခင်ဗျ''

''ငါလဲ တစ်ခွက်လောက် သောက်ချင်သကွာ''

''လာခဲ့၊ လာခဲ့''

''အေး၊ အခု ဆယ်မိနစ်အတွင်းပဲ ရောက်လာမယ်ဟေ့''

ကျွန်တော် တယ်လီဖုန်းချပြီး ဆရာကြီးအနီး ပြန်ထိုင်သောအခါ၊

''သူတို့ လာမယ်တဲ့လား''

''လာမယ် ဦးကြီး၊ အဆင့်သင့်ပဲ၊ သူတို့ကားက ညနေတိုင်း ကျွန်တော့်အိမ် ရောက်ရတယ်''

''ဘာလို့လဲ''

''ထမင်းချိုင့်လေ၊ သူတို့လင်မယား အယ်ဒီတာလုပ်ကြမှ ကျွန်တော့် မိန်းမက ထမင်းဟင်း ချက်ပေးနေရတယ်၊ မနက်တစ်ခါ၊ ညနေတစ်ခါ သူတို့ ဒရိုင်ဘာကလာယူတယ်''

''အေး၊ အေး ဟုတ်တယ်၊ ကိုခင်မောင်လတ်က ငါ့ကိုပြောသကွ၊ ခုမှပဲ သူတို့လဲ ထမင်းကောင်း ဟင်းကောင်း စားရတော့သတဲ့၊ အချက်အပြုတ်မှာတော့ မင်းမိန်းမကို တော်တော် ချီးမွမ်းကြသကွ''

''ဒေါ်ခင်မျိုးချစ်လက်ရာနဲ့ ကွာသကိုး၊ ကြာပါပြီ၊ ဦးကြီး တစ်ခါသူတို့အိမ်မှာစားတာ မှတ်မိသေးလား''

''မှတ်မိပါသကွာ၊ ကြက်သည်းကြက်မြစ်ကြော် ခါးခါးနဲ့ ချဉ်ရည်ဟင်းခါးခါးလေ''

''အဲသည်ထက်ဆိုးတာ မကြာသေးခင်က ဖြစ်သေးသဗျ၊ အနောက်ဂျာမနီသံအမတ် ဗွန်ကိုင်ဇာတို့ လင်မယားကို နေ့လယ်စာ ဖိတ်ကျွေးတာလေ၊ ဦးခင်ဇော်'[ ']လဲပါသဗျ''

''အေး၊ အေး၊ ငါ့လဲဖိတ်သေးတယ်ကွ၊ ငါက သူ့လက်ရာ တစ်ခါမိပြီးတာနဲ့ အဲသည်နေ့ မလာအားဘူးပြောလိုက်တယ်၊ ကဲ၊ ဆိုစမ်းပါအုံး၊ ဘာတွေများချက်ကျွေးသလဲ''

''ဘာမှ ထူးထူးထွေထွေချက်တာ မဟုတ်ဘူး၊ ခေါက်ဆွဲတစ်မျိုးကြော်တာဗျ၊ သူ့စေနာက တော့ အပြည့်ပါပဲ၊ ကြက်သား၊ ကြက်သည်း ကြက်မြစ်၊ ဝက်သား၊ ဝက်သည်း ဝက်အူတွေနဲ့၊ ကြက်ရိုးတွေလဲ ဟင်းချိုပြုတ်လို့၊ အဲ၊ ကြော်မှာက ကြက်ဥခေါက်ဆွဲ အခွေကြီးခင်ဗျ၊ သူ တရုတ်တန်းက စပါယ်ရှယ်ဝယ်လာတာ၊ အဲဒါမှာ တရုတ်တွေကြော်တာက ပထမ အသားနဲ့ အသီးအရွက်တွေကြော်လိုက်တယ်၊ ကျက်တော့မှ ကြက်ဥခေါက်ဆွဲခွေကို ရေနွေးထဲ ဇာတ်ကနဲ နှစ်လိုက်ပြီး ဒယ်အိုးထဲ အသားနဲ့အသီးအရွက်တွေ အပေါ်ကထည့်၊ အဖုံးဖုံးလိုက်တယ်၊ ရောမ မွှေဘူး၊ တစ်မိနစ်လောက် ကြာတော့မှ ပန်းကန်ပြားကြီးထဲကို ဒယ်အိုးထဲက ကော်ထည့်လိုက် တော့

ခေါက်ဆွဲကအောက်က အသီးအရွက်နဲ့ အသားတွေက အပေါ်က လှလှပပကြီးနေတယ် မဟုတ်လား၊ အဲဒါ ဆရာ ဒေါ်ခင်မျိုးချစ်ကတော့ ဟုတ်ပေါင်ဗျာ၊ ပထမ ကြက်ဥခေါက်ဆွဲ အခွေကြီးကို တော်တော်ကြာအောင် ရေနွေးထဲထည့်ပြုတ်လိုက်သဗျ၊ ပြုတ်ပြီးတော့မှ စကာထဲ ထည့်၊ ရေစစ်လောက်တော့မှ အသားအသီးအရွက်တွေနဲ့ ရောမွှေတော့တာဗျာ၊ တစ်ခါတည်း သူ့ဟာ ခေါက်ဆွဲအမျှင်တွေပျောက်ပြီး အသားအသီးအရွက်တွေနဲ့ ရောထွေးလိ ဂျပ်ခဲကြီး ဖြစ်သွားတာပေါ့''

''အေး၊ ဒါနဲ့ ဘယ်လိုလုပ်ကြရောလဲ''

''ဘယ်လိုလုပ်စရာ ရှိတော့သလဲ၊ စားမယ့်လူတွေကလဲ စားပွဲမှာထိုင်နေကြပြီဆိုတော့၊ တစ်ခါထဲ ပန်းကန်တွေထဲ ထည့်ကျွေးရတော့တာပေါ့၊ ကိုလတ်လဲ မျက်နှာမကောင်းဘူး၊ ဦးခင်ဇော်ဆိုတာများ၊ (သူတို့လူမျိုးက သည်လို နေ့လည်စာ လန့်ချ်ဆိုတာ တော်တော် ကောင်းကောင်းမွန်မွန်ကို စားတာကွ၊ ခု မင်းအစ်မကြီး လုပ်ပုံကတော့ကွာ အားနာစရာလဲ ကောင်းတယ်၊ မင်း မီးဖိုထဲလိုက်သွားတာ မြင်လိုက်ပါတယ်၊ ကြော်ပုံကြော်နည်း ကြည့်ရှုပြီးများ မပြောဘူးလားကွ၊) နဲ့ ကျွန်တော့်ကို မြန်မာလိုတီးတိုးကြိမ်းနေတော့၊ (ကျွန်တော် မီးဖိုထဲဝင်သွား တော့ လက်လွန်နေပြီ ဆရာဇော်ရဲ့၊ ကြက်ဥခေါက်ဆွဲတွေ ပြုတ်ပြီးနေပြီ၊ ကျွန်တော် ဘာမှ မတတ်နိုင်တော့ဘူး) ပြန်ပြောရတယ်၊ ဟိုသံအမတ်လင်မယားကတော့ သူတို့လူမျိုး ယဉ်ကျေးမှု ထုံးစံအတိုင်း အိုး၊ ဗဲရီးဂွဒ် ဘာညာနဲ့ပြောပြီး စားရှာပါတယ်၊ အဲသည်မှာ ဒေါ်ခင်မျိုးချစ်က ဘာလုပ်ပြန်လဲဆိုတော့၊ ကြက်သွန်ဥကြီးနဲ့ ငရုပ်သီးအတင်းစားခိုင်းနေတယ်၊ (အစ်ဘစ်စ် ရီးဂွဒ်၊ အစ်တ်ဝီလ်မိတ်က်၊ ဂွဒ်အက်ပီတိုက်၊ ထရိုင်း၊ ထရိုင်း၊ တော့စ်အလစ်တီးလ်၊ တော့စ်အလစ်တီး တီးလ်)နဲ့ သူကလဲစားပြ၊ ပါးစပ်ကလဲ တတွတ်တွတ်လုပ်နေတော့၊ သံအမတ်ကြီးကတော်လဲ အားနာလာပြီး ငရုပ်သီးစိမ်းတစ်ဖတ် ပါးစပ်ထဲ ထည့်လိုက်ပါရောဗျာ၊ အလားလား၊ တစ်ခါလဲ ရှူးရှူးရှဲရှဲဖြစ်၊ မျက်နှာကြီးနီပြီး၊ မျက်ရည်တွေကျလာ၊ ထိုင်ရာကထသွားပြီး ရေသောက် ပလုပ် ကျင်းရရော၊ ခမျာကြီး ဆက်မစားနိုင်တော့ဘူး''

''သူတို့လူမျိုးက အပူအစပ် နည်းနည်းမှ မစားနိုင်တာပဲကွ''

''အဲသည်တော့ ဖွန်ကိုင်ဇာလဲ ဆက်မစားတော့ဘူး၊ သူ့မိန်းမကို ကိုယ့်လူမျိုးအလုပ် မဟုတ်တာ၊ သူများခိုင်းတိုင်း စားရပါမို့လားလို့ ဂျာမန်လိုကြိမ်း၊ ဆရာလတ်ကလဲ လူမျိုးခြား သွားပြီး မဟုတ်တာစားခိုင်းရပါမို့လားလို့ ဒေါ်ခင်မျိုးချစ်ကို မြန်မာလိုမာန်၊ ကျွန်တော်နဲ့ ဦးခင်ဇော်မှာ ပြုံးရမလား၊ မဲ့ ရမလား၊ ဘယ်လိုမျက်နှာထားရမှန်း မသိတော့ဘူး ဦးကြီးရဲ့''

''ဖြစ်မှဖြစ်ရလေကွာ''

''ဒေါ်ခင်မျိုးချစ် လုပ်ပုံကတော့ ပြောမဆုံးပေါင် တောသုံးတောင်ပဲ ဦးကြီးရေ၊ တစ်ခါလဲ သူ့အိမ်ကို မုန့်တီလက်သုပ် စားရအောင်ဖိတ်လို့ ကျွန်တော် သွားရတယ်။ လာကြတဲ့ ပရိသတ်က မလှသန်းရယ်၊ ကြည်အေးရယ်၊ ဒဂုန်တာရာရယ်၊ ထင်လင်းရယ်၊ တရားဝန်ကြီး ဟောင်း

ဦးမြင့်သိန်းရယ်၊ အဲ၊ သူ လုပ်ထားတာကလဲ ကြည့်အုံးလေ၊ မုန့်တီလက်သုပ်ဆိုတာ ပဲမှုန့်၊ ပုစွန်ခြောက်မှုန့် ပါရမယ် မဟုတ်လား၊ ခုတော့ မပါပေါင်ဗျာ၊ အဲဒါတွေမစား ဘယ်မှာ သူ တွေ့ခဲ့ဘူးတယ်မသိပါဘူး၊ ဘဲဥကိုပြုတ်ပြီး အစိတ်စိတ် ကလေးတွေလှီးထားသဗျ၊ အဲဒါနဲ့ နယ် စားရမယ်ပေါ့၊ နို့ပြီး အချဉ်က မန်ကျန်းရည် မဟုတ်ဖူး၊ သံပုရာသီးတွေ စိတ်ထားသဗျ၊ တော်ပါ သေးရဲ့၊ ကြက်သားနဲ့ ချက်ထားတဲ့ဟင်းချိုက ကောင်းလို့၊ ကျွန်တော်တို့မှာ မုန့်တီလက်သုပ် မဟုတ်ပဲ၊ မုန့်တီပြုတ် လုပ်သောက်လိုက်ရတယ်''

''သည်လို မချက်တတ် မပြုတ်တတ်လဲ သူတို့ အိမ်မှာ ထမင်းချက်ကလေး ဘာလေး ထားဖို့ ကောင်းတာပေါ့ကွာ၊ သူတို့ ဝင်ငွေ ကောင်းသားနဲ့''

''အောင်မယ်လေး ထားဖူးပြီးပြီ၊ ထားဖူးပြီးပြီ၊ မိန်းမပုပုဝဝကြီးတစ်ယောက် ဒေါ်ပုဝ ဆိုပါတော့၊ အဲသည် မိန်းမကြီး စိတ်သဘောထား ယုတ်သွားတာနဲ့ နောက်ထပ် ဘယ် ထမင်းချက်မှ မထားဝံ့တော့ဘူး၊ အမကြီး ချက်တတ်သမျှပဲ သူတို့ စားနေကြရတော့တာ၊ အခု နှစ်ယောက်စလုံး သတင်းစာ လုပ်ကြတော့မှ ကျွန်တော့် မိန်းမ ချက်ပေးရတာ''

''မင်း ဒေါ်ခင်မျိုးချစ်က မိန်းမပေမယ့် မီးဖိုချောင်သမား မဟုတ်ဖူး၊ စာပေသမား သက်သက်ကွ''

''ဟာ၊ သူက မိန်းမ မဟုတ်တဲ့ မိန်းမပါဗျာ''

''ဟော့၊ ဟော့၊ မင်း ငါ့အတင်း ဘာတွေပြောနေတာလဲ''

ယင်းအခိုက် အပြင်ဘက်မှာ မိုးကလည်း ရွာနေ၍၊ သူတို့ကား ရောက်လာသံ မကြားရ၍ နှစ်ယောက်သား အခန်းထဲပြေးဝင်အလာ၊ ကျွန်တော့် စကား နားဆက်ဆက်ကြား၍၊ ဒေါ်ခင်မျိုးချစ်က မေးလိုက်တော့၊ ကျွန်တော့်မှာ မဖုံးကွယ်သာတော့ပဲ''

''ဩော်၊ အမကြီး မိန်းမ မဟုတ်တဲ့ မိန်းမလို့ ကျွန်တော်ပြောတာပါ''

''မင်းက ငါ့ကို သည်လို ဘာကြောင့် ပြောနိုင်တာလဲ၊ ဒါဟာ မိန်းမသား စစ်စစ်မို့ ငါ့သား ခင်မောင်ဝင်းကိုပဲ ငါမွေးထားပြီ မဟုတ်လား''

ပြောယင်း သူတို့နှစ်ယောက်သည် စားပွဲတွင် ဝင်ထိုင်ကြ၍၊ ကျွန်တော်က ကိုလတ်အား ဝီစကီတစ်ခွက်ကို ဆိုဒါနှင့် စပ်ပေးလိုက်ပြီး၊

''ကျွန်တော်က ဒါကို ပြောတာ မဟုတ်ဘူးဗျ''

''နို့၊ ဘာကိုပြောတာလဲ''

''အမကြီး လက်နှစ်ဘက် ဟောသည် စားပွဲပေါ် ဆန့်လိုက်စမ်း''

''ကဲ၊ ဆန့်ပြီကွာ''

''ဘယ်မလဲ လက်စွပ်၊ ဘယ်မလဲ လက်ကောက်၊ လည်ပင်းမှာကော ဆွဲကြိုးရှိလို့လား ဟား၊ ဟား''

''ဟ၊ အဲဒါတွေတော့ ငါမှမလိုချင်တာပဲ''

''ဒါကြောင့် မိန်းမ မဟုတ်တဲ့ မိန်းမလို ကျွန်တော် ပြောတာပေါ့ဗျ။ ဟုတ်ဘူးလား ကိုလတ်''

ကျွန်တော် ထည့်ပေးထားသော အရက်၊ တမြုံ့မြုံ့ စုပ်နေရာမှ၊

''အေး၊ အေး၊ မင်းမှန်တယ်ကွာ''

''နို့ပြီး ကျွန်တော် ပြောချင်သေးတယ်။ အခု အမကြီးနဲ့ကိုလတ်တို့ သတင်းစာ အယ်ဒီတာတွေ လုပ်နေကြတော့၊ လင်မယားဖြစ်နေတာ မကောင်းဘူး''

''ဟေ့၊ ဘာကြောင့်များလဲကွ''

''လင်မယားမဟုတ်ဖူး၊ တစ်ယောက် တစ်နေရာစီ နေကြမယ်ဆိုယင်၊ အယ်ဒီတာ နှစ်ယောက်ကား တစ်ယောက်တစ်စီးစီ ရကြမယ် မဟုတ်လားဗျ''

ကိုလတ်က ''အေး၊ ဟုတ်သကွ''

ဒေါ်ခင်မျိုးချစ်က ''ငါ့လခွီးတဲ့၊ တို့ လင်မယား ရန်ဖြစ်ပြီး ကွာချင်စိတ်တောင် ပေါ်သွားပြီကွာ'' (အမကြီးက 'ငါ့အကြောင်းများရေးယင် ငါမသေခင် ရေးစမ်းကွာ' ဆိုလို့နော်။)

အားလုံး ရယ်မောကြပြီးနောက်၊ ဆရာကြီးက၊

''ဟေ့၊ ဂျာမန်သံအမတ် ဗွန်ကိုင်ဇာက၊ စနေနေ့ညမှာ ငါ့ကို ဒင်နာဖိတ်ထားသကွ၊ မင်းတို့ကော''

ကိုလတ်။ ''ကျွန်တော်တို့လဲ ဖိတ်ထားတယ် ဆရာကြီး၊ ဟေ့ ငဆွေ၊ မင်းတို့ကော''

''သည်မှာ၊ ဗွန်ကိုင်ဇာက သော်တာဆွေ လင်မယားမပါယင် ဘာပါတီမှ မလုပ်ဖူး''

ဆရာကြီး။ ''အောင်မာ၊ တယ်ဟုတ်လိုက်ပါသားဟေ့၊ ငါ့ကားနဲ့ လာခေါ်ရမလား၊ ကိုခင်လတ်တို့ ကားနဲ့ပါခဲ့မလား''

''မြန်မာ အယ်ဒီတာတွေစီးတဲ့ ဂျပန် ဖင်မလီယာကားတွေကို ကျွန်တော် မစီးဘူး၊ ဂျာမန် သံအမတ်မီးတဲ့ ဂျာမန်မာစီးဒီးဘင့်မှ သော်တာဆွေတို့က စီးတာ။ ကိုင်ဇာက ကျွန်တော်တို့ လင်မယားကို သူ့ကားနဲ့ လာခေါ်တယ်၊ ပြန်ပို့တယ်'' (ကျွန်တော် နည်းနည်းထွေနေပြီ''

''အေး ဟုတ်သကွ၊ ဗွန်ကိုင်ဇာရော။ သူ့ အတွင်းရေးမှူး ဒေါက်တာ အက်ဒွင်ရော၊ သူတို့လင်မယားကို တော်တော်ခင်ကြသကွ၊ မင်း သူတို့နဲ့ ဘယ်လို သိကျွမ်းကြတာလဲဟေ့''

ဆရာကြီးက ကျွန်တော့်ကို မေးပါသည်။

စာပေမျိုးမျိုးဆက်

ဒေါ်ခင်မျိုးချစ်၏ ယောက်ျားသည် ဦးခင်မောင်လတ်။ ဦးခင်မောင်လတ်၏အစ်ကိုလည်း ဦးဘသော်(ကွယ်လွန်)။ ဦးဘသော်၏ကလောင်နာမည်သည် ပုလိပ်အရာရှိတစ်ဦး။ စာရေးဆရာ 'ပုလိပ်အရာရှိတစ်ဦး' သည် ဆောင်းပါး၊ ဝတ္ထုတိုရှည်ပေါင်းမြောက်မြားစွာရေးခဲ့လေရာ၊ ၁၉၅၆ ခုနှစ်တွင် ကိုယ်တွေ့စုံထောက်မှု(လက်ပံတောင်ရွာ ဒမြတိုက်ရာတွင် လူသေဆုံးမှု)ဝတ္ထုဖြင့် စာပေဗိမာန်ဆုရခဲ့သည်။ ရဲကြေးမုံ၊ မှုခင်းတို့တွင် အယ်ဒီတာလုပ်ခဲ့၍၊ ပြစ်မှုမဂ္ဂဇင်းကိုကိုယ်ပိုင် ထုတ်ဝေခဲ့သည်။ ထို့ကြောင့် 'ပုလိပ်အရာရှိတစ်ဦး' သည် အောင်မြင် ပြည့်စုံသော စာရေးဆရာ ဟု ဆိုရမည်။

ယင်း၌ ကျွန်တော် တစ်ခု စဉ်းစားမိသည်။ စာရေးဆရာတို့၏ စာပေမျိုးဆက်၊ ဆိုသည်မှာ စာရေးဆရာတို့၏ သားသမီးများသည် စာပေမျိုးရိုးကို ဆက်ခံပါသည်လား။ ယခု ကျွန်တော် ကိုယ်တွေ့ သိရှိရသည်မှာ မျိုးဆက်လိုက်သူလည်းရှိ၏။ မလိုက်သူလည်းရှိ၏။ အသောအချာဆိုရသော် မလိုက်သူများ၍ လိုက်သူနည်းလှသည်။ ဥပမာအကျဉ်းပြပါမူ ပီမိုးနင်း၊ ရွှေဥဒေါင်း မရှိ၊ မဟာဆွေရှိ၏။ ခင်ဆွေဦး၊ ဒဂုန်ဦးလှဘေရှိ၏။ တက္ကသိုလ်မောင်အောင်ဆွေ၊ တင့်ဆန်းရှိ၏။ မောင်သိန်းဆိုင်၊ သော်တာဆွေမရှိ။ မိုးဝေမရှိ။ သန်းဆွေ မပြောနိုင်သေး၊ သူ့ ငယ်ရွယ်သူ တွေရှိသေး၏။ အဲ၊ သာဓု။ သူ့ကျတော့ မျိုးရိုးထွန်းကာတာ များလှသဗျာ။ သာဓုသည် စာပေနှင့် ရုပ်ရှင်နှစ်နယ်စလုံးတွင် အောင်မြင်သူဖြစ်ရာ၊ သူ့သားအကြီးဆုံး မောင်ဝဏ္ဏသည် စာရေးဆရာ၊ ဒါရိုက်တာ။ သုမောင် သည် စာရေးဆရာ၊ ရုပ်ရှင်မင်းသား၊ အဆိုတော်။ ရူပ သည်မင်းသား။ မင်းလူ သည် စာရေးဆရာ။

ကြက်သမားစကားနှင့် ပြောရသော် (တိုက်ကြက် ကောင်းတို့တွင် သားထွက်သောကြက်၊ မထွက်သောကြက် ရှိလေရာ) သာဓုသည် သားထွက်သော ကြက်နှင့် တူသည်။ သည်ကောင် လူမို့လို့၊ ကြက်သာဆိုလျှင် သားဖောက်ရောင်းစားနေဖို့တောင် ကောင်းသည်။

ဤစာရေးဆရာ သားသမီးများနှင့် ပတ်သက်၍ အလုပ်မဲ့မိသမျှ (ဝါ) ကျွန်တော်ယခု စာရေးစဉ် သတိရသမျှသာ ပြောခြင်းဖြစ်ပါသည်။ အခြားလည်း ရှိပါလိမ့်ဦးမည်။

ကဲ၊ ယခု ကျွန်တော်အစပျိုးလာခဲ့သည့် ဒေါ်ခင်မျိုးချစ်၏ ခဲအို ပုလိပ်အရာရှိတဦး၏ အကြောင်းဆက်ကြစို့။ သူ့မှာကော သားများထွန်းကားပါသည်လော။ သားအကြီးဆုံး ခင်မောင်ရီ၊ စိန်ခင်မောင်ရီ အဖြစ်နှင့် လူသိများကြသည်၊ သတင်းစာဆရာ၊ စာရေးဆရာ၊ ခင်မောင်ကြည်။ သတင်းထောက် ခင်မောင်စီ။ ယခုဖခင်၏လက်ရာ ပြစ်မှုမဂ္ဂဇင်းကို ထုတ်ဝေနေ သည်။ ဤသုံးယောက်အနက် ခင်မောင်ကြည်အချောဆုံး ဖြစ်သည်။ သတင်းထောက်ပီသသော မျက်နှာရှိ

သည်။ နူတ်ချိုသည်။ အပြောရွှင်သည်။ ဟိုဝင် သည်ထွက် မေးမြန်းစုံစမ်းရဲသော သတ္တိ ရှိသည်။ အပေါင်းအသင်း ကောင်းသည်။ သူသည် ကြေးမုံ သတင်းစာ ပုဂ္ဂလိကခေတ်၊ ဦးသောင်း(အောင်ဗလ လက်ထက်က သတင်းထောက်ချုပ် လုပ်ခဲ့သည်။ ယခု သူနှင့်ပတ်သက်၍ ကျွန်တော်ရေးမည့် အကြောင်းအရာကား ဤပြည်သူပိုင်ခေတ် ၁၉၆၅–ခုက နှစ်ဂါဒီ သန်းသတင်းစာတွင် သူ သတင်းထောက် လုပ်နေစဉ်က ဖြစ်ပါသည်။

## ဒေါက်တာ အက်ဒွင် ဂျုန်းဖလက်ချ်

တစ်နေ့သောနံနက်၌ ခင်မောင်ကြည်သည် ကျွန်တော့်အိမ်သို့ ရောက်လာပြီး၊

''ကိုဆွေ အားသလား''

''ငါ့လခွီး၊ ငါစာရေးမလို့လုပ်နေတာ၊ မင်းရောက်လာတော့ အားရတော့မှာပေါ့ကွ''

သူ ကျွန်တော့်ထက် တော်တော်ငယ်ပါသည်။

''ခင်ဗျား အင်းယားလိတ်ဟိုတယ် ရောက်ဖူးပလား''

ထိုစဉ်က၊ ထိုဟိုတယ်ဖွင့်စ၊

''မရောက်ဖူးသေးဘူးကွ၊ မင်းကော''

''ကျွန်တော်ကတော့ ကျွန်တော့်အလုပ်နဲ့ နေ့တိုင်းလိုရောက်နေတာပေါ့၊ အခုလဲ အဲသည် သွားမလို့ ခင်ဗျားကို ဝင်ခေါ်တာ''

''ငါ့ကို ဘာကိစ္စခေါ်မှာလဲ''

''အဲသည်မှာ မြန်မာပြည်ရောက်စ ဂျာမန်တစ်ယောက် သိပ်သဘောကောင်းတာပဲ၊ သူနဲ့တွေ့ရအောင်''

''အရှေ့ဂျာမနီလား၊ အနောက်ဂျာမနီလား''

''အနောက် ဂျာမန်သံရုံးက ဖတ်စ် စက္ကရီ တေရီ၊ အခုသည်မှာအိပ်မရသေးလို့ ဟိုတယ်မှာပဲနေရတာ၊ ကျွန်တော်နဲ့အခု ပုလင်းတူဖန်ခွက်ဖြစ်နေတော့ သူက မြန်မာပြည်က နာမည်ကြီး စာရေးဆရာတွေလဲ တွေ့ချင်ပါတယ်ပြောတော့ ကျွန်တော်က ကိုဆွေကို ညွှန်းလိုက်တယ်၊ သည်တော့ သူက ခင်မျှားမိတ်ဆွေ စာရေးဆရာကို လူချင်းမတွေ့ရသေးပေမယ့် နာမည် ကြားရတာနဲ့ သည်မှာ ယမကာလာသောက်ဖို့ ဖိတ်လိုက်ပါတယ်လို့ ပြောပါတဲ့''

''ဟုတ်ရဲ့လားကွာ''

''ဟုတ်ပါတယ်ဗျ၊ ကျွန်တော်က ခင်ဗျား ဆိုဗီယက် ယူနီယံနဲ့ အရှေ့ဂျာမနီလဲ ရောက်ခဲ့ဖူးတယ်ပြောတော့၊ သူက တော်တော်တွေ့ချင်နေတာ''

''အေး၊ ငါကလဲ အရှေ့ဂျာမနီတွေတော့ ပေါင်းဖူးပြီ၊ အနောက်ဂျာမနီနဲ့လဲ ပေါင်းချင်ပါသေးတယ်''

''ကဲ၊ ဒါဖြင့်လာ၊ သွားကြစို့''

ဟိုတယ်တွင် နိုင်ငံခြားသားတစ်ယောက်နှင့်တွေ့ရန် မြန်မာတစ်ယောက်အနေနှင့် သင့်လျော်သော အဝတ်ဖြင့် ကျွန်တော်လိုက်သွားပါသည်။ အင်းယားလိတ်ဟိုတယ်သို့ နံနက် ၁၀ နာရီခန့်တွင် ရောက်သွားကြ၍ ကျွန်တော်က ဧည့်ခန်းတွင် ထိုင်စောင့်ခဲ့ပြီး ခင်မောင်ကြည်က နိုင်ငံခြားသား ဧည့်သည်များတည်းခိုရာ ဟိုတယ်အပေါ်ထပ် အခန်းများရှိရာသို့ တက်သွားပါ သည်။ မကြာမီ၌ ခင်မောင်ကြည်သည် အထက်တန်းကျသော ဥရောပဝတ်စုံအပြည့်ဖြင့် ဂျာမနီ တစ်ယောက်နှင့် ဆင်းလာသည်။ သူတို့ ဧည့်ခန်းရောက်သော် ကျွန်တော်က ထိုင်ရာမှထ၍ လေးလေးစားစား ထိုသူနှင့် အသီးသီး ကိုယ့်နာမည်၊ ကိုယ့်အလုပ်ပြောလျက် မိတ်ဆက်ရပါသည်။

ကျွန်တော် မျက်မှန်းတန်းမိသမျှ၊ လူမျိုးများတို့၏ အရွယ်အစားကို ဆင်ခြင်မိပါသည်။ ကျွန်တော်တို့ အရှေ့အာရှတိုက်သားများ တရုတ်၊ ဂျပန်၊ မြန်မာ၊ ယိုးဒယားတို့သည် ကိုယ့်လူမျိုးအချင်းချင်း လူကောင်အရွယ်အစားချင်း တယ်ပြီးမခြားနားလှ။ အများအားဖြင့် ကိုယ်ကာယမ တိမ်းမယိမ်းလောက် ရှိကြပါသည်။ သို့သော် ကျွန်တော်ရောက်ဖူးခဲ့သော ရုရှားပြည်နှင့်ဂျာမနီပြည်တို့တွင်ကား လူကောင်အငယ်စား၊ အလတ်စား၊ အကြီးစားဟူ၍ သုံးမျိုးသုံးစား သိသာခြားနားလှပါသည်။ ဥပမာ ဆိုဗီယက် ဆိုရှယ်လစ် ဗိသုကာဆရာကြီး မဟာလီနင် ဆိုလျှင် လူရွယ်အငယ်စားကလေး၊ ကျွန်တော်တို့ မြန်မာလူမျိုး ခပ်ပုပုလောက်သာ ရှိပါသည်။ ဘူလ်ဂင်နင်နှင့် ကရုရှက်၊ ဘရက်ဇှေက်တို့ကား လူကောင်အကြီးစားများ ဖြစ်ကြကုန်သည်။ သူတို့နှင့် ရေမြေချင်း တဆက်တည်းဖြစ်ကြသော ဂျာမနီလူမျိုးတို့လည်း သည်လိုပဲ။ လူရွယ်သုံး တန်းစားရှိပေရာ ယခု ကျွန်တော်နှင့်မိတ်ဆွေဖြစ်ရသော ဒေါက်တာအက်ဒွင်ဂျုန်းဖလက်ချ်မှာ လူအလတ်တန်းစားထဲက ဖြစ်ပါသည်။ သူတို့လူမျိုး အလတ်တန်းစားထဲကဆိုတော့၊ ကျွန်တော်တို့ မြန်မာလူမျိုးထက် လူကောင်တော်တော်ကြီးနေပြီပေါ့။ ဟုတ်ပါသည်။ ဒေါက်တာ အက်ဒွင်က ဗိုက်စူစူနှင့် ဝသောသူလည်း ဖြစ်ပါသည်။ မျက်နှာထားချိုသည်။ နှုတ်ရွှင်သည်။ စကားပြော ပျူငှာသည်။

ကျွန်တော်တို့သည် ဧည့်ခန်းမှ အရက်ခန်းသို့ပြောင်းကြ၍ ဘီယာသောက်ယင်း တစ်နာရီ မျှ စကားပြောမိကြသောအခါ ဒေါက်တာ အက်ဒွင်နှင့် ကျွန်တော်သည် တစ်ယောက် တစ်ယောက် သဘောကျမိကြလေပြီ။ လူတို့သည် တစ်ခါတွေ့ တစ်ခါမျှ ဆက်ဆံကြပြီး နောက်တွင် သာမန်ကာလျှံကာလောက်သာ ဖြစ်သွားတတ်ကြသည်နှင့်၊ အရှည်သဖြင့် ခင်မင် ဆက်ဆံသွားတတ်ကြသည် နှစ်မျိုးရှိလေရာ၊ ပထမအမျိုးသည် ရာခိုင်နှုန်းအားဖြင့် များပြားလှ၍၊ ဒုတိယအမျိုးက နည်းပါးလှသည်မှာ ဒေါက်တာအက်ဒွင်နှင့် ကျွန်တော်သည် ထိုဒုတိယ အမျိုးထဲ မှာပင်၊ နံပတ်တစ်ဟု ခေါ်နိုင်လောက်သောအဆင့်သို့ ရောက်သွားကြပေသည်။

ဂူးလား၍ ဆု၊

ကျွန်တော်တို့သည် မြေပဲလှော်၊ ကရဖိတ်ချိစ် တို့နှင့် ဘီယာ တမြုံမြုံသောက်ယင်း ၁၁ နာရီကျော်သွားသောအခါ၌ ဒေါက်တာအက်ဒွင်က သူနှင့်အတူ သည်ဟိုတယ်မှာနေ့လယ်စာစား ဖို့ ဖိတ်မန္တက ပြုပါသည်။ သည်တော့ ကျွန်တော်က၊

''ဒေါက်တာ မြန်မာပြည်ရောက်မှ စားလို့သောက်လို့ကောင်းရဲ့လား၊ သည်ဟိုတယ်က အစားအစာတွေ ကြိုက်နှစ်သက်ပါရဲ့လား''

ကိုယ့်တိုင်းပြည်က ဟိုတယ်ကို နိုင်ငံခြားသားတွေအနေနှင့် မည်သို့သဘောထားသည် နည်း သိချင်၍ မေးကြည့်ပါသည်။

''အိုး၊ သိပ်ကောင်းပါတယ် ဆွေ'' ကျွန်တော်က သူ့အား ခင်မောင်ကြည် ခေါ်သည့် အတိုင်း 'ဒေါက်တာ'ဟု ခေါ်၍၊ သူက ကျွန်တော်နာမည် အဖျားဆွတ်ပြီး 'ဆွေ'ဟု ခေါ်ပါသည်။ ''သည်ဟိုတယ်က ဂူလား၍ ဆို ကျွန်တော်သိပ်ကြိုက်တယ်၊ ဆွေတို့ကို သည်ဂူလား၍ ဆု နဲ့ ကျွေးလိုက်ပါရစေ''ဆိုတော့ ကျွန်တော့်မှာ ဂူလား၍ ဆု ဆိုတာ ခုမှကြားဖူးသဖြင့် စားသောက် ကြည့်ချင်စိတ် ပေါ်သာသည်နှင့် အဆင်သင့်ပဲပေါ့''

စင်စစ်တော့ ဤဟင်းအမည်ကို အင်္ဂလိပ်အဘိဓာန်ထဲရှာကြည့်တော့ **Goulash-Soup** အမဲသားနှင့် ဟင်းသီးဟင်းရွက်ကို ပျစ်ပျစ်ချက်ပြုတ်ထားသော ဟင်းချိုဟု အဓိပ္ပာယ် ရပါသည်။

မှန်ပါသည်။ အင်းလျားလိတ်ဟိုတယ်မှ ဂူလား၍ ဆု မှာ အမဲသားကို ခရမ်းချဉ်သီး၊ ဗိုလ်စားပဲ၊ ဂေါ်ဖီရွက်တို့နှင့် ခပ်ပျစ်ပျစ် ချက်ပြုတ်ထားခြင်း ဖြစ်ပါသည်။ မြန်မာလို ဟင်းလေး ခေါ်မည်။ သူတို့လူမျိုးအဖို့ တပင်တိုင်ဟင်း ဖြစ်ပေမည်။ ဒေါက်တာအက်ဒွင်သည် သည်ဟင်း တစ်ခုတည်းနှင့် ပေါင်မုန့်ထောပတ်နှင့် မြိန်ရည်ယှက်ရည် စားပေတော့သည်။ ကျွန်တော်တို့ အတွက်လည်း တစ်ခွက်စီဖြစ်ပေရာ၊ ကျုပ်တို့မဟာဗမာများအဖို့မူ အရက်နှင့်မြည်းကောင်းရုံ လောက်ပါပဲ။

ကျွန်တော်သည် ဒေါက်တာအက်ဒွင် ကျွေးသည်များကို ဗိုက်လေးအောင် စားသောက်ပြီး နောက် သူ့ကိုလည်းပြန်လည် ကျွေးမွေးလိုစိတ်ပေါ်လာသည်နှင့် လာမည့်တနင်္ဂနွေနေ့ ၁၁ နာရီ လောက်၌ ကျွန်တော့်အိမ်လာရန် ဖိတ်ကြားခဲ့ပါသည်။ ဝမ်းသာအားရ လက်ခံပါသည်။ ထိုစဉ်က သူသည်သင့်လျော်သော ငှားအိမ်မရသေး၍ အင်းယားလိတ် ဟိုတယ်မှာနေပြီး ရုံတက်နေရာ၊ ထိုနေ့တွင် ခင်မောင်ကြည်က သူ့အား အင်းယားလိတ်ဟိုတယ်သို့ လာခေါ်ပြီး၊ သူ့ကားနှင့် ကျွန်တော်အိမ့်ပို့မည်။

ငါးမြင်းဖစ်ရှ် ဆု။

ကျွန်တော် အိမ်ပြန်ရောက်တော့ ဇနီးသည်အား ဂျာမနီ ဧည့်သည်တစ်ယောက်ကို နေ့လယ်စာကျွေးရန် ဖိတ်ခဲ့ကြောင်းပြောပြသည်။ မေသည် ဧည့်သည်များကို သူကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးရန် ဝါသနာပါသည်။ သူ့ကိုယ်သူ အချက်အပြုတ်ကောင်းသည်ဟု ယုံကြည်၍ ဧည့်သည်များအားကျွေးမွေးရန်လည်း စေတနာထက်သန်သည်။ ကျွန်တော့်အိမ် လာရောက်စားသောက်ဖူးကြသော မြန်မာဧည့်မှန်သမျှ မေ့လက်ရာကို ချီးမွမ်းကြသည်ချည်း။ နိုင်ငံခြားသားကိုတော့ ယခုအကြိမ် ပထမ ဖြစ်သည်။

''ကဲ၊ မောင်ရေ၊ နိုင်ငံခြားသား သံအရာရှိဆိုတော့ သူတို့အကြိုက် ထိုက်ထိုက်တန်တန် ကျွေးမှပဲ၊ သူတို့ပြည်မှာ စားရခဲတာမျိုးလဲဖြစ်အောင်'' ဆိုပြီး ချက်ပြုတ်ရမည့်နေ့၌ ကျွန်တော့်ကို ဝယ်ပေးရန်မှာကြားသည်မှာ ငါးမြင်းရင်း ချက်အချင်း၊ ခေါက်ဆွဲနှင့် ပန်းဂေါ်ဖီ၊ ရွှေပဲသီး၊ ကဲရော့၊ ဥနီ။ ဤခေါက်ဆွဲကား နောက်ဆုံးကျွေးရန် ဝက်သားနှင့်ပြုတ်ကြော် ဥရောပတိုက်သား တို့ထုံးစံ ပထမဦးဆုံးကျွေးရန်ကား **Soup** ဟင်းချို။ ယင်းကို မေသည် ငါးမြင်းရင်းနှင့်ချက်၏။ ပထမငါးမြင်းကို အရိုးမပါ လက်မလောက် အတုံးကလေးတွေတုံး၊ ကြက်ဥနှင့် ဂျုံမှုန့် ခလောက် ထားတာထဲနှစ်၍ ကြော်၊ ကျွေးကာနီးတော့မှ နွားနို့နှင့် ကြက်သွန်ဥကြီး အကွင်းလှီးနှင့် ခပ်အောင်ထောင်းပြီး ခတ်သည်။ ပုစွန်ထုပ်ကို အခွံခွာ၍ အကောင်လိုက် ကြက်ဥနှန ဂျုံမှုန့် နှစ်ကြော်သည်။ ဂနန်းကိုပြုတ်၊ အသားချည်းရအောင်လုပ်၊ ပထမ ကြက်သွန်၊ စိမ်းစားဥ အနည်းငယ်နုတ်နုတ်စင်းနှင့် ဆားပြားအဆင့်သင့်အောင် ကြော်ပြီးလျှင် သူအခွံထဲ သူ့ပြန်ထည့်၊ အပေါ်က ကြက်ဥအကာရည် အုပ်ပြီး ဒယ်အိုးထဲ ဆီများများနှင့် အမြုပ်ကြော် လိုက်ရပါသည်။

ငါးမြင်းဟင်းချို၊

ပုစွန်ကြော်။

ဂဏန်းကြော်။

ခေါက်ဆွဲပြုတ်ကျော်။

ဤလေးမျိုးကို အစဉ်အတိုင်း ချ၍ကျွေးလိုက်ရာ၊ ဒေါက်တာ အက်ဒွင်သည်အားလုံးကို မြိန်ရည်ယှက်ရည် စားသောက်ပြီးနောက် ကျေးဇူးတင်စကားပြောရာ၌၊ သူသည် တကမ္ဘာလုံးကို ရောက်ခဲ့ဖူးပြီဖြစ်၍ ပုစွန်ကြော်၊ ဂဏန်းကြော်၊ ခေါက်ဆွဲပြုတ်ကြော်တို့ကို အာရှတိုက် တရုတ်ဟိုတယ်များ၌စားဖူးပေါင်း များလှပါပြီ။ သို့သော် ငါးမြင်းဟင်းချို၊ သူ့အခေါ် **Fish-Soup** 'ဖစ်ရှ်ဆု'ကား သူတစ်ခါမျှ မစားခဲ့ဖူးသေးပါ။ အမေရိကမှာလည်းကောင်း သည်လောက်ကောင်း တဲ့ဟင်းချိုမျိုး မတွေ့ခဲ့ဖူးသေးပါဟု ပြောပါသည်။

ကျွန်တော်တို့အဖို့ ယုံရခပ်ခက်ခက်ပင်။ လူချင်းခင်မင်မှု၊ ယဉ်ကျေးမှုအရ လောကဝတ် စကား ပြောခဲ့သည်ဟု အောက်မေ့မိပါသည်။ သို့သော် နောက်ခြောက်လလောက်အကြာ ဖွန်ကိုင်ဇာလင်မယားရောက်လာ၍ ကျွန်တော့်အိမ်မှာ ဒေါက်တာ အက်ဒွင်နှင့်အတူ သည် ဟင်းကို ကျွေးသောအခါ သူတို့လက်မယားကလည်း သည်စကားကိုပဲ ပြောကြပြန်ပါသည်။

ဖွန်ကိုင်ဇာသည် ငါးမြင်းဟင်းချိုကို လေးငါးဇွန်းသောက်၍ သုံးလေးဖတ်စားပြီးသည် ဆိုလျှင်ပင်၊

''ကျုပ်က ဟင်းကောင်းကြိုက်တဲ့သူကိုဗျ၊ ကျုပ် ဂျာမနီမှာ ရှိတုန်းကတည်းက မြန်မာပြည် လာရကာနီးတော့ အက်ဒွင်ဆီက စာလာတယ်၊ မြန်မာပြည်က စာရေးဆရာ သော်တာဆွေ အိမ်က ဖစ်ရှိ ဆုပာ သိပ်ကောင်းတာပဲတဲ့၊ ဥရောပနဲ့အမေရိကန်မှာတောင် ဒါမျိုး မတွေ့ရဖူး သေးပါဘူးတဲ့။ အက်ဒွင်က လေခပ်များများမို့ အဲသည်တုန်းကတော့ ကျုပ်မယုံသေးဘူး၊ အခုတော့ သူ့စကား မှန်ပါပေသဗျာ''ဟုပြော၍၊ သူ့ဇနီးကလည်းထောက်ခံပြီး လင်မယား နှစ်ယောက်သား အားရပါးရ စားကြပါသည်။

ဖွန်ကိုင်ဇာကား အက်ဒွင်ရောက်ပြီး နောက်မှရောက်လာသော သံအမတ်ဖြစ်ပါသည်။ ယခင်သံအမတ်ကား အက်ဒွင်ရောက်ပြီး မကြာမီပင်ပြန်ရ၍ ကျွန်တော်နှင့် ရင်းရင်းနှီးနှီး မခင်မင်လိုက်ရပါ။

ဒေါက်တာအက်ဒွင်သည် ကျွန်တော်နှင့် မိတ်ဆွေဖြစ်ပြီး မကြာမီမှာပင် အေဒီလမ်း၊ အင်းလျားကန်စောင်း၌ တိုက်ကလေး တစ်လုံးစီကို ငှား၍ရပါသည်၊ ယင်း၌ ကျွန်တော့် အိမ်နှင့် အက်ဒွင်အိမ်သည် တစ်မိုင်မရှိတတ်။ မနီးမဝေးဖြစ်၍ ကျွန်တော်လမ်းလျှောက်ယင်း နံနက် ခင်းများမှာ မကြာခဏ လာလေ့ရှိပါသည်။

ထိုမှတပြီး၊ ၁၉၆၆ ခုနှစ် ကုန်ကာနီးလောက်၌ ဖွန်ကိုင်ဇာ ရောက်လာပေတော့သည်။ ရောက်တယ်ဆိုလျှင် ဒေါက်တာအက်ဒွင်အိမ်မှာ ပထမဦးဆုံး နှုတ်ဆက်ပွဲ၌ပင်၊ ကျွန်တော်တို့ လင်မယားနှင့် သူတို့လင်မယား ခင်မင်သွားပေတော့သည်။ ဒေါက်တာအက်ဒွင်က ကျွန်တော်တို့ လင်မယားအကြောင်းကို ကြိုတင်ပြောထားခြင်းဖြင့် ရင်းနှီးမှု လျင်မြန်ပေသည်။ ကျွန်တော့် အိမ်တွင် (ဒေါက်တာအက်ဒွင် အကြံပေးချက်အရပဲ) ဖော်ပြပါ (သူတို့အခေါ် ဖစ်ရှ် ဆု) ငါးမြင်း ဟင်းချိုနှင့် ထမင်းတစ်နပ် ကျွေးပြီးသောအခါရ၌ကား၊ တကယ့် ဆွေမျိုးရင်းချာကဲ့သို့ ဖြစ်သွား ကြပေတော့သည်။ ထိုအချိန်၌ ဖွန်ကိုင်ဇာလင်မယားသည် အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ် ပတ်လည်တွင်ရှိ၍ မေ့အား သူတို့သမီးကဲ့သို့ ချစ်ခင်ကြသည်။ လူချင်းတွေ့ကြလျှင် သူတို့လူမျိုး ထုံးစံ

တရှုပ်ရှုပ်နှင့်နမ်းကြသည် အမော။ မေ့အား သူတို့က 'မိုင်ဆွိ'ဟု ခေါ်ကြ၍၊ မေက 'ပါပါ'၊ 'မာမာ'ဟု ခေါ်သည်။

နောက်ဆုံးအခြေတွင် ဒေါက်တာအက်ဒွင်၊ ဗွန်ကိုင်ဇာနှင့် ကျွန်တော်တို့ မည်မျှခင်မင်ရင်းနှီးသည်နည်းဟူမူ ကျွန်တော်သည် သူတို့အိမ်သို့ အချိန်မရွေး သွား၍အရက်သောက်နိုင်ရုံမ က၊ ကျွန်တော့်အိမ်မှာ ညေ့သည်လာသဖြင့် အရက်လိုချင်ပါသည်၊ ဘီယာသို့မဟုတ် ဝီစကီပို့ လိုက်ပါဟု ဖုန်းဆက်လိုက်ရုံဖြင့် မကြာမီ သူတို့ကားဒရိုင်ဘာက ယူလာပေတော့သည်။

ထို့ကြောင့် ယခင်ကဆောင်းပါးတွင်၊

ဆရာကြီးရွှေဥဒေါင်းက ''ဟေ့၊ ဂျာမန်သံအမတ်ကြီး ဗွန်ကိုင်ဇာက စနေနေ့ညမှာ ငါ့ကို ဒါင်နာဖိတ်ထားသကွ၊ မင်းတို့ကော''ဟု မေးသည်တွင်၊ ဦးခင်မောင်လတ်က ''ကျွန်တော်တို့လဲ ဖိတ်ထားတယ် ဆရာကြီး၊ ဟေ့၊ သော်တာဆွေ၊ မင်းကိုကော''ဟု မေးတော့၊ ကျွန်တော်က ''သည်မှာ၊ ဗွန်ကိုင်ဇာက သော်တာဆွေမပါယင် ဘာပါတီမှ မလုပ်ဖူး''ဟု ပြောလိုက်နိုင်ခြင်း ဖြစ်ပါသည်။

## ခမ်းနားသော ညစာစားပွဲ

ထိုည ဒင်းနားပါတီမှ သူတို့နိုင်ငံရေးရာနှင့် ပတ်သက်သော ပွဲမဟုတ်။ ဗွန်ကိုင်ဇာက သူခင်မင်သော မိတ်ဆွေများကိုသာ ရွေးချယ်ဖိတ်ကြားသော ပါတီဖြစ်ပါသည်။ ခမ်းနားသော ညစာစားပွဲဖြစ်၍ လင်မယားစုံတွဲတွေ ဖိတ်ကြားပါသည်။

ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်၊ ဦးခင်ဇော် **K**၊ ဒေါ်သန်းနုစ်၊ အဆိုတော် ကိုအံ့ကြီးတို့ လင်မယား၊ ကျွန်တော်တို့လင်မယား၊ ဆရာကြီးရွှေဥဒေါင်းမူကား စုံတွဲဖိတ်သော်လည်း သည်ပွဲ မျိုးကို ဒေါ်ကြီးက ''သူတို့က ရွှတ်ရက်၊ ဒွတ်ဒက်ပြောကြတာတွေ ကိုယ်မှနားမလည်ပဲ သွားချင် ပေါင်'' ဆိုပြီး ဆရာကြီးနှင့် ဘယ်တော့မှမလိုက်ချေ။

သည်နေရာ၌ ဤမြန်မာတစ်စုသည် ဂျာမန် သံအမတ်နှင့် အဘယ်ကြောင့် ခင်မင်ကြပါ သနည်းဟု စောကြောဖွယ် ရှိ၏။ ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်၊ ဆရာကြီး ရွှေဥဒေါင်းတို့ ကား၊ အင်္ဂလိပ်လုပ်သားသတင်းစာနှင့် မြန်မာလုပ်သားသတင်းစာတို့၏ (ထိုစဉ်က) အယ်ဒီတာ ချုပ်များ ဖြစ်ကြ၍၊ သံရုံးနှင့်သတင်းစာတို့သည် လုပ်ငန်းချင်း ဆက်သွယ်နေကြရာမှ ဆရာကြီး နှင့် အစ်မကြီးတို့ လင်မယားတို့ အထူးခင်မင်ခြင်း၊ ကျွန်တော်တို့လင်မယားကိုကား ဒေါက်တာ အက်ဒွင်နှင့် စတင်သိကျွမ်းရပုံကို ဖော်ပြခဲ့ပြီ။ ကဲ၊ အဆိုတော် ကိုအံ့ကြီးနှင့် ဦးခင်ဇော် **K**၊ သူတို့ကား တေးဂီတအနုပညာရှင်များ ဖြစ်ကြလေရာ၊ ဒေါက်တာအက်ဒွင်သည် ဂီတအနုပညာ

ဝါသနာပါသူဖြစ်ရကား၊ ဦးခင်ဇော်မှာ စန္ဒယားတီးသင်နေသည်။ ယင်းသို့ဖြင့် ဒေါက်တာအက်ဒွင် မှတဆင့် ဗွန်ကိုင်ဇာနှင့်ဆက်သွယ်မိကြခြင်း ဖြစ်ကြကုန်သည်။

စင်စစ်ကား သံရုံးနှင့်သူ့အိမ်တွင်သာနေသော ဗွန်ကိုင်ဇာအားက နေရာအနှံ့ပြားသို့ သွား၍ လူမျိုးစုံနှင့် ပေါင်းဖက်နေသော ဒေါက်တာအက်ဒွင်က ရင်းရင်းနှီးနှီး ပေါင်းသင်းအပ်သူ တွေကို ညွှန်ကြားပေးခြင်းဖြစ်ပေသည်။ ဒေါက်တာအက်ဒွင်ကို ရန်ကုန်မြို့သတင်းစာဆရာတွေ အားလုံးက သိကြပါသည်။ အင်မတန် လူရည်လည်သူ၊ အပေါင်းအသင်း ကောင်းသူဟု အသိအမှတ်ပြု ကြပါသည်။

ထိုစဉ်က ဗွန်ကိုင်ဇာ၏ နေအိမ်မှာ ဂိုလ်ဒင်ဗယ်လီကွင်၊ မြန်မာပြည်လွတ်လပ်ရေးရစက သမ္မတ ဒေါက်တာဘဦး၏အိမ်ဖြစ်ပါသည်။ အနောက်ဂျာမနီ သံအမတ်ဂေဟာအဖြစ်ဗွန်ကိုင်ဇာ က စတင်ငှားရမ်းခြင်း ဖြစ်ပါသည်။ တိုက်ကြီးကလည်းကောင်း၊ ခြံဝန်းကြီးကလည်းကျယ်ပါဘိ။ ထိုဂေဟာသည် ဗွန်ကိုင်ဇာရှိစဉ်က ကျွန်တော် မကြာခဏ သွားရောက်လည်ပတ်ရာ ဖြစ်ခဲ့ပါသည်။ ဗွန်ကိုင်ဇာသည် မည်မျှခမ်းနားစွာ နေခဲ့သည်ကို တစ်ခုတည်းနေရာလေးကိုသာ နမူနာအဖြစ် ဖော်ပြလိုက်မည်။ ဆယ်ပေပတ်လည်ရှိသော အိမ်သာခန်း၊ နင်းလိုက်လျှင် ခြေစုံမြုပ် သော မွေးရှည်ကော်ဇောစိမ်းစိမ်းကြီး ခန်းလုံးပြည့်ခင်းထားသည်။ အဖုံးနှင့် ထိုင်ခုံအိမ်သာကမုဒ်၊ တခန်းလုံးမွှေးကြိုင်နေတာ၊ အဘယ်မှာလျှင် ကျွန်တော်တို့ အိမ်သာများနှင့်တူပါအံ့နည်း။ အလှပြင်ခန်း နှင့်တူနေပေတော့သည်။ အက်ဒွင်ကိုယ်လုံးပေါ် မှန်တင်ခုံကြီးနှင့်၊ အမျိုးသမီး အမျိုးသားတို့အတွက် ဘီးအမျိုးအမျိုး၊ ရေမွှေးပေါင်ဒါ အကောင်းစားများ အပြည့်အစုံ ရှိပါသတည်း။

ကျွန်တော်ယခုရေးသားဖော်ပြနေသည်မှာ စာဖတ်သူသည် သူတို့လို မနေဘူး၊ မစားဘူး တော့လည်း၊ ကြားဘူးရုံလောက်တော့ ရှိအောင်ပေါ့ ခင်ဗျာ။

ကဲ၊ စားသောက်ပွဲ စ,မယ်။

ပထမ ဧည့်ခန်းမကြီးတွင် ဝီစကီနှင့်ဧည့်ခံပါသည်။

ကျုပ်တို့ မြန်မာသောက်ပွဲတွေလို အရက်ပုလင်း စားပွဲပေါ်တင်၊ ဆိုဒါပုလင်းတွေ ဘေးမှာပုံချ။ ကိုယ့်ဟာကိုယ် ကြိုက်သလောက်ထည့်သောက်မဟုတ်ပေ။ ဝတ်ဖြူစင်ကြယ်နှင့် စားပွဲထိုးတို့သည် ဟတ်ပက်၊ ဟတ်ပက် ဆိုဒါနှင့် စပ်ထားပြီးသားကို တစ်ခွက်ပြီးမှတစ်ခွက် စောင့်ပေးနေသည်။ ဝီစကီမသောက်ချင်၍ ဘရန်ဒီသောက်ချင်လည်းရပါသည်။ ဘီယာ သောက်ချင်လည်း ရပါသည်။ ဝိုင်အရက်ချို သောက်ချင်လည်း ရပါသည်။ အမျိုးသမီးများ သောက်ကြပါသည်။ မြည်းစရာ မြေပဲလှော်၊ အာလူးကြော်၊ သက်ငယ်ချောင်းလို မုန့်ကြွပ်ချောင်း ရွရွလေးတွေ။

ဤပွဲတွင် ကိုအံ့ကြီးက အကော်ဒီယန် ဆိုတီးနှင့် ဖျော်ဖြေခဲ့သည်။ သောတရှင်များမှာ ကျွန်တော်တို့ မြန်မာတွေအပြင် ဗွန်ကိုင်ဇာ၏သံရုံးမှ ဂျာမန်အမျိုးသမီး၊ အမျိုးသားအချို့လည်း ပါဝင်လေသည်။ ကိုအံ့ကြီးဆိုသော ကြယ်ကလေးတွေ ချစ်စရာ အပြောရောင်ကောင်းကင်မှာ သီချင်းအဓိပ္ပာယ်ကိုအင်္ဂလိပ်လိုတတ်သော ဂျာမန်တစ်ယောက်အား ကျွန်တော်က ကိုယ်တတ်သမျှအင်္ဂလိပ်စကားဖြင့် ဘာသာပြန်ပြောပြရာ၊ သူအလွန်သဘောကျသည်။ အင်မတန် အဆင့်အတန်းမြင့်တဲ့ သီချင်းပဲ ချီးကျူးပါသည်။ ကိုအံ့ကြီးဆိုသော ဤ 'ကြယ်ကလေးတွေ ချစ်စရာ' သီချင်းနှင့် 'သုံးရာသီ' သီချင်းတို့သည် အဓိပ္ပာယ်မသိနှင့်ဦး၊ တီးကွက်တီးလုံးတွေကိုက ကမ္ဘာ့အဆင့်အတန်းမီ၍ လူမျိုးခြားတို့ နားသောတတွင် နှစ်ခြိုက်နိုင်သော အဆင့်မှာ ရှိပါပေသည်။

ကိုအံ့ကြီး သီချင်း ၃–၄ ပုဒ်ဆိုတီးပြီးသောအခါ၊ ကျွန်တော်ဇနီး မေနှင့် စကားစပ်မိသွားကြသည်။ ၁၉၄၆–ခုနှစ် ကက်စ်ဘီခေတ်၊ မေ အပျိုဖော်ဝင်စအရွယ်၌ မေမြို့ ဘီတီ ဘရားသားရေကူးကန်တွင် ကိုအံ့ကြီးနှင့် တွေ့ဆုံခဲ့ဘူးသည်။ မေသည် ၁၀ နှစ်ပတ်လည်အရွယ်က ဂျပန်ခေတ် ဟဲဟိုးမြို့ ဂျပန်လေတပ်တွင် စကားပြန်လုပ်ခဲ့ဘူးသဖြင့်၊ ဂျပန်တွေထံမှ ဂျပန်သီချင်းတော်တော်များများကို ရခဲ့သည်။ ဤတွင် ဂျပန်ပြန် ကိုအံ့ကြီးနှင့်တွဲမိကာ ကိုအံ့ကြီးက ပီယာနို တီး၍ မေက ဂျပန်သီချင်းတွေဆိုခဲ့ဘူးသည်။ ထိုကြောင့် ယခု ဗွန်ကိုင်ဇာ၏ ဖျော်ဖြေပွဲမှာလည်း သူတို့နှစ်ယောက်ပြန်လည်တွဲမိလေကာ၊ မေကသီချင်းဆို ကိုအံ့ကြီးက အကော်ဒီယန် တီးဖြင့် အလွန်ပဲ တွဲဘက်ညီသွားကြသည်။ သူတို့နှစ်ယောက်သည် ဂျပန်သီချင်းနှင့် မြန်မာသီချင်းများသာမက သူတို့နှစ်ဦး အတူရသော အင်္ဂလိပ် သီချင်းများကိုပါ ဆိုကြတီးကြလေရာ၊ ဂျာမန်၊ မြန်မာနှစ်မျိုးစလုံး၏ ချီးကျူးသြဘာကို ခံရပါသည်။

ဦးခင်ဇော် **K** က ''သည်ကောင်မလေး သည်လိုသီချင်းဆိုတတ်မှန်းငါမသိပါဘူးကွာ''ဟု ပြော၏။ ဟုတ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း မေသည် မီးဖိုချောင်ထဲ၌ ချက်ယင်း ပြုတ်ယင်း သီးချင်းဆိုနေသည်များကြားရာ၊ သူ့အသံ ကောင်းသားပဲဟုသာ အောက်မေ့ခဲ့မိသည်။ ခုလို အတီးနှင့်ဘာနှင့် ကျကျနန အဆိုတတ်မှန်းကိုမသိခဲ့ပေ။ ဗွန်ကိုင်ဇာ လင်မယားသည် သီချင်းတပုဒ်ဆိုပြီးတိုင်း မေ့နဖူးကိုတရှုပ်ရှုပ်နမ်းကြသည်။

ယင်းသို့ အဆိုအတီးနှင့် ဖျော်ဖြေခန်းထဲမှာ တစ်နာရီလောက်ကြာပြီ'နောက်၊ ၈ နာရီခန့်တွင် ထမင်းစားခန်းသို့ ပြောင်းကြရသည်။ စားသောက်ရမည့် စားပွဲရှည်ကြီးမှာ အားလုံး ပန်းကန်ခွက်ယောက်များ ပြင်ဆင်ပြီး၊ ကုလားထိုင်တို့တွင် ဖိတ်ကြားထားသူ အားလုံး၏ အမည်များ ရေးထားသည်ဖြစ်၍ စာကြည့်ပြီး၊ ကိုယ့်နေရာကိုယ် ဝင်ထိုင်ကြသည်၊

ဤစားသောက်ပွဲမှာ ဟင်းဘယ်နှစ်မျိုးဖြင့် ဘာဃမကာများ တိုက်မည်ကို စားပွဲပေါ်တွင် ပြင်ဆင်ထားသော ပန်းကန်များ၏ ဖန်ခွက်များကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

လူအသီးသီး ရှေ့တည့်တည့်တွင် အောက်ခံ ပန်းကန်ပြားအကြီးကြီးတချပ်၊ ၎င်းအပေါ်၌ မှောက်ထားသော ဟင်းရည် ပန်းကန်ပုပုတစ်လုံး၊ အရည်သောက် ဇွန်းကြီး တစ်ချောင်း၊ သူတို့ လက်ဝဲဘက်တွင် ပန်းကန်ပြား ၆ ချပ်နှင့် ဇွန်းခက်ရင်း ဓား ၆ စုံ၊ သူတို့နှင့် ယှဉ်လျက် ဝိုင်ဖြူ ဝိုင်နီ ဖန်ခွက်နှစ်လုံး၊ ခြေထောက်တိုတိုနှင့် ခပ်ပက်ပက်ရှန်ပိန်ဖန်ခွက်တစ်လုံး၊ ယင်းသည်တို့ကို ကြည့်ရခြင်းအားဖြင့် ပထမဦးဆုံး ဟင်းချိုအရည်ကြည်(ဘာအဖတ်မျှမပါ။ **Clear Soup**) တစ်ခွက်ကို သောက်ရပြီး၊ နောက် ဟင်း ၆ မျိုးကို ဝိုင်ဖြူ ဝိုင်နီ တလှည့်စီဖြင့်စားသောက်သွားရ မည်။ ရှန်ပိန်နှင့် အပြီးသတ်ရမည်ဟု နားလည်ရသည်။

## ဝိုင်ဖြူ ဝိုင်နီ

သူတို့ချင်း မည်သို့ခြားနားသနည်း။ ဝိုင်ဖြူက ဘာရောင်မျှမရှိ၊ ရေကဲ့သို့ဖြစ်သည်။ ဝိုင်နီက နီညိုညို။ သူတို့က မူးယစ်စေသည်မဟုတ်။ သောက်လိုက်လျှင် ရင်ချောင်ပြီး စားသော အစာကို မြိန်ရှက်စေသည်။ သူတို့ဓာတ်သဘောချင်း မည်သို့ခြားနားသည်လဲတော့ ကျွန်တော် မသိ။ ဝိုင်ဖြူကို ရေသတ္တဝါ၊ ငါးပုစွန်စသည်နှင့် သောက်ပါသည်။ ဝိုင်နီကို ကုန်းသတ္တဝါ။ ကြက် ဘဲ အမဲနှင့် တွဲရပါသည်။

မိမိဖန်ခွက်ထဲသို့ ဝိုင်ဖြူလာထည့်လျှင် ရေသတ္တဝါ စားရတော့မည်မှတ်ပါတော့။ ဝိုင်နီ ဆိုလျှင် ကုန်းသတ္တဝါ။ ဤသို့လျှင် ဝိုင်ဖြူတလှည့်၊ ဝိုင်နီတလှည့်ဖြင့်၊ ဟင်း ၆ မျိုးကိုအစီအစဉ် အတိုင်း ကျွေးသွားပါသည်၊ သူ့အလှည့်ကျဟင်းကို စားပွဲထိုးက မိမိပုခုံး လက်ဝဲဘက်အစွန်းနား ယူလာပေးသည်ကို ကိုယ်အလိုရှိသည်လောက် ခပ်ယူရပါသည်။ စားစရာတို့ကား တစ်ခါထက် တစ်ခါ ကောင်းလာသည်ဖြစ်၍ ဟင်း ၆ မျိုးကို ကိုယ့်ဗိုက်ဆန့်အောင် မှန်းပြီးစားရပါသည်။

စားပွဲထိုးတို့သည် တစ်မျိုးပြီးတစ်မျိုးကို အချိန်ခြားပြီး ယူလာပါသည်။ တစ်မျိုးစားပြီးလျှင် ထိုဟင်းတစ်မျိုးနှင့်သုံးသော ပန်းကန်၊ ဇွန်း၊ ခက်ရင်း၊ ဓား အားလုံးတို့ကို ယူသွားပါသည်။ နောက်လာမည့် ဟင်းအတွက် နောက် ပန်းကန်၊ ဇွန်း၊ ခက်ရင်း၊ ဓား။

ထိုသို့ ဇွန်း၊ ခက်ရင်း၊ ပန်းကန်တွေ သိမ်းဆည်းကြခြင်းဖြင့်၊ စားသောက်သူတို့မှာ ကြားအချိန်နားရပါသည်။ သည်အတွင်း စကားတွေပြောကြရပါသည်။ အဲ၊ ဝိုင်ဖြူ ဝိုင်နီ ၆ ခွက်နှင့် ဟင်း ၆ မျိုးပြီးသောအခါ၌၊ ကျွန်တော်တို့ ဝပြီ။ ဗိုက်တွေလေးသွားပြီ။ သည်အခါမှ ရှန်ပိန်လာပြီ။

## ရှန်ပိန်၏ သဘော

ပုလင်းလိုက် အအေးစိမ်ထားသော ရှန်ပိန်သည် ဖန်ခွက်ထဲငှဲ့ထည့်လိုက်သောအခါ၊ အမြှုပ်ကလေးတွေပလုံစီ၍ ပုစွန်ဆိတ် ခုန် ခုန်နေသည်။ သောက်လိုက်သောအခါ၊ လည်ချောင်း ထဲ ရှတတနှင့် ချဉ်ဖြုံဖြုံ အရသာရှိပါသည်။ ခံတွင်းရှင်းသွားပါသည်။ ကျွန်တော်တို့သည် ပထမဦးဆုံး ဝီစကီ သုံးခွက်လောက်ပျိုးပြီး၊ ဝိုင်ဖြူဝိုင်နီတို့နှင့် ဗိုက်ပြည့်အောင် စားထားကြသဖြင့်၊ လူများလေးလံ ထိုင်းမှိုင်းနေလေရာ၊ ရှန်ပိန် နှစ်ခွက်လောက်သောက်လိုက်သောအခါ၌၊ လူမှာ ပြန်လည် လန်းဆန်းလာပါသည်။ စင်စစ် ရှန်ပိန်၏ သတ္တိမှာ သူ့အရင်က သောက်ထားသော အခြားယမကာတို့၏ မူးယစ်ခြင်းကို ပြေပျောက်စေပါသည်။ (ဆေးခြောက် သဘောနှင့် တူသည်။)

ဒါဖြင့် သူကကော မမူးဘူးလားတဲ့၊ မေးဘွယ်ရှိပါသည်။ မူးပါသည်။ အခြားအရက်တွေ၏ အမူးကို ပြေဖျောက်ပြီးမှ သူ့အမူးက သီးသန့်လာပါသည်။ သို့သော် သူ့ကို မူးအောင်သောက်ဖို့ ကား၊ (စျေးအကြီးဆုံးဖြစ်၍) စရိတ်ကြီးလှပေမည်။ ယခုဗွန်ကိုင်ဇာ၏ ညစာစားပွဲကား ရှန်ပိန်ကို အမူးသောက်ရန် မဟုတ်ပဲ၊ ဝိုင်ဖြူ ဝိုင်နီတို့နှင့် စားသောက်ကောင်း၍ လေးလံထိုင်းမှိုင်းနေသည် များကို ပြန်လည် လန်းဆန်းရန်သာ ဖြစ်ပါသဖြင့်၊ ကျွန်တော်တို့သည် ရှန်ပိန်သုံးလေးခွက်စီမျှ သောက်ပြီးကြသောအခါ၊ အိမ်နှင့်ဧည့်သည်တို့သည် ကြည်လင် ရွှင်ပျစွာ 'ဂွဒ်နိုက်' ခဲ့ကြတော့ လေ၏။

## ပုံဏ္ဏာန်နှင့် မျိုးရိုး

ဗွန်ကိုင်ဇာကို ကျွန်တော်စတွေ့လျှင်တွေ့ချင်း သတိရမိသည်ကတော့ ကမ္ဘာကျော် အမေရိကန် ရုပ်ရှင်မင်းသား ဂျက်ဖ်ချန်ဒလာ အကြောင်းမှာ ဂျက်ဖ်ချန်ဒလာ၏ဆံပင်တို့သည် တစ်ခေါင်းလုံးဖွေးဖွေးဖြူဘိသကဲ့သို့ ဗွန်ကိုင်ဇာ၏ ဆံပင်တို့လည်းဖွေးဖွေးဖြူ၏။ ကျွန်တော်တို့ အရှေ့နိုင်ငံသားကဲ့သို့ အသက်ကြီး၍ဖြူသည်မဟုတ်ပဲ၊ သူ့တို့အနောက်နိုင်ငံသားထဲ၌ ရှိတတ် သော ဝမ်းတွင်းပါ **Silver Hair** ခေါ် ဆံပင် ငွေရောင်၊ လိုင်းတွန့်များနှင့် တောက်ပြောင်လျက် ရှိသည်။ နို့ပြီး သူတို့၏လူကောင်အရွယ်နှင့် ကိုယ်လုံး ကိုယ်ပေါက်ချင်းလည်း တူညီ၍ နေပါသည်။ ထို့ပြင် နှုတ်ခမ်းနှင့် မေးရိုးချင်းလည်းတူသယောင် ရှိပါသည်။

ဗွန်ကိုင်ဇာသည် ကျွန်တော်နှင့် တွေ့ဆုံခင်မင်ရသောအချိန်မှာ သူ့အသက်ကို ၆၀ ကျော် ၇၀ အတွင်း ခန့်မှန်းရသော်လည်း၊ သူ့ခန္ဓာကိုယ်မှာ ကျစ်လျစ်သိပ်သည်း၍ ကျန်းမာတောင့်တင်း လျက်ပင်။ အကြောင်းမှာ သူသည် မြင်းစီးလေ့ရှိသည်။ မြန်မာပြည်ရောက်ပြီး၊ နောက်တစ်နှစ်မှာ သူ့အိမ်တွင်မြင်းနှစ်ကောင်နှင့် မြင်းထိန်းသမားနှင့်ဖြစ်နေသည်။ သူတို့လင်မယားနှစ်ယောက်စလုံး မြင်းစီး ကြသည်။ မြင်းစီးခြင်းသည် လူ၏ခန္ဓာကိုယ်ကို အထက်အောက် မျှတ၍၊ ကျန်းမာတောင့် တင်းစေသည်။

'ကိုင်ဇာ' ဆိုသည်မှာ ရှေးခေတ် ဂျာမနီပြည်တွင် ဘုရင်၏အမည်ဖြစ်လေရာ၊ ယခု သံအမတ် ဗွန်ကိုင်ဇာ၏ အသုံးအဆောင်အနေအထိုင် အပြောအဆို အမူအရာတို့သည် ကျွန်တော့် စိတ်ထဲ၌ အထက်တန်းကျလှသည်ဟု အောက်မေ့မိ၍ သူ့အားရှေးခေတ် မင်းမျိုးမင်း နွယ်ထဲကများ ဖြစ်ပါသည်လားဟု မေးကြည့်သောအခါ၊ သူကမဟုတ်ပါ၊ နာမည် အသံထွက်ချင်း တူသော်လည်း၊ စာလုံးပေါင်း မတူပါဟု ပြန်ပြောပါသည်။ သူတို့ ဂျာမနီ စာလုံးပေါင်းချင်း ဘယ်လိုကွဲသနည်း၊ ကျွန်တော်မသိပါ။

သို့ရာတွင် တစ်နေ့သ၌တော့ ထိုစဉ်အချိန်မှာ အရှေ့ဂျာမနီသို့ ကျွန်တော်ရောက်ခဲ့ စဉ်က ကျွန်တော်တို့၏ စကားပြန်ဖြစ်ခဲ့သော မစ္စက်အက်ရှား(မြန်မာအမည် မနှင်းဆီ)လည်း မြန်မာပြည် ရောက်နေသည် ဖြစ်သောကြောင့် သူနှင့် စကားစပ်မိ၍၊ ယခု အနောက်ဂျာမနီ သံအမတ်ကြီး ဗွန်ကိုင်ဇာနှင့် ကျွန်တော်ခင်မင်ကြောင်း၊ ''ဆရာမကြီး သူ့ကိုသိပါသည်လား'' မေးကြည့်တော့ ''အို၊ လူချင်းတော့ ဘယ်သိမှာလဲ၊ သူ့နာမည်တော့ကြားဖူးတာပေါ့၊ သူတို့က ဂျာမနီပြည်မှာ မျိုးကြီးရိုးရိုးတွေပဲ''ဟု ပြောပြပါသည်။

## သူတို့ နှစ်အိမ်

ထိုစဉ်က အနောက်ဂျာမနီသံရုံး အတွင်းရေးမှူး ဒေါက်တာ အက်ဒွင် ဂျုန်းဖလက်ချ်ကို ခင်မောင်ကြည်နှင့် ပတ်သက်ပြီး ကျွန်တော် သိရသည်မှာ အင်းလျားလိပ် ဟိုတယ်တွင်ဖြစ် ကြောင်း ဖော်ပြခဲ့ပါသည်။ ဗွန်ကိုင်ဇာကို ကျွန်တော်သိရသည်မှာတော့ ဒေါက်တာ အက်ဒွင်၏ အိမ်တွင် ဖြစ်ပါသည်။ ဒေါက်တာ အက်ဒွင်သည် ဂျာမနီကရောက် အင်းလျားလိတ် ဟိုတယ်တွင် နှစ်လလောက် နေပြီးနောက်၊ အေဒီလမ်း (လမ်းမျှောင်လေးထဲသို့ ဝင်ရသေးသည်၊) အင်းလျား

ကန်စပ်ရှိ လှပသော တိုက်ပုကလေး တစ်လုံး၌ အိမ်ငှားရပါသည်။ ဖွန်ကိုင်ဇာကား အင်းလျား ဟိုတယ်တွင် တစ်လလောက်နေပြီးသောအခါ၊ ဒေါက်တာ အက်ဒွင်၏ ဆောင်ရွက်မှုဖြင့် ဂိုလ်ဒင်း ဘယ်လီတွင် ကွယ်လွန်သူ ဒေါက်တာဘဦး၏ ခြံဝန်းကျယ်ကြီးနှင့် ခမ်းနား ကြီးကျယ်လှသော အိမ်ကြီးကို ရရှိသွားပါသည်။

ထိုစဉ်ကာလဝယ်၊ ယင်း အိမ်နှစ်လုံးသည် ကျွန်တော်၏သောက်အိမ် စားအိမ် ဖြစ်လေရာ၊ ကျွန်တော်အချိန်မရွေး သွားလေ့ရှိပါသည်။ ဤသို့ သွားနိုင်အောင်လည်း သူတို့နှင့်ခင်မင်သော အခါ၌ ကျွန်တော်က စကားခင်းထားခဲ့ပါသည်။ ''သည်မှာခင်ဗျ၊ ကျွန်တော်တို့ မြန်မာ လူမျိုး ဓလေ့က ခင်ဗျားတို့ လူမျိုးတွေလို တစ်ဦးအိမ်ကို တစ်ဦးက ဖိတ်ခေါ်မှ သို့မဟုတ် ခွင့်တောင်းပြီးမှ မဟုတ်ဘူး၊ အချင်းချင်းခင်မင်တယ်ဆိုယင် အချိန်မရွေး သွားလာ ဝင်ထွက်လေ့ ရှိပါတယ်'' ဆိုတော့ သူတို့ကလည်း လိုက်လုံစွာ သဘောတူညီကြပါသည်။ ဒေါက်တာ အက်ဒွင် ကဆိုလျှင် သူမရှိသည့်တိုင်အောင်မှ ကျွန်တော်လာလျှင် ပြုစုညှော်ခံရန် သူ့စားပွဲထိုး ကုလားအား မှာကြားထားပါသည်။ သူကိုယ်တိုင်လည်း ကျွန်တော့်အိမ်ကို (သူတို့လူမျိုးဓလေ့ ဖိတ်ခေါ်မှု ပြေပြဲနှင့်) လာတတ်ပါသည်။ ထိုမျှမကသေးပါ။ သူသည် မကြာခဏ မြန်မာပြည်မှ ခရီးထွက်လေ့ ရှိရာ၊ သူမရှိခိုက်တွင် သူ့ကားကို ကျွန်တော် အလိုရှိပါက အသုံးပြုရန် သူ့ ဒရိုင်ဘာအား မှကြားထားပါသည်။ ဤမျှ ကျွန်တော်တို့ချင်း ခင်မင်ရင်းနှီးကြပါ၏။

ကျွန်တော့် အိမ်က ပြည်လမ်း ၆ မိုင်၊ မာလကာခြံ၊ ဒေါက်တာ အက်ဒွင်အိမ်က အေဒီ လမ်း ချောင်ကျကျ အင်းလျား ကန်စပ်တွင် ဆိုတော့ ခရီး ဆန့်လိုက်ပါမှ တစ်မိုင်လောက်သာရှိ ၍၊ မကြာခဏ သူ့အိမ်သို့ ကျွန်တော် (ဝီစကီ သောက်လိုတိုင်း ဆိုပါတော့) ရောက်တတ်ပါသည်။ တခါတရံ နံနက်ခင်း လမ်းလျှောက်ယင်းပင် သူ့အိမ်ကို ဝင်လေ့ရှိပါသည်။ ဤ အချိန်ကား ကျွန်တော် အရက်သောက်ရန်မဟုတ်။ သူတို့ လူမျိုး၏ 'ဘရိတ်ဖတ်စ်' ခေါ် နံနက်စာကို ဝင်ဟဲ့ရန် ဖြစ်ပါသည်။

## ခရီးထောက် တစ်အိမ်

ဤသို့ ကျွန်တော် နံနက်ခင်း လမ်းလျှောက်ယင်း ဒေါက်တာ အက်ဒွင်အိမ်သို့ သွားပြီ ဆိုလျှင် လမ်းခွတ်လတ်တွင် ကျွန်တော် ခေတ္တဝင်လေ့ရှိသော အိမ်တစ်အိမ် ရှိပါသည်။ ကျွန်တော် သွားရာလမ်းမှာ ကျွန်တော်တို့ မာလကာခြံမှ မြောက်ဘက်သို့ လျှောက်လိုက်သော် စပယ်ခြံ။ ဤစပယ်ခြံဖြတ်ပြီးနောက် ယခု သမိုင်းကောလိပ် လမ်းပေါက်ဝမှ ပြည်လမ်းမသို့ ကူးပြီး၊

အေဒီလမ်းသို့ သွားရန်ဖြစ်သည်။ ကျွန်တော် ခရီးထောက်မည့် အိမ်မှာ ဤစပယ်ခြံတွင် ဖြစ်ပါသည်။ အိမ်ရှင်က ဒေါ်ဘုမ၊ သူ့အိမ်မှာ သူက အပျိုကြီး တကိုယ်တည်းနေသည်။

သူ့အိမ်က ဘယ်လောက် ကြီးကျယ် ခမ်းနားပါသနည်း။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အိမ်များမှာ များသောအားဖြင့် လေးပင် သုံးခန်း၊ သုံးပင် နှစ်ခန်းသည် အငယ်ဆုံးဟု အောက်မေ့ခဲ့ရာ၊ ယခု ဒေါ်ဘုမအိမ်တွေ့ရမှ သြော်၊ သည်အိမ်မျိုးလည်း ရှိပါသလားဟု ကျွန်တော် သတိပြုမိပါတော့သည်။ အကြောင်းမှာ ဒေါ်ဘုမအိမ်သည် နှစ်ပင် တစ်ခန်းရယ် ခင်ဗျ။ ဝန်အကျဉ်းဆုံး၊ စရိတ်အနည်းနှင့် ဖြစ်သမျှကို ဖြစ်သလို ဆောက်ထားခြင်း ဖြစ်ပါသည်။ အမှန်ကတော့ဗျာ၊ ရပ်ထဲ ရွာထဲမို့ အိမ်ခေါ်တာပါ။ လယ်ထဲ ယာထဲမှာ ဆိုယင်ဖြင့် 'တဲ'ပဲပေါ့။

သို့သော် ဤတဲကုပ်တွင် ဒေါ်ဘုမသည် ပစ္စည်း ဥစ္စာမချမ်းသာသော်လည်း လူချမ်း သာစွာ နေထိုင်အို။ သူ့အိမ်မှာ သူ့ကို တွေ့လိုက်ရလျှင် ခြေကြီး ဆင်းထိုင်လို့ သူ့အနီးမှာ လက်ဖက်ရည်ကြမ်း တစ်အိုးရယ်၊ ကွမ်းအစ် တစ်လုံးရယ် ကံသီးကုံးနေမည်။ သို့မဟုတ် ကင်ပွန်းချဉ်တွေများကို စည်းနေမည်။ အကြောင်းမှာ ဒေါ်ဘုမသည် ခြံစိုက်စားသူ ဖြစ်၏။ သူ့ခြံထဲတွင် စပယ်ပင်များနှင့် ကင်ပွန်းချဉ်ပင်များရှိ၏။ ရာသီအလျောက် ကြားညှပ်စိုက်ရသော ခရမ်းပင်၊ ပြောင်းပင်၊ ငရုတ်ပင်များလည်း ရှိ၏။

သြော်၊ သူ့အိမ်ကလေး ငယ်တာကို၊ ကျွန်တော် ခုမှ စဉ်းစားမိပြီ။ သူ့ခြံက အိမ်ရှေ့ အကျယ်ပေ ၄၀၊ နောက်ဖေး အလျား ၇၀ လောက်ရှိတာကိုဗျ။ အဲသည်မှာ သူကအပင်စိုက် ရတော့ မြေကို ချွေတာတဲ့ အနေနဲ့ သူ့အိမ်ကို ငယ်နိုင်သမျှ ငယ်အောင် ဆောက်ထားရသည် ပေါ့ဗျာ။ ဟုတ်တာပေါ့။

ကျွန်တော်နှင့် ဒေါ်ဘုမ သိကျွမ်းရသည်မှာ ဒေါက်တာ အက်ဒွင် မြန်မာပြည်မရောက် မီက ဖြစ်ပါသည်။ တစ်နေ့သော ညနေခင်း၌၊ ကျွန်တော်သည် စပယ်ခြံရှိ ကျွန်တော်၏ မိတ်ဆွေ ကြက်သမားကြီး ဦးမြိုင်၏အိမ်သို့ သွားမည်ဟု ပြည်လမ်းမမှ လျှောက်ခဲ့ရာ၊ ရွှေဟင်္သာလမ်း သတ်စ်ကားဂိတ်၌၊ ဘတ်စ်ကားပေါ်မှ ဆင်းလာသော အသက် ၇၀ လောက် အဖွားကြီး တစ်ယောက်၊ လူနှင့်မလိုက်အောင် ပစ္စည်းတွေကများပါဘိ။ ခေါင်းခေါ် ရွက်တာနှင့်၊ လက်ကဆွဲ တာနှင့်၊ ကျွန်တော့် မျက်စိထဲ မြင်မကောင်း ဖြစ်လာသည်နှင့်၊

''အဖွား၊ ဘယ်သွားမှာလဲ၊ ကျွန်တော် ကူပါရစေ''

''ဟဲ့၊ ရပါတယ်၊ ငါ သည်လို သယ်နေကျပါ၊ နေပါစေ''

''မဟုတ်ဖူး၊ ကျွန်တော် စပယ်ခြံထဲ သွားမလို့ပါ၊ အဖွားလဲ စပယ်ခြံထဲသွားမလို့ပဲ မဟုတ်လား၊ ခရီးကြုံပါတယ်''ဆိုပြီး သူ့လက်ထဲက လက်ဆွဲခြင်းကြီးတစ်ခုကို အတင်းဆွဲယူလိုက်ရသည်။ ဦးမြိုင်အိမ်နှင့် သူ့အိမ်ကလည်း နီးပါသည်။ ထိုမှ သူနှင့် ကျွန်တော် မိတ်ဆွေ ဖြစ်သွားကြပါသည်။

ထိုစဉ်က ဦးမြိုင်အိမ်နှင့် ကြက်ကိစ္စနှင့် ကျွန်တော် သွားမှသာ သူတို့လမ်းထဲ ရောက်တတ်၍၊ နောက်တွင်မူ နံနက်ခင်း လမ်းလျှောက်ယင်း ဒေါက်တာ အက်ဒွင်အိမ်သို့ ကျွန်တော်သွားတိုင်း သူ့အိမ်ရှေ့သို့ ဖြတ်ရသည်။ အိပ်ရာမှ အမြဲတမ်း စောစောထပြီး အလုပ် လုပ်လေ့ရှိသော ဒေါ်ဘုမသည် ထိုအချိန်မှာဈေးသို့ပို့ရန် သူ့ခြံထွက် ပစ္စည်းများ ကိစ္စပြီးပြီဖြစ်၍၊ သူ့ နံနက်စောစော မြန်မာ ဘရိတ်ဖတ်စ်ကို စားသောက်နေလေပြီ။ သူ့ ဘရိတ်ဖတ်စ်ကား အစဉ်သဖြင့် လက်ဖက်ရည်ကြမ်းနှင့် ထမင်းကြမ်းက အခြေခံ ဖြစ်လျက်၊ ပဲပြုတ် ဆီဆမ်းနှင့်သော် လည်းကောင်း၊ ဖူးသီးကြော်၊ ပဲကြော်စသည်ဖြင့်လည်းကောင်း၊ တခါတရံ မြန်မာ အဖွားကြီးပီပီ လက်ဖက်သုတ်နှင့်သော်လည်းကောင်း၊ မြိန်ရည် ယှက်ရည်တွယ်လျက်ရှိသည်။ ထိုစဉ် သူ ကျွန်တော့်ကိုမြင်ပြီဆိုလျှင်၊

''လာပါအုံးရှင့်၊ ဒန့်ဒလွန်သီးသည်ကြီးရဲ့၊ အဖန်ရည်လေးများ သုံးဆောင်ပါအုံး''

ထိုစဉ် အသံလွှင့်ဌာနမှ မကြာခဏ ကြားရတတ်သော ကျွန်တော်၏ 'လူ့မနော' ဇာတ်လမ်း၊ သူ သဘောကျလှသဖြင့် ကျွန်တော့်ကို 'ဒန့်ဒလွန်သီးသည်ကြီး'ဟု ခေါ်လေ့ ရှိပါသည်။ သူ့ အိမ်ရှေ့မှာလည်း ကင်းပွန်းချဉ်စည်းနှင့် ခြံထွက် ခရမ်းသီး၊ ငရုပ်သီးစိမ်းလေးများ ရောင်းလေ့ရှိရာ၊ အချို့က ဈေးဆစ်ပြီဆိုလျှင် ''ဟေ့၊ ဒါ သော်တာဆွေ မဟုတ်ဖူး ဟ့၊ ငါ့ ခြံထဲမှာ ငါ့လက်နဲ့ငါ စိုက်ပျိုးပြီး ရေလောင်းထားရတာဟေ့'' ဟု ကျွန်တော့်မျက်နှာရှေ့ထား၍ ပြောတတ် ပါသည်။ ဒါကိုပဲ သည် အဖွားကြီးအား ကျွန်တော် ချစ်ကြည်ညိုမိသည်နှင့် သူ့ အိမ်ပေါ် ခဏတ ဖြုတ်တက်ထိုင်၍ လက်ဖက်ရည်ကြမ်း တစ်ခွက် နှစ်ခွက် သောက်သည်။ သူ့အိမ်တွင် သူ့အိပ်ခန်း၊ သူ့အိပ်ရာမှလွဲပြီး၊ ဘာအိမ်ထောင်ပရိဘောဂမျှ မရှိ။ အဲ၊ ခေါင်းရင်းတွင် ဘုရားစင် တစ်ခုနှင့် အိမ်ခေါင်တိုင်မှာ ရှာပန်းသည် စည်းသော နတ်အုန်းသီး တစ်လုံးပဲ ဆွဲချိတ်ထားသည်။ သူ့ဘဝကား ဤမျှနှင့် ပြည့်စုံနေလေပြီ။

ဒေါ်ဘုမအသားသည် မြေသွေးမြေရောင်၊ အရပ် ထောင်ထောင်မောင်းမောင်းနှင့် ကျန်းမာသန်စွမ်းလှသည်။ ထိုအချိန် အသက် ၇၀ ဆယ်လောက်ရှိသည့်တိုင်အောင် ခါးမကိုင်း၊ နားမထိုင်း၊ သွားမကျိုးသေးပါ။ ယင်း၌ ကျန်းမာရေးအားဖြင့် ဆရာကြီးရွှေဥဒေါင်းနှင့် တူပေသည်။

## ဒေါက်တာ အက်ဒွင်အိမ်

ဒေါ်ဘုမအိမ်တွင် ကျွန်တော် တအောင့်တနား ထိုင်ပြီးနောက်၊ နေထွက်တပြူမှ အိပ်ရာ ကထတတ်သော် ဒေါက်တာ အက်ဒွင်အိမ်သို့ ခရီးဆက်ခဲ့သည်။ ပြည်လမ်းမပေါ်တက်၊ ၆ မိုင်ခွဲ အင်းယားကန်ကွေ့ ရောက်ပြီဆိုလျှင်ပဲ ရေပြင်၏ ဟိုဘက်မှာ လက်ခုပ်တီးလျှင် ကြားနိုင်လောက်

သော ဒေါက်တာ အက်ဒွင်၏ တိုက်ပုလေးကို လှမ်းမြင်ရနေပေပြီ။ သို့သော် အဒေီလမ်းထဲဝင်ပြီး မှ ကားလမ်းအတိုင်း တကွေ့တပည်ကြီး သွားဖို့က မနီးသေးပါ၊ အကယ်၍ လေ့ဖြင့်လျော်ခတ် လိုက်မည် ဆိုပါက တစ်မိနစ်အလွန် နှစ်မိနစ်မျှကြာပေမည်။ ယခု ခြေလျင်ကွေ့ပတ်လျှောက်ခဲ့ရ တော့ ၁၅ မိနစ်လောက်ကြာမှ ဒေါက်တာ အက်ဒွင် အိမ်ပေါက်ဝရောက်တော့၏။ ဒရဝမ်က ကျွန်တော့်ကို သိနေပြီဖြစ်၍ ဆလံပေးပြီး ဝင်းတံခါး ဖွင့်ပေး၏။

အိမ်ရှေ့ပေါက်ဝ၊ ပေါ်တီကိုအောက်ရောက်ပြီဆိုပဲ အလွန်သာယာသောအသံတွေကို ကြားရ၏။ ဤအသံကိုကား ဧည့်ခန်းအဝင်ဝတွင် ဆွဲချိတ်ထားသော ခြောက်မြှောက် တရုတ်မီးပုံး ပုံသဏ္ဍာန်၊ ပလတ်စတစ် ရောင်စုံ ပန်းဆိုင်းကလေးပေတည်း။ သူသည် ဟိုဘက်လေးငါးပတ်၊ သည်ဘက် လေးငါးပတ်၊ အသွားအပြန် ထာဝစဉ်လည်ပတ်နေလျက် အရွယ်ရွယ် အစားစားသော ခေါင်းလောင်း ကလေးတွေက တိုးညင်ညင်သာစွာ မပြတ်မြည်နေ၏။ ဤအသံနာခံယင်း ကျွန်တော်သည် ဧည့်ခေါ် ခေါင်းဟောင်း ဘဲလ်ကိုနှိပ်လိုက်သည်။ ခဏအတွင်း စားပွဲထိုး ထွက်လာကာ ကျွန်တော့်ကို တံခါးဖွင့်ပေးလိုက်သည်။

အောက်အခင်းမှာ ပျဉ်းကထိုးပျဉ် တစ်ထွာတစ်မိုက်ခန့်တွေကို အုပ်ချပ်ကဲ့သို့ အကွက် ကျကျ လှလှပပစီခြယ်ပြီး ပေါ်လစ်ရှ် မပြတ်တိုက်ထားသည်ဖြစ်၍ ပြောင်လက်တောက်ပနေသည် မှာ နင်းရက်စရာ မရှိပေ။ မြန်မာအိမ်မှာဆိုလျှင် ဒါမျိုး ဖိနပ်ချွတ်ရပေမည်။ သို့သော် သူတို့ ဥရောပတိုက်သားထုံးစံ၊ ကျွန်တော့် ဖိနပ် မချွတ်ရပါ။ အဝင်ဝက ခြေသုတ်ဖုံမှာသော ဖိနပ်ခွာ နာနာပွတ်ပြီး အထဲဝင်ခဲ့ပါသည်။ ဒေါက်တာ အက်ဒွင်သည် ကမ္ဘာအရပ်ရပ် လှည့်ပတ်နေသူဖြစ် ၍ သူ့မျက်နှာစာအခန်းမှာ ထူးခြားဆန်းပြားသော ပစ္စည်းတွေ ထည့်ထားသည့် ရှိုးကေ့စ်တွေနှင့် ပြတိုက်သဖွယ် ဖြစ်နေပါသည်။

''ဂွတ်မောနင်း ဆွေ၊ ကမ်းအင်း''

သူ၏ နံနက်စာစားခန်းထဲမှ ဒေါက်တာ အက်ဒွင်က ကျွန်တော့်ကို လှမ်းခေါ်လိုက် ပါသည်။ ကျွန်တော်ကလည်း ''မောနင်း ဒေါက်တာ''ဟု ပြန်ပြောပြီး၊ သူ့ဆီဝင်သွားကာ၊ ''ဆစ်ဒေါင်း''ဟု ဆို၍၊ သူ လက်ကိုင်ပြသော ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ထိုအချိန်၌ ဒေါက်တာ အက်ဒွင်သည် လက်မထပ်ရသေး။ လူပျိုကြီး တစ်ကိုယ်တည်း နံနက်စာစားနေသည်။ ကျွန်တော်သည် ဤသို့ ဤအချိန်၌ မကြာခဏလာနေကျမို့ အထာသိပြီးဖြစ်နေသော စားပွဲထိုး က ကျွန်တော့်အတွက်ပါ စားသောက်စရာများ ပြင်ပေးပါသည်။

ဒေါက်တာ အက်ဒွင်၏ ဘရိတ်ဖတ်စ်မှာ ကော်ဖီ၊ မီးကင် ပေါင်မုန့်၊ ထောပတ်၊ ဘေကင် ခေါ် ဝက်သားလွှာပါးပါးကလေး ပူပူနွေးနွေးကြော်၊ ကြက်ဥဟတ်ဘွိုင်၊ အခုမနက်မှ သူ့ စားဖိုမှူးက ဖုတ်ထားသည့် ကိတ်မုန့်၊ ၎င်းတို့အပြင် ဒေါက်တာ အက်ဒွင် အထူးစားလေ့ရှိသော အဘော်သီးမှည့်

အခွံနှင့်စိတ်ထားပြီး စားကာနီး၌ အပေါ်က သံပုရာရည်ညှစ်သေးသည်။ ၎င်းကို အခြားအရာများစားပြီး နောက်ဆုံးပိတ်မှ အစားပိတ်နိုင်လေ့ရှိသည်။ သူ၏နံနက်စာတိုင်းတွင် ဤ သင်္ဘောသီးနှင့် သံပုရာသီးတို့ တွေ့ရသောကြောင့် တစ်ခါသော် ကျွန်တော်ကမေးမိသည်၊

''ဒေါက်တာ ခင်ဗျားတို့ဂျာမနီပြည်မှာ သင်္ဘောပင် မရှိဘူးဆိုတာကို ကျွန်တော်သိ ပါတယ်၊ အခု သည်သင်္ဘောသီးစားနည်းကို ခင်ဗျား ဘယ်တိုင်းပြည်ကရခဲ့တာလဲ''

''အင်ဒိုနီးရှားကဆွေ၊ ဆွေတို့ မြန်မာလူမျိုးတွေကော သင်္ဘောသီး မစားကြဘူးလား''

''သိပ်စားတာပေါ့ ဒေါက်တာ၊ အစိမ်း ဟင်းချက်စားတယ်၊ သုပ်စားတယ်၊ အမှည့်စား တယ်၊ ဒါပေမယ့် သည်လိုသံပုရာရည်နဲ့စားလေ့တော့ မရှိကြဘူး၊ အခု ဒေါက်တာ စား တာမြင်မှ ပဲ ကျွန်တော် တွေ့ဖူးတော့တာပဲ''

''သံပုရာရည်နဲ့ဆိုတော့ ပိုကောင်းတယ်၊ ဆွေ စားကြည့်ပါလား''

ကျွန်တော် တစ်စိတ်ယူပြီး သူ့လိုပဲ စားကြည့်သည်။ အင်း၊ တစ်မျိုးပဲ၊ သင်္ဘောသီးယို ချိုချဉ်ဖြစ်သွားတာပေါ့လေ။

ထို့ပြင် ဒေါက်တာ အက်ဒွင် အထူးကြိုက်သည့် တစ်ခုကို ကျွန်တော်သတိထားခဲ့မိ သေးသည်။ ကြက်သွန်ဖြူ။ များစွာသော ဥရောပတိုက်သားများသည် ကြက်သွန်စိမ်းနံ့ကို မနှစ် သက်ကြ။ သူတို့အတွက် နံစော်သည်ဟုသိရသည်။ သို့သော် ကျွန်တော်တို့မိတ်ဆွေ ဒေါက်တာ အက်ဒွင်ကား ကြိုက်လိုက်သည့် ကြက်သွန်ဖြူအစိမ်းခင်ဗျ။ ကျွန်တော့်အိမ်မှာ လာရောက် စားသောက်တိုင်း စားပွဲပြင်ဆင်နေသော ကျွန်တော့်ဇနီးအား၊ ''**May, garlic garlic, do not forget my garlic**''ဟု ပြောလေ့ရှိသည်။ အဓိပ္ပာယ်မှာ ကျုပ်ကြိုက်တဲ့ ကြက်သွန်ဖြူကို မမေ့ပါ နဲ့၊ ထို့ကြောင့် မေက ကြက်သွန်ဖြူများကို အခွံနွှာပြီး သူ့ရှေ့မှာ ပန်းကန်ပြားတစ်ချပ်နှင့် ချပေး ထားရသည်။ သူက အခြားဟင်းလျာများနှင့်ရော၍ တဖြောက်ဖြောက်ကိုက်စားသည်။ ယင်းကို ကြည့်၍ ဗွန်ကိုင်ဇာလင်မယားကို နှာခေါင်းရှုံ့ကြသည်။

စင်စစ်ကား ဒေါက်တာ အက်ဒွင်သည် ဂျာမနီလူမျိုးဖြစ်သော်လည်း အရှေ့အနောက် ကမ္ဘာအရပ်ရပ်ကို ရောက်ဖူး၍ အစားမျိုးစုံ စားဖူးနေပြီဖြစ်သောကြောင့် မူလ ဂျာမနီပါးစပ် မဟုတ်တော့ပဲ ဂျာမနီခံတွင်းပျက်ဖြစ်နေပြီဟု ကြက်သွန်ဖြူကမှ အစားမပျက်ပဲ 'သူသည် သည်လိုထမင်းစားတိုင်း ကြက်သွန်ဖြူနဲ့ တွေ့ရတဲ့ကိုယ် ဖြစ်ရပါလို၏ဟု ညစဉ်ပင် ဘုရားသခင် ထံ ဆုတောင်းကြောင်း' အဓိပ္ပာယ်သက်သည့် အင်္ဂလိပ်စကားကို ကဗျာဆန်ဆန် ရွတ်ပြလိုက် သေး၏။

ဗွန်ကိုင်ဇာ၏အိမ်သို့ကား ကျွန်တော်သည် ဤလိုနံနက်ခင်းမျိုးမှာမဟုတ်၊ ညနေခင်းများမှာသာ သွားလေ့ရှိပါသည်။ ပထမ သူ အိမ်မှာရှိမရှိ တယ်လီဖုန်းဆက်ပြီး မေးကြည့်ရသေးသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ညနေခင်းများ၌ မြင်းလျှောက်စီးနေတတ်သည်။ သို့မဟုတ် ဂေါက်ကွင်းသွားနေတတ်သည်။ သူရှိသည် ကျွန်တော်နှင့် တွေ့နိုင်မည်ဆိုလျှင်၊

''ဟဲလို၊ သော်တာဆွေ၊ လာမယ်လား၊ ကားလွှတ်လိုက်မယ်''

ဟုတ်ပါသည်။ သူ့အိမ်က ဂိုလ်ဒင်းတယ်လီမှာ ဆိုတော့ ဘတ်စ်ကားလမ်းနှင့်မနီး၊ ကျွန်တော့်အတွက် ကားနှင့်မှ အဆင်ပြေပေမည်။ မကြာမီ သူ့ကားရောက်လာတော့သည်။

ဗွန်ကိုင်ဇာသည်မြင်းချစ်တတ်သူမို့ညနေခင်းများမှာ သူ့အိမ်ခေါင်းရင်းဘတ်က ဥယျာဉ်ထဲတွင် စားပွဲ ကုလားထိုင် ချ၍၊ သူ့မြင်းနှစ်ကောင်နှင့် အတူနေတတ်သည်။ မြင်းတို့မည်သည်မှာလည်း သခင်၏အယုအယကို ကြိုက်နှစ်သက်တတ်သည်။ ကျွန်တော် သူ့ဆီသို့ ဤအချိန်လာသည်မှာ သောက်ရန်မှ တပါးအခြားဘာကိစ္စမှမရှိမှန်းသိ၍ ကျွန်တော် ရောက်သည် ဆိုလျှင်ပင် သူ့စားပွဲထိုးအား ဝီစကီနှင့်ဆိုဒါယူခဲ့ရန် အမိန့်ပေးလိုက်လေတော့သည်။

ကျွန်တော်လည်း မြင်းနှင့်အသက်မွေးခဲ့ဘူးသူဖြစ်၍ မြင်းနှင့်ယဉ်ပါးလျက်၊ သူ့မြင်းများကို သူ့နည်းတူ ကိုင်တွယ်ပွတ်သပ်ပေးတော့ သူသဘောကျသည်။

''သော်တာဆွေလည်း မြင်းကို ချစ်တတ်သည်လား''

''ဟုတ်ကဲ့ သံအမတ်ကြီး၊ သည်မြန်မာပြည်မှာ မြင်းစီးရတာ အားရရဲ့လား''

သူက ဦးခေါင်းယမ်းလျက်၊

''ကျုပ်က မြင်းစီးရုံမဟုတ်ဖူး၊ အမဲလိုက်ချင်တာ၊ မြန်မာပြည်မှာ အမဲလိုက်ဖို့ တောမရှိဘူးလား''

''မြင်းနဲ့မဟုတ်ဖူး၊ ခြေလျင်လိုက်ဖို့ တောတွေတော့ရှိတာပေါ့''

''ချောင်းပစ်ပေါ့၊ ဒါမျိုး ကျုပ်တို့ မလိုလားဘူး''

''ကျွန်တော်တို့ မြန်မာလူမျိုးတွေက မြင်းနဲ့မှအမဲလိုက်လေ့မရှိတာပဲ၊ အမဲလိုက်ဖို့ သီးသန့်တောရယ်လည်း သပ်သပ်မထားပါဘူး၊ အဲ မြန်မာပြည် အင်္ဂလိပ်အုပ်စိုးစဉ်ကတော့ မြစ်ကြီးနားနယ် ပိတောင်းဆိုတဲ့ အရပ်မှာတော့ ဘုရင်ခံအမဲလိုက်တောဆိုပြီး အထူးစီမံထားတာ ရှိခဲ့ပါတယ်''

''အခုတော့ မရှိတော့ဘူးလား''

''ဘယ်ရှိတော့မှာတုန်း၊ အင်္ဂလိပ်တွေ ပြေး၊ ဂျပန်ခေတ်ရောက်ကတည်းက မြန်မာမုဆိုး တွေ ဝင်မွှေပစ်လိုက်ကြတာ၊ ဘုရင်ခံရဲ့ သားသမင်တွေ မျိုးပြုတ်ကုန်တော့တာပေါ့''

''သော်တာဆွေကော အမဲပစ်တတ်သလား''

''သေနတ်နဲ့သာနဲ့၊ သားကောင်ကြီးတွေ ဘာတွေတော့မပစ်ဖူးပါဘူး၊ ငှလေးနဲ့ စာကလေးတို့ ပုတ်သင်ညိုတို့တော့ ဆော်ခဲ့ဘူးတာပေါ့''

ဗွန်ကိုင်ဇာသည် ဟက်ဟက်ပက်ပက် ရယ်မောလျက်။

''အား၊ သိပ်ကြီးကျယ်တဲ့ မုဆိုးကြီးပေါ့''

''သံအမတ်ကြီးကတော့ ဂျာမနီပြည်မှာ ကောင်းကောင်းကြီး အမဲလိုက်နေကျလို့ ကျွန်တော်ထင်ပါတယ်''

ဤနေရာ၌ သူ့စိတ် သည် အတိတ်သို့ ရုတ်ချည်း ပြန်ရောက်သွားဟန်တူ၏။ ရယ်မော နေရာမှ သူ့မျက်နှာထား တည်သွားပြီး''

''ဟုတ်တယ်၊ ကျုပ်တို့ မျိုးရိုးပိုင် အမဲလိုက်ဖို့ တောရှိနေတာပဲ''

ဤစကားကို သူအမှတ်မဲ့ လွှတ်ကနဲ ပြောလိုက်ခြင်းဖြင့်၊ သူကျွန်တော့်အား ဖုံးကွယ်ထား သည့်အရာ ပေါ်သွားပေပြီ။ စာဖတ်သူ သတိရမည်ပေါ့။ သူနှင့်ကျွန်တော်ခင်မင်စက သူ့နာမည် 'ကိုင်ဇာ'ဆိုတော့ ရှေးခေတ်ဂျာမနီမင်းမျိုးလားဟု ကျွန်တော်မေးစဉ်အခါ သူကမဟုတ်ပါ။ အသံထွက်တူသော်လည်း စားလုံးပေါင်း ကွဲပါတယ်ဟု ပြောခဲ့သည်။ ယခုမှ စာကားထဲက ဇာတိ ပြပြီ။ အကြောင်းမှာ၊

ကျွန်တော်သည် စာဖတ်သူတို့ သိသည့်အတိုင်း ရုရှားပြည် ဂျာမနီပြည်တို့ကို ရောက်ခဲ့ဖူး သည်။ သူတို့ပြည် မည်သော စာတစ်အုပ်ပင် ရေးထုတ်ခဲ့ပြီး သူတို့ပြည်က မြို့ကြီးများတွင် မြို့ထဲ မှာ ဇာဘုရင်တို့၏ မင်းနေပြည်တော် ဖြစ်ခဲ့သော ယခု လီနင်ဂရက် မြို့ထဲမှာ တော ၁၀၁ (တစ်ရာ့တစ်) တောတောင်ရှိနေသည်။ ဤသို့ တောတွေ အဘယ်ကြောင့် ရှိနေပါသနည်းဆို တော့၊ မင်းမျိုးမင်းနွယ် မင်းညီမင်းသားတို့ အမဲလိုက်ဖို့ ကိုယ်ပိုင်တောအဖြစ် တမင် ဖန်တီးထား ခဲ့ကြတာတဲ့၊ အတွင်းမှာ သားသမင်တွေမွေးပြီး တောစောင့်နှင့်ထားသည်။ ပဒေသရာဇ်ခေတ်က ရုရှားနှင့် ဂျာမနီသည် မြေကြော တဆက်တည်း၊ တသဘောတည်းဖြစ်လေရာ၊ ဂျာနီ ပြည်က မြို့ကြီးတွေမှာလည်း သည်လိုတောမျိုးတွေရှိသည်။ ပို့စ်ဒန်မြို့က တောတစ်ထဲ ကျွန်တော်တို့ လမ်းလျှောက်ပြီး ဖြတ်ခဲ့ဖူးသေးသည်။ စစ်စလီမင်းသား၏တောတဲ့၊ ယခုရုရှားနှင့် အရှေ့ဂျာမနီ ပြည်တို့ကား ဆိုရှယ်လစ်စနစ် တည်ဆောက်သည်ဖြစ်၍၊ ဒါတွေ အားလုံးပြည်သူပိုင်ဖြစ်ကုန်ပြီ။ အနောက်ဂျာမနီကား၊ ယင်းသို့ မဖြစ်သေး။ ဗွန်ကိုင်ဇာတွင် သူတို့မျိုးပိုင်တောနှင့် ဘာနှင့် ရှိနေ ဦးမည်။ သူ့စကားထဲက ဇာတိပြသည်။ သို့သော် ကျွန်တော်သည် သူဖုံးကွယ်ထားသောကိစ္စကို ပြန်လည်အစမဖော်သင့်ပါ။ စကားပြောင်းပစ်လိုက်သည်။

''သြော်၊ ဒါနဲ့ သံအမတ်ကြီး စကားမစပ် ဒေါက်တာ အက်ဒွင်က မကြာခဏ ဂျာမနီပြည် ပြန်ပြီးလက်ထပ်မယ်ပြောတယ်''

''ဟုတ်တယ် စီစဉ်ပြီးနေပြီ''

''သူ့အမျိုးသမီး သံအမတ်ကြီး သိပါသလား၊ ဂျာမန်မလေးပဲ နေမှာပေါ့နော်''

''မဟုတ်ဖူး သော်တာဆွေရဲ့ အမေရိကန်မိန်းကလေး''

''အို၊ ဂျာမန်နဲ့ အမေရိကန် ဘယ်လိုတွေ့ကြတာတုန်း''

''သည်မိန်းကလေးက ဂျာမနီပြည်က အမေရိကန် သံရုံးမှာအလုပ်လုပ်တယ်''

''သြော် ဟိုး၊ ဒါကြောင့်ကိုး၊ ကျွန်တော်ကလေ၊ သူလက်ထပ်ပြီး ပြန်လာယင် ကျွန်တော့် အိမ်မှာ မင်္ဂလာဦး ထမင်းလာစားပါလို့ ဖိတ်ထားတယ်''

''ဟုတ်တယ်၊ အက်ဒွင်က ကျုပ်တို့ပြောပြီးပါပြီ အက်ဒွင်နဲ့ သော်တာဆွေတို့ လင်မယားဟာ တော်တော် ခင်မင်ကြတယ် ဘယ်လိုကစပြီး သိကြတာလဲ''

အမှန်စင်စစ် ဒေါက်တာ အက်ဒွင်သည် သူနှင့် ကျွန်တော်စတင်သိကြပုံကို သူ့အထက် လူကြီးထံ (ကျွန်တော် ဘယ်လိုလူစားကိုတာသိရန် တာဝန်ဝတ္တရားအရ) အစီရင်ခံပြီး ဖြစ်ရမည်။ သို့သော် ကျွန်တော့်ထံက ထပ်မံသိချင်သေးဟန် တူ၏။ အမှန်အတိုင်းပဲ ကျွန်တော်ပြောပြလိုက် ပါ၏။

## အထုပ်ထဲက ဇာတိပြ

တစ်နေ့သော ညနေခင်း ကျွန်တော် ဗွန်ကိုင်ဇာအိမ် ရောက်သွားသောအခါ ဥယျာဉ်ထဲ၌ မြင်းနှစ်ကောင်နှင့် ကယုကယင်နေသော သံအမတ်ကြီးမျက်နှာမှာ တယ်ပြီး မရွှင်ပျလှချေ။ အကြောင်းမှာ သူ့မြင်းနှစ်ကောင်အနက် တစ်ကောင်က အစာမစားနိုင်ဖြစ်နေသည်။ ဗွန်ကိုင်ဇာ သည် ခါတိုင်းကဲ့သို့ သူ့မြင်းများကို သကြားခဲလေးတွေကျွေးနေရာ၊ တစ်ကောင်သာစားပြီး ကျန် တစ်ကောင်က ပြန်ပြန် ထွေးထုတ်ပြနေ၏၊ ကျွန်တော်က ထိုမြင်းပါးချပ်ဆွဲယူလာ နားရွက်များကို လက်နှင့်ကိုင်ကြည့်လိုက်ပြီး၊

''သူ့မှာ အဖျားရှိနေတယ်''

အကြောင်းမှာ နားရွက်တွေ ပူနေ၏။ ဗွန်ကိုင်ဇာသည် ကျွန်တော့်ကို အံ့သြသလို ကြည့်လျက်၊

''အို၊ သော်တာဆွေ မြင်းကိုနားလည်တယ်''

ကျွန်တော်က ဘာမျှပြန်မပြောပဲ၊ မြင်း၏လျှာကို ဆွဲထုတ်ပြီး၊ အာခေါင်ကိုနိုက်ကြည့်လိုက် သည်။ သည်မြင်းဘာကြောင့် အစာမစားနိုင်သည်နည်း၊ ကျွန်တော်သိပြီ။

''သံအမတ်ကြီး၊ သည်မြင်းကို ဘာလုပ်မယ် စိတ်ကူးသည်လဲ''

''ဆေးကျွေးရမှာပေါ့''

''ဟုတ်တယ်၊ အဖျားကတော့ ဆေးကျွေးမှ ပျောက်မှာပေါ့၊ သို့သော် အစာအမြန်စားနိုင်အောင်တော့ တစ်မျိုးလုပ်ရလိမ့်မယ်''

''သော်တာဆွေ လုပ်နိုင်ပါမည်လား''

''လုပ်နိုင်မယ် ထင်ပါတယ်''

''ဒါဖြင့် ကျေးဇူးပြုပါ''

ကျွန်တော်လိုချင်သော ပစ္စည်းကိရိယာတွေ တောင်းရသည်။ နူတ်လိမ်၊ လက်ကောက်ဝတ်လောက်ကြီး၍ တစ်တောင်လောက်ရှည်သော တုတ် တို တစ်ချောင်း၊ မောင်းချခါးတစ်လက်၊ ကြိုးအချို့ သူ့မြင်းထိန်းက အကုန်ရှာပေးသည်။

နူတ်လိမ်ဆိုသည်မှာ မြင်းမွေးသော အိမ်တိုင်းတွင် ရှိရသည်။ လက်မောင်းလောက်အလုံး၊ တောင်ဆုပ်လောက်ရှည်သော တုတ်ထိပ်ဖျားတွင် အပေါက်ဖောက်လျက်၊ ညှိထွာနှစ်ဘက်ကွင်းလောက်ရှိသော ခိုင်ခန့်မာကျစ်သော ကြိုးခွေတပ်ထားသည်၊ ဤကြိုးခွေနှင့် မြင်း၏နှာရွက်၊ သို့မဟုတ် နူတ်သီးဖျားကိုစွပ်ပြီး တင်းကျပ်အောင် လှည့်ပိတ် ထားလိုက်သောအခါ မြင်းတစ်ကောင်လုံး မလှုပ်နိုင်တော့ပြီ။

ဤအတိုင်း ဗွန်ကိုင်ဇာ၏မြင်းကြီးကို ကျွန်တော် နူတ်လိမ်ထားလိုက်ပြီးနောက်၊ လျှာကိုဆွဲပါးစပ်ကိုဖြဲ၊ အာခေါင်ထဲကို လက်ကောက်ဝတ်လောက်ရှိသော တုတ်တိုကို ကန့်လန့်ထိုး၊ ဇက်ပိုးနှင့်ကြိုးသိုင်းချည်၊ မြင်းပါးစပ် အာပြဲကြီးဖြစ်နေသောအခါ စပါးလုံးတစ်ထောက်လောက်သော အသွားချွန်းထွက်နေအောင် ဂုန်နီကြိုးနှင့် ရစ်ပတ်ထားသော မောင်းချခါးဦးနှင့် မြင်း၏အပေါ် သွားဖုံးကို ဆတ်ကနဲ ဆတ်ကနဲ ထိုးဖောက်။ သွေးပေါက်ပေါက်၊ ပေါက်ပေါက်ကျလာ။ သွေးကောင်းများမဟုတ်။ သွေးပုပ် ညိုညစ်ညစ်များ။ သည်အချိန်မှာ မြင်းကနာလွန်းလို့ရုန်းကန် သည်။ မြင်းထိန်းကို ရှေ့ခြေတစ်ဘက်မြှောက်ထားစေသည်။ ဗွန်ကိုင်ဇာက နူတ်လိမ်ကို ကိုင်ထား သည်။

''ချုပ်ထား၊ ချုပ်ထား၊ မသနားနဲ့ သံအမတ်ကြီး''

''သိတယ်၊ လုပ်သာလုပ် သော်တာဆွေ''

ကျွန်တော်သည် ဆယ့်လေးငါးချက်ထိုးဖောက်ပြီး လက်နှင့်ဖိညှစ်ပေးလိုက်သောအခါ မြင်းပါးစပ်တစ်ခုလုံးလည်းသွေးများရွှဲသွားပြီဖြစ်၍ တော်လိုက်တာ အသင့် အနီးတွင်ယူထားသော ဆားနှင့် မြင်းအာခေါင်ကို ပွတ်လိုက်ပြီးမှ မြင်းအား အနှောင်အဖွဲ့မှ လွှတ်လိုက်သည်။ မြင်းသည အမွေးအလေ့းများခါ၊ နှာတဖွီးဖွီးမှုတ်၊ ခဏကြာသောအခါ၌ ခွာတရှပ်ရှပ်လုပ်လာသည်။ ဒါဟာ အစာတောင်းခြင်းပဲ။ ဗွန်ကိုင်ဇာလည်းသိ၏။ သူ့လက်ဝါးထဲ သကြားခဲတစ်ခုထည့်ပြီး ဖြန့်ပြလိုက်သောအခါ မြင်းသည် အငမ်းမရ လာစား၏။

ဗွန်ကိုင်ဇာသည် ဝမ်းသာအားရ၊

''ဟာ၊ သော်တာဆွေရေ၊ ထွေးမထုတ်တော့ဘူး၊ ဝါးစားနိုင်ပြီကွ''

သည်အချိန်မှာ ကျွန်တော်က လက်များဆေးကြောသုတ်သင်ပြီး၍ ဝီစကီခွက်ကိုင်ကာ အမြိုင့်သားပေ့ါ။ စင်စစ်သူ့မြင်းအစာမစားခဲ့သည်မှာ သွားနှင့်ညီတူလောက်အောင် သွေးပုပ်တွေ နှင့် သွားဖုံးကြီး ရောင်းဖောင်းနေ၍ဖြစ်၏။ ယခု ဤသွေးပုပ်များကို ဖောက်ထုတ်ပစ်လိုက်ပြီ။ သွားဖုံးအရောင် လျော့သွားပြီဆိုသောအခါ၌ ဆာနေသောမြင်းသည် အားရပါးရစားတော့မည် ပေ့ါ။

မြင်းထိန်းအား သူ့အစာခွက်ကိုယူစေကာ ကျွန်တော်တို့ရှေ့မှာပင် မြင်းကိုအစာကျွေး၏။ သူ့မြင်းစားပုံကြည့်ပြီး ဗွန်ကိုင်ဇာသည် လွန်စွာ နှစ်ထောင်းအားရရှိလျက်၊

''သော်တာဆွေ မြင်းတွေတော်တော်များ မွေးမြူခဲ့ဖူးတယ် ထင်ပါရဲ့''

''ဟုတ်ပါတယ်၊ ကျွန်တော် ငါးနှစ်လောက် မြင်းတွေနဲ့အလုပ်လုပ်ခဲ့ဖူးပါတယ်၊ သို့သော် သံအမတ်ကြီးလို ကိုယ်ပိုင်တောထဲမှာ အမဲလိုက်ရတာတော့ မဟုတ်ပါဘူး၊ ဂျပန်ခေတ် တလျှောက်လုံး (ကက်စ်ဘီခေတ်တောင် အစွန်းပါလိုက်သေးတယ်) မြင်းလှည်းမောင်းခြင်းနဲ့ အသက်မွေးမြူ ခဲ့ရ ပါတယ်''

သံအမတ်ကြီး မျက်ခုံးနှစ်ခုသည် က ကြီးကဲ့သို့ ကွေးမြင့်သွားပြီး အားဟု သက်ပြင်းထုတ် လိုက်ပါသည်။

## ဇာတိမှန်

လူတို့သည် တစ်ဦးနှင့်တစ်ဦး အထူးခင်မင်ရင်းနှီးလာကြသောအခါ၊ တစ်ယောက် တစ်ယောက် မိမိဘဝကို ဟုတ်တိုင်းမှန်ရာ ထုတ်ဖော်ပြောဆိုတတ်ကြသည်။ ကျွန်တော်သည် ဗွန်ကိုင်ဇာ၏ အစာမစားနိုင်သောမြင်းကို တခဏအတွင်း အစာစားအောင် လုပ်ပေးလိုက်ခြင်း ဖြင့် ကျွန်တော် မြင်း၌ကျွမ်းကျင်သည့်အဖြစ် ပေါ်ပေါက်သွားသောအခါ၊ အံ့သြချီးမွမ်းနေသော ဗွန်ကိုင်ဇာအား ဘာမျှ အပိုဆာဒါတွေ ကြွားဝါမနေတော့ပဲ၊ ကျွန်တော့် ဘဝ လာခဲ့ရာကို ဟုတ်တိုင်းမှန်ရာ ပြောပြလိုက်ပါတော့သည်။

ကျွန်တော်သည် မြန်မာပြည် အင်္ဂလိပ်ကျွန်ခေတ်က ကျေးတောရွာမှ လယ်သမား တစ်ဦး၏ သားကလေးဖြစ်ခဲ့၍၊ လူပျိုပေါက်၌ ရန်ကုန်မြို့မှာ ကျောင်းလာနေစဉ်၊ ပညာပြည့်စုံစွာ မသင်ရမီ၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၊ ဂျပန်ခေတ်ရောက်၊ ရန်ကုန်မြို့မှာပဲ အိမ်ထောင်ကျ၊ ယောက္ခမကြီး

၏စီမံချက်ဖြင့်မြင်းလှည်းမောင်း၍ အသက်မွေးခဲ့ရသည်။ စစ်ကြီးပြီး ကက်စ်ဘီ ခေတ် ရောက်။ ၁၉၄၆ ခု နှစ်ဦးပိုင်းလောက်မှာ ခေတ်မကောင်းတော့ပြီဖြစ်သော မြင်းလှည်းအလုပ်ကိုဖြုတ်၊ မွေးရပ်ဌာနေပြန်၊ ဖခင်၏စီမံပေးချက်ဖြင့် ဆန်ကုန်သည်ဖြစ်၊ ရောင်းဝယ်မှု၌ ဝါသနာမပါ၍ မအောင်မြင်၊ ကုန်ရှုံကြွေးတင်ဖြစ်ပြီး ကြွေးမှုနှင့် ပြေးနေရာမှ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လမှစတင်၍ စာရေးဆရာ ဖြစ်လာခဲ့သည်။

ယခု ကျွန်တော့်ဇနီး မေမှာ ပထမ အိမ်ထောင် မဟုတ်။ ကျွန်တော် စာရေးဆရာဖြစ်မှ စာပေကိုမြတ်နိုး၍ ညားခဲ့သော ဇနီးဖြစ်ကြောင်း ပြောပြသောအခါ၊ ဗွန်ကိုင်ဇာသည် ရယ်မော လျက် အိမ်ထောင်ရေး၌ သူနှင့်တူကြောင်း၊ ယခု သူနှင့်သံအမတ်ကတော်အဖြစ်ပါလာသော ဇနီးမှာ ဒုတိယ အိမ်ထောင်ဖြစ်သည်။ သူ့တွင် သားယောကျ်ားမထွန်းကား၊ ပထမအိမ်ထောင်နှင့် သမီးတစ်ယောက် သာ မွေးဖွားပြီး၊ ယခုထိုသမီးသည် ဘွန်းမြို့မှ အိမ်ထောင်ကျလျက်၊ ငွေပန်းတိမ် သည် ဖြစ်နေသည်။ (သူ့သမီးဓာတ်ပုံကိုပြပါသည်။) ယခု အိမ်ထောင်နှင့်လည်း၊ သမီးကလေး နှစ်ယောက်ပဲ မွေးပါသည်။ မောလီ၊ ဟစ်လီ မည်သော အပျိုပေါက်ကလေးနှစ်ယောက်၊ လှက လှသနဲ့၊ ၁၉၆၈–ခုနှစ်တွင် မြန်မာပြည်သို့ သူတို့ကျောင်းပိတ်စဉ်ခေတ္တရောက်လာ၍၊ ကျွန်တော် တို့နှင့် တွေ့ဆုံဖူးလိုက်ပါသည်။

ဤသို့ တစ်ယောက် အကြောင်း တစ်ယောက် ရင်းနှီးစွာပြောကြသောအခါ၌၊ ဗွန်ကိုင်ဇာ သည်ကျွန်တော်တို့ တွေးထင်ခဲ့ကြသည့်အတိုင်း ဂျာမနီပြည် ကေရာဇ်ခေတ်က ဆွေကြီးမျိုးကြီး ထဲမှဖြစ်ကြောင်း ဝန်ခံပါသည်။ သို့သော် သူသည် သည်မှာဘက်ခေတ်တွင် ကုန်သည်ဖြစ်ခဲ့ သည်။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ကာနီး၌၊ သူအိန္ဒိယပြည်မှာ ရောက်နေခိုက် ဖြစ်၍၊ အင်္ဂလိပ် ဂျာမန် စစ်ကြေငြာလိုက်သောအခါ၊ စစ်သုံ့ပန်းအဖြစ် ဖမ်းထားခြင်းခံရသည်။

ထို့ကြောင့် တစ်ကြိမ်သောအခါ၊ ကျွန်တော့်အိမ် နေ့လယ်စာ စားပွဲတွင် ဒုတိယ ကမ္ဘာ စစ်ကြီးအကြောင်း စကားစပ်မိ၍ ပြောကြရာ၌၊ ဗွန်ကိုင်ဇာက ကျွန်တော့် ဇနီးအား၊

''မေရေ၊ ဂျာမနီ နာဇီတွေကို မုန်းတယ်ဆိုယင်ဖြင့် ကျုပ်ကိုတော့ နာဇီထဲမထည့်လိုက်ပါနဲ့ နော်၊ ကျုပ်ဟာ ဂျာမနီပေမယ့် ဒုတိယကမ္ဘာစစ်ကြီးထဲမှာ ဘာမှ မပါလိုက်ရပါဘူးဗျာ၊ စစ်ကြီးပြီး သည်အထိ၊ အိန္ဒိယပြည်ထဲမှာပဲ သုံ့ပန်းအဖြစ်နဲ့ နေခဲ့ရပါတယ်''

''အဲသည်တုန်းက သံအမတ်ကြီးအသက် ဘယ်လောက်ရှိမလဲ'' ကျွန်တော်က ဖြတ်မေး လိုက်ပါသည်၊ သူခေတ္တ စဉ်းစားလိုက်ပြီး၊

''လေးဆယ်လောက်၊ အဲ၊ လေးဆယ် မပြည့်တတ်သေးဘူး''

''ဟာ၊ အရွယ်ကောင်းပဲဗျ၊ အဲသည်တော့ ကိုယ့်အမျိုးနဲ့တိုင်းပြည်အတွက် စစ်တိုက်ချင် စိတ်ပေါ်ပြီး၊ သုံ့ပန်းအဖြစ်ကထွက်ပြေးဖို့ မကြိုးစားခဲ့ဘူးလား''

သူသည် ကျွန်တော့်အား လူကဲခတ်သလိုကြည့်ပြီး၊ အားရပါးရ ရယ်မောလိုက်ကာ၊

''သော်တာဆွေ မင်းဘယ်လိုထင်မိလို့ သည်လိုမေးတာလဲ''

''ကျွန်တော်ကတော့ လွတ်မြောက်ဖို့ ကြိုးစားလိမ့်မယ် ထင်တာပဲ''

သူ့မျက်နှာ တည်သွားကာ ''မင်း မှန်တယ်'' ဟု ပြောပြီးနောက်၊ တဖန် ရယ်မောလိုက်ပြန်ကာ ''ဒါပေမယ့် မလွတ်မြောက်ခဲ့ပါဘူး၊ နို့ပေတဲ့ အင်္ဂလိပ်လူမျိုးတွေကို ကျုပ်သိပ်ပြီးတော့ ချီးကျူးမိပါတယ်၊ ကျုပ်တို့ သုံ့ပန်းစခန်းက လစ်လာခဲ့လို့ ၃ ရက်မြောက်မှာ ပြန်ဖမ်းမိပါတယ်၊ သည်တော့ ဘာပြောသလဲသိလား၊ လူကြီးမင်းတို့ စထွက်ကတည်းက ကျုပ်တို့သိပါတယ်။ သို့သော်၊ အကျဉ်းစခန်းမှာ ကြာလှပြီဖြစ်တဲ့ လူကြီးမင်းတို့အညောင်းပြေ လမ်းလျှောက်ပါစေဆို ပြီး ခွင့်ပြုလိုက်ပါတယ်၊ အခုတော့ မူရင်းစခန်းကို ပြန်ခေါ်ခဲ့ဖို့ အထက်က အမိန့်ချလိုက်ပါတယ် ဆိုပြီး ကောင်းကောင်းမွန်မွန် ကားနဲ့ပြန်ခေါ်သွားကြသဗျ၊ ကျုပ်ဖြင့် အင်္ဂလိပ်လူမျိုးတွေ ယဉ်ကျေးမှုကို ချီးကျူးမဆုံးပါပဲဗျာ'' ဟု ပြောပြပါသည်။

ယင်း၌ ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမနီနာဇီတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ဖတ်ဖူးကြားဖူးရှိခဲ့ပေရာ၊ အဆုံးသတ်တွင် ရက်စက်ခြင်းနှင့် ယဉ်ကျေးခြင်း သည် မည်မျှလောက် အဆင့်အတန်းချင်း ကွာခြားလှကြောင်း ဆင်ခြင်တုံတရား ရအပ်ပါသည်။

စင်စစ်အားဖြင့် ဂျာမနီတို့သည် နာဇီတည်းဟူသော ဝါဒဆိုးကြီး လွှမ်းမိုးခဲ့သော ကြောင့်ပါ။ မူရင်းအားဖြင့် ယဉ်ကျေးကြသူများဖြစ်ပါသည်။

## ဗွန်ကိုင်ဇာ၏စိတ်စေတနာ

သည်အကြောင်းကို ယမန်နေ့ကပင် အစ်မကြီး ခင်မျိုးချစ်နှင့်ကျွန်တော်စကားစပ်ကြသေးသည်။

တစ်နေ့သောညနေခင်း၌ ဗွန်ကိုင်ဇာ၏အိမ်သို့ ကျွန်တော်ရောက်သွားပြီး၊ ဥယျာဉ်ထဲမှာ လူ၏ အယုအယခံချင်သော သူ့မြင်းနှစ်ကောင်ကို ပွတ်ကာသပ်ကာဖြင့် ကျွန်တော်တို့ အရက်သောက်နေကြစဉ် ဗွန်ကိုင်ဇာက၊

''ဟေး သော်တာဆွေ၊ ဒေါ်ခင်မျိုးချစ်မှာ စိတ်မချမ်းသာစရာ တစ်ခုခုများ ဖြစ်နေသလား'' ဟု မေးလိုက်သဖြင့် ရုတ်တရက် ကျွန်တော်က နားဝေတိမ်တောင် ဖြစ်သွားကာ၊

''ဟင်၊ သံအမတ်ကြီး ဘာကြောင့် သည်လိုမေးတာလဲ''

''မနက်က ငါသူ့ဆီဖုန်းဆက်တယ်ကွ၊ သူတို့မှာမြေးကလေးနှစ်ယောက် အမြွာပူး မွေးကြောင်း သတင်းစာထဲ တွေ့ရလို့၊ ငါက ဝမ်းသာကြောင်းပြောတော့ သူပြန်ပြောတဲ့ အသံမှာ လှိုက်လှိုက်လှဲလှဲ မရှိလှဘူး၊ တစ်ခုခုစိတ်အနှောက်အယှက် ဖြစ်နေတယ်လို့ ငါထင်တယ်''

ယင်းမှ ကျွန်တော် စဉ်းစားမိပါပြီ။ ဒေါ်ခင်မျိုးချစ်တို့၏ တစ်ဦးတည်းသောသား မောင်ခင်မောင်ဝင်းက မိမိမည်သောမိန်းကလေးနှင့် အိမ်ထောင်ကျ၍ ပထမဦးဆုံးမွေးဖွားလိုက်သည်က အမြွှာပူးခင်ဗျ။ ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်၊ မောင်နှစ်မစုံတွဲ။ အဲသည်မှာ ဒေါ်ခင်မျိုးချစ်တို့ ခွက်ခွက်ရှုံးတော့တာပေါ့၊ သူများတွေ တစ်ယောက်တည်း မွေးတာတောင်၊ ဟိုဒင်း သည်ဒင်းကြောင့် အခက်အခဲတွေကြုံရတာ၊ သူတို့မှာ နှစ်ယောက်ပူး၊ သားဦးကလည်းဖြစ်ပြန်တော့ မအေက နို့ကောင်းကောင်းမရ၊ သည်တော့ နို့ဗူးနဲ့ နို့သီးခေါင်း နို့မှုန့်ကအခက်ကြုံလေပြီ။ အဲသည်အချိန်မှာ ၁၉၆၈–ခုနှစ်၊ ဝယ်ချင်တိုင်းက မရရှု၊ လျှောက်လွှာတင်ရ၊ တန်းစီရ။ သည်အကြောင်းတွေ ဗွန်ကိုင်ဇာအား ပြောပြ၍၊

''ဒေါ်ခင်မျိုးချစ်စိတ်မကောင်းစရာတော့ အဲသည်ကိစ္စပဲဖြစ်လိမ့်မယ်''ဟု ကျွန်တော်က ပြောလိုက်မိသည်။ တယ်မကြာလှပါ။ သုံးလေးရက်အတွင်းမှာ ဒေါ်ခင်မျိုးချစ်အိမ်သို့ နို့ဗူးတွေ၊ နို့သီးခေါင်းတွေ၊ နို့မှုန့်ဗူးတွေ ဒါဇင်လိုက် ဒါဇင်လိုက် ရောက်ပေတော့သည်။ ဗွန်ကိုင်ဇာက ယိုးဒယားမှ လေယာဉ်နှင့် မှာယူ၍ ပို့ပေးခြင်းဖြစ်ပါ၏။

''ဘယ်လောက် သေချာတဲ့ လူကြီးလဲ၊ မင်းကြည့်စမ်း''

ထိုနေ့က စကားစပ်မိ၍ ဒေါ်ခင်မျိုးချစ်က ပြောပြပါသည်။ ''ငါ့ကို ကလေးတွေ ဘာနို့ဗူးမျိုးကို တိုက်နေပါသလဲက စမေးတယ်ကွ၊ ငါက **SMA** လို့ ပြောလိုက်တယ်။ ဟုတ်တယ်၊ ကလေးဆိုတာ နို့ဗူးတစ်မျိုးဆို တစ်မျိုးပဲတိုက်မှ ကောင်းတာ သူသိတယ်၊ နို့ပြီး အဲသည်နို့ဗူးကိစ္စအတွက် အခက်အခဲတွေ့နေတယ်လို့ သော်တာဆွေက ပြောတယ် ဟုတ်သလားလို့မေးသကွ၊ သည်တော့ ငါက ရက်ပါဘူး၊ မှန်ပါတယ်လို့ပြောလိုက်တာပေါ့။ အဲသည်မှာတင် ယိုးဒယားမှာရှိတဲ့ သူတို့ သံရုံးက တစ်ဆင့် မှာတော့တာပဲဟေ့''

ကျွန်တော်တို့ ဤသို့ပြောနေကြစဉ်၊ ယခု ၁၂ နှစ်အရွယ်ရှိကြပြီဖြစ်သော သူ့မြေးထီးမြေးမတစုံတည်း ကျွန်တော်တို့အနီးမှာ ရှိနေကြ၍၊ အမေကြီးက သူတို့ကလေးတွေကြည့်ပြီး၊

''ဟောသည်ငါ့မြေးကလေးနှစ်ကောင်တော့ ဗွန်ကိုင်ဇာကျေးဇူးနဲ့ လူဖြစ်လာတာ လို့တောင် ငါပြောလိုက်ချင်သကွာ''

သည်တော့ ကျွန်တော်ကသူတို့အဖေ ခင်မောင်ဝင်းငယ်ငယ်တုန်းကပင် အရုပ်မြင့်မြင့်သွယ်သွယ်လေးတွေ ဖြစ်နေကြသော ကလေးများကို ကြည့်၍၊

''အစ်မကြီး မြေးတွေ နာမည်က ဘယ်လို ခေါ်သတုန်း''

''ခင်မောင်ဝင်း၊ မိမိဝင်းကွ''

''ဒါဖြင့် မောင်မောင်ဝင်းကိုင်ဇာ၊ မိမိဝင်းကိုင်ဇာလို့ မှည့်ပါတော့လားဗျ''

''အေး၊ အနောက်တိုင်းသားဝလေ့ ဆိုယင် သည်လိုမှည့်ကြမှာပဲကွ''ဟု အားရပါးရ ပြောလိုက်ပြီးနောက်၊ သူ တစ်စုံတစ်ခုကို သတိရလာဟန်နှင့် ''ဟေ့ ငဆွေ၊ မင်းရေးတာမှာ

ဗွန်ကိုင်ဇာနဲ့ ငါတို့ ခင်မင်တာဟာ သံရုံးနဲ့ သတင်းစာ အယ်ဒီတာတွေမို့လို့ အဓိပ္ပာယ် သက်ရောက်နေတယ်ကွ၊ ဒါမဟုတ်ဖူး၊ ငါတို့သတင်းစာ အယ်ဒီတာလုပ်ကြတုန်းက၊ ရန်ကုန်မှာ ရှိတဲ့ နိုင်ငံတကာ သံရုံးတွေက ဖိတ်စာပေါင်းစုံ၊ တို့စားပွဲပေါ်မှာ ပုံနေတာပေါ့ကွ၊ ဒါပေမယ့် ဘယ်သံရုံးက ဖိတ်တာကိုမှ ငါတို့မသွားခဲ့ဘူး၊ ဗွန်ကိုင်ဇာဆီကိုမှ မင်းအိမ် ထမင်းစားပွဲမှာ သူနဲ့ တွေ့ပြီး လူချင်းပုဂ္ဂိုလ်ရေးရာ ခင်မင်လို့သူဖိတ်တာကို သွားတာကွ၊ နို့ပြီးတော့ ဗွန်ကိုင်ဇာ ဘယ်ကလဲကြည့်အုံး၊ သူဟာ ငါတို့ကို သတင်းစာအယ်ဒီတာရယ်လို့ အလေးထားတာမဟုတ်ဖူး၊ ဘာကြောင့်လဲဆို၊ တို့ အယ်ဒီတာအလုပ်က ထွက်ပြီးကြမှ ငါ့မြေးတွေ မွေးတာကွ''

ဟုတ်ပါသည်။ အနောက်ဂျာမနီနိုင်ငံသံအမတ်ကြီးဗွန်ကိုင်ဇာသည် ကျွန်တော်တို့အား သူ၏လုပ်ငန်းရေးရာနှင့် ဘာမျှမဆိုင်၊ လူပုဂ္ဂိုလ်ချင်းသာ ခင်မင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် ကျွန်တော်တို့လင်မယားကို ချစ်ခင်လှပါသည်။ **Chrismas Card** နှင့် နှစ်သစ်လက်ဆောင် ပေးရာ၌၊ သူတို့ကိုယ်ကို **Your Step Parents, Par and Mar** ဟု ရေးလေ့ရှိပါသည်။

## ဗွန်ကိုင်ဇာနှင့် ကျွန်တော့်စာ

ဗွန်ကိုင်ဇာအား ကျွန်တော့်ကို ဟာသနှင့်ဘဝအရုပ်ဖော် စာရေးဆရာအဖြစ်နှင့် သိစေပါသည်။ ဦးခင်မောင်လတ်နှင့် ဦးခင်ဇော် **'K'** တို့က ကျွန်တော် စာပေအရေးအသားနှင့် ကျွန်တော့်ဝတ္ထုများအကြောင်းကို ဗွန်ကိုင်ဇာအား ပြောပြလေ့ရှိပါသည်။ ထို့ပြင် ဦးခင်မောင်လတ်တို့ အင်္ဂလိပ် လုပ်သားသတင်းစာကိုင်စဉ်က၊ တနင်္ဂနွေအထူးထုတ်များတွင်၊ သင့်လျော်သော မြန်မာဝတ္ထုတိုများကို အင်္ဂလိပ်လိုပြန်ဆို၍ ထည့်ရာ၌၊ ကျွန်တော့် ဝတ္ထုများ တော်တော်ပါသဖြင့် ဗွန်ကိုင်ဇာ ဖတ်ရပါသည်။ ထိုဘာသာပြန်ဝတ္ထုများအနက်၊ ကျွန်တော်၏ 'ကောလိပ်စိန်'ဝတ္ထုကို သူတော်တော် သဘောကျပါသည်။ ဤ ဝတ္ထုအကျဉ်းချုပ်မှာ၊

## ကောလိပ်စိန်

ဂျပန်ခေတ်၊ ကျွန်တော်မြင်းလှည်းမောင်းနေစဉ် ကာလ၌၊ ကျွန်တော်တို့ စမ်းချောင်း ရပ်ကွက်တွင် ခေါက်ဆွဲဆိုင် လာဖွင့်သော တရုတ်မကို အဘယ်ကြောင့်မသိ၊ ကျွန်တော်တို့ မြန်မာများကခေါ်ကြသော နာမည်ဖြစ်ပါသည်။ သူသည် အမျိုးသမီးပင် ဖြစ်သော်လည်း၊ တပည့် တရုတ်ဘိန်းစားကြီး နှစ်ယောက်နှင့် အရက်ပါရောင်းသော စားသောက်ဆိုင်ကြီးကို ဦးစီးနိုင်ပါ သည်၊

ထိုအချိန်၌ သူ့အသက်သည် ၃၀ ခန့် ရုပ်ရည်ဖြောင့်စင်း တောင့်တင်း၍ ရာဂကြွယ် လျက်၊ ထိုစဉ်က ခေတ်စားသော 'စိန်ကြည်နော် စိန်ကြည် လင်ယူပက်စက်သည်' ဟူ သော သီချင်းနှင့် ဂုဏ်ပြုခံရသူဖြစ်သည်။ သူသည် သူ့ထက်ငယ်သော မြန်မာယောကျ်ားလေးများ ကို ယူတတ်သည်။ တစ်ခါသော် လင်တစ်ယောက်ရှိလျက်၊ နောက်တစ်ယောက် ယူမိသဖြင့် ထိုလင် နှစ်ယောက် ဓားခုတ်ပွဲဖြစ်ပြီး၊ နှစ်ယောက်စလုံး ထောင်တစ်နှစ်စီကျသွားကြ၏။ ထိုအခါ လင်မရှိ မနေတတ်သော ကောလိပ်စိန်သည်၊ နောက်ထပ် ယောကျ်ားလေး တစ်ယောက်ကို ယူလိုက်ပြန် လေသည်။ ထိုကြောင့် ပထမ လင်နှင့်ဒုတိယလင် ထောင်မှလွတ်လာကြသောအခါ၊ ပြဿနာ ပေါ်လေသည်။ လင်သုံးယောက် ဤမယားကို မည်သူ ရထိုက်သနည်း။ ဘယ်သူကမျှ အလျှော့ မပေးကြ။

သို့သော် ကောလိပ်စိန်ကမမှုပါ။ ဤပြဿနာကို အရပ်ထဲမှာ ဩဇာတိက္ကမရှိသော ကာလသား ခေါင်းကြီး လက်ထဲအပ်၍ဆုံးဖြတ်စေသည်။ ယင်းကာလသားခေါင်းကြီးသည် ဖဲဉာဏ်သမားကြီးဖြစ်လေရာ၊ ကောလိပ်စိန်၏လင်ကလေး သုံးယောက်အား မျက်နှာစုံညီခေါ်၍ ''မင်းတို့ဟာ တိုက်ကြက်ဖ သုံးကောင်လို သုံးယောက်ပြိုင် သတ်ကြ ပုတ်ကြအုံးမယ် ဆိုယင်၊ သုံးယောက်စလုံး ထောင်ထဲရောက်ပြီး၊ ကောလိပ်စိန်ကတော့ စတုတ္ထလင်ရဖို့ပဲရှိတယ်၊ သည်တော့ ဘာမှ အကျယ်အကျယ်မငြိမ်းဖွယ်တွေ လုပ်မနေကြနဲ့တော့၊ မင်းတို့လဲ ဖဲသမားတွေ ပဲကွာ၊ ဖဲနဲ့ဆုံးဖြတ်ကြတာပေါ့'' ဆိုပြီး သုံးယောက် ထိုင်ခိုင်း၊ သူက ကုလာဖန်ထိုး၊ ကောလိပ်စိန် ရဲ့လက်ရှိ လင်အငယ်ဆုံးလေးကို ကောလိပ်စိန်ရှေ့မှာ သူ သင်ကြားထားခဲ့သည့်အတိုင်း သူပေး ထားသော ဖဲထုပ် 'နှပ်ကြောင်း' ကို ချိုးစေပြီး၊ သုံးအိမ်ဝေ၏။

သူနှင့်ပင်းပြီး သူ့အတွက် လုပ်ပေးသည်ဟု ထင်နေသော လင်အငယ်ဆုံးလေးက ဖဲသုံးချပ်ကို ရဲရင့်စွာ ဖြဲချလိုက်သောအခါ၊ တွဲ. . . ကျ၏။ လင်အကြီးဆုံးက နှစ်ချပ်၊ ကိုးဆင်ကို 'ဆယ်ကုလား ဘယ်သွားမလဲ'ဟု ရိုက်ချလိုက်ရာ၊ ငါးဝင်၍၊ လေးကျသွား၏။ လင်အလတ်က 'ချွန်ဘေးသုံး၊ အားလုံးလွတ်ဟ' ဆိုပြီး ပွတ်ဆွဲလိုက်တော့ နှစ်နှင့် ခြောက်၊ လတ်။

ဇာတ်လမ်းအဆုံးသတ်မှာ ကောလိပ်စိန်က ကာလသားခေါင်းကြီးအား ငွေ ၅၀ဝိ ပေးလိုက်ကြောင်းဖော်သည်။ စင်စစ် ကောလိပ်စိန်သည် လင်သုံးယောက်အနက် သူအစွဲမက်ဆုံး အလတ်လင်ကို ရွေးချယ်ယူလိုက်ခြင်းပင်။

ပွန်ကိုင်ဇာသည် ဤဝတ္ထုကို အလွန် သဘောကျလျက်၊ အကြောင်းအရာမျိုးနှင့် ဇာတ်လမ်းဆင်ပုံ၊ ဇာတ်ကွက်လှည့်ပုံမှ၊ ပြင်သစ် စာရေးဆရာကြီး မောပတ်ဆင့်နှင့် တူသည်ဟု ချီးမွမ်းသမှု ပြုပါသည်။

ထို့ပြင် သံရုံးတို့မည်သည်မှာ မြန်မာ သတင်းစာများ၌ ပါသည့် အရေးကြီးသော သတင်းများ၊ လူကြိုက်များသော ဆောင်းပါးများကို သူတို့သံရုံးရှိ မြန်မာအမှုထမ်းများက

ဘာသာပြန်ပေးရသည်ဖြစ်ရာ၊ ထိုစဉ်အခါက ကြေးမုံသတင်းစာတွင် ကျွန်တော် ရေးခဲ့သော ဆောင်းပါးများကိုလည်း သူဖတ်ရပါသည်။

တစ်နေ့သော် ကိုဖေသိန်းအိမ်မှ ကျွန်တော့်ဆီဖုန်းခေါ်သည်ဆို၍ သွားပြီး နားထောင်ရာ၊ ဗွန်ကိုင်ဇာအိမ်မှ စားပွဲထိုး ကုလားကလေး၊

''ဆရာ့ကို သံအမတ်ကြီးက ခေါ်ခိုင်းလို့ပါ''

''အေး''

ထိုနောက် ဗွန်ကိုင်ဇာအသံ။

''ဟဲလို၊ သော်တာဆွေ''

''ဟဲ့လို၊ ယူဝါအိတ်ကဆယ်လဲင်စ်''(သံအမတ်ကို ခေါ်ရခြင်းဖြစ်ပါသည်။)

ထိုအခါ၊ သူသည် ဘာမျှမပြောသေးပဲ၊ တစ်ဟားဟား ရယ်မောနေတော့သည်။ ဗွန်ကိုင်ဇာသည် ပွင့်ပွင့် လင်းလင်းပြောတတ်၍ အသံကျယ်ကျယ်နှင့် အရက်သန်သူလည်း ဖြစ်ပါသည်။

''သံအမတ်ကြီး ဘာကို သည်လောက် ရယ်နေတာလဲ''

သည်တော့မှ သူက၊

''အဲသည်ကောင်မလေးက တော်တော်ချောသလား''

အရင်းမရှိ အဖျားမရှိ သူ့စကား ကျွန်တော် ရုတ်တရက် နားမလည်နိုင်ပဲ။

''ဘယ်ကောင်မလေးလဲ သံအမတ်ကြီး''

''မနက်စောစောမှ ထီးကလေး လှလှဆောင်းပြီး အရှေ့ဘက် နေထွက်တဲ့အရပ်က၊ မင်းဆီလာတဲ့ ကောင်မလေးလေ''

သည်တော့မှ သူဘာပြောသနည်း ကျွန်တော်သိ၍၊

''သံအမတ်ကြီး ဘယ်တုန်းက ဖတ်လိုက်ရတာလဲ''

''သည်မနက်ပဲလေ၊ ဘာသာ ပြန်တဲ့လူ လာပို့ပို့ချင်း၊ သော်တာဆွေနာမည်နဲ့တွေ့လို့ အရင်ဆုံးဖတ်လိုက်တာ''ဆိုပြီး ဆက်လက် ရယ်မောနေပြန်တော့သည်။

## ကျွန်တော်က နာမည်တစ်လုံးနှင့်လူ ဆိုတော့

ထိုနေ့မနက် ကြေးမုံ သတင်းစာတွင်ပါသည့် ကျွန်တော်၏ဟာသ ဆောင်းပါး၏နာမည်။ မှတ်မိသမျှမှာ၊

ယခုကျွန်တော်နေသော စွပ်ကျယ်စက်လမ်းသည်၊ အရှေ့ အနောက်တန်းသည်။ နေလိုက်တန်းဟု ခေါ်သည်။ (တောင်မြောက်တန်းပါမူ နေကျော်တန်းဟူ၍ ကျေးရွာများတွင် ခေါ်ကြသည်။) ထိုနေ့မနက် ကျွန်တော်သည် အိမ်ရှေ့လမ်းမထွက်ပြီး၊ အရှေ့ကထွက်လာသော နေဝန်းကြီးကို ကြည့်နေစဉ်၊ ထိုနေရောင်ကို နောက်ခံထားလျက်၊ အပြာရောင်ပေါ်မှာ၊ အနီအဝါ ပန်းပွင့်များနှင့် ပုသိမ်ထီးလှလှလေးကို ဆောင်းထားသော မိန်းကလေးတစ်ယောက်၊ ကျွန်တော့် မျက်စိ ရှေ့မှောက် ရောက်လာသည်။ သူ့ထီးရောင်နှင့် နေရောင်သည် ပနံတင့်လှသည်။ တဖြည်းဖြည်း နီးလာသောအခါ၊ အောင်မယ်၊ သည်ကောင်မလေးကလည်း မိန်းကလေးပဲ၊ လုံးကြီးပေါက်လှ အသားညိုချောထဘီဆင်လွင်လွင်နှင့် အကျီက ဝါလဲ့လဲ့၊ သူ့နှုတ်ခမ်းလေးတွေ ကလည်း ရဲရဲတောက်။

သူသည် ကျွန်တော်နှင့်ပေနှစ်ဆယ်အကွာလောက်ရောက်လာသောအခါ၊ ကျွန်တော်သည် အသက် ၄၀ ကျော်လူကြီးတို့ ဣန္ဒြေဖြင့် မျက်စိလွှဲ၍၊ မမြင်ချင်ယောင်ဆောင်နေလိုက်ရသည်။ သို့သော် ကလေးမသည် ကျွန်တော့်ဇနီး ရောက်လာသောအခါ၊ ကျွန်တော့်ရှေ့၌ တည့်တည့်ရပ် ပြီး၊

''ဟင်၊ အစ်ကိုကြီး''

ကျွန်တော်သည် ရုတ်တရက် လန့်သလိုပင် ဖြစ်သွားပြီး သူ့ဘက်လှည့်ကြည့်လိုက်ရကာ၊

''အေ ''

သူ့ကို ကျွန်တော်မသိ။ သူကတော့ ရင်းနှီးစွာပြုံးရွှင်လျက်။

''အစ်ကိုကြီး ကျွန်မလှမ်းမြင်ကတည်းက တူပါတယ်၊ တူပါတယ် အောက်မေ့နေတာ၊ အစ်ကိုကြီး အခု သည်မှာနေသည်လား''

''အေး၊ ဒါ ငါ့အိမ်ပဲကွ''

ကျွန်တော့်ညီဆောက်ပေးထားသော အောက်သမံတလင်းခံတစ်ထပ်အိမ်မြင့်ကြီးကို ဝင့်ကြွားစွာ လက်သီးဆုပ်ထားသော လက်မနှင့် ညွှန်ပြလိုက်ပါသည်။

''ဟင်၊ အကြီးကြီးပဲ၊ ကောင်းလိုက်တဲ့အိမ်ကြီး၊ အစ်ကိုကြီးသည်ရောက်နေတာ ဘယ်လောက်ကြာပလဲ''

''လေးငါးနှစ်လောက် ရှိပြီကွ''

''အင်း၊ ဒါကြောင့် ကျွန်မတို့နဲ့ မတွေ့တာကိုး''

သည်လို ပြောပုံထောက်တော့ သူသည် ကျွန်တော်ယခင်ကနေခဲ့သော စမ်းချောင်းဘက်မှ ဖြစ်ရမည်။ သို့တိုင်သူ မည်သူမည်ဝါလည်း ကျွန်တော်မစဉ်းစားမိသေး။ သူ့အသက် နှစ်ဆယ် အစိတ်လောက် ခန့်မှန်းရပါသည်။ စင်စစ် ကျွန်တော်မှာ နာမည်ရ စာရေးဆရာ၊ နာမည်တစ်လုံးနှင့် လူဆိုတော့ (ရုပ်ရှင်မင်းသားလိုပဲပေါ့ ခင်ဗျာ) ကိုယ်ကမသိပေမယ့်၊ ကိုယ့်ကို သိကြတဲ့လူတွေက

ဒုနဲ့ဒေးပေါ့၊ ဟီး၊ ဟီး၊ ကျွန်တော်စိတ်ထဲ သည်လိုတွေးမိကာ ရုတ်တရက် ဘဝင်မြင့်သွားပြီး ကိုယ့်ကို သည်လိုတစ်ဘက်သတ်သိပြီး ခင်မင်နေသူအား တုန့်ပြန်သင့်သည်ဟု သဘောရလျက်၊ ကျွန်တော့် ရှေ့၌ ပြုံးပြုံးကလေးရပ်ကာ သူ့ထီးကို ချာလပတ်လှည့်နေသော ကောင်မလေးအား၊

''အေး။ မင်းအခု ဘယ်သွားမလို့လဲ၊ ငါ့အိမ်ထဲ ခဏဝင်ပါအုံးလားကွ''ဟု လောကဝတ်ပြု လိုက်မိတော့ သူက ရှောရှောရှူရှူပဲ ထီးကလေး ထောက်ကနဲပိတ်ပြီး ကျွန်တော်နှင့်အတူ အိမ်ထဲ ဝင်လိုက်လာတော့သည်ဗျာ။ အပေါ်ထပ်ရောက်၊ ဧည့်ခန်းမှာ သူ့ကိုနေရာထိုင်ခင်းပေးပြီး သူက ကိုယ့်ကိုသိပြီး၊ ကိုယ်ကသူ့ကိုမသိသူအား ဘယ်လို အစဖော်ရမည်လည်း စဉ်းစား၍မရမီ မီးဖိုခန်း ထဲရှိ ဇနီးသည်အား၊

''မေရေ၊ အိမ်မှာ ကော်ဖီနဲ့မုန့်ရှိသေးလားကွ''

''မရှိတော့ဘူးမောင်၊ ကလေးတွေစားသောက်သွားကြပြီ''

''ဒါဖြင့် အိမ်မှာဘယ်သူရှိသေးလဲ''

''ဘယ်သူမှမရှိကြတော့ဘူး၊ လျှောက်ဆော့နေကြပြီ''

''ဒါဖြင့် မေပဲသွားတော့ကွာ၊ ဟောသည်မှာ ဧည့်သည်ရောက်လို့ လက်ဖက်ရည်နဲ့ မုန့်ဝယ်ချေပါ''

မေသည် ဧည့်ခန်းသို့ တစေ့တစောင်းလှမ်းကြည့်ပြီးနောက် ဒန်ချိုင့်ကိုဆွဲ၍ နောက်ဖေး လှေကားမှ ဆင်းသွားတော့သည်။ မေ အိမ်အောက်ရောက်သွားသည်ဆိုလျှင်ပင် အိမ်ပေါ် ရောက်စက ရှက်အားနာကလေးဖြစ်နေသော ထိုမိန်းကလေး မျက်နှာတွင် ရဲရင့်ရွှင်ပျခြင်း အတိပြီးသွားလျက်၊ သူထိုင်ရာမှထ၍ ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်ကာ၊

''အစ်ကိုကြီးက သည်လိုတောလဲ တယ်ပိုင်တာပဲ၊ ဟဲ၊ ဟဲ၊ ကဲ လာ၊ အချိန်ရှိခိုက် လုံးလ စိုက်လိုက်ကြရအောင်''ဟု ဆို၍၊ ကျွန်တော့်ကိုယ် ဆွဲထူနေလေတော့ ကျွန်တော်မှာ ကျောချမှ ဒမြမှန်းသိလျက်၊

''ဟဲ့၊ ဟဲ့၊ နေပါအုံး၊ နင်ဘယ်သူလဲ''

''အောင်မယ်လေး ကြည့်စမ်း၊ အစ်ကိုကြီး ကျွန်မကိုမမှတ်မိပဲကို၊ မြေနီကုန်း ကိုအီဆာကြီး အိမ်က အညိုရယ်လေ၊ အစ်ကိုကြီးက ဟိုတုန်းကဖြင့် အညို့ကိုအသည်းစွဲပဲ၊ ဘယ်အခါတွေ့တွေ့ ဆယ်ကမ္ဘာမမေ့ပါဘူးလို့ သီချင်းတောင်ဆိုခဲ့တာလေ၊ ဆရာ မင်းရှင်နောင်တို့၊ ဆရာ တင့်တယ် တို့လဲပါတယ်''

အယ်၊ သည်တော့မှ ကျွန်တော် လုံးလုံးကြီးသတိရပြီး ကျွန်တော် သူ့လက်မှအတင်းရုန်း ၍ ခေါင်းကို သွက်သွက်ယမ်းကာ၊

''ဟေ့၊ ငါအခု သည်လိုမဟုတ်တော့ဘူးဟ၊ သွား၊ သွား၊ မယ်မင်းကြီးမ အိမ်ပေါ်ကမြန် မြန်ဆင်းတော့''

သူသည် ရုတ်တရက် အံ့အားသင့်သွားပြီးမှ သဘောနားလည်သွားပုံဖြင့်၊ ပြုံးကျဲကျဲကလေးလုပ်ကာ၊

''ဒါဖြင့် အစ်ကိုကြီးရယ်၊ သည်လိုတော့ဘယ်ရမည်လဲကွာ''

''ကဲ၊ ကဲ၊ ဒါဖြင့်ရော့ကွာ''ဟု ဆိုပြီး ကျွန်တော့်အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ သို့သော် သူကမယူသေး။ ပြုံးစိစိနှင့်၊

''ကြည့်စမ်း အစ်ကိုကြီး၊ အခု အစစရာရာ ကုန်ဈေးနှုန်းတွေ တက်နေတယ်ဆိုတာတောင် မသိတော့ဘူးလား၊ အနည်းဆုံး တစ်ဆယ်ဖြစ်နေပြီဆရာကြီးရဲ့၊ အယင်တုန်းကဈေး မဟုတ်တော့ဘူး''

''ဟယ်၊ ငါကဘာမှ'' သို့သော် ကျွန်တော့်စကား ရှေ့မဆက်တော့ပါ။ သူကပိုင်ကွက်ရနေပြီ။ ဈေးဆစ်နေ၍ အကျိုးမထူးတော့မှန်း သိသည်နှင့် မေပြန်မလာခင် သည်ကောင်မ အိမ်ပေါ်ကမြန်မြန်ကြွမှဟု နောက်ထပ် ငွေငါးကျပ်ပေးပြီး မဟာဒ့ာကို အိမ်လှေကားဝမှ သူ့ကျောပြင်ကို ပုတ်ချလိုက်ရပါတော့၏။ ဘုရား၊ ဘုရား။

မှတ်မိသမျှ ကျွန်တော့် ဆောင်းပါးက ဤအတိုင်းဖြစ်နေ၍ ဖွန်ကိုင်ဇာသဘောကျတာ အားရပါးရ ရယ်နေခြင်းဖြစ်ပါသည်။ သူရယ်နေတုန်း ကျွန်တော်ကမေး၏။

''ကျွန်တော့်စာ သည်လောက်တောင် ရယ်စရာကောင်းသည်လား သံအမတ်ကြီးရဲ့'' ဆိုတော့ သူက၊

''သည်စာ ရယ်စရာကောင်းတာထက်၊ ဘာကြောင့် သော်တာဆွေ သည်စာရေးတာလဲ ဆိုတာကို ကျုပ်ကသိနေလို့ ကျုပ်အဖို့ ပိုရယ်ရတာပဲ''

''ဘာ၊ သံအမတ်ကြီး၊ ဘာလိုဆိုပါလိမ့်''

''မင်း မေ့ကိုလွမ်းလို့ သည်စာရေးက မဟုတ်လား၊ မေတောင်ကြီးက မြန်မြန်ပြန်လာအောင်လေ''

သူ ဤအထိစဉ်းစားမိသည်ကို ကျွန်တော်အံ့အားသင့်သွားပါသည်။ ဟုတ်လိုက်လေ။ သူ့တွေးတောချက် မှန်လိုက်လေဗျာ။ ကြည့်စမ်း ဘယ်လောက်ပါးပါးနပ်နပ်နှင့် စာကဲခတ် လူကဲခတ် ကောင်းသော သူပါနည်း။

စင်စစ် သူသိနေသည်။ သည်ရက်များ၌ မေအိမ်မှာမရှိ။ တစ်နှစ်တစ်ခါ နွေရာသီတွင် မေသည် ရှမ်းပြည်သို့ပြန်လေ့ရှိသည်။ သည်နှစ်သွားကာနီး၌ သူတို့လင်မယားကို နှုတ်ဆက်ခဲ့ သည်။ တောင်ကြီး၌ ဆယ့်ကိုးရက်မျှကြာမည်။ ပြန်လာသောအခါ ဥရောပတိုက်သားများ ကြိုက်တတ်သည့် သံအမတ်ကြီးကတော် စားချင်သည်ဆိုသော 'အာဗာကာဒို' ခေါ် ထောပတ်သီး များ တောင်ကြီးကယူလာခဲ့မည်ဟု ပြောခဲ့ခြင်းကြောင့် သူမှတ်တရရှိနေသည်။ ထို့ပြင် မေသည်

ပြန်ခဲ့မည်ဟု ပြောသွားသည်ထက် ယခု ရက်ပိုကြာနေသည်ကိုလည်း သူစဉ်းစားမိသည်။ ထို့ကြောင့် ကျွန်တော်ဤဆောင်းပါး ရေးခြင်း၏ ရည်ရွယ်ချက်ကို သူသိသည်ဟု ပြောခြင်းဖြစ်ပါ သည်။

ဟုတ်လည်းဟုတ်ပါ၏။ မေသည် တောင်ကြီးမှာ ဆယ့်ကိုးရက်မျှ ကြာမည်ပြောခဲ့သော် လည်း ယခု သီတင်းနှစ်ပတ် ကျော်သည့်တိုင်အောင် ပြန်မလာသေးပါသဖြင့် ကျွန်တော်စိတ်ကူး ပေါက်ပြီး ရေးလိုက်ခြင်း ဖြစ်ပါ၏။ ဒါကြောင့်၊

''သံအမတ်ကြီးပြောတာ မှန်ပါတယ်'' ဟု ကျွန်တော်ဝန်ခံလိုက်သောအခါ၊

''အေး၊ ခရီးသွားနေတဲ့ ဇနီးကို ပြန်ခေါ်ပုံမှာတော့ အကောင်းဆုံးပါပဲ'' ဟု ချီးမွမ်းသမှု ပြုလိုက်ပါသေး၏။

သံအမတ်ကြီး ဗွန်ကိုင်ဇာသည် ကျွန်တော်တို့ လင်မယားနှင့် ဤမျှအထိ၊ ချစ်ခင်ရင်းနှီးလှ ပါ၏။

## ဝမ်းဘဲဆန်ပြုတ်နှင့် ဝက်အူမကြီးသုပ်

စာဖတ်သူ မစားချင်ဘူးလား၊ စားချင်ယင် ဆက်သာဖတ်ပါ။ ကျွန်တော်လည်း အဲဒါစားချင်စိတ်ပေါ်လာတာနဲ့ ရေးချင်စိတ် ပေါ်လာတာပဲ။

''ဟော့ကောင်၊ မင်း ဝက်အူမကြီးဆိုတာ သိရဲ့လားကွ''

ဆရာကြီးရွှေဥဒေါင်းက သူ့ကားဒရိုက်တာ ကိုညိုတုတ်ကို မေးလိုက်ပါသည်။ (စင်စစ် သူ့နာမည် ကိုညိုတုတ်မဟုတ်ပါ။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီက ပဲ၊ သူ့နာမည်အမှန်ကို မေ့နေ၍ သူ့ပုံသဏ္ဌာန် ညိုညိုတုတ်တုတ်သာ ကျွန်တော့်မျက်စိထဲ ပေါ်လာသဖြင့် ဤနာမည်ကို ပေးလိုက်ခြင်း ဖြစ်ပါသည်။) ကိုညိုတုတ်သည် ကားသော့ကလေးကို လက်ထဲကိုင်ကာ၊ ဧည့်ခန်းထဲ တွင် ချိုင်းထောက်ကြီး ညာဘက်နံတေးချပြီး၊ ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်နေသော ဆရာကြီးရှေ့မှာ ခြေစုံရပ်လျက် စိုးရွံ့သောမျက်နှာဖြင့်၊

''သိပါတယ် ဆရာကြီးရဲ့''

''ဒါဖြင့်ပြောစမ်း၊ ရှည်ရှည် တွန့်တွန့် လိမ်လိမ်လား၊ ဝိုင်းဝိုင်းပြားပြားလား''

''ဝိုင်းဝိုင်းပြားပြားပါ ဆရာကြီး၊ ရှည်ရှည်တွန့်တွန့်လိမ်လိမ်က အူကြမ်းခေါ်ပါတယ် ဆရာကြီး''

''အေး၊ ဟုတ်ပြီ၊ မင်းအရင်တစ်ခါ ငါးမြင်းနဲ့ ငါးတန်များဝယ်လာလို့ မေးရတာဟေ့''

ဟုတ်ပါသည်။ တစ်ခါက ကိုညိုတုတ်အား ဆရာကြီးက ငါးမြင်းဝယ်ရန် လမ်းမတော် သံဈေးသို့ လွှတ်လိုက်သည်။ ပြန်လာ၍ အခန်းထဲဝင်လိုက်လျှင်ပင် ညှော်ခန်း၌ ကျွန်တော်နှင့် အတူ ထိုင်နေသော ဆရာကြီးက၊

''ဟေ့၊ ရခဲ့ရဲ့လားကွ''

''ရပါတယ် ဆရာကြီး''ဆိုပြီး သူ့ဈေးခြင်းထဲမှ ငါးအတုံးကြီးကို ထုတ်ပြ၏။ ဆရာကြီးသည် ပေနှစ်ဆယ်လောက်အကွာမှ လှမ်းကြည့်နေရာက၊

''ဟာ၊ မင်းဟာ ဘယ်ငါးမြင်း ဟုတ်လို့လဲကွ၊ ငါးတန်ကြီးပဲ''

မှန်ပါသည်။ ကြည့်တတ်သူအဖို့မှာ ငါးမြင်းနှင့် ငါးတန်သည် သဏ္ဌာန်ချင်းကို ခြားနားနေပါသည်။ ငါးတန်၏ကျောကုန်းအရေပြားသည် မည်းပြာရောင်ဖြစ်သည်။ အတွင်း ခုတ်သားမှာ အရိုးနားကပ်လျက်၊ အကွင်းလိုက် ညိုဖျော့ဖျော့ အရောင်ရှိပါသည်။ ငါးမြင်းဖြစ်ဘိမူ ကျောအရေပြားဖြူဖျော့ဖျော့နှင့် အတွင်းသားက ဝါဝင်း၍ နေပါသည်။ အကောင်ချင်းယှဉ်ကြည့်မည်ဆိုလျှင် ငါးအရွယ်ချင်းတူပါက ငါးတန်၏ခေါင်းသည် ငါးမြင်းခေါင်းထက်ကြီးလျက်၊ ငါးမြင်း၏ မျက်ခွင် မှာ ဘာမွေးမျှမရှိပဲ၊ ငါးတန်၌ မေးမွေးကလေး နှစ်ခေါင်းရှိ၏။ ယင်းသည် ငါးမြင်းနှင့်ငါးတန် ခြားနားချက် အသိသာဆုံးပင်တည်း။

ဆရာကြီးသည် ငါးမြင်းဝယ်ခိုင်းရာ ငါးတန်ပါလာသဖြင့် ဒေါပွလျက်၊

''မင်း ရန်ကုန်နေပြီး ငါးမြင်း ငါးတန်မှ ခွဲခြားမသိဘူးကွာ''

ဤတွင် ကျွန်တော်က ''ဦးကြီးရ သူလိုလူမပြောနဲ့၊ ရန်ကုန်သူ အိမ်ရှင်မတွေတောင်မှ တချို့ဟာ ငါးမြင်းနဲ့ ငါးတန်ကို ခွဲခြားသိကြတာ မဟုတ်ဖူးဗျ၊ ဒါကြောင့် တချို့ငါးသည်တွေဟာ နားမလည်သူတွေကို ငါးတန်ငါးမြင်းလုပ် ရောင်းတတ်လိုက်ကြတာပဲ''

''အေး၊ ခုတော့ ငါ့ကောင်ခံခဲ့ရပြီပေါ့ကွာ''

ထိုငါးကတည်းက ဆရာကြီးသည် သူ့တပည့်အပေါ်စိတ်မချဖြစ်ခဲ့၍ ယခု ဝက်အူမကြီး ဝယ်ခိုင်းရာ၌ စစ်ဆေးနေခြင်းဖြစ်ပါသည်။ အမှန်ဆိုသော် ဤ'အူမကြီး'ခေါ်သောအရာမှာ စင်စစ် ဝက်၏အူမဟုတ်ချေ။ 'အစာအိမ်'ဖြစ်ပါ၏။ ရန်ကုန်မှာ အများအားဖြင့် အူမကြီးဟူ၍သာ ခေါ်နေကြပါသည်။ ယင်းအူမကြီးနှင့် အူကြမ်းကို သူ့တပည့် ခွဲခြားနိုင်မှန်း သိသွားသောအခါ ဆရာကြီးက ဆက်လက်၍၊

''အေး၊ မင်းဝမ်းဘဲလဲ ဝယ်ရအုံးမယ်ကွ၊ ကဲ၊ ဘဲအနုအရင့်ကော သိရဲ့လား''

ကိုညိုတုတ်မျက်နှာ နားဝေတိမ်တောင် ဖြစ်သွားလေကာ၊

''ဒါတော့ ဈေးသည်ကိုမေးဝယ်ရမှာပဲ ဆရာကြီး''

ယင်း၌ ဆရာကြီးမျက်နှာ စိတ်ပျက်တဲ့ အမူအရာ ဖြစ်သွားလျက်၊

''ငါ့လခွီး ဈေးသည် မေးဝယ်နေရမှဖြင့် ဘယ်အမှန်ကိုရတော့မည်လဲကွ၊ ခက်တယ်ကွ၊ ဘဲကြက် အနုအရင့် သိဖို့က မကြည့်တတ်ယင် မလွယ်ဘူး''ဟု ဆရာကြီးက ကျွန်တော့်ဘက်လှည့်၍ ညည်းလိုက်သဖြင့် ကျွန်တော် မနေသာတော့ပဲ၊

''ကဲ၊ ကိုညိုတုတ်၊ ကျွန်တော်ပြောလိုက်မယ် မှတ်သွား၊ ဘဲကိုအနုအရင့်ကြည့်ဖို့ သုံးနေရာရှိတယ်၊ (တစ်) ခြေထောက်ကိုကြည့်၊ ခြေချောင်းသိပ်မာပြီး ခြေဖဝါးမှာ ဖု၊ ဗိန့်၊ အသီးကြီးတွေရှိပြီဆိုယင် သည်ဘဲအိုပြီ၊ (နှစ်) ရပ်အုပ်အရိုးနောက်ပိုင်းက အစွန်းအဖျားကို လက်နဲ့နှိပ်ကြည့်၊ မကွေးတော့ဘူး၊ သိပ်မာနေပြီဆိုယင် သည်ဘဲရင့်ပြီ၊ (သုံး) ဘဲလည်ချောင်းကို ဖျစ်ကြည့်။ တုတ်ချောင်းလိုမာနေပြီ၊ နည်းနည်းမှ မပျော့တော့ဘူးဆိုယင် သည်ဘဲ အသက်မငယ်တော့ဘူး မှတ်ပေရော့''ဟု ကိုညိုတုတ်အားပြောပြီး ဆရာကြီးဘက်လှည့်၍ ''ဦးကြီးရ ရန်ကုန်မှာ ဝမ်းဘဲဝယ်ရတာက ခါတ်ဘဲ၊ တောဘဲခွဲတတ်ဖို့ တောဘဲမှာလဲ အနုအရင့်သိတတ်ဖို့က လွယ်တာမဟုတ်ဘူး၊ ဘဲများရင့်ပြီဆိုလဲ အမဲသားထက်တောင် နူးခဲသေးတယ်၊ ဘဲခေါင်းများ မာပဟော့ဆို ယင် လှည်းဘီးနင်းလို့တောင် မကွဲဘူးခင်ဗျ''

''အေး၊ ဒါဖြင့် ဆန်ပြုတ်နဲ့သင့်လျော်အောင် အလောတော် ဘဲရဖို့ မင်းပဲ သူနဲ့လိုက်သွားကွာ''

ဆရာကြီးက ကျွန်တော့်ကို တာဝန်လွှဲပေးပါတော့သည်။ ခါတိုင်းဆိုလျှင် ဆရာကြီးက ဒါမျိုး သူကိုယ်တိုင်ဝယ်နေကျ၊ သို့မဟုတ် ဒေါ်ကြီးစိုး။ ယခုကား သူတို့ ဤသို့မပြုနိုင် ကြတော့ပါ။ လူတို့အဖြစ်က မကောင်းကြတော့ပါ။

## အကောင်းနှင့် အဆိုး

အချို့လူတို့တွေ အကောင်းနှင့်အဆိုး ဒွန်တွဲပြီး အကျိုးပေးတတ်သည်ဆိုလျှင် သူတို့လင်မယားသည် အမှန်ဆုံးဟုဆိုရမည်။ အကြောင်းမှာ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရတက်၍၊ ၁၉၆၃ ခုနှစ်တွင် လုပ်သားသတင်းစာကို စတင်ထုတ်သောအခါ၌ ဆရာကြီးအား အယ်ဒီတာချုပ်အဖြစ် ခန့်အပ်လိုက်သဖြင့် မန္တလေးမြို့မှာ လူထုသတင်းစာ အယ်ဒီတာလုပ်နေရာ က ရန်ကုန်မြို့သို့ရောက်လာပြီး မကြာမီတွင် လမ်းလျှောက်ယင်း ခြေချော်လဲ၍ ပေါင်ကျိုးသွား သည်။ အများသိပြီး ဖြစ်ပါသည်။ ဒေါ်ကြီးစိုးအဖြစ်က လူသိနည်း၏။

ဒေါ်ကြီးစိုးတွင် အသက် ၄၀ ကျော်မှ ဖြစ်ပေါ်လာသော ညာဘက်မျက်လုံးတွင် တိမ်သလ္လာကလေး အနည်းငယ်ရှိ၏။ သူကမပြောလျှင် မပြလျှင် မည်သူမျှမမြင်နိုင်၊ မသိနိုင်ကြ။ ပုံမပျက်၊ ပန်းမပျက်၊ ဣန္ဒြေမပျက်။ သို့သော် အယ်ဒီတာချုပ်ကတော်ကြီး ဖြစ်လာပြီး၊ အစိုးရ

တိုက်ခန်းမှာ မော်တော်ကားနှင့် ဘာနှင့် ခမ်းခမ်းနားနားကြီးနေလာတော့ တောသူမကြီး ဒေါ်စိုး အား အရေးတယူ ကရုစိုက်မည့်လူတွေ ပေါ်လာပါသည်။ သည်မျက်လုံးတိမ်ကို ခွဲကုလိုက်ပါလား မမစိုးရဲ့ ဒေါ်ဒေါ်စိုးရဲ့ ကြီးကြီးစိုးရဲ့ အန်တီစိုးရဲ့ အဲ၊ အများဆန္ဒအရ (ပိုက်ဆံတပြားမှ မပေးရ ပါဘူး၊ အစိုးရ မျက်စိကုဌာနမှာပဲ) ခွဲကုလိုက်ပါတယ်။ သည်ခေတ် ဆရာဝန်တွေ ဆိုတာလည်း သည်လိုမျက်စိ ကုတာမှာ၊ တစ်ရာတစ်ယောက် ပျက်စီးဖို့ ခဲယဉ်းပါတယ်။ သို့သော် ဒေါ်ကြီးစိုး ခမျာမှာ အဲသည် ခဲယဉ်းတဲ့စာရင်းထဲ ဝင်သွားပြီး မျက်စိပျက်စီးရပါတယ်ခင်ဗျာ။ ကုသိုလ်ကံပဲ ဆိုရမယ်ပေါ့။

ဆရာကြီး ကျိုးရသည့်ပေါင်တလည်း ညာဘက်၊ ဒေါ်ကြီးစိုးပျက်စီးရသည့်မျက်စိကလည်း ညာဘက်။ ထိုအခါမှစ၍ ဒေါ်ကြီးစိုးသည် အပြင်ဘက်ဆိုလျှင် ဘယ်မှမသွားတော့သည် လောက်ပဲ။ မျက်မှန်ပြာကလေးတပ်ကာ သူ့အိမ်ထဲမှာပင် နေတော့သည်။

ခါတိုင်းဆိုလျှင် သည်လိုဈေးဝယ်တာမျိုးမှာ ဒေါ်ကြီးစိုးပေါ့။ ယခုတော့ ဆရာကြီး ကလည်း ချိုင်းထောက်ကြီး ကားယားနှင့် လူစည်ကားသည့်ဈေးထဲ မသွားချင်တော့ပြီ။ ထိုကြောင့် ကျွန်တော့်အပေါ် တာဝန်ကျလာခြင်း၊ ယခု ဝယ်ရသည်က ဝမ်းဘဲသားနှင့် ဝက်အူမကြီး ငါးပိသာစီခန့်။

## ဆရာကြီး၏ မွေးနေ့

အကြောင်းမှာ မနက်ဖြန်ကာ ဆရာကြီး၏ မွေးနေ့တွင် ဝမ်းဘဲသားဆန်ပြုတ်နှင့် ဝက်အူမကြီးသုပ်ကျွေးရန် စီမံနေခြင်း ဖြစ်ပါသည်။ ဘယ်နှစ်ခုနှစ်လည်းဟု ကျွန်တော် အမှတ်သ ညာမထားမိ၍ ဆရာကြီး၏မွေးနေ့ အသက် ဘယ်နှစ်နှစ်မြောက်သည် ၁၈၇၉ ခုနှစ်၊ အောက်တို ဘာလ ၂၄ ရက်နေ့ဖြစ်သောကြောင့် ထိုနေ့သည် အောက်တိုဘာလ ၂၃ ရက်နေ့ဖြစ်ကြောင်း သာ ကျွန်တော် အတပ်ပြောနိုင်ပါသည်။ ဆရာကြီးသည် လုပ်သားသတင်းစာ အယ်ဒီတာချုပ် အဖြစ်နှင့် အလွန်ကောင်းစားနေသည့် အချိန်အခါ သမယပိုင်းပေါ့။

အခြားသူများဆိုလျှင် သည်လိုမွေးနေ့မျိုးမှာ မုန့်ဟင်းခါးမုန်းနို့ခေါက်ဆွဲ (သို့မဟုတ်) လက်ဖက်ရည်ကော်ဖီနှင့် ပလိန်းကိတ် အဆော့ဘက်ကိတ် စသည်တို့ကျွေးမည်ပေါ့။ ခုတော့ ဆရာကြီးစိတ်ကူးက မဟုတ်ပေါင်ဗျာ၊ သူများနှင့်မတူ တမူထူးပြီး ဝက်အူမကြီးသုပ်နှင့် ဝမ်းဘဲ ဆန်ပြုတ်တဲ့။ ကွေ့ သူစဉ်းစားမိသည်ကား၊ ထိုအချိန်တွင် ဆရာကြီးအား အစိုးရက တည်ထောင်ဖွင့်လှစ်သော သတင်းစာ အယ်ဒီတာချုပ်ကြီးရယ်လို့ တိုင်းပြည်ပေါင်းစုံ သံရုံးများက လက်ဆောင်ပေးထားကြသော အရက်တွေ ဖောဖောဝေနေလေတော့ သူဖိတ်သည်ကလည်း

လက်ရွေးစဉ်မိတ်ဆွေများ ဖြစ်ရလေကား ဝမ်းဘဲသား ဆန်ပြုတ်နှင့် ဝက်အူမကြီးသုပ်ဆိုသည်က အရက်နှင့်တယ်လိုက်ဖက်တာကလားဗျ။ ဟတ်လား၊ ဒါကိုရိပ်စားမိသည်ဖြင့် ကျွန်တော်က၊

''ဦးကြီးရေ၊ ဝက်အူမကြီးသုပ်ထဲမှာ ဂျင်းနုချိုချဉ်ကလေးများ ထည့်လိုက်ရ မကောင်းဘူးလား''

''ဘာလဲကွ၊ မင်း ဂျင်းနုချိုချဉ်ဆိုတာက''

''သြော်၊ ဦးကြီးမမှတ်မိဘူးလား၊ ကျွန်တော်တို့တစ်ခါ မိုးကုတ် ကိုမြမောင်နဲ့ ဟိုင်ဖွန်း ဟိုတယ်မှာ သောက်ကြတော့လေ၊ ဦးကြီးက ဟာ၊ ဝက်အူမကြီးသုပ် တယ်ကောင်းပါလားဆိုတာ''

''အေး၊ အေး၊ ငါသတိရပြီ''

''အဲသည်မှာ ဦးကြီးက မွှေးလဲမွှေးတယ်ကွဆိုတာ အဲဒါဂျင်းနုက မွှေးတာပေါ့ဗျ''

''ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကဲ၊ ရော့ ဥနီလဲပါတယ်၊ အချောင်းအချောင်းလေးတွေ လှီးထားတာ''

''ရှမ်းပြည်က ထွက်တဲ့ ပဲပိုးတီ ထက်ခြမ်းကွဲကလေးတွေရော ဦးကြီးရဲ့၊ ဂျင်းနုကလေးတွေ ပါးပါးလှီးလှီးနဲ့ ချိုချဉ်စိမ်ထားသော''

''ဟုတ်တယ် ဟုတ်တယ်၊ အဲဒါဘယ်မှာရနိုင်လဲကွ''

''လမ်းမတော် သံဈေးက တရုတ်ဆိုင်တွေမှာ ရနိုင်ပါ့ဗျာ''

''အေး၊ အဲဒါတွေပါ ဝယ်ခဲ့ကွာ''

''ဒါတွေပါ ထည့်မယ်ဆိုယင် ဦးကြီး ဝက်အူမကြီးသုပ်ဟာ ဖတ်စ်ကလပ်စ် ဖြစ်ရမယ်၊ ဟိုင်ဖွန်း ဟိုတယ်ထက် မညံ့အောင် ကျွန်တော်သုပ်ပေးမယ်''

''ကဲ လုပ်စမ်းပါကွာ''

''နို့ပြီး ဦးကြီးဝမ်းဘဲဆန်ပြုတ်က ဘဲအရိုးကလေးခွဲ၊ အရိုးကို အချိုရည်ပြုတ်၊ အသားကို သေးသေးလေးတွေလှီးပြီး ဆန်ပြုတ်အပေါ်က ထည့်ပေးမယ်မဟုတ်လား''

''အေးပေါ့ကွ''

''ဒါဖြင့် ဝမ်းဘဲပြုတ်နည်း လိုတယ်ဦးကြီး''

''အောင်မယ် ဘယ်လိုပြုတ်ရမလဲ ပြောစမ်းပါအုံးကွာ''

''တစ်ခါတည်း အကျက် မပြုတ်ရဘူး ဦးကြီးရ၊ ရေနွေးကျိုက်ကျိုက်ဆူထဲကို ဝမ်းဘဲ တစ်ကောင်လုံး ထည့်လိုက်၊ ၁၀ မိနစ်လောက်ကြာ ဝမ်းဘဲက ဖောင်းကား တောင့်တင်းလာတော့ ဆယ်ထုတ်ပြီး ရေအေးထဲနှစ်လိုက်၊ အဲ၊ ရေအေးထဲမှာလဲ ၁၀ မိနစ်လောက်ပဲထား၊ ဝမ်းဘဲ တစ်ကောင်လုံး အတွင်းရောအပြင်ရော အေးစက်သွားတော့မှ တစ်ခါရေနွေး ကျိုက်ကျိုက်ဆူထဲ ပြန်ထည့်၊ ၁၀ မိနစ်လောက်ပဲထား၊ အဲလိုချည်း ရေအေးထဲစိမ်လိုက်၊ ရေဆူထဲထည့်လိုက်၊ ၁၀ မိနစ်စီ သုံးခါ ပြုရမယ်ခင်ဗျ၊ နောက်ဆုံးမှ ရေအေးထဲစိမ်၊ ကိစ္စပြီးရော''

''သည်တော့ တစ်ခါတည်းအကျက်ပြုတ်တာနဲ့ ဘယ်လိုခြားနားသည်လဲ''

''သိပ်ခြားနားတယ်ဦးကြီး၊ တစ်ခါတည်းပြုတ်လိုက်ယင် ဘဲဟာကျုံ့ပြီးတော့ အကောင် ငယ်သွားမယ်၊ အရေပြား ကွဲအက်လာမယ်၊ အသားမာသွားမယ်၊ အဲလိုရေဆူထဲထည့်လိုက်၊ ရေအေးထဲစိမ်လိုက်၊ ပြုတ်တာက ဘဲကောင်ဟာ အစိမ်းတုန်းကထက်ဆူပွတောင့်တင်းပြီး အသားလည်း မွနေတယ်၊ ခါးနဲ့လျှီးလို့လဲကောင်းတယ်၊ စားလို့ဝါးလို့လဲ အရသာရှိတယ်၊ တရုတ်ဆိုင်တွေမှာ အဲသည်နည်း ပြုတ်တာပေါ့ ဦးကြီးရဲ၊ နို့ပြီး ဘဲအူကြက်အူတွေကို စားကောင်း အောင်ပြုတ်တဲ့နည်း ရှိသေးတယ်''

''အစားမတော့ မင်းတော်တော်စုံတာပဲ၊ ကဲ၊ ဆိုစမ်းပါအုံးကွ''

''သည်ဘဲအူပြုတ်နည်းတော့ တောင်ကြီးက ဝါကီ ဆိုတဲ့ တရုတ်ဆီက ကျွန်တော်သိခဲ့တာ ပဲ၊ တစ်မနက် သူ့ဆန်ပြုတ်ဆိုင်မှာ ကျွန်တော်က ဘဲအသည်းအမြစ်သုပ် ရအုံးမလားမေးတော့ သူက (အသည်းအမြစ်ကုန်ပြီ၊ ဘဲအူသုပ် ကြွပ်ကြွပ်စားပါ) ဆိုတော့ ကျွန်တော့် စိတ်ထဲ ဘဲအူက ဘယ့်နှယ်လုပ် ကြွပ်ရမှာလဲ၊ သည်တရုတ် စကားပြောမတတ်လို့ပဲ အောက်မေ့ပြီး (ကဲ၊ မင်း ဘဲ အူသုပ်ပဲလုပ်ကွာ)ဆိုတော့ သူရေအေးစိမ်ထားတဲ့ ဘဲအူခွဲပြီး ဆေးပြီး အစိမ်းတွေကို ရေနွေး ကျိုက်ကျိုက်ဆူထဲ ဆတ်ကနဲနှစ်လိုက်သဗျ၊ တစ်မိနစ်လောက်ပဲကြာမယ် သူပြန်ဆယ်ပြီး၊ ဘဲအူကို လက်သည်းနဲ့ဆိတ်ကြည့်လိုက်တယ်၊ ဖောက်ကနဲပေါက်သွားတော့ သူရေးအေးထဲထည့်ပြီး ခါးနဲ့ ခုတ်၊ ကျွန်တော့် သုပ်ပေးတာပဲဗျာ၊ ကျွန်တော်လည်း တစ်လုတ်စားလိုက်ကရော သူက (ကြွပ်ရဲ့ လားဆရာကီး)လို့မေးတယ်၊ အမှန်ပဲသူ့ဘဲအူဟာ ကြွပ်ဆတ်ဆတ်နဲ့ ဝါးလို့ထုတ်ထုတ်၊ ထုတ်ထုတ်နေသဗျ၊ အဲသည်မှာ ကျွန်တော် သူ့ပြုတ်နည်းကို သတိထားခဲ့မိတာပဲ''

''နောက် မင်းဟာမင်းပြုတ်ကြည့်တော့ဖြစ်ရဲ့လား''

''ဖြစ်နိုင်တယ်ဦးကြီး၊ အမှန်တော့ ကြက်အူ၊ ဘဲအူ၊ အမဲ၊ ဝက်အူတွေဟာ အပူခာတ်နဲ့ တွေ့တဲ့အခါမှာ ပထမ ဦးဆုံးအကြိမ် ရုတ်တရက် ကျက်ပြီးတော့ လူစားလို့ဝါးလို့ရှိတဲ့အဆင့် ရှိတယ်၊ အဲသည်ကလွန်တော့ တစ်ခါ ပြန်မာသွားပြီး၊ အကြောကြီးချက်မှပြုတ်မှ နူးအိပြီး စားလို့ ဝါးလို့ ရတော့တယ်၊ သည်တော့ ပထမဦးဆုံး အဆင့်တုန်းကလို အရသာ မရှိတော့ဘူး၊ အချိုရည်တွေက ထွက်ကုန်ပြီကိုဗျ''

''အေး၊ ဟုတ်တယ်ကွ''

''ဦးကြီးမှတ်မိသေးလား၊ စစ်ကြီးမဖြစ်မီ အင်္ဂလိပ်ခေတ်က ရန်ကုန်မြို့ တရုတ်တန်း ညဈေးတန်းမှာ အမဲအူ ခေါက်ဆွဲကြော်''

''အေး၊ မှတ်မိတယ်ကွ၊ ငါသိပ်ကြိုက်တယ်''

''ကျွန်တော်လည်းကြိုက်တယ်။ ကဲ၊ ကြည့်စမ်း၊ အဲသည်အမဲအူ ပုဆိုးကြမ်းကြီးတွေ ထပ်တရာတွေကို ပါးပါးပါးပါးလှီးပြီးတော့ ဒယ်အိုးထဲက ခေါက်ဆွဲနဲ့ ကြော်လိုက်တာဟာ တခြား ဝက်သား ဘဲသားနဲ့ ကြော်သလောက်ပဲ ကြာတယ်မဟုတ်လား၊ စားလို့ရတာပဲ''

''အေး၊ ဟုတ်သကွ''

''ဒါပေမယ့် အိမ်တော့ ထုပ်ယူမသွားနဲ့၊ အေးတော့ မာသွားပြီး ဝါးမရတော့ဘူး၊ ဆိုင်မှာ ထိုင်ပြီး ပူပူနွေးနွေး စားမှဖြစ်တာ''

''အေးကွ၊ အဲဒါ ဟိုတယ်က တရုတ်တွေလက်ရာ''

''ဟုတ်တယ်၊ အခုစစ်ပြီးခေတ်မှ အဲလို အမဲအူ ခေါက်ဆွဲဆိုင်ကို မတွေ့တော့ဘူး၊ သည့်ပြင် အသားနဲ့ခေါက်ဆွဲက ၁၀ ပြား၊ သူက တစ်မူးရယ်၊ အမဲအူတွေကလဲ အများကြီးပဲနော်''

''မင်း၊ အဲလို အမဲအူကိုခဏလေးနဲ့ စားရအောင် ကြော်တတ်လား''

''အာ၊ ဒါတော့မတတ်ဖူး၊ ဝါကီဆီက ဘဲအူပြုတ်နည်းလောက်ပဲ ရတယ်''

''ဒါလောက်ဆိုလည်း မဆိုးပါဘူး၊ ကဲ၊ သည်နေ့ပြုတ်စမ်းကွာ၊ မင်းပြောတဲ့ ဘဲအူကြွပ် ကြွပ် စားကြည့်ရအောင်''

ထိုနေ့တွင် ကျွန်တော်တို့သည် ဘဲ ၅ ကောင် ဝယ်ရသဖြင့်၊ ထိုဘဲ ၅ ကောင် အူ ၅ ခွေ ခြေဆယ်ချောင်းခေါင်း ၅ လုံးတို့ကို ကျကျနနသုပ်ပြီး ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် ဝီစကီနှင့် မြည်းပစ်ကြသတည်း၊ ဟီး၊ ဟီး ဝီစကီနှင့်၊ လူဆိုတသက်မှာ တစ်ခါတစ်လေတော့ ကောင်းစားတတ်ကြတာပဲနော်။ ၁၉၅၁ ခုနှစ်တုန်းက၊ ကျောက်မြောင်း အရက်ဆိုင်ကြီးမှာ သံကြိုး ခတ်ထားတဲ့ ဖန်ခွက်နဲ့ ဆရာတပည့်နှစ်ယောက်တစ်ယောက်ကို 'တစ်စွတ်ကူး' ငါးမူးဖိုးဆီ ဆွဲခဲ့ရ တာလည်း သတိရပါရဲ့။

## ဂျာပန်နှင့် တရုတ်စာ

နောက်တစ်နေ့ အောက်တိုဘာလ ၂၄ ရက်(ကုလသမဂ္ဂနေ့) ဆရာကြီးမွေးနေ့တွင် ကြွ လာသော ပရိသတ်များ ထူးထူးခြားခြား (သူတို့ မျှော်လင့်မထားသော) စားရသည်ကတော့၊ ဝမ်းဘဲဆန်ပြုတ်နှင့်ဝက်အူမကြီးသုပ်ပါခင်ဗျာ။ တယ်ကောင်း တယ်ကောင်းလို့ ချီးမွမ်းကြ။ ထိုအချိန်သည် အစိုးရဌာနမှာ သတင်းစာဘက်တွင် ဆရာကြီး၏ ဂုဏ်ရှိန်မြင့်တုန်း အခါသမယ ဖြစ်၍၊ လာကြတဲ့အရာရှိကြီးငယ်တွေ တော်တော်များသဗျ။ မြန်မာများသာမက၊ သံရုံးတွေ ဘာတွေကရော၊ သည်တော့ကြွလာသမျှ ဝေနယျတွေကို ကျွန်တော် မဖော်ပြနိုင်တော့ဘူး။ ယခု ကျွန်တော်ရှေ့ဆက် ရေးမယ်စာမှာ အဓိကပါမည့် လူတစ်ယောက်သာ 'စပေ့ါလိုက်က' ထိုးကာ 'ဝ' ကွက်၍

ပြပါတော့မည်၊ သူကား အနောက်ဂျာမနီသံရုံးအတွင်းရေးမှူး ဒေါက်တာ အက်ဒွင် ဂျုံးဖလက်ချ် ကျွန်တော့်စာဖတ်သူများ သူနှင့် သိပြီးကြပါပြီ။ သံအမတ်ကြီးဗွန်ကိုင်ဇာကတော့ မလာဘူး၊ လက်ဆောင်တွေပဲပေးလိုက်တယ်။ ဒေါက်တာအက်ဒွင် တစ်ယောက်တည်း နေ့လယ် နာရီပြန် တစ်ချက်လောက်မှာ ရောက်လာတယ်။

သည်အချိန်ဟာ သူတို့လူမျိုးတွေရဲ့ **Lunch time** နေ့လယ်စာ စားချိန်ပဲ။ ဒေါက်တာ အက်ဒွင်ဟာ တော်တော်ဆာလာတယ်နှင့်တူပါတယ်။ ကျွန်တော်တို့က သူ့ကိုဥရောပတိုက်သား ရယ်လို့ ဆန်ပြုတ်နှင့် ဝက်အူမကြီးသုပ်ကို ဇွန်းခက်ရင်းနဲ့ ကျကျနန ပြင်ပေးပါတယ်။ ဟုတ်ပေါင် ဗျာ၊ သူက ''ချိုင်းနီးစ်ဖု၊ ချိုင်းနီးဝေးဂွဒ်''တဲ့။ ဖြစ်ကတတ်ဆန်းအင်္ဂလိပ်ရှိနဲ့ (တရုတ်စာ၊ တရုတ်လို စားတာပဲ ကောင်းတယ်)လို့ပြောပြပြီး ကျွန်တော့်လက်ထဲက တူ၊ ယူတဲ့ကာ ဆန်ပြုတ်ပန်းကန် နှုတ်ခမ်းနဲ့ တေ့တဲ့ပြီး တူနဲ့ပါးထဲ ကော်ကော်စားတော့သဗျာ။ နို့ပြီး ဝက်အူမကြီးသုပ်ကိုလည်း တူနဲ့ညှပ်ညှပ် ယူလိုက်ပုံက၊ တရုတ်တစ်ယောက်အတိုင်းပဲ။ ကျွန်တော်က သူ့အားဂျာမနီပဲ၊ တရုတ်စာနှင့် စိမ်းနေလိမ့်မယ်လို့ အောက်မေ့တာ အားနာမိသေးသည်။ သို့သော် စင်စစ်တော့ ဒေါက်တာအက်ဒွင်သည် စင်္ကာပူ၊ ဟောင်ကောင်စသော တရုတ်ပြည်က မြို့ကြီးများ၌ ကျင်လည် ခဲ့သူဖြစ်၍၊ တရုတ်အစားအစာတွေကို ကျွန်တော်တို့ မြန်မာများထက်ပင် ကျွမ်းကျင်သူဖြစ်နေပါ ၏။ ယခုဝမ်းဘဲဆန်ပြုတ်နှင့် ဝက်အူမကြီးသုပ်ကိုလည်း သူ၏စားနေကျ အစာကဲ့သို့ အားရပါးရ တွယ်ပစ်လိုက်ပါ၏။ ဆန်ပြုတ်သုံးပန်းကန်လောက် ထုတ်ပြီးသည်၌၊ ကုလားထိုင်ကို နောက်ကျော မှီကာ သူ့ဗိုက်သူ လက်ဝါးနှင့်ပွတ်၍ ''အား၊ ဗဲရီးဂွဒ် ဆရာကြီး'' ဟု ပြော၏။

## ဒေါက်တာအက်ဒွင်ဇနီး

သူ့အမည် ဒေါက်တာ ဟူသော နာမဝိသေသနနှင့် ကျွန်တော် ရေးသားဖော်ပြခဲ့သည်။ သို့သော်သူသည် ဘာကိုဒေါက်တာ (ပါရဂူဘွဲ့ ရပါသနည်း စာဖတ်သူများမသိရသေး။ စင်စစ် သူသည် ဘောဂဗေဒပါရဂူ ဖြစ်ပါ၏။ သို့သော်သူသည် သံတမန်အလုပ်၌ ကျွမ်းကျင်လှသည် ဖြစ်သောကြောင့် ကမ္ဘာ အရပ်ရပ်ကို လှည့်ပတ်နေရသူဖြစ်ပါသည်။ (နောင်တွင် ဘင်္ဂလားဒေ့ တိုင်းပြည် စတင်တည်ထောင်သောအခါ ဂျာမနီ၏ ပထမဦးဆုံး သံအမတ်ဖြစ်ခဲ့သည်။)

မြန်မာပြည်သို့ ၁၉၆၄ ခုနှစ်၌ ရောက်ခဲ့၍၊ ကျွန်တော်တို့နှင့်သိကျွမ်းရချိန်မှာ သူ့အသက် သည် ၃၀ ကျော်နှင့် ၄၀ အတွင်း အိမ်ထောင်မပြုရသေး၊ လူပျိုကြီး။ ကျွန်တော်တို့နှင့် ခင်မင်ပြီး ၂ နှစ် ၃ နှစ်ခန့်အကြာမှာ သူသည် ဂျာမနီသို့ပြန်၍ လက်ထပ်ခဲ့သည်။ သူ့ဇနီးသည် ဗွန်ကိုင်ဇာ ကျွန်တော့်အား ပြောပြခဲ့သည့်အတိုင်း ဂျာမနီပြည် အမေရိကန်သံရုံး၌ အမှုထမ်းသော

အမေရိကန်မလေး။ နာမည်က ဂျူန်း။ အသက် ၂၀ နှင့် ၃၀ အကြား၊ အသားရောင် နီထွေးထွေး၊ မျက်လုံး ပြာပြာ၊ ဆံပင်ရွှေရောင်၊ အရပ်မြင့်မြင့်သွယ်သွယ်နှင့် အနောက်တိုင်းသူချော ချောပါ သည်။

ဒေါက်တာအက်ဒွင်သည် ဂျာမနီသို့ လက်ထပ်ရန် ဘယ်နေ့ပြန်မည်၊ တစ်လလောက်ကြာမည်ဟု ကျွန်တော်တို့အား လာရောက်နှုတ်ဆက်သည့်၌ မေက သူတို့ဇနီးမောင်နှံ မြန်မာပြည်သို့ရောက်လျှင် မင်္ဂလာ ဦးထမင်းကျွေးပါမည်ဟု ဖိတ်ကြားသောကြောင့် ဝမ်းသာအား ရဖြစ်လျက်၊ သူကလည်း သူ့ဇနီးအား မြန်မာပြည်က မိတ်ဆွေများထဲတွင်၊ ကျွန်တော်တို့ကို အရင်ဦးဆုံး ပြပါမည်ဟု ကတိထားခဲ့သည်နှင့် အညီ၊ သူလက်ထပ်ပြီးပြန်လာသောအခါ၊ မင်္ဂလာဒုံ လေဆိပ်မှသည် သူ့ကားနှင့်အယင်ရောက်သော ၇ မိုင်အေဒီလမ်း သူ့အိမ်သို့ မဝင်သေးပဲ။ ၆ မိုင်ရှိ ကျွန်တော်တို့အိမ်သို့ တမင်လာပြီး၊ သူ့ဇနီးကို ပြ၏။ မှတ်မှတ်ရရ ထိုအချိန်၌ မေသည် အိမ်ရှေ့ရေတွင်းမှာ ရေချိုးနေခိုက်ဖြစ်လေရာ၊ လူချင်းတွေ့ဆုံ နှုတ်ဆက်ရုံလောက်ပဲ၊ သူတို့ အိမ်ပေါ်မတက်ကြတော့ဘူး၊ ကားပေါ်ပြန်တက်ပြီး သွားကြသည်။ သူတို့ မင်္ဂလာဦး ထမင်းစားဖို့ နေ့ကို ချိန်းလိုက်ကြပါသည်။

ထိုနေ့က အိမ်ရှေ့က ကားရပ်သံကြားပြီး သူတို့ ဇနီးမောင်နှံ ကျွန်တော်တို့ခြံဝင်းထဲ ဝင်လာသောအခါ မေသည် ဆံပင်ဖားဖား ထဘီရင်လျားနှင့် ရေချိုးနေရာမှ ရုတ်တရက်ထ၍ နှုတ်ဆက်သည်ဖြစ်ရကား၊ မြန်မာပြည်သို့ပထမဦးဆုံး ရောက်ဖူး၍၊ မြန်မာအမျိုးသမီးကို နီးနီး ကပ် ပထမဦးဆုံး မြင်ဖူးခြင်း ဖြစ်သော အမေရိကန်သူ ဂျူန်းက ''မြန်မာအမျိုးသမီး ဆိုတာ ဟာဝေယန်ကျွန်းသူလိုပါပဲလား''ဟု မှတ်ချက်ချသတဲ့ဗျ။ ကျွန်တော်တို့အိမ် သူတို့မင်္ဂလာဦး ထမင်းစားပွဲမှာ ဒေါက်တာအက်ဒွင်က ပြောပါသည်။ သည်တော့ ဗွန်ကိုင်ဇာကတော်က အားရ ပါးရ ရယ်မောလျက်၊ ဗွန်ကိုင်ဇာကမူ မေ့အား ''မင်းကပန်းကုံးတွေ ဘာတွေစွပ်ပြီး ဟာဝေယန် ဒန့်စ် က, မပြလိုက်ဖူးလား'' တဲ့။

## မြန်မာခေါင်းပေါင်း

ကိုလူပျိုမြို့အုပ်ဟောင်းရယ်၊ အုပ်ပေါင်း ပေါင်းလို့၊ တုတ်တစ်ချောင်းနဲ့ လမ်းကိုလျှောက်တယ်၊

ကျွန်တော် အမှတ်သညာ ထားတတ်စ အရွယ်က ပေါ်ခဲ့သော သီချင်းတစ်ပုဒ်၏ စာသား တစ်ပုဒ် ဖြစ်ပါသည်။ ထိုခေတ်က (အင်္ဂလိပ်လက်အောက်) မြန်မာ လုလင်ပျို တစ်ယောက်အဖို့၊ မြို့အုပ်ရာထူးသည် အထွတ်အထိ။ ထိုမြို့အုပ်လောင်းသည် ခေါင်းပေါင်းကို အုပ်ပေါင်းပေါင်း၍၊ တုတ်တစ်ချောင်းနှင့် လမ်းလျှောက်သတဲ့. ဂုဏ်တင်ထားလိုက်တာ။

ယင်းကာလဝယ် လူလားမြောက်သော မြန်မာယောက်ျားတို့သည် ခေါင်းပေါင်း ပေါင်ကြလေသည်။ ဆရာကြီး ရွှေဥဒေါင်း၏ တသက်မှတ်တမ်းထဲတွင် ဆရာကြီး ပီမိုးနင်း၏အကြောင်းကို ရေးသားဖော်ပြရာ၌ သေူရိယ တစ်လိုက်လုံး (ကျွန်ုပ်အပါအဝင်) စာရေးများပါ အုပ်ပေါင်းနှင့် ဂိုက်ထုတ်လျက်ရှိကြသော ထိုခေတ်တွင်၊ ပုသိမ်ထီးကို ချိုင်းကြားညှပ်လျက်၊ ကွင်းထိုး ခုံဖိနပ်လျှိုကာ၊ ပတ်ပေါင်း ရိုးရိုးကလေးနှင့် ဆေးပေါ့လိပ် ခဲလျက် အလုပ်တက်လေ့ရှိသော ကိုကျော် (ပီမိုးနင်း)မှာ လူဆန်းတစ်ယောက်လိုလို ဖြစ်နေ၏။' တဲ့။

မြန်မာခေါင်းပေါင်းပေါင်းရာ၌ 'အုပ်ပေါင်း' 'ပတ်ပေါင်း'ဟူ၍ နှစ်မျိုး ရှိလေရာ၊ ပတ်ပေါင်းသည် လွယ်ကူစွာပဲခေါင်းကို ပတ်၍ပေါင်းလိုက်ခြင်းဖြစ်ပါသည်။ အုပ်ပေါင်းကမူ ကေသာ ရှည်နှင့် သျှောင်ထုံးရှိလျှင် ထိုယောင်ထုံးကိုအုပ်၍၊ သျှောင်မရှိလျှင် ခြင်းစွပ်ပြီး အုပ်ပေါင်းခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့အဖေသည် ငယ်ရွယ်စဉ်က ဆံပင်ရှည်နှင့် ဖြစ်လေရာ၊ သွားစရာ သမန်ကာ လျှံကာ ကိစ္စမျိုးကို ပတ်ပေါင်း၊ ပွဲနေပွဲထိုင် ကိစ္စကြီးများဆိုလျှင် အုပ်ပေါင်း၊ နောင် သူအသက် ၅၀ ကျော်လာ၍ ဆံပင် အကျွတ်များလာသဖြင့်၊ 'ဆံထုံးတော်ကြီး တမာသီး' ဖြစ်ကာနီးတော့ ခေါင်းတုံးရိတ်ပြီး ခြင်းဝယ်စွပ်ရတော့၏။

ဆရာကြီးရွှေဥဒေါင်းကား ကျွန်တော်နှင့်တွေ့ရသော အချိန်မှာ ဘဲမြီးဆံတောက်နှင့်သာ ဖြစ်သည်။ ရှေးယခင် ငယ်စဉ်ကလည်း မြို့နေ အင်္ဂလိပ်ကျောင်းသားကပဲ။ ကျွန်တော့်အဖေ ဘုန်းကြီးကျောင်းထွက် ကျေးတောသားလို ဆံရှည်ထားခဲ့ဖူးမည် မဟုတ်ချေ။ ထိုကြောင့် သူ့ခေါင်းကို ခြင်းနှင့်သာပေါင်းရသည်။

ပတ်ပေါင်းသည် ဆံပင်ရှည် သျှောင်ထုံးနှင့်ဆိုလျှင် ကြည့်၍ကောင်းလှပါသည်၊ ခေါင်းတုံးတွေ ဘိုကေတွေနှင့်ကား မနိပ်ပါ။ ပေါင်းချောင်ပတ်သာ။ မိမိကိုယ်မိမိ လှပထည်ဝါဖို့ ဘာမျှ ဂရု မစိုက်တတ်သော ဆရာကြီးပီမိုးနင်းလို လူမျိုးတွေသာ 'ပတ်ပေါင်း'ပေါင်းကြလျက်၊ ဝတ်စားဆင်ယင်မှုတွင် အလွန်စတိုင်များတတ်သော ဆရာကြီးရွှေဥဒေါင်းကား၊ ကျွန်တော်အစကဖော်ပြခဲ့ သော သီချင်းလို ကိုလူပျို မြို့အုပ်လောင်းမဟုတ်သော်လည်း၊ အုပ်ပေါင်းပေါင်းလို့ တုတ် တစ်ချောင်းနဲ့ လမ်းကိုလျှောက်တာတော့ အမှန်။ အဲ၊ သူ့မှာ ဆေးတံကတောင် ပါလိုက်သေးဗျ။ လမ်းလျှောက်တုတ်နှင့်ဆေးတံကား ဆရာကြီး၏ အမှတ်အသားဃင်၊ ဘယ်သွားသွား၊ ဒါတွေပါမှ၊

ခေါင်းပေါင်း ပေါင်းရာတွင်လည်း ခေါင်းပေါင်းစမှာ တိုတိုနှင့်ထောင်ထောင် 'ယုန်နားရွက်'၊ ဘေးကားကားနှင့် ပြန့်ပြန့် 'တီအေပေါင်း' ဟူ၍ နှစ်မျိုးရှိရာ၊ ဆရာကြီးသည် အမြဲတမ်း ဘီအေပေါင်း။ သူရိယသတင်းစာ အယ်ဒီတာခေတ်က စတိုင်အတိုင်း ဖြစ်ပါသည်။

သူ့ အသက် ၈၀ ပြည့်ကာနီး လုပ်သားသတင်းစာ အယ်ဒီတာချုပ် ဖြစ်သောအခါလည်း သူရိယ သတင်းစာတိုက်တုန်းကလို နေ့စဉ် ရှိုးကျကျ ခေါင်းပေါင်းစနှင့်မဟုတ်တော့သော်လည်း ပွဲနေ့ပွဲထိုင် အခမ်းအနား သွားစရာရှိပြီဆိုလျှင် ခေါင်းပေါင်းပေါင်းကို ကျကျနန ပေါင်းပါလေပြီ။ ဆရာကြီးသည် ဤခေါင်းပေါင်းကိစ္စကို အလွန် ဂုဏ်ယူလေ့ရှိသည်။

## ဆရာကြီး စတိုင်

ရှမဝတိုက်ရှေ့တည့်တည့်ရှိ လုပ်သားသတင်းစာ အယ်ဒီတာချုပ် ဘဝနှင့် ရန်ကုန်မြို့တွင် ဆရာကြီး နောက်ဆုံးနေသွားခဲ့သော အစိုးရအရာရှိကြီးများတိုက်ခန်းဝယ် တစ်နေ့သ၌ ဆရာကြီး သည် မြန်မာပီသစွာ ရှိုးကျကျဝတ်ဆင်ပြီး၊ ခေါင်းပေါင်းကို ကျကျနနပေါင်းနေရာမှ အနီးရှိ ကျွန်တော့်အား၊

''ဟေ့ကောင်၊ မင်းဘဝမှာတော့ တစ်ခါမှ ခေါင်းပေါင်းပေါင်းခဲ့ဖူးမယ် မထင်ပါဘူးကွာ''

''ဟား၊ ဟား၊ အဲလိုမထင်နဲ့အုံး၊ ဆရာကြီး ကျွန်တော်ခေါင်းပေါင်းနဲ့ ရှိုးထုတ်ခဲ့ရဖူး သေးတယ် ဦးကြီးရဲ့''

''ဘာလဲကွ၊ မင်္ဂလာဆောင်တုန်းက တမနက်ခင်းလား''

''ကျွန်တော် မိန်းမသုံးယောက်သာ ရခဲ့ဖူးတယ်၊ တစ်ခါမှ မင်္ဂလာဆောင်ဖူးတဲ့လူ မဟုတ်ဘူး၊ ကျွန်တော် ဆရာဖြစ်သင်တန်းကျောင်း တက်ခဲ့ရတုန်းက ဦးကြီးရ''

ဟုတ်ပါသည်။ ၁၉၃၉ ခုနှစ်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် စပယ်ရှယ် နော်မံကျောင်းနေရစဉ် အခါက စမ်းချောင်း (သို့မဟုတ်) အလုံရှိစာသင်ကျောင်းများသို့ လက်တွေ့သင်တန်းဆင်းသွားရပြီ ဆိုလျှင် ခေါင်းပေါင်းနှင့် သွားရပါသည်။ သည်တုန်းက ကျွန်တော့်အသက်သည် ၂၀–မျှပင်၊ ဆေးတံလည်း သောက်လိုက်သေးသည်။ လူများ ငယ်စဉ် အခါမှာ တယ်ပြီး ကြီးချင်လိုက်သကိုး။ အဲဒီတုန်းက အသက် နှစ်ဆယ်အရွယ်၊ ခေါင်းပေါင်းစကြီး ကားကားနှင့်၊ ဆေးတံနှင့်ကောင်လေးကို မျက်စိထဲ မြင်ယောင်ကြည့်ပါ။ ဒါကြောင့် ကျွန်တော်က ဆရာကြီးလိုပဲ ဆေးတံနှင့်၊ ခေါင်းပေါင်းနှင့်တနှစ်လောက် ဖြစ်ခဲ့ဘူးကြောင်း ပြောပြတော့ ဆရာကြီးက–

''ဒါပေမယ့် ငါပြောရဲတယ်၊ မင်းကိုယ်တိုင်တော့ ခေါင်းပေါင်း ပေါင်းတတ်မှာ မဟုတ်ဘူး''

''ဒါတော့ ဟုတ်တာပေါ့ဦးကြီးရ၊ ဘယ်ကိုယ်တိုင်ပေါင်းနေတော့မှာတုန်း၊ မြပိုးထည်တိုက် က မောင့်ကျက်သရေခေါင်းပေါင်း ဝယ်ထားလိုက်တာပေါ့၊ သွားချိန်တန် ကောက်စွပ်လိုက်ရုံပဲ''

''အေး. . . . မင်းတို့ခေတ်မှာ အဲဒါတွေပေါ်တော့ ဒါကြောင့်နှောင်းခေတ်လူတွေဟာ ခေါင်းပေါင်းကို မပေါင်းတတ် ကြတော့ဘူး၊ ခုနှယ် ဝန်ကြီးတွေကအစ သွားကာနီး ကောက်စွပ်ပဲ၊

ငါတို့ခေတ်တုန်းကဆိုယင် စာရေးစာချီလေးအစ ကိုယ့်ဟာကိုယ် ခေါင်းပေါင်း ပေါင်းတတ်ကြရ တယ်၊ ခေါင်းပေါင်းကို ကျကျနန ပေါင်းတတ်ဖို့ ဆိုတာကလဲ လွယ်ကူတဲ့အလုပ် မဟုတ်ဘူးကွ၊ တော်တော်ကို လေ့ကျင့်ယူရတယ်''

''ဟုတ်ပါတယ်၊ ဦးကြီး အခု ပေါင်းနေပုံ ကြည့်ပြီး ကျွန်တော် သိပါတယ်''

''ငါကတော့ မှန်လွတ်၊ မှန်မကြည့်ပဲနဲ့တောင် ပေါင်းနိုင်တယ်ကွ''ဟု ဆိုပြီး၊ သူခေါင်းပေါင်း ပေါင်းခြင်းကို အဆုံးသတ်လိုက်၍၊ ကုလားထိုင်ပေါ်ထိုင်ကာ ဆေးတံကို ကောက် ကိုင်ပါသည်။ ဤတွင် ဒေါ်ကြီးစိုးက သူ့ယောက်ျားကြီး သူစေ့စေ့ကြည့်၍. . . . .

''နင့်ဦးကြီးက ခေါင်းပေါင်းနဲ့ဆိုယင် သိပ်ချောတာ ခန့်တာကွဲ့''

''အေးပေါ့ဗျာ. . . . ကိုယ်ထင် ခုတင်ရွှေနန်းပေါ့''

ဆရာကြီးကတော့ မိန့်မိန့်ကြီးပြုံးလို့။ အသက် ၈၀ အဘိုးကြီးက အသက် ၇၀ အဘွားကြီး၏ ချီးမွမ်းခြင်းကို နှစ်သက်တုန်း နေမှာပေါ့နော်. . . .။

## ဆရာကြီးခေါင်းပေါင်းစနှင့် မစ္စဂျုံးန်း

ထိုနေ့ညနေ ဆရာကြီးသည် မြန်မာပီပီ ရှိုးကျကျ ဝတ်စားဆင်ယင်နေသည်ကတော့ ဂျာမနီ ညှိခံပွဲဖြစ်သောကျွန်တော်တို့၏မိတ်ဆွေ ဒေါက်တာအက်ဒွင်က လက်ထပ်ပြီးစ သူ့ဇနီး နှင့် မိတ်ဆက်ပွဲ ဖိတ်ထားသောကြောင့် ဖြစ်ပါ၏။ ဤပွဲမျိုးမှာ လင်စုံမယားဖက် ဖိတ်ကြားသည် ဖြစ်သော်လည်း ဒေါ်ကြီးစိုးကတော့ မလိုက်ရေးချမလိုက်။ သူ ရန်ကုန်မှာအယ်ဒီတာချုပ်ကတော် ဖြစ်ပြီး မျက်စိဘက် ပျက်ပြီး ကတည်းက ဘယ်လို ညှိခံပွဲမျိုးမှ မသွားတော့ပြီ။

ကျွန်တော်တို့စုံတွဲကား မသွား၍မဖြစ်၊ ဒေါက်တာအက်ဒွင်က ကားလွှတ်၍ခေါ်မည်။ ဗွန်ကိုင်ဇာသော်လည်းကောင်း၊ ဒေါက်တာအက်ဒွင်သော်လည်းကောင်း၊ သူတို့က ဖိတ်ကြားလျှင် ကျွန်တော်တို့မှာ ကားမရှိမှန်းသိ၍၊ ကားလွှတ် ခေါ်လေ့ရှိပါသည်။ ထို့ကြောင့် ကျွန်တော် ကိုဖေသိန်း အိမ်မှတဆင့် မေ့ဆီသို့ ဖုန်းဆက်၍ ပြောလိုက်ရသည်။ ဒေါက်တာအက်ဒွင်ကား လာလျှင် မင်းသာ လိုက်သွားပေတော့၊ ငါကတော့ မြို့ထဲမှနေပြီး ဆရာကြီးနှင့်အတူ လာမည်။

ဖိတ်စာမှာ ည-၇ နာရီဖြစ်၍ ထိုအချိန်လောက်တိတိကျကျရောက်အောင် ကျွန်တော်တို့ မှန်းဆ၍သွားကြသည်။ ဒေါက်တာအက်ဒွင် လင်မယားသည် အိမ်ပေါက်ဝမှ ဆီးကြိုက်နှုတ် ဆက်ကာ ထိုင်ရန်နေရာသို့ လိုက်ပို့ကြည်။ အစီအစဉ်နှင့်ညစာစားပွဲဖြစ်၍ အသီးသီးနေရာကို နာမည်များ ရေးပြီးသား။ ယင်းပါတီတွင် ပြင်သစ်၊ အင်္ဂလိပ်၊ အမေရိကန်၊ ဂျပန်စသော

(လက်ယာတိုင်းပြည်)စုံတွဲများ လာကြလေရာ၊ ကျွန်တော်တို့ ဆရာကြီးသည် အသက် အကြီးဆုံး ဖြစ်နေ၍ **Guest of Honor** ဧည့်သည် ခေါင်းသူကြီးအဖြစ်နှင့် စားပွဲထိပ်ဆုံးတွင် နေရာချ ထားပါသည်။

ယင်း၌ အမေရိကန်သူ မရွှေဂျိန်း (ဒေါက်တာ အက်ဒွင်၏ဇနီး)သည် ဧည့်သည် ခေါင်းသူကြီးအား သူတို့ လူမျိုးဓလေ့အတိုင်း ဂုဏ်ပြုပါလေတော့၏။ အသို့ဟူမူ ကျွေးမွေးပွဲစတော့မည်၌ ဂျိန်းက သူ့နေရာတွင် မထိုင်သေးပဲ ဆရာကြီး၏ လက်ဝဲဘက် ကုလားထိုင်လက်တန်းပေါ် တက်ထိုင်လိုက်ကာ သူ့ဗယ်လက်ဝါးနှင့် ဆရာကြီး၏ ညာဘက်ပါးသို့ ဖြတ်ကနဲသာသာလေးပုတ်လိုက်ပြီး ဗယ်လက်ဝါးကို နှုတ်ခမ်းနှင့် ပြွတ်ကနဲ စုပ်နမ်းလိုက်၏။ ယင်းသို့ပြီးတော့မှ ကုလားထိုင် လက်တန်းပေါ်မှာ အေးအေးဆေးဆေး ထိုင်နေသေးကာ ဆရာကြီး၏ မြန်မာ့ဂုဏ်ထူးဆောင် ခေါင်းပေါင်းစကို ကျကျနနကိုင်လျက် **Old Par, your turban is very pretty** 'အဖေကြီးခေါင်းပေါင်းက သိပ်လှတာပဲ'ဟု ပြောနေ ချေသေး၏။

ဤရှုကွင်းကာ အနောက်နိုင်ငံသူ နိုင်ငံသားများအဖို့ အင်မတန် သင့်တင့်လျောက်ပတ်ပါ ၏။ ဧည့်သည်လူကြီးတစ်ယောက်အား အိမ်ရှင်မတယောက်အနေနှင့် အထူးဂုဏ်ပြုရာ ရောက်ပါ ၏။ သို့သော် ကျွန်တော်တို့မြန်မာလူမျိုးအဖို့၌ကား စာဖတ်သူနှင့် ကိုယ့်မြန်မာ အချင်းချင်းပဲ ကျွန်တော် ရေးပြစရာ မလိုတော့ပါဘူးနော်။ အဲ ပြောစရာတော့ ကျန်သေး၊ ဒီအချိန်မှာ ဂျိန်း ဝတ်ထားလိုက်တာက သူတို့ အနောက်နိုင်ငံသူများခေတ်စားနေတဲ့ မီနီစ်ကပ်ခေါ် ပေါင်ရင်းပေါ် သည့် ဂါဝန်တိုကလေးခင်ဗျာ။

အဲဒီပုံသဏ္ဌာန်နှင့် ဆရာကြီး၏ ကုလားထိုင်လက်တန်းပေါ်တင်ပါးလွှဲ တက်ထိုင်ပြီး ဆရာကြီးခေါင်းပေါင်းစ ကျကျနနကိုင်နေတော့ ကျွန်တော်မနေသာဘူး။ ကျွန်တော်နှင့် ဘေးချင်း ယှဉ်ထိုင်နေသော ဒေါက်တာအက်ဒွင်ကို မလျောက်ပတ်ကြောင်း တီးတိုး ပြောလိုက်တော့မှ ဒေါက်တာအက်ဒွင်က သူ့ဇနီးကို အခန်းထဲမှာ တခုခုကို သွားယူခိုင်းလိုက်တယ်။

ဂျိန်းက ဖော်ပြခဲ့သည့်အတိုင်း ဆရာကြီးကို အနောက်နိုင်ငံသူရဲ့ယဉ်ကျေးမှု ပြုနေတဲ့အခါမှာ ဆရာကြီးမျက်နှာ မသာမယာ၊ ပြုံးတော့မယောင်၊ မဲ့တော့မလား ကြောင်ဂလုလု လေး ဖြစ်နေပုံကို ကျွန်တော် ယခုတိုင် မြင်ယောင်ပါသေးရဲ့။ ဒေါက်တာအက်ဒွင်တခိုင်းလိုက်လို့ ဂျိန်း ကုလားထိုင်လက်တန်းပေါ်က ဆင်းသွားတော့မှ ဆရာကြီးမျက်နှာ သက်သာရာရပြီး သက်ပြင်းချသံကြီးတောင် ကျွန်တော် ကြားလိုက်ရပါသဗျာ။ အဲ. . . သူ့ စိတ်ထဲမှာတော့ ဂျိန်းပြန် လာယင် တခါ ထပ်လုပ်ဦးမလား၊ စိုးရိမ်နေဟန်ရှိသေးသဗျ။

သို့သော် ဂျိန်းက နားလည်သွားပါပြီ။ ဒေါက်တာ အက်ဒွင်က သူ့ကို အခန်းထဲမှာ မရှိတာ ယူခိုင်းလိုက်တာမို့၊ သူမတွေ့လို့ ပြန်ထွက်မလာနိုင်တော့ ဒေါက်တာ အက်ဒွင်ကပါလိုက် ပါသွားပြီး၊

နှစ်ယောက်အတူ ပြန်ထွက် လာကြတော့ ဂျုန်းက ပြုံးစိစိမျက်နှာပေးနှင့် ကျွန်တော့်ကို လှျာထုတ်ပြပါသည်။

## ကျွန်တော် စာရေးဆရာ ရုပ်ရှင်မင်းသား

စာမူခ ကျပ် သိန်း ၃၀၀–ကျော်၊ အမေရိကန် စာရေးဆရာမ ဂျူးဒစ်ကရန့်ဇ်သည် ပရင်း ဆက်စ်ဒေစီ ဝတ္ထုအတွက် မထုတ်ဝေမီကပင်၊ ကတ်ထူဖုံးနှင့် အဖုံးပျော့စာအုပ် နှစ်မျိုးစလုံး အတွက် စာမူခ ဒေါ်လာ ၅ သန်း၊ (ကျပ် သိန်း ၃၀၀ ကျော်)ကို ရခြင်းဖြစ်လေသည်။ ယခု စာအုပ်မှာ သူ၏ ဒုတိယစာအုပ်ဖြစ်သည်။ ပထမဆုံးစာအုပ် ဖြစ်သော 'စကရပ်ပဲလ်စ်'စာအုပ်မှာ လည်း ရောင်းအကောင်းဆုံး စာအုပ်စာရင်းဝင်ဖြစ်ခဲ့သည်။ ယခု သူရရှိသော စာမူခမှာ စာရေးဆရာတယောက်အတွက် အမြင့်မားဆုံးစံချိန်ပင် ဖြစ်သည်။ ပရင်းဆက်စ်ဒေစီကို ထုတ်ဝေ ပြီး တပတ်ခန့်ကြာသောအခါ အုပ်ရေ ၅–သိန်းအထိ ပုံနှိပ်ခဲ့ရပေသည်''

''ဟိတ်. . . တော်စမ်းကွာ'' ကျွန်တော် စာရေးနေစဉ် အနီး၌ တုံးလုံးလှဲကာ ကျွန်တော့်ဇနီးက ၁၉၈၀ ခုနှစ် အောက်တိုဘာလထုတ် ရှုမဝမှ စာပေနှင့်အနုပညာ ကမ္ဘာ ကဏ္ဍ တို့ကို ကျယ်လောင်စွာ ဖတ်နေသဖြင့် ''စာဖတ်လဲ တိုးတိုးတိတ်တိတ် ဖတ်တာမဟုတ်ဘူး''

''အော်. . . . သူများတိုင်းပြည်က စာရေးဆရာတွေ စာတအုပ် ဘယ်လောက်ရသလဲဆိုတာ မောင်သိစေချင်လို့''

''ငါသိတယ်. . . . ငါသိတယ်၊ သူများတိုင်းပြည်က သူများတိုင်းပြည်၊ တို့တိုင်းပြည်က တို့တိုင်းပြည်၊ ဘာဆိုင်သလဲကွ''

''အော်. . . . မေတို့ပြည်မှာလဲ ဒီလောက်ရယင် ဘယ်လောက်ကောင်းမလဲလို့''

''မင်း. . . ဒီလောက်တောင် ငွေလိုချင်နေယင်လဲ အမေရိကန်သွားပြီး အမေရိကန် စာရေးဆရာကို ယူချေလေ့၊ ငါ့ဆီကတော့ မမျှော်လင့်နဲ့တော့''

''စကားအဖြစ် ပြောတာပါ''

''ဘာအဖြစ်မှ မပြောနဲ့ကွာ၊ ဒီမှာ ငွေကလေး မဖြစ်စလောက်ရဖို့ သန်းခေါင်ကျော် ကတည်းက ထစာရေးနေရတဲ့ကောင်က အားပျက်တယ်ကွ၊ ဟိုအကောင်တွေကလဲ ကိုယ့် တိုင်းပြည်က မြန်မာစာရေးဆရာတွေကို အားမနာဘူး၊ တွေ့ကရာ ဘာသာပြန်ထည့်တာပဲ၊ သူတို့ တိုင်းပြည်က စာတအုပ်ကိုသိန်းနဲ့ ချီရိုက်ရတာ တို့မြန်မာမှာက နှစ်ထောင်တောင်မပြောင်လို့ ခက်နေတာ မဟုတ်လား၊ မင်းဟာကိုယ့်မြန်မာအချင်းချင်း သိသင့်ပါတယ်၊ မင်းကိုမင်း ဒေါက်တာ အက်ဒွင်မိန်းမ အမေရိကန်သူ ဂျုန်းများ အောက်မေ့နေသလား''

မေသည် ဟက်ဟက်ပက်ပက် ရယ်လေသည်။

ဟုတ်ပါ၏။ ဒေါက်တာအက်ဒွင်မိန်းမ ဂျိန်းသည် ကျွန်တော့်ကို အထင်မှား အမြင်မှား ဖြစ်ခဲ့ဘူးသည်။ အသို့ဟူမူ၊ ဒေါက်တာအက်ဒွင်ကရောက်စ သူ့ဇနီးနှင့် ကျွန်တော့်ကိုမိတ်ဆက်ပေးစဉ်က မြန်မာပြည်က သူ့မိတ်ဆွေကြီးအား တော်ယော်ကလေး ဂုဏ်တင်ချင်တဲ့စိတ်နဲ့ ကျွန်တော့်ကို မြန်မာပြည်က နာမည်ကြီး စာရေးဆရာ ရုပ်ရှင်မင်းသားလို့ ပြောပြတယ်ဗျ၊ ဒီတော့ နာမည်ကြီး စာရေးဆရာလဲ စာရေးဆရာ၊ ရုပ်ရှင်မင်းသားလဲ ရုပ်ရှင်မင်းသားဆိုတော့ မရှိတာက ပဲဗျ။ ဒီတော့ ဂျိန်းဟာ ကျွန်တော့်ကို သိပ်အထင်တကြီး ဖြစ်သွားတော့တာပေါ့ဗျာ။ အဲသည် အချိန်မှာ ကျွန်တော်ဟာ ဒေါက်တာ အက်ဒွင်ပြောတဲ့အတိုင်း နာမည်ကြီးစာရေးဆရာ ရုပ်ရှင် မင်းသားဆိုတာလဲ ဘာမှသံသယရှိစရာ မလိုဘူး။ ဘာကြောင့်လဲဆို. . . . ကျွန်တော် မတောက် တခေါက်ရိုက်ခဲ့ရတဲ့ ရုပ်ရှင်ကားတွေထဲမှာ ကျွန်တော် အခန်းအများဆုံးနဲ့ ကျွန်တော်က အရေးပါအရာရောက်တဲ့အခန်းက ပါခဲ့ရတဲ့ သာဓုရုပ်ရှင်က ‘ဖတ်စ်ကလပ်စ်’ဇာတ်ကားလဲ ရန်ကုန်မှာ ပြနေတုန်းမို့ ကျွန်တော်က ဗွန်ကိုင်ဇာ လင်မယားရော၊ ဒေါက်တာအက်ဒွင် လင်မယားရောခေါ်ပြီး ပြလိုက်မိသကိုးဗျ။

အဲသည်မှာတင် ဂျိန်းအတွက် ပြဿနာ ဖြစ်လာတာက၊ သူ့လင် အက်ဒွင်ကို ပြောသတဲ့၊ ‘‘ရှင့်မိတ်ဆွေ သော်တာဆွေ ဆိုတာဟာ နာမည်ကြီး စာရေးဆရာ ရုပ်ရှင်မင်းသား ဖြစ်နေရက်သားနဲ့ မော်တော်ကားမှ ဝယ်မစီးဘူးလား၊ အခုကြည့်စမ်း ကျွန်မတို့အိမ် ပါတီလုပ်လဲ သူ့ကို ကားလွှတ်ခေါ်ရတယ်၊ သံအမတ်ကြီးအိမ်လုပ်ယင်လဲ သံအမတ်ကြီးကားလွှတ်ရတယ်’’လို့ စကားနာထိုးသတဲ့ဗျ။

အင်း. . . . ကောင်းရော။

ဟုတ်တယ်လေ. . .၊ သူ့အမြင်ကလဲ အမေရိကန်သူတစ်ယောက်အနေနဲ့ အမေရိကန်စာရေးဆရာ၊ အမေရိကန်ရုပ်ရှင်မင်းသားတွေကို ကြည့်ပြီး တွက်ပေမပေါ့။

ဒါကြောင့် ကျွန်တော်ကတော့ မာမာအေးဆိုတဲ့ သီချင်းလိုပဲ။

‘မောင် ဘယ်သူ့ကိုမှ အပြစ်လဲမတင်လိုပ. . . မောင့်အဖြစ်နဲ့ မောင်သာ ရှိပါစေတော့ မေရေ. . . မေရေ. . . ’

၁၉၄၃–ခုနှစ် (ဂျပန်ခေတ်) ကျွန်တော် လက်ဖက်ရည်ဆိုင်လေး ဖွင့်နေတုန်းက ကျွန်တော်နဲ့ ရွယ်တူလောက် ကိုတင်ရွှေဆိုတဲ့ ဗေဒင် ဝါသနာအိုးတယောက်က လက်ဖက်ရည် လာသောက်ယင်းနဲ့ ကျွန်တော့်ကို ဗေဒင်အလကား ဟောသွားတယ်ဗျာ။

''ကိုကြင်ဆွေ၊ ခင်ဗျားတနေ့မှာ ကျော်စောကိတ္တိရှိတဲ့ လူတယောက် ဖြစ်လာရမယ်ဗျ''

''ဘဝအတွက် ကျော်စော ကိတ္တိရှိရမှာလဲ''

''ဒါတော့ ကျွန်တော် မပြောတတ်ဘူးဗျ၊ ဥစ္စာကြေးငွေတော့ ခင်ဗျာ မချမ်းသာဘူး၊ မရှိမရှားပဲ၊ သို့သော် ခင်ဗျားဟာ ရှိတာထက် ပိုပြီး အထင်ကြီးခံရဖို့ ဇာတာပါတယ်''

အဲဒီဟောကိန်းကတော့ ခင်ဗျာ၊ ဒေါ်ခင်မျိုးချစ်တို့ လင်မယား အင်္ဂလိပ် လုပ်သား သတင်းစာမှာ အယ်ဒီတာတွေဖြစ်ကြတော့ ကွက်တိလာမှန်တော့တာပါပဲ။ ၁၉၆၄–၆၅–၆၆–၆၇ –၆၈– ခုနှစ်တွေပေါ့။

အတိအကျတော့ ကျွန်တော် မမှတ်မိတော့ပါဘူး။ အဲသည်နှစ်များရဲ့ တနှစ်။ တမနက်ခင်းဗျာ။ ကျွန်တော်တို့ မာလကာခြံ ရပ်ကွက်ထဲမှာ အသုဘအိမ်တခု သပိတ်သွက်ကို သွားရတယ်။ အဲဒီမသာက ဒရိုင်ဘာဗျ။ ကားမှောက်လို့ သေတာ။ အဲဒီအခင်းဖြစ်မယ့် နေ့တုန်းက ရန်ကုန်က အထွက်မှာ ရွှေညောင်ပင်ဝင်ပြီးတော့ နတ်မတင်မိဘူးလို့ ဒဏ်ရာနဲ့ မသေပဲ ကျန်နေတဲ့ စပါယ်ယာက ပြောသတဲ့ဗျ။ ဒါကြောင့် ဒီသပိတ်သွတ်ပရိသတ်မှာ မော်တော်ကားနဲ့ နတ်ပြဿနာကို ဆွေးနွေးကြတယ်။ တချို့ နတ်မယုံတဲ့ လူကလဲ ဒီကားမှောက် တာနဲ့ နတ်မဆိုင်ပါဘူး။ သူ့ဟာသူအရက်မူလို့ဟာပဲ၊ နတ်ယုံတဲ့ လူကလဲ ဆိုင်တာပေါ့။ ဒီလူခါ တိုင်းလဲ သောက်နေကျတာပဲ။

သည်တွင်တယောက်သောသူက ကျွန်တော့်ကိုစာရေးဆရာပညာရှိပြီးရယ်လို့ ''ကဲ. . . ဆရာ သော်တာဆွေကကော ဘယ်လိုသဘောရသလဲ''လို့ မေးလိုက်တယ်။ ဒီတော့ ကျွန်တော်က ဧဝစနံ တခွန်းတည်းသော စကားပဲ ပြောလိုက်ပါတယ်။ ''ကျွန်တော် ဘယ်လိုမှ မဆုံးဖြတ်တတ်ပါဘူးဗျာ. . . .''လို့။

အဲသည်မှာ ကျွန်တော်နဲ့ တော်တော်လေးမျက်မှန်းတန်းမိနေတဲ့ လူတယောက်က ကောက်ပြီး မေးလိုက်သဗျ။

''ဒါဖြင့် ဆရာ့ကားကို ရွှေညောင်ပင်နတ် အပ်မထားဘူးလား''တဲ့။

ရန်ကုန်ဧရိယာက ကားပိုင်ရှင်တွေက နတ် ဝါသနာပါတဲ့ လူတွေဆိုယင် သူတို့ကား ရွှေညောင်ပင်သွားပြီး နတ်အပ်ထားလေ့ ရှိကြပါတယ်။ ဒီကိစ္စက ကျွန်တော်နဲ့ဘာမှ မဆိုင်တဲ့ အတွက် အဲဟိုလူရဲ့ မေးခွန်းကို ကျွန်တော် ဖြေလိုက်တာကတော့. . . .

''အောင်မယ်လေးဗျာ၊ ကျွန်တော့်မှာ ကားဝေးလို့ နွားကလေးတကောင်တောင်မှ မမွေးနိုင်တာပဲ''

ဒီမှာတင် အဲသည်လူ မျက်နှာ ကွက်ကနဲ ပျက်သွားပြီး၊ သူကျွန်တော့်ကို မကြည့်တော့ဘူး၊ နောင် လမ်းမှာ တွေ့လို့လဲ ဟိုတုန်းကလို နှုတ်ဆက် စကားပြောမလုပ်တော့ဘူး၊ ကျွန်တော်က နှုတ်ဆက်မယ် ကြံတတောင် သူက မျက်လုံးလွှဲလွှဲသွားတော့တယ်၊

အင်း. . . . ဘာကြောင့်ပါလိမ့်။

ကျွန်တော် ဒီကိစ္စကို သတိရတိုင်း စဉ်းစားတော့ နောင် မကြာခင်မှာပဲ အဖြေပေါ် လာတယ်။

အဲဒီလူက နို့စားနွားမခြံက နွားထီးပိန်ညှောင်ကလေးတွေကို ဝယ်ပြီး မွေးလေ့ရှိတဲ့လူ။ သူ မနက်တကြိမ် ညနေတကြိမ်၊ အလုပ် အသွားအပြန်မှာ ကျွန်တော့်အိမ်ရှေ့က ဖြတ်ဖြတ်သွားရ တော့ ဖယ်မလီယာ မော်တော်ကားတစီးက ကျွန်တော့်အိမ်ထဲမှာ အမြဲရှိရှိနေတယ်။ သည်ကားက အယ်ဒီတာ ဒေါ်ခင်မျိုးချစ်တို့ လင်မယားရဲ့ကား။ ဒီအချိန်မှာ ကျွန်တော့်အိမ်ရှေ့ ရောက်ရောက် နေတောက သူတို့ လင်မယား နှစ်ယောက်စလုံး သတင်းစာ လုပ်ရတော့ အိမ်မှာ ထမင်းဟင်း မချက်အားတော့လို့ မေ့လက်ရာလဲ ခံတွင်းတွေ့ကြတာနဲ့၊ ကျွန်တော့်အိမ်က ထမင်းချိုင့်ဆွဲစား နေကြတာဗျ။ ဒီတော့ သူတို့ ဒရိုင်ဘာက မနက်ခင်း ၉–နာရီနဲ့ ၁၀–နာရီကြားတကြိမ်၊ ညနေခင်း ၄–နာရီနဲ့ ၅–နာရီကြားတကြိမ် ကားနဲ့ လာလာယူနေရတာ။ တခါတရံ ကျွန်တော်က ဒီကားနဲ့ မြို့ထဲလိုက်သွားတယ်။ ပြန်လာတယ်။ သည်တော့ အဲဟိုသူ စိတ်ထဲမှာ ဒီကားကို ကျွန်တော့်ကားလို့ မထင်ပဲ နေပါတော့မလား။

ကဲ. . . သည်တော့ သူ့အမေးနဲ့ ကျွန်တော့်အဖြေကို ပြန်စဉ်းစားကြရအောင်။

သူက. . . ''ဒါဖြင့်ဆရာကားကို ရွှေညှောင်ပင်နတ် အပ်မထားဘူးလား''

ကျွန်တော်က. . . . ''အောင်မယ်လေးဗျာ၊ ကျွန်တော့်မှာထားဝေးလို့ နွားကလေးတောင်မှ မမွေးနိုင်တာပဲ''

သည်စကားက ဘာမျှရည်ရွယ်ချက် ရှိတာ မဟုတ်ပါဘူး။ မှန်တဲ့အတိုင်း ကိုယ့်မှာ ကားမရှိကြောင်း၊ ကျွန်တော့် ဝသီအတိုင်း နှုတ်ထဲတွေ့ရာ နဘေထပ်နဲ့ ပြောလိုက်တာပဲ။ သို့သော် ဟိုလူစိတ်ထဲမှာတော့ ကျွန်တော့်မှာ သူ့မျက်မြင် ကိုယ်တွေ့ကားရှိနေလျက်သားနဲ့ သူ နွားကလေးတွေ မွေးနေတာကို 'ရိ' ပြောတယ်ပေါ့။ ကဲ. . . သူ့အနေက စိတ်ဆိုးမယ်ဆို ဆိုးထိုက် သပေါ့။ ဒါကြောင့် ဒီနေရာမှာလဲ ကျွန်တော်က မာမာအေးဆိုတဲ့ သီချင်းအတိုင်းပဲ။

မောင်ဘယ်သူ့ကိုမှ အပြစ်လဲမတင်လိုပေ။ မောင့်အဖြစ်နဲ့မောင်သာ ရှိပါစေတော့ မေရေ. . . မေရေ. . . .

ဇာတ်သိမ်း

ကဲ. . . . ဟိုအကြောင်း သည်အကြောင်းတွေ ပျော်ပျော်ပါးပါးနဲ့ ကျွန်တော်ရေးသားလိုက်တာ၊ တော်တော်ပဲရှည်လျားသွားပြီ။ သို့သော် ဘဝဆိုတာ ပျော်ရွှင်မှုနဲ့ အဆုံးသတ်လေ့ မရှိဘူး။ ဝမ်းသာစရာပြီးယင် ဝမ်းနည်းစရာ လာရမှာပဲ။

ချစ်ခင်ပေါင်းသင်း၊ မိတ်ဆွေချင်း၊ ကွေကွင်းနောက်ဆုံးရှိချေ၏။ တွေ့ကြုံဆုံကွဲ၊ မလွဲတဲ့ဓမ္မတာကြီးကိုဗျ။ ၁၉၆၈ ခုနှစ်မှာ ဒေါက်တာ အက်ဒွင်က သူ့တိုင်းပြည်ကို ပြန်ရတယ်ခင်ဗျ။ ၁၉၆၉ ခုနှစ်မှာ ဖွန်ကိုင်ဇာလင်မယားလဲ ပြန်ရပါရော။ ဆရာကြီးရွှေဥဒေါင်းက ၁၉၇၁ ခုနှစ်မှာ မန္တလေးသို့ပြန်သွားပြီး၊ နောက်ထပ်ရန်ကုန်ကိုမရောက်တော့ပဲ ၁၉၇၃ ခု ဩဂုတ်လ ၅ ရက်သောကြာနေ့မှာ အနိစ္စရောက်ပါသည်။

ဖွန်ကိုင်ဇာသည် ဂျာမနီသို့ ပြန်ရောက်ပြီးနောက်၊ ဘူးလ်ဂေးရီးယားသို့ သံအမတ် အဖြစ်နှင့် အလုပ် ဆက်ရသည်။ ဒေါက်တာ အက်ဒွင်ကတော့ မြန်မာပြည်က ပြန်သွားပြီး တခြားဘယ်တိုင်းပြည်မှ မသွားရသေးပဲ၊ ဂျာမနီပြည် ဘွန်းမြို့ နိုင်ငံခြားရေးရုံးမှာ အလုပ်လုပ်ရပြီး၊ အိန္ဒိယပြည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသစ် ပေါ်ပေါက်တဲ့အခါမှာ သူက ပထမဦးဆုံး ဂျာမနီ သံအမတ်ဖြစ်နှင့် ရောက်ရှိလာရကြောင်း ကျွန်တော်တို့ဆီ စာရေးပါသည်။ သို့သော် သံအမတ်နှင့် တနှစ်မျှသာ အမှုထမ်းရပြီး ဘွန်းသို့ပဲပြန်၍ နိုင်ငံခြားရေးရုံးမှာ သံတမန်ခန့်ခွဲရေးဌာန ကိုင်ရ သတဲ့။ သံအမတ်များထက် အဆင့်အတန်းမြင့်သွားခြင်း ဖြစ်သည်။

ဒေါက်တာ အက်ဒွင်နှင့် ဖွန်ကိုင်ဇာတို့သည် ကျွန်တော်နှင့်တတိုင်းပြည်စီဖြစ်သွားကြသော်လည်း စာချင်းအဆက်အသွယ် မပြတ်ကြပါ။ သူတို့တိုင်းပြည်မှ လူကြုံ ရှိလျှင်လည်း လက်ဆောင်များ ပေးပို့လေ့ရှိပါသည်။ နှစ်စဉ်ခရစ်စမတ်နှင့် နှစ်ကူးပွဲတော်များတွင်လည်း ဆုတောင်းမေတ္တာစာ ကတ်များပေးပို့လေ့ရှိပါသည်။

ကျွန်တော်သူတို့အား လွမ်းဆွတ်မိသဖြင့် သူတို့နှစ်စဉ် ပို့ခဲ့သော စာများထဲမှ တခုစီကိုတိုက်ရိုက်ဘာသာပြန်ပြီးရေးခွင့်ပြုပါ။

ချစ်စွာသော မိတ်ဆွေများ

ခရစ်စမတ်နှင့် နှစ်သစ်အခါတော်မြတ်မှာ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ၊ ကျန်းမာချမ်းသာစွာနှင့် ဘဝကို ပျော်ရွှင်စွာ ရင်ဆိုင်နိုင်ကြပါစေ။

မေတယောက် မွေးစားအဖေကြီးနှင့် အမေတို့ကို မမေ့သေးဘူးလို့ တို့များယုံကြည် ပါတယ်။ တို့အပေါ်မှာ မင်းတို့လို သစ္စာရှိစွာနဲ့ ခင်မင်ကြင်နာတတ်တဲ့မိတ်ဆွေများ နောက်ထပ်တွေ့လိမ့်မယ်လို့ မထင်တော့ပါ။

အောက်မေ့ သတိရခြင်းများစွာနှင့်

ပါ၊ မား၊ မော်လီနဲ့ ဟစ်လီ ဗွန်ကိုင်ဇာ

ချစ်သော ဆွေနဲ့ မေ

ရန်ကုန်မှာရှိစဉ်က၊ အတူတကွ ပျော်ရွှင်ခဲ့ရတဲ့ အချိန်တွေကို အမြဲတသသပါပဲ၊ ကျန်းမာပျော်ရွှင်စွာနဲ့ နှစ်သစ်ပွဲတော်ကို နွှဲပျော်နိုင်ကြပါစေလို့ ဆုတောင်းမင်္ဂလာ ပြုလိုက်ပါတယ်။

သင်တို့၏ ထာဝစဉ်
အက်ဒွင်

အထက်ပါ စာနှစ်စောင်ကိုကြည့်ပါ။ ဗွန်ကိုင်ဇာ၏ စာတွင် မိဘရော သားသမီးများ နာမည်ပါပါသည်။ ဒေါက်တာအက်ဒွင်စာ၌ သူ့ဇနီး ဂျိန်း နာမည် မပါသည်က သူတို့ လင်မယားသည် ဂျာမနီပြန်ရောက်ပြီး မကြာမီ ကွာရှင်း ပြတ်စဲလိုက်ကြသည်။

လောက၌ သင်္ခါရတရားသည်ရှောင်ကွင်း၍မရ။ အကြင်လင်မယားတို့သည် မည်မျှချစ်ကြပါသည် ဆိုသော်လည်း တနေ့သ၌တော့ တယောက်ယောက်သည် မုဆိုးဖို၊ သို့မဟုတ် မုဆိုးမ ဖြစ်ရမည်မှာမလွဲ။ ၁၉၇၄–ခုနှစ်၌၊ ဗွန်ကိုင်ဇာ လင်မယားသည် ဩစတြေးလျားသို့ စကိတ်စီးရန် သွားကြရာ အဘွားကြီးသည် စကိတ်စီးယင်း လဲကျပြီး နှလုံးသားထိခိုက်၍ ရုတ်တရက် သေဆုံးသွားကြောင်း ဗွန်ကိုင်ဇာဆီက စာရောက်လာပါသည်။

ထိုမှ ၈–လမျှ ကျွန်တော့်နှုတ်မှ ''ဩော်. . . သူတို့မလာနိုင်ကြတော့ဘူး''ဟု ရေရွတ်လိုက်မိပါသည်။ အကြောင်းမှာ သူတို့ မြန်မာပြည်မှ ပြန်ကြတော့မည်ဟု ကျွန်တော်တို့အိမ်သို့ လာရောက်နှုတ်ဆက်ကြသောအခါ ဗွန်ကိုင်ဇာကတော်နှင့် ကျွန်တော့်ဇနီးသည် တယောက်ကို တယောက် ဖက်၍ မျက်ရည်ကျနေကြသည်။ ထိုအခါ ဗွန်ကိုင်ဇာက. . .

''ငါတို့ ဂျာမနီရောက်ယင် အလုပ်ထွက်ပြီး မြန်မာပြည်ကိုတခါ အလည်လာပါဦးမယ်''ဟု ပြောကြားသွားပါသည်။

ကျွန်တော်၏ ဂျာမနီ မိတ်ဆွေတို့ကား အသက်မရှည်ကြပါချေ။ ဒေါက်တာ အက်ဒွင် လည်း ၁၉၇၆–ခုနှစ်တွင် ဘွန်းမြို့မှာပဲ မော်တော်ကားချင်း တိုက်မိ၍ သေးဆုံးသွားကြောင်း ရန်ကုန်ရှိ အနောက်ဂျာမနီသံရုံးမှ ကျွန်တော့်ထံအကြောင်းကြားစာရောက်လာပါသည်။ ဗွန်ကိုင်ဇာ မရှိတော့ သော်လည်း ကျွန်တော်နှင့် သူတို့သံရုံးက အဆက်အသွယ် မပြတ်သေးပါ။ အဘယ်ကြောင့်ဆိုသော် အနောက် ဂျာမနီပြည် နိုင်ငံခြားဆက်သွယ်ရေးရုံး၌ အရာရှိကြီးအဖြစ် အမှုထမ်းနေသော ဒေါက်တာ အက်ဒွင်က မြန်မာပြည်သို့ ဗွန်ကိုင်ဇာပြီးမှ နောက်ရောက် လာသော သံအမတ်တွေကို ကျွန်တော်နှင့် အလျင်မပြတ်ဆက်သွယ်စေပါသည်။ ယခု သူမရှိတော့မှပဲ အနောက်ဂျာမနီနှင့် ကျွန်တော် အဆက်အသွယ် ရပ်သွားတော့သည်။

အကယ်၍ ကျွန်တော်သာလျှင် ဒေါက်တာ အက်ဒွင်၏ ဇနီးဟောင်း အမေရိကန်သူ မစ္စ ဂျိုန်းက ထင်မှတ်မှားခဲ့မိသလို အမေရိကန် စာရေးဆရာ၊ အမေရိကန် ရုပ်ရှင်မင်းသားများကဲ့သို့ စာတအုပ် ရုပ်ရှင်တကားနှင့် ငွေတွေ သိန်းသန်းချီ၍ရနေသူ ဖြစ်ပါမှ ဗွန်ကိုင်ဇာ လင်မယားနှင့် ဒေါက်တာအက်ဒွင်၏ ဈာပနသို့ ကျွန်တော့်ကိုယ်ပိုင်လေယာဉ်နှင့် ကျွန်တော်တို့ လင်မယား သွားချေမည် မုချဖြစ်သည်။ ယင်း. . . . အနောက်ဂျာမနီရောက်မှတော့ အရှေ့ဂျာမနီ လိုက်ပဇစ်မြို့ ရှိ ကျွန်တော့်မိတ်ဆွေအမျိုးသမီးကြီး မစ္စက်အက်ရှား(မနှင်းဆီ) ဆီသို့လည်း ခဏတဖြုတ်တော့ သွားလည်ချင် လည်ဦးမှာပေါ့။ နို့ပြီး. . . အပြန်မော်စကို ဝင်လျှင် ဝင်ဦးမလေ။ အဲဒီမှာပဲ ကိုယ့်အသိအကျွမ်းတွေ ရှိနေသေးတာပဲ။

သို့သော် ဝေးလံလှတဲ့ သည်လိုပြင်ပ မဆိုထားပါနှင့် ခင်ဗျ။ ကျွန်တော် မဟာမြန်မာ စာရေးဆရာလေးဟာမန္တလေး ဆရာကြီးရွှေဥဒေါင်း သောတာတောင်မှ ရန်ကုန်မြို့က မသွားနိုင် လို့ ဒေါ်ကြီးစိုးရေ ကျွန်တော် လာယင် အသွားအပြန်စရိတ်ကိုက တရာကျော်ကုန်ဦးမယ်၊ သည်တော့ အဲဒီငွေတရာကို ဆရာကြီးသင်္ဂြိုလ်စရိတ်ထဲပဲ ထည့်လိုက်ပါတော့လို့ စာရေးပြီး ငွေကလေးတရာ ရှာကြံပို့လိုက်ရပါတယ်ခင်ဗျာ။

အဲ ၁၉၇၅ ခုနှစ် ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့တို့မှ စာပေဟောပြောပွဲ သူတို့စရိတ်နဲ့ ဖိတ်တော့မှပဲ ခရီးကြုံမန္တလေးမြို့ကို ကျွန်တော် ရောက်ပါတော့တယ်ခင်ဗျာ။ ဆရာကြီးအနိစ္စ ရောက်တာက ၂ နှစ်ကျော်ပြီ။ သည်တော့ ဒေါ်ကြီးစိုးက''မင်း ခုမှပဲလာတော့သလား''ဆိုပြီး သားသမီး နှစ်ယောက်မျက်နှာချင်းဆိုင် မျက်ရည် ကျလိုက်ကြတာဗျာ။ နှစ်ယောက်သား ငိုလို့ အားရတော့ ဒေါ်ကြီးစိုးက ကျွန်တော့်အားဆရာကြီးလည်ပင်းမှာ ပတ်နေကျ သက္ကလက် မာဖလာ အကွက်ကျားကလေးတခုနှင့် ဆရာကြီး ဝတ်ခဲ့သော ဗန်ကောက်လုံချည် တထည်ကို ပေးပါသည်။

''ဒေါ်ကြီး ဦးကြီးရဲ့ ဆေးတံနဲ့ ဖောင်တိန်ကော''

''သူ့အလောင်းနဲ့အတူ ထည့်လိုက်သကွယ်''

ဤဆေးတံနှင့် ဖောင်တိန်သည် ယခုအခါမန္တလေးမြို့အုတ်စက်သချိုင်း ဆရာကြီး၏ ဂူထဲမှာ ဆရာကြီးနှင့်အတူ ငြိမ်သက်နေပြီ ဖြစ်သော်လည်း၊ ဆရာကြီး အသက်ရှိစဉ်တုန်းက ထိုဆေးတံခဲ၍ ထိုဖောင်တိန်နှင့် ရေးခဲ့သော စာတို့သည်ကား ဘယ်တော့မှမသေ။ ယခုပင်လျှင် ပြန်လည်ရိုက်နှိပ်ခြင်း၊ ရုပ်ရှင်ရိုက်ခြင်း၊ ရုပ်ပြဇာတ်လမ်း ရေးဆွဲခြင်း၊ စတီရီယိုတိတ်ခွေ သွင်းခြင်း များ ပြုလုပ်နေကြ၍၊ ဒေါ်ကြီးစိုးက ငွေမပြတ်ရလျက်နေပါသည်။ ဒေါ်ကြီးစိုး ကွယ်လွန်သည့်ရှိ သော်၊ လူထုဦးလှပို့လိုက်သော အောက်ပါ စာနှစ်စောင်ကိုကြည့်ပါ။

မန္တလေး ၄-၁၂-၇၉

ကိုသော်တာဆွေ

ဒေါ်အမာ လွတ်လာတယ် ကြားလို့၊ ဒေါ်ဒေါ် ဒေါ်ကြီးစိုးမန္တလေးလာတယ်။ ဒီမှာ ၁၄ ရက်လောက်နေပြီး ဒီနေ့မနက်သဘော်ာနဲ့ ကမ်းနီကို ပြန်သွားပါပြီ။

ကျွန်တော်တို့နဲ့တိုင်ပင်ပြီး၊ အခုပူးတွဲပေးပို့လိုက်တဲ့စာ၊ ကိုသော်တာဆွေဆီ ပို့ခိုင်းပါ တယ်။ ကျွန်တော်တို့အားလုံး တယောက် တစောင်စီပေ့ါ။ ဒီစာရေးသူက ဒေါ်ဒေါ်နဲ့အတူနေသူ တူမလေး မြင့်မြင့် ဖြစ်ပါတယ်။

ဒေါ်ကြီးစိုး ကျန်းမာရေး ကောင်းပါတယ်၊ ၈၂ နှစ်ရှိပြီ။

ဒေါ်အမာလဲ နေကောင်းပါတယ်။

မေတ္တာပို့သလျက်. . . .။

မောင်လှ

ဒေါ်ကြီးစိုး၏ သေတမ်းစာကား. . . .

၁၃၄၁ ခု၊ နတ်တော်လဆန်း ၁၄ ရက်၊

(၂-၁၂-၇၉)

ဆရာကြီး ရွှေဥဒေါင်း စာမူများကိစ္စ

ဆရာကြီး၏ ဇနီးဖြစ်သူ ကျွန်မ ဒေါ်စိုးမရှိသည့်နောက်၊ ဆရာကြီးရွှေဥဒေါင်း၏ စာမူများ အတွက် ရသောငွေများကို(၁) ဒါရိုက်တာ ဦးသုခ (၂) လူထုဦးလှ၊ (၃) စာရေးဆရာ သော်တာဆွေ၊

(၄) ဟံသာဝတီ ဦးဝင်းတင်တို့ ၄ ဦး တိုင်ပင်ပြီး၊ သင့်တော်သည့် လူငယ်စာရင်း ဆရာများအား၊ သင့်တော်သလို စဉ်းစားပြီး၊ သင့်တော်သည့် စာပေဆုများပေးဖို့ ကျွန်မက တာဝန်လွှဲအပ်ခဲ့ပါသည်။

အသိသက်သေများ

၁။ ကိုအောင်ဖြိုး (တိုင်းရင်းသားဆေးသိပ္ပံ၊ မန္တလေး)
၂။ အမာ (လူထု ဒေါ်အမာ)
၃။ ဒေါ်မဲ (ကမ်းနီ)

ဒေါ်ကြီးစိုး
ကမ်းနီရွာ၊ ထီးချိုင့်မြို့နယ်၊ ကသာခရိုင်။

ယခုအချိန်၌ ဆရာကြီး စာမူတွေနှင့် ပတ်သက်ပြီး လူထုဦးလှနှင့်သာ ဆက်သွယ်ရပါမည်။ အခြားမည်သူမျှ မသက်ဆိုင်ပါ။

၁၉၇၉ ခုနှစ်၊ အောက်တိုဘာလမှစပြီး 'ကျွန်တော်နှင့်ဆရာကြီးရွှေဥဒေါင်း'အကြောင်း ရေးခဲ့သည်မှာ ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၅ လ မြောက်ခဲ့ပြီ။

ဤတွင် ဆဋ္ဌမတွဲပြီး၏။

သော်တာဆွေ

# ကျွန်တော့်ဘဝဇာတ်ကြောင်း (သတ္တမတွဲ)

## ဘဝကံကြမ္မာ

ကျွန်တော်တို့ မိသားစု၏ ကိုယ်ရေးကိုယ်တာမျှသာ ဖြစ်ပါသည်။

တစ်နေ့သောအခါဝယ် ကျွန်တော်တို့၏ ဘဝကံကြမ္မာ ဖန်လာသည်ကြောင့် နှစ်ပေါင်း အစိတ်ကျော် နေခဲ့ပြီးဖြစ်သော ပြည်လမ်း ၆–မိုင်၊ မာလကာခြံ၊ စွပ်ကျယ်စက်လမ်းအိမ်တွင် မည်သို့မျှ ဆက်လက်နေထိုင်၍ မဖြစ်တော့သည့်အတွက် ကျွန်တော်သည် အခြားသို့ ပြောင်းရွှေ့ရန် ကြိုးစားရ ပါတော့သည်။

စင်စစ်သော်ကား သည်လိုအချိန်အခါဝယ် လက်ထဲ ငွေကြေးအလုံးအခဲမရှိသော ကျွန်တော့်လို လူစားက ယခု ချက်ချင်း လက်ရှိအိမ်ကြီးပေါ်မှ ဆင်းသွားဖို့ဆိုသည်မှာ သမုဒ္ဒရာထဲ သင်္ဘောပျက် သူပမာ ဘယ်သောင် ဘယ်လမ်း ဘယ်သို့ လှမ်းရပါမည်နည်း။

ကျွန်တော်တို့ လင်မယားနှစ်ယောက်တည်းမဟုတ်၊ မေ၏သား၊ သူ့မယား ကျွန်တော်တို့ ချွေးမနှင့် သူ၏သမီးပျို ၁၀–တန်းကျောင်းသူက နှစ်ယောက်ခင်ဗျာ။ ကျွန်တော်တို့မှာ သားသမီး အိမ်ထောင်ခွဲများလည်း ရှိပါ၏။ မေ၏သား ခင်မောင်ဦး၊ ကျွန်တော်၏ သမီးများဖြစ်သော ပယ်ပယ်၊ ကျော့်ကျော့်၊ သော်သော်၊ သူတို့သည် ချောင်ချောင်လည်လည် ထည်ထည်ဝါဝါတွေပါ၊ သို့သော် ကျွန်တော်တို့မိသားစု တပြုံလုံးကြီးက သွားရောက်ခိုကပ်ဖို့ဆိုသည်ကား စဉ်းစားသည် ပင် တရားလွန် နေချေပြီ။ ကိုယ့်ထမင်းကိုယ်ချက်စားဦးတော့ နေဖို့ခက်ချိမ့်မည်။

သည်တော့ မည်သို့လုပ်ရပါမည်နည်း၊ စိတ်ကူးယဉ်ဝတ္ထုဆိုလည်း ကိုယ့်ဇာတ်လမ်း ကိုယ် ကြိုက်သလို ဖန်တီးနိုင်ပါ၏။ ယခုတော့ ကိုယ်တိုင်ကကြုံတွေ့နေရသည် ဖြစ်ရကား ကိုယ့်စိတ် ကြိုက် ကိုယ့်ဟာကိုယ် မဖန်တီးနိုင်ဘူး။ ကံကြမ္မာရစ်ချရာကိုပဲ နွှဲရပေတော့မည်။

## အိမ်နှင့်မြေ

လက်ရှိခေတ်ကာလတွင် အိမ်နှင့်မြေတို့သည် ရွှေထက်ရှားကုန်၏။ သင့်မှာငွေရှိလျှင် ရွှေဘုံသာလမ်းသို့သွားပါ။ သူ့ပေါက်စျေးနှင့် ရွှေတွေ သင်လိုသလောက်ရနိုင်ပါ၏။ သို့သော် အိမ်နှင့်မြေကား သင်နေလိုသော အရပ်မျိုးလည်း ဖြစ်ရမည်။ ရောင်းမည့်သူ(ဝါ) ငှားမည့် သူလည်း ရှိရဦးမည်။ ကဲ. . . . ရှိသည်ထားတော့ စျေးကား ရွှေကဲ့သို့ ပေါက်စျေးမရှိ၊ ကန့်သတ် ချက်မရှိ၊

သူဖြစ်ချင်သလောက် ဖြစ်နေမည်။ ရောင်းသူ ဝယ်သူ သဘောတူရာသာ သူ့ ဈေးဖြစ် နေ၍ သင်တတ်နိုင်လျှင် ဝယ်ပေရော့. . . ငှားပေရော့။

ဤနေရာ၌ ကာတွန်းမြေဇာ၏ စာမဲ့ကာတွန်းလေးတစ်ခုကို သတိရသည်။ ဘယ်မဂ္ဂဇင်းမှာလည်းတော့ မမှတ်မိတော့. . .။ (ပထမပုံ)လူတစ်ယောက်က အိမ်တစ်လုံးနောက်သို့ လိုက်နေသည်။ အိမ်ကလေးက ပြေးနေသည်။ (ဒုတိယပုံ) ပိုရွေ၍ဝေးသွားသည်။ (တတိယပုံ) ထိုလူ လဲသေသွားသည်။ အိမ်ကလေးကပြေးတုန်း။ ခေတ်သရုပ်ဖော် ကောင်းလိုက်တဲ့ စိတ်ကူးနဲ့ လက်ရာဗျာ။

ယခုအချိန်တွင် ကျွန်ုပ်တို့နေသော မာလကာခြံက အိမ်ဈေးမြေဈေးတို့သည် တာဝတိံသာကို တွဲလောင်းခိုနေ၏။ အခြားအရပ်တွေထက် ပိုနေ၏။ အဘယ်ကြောင့်ဆိုသော် ဤ ရပ်ကွက်သည် ရန်ကုန်တက္ကသိုလ်နှင့် သမိုင်းကောလိပ် နှစ်ခုအကြားမှာ တည်ရှိနေ၍ ကျောင်းသူ ကျောင်းသားတို့သည် ဘတ်စ်ကားမစီးဘဲနှင့်လည်း ခြေကျင်လျှောက်နိုင်၏။ ထို့ကြောင့် နယ်မှလာခဲ့ရပြီး ကျောင်းမှ အဆောင်မရသော ကျောင်းသူကျောင်းသားတို့သည် နှစ်စဉ်မပြတ် ပြည့်ကျပ်နေကြ၍ ငွေရှင်ကြေးရှင်တို့သည် ဤအရပ်မှာ ရနိုင်သမျှသာ မြေကိုဝယ်ပြီး အိမ်ကြီး များ ဆောက်ကြကာ ဘော်ဒါငှားစားနေကြ၏။ အချို့ ခြံကျယ်ကျယ်နှင့်လူတို့လည်း မိမိအိမ်ကို အဖီထုတ်ကာ အခန်းများဖွဲ့၍ အိပ်ရာလေး တစ်ကိုယ်စာမျှကို တစ်လ ငါးဆယ်၊ ခြောက်ဆယ်နှင့် အငှားထားနေကြ၏။

ထို့အပြင် ဤမာလာကာခြံမှာ ယင်းသို့ လူများခြင်းကို အကြောင်းပြု၍ အရပ်ဈေးကလေးတစ်ခုလည်း ဖြစ်ထွန်းနေ၏။

သားငါးဆိုင်၊ ကုန်စုံ ကုန်ခြောက်၊ အလှကုန်ပစ္စည်းနှင့် အဝတ်အထည်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင် စသည်တို့နှင့်လည်း စည်ကားနေသဖြင့် ဈေးသည်တို့၏ မက်မောစရာဌာနလည်း ဖြစ်နေ၏။

လွန်ခဲ့သော တစ်နှစ်လောက်က ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် အိမ်တစ်ဆောင်က ငှားလိုက်ရပုံများ ထိုအိမ်၏မျက်နှာစာတစ်ခြမ်း အလျားပေ ၂၀–ခန့်၊ အနံ ၁၀–ပေမျှ ဘာအခင်းမျှမရှိ။ မြေပြင်သက်သက်တို့ စတော်နှစ်သောင်း၊ လခက ၃၀၀–ကျပ်တဲ့ဗျာ။ ထမင်းဆိုင်ဖွင့်လို သူက ငှားလိုက်ရ၏။

သည်လိုချည်းပဲ၊ သည်အရပ်ထဲမှာ အိမ်ရှိထားသူတို့သည် အိမ်တစ်ခန်းကို အနည်းဆုံး လခနှစ်ရာ၊ စတော်က (နေရာလိုက်၍) နှစ်သောင်းသုံးသောင်း ယူကြကုန်၏။

ယခု ကျွန်တော်စွန့်ခွာရတော့မည့် မာလကာခြံ နေအိမ်သည် ၁၉၅၉–ခုနှစ်တွင် ဆောက်စဉ်က မြေဖိုးသုံးထောင်အိမ်က အပြီးတက်နေရုံပဲ တစ်သောင်း၊ ပေါင်း သောင်းသုံးထောင်မျှသာ ကုန်ကျခဲ့သည်။ ၎င်းအိမ်ကို ကျွန်တော်ပိုင်မှတ်၍ ကျွန်တော် တခြားပြောင်းတော့မည်ကြားတော့ ပွဲစားတစ်ယောက်က မေးသည်။ 'ဆရာ့အိမ်ကို ရောင်းသွားမှာလား' သည်တော့ ကျွန်တော်က 'ရောင်းရင် ဘယ်လောက်ရနိုင်မလဲ' စူးစမ်းကြည့်တော့ 'သုံးခွဲလောက်တော့ ရမှာပေါ့ဗျ'ဟု ပြော၏။

ကိုင်း. . . . ကြည့်စမ်း၊ ဆောင်စဉ်က တစ်သောင်းသုံးထောင်၊ ယခု အနှစ်အစိတ်ကျော် နေခဲ့ပြီးသော အိမ်အိုကို သုံးသိန်းခွဲတောင် ပေးမည့်သူရှိနေပြီဆိုတော့ ကျွန်တော်တို့လိုအကောင်း သည် ဤအရရမှာ မြေဝယ်ဖို့မဆိုထားဘိ ငှားနေဖို့မျှ မစဉ်းစားနိုင်တော့ပြီ။

သည်တော့ ကျွန်တော် ဤအိမ်ကြီးသို့မပြောင်းမီ မေနှင့် ကျွန်တော် ညားစက ၅-နှစ်မျှ နေခဲ့သော ရွာတန်းရှည်သို့ပြန်၍ ကြည့်လိုက်ပြန်တော့လည်း ထိုရွာသည် ဟိုတုန်းကလို မဟုတ်တော့ပြီ။ ရွာထဲ ကတ္တရားစေးလမ်းနှင့် အိမ်ကြီးအိမ်ကောင်းတွေနှင့် ဖြစ်နေပြီး၊ ကျွန်တော်တို့ ထိုစဉ်ကနေခဲ့သော အိမ်ကလေးနှင့် ခြံမြေ၊ ယင်းအခါက ၁၅၀ဝိနှင့် ဝယ်မည်ပြုပြီးခါမှ မိမိဘဝ ကံကြမ္မာ ဖန်လာပုံ အပြောင်းအလဲကြောင့် မဝယ်ဖြစ်ခဲ့ခြင်းဖြစ်ရာ ယခုအခါမှာ တစ်သိန်းခွဲ နှစ်သိန်း ပေးလို့မှ မရနိုင်တော့ပြီ။

ကဲ. . . . သည်တော့ ကျွန်တော် ဘယ်လိုလုပ်ရပါမည်နည်း။

မိမိပိုင်ငွေ ကြည့်လိုက်ပြန်တော့လည်း ရုတ်တရက် အရေးပေါ်သုံးဖို့ စုထားသည့်ငွေ ကလေး လေးငါးထောင်မျှရှိသည်။ ဤတွင် ကျွန်တော်၏ထွက်ပေါက်ကို စဉ်းစားလိုက်ရာ–

## မြေတစ်ကွက်

ဟုတ်ကဲ့။ ကျွန်တော်တို့တွင် ဤသို့ဖြစ်လိမ့်မည်ဟု မမျှော်လင့်ဘဲနှင့် မြေကလေး တစ်ကွက်က ကံအားလျော်စွာ ရှိနေပါသည်။ ဤမြေ ကျွန်တော်တို့လက်ထဲ ရောက်လာပုံ ကလည်း ဆန်း၏။

ကျွန်တော်တို့တွင် ထောင်ကျပြီးရင်း ကျနေသော ဘိန်းဖြူသမား သားကြီးတစ်ယောက် ရှိနေကြောင်းကို ကျွန်တော်၏စာဖတ်သူများ သိကြပါသည်။ ဤမြေသည် သူ့အတွက် သူ့အမေက ဝယ်ခဲ့ခြင်းဖြစ်၏။

သူသည် ၁၉၈၃-ခုနှစ်၊ ဩဂုတ်လ ၂၄-ရက်နေ့တွင် ဘိန်းဖြူစားသုံးမှုဖြင့် ဒုတိယအကြိမ် မြောက် (ပထမအကြိမ်တုန်းကတစ်နှစ်) ၄-နှစ်ကျသွားပြီး ရင်းငြိမ်ရဲဘက်စခန်းသို့ ရောက်သွား ရာမှ အချုပ်ရက်၊ လျှော့ရက်တို့နှင့် ၁၉၈၅-ခုနှစ် ဇန်နဝါရီလ ၁၄-ရက်နေ့တွင် ပြန်၍လွတ်လာ ခဲ့သည်။

ဤအချိန်မှာ ကျွန်တော်တို့လင်မယားသည် အိမ်တွင်မရှိ။ မေတို့ညီအစ်မများ၏ အမွေဆိုင် မြေနှင့်အိမ်ကို ရောင်းချရာ၌ မေက လက်မှတ်ထိုးရန်လိုသဖြင့် ကျွန်တော်တို့ လင်မယားသည် ၁၉၈၅-ခုနှစ်၊ ဇန်နဝါရီလ ၂၀-ရက်နေ့မှ ပြန်ရောက်ကြပါသည်။

ယင်းတွင် အိမ်မှာအသင့်ရောက်နေသော ထောင်ထွက်မို့ ဝဝလင်လင်ကြီးရှိနေသည့် သူ့သားကို တွေ့ရသော် မိခင်သည် လွန်စွာ ဝမ်းသာအားရဖြစ်လျက် သားအမိနှစ်ယောက် ဖက်နမ်းကြသည်။

'သား. . . ဘယ်တုန်းက ပြန်ရောက်သလဲ'

'ဇန်နဝါရီလ ၁၄–ရက်နေ့ကပဲ၊ မာမီရဲ့'

'သား+လိမ္မာတော့နော်'

'စိတ်ချပါ မာမီရယ်၊ ကျွန်တော် ဘဝသင်ခန်းစာရပါပြီ'

စာဖတ်သူ မှတ်ထားပါနော်။ သည့်ကောင် သည်စကားပြောတာ ၁၆၈၅–ခု၊ ဇန်နဝါရီလ ၂၀–ရက်နေ့ပါ။ ကျွန်တော်တို့ ဘူတာက ရောက်စဆိုတော့ နေ့လယ် နာရီပြန်တစ်ချက် လောက်ပေါ့ဗျာ။

မိခင်ဆိုတာက ယုံတာပေါ့ ခင်ဗျာ

သဟာနှင့် သူ့သားသည် သူ့အိုး၊ သူ့အိမ်၊ သူ့ခြံနှင့် သီးသန့်ဖြစ်သွားသော်၊ ဖနီးနှင့်သမီးများအပေါ်တွင် သံယောဇဉ်ကြီးကာ လိမ္မာလာလိမ့်မည်ဟူသော မျှော်လင့်ချက်ကြီးနှင့် တောင်ကြီးမှ ရလာခဲ့သော အမွေငွေယားကလေးကလည်း ရှိနေသည်နှင့် အင်းစိန်မြို့၊ ဗိုလ်ကုန်း ရပ်၊ မင်္ဂလာကျောင်းလမ်းတွင် နေဖြစ်ရုံ တဲကုတ်ကလေးတစ်လုံး ပါသော ပေ၂၅×၅၅ ရှိ ဤ ခြံမြေကွက်ကလေးကို တစ်သောင်းနှစ်ထောင်နှင့် ဝယ်၍ (၂၆၊၈၊၀၆) နေ့တွင် ရပ်ကွက်ကော်မတီသက်သေများနှင့် စာချုပ်လိုက်ပါ၏။

ယင်းကို ကျွန်တော်က ယခု ဤစာရေးကြည့်ရေးနေ၍ သိရခြင်းဖြစ်ပါသည်။ မူလက သူ တောင်ကြီးက အမွေ မည်မျှရခဲ့သည်ကိုလည်းကောင်း၊ ဤခြံမြေကို မည်သည့်နေ့က မည်မျှနှင့် ဝယ်သည်ကိုလည်းကောင်း၊ ထိုခြံမြေ ဘယ်မှာရှိသည်ကိုလည်းကောင်း၊ ကျွန်တော် လုံးဝ မသိခဲ့ပါချေ။ သူ့ သားအတွက် သူ့ငွေနှင့် သူ ဝယ်နေသည်များကို ကျွန်တော် ဘာမျှ မစွက်ဖက်။ ပါလာသော တဲအိမ်ကို ပြင်ဆင်ရာ၌ လည်းကောင်း၊ ခြံဝင်းကို လုံခြုံအောင် ဝင်းထရံကာရာ၌ လည်းကောင်း၊ ရေတွင်းတူးရာ၌လည်းကောင်း၊ လိုသောငွေမားကို ကျွန်တော်က ရှာဖွေပေးခဲ့ရပါသည်။

ထိုနောက် သူ့သားနှင့်ချွေးမ ပြောင်းသွာ၍ နေထိုင်ကြတော့မှ တစ်နေ့သ၌တော့ ကျွန်တော် သူတို့အမေနှင့် လိုက်သွားဖူးပါသည်။ ဤအရပ်သည် ဟိုယခင်က သည်နေရာမှရှိ သည်ဟူ၍ ကျွန်တော် လုံးဝမသိခဲ့။ အင်းစိန်မြို့နယ်အစွန်တွင် တော်တော်ခေါင်၍ ချောင်ကျသော နေရာဖြစ်ပါ၏။

များစွာသော အိမ်တို့တွင် လျှပ်စစ်မီးမျှ မရကြချေ။ ရေနံဆီ မီးခွက် ထွန်းကြကုန်၏။ ရေနံဆီမရတော့ ဓာတ်ဆီနှင့် ဒီဇယ်စပ်၍ ထွန်းကြကုန်၏။

ဤနေရာကို ကျွန်တော်တို့ ချွေးမ နိုရာက ဤအရပ်မှာ နေသော သူ့ သူငယ်ချင်းမ တစ်ယောက်နဲ့ ပတ်သက်ပြီး တွေ့ရှိလာ၍ မအေကြီးကိုပြောတော့၊ ညည်းတို့နေမယ်ဆို ဝယ်ပေး မယ်ကစပြီး ဝယ်ဖြစ်ခဲ့ကြခြင်းဖြစ်၏။

ထိုနေရာသို့ ခင်မောင်စိုးနှင့် နိုရာတို့လင်မယားပြောင်းသွားကြသောအခါ သူတို့သမီးပျို နှစ်ယောက်ကတော့ လှိုင် အ-ထ-က(၁)မှာ ကျောင်းတက်ရင်း တန်းလန်းမို့ ကျွန်တော်တို့နှင့်ပဲ ကျန်ခဲ့သည်။

နောက်များမကြာမီ သူတို့လင်မယားထံ ပို့လိုက်ရသည်ကတော့ ခွေးမိုက်ကင်းပင်။ ဤ ခွေးသည် ငယ်စဉ်ရက်သားကလေးက တောင်ကြီးမြို့ မကြည်ထံမှ ယူခဲ့ခြင်းဖြစ်သည်။

သူ့အကြောင်းတော်တော်များများကို ၁၉၈၆-မတ်လထုတ် ကျွန်တော့်ဘဝဇာတ်ကြောင်း (၁၅၄)၌ ဖော်ပြခဲ့ပြီ။ သူသည်အခါလည်ကျော် ခွေးကြီးဖြစ်လာတော့ ပြောမရ ဆိုမရ တော်တော် ဆိုးသော ခွေးဖြစ်သည်။ လူကိုက်ချင်လာသည်။ နှစ်ယောက် သုံးယောက်ကို နှုတ်မရဲတရဲဖြင့် ဟပ်ခဲ့ဖူးပြီ။ နှစ်အိမ်ထောင်နေ၍ လူဝင် လူထွက် များသော ဤအိမ်တွင်ဖြင့် ကြာလျှင် မဖြစ်တော့ဘူးဟု သူ့အား ဤမဂ္ဂင်ကျောင်းလမ်းထဲပုတ်သို့ ပို့၍ ခြံလုံလုံကာထားလိုက်ရသည်။

ကျွန်တော့်ဘဝဇာတ်ကြောင်း (၁၅၄)အစ၌ ကျွန်တော် ရေးသားခဲ့သည်မှာ-

ကျွန်တော်တို့သည် ၁၉၈၅-ခု ဇန်နဝါရီလ ၁၂-ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခဲ့ကြ၍ တောင်ကြီးတွင် တစ်ပတ်လောက်နေခဲ့ရပြီး၊ ဇန်နဝါရီလ ၂၈-ရက်၊ တနင်္လာနေ့မှာ အိမ်သို့ ပြန်ရောက်လာကြသောအခါ-

အကယ်၍သာ ဗေဒင်ဆရာတစ်ယောက်က 'ဒီလအတွင်း ခင်ဗျားတို့အိမ်မှာ ခြေခြောက် ချောင်း ဝင်စရာ ရှိတယ်၊ နှစ်ချောင်းက အဟောင်း၊ လေးချောင်းကအသစ်' ဟု ဟောလိုက်အံ့၊ အောင်မယ်လေး မှန်လိုက်လေစွ။

အကြောင်းမှာ ကျွန်တော်တို့ အိမ်ပြန်ရောက်လာကြသောအခါ ဘိန်းဖြူမှုနှင့် ထောင်လေးနှစ် ကျနေသော မေ့သား ခင်မောင်စိုးက လွတ်လာ၍ အိမ်ရောက်နေပေပြီ။ သည်တော့ သူက ခြေနှစ်ချောင်း အဟောင်း၊ ယခု တောင်ကြီးမှ ကျွန်တော်တို့ ယူခဲ့သော ခွေးကလေး မိုက်ကင်းရဲ့ ခြေလေးချောင်းက အသစ်၊ မဟုတ်လားခင်ဗျား။

ကဲ-သည်ခြေခြောက်ချောင်းဝင်ခြင်းရဲ့ အကောင်းအဆိုး၊

ဒါကိုတော့ ကျွန်တော်တို့က ဗေဒင်မေးရန် ဝါသနာမပါသည်မို့ မိမိတို့၏တာ ငွေရောင် ပိတ်ကားပေါ်မှာပဲ ဆက်လက်ကြည့်ရှုရပေတော့မည်-ဟူ၍။

ကဲ–ယခု ငွေရောင်ပိတ်ကားကို တင်ဆက်ပါပြီခင်ဗျာ။

ယင်း–ခြေသစ် ခြေဟောင်း ခြောက်ချားတို့ကား မာလကာခြံ နေအိမ်၌ ကြာကြာမတည်။ ဖော်ပြခဲ့သည့် အတိုင်း အင်းစိန် မဂ္ဂင်ကျောင်းလမ်း တဲပုတ်သို့ ရောက်နေချေပြီ။

ထိုအခါ ခင်မောင်စိုးက အလုပ်အကိုင်ရလာသည်။

အကြောင်းမှာ သူအင်းစိန်ထောင်တွင် ရှိစဉ်တုန်းကမတော်တဆ ကားတိုက်မှုဖြင့် အချုပ်ထဲ ရောက်လာသော မောင်တောက်ထွန်းမည်သော လူငယ်တစ်ယောက်ကို ကျေးဇူး ပြုခဲ့ ဖူးသည်၊ မောင်တောက်ထွန်းကား အခြားသူ မဟုတ်။ ကျွန်တော်တို့ မိတ်ဆွေ မြန်မာ့အလင်း ဦးစိန်ဝင်း၏တူ။ သူ ငယ်စဉ်က သူ့ဦးလေးနှင့်အတူ ကျွန်တော့်အိမ်သို့ ရောက်ခဲ့ဖူး၍ ကျွန်တော့် အား ကောင်းကောင်းသိနေသဖြင့် သူအမှုပြီးလာသောအခါ ကျွန်တော့်အိမ်လာ၍ ပြော၏။ 'ဆရာ့သားက ကျွန်တော့်အပေါ်မှာ ကျေးဇူးရှိခဲ့ပါတယ်။ သူထောင်ကလွတ်တဲ့အခါမှာ ကျွန်တော့် ဆီ လွှတ်လိုက်ပါ။ ကျွန်တော်က မြန်မာ အစိုးရနဲ့ပူးတွဲလုပ်တဲ့ ဂျပန်ကုမ္ပဏီတစ်ခုမှာ အလုပ် သမားခန့်ထားရေးအရာရှိမို့ သူ့ကို အလုပ်ပေးနိုင်ပါတယ်'

မောင်တောက်ထွန်းသည် သူ့စကားနှင့်အညီ ပထမဦးစွာ ခင်မောင်စိုးအား နေ့စား တစ်နေ့တစ်ဆယ်နှင့် အလုပ်ပေးနိုင်သည်။ မကြာမီ၌ နောက်ပရိုဂျက်သစ်ခုဖွင့်လျှင် လခကြီးစား၊ ကားနှင့်ဘာနှင့် ဖြစ်လာအောင် သူဆောင်ရွက်ပေးမည်ဟု ပြောပါသည်။

ခင်မောင်စိုးလိုကောင် ထောင်ထွက်က ချက်ချင်းပင် သည်လို အလုပ်ရတော့ မည်မျှ ဝမ်းသာစရာကောင်းပါသနည်း။ နောက်မကြာမီ၌ အလုပ်ခွင်မှ ကားစီးရသော လခကြီးစားပင် ဖြစ်လာတော့မည် သိရသဖြင့် ကျွန်တော်တို့ မိသားစု ဝမ်းမြောက်ကြရပါမည်။ ကျွန်တော်က ဆုံးမစကားပင် ပြောလိုက်မိပါသေးသည်။

''မင်းအမေ မုန့်ဟင်းခါးသည်ဖြစ်ရတာ မင်းကြောင့်ဆိုတာ နားလည်လား၊ မင်းဇနီးနဲ့ မင်းသမီးပျိုနှစ်ယောက်ရဲ့ တာဝန်ဟာ တို့အပေါ်မှာ ကျနေတယ်၊ တို့လဲ အသက်ကြီးပြီကွာ၊ ငါ့လဲ စာရေးအားကျပြီ၊ နောက် ဘယ်လောက်ကြာ ရေးနိုင်ဦးမယ်မသိဘူး၊ တို့စာရေးဆရာတွေ ဆိုတာက ဘာပင်စင်မှရှိတာမဟုတ်ဘူး၊ မင်းအမေ မုန့်ဟင်းခါးဆိုရင် ထွက်ခဲ့တာ ၁၉၈၁–ခုနှစ်၊ ဇွန်လကဆိုတော့ ၄–နှစ်ကျော်ခဲ့ပြီ၊ မင်းအမေ အခု အသက် ၅၀–ဆယ်ကျော်တော့ လုပ်အားလဲ ကျပြီကွ၊ မင်းအမေလဲ မင်းသနား၊ မင်းသမီးလေးတွေတာဝန် မင်းအပေါ်မှာ ရှိတယ်ဆိုတာလဲ သိထား၊ အခု သူတို့ကလေးတွေဟာ ၁၀–တန်း၊ မင်းကို ငါတို့ ဘီအေအောင်အောင် ကျောင်း ထားပေးခဲ့တယ်နော်၊ အလုပ်ရအောင်လဲ ရှာဖွေပေးခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ် ဒယ်ဒီ'

'ဒီတော့ မင်းသမီးလေးတွေအတွက် မင်းကြိုးစားပါဦးကွာ၊ တကယ်လို့ မင်းသာ မင့်အိမ်ထောင်တာဝန် ထမ်းဆောင်နိုင်မယ်ဆိုရင် တို့အဘိုးကြီး အဘွားကြီး အေးအေးပဲ၊ ငါစာ ရေးတာနဲ့ စားလောက်ပါတယ်ကွာ၊ ခုတော့ မင်းကြောင့် မင်းအမေမှာရှိခဲ့သမျှ ရွှေတိုရွှေစလေး တွေ ကုန်တဲ့အပြင် ကြွေးတွေတောင် ထားတော့၊ ဘယ်တတ်နိုင်တော့မလဲကွာ၊ အခု မင်း စိတ်သစ်နဲ့ ဘဝသစ်ပြန်စဖို့ပဲ ရှိတော့တယ်၊ ပျက်အစဉ် ပြင်ခဏပေါ့ကွယ်၊ အချိန်ဆိုတာ နောက်ကျတယ် မရှိပါဘူး'

ထိုအချိန်မှာ သူ့ဇနီးနိုရခေါ် မြပြသန်းက သူ့အဒေါ်၏မူကြိုကျောင်းမှာ ဆရာမလုပ်၍ တစ်လ ၃၀ဝိ ရသ်ည။ သူက နေ့စား ၁ဝိ ဆိုတော့ သူတို့လင်မယားနှစ်ယောက် စားလောက် သောက်လောက် ရှိနေကြသည်။ နောက်ပြီး မောင်တောက်ထွန်းတို့၏ ဂျပန်ကုမ္ပဏီမှာ အလုပ်ကို ကြိုးစားလုပ်၍ ဂျပန်များသဘောကျလျှင် လခကြီးစား ကားနှင့်ဘာနှင့် ဖြစ်နိုင်သည့် မျှော်လင့်ချက် ကြီးနှင့် အားလုံး စိတ်အေးချမ်းသာရှိနေကြရာ သို့ရာတွင် တယ်မကြာပါဘူးခင်ဗျာ။ ခွေးမြီးကောက် ကျည်တောက်စွပ်၊ ၁၉၈၅–ခု၊ ဩဂုတ်လ ၂၅–ရက်နေ့တွင် ပင် တတိယအကြိမ် မြောက် အဖမ်းခံရပြန်ပါတော့သည်။ ကြည့်စမ်းဗျာ။ အပြင်မှာ ဘယ်လောက်သာ ကြာပါသနည်း။ ထိုနှစ်ဇန်နဝါရီလ ၁၄–ရက်နေ့ကမှ ရင်းငြိမ်ထောင် ရဲဘက်စခန်းက လွတ်လာခဲ့တာလေ။

အဲသည်ထောင်မှာတုန်းက သူ တောင်ကြီးက သူ့အဒေါ် မေ့အစ်မ ခင်ထားရီ(မဂျူး)ဆီ ရေးလိုက်တဲ့ စာတစ်စောင် ကျွန်တော့်ဆီမှာ (ဒီကောင်မျိုး မယုံတာနဲ့) ကျွန်တော် သိမ်းထားတာ ရှိတယ်။ ရင်းငြိမ်၊ ၁၉၈၄–ခု၊ မတ်လ ၁၄–ရက် နေ့စွဲနဲ့။

> ကျွန်တော်လဲ ဒီနှစ်ကုန်ရင် လွတ်မယ်၊ မလွယ်ခင် လောကကြီးကို ရင်ဆိုင်ဖို့ အားတွေ မွေးထားရဦးမှာ။ ကျွန်တော့်အိမ်ကို စာရေးရင် မာမီတို့ နေကောင်းစေဖို့ အကြောင်း၊ ကျွန်တော့်အတွက် စိတ်မပူဖို့ အကြောင်းလောက်ပဲရေးတယ်။ နောက် မမိုက်တော့ပါဘူး။ လိမ္မာပါတော့မယ် ဆိုတာမျိုးတွေတော့ထည့် မရေးတော့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီစကားမျိုးတွေကို ကျွန်တော် အရင်တုန်းကလဲ ပြောပြီး ခဲ့ပြီ။ ခုပြောပြရင် ဘယ်သူကမှ ယုံကြတော့မှာမဟုတ်ဘူး။ ဒီတော့ လွတ် လာမှပဲ လက်တွေ့ပြတော့မယ်။ အဘိုးကြီးကလဲ ကျွန်တော့်အကြောင်း ရေးထားတာတွေ တိုင်းသိပြည်သိ အများကြီး ရှိနေတယ်။ ဒီတော့ လူတွေ ပြောကြ ဆိုကြတာတွေ ခံနိုင်ရည်ရှိအောင် ကြိုးစားရမှာပါပဲ။ မှားခဲ့တဲ့ အမည်းစက်ကို ဘယ်လောက်ကြာ အောင် ပြန်ဖျက်ရမှာလဲ လေးလေးဂျူးရယ်။ ကျွန်တော်လဲ မြန်မြန်လွတ်ချင်လှပြီ။

ကိုယ့်မိသားစု တစ်အိုး တစ်အိမ် နေနိုင်အောင် ကြိုးစားဖို့ အချိန် သိပ်မရှိတော့ ဘူး။ ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်တဲ့တစ်နေ့ ကျွန်တော့် မိသားစုကို ခေါ်ပြီး ဒီပတ်ဝန်းကျင်က လွတ်ရာကိုသွားမယ်။ လူတွေရဲ့အထင်သေးတဲ့အကြည့်၊ နှိမ့်ချတဲ့ အပြောအဆိုမျိုးတွေ မခံနိုင်တော့ဘူး။

တစ်ခါတလေတော့လဲ လောကကြီးကို ငြီးငွေ့မိတယ်။ ဒါပေမယ့် မာမီ့ကိုလဲ ကျွန်တော့်ချွေးမနဲ့စာနဲ့ လုပ်ကျွေးချင်သေးတယ်။ ကျွန်တော့်ဘက်က ဘာတာဝန်မှ မကျေသေးဘူးဆိုတာ ကျွန်တော်သိပါတယ်။ ကျေအောင်ဆပ်ဖို့ ကျွန်တော် ရည်မှန်း ထားပါတယ်။ ဒီစာတွေကို ကျွန်တော်ရေးနေတာ လေးလေးဂျူး တစ်ယောက်ပဲ ကျွန်တော့်အပေါ်မှာ နားလည်ခွင့်လွှတ်စိတ် ညှာတာစိတ်နဲ့ ကြည့်တတ်တဲ့ တစ်ဦးတည်းသော ဆွေမျိုးရင်းချာမို့ပါပဲ။

အထက်ပါစာသည် ရင်းငြိမ် ရဲဘက်စခန်းမှ လွမ်းအောင်ဖန်လိုက်သည့် သူ့စာစဉ်ကြီး၏ သုံးပုံတစ်ပုံမျှ ကျွန်တော်ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ ထောင်ထဲမှာနေစဉ်က ဘိန်းဖြူပြတ်နေ၍ အကယ်ပင် သူ့စိတ်ကောင်းဝင်နေခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် ထောင်ကလွတ်လာပြီး ဘယ်လောက်အကြာမှာ သူ ပြန်လည်မှီဝဲလေသည်မသိ၊ (၂၅–၈–၈၀)နေ့ညတွင် ၉–နာရီခန့်၌ နီရာသည် မျက်ရည်စက်လက်နှင့် သူ့လင်ကို ရဲကဆွဲသွား ပြီဖြစ်ကြောင်း လာပြောပါသည်။

'ဘာမှုနဲ့လဲ၊ ဘိန်းဖြူစားသုံးမှုပဲ မဟုတ်လား'

ကျွန်တော်ကမေးသည်။ နီရာက. . . .

'မဟုတ်ဘူး ဒက်ဒီ၊ ခိုးရာပါပစ္စည်းကို ရောင်းပေးမှု'

'အေး. . နင့်လင်ဟာ ဘိန်းဖြူပြန်စွဲလို့ ဒီလို သူခိုးနဲ့ပေါင်းပြီး ဒီအလုပ်လုပ်ရတာ မဟုတ်လား၊ ငါသိပါတယ်၊ ဒီကောင် ဘိန်းဖြူပြန်လုပ်နေတာ ကြာပါပြီ၊ တစ်ခါ–တစ်ခါ ဒီရောက် လာတယ်၊ ပိန်သထက်ပိန်ပိန်လာတာ တွေ့လို့ ငါက မယုံသင်္ကာဖြစ်ပြီး (ဒီကောင် ပြန်လုပ်ပြန်ပြီ ထင်တယ်ဟေ့) ပြောတော့ နင်ကရော၊ မအေကြီးကရော (မဟုတ်ပါဘူး ငှက်ဖျားရောဂါကြောင့် လို့) ပြောခဲ့ကြတယ်။ ဖုံး. . . ဖုံး. . . . ဖုံး၊ အေး. . . . ခုတော့ လုံးလုံးကြီးပေါ်ပြီ မဟုတ်လား၊ ဒီကောင်မှာ ဘယ်တုန်းကမှ ငှက်ဖျားရောဂါမရှိဘူးဆိုတာ ငါသိသားပဲ။ ခုတော့ နင်တို့က ရင်းငြိမ်ကပဲ ရခဲ့ သလိုလို ငါ့ကို ဖြီးကြသေးတယ်။

သူ့သားအတွက် ကာကွယ်ခဲ့သော မအေကြီးလည်း ကျွန်တော့်ကို ဘာမျှပြန်မပြော နိုင်တော့။

'အေး. . . ငါက အခု–ဒီကောင်ကို ခိုးရာပါပစ္စည်း ရောင်းပေးမှုနဲ့ မဟုတ်ဘူး။ ဘိန်းဖြူမှုနဲ့ ကျစေချင်တယ်။ ဒါမှအရင် ၄–နှစ်၊ အခု ၇–နှစ် ၈–နှစ်လောက် ဖြစ်သွားရင် ကိစ္စအေးရော။

သူမသေလို့ ထောင်ထဲကထွက်လာတော့ သင်းအသက်လဲ ၄၀–ကျော် ၅၀–နီးနေပြီ။ ငါတို့လဲ လူ့ပြည်မှာရှိချင်မှရှိတော့မယ်။ သူ့သမီးလေးတွေလဲ အိုးအိမ်တောင်ကျကုန်ကြပြီ။

သို့ရာတွင် ဤအတိုင်းမဖြစ်ခဲ့ချေ။ သူ့အမှုကျ ဘိန်းဖြူမှုမဟုတ်။ ခိုးရာပါပစ္စည်း ရောင်းပေးမှုကြောင့် အချုပ်ထဲရောက်သွားခြင်း ဖြစ်သည်။ ထိုအခါ နီရာနှင့် ဗိုလ်ကင်း တစ်ကောင်တည်းသာ မဂ္ဂင်ကျောင်းလမ်းက တဲပုတ်ကလေးမှာ (ယောက်ျားကြီးမရှိဘဲ) နေမဖြစ်တော့သဖြင့် သူတို့ မာလကာခြံ နေအိမ်သို့ ပြန်ရောက်လာကြသည်။ တဲအိမ်ကလေး သော့ပိတ်ခဲ့ ၏။

ယင်းသည် သူ့အား တတိယအကြိမ်မြောက် အဖမ်းခံရခြင်းဖြစ်၍ ကျွန်တော်တို့အဖို့ ရိုးနေပါပြီ။ အာမခံရဖို့လုပ်ခြင်း၊ ထောင်ဝင်စာသွားတွေ့ခြင်း၊ သူ့အမှု ထုတ်စစ်သောအခါ သွားကြည့်ခြင်းမား မပြုတော့ပါ။ သူ့အမေကြီးလည်း သားအတွက် မည်သို့မျှ ပူပန်ကြောင့်ကြ မရှိတော့။ သူ့ဇနီးနှင့်သမီးများသာ ရုံးအထုတ်တွင် တစ်ခါတစ်ရံတော့ သွားတတ်၏။ သို့နှင့် ၅–လကျော်မျှအကြာတွင် ဤအမှု အာမခံပေးတော့မည်ဆိုသဖြင့် နီရာက အာမခံမည့်လူနှစ်ဦး ခေါ်သွား၍ ၁၉၈၆–ခု၊ ဖေဖော်ဝါရီလ ၁၄–ရက်၌ အာမခံနှင့် ပြန်လွတ်လာ၏။

ထိုအခါ ဗိုလ်ကင်းခွေးတစ်ကောင်နှင့် သူတို့လင်မယားကို ဤမဂ္ဂင်ကျောင်းလမ်း တဲပုတ်သို့ ပြန်လွှတ်လိုက်တော့၏။ ကိုယ်ပိုင်မြေအိမ်မှာ ကာလကြာစွာ လူမရှိဘူးဆိုတော့ မကောင်းဘူး မဟုတ်လား။

ဒီကောင့်အမှုမှာ ဘယ်သောအခါတွင် စီရင်ချက် ချမှတ်မည် မသိရသေး။ ရမန်ကြီး နှစ်ပတ်တစ်ခါမျှ ရုံးတော့ မှန်မှန်သွားနေရ၏။ စီရင်ချက်ချသောအခါ ထောင် မည်မျှကြမည် နည်း။ ၆–လလောက်ဆိုလျှင် ချုပ်ရက်နှင့် ပြီးနိုင်ပါ၏။ ထိုထက်ပိုမူ ဘယ်ထောင်၊ ဘယ်ရဲဘက် စခန်းသို့ ဘယ်လောက်ကြာ စံမြန်းရလိမ့်မည် မသိရသောကြောင့် ဤမဂ္ဂင်ကျောင်းလမ်းအိမ် ကလေးမှာ ခွေးတစ်ကောင်နှင့် နီရာတို့မိန်းမသားချည်း နေမဖြစ်တော့သဖြင့် ဤခြံမြေကလေးကို ရရာဈေးနှင့်သာ ရောင်းပစ်ဖို့ရှိတော့၏။

သို့ရာတွင် ဤစာအစက ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့သည် လက်ရှိအိမ်ကြီးမှာ နေ၍မဖြစ်တော့။ မည်သည့်နည်းနှင့်မဆို တခြားသို့ ပြောင်းရွှေ့ရတော့မည် ဖြစ်ခြင်းကြောင့် ဤခြံမြေကလေးမှာပဲ ရှိသမျှငွေနှင့် ဖြစ်နိုင်သမျှအိမ်ကို ဆောက်ရတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ရလေ၏။

ကဲ. . . . ကြည့်စမ်း။ ကျွန်တော်တို့ဘဝကံကြမ္မာ ဖန်လာပုံမှာ မမျှော်လင့်တာတွေ အစီအစဉ် နှင့် ဖြစ်လာသည်။

လက်ရှိအိမ်ကြီးပေါ်မှာ နေမဖြစ်တော့သောအခါ မတွေးထင်ခဲ့သော ရပ်ဌာနီတွင် ခြံမြေ ကလေးတစ်ကွက်က အသင့်ရှိနေသည်။

ကျွန်တော်တို့လက်ထဲတွင် အိမ်ဆောက်ရန် မဖြစ်စလောက်ငွေကလေးသာရှိနေရာ ကျွန်တော်တို့သတင်းဆိုးကို တစ်ဆင့်စကား တစ်ဆင့် ကြားသည်နှင့် ကူညီမည့် မိတ်ကောင်း ဆွေကောင်းတွေ ပေါ်လာသည်။

ထို့ကြောင့် မေက သူတို့ခရစ်ယာန်စကား ပြောသည်။ လောကကြီးမှာ စေတနာမာန် နတ်က ဘယ်လောက်ပဲ ဒုက္ခပေးပေး၊ ဘုရားသခင်က အမြဲပဲ ကူညီစောင်မ, နေတယ် တဲ့။

စင်စစ် ဤအရေးတွင် ကျွန်တော်တို့အား လက်တွေက ကူညီစောင်မသူများကား. . . .

ဆရာမင်းသုဝဏ်၊

အစ်မကြီး ခင်မျိုးချစ်တို့ ဇနီးမောင်နှံ၊

ထင်လင်း၊

ရွှေတည်ရန်နောင်၊

စာပေမိတ်ဆွေ စစ်တွေမြို့မှ ကိုထွန်းဦးကျော်၊

အစစ အရာရာ လိုသမျှကိုပေးသော ဦးမြင့်စိုးနှင့် အိမ်ကိုအမြန်ဆုံး ပြီးအောင် ဆောင်ရွက်ပေးသော ကျောင်းဆရာ ဦးဘငြိမ်းတို့ ဖြစ်ပါသည်။

သို့နှင့် ကျွန်တော်တို့သည် ယခင်အိမ်ကြီးမှ ၁၃၄၈–ခုနှစ်၊ နယုန်လဆုတ် ၁၂–ရက်၊ သောကြာ (၄–၇–၈၆) နေ့တွင် ပြောင်းရွှေ့ခဲ့ကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ယခုအချိန်၌ အင်းစိန်မြို့ ဗိုလ်ကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်း လမ်းတွင် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အိမ်ကလေးဖြင့် အေးချမ်းသာယာစွာ ရှိနေပါ၏။

(ဘားလမ်းမှာ မုန့်ဟင်းခါးဆိုင်တော့ မထွက်နိုင်တော့ဘူးဗျာ။)

ကျွန်တော်တို့အိမ်မှာ သစ်ရိုင်းတို့ဖြင့် သုံးပင်နှစ်ခန်း၊ ပျဉ်ကြမ်းခင်း၊ ဓနိမိုး၊ ဝါးထရံကာ၊ တစ်ထပ်အိမ်မြင့်၊ ခြေတံရှည် ကလေးဖြစ်ပါသည်။ ခြံဥယျာဉ်ကလေးမှာ ချွေးမ စိုက်ထားသော ပန်းတွေ ဝေဝေဆာဆာနှင့် သာယာပါဘိ။ ဖြစ်သမျှအကြောင်း အကောင်းချည်းဟူ၏။

မိတ်ဆွေများ လာရောက်လည်ပတ်လိုသော် အင်းစိန်ဈေးအနီး ကားဂိတ်မှ ဗိုလ်ကုန်း ကားကို တစ်မတ်ပေးစီး၊ (ဆရာ မင်းသုဝဏ် ကဗျာနာမည်) ပျဉ်းမငုတ်တို မှတ်တိုင်မှာ ဆင်း၊လက်ယာဘက် မဂ္ဂင်ကျောင်းလမ်းထဲ ဝင်ခဲ့။ ခြေလှမ်း ၁၅၀–မျှရောက်သော် ဦးမြင့်ဆွေ၏ ပိတောက်မြိုင် လက်ဖက်ရည်ဆိုင်မှာ သော်တာဆွေအိမ်ကို မေးပါ။ ညွှန်ပြပါလိမ့်မည်။

''ဘဝသံသရာ၊ ဘယ်ဟာ မတည်မြဲ
ဖောက်လွဲ ဖောက်ပြန်
အကြောင်းကံ ကမ္ဘသကာ. . . .''

ကျွန်တော်သည် ၁၆၆၀–ခုနှစ်၊ ဇူလိုင်လ ၆–ရက်နေ့မှသည် ၁၉၈၆–ခုနှစ်၊ ဇူလိုင်လ ၄–ရက်နေ့အထိ ၂၆–နှစ်တိုင်တိုင် နေထိုင်ခဲ့သော ၆–မိုင်မာလကာခြံ ဌာနဟောင်းကို ပြန်ပြောင်းစဉ်းစားလိုက်သောအခါ အထက်ပါ ဆရာသုခ၏ ဘဝသံသရာ ရုပ်ရှင်သီချင်းသံသည် ကျွန်တော့်နားထဲမှာ ကြားယောင်လာ၏။

ဟုတ်ကဲ့။ ဖြစ်ပြန်၊ ပျက်ပြန်၊ လောကဓံသည် သတ္တဝါမှန်သမျှ တွေ့ကြုံရသည်ချည်း။ ပထမသည် အဖြစ်၊ ဒုတိယသည် အပျက်၊ တတိယသည် ပျောက်ကွယ်ခြင်း။ သည်ကြားထဲမှာ ဒုက္ခ၊ သုခတို့သည် ဖြစ်ထွန်းကြကုန်၏။

ကျွန်တော် မာလကာခြံသို့ရောက်လာသောအခါ ဤအရပ်သည် လူနေအိမ်ခြေ မပြည့်ကျပ်သေး၊ အိမ်ကြီး အိမ်ကောင်းတွေ များများစားစား မရှိသေး။ ခြံမြေကွက်လပ်တွေ အများကြီးရှိသေး။

ကျွန်တော် ပြောင်းရွှေ့လာခဲ့ရတော့ အိမ်ကြီးသည် စွပ်ကျယ်စက် လမ်းမကြီးတွင်ဖြစ်၍ ကျွန်တော့်အိမ်၏ နောက်ကျောဘက်တွင် ကင်မွန်းပင်၊ ဆူးပုပ်ပင်တို့ဖြင့် ပြီးသော ခြံမြေ ကျယ်ကြီး ရှိ၏။ ထိုခြံကြီးထောင့် တစ်နေရာမှာ လူနေဖြစ်၍ တဲအိမ်ကလေး ခပ်ယိုင်ယိုင်သည်ရှိ ၏။

သို့သော် ထိုတဲကလေးသ်ည နံနက်စောစော အိပ်ရာထချိန်တွင် မျက်လှည့်ဆရာ၏ ဦးထုပ်ကဲ့သို့ လူများစွာထွက်၍လာ၏။ အကြီးဆုံးက အဘွားကြီး ဒေါ်မြရင်(အပျိုကြီး) ၊ နို့ပြီး သူ့ညီမ ဒေါ်ရေပေါ်(မုဆိုးမ) ၊ ကျန်တာတွေကတော့ ဒေါ်ရေပေါ်၏ သားသမီးများ ဖြစ်ကြသော လူပျို အပျိုတွေ၊ ကိုကံညွှန့်၊ ကိုအောင်ချစ်၊ သိန်းသိန်း၊ မဥ။ ဤအငယ်ဆုံးမလေးက ကျွန်တော် ရောက်စ အချိန်တွင် ၁၀–နှစ်သမီးခန့် ရှိပေဦးမည်။

ကျွန်တော်နှင့် သူတို့ တွေ့စ ခင်စ တစ်နေ့သ၌တွင် ကျွန်တော်က– ''ခင်ဗျားတို့ အိမ်ကလေးက အရာဝတ္ထုတွေ ထည့်တိုင်းဝင်၊ ထုတ်တိုင်းထွက်တဲ့ မျက်လှည့်ဆရာရဲ့ဦးထုတ်နဲ့ တူတယ်ဗျာ''ဟုပြောတော့ ဒေါ်ရေပေါ်က. . .

''အောင်မယ်၊ မင်းက အခု တို့တဲပုတ်မှာ လူ၆–ယောက်ပဲတွေ့တော့တာကိုး၊ အစဦး ၈–ယောက်ကွ''

''ဟုတ်လား၊ နှစ်ယောက်က အခုဘယ်မှာလဲ''

''ခေါင်းရင်းဘက်ခြံထဲက မောင်ရီစိန်နဲ့မသန်းရီလေကွာ''

ဟုတ်ပါ၏။ မောင်ရီစိန်နှင့်မသန်းရီလည်း ဒေါ်ရေပေါ်၏ သားသမီးများဖြစ်ကြ၍ လူနေချင်းနီးစပ်ကြရာ မပြကျင်၊ ကိုအုန်းမြတို့ မောင်နှမနှင့် မောင့်လှယ် နှမလှယ် အိမ်ထောင် ကျကုန်ကြခြင်းဖြစ်၏။

မူရင်းက သူတို့သည် ထန်းတစ်ပင်မြို့မှ ဖြစ်ကြကုန်၏။ တစ်ခေတ်က ပြည်တွင်း ဆူပူမှုကြောင့် သူတို့အရပ်မှာ နေမဖြစ်သဖြင့် ဒေါ်ရေပေါ်တို့ မိသားစု ဤမာလကာခြံသို့ ရောက်လာကြကာ ဤတဲပုတ်ကလေးနှင့် ဤခြံမြေကျယ်ကြီးကို ရာဂဏန်းမျှဖြင့် ငယ်ယူနေထိုင်ကြခြင်း ဖြစ်၏။

မူလက သူတို့မိသားစုသည် ထန်းတစ်ပင်မြို့နယ်မှာ လယ်ယာသမားများ ဖြစ်ခဲ့ကြ၍ ကျွန်တော်နှင့် တွေ့ရချိန်မှာ ကိုကံညွန့်က ရန်ကုန်မြို့ထဲမှာ ရုံးကြီးတစ်ခုတွင် ရုံးလုလင်၊ ကိုရီစိန် က စာတိုက်ကြီးမှာ အလုပ်သမား၊ ကိုအောင်ချစ်နှင့် သိန်းသိန်းက ပုဂ္ဂလိက အထည်စက်ရုံ၊ မဥက ကျောင်း နေသည်။

ကျွန်တော် မာလကာခြံသို့ ရောက်လာသောအခါ ကျွန်တော်၏ ပထမဦးဆုံး မိတ်ဆွေများမှာ သူတို့ မိသားစု ဖြစ်တော့၏။ အထူးသဖြင့် ကိုကံညွန့်၊ ကိုအောင်ချစ်တို့ ညီအစ်ကိုနှင့် ကျွန်တော် ရင်းနှီးစွာ ခင်မင်သွားကြ၏။ အကြောင်းမှာ သူတို့ညီအစ်ကိုလည်း ကြက်သမား၊ ကျွန်တော်လည်း ကြက်သမား၊ ဝါသနာတူချင်း ပေါင်းမိသွားကြခြင်း ဖြစ်သည်။

စင်စစ် သူတို့မိသားစုသည် ကျေးတောသားများ ဖြစ်ကြ၍ ရိုးသားပြီး စိတ်ထားဖြူစင် သူများ ဖြစ်ကြသည်။ သူတို့ စိတ်ထဲရှိတာကို ပြောတတ်သည်။ ကျွန်တော်နှင့် တွေ့ဆုံပြီး မကြာမီ ပင် ဒေါ်ရေပေါ်က. . .

''မောင်တာရေ၊ ငါလဲ မင်းလိုပဲ အိမ်ကြီးကြီးဆောက်ချင်တယ်ကွာ၊ အခု မင်းနေတဲ့ အိမ်ဟာ ဘယ်လောက်ကုန်သလဲ''

''အိမ်ပုံစံဆွဲပြီးတော့ ကန်ထရိုက်ကို အပြတ်ပေးလိုက်တာမြင်တဲ့အတိုင်းပဲ၊ တက်ကစီး ခေါ်တာပေါ့၊ တက်နေရုံပဲ၊ တစ်သောင်းပဲဗျာ''

''အေးကွာ၊ ငါ့မှာ ဒီလောက်ငွေမရှိဘူးကွ၊ အခု မင်း–နေတဲ့ခြံကို သုံးထောင်နဲ့ ဝယ်တာ တော့ ငါသိတယ်ကွ၊ ငါ့ခြံလည်းပဲ အဲသည်လို မြေခွဲရောင်းရရင် ကောင်းမှာကွာ၊ ဟိတ်–မင်း သူငယ်ချင်း မိတ်ဆွေထဲက ဝယ်မယ့်သူများ မရှိဘူးလားကွ၊ စပ်ပေးကွာ၊ မင်းကို ငါပွဲခပေးပါ့မယ် ကွ''

''အာ. . . ကျွန်တော်က ခင်ဗျားတို့ဆီက ပွဲခယူမယ့်လူလားဗျာ၊ ဝယ်မယ့်လူရှိရင် ကျွန်တော်က စပ်ပေးပါ့မယ်ဗျာ၊ ပွဲခတော့ ကျွန်တော်မယူဘူး၊ ပွဲခထက် တန်ဖိုးကြီးတာကို ကျွန်တော် လိုချင်တယ်''

''ဘာလဲကွ''

''မေတ္တာ–ဗျ''

ဒေါ်ရေပေါက ကျွန်တော့်အား အံ့ဩသော၊ ဝမ်းသာသော မျက်နှာနှင့်ကြည့်သည်။ ပြီးလျှင် ကွမ်းမပြတ်စားသဖြင့် ကွမ်းသွေးစိုနေသော သူ့နှုတ်ခမ်းများကို ဘယ်ဘက်လက်ညိုး လက်မနှင့် ပွတ်သပ်လျက်–

''ဟေ့ မောင်သော်တာ၊ မင်းက စာရေးဆရာလို့ ငါသိထားတယ်၊ မင်းဘယ်လိုစာတွေ ရေးသလဲတော့ ငါမပြောတတ်ဘူး၊ မင်းစိတ်ထားကိုတော့ ငါကြိုက်ပြီကွာ''

စင်စစ် ဒေါ်ရေပေါ်၏ ခြံမြေသည် အကျယ်ကြီး၊ အိမ်ကြီး ၄–အိမ်လောက်ကို ကောင်းကောင်းကြီး ဆောက်နိုင်သည်။ ၎င်းမြေကို ခွဲရောင်းမည်ဆိုလျှင် ဒေါ်ရေပေါ်တို့ အိမ်ကြီးကြီးတစ်လုံး ဆောက်နိုင်ပေမည်။ ထိုအခါ မျက်လုံးလုံးပြည့်သို့ ဆရာ၏ဦးထုပ်နှင့်တူသော သူတို့တဲ ပုတ်ကလေးထဲမှ လွတ်မြောက်ကာ အိမ်ကြီးလှလှနှင့် နေသည်ကို ကျွန်တော်မြင်လိုလှသည်။

ဤကားကျွန်တော်၏ စိတ်ကူးယဉ် စေတနာမျှ ဖြစ်ပေသည်။ သို့သော် တစ်နေ့သ၌တော့ ကျွန်တော့်ဆန္ဒ အကောင်အထည်ပေါ်လာချေတော့၏။ အဘယ့်ကြောင့်ဆိုသော်၊ ကျွန်တော် ရောက်ရှိနေထိုင်ရာ အရပ်သို့ ကျွန်တော့် စာပေ မိတ်ဆွေ သင်္ဂဟတို့က တစ်နွယ်ငင် တစ်စင်ပါ လိုက်လာတတ်ကြကုန်၏။

## ရွာတန်းရှည်တုန်းက။

ကျွန်တော်သည် ဤမာလကာခြံသို့ မရောက်မီ၊ ပြည်လမ်း ၇–မိုင်မှ အတွင်းကျသော ရွာတန်းရှည် ရွာကလေးတွင်၊ ၅–နှစ်မျှ နေခဲ့ပါသေးသည်။

ယခုဇနီးမေနှင့်ကျွန်တော်သည် ၁၉၅၄–ခုနှစ်၊ နိုဝင်ဘာလ၊ ၁၆–ရက်နေ့တွင် အကြောင်းဆက် ပေါင်းဖက်ကျတော့၊ ရွှေးဦးစွာပြည်လမ်း၊ အေဝမ်းရုပ်ရှင်ခြံအနီးတွင်ရှိသော ရုပ်ရှင် ဒါရိုက်တာကြီး ဦးဘရှင်(ကွယ်လွန်)၏ နေအိမ်လေးမှာ ခိုအောင်းရ၏။ ၃–လမျှအကြာ၊ ၁၉၅၅–ခုနှစ်ဖေဖော်ဝါရီလကျတော့ အေဝမ်းခြံသို့ အလုပ်ဆင်းကြသူများနှင့် ဆက်သွယ်မိကြ၍၊ သူတို့ရွာ ၇–မိုင်ရွာတန်းရှည်သို့ ကျွန်တော်တို့ပြောင်းခဲ့ကြ၏။ သုံးပင်နှစ်ခန်းအိမ် ခြေတံရှည် ကလေး၊ အိမ်ရှေ့သုံးထစ်သော လှေကားတက်၊ ဖိနပ်ချွတ်အဆင့်နှင့်၊ မီးဖိုဆောင်ဘေးတွဲနှင့်၊ သွပ်မိုးဝါးထရံကာ ပျဉ်ခင်း၊ စပေါ်မရှိ(ထိုခေတ်က ထိုနေရာတွေမှာ စပေါ် ဆိုတာ မပေါ်သေး) အိမ်လခကိုမှ

ပထမတစ်လနေပြီးမှပေးရ၏။ ဥပမာကျွန်တော်တို့ ထိုအိမ်ကလေးသို့ ဖေဖော်ဝါရီ လဆန်းမှာ ရောက်သွားသည်။ ဟော–မတ်လဆန်းမှ သူ့အိမ်လခ ၂၅ကျပ်ကိုပေးရ၏။

ဖေါ်ပြခဲ့သည်အတိုင်း၊ ထိုအိမ်ကလေးမှာ သိမ်ငယ်လှသော်လည်း ခြံဝင်းက အကျယ်ကြီး၊ အိမ်ရှေ့ဥပစာ ပေ ၅၀–မျှ၊ နောက်ဖေးဘက်ဆိုလျှင် ပေ ၃၀၀–မကရှည်သည်။ တစ်မျှော်တစ်ခေါ်ကြီး။ ထိုခြံမြေဆုံးတော့ မိုးတွင်းမှာ ရေစီးသည့် ရိုးကလေးရှိသည်။ ရေကြက်သံတွေ၊ ဘုတ်အီသံတွေ ကြားရသည်။ ထိုရိုးကလေး ဟိုဘက်မှာ ရောမခြံလွတ်ကြီး။ လူသူမနေ။ သရက်၊ ပိန်းနဲ၊ ကနစိုးတွေ၊ စားလိုသူ ဘယ်သူမဆို ဆွတ်ခူးနိုင်တာပဲ။

ထို့ကြောင့် မြို့ထဲမှာ ကျပ်တည်းစွာနေကြသော ကျွန်တော့်သူငယ်ချင်း မိတ်ဆွေတို့သည် ကျွန်တော့်အိမ်သို့ သူတို့ရက်အားများတွင် လာရောက်လည်ပတ်ကြ၏။ ကျွန်တော့်ဇနီးမေက အချက်အပြုတ် ကောင်းမွန်ခြင်း၊ အရက်သမား ကျွန်တော့် မိတ်ဆွေများနှင့် လိုက်လျောညီထွေ အောင် ပေါင်းသင်းတတ်ခြင်းတို့ကြောင့် ကျွန်တော့်အိမ်မှာ ဧည့်ပြတ်သည်မရှိဘဲ၊ လွန်စွပျော်မွေ့ ဖွယ် ကောင်းလှပါသည်။

စင်စစ်၊ သူတို့သည် ဤရွာကလေးကို ပျော်ပွဲစားထွက်ရာ တောဂေဟာကလေးဟု သဘောထားကြလျက်၊ ကျွန်တော်နှင့် အထူးခင်မင်ကြသော၊ တင့်တယ်၊ သန်းဆွေ၊ မိုးဝေ၊ မင်းရှင်၊ အောင်လင်း၊ ဗိုက်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ မင်းရှင်နောင်စသည့် စာပေ–ရုပ်ရှင်ဂီတနယ်ကလူများသာမက၊ ကျွန်တော်၏ စာပေမိတ်ဆွေများ ဖြစ်ကြသော တောင်ကြီးသူဌေး(ရွှေလီမွှော်) ကိုမောင်မောင်၊ သူ့ညီ ကိုသန်းဒွေး(တောင်ကြီးမြို့ တော်ဝန်) ၊ မိုးကုတ်သူဌေး ကိုမြမောင်၊ ကိုတင်မောင်၊ ဒီဆူဇာ ဦးခင်ဇော်၊ အောင်ဇေယျရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးသောင်းစိန်၊ ဖ ဆ ပ လ အမတ်ဦးဌေးကြွယ်၊ စသည်များ သူတို့အကြောင်းတွေ ကျွန်တော့် ဘဝဇာတ်ကြောင်းများမှာ အလျဉ်းသင့်သလို ရေးခဲ့ပါပြီ။

ထိုအချိန်ဝယ်၊ ကျွန်တော့်အိမ်ရှေ့မှာ ကေသုံးမတ်လောက်ရှိသော ခြံကျယ်ကြီးနှင့် သွပ်မိုး ပျဉ်ထောင် အိမ်ကြီးတစ်လုံးရှိသည်။ ပိုင်ရှင်မှာ ရဲအရာရှိတစ်ယောက်ဖြစ်၍ ပဲခူးယ်ကုန်းတွင် တာဝန်ကျနေသဖြင့် သူ့အိမ်မှာ နေမည့်သူမရှိ၊ သော့ခလောက် ခတ်ထားသည်။ သူ့နာမည်မှာ ဦးလှမောင်။ တစ်ရံခါသော် သူခွင့်နှင့်ပြန်လာရာ၌ ကျွန်တော်နှင့် ခင်မင်သွား၍–

''ကိုဆွေက အပေါင်းသင်းများတယ်ဗျာ။ ကျွန်တော့်အိမ် ဒီမှာ အလကားထားရတာ၊ အိမ်ငှားရှာပေးစမ်းပါဗျ''

ကျွန်တော် မာလကာခြံရောက်သောအခါ၊ ဒေါ်ရေပေါက သူ့ခြံမြေရောင်းပေးစမ်းပါဟု ဆိုသည့်နည်းတူ ဦးလှမောင်က ကျွန်တော့်အား သူ့အိမ် လူငှားရှာပေးစမ်းပါဟု ပြော၏။

''ဦးလှမောင်အိမ် ဘယ်လောက်ရဟင် ငှားမလဲ. . . .''

''ကိုဆွေအခု ဒီအိမ်ကလေးက အစိတ်ဆိုတော့ ကျွန်တော့်အိမ်–၅ဝကျပ်တော့ မရထိုက်ဘူးလားဗျာ''

သူ့အိမ်မှာ လေးပင်သုံးခန်း၊ နောက်ဖေး မီးဖိုဆောင်တွဲနှင့် ခန့်ခန့်ထည်ထည်ကြီးဖြစ်၍ မီးလည်းရှိသည်။ ရေတွင်းလည်း အိမ်နှင့်ကပ်လျှက်ရှိသောကြောင့်. . . .

''ရထိုက်ပါသဗျာ''

''ကဲ. . . ဒါဖြင့်ရော့–ကိုဆွေကို ကျွန်တော် သော့အပ်ခဲ့ပြီ''

ဦးလှမောင် သော့အပ်ခဲ့ပြီး၊ မကြာမီဘဲ သူ့အိမ်ပေါ် ကျွန်တော် လူငှားတင်ပေးနိုင်သည် ကား၊ ပထမဆုံး ကာတွန်းစိန်ကြီးတို့ လင်မယားခင်ဗျ။

ထိုအချိန်၌ ကိုစိန်ကြီးက မိန်းမရစ၊ သူ့ဇနီးက ခင်ခင်ဝင်း၊ နောင်၌ ကလျာ(ဝိဇ္ဇာသိပ္ပံ) အမည်နှင့် စာရေးဆရာမဖြစ်လာ၍ ယခု ကလျာမဂ္ဂဇင်းကြီးကို ထုတ်ဝေနေသည့် အမျိုးသမီးပါပဲ ခင်ဗျာ။ အဲသည်တုန်းက ကလေးမက ငယ်ငယ်လေးပဲ ရှိသေး၏။ ကလျာ(ဝိဇ္ဇာသိပ္ပံ) မဖြစ်သေး။ စာရေးကျင့်နေတုန်းပဲ ရှိအုံး။ ကာတွန်းစိန်ကြီးသာ နာမည်ကြီးတုန်း ဖြစ်ပါ၏။

သူတို့လင်မယားသည် ဘယ်လောက်ကြာ နေသွားသနည်း။ ကျွန်တော် မမှတ်မိတော့ပါ။ နောင်၌ ကျောက်မြောင်းမှာ အိမ်ရ၍ ပြောင်းသွားကြ၏။

ယင်း ဦးလှမောင်အိမ်ကို ဒုတိယရောက်လာသူကား မောင်သာရ လင်မယားပါပဲခင်ဗျာ။ ဤအခါ၌ မောင်သာရသည် ရှုမဝမှာ 'ညှာရွှေတစ်ခက် ကြွေရက်စောနှ' စာရေးဆရာဖြစ်စ။ သူသည် စာရေးဆရာဘဝနှင့် ရန်ကုန်မှာ အခြေချတော့မည်ဟု မန္တလေးမှ သူ့ဇနီးနှင့် သမီး ကလေးတစ်ယောက် ပါလာသည်။ မြို့ထဲမှာ အိမ်ကောင်းကောင်းမရမီ ခေတ္တ ကျွန်တော်တို့ရွာ သို့ လာနေခြင်းဖြစ်သည်။ သူလည်း သိပ်မကြာလိုက်။ နောင်၌ သိမ်ကြီးဈေးအနီး ကုန်ဈေးတန်း မှာ အိမ်ခန်း ရ၍ ပြောင်းသွား၏။

မောင်သာရ ပြောင်းသွားပြီး ဤအိပ်ခန်းကို ဆက်ငှားသူက ရှုမဝဦးကျော်ဖြစ်၏။ သူကတော့ လူလာနေဖို့ မဟုတ်ပါ။ ထိုစဉ်က ဆရာကြီး သခင်ဘသောင်းသည် ရှုမဝတွင် တစ်ထောင့်တစ်ည ဝတ္ထုများကို လစဉ် ဘာသာ ပြန်လျက်ရှိရာ ဆရာကြီး အေးချမ်းစွာ လာ၍ စာရေးရန်. . . . တဲ့။

သို့သော် ဆရာကြီး သခင်ဘသောင်းသည် ရှုမဝကားနှင့်လာပို့၊ ညနေပြန်ခေါ်၊ သုံးလေး ကြိမ်မျှသာ လာခဲ့ပါသည်။ နောက်ထပ်မရောက်တော့ပါ။ အကြောင်းမှာ ''သော်တာဆွေနဲ့ တွေ့ရင် ကျုပ်စာမရေးဖြစ်တော့ဘူးဗျ။ ကျုပ်သူနဲ့အရက်ပဲသောက်နေမိတော့တယ်''ဟု ဦးကျော် ကို ပြောသတဲ့ခင်ဗျ။

ဒါကို ဦးကျော်က ကျွန်တော့်အား အပြစ်တင်သောမျက်နှာနှင့်. . . .

''ကိုရင်ကြီး. . . ဟုတ်သလား''ဟု မေးတော့ ကျွန်တော်က

''ဆရာကြီးက ခင်ဗျားကို မပဟုတ်ဘဲနဲ့ပြောမှာလားဗျ''ဟု ပြန်ပေါက်လိုက်ရ၏။ သည်တော့ ဦးကျော်က ကျွန်တော့်နဖူး လက်ဆစ်နှင့်ခေါက်၏။

ထို့နောက် ဦးလှမောင်အိမ်ကို ဆက်ငှားသူကား ဂျာနယ်ကျော် မမလေးဖြစ်၏။ သူကတော့ စာလာရေးဖို့ မဟုတ်ပေ။ သူ့လူနာတစ်ယောက်ကိုထား၍ ဆေးကုဖို့ဖြစ်၏။

ထိုစဉ်က ဂျာနယ်ကျော်မမလေးသည် စာရေးဆရာမအလုပ်သာမဟုတ်၊ နေလဝိဇ္ဇာ ဆေးကုဆရာမလည်း ဖြစ်နေသည်။ ကျွန်တော်တို့ရွာသို့ အိမ်တစ်လုံးနှင့် လာထားရသော သူ့လူနာကား မုံရွာမြို့မှ သီလရှင်ကြီးတစ်ပါးဖြစ်၏။ ရင်သားကင်ဆာတဲ့။ ဆရာဝန်များ လက်လျှော့သော ရောဂါကို ကျွန်တော့်အစ်မကြီး ဂျာနေဂျိုက အပြတ်တွယ်မည်ပေါ့။

ထိုသီလရှင်ကြီးကလည်း နယ်နယ်ရရမဟုတ်။ စာချဆရာမကြီးဖြစ်၍ အခြွေအရံ တပည့် သီလရှင်မကလေး တွေလည်းတော်တော် များများ ပါလာသဖြင့် ဦးလှမောင် အိမ်သည် သင်္ကန်း ရောင်တွေ ဝါဝါထိန်ထိန်နှင့် သီလရှင်ကျောင်းတိုက် ဖြစ်သွားလေ၏။

အစ်မကြီး ဂျာနေဂျိုကား (သူ့ကိုကျွန်တော် ဤသို့ပဲခေါ်သည်) ကားတစ်စီးနှင့် တစ်ရက် ခြားနှစ်ရက်ခြားသော်လည်းကောင်း၊ တစ်ခါတစ်ရံ နေ့စဉ်သော်လည်းကောင်း လူနာ၏ အခြေအနေအရ လာလေ့ရှိ၏။ သူသာလျှင် ကျွန်တော့်အိမ် အမြဲတမ်းဝင်သည်။ အခိုက်သင့်လျှင် ထမင်းစားလေ့ရှိသည်။

ဤသို့လျှင် အစ်မကြီး ဂျာနေဂျိုသည် ဦးလှမောင်အိမ်တွင် သူ့လူနာကိုထား၍ ကုသခဲ့ရာ တစ်နှစ်နီးပါးမျှ ကြာသောအခါ ထိုသီလရှင်မား မုံရွာမြို့သို့ ပြန်သွားကြတော့မှ ဤရွာနှင့် သူ အဆက်ပြတ်သွား၏။

ကျွန်တော်နှင့်ပတ်သက်ပြီး ဤအိမ်ကို နောက်ပိတ်ဆုံးနှင့် အကြာဆုံး ငှားရမ်းနေထိုခဲ့သူ မှာ ကျွန်တော့် တပည့် ငွေမောင်း ဖြစ်၏။ ယခု နိုင်ငံကျော် စာရေးဆရာ 'တင်သန်းဦး'သည် ဤ အိမ်၌ ကြီးပြင်းသွားသော ငွေမောင်း၏သား(ဗိုလ်ကြီး မောင်မောင်ဦး) ဖြစ်၏။

ငွေမောင်းနှင့် ကျွန်တော်ကား စာပေနှင့်ပတ်သက်ပြီး သံယောဇဉ် တွယ်မိသူများ ဖြစ်သည်။ သူ့နာမည်ရင်းက ကိုတင်သန်း၊ သူသည် မူလကတောခိုနေသူ အလံဖြူကွန်မြူနစ်။ ကျွန်တော် 'အဟိ' ဟာသစာစောင်ကိုထုတ်သောအခါ ငွေမောင်းဟူသော ကလောင်နာမည်ဖြင့် ဟာသဝတ္ထု တိုရှည်များပို့သည်။ သူသည်ပင်ကိုလည်းကောင်းသည်။ ဘာသာပြန်လည်းနိုင်သည်။ သူ့စာမူတို့သည် ရေးသမျှကောင်း၏။ ပယ်ရသည်မရှိ။

၁၉၅၀–ခုနှစ်၊ ဗိုလ်ချုပ်ကြီး အိမ်စောင့်အစိုးရ လက်ထက်တွင် သူအလင်းဝင်ပြီး ကျွန်တော့်အိမ်သို့ရောက်လာသော အဟိမှာ တွဲဘက် ဒယ်ဒီတာလုပ်သည်။

ထိုအချိန်က ကျွန်တော့်အိမ်သို့ အစဉ်မပြတ် သွားလာ ဝင်ထွက် နေကြသူများမှာ အဟိ မှာ စာရေးဆရာ ဖြစ်လာကြသူ မောင်လရောင်၊ ရွှေတည် ရန်နောင်၊ ပေါင်းတည်စန်းမြင့်၊

ကျိုက်လတ်မိုးမြင့်၊ ခင်ဂွမ်းဂွိနှင့် ကွယ်လွန်သွားကြပြီဖြစ်သော စစ်သူမြလေး၊ အောင်(လျှပ်စစ်)၊ ကာတွန်းဝင်းမောင်တို့ဖြစ်ကုန်၏။ အိမ်မှာ အမြဲဘော်ဒါနေကြသူများအား၊ ငွေမောင်းနှင့် ဘုန်းကြီးကျောင်းမျိုးကောင်း၊

သူတို့နှစ်ယောက် ကျွန်တော့်အိမ်မှာ ဆုံမိကြသည်ကား တော်တော် အံ့သြဖို့ကောင်း၏။ ငွေမောင်းက ဖော်ပြခဲ့သည့်အတိုင်း လက်ဝဲနိုင်ငံရေးသမား တောပြန်လက်နက်ချ။ ဘုန်းကြီးမျိုးကောင်းက လူနာမည် ဗိုလ်ဖေသိန်း။ နိုင်ငံတော်သစ္စာကို အမြဲတမ်း စောင့်ထိန်းသော တပ်မတော်အမှုထမ်း (ယခုတော့ ဗိုလ်မှူးကြီးဖြစ်နေပြီ။)

သူတို့နှစ်ယောက်သည် အဟိရေးဖော်ချင်း အဖြစ်နှင့် ကျွန်တော့်အိမ်မှာ တွေ့ဆုံကြပြီး နောက် တစ်ဦးနှင့်တစ်ဦး အထူးခင်မင်သွားကြ၏။ (ယနေ့တိုင် လူချင်းစာချင်းအဆက်မပြတ် ကြပေ။) အကြောင်းမှာ နှစ်ယောက်စလုံး စာပေဝါသနာရှင်များ ဖြစ်ကြသည်ထက် အရက်ကြိုက် ပုံချင်း တူညီကြသောကြောင့်ဖြစ်၏။

တော်တော် သောက်လုံးကြီးတဲ့ ကောင်တွေ။ သူတို့ဆရာ သော်တာဆွေ အရက်ကြိုက် တာက သောက်ချိန် အလုပ်ချိန်ထားသေး၏။ သူတို့နှစ်ယောက်ကား အရက်သောက်မိလျှင် ဘာအလုပ်မျှ မရှိတော့ပေ။

ထိုစဉ်က ဗိုလ်ဖေသန်းသည် လူပျိုဖြစ်ပေရာ သူ့တပ်မှအလုပ်အားတိုင်း ကျွန်တော့်အိမ် မှာ လာနေ၏။ ကျွန်တော်နှင့် မေ့ကို 'အဖေ၊ အမေ' ဟု ခေါ်၏။ နွဲဆိုး ဆိုး၏။ အဲသည်တုန်းက ကျွန်တော်တို့ ခွေးကလေး 'ရန်ကြီးအောင်' ကို ညီလေးဟုခေါ်၏။ ညတွင်သူတို့နှစ်ယောက်နှင့် တစ်ခြင်ထောင်တည်း အိပ်ကြ၏။

## သာယာသော အိမ်ကလေး

ထိုစဉ်က ဤရွာတန်းရှည် အိမ်ကလေးမှာ ကျွန်တော့်တပည့်များ၊ စာပေမိတ်ဆွေ သင်္ဂဟများနှင့် ကျွန်တော်တို့ပျော်လိုက်ကြတာလေ။ အိမ်ကလေးက စုတ်ချာသော်လည်း 'အိမ်သာတော့ ဧည့်လာသည်' ဆိုသည့်အတိုင်း လူတန်လွှာ အသီးသီး လာရောက်ကြသည်။

ထိုစဉ် ထိုအချိန် ထိုအခါတွင် ရွာတန်းရှည်ရွာထဲ ကားဝင်လာပြီဆိုလျှင် သော်တာဆွေ့ အိမ် လာသော ဧည့်သည်ပဲဟု တစ်ရွာလုံးက သိကြသည်။ အမတ်ဦးဌေးကြွယ်ကား၊ ဒီဆူဇာ ဦးခင်ဇော် ကား၊ တောင်ကြီးရွှေလိမ္မော် ဦးမောင်မောင်ကား အောင်ဇေယျ ဦးသောင်းစိန်ကား၊ မိုးကုတ် ဦးမြမောင်ကား ဦးတင်မောင်ကား။

ကျွန်တော့်အိမ်သို့ ကားဖြင့် လာကြသူများကိုလည်း ရွာတန်းရှည်သားများက နှစ်သက်သဘောကျကြသည်။ ကိုယ့်လူတွေ အပြန်မှာ မူးမူးနှင့် မတော်တဆ ကားဘီးများ မြောင်းထဲကျလျှင် ဝိုင်းဝန်း လာရောက် တွန်းထုတ်ပေးကြသည်။

အကြောင်းမှာ တစ်ရံရောအခါ သူတို့ရွာထိပ် စာသင်ကျောင်းတွင် အကာမရှိ၊ ဟင်းလင်းကြီးဖြစ်နေရာ ကိုမြမောင်က အမြင်မတော်သဖြင့် ရပ်ရွာလူကြီးများအား ခေါ်၍ သည်ကျောင်း ကာဖို့ ငွေဘယ်လောက်လိုမလဲဟု မေး၏။ သူတို့က ၇၀၀-ကျပ်လောက်တောင် လိုနေပါတယ် ဆရာကြီးဟု မဝံ့မရဲပြောရာ ကိုမြမောင်က ရာတန်ခုနှစ်ရွက်ကို သူ့အိတ်ထဲ စက္ကူစုတ်ကလေးများ သဖွယ် လွယ်ကူစွာ ထုတ်ပေး လိုက်ကြောင်း 'ငွေကိုလေလိုသုံးသူ' ဝတ္ထုတွင် ကျွန်တော် ရေးခဲ့ပြီ။

ထိုရွာသားတို့သည် များသောအားဖြင့် အေဝမ်းခြံ၊ မောင်မောင်စိုးခြံတို့မှာ ရုပ်ရှင် ဆက်တင် အလုပ်သမားများ၊ နို့စား နွားမ မွေးသူများနှင့် အခြားတောက်တိုမည်ရ အလုပ်သမား များ ဖြစ်ကြကုန်၏။ ဤရွာကလေးသည် ရန်ကုန်မြို့ကြီးနှင့် သိပ်ပြီး မဝေးလှသော်လည်း ချောင်ကျပြီး ဟိုစဉ်က ခေတ်ပညာတတ် မရှိသလောက်ပင်။ ရွာသားတို့သည် ဆင်းရဲသား လက်လုပ်လက်စားချည်းဖြစ်ကြ၍ ရိုးသားကြသည်။ ကျေးရွာသားတို့ သဘာဝအလျောက် ကြက်သမား၊ အရက်သမားများ ရှိကြသော်လည်း သူခိုးသူဝှက် မရှိချေ။ ဘယ်သူ့ အိမ်က ဘာပျောက်သွားသည်၊ ညာပျောက်သွားသည် မကြားရ။

ကျွန်တော့်အိမ်တွင် ကြက်,ဘဲ များ မွေးမြူထားသည်။ နွေရာသီဆိုလျှင် ကျွန်တော်တို့ တစ်အိမ်သားလုံး တောင်ကြီးသို့သွား၍ တစ်လလောက် နေလေ့ရှိရာ ကျွန်တော်တို့နံဘေး အိမ်က မထွေးအား ကြက်စာ,ဘဲစာ ဝယ်ပေးထားခဲ့သည်။ ကျွန်တော်တို့ ပြန်ရောက်သောအခါ ကြက်တစ်ကောင်၊ ဘဲတစ်ကောင် အပျောက်အရှမရှိ။ နောက်ပေါက်ကလေးများ တိုးပွားနေသည်ကိုသာ တွေ့ရ၏။

ဒါကြောင့် ကျွန်တော် ဤရွာကို သဘောကျ၏။ မေကလည်း နှစ်သက်၏။ ရွာထဲရှိ ကလေးတို့အား သူကတစ်လ ၅-ကျပ်နှင့် အင်္ဂလိပ်စာ သင်ပေး၍ သူ့ကို 'တီချာ-တီချာ'ဟု ခေါ်ကြသော တပည့်တပန်းတွေလည်း ရှိနေ၏။

ကျွန်တော်တို့ မူလပထမ ဤရွာလာစဉ်က ဤအရပ်ဤဒေသမှာ ခေတ္တခဏ သစ်မရမီ၊ ဝါးပေါင်းကွပ်သည့် သဘောသာ။ သို့သော် တော်တော်လေ။ အနေကြာလေတော့ ဤကျေးရွာကို နှစ်သက်လာပြီး အခြားသို့ ပြောင်းရွှေ့ရန် မရည်ရွယ်တော့။ ထိုစဉ်က ဖ-ဆ-ပ-လ အမတ် ဦးငွေးကြွယ်က ကျွန်တော့်အိမ်ကို ခဏခဏ လာနေတာပဲ။ ရန်ကင်းတိုက်ခန်းတွေ ကျွန်တော်လိုချင် အလွယ်ကလေး ရသပေါ့။ ယင်းကာလမှာ ရန်ကင်းတိုက်ခန်းတွေ တိုးချဲ့ ဆောက်နေတုန်း။ ထိုစဉ်အခါ မိုးကုတ် ကိုတင်မောင်လည်း ရန်ကင်း တိုက်ခန်းတစ်ခုမှာပဲ၊ ထွဏ်း နေနွယ်၊ မာလာသိန်းတို့နှင့် တစ်တန်းတည်း။ သို့သော် ဤကဲ့သို့ လူနေကျပ်တည်းသော အရပ်မျိုးကို

ကျွန်တော်မကြိုက်။ ဤရွာတန်းရှည်မှာသာ ကိုယ်တတ်နိုင်သောအခါ မြေပိုင် အိမ်ပိုင် ဝယ်တော့မည်ဟု စိတ်ပိုင်းဖြစ်လိုက်သည်။

သို့နှင့် အကြောင်းအားလျော်စွာပဲ ၁၉၆၀–ခုနှစ်မှာ ကျွန်တော်၏ 'ဘွန္တော ကြက်သူခိုး' ဝတ္ထုကို ဘီသုံးလုံး ကုမ္ပဏီ ကိုဘခန့်က ရုပ်ရှင်ရိုက်ပါရော။ ထိုခေတ်က စျေးနှုန်းအတိုင်းဝတ္ထုခ ၃၀၀၀–ကျပ်၊ ဇာတ်ညွှန်းရေးခ ၂၀၀၀–ကျပ်၊ ပေါင်း ၅၀၀၀–ကျပ်။ ကျွန်တော့် စာရေးဆရာဘဝ တာမှာ ပထမဦးဆုံးအကြိမ် ငွေများစွာရခြင်း။

ထိုအခါ ကျွန်တော်တို့၏စိတ်ကူးကို အကောင်အထည်ဖော်တော့မည်ဟု ဤရွာထဲမှာ အိမ်မြေရောင်းမည့်သူများ ရှိလေသလားဟု စုံစမ်းလိုက်တော့ ယခု ကျွန်တော်တို့ ငှားနေသော အိမ်ကလေးကိုပင် ပိုင်ရှင်က ရောင်းမည်၊ ဘယ်လောက်လဲဆိုတော့ လက်နိုင်ခြေနိုင် ကျွန်တော် တို့ ဝယ်နိုင်သော စျေးဖြစ်နေ၍ ကိုဘခန့်ထံမှ နောက် အရစ်ငွေရသောအခါ ဝယ်ရန် ဆုံးဖြတ် ချက်ချလိုက်၏။

## ဘဝကြမ္မာ

သို့သော် လူတို့၏ဘဝကြမ္မာကား ဆန်းပြားတတ်၏။ ကိုယ်လုပ်ချင်တိုင်းမဖြစ်။ သူ့ ကံကြမ္မာအတိုင်း ဖန်လာတတ်ချေသည်။

ယင်းသို့ အိမ်ဝယ်မည်ဟု စိတ်ကူးရှိနေစဉ် တစ်နေ့သ၌ ကျွန်တော့်အိမ်သို့ ကျွန်တော့် မိတ်ဆွေသင်္ဂဟတွေ လာနေကျအတိုင်း တောင်ကြီး ကိုမောင်မောင်(ယခုရှိသည်)နှင့် မင်းရှင်နောင် (ကွယ်လွန်ပြီ)တို့ ရောက်လာကြပြီ။ ကျွန်တော်တို့ ထုံးစံ အရက်သောက်နေကြစဉ် မင်းရှင်နောင်သည် ဘာစိတ်ကူးပေါ်လာသည်မသိ ရုတ်တရက် ကျွန်တော့် လက္ခဏာကို ကြည့်ပါ သည်။ မွေးနေ့၊ ရက်၊ လ၊ ခုနှစ်သက္ကရာဇ်ကို မေးပါသည်။ ကျွန်တော်က ပြောပြပြီး. . .

'ကိုယ့်လူ. . . ကောင်းတာရှိရင်သာပြော၊ မကောင်းတာတွေ့ရင် စိတ်မချမ်းသာဖြစ်ရမှာကို မပြောနဲ့'

သူသည် စာရွက်နှင့် တွက်ချက်ကြည့်ပြီး. . . . .

'ကိုယ့်လူဇာတာမှာ မကောင်းတာမရှိပါဘူး၊ ငွေကြေးမချမ်းသာသော်လည်း မရှိမရှားပါဘဲ၊ ကလောင်နာမည်လည်း ဘယ်တော့မှမကျပါဘူး'

'မကျအောင်လဲ ကျွန်တော်ကပဲ ကြိုးစားရမှာ မဟုတ်လားဗျ'

'ဟုတ်တာပေါ့၊ သို့သော် ကြိုးစားတိုင်းလည်း မဖြစ်တာတွေ ရှိသေးတယ်ကွ၊ ကဲ. . . ဒီနှစ် အတွင်းမှာ ကိုယ် ထူးထူးခြားခြား မြင်တာကို ပြောမယ်ဟေ့၊ မောင်ရင်ဟာ ဒီအိမ်ကလေးက မကြာခင် ပြောင်းရွှေ့ရတော့မယ်ကွ'

'အလိုလေး. . . ဘယ်ကိုပြောင်းရမှာလဲဗျာ'

'ဒီထက်ကောင်းတဲ့အိမ်'

'ကျွန်တော့်မှာ ဒီကရွှေ့ဖို့ ရည်ရွယ်ချက်မရှိဘူး'

''မောင်ရင့်မှာ ရည်ရွယ်ချက်မရှိပေမယ့် မောင်ရင် ကံဇာတာက ပြနေတယ်ခင်ဗျ'

'ဒါဟာ မဖြစ်နိုင်ဘူး၊ ကျွန်တော်က ဒီအရပ်နဲ့ဒီအိမ်ကလေးကိုလည်း နှစ်သက်တယ်ဗျာ။ ဒီရွာမှာလည်း ပျော်တယ်ဗျာ။ ဘယ်မှ ပြောင်းရွှေ့ချင်စိတ်မရှိဘူး။ နို့ပြီး ခင်ဗျားဟောကိန်း မဖြစ်နိုင်တာ ပြောရဦးမယ်။ ကျွန်တော်က ဟောဒီအိမ်ကလေးကို ဝယ်ဖို့ဆုံးဖြတ်ထားပြီးသားဗျ။ အခု ကျွန်တော့်ဝတ္ထုရိုက်တဲ့ 'ဘွင်္ဂေါ' ဇာတ်ကား ရုံတင်ပြီးရင် ကိုဘခန့်ဆီက ကျန်ငွေ ၂၀၀ဝ–ရမယ်။ အဲသည်တော့ ဝယ်မယ်လို့ ကျွန်တော်တို့လင်မယား တိုင်ပင်ပြီးသား'

'ဟုတ်တယ်. . . . ဆရာမင်းရှင်နောင်ရဲ့'

အနီးရှိ မေကပါ ထောက်ခံတော့ ဗေဒင်ဆရာ သူ့ဟာသူဇဝေဇဝါဖြစ်သွားပြီး သူတွက် ချက်ထားသည်များကို ကိုမောင်မောင်အား ပြသည်။ သူတို့နှစ်ယောက်သည် ဗေဒင်ပညာကို လေ့လာလိုက်စားထားသော အပျော်တမ်း ဝါသနာရှင်များ ဖြစ်ကြသည်။ အယူအဆချင်း တူညီ ကြသည်။ ထို့ကြောင့် နှစ်ယောက်သား ဘယ်သင်းက ဘာညာနှင့် ကျွန်တော် နားမလည်သော ဗေဒင်စကားတွေ ပြောကြပြီးနောက် ကိုမောင်မောင်က ရဲရင့်ပြတ်သားသောအသံနှင့်. . . .

'ကိုဆွေ. . . မင်းရှင်နောင်ပြောတာ ဟုတ်တယ်ဗျ၊ ခင်ဗျာ ဒီအိမ်က ပြောင်းရမှာတော့ မြေကြီးလက်ခတ်မလွဲပဲ'

'ဟောဗျာ. . . ကျွန်တော်မပြောင်းချင်လို့ မရဘူးလား'

'မရဘူး. . . မရဘူး၊ ကံကြမ္မာက ဖန်လာတယ်ဆိုရင် သိကြားမင်း မတတ်နိုင်ဘူး'

'ကျွန်တော်ကတော့ မယုံဘူးဗျာ'

'ဒီမှာ. . . . ဖိုးဆွေ၊ အချိန်က စကားပြောလိမ့်မယ်ကွာ'

မင်းရှင်နောင်ကပြော၍ ကိုမောင်မောင်က. . .

'အေး. . . အဲဒါအမှန်ဆုံးပဲ သူငယ်ချင်း'

အချိန်၏ယန္တရားတွင် သတ္တဝါတို့သည် ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်၊ တက်ချိန်တန်တက်၊ ကျချိန်တန်ကျ၊ ရချိန်တန်ရ၊ ကုန်ချိန်တန်ကုန်၊ ဘယ်အရာမျှ တည်မြဲသည် မဟုတ်။

သူတို့ ကျွန်တော့်အား ဖေဒင်ဟောကြပြီး သုံးလေးလမျှအကြာ ကျွန်တော် ကိုဘခန့်ဆီက ငွေ ၂၀၀ဝိ–ရပါသည်။ သူတို့ဖေဒင်ဟောတာလည်း မေ့နေပါပြီ။ ငွေရပြီးသည် နောက် ကျွန်တော်တို့လင်မယား မူလက အစီအစဉ်ရှိသည့်အတိုင်း တစ်ညနေခင်း၌ ကျွန်တော်တို့နှင့် တစ်အိမ်ကျော်ရှိ အိမ်ရှင် လင်မယားနှစ်ယောက်ထံသွား၍ ယခုနေသောအိမ်ကို ကျွန်တော်တို့ဝယ်မည်၊ ဘယ်လောက်လဲဟု မေးတော့ လင်မယားနှစ်ယောက် တီးတိုးတိုင်ပင်ကြ ပြီး ၁၂၀ဝိ–ရလျှင် ရောင်းမည်ဟုပြောရာ ကျွန်တော် ဘာမျှဆစ်မနေတော့ဘဲ၊ 'ကောင်းပြီ၊ မနက်ဖြန်မနက်တော့ ငွေချေစာချုပ်မယ်'ဟု ပြောပြီး ပြန်ခဲ့၏။ အိမ်ရောက်၍ မေ့အား ပြောပြတော့. . . .

'အို. . . . မောင်ကလည်း သူတို့ ထောင့်နှစ်ရာဆိုတော့ တစ်ထောင်လောက်ပေးလည်း ရောင်းမှာပဲထင်တယ်၊ မောင် ဆစ်ကြည့်ဖို့ကောင်းသေးတယ်'

'အို. . . ကိုယ်ပေးနိုင်တဲ့အခြေအနေ ရှိနေတာပဲကွာ၊ သူတို့ပြောတဲ့ဈေးရတယ်ဆိုပြီး ဝမ်းသာကြပါစေ'

သို့သော် ကျွန်တော်၏ စေတနာနှင့်စိတ်ထားတာ။ လွဲချော်ပြီး သူတို့စိတ်ထဲဝယ် ၎င်းတို့ဆိုသောဈေးကို ကျွန်တော်က မဆစ်ပဲပေးလိုက်သည်မှာ သူတို့အိမ်သည် ထိုထက်မက တန်နေလို့ သည်ထက်ပိုတောင်းလည်း ရမှာပဲဟု အောက်မေ့ကြဟန်တူ၏။ နောက်တစ်နေ့နံနက် ကျွန်တော် ငွေ ၁၂၀ဝိ ယူသွားသောအခါ သည်ဈေးနှင့် မရောင်းနိုင်တော့ဘူး။ ၁၅၀ဝိ ရမှဟု ပြော၏။

ကျွန်တော် အံ့အားသင့်သွားလျက်။

'ဟာ. . . ခင်ဗျားတို့ဟာက မနေ့ညနေကလဲ ထောင့်နှစ်ရာ၊ အခု ထောင့်ငါးရာဆိုတာ ဘယ့်နှယ့် တစ်ညထဲနဲ့ သုံးရာခုန်တက်သွားရတာလဲဗျာ'

ထိုအခါ မနေ့ညနေက ထောင့်နှစ်ရာ ပြောလိုက်သော ကိုမှတ်၏ အစ်ကို ကိုပန်းအေးက–

'မနေ့က ငမှတ် စကားပြော လောသွားတာပါ ကိုသော်တာရယ်၊ ကျွန်တော်တို့ ၁၅၀ဝိ ရမှာပဲ ရောင်းနိုင်ပါမယ်'

အကယ်တို ကိုမှတ်က မနေ့ညနေက ၁၅၀ဝိ ပြောလည်း ကျွန်တော်က ၁၅၀ဝိ ယူသွားချေမည်။ ယခုတော့ ကျွန်တော့်စိတ်ထဲ ထင့်ခနဲ ဖြစ်သွားပြီ။

'ခင်ဗျားတို့ ယောကျ်ားစကား မတည်ဘူးဗျာ၊ ကျွန်တော် မဝယ်တော့ဘူး'ဟု ပြောပြီး ပြန်လာခဲ့သည်။

အိမ်ရောက်၍ မေ့အား အကျိုးအကြောင်း ပြောပြတော့–

‘ကဲ. . . မောင့်မပြောလား၊ မနေ့ကသာ သူတို့ ထောင့်နှစ်ရာဆိုတာကို ကိုယ်က တစ်ထောင်ဆစ်လိုက်ရင် မလျှော့တောင် အခုလို ဈေးတက်သွားမှာ မဟုတ်တော့ဘူး၊ လူ့စိတ်ဆိုတာ ခက်သားလား မောင်ရဲ့’

သူ့စကားမှာ ဟုတ်သလိုလိုရှိနေ၍ ကျွန်တော် ငြိမ်နေရာ၊ သူက ဆက်လက်၍–

‘ခုတော့ စောင့်ကြည့်လိုက်ဦးပေါ့ မောင်ရာ၊ သူတို့အိမ်ကို မေတို့ကလွဲပြီး တခြား ဝယ်မယ့်သူလဲ မရှိပါဘူး၊ တော်တော်ကြာလို့မှာ သူတို့က လျှော့ပုံမပေါ်တော့လဲ ၁၅၀၀ ပဲ ပေးလိုက်တာပေါ့၊ ကိုယ့်လက်ထဲ ငွေရှိနေတဲ့ဥစ္စာပဲ’’

ယင်းသည် ငွေ ၁၂၀၀ နှင့် ၁၅၀၀၊ ၃၀၀ ကွာ၍ တော့လွဲကလေး လွဲခြင်းသည်ပင်လျှင် ကျွန်တော်တို့ဘ၀တာမှာ ဤအိမ်ကလေးနှင့် ဤခြံမြေကျယ်ကြီးကို မပိုင်ဆိုင်လိုက်ရခြင်း ဖြစ်တော့၏။

အကယ်တိ ထိုစဉ်က ထေင့်ငါးရာနှင့်သာ ဝယ်ခဲ့မည် ဆိုပါလျှင် အနံပေ ၅၀×အလျား ပေ ၃၀၀ လောက်ရှိသော ခြံရှည်ကြီးကလား။ ခုခေတ်၊ ခုအချိန်၊ ခုဈေးမျိုးမှာ တစ်အိမ်ရာစာ ပေ ၅၀ ပတ်လည်စီ ခွဲရောင်းပါ။ တစ်ကွက်ကို လေးငါးခြောက်သောင်းစီ ရနိုင်သောကြောင့် ကျွန်တော်တို့မှာ မိမိတို့ တစ်အိမ်စာ ကောင်းကောင်းကြီး ရှိနေသည့်အပြင် ငွေနှစ်သိန်းလောက် လည်း လက်ဝယ် ပိုင်ဆိုင်ပေလိမ့်မည်။

သို့သော် ကျွန်တော်တို့ကံဇာတာမှာ ဤကဲ့သို့ငွေကြေး ချမ်းသာကိန်း မရှိလေသဖြင့် ဖော်ပြခဲ့သည့်အတိုင်း တစ်ဖက်နှင့်တစ်ဖက်ငွေကလေး ၃၀၀ စကားပြောနေသည်ကြောင့် မဝယ်ဖြစ်ခဲ့တော့ဘဲ ကိုမောင်မောင်နှင့် မင်းရှင်နောင်တို့ ဗေဒင်ဟောသည့် အတိုင်းပင် မိမိတို့ ကံကြမ္မာ ပို့ဆောင်ရာ ယခု စွန့်ခွာခဲ့ရသော ၆–မိုင် မာလကာခြံ၊ စွပ်ကျယ်စက်လမ်း နေအိမ်သို့ ၁၉၆၀–ခုနှစ်၊ ဇူလိုင်လ ၆–ရက်နေ့တွင် ပြောင်းရွှေ့ခဲ့ရပါတော့သတည်း။

ဒါကြောင့် ကျွန်တော်တို့မှာ–

ဖြစ်ချင်တာလည်း. . . မဖြစ်ရပါ၊
မဖြစ်ချင်တာလည်း. . . ဖြစ်ရတာ၊
အဲဒါ. . . အဲ့ဒါ. . . ဘ၀သံသရာ။

လူ့ဘဝဆိုတာ ကံပစ်ချရာ ကျရောက်သွားကြတာပဲ ဆိုသည်ကို ဟိုတုန်းကဖြင့် ကျွန်တော်က ယုံချင်သလိုလို၊ မယုံချင်သလိုလို ဂျစ်ကန်ကန်ကလေး နေခဲ့ရာမှ ဟော–ယခုတော့ ဖြင့် ယုံပါပြီခင်ဗျာ၊ ယုံပါပြီ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော် ယခု ရောက်နေသော အင်းစိန်မြို့ မဂ္ဂင်ကျောင်း လမ်းဆိုသည်မှာ ဟိုယခင်က လူ့ပြည်တွင် ရှိလိမ့်မည်ဟုပင် ကျွန်တော် မသိခဲ့ပါ။ အင်မတန် ချောင်ကျလှ၏။ ကျွန်တော့်ချွေးမ နီရာက ထိုအရပ်မှာ သူ့မိတ်ဆွေတစ်ယောက် ရှိသည်နှင့် သွားရောက် လည်ပတ်ရာမှ အိမ်ဈေး မြေဈေးတွေ အလွန်ပါကြောင်း သူ့ယောက္ခမ ကျွန်တော့် ဇနီးအား ပြောပြသည်။ ယင်းအချိန်မှာ နီရာ၏ယောကျ်ား မေ၏သား ခင်မောင်စိုးက (ကျွန်တော့် စာဖတ်သူများ သိကြသည့်အတိုင်း) ဘိန်းဖြူမှုနှင့် ရင်းငြိမ်ရဲဘက်စခန်း ရောက်နေရာက လွတ်ခါနီးပြီ ဖြစ်သောကြောင့် မအေကြီး စဉ်းစားမိသည်မှာ ဒီသားကို ဤအရပ်ကအပေါင်း အသင်းများနှင့် ဝေးကွာရာတွင် အိုးအိမ် သီးသန့် ခွဲပေးလိုက်ပါကသင်း အိမ်ထောင့်တာဝန်သိပြီး ရှေ့ဆက် မမိုက်တော့မှာဟု စိတ်ကူးရပြီး လူနေဖြစ်ရုံ တဲအိမ်ကလေးတစ်လုံးနှင့် ပေ ၃၀×၆၅ ခန့် ရှိသော ဤခြံမြေကို တစ်သောင်းနှစ်ထောင်နှင့် ဝယ်လိုက်ခြင်း ဖြစ်ပါ၏။

သည်ငွေက ကျွန်တော် စာရေးလို့ ရတာထဲက စုထားတဲ့ငွေလား။ မဟုတ်ပါဘူးဗျာ။ ကျွန်တော် လစဉ် စာရေးလို့ရတာက မိသားစု စားလောက်ရုံပါပဲ။ ရာဂဏန်းမှ မပိုပါဘူး။ မေတို့ မိဘများရဲ့ တောင်ကြီးက အိမ်နဲ့ခြံကို ခွဲစိတ်ရောင်းကြတော့ မေ အမွေရခဲ့တဲ့ ငွေဗျ။ ညီအစ်မ လေးယောက် ခွဲယူလိုက်ကြတာ။ မေ ဘယ်လောက်ရခဲ့သလဲ ကျွန်တော်မသိပါ။ ကျွန်တော်က လည်း မမေးပါ။ သူကလည်းမပြောပါ။ ထိုအမွေကိုယူရန် သူသွားစဉ်က မိုးတွင်းကြီးမို့ ကျွန်တော် လိုက်မသွားပါ။ သူပြန်လာတော့ မြေးမကလေး နှစ်ယောက်အတွက် တောင်ကြီးမှဝယ်ခဲ့သော ဆွဲကြိုးကလေး နှစ်ကုံးပဲ ကျွန်တော့်ကို ပြပါသည်။ နောက် ဒီခြံဝယ်တော့လည်း ကျွန်တော် မသိပါ။ သူ့သား ခင်မောင်စိုး ထောင်ကလွတ်လာပြီး သူ့အစီအမံဖြင့် နီရာနှင့် လင်မယား နှစ်ယောက် သွားနေကြတော့မှ ဩော်. . ဒီလိုကိုး ကျွန်တော် သိရတော့တယ်ဗျ။

သို့သော် မအေကြီး မှန်းချက်နှင့် နှမ်းထွက် မကိုက်ချေ။ အဘယ်ကြောင့်ဆိုသော် သားတော်မောင်သည် ရင်းငြိမ်မှ ၁၄–၁–၈၅ က လွတ်လာသည်။ ၇–လသာသာမျှ ကြာပါသည်။ ၂၅–၈–၈၅ နေ့ နံနက်စောကြီး နီရာတစ်ယောက်တည်း ပုဆိုးပိုက်ကာ စောင် ပိုက်ကာနှင့် အိမ်ပြန်ရောက်လာသည်။ အကြောင်းမှာ ခွေးမြီးကောက် ကျည်တောက်စွပ် ဖြစ်သည့် ဘိန်းဖြူ၏ သားကောင် ခင်မောင်စိုးအား တတိယအကြိမ်မြောက် ရဲက ဆွဲသွားပြန်ချေပြီ။

ယခင်အကြိမ်က ၄–နှစ်၊ ယခုအချိန်တွင် ဘယ်နှစ်နှစ် ချတော့မည်နည်း။ သူ့အတွက် ဝယ်ခဲ့သော ဤခြံမြေနှင့် တဲပုတ်ကို အဘယ်သို့ လုပ်ပါတော့အံ့နည်း။

သို့သော် ကြာရှည်ကြီး စဉ်းစားနေစရာ မလိုတော့ပါချေ။ ကျွန်တော့် ဘဝကံ ပစ်ချခဲ့ရာ မာလကာခြံတွင် ကျွန်တော်နေရသည့် သက်တမ်းက ၁၉၆၁–ခုနှစ်၊ ဇူလိုင်လ ၆–ရက်နေ့မှ ၁၉၈၆–ခုနှစ်၊ ဇူလိုင်လ ၄–ရက်နေ့တွင် ကုန်ဆုံးပြီဖြစ်၍ မာလကာခြံတွင် နေမဖြစ်နိုင်လောက် အောင် အခြေအနေက ဖန်တီးလာပြီဖြစ်ရကား ထိုအခါတွင် ခင်မောင်စိုးအတွက် ဝယ်ထားသော မြေကွက်ကလေးက 'တိုင်း၍ရက်တဲ့ ပက္ကလာ မိုးရွာတာနှင့်အသင့်' ဆိုသော ဦးပုည၏စာအတိုင်း ထိုခြံကလေးမှာ အိမ်အမြန်ဆောက်၍ ၄–၇–၈၆ နေ့တွင် ကျွန်တော်တို့ ပြောင်းရွှေ့ခဲ့ပါတော့ သတည်း။

## ပထမဦးဆုံး နံနက်

ဤ မဂ္ဂင်ကျောင်းလမ်းအိမ်ကလေးတွင် ၁၉၈၆–ခုနှစ်၊ ဇူလိုင်လ ၅–ရက်နေ့သည် ကျွန်တော်တို့၏ ပထမဦးဆုံး နံနက် ဖြစ်လေသည်။

အကျင့်ရနေပြီဖြစ်သော ကျွန်တော်သည် နံနက် ၃–နာရီကျော်ကျော်တွင် နိုးသည်။ ရုတ်တရက်မူ မနေ့ညနေကမှ ပြောင်းခဲ့သော ယခင် မာလကာခြံ နေအိမ်ပဲအောက်မေ့မိ၍ထပြီး မီးဖွင့်တော့မည်ဟု ကိုယ်ကို လူးလွန့်လိုက်စဉ်မှာပင် ကျွန်တော် ချက်ချင်း သတိရသည်။ ဤအိမ် မှာဖွင့်စရာ မီးမရှိ။ ၁၉–၉–၈၆ နေ့က လျှပ်စစ်မီးသွယ်ခွင့် လျှောက်ထားသည်။ ယခုထိ အမိန့် မရသေး။

ရေနံဆီလည်း ဝယ်မရသဖြင့် ဓာတ်ဆီကို ဆားခတ်ပြီး မီးထွန်းသော ဤအရပ်သားများ၏ နည်းကိုလည်း ကျွန်တော်တို့မသိသေး၍ ဈေးကြီးလှသည့် ဖယောင်းတိုင်များကို ဝယ်ထားရသည်။

ကဲ–အခုည ၃–နာရီလောက်ကြီး ဖယောင်းတိုင်မီးထွန်းလို့ကော ဘာလုပ်မည်နည်း။ စာရေးရေ။ စာဖတ်မရနှင့်။ သည်တော့ ကျွန်တော် အိမ်ရာက မထတော့ဘဲ နဖူးပေါ်လက်တင်ပြီး စဉ်းစားတော့သည်။

မာလကာခြံ အိမ်မှာတုန်းကဆိုလျှင် နံနက် ၃–နာရီခွဲမှာ ကျွန်တော်တို့လင်မယား နှစ်ယောက် အိပ်ရာထကြပြီး ကျွန်တော်က စာရေး၊ သူက မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲ ဟင်းချက်။

မေသည် ဇူလိုင်လ ၄–ရက်နေ့ ပြောင်းရမည်ကို ၂–ရက်နေ့ထိ မုန့်ဟင်းခါးဆိုင် ထွက်ခဲ့ သေးသည်။ အခု အင်းစိန်ရောက်တော့ ရန်ကုန် ဘာလမ်း က–ည–န ကို ကားခမတတ်နိုင်တော့

လို့ဗျို့။ အဲဒီတော့မှ ကျွန်တော် သက်သာသွားတာတွေကို တွေးတွေးပြီးတော့ ဒီ မဂ္ဂင်ကျောင်း လမ်းအိမ်ကိုရောက်တာ 'ငါ့ကို စိုင်ကော်လို့ ချုံပေါ်ရောက်တာပဲ' ဟု စဉ်းစားမိတော့၏။

ဟို မာလကာခြံအိမ်မှာနေစဉ် ဒေါ်မေတို့ မုန့်ဟင်းခါးဆိုင် ထွက်နေတုန်းကများဗျာ၊ နံနက် ဝေလီဝေလင်း ၅–နာရီခွဲလောက် ကျွန်တော် စာရေးစားပွဲက ထပြီး ဘူးသီးကြော် သွားယူ ရတယ်။ ပြန်ရောက်တော့ တစ်ခါ အရပ်ထဲက ဈေးကလေးမှာ နံနံပင်၊ ရှောက်သီး၊ ငရုတ်သီးမှုန့် စသည်များ ဝယ်ရပြန်တယ်။

အဲ. . . ဟင်းတွေကျက်၊ ရောင်းချဖို့ ပစ္စည်းတွေစုံတော့ ၆–နာရီခွဲ၊ ၇–နာရီ မတ်တင်း လောက်မှာ ပြည်လမ်းမထွက်၊ လေးဘီးကားပြာ ငှားရပြန်သဗျ။

လူ့မုန့်ဟင်းခါးဆိုင်အတွက် ကျွန်တော် လုပ်ရတဲ့ တာဝန်တွေ အားလုံးထဲမှာ အဲဒီ လေးဘီးကား ငှားရတဲ့ကိစ္စတို့ ကျွန်တော် စိတ်အပျက်ဆုံးပဲ။ ရှောရှောရှူရှူဖြစ်တာထက် မလွယ် ကူတဲ့ ရက်တွေက များပါတယ်။ ရှောရှောရှူရှူဖြစ်တယ် ဆိုတာက လမ်းထွက်စောင့်လို့ ဆယ့်လေးငါးမိနစ်လောက်အတွင်းမှာ ကိုယ်ပေးနေကျဈေးနဲ့ရတဲ့အခါ၊ မလွယ်ကူဘူးဆိုတာက နာရီဝက် တစ်နာရီ ကြာသည့်တိုင်အောင် အပေါက်အလမ်း မတည့်။ လမ်းကြားထဲ မဝင်နိုင်ဘူး ဆိုတာတွေ၊ မတန်တဆ ဈေးတောင်းတာတွေ၊ ကျွန်တော့်မှာ တစ်စီးပြီးတစ်စီး လက်တား၍ စကားပြောရ၊ မိုးရွာနေသော် ထီးဆောင်းလျက်။

အဲ–တစ်နေ့မှ ကားမရတဲ့ အခါရယ်တော့ မရှိပါဘူး။ နောက်ဆုံး ၇–နာရီခွဲ ကျော်လာပြီ ဆိုလျှင်တော့ တောင်းတဲ့ဈေး ပေးခေါ်ခဲ့ရတာပေါ့ဗျာ။

အဲ–မကြီးရွှေစာ ရောင်းစရာ အပြည့်အစုံကို ကားပေါ်တင်ပေးလိုက်ပြီး သူ့အိမ်က ထွက်သွားပြီဆိုမှပဲ ဟင်း. . . ခနဲ သက်ပြင်းကြီး ချလိုက်ရတယ်။ တစ်နေ့တာအတွက် ကိစ္စအေးပြီ ပေါ့။

သို့သော် အိမ်မှာ မနားရသေးပါဘူး။ မနက်ဖြန်ခါအတွက် အလုပ် စ , ရပြန်ပါတယ်။ ဈေးထဲသွား၊ မုန့်ဟင်းခါးအတွက် ငါးဝယ်၊ အုန်းနို့ခေါက်ဆွဲအတွက် ကြက်သားဝယ်။ အဲဒါတွေကို ချွေးမ နိုရာက ဟင်းကိုင်၊ ကြက်သားခုတ်၊ ငါးပြုတ်က သူ့တာဝန်ပါ။

မြေးအပျိုပေါက်နှစ်ယောက်က မနက် ၆–နာရီ ကျောင်းသွားရသဗျ။ နိုရာက ပြည်လမ်း ဘူတာအနီးရှိ ဘစ်ရှော့ဟုမ်းဝင်းထဲက မူကြိုကျောင်းဆရာမ။ သူက ၉–နာရီလောက် အိမ်က ထွက်ရတယ်။

အဲဒီ နောက်ပိုင်းမှာတော့ ကျွန်တော်က အိမ်မှာ တစ်ယောက်တည်းရယ်။

မနက်စာ ဟင်းကိုတော့ မေရော နိုရာရော ကျွန်တော်ရော အဆင်သင့်သလို ချက်ကြတာပဲ။ ကျောင်းသွားသူတွေက ထမင်းဘူး ယူသွားကြတယ်။ ကျွန်တော် တစ်ယောက်တည်းပဲ အိမ်မှာ ၁၁– နာရီလောက် ထမင်းစားတယ်။ မေကတော့ သူ မုန့်ဟင်းခါး ဆိုင်သိမ်းပြီး အိမ်ပြန်ရောက်တော့မှ။

အချိန်ကတော့ မမှန်ပါဘူး။ ၁၂–နာရီဆိုတာ အစောဆုံးပါ ပဲ။ တစ်ခါတစ်ရံများ နေ့လယ် ၂–နာရီလောက်မှ။

မုန့်ဟင်းခါး စောစောကုန်တဲ့အခါလည်းရှိ။ မကုန်တဲ့အခါလည်းရှိ၊ နို့ပြီး အပြန်မှာက သူ့ မုန့်ဟင်းခါးအိုး၊ အုန်းနို့ခေါက်ဆွဲအိုး၊ အကြီးထဲ အဝယ်ထည့်လို့ ဟိုဒင်းသည် ဒင်းထည့်တဲ့ ကြိမ်ခြင်းကြီး တစ်ခုနဲ့ဆိုတော့ ဘတ်စ်ကား စီးနိုင်တာ မဟုတ်ဘူး။

ဆူးလေဘုရား အပိုင်းနား တိုးရစ်ဘားမား ရှေ့ကနေပြီး တစ်ယောက် နှစ်ကျပ်ပေးရတဲ့ လေးဘီးကားပြာလေးတွေ စီးရသဗျ။ အဲဒီကားကလေးတွေကလည်း မြန်မြန်ရတာ ရှိတယ်၊ ကြာကြာစောင့်ရတာရှိတယ်။

မကြီးရွှေစာ အိမ်ပြန်ရောက်လာတဲ့အခါ ခဏတစ်ဖြုတ်နား၊ ထမင်းစားပြီးတော့ တစ်ရေး တစ်မော အိပ်။

မြေးမ နှစ်ယောက် ၁၂–နာရီကျော်လောက် ကျောင်းက ပြန်ရောက်လာတော့ အုန်းသီးခြစ်၊ အုန်းနို့ ညှစ်ရတယ်။ မနက်က ပြုတ်ထားတဲ့ ကုလားပဲကို အနှစ်ဖြစ်အောင် ဆန်ခါနဲ့ တွန်းရတယ်။

ပြုတ်ပြီးသားငါးကို အရိုးအသားခွာပြီး အရိုးကို ငရုတ်ဆုံထဲထည့်ထောင်း၊ အရည် ဝင်ယူရတယ်။ ကြက်သွန် ဖြူနီ၊ ချင်း၊ စပါးလင်တွေ ထောင်းရတယ်။ ဒီအလုပ်ဟာ သိပ်လက်ဝင်တယ်။ ဘယ်သူမှ မနေရဘူး။ အိမ်ရှိလူကုန် လုပ်ရတယ်။

အဲ. . . သူတို့ ဘွားအေကြီး နိုးလာတဲ့အခါမှာ အုန်းနို့ခေါက်ဆွဲ ချက်ဖို့ ကြက်သားနဲ့ မုန့်ဟင်းခါးချက်ဖို့ ငါးကို ဆီသတ်ပြီး ပဲအိုးကိုတည်၊ အုန်းနို့အုံးကိုကျိုထား၊ ထိုသရောအခါ နက်ဖြန်မနက် ထချက်ဖို့ အားလုံး အဆင်သင့် ဖြစ်သွားကပြီ။

အဲ နောက်တစ်နေ့နံနက် မိုးသောက် အလင်း မရောက်မီ ၃–နာရီခွဲလောက်မှာ ကျွန်တော် အိပ်ရာက အစောဆုံးထ၊ မီးသွေးမီးဖိုကြီးနှစ်ဖို မီးမွှေး၊ မီးစွဲပြီဆိုတော့ မေ့ကိုနှိုး။ သူက ခေါက်ဆွဲဟင်းနဲ့ မုန့်ဟင်းခါးဟင်း နှစ်အိုးချက်နေစဉ်အခါမှာ ကျွန်တော်က စာရေးစာပွဲ ထိုင်၊ ၅–နာရီခွဲလောက်ကျတော့ အစက ဖော်ပြခဲ့တဲ့အတိုင်းပေါ့ဗျာ။

နံနက် ဝေလီဝေလင်းမှာ ဘူးသီးကြော်သွားဝယ်၊ နောက်အိမ်နားက ဈေးကလေးမှာ နံနံပင်နဲ့ရှောက်သီး သို့မဟုတ် သံပရာသီးဝယ်၊ နောက် ၆–နာရီခွဲ ၇–နာရီ မတ်တင်းလောက်မှာ ပြည်လမ်းမထွက်၍ ကားငှား။

အဲလိုချည်း ကျွန်တော်လုပ်ခဲ့ရတာ။ ၁၉၈၁–ခုနှစ်၊ ဇွန်လ ၁–ရက်နေ့ကစပြီး ၁၉၈၆–ခု၊ ဇူလိုင်လ ၂–ရက်နေ့အထိပါခင်ဗျာ။

၅–နှစ်နှင့်တစ်လ တစ်ရက်စွန်းသေးဗျ။

## ဘာကြောင့် မုန့်ဟင်းခါးဆိုင် ထွက်ပါသနည်း

စာရေးတာနဲ့ မစားလောက်လို့လား။ နို့-မဟုတ်ပါဘူး။ သူ့အိုးနဲ့သူ့ဆန် တန်ရုံ ချင့်ချင့် ချိန်ချိန် သုံးမယ်ဆိုရင် လောက်ပါတယ်ခင်ဗျာ။ ကျွန်တော် ရေးအား ကောင်းနေတုန်းပဲဗျ။ သို့သော် ဒေါ်မေက အသုံးအစား လောဘကြီးတယ်။ ဒီကိစ္စဟာ သူရှည်တာဗျ။

အဖြစ်က ဒီလို။

သူ့သား ဘိန်းဖြူမှုနဲ့ ကျောင်းဆရာအလုပ်က ပြုတ်သွားတော့ မြေး အပျိုပေါက် နှစ်ယောက်နဲ့ သားနဲ့ချွေးမ အိမ်ပေါ်တင် ကျွေးထားရတဲ့ကိစ္စ။ ကျွန်တော့်လုပ်စာချည်း စားနေလို့တော့ မဖြစ်ဘူး။ အလုပ်လက်မဲ့ ဖြစ်နေတဲ့ သူ့သားနဲ့ တစ်နည်းတစ်လမ်း ဝင်ငွေရ အောင်ပေါ့။ မူလ ကြံစည်စဉ်က သူတို့ သားအမိနှစ်ယောက် နေ့စဉ် ဆိုင်ထွက်ဖို့ပေါ့။

ဒါဖြင့် ဝေးဝေးလံလံ သွားမနေဘဲ ကိုယ့်အရပ်ထဲမှာ ဈေးကလေးရှိနေတာပဲ။ ကိုယ့် အိမ်ရှေ့မှာပဲဖြစ်ဖြစ် ရောင်းပေါ့။ မုန့် သုံးလေးပိဿာတော့ ကုန်မှာပေါ့။ ဒါဆို တစ်နေ့ သုံးလေး ဆယ် မြတ်နေပြီ မဟုတ်လား။

ဟုတ်တာပေါ့။ သိပ်ဟုတ်။ သို့သော် ဒါက လူမိုက်နောက်မှ အကြံရတာဗျို့။

မူလကတော့ ဒေါ်မေတို့ စာရေးဆရာကြီးကတော် လုပ်နေပြီး အရပ်ထဲမှာ မုန့်ဟင်းခါး ဆိုင် ထွက်ရမှာ စိတ်မရဲဘူး ရှက်နေတယ်။

နို့ပြီး ဒီအရပ်ထဲမှာ လက်ရှိဆိုင်ကလေးတွေနဲ့ ပြိုင်ရောင်းလို့ကော ကောင်းပါ့မလား။ တစ်နေ့ ဘယ်နှစ်ပိသာကုန်မှာလဲ။ သူတို့ကလေးတွေမှ တစ်နေ့ ၂-ပိဿာခွဲ ၃-ပိဿာကို ခဲခဲ ယဉ်းယဉ်း ရောင်းနေရတာ။ နို့ပြီး အရပ်ထဲဆို အကြွေးကကျဦးမယ်။

ဟုတ်တာပေါ့။

ကဲ-ဒီတော့ တခြားနေရာရှာမယ်။

အဲဒီအခါမှာ သူတို့နဲ့တွဲဖက် ဆိုင်ထွက်မယ့်လူက ပေါ်လာတယ်ဗျ။ ဘယ်သူလဲဆိုတော့ မောင်ငွေးနီတဲ့ခင်ဗျာ။ မေ၏သားကြီး ခင်မောင်ဦး၏ဇနီး ခင်ကြီးရှိန်၏မောင် အရပ်ရှည် တောက်တောက် ငေါက်စင်းစင်းနဲ့ အင်မတန် သွက်လက်ဖျတ်လတ်တဲ့ သူငယ်တစ်ယောက်ပေါ့။ သူ့မှာက ဒီဂရီရ၊ ကျောင်းကထွက်ပြီး ဇနီးနဲ့ ကလေးက တစ်ယောက်နဲ့၊ အလုပ်က မယ်မယ်ရရ မရှိသေးဘူး။

သဟာနဲ့ သူ့အဆိုပြုလာတာက ကမ္ဘာအေးလမ်း၊ ဟိုတုန်းက နန်ယန်ကျောင်း၊ အခု အ-ထ-က ရှေ့မှာ ဆိုင်တစ်ဆိုင်ရှိတယ်။ စပေါ် ၂၅၀၀ ကျပ်၊ လခ ၁၀၀ ကျပ်၊ ဒီနေရာ ဈေးရောင်း လို့ ကောင်းမယ်။

တိုက်ကြီးတာကြီးတွေနဲ့ လူချမ်းသာ ရပ်ကွက်ပဲ။ အန်တီမေက မုန့်ဟင်းခါးဆိုင်ထွက်၊ ကျွန်တော့် မိန်းမက သစ်သီးမျိုးစုံ ရောင်းမယ်၊ ကျွန်တော်က တက္ကစီမောင်းမယ်။ မနက်ဆိုရင် ကျွန်တော့်မိန်းမနဲ့ အန်တီမေကို ကျွန်တော့်ကားနဲ့ ဆိုင်ကိုပို့မယ်။ ဆိုင်သိမ်းချိန်မှာ ကျွန်တော် လာခေါ်မယ်။

ကဲ–မောင်ငွေးနီ ပြောပြတာ ဖြူးလို့။

ဒါနဲ့ ဒေါ်ရွှေမေတို့ရှိတဲ့ ရွှေကလေးတွေကို ပေါင်ပြီး ဆိုင်စပေါ်ပေးလိုက်တယ်၊ မုန့်ဟင်းခါးရောင်းဖို့ အိုးခွက် ပန်းကန်တွေ ဝယ်ရတယ်။ ဆိုင်ထွက်ဖို့ စားပွဲသုံးလုံးနဲ့ ခေါက်ကုလားထိုင် တစ်ဒါဇင် ဝယ်ရတယ်။

ဟောဗျ။ တကယ်တမ်းကျတော့ မောင်ငွေးနီ ပါမလာတော့ဘူး။ သူက ရေရှည်စီမံကိန်း သမား မဟုတ်ဘူး။ လေရှည်စီမံကိန်းသမားကိုဗျ။

မေ့မုန့်ဟင်းခါးဆိုင်နဲ့ တွဲဖက်ပြီး သူ့ဇနီးကို သစ်သီးမျိုးစုံ ရောင်းစေမယ်၊ သူက တက္ကစီ မောင်းမယ်ဆိုတာက သူ့စိတ်ကူးကိုဗျ။

သူတို့မိသားစုက ဝင်ဒါမီယာထဲက လူချမ်းသာတွေ၊ ကားစီးနိုင်တဲ့ အသိုင်းအဝိုင်းဆိုတော့ သူ့မှာ ကိုယ်ပိုင်ကားမောင်းလိုင်စင် ရှိသဗျ။

သို့သော် တက္ကစီ လိုင်စင်အနီရဖို့က ကိုယ်ပိုင်ကားမောင်းလိုင်စင်ရတာ ၅–နှစ်ကြာမှလို့ မော်တော်ယာဉ် ဥပဒေက ရှိနေတော့ မောင်ငွေးနီမှာ နှစ်မပြည့်သေးလို့ တက္ကစီလိုင်စင် မရဘူး။

ဒီတော့ သူ တက္ကစီကား မမောင်းနိုင်တော့ဘူး။

အဲဒီအခါမှာ ဒေါ်မေကြီး မုန့်ဟင်းခါး တစ်ဆိုင်တည်း ထွက်ရတော့တာဗျို့။ ဘယ့်နှယ် လုပ်မလဲ။ ဆိုင်စပေါ်လည်း ၆–လ စာချုပ်နဲ့ ပေးပြီးနေပြီ။ ဆိုင်ထွက်ဖို့ ပစ္စည်းကိရိယာတွေလဲ ဝယ်ပြီးနေပြီ။

တော်ပါသေးရဲ့။

အဲဒီအချိန်တုန်းက ကျွန်တော်တို့အိမ် မျက်စောင်းထိုးအိမ်က ကိုချစ်စိန်မှာ သုံးဘီးကား ကလေး ရှိနေလို့။ နန်ယန်ကျောင်းရှေ့က မုန့်ဟင်းခါးဆိုင်ကို ရှစ်ကျပ်နဲ့ မနက်တိုင်း လိုက်ပို့ပါ တယ်။

အပြန်တော့ကြုံရာကား၊ ရရာဈေးနဲ့ပဲ လမ်းကြုံလို့ ငါးကျပ်နဲ့ ရတာလဲရှိတယ်။ တစ်ဆယ်အထိ ပေးရတာလဲရှိ။

အဲသည့် ပွဲဦးထွက်မှာတော့ ဒီမုန့်ဟင်းခါးဆိုင်ကိစ္စ။ ကျွန်တော့်တာဝန်ချည်း မဟုတ်သေး ဘူးဗျ။ သူ့သား ခင်မောင်စိုး ဘိန်းဖြူမှုက ပထမဆုံး အကြိမ်မို့ အမှုစစ်ပြီးတော့ ထောင်တစ်နှစ် ချတာ ချုပ်ရက်နဲ့ပဲ လွတ်လာပြီ ဖြစ်သည့်အတွက် သားအမိနှစ်ယောက် လုပ်တာက များသဗျ။ သူတို့နှစ်ယောက်ပဲ ဆိုင်ထွက်ကြတယ်။

မုန့်ချက်နဲ့ နှမ်းထွက်

သို့သော် မုန့်ချက်နှင့် နှမ်းထွက်က တက်တက်စင်အောင်လွဲ၏။ မူလက မောင်ငွေးနီ လေရှည်စီမံကိန်း၌ ပြောကြားခဲ့သည်မှာ–

'အန်တီမေ့ မုန့်ဆိုင်ဟာ ပထမတော့ နန်ယန်ကျောင်းသား လောက်နဲ့ပဲ၊ နောက်တော့ အန်တီမေ လက်ရာကောင်းကြောင်း သိသွားကြသောအခါ နီးဝေးရပ်ခြား ကျော်ကြားလာပြီး ကိုယ်ပိုင်ကားတွေနဲ့ကို လာစားကြမှာ၊ ချိုင့်ကြီးချိုင့်ငယ်နဲ့ ဝယ်ကြမှာ၊ အလှူမင်္ဂလာပွဲတွေအတွက် အော်ဒါမှာကြမှာ၊ အဲဒီတော့ အန်တီမေတို့ သူဌေးဖြစ်ပြီ၊ ကိုယ့် မုန့်ဟင်းခါးဆိုင်ကို ကိုယ်ပိုင်ကားနဲ့ ထွက်ရမယ်၊ ဦးလေးဆွေ ကားမောင်းတတ်လား'

ကျွန်တော့်ကို မေးသဖြင့်–

'တတ်ပါဘူးကွာ'

'သင်ထားသဗျ'

မုန့်ဟင်းခါးဆိုင် အောင်မြင်၍ ချမ်းသာသွားကြသော လူတွေအကြောင်းလည်း ကျွန်တော်တို့ ကြားဖူးသဖြင့် မောင်ငွေးနီစကား ဟုတ်နိုးနိုး ကျွန်တော် အောက်မေ့မိသွား၏။ ကိုယ့်ဇနီး မုန့်ဟင်းခါးချက် ကောင်းကြောင်းလည်း သိထားသကိုး။

သို့သော် ပစ္စည်း ဘယ်လောက်ကောင်းကောင်း၊ ရောင်းသည့်နေရာက စကားပြော၏။ ဈေးလို၊ ကားဂိတ်လို၊ မြစ်ဆိပ်လို၊ ဘူတာရုံလို လူတွေ ဥဒဟိုသွားလာ၍ အမြဲမပြတ်စည်ကား နေသောဌာနမှာ ဆိုင်ဖွင့်နိုင်၍ စွံပါမှ ကြီးပွားသွားနိုင်ခြင်း ဖြစ်ပါသည်။

ယခု မောင်ငွေးနီ ရှာဖွေပေးသောနေရာက ကျောင်းသားတွေ ကျောင်းတက်၊ ကျောင်းဆင်းချိန်မှတစ်ပါး လူမစည်ကား။ ကမ္ဘာအေးလမ်းတစ်လျှောက် ပြေးလွှားနေကြသော ဘတ်စ်ကားတွေ၊ လိုင်းကားတွေ၊ ကိုယ်ပိုင်ကားတွေသာ တဝီးဝီးမောင်းနေကြ၏။ မုန့်ဟင်းခါး စားမည့်သူကား ကျွန်တော်တို့ ဆိုင်အနီးအနားက လူအနည်းငယ်နှင့် ကျောင်းသားအချို့သာ။

ဘာကြောင့် မုန့်စား ကျောင်းသားအားလုံး မလာပါသနည်း။ ကျောင်းဝင်းထဲမှာ လိုင်စင်နှင့်ရောင်းသော မုန့်ဟင်းခါးဆိုင်တွေက ရှိနေပြီးဖြစ်ပါ၏။ သူတို့လက်ရာထက်မေ့ လက်ရာက ကောင်းသည်မို့ ကျောင်းသားတို့သည် ကျွန်တော်တို့ဆိုင်သို့လာ၍ စားလိုကြ၏။ သို့သော် စာသင်နာရီချိန်၊ မုန့်စားဆင်းချိန်၌ သူတို့ဆရာကြီးက ကျောင်းတံခါးကို ဖွင့်မပေးချေ။ ဒရဝမ်နှင့် အကြပ်စောင့်ထား၏။ သည်တော့ မေ့ဆိုင်က မုန့်ဟင်းခါးကိုမှ စားလိုသော ကျောင်းသားတွေက ကျောင်းဝင်းထဲမှနေ၍ အော်ပြီး မှာကြ၏။ ခင်မောင်စိုးက သံဝင်းထရံတန်း အောက်မှ ထိုးပေးရ၏။

ကျောင်းတက်ချိန်အိမ်ကလာခဲ့ကြ၍ ကျောင်းဝင်းထဲ မဝင်မီမှာသာ မေ့ဆိုင်မှာထိုင်၍ စားနိုင်ကြ၏။ ဒါကလည်း ကျောင်းသားကလေး ဆယ့်လေးငါးယောက်ပါ။

သည်တော့ မေ့မုန့်ဆိုင်သည် နန်ယန်ကျောင်းသား အားကိုးလို့ဖြင့် မရတော့ကပြီ။ 'အန်တီမေ့လက်ရာ ကောင်းကြောင်း သိသွားရင်ဖြင့် ရပ်ဝေးကကို ကိုယ်ပိုင်ကားတွေနဲ့ လာကြမှာ' ဆိုသော် မောင်ငွေးနီစကား အားထား၍ ဒေါ်မေသည် သူ့လက်ရာ သူယုံကြည်လျက် ဖွဲကောင်းစွာနှင့် စောင့်မျှော်ပါသေး၏။ လာရောက် စားသောက်ကြ သူတိုင်းကတော့ ကောင်းကြောင်း ချီးမွမ်းကြပါ၏။

သို့သော် လူဦးရေကတော့ တိုးမလာပါချေ။ တစ်လ၊ နှစ်လ၊ သုံးလကြာခဲ့ပြီ။ ထူးမခြားနား မုန့်ဟင်းခါး နှစ်ပိဿာနှင့် ခေါက်ဆွဲတစ်ပိဿာမှမကုန်။ သည်တော့ နေ့စဉ် အရှုံးနှင့် ကြုံနေရပြီ။

တစ်ခါတစ်ရံ၌ နံနက် ၉–နာရီ၊ ၁၀–နာရီခန့်တွင် သူတို့ဆိုင်သို့ ကျွန်တော် လိုက်သွား တတ်၏။ ဒေါ်ရွှေမေက မုန့်ပြင်သည့် စားပွဲကောင်တာမှာ စာဖတ်နေသည်။ ထိုအချိန်၌ ဘိန်းဖြူ ပြန်ကြိုက်နေပြီဖြစ်သော ခင်မောင်စိုးက ကုလားထိုင်တွေဆက်၍ တခေါခေါနှင့် အိပ်မောကျနေ သည်။

အင်း. . . . ကောင်းပေ့ဗျာ။

မုန့်စားမည့်သူလာမှ မအေကြီးက သားကိုနှိုး၏။ (သွေးရိုး သားရိုး အိပ်တယ်ထင်နေတာ ကိုဗျ)။

အင်း. . . . အဖြစ်တော့ ဆိုးနေကပြီ။

ဒေါ်မေသည် မောင်ငွေးနီပြောခဲ့သလို ကြာရှည်လျှင် သူ့ဆိုင်တွင် စားသူတွေ တိုးလာလိမ့်မည်ဟု မျှော်လင့်ခြင်းသည် သားကောင်မရှိသော ချုံပုတ်ကို ချောင်းနေသော မုဆိုးနှင့် တူနေချေပြီ။ သူလည်း တစ်စတစ်စနှင့် စိတ်ဓာတ်ကျလာပုံပေါ်၏။

သို့သော် သူ့ဆိုင်စာချုပ်က ၆–လခင်ဗျ။ ထိုကာလစေ့မှ ရှေ့မဆက်ချင်လျှင် တစ်လကြိုတင် ဝမ်နင်ပေးရမည်။ သည်တော့မှ စပေါ် ၂၅၀ဝိ ပြန်ရမည်။

ကဲ. . . ဆုပ်စူး၊ စားရှူးပါကလား။ ခွေး. . . တုံးဝါးမိသလို ထွေးမရ မျိုမရ ဖြစ်ချေပြီ။ ဒေါ်မေရေ. . . မင့်အတတ်နှင့်မင့်စူးနုတ်လို့မရဘူး၊ ခံလေဦးတော့ သင့်ဝဋ်ကြွေး၊ ကျွန်တော်က အဆစ်ပါရသလား။

''ကျွန်တော့်ဇနီး
မေ မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲ
ကမ္ဘာအေးဘုရားလမ်း၊ နန်ယန်ကျောင်းရှေ့
တစ်ခါတစ်ခေါက် လာရောက် စားသောက်ကြည့်ပါ''

အထက်ပါကြော်ငြာကို ကျွန်တော်က အလကားရသော ရှုမဝနှင့် သောင်းပြောင်းထွေလာ မဂ္ဂဇင်းတွေမှာ လစဉ်ထည့်ခဲ့သဖြင့် မောင်ငွေးနီ (စိတ်ကူးယဉ် စေတနာကောင်းနှင့်) ပြောခဲ့သလို၊

ဝေးနီးရပ်ခြားမှ ကိုယ်ပိုင်ကားတွေနှင့် မလာခဲ့ကြသော်လည်း ကျွန်တော်၏ စာဖတ်ပရိသတ်နှင့် မိတ်ဆွေသင်္ဂဟတို့တော့ လာရောက်တတ်ကြပေသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

ထိုလာရောက်တတ်ကြသူများထဲတွင် ကျွန်တော်ကလည်း အမှတ်တရရှိနေသည်။

စာဖတ်ပရိသတ်ကလည်း သိနေသူများကို ဖော်ပြရသော် ဒဂုန်တာရာ၊ ပါရဂူ၊ မြသန်းတင့်၊ မင်းယုဝေ၊ ဒေါက်တာ အုန်းမောင်။

ဒေါက်တာ အုန်းမောင်ကား သူလာလိုက်လျှင် ဟိုဆရာတွေလို အဖွဲ့နှင့်မဟုတ်။ သူတစ်ယောက်တည်းပဲ။ မေ့မုန့်ဟင်းခါးကို အလွန်ကောင်းကြောင်း ချီးမွမ်း၍ တစ်ခါသော် သူ ကျွန်တော်တို့အတွက် ကြီးကျယ်စွာသော အကျိုးရှိမှုကြီးများကို ပေးအပ်လေသည်။

အခြားမဟုတ်။

မြန်မာတစ်ပြည်လုံး ဆရာဝန်များ အစည်းအဝေးကို ဆရာအုန်းမောင် တာဝန်ကျရာ တံတားလေးဆေးရုံတွင် ကျင်းပသည့်ပွဲ၌ လူ ၈၀၀ (ရှစ်ရာ) စာ မုန့်ဟင်းခါးတဲ့ခင်ဗျ။

တစ်ယောက်တို့ ဘယ်နှုန်းနှင့် ကျွေးနိုင်မည်လဲ။ ငွေကို ကြိုပေးထားပါမည်။ မနက်ဖြန် စကားပြန်ပါဟု ဒေါက်တာ အုန်းမောင်က ပြောသွားလေတော့၊ ကျွန်တော်တို့ လင်မယား နှစ်ယောက် ဝမ်းသာအားရ ဆွေးနွေးတိုင်ပင်ကြလေသည်။

သို့သော် ရုတ်တရက်မို့ ကော်ပေတဲ့ဟု အောက်မေ့ခဲ့သည်။ စင်စစ်တော့ လူ ရှစ်ရာစာ ဆိုတော့ မုန့်အချိန် ပိဿာတစ်ရာလောက် ဒီမုန့်ဟင်းခါးကိုချက်ဖို့အိုးက ဘယ်မှာလဲ။ လူရှစ်ရာ ကို တစ်ချိန်တည်း ပြင်ကျွေးဖို့ ပန်းကန်တွေကကော ကဲ–ဒါတွေ ငှားလို့ရပြီဆိုပါတော့။ ဘယ်မှာ ချက်မလဲ၊ ကိုယ့်အိမ်မှာချက်တယ်ဆိုပါတော့။ အချိန်မီသွားပို့ဖို့၊ ဒေါ့ဂျစ်ကားတစ်စီး လိုနေပြီ။

ထို့ကြောင့် နောက်တစ်နေ့ ဒေါက်တာအုန်းမောင် လာသောအခါ၌ ကျွန်တော်တို့ မတတ်နိုင်သည့်အကြောင်းကို ဝမ်းနည်းစွာ ပြောလိုက်ရပါ၏။

## ဆိုင်နေရာ ပြောင်းဖို့

ဖော်ပြခဲ့သည့်အတိုင်း သားကောင်မရှိသော ချုံပုတ်ကို ချောင်းနေသော မုဆိုးကဲ့သို့ မေသည် ကမ္ဘာအေးလမ်း၊ နန်ယန်ကျောင်းရှေ့မှာ မုန့်ဟင်းခါးဆိုင် ထွက်ခဲ့၍ ငါးလမျှအကြာ တစ်နေ့သောအခါတွင် သူ ဆိုင်သိမ်းပြီး အိမ်ပြန်ရောက်သည့်၌ ကျွန်တော့်ကို ပြော၏။

'မောင်. . . စာရေးဆရာ မောင်ရဲဝင်းကို သိတယ် မဟုတ်လား။ မော်တော်ဆိုင်ကယ်နဲ့ မေတို့ဆိုင်ကို မကြာခဏ လာတယ်လေ'

'သိတာပေါ့ကွ၊ ကြေးမုံက အားကစားသတင်းထောက် ထွန်းသာ ပဲကွ'

'သူကပြောတယ်၊ အလုပ်သမား လူတစ်ထောင်လောက် ရှိမယ့် အစိုးရရုံးကြီးတစ်ခု၊ ကမ္ဘာအေးလမ်း၊ တရုတ်ဘုံကျောင်းနားမှာ ဖွင့်တော့မယ်၊ အဲဒီမှာ အုပ်ချုပ်ရမယ့် အကြီးဆုံး အရာရှိက ဗိုလ်မှူးတင်အောင် စာရေးဆရာ မင်းရှင် ညီတဲ့'

'အေး. . . မင်းရှင်မှာ ဗိုလ်မှူးတင်အောင်နဲ့ ဗိုလ်မှူး ခင်မောင်သန်းဆိုတဲ့ ညီနှစ်ယောက် ရှိတာပဲကွ'

'အဲဒီ ဗိုလ်မှူးတင်အောင်နဲ့ မောင်နဲ့ သိလား'

'သိရုံတင် ဘယ်ကမလဲကွာ၊ မင်းရှင် လူပျိုတုန်းက ဆိုရင် သူတို့မိဘအိမ်ဟာ တို့ စားအိမ်သောက်အိမ်ပဲ'

'ဟုတ်ပြီ၊ ဒါကြောင့် မောင်ရဲဝင်းကပြောတာ၊ (ဆရာ မင်းရှင် ညီ ဗိုလ်မှူးတင်အောင်နဲ့ ကိုဆွေနဲ့ ရင်းနှီးမှာပဲ၊ ဒီတော့ သူ့ရုံးဝင်းထဲမှာ မုန့်ဟင်းခါးဆိုင်တစ်နေရာရဖို့ ကိုဆွေကို သွားပြောခိုင်း) တဲ့၊ ကဲ. . . . မောင် သွားပြောပေတော့'

မယားစကား နားမထောင်ဘို့ ဘယ်ဖြစ်မည်နည်း။ နောက်တစ်နေ့နံနက်ပဲ ဗိုလ်မှူး တင်အောင်အိမ် ကျွန်တော် သွား၍ ပြောတော့သည်။

သို့သော် မှန်းချေမကိုက်။ ဗိုလ်မှူးက သူ့ရုံးထဲမှာ ပြင်ပဈေးသည် မဝင်ရ။ အစိုးရ စားသောက်ဆိုင်များနှင့်သာ ပြီးရမည်။ အထက်ကအမိန့်တဲ့။ ကိစ္စပြတ်ကရော။

သို့သော် တစ်နေရာမှာ ဖန်လာသည်။ မင်းရှင်တို့မိဘအိမ်နှင့် ဗိုလ်မှူးတင်အောင်အိမ် မင်းရှင်တို့အိမ်သည် တစ်ခြံဝင်းထဲတွင် ဖြစ်လေရာ၊ ဗိုလ်မှူးတင်အောင်အိမ်ကဆင်းပြီး ကျွန်တော် မင်းရှင်အိမ်ကို သွားသည်။ ထိုအခါ မင်းရှင် အမေ အန်တီချောနှင့် တွေ့ရသည်။

ကျွန်တော် ဗိုလ်မှူးတင်အောင်ဆီလာသည့် ကိစ္စကိုပြောပြ၍ အကျိုးအကြောင်းကို သိသွားကြသော်အခါ သူတို့ သားအမိ စိတ်မကောင်း ဖြစ်သွားကြသည်။

သို့နှင့် နောက်တစ်နေ့နံနက်တွင် မင်းရှင်ထံက ကျွန်တော့်ဆီ ဖုန်းလာသည်။

'ကိုဆွေ၊ ခင်ဗျား မုန့်ဟင်းခါးဆိုင်ထွက်ဖို့ နေရာရပြီ'

'ဘာလဲ၊ ဗိုလ်မှူး တင်အောင်က သူ ဖန်တီးပေးနိုင်ပြီတဲ့လား'

'တင်အောင်ဆီမှာ မဟုတ်ဘူး၊ ခင်မောင်သန်းရုံးမှာ၊ ဒီလိုလေဗျာ၊ ညက ခင်မောင်သန်း မေမေ့ဆီလာတော့ မေမေက ကိုဆွေ့ကိုပြောပြပြီး (သားရုံးမှာ သော်တာဆွေကို မုန့်ဟင်းခါး ဆိုင်ထွက်ဖို့ လုပ်မပေးနိုင်ဘူးလား) မေးတော့ ခင်မောင်သန်းက (အဆင်သင့်ပဲ၊ သားတို့ က–ည–န သက်သာဆိုင်မှာ မုန့်ဟင်းခါး မရှိသေးဘူး၊ ကျွန်တော် ဖန်တီးပေးမယ်) လို့ ပြောသွားတယ်၊ ဒီတော့ ခုမနက်ပဲ ကိုဆွေ ခင်မောင်သန်းကို သွားတွေ့လိုက်ဗျာ၊ သူ့အိမ်ဟာ ကိုဆွေ့အိမ်နဲ့ အနီးကလေးပဲ၊ မာတင်ရိပ်သာထဲမှာ' ဆိုပြီး ခင်မောင်သန်း၏ လိပ်စာကို ကျွန်တော့်ပေးပါသည်။

ခင်မောင်သန်းကား မင်းရှင်၏ညီ အငယ်ဆုံး၊ ဒု–ဗိုလ်မှူးကြီး၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၊ ညွှန်ချုပ်ဖြစ်သည်။ အတိုချုပ်ပြောရသော် သူ့ရုံးက က–ည–န သက်သာဆိုင်တွင် ကျွန်တော်တို့ မုန့်ဟင်းခါးရောင်းရန် သက်သာဆိုင် မန်နေဂျာ ဗိုလ်မှူးအုန်းလွင်ကို တာဝန်ပေးလိုက်ပါသည်။

ဗိုလ်မှူး အုန်းလွင်ကား ကျွန်တော့်ကဲ့သို့ပင် ပေါင်းတည်သား။

နို့ပြီး သော်တာဆွေ၏ စာဖတ်ပရိသတ် ဖြစ်နေလေတော့ သိပ်ပြီး ဟန်ကျသွားတာပေါ့ ခင်ဗျာ။ သူတို့ လက်ဖက်ရည်ဆိုင်နှင့် တွဲလျက် မုန့်ဟင်းခါးဆိုင်ထွက်ရန် အကောင်းဆုံး စီမံပေးပါသည်။

ကျွန်တော်တို့ စားပွဲကုလားထိုင်များပင် မလိုတော့။

က–ည–န သက်သာဆိုင်တွင် ရှိပြီးသားများနှင့်ပင် ပြည့်စုံတော့၏။

နို့ပြီး စပေါ်ငွေလည်း ပေးရန် မလိုသည့်အပြင် ဆိုင်လခမှာ သုံးလ အလကားထွက်စေ၍ လေးလမြောက်မှ ရှေ့ဆက်နိုင်မည်ဆိုလျှင် တစ်လ တစ်ရာကျပ် ပေးပါဟု ဆို၏။ ဘယ်လောက် ဝမ်းမြောက်ဖွယ် ကောင်းပါသနည်း။

ဤကဲ့သို့ ဖြစ်လာအောင် စတင် ဖန်တီးပေးသူက မောင်ရဲဝင်းကစပြီး၊ ယခု ကွယ်လွန်သွားကြပြီဖြစ်သော မင်းရှင်တို့သားအမိနှင့် က–ည–န ညွှန်ချုပ် ဗိုလ်မှူးကြီး ခင်မောင်သိန်း၊ ဗိုလ်မှူး အုန်းလွင်တို့အား အထူး ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်တော်တို့ မုန့်ဟင်းခါးဆိုင်ကို ၁၉၈၁–ခုနှစ်၊ နိုဝင်ဘာလ ၁–ရက်နေ့တွင် နန်းယန်ကျောင်းရှေ့မှ ရန်ကုန် ဘားလမ်း က–ည–န သက်သာဆိုင်သို့ ပြောင်းရွှေ့ခဲ့ပါ၏။

ထို့ကြောင့်

''အကောင်းကြိုက်သူများ

သွားစမ်း၊ ဘားလမ်း၊ စားစမ်း

မေ–သော်တာဆွေ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ

ရန်ကုန်၊ ဘားလမ်း၊ က–ည–န သက်သာဆိုင်

အထက်ပါကြော်ငြာကို ကျွန်တော် ရေးခဲ့ပါသည်။

နန်းယန်ကျောင်းရှေ့တုန်းက တစ်နေ့လျှင် မုန့်ဟင်းခါး နှစ်ပိဿာနှင့် ခေါက်ဆွဲ တစ်ပိဿာမှ မကုန်၍ နေ့စဉ် ရှုံးနေရာမှ က–ည–န သက်သာဆိုင်ရောက်တော့ မုန့်ဟင်းခါး သုံးပိဿာနှင့် ခေါက်ဆွဲ နှစ်ပိဿာ ကုန်သဖြင့် တစ်နေ့လျှင် ငါးဆယ်လောက် မြတ်သည်ဟု တွက်ဆနိုင်ပါသည်။

သို့သော် မော်တော်ကားခ ယခင် နန်းယန်ကျောင်းရှေ့ထက် ယခု ဘားလမ်းက ပိုဝေးသဖြင့် ရှစ်ကျပ်မှ တစ်ဆယ်ပေးရန် ကားရှင် ကိုချစ်စိန်က ပြော၏။ ပေးထိုက်ပါပေသည်။ ထို့အပြင်

အလုပ်သမားခ၊ မူလက ခင်မောင်စိုးနှင့် သားအမိနှစ်ယောက် ဆိုင်ထွက်နေရာမှ သားတော်မောင် ဘိန်းဖြူပြန်သုံးသဖြင့် ဒုတိယအကြိမ်မြောက် ထောင် လေးနှစ်ကျသွားပြန်၏။

သည်တော့ မေနှင့် အကူရောင်းဖို့ မိန်းကလေးတစ်ယောက် ထမင်းကျွေး တစ်နေ့ ငါးကျပ်နှင့် ငှားရ၏။

မည်သို့ဆိုစေ နန်ယန်ကျောင်းရှေ့မှာ ရောင်းရစဉ်တုန်းကထက်တော့ အခြေအနေ များစွာ ကောင်းလာပေသည်။

သို့သော် ထိုမှ မကြာမီတွင် အခြေအနေတစ်ခု တိုးလာသည်ကား သုံးဘီးကားတွေ ရန်ကုန်မှာ မထားတော့ နယ်သို့ပို့ပစ်တော့မည်ဟု အမိန့်ထွက်လာသည်၌ ကိုချစ်စိန်သည် သူ့ ကားကို နယ်သို့ ရောင်းပစ်လိုက်ရလေသည်။

သူ့ခမျာ လေးဘီးကားပြာလည်း ပြန်မဝယ်နိုင်သဖြင့် ကားလုပ်ငန်း ပြန်မစနိုင်တော့။ အဲသည်အခါမှာ ကျွန်တော်သည် နေ့စဉ် နံနက်တိုင်း ပြည်လမ်းမသို့ထွက်၍ ကားငှားသော အလုပ်ကြီးကို လုပ်ရလေတော့၏။

သို့သော် မလွဲမရှောင်သာ လုပ်ရပါ၏။ ကားခလည်းတစ်ဆယ်မရတော့။ ဆယ့်နှစ်ကျပ်မှ သည် တစ်စတစ်စ တက်လာခဲ့ရာ နှစ်ဆယ်အစိတ်အထိ ဖြစ်လာတော့သည်။

ကိုရောင်းရသော မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲကား မုန့်ဟင်းခါးသည် သုံးပိဿာခွဲ အထိ တက်ခဲ့ဖူး၍ အုန်းနို့ခေါက်ဆွဲကား နှစ်ပိဿာထက် ဘယ်တော့မျှမပို။ အဘယ်ကြောင့် ဆိုသော် ဤအရပ်သည် ရုံးရက်ကွက်ဖြစ်၍ ရုံးလုပ်သားများသည် နေ့စဉ် သည်အတိုင်းပဲ ဖြစ်သောကြောင့် ကျွန်တော်တို့ လုပ်ငန်းသည် မျှော်မှန်းသလို တက်လမ်းမရှိတော့။

အဲ. . . . အဲ. . . တစ်နေ့တစ်ခြား တက်. . . တက် လာသည်ကား ငရုတ်၊ ကြက်သွန်၊ ဆီနှင့် ငါးဈေး၊ ကြက်သားဈေးတို့ ဖြစ်ကြကုန်၏။

သည်တော့ မင်းတို့ မုန့်ဟင်းခါးဈေးလည်း တက်လိုက်ပါလားဟု ဆိုဖွယ်ရှိ၏။

ကျွန်တော်တို့ဆိုင်သည် တက်၍မဖြစ်ပါ။ အခြားဆိုင်နှင့်မတူ။ က–ည–န သက်သာဆိုင် ဖြစ်နေ၏။

အခြားဆိုင်တွေ လက်ဖက်ရည်တစ်ခွက် တစ်ကျပ်ရောင်းတော့ က–ည–န သက်သာဆိုင် က ပြားရှစ်ဆယ်။ သည်တော့ ကျွန်တော်တို့ မုန့်ဟင်းခါးဆိုင်လည်း အခြားဆိုင်များလို မတက် နိုင်။ မုန့်ဟင်းခါး တစ်ခွက် တစ်ကျပ်၊ အုန်းနို့ခေါက်ဆွဲ တစ်ကျပ်ခွဲ။ ဒါပဲရောင်းရ၏။

ထို့ကြောင့် မေ ဈေးဆိုင်ထွက်ခြင်းသည် နန်ယန်ကျောင်းတုန်းက နေ့စဉ်ရှုံး၏။ က–ည–န သက်သာဆိုင် ရောက်သောအခါ မြတ်သော်လည်း သူ့အသွားအပြန် စရိတ်နှင့်အလုပ်သမား တစ်ယောက် ငှားရတာနှင့် ဆီ၊ ငရုတ်၊ ကြက်သွန်၊ သားငါးဈေးတွေ တက်တာနှင့် တွက်ဆ လိုက်သော် မေ့လုပ်ငန်းသည် ‘ကုလားခပ်တဲ့ရေ ကုလားသုံးတာနှင့်ကုန်ရော’ ဆိုသလို ဖြစ်နေ၏။

အိမ်သုံးစရိတ်ကား ကျွန်တော် စာရေး၍ ရသမျှ အကုန်ပေးနေရ၏။

ဒါဖြင့် သည်မုန့်ဟင်းခါးဆိုင် ဘာလို့ ထွက်နေသနည်း။ မေးဖွယ်ရှိ၏။

ဟုတ်ကဲ့. . . .

'ဟော့. . . မေ၊ မုန့်ဟင်းခါးဆိုင် တော်သင့်ပြီ' ဟု ကျွန်တော် ပြောပါ၏။

သို့သော် မေသည် သူ့မုန့်ဟင်းခါးဆိုင် ပရိသတ်နှင့်သူပျော်နေ၏။ သူ့ဖောက်သည်များကလည်း သူ့ကို ခင်မင်နေကြ၏။ သူကလည်း ဤလူများကို သံယောဇဉ် ဖြစ်နေ၏။ မေက လာသမျှလူကို မေတ္တာထားတတ်သူ ဖြစ်၏။

မေ့ဆိုင်သို့ တစ်ခါတစ်ခေါက် လာရောက်စားသောက်သူပင် မေ့အပေါ်၌ မည်သို့ သဘောထားသွားသည်ကို ၎င်းသူရေးသော စာပွဲမှ ကောက်နုတ်ချက်ကို ဖော်ပြပါမည်။

မူရင်းက ထိုလူသည် ကျွန်တော့်ဆီသို့ မိတ်ဆက်စာ ရေးခြင်း ဖြစ်၏။ ဖတ်ကြည့်ပါ။

ဦးလေးဆွေခင်ဗျား. . .

> ဦးလေးဆွေကတော့ ကျွန်တော့်ကို မသိပါဘူး။ ဒါပေမယ့် ရွှေမန်းတင်မောင်ကို လူတိုင်းသိနေကြသလို ဦးလေးဆွေကိုတော့ စာဖတ်သူတိုင်း သိနေကြတာပေါ့။
>
> ခု. . . . ကျွန်တော်ရောက်နေတာက မြစ်ဝကျွန်းပေါ်လို့ခေါ်တဲ့ ဧရာဝတီတိုင်းရဲ့အဖျား၊ ဘင်္ဂလားအော်အစပ်နားက ကျွန်းကလေးတစ်ကျွန်းပေါ်မှာရှိတဲ့ ကဒုံကန်ဆိုတဲ့ ရွာကလေးမှာပါ။
>
> ပညာရေးဝန်ကြီးဌာနက အဲသည်မှာ ငါးလုပ်ငန်းပညာသင်ကျောင်းဖွင့်ထားလို့ ကျွန်တော်က နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ဖို့ ရန်ကုန်က ရောက်လာတာပါ။
>
> ဒီတော့ ကျွန်တော့်မှာ ကျောင်းတာဝန်ပြီးရင် ကိုယ်ပိုင်အချိန်ပိုတွေ များနေပါတယ်။ ရွာကလဲကျောင်းနဲ့ တစ်မိုင်ခွဲလောက်ပဲဝေးလို့ တစ်ပတ်တစ်ကြိမ်လောက် ရောက်ဖြစ်ပါတယ်။
>
> ဒီတော့ စာအုပ်တွေချည်း လိုမ့်ဖတ်ဖြစ်တော့တာပေါ့။ ဦးလေးဆွေရဲ့ ဝတ္ထုတိုရှည်တွေတော့ ကျွန်တော်စာဖတ်တတ်တဲ့ အရွယ်ကစပြီး ကြိုက်ခဲ့တာ. . . . .
>
> (အစချီတာ သော်တာဆွေအား ချီးမွမ်းခန်း ဖွင့်ထားသည်များကို ချန်လှပ်၍ လိုရင်းဖော်ပြရသော်) . . . .

ဟာသစာပေမှာ အဆင့်မြင့်တဲ့ ဟာသပိုင်းကိုတော့ ဦးလေးဆွေကို ကျွန်တော် အကြိုက်ဆုံးပဲ။ ဒါပေမယ့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုကျတော့ ကျွန်တော် အန်တီမေ့ကို ပိုခင်မင်နေမိတယ်။

ဘာကြောင့်လဲတော့ ကျွန်တော် မရှင်းပြတတ်ဘူး။ အဲဒါ အန်တီမေ့ကို မတွေ့ဖူးခင်ကတည်းကပါ။

ကျွန်တော့်အစ်မ ကားကိစ္စနဲ့ ရန်ကုန်သွားတုန်းက က–ည–န ရုံးရောက် တော့ မုန့်ဟင်းခါးဆိုင် ဝင်ထိုင်တယ်။ အဓိကတော့ ဦးလေးဆွေနဲ့ အန်တီမေ့ကို တွေ့ဖူးချင်လို့ပါ။

ပြုံးချိုနေတဲ့ မျက်နှာပြည့်ပြည့်ကြီးနဲ့ ဘလောက်စ် အင်္ကျီပွပွကြီး ဝတ်ထားပြီး အလုပ်ရှုပ်နေတဲ့ အန်တီကြီးကို မြင်လိုက်ရကတည်းက ဒါ–အန်တီ မေပဲ ဖြစ်မှာပဲဆိုပြီး–

'အန်တီမေ၊ ကျွန်တော့်အတွက် မုန့်ဟင်းခါး တစ်ပွဲနဲ့ အုန်းနို့ခေါက်ဆွဲ တစ်ပွဲ' လို့ လှမ်းမှာလိုက်တယ်။

ဒီတော့ အန်တီမေက ပြုံးပြီး 'သားတစ်ယောက်တည်း စားမှာလား' လို့ မေးတယ်။

ဟုတ်တယ်၊ ကျွန်တော်ကလည်း အစားခပ်ကြီးကြီးကောင်းရင် နှစ်ပန်းကန် တော့ စားလေ့ရှိတာမို့ ဦးလေးဆွေစာထဲမှာလဲ အန်တီမေ ဟင်းချက် ကောင်းတယ်လို့ တွေ့ထားရလေတော့ မုန့်ဟင်းခါးရော အုန်းနို့ခေါက်ဆွဲရော အန်တီမေ့လက်ရာ တစ်ခါတည်း စားဖူးအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ 'ဟုတ်ကဲ့' လို့ ပြန်ပြောလိုက်တော့ အန်တီမေက မုန့်ပန်းကန်တွေ ကျွန်တော့်စားပွဲလာချ ရော. . . .

'အန်ကယ်ဆွေကော' လို့ မေးတော့. . . . .

'မင်းအန်ကယ်က ဒီဆိုင်ကို တစ်ခါတစ်ရံမှ လာတတ်ပါတယ်။ သားနဲ့သိ လို့လား'

'ဟင့်အင်း လူချင်းသိတာ မဟုတ်ပါဘူး၊ စာတွေဖတ်ပြီးတော့ ကျွန်တော် ကသာ အန်ကယ်ဆွေကို သိနေတာပါ' လို့ ဖြေလိုက်တယ်။

ဒီတော့ အန်တီမေက ပြုံးပြီး ကျွန်တော့်ပန်းကန်ထဲ ဟင်းရည်တွေထပ် ထည့်ပေးတယ်။ ဈေးရောင်းနေတာနဲ့မတူဘူး။ အလှူမှာ ဧည့်ခံနေသလိုပဲ။

ဒီစာဖတ်ရရင် ဦးလေးဆွေ အန်တီမေကို မေးကြည့်ပါ။ ဆိုင်မှာ ခေါက်ဆွဲနဲ့ မုန့်ဟင်းခါး တစ်ပြိုင်တည်းမှာစားတဲ့ ကောင်လေး မှတ်မိလားလို့။ လူကများတော့ အန်တီမေ မေ့ချင်မေ့နေမှာ ကျွန်တော်ကတော့ ယခုထိ တသသ သတိရတုန်းပါ။

အန်တီမေ မုန့်ဟင်းခါးနဲ့ အုန်းနို့ခေါက်ဆွဲကလဲပြောလောက်အောင် ကောင်းပါပေတယ်၊ နောက်တစ်ခေါက် ရန်ကုန်ရောက်ရင် အန်တီမေ့ဆိုင် ကျွန်တော် လာခဲ့အုန်းမယ်နော်. . .။

လေးစားချစ်ခင်လျက်
စံလွင်။

မေ မုန့်ဟင်းခါးဆိုင်ထွက်စဉ်က ယင်းသို့လျှင် သူ့ကိုခင်မင်သွားသူတွေ၊ ရန်ကုန်မြို့ပေါ်ကရော ကျွန်တော့်နာမည်နှင့် ကြော်ငြာပါ၍ တစ်ခါတစ်ရံ ရန်ကုန်သို့ နယ်မှရောက်လာသူတွေရော. . . များစွာ ရှိပေသည်။

မေသည် ဤသို့လျှင် သူ့ဆိုင်ကို လာရောက်စားသောက်သူများအား သံယောဇဉ်ကြီး လျက် မိမိအကျိုးရှိသည် မရှိသည်ကိုတွက်မနေတော့ဘဲ နေ့စဉ်ပင် ပင်ပန်းကြီးစွာ ကြိုးစားလုပ် ကိုင်လျက် ရှိတော့သည်။

အကယ်၍ ၆–မိုင် မာလကာခြံအိမ်မှ ယခုနေသော အင်းစိန် မဂ္ဂင်ကျောင်းလမ်းအိမ်သို့ မပြောင်းရပါမူ သူသည် မုန့်ဟင်းခါးဆိုင်ကို မပျက်မကွက် ဆက်လက်ထွက်နေမည်မှာ အမှန်ပင် ဖြစ်သည်။

ယခုလည်း ကြည့်ပါဦးလော့။ ၁၉၈၆–ခုနှစ်၊ ဇူလိုင်လ ၄–ရက်နေ့မှာ အိမ်ပြောင်းရွှေ့ရ တော့မည်ကို ဇူလိုင်လ ၂–ရက်နေ့အထိ သူဆိုင်ထွက်ခဲ့၏။ ထိုနေ့ခင်း (နက်ဖြန်ခါကစပြီး မထွက်ရတော့မှာမို့) က–ည–နမှ သူ့မုန့်ဟင်းခါးဆိုင် ပစ္စည်းများ အားလုံးကို သိမ်းပြီး ကားတစ်စီးနှင့် အိမ်ပြန်ရောက်လာသောအခါ သူ့မှာ မျက်ရည်စက်လက်နှင့်။

မေ့မုန့်ဟင်းခါးဆိုင်သည် ၁၉၈၁–ခုနှစ်၊ ဇွန်လ ၁–ရက်နေ့တွင် စတင်ခဲ့၍ ၁၉၈၆–ခုနှစ်၊ ဇူလိုင်လ ၂–ရက်နေ့တွင် ဇာတ်သိမ်းခဲ့ပါ၏။

၅–နှစ် ၁–လနှင့် ၁–ရက် ကြာခဲ့၏။

လောကဇာတ်ခုံ
ဤလူ့ဘုံတွင်

တွေ့ကြုံဆုံကြ
ချစ်ခင်ကြ၍
ရွှင်ပျကြည်သာ
နေကြရာမှ
လောကဓမ္မတာ
တစ်နေ့သောအခါ၌
သဟာဆွေတစ်ဦး
ဘဝကူးပြီဆိုမှဖြင့်
သေသူကို ရှင်သူတ၍
လွမ်းရပါတော့သည်။

ဟုတ်ကဲ့။ အခု ကျွန်တော် ကွယ်လွန်သူ မိတ်ဆွေ တစ်ယောက်ကို တမ်းတ၍ လွမ်းလှပါတော့သည်။

၅–၇–၈၈ နေ့ နံနက်ခင်း၌ ကျွန်တော်သည် ယခုနေသော မင်္ဂလာကျောင်းလမ်းအိမ်မှ ဆယ်မိနစ်မျှ လမ်းလျှောက်ရသော အင်းစိန်မင်းလမ်းရှိ ကဗျာဆရာ တင်မိုး၏အိမ်သို့ ဟိုက်ပတ်လမ်းရှိ ကျွန်တော့်တပည့် မောင်ပိုက်ကို အဖော်ခေါ်၍လာခဲ့သည်။ ကိုတင်မိုးအိမ်မှာ တယ်လီဖုန်းရှိ၍ မိတ်ဆွေတစ်ယောက်ကို စကားပြောရန်ဖြစ်၏။

ဆရာတင်မိုး၏အိမ်ကို လှမ်းမြင်ရသောအခါ၌ သူတို့ လင်မယားနှင့် သမီးပျိုနှစ်ယောက်သည် အိမ်ပေါက်ဝမှာ အပြင်သို့ သွားကြမည့်ပုံသဏ္ဍာန် ရှိနေသောကြောင့်. . . .

'ဟေ့ မောင်ပိုက်၊ သူတို့သွားကြတာမလို့ကွ၊ ကိုတင်မိုးတို့ကိုမြင်အောင် လက်ခုပ်တီးခေါ်ပါကွ'

မောင်ပိုက်က လက်ခုပ်တီးလိုက်သောအခါ၌ ဆရာတင်မိုးသည် ကျွန်တော်တို့ကို လှမ်းကြည့်၍ ပြုံးပြုံးကြီး ရပ်နေ၏။ သူတို့အနီးသို့ ရောက်သောအခါ၌ ကျွန်တော်က–

'ခင်ဗျားတို့ ဘယ်သွားကြမလို့လဲဗျ'

'ဟိုသားအမိနှစ်ယောက်က မြို့ထဲသွားကြမလို့ဗျ၊ ကျွန်တော်နဲ့ ဟောဒီ သမီးငယ်က ဆရာဆွေ့အိမ် လာမယ်လို့'

'ကျွန်တော့်ဆီ ဘာကိစ္စ'

'မကောင်းသတင်းဘဲ၊ အခုနကပဲ ကိုကျော်အောင်ဆီက ဖုန်းလာတယ်၊ ကိုသန်းတင် သေပြီတဲ့၊ အဲဒါတွေကို ပြောပေးပါဆိုလို့'

'ဟင် ကိုသန်းတင် သေပြီ'

ကျွန်တော်သည် စကားပြောပြီး ပါးစပ် အဟောင်းသားဖြစ်သွားသည်။ ခေတ္တကြာမှ စကားဆက်နိုင်သည်။

'ဘယ်မှာ သေတာလဲ'

'သူ့အိမ်မှာပဲတဲ့'

'ကိုသန်းတင့် အခုအိမ်က ဘယ်မှာပါလိမ့်၊ ကျွန်တော် မသိဘူးဗျ၊ လူချင်းမတွေ့တာလည်း ကြာပြီ'

'ကိုကျော်အောင်ဆီ ဖုန်းဆက်မေးတာပေါ့၊ လာကြဗျာ အိမ်ထဲကို'

ဟု ကိုတင်မိုးကခေါ်၍ သူ့ဇနီးနှင့် သမီးတစ်ယောက်က ကျွန်တော်တို့အား နှုတ်ဆက်ပြီး အပြင်သို့ ထွက်သွားကြသည်။ ကိုတင်မိုးသားအဖနှင့် ကျွန်တော်နှင့် မောင်ပိုက်တို့ က အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

ကျွန်တော် ကျော်အောင်ထံ ဖုန်းဆက်၍ သိချင်တာ အားလုံးကို သိရပြီးနောက် ကုလား ထိုင်တွင် ပြန်ထိုက်သောအခါ ဆရာတင်မိုးက–

'အဲဒီ ကိုသန်းတင်ဆိုတဲ့လူကို ကျွန်တော် မြင်ဖူးတွေ့ဖူးရုံပဲရှိတယ်။ လူချင်းမကျွမ်းပါဘူး။ ဒါပေမယ့် စာပေကိုအင်မတန် မြတ်နိုးပြီး စာရေးဆရာတွေကို အင်မတန် ချစ်ခင်တတ်တယ်လို့ စာပေနယ်အသိုင်းအဝိုင်းမှာ ကျွန်တော် ကြားဖူးပါတယ်'

'ဟုတ်တယ် ကိုတင်မိုး၊ ကျွန်တော်ရယ်၊ ကျော်အောင်ရယ်၊ မြသန်းတင့်ရယ်၊ ကွယ်လွန်သူ အောင်လင်းရယ်၊ မောင်ကြည်လင်ရယ်ဟာ ကိုသန်းတင်အိမ်မှာ နှစ်ပေါင်းများစွာ အတူတကွ နေခဲ့ကြတာပဲ။ ကိုသန်းတင်လိုလူဟာ အင်မတန်ရှားတယ်။ မိတ်ဆွေသင်္ဂဟတွေအပေါ် ကောင်းတဲ့နေရာမှာ နှစ်ယောက်မရှိဘူးလို့ ကျွန်တော်ပြောချင်တယ်'

ဟု အစချီကာ ကိုသန်းတင်အကြောင်းကို ကျွန်တော် ကိုတင်မိုးအား ဖောက်သည်ချရပါ မည်။ ယခု စာဖတ်သူလည်း သိသင့်သည်ထင်ပါ၍။

ကိုသန်းတင်၊ ကျော်အောင်၊ မြသန်းတင့်၊ အောင်လင်း၊ မောင်ကြည်လင်တို့အား ပခုက္ကူ သားများ ဖြစ်ကြ၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါ အိမ်တစ်လုံးတွင် အတူတကွ နေကြ၏။ ထိုအိမ်က ကိုသန်းတင် ငှားထားသောအိမ် ဖြစ်၏။ အကြောင်းမှာ ကိုသန်းတင်သည် ကျောင်းနေစဉ်မှာပင် အိမ်ထောင်သည် ဖြစ်နေ၏။

၁၉၅၀–ခုနှစ် ကျွန်တော်နှင့် စတင်သိကျွမ်းသောအချိန်တွင် ကိုသန်းတင်မှာ ဇနီးသည် မမြမြဝင်းနှင့် သမီး သန်းမြဦး၊ သား သန်းမြထွန်းတို့ ရှိနေပြီဖြစ်၏။

ထိုစဉ်က သူတို့အိမ်သည် စမ်းချောင်းရပ်၊ လင်းထွန်းကွက်သစ်၊ လင်းလွန်းလမ်းတွင် ဖြစ်၏။

သူတို့လူစုတွင် ထိုစဉ်က ကိုသန်းတင်နှင့် မြသန်းတင့်သည် အရက်ကို လုံးဝမသောက်တတ်။ ကျော်အောင်နှင့် မောင်ကြည်လင်က တစ်ခါတစ်ရံ နည်းနည်းပါးပါး သောက်တတ်၍ အောင်လင်းကား

နေ့စဉ် မသောက်ရ မနေနိုင်သူဖြစ်သည်နှင့် ကျွန်တော်နှင့် ပေါင်းဖက်မိတာ တစ်နေ့တွင် အောင်လင်းကခေါ်၍ ကျွန်တော် သူတို့အိမ်ရောက်သွားသည်၌ ကိုသန်းတင်နှင့် တွေ့ဆုံသိကျွမ်းရသည်။

အောင်လင်းက ကျွန်တော့်အား. . . .

'ဒါ. . . . သော်တာဆွေပဲ'

ဟု ပြောလိုက်သည်၌ ကိုသန်းတင်က လှိုက်လှိုက်လှဲလှဲ ရှိလှကာ. . . .

'သော်တာဆွေ့ စာပေသာ ဖတ်ဖူးပြီး လူချင်း ခုမှတွေ့တာ သိပ်ဝမ်းသာတယ်ဗျာ။ ကျွန်တော့်အိမ်ကို ကိုဆွေ့အိမ်လို သဘောထားပါ။ အချိန်မရွေး လာရောက်စားသောက် နိုင်ပါတယ်။ အခုညစာလဲ ဒီမှာစားပါ။ စားပြီး ပြန်ချင်လဲပြန် မပြန်ချင်လဲ ဒီမှာအိပ်ပါ'

ကိုသန်းတင်သည် အရက်ကို တစ်စက်ကလေးမျှ မသောက်သော်လည်း အရက်သမားကို အရက်နှင့်ဧည့်ခံသည်။ ကျွန်တော်တို့ အရက်သောက်နေကြစဉ် သူက အနားမှာထိုင်၍ စကား တပြောပြောနှင့် အမြည်းစားသည်။

ထိုည ကျွန်တော်သည် သူတို့အိမ်မှာပဲ အိပ်လိုက်တော့၏။

အိပ်ရာသီးခြားနှင့် မဟုတ်ပါ။ အိမ်ရှေ့ခန်းတွင် အားလုံးတန်းစီ၍ အိပ်ကြပါသည်။ အိပ်ရာလည်း သူ့ဟာ ငါ့ဟာဟူ၍ ခွဲခြားမထား။ ဦးရာလူက အိပ်ချင်တဲ့နေရာမှာအိပ်။ ပုဆိုးဆို လည်း ထိုစဉ်က ကျွန်တော်တို့သည် အပြင်ထွက်လျှင် ပိုးလုံချည်၊ ယောလုံချည်၊ ဘန်ကောက် လုံချည်များသာ ဝတ်ကြရာ ညအိပ်ရာဝင်တွင် ချည်လုံချည်နှင့်လဲပြီး ကြိုးတန်းပေါ် တင်ထားကြ သည်။ နံနက်လင်းသော ဦးရာလူက ဝတ်ချင်ရာကို ဝတ်သွားကြသည်။

(၁၉၅၄–ခုနှစ်၊ မေနှင့်ကျွန်တော် အိမ်ထောင်ကျ၍ သူတို့နှင့် ခွဲခွာခဲ့ရသောအခါ မြသန်း၏ ယောလုံချည် ကျွန်တော့်ခါးမှာ ပါခဲ့သည်။)

**Live For Others**

သစ်သားပြားကလေးတွင် စာလုံးလှလှနှင့်ရေး၍ ဧည့်ခန်းတိုင်တွင် ချိတ်ဆွဲထားသော ကိုသန်းတင်၏ ဆောင်ပုဒ်ဖြစ်သည်။ ဒါကို မြန်မာလို အနီးကပ်ဆုံးပြန်ရသော် 'အများအကျိုး ဆောင်ပါ' ဟူ၏။

ကိုသန်းတင်သည် တကယ်ပင် အများအကျိုးကို ဆောင်သူဖြစ်၏။ သူ့အိမ်တွင် လာ၍ ကျောင်းနေကြသော ကျော်အောင်၊ မြသန်း၊ အောင်လင်း၊ မောင်ကြည်လင်တို့က ဘော်ဒါခ တစ်ပြားမှမပေးရသည့်အပြင် ၎င်းတို့၌ ဘိုင်ပြတ်လျှင် ကိုသန်းတင်ထံမှပင် တောင်းသုံးကြသေး ၏။ ကိုသန်းတင်ကလည်း ဘယ်တော့မငြင်း ပေး၏။

ကိုသန်းတင်၏အကြောင်းကို ရေးသားရာ၌ သူ့ဇနီး မမြမြဝင်းကို ချန်ထား၍မဖြစ်ပေ။

သူတို့အိမ်မှာ လာသမျှလူတွေ စတုဒိသာ ကျွေးမွေးနေရာ၌ အိမ်ရှင်မ မမြမြဝင်း၏ သဘောတူညီမှုမပါလျှင် အဘယ်တွင်ဖြစ်နိုင်အံ့နည်း။

ကိုသန်းတင်က ထမင်းပွဲပြင်ပြီး စားပါသောက်ပါဟု ဖိတ်ခေါ်သူသာ ချက်ပြုတ်ရသူက မီးဖိုချောင်ရှင် မမြမြဝင်း။ သူကလည်း ကိုသန်းတင်ကဲ့သို့ပင် စိတ်စေတနာရှိ၍ မဟုတ်ပါလား။ လင်၏အလ³ဒါနကို ပါရမီဖြည့်စွမ်းနိုင်သူဟု ဆိုရမည်။

ထို့အပြင် ကိုသန်းတင်သည် ကျွန်တော်နှင့် စ,တွေ့စဉ် ၁၉၅၀–ခုနှစ်လောက်က ဘာအလုပ်မျှမရှိသေး။ ဒီဂရီမရသေး။ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းနေစဉ်ဖြစ်၏။

ယင်း၌ ရန်ကုန်မှာ တစ်အိမ်ငှား၍ မိသားစုနေထိုင်လျက် ဖော်ပြပါ ကျောင်းနေဘက် သူငယ်ချင်းကို ထမင်းအလကားကျွေးထားနိုင်သည်ကို အဘယ်ကငွေနည်း၊ မမြမြဝင်းရဲ့ မိဘများ ဆီက အမွေရတဲ့ ပစ္စည်းတွေတဲ့ခင်ဗျ။ ဤစာမရေးမီ ဒီမနက်ပဲ ကျွန်တော် ကျော်အောင်ထံ ဖုန်းဆက်မေးကြည့်သည်။ စိန်တွေ၊ ရွှေတွေ၊ မြေတွေ၊ ခြံတွေ တော်တော်များသတဲ့။

ကိုသန်းတင်နှင့် မမြမြဝင်း အိမ်ထောင်ကြသည်က ၁၉၄၅–ခုနှစ်။ ကိုသန်းတင် ၁၀–တန်း မအောင်သေး။ နောက်. . . . အောင်ပြီး ရန်ကုန်တက္ကသိုလ် ရောက်လာတော့ မိသားစုပါ ဒီမှာ လာအိမ်ငှားနေကြလျက် သူငယ်ချင်းတွေကို အလကား ဘော်ဒါထားခြင်း ဖြစ်သည်။

ယင်း၌ မူရင်းထားစဉ်က ကျော်အောင်၊ မြသန်း၊ ကြည်လင်၊ အောင်လင်း၊ ပေါင်း ၄–ယောက်ပါ။ နောက်မှ ဆင့်ပွားတိုးလာသည်များကား ဥပမာဆိုပါတော့ အခု အောင်လင်းနှင့် ပတ်သက်ပြီး ကျွန်တော်ပါ ကိုသန်းတင်အိမ်မှာ ဘော်ဒါဖြစ်သွားပြီးနောက် ကျွန်တော်ကတစ်ဆင့် သန်းဆွေနှင့် မင်းရှင်ပါ တိုးပွားလာသည်။

ထိုနည်းလည်းကောင်းပဲ ကျော်အောင်၊ မြသန်း၊ မောင်ကြည်လင်တို့နှင့် ပတ်သက်၍ လည်း လာရောက်စားသောက်ကြ သူတွေ အများကြီး။

ကိုသန်းတင်၏ မူဝါဒက သူ့အိမ်မှာ ထမင်းစားချိန်ရောက်လာသော လူမှန်သမျှကို ထမင်းကျွေးရမည်။ ချက်ပြုတ်ပြီးသား မရှိသော် ချိုင့်ဆွဲ၍ ဆိုင်မှာသွားဝယ်။

အကြောင်းမှာ အိမ်တွင် လုပ်ဖော်ကိုင်ဘက် အမေပုခေါ် အဒေါ်ကြီးနှင့် မတင်ရီခေါ် အပျိုပေါက်မလေး တစ်ယောက်ရှိသည်။ သူတို့ ၃–ယောက်သည် နံနက်လင်းသော် ရေနွေးအိုး တည်၊ ကော်ဖီဖျော်၊ မတင်ရီက ဈေးပြေး၊ အမေပုက ထမင်းအိုးတည်၊ ကျောင်းသားတွေ ကျောင်းမီအောင် မနက်စာချက်ရသည်။

မမြမြဝင်းသည် ပစ္စည်းဥစ္စာ ချမ်းသာ သူဖြစ်သော်လည်း ဝတ်ဆင်ကြွားဝါမှုမရှိ။ ဟိုဟို သည်သည် သွားလာလည်ပတ်မှုမရှိ။ လင်နှင့်သူငယ်ချင်းများ မနက်စာစားပြီး ကျောင်းသွားကြ သော် သူ့အိမ်တွင် စာတစ်အုပ်နှင့် နေတော့သည်။

ညနေ ကိုသန်းတင် ကျောင်းကပြန်ချိန်မှာ အိမ်ပေါက်ဝကစောင့်မျှော်၍ ကြိုနေတတ် သည်။ လင်မယားနှစ်ယောက်အတူ ထမင်းစားသည်။

သူတို့လင်မယားနှစ်ယောက်သည် ကြည့်ရ၊ ကြည်နူးဖွယ်ရာ ကောင်းလှသည်။

ထိုစဉ်အခါကာလ ကျွန်တော့် ဘဝက ပထမအိမ်ထောင်နှင့် ယောက္ခမအိမ်တွင် ယောက္ခမနှင့် တကျက်ကျက် ရန်ဖြစ်နေရ၍ အေးချမ်းသာယာ ကိုသန်းတင်အိမ်မှာ သွားရောက် ခိုလှုံနေရခြင်း ဖြစ်ပါသည်။ သူတို့သူသိုက်နှင့်နေရတာ ပျော်ရွှင်လှပါသည်။

လူချင်း တစ်ယောက်နှင့်တစ်ယောက် မည်မျှ ချစ်ခင်ရင်းနှီးသနည်းဟူမူ ကိုသန်းတင်ကို သာ လူကြီးတစ်ယောက်အနေနှင့် အလေးထားကြ၍ ကျော်အောင်၊ မြသန်း၊ အောင်လင်းနှင့် ကျွန်တော်တို့ သည် တစ်ယောက်တစ်ယောက် ဟေ့ကောင်–မင်းနှင့်ငါနှင့် ပြောကြသည်။ ယခုတိုင် နှုတ်ကျိုးနေ၏။

ဤလူသိုက်ထဲတွင် ထိုစဉ်က မြသန်းသည် အရိုးဆုံးဖြစ်၏။ သူ့ရိုးသားမှု ဂေါ်ရည်မလည် မှုတို့ကို အကြောင်းပြု၍ 'ဂေါ်သင်တန်း' 'ဂေါ်တက္ကသိုလ်' 'ဂေါ်ပိန်ညောင်' 'မစားရညော်စော်' 'နိပ္ဖလ မဆိုသာ' ဝတ္ထုများ ကျွန်တော့် ခေါင်းထဲရောက်ခဲ့ခြင်း ဖြစ်၏။

မြသန်းက ကျွန်တော့်ကို ဝတ္ထုတော်တော်များများ ပေးခဲ့၏။ (ကျေးဇူးတင်ပါတယ် သူငယ်ချင်း)

မြသန်းက သဘောထားလည်းကြီး၏။

သူ့အကြောင်း ဘာပြောပြော ဘာရေးရေး နကမ္ပတိ ပိုပြီး သည်းခံခြင်းလည်းရှိ၏။

ဤသူသိုက်ထဲတွင် ကျွန်တော်နှင့်အောင်လင်းက အရက်သမား လူဆိုးများဖြစ်ရာ၊ အရက်ဖိုး မရှိလျှင် မြသန်းအား ညှဉ်းဆဲတတ်ကြ၏။

အသို့ဟူမူ မြသန်းအိပ်နေစဉ် ချွတ်ထားသော မျက်မှန်ကိုဝှက်ထားလိုက်သည်။ မြသန်း အိပ်ရာကနိုးသော် မျက်မှန်ကို သူထားသော နေရာ၌စမ်း၏။ မတွေ့သော်–

'ဟေ့ကောင်တွေ၊ သော်တာဆွေနဲ့အောင်လင်း၊ မင်းတို့ အရက်ဖိုး ဘယ်လောက် လိုချင်လဲ ပြော'

အကြောင်းမှာ သူ့မျက်မှန်က အထူကြီး ဒီဂရီအများကြီးဖြစ်ရာ မျက်မှန်မရှိလျှင် မြသန်း သည် ဘာမျှ သဲကွဲစွာ မမြင်တော့။

ပတ်ဝန်းကျင်အားလုံးဝိုးတဝါး ဖြစ်နေတော့၏။ ထို့ကြောင့် ကျွန်တော်တို့ တောင်းသော ငွေကို ပေးရ၏။

ထိုစဉ်အခါက သူ့အား ကျွန်တော်တို့က 'ကျားပျံကြီး'ဟု ခေါ်ကြ၏။ အကြောင်းမှာ မြသန်းမှာ ဆေးပေါ့လိပ် အလွန်သောက်၏။

သူသောက်သော ဆေးပေါ့လိပ်က ကျားပျံမကောက် ဖြစ်၏။ အခြားဆေးလိပ်ကို သူမ သောက်။

ထို့ကြောင့် သူ့အား 'ကျားပျံကြီး' ဟု အောင်လင်းက စတင်၍ နာမည်ပေးခြင်းဖြစ်၏။

'ဖ–ဆ–ပ–လ ဥက္ကဋ္ဌ ဦးဘဆွေက ကျားကြီး ဗဆွေ၊ မင်းက ကျားပျံ မြသန်းဆိုတော့ နိုင်ငံရေးဂျာနယ်မှာ မင်းနာမည်က သူ့နာမည်ထက် သာသွားတာပေါ့ကွ၊ ဟိုက ရိုးရိုးကျကွ၊ မင်းက ကျားပျံ ကျားကွ၊ ဖ–ဆ–ပ–လ ကို တစ်နေ့ နောက်ကောက်ချရမှာပဲ မဟုတ်လားကွ'

စင်စစ်တော့ ကိုသန်းတင်၊ ကျော်အောင်၊ မောင်ကြည်လင်၊ မြသန်း၊ အောင်လင်တို့ကား ထိုစဉ်က လက်ရှိအစိုးရ ဖ–ဆ–ပ–လ ကို ဆန့်ကျင်ခဲ့ကြသော လက်ဝဲ နိုင်ငံရေး သမားများ ဖြစ်ခဲ့ကြ၏။

ကိုသန်းတင်က ပခုက္ကူတွင် အလံနီ သန်းတင်ဟု နာမည်ကြီးခဲ့သူဖြစ်၏။

သို့သော် ကွန်မြူနစ်ပါတီတွေ အဖြူ၊ အနီ ကွဲသွားသည် ကိုသန်းတင်သည် နိုင်ငံရေး စိတ်ပျက်သွားကာ ရန်ကုန်ရောက်လာသည်၌ မည်သည့်လှုပ်ရှားမှုကိုမျှ မပြုတော့ဘဲ စာပေ အနုပညာကိုသာ သူ အလေးထားတော့သည်။ သူ့ငွေနှင့် စာပေသစ် မဂ္ဂဇင်းကို ထုတ်ခဲ့ဖူးသည်။

ကျော်အောင်၊ မြသန်း၊ အောင်လင်းတို့သည် ထိုနည်းလည်းကောင်းပင်။ နိုင်ငံရေး ဝါဒ ရေးတို့ကား မတည်မြဲ။ အပြောင်းအလဲတွေ ရှိနေသည်။

စာပေအနုပညာသာလျှင် ထာဝစဉ် ရှင်သန် တိုးတက်နေသည်ဟု ယုံကြည်ကြလျက် စာရေးဆရာများ ဖြစ်လာခဲ့ကြသည်။

အောင်လင်းသည် စာရေးဆရာသာမက သီချင်းရေးဆရာလည်း ဖြစ်သည်။

အောင်လင်း၏ နာမည်ရင်းက တင်ဖေဖြစ်သည်။ ကျော်အောင်၊ မြသန်း၊ ကြည်လင်တို့က နာမည်ရင်းများ ဖြစ်သည်။ သူတို့သည် ကလောင်နာမည် သီးခြားမယူကြ။

မြသန်းသာလျှင် အစဦးပဲ မြသန်းပဲ ရှိနေရာမှ သူ့အမေ ဒေါ်တင့်ကို အမှတ်တရတဲ့။ မြသန်းတင့် ဖြစ်လာသည်။

သူတို့လူသိုက်ကို ကျွန်တော်စတွေ့စဉ်က လင်းထွန်းလမ်းတွင် ဖြစ်သည်။ နောက် ကိုသန်းတင်က ဝင်ဆာလမ်း အိမ်သို့ပြောင်းသည်။

ထို့နောက် ရှမ်းလမ်းအိမ်သို့ပြောင်းသည်။ ထိုအိမ်ရောက် ၁၉၅၃–ခုနှစ်လောက်မှ ထင်သည်။ ကိုကြည်လင် သေသည်။ (အောင်လင်းက ၂၅–၁–၈၄ မှာ သေသည်။)

ကျွန်တော်ကား သူတို့အုပ်စုနှင့် အထူးခင်မင်လျက်။ ကိုသန်းတင် အိမ်ပြောင်းရာကို လိုက်နေခဲ့သည်။ အမြဲနေသည်တော့မဟုတ်။

ယောက္ခမနှင့်သင့်မြတ်သောအခါမှာ ယောက္ခမအိမ်မှာပဲနေသည်။ ယောက္ခမနှင့် နောင်ချိန်ပြီဆိုတော့ ကိုသန်းတင် အိမ်ရောက်။ တစ်လတစ်လတွင် ကိုသန်းတင်အိမ်မှာ နေရတဲ့ ရက်တွေက များပါတယ်လေ။

အဲ. . . နောက် ၁၉၅၄–ခုနှစ်၊ နိုဝင်ဘာလ မေနှင့် အိမ်ထောင်ကျတော့မှ ယောက္ခမအိမ်က ရော ကိုသန်းတင်အိမ်ကရော အပြီးအပိုင် ထွက်ခွာခဲ့တော့သည်။

ကျော်အောင်၊ မြသန်း၊ အောင်လင်းတို့ကား ကျောင်းပြီး၍ အလုပ်အကိုင် အသီးသီး ရရှိကြပြီဖြစ်သော်လည်း ကိုသန်းတင် အိမ်မှာပဲ ကျန်ရစ်ခဲ့ကြတုန်း။ နောက် သူတို့ မိန်းမရကြတော့ မှ ခွဲခွာသွားကြ၏။

၁၉၅၉ ခုနှစ်၊ ကျွန်တော်သည် ပြည်လမ်း ၇–မိုင် ရွာတန်းရှည်ရွာမှာ နေစဉ် ကိုယ်ပိုင် အပတိ စာတစ်စောင်ကို ထုတ်တော့ ကိုသန်းတင်က စမ်းချောင်း ကျွန်းတောလမ်းတွင် သူ့ဇနီး နာမည်နှင့် ‘ မြမြဝင်း ပုံနှိပ်စက် ’ ကို တည်ထောင်နေသည်ဖြစ်၍ ကျွန်တော့်စာအုပ်ကို သူ့စက် မှာ ရိုက်သည်။

ထိုအချိန်၌ ကိုသန်းတင်အိမ်မှာ ကျော်အောင်၊ မြသန်း၊ အောင်လင်းတို့ မရှိကြတော့ပြီ။ သူတို့လည်း အသီးသီး အိမ်ထောင်ကျ၍ ကိုယ့်အိုးကိုယ့်အိမ်နှင့် ဖြစ်ကုန်ကြပြီ။

စနေ၊ တနင်္ဂနွေ ရုံးအားရက်များမှာ ဟိုတုန်းကလို တစ်စုတစ်ပြုံကြီး လာရောက် စားသောက်ကြသည်။

ကိုသန်းတင်၏ ဘဝလုပ်ငန်းစဉ်မှာ ဝင်ဆာလမ်းအိမ်တွင်နေစဉ်တုန်းက ဘီအေအောင် ၍ ပထမဦးဆုံး တက္ကသိုလ် ဘာသာပြန်ဌာနမှာ ဝင်လုပ်သည်။ ထို့နောက် ပညာအုပ် လုပ်သည်။ ပညာအုပ်ဘဝ၌ ပညာသင်ကြားရေး လေ့လာရန် အစိုးရက စေလွှတ်၍ အမေရိကသို့ သွားရ သည်။

ကိုသန်းတင်၏ ချစ်လှစွာသော ဇနီးသည် မမြမြဝင်းကာ ချစ်သောလင်နှင့် သားသမီးများ အား ခွဲခွာသွားတည်မှာ ၁၉၆၃ ခုနှစ်၊ ဇန်ဝါရီလကတည်းကပင် ဖြစ်၏။

ကျွန်တော်၏ ဘဝတစ်ကွေ့မှာ မှီခိုအားထားခဲ့ရသော ကျေးဇူးရှင်များဖြစ်၏။ သူတို့ လင်မယားသည် လာသမျှလူတွေကို သူစိမ်းသူကျက်မရွေး ထမင်းကျွေးတတ်သောကြောင့် ထိုစဉ် က သူတို့အိမ်ကို ‘ထမင်း စတုဒိသာ မဏ္ဍပ်ကြီး’ ဟု ခေါ်ခဲ့ကြ၏။

ဤမျှ စိတ်စေတနာကောင်းသူတို့သည် ကောင်းရာသုဂတိသို့ လားကြမည် မုချဖြစ် ချေ၏။

‘ခင်ဗျား ဒီဆောင်ပုဒ်ကို ကြည့်စမ်းပါ။ ခင်ဗျားပဲ တစ်မတ်ပေးပြီး ဝယ်ကပ်ထားတယ် မဟုတ်လား’

သို့သော် သူက လှည့်မကြည့်ချေ။ စီးကရက်ကို မှိန်းနေ၏။

‘ကဲ. . . ဒါဖြင့် ကျွန်တော်ကပဲ ဖတ်ပြမယ်။ မည်သူတရားပျက်ပျက် သင်မပျက်ပါနှင့်. . တဲ့။ ကဲ. . . အခု ကျွန်တော်က ဝတ္တုပေးဖို့ ပျက်ကွက်တယ်ပဲထား၊ ခင်ဗျားက ငွေပေးဖို့ ဝတ္တရား ပျက်ကွက်တော့မှာလားဟင်။ ဒီလိုဆိုတော့ ခင်ဗျားဟာ ဘယ်မှာ တရားရှိတော့တဲ့လူလဲဟင်။ ဒီ တစ်မတ်တန် စာတိုပေစကလေးမှ မလိုက်နာနိုင်ရင် ခင်ဗျား ကျမ်းကြီးကျမ်းငယ်တွေ ဖတ်နေလို့ လဲ အလကား ဖေါ့’

သူသည် မျက်နှာရှုံ့၍ မေးတိုကလေးကို ယမ်း ယမ်း ခါကာ. . . .

'ဟယ်. . . သွားစမ်း. . . သွားစမ်း၊ နားငြီးတယ်၊ နားအေး ပါးအေးတို့ အလုပ်မလုပ်ရဘူး၊ ဘယ်လိုဟာနဲ့များ လာပြီး ရေစက်ဆုံရတယ် မသိပါဘူး'

'ကျုပ်ဘုရားဖြစ်ရင် ခင်ဗျားက ကျောင်းဒကာသူဌေးကြီးဖြစ်ဖို့ ရေစက်ဆုံတယ် မှတ်လိုက်ပေါ့။ ခင်ဗျား နားအေးပါးအေး အလုပ်လုပ်ချင်ရင် အလွယ်ကလေးပဲ။ ပွဲထဲက ပြောတာ မကြားဖူးဘူးလား။ ကျားလာ အမဲကျွေး အေးရော၊ သော်တာဆွေလာ ငွေပေး အေးတယ်ဆိုတာ မဘိဘူးလား'

သူသည် နားနှစ်ဖက် လက်ဝါးနှင့်ပိတ်၍. . .

'မပေးနိုင်ဘူးဗျာ၊ မပေးနိုင်ဘူးဗျာ'

'မပေးနိုင်ရင် မသွားနိုင်ဘူးဗျာ၊ မသွားနိုင်ဘူးဗျာ'

'ငွေကို တွင်းထဲကများ နှိုက်ပေးနေရတယ်များ အောက်မေ့နေသလား'

'ဝတ္ထုကို ဂိုဒေါင်ထဲကများ ထုတ်ပေးနေရတယ်များ အောက်မေ့နေသလား'

'ငွေကို ရေမှတ်နေသလား'

'ဝတ္ထုကို ပါနီမှတ်နေသလား'

'တကထဲ. . . . သုံးလိုက်တဲ့ငွေ၊ သူ့ကိုယ်သူ သူဌေးသားကျနေတာပဲ'

'တကထဲ. . . ဈေးကိုင်လိုက်တာ၊ သူ့ကိုယ်သူ သူဌေးသမီးကျနေတာပဲ'

'သူဌေးသား ခင်ဗျားလောက်မသုံးဘူး'

'သူဌေးသမီး ခင်ဗျားလောက် ခေါင်းမမာဘူး'

'ဟာ. . . . တော်ဗျာ. . . . . သွားဗျာ'

'ဟာ. . . . မတော်ဘူးဗျာ. . . . မသွားဘူးဗျာ'

ဤကား ဦးကျော်နဲ့ကျွန်တော် လစဉ်လိုလို မကြာခဏပြောနေကျ စကားများဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့နှစ်ယောက်အကြားတွင် ဘယ်သူမှ ဘာမျှမပြောကြချေ။ ဦးကျော် နှင့် ကျွန်တော်နှင့် ဤသို့ ဘုနှင့်ဘောက် ကတောက်ကဆတ် ပြောနေကြသည်ကို 'သူတို့ လင်မယား စကားများနေကြတယ်' ဟု ပြောလေ့ရှိကြ၏။ ဦးကျော်နှင့် ကျွန်တော့်ကို လင်မယား ဟု ဆိုကြ၏။

ကျွန်တော်က ငွေတောင်းတိုင်းမရလျှင် ဤသို့လျှင် နားပူနားဆာလုပ်တတ်၏။ ကြာသော် ဗိုလ်ကျော် နားငြီးလာလေ၍ သူမနေနိုင်တော့ပြီ။ ကျွန်တော့် ၁ဝဝိ–တောင်းသည်ကို သူ အစိတ် လောက်က စပေး၍ ကျွန်တော်က ၇၅–ကျပ်တွင် တစ်ထစ်တင်းထားပြီး နောက်ပိတ်ဆုံး၌ စောင်တွေ၊ ခြင်ထောင်တွေ အရပ်ထဲလျှောက်ရောင်းသော ဈေးသည်နှင့် ဈေးဝယ်လို အလယ် ဗဟို ၅ဝိ–တိတိမှာ ကိစ္စပြီးကြလေ၏။

သူက ငွေထုတ်ပေးပြီး. . .

'ကဲ. . . . သွားတော့၊ ကိုရင့်မျက်နှာ မကြည့်ချင်ဘူး'

'အမယ်လေး. . . ကျုပ်ကလဲ ငွေရတဲ့နောက်တော့ ခင်ဗျားကဖူးချင်ပါသေးတယ်ဆိုတောင် ဒီမှာ တစ်မိနစ်မျှ မနေနိုင်တော့ပါဘူး။ ကျွန်တော့် ဗိုက်ထဲက အရက်ဆာသဖြင့် တကထဲ ဒီလို အချိန် ဒီလိုအခါမယ် တစ်ရာတောင်း ငါးဆယ်ပေး အေးတယ်ဆိုတာ သိလျက်သားနဲ့ အလကား အချိန်ကုန်အောင် ငြင်းဆန်နေတယ်။ အချိန်ဟာ အဖိုးတန်တယ် စကားများများပြောရင် အဆုတ်ကို ထိခိုက်တယ်ဆိုတာ မသိဘူးလား။ တကထဲ ကျုပ်ဖြင့် အတော်မာတယ်။ ခင်ဗျားဆီ ငွေတောင်းရတာဟာ မိန်းမတစ်ယောက် နောက်ပိုးရတာထက် ခက်သေးတယ်။ အာကိုပေါက်လု ရော'

'ဟယ်. . . . သွားစမ်း. . . သွားစမ်း၊ ဟောဒီမှာ မျဉ်းတံနဲ့ကောက်ပေါက်မိတော့မယ်'

ဟု သူက မျဉ်းတံ ကိုင်လိုက်သည်တွင် ကျွန်တော် ထိုင်ရာမှထ၍ သူ့ရှေ့မှာ အမြဲတမ်း ရှိနေသော ၅၀ ဝင် ဂိုးလ်ဖလိပ် သံတူးထဲမှ စီးကရက်တစ်လိပ်ကိုယူ၍ လစ်ခဲ့လေတော့၏။

'တာ့တာ. . . . ကိုကျော်'

စင်စစ် ဦးကျော်ကို ကျွန်တော်က နွဲ့ဆိုးဆိုး၏။ ဦးကျော်က ကျွန်တော်ဆိုးသမျှဒဏ် သည်းသည်းခံ၏။

ကြည့်စမ်းပါ။ ကျွန်တော် ပထမအိမ်ထောင်နှင့် သားသမီး ၅ ယောက် ရနေရာမှ ယခု လက်ရှိအိမ်ထောင် မနေနှင့်နေ၏။ ထိုအခါ ယောက္ခမအဟောင်းကြီးက ပွတ်လောရိုက်နေပြီ။ ရှုမဝ တိုက် လိုက်လာကာ ဦးကျော်ကို တိုင်တော့သပေါ့။

'မောင်ကြင်ဆွေမှာ မယားနဲ့ သမီး ၅ ယောက် ရှိပါတယ်၊ ရှုမဝ သူရတဲ့လခကို ကျွန်မ သမီး ပေးပါ'

စင်စစ် ကျွန်တော်သည် ရှုမဝ၏ တရားဝင် လခစားမဟုတ်သော်လည်း သော်တာဆွေ၏ လစဉ်ပါဝတ္ထုတစ်ပုဒ်ကို ဦးကျော်က တစ်လ ၃၀၀ ကျပ် ပေးနေသဖြင့် ကျွန်တော်က ရှုမဝ၏ လခစားကဲ့သို့ပင် ဖြစ်နေ၏။

ထိုစဉ်က တစ်လ ၃၀၀ ကျပ်ဆိုတာ ဝင်ငွေသည် တစ်အိမ်ထောင် ချောင်ချောင်လည် လည် စားသောက်နိုင်၏။ ဒါကို ကျွန်တော့် ယောက္ခမကြီးက အပိုင်လာကိုင်ခြင်းဖြစ်သည်။

ယင်း၌ ကျွန်တော့် အိမ်ထောင်ရေးအတွက် ဦးကျော်က စီမံလိုက်ပုံမှာ ထိုစဉ်က ရှုမဝတွင် အယ်ဒီတာ တင့်တယ်ကိုင်သော 'စာကြည့်တိုက်ကဏ္ဍနှင့်' တွဲဖက် တာဝန် ယူရသည့် 'ကလေး ရှုမဝ' ရှိနေရာမှ သော်တာဆွေအား ဟာသဘက်ဆိုင်ရာ 'အဟိ' ဟူ၍ တစ်ခန်းတိုးချဲ့စေကာ ကျွန်တော့်အားတစ်လ ၃၀၀ ကျပ် ပေးတော့၏။

ယင်း၌ ကျွန်တော်သည် ရှုမဝမှ တစ်လ ၆၀၀ ကျပ်ရ၍ ပထမအိမ်ထောင်အား တစ်လ ၂၅၀ ကျပ် ပေးခြင်းဖြင့် ကျွန်တော်၏ နှစ်အိမ်ထောင်သည် ပြေလည်သွားတော့၏။

ထို့ကြောင့် ကျွန်တော် ဦးကျော်ကို သိပ်ပြီး ကျေးဇူးတင်သည်။

ကျွန်တော်၏ စာရေးဆရာ ဘဝတာတွင် ကျွန်တော်၏ ကျေးဇူးရှင်များကို မှတ်တမ်းတင်ရမည်ဆိုလျှင်. . .

(၁) ဆရာကြီး ရွှေဥဒေါင်း။

ကျွန်တော်သည် ဆရာကြီး၏ စာတွေကိုဖတ်၍ ရေးပုံ ရေးနည်းကို အတုယူကာ လေ့ကျင့်ရေးသားခဲ့ခြင်းဖြင့် ကျွန်တော် စာရေးဆရာ ဖြစ်လာခဲ့သည်။

(၂) ဆရာ ဦးခင်မောင်လတ်နှင့် အစ်မကြီး ခင်မျိုးချစ်။

အင်္ဂလိပ်စာ ကောင်းစွာ မတတ်ခဲ့သော ကျွန်တော့်အား ကမ္ဘာကျော် အင်္ဂလိပ် ဟာသ စာရေးဆရာကြီး ဏ္ဍသိနှသမျ ၏ ဟာသဝတ္ထုတွေ ကျယ်ပြန့်စွာ ရေးသားလာနိုင်ခဲ့ သည်။

အေးဆွေ၊ ပေါ်အူး၊ ပတ္တမြားဝင်းထိန်၊ ကြံ့ဗဟုန်းဆိုသည့် ဇာတ်ကောင်များကို ဖန်တီးနိုင်ခဲ့သည်။

(၃) ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့် ဘဝ ဖူလုံရေးကို ဖန်တီးပေးခဲ့သော ရှုမဝ ဦးကျော်။

ထို့ပြင် ကျွန်တော်သည် ရှုမဝမှ စတင်ခဲ့၍ ရှုမဝ စင်တော်မှာ ထင်ပေါ်ကျော်ကြားခဲ့သော ရှုမဝ၏သား သော်တာဆွေ။

လောကကြီး၌ မမျှော်လင့်သော မတွေးထင်သော အရာတို့သည် ရုတ်တရက် ဖြစ်ပျက်တတ်၏။

. . . . . .  . . . . .  . . . . . .။

ယင်း၌ အခက်အခဲ ကြုံတွေ့ရသူ အသီးသီးသည် ကိုယ့်ဘဝကိုယ် ဖြေရှင်းရမည် ဖြစ်လေရာ ကျွန်တော့်အဖို့မူ ကျွန်တော့်ဇနီးသည် မုန့်ဟင်းခါးသည်မကို အားကိုးရပေတော့ သည်။

'ကဲ. . . . . မေရေ၊ တို့ကို မောင်ပိုက် တိုက်တွန်းနေတာတော့ မလွှဲမရှောင်သာ လုပ်ရမယ့် အခြေ ရောက်လာပြီကွ'

မောင်ပိုက်ဆိုသူကား ကျွန်ုပ် အင်းစိန်ရောက်မှ တွေ့ဆုံသိကျွမ်းရသော စာပေ တပည့်တစ်ယောက်ဖြစ်၏။ ကျွန်တော့်ကို ကြည်ညိုချစ်ခင်၏။ ကျွန်တော်လိုသမျှ အကူအညီပေး၏။

ကျွန်တော်တို့ ၆–မိုင် မာလကာခြံတွင် နေစဉ်က ဘားလမ်း က–ည–န မှာ မုန့်ဟင်းခါးဆိုင် ထွက်ခဲ့သည်ကို သူသိသဖြင့်. . . .

'ဆရာကြီးတို့ ဒီမှာပဲ မုန့်ဟင်းခါးဆိုင် ဖွင့်ပါလား' ဟု ပြော၏။

ကျွန်တော်တို့အိမ်ရှေ့ မျက်နှာစာမှာ ဆိုင်ဆောက်မယ်၊ ကျွန်တော်တို့လဲ ဆရာကြီး မုန့်ဟင်းခါးဆိုင်နဲ့တွဲပြီး လက်ဖက်ရည်ဆိုင် ဖွင့်မယ်'

အင်း. . . . နေရာကတော့ နေရာကောင်းပဲ။

မောင်ပိုက်တို့အိမ်မှာ အင်းစိန်မင်းလမ်းနှင့် ဟိုက်ပက်လမ်းထောင့် အရှေ့ဆက်ခြမ်း ကုန်းမြင့်ပေါ်မှာတည်ရှိ၍ အိမ်ရှေ့မျက်နှာစာလည်း တော်တော်ကျယ်ဝန်း၏။

လမ်းမထက် များစွာမြင့်၍ အပြင်မှ ထင်ရှားစွာ မြင်ရ၏။ အိမ်ရှေ့လမ်းမမှာ ဆိုက်ကား ဂိတ်လည်းရှိ၏။ မော်တော်ကား ရပ်စရာ နေရာလည်းရှိ၏။

ခြံစည်းရိုးတွင် ထီးရိုးဝါးရိုးလည်းရှိ၏။ ကြခတ်ဝါးရုံလည်းရှိ၏။ အုန်းပင်လည်းရှိ၏။ ခြံဝင်း ထဲတွင် ဆယ့်နှစ်ရာသီပွင့်သော သနပ်ခါးပန်းပင်လည်းရှိ၏။ စိန်ပန်းပင်လည်းရှိ၏။ မာလကာပင် လည်းရှိ၏။ ပိန်းနဲပင်လည်းရှိ၏။ သရက်ပင်လည်းရှိ၏။ ယူကလစ် ပတတ်ပင်လည်းရှိ၏။

ထို့ကြောင့် အရိပ်အာဝါသ ကောင်းသဖြင့် လာရောက်စာသောက်ကြသူတို့ စိတ်ကြည်လင် ချမ်းမြေ့ကြပေမည်။

ယင်းသို့ ကျွန်တော် စဉ်းစားမိသည်နှင့် မောင်ပိုက်အား. . . .

'အေး. . . မင်းတို့အိမ်ရှေ့က လက်ဖက်ရည်ဆိုင်တော့ အင်မတန် ဖွင့်ဖို့ကောင်းတဲ့နေရာကွ၊ ဒီပြင်ဆိုင်တွေထက် ထူးခြားတဲ့ Garden Shop ဥယျာဉ်ဆိုင် ဖြစ်သွားမှာပဲကွ၊ မင်းတို့ညီအစ်ကိုတွေ ဖွင့်ကြပါလားကွ'

'ဆရာကြီး မုန့်ဟင်းခါးဆိုင်နဲ့ တွဲပြီးမှ ကျွန်တော်တို့က ဖွင့်ချင်လို့ပါ'

မောင်ပိုက်သည် ကျွန်တော့်အိမ်သို့မကြာခဏ လာလေ့ရှိသည်။ မေနှင့်လည်း ခင်မင်နေသဖြင့် ကျွန်တော်က ဤအကြောင်းပြောပြတော့ မေက ယခင် ၅ နှစ်မျှ ဖွင့်ခဲ့သော မုန့်ဟင်းခါးဆိုင်လုပ်ငန်းကို တွေးပြီး ပင်ပန်းနေသဖြင့် မလုပ်ပါရစေနဲ့ဟု ငြင်းဆန်ခဲ့၏။

သို့သော် ကျွန်တော်တို့ စာပေလုပ်ငန်းက ဝင်ငွေမမှန် ဖြစ်လာသည်၌ ဝမ်းရေး ထိခိုက် လာပြီဖြစ်၍ ရှမဝ မိသားစုပင်လျှင် သူတို့တိုက်ရှေ့မှာ စတိုးဆိုင်ဖွင့်ရကြောင်း ပြောပြကာ ကျွန်တော်က မေ့အား တိုက်တွန်းရတော့သည်။

မေ မငြင်းသာတော့ပြီ။ သူက အိမ်မှချက်ပေးမည်။ အက်ဖီနှင့် မောင်သန်းအေးကို ဈေးထွက်စေမည်ဟု စီမံသည်။

အက်ဖီက (ခင်မောင်စိုး၏ သမီး) ကျွန်တော်တို့ မြေးမ မောင်သန်းအေးက သူ့ယောက်ျား။

သူတို့နှစ်ယောက်သည် ယခင်က မင်္ဂလာဈေးတွင် ရခိုင်မုန့်တီနှင့် လက်သုပ်စုံ ရောင်းခဲ့သည်။ ယခု အသွားအလာ ခက်ခဲ၍ ထိုဈေးလည်း လူမစည်တော့သဖြင့် သူတို့ ဆိုင် မထွက်ဘဲ နေရသည်နှင့် အံကိုက် ဖြစ်သွားလေသည်။

ထို့ကြောင့် ကျွန်တော်က မောင်ပိုက်အား. . .

'ကဲ. . . တို့ကတော့ အဆင်သင့်ဖြစ်ပြီဟေ့၊ အိုးခွက်ပန်းကန်တွေ ရှိပြီးသား၊ မင်းတို့ လက်ဖက်ရည်ဆိုင်က ခုမှ စရမှာဆိုတော့ လိုသမျှပစ္စည်းတွေ အမြန်ဝယ်ပေတော့'

ထိုအခါ မောင်ပိုက်က အားတက်သရော. . . .

'ကျွန်တော်တို့မှာ ငွေရင်း အပြည့်အစုံရှိပါတယ်၊ ဆရာကြီး ဆိုင်ထွက်ချင်တဲ့ ရက်ကိုသာ နေ့ကောင်းရက်သာ ရွေးပေတော့'

ကျွန်တော်သည် အောက်တိုဘာလ ၂၅ ရက်၊ သီတင်းကျွတ်လပြည့်၊ အင်္ဂါနေ့ကို ရွေးလိုက်သည်။

ထိုနေ့မှာပင် မောင်ပိုက်တို့ လက်ဖက်ရည်ဆိုင်နှင့် ကျွန်တော်တို့ မုန့်ဟင်းခါးဆိုင် တွဲဖက်ဖွင့်လိုက်သည်။

မောင်ပိုက်သည် အပေါင်းအသင်းစုံ၍ လူချစ်လူခင် များသည့်အားလျော်စွာ ဆိုင်စဖွင့်သည့်နေ့မှာပင် ကျေနပ်အားရဖွယ် ကောင်းလောက်အောင် ရောင်းရပါပေသည်။

ကျွန်တော်တို့ မုန့်ဟင်းခါးမှာ နှစ်ပိဿာနှင့် စလိုက်ရာ မနက် ၉ နာရီလောက်၌ ကုန်သွား၏။

ဒီဆိုင် လက်ဖက်ရည်လည်း ကောင်းတယ်၊ မုန့်ဟင်းခါးလည်းကောင်းတယ်၊ နေရာထိုင်ခင်းလည်း ကောင်းတယ်၊ စားပွဲထိုးကလေးတွေကလည်း လူရည်သန့်တယ်၊ ရည်မွန် ဖော်ရွေတယ် ဟူသော အသံ ထွက်လာ၏။ သူတို့ကား မောင်ပိုက်၏ညီ ခေတ်ပညာတတ် ကလေးများ ဖြစ်ကုန်၏။

ဆိုင်ဖွင့်ပြီးသည့်နောက်. . . . .

'ဆရာကြီး ကျွန်တော်တို့ဆိုင်တော့ နာမည်ပေးဦးမှ' ဟု မောင်ပိုက်က ဆိုလာ၏။

'ဆရာကြီး ဘာနာမည်ပေးချင်လဲ'

'အေး. . . . မင်းတို့ဆိုင်၊ မင်းတို့အိမ်ရှေ့မှာပဲ၊ မင်းတို့ ကြိုက်တာ ပေးပေါ့ကွာ'

သူတို့အိမ်ရှေ့မှာ အမြဲမပြတ် ပွင့်တတ်သော သနပ်ခါးပန်းခင်းကြီးက ရှိနေသဖြင့် မောင့်ပိုက်က. . . .

'သနပ်ခါးရိပ်သာ'

ဟု ပေးမည်ကြံကြောင်း ပြောရာ ဤဆွေးနွေးပွဲတွင် ဝင်ပါနေသော ကဗျာဆရာ တင်မိုးက 'နံ့သာရိပ်' ဟု အဆို တင်လိုက်သည်နှင့် အားလုံးသဘောတူသွားကြကာ၊ ယခုအခါ အောက်ပါ ဆိုင်းဘုတ်နှင့် ဖြစ်သွားတော့၏။

'နံ့သာရိပ် ကဖီး'
'မေစပါယ်ရှယ် မုန့်ဟင်းခါး'

ကျွန်တော်တို့ဆိုင်သည် တစ်နေ့တစ်ခြား ရောင်း၍ ကောင်းလာသဖြင့် အားလုံး အားတက်သရော ရှိလာကြသည်။

မေက မနက်စောစော ၄ နာရီလောက်ထ၍ မုန့်ဟင်းခါးချက်။

အက်ဖီတို့လင်မယားက ၅ နာရီခွဲ ၆ နာရီလောက် စျေးထွက်ကြ။

မောင်ပိုက်တို့အိမ်နှင့်ကျွန်တော်တို့အိမ်က ၁၀ မိနစ်လောက်လျှောက် ရောက်သွားတာပဲ။ မုန့်ဟင်းအိုးကို အက်ဖီတို့ နှစ်ယောက် ဆွဲသွားကြသည်။

ကျွန်တော်ကတော့ ဟိုတုန်းကလို အဝယ်တော်ပဲ။ လိုသမျှ ပစ္စည်းကို ဗိုလ်ကုန်းစျေးမှာလည်းကောင်း၊ အင်းစိန်စျေးမှာလည်းကောင်း၊ နံနက်တိုင်း သွား၍ဝယ်ရသည်။

## မေ့ ကံကြမ္မာ

သီတင်းကျွတ်လပြည့်နေ့၊ အောက်တိုဘာလ ၂၅ ရက်နေ့ကစ၍ ဆိုင်ထွက်ခဲ့သည်။

၅ ရက်မြောက် အောက်တိုဘာ ၂၉ ရက်၊ စနေနေ့တွင် နံနက် ၇ နာရီလောက် ကျွန်တော် အင်းစိန် စျေးသို့ လမ်းလျှောက်သွားနေစဉ် မ၊ညာ၊က ရပ်ကွက် ကိုတင်မိုးတို့အိမ် အလွန်လောက်၌ နောက်မှ ဘိုင်စကယ်ဘဲလ်သံ တညံ့ညံ့နှင့် . . .

'ဦးကြီး . . . . ဦးကြီး'

ကျွန်တော့်အား အရေးတကြီး ခေါ်သံကြားရ၍ လှည့်ကြည့်လိုက်တော့ ကျွန်တော့် အိမ် အနီးနေ ကျွန်တော့်တူလေး မောင်စိုးမြင့်။

'အန်တီမေ အိမ်ပေါ်ကကျပြီး လက်ကျိုးလို့'

ကျွန်တော် ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူးသွားကာ . . . .

'မေ . . . . '

'အက်ဖီတို့ကိုတော့ ဆေးရုံပို့ဖို့ ဆိုက်ကား ခေါ်သွားခိုင်းလိုက်ပြီး၊ ဦးကြီး ကျွန်တော့် စက်ဘီးပေါ် နောက်ကထိုင်'

မောင်စိုးမြင့်သည် ကုန်းတက် ကုန်းဆင်းနှင့် အင်မတန် ကြမ်းတမ်းသောလမ်းကို အမြန်ဆုံးနင်းသည်။

ကျွန်တော်သည် စက်ဘီးနောက် ထိုင်ခုံပေါ်၌ တင်ပါးနာကျင်စွာ ထိုင်လိုက်ရလျက် မေ ဘယ်လိုများ ဖြစ်ပါလိမ့်ဟု စဉ်းစားသည်။

သည်မနက် ၄ နာရီလောက် မုန့်ဟင်းခါးချက်ရန် သူ အိပ်ရာကထ၍ အိမ်ပေါ်က ဆင်းလာကတည်းက အိမ်အောက် မီးဖိုချောင်၌ မီးမွှေးနေပြီဖြစ်သော ကျွန်တော့်အား သူ့ညာဘက် ခြေက လေ့ကား တက်ရဆင်းရ မကောင်းဘူးဟု ပြောသည်။ ဒီတော့ ကျွန်တော်က . .

'ဒါဖြင့် အိမ်ပေါ် မင်း အတက်အဆင်း မလုပ်နဲ့တော့ အိမ်ပေါ်မှာ ယူစရာရှိ ငါ့ကိုခိုင်း'

ဟု ပြောပြီးနောက် ကျွန်တော် အိမ်ပေါ်ပြန်တက်၍ စာရေးနေသည်။

သူ မုန့်ဟင်းခါးချက်၍ ကျန်ခဲ့သည်။ အိမ်ပေါ်မှ လိုချင်စရာရှိလျှင် ကျွန်တော့်ကို လှမ်းပြောသည်။

မေက လက်ကုန်မီးသွေးကို နောက်တစ်နေ့ မုန့်ဟင်းခါးအတွက် ကုလားပွဲပြုတ်အိုးကို မီးဖိုပေါ်တင်ပြီး ကြက်သွန်ဖြူ နီ ဂျင်း စပါးလင်များ လှီးဖြတ် ထုထောင်း၍ ကုန်ခဲ့သည်။ မုန့်ဟင်းခါးအလုပ်သည် အင်မတန် လက်ဝင်သည်။ အလုပ်နှင့်လက်နှင့် မပြတ် လုပ်ရသည်။

မိုးစင်စင်လင်းသောအခါ ကျွန်တော် စာရေးစားပွဲမှထပြီး ဈေးခြင်းကိုဆွဲ၍ ထွက်ခဲ့သည်။ သူ့အား. . . .

'ဟေ့ အိမ်ပေါ်မတက်နဲ့နော်၊ မင်းတစ်ယောက်ထဲကျန်ခဲ့တာ၊ သတိထားနေ'

ဟု မှာခဲ့သေးသည်။ သို့စဉ်လျက် ယခု သူ အိမ်ပေါ်က ကျခဲ့ချေပြီ။

ကျွန်တော်တို့ ရောက်သွားသောအခါ မေ့အား အိမ်နီးပါးနားက လူများနှင့် ဆိုက်ကားပေါ် တင်ပြီးနေပြီ။

မေသည် အလွန် အလုပ်လုပ်သူ၊ စိတ်ဆောင်သူဖြစ်၍ ထမင်းချက်ရန် အိမ်ပေါ်သို့ ဆန်တက်ယူရာ၌ ဆန်နှင့် ထမင်းအိုးရော အမြင့် ၇ ထစ်ရှိသော လှေကား၊ ၆ ထစ်လောက်မှ ခြေခေါက်၍ အောက်ကိုကျသဖြင့် လက်နှစ်ဖက်စလုံး သွင်သွင်ကျိုးသည်။

မျက်နှာ ဖူးရောင်ညိုမည်းနေသည်။ ပါးစပ်မှာလည်း သွေးတွေနှင့်။ ကျွန်တော့်ကို မြင်သောအခါ မချိသော အကြည့်နှင့်သာ။ နှုတ်ကတော့ ဘာမျှ မပြောနိုင်တော့ရှာ။

သူ့ကိုယ်သူလည်း ဆိုက်ကားပေါ်မှာ မထူနိုင်။ နံဘေးက ဖေးမ၍ ဆိုက်ကားကို တွန်းသွားကြရသည်။ ကျွန်တော်တို့ ရွာဝင် ရွာထွက် လမ်းကလည်း မကောင်း။

အင်း သည်အတိုင်းဆို အင်းစိန်ဆေးရုံကို တော်တော်နှင့်ရောက်မည်မဟုတ်။ မေ့ခန္ဓာ ကိုယ်မှာလည်း အလွန်တရာ နာကြည်းနေပြီကို သူ့မျက်နှာ ကြည့်ရခြင်းအားဖြင့် ကျွန်တော် သိသည်။

သို့ဖြင့် မဂ္ဂင်ကျောင်းလမ်းအထွက် ကုန်ပေါ် တက်ရမည့် ကွေ့အချိုး အရောက်တွင် ကျွန်တော့် မိတ်ဆွေ သစ်တောမင်းကြီး ဦးသိန်းလွင်၏ခြံဝမှထွက်လာသောအက်ဖီက ကျွန်တော့် အား. . . . .

'ပါးပါး၊ ဦးသိန်းလွင်က သူ့ကားနဲ့ လိုက်ပို့မယ်တဲ့'

'ဟဲ့ သမီးက သူ့ဆီ သွားအကူအညီ တောင်းလို့လား'

'မဟုတ်ဘူး၊ ဝင်ဒါမီယာ အနီဆီကို မာမီကြီးအကြောင်း တယ်လီဖုန်းနဲ့ပြောတော့ သူတို့ အိမ်သားတွေ ကြားသွားတာ'

ဝင်ဒါမီယာတွင် မေ၏သား အနီခေါ် ခင်မောင်ဦး အိမ်တွင် တယ်လီဖုန်းရှိသည်။ ဒါကို ဦးသိန်းလွင်အိမ်က ဖုန်းနှင့် သွားဆက်ခြင်း။

မေ့အား ဆိုက်ကားပေါ်မှ ပြောင်း၍တင်၊ ရွာသားများကား အပြည့်ပဲ လိုက်လာကြ။ ခဏ အတွင်းပဲ အင်းစိန် ဆေးရုံရောက်တော့. . . .

ဟိုက်. . . ဒီဆေးရုံက သာမန်ဖျားတာ နာတာလောက်ပဲ၊ ဒီလိုကျိုးတာ ပဲ့တာမျိုး မကုနိုင်၊ ဓာတ်မှန် ရိုက်စရာမရှိပါဘူးတဲ့ ခင်ဗျာ၊ ရန်ကုန်ဆေးရုံကြီးကိုသာ သွားပါတဲ့။

အမယ်လေးဗျ၊ ဦးသိန်းလွင် ကားနဲ့ လိုက်ပို့ပေးလို့သာပေါ့၊ ဟို ဆိုက်ကားနဲ့သာဆိုရင် ဘယ်လို ခရီး ဆက်ပါ့မလဲ။ အဲသည်အချိန်မှ ဓာတ်ဆီဈေးကလည်း ခေါင်ခိုက်နေ၍ တက္ကစီ ကားက လွယ်လွယ်နှင့် ရမည်မဟုတ်။ ရသည့်တိုင်အောင် ကားခ မည်မျှ တောင်းရမည်နည်း။ အင်းစိန် ဆေးရုံမျှသာထင်၍ ကျွန်တော့်အိတ်ထဲတွင် ငွေက ဈေးဖိုး တစ်ရာကိုးဆယ်မျှသာ ပါခဲ့ ၏။ နောက်ထပ် ငွေမယူခဲ့မိ။

## ဦးသိန်းလွင်

သူသည် အရေးရှိလျှင် ကျွန်တော်တို့အား ကယ်မသူဖြစ်နေ၏။ ကျွန်တော်တို့ ဒီမဂ္ဂင်ကျောင်းလမ်းထဲ ရောက်စပထမနှစ်၊ ၁၉၀၆–ခု ဒီဇင်ဘာလ ၂၅–ရက်၊ ခရစ္စမတ်နေ့၌ မနက်ခါ ရွှေပွဲလာ ပရိသတ်များကျွေးဖို့ နံနက်စောစီး မုန့်ဟင်းခါး ချက်နေစဉ် မိုးမလင်းမီ ၅– နာရီလောက်ကြီး၌ မေသည် ရုတ်တရက် ဝမ်းဗိုက်ထဲတွင် နာပါသည်။ ရင်ဘတ်ထဲက အောင့်ပါ သည်ဟု အမယ်လေး ဘလေးဖြစ်သည်၌ ကျွန်တော်သည် အားနာမနေနိုင်တော့ဘဲ ဦးသိန်းလွင် တိုက်ရှေ့ သွားရောက်ကာ သံတံခါးခေါက်၍ အော်ခေါ်ပြီး နှိုးခဲ့ရသည်။

အဲ့သည်တုန်းကလည်း စေတနာထက်သန်စွာ သူ့ကားနှင့်လိုက်ပို့ပါသည်။

ဦးသိန်းလွင်နှင့် ကျွန်တော်သည် ယခု မဂ္ဂင်ကျောင်းလမ်း ရောက်မှ သိကြသည်မဟုတ်။ ၁၉၇၅–ခုနှစ်၊ ကသာမြို့ စာပေဟောပြောပွဲသို့ ကျွန်တော် ရောက်သွားစဉ်က ထိုပွဲမှာ သူက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့၍ ကျွန်တော်နှင့် ခင်မင်ခဲ့ခြင်းဖြစ်သည်။

ထိုမှ ၁၁–နှစ်မျှအကြာ ၁၉၈၆–ခုနှစ်၌ ကျွန်တော် မဂ္ဂင်ကျောင်းလမ်းသို့ ရောက်လာ တော့ သူက ရန်ကုန်မှာ သစ်တောမင်းကြီးအဖြစ်သို့ မဂ္ဂင်ကျောင်းလမ်းထိပ် ခြံဝင်းကျယ်ကြီး တစ်ခုအတွင်း မှာ အခြေတကျ အိမ်ကြီးရခိုင်ဆောက်၍ နေပြီတည်း။

မမျှော်လင့်ဘဲ ကျွန်တော်နှင့် အိမ်နားပါးနားအဖြစ် ဆုံစည်းရသည်။

ကျွန်တော်တို့ တယ်လီဖုန်း ပြောစရာရှိလဲ သူတို့ပဲ။

ယခု ကျွန်တော့် မြေးမကလေး အက်ဖီက သူ့အိမ်ဝင်ပြီး တယ်လီဖုန်းပြောသည်နှင့် မေ့ ဖြစ်ပုံကိုသိသွား၍ သူ့သားအား ကားနှင့် လိုက်ပို့စေခြင်း။

ပထမ အင်းစိန်ဆေးရုံလောက်ပဲ အောက်မေ့ခဲ့တာ၊ ယခု ရန်ကုန်ဆေးရုံကြီးအထိ သွားရတော့မည်ဟု သူ့သားက ဖုန်းဆက်၍ ပြောသောအခါလည်း ဦးသိန်းလွင်က လိုသမျှ ဆောင်ရွက်ပေးရန် ညွှန်ကြားလိုက်ခြင်းဖြင့် ကျွန်တော်တို့သည် ရန်ကုန်ဆေးရုံကြီးသို့ လွယ်ကူစွာ ရောက်ခဲ့ကြလေ၏။

ကျေးဇူးကမ္ဘာပါပဲ ဦးသိန်းလွင်ရယ်. . . . . ။

ကားမောင်းပို့သော သူ့သားကလေးကလည်း တော်ပါပေသည်။

မေ ဆေးရုံ O.P.D ရောက်သည်မှဓာတ်မှန်ရိုက်ပြီး အခန်း ၅–မှာ နေသားတကျ ဖြစ်သည်အထိ ၂–နာရီလောက် ကြာအောင် မဂ္ဂင်ကျောင်းလမ်းမှ လိုက်ပို့သူများ အပြန်ကိုပါ စောင့်ခေါ်သွားပါသည်။

အရေးကြုံမှ မိတ်ကောင်း ဆွေကောင်း ဆိုတာကို သိရပါသည်။

အရပ်ထဲ၌ ဝိုင်းဝန်းကူညီလိုက်သူများနှင့် ဆေးရုံအထိလိုက်ပို့သူများကို အထူး ကျေးဇူး တင်လှပါ၏။

## မေ့ဝေဒနာ

ဓာတ်မှန် ရိုက်ကြည့်လိုက်သောအခါ မေ့ ဘယ်လက်က တစ်ချက်ကျိုး၍ ညာလက်က နှစ်ချောင်းတောင် ကျိုးသွားကြောင်း သိရ၏။

ယင်း၌ လူကို မေ့ဆေးပေး၍ လက်နှစ်ဖက်စလုံးကို ခွဲစိပ်ကာ အရိုးချင်း ပြန်လည်တေ့ ဆက်ပြီး ကျောက်ပတ်တီးစည်းရမည်။

သို့သော် ယခုချက်ချင်း မေ့ဆေးပေး၍မရ။ မနက်စောက ဘာအစာစားသလဲ မေးပါသည်။ နံနက် ၆–နာရီလောက်က ကော်ဖီတစ်ခွက် သောက်ထားသည်ဟု ပြောသောအခါ ထိုမှ ၆–နာရီ ခွာရမည်ဖြစ်သောကြောင့် မွန်းတည့် ၁၂–နာရီမှသာ မေ့ဆေးပေးရတော့မည်။

ဤကြားအချိန်မှာကား ဘာဆေးဝါးမျှ ကုသခြင်းမခံရ၍ မေသည် အပြင်းထန်ဆုံးသော ဝေဒနာကို ခံစားနေရတော့၏။

ကျိုးသောလက်တွေက နာနေသည်။ ဝမ်းဗိုက်က အစာဆာနေသည်။

အောင့်အည်း သည်းခံပေရော့ မေရေ၊ တို့–ဗုဒ္ဓဘာသာတရားအလိုတော့ ကိုယ့်ဘဝ ဝဋ်ကြွေးက ခံရစရာရှိလို့ပဲ ဆိုရမယ်။

ကျွန်တော်လည်း မချိသော မေ့မျက်နှာကို ကြည့်၍ စိတ်မချမ်းသာပါ။

သို့သော် ''ဟော့. . . . ငသော်တာရေ၊ ဒါဟာ မင်း မိန်းမတစ်ယောက်တည်း ဖြစ်တာ မဟုတ်ပါဘူးကွ၊ အခု–ဆေးရုံအခန်းနံပါတ် ၅–နဲ့ ၆–မှာ ရှိနေတဲ့ လူနာငယ်ကြီး အရွယ်ရွယ်တွေ ကို ကြည့်လိုက်စမ်းပါ၊ မင်း မိန်းမလို ဝေဒနာမျိုးချည်းပဲ၊ သူတို့လဲ ရောက်စမှာ ဒီလိုပဲ ခံစားရမှာ ပေါ့၊ တချို့များ ခြေတွေ လက်တွေ ပြတ်တောင်နေသေးမဟုတ်လား။

ဖြစ်ပြန်ပျက်ပြန် လောကဓံတရားဟာ ဒီလိုပေါ့ကွာ။ မင်းတောင် တစ်နေ့ ဒီလို မတော် တဆ မဖြစ်ဘူးလို့ ပြောနိုင်မလား။ ဟားဟား'ဟု မိမိကိုယ်မိမိ ဖြေသိမ့်လိုက်ရ၏။

ထိုအချိန်၌ မွေ့အနီးတွင် ရှိနေကြသူများမှာ မွေ့ရွှေးမနိုရာ၊ ဝင်ဒါမီယာမှ ရောက်လာ သော မွေ့သား အနီနှင့်အကြီးတို့ လင်မယား။ မြေးသမက် မောင်သန်းအေး၏ အစ်ကို ကိုဇော်ဌေး။

အက်ဗီနှင့် မောင်သန်းအေးတို့ လင်မယားကား လိုက်၍မဖြစ်။ ရောင်းလက်စ မုန့်ဟင်းခါးဆိုင်မှာ ဆက်လက် ရောင်းချနေရသည်။

ဝမ်းရေးအလုပ်ကလည်း လက်လွှတ်၍မဖြစ်။ ယင်းအခိုက်အတန့်မှာ ဒါလေးလုပ်မှ စားရသောအချိန်။

ကျွန်တော်တို့သည် မွေ့အား မွေ့ဆေးပေး၍ ခွဲစိပ်ကုသမည့် ၁၂ နာရီအချိန်ကိုအား နာရီ တကြည့်ကြည့်နှင့် စောင့်မျှော်နေကြ၏။

၁၂ ကွက်အလယ်၌ လက်တံနှစ်ခု ထပ်လေသော် ရင်ထဲမှာ ပေါ့သွား၏။ မွေ့အား သယ်ဆောင်ဖို့ ကုလားများ လက်တွန်းလှည်းနှင့် ရောက်လာတော့မည်။ အခန်းအပေါက်ဝကို မျှော်ကြည့်နေကြ၏။

သို့သော် တော်တော်နှင့်မလာ။ မိနစ် ၂၀ ကျော်တော့ ကျွန်တော် သည်းမခံနိုင်တော့။

ဤအခန်းနှင့်သက်ဆိုင်သူ ဆရာမဆီသွားပြီး အရေးဆိုတော့ ခွဲစိပ်ကုသမည့် ဆရာဝန် မရောက်သေးဟု ပြော၏။ ကျွန်တော် ဒေါ်ပွကာ. . . .

'ဟာ ဖြစ်မလားဗျ၊ ဒီမှာ လူနာက မချိမဆန့် ခံနေရတာ ဆရာဝန်တွေက အချိန်မှန်မှန် မလာဘူးလားဗျ'

'ကျွန်မ မသိဘူး'

'ဒါ သူတို့ ဂျူတီချိန် မဟုတ်လား'

ဆရာမက ဘာမျှပြန်မပြော။ ကျွန်တော် ရုတ်တရက် ဆေးရုံအုပ်ကြီး ဒေါက်တာ တင်မောင်အေးကို သတိရသည်။

လွန်ခဲ့သောနှစ် စာဆိုတော်ရာသီက သူတို့ဆေးရုံ နာ့စ်ကွာတာထဲမှာ ကျွန်တော် စာပေ ဟောပြောခဲ့ရသည်။

သူ့အိမ်နှင့် ဆေးရုံဖုန်းနံပါတ်ကို ပေးလိုက်သည်။ သို့သော် ဒိုင်ယာရီစာအုပ်ထဲမှာသာရှိ ၍ ကျွန်တော် မမှတ်မိ။

ထို့ကြောင့်. . . .

ဆရာမ ဒီအချိန်မှာ ဆေးရုံအုပ်ကြီးဟာ ရုံးမှာ ရှိမလား၊ သူ့အိမ်မှာ ရှိမလား'

မေးတော့. . . . .

'ဒီနေ့ စနေနေ့ပဲ၊ ရုံးဘယ်လာမလဲ၊ အိမ်မှာ ရှိမှာပေါ့'

'ဆရာမ သူ့အိမ်ဖုန်းနံပါတ်သိမှာပေါ့၊ ကျွန်တော့် ခေါ်ပေးစမ်းပါ'

'ကျွန်မ ဘယ်ခေါ်ဝံ့မလဲ'

'ဒါဖြင့် ကျွန်တော်ခေါ်မယ်၊ ဖုန်းနံပါတ် ဘယ်လောက်လဲ'

'ခေါ်လဲ ဘယ်လာမလဲ၊ စနေ , တနင်္ဂနွေ သူ့ရက်အားပဲ၊ တနင်္လာနေ့မှ ရုံးတက်မှာပဲ'

'ကျွန်တော့်ကို ဖုန်းနံပါတ်သာ ပြောစမ်းပါလေ'

သူ မပြောချင်ပြောချင်နှင့် ပြောတော့မှ သူ့အနီးတွင် ရှိသော ဖုန်းကို ကျွန်တော်လှည့်လိုက်လေသည်။

'ဦးတင်မောင်အေး တွေ့ချင်လို့ပါ'

'ဘယ်သူလို့ ပြောလိုက်ရမလဲ'

'သော်တာဆွေ'

'ဟုတ်ကဲ့ ခဏကိုင်ထားပါ'

ထိုအခါ အနီးရှိဆရာမသည် ကျွန်တော့်အား ဖော်ရွေပျူငှာသော မျက်နှာနှင့်ကြည့်ကာ. . . .

'စာရေးဆရာ သော်တာဆွေလားရှင်'

'ဟုတ်ပါတယ်ခင်ဗျာ'

'အို ဆရာ့စာတွေ ကျွန်မ အသည်းစွဲ ဖတ်ခဲ့တာပေါ့ ဆရာ ဆံပင်တွေ ဖြူသွားပြီနော်'

'အသက် ၇၀ ရှိပြီကိုးဗျ'

'ကျွန်မ စိတ်ထဲ ဒီလောက်ကြီးမယ် မထင်သေးဘူး'

ထိုစဉ် တစ်ဖက်မှ ဦးတင်အေး ဖုန်းကိုင်၍ ကျွန်တော်က အကျိုးအကြောင်း ပြောပြလိုက်တော့် ၁၀ မိနစ်အတွင်း ရောက်လာကာ မေ၏ ခွဲစိပ်ကုသမှုသည် တန်းတန်းမတ် မတ် ရှောရှောရှူရှူ။ ပြီးစီးသွားတော့၏။

ဆေးရုံအုပ်ကြီးအရှိန်နှင့် အားလုံး၏ဂရုစိုက်ခြင်း အလေးပေးခြင်းကိုလည်း ခံရလေ၏။

ထိုအခါ မေ့လက်နှစ်ဖက်မှာ ကျောက်ပတ်တီးနှင့် ဖြစ်သွားလေပြီ။ လူလည်း အနာ သက်သာ သွားပြီ။ အစာလည်း စားရပြီ။

## လူနာတစ်ယောက်၏တာဝန်

နောက်တစ်နေ့ တနင်္ဂနွေနေ့တွင် အလုံက မေ့တူမ မညို၊ မဖြူ၊ မငွေ၊ မမို့တို့ ရောက်လာကြ၍ နေ့စဉ် နံနက်စာကို သူတို့ညီအစ်မများကလည်းကောင်း၊ ညစာကို ဝင်ဒါမီယာ နေ ခင်မောင်ဦးနှင့် ခင်းကြီးရှိန်တို့ လင်မယားက လည်းကောင်း ပေးပို့ရန် တာဝန်ယူကြသည်။ ချွေးမ နိုရာကတော့ ဆေးရုံမှာ လူနာစောင့်။

ကျွန်တော်ကား ဝမ်းရေးအတွက် မုန့်ဟင်းခါးဆိုင် ထွက်ခြင်းကို မပျက်အောင် စီမံဆောင်ရွက်ရသည်။

အက်ဗီနှင့် မောင်သန်းအေးက မေ့လက်ရာအတိုင်း ချက်တတ်နေပြီမို့ သူတို့က စောစောထ၍ မုန့်ဟင်းချက်၊ မနက်ဆိုင်ထွက်။

ကျွန်တော်က လိုသမျှပစ္စည်းများ ဈေးသွားဝယ်၊ အိမ်မှ ထမင်းဟင်းချက်၊ နံနက် ၃ နာရီမှ ၆ နာရီအထိသာ စာရေးစာပွဲမှာ ထိုင်နိုင်သည်။

တစ်နေ့ခင်းလုံး မုန့်ဟင်းခါးချက်ဖို့ ကိစ္စနှင့် ပြီးဆုံး၍ ညနေမှ ဆေးရုံသို့ သွားရသည်။

မေသည် ၂၉–၀၁–၈၈ စနေနေ့က ရန်ကုန်ဆေးရုံကြီးရောက်ခဲ့၍ ၃၀–၁၀–၈၈ တနင်္ဂလာနေ့ရောက်တော့ မေ့ရောဂါက လက်နှစ်ဖက်ကျိုးသည်သာမက သွေးတိုးနှင့်ဆီးချို ရောဂါလည်းရှိနေလေသောကြောင့် ဤဆေးရုံးဟောင်းကြီးတွင်သာ မပြီးနိုင်တော့သဖြင့် ရောဂါစုံ စမ်းသပ်ကုသည့် ဂျပန်ဆေးရုံသစ်သို့ ပြောင်းရွှေ့ရလေ၏။

ထိုဆေးရုံသို့ ရောက်သောအခါ လူနာစောင့်က နေ့ရောညပါ နိုရာ တစ်ယောက်တည်း မတတ်နိုင်တော့၍ ညလူနာစောင့် တစ်ယောက်ကို တစ်ည ၃၀–ကျပ်ပေး၍ ငှားရလေ၏။

စင်စစ် မေ့မှာ လက်ကျိုးတာသက်သက်ဆိုလျှင် ကျောက်ပတ်တီးစည်း၍ ဆေးရုံမှာ လေးငါးရက်မျှနေပြီး ပြန်ဆင်းနိုင်မည်။ ယခု ဆီးချိုက ရှိနေတော့ အနှောင့်အယှက်ခဲ့သဖြင့် အောက်တိုဘာလ ၂၉–ရက်နေ့မှသည် နိုဝင်ဘာ ၂၅–ရက် နေ့အထိ ၂၈–ရက်တိတိ ဆေးရုံမှာ ကြာခဲ့သည်။

ယခု ဤစာရေးနေချိန်၌ သူ အိမ်မှာ ရောက်နေပါပြီ။

သို့သော် လူကောင်းပကတိ မဟုတ်သေး။ ကျိုးသော လက်များက ဆက်ပြီဖြစ်သော် လည်း ဘယ်လက်သာ လှုပ်ရှားလျက် ညာလက်က မလှုပ်နိုင်သေး။

လူကလည်း အိပ်ရာထဲတွင် တုံးလုံး၊ သူ့ကိုယ်သူမှ မထူနိုင် မထနိုင်။

ဟို ဘက်သည်ဘက် မလှည့်နိုင်၊ မစောင်းနိုင်၊ သူ့အနားစောင့် မပြတ် ရှိနေရသည်။

အစားအသောက်လည်း ခွံ့ကျွေးနေရသည်။

သူ့ကိုယ် လုည့်ချင်စောင်းချင်လျှင် ညောင်း၍နေရာပြောင်းချင်လျှင် လူ ၃–ယောက် လောက် ထူမရသည်။

သူ့ခန္ဓာကိုယ်ကလည်း ဝ,သည်မဟုတ်လား။

ယခုတော့ တစ်နေ့တခြား ပိန်ပိန်သွားပါသည်။

## ကျွန်တော့် သားကျော်ကျော်

ကျွန်တော်သည် ဇနီးအတွက် ဤသို့ အခက်အခဲတွေ့နေရစဉ် ၂၇–၁၁–၈၈နေ့ ညနေခင်းတွင် အင်းစိန်နေ ကျွန်တော့်မိတ်ဆွေ ဦးခင်ဦး၏သား ဆန်နီသည် ဘိုင်စကယ်လေးနှင့် ကျွန်တော့်အိမ် ရောက်လာပြီး မသာမယာမျက်နှာနှင့်. . .

''အန်ကယ်ရေ–ပြောရမှာတော့ မကောင်းသတင်းဘဲ''

ကျွန်တော့်စိတ်ထဲတွင် သူ့အဖေ တစ်ခုခု ဖြစ်ပြီဟု ထင်လိုက်သည်။

'ဟော့. . . ဘာဖြစ်လို့လဲကွ'

''အန်ကယ့်သား ကျော်ကျော် သေပြီတဲ့''

''ဟယ်. . . . ဘယ်တုန်းက ဘာဖြစ်လို့လဲကွ''

''မနက်က ဆေးထိုးမှားပြီး ရှော(ခ်)ဖြစ်လို့တဲ့၊ တယ်လီဖုန်းနဲ့ အမျိုးသမီးတစ်ယောက် ပြောတာပဲ''

ဦးခင်ဦးအိမ်မှာ တယ်လီဖုန်းရှိသဖြင့် ဖုန်းရှိသော ကျွန်တော့်သမီးနှင့် ချွေးမကို အရေးကိစ္စရှိလျှင် ဆက်သွယ်ရန် ဦးခင်ဦး ဖုန်းနံပါတ် ၄၀၆၂၁ ကို ပေးထားသည်။

ကျော်ကျော်သည် အလုံ၌ သူ့ယောက်ဖအိမ်မှာ နေသည်။

သြော်–ကျွန်တော့်သားကြီးသေပြီ၊ ကျွန်တော့် သားငယ် သော်သော်က ဆရာဝန်၊ စစ်တွေပြည်သူ့ဆေးရုံကြီးမှာ တာဝန်ကျနေသည်။

ကျော်ကျော့် မွေးသက္ကရာဇ်ကို တွက်စစ်လိုက်တော့ သူ့အသက် ၄၁–နှစ်ရှိပြီ။

ကျော်ကျော်သည် ၁၉၄၇–ခုနှစ်မှာ မွေးသည်။ ထိုစဉ်အခါ၌ ကျွန်တော်သည် ဆန်ကုန်သည်အဖြစ်နှင့် ကုန်ရှုံးကြွေးကျန်၍ အိမ်မပြန်ဘဲ ကသာမြို့တွင် သောင်တင်နေစဉ် ဖြစ်သည်။

သူ့အမေက ရေးလိုက်သောစာထဲတွင် ယခုဒုတိယကလေးမှာ သားယောကျ်ားလေးဖြစ်၍ အင်မတန် အငိုသန်သည်။ အာခေါင်ထဲ လော်စပီကာ ထည့်ထားသလား ထင်ရအောင် အလွန်အသံကျယ်သည်။

အသံလုံးကလည်း ကြီးသည်ဟု ပါလေရာ သားကို မမြင်ရသေးဘဲ အဝေးမှ တွေးဆပြီး တစ်ခါက ကမ္ဘာမှာ အာကျယ်ခဲ့သော 'ဟစ်တလာ'၏ နာမည်ကို နွယ်၍ 'ဟစ်တစ်လုံး' ဟု ကျွန်တော့် စိတ်ထဲက နာမည်ပေးလိုက်ကာ ထိုစဉ်အခါက ကျွန်တော်သည် စာရေးဆရာ မဖြစ်သေးသော်လည်း အလျဉ်းသင့်ရာများကို ဝတ္ထုဇာတ်လမ်းဖြစ်အောင် စိတ်ကူးထားတတ်သည်နှင့် နှောင်းသော် ဟစ်တစ်လုံးနှင့်တကပ် ကျွန်တော်တို့သားအဖ ဇာတ်ဆောင်သော 'ဖြူပြာမူလကျီ' ဝတ္ထုဖြစ်လေသည်။

ဤဝတ္ထုကို ရှုမဝဦးကျော်နှင့် တင့်တယ်က အလွန်ကြိုက်လှ၍ ဟစ်တစ်လုံးဝတ္ထုများကို ဆက်လက်ရေးပါရန် တိုက်တွန်းသဖြင့် ဝတ္ထုကို လေးငါးပုဒ်နှင့် လုံးချင်းဝတ္ထုရှည် 'ဘွန္တောကြက်သူခိုး'ကို ရေးခဲ့သည်။(ရုပ်ရှင်ရိုက်ခဲ့သည်)။

အချို့ကမူ သူတို့အချစ်တော် ခွေးများ၊ ကြောင်များကို ဟစ်တစ်လုံးဟု နာမည်ပေးကြောင်း ကျွန်တော်ထံ စာရေးကြ၏။

လူတစ်ယောက်ကမူ သူ့မော်တာကို 'ဟစ်တစ်လုံး'လို့ နာမည်ပေးသတဲ့။

ယခု ကျွန်တော့်သား ဟစ် တစ် လုံး ကျော်ကျော် ကား အသက်၄၁–နှစ်မှာ ၂၇–၁၁–၈၈ နေ့က ကွယ်လွန်ခဲ့၍ ၁–၁၂–၈၈ နေ့တွင် ကြံတော နာနတ်တောသုသာန်၌ ဂူသွင်းသင်္ဂြိုလ်လိုက်ပါပြီ။

ကျွန်တော့်ဘဝတွင် ပထမဦးဆုံး သားသေဖူးခြင်း။

လူမှာ သေမျိုးချည်းမှန်ပေမယ့် ကျွန်တော့်သား သေပုံက ဆန်းသားဗျ။

ထိုမနက် သူလမ်းလျှောက်ထွက်သွားတာ ကိုယ်လက် မအီမသာရှိ၍ ကီလီလမ်းက သူ့မိတ်ဆွေ ဆရာဝန် ဆေးတိုက်ရောက်တော့ ဆရာဝန်က အခမဲ့ ဆေးတစ်လုံး ထိုးပေးတာမှာ မတော်တဆ ရှော့(ခ်)ဖြစ်ပြီး ချက်ချင်း သေသွားတာပါတဲ့ ခင်ဗျာ။

အင်း–သေမယ့်သေ အဲသည်သေနည်းလည်း ကောင်းသားဗျာ။ ဘာဝေဒနာမှ မခံစားရဘူး။ သေကံ ကောင်းတယ်ခေါ်ရမှာပေါ့ သားရယ်။

သူ့တွင် ဇနီး လုလုခေါ် ဝင်းဝင်းသိန်းနှင့် သား–သိန်းသူရကျော်၊ လင်းဝဏ္ဏကျော်၊ သမီး–ဝင့်ဝတ်ရည်ကျော်တို့ ကျန်ခဲ့ပါသည်။

ကျွန်တော့်အား မြေး ၃–ယောက် ပေးသွားပါသည်။

ကဲ. . . . အိပ်ရာထဲက မေ့အား ကိုယ်ကို ဟိုဘက် သည်ဘက် စောင်းပေးလိုက်ရ၊ ရေသွားတိုက်လိုက်ရနဲ့ပဲ ဒီလအတွက်ဒီစာရေးပြီးသွားပါပြီ။

ဒေါ်မမ (နံနီ) **B.A.D.T**

၈၉–နှစ်

(၂၂–၂–၈၉)နေ့ ကွယ်လွန်သည်။

လွန်ခဲ့သော ဖေဖော်ဝါရီလ ၂၄–ရက်နေ့၊ နေ့လယ် ၃–နာရီခန့်၌ ကျွန်တော်သည် အထက်ပါ ခေါင်းစီးစာနှင့် ယပ်တောင်ကို ကိုင်ကာ ကြံတောသုသာန် မီးသင်္ဂြိုလ်စက်ရှေ့မှ မိမိစီးလာခဲ့သော ပရိုက်ဗိတ် တက္ကစီးကားဆီသို့ ပြန်လာခဲ့သောအခါ သူ့အိမ်သို့ လိုက်ပို့စေရန် ကျွန်တော့်ကားပေါ်သို့ ရောက်နှင့်နေသော စာရေးဆရာကျော်အောင်က. . . .

'ဟေ့. . . သော်တာဆွေ၊ မင်း နံနီအကြောင်း ရေးကွာ၊ ငါလဲရေးမယ်'

ဟု ပြောလိုက်သည်၌ ကျွန်တော် ရုတ်တရက် အံ့အားသင့်မိကာ. . . .

'ဟာ. . . . တိုက်ဆိုင်လိုက်တာ ကျော်အောင်ရာ၊ ငါလဲ. . . အခု အဲဒါ. . . ရေးဖို့ စိတ်ကူးလာတာ ပဲကွ၊ နံနီက ငါ့ဂေါ့မာသာပဲကွ၊ ငါမရေးဘဲ ဘယ်နေနိုင်မှာလဲ'

အင်္ဂလိပ်လို Godmother ဂေါ့မာသာဟူ၍ ရှိလေရာ ဤနေရာ၌ ကျွန်တော်က မြန်မာလို ဒုတိယမိခင်ဟု ဘာသာပြန်လိုပါသည်။

အဘယ်ကြောင့်ဆိုသော် ဒေါ်မမသည် ကျွန်တော့်ကို သားလိုချစ်၍ ကျွန်တော်က သူ့အား နံနီဟုခေါ်လျက် မိခင်ကဲ့သို့ချစ်ပါသည်။ ကျွန်တော်၏ မွေးသမိခင်ပြီးလျှင် နံနီက ကျွန်တော်၏ ဒုတိယမိခင်ဟု ယူဆပါသည်။

ကျွန်တော်တို့ကား ကြံတောသုသာန်ထဲမှ ထွက်ခဲ့ကြသော်အခါ ကျော်အောင်က. . .

'ဟေ့. . . သော်တာဆွေ၊ မင်း နံနီနဲ့ မတွေ့တာ ကြာပြီလား'

'ကြာပြီကွ. . . ငါ အင်းစိန်ရောက်မှ နံနီဆီ တစ်ခါမှမရောက်သေးဘူးကွာ၊ အခု နံနီဆုံးတာ လဲ သတင်းစာထဲတွေ့မှသိတာ၊ အဲဒါလဲ မနေ့သတင်းစာကို ဒီနေ့ မသာချခါနီးမှ ဖတ်ရလို့ ဒီကား. . . အမြန်ငှားပြီး လာခဲ့ရတာ'

စင်စစ် ဤကား ကျွန်တော်ပိုက်ဆံနှင့် ငှားရသည်မဟုတ်ပါ။ ယခု ကားပေါ်၌ ကျွန်တော်နှင့်အတူပါခဲ့သော မောင်ပိုက်က သူတို့စီးနေကျတက္ကစီနှင့် ကျွန်တော့်အား လိုက်ပို့ ခြင်းဖြစ်ပါသည်။

မောင်ပိုက်သည် ကျွန်တော်အင်းစိန်ရောက်မှ ကျွန်တော်အား အစစအရာရာ အကူအညီ ပေးသော စာပေဝါသနာရှင်တပည့်တစ်ယောက် ဖြစ်ပါသည်။

ယခု ကျွန်တော် မုန့်ဟင်းခါး ရောင်းနေသည့်မှာလည်း အင်းစိန် မင်းကြီးလမ်းနှင့် ဟိုက်ပတ်လမ်းထောင့်ရှိ သူတို့အိမ်ရင်းဖြင့် အင်းလျားလမ်းရှိ သူ့နေအိမ်ရှေ့သို့ရောက်၍ ကျော်အောင် ကားပေါ်မှဆင်းသွားသောအခါ မောင်ပိုက်က အသုဘယပ်တောင်မှ စာကိုကြည့်၍

'ဒေါ်မမ (နံနီ)ဆိုတော့ နံနီက အင်္ဂလိပ်နာမည်လား''

ဟု မေးသည့်၌ ကျွန်တော်ပြုံးမိကာ. . .

'မဟုတ်ဘူးကွ၊ နံနီဆိုတာက ကလေးထိန်း အာယားကိုခေါ်တာပဲ။ ဒါပေမယ့် နံနီကို လူအားလုံးက ချစ်စနိုး နံနီလို့ခေါ်ကြတာပဲ။ သူ့နာမည်အရင်းခေါ်မမလို့ ဘယ်သူမှမခေါ်ကြ ဘူး။

နို့ပြီး သူ့အလုပ်က ကျောင်းဆရာမပဲ။ ဒါပေမယ့် သူ့တပည့်တွေကလဲ သူ့ကို ဆရာမလို့ မခေါ်ကြဘူး။ နံနီလို့ခေါ်ကြတာပဲ။ နို့ပြီး သူ့ကိုယ်သူလဲ နံနီလို့ပဲပြောတယ်။

မူရင်းစတာ ငါစဉ်းစားမိတာက နံနီက အပျိုကြီးကွ။ သူမှာ မွေးစားသားလေးရှိတယ်။ အဲဒီကလေးကို သူက နံနီခေါ်စေပြီး သူ့ကိုယ်သူလဲ နံနီလို့ပြောရင်းက အားလုံး သူ့ကို နံနီလို့ ဖြစ်ကုန်ကြတာပဲ'

'ဆရာကြီးနဲ့ ဘာတော်သလဲ'

'သွေးသားအားဖြင့် ငါနဲ့ဘာမှမတော်ဘူး၊ ငါ့ကို အင်္ဂလိပ်စာ သင်ပေးတဲ့ဆရာမပဲ။ နံနီက ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်း ဖွင့်တယ်။ အိမ်မှာ ကျောင်းသားတွေ ဘော်ဒါထားတယ်။ ငါနဲ့ကတော့ ကျော်းသားဘဝသာမကဘူး။ ဂျပန် ခေတ် မြင်းလှည်းသမားဘဝ၊ နောက် စာရေးဆရာဘဝပါ နံနီနဲ့ငါဟာ သားအမိလို သံယောဇဉ် ကြီးခဲ့ကြရတယ်ကွ။ ငါ့ဘဝမှာ နံနီအကူအညီပေးခဲ့ရတာတွေ အများကြီးရှိတယ်'

## မောင်ကျင်မောင် မှ မောင်ကြင်ဆွေ။

ကျွန်တော်သည် ၁၉၃၈–ခုနှစ်တွင် ပေါင်းတည်မြို့ ဦးဘိုးဘေ အထက်တန်းကျောင်းမှ မြန်မာစာသက်သက်ဖြင့် ၁၀–တန်း အောင်မြင်သောအခါ ဆရာဖြစ်သင်ရန် ကြည့်မြင်တိုင် ဦးညီဘု၏ စပါယ်ရှယ် နော်မံကျောင်းသို့ ရောက်ခဲ့ရသည်။ ကျောင်းဘော်ဒါ နေရသည်။

ထိုကျောင်းမှာ ပန်းတောင်းက မောင်တင်ဆွေ ဆိုသူနှင့် ကျွန်တော်မှာ အထူးခင်မင် သွားကြသည်။ ဘယ်လောက် ခင်မင်လိုက်ကြသနည်းဟူမူ သူ့နာမည်က မောင်တင်ဆွေ ကျွန်တော့်နာမည်က မောင်ကျင်မောင်ဖြစ်နေရာ ညီအစ်ကိုအရင်းကဲ့သို့ နာမည်ချင်း နံသေ ထပ်မိစေရန် တစ်ယောက်ယောက်၏နာမည်ကို ပြောင်းဖို့စဉ်းစားကြရာ၌ ထိုခေတ်က တင်ဖေ၊

တင်ငွေ၊ တင်ဆွေမည်သော ရုပ်ရှင်မင်းသားတွေ ခေတ်စားကြသည်နှင့် ကျွန်တော့်နာမည်ကို 'ကြင်ဆွေ' လုပ်ပစ်လိုက်တော့၏။

ကျွန်တော်တို့နှစ်ယောက်မှာ စားအတူ၊ သွားအတူ၊ လာအတူ၊ ကျောင်းဘော်ဒါမှာ အိပ်ရာချင်းလည်း ဘေးချင်းယှဉ်ထားကြသည်။

ကျောင်းတက်ရာမှာလည်း ထိုင်ခုံဘေးချင်းကပ်။ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် တွဲသည့်ကျောင်းမှာ တော်တော်ပေါ်ပြူလာ ဖြစ်သည်။

စိတ်သဘာထားချင်း တူညီလိုက်ကြပုံများကလည်း ကျွန်တော်တို့သည် မြန်မာစာ သက်သက်နှင့် ၁၀–တန်း အောင်မြင်ခဲ့ကြသည်။ အင်္ဂလိပ်စာ တစ်လုံးမျှမတတ်ကြ၍ ရန်ကုန်မြို့ မှာ တော်တော်ကြာနေပြီးသည့်၌ ဒီခေတ်မှာ အင်္ဂလိပ်စာမတတ်ရင် လူတန်းမစေ့တော့ဘူးဟု သဘောပေါက်ကြ၍ ကျွန်တော်တို့သည် ဆရာဖြစ်အောင်ပြီးသော် ရန်ကုန်မြို့မှာ အင်္ဂလိပ်စာ ဆက်လက်သင်ကြားရန် ဆုံးဖြတ်ချက်ချကြသည်။

သူ့မိဘရော် ကျွန်တော့်မိဘရော တောမှာ လယ်ပိုင်ရှင်များဖြစ်ကြ၍ သားတွေကို ဆက်လက် ပညာသင်ကြားစေရန် ခွင့်ပြုကြသည်။

သို့သော် ကျွန်တော်တို့မှာ အင်္ဂလိပ်စာ သင်ကြားရာ၌ တစ်ကျောင်းတည်းမဖြစ်ဖို့ ဖန်လာသည်ကား. . . ဖိုးတင်ဆွေမှာ ရန်ကုန်မြို့ ကျုံးကြီးလမ်းတွင် သူ့အစကို အရင်းခေါက်ခေါက် ကိုစိန်မောင်ဆိုတာရှိနေ၍ ကျောင်းဘော်ဒါ မထားဘူး။ ထိုအစ်ကို့အိမ်မှ ရန်ကုန်မြို့လယ်ခေါင် ဒါလဟိုဇီလမ်းရှိ ဆရာခို၏ အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်းမှာ တက်ရမည်ဟု သူ့မိဘ များက စီမံ၏။

ယင်း၌ ကျွန်တော်ကပါ ဆရာခိုကျောင်းလိုက်နေဖို့၊ သို့သော် ကျွန်တော်က ဆရာဖြစ် အောင်မြင်ပြီး၍ အင်္ဂလိပ်စာသင်ရန် ရန်ကုန်မြို့သို့ တစ်ဖန်ပြန်လာကာ ဒေါ်မမ၏ အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်း၌ ကိုယ့်ကိုယ်ကို ကျောင်းအပ်တာက ဖိုးတင်ဆွေ ရန်ကုန်ပြန်ရောက် တာထက် စောနေ၏။

သို့တိုင် သူနေရသော ဆရာခိုကျောင်းသို့ ပြောင်းရန်တိုက်တွန်းသေးသည်။ သို့သော် ကျွန်တော်က (နံနီဟူ၍ ခေါ်နေပြီဖြစ်သော) ဒေါ်မမ၏ စိတ်နေသဘောထားနှင့် စာသင်ပြပုံကို အထူး ကြိုက်နှစ်သက်နေလေ၏။ ကျွန်တော်ကလည်း ဆရာဖြစ်အောင်ပြီးသားပဲ။ ကျောင်းဆရာ၏ အရည်အချင်းကို သိသည်ပေါ့။

နံနီက ဘယ်လောက် အသင်အပြ ကောင်းသနည်းဟူမူ ၁၉၃၉–ခုနှစ်၊ ပထမနှစ်မှာ New Method Reader အမှတ်(၁)ကနေ (၆)အထိ သင်သည်။ ၁၉၄၁–ခု၊ ဒုတိယနှစ်တွင် ၁၀–တန်း ဖြေရန် ကျောင်းသုံး အင်္ဂလိပ်စာအုပ်တွေ သင်ရတော့သည်။

ထိုနှစ်က ဟိုက်စကူးလ်ဖိုင်နယ်တွင် အစိုးရပြဋ္ဌာန်းသော အင်္ဂလိပ်စာအုပ်တွေထဲမှာ Sir Walter Scot ၏ The Talisman ဆိုသည့် ဂွန္ထဝင်ဝတ္ထုကြီးပါလေရာ သည်ဝတ္ထုလွဲပြီး မဖတ်ဖူး သေးသော ကျွန်တော်မှာ ဆရာက အသင်အပြကောင်းလေတော့ ထိုအင်္ဂလိပ်ဝတ္ထုကို မိမိကိုယ်တိုင် နားလည်သဘောပေါက်စွာ ဖတ်နေရသကဲ့သို့ ခံစားရလျက်။ ယင်းဝတ္ထုကို ကျွန်တော် မည်မျှ နှစ်သက်လိုက်ပါသလဲ ဟူမူ။

ယနေ့သင်ပြီးသမျှ စာမျက်နှာတွေကို နောက်တစ်နေ့မှာ ကျွန်တော်က ဘာသာပြန်ပြီး ဖြစ်နေတော့၏။ ကျွန်တော်က မြန်မာစာတော့ နိုင်ပြီးသားကိုဗျ။ ဆရာက တစ်အုပ်လုံးသင်လို့ လည်းဆုံးရော ကျွန်တော်ကလည်း ၎င်းဝတ္ထုကြီးကို အစအဆုံး မြန်မာဘာသာပြန်ပြီး ဖြစ်နေကရော. . . . .။

ထိုစဉ်က ကျွန်တော်သည် စာရေးဆရာလည်း မဟုတ်သေး။ စာရေးဆရာ လုပ်စားမည် လည်း ရည်ရွယ်ချက် မရှိပါဘဲလျက် ဘာကြောင့် အပင်ပန်းခံပြီး ဘာသာပြန်နေသလဲဟု အမေး ခံရအုံး။

'ဒါမလုပ်ရ မနေနိုင်လို့ပါ' ဆိုသော အဖြေပဲရှိပါသည်။ စင်စစ်တော့ ကျွန်တော် ယခုမှ အဖြေရဲရဲပေးနိုင်ပါသည်။

'ဒါ. . . . စာရေးဆရာလောင်းလျာရဲ့ စိတ်ဓာတ်ဗျ'

နှောင်းသော် ကျွန်တော် စာရေးဆရာ ဖြစ်လာပြီးနောက် ထိုဝတ္ထုကို သော်တာဆွေ ဘာသာပြန်သော် အမြှုတေရတနာ အမည်ဖြင့် ထုတ်ဝေသည်။

အစ်မကြီး ခင်မျိုးချစ်က အမှာစာရေးပေးသည်။ နှစ်ကြိမ်ထုတ်ခဲ့ပြီး စာပေနယ်တွင် ထာဝစဉ်တည်မြဲသည့် ဝွန္ထဝင်ဝတ္ထုဖြစ်၍ ယခု တတိယအကြိမ်ထုတ်ရန် စီမံနေသည်။

စင်စစ်သော်ကား ဤဝတ္ထုသည် ကျွန်တော့်ကို အင်္ဂလိပ်စာသင်ပေးသော နံနီက ဘာသာ ပြန်ပေး၍ ကျွန်တော်က မြန်မာလို ရေးသားခြင်းသာ ဖြစ်ပါသည်။

တစ်နည်းဆိုသော် ၁၉၄၉–ခုနှစ်တွင် သော်တာဆွေ ဖြစ်လာမည့် မောင်ကြင်ဆွေအား ၁၉၄၁–ခုနှစ်မှာ နံနီက ဘာသာပြန်ဝတ္ထုကောင်းတစ်ပုဒ် ပေးလိုက်ခြင်းပင်။

ထိုစဉ်ကတော့ ဒီဝတ္ထုကို စာအုပ်အဖြစ် ထုတ်ရလိမ့်မည်ဟု မည်သူမျှမထင်ကြ။ စာမလိုက် နိုင်သူများနှင့် သင်တန်းပျက်သူများသာ ကျွန်တော့်ဆီက ယူယူဖတ်ကြသည်။

တကယ်ဆိုသော် ကျွန်တော်မှာ စာရေးဆရာမဖြစ်မီကပင် ဘာသာပြန် ဝတ္ထုကောင်း တစ်ပုဒ်ပြီးစီးနေသည်။ နံနီကျေးဇူးကား ကျွန်တော့်အပေါ် ကြီးမားပေစွ။ ကျောင်းသားဘဝ၊ မြင်းလှည်းသမားဘဝ၊ စာရေးဆရာဘဝ သုံးဘဝကပင် နံနီနှင့် ကျွန်တော် သံယောဇဉ် ဆက်ခဲ့ကြ ရသည်။

ယခု နံနီသေဆုံးတော့ ၈၉–နှစ်၊ ကျွန်တော်က ၇၀၊ နံနီက ကျွန်တော့်ထက် ၁၉–နှစ်ကြီးသည်။ ၁၉၃၉–ခုနှစ်၊ နံနီကျောင်း ကျွန်တော်ရောက်တော့ ကျွန်တော်က အသက် ၂၀၊ နံနီက ၃၉–နှစ်။

နံနီသည် အသားဖြူဖြူ၊ အရပ်ပုပုပျပ်ပျပ်၊ မျက်နှာဝိုင်းဝိုင်းနှင့် ရွှေကိုင်းမျက်မှန်တပ်သည်။ သဘောသကာယ လွန်စွာကောင်းမွန်သည်။ စိတ်မဆိုးတတ်၊ ဒေါသလုံးဝမရှိ။ မိန်းမချင်း အတင်းပြောဖို့ကား ဝေလာဝေး။ ဘယ်သူ ဘယ်လောက်ဆိုးဆိုး ခွင့်လွှတ်တဲ့ဘက်က ကြည့်တတ်၊ မြင်တတ်သည်။

forgive and forget သည် နံနီ၏ ဆောင်ပုဒ်ဖြစ်သည်။ သူ့ပတ်ဝန်းကျင်ရှိ ဆင်းရဲချို့တဲ့သူများ ဘယ်သူက ဘာတောင်းတောင်း၊ ဘာချေးချေး မရှိဘူး၊ မပေးနိုင်ဘူး၊ မချေးနိုင်ဘူး ဆိုသည့် စကားမရှိ။ ထိုသို့ချေးငှားပြီးလည်း ပြန်မတောင်းတတ်။ လာပေးမှယူ၏။ မပေးလည်း နေပေရော့။

စင်စစ် နံနီသည် အလောဘ၊ အဒေါသ၊ အမောဟပုဂ္ဂိုလ်ဖြစ်၏။ ကျွန်တော်တို့ ကျောင်းသားများသည် နံနီအား လစဉ်ကျောင်းလခနှင့် ဘော်ဒါကြေး ပေးရသည်ဖြစ်ရာ အချို့ ပေးသင့်သည့်ရက် ကျော်နေလည်း နံနီက တောင်းလေ့မရှိ။ ပေးမှသာယူသည်။ နို့ပြီး အကြင်ကျောင်းသားသည် ပေးပြီးမကြာမီ အကြောင်းတစ်ခုခုကြောင့် ငွေလို၍ ပြန်ချေးလည်း ပေး၏။

ဤနေရာ၌ ကျွန်တော် ရန်ကုန်မြို့တွင် ကျောင်းလာနေလိုက်တာ၊ စေတနာနှင့် ငွေသပြာ ဆရာ ဆိုသည်ကို ခွဲခြားသိသွားတော့သည်။

အသို့ဟူမူ ကျွန်တော် ပထမနေခဲ့သော ကြည့်မြင်တိုင် 'ဦးညီဘ'၏ နော်မံကျောင်းတုန်း ကမူ ကျောင်းသားများ၏ မိဘတွေက စာတိုက်မှ ပို့သောငွေကို ကျောင်းသားတို့သည် ကိုယ့် ဟာကိုယ် လက်မှတ်ထိုး၍ မယူရ။ စာပို့သမားက ဆရာကြီးဆီသွားပေးရ၍ ဆရာကြီးက သူ့ ကျောင်းလခနှင့် ဘော်ဒါကြေးကို နုတ်ပြီးမှ ကျန်ငွေကို ကျောင်းသားအား ပေး၏။

ထိုဆရာကြီးအား တကယ့် စီးပွားရေးသမား၊ နှောင်းသော် မြန်မာပြည် လွတ်လပ်ရေးရ ပြီးနောက် ဖ–ဆ–ပ–လ ခေတ်မှာ ရွှေဥဒေါင်းမင်း အထည်စက်ပိုင်ရှင်သူဌေး ဦးညီဘဆိုတာ သူပဲပေါ့။

အထူး ချီးမွမ်းဖွယ်ကောင်းသည်ကား သူကိုယ်တိုင်က မြန်မာလို ၉–တန်း၊ စက္ကင်နရီခေါ် အလယ်တန်းဆရာဖြစ်အောင်ရုံသာရှိ B-A-B-E-D ဆရာများကို လက်ထောက် ဆရာများ ခန့်၍ ကျောင်းအုပ်ကြီး လုပ်ခဲ့၏။ ယခုကား ကွယ်လွန်ပြီ။

နံနီကား ဤသို့ စီးပွားရေးသမား မဟုတ်။ သူ့တစ်နိုင်(အခြားလက်ထောက်ဆရာမရှိ။) အင်္ဂလိပ်စာ အလွတ်ပညာသင် ကျောင်းဖွင့်သည်မှာ သူ့မိအိုဘအိုနှင့် ဆွေမျိုးသားချင်းများစွာ တို့ကို လုပ်ကိုင်ကျွေးမွေးဖို့သာ ဖြစ်၏။

နံနီ့အိမ်တွင် ကျွန်တော် ကျောင်းဘော်ဒါနေတော့ တွေ့ရသည်မှာ နံနီအား မှီခိုလူတွေ

မနည်းပါလား။ မိဘ နှစ်ပါး အပြင် အဒေ ဦးလေး၊ တူ၊ တူမတွေ တလှေကြီး ဟုပင် ဆိုလောက်ပါ၏။

၎င်းတို့အထဲတွင် နံနီ၏ မွေးစားသား၊ သူ့နာမည်ရင်း မောင်ကြည်ဝင်း (ယခုရှိသည်။ အသက် ၅၀–ကျော်လောက်ပြီ။)

သို့သော် သူငယ်စဉ်က တစ်ကိုယ်လုံး ပွေးတွေနှင့် ဖြစ်၍ 'ပွေး'ဟု ခေါ်ကြသည်။

ဝမ်းတွင်းပါ ကြက်ညှာ ပန်းနာ ရောဂါရှိ၍ အင်မတန် ချူချာသော ကလေး။

ဒါလေးကို နံနီက တယုတယ ပြုစုကျွေးမွေးခဲ့သည်။

ဤကလေး အကြောင်းပြုပြီး (မောင်ပိုက်အား ကျွန်တော်ပြောခဲ့သည့်အတိုင်း) အသုဘ ယပ်တောင်မှာပင် ဒေါ်မမ(နံနီ) ဟု ဖြစ်ရသည်။

အိမ်သားများ ကျောင်းသားများကသာမက တစ်ရပ်လုံးကပါ သူ့အား သိကျွမ်းသူမှန်သမျှ က နံနီဟုခေါ်ကြကုန်၏။

## နံနီနှင့်ကျွန်တော်

နံနီကို ကျွန်တော်က ကျောင်းသားဘဝကပင် မိခင်ကဲ့သို့ ချစ်ခင်ခဲ့သည်။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသည့်အတိုင်း နံနီကလည်း ကျွန်တော့်ကို ချစ်ခင်ပါ၏။

နံနီသည် သူ့အိမ်သားများနှင့် ဘော်ဒါကျောင်းသားများစားဖို့ ဟင်းလျာကိုဝယ်ရန် နံနက် တိုင်း စောစောထ၍ ဈေးသို့သွားရသည်။

ထိုအခါ ကျွန်တော်က နံနီနှင့် ဈေးခြင်းကိုင်၍ လိုက်လေ့ရှိပါသည်။

ထိုစဉ်အခါက ကျွန်တော်တို့နေသော မအူပင်လမ်းနှင့် သိပ်ပြီးမဝေးသော ကျောင်းကုန်း လမ်းမှာ နံနက်ခင်းဈေး ရှိပါသည်။ နံနီက ရှေ့မှဈေးဝယ်၊ ကျွန်တော်က နောက်မှ ဈေးခြင်းထဲ ယူထည့်၊ ဈေးသည်များက ကျွန်တော်တို့အား သားအမိဟု ထင်ကြသည်။

ကျွန်တော်တို့နှစ်ယောက်မှာ ဈေးထဲ၌ မျက်နှာပွင့်လန်း၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် နေ့စဉ်လည်း ဈေးသို့လာ၏။ ဝယ်လိုက်တဲ့သားငါး အသီးအရွက်တွေ ကလည်း အများကြီးကိုး။ ဒီတော့ သူ့ဆိုင်လာပါ၊ ငါ့ဆိုင်လာပါပေါ့။

ကျွန်တော်တို့ ဈေးဝယ်သောအခါ မနေ့က ဘာဟင်းချက်ခဲ့ပြီး၍ ယနေ့ ဘာဝယ်ကြ မလဲ။

နံနီနှင့် ကျွန်တော် တိုင်ပင်ကြရသည်။ ကြာလာတော့ နံနီက. . . .

'မောင်ကြင်ဆွေ စားချင်တာပဲ ဝယ်ပေတော့' ဖြစ်လာ၏။ တစ်ခါတစ်ရံမူ နံနီသည် ဈေးသို့မလိုက်၊ ကျွန်တော်တစ်ယောက်တည်း လွှတ်သောအခါများလည်းရှိ၏။

ကြာတော့ ကျွန်တော်သည် ကျောင်းသားက အိမ်သားတစ်ယောက် ဖြစ်သွားသည်။

ကျွန်တော်တို့ဘဝသည် ဤသို့ရင်းနှီးခဲ့ပါ၏။ သီတင်းကျွတ်နှင့် နွေရာသီကျောင်းပိတ်၍ အိမ်ပြန်ရသောအခါလည်း ကျွန်တော်က စာရေး၍ နံနီကလည်း စာပြန်လေ့ရှိပါသည်။

ထိုစဉ်အခါက နံနီ၏ အင်္ဂလိပ်စာ အလွတ်ပညာလာသင်ကြသူများမှာ လူငယ်များမဟုတ်၊ ကျွန်တော်ကဲ့သို့ မြန်မာလို ၁၀-တန်းနှင့် ဟိုက်ယားဂရိတ်ခေါ် အထက်တန်း ဆရာဖြစ်အောင်ပြီး သူများသာ ဖြစ်ကြကုန်၏။

ယင်းသို့ မြန်မာစာ ၁၀-တန်း အောင်မြင်ပြီးသူများသည် အစိုးရ ဟိုက်စကူလ်ဖိုင်နယ် စာမေးပွဲမှာ အင်္ဂလိပ်စာ တစ်ဘာသာတည်း ဖြေဆို၍ အောင်မြင်ပါက အင်္ဂလိပ်မြန်မာ ၁၀-တန်း အောင်မြင်သောအဆင့်သို့ ရောက်သွားသည် ဖြစ်၍ ကျောင်းဆရာများသာ မဟုတ်တော့ ဘဲ ရုံးတွေမှာ စာရေးစာချီလည်း လုပ်ရသည်။ ပညာဆက်လိုက တက္ကသိုလ်သို့ သွားနိုင်သည်။

ကျွန်တော်နှင့် ဖိုးတင်ဆွေ၏ ရည်ရွယ်ချက်မှာ ကောလိပ်သို့ တက်ရန်ဖြစ်သည်။ သူနှင့် ကျွန်တော်သည် အင်္ဂလိပ်စာ အလွတ်ပညာသင်ရာမှာ တစ်ကျောင်းစီ နေကြရသော်လည်း လူချင်း မကြာခဏတွေ့ဆုံကြ၍ ကောလိပ်ရောက်မှ တစ်ကျောင်းတည်း တစ်တန်းတည်း အတူနေကြမည်ပေါ့။

ကျွန်တော်တို့သည် ထိုစဉ်က ရေပန်းစားလှသော ဆရာ ဇဝန၏ ကောလိပ်ကျောင်းသား ဝတ္ထုကိုဖတ်၍ ကောလိပ်ကျောင်းသား ဖြစ်လိုလှသည်။

ထိုကောလိပ်ကျောင်းသား ဝတ္ထုထဲမှာ ဇာတ်လိုက်ကျော်ဝင်းက ဘောလုံးသမားဖြစ်၍ ဖိုးတင်ဆွေကလည်း ဘောလုံးကန် ကောင်းသူဖြစ်သည်နှင့် ကောလိပ်ရောက်လျှင် သူလည်း ကျော်ဝင်းလို ပေါ်ပြူလာ ဖြစ်ရမည်ပေါ့။

ကျွန်တော်ကတော့ ဤသို့ အားကစားဘက်က မဟုတ်၊ စာပေသမားဖြစ်၍ ထိုစဉ်က တက္ကသိုလ်မှထုတ်သော ဂန္ထလောက မဂ္ဂဇင်းများကိုဖတ်လျက် ၎င်းတို့အထဲမှာပါသော ဝတ္ထုတွေ ကဗျာတွေကို ကြိုက်နှစ်သက်လှသည်။

ခေတ်စမ်းစာပေဟု ကြွေးကြော်လျက် အပြင်မဂ္ဂဇင်းများနှင့် တစ်မျိုးတစ်ဘာသာနေ သည့် သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ နယဉ်၊ ခင်စောမူ၊ မြကေတု၊ ခင်လေးမောင်၊ တက္ကသိုလ်

မောင်သန့်စင်၊ ညိုမြ၊ ကုသ၊ နွယ်စိုး၊ သိပ္ပံစိုးလှ၊ မောင်ထင်၊ စောမောင်မောင် စသည်တို့၏ ဝတ္ထု ကဗျာဆောင်းပါးတွေ ဖတ်ရတာအားရ၏၊ အားကျ၏၊ ကျွန်တော်လည်း သူတို့လိုပဲ ဂန္ထလောက မဂ္ဂဇင်းထဲမှာ ရေးလိုလှ၏။

သို့သော် တက္ကသိုလ်မဂ္ဂဇင်းထဲမှာ ရေးဖို့က တက္ကသိုလ်ကျောင်းသားဖြစ်မှ ထိုအခွင့် အရေး ရနိုင်လေတော့ ကျွန်တော်သည် တက္ကသိုလ်တက်နိုင်ရန် ကြိုးစားခဲ့ပါ၏။

သို့သော် ၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလ ၂၃–ရက်နေ့နံနက် ၁၀–နာရီခန့်၌ မြန်မာပြည်သို့ ဂျပန်များလာ၍ ပထမဦးဆုံးအကြိမ် ဗုံးကြဲလိုက်သည်က ကျွန်တော်၏ ရည်ရွယ်ချက်ရော ရန်ကုန် မြို့ကြီးရော တစ်ခါတည်း ပျက်စီးပါရောလား။

ဒီဇင်ဘာလ ၂၄–ရက်နံနက်မှာ ရန်ကုန်သားအားလုံး မိမိတို့အိုးအိမ်ကို စွန့်ခွာသွားကြ လေတော့ ကျွန်တော်တို့ ကျောင်းသားအသီးသီးလည်း အိမ်ဇာတိ၌နေသို့ ပြန်ကြရလေသည်။ နံနီတို့အိမ်သားစုက စလင်းသို့. . . . . ။

ယင်း၌ အခြား ကျောင်းသား အားလုံးတို့သည် သူတို့ ဆရာမကြီး ဒေါ်မမ (နံနီ)နှင့် အပြီးအပိုင် ခွဲခွာလိုက်ရခြင်းဖြစ်သော်လည်း ကျွန်တော် တစ်ယောက်မှုကား နံနီနှင့် ပြန်လည် ဆုံစည်းရန် အကြောင်းကံက ဖန်ထားပြီးဖြစ်နေလေသည်။

အသို့ဟူမူ ကျွန်တော်တို့ ကျောင်းဘော်ဒါနေသော နံနီအိမ်သည် မအူပင်လမ်း၊ အိမ် နံပါ ၁၁–ဖြစ်၍ ကျွန်တော်တို့ အိမ်နံပါတ် ၁၇–က ကျွန်တော်၏ ပထမဦးဆုံး ဇနီးလောင်းလျာ ထိုစဉ်က အသက် ၁၄–နှစ်မျှသာရှိသေးသော ကွန့်ဗင့်ကျောင်းသူ ဂါဝန်ဝတ်မကလေး နော်မာနှင့် ချစ်ကြိုက်နေသောကြောင့်ပါတည်း။

၁၉၄၁–ခုနှစ် ကုန်ခါနီး ဒီဇင်ဘာလ ၂၃–ရက်နေ့ နံနက် ၁၀–နာရီခန့်၌ ရန်ကုန်မြို့သို့ စတင်ရောက်ရှိလာသော ဒုတိယ ကမ္ဘာစစ်ကြီးသည် တက္ကသိုလ် တက်ရန် ကြံရွယ် ထားသော ကျွန်တော်၏ ပညာရေးကို ဖျက်ဆီးပစ်လိုက်သော်လည်း မိဘများ၏ ဆန္ဒကား ပြည့်စုံပြီဟု ဆိုရပေမည်။

အကြောင်းမှာ ကျွန်တော့်မိဘများသည် တောသူတောင်သား လယ်သမားများဖြစ်၍ သူတို့သားသည် မြို့နယ်ဒေသ တစ်နေရာရာမှာ ကျောင်းဆရာဖြစ်ခဲ့သော် မိမိတို့ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် အထွတ်အထိပ်သို့ ရောက်လာပြီ ဟူသော ရည်ရွယ်ချက် ရှိသည့်အတိုင်း ယခု ကျွန်တော်သည် ထိုအင်္ဂလိပ်ခေတ်က မြန်မာစာ ပညာရေးမှာ လမ်းဆုံးပြီဖြစ်သော ဟိုက်ယား ဂရိတ်ခေါ် အထက်တန်း ဆရာအဖြစ်ကို အောင်မြင်ခဲ့ပြီ မဟုတ်ပါလား။ အင်္ဂလိပ်စာ အလွတ်ပညာသင်တောင် ၂–နှစ် အဆစ်ပါလိုက်သေး။

သည်တော့ ကျွန်တော်သည် ကျေးရွာတစ်ခုခု၌ အလယ်တန်း ကျောင်းဆရာသော် လည်းကောင်း၊ မူလတန်း ကျောင်းဆရာသော် လည်းကောင်း ဖြစ်သွားပြီဆိုပါက ထိုဒေသမှာ တောသူ တောင်သား လယ်သမားတို့အပေါ်၌ လက်မထောင်နိုင်ပြီ။

ဖင်ကို ရွှံ့တစ်ခဲသား ဝင်အောင်လုပ်မှ ထမင်း စားရတဲ့ကောင် မဟုတ်ဘူးဗျ။ ကျောင်းဆရာဗျ၊ ဒီရွာက နောက် လူကြီးဖြစ်လာမယ့် ကလေးတွေဟာ ကျုပ်တပည့်တွေချည်းပေါ့။

နို့ပြီး အိမ်ထောင်ရေးမှာကော ကျောင်းဆရာလေး မောင်ကျင်မောင်က တောသား ပေမယ့် တရုတ်ကပြားလို ဖြူဖြူချောချောလေးပဲ။

တောရွာ အောင်သွယ်တော်များက စကားတောက်ကြလေပြီ။

ဟား. . . ဟား၊ အဲဒီလိုဆိုတော့ ကျောင်းဆရာလေး မောင်ကျင်မောင် အိမ်ထောင်ကျပြီဆို လျှင် နှစ်ဖက်မိဘက လက်ဖွဲ့တဲ့ လက်တစ်ရှဉ်းလုပ်လောက်နှင့် ဒီလယ်တွေကို အိမ်မှာ သူရင်း ငှားထားပြီး ကိုယ်တိုင်လုပ်မည်လော၊ သို့မဟုတ် သူများကိုပဲ လယ်ကောက်ခ သီးစားချမည်လား။

မယားနှင့်ရော နှစ်ဖက် မိဘနှင့်ရော တိုင်ပင်ရဦးမှာပေါ့။ မဟုတ်ဘူးလားဗျာ။

သို့ရာတွင် မောင်ကျင်မောင်သည် ကျေးရွာမှာလည်း အိမ်ထောင်မကျခဲ့။

ကျောင်းဆရာဆိုတာလည်း ဘုရားစူး လုပ်ဖူးတတ်ဆိုရုံလေး တစ်လတည်း။

သည်တစ်လကလည်း ၁၂–လထဲမှာ ရက်အနည်းဆုံးဖြစ်တဲ့ ဖေဖော်ဝါရီလ ခင်ဗျ။

အကြောင်းမှာ ကျွန်တော်သည် ၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလ ၂၄–ရက်နေ့၌ ရန်ကုန်မြို့မှ ကျောင်းသားဘဝကို ဇာတ်သိမ်းကာ မိမိ၏ ဇာတိဌာန ရွာကလေးသို့ ပြန်ရောက်ခဲ့သည်။

ထိုအချိန်အခါမှာ ကျွန်တော် မြန်မာစာ ၁၀–တန်းအောင်မြင်ခဲ့သော ပေါင်းတည်မြို့ ဦးဘိုးဘေ၏ မြူနီစပါယ် အထက်တန်းကျောင်းမှ ၉–တန်း၊ ၁၀–တန်းပြဆရာ၊ ဆရာသော်သည် ကျန်းမာရေးမကောင်း ဖြစ်နေခိုက်နှင့် ကြုံလေရာ ကျွန်တော့်အား သူ့ကိုယ်စား ခေတ္တ ဆရာလုပ် စေရန် ပညာအုပ်ရုံး၌ လျှောက်ထား၍ လုပ်ခွင့်ရသဖြင့် ကျွန်တော်သည် ရုတ်တရက်ချက်ချင်းကြီး အထက်တန်းပြဆရာလေး ဖြစ်သွားလေ၏။

ကြည့်စမ်း၊ ဤအတိုင်းဆိုတော့ ကျွန်တော်သည် မည်မျှ ကံကောင်းသူပါနည်း။

ကျေးရွာတစ်ရွာမှ အလယ်တန်း ကျောင်းဆရာပဲ လုပ်ရ လုပ်ရ၊ မူလတန်း ကျောင်းဆရာပဲ လုပ်ရလုပ်ရ မှန်းဆထားသူ၊ သည် အခု မြို့ပေါ်မှာ အထက်တန်းဆရာ ဖြစ် သွားလေပြီ။

ကျွန်တော်၏ ပညာအုပ်ရုံး လျှောက်လွှာတွင် ဆရာသော်၏ သဘောတူညီချက်ဖြင့် ခေတ္တဆရာဟု ဆိုရသော်လည်း စင်စစ် ဆရာသော်လည်း လာမည့်နှစ်၌ အသက် ၅၅–နှစ် (အင်္ဂလိပ်ခေတ်က ပင်စင်သက်)ပြည့်ပြီဖြစ်၍ အငြိမ်းစားယူရတော့မည်။ ဒီတော့ ကျွန်တော် ဆက်လုပ်ရုံ ရှိတော့သပေါ့။

ကဲ–မနိုပ်ပါလားဗျာ။

ကျွန်တော်သည် မြို့ပေါ်က ဆရာသော် အိမ်မှာပဲ နေ၍ကျောင်းတက်၏။

အဖိတ် ဥပုသ် ကျောင်းပိတ်ရက်များမှ ရွာသို့ခေတ္တပြန်၏။

ထိုစဉ်က မြို့ပေါ်မှာ ကျောင်းဆရာဆိုတော့ ခေါင်းပေါင်းနှင့် ကျော်သွားရ၏။

လူကယ်ငယ် မောင့်ကြက်သရေ ခေါင်းပေါင်းကားကားနှင့် ဆေးတံကလည်း သောက်လိုက်သေး၏။

အဘယ်ကြောင့် ဆေးတံသောက်သနည်းဆိုသော် ဆေးတံကို ကြိုက်၍မဟုတ်ပါ။

သို့သော် ထိုစဉ်က ကျွန်တော်သည် လူက ကျောင်းဆရာပေါက်စမျှ ဖြစ်သော်လည်း စိတ်ထဲကတော့ ဆရာကြီး ရွှေဥဒေါင်းအား အားကျ၍ တစ်နေ့တော့ ငါစုံထောက်ဝတ္ထုရေးဆရာဖြစ်ရမည်ဟု စုံထောက်မောင်စံရှား စတိုင်လ် ဆေးတံကိုင်နေရခြင်း ဖြစ်၏။

ကျွန်တော်သောက်သော ဆေးတံအမျိုးအစားက အင်္ဂလန်လုပ် ဒန်းဟီးလ်၊ ခုနှစ်ကျပ်ခွဲ ပေးရ၏။

ယင်းခေတ်က နည်းတဲ့တန်ဖိုးမဟုတ်။

ထိုအချိန်က ကျွန်တော် ပျော်လိုက်တာလေ။

ကျွန်တော် သင်ရတာက ၉–တန်း၊ ၁၀–တန်း ဆိုတော့ ကျောင်းသူတွေကလည်း အပျိုတွေကိုဗျ။

၁၉၄၂–ခုနှစ် ဖေဖော်ဝါရီလဆန်း တစ်ရက်နေ့က စသည့်လကုန် ၂၈–နေ့မှာ ပြီးဆုံး၏။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်မှာ အင်္ဂလိပ် စစ်တပ်များက အောင်မြင်စွာ ဆုတ်ခွာ၍ ဂျပန်စစ်တပ်များက မြန်မာ့တပ်မတော်နှင့် ပူးပေါင်းကာ အောင်မြင်စွာ ချီတက်လာပြီ ဖြစ်သောကြောင့် မြန်မာတစ်ပြည်လုံးရှိ ကျောင်းများ အားလုံးကို ပိတ်ပစ်လိုက်သည်။

ကျွန်တော် တစ်လခ ထုတ်လိုက်ရ၏။

ဆရာသော့် လစာ ၆၅–ကျပ်၊ တစ်ယောက် တစ်ဝက်ဟု သဘောတူညီထားသည့်အတိုင်း ဆရာသော်ကို ၃၅–ကျပ် ပေးလိုက်၍ ကျွန်တော် ၃၀–ကျပ် ယူခဲ့ပြီး အဖေ့ကို ငွေ ၂၅–ကျပ် ပေးလိုက်ပါသည်။

ကျွန်တော့် ဘဝတာတွင် ဤအင်္ဂလိပ်ငွေအစိတ်သည် ကျွန်တော့် အဖေ့အား ကျွန်တော် ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ် ပေးလိုက်ရခြင်းပင်။

ထိုစဉ်က အဖေမှာ သားကြီး၏လုပ်စာဟု ဝမ်းသာလွန်းလို့လေ။

ဤအချိန်မှာ ကျွန်တော့်မိခင်ကား မရှိတော့ပြီ။

၁၉၄၁–ခုနှစ် နိုဝင်ဘာလကပင် ကွယ်လွန်သွားရှာပါသည်။

ထိုနောက် ကျွန်တော်သည် ကျောင်းဆရာလည်း မဟုတ်၊ ကျောင်းသားလည်း မဟုတ်တော့ဘဲ မြင်းလှည်းသမား ဘဝရောက်ရန် အကြောင်းက ဖန်လာပြန်တော့သည်။

အသို့ဟူမူ. . . .

## နဖူးစာရွာလည်

ထိုနှစ် ဧပြီလ သင်္ကြန်အပြီး၌ ကျွန်တော့် အမေ၏ ညီမ ကျွန်တော့် ဒွေးလေး၏ ယောက်ျား ပေါင်းတည် မြို့ပေါ်မှလှေျာက်လွှာ စာရေးကြီး ဦးဘိုးချစ်သည် ရွှေတောင် မြို့နယ် ညောင်စာရေးရွာ ဇာတိဖြစ်၍ ထိုရွာသို့ ခေတ္တ အလည်သွားမည်ဟုဆိုသည်၌ ညောင်စာရေးရွာ မှာ ဌေရုတ် ကြက်သွန်ထွက်ရာ ဒေသ ဖြသည်နှင့် အဖေကကျွန်တော့်အား မိုးတွင်းစာ ဌေရုတ် ကြက်သွန် ဝယ်ရန် ငွေ ၂၀၀–ကျပ်ပေး၍ ဦးဘိုးချစ်နှင့်အတူ ထည့်လေ၏။

စင်စစ် ထိုငွေ ၂၀၀–ကျပ်သည် ကျွန်တော့်အား မိန်းမပေးစားလိုက်သည်နှင့် တူနေတော့ ၏။

အကြောင်းမှာ ညောင်စာရေးရွာသည် ရောဝတီ မြစ်ကမ်းဘေးမှာရှိ၏။

ဟိုတစ်ဖက်ကမ်းမှာ တုံးဖိုရွာနှင့် အကောက်တောင်က အင်မတန် သာယာလှပ၏။ ရှုမောဖွယ်ရာရှိ၏။

အဘနှင့် ညောင်စာရေးရွာ ရောက်ပြီး နောက်တစ်နေ့၌ ကျွန်တော်က ဦးဘိုးချစ်အား. . . ''ဦးရေ. . . ကျွန်တော်တို့ ဟိုဘက်ကမ်း သွားလည်ရအောင်ဗျာ'' ဆိုတော့ ဦးဘိုးချစ်က ''အေး. . . ကြုံတုန်းကြုံခိုက် အကောက်တောင်တော့ မင်းရောက်ဖူးအောင် သွားကြည့်သင်တယ်၊ တောင် ကမ်းပါးယံမတ်စောက်စောက်ကြီးမှာ ထုထွင်းထားတဲ့ ဘုရားပုံတော်တွေက အင်မတန် ထူးဆန်း အံ့သြဖို့ကောင်းတယ်'' ဟု ဆိုပြီး တူဝရီးနှစ်ယောက် ကူတို့လှေတစ်စီးငှားပြီး တစ်ဖက်ကမ်းသို့ ကူးခဲ့ကြလေ၏။

ထုံးဖိုရောက်၍ လှေပေါ်က ဆင်းလိုက်ပြီဆိုပဲ မြစ်ဆိပ်မှာ ရေချိုးနေသော (စမ်းချောင်း၊ မအူပင်လမ်း၊ အိမ်နံပါတ်. . . .) ကျွန်တော့်ရည်းစား သားအမိကို တွေ့လိုက်ရ၍ ကျွန်တော် အံ့သြ ဝမ်းသာသွားလျက်–

''ဟော့. . . . နော်မာ''

''ဟင်. . . . ကိုကြင်ဆွေ''

သူ့အမေကလည်း ဝမ်းသာလှိုက်လှဲစွာနှင့်

''ဟော့. . . . မောင်ကြင်ဆွေ''

''နို့. . . . . အန်တီတို့ သန်လျင်သွားမယ်ဆို''

၁၉၄၁–ခုနှစ် ဒီဇင်ဘာလ ၂၃–ရက်နေ့က အင်္ဂလိပ်ခေတ် ရန်ကုန်မြို့ကြီး ပျက်စီး၍ ၂၄–ရက်နေ့မှာ သူသူငါငါကိုယ့်အိမ်ရာ စွန့်ခွာကြရပြီဆိုတော့ မည်သူမည်ဝါ ဘယ်သို့သွားကြ မည်ကို အိမ်နီးပါးနားချင်း ပြောဆိုနှုတ်ဆက်ခဲ့ကြ၏။

''အေးကွ၊ တို့သန်လျင်ရောက်သွားသေးတယ်၊ သိပ်မကြာဘူး၊ သန်လျင်လဲ ပျက်စီးတော့ ပန်းတောင်းကို ပြေးခဲ့ရတယ်၊ ရွှေတောင်တိုက်ပွဲဖြစ်တဲ့အခါ ပန်းတောင်းလဲ လူတွေ မနေဝံ့တော့ လို့ ငါတို့အခု ထုံးဖို့ ဘုန်းကြီးကျောင်းဝင်းထဲက ဇရပ်တစ်ခုမှာ နေရတယ်ကွာ၊ တို့နေရပုံ မင်း လိုက်ကြည့်ပါဦး မောင်ကြင်ဆွေရယ်''

ရန်ကုန်မြို့မှာ နေကြစဉ်အခါ သူ့သမီးနှင့် ကျွန်တော် ချစ်ကြိုက်ကြတယ်ကြားတော့ သဘောမကျဖြစ်ခဲ့သော ယောက္ခမ လောင်းလျာကြီးသည် အခုတော့ ကျွန်တော့်အား ကြည်ဖြူစွာ ဖိတ်ခေါ်လေပြီ။

ကျွန်တော်ကလည်း ဘယ်နေနိုင်တော့မလဲဗျာ၊ နံဘေး၌ ပါးစပ်အဟောင်းသား နေသော ဦးဘိုးချစ်နှင့် သူတို့ကို မိတ်ဆက်ပေးလိုက်ပြီးနောက် ဦးဘိုးချစ်ပါ ကျွန်တော်နှင့်အတူ သူတို့ နေထိုင်ရာဇရပ်သို့ လိုက်ခဲ့ကြတော့သည်။

ထိုနေရာမှာ ထုံးဖိုရွာနှင့် အကောက်တောင်အကြား ဘုန်းကြီးကျောင်းဝင်းအတွင်း ဇရပ်များပေါ်တွင် စစ်ပြေးဒုက္ခသည်များ တည်းခိုနေကြသည်။

သူတို့အိမ် မိသားစုမှာ နော်မာ့မိခင်၏ အမေအဘွားကြီး၊ နို့ပြီး နော်မာ့အစ်ကို ဝီလီ ၁၆–နှစ်၊ နော်မာ့မောင် ကဲနက် ၁၁–နှစ်၊ အငယ်ဆုံး ဂျယ်ရယ် ၈–နှစ်။

သည်လိုဆိုတော့ သူတို့မိသားစုမှာ ယောကျ်ားကြီးကြီးမားမား အားကိုးစရာမရှိ။

သည်တော့ ကျွန်တော့်ကို သူတို့ အလိုရှိလေပြီ။

နော်မာက 'ကိုကြင်ဆွေ ကျွန်မတို့နဲ့ အတူလာနေပါ'' ဟု ပြောသည်တွင် သူ့အမေကလည်း ''ဟုတ်တယ် မောင်ကြင်ဆွေ၊ တို့မှာ အားကိုးရာမဲ့နေပြီကွာ''

ကျွန်တော်လည်း ရေငတ်သူ ရေတွင်းထဲကျ ဖြစ်သွားတော့သည်။

မိမိ ဤထုံးဖိုရွာသို့ ရောက်လာပုံ ပြောပြပြီးနောက် ဦးဘိုးချစ်နှင့် ညောင်စာရေးရွာသို့ ပြန်လိုက်သွားသည်။

တည်းအိမ်ရောက်သော် သုံးလေးရက်စာ ယူလာခဲ့သော အဝတ်သေတ္တာကလေးကိုဆွဲကာ ထိုအိမ်သားများနှင့် ဦးဘိုးချစ်ကို နှုတ်ဆက်ပြီး တစ်ယောက်တည်း ထုံးဖိုသို့ပြန်ခဲ့လေ၏။

အဖေ့ဆီတော့ ဦးဘိုးချစ်နှင့် စာတစ်စောင်ရေးပေးလိုက်'

အဖေခင်ဗျား. . . . . .

ထုံးဖိုရွာတွင် ကျွန်တော့်ရည်းစားနှင့် တွေ့နေပါ၍ ကျွန်တော်ရွာသို့ ပြန်မလာတော့ပါ။ အဖေဝယ်ခိုင်းလိုက်တဲ့ ၄ရတ် ကြက်သွန်ဖိုးငွေ ၂၀၀–ကျပ်တော့ ကျွန်တော် မိန်းမ ယူတာ၊ လက်ဖွဲ့တယ်ပဲ သဘောထားလိုက်ပါတော့ ခင်ဗျား။

သားမောင်။

## အဖေ့စိတ်ထား

ကျွန်တော့်အဖေသည် ဗေဒင်ပညာတတ်၏။ ကျွန်တော့်ကို ဗေဒင်တွက်ထားသည်။

ကျွန်တော့်စိတ်ထဲမှာ တစ်ခုခု ပြုလုပ်ချင်လျှင် မည်သူမျှတားမရ။ ရောက်လေရာ၊ ဖြစ်လေရာဘဝမှာ ဒေါင်ကျကျ ပြားကျကျ နေတတ်သည်။

နို့ပြီး မိန်းမသုံးယောက်ရကိန်း မြင်သည်။ မယားသုံးဆက်လဲမှ မြဲမည့်ဇာတာရှိသည်။

၁၉၄၂–ခုနှစ်မှာပဲ အိမ်ထောင်ကျရမည်။

ထို့ကြောင့် ကျွန်တော့်အဖေသည် ကျွန်တော့်အတွက် ဘာမျှ ပူပင်သောက မရှိတော့။

လူဆိုတာ သူ့ကံဇာတာနှင့် သူ့ကြမ္မာ သူ ဖန်ကြတာပဲဟူသော ယုံကြည်မှုဖြင့် ကျွန်တော့်အား မည်သို့မျှတားဆီးခြင်း မပြုတော့ချေ။

ယင်းသို့ဖြင့် ကျွန်တော်သည် ထုံးဖိုရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဇရပ်တစ်ခု မှာ ကျွန်တော့်ရည်စား၏မိသားစုနှင့် သွားရောက်နေထိုင်တော့၏။

အခြားဇရပ်တွင်လည်း အခြားစစ်ပြေးဒုက္ခသည်များနေကြသည်။

## စာရေးဆရာလောင်းလျာ နှစ်ယောက်

အမယ်–အခုမှ ပြန်လည် စဉ်းစားလိုက်တော့ ယင်း ထုံးဖိုဘုန်းတော်ကြီး ကျောင်းဝင်း ထဲမှာ ထိုအချိန်က စာရေးဆရာလောင်းလျာနှစ်ဦး ရောက်ရှိနေပါကလား။

ကျွန်တော်တို့နေသောဇရပ်နှင့် ဘေးချင်းကပ် အခြားဇရပ်တစ်ခုတွင် အခြားစစ်ပြေး ဒုက္ခသည်တစ်စု နေကြသည်။

နော်မာတို့ အမေနှင့်အတူ သန်လျင်မှ ပန်းတောင်း၊ ပန်းတောင်းမှ တစ်ဖန် ဤဘုန်းကြီး ကျောင်းဇရပ်သို့ ရောက်လာကြသော မိသားစုတစ်စု။

ငင်းမိသားစုထဲမှာ ၁၀–နှစ်ခန့်အရွယ် ချာတိတ်ကလေးတစ်ကောင်ပါသည်။

ဤသူငယ်ကား နောင်တွင် ''တက္ကသိုလ်ဘုန်းနိုင်'' ဖြစ်လာမည့် ခင်မောင်တင့် ပေတည်း။

သို့သော် ထိုစဉ်ကတော့ သူ့အား ခင်မောင်တင့်ဟု ခေါ်သံမကြားရ။

အသားညိုညို မျက်လုံး ပြူးပြူးကလေးနှင့်၊ အထူးသဖြင့် သူ့ဆံပင်က နီကရိုးလို ကောက်တိကောက်ကွေး နေသောကြောင့် သူ့ကို 'ကာလိပ္ပေး'ဟု ခေါ်ကြ၏။

ထိုအချိန်က သူ့အဖေနှင့် သူ့အမေ (နော်မာလောက်ပဲရှိသော) အပျိုပေါက်မလေးက ထုံးဖိုမြစ်ဆိပ်မှာ သားအမိနှစ်ယောက် မုန့်ဟင်းခါး ရောင်းကြသည်။

သို့သော် တစ်ခါတော့ မတော်ရသေးသော ကျွန်တော်တို့ သမီးယောက္ခနှစ်ယောက်သည် ကျွန်တော့်မှာ ပါလာသော ငွေကလေး ၂၀၀–ကျပ်နှင့် ကုန်ကူးရန်ဟူ၍ အထက်သရက်မြို့သို့ လှေတစ်စီးငှား၍ သွားကြသည်။ လမ်းမှာ မြစ်ကမ်း၌ တစ်ည အိပ်ရသည်။

လှေသမားကြီးနှင့်မှ ကျွန်တော်တို့ ၃–ယောက်တည်းပဲ။

ထိုစဉ်က သရက်မြို့မှာ သန်လျင်က စစ်ပြေးဒုက္ခသည်ပဲ။ သူ့မောင် မစ္စတာ သွန်မဆင် မိသားစုရှိပါသည်။

သူတို့ မောင်နှမ ဝမ်းနည်းဝမ်းသာ တွေ့ဆုံကြသည်။

ကျွန်တော့်အား နော်မာ၏ ရည်းစားဟု မိတ်ဆက် ပေးသည်။

သရက်မှာ သုံးလေးရက်မျှနေပြီး အပြန်မှာ ဘာကုန်များ ဝယ်သွားကြမည်နည်း ဆွေးနွေးကြသောအခါ သွန်မဆင်လည်း သန်လျင် ဘီအိုစီက ဖိုမင်ပဲ။ ကူးသန်း ရောင်းဝယ်ရေး ဘာနားလည်မည်နည်း။

သရက်က ငရုတ်သီးထွက်သည်ဟု ကျွန်တော်တို့ ငရုတ်သီး ၁၀–အိတ် ဝယ်ခဲ့ကြသည်။

ယင်းသည် ကျွန်တော်တို့အမှား။

ကြည့်ပါဦး ကျွန်တော်တို့ငှားလာတဲ့လှေက ငယ်ငယ်ကလေးပဲ၊ ငရုတ်သီး ၁၀–အိတ် လှေပေါ်တင်လိုက်တော့ လှေဝမ်းထဲမှာ ပြည့်မောက်သွားလေပြီ။

အမိုးအကာလည်း မရှိတော့ လမ်းမှာ လှေနှင့်လှိုင်းနှင့် ငရုတ်သီးတွေရေထိ၍ အောက်ကုန်သဖြင့် ထုံးဖိုရောက်သောအခါ ဈေးကောင်းကောင်း ပေးမည့်သူ မရှိတော့ချေ။

အမှန်က ရသမျှနှင့် ကျွန်တော်တို့ အရှုံးခံ၍ ရောင်းပစ်ဖို့၊ သို့သော် ကျွန်တော့် ယောက္ခမလောင်းလျာက ခေါင်းမာ၏။

''ဒီအရပ်သားတွေကို အရှုံးခံပြီးတော့ဖြင့် မရောင်းနဲ့ကွာ၊ တို့ ရန်ကုန်အထိ ယူသွားမယ်''

ဟုဆို၏။ ကြာလျှင် ငရုတ်သီးတွေ ဖလံဖြူ ဖြစ်ကုန်ကြမည်ကို ကျွန်တော်တို့ မသိကြ။

အကြောင်းမှာ ထိုအချိန်သည် မေလ ကုန်ခါနီးတွင် ဖြစ်၍ မြန်မာတစ်ပြည်လုံးကို ဂျပန် အစိုးရက အုပ်ချုပ်ပြီး ရန်ကုန်မြို့ကြီးလည်း အေးချမ်းသွားပြီ ဖြစ်သောကြောင့် ကျွန်တော်တို့ ပြန်ကြဖို့ စီစဉ်နေကြပြီ။

ယင်းသို့လျှင် ကျွန်တော်နှင့် နော်မာသည် သမီးရည်းစားဘဝဖြင့် ထုံးဖိုမှာ နှစ်လလောက် နေပြီးနောက် ဇွန်လလယ်လောက်တွင် လှေကြီးတစ်စီးငှား၍ မိသားစုအားလုံး ဧရာဝတီ မြစ်ကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်ခဲ့ကြလေ၏။

ကနောင်မြို့တွင်တစ်ည၊ ညောင်တုန်းမြို့မှာတစ်ည၊ လမ်း၌နှစ်ညအိပ်ခဲ့ရသည်။ လှေပေါ် မှာမဟုတ်။

ထိုမြို့များရှိ လှေသူကြီး၏ မိတ်ဆွေများအိမ်မှာ ကောင်းမွန်စွာ တည်းခိုရပါသည်။

## ပြည်တော်ပြန်

ထုံးဖိုမှထွက်ခဲ့ပြီး ၃–ရက်မြောက်၌ ကျွန်တော်တို့ ရန်ကုန်မြို့သို့ ရောက်ကြပါသည်။

ကြည့်မြင်တိုင်ဆိပ်မှ ချယ်ဂါလီ (လက်တွန်းလှည်း) များဖြင့် ပစ္စည်းပစ္စယတွေ တင်၍ မအူပင်လမ်းထဲသို့ ဝင်လာကြသောအခါ ၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလ ၂၄–ရက်နေ့က ရန်ကုန်မြို့ မှ တစ်ပြိုင်တည်း မိမိတို့အိုးအိမ်ကို စွန့်ခွာခဲ့ကြရသူများသည် ၁၉၄၂–ခုနှစ် မေလလောက်က စတင်ပြီး ကိုယ့်အိမ်ကိုယ့်ရာပြန်လာကြပြီးဖြစ်ရာ ကျွန်တော်တို့ရောက်သော ဇွန်လလယ်လောက် ၌ကား ယခင်ဌာနဟောင်းတွေ စုံသလောက်ပင်ရှိနေချေပြီ။

ကျွန်တော်၏ God Mother ဒုတိယမိခင်ဟုဆိုခဲ့သော နံနီတို့ အိမ်သားများလည်း စလင်းမြို့မှ ပြန်လည်ရောက်ရှိနေကြပြီဖြစ်ရာ ကျွန်တော်တို့ ပြန်လည်တွေ့ဆုံကြသည့်၌ လွန်စွာ ဝမ်းသာအားရ ရှိကြကုန်၏။

ကျွန်တော်တို့သည် နေ့လယ်ခင်းလောက် ရောက်ကြသည်ဖြစ်၍ ပါလာခဲ့သော ပစ္စည်းတွေ နော်မာတို့အိမ်ပေါ် တင်ပေးပြီးနောက် ကျွန်တော်က နံနီအိမ်မှာလာပြီး စကားပြော နေသည်။

၁၉၄၁–ခုနှစ် ဒီဇင်ဘာမှ ၁၉၄၂–ခုနှစ် ဇွန်လ ဆိုတော့ ကျွန်တော်တို့ စစ်ပြေးဘဝနှင့် ခွဲခွာခဲ့ကြသည်မှာ ၆–လရှိပြီ။

ယခု ဘေးမသီရန်မခ ပြန်လည်တွေ့ဆုံကြရတော့ ပြောစရာတွေက အများကြီး။

အထူးသဖြင့် ကျွန်တော်နှင့် နော်မာတို့ တွေ့ဆုံခဲ့ကြပုံ အကြောင်း၊ သူ့အမေ၏ သဘောထား။

ယင်းအချိန်၌ ကျွန်တော့်စိတ်ထဲ ဒွိဟဖြစ်နေသည်မှာ ယခု ကျွန်တော်သည် ဘယ်အိမ်သားနည်း။

သည်ည ယခင်က ကျွန်တော် ကျောင်းဘော်ဒါနေခဲ့သော မိမိအိပ်ရာ ကင်းဂကော့ရှိသည့် နံနီအိမ်မှာပင် အိပ်ရမည်လော၊ သို့မဟုတ် ထုံးဖိုမှာ နှစ်လလောက် အတူနေခဲ့သော ရည်းစား၏ အိမ်သို့ပင် လိုက်သွားရမည်လား၊ စဉ်းစားရ ခက်နေစဉ်မှာပင် ညနေ နေဝင်ရီသရောအချိန်၌ နော်မာ ကျွန်တော့်ဆီရောက်လာပြီး. . . . .

''ကိုကြင်ဆွေ. . . မာမီက ထမင်းစားရအောင်တဲ့''

ထိုမှစပြီး ကျွန်တော်သည် သူတို့အိမ်သား ဖြစ်သွားတော့သတည်း။

ကဲ. . . . သူ့အိမ်တက် သူ့သားမက် ဖြစ်သွားပြီဆိုတော့ သူ့သမီးကို လုပ်ကျွေးရပေတော့ မည်။

အို. . . . သူ့သမီးတင် ဘယ်ဟုတ်မှာတုန်း၊ သူနှင့်သူ့အမေအိုကြီးရော၊ သူ့သား လူမမည် သုံးယောက်ပါဆိုတော့ ပေါင်း ၆–ယောက်တောင်ပါတကား. . . . .

ဒီလဒီမျှနှင့် တော်ဦးစို့၊ ဒီမေလစာရေးရတာ ပူအိုက်လွန်းလို့ သိပ်ပင်ပန်းတယ်ဗျာ။

## မင်္ဂလာဆွမ်းကျွေးပွဲ

ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအနီး အမှတ်–၁၂ စကားဝါလမ်း၊ (ယခင် နယူး လင်းလမ်း) တိပိဋကတ်ကျောင်းတိုက်၊ ထမင်းစားခန်းမကြီးထဲ၌ ၁၉၈၉–ခုနှစ်၊ မေလ ၁၄–ရက် နေ့ နံနက်ခင်း မင်္ဂလာဆွမ်းကျွေးပွဲတွင် အသက် ၈၉–နှစ်ရှိပြီဖြစ်သော အဘွားအိုကြီးဆီသို့ ၇၀–ပြည့်ရန် ၁၂–ရက်သာ လိုတော့သော အဘိုးအိုကလေးက သွားရောက်နှုတ်ဆက်သည်။

''အန်တီ. . . နေကောင်းတယ်နော်''

အဘွားအိုကြီးသည် မျက်မှန်မဆောင်ရ။

မည်သူမည်ဝါမှန်း ချက်ချင်းသိသည်နှင့် တစ်ခေါင်းလုံး ဖြူဖွေးနေသော ခေါင်းတုံးဆံ တောက်နှင့် အဘိုးအိုကလေး၏ လည်ကုပ်ကို ကိုင်၍ နဖူးကိုနမ်းလိုက်ပြီး. . . . .

''သြော်. . . . ငါ့သားလဲ အဘိုးအိုကလေးဖြစ်သွားပြီကောကွယ်''

ဟု ဝမ်းနည်းဝမ်းသာ ပြောလိုက်လေ၏။

ဤ မင်္ဂလာဆွမ်းကျွေးပွဲကို ကျင်းပသူတို့ကား အင်းစိန်မြို့ ကွက်သစ် ၁–လမ်း၊ အမှတ် ၃၄–နေ(ဦးစိန်လင်း–ဒေါ်အောင်ဖူး)တို့၏သား ''မောင်ကျော်လင်း'' B-E Civil နှင့် ရန်ကုန်မြို့

စမ်းချောင်းရပ် မအူပင်လမ်း၊ အမှတ် ၁၇–နေ ဦးသော်တာဆွေ (စာရေးဆရာ) ဒေါ်နော်မာတို့၏ သမီး မသန်းသန်းဆွေ(ခ)မေဘယ်လ် B-Sc-I-C တို့ ညားခါစ ဇနီးမောင်နှံ ဖြစ်ပါ၏။

ဤဇာတ်လမ်းအဖွင့်တွင် အသက် ၈၉–နှစ်ရှိ အဘွားအိုကြီးက မေဘယ်လ်၏မိခင် ဒေါ်နော်မာ၏ အမေဖြစ်၍ အသက် ၇၀–ရွယ်အဘိုးအိုကလေးကား ကျွန်တော်သော်တာဆွေ ဖြစ်ပါတော့သည်ခင်ဗျာ။

သူတို့ သမီးယောက္ခမနှစ်ယောက် သင့်မြတ်နေကြသည်မှာ ကြာလှပါပြီ။

ကျွန်တော်သည် တစ်နှစ် တစ်ခေါက် နှစ်ခေါက်လောက် ကျွန်တော်၏ God Mother ဒုတိယမိခင် နံနီထံသို့ သွားရောက် ကန်တော့တိုင်း ကန်တော့တိုင်း ကျွန်တော့်ယောက္ခမ ဟောင်းကြီးကိုလည်း ရှိခိုးကန်တော့ခြင်းအမှု ပြုလေ့ရှိပါသည်။

ထို့ကြောင့် ဟိုတုန်းက အလွန်မသင့်မြတ်ခဲ့သော ကျွန်တော်တို့ သမီးယောက္ခမသည် အတိတ်ကအဖြစ်တွေ သင်ပုန်းချေပြီ။ တစ်ဦးနှင့်တစ်ဦး ခင်မင်ကြင်နာကြလျက် ခုနဖော်ပြခဲ့ သည့်အတိုင်း ကျွန်တော်က ''အန်တီ နေကောင်းတယ်နော်'' ဟု နှုတ်ဆက်လိုက်သောအခါ သူက ''သြော်. . . . ငါ့သားလဲ အဘိုးအိုကလေး ဖြစ်သွားပြီကောကွယ်''ဟု ဆိုရင်း ကျွန်တော့် လည်ကုပ်ကို ကိုင်၍ ကျွန်တော့် နဖူးကို နမ်းလိုက်သည်၌ ကျွန်တော်ကလည်း အဘွားကြီး၏ပါးကို နမ်းလိုက် ရပါသည်။

ကျွန်တော်တို့ သမီးယောက္ခမ တစ်ယောက်နဖူးတစ်ယောက်ပါး နမ်းကြသည်မှာ မဆန်းပါ။

တစ်ဦးနှင့်တစ်ဦး သားမက်နှင့် ယောက္ခမ စတော်ကြစဉ် ကတည်းက ဖြစ်ပါသည်။

Because အကြောင်းသော်ကား ကျွန်တော့်ယောက္ခမ၏ နာမည်ရင်းသည် Miss Josphine သူ့ခင်ပွန်းက Mr.Barrow ဟူသော တပြားမိသားစု ဖြစ်သောကြောင့်ပါတည်း။

သူတို့အိမ်သားများသည် အင်္ဂလိပ်လိုရော မြန်မာ လိုရောအဆင်သင့်သလိုပြော၍ ဗိုလ်ဆန်ကြသည်။

နှစ်စဉ် ခရစ္စမတ်တိုင်းတွင် 'ဟက်ပီးခရစ္စမတ်စ်'ဆို၍လည်းကောင်း၊ တစ်ယောက်ယောက် ၏မွေးနေ့တွင် 'ဟက်ပီးဘာ့သ်ဒေး' ဆို၍လည်းကောင်း တစ်ယောက်နဖူး တစ်ယောက်ပါးနမ်း ကြရသည်မှာ မလုပ်မနေအပ်သော တာဝန်ဝတ္တရားကြီးလိုပါတည်း။

အနောက်ဆန်သော ခရစ်ယာန်ဘာသာဝင်တို့၏ ဓလေ့။

ထို့အပြင် တစ်ဦးဦး၏ လုပ်ငန်းဆောင်တာ အောင်မြင်မှုအတွက်လည်းကောင်း၊ အခု ကျွန်တော်တို့ သမီးယောက္ခမကဲ့သို့ မတွေ့ရတာ ကြာပြီးမှ ပြန်လည်တွေ့ဆုံကြရသည်တို့၌ လည်းကောင်း သည်လိုပဲ တစ်ယောက်တစ်ယောက် နမ်းရှုံ့နှုတ်ဆက်ကြကုန်သည်။

သို့နှင့် ကျွန်တော် အဘွားကြီးပါးကို နမ်းပြီးနောက်. . . . .

''အခု. . . . မေဘယ်လ် မင်္ဂလာဆောင်တာဂျယ်ဂျယ်သီလား''

ဂျယ်ဂျယ်ဆိုသည်မှာ အဘွားကြီး၏သားအငယ်ဆုံး Gerral သဘော်အင်ဂျင်နီယာ။

လွန်ခဲ့သော သုံးလေးလလောက်ကပင် နိုင်ငံခြားထွက်သွား၍ ဖြစ်ပါသည်။

''တို့-ဒီက စာရေးလိုက်လို့ သိပါတယ်ကွ။ သူ့တူမ မင်္ဂလာဆောင်ကို ဟိုတူတွေတူမတွေ တုန်းကလိုပဲ ငွေနှစ်သောင်း လက်ဖွဲ့ခိုင်းလိုက်ပါတယ်''

ကျွန်တော့်ယောက်ဖ အငယ်ဆုံးဂျယ်ဂျယ်ခေါ် ဦးဝင်းဖေကား နိုင်ငံခြား ကုမ္ပဏီကြီး တွေမှာ အလုပ်လုပ်နေသော သဘော်အင်ဂျင်နီယာဖြစ်၍ အင်မတန် ဝင်ငွေ ကောင်းသည်။

ယခု အသက် ၅၀-ကျော်လောက် ရှိပြီဖြစ်သော်လည်း အိမ်ထောင်မပြု။

တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့်ပင်။

သူ့မိခင်၊ သူ့အစ်မ (ကျွန်တော်၏ဇနီးဟောင်း)နှင့် သူ့ တူ-တူမများကို ကျွေးမွေးပြုစုနေ သူဖြစ်သည်။

ကျွန်တော့်သားကျော်ကျော် ပထမဦးဆုံး မင်္ဂလာဆောင်စဉ်က ငွေနှစ်သောင်း။

ဒုတိယ ကျွန်တော့်သမီး အကြီးဆုံးပယ်ပယ် Dample Swe လက်ထပ်တော့လည်း ငွေနှစ်သောင်း၊ တတိယ ကျွန်တော့်သား သော်သော် (ဒေါက်တာ-အောင်သော်) မိန်းမယူတော့လည်း ငွေနှစ်သောင်း။

ယခု ကျွန်တော့်သမီးအငယ်ဆုံးမေဘယ်လ်(သန်းသန်းဆွေ) ကျတော့လည်း နှစ်သောင်းပဲ လက်ဖွဲ့ကြောင်း အဘွားကြီးက ဝမ်းသာအားရ ပြောပြပါသည်။

ထို့နောက် သူ ကျွန်တော့်ကို မတွေ့ရတာကြာလှပြီဖြစ်၍

''ဒါနဲ့. . . မောင်ကြင်ဆွေ၊ မင်း နံနီဆီမရောက်တာ တော်တော်ကြာပါပြီလားကွယ့်၊ လာပါဦးကွယ်၊ နံနီက ငါ့ထက်တောင် ကြီးတာကွယ့်၊ ဒါပေမယ့် နေထိုင်မကောင်းဖြစ်တယ်တော့ ငါမကြားဘူးကွ၊ ငါ့ထက်တောင် မာသေးတယ်''

ယင်း၌ ကျွန်တော့်ရင်ထဲတွင် ဆို့၍ သွားပါတော့သည်။ အကြောင်းမှာ (မေလရှုမဝ ကျွန်တော့်ဘဝဇာတ်ကြောင်း (၁၉၀)တွင် ရေးခဲ့သည်) နံနီသည် (၂၂ ၊ ၂ ၊ ၈၉)နေ့ကပင် ရုတ်တရက် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း သူ မသိရှာပေ။

အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး အထူးခင်မင်ကြသော အိမ်နီးပါးနား အဘွားအိုကြီးများဖြစ်ကြ၍ တစ်ဦး၏သတင်းဆိုးကို ကြားရလျှင် တစ်ဦးစိတ်မှာ ထိခိုက်မည်ဖြစ်သောကြောင့် သားမြေးများက နံနီအသုဘကို ဖုံးကွယ်ထားကြခြင်းဖြစ်ပေ၏။

ထို့ပြင် ကျွန်တော့်သားကြီး (သဘော်သား)ကျော်ကျော် (၂၇၊ ၁၁၊ ၈၈)နေ့က ဆေးထိုးမှား၍ ရုတ်တရက် ကွယ်လွန်သွားတုန်းကလည်း သူ့အား အသိမပေးပေ။

'အခုတလော ကျော်ကျော် အိမ်ပေါ်မလာပါလား''

ဟု မေးလျှင်. . .

'ကျော်ကျော် သင်္ဘောလိုက်သွားတယ်'

ဟု ပြောထားကြ၏။

ကျော်ကျော်သေဆုံးစဉ်က ဂျယ်ဂျယ် ရန်ကုန်မှာရှိနေသည်။ သူ့တူ သူအင်မတန်ချစ် သည်။ ကျွန်တော် အသုဘအိမ်ရောက်သွားတော့. . . .

'ကိုကြင်ဆွေ၊ ခင်ဗျားသားကြီး သေပြီဗျ'

ဟု ဆို၍ ငိုလိုက်တာသေး နို့ပြီး သူ့တူ မသာစရိတ်ကို သူတစ်ယောက်တည်း တာဝန်ယူမည်ဟု ငွေနှစ်သောင်း ထုတ်ပေးပြီး သွေးတိုးရောဂါရှိသော သူ့ဘွားအေကြီးကို ကျော်ကျော် သေကြောင်း မသိစေရဟု ဂျယ်ဂျယ်ကပင် စီမံခဲ့ခြင်းဖြစ်၏။

ယခု မေဘယ်လ် မင်္ဂလာဆောင်ချိန်၌ကား ဂျယ်ဂျယ် နိုင်ငံခြားရောက်နေသည်။ သို့သော် အခြားတူ–တူမများနည်းတူ ငွေနှစ်သောင်း လက်ဖွဲ့လိုက်သည်။ လူပျိုကြီး ဂျယ်ဂျယ် သည် သူ့တူ–တူမများကို အလွန်ချစ်ရှာသည်။

ကျွန်တော်သည် နော်မာနှင့် သားသမီးငါးယောက် မွေးဖွားခဲ့ရာ ကျွန်တော့်မှာ မြန်မာပြည်၏စာရေးဆရာပီပီ ပစ္စည်းဥစ္စာ မချမ်းသာသော်လည်း ကျွန်တော့် သားသမီးများကား မဆင်းရဲကြပါကုန်။

သူတို့သည် ဒီဂရီရအောင် ကျောင်းပညာ သင်နိုင်ကြ၍ အလုပ်အကိုင်လည်း အသီးသီး ရကြလျက် အိမ်ထောင်ကျတော့လည်း ဖူးစာကံကောင်းကြပါပေသည်။

ကျော်ကျော်က သင်္ဘောသား ဖြစ်သွားသည်။ သူ အိမ်ထောင်ကျတော့လည်း သူ့ ယောက္ခမ မိဘများက ချမ်းသာလှသည်။ သူ့ဇနီးက စိန်တစ်ဆင်စာ၊ ပတ္တမြားတစ်ဆင်စာ၊ ပုလဲ တစ်ဆင်စာ စသည်တွေနှင့်ခင်ဗျ။

Dample ပယ်ပယ်(ဒေါ်ဦးဦးမေ) ကဆေးကျောင်း(၁)မှာ အင်္ဂလိပ်စာပြဆရာမ သူ့ယောက်ျားက ယခု ဒုပိုလ်မှူးကြီး. . . . .။

သော်သော်က (ဒေါက်တာ အောင်သော်) သူ့ဇနီးကလည်း ဆရာဝန်မပဲ။

ကျွန်တော်၏ စတုတ္ထမြောက်သမီး မော်မော်တစ်ယောက်သာ အိမ်ထောင်မပြုရသေး။

ယခု သမီးငယ်ဆုံး မေဘယ်လ် ယောက်ျားကလည်း အင်ဂျင်နီယာ ကန်ထရိုက်တာ၊ အိမ်ပိုင် ကားပိုင်နှင့်ပဲ။

ကျွန်တော့် သားသမီးများမှာ အိမ်ထောင်ကျတယ်ဆို အလုပ်အကိုင်အသီးသီးနှင့် ကိုယ်ပိုင်ကားတွေစီးကြလို့။

သို့သော် သူတို့အဖေကြီး အိမ်ထောင်ကျစဉ်တုန်းကဖြင့်ဗျား. . . .။

သည်အကြောင်း ဖော်ပြရမည်ဆိုတော့ လွန်ခဲ့သောလ ကျွန်တော့်ဘဝဇာတ်ကြောင်း (၁၉၁) အဆုံးသတ်က စရပါလိမ့်မယ်။

## ကျွန်တော် အိမ်ထောင်ကျစက

၁၉၄၂–ခုနှစ်၊ ဖွန်လလယ်လောက်တွင် နော်မာနှင့် ကျွန်တော် အိမ်ထောင်ကျကြ၍ ယခင်လကအဆုံးသတ်တွင် ကျွန်တော်ရေးခဲ့သည်မှာ. . . . .

ကဲ. . . . သူ့အိမ်တက် သမက်ဖြစ်သွားပြီဆိုတော့ သူ့သမီးကို လုပ်ကျွေးရပေတော့မည်။

အို. . . . သူ့သမီးတစ်ယောက်တည်း ဘယ်ဟုတ်မှာတုံး၊ ကျွန်တော့် ယောက္ခမကြီး၏ အမေ အိုကြီးရယ်၊ ဝီလီ၊ ကဲနက်၊ ဂျယ်ဂျယ်ဆိုတဲ့ သားသုံးယောက်ရယ် စုစုပေါင်း ခြောက်ယောက် တောင်ပါလားခင်ဗျား။

ကဲ. . . သည်တော့ ကျွန်တော် ဘာလုပ်မတုံး၊ ကျွန်တော် တတ်ထားသည့်ပညာက အင်္ဂလိပ်စာ အလွတ်ပညာနှစ်နှစ်နှင့် မြန်မာလို အထက်တန်းဆရာဖြစ်၊ ယင်းအချိန်မှာ စာသင် ကျောင်းတွေက မဖွင့်သေးတော့ တတ်တဲ့ပညာ ခေါက်ထားလိုက်ပေါ့။ သည်တော့ ယောက္ခမကြီး က အကြံရသည်။

ထိုစဉ်အခါက ကျွန်တော်တို့ မအူပင်လမ်းထဲမှာ ဗိုလ်ကတော် နှစ်ယောက်ရှိသည်။ (၁) ကျွန်တော့် ယောက္ခမမုဆိုးမ၊ (၂) အန်တီခင်ခင်၊ သူ့လင်က မစ္စတာဖော်စတာ မျက်နှာဖြူကပြား။

အန်တီခင်ခင်သည် ရှေးယခင် အင်္ဂလိပ်ခေတ်ကပင် သူ့မောင်အငယ်ဆုံး ကိုပန်းငြိမ်း အား မြင်းလှည်းတစ်စီး ထောင်ပေးထားသည်။ ကိုပန်းငြိမ်းက မြင်းလှည်းမောင်း စားရသည်။

ထိုစဉ်က မြင်းလှည်းအလုပ်ဆိုသည်မှာ အလကားဖွတ်ကျား၊ တစ်ခေါက်မောင်းလို့မှ နှစ်ပြားတစ်ပဲ၊ မောင်းစရာခရီးကလည်း အရပ်ထဲနှင့် ဘတ်စ်ကားဆိပ်ပဲရှိသည်။ ထို့ကြောင့် မြင်းလှည်းတို့သည် ဘတ်စ်ကားဂိတ်မှာ စုပြုံနေကြသည်။

ယင်းအခါသမယက စမ်းချောင်း ကြည့်မြင်တိုင်တွင် နေထိုင်ကြသူတို့သည် ရန်ကုန်မြို့ထဲ သို့ သွားကြမည်ဆိုလျှင် အိမ်နှင့်ဘတ်စ်ကားဂိတ်သည် တစ်ဖာလုံ နှစ်ဖာလုံလောက် ဝေးသည်ကို ခြေကျင်မလျှောက်ကြ။ ခရီးအနီးအဝေးလိုက်၍ မြင်းလှည်းကို နှစ်ပြားတစ်ပဲပေး၍ စီးကြသည်။

ဒီတော့ မြင်းလှည်းသမားတို့သည် ဘတ်စ်ကားဂိတ်နှင့် အရပ်ထဲကို လူတစ်ယောက်ရရ နှစ်ယောက်ရရ မောင်းရသည်။

ထိုခေတ်က မြင်းလှည်းသမားတစ်ယောက်သည် တစ်နေ့လျှင် စုစုပေါင်း ငွေတစ်ကျပ် လောက် ရသည်ဆိုလျှင်ပင် အိမ်ထောင်တစ်ခု သုံးယောက် စားလောက်နေပြီကိုး။

သို့ဖြင့် စမ်းချောင်းနှင့် ကြည့်မြင်တိုင်ရပ်တို့တွင် မြင်းလှည်းဖြင့် အသက်မွေးသူများ ရှိခဲ့ပေရာ ဟော. . . အင်္ဂလိပ်ပြေးပြီး ဂျပန်ခေတ်လည်းရောက်ကရော ရန်ကုန်မြို့တွင် (သာမက မြန်မာတစ်ပြည်လုံးမှာ) ဘတ်စ်ကား တစ်စီးမျှမရှိလေတော့ ခရီးဝေးဝေးနီးနီး ဘယ်ပဲသွားချင် သွားချင် မြင်းလှည်းနှင့်ပင် ခရီးနှင်ကြရလေတော့ ရန်ကုန်မြို့မှာ မြင်းလှည်းတွေ ခေတ်စားလာ သတည်း။

ထိုအခါ အန်တီခင်ခင့်မောင် ကိုပန်းငြိမ်း၏ ဝင်ငွေသည် မြူနီစပါယ် အရာရှိကြီးဖြစ်သော အန်တီခင်ခင့်လင် မစ္စတာဖော်စတာ လစာထက်ပင် ပိုသွားလေတော့ အန်တီခင်ခင်က စိတ်ကူးရ ပြီး သူကိုယ်တိုင် မြင်းလှည်းထောင်ကာ သူ့သားမိကီ၊ အန်နီတို့အား မြင်းလှည်းမောင်းလေ သတည်း။

ယင်း၌ ကျွန်တော့်ယောက္ခမကြီးလည်း အကြံရပြီး လှည်းတစ်စီး မြင်းတစ်ကောင် ငွေ ၄၀ဝိ နှင့်ဝယ်ကာ သူ့သမက်ကလေး မောင်ကြင်ဆွေကို မောင်းခိုင်းလေသတည်း။

ကျွန်တော် မြင်းလှည်းမောင်းတော့ နဂိုကတည်းက တတ်ပြီးသားဗျ။ ဘာကြောင့်ဆို ကျွန်တော်တို့ရွာမှ ၃–မိုင်ဝေးသော ပေါင်းတည်မြို့ကို ကျောင်းတက်သွားရစဉ်က မြင်းလှည်းနှင့် ဖြစ်လေတော့ မြင်းလှည်းသမားတွေနှင့် ကျွန်တော်နှင့် ခင်ပြီး သူတို့က ကျွန်တော့်ကို ရထား မောင်းသင်ပေးထားသကိုးဗျ. . . . . ။

ဟော. . . . အခု ကျွန်တော့်ယောက္ခမ မြင်းလှည်းလည်းဝယ်ရော 'တိုင်း၍ရက်တဲ့ပက္ကလာ မိုးရွာသည်နှင့်အသင့်' ဆိုတဲ့ ဦးပုညရဲ့စာအတိုင်း ဖြစ်သွားတာပေါ့ဗျာ။

သို့သော် ကျွန်တော်သည် မြင်းလှည်းသာ မောင်းတတ်သည် မြင်း၏အင်အားနှင့် လုပ်ငန်းတာဝန်ကို မချင့်ချိန်တတ်။ ယောက္ခမမျက်နှာရအောင် ငွေများများရဖို့သာ တွက်တတ် သည်။ မိမိနေ့တွက်ကိုက်ဖို့သာ စဉ်းစားသည်။

အသို့ဟူမူ ကျွန်တော် စ၍မောင်းစဉ်က မြင်းလှည်းခတို့သည် စမ်းချောင်း ကြည့်မြင်တိုင်မှ ရန်ကုန် သိမ်ကြီးဈေးသို့ ခရီးသည်တစ်ယောက်လျှင် ဂျပန်ပိုက်ဆံ ၂၅–ဆင့် (တစ်မတ)။ ဗဟန်းကိုလည်း ၂၅–ဆင့်ပဲ။

ကျွန်တော့်အိမ်သည် စမ်းချောင်းတွင်ဖြစ်၍ မနက်စောစော မြင်းလှည်းတပ်၍ ထွက်ခဲ့ပြီး စမ်းချောင်း မြင်းလှည်းဂိတ်မှ ဗဟန်းသို့လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း ခရီးသည် အဆင်သင့်ရာကို မောင်းရသည်။

ဥပမာ–ပထမဦးဆုံးအခေါက်က စမ်းချောင်းမှ ဗဟန်းသို့ရသည်ဆိုပါတော့ တစ်ဖန် ဗဟန်းမှ စမ်းချောင်း ကြည့်မြင်တိုင် ခရီးသည်များကို တင်၍ပြန်ရသည်။

မြင်းရထားသည် မှန်တမ်းအားဖြင့် ခရီးသည် ခြောက်ယောက်ကို တင်နိုင်လေရာ လူအပြည့်ရခဲ့သော် အသွားတစ်ကျပ်ခွဲ အပြန်တစ်ကျပ်ခွဲ ပေါင်း သုံးကျပ်ရပြီဆိုပါက လုပ်ငန်းစဉ် တစ်ဝက် တွက်ကိန်းကိုက်ချေပြီ။

မြင်းတစ်ကောင်ကို တစ်ဂိတ်မှတစ်ဂိတ်သို့ အသွားအပြန် တစ်ခေါက်စီ၊ ပေါင်းနှစ်ခေါက် မောင်းရလေရာ ကိုယ့်အိတ်ထဲမှာ အနည်းဆုံး ၅–ကျပ်မှ ၆–ကျပ်အထိရမှ နေ့တွက်ကိုက်သည် မည်၏။

ထို့ကြောင့် ကျွန်တော်သည် ဤမျှသော ငွေအရေအတွက်ကို မရမချင်း ဘယ်တော့မျှ အိမ်ပြန်မဖြုတ်ချေ။

မနက် ၅–နာရီ ၆–နာရီတွင် အိမ်မှထွက်ခဲ့ရာ ခရီးသည် အဆင်မသင့်သဖြင့် တော်တော် နှင့် နေ့တွက်မကိုက်သေးဘူးဆိုပါက နာရီပြန် တစ်ချက် နှစ်ချက်အထိ မောင်း၏။

စင်စစ် မြင်းတစ်ကောင်ကို ၅–နာရီ (အလွန်ဆုံး ၆–နာရီ)ထက်ပို၍ ရထားထဲမှာ တပ်မထားရချေ။ မထားသင့်ချေ။

ဤစဉ်၌ ကျွန်တော်က ဒါတွေကို ဘယ်နားလည်ဦးမလဲဗျာ၊ မြင်းကို နွားလို အောက်မေ့ ခဲ့သည်။ ကျွန်တော့်အဖေက လယ်သမား၊ ကျွန်တော်သည် နွားနှင့် ကြီးပြင်းခဲ့ရသူဖြစ်၍ နွားတို့ မည်သည် လှည်းကို တစ်နေ့လုံးမောင်းနိုင်သည်။ (မြင်းက ပြေးရတာ၊ နွားက ဖြည်းဖြည်းသွားရ တာဟု မစဉ်းစား) မြင်းလဲ နွားလိုပဲ ဖြစ်လိမ်မည်ဟု ယူဆကာ တစ်ခါတစ်ရံ ၁၁–နာရီထိုးနေပြီ သိမ်ကြီးဈေး ကျုံးကြီးလမ်းထိပ် ဂိတ်မှာ အိတ်ထဲ ငွေ ၃–ကျပ်သာရသေးသည်။ ကြည့်မြင်တိုင် စမ်းချောင်း ကြည့်မြင်တိုင် စမ်းချောင်းဟု ပါးစပ်က တကြော်ကြော် အော်လည်း ခရီးလည်းမရ။

ဤအခါမျိုး၌ ရေကူး၊ ကန်ဘဲ့လိုအရပ်မျိုး ၃–ကျပ်နှင့်လာငှားပါက ကျွန်တော် လိုက်လေသည်။

ဒီတော့ နာရီပြန် တစ်ချက်၊ နှစ်ချက်လောက်မှ အိမ်ပြန်ပြုတ်နိုင်တော့သည်။ မြင်းကား ဖတ်ဖတ်မောမောလေပြီ လူကတော့ နေ့တွက်ကိုက်၍ ပျော်ရွှင်လို့ ယောက္ခမကြီးကို ရသမျှငွေ အပ်လိုက်လေသည်။

မြင်းကလေးကား မောလွန်လွန်း၍ မြေပြင်ပေါ်တွင် ခြေကားရား လက်ကားရား လဲလျောင်းကာ ဖုတ်လှိုက်ဖုတ်လှိုက်နှင့်နေရှာသည်။ ဤအရာကို ကျွန်တော်တို့ အိမ်သားများက ဘာပြောကြပါသနည်း။

'အေးကွယ်. . . အလုပ်ကပြန်လာတော့ မောလို့ ခဏတုံးလုံးပက်လက် လှဲတာပေါ့'တဲ့။

အလုပ်သမားလူအဖို့ မှန်သည်ထား၊ မြင်းတိရစ္ဆာန်အဖို့လုံးဝ မသင့်လျော်သောစကား၊ စင်စစ် ရထားမှဖြုတ်သော မြင်းတို့သည် ဇောင်းထဲရောက်လျှင်ရောက်ချင်း အစာတောင်းရမည်။ စားခွက်ကို နှုတ်ခမ်းနှင့်ပွတ်ရသည်။ ထိုးလှန်ရမည်။ လူက တော်တော်နှင့်မပေးလျှင် ဟည်ရမည်။ ခြေဆောင့်ခြင်း ခွာပေါက်ခြင်းပြုရမည်။

သို့မှာ ကျန်းမာခြင်းနှင့် ညီညွတ်သောမြင်း၊ ယခု မြင်းပုမည်းမည်းကလေးမို့ နက်ကြွတ်ဟု နာမည်ပေးထားသော ကျွန်တော့် မြင်းကလေးကား အစာတောင်းဖို့နေနေသာသာစည်ပိုင်းထဲ အသင့်

ထည့်ထားသည်တိုင် သူ ဆာလွန်းလှသော်လည်း တော်တော်နှင့် ထပြီးမစားနိုင်ရှာပါ။ တစ်နာရီလောက်ကြာမှ အမောပြေ၍ ထပြီး စားနိုင်ရှာပါတော့၏။

မြင်းတို့မည်သည် ကိုယ်ကို မြေမှာလှဲ၍မအိပ်။ သို့သော် လူက မချိမဆန့်ခိုင်းသဖြင့် ပင်ပန်းလွန်းလှသော ရထားမြင်းတို့ကား မြေကြီးပေါ်မှာ တုံးလုံး ကုလားသေ ကုလားမောပင် အိပ်ကြပါသည်။

ဤစဉ်က ကျွန်တော့်မြင်း နက်ကြုတ်ကလေးမှာမူ နံနက် ၄–နာရီ သူ့ကို အစာဖျော်ကြွေး သောအခါ လက်နှင့်ရိုက်၍ပင် နှိုးရပါသည်။

ဤမှ သူက 'ငါ့အလုပ်သွားရဦးမှာပါကလား' ဟု သိလေရကား သူ ထ၍စား၏။ ၅–နာရီခွဲ ၆–နာရီလောက်၌ အစာကုန်သည်။

ဤအခါ၌ သူနှင့်ကျွန်တော်သည် ကျွန်တော်နှင့် ကျွန်တော့်ဇနီး၊ ကျွန်တော့် ယောက္ခမနှင့် သူ့အမေ အဘွားကြီး၊ နို့ပြီး ယောက္ခမသုံးယောက်၊ ပေါင်း ၇–ယောက်သာ ပါးစပ်ပေါက်တို့ကို လုပ်ကျွေးရန် လှည်းတပ်၍ ထွက်ခဲ့ရပြန်တော့၏။

ထိုအခါတွင် ကျွန်တော်သည် အခြားမြင်းလှည်းသမားတို့၏ ရှေ့မှောက်ဝယ် ရယ်စရာ အကောင် ဖြစ်နေသည်။ အကြောင်းမှာ ကျွန်တော်သည် မြင်းလှည်းမောင်းနေရသော်လည်း ကျောင်းသားရုပ် ကျောင်းသားစိတ်က မပျောက်သေး၊ ကျောင်းသားအဝတ်များကလည်း ရှိနေသေး၍ လှလှပပဝတ်၏။ မျက်နှာကို ပေါင်ဒါသ၏။ ဒါကို သူတို့မြင်လျှင် မျက်စိဆံပင်မွေးစူး ကြသည်ထင့်။ လှောင်ကြ ပြောင်ကြသည်။

'ကျောင်းသားဟေ့. . . . ဂွီ. . . . မြင်းသတ်ထွက်လာပြီ'

ကျွန်တော်ကြားပါသည် သို့သော် ကျွန်တော် ဘာမျှပြန်မပြောဝံ့။ အကြောင်းမှာ ဤအချိန်၌ ကျွန်တော်သည် သူတို့နှင့်ရန်မဖြစ်ဝံ့သေးချေတကား။

ကျွန်တော် နေ့တွက် တော်တော်နှင့်မကိုက်၍ အချိန်နှောင်းလှစွာ ၁၂–နာရီကျော်ကျော် လောက်မှ မြင်းလှည်းဖြုတ်ရန်ပြန်လာသောအခါ သူတို့မှာ ညမြင်းပင် ထွက်နေကြပြီဖြစ်၍ ကျွန်တော့်ကိုမြင်လျှင် ဂွီ. . . . (ဂွီ. . . . ဆိုသည်မှာ ထိုအချိန်၌ တစ်ယောက်ကိုတစ်ယောက် လှောင်ပြောင်သောအခါတွင် သုံးသော ဘန်းစကား။)

'ဂွီ. . . . . ကျောင်းသား မြင်းသတ်ပြီး ပြန်လာဟေ့၊ ဒီနေ့ဘယ်လောက်ဖိုးများ သတ်ခဲ့သလဲ မသိဘူး'

အခြားတစ်ယောက်က–

'မြင်းမျက်နှာထက် ယောက္ခမမျက်နှာ ကြည့်ရတာပဲကွာ၊ ဘယ် တစ်ဆယ်ထက်တော့ အောက်မလဲ'

စင်စစ် ကျွန်တော့်မှာ သူတို့ကဲ့သို့ပင် မြင်းတစ်ကောင်အတွက် ၅–ကျပ် ၆–ကျပ်ထက် ပိုမရပါ။ သို့သော် အချိန်ပိုကြာ၍ မြင်းပင်ပန်းမှုမှာ ကျွန်တော်သည် မြင်းလှည်းမောင်း မကျွမ်းကျင်သောကြောင့်သာ ဖြစ်ပါသည်။ မောင်းပုံမောင်းနည်း၊ ဈေးတောင်းပုံတောင်းနည်း လည်း မသိသေးချေ။

ဉပမာဆိုသော် မြင်းလှည်းကို အော်ဒါလာ၍ငှားအံ့၊ ဘယ်လောက်ပေးသနည်း။ အပြန် လူရမည့်ခရီးလား၊ အသွားအပြန်ဆိုအံ့ အချိန် ဘယ်လောက်ကြာမည်နည်း။ ဘယ်လိုပစ္စည်းတွေ တင်ရချရမည်နည်း။ ကုန်အလေးအပေါ့ အနည်းအများကိုမေးကာ ဈေးတောင်းတတ်ရမည်။

ကျွန်တော်ကား ထိုအချိန်၌ ဒါတွေကိုမသိ။ ကိုယ့်အိတ်ထဲရပြီးပိုက်ဆံနှင့် နေ့တွက် ကိုက်ဖို့သာ ချိန်ဆတတ်သည်။ တစ်ခါတစ်ရံ၌ သွားမည်ခရီးသည် ဘယ်ဆီမှန်းပင်မသိ။ ငှားသူ၏ 'ငါလမ်းပြပါ့မယ်ကွာ' ဆိုစကားနှင့်ပင် ပါသွားလေသည်။

မောင်းနေကျ သမာရိုးကျ မြင်းလှည်းမောင်းသမားတို့ကား ဤအမှားမျိုး မတွေ့ရပေ။ အကြောင်းမှာ သူတို့သည် စပါယ်ယာဘဝမှ ဒရိုင်ဘာအဖြစ်ကို ကူးပြောင်းလာကြသူများဖြစ်၏။

ယခု ကျွန်တော်ကား ယောက္ခမ၏ အရေးပေါ်ဆန္ဒဖြင့် မြင်းလှည်းဒရိုင်ဘာအဖြစ် ဒါရိုက်ခန့်အပ်ခြင်း ခံရသူဖြစ်၏။

သူတို့ ကျွန်တော့်ကို 'မြင်းသတ်ထွက်ပြီဟေ့၊ မြင်းသတ်ပြီး ပြန်လာပဟေ့' ဆိုသည်များမှာ လည်း မမှားပါချေ။ စင်စစ် ကျွန်တော်သည် နေ့စဉ်ပင် မြင်းကို အမှည့်ခြွေ ခြွေသတ်နေသူ ဖြစ်ပါသည်။

ယခု ကျွန်တော့်မြင်းကလေး နက်ကြုတ်မှာ ကျွန်တော့်လက်ထဲရောက်လာပြီး ၄–လကျော် သည်မှစ၍ မနက် အိမ်ကထွက်လာစဉ်က လေးဘက် မှန်မှန်ပြေးနိုင်၍ပြန်ဖြုတ်လာသော အချိန်တို့၌ကား နွားသွားသကဲ့သို့ တစ်လှမ်းချင်းမျှ ဖြစ်တော့သည်။ ကိုယ်ကလည်း မောဟိုက်လှ ၍ ဖိုထိုးနေတော့သည်။ ယင်းအခါ၌ ဟိုငနဲများ၏ လှောင်ပြောင်သံများ–

'ကျောင်းသား မြင်းသတ်ပြီး ပြန်လာပဟေ့'

'ဒီနေ့ ဘယ်လောက်ဖိုး သတ်ခဲ့တယ်မသိဘူး'

'တစ်ဆယ်ထက် ဘယ်အောက်မလဲကွာ'

အမှန်ပဲ၊ ထိုနေ့က ကျွန်တော့်အိတ်ထဲမှာ ၅–ဒေါ်လာတန် နှစ်ရွက်၊ တစ်ဒေါ်လာတန်က တစ်ရွက်နှင့် ၆–ဆင့်တန် ၁၀–ဆင့်တန် ၂၅–ဆင့်တန်တွေက တော်တော်များများ ပါခဲ့သည်။ အချိန်ကလည်း နာရီပြန်တစ်ချက်ခန့် ရှိနေချေပြီ။

အိမ်ရောက်၍ မြင်းကိုလှည်းကဖြုတ်လိုက်တော့ မြင်းသည်ခါတိုင်းလို ဆီးမသွားတော့ပြီ။ များသောအားဖြင့်ဆိုလျှင် မြင်းသည် လှည်းကဖြုတ်လိုက်သည်နှင့်တစ်ပြိုင်တည်း ဆီးတွေတဖျန်း ဖျန်းပေါက်ရမည်။ ဤသို့ ဆီးကိုအားရပါးရပေါက်ပြီးမှ မြင်းဇောင်းထဲသို့ သွားရမည်။

ယခု နက်ကြွတ်ကား လှည်းတဖြတ်လိုက်တယ်ဆိုပဲ ဘိုင်းခနဲ လေးဘက်ပစ်၍ လဲသွားပါတော့သည်။

ကျွန်တော့်အိမ်သားတွေ အိမ်ပေါ်ကဆင်းလာပြီး ဝိုင်းကြည့်နေကြသည်။

'ဘာဖြစ်တာလဲ မောင်ကြင်ဆွေ'

ကျွန်တော် ဘာမျှပြန်မပြောနိုင်။ မြင်းဆေးဆရာ ကိုကျင်စိန်အိမ် အမြန်ပြေးသည်။ ကိုကြင်စိန်က ကြိုတင်၍ သိနှင့်ပြီးသား။

'ငါ လမ်းထိပ်မှာတုန်းကတည်းက မင်းမြင်း ငါမြင်လိုက်သားပဲကွ၊ မင်းမြင်းဟာ လမ်းတုန်းကလဲ တစ်မနက်လုံး တစ်ခါမှ ဝမ်းမသွားဘူး မဟုတ်လား'

'မသွားဘူးခင်ဗျ'

'အေး. . . . အဲဒါ ဆီးချုပ်ဝမ်းချုပ် လေးဘက်နာခေါ်တယ်။ ငါ လိုက်စရာမလိုတော့ဘူး။ ဖွားဖဲကိုပဲ ခေါ်သွားပေတော့'

မဖွားဖဲကား မြင်းသေရလျှင် မြင်းသားရောင်းသော အမဲသားသည်မ ဖြစ်၏။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ ကိုကျင်စိန့်စကား မှန်ပါသည်။ နက်ကြွတ်ကလေး အသက်မရှိတော့ပြီ။

နက်ကြွတ်ဟာ ကျွန်တော့်လက်ထဲတွင် ၆–လလောက်ပဲ မောင်းလိုက်ရပါသ်ည။ ကျွန်တော်၏ နားမလည်မှု မိုက်မဲမှုဖြင့် လူသား ၇–ယောက်တို့ကို လုပ်ကျွေးရသောဒဏ်ကြောင့် အသက်ဆုံးရှုံးသွားရပါသည်။

ကျွန်တော် တွေးမိတိုင်း ရင်နာလှပါ၏။

ကဲ. . . . သားတို့သမီးတို့ရေ၊ မင်းတို့အဖေကြီးရဲ့ အိမ်ထောင်ဦးဘဝဟာ အဲသည်အတိုင်းပါပဲကွယ်။ သားတို့သမီးတို့လို မဖြောင့်ဖြူးခဲ့ပါဘူး။

သူများတွေက 'မယားနေစ ကြောင်သေမှ'လို့ ဆိုရိုးပြုကြတယ်။ ဒါဒါမှတော့ မင်းတို့ အမေနဲ့ ညားစ ၆–လအတွင်းမှာ မြင်းသေခဲ့ရပါတယ်ကွယ်။

## အချစ်ဆုံး ငယ်သူငယ်ချင်း

ရက်စွဲတော့ အတိအကျမမှတ်မိ။ ၁၉၉၀–ခုနှစ်၊ ဒီဇင်ဘာလအတွင်း တစ်နေ့သော နံနက်ခင်း၌ ခေါင်းစွပ်ဦးထုပ် နားရွက်အုပ်အောင် ဆောင်းထားသော အဘိုးအိုတစ်ယောက်နှင့်

အသက်သုံးဆယ်ခန့်အရွယ် မိန်းမငယ်တစ်ယောက် ကျွန်တော့်အိမ်ထဲ ဝင်လာတော့ ဘယ်သူဘယ်ဝါတွေပါလိမ့် ကျွန်တော့်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေစဉ်မှာပင် အဘိုးအိုက–

'ဖိုးကြင်ဆွေအိမ်ကလဲ ရှာလိုက်ရတာကွာ'

ဟုဆို၍ သူ့ခေါင်းစွပ်ကို ချွတ်လိုက်တော့မှ အောင်မယ်လေး. . . . ကျွန်တော်၏ အချစ်ဆုံငယ်သူငယ်ချင်းကြီး ဖိုးတင်ဆွေပါလားခင်ဗျား။

မိန်းကလေးက သူ့သမီးအငယ်ဆုံး ပူစူး။ သူတို့နှင့် ကျွန်တော် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။

ကျွန်တော်က သူမှန်းသိလျှင်သိချင်း အံ့အားသင့်သွားကာ. . . .

'ဟာ ဖိုးတင်ဆွေ၊ ပိန်သွားလိုက်တာကွာ'

'ဖိုးကြင်ဆွေလဲ ပိန်တာပဲ'

'ကိုယ်က နဂိုပိန်ပါကွာ၊ တို့အမျိုးက ကြီးလေပိန်လေကွ'

'ဖိုးကြင်ဆွေ အခု အသက် ၇၃–နှစ် မဟုတ်လား။ ကိုယ်က ၇၄–နှစ်'

သူက ကျွန်တော့်ထက် တစ်နှစ်ကြီးသည်။ သူနှင့် ကျွန်တော်စတင်သိကျွမ်းကြသည်မှာ ၁၉၃၈–ခုနှစ်၊ ကြည့်မြင်တိုင် ဆရာဖြစ်သင်ကျောင်းမှာ ဖြစ်၏။ သူက ပန်းတောင်းသား။ ကျွန်တော်က ပေါင်းတည်သား။

ထိုကျောင်းမှာ မြန်မာပြည် အရပ်ရပ်က လာကြသော ကျောင်းသားပေါင်း ၃၀၀–ကျော် ရှိသည့်အနက် သူနှင့်ကျွန်တော်သည် အချစ်ဆုံးသူငယ်ချင်း ဖြစ်သွားကြပါသည်။

ချစ်လိုက်ကြသမှ အများတကာချစ်တာထက် ရှစ်ဆယ်ဆပိုသည်ဟု ဆိုရချေမည်။

ကြည့်ပါ၊ ကျွန်တော့်နာမည်ရင်းက 'ကျင်မောင်' သူ့နာမည်က 'တင်ဆွေ' ဖြစ်နေသည်ကို ညီအစ်ကိုရင်းလို နာမည်ချင်း နဘေထပ်မိလေအောင် ထိုခေတ်က ရုပ်ရှင်မင်းသား တင်ဖေ၊ တင်ငွေ၊ တင်ဆွေတို့ ခေတ်စားသည်နှင့် ကျွန်တော့်နာမည်ကို ကြင်ဆွေ လုပ်ပစ်လိုက်တော့၏။

အကယ်၍သာ ဤသို့နာမည်မပြောင်းပါက ယခု ကျွန်တော်သည် 'သော်တာဆွေ' မဟုတ်ဘဲ 'သော်တာမောင်' ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ ဤအကြောင်း ကျွန်တော်ရေးခဲ့ဖူး ပါသည်။

ထိုအခါသမယတွင် သူနှင့်ကျွန်တော် ဘာဝါသနာ တူကြပါသနည်း။ စုံထောက်နှင့် စွန့်စားခန်းဝတ္ထုများကို ကြိုက်သည်။ အမေရိကန် ကောင်းဘွိုင်ရုပ်ရှင်ကားတွေ ကြည့်ကာ ဂျိမ်းစ်ကက်ဂနီ၊ ကလေကေဘယ်လ်၊ အယ်ရိုးဖလင်း စသော စတန့်မင်းသားတွေ အားကျကာ လက်သီးထိုး ဝါသနာပါကြကုန်၏။ ကာယလဲလေ့ကျင့်သည်။ သဲအိတ်ထိုးသည်။ ခံနိုင်ရည် ရှိအောင် ကိုယ့်မေးရိုးကိုယ် ထိုးကြသည်။ ကျွန်တော်တို့အချင်းချင်း တစ်ယောက်တစ်ယောက် မညှာမတာထိုးကြသည်။

သူနှင့်ကျွန်တော်သည် ထိုခေတ်က ဟိုက်ကားဂရိတ်ခေါ် မြန်မာလို အထက်တန်းဆရာ အဖြစ် အောင်ပြီးနောက် ကိုယ့်ရပ်ထံ မပြန်ကြသေးဘဲ သူက ရန်ကုန်မြို့ထဲရှိ ဆရာခို၏ အင်္ဂလိပ် စာ အလွတ်ပညာသင်ကျောင်းမှာ၊ ကျွန်တော်က စမ်းချောင်းမအူပင်လမ်းရှိ ဒေါ်မမ၏ စပါယ်ရှယ် အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်းမှာ နေကြစဉ်က. . . .

တစ်နေ့သ၌ ကျွန်တော် သူ့ကျောင်းကို အလည်သွားရာ လူချင်းတွေ့လျှင်တွေ့ချင်း ကျွန်တာ်က သူ့မေးရိုးကို တအားကော်ထိုးလိုက်သည်။ သူ ပုံလျက်သား လဲကျသွားပြီးနောက် ပြန်ထကာ ကျွန်တော့်ကို ကျုံးဆော်လိုက်၏။ နံဘေးကကျောင်းသားများ အံ့အားသင့်နေစဉ် ကျွန်တော်တို့ချင်း တစ်ယောက်တစ်ယောက် ဖက်လိုက်ကြ၏။

သူနှင့်ကျွန်တော်သည် မြန်မာစာသက်သက်ဖြင့်သာ ၁၀–တန်း အောင်ခဲ့ကြသည်။ ဆရာဖြစ်သင်ရန် ရန်ကုန်ရောက်သည့်၌ သည်ခေတ်သည်အခါမှာ အင်္ဂလိပ်စာမတတ်လျှင် လူရာမဝင်တော့ကြောင်း သိရှိကာ နှစ်ယောက်သား တိုင်ပင်ကြပြီး ဆရာဖြစ် အောင်မြင်ပြီး သော်လည်း ရန်ကုန်မှာပဲ အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်း၌ နေကြခြင်းဖြစ်၏။

ကျွန်တော်တို့မိဘများက တောရွာ လယ်ပိုင်ရှင်များဖြစ်ကြ၍ ကျွန်တော်တို့သဘောကို လိုက်လျော ခွင့်ပြုနိုင်ကြပါသည်။

ထိုမှ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သောအခါတွင် ရန်ကုန်မြို့ကြီး ပျက်စီး၍ ကျွန်တော်တို့ ပညာသင်ခန်းလည်း ဆုံးလေပြီ။ ဂျပန်ခေတ်တစ်လျောက်လုံး၌ကား သူနှင့်ကျွန်တော် မတွေ့ကြ တာဘဲ တစ်ဦးနှင့်တစ်ဦး ပူးပေါင်း၍မရသော ဘဝတက္ကသိုလ်ချင်း တခြားစီ ဖြစ်သွား ပေတော့သည်။

အဲ. . . . ကျွန်တော့် ဘဝအထွေအထွေကို ကျော်ခဲ့ပြီး ၁၉၄၇–ခုနှစ်၊ စာရေးဆရာဖြစ်သော အခါ သူ့အား ရန်ကုန်မြို့ တရုတ်ကင်းလမ်းတွင် သားမယား၊ ယောက္ခမ အပြည့်အစုံနှင့် တွေ့ရလေတော့သည်။ သူက မိဘပေးစားတာယူ၍ မယားရကံကောင်းသူဖြစ်၏။ ယောက္ခမ ကလည်း ချမ်းသာ၍ ငွေလုံးကြေးလုံးနှင့် ကုန်သည်လုပ်နေ၏။

ဖိုးတင်ဆွေသည် အပေါင်းအသင်း ကောင်းသူဖြစ်၍ ကုန်သည်အလုပ်နဲက သင့်လျော်ပေ ရာ ၁၉၅၁–၅၂ ခုနှစ်တွင် သိမ်ကြီးဈေးအနီး ဘုရားလမ်းမှာ ‘ဘားမားကော်ပိုရေးရှင်း’ ဟူသော ဆိုင်းဘုတ်ကြီးနှင့် ရောမတိုက်ဆိုင်ကြီး ဖြစ်လာ၏။ ထိုအချိန်က ထိပ်တန်းဖြစ်သော စတူဒီဘေကာ ကားစီး၏။ သူ့အစ်ကို ဦးထွန်းရွှေက ပန်းတောင်းမြို့နယ် ဖဆပလ အမတ်ဖြစ်၍ သွင်းကုန်ထုတ်ကုန် လိုင်စင်တွေရတော့ ဖိုးတင်ဆွေ ကောင်းစားနေလိုက်တာလေ။ သူ့ဆီများ ကျွန်တော် သွားလည်ရင် ဂျော်နီဝါကား ဝီစကီနှင့် ကြက်ကင်တစ်ကောင်တော့ သူ့တိုက်မှာ ခိုင်းတဲ့ ကုလားလေး ပြေးဆွဲခိုင်းလိုက်တာပဲ။

တစ်ခါ သူ ကျွန်တော့်ကိုစိတ်ဆိုးပြီး ဝမ်းနည်းစကားပြောလိုက်တာလေ။ အဲသည်တုန်းက ကျွန်တော်က စာရေးဆရာဖြစ်စ ဘိုင်ကျကျနဲ့ သူငယ်ချင်းရယ် ငွေတစ်ရာလောက် ချေးစမ်းပါ ပြောမိတာနဲ့–

'ဟင် ဖိုးကြင်ဆွေ၊ ကိုယ့်ကို ဟိုတုန်းကလို မချစ်တော့' လို့ (ချေးပါ)ဆိုတဲ့စကား ပြောတာလားကွယ်။ တို့ငယ်ငယ်တုန်းက တစ်ယောက်အိတ်ထဲကပိုက်ဆံ တစ်ယောက် မပြောဘဲနဲ့ နှိုက်သုံးနေကြတာ မဟုတ်လား။ ကဲ–အခု တစ်ရာမဟုတ်ဘူး။ ဟောဒီအထဲမှာ လိုချင်သလောက် ယူသွားစမ်း'

ဟု သူ့ငွေထားသည့် စားပွဲအံဆွဲကြီးကို ဆွဲဖွင့်လိုက်ပါသည်။ ငွေတွေ တစ်သောင်းမက–

သို့သော် သင်္ခါရတရားသည် လောကကို ကလူကျီစယ်ပြ၏။ လူတို့အား ငိုစေ၏၊ ရယ်စေ၏၊ ဝမ်းနည်းစေ၏၊ ဝမ်းသာစေ၏။

လေးငါးနှစ်မျှ ကြာသောအခါ ဖိုးတင်ဆွေ၏ ကုန်တိုက်ကြီး ပြုတ်စကီးပြသ၏။ သူ၏ ပါတနာက နွှာသွားလို့ဆိုလားပဲ။ သူ့စတူဒီ ဘေကားလည်း ဂျစ်ကားဖြစ်သွား၏။ နောက်ထို ဂျစ်ကားက မော်တော်ဆိုင်ကယ် ဖြစ်သွားပြန်၏။ အဲသည်အချိန်မှာ သူ ကန်ထရိုက်တာ လုပ်သတဲ့။ အသက်အာမခံ ကိုယ်စားလှယ်လုပ်သတဲ့။

ဖိုးတင်ဆွေသည် ကျောင်းသားဘဝတုန်းကနှင့်မတူ အသက်ကြီးလာသောအခါ သတိမေ့ တတ်ခြင်းနှင့် သောက်စကားအလွန်များလာခြင်းပင်။ ယင်းကြောင့် ကျွန်တော် ချောက်ကျရပုံများ ကို ဖော်ပြလိုပါသည်။

ထိုအချိန်၌ ကျွန်တော်က မေနှင့် အိမ်ထောင်ကျ၍ ရွာတန်းရှည်ရွာကလေးမှ ရောက်နေပါပြီ။ တစ်နေ့သ၌ မော်တော်ဆိုင်ကယ် တဖုတ်ဖုတ်နှင့် ဖိုးတင်ဆွေ ကျွန်တော့်အိမ် ရောက်လာသည်။ သူ၏ ရောမဖိုင်ကြီး ပါလာသဖြင့် ကျွန်တော်က–

'ဟ. . . . ကိုယ့်လူဖိုင်ကြီးက တယ်ကြီးလှချေလား ဘာအလုပ်လုပ်ပြန်သလဲ'

'နယ်လှည့် အသက်အာမခံ ကိုယ်စားလှယ်ကွ၊ ဒီအလုပ်က တော်တော်နိုင်တယ်'

'ကြားရတာ ဝမ်းသာပါတယ်ကွာ၊ ဒါပေမယ့် ကိုယ့်တော့ အသက်အာမခံ မထားခိုင်းပါနဲ့ နော်'

ကျွန်တော် စကားမဆုံးမီ. . . .

'အို. . . . အို ဒီကိစ္စအတွက် ဖိုးကြင်ဆွေဆီ ကိုယ် တမင်သက်သက် လာခဲ့တာပဲ၊ လုပ်ပါ၊ ဘယ်မလုပ်လို့ဖြစ်မလဲ ကိုယ့်သားသမီးတွေ ရှိသေးတယ်မဟုတ်လား'

အစချီပြီး အသက်အာမခံ ကိုယ်စားလှယ်တို့ သင်တန်းတက်ထားသော အာဝဇ္ဇန်းတွေ ရွှန်းရွှန်းဝေလာတော့သည်။

ကျွန်တော့်မှာ အသက်အာမခံ ကိုယ်စားလှယ်တွေထံမှ ဤစကားမျိုးတွေ ကြားရပေါင်း များလှပေပြီ။ ကျွန်တော်သည် အသက်အာမခံထားခြင်းကို အရင်းရှင် စနစ်အောက်၌ ငွေရှင်တို့ ၌ ငွေကြေးလောင်းစားမှုတစ်ခုဟု ယူဆထားသည်။

ကြည့်ပါ။ ကန့်သတ်ထားသောနှစ်အတွင်း၌ အသက်မသေ၍ ငွေကြေးပရီမီယံ မှန်မှန်ပေး နိုင်သော် အရင်းပြန်ရ၏။ မပေးနိုင်လျှင် ဆုံးရှုံးရလေ၏။ အဲ. . . . နှစ်မစေ့ခင် ကိုယ်သေမှပဲ အမြတ် ရ၏။

သို့တစ်မူ အဆုံးနှင့်အရ ဘယ်ဒင်းက များပါသနည်း။ အသက်အာမခံ ကုမ္ပဏီတစ်ခုလုံး တွင် မင်းစေကအစ အကြီးဆုံးအုပ်ချုပ်သူများအထိ လခကြီးငယ် အသွယ်သွယ် ရကြသည်။ ကိုယ်စားလှယ်များက ပရီမီယံပေါ်မှ ကော်မရှင်ရကြသည်။ အများလူထုက ဆုံးရှုံးရသည်။ ဤအကြောင်းကို ကျွန်တော်က နားလည်ထားပြီးသား။

ဖိုးတင်ဆွေ၏ အသက်အာမခံထားခြင်းသည် ကောင်းကြောင်း သူ့တွင်ပါသော စာရွက် တွေ လှန်ကာ လှန်ကာ ပြောဆိုပြီး ဆုံးသွားသောအခါ၌ ကျွန်တော်က–

'ဟော့. . . . ဖိုးတင်ဆွေ၊ ကိုယ့်လူပြောတာတွေ ကိုယ် အင်မတန် သဘောကျပါတယ်။ ဒါပေမယ့် ကိုယ့်မှာ အသက်အာမခံထားစရာ တစ်ပြားမှမရှိဘူးကွယ့်'

'နေပါဦး ဖိုးကြင်ဆွေ၊ စာရေးလို့ တစ်လများ ဘယ်လောက်ဝင်ငွေရသလဲ'

'ဘယ်လောက်ရရ စားလို့သောက်လို့က တစ်ပြားမှမပိုဘူး၊ ကြွေးတောင် တင်နေ သေးတယ်'

'အေး. . . အဲဒီလိုလူမျိုး ဒီကို အသက်အာမခံထားမှ စုမိတော့မှာပဲ' ဆိုပြီး သူ ပုံစံတစ်ခု ထုတ်ကာ ကျွန်တော့်မွေးနေ့ခုနှစ်သက္ကရာဇ် မိဘနာမည်တွေပါ သူသိထားသည့်အတိုင်းရေးကာ ၁၅– နှစ်အတွင်း ငွေ ၅၀၀၀–ထား အခု စစချင်းဘယ်လောက်၊ နောက် သုံးလ တစ်ခါ ပရီမီယံက ဘယ်ရွေ့ဘယ်မျှဟု ပြောပြ၏။

ကျွန်တော် ခါးခါးသီးသီးငြင်းကာ. . . .

'ဟော. . . အခု ကိုယ့်အိမ်မှာ ငွေကလေး ဒါလောက်ပဲရှိတယ်။ နက်ဖြန်ခါ စျေးဖိုးကွယ့်'

သူရယ်မောပြီး ထိုနေ့ပြန်သွားသည်။ နွားသိုး နို့ညှစ်မရမှန်းသိ၍ ကိစ္စပြီးသွားပလား အောက်မေ့မိပါသည်။ သို့သော် နောက်လေးငါးရက်မျှ ကြာသောအခါ၌ ကျွန်တော့်အတွက် အသက်အာမခံထားပြီးသော စာရွက်စာတမ်းတွေ ယူလာပေး၏။ ကျွန်တော် အံ့အားသင့်သွား ပါသည်။

'ကဲ. . . . စစချင်းတော့ ကိုယ်ကပဲ ပေးထားလိုက်ပြီး နောက် ၃–လ တစ်ခါ ပရီမီယံ ၆၀– ကျပ်တော့ ဖိုးကြင်ဆွေက ပေးပေတော့၊ တစ်လမှာ ၂၀–ကျပ်ပဲကျတာ၊ အဲဒါလဲ ကိုယ့်ကော်မရှင် ထဲက ပြန်ပေးပါဦးမယ်ကွယ့်'

သူစိုက်ခဲ့ရသည်မှာ ၁၅၀–ကျပ် ဖြစ်၏။ သူသည် အသက် အာမခံထားခြင်း အလုပ်ကို တကယ်ပင် ကောင်းသည်ဟု ယုံကြည်လျက် ကျွန်တော့်အတွက် သူ့စိတ်ထဲတွင် ဇီကုပ်ပြီး နတ်ပြည် တင်သည်ဟု အောက်မေ့ပေသည်။

ကျွန်တော်ကတော့ သူ့ငွေ ၁၅၀–ကျပ်ကို တွေးပြီး နှမြောနေ၏။

ထိုအချိန်က တစ်လစာ ဈေးဖိုးပင်။

သည့်နောက် ကျွန်တော်သည် မေ့မေ့ပျောက်ပျောက်ပဲ နေလိုက်၏။ သို့သော် သူကတော့ ကိစ္စမပြတ်။

သုံးလကြာသောအခါ၌ ကျွန်တော် ရှမ၀တိုက် ရောက်နေခိုက် သူလိုက်တာကာ. . . . .

'ဖိုးကြင်ဆွေ အိမ်ရောက်ခဲ့သေးတယ်၊ မေက ရှမ၀တိုက်ငွေယူရအောင်သွားတယ် ပြောလိုက်လို့ အဆင်သင့်ပဲ၊ ကဲ. . . . . အသက်အာမခံ ပရီမီယံငွေ ပထမအရစ် သွားသွင်း လိုက်ရအောင်'

ရှမ၀က ငွေရ၍ ကျွန်တော့်အိပ်ထဲမှာလဲ အသင့်ရှိနေသဖြင့် မငြင်းသာတော့ပါ။

သူ့မော်တော်ဆိုင်ကယ်နောက်က ထိုင်၍ လိုက်ခဲ့ရတော့သည်။

ယင်းမှ ခရီးသွားဟန်လွှဲ ချောက်ကျရပုံးလေးတွေ ဖော်ပြပါမည်။

ဤအကြိမ်သည် ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ် ကျွန်တော့် အသက်အာမခံ ပရီမီယံငွေ သွင်းခြင်းဖြစ်၍ ကျွန်တော့်ငွေ ၆၀ ကျပ်မျှ ဆုံးရှုံးခြင်းမှာ ဘာမျှအရေးမကြီးပါ။ သို့သော် သူနှင့်လိုက်ရသည့်အတွက် ကျွန်တော့် ဂုဏ်သရေကို များစွာ ထိခိုက်လှသည်ဟု ကျွန်တော် ယူဆမိ၏။

အဖြစ်က ဒီလိုပါ။

ဤအချိန်မှာ ကျွန်တော့်ကိုယ်ကျွန်တော် ဇာတ်လိုက်လုပ်၍ ရေးထားသော ကျွန်တော် ရုပ်ရှင်မင်းသား၊ ကျွန်တော်ပြဇာတ်မင်းသား၊ ကျွန်တော် ပန်းချီဆရာ၊ ကျွန်တော် ဝိတ်တာဆွေ စသည့် မဂ္ဂဇင်းဝတ္ထုတိုများကို စုပေါင်း၍ 'ကျွန်တော်ချည်းဇာတ်လိုက်' ဟူသော အမည်နှင့် လုံးချင်းစာအုပ် ထွက်နေခိုက်မို့ သူ့အား ရှမ၀တိုက်တွင်ကတည်းက 'သူငယ်ချင်း ဖိုးတင်ဆွေသို့ သော်တာဆွေ' ဟု ကျွန်တော့်လက်မှတ်နှင့် စာတစ်အုပ်ပေးထားလိုက်မိပါသည်။

ပထမ ကျွန်တော်တို့ခရီးစဉ်မှာ ကျုံးကြီးလမ်းရှိ သူဌေးတစ်ယောက်ထံမှ သူက အသက် အာမခံ ပရီမီယံငွေ ၅၀၀ ကျပ်ကပ်တောင်းရန် ဖြစ်ပါသည်။

သို့သော် ကိုသူဌေးကို မတွေ့သဖြင့် ထိုသစ်ဆိုင်ထဲမှ ပြန်အထွက်၌ အခြားသစ်ဆိုင်မှ လူတစ်ယောက်က. . . .

'ကိုတင်ဆွေ ဘယ်တုန်းကလာသလဲ'

ဟု နှုတ်ဆက်လိုက်သည့်၌ တကယ်ဆိုဘယ်တုန်းကပဲ ရောက်တယ်ဟု ပြောလိုက်ရုံနှင့် ပြီးနိုင်ပါလျက် သူကတော့ ဟုတ်ပေါင်။ ထိုသစ်ဆိုင်ထဲ ဝင်သွားလေတော့ ကျွန်တော်ပါ လိုက်ရသည်ပေါ့။

ဤနေရာ၌ ကျွန်တော် စိတ်မရှည်နိုင်သော ဖိုးတင်ဆွေ၏အကျင့်များကို ပြောရဦးမည်။

ဥပမာ ကျွန်တော်တို့သည် လမ်းတွင် အသိမိတ်ဆွေများကိုတွေ့သည်ဆိုပါက အခြေ အနေ အချိန်အခါနှင့် ပုဂ္ဂိုလ်လိုက်၍ ပြုံးပြတန်ပြုံးပြ၊ မျက်စပစ်သင့်တာပစ်၊ လက်မြှောက် ပြတန် ပြခြင်းဖြင့် နှုတ်ဆက်ခြင်းကိစ္စ ပြီးရော မဟုတ်လား။

ဖိုးတင်ဆွေကား ဤသို့မဟုတ်။ သူ့အသိအကျွမ်း တွေ့သမျှလူကို နေရာမရွေး အချိန်မရွေး ရပ်တန့်ပြီး စကားကြောရှည်ရှည်ကြီး ပြောတတ်ခြင်းပင်။

ယခုလည်း လေမရှည်တန်ရာရှည်ရအောင် ထိုသစ်ဆိုင်ထဲသို့ ဝင်သွားလေပြီ။

ထိုလူက နေရာထိုင်ခင်းပေးသည့်၌ ပထမဦးဆုံး ကျွန်တော့်ကို မိတ်ဆက်ပေးလေ၏။ ဤသည်ပင် ကျွန်တော့်အဖို့ ထိုနေ့ဈေးဦးပေါက် ချောက်ကျရပေးခြင်းတည်း။

သို့သော် ထိုလူမှာ စာပေနှင့်ကင်းကွာလှသော စီးပွားရေးသမား ဖြစ်နေခြင်းကြောင့် ကျွန်တော် ဘာကြောင့် နာမည်ကျော်သနည်း သူမသိ။

သော်တာဆွေဆိုတာ ဇာတ်လူပျက်လား၊ ဆိုင်းနောက်ထလား၊ လက်နက်ချက် သောင်းကျန်သူလော ဟူသော ဇဝေဇဝါ မျက်လုံးမျိုးဖြင့် ကြည့်ကာ လူ့ထုံးစံအတိုင်း–

'သြော်. . . . သိရတာ ဝမ်းသာပါတယ်'

ဟု ဆိုပြီး လက်ဆွဲ လှုပ်ယမ်း၏။

ဖိုးတင်ဆွေကတော့ ဒါကို လုံးဝမစဉ်းစား။ ကျွန်တော် သူ့ကိုပေးထားသော 'ကျွန်တော် ချည်းဇာတ်လိုက်' စာအုပ်ကို ထိုလူ့ရှေ့ထုတ်လိုက်ကာ. . . .

'ဟောဒါ သူရေးတဲ့စာအုပ်ပေါ့'

ယင်း၌ ထိုလူက. . .

'သြော်. . . . ဘုတ်အုတ်တွေ ဘာတွေလဲ ရေးတတ်လား'

ဟု ပြောလျက် ကျွန်တော့်ကို ဖော်ရွေ ပြုံးရွှင်စွာကြည့်၏။ ဤအခါ၌ ကျွန်တော်သည် တာဝတိံသာသို့လည်း တစ်ဟုန်တည်း ခုန်တက်လိုက်ချင်၏။

သို့မဟုတ် အဝီစီသို့လည်း လမ်းက ငရဲကြီး ခုနှစ်ထပ်တွင် ဘယ်အထပ်မှမနားဘဲ တစ်ချိုးတည်း ပစ်ဆင်းလိုက်ချင်၏။

စာပေနှင့်ကင်းကွာပြီဆိုလျှင် သစ်ကုန်သည် အမျိုးအစားသည် အဆိုးဝါးဆုံးဟု ကျွန်တော်ထင်၏။ အခြား စီးပွားရေးသမားတို့သည် မိမိတို့ကုန်ပစ္စည်းကို စာနယ်ဇင်းတွင်

ကြော်ငြာသဖြင့် စာနယ်ဇင်းများ သူတို့၏ စားပွဲပေါ်သို့ အလိုလိုရောက်ရ၏။ သို့သော် အဘယ် သစ်ဆိုင်၏ ကြော်ငြာသည် ဘယ်စာနယ်ဇင်းမှာ မိတ်ဆွေ တွေ့ဖူးပါသနည်း။

ဤလိုနေရာမျိုး၌ သော်တာဆွေ မဆိုထားနှင့်။ သော်တာဆွေ၏မိခင် ရှုမဝပင် ခံရ၏။

အချို့ စာပေနှင့် ကင်းကွာသူတို့သည် ရှုမဝ ဆိုသည်မှာ ဇာဘော်လီလေလော၊ နောက် အသစ်ရောက်လာသော ထဘီအင်္ကျီ အဆင်ဆန်းလောဟု အောက်မေ့တက်ကြ၏။

တခါသော် ဦးကျော်အား သူ့မိတ်ဆွေ တစ်ယောက်က အခြားလူကို 'ဒါ ရှုမဝ ဦးကျော်ပေါ့' ဟု မိတ်ဆက်ပေးရာ ဦးကျော်မှာ ပြုံးစနိုးနဲ့ အကြည့်ခံရသောဟူ၏။ အဓိပ္ပာယ်မှာ အသားဖြူဖြူနဲက လူရုပ်ကတော့ အချောသားပဲ။

ဒါပေမယ့် သူ့ကိုယ်သူ ရှုမဝ ဝိသေသနတပ်သည်အထိ ပေါချာလှချေ၏ဟု အောက်မေ့ သည့်အကြည့်မျိုး။

ကျွန်တော်လည်း ဤအဖြစ်မျိုးကြုံရပြီး ထိုသစ်ဆိုင်ထဲမှ ထွက်လာသောအခါတွင် ဖိုးတင်ဆွေ၏ လက်ကို တင်းကျပ်စွာကိုင်၍. . . . .

'ဟေ့ ဒီမှာ နောက်ကို ကိုရင့်အသိထဲကဆိုရင် ဘယ်သူနဲ့မှ မိတ်ဆက်မပေးပါနဲ့တော့ ကွာ'

ဟု တောင်းပန်ရ၏။ သို့တိုင် သူက ဘာမှမရိပ်မိဘဲ. . . .

'ဘာဖြစ်လို့လဲ'

ဟု အံ့သြဟန်နှင့် ပြန်မေး၏။

'အို. . . . ဘာဖြစ်ဖြစ်ကွာ'

ဟု ကျွန်တော်က စိတ်တိုစွာပြောပြီး. . . .

'အခု အလုပ်က သစ်စက်သူဌေးဆီ သွားမလို့ မဟုတ်လား၊ အေး အဲဒီရောက်ရင် ကိုယ့်ကို ဘာမှမပြောနဲ့နော်၊ ဟိုလူကမေးလို့ရှိမှ ကျောင်းနေဘက်သူငယ်ချင်း မောင်ကြင်ဆွေ လို့ပဲပြော၊ သိရဲ့လား'

သူသည် ကျွန်တော့်ကိုကြည့်၍. . .

'အင်း' ဟု ပြော၏။

သို့သော် သူကဲ့သို့ မေ့တတ်သူကို ဤသို့မှာကြားခြင်းသည် ကျွန်တော်၏ မိုက်မဲမှုသာ ဖြစ်၏။

သစ်စက်ထဲရောက်၍ ဟိုသူဌေးနှင့်တွေ့လျှင်တွေ့ချင်း သူ၏ဗိုလ်ဆန်သော မဟာဝတ္တရား ကြီးအတိုင်း ကျွန်တော့်ကို စာရေးဆရာ သော်တာဆွေဟု မိတ်ဆက်ပေးရုံမက မယုံမှာစိုးသည့် အလား ဟို 'ကျွန်တော်ချည်းဇာတ်လိုက်' စာအုပ်ကို ထုတ်ပေးပြန်ကာ. . . .

'ဒီမှာ သူရေးတဲ့စာအုပ်လေ၊ သူဌေးဖတ်မလား'

ဟု မေး၏။

ထိုသူဌေးကား အသက် ၅၀ ခန့် အသားညိုညို၊ မျက်စိမှေးမှေးဖြင့် စာအုပ်ကို ဟိုဟိုဒီဒီ လှန်လှော၍ကြည့်ကာ. . . .

'ဘာတွေ ရေးထားသလဲကွ'

ကျွန်တော် ဘယ်သို့ဖြေရမည်နည်း။

ဤတွင် ဖိုးတင်ဆွေက ကျွန်တော့်ကိုယ်စား. . . .

'ဝတ္ထုတွေ သူဌေးရဲ့'

ယင်း၌ သူဌေးက စာအုပ်ကို ပြန်ထိုးပေးပြီး. . . .

'ကာလပေါ်ဝတ္ထုတွေတော့ တို့ဖတ်စရာ လိုတော့မယ် မဟုတ်တော့ပါဘူးကွာ၊ လောက အကြောင်းတွေ တို့က တေခဲ့ပွေခဲ့လို့ နောကျေနေပါပြီ၊ မင်းတို့ ဝတ္ထုရေးဖို့တောင် အများကြီး ပြောပြနိုင်သေးသကွ၊ အဟား. . . ဟား. . . . ဟား'

ဟု သူ၏ မှေးသော မျက်စိပေါက်များ ပိတ်သွားအောင် ရယ်ပါတော့သည်။

ဤတွင် ဖိုးတင်ဆွေကလည်း. . . .

'ဟုတ်တယ်၊ ဟုတ်တယ်'

ဟု ထောက်ခံပြီး ရောနှောရယ်မောပါသည်။ ကျွန်တော့်မှာတော့ ကြောင်တက်တက်။

နောက် တစ်ခဏ၌ ကျွန်တော်သည် သူတို့အနား မနေလိုတော့၍ ထိုင်ရာမှထပြီး ပြန်ခဲ့ကြသောအခါ၌ ကျွန်တော်သည် ဖိုးတင်ဆွေကို ဖိကြိမ်းပါတော့သည်။ သူက. . . . .

'အို–ဒါ ဘာဖြစ်လို့လဲ၊ ဒါ ဘာဖြစ်လို့လဲ'

ဟု ပြန်မေးပါသည်။ ကျွန်တော့်ခံစားမှုကို သူ နားမလည်ပေ။ ကျွန်တော်က ထုတ်ဖော် ပြောရမှာလည်း ခက်လှပါ၏။ ပြောလိုစိတ်လည်း မရှိတော့ပေ။ စာဖတ်သူ ကျွန်တော့်နေရာက ဝင်ကြည့်စမ်းပါဗျာ။

'ကဲ. . . . အခု တို့ ဘယ်သွားမလဲ'

မော်တော်ဆိုင်ကယ်ကို သူ စက်နှိုးသည့်၌ ကျွန်တော်က မေးလိုက်၏။ သူက ဟိုသူဌေးဆီ က ရလာသော သစ်စက်မီးအာမခံငွေ ၅၀၀ ကျပ်ကို ပုတ်ပြ၍. . . .

'ဒါတွေ အာမခံတိုက် သွားသွင်းရမယ်လေ'

'ကိုယ်မလိုက်လဲ ဖြစ်တယ်မဟုတ်လား'

သူက ကျွန်တော့်ကို နဝေတိမ်တောင်ကြည့်၍. . .

'ဘာဖြစ်လို့လဲ ဖိုးကြင်ဆွေ၊ ငွေလဲသွင်းရမှာ၊ နောင် ကိုယ့်ဟာကိုယ်လဲ သွင်းတတ်အောင် ပေါ့၊ တကတည်း ဒီကိစ္စကြောင့်ပဲ ခေါ်လာခဲ့တာကို'

ငြင်းဆို၍ ရမည် မဟုတ်သည့်အတွက် ကျွန်တော်ပါသွားရပြန်လေသည်။ ဟိုရောက်သော အခါတွင် ငွေသွင်းဌာနမှာ သူနှင့်ကျွန်တော် နှစ်ယောက်သားငွေသွင်းပြီးကြသော် ဝေတီသည်

အမျိုးသမီးတစ်ယောက်၏ စားပွဲမှာ သွားထိုင်ကြလေသည်။ ကျွန်တော်ကမလိုက်။ တိုင်တစ်တိုင် မှာ မျက်နှာကွယ်၍ ရပ်နေလိုက်၏။

သို့သော် မရ။

'ဖိုးကြင်ဆွေ. . . . ဖိုးကြင်ဆွေ'

ဟု အသံကျယ်ကြီးနှင့် လှမ်းခေါ်နေ၏။

'ဟေ့. . . ဖိုးကြင်ဆွေ၊ ခဏလာပါ၊ ဒီမှာ ဖိုးကြင်ဆွေ'

ဟု တတွတ်တွတ် ခေါ်နေလေတော့ ကျွန်တော့်မှာ ရုံးအလုပ်သမားများစွာတို့၏ ရှေ့မှောက်တွင် စိတ်ကောက်နေသော ကလေးဆိုးကြီးလို ဖြစ်နေလေရာ မနေသာတော့ဘဲ မျက်နှာ စူအောင့်အောင့်နှင့်ပင် သူခေါ်ရာသို့ သွားရပါတော့သည်။

ရောက်လျှင် သူက. . . .

'ဒီမှာ စာရေးဆရာချင်း မိတ်ဆက်ပေးမလို့၊ ဟောဒါက ကိုယ်တို့ အသက်အာမခံကုမ္ပဏီ မဂ္ဂဇင်းက အယ်ဒီတာပဲ၊ အမျိုးသမီးပေမယ့် ပထမငယ် အောင်တယ်၊ စာလဲရေးတယ်'

ဟု ပြောပြီးနောက်. . . .

'ဟောဒါက ရှုမဝ မဂ္ဂဇင်းက သော်တာဆွေ'

သူရုတ်တရက် ကုန်းအော်လိုက်သည်၌ ကျွန်တော် အမှတ်တမဲ့မို့ လန့်၍ပင်သွားပါ သည်။ အကြောင်းမှာ ထိုအမျိုးသမီးက တော်တော် နားထိုင်းသည်ကိုး။

မဟုတ္တသည့် နားကို လက်ကာ၍ပြုံးကာ အသံတိမ်တိမ်ကလေးဖြင့်. . . .

'သြော်. . . . ကြားဖူးပါတယ်'

ဟု ဆို၏။

သူ့ကို ဒီအသက်အာမခံမဂ္ဂဇင်းမှာ ရေးခိုင်းရမယ်'

မအယ်ဒီတာက အသံသေးသေးကလေးဖြင့် 'သြော်. . . သြော်' ဟု ဆို၏။

'နော်. . . . ဖိုးကြင်ဆွေ၊ ရေပေးပါ'

ငတိက ကျွန်တော့်ပင် အော်ပြန်၏။ နောက်မှ သူ့ဟာသူ သတိရပြီး ပြုံး၍. . . .

'ဟုတ်တယ် ဖိုးကြင်ဆွေ၊ ကိုယ်တို့မဂ္ဂဇင်းမှာ အသက်အာမခံ ထားချင်အောင် ဝတ္ထုလေး ဘာလေး ရေးပေးပါ။ ပိုက်ဆံတော့ ပေးလေ့မရှိဘူး။ ကိုယ့်ကို ကူညီတဲ့သဘောပေါ့ကွာ'

ကျွန်တော့်မှာ ပြီးလွယ်သကြောင်း ခေါင်းညိတ်လိုက်ရ၏။

ထိုနောက် အမျိုးသမီးကို အော်ပြန်၏။

သူက နာမည်ကြီးစာရေးဆရာပေါ့၊ တော်တော် လူကြိုက်များတယ်လို့ ပြောကြတယ်။ ဟောဒီမှာ သူရေးတဲ့စာအုပ်'

'ဩော်. . . . ဟို စာအုပ်ပဲ ဆွဲထုတ်ပေးပြန်ပြီ'

ဝေတီမသည် ယူ၍ မျက်နှာဖုံးရုပ်ကြည့်ပြီး ပြန်ချ၏။ ဘာမှ စိတ်ဝင်စားပုံမရ။ ကျွန်တော့်မှာ အောင့်သက်သက် ဖြစ်ရပြန်လေပြီ။ ဒါနှင့် မြန်မြန်ကိစ္စရပ်လေအောင် ဖိုးတင်ဆွေ ပခုံးကို ဖျစ်ညှစ်၍. . . .

'လာ. . . . သွားကြမယ်ကွာ'

ကျွန်တော့်မျက်နှာ မော့်ကြည့်၍ တားမရပုံပေါ်သည်နှင့် သူထပြီး ဟို အမျိုးသမီးအား သွားတော့မယ်ဟု နှုတ်ဆက်ကာ ထွက်ခွာလာခဲ့ကြ၏။ ကျွန်တော့်စိတ်ထဲမှာ တစ်ကိစ္စတော့ အေး ပဟဲ့ပေါ့။ သို့သော် တစ်ခဏအတွင်းမှာပင်. . . .

'ဒီမှာရှင့် ကိုတင့်ဆွေ. . . ကိုမေ့တတ်ကြီးရဲ့။ ဟောဒီမှာ ရှင့်စာအုပ် မေ့ကျန်ရစ်ခဲ့ပြီ'

ဟိုအမျိုးသမီးသည် ကျွန်တော့်ဝတ္ထုစာအုပ်ကိုကိုင်မြှောက်၍ လှမ်းပြောနေ၏။

ယင်း၌ ဖိုးတင်ဆွေက သူ့ကိုယ်သူ မည်သို့သိရဆယ်သနည်းဟူမူ. . . .

'မေ့တာမဟုတ်ဘူး။ ခင်ဗျားဖတ်ဖို့ တမင်ထားခဲ့တာပါ' ဟု ပြန်၍အော်ပြော၏။

ထိုအခါ မဟာဝှာက ပြန်ပြောလိုက်ပုံကား. . . .

'အို. . . . ကျွန်မ ဒီစာအုပ်မျိုးတွေ မဖတ်ပါဘူးရှင့်၊ ကျေးဇူးတင်ပါတယ်၊ လာပြန်ယူပါ'

တောက်–ကျွန်တော် အခံရခက်လိုက်တာလေ။ ဝတ္ထုစာအုပ်နာမည်က 'ကျွန်တော် ချည်းဇာတ်လိုက်' သို့သော် ဒီတစ်မနက်လုံး ဖိုးတင်ဆွေမိတ်ဆွေများနှင့် နွှဲခဲ့ရသည့်ပွဲများမှာဖြင့် ကျွန်တော် ဇာတ်လိုက်မဟုတ်၊ ဆိုက်ပတ်မှမဖြစ်ရဘဲ လုံးလုံးချွေးကျကျရချေပြီ။ ကျွန်တော် စာရေးဆရာဘဝတာမှာ ဒါမျိုးလောက် နာကြည်းတာမရှိ။ ထိုရုံးပေါ်မှ လှေကားအဆင်း အလယ် တစ်ထစ်လောက် ရောက်သည်၌ ဖိုးတင်ဆွေ ဟိုအမျိုးသမီးဆီမှ ပြန်ယူလာခဲ့ရသော စာအုပ်ကို သူ့လက်ထဲမှဆွဲယူပြီး တဗျစ်ဗျစ်နှင့် နှစ်ခြမ်း သုံးခြမ်း ဆုတ်ဖြဲပစ်လိုက်ပါတော့၏။

''အို. . . . . အို. . . . . ''

ဖိုးတင့်ဆွေက ပြန်လုရင်း. . . .

''သူတို့ မဖတ်ချင်ဘူးဆိုတာနဲ့က စိတ်ကောက်စရာလားကွယ်၊ ပေး. . . . ပေး. . . . သူတို့မဖတ် ကိုယ်ချည်းဖတ်ပါမယ်''

တောက်. . . . . ခက်လိုက်တဲ့ဖြစ်ခြင်း။ သူက ချော့မော့သောလေသံနှင့် ပြောနေပြန်၏။

''ဟော့. . . ဖိုးတင်ဆွေ၊ လမ်းခွဲပေတော့၊ ကိုယ့်လူနဲ့ဘယ်လိုမှ မလိုက်တော့ဘူး''

သို့တိုင် သူကအေးစက်စက်ဖြင့် ကျွန်တော့်လက်ကိုကိုင်၍. . . .

''ကဲ. . . ဘာဖြစ်ရပြန်တာလဲ၊ ဖိုးကြင်ဆွေက ငယ်ငယ်ကစိတ်ချည်းပဲဟော့၊ သတိလဲထားဦးမှ ပေါ့၊ ဘာလိုလိုနဲ့ ကိုယ်တို့ အသက်တွေ ၄၀–နီးနေပြီကွ''

အလား. . . . လား. . . . လား သူက တရားချနေသေး၏။

''အေး. . . အသက်ကြီးလာတော့ မေ့တတ်တဲ့ကိုရင် ကျုပ်ထက် ခတ်တာပေါ့။ ကိုယ့်ကို ဘယ်သူနဲ့မှ မိတ်ဆက်မပေးပါနဲ့ ပြောထားရက်သားနဲ့၊ ခုန နားထိုင်းအမျိုးသမီးကြီးနဲ့ဟာလဲ ကိုယ့်လူမေ့သွားလို့ပဲ မဟုတ်လား။ တော်ကိုယ့်လူနဲ့ဘယ်မှမလိုက်တော့ဘူး။ ကိုယ့် လူရဲ့ အသိ မိတ်ဆွေမှန်သမျှလဲ ဘယ်သူ့မှ မတွေ့ချင်တော့ဘူး''

'ဘယ်နှယ့်များ ဒီလောက်တောင် စိတ်ကောက်ရတာလဲကွယ်၊ အခုလဲ ကိုယ် ဘယ်မှ သွားစရာမရှိတော့ပါဘူး၊ ကိုယ့်အလုပ်ကိစ္စတွေလဲ ပြီးပါပြီ။ ၂–နာရီထိုးနေပြီပဲ။ ကိုယ်တို့ နေ့လယ်စာစားပြီး ၃–နာရီခွဲပွဲ ရုပ်ရှင်ကြည့်ကြစို့'

သည်တော့မှ ကျွန်တော့်ရင်ထဲက အလုံးကြီးကျသွားပါတော့သည်။ သို့သော် လုံးဝစိတ်ချ သေးသည်မဟုတ်။ ရန်ကုန်မြို့တွင် အလုပ်မျိုးစုံလုပ်ခဲ့၍ မိတ်ဆွေသင်္ဂဟ အလွန်များတဲ့လူ၊ စားသောက်ဆိုင်မှ နောက်ထပ် သူ့အသိတွေမှာစိုးရသဖြင့် ထိုစဉ်က သီးသန့်ခန်းကလေးတွေ ရှိသော (ကျွန်တော် စားသောက်နေကျ) တာဝှာဘားလို့ ခေါ်ခဲ့ရလေ၏။

သူ့အကြောင်း ရေးစရာတွေရှိသေးသည်။

## ရှုမဝမှ ရွှေသမင်သို့

သည်နေရာမှာ ဤအမှာစာကလေးကို ရေးရပါမည်။

ကျွန်တော်သည် ဤ 'ကျွန်တော့်ဘဝဇာတ်ကြောင်း' ဟူသော ခေါင်းစဉ်ဖြင့် ရှုမဝ မဂ္ဂဇင်း တွင် လစဉ်မပြတ် ရေးသားခဲ့သည်မှာ သက်တမ်းအားဖြင့် ၁၈–နှစ်နှင့် ၈–လ၊ အမှတ်(၂၂၄) အထိ ရှိခဲ့ပေပြီ။

ဤအမှတ်(၂၂၄)သည် ၁၉၉၂–ခုနှစ်၊ ဖွန်လ ရှုမဝမှာပါပြီးသည်နောက် ၁၉၄၇–ခုနှစ် ဖွန်လမှသည် ၁၉၉၂–ခုနှစ်၊ ဖွန်လအထိ ၄၅–နှစ်တိတိ လစဉ်မပြတ် ထုတ်ခဲ့သော ရှုမဝသည် ၁၉၉၂–ခုနှစ်၊ ဇူလိုင်လမှစပြီး ခေတ္တယာယီ ရပ်နားမည်ဆိုခြင်းကြောင့် ကျွန်တော်သည် ဤရေးပြီးနေပြီဖြစ်သော ကျွန်တော့်ဘဝဇာတ်ကြောင်း(၂၂၅)ကို ဘယ်မဂ္ဂဇင်းသို့ ပို့ရပါမည်နည်း ဟု စဉ်းစားနေသည့်အတွင်း ကျွန်တော့်တပည့် မောင်ပိုက် အိမ်သို့ရောက်လာကာ လယ်တွင်းသား စောချစ်က ရွှေသမင်မဂ္ဂဇင်းအတွက် ကျွန်တော့်ထံမှ စာမူတောင်းခိုင်းလိုက် ကြောင်း ပြောသည်၌ ကျွန်တော်သည် ရေးပြီးသားစာမူကို သတိရကာ ယင်း ရှုမဝမှ ရေးလက်စ အဆက်ကို ယူမည်လားဟု မေးခိုင်းလိုက်သောအခါ ရွှေသမင် အယ်ဒီတာအဖွဲ့မှ ဝမ်းသာအားရ လိုချင်ပါကြောင်း ပြောလိုက်သဖြင့် 'ကျွန်တော့်ဘဝဇာတ်ကြောင်း' သည် ရှုမဝမှ ရွှေသမင်သို့ ပြောင်းခဲ့ရခြင်း ဖြစ်ပါတော့၏။

× × ×

ကျွန်တော့် ဘဝဇာတ်ကြောင်း(၂၂၄) ကျွန်တော့်သူငယ်ချင်း ဖိုးတင့်ဆွေအကြောင်းမှ အဆက်–

## မေ့တတ်ပုံတွေ

ဖိုးတင့်ဆွေ မေ့တတ်ပုံကို ကျွန်တော် စတင်သိရသည်မှာ ၁၉၅၀–ခုနှစ်လောက်တွင် ဖြစ်ပါသည်။

ထိုစဉ်က သူလည်း ရန်ကုန်မြို့ ဘရွက်ကင်းလမ်းတွင် နေပါသည်။ တစ်နေ့သ၌ ကျွန်တော် သူ့အိမ်သို့ရောက်သွား၍ သူတို့မိသားစုနှင့်အတူ ထမင်းစားကြပါသည်။ ငါးဟင်းနှင့် ဖြစ်ပါသည်။

ဖိုးတင့်ဆွေသည် ဧရာဝတီမြစ်ကမ်းဘေးရှိ ပန်းတောင်းမြို့သားဖြစ်၍ ငါး အင်မတန် ကြိုက်သူဖြစ်ရာ မြိန်ယှက်စွာ ထမင်းစားပြီး လက်ရေဆေးသောအခါ သူ့မိန်းမအား. . . .

'ဟေ့ နက်ဖြန်ခါလဲ ငါးဟင်းချက်ပါဦးကွ'တဲ့။

သည်တော့ သူ့ဇနီး မတင်မြင့်က. . . .

'တော် – ထမင်းစားပြီးတိုင်း စားပြီးတိုင်း ဒီစကားပြောတာ အကြိမ်မရေမတွက် နိုင်တော့ဘူး'

ဒီတော့ သူက–

'ဟေ–ဟုတ်ရဲ့လား'

'ဟုတ်တယ်၊ တော့်ကို ငါးဟင်းချည်း ချက်ကျွေးနေရတာ၊ ဘယ်နှစ်နပ်ရှိနေပြီလဲ၊ ကြာရင် တော် ငါးဖြစ်ပြီး ရေထဲဆင်းသွားဖို့ ရှိတော့တယ်'

'ဟေ–ဟုတ်ရဲ့လားကွာ'

ဟု သူက ပြုံးစနဲ့နဲ့ကြီးနှင့် ပြန်ပြော၏။

× × ×

ကျွန်တော်တို့ ပြည်လမ်း ၇–မိုင် ရွာတန်းရှည်ရွာကလေး၌နေစဉ် ၁၉၅၈–ခုနှစ်လောက် က ထင်ပါသည်။ တစ်နေ့သ၌ မြို့ထဲရှိ အသိမိတ်ဆွေတစ်ယောက်အိမ်က ဘုန်းကြီးဆွမ်းကျွေး၍ သူ့ကို အိမ်မှာ နံနက်စာစားဖို့ ဖိတ်ကြားပါသည်။

ထမင်းစားပြီး နေ့ခင်း တိရစ္ဆာန်ရုံသို့ သွားကြမည့်အစီအစဉ်ရှိသည်နှင့် ကျွန်တော်တို့ လင်မယားသည် ညစာထမင်းဟင်းကို ချက်ပြုတ်ခဲ့ကြပါသည်။

ဟင်းမှာ ထိုစဉ်က တစ်ပိဿာ ၃–ကျပ်မျှ ပေးရသော ငါးဆယ်သားရှိ ဥနှင့်ငါးရံ့ ဝဝကြီး တစ်ကောင်၊ ခေါင်းနှင့်အမြီးပိုင်းကို ချဉ်ပေါင်ရွက်နှင့်ချက်ပြီး ကျန်တာကို ဆီပြန်ချက်ခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်တို့အိမ်မှာ တံခါးပိတ်ပြီး သော့ခတ်လေ့မရှိပါ။ ခွေးမဝင်ရုံ အသာကလေးစေ့ထားပြီး အိမ်နီးပါးနားများကိုသာ ကျွန်တော်တို့ ညနေမှ ပြန်ခဲ့မည့်အကြောင်း မှာ ကြားပစ်ခဲ့ပါသည်။

ထိုညနေ ကျွန်တော်တို့ အိမ်ပြန်ရောက်ကြသောအခါ ကျွန်တော့် စာရေးစားပွဲပေါ်မှာ မဖောက်ရသေးသော ရမ်အသစ်တစ်ပုလင်းနှင့် ဖိထားသော စာတစ်စောင်တို့ တွေ့ရပါသည်။

ဖိုးကြင်ဆွေ–

ကိုယ် နေ့ခင်းကလာတယ်၊ အိမ်မှာ တစ်ယောက်မှ မတွေ့ရဘူး၊ မြို့ထဲသွားကြတယ်လို့ နံဘေးအိမ်ကပြောတယ်၊ တို့အတူတူစားဖို့ ဒံပေါက်နှစ်ထုပ်နဲ့ အရက်တစ်ပုလင်း ဝယ်ခဲ့တယ်၊ ကိုယ် တစ်နေ့ခင်းလုံး စောင့်သေးတယ်၊ ၄–နာရီကျော်လို့ မလာတော့ ကိုယ် ဆာလာတာနဲ့ မီးဖိုချောင်ထဲက ကြောင်အိမ်ဖွင့်ကြည့်တော့ ကိုယ်ကြိုက်တဲ့ ငါးဟင်းနဲ့ ချဉ်ပေါင်ဟင်း တွေ့တာနဲ့ ဖိုးကြင်ဆွေရဲ့ဖွင့်လက်စ ရမ်ပုလင်းထဲက နှစ်ခွက်သောက်ပြီး ထမင်းစားသွားတယ်။

ငါးရံ့အူနဲ့ ဥက ကောင်းလိုက်တာကွာ။ ဒေါ်မေ့ကို ကျေးဇူးတင်ပါတယ်၊ ဖိုးကြင်ဆွေ တို့ အဖို့တော့ ဒံပေါက်တွေ ကြောင်အိမ်ထဲမှာ ထားခဲ့ပါတယ်။

ကိုယ် မနေ့ကပဲ ပန်းတောင်းကရောက်တယ်၊ တိုက်နံပါတ် ၂၀၈၊ လမ်း ၃၃–မှာ တည်းတယ်၊ နက်ဖြန်မနက် ၁၀–နာရီလောက် ရောက်အောင်လာခဲ့ကွာ၊ ထမင်းစားမယ်၊ ရှပ်ရှင်ကြည့်မယ်။

သင်၏ ဖိုးတင်ဆွေ

ပန်းတောင်း။

သူသည် ထိုအချိန်၌ ရန်ကုန်မှာမနေတော့ပြီ။ ပန်းတောင်းပြန်ပြီး အိုင်ဘီပီ ဓာတ်ဆီဆိုင် ကိုယ်စားလှယ်လုပ်သည်။ ကန်တူးပြီး ငါးမွေးသည်။ ဥစားကြက်မများ မွေးသည်။ မကြာခဏ ဓာတ်ဆီဖိုးငွေတွေသွင်းရန် ရန်ကုန်လာတတ်သည်။

ရန်ကုန်ရောက်တိုင်း ကျွန်တော့်အိမ်လာသည်။ သည်တော့ ကျွန်တော် မနေသာပါ၊ နောက်တစ်နေ့မနက်မှာ မြို့ထဲ သူတည်းသည့်တိုက်သို့ သွားရတော့သည်။

အခန်းငှားသော နှစ်ထပ်တိုက်ဖြစ်၍ အမှန်စင်စစ် သူပေးသော လိပ်စာနှင့် မလုံလောက်ပါ။ မြေညီထပ်လား၊ ပထမအထပ်လား၊ ဒုတိယအထပ်သား ထိုအထပ်တို့၏ အခန်း နံပါတ်လည်းပါရဦးမည်။

ယခုတော့ နမော်နမဲ့နှင့် မေ့တတ်လျော့တတ်သော သူ့ညွှန်ကြားချက်အတိုင်း ၃၁–လမ်း၊ တိုက်နံပါတ် ၂၀၈ ရှေ့ရောက်တော့ အခန်းထဲကလူတစ်ယောက်အား ပန်းတောင်းက ကိုတင်ဆွေ ရှိပါသလားဟု မေးရပါသည်။

မရှိဘူး၊ မသိဘူး ဆိုတော့ ပထမထပ်နှင့် ဒုတိယထပ် တစ်ခုခုဖြစ်မှာပဲဟု အတက်နှင့် အဆင်း ခဲခဲယဉ်းယဉ်း လူနှစ်ယောက်ရှောင်သာရုံ လှေကားကျဉ်းကျဉ်းလေးထဲ တက်ခဲ့ရပါသည်။

ကဲ–မေ့တတ်သူ၏ သူငယ်ချင်းဖြစ်ရတာ ချောက်ပေါက်ကတော့ စချေပြီ။

ဤလို အပေါ်ထပ်အခန်းမျိုးမှာ အခန်းနံပါတ် သိမှလွယ်ကူ၏။ ယခု ငတိ၏စာမူမှာ ယင်းတိုက်ကြီး၏နံပါတ်သာပါသည်။ ပထမအထပ်ရောက်သောအခါ ဝဲနှင့်ယာတွင် (၁)နှင့်(၂) ၊ ဒုတိယအထပ်တွင် (၃)နှင့်(၄) ၊ ဤအခန်းလေးခုတွင် သူ့ကိုရှာရချေမည်။

ကျွန်တော်သည် အပေါ်ဆုံး ဒုတိထပ်ထိ တက်သွားကာ ပထမဦးဆုံး အခန်းနံပါတ်(၃) အား ဘုရား၊ တရား၊ သံဃာရတနာသုံးပါး ဂုဏ်ကျေးဇူးပဲ။ စ,စချင်း ဖြူးဖြူးဖြောင့်ဖြောင့် ဖြစ်ပါရ စေဟု ဒေါက်–ဒေါက်–ဒေါက် သုံးချက် ပေါက်လိုက်၏။ မကြာမီ ရည်မွန်သားနားသော အမျိုးသမီးတစ်ယောက် တံခါးလာဖွင့်သည်၌–

'ပဒေါင်းက မောင်တင်ဆွေ ဒီအခန်းမှာ ရှိပါသလား ခင်ဗျာ'

ခေါင်းယမ်း၍–

'မရှိပါဘူးရှင်၊ တခြားအခန်းများ ဖြစ်ပါလိမ့်မယ်' ဆိုပြီး တံခါးပြန်ပိတ်သွား၏။

ကျွန်တော် သက်ပြင်းကြီးချပြီး အခန်းနံပါတ်(၄) ဘက်မျက်နှာပြုလိုက်၏။ ခေတ္တမျှ တွေဝေပြီးနောက် အို မခေါက်မဖြစ်တဲ့ ကိစ္စပဲလေဟုဆိုပြီး လက်ရဲရဲနှင့် ခေါက်လိုက်၏။

တံခါးပွင့်လာသောအခါ–

'ပန်းတောင်းက မောင်. . . . အို. . . . '

ကျွန်တော့်စကား ရုတ်တရက် ရပ်သွားရ၏။ အကြောင်းမှာ တံခါးလာဖွင့်သူလည်း အခုနမိန်းမပဲ ဖြစ်နေ၏။

သူက ပြုံးပြီး တံခါးပြန်ပိတ်သွား၏။ စင်စစ် တစ်အိမ်ထောင်တည်းက အခန်းနှစ်ခုငှား၍ နေခြင်း၊ နောက်ဖေးဘက်နှင့် ရှေ့ဘက်မှာ အခန်းချင်းဆက်နေမည်။

ထိုနောက် ကျွန်တော် စိတ်ပျက်ပျက်နှင့် အောက်ဘက်ပထမအထပ်သို့ ပြန်ဆင်းခဲ့၏။

အခန်းနံပါတ် (၁)နှင့်(၂) ဘယ်ဒင်းခေါက်ရမလဲဟု စိတ်ထဲ ဇဝေဇဝါဖြစ်နေစဉ် လှေကား ပေါ်ဖြတ်သော အထပ်တွင်ကွာဟနေသော ပျဉ်ပြားပေါက်ထဲမှ လူတစ်ယောက်ကို မြင်ရ၍. . .

'ဒီမှာခင်ဗျာ၊ ပန်းတောင်းကမောင်တင်ဆွေ ရှိပါသလား'

'ဩော်–လာပါ၊ လာပါ'

ဟု ဆိုပြီး သူ့နေရာမှ ပျောက်ကွယ်သွားသော်လည်း ဘယ်ဘက်မှန်းမသိသဖြင့် အသာပဲ ငြိမ်နေလိုက်၏။

ခဏကြာမှ လက်ယာဘက်တံခါး ပွင့်လာ၍ ဝင်လိုက်မည်အပြု လက်ပွေ့အိတ်ကြီးနှင့် ထွက်လာသော အမျိုးသမီး ခပ်ဝဝက–

'အို–မောင်ရင်၊ ဘာကိစ္စ ဘယ်သူ့တွေ့. . . .'

သူ့စကားမဆုံးမီ တစ်ဖက်ခန်းတံခါးပွင့်လာပြီး ဟိုလူမျက်နှာ ပေါ်လာတော့မှ ထိုမိန်းမအား ကျွန်တော် အခန်းမှားကြောင်း တောင်းပန်ရပါတော့သည်။

'အင်း ခက်လိုက်ပုံများ ဖိုးတင်ဆွေရယ်'

အခန်းထဲရောက်သောအခါ၌ ထိုလူက ကျွန်တော့်ကို ထိုင်စေပြီး. .

'ဦးသော်တာဆွေ မဟုတ်လားခင်ဗျာ'

'ဟုတ်ပါတယ်'

'ကိုတင်ဆွေက ဆရာ့ကို ချိန်းထားတယ် ပြောခဲ့ပါတယ်'

'ဟုတ်ပါတယ်၊ မနေ့ကပဲ ကျွန်တော့်အိမ်လာတော့ ကျွန်တော့်မတွေ့လို့ စာရေးထားခဲ့ ပါတယ်'

'ဒါပေမယ့် ဦးသော်တာဆွေ သူငယ်ချင်းက တယ်မေ့တတ်တာပဲခင်ဗျာ၊ အခု သူ မရှိတော့ဘူး'

'ကျွန်တော် ၁၀–နာရီချိန်းထားတာ သူမေ့ပြီး တစ်ခြားထွက်သွားတာ ဖြစ်ပါလိမ့်မယ်'

'မဟုတ်လူး၊ အခု သူမေ့တာက ဒီလောက် ဘယ်ကမလဲ၊ အိုင်ဘီပီက ခတ်ဆီဖိုးငွေတွေ ပေးဖို့ လာခဲ့တဲ့ကိစ္စပဲ၊ ပြည်မြို့အစိုးရဘဏ်ကတစ်ဆင့် သွင်းတဲ့ချက်လက်မှတ် သူ့အိမ်မှာ မေ့ကျန်ခဲ့လို့ ညက ပြည် ညရထားနဲ့ ပြန်လိုက်သွားလေရဲ့၊ လယ်ထွန်းသွား နွားမေ့ကျန်ခဲ့ ဆိုတဲ့ သူဗျ'

ဖိုးတင်ဆွေ မေ့တတ်ပုံများကတော့ ပြောမဆုံးပေါင်တောသုံးတောင်ပဲ၊ ပြောရဦးမည်။

## ကြွက်ဖြူလေးနှင့် ကြက်ဆင်

ကျွန်တော်တို့ ရွာတန်းရှည်ကလေးမှာ နေစဉ်တုန်းကပင် တစ်နေ့သောအခါ၌ သူသည် ကြွက်ဖြူလေး အထီးတစ်ကောင်နှင့် အမတစ်ကောင် ကျွန်တော့်အိမ်ယူလာပြီး. . .

'သူငယ်ချင်း၊ ဒီကြွက်ဖြူလေးတွေ အိမ်မှာမွေးထားပါကွ'

'ဟ–ဘာလုပ်ဖို့တုံး'

'ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ ဆိုသလို သူတို့ရှိရင် ကြွက်မည်းတွေ မနေဝံ့တော့ဘူး'

'ဟုတ်ရဲ့လားကွ'

'မယုံကြည့်ပေါ့'

သူပြောတာ ဟုတ် မဟုတ်မသိ၊ ကြွက်ဖြူကိုလည်း အခု သူယူလာမှပဲ ကျွန်တော် မြင်ဖူးတော့သည်။

အကောင်အရွယ်အစားက အိမ်ပေါ်ရှိ ကြွက်ကလေးတွေလောက်လည်းမက မြေကြွက်ကြီးတွေလည်းမကြီး၊ အမွေးရောင်က ဆွတ်ဆွတ်ဖြူ၍ မျက်လုံးက ပတ္တမြားလို နီရဲနေသည်။

လူလည်း အင်မတန်ယဉ်သည်။ လူ့ကိုယ်ပေါ်မှာနေသည်။ အင်္ကျီအိတ်ထဲ ထည့်ထားလို့လည်းရသည်။ ဖိုးတင်ဆွေက သူတို့ကို ကုတ်အင်္ကျီအိတ်ထဲ ထည့်ယူခဲ့ခြင်းဖြစ်ပါသည်။

အဆင်သင့်လိုက်ပုံက ထိုအချိန်တွင် ကျွန်တော်တို့အိမ်မှာကြောင်မရှိသေး၊ မီးဖိုချောင်က ကြွက်များ အိမ်အောက်က မြေကြွက်ကြီးများ သောင်းကျန်းနေသည်ဖြစ်၍ သူ့ကြွက်ဖြူလေးတစ်စုံ ကို ကျွန်တော် ဝမ်းသာအားရပဲ ယူထားလိုက်သည်။

'ဟေ့ သူ့ကို ဘာကျွေးရမလဲ'

မေးတော့. . . . .

'ထမင်းဟင်း. . . . လူစားတာပဲ'

ဖိုးတင်ဆွေ ပြောခဲ့သည့်အတိုင်း ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ ဆိုသလို ကြွက်ဖြူရှိရာ ကြွက်မည်းမလာ ဆိုသည်မှာ မှန်ကန်လှပေသည်။

အကြောင်းသော်ကား ၎င်းကြွက်ဖြူကလေးတို့သည် နေ့အချိန်မှာ လူနှင့်မကွာနေကြ လျက် ညအချိန်တွင် လူနှင့်အတူခြင်ထောင်ထဲ ဝင်အိပ်ကြသဖြင့် မီးဖိုချောင်က ကြွက်တွေ ကလည်း တရုံးရုံး၊ အိမ်အောက်က မြေကြွက်ကြီးများကလည်း ညအချိန်မှာ ကျွန်တော့်ကြက်ငယ် များကို ဆွဲဆွဲသွားခြင်းပင်။

ထို့ကြောင့် တစ်နေ့တော့ ၎င်းကြွက်ဖြူနှစ်ကောင်ကို အိမ်အောက်က မြေကြွက် တွင်းထဲသို့ ထိုးသွင်းလိုက်ပြီး အပေါက်ကို ပိတ်ထားလိုက်သည်။

ဖိုးတင့်ဆွေ ပြောသည့်အတိုင်း ၎င်းတို့ကို ကြောက်၍ မြေကြွက်ကြီးများ ဂယ်ပေါက်က ထွက်ပြေးကြမည်လား။ ကျွန်တော် စောင့်ကြည့်နေသေးသည်။

သို့သော် ဘာကောင်မှ ထွက်မလာကြပါ။ ဖိုးတင့်ဆွေ၏ကြွက်ဖြူတစ်စုံလည်း ဤတွင်းထဲ မှာ အစပျောက်သွားတော့သည်။ မြေကြွက်ကြီးများကား သောင်းကျန်းမြဲပင်။ သို့နှင့် ကျွန်တော် ထိုကြွက်ဖြူတို့ကို မေ့ပျောက်သွားခဲ့လေသည်။

ထိုမှ တစ်နှစ်လောက်ကြာသောအခါ၌ ဖိုးတင့်ဆွေ ကျွန်တော့်အိမ် ရောက်လာပြန်ကာ–

'ဟေ့ ဖိုးကြင်ဆွေ၊ ကိုယ်ကို ကြက်ဆင်တစ်ကောင်တော့ ပြန်ပေးပါဦးကွာ' တဲ့။

ကျွန်တော် အံ့အားသင့်ကာ–

'ဘာကြက်ဆင်လဲ၊ ကိုယ့်အိမ်မှာ ကြက်ဆင်မှ မရှိတာပဲ'

' ဟ ဘယ်ရောက်ကုန်ပြီလဲ၊ မနှစ်ကပဲ ကိုယ် ကြက်ဆင်လေးတစ်စုံ ယူလာပြီး ပေးထားတယ် မဟုတ်လား'

'ကိုယ့်လူယူလာတာ ကြက်ဆင်မဟုတ်ပါဘူးကွ၊ ကြွက်ဖြူလေးနှစ်ကောင်ပါ'

ဒီတော့မှ သူ့နဖူးသူ လက်ဝါးနှင့်ရိုက် စဉ်းစား၍–

'ဒါဖြင့် ကိုယ် ကြက်ဆင်ကို ဘယ်သူ့ဆီမှာ သွားပို့မိပါလိမ့်'

'သိတော့မလားကွ၊ ကိုယ့်ဆီယူလာတာတော့ ကြွက်ဖြူမှကြွက်ဖြူပါကွာ'

ဤနေရာ၌ စာဖတ်သူအား ဖိုးတင့်ဆွေ၏ လုပ်ငန်းကြီးတစ်ခုကို ပြောပြရဦးမည်။

ရန်ကုန်ရှိ သူ့မိတ်ဆွေများတွင် ကြက်ဆင်၊ ငန်း၊ ယုန်၊ ပူး၊ ခိုဖြူ၊ ကြွက်ဖြူ စသော အလှအပ ချစ်စနိုး မွေးကြသည့် တိရစ္ဆာန်များ ဟိုမှသည်မှရှာ၍ တစ်အိမ်တစ်မျိုးစီ ဖြန့်ဖြူးထား ပြီး တိုးပွားလောက်သောအခါ၌ အခြားလူတစ်ဦးအား ဘာကောင် မွေးမလားဟု မေးမြန်း တိုက်တွန်းပြီး သူက တစ်စုံ ယူပို့လေ့ရှိ၏။

ကဲ. . . . မိတ်ဆွေ စဉ်းစားကြည့်ပါ။ အလကားသက်သက် နေရင်း ဘယ်လောက် စာရင်းရှုပ် တဲ့ လူပေနည်း။

ယခုမူ ကျွန်တော့်အိမ်သို့ကြွက်ဖြူလေးတစ်ကောင် ပို့ခဲ့ပြီး သူ၏ အလွန်မေ့တတ်သော သတိနှင့် ကြက်ဆင် လာတောင်းနေချေပြီ။

ကျွန်တော်က ကြက်ဆင်မဟုတ်ပါ။ ကြွက်ဖြူပါဟုပြောမှ သူကြက်ဆင်ပို့ခဲ့သော အိမ်ကို စဉ်းစားမရ ဖြစ်နေသည်။

'တောက် ခက်တာပဲကွာ၊ ကိုယ်က ကြက်ဆင်ပေးမယ်လို့ ကတိထားပြီးနေပြီ'

'ဘယ်သူ့ကို ကတိထားတာလဲ'

'နယ်လီစော'

'ဟင် – နင့်ရည်းစားဟောင်း ခရစ်ယာန်မ၊ သူက ဒီခရစ္စမတ်မှာ ကြက်ဆင်သား ချက်စားဖို့ဖြစ်မှာပေါ့'

''အေး. . . . ဟုတ်တယ်ကွ'

'ဒါဆို လွယ်ပါတယ်ကွာ၊ အခု ဒီဇင်ဘာလ ခရစ္စမတ်ရက်အတွင်းမှာ မြို့ထဲက ကြက်ရောင်းတဲ့ ကုလားဆိုင်တွေမှာ ကြက်ဆင်တွေ ရှိပါ့ဗျာ၊ ဗိုလ်ချုပ်ဈေးသွားကွ'

ဒီတော့မှ သူ ဝမ်းသာအားရဖြစ်သွားကာ–

'အေး–ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကိုယ် ဒါကို မစဉ်းစားမိဘူး၊ ဖိုးကြင်ဆွေ ပြောမှပဲ သတိရတော့တယ်၊ ကဲ ကိုယ်သွားမယ်'

'ဟာ မြန်လှချည်လားကွ၊ ဒီမှာ ထမင်းစားပြီးမှ သွားပါလားကွ၊ ငါးမြင်းဟင်း ချက်ထားတယ်'

'ဟေ့အေးကွာ၊ ငါ နယ်လီစောကို ခရစ္စမတ်အမီ ကြက်ဆင်ပေးမယ် ပြောထားတာ၊ ဒီနေ့ဒီဇင်ဘာ ၂၄ ရက် ရှိနေပြီ၊ ကိုယ် မနေ့ကပဲ ပန်းတောင်းကရောက်တယ်၊ အခု သူငယ်ချင်းတစ်ယောက်ကား ဆွဲလာခဲ့တာ'

'အေး–ဒါဖြင့်လဲသွား၊ ကိုယ့်လူ ရည်းစားဟောင်း ကိစ္စက အရေးကြီးပေတယ်'

## ဖိုးတင်ဆွေနှင့် ရည်းစားဟောင်းများ

သူ့ထူးခြားချက် တစ်ရပ်ကို ပြောရဦးမည်။ မည်သူမဆို လူပျိုဘဝက ချစ်ကြိုက်ပြီး မညားခဲ့ကြသော ရည်းစား အနည်းနှင့် အများတော့ ရှိကြသည်သာ။

သို့သော် ရည်းစားဟောင်းချင်း ပြန်တွေ့ရတော့မည်မှာ မျက်နှာပူစရာ ဖြစ်တတ် ကြသည်။

အချို့ ကိုယ်ချင်းကျေနပ်၍ မိတ်ဆွေအဖြစ်နှင့်တွေ့ဖို့ပင် မိမိလက်ရှိ ခင်ပွန်းက ကြိုက်မကြိုက် စဉ်းစားရသေးသည်။

ဖိုးတင်ဆွေကား ဤသို့မဟုတ်ပေါင်ဗျာ၊ သူ့ရည်းစားဟောင်းများနှင့် ပြန်လည်ဆက်သွယ်သည်သာ။

ထိုမိန်းမတို့၏ လင်များ၊ သားသမီးများနှင့်လည်း မိတ်ဆွေသင်္ဂဟအဖြစ်နှင့် ပေါင်းသင်းဆက်ဆံနေချေပြီ။

သူ့တွင် ရန်ကုန် ဤလို ရည်းစားဟောင်းမျိုး နှစ်ယောက်ရှိသည်။

တစ်ယောက်က မရွှေကြည်။ ကျွန်တော်တို့နှင့် တစ်တန်းတည်း ကျောင်းနေဘက်ပဲ။

၁၉၃၈–၃၉ နှစ်၊ ကြည့်မြင်တိုင် ဆရာဖြစ်သင် ကျောင်းမှာ ဖိုးတင်ဆွေနှင့် သမီးရည်းစား ဖြစ်ကြသည်။ နောင် ဆရာဖြစ်အောင်ပြီး ကျောင်းကထွက်တော့ ကွဲသွားကြသည်။

နောက်တစ်ယောက်က ခရစ်ယာန်မလေး နယ်လီ။ ၁၉၄၁–ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တော့ ဂျပန်ဗုံးကြဲ၍ ရန်ကုန်မြို့ကြီး ပျက်စီးသည့်၌ နယ်လီတို့မိသားစုသည် ဖိုးတင်ဆွေတို့ ပန်းတောင်းမြို့သို့ စစ်ပြေးဘဝနှင့် ရောက်လာသောအခါ ဖိုးတင်ဆွေနှင့် သမီးရည်းစား ဖြစ်သွားကြသည်။

ထို့နောက် အင်္ဂလိပ်ပြေး၍ တိုင်းပြည် အေးချမ်းသွားသောအခါ နယ်လီတို့မိသားစု ရန်ကုန်ပြန်သွားကြသည်။ သူတို့သည် ကြုံတုန်းကြုံခိုက် အပျော်ရည်းစားမျှဖြစ်၍ ၎င်းတို့အချစ်ဇာတ်လမ်း စခန်းသိမ်းသွားကြသည်။

နှောင်းသော်ဖိုးတင်ဆွေက သူ့မိဘပေးစားသော မတင်မြင့်နှင့် အိမ်ထောင်ကျသွား လေသည်။

ထိုနောက်တွင်ကား ဂျပန်ခေတ်တစ်ခေတ်လုံး သူတို့ရည်းစားဟောင်းများ အဆက် အသွယ် ပြတ်သွားကြပြီးနောက် ၁၉၄၈–ခုနှစ် မြန်မာပြည် လွတ်လပ်ရေးရပြီးသောအခါ ဖိုးတင်ဆွေ၏ အစ်ကို ဦးထွန်းရွှေက ပန်းတောင်းမှ ဖဆပလ အမတ်ဖြစ်လာ၍ ဖိုးတင်ဆွေ ရန်ကုန်မှာတက်ပြီး ကောင်းစားလေသည်။ အိတ်စ်ပို့ အင်ပို့လိုင်စင်ရကာ ယခင်က ဖော်ပြခဲ့ သည့်အတိုင်း သူ့မှာ ဘားမားထရေဒင်ဆိုတာ ကုန်တိုက်ကြီးနှင့် ထိုခေတ်က ထိပ်တန်းအကျဆုံး သော စတူဒီဘေကာကားနှင့် ကြီးပွားနေလေ၏။

ယင်းအခါမှာ သူ့ရည်းစားဟောင်းများဖြစ်သော မရွှေကြည်ကလည်း လင်ရပြီး သားသမီး တွေနှင့် ဖြစ်နေချေပြီ။ နယ်လီကလည်း ပီတာဖိုးစောဆိုသူနှင့် သူတို့ခရစ်ယာန်ချင်း အိမ်ထောင် ကျ၍ နယ်လီစော ဖြစ်နေချေပြီ။

ထိုအခါမှာ ဖိုးတင်ဆွေက သူ့ရည်းစားဟောင်းများအိမ်တို့သို့ သူ့စတူဒီဘေကာကားကြီး နဲ့ ကလေးတွေစားသောက်စရာ လက်ဆောင်ပဏ္ဏာများနှင့် သွားရောက်လည်ပတ်ခြင်းဖြင့် မိသားစု မိတ်သင်္ဂဟ ဖြစ်သွားလေသည်။

မရွှေကြည် ယောက်ျားကတော့ မသောက်တတ်၊ ပီတာဖိုးစောနှင့်တော့ ဖိုးတင်ဆွေက သောက်ဖော်စားဘက်ဖြစ်၍ နယ်လီစောတို့အိမ်နှင့် ဖိုးတင်ဆွေက ပိုမိုရင်းနှီးလေသည်။

ယင်းသို့ သွေးရိုးသားရိုး မိတ်ဆွေသင်္ဂဟအဖြစ်နှင့် နှစ်ပေါင်းများစွာ ဆက်ဆံနေကြစဉ် သားသမီးမက မြေးတွေပါရသည့် အချိန်ကျတော့မှ ပီတာဖိုးစောက ခရစ်တော်၌ အိပ်ပျော် သွားသောအခါ နယ်လီစောနှင့် ဖိုးတင်ဆွေတို့ အချစ်ဟောင်းသည် အသစ်ကောင်း၍ မီးလွန်မှ ထွန်ချမိလေ၏။

ယင်းကို ဖိုးတင်ဆွေ၏ဇနီး မတင်မြင့်က နယ်လီ၏ပေးစာများနှင့် လက်ဆုပ်လက်ကိုင် မိသွားသောအခါ လင်မယားရန်ဖြစ်ကြ၍ ဖိုးတင်ဆွေအား တော့်မယားငယ်အိမ်မှာပဲ သွားနေပေ တော့ဟု အိမ်ပေါ်မှ မောင်းချလေသည်။

ဒီတော့ ဖိုးတင်ဆွေကလည်း အခွဲ့တိုက်ပြီ။ နယ်လီအား အထင်အရှားယူကာ နယ်လီ့ အိမ်မှာ သွားနေလိုက်လေ၏။

သို့သော် ကျွန်တော့် သူငယ်ချင်းကြီး ကံဆိုးရှာသည်။ အကြောင်းမှာ နယ်လီက သူနှင့် ညားပြီး မကြာမီပဲ ခရစ်တော်၌ အိပ်ပျော်သွားပြန်လေတော့ ယခု ဖိုးတင်ဆွေမှာ မယားကြီးရှိ လျက်နှင့် မုဆိုးဖိုဖြစ်နေရှာပါသည်။

မတင်မြင့်ထံ ချဉ်းကပ်ရန် ကြံပါသော်လည်း ဇနီးဟောင်းက အချစ်ကြီး အမျက်ကြီး၍ လက်မခံတော့သဖြင့် ယခု ကျွန်တော့်သူငယ်ချင်းကြီးမှာ မျောက် သစ်ကိုင်းလွတ် ဖြစ်နေပါ သတည်း။

သူ့အား နယ်လီစော၏ သားသမီးများကလည်း သူတို့၏ခေတ္တပထွေးအား သူတို့မိဘ အိမ်မှာနေသည်ကို မကြည်ဖြူတော့၍ ဖိုးတင်ဆွေသည် ယခုအချိန်၌ ဘယ်မှာနေသည်ကို ကျွန်တော် မည်မည်ရရ မသိတော့ပါ။ တစ်ခါတစ်ရံ၌ ကျွန်တော့်အိမ်ကို ပေါ်လာတတ်သည်။

## အပြစ်ရှိသူ

ကျွန်တော် ၆–မိုင် မာလကာခြံတွင် နေစဉ်အခါမှာ ဖိုးတင်ဆွေ၏သမီး ကျောင်းဆရာမ ခင်မာဆွေသည် ကျွန်တော့်အကြောင်းပြုပြီး ကျွန်တော့်အိမ်အနီးမှာ အိမ်တစ်လုံးဝယ်၍ ၃–၄ နှစ် လောက် နေသွားခဲ့သည်။ ဤအခါတွင် မတင်မြင့်လည်း ဤသမီးနှင့်အတူ လာ၍နေသည်။

ထိုအချိန်မှာ ဖိုးတင်ဆွေသည် နယ်လီစော၏ မုဆိုးဖိုဖြစ်နေရကာ မတင်မြင့်၏မျက်နှာကို သူ မကြည့်ဝံ့တော့ပေ။ သမီးနှင့်မြေးများကိုတော့ သူ အင်မတန်ချစ်ခင်လှသည်ဖြစ်၍ ၎င်းတို့ကို တွေ့ရန် မကြာခဏ သူလာတတ်သည်မှာ မတင်မြင့် ဟင်းလျာဝယ်ရန် ဈေးသို့သွားတတ်သည့် နံနက်စောစော အချိန်များတွင်ဖြစ်၏။

ယင်း၌ သမီးအိမ်သို့ တိုက်ရိုက်မသွားဝံ့သေး ရှေးဦးစွာ ကျွန်တော့်အိမ်ဝင်လာပြီး သူ့သမီးအိမ်မှာ မတင်မြင့်ရှိမရှိ ကျွန်တော့်အား သွားကြည့်ခိုင်းသည်။

ကျွန်တော်က မတင်မြင့်မရှိဘူးဟုပြောမှ သူ့သမီးနှင့်မြေးများကိုတွေ့ရန် သွားရ၏။ မတင်မြင့် ဈေးကပြန်လာတာ ရိပ်ခနဲ မြင်လိုက်လျှင် ချီထားသောမြေးကို ဖုတ်ခနဲချပြီး သုတ်ခနဲ လစ်ခဲ့ရ၏။ အပြစ်ရှိသူသည် ကြောက်ရမြဲ ဓမ္မတာပေတည်း။

တကယ်ဆို ဖိုးတင်ဆွေသည် သူသာ မုဆိုးမနယ်လီနှင့် မဖောက်ပြန်ခဲ့လျှင် ယခုအချိန်မှာ ငယ်လင်ငယ်ယား မတင်မြင့်နှင့် အိုအောင်မင်းအောင် ပေါင်းသင်းလျက် သားသမီးတွေ မြေးတွေ ဝေဝေဆာဆာနှင့် သိုက်သိုက်မြိုက်မြိုက် ပျော်ပျော်ရွှင်ရွှင် နေရမည်မဟုတ်ပါလား။ ခုတော့ သူ့ အမှားဒဏ်သူ ခံနေရပေပြီ။

ကဲ. . . . လိုရင်းကိုဆက်မည်။

မရွှေကြည် အဖေကြီးထံမှာ ကျွန်တော် ပထမဆုံးအကြိမ် ဗေဒင်မေးသောအခါ သူ ဟောတာတွေ နားထောင်နေပြီးနောက် ယင်းအချိန်၌ ကျွန်တော့်မှာ (နောင် 'ချစ်သော သိင်္ဂီ ' ဝတ္ထုဖြစ်လာမည့်) ရည်းစားဦးရှိနေပြီဖြစ်၍ ဤမိန်းကလေးနှင့် ကျွန်တော့် ညားပါ့မည်လောဟု မေးကြည့်သောအခါ ဆရာကြီးက. . . .

'ဒီကလေးမက ဘာနေ့သမီးလဲ'

မေး၍ ကျွန်တော်က–

'ကြာသပတေးပါ'

ဟု ပြောသောအခါ ဆရာကြီးက. . . .

'ဒါဖြင့် မင်းတို့ချင်း မညားတော့ဘူး။ မင်းရဲ့ ပထမဦးဆုံးဇနီးက တနင်္ဂနွေသမီးကွယ့်၊ နို့ပြီး မင်းမှာ မိန်းမတစ်ယောက်တည်းမဟုတ်ဘူး၊ မယား သုံးဆက်လဲမှ မြဲမယ်'

ဟု ပြောလိုက်ပါသည်။

ဒါကိုတော့ ကျွန်တော် သိပြီးဖြစ်ပါသည်။ ကျွန်တော့်အဖေလဲ ဗေဒင်ပညာတတ်သည် ဖြစ်၍ ကျွန်တော့်ကို ဤသို့ပဲ ဟောထားပါသည်။

ကျွန်တော်က ၁၂၈၁–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃–ရက်၊ နံနက် သန်းခေါင်ကျော် နာရီပြန်တစ်ချက်၊ တနင်္လာနေ့ (၁၉၁၉၊ မေလ ၂၆)၌ မွေးဖွားသည်ဖြစ်၍ သိုက်ဖွား၊ သောကြာနံ ထွန်းသည်။ ချစ်သူများမည်။ မယားသုံးဆက်ရမည်ဟု ကျိန်းသေဟောကိန်း ရှိနေပါသည်။

နို့ပြီး ကျွန်တော့်လက္ခဏာမှာလည်း ဘယ်ညာနှစ်ဖက်စလုံး လက်သန်းအောက် လက်ဖနောင့်မှာ အရေးသုံးကြောင်း ထင်များစွာရှိပါသည်။ ဤဆရာကြီးက မျက်စိမမြင်၍ ဒါကို မသိဘဲနှင့် ဟောနိုင်ပါသည်။

မရွှေကြည်သည် သူ့အမေမရှိသောနေ့တိုင်း ဤသို့ ဖိုးတင်ဆွေနှင့် ချိန်းတွေ့လေ့ရှိ၍ ကျွန်တော့်မှာ သူတို့တွေ့တိုင်း အဖော်လိုက်ရပြီး သူ့အဖေကြီးဆီမှာ ဗေဒင်မေးရတော့ရာ နောက်တစ်ကြိမ်တော့ ကျွန်တော်က ဖိုးတင်ဆွေ၏ မွေးသက္ကရာဇ်၊ ခုနှစ်၊ လ၊ နေ့ရက်တွေကို ပြောလိုက်ပြီးနောက်–

'ကျွန်တော့်မှာ အခု ရည်းစားရှိနေပါတယ်ခင်ဗျာ၊ သူနဲ့ညားပါ့မလား' ဆိုတာ–

'အဲဒီ မိန်းကလေးက ဘာနေ့သမီးလဲ'

ဟု ပြန်မေးတော့ ကျွန်တော်က မရွှေကြည်ဆိုတာ နာမည်နှင့်လိုက်အောင်–

'ဗုဒ္ဓဟူးသမီး'

ဟု ပြောလိုက်တော့. . .

'မင်းတို့ချင်း မညားနိုင်ပါလူး၊ မင်းရဲ့ပထမဇနီးက စနေသမီး ဖြစ်ရမယ်'

'ဟင်. . . ပထမဇနီးက စနေသမီးဆိုတော့ ကျွန်တော့်မှာ ဒုတိယဇနီး ရှိဦးမှာလားခင်ဗျာ'

'ရှိတယ်. . . . . မင်းဇာတာမှာ အိမ်ထောင်နှစ်ဆက် ပြနေတယ်ကွယ့်'

ဒါတွေဟာ ၁၉၃၉–ခုနှစ် ကျွန်တော်တို့ လူပျိုတုန်းကမေးခဲ့တဲ့ ဗေဒင်တွေပါ။ ယခု ဤစာရေးစဉ် ကျွန်တော် ပြန်သတိရတော့ ဤဆရာကြီးဟောခဲ့တာတွေ မှန်လှပါသည်။

ကျွန်တော်၏ ပထမဦးဆုံးဇနီး နော်မာက တနင်္ဂနွေသမီးပါ၊ ကျွန်တော်လည်း အခု မယား သုံးဆက်မြောက်ခဲ့ပါပြီ။ ဖိုးတင်ဆွေ၏ ပထမဇနီး မတင်မြင့်လည်း စနေသမီးပါ။ ဖိုးတင်ဆွေ လည်း နယ်လီစောနှင့် ညားလိုက်သဖြင့် ဆရာကြီးဟောခဲ့သည့်အတိုင်း အိမ်ထောင်နှစ်ဆက် မြောက်သွားပါပြီ။

ဒါတွေကို သတ္တုချကြည့်လိုက်တော့ ကျွန်တော်တို့ လူတွေဖြစ်ပျက်ရသည်များမှာ မိမိ ကံဇာတာကိုက ဖန်တီးထားပြီး ဖြစ်နေပါသည်။

ဤနေရာတွင် 'ဘဂဇာတ်ဆရာအလိုကျ ၊ ဆိုရ ကရသူပါရှင် ၊ ကြည်သာရွှင်လန်း ရယ်စရာ အခန်းလေးများလဲ ကပါရစေဦးလားရှင်' ဆိုသော သီချင်းကို သတိရသည်။

ဟုတ်တယ်၊ လူတွေဟာ ကိုယ့်ဘဝ ဇာတ်ဆရာက ဖန်တီးပေးသည့်အတိုင်း ဖြစ်ရ ပျက်ရ သည်။ ဝမ်းသာရွှင်လန်းရသည်။ ကြေကွဲဝမ်းနည်းရသည်။

ကိုယ့်ဘဝဇာတ်ဆရာဆိုသည်က မည်သူနည်း။ မိမိ၏ ဘဝကံကြမ္မာပင်ဖြစ်သည်။

ဤဘဝကံကြမ္မာကလည်း မိမိဟာမိမိ ဖန်တီးထားခြင်းပင်ဖြစ်ပါသည်။ ဘယ်သူမပြု မိမိမှု ချည်း ဖြစ်ပါ၏။

ယခင်လက ဤမဂ္ဂဇင်းတွင် ဖိုးတင်ဆွေ ဒုတိယမယား ရပုံကို ဖော်ပြခဲ့ပြီး ဤလို နယ်လီစောနှင့် ညားသွားရအောင် ကိုယ့်ကိုယ့်ကို မသိဘဲ မိမိဟာမိမိ ဖန်တီးနေခဲ့သည် မဟုတ်ပါလား။

ကျွန်တော် မယားသုံးဆယ် ရခဲ့ပုံကလည်း ဤနည်းအတိုင်းပင်။ ကိုယ့် လှုပ်ရှားပြုမူ ပုံတွေက နောက်ဆုံး၌ ဤဒုံကို ဆိုက်အောင် မိမိဟာမိမိ ဖန်တီးရာ ရောက်သွားပါသည်။

ကျွန်တော်၏ ပထမဦးဆုံးဇနီး နော်မာနှင့် ညားရပုံကား ဘာမှ အံ့သြစရာမရှိပါ။

ကျွန်တော်က လူပျို၊ သူက အပျိုလေးဘဝ၌ တစ်ယောက်ကိုတစ်ယောက် ချစ်ကြိုက်ပြီး ညားကြခြင်း ဖြစ်ပါသည်။ ဒုတိယဇနီး မသူနှင့်ကျွန်တော် ညားရပုံကျတော့ တော်တော် ထူးဆန်းပါသည်။

တစ်ယောက်ကိုတစ်ယောက် ချစ်ရကြိုက်ရသည် မဟုတ်ပါ။ သူက ကျွန်တော့်ကို စတွေ့တွေ့ချင်း မည်သူမည်ဝါမှန်း သိသည်လည်းမဟုတ်။ ကျွန်တော်ကသာ သူ့အား အပျက်မလေး အဖြစ်နှင့် သိထားခဲ့ပါသည်။

## အတိတ်ကိုဖော်သော်

မြန်မာပြည် လွတ်လပ်ရေးမရမီ ကက်စဘီခေတ် ၁၉၄၇–ခုနှစ်၊ ကျွန်တော်သည် ဆန်ကုန်သည်အဖြစ်နှင့် အထက်မြန်မာပြည်သို့ ရောက်သွားပြီး ကုန်ရှုံးကြွေးကျန်၍ နေရပ်သို့ မပြန်နိုင် ဘဲ ကသာမြို့တွင် သောင်တင်နေစဉ်က ဖြစ်ပါသည်။

ထိုအချိန်၌ ကျွန်တော်သည် မီးရထား လက်မှတ်စစ်များ ဖြစ်ကြသော မွန္တလေးသား ကိုလှငွေ၊ စစ်ကိုင်းသား ကိုအောင်ကြီးတို့နှင့် အသောက်သမားချင်း မိတ်ဆွေဖြစ်ကြ၍ ကသာ ဘူတာ မီးရထားဝင်းအတွင်းမှာ သူတို့နှင့်အတူ နေပါသည်။

သူတို့အလုပ်မှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တွင် ကသာ–မြစ်ကြီးနား ရထားနှင့်လိုက်ကြ၍ ထိုည မိုးညှင်းအိပ်၊ နောက်တစ်နေ့ ညနေ မြစ်ကြီးနားရောက်၊ သောကြာနေ့နံနက် မြစ်ကြီးနားမှ ပြန်ထွက်ပြီး စနေနေ့ညနေမှာ ကသာသို့ ပြန်ရောက်ပါသည်။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ သုံးရက်နား။ ကျွန်တော်သည် ကိုလှငွေအခန်းမှာနေလျက် သူတို့မီးရထားထွက်တိုင်း မြစ်ကြီးနား သို့ လိုက်သွားပြီး စီးကရက်ဝယ်ကာ ကသာမှာ ပြန်ရောင်းပါသည်။

ထိုစဉ်က မဟာမိတ်တပ်များ မြစ်ကြီးနားတွင် ရှိသေးလေရာ ထိုတပ်တွေက ထုတ်ရောင်းသော အလိပ် ၅၀ ဝင် ဂိုးလ်ဖလိပ် သံဘူးတွေ တစ်ဘူးလျှင် သုံးကျပ်ခွဲနှင့်ရ၍ ကသာမှာ လေးကျပ်ရောင်းရရာ ဘူး ၁၅၀–၂၀၀ ရလျှင်ပင် ကျွန်တော့်အတွက် အပတ်စဉ် တွက်သားကိုက် လှပေပြီ။

ဤစဉ်က အင်္ဂလိပ်ငွေနှင့် လက်ဖက်ရည်တစ်ခွက် တစ်မတ်၊ ခေါက်ဆွဲ တစ်ကျပ်၊ ဒံပေါက် ငါးမတ်၊ မြန်မာထမင်းဆိုင်တွေမှာ ထမင်းအဝစားမှ တစ်ကျပ်ရယ်။

မှတ်မှတ်ရရ ကျွန်တော် ဒိုင်ယာရီမှာ ရေးထားသည်။

၁၉၄၇–ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်ခင်း မြန်မာပြည် အထက်ဖျား၏ ဆောင်းတွင်း။ နှင်းတွေ ဝေနေရာလိပ်ကလေးတွေ ကိုယ်စီနှင့် အလုပ်သမားတန်းလျှားမှ

ဆင်းလာခဲ့ကြပြီး ဘူတာတွင်း ဝင်လျှင်ပင် အသက် ၂၀ ခန့်ရှိ ကသာကြမ်းပိုးကလေး အောင်ခွေး က ဆီးပြော၏။

'အောင်သင်းကြီး၊ ကောင်မလေး မီးရထားပေါ် ရောက်နေတယ်ဗျ'

ကိုလှငွေက–

'ဟ. . . . ဒါအဆန်းလားကွ၊ ဘယ်သူမဆို လက်မှတ်ပါရင် ရထားစီးနိုင်တာပဲ'

အောင်ခွေးက–

'ကျွန်တော်ပြောချင်တာက အောင်သင်းကြီးနဲ့ ဘုကျရန်ဖြစ်ပြီး လစ်လာတာဗျ၊ အခု အောင်သင်းကြီးက ဒီကောင်မလေး အင်းတော်ကို သွားမှာပဲဆိုပြီး အင်းတော်ထွက်မယ့် ဘတ်စ်ကားဂိတ်မှာ လိုက်ရှာနေတယ်၊ ဟိုမှာမတွေ့ရင် ဒီမီးရထားကို လိုက်လာမှာပဲ'

ကိုလှငွေက–

'ဟာ. . . . ဒါ တို့နဲ့ ဘာဆိုင်သလဲကွ'

အောင်ခွေးက–

'ကောင်မလေး သနားပါတယ်ဗျာ၊ အောင်သင်းကြီး အပိုင်စီးပြီး မတရားခိုင်းနေတာဗျ၊ အခုလဲကြည့်၊ ဒီလိုက်လာပြီး သူ့မယားပါဆိုပြီး ရိုက်နှက်ခေါ်သွားဦးမှာပဲ၊ ဟိုအရင်တစ်ခါလဲ ဒီလို လုပ်ပြီးပြီ'

ဤသို့ပြောရင်း ကျွန်တော်တို့ ဘူတာထဲမှထွက်ခဲ့ကြ၍ မီးရထားဆီ လျှောက်ခဲ့ကြတော့ အောင်ခွေးက ရထားပြတင်းပေါက် တစ်ခုဆီသို့ ညွှန်ပြ၍–

'ဟိုမှာကြည့်၊ ကောင်မလေး ဒီတွဲပေါ် ရောက်နေတာကိုး သူပြရာ ကျွန်တော်လှမ်းကြည့်လိုက်တော့ ကသာဈေးထဲမှာ ကျွန်တော် မကြာခဏ တွေ့ခဲ့ဖူးသော မိန်းမပျက်ကလေး။

ဤမိန်းကလေးသည် အသက် ၂၀ လောက်ပဲ ရှိဦးမည်။ အချောအလှကြီး မဟုတ်သော်လည်း ပုရိသတို့ ဆွဲငင်သော ကိုယ်လုံးကိုယ်ပေါက် ရှိ၏။ အသားဖြူ၏။ နှာတံပေါ်ပေါ်၊ မျက်ခုံးမွေးစိမ်းစိမ်း၊ ပါးစပ်ကျဉ်းကျဉ်း၊ နှုတ်ခမ်း ဖူးဖူး လုံးလုံးလေးက နှင်းဆီငုံကလေးလို နေ၏။

အောင်သင်းဆိုတာကိုလည်း ကျွန်တော်မြင်ဖူး၏။ အသက် ၃၀ ကျော်ခန့် မိန်းမထိန်း လူမိုက်ဟူ၍ အများသိကြ၏။

ရထားပြတင်းပေါက်မှ ကောင်မလေး၏မျက်နှာကို ကျွန်တော် လှမ်းကြည့်၍ အောင်ခွေး ပြောတာတွေကို ကျွန်တော်စဉ်းစားလိုက်တော့ ဤမိန်းကလေးအား သနားစိတ်တွေ ကျွန်တော့် ရင်ထဲမှာ ပေါ်လာသည်။

ထို့ကြောင့် ကိုလှငွေအား ကျွန်တော့်လက်ထဲက အိပ်ရာလိပ်ကို လှမ်းပေးလိုက်သော–

'ကိုလှငွေ ဒါယူသွားစမ်းဗျာ၊ ဒီကောင်မလေးကို ကျွန်တော် ကယ်မယ်'

ဟု ပြောပြီး ထိုမိန်းကလေးရှိသော တွဲပေါ်တက်ခဲ့၏။

သူ့အနီးသို့ရောက်သော်အခါ သူခေါင်းပြူနေသော ပြတင်းပေါက်မှာပင် ကျွန်တော် လက်ထောက်ကာ–

'မင်း ဘယ်သွားမလို့လဲ'

စင်စစ် ကျွန်တော်က သူ့ကိုသိသည်။ သူကမူ ကျွန်တော် ဘယ်သူဘယ်ဝါမှန်း သိမည် မဟုတ်၍ ကျွန်တော့်ဘက်လှည့်ကြည့်လိုက်ပြီး မပြောချင် ပြောချင်နှင့်–

'အင်းတော်ကို'

'အင်းတော်ကို မီးရထားနဲ့သွားလို့ရသလား'

'ဘာကိစ္စ သွားမှာလဲ'

'အလည်ပ'

ကျွန်တော် ရယ်သွမ်းသွေးလိုက်ကာ–

'မင်း ဘာကြောင့်သွားလဲဆိုတာ ငါသိပါတယ်'

သူ့မျက်နှာ ဘယ်ဘက်ပါးတွင် ဟိုကောင်ကြီး နှက်ထားသော အညိုအမည်းကွက်နှင့်။

ရုတ်တရက် သူ့မျက်လုံးကလေး ပြူးခနဲ ဖြစ်သွားကာ–

'ရော်. . . . ရှင် ဘာသိတာလဲပ'

'မင်း အောင်သင်းနဲ့ ဖြစ်ခဲ့တာတွေကိုပေါ့'

'အို. . . . .'

'မင်းဟာ အတော် သနားစရာ ကောင်းတာပဲ'

'မသနားပါနဲ့ရှင်၊ ကျွန်မဟာနဲ့ကျွန်မ ရှိပါစေ'

'အခု ဟိုကောင်ကြီးက မင်းကို အင်းတော်သွားမယ့် ကားတွေမှာ လိုက်ရှာနေတယ်'

'ရော်. . . . . ဟုတ်လား'

'ဟုတ်တာပ'

ကျွန်တော် သူတို့အရပ် လေသံမျိုးနှင့် ပြောလိုက်ပါသည်။

'ဟိုမှာ မတွေ့ရင် ဒီကို လိုက်လာလိမ့်မယ်'

ကလေးမ ထိတ်လန့်သွားပါသည်။ ကျွန်တော်က ဆက်လကျ၍–

'မင်းကို တွေ့သွားလို့ ပြန်ခေါ်သွားရင် ဘယ့်နှယ့် လုပ်မလဲ'

'မလိုက်ဘူးပ'

'မလိုက်လို့ရမလား၊ အတွင်းဆွဲခေါ်ရင်. . . . .'

'အို. . . . မင်းမရှိတဲ့တိုင်းပြည် မှတ်လို့ပ'

'မင်းရှိတာက နောက်မှ၊ သူ့မယားပါဆိုပြီး အတင်း ရိုက်ခေါ်တော့ ဘယ်သူကမှ ကြားဝင် တားနိုင်မယ် မဟုတ်ဘူး'

သူ့မျက်နှာသည် ရုတ်တရက် နီလာပြီး နူတ်မှ တစ်ခုခုကို ရေရွတ်လိုက်ပါသည်။ ကျွန်တော်က သူ့ကို စေ့စေ့ကြည့်၍–

'အို. . . . ဒါလောက်လဲစိုးရိမ်မနေပါနဲ့လေ၊ ကျုပ်တစ်ယောက်လုံးရှိပါသေးတယ်'

ကျွန်တော့်ကို မျက်လုံးလှန်ကြည့်ကာ–

'ရှင်က ဘာလုပ်နိုင်မှာလဲ'

'မင့်လူကို လုပ်နိုင်တာပ'

'အို. . . . ကျွန်မလူလို့ မပြောပါနဲ့ရှင်၊ ဒီ အမျိုးယုတ်ကောင်ကြီးကို'

'အေး. . . . ဟုတ်ပြီ၊ မင့်လူမဟုတ်တဲ့ အမျိုးယုတ်ကောင်ကြီးပဲ ထားလိုက်ပါတော့၊ မင်း သဘောတူမယ်ဆိုရင် မင်းဘက်က ကူပါရစေ'

ထိုအခါ သူက ကျွန်တော့်ကို စေ့စေ့ကြည့်၍ အကဲခတ်ပါသည်။ ကျွန်တော်သည် သူ့ အကောင် အောင်သင်းကြီးထက် လူလုံးလူထည် ငယ်ပါသည်။ ထို့ကြောင့် သူက ခေါင်းကို ခပ်လေးလေးယမ်းကာ–

'နေပါစေရှင်၊ ကျွန်မကံနဲ့ကျွန်မ ရှိပါစေရှင်၊ ဒီလူမိုက်မျိုးနဲ့ ဖက်ပြီး မတုချင်ပါနဲ့၊ ရှင် သူ့ကိုပြိုင်နိုင်မယ် မဟုတ်ပါဘူး'

'အို. . . ဒါက ငါ့တာဝန် ငါ့အလုပ်ပါကွာ၊ မင်းကသာ ငါ့ဘက်က နေလိုက်'

ကျွန်တော်သည် အပြင်ဘက်လှမ်းကြည့်ကာ–

'ဟော. . . . . ပြောရင်းဆိုရင်းပဲ မင်းလူကြီး ဘူတာ ရောက်လာပြီ၊ သွား. . . . သွား မင်း အိမ်သာထဲ ဝင်နေလိုက်၊ ငါ အဝကစောင့်နေမယ်၊ ဘာမှမစိုးရိမ်ပါနဲ့'

ကျွန်တော် သူ့လက်မောင်းကိုင်၍ အိမ်သာထဲ သွင်းလိုက်သည်။

ဟိုအကောင်ကြီးသည် တစ်ယောက်ယောက်က လက်ထောက်ချလိုက်ပေလိမ့်မည်။ တန်းတန်းမတ်မတ်ပင် ကျွန်တော်တို့ တွဲပေါ်သို့ တက်လာကာ ဟိုဟိုဒီဒီကြည့်ပြီးနောက် အိမ်သာ တံခါးနားရပ်နေသော ကျွန်တော့်ဆီသို့ လျှောက်လာပြီး–

'အိမ်သာထဲမှာ လူရှိသလား'

'ရှိတယ်'

'ယောက်ျားလေး. . . မိန်းမလား'

'မိန်းကလေး'

သူသည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီးနောက် ကလေးမ၏ ထိုင်ခုံပေါ်၌ အဝတ်ထုပ်တစ်ခုကို လှမ်းမြင်သွားကာ–

'ဟိုအထုပ်ရှင် မဟုတ်လား'

'ဒါ– ကျုပ်မသိဘူး'

'အို. . . ဟုတ်ပါတယ်'

ပြောရင်းဆိုရင်း သူသည် အိမ်သာတံခါးကို တဖြန်းဖြန်းပုတ်၍–

'ဟေ့ . . . . ကောင်မလေး ထွက်ခဲ့'

ကျွန်တော်သည် သူ့ညာလက်ဝါးကို ကျွန်တော့်ဘယ်လက်ဖြင့် တားကာ–

'အို. . . . ခင်ဗျား မိုက်ရိုင်းလှချည်လား၊ မိန်းကလေး တစ်ယောက် အိမ်သာထဲ ဝင်နေတဲ့ဟာကို'

သူသည် ကျွန်တော့်ကို စူးစူးဝါးဝါး ကြည့်ပြီး–

'အို. . . . ဒါ ကျွန်တော့်မိန်းမဗျ၊ ခင်ဗျား ဘာသိလို့လဲ'

ကျွန်တော်သည် အသံကို တင်းလိုက်ကာ–

'ကျုပ် အကုန်သိတယ်ဗျ၊ ခင်ဗျား လုပ်ချင်တိုင်း လုပ်လို့မရဘူး နောက်ဆုတ်လိုက်'

ကျွန်တော် ရုတ်တရက် မာဆတ်ဆတ်ပြောလိုက်သည်၌ သူအံ့အားသင့်သွားကာ ကျွန်တော်ကို ခေတ္တမျှ ကြောင်၍ ကြည့်နေပါသည်။

ကျွန်တော်လည်း သူ့အရိပ်အကဲနှင့် အခြေအနေကို ဂရုစိုက်ကြည့်နေရသည်။

သူသည် ကျွန်တော့်ထက် အလုံးအထည် ကြီးသည့်အပြင် အရပ်လည်း နှစ်လက်မခန့် ပိုမြင့်နေသဖြင့် သူကစ၍ ထိုးခဲ့သော် ကျွန်တော် မည်သို့ရှောင်ပြီး မည်သို့ပြန်ထိုးရန်နှင့် ကျွန်တော်က စထိုးရမည်ဖြစ်သော် မည်သို့ပြုရမည်ကို စိတ်ထဲမှာ အကွက်ဆင်ထားရပါသည်။

ထို့နောက် သူသည် ကိုယ်ဟန်ပြ၍ ကျွန်တော့်ကို စူးစူးဝါးဝါး ကြည့်လျက်–

'သြော်. . . . ခင်ဗျားက ကျုပ်တို့ကိစ္စမှာ ဝင်ရှုပ်မလို့လား'

'ဟုတ်တယ်၊ အနိုင်ကျင့် ခံနေရတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော် ကူညီရလိမ့်မယ်'

ထိုအခါ သူက ခပ်ပြုံးပြုံးဖြင့်–

'ဩ. . . ဒီလိုကိုး'

ဤအချိန်၌ နံဘေးပရိသတ်သည် ကျွန်တော်တို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြပြီ၊ ကိုလှငွေနှင့် အောင်ကြီးတို့လည်း ဤတွဲသို့ ရောက်နေလေပြီ။

ကျွန်တော်သည် ဖြစ်ရတော့မည့်ရန်သူကို မျက်ခြည်မပြတ် အကဲခတ်ရင်း ကိုလှငွေသို့ လှမ်း၍ အင်္ဂလိပ်ဘာသာနှင့်–

'ကျွန်တော် သူနဲ့ တစ်ယောက်ချင်းချမယ်၊ သူ့ဘက်က ဒီအပြင်လူ ဝင်ကူရင်သာ တားပေး'

ကိုလှငွေကလည်း အင်္ဂလိပ်လိုပင်. . . .

'စိတ်ချ. . . . . ရဲဘော်'

သူသည် အင်္ဂလိပ်စကားကို နားမလည်သဖြင့် ကျွန်တော်တို့ ပြောတာတွေကို ကြားတော့. . .

'ဩော်. . . . ခင်ဗျားတို့က ကျုပ်ကို ဝိုင်းအုပ်ကြမလို့ပေါ့၊ ဟဲ. . . . ဟဲ ကျုပ်ကလဲ ဂရုမစိုက်ပါ ဘူး'

ဟု ပြောပြီး. . . .

'ဟဲ့ကောင်မ. . . . နင်မသေချင်ရင် ခုထွက်ခဲ့'

ဟု ဆိုပြီး အိမ်သာတံခါးကို ထုပြန်သည်။

သည်တော့ ကျွန်တော်သည် ရှေ့ခြေတစ်လှမ်းတိုး၍ သူနှင့်ရင်ချင်းအပ်လိုက်ကာ. . . . .

'ခင်ဗျားကို မလုပ်နဲ့လို့ ကျုပ်ပြောနေတယ်'

သူသည် ကျွန်တော့်မျက်နှာကို ပမာမခန့်ကြည့်ကာ. . . . .

'လုပ်တော့ ဘာဖြစ်မလဲ'

'ဝုန်း. . . . ဝုန်း. . . . ဝုန်း. . . . ဝုန်း'

သူ တံခါးကို ဆက်ထုပြန်သည်။

ထိုအချိန်၌ ကျွန်တော်သည် သက္ကလတ် ဘောင်းဘီရှည် ရှူးဖိနပ်နှင့်ဖြစ်၏။ သူက ရှမ်းဘောင်းဘီဝတ်ထားသော်လည်း ခြေညှပ်ဖိနပ်နှင့်သာ ဖြစ်၏။

ထို့ကြောင့် ကျွန်တော်သည် တစ်ယောက်မျက်စိ တစ်ယောက်ကြည့်နေရာမှာ သူ၏ ဘယ်ဘက်ခြေခံကို ကျွန်တော့်ညာဖနောင်နှင့် ဆက်ခနဲ ဆောင့်နင်းလိုက်၍ သူ အမှတ်မဲ့ အားးခနဲမြည်ပြီး လက်နှစ်ချောင်းကား၍ အောက်သို့ ခေါင်းငုံ့သွားသည်တွင် သူ၏မေးရိုးကို ကျွန်တော့် ညာလက်သီးနှင့်ကော်၍ ထိုးလိုက်ပါသည်။

ကျွန်တော်သည် ကျောင်းသားဘဝကတည်းကပင် အထိုးအသတ်ကို သင်ကြား လေ့ကျင့်ထားသူ ဖြစ်ပါသည်။

သဲအိတ်ထိုး လေ့ကျင့်ခဲ့ဖူးသော ကျွန်တော်၏ လက်သီးရှိန်ဖြင့် သူ နောက်သို့လန်သွားပြီး ထိုင်ခုံနှင့်ဆောင့်မိ၍ မတ်တက်ပြန်ရပ်နိုင်ကာ ကျွန်တော့်ဆီသို့ တအား ပြေးကျုံးလိုက်သည်၌ လက်တံရှည်ရှည်နှင့် ဗလကောင်းလှသော သူ့အင်အားကြီးမှာ ကျွန်တော်သာ လွတ်အောင် မရှောင်နိုင်ပါက ဤမိန်းကလေးနှင့် ပတ်သက်သောအကြောင်းသည် ဤမျှနှင့်ပင် ရပ်တန်းက ရပ်သွားပေလိမ့်မည်။

သို့သော် ကျွန်တော်သည် သူ ထိုးလွှတ်လိုက်သော ညာလက်သီးကို ကျွန်တော့် ဘယ်လက်မောင်းနှင့် ဆီးမပြီး ခေါင်းငုံ့၍ ရှောင်ကာ ညာလက်သီးဖြင့် သူ့ဗိုက်ကို တအား

ထောက်လိုက်၍ သူ့ကိုယ် ယိုင်သွားသည်၌ လျက်မြန်စွာ ညာလက်သီးရောက် ဘယ်လက်သီးပါ ရှေ့ဆင်နောက်ဆင့် သူ့မျက်နှာသို့ ညုပ်သွင်းပါတော့သည်။

သို့ရာတွင် သူသည် ဗလကြီး၍ ခံနိုင်ရည်ရှိသောကြောင့် ကျွန်တော့်ညုပ်လက်သီး လောက်ဖြင့် သူမဖြိုဘဲလူချင်း ပူးကပ်၍ အပြင်းအထန် သတ်ရပါတော့သည်။ ဤသို့ အနီးကပ် သတ်ရာ၌ သူက အရပ်မြင့်သူဖြစ်၍ ကျွန်တော့်လက်သီး သူ့မျက်နှာ မရောက်တော့သဖြင့် အောက်ပိုင်းကိုသာ ဖြိုရပါတော့သည်။ ကျွန်တော်မှာ ဘောက်ဆင်ထိုးခဲ့သူဖြစ်၍ ကျွန်တော့် မျက်နှာကို သူ့လက်သီးချက်မှလွတ်အောင် ရှောင်နိုင်ပါသည်။ သို့သော် စည်းကမ်းမဲ့သော ရန်ပွဲတို့၌ လည်ပင်း ဖျစ်တတ်သည်ကိုကား ကျွန်တော် သတိမဲ့သွားပါသည်။

ထို့ကြောင့် ကျွန်တော့်လည်ပင်း သူ့လက်တွင်း ရောက်နေမှသာ သတိရပါတော့သည်။ လည်ပင်းကို အဖျစ်ခံရလျှင် သူ့နှာခေါင်းကို လှန်၍တွန်းရန် ကျွန်တော် သိပါသည်။

သို့သော် ကျွန်တော့်ရန်သူမှာ အရပ်အမောင်းကောင်းသလောက် လက်တံရှည်သူဖြစ်၍ သူ့မျက်နှာကို ကျွန်တော့်လက်က မိမိရရ မကိုင်နိုင်ပါ။ ထို့ကြောင့် အခြားတစ်နည်း သူ့ဝမ်းဗိုက် က နံရိုးတိုလေးကို အောက်မှပင့်ထိုးခြင်းကို ပြုရပါသည်။

သို့သော် အသားအရေထူထူ ဗိုက်ခေါက် အဆီတက်နေသော ကောင်ကြီးမို့ သူမဖြိုချေ။ ယင်း၌ ကျွန်တော် ရှုံးရတော့မည်လားဟု အောက်မေ့စဉ် တဒင်္ဂအတွင်း ကျွန်တော် အကြံတစ်ခု ရ၍ လက်သီးဖြင့် ထိုးခတ်ခြင်းကို ရပ်လိုက်ကာ လည်ပင်းကို တောင့်တောင့်အစ်ခံပြီး သက်သာ နိုင်သလောက် သက်သာအောင် သူ့လက်နှစ်ချောင်းကို ကိုင်ဖြဲရင်း သူဖျစ်တွန်းနေသော အရှိန်ဖြင့် ကျွန်တော် ရထားပြတင်းပေါက်ဆီသို့ ရောက်အောင် တရွေ့ရွေ့ နောက်ဆုတ် ရွေ့ခဲ့ ပါသည်။

ကျွန်တော် ရည်ရွယ်သောနေရာသို့ ရောက်လေလျှင် ကျွန်တော်လည်း ပြတင်းပေါက် ဘောင်ကို လက်နှစ်ဖက်ထောက်၍အားယူကာ ခြေနှစ်ချောင်းမြှောက်ပြီး သူ့ဆီးခုံကို ဖနောင့် နှစ်ခုနှင့် တအားဆောင့်ကန်လိုက်တော့ရာ သူ့လက်တို့သည် ကျွန်တော့်လည်ပင်းမှာ တွယ်ကပ် မနေနိုင်တော့ဘဲ သူ့ကိုယ်သည် ကားခန်း နောက်လန်သွားသည်၌ ကျွန်တော် လူချင်းပူးကပ်၍ လိုက်သွားပြီး ဘယ်လက်သီးရော ညာလက်သီးပါ သူ့ပါးချိတ်ကို မ၍မ၍ ပင့်ထိုးတော့ရာ နောက်ဆုံးမှာ သူပက်လက်လန်လဲကျပြီး သတိမေ့သွားလေတော့သတည်း။

'ဟူးရား. . . . ဟူးရား'

ကိုလှငွေတို့လူစုသည် ကျွန်တော့်ကို ကောင်းချီးပေးကြပြီး အောင်သင်းကြီးကိုတော့ မျက်နှာ ရေနှင့်ဖြန်းပေး၍ သတိရသွားသည်။ ရထားပေါ်မှ တွဲ၍ အောက်သို့ချလိုက်ကြလေ၏

အိမ်သာထဲမှ မအဝှာလည်း ဘယ်အချိန်က အပြင်ရောက်နေသည်မသိ။ ပွဲပြီး၍ ကျွန်တော့်အနီး ရောက်လာကာ ကျွန်တော့်ပါးစပ်က သွေးများကို သူ့လက်ကိုင်ပဝါလေးနှင့် သုတ်ပေးနေလေ၏

ထိုမှ မကြာမီ မီးရထားကြီး ထွက်ခဲ့တော့သည်။

မသူ

ရထားသည် ကသာဘူတာမှထွက်ပြီး မကြာမီ ဖက်ဆွတ်တောင်ကိုတက်ရသဖြင့် သိပ်ပြီး မမြန်။ လေးလေးမှန်မှန် ဆွဲနေစဉ်တွင် ကျွန်တော်သည် တောင်ပေါ် လေအေးလေသန့်ကို ရှူရှိုက်ရ၍ အမောပြေလေပြီ။

နံဘေးပရိသတ်လည်း သူ့ကြောင့် ရန်ဖြစ်ခဲ့ရသော ဤမိန်းကလေးနှင့် ကျွန်တော် အတူ ယှဉ်ထိုင်နေသည်ကို စိတ်ဝင်စားခြင်းမှ လျော့ပါးသွားလေပြီ။

ကိုလှငွေတို့လည်း လက်မှတ်စစ်ရန် အခြားတစ်တွဲသို့ ကူးပြောင်းသွားကြပြီဖြစ်၍ ကျွန်တော်တို့နှစ်ယောက်တည်း ကျန်ခဲ့ပေပြီ။

ဤတွင် သူကလေးကို ကျွန်တော်က စကားစ,၏။

'ကဲ. . . . . မင့်ကောင်ကြီးကို ငါယှဉ်ပြိုင်နိုင်တယ် မဟုတ်လား'

သူက ရွှင်လန်းအားရသော မျက်နှာနှင့်–

'ကျွန်မ အစဉ်းဖြင့် အစ်ကို သူ့ကို နိုင်မယ်မထင်ဘူးပ'

'အခုတော့ မင်းမျက်မြင်ပဲလေ၊ မင်း ဘယ်အချိန်က အိမ်သာထဲက ထွက်ခဲ့တာလဲ'

'အပြင်မှာ ထိုးခတ်သံ ကြားကတည်းကပဲ'

'ငါသာရှုံးရင် မင်း သူ့နောက်ပါသွားရမှာနော်'

'အစ်ကို မရှုံးရပါဘူး၊ ဟောဒီမှာ ကြည့်စမ်း'

သူ့ပေါင်ဘေးက အဝတ်ထုပ်ကို လက်နှင့်ကိုင်ပြ၍–

'အထဲမှာ ကျောက်ပျဉ်ရှိတယ်၊ အစ်ကို အရေးမလှပုံပေါ်ရင် ကျွန်မက သူ့ခေါင်းကို ထုချဖို့ အသင့်ပြင်ထားတယ်'

'ဟုတ်လား၊ မင်း တကယ်လုပ်ရဲပါ့မလား'

'ညကတောင် သူ့ခေါင်း သနပ်ခါးတုံးနဲ့ ဆော်လိုက်သေးတယ်'

'ဟာ. . . တယ်ဟုတ်ပါလား၊ မင်းကို ငါကြိုက်သွားပြီဟေ့'

'မင်း ငါနဲ့လိုက်ခဲ့တော့ကွာ၊ အင်းတော် သွားမနေနဲ့ကတော့'

'အေး. . . . '

'ဘယ်ခေါ်သွားမှာလဲ'

'အခု မြစ်ကြီးနားကို'

‘အဲဒီမှာ နေရောလား’

‘ဟင့်အင်း မနေဘူး၊ ငါက ကသာမှာနေတာပဲ၊ နောက်တစ်နေ့ ကသာကို ပြန်ခဲ့မှာပေါ့’

ယင်း၌ သူနှုတ်ဆိတ်သွားသည်။ ဟိုကောင်ကြီးနှင့် တစ်မြို့တည်း ပြန်ဖြစ်သွားမှာ သူ တွေးကြောက်မည်ကို ကျွန်တော် သိပါသည်။ ထို့ကြောင့် သူ့လက်မောင်းအိုးကို ခပ်ညှစ်ညှစ် ကလေး ကိုင်လိုက်ကာ. . . . .

‘ဟိတ်. . . . ငါနဲ့နေရင် ဒီကောင်ကြီးရန်ကို မစိုးရိမ်ပါနဲ့တော့ကွ၊ သူ ငါ့ကို ကြောက် သွားပါပြီ’

‘အစ်ကိုက ကသာ ဘယ်နေရာမှာ နေတာလဲ’

‘မီးရထားဝင်းထဲမှာကွ’

‘အစ်ကိုက မီးရထား အရာရှိပဲလား’

‘မဟုတ်ပါဘူး၊ လက်မှတ်စစ် ကိုလှငွေ၊ ကိုအောင်ကြီးတို့နဲ့လာနေတာပါ’

‘အဲဒီမှာ အစ်ကို့မိန်းမ မရှိဘူးလား’

‘ဘယ်ရှိမှာတုံး၊ ငါက ဒီအရပ်သားမှမဟုတ်တာဘဲ ကုန်သည်အဖြစ်နဲ့ ခေတ္တရောက် လာတဲ့ ဧည့်သည်ပါ’

‘အစ်ကို့အိမ်က ဘယ်မှာလဲ’

‘ရန်ကုန်’

‘ဟင်–အဝေးကြီးပဲ၊ မန္တလေးဟိုဘက်တောင် ကျသေးနော်’

‘မင်း မန္တလေးတော့ ရောက်ဖူးသလား’

‘ကျွန်မ ကသာအောက် ဘယ်ကိုမှ မရောက်ဖူးပါဘူး’

‘မင့်ဇာတိက ကသာကပဲလား’

‘မဟုတ်ပါဘူး’

ဟုဆို၍ ကသာအနီး မြစ်ကမ်းဘေးက ရွာကလေးတစ်ရွာနာမည်ကို ပြောပြပါသည်။ မမှတ်မိတော့။

‘အစ်ကို ကသာမှာ ဘယ်လောက်ကြာ နေမှာလဲ’

‘မသိသေးဘူးကွ၊ ဈေးခေါင်း ကိုတင်လုံးကိုသိလား၊ သူ့ဆီမှာ ငါ့ငွေတွေ ရစရာရှိ နေတယ်၊ အဲဒါရမှ ကိုယ့်နေရပ်ပြန်နိုင်မှာပဲ’

ကျွန်တော်တို့က စကားပြောပြောနှင့် မီးရထားကြီးက တဝေါဝေါ၊ ခုတ်လာခဲ့ရာ နံ့စီးအောင်၊ ပင်ဝယ်ဘူတာတို့ကိုလွန်ခဲ့ပြီး ၁၁–နာရီလောက်တွင် နဗားဘူတာသို့ ရောက်၏။

နဖားသည် ကသာ၊ မြစ်ကြီးနား၊ မန္တလေးနှင့် ရထားလမ်းဆုံဖြစ်၍ ဤဘူတာမှာ တော်တော်ကြာ ရပ်နားမည်ဖြစ်သောကြောင့် ကိုလှငွေနှင့်ကိုအောင်ကြီးတို့သည် ကျွန်တော်တို့ ရထားတွဲဘေးသို့ ရောက်လာကြကာ နူတ်ရွှင်သော ကိုလှငွေက–

'ဘယ့်နှယ် စကားလက်ဆုံ ပြောလို့မကုန်၊ ချစ်ခြင်းပီယလောကဤလူ့ဘုံ ဖြစ်နေကြ ပြီလား၊ ဒီဘူတာမှာ မနက်စာ ထမင်းစားရမယ်ဗျ၊ ကဲ. . . . အောက်ဆင်းကြ'

ကျွန်တော်က ထိုင်ရာမှထ၍ မိန်းကလေးအား–

'ကဲ. . . . လာ. . . . .'

ဟု ပြောလိုက်တော့ သူသည် ကျွန်တော်နှင့်လိုက်ရန် ဆုံးဖြတ်ပြီးပြီဖြစ်၍ စင်ပေါ်မှ သူ့အိပ်ရာလိပ်ကို လှမ်းယူလိုက်ပြီး–

'ဒီနေရာမှာ သူများလာမထိုင်အောင်'

ဟု ပြောကာ အိပ်ရာလိပ်ကို ခုံပေါ်ချလိုက်တော့ ကိုလှငွေက–

'မန္တလေးရထား ဆိုက်လာရင် ဒီတွဲ လူသိပ်ကျပ်လာမယ်၊ ကျွန်တော်တို့ စာတိုက်တွဲကပဲ လိုက်ခဲ့ကြပေါ့၊ ပေး. . . . အိပ်ရာလိပ်'

ဟု ဆိုပြီး အောက်မှလှမ်းယူသည်။ ကျောက်ပျဉ်ပါသော သူ့အဝတ်ထုပ်ကိုကား ကိုအောင်ကြီးက လက်လှမ်းသည်ကို ထဘီတွေပါတယ်ဟုဆိုပြီး သူ့ဟာသူရွက်၍ ယူခဲ့သည်။

သူ့ပစ္စည်းတွေကို ကျွန်တော်တို့ အိပ်ရာလိပ်များထားသော စာတိုက်ပွဲပေါ် တင်ခဲ့ပြီး နောက် ကျွန်တော်တို့ နဖားဘူတာထဲက ကုလားထမင်းဆိုင်မှာ သွားစားကြသည်။

ဤတွင်မှ ကျွန်တော်တို့နှင့် အတူပါလာသော မိန်းကလေး၏နာမည်ကို သိရသည်။ 'မိသူ' တဲ့။

## မိုးညှင်း

ထိုနေ့ညနေ ၅–နာရီလောက်မှာ ကျွန်တော်တို့ မိုးညှင်းသို့ ရောက်ကြသည်။ ကျောင်းတွင်သင်ခဲ့ရသော ရာဇဝင်၌ တစ်ကြိမ်သောအခါက မိုးညှင်းစော်ဘွား သိုဟန်ဘွားသည် အင်းဝကိုလာရောက်အုပ်စိုးခဲ့ဖူးသည်ကို တွေ့ရသဖြင့် ထိုခေတ်က မိုးညှင်းသည် အတော်ကြီး ကျယ်သော မင်းနေမြို့တော်ကြီး ဖြစ်ခဲ့ပေသည်။

ယခု ကျွန်တော်တို့ ရောက်သော အချိန်၌ကား ရွာလယ်မှာဆယ့်နှစ်ရာသီမပြတ် ရေစီးဆင်းနေသော ချောင်းကြီးရှိ၍ ထိုချောင်းမှ ရေရတတ်တွေနှင့် ယာခင်းများသို့ ရေတင်လျက်

မုန့်ညင်း၊ မုန်လာ၊ ဂေါ်ဖီ စသော ဟင်းသီး ဟင်းရွက်များ စိုက်ပျိုးသော ရှမ်းရွာကြီး တစ်ရွာသာ ဖြစ်ပါ၏။

ကျွန်တော်တို့ ထိုည ဤမိုးညှင်းဘူတာတွင် အိပ်ရမည် ဖြစ်၍ ကိုယ့်အိပ်ရာလိပ် အသီးသီးကို ဆွဲကြကာ ဘူတာဝင်းအတွင်းရှိ မီးရထား အလုပ်သမားတို့၏ **Guest House** ဧည့်ဂေဟာသို့ သွားကြသည်။

အပေါ်တက်၍ အိပ်ရာလိပ်တွေချပြီးနောက် ကျွန်တော်တို့ မိုးညှင်းရောက်တိုင်း စားနေကျ ဈေးအတွင်းက တရုတ်ခေါက်ဆွဲဆိုင်သို့ သွားကြမည် ပြုသောအခါ မသူက ကိုယ်လက် မအီမသာရှိ၍ သူမလိုက်ပါရစေနှင့် သူ့အတွက် ခေါက်ဆွဲကြော် တစ်ထုပ်သာ ဝယ်ခဲ့ပါဟု မှာလိုက်၏။

ညြော်. . . . . ဒီလိုကိုး

ည ၆–နာရီကျော် ရီတမှောင်တွင် ကျွန်တော်တို့ တရုတ်ဆိုင်မှာ စားသောက်ပြီး ပြန်လာကြသောအခါ မသူအား ထဘီ ရင်လျားနှင့် ကျောက်ပျဉ်ရှေ့မှာထိုင်ပြီး သနပ်ခါးလိမ်းနေသည်ကိုတွေ့ရ၍ ကျွန်တော်က–

'ဟော့. . . . မသူ၊ မင်း မေနကောင်းဘူးဆိုပြီး အခု ရေချိုးလိုက်တယ်ပေါ့ ဟုတ်လား'

'ဟုတ်တာပ၊ အခါ ရေချိုးလိုက်မှ လူ လန်းဆန်းပြီး နေကောင်းသွားပြီ'

'မင်း ဘယ်သွား ရေချိုးလဲ'

'ချောင်းထဲ သွားချိုးတာပ၊ ရေသိပ်ကောင်းတာပဲ၊ အစ်ကိုတို့ရော မချိုးဘူးလား'

'ဟော့အေး. . . . . တို့ အရက်သမားတွေက ရေကြောက်တယ်ကွ. . . .'

ဆိုပြီး ကျွန်တော်တို့ စုပုံထားခဲ့သော အိပ်ရာလိပ်တွေ အနေအထား ကြည့်လိုက်တော့ ဟော မသူ စီမံထားပုံက သုံးပင်နှစ်ခန်း။

ပေနှစ်ဆယ် ပတ်လည်လောက်ကျယ်သော ဧည့်ဂေဟာတွင် ခေါင်းရင်းဘက်အခြမ်း၌ ကိုလှငွေနှင့် ကိုအောင်ကြီးတို့၏အိပ်ရာလိပ်များကိုထား၍ ခြေရင်းဘက်အခြမ်းမှာ နံရံနှင့်ကပ် လျက် သူ့အိပ်ရာလိပ်နှင့် ကျွန်တော့်အိပ်ရာလိပ်ကို နှစ်ခုပူးပြီး ခင်းထားပါသည်။

ဘာရည်ရွယ်ချက်နည်း။

ကျွန်တော် စဉ်းစားမိပါပြီ။ သူတစ်ယောက်တည်း ခွဲအိပ်ခဲ့သော်. . . .

ကျွန်တော်တို့က ယောကျ်ားသား သုံးယောက်မို့ သူ့အန္တရာယ်ကိုတွေးပြီး စိုးရိမ်ပေ လိမ့်မည်။

သို့သော် ကျွန်တော်တို့စိတ်ထားကား ဤသို့ မဟုတ်ပါပေ။ သူ့ဘဝကို ကယ်တင် လိုသည့် စိတ်ထားနှင့် ကျွန်တော်က သူ့ကို ကိုအောင်ကြီးဆီက လုယူခဲ့တာပဲ၊ သူ့ ဆန္ဒအတိုင်း ဖြစ်စေရမည်ပေါ့။

ကျွန်တော်သည် သူခင်းထားသော အိပ်ရာပေါ်၌ ထိုင်လိုက်ကာ ရှူးဖိနပ်ကြိုးကို ဖြေသည် ၌ မသူသည် သနပ်ခါးလိမ်းနေရာမှ ထလာ၍ ကျွန်တော့်ဖိနပ်တွေကို ချွတ်ပေးပါသည်။

'ခြေအိတ်ကော ချွတ်မလား'

'ခြေအိတ်တော့ မချွတ်နဲ့ကွာ၊ မိုးညှင်းက ည သိပ်အေးတယ်'

ဤတွင် ကျွန်တော်တို့ အရိပ်အခြည် ကြည့်နေသော ကိုလှငွေက–

'ခုညတော့ ခင်ဗျား မချမ်းတော့ပါဘူးဗျာ'

စာရှုသူများခင်ဗျား။ ကျွန်တော်၏ ဒုတိယဇနီး မသူနှင့် ကျွန်တော်သည် ဤညတွင်ပင် ညားကြပါသတည်း။

ကြာသပတေးနေ့ညနေမှာ ကျွန်တော်တို့မြစ်ကြီးနားရောက်၊ သောကြာနေ့မနက်မှာ ပြန်ထွက်ခဲ့၍ ထိုည မိုးညှင်း ဘူတာမှာ အိပ်ပြီး စနေနေ့နံနက်တွင် ခရီးဆက်ခဲ့ကြသည်။

## အိမ်ရှင်မ အရာ

ကျွန်တော်တို့ ကသာသို့ ပြန်ရောက်ကြသောအခါတွင် ကျွန်တော်တို့လူစုမှာ ယခင် ကဲ့သို့ ယောကျ်ား သုံးယောက်သာ မဟုတ်တော့ဘဲ မိန်းမတစ်ယောက် အပိုပါခဲ့ကြောင်းကို အနီးပါးနားက လူများအားလုံးပင် သိကြကုန်သည်။

သူတို့စိတ်ထင်မှာ မည်သူမည်ဝါ အဘယ်သို့ ဟူသည်ကို အမြန်သိနိုင်သော ကသာမြို့ ကလေးတွင် မသူအား မိန်းမပျက်ကလေး အဖြစ်နှင့်သိထားကြပြီဖြစ်၍ ပထမတွင် ကျွန်တော်တို့ သုံးယောက်၏ ဘုံမယားလေးဟု အောက်မေ့ကြကုန်သည်။ သို့သော် ကျွန်တော့် မိတ်ဆွေ နှစ်ယောက် သဘောထားမှာ စင်စစ် သန့်ရှင်းပါလေသည်။

ဟိုယခင်က သူတို့ မသူကို မည်သို့ပင် သဘောထားခဲ့လင့်အစား ယခုမူ ကျွန်တော်တို့ သည် သုံးည တစ်အိမ်တည်းအိပ်ခဲ့ကြ၍ လေးရက်မျှတစ်ရထားတည်းစီး၊ တစ်ခရီးတည်း သွားခဲ့ ကြပြီမို့ ဤစဉ်အတွင်း မသူအပေါ် ကျွန်တော်က မယားတစ်ယေက်ကဲသို့ ချစ်ခင်ကြင်နာပုံ၊ မသူက ကျွန်တော့်အား လင်သားကဲ့သို့ ပြုစုပုံတွေ တွေ့မြင်နေရသောကြောင့် မသူအား သူငယ်ချင်းတစ်ယောက်၏ ဇနီးကဲ့သို့ပင် ယူဆကာ ညအိပ်စက်ကြရာ၌လည်း အလုပ်သမားတန်း

လျားတွင် သူတို့နှစ်ယောက်က တစ်ယောက်တစ်ခန်း ရသည်ကို မသူနှင့်ကျွန်တော့်အား သီးသန့် တစ်ခန်းပေး၍ သူတို့နှစ်ယောက်က အခြားအခန်း၌ အိပ်ကြပါသည်။

မသူကလည်း သူတို့၏ ကြင်နာသက်ညှာမှုကို လိမ္မာပါးနပ်စွာ တုံ့ပြန်ပါသည်။

အသို့ဟူမူ ကျွန်တော်တို့ ကသာသို့ ပြန်ရောက်ပြီး နောက်တစ်နေ့မှစ၍ သူတို့ အဝတ်ဟောင်းများကို ဖွပ်လျှော်ပေးခြင်း၊ အိပ်ရာနေရာများကို ခင်းကျင်းသိမ်းဆည်းပေးခြင်း တို့ကို ပြုလုပ်ပေးရာ လပေါင်းများစွာ သူတို့ဘာသာ သူတို့ ဖြစ်သလိုနေခဲ့ရသော ယောကျ်ား သားများအဖို့ အဘယ်မှာ ဝမ်းမသာ မနှစ်သက်ဘဲ ရှိကြအံ့တော့နည်း။

ကျွန်တော်တို့ ကသာသို့ ပြန်ရောက်စရက်များ၌ မိမိရန်သူကို သတိထားရပါသေးသည်။

မသူအား အိမ်မှမထွက်စေဘဲ ကျွန်တော်တို့က ထမင်းဟင်းကို ခါတိုင်းကဲ့သို့ပင် ဈေးမှာ သွားစားပြီး မသူဖို့ ဝယ်ခဲ့ကြပါသည်။

ကျွန်တော်တို့ နောက်တစ်ခေါက် မြစ်ကြီးနားသို့ တက်သောအခါ မသူကိုပါ ခေါ်ခဲ့၍ ဤတစ်ခေါက် ပြန်ရောက်သောအခါ မသူ၏ တိုက်တွန်းမှုဖြင့် . . . .

ကျွန်တော်က ထမင်းအိုး၊ ဟင်းအိုး၊ ပန်းကန်ခွက်ယောက်တွေ ဝယ်ကာ အိမ်မှာပဲ ချက်ပြုတ် စားသောက်ကြပါတော့သည်။

ကျွန်တော်တို့က မနက်တိုင်း ဈေးသွားပြီး ဟင်းလျာများ ဝယ်ပေးရပါသည်။

နောက်ထပ် သီတင်းနှစ်ပတ်မျှ ကြာသောအခါ၌ကား ကျွန်တော်သည် ထမင်းကိစ္စကို လုံးဝ မစွက်ဖက်ရတော့ဘဲ အဆင်သင့် လက်ဆေး နှိုက်စားရုံသာရှိတော့သည်။

အကြောင်းမူကား အနီးပါနားက မသူအကြောင်း စုံစမ်းကြကုန်သော 'မသိချင်' တို့အား ကျွန်တော်က ရေရေလည်လည် ပြောပြ၍ သူတို့ နားလည်သွားကြသောအခါ မိန်းမတို့ ဓမ္မတာ ကြင်နာစိတ်ဖြင့်–

'အင်း. . . သူ ကောင်းကောင်းမွန်နေလဲ ကောင်းတာပေါ့လေ'

ဟု ပြောကြကာ ဆေးဖော်ကြောဘက် လုပ်ကြသဖြင့် မသူသည် မနက်တိုင်း သူတို့ မိန်းမဖော်များနှင့် ဈေးဝယ်လိုက်နိုင်သောကြောင့် ဖြစ်ပါ၏။

ဤမှ ရက်အနည်းငယ် ကြာလာသော် တစ်စနှင့်တစ်စ ကျွန်တော့်မှာ ဝမ်းသာအံ့သြ ဖြစ်ရပါတော့သည်။

အကြောင်းမှာ မသူသည် မိန်းမချင်း ပေါင်းသင်းဆက်ဆံတက်ရုံမက ကလေးများကို လည်း ချစ်ခင်ချီပိုးတတ်သည် ဖြစ်သောကြောင့် ဟိုယခင် အသောက်သမား ယောကျ်ားများသာ ညနေခင်း စုရုံးလေ့ရှိသော 'လူပျိုရိပ်သာ'ဟု နာမည်ပေးထားသည့် ကျွန်တော်တို့အခန်းမှာ ယခု အခါတွင် နံနက်ခင်းရော နေ့ခင်းပါ မိခင်တွေ ကလေးတွေနှင့် သိုက်သိုက်မြိုက်မြိုက် ရှိလာပါ တော့သည်။

သူတို့မိန်းမချင်း မီးဖိုချောင်ကိစ္စ ပေးကမ်းခြင်း၊ ချေးငှားခြင်း ပြုကြ၏။ သတင်းအတင်း တီးတိုးပြောကြ၏။ မသူသည် အားလပ်သောအခါများ၌ ကလေးရှိသော အိမ်များသို့သွား၍ ကလေးချီတတ်၊ ထိန်းတတ်၏။ အချို့အိမ်ရှင်မများက သူတို့မအားသောအခါများ၌–

'ညည်းတူ၊ ညည်းမောင်လေး ခဏ ကြည့်ထားစမ်းပါအေ'

ဆို၍ ကလေးကို မသူထံသို့ လာ၍ပေးထားတတ်၏။

ဂျီသား၊ ဆိတ်သား စသော တောစာ ဈေးသည်များလာလျှင် ဟင်း ဆုံရန် လာပြောတတ်ကြ၏။

အဝတ်အထည်၊ ကျောက်စိမ်းကျောက်နီသည်များရောက်လာလျှင်လည်း မိန်းမတို့ သဘာဝ မသူကို ခေါ်၍ပြ၏။ ဝယ်ရန် ဆွယ်တတ်၏။ တစ်ခါတစ်ရံ မသူက ကျွန်တော့်ကို ပူစာလျှင်–

'ဟုတ်ပါတယ် ကိုဆွေရယ်၊ ကုန်သည်ကြီး လုပ်နေပြီးတော့ ကိုယ့်မယားချောလေးကို ဒါလောက်မှ မဆင်ဘူးလား၊ ဝယ်ပေးလိုက်ပါရှင်'

အချို့ ရင်းနှီးသောမိန်းမများသည် မသူဘက်မှ ကျွန်တော့်ကို တိုက်တွန်းတတ်ကြ၏။

'အမယ်လေး၊ အခု ပိုက်ဆံမလွယ်သေးရင်လဲ ကျွန်မပဲ စိုက်ထားလိုက်ပါမယ်ရှင်၊ ရော့. . . . ရော့'

ကျွန်တော့်အိတ်ထဲတွင် ပိုက်ဆံနည်းနေသော အခါများ၌ သူတို့ကပင် ငွေချေးတတ်ကြသေး၏။ မသူအား သူတို့ ဤမျှပင် ခင်မင်လာကြပါသည်။

'ဟုတ်တယ် ကိုဆွေ၊ ကျွန်မတို့ ဈေးသွားသွား၊ ဘယ်သွားသွား မသူအရိပ်အကဲကို ကြည့်ကြည့်နေတယ်၊ ဘယ်လိုမှဖောက်ပြန်တာမတွေ့ရဘူး၊ သူ ကောင်းသွားပါပြီရှင်၊ ကိုဆွေက သာ အခုတိုင်း စောင့်ရှောက်ထားလိုက်ပါ၊ ရှင် ကယ်ဆယ်ရတဲ့အတွက် ကုသိုလ် ရမှာပေါ့'

ဟုတ်ပါသည်။ မသူ ကျွန်တော့်ဆီရောက်ပြီးကတည်းကပင် ကျွန်တော့်အရိပ်အကဲကို စူးစမ်းခဲ့ရာ ဘာမှ သူ့အပေါ်ယုံမှားစရာ မတွေ့ခဲ့ရပါ။ လွန်ခဲ့သော သူ့ဘဝကိုပင် ကျွန်တော့် မေ့၍ အမှန်ပင် ကြည့်နူးမိပါသည်။

တစ်ခါတစ်ရံ ကျွန်တော်က. . . . .

'မသူရယ်၊ မင်းကို အခုကြည့်ရတာဖြင့် တကယ် မိန်းမကောင်းတစ်ယောက်ပါပဲ၊ ဟိုတုန်းက ဘာကြောင့်များ လူများတွေတံတွေးခွက် ပက်လက်မျောအောင် သတင်းဆိုးခဲ့ရတာလဲ ကွယ်၊ ပြောစမ်းပါ'

ထိုအခါ သူ့မျက်နှာကလေး ညှိုးငယ်သွားကာ. . . . .

'မေးပြန်ပြီ အမောင်ရယ်၊ ကျွန်မ အမောင့်ကိုမပြောပါရစေနဲ့ အမောင်ရယ်'

သူနှင့် ကျွန်တော် အတူနေပြီး သီတင်း နှစ်ပတ်လောက်အကြာမှစ၍ အစ်ကိုဟု ခေါ်ခဲ့ရာမှ 'အမောင်'ဟု ခေါ်ပါသည်။

''အေး. . . . ဒါဖြင့် လိမ်မပြောဘဲ အမှန်ကိုပြောပေါ့ကွယ်'

ဤသို့ဆိုလျှင် သူမျက်နှာကလေးကို ကျွန်တော့်ပခုံးပေါ် ငဲ့တင်လိုက်ကာ. . . .

''ဟင့်အင်း. . . . မပြောပါရစေနဲ့ အမောင်ရယ်၊ အမောင်သိရင် ဘာထူးတော့မှာလဲ အမောင်ရယ်၊ ဖြစ်ပြီးကိစ္စတွေပြန်ပြင်ချင်လို့လဲ ရတော့မှာ မဟုတ်တဲ့ဥစ္စာ၊ အခုသာ အမောင်က ကျွန်မကို ပြုပြင်ပါ၊ အမောင့်ဆန္ဒ ကျွန်မ အားလုံးလိုက်နာပါ့မယ်၊ အမောင် သဘောမကျတာများ တွေ့ရင်လေ ဟောဒီမိသူကို သတ်ပစ်လိုက်''

ဟုဆိုကာ ကျွန်တော့်လက်မောင်းအိုးကို သူ့မျက်နှာလေးနှင့် ပွတ်နေတတ်ပါသည်။

ယင်း၌ ကျွန်တော် သူ့စကားကို ခေတ္တတွေဝေ၍ စဉ်းစားပြီး. . . . . .

''ဘာလို့ မပြောချင်တာလဲကွယ်''

''ချစ်လို့. . . . အမောင်ရဲ့ အမောင့်ကိုချစ်လို့''

ဟုဆိုပြီး ကျွန်တော့်ပါးကို ဘယ်ပြန်ညာပြန် နမ်းပစ်လိုက်တတ်ပါသည်။

ဟုတ်ပါ၏။ သူ ကျွန်တော့်ကို ချစ်လှပါသည်။

ကျွန်တော်၏ ကိုယ်ကာလကို မိခင်က ကလေးသူငယ်ကို ပြုစုသကဲ့သို့လည်းကောင်း၊ ချစ်ဇနီးက လင်လူမမာကိုပြုစုသကဲ့သို့လည်းကောင်း ကြင်ကြင်နာနာနှင့် ဂရုစိုက်လွန်း အားကြီး လှပါသည်။

''ဟော. . . . အမောင်နိုးလာပြီ၊ ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား အမောင်''

နံနက်တိုင်း ကျွန်တော် အိပ်ရာက နိုးလာပြီဆိုလျှင် ကြည်ရွှင်စွာ မေးတတ်၍ မျက်နှာ သစ်ရေနှင့် သွားပွတ်တံကို အသင့်ပြင်ပေးလေ့ရှိပါသည်။

'ဟော. . . . အမောင့်လက်သည်းတွေရှည်နေပြန်ပြီ၊ မှန်းစမ်း ကျွန်မ ဖြတ်ပေးဦးမယ်''

ကျွန်တော့်လက်သည်း ခြေသည်း ရှည်တာကအစ သူ ဂရုစိုက်လှပါသည်။

ကျွန်တော် ဆံပင်ရှည်သောအခါလည်း သူသတိမလစ်။

''အမောင်. . . . ခုနေ့ခင်းတော့ ဆံပင်သွားညှပ်လိုက်ဦးနော်၊ ခေါင်းမှာ ညှဉ်းဆိုးဆိုးကြီး ဖြစ်နေပြီ၊ ကလေးကြီးလိုပဲ၊ နေရာတကာ လိုက်ပြောနေရတာပဲ''

သူ ကျွန်တော့်ကို ခေါင်းဖြီးပေးတတ်ပါသည်။ ရေချိုးလျှင် ဆပ်ပြာတိုက်ပြီး ချေးတွန်း ပေးတတ်ပါသည်။

စင်စစ်သော်ကား သူသည် ကျွန်တော့်ကို ချစ်ရုံ သာမက သူ့ဘဝကို ကယ်တင်ထားသူ အဖြစ်နှင့်လည်း ကျေးဇူးတင်ခြင်း ရှိသေခြင်း ရှိပေသည်။

ကျွန်တော် အိပ်ပျော်နေစဉ်တို့၌ ကျွန်တော့်လက်မောင်းတို့၊ နဖူးတို့ကို နမ်းရှုံ့ခြင်း၊ အနီးမှ ကျုံ့ကျုံ့ကလေး ထိုင်၍ ရှိခိုးခြင်းပြုသည်တို့ကို ကျွန်တော်နိုးနေခိုက်မှာနှင့်ကြုံကြိုက်၍ သိလိုက်ရသောအခါ ပေါင်းများစွာပင် ရှိပါသည်။

စေ့စေ့တွေးတော့ တရေးရေးပေါ်လာသည်။

သူနှင့်ကျွန်တော် စ၍တွေ့စဉ်က ကျွန်တော့်စိတ်ထဲတွင် သူ့ကို အပျက်မလေးတစ်ယောက် အဖြစ်နှင့် တစ်ဖက်လူလက်ထဲမှ လူစွမ်းကောင်းလုပ်၍ ကယ်တင်လိုက်ခြင်း (ဝါ) မြှာ တစ်ယောက်ကို လုယူလိုက်ခြင်းမျှသာ ဖြစ်ပါသည်။

ယခုမူကား သူ၏ထူးခြားသော အပြုအမူကြောင့် မမျှော်လင့်သော အခြေသို့ ရောက်နေပါပြီ။

ကောင်းပင် ကောင်းသလိုလိုနှင့် စင်စစ် တွေးလိုက်တော့ အဟုတ်ပင် အသက်ရှူကြပ် ကာ အမှန်ပင် ရင်လေး၍ တကယ်ပင် စိတ်မသက်သာစရာ ဖြစ်လာရပါတော့သည်။

တစ်ယောက် တစ်ယောက် သံယောဇဉ်မီး ကြီးလှပြီကိုး။

ဤအရေးကို ကျွန်တော် ကြိုတင်မစဉ်းစားခဲ့ဖူးလား၊ စဉ်းစားခဲ့ပါသည်။

သူနှင့်ကျွန်တော် ဒုတိယအခေါက် မြစ်ကြီးနားကပြန်ရောက်ကတည်းကပင် တွေးတွေး ထင်ထင် ဆင်ခြင်မိပါသည်။

ထို့ကြောင့်ပင် ကျွန်တော် သူ့ကို စကား ဆိုခဲ့ပါ၏။

ထိုနေ့၌ ကျွန်တော်တို့ မီးရထားပေါ်က ဆင်း၍ နေအိမ်တန်းလျားသို့ ရောက်လျှင် ရောက်ချင်း တစ်ဖက်ခန်းမှလူက ယူထားသော ကျွန်တော့်ဇနီးဆီက စာကို မြင်လိုက် ရလျှင်ပင် ကျွန်တော့်ရင်ထဲ၌ သိမ့်ခနဲ တုန်လှုပ်သွား၍ ဦးခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပါသည်။

အကြောင်းမူကား ဤအချိန်၌ မသူနှင့်ကျွန်တော် ဖြစ်နေကြပုံမှာ (အရပ်တစ်ပါး၌ မယားနှင့်ကာလကြာစွာ ခွဲခွာ နေရသော ယောကျ်ားတစ်ယောက်မို့ ကျွန်တော့်ဇနီး ခွင့်လွှတ်နိုင် မည့်) အပျက်မလေးတစ်ဦးနှင့် ခေတ္တဆက်ဆံနေရုံ မဟုတ်တော့ဘဲ တစ်ယောက်နှင့် တစ်ယောက် မေတ္တာ ကရုဏာ သမုဒယတွေ ပွားကြ၍ ညားခါစ ဇနီးမောင်နှံတို့ ပျားရည်ဆမ်း ခရီး ထွက်သကဲ့သို့ ဖြစ်နေသည့်အတွက်. . . .

''ဟင်. . . ငါ့မှာ ကြင်ယာဇနီး ရှိပြီးဖြစ်ပါလျက် အရပ်တစ်ပါးတွင် အခြားမယား တစ်ယောက်နှင့် ဖောက်ပြား နေမိပါပကော''

ဟု ရုတ်တရက် သတိရမိသောကြောင့် ဖြစ်ပါ၏။

ဤသို့ အသိတရာ ရလျှင်ရချင်း ကျွန်တော်သည် ပျက်အစဉ် ပြင်ခဏ သဘောထားကာ မသူအား ကျွန်တော့်မယားဆီကစာကို ပြလိုက်ကာ–

''ကဲ. . . . မသူ ကိုယ်ပြောရမှာလဲ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ခုရှုပ်မှနောင်ရှင်း ဆိုတာလို ပြောရမှာပဲ၊ ဟောဒီ–စာဟာ ကိုယ့်မိန်းမဆီက ရေးလိုက်တာပဲ၊ ကိုယ်ဟာ လွတ်လွတ် လပ်လပ် မဟုတ်ဘူး၊ သားသမီးနှစ်ယောက်ရှိတယ်''

ဤစကားကိုပြောရာ၌ ကျွန်တော့်ရင်ထဲမှာ လေးလှပါသည်။

ကျွန်တော် ဘာကြောင့် ပြောရသည်ကို သူ နားလည်စေလိုပါသည်။

ဒါသိသွားလျှင် သူ့မျက်နှာလေး ညှိုးငယ်သွားလိမ့်မည်ဟု အောက်မေ့၍ ကျွန်တော် တွေးပြီး သနားမိပါသေးသည်။

သို့သော် ကျွန်တော့်စကားအဆုံး၌ ကျွန်တော်အံ့သြသွားခဲ့သည်ကား သူသည် ညှိုးငယ်သွားခြင်း မဖြစ်ရုံမက သူက ရပ်ဟက်ဟက်ကလေးပင် ရယ်လိုက်ပြီး ကျွန်တော့်ကို ဖက်ကာ. . . .

''သြော်. . . . အမောင် ဒီလိုပြောဖော်ရတာပဲ ကျွန်မ ဝမ်းသာလှပါပြီရှင်၊ ဘာဖြစ်လို့ ပြောသလဲဆိုတာလဲ ကျွန်မ နားလည်ပါတယ်၊ အမောင်တို့အရွယ် အမောင့်လိုလူမှာ သားမယား ရှိမယ်ဆိုတာ ကျွန်မသိပြီးသားပါ၊ ဒီမယ်အမောင် ဈေးခေါင်းကိုတင်လုံးဆီက အမောင် ဆန်ဖိုးငွေတွေ မရသေးသမျှ အမောင် မိန်းမဆီကို မပြန်နိုင်သေးဘူး မဟုတ်လား၊ အဲဒီအတွင်း အမောင် ကသာမှာရှိနေတုန်း ကျွန်မ အမောင်နဲ့အတူ နေပါရစေရှင်၊ အမောင့်ကို လင်လို သဘောထားပြီး မယားကောင်းတစ်ယောက်ရဲ့ ဝတ္တရားအတိုင်း တတ်နိုင်သလောက် ပြုစုပါ့မယ်၊ နောင် တစ်နေ့တော့မှ 'ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏' ဆိုတဲ့ လူသားတို့ ထုံးစံအတိုင်း 'ဆန်ဆုံစား၊ ကံကုန်သွား' ကြ၏ပေါ့အမောင်ရယ်၊ ကျွန်မဘဝ ကတော့ မထူးတော့ပါဘူး၊ ကိုယ် စိတ်ချမ်းမြေ့စရာလေးရှိတုန်းမှာ လွန်ခဲ့တဲ့အဖြစ်တွေကို မေ့ပြီး တော့ ခေတ္တခဏလေး ကြည်နူးရတာဟာ ကျွန်မအဖို့ အမြတ်ပါပဲ အမောင်ရယ်'

ဤနောက်ဆုံးစကား၌ကား သူသည် ကျွန်တော့် လက်မောင်းအိုး သူ့မျက်ရည် ရွှဲသော မျက်လုံးများနှင့် ပွတ်တိုက်နေပါတော့သည်။

ထိုအချိန်တွင် ကျွန်တော်မှာ ကုန်ရှုံးကြွေးကျန်၍ အိမ်မပြန်နိုင်ဘဲ ကသာတွင် သောင်တင် နေသော ဈေးခေါင်း ကိုတင်လုံးဆီမှ ကျွန်တော့်ဆန်ဖိုးငွေ ရစရာ ၂၅၀ဝိ ရှိတာကို စောင့်တောင်း နေရစဉ် ဖြစ်ပါသည်။

ထိုသူ့ထံမှလည်း လုံးခနဲ့ ဟိုနေ့ရတော့မလို သည်နေ့ရတော့မလိုနှင့် ခုနစ်ရက်တစ်ပတ် မှ ၅ဝိ၊ ၁ဝဝိ မျှ မနည်းတောင်းနေရသည်ဖြစ်ရကား မသူစကား ကြားလိုက်တော့ သူလို မိန်းမသားကမှ ဆန်ဆုံစား၊ ကံကုန်သွားဟု ပြောနိုင်သေးလေရာ ကျွန်တော် ယောက်ျားသားက ဘာဆိုဖွယ်ရာရှိတော့သနည်း။

သူ့ကိုယ်ကလေးကို စွေ့ခနဲ ပွေ့ချီလိုက်ကာ–

'အိုကေ. . . မိုင်ဒီးယား ဂဲလ်'

ကျွန်တော်၏ အင်္ဂလိပ်စကားကို သူနားမလည်သော်လည်း ဆိုလိုသောအဓိပ္ပာယ်ကို သိရှိကြောင်း သူ့မျက်စိ မည်းမည်းကလေးနှစ်လုံးက စိန်ပွင့်ကလေးတွေလို တောက်ပနေပါ၏။

မသူနှင့် ကျွန်တော် အကြင်လင်မယားအဖြစ် ပေါင်းသင်းကာ ကသာမြို့မှာနေကြစဉ်က ကျွန်တော်တို့ ပျော်ရွှင်ကြပါသည်။ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျွန်တော်တို့ လင်မယားသည် ကိုလှငွေ၊ ကိုအောင်ကြီးတို့နှင့်အတူ မြစ်ကြီးနားသို့ လိုက်သွားကြပါသည်။

ထိုအချိန်က မြန်မာပြည် လွတ်လပ်ရေးမရသေး။ အင်္ဂလိပ်အစိုးရက ယာယီဖွဲ့စည်းထား သော **Civil Affair Service of Burma** အတိုကောက် **C.S.A** မှ ကက်စဘီခေတ်၊ မြစ်ကြီးနားတွင် မဟာမိတ်တပ်များရှိနေသေး၍ ထိုတပ်များမှ စစ်သားတို့အားပေးသည့် (**Ration**) ရာရှင် (ရိက္ခာ) စီးကရက်၊ သကြား၊ နို့ဆီ၊ နို့စိမ်း၊ ထောပတ်၊ ချိစ်၊ အမဲသားဘူး၊ သိုးသားဘူး၊ ကုလားအုပ်သားဘူး၊ ငါးသေတ္တာဘူး၊ ဝက်အူချောင်းဘူး၊ သံဘူးဘီယာ စသည်တို့မှာ မြစ်ကြီးနားတွင် အပေါဆုံးဖြစ်ပါသည်။

ယင်းသည်များကို လတ်ဆတ်သော ကြက်ဥများနှင့် ကြက်အရှင်များကို သူတို့တပ်သို့ ယူသွား၍ စစ်သားတို့ထံမှ ပစ္စည်းချင်း လဲလှယ်ယူကြပါသည်။ အချို့ ကျေးရွာသားများသည် ချိစ်နှင့်ထောပတ်ကို မစားတတ်၍ လှည်းဆီထိုးပစ်ကြပါသည်။

ကျွန်တော် မြစ်ကြီးနားသို့ အပတ်စဉ် လိုက်သွားသည်မှာ စီးကရက်နှင့် စားစရာ စည်သွပ်ဘူးများကို ဝယ်၍ ကသာတွင် ပြန်ရောင်းဖို့ဖြစ်ပါသည်။ ကသာတွင် စစ်တပ်မရှိသဖြင့် ဈေးကောင်းရပါသည်။

ဤကား ကျွန်တော် ယခင်ကပင် လုပ်နေကျ၊ ယခု မသူပါပါလာတော့ သူက မြစ်ကြီးနား ဈေးထဲ ပန်းတိမ်ဖိုတစ်ခုမှမိုးကောင်း ကျောက်စိမ်းပစ္စည်းကလေးတွေ၊ ယောက်ျား ရှပ်အင်္ကျီ လက်ကြယ်သီး၊ မိန်းမအင်္ကျီကြယ်သီး၊ ရင်ထိုး၊ ဆံထိုး၊ နားကပ်တို့ကို ဝယ်ခဲ့၍ ကသာမှာ ပြန်ရောင်းသည်လည်း တော်တော် တွက်သားကိုက်၏။

ကိုက်မှာပေါ့၊ ကျွန်တော်တို့မှာ မီးရထားစရိတ်လည်းမကုန်၊ ထမင်းစားစရိတ်လည်း မရှိ။

အကြောင်းမှာ ဤလမ်းတစ်လျှောက်တွင် ဆိုင်တွေမှာစားသည်များကို ကိုလှငွေ၊ ကိုအောင်ကြီးတို့က ဒကာခံ၏။ သူတို့ကလည်း မီးရထား တစ်ခေါက်တစ်ခေါက်လျှင် အောက်ဆိုက် ဝင်ငွေ တော်တော်ရ၏။

ဤရထားစီးသူတို့သည် အများအားဖြင့် ဈေးသည်များဖြစ်ကြ၍ သူတို့ကုန်ပစ္စည်းများကို တန်ဆာ လုပ်လေ့မရှိကြဘဲ လက်မှတ်စစ်တို့နှင့် အဆင်ပြေအောင်လုပ်ကြသဖြင့် သူတို့လည်း သက်သာ၏။ ကိုလှငွေတို့လည်း ထော၏။

သို့ဖြင့် ကျွန်တော်တို့သည် ဤခရီးထွက်နေသော ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့တို့တွင် နဘား၊ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားတို့က ဆိုင်များတွင် စားကြပြီး တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ သုံးရက် ကသာတွင်နားနေစဉ် ကျွန်တော်တို့အိမ်မှာ မသူက ချက်၍ ကျွေးပါသည်။

ယင်းသို့လျှင် ကျွန်တော်တို့မိတ်ဆွေတစ်သိုက် ပျော်ပိုက်၍နေကြရာ တစ်နေ့ကျတော့ 'ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏' ဆိုသည့် နိယာမအတိုင်းပဲ ၁၉၄၇–ခုနှစ်၊ ဧပြီလထဲမှာ ကိုလှငွေနှင့် ကိုအောင်ကြီးအား မန္တလေးသို့ ပြောင်းရွှေ့ရန် အထက် အမိန့်ကျလာလေ၏။

မနေသာကြာတော့လဲ ဧပြီလ ၁၅–ရက်နေ့တွင် ထိုစဉ်က မန္တလေးနှင့်ကသာ ကူးသန်းနေသော(**Tiro**)တိုင်ရိုသင်္ဘောနှင့် သူတို့ပြန်ကြရလေ၏။ သင်္ဘော ကမ်းကခွာသွားသော အခါ ကျွန်တော်သည် မိတ်ဆွေနှစ်ယောက်ကို လက်ဝှေ့ယမ်းနှုတ်ဆက်ရင်း မိမိအဖြစ်ကိုတွေး၍ စိတ်ထဲမှာ အားငယ်လာပါတော့သည်။

## ကိုတင်လုံးနှင့် ကျွန်တော်

ထိုစဉ်၌ ကျွန်တော့်ဇနီးနှင့် ဖခင်ထံမှ အမြန်ပြန်ခဲ့ရန် အပူတိုက်စာများ မကြာခဏ လာနေ၍ ကိုလှငွေတို့ ပြန်ရက်သေချာကတည်းကပင် သူတို့နှင့်အတူလိုက်ရန် ကိုတင်လုံးထံမှ ငွေတွေအားလုံးမရသည့်တိုင် တစ်ထောင်မျှရရန် တောင်းပါသေးသည်။

သို့သော် ဟိုနေ့ပေးတော့မလိုလို သည်နေ့ပေးတော့မလိုလိုနှင့် ကိုလှငွေတို့သာ ပြန်သွားရော ကျွန်တော့်မှာ စိတ်မောလူမောနှင့် ကျန်ခဲ့ပါတော့သည်။

ထို့ကြောင့် တိုင်ရိုသင်္ဘောထွက်သွားလေလျှင် ကျွန်တော်သည် မချမ်းမြေ့သော စိတ်နှလုံးဖြင့် ကိုတင်လုံးဆီသို့ သွားပါတော့သည်။ အဆင်သင့်ပင် ဈေးထဲမှာ ဈေးကောက် လျှောက်တောင်းနေသော သူ့အားတွေ့ရ၍. . . .

'ဘယ့်နှယ်လဲ ကိုယ့်လူ၊ ရက်ကလေး ဘာလေးများ ထပ်ချိန်းဦးမှာပဲ မဟုတ်လား'

'ဟာ. . . . . မကြာတော့ပါဘူးဗျာ၊ အမှန်က ရွှေတူမှာရှိတဲ့ ကျွန်တော့်ငွေ တစ်ထောင် နှစ်ရာက လွန်ခဲ့တဲ့ သုံးရက်လောက်ကတည်းကရဖို့ဗျ၊ အဲ့ဒီလူ တောဘက်သွားတာနဲ့ဗျ၊ သူ တောကပြန်ရန် အစိုးရဆီမှာ ငွေထုတ်ပါလိမ့်မယ်၊ သူ့သစ်ဖိုးငွေတွေ တစ်သောင်းလောက် ထုတ်စရာရှိတယ်ဗျ'

ပေါ့ပေါ့ဆဆနှင့် လွယ်လွယ်ကူကူ ပြောတတ်သူဖြစ်ပါသည်။ ကျွန်တော့်မှာ သူ့စကားကို တယ်ပြီးယုံစားချင်စိတ် မရှိတော့ပါ။ စိတ်ခပ်လေးလေးနှင့်ပင်။

'အဲဒီငွေ တစ်ထောင့်နှစ်ရာရရင် ကျွန်တော့်ကိုအကုန်ပေးနော်၊ ကျွန်တော့်ကိုတော့. . . . '

ကျွန်တော့်စကားမဆုံးမီ. . . . .

'ဟာ. . . . မကျန်ရပါဘူးဗျာ၊ ကျောက်တုံးကြီးမှာ ကျွန်တော့်ငွေ တစ်ထောင့်ရှစ်ရာ ရှိသေးတယ်ဗျ၊ ပေးရင် ကျွန်တော် လုံးခနဲ အကုန်ပေးလိုက်မှာဗျ၊ ခင်ဗျားမကြာခင် ပြန်ရမှာပေါ့ဗျာ'

သူက ခပ်အေးအေး ပေါ့ပေါ့ပင် ပြောပါသည်။

'အေးဗျာ လုပ်စမ်းပါ၊ ကျွန်တော့်မှာ ခင်ဗျားသိတဲ့အတိုင်းရှိတာတွေကုန်လို့ အိမ်ကို မပြန်ဝံ့ ဖြစ်နေတာဗျ'

'ခင်ဗျား မကြာခင် ပြန်ရပါစေ့မယ်ဗျာ၊ သြော်–ဒါထက် ဟဲ. . . . ဟဲ ခင်ဗျား ကောင်မလေးကို ခေါ်သွားမလား၊ ခေါ်ရင် ခေါ်သွားဆရာ၊ ထားပစ်ခဲ့ရင်တော့ ဟင်း သူ့ကောင် အောင်သင်းကြီးက ကြိမ်းနေတာပဲ၊ ခုတောင် ခင်ဗျားရှိနေလို့ သူ့ထမင်းအိုးကို အရိပ်တကြည့် ကြည့် နေတာဗျ'

ကျွန်တော် စိတ်လေးလံစွာနှင့် မျက်နှာရှုံ့လိုက်ကာ–

'ကိုတင်လုံး ဒီမိန်းမကိစ္စကို နံဘေးထားစမ်းပါဗျာ၊ ကျွန်တော် ငွေရပြီး အိမ်ပြန်နိုင်ဖို့သာ အရေးကြီးပါတယ်၊ ခင်ဗျား မြန်မြန်ရအောင်သာ လုပ်စမ်းပါ'

'သြော်. . . . ကိုဆွေ့နှယ်၊ ကျွန်တော့်ဆီက သေချာပါတယ်ဗျ၊ မကြာရပါဘူး၊ အလွန်ဆုံး ဆယ်ရက်ပါပဲဗျာ၊ သြော်. . . . . ဒါထက် ကိုလှငွေနဲ့ ကိုအောင်ကြီးတို့သွားတော့ ခင်ဗျား တစ်ယောက်ထဲ သတိထားဗျ၊ အောင်သင်းကြီး ချောင်းမြောင်းလုပ်ကြံမှာ စိုးရတယ်'

'အို. . . . ဒါမျိုး ဂရုမစိုက်ပါဘူးဗျာ၊ ကျွန်တော် ပေါင်းနယ်သားပါ၊ အဲဒါ နံဘေးထားပြီးတော့ အခု ခင်ဗျားအိတ်ထဲမှာ ငွေ ဘယ်လောက်ရှိသလဲ၊ ပေးစမ်းဗျာ၊ ကျွန်တော် အခု ငွေသုံးဖို့ လိုနေတယ်'

ပြောပြောဆိုဆိုနှင့် ကျွန်တော် သူ့အိတ်ထဲ နှိုက်လိုက်ပါသည်။

အကြောင်းမူကား သူဘယ်တော့ ဘယ်လောက်ရမည်ဟု ချိန်းပေါင်းများလှပြီဖြစ်၍ မယုံရ အခက် ယုံရအခက်နှင့် ရိုးနေပြီ ဖြစ်ပါသောကြောင့် ရသမျှယူမှုပဲဟု သဘောထားရခြင်း ဖြစ်ပါသည်။

ဤအချိန်၌ သူ့အိတ်ထဲက ငွေငါးဆယ်ကျော်ကျော် တွေ့ရပါသည်။ ဆယ်တန်ငါးရွက်ကို ကျွန်တော်ယူလိုက်သည်။

သူ ကျွန်တော့်ကို မငြင်းသာ၊ မငြင်းဝံ့ပါ။ မျက်နှာကလေးညှိုးသွားပြီး–

'ခင်ဗျားယူတာတွေလည်း မှတ်ထားဦးနော်'

'အို. . . . မှတ်ပါတယ်ဗျာ၊ ဟောဒီမှာကြည့်'

ကျွန်တော် အိတ်ထဲက ဒိုင်ယာရီကို ထုတ်လိုက်၍–

'အခုပေးတာနဲ့ အရင်ပေးထားတာတွေကို နှုတ်လိုက်ရင် ခင်ဗျားဆီမှာ ရစရာ ၂၁၀၅–ကျပ်ပဲ ကျန်တော့တယ်'

ပြောပြောဆိုဆို ကျွန်တော် ရေးမှတ်လိုက်ပါသည်။

ထိုနောက် ကျွန်တော် တောင်တွေး မြောက်တွေးနှင့် စိတ်လေးလံစွာ ဘူတာဝင်းထဲသို့ ပြန်ခဲ့ပါတော့သည်။

တဲတန်းလျားရောက်သော် မသူက အခန်းဝမှ ဆီးကြိုလျက်–

'ဟော. . . အမောင် ပြန်လာပြီ၊ သဘော်ထွက်သွားပြီလား'

'အင်း. . . . သွားပြီကွယ်'

ကျွန်တော်သည် အသံခပ်လေးလေးနှင့် ပြော၍ ဦးထုပ်ကို ချွတ်လိုက်ပါသည်။ သူက ဆီးယူကာ–

'ပေး ဦးထုပ်၊ အမောင့်နဖူးက ချွေးတွေလဲ သုတ်လိုက်ပါဦး'

ဟု ပြောပြီးမှ–

'နေနေ. . . . ကျွန်မ သုတ်ပေးမယ်'

ဆိုကာ အနီးရှိ ကြိုးတန်းပေါ်က မျက်နှာသုတ်ပဝါကိုယူ၍ သုတ်ပေးပါသည်။ ပြီးလျှင်. . .

'ဩော်. . . အမောင်၊ ရေချိုးလိုက်ပါလား။ ကျွန်မ အခုပဲ တွင်းကခပ်ထားတယ်'

ကသာ မြို့သူမြို့သားများသည် အများအားဖြင့် မြစ်ဆိပ်၌ ရေချိုးလေ့ရှိကြပါသည်။

ကျွန်တော်က မြစ်ရေချိုးရန် တယ်ပြီး စိတ်မသန့်ဘူးဟုပြောဖူးသောကြောင့် တွင်းရေကလည်း တစ်ကျပ် လေးထမ်းမျှရသဖြင့် မသူကိုယ်တိုင် ဘူတာဝင်းအတွင်းရှိ ပေသုံးဆယ်မျှ နက်သော ရေတွင်းကြီးမှ ခပ်ပေးလေ့ရှိပါသည်။

ကျွန်တော်သည် သူ၏ ကြင်ကြင်နာနာ ပြောဆိုပြုမူနေသော သူ့မျက်နှာကလေးကို ကြည့်နေရာမှ ဈေးထဲတုန်းက ကိုတင်လုံးပြောလိုက်သည့် 'ဟိုကောင်ကြီးက သူ့ထမင်းအိုးကို အရိပ်တကြည့်ကြည့် နေတတ်တာဗျ' ဟူသော စကားကို သတိရမိသဖြင့် ရုတ်တရက် ရင်ထဲ နင့်ခနဲ ဖြစ်သွားပါသည်။

'အင်း. . . . နေပါစေကွယ်၊ ရေမချိုးချင်သေးပါဘူး။ နေ့ခင်းမှပဲ ချိုးတော့မယ်'

'ဒါဖြင့် ထမင်းစားမလား အမောင်၊ ကျွန်မ ထမင်း ပြင်လိုက်တော့မယ်'

'အေး. . . . . ထမင်းတော့ဆာပြီကွယ်၊ ဘာဟင်းချက်သလဲ'

'ဟော. . . . အမောင်ကြိုက်တဲ့ ဟင်းတွေပဲ၊ မနေ့ညကကျန်တဲ့ ငါးကြင်းကြော်ကို ဘူးငေါက်နဲ့ ဟင်းရည်သောက် ကြော်ချက်ချက်တယ်၊ နို့ပြီး ကြည့်စမ်း၊ ဟောဒီမှာ အမောင် ကြိုက်တတ်တဲ့ မန်ကျည်းရွက်နုကလေးတွေ'

ဟု ဆို၍ အနီးရှိ စားပွဲပေါ်က အုပ်ဆောင်းကို ဖွင့်ပြကာ–

'မလန်းဘူးလားအမောင်၊ သိပ်လန်းတာပဲနော်'

'ဟုတ်ပါ၏။ မန်ကျည်းရွက်နုကလေးတွေမှာ အင်မတန် လတ်ဆက်လှသဖြင့် ကျွန်တော်က. . . . .

'အေးကွယ်. . . . ဒီမန်ကျည်းရွက်နု သိပ်လတ်တာပဲ၊ မင်းအခု မနက် ဈေးထဲက ဝယ်ခဲ့တာလား'

'ဈေးထဲကဝယ်တာ ဘယ်ဟုတ်မလဲပ၊ ဈေးကဆိုရင် ဒီလောက် ဘယ်လန်းပါ့မလဲ၊ ကျွန်မ အခုမနက်ဘဲ ဂျမဒါကိုမှူ သမီးလေးနဲ့ အတူသွားပြီး တောစပ်က မန်ကျည်းပင်ငုတ်တိုကြီးပေါ် တက်ပြီး ကောက်ခဲ့တာပ'

'သြော်. . . . မင်းမလဲကွယ်၊ မန်ကျည်းရွက်ပဲ၊ ခူးခဲ့တာလို့ပြောပါ့ကွယ်၊ ဘယ့်နှယ် ကောက်ခဲ့တာလို့ပဲ၊ ကောက်တယ်ဆိုတာက မြေကြီးပေါ်မှာ ကြွေကျနေတဲ့အသီးတို့ အရွက်တို့ ကိုမှ ကောက်တယ်လို့ ပြောရတာ'

'သြော်. . . . မင်းတို့ဆီကလဲ ဆန်းပါပေ့၊ လတ်တာကိုလဲ လန်းတယ်၊ နို့ပြီး တို့ဆီမှာ 'ဘူးညွန့်' ခေါ်တာကိုလဲ 'ဘူးငေါက်'တဲ့၊ အဲဒါကတော့ မလွဲပါဘူး၊ အညွန့်က ငေါက်နေတာမို့'

'ကဲ. . . ညွန့်ညွန့် ငေါက်ငေါက် အမောင်ရယ်၊ စားကောင်းပြီးတာပဲမဟုတ်တာ၊ ကျွန်မ မန်ကျည်းရွက် သုပ်လိုက်တော့မယ်နော်'

'အေး. . . . ကြက်သွန်ဥကြီး များများ၊ ဆီများများနဲ့ ပုစွန်ခြောက် မနည်းစေနဲ့နော်'

အားလုံးခူးခပ်ပြီး၍ ကျွန်တော် ထမင်းစားရန် လက်ဆေးလိုက်သောအခါ၌ မသူက ခပ်ပြုံးပြုံးဖြင့်. . . . . .

'အမောင်. . . . . ဒီဟင်းတွေနဲ့ပဲ ထမင်းစားလို့ မြိန်ပြီပေါ့နော်၊ ဒို့ပြင်ဟင်း မလို့တော့ပါဘူး'

'အေးကွယ်. . . . မလိုတော့ပါဘူး'

ယင်း၌ ကျွန်တော် သူ့စကားအဓိပ္ပာယ်ကို နည်းမလည်၍–

'အို. . . . ငါထမင်းစားကောင်းတာနဲ့ မင်းသားနဲ့ ဘာဆိုင်လဲကွ၊ မင်းသား မင်းခေါ်ပါလား'

မသူသည် ခစ်ခနဲ ရယ်လိုက်ကာ. . . .

'သိပဘူး အမောင်ရယ်၊ ဟိုအရင်တစ်ခါတုန်းက ငါထမင်းစားကောင်းတဲ့အခါများ မင့်သား အနားမလာစေနဲ့၊ ရိုက်ချက်စားမိမယ် ပြောခဲ့ဖူးလို့ပါ'

ယင်းမှ ကျွန်တော် သူ့စကားကို နားလည်ကာ–

'ဩော်. . . ဒါလား၊ ခေါ်လိုက်. . . . ခေါ်လိုက်၊ မင်းသားကို ငါမစားရဘဲ လူများစားသွားမှာလဲ စိုးရသေးတယ်ကွ'

ဖိုးကံကောင်း

မသူသား ဆိုသည်မှာ ကြက်ဖလေးတစ်ကောင် ဖြစ်ပါသည်။ နာမည်က ဖိုးကံကောင်းတဲ့။

မသူ ကျွန်တော့်မယား ဖြစ်ပြီးနောက် တတိယအခေါက် မြစ်ကြီးနားသို့သွားကြစဉ် မိုးညှင်းအထက် တောင်နီဘူတာမှကသာသို့ ချက်အရက်များ ပို့လေ့ရှိသော မော်ထွေးဆိုသူ လူငယ်လေးတစ်ယောက်က ကိုလှငွေနှင့် ကိုအောင်ကြီးတို့အား မျောက်သွေးစိမ်းအရက်နှင့် မြည်းစရာတစ်ခုခု ပေးလေ့ရှိရာ ဤအခေါက်၌ လေးငါးဆယ်သားမျှရှိသော ကြက်ဖလေး တစ်ကောင်ပါ၏။

ဤသို့ ကြက်အရှင်ရလျှင် မြစ်ကြီးနား ရောက်သောအခါ ပေါ်တာ ကုလားလေး လင်မယားလက်ထဲ အပ်လိုက်ပါက နာရီဝက်အတွင်းမှာ ကြက်ကြော်ဖြစ်ရ၏။

ယင်းကို ကျွန်တော်ကပြောပြ၍ မသူ သိသွားသောအခါ ဒီကြက်ကလေးကို သနားလှ ချည်ရဲ့ မသက်ပါနဲ့၊ သူမွေးထားပါရစေဟု တောင်းပန်သဖြင့် ကျွန်တော်တို့က ခွင့်ပြုလိုက်၍ ကသာသို့ ပြန်ပါလာခဲ့ပြီး ကြက်ကလေးအား 'ဖိုးကံကောင်း' ဟု နာမည်ပေးထားခြင်း ဖြစ်ပါသည်။

ယခု ဤကြက်ကလေးက ခြောက်လသားမျှရှိပြီ၊ ကြက်ပေါက်ကလေးဖြစ်ကာ ကြက်မတွေ ရှိရာ လျှောက်လည်နေချေပြီ။

မသူသည်–

'ဖိုးကံကောင်း. . . . ဖိုးကံကောင်း'

ဟု တကြော်ကြော် လှမ်းခေါ်နေလေရာ တစ်ဖက်ခန်းရှိ စာရေးကြီးကတော် ဒေါ်ရှမ်းက–

'အမယ်လေး. . . မသူ၊ ရှင့်သားကို ဒီကနေ လှမ်းခေါ်လို့ကြားမှာမဟုတ်ဘူး၊ ကျုပ် ခုနက ရုံပိုင်ကတော်ကြီးဆီက ပြန်ခဲ့တုန်းက မီးရထားသံလမ်းအနားမှာ ကြက်မတွေနဲ့ တွေ့ခဲ့တယ်'

'ဟင်. . . . ဒါဖြင့် ဒီကောင်လေး လိုက်ခေါ်ဦးမှပဲ'

ဟုဆိုပြီး အိမ်ပေါ်ကဆင်းသွား၏။ ခဏမျှအကြာတွင် ကြက်ဖကလေးနှုတ်မှ 'တုတ်တုတ်. . . တုတ်တုတ်' မြည်ကာ မသူ ပါးစပ်မှ–

'ဟင်. . . . နင် လူပျိုဖြစ်သလို အလည်ကျူးလှပြီ၊ တစ်ခွန်းခေါ်မရ၊ နှစ်ခွန်းခေါ်မရ၊ မအေ အိမ်ကလိုက်ခေါ်ရအောင် လျှောက်လည်နေတယ်၊ ဟိုမှာ ကလေကဝကြက်မတွေနဲ့ ဟင်၊ ဟောဒီခြေထောက်ကို ဟောဒီလို ဟောဒီလို ရိုက်ထားမယ်'

ဟုဆိုကာ သူ့ရင်ခွင်တွင် ဘယ်ဘက်လက်နှင့် ပိုက်ထားသော ကြက်ဖလေး၏ခြေထောက် ကို သူ့ညာလက်ညှိုးဖြင့် ရိုက်ရင်း အိမ်ပေါ်တက်လာပါသည်။

ကျွန်တော် ကြည့်၍ ပြုံးလိုက်မိသောအခါ မျက်နှာတည့်မျက်နှာထားနှင့်–

'ဘာ. . . . ဖအေကြီးက ပြုံးရတာလဲ'

အလို ကျွန်တော့်ဘက်များ လှည့်လာချေသေးရဲ့ဗျာ။

ကျွန်တော့်ကို မျက်စောင်းထိုး၍ နှုတ်ခမ်းစူကာ–

'သူ့သားက သူနဲ့တူလို့ ဝမ်းသာတယ်ထင်ပါရဲ့၊ နင် ဖအေတူလေးနော်၊ ကျပ်ကျပ်လည် သိရဲ့လား၊ နင့်အဖေလဲ နေ့လယ်နေ့ခင်းများ အိမ်ကပ်တယ်မရှိဘူးပ၊ အခု ကိုလှငွေတို့ ကိုအောင်ကြီးတို့ မရှိတော့လဲ တစ်ယောက်တည်း လည်နေဦးမှာလားမသိဘူး၊ နင့် အဖေလိုများ ငါ့စကားနားမထောင်ဘဲ အိမ်မှန်းယာမှန်းမသိ လျှောက်လည်နေရင်တော့ ဟောဒီ ခြေထောက် ကလေးကို နုတ်နုတ်စင်းပစ်မယ် သိရဲ့လား၊ ရော့. . . . ထမင်းစား'။

ဟု ဆိုပြီး သူစားမည့် ထမင်းပန်းကန်ကို ကြက်ကလေး၏ နှုတ်သီးရှေ့ ထိုးပေး လိုက်ပါသည်။

သို့သော် ကြက်ဖလေးတို့ထုံးစံမှာ ဤအရွယ်တွင် အစာကို တယ်မမင်။ ငယ်စဉ်တုန်း ကလို မသူကျွေးတာကို မစားတော့ဘဲ အပြင်ဘက် ကြက်မများရှိရာသို့သာ ခေါင်းငဲ့၍ ရုန်းနေလေရာ–

'ဟင်. . . . . ကြည့်စမ်း ကြည့်စမ်း၊ ထမင်းမှန်း ဟင်းမှန်းတောင်မသိတော့ဘူး၊ မယားတွေရှိတဲ့ ဘက်ကိုပဲ ခြေကန်ရုန်းနေတယ်၊ ဖအေကြီးလိုပဲ မိန်းမချောမြင်ရင် သွားရစ်တော့တာ'

ဤတွင် ကျွန်တော်က–

'ဟော့. . . . . မသူ၊ မင့်သားမင်း ပြောချင်တာပြောကွာ၊ ငါ့တော့ ဆွဲမထည့်ပါနဲ့၊ ငါက ဘယ်မှာ ဘယ်မိန်းမများ သွားရစ်ရလို့လဲကွ'

ရုတ်တရက် ကြက်ဖလေးကို ဘေးသို့ချလိုက်ရင်း ကျွန်တော့်ကို မျက်စောင်းထိုးကာ–

'အောင်မယ်လေး၊ ဒီကောင်များ ဒီလောက် အ,တယ်ထင်လို့လား၊ ဟိုအရင် မီးရထားနဲ့ ကျွန်မလိုက်စတုန်းကလေ၊ နမ်းမားဘူတာမှာ မတင်လှဆိုတဲ့ကောင်မလေးများ တွေ့လိုက်ရင် အမောင် ရထားပေါ်က ချက်ချင်းဆင်းလိုက်တာပဲမဟုတ်လား၊ ဟင်း. . . . ကျွန်မ မှတ်ထားတာ'

'ဟ. . . . မတင်လှလေးက ကိုယ်နဲ့ ရိုးရိုးခင်တာပါကွာ'

သူသည် နှုတ်ခမ်းလေးကို မဲ့တဲ့တဲ့လုပ်လိုက်ကာ–

'အမယ်. . . . အမယ် အမောင်တို့လို အောက်သားတွေက ဒီအညာက အပျိုမလှလှကလေး များ ရိုးရိုးခင်တယ်ဆိုတာ အငြိမ့်မင်းသမီး ရွှေညာခင်ဆိုတဲ့ သီချင်းလိုပဲ၊ ကြားလို့သာကြား၊ မနောကတော့ မယုံနိုင်ပေါင်ရှင်၊ ဒီအရပ်ထဲက ကောင်မလေးတွေကလဲ အောက်သား ခပ်ချောချောလေးများ မြင်ရရင် ရချင်လိုက်ကြတာလေ၊ အညာမှာ ယောကျ်ား မရှိတော့သလိုပ၊ ဟင်း

အဲဒီတုန်းကများ ဟောဒီမိသူက အမောင်နဲ့ အခုလို ပိုင်ပိုင်နိုင်နိုင် မဟုတ်သေးလို့ပ၊ အခုနှယ်များ ဆိုရင်တော့ အဲဒီကောင်မမျိုးတွေ့ရင် ညည်းတို့ မနိုက်ချင်ကြနဲ့တော့အေ့၊ ဒါ ငါ့လင်လို့ ပြောလိုက်မှာပ'

ကျွန်တော် ပြုံးလိုက်မိကာ–

'အလို သဝန်တိုလှချည်လားဗျာ'

'တိုရမယ်ရှင့်၊ တိုရမယ်၊ ကိုယ့်လင်ကိုများ သူများ စေ့စေ့ကြည့်တာတောင် မခံချင်ဘူး ကိုမျက်နှာများချင်ကြီးရဲ့'

လက်ကလေး ခါးထောက်၍ ရင်ကလေး မောက်ကာငေါက်ဆတ်ဆက်ကလေး ပြောလိုက်သည်၌ ကျွန်တော် ရုတ်တရက် အိမ်ကမယားကို သွားသတိရသည်နှင့် 'အင်း. . . .'ဟု အာမေဋိတ်သံမြည်ပြီး မျက်ခုံးတွန့်လိုက်မိပါသည်။ ယင်း၌ မသူက ကျွန်တော့်အမူအရာကို ကြည့်ကာ–

'ဟင်. . . . ဘာတုံး အမောင်က'

ကျွန်တော် ပြုံးလိုက်ပြီး–

သြော်. . . . တခြား မဟုတ်ပါဘူးကွယ်၊ မသူက လင်ကိုသိပ်ချစ်တတ်ပြီး ဒီကြက်ကလေးကို သားသားနဲ့ ပြောနေတော့ မင်းသာ တကယ် သားကလေးတစ်ယောက် မွေးလိုက်မယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲဆိုတာ တွေးမိလို့ပါကွာ'

ဟု လီစယ်၍ ဖြေလိုက်ရပါသည်။

ဤတွင် သူက တကယ်အောက်မေ့ကာ–

'အို. . . . မွေးချင်ပြီးလားမောင်၊ သိပ်မွေးလိုက်ချင်တာပ၊ မဟာဒီကောင်မဗိုက်က မမွေးလို့ ခက်နေတာ၊ ဟိုဘက်ခန်းက စာရေးကြီးကတော် ဒေါ်ရှမ်းဗိုက်များ ခဏငှားရမယ်ဆိုရင် ငှားလိုက်ချင်ပါပဲ'

ယင်း၌ ကျွန်တော်က–

'ကလေးတွေ တပြွတ်ပြွတ်မွေးနေတဲ့ ဒေါ်ရှမ်း ဗိုက်ကြီးတော့ မငှားပါနဲ့ကွာ၊ ငှားမယ့်ငှား ရင် ဟို မီးရထားရုံက စာရေးမလေး ဒေစီဗိုက်ကိုငှားကွာ'

'ဒေစီက အပျိုရှင့်'

'အေးလေ၊ အပျိုဗိုက်နဲ့ တို့ကလေးရအောင်ဆိုတော့ ပိုမကောင်းဘူးလား'

'ဘာကောင်းတာလဲ'

ကျွန်တော်ကဘာမျှပြန်မပြောဘဲ ပြုံးစိစိလုပ်နေတော့မှ သူစဉ်းစားမိကာ–

'ကြည့်စမ်း. . . ကြည့်စမ်း၊ သူ ဒေစီကို စိတ်ကူးနေတာကိုး၊ ဒီမှာ ကိုယ့်မယားရှိလျက်သားနဲ့ ဒါမျိုး စိတ်ကူးဦး၊ ကူးဦး ကူးဦး'

ဆိုပြီး ကျွန်တော့် ကျောကုန်း တဗုန်းဗုန်း ထုလေတော့ ကျွန်တော်က

'အမယ်လေး ကြောက်ပါပြီဗျ၊ နောက်မကူးတော့ပါဘူးဗျ၊ မကူးတော့ပါဘူးဗျ၊ မြစ်ဆိပ်တောင် မသွားတော့ပါဘူးဗျ. . . . '

ယင်းအခိုက် တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ဒေစီက ကျွန်တော်တို့အခန်းရှေ့တည့်တည့် လာနေသည်ကို တွေ့ရသဖြင့် မသူ ကျွန်တော့်ကျော အထုရပ်လိုက်ကာ–

'ဟင်. . . . ကောင်မလေး ဘာလုပ်လာပါလိမ့်'

'သူ့ဗိုက် ငှားမလို့ နေမှာပေါ့ကွ'

ကျွန်တော့် ဗိုက်ခေါက်ကိုဆွဲလိမ်လိုက်ပြီး–

'လာ. . . . . မဒေစီ၊ ထမင်းစားပါဦး'

ဒေစီက ကျွန်တော်တို့ လေ့ကားအတက်ရှေ့ မတ်တတ်ရပ်ကာ. . . .

'သုံးဆောင်ကြပါရှင်'

ဤတွင် ကျွန်တော်–

'ဟေ့. . . လှကေရီ မဒေစီရေ၊ မင်း အသက်ရှည်ဦးမယ်ကွ၊ အခုပဲ မင်းကြောင်း တို့ပြောနေ ကြတယ်'

'ကျွန်မအကြောင်း၊ ဘာများလဲရှင်'

'ဩော်. . . ဒီနှစ် ကသာမယ် ရွေးပွဲမှာဖြင့် ဒေစီရှူးဝါပဲလို့'

'ကျွန်မ တာဝတိံသာ ရောက်သွားပါဦးမယ်ရှင်၊ သိပ်မမြှောက်ပါနဲ့'

'အဟုတ်ပြောတာပါ၊ ကဲ အခု ဒေစီ ဒီကိုလာခဲ့တာက ဒီအခန်း ကိစ္စ မဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ ဦးလှငွေနဲ့ ဦးအောင်ကြီးတို့နေရာ လာကြတဲ့ လက်မှတ်စစ်တွေက ကနေ့ မနက်ဖြန် ရောက်ကြတော့မှာပါ'

'ကျွန်တော်တို့ကလဲ ဒီနေ့ပဲ ပြောင်းဖို့ စီစဉ်ပြီးနေပါပြီ'

'ဘယ်ကိုပြောင်းမှာလဲ'

'အာရိအက်စ်အမ် ဦးဘမူအခန်း'

**(R.S.M Running Station Master)**

မြန်မာလို လမ်းလျှောက်ရုံပိုင်ဟု ခေါ်သည်။ သူ့မှာအတည်တက် ဘူတာမရှိ။

ဘူတာတစ်ခုခုမှ ရုံပိုင်တစ်ယောက်။

သာရေးနာရေးကိစ္စဖြင့် ခွင့်ယူသည်ဆိုလျှင် သူက ထိုဘူတာသို့ သွားရသည်။

ဦးဘမူသည် ကသာနှင့် မြစ်ကြီးနားလမ်းမှာ လမ်းလျှောက် ရုံပိုင်ဖြစ်၍ ကသာ ဟက်ကွာတားတွင် သူရထားသော အခန်းတစ်ခန်းရှိသည်။

ကိုလှငွေနှင့် ကိုအောင်ကြီးတို့ မန္တလေးသို့ ပြောင်းရွှေ့ဖို့ အမိန့်ကျလာသောအချိန်၌ ဦးဘမူသည် မြစ်ကြီးနား အနီးကပိတောင်း ဘူတာလေးမှာ တာဝန်ကျနေသည်။

ဦးဘမူသည် ကျွန်တော့်လိုပဲ အရက်ကို အလွန်နှစ်သက်သူဖြစ်လေရာ သူ့ဘူတာ ရောက်လျှင် သူကတိုက်။ ကသာသို့ သူပြန်လာလျှင် ကျွန်တော်ကတိုက်နှင့် တစ်ဦးကိုတစ်ဦး အထူးသဖြင့် ခင်မင်ကြသည်ဖြစ်သောကြောင့် ကိုလှငွေနှင့် ကိုအောင်ကြီးတို့က သူတို့ ပြောင်းသွားလျှင် ကျွန်တော့်မှာ နေစရာမရှိတော့ကြောင်း ပြောပြသည်၌ ဦးဘမူသည် သူ့ကသာ က အခန်းသော့ကို ကျွန်တော့်အား ချက်ချင်း ထုတ်ပေးတော့၏။

ထို့ကြောင့် ထိုနေ ညနေမှာပင် ဦးဘမူအခန်းသို့ ကျွန်တော်တို့ ပြောင်းရွှေ့ လိုက်ကြတော့၏။ အခန်းချင်းလည်း သိပ်မဝေး။ တန်းလျားတစ်ခုတည်းပင် ဖြစ်ပါသည်။

ဤသို့လျှင် ကသာမြို့တွင် ကိုလှငွေတို့ မရှိတော့ပြီ ဖြစ်သော်လည်း မသူနှင့် ကျွန်တော့် ဘဝဇာတ်လမ်းသည် တစ်ခန်းဆက်ခဲ့ကြတော့၏။

ဤမှ တစ်ခန်း ကျွန်တော်တို့၏ နောက်ဆက်တွဲ ဇာတ်လမ်းကို ဖော်ပြရလျှင် ကြည့်ရွှင် သည်က တခြား။ မကြည်စရာတွေက များလှပါ၏။

တပေါင်းတန်းခူး မိုးသားကျူး၍ လေရူးထန်သော နွေကျန်နောက်ပိုင်း၏ လှိုင်း တလိပ်လိပ် အာကာပြင်လို တိမ်ဆင်ဖုံး၍ နေလုံးကွယ်လိုက်၊ တိမ်တိုက်ရှင်း၍ လင်းတစ်ပြိုင်နှင့် သင်းတိုက်နှင့် ကျွန်တော့်ကံသည် ကြည်ပြန်မှုန်ပြန် ဗလုံဆန်ကာ သံယောဇဉ်မီး ကြာလေကြီး၍ ခရီးဆက်လက် ကြာလေသာနက်ခဲ့ပါတော့သည်။

ကိုလှငွေနှင့် ကိုအောင်ကြီးတို့ ပြန်သွားကြပြီဖြစ်သော်လည်း ကျွန်တော်တို့၏ နောက်ဆက် တွဲဇာတ်လမ်း သံယောဇဉ် မီးဖိုရာ ဌာနမှာ **R.S.M** လမ်းလျှောက်ရုံပိုင် ဦးဘမူ၏ အခန်းတွင် ကျွန်တော်က သူ့တူကလေးအဖြစ်နှင့် နေထိုင်ကြခြင်း ဖြစ်ပါသည်။

ဤနေရာမှစ၍ကား စာဖတ်သူ ငြီးငွေ့ဖွယ်ရှိမည် ဖြစ်သည့် ကျွန်တော်တို့၏ အသေးစိပ် ကိစ္စများကို ချန်လှပ်၍ ကျွန်တော်၏ တစ်သက်တာတွင် မမေ့တန် မမေ့ကောင်းသော အကြောင်းအရာများကိုသာ ဒိုင်ယာရီမှတ်တမ်းမှ ထုတ်နုတ်ဖော်ပြပါတော့မည်။

ကိုလှငွေတို့ရှိစဉ်ကမူ ကျွန်တော့်သည် မည်သည့်အခါမှ တစ်ယောက်တည်း ဟိုဟိုဒီဒီ သွားလေ့သွားထ မရှိဘဲ မည်သည့်နေရာမဆို သူတို့နှင့် အတူတကွ သွားလာလည်ပတ်ခဲ့ ပေသည်။ ယခု သူတို့မရှိတော့သောအခါ၌ကား ကျွန်တော့်မှာ တစ်မျိုး တစ်ဖုံ စိတ်အားငယ်မိ လျက် အပြင်ထွက်၍ လည်ပတ်ခြင်းပင် မရှိသလောက် ဖြစ်ခဲ့ပေသည်။

သို့သော် ကျွန်တော့်အား ပေးစရာရှိသော ကြွေးကို အမျိုးမျိုး လှည့်ပတ်နေသော ကိုတင်လုံးထံသို့မူ မကြာခဏသွား၍ ရသမျှကို တောင်းယူနေရပါသည်။

စင်စစ် ဤစဉ်ကာလမှာ ကျွန်တော်သည် ကိုလှငွေတို့ ရှိတုန်းကလို အပတ်စဉ် မြစ်ကြီးနားသို့ လိုက်သွား၍ မဟာမိတ်တပ်များမှ စစ်သားရာရှင်ပစ္စည်းများကို ဝယ်ယူပြီး ကသာမှာ ပြန်လည်ရောင်းချခြင်း မပြုရတော့သဖြင့် ဝင်ငွေမရှိတော့ဘဲ ကိုတင်လုံးထံမှ ရစရာရှိ သော ကြွေးကို

အလီလီ အလာလာတောင်းကာ ရသမျှကို မသူနှင့် (ကျွန်တော့်ဇာတ်တွင် အိမ်ထောင် သုံးဆက် ရှိသည်ဖြစ်၍ သူ့ကို ဒုတိယဇနီးဟု ဆိုရပါမည်) လင်မယားနှစ်ယောက် စားသောက်နေရသောအခြေသို့ ဆိုက်ရောက်နေရပါတော့သည်။

ကျွန်တော့်ဖခင်နှင့် အိမ်ကဇနီး (ပထမဦးဆုံး မယားကြီးပဲ ဆိုပါတော့ဗျာ) ထံမှ ကသာ၌ ဘာအလုပ်အကိုင်မျှ မရှိဘဲ အချိန်ကုန်ခံ၍ ဤမျှငွေလေးကို စောင့်တောင်း မနေနိုင်တော့၊ နောက်မှ ရချင်ရ မရချင်နေ၊ အော်ဒီမံ စာချုပ်သာ လုပ်ပြီး အမြန်ပြန်ခဲ့ရန် စာများရေးကြ ပါသည်။

အမှန်အားဖြင့် ဤအတိုင်းသာ ပြုသင့်ပါသည်။

သို့သော် ကျွန်တော်သည် ဤငွေကို မရမနေဟူသောဇွဲသတ္တိဖြင့် (စင်စစ် အမှန်ကို ဝန်ခံရလျှင် မသူ သံယောဇဉ်ကြောင့် ကိုယ့်စိတ်ကိုယ် လှည့်စား၍) ဖွတ်မိုတ်နေခြင်း ဖြစ်ပါတော့သည်။

၁၉၄၇–ခုနှစ်၊ မေလ ၁၀–ရက်နေ့။

ထိုနေ့ ညနေ ခပ်စောစောကပင် ကိုတင်လုံးထံသို့ ငွေတောင်းရန်သွားသည်။

သို့သော် ဈေးထဲတွင် သူ့ကိုတော်တော်နှင့်မတွေ့။ အချိန်များစွာကြာမှ တွေ့ရပြီး တွေ့ပြန်သောအခါလည်း ယခု ရသမျှတောင်းရရုံသာမက နောက်ကျန်တာလို လုံးခနဲပေးရန် ထုံးစံအတိုင်း သိလျက်နဲ့ပဲ စုန်းပြူးကို ရေနှူးသလို သူ၏ ရိုးနေပြီဖြစ်သော ဘယ်က ဘယ်တော့ ဘယ်လောက်ရမည် ဟူသော ဝန်ခံကတိစကားတို့ကို နားထောင်နေရခြင်းဖြင့် အပြန်မှာ မိုးချုပ်၍ မှောင်ခဲ့ပါသည်။

ဈေးဝင်း အပြင်ဘက်သို့ရောက်လျှင် မသူ မှာလိုက်သည်ကို သတိရ၍ သွားရေစာရောင်းသော ဆိုင်တစ်ဆိုင်သို့ဝင်ပြီး နေကြစေ့လှော် ဝယ်ပါသည်။

အလျဉ်းသင့်၍ ပြောရဦးမည်။

မသူသည် အင်မတန် နေကြာစေ့ကြိုက်၏။ သူစားပုံမှာ ကျွန်တော်တို့စားသလို တစ်ခုစီ အခွံခွာ၍စားနေသည်မဟုတ်။ ပါးစပ်ထဲ လက်တစ်ဆုပ်ကြီး ပစ်ထည့်လိုက်ပြီး တမြုံ့မြုံ့ဝါးသည်။

အခွံတွေပဲ တစ်ခုစီ ပြန်ထွေးလိုက်၏။

သူတို့ အရပ်သူ အရပ်သားတွေ အများအားဖြင့် ဤသို့ပင် စားတတ်ကြ၏။

နေကြာစေ့ကလည်း နို့ဆီဘူးတစ်လုံးမှ တစ်မယ်ရယ်ဗျာ။ ကျွန်တော်က နို့ဆီဘူးလေးလုံး တစ်ကျပ်ဖိုးဝယ်တယ်၊ ထိုဆိုင်မှာ ရေနံဆီမီးခွက်ကလေးမျှ ထွန်းထားသည်ဖြစ်၍ အခြားဆိုင်များနှင့်လည်း အလှမ်းကွာသည်။

ထိုစဉ်က ကသာမှာ လမ်းဓာတ်မီးမရှိ။ လဆုတ်ရက်လည်း ဖြစ်နေသောကြောင့် ကျွန်တော် ဈေးဝယ်နေစဉ်မှာ နံဘေးနှင့်နောက်ဘက်ကို ဘာမျှမမြင်နိုင်ပါ။

ထိုအချိန်၌ ပေါက်ဖော်မကြီးက စက္ကူကန်တော့ထဲသို့ နေကြာစေ့များကို နို့ဆီဘူးနှင့် ခြင်၍ထည့်နေသည်ကို ကြည့်နေစဉ် ကျွန်တော့်နောက်မှ ဒူးကောက်ကွေးကို တစ်စုံတစ်ခုနှင့် လာထိသည်ဟု အောက်မေ့ရပြီး မိမိကိုယ် ရှေ့သို့ အနည်းငယ်မျှ ယိုင်သွားသည်ဟုသာ သိလိုက်ရပါသည်။

ထို့နောက်၌ကား ကျွန်တော်သည် လူတစ်ယောက်၏ ပေါင်ပေါ်၌ ပက်လက်လန်နေ၍ လူလေးငါးယောက်၏ မျက်နှာက ကျွန်တော့်အား ငုံ့ကြည့်နေကြသည်ကို တွေ့ရပါသည်။ ဒီတော့–

'ဟင်. . . . ကျွန်တော် ဘာဖြစ်သွားတာလဲဗျ'

ဟု မေးရင်း ဇက်ကို လှုပ်လိုက်ရာ အလားလား ကျွန်တော့်ခေါင်းထဲက မူးလိုက်တာဗျာ။ ထိုစဉ်–

'ဟော. . . . ကိုဆွေ သတိရပြီလား'

ကျွန်တော့် အသိတစ်ယောက်၏အသံ အခြားအသံ တစ်ခုက–

'ဟင်. . . . ခင်ဗျား ဘာမှမသိဘူးလား'

'ဟင့်အင်း'

ကျွန်တော် ခေါင်းခါသည်။ သို့သော် ခေါင်းလှုပ်၍မရပါ။ အခြားတစ်ယောက်က–

'အမယ်လေးဗျာ အံ့ပါရဲ့၊ ရိုက်လိုက်တဲ့အသံကြီးက ပြောင်းခနဲ ဟိန်းသွားပြီး ပေါက်ဖော်မကြီး လန့်အော်တဲ့အသံ ကြားလိုက်ရတာနဲ့ ကျွန်တော့်ဆိုင်ပေါ်က လှမ်းကြည့်လိုက်တော့ ခင်ဗျား ရှေ့ကိုယိုင်ပြီး ဝမ်းလျားမှောက် လဲသွားတော့၊ အဲ ဟိုကောင်က တောင်ဘက်ကို စွတ်ပြေးတာ မြင်လိုက်ရတာပဲ'

အခြားတစ်သံက–

'ဟုတ်တယ်၊ ကျုပ်လဲ ဈေးဝကနေပြီး အဲဒါလဲ မြင်လိုက်ရရော လိုက်ဟေ့. . . လိုက်ဟလို့ အော်လိုက်မှ ငနဲကြီးက တုတ်ကိုလွှတ်ချပြီး ခြေကုန်သုတ်တော့တာဗျာ၊ ကြည့်စမ်း သူ့တုတ်ကြီး က နည်းနည်းနောနော မဟုတ်ဘူး'

ထိုသူက တုတ်ကြီးကိုထောင်ပြပါသည်။ သို့သော် ကျွန်တော် ကောင်းကောင်းမကြည့်နိုင် ပါ။ မျက်ခွံတွေ လေးလံလျက် မျက်စိများ ရီဝေနေပါသည်။

ကျွန်တော့်အသိက–

'ပေါက်ဆိန်ရိုးကြီးဗျ၊ ကျွန်းသားမို့ တော်ပါသေးရဲ့၊ ပျဉ်းကတိုးသားများဆိုရင်တော့ တစ်ခါတည်း ပွဲချင်းပြီးပဲ၊ ကိုဆွေ အခု ဘယ့်နှယ်နေသေးလဲ'

ကျွန်တော် ဇက်မထူနိုင်အောင် မူးလှပါသည်။ သို့သော် နှုတ်ခမ်းများ လှုပ်နိုင်သည်ဖြစ်၍ ကြိုးစားပြီး ပြုံးလိုက်ကာ–

'ကိစ္စမရှိပါဘူးဗျာ၊ ခေါင်းမူးနေတာပါ'

ထို့နောက်၌ ကျွန်တော့်ကိုထူကြ၍ လူနှစ်ယောက်က တစ်ဖက်တစ်ယောက် ကျွန်တော့် လက်မောင်းကို သူတို့ပခုံးနှင့် ဖေးမကြကာ. . . . .

'ဝတ်ထဲ အရင်သွားမလား၊ ဆေးရုံပို့ရမလား'

တစ်ဦးဦးကို မေးသလိုနှင့် တစ်ယောက်က ပြောလိုက်ပါသည်။ ဤတွင် ကျွန်တော်က–

'ဂတ်တဲလဲမသွားနဲ့၊ ဆေးရုံလဲမသွားနဲ့၊ ကျွန်တော့်အိမ် ဘူတာဝင်းထဲသာ ပြန်ပို့ဗျာ'

ကျွန်တော့်အသိက–

'အို. . . . ကိုဆွေ၊ အခုချိန် ရဲတိုင်လိုက်မှ အမှုလေးမှာပေါ့ဗျ'

ကျွန်တော်က ကြိုးစား၍ ပြုံးလိုက်ရပြန်ကာ–

'ကျွန်တော် အမှုမလုပ်ချင်တော့ပါဘူးဗျာ'

'အို. . . . ဘာဖြစ်လို့လဲဗျာ ကိုဆွေ၊ ဒီကောင့်ကို ကျုပ်တို့အားလုံး သိတယ်ဗျာ၊ မိန်းမထိန်း ရာဇဝင်လူဆိုးပဲ'

'ကျွန်တော်တဲ့ သိပါတယ်ဗျာ၊ အမှုလုပ်လို့ အပိုပေါ့၊ ကျွန်တော့်ခေါင်းကို သူရိုက်ပြီးနေမှ ပဲ၊ ကဲ. . . . . ကျွန်တော့်အခန်းကိုသာ ပြန်ပို့ကြပါဗျာ'

ဈေးထိပ်နှင့် မီးရထားဝင်းက နှစ်ဖာလုံခန့် ဝေးပါသည်။ ကျွန်တော် ခြေမလှမ်းနိုင်ဘဲ ထိုသူများ သယ်ဆောင်ခဲ့ကြခြင်းဖြင့် ကျွန်တော့် အိပ်ရာထဲ ရောက်ခဲ့ပါသည်။

ကိုလှငွေနှင့် ပတ်သက်၍ ကျွန်တော်နှင့် သိကျွမ်းနေပြီဖြစ်သော မီးရထားဘက်က ဆရာဝန်ကို ခေါ်စေပါသည်။ ကျွန်တော့်ခေါင်းမှာ ပေါက်လည်းမပေါက်၊ ဖူးရောင်ခြင်းလည်းမရှိ၊ နောက်စေ့အောက်နားက အရေပြား၌ အနည်းငယ်ပျော့စိနေ၍ ကိုင်လိုက်လျှင် စပ်ဖျဉ်းဖျဉ်း ကလေး နာကျင်ပါသည်။ အုတ်ဆက်ကို နောက်ကနေရိုက်သွားခြင်း။

ဆရာဝန်က စမ်းသပ်ကြည့်ရှုပြီး မည်သည့်အကြောအဆက်မှ ထိခိုက်ခြင်းမရှိ၊ ခေါင်းမူး၍ အိပ်ရာထဲမှ သီတင်းတစ်ပတ်မျှ မထနိုင်ဘဲနေရုံလောက်သာ ဖြစ်မည်ဟုပြောပြီး ကျွန်တော့်ကို ဆေးတစ်လုံးထိုးပေးသည်။ အိပ်ဆေးတွေ ပေးခဲ့ပါသည်။

ကျွန်တော့်ကို လိုက်ပို့ကြသောသူများသည် သူတို့ ပြန်ကြတော့မည်ဟု နှုတ်ဆက်သည် အထိပ ကျွန်တော့်ကိုရိုက်သူသည် ရဲမှတ်တမ်းတွင် လူဆိုးစာရင်းဝင်ဖြစ်၍ ဤကိစ္စကို မြုံခံမနေဘဲ အမှုလုပ်ရန် သူတို့သက်သေခံမည်ဟု ပြောကြပါသည်။ သို့သော် ကျွန်တော်က–

'ဒီကိစ္စနဲ့ ရုံးသွားရမှာ ရှက်စရာကြီးဗျာ၊ ခင်ဗျားတို့ အဲဒီကောင် အောင်သင်းကြီးကို သိကြတယ်မဟုတ်လား၊ သူ့တွေ့ရင်သာ ပြောလိုက်ပါဗျာ၊ ရန်သူကို ပြီးပြီးပျောက်ပျောက် မေ့ထားတတ်တဲ့ ကျွန်တော့်ကို အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်လို့၊ နို့ပြီးတော့လဲ ဒီကိစ္စအတွက် ဂတ်ကိုမတိုင်ပါဘူး၊ ဘယ်မှလဲ ရှောင်တိမ်းမနေပါနဲ့၊ အိမ်မှာပဲ အေးအေးဆေး ဆေးနေပါ၊ ကျွန်တော် နေထိုင်ကောင်းသွားတဲ့အခါမှာ လာတွေ့ပါမယ်လို့က၊ ဘယ့်နှယ်ဗျာ သူကလဲ

ဒီအထက်မြန်မာပြည်မှာ လူဆိုးလူမိုက်ထွက်တဲ့ ကောလင်း ဝန်းသိုသာ၊ ကျွန်တော်ကလဲ အောက်မြန်မာပြည်မှာ နာမည်ကြီးတဲ့ သာယာဝတီ ပေါင်းတည်သားဗျာ'

ည ၁၀–နာရီခန့်၌ ကျွန်တော့်ကို ပို့ကြသူများနှင့် လာရောက်မေးမြန်းကြသူများ ပြန်သွားကြ၍ မသူနှင့် ကျွန်တော် နှစ်ယောက်တည်း ကျန်ခဲ့သောအခါ မသူသည် ကျွန်တော့် အိပ်ရာနံဘေးတွင် သူ့မျက်နှာမှာ မျက်ရည်တွေ အိုင်ထွန်းနေသည်ကို မြင်ရသဖြင့်–

'ဟော့. . . . မသူ၊ ဘာလို့ ဒီလောက်ငိုနေတာလဲကွာ၊ တိတ်စမ်းပါ၊ မျက်ရည်တွေ သုတ်ပြီး ပေါင်ဒါရိုက်လိုက်ပါ၊ ငါက ငါ့မယားပါးကလေး အမြဲမွှေးနေမှကြိုက်တာ'

'အမောင်. . . . အမောင့်ခေါင်း ဘယ့်နှယ်နေသေးလဲ၊ သိပ်မူးနေသလား'

ကျွန်တော်သည် ကြိုးစား၍ ပြုံးလိုက်ကာ–

'ဟော့. . . မသူ၊ ဒီညနေ ငါ အရက် မသောက်ရသေးဘူး မဟုတ်လား'

'ဟင့်အင်း. . . . ဘယ်သောက်ရဦးမှာလဲ၊ အမောင် ပြန်လာရင် အဆင်သင့်သောက်ဖို့ ကျွန်မက ပုံးထဲမှာ မျှောက်သွေးစိမ်ထားတဲ့ အရက်တွေကို အနည်စစ်ပြီး ဖန်ချိုင့်ထဲ ထည့်ထား တယ်'

'အေးကွယ်. . . . အခုတော့ ငါမသောက်ရဘဲနဲ့ မူးနေလို့ အရက်ကုန် သက်သာသွားတဲ့ အတွက် အောင်သင်းကြီးကိုပဲ ကျေးဇူးတင်ရသေးတယ် ဟဲ. . . . ဟဲ၊ ဩော်. . . . ဒါ့ထက် မသူ မင်းသားကလေး အိပ်တန်းတင်ပေးလိုက်ပြီလား'

ကြက်ကလေး ဖိုးကံကောင်းကို ဆိုလိုသည်။

'ဟုတ်တယ်၊ ညနေကပဲ အမောင်ပြန်မလာလို့ ကျွန်မတစ်ယောက်တည်း ပျင်းတာနဲ့ သူ့ကိုလိုက်ခေါ် အစာကျွေးပြီး သူ့အိပ်တန်းခြင်ထောင် ချပေးထားလိုက်တယ်'

ကျွန်တော် ကြက်သမားဆိုသည်ကို စာရှုသူသိပါတယ်နော်၊ ကြက်သမားများသည် မိမိတို့၏ကြက်ကို ထင်းရှူးသေတ္တာကလေးပေါ်မှာ ကြက်အိပ်တန်းကလေးလုပ်ပြီး ခြင်ထောင်နှင့် သိပ်ပါသည်။ ကြက်ကို ခြင်မကိုက်စေရပါ။

## အောင်သင်းနှင့် ပြေငြိမ်းလိုက်ခြင်း

ဆရာဝန်ပြောသည့်အတိုင်းပင် ကျွန်တော်သည် တနင်္ဂနွေတစ်ပတ်မျှ အိပ်ရာထဲလဲ နေရပြီး နောက် လမ်းလျှောက်စ,ပြုနိုင်ပါသည်။ ၁၀–ရက်ကျော်သောအခါ၌ကား ကျွန်တော်သည် လူကောင်း ပကတိဖြစ်သွား၍ (၁၂)ရက်မြောက်သောနေ့တွင် ကျွန်တော်တယောက်တည်း အောင်သင်း ကြီး၏ အိမ်သို့သွားပါသည်။ သူတို့ရပ်ကွက်တွင် လူမိုက်အောင်သင်းကြီးဟူ၍ သူ့အိမ်ကို လူတိုင်း သိကြသဖြင့် လွယ်ကူစွာ မေး၍ရပါသည်။

ကျွန်တော် သူ့အိမ်ရှေ့ ဝင်းပေါက်က ဝင်လိုက်လျှင်ပင် အောင်သင်းကြီးအား နောက်ဖေး ပေါက်က ထွက်သွားသည်ကို မြင်လိုက်ရပါသည်။

သို့သော် သူ့မိန်းမအား မေးလိုက်သောအခါ လွန်ခဲ့သော သုံးရက်ကပင် အင်းတော်သို့ သွားသည်ဟု ပြောပါသည်။

စင်စစ် အောင်သင်းကြီးသည် ကျွန်တော် သူ့အိမ်ဆီသို့လာနေသည်ကို အဝေးကပင် လှမ်းမြင်၍ သူ့မိန်းမအား သုံးရက်လောက်ကပဲ အင်းတော်သို့ သွားသည်ဟုပြောရန် မှာကြားခဲ့ ခြင်း ဖြစ်ပေမည်။

သို့သော် ကျွန်တော့် ရည်ရွယ်ချက် မပျက်ပါ။

မူလကတည်းက ကျွန်တော် တွက်ဆခဲ့သည်မှာ သူ့အိမ်တွင် အောင်သင်းကြီးအား တွေ့မည်။ သို့မဟုတ် မတွေ့ဘူး၊ တွေ့ခဲ့သော် သူ ကျွန်တော့်ကို မည်သို့ ညှော်ခံမည်နည်း။

လူမိုက်ပီပီ လက်နက်နှင့်လာ၏၊ ကျွန်တော့်တွင် ဘာလက်နက်မှ မပါခဲ့သော်လည်း (သေနတ်မှ လွဲပြီး) ကျွန်တော်အခြား ဘာလက်နက်ကိုမှ မကြောက်ပါ။

လူတစ်ယောက်သည် ကျွန်တော့်ကို တုတ်နှင့်ရိုက်လျှင် သူ့တုတ်ကို ကျွန်တော့်လက်ထဲ ရောက်အောင် လုပ်နိုင်ပါသည်။ သူ့လက်ကို ကျွန်တော် ချိုးပစ်လိုက်က တံတောင်ဆစ်ကို ရိုက်ချိုးပစ်နိုင်ပါသည်။

ဓား သို့မဟုတ် လှံနှင့်ဆိုလျှင့်လည်း ထို ဓားလှံကို ကျွန်တော် ဖမ်းယူနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ကျောင်းသားဘဝကပင် သိုင်းပညာသင်ခဲ့ ပါသည်။

အဲသည်တုန်းက ယခုခေတ်လို အာကီဒိုတွေ၊ ကရာလေးတွေ မဟုတ်ပါ။

လေးကွက်သိုင်းဟု ခေါ်ပါသည်။ ထိုစဉ်က (အင်္ဂလိပ်ခေတ်) ရန်ကုန်မြို့တွင် နာမည်ကြီး သော ကုလားသိုင်းဆရာကြီး ဗိုလ်လောရှေထံတွင် ကျွန်တော့် သူငယ်ချင်း ဖိုးတင်ဆွေနှင့်အတူ သင်တန်းတက်ခဲ့ပါသည်။

ကျွန်တော် ဘယ်လောက်အထိ၊ တတ်သလဲဆိုရင် အဝင်ပေါက်တစ်ခုတွင် လူရှစ်ယောက် သည် ဓားကိုယ်စီနှင့် အတွင်းမှ တစ်ဖက်တစ်ယောက် ချောင်းမြောင်းနေပြီး ကျွန်တော့်ကို တစ်ပြိုင်တည်း ဓားနှင့်ခုတ်ကြပါ။ ကျွန်တော်က သူတို့ဓားတွေလက်က လွတ်ကျစေပြီး သင်းတို့ မှောက်သွားအောင် ဒူးနှင့်တိုက်၊ ခြေနှင့် ခတ်ပစ်နိုင်ပါသည်။

ဤနည်းကို ‘ပြည်ဝင်ပြည်ထွက်’ ခေါ်သည်ဟု ဆရာကြီး ဗိုလ်လောရှေက ပြောပါသည်။

နို့ပြီး ဆရာကြီးက မှာကြားလိုက်သည်မှာ မိမိတတ်သော ပညာဖြင့် ဘာမှမတတ် သူတွေကို မညှဉ်းဆဲ မနှိပ်စက်ရ။ သို့သော် တစ်စုံတစ်ယောက်က အားနည်းသူတစ်ဦးအား မတရားနှိပ်စက် အနိုင်ကျင့်နေသည်ကို တွေ့လျှင် ဝင်ရောက် ကူညီရမည်။

ထို့ကြောင့် ဆရာကြီး ဩဝါဒအတိုင်း ကျွန်တော် မသူအား အောင်သင်းကြီးလက်ထဲမှ ကယ်ဆယ်ကူညီလိုက်တာ။ မသူဟာ ယခု ကျွန်တော့် မယား ဖြစ်နေပါရောလားဗျာ။

သည်မနက် အောင်သင်းကြီးအိမ် ကျွန်တော်လာခဲ့သည်မှာ သူက လူမိုက်ပီပီ လက်နက်နှင့် ညှော်ခံမည် ဆိုခဲ့သော် ကျွန်တော် အခုန ဖော်ပြခဲ့သည့်အတိုင်း သူ့လက်နက် ဖမ်းယူပြီး သူ့ကို မလှုပ်နိုင်အောင် ချုပ်ကိုင်ကာ အောက်ပါစာတွင် ပါသော အဓိပ္ပာယ်မျိုး ရှိသည် စကားကိုပြောရန် ဖြစ်ပါသည်။

ကျွန်တော်သည် အောင်သင်းကြီးအား မတွေ့ခဲ့သော် ပေးခဲ့ရန်ဟု၍ အိမ်က ရေးပြီး ယူခဲ့ခြင်း ဖြစ်ပါသည်။

၂၂-၅-၄၇

ကိုအောင်သင်း–

ထိုညက ခင်ဗျား ကျွန်တော့်ကို ချောင်းရိုက်တာ ကျွန်တော် စိတ်မဆိုးပါ။ ဘာကြောင့်ဆို လူဆိုတာ အတုံ့အလှည့် ရှိရမှာပေါ့ဗျာ။ ကျွန်တော်က ခင်ဗျားကို မီးရထားပေါ်မှာ သတိမေ့သွားအောင် ဆော်ခဲ့သလို အခုလည်း ခင်ဗျားက ကျွန်တော် သတိမေးသွားအောင် တွယ်လိုက်တာပဲ။ ကျွန်တော် ကျေနပ်ပါတယ်။ ခင်ဗျားလည်း ကျေနပ်ပါတော့နော်။

(မသူလင်–ကြင်ဆွေ)

ဤစာကို အောင်သင်းကြီးမိန်းမအား ပေးပြီး ကျွန်တော် ပြန်ခဲ့ပါသည်။

ထိုမှစ၍ အောင်သင်းကြီးနှင့် ကျွန်တော်သည် ကသာတွင် နောက်ထပ်ရန်ပွဲ မနွှဲရတော့ချေ။ တစ်နေရာရာ၌ သူ ကျွန်တော့်ကိုမြင်လျှင် ဝေးဝေးကရှောင်တော့၏။ မသူကို တွေ့လျှင်လည်း သူ ဘာမျှမနှောင့်ယှက်တော့ချေ။

အိမ်ဇနီးထံမှစာ

ပေါင်းတည်

၃-၆-၄၇

ကိုကြင်ဆွေ. . . . . . . .

မေလ ၂၅–ရက်နေ့စွဲနဲ့ ကသာကပေးလိုက်တဲ့စာ မနေ့ကရပါတယ်၊ ကျန်းကျန်းမာမာရှိကြောင်း သိရလို့ နော်မာ ဝမ်းသာပါတယ်။ ဒါထက် ကိုကြင်ဆွေ့ လူဆီက ငွေကလဲရရမယ်ဆိုပြီး ကြာလှချည်လား။ ရရ မရရ ဒါလောက်ငွေကလေး ကို အဆုံးထားပြီး ပြန်ခဲ့ဖို့သင့်ပြီ ထင်ပါတယ် ကိုကြင်ဆွေရယ်၊ ဒီငွေကလေး သုံးထောင်လောက်နဲ့ ကသာမှာ ခြောက်လတောင် ကျော်နေပြီ။

ဒါနဲ့ တချို့က ပြောကြတယ်။ ကသာနယ်မှာ မိန်းမတွေက သိပ်ပေါတယ်တဲ့။ ကြင်ဆွေတော့ ဟိုမှာ မိန်းမရနေလို့ မပြန်နိုင်တာဖြစ်မှာဘဲ ဘာညာနဲ့။ ကိုကြင်ဆွေ့ အဖေကတောင် 'အင်း. . . . . ဒီကောင့်ကံဇာတာက မျက်နှာများတယ်၊ ဟုတ်များနေ သလားမသိဘူး' လို့ ညည်းနေသေးတယ်၊ ဒါပေမယ့် နော်မာကတော့ သူတို့ ဘာပြောပြော မယုံပါဘူး။ ဒါကြောင့်ဆို ကိုကြင်ဆွေဟာ နော်မာကို ဘယ်လောက် ချစ်သလဲဆိုတာ နော်မာသိတယ်လေ။

နို့ပြီး ကိုကြင်ဆွေသမီး ဒင်ပယ်လ်ဆွေအကြောင်း ပြောရဦးမယ်၊ ဟိုနေ့ကပဲ စပါးပွဲစားကိုစံမြင့်က 'ဟော့ပယ်ပယ်၊ နင့်ဖေကတော့ အညာမှာ မိန်းမရနေလို့ ပြန်မလာတော့ဘူး' ဘာညာနဲ့ စတော့ သူက 'အောင်မယ်၊ ပယ်ပယ့် ဒါဒါက အန်ကယ်,လို မှတ်လို့လား၊ အန်ကယ်သာ တောမှာ စပါးဝယ်သွားရင်းနဲ့ မိန်းမတွေ တိတ်တိတ်ပုန်းယူနေတာ၊ ပယ်ပယ့်ဒါဒါကို ဒီလိုမပြောပါနဲ့ရှင်' လို့ ရန်တွေ့တယ်။ နို့ပြီး ကိုကြင်ဆွေမမြင်ရသေးတဲ့ သားကလေးကလဲ အခု ဝမ်းလျားထိုးသွားနေပြီ၊ သန်လိုက်တာကြီးကလဲ တစ်လှမ်းတစ်လှမ်းထိုးရင် အဝေးကြီး။ သင်ဖြူး ဟိုဘက် ဒီဘက်ကို လေးငါးလှမ်းပဲ။ ငိုလိုက်ရင်လဲ သူ့အသံ ကြီးက ကျယ်လိုက်တာ။ အာခေါင်ထဲ လော်စပီကာ ထည့်ထားသလား အောက်မေ့ရတယ်။

ကိုကြင်ဆွေ မမြင်ရသေးတဲ့ အဲဒီ သားကလေးကို မကြည့်ချင်ဘူးလား၊ သမီးကြီး ပယ်ပယ်ကိုကော မလွမ်းဘူးလားဟင်။ ပယ်ပယ်ကတော့ တစ်ခါတစ်ခါ ဖအေကို လွမ်းတယ်ထင်ပါရဲ့။ 'ဒါဒါရေ ပြန်ခဲ့ပါတော့၊ ပြန်ခဲ့ပါတော့' နဲ့ အော်အော် နေတတ်တယ်။

ဟော. . . အခု စာရေးနေတုန်းပဲ ကိုကြင်ဆွေသားကလေးက အာခေါင် လော်စပီကာသံနဲ့ အော်ငိုနေပြီး သူနို့ဆာရင် ဒီလိုပဲ၊ သွား နို့တိုက်လိုက်ဦးမယ်။

ကဲ. . . . တော်သေးပြီ၊ မြန်မြန်သာ ပြန်ခဲ့ပါတော့အချစ်ရယ်။

အိမ်သားအားလုံး ကျန်းမာကြပါတယ်။

ကိုကြင်ဆွေလဲ ကျန်းမာပါစေ။

ချစ်သောနော်မာ

ဤစာရောက်သောနေ့မှာ ၁၉၄၇–ခုနှစ်၊ ဖွန်လ ၉–ရက်၊ မွန်းလွဲ ၂–နာရီခန့်၊ ကျွန်တော်သည် သုံးခါမျှဖတ်ပြီးနောက် သက်ပြင်းကြီးများ မှုတ်ထုတ်မိကာ အိပ်ရာထဲ ပစ်လှဲလိုက်ပါသည်။

ဤနေရာတွင် ကျွန်တော်၏ အတိတ်ဇာတ်ကြောင်းကို အနည်းငယ် ဖော်ပြရပါမည်။

## ကျွန်တော်နှင့် နော်မာ

ကျွန်တော် မြန်မာလို အထက်တန်းဆရာအဖြစ် အောင်ပြီးနောက် အင်္ဂလိပ်စာ တစ်လုံးမျှ မတတ်သေး၍ ရန်ကုန်မြို့ စမ်းချောင်းရပ် မအူပင်လမ်း အိမ်နံပါတ်(၁၀) ဒေါ်မမဘီ၊ အေ၊ ဒီ၊ တီ ၏ အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်း၌ ဘော်ဒါနေပါသည်။

နော်မာတို့အိမ်က အမှတ်(၁၇) ဆိုတော့ ရန်ကုန် အိမ်နံပါတ်တွေအတိုင်း စုံတစ်ဖက် မ, တစ်ဖက် ၁၁–၁၃–၁၅–၁၇ ဆိုတော့ အိမ်ချင်း အနီးကလေးပဲ။

၁၉၄၀–ခုနှစ် သူနှင့်ကျွန်တော်စတင်တွေ့ကြတော့ သူ့အသံကိုက ၁၃–နှစ်။ ဂါဝန်ဝတ် သော ကွန်ဗင့် ကျောင်းသူကလေးပဲ။ အိမ်ရှေ့လမ်းမမှာ စကိတ်စီးနေတတ်တယ်။

အဲ့ဒီ အပျိုပေါက်မလေး ကိုယ်လုံး ကိုယ်ထည်နဲ့ ရင်သား တင်ပါးလေးကလည်း လှလိုက်တာလေ။

ဆယ့်သုံးနှစ်ရွယ်၊ ပျိုပျံသင်စပေမို့
နွဲ့လုံးကျစ်သွယ်၊ ကိုယ်ဟန်သွင်က ပြပြီပေါ့
နဂိုသဏ္ဌာန်ယဉ် အလှမှာတဲ့မှုန်နံ့သာခြယ်
အို. . . . စံတင်ပြရရင်ဖြင့် ဥမ္မာနွယ်. . . . လို့ ရည်းစား မဖြစ်မီ ကျွန်တော့်
ပထမဦးဆုံး မယားလေး၏ အလှသွေးကို ကြည့်ပြီး ကဗျာစပ်မိတယ်ဗျ။

ကျွန်တော်ကလည်း ကျွန်တော်တို့ ကျောင်းမှာ ဘော်ကဆာ အားကစားသမား အချောဆုံးလူပေါ့။

ဒါနဲ့ ၁၉၄၁–ခုနှစ်ကျတော့ သူ့အသက်က ဆယ့်လေးနှစ် ကျွန်တော်က ၂၂ နှစ်သားမှာ သမီးရည်းစား ဖြစ်ကြပါရောဗျာ။

ယင်းကို ထိုခေတ် ထိုအချိန်က သူတို့ဘက်ကများ သိသွားကြရင် မည်သို့မျှ သဘောတူမှာ မဟုတ်ဘူးခင်ဗျ။ သူ့အမေနာမယ်က **Josphene** ဂျိုစ်ဖီး။ အင်မတန် မာနကြီးတဲ့ ဗိုလ်ကပြားမဗျ။

သူ့ယောက်ျားက Sydney Barrow စစ်ဒနီ ဘဲရိုး။ အလုပ်က ဝန်ထောက်၊ အင်္ဂလိပ် ခေတ်က လစာ ၅၀၀ ကျပ်ကျော် ရတယ်ဆိုတော့ တော်တော် အဆင့်အတန်းမြင့်တာပဲ။

မော်တော်ကားနဲ့၊ ဒရိုင်ဘာနဲ့၊ အိမ်မှာ ထမင်းချက်နဲ့ စားပွဲထိုးနဲ့ နေကြတဲ့ လူတန်းစားတွေဗျ။

သူတို့အိမ်သားချင်း ဗမာလိုမပြောဘူး၊ အင်္ဂလိပ်လို ပြောကြတယ်။ နို့ပြီး ဘာသာက R.C ရိုမန်ကက်သလစ်တွေဗျာ။

ကျွန်တော်ကတော့ မိရိုးဖလာ ဗုဒ္ဓဘာသာ၊ ပေါင်းတည်မြို့နဲ့ သုံးမိုင်ဝေးတဲ့ တောရွာက လယ်သမားရဲ့သားဗျာ။

အင်္ဂလိပ်စာကို အသက် ၂၀ ကျော်မှ ခွေးကြီးမှ လက်ပေးသင်ရသလို၊ အေ၊ ဘီ၊ စီ၊ ဒီက စသင်နေရတဲ့အကောင်။ တတ်ထားတဲ့ အသက်မွေးဝမ်းကျောင်း ပညာကလည်း ကျောင်းဆရာဗျ။

အဲသည် အင်္ဂလိပ်ခေတ်က မြန်မာ ကျောင်းဆရာ တစ်ယောက်ရဲ့ လစာက အစိတ်၊ သုံးဆယ်ကစပြီး အလွန် အတ္တိမအဆုံး ၆၀–၆၅ ကျပ်လောက်ပဲ။

ဒီတော့ လစာ ၅၀၀ ကျော်ရတဲ့ ဝန်ထောက်သမီး ဗိုလ်ကပြား အသိုင်းအဝိုင်းက ကျွန်တော့်လို ဂျန်ဂ×××ဝါးလားကို ဘယ်ပေးစားလိမ့်မလဲဗျာ။

ခင်ဗျားပဲ စဉ်းစားကြည့်။ မတော်မတည့် နော်မကာ လိုက်မယ်ဆိုလို့ ဒီ ၁၄ နှစ် သမီးလေး ခိုးပြေးမယ်ဆိုလည်း အသက်မစေ့လို့ ကျွန်တော် ဂျေးလ်ထဲဂျောင်းပေါ့။ ဟုတ်ဘူးလား။

သို့သော် ကျွန်တော်တို့ မြန်မာအယူအဆမှာ ဖူးစာကံဆိုတာ ရှိလေတယ် မဟုတ်လားဗျာ။

ကျွန်တော်နဲ့နော်မာ တွေ့ကြတဲ့အချိန်မှာ သူ့အဖေ စစ်ဒနီအဲ့ရိုးက ခရစ်တော်၌ အိပ်ပျော်သွားပြီ။ လူ့ပြည်မှာမရှိတော့ဘူး။

ဒါပေမယ့် သူ့လင် လစာတစ်ဝက် မုဆိုးမပင်စင် ၂၀၀–ကျပ်ကျော် ရနေတဲ့ ဒေါ်ဂျိုစ်ဖီး က ကျောင်းဆရာအလုပ်မှ အစိတ်သုံးဆယ်လောက်ရမယ့် ကျွန်တော့်လို အကောင်ကို ဘယ်မှာ သမက်တော်ချင်လိမ့်မလဲဗျာ။

ဒီတော့ ကျွန်တော်နဲ့နော်မာမှာ 'အပြင်မှာနီးရက်နဲ့ ခရီးက ဝေးလှတယ်' ဖြစ်နေတုန်းမှာ ဖြွန်းဆို ဒုတိယ ကမ္ဘာစစ်ကြီးက ကျွန်တော်တို့လို လာပြီးတော့ ကူညီတယ်ဗျ။

ဘယ်လိုလဲဆိုရင် ၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလ ၂၄–ရက်နေ့၊ နံနက် ၁၀–နာရီလောက်မှာ ဂျပန် ပထမဆုံးအကြိမ် ရန်ကုန်မြို့ ဗုံးလာချတော့ ရန်ကုန်မြို့ကြီး ပျက်စီးသွားလေရော။ နောက်တစ်နေ့ ၂၄–ရက်နေ့မှာ မြို့သူမြို့သားတွေအားလုံး ကိုယ့်အိုးကိုယ့်အိမ် စွန့်ခွာ ထွက်ပြေးကြရတော့ ကျွန်တော်လည်း ပေါင်းတည်မြို့နယ်က ကိုယ့်ဇာတိရွာကို ပြန်ရရော။

နော်မာတို့ အိမ်သားတွေလည်း ဘယ်သွားကြတယ် မသိရတော့ဘူး။

နေ့စဉ် မြင်တွေ့ရတဲ့ သမီးရည်းစားလေး နှစ်ယောက်ခွဲခွာသွားရတော့ ကျွန်တော့်မှာ ကိုယ့်ရွာကနေ ဆွေးရတော့တာပေါ့ဗျာ။

ဆွတ်ချူရန်ခက်ပါငဲ့
မျက်ပါနဲ့သက်လယ်
အုံ့ပန်းမောင် မျက်နှာငယ်မှာ
ကွက်မလည်နိုင်သေး
ရွှေငုံးမင်း အမြီးမျှော်သလို
ခရီးတော် နီးရက်နဲ့ဝေး
သဥ္စလီ ဆော်ခန်းလယ်
မောင်တစ်မှေးစက်ရာဝယ်
ခင့်မျက်နှာလေး တရေးရေးမြင်မိတယ်
မှန်းဆကာအမြဲပဲကွယ်
တမ်းတကာလွမ်းမိတယ်
အိပ်မက်ထဲမှာပဲ တွေ့ရတော့တယ်
လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး
သိမ်းကျုံးလို့ မောင်ဖက်ထားချင်တယ်
ဘယ်ဆုကိုယူ ဘယ်ဆုတောင်းလို့ရယ်
မြင်မြင်သမျှ ဘဝင်ကြွအောင်လှတဲ့
နှမသည်ရယ်
အချစ်ဖူးလေးကို ခူးချင်ပါလှတယ်
ခူးရန်ခက်သေးတယ် မိဘမောင်ဖွား
အစ်ကိုတွေကြားဝယ်
ယက္ခကုမ္ဘာန် ဝန်းရံခံလို့
စောင့်ကြပ်တဲ့ နတ်ပန်းအာသာဝတီနှယ်. . . . . ။

ဆိုတဲ့ ပြည်လှဖေရဲ့ သီးချင်းပဲ ကျွန်တော် ဆိုဆိုနေရတော့ ဖူးစာရေးနတ်က ကျွန်တော့်ကို သနားလာလို့ပဲလား၊ ဒါမှမဟုတ် ကျွန်တော့်အသံကြီးက မကောင်းလို့ နားကြားပြင်းကတ်လာလို့ ဒီကောင်တော့ ဒုက္ခမြားမြောင် လူတို့တောင်ထဲ အိမ်ထောင် မြန်မြန် ချပေးလိုက်မှပဲလို့ စီမံလေ သလား မသိပါဘူးဗျာ။

၁၉၄၂-ခုနှစ်၊ ဧပြီလ သင်္ကြန်အပြီးမှာ ပေါင်းတည်မြို့ပေါ်မှာရှိတဲ့ ကျွန်တော့်ဦးကြီး ဦးဘိုးချစ်ဟာ တစ်နေ့ ကျွန်တော်တို့အိမ်ရောက်လာပြီး မနက်ဖြန်ခါ သူ့ဇာတိရွာဖြစ်တဲ့ ညောင် စာရေးကို ခဏပြန်မယ်လို့ပြောပြီး ကျွန်တော့်ကို-

'တို့ရွာ မင်းရောက်ဖူးအောင် အလည်လိုက်ခဲ့ပါလား'

ခေါ်တာနဲ့ ကျွန်တော်က အဖေ့ကိုခွင့်ပန်တော့ အဖေက–

'အေး. . . . လိုက်သွားလေကွာ၊ အဆင်သင့်ပဲပေါ့၊ မင်းအပြန်တော့ တို့ တစ်မိုးတွင်းစာ ငရုတ်သီးနဲ့ကြက်သွန် ဝယ်ခဲ့ကွာ'

ဆိုပြီး လမ်းစရိတ်အပြင် ငွေ ၂၀၀–ကျပ် ပေးလိုက်တယ်။

အဲဒီ ညောင်စာရေးဆိုတဲ့ရွာဟာ ရွှေတောင်မြို့အနီး ဧရာဝတီ မြစ်ကမ်းဘေးမှာ ငရုတ်၊ ကြက်သွန် အင်မတန် ထွက်တဲ့တောင်ဗျာ။

ညောင်စာရေးရဲ့ ဟိုဘက်ကမ်းမှာက ထုံးဖိုရွာနဲ့ အကောက်တောင်ဗျာ။

ညောင်စာရေးက လှမ်းကြည့်လိုက်တော့ တောင်တန်းကြီးက ဧရာဝတီမြစ်ကမ်းမှာ မှိုင်းမှိုင်းညို့ညို့နဲ့ သိပ်လှတာပဲ။ အဲဒီတောင်ပေါ်မှာ စေတီပုထိုးတွေလည်းရှိတယ်။ ဘေးမဲ့ထားတဲ့ မျောက်တွေကလည်း သိပ်ပေါတာပဲတဲ့။ လူကိုမကြောက်ဘူး။ လူလာတာမြင်ရင် လိုက်ပြီး အစာတောင်းကြတာပဲတဲ့။

ဒါကြောင့် အဲဒီတောင်ပေါ်မှာ မျောက်စာရောင်းတဲ့လူတွေလည်း ရှိတယ်တဲ့။

ဒါနဲ့ ကျွန်တော် ညောင်စာရေးရောက်တဲ့နေ့ ညနေခင်းမှာပဲ အဲဒီမျောက်တွေကြည့်ရ အောင် လှေတစ်စင်း အသွားအပြန်ငှားပြီး ဟိုဘက်ကမ်းကူးသွားတော့ မြစ်ဆိပ်မှာ ထဘီရင်လျား နဲ့ ရေချိုးနေတဲ့ အပျိုပေါက်ကလေး နှစ်ယောက်ကို ကျွန်တော် လှေပေါ်က လှမ်းမြင်ရတယ်၊ ဒီတော့ ကျွန်တော့် စိတ်ထဲ 'ဟယ်. . . . တစ်ယောက်က ငါ့ရည်းစားလေးနဲ့က တူလိုက်တာဟယ်'

သို့သော် နော်မာ့ကို ဒီလို ထဘီနဲ့တော့ ကျွန်တော် တစ်ခါမှမမြင်ဖူးဘူး၊ ရန်ကုန်တုန်းက သူ အမြဲတမ်း ဂါဝန်ဝတ်နေတာပဲ၊ ဆံပင်က အင်္ဂလိပ်ခေတ်က ဗိုလ်ကပြားမတွေဘဲထားကြတဲ့ ဘောင့်တဲယားခေါ်တဲ့ ဆံတိုကုတ်ဝဲလေးနဲ့၊ အခု ကောင်မလေးကတော့ နောက်စေ့မှာ ကြက် တောင်စည်းလို့ ပွန်နီးတေးလ်. . . .။

ဟယ်. . . . အခုနေရာက တော အရပ်ဒေသမို့ ဂါဝန်မဝတ်တော့ဘဲ မြန်မာလိုဝတ်ပြီး မြန်မာလို ဆံပင်ရှည်ထားတာလဲ ဖြစ်နိုင်တယ်။ ကဲ. . . . ဒီတော့–

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အနီးကပ် သွားကြည့်ဦးမှပဲဆိုပြီး လှေကမ်းကပ်လျှင် ကပ်ချင်း လှေပေါ်ကဆင်းပြီး သူတို့ဆီ အပြေးကလေးသွားတော့–

ဟုတ်တာပေါ့ဗျာ ကျွန်တော့် ရည်းစား နော်မာမှ နော်မာ အစစ်။

ဒီကောင်မလေးနှစ်ယောက်က ရေ ဒူးလောက်ထိတဲ့နေရာလာပြီး ဆပ်ပြာတိုက်လိုက် လည်ပင်းထိတဲ့ရေထဲ ပြန်သွားလိုက်နဲ့ ရေချိုးနေကြတာကိုး။

ကျွန်တော် နော်မာဟုတ်မှန်းသိတဲ့အချိန်မှာ သူ့မျက်နှာလေးပဲ ရေပေါ်ပေါ်နေခိုက် စပို့ရှပ် ဘောင်းဘီရှည် ရှူးဖိနပ်နဲ့ ကျွန်တော်ဟာ–

‘ဟော့. . . . . နော်မာ’

လို့ခေါ်ပြီး ရေထဲပြေးဆင်းအသွား သူက–

‘ဟင် ကိုကြင်ဆွေ’

လို့ အော်ပြီး ထဘီရင်လျားလေးနဲ့ ကျွန်တော့်ဆီ ပြေးအလာ ရေဒူးလောက်ထိတဲ့ နေရာမှာ လူချင်းအတွေ့ တစ်ယောက်တစ်ယောက် ပွေ့ဖက်ပြီး–

‘ကိုကြင်ဆွေ နော်မာ့ကို လိုက်ရှာနေတာလား’

‘အေးပေါ့ကွာ၊ မြန်မာပြည်တစ်ခွင် မြဲမြဲစင်ရော’

(အချစ်စစ် အချစ်မှန်ဆိုတာ မုသားပါရတယ်ဗျ)

‘အခု ဒီမြစ်ဆိပ်မှာမှ လာတွေ့ရတယ်၊ အခု နော်မာတို့နေတဲ့အိမ်က ဒီထုံးဖိုရွာထဲမှာ မဟုတ်လား’

‘အိမ်မဟုတ်ပါဘူး၊ ဘုန်းကြီးကျောင်းဝင်းထဲက ဇရပ်ကြီးတစ်ခုမှာပါ၊ ကိုကြင်ဆွေ အခု လိုက်ခဲ့တော့၊ မာမီက မျှော်နေတယ်’

‘ဟဲ့. . . . တို့ချင်း သမီးရည်းစားဖြစ်နေကြတာကို ယူ့မာမီသိနေလို့လား’

‘သိသွားတာပေါ့၊ နော်မာက ကိုကြင်ဆွေ့ကို လွမ်းပြီး တမှိုင်မှိုင်နေတော့ သမီး ဘာဖြစ်နေတာလဲမေးလို့ နော်မာက အမှန်အတိုင်းပဲ ဖွင့်ပြောလိုက်တယ်’

‘ဒီတော့ သူက ဘာပြောလဲ’

‘သမီးကို သူတကယ်ချစ်ရိုးမှန်ရင် မတွေ့တွေ့အောင် လိုက်ရှာလာမှာပေါ့၊ တွေ့ရင် မာမီ့ ဆီသာခေါ်ခဲ့တဲ့’

ထို့ကြောင့် ကျွန်တော်သည် သူတို့မိသားစု နေထိုင်ရာ အကောက်တောင်ခြေရင်းရှိ ဘုန်းကြီးကျောင်းဝင်းထဲက ဇရပ်ကြီးသို့ လိုက်ပါသွားလေသည်။

နော်မာနှင့်အတူ ရေချိုးလာသူကလေးမှာ နောင်သော်တက္ကသိုလ်ဘုန်းနိုင်ဟု နာမည်ကြီး စာရေးဆရာဖြစ်လာမည့် ခင်မောင်တင့်၏ အစ်မပဲ။ သူတို့မိသားစုလည်း နော်မာတို့မိသားစုလို ပဲ အခြားဇရပ်ကြီးတစ်ဆောင်မှာ နေကြသည်။

တက္ကသိုလ်ဘုန်းနိုင်လောင်းလျာက အဲဒီအချိန်မှာ အသက် ၁၂–နှစ်လောက်၊ မျက်လုံး ပြူးပြူး ဆံပင်က ကပ္ပလီလို တွန့်တွန့်လိမ်လိမ် ကွေးကွေးကောက်ကောက်မို့ သူ့ကို ‘ကာလီမွေး’ ဟု ခေါ်ကြသည်။ သူတို့အမေက မြစ်ဆိပ်မှာ မုန့်ဟင်းခါးရောင်းသည်၊ ကာလီမွေးက ပန်းကန် ဆေးရသည်။

နော်မာ့အမေက ကျွန်တော့်တွေ့တော့ ကြည်လို့ဗျာ။ ရန်ကုန်မှာတုန်းက တစ်ယောက် တစ်ယောက် မြင်ဖူးရုံပဲ၊ လူချင်းတစ်ခါမှ စကားမပြောဖူးပါဘူး၊ အခုတော့–

‘မောင်ကြင်ဆွေ၊ မင်း တို့နဲ့အတူ လာနေပါလားကွာ’ တဲ့။

အဘွားကြီးက အပါးကြီးဗျ၊ အဲ့ဒီအချိန်မှာ သူ့တွင် သား ၃–ယောက်၊ သမီးတစ်ယောက်ရှိတဲ့အနက်က အကြီးဆုံးသား ပီလီက ၁၆–နှစ်၊ နော်မာက ၁၄–နှစ်၊ ကဲ နက်က ၁၂–နှစ်၊ အငယ်ဆုံး ဂျယ်ရယ်က ၄–၅ နှစ်သားလောက်၊ နို့ပြီး သူ့ယောက္ခမလောင်းကြီး အသက် ၆၀–ကျော်လောက်နဲက ကျွန်တော့်ယောက္ခမလောင်းကြီး အသက်က ၄၂–နှစ်၊ ဒီတော့ သူတို့မိသားစု မှာ အားကိုးလောက်တဲ့ ယောက်ျားသားရယ်လို့ ကြီးကြီးမားမားမရှိ၊ ကျွန်တော်က အဲဒီ ၁၉၄၂–ခုနှစ်မှ ၂၃–နှစ် သားဆိုတော့ ဒီခေတ်ပျက်ထဲမှာ ဒီကောင်လေးပဲ သမက်တော်လိုက်မှလို့ သူဆုံးဖြတ်တာကိုဗျ။

ကျွန်တော်ကလည်း 'ဟယ်. . . . ငါထီပေါက်ပတဲ့'ပေါ့။ အဲဒီညနေ မိုးချုပ်ခါနီးမှာ အသွားအပြန် ငှားလာတဲ့ လှေနဲ့ ညောင်စာရေးကို ပြန်ခဲ့ပြီး–

အဖေခင်ဗျား. . . .

ထုံးဖိုရွာမှာ ကျွန်တော့်ရည်းစားနဲ့တွေ့လို့ အဲဒီမှာပဲ ကျွန်တော်နေတော့မယ်၊ အဖေပေးလိုက်တဲ့ ငရုတ်၊ ကြက်သွန်ဖိုး ငွေ ၂၀၀–ကျပ် သားကို မယား ပေးစားလိုက်တယ်ပဲ သဘောထားပါတော့ဗျာ။

ချစ်သောသားမောင်

စာကို ဒီလိုပဲ တိုတိုရေး၊ ဦးဘိုးချစ်ကိုပေး၊ ကိုယ့်ပါလာတဲ့ သုံးလေးရက်ကစာ အဝတ်အစားလေးတွေယူပြီး နောက်တစ်နေ့ မိုးလင်းလင်းချင်းပဲ နော်မာတို့ရှိရာ ထုံးဖိုရွာ အကောင်တောင်ရင်း ဘုန်းကြီးကျောင်းဝင်းထဲက ဇရပ်ကို သွားတော့တာကိုးဗျ. . .။

ကျွန်တော့်ပါလာတဲ့ ငွေ ၂၀၀–ကျပ်လဲ ယောက္ခမလောင်းကြီးလက်ထဲ အပ်လိုက်တယ်။ အဲဒါ ၁၉၄၂–ခုနှစ်၊ ဧပြီလ တတိယသီတင်းပတ်ထဲမှာပေါ့။ နောက် ဖွန်လ လယ်လောက်ရောက်တော့ မြန်မာတစ်ပြည်လုံးကို ဂျပန်အုပ်စိုး၍ ရန်ကုန်မြို့ကြီး အေးချမ်း သာယာစွာရှိသွားပြီး လူတွေ ကိုယ့်အိုးကိုယ့်အိမ်ကို ပြန်လာကြပြီဆိုတော့ ကျွန်တော့်နဲ့ နော်မာတို့မိသားစုတွေ လှေကြီးတစ်စီး ငှားပြီး ရေဝတီမြစ်ကြောင်းနဲ့ ထုံးဖိုက ရန်ကုန်ကို ပြန်ခဲ့ကြတာပေါ့ဗျ၊ လမ်းမှာ ကြံခင်းတစ်ည၊ မအူပင်တစ်ည၊ နှစ်ညအိပ်ခဲ့ရတယ်၊ တတိယ မြောက်နေ့မှာ ကြည့်မြင်တိုင်ဆိပ်ကမ်းရောက်။

အဲသည်အချိန်တွင် ရန်ကုန်မှာ ဂျပန်စစ်ကားတွေကလွဲ၍ အခြား မော်တော်ကား မရှိတော့ပြီ။ မြင်းလှည်းတွေသာရှိတော့တာမို့ ကျွန်တော်တို့ စမ်းချောင်းမအူပင်လမ်းကိုပြန်ဖို့ လူခုနစ်ယောက်နဲ့ ပစ္စည်းတွေအတွက် မြင်းလှည်းသုံးစီ ငှားရပါသည်။ တစ်စီးသော မြင်းလှည်းသမားက ကျွန်တော်

ကျောင်းသားဘဝကပဲ သိကျွမ်းနေတာမို့ ကျွန်တော်က သူ့ မြင်းလှည်းရှေ့က တက်ထိုင်၊ သူ့လက်ထဲက မြင်းဇက်ကြိုးယူပြီး မောင်းသည်။ ဒီတော့ ကျွန်တော့် ယောက္ခမလောင်းကြီးက–

'ဟေ့. . . . မောင်ကြင်ဆွေ၊ မင်း မြင်းလှည်းမောင်းတတ်သလား' တဲ့။

'ဟာ. . . မောင်းတတ်တာပေါ့ အန်တီရ၊ ကျွန်တော်တို့ ကြို့ပင်ရွာနဲ့ ပေါင်းတည်မြို့ က ၃–မိုင်ဝေးတာပဲ၊ မြင်းလှည်းနဲ့ ကျောင်းတက်ခဲ့ရတော့ နေ့စဉ်စီးနေကျ မြင်းလှည်းသမား တွေဆီက မြင်းလှည်းမောင်း သင်ခဲ့တာပေါ့'

သဟာနဲ့ မရွှေစာကြီးက သူ့သမီးနှင့် ကျွန်တော့်ပေးစားကာ မြင်းလှည်းတစ်စီးဝယ်ပြီး ကျွန်တော့်ကို မောင်းခိုင်းတော့တာကိုဗျ။ ထို့ကြောင့် ဂျပန်တစ်ခေတ်လုံး ကျွန်တော် မြင်းလှည်းသမား ဖြစ်သွားရတော့တာပေါ့။

အဲသည်တုန်းက ရန်ကုန်ဟာ မြင်းလှည်းခေတ်ပဲ တက္ကစီကား တစ်စီးမှမရှိဘူး၊ မြင်းလှည်းတစ်စီးပိုင်တဲ့သူဟာ အခုနယ်မှာ တက္ကစီကားတစ်စီးရှိတာနဲ့ အတူတူပဲ။ အချို့ လူတွေဆိုရင် မြင်းလှည်းသုံးလေးစီးတောင် ထောင်ကြတယ်၊ မောင်းသူကို တစ်နေ့ရသမျှငွေ ရဲ့ လေးပုံတစ်ပုံ ပေးရတယ်။

ကျွန်တော်ကတော့ ကိုယ့်ယောက္ခမ မြင်းလှည်းမောင်းပြီး သူတို့ တစ်အိမ်လုံးကို လုပ် ကျွေးရတော့တာပေါ့ဗျာ။ ယောက္ခမကြီးစီမံပုံက ဒီလိုကိုဗျ။

သို့သော် လူဆိုတာ ကျေးဇူးကို ရှာတင်တတ်ရမယ်၊ စင်စစ် ဤအကြောင်းကို တွေးလိုက်တော့ ၁၉၆၁–ခုနှစ်၊ ကျွန်တော် ပထမဦးဆုံးအကြိမ် စာပေဗိမာန်ဆုရတဲ့ 'ဘဝထို ထို' စာအုပ်ထဲက ဝတ္ထုတွေဟာ ယောက္ခမကြီးက ကျွန်တော့်ကို မြင်းလှည်းမောင်းခိုင်းတဲ့ ကျေးဇူးတွေပေါ့ဗျာ။ ဒီအဘွားကြီးဟာ ၁၉၉၁–ခုနှစ်၊ ဇန်နဝါရီလထဲတွင် အသက် ၉၁–နှစ်မှာ ခရစ်တော်၌ အိပ်ပျော်သွားပါသည်။

အန်တီရေ အဲသည်တုန်းက အန်တီနဲ့ တကျက်ကျက် ရန်ဖြစ်ခဲ့တဲ့ သမက်ဆိုးလေးကို အခုကောင်းကင်ဘုံကနေပြီး ခွင့်လွှတ်ပါတော့ခင်ဗျာ၊ စင်စစ်တော့ အန်တီက ကျွန်တော့်ကို စာရေးဆရာဖြစ်ဖို့ ဘဝတက္ကသိုလ်မှာ သင်တန်းတက်ခိုင်းခြင်းပါပဲ၊ ကျေးဇူးတင်ပါတယ် အန်တီရယ်–

## နောက်ဆုံးသင်တန်းတစ်မျိုး

၁၉၄၆–ခုနှစ်ရောက်တော့ မြန်မာပြည်မှာ ဂျပန်ခေတ်ကုန်ဆုံး၍ အင်္ဂလိပ်အစိုးရ ပြန်လည်အုပ်ချုပ်တဲ့ ကက်စဘီရောက်သောအခါ ရန်ကုန်မြို့မှာ ဘတ်စ်ကားတွေ လှိုင်လှိုင် ဝေလာသဖြင့် မြင်းလှည်းသမားတွေ မစားသာတော့ဘူး၊ မြင်းလှည်းခေတ် ကုန်ဆုံးလေပြီ။

ထို့ကြောင့် ကျွန်တော်သည် မိမိပိုင်မြင်းလှည်းကို ရသမျှဈေးနှင့် ရောင်းချကာ ရန်ကုန်မှာ အလုပ်လက်မဲ့နှင့်နေ၍ မဖြစ်တော့သဖြင့် ကျွန်တော့် ဇနီးနှင့် သားသမီး တစ်ယောက်ခွဲကိုခေါ်ကာ မိမိဇာတိရွာသို့ ပြန်ခဲ့ရတော့၏။

'သားသမီးတစ်ယောက်ခွဲ'ဆိုတာက ဒီလိုပါ။ ဂျပန်ခေတ် ၁၉၄၄-ခုနှစ်က မွေးဖွားခဲ့ သော သမီးဦးလေး ဒယ်ပယ်လ်ဆွေ (ယခု ရန်ကုန် ဆေးတက္ကသိုလ် ၁-က အင်္ဂလိပ်စာပြ ဆရာမ ဒေါ်ဦးဦးမေ) နှစ်ခါလည် သမီးကလေးနှင့် နော်မာ့ ဗိုက်ထဲမှာ ကိုယ်ဝန် ၅-လ လောက် ပါခဲ့ခြင်းကို ဆိုလိုပါသည်။

ဤကိုယ်ဝန်က အဖေ့ကျေးဇူးကြောင့် ကျွန်တော် ဆန်ကုန်သည်အဖြစ်နှင့် ကသာ ရောက်သွားပြီး ၁၉၄၇-ခုနှစ်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော် မသူနှင့်ညားနေခါမှ သား ယောကျ်ားကလေး ကျော်ကျော်ကို မွေးဖွားပါသည်။

အခုန စာရှုသူဖတ်ပြီးခဲ့တဲ့ ကျွန်တော့် သားကလေးနှင့် သမီးလေးအကြောင်း နော်မာ ကျွန်တော့်ဆီရေးလိုက်တဲ့စာရဲ့နေ့စွဲက ၁၉၄၇-ခုနှစ်၊ ဖွန်လ ၃-ရက်နေ့နော်၊ ကျွန်တော် ဆန်ကုန်သည် ဘဝက ပြုတ်စကီးပြုပြီး စာရေး ဆရာဖြစ်ရမှာက ၁၉၄၇-ခုနှစ်၊ ဩဂုတ်လ ဆန်းဗျ။

နို့ပြီး ကျွန်တော့်ဘဝဇာတ်ကြောင်း ထပ်လောင်းရဦးမှာက ကဇာတ်ဆရာ စီမံတဲ့ အတိုင်း စာရေးဆရာဖြစ်တဲ့အခါမှာ နော်မာနဲ့ နောက်ထပ်ကလေး ၃-ယောက် သော်သော် (ဒေါက်တာ အောင်သော်) မော်မော် ယခု (အမေရိက လော့စ်အိမ်ဂျလိစ်မှာ)နှင့် မေဘယ်လ် (သန်းသန်းဆွေ)တို့ကို မွေးဖွားပြီး ၁၉၅၄-ခုနှစ်တွင် တတိယဇနီး မေ(ခ)ခင်မေရီနဲ့ ညားရဦး မှာကိုးဗျ။

အခုတော့ အဲသည့်ဇနီးမေဟာ ကျွန်တော်နှင့် ၃၈-နှစ်ပေါင်းခဲ့ပြီး (၅-၁၂-၉၂)နေ့ နံနက်စောစော ၁-နာရီခွဲတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် အခု ဒီစာရေးနေတာ ဒီဇင်ဘာလ ၁၉-ရက်နေ့ဆိုတော့ ကျွန်တော် မုဆိုးဖိုလေးဖြစ်သွားတာ ၄-ရက် ရှိသွားပါပြီ ဗျာ။

အရင် မေနဲ့ အတူနေခဲ့တဲ့ အင်းစိန် မဂ္ဂင်ကျောင်းလမ်းက အိမ်ကလေးကို မြေးကလေး အက်ဖီအားပေးခဲ့ပြီး ယခု ကျွန်တော့်သမီးကြီး ဒင်ပယ်ဆွေ၏အိမ်၊ ဖုန်း ၈၃၄၈၉၊ ပြည်ထောင်စုရိပ်သာ၊ တိုက်နံပါတ် ၄၊ အခန်းအမှတ် စီ၊ ပြည်ထောင်စုရိပ်သာ လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့မှာ နေပါတယ် ခင်ဗျာ။

ဩော်. . . . ချစ်ကြ ခင်ကြ ကြင်နာကြနှင့် အစဉ်ထာဝရ ရွှင်ရွှင်ပျပျနေခဲ့ကြတဲ့ အကြင်လင်မယားတွေမှန်သမျှ အဆုံးသတ်မှာတော့ အပြုံးရပ်ရပြီး မုဆိုးဖို မုဆိုးမရယ်လို့ မရချင် ရချင်ဘဲ၀ယ်နဲ့ လုရတဲ့ပွဲကိုတော့ ကြုံရမြဲပဲ။

အဲဒီပွဲမှာ အခု ကျွန်တော် မုဆိုးဖိုဖြစ်သွားပြီဗျာ။

'မယားနေစ ကြောင်သေမှ' ဆိုတဲ့ စကားရှိတယ်တဲ့ အခု 'မယားသေစ'မှာတော့ ကျွန်တော် ဘာကောင်ရှာပြီး သတ်ရမလဲ မသိတော့ပါဘူး။

အခု မယားလက်မဲ့ဖြစ်သွားတော့ ဘယ်လိုကြီးလဲ မသိပါဘူးဗျာ။ ရင်ထဲမှာဟာနေပြီး တော့ ယခင် ဇနီးဟောင်းနှစ်ယောက်ကိုလဲ ပြန်တွေးပြီး ဆွေးနေမိတယ်။ ဒါကြောင့်. . . .

ပျော်စရာတွေ အရွှန်းစား မတွေးနိုင်တော့ဘူး၊ သော်တာဆွေ လွမ်းစာရေးတော့မယ် ဗျ။

ကရုဏာ အချစ်မှ သမုဒယ အမြစ်တွယ်ခဲ့တဲ့ မသူနှင့် ကျွန်တော့် ဇာတ်လမ်း တစ်ခန်းဆက်ဦးစို့။

## ဟာစ်တစ်လုံး

ပေါင်းတည်မြို့နယ် ကြို့ပင်ရွာရှိ ကျွန်တော့်အဖေ အိမ်တွင် ကျန်ခဲ့သော ဇနီးသည် နော်မာထံမှ ပေးလိုက်သောစာ ရောက်လာသောအချိန်မှာ မသူသည် အိမ်၌မရှိ။ ကျွန်တော် တစ်ယောက်တည်း အိပ်ရာထဲ တုံးလုံးလှဲ၍ ယင်းစာကို ထပ်ကာ ထပ်ကာ ဖတ်နေသည်။

၎င်းစာထဲတွင် နော်မာရေးလိုက်သော. . . .

'တစ်ချို့က ပြောနေကြတယ်၊ ကသာနယ်ဆိုတာ မိန်းမသိပ်ပေါတာတဲ့။ ကြင်ဆွေတော့ ဟိုမှာမိန်းမရနေလို့ မပြန်နိုင်တာ ဖြစ်မှာပဲ ဘာညာနဲ့၊ ကိုကြင်ဆွေ့ အဖေက တောင် အင်း ဒီကောင့် ကံဇာတာမှာက မျက်နှာများတယ်၊ ဟုတ်များ နေမလား မသိဘူးလို့ ညည်းနေသေးတယ်၊ ဒါပေမယ့် နော်မာကတော့ သူတို့ဘာပြောပြော မယုံပါဘူး၊ ဘာကြောင့်ဆို ကိုကြင်ဆွေဟာ နော်မာ့ကို ဘယ်လောက်ချစ်သလဲဆိုတာ သိတယ်လေ. . .

နို့ပြီး ကိုကြင်ဆွေ့သမီး ဒင်ပယ်လ်ဆွေအကြောင်း ပြောရဦးမယ်၊ ဟိုတစ်နေ့ကပဲ စပါးပွဲစား ကိုစံမြင့်က ဟေ့. . . ပယ်ပယ်၊ နင့်အဖေကတော့ အညာမှာ မိန်းမရလို့ ပြန်မလာ တော့ဘူး ဘာညာနဲ့ စ,တော့ သူက အောင်မယ် ပယ်ပယ့် ဒါဒါက အန်ကယ့်လို မှတ်လို့လား၊ အန်ကယ်သာ တောမှာ စပါးသွားဝယ်ရင်းနဲ့ မိန်းမတွေ တိတ်တိတ် ပုန်း ယူနေတာ၊ ပယ်ပယ့်ဒါဒါကို ဒီလိုမပြောပါနဲ့ရှင့်လို့ ရန်တွေ့တယ်။

ဒီစာဖတ်ရင်း ကျွန်တော် ရင်နင့်သွားသည်။

နို့ပြီး ကိုကြင်ဆွေ မမြင်ရသေးတဲ့ သားကလေးကလည်း အခု ဝမ်းလျားထိုး သွားနေပြီ၊ သန်လိုက်တာကြီးကလည်း တစ်လှမ်းတစ်လှမ်း တိုးလိုက်ရင် အဝေးကြီး၊ သင်းဖြူး ဟိုဘက် ဒီဘက်ကို လေးငါးလှမ်းပဲ၊ ငိုလိုက်ရင်လည်း သူ့အသံကြီးက ကျယ်လိုက်တာ၊ အာခေါင်ထဲ လော်စပီကာ ထည့်ထားသလား အောက်မေ့ရတယ်'

ထိုအချိန်၌ ကျွန်တော် စာရေးဆရာ မဖြစ်သေးသော်လည်း ကိုယ့်စိတ်ထဲမှာ ခံစားရ သော အကြောင်းအရာ တစ်ခုခုကိုတွေ့လျှင် ခေါင်းထဲမှာ ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ဖြစ်လာအောင် စိတ်ကူးတတ်သည်။

'ငိုလိုက်ရင်လဲ သူ့အသံကြီးကကျယ်လိုက်တာ၊ အာခေါင်ထဲ လော်စပီကာ ထည့်ထား သလား အောက်မေ့ရတယ်' ဆိုတဲ့ စာပိုဒ်ကို အခြေခံပြီးတော့ ကျွန်တော့် ခေါင်းထဲမှာ ကျွန်တော် မမြင်ရသေးတဲ့ သားကလေးကို 'ဟစ်တစ်လုံး' လို့ နာမည်ပေးပြီး စိတ်ကူးလိုက်တာ ၁၉၇၄–ခုနှစ်၊ ဒီဇင်ဘာလထုတ် ရှုမဝ မဂ္ဂဇင်းမှာ သော်တာဆွေ၏ တတိယမြောက် ဝတ္ထု 'ဖြူပြာ မူလကျီ' ဆိုတာ ဖြစ်လာတယ်လေ။

ကျေးရွာကလေး တစ်ခုမှာ သူ့အဖေက (ကျွန်တော်) မာင်တက်ပု၊ မအေက မနော်၊ ဟစ်တစ်လုံးက အငိုသန်သော အစားသရဲသော ကလေးဆိုးလေး။

အဲဒီ တက်ပု၊ ဟစ်တစ်လုံး ဝတ္ထုတွေ ကျွန်တော် တော်တော် များများရေးခဲ့တယ်။

'ဘွန်တ္တော ကြက်သူခိုးက' လုံးချင်း ဝတ္ထုရှည်ကြီး၊ ရုပ်ရှင်တောင် ရိုက်ခဲ့ပါတယ်။

ဟစ်တစ်လုံး ပထမဦးဆုံးဝတ္ထု 'ဖြူပြာမူလကျီ' ကတော့ မသူနှင့်ကျွန်တော် ကသာမှာနေစဉ် နော်မာဆီက လာတဲ့စာဖတ်ပြီး ကျွန်တော် စိတ်ကူးခဲ့တာပဲ။

ဖော်ပြခဲ့သည့်အတိုင်း အိမ်မှာ မသူ မရှိခိုက် ကျွန်တော် တစ်ယောက်တည်း အိပ်ရာထဲ တုံးလုံးလှဲ နဖူးပေါ် လက်တင်ပြီး စဉ်းစားနေသော ဟာသဝတ္ထုကိုးပျ။

ကိုယ့်ဟာကိုယ် သဘောကျပြီး တစ်ခါတစ်ခါ ပြုံးလိုက်မိတယ်။

အဲသည်တုန်းမှာ နောက်ဖေးပေါက်က တက်လာတဲ့ မသူခြေသံ ကြားလိုက်ရပြီး–

'ဖအေကြီးကတစ်ယောက်တည်း အိပ်ရာထဲမှာ ဘာသဘောကျလို့ ပြုံးနေတာလဲ၊ ဟောဒီမှာ တော့်သား ကြည့်ပါဦး'

ဆိုလို့ သူ့ဘက်လှည့်လိုက်တော့ မသူဟာ ကြက်ကလေး ဖိုးကံကောင်းကို ပိုက်ချီလာပြီး–

'ဒီမှာ ကြည့်စမ်း အမောင်၊ အမောင် သားဟာ ဘယ်လောက်ဆိုးသလဲလို့၊ ဂျာမဒါကိုမှ ကြက်ဖကြီးနဲ့ သွားခွပ်နေလို့ အတင်း ဖမ်းယူခဲ့ရတယ်'

ကျွန်တော် အိပ်ရာပေါ်က ထထိုင်ပြီးကြည့်လိုက်တော့ မသူလက်ထဲမှာ မျက်နှာ သွေးသံရဲရဲနှင့် ဒေါသ မပြေသေးတဲ့ တတောက်တောက်မြည်ရင်း ရုန်းကန်နေသော ကြက်ဖကလေးကို မြင်ရပါသည်။

သူ့အသက်မှာ ရှစ်လသားခန့်ရှိပြီဖြစ်၍ အမွေးအတောင်စုံလင်ကာ ကြက်ဖကြီးဖြစ်နေ ၍ ကြက်ကလေးသံ တွတ်တွတ် မဟုတ်တော့ဘဲ ကြက်ဖကြီးသံ ကွတ်ကွတ် ကွတ်ကွတ် မြည်နေချေပြီ။

မသူသည် ကျွန်တော့် ခြေရင်းနားမှာ ကြက်ဖလေးကို ချလိုက်ကာ–

'ကဲ. . . မအေကြီး၊ ကိုယ့်သားကိုယ် ဘယ့်နှယ်လုပ်မလဲ၊ ထမျှားကြည့်စမ်းပါဦး၊ မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ မီးရထား ဆရာဝန်ဆီ သွားမလား'

ဤစဉ်မှာ နော်မှဲ့ထံကစာကို ခေါင်းအုံးအောက်သွင်းလိုက်ကာ ကျွန်တော် အိပ်ရာမှ ထလိုက်ပြီး–

'ဟာ. . . ကြက်ကို ဆရာဝန်ဆီ ပို့ရမလားဟ၊ မုန်း. . . . ပေးစမ်း'

ဟု ဆို၍ ကြက်ကို ယူကြည့်လိုက်ရာ အတက်စူးသော ဒဏ်ရာဒဏ်ချက်ကား မတွေ့ရချေ။

ညှိမည်းသော ခြေသလုံးများသာ ရှိလျက် သူတို့ ခွပ်ကြသည်မှာ တစ်နာရီမျှ ကြာမည်ဖြစ်၍ လည်ချောင်းထဲမှ ချွဲရိုက် မထုတ်လျှင် မဖြစ်သောကြောင့်–

'ကဲ. . . မသူ၊ ချွဲချပေးမှပဲ ဖြစ်တော့မယ်၊ ထမင်းစားတော့ လက်ဆေးတဲ့ ဇလုံထဲ ရေထည့်ယူခဲ့'

ကျွန်တော်သည် ကြက်သမားမို့ ကြက်အကြောင်း ကောင်းကောင်း နားလည်ပါသည်။

မသူ ရေယူလာသောအခါ၌ ကျွန်တော်သည် ပုဆိုးကို ခါးတောင်းကျိုက်လိုက်ပြီး ကြက်ခြေထောက် နှစ်ချောင်းကို ပေါင်ကြားတွင်လိမ်၍ ညှပ်လိုက်သော ကြက်ပါးစပ်ထဲသို့ ရေအပြည့် ခွံ့ထည့်လိုက်ပြီးမှ ဇောက်ထိုးဆွဲ၍ လည်ပင်းကိုလက်ဝါးနှင့် ချွဲရိုက်ချလိုက်ပါ သည်။

မသူသည် ယင်းကိုကြည့်၍ မျက်လုံးပြူးကာ–

'ဟင်. . . အမောင်၊ ဘယ့်နှယ်လုပ်နေတာလဲ၊ ကျွန်မသားလေး သေရောပေါ့'

'အို. . . စကားများမနေစမ်းပါနဲ့ကွာ၊ ဒီလိုပဲ လုပ်ရတယ်၊ အဲဒီလို ချွဲချမပေးရင် ချွဲကပ်ပြီး သေတတ်တယ်ဗျ၊ သွား. . . တရုတ်ဝါးအခန်းမှာ ကြက်တောင် သွားတောင်းချေစမ်း၊ နောက် ကြက်တောင်နဲ့ ချွဲထုတ်ပေးရဦးမယ်၊ နို့ပြီး မရှမ်းစင်က ဖရုံရွက် တစ်ရွက်လဲ ခူးခဲ့'

မသူ ပြန်ရောက်လာသောအခါ၌ ကြက် ချွဲရိုက်ပြီးပြီ ဖြစ်ရာဆောင့်ကြောင့်ထိုင်ရင်း ကြက်ကို ပေါင်ကြားထဲထည့်ကာ ကြက်တောင်နှင့် ချွဲကျပ်ပေးရပြန်သည်။

မသူသည် ကြက်တောင် လည်ချောင်းထဲမှ ဆွဲထုတ်လိုက်လျှင် ဆန့်ငင်ဆန့်ငင်နှင့် မျက်လုံးပြူးနေသော ကြက်ကလေးကို ကြည့်ကာ–

'ကဲ. . . သွားပြီး ရန်ဖြစ်ချေဦး၊ မှတ်ထား၊ ခွပ်တုန်းကလဲနာ၊ အခုလဲ မရှိတော့ဘူး၊ နင် လူပျိုဖြစ်လာမှ အင်မတန်ကို ဆိုးချင်တယ်၊ နင်ဟာ နင့်အဖေနဲ့အတူတူပဲ၊ ရန်ဖြစ်ရတာ များ ပျော်စရာ အောက်မေ့နေသလား မသိပါဘူး'

ကျွန်တော်သည် ကြက်တောင်အရင်းကို လက်ဝါး နှစ်ဖက်နှင့် ပွတ်၍ ပတ်ပတ်လည့်ကာ ချွဲခါထုတ်နေရာမှ–

'ဟေ့. . . မသူ၊ မင်း ငါ့ကိုပါ ဆွဲထည့်ပြန်ပြီကွာ၊ ဘာဆိုင်လို့တုံးကွ'

‘ဆိုင်ပြီလားတော်၊ တော့်သားက တော်လိုပဲ၊ ဗိုလ်ကျချင်နေတာပ၊ ကိုမူကတောင် ပြောလိုက်သေးတယ်၊ သူ့ကြက်ဖကြီး အိမ်ခြံဝင်းထဲမှာ နေတာကို သူက လာနယ်ချဲ့တာနဲ့ ခွပ်ပစေဆိုပြီး ကြည့်နေလိုက်တာတဲ့’

‘သူ့ကြက်က တို့ကြက်ထက် ကြီးနေတာကိုးကွ’

ဤစဉ်တွင် အပြင်ဘက်မှ–

‘ဟေ့. . . မသူ၊ ခင်ဗျားတို့ ကြက်ကလေး ဘယ့်နှယ်နေသေးလဲ၊ ချဲကပ်သွားမှာ စိုးရတယ်၊ ကျုပ် ချဲချပေးမယ်’

ဟု ပြောရင်း ကိုမူသည် အိမ်ပေါ်တက်လာရင်း ကြက်ကလေးအား ကျွန်တော် ပြုလုပ်နေသည်ကို ကြည့်ကာ အံ့အားသင့်လျက်–

‘အယား. . . ယားယား. . . ဒီဆရာကလဲ ကြက်နားလည်သကိုး’

ကျွန်တော်ကလဲ ပြုံးလိုက်ကာ။

‘ကျွန်တော်ကလဲ ကြက်သမားကိုးဗျ’

‘ဒါဖြင့် ကိုဆွေ ဒီကြက်ကလေး သုံးနိုင်တယ်ဗျ၊ ကျွန်တော့် တစ်မွေးထိုး ကြက်ကြီးကို နှစ်ခါတောင် လည်ထွက်သွားအောင် ခွပ်နိုင်တယ်၊ တယ်ပြီး အကြောအခြင်နီးတယ်၊ နို့ပြီး ခွပ်လမ်းလဲ တော်တောင်စုံတယ်’

ဤကြက်ကလေး၏ အဆက်အပေါက် အမွေးအတောင်း ခြေသလုံး၊ ခြေကြေး၊ နှုတ်သီး၊ မျက်လုံး၊ အသံတို့မှာ တိုက်ကြက်ကောင်းတို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံကြောင်းကို သူ မြီးကောင်ပေါက်စကလေးကပင် ကျွန်တော် သတိပြုခဲ့မိပေသည်။ ထို့ကြောင့်–

‘ကောင်းမှာကတော့ သေချာတယ် ကိုမူ၊ သူခွပ်တာ မမြင်ရသေးပေမယ့် ကျွန်တော် သိတယ်၊ ကြက်စောင့်၊ ကြက်ဆုတ်၊ ကြက်လှန်လေးနေလိမ့်မယ်’

‘ဟုတ်တယ်၊ ဟုတ်တယ်၊ အမယ် လိုက်စရာရှိတော့လဲ လိုက်တယ်ဗျ၊ ခွပ်လမ်းတော် တော်စုံတဲ့ ကြက်လိမ္မာလေးပဲ၊ ဒီကြက်ကလေး ကိုဆွေ ဘယ်ကရတာလဲ’

‘တောင်နီကဗျ’

‘ဟာ. . . တောင်နီ မင်းကုန်းဆိုတာ ကြက်ကောင်းထွက်တဲ့ အရပ်ပဲဗျ’

တောင်နီနှင့် မင်းကုန်းသည် မိုးညှင်းနှင့် မိုးကောင်းကြားတွင် တစ်ရွာစီ၊ တစ်ဘူတာစီ ဖြစ်ကြသော်လည်း တောင်နီ မင်းကုန်းဟု နှစ်ခုပေါင်း၍ ခေါ်ကြသည်။

ကျွန်တော် ကြက်ကလေးအား ဖရုံရွက်ကို လုံးထွေး၍ ခွံ့လိုက်ပြီးနောက်–

‘မသူရေ၊ မင့်သား မျက်နှာနဲ့ခြေထောက်ကို အုန်းဆီ လိမ်းပေးပြီး အိမ်ပေါ်မှာ ချည်ထားလိုက်၊ သုံးရက်လောက် အောက်မလွှတ်နဲ့ဦး’

ဤတွင် ကိုမူက–

'အယား. . . ယားယား ဆရာကြီးက ကြက်ကလေး သနေလိုက်တာ၊ ကြက်တိုက်စား မလို့ ထင်ပါရဲ့'

'တိုက်သင့်တိုက်ရမှာပေါ့ဗျ၊ ကသာမှာ ကြက်ဝိုင်းကောင်းကောင်း ရှိရဲ့လား'

'စက်ဝင်းထဲမှာ ရှိပါ့ဗျာ'

ကျွန်တော်သည် ဖြစ်သမျှအကြောင်းနှင့် နေရပ်သို့ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီဖြစ်၍ နော်မဲ့ထံမှ စာရောက်ပြီး နောက်တစ်နေ့နံနက်တွင် ကိုတင်လုံးနှင့် နောက်ဆုံးစကား ပြောရလေသည်။

သူ့ထံမှ ရစရာငွေ အော်ဒီမံစာချုပ်နှင့် ၂၆၇၅ ကျပ် ရှိသည်။

'ကဲ. . . ကိုတင်လုံး ခင်ဗျားနဲ့ကျွန်တော် ရှင်းကြဦးစို့၊ ကျွန်တော့် စာရင်းထဲမှာ ခင်ဗျားအပေါ် ကျန်ငွေ ကျပ် ၁၉၀၀ ပဲ၊ ခင်ဗျားစာရင်းနဲ့ ကိုက်ရဲ့လား'

သူသည် ထုံးစံအတိုင်း ပေါ့ဆဆပင်။

'ကိုက်ပါလိမ့်မယ်ဗျာ၊ ကိုက်မှာပေါ့၊ တစ်ယောက်နဲ့ တစ်ယောက် မဟုတ်တာ လုပ်မယ့် လူတွေမှ မဟုတ်တာပဲ'

ကျွန်တော်သည် မျက်နှာထားတင်းလိုက်ကာ အသံ ခပ်ပြတ်ပြတ်ဖြင့်–

'ဒီမှာ ကိုတင်လုံး၊ ခပ်ပေါ့ပေါ့ ပြောမနေစမ်းပါနဲ့၊ ခင်ဗျား ငွေ ၁၉၀၀ ကျပ်ကို အတည်ပြုရမယ်၊ ပေးရမယ် မဟုတ်လား၊ အဲဒါ ပြောစမ်းပါ'

'ဟာ ကိုဆွေကလဲ ပေးရမှာပေါ့ဗျာ၊ မကြာရပါဘူး၊ အခု ကျွန်တော် နက်ဖြန် သန်ဘက်ပဲ ရွှေကူကို သွားမလို့ပါ၊ အဲဒီတော့ လုံးခနဲ တစ်ခါတည်း ယူပေါ့'

ကျွန်တော်သည် သူ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ကာ နှုတ်ခမ်းနှစ်ခုကိုစု၍ ဖျက်ခနဲ စုပ်လိုက်ပြီး–

'ဒီမှာ ကိုတင်လုံး. . . . အဲဒီ စာအုပ်ဟောင်းကြီးအတိုင်း ပြန်ရွတ်မနေစမ်းပါနဲ့၊ ကျုပ် လုံးဝ အယုံအကြည်မရှိဘူး၊ ဟိုတုန်းကလဲ ယုံကြည်ခဲ့တာ မဟုတ်ဘူး၊ ကျုပ်စိတ် ကျုပ် မဆုံးဖြတ်နိုင်သေးလို့သာ ရေလိုက်ငါးလိုက် အဆင်သင့်သလို ရသမျှတောင်းနေတာ အခုတော့ ကျုပ် မဖြစ်ဖြစ်တဲ့နည်းနဲ့ အိမ်ပြန်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီ၊ ဒီတော့ ကျွန်တော် ခင်ဗျားတတ်နိုင်တဲ့နည်းလဲဖြစ်အောင် တိုတိုပဲပြောမယ်ဗျာ အဲဒီငွေ ၁၉၀၀ ကျပ် အနက်က ကသာမှာ ၄၀၀ ကျပ် လိုချင်တယ်၊ ကျွန်တော် ပြန်ဖို့စရိတ် ကျန်တဲ့ ၁၅၀၀ ကျပ်ကိုတော့ နောက်မှရောက်ရားပဲ၊ ဘယ့်နှယ်လဲ ဒီငွေ ၄၀၀ ကျပ်ကိုတော့ ခင်ဗျား ပေးနိုင်မယ် မဟုတ်လား'

သူသည် စိတ်အေးသက်သာစွာပင်။

'ဟာ. . . ဒီလိုဆို ပိုကောင်းပါတယ်ဗျာ၊ ဒီငွေ ၄၀၀ ကျပ်ကိုပေးနိုင်ပါတယ်၊ ကျန်တာကိုတော့ ခင်ဗျားလိပ်စာသာပေးခဲ့၊ ကျွန်တော် ရရချင်း စာတိုက်ကပို့လိုက်မယ်'

ကျွန်တော်သည် သူ့ကို ပမာမခန့်ပင် နှုတ်ခမ်းကိုရွဲ့လိုက်ကာ–

'အမယ်. . . ကိုယ့်လူက၊ ကဲ. . . ဒီစာတိုက်က ပို့မှာကို နံဘေးထားပြီးတော့ အဲ့ဒီ ငွေ ၄၀၀ ကျပ်ကို ဘယ်နေ့ပေးမလဲဆိုတာသာ ရက်ချိန်းပေး၊ သိပ်လဲ အလောတကြီး မပြောနဲ့ စဉ်းစဉ်းစားစားပြော၊ ဒီငွေနဲ့ ဒီရက်ချိန်းပျက်ရင်တော့ ဟင်း. . . ကိုတင်လုံး'

ကျွန်တော်သည် အံကိုကြိတ်လိုက်၍ စကားကို ဤနေရာ၌ပင် ဖြတ်လိုက်သည်။ သူသည် ကျွန်တော့်မျက်နှာကို တစ်ချက်လှန်၍ ကြည့်လိုက်ပြီး လက်များကိုချိုး၍ ရေတွက် နေသည်။

ကျွန်တော်က–

ဒီနေ့ မေလ ၁၀ ရက်ဗျ၊ ချိန်းစမ်း. . . ချိန်းစမ်း. . . တိတိကျကျ ချိန်းစမ်း၊ နည်းနည်းပါးပါး ကြာချင်ကြာပါစေ၊ ပြောတဲ့နေ့ရရင် ပြီးရော'

သူသည် အတော်ကြာမျှ စဉ်းစားဟန်ပြုပြီးနောက်. . . .

'၅–ရက်လောက်တော့ ကြာမယ်'

ကျွန်တော်သည် သူ့စကားကို ကြားလျှင်ကြားချင်း ကောက်ကာငင်ကာပင်၊

'အမယ်. . . ကိုတင်လုံး၊ ငါးရက်ဆိုတာ မြန်လှချည်လားဗျ၊ ဒီလောက်လဲ မမြန်နဲ့လေ၊ ခင်ဗျားကို ကျွန်တော်က နောက်ထပ် ငါးရက်ပေးလိုက်ဦးမယ်၊ ၁၀–ရက်ဗျာ ၁၀–ရက်၊ ကြာပါစေ ဘယ့်နှယ်လဲ'

'ဟာ. . . . ရမှာပေါ့ဗျာ'

'ကဲ. . . ဒါဖြင့် ဒီနေ့ မေလ ၁၀–ရက်၊ အရက် ၂၀–နေ့ ဟောဒီအချိန် မနက် ၁၀–နာရီတိတိပေးဗျာ'

'စိတ်ချ ကိုဆွေ၊ ကျွန်တော်ပေးမယ်'

'ကဲ. . . ဒါဖြင့် အဲဒီငွေရတဲ့ရက်နဲက သင်္ဘောပတ်နဲ့ထွက်ပြီး ကျွန်တော့်မိန်းမဆီကို ဘယ်နေ့ကသာက ထွက်ခဲ့မယ်ဆိုတာကို ကတိစကား ရေးလိုက်တော့မယ်၊ ကျွန်တော်ဟာ ဘယ်တော့မှ ကတိဖျက်တဲ့ကောင် မဟုတ်ဘူးဗျ၊ အဲဒီ ကတိများ ပျက်ရရင်တော့ ကျွန်တော့် မိန်းမက ခွင့်လွှတ်နိုင်အောင်ဟာကို ကျွန်တော့်အသက်ရင်လဲ သေမှ၊ ဒါမှမဟုတ် ကျွန်တော် ကိုယ်တိုင်လဲ အချုပ်ခန်းထဲရောက်နေမှပဲ၊ ဘယ့်နှယ်လဲ ကိုတင်လုံး၊ ကျွန်တော်ပြောတဲ့ စကားအဓိပ္ပာယ် ခင်ဗျားနားလည်ပါတယ်နော်'

ကိုတင်လုံးသည် မျက်လုံးကလေး ကြောင်တောင်တောင်နှင့်ပြုံးကာ–

'ဒါလောက်လဲ မဖြစ်ရစေပါဘူးဗျာ၊ ခင်ဗျား ငွေလေးရာရပါစေ့မယ်၊ စိတ်ချပါ'

'အေး. . . . ကျွန်တော်ကတော့ စိတ်ချလိုက်ပြီဗျာ၊ ခင်ဗျားကသာ ခင်ဗျားကိုယ်ခင်ဗျား စိတ်ချရအောင်လုပ်ပါ'

စင်စစ် သူသည် ကျွန်တော်၏ ထက်မြက်တင်းမာနေသော အသံနှင့် အမူအရာကြောင့် မျက်နှာ ဘယ်လိုထားမှန်းမသိဖြစ်နေရာမှ မျက်ခုံးချီလိုက်ကာ အသံခပ်အေးအေးဖြင့်–

'သြော်. . . . . ဒါထက် ကိုဆွေ၊ ခင်ဗျား ဒီကောင်မလေးကို ခေါ်သွားမယ်လား'

ကျွန်တော်သည် အမြန်ပင် ခေါင်းယမ်းလိုက်ကာ–

'ဟာ. . . . . . ဘယ်ခေါ်သွားနိုင်မလဲဗျ၊ ကျွန်တော့်ဟိုမှာ မယားနဲ့ ကလေးနှစ်ယောက်နဲ့ ဟာကို'

'ဟင်. . . . . ဒါဖြင့် ဒီမှာ ဘယ့်နှယ်လုပ်ထားခဲ့မလဲ'

'ငွေလေး အနည်းအကျဉ်းပေးပြီး သူ့ရွာသူပြန်နိုင်းပြီး ကောင်းကောင်းမွန်မွန် နေခိုင်းရမှာပေါ့ဗျာ'

ကိုတင်လုံး မျက်နှာရှုံ့လိုက်ကာ–

'ဟင်. . . . ဒီကောင်မလေးက မပြန်သေးဘူး၊ ခြံခုန်ဖူးတဲ့နွားလို၊ နို့ပြီး အောင်သင်းကြီးကလဲ သူ့ထမင်းအိုးကို အမြဲတမ်းစောင့်ကြည့်နေတာဗျ၊ အခု ခင်ဗျားရှိနေသေးလို့'

ကျွန်တော်သည် ဤစိတ်မချမ်းသာစရာစကားကို မကြားချင်သဖြင့်–

'အို. . . . . ဒါတွေပြောမနေစမ်းပါနဲ့ ကိုတင်လုံးရာ ကျွန်တော် တတ်နိုင်သလောက် ပြုပြင်လို့မရလဲ သူ့ထိုက်နဲ့ သူ့ကံပေါ့ဗျာ၊ ကဲ. . . . . ကျွန်တော်သွားမယ်'

ကျွန်တော် ဘူတာဝင်းသို့ ပြန်ခဲ့သောအခါ၌ ခွဲခွာပစ်ခဲ့ရတော့မည့် မသူအတွက် မည်မျှလောက် စိတ်ပန်း လူပန်းရှိလှမည်ကို ဖော်ပြစရာလိုတော့မည် မထင်ပါ။

ကျွန်တော့်စိတ်၌ကား ဤထွက်ခွာရတော့မည့်နေ့ကို ဆုံးဖြတ်ပြီးဖြစ်သော်လည်း မသူအား ကြိုကြိုတင်တင် မသိစေဘဲ ကိုတင်လုံးဆီမှ ငွေလေးရာရမှ အားလုံး ဖွင့်ဟမှာကြားကာ သူ့ကို သုံးရာပေး၍ နေရပ်သို့ပြန်စေကာ ကျွန်တော်က စရိတ်တစ်ရာနှင့်သာ ကျွန်တော့်ရွာသို့ပြန်မည်။ ဤအတွင်း အတူနေရသမျှအချိန်လေး၌ကား တတ်နိုင်သလောက် စိတ်အေးသက်သာရှိပါစေဟု ရည်စူးခဲ့ပါသည်။

ကျွန်တော့်အိပ်ခန်းသို့ လှမ်းမြင်ရရင် မသူသည် နောက်ဖေးဘက်၌ ကလေး တစ်ယောက်ကို သူ့ကျောတွင် အဝတ်နှင့်သိုင်းကာ ကျွန်တော့်အကျီများကို ဖွပ်လျှော် နေသည်ကို တွေ့ရပါသည်။

ဤအရပ်ဒေသ၌ အများအားဖြင့် အမျိုးသမီးတို့သည် နို့စို့ကလေးများကို တရုတ်မများ ကဲ့သို့ ကျောတွင်လွယ်ပိုးတတ်ပါသည်။ မိုးညှင်းက ရှမ်းမများမူ ကလေးကျောပိုးနှင့် ရှေ့နောက် ခြမ်းနှစ်လုံးကို ထမ်းပိုးနှင့်ထမ်း၍ သွားလာခြင်းကိုပင် ပြုကြပါသည်။

'ဟော့ . . . . မသူ၊ ဘယ်သူ့ကလေးကြီးများ အဝတ်လျှောင်ရင်း ကျောပိုးနေရပြန်တာလဲကွ'

ကျွန်တော်က သူ့နောက်မှ မေးလိုက်လျှင် ပြုံးရွှင်သော မျက်နှာကလေးနှင့် လှည့်ကာ–

'သြော် . . . . . အမောင် ပြန်လာပြီလား၊ ဟိုဘက်တန်းလျားက မသေး ကလေးလေ၊ သူ့အမေ အာလူးကြော်နေတာ ကလေးညှော်မစိုးလို့တဲ့ လာပေးထားတာ'

'မင့်ကလဲ ကလေးရှူးရှူးပါ့ကွာ၊ ကိုယ့်အလုပ်လုပ်ရင်း တန်းလန်းကတောင် သူများ ကလေး ယူပြီး ကျောမှာလွယ်ထားရသေးတယ်လို့ပဲ'

'ရှူးတာပေါ့ အမောင်ရယ်၊ ကိုယ်ကမှ မမွေးနိုင်တာကြီးကို'

'အို . . . . သူ့မလဲ ကလေးမွေးချင်လိုက်တာလွန်လို့၊ ဘာလုပ်ဖို့လဲကွာ၊ ရှုပ်ရှုပ်ယှက်ယှက်'

'မွေးချင်ရတာပ အမောင်ရယ်၊ လင်ရှိရက်သားနဲ့ ကလေးမမွေးတော့ အမြုံမဆိုတာ ဘယ်ကောင်းမှာလဲလို့'

ဟု ပြောရာမှ သူ ကျွန်တော့် ဆိုလိုရင်းကို ရိပ်စားမိ၍ ကျွန်တော့်အား မျက်စောင်းထိုး ကာ–

'ဟင် . . . . . ဟုတ်တယ်၊ အမောင့်အဖို့တော့ ကလေးက ရှုပ်ရှုပ်ယှက်ယှက်ပ'

ဤနေရာ၌ ကျွန်တော် တွေးမိလိုက်ပါသည်။ ကျွန်တော် မသူနှင့်ညားခဲ့သည်မှာ လေးလကျော် ငါးလထဲ ရောက်နေပါပြီ။ အကယ်တွေ့ မသူ၌ ကလေးရှိခဲ့ပါသော် ကျွန်တော် ဆက်ပြီး မတွေးဝံ့တော့ပါ။ သားသမီးသံယောဇဉ် ဆိုလျှင်ကား ကျွှနတော် သူ့ကိုထား၍ ပြန်ခဲ့ ရတော့မည်ဆိုသော အစီအစဉ်သည်–

ကျွန်တော် အာရုံပြောင်းပစ်လိုက်ကာ–

'နို့ . . . . . မင်းမှာ ဗိုက်မနာသားလေးရှိတယ် မဟုတ်လားကွာ၊ အခု သူဘယ်မှာလဲ'

'အိမ်ပေါ်မှာ ကြိုးနဲ့ ချည်ထားတယ်လေ၊ အမောင်က အောက်မလွှတ်နဲ့ဦးဆိုလို့'

'အေး . . . . . မနက်ပိုင်း နှင်းကျတုန်း မလွှတ်ရဘူး၊ နှင်းသီးတတ်တယ်၊ သူ့မျက်နှာလဲ အုန်းဆီ မပြတ် လိမ်းပေး၊ နို့ . . . . တွန်ကော တွန်ရဲ့လား'

'ခါတိုင်းလောက်တော့ မတွန်ဘူး၊ ခဏကြာ ခဏကြာမှပဲ တွန်တယ်၊ အသံလဲ တစ်မျိုး ဖြစ်နေတယ်'

'အေး. . . ခွပ်ပြီးခါစ ဒီလိုပဲ၊ နှစ်ရက်သုံးရက်လောက် ကြာတော့ ပြန်ကောင်းသွားမှာပါ၊ မင့်ကျောပေါ်က မသေးကလေးကြီးကလဲ ပြန်ပို့လိုက်ပါတော့ကွာ'

'မသေး အာလူးကြော်လို့ ပြီးပလား မသိဘူး၊ အမောင်က ဘာ အရင်လိုနေတာလဲ'

'၁၀–နာရီကျော်ပြီကွ၊ ငါ အခု ရေချိုးပြီး အရက်သောက်မယ် ထမင်းစားမယ်၊ ထမင်းစားပြီး. . . .

သူက ကျွန်တော့်စကားဖြတ်၍–

'သြော်. . . . . အမောင်ရေ၊ ရေချိုးဖို့က အခု ဘူတာဝင်းထဲက တွင်းရေတော့ ချိုးလို့ မဖြစ်တော့ဘူး'

'ဘာလို့လဲကွ'

'မနက်ကပဲ မြူနီစပါယ်က ပိုးသတ်ဆေးတွေ ခတ်သွားတယ်၊ မိုးဦးကျတိုင်း လုပ်နေကျတဲ့၊ ပိုးသတ်ဆေးနံ့က တော်တော် နံနေတယ်၊ မနက်ဖြန်ခါမှ ဒီအနံ့ဆိုးက ပျောက်မယ်တဲ့'

'ဒါဖြင့် တို့ ဘယ်သွားရေချိုးရပါ့မလဲ'

'မြစ်ပေါ့'

'မြစ်ရေချိုးဆိပ်မှာ ရေမချိုးချင်ပါဘူးကွာ၊ တစ်ချို့က ရေချိုးရင်း အပေါ့အလေး သွားကြတာနဲ့၊ ရေစီးမှာ မစင်တုံးတွေ ပေါလောပေါ် ပါလာတတ်တယ်'

'လူအများချိုးတဲ့ ရေချိုးဆိပ် မဟုတ်ဘူးလေ၊ အဲဒီထက် အထက်ကျတဲ့ မြစ်ကွေ့ တစ်နေရာရှိတယ်၊ ရေချိုးတဲ့လူတွေမလာကြပါဘူးလေ၊ အမောင် ရေကူးတတ်တယ် မဟုတ်လား'

'ဟာ. . . . ယောက်ျားပဲ၊ ရေကူးတတ်တာပေါ့ကွ'

'ဒါဖြင့် ကျွန်မနဲ့ ရေကူးပြိုင်ရအောင်လေ'

'အိုကေ. . . '

ယင်းအခိုက်မှာပင် မသေးက အာလူးကြော် တစ်ပန်းကန်နှင့် ရောက်လာလေသည်။

'ဟာ. . . . အဆင်သင့်ပဲ မသေးရေ၊ ကျွန်တော် အရက်မြည်းဖို့ လိုနေတာနဲ့'

ကျွန်တော် သူ့လက်ထဲက ပန်းကန်ကိုယူပြီး အိမ်က ပန်းကန်နှင့် လှယ်လိုက်သည်။

ထိုနောက် မသေးသည် မသူကျောပေါ်က သူ့ကလေးကိုယူ၍ ပြန်သွားလေသည်။

ကျွန်တော်က မျောက်သွေးစိမ်းအရက် တစ်ခွက် သောက်လိုက်ပြီး အာလူးကြော် ဝါးရင်း–

'ကဲ. . . . . မသူရေ၊ တို့ ရေချိုးသွားစို့၊ ပြန်လာမှ ထမင်းစားကြမယ်၊ ဘာဟင်းတွေ ချက်ထား သလဲ'

'အမောင့်အကြိုက်ပဲ၊ လိပ်ကလီစာ ဆီပြန်ချက်တယ်၊ အင်းတော် ငါးကြင်းကြော်၊ ဘူးငေါက်ဟင်းချိုနဲ့ သရက်သီး ပိုးတီသုပ်'

'အိုး. . . . ဘဲရီးဂွတ်'

## လိပ်ကလီစာနှင့် အင်းတော် ငါးကြင်းကြော်

ဤနေရာ၌ လိပ်ကလီစာ ဆိုသည်မှာ စာဖတ်သူများ အဖို့ ဆန်းနေပေလိမ့်မည်။

ထိုစဉ်က (ယခုတော့မသိ) ကသာဈေးထဲမှာ အခြား သားငါးများကဲ့သို့ လိပ်သားရသည်။

အချင်း တစ်ထောင်မျှရှိသော ဘင်းဝင်း၊ အင်းလိပ်ကြီးတွေ၊ လိပ်ကလီစာ ဆိုသည်မှာ ၎င်းလိပ်ကြီးများ၏ ဝမ်းတွင်းသား အူ့အသည်း ဖြစ်သည်။

အရသာ ထူးခြားသော 'ဖွတ်ဥ လိပ်သည်း၊ ကျွဲနို့ခဲ' ဆိုသည်ကို မိတ်ဆွေကြားဖူးသည် မဟုတ်လား။ စားကော စားဖူးရဲ့လား။

လိပ်အူသည်လည်း လိပ်အသည်းကဲ့သို့ပင် အရသာ ထူးခြားပါ၏။

ကျွန်တော် ရဲရဲကြီး ပြောလိုက်မည်။ လူတွေ စားသော တိရစ္ဆာန်တို့ အူထဲတွင် လိပ်အူသည် အကောင်းဆုံး ဖြစ်ပါ၏။ ဝက်အူချို၊ ဝက်ဝမ်းတွင်းအချင်း၊ ငါးရန့်အူတို့ ကောင်းတယ်ဆိုတာ ဘေးချိတ်ထားလိုက်။

နို့ပြီး မသူပြောသော 'အင်းတော် ငါးကြင်းကြော်' ဆိုသည်မှာလည်း ကသာခရိုင်တွင် နာမည်ကြီးလှသော အင်းတော်ကြီးကရသော ငါးကြင်းခုတ်သား။

၎င်းငါးကြင်းကြီးများမှာ အကြေးကွက်ကြီးတွေ နက်ပြာရောင်နှင့် တစ်ကောင်လျှင် သုံးလေးပိဿရှိသည်။ ဒီ့အပြင် အရပ်ငါးတွေနှင့်မတူသည်မှာ သူ့မှာလျှာရှိပြီး သွားတွေက လူသွားကဲ့သို့ ပြားပြားကြီးတွေဖြစ်၏။

ယင်းသို့ဖြစ်ရခြင်းပုံပြင်မှာ ယခု 'အင်းတော်ကြီး' ဟုခေါ်သော အင်းကြီးနေရသည် ရှေးသရောအခါက လူများနေထိုင်ကြသော ရွာကြီးတစ်ရွာဖြစ်၏။ ဤရွာက အင်မတန် နတ်ကြီး သည်တဲ့။ တစ်ရံခါသော် လူအချို့တို့သည် ထိုရွာနတ်ကြီး မကြိုက်သောအရာကို ပြုလုပ်မိသဖြင့် နတ်ကြီးစိတ်ဆိုးကာ ရွာကို ရေဇလာအဖြစ်၊ လူတွေကို ငါးအဖြစ် ပြောင်းလဲပစ်လိုက်သော ကြောင့် ၎င်းအင်းထဲက ငါးကြင်းတို့သည် လူကဲ့သို့ လျှာရှိပြီး သွားတွေက လူသွားတွေနှင့် တူနေကြခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုကြ၏။

မှတ်ချက်– ရှမ်းပြည် အင်းလေးကန်က ငါးဖိန်းများသည် လျှာရှိသော်လည်း သွားတွေက လူသွားနှင့်မတူပေ။ အင်းတော်ကြီးငါးကြင်းက ရှမ်းပြည် အင်းလေးကန်က ငါးဖိန်းနှင့်တူသည်မှာ

အခြားငါးကြင်းများကို ရေပေါ်ရောက်လျှင်ရောက်ချင်း မသေ။ ငါးခူငါးရံ့တို့ကဲ့သို့ပင် ရေစည်ထဲ မှာ လှောင်ထားရသည်။ အရသာချင်းကား အင်းတော်ကြီး ငါးကြင်းသည် အခြား ငါးကြင်းတွေ ထက် ချိုသည်၊ အရသာ လေးပင်သည်။

ကျွန်တော်သည် အရက် တစ်ခွက်ထပ်သောက်။ လိပ်သည်း တစ်ဖတ်မြည်းပြီး ငါးကြင်းကြော်တစ်တုံးကို ဝါးရင်း မသူနှင့်မြစ်သို့ ရေချိုးရန်လာခဲ့ကြပါသည်။

ရောက်ပါပြီ။ မသူပြောသောနေရာမှာ ဘုတာဝင်းအနီး မြစ်အကွေ့လေးဖြစ်၍ ချောင်ကျ ပါသည်။ သောင်မရှိပါ။

ယင်း၌ ရောဝတီမြစ်အကြောင်းကို ကျွန်တော်ပြောလိုပါသည်။

ရောဝတီ မြစ်သည် တစ်နေရာနှင့် တစ်နေရာ အကျဉ်းအကျယ်ချင်းလည်း မတူပါ။ ရေအကြည်အနောက်နှင့် အေးမြပုံချင်းလည်း မတူပါ။ ကျွန်တော်မြင်ဖူးသမျှ ရောဝတီမြစ် ရိုးတစ်လျှောက်တွင် မြစ်ကြီးနားမြို့က ရောဝတီသည် အကျဉ်းဆုံးနှင့် ရေအကြည်ဆုံး၊ အအေးဆုံး ဖြစ်ပါသည်။

မေခနှင့် မလိခ ပေါင်းစပ်ပြီးစ မြစ်ဖျားကိုခင်ဗျ။

မြစ်ဖျားရော ကြည်လင်ပုံမှာ အရောင်မပါ။ မှန်သေတ္တာကို ကြည့်ရသလို လူတစ်ရပ် လောက် နက်ပေမယ့် အောက်ခြေက ကျောက်စရစ်ခဲလေးတွေကို ထင်ထင်ရှားရှား မြင်ရပါသည်။ ငါးကလေးတွေကိုလည်း မြင်ရပါသည်။

ရေချိုးရင်းများ ခင်ဗျား တစ်ရပ်မြုပ်အောင် ရေထဲဆင်းသွားပြီးတော့ မျက်စိကိုဖွင့်ထားပါ။ ခင်ဗျား ရေသတ္တဝါလိုပဲ ရေထဲမှာမြင်ရသည်။ ကိုယ့်ခြေစုံကို ကိုယ်မြင်ရသည့် မြစ်ကြီးနားရောက ဤမျှကြည်လင်လှသည်။

အေးလိုက်ပုံကလည်း ရေထဲမှာ မည်သူမျှ ကြာကြာစိမ်မနေနိုင်ပါ။ ရေချိုးသူများသည် ရေထဲ ဝုန်းခနဲ ခုန်ဆင်းလိုက် ကိုယ်ကိုနှစ်ပြီး ကပျာကယာ သဲသော်ပေါ်ပြန်တက်၊ ဆပ်ပြာတိုက်၊ နို့ပြီး တစ်ခါပြန်ဆင်း၊ ကိုယ်ကိုပွတ်သပ်ပြီး အမြန်ပြန်တက်၊ ဒါပဲ ရေချိုးခြင်းကိစ္စ ပြီးသတည်း။

ပကတိ ရေခဲရေပဲဗျာ။ လူတွေ အထူးပဲ ကြည်လင်လန်းဆန်းခြင်းတော့ ဖြစ်သွားသဗျ။ ဒါကြောင့်လဲ မြစ်ဆိပ်လာပြီး ရေချိုးကြတာပေါ့။

သို့သော် မြစ်ထဲရယ်လို့ အဝတ်ရေစိုသက်သာအောင်တော့ စိတ်မကူးလိုက်ပါနဲ့၊ တခြားလူတွေရှိနေရင် ခင်ဗျားအရှက်ကွဲသွားမယ်၊ ခင်ဗျားဟာ မှန်သေတ္တာထဲက ရွှေငါးလေးလို ဖြစ်နေမယ်နော်။

ကျွန်တော်နှင့် မသူသည် မြစ်ကြီးနားရောက်တိုင်း အဲသည်မှာ ရေချိုးခဲ့ဖူးပါ၏။ ရေထဲ ရောက်ရုံနှင့် မေးခိုက်ခိုက်တုန်၏။ ရေ အင်မတန်ကြိုက်သော မသူပင်လျှင် ရေကြာကြာမချိုးနိုင် ပါ။

သည်နေရာ ကသာမြစ်ရောကတော့ ဒီလိုအေးမြခြင်း ကြည်လင်ခြင်း မရှိပါဘူး။ သာမန်မြစ်ရေပဲ။ ရေထဲကြိုက်သလောက်ကူး၊ ကြိုက်သလောက်စိမ်နေ၊ ကြိုက်သလောက်ချိုး။ ယခု ကျွန်တော်တို့လင်မယား နှစ်ယောက်တည်းဆိုတော့ ပျော်လိုက်ကြတာ။

မသူသည် တင်ကားကား၊ ရင်ထွားထွားနှင့် အကြီးစား မိန်းမမဟုတ်။ သူ့ကိုယ်သည် အသားဖြူဖြူနှင့် သေးသွယ်ကျစ်လျစ်၍ လက်တံ ခြေတံ သွယ်ပျောင်းလျက် အင်မတန် ရေကူးကောင်း၏။

သူ့ဇာတိမှာ ကသာအထက် ရောဝတီ မြစ်ကမ်းနဘေးက ရွာလေးတစ်ခုဖြစ်၍ ငယ်စဉ် ကပင် ရေ၌ကျွမ်းကျင်ခဲ့၏။

ကျွန်တော်နှင့် ရေကူးပြိုင်ကြရာ ဖားနှင့်လိပ်လို ဖြစ်နေ၍ ကျွန်တော်က သူ့ကိုမနိုင်ပါ။ ထို့ကြောင့် ကျွန်တော်က သူ့ကို 'ရေသူမလေး' ဟု နာမည်ပေးလိုက်၏။

သူနှင့်ကျွန်တော်တို့ ရေထဲမှာ လိုက်တမ်းပြေးတမ်း ကစားကြ၍ တော်တော်လေး မောသွားသောအခါ သူက–

'အမောင်ရေ တူတူပုန်းတမ်း ကစားကြရအောင်ကွာ'

'ငါတော့ မပုန်းတတ်ဘူး၊ မင်းပဲပုန်း'

ဒီတော့ သူက 'ကဲ. . . တူပြီ'ဟု ဆိုပြီး ကျွန်တော် အနီးမှ ရေထဲငုံ့သွား၏။

ကျွန်တော်သည် ရေ ရင်ခေါင်းလောက်မှနေ၍ ပတ်ပတ်လည်ကိုကြည့်ကာ သူ ပေါ်လာမည့်နေရာကို ရှာနေ၏။ သို့သော် တော်တော်နှင့်မတွေ့ပါ။ အချိန်က ကြာ၍ကြာ၍လာလေပြီ။

ကျွန်တော်ဆိုလျှင် တစ်ကစ၍ရေ ၅၀–လောက် အထိသာ ရေထဲမှာငုံ့၍ နေနိုင်ပါသည်။ မသူမှုကား တစ်ရာမက နှစ်ရာမက အချိန်တွေကြာလာတော့ ကျွန်တော့်စိတ်ထဲမှာ ဟယ်ငါ့ မိန်းမလေးတော့ မတော်တဆများ ရေနစ်သေလေမလားဟု 'ရေသူမလေးရေ ပန်းပေးပါပြီကွ'ဟု အော်လိုက်တော့မှ ကျွန်တော်နှင့် သုံးလံလောက်အကွာ ကမ်းစပ်ရှိ ကျောက်ဂမူလေးတစ်ခု၏ ဟိုဘက်ဘေးမှ ကျွန်းရွက်ကြီး တစ်ရွက် မြောက်တက်လာကာ သူ့ဆံပင်မည်းမည်းပေါ်မှာ ခေါင်းအုံး နေသော သူ့မျက်နှာ ဖြူဖြူဖွေးဖွေးလေး ပေါ်လာကာ–

'ဝါး. . . . . '

ကျွန်တော် ဝမ်းသာအားရ တစ်ဟုတ်ထိုးပြေးလွှား ခုန်အုပ်ပွေ့ဖက် လိုက်ကာ 'ကဲ. . . ရေသူမလေး မိပြီကွ'

ဤအချိန်၌ ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် ငါးချောင်းနေသော ဝေသာလီဗျိုင်းဖြူကြီး တစ်ကောင်သာရှိ၏။ သူသည် ဝမ်းရေးကိုသာ အာရုံစိုက်နေ၍ ကျွန်တော် တို့ လူသားနှစ်ယောက် ရှိနေသည်ကိုမှ မသိရှာ။

ယင်းအကြိုက်ဝယ် ကျွန်တော်သည် ဧရာဝတီမြစ်ပြင်ကြီးကို ကြည့်ပြီး ထိုရေအဏ္ဏဝါကို အထူးပြုသည့် အချစ်မင်းသမီးလေး လိုင်ထိပ်ခေါင်တင်၏ ပတ်ပျိုး ဒွေးချိုး သဖြန်တစ်ပုဒ်ကို သွားး၍ သတိရသည်။

ချစ်ချင်းငယ်ပြိုင်
မြစ်မင်းပိုင် အဏ္ဏဝါထက်
ပြန်တစ်ရာကဲ၊
ယွန်းစေဝသုန်
ငွေဝန်းသော်တာယုန်သို့
ကမ္ဘာကုန် ကျယ်သရွေ့ကိုဖြင့်
ဘယ်မေ့လိမ့်လဲ. . . . .

ဟုတ်တာပေါ့ဗျာ၊ 'ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ' ဆိုတယ် မဟုတ်လား။ နှစ်နှစ် ပျစ်ပျစ် နှစ်နှစ်ကာကာ ချစ်ခဲ့ကြာတာမှန်သမျှ ဘယ်တော့မှ မမေ့ကြပါဘူး။ အခွင့်ကြုံတိုင်း သတိရကြတာပါပဲ။

မသူနှင့် ကျွန်တော် ၁၉၄၇–ခုနှစ်တွင် အချစ်ပွဲနွဲကြစဉ်တုန်းက သူ့အသက်က ၁၉–နှစ်၊ ကျွန်တော်က ၂၈–နှစ်၊ နောက်နောင် ပြန်လည်သတိရသော အခါများမှာလည်း ကျွန်တော်တို့ ဟာ အဲသည်အရွယ်တွေပဲခင်ဗျ။ အစဉ်သဖြင့် စိတ်အာရုံထဲမှာ နုပျိုနေကြတာပါပဲ။

အချစ်ဆို အိုတယ်လို့မရှိ
ပွင့်စပန်းလို
အမြဲတမ်း လန်းဆန်းနေ၏။

သူ့ဘဝတာမှာ လွန်စွာ သနားစရာကောင်းလှသော ကျွန်တော်၏ဇနီးကလေး မသူအား မလွဲမသွေ ခွဲခွာရတော့မည့် အချိန်သည် တစ်နေ့ထက်တစ်နေ့ နီးကပ်လာပေပြီ။ ရက်တွေကို လက်ရေချိုး၍ နေရလေပြီ။

မေလ ၁၀–ရက်နေ့က ကိုတင်လုံးထံမှ ကတိစကား၊ မေလ ၂၀–ရက်နေ့ နောက်ဆုံးထား၍ ငွေ ၄၀၀ ပေးပါမည်။

ဤငွေ ၄၀၀ ရခဲ့သော် ကျွန်တော်သည် မသူအား ငွေ ၃၀၀ ပေး၍ သူ၏နေရပ်ရွာသို့ ပြန်လွှတ်ကာ ကောင်းသောဘဝနှင့်နေစေမည်။

ကျွန်တော်က ငွေ ၁၀၀ နှင့် ပေါင်းတည်က ဇာတိရွာသို့ပြန်မည်။ ဤအကြောင်းကို မသူအား ဖွင့်မပြောသေးဘဲ မခွဲခွာရမီ ရက်ကလေးတွေမှာ စိတ်အေးသက်သာစွာ နေကြမည်ဟု ရည်စူးခဲ့ပါသည်။

ထို့ကြောင့်ပင် အနီးရက်ကလေးတွေမှာ ကျွန်တော်တို့ လင်မယားနှစ်ယောက် ပျော်ရွှင်စွာ နေကြပါသည်။ ၁၀–ရက်ကျော်လျှင် ဖြစ်ပေါ်ရမည့်အရေးကိုလည်း ကျွန်တော် ကြိုတင် ပြင်ဆင်ထားခဲ့ပါ၏။

သို့သော် ကျွန်တော်မှာ ၁၀–ရက်မြောက်သောနေ့တွင် ကြိုတင်ပြင်ဆင်ထားသော ဗျာပါဒက မဖြစ်ပေါ်ရ၊ မတွေးထင်သော ဒေါမနဿဝေဒနာသည် ဘွားခနဲ ပေါ်လာလေတော့ ၏။

အကြောင်းမှုကား ရွှေကူသို့ ငွေတောင်းသွားသည်ဆိုသော ကိုတင်လုံးသည် မေလ ၂၁– ရက်နေ့ ညမှောင်သည်အထိ ကသာသို့ ပြန်မရောက်သောကြောင့် ဖြစ်ပါ၏။

ကျွန်တော့်ဇနီးနှင့် ဖခင်ထံသို့ မေလ ၂၃–ရက် တနင်္ဂနွေနေ့နံနက် ၆ မေသ တိုင်ရှိ သင်္ဘောနှင့် ကသာက ထွက်ခဲ့မည်ဟု စာရေးထားလိုက်ပြီးဖြစ်၏။

၂၁–ရက်၊ ၂၂–ရက် ဤတစ်နေ့နေ့မှ ကိုတင်လုံး ပြန်ရောက်မလာလျှင် ကျွန်တော်၏ ကတိစကား ပျက်ပါချေတော့မည်။ ကျွန်တော့်ရင်တွင် ဆို့၍နင့်၍ နေတော့သည်။

ဟုတ်ပါ၏။ လှည့်ဖြားလုသော ကိုတင်လုံးသည် ၂၃–ရက်နေ့တိုင်အောင် ရောက်မလာ။ ထို့ကြောင့် ၂၄–ရက်နေ့တွင် ကျွန်တော်ကိုယ်တိုင် ရွှေကူသို့ လိုက်သွားပါတော့သည်။

ရွှေကူရောက်သောအခါ ကျွန်တော့်ရင်ဝကို ဆီး၍ဆောင့်ကန်လိုက်သည်နှင့် တူသည်ကား ကိုတင်လုံးသည် မေလ ၁၀–ရက်ကပင် အင်းရွာသို့(ကသာအောက်) မော်တော်တစ်စင်းဖြင့် စုန်ဆင်းသွားပြီဟု သူတည်းသောအိမ်မှ သိရခြင်းဖြစ်ပါတော့၏။

ရွှေကူ၌ သူရစရာရှိသည်ဆိုသော ငွေအကြောင်းကို စုံစမ်းကြည့်ရာ သူ့ဖခင်၏ ကုန်ဖိုးများဖြစ်၍ သူ့ကိုမပေးဖို့ မှာထားသဖြင့် သူ စိတ်ပျက်စွာ အင်းရွာသို့ မော်တော်ကြုံနှင့် လိုက်သွားကြောင်း သိရ၏။

ရွှေကူနှင့် အင်းရွာကြားတွင် ကသာသည် ခရီးထောက်ဖြစ်ပါလျက် သူ အဘယ်ကြောင့် ကသာသို့ မဝင်ပါသနည်း။ ကျွန်တော် စဉ်းစား၏။ သူ ကသာကိုရောက်ပါလျက်လည်း ကျွန်တော်သည် ခွဲခွာရတော့မည့် သဲမြကညာနှင့် မိန်းမောနေခိုက် ဖြစ်လေသလော။

ကျွန်တော် ကသာပြန်ရောက်၍ ကိုတင်လုံးအကြောင်းကို စုံစမ်းကြည့်ရာ (ဟုတ်ပါ၏။ ကျွန်တော် မိန်းမေနေခိုက်ပေါ့) ၁၀–ရက်နေ့က သူ ခေတ္တမျှ ကသာအိမ်သို့ပြန်လာပြီး အဝတ် အစားများကိုယူကာ အင်းရွာသို့ ဆက်လက် သွားကြောင်း သိရ၏။

ကျွန်တော့်ကို ကျွန်တော်ဒေါသထွက်လိုက်သည်မှာ ပြောစရာမရှိတော့။ ထို့အပြင် သူ့ အကြောင်းကို ဆက်လက်သိရသည်မှာ ယခု သူသည် အင်းရွာသို့သာမဟုတ် ၎င်းမှတစ်ဆင့် သစ်ပုပ် (ရွှေလီမြစ်ကြောင်းမှ သစ်တော) သို့ သစ်ကိစ္စနှင့် သွားမည်ဟု သိရ၏။

ကျွန်တော့်စိတ်တွင် သူ့အား အဝီစိအထိပင် လိုက်ရန်ပင် ဆုံးဖြတ်ချက် ချလိုက်လေ၏။

သို့သော် ထိုအချိန်တွင် ကျွန်တော့်မှာ ငွေကုန်နေချေပြီ။ ယခင်ကရှိခဲ့သော ငွေကလေးကို ကိုတင်လုံးဆီက ၄၀၀ ရမည်ဟု ယုံစား၍ လင်မယားနှစ်ယောက် ပျော်ပျော်ပါးပါး သုံးစားပစ်လိုက်ကြသည်။

ထို့ကြောင့် ကျွန်တော်၏ ရုပ်ကြွယ်သီးလေးကို စရိတ်ကြေးငွေအတွက် ရောင်းလိုက်ရ၏။ ရွှေတစ်ကျပ်သားကျော်ကျော်ကို ၁၂၀–မျှသာရ၏။

မန္တလေးမှလာသော တိုင်ရှိသင်္ဘောသည် ဖွန်လ ၅–ရက်၊ စနေနေ့တွင် ကသာသို့ ဆိုက်ကပ်၍ ၆–ရက် တနင်္ဂနွေနေ့ နံနက် ပြန်အထွက်တွင် ကျွန်တော် အင်းရွာသို့လိုက်မည်။ ထိုမှ သစ်ပုပ်သို့။

သို့သော် အံ့သြဖွယ်ရာ သောကဗျာပါဒတို့သည် စုဆုံ၍ ဖြစ်ရသည်ကား ဖွန်လ ၂–ရက် နေ့တွင် ကျွန်တော့်ဇခင် အသည်းအသန် နာမကျန်းဖြစ်၍ ပြန်ခဲ့ရန် သံကြိုးစာ ရောက်လာ၏။

ကျွန်တော် စဉ်းစားသည်။ ကျွန်တော့်ဇနီးထံသို့ မေလ ၂၃–ရက်နေ့ ကသာကထွက်မည် ဟု စာရေးလိုက်၍ အမှန်အတိုင်း ထိုနေ့ထွက်ဖြစ်ပါက သီတင်းတစ်ပတ်အတွင်း၌ အိမ်သို့ပြန် ရောက်ရမည်။ ယခု ဖွန်လဆန်းသည့်တိုင်အောင် ရောက်မလာ၍ မလာဘဲမနေနိုင်အောင် သံကြိုးရိုက်ဟန်တူသည်။

မည်သို့ဖြစ်စေ ကျွန်တော့်ဇခင် အကယ်ပင် မဖျားဖျား ဤသံကြိုးစာက အရေးကြီးလှ သည်။ ကိုယ့်လုည့်စားသွားသူကို ချမ်းသာပေး၍ ငွေ ၁၉၀၀ ကို အဆုံးထားပြီးပဲ ပြန်သွားမလား။ သို့မဟုတ် ငါ့ဇခင် တကယ်မဖျားဟုပင် မိမိကိုယ်မိမိ လှည့်စားမည်လား၊ ဝေခွဲမရအောင် ဖြစ်နေ ပါတော့သည်။

မသူအတွက်ကိုကား ကြင်ကြင်နာနာ မစဉ်းစားနိုင်တော့ပြီ။ သင်းအတွက်ကြောင့်ပင် ငါ သည်လိုဖြစ်ရသည်ဟု သူ့အပေါ် အပြစ်ချကာ စိတ်နာစရာတွေ ရှာကြံ၍တွေးမိပါတော့သည်။

ချစ်လွန်းလို့ မုန်းသွားအောင်

သူကသာ ငါ့ကိုမုန်းသွားရင် ကောင်းမှာပဲ၊ ငါကလဲ သူ့ကို သနားနေမှာ မဟုတ်တော့ ဘူး။ သူ့ဟာသူ ဘာဖြစ်နေနေ ငါ ပူစရာမဟုတ်တော့ဘူး။ အို. . . . အခုဖြင့် ငါကပဲ သူ့ကို ချစ်အောင် ပြုလုပ်နေပါသလား။ ငါမှားတယ်၊ ငါနဲ့သူဟာ ဘာဆိုင်သလဲ၊ ဟိုမှာတော့ ငါ့သမီး၊ ငါ့မယားနဲ့ ငါ့ဖခင် သောကရောက်နေကြပြီ၊ စိတ်မကောင်းဖြစ်နေကြပြီ၊ အို. . . . ငါက သူ့ကို ဘာပြုလို့ချစ်နေမှာလဲ၊ ငါက သူ့ကို ဘာလို့ မုန်းသွားအောင် မလုပ်နိုင်ရမှာလဲ'

ဇွန်လ ၂-ရက်နေ့ ညတွင် ကျွန်တော်သည် အထက်ပါအတိုင်း သောကပွမ်းသော တွေးလုံးတွေကို တွေး၏။

အရက်ကို အလွန်အကျွံသောက်၏။ ည ၆-နာရီ ခန့်တွင် ကျွန်တော် ဘယ်ကဘယ် လို မသူကို ရန်စမိသည် မမှတ်မိတော့။

သူ့မျက်နှာနှင့် ဦးခေါင်းကို နာကြည်းစွာ ပုတ်ခတ်မိ၏။

မသူသည် အခြားအခန်းများမှ မသိရအောင် အောင့်၍ ခံ၏။ ကျိတ်၍ခံ၏။ အသံမထွက် ဘဲ ငုံ့ခံ နေ၏။

သောကနှင့် အရက်ပေါင်း၍ ရူးနေသော ကျွန်တော်သည် လက်နှင့် ရိုက်နေရာမှ အားမရ တော့ဘဲ. . . . . .

''နင်က. . . . လက်များ ပြီးနေသလား၊ တယ်ပြီး ခံနိုင်ရည်ရှိတယ်၊ ဓားနဲ့ထိုးမှပဲ''

ဟုဆိုပြီး ကျွန်တော့်ခေါင်းအုံးအောက်က ဓားမြှောင်ကို သွား၍ယူသည်တွင် မသူသည် လန့်၍ အော်ဟစ် ထွက်ပြေးလေ၏။

ကျွန်တော် သူ့ကိုလိုက်ရန် လှေကားက ခုန်ချလိုက်သောအခါ၌ ကျွန်တော့် အခန်းရှေ့ တွင် ရောက်နေသော လူနှစ်ယောက်က. . . . . .
''ဟေ့လူ. . . . . ခင်ဗျား ကောင်မလေးကို နှိပ်စက်လှချည်လားဗျာ၊ မတရားပါဘူး''

သူတို့သည် မီးရထားဝင်းထဲမှ ကျွန်တော်နှင့် တွေ့ဖူးမြင်ဖူးသော အသိအကျွမ်းများဖြစ်၍ သူတို့အသံကို ကျွန်တော်မှတ်မိပါသည်။

သို့သော် ကျွန်တော့်တွင် ဤအချိန်၌ လူကောင်းစိတ် မရှိတော့ပြီဖြစ်၍ သူတို့က ဤသို့ ဆီးပြောသည်ကိုပင် ရန်ဖြစ်ဖော်ရပြီဟူသော သဘောဖြင့် ဝမ်းသာသလိုဖြစ်ကာ. . . . .

''အို. . . . . ကျုပ်မယား ကျုပ်နှိပ်စက်တာ ဘာဖြစ်သလဲဗျ၊ ခင်ဗျားတို့နဲ့ ဘာဆိုင်သလဲ၊ ခင်ဗျားတို့ပါ သေပေရော့''

ဟုဆိုပြီး ကျွန်တော် သူတို့ကို ဓားနှင့်ထိုးရန် လိုက်ပါတော့သည်။

သူတို့မှာ ဘာလက်နက်မျှမရှိ၍ ဓားနှင့် ပြေးလာသော ကျွန်တော့်ကို ရင်မဆိုင်ဝံ့ဘဲ ဦးတည်ရာ စွတ်ပြေးကြလေသည်။

ကျွန်တော်သည် သူတို့နောက်က အတင်းလိုက်၏။

ဘယ်ကဘယ်လို ရောက်အောင် လိုက်မိသည်မသိ ခေတ္တမျှအကြာ၌ ကျွန်တော်သည် လူ ၇–ယောက် ၈–ယောက်တို့၏ ဝိုင်းအုံ့ထားခြင်းကို ခံရပါတော့သည်။

အကြောင်းမှာ ပထမနှစ်ယောက်မှ တစ်ယောက်သည် အခြားသို့ ခွဲပြေးလေ၍ ကျွန်တော်က တစ်ယောက်ကိုမဲလိုက်နေစဉ် သူတို့၏ အပေါင်းအဖော် တပည့်တပန်းများကို ခေါ် လာသောကြောင့် ဖြစ်ပါ၏။

သူတို့မှာ အချို့တွင် လက်နက်များနှင့်ဖြစ်၏။

သို့သော် မိုက်မိပြီဖြစ်သော ကျွန်တော်သည် သူတို့ကို မကြောက်။ ကိုယ့်ရှေ့ ဦးတည်ရာ လူကို ဓားနှင့်လိုက်၍ လိုက်ထိုးနေ၏။

သူတို့လူစုသည် ရှိခနဲ ကွဲပြေးလိုက်၊ ခွေးရူးနှင့် တူသော ကျွန်တော့်ကို ပတ်ပတ်လည် ဝိုင်းလိုက်နှင့်

တရုန်းရုန်းဖြစ်နေရာမှ နောက်ဆုံးတွင် ကျွန်တော့် ခေါင်းကို တုတ်တစ်ချက် ထိလေ၍ ကျွန်တော် မိုက်ခနဲဖြစ်ပြီး ဝမ်းလျားမှောက်လဲလေ၏။

ဤအလဲ၌ကား လူများစုလက်နက်၊ တစ်ယောက်တစ်ချက်ဖြင့် ကျွန်တော် အသက်ထွက် ပေလိမ့်မည်ဟု မျက်စိမှိတ်လိုက်ပါတော့သည်။

သို့သော် မရောက်သေးလေရကား ကျွန်တော် လဲလျှင်လဲချင်း ကျွန်တော့် ကျောပေါ်၌ ကိုယ်တစ်ခု ထပ်ကျလာကာ. . . . .

''အမယ်လေး. . . . . ရှင်တို့ရယ် သူကို့မလုပ်ကြပါနဲ့၊ ကျွန်မကိုသာ သတ်ကြပါ''

ဟူသော မသူ၏ တတွတ်တွတ် တောင်းပန်သံကို ကြားရပါတော့သည်။

အမှန်ကိုပြောရလျှင် ဤအချိန်၌ ကျွန်တော်မှာ အရက်မူးခြင်း၊ မောပန်းခြင်းတို့ကြောင့် ကျွန်တော့် ဘာသာ ကျွန်တော် မထနိုင်တော့ပါ၊ လူမှန်းသူမှန်း သိရုံလောက်သာ ရှိတော့၏။

မည်သူက မည်သို့ပြောကြသည်ကိုလည်း ကျွန်တော် သဲသဲကွဲကွဲ နားမလည်တော့ချေ။

နောက်ဆုံး ကျွန်တော် မှတ်မိသလောက်ကား ကျွန်တော့် အခန်းနီးချင်း ဦးခင်မောင်ဆို သူကပါ ကျွန်တော့် ဘက်က တောင်းပန်းပေး၍ ကျွန်တော် ချမ်းသာရာရကာ ဦးခင်မောင်နှင့် မသူ နှစ်ယောက်တွဲပြီး ကျွန်တော့်ကို အိပ်ရာထဲသို့ပို့ခြင်းပင် ဖြစ်ပါတော့၏။

နို့မဟုတ်လျှင် ကျွန်တော် သော်တာဆွေဆိုတာ စာရေးဆရာသည် ဖြစ်ပေါ်လာတော့မည် မဟုတ်၊ ထိုညကသာ မီးရထားဝင်းထဲမှာပင် လူများစုလက်နက် တစ်ယောက်တစ်ချက်နှင့် အနိစ္စ သဘော ကိစ္စချောခဲ့ပြီတည်း။

အိပ်ရာထဲတွင် မသူသည် ကျွန်တော့်ကို ဖက်၍ မျက်ရည်များ တွေတွေ တွေတွေကျကာ. . .

''ဒါလောက်ပဲ ဖြစ်ရသလား အမောင်ရယ်၊ ကျွန်မကို သတ်ချင် အခုသတ်လိုက်ပါတော့၊ ရော့. . . . . . ဓားမြှောင်၊ ဒါပေမယ့် အမောင့်ကို ကျွန်မ စိတ်မဆိုးနိုင်၊ မမုန်းနိုင်ပါဘူး၊ အမောင်

ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာ ကျွန်မ အကုန်သိပါတယ်၊ နေ့ခင်းက ရောက်လာတဲ့ သံကြိုးစာကိုလဲ ကျွန်မ ဟိုဘက်ခန်းက စာရေးကြီးကို ဖတ်ပြခိုင်းလို့ သိရပါတယ်၊ ဘာလို့ ကိုယ့်ကိုယ်ကို ဒါလောက် ဒုက္ခရှာရတာလဲ အမောင်ရယ်၊ အမောင့်ဟာ အမောင် အေးအေးဆေးဆေး ပြန်သွား ပါ၊ ကျွန်မအတွက်တော့ စိတ်ဒုက္ခမဖြစ်ပါနဲ့၊ ကျွန်မကံနဲ့ ကျွန်မ ရှိပါစေတော့''

ထိုအချိန်၌ ကျွန်တော်သည် အမောအပန်း ပြေသလောက်ရှိပြီဖြစ်၍ ကိုယ်လက်လှုပ်ရှား နိုင်ပြီဖြစ်သောကြောင့် မသူကို ပြန်ဖက်လိုက်ကာ–

''အမောင် မှားတယ် မသူ၊ အမောင် မှားတယ်၊ အခု အမောင့်မှာ မသူကယ်တဲ့ အသက်ပဲ ရှိတော့တယ်''

ဟု ဆိုပြီး ကျွန်တော် ယောကျာ်းကြီးတန်မယ့်နှင့် မျက်ရည်ဖြိုင်ဖြိုင် ကျလာပါတော့၏။

## မသူသဘောထား

နောက်တစ်နေ့တွင် ကျွန်တော်တို့၏ ဒုက္ခမှောင်၌ လျှပ်ရောင် ပြောင်သကဲ့သို့ ဝင်းခနဲ လက်လိုက်သည်ကား အင်းရွာ ကိုတင်လုံးထံမှ လူကြုံနှင့်ပါးလိုက်သော စာတစ်စောင် ကျွန်တော့် ဆီ ရောက်လာပါသည်။

ကိုဆွေ

ခင်ဗျားတော့ ကျွန်တော့်ကို ကတိပျက်ရမလားဆိုပြီး အကြီးအကျယ် ဒေါ်ပွနေမှာ ပဲ၊ ဒါပေမယ့် ကျွန်တော်လဲ မတတ်နိုင်ဘူး၊ ရွှေကူဝန်းလို့ ငွေမရတာနဲ့ အင်းရွာက သစ်ဖောင်အတွက် ရစရာရှိလို့ အမြန်သွားရတယ်၊ အဲဒီ မေလ ၁၀–ရက်နေ့က ခင်ဗျားကို ဝင်ပြောမလို့ဟာတောင် အချိန်မရတာနဲ့ အခုတော့ ဇွန်လ ၃–ရက်နေ့ မှာ ငွေတစ်ထောင်ရဖို့ သေချာနေပြီ၊ အဲဒီတော့ ကျွန်တော့် ဇွန်လ ၅–ရက် စနေနေ့ မှာ တိုင်ရှိနဲ့လိုက်လာခဲ့မယ်၊ ခင်ဗျား အဲဒီကပဲ စောင့်နေပါ။ ကျွန်တော်တို့ အစုဝင် သုပ်တဲ့ သစ်ဖောင်ကလေး အောင်မြင်လို့ အတော် ငွေလည်လာပြီဗျို့၊ မပူနဲ့တော့ ကိုဆွေ၊

ခင်ဗျားငွေတွေ ပေးနိုင်ပါတော့မယ်၊ အခု တစ်ထောင် ရပြီးရင် ခင်ဗျား ပြန်ချင်ပြန်၊ ဒါမှမဟုတ် အားလုံးရအောင် စောင့်နေလဲ မကြာတော့ပါဘူး။

ဟိုနေ့က ကတိပျက်ရတာကို တောင်းပန်ပါတယ်၊ ဖွန်လ ၅–ရက်နေ့ ဆက်ဆက်လာခဲ့မယ်ဗျို့ သဘော်ာဆိပ်က ဆီးကြိုနေပါ။

ကျန်းမာပါစေ။

တင်လုံး

ခေတ္တ–အင်းရွာ

သူ့စာကိုဖတ်၍ ကျွန်တော့်မှာ အတော်လေး အသက်ရှူချောင်သွားပါသည်။ မသူကို ပြမိကာ–

'ဟော့. . . . မသူ၊ ငါ ငွေတစ်ထောင် ရတော့မယ်ကွ၊ ဩော် ဒါထက် မသူ မင်း ဈေးရောင်း ဈေးဝယ် တတ်တယ်မဟုတ်လား'

'ဘာတုံး. . . . အမောင်က ကျွန်မကို ဈေးရောင်းခိုင်းမလို့လား၊ နည်းနည်းပါးပါးတော့ တတ်တာပ၊ အမောင်ရောင်းခိုင်းရင် ရောင်းမယ်လေ'

သူ့စိတ်ကူး၌ သူနှင့်ကျွန်တော် အတူနေ၍ ဈေးရောင်းစားကြရန် ပြောဟန်တူပါသည်။ သို့သော် ကျွန်တော်က မပြောမဖြစ်တော့သည်နှင့်–

'အမောင်မေးတာက ဒီလိုပါကွယ်၊ ကိုယ်ဟာ အခု မသူသိတဲ့အတိုင်း မပြန်လို့မဖြစ်တော့ဘူး၊ ဒီတော့ မသူကို ကောင်းကောင်းမွန်မွန်နဲ့ ရောင်းဝယ်ရင်းနှီးစားဖို့ ငွေငါးရာပေးခဲ့မယ်။ မသူ ကောင်းကောင်းမွန်မွန်နဲ့ နေနိုင်ပါ့မလား'

(ကတ်စဘီခေတ် အင်္ဂလိပ် ငွေ ၅၀၀)

ဤတွင် သူ့မျက်နှာကလေး ညှိုးငယ်သွားကာ–

'ဩော်. . . . . အမောင်က ကျွန်မကို စိတ်ကျေနပ်အောင် ငွေပေးပြီးထားခဲ့မယ်ဆိုပါတော့၊ အမောင် သွားတော့မယ်ဆိုရင်တော့ ငွေပေးပေး–မပေးပေး မထူးတော့ပါဘူး။ အမောင်ရယ်၊ ကျွန်မက ငွေကိုမမက်မောပါဘူး'

ကျွန်တော့်မှာလည်း စိတ်နှလုံး လေးလံသွားကာ–

'နို့. . . . . ဘယ့်နှယ်လုပ်မလဲ မသူရယ်၊ ကိုယ်လဲ မသူကို အမှန်တကယ် ချစ်ပါရဲ့၊ ဒါပေမယ့် ကိုယ့်မှာ သားမယားနဲ့'

'ဒါကို ကျွန်မသိပါတယ်လေ၊ အမောင့်အိမ်က မယားကြီးသဘောကော ဘယ်လိုနေမလဲ မသိဘူး၊ ကျွန်မကတော့ အတူနေရရင် သူ့ကို အမေကြီးလို သဘောထားပြီး အမောင့်သမီးလေး

ပဲပဲနဲ့ သားလေး ဟစ်တစ်လုံးကိုလဲ ကိုယ်မွေးထားသလို ချစ်မယ်၊ အမောင်တို့အိမ်မှာ အစေခံလို နေရနေရ နေပါ့မယ်၊ အမောင့် မယားကြီး ခိုင်းတာတွေ အကုန်လုပ်မယ်၊ ကလေးထိန်းပါ့မယ်၊ အဝတ်တွေ လျှော်ပါ့မယ်၊ နို့ပြီး ကျွန်မကောက်စိုက်ကောက်ရိတ်လဲ တတ်ပါတယ်၊ အမောင် တို့မှာ လယ်တွေရှိတယ်ဆို'

ကျွန်တော့်မှာ အလွန်အမင်း ကရုဏာ သက်သွားမိပါသည်။

သို့သော်. . . .

'မဖြစ်နိုင်ဘူး မသူ၊ မဖြစ်နိုင်ဘူး၊ အခု အနေကြာတာတောင် လွန်လှပြီ'

'အေးလေ. . . . . ဒါကတော့ ဖြစ်မဖြစ် အမောင် စဉ်းစားပေါ့ အမောင့်သဘောတစ်ခု အရင်းခံပါ'

ဤနေရာ၌ ကျွန်တော် စကားမပြောနိုင်တော့ပေ။ ထိုနေ့မှစပြီး ကျွန်တော်တို့သည် ကြယ်သီးရောင်းထားသော ငွေကလေး တစ်ရာကျော်ခန့်နှင့် ကိုတင်လုံးအလာကို မျှော်၍ ဖောဖောသီသီ သုံးစားနေကြပြန်တော့သည်။ စိတ်ထဲ၌ကား ကြည်လင်ကြသည် မဟုတ်။ တစ်ယောက်သက်သာအောင်သာ တစ်ယောက် ပြုမူနေကြခြင်း ဖြစ်သည်။

## ဘုတ်ထောင် ကြောင်မိ

ဖွန်လ ၅–ရက် စနေနေ့ နေ့လယ် ၃–နာရီခန့်၌ တိုင်ရှိသင်္ဘောစိုက်မည်ဖြစ်၍ ဆိပ်ကမ်းက ဆီးကြိုနေပါသည်။ ကျွန်တော့်ကို သင်္ဘောကြိုကြသူများ ကမ်းလုံးညွတ်မျှ ထိုစဉ်က မွန္တလေးနှင့်ကသာ သင်္ဘောက တစ်ပတ်တစ်ခါ၊ ဤတစ်စီးတည်းသာရှိ၏။

ဟော. . . . . တိုင်ရှိ ဝင်လာပါပြီ။

မြစ်အောက်ခြေသို့ ဆင်းပြေးသူများ ဆင်းပြေးကြသည်။

ကျွန်တော်မူကား ကမ်းနဖူးမြင့်မြင့်မှ–

သင်္ဘောကမ်းသို့ ကပ်လျှင်ကပ်ချင်း ကျွန်တော် ကိုတင်လုံးကိုရှာရင်း ဟိုဟိုဒီဒီ ကြည့်နေရာမှ သင်္ဘောအထက်ထပ် ဦးပိုင်းက ပထမတန်း(ကေဗင်) အခန်းပြတင်းကို မျက်စိ ရောက်သွားလေရာ–

'အလို. . . . . ဘုရား. . . . . ဘုရာ'

ကျွန်တော် မိုက်ခနဲပင် ဖြစ်သွားပါတော့သည်။ အကြောင်းမူကား နေရပ်မှလိုက်လာသော ကျွန်တော်၏အစ်ကို (တစ်ဝမ်းကွဲ)သည် ကမ်းပေါ်သို့ကြည့်၍ မားမားကြီးရပ်နေလျက် ကျွန်တော့်ကိုမြင်လျှင်မြင်ချင်း တရားခံကိုတွေ့ဘိသကဲ့သို့ ငေါက်ခနဲ လက်ညှိုးကြီး ထိုးလိုက်ပါတော့သည်။

ကျွန်တော်သည် နှုတ်ဆက်သောအပြုံးကိုမှ မပေးနိုင်ဘဲ ရင်ထဲတွင် ဒိတ်ခနဲ ခုန်သွားပြီး ကမ်းပေါ်မှ ပြေးဆင်းရကာ သင်္ဘော ကုန်းပေါင်ထိုးလျှင်ထိုးချင်း သူ့ဆီသို့ တက်သွားရ ပါတော့သည်။

ကိုတင်လုံးကိုမှ သတိမရနိုင်တော့ပါ။

သင်္ဘောခန်းထဲသို့ ဝင်မိလျှင် အစ်ကိုသည် ဆီး၍ တစ်မျိုးတစ်ဖုံကြီးနှင့် ပြုံးလျက်က–

'ဘယ့်နှယ်. . . . . ငါ့ညီ ကျန်းကျန်းမာမာပဲလားကွ'

'မာပါတယ်. . . . . အစ်ကို၊ နို့ အဖေ အသည်းအသန် မမာဘူးလို့ သံကြိုးရတယ်၊ အခု ဘယ့်နှယ်နေသလဲ'

'ဘာမှမဖြစ်ပါဘူး'

အစ်ကိုသည် ခပ်ပြတ်ပြတ်ပင်–

'ဘာကြောင့် ဒီလို သံကြိုး ရိုက်တယ်ဆိုတာကော မင်း သိရဲ့လား'

'သိ. . . . သိပါတယ် အစ်ကို'

'အေး. . . . မင်း ဒါတောင် ချက်ချင်း ပြန်မလာနိုင်သေးဘူး။ ဟင်း. . . . ဒီမှာ မင်းအဖေ သေရေးရှင်ရေးထက် အရေးကြီးတာ မင်းမှာ ရှိနေပြီ ထင်ပါရဲ့'

ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်၍ မေးလိုက်ပါသည်။

'ကျွန်တော် လာတော့မလို့ဘဲ အစ်ကို'

'အေး. . . အခုတော့ လာရတော့မှာပေါ့ကွ၊ ငါကိုယ်တိုင် လိုက်လာပြီကိုကွ'

ကျွန်တော်တို့ နှစ်ယောက်သည် ကူလီ တစ်ယောက်နှင့် သင်္ဘောပေါ်မှ ဆင်းခဲ့ကြ၍ ကမ်းပေါ်သို့ရောက်လျှင် ကျွန်တော်သည် ခေတ္တရပ်ကာ လူအုပ်စုထဲမှာ ကိုတင်လုံးကိုရှာ၏။ ဆင်းများ သွားလေပြီလား။

သို့သော် အင်းရွာမှ ကျွန်တော့်အသိတစ်ယောက်ပါလာလေ၍ သူ့ကို မေးလိုက်ရာ–

'အမယ်လေး ကိုဆွေရယ်၊ ရွှေစင် တစ်ထောင်ပေးမယ့် မြေခွေးကို စောင့်နေတဲ့ ပုဏ္ဏားလို ဒီကောင့်များ မျှော်နေသေးတယ်ကိုး၊ သူ အရင်အပတ်ကတည်းက တိုင်ရှိနဲ့ သူ့ဇာတိဖြစ်တဲ့ မန္တလေးကို လစ်ပြီဗျ၊ ခင်ဗျားဆီ ဟိုစာရေးပေးလိုက်တာက ခင်ဗျား အင်းရွာကိုလိုက်လာပြီး သူ့ကို သတ်မယ်ဆိုတဲ့ သတင်း ကြားလို့ဗျ'

ကျွန်တော်သည် ဤနေရာ၌ ကျွန်တော့်အစ်ကို ရှေ့တွင် မည်ကဲ့သို့ အမူအရာ ဖြစ်သွား သည်ကို မဖော်ပြနိုင်တော့။ အစ်ကိုသည် ကျွန်တော့်ပခုံးကို ကိုင်လိုက်ပြီး–

'ကဲ. . . . ငါ့ညီ၊ မင်းဖြစ်ပုံတွေ ပြောစမ်း၊ အဲဒီကောင်က ဘယ်သူလဲ'

'ပြောမယ် အစ်ကို၊ ပြောမယ်၊ ဟို လက်ဖက်ရည်ဆိုင်မှာ အေးအေး ဆေးဆေးထိုင်ပြီး ပြောမယ်၊ လာလာ သွားကြစို့'

ကျွန်တော်တို့သည် မကြာမီ ကမ်းနားရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို ရောက်ကြ၍ ချောင်ကျကျနေရာ၌ နှစ်ယောက်သားထိုင်ကြကာ ကျွန်တော် ကသာရောက်သည်မှစ၍ အလုံးစုံကို အစမှအဆုံးတိုင် မသူအား ကျွန်တော် ကယ်တင်လိုက်ရသည့် အကြောင်းပါ မခြွင်း မချန် ပြောလိုက်ရပါ၏။

ကျွန်တော် ဤသို့ပြောနေရာ၌ ကျွန်တော့်အစ်ကိုက ကျွန်တော့်အား အကြောင်းအား လျော်စွာ ဖြစ်ရ၍ သက်သက်ညှာညှာ ယူဆရန်နှင့် မသူ၏ဘဝကိုပါ ကူညီပြီး သနားပေးရန် ကျွန်တော် မျှော်လင့်ပါသည်။ သို့သော် ကျွန်တော့် စကားများ ဆုံးသောအခါ၌ အစ်ကိုသည် အလွန်တရာ စက်ဆုပ်ဟန်နှင့် ရှုံ့ရှုံ့မဲ့မဲ့ကြီး ဖြစ်သွားကာ–

'မင်းကိုယ်မင်း ဒီနေရာမှာ လူစွမ်းကောင်း လူတော် တစ်ယောက်လို့ ထင်တယ်ပေါ့လေ၊ ထွီ့. . . . ကြားရတာ ရှက်စရာ ကောင်းလိုက်တာကွာ၊ ဘာမဟုတ်တဲ့ မိန်းမ တစ်ယောက်အတွက်နဲ့ များ၊ ဒီကသာမှာ ငါကြားဖူးတာက ပျင်း၊ ပျော်၊ ပျက်၊ ပြောင်၊ ပြေးဆိုတဲ့ (ပ) ငါးလုံး ကြားဖူးတယ်၊ (ရှေးအင်္ဂလိပ်ခေတ်စကား)

'ဟင်း. . . . မင်းကျတော့ ရှိတာတွေ ပြောင်တာတောင် ပြန်မပြေးနိုင်သေးဘူး၊ အိမ်ကကို လိုက်ခေါ်ယူရတယ်၊ ငါ့ညီကတော့ သူများထက် ထူးပါပေတယ်ကွာ' ဟု ပြောလိုက်လေရာ ကျွန်တော့်မှာ ဘာမှပြန်မပြောနိုင်ဘဲ မျက်ရည်တွေ ဝေ၍လာပါတော့သည်။

'ဟေ့. . . . . ယောက်ျားတန်မယ့်နဲ့ မျက်ရည်တွေ ထွက်မနေစမ်းပါနဲ့ကွာ၊ ငွေတစ်သောင်း ကျော်နဲ့ အချိန် ခြောက်လလောက်ဖြုန်းပစ်တဲ့အကောင်၊ အခု ဟိုအကောင် မွန္တလေးလစ်ပြီဆို တော့ မင်း ဒီကသာမှာ ဘာမှစောင့်ဆိုင်းနေဖို့မလိုတော့ဘူး၊ ဒီသင်္ဘော နက်ဖြန်ခါထွက်မှာ၊ ငါနဲ့သာ အတူ ပြန်လိုက်ခဲ့ပေတော့၊ ငါလဲ သင်္ဘောပေါ်ပြန်တက်မယ်၊ မင်းအတွက် ကေဗင် အခန်းက လက်မှတ် ဝယ်ထားလိုက်မယ်၊ ကဲ. . . . မင်းမယားဆီ မင်းပြန်ပြီး ခုည ဝအောင် နှုတ်ဆက်ခဲ့ပေရော့'

## ခွဲရမှာ သည်းမခြည်းရယ်

ထိုည မသူနှင့်ကျွန်တော် မည်သို့ ခံစားကြရမည်ကို အထူးဖော်ပြစရာ လိုတော့မည် မဟုတ်ပါ။ မသူအား ကျွန်တော်များများစားစား ပေးနိုင်သော အခြေလည်း မရှိတော့ပါ။

ကျွန်တော် တတွတ်တွတ်မှာသည်ကား–

'မသူ အမောင်မရှိရင် ဒီကသာမှာ မနေနဲ့တော့နော်။ မသူမှာ အမေရှိတယ်ဆို၊ ရွာပြန်ပြီးတော့ မိသူအမေနဲ့ အတူတူနေပေါ့နော်'

သူသည် အဖြေမပေး မျက်ရည်များသာ တတွေတွေ ကျလျက်။

ကျွန်တော်သည် မျက်ရည်စများကို သုတ်ပေးကာ–

'ပြောစမ်းပါကွယ်၊ ရွာကိုပြန်မယ် မဟုတ်လားလို့'

သူ့မျက်ရည်တွေကား သုတ်၍မနိုင်ပါ။ တစ်ပေါက်ပြီးတစ်ပေါက် မျက်ရည်မိုး ရွာချ နေ၏။

'အို့. . . ပြောစမ်းပါကွယ်၊ ကိုယ် ဟိုရောက်ရင်လေ မသူ ရင်းနှီး စားဖို့ ဟိုဘက်ခန်းက စာရေးကြီးကတစ်ဆင့် ငွေပို့လိုက်မယ်'

သူ့နှုတ်က ဘာမျှမပြော။ မျက်ရည်တွေသာ တရဟော။

ကျွန်တော်သည် အားမလိုအားမရနှင့် သူ့ပခုံးလေး နှစ်ဖက်ကို ကိုင်ကာ–

'ဟင့်. . . ကြည့်စမ်း၊ သူ ရွာကို ပြန်မနေချင်ဘူး ထင်ပါရဲ့၊ ဘာလို့လဲ၊ ပြောစမ်း– ပြောစမ်း'

သို့တိုင်လည်း ဘာမျှမပြော။

'ဘာလို့လဲဟင်၊ အမေနဲ့ ရန်ဖြစ်ထားလို့လား၊ ရွာသားတွေနဲ့ မတည့်လို့လား၊ ဘာပဲ ဖြစ်ဖြစ် ပြန်နေကွယ်၊ ပြန်နေရင်နေမယ် မဟုတ်လား၊ အမောင်စိတ်ချမ်းသာအောင် ခေါင်းလေးသာ ညိတ်ချလိုက်စမ်းပါ မသူရယ်၊ အချစ်ရယ်'

ကျွန်တော့်နှလုံးသားက တဒုန်းဒုန်း ခုန်လှသည်။ ရင်ချင်းအပ်လိုက်လျှင် တစ်ဖက်နှင့် တစ်ဖက် တူနှင့် နှက်နေဘိသို့။

ထိုနေ့ညကား ကျွန်တော်တို့သည် တစ်ရေးမျှပင် မှေးစက်ခဲ့ကြသည် မထင်။

ဘာမျှ နားမလည်ရှာသော သူ့သား ဖိုးကံကောင်းလေးသည် ခါတိုင်းကဲ့သို့ပင် လင်းကြက်နိုး တွန်သံကျူးလိုက်လေပြီ။

'အောအီးအီးအွတ်'

ဟိုအနောက်ဘက် ဘောင်ကုန်းကြောင် တောင်တန်းဆီက ယောက်ဖခွေးခေါ်ငှက်တို့ သည် အရုဏ်ဦးကိုမျှော်၍ 'ယောက်ဖခွေးခေါ်. . . ယောက်ဖခွေးခေါ်' ဟု ကြားရ သူတို့၏ စိတ်ထဲမှ ပီပီသသ ရွတ်ဆိုသည်ဟု ထင်ရသော တေးသံသာသာလေးဖြင့် ချိုချို စူးစူး ခွန်းဆင့်ကာ ကျူးရင့်လိုက်လေသည်။

'ဟင်း. . . သူ့အသံလေးက သိပ်သာယာတာပဲနော်'

'ဟုတ်တယ်အမောင်၊ ကြည်နူးပြီး လွမ်းစရာလဲ ကောင်းတာပဲ'

ခါတိုင်းနေ့များ၌ ကျွန်တော်တို့ ဤအချိန်မှာ အိပ်ရာက နိုးလျှင် နှစ်ယောက်သာ တီးတိုးပြောလေ့ရှိကြ၏။

ယခုမူကား ကျွန်တော်တို့သည် ဤအသံတွေသို့ အရသာ မခံနိုင်။ မသူမူကား ကြားဟန်မျှမတူ။ နှစ်ယောက်သား အိပ်ရာမှ ထကြ၍ မျက်နှာသစ်ကြပြီး. . . ။

မသူသည် ၁၉၄၇–ခုနှစ်၊ ဇန်နဝါရီလ ၂၆–ရက်၊ ဗုဒ–ဟူးနေ့ ညဥ့်ဦးပိုင်းတွင် မိုးညှင်းမြို့ ဘူတာဝင်းအတွင်း တည်းခိုခန်း၌ ပူးပေါင်းခဲ့သော သူ့အိပ်ရာနှင့် ကျွန်တော့် အိပ်ရာ နှစ်ခုကို ယခု ဖွန်လ ၆–ရက်၊ တနင်္ဂနွေနေ့ လင်းအားကြီး အချိန်တွင် ကသာ ဘူတာဝင်းရှိ ကျွန်တော်တို့ အိမ်တန်းလျားကြီး၌ သူ့အိပ်ရာ ကိုယ့်အိပ်ရာ ခွဲခြမ်းနေရပေပြီ။

ကျွန်တော် မကြည့်ရက်နိုင်။ ရင်ထဲမှာ ဆို့နင့်၍လာသည်။

သင်္ဘောဆင်းရန် အချိန်ရောက်၍ အနီးပါးနားက မိတ်ဆွေတွေ နှုတ်ဆက်ပြီး နှစ်ယောက်သား အိမ်ခန်းမှ ဆင်းခါနီး၌ ကျွန်တော်သည် သူ့ကိုယ်ကို နောက်ဆုံးပွေ့ဖက်ခြင်း ဖြင့် အားရ ပါးရ ပွေ့ဖက်လိုက်ကာ–

'မသူ အမောင် မှာခဲ့တဲ့အတိုင်း ရွှာကိုပြန်နေနော်၊ နေမယ်မဟုတ်လားဟင်၊ ပြောစမ်း ဟောဒီပါးစပ်ကလေးက'

သူသည် နှုတ်ကလည်းမဟ၊ ခေါင်းကလည်းမညိတ်။ မျက်ရည်တွေသာ တစိမ့်စိမ့် ကျနေပြီးမှ သူ့ရင်ဘတ်ထဲက စာအိတ်ကလေးတစ်ခုကို ထုတ်လိုက်၏။

'ရော့ အမောင်၊ အမောင်သိချင်တာတွေ ဟောဒီအထဲမှာ အကုန်ပါတယ်၊ အခု မဖတ်ရဘူးနော်၊ သင်္ဘောထွက်သွားမှ ဖတ်'

စာအိတ်ပေါ်၌ကား မိန်းမလက်ရေး။ မသူလက်ရေး။ စာမတတ် တတတ် တောသူမလေး လက်ရေးဖြင့် 'အချစ်ဆုံး အမောင်' တဲ့။

ကျွန်တော် သူ့စာအိတ်ကလေးကိုနမ်း၍ အိတ်ထဲသို့ ထည့်လိုက်သောအခါ၌ သူ ဆံုးဖြတ်ချက် ချပြီးဟန်နှင့် အပြုံးပန်းကလေးပင် ညိုးနွမ်းစွာ ပွင့်လိုက်ကာ–

'ကဲ. . . အမောင်ရေ သွားကြမယ်၊ အချိန်တော်ပြီ' တဲ့။

ကျွန်တော်တို့ ဆိပ်ကမ်းသို့ ဆင်းခဲ့ကြရာ၌ ကျွန်တော်က အဝတ်သေတ္တာကိုဆွဲ။ မသူက ဖိုးကံကောင်းလေးကို ရင်ခွင်ပိုက်လို့။

'လာ သားလေး၊ နင့်ဖေဖေကို လိုက်ပို့ကြရအောင်'တဲ့ သူ အိပ်တန်းက ကြက်ကလေးကို ဖမ်းပြီး ပြောခဲ့တာလေ။

ယခု ဖိုးကံကောင်းမှာ ဟိုနေ့က ကိုမှုကြက်ကြီးနှင့်ခွပ်သော ခွပ်ဖေး(အနာဖေး)တွေ ကွာ၍ မျက်နှာလေး ပြန်ပြီး နီရဲလှပနေပြီ။ သူသည် ရှစ်လကိုးလသား ကြက်ဖကြီး အရွယ် ရောက်နေပြီဖြစ်၍ လမ်းကကြက်တွေမြင်လျှင် တစ်ချက်တစ်ချက် တွန်လိုက်သေး။ ခွပ်ဖူးနေပြီ ဖြစ်၍ ကြက်ဖချင်းမြင်လျှင် ဆင်းခွပ်ချင်စိတ်နှင့် မသူလက်ထဲက ရုန်းကန်သည်။ သူ့အမေက မြဲမြဲကြီးပိုက်လို့။

ကသာမြို့ နံနက်ခင်းကား မိုးနှင်းကလေးတွေ ညင်းညင်းတွဲ့တွဲ့နှင့် ပတ်ဝန်းကျင်မှာ ဝေလို့ရီလို့။ ကျွန်တော်တို့ ဘူတာဝင်းထဲကထွက်၍ မြစ်ကမ်းပေါ်တက်မိလျှင် ရှေးဦးစွာ မသူ

နှင့်ကျွန်တော် ရေကူးရင် တူတူပုန်းခဲ့သော မြစ်ကကွေ့လေးသို့ ရောက်သည်။ ထိုမှ လူတွေ စည်ကားနေသော သင်္ဘောဆိပ်။

တိုင်ရှိသည် ရောဝတီ ဖလိုတီလာ နှစ်ထပ်သင်္ဘောငယ်ဖြစ်၍ ကျွန်တော်တို့ အပေါ် ထပ်သို့ တက်ခဲ့လျှင် အစ်ကိုသည် သင်္ဘောဦးပိုင်း ကေဗင်အခန်းဝမှ ကျွန်တော့်ကို ဆီးကြို နေသည်။ အိပ်ရာလိပ်ရွက်၊ ကြက်ဖလေးပိုက်ထားသော ကျွန်တော့်နောက်က မသူကိုမြင်လျှင် မည်သူမည်ဝါဟု သိပြီးဖြစ်သော်လည်း သူ့မျက်နှာက အပြုံးမစွက်သဖြင့် ကျွန်တော်က မိတ်ဆက်မပေးတော့ပေ။

ကျွန်တော် အခန်းထဲဝင်ပြီး မိမိအိပ်ရမည့်ခုံပေါ်၌ ကျွန်တော့်လက်က အဝတ်သေတ္တာ ကို ချလိုက်လျှင် မသူလည်း သူ့ခေါင်းပေါ်က အိပ်ရာလိပ်ကို ထိုင်ခုံပေါ်သို့ ချလိုက်ပြီး ကြက်ကလေးကိုတော့ သူ့လက်ကမလွှတ်ဘဲ အခန်းပြတင်းဝမှ မြစ်ပြင်ကို ကြည့်နေသည်။

ဆိပ်ကမ်းမှာ လူတွေ စည်စည်–စည်စည်၊ စုရုံးစုရုံးနှင့်ကမ်းနဖူးတည့်တည့်မှာတော့ ၁၉၄၉– ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်တော် ကသာရောက်ရောက်ချင်း ဆန်တက်စပ်သည့် ပွဲရုံ လေးတစ်ခု၊ ကျွန်တော်က ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်တွေး၍ မျက်စိထဲမှာတရေးရေး။ မသူကတော့ ဘာတွေတွေးနေမှန်းမသိ။ ကြက်ကလေးက သူ့ရင်ခွင်၌ပင်။ ကျွန်တော့် အစ်ကို လည်း ဘာမျှမပြော၊ သူ့အိပ်ခုံပေါ်၌ တုံဏှိတာဝေ ထိုင်နေသည်။ ရင်ထဲ၌ အသီးသီး ခံစားမှု တွေရှိသည်ကတော့ အမှန်။ အစ်ကို့စိတ်ထဲမှာတော့ ငါ့ညီ ကသာမှာ သောင်တင်နေတာ ဒီကောင်မကြောင့်ဆိုသော ဒေါမနဿ၊ ကျွန်တော်နှင့်မသူကတော့ သက်ဆုံးတိုင် ခွဲရတော့ မည့် လင်မယား။

သို့နှင့် အချိန်သည် တစ်စတစ်စ ကုန်၍လာရာ နောက်ဆုံး သင်္ဘောထွက်တော့မည်။ မလိုက်သူတွေ အောက်ပြန်ဆင်းကြတော့ ဟူသော သတိပေး ဥသြဆွဲလိုက်လေသည်။

ယင်းမှ မသူသည် အသက်ဝင်လာသလို အခန်းပြတင်းဝမှ အတွင်းဘက် ပြန်လှည့်လာကာ အိပ်ခုံပေါ်ထိုင်နေသော ကျွန်တော့်ရှေ့မှောက်၌ ဒူးထောက်ကလေးထိုင်ပြီး သူ့ကြက်ကလေးကို ဘေးသို့ချ၍ ကျွန်တော့်ကို ရှိခိုးကန်တော့လျက်–

'သွားပေတော့ အမောင်ရေ'

ယင်းအခိုက်၌ ကြက်ကလေးကလည်း ကျွန်တော့်ခြေစုံကို မနာမကျင် လာ၍ဆိပ်လေ ရာ ကျွန်တော့်စိတ်ထဲမှာ မသူသူး ဖိုးကံကောင်းကလေးကလည်း 'အဖေကြီးရေ သွားပေတော့' ဟု ပြောလိုက်သည့်အလား ခံစားရ၍ ကျွန်တော့် မျက်ရည်တွေ မျို့တက် လာပါသည်။

မသူသည် ကျွန်တော့်အား ဦးသုံးကြိမ်ချပြီးနောက် ကြက်ဖလေးကို ကောက်ယူကာ ထိုင်ရာမထ,၍ အခန်းပြင်သို့ ထွက်သွားပါလေတော့၏။ ကျွန်တော်လည်း အခန်းပြင် ထွက်ကာ မသူ လှေကားမှ အောက်ဆင်းသွားသည်ကို ကြည့်ပြီးနောက် ကမ်းပေါ်ကိုမြင်ရ သော သင်္ဘောလက်ရန်းဆီသို့ ပြေးသွားကာ အောက်သို့ ငုံ့ကြည့်နေသည်။

ဟော. . . . မသူ သင်္ဘောထဲကထွက် ကုန်းပေါင်ပေါ် တက်လာပြီ။

ကုန်းပေါင်ကဆင်းသည်။ မြစ်ကမ်းပေါ်တက်သွားပြီ။

ကျွန်တော့်ကို ပြန်ကြည့်လိမ့်မလားဟု နောက်ဆုံး လက်ပြနှုတ်ဆက်ရန် ကျွန်တော့်လက် အသင့်ပြင်လို့–

သို့သော် မသူသည် သင်္ဘောကို လုံးဝ လှည့်မကြည့်တော့ပါ။ ကျွန်တော့်ကိုများ စိတ်နာသွားပြီလား၊ သူ့လက်ကလေးနှစ်ဖက်က သူ့သား ဖိုးကံကောင်းလေးကို ကျစ်ကျစ် ပါအောင် ရင်ခွင်ပိုက်ပြီး ကျွန်တော့်ဘက်ကိုတော့ ကျောပေးလို့၊ ဝေးသည်ထက် ဝေးဝေး သွားပြီးနောက် လမ်းတစ်ဆစ် ချိုးလိုက်တော့ ကျွန်တော့်မျက်စိမြင်ကွင်းမှ လုံးဝ ပျောက်ကွယ်သွားပေပြီ။

ယင်းအခိုက် တိုင်ရှိသည် နောက်ဆုံးဥသြကို ဆွဲလိုက်ပြီးနောက် ဘေးတိုက်ဦးခြာ ကမ်းကခွာလေပြီ။

ထိုမှ သင်္ဘောထွက်မှ ဖတ်ပါဟုပြော၍ မသူပေးလိုက်သောစာကို ကျွန်တော့်အိတ်ထဲမှ ထုတ်လိုက်တော့၏။

(မှာထားပါရစေ၊ မသူ စာကောင်းကောင်း မရေးတတ်ပါ၊ ထို့ပြင် သူနှင့်တွေ့ကြုံခဲ့ရ သော လူများ၏ နာမည်၊ ရာထူး၊ ဂုဏ်ဒြပ်များကို အမှန်အတိုင်း ဖော်ပြထားပါသဖြင့် ကျွန်တော်က ဖျောက်ဖျက်၍ မည်သူ့ဂုဏ်ကိုမျှ မထိခိုက်အောင် စာလည်းပြေပြစ်ရန် ပြင်ဆင် ရေးသားလိုက်ပါသည်။)

မိသူအကြောင်းဇစ်မြစ်ကို သိလှချင်တဲ့ အမောင်ရေ–

ဟုတ်တိုင်းမှန်ရာ မချန်မချွင်း ပြောလိုက်မယ်ပ၊ ပါးစပ်နဲ့ဆိုရင် မရဲပါဘူး၊ စာနဲ့မှ အကုန်ရေးဝံ့တော့တာ၊ ကျွန်မဟာ အခု အသက်(၁၉)နှစ်၊ ဟို ဂျပန်ခေတ်မှာ ကျွန်မ (၁၆)နှစ် အပျိုဖြစ်လို့ အရွယ်ရောက်ခါစ ကျွန်မတို့ရွာမှာဆိုရင် ကျွန်မက ညီအစ်မသားချင်း တွေထဲမှာ ထွန်းပြီးတော့ သူများနဲ့မတူအောင် ရုပ်ရည်က လှခဲ့တာပ၊ ဒါနဲ့ အတော်ပဲ လှဂုဏ်မောက်ပြီး ကိုယ့်ရွာကလူတွေဆိုရင် စိတ်ကူးမထည့်၊ မြို့ပေါ်က ရောက်လာတဲ့ လူချောချောတစ်ယောက်နဲ့ ကျွန်မ ကြိုက်ပါရော။ ကြိုက်တယ်ဆိုရင်ပဲ အရှူးအမူး၊ သူခေါ်ရာ ကို ခိုးရာလိုက်ခဲ့တာပ၊ ကသာမြို့ရောက်တော့ သူ့ဦးကြီးဆိုတဲ့ မွန္တလေးက မကြာခင်တုန်းက မှ ပြောင်းလာတဲ့ ရဲအရာရှိကြီးအိမ်မှာ နေရတယ်၊ နောက်တော့ အဲဒီလူကြီးဟာ တခြားလူ ဟုတ်ပါရိုးလား၊ ကျွန်မ ဒုတိယ ယူရတဲ့ လင်ကြီးပေါ့။

ဖြစ်ပုံက ပြောရမှာရှက်လိုက်ပါဘိ၊ ကျွန်မတို့ သူ့အိမ်ရောက်တော့ ၁၀–ရက် လောက်ပဲရှိသေးတယ်၊ တစ်နေ့ခင်းလုံး ကျွန်မတစ်ယောက်တည်း အခန်းထဲမှာ အိပ်ပျော် နေတုန်း

အဲဒီလူကြီး ဝင်လာပြီး ကျွန်မကို မတရားကျင့်တယ်၊ အဲဒါကို ကျွန်မယောကျ်ား ပြန်လာလို့ ပြောပြတော့ သူက ဘယ့်နှယ်ပြောတယ်မှတ်သလဲ၊ အဲ့ဒါ လူတင်ပါလို့ နွားကျား လိုက်တာ၊ နင်ဟာ နည်းနည်းမှ သစ္စာရှိတာ မဟုတ်ဘူး၊ နင့်လင်ကြီးနဲ့ပဲ နင်နေခဲ့ပေတော့ ဆိုပြီး သူ အိမ်ကဆင်းသွားတယ်၊ အဲဒီတော့ သူဦးကြီးဆိုတဲ့လူကြီးက 'ကဲ. . . မထူးတော့ ပါဘူး၊ မင်းကို ငါ တကယ်ချစ်တယ်၊ ငါ့မှာလဲ သားမယားမရှိဘူး၊ မင်းကို ကောင်းကောင်း မွန်မွန်ထားမယ်' ဆိုပြီး ခရီး ဆက်တော့တာကိုး၊ အဲဒါ ကျွန်မအပြစ်လား အမောင်။

အမှန်ကတော့ ကျွန်မ နောက်မှသိရတာက သူတို့ချင်းက အချိတ်အဆက် အမောင်ရဲ့ အဲဒီအကောင်က ကျွန်မကို ငွေတစ်ထောင်နဲ့ ရောင်းခဲ့တာလေ၊ ဒါနဲ့ ကျွန်မဟာ ဖွတ်မိုက်ရတော့တာပေါ့။ အဲဒီလူကြီးက ကျွန်မကို မယားအဖြစ်နဲ့ အတော်ပဲ ကြင်ကြင်နာနာ မြှောက်စားထားပါတယ်။

ဒါပေမယ့် အခုထိ ကျွန်မ ကလေးမမွေးနိုင်အောင် တားဆေးတွေ ကျွေးပစ်ခဲ့ တာက အဲဒီလူကြီးပဲ အမောင်ရေ့၊ ကျွေးမှာပလေ၊ ဘာပ်ပလို့လဲဆိုတော့ ကျွန်မနဲ့အတူပေါင်း လို့ ခြောက်လလောက်လဲကြာရော သူ့သားမယားတွေ မန္တလေးက လိုက်လာတာပဲ၊ အဲဒီတော့ ကျွန်မကို သူ့အိမ်ကြီးပေါ် မထားတော့ဘူး၊ ချောင်ကျကျနေရာမှ အိမ်ကလေး တစ်လုံး ငှားပေးထားတယ်။

အဲဒီအခါမှာ လူမိုက် အောင်သင်းက ကျွန်မရဲ့အစောင့်ထိန်းပေါ့၊ သည့်ပြင် လူဆို ယင်ဖိုမှ မနားရပါဘူး၊ အဲဒီလူကြီးပဲ ကျွန်မဆီကို လာချင်တိုင်း လာတယ်၊ ခေါ်ချင်တဲ့ နေရာ ခေါ်သွားတယ်၊ အမယ် သူက ပြောလိုက်သေး၊ သူ့မယား သေနာမကြီးဟာ မကြာခင်ပြန်မှာ၊ အဲဒီတော့ အစိုးရအိမ်ကြီးမှာ အတူတူ ပြန်နေမယ်တဲ့၊ ကျွန်မ မိတောသူက ယုံမိတာပေါ့၊ ဒါပေမယ့် နောက် ခြောက်လလောက်လဲ ကြာရော၊ အဲဒီလူကြီး ဟာ သူ့အလုပ်နဲ့ ပြောင်းသွားရပါရော၊ ကျွန်မကတော့ အိမ်ကလေးတစ်လုံးနဲ့၊ အောင်သင်း က အစတော့ တော်ပါသေးတယ်၊ သူ့ဆရာကတော်အဖြစ်နဲ့ လက်ဖျားနဲ့တောင် မတို့ပါဘူး။

အဲ့ဒီတော့ ကျွန်မမှာ ရွာပြန်ရခက်၊ ဆက်နေရအခက်နဲ့ အကျပ်တွေ အောင်သင်းက ကျွန်မကို အရာရှိတစ်ယောက်က ရချင်တယ်ဆိုပြီး ဆွယ်ပေးတယ်၊ အဲဒီ လူဟာ ကျွန်မရဲ့တတိယလင်ပေါ့၊ သူနဲ့ ကျတော့ အဲဒီအိမ်ကလေးမှာပဲ တိတ်တိတ်ပုန်း မယားလေ၊ ဒါပေမယ့် အဝတ်အစားတွေ မပြတ်ဝယ်ပေး၊ ပိုက်ဆံ ဖောဖောသီသီပေး၊ ပွဲတို့ ရုပ်ရှင်တို့ သွားကြည့်ချင်ရင် အထိန်း အောင်သင်းက လိုက်ပို့နဲ့ ကျွန်မတို့ တောရွာအနေနဲ့ မတူတော့ (ဝန်ခံပါရဲ့) ကျေနပ်မိတာပေါ့။

ဒါပေမယ့် လင်များရမယ့် ကျွန်မမှာ အဲဒီဆရာနဲ့ ခုနှစ်လလောက်ပဲ ကြာလိုက် တယ်၊ သူ့အလုပ်နဲ့ တစ်ရပ် တစ်ကျေး ပြောင်းပြေးရပါရော၊ အဲဒီအခါမှာ ကျွန်မ လင်ဆွယ် ပေလို့ မြက်မြက်တွေ့နေတဲ့ အောင်သင်းက နောက်တစ်ယောက်နဲ့ ဆောင်ကြဉ်းပေးပြန်ပါ ရော၊

အဲဒီလူကျတော့ ဟို အစဦးနှစ်ယောက်လောက် အဆင့်အတန်း မမြင့်ဘူး၊ ရာထူး ခပ်ငယ်ငယ်ပဲ၊ ဒါပေမယ့် သူက အောက်ဆိုက်ကောင်းလို့ အတော်လေးပဲ လုလုဝဝ နေလိုက်ရပါတယ်၊ သူနဲ့ကျတော့ လေးလ လောက်ပဲ ကြာလိုက်ပါတယ်။

အဲဒီ လူနဲ့လဲကွဲရော အမောင်ရေ၊ ကျွန်မမှာ သိမ်ငယ်လာလိုက်တာ အောင်သင်းကပါ စော်ကားတော့တာပါပဲ၊ ဒီတော့မှ ကျွန်မ ဘဝ ကျွန်မသိပြီး မြို့မှာ ကိုယ်နဲ့ မတန်တဲ့ အဝတ်လုလုတွေ၊ ဘာမှမလုပ်ရတဲ့ အနေလုလုတွေ မမက်တော့ဘဲ တောမှာပဲ ကောက်စိုက် ကောက်ရိတ်၊ ငါးပက်ရတဲ့အလုပ်နဲ့ပဲ နေပါတော့မယ်လို့ဆိုပြီး ရွာပြန်ပြေးပါ တယ်။

ဒါပေမယ့် ဘဝဆိုးဖို့ အကုသိုလ်ကံ ပါလာတဲ့ ကျွန်မမှာ ရွာမှာ မကောင်း သတင်း ပြေးနေလိုက်တာက မြို့မှာ ကျွန်မဖြစ်ခဲ့တာထက်ပိုဆိုးပြီး ပြည့်တန်ဆာမ၊ မကောင်း တဲ့မိန်းမရယ်လို့ ဘယ်သူကမှ အဖက်မလုပ်ကြဘဲ တံတွေးခွက် ပက်လက် မျောတော့တာပါ ပဲ၊ ကျွန်မကို မိန်းမဖော်တွေ၊ ယောကျ်ားလေးတွေကလဲ ဝိုင်းပြီး နှိမ်ကြတော့တာပေါ့။

ကျွန်မမှာ နေစရာ ထိုင်စရာ မရှိတော့ဘူး၊ ဒီတော့ ကျွန်မလဲ စိတ်ခပ်ဆတ် ဆတ်နဲ့ အို. . . ငါ ဒီမှာနေလဲ ဘာထူးသေးလဲ၊ လူတောထဲ တိုးနိုင်တာမှ မဟုတ်တော့ဘဲ၊ အသိတွေ ဆွေမျိုးတွေ မျက်မှောက်မှာ အရှက်တော့ ခံမနေဘူး၊ သူတို့မမြင်ကွယ်ရာမှာပဲ ငါ ဖြစ်ချင်သလိုဖြစ်လို့ဆိုပြီး ကသာကို ပြန်လာခဲ့တော့တာပါပဲ။

ရှေ့ဆက်တော့ အထူးမရေးပါရစေနဲ့တော့ အမောင်ရယ်၊ ဖြစ်လိုရာဖြစ်ဆိုပြီး အောင်သင်းကြီးလက်ထဲ ပြန်ရောက်ခဲ့တာမို့ အမောင်ပဲ စဉ်းစားကြည့်တော့၊ ဒါပေမယ့် ကသာပြန်လာပြီး တစ်လလောက်ပဲ ကြာပါတယ်၊ သူက မတရား အနိုင်ကျင့်လွန်းတာနဲ့က သူနဲ့ရန်ဖြစ်ပြီး အမောင့်ဆီ ရောက်ခဲ့တာပါပဲ။

ကဲ. . . အမောင် ကျွန်မအကြောင်းတွေ အမှန်အတိုင်းသိရတော့ အော်ဂလီဆန် မသွားဘူးလား၊ ရွံမသွားဘူးလား၊ ဒါကြောင့် အမောင် မေးတိုင်း မေးတိုင်း မပြောပါရစေနဲ့ လို့ တောင်းပန်ခဲ့တာ၊ မပြောတာကလဲ တခြားကြောင့်မဟုတ်ဘူး၊ အမောင့်ကို ချစ်လွန်းလွန်း လို့ အမောင်က ကျွန်မဘဝ ရွံပြီး ကျွန်မကို ပစ်သွားမှာစိုးလို့၊ အခုတော့ ဘာထူးသေးလဲ၊ အမောင် ကျွန်မကို ပစ်သွားပြီ မဟုတ်လား။

အမောင်ရေ. . . သွားတော့ သွားတော့၊ ကျွန်မရဲ့ အသည်းနှလုံးထဲက နှစ်နှစ် ကာကာ ချစ်မိတဲ့ အမောင်ရယ်။

အမောင်ဟာ ကျွန်မကို သူများလို လှည့်စားယူတာလဲမဟုတ်၊ လူမိုက်ငွေပေးပြီး ယူတာလဲမဟုတ်၊ တကယ့်စိတ်ကောင်း၊ တကယ့်သတ္တိနဲ့ ယောကျ်ားပီပီ လူမိုက်လက်ထဲက ကျွန်မဘဝကို ကူညီကယ်တင်တာ ကျွန်မသိပါတယ်၊ ဒါကြောင့်လဲ အမောင့်ကို ကျွန်မချစ်တာ၊ ချစ်တာ အသက်ပေးပြီးချစ်တာ၊ အမောင့် စတွေ့တွေ့ချစ် အစ်ကိုလို့ခေါ်ခဲ့ရာက နောက်တော့

နှလုံးသားထဲမှ ပေါ်လာတဲ့အတိုင်း 'အမောင်' လို့ ဘယ်သူ့ကိုမှ မခေါ်ဖူးတာ ခေါ်ခဲ့တာပဲ အမောင်ရယ်။

အမောင်ကလဲ ကျွန်မကို တကယ်ချစ်တာပါပဲ။ ကျွန်မ သိပါတယ်၊ ဒါပေမယ့် အမောင် အခု ဆက်မချစ်နိုင်တော့ဘူး မဟုတ်လား။ မယားရှိရာနေရပ်ကို ပြန်ရတော့မယ်၊ ပြန်ပါ ပြန်ပါ အမောင်ရေ၊ ကျွန်မကို မေ့လိုက်ပါတော့၊ လူဆိုတာ သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ အမောင် ဟိုကနေပြီး ငွေပို့မယ်ဆိုတာလဲ မပို့နဲ့တော့၊ အမောင်မရှိတဲ့နောက် ကျွန်မလဲ ဒီဘူတာဝင်းက ဝေးတဲ့နေရာ သွားတော့မယ်။

လူ့ဘဝဆိုတာ ဒီလိုပဲ 'ဆန်ဆုံစား၊ ကံကုန်သွား' ကြတာပါပဲ၊ အမောင်ရေ. . . သွားတော့. . . . သွားတော့. . . .

မသူ

သူစာဆုံးတော့ ကျွန်တော့်မျက်စိတွေမှာ မျက်ရည်တွေ ဝေ၍ဝါး၍ နေပါပြီ။

တိုင်ရှိ သင်္ဘောကား ဂယက် ဖွေးဖွေး လှိုင်းသံတေးနှင့် ကသာကမ်းနဘေးက ဝေးသည်ထက် ဝေးခဲ့ပြီတကား. . .။

အမောင်. . . ကျွန်မကို မေ့သာပစ်လိုက်တော့၊ ကျွန်မကံနဲ့ကျွန်မ ရှိပါစေတော့၊ အမောင် ဟိုကနေပြီး ငွေတွေပို့မယ်ဆိုတာလဲ မပို့နဲ့နော်၊ အမောင်မပို့ကောင်းဘူး၊ ကျွန်မ မလိုချင်ဘူး၊ အမောင့် မယား၊ အမောင့် သားသမီးတွေနဲ့သာ ပျော်ပျော်နေ၊ ကျွန်မကို မေ့ပစ်လိုက်၊ မိသူကံဆိုးမကို သတိမရနဲ့တော့ သိလား။

သွားတော့. . . သွားတော့၊ 'ဆန်ဆုံစား၊ ကံကန်သွား' လူ့ဘဝဆိုတာ ဒီလိုချည်းပါပဲ အမောင်ရယ်. . . . ။

မသူစာကို ဖတ်ရင်း ကျွန်တော့် မျက်စိတွေမှာ မျက်ရည်တွေဝေ၍ ဝါး၍ နေပါပြီ။

တိုင်ရှိသင်္ဘောကား ဂယက် ဖွေးဖွေး လှိုင်းသံ တေးနှင့် ကသာ ကမ်းနံဘေးမှ ဝေးသည်ထက် ဝေးပြီတကား။

ကျွန်တော်သည် သင်္ဘောကုန်းပတ်ပေါ်၌ မတ်တတ်ရပ်နေနိုင်စွမ်းမရှိတော့ဘဲ ကျွန်တော့်၏ အိပ်ရာလိပ်ရှိရာ သင်္ဘောဦးပိုင်း အခန်းကေဗင်ထဲသို့ ပြန်လာခဲ့ကာ တုံးလုံးလှဲ၍ နေတော့အံ့ဟု မသူထားခဲ့သော အိပ်ရာလိပ်ကို ဖြန့်လိုက်သည်။

ဟင်. . . ခေါင်းအုံးကလေး တစ်လုံးတည်းနဲ့ ကျွန်တော့်တစ်ယောက်စာ အိပ်ရာလိပ် လေးပါလားခင်ဗျာ၊ မနေ့ညတုန်းကတော့ မသူနဲ့နှစ်ယောက် အိပ်ခဲ့တဲ့ ခေါင်းအုံး နှစ်လုံးနဲ့ အိပ်ရာလိပ်ကြီး၊ အခု သူ့စောင်၊ သူ့ခေါင်းအုံး မပါတော့ဘူး၊ သူ့ကိုယ်နံ့လေးပဲ ကျန်တော့ သည်။

မသူက သူ့အိပ်ရာလိပ်နှင့် ကျွန်တော့်အိပ်ရာလိပ် နှစ်ခုပေါင်းခဲ့သည်က ၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလနှင့် ၂၆ ရက် ဗုဒ္ဓဟူးနေ့ည၊ မိုးညှင်းမြို့ဘူတာဝင်းအတွင်းက ခရီးသွား မီးရထား ဝန်ထမ်းများ၏ တည်းခိုခန်းကလေးထဲတွင် ဖြစ်ခဲ့၍၊ ယခု သူ့အိပ်ရာလိပ်နှင့် ကျွန်တော့် အိပ်ရာ ခွဲလိုက်ရသည်ကတော့ ၁၉၄၇-ခုနှစ်၊ ဇွန်လ ၆-ရက် တနင်္ဂနွေနေ့ နံနက်လင်းအားး ကြီးအချိန်မှာ ကသာမြို့ မီးရထား အလုပ်သမားများ၏ တဲတန်းလျားက အခန်းကလေးထဲ တွင် ဖြစ်ပါ၏။

မသူ၏ စကားအရ လူ့ဘဝဆိုတာ 'ဆန်ဆုံစား၊ ကံကုန်သွား' ဆိုရာ၌ ရက်တွေကို တွက်ရေလို့ ကြည့်လိုက်ရင်ဖြင့် မသူနှင့် ကျွန်တော်ဟာ ၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် နေ့မှ ဇွန်လ ၆ ရက်နေ့အထိ ဆိုတော့ ၄ လနဲ့ ၁၀ ရက်ပဲ ဆန်ဆုံစားပြီး၊ အခု ကံကုန်၍ သွားကြပြီ။ မယ်တစ်ရွာ မောင်တစ်မြို့ ဝေးလို့ ဝေးလို့ သွားကြပြီ။

စင်စစ်တော့ မသူနှင့် ကျွန်တော့်ဘဝ ဇာတ်လမ်းသည် ဤတွင် နိဋ္ဌိတန်ခဲ့ပါပြီ။ သီးခြားခွဲ၍ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွားရမည့်ဒြ ကျွန်တော့် ဘဝခရီး ရှေ့ဆက်ဖို့ မှာ မသူ၏ အရိပ်အငွေ့တွေ ပါခဲ့ပါပေသည်။

အသို့ဟူမူ မလွှဲသာ၍ ခွဲခွာခဲ့ရသော မသူအတွက် ကျွန်တော်၏ စိုးရိမ်သောကတို့ သည် ကျွန်တော့်အား လှည့်စားသွားသော ကိုတင်လုံးအပေါ်သို့ ဒေါသတရားတွေ ပွားတော့ ၏။

ကြည့်စမ်း. . . သင်းလုပ်ပုံကြောင့် ငါ့သားမယားလေးကို ငွေလေးငါးရာမှ မပေးနိုင်ခဲ့ ဘူး၊ ငါတောင်မှ ငါ့အဖေက ငွေပေးပြီး ငါ့နောင်တော်ကို လိုက်ခေါ်ခိုင်းလို့ ပြန်နိုင်တယ်။ သင်းဆီက ငါ့ငွေကို မရရအောင် တောင်းမယ်ဟု အဓိဋ္ဌာန် ချလိုက်လေ၏။

တင်လုံးရာ– ငါဘယ်လိုအကောင်လဲဆိုတာ မင်းမသိသေးဘူးလား မန္တလေးက မင်း ဘယ်ပြေးမလဲ၊ ငါလာပြီ–။

''ကျွန်တော် ဟိုအကောင့်ဆီက ငွေ မရမချင်း ပေါင်းတည်ကို မပြန်သေးဘူး၊ ခင်ဗျားသာ နက်ဖြန်မနက် ရထားနဲ့ပြန်နှင့်၊ အဖေ့ကို အကျိုးအကြောင်းပြောပြလိုက်''

သည်တော့သူက–

''မင်းအဖေက ငါ့ကို မင်းကိုတစ်ပါတည်း ခေါ်ခဲ့ဖို့ ငွေပေးလွှတ်လိုက်တာကွ၊ ဒီတော့ ငါ့တာဝန်က မင်းအဖေရှေ့မှောက် မင်းရောက်ဖို့ပဲ၊ မင်းတို့ သားအဖချင်း တွေ့ပြီးကြတော့မှ မင်းရှေ့ဆက်ပြီး လုပ်ချင်တာလုပ်ကွ''

သို့နှင့် ကျွန်တော်သည် မွေးသခင်ရှိရာ ဂေဟာသို့ ပြန်ရောက်သွားတော့သည်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလကမန္တလေးမှ ကသာသို့ ဆန်အိတ် ၂၀၀ နှင့် ထွက်ခွာခဲ့ရာက ဤ ၇–လအတွင်း ကျွန်တော် ဖြစ်ပျက်ခဲ့သမျှ အားလုံးကို အဖေ့အား ပြောပြလိုက်သည်။ ကျွန်တော်သည် မုသာဝါဒလည်း မပြောတတ်။ ဘာမှလည်း ထိန်ချန်မထားတတ်သူ မဟုတ်မူ ၍ အညာမှာ ကုန်ရှုံးကြွေးကျန်နှင့် ဤငွေကို စောင့်ရင်း ကသာတွင် မယားတစ်ယောက် ရခဲ့ကြောင်းကိုပါ ပြောပြ လိုက်တော့ ကျွန်တော့် ဇနီး နော်မာကလည်း ဒေါသထွက်သည်။ အဖေ့ဘက်က ကြည့်တော့လည်း အိမ်မှာ သားမယား ထားခဲ့ပြီး ငွေတစ်သောင်းကျော်ဖိုး အရင်းအနှီးနှင့် အညာသို့တက်သွားသည်။ ၇– လ ကြာခဲ့သည်။ ဟိုမှာ မိန်းမ တစ်ယောက် နှင့်ညားနေသည်။

အိမ်က လူလွှတ်ခေါ်၍ ပြန်လာတော့ အိတ်ထဲမှာ ပဲစေ့ကလေး နှစ်စေ့၊ ပိုက်ဆံ တစ်မူးသာ ပါတော့သည်ဖြစ်ရကား အဖေက ''မင်းလောက်မိုက်တဲ့ကောင် လူ့ပြည်မှာ ရှိသေးရဲ့လားကွာ'' ဟု ပြော၏။

အဖေကလည်း အပြစ်တင်၊ မယားကလည်း ငြူစူ။

ဒီတော့ ကျွန်တော် ရှက်လှသည်။ ဤအိမ်မှာမနေလိုတော့ပြီ။

ကျွန်တော် ဤသို့ ဖြစ်ရသည်မှာ ကသာတွင် ကျွန်တော့် ဆန်ဖိုး ငွေတွေကို အလွဲ သုံးစား လုပ်ပစ်သော ကိုတင်လုံးကြောင့်သာဟု သူ့အပေါ် သတ္တုချ၍ အော်ဒီမန် စာချုပ်နှင့် သူ့ထံတွင် ကျန်ခဲ့သော ငွေ နှစ်ထောင်ကျော်ကို မရမနေတောင်းပါမည်ဟု အဖေအားပြောပြီး ကျွန်တော် မန္တလေးသို့ ပြန်ခဲ့တော့၏။

ယင်းကာလမှာ မြန်မာပြန် လွတ်လပ်ရေးမရသေး။

ကက်စ်ဘီခေတ်ဖြစ်၍ ထိုအချိန်က ကျပ်၊ မူး၊ ပဲ သုံးရသော အင်္ဂလိပ်ငွေသည် တန်ဖိုးရှိလှ၏။ ရွှေတစ်ကျပ်သားမှ ငွေတစ်ရာဈေးသာ ဖြစ်၏။

ဒါကြောင့် ဒီငွေကို ကျွန်တော် မရမနေ တောင်းရမည်။

ရွာကအိမ်မှာ ၃–ရက်မျှသာနေပြီး အဖေ့ဆီမှ ငွေတစ်ရာတောင်း၍ မန္တလေးသို့ လာခဲ့သည်။

ကသာ ဘူတာဝင်းအတွင်း၌ ကျွန်တော်နှင့် အတူနေခဲ့ပြီး ၁၉၄၇–ခုနှစ် ဧပြီလ ၁၅– ရက်နေ့က အထက် အမိန့်အရ ပြန်သွားကြသော မီးရထား လက်မှတ်စစ် ကိုလှငွေနှင့် ကိုအောင်ကြီးတို့၏ လိပ်စာတွေကို သိပြီးဖြစ်၍ ကျွန်တော် မန္တလေးသို့ ရောက်သောအခါ တမာကုန်းရပ်ဈေးအနီးရှိ ကိုလှငွေ၏အိမ်သို့ သွားပါသည်။

ကိုလှငွေလည်း မန္တလေးသား၊ ကိုတင်လုံးလည်း မန္တလေးသား ဖြစ်၍ ကိုလှငွေသည် ပိုက်ကျုံးရပ် မြစ်ကမ်းအနီးရှိ ကိုတင်လုံး နေသော အိမ်ကိုသိပါသည်။

ထိုအချိန်က ကိုတင်လုံးသည် လူပျို၊ သူ့အဖေ သစ်ကုန်သည် ဖောင်သူကြီး ဦးမျှားနှင့်အတူ နေပါသည်။

ကိုလှငွေနှင့် ကျွန်တော် သူတို့အိမ်သွားပြီး အော်ဒီမန် စာချုပ်ကိုပြ၍ ငွေတောင်း သောအခါ ကိုတင်လုံးက မငြင်းပါ။

သို့သော် သူ့မှာ မရှိသေး၍ မပေးနိုင်သေးဟု ပြောပါသည်။

သူ့အဖေ ဦးမျှားကတော့ စာချုပ်အရ တရားစွဲပြီး သူ့အား ''ဒီလောက်မိုက်တဲ့ကောင် ထောင်သာချပစ်လိုက်'' ဟု ပြောပါသည်။

ကဲ. . . ကမ်းကုန်ရော၊ အော်ဒီမန် စာချုပ်နှင့် တရားစွဲရန်ကား တရားမမှု (ရှေ့နေ တစ်ယောက်အား မေးကြည့်သည်။) ငွေတစ်ရာကို တစ်ဆယ်ဖိုး တံဆိပ်ခေါင်းကပ်ရမည်။

တရားလိုက နိုင်၍ တရားခံ ထောင်ကျ သွားခဲ့သော် ကျွန်တော်က သူ့ကိုထောင်ထဲ မှာ တစ်နေ့ဘယ်လောက်ဟု အစိုးရ ကန့်သတ်သည့်အတိုင်း စားစရိတ် ပေးထားရဦး မည်တဲ့။

ကဲ. . . . အိမ်မှအဖေ့ဆီက ငွေကလေးတစ်ရာတောင်းလာရတဲ့ အကောင်၊ ကျွန်တော် ဘာတတ်နိုင်တော့သနည်း။

စာရှုသူ ကျွန်တော့် နေရာက ဝင်၍ စဉ်းစားစမ်းပါ။ ဘာလုပ်မည်နည်း။

ကျွန်တော်ကား မလွဲမသွေ လုပ်ရတော့မည့် အလုပ်ကို ဆုံးဖြတ်ချက် ချလိုက်ပါတော့ သည်။

ဘာလုပ်မှာလဲ. . .

အဖေက ကျွန်တော့်အား ''မင်းလောက်မိုက်တဲ့အကောင် လူ့ပြည်မှာ ရှိသေးရဲ့လား ကွာ'' လို့ ပြောလိုက်တယ် မဟုတ်လား။

ဟုတ်တယ်၊ ကျွန်တော် မိုက်တယ်၊ အသက်နဲ့ကို ရင်းပြီး မိုက်တယ်။

သူတို့ သားအဖနှင့် သူတို့အိမ်မှာ ငွေကြေးကိစ္စ ပြောပြီး သုံးရက်မျှအကြာ နံနက်ခင်း ဝေလီဝေလင်း အချိန်တွင် ကျွန်တော်သည် အိပ်ရာလိပ်နှင့် အဝတ်သေတ္တာ ကလေးဆွဲကာ ကိုလှငွေအိမ်မှ ထွက်ခဲ့ပြီး မောင်းလာသော ရထားလုံး တစ်စီးကို လှမ်းခေါ် လိုက်သည်။

'ဟေး. . . ဂါလီ. . . ဂါလီတဲ. . . အောင်းနား'

အဲသည်ခေတ်က ကုလားကို ကုလားလိုပြောတတ်ရသည်။

ရထား ကျွန်တော့်ရှေ့ လာရပ်သောအခါ တံခါးဖွင့်၍ တက်ထိုင်လိုက်ပြီး 'ဟေး ပိုက်ကျိုး ဂျာရစ်ကား'

တမာကုန်းနှင့် ပိုက်ကျိုး မိနစ် ၂၀–လောက်မောင်းရသည်။

ကိုတင်လုံးတို့ အိမ်ရှေ့ရောက်သောအခါ 'ဘားယားရပ်ခိုး (ဘယ်ဘက်ကပ်ရပ်) ဟု အော်လိုက်သည်။

ရထားကုလား ခေါင်မိုးပေါ်မှ ဆင်းလာပြီး တံခါးဖွင့် ပေးသောအခါ သူ့အား ငွေတစ်ကျပ် ပေးလိုက်သည်။

ကျွန်တော် အိပ်ရာလိပ်ကလေးပိုက်ပြီး ကိုတင်လုံးတို့ အိမ်ဝင်းထဲ ဝင်လိုက်သည်။

သူတို့အိမ်သည် သုံးပင်နှစ်ပင်ခန်း၊ တစ်ထပ်အိမ်မြင့်၊ ခြေတံရှည်လေး ဖြစ်သည်။

အိမ်အောက် နောက်ဖေးဘက်အခြမ်းသာ အဆင့်ရှိ၍ ထိုအပေါ်၌ ကိုတင်လုံးသည် စောင်ခြုံ၍ အိပ်နေတုန်း။

သူ့အဖေ ဦးမျှားနှင့် ၎င်း၏အစ်ကို ဦးဘယောင်းက အိမ်ရှေ့ခန်း တန်းလျားကုလား ထိုင်ကြီး နှစ်လုံးအကြားရှိ စားပွဲရှည်ကြီးပေါ်မှာ ရေနွေးကရား အလယ်ကထား၍ လက်ဖက် ရည်ကြမ်း သောက်နေကြသည်။

ကျွန်တော် အိပ်ရာလိပ်ကလေးပိုက်၍ ဝင်လာတာမြင်တော့ ဦးမျှားက မျက်နှာတည် မျက်နှာထားနှင့် –

'မနက်စောကြီး မောင်ရင်က ဘာကိစ္စလာတာလဲ'

ဒီတော့ ကျွန်တော်က အိပ်ရာလိပ်ကို သူတို့ရှေ့ စားပွဲပေါ် ထိုးတင်လိုက်ပြီး –

'ကျွန်တော် ဦးသားဆီက ရစရာရှိတဲ့အကြွေးကို တောင်းရအောင် လာတာပါ'

'အိုး–မပေးနိုင်ပါဘူးလို့ ဟိုနေ့ကပဲ စကားကုန်ပြောလိုက်ပြီ မဟုတ်လား၊ ကျုပ်သားလဲ မောင်ရင့်လိုပဲ အညာမှာသွားပြီး ငွေတစ်သောင်းကျော်လောက် ဆုံးရှုံးလာတဲ့ အကောင်'

'ကျွန်တော်ကတော့ ကျွန်တော့်ငွေကို အဆုံး မခံနိုင်ဘူးဗျာ၊ ခင်ဗျားတို့ ပေးကိုပေးရ မယ်'

'ဩော်–မပေးတော့ မင်းက ဘာတတ်နိုင်မှာမို့လဲ'

သူက အသံမာမာနှင့် ပြောလိုက်တော့ ကျွန်တော်က မျက်နှာထား တင်းတင်းနှင့် အိပ်ရာလိပ်ထဲက ဓားမြှောင့်ကို ဆွဲထုတ်လိုက်ကာ –

'ကျွန်တော် တက်နိုင်တာက ကျွန်တော့် ငွေကို မပေးဘူးဆိုရင် ဟောဒီဓားနဲ့ ဦးသားကို သတ်မှာပဲ'

သူ့မျက်နှာကို စေ့စေ့ကြည့်၍ ခေတ္တ စကားရပ်လိုက်ပြီးမှ

'ဒီတော့ ဦးတို့က ပြောချင်ကြပေလိမ့်မယ်၊ (ဟေ့–မင်းတစ်ယောက်တည်းလာပြီး ငါ့အိမ်မှာ ငါ့သားကို သတ်လို့ရမလားကွ၊ မင်းကို ငါတို့က အရင် သတ်လိုက်မှာပေါ့) လို့။ ဒါမှန်တယ်၊ ကဲ– ကျွန်တော့်ကို အရင်သတ်လိုက်ကြပါ၊ ရော့ဆိုပြီး ဓားမြှောင့်ကို သူတို့ရှေ့ထိုး ပေးလိုက်ကာ–

'ဦးတို့က ကျွန်တော့်ကိုသတ်ရင် ကျွန်တော်အရင်သေမယ် ဦးက နောက်မှ ကြိုးစင် တက်ရမယ်၊ ထိုနည်းလည်းကောင်းပဲ၊ ဦးသားကို ကျွန်တော်သတ်ရင် ကိုတင်လုံးက အရင်သေ မယ်၊ သည်နောက် ကျွန်တော်က ကြိုးစင်တက်ရမယ်၊ အားလုံး ရှေ့သွား နောက်လိုက်ချည်းပါပဲ ဗျာ၊ ကဲ– ဒီတော့ ကြိုက်ရာသာ ရွေးကြပေရော့၊ ကျွန်တော်ကတော့ အသင့်ပဲ၊ သေရဲတယ်၊ သတ်ရဲတယ်'

ထိုအခါ လူကြီးနှစ်ယောက်၏ မျက်နှာမှာ တင်းမာမှု မရှိတော့ဘဲ စိုးရွံ့စိတ်ဖြစ်ပေါ် လာကြကာ ဦးမျှားက ကျွန်တော့်ကို စေ့စေ့ကြည့်နေရာမှ ပျော့ပျောင်းလာသော အသံနှင့်–

'မောင်ရင် ဒီအထိတော့ မဖြစ်သင့်ပါဘူးကွာ'

'ဒါဖြင့် ကျွန်တော့် ပိုက်ဆံကိုပေးပါ'

'ပေးချင်ပါတယ်ကွာ၊ ဒါပေမယ့် တို့ အလုပ် အကိုင် မကောင်းကြလို့ ခုချိန်မှာ ဒီလောက်ငွေ တို့မှာမရှိဘူးကွ'

'အဲ–ပေးချင်ပါတယ်ဆိုရင် တော်ပြီ၊ မရှိသေးတာတော့ ဘယ်တတ်နိုင်မှာလဲဗျာ၊ ရှိရင်တော့ ပေးမယ်မဟုတ်လား'

'ဟာ ပေးမှာပေါ့ကွာ'

'ဒါဆို ကြိုက်ပြီ၊ ရှိတဲ့တစ်နေ့ပေးနော်၊ ကျွန်တော်ကတော့ ဒီငွေမရမချင်း ဒီအိမ်ပေါ်က မဆင်းတော့ဘူး၊ ဒီမှာနေမယ်၊ ဒီမှာစားမယ်၊ ဒီမှာအိပ်မယ်၊ အခုပဲ ကျွန်တော့်သူငယ်ချင်းနဲ့အတူ သွားအိပ်တော့မယ်ဗျ'

ဟုဆိုပြီး ကျွန်တော် အိပ်ရာလိပ်ကလေးကိုယူကာ ကိုတင်လုံး နံဘေးမှာဖြန့်ခင်း၍ တုံးလုံးလှဲလိုက်ပြီး ကိုတင်လုံးလိုပဲ စောင်ကို ခေါင်းမြီးခြုံလိုက်တော့၏။

စင်စစ်တော့ ကိုတင်လုံးသည် အိပ်ပျော်နေသည် မဟုတ်။ နံနက်ခင်း အေးအေး အိပ်ရာထဲ မှိန်းနေခြင်းသာဖြစ်၍ ကျွန်တော်နှင့် သူ့အဖေ ပြောသည့်စကားတွေကို အကုန်ကြား သည်။

သူနှင့်ကျွန်တော်သည် ကသာမှာကတည်းက သောက်ဖော်စားဖက် သူငယ်ချင်းဖြစ်၍ လူချင်း ခင်မင်ရင်းစွဲ ရှိသည်နှင့်

'ကိုကြင်ဆွေ ခင်ဗျားပြောတဲ့အတိုင်းသာ ဒီအိမ်မှာနေဗျူ၊ ကျွန်တော်တို့ သစ်ဖောင်တွေ အောင်လာရင် ခင်ဗျားငွေရမှာပဲ' ဟု တီးတိုးပြောပါ၏။

စင်စစ်တော့ ကျွန်တော်သည် ဤဂေဟာမှာ စာရေးဆရာ ဖြစ်ရတော့မည်ကိုး။

## ကျွန်တော်၏စာပေမျိုးစေ့

ကျွန်တော်သည် ၇–တန်း၊ ၈–တန်း ရောက်၍ ဝတ္ထုတွေဖတ်တတ်ကတည်းက စာရေးဆရာ ဖြစ်ချင်စိတ် ပေါ်လာသည်။

ကိုယ့်ကိုယ်ကို ရေးနိုင်လိမ့်မည်ဟုလည်းထင်မိ၏။ သို့သော် ရေးပြီး ဘယ်ကို ရေးပို့ ရပါမည်နည်း။

အဲသည်ခေတ်က ယခုခေတ်လို မည်သူမဆိုရေးပို့နိုင်သည့် မဂ္ဂဇင်းတွေမရှိ။ ဝတ္ထုတွေ ပါသော မဂ္ဂဇင်းကလည်း သုံးစောင်တည်းရှိသည်။

တစ်ကျပ်တန် ဒဂုန်မဂ္ဂဇင်းကြီးရယ်၊ ၈–ပဲ (ငါးမူး)တန် မြန်မာအလင်း မဂ္ဂဇင်းရယ်၊ သူရိယမဂ္ဂဇင်းရယ် ဒါပဲ။

ဤမဂ္ဂဇင်းတွေကလည်း လစ်ပို သူတို့မှာ ပါနေကျနာမည်ရ စာရေးဆရာတွေနှင့်ပဲ ပြီး နေသည်။ ကလောင်သစ်ကိုဖိတ်ခေါ်ခြင်း မရှိကြ။

အဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီး ၁၉၄၁–ခုနှစ် အောက်တိုဘာလထုတ် သူရိယ မဂ္ဂဇင်းတွင်မှ ဝတ္ထုပြိုင်ပွဲ ဟူသော ခေါင်းစဉ်ဖြင့် ကလောင်သစ်များကို ဖိတ်ခေါ်သည်။

ဒါလဲ ကိုယ်ရေးချင်ရာကို ရေးချင်တဲ့အချိန်မှာ ရေးပို့ရမည် မဟုတ်၊ ညွှန်ကြားချက်၊ ကန့်သတ်ချက်နှင့်။

(၁) ဟာသဝတ္ထု

(၂) စုံထောက်ဝတ္ထု

(၃) စွန့်စား၍ ကြီးပွားခြင်းဝတ္ထု

ဝတ္ထုတို တစ်ပုဒ်လျှင် ဖူးစကတ်စက္ကူ ၁၀–မျက်နှာမှ ၁၅–မျက်နှာ အတွင်းသာ ရေးရမည်။

ပထမ ဟာသဝတ္ထုကို နိုဝင်ဘာလ ၁၀–ရက်နေ့ အတွင်းရောက်အောင် ပို့ရမည်။

ဒုတိယ စုံထောက်ဝတ္ထုကို ဒီဇင်ဘာလ ၁၀–ရက်နေ့ မတိုင်မီ ရောက်အောင် ပို့ရမည်။

တတိယ စွန့်စား၍ ကြီးပွားခြင်း ဝတ္ထုကို ဇန်နဝါရီလ ၁၀–ရက်နေ့ နောက်ဆုံးထား၍ ပို့ရမည်။

ရွေးချယ်ဖော်ပြခြင်းခံရလျှင် ဆုငွေ ၁၅ ကျပ်။

ဤအချိန်၌ ကျွန်တော်က မည်သည့် ဝတ္ထုမျိုးမဆို ရေးနိုင်မည်ဟု မိမိကိုယ် မိမိ ထင်နေသည် ဖြစ်ရကား ပထမဦးဆုံး ဟာသဝတ္ထုကို အောက်တိုဘာလ အတွင်းမှာပဲ ရေးပြီးပို့ လိုက်သည်။ ဒုတိယစုံထောက်ဝတ္ထုကိုကား ကျွန်တော် အာသီသ အထားဆုံး ဖြစ်သည်။ ကျွန်တော်သည် ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက်မောင်စံရှားဝတ္ထုများကို အလွန်သဘောကျ၍ တစ်နေ့တွင် ဆရာကြီးလိုပဲ စုံထောက်ဝတ္ထုရေးဆရာဖြစ်ရမည်ဟု အားခဲထားသည် ဖြစ်ရကား ၎င်းပြိုင်ပွဲဝင်စုံထောက်ဝတ္ထုကို အားရပါးရ ရေးပြီး နိုဝင်ဘာလ အတွင်းမှာပဲ သူရိယမဂ္ဂဇင်းတိုက်သို့ ပို့လိုက်လေ၏။

သို့သော် ပထမ ရေးပို့လိုက်သော ကျွန်တော်၏ ဟာသဝတ္ထု ''အဖျားဖြတ်ဆေး'' ကို အလွန် ရယ်ရသော်လည်း ညစ်ညမ်းသည်ဟူသော ဝေဖန်စာနှင့် ပြန်ပို့လိုက်သည်။

ကျွန်တော် အာသီသ အထားဆုံး ဖြစ်သော ဒုတိယပို့လိုက်သည့် စုံထောက်ဝတ္ထု ''အမြုတေ'' ကိုကား များစွာ အလားအလာရှိပါသည်။ သို့သော် မကြာမီ ဥရောပမှ အာရှတိုက်သို့ ကူးစက် လာတော့မည်ဖြစ်သော ဒုတိယကမ္ဘာစစ်ကြီး အရိပ်အငွေ့ ကြောင့် စက္ကူအခက်အခဲရှိ၍ သူရိယမဂ္ဂဇင်းကို ရပ်စဲရပါတော့မည်ဟုဆိုပြီး ကျွန်တော့် ဝတ္ထုကို ပြန်ပို့လိုက်ပါ၏။

ထိုအချိန်က ကျွန်တော့်အိမ်လိပ်စာသည်–

ဒေါ်မမ၏ အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်း၊ အမှတ်(၁) မအူပင်လမ်း၊ စမ်းချောင်း၊ ရန်ကုန်။

ယင်းမှ မကြာမီ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဂျပန်တွေ ပထမဦးဆုံး အကြိမ် လာရောက် ပုံးကြဲ၍ ရန်ကုန်မြို့ကြီးပျက်စီး။ ထိုနောက် ဂျပန်ခေတ်ရောက်။ ကျွန်တော် စမ်းချောင်းမှာ အိမ်ထောင်ကျပြီး မြင်းလှည်းသမား ဖြစ်သွားတော့၏။

ယင်း၌ ကျွန်တော့်လက်ထဲမှာ စာပေမျိုးစေ့ ကျန်နေသည်ကား ဟာသဝတ္ထု 'အဖျားဖြတ်ဆေး' နှင့် စုံထောက်ဝတ္ထု 'အမြုတေ' တို့တည်း။

ဒါကလေးနှစ်ပုဒ်ကို ကျွန်တော်သည် တရိုတသေသိမ်းထားလျက် မိမိမျှော်လင့်ချက် အကြီးဆုံးဖြစ်သော စုံထောက်ဝတ္ထု 'အမြုတေ' ကိုဂျပန်ခေတ်တစ်လျှောက်လုံး မြင်းလှည်း မောင်းရင်း အချိန်ရတိုင်း ရတိုင်း အထပ်ထပ် အခါခါ ပြန်၍ပြန်၍ ရေးခြင်းအားဖြင့် မူလက ဖူးစကက်စက္ကူ ၁၅

မျက်နှာမှုရှိသော ပြိုင်ပွဲဝင်မဂ္ဂဇင်း ဝတ္ထုတိုကလေးသည် လုံးချင်း ဝတ္ထု ရှည်ကြီး ဖြစ်သွားလေ၏။ နာမည်ကိုလည်း 'ရန်အောင်ရတနာ' ဟု ပြောင်းလိုက်၏။

ကျွန်တော်က မြန်မာပြည်မှာ စာပေလည်း ဆိပ်သုဉ်းနေပါလျက် ဒီဝတ္ထုကို ဒီလောက် ရှည်သွားအောင် ဘာကြောင့်များ အထပ်ထပ်အခါခါ ပြန်ရေးနေပါသနည်း။ ဘယ်ပို့၍ ဘယ်လိုအသုံးချဖို့လဲဟု မေးခဲ့သော် ကျွန်တော့်မှာ အဖြေမရှိပါ၊ မရေးရမနေနိုင်လို့ပဲဟုသာ ပြောရပါလိမ့်မည်။

သို့သော် ဂျပန်ခေတ်လည်း ကုန်ဆုံးပြီး ရန်ကုန်မှာ ဘတ်စ်ကားတွေ ပေါ်လာသဖြင့် မြင်းလှည်းနှင့်လည်း အသက်မွေး၍ မဖြစ်တော့ပြီ။ ထိုအခါအလုပ်လက်မဲ့ ဘဝနှင့် သားမယားကိုခေါ်၍ မိမိ၏ဇာတိရွာ မိဘအိမ်သို့ ပြန်ရောက် သွားသောအခါ ကျွန်တော့် အဖေက ငွေရင်းပေး၍ ပေါင်းတည်နှင့်မန္တလေးကို ဆန်ကုန်ကူးစေသည်၌ ယင်းအချိန်တွင် မန္တလေးမှာ လူထုသတင်းစာ ထုတ်နေသည်။ ထိုသတင်းစာမှာ ဆရာကြီး ရွှေဥဒေါင်းက အယ်ဒီတာချုပ်ဆိုတာ သိရသဖြင့် 'အမြုတေ' မှ 'ရန်အောင်ရတနာ'ဟု နာမည် ပြောင်း ထားသော စုံထောက်ဝတ္ထုကို ယူသွားလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်မှာ မြန်မာပြည်တွင် စာပေခေတ် ပြန်လည်ပေါ် ပေါက်လာပြီဖြစ်၍ ယင်းလုံးချင်း စုံထောက်ဝတ္ထုကို ဆရာကြီး ရွှေဥဒေါင်းလို ပုဂ္ဂိုလ်က အမှာစာ(ထောက်ခံချက်) ရေးပေးမှသာ ထုတ်ဝေသူရှိသည် မဟုတ်ပါလား။

ကျွန်တော့်အကြံ အောင်ပါသည်။ ဆရာကြီးထံ တပည့်ခံ၍ ပေါင်းတည်နှင့် မန္တလေးကို သွားလိုက် ပြန်လိုက် လုပ်နေစဉ် ဆရာကြီးအိမ်သို့ အကြိမ်ကြိမ် သွားရောက် ဆည်းကပ်ခြင်းဖြင့် သုံးလေးလမျှကြာသော် ရန်အောင် ရတနာ ဝတ္ထုအတွက် အမှာစာ ရပါသည်။

(သို့သော် ဤဝတ္ထုက သော်တာဆွေ ဟာသ ဝတ္ထုကျော်နှင့် နာမည်ရပြီ။ ၁၉၄၈ ခုနှစ်မှ ရှုမဝက ထုတ်ပါသည်။ ယခုဆို သုံးကြိမ် ရိုက်ပြီးပြီ။)

စင်စစ် ယင်းကာလမှာ ကျွန်တော်က စာရေးဆရာဖြစ်ရန် အချိန်မတန်သေး၊ ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် ဆန်အိတ်နှစ်ရာနှင့် ကသာသို့သွားရန် အကြောင်း ဖန်လာသဖြင့် ကျွန်တော် အထက် မြန်မာပြည်သို့ မမျှော်လင့်ဘဲ ရုတ်တရက် အရေးပေါ်ကိစ္စနှင့် ရောက်သွားရလေ၏။

အဲ့သည်မှာ ခုနှစ်လကြာ ကုန်ရှုံးကြွေးကျန်နှင့် အိမ်မပြန်နိုင်ဘဲ ကသာတွင် သောင်တင်နေခိုက် မသူနှင့်ညားပြီး ကျွန်တော်ဘာတွေ ဖြစ်ပျက်ခဲ့သည်ကို ဤရွှေသမင် မဂ္ဂဇင်း ဖတ်နေကျ စာရှုသူ သိပြီးပါပြီနော်၊ ကဲ. . . သည်တော့ ဒီဝတ္ထုကို အခုနပဲ ဖော်ပြခဲ့သည့်အတိုင်း ဓားမြှောင်တစ်ချောင်းပြပြီး 'ကျွန်တော့်ငွေ မရမချင်း ဒီအိမ်ပေါ်က မဆင်းပါဘူး'ဟု အတင်း တက်နေခဲ့သော ကိုတင်လုံးတို့ သားအဖ ဂေဟာကပဲ ပြန်စမယ် နော်။

ဤအချိန်၌ ဆန်ကုန်သည်ဘဝမှ ဥပစကီးပြခဲ့သော ကျွန်တော့်အား မန္တလေးမြို့ တွင် ယခင်က စီးပွားရေး ပိုင်းမှ မိတ်ဆွေသင်္ဂဟတို့က အဖက်မလုပ်ကြတော့ပြီ။ ဆရာ တပည့်ဟု ခင်မင်ရင်းစွဲရှိသည်မှာ ဆရာကြီး ရွှေဥဒေါင်း၏ အိမ်ထောင်စုသာ ကျန်တော့၏။

ပိုက်ကျိုး ကိုတင်လုံးတို့ အိမ်နှင့် ဆရာကြီး နေထိုင်ရာ ဓားတန်းက အနီးလေးပဲ၊ ဆိုက်ကားခ (ထိုစဉ်က) တစ်မတ်သာ ပေးရ၏။

ကိုတင်လုံးတို့အိမ် ကျွန်တော် ရောက်ပြီးနောက် တစ်နေ့၌ ဆရာကြီးအိမ်သို့ သွားသည်။ ဆရာကြီးသည် ကျွန်တော့်အား မြင်ရလျှင် ဝမ်းပန်းတသာ. . . .

''ဟော့. . . မင်း ခုနှစ်လ ရှစ်လလောက် ပျောက်နေလိုက်တာကွာ၊ ငါက အညာမှာ မင်း သေသွား ပြီလားတောင် အောက်မေ့နေတာကွ''

''ကျွန်တော် မသေနိုင်သေးပါဘူး ဆရာကြီးရယ်'' ဟု အစချီပြီး အထက်အညာမှာ မိမိဖြစ်ပျက်ခဲ့သော အားလုံးကို ယခု ကိုတင်လုံးတို့ အိမ်မှာ အတင်းတက်နေသည်အထိ ပြောပြလိုက်လေ၏။

ဆရာကြီးသည် တအံ့တဩ နားထောင်နေပြီး–

''မင်းငွေမရမချင်း တကယ်မဆင်းဘူးလား''

''မဆင်းဘူးလေ၊ ကျွန်တော် သန္နိဋ္ဌာန်ချပြီးသားပဲ''

''အေး. . . ဒီသတ္တိမျိုးတော့ ကြိုက်သကွာ၊ အဲဒီအိမ်မှာနေရင်း၊ မင်း ဘာလုပ်မယ် စိတ်ကူးသလဲ''

ထိုအချိန်သည် ၁၉၄၇ ခုနှစ်၊ ဇွန်လလယ်လောက် ဖြစ်ပေရာ ရှုမဝမဂ္ဂဇင်း အမှတ် (၁) ထွက်နေပြီ။ ဤမဂ္ဂဇင်းမှာ မည်သူမဆို ရေးသားပေးပို့နိုင်သည်ဟူသော ကလောင်သစ် များကို ဖိတ်ခေါ်သည့် ကြော်ငြာတွေ့ထားသဖြင့်. . . .

''ကျွန်တော် စာပဲရေးတော့မယ်''

''ငါ့အမှာစာရေးပေးထားတဲ့ မင့်စုံထောက်ဝတ္ထုကော''

''ကျွန်တော့် အဝတ်သေတ္တာထဲမှာ အောက်ဆုံးက အမြဲတမ်း ရှိပါတယ်''

အဲ့သည် ဝတ္ထုကို မင်း ဘယ်လောက် ကြာကြာ ရေးခဲ့ရသလဲ''

''ဘယ်လောက်ကြာသလဲ၊ ဘယ်နှစ်ခါ ရေးခဲ့သလဲဆိုတာ ကျွန်တော် မမှတ်မိတော့ ဘူး''

''အေး. . . စုံထောက်ဝတ္ထုရေးရတာ မလွယ်ဘူးကွ၊ မင်း စာပေနယ်ဝယ်မယ်ဆိုရင် ငါ တစ်ခု စဉ်းစားမိတယ်''

''ဘာလဲ ဆရာကြီး''

''ခုအချိန်မှာ စုံထောက်နဲ့ စွန့်စားခန်းဝတ္ထုဆိုရင် ငါရှိတယ်၊ ဒဂုန်ရွှေမျှားရှိတယ်၊ အခြား အချစ်အလွမ်းဝတ္ထုရေးဆရာတွေဆိုက်ကတော့ အများကြီးကွ၊ ဒါပေမယ့် ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည် မှာမဆို လူကြိုက်များပြီး ရေးတတ်တဲ့ လူနည်းတဲ့ လိုင်းတစ်ခု ရှိတယ်ကွ''

''ဘာလဲ ဆရာကြီး''

''ဟာသကွ၊ တို့မြန်မာပြည်မှာဆိုရင် ဇဝန တစ်ယောက်ပဲ ရှိတယ်၊ မင်း ဟာသဝတ္ထု များ ရေးတတ်မလားကွ''

ကျွန်တော် ရုတ်တရက်အဖြေ မပေးနိုင်ပါ။ စစ်ကြီးဖြစ်ခါနီးက သူရိယမဂ္ဂဇင်း ဝတ္ထု တိုပြိုင်ပွဲသို့ ပေးပို့လိုက်၍ ''ရယ်ရသော်လည်း ညစ်ညမ်းသည်'' ဟု အပယ်ခံ ရသော ''အဖျားဖြတ်ဆေး'' ဝတ္ထုတော့ ကျွန်တော့်မှာ ရှိနေသဖြင့် ယင်းကို ပြန်လည် ပြုပြင် ရေးသားမည်ဟု စိတ်ကူးရပြီး. . . .

''ကျွန်တော် ကြိုးစားကြည့်မယ် ဆရာကြီး'' ဟု ပြောခဲ့၏။

## သော်တာဆွေနှင့် ဘရမ်ဒီ တစ်ပုလင်း

ကျွန်တော် ဆရာကြီးအိမ်မှ အပြန်တွင် ဈေးချိုမှ စာရေးစက္ကူတစ်ထုပ် ဝယ်ခဲ့ပြီး ကိုတင်လုံးတို့အိမ် ရောက်သောအခါ 'ရန်အောင် ရတနာဝတ္ထုနှင့် အတူထားသော အဖျားဖြတ်ဆေး ဝတ္ထုကို ပြန်လည် ဖတ်ရှုသည်။ စာရေးဆရာစိတ် သွင်းကာ အပြင်းအထန် စဉ်းစားသည်။ နောက်ဆုံး၌ အသက် (၂၀) အရွယ် ကျောင်းသားဘဝက ကိုယ်တွေ့နှင့် စိတ်ကူး ယဉ်ပွားများထားသော ဇာတ်ကွက် ဇာတ်လမ်းတွေကို ဖြတ်သင့်တာ ဖြတ်၊ ဖြည့်သင့်တာဖြည့်ပြီး၊ အသစ်တစ်ဖန် ပြန်လည်ရေးသားလိုက်သည်။ အစအဆုံး တစ်လုံး မကျန် သုံးခါတိတိ ပြန်လည်ရေးသားပြီး စိတ်ကြိုက်ဖြစ်သွားသောအခါ သူရိယတိုက်သို့ ပို့စဉ်က ဝတ္ထုအမည် ''အဖျားဖြတ်ဆေး'' ကလောင် အမည် ''မိုးတိမ်တောင်''ကို 'ဘရန်ဒီ တစ်ပုလင်း' ရေးသူ 'သော်တာဆွေ' ဟူသော ခေါင်းစဉ်နှင့် ဇူလိုင်လဆန်းတွင် ရှုမဝတိုက် သို့ ပို့လိုက်လေ၏။

တစ်ပတ်အတွင်း ပြန်စာ ရောက်လာ၏။ လူကြီးမင်း၏စာ 'ဘရန်ဒီ တစ်ပုလင်း' ဝတ္ထု ကို အလွန်ကြိုက်၍ မဂ္ဂဇင်းမှာ အမြန်ဆုံး ထည့်သွင်းပါမည်။ ဤလို ဟာသဝတ္ထုများ နောက် ထပ် အဆက်မပြတ် ရေးပို့ပါဦး ဟူသော အယ်ဒီတာ တင့်တယ် ၏ အလောင်အမည်ခွဲ 'အောင်မြင်' နာမည်နှင့် ကျွန်တော့်ဆီ ရေးလိုက်၏။

မီးခဲပြာဖုံးကို လေသလပ်ပေးလိုက်ပေပြီ။

စင်စစ် ကျွန်တော် စုံထောက်ဝတ္ထုရေးဆရာ ဖြစ်လိုသည်က ဆရာကြီး ရွှေဥဒေါင်းကို အားကျသည့်စိတ်၊ ကျွန်တော့်မှာ ပင်ကိုယ်ဓာတ်ခံရှိနေတာက ဟာသ။

ထို့ကြောင့် ဟာသဝတ္ထုတွေ မရပ်မနား တစ်ပုဒ်ပြီးတစ်ပုဒ်ရေး၍ ရှုမဝသို့ ပို့လေရာ ရှုမဝကလည်း လုံးဝအပယ်မရှိ၊ အားလုံးကို ရွေးချယ်လေသဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ထုတ် ရှုမဝမဂ္ဂဇင်း အမှတ်(၃) မှာ သော်တာဆွေ၏ 'ဘရန်ဒီ တစ်ပုလင်း' ဝတ္ထုစပြီး နောက်ထပ် ဆက်တိုက် ဟာသဝတ္ထုတွေချည်း ပါလေ၍ ကျွန်တော်သည် နိုင်ငံကျော် ဟာသစာရေးဆရာ ဖြစ်သွားလေသတည်း။

လူများကံထ,ချင်တော့ တစ်ပြိုင်တည်းပဲ ရှုမဝမှာ တစ်ပုဒ်တည်းနှင့် နာမည်ကြီးသွား သော ဘရန်ဒီတစ်ပုလင်းပါသည့် ဩဂုတ်လအတွင်းမှာပင် ကိုတင်လုံးတို့ သားအဖလည်း ရွှေလီမြစ်ကြောင်းက ခုလာခဲ့သော သူတို့ သစ်ဖောင်တွေ အောင်မြင်လေ၍ ကျွန်တော့်အား ပေးစရာရှိသောငွေကို ပေးလိုက်လေသဖြင့် ကျွန်တော်သည် ဦးမျှားတို့လင်မယား အဘိုးကြီး အဘွားကြီးကို ရှိခိုးဦးချပြီး ဆရာကြီး ရွှေဥဒေါင်း အိမ်သို့ ပြောင်းခဲ့လေ၏။

အဘွားကြီးဆိုလျှင် သူကျွေးသည့် ထမင်းစား၍ တစ်အိမ်တည်းနေခဲ့သော ကာလကြာ ခဲ့ပြီဖြစ်သော ကျွန်တော့်အား သားကဲ့သို့ ချစ်ခင်နေသဖြင့် လူချင်း ခွဲရခါနီး၌ မျက်ရည်စို့ ရှာ၏။ စာဖတ်ဝါသနာပါသော သူ့သားသမီးတွေကတော့ 'သော်တာဆွေဆိုတာ တို့အိမ်က ဖြစ်သွားတာပါလို့ ကြွားရမှာပဲ' ဟု ဂုဏ်ယူကြ၏။

ဦးမျှားကတော့ 'ဟေ့. . . မောင်ကြင်ဆွေ၊ မင်းကို ငါသဘောကျတယ်ကွ၊ ယောက်ျား ဆို ဒီလိုမှကွ၊ မင်းငွေမရမချင်း ဒီအိမ်ပေါ်က မဆင်းဘူးဆိုတဲ့အတိုင်း၊ အခုရလို့သွားပေမယ့် နောက်နောင်လဲ တို့အိမ်ကို ဝင်ပါထွက်ပါကွာ' တဲ့။

''ဟုတ်ကဲ့. . . ဦး၊ ကျွန်တော်လဲ ဦးတို့အိမ်မှာ နေခဲ့ စားခဲ့တဲ့ ကျေးဇူးတွေကို တစ်သက်လုံးမမေ့ပါဘူးဗျာ''

တကယ်ပဲ သူတို့အိမ်သားများနှင့် ကျွန်တော်သည် နောင်အရှည်အမြင့် ဆွေမျိုးရင်း ချာ ကဲ့သို့ ချစ်ခင်သွားကြပါ၏။

## ဘရန်ဒီတစ်ပုလင်း

အပိုင်း(၁)

ကျွန်တော့်ဘဝဇာတ်ကြောင်းတွင် ဤ'ဘရန်ဒီတစ်ပုလင်း' ဝတ္ထုကို ထည့်သွင်းရပေ မည်။ သည်ဝတ္ထုကို ကျွန်တော်သည် ၁၉၄၇ ခုနှစ်၊ ဖွန်လတွင် ရေးသားခဲ့သည်ဖြစ်ရာ ယခု ၁၉၉၃ ခုနှစ် ဖွန်လဆိုတော့ သူစာလုံးအကွာရာဖြစ်ခဲ့သည်မှာ ၄၉ နှစ် တင်းတင်း ပြည့်ခဲ့ပေ ပြီ။ ပုံနှိပ်စာလုံးအဖြစ်နှင့်ကား ၁၉၄၇ ခုနှစ် ဩဂုတ်လ ရှုမဝမဂ္ဂဇင်း အမှတ်(၃)၌ ပါခဲ့သော သော်တာဆွေ၏ ပထမဦးဆုံးသော ဝတ္ထု ဖြစ်ပေသည်။

ထို့ကြောင့် သော်တာဆွေအစ 'ဘရန်ဒီ တစ်ပုလင်း' က ဆိုရမည်။

သော်တာဆွေသည် ဤတစ်ပုဒ်တည်းက စပြီး နာမည်ကြီး ဟာသ စာရေးဆရာ ဖြစ်သွားလေရာ ဘယ်လောက်များ ကောင်းလို့ပါနည်း။ ဖတ်ကြည့်ကြပေရော့–။

*        *        *        *

ဤခေတ် ဤအခါ၌ ဤကဲ့သို့သော ပျားအုံတံဆိပ် သံကြိုးခတ် ဘီဟိုက်ဘရန်ဒီ စစ်စစ်ကို ရှာဖွေ ယူဆောင် နိုင်သူအား အထူးပင် ချီးမွမ်းဩဘာ ထောပနာပြုဖွယ် ကောင်းပါလေ၏။

အကြောင်းမှာ ကျွန်ုပ်တို့မြန်မာပြည်တွင် သူတို့ကိုယ်သူတို့ နီပွန်မာစတာဟု ခေါ်ကြ သော ဂျပန်များအုပ်စိုးသည့် ဒုတိယနှစ်ဖြစ်၍ ၎င်းမာစတာများ ကိုယ်တိုင်ပင် ဆာကေးခေါ် ဂျပန်စိမ်ရည်ကို သောက်သုံးနေသော အနောက် နိုင်ငံဖြစ် လက်ကျန်ဘီယာ၊ ဘရန်ဒီ၊ ဝီစကီ တို့ကား ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြလေပြီ၊ လူနာ ဓာတ်စာအတွက် သတင်းစာ ကြော်ငြာနှင့် လိုက်လံရှာဖွေသော သူများပင် လက်လျှော့ ရသောအခါသမယကြီး ဖြစ်ပေ၏။

အကယ်၍သာ စမ်းချောင်းရပ်ကွက်ရှိ အင်္ဂလိပ်ခေတ်က မင်းတိုင်ပင် အမတ်ဟောင်း ဦးတုတ်ပေါ၏။ နှုတ်ခမ်းမွေးကို ထူးဆန်းစွာ မီးမလောင်စေခဲ့ပါမူ ထိုဘရန်ဒီတစ်ပုလင်းသည် ဤရပ်ကွက်သို့ ရောက်လာမည် မဟုတ်ပါချေ။

ဦးတုတ်ပေါ လူ့ပြည်သို့ ရောက်ခဲ့သည်မှာ နှစ်ပေါင်း ငါးဒါဇင် ကျော်နှင်း ခုနစ်ဆယ် သို့ ချဉ်းခဲ့ချေပြီ။ ယခုကဲ့သို့ အရွယ်ကြီးမှပင် ကြုံတွေ့ရချေသည်။

လူပျိုဘဝ၌ ရည်းစားပေါင်း တစ်ဒါဇင်မျှ သူ့အရင် အိမ်ထောင်ကျသွားကြသည်ကို ဤမျှမပူဆွေးမိ၊ ထုံပလုံတုံတေခဲ့သည်။ ချစ်လှစွာသော သမီးအကြီးဆုံး လင်ပေးစားခါနီး သူ့ရည်းစားနောက် လိုက်ပြေးစဉ်ကနှင့်လည်း မနှိုင်းယှဉ်နိုင်။ ရှိသမျှပစ္စည်း ကုန်အောင်ပင် ကြိုးပမ်းခဲ့၍ အမတ်ရာထူးရပြီးနောက် အမတ်တို့၏သဘာဝ အပျော်အပါးလွန်သဖြင့် အရင်းငွေ တစ်ပြားမှ မစုမိခင် အမတ်သက်တမ်း ကုန်ဆုံးသွားသည်ကိုလည်း ဤမျှပင် မညည်းမိ။ အမတ်လုပ်ပြီး ရန်းကားမှုကြောင့် မယားဖြစ်သူ စိတ်ထိခိုက်ပြီး နှလုံးရောဂါနှင့် သေဆုံးသွားသည်လည်း မထောင်းတာလှ။

ယခုတစ်မူ အခြားအခြားသော သေရာမပါနိုင်မည့် ပစ္စည်းတွေ၊ ဂုဏ်ပကာသနတွေ ပျက်စီး၊ နိမ့်လျော့ခဲ့သည်ထက် ရှင်အတူသေမကွာ ခေါင်းထဲပါရမည် ထင်ခဲ့သော မိမိ၏ခန့် ခန့် ထည်ထည် နှုတ်ခမ်းမွေးကြီးကို ထူးဆန်းစွာ မီးလောင်ဆုံးရှုံး သွားရသောကြောင့် အလွန့်အလွန် နှမြောတသ ပူဆွေးသောကရောက်ရခြင်း ဖြစ်ရလေတော့၏။

သူ အမတ်ဖြစ်စဉ်ကမူ ကာတွန်းဆရာတို့သည် ယခု ဗိုလ်ချုပ်အောင်ဆန်း၏ပုံကို ထိပ်မောက်ရန် အရေးကြီးသကဲ့သို့ သူ၏ပုံမှာ တွဲလွဲဆွဲထားသော ထန်းရွက်ခြောက်ကြီး သဖွယ် နှုတ်ခမ်းမွေးကြီးကားနေရန် အရေးကြီးလှပေ၏။

သူ၏ နှုတ်ခမ်းမွေးမျိုးမှာ လူတစ်သိန်းလျှင် တစ်ယောက်မရှိ။ သူ၏ပါရမီထူးလို့သာ သူ၌ တန်ဆာဆင်နေသည်ဟု ယူဆခဲ့၏။ ''နှုတ်ခမ်းမွေးကြီးနှင့် ဦးတုတ်ပေါ၊ ဦးတုတ်ပေါကြီးနှင့် နှုတ်ခမ်းမွေး''ဟု ဝေးနီးရပ်ခြား ကျော်ကြားကာ သူ၏ ဆွေမျိုးမိတ်ဆွေ များကပင် သူ့နှုတ်ခမ်းမွေးကြီးအတွက် ဂုဏ်ယူကြမည်ဟု သူထင်မြင်ခဲ့၏။

ယခုကမူ ထိုနှုတ်ခမ်းမွေးကြီး ဆုံးရှုံးသွားရချေပြီ။

ဦးတုတ်ပေါသည် အသက် အရွယ်ကြီးမှ ဘာအလုပ်မှမလုပ်တော့ဘဲ အမတ်ရာထူး ဒဏ်ကြောင့် ရှိသမျှပစ္စည်းတွေကုန်ခဲ့၍ လက်ကျန် အိမ်တစ်လုံးပေါ်တွင် အိမ်ထောင်သည် သမီးတစ်ယောက်နှင့်နေကာ သမက်၏လုပ်စာကို စားနေ၏။ သူ၏အကျင့်မှာ နံနက်စောစော တွင် အမတ်ဖြစ်ကစတိုင်အတိုင်း တောင်းဘီတို၊ ဗိုက်ကရွဲ၊ နှုတ်ခမ်းမွေး ကားကား တုတ်ကောက်ကြီး တစ်ချောင်းနှင့် လမ်းလျှောက်လေ့ရှိ၏။ ထမင်းစားခါနီးတွင် အရက်ကလေး မှန်မှန်သောက်၍ မြိန်ယှက်စွာစားနိုင်သဖြင့် အသက်ကြီးသော်လည်း ကျန်းမာ ဝဖြိုးတုန်းပင် ဖြစ်၏။

အထူးသဖြင့် သူအနှစ်သက်ဆုံးမှာ ဆေးပြင်းလိပ် ဖြစ်၏။ ဘယ်တော့မှ အပြတ်မခံနိုင်။ ဆေးပြင်းလိပ်နှင့် ဓာတ်မီးခြစ်တစ်ခု လက်ထဲမှာ အမြဲတစေရှိနေရ၏။ ဆေးလိပ်ကိုလည်း မည်မျှပင် တိုတို ပါးစပ်တပ်ရသေးလျှင် တစ်ဖွာရရ နှစ်ဖွာရရ ညှိသောက် လေ့ရှိ၏။ အိပ်ခါနီးတွင် ဆေးလိပ်ကို အဝသောက်တတ်၍ ပျော်ခါနီး၌ ဆေးလိပ်တိုကို မီးခြစ် နှင့်အတူ ခေါင်းအုံးနားချထားကာ ပြန်နိုးလျှင်

နိုးချင်း ဘာမျှမပြော ဘာမျှမလုပ် မျက်နှာမသစ်၊ ပလုပ်မကျင်းသေးဘဲ ဆေးပြင်းလိပ်တိုကို ပါးစပ်တွင် အလျင်အမြန်တပ်၍ မီးညှိလေ့ရှိ၏။

တစ်နေ့သောအခါ ဦးတုတ်ပေါသည် နံနက်စာကို မြိန်ယှက်စွာ စားပြီး အိမ်ရှေ့ခန်း တွင် တုံးလုံးလှဲကာ ဆေးပြင်းလိပ်မှိန်းရင်း ထမင်းလုံးစီလေ၏။ အိပ်ပျော်ခါနီးတွင် ဆေးလိပ် တိုကလေးကို ထုံးစံအတိုင်း ခေါင်းအနီးမှာ ဓာတ်မီးခြစ်ကလေးနှင့်အတူ ချထားလိုက်၏။ ဆေးပြင်းလိပ် တိုလေးမှလက်ဆစ်တစ်ဝက်လောက်သာ ကျန်တော့၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။ ရုတ်တရက် အိပ်ရာမှနိုးပြီး နှုတ်ခမ်းတွင် စိမ့်ခနဲ အေးတေးတေးရှိသည်ဟု ထင်မိ၏။ သို့သော် ထုံးစံအတိုင်း ဘာကိုမျှ မလုပ်၊ ဘာကိုမျှ မစဉ်းစားဘဲ ဆေးပြင်းလိပ်တိုကို ပါးစပ်တတ်ကာ ဓာတ်မီးခြစ်ကို ကပ်၍ ခြစ်လိုက်လေ၏။

မီးသည် ရုတ်တရက် ဟုန်းခနဲ ထတောက်ကာ နှုတ်ခမ်းမွေးတွေကို တဖျစ်ဖျစ်နှင့် လောင်လေ၏။

''ဟဲ့. . . သောက်ပလုတ် တုတ်တုတ်၊ ဘာဖြစ်တာလဲ ဟဲ့၊ ဘယ့်နှယ်ပါလိမ့်'' ဟု ရုတ်တရက်ဘာမျှ မလုပ်နိုင်ဘဲ ခြေမကိုင်မိ လက်မကိုင်မိ တစ်ယောက်တည်း အော်နေမိ၏။ နောက်မှ သတိရလာကာ ပုဆိုးခါးပုံစနှင့် ပွတ်လိုက်မှသာ မီးငြိမ်းသွားတော့၏။ သို့သော် သူ၏ နှုတ်ခမ်းမွေးရှည်ကြီးများကား မရှိတော့ချေ။ မီးမြိုက်ခါစ ဝက်မွေးကဲ့သို့ ကြိုးတိုကြဲတဲ တွန့်တွန့်လိပ်လိပ်ကလေးများသာ ကျန်တော့၏။

မျက်နှာကြီးရဲရဲနှင့် အနီးရှိတိုင်တွင် ချိတ်ထားသော မှန်ကိုသွားကြည့် လေ၏။ ဟိုက်. . . သောက်ကျိုး နည်းရောဟု တစ်ခွန်းတည်းအော်ကာ အသက်ပါသွားသကဲ့သို့ ပါးစပ်ကြီး အဟောင်းသားနှင့် ကြက်သေသေနေလေ၏။

တစ်မိနစ်ကြာမှ သတိရကာ သက်ပြင်းကြီးချလျက် ဓာတ်မီးခြစ်ကို ကိုင်ကြည့်လိုက်ရာ မီးစာမှ ၅ စင်တီမီတာမျှ ရှည်ထွက်နေသည်ကို တွေ့ရသဖြင့် ပတ်ဝန်းကျင်ကို ကြည့်ပြီး တက်တစ်ချက်ပြင်းစွာ ခေါက်လိုက်လေ၏။

အိမ်ရှေ့ခန်းတွင် ဘယ်သူ့ကိုမှ မမြင်သဖြင့် 'ဝင်းကြည်' ဟု မီးဖိုချောင်ထဲမှ အမြဲတစေရှိနေရမည်ဖြစ်သော အိမ်စေမလေးကို ကျယ်လောင်စွာ ခေါ်လိုက်လေ၏။

သူ့ခေါ်သံနှင့်တစ်ဆက်တည်း 'ရှင်' ဟု ထူးကာ ဆံပင်ကို ပြင်ပတ်ရင်း အပျိုပေါက် မလေး တစ်ယောက် ထွက်လာလေ၏။ သူ၏ နှုတ်ခမ်းမွေးလေးကို ကြည့်ပြီး ရယ်ချင်၏။ သို့သော် မရယ်ဝံ့။

''ဒီဓာတ်မီးခြစ်ကို ဘယ်သူကိုင်တာမြင်လဲ''

''ဘိုးဘိုး အိပ်နေတုန်းက အောင်လေး ကိုင်တာမြင်တယ်'' ဟု မဆိုင်းခဏပင် ဖြေလိုက်၏။ အကြောင်းမူကား ဝင်းကြည်သည် အိမ်၌ဖြစ်သမျှကို မသိဟူ၍ မဖြေရ၊ ဖြေခဲ့လျှင် အကြီးအကျယ်

ဆူပူခြင်း ခံရလေ့ရှိသည့်အပြင် ဟုတ်ဟုတ် မဟုတ်ဟုတ် အမြန် ဖြေရန် အကျင့်ရနေပြီဖြစ်၏။ အောင်လေးဆိုသူမှာ လေးနှစ်သားမျှ ကလေးဖြစ်၍ မဟုတ်ဘူး ဟု အမှန်အတိုင်း ငြင်းဆိုခဲ့လျှင် အပျိုပေါက်မ ဝင်းကြည်က ယုတ္တိယုတ္တာနှင့် နိုင်အောင် ပြောမည် ဖြစ်၏။

တစ်အိမ်လုံးတွင် အောင်လေးမှာအငယ်ဆုံးဖြစ်၍ ဝင်းကြည်မှာ အောင်လေးကို ကောင်းမွန်စွာ စကားရည်နိုင်သဖြင့် သူ့ခမျာလေးမှာ မဟုတ်ဘဲနှင့် ခံရပေါင်းများ လေပြီ။ ယခုမူကား ကြီးလေးသောအပြစ်ကို ခံရချေတော့မည်။

ဦးတုတ်ပေါသည် ဝင်းကြည်၏ အဖြေကို ကြားလျှင် ကြားချင်း. . . .

''အောင်လေးရေ. . . ဟေ့ အောင်လေး'' ဟု ကုန်း၍ ခေါ်လိုက်လေ၏။

အောင်လေးသည် အဘိုး ခေါ်သံကြား၍ မုန့်ကျွေးမည်ထင်ကာ ဟိုဘက် အိမ်အောက်မှာ ကစားနေရာက အပြေးကလေးလာခဲ့လေ၏။

သုံးထစ်သော လှေကား ဆုံးအောင်မတက်ရမီ ဦးတုတ်ပေါသည် ချိုင်းက မြှောက်ယူပြီး. . . . ''ဓာတ်မီးခြစ်ကို ဆော့ရမလား'' ဟု ဆွဲကာ အပြင်းအထန် ရိုက်လေ၏။

အောင်လေးမှာ နာလွန်းလှ၍ ပွက်လောရိုက်အောင် ငိုလေ၏။ ဤတွင် သုံးအိမ် ကျော်လောက် သွား၍ မိန်းမချင်း အတင်း ပြောနေသော အောင်လေးမိခင် ခေါ်မြခင် ကြား လေသဖြင့် သူ့အဖော်တစ်ခုနှင့် အပြေးကလေး ရောက်လာကာ. . . .

''အမယ်လေး. . . အဖေ ဘယ့်နှယ်လုပ်တာလဲ၊ ကျွန်မသားလေးကို မရိုက်စဖူး ရက်စက်လှချည်လား''

ဟု ဆိုကာ ကလေးကို အတင်းဆွဲယူမှ ဦးတုတ်ပေါလက်လွတ်သွားလေ၏။

ဦးတုတ်ပေါသည် အောင်လေး ဓာတ်မီးခြစ် ယူဆော့ပြီး မီးစာ ဆွဲမြှင့်ထား၍ မိမိနှုတ်ခမ်းမွေးတွေကို လောင်ကုန်ကြောင်းပြောဆိုပြသလေရာ မိန်းမတစ်ခုမှာ ငိုအားထက် ရယ်အား သန်ကြကုန်၏။

သို့သော် ကြာကြာ မရယ်ဝံ့ကြ စိတ်နှလုံးထိခိုက်လှသော ဦးတုတ်ပေါ၏ မျက်နှာထား ကြောင့် မျက်နှာပိုး သတ်ကြရကုန်၏။

ဦးတုတ်ပေါသည် မိမိမြတ်နိုးလှစွာသော နှုတ်ခမ်းမွေးကြီး ဆုံးရှုံးရခြင်းနှင့် ဒေါသအလျောက် မရိုက်စဖူး မြေးကလေးကို ရိုက်မိခြင်းတို့ကြောင့် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်း ပက်လက် မျက်ရည်တွေထွက်လာ၍ အရေရှုံ့တွနေသော လက်မောင်းကြီးနှင့် သက်ကယ်ပျစ်နှင့်တူသော မျက်ခုံးမွေး ဖြူဖြူကြီးများ အောက်ဝယ် စေးထန်းထန်း မျက်ရည် တို့ကို ပွတ်ကာ သူ့အိပ်ခန်းထဲသို့ ဝင်သွားလေ၏။

*　　*　　*

ထိုနေ့မှစ၍ ဦးတုတ်ပေါသည် သူ၏ နွတ်ခမ်းမွေးကြီးအတွက် မစားနိုင် မသောက်နိုင် ဖြစ်ကာ ဝေးနီးခြောက်စပဲရှိ သူ၏မိတ်ဆွေ ဉာတကာနံ အပေါင်းတို့အား စာအားဖြင့် လည်းကောင်း၊ လူကြုံနှင့် လည်းကောင်း မိမိ၏နွတ်ခမ်းမွေးကြီး ဆုံးရှုံးရကြောင်းကို ကျေညာ လိုက်လေ၏။

ထိုမိတ်ဆွေ သင်္ဂဟ အပေါင်းတို့လည်း မနေသာ၊ ထူးထွေတည့် အံ့ရာသော် ဦးတုတ်ပေါ၏ဖြစ်အင်ကို လာရောက်ကြည့်ရှု မေးမြန်းကြကုန်၏။ ထိုလူတို့သည် သူ၏နွတ်ခမ်းမွေးအတွက် အိပ်ရာထဲမှနေ၍ ရေးကြီးခွင်ကျယ် ပြောနေပုံနှင့် သူ၏နွတ်ခမ်းမွေး မီးလောင် ငုတ်တိုလေးတွေကို ကြည့်ကာ သူမမြင်အောင် ရယ်ကြလေ၏။ သူ၏မျက်မှောက် တွင်တော့ မရယ်ဝံ့ကြ၊ မသာအိမ်လာသော လူများကဲ့သို့ ဝမ်းနည်းဟန် ဆောင်လျက် အောင်လေး. . . . အမိုက်ကလေး မကောင်းကြောင်းသာ ဝင်းကြည်ပြော စကား အရ ယိုးမည့်ဖွဲ့ကြကုန်၏။

ထိုနွတ်ခမ်းမွေး မီးလောင်မှုကြီးကား ဤကဲ့သို့ပင် ဝင်းကြည်ပြောစကားအရ အောင်လေးကသာ အပြစ်ဆိုနေကြခြင်းဖြင့်သာ ပြီးစီးသွားလိမ့်မည်ဟု အောက်မေ့ခဲ့ကြရာ ဦးတုတ်ပေါ အမတ်ဘဝက မိတ်ဆွေဖြစ်ခဲ့သူ ပဲခူးမြို့မှ စုံထောက်ကြီး ဦးဇော်ဝင်း ရောက်လာ မှပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား ပြန်လေ၏။

စုံထောက်ကြီး ဦးဇော်ဝင်း၏ ယူဆချက်မှာ ဤမျှသော နွတ်ခမ်းမွေး အဆောက်အအုံ ကြီးကို ဝက်မွေး မီးမြိုက်သလို ချွတ်ချုံကျအောင် လောင်ခြင်းသည် မီးစာ ၅–စင်တီမီတာမျှ ရှည်နေရုံနှင့် မလောင်နိုင်။

တစ်စုံတစ်ယောက်သောသူသည် တစ်နည်းတစ်ဖုံအားဖြင့် တမင်သက်သက် ကြိုတင် စီမံထားဟန်တူကြောင်း၊ မိမိအတီအလင်း ပြောရလျှင် အောင်လေးမဟုတ်၊ အောင်လေးထက် အသက်များစွာကြီးသူ(ကျား–မ မခွဲ) တစ်ယောက်(သို့မဟုတ် တစ်ယောက်ထက်ပို၍)သည် ဦးတုတ်ပေါ အိပ်ပျော်နေစဉ်တွင် ပထမ မီးစာကို ဆွဲထုတ်ပြီး ဒုတိယ နွတ်ခမ်းမွေးကို (သို့မဟုတ် ဆေးလိပ်တိုကိုပါ) ခါတ်ဆီ လောင်းလိုက်သည်။

နောက် ရုတ်တရက် ရှောင်သွားသည်။

ထို့ကြောင့်သာ ထို နွတ်ခမ်းမွေးကြီးကို ပြုတ်ပြုတ်ပြုန်းအောင် လောင်ကျွမ်းခြင်း ဖြစ်သည်ဟု ဆိုလေ၏။

ထိုစကားကြားလျှင် ဦးတုတ်ပေါသည် ရုတ်တရက် အိပ်ရာထဲမှ ထ,လိုက် ကာ ''အောင်မယ်လေး စုံထောက် ဥာဏ်များ တယ်. . . ထက်မြက်ပါကလား၊ ဒါဟုတ်ရမယ်၊ ဒါကြောင့် အိပ်ရာက နိုးတဲ့အခါမှာ ကျုပ်နှုတ်ခမ်းမွေး အေးစိမ့်စိမ့် ဖြစ်နေတာပဲ၊ ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဦးဇော်ဝင်း စုံထောက်စမ်းပါ၊ ဒီတရားခံသာပေါ်ရင် ကင်ပေတိုင်မှာ အလုပ်လုပ် နေတဲ့ ကျုပ်သားကို ပြောပြီး ကြီးလေးသော မတန်မဆ အပြစ်ကို ဂျပန်တရားရုံးမှာ ပေးစေပါမယ်'' ဟု ကြိမ်းဝါး ပြောဆိုလေ၏။

မီးလောင်စဉ်၌ အိမ်မှာရှိနေသူတို့ကို စုံစမ်းရာ (၁) အိမ်စေမလေး ဝင်းကြည်၊ အသက် ၁၅– နှစ်နှင့် ၆–လ၊ (၂) မောင်ဖြတ်စ၊ အသက် ၂၁–နှစ်နှင့် ၃–လ။ ဦးတုတ်ပေါ၏ သားမက်ဖြစ်သူ ကိုဘနိုင်၏တူ။ ရောဂါပောင်းပြန်ထ၍ အိပ်ရာထဲ လဲနေသော လူနာ။

ဤနှစ်ယောက်အနက် ဒုတိယလူမှာ ထင်မြင်ယူဆဖွယ်ရှိနေ၍ စုံစမ်းကြည့်ရာ အောက်ပါ သိရ၏။

''ဖြတ်စ'' ဆိုသည်မှာ အင်္ဂလိပ်ဘာသာမှ ဆင်းသက်လာသော အမည်ဖြစ်၏။

သူငယ်စဉ်က သူ့အမေ့လင်နှင့် တူလွန်လွန်းလို့ အင်္ဂလိပ်လို (Same Chip)ဟု ခေါ်ခဲ့ရာမှ မြန်မာလိုတိုက်ရိုက်ပြန်လိုက်သောအခါ ''ဖြတ်စ'' ဖြစ်လာ၏။

ထက်မြက်သော ယောက်ျားတစ်ယောက်၌ (၁) အရက်သောက်ခြင်း၊ (၂) လောင်းစားခြင်း၊ (၃) မိန်းမလိုက်စားခြင်း တည်းဟူသော မကောင်းမှု သုံးခု အနက် အနည်း ဆုံး တစ်ခုခုတော့ ဝါသနာ ပါရမည်ဟု အင်္ဂလိပ်လို အဆိုရှိရာ မောင်ဖြတ်စမှာ ထိုသုံးခု စလုံးကို တင်းပြည့်ကျပ်ပြည့် ဝါသနာပါသူ ဖြစ်သောကြောင့် သူ့မိဘအိမ်မှ သူ့ဒဏ်မခံနိုင်၍ နှင်ထုတ်ထားရာ ဝါသနာချင်းတူသော သူဦးလေးကိုဘနိုင်က ခေါ်ယူထားခြင်း ဖြစ်ပေ၏။

ဦးတုတ်ပေါနှင့် ရန်စဆို၍ကား လွန်ခဲ့သောတစ်လလောက်က ဦးတုတ်ပေါ၏ မြေး မာလီခေါ် အပျိုမလေး လာစဉ်က မောင်ဖြတ်စက လူပျိုစကားပြောပြီး အတင်းဖက်နမ်းသည် ကို ဦးတုတ်ပေါက နာနာကျည်းကျည်း ပြောဆိုခဲ့ဖူး၏။

သို့သော် ဦးဇော်ဝင်းက မောင်ဖြတ်စကို တီးခေါက်ကြည့်သော အခါတွင်မူ မောင်ဖြတ်စက ယဉ်ကျေး သိမ်မွေ့စွာပင် ဦးမင်း၏ ထင်မြင်ယူဆမှာ များစွာပင်လျော်ကန် သင့်မြတ်လှပါကြောင်း၊ သို့သော် အခြားသူတစ်ဦးတစ်ယောက်၏ ပယောဂ မပါဘဲ သူ ကိုယ်တိုင်ပင်လျှင် သူ့ဟာသူ သုတ်သင်ချင်၍ ဥာဏ်ဆင်ပြုလုပ်သည်လည်း ဖြစ်နိုင်ကြောင်း၊ အကြောင်းမှာ အချို့သော လူကြီးများသည် မိန်းမငယ်ကလေး များကို ယူချင်လာ၍ ကြီးရာမှ ငယ်ရွယ်နုပျိုလာအောင် နှုတ်ခမ်းမွေး ဖြူဖြူကြီးကို ရိတ်ပစ်ခြင်း၊ ဆံပင်များကို ဆေး ဆိုးခြင်းများ ပြုတတ်ပါကြောင်း။

အခု ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဘိုးဘိုးပေါ်မှာလည်း ပုထုဇဉ်မှုဖြစ်၍ သူ့စိတ်မှာ မဖောက်ပြန်ဟု မပြောနိုင်ပါကြောင်း သို့သော် သူ၏ နှုတ်ခမ်းမွေးကြီးမှာ အစဉ်သဖြင့် ဆွေဂုဏ်မျိုးဂုဏ်ကို အသားယူလာသည်ဖြစ်၍ အလိုအလျောက် ရိတ်ပစ်ရန်မှာ ခဲယဉ်းနေပါသဖြင့် ငင်းဟာရင်း ဉာဏ်ဆင်ပြုလုပ်သည်လည်း ဖြစ်နိုင်ပါကြောင်း၊ မိမိမှာမူ အကုသိုလ် ဝင်လာ ကာ ရောဂါဟောင်းပြန်ထနေသူဖြစ်၍ ဤကဲ့သို့သော မကောင်းမှုကြီးကို မပြုဝံ့ပါကြောင်း ချေငံစွာ ပြောဆိုလေ၏။

ယင်း၌ ဦးဇော်ဝင်း ကိုယ်တိုင်ပင် မောင်ဖြတ်စ ပြောသကဲ့သို့ နှုတ်ခမ်းမွေးရိတ်ပြီး မိန်းမငယ်ငယ်လေး ယူဖူးသည်ဖြစ်သောကြောင့် ဤအမှုကို ဆက်လက် စုံစမ်းရန် ရွံ့တွန့်တွန့် ဖြစ်နေစဉ်မှာပင် ပဲခူးမှ မိမိမယား အထွေးဆုံးကလေး လင်ငယ်နောက် လိုက်သွားကြောင်း သံကြိုးစာ ရောက်လာ သဖြင့် အလျင်အမြန် ပြန်သွားရလေ၏။

ပြန်ခါနီးတွင် မိတ်ဆွေ ဦးတုတ်ပေါ်မှာ နှုတ်ခမ်းမွေးအတွက် မအိပ်နိုင် မစားနိုင် အိပ်ရာထဲလဲပြီး ပိန်ချုံးနေသည်ကို သနား၍ နှုတ်ခမ်းမွေးကို အလျင်အမြန် နဂိုအတိုင်းပြန် ဖြစ်ရန် ဂျာမနီတိုင်းပြည်မှ လာသော ဆေးရှိကြောင်း၊ ထိုဆေးမှာ တစ်ခါမျှ သုတ်လိမ်းရုံနှင့် ပင် ဘိုးဘိုးအောင် ဆင်းလာပြီး၊ တောင်ဝေးနှင့် ထိုးပေးလိုက်သကဲ့သို့ အုံ့ဩဖွယ်ရာ ရုတ်တရက် ချက်ချင်း ပြန်ဖြစ်လာမည်။

ယခု ဂျပန်ခေတ် ပင်လျှင် လက်ကျန်များ ရှာ၍ ရရှိနိုင်ကြောင်း၊ ပုလင်းပုံသဏ္ဌာန်မှာ ပုထုထု၊ ရှည်တေတေ၊ လုံးတုံးတုံး၊ ပြားတားတားဖြစ်၍ တံဆိပ်မှာ ကမ္ဘာပေါ်တွင် မဖြစ်ပေါ် သေးသော ကတ္တူး ကတ္တီခေါ် ခြေသုံးချောင်းနှင့် အကောင်ဖြစ်သည်။ ပုလင်းပတ် စက္ကူပေါ် တွင်မူ မည်သည့် လူမျိုးမှ မဖော်နိုင်သောစာကို ရေးသားကြောင်း စသည်ဖြင့် ဦးတုတ်ပေါ် အိပ်ရာမှထအောင် ဉာဏ်ဆင်ပြီး ပြောကြားခဲ့လေ၏။

ယင်း၌ ဦးတုတ်ပေါ်သည် ထိုစကားကို ကြားသည့်နေ့မှစ၍ ''တိုးကြောင်ကလေးမှာ ကျန်တဲ့လယ်တစ်ခိုင် ကုန်ချင်ကုန်ပါစေ ဒီဆေးကို မရရအောင်ရှာမယ်'' ဟု ဆိုကာ အိမ်တွင် မနားတော့ဘဲ ရန်ကုန်နယ်တစ်ဝိုက် ဈေးရှိသမျှကို မြေလှန်စနစ်နှင့် ရှာဖွေလေ၏။ ထိုစဉ် အတွင်း၌လည်း ဝမ်းဆွဲသည် အဘွားကြီး ဒေါ်အိုဇာ၏ ညွှန်ကြားချက်အရ နှုတ်ခမ်းမွေးနေရာကို ကြက်သွန်မြိတ်တိုက်ထား၍ သူ့အနား ကပ်လိုက်လျှင် ကြက်သွန် နံ့တထောင်းထောင်း ထနေလေ၏။

ထိုသို့ မနေမနား ရှာဖွေခဲ့ရာ ရက်ပေါင်း အတော်ကြာသောအခါတွင် သူ၏ မရှိသော ဆေးကိုကား မတွေ့၊ ရေကူးကန်တဲ့ ဟိန္ဒူဗလီ၏ နောက်ဖေး ကုလားနွားတင်းကုန် နှစ်ခု အကြားရှိ ညနေဈေးကလေးတွင် အထက် ဖော်ပြပါ ပျားအုံတံဆိပ် ဘီဟိုက်ဘရန်ဒီ တစ်ပုလင်းကို တွေ့လေ၏။

အမတ်ဖြစ်စဉ်ကပင် အရက်အကြောင်းကို ကောင်းကောင်းနားလည်ခဲ့သော ဦးတုတ်ပေါသည် မဆိုင်းခဏပင် စျေးမဆစ်ဘဲ တရုတ်တယောက်နှင့် လုရ၍ ဝယ်လိုက်လေ ၏။

ဤမျှ ရှားပါးသော အရက်ပုလင်းကို ကြံကြံဖန်ဖန်ရရှိသည့်၌ မိမိ၏နှုတ်ခမ်းမွေး ပေါက်ဆေးကို ရသလောက် ဝမ်းမြောက်ကာ ဂယင်းရောင် အဆင်းကလေးကို ကြည့်ရှုလျက် ဟိုယခင် အမတ်ဘဝတွင် ဤဘရန်ဒီမျိုးနှင့် မြူးတူးစဉ်က ဟိုတယ်မယ်ကလေးများ၏ ကနု ကလျ အမူအရာကလေးများကို တွေးတောနေမိစဉ်၊ ရုတ်တရက် မမျှော်လင့်သော မိမိ၏သမီး မမြခင်၏ ခုနစ်လဗိုက်သည် မျက်စိထဲ ထင်းခနဲ ပေါ်လာသဖြင့် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားခါ–

''ဟိုက်. . . မဖြစ်ဘူး. . . မဖြစ်ဘူး၊ ငါ သောက်လို့ မဖြစ်ဘူး။ သမီးမီးဖွားဖို့က အရေးကြီးတယ်။ ခါတိုင်း ကလေးတွေတုန်းက သူဒါနဲ့ချည်း မီးဖွားနေတာ သူ့ပေးမှပဲ၊ အင်း သူ့ပေးလိုက်ရင်တော့ သမီးဘယ်လောက်များ ဝမ်းသာမလဲ''ဟု တွေးတောကာ ရုတ်တရက် အမြန် အိမ်သို့ ပြန်ခဲ့လေ၏။

အိမ်သို့ ရောက်လျှင်ရောက်ချင်း မိမိရှားရှားပါးပါး ရလာခဲ့သော ပစ္စည်းကို လက်ထဲမှ မချမီ၊ ဝမ်းသာအားရ ပြောလိုက်ချင်လှသည်။ သို့သော် အိမ်၌ သမီး မမြခင် မရှိ။ အိမ်ဖော် ဝင်းကြည်နှင့် အသည်းအသန် ရောဂါထနေသော မောင်ဖြတ်စ သာရှိသည်။ ထိုနှစ်ယောက် အနက် ဝင်းကြည်က ဘာမျှနားမလည်၍ အကျိုးရှိသည်မဟုတ်။ နားလည်သောသူကို ပြမှ သာ အသား ပါမည်ဟု အကြံရကာ လူနာ၏ အခန်းပေါက်ဝိသို့ သွား၍ ''ဟေ့ ဖြတ်စ''ဟု ခေါ်လိုက်လေ၏။

မောင်ဖြတ်စသည် တစောင်း အိပ်နေရာမှ ''ခညာ'' မသက်သာသော အသံဖြင့် ထူးကာ သူ၏ ကိုက်ခဲလှသော ခါးဆစ်ဘက်ကို လက်တစ်ဘက်ဖြင့် ဖိနှိပ်ရင်း သမင်လည်ပြန် လှည့်ကြည့်လေ၏။ ဦးတုတ်ပေါသည် ပုလင်းကို ကိုင်မြှောက်ပြရင်း–

'ဟေ့ – ဒီမှာကြည့်စမ်းကွ'

'ဘာလဲဗျ၊ ကတ္တူး တံဆိပ် နှုတ်ခမ်းမွေး ပေါက်ဆေး ရခဲ့ပြီလားဗျ'

'မဟုတ်ဘူးကွ၊ ဘီဟိုက်ဘရန်ဒီကွ၊ ပျားအုံတံဆိပ် ဘီဟိုက်ဘရန်ဒီ အစစ်ကွ'

ဘီဟိုက် ဘရန်ဒီ အစစ်ဟု ကြားလိုက်ရလျှင်ပင် မောင်ဖြတ်စသည် ဘိုးဘိုးအောင် သိမ်ကြီးစျေးသို့လာပြီး ဇာဘော်လီတစ်ထည် အကြွေးဝယ်သည် ဟူသော သတင်းကို ကြားရ သော အဒေါ်ကြီး တစ်ယောက်ကဲ့သို့ အံ့ဩ လန့်ဖျပ်သော အမူအရာနှင့် အိပ်ရာထဲမှ လူးလဲထကာ ကြားရသော အသံကို မယုံကြည်နိုင်သော မျက်နှာထားဖြင့်–

'ဘာ–ဘီဟိုက် ဘရန်ဒီအစစ်၊ ကြံကြံဖန်ဖန်ဗျာ၊ မဟုတ်နိုင်တာကြီးကို၊ ခင်ဗျားဟာ ကြမ်းပိုးစျေးက ပလာညင်းကြီး ထင်ပါရဲ့'

'ပလာညင်းဆိုတာ ဘာလဲကွ'

'ပလာညင်းဆိုတာ ပုလင်းညာပေါ့ဗျ'

ဦးတုတ်ပေါ်၏ မျက်နှာမှာ ရုတ်တရက် တင်းမာခက်ထန်သွားကာ–

'ဘာ–မင်းငါ့ကို အညာမိရအောင် လူအ,မှတ်လို့လားကွ၊ အင်္ဂလိပ် ဘုရင်လက်ထက် က မင်းတိုင်ပင်အမတ် လုပ်လာတဲ့ လူကွ၊ ဒီမှာကြည့်စမ်း၊ သံကြိုးခတ်နဲ့ လိပ်ကခဲပတ် တောင် မပွန်းသေးဘူး'

ဟု ဆို၍ ဒေါနှင့်မောနှင့် သွားပေးလိုက်။

မောင်ဖြတ်စသည် သေသေချာချာ ကိုင်တွယ် ကြည့်ရှုရင်း အမဲလိုက်ခွေးကဲ့သို့ ပုလင်းကို အနံ့ခံကြည့်ကာ ရုတ်တရက် ခေါင်းထောင်လာပြီး–

'ဟာ–အစစ်ပဲဗျို့၊ ဘိုးဘိုး ဘယ်ကရခဲ့တာလဲ၊ တစ်လုံးတည်းလားဟင်၊ ဘယ်လောက် ပေးခဲ့ရလဲ'

ဟု ဝမ်းသာအားရ မေးကာ ရဟန္တာတစ်ပါး ကိုယ်ထင်ပြသည်ကို သူမြင်ရသကဲ့သို့ ဦးတုတ်ပေါ်အား ငေးမောကြည့်ရှုနေလေ၏။

ဤတွင်မှ ဦးတုတ်ပေါ် အကျေနပ်ကြီး ကျေနပ်ကာ–

'ဟဲ့–ဟဲ့ ငါ လူပါးပါကွ၊ အစစ်မှန်းသိလို့ ဝယ်ခဲ့တာ၊ ရေကူးကကွ၊ ၅၅–တည်း ပေးခဲ့ရတယ်၊ နားမလည်တဲ့ ဟိန္ဒူ ကုလားဆီကမို့ပေါ့ကွ၊ နားလည်တဲ့ လူဆို ၁၀၀–ပေး တောင် ဘယ်ရောင်းမှာလဲ'

'ဘိုးဘိုးက သိပ်တော်တာပဲ၊ ကျွန်တော် ဘိုးဘိုးကို သိပ်ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော် ဆေးလိုနေတာနဲ့ အဆင်သင့်ပဲ။ ကျွန်တော်သာ ဒါသောက်လိုက်ရရင်'

'အောင်မာ အောင်မာ၊ မင်းဖို့များမှတ်နေသလား၊ ရာရာစစ၊ ငါတောင် မသောက် ရက်ဘူး၊ ငါ့သမီး မီးနေတော့ သောက်ဖို့ ယူလာတာကွ၊ ပေး ပေး'

ဦးတုတ်ပေါ်က လက်ကမ်းသည်ကို ပြန်မပေးသေးဘဲ–

''ဘိုးဘိုးကလဲဗျာ၊ အန်တီဗိုက်က ခုမှဘယ်နှစ်လရှိသေးလို့လဲ၊ ကျွန်တော် ဒါ သောက်လိုက်လို့ ကျန်းမာ လာတော့ အစားရှာဝယ်ပေးမှာပေါ့ဗျ'

''အောင်မာ မင်းလိုကောင်မျိုးလား ဒါမျိုး ရှာနိုင်မှာ''

''ဘိုးဘိုးကလဲဗျာ ရှာရင်ရရမှာပေါ့ဗျ၊ ဘိုးဘိုးဖို့ ကတ္တူးကတ္တတံဆိပ်နှုတ်ခမ်းမွေး အမြန်ပြန်ပေါက်ဆေးတောင်ရှာပေးပါဦးမယ်၊ ဘိုးဘိုး နှုတ်ခမ်းမွေးကြီး မီးလောင်ကတည်းက ကျွန်တော်တစ်နေ့မှ စိတ်မကောင်းပါဘူးဗျာ၊ လူကမမာနေလို့သာ မာရင် ကြာလှပြီ ရှာပေးတာ''

''ဟော့–ဖြတ်စ ချွဲမနေနဲ့ကွာ၊ ပေးစမ်းပါ မြန်မြန်''

''ဘိုးဘိုးကလဲဗျာ၊ ပြပြီးမှတော့ ပေးပါတော့ဗျ၊ ခွေးဝမ်းသာအောင် လေလည်ပြရုံ လောက်မလုပ်ပါနဲ့ ငရဲကြီး တတ်ပါတယ်''

ဦးတုတ်ပေါသည် သည်းမခံနိုင်တော့ဘဲ ''ပေးကွာ''ဟု ဆိုကာ အတင်းလု၍ ထွက်သွားလေ၏။

မောင်ဖြတ်စမှာ အားမတန်၍ မာန်လျှော့လိုက်ရကာ–

''ချီး. . . အစဦးတော့က ပြပြီး မပေးနိုင်ဘဲနဲ့၊ နှုတ်ခမ်းမွေးတင် မဟုတ်ဘူး မျက်ခုံးမွေးကြီးပါ မီးရှို့ပစ်ဖို့ ကောင်းတယ်၊ ဒီဘရန်ဒီတော့လားကွာ၊ မရ,ရအောင် ခိုးသောက်မယ်''ဟု တီးတိုး ရေရွတ်လိုက်လေ၏။

ဦးတုတ်ပေါမှာ မိမိခဲရာခဲဆစ် ရလာခဲ့သော ဘရန်ဒီပုလင်းကို လာရောက်ပြသကာ အသားယူသွားရသည်ကို ကျေနပ်သလောက် အသောက် နဂိုဓာတ်ခံ ရင့်သန်ခဲ့သော မောင်ဖြတ်စမှာ မသက်မသာရှိလှ၏။ အကြောင်းမူကား ညနေ ၆ နာရီခန့်တွင် ငါးကြော်၊ ခွေးတောက်ရွက်ဟင်းချိုနှင့် ဝင်းကြည် ထမင်းလာပို့သောအခါ မောင်ဖြတ်စမှာ မစားနိုင် မသောက်နိုင် ဒုက္ခတွေ့ရလေ၏။

လက်ရေဆေးကာ ငါးကြော်ကို တစ်ဖဲ့ ဝါးလိုက်ပြီး ထမင်းတစ်လုပ်စားလိုက်ရာ မျို၍ မကျ၊ ဟော့ခနဲ လေလှန့်ထလျက် ရင်ခံနေ၏။

ခွေးတောက်ရွက်ဟင်းချို သောက်ချလိုက်ရာ လည်ချောင်းနင့်ခနဲ ဖြစ်သွားပြီး အကြောင်း မထူး၊ နောက်ထပ်စားချင်စိတ်မရှိတော့။

ဘာကြောင့်လည်းဟု စဉ်းစား လိုက်ရာ ပုလင်းတစ်လုံး မျက်စိထဲကွက်ခနဲ ပေါ်လာ၏။ ဘရန်ဒီ၊ ဘရန်ဒီ၊ ဘရန်ဒီ သောက်ချင်၍သာ ထမင်းမစားနိုင် ဖြစ်နေသည်ကို သူတွေးမိလေ၏။

ဝမ်းထဲကဟာသည်။ လေပျို့သည်။ ဗိုက်ဆာ၏။ သို့သော် စားချင်စိတ်မရှိ၊ လျှာလေး သည်၊ သွားရည်ယိုသည်။ ဤကား ရေချိန်မကိုက်သေးသော အသောက်သမားတို့၏ ဒုက္ခတည်း။

မောင်ဖြတ်စသည် အိပ်ရာထဲ လဲသည်မှ စ၍ ဆိုင်မသွားနိုင်သဖြင့် အရက်ဖြတ်ထားခဲ့ရ ရာ ငါးရက်မျှ ကြာသောအခါ နေနိုင် ထိုင်နိုင်ကျင့်သွားရသွား၏။ ယခုမှ မီးခဲပြာဖုံကို မှုတ်ပေးလိုက်သကဲ့သို့ ဦးတုတ်ပေါ၏ ဘရန်ဒီပုလင်း ပြန်ကရော်တိုက်မှုကြောင့် ဝေဒနာဟောင်း ပြန်ပေါ်လာခြင်း ဖြစ်၏။ ခုနေအခါ၌ ဦးတုတ်ပေါသာ ထိုပုလင်းကိုင်၍ အနီးတိုးလာခဲ့ပါမူ ရိုက်၍ လုယူလိုက်မည်ဟု အောက်မေ့မိလေ၏။

သို့သော် ယခုအခါ၌ ပုလင်းကိုရရန် ဘယ်နည်းနှင့်မှ မဖြစ်နိုင်သေး။ သစ်မရမီစပ်ကြား ဝါးပေါင်းကွပ်မှုပဲဟု ဝင်းကြည်ကို အသာလက်ပြခေါ်လိုက်ပြီး လမ်းထိပ်က တရုတ်လန်ဘား ၏ ခေါက်ဆွဲဆိုင်တွင် ချက်အရက်တစ်ပိုင်းနှင့် ဝက်နံကင် တစ်ကျပ်ဖိုး ဝယ်ရန် ဂျပန်ရေဘူး ကလေးနှင့် လွှတ်လိုက်ရလေ၏။

ထိုချက်အရက်ရောက်မှပင် ထမင်းကို မြိန်ယှက်စွာ စားနိုင်၍ စားပြီး ဗိုက်လေးလေးရှိသည်နှင့် တုံးလုံးလှဲကာ အိပ်စက်လိုက်လေ၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။

''ဒါဖြင့် ဟန်ကျတာပဲ ဒီဘရန်ဒီ ငါ့ဖို့ပေါ့'' ဟူသော သူဦးလေး ကိုဘနိုင်၏ မူးသံကြီးကို ကြားမှလန့်နိုးကာ ဒီဘရန်ဒီအတွက် သူဦးလေးသောက်ပစ်မည်ကို စိုးရိမ်တကြီး ဖြစ်မိလေ၏။ ထိုအခိုက် သူ့အဒေါ် မမြခင်၏အသံ ပေါ်လာ၏။

''အမယ်လေး မလုပ်ပါနဲ့ရှင်၊ ကျွန်မမီးဖွားတော့ သောက်ဖို့ပါ ပေးပါ''

''ဟဲ့. . . .ဟဲ့ မင်းတို့က ဘာသောက်သောက် ဖြစ်တာ၊ သူမီးဖွားဖို့က အရေးကြီးပါတယ် ပေးလိုက်ပါကွာ'' ဟူသော ဦးတုတ်ပေါ်၏ အသံကိုပါ ကြားလိုက်ရ၏။

''ရော့ ရော့ ဒါဖြင့်ထားလိုက်၊ ကြောင်အိမ်ထဲထည့်ထားလိုက်'' ဟုဆိုကာ ပုလင်း ပြန်ပေးပြီး အိမ်ရှေ့ခန်းသို့ ထွက်သွားသော ခြေသံကြားလိုက်ရလေ၏။

''ကိုနိုင် ဘယ်လဲ၊ လာ ထမင်းစားလေ၊ ထမင်း ပြင်ပြီးနေပြီ''

မမြခင်၏ အသံကြားရပြီ၊ သူဦးလေးက–

''ဟာ မစားတော့ဘူးကွာ၊ ဗိုက်ပြည့်နေတယ်''

''ထမင်းဟင်းတွေ အလကားဖြစ်ကုန်ရော့မယ်၊ ကြက်သားကြော်၊ သရက်သီးသုပ်နဲ့ ခွေးတောက်ရွက်ဟင်းချိုလေးကလဲ ချိုချိုနဲ့ လာ စားလိုက်ပါ''

''မဆာတုန်းစား အပိုပေါ့ကွ၊ ငါတစ်ရေးနိုးမှ စားမယ်၊ ထားလိုက် ထားလိုက်၊ အိပ်မယ်ကွာ၊ မင်းတို့လဲ စောစောအိပ်ကြ''

ဟု ဆိုပြီး သူ့ အိပ်ခန်းဆီသို့ သွားရင်း မောင်ဖြတ်စ အခန်းပေါက်ဝတွင် ခေတ္တရပ်ပြီး

''ဟေ့ ဖြတ်စ အိပ်နေပလားကွ၊ ဘယ့်နှယ့် နေသေးလဲ၊ မနေ့က ဆေးနဲ့ ဟန်ရဲ့လား''

''ဟန်လိမ့်မယ် ထင်ပါရဲ့ဗျာ၊ အကြောအခြင် တွေတော့ ကိုက်တုန်းပဲ''

''အေးပေါ့ကွာ၊ ဒီရောဂါမျိုးက ဒီလိုပဲပေါ့၊ မသေနိုင်ပါဘူး'' ဟုဆိုပြီး သွားလေ၏။

ယနေ့ ကိုဘနိုင်အမူအရာမှာ ခါတိုင်းနေ့များနှင့် မတူချေ။ ခါတိုင်းဆိုလျှင် အိမ်သို့ ရောက်လျှင်ရောက်ချင်း ရေချိုး ထမင်းစားပြီး အရက်အရှိန်ပြန်၍ ပူအိုက်သဖြင့် အကျီတုံးလုံး ချွတ်ကာ အိမ်ရှေ့ ဧည့်ခန်း ကြမ်းပြင်ပေါ်တွင် ကလေးတွေနှင့်ရောထွေး လူးလိမ့်ရင်း အိပ်ပျော်လေ့ရှိ၏။

တစ်ရေးနိုးမှသာ ဇနီးရှိရာ အိပ်ခန်းထဲသို့ ဝင်လေ့ရှိ၏။

ယနေ့မူကား ထမင်း မစားသေးဘဲ စောစောစီးစီး အိပ်ခန်းဝင်သည်။

အခြားသူများကိုလည်း စောစောစီးစီး အိပ်ခိုင်း၏။

ယခင် အခါများ၌ သူ့တခြားက အပေါင်းအသင်းနှင့် အဆင်သင့်၍ ထမင်းစားခဲ့လျှင် သူ့ဖို့ချန်ထားသော ထမင်းဟင်းများကို မဝတဝ စားရသော ဝင်းကြည်အား စားခိုင်း၏။

ယခုမူ ဤသို့မခိုင်း၊ တစ်ရေးနိုးမှ ထစားမည်ဟု ထူးထူးခြားခြား ပြော၏။

ကွေ့ သူတစ်ရေးနိုးတွင် ဘရန်ဒီထတွယ်ပြီး ထမင်းစားလိမ့်မည်ဟု သူ့ဦးလေး ဓာတ်သိသော မောင်ဖြတ်စ အတိအလင်း တွေးမိလေ၏။

ဟင်း သူ့အတွက်ခံရိုးလား၊ သူ့အရင်ဦးအောင် ထနှံလိုက်မည်ဟု ဆုံးဖြတ်ကာ မောင်ဖြတ်စသည် အရက်သောက်ထား သူတို့၏ ထုံးစံအတိုင်း တစ်ရေးနိုးမှာ ရေဆာလာသည်နှင့်ရေတစ်ဖန်ခွက်မျှ သောက်ချလိုက်ရာ အတွင်းက အရက် ဓာတ်ခံနှင့် တွေ့သဖြင့် ပြန်၍ ရီတီတီဖြစ်လာပြီး တစ်ဖန် အိပ်ပျော်သွားပြန်လေသည်။

သူ ဒုတိယအကြိမ် နိုးလာသောအခါ နာရီပြန်တစ်ချက်ခန့် ရှိချေပြီ။

တစ်အိမ်လုံးတွင် ဦးတုတ်ပေါ်၏ ဟောက်သံနှင့် ကလေးတို့၏ အသက်ရှူသံမှတစ်ပါး အခြားဘာမျှ မကြားရတော့ပေ။

ဘရန်ဒီ တစ်ပုလင်းနှင့် ပတ်သက်သော အိပ်မက်ပေါင်းများစွာကို မက်ခဲ့၍ ဘရန်ဒီ တစ်ပုလင်းကို သတိရပြီး ရုတ်တရက် ထထိုင်လိုက်သည်။

သွား၍ ခိုးသောက်ရန် ကြံစည်လိုက်၏။

ပုလင်းမှာ တစ်ဖက်ခန်းက ကြောင်အိမ်ပေါ်တွင် ရှိနေ၏။ ထိုအခန်းတွင် ဝင်းကြည် တစ်ယောက်တည်း အိပ်သည်။

သို့သော် ကိစ္စမရှိ၊ ဝင်းကြည်သည် ကာလနဂါး စံချိန်ကိုချိုးရန် လေ့ကျင့်နေသူဖြစ်၏။

ဝင်းကြည်တို့ အိပ်ပျော်လျှင် ဆင်အော်လို့ မနိုး။

မောင်ဖြတ်စသည် ပုဆိုးကိုပတ်၍ ထရန် ဟန်ပြင်လိုက်၏။ သူ့ဗိုက် အလွန် လေးလံနေသည်။

အကြောင်းမူကား ညနေက သောက်ထားသော ချက်အရက်နှင့် တစ်ရေးနိုး နောက်ထပ်သောက်ထားသည့် ရေနှစ်ဖန်ခွက်မှာ သူ့ဆီးအိမ်ထဲ၌ ပြည့်နှက်နေ၏။

ထို့ကြောင့် အသာကလေး ဖင်ရွှေ့သွားပြီး တစ်ဖက်ခန်းမှ မကြားအောင် နောက်ဖေးခွက်ထဲသို့ ခွေးထီးတို့ နည်းဖြင့်စွန့်လိုက်ရ၏။

ကိုယ်လက် ပေါ့ပါး၍သွားကာ ထ၍ သူခိုးမိုးနက်၏ ခြေလှမ်းမျိုးဖြင့် တစ်ဖက်ခန်းသို့ ရောက်သွားလေသည်။

ရက်အတော်ကြာစွာ လမ်းမလျှောက်ဘဲ နေခဲ့ရာမှ ညနေက ချက်အရက်လေး တန်ခိုးကြောင့် ထမင်းစား မြိန်သဖြင့် ကောင်းစွာ လမ်းလျှောက်နိုင်ပေ၏။

အခန်းပေါက်ဝသို့ ရောက်လျှင်ပင် မြွေမြည်သံကဲ့သို့ စူးရှသော ဝင်းကြည်၏ အသက်ရှူသံကိုကြားရလေသည်။

လပြည့်ကျော် ၇-ရက်၏ ထွက်ခါစ မှုန်မွှားမွှား လရောင်ကလေးသည် ဝင်းကြည်၏ ခြေရင်းဘတ် ပြတင်းပေါက်မှ ဝင်ရောက်ကာ ကြောင်အိမ်နံဘေးသို့ ပျပျကလေး လင်းနေ၏။

မောင်ဖြတ်စသည် ထိုအလင်းရောင်ကလေးကို မှန်းဆကာလာခဲ့၍ ကြောင်အိမ်တံခါးကို အသာကလေးဆွဲဖွင့်ပြီး ဘရန်ဒီပုလင်းကို ကုန်း၍စမ်းမည့်အပြုတွင် နောက်ဖေး မီးဖိုဆောင် ဘက်တံခါးဝမှ ရုတ်တရက် မည်းမည်း သဏ္ဍာန်ကြီး တစ်ခုပေါ်လာသဖြင့် သတ္တိကောင်းသော မောင်ဖြတ်စမှာ ကုန်း၍ မအော်မိရန် မနည်းကြီး ချုပ်တည်းထားလိုက်ရ၏။

ထိုသဏ္ဍာန်ကား အခြားမဟုတ်၊ သူနှင့်အကြံတူ ဉာဏ်တူ နောက်ဖေးဆောင်ဘက်မှ ကွေ့ပြီး ဖောက်တံနှင့် ဖန်ခွက်ကိုင်လာသော သူ့ဦးလေး ကိုဘနိုင် ဖြစ်ချေ၏။

ကိုဘနိုင်သည် လရောင် မှုန်မွှားမွှားလေးကြောင့် မောင်ဖြတ်စ ပုလင်းကုန်းယူမည် ပြုနေသည်ကိုသိရ၍. . . . .

'ဟေ့. . . . . ဖြတ်စ၊ မင်းလဲပဲ'' ဟု အသံပြုလိုက်မှ မောင်ဖြတ်စသည် သူ့ဦးလေးမှန်း သိရသဖြင့် အကြောက်ပြေသွား၏။

သို့သော် သူခိုးကြီးနှင့်သူခိုးလေးဖြစ်နေ၍ ဘာကိုမျှမပြောနိုင်၊ အူကြောင်ကြောင်ဖြစ် နေရာ ကိုဘနိုင်ကတစ်ဖန်ဆက်၍. . . . .

''လာကွာ၊ အတူတူ နှိပ်ကြတာပေါ့၊ ငါလဲ မင့်အန်တီ မသိအောင် ထလာတာကွ''

ဟုဆိုပြီး ဖန်ခွက်နှင့် ဖောက်တံကို ကြောင်အိမ်ပေါ် တင်လိုက်မှ မောင်ဖြတ်စ အသက်ရှူ ဖြောင့်သွားကာ တစ်စုံတစ်ခုကို ပြန်ပြောလိုက်မည် အပြုတွင်–

''ဟိုက်''

''ဟိုက်''

တူဝရီး နှစ်ယောက်လုံး၏ ပါးစပ်မှ တစ်ပြိုင်တည်း အောင်မိလေ၏။

အကြောင်းမှာ တစ်ဖက်ခန်းမှ ဖျောက်ခနဲ ဓာတ်မီးခလုတ်ဖွင့်သံနှင့်အတူ သူတို့ သူခိုးခန်းမှာ လျှပ်စစ်မီး ထိန်ထိန်လင်း သွားသောကြောင့်တည်း။

နှစ်ယောက်သား တစ်ဦးကိုတစ်ဦးကြည့်၍ ကြက်သေ သေနေရာမှ နံဘေးတစ်ဖက်သို့ မျက်နှာလွှဲလိုက်မိကြရာ ''ဟင်. . . . ဟင်'' ဟု နှစ်ယောက်စလုံး သံပြိုင်မြည်မိကြပြန်လေ၏။

အကြောင်းကား အခြားမဟုတ်၊ သူတို့၏ မျက်စိအောက်တွင် ၁၆-နှစ်အရွယ် မော်လမြိုင် မုဒုံသူကလေး ဝင်းကြည်၏ အအိပ်ဆိုးပုံတည်း။

ဖယောင်းတိုင် ၄၀–အားရှိသော ဓာတ်မီးရောင် အောက်တွင် ပစ်စလက်ခတ် အိပ်မောကျနေသော အပျိုပေါက်ပလေူ ကိုယ်ကာယအလှကို မောင်ဖြတ်စတို့ တူဝရီး နှစ်ယောက် မျက်တောင်မခတ်ဘဲ ကြည့်နေမိကြစဉ်. . . . .

''ဘယ်လိုများ ငြင်းချက်ထုတ်ကြဦးမလဲ''

ဟု မမြခင်၏ ရည်ရွယ်ချက် အောင်မြင်သောအသံကိုကြားရမှ အသံလာရာဘက်သို့ တစ်ပြိုင်တည်း လှည့်ကြည့်လိုက်မိကြရာ. . . . .

''အမယ်. . . . ကျောင်းတုန်းက ဒရိန်းပြခဲ့ရတာတွေ မမေ့ကြသေးဘဲကိုး၊ ကဲ ကျုပ်ချောင်း နေတာကြာပြီ၊ ဘယ်သူလဲ ဆိုတာသာ ပြောကြပေရော့''

''ဟာ ဘာကိုလဲဟ''

ဟု ကိုဘနိုင်သည် လန့်ဖျပ်ကာ အော်လိုက်မိ၏။

''ဒါကို ရှင့်၊ ဒါကို''

ဟု မမြခင်သည် မဝင်းကြည်၏ ကိုယ်ထဲသို့ စူးဝင်သွားတော့ခမန်း လက်ညိုးငေါက်ငေါက် ထိုး၍ ပြလေ၏။

''ဟေ. . . . ဟ''

တူဝရီး နှစ်ယောက်သား သံပြိုင်အော်ကာ ဘာမှမသိသကဲ့သို့ ဝင်းကြည်ဘက် လှည့်ကြည့်မိပြီး ကြက်သေ သေနေကြပြန်လေ၏။

''တော်ကြပါ၊ ကြည့်မနေကြပါနဲ့တော့၊ ဝပဲ မဝနိုင်ကြသေးဘူးလား၊ ကောင်မလဲ အအိပ် ဆိုးလိုက်တာ၊ တယ် ငါပြောလိုက်ရ မကောင်းတော့ဘူး၊ ဒါကြောင့်''

''ဟေ ဒါကြောင့် ဘာဖြစ်သလဲဟ''

ကိုဘနိုင်က အံ့သြစွာ မေးခွန်းထုတ်လိုက်၏။

''အမယ် မသိချင်ယောင်ဆောင်ပြီး မေးနေသေးသလား၊ ရှင်းရှင်း ပြောရဦးမလား၊ အခု ဒီကောင်မလေးမှာ ကိုယ်ဝန်ရှိနေပြီရှင့်၊ သိကြရဲ့လား''

''ဟေ ဟ'' ဟု တူဝရီ နှစ်ယောက်သား သံပြိုင်အော်မိကြပြန်သည်။

''ဟေ ဟတွေ လုပ်မနေကြနဲ့၊ ကိုယ့်မြင်းကိုယ်စီးလို့ ဘယ်ခရီး ရောက်နေကြမှန်း မသိဘဲ နဲ့၊ ဘယ်သူလဲဆိုတာသာပြော နှစ်ယောက်စလုံးပဲလား''

တူဝရီး နှစ်ယောက်သံပြိုင် ''ဟိုက် ဟိုက်'' နှင့်အော်ကြကာ သူတို့၏ ငယ်ထိပ်များသည် အထက် မျက်နှာကြက်ကို ဟက်၍ဆောင့်မိကြသကဲ့သို့ ခေါင်းကိုပွတ်ကြလျက် တစ်ယောက်ကို တစ်ယောက် မသင်္ကာသော မျက်လုံးတို့ဖြင့် ကြည့်ကြလေ၏။

ဦးလေးသည် တူကိုထင်၏။ တူကလည်း ဦးလေးပဲဟု ထင်၏။ ဤနေရာမျိုး၌ လျှာသွက် လှသော မောင်ဖြတ်စက–

''အန်တီ ကျွန်တော် မဟုတ်ဘူး'' ဟု ဦးအောင် ငြင်းလိုက်၏။

''ဟိတ် ငါလဲ မဟုတ်ဘူး'' ကိုဘနိုင်ကလည်း ငြင်း၏။

''ဘာ ရှင်က မဟုတ်ဘူးလဲ၊ ခုန ရှင်ပြောတာ (လာကွာ အတူတူနှိပ်ကြတာပေါ့၊ ငါလဲ မင်းအန်တီ မသိအောင် ထ,လာတာ) ဆိုတာ ကျုပ်မကြားဘူး မှတ်လို့လား၊ ဒါ ဒွတ္တဘေပင်မွေးဖို့ သရေခေတ္တရာပြည် မဟုတ်ဘူးရှင့်၊ ကျုပ်အိမ်၊ နားနဲ့ဆတ်ဆတ်ကြားတာတောင် ကွယ်တုန်းပဲ''

''ဟာ ငါပြောတာက ဒါကို မဟုတ်ဘူးဟ''

''ဒါမဟုတ်လို့ ဘာများရှိသေးလို့လဲ၊ ရှင့်ကိုက လွန်လွန်းတယ်၊ ကိုယ့်မှာ မယားလဲ ရှိသား နဲ့၊ ကောက်ရိုးမလောက်၊ မြက်မလောက်''

''ဟေ့တော် ငါ မဟုတ်ဘူး ဆိုနေတာ'' ဟု ကိုဘနိုင်သည် မျက်မှောင်ကုတ်၍ အော်၏။

မမြခင်လည်း ပိုမိုဒေါပွကာ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သွားချင်းကျစ်ကျစ်မြည်အောင် ကြိတ်ကာ–

''ဟင် ရှင် ငြင်းတုန်းပဲလား ခုတောင်၊ ကဲ–မဟုတ်ရင် အချိန်မတော်ကြီး ရှင် ဒီအခန်းထဲ ကို ဘာလို့ ရောက်နေတာလဲ၊ ဒီသေခဲတဲ့ အကျိုးကောင်ကကော''ဟု မောင်ဖြတ်စဘက်သို့ လှည့်၍ မေးခွန်းထုတ်လိုက်၏။

မောင်ဖြတ်စလည်း စိတ်မလုံ့တလုံနှင့်–

''ကျွန်– ကျွန်တော် အပေါ့အလေးသွားမလို့ နောက်ဖေးထွက်ရအောင်–''

''ဘာ နင် နောက်ဖေးထွက်ရအောင်လဲ၊ ခါတိုင်းတော့ အခန်းထဲမှာချည်း ခွက်ထဲသွားနေ ကျ မဟုတ်လား''

မမြခင်က ဖြတ်၍ အော်လိုက်တော့ မောင်ဖြတ်စ လန့်ဖျပ်ကာ''

''မမ မဟုတ်ပါဘူး ခင်ဗျ၊ ဒီ–'

''ဘာ မဟုတ်ပါဘူးခင်ဗျလဲ၊ ဒီ မမာနေရာကတောင်''

''မ မ မဟုတ်ဘူး ခင်ဗျ၊ ဒီလို ခွက်ထဲမှာချည်း သွားနေရတာ ဆေးကြောသုတ်သင်ရတာ အားနာလို့''

''ဘာအားနာတာလို့လဲ၊ ခါတိုင်းတော့ မနာဘူးလား''

''မ မ မဟုတ်ဘူး ခင်ဗျ''

''ဘာ မဟုတ်ဘူး ခင်ဗျ၊ လာပြန်ပလား''

''မလာပါဘူး ခင်ဗျ၊ အခုညတော့ မနေ့က သောက်တဲ့ဆေးနဲ့တည့်လို့ လူနေကောင်း ထိုင်သာ ရလာတာနဲ့ သူများကို ဒုက္ခမရှာတော့ပါဘူးလေ၊ ကိုယ့်ဟာကိုယ် နောက်ဖေးသွားနိုင် သားနဲ့ ထွက်လာတာ၊ ဒီမှာ ဦးလေးနဲ့ တွေ့တာပဲ''ဟု ပြောလိုက်ရာ မမြခင်သည် ကိုဘနိုင်ဘက် သို့ တစ်ဖန် လှည့်ပြန်ပြီး–

''ကဲ ရှင်ကကော ဘာလာလုပ်တာလဲ၊ ပြောစမ်းပါဦး''

'' ငါလဲ နောက်ဖေးသွားမလို့ လာခဲ့တာ''

''ဘာ ရှင်နောက်ဖေးသွားရင် ဒီအခန်းက သွားရမှာလား။ ကိုယ့်အိပ်ခန်းကနေပြီး အိမ်သာကို တိုက်ရိုက်သွားနိုင်ရက်သားနဲ့၊ ဝါရင်လဲ ယုတ္တိရှိအောင်ဝါ သိရဲ့လား''

ကိုဘနိုင်မှာ မောင်ဖြတ်စကို သံယောင်လိုက်၍ ဝါရာ သူအပြောမှားနေ၏။ အမှန်မှာ ဝင်းကြည်အိပ်သော အခန်းသည် သူတို့အိပ်ခန်း၏ခြေရင်းဘက်၌ရှိနေ၍ သူ နောက်ဖေးသွားလို လျှင် ဤအခန်းသို့ လာရန်မလို၊ မောင်ဖြတ်စ၏ အခန်းသာ အိမ်ရှေ့ဘက်ကျနေ၍ ထိုအခန်းမှ ဖြတ်ရ၏။

သို့သော် ကိုဘနိုင်လည်း ဂျပန်၏အဝယ်တော် လုပ်နေသူဖြစ်၍ အလိမ်အဝါ ဉာဏ်မခေ၊ ''ငါ စက္ကူ ယူရအောင်လာတာ'' ဟူ၍ ထပ်တွန့်လိုက်လေ၏။

''အောင်မာ အိမ်သာထဲမှာ စက္ကူတွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေတယ်ဆိုတာ အသိသားနဲ့၊ လျှာ အရိုး မရှိတိုင်း လျှောက်ညာမနေနဲ့၊ အခု ကောင်မလေးမှာ ထင်ထင်ရှားရှား ဖြစ်တော့မယ်၊ ကျုပ်က လူပါးရှင့်၊ ကြက်သွန် ခွံထက်တောင် ပါးသေးတယ်၊ အဲဒါ အကဲခတ်ပြီး ချောင်းနေတာကြာလှပြီ၊ ခုမှ ပိတ်မိရက်သား မိတော့တယ်၊ ပြော– ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်၊ ဒါမှ မဟုတ် နှစ်ယောက်စလုံးပဲလား''

ဦးလေးကလည်း တူကို မင်းလား ဟူသော အကြည့်နှင့် ကြည့်၏။

တူကလည်း ဦးလေးကို ထိုနည်းလည်းကောင်းပဲ ကြည့်၏။

''ငါတော့ မဟုတ်ပါဘူးကွယ်၊ ကျမ်းကျိန်ပြီး ပြောရဲပါတယ်''

''ကျွန်တော်လဲ မဟုတ်ပါဘူးဗျ၊ မမာနေတာ အန်တီအသိပဲ''

''အံမာ ရှင်တို့နှစ်ယောက်စလုံးက မဟုတ်ရင် ကောင်မလေးပဲ၊ အိမ်က တခြားအပြင် ထွက်ရတာ မဟုတ်ဘူး၊ တစ်အိမ်လုံးမှာ ကျုပ်အဖေနဲ့မှ ယောကျ်ားသုံးယောက်ပဲ ရှိတာ၊ ကျုပ် အဖေအိုကြီးကိုများ လွှဲချ ချင်ကြသေးသလား''

''ဒီလိုဆို သူဟုတ်ချင် ဟုတ်မှာပေါ့'' ဟု သွက်လက်သော မောင်ဖြတ်စက ပြောလိုက်၍ ကိုဘနိုင်ကလည်း ထောက်ခံသော မျက်လုံးဖြင့် ကြည့်၏။ ထိုစဉ်–

''ဟေ့ ဟေ့ ငါ့တော့ ဆွဲမထည့်ကြပါနဲ့ကွာ၊ ငါလူကြီးပါ၊ အသက် ၆၀ ကျော်နေပါပြီ''ဟု ဦးတုတ်ပေါသည် အိမ်ရှေ့ခန်းမှနေ၍ ကာကွယ်လိုက်၏။ သူသည် မမြခင် မီးဖွင့်လိုက်ကတည်း က အိပ်ရာမှနိုးနေ၍ ဝင်းကြည် အခန်းထဲမှ ပြောသမျှတွေ ကြားနေ၏။

''တိုးတိုးခင်ဗျာ၊ ပုလင်းတစ်လုံးတော့ နိုင်သေးတယ်၊ မဟုတ်လား''ဟု မောင်ဖြတ်စက လှမ်းပြောလိုက်၏။

''ဟေ့ ဒါက ဘာဆိုင်သလဲကွ၊ ငါ့ ကျန်းမာရေးအတွက် သောက်တာပဲ''

''ခင်ဗျားသောက်တာကို ပြောနေတာမဟုတ်ဘူး၊ ပုလင်းတစ်လုံးဟာ အရက်မပါဘဲနဲ့ တောင် ဖွဲဆယ်ဆုပ်မက လေးတယ် မဟုတ်လား''

ဦးတုတ်ပေါ်မှာ အဓိပ္ပာယ်ကို နားမလည်သေးဘဲ။

''အို ဒါဘာဆိုင်လဲကွ''

''ဆိုင်ပြီလားဗျ၊ ယောကျ်ားဆိုတာ ဖွဲတစ်ဆုပ်မနိုင်မှ ဒါမျိုးကို လျှော့သတဲ့''

ဦးတုတ်ပေါ်မှာ ယခုမှ အဓိပ္ပာယ်ပေါက်သွားပြီး အကြီးအကျယ် ဒေါ်ပွကာ ''အောင်မယ် မင်းကများ ငါ့ကို မလေးမခန့်နဲ့''ဟုဆိုပြီး အိပ်ရာထဲမှ ထလာလေ၏။

ဤတွင် မမြခင်က ''အဖေမလာနဲ့၊ ဒီကိုမလာနဲ့၊ ဒီမှာ အမြင်မတော်၊ ဟော ဒီကောင်မ အိပ်နေပုံက''ဟု သမီးက တားလိုက်မှ ရပ်တန့်သွား၏။

အကြောင်းမှာ သူ့အနီး၌ ဆူညံစွာ ပြောဆိုနေကြသော်လည်း ကာလနဂါး၏စံချိန်ကို ချိုး မည့် ဝင်းကြည်ကား မနိုးသေး၊ ဒူးထောင်ပေါင်ကားနှင့် နှစ်ခြိုက်စွာ အိပ်ပျော်နေတုန်း။

မမြခင်လည်း လင်နှင့်တူကို စစ်ဆေးနေရသည်နှင့် သူ့ကို မပြုပြင်ရသေး၊ ဦးတုတ်ပေါ် ဝင်လာမည်ပြုမှပင် သတိရလာကာ ဘာမသိ ညာမသိ အိပ်မောကျနေရှာသူအား ခွေးကန်သလို ကန်လိုက်ပြီး ''ဟဲ့ ကောင်မ ထဘီပြန်ဝတ်စမ်း၊ တယ် လေညှင်းခံလို့ကောင်းနေတယ်ပေါ့လေ''

နောက်တစ်ချက်ထပ်ကန်လိုက်ပြန်၏။ သို့သော် မနိုးသေး အိုးတိုးအောင့်တင့်သာ လုပ်၏။

''ခမျာလေးမှာ လွန်စွာပင်ပန်း၏။ တစ်နေ့လုံး အအားမနေရ၊ နံနက်စောစောထ၊ ရေနွေးအိုးတည်၊ ကော်ဖီကျို၊ ရေခပ်၊ ထမင်းဟင်းချက်၊ စားသောက်ဆေးကြောပြီး ကလေး သုံးယောက်နှင့် လူကြီးလေးယောက်တို့၏ အဝတ်တွေလျှော်ပြီး ကြမ်းတိုက်၊ နောက် နေ့ခင်း ကော်ဖီဖျော်၊ အဝတ်တွေ မီးပူတိုက်၊ ညစာ ထမင်းဟင်းချက်၊ စားသောက် ဆေးကြောပြီး တစ်အိမ်လုံး တံမြက်စည်းလှည်း၊ အိပ်ရာအားလုံးခင်း ဦးကုတ်ပေါ်နှင့် မမြခင်တို့ကို တစ်လှည့်စီ နင်းပေး၊ ည ၁၀ နာရီ ၁၁ နာရီလောက်မှ အိပ်ရာဝင်၊ သြော်. . . . ခမျာလေး ဒါလောက်တောင် ပင်ပန်းရက်သားနဲ့တောင် ကောင်မလေး ဒီလောက်ဝနေသကိုး'' ဟု အောက်မေ့ခဲ့ကြရာ အခု မမြခင်ပြောတော့– ''သြော်. . . . ဒါ့ကြောင့်ကိုး''ဟု သိရှိကြရတော့၏။

မမြခင် နောက်တစ်ချက် ထပ်ကန်လိုက်ပြန်၏။ ဤအချက်ကား ဘောလုံးချန်ပီယံစံချိန်ကို မီဟန်တူသည်။ ဝင်းကြည်မနေနိုင်တော့ဘဲ အမယ်လေးရှင့် အော်ကာ ထထိုင်ပြီး ခါး၌ ဂျင်ကြိုး ကဲ့သို့ ပတ်နေသော ထဘီကို ခဲခဲယဉ်းယဉ်း ဖြေ၍ပတ်နေလေ၏။

''ဟဲ့ကောင်မပြော နင့်ဆီ ညည ဘယ်သူလာသလဲ''

ခြေနှင့် ရွယ်ရင်း မေး၏။

''အမယ်လေး မကန်ပါနဲ့တော့ မမရဲ့ ဘယ်သူမှ. . . . .''

''ပြော မှန်မှန်''

တစ်ချက် ကန်လိုက်ပြန်၏။

''အမယ်လေး ပြောပါ့မယ် မမရဲ့၊ ကိုမောင်ခင်''

''ဟယ် ဘယ်သူ၊ ဘယ်က ကိုမောင်ခင်လဲ၊ ဖြတ်စ မဟုတ်လား''

''အမယ်လေး ကျုပ် ဆွဲမထည့်ပါနဲ့ဗျာ၊ မောင်ခင်နဲ့ ဖြတ်စ နာမည်ချင်း တစ်ဝါဝတ်လောက် ကွာပါတယ်''

''မဟုတ်ဘူး မမရဲ့''

''ဒါဖြင့် နင့်ကြီးနိုင်လား''

''အို ငါ့ဆွဲထည့်ပြန်ပြီ၊ နင့်အဖေဟဲ့ ဟယ် ကဲ ပြောလိုက်စမ်း၊ ဘိုးဘိုးပေါ်ရယ်လို့''

''မဟုတ်ဘူး''

''ဒါဖြင့် ဘယ်သူလဲပြော''

''ဘယ်သူမှ မဟုတ်ဘူး''

''နင် ဘာလိမ်ပြောတာလဲ၊ ခုနပြောတဲ့ ကိုမောင်ခင် ဆိုတာက ဘယ်သူလဲ''

''ဒါက မြင်းလှည်း မောင်းတဲ့ ကိုမောင်ခင်၊ ညနေက သူ့မြင်းမလေး တိုးစိန်ကို ဒီခြံထဲဝင်လာလို့ လာမောင်းတာ''

''မဟုတ်ဘူး၊ ညည နင့်ဆီ လာအိပ်တဲ့လူကို မေးတာ''

ဘယ်သူမှ လာမအိပ်ပါဘူး။

''ဟဲ့ကောင်မပြော၊ ဖုံးမနေနဲ့၊ နင့်ကိုယ်နင် ဘာဖြစ်နေသလဲဆိုတာ သိရဲ့လား''

''သိပါတယ် မမ၊ ကျွန်မအိပ်ရင်း လုံချည်ကျွတ်နေလို့''

တူဝရီးနှစ်ယောက် ရယ်ချင်လာ၏။ မမြခင်ကား ဒေါထတုန်း။

''ဒီကောင်မ အိပ်မှုန်စုံမွှားနဲ့ တွေ့ကရာတွေ လျှောက်ပြောနေတယ်၊ မေးတာလဲ နားလည်တာ မဟုတ်ဘူး၊ မနက်ကျမှ သေသေချာချာ စစ်ဆေးမေးမြန်းပြီး ဥစ္စာရှင်ရော သူ့ရော နှစ်ယောက်စလုံး အိမ်က နှင်ပစ်ရမယ်'' ဟု မောင်ဖြတ်စကို မျက်စောင်းခဲ၍ ပြော လိုက်ပြီး ''လာကြ–လာကြ ဒီည ဒီမျှနဲ့ပဲ တော်ကြတော့''ဟု ဆိုပြီး ရှေ့မှ ထွက်သွားသော အခါ တူဝရီး နှစ်ယောက်လည်း ကျီးကြည့်ကြောင်ကြည့်နှင့် လိုက်သွားရကာ ကိုဘနိုင်က မောင်ဖြတ်စ နားရွက်နားကပ်၍ ဟေ့ ဖြတ်စ မင်းနဲ့လား''ဟု တီးတိုးမေးရာ. . . .

'မဟုတ်ပါဘူးဗျာ၊ ဘုရားစူးရပါစေရဲ့၊ ကျွန်တော် ဒါလောက်တော့ မယုတ်ပါဘူးဗျ'

'ဒါဖြင့် ဘယ်သူများ အချောင် အုပ်တာပါလိမ့်'

ဝင်းကြည်က ဘာမျှ မသိရှာ၊ သူ့အခန်းထဲမှ လူများ ထွက်သွားကြလျှင် တုံးလုံးလှဲပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားပြန်လေ၏။

## ဘရန်ဒီတစ်ပုလင်း

### အပိုင်း(၂)

အိပ်ခန်းသို့ အသီးသီး ပြန်ရောက်သွားကြသော်လည်း တော်တော်နှင့် အိပ်မပျော်ကြသေးချေ။

ကိုဘနိုင်တို့ အခန်းမှ လင်မယားနှစ်ယောက် တီးတိုးဆူပူငြင်းဆိုသံကို ကြားရ၏။

မောင်ဖြတ်စလည်း ဤမရည်ရွယ်ဘဲနှင့် လှည်းကျိုးကြီးထမ်းရမည့် အမှုကို မစဉ်းစားဘဲ မနေနိုင်။

''ကောင်မလေးဟာ တော်တော်ကြာရင် ထင်ထင်ရှားရှား ဖြစ်တော့မယ်''ဟု ပြောသော ဒေါ်မြခင်၏ စကားကိုတွေးမိ၏။

ဤအတိုင်းမှန်လျှင် တရားခံ တစ်ယောက်ယောက် ရှိနေရမည်။

အစွပ်စွဲခံရသူတို့မှာ မိမိတို့ တူဝရီး နှစ်ယောက်၊ ဦးတုတ်ပေါကိုပါ ဆွဲထည့်သော်လည်း အမှုလိုက် စုံထောက်က သူ့အဖေမို့ အရေးမယူ၊ မိမိကိုယ်မိမိ မဟုတ်ကြောင်းကိုကား ကိုယ့်ဟာကိုယ် သိ၏။

ဒါဖြင့် ကိုဘနိုင်လား။ သူလည်း စိတ်မချရ၊ အဘိုးကြီး ဦးတုတ်ပေါကော၊ သူလည်း တွယ်ချင်တွယ်မှာ. . . . .

ဝင်းကြည်ကိုကား နက်ဖြန်ခါ တရားခံရှာ၍ အိမ်ကနှင်ပစ်မှာ သေချာ၏။

အလွန် အလုပ်အကိုင်ကောင်းသော မုဒ့်သူကလေးနှမြောစရာ ကောင်းလှ၏။

ကောင်မလေးနှယ် မိုက်လိုက်ဘိခြင်း။

ဩော်. . . . သူလဲ သွေးနဲ့ကိုယ်သားနဲ့ကိုယ် ဆိုတော့ အစေခံပေမယ့်လဲ သူဌေးသမီးတွေ စိတ်နဲ့ အတူတူပဲပေါ့။

တရားခံများမှာ ဤနေရာ၌ ကိုယ့်ကိုယ်ကို အလွတ် ရုန်းဖို့လို၏။

အကယ်၍ အမှန်အတိုင်း ဘရန်ဒီ ခိုးသောက်ရန် လာသည်ဟု ညကမပြော၊ နံနက်ကျမှပြောလျှင် တူဝရီးနှစ်ယောက် တိုင်ပင်ထားကြသည်ဟု ဆို၍ မမြခင် အယုံအကြည် ရှိမည် မဟုတ်။

ဒွတ္တဘောင်၏ဖခင် စူဠသမ္ဘဝ မဟာသမ္ဘဝ ဟူ၍သာစွပ်စွဲချေတော့မည်။

မောင်ဖြတ်စ လွတ်အောင်ရုန်းဖို့ကား မမြခင်အား မိမိညကပြောမိသော နောက်ဖေးသွား ရန် လာခဲ့ကြောင်းကို ယုံကြည်အောင် လုပ်ရချေမည်။

သူ့အဖို့ ယုတ္တိလည်း ပြည့်စုံ၏။

သို့သော် ခပ်စောစောက အိပ်ရာထမှာ တွယ်ထားသော အညစ်အကြေးတွေမှာ နောက်ဖေးခွက်ထဲ၌ ပြည့်လုနီးပါးရှိနေ၏။

သူသည် သူခိုး စုံထောက်ဝတ္ထုများကို ဖတ်ထားသူ ဖြစ်၍ ဥာဏ်မခေ၊ ထိုအရာများကို ဖျောက်ဖျက်ပစ်မှ အရေးလှချေမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

အချိန်ကား နံနက်စော၏ ရှေ့တော်ပြေး လင်းကြက်တို့ ခွန်းဆက်ကြလေပြီ။ ဘရန်ဒီ တစ်ပုလင်း ဗိုက်တစ်လုံးကိစ္စအတွက် ရတက်မအေးရသော လူမမာလေး မောင်ဖြတ်စသည် နောက်ဖေးခွက် မနိုင့်တနိုင် သယ်ကာ နောက်ဖေးဆောင်သို့ ထွက်ခဲ့ပေ၏။

အိမ်သာရှိသော ရေချိုးခန်းအထိ သွားနေလျှင် အပလေတိုက်ခတ်မည်ဖြစ်၍ လူမမာနှင့် မသင့်လျော်၊ မီးဖိုဆောင်မှနေ၍ သွန်လိုက်မှသာ တော်ချေတော့မည်ဟု စိတ်ကူးကာ ပြတင်း ပေါက်တစ်ခုကို ဖွင့်ပြီး နောက်ဖေး လမ်းမကြားထဲသို့ သွန်ချလိုက်လေ၏။

'ဂူးဝါး–ဂူးဝါး အမယ်လေးဝေ့ ထွီ၊ ထွက်နဲ့ဘာတွေလဲဟ၊ ထွီ၊ လွှတ်စမ်း လွှတ်စမ်း ခဏ လွှတ်စမ်း'ဟူသော မသဲကွဲသောအသံများကို ကြားရသဖြင့် ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်ရာ မှုန်ဝါးသော အလင်းရောက်လေး၏အောက်တွင် လုံးထွေးရစ်ပတ်နေသော ကျားသဏ္ဌာန် မသဏ္ဌာန်နှစ်ခုကို မြင်သဖြင့် မောင်ဖြတ်စ အံ့အားသင့်ကာ–

'ဟဲ့ ဟဲ့ ဘယ့်နှယ်ဟာတွေလဲ'ဟု အော်မိလေ၏။

ပုံသဏ္ဌာန်နှစ်ခုမှာ တစ်ခုနှင့် တစ်ခု ဖိုသီဖတ်သီ ခွဲခွာရင်း

'ဝေ့. . . ထွီ. . . သူများ မေးမနေပါနဲ့၊ ခင်ဗျားကကော ဘယ်လိုလူလဲ၊ ရက်စက်လိုက်တာဗျာ၊ ထွီ လူတွေမှ မမြင်တော့ဘူးလား၊ အကန်းထင်ပါရဲ့' ဟု မာဆတ်ဆတ်ပြောသော ယောကျာ်းသံ ကို ကြားရလေ၏။

'ဟ မြင်ရင်သွန်ချပါ့မလား၊ လူပဲ မမြင်လို့သာပေါ့'

'လူလို့ ခင်ဗျားကိုယ် ခင်ဗျား ပြောလို့သာ ယုံရတယ်၊ ဒီမှာ လစ်(ပဲ)ကစ် လုပ်နေတုန်းမှပဲ'

'ဟာ ဒီလိုဆို ကျုပ်သွန်ချလိုက်တာတွေကို စုပ်ယူသလိုနေတော့မှာပေါ့၊ ဟိ–ဟိ– ဝမ်းနည်းပါတယ်ဗျာ'

'ဝမ်းနည်းရုံ နည်းမနေနဲ့၊ ကိုယ်ချင်းများ စာကြည့်ဦး ခင်ဗျားတို့ ကစ်(စ်) လုပ်နေတုန်းများ ဒီလို'

'ဟေ့ ဟေ့ ဒါမျိုး ကိုယ်ချင်းစာဖို့ မပြောနဲ့၊ ထွီ စိတ်ကူးထဲတောင် မထည့်ပါရစေနဲ့၊ ဒါနဲ့ မင်းတို့ မောင်နှံဘယ်ကများတုန်း၊ လူများအိမ်နောက်ဖေးလာပြီး ချစ်ဗျူဟာ ကျင်းနေရ အောင်' ဟု မေးလိုက်မှ–။

'ဩော် ကိုယ့်ဆရာက မသိသေးဘဲကိုး၊ ကဲ အဝင်း မထူးတော့ပါဘူးကွာ၊ မင်းမျက်နှာမော့ပြလိုက်စမ်းပါ' ဟု ဆိုပြီး ခေါင်းငုံ့နေသော မိန်းမသဏ္ဍာန်ကို မေးကိုင်ပြီး မ,၍ပြလိုက်တော့မှ မောင်ဖြတ်စမှာ အံ့အားသင့်သွားလျက်။

'ဟိုက် အမယ်လေး ဒေါ်ဝင်းကြည်ကိုး၊ အင်း၊ အင်း၊ ဒါကြောင့်'ဟု ဆိုကာ သူ့ဦးနှောက်ထဲတွင် အသိဉာဏ်တွေ တစ်ပြုံတစ်ခေါင်းကြီး ပေါ်လာလေ၏။

'ဘာ ဒါကြောင့်လဲဆရာ'

အောက်ကလူက မေးသည်၌–

'ဩော် မင်းတို့အတွက် ငါစဉ်းစားမိလို့ပါ၊ ငါမေးတာ မှန်မှန်ပြောစမ်း၊ မင်းတိုချင်း စဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ'

'ခုအချိန်အထိ လေးလသုံးရက်နဲ့ တစ်ည ရှိပါပြီ'

'မနက်တိုင်း ဒီလိုပဲ တွေ့နေကျလား'

'နေ့ဆက် ရက်ဆက်ပေါ့ဆရာ'

မလွတ်လပ်သော အစေခံ ဖြစ်လင့်ကစာ ၂၄ နာရီ အတွင်း ခဲခဲယဉ်းယဉ်း လစ်ဟင်းသောအချိန်ကလေး နှစ်နာရီခန့်ကို အချစ်အတွက် အကွက်ဝင်အောင် အသုံးချတတ်ပုံကို စဉ်းစားမိက ညကကိစ္စအတွက်နှင့် ဦးတုတ်ပေါ၏နှုတ်ခမ်းမွေးကြီး မီးလောင်မှုကို ပူးတွဲရှင်းလင်း ရန် စိတ်ကူးဉာဏ်ဝင်စားလာလေ၏။

'မင်းတို့ချင်း လွန်လွန်ကျူးကျူး ဖြစ်နေကြပြီ မဟုတ်လား' ဟု မေးလိုက်ရာ တစ်ဖက်လူကလည်း ပွင့်လင်းပါသည်။

'ဟာ . . . . ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲဆရာ၊ ဘယ်နေလိမ့်မလဲ'

'ဒါဖြင့် အခု ဝင်းကြည်မှာ ကိုယ်ဝန်ရှိနေပြီ ဆိုတာကော သိရဲ့လား'

'သိပြီလားဆရာ၊ ကျွန်တော်လဲ မိန်းမရခဲ့ဖူးတာပဲ'

'နို့ . . . . အခု မင်းမိန်းမကော ရှိလျက်ပဲလား'

'မရှိတော့ဘူး ဆရာ၊ နောက်လင်နဲ့ လိုက်ပြေးလို့၊ ဒါကြောင့် သူ့ကို'

'ဒါဖြင့် ဝင်းကြည်ကို မင်းတကယ် ယူနိုင်ပါ့မလား'

'ယူနိုင်ပြီလားဆရာ၊ ခင်ဗျားတို့ အိမ်ကလူကြီးတွေကသာ အသက်မစေ့သေးသူလေး၊ သွေးဆောင်မှုနဲ့–'

'အိုး . . . . ဒီ့အတွက် ငါ့တာဝန် ထားလိုက်၊ မင်းနာမည် ဘယ်လိုခေါ်သလဲ'

'မောင်သိန်း'

'ဘာလုပ်စားသလဲ'

‘မြင်းလှည်းမောင်းပါတယ်’

‘ဘယ်မှာနေသလဲ’

‘ပန်းတနော်လမ်းမှာ နေပါတယ်’

‘ကိုယ်ပိုင်အိမ်ရှိသလား’

‘အရင်မယားနဲ့ နေခဲ့တဲ့ အိမ်ရှိတာပေါ့’

‘ကောင်းပြီ၊ ဒါဖြင့် မင်း မဝင်းကြည်ကို တကယ်ချစ်မချစ်စမ်းမယ်’

‘ကြိုက်သလိုစမ်းဆရာ’

‘ကဲ. . . . . ဝင်းကြည်ကိုဖက်ပြီး လစ်(ပ)ကစ်(စ်)လုပ်စမ်း’

‘အောင်မယ်လေး ဒါလောက်များ’

ဟု ဆိုပြီ မောင်သိန်းသည် ဝင်းကြည်၏ တောင့်တင်းစိုနေသော ကိုယ်ကလေးကို ပွေ့ဖက်ကာ အင်္ဂလိပ် ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးသလို အကြာကြီး နှုတ်ခမ်းချင်းစုပ်နေလေ၏။

‘ဟေ့–ဟေ့ တော်ပြီ–တော်ပြီ၊ မင်းတို့ချင်းချစ်တာ သေချာပြီ၊ ဘာပြုလို့လဲဆိုတော့ ဒီလို ချေးရည် သေးရည်တွေနဲ့ စိုနေတာတောင် ကျကျနနဖက်ပြီး လစ်(ပ) ကစ်(စ်)လုပ်တာ ထောက်တော့ တကယ်ချစ်တယ်ဆိုတာ ငါယုံပြီ’

‘သြော်. . . ဒီလိုလား ဆရာ’ ဟု ဆိုကာ မောင်သိန်းသည် မျက်ပေါက် ကျဉ်းကျဉ်းကလေး များကို မှေးပြီး သွားဖုံးလုံး ကလေးပေါ်အောင် ရယ်ကာ–

‘ဒါတော့ စိတ်ချပါဗျာ၊ ခုထပ်ပြီး လုပ်ရဦးမလားဆရာ၊ ဝါသနာက မခေပါဘူး’

‘တော်ပါပြီကွာ၊ ငါကျေနပ်ပါပြီ’

‘ဆရာ ကျေနပ်တာတော့ ဟုတ်ပါပြီ၊ ကျွန်တော်တို့ပေါင်းရအောင် ဘယ်လို လုပ်ပေးမှာလဲ’

‘အို ဒါက အလွယ်ကလေးပါကွာ၊ အထုပ်အပိုးနဲ့ ခေါ်ပြေးရုံပေါ့’

‘အို ဒါကတော့ ခင်ဗျားပြောမှပဲလားဗျာ၊ ကျုပ်လဲ သိတာပေါ့၊ ဒါမှ ခင်ဗျား ဦးလေးကြီးက သူ အရောင်းအဝယ်လုပ်နေတဲ့ ကင်ပေတိုင်က ယာမာမိုတိုကြီး သွားတိုင်လို့ အသက်မပြည့်သေး တဲ့ အစေခံမလေး သွေးဆောင်မှုနဲ့ လက်သည်းခွံတွေ ရေနွေးမဖျောဘဲနဲ့ အစိမ်းသက်သက် ပလာယာနဲ့ ဆွဲခွာပစ်ပါဦးမယ်ဗျာ၊ ကျုပ် အကောင်းမှတ်လို့ သူ ခိုင်းတဲ့အတိုင်းလုပ်ရတယ်’

‘ဟေး ဒီလိုမဖြစ်စေရပါဘူးကွ၊ ငါ့နာမည် ဖြတ်စတဲ့ မှတ်ထားပါ၊ မနက်ကျတော့ မင်းအိမ်ကစောင့်နေ၊ လာခေါ်ပြီ၊ လူကြီးစုံရာနဲ့ကို ပေးစားပြီး ကောင်မလေးကိုထည့်လိုက်မယ်။ စိတ်ချသာပြန်တော့၊ အခု ငါနဲ့ဝင်းကြည် တိုင်ပင်ပြီး စီမံလိုက်မယ်’

ဉာဏ်ကြီးရှင် မောင်ဖြတ်စသည် ဝင်းကြည်အား သေချာစွာ သင်ကြားလိုက်ပြီးနောက် နံနက်အိပ်ရာထတွင် အမူလိုက် ဒေါ်မြခင်သည် ဝင်းကြည်၏ ထွက်ချက်ကို ကြားသိရသောအခါ၌ မီးဖိုချောင်ထဲတွင် တစ်ယောက်တည်း ဒေါသူပုန်ထလျက်ရှိလေ၏။

'ကြည့်ပါဦးတော်၊ အသက် ၆၀ ကျော်လို့ သေခါနီးမှအိမ်က အစေခံမလေးနဲ့ ဖြစ်ရသတဲ့၊ ကိုယ် မနေနိုင်လို့ကမြင်းကြောထ,ချင် ပိုက်ဆံပေးရင် ရတဲ့ဟာမတွေဆီ သွားရော ပေါ့၊ အခုတော့ အိမ်ကခိုင်းတဲ့ အပျိုပေါက်မလေးနဲ့ လူမသိ သူမသိ ဗိုက်ကြီးနေတယ်ဆိုတော့၊ အမယ်လေး ရှက်လှချည်ရဲ့ အရပ်ကတို့ရဲ့'

'ညက ဖြတ်စပြောတာ ယောကျာ်းဖွဲတစ်ဆုပ် မနိုင်မှ ဒါမျိုး လျှော့တယ်ဆိုတာ မှန်တော ပေါ့၊ ကြည့်စမ်းပါဦးတော် ညတိုင်း ညတိုင်း ကောင်မလေးဆီ သွားနေတာ လေးလကျော်ပြီတဲ့၊ သားသမီးတွေ မျက်နှာမထောက် လုပ်ရက်ပလေ အဖေကြီးရယ်'

ဦးတုတ်ပေါက ဘာမှမသိရှာ။ နံနက်စောစော ထုံးစံအတိုင်းပဲ တုတ်ကောက်၊ ဘောင်းဘီ တို၊ ဗိုက်ရွဲကြီးနှင့် လမ်းလျှောက်ထွက်သွားလေပြီ။ ကိုဘနိုင်ကား အိပ်ရာထဲမှ နားထောင်နေ၏။ မောင်ဖြတ်စသည် လူနာခန်းတွင် အိပ်ချင်ယောင်ဆောင်ကာ ပြုံးစိစိဖြစ်နေ၏။ ဝင်းကြည်မှာ အိမ်သာနှင့် ရေချိုးခန်းထဲတွင် ပုန်းနေ၏။ အောင်လေးနှင့် ၁၀ နှစ် ၁၂ နှစ်ရွယ် အစ်မလေး ယောက်က အမေ့နားတွင် ထိုင်၍ ငိုနေကြ၏။

'ကြည့်ကြပါဦးတော်၊ ဒီနုနုထွတ်ထွတ် ကလေးနဲ့ ကမြင်းတော့ ကောင်မလေးက နူတ်ခမ်း မွှေးကြီးနဲ့ ယားတယ်၊ ဒါကြီးရိတ်ပစ်မှ လာရမယ်ဆိုလို့ ကိုယ့်နှုတ်ခမ်းမွှေးကိုယ် မီးနဲ့ရှို့ပစ်ပြီး ကျုပ်သားလေးဆော့တယ်ဆိုပြီး ကလေးကို မချမဆန့်ရိုက်သေးတယ်တော့်၊ နို့ပြီး ဝင်းကြည်ကိုပဲ အောင်လေး ဆော့တာ မြင်တယ်ပြောလို့ သင်ထားလိုက်သေးသတဲ့၊ ဉာဏ်များပါပေ့ အဖေအိုကြီးရဲ့၊ သေခါနီးကြီးရဲ့၊ ညကများ ဖြတ်စက ဟုတ်တာပြောတော့ အောင်မယ်လေး သူက စိတ်တွေဘာတွေဆိုးလို့လေ၊ ဩော် တဏှာ တဏှာ သားမှန်းမြေးမှန်းတောင် မသိတော့ ဘူး'

မယား ငိုယိုဆူပူနေသံကို ကြားရ၍ ကိုဘနိုင်သည် မနေနိုင်တော့ဘဲ အကျိုး အကြောင်းကို သဲကွဲအောင် လာရောက်မေးမြန်းသဖြင့် ဝင်းကြည်ထုတ်ဖော်သမျှကို ပြောပြကာ–

'သူအရင် ဒီလိုမဟုတ်ပါဘူး ကိုဘနိုင်ရယ်၊ လူရိုးကြီးပါ အင်္ဂလိပ်လက်ထက်က မင်းတိုင် ပင်အမတ် လုပ်လိုက်ခါမှ ရှိသမျှပစ္စည်းတွေလဲကုန်၊ လူလဲ အဖတ်ဆယ်မရအောင် အကျင့်စာရိတ္တ တွေပါ ပျက်စီးတော့တာပေါ့၊ အခုတော့ ဒီအဘိုးကြီးနဲ့ ဝင်းကြည် ဗိုက်တစ်လုံးကို ဘယ်နှယ့်လုပ် ပါ့မလဲ ကိုဘနိုင်ရဲ့၊ ကြည့်စမ်း စီမံပါဦး'

'ဟိတ် – သိပ်ကျယ်ကျယ်ကြီး လုပ်မနေနဲ့၊ နံဘေး အိမ်တွေကကြားသွားရင် ရှက်စရာကြီး၊ ညက ဖြတ်စပြောတာမှန်နေတာပေါ့ကွ၊ သွား သွား သူ့ဆီ သွားတိုင်ပင်ချေ၊ သူက ဒါမျိုးမှာ

အင်မတန် ဉာဏ်ရှိတဲ့ကောင်'ဟု တူဝရီးနှစ်ယောက်သား တိုင်ပင် ထားသည့်အတိုင်း သူ့တူဆီသို့ လွှတ်လိုက်လေ၏။

မမြခင်မှာ ဖအေအိုကြီးအတွက် မနေသာတော့ဘဲ မောင်ဖြတ်စ၏အခန်းထဲသွား၍ ချော့မော့အသံနှင့် နှိုးရလေ၏။ အိပ်ချင်ယောင် ဆောင်နေသူမှာ တော်တော်နှင့်မနိုး။ အတော်ကလေးလှုပ်နိုးမှ ပါးစပ်ကိုဟ၍–

'ဝါး ဘာလဲဗျ၊ အန်တီ'

'ထပါဦး ငါ့တူရယ်၊ ညက မင်းပြောတာတွေ မှန်နေတာပေါ့ကွယ်'

ဘာမျှ မသိသကဲ့သို့ မျက်လုံးကိုပွတ်ကာ. . . . .

'ဘာများလဲ အန်တီ'

'ဟိုကောင်မဗိုက်ပေါ့ကွယ်၊ ခု မိုးလင်းမှ ငါဝင်းကြည်ကို သေသေချာချာ စစ်ဆေး ကြည့်တော့ အဖေနဲ့တဲ့'

'ဟင် ဖြစ်မှ ဖြစ်ရလေဗျာ၊ ညက ကျွန်တော် ရမ်းသန်းပြောတာ၊ ဟုတ်မှ ဟုတ်ပါလေရဲ့ လားဗျာ၊ ကျားသားမိုးကြိုး'

'ဟုတ်ပါတယ် ငါ့တူရယ်၊ ဝင်းကြည်က သေသေချာချာ ပြောပြတော့ နှုတ်ခမ်းမွေးကြီး မီးလောင်ပြီး ဝက်မွေး မီးမြိုက်သလို ကျိုးတိုးကျဲတဲနေလို့ ရိတ်ပစ်ရတာ၊ ကောင်မလေး က ယားတယ်ဆိုလို့တဲ့၊ ဉာဏ်ဆင်ပြီး ရိတ်တာ၊ ကြားထဲက ငါ့သားလေးကို အပြစ်လုပ်ပြီး ရိုက် လိုက်တာဟယ်၊ မသနားမညှာတာ၊ မြေးကလေးကိုတောင် မစိတ်မွှန်ပြီး သူ လုပ်ရက်တယ်'

'သြော် – တဏှာဆိုတာ ဒီလိုပဲ၊ မှောင်တကာ့ မှောင်ထဲမှာ အမိုက်ဆုံးပဲ'

'အေးကွယ်၊ အဲဒါ မင်းကြည့်ပြီး စီမံပေးပါဦး၊ ငါတော့ ခေါင်းမီးတောက်နေပြီ'

'ဘယ်လိုလုပ်စေချင်သလဲ'

'ဒီအကြောင်းကို ဘယ်သူမှ မသိစေဘဲ ကောင်မလေးလဲ ကျေကျေနပ်နပ်နဲ့ ထွက်သွားပြီး နောက်လဲ ဘယ်သူမှ မပြောရလေအောင်'

မောင်ဖြတ်စသည် ခေါင်းကုပ်၍ အနည်းငယ် စဉ်းစားဟန်ပြုပြီး–

'အင်း–ဒါဖြင့် ဒီလိုလုပ်လေ၊ ငွေကလေး အနည်းငယ်တော့ ကုန်ရလိမ့်မယ်၊ ကောင်မလေးကို တကယ် ကြိုက်ပြီး အတည်ယူချင်တဲ့ ကောင်လေးတစ်ယောက် ရှိနေတယ်၊ ကျွန်တော့်ကို အပူကပ်နေတာ ကြာလှပြီ'

'အမယ်လေး၊ လုပ်စမ်းပါကွယ်၊ ငွေဘယ်လောက်ကုန်ကုန် အရှက်တကွဲ အကျိုးနည်းမဖြစ် ပြီးရော၊ သူက ဘယ်သူလဲ ရိုးရိုးသားသားပဲလား'

'ဟို–ပန်းတနော်လမ်းက မောင်သိန်းတဲ့၊ ကောင်လေးက ရိုးပါတယ်'

'အလုပ်အကိုင် ရှိရဲ့လား၊ ဘာလုပ်သလဲ'

'မြင်းလှည်းမောင်းတယ်'

'အောင်မယ်– ဒီဂျပန်ခေတ်မှာ မြင်းလှည်း မောင်းတယ်ဆိုရင် ဝင်ငွေမခေဘူးကွယ့်'

'ဟုတ်တယ်၊ သူ့ကို ကျွန်တော်က ငါအဖျား ဖြတ်ဆေးအတွက် ဘရန်ဒီတစ်ပုလင်း ဝယ်ပေးနိုင်မယ် ဆိုရင် ကောင်မလေးကို မင်းနဲ့ ပေးစားမယ်တောင် ပြောထားသေးတယ်၊ သူကလဲ မြင်းလှည်းမောင်းရင်း မတွေ့ တွေ့အောင် ရှာမယ်တဲ့'

'အမယ်လေး သူ့ရှာမခိုင်းမနေပါနဲ့တော့ကွယ်၊ ကိစ္စပြီးလွယ်အောင်သာ လုပ်စမ်းပါ၊ မနေ့က ဂြိုလ်မင်းကြီးယူလာတဲ့ ပုလင်းပဲ မင်းယူပါ၊ ငါ့အတွက် အရေးမကြီးပါဘူး'

မောင်ဖြတ်စမှာ ချိုးပေါက်ဝင်သွားကာ အခန်းဝ၌ မတ်တတ်ရပ်နေသော သူဦးလေးကို အဒေါ်မမြင်အောင် မျက်စိတစ်ဖတ် မှိတ်ပြလိုက်ပြီး–

'ဒီလိုဆိုလဲ ကောင်းသားပဲ၊ ကဲလေ. . . . အဘိုးကြီး လမ်းလျှောက်ရာက ပြန်မရောက်ခင် ကိစ္စပြီးသွားအောင် ဝင်းကြည်ကို ခေါ်လိုက်စမ်းပါဦး'

မမြခင်က မီးဖိုချောင်ဘက် လှမ်း၍

'ဟေ့ ဝင်းကြည် ခဏ'

ဝင်းကြည်သည် ဣန္ဒြေရရနှင့် ရောက်လာပြီး မောင်ဖြတ်စရှေ့မှာ ကျုံ့ကျုံ့လေးထိုင်၏။ ဒီတော့ မောင်ဖြတ်စက–

'ကဲ ဝင်းကြည် နင့်ဖြစ်ပုံတွေ အန်တီပြောပြလို့ ငါအကုန်သိပြီးပြီ၊ ကံကောင်းလို့ တို့ တူဝရီးနှစ်ယောက် အမှုပတ်နေတာ နင်က ဖွင့်ပြောလို့သာပေါ့၊ သို့သော် အဘိုးကြီးနဲ့နင်နဲ့ ဆိုတော့ ဘယ်လိုမှ မသင့်လျော်ဘူး၊ လူကြီးကစလို့ မှားမိတာထားလိုက်ပါတော့၊ ဟောဒီ နင့် အဒေါ်ရော ငါတို့ရောအရှက်တကွဲ အကျိုးနည်း မဖြစ်ရအောင် ငါ့စကားကို နားထောင်နင့်ကို တကယ်ချစ်ပြီး ကောင်းကောင်းမွန်မွန် ပေါင်းမယ့် လူတစ်ယောက်ရှိနေတယ်၊ မြင်းလှည်းမောင်း တဲ့ မောင်သိန်းရယ် နင်သိတယ် မဟုတ်လား၊ အေး သူ့ကိုယူလိုက်၊ နင့် အဒေါ်အလဲ ငွေအနည်း အကျဉ်း ပေးလိမ့်မယ်'

'အေးကွယ် ငယ်ငယ်ရွယ်ရွယ်ချင်း ကောင်းပါတယ်၊ ငါ့အလဲ ငွေ ၃၀၀ လက်ဖွဲ့လိုက်ပါ တယ်'

ဝင်းကြည်ကလည်း ဣန္ဒြေရရ ခေါင်းငုံ့ကာ–

'ဟုတ်ကဲ့၊ ဒေါ်ဒေါ်နဲ့ ကိုဖြတ်စတို့သဘောပါပဲ'

'ကဲ ကဲ အဘိုးကြီး ပြန်မရောက်ခင် ကိစ္စပြီးသွားအောင် မောင်သိန်းကို သွားခေါ်ဖို့ ကလေးတစ်ယောက်၊ ကျွန်တော် စာရေးပေးလိုက်မယ်'

'ရှုတ်တရက်ချက်ချင်းကြီး ဖြစ်ပါ့မလားကွယ်၊ မင့်လူက မယုံသင်္ကာ ဖြစ်နေပါဦးမယ်'

'အို ဒါ ကျွန်တော့်တာဝန် ထားလိုက်၊ ဒီကောင်က ဝင်းကြည်ကို လိုချင်တာ သေလူလို၊ ကျွန်တော် ခုလို ခေါ်ပေးစားရတာဟာ (ငါမမာနေတာ အိမ်က ခြေနှစ်ချောင်းထွက်မှ ကောင်းမယ်၊ ဗေဒင်က ဟောလို့ ယတြာချေတာကွ)လို့ ပြောမှာပေါ့၊ ဒါအတွက် မပူစမ်းပါနဲ့ အန်တီရယ်၊ စာရွက်နဲ့ဖောင်တိန်သာ ပေးစမ်းပါ'

မကြာမီ မောင်သိန်းရောက်လာကာ အကျိုးအကြောင်းပြောပြလေ၏။ ငါးမိနစ်အတွင်း၌ ပင် ထိုကိစ္စပြီးမြောက်သွားကာ သတို့သား မောင်သိန်းနှင့် သတို့သမီး ဝင်းကြည်တို့သည် ကိုဘနိုင်၊ မမြခင်၊ မောင်ဖြတ်စ တည်းဟူသော လူကြီးလူကောင်း သုံးယောက်တို့အား အောင်လေး၊ မောင်အေး၊ ခင်စန်းမြင့်တည်း ဟူသော ကလေးပရိသတ် သုံးယောက်တို့ရှေ့ မှောက်တွင် နှစ်ယောက် ယှဉ်တွဲကာ ရှိခိုးကန်တော့ကြပြီး မမြခင်ဆီက ငွေ ၃၀၀ ကိုယူ၍ အဝတ်အစား ထုပ်ကလေးကိုဆွဲကာ အိမ်ပေါ်မှ ဆင်းသွားကြလေ၏။

မမြခင်သည် ဝင်းကြည်တို့စုံတွဲ လမ်းထောင့်ချိုး၍ ကွယ်သွားသည့် တိုင်အောင် အိမ်ရှေ့ မှ လှမ်းမျှော် ကြည့်နေပြီးမှ သက်ပြင်းချကာ. . . .

အောင်မယ်လေး၊ ခုမှပဲ ရင်ထဲက အလုံးကြီးကျသွားတော့တယ်၊ ငါဖြင့် ခက်ကရော အောက်မေ့နေတာ၊ မင်းကျေးဇူးပါပဲကွယ် မောင်ဖြတ်စရယ်'

ဖြတ်စက ပြုံးစိစိနှင့်–

'ကျေးဇူးဆိုတာ ပြောနေရုံနဲ့ မပြီးဘူးလေ၊ ကျွန်တော့်ပေးမယ်ဆိုတဲ့ အဖျားဖြတ်ဆေး လေး ဘရန်ဒီ တစ်ပုလင်းလဲလုပ်ဦးလေဗျာ'

'သြော် ဟုတ်ပေသားပဲ၊ ပေးပါ့မယ်ကွယ်' ဟုဆိုပြီးသွား၍ယူပေးလေ၏။

ပုလင်းရလျှင် ဖြတ်စက. . . . . .

'သြော် ဒီမှာ အန်တီ၊ အဘိုးကြီးပြန်လာရင် ဘာမှမပြောနဲ့နော်၊ ဘာမှမဖြစ်သလိုနေ သိလား'

'အောင်မယ်လေး ပြောဖို့ နေနေသာသာ သူ့မျက်နှာကြည့်တောင် မကြည့်ချင်ဘူး'

ဘောင်းဘီတို၊ ဗိုက်ပူပူကြီးနှင့် ဆေးပြင်းလိပ် လက်ကြားညှပ်ကာ တုတ်ကောက်ကြီး ကိုင်၍ လမ်းလျှောက်သွားသော ဦးတုတ်ပေါက်ကား ပြန်မရောက်သေး မောင်ဖြတ်စနှင့် ကိုဘနိုင် တို့ တူဝရီးနှစ်ယောက်ကတော့ ဘရန်ဒီ တစ်ပုလင်းနှင့် ဖိမ်တိုးလျက်။

ဤတွင် နိဋ္ဌိတံ။

## ဘရန်ဒီတစ်ပုလင်း၏ နိဒါန်း

ကဲ ဝတ္ထုပြီးမှပဲ နိဒါန်းကို ရေးရပေတော့မည်။ ဤဝတ္ထုသည် ၁၉၄၇–ခုနှစ်၊ ဩဂုတ်လ ရှုမဝမဂ္ဂဇင်း အမှတ် (၃)တွင် ပါခဲ့ပေရာ ထိုဝတ္ထုပါသော လထဲမှာပင် ရှုမဝမှတစ်ဆင့် ကျွန်တော့်ဆီသို့ ချီးမွမ်း မိတ်ဖွဲ့စာများ ရောက်လာ ကြသည့်အနက် တစ်စောင်သောစာက ထူးဆန်းနေ၏။ ကမ္ဘူမြို့ ရဟန်းတော်တစ်ပါးဆီကဖြစ်၍ 'ဟာသအကျော် ဒကာတော် သော်တာဆွေ၏ ဘရန်ဒီတစ်ပုလင်း ဝတ္ထုကို ဦးပဥ္စင်းတော်တော် သဘောကျပါသည်။ ဒကာ၏ဟာသဉာဏ်ကို ချီးကျူးမိပါသည်။ သို့သော် ဝတ္ထုထဲမှ အားလုံးသော အဖြစ်အပျက်တို့၏ အဆုံးသတ်ကို အပြစ်မဲ့သော ဦးတုတ်ပေါ၏ အပေါ်၌သာ ပုံချထားသည်ကိုတော့ ဦးပဥ္စင်း ဝိထိမကျမိပါ။ ဘာကြောင့်ဆိုလျှင် လူကြီးအား မကောင်းမှုစ၍ ပြုသူမှာ မောင်ဖြတ်စဖြစ်ပါလျက် သူ့ကိုတော့ ဘာအပြစ်မှမပေးဘဲ၊ ဦးတုတ်ပေါကိုသာ အရှက်တကွဲ အကျိုးနည်းစေသည်မှာ အဘယ်ကြောင့်ပါနည်း' ဟု အဓိပ္ပာယ်သက်သောစာ ဖြစ်နေပါ၏။

ဤအကြောင်း စာပြန်၍ ရေးနေရလျှင် ရှည်မည်ဖြစ်၍ ထိုစဉ်က ဦးပဥ္စင်းအား ကျွန်တော်ဖြေရှင်းချက် မပေးခဲ့ပါ။ ယခု ကျွန်တော့်ဘဝဇာတ်ကြောင်းကို ရေးသောအခါမှ စာအလျဉ်းသင့် ၍ စာရေးဆရာတစ်ယောက်၏ ခေါင်းထဲသို့ဝတ္ထုတစ်ပုဒ်ဟာ မည်သို့မည်ပုံ ဖြစ်ပေါ်လာသည်ကို စာဖတ်သူတို့အား နမူနာအဖြစ် ဖော်ပြလိုစိတ်ပေါ်လာသဖြင့် ဤ 'ဘရန်ဒီတစ်ပုလင်း၏ နိဒါန်း' ကို ရေးလိုက်ခြင်း ဖြစ်ပါသည်။

စင်စစ် ဤဘရန်ဒီတစ်ပုလင်း ဝတ္ထုသည် ဘဝသရုပ်ဖော်မဟုတ်ပါ၊ ဟာသဝတ္ထု သက်သက်မျှ ဖြစ်ပါသည်။ သို့သော် ဤဝတ္ထု ကျွန်တော့်ခေါင်းထဲဖြစ်ပေါ်လာရသည်က အကြောင်းမဲ့သက်သက် စိတ်ကူးယဉ် မဟုတ်ပါ။ ကျွန်တော်၏ ဘဝအခြေခံကာ စတင်ခဲ့ပါ၏။ အသို့ဟူမူ–

ကျွန်တော်တို့အရွယ် ငယ်စဉ်အခါသမယ အင်္ဂလိပ်ခေတ်က မြန်မာပြည်ပညာရေးစနစ် သည် ယခုခေတ်လို တစ်ညီတညွတ်တည်းမဟုတ် မြန်မာစာ သက်သက်ချည်းသင်သော ကျောင်း အင်္ဂလိပ်–မြန်မာ တွဲသင်သော ကျောင်း၊ အင်္ဂလိပ်လိုချည်းသင်သော ကျောင်းဟူ၍ သုံးမျိုး သုံးစား ခွဲခြားထားရာ ကျေးရွာဒေသများတွင်ကား မြန်မာစာ သက်သက်သာ သင်သော မူလတန်းကျောင်းနှင့် သတ္တမတန်းအထိ သင်သော အလယ်တန်းကျောင်းများသာရှိပြီး ရုံးစိုက် သော မြို့များပေါ်မှာသာ အင်္ဂလိပ် မြန်မာတွဲသင်သော အစိုးရ ဟိုက်စကူးနှင့် မြန်မာစာချည်း ၁၀ တန်းအထိ သင်သည့် မြူနီစပယ် အထက်တန်းကျောင်းရှိပေမည်။ အင်္ဂလိပ်စာ သက်သက်သာသင်သော ခရစ်ယာန် သာသနာပြုကျောင်းများကား ရန်ကုန်လို မန္တလေးလို မြို့ကြီးများနှင့် တောင်ကြီးလို ပြင်ဦးလွင်မြို့လို မျက်နှာဖြူများနေသော တောင်စခန်းမြို့တွင်သာ ရှိလေသည်။

ကျွန်တော်ကား မြို့သားမဟုတ်။ ပေါင်းတည်မြို့ အပိုင်းမြို့နှင့် သုံးမိုင်ကွာသော ကျေးရွာကလေးတွင် လူဖြစ်ရသည်မို့ ကျွန်တော်တို့ရွာက အလယ်တန်းကျောင်းမှ ခုနစ်တန်းအောင်ပြီး နောက်မြို့ပေါ်သွား၍ အထက်တန်း ကျောင်းမှာ နေရသည်။

ထိုကျောင်းမှ ၁၉၃၈ ခုနှစ်တွင် ၁၀ တန်း အောင်သောအခါ ရန်ကုန်မြို့ ကြည့်မြင်တိုင်ဆရာဖြစ်သင် ကျောင်းသို့လာ၍ ကျောင်းဘော်ဒါနေရသည်။ ကျွန်တော်တို့ကျောင်းမှာ ကြည့်မြင်တိုင်ကျောင်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့် မြစ်ကမ်းနဖူးတွင် ဖြစ်သည်။

ကျွန်တော်တို့ ဆရာအတတ်သင်ရသည်မှာ သီယိုရီနှင့် ပရက်တီကယ်ယံဟူ၍ နှစ်မျိုးရှိရာသီယိုရီသည် ကိုယ့်ကျောင်းမှာပဲ ဆရာထံမှာ သင်ရပြီး ပရက်တီကယ်လ်ကား စာသင်ကျောင်းများ သို့သွားပြီး အတန်းပိုင်ဆရာထံ ခွင့်တောင်း၍ ကိုယ်ကကျောင်းသားများအား လက်တွေ့ လေ့ကျင့်သင်ကြားပေးရသည်။

ကျွန်တော်တို့ ပရက်တီကယ်လ် ဆင်းရသည်မှာ မူလတန်းဆိုလျှင် စမ်းချောင်း ဦးဘစီ၏ကျောင်း၊ အလယ်တန်းဆိုလျှင် အလုံ ဦးဘိုးထိပ်၏ကျောင်း၊ အထက်တန်းဆိုလျှင် လမ်းမတော်မြူနီစပယ်ကျောင်း။

ဤသို့ ဆရာလောင်းများ ပရက်တီကယ်လ်ဆင်းသောအခါ လည်ခေါင်းတုံး ရှပ်အကျီနှင့်အပေါ်ဖုံး အကျီ ဝတ်ရသည်။ ခေါင်းပေါင်း ပေါင်းရသည်။ ဆရာမလောင်းများက ဘီးစပတ်ပတ်ရသည်။ လည်မှ ပဝါစုံချရသည်။

ကျွန်တော်သည် လမ်းမတော် အထက်တန်းသို့ ပရက်တီကယ်လ် သွားရမည်ဆိုလျှင်ကိုးတန်း ၁၀ တန်းကို သင်ရမှာမို့ ကျောင်းသူ အပျိုကလေးများနှင့် တွေ့ရမည် ဖြစ်သောကြောင့်ကျွန်တော့်ကိုယ် ကျွန်တော် အလှဆုံး ဖြစ်အောင် ဝတ်စားပြင်ဆင်သည်။ ဘန်ကောက်လုံချည်ရေညှိရောင်ဆိုလျှင် ရှူးဖိနပ်အနက်ရောင်၊ အယ်လ်ပတ်ကား အပေါ်အကျီ၊ မောင့်ကျက်သရေခေါင်းပေါင်းက ဖတ်ဖူးရောင်၊ ဘန်ကောက်လုံချည်က ရွှေဖလားရောင်ဆိုလျှင် ရှူးဖိနပ်ကလိမ္မော်ရောင်၊ အပေါ်ဖုံး ပိုးအကျီက နံ့သာရောင်၊ ခေါင်းပေါင်းက အဝါနု၊ သည်လို လိုက်ဖက်အောင် ရှိုးကျကျဝတ်ပြီး ဘယ်ဘက်လက်က သင်နည်း မှတ်ချက်ဖိုင်၊ ညာလက်က ဆေးတံကိုဟန်ပါပါကိုင်လို့။

၁၉၃၉ နှစ်ဆိုတော့ ကျွန်တော့်အသက်က ၂၀၊ အဲဒီတုန်းက စုံထောက်မောင်စံရှားဝတ္ထု တွေသဘောကျပြီး မိမိကိုယ်မိမိ တစ်နေ့သောအခါမှာ ဆရာကြီးရွှေဥဒေါင်းကဲ့သို့ စုံထောက်ဝတ္ထုရေးဆရာဖြစ်ရမယ်တဲ့ စိတ်ကူးနဲ့ ဦးစံရှားလို ဆေးတံသောက်တယ်ဗျ။ ကျွန်တော့်ဆေးတံကအင်္ဂလန်လုပ်ဒန်းဟလ်၊ ခုနစ်ကျပ်ခွဲပေးရတယ်၊ သောက်တဲ့ ဆေးက ဆာဝါလ်တာရလေး၊ တစ်ဘူးတစ်ကျပ်–တစ်ပဲ၊ အဲသည်ခေတ်က တော်ရုံတန်ရုံလူ သောက်နိုင်မှတ်လို့။

ကြည့်မြင်တိုင်ကနေ လမ်းမတော်ကိုသွားတဲ့ အခါမှာလဲ လူကျပ်တဲ့ ဘတ်စ်ကားကို မစီးဘူး၊ မာတ်ရထား စီးတယ်။ ဓာရထားမှာ အထူးတန်းနှင့် ရိုးရိုးအတန်းဟူ၍ နှစ်မျိုးရှိတယ်၊ အထူးတန်းက ရှေ့ပိုင်းကဗျ၊ ထိုင်ခုံတွေမှာ ကူရှင်နဲ့၊ ရိုးရိုးတန်းက ကြည့်မြင်တိုင်ကနေ လမ်းမတော်ကို တစ်ပဲပေးရပြီး အထူးတန်းက တစ်မူးပေးရတာမှာ ကျွန်တော်က ခေါင်းပေါင်းစ ကားကား ဆေးတံမီးဖိုးတလူလူနဲ့။

လမ်းမတော်မှတ်တိုင် ရောက်တယ်ဆို ဓာတ်ရထားပေါ်ကဆင်း၊ ကျောင်းဝင်းထဲ ဝင်လိုက်တယ်ဆိုပဲ ရှစ်တန်း၊ ကိုးတန်း၊ ၁၀တန်း ကျောင်းသူလေးတွေက 'ဟေ့ ဒီနေ့ တို့ကျောင်းကို ဆရာ လှလှလေးလာတယ်'လို့ သူတို့ချင်း တီးတိုးပြောကြလိမ့်မည်၊ ကျွန်တော် ထင်ပါတယ်။

ဟုတ်တယ် ကျွန်တော်က လူချောဗျ၊ ကိုယ့်ကိုကိုယ် ထင်တာလေ။

ဆရာလေး – လူပျိုလေး – အချောလေး–

နို့ပြီး ကျွန်တော် အထူး သင်လေ့ရှိတာကလဲ ကိုယ်အအားဆုံးဖြစ်တဲ့ ကဗျာစပ်နည်းဗျ၊ အဲသည်ခေတ်က မြန်မာစာသင်ကျောင်းတွေ၊ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းမှာ ကဗျာကို တစ်ဘာသာအနေနဲ့ သင်ရတယ်၊ ကျွန်တော်က ကဗျာသမားလားဗျာ၊ ကျွန်တော် ကဗျာစပ်နည်း သင်တဲ့အခါမှာ အတန်းပိုင်ဆရာကိုက ချီးမွမ်းရတယ်၊ ကိုတန်း၊ ၁၀ တန်းမှာ တေးထပ်စပ်နည်း သင်ပေးစမ်းပါလို့ ပြောတယ်။

## ကဗျာစွမ်းရည်

ဒါနဲ့ ကျွန်တာ်က ဘလက်ဘုတ်ပေါ်မှာ လှိုင်ထိပ်ခေါင်တင်ရဲ့ တေးထပ်ကို ရေးလိုက်တယ်။

အပျိုဖော် ရွယ်မစေ့ခင်က
ငယ်ဓလေ့ ဂေါရီ
ဘယ်အလေ့လောက်ကို
ဇောမသိခင်က
စံပယ်ခက် နှစ်စုံပင်မှာ
မငုံခင်တုန်းက အစ၊
ပန်းဒွါရဆင့်စီငယ်
မပွင့်မီကာလ
ကျင့်ဝသီဇာဂနဲ့

ခါပထမအရွယ်

ငယ်သွားတွေ ကြွေမလဲခင်က

မေ အမြဲချစ်ဖို့ကြံရွယ်

ကလေးစိတ် ခတ်မပြယ်

ခပ်ငယ်ငယ် စာမတတ်ခင်က

ကညာနတ် တောင်းဆုပွေလီ

ကောင်းမှုစေတီ

စိတ်မှန်းနဲ့မေကျောက်ချီသည်

သွေဖောက်ပြီ နိုင်ဘူးဖျာ့လေး-

အထက်ပါ ကဗျာ ရေးပြီးတော့ ကျောင်းဆရာအသံနဲ့-

'အဲဒီတေးထပ်ကို အားလုံးကူးယူထားပြီး အလွတ်ရအောင် ကျက်ရမယ်'ဆိုပြီး ကုလားထိုင် ပေါ်ထိုင်၊ ဆေးတံ ဆေးထည့်ပြီး မီးညှိဖွာနေလိုက်တယ်။

အဲသည်တုန်းက နောက်တောက်တောက် တပည့် တစ်ယောက်က-

'ဆရာ စံပယ်ခက် နှစ်စုံပင်မှာ၊ မငုံခင်တုန်းက ဆိုတာ ဘာလဲ ဆရာ'

'အေး. . . . အဲဒါ မင်းအိမ်ရောက်မှ မင့်အမေနဲ့ မင့်အစ်မကိုမေး၊ ငါ့လခွီးတဲ့၊ ဒီကဗျာက အဓိပ္ပာယ် မေးနေစရာ မလိုဘူး၊ ကိုယ့်အတွေးနဲ့ကိုယ် ခံစားရတဲ့ ကဗျာကွ'

ဟု ပိတ်ပြောလိုက်ရ၏။

နောက်တစ်ပိုဒ် ထက်မေးနေ မခက်ပါလားဗျာ။

လှိုင်ထိပ်ခေါင်တင်ဟာ စကားပြေနဲ့ ရေးမဖြစ်တဲ့၊ မရေးသင့်တဲ့ မိန်းကလေးတို့ သဘာဝ ကို ကဗျာစာလုံးလှလှကလေးတွေနဲ့ စပ်ဆိုသွားတာ ဘယ်လောက် ချီးမွမ်းစရာ ကောင်းပါသလဲ ခင်ဗျာ။

တပည့်တွေ ဆိတ်ငြိမ်သွားပြီး တော်တော်ကြာတော့. . . . . .

'အားလုံး ကူးပြီးပလားဟေ့'

'ကူးပြီးပါပြီ ဆရာ'

အားလုံး သံပြိုင်ပြောလိုက်ကြသည့် နောက်၌ ကျွန်တော်ကထိုင်ရာမှ ထ,လိုက်ပြီး ဘလက် ဘုတ်ရှေ့ သွားမတ်တတ်ရပ်ကာ ကဗျာကို ထောက်ထောက်ပြ၍ ဘယ်စလုံးနှင့် ဘယ် စာလုံးက ကာရန် အအုပ်အခံဖြစ်ကြောင်းကို ရှင်းလင်းပြပါသည်။

ထိုစာသင်ချိန် ကုန်ဆုံးသည့်၌=

'ကဲ. . . . သန်ဘက်ခါလာမှ ဆရာဆက်သင်မယ်၊ အဲဒီ တေးထပ်ကိုတော့ အားလုံး အလွတ်ရအောင် ကျက်ခဲ့ကြ၊ အဲဒီနေ့ကျ ဆိုပြရမယ်'

'ဟုတ်ကဲ့ပါ ဆရာ'

အချိန်စာရင်းတွင် မြန်မာစာမှာ စကားပြေ၊ စာစီစာကုံးနှင့် ကဗျာသည် တစ်နေ့စီဖြစ်၍ ကျွန်တော်သည် ထိုကျောင်းသို့ တစ်ရက်ခြား တစ်ရက်ခြားသွားပြီး ကဗျာ သင်ပေးခဲ့ပါသည်။

ထိုနောက် သီးတင်းကျွတ်ပွဲတော် ကျောင်းရက်ရှည်ပိတ်ပြီး ပြန်ဖွင့်၍ ကျွန်တော် ကဗျာသင်ရန်ရောက်သွားတော့ အတန်းပိုင် ဆရာက ဆီးပြောသည်။

'ဆရာရေ. . . . လှိုင်ထိပ်ခေါင်တင်ရဲ့ ကဗျာ၊ ဆရာ အသင်ကောင်းလိုက်တာ ၉–တန်းက တစ်ယောက်၊ ၁၀–တန်းက နှစ်ယောက် ကျောင်းသူမလေး သုံးယောက်တော့ လင် နောက်လိုက်သွားပြီဆရာ'

'ဟယ်. . . . . '

ကျွန်တော် အံ့အားသင့်သွားပါသည်။

ယင်းမှ ကျွန်တော် စဉ်းစား ဆင်ခြင်လိုက်သောအခါ ဤကဗျာမျိုးသည် ကျောင်းသားများအား သင်မပေးထိုက်ကြောင်း သတိတရား ရလာပါသည်။

စာရှုသူများခင်ဗျား. . . . . အဲသည်တေးထပ်ကို ပြန် ဖတ်ကြည့်လိုက်စမ်းပါ။

မိန်းကလေးတို့၏ အချစ်စိတ်ဓာတ်ကို မည်မျှလှုံ့ဆော်ထားပါသနည်း။

လှိုပ်ထိပ်ခေါင်တင်၏ ကဗျာစွမ်းရည်က ကြီးမားပါဘိ။

အင်း. . . . . သူ့ကဗျာ ဆက်သင်နေလို့တော့ မဖြစ်ဘူး၊ ရှိတဲ့ ကျောင်းသူလေးတွေ ကုန်လိမ့်မယ်။

ထို့ကြောင့် နူတ်ထဲမှာရနေသော နောက်ထပ် တေးထပ်တစ်ပုဒ်ကို ဘလက်ဘုတ်မှာ ရေးလိုက်ရလေ၏။

'ကဲ. . . . တပည့်တို့၊ ဒီနေ့ တေးထပ် အသစ်တစ်ပုဒ်နဲ့ သင်မယ်ကွ၊ လိုက်ကူးရေးကြ'

ရွှေဝထိန် စံတု

ငွေကမ္ဘု အောင်မြေ

သာမျိုးများ ခေါင်းဗွေ

ပြည်ညောင်ရွှေ သီရိ

နိဂြောဓ ရွှေဘုံကို

လွမ်းအာရုံ စောလိုက်ပါဘိ၊

ခမည်းတော့် တည်ဖန်

နန္ဒာကန် ဇာတိ၊

ဆင်မောင်မယ် ဂီရိ
မျှော်ရှိတိုင်း နေ့ရေ
ဆည်မသာ ရွှေသည်း
ဖြေလဲခု လွမ်းရှိန်မပြေ
ရွှေသွန်းသူ့ ဆံခွေ
ပြန်လွယ်စေ သည်ဇောနှင့်
မြတ်ဗောဓိ မွေတော်ရှင်
ဘုန်းမြတ်ရင်ပြင်
ကြာယံကြေ့ နတ်သွင်ငယ်
သွန်းရေစင် လောင်းရှာလိမ့်လေး။

(ဦးပုည၏ ညောင်ရွှေမြို့ပေး မေတ္တာစာမှ)

ကျွန်တော်သည် မြန်မာကဗျာစာပေကို တော်တော်လေး ကျွမ်းကျင်ပါ၏။ သို့သော်–

## No နိုးနှင့် Known

တစ်နေ့သောအခါ ကျွန်တော်သည် ကျောင်းသူအပျိုလေးများရှိရာ လမ်းမတော် အထက်တန်းကျောင်းသို့ ကဗျာ သင်ပေးရန် ထုံးစံအတိုင်း ရှိုးကျကျ ဝတ်စားဆင်ယင်၍ အသွားလမ်းတွင် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် လျှောက်လာသော ဥရောပဝတ်စုံနှင့် မျက်နှာဖြူတစ်ယောက်သည် ကျွန်တော့် ရှေ့မှာ ရပ်တန့်လိုက်ပြီး ပြုံးချိုသော မျက်နှာနှင့် ပလိစ် ဟုစကားခံပြီး အင်္ဂလိပ်လို တစ်စုံတစ်ခုကို မေး၏။

သူ့မျက်နှာထားကြည့်၍ သူ ကျွန်တော့်ကို မေးမှန်းသိပါသည်။

သို့သော် ထိုအချိန်က ကျွန်တော်သည် အင်္ဂလိပ်လို လုံးဝမတတ်မှု၍ သူ ဘာမေးမှန်း မသိသောကြောင့် ခေါင်းခါရင်း 'အိုင်–နိုး၊ အိုင်–နိုး' ဟု ပြောမိသည်။

ယင်း၌ ထိုသူမျက်နှာသည် ပြုံးနေရာမှ ရုတ်တရက်အံ့အားသင့်သော အမူအရာသို့ ပြောင်းသွားကာ ကျွန်တော့်အားခေတ္တစေ့စေ့ ကြည့်နေပြီးမှ စိတ်ပျက်စွာ ထွက်ခွာသွားလေတော့သည်။

ကျွန်တော့်စိတ်ထဲ မကျေနပ်လိုက်တာလေ။ ငါ့က မသိလို့ မသိဘူးပြောတာ သင်းဘာကြောင့် ငါ့ကို မချေမငံ ပြုသွားပါသနည်း။

ကျွန်တော်က ဤအကြောင်းကို သူငယ်ချင်း ကောလိပ်ကျောင်းသား တစ်ယောက်အား ပြောပြတော့ သူက–

'ကိုယ့်လူ အိုင်နိုး အိုင်နိုး ဆိုတာက သူ့ကို ဘာပြောချင်တာလဲ'

'ကျွန်တော် မသိဘူး၊ ကျွန်တော် မသိဘူးလို့ ပြောတာပဲ'

ထိုလူကရယ်မောပြီး–

'ဒီမှာ အင်္ဂလိပ်စာမှာက No နိုးနဲ့၊ Know နိုး၊ နိုးနှစ်မျိုး ရှိတယ်ကွ၊ ကျွန်တော် မသိဘူးလို့ ဆိုရင် I Don't Know အိုင်ဒုန့်နိုး လို့ ပြောရတယ်၊ I Know အိုင်နိုးဆိုတာက ကျွန်တော်သိတယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်တယ်၊ အခု ကိုယ့်လူရဲ့ 'အိုင်နိုး I Know၊ အိုင်နိုး I Know ဆိုတာက 'ကျွန်တော်သိတယ် ကျွန်တော်သိတယ်' ပါးစပ်ကပြောင်ပြီး ခေါင်းက ခါနေ တော့ အဲဒီ အင်္ဂလိပ်က ကိုယ့်လူကို စိတ်မနှံ့ဘူး ထင်သွားတာပေ့ါကွ' တဲ့။

ကျွန်တော် ရှက်လိုက်တာလေ။ ကိုယ့်မျက်နှာကိုယ် ဓားနဲ့လှီးပစ်လိုက်ချင်ရော၊ နို့ပြီး သူက ဆက်ပြောတယ်–

'ကိုယ့် လူစတိုင်က ရှူးဖိနပ်နဲ့ ဘန်ကောက်လုံချည်နဲ့ အယ်လ်ပတ်ကား အကျီနဲ့၊ ခေါင်းပေါင်းနဲ့၊ ဆေးတံနဲ့၊ လက်တစ်ဖက်က ဖိုင်ကြီး ပိုက်လို့ဆိုတော့ မြို့အုပ်မင်း ရုံးဆင်းလာတဲ့ ပုံကိုးကွ၊ ဒီတော့ အင်္ဂလိပ်က အင်္ဂလိပ်လိုမေးမှာကွ၊ ဒီမှာ ကိုယ့်လူ ရုပ်နဲ့ စတိုင်နဲ့ ကိုက်အောင် ဒီခေတ်ကြီးမှာ အင်္ဂလိပ်စာတော့ တတ်အောင် သင်ဦးကွာ'

ထို့ကြောင့် ကျွန်တော်သည် အင်္ဂလိပ်စာကို မတတ်မနေသင်မည်ဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

ထိုခေတ်တွင် ရန်ကုန်မြို့မှာ အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်းတွေရှိသည်။

ကျွန်တော့်မိဘသည် တောက လယ်ပိုင်ရှင် လူချမ်းသာထဲကပဲ သားကို ရန်ကုန်မှာ ကျောင်းထားနိုင်ပါသည်။

ထို့ပြင် စမ်းချောင်းကွက်သစ်၊ ဇလွန်လမ်းတွင် ကျွန်တော့် ဦးလေးတစ်ယောက်ရှိသည်။

သူက ပဲခူးတိုင်း ပညာရေး ဌာနတွင် အဲ့ဒီခေတ်က ႆနဇိ ယူနမ ဟက်ဒ်ကလပ် ခေါ်တဲ့ စာရေးကြီး၊ လခ ၂၂၀–ရတယ်ဆိုတော့ အိမ်ပိုင်ခြံပိုင်နှင့် ချမ်းချမ်းသာသာ နေနိုင်သည်။

သူဟာ ကျွန်တော်တို့ တောဆွေ တောမျိုးထဲမှာ ပထမဦးဆုံး အင်္ဂလိပ်စာတတ်သူပဲ၊ ကျွန်တော်က ဒုတိယလိုက်မယ့်လူ၊ သူ တောကနေပြီး သာယာဝတီမြို့ အစိုးရဟိုက်စကူးမှာ ကျောင်းလာနေတော့ သူ ထမင်းလခ ပေးစားတဲ့ အိမ်က ခရစ်ယာန်တွေ ဖြစ်နေတော့ သူ ဆယ်တန်းအောင်လို့ အလုပ်ရတဲ့အခါမှာ ခရစ်ယာန် အမျိုးသမီးနဲ့ လက်ထပ်လိုက်တာမို့ သူတို့ အိမ်ထောင်စုဟာ ခရစ်ယာန်တွေ ဖြစ်နေကြတယ်။

ကျွန်တော် ဘော်ဒါနေတဲ့ ကြည့်မြင်တိုင် ဆရာဖြစ် သင်တန်းကျောင်းနဲ့ ဇလွန်လမ်းက သိပ်ဝေးလှတာမှ မဟုတ်ဘဲ ဘတ်စ်ကားတွေ ဓာရထားတွေ စီးနေစရာတောင်မလိုဘူး၊ ကြည့်မြင်တိုင် ဘူတာရုံတံတားကြီး ကျော်လိုက်ပြီး လမ်းလျှောက်ရုံပဲ။ ဒါနဲ့ ကျွန်တော် ဦးလေးအိမ် မကြာခဏ သွားသွားလည်လေ့ရှိတော့ ဦးလေးမိန်းမ (နောင် ဘရန်ဒီတစ်ပုလင်း ဝတ္ထုထဲမှာ ဒေါ်မြခင် ဖြစ်လာမယ်) အန်တီနဲ့ခင်မင်နေတာမို့ ကျွန်တော် ဆရာဖြစ် အောင်သော်လည်း ကျောင်းမပြီး သေးဘူး။ အင်္ဂလိပ်စာအတွက် ပညာသင်ဦးမယ် ပြောတော့ ဒေါ်လေးက 'အေး–ကောင်းတာပေါ့ကွ၊ မင်းတို့အိမ်မှာလာနေ' ဆိုလို့ ဦးလေးကို ကျွန်တော်ပြောပြတော့ 'အေး။ အိမ်တစ်အိမ်မှာ နေဖို့စားဖို့ ဆိုတာက အိမ်ရှင်မ ကျေနပ်ရင်ပြီးတာပဲ' ဆိုသည်နှင့် ကျွန်တော် နေမယ့် အင်္ဂလိပ်စာအလွတ်ပညာသင်ကျောင်းကလဲ စမ်းချောင်း မအူပင်လမ်းမှာပဲဖြစ်နေတော့ ၁၉၄၀ ခုနှစ် ကျွန်တော် မြန်မာလို အထက်ဆရာဖြစ်အောင်ပြီးတဲ့အခါမှာတော့ ဦးလေးအိမ်သို့ ရောက်ခဲ့လေသည်။

အဲဒီ အိမ်မှာက ဦးလေးတို့ရဲ့ ကျောင်းနေပြီဖြစ်တဲ့ သမီးက သုံးယောက်၊ ကျောင်းမနေရ သေးတဲ့ လေးနှစ်အရွယ်သားကလေးနဲ့ (ဘရန်ဒီ တစ်ပုလင်းဝတ္ထုထဲက အောင်လေးဆိုပါတော့ ဗျာ) ။ သားသမီးကလေးယောက်၊ အပျိုပေါက် အိမ်စေမလေး (ဝင်းကြည် ဆိုပါတော့ဗျာ) နဲ့ ဒေါ်လေးရဲ့ အဖေဦးလေးရဲ့ ယောက္ခမကြီး (ဘရန်ဒီ တစ်ပုလင်း ဝတ္ထုထဲမှာ ဦးတုတ်ပေါ ဖြစ်လာမယ့်) အဘိုးတစ်ယောက်ရှိကြတယ်။ အဲဒီ အဘိုးကြီးပုံဏ္ဏာန်ကတော့ ဘရန်ဒီတစ်ပုလင်း ဝတ္ထုထဲက ဇာတ်လိုက်ကြီး ဦးတုတ်ပေါအတိုင်းပါပဲ၊ နှုတ်ခမ်းမွေး ကုတ်ကားကားကြီးနဲ့ မျက်ခုံး မွေးဖြူဖြူ ထူလဗျစ်ကြီးနဲ့၊ ဗိုက်ရွဲကြီးနဲ့ ပုပုဝဝကြီး ဆေးပြင်းလိပ် ကြိုက်လိုက်တာကလဲ လွန်ပါရော။

အဲဒီ အဖိုးကြီးက ကျွန်တော့် ဦးလေးအိမ်မှာလာနေတာကို မကြည်ဖြူဘူးဗျ။ ဘာကြောင့် လဲဆိုရင် သူ့သားအကြီးဆုံးက မုပ္ပလင်မှာ ထောင်မဲ့းဗျ၊ အဲဒီ ထောင်မှူးရဲ့ သမီးအကြီးဆုံး အပျို မက ကြည့်မြင်တိုင် အေဘီအမ် မိန်းကလေးကျောင်းမှာ ဘော်ဒါလာနေတယ်၊ အဲသည်တော့ အဘိုးကြီးတွက်ဆတာက ငါ့မြေးမတောင် ကျောင်းမှာ ဘော်ဒါနေတဲ့ဟာကို (ကျွန်တော့်အား) ဒီကောင်က ငါ့သမီးအိမ်မှာလာပြီး ထမင်းအလကား စားနေတယ်ပေါ့။

အဲသည်လိုနဲ့ အခင်းကဖြစ်ပွားလာချင်တော့ အဲဒီနှစ် ခရစ္စမတ်ကျောင်း ရက်ရှည်ပိတ် တာမှာ သူ့မြေးမက မုပ္ပလင်ကို မပြန်တော့ဘူး၊ သူ့အဘိုးရှိရာ ဒေါ်လေးအိမ်မှာ လာနေတော့ ကောင်မလေး ကလဲ တော်တော်ချောတာနဲ့ သူ့ကိုဂုဏ်ပြုတဲ့ အနေနဲ့ ကျွန်တော်က စာပေးမိ တယ်ဗျ။ သူကလဲ ကြိုက်ပုံပေါ်တာနဲ့ပါဗျာ။

အဲဒါဟာ ဘရန်ဒီတစ်ပုလင်းဖြစ်လာဖို့ နိဒါန်း အစပါပဲ၊ ဘာကြောင့်လဲဆိုရင် ကောင်မလေး က ကျွန်တော်ပေးတဲ့စာကို ကြည်ကြည်ဖြူဖြူ လက်ခံပြီးတော့မှ တိုင်ပင်တဲ့ သဘောလား မသိပါဘူး။ အဲဒီဟာကို အဒေါ်လေးပြတယ်ဗျ၊ ဒေါ်လေးကတစ်ဖန် မဆီမဆိုင် သူ့အဖေကြီး ပြပြန်ရော၊ ဘယ်လို သားအဖေတွေလဲ မသိပါဘူးဗျာ၊ အဲဒီမှာ အဘိုးကြီးက ဝုန်းဒိုင်းကျဲတော့တာပေါ့၊ နဂိုက ကျွန်တော့်

သောက်မြင် ကပ်နေလေတော့ ကျွန်တော် သူ့မြေးမ ပေးတဲ့ ရည်းစားစာကို မျက်မှန်ကြီးတပ် ဖတ်ကြည့်တဲ့။ ပြီး. . . . .

'အောင်မယ်– ငါ့သမီးအိမ် ကပ်ရပ်နေရတဲ့ သင်းက ငါ့မြေးများ ရာရာစစ၊ အမဲရိုးနယ် ဟင်းအိုးမှ အားမနာဟယ်၊ တောသား အင်္ဂလိပ်စာကို ခွေးကြီးမှ လက်ပေးသင်ရသလို ခုမှ အေဘီစီက စသင်ရတဲ့အကောင်၊ လူဆိုတာ တန်ရာတန်ရာ လုပ်မှပေါ့၊ သင်းက အစေခံမ ဝင်းကြည်လိုဟာမျိုးလောက်နဲ့ပဲ တန်တဲ့အကောင်၊ အောင်မယ်–အောင်မယ် သူ့စာထဲ မှာက 'ခင့်မှ မောင်မရရင်ဖြင့် သေအံ့ထင်၏' တဲ့။ ကဲ– သေ–သေ ဒီအိမ်ပေါ်မှာတော့ မသေနဲ့၊ ကြံတောသွားသေချေ' တဲ့။

ကဲ– စာရှုသူများ စဉ်းစား ကြည့်တော်မူကြပါ၊ အဲသည်နေ့ကလဲ ခရစ္စမတ်ရက်မို့အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်ကျွေးတော့ အနီးပတ်ဝန်းကျင်က လာကြတဲ့ လူတွေကလည်း အများကြီး။ ကျွန်တော် လူပျိုလေး ဘယ်လောက် ရှက်လိုက်မလဲဗျာ၊ အားလုံးညှော်ပရိသတ်က ပြုံးစိစိနဲ့ ကျွန်တော့်ကို ကြည့်နေကြတယ်။ ဒါနဲ့ အဲသည် အိမ်မှာ ကျွန်တော် မနေဝံ့တော့ဘူး။ ကိုယ့်အိပ်ရာလေးလိပ်၊ အဝတ်သေတ္တာလေးဆွဲ ဆင်းခဲ့ပြီး ဆိုက်ကားတစ်စီးနဲ့ မအူပင်လမ်းက ကျောင်းဘော်ဒါအိမ်ကို လာခဲ့တော့တာပေါ့ဗျာ။

အဲသည် ရောက်တော့မှ သက်ပြင်းကြီးချ၊ အိပ်ရာထဲ တုံးလုံးလှဲ၊ နဖူးပေါ်လက်တင်ပြီး အဘိုးကြီးသားအဖေနဲ့ သူ့မြေးမကို ကောင်းကောင်းကြီး လက်စားချေတော့တာပေါ့ဗျာ။

စာရေးဆရာ လောင်းလျာ လက်စားချေပုံက တစ်ခြားတော့ မဟုတ်ပါဘူး၊ သူတို့ကို ဇာတ်ကောင်လုပ်ပြီး ဝတ္ထုတစ်ပုဒ်ဖြစ်အောင် စိတ်ကူးရင်း ကျွန်တော့်စာကို ပြုံးစိစိနဲ့လက်ခံပြီး တော့မှ ကျွန်တော်အရှက်ခွဲတဲ့ အဘိုးကြီးမြေးမကို နင်ဟာ ငါလို ရုပ်ချောချော လူတော် လူကောင်းနဲ့ (ကိုယ့်ကိုယ်ကို ထင်တာပေါ့လေ) မတန်ဘူး၊ အရုပ်ဆိုးဆိုး၊ အကျည်းတန်တန် အသောက်သမား၊ အလောင်းသမား၊ မိန်းမလိုက်စားတဲ့ ဘရန်ဒီတစ်ပုလင်း ဝတ္ထုထဲက ကာလသားရောဂါနဲ့ အိပ်ရာထဲတုံးလုံးလဲနေတဲ့ ပိန်ပျိုကုန်းကွ မောင်ဖြတ်စကို သူနဲ့ပေးစားဖို့ ဖန်တီးလိုက်ပြီးတော့ ကျွန်တော့်ကို ဝင်းကြည်လို အစေခံမျိုးနဲ့ပဲ တန်တယ်ဆိုတဲ့ အဘိုးကြီး နှုတ်ခမ်းမွေးကို မီးနဲ့ရှို့ပစ်လိုက်တယ်။ နို့ပြီး သူ့သမီးမပြခင်စိတ်ထဲမှာ သူနဲ့ ဝင်းကြည် ညားတဲ့ အဖြစ် ရောက်သွားအောင် ဖန်တီးလိုက်တယ်။

ဤကား ဘရန်ဒီ တစ်ပုလင်းဝတ္ထု ကျွန်တော့် ခေါင်းထဲရောက်လာပုံပါခင်ဗျား။

အကယ်၍သာ အဘိုးကြီး မြေးမသည် ကျွန်တော်ပေးသောစာကို သူ့အဒေါ်လေးအား မပြဘဲ နှစ်ဦးသား တိတ်ဆိတ်စွာ ကြည်ဖြူ သွားမည်ဆိုပါမူ သူနှင့် ကျွန်တော် သမီးရည်းစား ဖြစ်သွားကြပေမည်။ ဤဘရန်ဒီ တစ်ပုလင်းဝတ္ထုကား ဖြစ်ပေါ်လာမည်မဟုတ်ချေ။

ယခုမူကား တစ်နည်းအားဖြင့် ဤမိန်းကလေး ကျေးဇူးကြောင့် ကျောင်းသားဘဝက သန္ဓေပျိုးခဲ့သော ဤဘရန်ဒီတစ်ပုလင်းဝတ္ထုနှင့် သော်တာဆွေ စာပေနယ်သို့ ရောက်လာခြင်း ဖြစ်ပါတော့သည်။

(ဝတ္ထုရေး သင်မပေးနိုင်ဘူးလားသိချင်ကြသူများသို့)

သူများ ကံထ,လာပြီဆိုတော့ တစ်ပြိုင်တည်း အကျိုးပေးတတ်သည့်အတိုင်း ၁၉၄၇ ခုနှစ်၊ ရှုမဝ အမှတ် (၃) ဩဂုတ်လထုတ် မဂ္ဂဇင်း၌ ကျွန်တော်၏ပထမဦးဆုံးသောဝတ္ထု 'ဘရန်ဒီတစ်ပုလင်း' ပါခဲ့ပြီး ၎င်းလထဲမှာပင် ကိုတင်လုံး၏ အဖေဖောင်သူကြီး သစ်ကုန်သည်ကြီး ဦးမျှားလည်း ရွှေလီမြစ်ကြောင်းက ချခဲ့သော သူတို့ သစ်ဖောင်များ မန္တလေးသို့ ကောင်းမွန်စွာ ရောက်ရှိလေ၍ ငွေကြေးမြောက်များစွာရသည်နှင့် ဦးမျှားက 'ငွေရှိလျှင် ပေးပါမည်' ဆိုသော သူ့ကတိအတိုင်း ကိုတင်လုံးဆီက ကျွန်တော် ရစရာရှိသည့် ငွေတို့ကို ပေးပါသည်။ အော်ဒီမန် စာချုပ်ထဲတွင် ၂၅ဝဝ ကျော်သော်လည်း ကိုတင်လုံးဆီက ကျွန်တော် တစ်တိတစ်တိ ယူ၍သုံးသော ငွေများကို နုတ်၍ ငွေ ၁၉ဝဝ (တစ်ထောင့်ကိုးရာကျပ်) ရခဲ့ပါသည်။

ကျွန်တော်သည် ဦးမျှားတို့ လင်မယားကို ရှိခိုးကန်တော့ပြီး ခါးတန်းရှိ ဆရာကြီး ရွှေဥဒေါင်းအိမ်သို့ သွားပါတော့သည်။ အဝတ်သေတ္တာလေးဆွဲ၊ အိပ်ရာလိပ်ကလေးပိုက် ဆိုက်ကားပေါ်မှ ဆင်းလာသော ကျွန်တော့်အား ဆရာကြီးက ဦးစံရှားမျက်စိနှင့် ကြည့်၍-

'ကိုယ့်လူ ငွေရခဲ့ပြီထင်ရဲ့'

'ရတာပေါ့ ဦးကြီးရ၊ မရလဲ ဘယ်ပြန်လိမ့်မလဲ'

'ငါ့လူ တော်သကွာ'

ဒေါ်ကြီးစိုးက 'နင်မို့လို့ပဲဟယ် အဲဒီ ဦးမျှား ဆိုတာကလဲ ဟိုတုန်းက နာမည်ကြီး လူမိုက်ကြီးပဲဟဲ့'

'အခုတော့ ကျွန်တော်က သူ့ထက် မိုက်ပြလိုက်တာကိုး အဒေါ်ကြီးရဲ့'

'မင်း အခု ငွေလဲရပြီ၊ စာရေးဆရာလဲဖြစ်ပြီ၊ မင်းနေရပ်ပြန်တော့မယ် မဟုတ်လား'

ဆရာကြီးကမေးတော့=

'မပြန်သေးပါဘူး ဦးကြီးရဲ့၊ ကျွန်တော်ဒီမှာ နေဦးမယ်'

'ဘာကိစ္စ နေမှာလဲ'

ထိုအချိန်၌ ဆရာကြီးသည် မန္တလေး လူထုသတင်းစာမှာလည်း အယ်ဒီတာချုပ် လုပ်သည်။ ပြင်သစ် စာရေးဆရာကြီး **Alexander Dumus** ၏ **Three Musketeers** သူရဲကောင်း

သုံးယောက် ဝတ္ထုရှည်ကြီးကိုလည်း ဘာသာပြန်နေသည်။ ဆရာကြီးသည် ကိုယ်ပိုင် အတွေးအခေါ်နှင့် မဟုတ်ဘဲ အင်္ဂလိပ်ဝတ္ထုတို့ကို တိုက်ရိုက် ဘာသာပြန်ရာ၌လည်းကောင်း၊ မှီး၍ ရေးရာ၌လည်းကောင်း ကိုယ်တိုင်မရေးဘဲ အင်္ဂလိပ်စာအုပ်ကိုကိုင်၍ နှုတ်မှရွတ်ပေးသည် ကို တပည့်တစ်ယောက်က လိုက်ရေးရသည်။ ထိုစဉ်တွင် ဆရာကြီးထံ၌ စာလိုက်ရေး နေသူမှာ ယင်းကာလက မန္တလေးမြို့ထုတ် ပြည်ညွန့်မဂ္ဂဇင်း အယ်ဒီတာ ကိုဘသောင်းဖြစ်သည်။ သူ့ကို ဆရာကြီးက တစ်လ ၆ဝိ ပေးရသည်။

ယင်းကို ကျွန်တော်က ပိုက်ကျုံးရပ် ကိုတင်လုံးတို့ အိမ်မှာနေစဉ်ကပင် ဆရာကြီး၏ ဓားတန်းအိမ်သို့ မကြာခဏ သွားရင်း ကြုံတွေ့သိရှိနေလေရာ ဆရာကြီးလို ပုဂ္ဂိုလ် ထံမှ စာရေးသင်ရန်မှာ သည့်ထက်ကောင်းသော နည်းလမ်း အဘယ်မှာရှိတော့အံ့နည်း။

ယင်းကတည်းက ကျွန်တော် ထိုစိတ်ကူး ရနေသဖြင့် ယခု သူရဲကောင်း သုံးယောက် ဝတ္ထုမှာ သုံးအုပ်တွဲ ပြန်ရလေရာ ကိုဘသောင်းနှင့် ပထမ တစ်အုပ်သာ ပြီးသေးရကား ဆရာကြီး အား ကျွန်တော်၏ဆန္ဒကို ဖွင့်ပြောလိုက်သည်၌ ဆရာကြီးလည်း ဝမ်းသာအားရ ဖြစ်သွားကာ. . . .

'ဟာ. . . . ကောင်းတာပေါ့ကွာ၊ မင်း. . . . ငါ့အိမ်မှာ နေတယ်ဆိုတော့ ငါရေးချင်တဲ့ အချိန် ရေးနိုင်တာပေါ့၊ မောင်ဘသောင်းက တစ်ခါတစ်လေ သူ့မှာ တခြားကိစ္စရှိနေရင် မလာဘူးကွ'

သို့ဖြင့် ဆရာတပည့် နှစ်ယောက် အဆင်သင့် သွားလေရာ နေ့စဉ် နံနက်ပိုင်းမှာ ဆရာကြီးက သူ့ကိုယ်တိုင် အတွေးအခေါ်နှင့် ရေးရသော လူထုသတင်းစာ ခေါင်းကြီးပိုင်း၊ သတင်းနှင့် မှတ်ချက်တို့ကို ရေးသည်။

ကျွန်တော်က မိမိဝတ္ထုကိုရေးသည်။ မနက်စာ ထမင်းစားပြီး ဆရာကြီး တရေးတမော အိပ်ပြီးသောအခါ၌ ဆရာတပည့် နှစ်ယောက် သူရဲကောင်းသုံးယောက် ဝတ္ထုကို ဘာသာပြန်ကြ သည်။

နေ့စဉ် တစ်နေ့ ပြီးတိုင်း ပြီးတိုင်း ကျွန်တော်က မူရင်း အင်္ဂလိပ်ဝတ္ထုကို ဖတ်ကြည့်သည်။

ဒီတော့ ဆရာကြီးက အင်္ဂလိပ်ဝါကျမှ မြန်မာဝါကျဖလှယ်ပုံကို သိရသည်ပေါ့။

ဆရာကြီး ရွှေဥဒေါင်းသည် အင်္ဂလိပ်စာ မြန်မာစာ နှစ်ဘာသာ စလုံးကို ကျွမ်းကျင် နိုင်နင်းလှသူ ဖြစ်သောကြောင့် တိုက်ရိုက် ဘာသာပြန်တာမှာရော မှီး၍ မြန်မာမှုပြုရာမှာရော (ဥပမာ စုံထောက် ဦးစံရှား၊ ရူပနန္ဒီ၊ ရူပကလျာဏီ၊ ပထမံ ဆရာသိန်း စသည် ဝတ္ထုတို့ကို ထောက်ရှု၍) မြန်မာပြည်၌ အကောင်းဆုံးသော စာရေးဆရာ ဖြစ်ကြောင်းကို မည်သူမျှ ငြင်းနိုင် မည် မဟုတ်ပေ။

ထို့ကြောင့် ကျွန်တော်သည် ဆရာကြီး ရွှေဥဒေါင်းထံမှာ စာရေးနည်း တပည့်ခံခဲ့ပေ သည်။

ယင်းတို့ဖြင့် သူရဲကောင်း သုံးယောက် ဝတ္ထု (မန္တလေးကြီးပွားရေးတိုက်က ထုတ်သည်) ဒုတိယအုပ်နှင့်တတိယအုပ်တို့ကို ကျွန်တော် လိုက်၍ရေးပြီးသောအခါ၌ ကျွန်တော်လည်း နာမည်ရ စာရေးဆရာ သော်တာဆွေဖြစ်ပြီး ရှုမဝ ဦးကျော်ကလည်း ကျွန်တော် ရေးသမျှ ဟာသဝတ္ထုတွေ ယူပါမည်ဟူသော စကားလည်းရပြီမို့ ကျွန်တော် ရန်ကုန်သို့ ပြန်ဖို့သာရှိပေ တော့သည်။

သို့သော် နောက်ထပ်တစ်အုပ် ဆရာကြီးက နှုတ်မှ ရွတ်သည်ကို လိုက်ရေးရန် အကြောင်းဖန်လာပြန်သည်ကား–

## ရန်ကြီးအောင်

ထိုအချိန်၌ ဆရာကြီး၏ နေအိမ်သည် ဓားတန်းမှာမဟုတ်တော့။ ၈၃–လမ်း၊ ဂုဏ်တန်ရပ်၊ လူထု သတင်းစာ တိုက်နှင့် နောက်ကျောချင်းကပ် လူထုဦးလှ ဒေါ်အမာတို့က ပေးသော တိုက်ကလေးသို့ ကျွန်တော်တို့ ရောက်နေပေပြီ၊ အောက်ခံအုတ်ခုံကို လှေကား သုံးထစ် တက်ရသော တစ်ထပ် တိုက်ပုကလေးမှာ မျက်နှာကျက် မရှိ၊ နံရံလေးဘက်ပေါ်၌ ခိုတွေ အများကြီး ရှိလေရာ ခိုကဲ့သို့ ညည်းညူတတ်သူတစ်ယောက်၊ တစ်နေ့သောအခါ ဆရာကြီးဆီသို့ ရောက်လာသည်။

မွန္တလေးသားပါပဲ။ သို့သော် သူ့အကြောင်း အကောင်းရေးစရာမရှိသဖြင့် သူ့နာမည်ကို မဖော်ပြတော့ပြီ။

ကျွန်တော်နှင့် သက်တူရွယ်တူလောက်ပဲ။

ဆရာကြီး သူရောက်လာသောနေ့ ကျွန်တော့် ရှေ့မှာပဲ သူ ညည်းညူလိုက်သည်က–

'ဆရာကြီးရယ်. . . . . အခုတလော ကျွန်တော် ဘာအလုပ်အကိုင်မှ အပေါက်အလမ်း မတည့်ဘူး၊ ထီထိုးတာလဲ မပေါက်ဘူး'

ဆရာကြီးက သူ့အကြောင်း သိထားပုံပေါ်ပါ၏။

ဘာမှ ပြန်မပြောဘဲ ဆေးတံကြီး ခဲနေတော့ သူက ဆက်ပြောသည်မှာ. . . . .

'ဒီတော့ ကျွန်တော် ဆရာကြီးဆီက အကူအညီတောင်းတော့မှာပဲ'

ဤမှာဆရာကြီးက 'ဘာအကူအညီများလဲကွာ' မေးလိုက်တော့

'ကျွန်တော် စာရေးဆရာပဲ လုပ်စားတော့မယ် စိတ်ကူးတယ်' ဟု ပြောလိုက်လေရာ ဆရာကြီးမှာ ရုတ်တရက်အံ့အားသင့်သွားကာ ပါးစပ်အဟောင်းသားနှင့် 'ဟယ်'ခနဲ ဖြစ်သွားလေ ၏။

သူကတော့ ဘာမှ အရိပ်အကဲမသိ ဆက်လက် ပြောသည်မှာ. . . .

'ဒီတော့ ဆရာကြီးက ကျွန်တော့်ကို သော်တာဆွေလိုပဲ စာရေးဆရာဖြစ်အောင် သင်ပေး ပါတော့' တဲ့။

အင်း. . . . ပြောပုံကတော့ သင်း၏။

သူ့စိတ်ထဲတွင် စာရေးဆရာ ဖြစ်ရန်မှာ လက်ရေးတိုလက်နှိပ်စက် သင်သကဲ့သို့ အောက်မေ့၍ ကျွန်တော်သည် ဆရာကြီးက သင်ပေးလိုက်သဖြင့် စာရေးဆရာ ဖြစ်သွားသည်ဟု သူ ထင်နေဟန်တူ၏။

စာပေနှင့်ပတ်သက်၍ ဤမျှ နလပိန်းတုံးနိုင်သူကို ဆရာကြီးက ဘာမှ အထူးအထွေ ပြောမနေတော့ဘဲ စကားကြောင်းလွှဲပြောင်းကာ–

'နို့–မင်းမှာ ပုံနှိပ်စက် ရှိနေတယ်မဟုတ်လား'

'အဲဒါကလဲ သာရေး နာရေးလောက် ကိစ္စရှိမှ လာကြတာပဲ၊ အလုပ်သမားခတောင် မှန်မှန် မပေးနိုင်ဘူး'

'မင်းစက်က စာအုပ်ရိုက်လို့တော့ ဖြစ်တယ် မဟုတ်လား'

'ဖြစ်တာပေါ့ ဆရာကြီးရယ်၊ ဒါပေမယ့် ကျွန်တော့်လို စက်ကလေးကို ဘယ်သူကမှ လာပြီး စာအုပ်မအပ်ကြပါဘူး'

နောက်မှ ကျွန်တော်သိရသည်။ သူ့ပုံနှိပ်စက်က ရှေး အင်္ဂလိပ်ခေတ်က ကြော်ငြာနှင့် ဆေးလိပ်တံဆိပ်လောက်သာ နှိပ်ရသော ဟတ်ဒီပိုင်းခေါ် ခြေနင်းစက် အငယ်စားကလေး၊ မဂ္ဂဇင်းဆိုလျှင် နှစ်မျက်နှာ၊ လုံးချင်းဝတ္ထုဆိုလျှင် လေးမျက်နှာသာ ရိုက်နိုင်သဖြင့် ဝတ္ထုထုတ် သူတို့ အဘယ်မှာ လာလိမ့်အံ့နည်း။

သို့သော် ဆရာကြီးက သူ့အတွက် အလုပ် ဖြစ်စိမ့်ငှာ စီမံပေး၏။

ကျွန်တော့်အား မေး၏။

'ဟေ့– မင်း ငါရေးနေတဲ့ ရန်ကြီးအောင် ဝတ္ထု ဖတ်ဖူးလား'

'ကျွန်တော် ကြားတောင် မကြားဖူးဘူး'

'မင်း ဘယ်ကြားဖူးမလဲကွာ၊ ငါရေးတာက ၁၉၁၇–ခုနှစ်က ဆိုတော့ မင်း မွေးတောင် မွေးမှာ မဟုတ်ဘူး'

မှန်၏။ ကျွန်တော်မွေးဖို့ နှစ်နှစ်လိုသေး၏။

ဤရန်ကြီးအောင် ဝတ္ထုကား ဆရာကြီး အသက်(၂၀)နှစ်သားက ရေးသော ပထမဦးဆုံး ဝတ္ထုရှည်ဖြစ်၏။

သူရိယသတင်းစာတွင် နေ့စဉ် အခန်းဆက် ဝတ္ထုအဖြစ် တစ်လကျော်ကျော်လောက် ထည့်ခဲ့ပြီး ပရိသတ်က တောင်းဆိုကြသဖြင့် ရှစ်ပဲတန် လုံးချင်းအဖြစ် ထုတ်၏။

ယင်းစာတစ်အုပ်သည် ဆရာကြီးဆီမှာ ရှိနေ၏။

သို့သော် ထို ၁၉၄၇–ခုနှစ်က ဆိုတော့ စာအုပ် သက်မှာ နှစ်ပေါင်း ၃၀–မျှ ရှိနေပြီဖြစ်၍ မူလစက္ကူကလည်း ညံ့သဖြင့် စာရွက်တွေဝါပြီး ဆွေးနေပြီ။

အချို့စာမျက်နှာတွေက စုတ်ပြတ်နေသေး၏။ သည့်ပြင်လူအနေနှင့် ဖတ်၍ မရတော့ပြီ။

ထို့ကြောင့် ဆရာကြီးက 'ငါ့ဝတ္ထု ငါပဲဖတ်လို့ ဖြစ်တော့မယ်ကွ၊ ဒါပေမယ့် ဟိုတုန်းက အရေးအသားတွေလဲ ငါ အခု မကြိုက်တော့ဘူး၊ အစအဆုံး ပြန်ရေးမယ်ကွာ'

သို့နှင့် ဆရာကြီး စီမံလိုသည်က သူ့နှုတ်မှရွတ်ပေးသည်ကို ကျွန်တော်က လိုက်ရေး၊ ပြီးသောအခါ ဆရာကြီးက ဝတ္ထုစိုက်၊ ဟိုပုံနှိပ်တိုက်ရှင်က စာအုပ်ရိုက်၊ ကျွန်တော်က စက္ကူဖိုး စိုက်၊ စာအုပ်ဖြစ်မြောက်သောအခါ ရောင်းရသမျှအမြတ်ငွေကို ကျွန်တော်တို့သုံးဦး အညီအမျှ ခွဲဝေယူကြရန် သဘောတူကြသည်။

ထိုအချိန်၌ ကျွန်တော် ကိုတင်လုံးတို့သားအဖဆီကရခဲ့သော ငွေ ၁၉၀၀–အနက် ၁၀၀၀–ကိုသာ ပေါင်းတည်မြို့ အဖေ့ဆီသို့ ပြန်ပို့လိုက်ပြီး ငွေ ၉၀ဝ ကျွန်တော့်မှာ အိတ်ဆောင်ထားသည်ကို ဆရာကြီးက သိ၏။

ကျွန်တော့်အဖို့မူ ရန်ကြီးအောင် ဝတ္ထု အစအဆုံး လိုက်ရေးရမည်ကိုပဲ ထီပေါက်သည် ထက် ဝမ်းမြောက်နေပါပြီ။

ထီပေါက်တယ်ဆိုတာက ငွေရမည်။ နောက်ပြီး သုံးတော့ ကုန်သွားမည်။

စာရေးတဲ့အတက်ပညာက တစ်သက်လုံးမှ သုံး၍ မကုန်တာပဲ။

ထို့ကြောင့် စက္ကူဖိုးနှင့် အဖုံးပန်းချီခ၊ ဘလောက်တွက်ပါ ပုံနှိပ်တိုက်ရှင်အား ကျွန်တော် ငွေ ၇၀ဝ ပေးလိုက်ပါသည်။

စာအုပ်ပြီးလျှင် ဆရာကြီး၏နာမည်နှင့်ပဲ ရောင်း၍ ကောင်းလိမ့်မည်ဟုလည်း ထင်ခဲ့ပါ သည်။

သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်ပါ။

တကယ်တော့ ဆရာကြီးနှင့် ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်သည် စီးပွားရေး၌ ဘယ်လောက် အ,ပါသနည်း။

စင်စစ်အားဖြင့် ဝတ္ထုနှင့် စက္ကူဖိုး ပုံနှိပ်တိုက်ရှင်ကိုပေး၊ စာအုပ်ဖြစ်တော့ သူ့ပုံနှိပ်ခကို ရှင်း၊ ရောင်းရသမျှ ကျွန်တော်တို့က ယူရုံမဟုတ်ပါလား။

ဒါကို သူ့အား အစုရှယ်ယာထား၍ တစ်ယောက် တစ်ထောင်စီ ရစိမ့်သောငှာ ၃၀၀၀ ရိုက်ပြီး အဖိုးကိုတစ်အုပ် သုံးကျပ်ခွဲလုပ်သည်။

အမှန်က စာမျက်နှာသည် ၃၀၀ မျှ မပြည့်၍ သုံးကျပ်ပင် မတန်ချေ။ ထို့ကြောင့် ဤစာအုပ် ရောင်းမကောင်းပါ။

မန္တလေးမြို့ကို အထက်မြန်မာပြည်အတွက် ရဲရင့်ကိုဘစံအား ကိုယ်စားလှယ်ပေး၍ အောက်မြန်မာပြည်အတွက် ရှုမဝသို့ ပို့သည်။

ဤဝတ္ထုအတွက် ဆရာကြီးသည် (သူ့ညီဝမ်းကွဲ) ကိုဘစံထံမှာ ငွေမည်မျှ ရလိုက်သည် မရလိုက်သည်ကို မသိရသော်လည်း ကျွန်တော့်အတွက်မှ ငွေ ၇၀၀–အရင်းစိုက်လိုက်ရသည့် အနက်မှ ငွေ ၃၀၀ ပျော့ပျော့နှင့် လက်သီးမာမာ တစ်ချက်သာ ထိုးလိုက်ရပါတော့သည်။

အကြောင်းမှာ စာအုပ်ထုတ်ဝေသူ ပုံနှိပ်တိုက်ရှင်သည် စာအုပ်ကို ဖြန့်ချိပြီးနောက် ကျွန်တော်တို့ဆီသို့ ရောက်မလာတော့ဘဲ တစ်လကျော်လောက်ကြာ၍ ကျွန်တော် သူ့အိမ်သွား မေးတော့ ရန်ကုန်သို့ ဆင်းသွားသည်ဟု သူ့မိန်းမက ပြောပါသည်။

ထို့နောက် ကျွန်တော် ရန်ကုန်ရောက်သွားတော့ အဲသည်တုန်းက ဗိုလ်ချုပ်ဈေး အနောက် ဘက်တန်း အခန်းနံပါတ် ၁၄၆ ရှုမဝတိုက်မှာပဲ သူနှင့် ပတ်ပင်းတိုးလေ၍ ကျွန်တော်က ရှုမဝ ဦးကျော်ရှေ့မှာပင် ရန်ကြီးအောင် စာအုပ်ဖိုးတွေ ဘယ်မှာလဲ မေးတော့ သူယူ၍ သုံးပစ်လိုက်ပြီး ပုံနှိပ်ခပဲရတယ်၊ ကျွန်တော်တို့အတွက် ပေးစရာ မရှိတော့ဘူးဆိုသည်နှင့် ဒေါသဖြစ်လျှင် အင်မတန်မြန်သော ကျွန်တော့် လက်သီးသည် ခွပ်ခနဲ သူ့မျက်နှာသို့ သွားဆောင့်တော့၏။

ယင်း၌ အနီးရှိ ရှုမဝဦးကျော်နှင့် ကိုကျော်မြက ကျွန်တော့်ကို ဝင်ဆွဲရာ ဒီလိုရန်ဖြစ်တုန်း ဆွဲခြင်းသည် ချုပ်ပေးသလို ဖြစ်တတ်သောကြောင့် ဒီလိုအခါမျိုး ကျွန်တော့်ကိုဆွဲခြင်းသည် ငါးကျည်းအား ဆူးတောင့်ကို သွားထိခြင်းကဲ့သို့ ကျွန်တော်က တံတောင်ဆစ် နှစ်ဖက်နှင့် တွက်လိုက်ရာ ဦးကျော်နှင့် ကိုကျော်မြတို့ သမီးယောက်ဖနှစ်ယောက် လွင့်ထွက်သွားကြသဖြင့် သူတို့ကို ကျွန်တော် တော်တော်အားနာသွားပါသည်။

အမှန်က ကျွန်တော် ဤသို့ပြုရန် မလိုပါ၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ထိုးလိုက်သော အကောင်သည် လူကောင်ချင်း ဗလချင်း တူပါလျက်နှင့် ကျွန်တော့်ကို ဘာမှုပြန် မလုပ်ဘဲ ပါးစပ်မှ သွေးကလေးစို့စို့နှင့် ငိုမဲ့မဲ့ကလေး ဖြစ်နေပါ၏။

လူတို့တွင် သတ္တိနှင့် သစ္စာသည် တွဲနေ၏။ သစ္စာမရှိသူဟာ သတ္တိမရှိဘူး၊ တစ်အုပ် သုံးကျပ်ခွဲဈေးနှင့် စာအုပ်တစ်ထောင်ကျော်လောက် ရောင်းရ၏။ အဘယ်မှာ သူ့ပုံနှိပ်ခ ကမှာတုန်း၊ ကျွန်တော်က ရှုမဝမှာ ကျန်သမျှစာအုပ်တွေ သိမ်း၍ အဟောင်းဈေးနှင့် ရောင်းလိုက်ရာ ငွေ ၃၀၀ နီးပါး ရလိုက်ပါ၏။

ငွေရေး ကြေးရေး နံဘေးထား၍ ဤကိစ္စ အကျိုးအမြတ်ဖြစ်ပေါ်လာသည်ကား ဆရာကြီး ရွှေဥဒေါင်း၏ ၁၉၁၇ ခုနှစ်က ရေးသည့် ပထမဦးဆုံး ဝတ္ထု (ပင်ကိုယ်ရေး) ရန်ကြီးအောင် စာအုပ် ပြန်ဖြစ်လာသည်။

ယခုအချိန်၌ မဂ္ဂဇင်း တွေမှာရော လုံးချင်း တွေမှာရော ရုပ်ပြဇာတ်လမ်းတွေ ခေတ်စား လျက်ရှိလေရာ မြန်မာစာပေ၌ ပထဦးဆုံးသော ရုပ်ပြဇာတ်လမ်းသည် ရှုမဝမှာ ပန်းချီဆရာကြီး ဦးငွေကိုင်၏လက်ရာနှင့် ဆရာကြီး ရွှေဥဒေါင်း၏ ရန်ကြီးအောင် ဝတ္ထုဖြစ်ကြောင်း မှတ်တမ်း တင်အပ် ပါ၏။ ရှုမဝ ဦးကျော် စထွင်လိုက်ခြင်းပင်။

ကျွန်တော့်အဖို့ကား ရန်ကြီးအောင် ဝတ္ထုကို အစအဆုံးတစ်လုံးမကျန် ဆရာကြီး၏ နှုတ် က ရွတ်သမျှကို လိုက်ရေးလိုက်ရခြင်းက အမြတ်ဖြစ်ပါ၏။

ကျွန်တော်သည် ဖော်ပြခဲ့သည့်အတိုင်း သူရဲကောင်း သုံးယောက်ဝတ္ထု ဒုတိယတွဲ၊ တတိယတွဲနှင့် ရန်ကြီးအောင်လုံးချင်းဝတ္ထုကြီး သုံးအုပ်အပြင် အခြား ဝတ္ထုတို များကိုလည်း ဆရာကြီးက နှုတ်က ရွတ်သည်များအား လိုက်ရေး ခဲ့ရခြင်းကြောင့် ကျွန်တော်သည် ဆရာကြီးနှင့် တူအောင် မည်မျှရေးနိုင်သနည်းဟူမူ အလျဉ်းသင့်၍ သက္ကရာဇ်ကျော်ပြီး ကြားဖြတ် ဖော်ပြရဦး မည်။

ဖဆပလခေတ် (ဦး၊ ဗိုလ်၊ သခင်၊ မကွဲသေး) မန္တလေးမြို့တွင် နိုင်ငံတော် သင်္ကြန်ပွဲ ကျင်းပရာ ကျွန်တော်က အစိုးရ ဧည့်သည်တော် အဖြစ်နှင့် မန္တလေးသို့ ပါသွား၏။

ဧည့်သည်များအား တည်းခိုဖို့နေရာပေး၊ ထမင်းဖိုး တစ်နေ့ တစ်ဆယ်ပေးနှင့် သင်္ကြန် အကြိုနေ့မှသည် နှစ်ဆန်းတစ်ရက်နေ့အထိ မန္တလေးမြို့မှာ အစိုးရစရိတ်နှင့် နေရလေရာ ပြန်ကြရသောအခါ၌ ကျွန်တော်က မလိုက်တော့ဘဲ မိမိ၏ အုကန်လေယာဉ်လက်မှတ်ကို ၁၀၀ိ နှင့် ရောင်းပြီး ဆရာကြီး ရွှေဥဒေါင်းတို့ အိမ်သားများနှင့်အတူ မေမြို့ (ယခု ပြင်ဦးလွင်)သို့ သွား၍ တစ်နွေခို၏။ မြို့ပတ်လမ်းမှာ တိုက်အိမ်ကြီး တစ်လုံးအောက်ထပ်ကို တစ်လ ၅၀ိ နှင့် ငှားနေ၏။ ဆရာကြီးက လူထုသတင်းစာ ခေါင်းကြီးနှင့် သတင်းနှင့်မှတ်ချက်ကို နေ့စဉ်ရေး၍ မေမန်းတက္ကစီကားကြုံနှင့် ပို့၏။

## ဆင်စွယ်ကလေး

သို့ရှိစဉ် တစ်နေ့သောအခါ၌ ထိုအချိန်က ရှုမဝ၏အထက်မြန်မာပြည် တစ်ဦးတည်း စာအုပ်ကိုယ်စားလှယ် ရဲရင့် ကိုဘစံသည် (ရှုမဝမဂ္ဂဇင်းနှင့် ရဲရင့်စာပေသည် တစ်ပြိုင်တည်းလို ပေါ်လာကြ၍ ရှုမဝ ဦးကျော် ခေါ်သကဲ့သို့ ရဲရင့်ကိုဘစံ ဟု ခေါ်ကြသည်။ ယခုတော့ နှစ်ယောက်စလုံး မရှိတော့ပြီ) လုံးချင်းဝတ္ထု လက်ရေး ကော်ပီ ဖိုင်ကြီး တစ်ခုနှင့် ဆရာကြီး ဆီသို့ ရောက်လာသည်။

ဝတ္ထုမှာ Sir Riderhagard ၏ Ivory Child ကို ဘာသာပြန်ထားခြင်း ဖြစ်သည်။ ဘာသာပြန်သူက နာမည်ရ စာရေးဆရာမဟုတ်၊ စာပေဝါသနာရှင် တစ်ယောက်မျှသာ၊ ထိုလူ ကလည်း သေပြီတဲ့၊ ဤဝတ္ထုကော်ပီကို ကိုဘစံက သူ့ဇနီးထံမှ ကြည့်ပေးပါ' ဟူသော တန်ဖိုးနှင့် ရခဲ့၍ သူ၏ ရဲရင့်စာပေမှ ဆရာကြီး ရွှေဥဒေါင်း၏နာမည်နှင့်ထုတ်ခွင့်ပြုပါ၊ အုပ်ရေ ၂၀၀၀ ရိုက်မည်၊ နှစ်ကျပ်နှင့် ရောင်းမည်၊ ၁၅ ရာခိုင်နှုန်းနှင့် ငွေကျပ် ၆၀၀ ယခု ပေးခဲ့ပါမည်ဟု ပြောသည်။

ဆရာကြီးက ထိုဖိုင်ကိုလှန်၍ လက်ရေးကော်ပီတစ်မျက်နှာမျှ ဖတ်ကြည့်လိုက်ပြီး. . . .

'ငါ့လခွီးတဲ့ ဘစံရာ၊ ဒီအရေးအသားမျိုးကို ငါ့နာမည်နဲ့ထုတ်လို့ဖြစ်မလားကွ၊ သူ့မူရင်း စာအုပ်ကို ယူခဲ့ကွာ၊ ငါ. . . . . ဘာသာပြန်ပေးပါ့မယ်'ဆိုတော့ ကိုဘစံက. . . .

'သူ့မူရင်းစာအုပ်ရှိမှ ရှိပါ့ဦးမလား မသိဘူး၊ သူ့အိမ်သွားမေးဦးမှပဲ'ဟုဆိုပြီး မန္တလေးသို့ ပြန်သွား၏။ ကျွန်တော့် စိတ်ထဲမှာ. . . . .

'အင်း. . . . . ငါတော့ ပွပြန်ပြီ၊ သူ့မူရင်းစာအုပ် Ivory Child ရလာရင်ဖြင့် ဆရာကြီး နှုတ်က ရွတ်တာကို ငါလိုက်ရေးရဦးမှာပဲ'ဟု အူမြူးနေ၏။

ကိုဘစံ ပြန်မလာမီ ဒီလူ ဘာသာပြန်ထားတာ ဖတ်ကြည့်ဦးမယ်ဆိုပြီး ကိုဘစံထားခဲ့သော ဝတ္ထုဖိုင်ကြီး လှန်ဖက်လိုက်တော့ ရေးထားသော မြန်မာစာ ဝါကျတွေက အလွန်ညံ့၏။ ဆရာကြီးက အဘယ်မှာ သူ့နာမည်နှင့် ထုတ်ခွင့်ပေးနိုင်ပါမည်နည်း။

စင်စစ် ဘာသာပြန်ရာ၌ အင်္ဂလိပ်စာတတ်ရုံနှင့် မပြီးသေး။ မြန်မာလို ပြေပြေပြစ်ပြစ် ဝါကျလှလှပပ ရေးတတ်ဖို့က အဓိက ဖြစ်ပါ၏။ မြန်မာစာရေးရာ၌ ဆောင်းပါးရေးဟန်နှင့် ဝတ္ထု ရေးဟန်သည် မတူသေးချေ။ အချို့သည် ဆောင်းပါးလောက်သာ ရေးနိုင်ပြီး ဝတ္ထုမရေးနိုင်ချေ။ ဝတ္ထုကောင်းစွာရေးတတ်သူကား ဆောင်းပါးရေးရန် မခဲယဉ်းတော့ချေ။

ကျွန်တော်တို့ မြန်မာပြည်တွင် သူ့ကိုယ်သူ အင်္ဂလိပ်စာသိပ်တတ်သည်ဟု ကြွေးကြော် နေသော စာရေးဆရာကြီး တစ်ယောက်ရှိ၏။ စင်စစ်သူသည် (အင်္ဂလိပ်လိုမည်မျှတတ်သည်ဟု ကျွန်တော် မပြောနိုင်သော်လည်း) မြန်မာစကား ဆောင်းပါးလောက်သာ ရေးနိုင်ပါ၏။ ဝတ္ထု ကောင်းဖြစ်အောင် မရေးနိုင်ချေ။ အကယ်၍ သူသည် အင်္ဂလိပ်ဝတ္ထုကို ဘာသာပြန်အုံး မူရင်း ဝတ္ထုက အင်္ဂလိပ်လို ဘယ်လောက် ကောင်းကောင်း သူ့မြန်မာစာကြောင့် ထိုဝတ္ထု ပျက်စီးလေပြီ။

သည်နေရာ၌ ဝတ္ထုရေးတာနှင့် ဆောင်းပါးရေးတာ၊ စာရေးရတာချင်း အတူတူပဲ မဟုတ်လားဟု စာဖတ်သူက မေးချင်ပါလိမ့်မည်။ မတူဘူးခင်ဗျ၊ ဝတ္ထုမှာက ဇာတ်ကွက် ဇာတ်လမ်း ရှိတယ်။ ဇာတ်ကောင်အမျိုးမျိုး စရိုက်အထွေထွေ ရှိတယ်။

တစ်နည်းအားဖြင့် စာရေးဆရာသည် ရုပ်ရှင်သရုပ်ဆောင်သူနှင့် တူ၏။

(ကျွန်တော်သည် ရုပ်ရှင် သရုပ်ဆောင်လည်း လုပ်ဖူးခဲ့၏။ အလျဉ်းသင့်လျှင် ရေးပြပါဦး မည်)။

ရုပ်ရှင်သမားတို့က မိမိတို့ ရုပ်ရှည် အမူအရာ အပြောအဆိုတို့ဖြင့် ကင်မရာရှေ့မှာ သရုပ်ဆောင်ရ၏။ စာရေး ဆရာက သူ့ဇာတ်ကောင် အမျိုးမျိုး၏ စရိုက်အထွေထွေကို သူ့ရေး နည်းရေးဟန် အဖြာဖြာတို့ဖြင့် စာရွက်ပေါ်မှာရေးချ၍ သရုပ်ဆောင်ရ၏။ အကြောင်းအရာ တစ်ခုခုကို ရေးနေလျှင် အကြင်ဇာတ်ကောင်၏ စရိုက်သည် မိမိစိတ်ထဲမှာ ကိန်းအောင်းနေရ၏။ သည်တော့မှ အသက်ဝင်သော ဝတ္ထုကောင်း ဖြစ်၏။

ဆရာကြီး ရွှေဥဒေါင်း၏ နှုတ်မှ ရွတ်ပြသည်တို့ကို ကျွန်တော် လိုက်ရေးရသောအခါ ဆရာကြီးက ကျွန်တော့်စားပွဲရှေ့မှာ ဆေးတံကြီးကိုင်၍ အသွားအပြန် လမ်းလျှောက်ရင်း ဇာတ်ကောင်၏ ဟန်အမူအရာအတိုင်း ဥပမာ ဇာတ်ကောင်နှစ်ယောက် အချီအချပြောရာ၌

တစ်ယောက်က မာနမဲနေသည်။ တစ်ယောက်က တောင်းပန်နေ့သည် ဆိုအံ့။ ဆရာကြီးသည် သူ့ဇာတ်ကောင် အသီးသီး၏ စရိုက်အတိုင်း တစ်ယောက်က အသံမာမာနှင့် မာန်မဲလိုက်ပြီး တစ်ယောက်က အသံပျော့ပျော့နှင့် တောင်းပန်စကားဆို၏။ လူအမူအရာကလည်း ပါသေး၏။

ဟုတ်ကဲ့. . . . . စာရေးဆရာသည် သူစာရေးနေစဉ် အခါမှာ သူ့ဇာတ်ကောင်များအား လူဖန်တီး ထားသည့် ရုပ်ဆင်းသဏ္ဌာန် ဟန်အမူအရာဆွေကို သူ့စိတ်ထဲ မျက်စိထဲမှာ မြင်ယောင်နေရ၏။

သာမန် စာကောက်ရေးနိုင်ရုံနှင့် အဘယ်မှာ ဝတ္ထုကောင်းဖြစ်လာနိုင်ပါအံ့နည်း။ အသုံးအနှုန်း စာလုံးများလည်း ကြွယ်ဝရ၏။

ယခု ကိုဘစံ ယူလာသော **Ivory Child** ဝတ္ထုကို ဘာသာပြန်ထားသူကား အင်္ဂလိပ်စာ ကောင်းစွာ တတ်ပါသော်လည်း မြန်မာစာကို ဝတ္ထုမဆိုထားနှင့် ဆောင်းပါးလောက်မှ ဖြစ်အောင် ရေးနိုင်သာ မဟုတ်ချေ။

ဒီတော့ သူ့စာဖတ်ရတာ ဘာနှင့် တူနေသလဲ ဆိုတော့ ဥပမာ ယခု ကျွန်တော့်စာ ဖတ်နေသူသည် ပန်းချီဆရာမဟုတ်ဘူးနော်။ သို့သော် ခင်ဗျား နွားရုပ်၊ မြင်းရုပ် များကိုတော့ ဆွဲတတ်ပါသည်။ ခြေလေးချောင်း၊ ဘို့တစ်လုံး၊ ချိုနှစ်ချောင်းနှင့်ဆိုလျှင် နွားပဲ။ လည်ပင်းရှည် ရှည်၊ အမြီးဖွားဖွား၊ နားရွက်နှစ်ခုကြားမှာ ဦးစွန်းဖုတ်ကလေးနှင့်ဆိုလျှင် မြင်း။ ဘယ်သူမှ ငြင်းနိုင် မည် မဟုတ်ပေ။ ဒါလောက်တော့ ကလေးလဲ ဆွဲတတ်တာပဲ။ သို့သော် ပန်းချီဆရာလက်ရာ လောက်တော့ ဘယ်မှာ သေသေသပ်သပ် လှလှပပ ရှိမလဲဗျာ။ ဘုရားစူး နွားရုပ် မြင်းရုပ် ဖြစ်ရုံ ပဲပေါ့။

Ivory Child ကို 'ဆင်စွယ်ကလေး' ဟု နာမည်ပေး၍ ဘာသာပြန်ထားသူ၏ မြန်မာ စာလဲ ဒီလိုပဲ။ သူဘာဆိုလိုသလဲ ဆိုသည်ကို ဖတ်သူနားလည်ပါသည်။ သို့သော် ဝါကျတွေက အလွန်ညံ့၏။ စာဖြစ်ရုံလောက် ရှိ၏။

သူဘာသာပြန်ထားသည်ကို ကျွန်တော် အစအဆုံး ဖတ်ကြည့်၏။ ဆာရိုက်ဒါဟက်ဂတ် ၏ ဇာတ်လိုက် 'မုဆိုးကြီး အလန်ကွာတာမိန်း' ပဲ၊ အာဖရိကတိုက် လူရိုင်း ဘုရင် တစ်ပါး၏ ဆင်စွယ်ကို ထုလုပ်ထားသော 'ကလေးရုပ်' ကလေးကို ဌာပနာ၍ ဆင်ဆိုးကြီး 'ဂျန' အလန်ကွာတာမိန်း၏ တပည့် လူဝါကလေး 'ဟင်' တို့ ပါဝင်သည့် စွန့်စားခန်း သည်းထိတ် လှိုက်ဖိုဝတ္ထု၊ တော်တော်ကောင်းပါသည်။

ယင်းကို ဆရာကြီးသာ ဘာသာပြန်လိုက်လျှင် ပိုပြီးဖတ်၍ ကောင်းတော့မည်ဟု ကျွန်တော် မျှော်လင့်နေရာ နှစ်ရက်လောက်ကြာ၍ ကိုဘစံ ပြန်ရောက်လာသောခါ သူသည် စိတ်မကောင်းစွာနှင့် ဆရာကြီးအား–

'အစ်ကိုကြီးရေ သူ့မူရင်း စာအုပ်တော့ သူ့အိမ်မှာလဲ ရှာမတွေ့ဘူး၊ မန္တလေးက စာအုပ် ဆိုင်တွေမှာလဲ မရှိဘူး' ဟု ပြောလေတော့ ဆရာကြီးက–

'ဒါဖြင့် မင်းစာမူကြီးပြန်ယူသွားတော့ကွာ၊ ငါ့နာမည်နဲ့ ထုတ်ခွင့်မပေးနိုင်ဘူး' ဟု ဆိုလေတော့ ဖြစ်သော်ရှိ၊ မဖြစ်သော်ရှိ၊ ကျွန်တော် စိတ်ကူး တစ်ခုရ၏။ အဲသည်တုန်းက ငွေ ၆၀ဝိ ဆိုတာက နည်းတာ မဟုတ်ဘူး။ ရွှေတစ်ကျပ်သားမှ ၁၀ဝိ လောက် ရှိသေးတာ။ ဆရာကြီးရယ်၊ ဒေါ်ကြီးစိုးရယ်၊ မသေးရယ် သုံးယောက်တည်းရှိသည့် အိမ်ထောင်စုဟာ တစ်မိုးတွင်း စာလောက် ရသည်ပဲ။ ထို့ကြောင့် ကျွန်တော်က–

'ကိုဘစံ အဲဒီစာမူကြီး ကျွန်တော့်ကိုပေးခဲ့၊ ကျွန်တော် အစအဆုံး တစ်လုံးမကျန် ပြန်ရေးပေးမယ်' ဟု ပြောတော့ ဆရာကြီးက–

'ဒီတော့ မင်းနာမည်နဲ့ထုတ်မလား'

အဲသည် ၁၉၅၁ ခုနှစ်လောက်တုန်းက သော်တာတွေဆိုတဲ့ ကလောင်နာမည်က မဂ္ဂဇင်း မှာ ဟာသဝတ္ထုလောက်ပဲ ရှိသေးတာ။ ဘာသာပြန်မှာဆိုတော့ ဆရာကြီးနှင့် ဆင်နှင့် ဆိတ်ပဲ။ ထို့ကြောင့်–

'မဟုတ်ဘူး ဦးကြီး၊ ရွှေဥဒေါင်း နာမည်နဲ့ပဲ ထုတ်ရမယ်'

'ဘာ. . . . . မင်း ပြင်ရေးတာကို ငါ့နာမည်နဲ့ ထုတ်ရမယ် ဟုတ်လား'

'ကြည့်ပါဦး ဦးကြီးရယ်၊ ကျွန်တော်ဟာ ရွှေဥဒေါင်းက မွေးတဲ့ ရွှေဥဒေါင်းကလေးပဲဗျ'

ကျွန်တော် ဘာကြောင့် ဤသို့ ပြောနိုင်သနည်း ဆိုသော် ဖော်ပြခဲ့သည့်အတိုင်း သူရဲကောင်း သုံးယောက်ဝတ္ထု ဒုတိယတွင် တတိယတွဲနှင့် ရန်ကြီးအောင်ဝတ္ထုတွေ ဆရာကြီးနှုတ်မှ ရွတ်တာတွေကို လိုက်မရေးရသေးမီ ၉ တန်း၊ ၁၀ တန်း ကျောင်းသားဘဝ၊ ကျွန်တော် စာရေး ကျင့်စဉ်ကပင် ဆရာကြီးဝတ္ထုတွေကို ဖတ်ရုံသာမက ကူးကူးရေးခဲ့သည်။ အချို့ စာပိုဒ်တွေကို အလွတ် ကျက်ခဲ့သည်။

ထို့ကြောင့် ဤ'ဆင်စွယ်ကလေး' ဝတ္ထုပထမဦးဆုံး အခန်းကို ကျွန်တော် မြန်မာစာနှင့် ပြန်ရေးပြီး ဆရာကြီးအားဖတ်ခိုင်းကြည့်လိုက်တော့ ဆရာကြီးပင် အံ့အားသင့်လျက်. . . .

'ဟ. . . . မင်းရေးတာက ငါနဲ့တူလှချေလားကွ' တဲ့။

ကျွန်တော်ကလည်း တမင် မတူ တူအောင် ကြိုးစားရခြင်း ဖြစ်ပါ၏။

ထို့ကြောင့် ဤ 'ဆင်စွယ်ကလေး' ဝတ္ထုကို ဆရာကြီးနာမည်နှင့် ထုတ်ခွင့်ရသွားပါ၏။

ဤနည်းဖြင့် ထိုစဉ်က ဆရာကြီး ရွှေဥဒေါင်း ငွေ ၆၀ဝိ ရအောင် ဆောင်ရွက် ပေးလိုက်ရသည်ကို ယခု ကျွန်တော် ပြန်လည်သတိရ၍ ပီတိသောမနဿ ဖြစ်လှပါ၏။

စာဖတ်သူလည်း မုဒိတာ ပွားပါစေသတည်း။

ဟုတ်တယ်၊ ဒီလိုပဲ ရေးရမယ်။ ကျွန်တော် မန္တလေးမှာ စာရေးဆရာလည်း ဖြစ်ပြီ။ ကိုယ့်ငွေတွေလဲရပြီ။ ဆရာကြီးဆီမှာ သူရဲကောင်း သုံးယောက် ဒုတိယတွဲ၊ တတိယတွဲနှင့် ရန်ကြီးအောင်ဝတ္ထုလဲ ဆရာကြီး နှုတ်ကရွတ်သည်ကို လိုက်ပြီးရေးခဲ့ရပြီ။

ဆရာကြီးလည်းနောက်ထပ် ဘာသာပြန် ဝတ္ထုမရေးတော့ပြီ။ လူထုသတင်းစာ ခေါင်းကြီးနှင့် ဒိဋ္ဌေ ဒိဋ္ဌေမတ္တ ကျမ်းကို ရေးနေပြီ။

ဆရာကြီးသည် ဒီလို ကိုယ်ပိုင် အတွေးအခေါ်တွေကို ရေးရာ၌ နှုတ်ကရွတ်ပြီး တပည့် တစ်ယောက်အား လိုက်ရေးခိုင်းဖို့ မဆိုထားနှင့် မည်သူမှ သူ့အနီးသို့ မလာရတော့ပြီ။

ကျွန်တော်လည်း ရှုမဝမဂ္ဂဇင်းမှာ ‘ဘရန်ဒီ တစ်ပုလင်း ဝတ္ထုနှင့် ‘ဟစ်လို့သာ ငိုလိုက်ချင်တော့’ ဝတ္ထုနှစ်ပုဒ်ပါပြီးပြီ။

နောက်ထပ် ရေးပို့ထားသော ‘မတ်တပ်ကုန်း’ ဝတ္ထုနှင့် ‘ဖြူပြာမူလကျီ’ ဝတ္ထုလည်း ရွေးချယ်ထားကြောင်းနှင့် နောက်ထပ် အစဉ်မပြတ် ရေးပို့ ပါဦးဟူသော ရှုမဝ ဦးကျော်ဆီက စာလည်းရထားပြီ။

ဒီတော့ စာရေးဆရာအဖြစ်နှင့် အသက်မွေးနိုင်တော့ပြီဟု ယုံကြည်သည်။ ကိုယ့်ခေါင်းထဲ မှာလည်း ရေးစရာတွေ အများကြီး ရှိနေပြီ။

နို့ပြီး ကျွန်တော် ဆန်ကုန်သည်ဖြစ်စဉ်က ပေါင်းတည်မြို့နယ် ကြို့ပင်ရွာရှိ ကျွန်တော့် အဖေအိမ်၌ကုန်ခဲ့သော ပထမဦးဆုံးဇနီး (Norma) နော်မာနှင့် အကြီးဆုံးသမီး သုံးခါလည် အရွယ် ဒင်ပယ်တ်ဆွေ ၊ ခြောက်လသား ကျော်ကျော် (ဖြူပြာမူလကျီ ဝတ္ထုမှစ၍ ကျွန်တော့် ဝတ္ထု တော်တော်များများမှာ တောရွာကလေး တစ်ရွာက လယ်သမား ကိုတက်ပုနှင့် မနော်မာ တို့၏ သား ကလေးဆိုးလေး ဟစ်တစ်လုံး) တို့လည်း စမ်းချောင်း မအူပင်လမ်းက ကျွန်တော့် ယောက္ခမကြီးအိမ်သို့ ပြန်ရောက်နေချေပြီ။

ဒီတော့ ကျွန်တော် ရန်ကုန်သို့ ပြန်ဖို့သာ ရှိတော့သပေါ့။

ကျွန်တော့်ကံဇာတာမှာ ကျွန်တော် မွေးကတည်းက အဖေက ဗေဒင်တွက်ကြည့်သည်။

၁၂၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃) ရက် သန်းခေါင်းကျော် နာရီပြန် တစ်ချက်ခွဲ မွေးတဲ့ တနင်္လာသား သိုက်ဖွား။

သောကြာနံ ထွန်းတယ်၊ မဆင်းရဲဘူး၊ ကျော်စောကိတ္တိရှိမယ်၊ ချစ်သူများတယ်၊ မယား သုံးယောက် ရမယ်လို့ ဟောကိန်းရှိလေတော့ ယခု ကသာမှာ ဒုတိယဇနီးအရာထားရမယ့် မသူနဲ့

ညားခဲ့ပြီးနောက်၊ တတိယဇနီး (ကွယ်လွန်သူ) မေနဲ့ မရမီမှာ ပထမဇနီး နော်မာနဲ့ပဲ သားတစ်ယောက် သမီးနှစ်ယောက် ပေါက်ဖွားရဦးမှာကိုးဗျ––။

ဒါကြောင့် ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယသီတင်းပတ်ထဲမှာ ကျွန်တော် ရန်ကုန် ပြန်ရောက်တော့မယ်လုပ်တော့ ဆရာကြီးက–

'ဟေ့ ငါလဲ ရန်ကုန်လိုက်ခဲ့ဦးမယ်ကွ၊ စစ်ကြီးပြီးမှ ရန်ကုန် ငါတစ်ခါမှ မရောက်သေးဘူး၊ မင်း ဘယ်နေ့ပြန်မလဲ'

'ဦးကြီး လိုက်မယ့်နေ့ ကျွန်တော် ပြန်မယ်လေ'

'အေး. . . . အေး ငါစဉ်းစားဦးမယ်ကွ'

## ဆရာမြမျိုးလွင်

ထိုမှ နှစ်ရက်မျှအကြာတွင် ဆရာကြီးသည် ညနေခင်း လမ်းလျှောက်ရာမှ ပြန်အလာ၌–

'ဟေ့ မောင်ကျင်မောင်ရေ'

(ဆရာကြီးက ကျွန်တော်၏ ငယ်နာမည်ကို ခေါ်၏။

'ငါတော့ ရန်ကုန်သွားဖို့ ဒုတိယတန်းက ဒကာခံမယ့်လူတွေ့ခဲ့ပြီကွ၊ မနက်ဖြန် မနက်ရထားနဲ့၊ မင်းလဲ အဲဒီရထားနဲ့လိုက်ပေါ့'

'ဦးကြီးကို ဘယ်သူက ဒကာခံမှာတုန်း'

'မြမျိုးလွင် ကွ'

'ဟန်ကျတာပေါ့၊ ကျွန်တော်တော့ ရိုးရိုးတန်းကပဲ လိုက်ခဲ့မယ်၊ ရန်ကုန်ရောက်တာချင်း အတူတူပဲဟာကို'

၁၉၄၇ ခုနှစ်ဆိုတော့ မြန်မာပြည်ကို အင်္ဂလိပ်ပြန်လည် အုပ်ချုပ်သော ကက်စ်ဘီခေတ်ပဲ (လွတ်လပ်ရေးမရသေး) ဟိုယခင်က အင်္ဂလိပ်ခေတ်က အတိုင်းပင် မီးရထားများ တတိယတန်းတွဲ၊ ဒုတိယတန်းတွဲ၊ ပထမတန်းတွဲဟူ၍ သုံးမျိုးရှိသည်။

ပထမတန်းတွဲက တွဲဖြူဗျ၊ မျက်နှာဖြူများ၊ အရာရှိကြီးများသာ စီးကြတယ်။ လက်မှတ်က တတိယတန်းရဲ့ သုံးဆပေးရတယ်။ ဒုတိယတန်းက နှစ်ဆပေးရပြီး မြန်မာလူမျိုးထဲမှ ဂုဏ်သရေရှိသူများ၊ လူချမ်းသာများသာ စီးကြတယ်။

ဆရာမြမျိုးလွင်က အဲသည် အချိန်တုန်းက သူ့မှာကြာကြာမထိုင်နိုင်သော အညောင်းရောဂါရှိလို့ စစ်ပြီးခေတ်မှ ဝတ္ထုတွေ မရေးနိုင်တော့ပေမယ့် ဗြိတိသျှဘားမား ကုမ္ပဏီရဲ့ အထက် မြန်မာပြည်ကိုယ်စားလှယ်မို့ တော်တော် ဝင်ငွေကောင်းတယ်။ အိမ်ပိုင်၊ ကားပိုင်နဲ့ ဒရိုင်ဘာရှိ

တယ်ဗျ။ ဒါကြောင့် ဒုတိယတန်းက စီးနိုင်တာပေါ့၊ ဒါလဲ သက်သက် မိမိကိုယ်မိမိဂုဏ်လုပ်တာပါ။ အဲသည်တုန်းက မီးရထားနဲ့ ခရီးသွားတဲ့လူလဲ အင်မတန်နည်းပါတယ်။ ရထားလက်မှတ် ရောင်းတဲ့လူတောင် အိပ်ငိုက်နေတဲ့ ခေတ်ဗျ။

ကျွန်တော့်အား 'သား' ဟု ခေါ်ကြသူများ

ကျွန်တော့် မွေးသမိခင်နှင့် မွေးသဖခင်၊ ပြီးတော့ ကျွန်တော့်အား သားဟု ခေါ်သူ သုံးယောက် ရှိပါသည်။

ပထမဦးဆုံးတစ်ယောက်က ဆရာကြီး ရွှေဥဒေါင်း၏ဇနီး ဒေါ်ကြီးစိုး၊ ကျွန်တော် ရန်ကုန်သို့ ပြန်ရန် အထုပ်အပိုးပြင်ပြီး ဆရာကြီးလင်မယားအား ရှိခိုးကန်တော့တော့ ဒေါ်ကြီးက မျက်ရည်စို့လျက်။

'သားရယ်. . . . . သွားတော့မယ်လား၊ နောက်ဘယ်တော့လာဦးမလဲ၊ မလာဘဲ မနေပါနဲ့ကွယ်'

ကျွန်တော်လည်း မျက်ရည်စို့ကာ. . . . .

'ကျွန်တော် အခွင့်သင့်တိုင်း လာမှာပါ အမေရယ်'

ဒေါ်ကြီးစိုးမှာ သားသမီးရတနာ မထွန်းကားမှု၍ သားငတ်ရှာသည်။

ကျွန်တော် ပိုက်ကျုံးရပ် ကိုတင်လုံးတို့ အိမ်ပေါ်မှ ဆင်းခဲ့၍ ဆရာကြီး ဓားတန်းလမ်းက အိမ်မှာရော နောက်ပြောင်းခဲ့သော (လူထုတိုက်က ပေးသည့်) ဂုဏ်တန်ရပ် အိမ်မှာရော သုံးလေးလမျှ အတူတကွ နေခဲ့ကြတော့ ဒေါ်ကြီးသည် ကျွန်တော့်အား သားကဲ့သို့ ချစ်ရှာသည်။ ဤအချိန်မှာ ကျွန်တော်ကလည်း သော်တာဆွေ ဖြစ်နေချေပြီ။

ထိုစဉ်က မြန်မာပြည်တွင် စောင်ရေ အများဆုံးသော ရှုမဝမဂ္ဂဇင်းမှာ 'ဘရန်ဒီ တစ်ပုလင်းနှင့် ဟစ်လို့သာ ငိုလိုက်ချင်တော့' နှစ်ပုဒ် ပါပြီးပြီ၊ မှန္တလေး ပြည်ညွန့် မဂ္ဂဇင်းမှာ 'ဒံကျံဒံ' နှင့် 'မန္တလေး ရွှေခြေကျင်း' မြန်မာပြည်တွင် ယခင်က မရှိခဲ့သေးသည့် လူတိုင်းကြိုက်သော ဟာသဝတ္ထုမျိုးတွေချည်း ဖြစ်သည်။

ဒီတော့ ကျွန်တော် မန္တလေးမှာပဲ တော်တော်ပေါ်ပြူလာ ဖြစ်နေပြီ၊ စာပေဝါသနာပါသော အချို့ ရွှေမန်းသူကလေးတွေ ကျွန်တော့်ဆီလာ၍ အော်တိုရေးခိုင်းကြသည်။

ဒီတော့ ဒေါ်ကြီးစိုးကလည်း အသာဖြူသော မိန်းမချောကြီး၊ ကျွန်တော်ကလည်း အသားဖြူသည်မို့ ကလေးမတွေက ကျွန်တော်တို့အား သားအမိဟု ထင်ကြသဖြင့် ဒေါ်ကြီးစိုးအား

'အမေ့သားက သိပ်စာရေးကောင်းတာပဲ'ဟု ပြောကြလျှင် ဒေါ်ကြီးစိုးက 'ဖအေ့ ခြေရာ နင်းတဲ့ သားပေါ့ကွယ့် သမီးတို့ရဲ့'ဟု ဝမ်းသာအားရ ပြောတတ်၏။

နို့ပြီး ဒေါ်ကြီးစိုးက ကျွန်တော်နှင့် ဆရာကြီးအားလည်း 'သားအဖေတွေ'ဟု ခေါ်သည်။ မနက်တိုင်း ကျွန်တော်တို့ စာရေးနေကြလျှင်–

'ဟိုသားအဖေတွေ မတော်ကြသေးဘူးလား ၁၁ နာရီရှိနေပြီ၊ မနက်စာ ထမင်းပြင်လိုက်တော့မယ်' ဟု အော်တတ်၏။

ဂျဲဂုဏ်တန်ရပ် အိမ်မှာ နေစဉ်က ကျွန်တော်တို့ အိမ်သားများမှာ ဆရာကြီးလင်မယား ရယ်၊ ဒေါ်ကြီးစိုး ညီးမ (ဝမ်းကွဲ) မသေးရယ်၊ ကျွန်တော်ရယ်၊ ဆရာကြီး၏ အချစ်တော်ခွေးကြီး ဘော်ဘီရယ် ဖြစ်၏။

ဘော်ဘီသည် မြန်မာခွေးမျိုး အကြီးစား၊ အမွေးအရောင် အဝါရင့်မှာ ကုပ်ကြား၊ ခြေဖျား လေးဘက်ဖြူ၍ လှလည်းလှ၏။ ကိုယ်လုံးကိုယ်ထည်ကြီး၏။ သူသည် တော်တော် လိမ္မာရေးခြား ရှိသည်ဟု ဆိုရမည်။

ကျွန်တော်တို့နေသော ဂုဏ်တန်ရပ်က ၈၃ လမ်း၊ လူထုသတင်းစာတိုက်က ၈၄ လမ်း၊ လက်ဆည်ကန်ဆိုတော့ ကျောချင်းကပ်ပဲ၊ ဘာမှ ဝေးသည် မဟုတ်၊ နောက်လမ်းကြားက ဖြစ်သွားရုံပဲ၊ ဒီတော့ ဆရာကြီးသတင်းစာတိုက်သွားပြီဆိုလျှင် ဘော်ဘီအား စာတစ်အုပ်၊ သို့မဟုတ် စက္ကူလိပ် တစ်ခုခုကို ကိုက်ပြီး လိုက်စေသည်။

တစ်ခါတစ်ရံ ဆရာကြီးက ဆေးတံကို အိမ်မှာ တမင်ထားခဲ့ပြီး သတင်းစာတိုက် ရောက်မှ 'ဟေ့ ဘော်ဘီရေ. . . . ငါ့ဆေးတံ အိမ်က စားပွဲပေါ်မှာ မေ့ကျန်ခဲ့တယ်ကွာ သွားယူ ချေစမ်း' ဟု ခိုင်းလျှင် ဘော်ဘီက အိမ်ပြန်လာပြီး ယူပေးတတ်၏။

ထို့ပြင် အိမ်မှာ ဧည့်သည်လာလို့ သို့မဟုတ် အရေးတကြီး ကိစ္စရှိလို့ ဒေါ်ကြီးစိုးက စာရေးပြီးပေလိုက်လျှင် ဘော်ဘီက သွားပို့တတ်၏။ လမ်းမှာ သည့်ပြင်ခွေးတွေ နှောက်ယှက်မှာတော့ မကြောက်ရ၊ သူက အဲဒီရပ်ကွက်မှာဗိုလ်ပဲ၊ ထို့ကြောင့် ဆရာကြီးသည် ဘော်ဘီကို အင်မတန် ချစ်ရှာသည်။

တော်သလင်းလ အခါသမယ ညအချိန်များ ဘော်ဘီ တော်တော်နှင့် ပြန်မလာဘူး ဆိုလျှင် ဆရာကြီး မအိပ်နိုင်တော့ပြီ။ အိမ်ရှေ့တံခါးကို မပိတ်ဘဲ သူ့ခွေးကြီးကို စောင့်မျှော် နေတော့၏။ အဲသည်အခါများမှာ တစ်ခါတစ်ရံ ဒေါ်ကြီးစိုးလည်း အိပ်မပျော်တော့ပြီ။

ဘာကြောင့်လဲဆို ဒေါ်ကြီးစိုးကတော့ ဘော်ဘီ အတွက်မဟုတ်။ တစ်ညတစ်လေ အဖော်တွေနှင့် အဆင်သင့်လျှင် ကျွန်တော်က ညဉ့်နက်သန်းခေါင်လည်နေတတ်လို့ပေါ့ဗျာ။

ထို့ကြောင့် တစ်နေ့သ၌တော့ မသေးက ကျွန်တော်ကို့ ပြော၏။

'ကိုကျင်မောင်. . . . . ညည သိပ်ညဉ့်နက်အောင် မနေပါနဲ့'

'ညက အစ်ကိုကြီးနဲ့ ဒေါ်ကြီး ပြောနေကြတာ ကျွန်မ ကြားရတယ်'

'သူတို့ ဘာပြောကြသလဲ'

'ညက ဘော်ဘီ ပြန်မလာသေးလို့ အစ်ကိုကြီးက လှေကားထက်မှာ သွားထိုင်နေတုန်း ဒေါ်ကြီးက သူ့အနားလိုက်သွားတော့ 'ဟဲ့. . . မစိုးဘာလို့ မအိပ်သေးတာလဲ' တဲ့၊ ဒီတော့ ဒေါ်ကြီးက 'နို့အစ်ကိုကြီးကော ဘာလို့ ဒီမှာလာထိုင်နေတာလဲ' ပြန်မေးတော့ 'ငါက ဘော်ဘီ ပြန်မလာသေးလို့ကွ' တဲ့။ ဒီတော့ ဒေါ်ကြီးက 'ကျွန်မလဲ ကျွန်မသား ပြန်မလာသေးလို့ပေါ့' ဆိုတော့ အစ်ကိုကြီးက 'မင်းအကောင်က လူပါကွာ၊ ပူစရာမလိုပါဘူး' ပြောတော့ ဒေါ်ကြီးက 'ငကျောင်မောင်က လူမို့လို့သာပေါ့ အစ်ကိုကြီးရယ်၊ ဘော်ဘီလို ခွေးသာဆိုရင် သံကြိုးနဲ့ ချည်ထား လိုက်မှာပဲ' တဲ့။ ဟုတ်ပါတယ် ကိုကျောင်မောင်ရယ်၊ ညညသိပ်ညဥ့်နက်အောင် မလည်ပါနဲ့၊ ဒေါ်ကြီးက ကိုကျောင်မောင် အိပ်ရာထဲ မရောက်မချင်း အိပ်နိုင်တာ မဟုတ်ဘူးရှင့်'

ဒေါ်ကြီးစိုးက ကျွန်တော့်ကို ဤမျှချစ်ရှာပါသည်။

နောက်–ကျွန်တော့်ကို 'သား' ဟု ခေါ်သော ဒုတိယတစ်ယောက်မှာ ကျွန်တော် အင်္ဂလိပ် စာ မတ်တတ်အကောင်ကို အင်မတန် ဖတ်ရ ခက်သော (**Sir P.G Wodehouse**) အဘိုးကြီးက သေခါနီးမှ ဆာဘွဲ့ရသည့် ဆာပီဂျီဝုဒ်ဟောက်စ်၏ ကျွန်တော်အေးဆွေ ပေါ်အူး ဝတ္ထုတွေကို ရေးသော ဟာသဝတ္ထုများကို လင်တစ်လဲ မယားတစ်လဲ ကျွန်တော့်အား စာတက်ပေးသော အစ်မကြီး ခင်မျိုးချစ်၏ ခင်ပွန်း ဆရာဦးခင်မောင်လတ် ဖြစ်ပါသည်။

ကျွန်တော် သူ့တို့ဆီမှာ စာတက်ရုံသာမက ကျွန်တော် စာရေးဆရာဘဝ၌ ယောက္ခမနှင့် ရန်ဖြစ်တိုင်းဖြစ်တိုင်း ဟိုယခင်က တကောင်းကျောင်းဆောင် ဝင်းထဲရှိ သူတို့၏ 'ဧရိပ်သာ' ဂေဟာ၌ ရက်များစွာ မကြာခဏ သွားရောက် နေထိုင်လေ့ ရှိပါသည်။

ဒီလို ဖရီးဘော်ဒါ သွားနေတာ ကျွန်တော် တစ်ယောက်တည်း မဟုတ်သေးဘူးနော်။

အိမ်ပြေးမလေး (ယခု အမေရိက ရောက်နေတဲ့) စာရေးဆရာမ ကြည်အေးပဲပေါ့။

ဒီတော့ သူက ဆေးကျောင်းတက်နေတုန်း အပျိုလေးဗျ။

သူက မအေနဲ့ မတည့်တဲ့ အိမ်ပြေးမလေး၊ ကျွန်တော်က ယောက္ခမနဲ့ မတည့်ပတဲ့ အိမ်ပြေးကြီး၊ ဒီနှစ်ကောင်ကို အစ်မကြီးတို့က ကျွေးမွေး ပြုစုထားပြီး ဦးခင်မောင်လတ်က ကျွန်တော်တို့ကို 'သမီး ' တဲ့၊ 'သား' တဲ့၊ အမေကြီး ခင်မျိုးချစ်ကတော့ ကျွန်တော့်ကို 'သား'လို့ မခေါ်ပေါင်ဗျာ။ ဟော့– အကောင်တဲ့၊ မယုံမေးကြည့်၊ သူတို့ဖုန်းက ၃၁၁၃၆။

ကျွန်တော့်အား 'သား'ဟု ခေါ်သူ တတိယ လူကတော့ မန္တလေးမြို့မှ ဆရာမြမျိုးလွင် ကတော် ဒေါ်မြသောင်း ဖြစ်ပါသည်။

သူလည်း ဒေါ်ကြီးစိုးလိုပဲ သားသမီးရတနာ မထွန်းကားရှာတော့ ၁၉၅၁–ခုနှစ် နွေရာသီ ကျွန်တော် မန္တလေးမြို့ကို ရောက်သွားသော အခါတွင် ဆရာမြမျိုးလွင် အိမ်မှာ သွားရောက်နေထိုင်သည့်၌ သားငတ်သော မမသောင်းက ကျွန်တော့်အား သားလို့ ချစ်သွားပါသည်။

ထို့ကြောင့် ၁၉၉၂–ခုနှစ် သူသေဆုံးသော အခါတွင် ပေးခဲ့သော အမွေစာရင်းထဲမှာ ကျွန်တော့် နာမည် ပေါ်နေသဖြင့် လူထု ဒေါ်အမာ စီမံသည့်အတိုင်းပဲ ကျွန်တော့် ငွေ ၇၀၀၀ဝ (ခုနှစ်သောင်း) အမွေရလိုက်ပါသည်။

သွေးသားတစ်စက်မှ မစပ်ဘဲနှင့် ဤမျှအထိ မည်သို့ မည်ပုံချစ်ခင် သွားကြသည်ကို နောက် အလျဉ်းသင့်သော အခန်းမှ ဖော်ပြပါတော့မည်။

ယခုကား ကျွန်တော်နှင့် ဆရာမြမျိုးလွင် စတင်သိကျွမ်းရပုံကလေးကို ပဏာမ ခံကြဦးစို့။

ဤဆောင်းပါး အစက ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော် အစာ၀၍ ဌာနပြန်တော့မည် ဟု ၁၉၄၇–ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက် မန္တလေးဘူတာရောက်ကြတော့ ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာမြမျိုးလွင်ကတော့ ဒုတိယတန်း တွဲမှာပေါ့။

ကျွန်တော်ကတော့ တတိယတန်းတွဲကပဲ လိုက်ပါခဲ့သည်။

အမယ်လေး အဲသည်တုန်းကများ မီးရထားကလဲ ချောင်လိုက်တာဗျာ၊ စာဖတ်သူ မီလိုက် သေးလား မသိပါဘူး။

ရှေးအင်္ဂလိပ်ခေတ်က မီးရထားတွဲတွေလေ။ ခုလိုပဲ ထိုင်ခုံတန်းနှစ်တန်း ရှိတာမှာ တစ်ဖက်က တစ်ယောက် ထိုင်ခုံတိုလေး၊ အခြား တစ်ဖက်က သုံးယောက်ထိုင် (သို့မဟုတ်) တစ်ယောက်အိပ် ခုံရှည်ကြီး။

ခရီးတိုသမားက တစ်ယောက် ထိုင်ခုံ၊ ခရီးရှည်သမားက ခုံရှည်ကြီး။

ကျွန်တော်က ခုံရှည်ကြီးတစ်ခုပေါ်မှာ အိပ်ရာလိပ်ဖြန့်ခင်း၊ တုံးလုံးလှဲကြီး စာဖတ်ရင်း လိုက်ခဲ့သပေါ့ဗျာ။

အဲ–မြစ်ငယ်ဘူတာ ရထားရပ်တော့ ကိုယ့်ဆရာသမားတွေဘာများ ဝတ်ကြီးဝတ်ငယ် ပြုစရာရှိပါသလဲလို့၊ သူတို့ရဲ့ဒုတိယတန်းတွဲပေါ် တက်သွားတော့ တစ်တွဲလုံးမှ သူတို့နှစ်ယောက်တည်း ပလောင်ထင်းနေကြသဗျ၊ အရက်မှ (**White Horse**) မြင်းဖြူ တံဆိပ် စကော့ချ်ဝီစကီဗျ၊ အမြည်းက (**Graft Cheese**) သံဘူးနဲ့ ဒိန်ခဲ အကောင်းစား အရက်နဲ့ သိပ်လိုက်ဖက်တယ်’

ကျွန်တော်က ဆရာကြီးအား–

‘ဦးကြီးဘာများလုပ်ပေးစရာရှိသလဲ’ ဆိုတော့ ဆရာကြီးက–

‘ဘာမှ မလိုပါဘူးကွာ၊ တို့မှာ အပြည့်အစုံ ပါတယ်’ ဟု ပြောတော့ ဆရာမြမျိုးလွင်က–

‘ဆရာကြီး ဒီသူငယ် ဘယ်သူလဲ၊ ရုပ်ရည်လေးက သန့်ပါဘိသနဲ့’

'ကျုပ်တပည့် စာရေးဆရာ ပေါက်စလေးပေါ့၊ သူ့ဝတ္ထုတွေ ရှုမဝမှာ နှစ်ပုဒ်၊ မန္တလေး ပြည်ညွန့်မဂ္ဂဇင်းမှာ နှစ်ပုဒ်ပါပြီးပြီ၊ လူနာမည်က မောင်ကျင်မောင်၊ ကလောင်နာမည်က သော်တာဆွေ'

ဒီတော့ ဆရာမြမျိုးလွင်သည် ဝမ်းသာအားရ သူ့ပေါင်ကိုပုတ်ကာ 'ဟ သော်တာဆွေ ကျွန်တော် အဲဒီ ဝတ္ထုလေးပုဒ်စလုံးကို ဖတ်ဖူးတာပေါ့၊ အင်မတန်ကောင်းတဲ့ ကလောင်ပဲ၊ ဟာသမှာ ဇဝနစံချိန်ကို ချိုးတယ်' ဆိုပြီး ကျွန်တော့်အား. . . .

'လာ ကိုရင်၊ သောက်တတ်ရဲ့ မဟုတ်လား'

ဒီတော့ ဆရာကြီးက 'သူ့သောက်တတ်လား မေးတာတော့ ဆရာလွင်ရယ် ဒီမိချောင်း ကလေး ရေကူးတတ်သလား မေးသလို ဖြစ်နေတာပေါ့၊ ကဲ လာ လာ မောင်ကျင်မောင် ထိုင်'

ကျွန်တော်က ဆရာကြီး ခွင့်ပြုမှထိုင်ဝံ့ကာ၊ ဆရာလွင်က ကျွန်တော့်အတွက် တစ်ခွက်ငှဲ့ ပေးပြီးနောက်။

'ဆရာကြီးရယ် ကျွန်တော့်ကို မနေ့က ဆရာကြီးတပည့် တစ်ယောက်ပါဦးမယ် ပြောရော ပေ့ါ၊ ကျွန်တော် ဒီဒုတိယတန်းကပဲ လက်မှတ် ဝယ်လိုက်မှာပေါ့၊ အခုလဲ မထူးပါဘူးလေ၊ ဒီမှာပဲ ကိုရင် သောက်ရင်းစားရင်း နေပေရော့၊ လက်မှတ်စစ်လာရင် ကျုပ် ကြည့်ပြောပါ့မယ်၊ ကိုရင့်မှာ ပစ္စည်းပါလဲ ဟိုတွဲက သွားယူထားချေ'

ကျွန်တော် ဆရာလွင်ထည့်ပေးသောအရက်ခွက်ကို မော့ပြီးနောက် မူလတွဲသို့ သုတ်သုတ်ပြန်၊ အိပ်ရာကလေး ပြန်လိပ်ပြီး ဆရာကြီးတို့တွဲကို လာခဲ့တော့သတည်း။

ကျွန်တော်တို့ ဆရာတပည့်တွေ သောက်ဝိုင်း ဆက်ကြတော့သည်။ ဆရာလွင်က ထိုအချိန်မှာ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ၏ အထက်မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် မို့ အင်မတန် ငွေရွှင်သည်။ အသောက်အစားလည်း ရက်ရောသူဖြစ်၍ ဝီစကီပုလင်းတွေ တစ်လုံးပြီး တစ်လုံး၊ ဆိုဒါတွေလဲ သေတ္တာနှင့် ပါခဲ့သည်။ ရေခဲတွေကလည်း ရောမခေါတ်ဘူးကြီး နှင့် အပြည့်။

ကူမဲဘူတာ ရထားရပ်တော့ ၁၀–နာရီကျော်နေပြီ၊ ထမင်းစားချိန် ရောက်နေပြီ၊ ကျွန်တော် ယခင် ၁၉၄၆ ခုနှစ်တွင် ပေါင်းတည်နှင့် မန္တလေး ခေါက်ကယ် ပြန်ကယ် မီးရထားနှင့် ဆန်ကုန်ကူးခဲ့စဉ်က ဤဘူတာရောက်တိုင်း ထမင်းစားခဲ့သည်။

ဒီဘူတာမှာ ကျွန်တော်နှင့် ဖောက်သယ်ဖြစ်နေသော ထမင်းသည်မ အပျိုချောချော ကလေးရှိသည်။ ၁၂ နှစ်သားမျှရှိသော သူ့မောင်လေးနှင့် အတူ ရောင်းသည်။ ရထားဆိုက်တော့ ကျွန်တော်က ဆရာကြီး နှစ်ယောက်အား–

'သာစည်နဲ့ မန္တလေးကြားမှာ ဒီဘူတာဟာ ထမင်းဟင်းအကောင်းဆုံးပဲဗျ၊ ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ မြန်မာချက် ဒံပေါက်ဆိုရင် ဘူတာထဲက ကုလားဆိုင်မှာ ပထမဆိုတော့ ဆရာကြီး ရွှေဥဒေါင်းက 'ဟေ့ တို့အရက်သောက်ရင်း ထမင်းစားတာဆိုတော့ အရက်နဲ့ ဒံပေါက် နဲ့

မလိုက်ဖက်ဘူးကွာ၊ အရက်ကလဲ အပူ ကုလားစာဆိုတာလဲ လေးညှင်း၊ ဖာလာ၊ ဇီယာ၊ သစ်ကြံပိုးခေါက်၊ ကလဝေးရွက် စတဲ့ အပူစာချည်းပဲ၊ ဒီတော့ တို့တစ်နေ့လုံး ရင်ပူနေမယ်။ ဒါကြောင့် မြန်မာအစားအစာသာ လုပ်ခဲ့ကွာ'

'ဟုတ်ပြီ၊ နို့ပြီး ဒီဘူတာမှာ စက်ခေါင်း ရေဖြည့်တာနဲ့ သာစည်ဘက်ကလာတဲ့ ရထား စောင့်ရမှာနဲ့ တစ်နာရီလောက် နားတယ်၊ ဒီတော့ ကျွန်တော်တို့ ပန်းကန်နဲ့မှာယူပြီး ဒီတွဲပေါ် မှာပဲစားမယ်လား'

ဒီတော့ ဆရာလွင်က 'တို့ တစ်နေ့လုံး အေးအေးဆေးဆေးသောက်ရင်း စားသွားကြရ အောင်၊ ဖက်နဲ့သာ ထုပ်ယူခဲ့ကွာ'

'အိုကေ' ဟုဆို၍ ကျွန်တော် ရထားပေါ်မှ ဆင်းခဲ့ပြီး၊ ထမင်းသည်တွေ များစွာရှိသည့် အနက် ကျွန်တော့်မိတ်ဆွေမကလေးဆိုင်သို့ သွားကာ သူနှင့် ကျွန်တော် မျက်စိချင်းဆုံလျှင် ဆုံချင်း ကျွန်တော် ယခင့် ယခင်က သူ့အားပြောင်းလေ့ရှိသည့်အတိုင်း။

'ဟေ့ ကလေးမ၊ မောင်ကညာ အမေ့ချွေးမ တော်မလားကွာ'

ဒီတော့ သူကလေး မျက်နှာ လွန်စွာ အံ့သြ ဝမ်းသာဖြစ်သွားကာ–

'ဟင်း ကြည့်စမ်း အစ်ကို၊ မတွေ့ရတာကြာပဲ ကြာလှပြီ၊ အခုမှပဲပေါ်တော်မူလာတယ်၊ နို့ပြီး ဟိုတုန်းက အစ်ကိုနဲ့အတူ ဆန်တွဲတွေနဲ့ ပါလာတဲ့ လူတွေကော၊ သူတို့လဲ မလာကြတော့ ဘူး'

ဤအကြောင်းကို ရာဇဝင်ခင်းရသော် ၁၉၄၂ ခုနှစ် မြန်မာပြည်သို့ ဂျပန်များဝင်စဉ်က အောက်မြန်မာပြည် တနင်္သာရီကမ်းရိုးတန်း။ ပင်လယ်ဘက်မှ လာခဲ့ကြ၍ အင်္ဂလိပ်များက အထက်မြန်မာပြည်သို့ တရွေ့ရွေ့ ဆုတ်ခွာသွားကြပြီး မြစ်ကြီးနားဘက်မှ အိန္ဒိယပြည်သို့ ကူး သွားကြ၏။

အဲ ၁၉၄၅ ခုနှစ် မဟာမိတ်တပ်များ မြန်မာပြည်သို့ပြန်လည် တိုက်စစ်ဆင်ကြတော့ မြစ်ကြီးနား ဘက်က စဝင်ပြီး အထက်မြန်မာပြည်မှာ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ကြသည်။

အင်္ဂလိပ်တပ်များက မြေလတ်ပိုင်း ရောက်သောအခါ၌ကား ဂျပန်တို့ အရေးတော်ပုံ မလှတော့ပြီကိုသိ၍ အကြိတ်အနယ် ခုခံခြင်းမပြုတော့ဘဲ သူတို့အလာတုန်းက ဝင်ခဲ့သော ပင်လယ်ဘက်သို့ သုတ်ခြေတင်ကြတော့သည်။

သည်တော့ ၁၉၄၅ ခုနှစ်တွင် အထက်မြန်မာပြည်မှာ လယ်ယာများ ကောင်းစွာမလုပ်ရ၊ မြေလတ်ပိုင်းနှင့်အောက်မြန်မာပြည်သာလျှင် ဆန်စပါးဖြစ်ထွန်းလေ၍ ၁၉၄၆ ခုနှစ်တွင်အောက် မြန်မာပြည်က ဆန်များကို အထက်မြန်မာပြည်သို့ တင်ပို့ရောင်းချ ဈေးကောင်းရသဖြင့် ထိုနှစ်မှာ ကျွန်တော် ဆန်ကုန်သည် ဖြစ်ရခြင်းပင်။

ရထား တစ်ခေါက်တစ်ခေါက်လျှင် ကျွန်တော်တို့ ပေါင်းတည်မှ မန္တလေးသို့ ပို့သော ဆန်တွဲ လေးငါးတွဲ ပါသည်။

နတ်တလင်း၊ စစ်ကွင်း၊ မင်းလှမြို့တို့မှလည်း ပါသေးသည်။

အဲသည်အချိန်က ကုန်တွဲများကို မီးရထားဘက်က တာဝန်မယူ၊ ကိုယ့်တွဲ ကိုယ်စောင့်၍ လိုက်ရသည်။

ထို့ကြောင့် ကုန်တွဲတစ်တွဲလျှင် တွဲစောင့် တစ်ယောက်ပါသည်။

ဒီတော့ ကျွန်တော်တို့ တွဲစောင့်များသည် တွေ့ဖန် များ၍ မိတ်ဆွေတွေ ဖြစ်နေကြလျက် ဤကူမဲဘူတာကလေးသို့ရောက်လျှင် ဤထမင်းသည်မ လှလှကလေး၏ ဆိုင်သို့ပဲ စုပြုံကြတော့သည်။

ထို့ကြောင့် ဤကလေးမက ကျွန်တော့်အား (ဟိုတုန်းက အစ်ကိုနဲ့အတူ ဆန်တွဲတွေနဲ့ ပါလာတဲ့ လူတွေကော သူတို့လဲ မလာကြတော့ဘူး) ဟု ပြောခြင်းဖြစ်ပါသည်။

'အေးကွ. . . . ခုအချိန်မှာက အထက်မြန်မာပြည်ကို ဆန်တွေပို့စရာမလိုတော့လို့ သူတို့လဲ ဆန်ကုန်မကူးကြတော့ဘူး'

ထိုအခါ သူသည် ထမင်းပန်ကန်ကိုပြင်၍. . . . .

'ကဲ. . . . အစ်ကို ဘာဟင်းနဲ့စားမလဲ၊ ဟိုတုန်းကလို အသည်းနှလုံးပဲလား' ဟုဆို၍ ပြုံးလေ၏။

အကြောင်းမှာ ကျွန်တော်သည် ယခင် ဆန်ကုန်သည် ဘဝတုန်းက ဤဘူတာသို့ ဆိုက်ရောက်၍ ကျွန်တော်တို့ဆန်တွဲစောင့်တွေ သူ့ဆိုင်သို့ စုပြုံလာပြီဆိုလျှင် ကျွန်တော်က–

'ဟေ့. . . . မချွေချောကလေးရေ မင်း အသည်းနှလုံးတော့ ငါ့ဖို့ပဲ ထားပါကွာ၊ ဟိုလူတွေ မပေးလိုက်ပါနဲ့'

ဟု အော်ပြောခဲ့ပြီး ကြက်အသည်းအမြစ် ဟင်းနှင့် ထမင်းစားလေ့ရှိ၏။

ထို့ကြောင့် ကျွန်တော်ကလည်း ပြုံးလျက်. . . .

'အေးကွာ. . . . . အခု အသည်းအမြစ် ဘယ်နှစ်ခုရှိသလဲ၊ လေးစုံရှိရဲ့လား'

'ရှိတယ်'

'ဒါဖြင့် ထင်းကို ပန်းကန်ထဲမထည့်နဲ့၊ ငါဒီမှာ စားမနေဘူး၊ တွဲပေါ်မှာ အဖော်တွေ ပါသေးတယ်၊ ထမင်း လေးပွဲဖက်နဲ့ထုပ်၊ တစ်ပွဲမှာ ကြက်အသည်းအမြစ် တစ်တွဲစီနဲ့ ဟင်းရည် များများဆမ်း၊ ကြက်ကြော် ရင်အုပ်နှစ်ခုနဲ့ပေါင်နှစ်ချောင်းထုပ်၊ သရက်သီးပိုးတီနဲ့ ပဲတီချဉ်ကို သီးသန့်ထည့် ဟုတ်လား'

စာရှုသူများခင်ဗျား အဲသည် ကက်စ်ဘီခေတ်က အင်္ဂလိပ်ငွေ၊ ယခု ကျွန်တော် မှာတာတွေ ဘယ်လောက်ကျသည်ထင်ပါသနည်း။

ထမင်းတစ်ပွဲက တစ်မတ်၊ ကြက်အသည်းအမြစ် တစ်တွဲက တစ်မတ်၊ ငါးဆယ်သားကျော် ခြောက်ဆယ်သားလောက်ရှိတဲ့ ကြက်ကို လေးခြမ်းခွဲ ကြော်ထားတာက ကြက်ပေါင်ကြော်လဲ ငါးမူး၊ ရင်အုပ်ကြော်လဲ ငါးမူးပဲ။

ဒီတော့ စုစုပေါင်း လေးကျပ်ကျတာကို ကျွန်တော်က ငါးကျပ်တန် ထုတ်ပေးလိုက်၍ ကောင်မလေးက တစ်ကျပ် ပြန်အမ်းတော့ ကျွန်တော့်က မယူဘဲ ပန်းကန်ဆေးနေသော သူ့ မောင်လေးကို ကြည့်၍. . . . .

'နေပါစေ၊ ငါ့ယောက်ဖလေး မုန့်ဖိုးပေးလိုက်ပါကွာ' ဟု ပြောခဲ့၏။

သူတို့နာမည်ကို ကျွန်တော် မေးလည်းမကြည့်မိ၊ သိဖို့ လိုသည်လည်း မထင်မိ၍၊ သူ ကလေးအား ကျွန်တော့် နှုတ်ကအဆင်သင့်ရာ မရွှေချောကလေးရေ၊ သူ့မောင်ကလေးကိုတော့ ရွှေယောက်ဖလေးရေ ဟုသာခေါ်ခဲ့သည်။ လူချင်း ဤမျှ ရင်းနှီး ခင်မင်ခဲ့ကြ၏။

ကျွန်တော် ဝယ်သော ထမင်းထုပ် ဟင်းထုပ်များကို ချာတိတ်ကလေးက ရထားပေါ်အထိ လိုက်ပို့သည်။

နို့ပြီး သူ့မမက တစ်မတ်တန် ရေအိုးအသစ်ကလေး ရေအပြည့်နှင့် လာပို့ပေးသည်။

ကျွန်တော်တို့ မီးရထားက ဒုတိယတန်းတွဲ၊ လူသုံးယောက်တည်းဆိုတော့ ကလေးမ ကျွန်တော့်ကို တော်တော် အထင်ကြီးသွားသည်။

ကျွန်တော်တို့ ဆရာတပည့်တွေ အေးအေးဆေးဆေး စားသောက်နေကြစဉ်၌ ရထားက ထွက် ဥသြဆွဲသည်၌ သူကလေးသည် ရထားပြတင်းပေါက်နားလာ၍ ကျွန်တော့်ကို နှုတ်ဆက် သည်။

'အစ်ကို. . . . နောက် ဘယ်တော့လာဦးမလဲ. . . . ဟင်'

'မပြောနိုင်သေးဘူးကွာ'

'လာခဲ့ပါဦးနော်၊ ကျွန်မ မျှော်နေမယ် သိလား'

စင်စစ် ကျွန်တော်၏ ဝါသနာ အလျောက် သူလိုမိန်းမချောလေးအား ရွှတ်နောက်နောက် လုပ်ခဲ့သည်ကို သူ့အား ကျွန်တော် ဂေါ်နေသည်ထင်၍ သူက ကျွန်တော့် ချစ်နေသည်ကို ကျွန်တော်သိပါသည်။

ဒီတော့ ကျွန်တော့် ရင်ထဲမှာလည်း အဆွေးသားဗျ။

မီးရထား ထွင်တော့ ကျွန်တော်က ပြတင်းပေါက်မှခေါင်းပြူ၍ သူကလေးက လက်ကလေး တပြပြနှင့် ကျန်ရစ်ခဲ့ရှာသည်။

ဤကား သူကလေးနှံ့ ကျွန်တော် နောက်ဆုံးတွေ့ရခြင်းပင် ဖြစ်ပါတော့သည်။

သို့ရာတွင် သူကလေးသည် ကျွန်တော့်ဝတ္ထုတစ်ပုဒ်ထဲမှာ ထာဝစဉ် ကိန်းအောင်းလျက် ရှိပါ၏။

ဝတ္ထုနာမည်က 'နဖူးစာ ရေးလိုက်ရပါသဗျာ' တဲ့။

၁၉၄၉–ခုနှစ် ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်းထဲမှာပါခဲ့သည်။

ဟာသနှင့် သဘာဝအချစ်ဝတ္ထု။ ကိုယ့်ငါးချဉ်ကိုယ်သံပုရာရည်ညှစ်သည် မထင်နှင့်။ တော်တော်ကောင်းတဲ့ ဝတ္ထုဗျ။

မိတ်ဆွေ ဖတ်ချင်လျှင် အဲဒီမဂ္ဂဇင်းကို တက္ကသိုလ်စာကြည့်တိုက်မှာ သွားငှားပါ။

ဒါမှမဟုတ် စာဖတ် ပရိသတ်ရဲ့ဆန္ဒကို လိုသမျှ လိုက်လျောနေတဲ့ ဟောဒီ ရွှေသမင် မဂ္ဂဇင်းမှာ ပြန်လည်ဆန်းသစ်ခြင်းအနေနဲ့ ထည့်ခိုင်းဗျာ။

ဒီဝတ္ထုမျိုးကို ရေးတတ်တဲ့လူလဲ ခုခေတ်မှာ မရှိတော့ဘူး။ ကျွန်တော်လဲ ငယ်မူမပြန်နိုင်တော့ဘူး။ အသက်ကလဲ (၇၇) နှစ်၊ အဘိုးကြီး ဖြစ်နေပြီကိုးဗျ။

အဲဒီ ထမင်းသည်မလေးလဲ အဘွားကြီးဖြစ်ပြီး ရှိသေးလား သေလေလား မသိတော့ပါ ဘူး။

သို့ဖြင့် အဲဒီ 'နဖူးစာ ရေးလိုက်ပါသဗျာ' ဝတ္ထုဖတ်ရင်ဖြင့် ကျွန်တော်တို့ကို ပျို့ရွယ် လုပစ္စာ တွေ့ရပါလိမ့်မယ် ခင်ဗျာ'

## ရန်ကုန်သို့ ရောက်ချေပြီ

ရေး အင်္ဂလိပ်ခေတ်ကတည်းက နာမည်ကြီးလှသော နိုင်ငံကျော် စာရေးဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး မြမျိုးလွင်နှင့် စစ်ပြီးခေတ်မှ စာရေးသက် သုံးလမျှသာ ရှိသေးသော စာရေးဆရာ ပေါက်စကလေး သော်တာဆွေတို့သည် ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက်ရထားနှင့် မန္တလေးမြို့မှ လိုက်ပါလာခဲ့ရာ ၁၃ ရက်နေ့ မနက် ၈ နာရီခန့်၌ ရန်ကုန်ဘူတာ ကြီး သို့ ဆိုက်ရောက်ခဲ့ကြပါသည်။

ထိုအချိန်က ဆရာမြမျိုးလွင်သည် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ၏ အထက်မြန်မာပြည် ကိုယ်စားလှယ် ဖြစ်လေရာ သူ့အား ဗြိတိသျှဘားမားက ကားနှင့် ဘူတာမှ လာကြိုနေသဖြင့် ဆရာလွင်က ဆရာကြီးနှင့် ကျွန်တော့်ကိုပါ ထိုကားပေါ်တက်စေလျက် ကျွန်တော်တို့ သွားလိုရာ လိုက်ပို့မည် ပြောလေတော့ ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက် တိုင်ပင်ရတော့၏။

ဆရာကြီးက 'ဟေ့ မောင်ကျင်မောင် မင်းက ဘယ်သွားမှာလဲ'

'အမှန်ကတော့ စမ်းချောင်းက ယောက္ခမအိမ် ပြန်ဖို့ပဲ၊ ဒါပေမယ့် ရှုမဝကို ပထမသွားရလိမ့်မယ်၊ ဘာကြောင့်လဲဆို ရှုမဝမှာ ပါပြီးသားဝတ္ထုနှစ်ပုဒ်ဖိုးလဲ မယူရသေးဘူး။ နောက်ထပ်နှစ်ပုဒ်လဲပို့လို့ သူတို့ ရွေးချယ်ထားတယ်၊ အခုလဲ ကျွန်တော့်မှာ ရေးပြီးသား တစ်ပုဒ်ပါခဲ့သေးတယ်'

စင်စစ် ရှုမဝ ကျွန်တော့်အား မပေးပဲထားသည် မဟုတ်ပါ။ ဘရန်ဒီတစ်ပုလင်းဝတ္ထု ကတည်းက မန္တလေးကို ငွေပို့လိုက်ရမလား ဆိုသည်ကို ကျွန်တော်က ဒီမှာ ငွေမလိုသေးပါဘူး။ တစ်နေ့ ကျွန်တော် ရန်ကုန်ရောက်မှ စုယူမယ်ဟု ပြောထားသည်။ စင်စစ်လည်း ကျွန်တော် မန္တလေးတွင် ငွေမလိုသေးပါ။ ကိုတင်လုံးတို့ သားအဖထံမှ ငွေ ၁၉၀၀ ရသည်ကို အဖေ့ထံ ၁၀၀၀

ပို့လိုက်ပြီး ကျန်ငွေ ၉၀ဝိ မှ ရန်ကြီးအောင် ဝတ္ထုစက္ကူဖိုး ၇၀ဝိ ပေးလိုက်၍ လက်ဝယ် ၂၀ဝိ ရှိနေသည်။ ပြည်ညွန့်မဂ္ဂဇင်းက ဒံတျံဒံ ဝတ္ထုနှင့် မန္တလေးရွှေခြေကျင်းဝတ္ထုက ၅ဝိ စီ ၁၀ဝိ ရလိုက်သဖြင့် မန္တလေးမှာ သုံးဖို့ ကျွန်တော့်မှာ ဖူလုံနေပေပြီ။ ထို့ကြောင့် ယခုမှ ရှုမဝက တောင်းတော့မည်။

သည်တော့ ဆရာကြီးကလည်း–

'အေး ငါလဲ ရှုမဝအတွက် ဝတ္ထုတစ်ပုဒ်ပါခဲ့တယ်။ အဲဒါပေးပြီးမှ ၄၄ လမ်းကို သွားတော့မယ်ကွာ' ဆိုပြီး ဆရာမြမျိုးလွင်အား။

'ဆရာလွင်ရေ ကျုပ်တို့ကို စကော့မားကက် (ယခု ဗိုလ်ချုပ်ဈေး) ပို့ပေတော့'

ထိုစဉ်က လွတ်လပ်ရေး မရသေး၍ ဗိုလ်ချုပ်ဈေးဟု မခေါ်သေး ယင်းအခါက ရှုမဝလိပ်စာမှာ အမှတ် ၁၄၆၊ အနောက်ဘက်တန်း၊ စကော့မားကက်၊ ရန်ကုန်မြို့ဟူ၍ ဖြစ်၏။

ထိုတိုက်ခန်းရှေ့ရောက်၍ ကားရပ်သောအခါ ဆရာကြီးနှင့် ကျွန်တော်တို့နှစ်ယောက် ဆင်းနေခဲ့ကြလေ၏။ ဆရာလွင်က ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ဗြိတိသျှဘားမား တိုက်သို့သွားတော့သည်။

## ဦးကျော်နှင့် ပထမဦးဆုံး တွေ့ဆုံခြင်း

ထိုစဉ်က ရှုမဝသည် ဘာမျှ ကြီးကျယ်သည် မဟုတ်သေး။ ယခု ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း အလယ်လောက်၌ အမှတ် ၁၄၆၊ ဆိုက်ခန်းကလေး တစ်ခုပါပဲ။

၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နံနက် ၉ နာရီခန့်တွင် အရပ်ခြောက်ပေခန့် လူကြီးတစ်ယောက်နှင့် အရပ်ငါးပေ။ ခြောက်လက်မရှိ အသားဖြူဖြူ လူငယ်တစ်ယောက်သည် ဆိုင်ရှေ့နဖူးစည်းမှာ 'ရှုမဝမဂ္ဂဇင်း' ဟု ဆိုင်းဘုတ်ငယ်လေးရှိသော တိုက်ခန်း တံခါးပေါက်ဝတွင် ရပ်ကာ ရှစ်နှစ်သားခန့် လူငယ်လေးတစ်ယောက်အား (မောင်ဆွေတင့် ပေါ့) 'ဦးကျော်ကို တွေ့ချင်လို့ပါ' ဟု ပြောလိုက်သောအခါ ထိုကလေးက အပေါ်သို့ မျက်နှာမော့၍ 'ဖေဖေရေ ဧည့်သည်တွေလာတယ်'ဟု အော်လိုက်သည်၌ အထပ်ခိုးလှေကားငယ်ကလေးမှ ဆင်းလာသော အသားဖြူဖြူ ဘဲဥနှင့်တူသော မျက်နှာဝိုင်းဝိုင်း အသက် ၄၀ နီးပါးရှိ လူခတ်ချော ချောက 'ကျွန်တော် မောင်ကျော်ပါပဲ'ဟု ဆိုတော့ သုံးယောက်သား အပြုံင်ပြုံးပြကြလျက် သူ၏ ဘယ်ဘက် သွားတက် စံပယ်ဖူးလေးနှင့် ပါးချိုင့်ကြီးခွက်နေအောင် ပြုံးထားသော လူငယ်က လူကြီးအား ညွှန်ပြ၍. . . . .

'ဟောဒါ ဆရာကြီး ရွှေဥဒေါင်းပါပဲ၊ ကျွန်တော်ကတော့ သော်တာဆွေပါ'ဟု ပြောလိုက်သောအခါ ဦးကျော်သည် အင်မတန် နှစ်လိုအားရသော မျက်နှာနှင့် 'တွေ့ရတာ ဝမ်းသာလိုက်တာဗျာ'ဟု ဆို၍ နေရာထိုင်ခင်းပေးကာ အနီးရှိ ဘသန်းကဖီးက ကော်ဖီနှင့် မုန့်များမှာ၍ ညွှေ့ခံလေ၏။

စားသောက် ပြီးကြသောအခါ ဆရာကြီးက သူ့တွင်ပါခဲ့သော 'ဗိုလ်ထော့ကျိုး' ဝတ္ထုကို ထုတ်ပေးသည်၌ ဦးကျော်သည် ရွှေထုပ်ကောက်ရသကဲ့သို့ ဖြစ်ကာ သူ့ရှပ်အင်္ကျီ အိတ်ထဲမှ ငွေ ၁၅ဝိ ကို ထုတ်ပေးလျက်။

'နည်းတယ်တော့ မထင်ပါနဲ့ခင်ဗျာ၊ ဒါဟာ ရှုမဝက စာရေးဆရာကြီးတွေကို ပေးနိုင်တဲ့ ဉာဏ်ပူဇော်ခပါ'

ဆရာကြီးက ဘာမျှ ပြန်မပြော။

ထိုအခါ ကျွန်တော်ကလည်း မန္တလေးမှ ရေးခဲ့သော 'မှန်ဒါလိမ်' ဝတ္ထုကို ထုတ်ပေးသောအခါ ဦးကျော်က ဝမ်းသာလှစွာ 'ဒါနဲ့ဆိုရင် ကိုရင့်ကို ပေးဖို့ ငါးပုဒ်ဖိုးတောင် ရှိနေပြီ။ တင့်တယ်တို့ သန်းရွှေတို့ အတိုင်းပဲ တစ်ပုဒ် ၁ဝဝိ ပေးပါမယ်၊ ဒါပေမယ့် ကိုရင့်ကို အခု ငွေ ၅ဝဝိ ပေးစရာကျုပ်မှာ မရှိသေးဘူး။ နေ့ခင်း မန်နီအော်ဒါတွေ လာအောင် စောင့်ဦးဗျာ၊ နို့ပြီး ဒီဇင်ဘာလထုတ်မှာ ထည့်ဖို့ အခု စာစီနေတဲ့ ကိုရင့်ရဲ့ 'ဖြူပြာမှုလကျီ' ဝတ္ထုမှာလဲ ပြင်စရာ ဖြတ်စရာတွေ ရှိနေတယ်၊ အခု ကိုရင်ရောက်လာတာနဲ့ အဆင်သင့်ပဲ'

'ဘာတွေ ပါလိမ့်ဗျာ'

'ကျွန်တော် ပြမယ်လေ'

ထိုအခါ ဆရာကြီးက–

'ကဲ. . . . ဒါဖြင့် မောင်ကျင်မောင်ရေ၊ မင်းဒီမှာ နေရဦးမယ်ဆိုတော့ ငါသွားတော့မယ်ကွာ' ဟု ဆိုသဖြင့် ကျွန်တော်က (ထိုစဉ်မှာ ရန်ကုန်တွင်ရှိသေးသော) လန်ချားတစ်စီးကိုခေါ်ပေးလိုက် ၍ ဆရာကြီးသည် ဘိုကလေးဈေးအနီး ၄၄–လမ်းတွင် ရှိသော သူ့ညီ ဦးဘေစိန်အိမ်သို့ သွားလေ၏။

ထိုနောက် ဦးကျော်သည် ကျွန်တော့်အား စက်ခန်းထဲသို့ ခေါ်သွားကာ စားပွဲတစ်လုံးမှာ ထိုင်စေလျက် ကျွန်တော်၏ ဖြူပြာမှုလကျီ ဝတ္ထုမှ ဖြတ်ပစ်ရန် သူမင်နီတားထားသော စာသားများ ကို ပြပါသည်။

၎င်းမှာ (ကျွန်တော်) မောင်တက်ပု မယားမနော်၊ သား ဟစ်တစ်လုံးကို ညအိပ်ရာထဲတွင် ကလေးက အဖေ ပုံပြောပြပါဆို၍ မောင်တက်ပုက–

ဖော်ပြပါ လံကြုတ်ပုံပြင်ကို ဦးကျော်က ဖြတ်ပစ်ရမယ်ဆိုတော့ ကျွန်တော်က 'ရယ်စရာ ဝတ္ထုမှာ ရယ်စရာဖြစ်အောင် ရေးတာပဲဗျ' ဆိုတော့ သူက 'ဒီမှာ ကိုရင်ရဲ့၊ စာဆိုတာ ရေးချင်တိုင်း

မရေးရဘူး၊ ရာဇဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃဂိုဏ်း၊ ဆရာမိဘဂိုဏ်း ဆိုတာရှိတယ်၊ အခု ကိုရင့်ဟာက ဓမ္မဂိုဏ်း၊ သံဃဂိုဏ်း သင့်နေတယ်၊ ကျုပ် မဂ္ဂဇင်းမှာ မထည့်ဝံ့ဘူး၊ ဒီတော့ အဲဒါ အစား နောက်တစ်မျိုး ရေးပေးပါ' ဆိုတော့ အခု ချက်ချင်းကြီး ကျွန်တော့် ခေါင်းထဲမှာ ဘယ်ရှိ မလဲဗျာ။

ဒါကြောင့် 'ကျွန်တော် ခဏတဖြုတ်တော့ စဉ်းစားလိုက်ဦးမယ်ဗျာ' ဆိုပြီး ရှုမဝ စက်ခန်းထဲက ထွက်ခဲ့တယ်။ တာဟားဘား သွားပြီး အရက်သောက်လိုက်တယ်။

ဒါနဲ့ ဘရန်ဒီ သုံးပက်ဒ်လဲ ကုန်ရော (ကျွန်တော်ဟာ အရက်သောက်လိုက်ရင် ဉာဏ်ရွှင် တယ်) ကျွန်တော့်ခေါင်းထဲမှာ ရေးစရာ ရလာရောဗျို့။

ထို့ကြောင့် ကျွန်တော် ရှုမဝပြန်ပြီး အောက်ပါအတိုင်း ရေးလိုက်တော့တယ်။

သားဟစ်တစ်လုံး 'အဖေ့ ပုံကြောဂျာ'

တက်ပု 'ဟိုးရှေးရှေးတုန်းက ရွှေယုန်နဲ့ ရွှေကျား သက်ငယ်ရိတ်သွားရောတဲ့'

သား 'တော်ဂျာ၊ တော်ဂျာ၊ ဒါကြီးတော့ ကြားရလွန်းအားကြီးလို့ အနော့ နာဝက်တောင် အနော် ခားနဲ့ လှီးပစ်ချင်ဘီ၊ ရွှေကျားက အမယ်းစားနောက်ကျလို့ နောက်ချေးချပ်နဲ့ ကလဲပဲ ကျန်တော့တာ မဟုတ်ၤး'

တက် 'အဲဒါရဲ့အဆက်ကွ'

'ဘယ်လိုချက်သလဲ'

'ဒီလိုကွ၊ အဲဒါကို ရွှေကျားကစိတ်ဆိုးပြီး ရွှေယုန်ကိုပြောတယ်၊ (မင်းဟာ မင်းကိုယ်မင်း အပြေး ကောင်းလှတယ်ဆိုပြီး တကယ်တော့ မင်းဟာ လိပ်ကိုတောင် မနိုင်ပါဘူး) ဆိုတော့ ရွှေယုန်က 'အောင်မယ်. . . . ခြေလေးဖက်ရှိတဲ့ သတ္တဝါထဲမှာ အနှေးဆုံးအကောင်ကိုများ စကားထဲ ထည့်လို့) ဒီတော့ ရွှေကျားက (ဒါဖြင့် မင်း လိပ်နဲ့ အပြေးပြိုင်မလား) ဆိုပြီး ယုန်နဲ့လိပ် အပြေး ပြိုင်ကြတယ်'

ဒီတော့ ဟစ်တစ်လုံးက 'ဒီပုံကြီးလဲ တော်ဗျာ၊ လမ်းမှာ ယုန်က အိပ်ပျော်သွားလို့ လိပ်က နိုင်သွားတယ်မဟုတ်လား'

'မဟုတ်သေးဘူး၊ အဲဒါက ပုံအဟောင်းကွ၊ အခု အဖေပြောမှာက ပုံအသစ်၊ အပြေးပြိုင် ရင်း အိပ်တာက ယုန်မဟုတ်ဘူး လိပ်ကွ'

'အောင်မယ် . . . . လိပ်က အိပ်တာတောင် ယုန်ကို နိုင်တယ်'

'ဒါဖြင့် . . . . . ကြောစမ်း'

ဒီလိုသားရဲ့ ကိုရွှေကျားက သူ့မှာ လိပ်မိတ်ဆွေတွေရှိတယ်၊ ညကျတော့ သူ လိပ်တွေဆီ သွားပြီးတော့ တိုင်ပင်တယ်၊ ရွှေယုန်ကို နိုင်ဖို့ အကွက်ဆင်တယ်၊ ဒီတော့ လိပ်တွေကလဲ သဘောကျကြတယ်'

'အဲ နောက်တစ်နေ့ မနက်ကျတော့ ကေသရာဇာ ခြင်္သေ့မင်းကြီးဆီ သွားအမိန့်တောင်းပြီးတော့ ယုန်နဲ့လိပ် ဒုတိယအကြိမ် အပြေးပြိုင်ပွဲကျင်းပမယ်လို့ တောသုံးတောင်မှာ ကြေညာလိုက်တော့ ကုန်းနေသတ္တဝါ ကျွဲ၊ နွား၊ မြင်း၊ ဆင်၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ် ပတပ်တွေရော၊ ကောင်းကင်ပျံတဲ့ ငှက်မျိုးစုံရော လာကြတယ်'

ဟစ်တစ်လုံး စိတ်ဝင်စားလာပြီး–

'စာကလေးတွေ၊ ဆက်ရက်တွေ၊ ဘွတ်ဖင်နီတွေ နံ့ပြည်စုတ်တွေလဲ လာကြမှာပေါ့နော်'

'ဟာ သူတို့က ရှေ့ဆုံးကပေါ့ကွ၊ ချိုးတွေ၊ ခါတွေ ဗျိုင်းတွေတောင် လာကြတယ်၊ သူတို့က သစ်ပင်ပေါ်ကနေ ကြည့်ကြတာပေါ့'

'ကြော ကြော'

ဟစ်တစ်လုံးက သဘောကျ၍ အလော်ဆော်သည်။

'ပြိုင်ရမယ့်နေရာက တို့လယ်ကွင်းထိပ်က မြင်းလှည်းတွေမောင်းတဲ့ တာလမ်းလိုဟာမျိုး၊ တာခုံဘေးမှာ ရေမြောင်းရှိတယ် မဟုတ်လား။ ဒီတော့ရင် ယုန်က ကုန်းသတ္တဝါမို့ တာလမ်းပေါ် ကပြေးရမယ်၊ သူတို့ ပြိုင်ရမှာကလဲ ဟိုပုံပြင်ဟောင်းထဲကလို တစ်ချီတည်း မဟုတ်ဘူး၊ ထွက်တဲ့ နေရာကနေပြီး တစ်မိုင်လောက်ဝေးတဲ့ ပန်းတိုင်ရောက်ပြီးမှ မူလစတဲ့ နေရာကို တစ်ကျော့ ပြန်လာရမယ်၊ ဒီလို အသွားအပြန် နှစ်ခေါက်ကွ'

'ကောင်းတယ် ကောင်းတယ်'

'အရောက်သွားရ ပြန်ရမယ့် နှစ်နေရာမှာ ဝံပုလွေကြီးတွေက တရားသူကြီးလုပ်ပြီး စောင့်နေကြတယ်။ ဒါနဲ့ ဂိတ်စ , ထွက်ကရောဟော့၊ တာလမ်းပေါ်မှာ ယုန်နဲ့လိပ် ရင်ပေါင်တန်းရပ်နေတုန်း၊ ချောက်ကြီး တစ်ကောင်က ဝမ်း၊ တူး၊ သရီးလဲ ဆိုလိုက်ကရော၊ လိပ်က တာမြောင်းထဲက စွတ်ကနဲ့ ခုန်ဆင်းလိုက်ကရော ယုန်ကတော့ တာလမ်းပေါ်မှာ တအားသုတ်ခြေတင်တော့တာ ပေါ့၊ ဒီတော့ တာနံဘေးကုက္ကိုပင်ကြီးပေါ်က ပညာရှိ ဇီးကွက်ကြီးကတောင်–

ဟေ့ ရွှေယုန်၊ မင်း အရင်တုန်းကလို လမ်းမှာ တစ်ရေးအိပ်မနေနဲ့ဦးကွ' လို့ သတိပေးလိုက်သေးတယ်၊ သူက ယုန်ဘက်က လောင်းထားတာကိုးကွ ဒီတော့ ယုန်က 'တစ်ခါသေဖူး လို့ အသုဘစရိတ် နားလည်နေပါပြီဗျာ' လို့ ပြန်ပြောခဲ့သေးတယ်။

'ဒါပေမယ့် သူ ဟိုဘက်ပန်းတိုင် ရောက်တဲ့အခါမှာ လိပ်က ဆောင့်ကြောင့် ထိုင်နေတဲ့ ဝံပုလွေကြီး တစ်ကောင်ရဲ့ရှေ့မှာ ဝပ်နေတယ်၊ ဒီတော့ ဝံပုလွေကြီးက 'ဟေ့ ရွှေယုန်၊ လိပ်က မင်းအရင်ရောက်တယ်၊ ကဲ– ပွဲစည်းကမ်းအရ တစ်ကျော့ပြန်လိုက်ကြဦး' ဆိုပြီး နှစ်ကောင်ယှဉ် စေကာ ဝမ်း၊ တူး၊ သရီး လဲဆိုလိုက်ကရော နှစ်ယောက်သား တစ်ပြိုင်တည်း လိပ်ကရေထဲ ဆင်းသွားတယ်၊ ယုန်ကတော့ တာလမ်းပေါ်မှာ တအားပြေးတော့တာပေါ့၊ ဒီတော့ သစ်ပင် ပေါ်က ငှက်တွေက–

'ဟဲ့. . . . ကိုရွှေယုန်ရဲ့ နားရွက်တွေ ပြုတ်ကျ ကျန်ခဲ့ပါ့မယ်၊ ပြတ်ထွက်သွားပါဦးမယ်' တောင် ဆိုကြတယ်၊ ဒါပေမယ့် မူလ ပန်းတိုင်ဝင်တော့ လိပ်ကပဲ သူ့အရင် ရောက်နေတယ်၊ ဒါကြောင့် လိပ်က ယုန်ကို နိုင်သွားရော'

ဟစ်တစ်လုံး အလွန်သဘောကျလျက်–

'အဖေ. . . . လိပ်က ရေထဲမှာဆိုတော့ ယုန်ထက် မြန်အောင်ပဲ ရေကူးနိုင်တာပေါ့နော်'

'ဘယ်ဟုတ်မလဲကွ၊ လိပ်က အမြွှာညီအစ်ကိုနှစ်ကောင်ကွ၊ မနေ့က ကိုရွှေကျားက အကြံပေးခဲ့တဲ့အတိုင်းပဲ၊ ဒီဘက် ဂိတ်လွှတ်တဲ့နေရာက တစ်ကောင်၊ ဟိုဘက်ဂိတ်မှာက တစ်ကောင်၊ ရေအောက်က စောင့်နေပြီး ယုန်လဲနီးလာရော သူက ကုန်းပေါ်တက်လာပြီး ဝံပုလွေကြီး အနားမှာ အင်မတန် မောတဲ့ပုံနဲ့ သက်ပြင်းရှူနေတာ၊ ဒီဘက်ဂိတ် လွှတ်တဲ့နေရာက လိပ်ကလဲ ဝမ်း–တူး–သရီး ဆိုတော့ ရေထဲဆင်းအိပ်နေပြီး ယုန်ပြန်ရောက်ခါနီးမှာ ယုန်ထက် အရင်ဦးအောင် တာလမ်းပေါ် တက်နေတာကွ၊ ဒါကြောင့် ဟိုပုံပြင်ဟောင်းမှာ–

> 'ယုန်နဲ့လိပ်ကိုပုံပြဆို၊
> ထိုထိုမှတ်ကြရန်၊
> လိမ်မှာမူကား နေးသော်ငြား၊
> စိတ်ထားလို့လသန်'

ဆိုတာကို ခုပုံပြင်သစ်မှာက–

'ယုန်နှင့်လိပ်ကို ပုံပြဆို၊
ထိုထိုမှတ်ကြရန်၊
လိမ်မှာမူကား နှေးသော်ငြား၊
စိတ်အားဥဿာဟ်ထက်သန်' လို့ ပြောင်းလိုက်ရတယ်ကွာ။ ဒီပုံကောင်းတယ် မဟုတ်လား လူကလေး'

'အင်း'

'ဒါဖြင့် အိပ်တော့ကွာ၊ အဖေလဲ အိပ်ချင်ပြီ'

သို့နှင့် တော်တော်လေးကြာတော့ ကလေးအသက်ရှူသံ မှန်မှန် ကြားရ၍ ကျွန်တော် (မောင်တက်ပု)က ဇနီးသည်အား. . . . .

'ဟေ့ မနော်၊ ဒီဘက်တိုးတော့ကွာ၊ ကောင်လေး အိပ်ပျော်သွားပါပြီ'

ဒီတော့ ဟစ်တစ်လုံး 'အနော် မအိပ်သေးဘူးဗျ၊ ခင်ဗျားကြီးတို့ အကြံသိလို့ ကျွန်တော် အိပ်ချင်နောင် ထောင်နေတာ' (အိပ်ချင်ယောင် ဆောင်နေတာ)

ကျွန်တော် ဒေါ်ပွကာ

'ကြည့်စမ်း၊ ငါပုံပြောပြီးရင် မင်းအိပ်မယ်ဆို'

'မအပ်ချင်တေးဘူးဗျ၊ ကြက်သားဟင်းနဲ့ အမင်းချားချင်သေးတယ်'

'ညကြီး သန်းခေါင် ဘယ်မှာ ကြက်သား ရပ့ါမလဲကွယ်၊ အိမ်မှာကလဲ ချက်စားလောက်တဲ့ အရွယ် ကြက် မရှိတော့ဘူး'

'ကိုယ့် အိမ်မရှိ သူများအိမ် တွားခိုးပေါ့ဗျ၊ တကာတဲ့ လူကြီးလုပ်နေပြီး ကြက်မှ မခိုးတက် ရင်လဲ ခင်ဗျားကြီး ဘာတောက်တုံးကျသလဲ'

ဒီတော့ သူ့အမေကလည်း–

'ဟုတ်တယ် ကိုတက်ပုရယ်၊ ကျွန်မလဲ ညနေက ပုဇွန်သုတ်နဲ့ ကဒတ်ဟင်းချို စားရတာ ထမင်းစားမကောင်းဘူး၊ ခုည သန်းခေါင်ထမင်း ကြက်သားဟင်းနဲ့ စားရအောင် ကြက် တစ်ကောင်လောက် ရှာချေပါတော်'

'အင်း သားမယားတွေ ပူဆာတော့ ဖအေခမျာ မနေသာဘူးပေါ့'

သားကျွေးမှု၊ မယားကျွေးမှု၊ တစ်ခုပညာ ကိုယ်စီပါရမယ်လို့ လူကြီးသူမများက ဆိုထား တော့ ကျွန်တော်က ကြက်ခိုး ဝိဇ္ဇာကိုဗျ။

ထို့ကြောင့် ဒီအနီးအနားမှာ ဘယ်သူ့အိမ်များ လွယ်လွယ်ကူကူ ခိုးလို့ရမယ့် ကြက်ရှိသ လဲစဉ်းစားလိုက်တော့ အထင်းသား ပေါ်လာပါပြီ။

'ဟေ့ မနော်ရေ၊ တို့တစ်အိမ်ကျော်က ဒေါ်ဂျမ်းဘုံကြီးအိမ်မှာ ကြက်ဖြူဖြူ မဒန်းမလေး တစ်ကောင်တော့ ရှိတယ်ကွ'

'အဲဒါလေးပဲ သွားဆွဲတော်၊ သူ့အိမ်က ခွေးကြီးနဲ့လဲ ရှင်နဲ့ ခင်မင်နေတာပဲ'

'အေးဟုတ်ပါပြီ၊ မင်းတို့သားအမိ ရေနွေးအိုးတည်ပြီး ငရုပ်သီး ကြက်သွန်သာ ထောင်းထားလိုက်ပေရော့'

ဝင်းထရံ ခြံစည်းရိုး မလုံလဲသော မုဆိုးမ ဒေါ်ဂျမ်းဘုံ အိမ်ထဲသို့ ကျွန်တော် လွယ်ကူစွာ ဝင်နိုင်ပါသည်။

သူ့အိမ်စောင့် ခွေးကြီး ရန့်လုံကလည်း ကျွန်တော့်ကို အမြီးနှံ့ နှုတ်ဆက်ပါသည်။

ကျွန်တော် သူ့ခေါင်းကို တစ်ချက်ပုတ်လိုက်ပြီး ပုတ်စင်ပေါ်က ကြည်ဖြူမလေးကို အသံမထွက် အတောင် မခတ်နိုင်အောင် ဖမ်းယူခဲ့ပါသည်။ ၅၀–သားကော် ၆၀–သားခန့်ရှိပေမည်။ အိမ်ရောက်သော် မနော်က ကြက်သွန်အခွံနွှာနေ၍ ဟစ်တစ်လုံးက ငရုတ်သီး ထောင်းနေပါသည်။

မီးဖိုပေါ်က ရေနွေးအိုး လက်နှင့် နှိုက်ကြည့်လိုက်တော့ ကြက်မွေးနုတ်ရန် အလောတော် လောက် ပူနွေးနေပြီ ဖြစ်၍ ကြက်တစ်ကောင်လုံးကို အိုးထဲထည့်လိုက်ရာ ခြေထောက်ရော ခေါင်းပါ တစ်ကိုယ်လုံးမြုပ်အောင် ယောက်မနှင့်ဖိ၍ မွေပေးလိုက်ပါသည်။

ရေနွေးသည် တစ်စထက်တစ်စပူလာကာ ကြက်ခြေထောက်ကို အကြေးခွာကြည့်လိုက်၏။

လွယ်ကူစွာ ခြေကြေးတွေ ကျွတ်ထွက်လာသည်၌ ကြက်ကိုဆယ်၍ ရေအေးထဲ ထည့်ကာ သားအမိသားအဖတွေ အမွေးနုက်ကြတော့၏။

ထိုမှတပြီး ကျွန်တော်က ခုတ်ထပ်ပြီး ငရုပ် ကြက်သွန် ဆီဆားနယ်ကာ လက်ဆေးရေ ကလေးနှင့် မီးဖိုပေါ် တင်တော့၏။

၎င်းလက်ဆေးရေလေးခန်းသော် နောက်ထပ် (ကြက်အနုအရင့်ကြည့်၍) ရေထည့်သည်။

ထိုရေဆူသောအခါ၌ ကြက်သားဟင်းနံ့ သင်းပျံ့လေပြီ။ နံဘေးအိမ်တွေကလည်း ကြက်သားချက်ကြောင်း သိကြလေပြီ။

ဤအချိန်၌ မီးဖိုဘေးမှာ ထင်းကုန်လေသဖြင့် ကျွန်တော် နောက်ဖေး ထင်းစင်သို့လာခဲ့ရာ ခြေရင်းအိမ်က အပျိုမလေးပန်းစုံည သူတို့အိမ်နှင့် ကျွန်တော်တို့ အိမ်ခြံ ခေါင်းရင်းနား၌ တင်ပါးပေါ်တွင် ထမီစခပ်ဖွဖွနှင့် ဆောင့်ကြောင့် ထိုင်နေသည်။

မှုန်မွှားမွှား လရောင်အောက်မှာ ကျွန်တော့်ကို မြင်သွားတော့ သူက 'ဦးလေး ကိုတက်ပု တို့အိမ်မှာ စောစောစီးစီး ကြက်သားဟင်း ချက်နေပါလား' ဆိုတော့ သူက ဒေါ်ဂျမ်းဘုံ တူမမို့ ကျွန်တော့်ရင်ထဲ ဒိတ်ဒနဲဖြစ်သွားကာ 'အေးကွာ၊ တို့အိမ်က မနက် ဘုန်းကြီးဆွမ်းဟင်းကပ်မလို့ ကွ' ဟု လိမ်လိုက်ရပြီ။

'နို့ နင်ကော အခု တရှုံရှုံနဲ့ ဘာတွေကြော်နေတာလဲ'

ဆိုလိုက်တော့မှ–

'ဟာ . . . . ဦးဒလေး ကိုတက်ပုကြီးကလဲ'

ဆိုပြီး ထိုင်ရာမှ ထ,ပြေး၏။

ထို့ကြောင့် ကျွန်တော် အိမ်ပေါ် ပြန်ရောက်သောအခါ–

'ဟေ့ . . . မနော်ရေ၊ ငါ ပန်းစုံကို တွေ့ခဲ့တယ်ကွ'

'ဘယ်နေရာမှာလဲ၊ ညကြီးမင်းကြီး၊ ရှင်နော် တော်တော်ကဲ၊ ဟိုကောင်မလေးကလဲ ပျက်ချင်ချင်'

'ဟ . . . . သူတို့အိမ်နောက်ဖေးမှာ ထိုင်ပြီး သေးပေါက်နေတာကို ပြောတာပါကွ'

'ဒါ . . . . ဘာဖြစ်သလဲ၊ တော်က ချောင်းကြည့်ခဲ့တယ်ပေါ့'

'မှောင်မှောင်ကြီး ဘာမြင်ရမှာလဲဟာ၊ ငါက ဒါပြောတာ မဟုတ်ဘူး၊ သူက တို့အိမ်မှာ ကြက်သားဟင်းချက်တာကို သိသွားတယ်'

'ဒါကော ဘာဖြစ်သလဲ၊ ကိုယ့်ဟာကိုယ် ချက်စားတဲ့ဟာကို'

'ဒေါ်ဂျမ်းဘုံက သူ့အဒေါ်ကွ၊ မနက် ဒေါ်ဂျမ်းဘုံက သူ့ကြက်ပျောက်လို့ ပွက်လောရိုက်တဲ့အခါမှာ သန်းခေါင်လောက်ကြီး တို့အိမ်က ကြက်သားဟင်းနံ့ ရတဲ့အကြောင်း ပန်းစုံက သူ့အဒေါ်ကို မပြောဘဲနေမလားကွ'

မနော် ငိုင်သွားသည်။ ဟစ်တစ်လုံးကတော့ အသည်းအမြစ်ကို ခပ်တုတ်နေသည်။

ကျွန်တော် အတော်ကြာအောင် စဉ်းစားပြီး–

'ဒါဖြင့် ဒီလိုလုပ်ကွာ၊ ဟေ့ မနော်၊ နက်ဖြန်မနက် မင်းတို့အမေ ဒေါ်တီကြီးအိမ်က ဆွမ်းလှည့်ကျတယ် မဟုတ်လား'

'ဟုတ်တယ်'

'ဘာဟင်းတွေ ချက်သတဲ့လဲ'

'ငါးပြေမရယ်၊ ချဉ်ပေါင်ဟင်းရယ်၊ ဘဲဥကြော်ရယ်'

'ဒါဆို ဟန်ကျပြီ၊ တို့က ကြက်သားဟင်းတစ်ခွက် သွားပို့လိုက်'

'မပေးနိုင်ပေါင်တော်၊ ကြက်ကလေး ၅၀ သားလောက်ဟာကို ကျုပ်တို့ ခုညစားမှာနဲ့ နက်ဖြန် မနက်စာတောင် လောက်မှာမဟုတ်ဘူး'

'ဒါကိုတွက်မနေနဲ့ကွ တို့မှာ အန္တရာယ်ကာကွယ်ဖို့က ရှိနေတယ်'

'ဘာအန္တရာယ်လဲ'

'မင်း မနက်ကျတော့ သိပါလိမ့်မယ်ကွာ၊ ကဲ–ကဲ ဒီကိစ္စ ဒီတင်ပဲရပ်ကြဦးစို့၊ အခု ဟင်းကျက်ပြီမဟုတ်လား၊ မနက်ကျ ဘုရားဆွမ်းတော်တင်ဖို့ ဟစ်တစ်လုံးနဲ့ ဘုန်းကြီးအတွက် အရိုးအရင်းထဲက တစ်ခွက်ခတ်ထားလိုက်ပြီး တို့စားကြစို့'

သို့နှင့်ပဲ သားအမိ သားအဖ သုံးယောက်သား ညနေက ကျန်သော ထမင်းကြမ်းနှင့် ပူပူနွေးနွေး ကြက်သားဟင်းကို မြိန်ယှက်စွာ စားကြပြီးနောက် နှစ်ခြိုက်စွာ အိပ်ပျော်သွား ကြလေ၏။

## ဒေါ်ဂျမ်းဘုံ ခုနစ်သံချီပြီ

နံနက်မိုးသောက် ဝေလီဝေလင်းရောက်သည့်၌ ကျွန်တော် ထင်ခဲ့သည့်အတိုင်း ဒေါ်ဂျမ်းဘုံ အိမ်က ပတ်ကြမ်းတိုက်လေပြီ။

'ဘယ်သေခြင်းဆိုး ကာလနာတွေလဲဟဲ့၊ ငါ့ကြက်မလေးကို ခိုးပြီး အဝင်းဆို့ပစ်ကြတာ၊ ငါ့အိမ်နဲ့ သိပ်မဝေးဘူး၊ ဒီအနီးအနားကပဲ ဖြစ်ရမယ်၊ ညသန်းခေါင်းလောက်မှာ ငါ့အိမ်ကနေပြီး ကြက်သားဟင်းနံ့ရတယ်၊ ဒီအမှုကို သူကြီးတိုင်ပြီး မပေါ်ပေါ်အောင် စုံစမ်းရမယ်။ ငါ့ကြက်သား စားပစ်တဲ့လူတွေတော့ သွေးစိမ်းသွေးနက် ပွက် ပွက် အန်ပါစေတော်၊ ကာလနာတိုက်ပြီး သေခြင်းဆိုးနဲ့ သေကြပါစေတော်'

ဒီတော့ ခုမှ ကြောက်ရွံ့ ထိတ်လန့်နေသော ကျွန်တော့်ဇနီးအား တီးတိုးပြောရ၏။

'ဒါကြောင့် မနော်၊ ဘုရားဆွမ်းတော်တင်ဖို့နဲ့ ဘုန်းကြီးကျောင်းကို ဟင်းတစ်ခွက်ပို့လိုက် ဖို့ ငါပြောတာပေါ့ကွ၊ သူဘယ်လောက်ပဲကျိန်ကျိန် ဒီကြက်သား စားတဲ့ထဲမှာ တို့ဘုန်းကြီးကြီးလဲ ပါနေတော့ ဘုန်းတော်ကြီးတန်ခိုးကြောင့် တို့လဲ ဘာမှဖြစ်မှာမဟုတ်ဘူး၊ သူခိုး သေဖော်ညှိတယ် ဆိုတာ ဒါပေါ့ကွ၊ ဒေါ်ဂျမ်းဘုံကြီး ကျိန်တာတော့ မင်း ဘာမှမပူနဲ့တော့'

'သို့သော် တစ်ခုရှိတာက တို့အိမ် အဲဒီအချိန်မှာ ကြက်သားဟင်းချက်တယ်ဆိုတာ သူ့တူမ ပန်းစုံကသိနေတော့ ကေန်မုချ ဒေါ်ဂျမ်းဘုံဟာ သူကြီးခေါ်လာပြီး တို့အိမ် လာရှာတော့ မှာပဲ'

'ဒါဖြင့် ကျန်တဲ့ကြက်သားဟင်းတွေ အိမ်သာထဲ သွားသွန်ပစ်လိုက်မယ်တော်'

'ဒါနဲ့ မပြီးသေးဘူးကွ၊ ပန်းစုံကြောင့် တို့အိမ်မှာ ကြက်သားဟင်းချက်တယ်ဆိုတာကို ငြင်းမရဖြစ်နေတော့ သူ့ကြက်မဟုတ်ကြောင်းသာ တို့က အကြောင်းပြနိုင်ဖို့ ရှိတော့တယ်'

'ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ'

'ဒီကြက်မွေးတွေ အခု အိမ်ပေါ်မှာ ရှိသေးလား'

'ရှိတယ်၊ ဆန်ကောထဲမှာ'

'ကြက်ဖြူမအမွေး ဆွတ်ဆွတ်ဖြူနော်'

'ဖြူတယ်မှ ငွေရောင် တောက်နေတာပဲ'

'ဒါဖြင့် အခု မင့်အိမ်မှာ မဲနယ်ရှိသလား'

'မနေ့ကပဲ စာကလေးမဲနယ် တစ်ထုပ်ဝယ်ထားတာ နည်းနည်းပဲ သုံးရသေးတယ်'

'ဒါဖြင့် သွားယူချေ'

ဆိုပြီး ကျွန်တော်တို့ လင်မယားနှစ်ယောက် ကြက်မွေးအဖြူတွေကို အပြာဖြစ်အောင် ကျကျနန အရောင်ပြောင်းလိုက်တော့သည်။ ပြီးလျှင် နေရောင်ပြထားလျက် ကျွန်တော်တို့ လက်တွေကိုလည်း ဆပ်ပြာနှင့် စင်စင်ကြယ်ကြယ် ဆေးထားလိုက်သည်။

မကြာမီဘဲ ဒေါ်ဂျမ်းဘုံရယ်၊ သူကြီးရယ်၊ ဆယ်အိမ်ခေါင်းကိုမဲတူက နှစ်လုံးပြူး သေနတ်ကြီး ထမ်းလို့ရယ် ကျွန်တော်တို့အိမ် ရောက်လာကြပါရောဗျာ။

သူကြီးက–

'မောင်တက်ပု၊ မဂျမ်းဘုံက ညက သူ့ကြက်မလေးပျောက်သွားတယ်၊ အဲဒါ မင်းခိုးယူပြီး ချက်စားပစ်တယ်လို့စွပ်စွဲတယ်၊ မင်း သန်းခေါင်လောက်မှာ ကြက်သားဟင်းချက်တဲ့ အကြောင်းလဲ သူ့တူမပန်းစုံက သက်သေရှိပါတယ်လို့ ငါ့ဆီလာတိုင်တယ်၊ ဒါကို မင်းက ဘယ်လိုများ ထုချေချက်ပေးနိုင်ပါသလဲ'

ကျွန်တော်–

'သူကြီးမင်းခင်ဗျာ၊ ကျွန်တော် ဒီနေ့မနက်မှာ ဘုန်းတော်ကြီး ဆွမ်းဟင်းကပ်ဖို့ သန်းခေါင်လောက်က ကြက်သားဟင်းချက်တာတော့ မှန်ပါတယ်၊ သို့သော် ကျွန်တော် ချက်တာဟာ ဒေါ်ဂျမ်းဘုံရဲ့ ကြက်ဖြူမလေး မဟုတ်ပါဘူး၊ ကျွန်တော့် အိမ်မှာ မွေးထားတဲ့ ကြက်ပြာမလေးသာ ဖြစ်ပါတယ်'

ဆိုပြီး ဇနီးဘက်လှည့်၍–

'ဟေ့ မနော်ရေ၊ အဲဒီကြက်မွေးတွေယူပြီး ပြလိုက်စမ်းပါကွာ'

ဆိုတော့ ကျွန်တော့်မိန်းမက ဆန်ကောထဲမှာ မဲနယ်ဆိုးထားသော ကြက်မွေးပြာပြာ တွေကို ယူပြလိုက်လေတော့ သူကြီးက–

'အေး. . . . . ဟုတ်ပေသားပဲ မဂျမ်းဘုံရဲ့ ခင်ဗျားဟာက ကြက်ဖြူမ၊ သူတို့ဟာက ကြက်ပြာမ ပဲ၊ ခင်ဗျား ဘာပြောချင်သေးသလဲ' ဆိုတော့ ဒေါ်ဂျမ်းဘုံမှာ ဘာမှမပြောနိုင်တော့သဖြင့် ဤအမှု ပြီးသွားပါတော့သည်။

စာရှုသူများခင်ဗျာ. . . . . အထက်ပါ ကျွန်တော် စာရေးဆရာဖြစ်စက 'ဖြူပြာမူလကျီ' ဝတ္ထု၏ အတိုချုပ် အဓိပ္ပာယ်ပါပဲ ခင်ဗျာ၊ အလျဉ်းသင့်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကဲ. . . . အခုလိုရင်း ဆက်ဦးစို့။

ဖော်ပြခဲ့သည့်အတိုင်း 'ဖြူပြာမူလကျီ' ဝတ္ထုမှာ ဓမ္မဂိုဏ်း၊ သံဃဂိုဏ်း မလွတ်တာတွေကို ဖြတ်၍ အသစ် ရေးပေးရမည်ဖြစ်သဖြင့် ခေတ်သစ် ယုန် လိပ် အပြေးပြိုင်ပွဲကို ရေးပြလိုက်သော အခါ ဦးကျော် အလွန်သဘောကျသွားလျက် ထိုအချိန်မှာ ပို့စ်မင်းလည်း ရောက်လာပြီဖြစ်၍ သူ ကျွန်တော့်အား ဝတ္ထုငါးပုဒ်ဖိုး ပေးစရာရှိသည့် ငွေ ၅၀ဝ ကို ပေးပြီးနောက်

'ခုနရေးပေးတဲ့ ယုန်နဲ့လိပ် အပြေးပြိုင်ပွဲ နောက်ဆက်တွဲကိုလဲ ကျွန်တော် သိပ်သဘောကျတယ်ဗျ၊ ခင်ဗျားကို ချီးကျူးတဲ့အနေနဲ့ နောက်ထပ် ငွေ ၂၀ ယူပါဦး' ဆိုပြီး ဆယ်တန် နှစ်ရွက် ထုတ်ပေးလေတော့ ကျွန်တော်ရုတ်တရက် စိတ်ကူးရပြီး 'ဒီမှာ ဦးကျော်၊ နောက်ထပ် ရှစ်ကျပ် ထပ်ပေးဦးဗျာ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့ ဗုဒ္ဓဘာသာ တရားတော်မှာ ၅၂၈ သွယ်သော မေတ္တာဆိုတာ ရှိတယ် မဟုတ်လား၊ ဒီတော့ ဦးကျော်နဲ့ ကျွန်တော်ဟာ ထာဝစဉ် ၅၂၈ သွယ်သော မေတ္တာနဲ့ သက်ဆုံး တိုင် ချစ်ခင်သွားကြရအောင်ပေါ့ဗျာ' ဆိုတော့ ဦးကျော် အင်မတန် သဘောကျလေ၍ ငွေရှစ် ကျပ်ထပ်ပေးလိုက်ပါသည် ခင်ဗျား။

ယင်း၌ အချိန်ကား ညနေ ၄–နာရီထိုးလေပြီ။ ကျွန်တော် သွားဖို့ သင့်ပါပြီ။ သို့သော် ရှုမဝမှာ ရေးဖော်တွေကို တွေ့လိုသဖြင့်–

'ရှုမဝကို တင့်တယ်တို့၊ သန်းဆွေတို့၊ မိုးဝေတို့ကော မလာတတ်ဘူးလားဗျ' မေးတော့ ဦးကျော်က–

'သန်းဆွေနဲ့ မိုးဝေတော့ လာချင်တဲ့အခါမှ လာတတ်ပါတယ်၊ တင့်တယ်ကတော့ မကြာမီ ရောက်လာပါလိမ့်မယ်၊ သူက ပြန်ကြားရေးဌာနမှာ လုပ်တာကိုး၊ ရုံးဆင်းရင် ညနေတိုင်း လာနေ ကျပဲ၊ သူက ရှုမဝမှာ တွဲဖက် အယ်ဒီတာလေ'

## ဟော – တင့်တယ်လာပါပြီ

သို့နှင့် ကျွန်တော်စောင့်နေလေရာ လေးနာရီခွဲခန့်၌ ဈေးအလယ်လောက်မှ ရှုမဝတိုက်ခန်းဆီသို့ ဦးတည် လာနေသော အသက် ၃၀–ခန့် လူတစ်ယောက်ကို ဦးကျော်က ညွှန်ပြ၍–

'ဟော ခင်ဗျားလူ တင့်တယ် လာပါပြီဗျား' ဆို၍ ကျွန်တော် လှမ်းကြည့်လိုက်တော့ အသားညိုညို၊ ဆံပင်က ထိုးထိုး ထောင်ထောင်၊ အရပ်က ကျွန်တော့်ထက်မြင့်မြင့်၊ ညာဘက် ပခုံးမှာ ဖဲထီးအရိုးကောက်ကိုချိတ်၊ ဘယ်ဘက်က လွယ်အိတ် မွဲခြောက်ခြောက်ကို လွယ်လျက် ဘေးဘီကို မကြည့်၊ ဦးခေါင်းငိုက်စိုက် ငိုက်စိုက်နှင့် ရှုမဝတိုက်ရှေ့တည့်တည့်ကိုသာ လျှောက် လာသည်။

အနီးရောက်၍ သူ့ကိုကျွန်တော် အကဲခတ်ကြည့်လိုက်တော့ သန်မာထူထဲသော မျက်ခုံး မွေးကြီးများ အောက်၌ ပြူးကျယ်သော သူ့မျက်လုံးကြီးများက စူးရှတောက်ပြောင်လှသည်။

လူကို တည့်တည့်မကြည့်တတ်။ ပေရင်းရင်းနှင့် ရှုပေသည်။ နှာခေါင်းကြီး၍ နှုတ်ခမ်းထူ ပြီး ပါးစပ်ကျယ်သည်။ နားရွက်ကားသည်။

မမြင်ဖူးသေးသော ကျွန်တော့်ကို ခတ်စောင်းစောင်းကြည့်သည်၌ ဦးကျော်က–

'သူ ဘယ်သူလဲသိသလား' ဟု မေးလိုက်သည်၌ သိပ်အရေးမကြီးသော မျက်နှာထားနှင့်–

'ကျွန်တော်ဟာ သတင်းနဲ့ ပြန်ကြားရေးဌာနမှလုပ်နေတဲ့ လူပဲဗျာ၊ ဒီနေ့မနက် မန္တလေး ရထားနဲ့ ဆရာကြီးရွှေဥဒေါင်း ဆရာကြီးမြမျိုးလွင်တို့နဲ့အတူ အသားဖြူဖြူ လူငယ်တစ်ယောက်ပါ လာတယ်ဆိုတာ ကြားပြီးသားပါဗျ. . . . .

'ဒီတော့ အခု နှုတ်ခမ်းပါးပါး၊ ပြုံးစိစိ၊ ဘာမထီမျက်လုံး အကြည့်နဲ့လူဟာ ကျွန်တော့်ကို ရှမဝမဂ္ဂဇင်းက ဟာသချန်ပီယံ သော်တာဆွေကလွဲရင် ဘယ်သူဖြစ်ရဦးမှာတုန်းဗျ၊ ကမ်းမွန် သူငယ်ချင်း ရိုတ်ကဟင်း' ဆိုပြီး တင့်တယ်က ကျွန်တော့်အား လက်ဆန့်ပေးလိုက်တော့သည်။

ဒီတော့ ဝမ်းသာအားရနှင့် ဦးကျော်က–

'သူ့ ဖြူပြာမူလကျီ ဝတ္ထုမှာ ဓမ္မဂိုဏ်း၊ သံဃဂိုဏ်း မလွတ်လို့ ခင်ဗျားက မထည့်သင်ဘူး ဆိုတာတွေလဲ သူ ဖြတ်ပစ်ပြီး အသစ် ဖြည့်ရေးတာ ပြီးပြီ၊ ခုညရိုက်တော့မှာ ခင်ဗျား စက်ပရု ကြည့်လိုက်ပါဦး' ဆိုပြီး စာမူယူပေးတော့ တင့်တယ်က စားပွဲမှာထိုင်၍ သေသေချာချာ ဖတ်ကြည့်ပြီး သူ့အသံပြဲကြီးနှင့် တဟားဟား ရယ်မောကာ. . . . .

'ဘဲတီးဂွဒ်၊ ဘဲမဂွဒ်၊ ဘဲကလေးတွေပါ ဂွဒ်ပဲ၊ ကောင်းလိုက်တာဗျာ' ဟုဆိုပြီး 'ဒီမှာ ဦးကျော် ကျွန်တော်တို့ ရှမဝ မဂ္ဂဇင်းမှာ ဘရန်ဒီ တစ်ပုလင်းနဲ့ ဝင်လာတဲ့လူကို ကျွန်တော်တို့က လဲ ဘရန်ဒီ တစ်ပုလင်းနဲ့ပဲ ဧည့်ခံဂုဏ်ပြုရလိမ့်မယ်ဗျ၊ ပေးစမ်း ပိုက်ဆံ' ဆိုတော့ ဦးကျော်က လည်း လျှောလျှောလျူလျူပဲ ငွေထုတ်ပေးလိုက်သဖြင့် မကြာမီ၌ တင့်တယ်နှင့် ကျွန်တော်သည် တာဝှားဘားသို့ ရောက်သွားကြလေ၏။

တယ့်တယ်နှင့် ကျွန်တော်သည် အသက်သုံးနှစ်မျှသာကွာ၏။ ယင်းအချိန်က သူက ၃၁–နှစ်၊ ကျွန်တော်က ၂၈–နှစ်ဖြစ်သော်လည်း ကျွန်တော်က အသားရောင် ဖြူဝင်းနုနယ်၍ အရွယ် တင်သဖြင့် အသက် ၂၀–ကျော် လောက်သာ အောက်မေ့ရသောကြောင့် ကျွန်တော်သည် သူ့ထက်များစွာ ငယ်သည်ထင်၍ အရက်တစ်ခွက်စီလောက် သောက်ပြီးကြသောအခါ သူက ကျွန်တော့်အား ညီငယ်သဖွယ် ရင်းနှီးလှစွာ–

'ဒီမယ် သော်တာဆွေ မင့် ဘရန်ဒီ တစ်ပုလင်းဝတ္ထု ရှမဝရောက်လာတော့ ငါ့က ဆေးရုံ တက်နေရတယ်ကွ၊ ပိုက်ဆံပေးခန်းမှာ နားနားနေနေ အေးအေးဆေးဆေး ဆေးကုခံ နေရတုန်း၊ ရှမဝရောက်လာတဲ့ ကလောင်သစ်တွေစာမူ ငါ့ဆီ ပို့လိုက်တော့ ငါ တစ်ပုဒ်ပြီး တစ်ပုဒ် ဖတ်နေ တာ၊

ဟာ မင့်ဝတ္ထုလဲကျရော ငါ လက်ထဲက မချနိုင်တော့ဘူး၊ ဖတ်ရင်း တဟားဟားနဲ့ ရယ်နေရ တော့ ငါ့ပြုစုရတဲ့ ကရင်ဆရာမလေး နော်ဖူးငုံက 'ဘယ့်နှယ် မနေ့က ကျွန်မတို့ ပေးတဲ့ ဆေးက သိပ်စွမ်းတာပဲနော်၊ ရှင် အခု တဟားဟားတောင် ရယ်နေရပြီ' ဆိုတော့ ငါက 'နင်တို့ ဆေးနဲ့ ဘာမှမဆိုင်ဘူးဟေ့၊ ဟောဒီဝတ္ထုကြောင့်ကွ' လို့ ပြောလိုက်တော့ သူကလည်း စာဖတ်ဝါသနာပါ သူဖြစ်နေတော့ 'အောင်မာ ဒီလောက်ကောင်းတဲ့ ဝတ္ထု ကျွန်မလဲ ပေးဖတ်စမ်းပါ' တောင်းတာနဲ့ ငါက 'အေး ခုညယူသွား၊ နက်ဖြန်တော့ ပြန်ယူခဲ့၊ ရှုမဝမှာ စာစီရတော့မယ်လို့ဆိုပြီး ပေးလိုက်တယ်။

တကတည်း နောက်နေ့ကျတော့ ပြန်ပေးရင်း နော်ဖူးငုံက ပြောတယ်။ ညက သူတို့ ဆရာမတွေ စုဖတ်ကြတာ ရယ်ရလွန်းလို့ မျက်ရည်တွေ ထွက်သူကထွက်၊ ရှူရှူထွက်တဲ့ ကောင်မလေးတွေ ထွက်ကြဦးမှာပဲကွ၊ အရင် ဝတ္ထုတွေထက်တောင် ကောင်းတယ်၊ တော သဘာဝ ဟာသ၊ ဘယ်သူမှဒါမျိုးမရေးဖူးသေးဘူး၊ ဒီမဂ္ဂဇင်းထွက်ရင် နော်ဖူးငုံဆီ ငါတစ်အုပ် ပို့ လိုက်ရဦးမယ်'

နော်ဖူးငုံကား ဆေးရုံတက်ရင်း တင့်တယ်နှင့် ရည်းစားဖြစ်သွား၏။

သူဆေးရုံက ဆင်းပြီးနောက် နော်ဖူးငုံ မည်သောနှစ်ကျပ်တန် လုံးချင်းဝတ္ထု တစ်ပုဒ် တောင် ရေးလိုက်သေး၏။

အဲသည်တုန်းက အချစ်အလွမ်း ပျသာညေနန ဝတ္ထုတွင် တင့်တယ်ခေတ် ဖြစ်၏။

တင့်တယ်အား နှုတ်ခမ်းနီ ပါးနီကလေး တို့၏ အသည်းစွဲ စာရေးဆရာဟု ဒဂုန်တာရာ က ရေး၏။

ဟာသမှာတော့ သော်တာဆွေက ချန်ပီယံဟု ဆရာတက်တိုးက ဆို၏။

တင့်တယ်သည် ကျွန်တော်၏ ဖြူပြာမူလကျီဝတ္ထုကို သဘောကျလှသဖြင့် 'တက်ပု၊ ဟစ်တစ်လုံးတို့ သားအဖေ ဝတ္ထုများကို ဆက်လက်ရေးရန် တိုက်တွန်းသောကြောင့် ဟစ်တစ်လုံး ချိုချိုစို့ချင်လို့၊ 'ကြက်သမား ဟစ်တစ်လုံး'၊ 'ဟစ်တစ်လုံးနှင့်ဦးကြီးပု' ဝတ္ထုတိုများ အပြင် 'ဘွန္ဓောကြက်သူခိုး' ဟူသော လုံးချင်း ဝတ္ထုရှည်ကြီးကိုလည်း ရေးခဲ့ရာ ၎င်းဝတ္ထုကို ၁၉၅၆–ခုနှစ်က ဘီသုံးလုံး ရုပ်ရှင်ကုမ္ပဏီ ဦးဘခန့် (ယခု ဒါရိုက်တာ အောင်မြင့်မြတ်၏ဦးလေး) က ဒါရိုက်တာ ရွှေညာမောင်၊ မင်းသားဖိုးပါကြီး၊ မင်းသမီး ရွှေစင်မေတို့နှင့် ရုပ်ရှင် ရိုက်ခဲ့သည်။ ဦးဘခန့် တော်တော်ထောသွား၏။

ကဲ. . . . စာအလျဉ်းသင့်၍ ဘောလ်ပင် ချော်တောင်ေ့ါသွားသည်။ လိုရင်း ပြန်ဆက်ကြစို့။

တာဝှားဘားတွင် တင့်တယ်နှင့် ကျွန်တော်သည် အစိမ်းကြော် တစ်ခွက်နှင့် ဘီရိုက် ဘရန်ဒီ တစ်ပုလင်း ထောင်ခဲ့ကြရာ ၎င်းပုလင်း စားပွဲအောက် ဆင်းသွားသည်၌ ကျွန်တော်တို့ နှစ်ယောက်လည်း ချက်ချင်း ငယ်သူငယ်ချင်းအဖြစ်သို့ ရောက်သွားကြလေသည်။

ထိုစဉ်က ရှုမဝတိုက်သို့ ပေးပို့သော ကျွန်တော့် လိပ်စာမှာ သော်တာဆွေ၊တစ်ဆင့် ဆရာကြီးရွှေဥဒေါင်း၊ လူထုသတင်းစာတိုက်၊ မန္တလေးဖြစ်၍ တင့်တယ်က ကျွန်တော့်အား မန္တလေးသားဟု ထင်နေသဖြင့်–

'မောင်ဆွေ မင်း မန္တလေးမပြန်ခင် ငါ့အိမ်မှာပဲနေကွာ၊ မင်း ငါ့အိမ်ရောက်ရင် ပြန်ချင်မှာ တောင် မဟုတ်တော့ဘူး၊ ဘာပြုလို့လဲဆိုတော့ ငါ့ခယ်မကြီးက တော်တော်ချောတယ်ကွ'

ဟုတ်ပါ၏။ ကြည့်မြင်တိုင်၊ အိုးဘို့လမ်း အမှတ် (၇၀) တင့်တယ်၏အိမ်သို့ ရောက်ကြ သောအခါ သူ့ဇနီး မအေးစိန်၏ ညီမ မခင်စိန်က တော်တော့်ကို နိပ်ပေ၏တကား။

\+ + +

ကျွန်တော့်ဘဝတာကို ပြန်လည် စိစစ်ကြည့်သော် ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြို့ပင် ရွာတွင် ၁၂၈၁–ခုနှစ် ကဆုန်လဆုတ် ၁၃–ရက် (၂၆–၅–၁၉)နေ့တွင် လယ်သမားကြီး ဦးဘိုးဆယ်– အမိဒေါ်လှရင်တို့မှ မွေးဖွားခဲ့၍ ၁၉၃၈–ခုနှစ်တွင် ၁၀–တန်း အောင်ခဲ့ပြီးနောက် ကြည့်မြင်တိုင် ဆရာအတတ်သင်ကျောင်းသို့ရောက်၊ ထို့နောက် ဆရာဖြစ်အောင်ပြီးသော် အင်္ဂလိပ်စာ တစ်လုံးမှ မတတ်သေးသဖြင့် စမ်းချောင်း မအူပင်လမ်းရှိ ဒေါ်မမ **B.A.D.T** ၏ အင်္ဂလိပ်စာ အလွတ် ပညာသင်ကျောင်း၌ နေစဉ် ၁၉၄၁–ခုနှစ်မှာ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လေ၏။

ပညာသင်ခြင်းကို ရပ်လိုက်ရပြီး ဂျပန်ခေတ်တွင် ကျောင်းနေစဉ်ကပင် မအူပင်လမ်း၌ ချစ်ကြိုက်ခဲ့သော ဩမာဂေ နော်မာနှင့် အိမ်ထောင်ကျပြီး ယောက္ခမကြီး၏ ခိုင်းစေချက်အရ မြင်းလှည်းမောင်းခဲ့ရသည်။

ထို့နောက် ၁၉၄၅–ခုနှစ်မှာ ဂျပန်စစ်ရှုံး၍ အင်္ဂလိပ်တွေ မြန်မာပြည်ပြန်ရောက်၊ ၁၉၄၆–ခုနှစ် ကက်စ်ဘီခေတ်တွင် ရန်ကုန်မြို့မှာ ဘတ်စ်ကားတွေ ပြန်ပေါ်လာ၍ မြင်းလှည်းအလုပ် မကောင်းတော့သဖြင့် ကျွန်တော်သည် ဇနီးနှင့် သမီးလေး တစ်ယောက်ကိုခေါ်ကာ မိမိဇာတိရွာ သို့ ပြန်သွားရပြီး ဖခင်၏ ဆောင်ရွက်ပေးမှုဖြင့် ဆန်ကုန်သည်ဖြစ်ကာ အထက် မြန်မာပြည်သို့ ရောက်သွားပြီး သကာလ ကုန်ရှုံး ကြွေးကျန်နှင့်အိမ်မပြန်နိုင်ဘဲ ကသာမှာ သောင်တင်နေစဉ် ကံအားလျော်စွာ မသူဆိုသည့် မိန်းကလေးနှင့် ခေတ္တညားခဲ့သည်။

ကျွန်တော့်ကံဇာတာမှာ အိမ်ထောင်သုံးဆက် ရှိရမည် ဆိုသဖြင့် သူ့အား ဒုတိယမယား ဟု သတ်မှတ်ရပါမည်။

ထို့နောက် မန္တလေး ပြန်ရောက်၍ စာရေးဆရာ ဖြစ်လာကာ တိုင်းပြည်မှာ တော်တော် လေး နာမည် ရလာသည်၌ (ယခင်လက ဖော်ပြခဲ့သည့်အတိုင်း ဆရာကြီး ရွှေဥဒေါင်းနှင့်အတူ ရန်ကုန်သို့လာခဲ့ပြီး) မအူပင်လမ်းရှိ ယောက္ခမကြီးအိမ်ထက် ပြန်တက်ရသည်။

ထိုအခါ ကျွန်တော့်သမီး အကြီးဆုံးလေး ဒင်ပယ်လ်ဆွေနှင့် ရွာက အဖေ့အိမ်တွင် မွေးခဲ့သော သား ကျော်ကျော်ခေါ် ကျွန်တော့်ဝတ္ထုများထဲတွင် ဟစ်တစ်လုံးနှင့်ပါ ကလေးနှစ်ယောက် ရှိနေပြီဖြစ်၍ ယောက္ခမကြီးက 'မင်းတို့သားအဖ သုံးယောက်အတွက် ငါ့ကို ထမင်းလခ တစ်ရာ ပေးရမယ်' ဟု ဆို၏။

ထိုအချိန်သည် ကက်စ်ဘီခေတ် အင်္ဂလိပ်ငွေပဲဖြစ်ရာ ကုန်ဈေးနှုန်းသည် ကလေး နှစ်ယောက်နှင့် ကျွန်တော်တို့လင်မယားအတွက် ထမင်းလခ ၁၀၀ ဆိုသည်မှာ ကျွေးရသူလည်း မနာ၊ စားရသူကလည်း ပေးထိုက်ပါပေသည်။

ထို့နောက် လွတ်လပ်ရေးရပြီး မြန်မာငွေဖြစ်လာသောအခါ ကျွန်တော်တို့တွင် တတိယ ရင်သွေး သော်သော် (ယခု ဒေါက်တာ အောင်သော်) ကို ၁၉၄၉–ခုနှစ်တွင် မွေးသောအခါ ယောက္ခကြီးက နောက်ထပ် ၅ဝ–တိုးကာ ၁၅ဝ တောင်းသည်။

ဒီတော့လည်း ကိစ္စမရှိပါ။ သော်တာဆွေလူကြိုက်များလာ၍ ကျွန်တော့်ဝတ္ထုတွေ တန်ဖိုး ကလည်း တိုးနေပြီကပဲ။

သို့ရာတွင် ကျွန်တော့် ယောက္ခမအတွက် တစ်ခုခက်သည်မှာ သူ့အား ပထမဦးဆုံး အကြိမ် ထမင်းလခကို အင်္ဂလိပ်ပဲ လဆန်း ၁၀–ရက်နေ့တိုင်း ငွေမပေးနိုင်ပြီဆိုလျှင် သူ ဒီငွေမရ မချင်း ဂျီတိုက်တော့သည်။

လေးငါးရက်ကျော်လာလျှင် ကျွန်တော့်အား အိမ်ပေါ်က မောင်းချတော့သည်။

ကျွန်တော့် အလုပ်သည် လခစားမဟုတ်၊ ငွေရချက် နေ့ရက် မမှန်ဘူးဆိုသည်ကို သူ လက်မခံ။

'ဟဲ့ – နင့်ကို ဘယ်သူက စာရေးဆရာ လုပ်ခိုင်းလို့လဲဟဲ့၊ ငါတို့က မိစဥ်ဖဆက် လစ စားမျိုး၊ လခစားအလုပ်မှ ကြိုက်တယ်လို့ ငါပြောခဲ့ပြီ မဟုတ်လား'

'နေပါဦး အန်တီ၊ ကျွန်တော်တို့ အခု အန်တီဆီမှာ ထမင်းလခ ပေးစားနေခဲ့တာ နှစ်နဲ့ချီ နေပြီ၊ ဘယ်တုန်းကများ တစ်လမပေးခဲ့တာ ရှိလို့လဲ၊ တစ်ပြား လျှော့ခဲ့လို့လဲ၊ နေ့ရက် မမှန်တာ နောက်ကျတာပဲ ရှိခဲ့တယ်မဟုတ်လား'

'အဲဒီ နောက်ကျတာကိုပဲ ငါမကြိုက်တာဟေ့ မောင်ကျင်မောင်ရေ့'

သည်တော့ ကျွန်တော်လည်း စိတ်တိုလာကာ

'ဟာ – မကြိုက်လဲ မတတ်နိုင်ဘူးဗျို့ ကျွန်တော်က ဝတ္ထုတစ်ပုဒ်ပြီးမှ တစ်ပုဒ်ဖိုးရတာ၊ အခုရေးလို့ မပြီးသေးဘူးဗျ၊ ရေးနေတုန်း'

'ဒါဖြင့် အဲဒီဝတ္ထု မပြီးမချင်း ငါ့အိမ်ပေါ်မှာမနေနဲ့'

'မနေဘူးဗျာ သွားတယ်' ဆိုပြီး ကျွန်တော် သူ့အိမ်ပေါ်က ဆင်းခဲ့တော့လည်း လုပ်ပြန်သေး၏။

'ဟေ့ – မင်း ဆင်းသွားရုံတင် ပြီးရိုးလားကွ၊ မင်းသားမယားပါ ခေါ်သွားကွ'

'မခေါ်ဘူးဗျ မခေါ်ဘူး၊ ခင်ဗျားသမီးနဲ့ ခင်ဗျားမြေးတွေ ထမင်းမကျွေးဘဲ သတ်ပစ်ချင် သတ်ပစ်ဗျာ'

သည်တော့ သူ အိမ်အတွင်းဘက်လှည့်၍ နော်မာကို အော်ပြန်တော့၏။

'ဟဲ့ကောင်မ ကြားရဲ့လား၊ နင့်လက် တောသားက ငါ့ကို စော်ကားသွားတာဟဲ့'

သူတို့သားအမိချင်းတော့ ဘယ်လိုဖြစ်ဖြစ်၊ ကျွန်တော် နားထောင် မနေတော့ဘဲ အမြန်လစ်ခဲ့တော့၏။

စင်စစ် သူ့တွင် ငွေမရှိ၍မဟုတ်၊ ရွှေပေါင်၊ စိန်ပေါင်ခံပြီး ငွေတိုးချေးစားနေသူ ဖြစ်၏။

ထိုအချိန်တွင် ကျွန်တော့်ယောက္ခမအိမ်က မောင်းချလိုက်တိုင်း ကျွန်တော် သွားနေရန် အိမ်တွေက အများကြီးရှိ၏။

အစ်မကြီး ခင်မျိုးချစ်အိမ်၊ မင်းရှင်နော်အိမ်၊ ကျော်အောင်၊ မြသန်းတင့်၊ အောင်လင်းတို့ ပခုက္ကူသားတွေ နေကြသော ကိုသန်းတင် ဒေါ်မြမြ အိမ်၊ အနီးဆုံးကား ကျွန်တော် အင်္ဂလိပ် စာသင်ခဲ့သော ဆရာကြီး ဒေါ်မမ (ကျွန်တော်တို့က ချစ်စနိုးခေါ်ခဲ့သော နံနီ၏အိမ်။)

နံနီအိမ်သည် အမှတ် ၁၁၊ ယောက္ခမကြီးအိမ်က ၁၇ မို့ ပေ ၈၀ ပဲ ဝေးတယ်။

ဆရာမကြီး ဒေါ်မမသည် စစ်ပြီးခေတ်မှာ အင်္ဂလိပ်စာတစ်ခုတည်းသာ မဟုတ်တော့ဘဲ မူလတန်းမှ ၁၀–တန်း အထိ ဘာသာစုံအတွက် ပညာသင်ကျောင်း ဖွင့်ပြီး ကျောင်းဘော်ဒါတွေ လည်း ထားသည်မို့ ကျွန်တော့်တစ်ယောက်စာ ထမင်းတော့ ဘယ်အချိန် ဝင်စားစား၊ နို့ပြီး ကျွန်တော့်အား အိပ်ရန် ကင်းမကော့ တစ်ခုနှင့် စာရေးစားပွဲလည်း ပေးထားသေးသည်။

ဆရာမကြီး (နံနီ)သည် ကျွန်တော် ကျောင်းသားဘဝနှင့် သူ့အိမ်မှာနှစ်နှစ်၊ မြင်းလှည်း သမားအဖြစ်နှင့် ဂျပန်တစ်ခေတ်လုံး အိမ်ချင်းနီးကပ်စွာ နေခဲ့ရသဖြင့် ဆရာတပည့်မက သားအမိလို နေခဲ့ကြသည် ဖြစ်သောကြောင့် ယခု ကျွန်တော် နာမည်ကျော် စာရေးဆရာ ဖြစ်လာသောအခါ ဝမ်းသာကြသည်။ သူ့ ဝမ်းမနာသားဟု ဂုဏ်ယူသည်။ ကျွန်တော်ကလည်း နံနီ အား ပြ႒သိ ၁သအ့နမ ဟု ပြောသည်။

ကျွန်တော် မြင်းလှည်းသမား ဘဝတုန်းကလည်း ယောက္ခမနှင့် ဘောက်ကျတိုင်း သူ့အိမ် လာနေကျမို့ ယခုစာရေးဆရာဘဝ၌ ယောက္ခမနှင့် ရန်ဖြစ်လာတော့လည်း နံနီအဖို့ မဆန်း တော့ပြီ။

နံနီသာမဟုတ်၊ ဒီလို သမီးယောက္ခမ ပူညံ့ ပူညံ့ ဖြစ်ကြတာဟာ တစ်ရပ်လုံးမှာ ရှိနေပါ ပြီ၊ ဘာကြောင့်ဆို အင်္ဂလိပ် လဆန်း ၁၀–ရက်ကျော်လို့ သူ့ထမင်းလခ အကြေ မပေးနိုင်တိုင်း ဖြစ်နေကြတာကို။ ထို့ကြောင့် အချို့က စာချိုးထားကြသည်။

အဲဟိုက ဆူညံညံ

ဘာသံလဲမေး

မေးပါနဲ့လေ

သော်တာဆွေ သူ့ယောက္ခနဲ့

ဘောက်ကျလို့လေး. . . . . တဲ့။

နို့ပြီး ကျွန်တော်တို့ သမီးယောက္ခတွေ ဘယ်တော့ ပြန်တည့်ကြသလဲ. . . . တဲ့။

ကျွန်တော် ဝတ္ထုရေးပြီးလို့ ပိုက်ဆံ ရတဲ့အခါမှာ ကိုယ့်သားသမီးလေးတွေ လွမ်းလို့ အိမ် ပြန်ပြီး ယောက္ခကြီးအား သူ့ထမင်းလခကို ကျွန်တော် အကြေပေးလိုက်တဲ့ အခါမှာပါပဲဗျာ။

ကျွန်တော်သည် ဤပထမဇနီးနှင့် ၁၂–နှစ်မျှ ကလေး ငါးယောက်ရအောင် ပေါင်းသင်းခဲ့ ပါသည်။

လင်မယားချင်း တစ်ခါမှ ရန်မဖြစ်ခဲ့ရ၊ ယောက္ခမနဲ့ပဲ အကြိမ်ပေါင်း မရေမတွက်နိုင် အောင် ရန်ပွဲကြီးငယ် အသွယ်သွယ် နွှဲခဲ့ရပါသဆို။

နော်မာနှင့် ကျွန်တော် ညားခြင်းသည် သူ့အမေနှင့်ကျွန်တော် ရန်ဖြစ်ဖို့ သူတို့ဘုရား သခင်က ဖန်တီးလိုက်ခြင်းဖြစ်တော့သည်ဟု ပြောဖို့ကောင်းတော့သည်။

ကျွန်တော့်ဇနီး နော်မာကား သူ့အမေနှင့် ကျွန်တော့်အကြားမှာ ဘာမျှအသုံးမကျ။ ဘာမျှ နားမလည်၊ ကျွန်တော့်ဘက်က တစ်ခွန်းတစ်ပါဒမျှ ကူညီမပေးနိုင်သည့်ပြင် ကျွန်တော် နံနီအိမ် သွားရောက်နေထိုင်၍ စာရေးနေစဉ် အခါမှာပင် နေ့စဉ်လို စာရေးစားပွဲနားလာပြီး. . . .

'ကိုကြင်ဆွေ မာမီက ပိုက်ဆံမရေးသေးဘူးလားတဲ့'

'ဟဲ့. . . . မရသေးဘူးဟဲ့၊ မရသေးဘူး၊ အခုမှ ငါဝတ္ထုရေးနေတုန်းဟဲ့၊ သွား သွား၊ နင့်မျက်နှာ မြင်၊ နင့်အသံကြားရရင် ငါ စာရေးလို့ မဖြစ်တော့ဘူး'

ဒါ အမှန်ပဲဖြစ်၏။ ကျွန်တော်သည် လက်ရှိဘဝကိုမေ့ကာ စာရေးဆရာတို့၏ သမထဖြင့် စိတ်ကူးယဉ်ရှာနံ ဝင်စား၍ စာရေးနေရခြင်း ဖြစ်ပါသည်။

ကိုယ့်ဝတ္ထု ဇာတ်လမ်းထဲက ဇာတ်ကောင်တွေနှင့် ဘဝသစ်သို့ ရောက်နေခြင်း ဖြစ်ပါသည်။

ဤလို ဆိုးရွားသော ယောက္ခမနှင့် ဒီမျှ အသုံးမကျသော ဇနီးကို ပေါင်းသင်းရင်း ဟာသဝတ္ထုတွေ ရေးနေရသော ကျွန်တော်မှာ ကိုယ့်လက်ရှိဘဝကိုမေ့လျက် ကျွန်တော့်ဝတ္ထုတွေ ထဲမှာ ရေးသည့်အတိုင်း မိမိအား လူပျိုထင်၍ ချစ်နေကြသော ရည်းစားကလေးတွေ၏ ခတ်ပုံ နှင့် စာများသာ ကျွန်တော့်အတွက် အားဆေးများ ဖြစ်နေပါ၏။

ယင်း၌ စာဖတ်သူက မေးချင်ပေလိမ့်မည်။ လူပျိုလို့ လိမ်ပြီး မိန်းကလေးတွေကို ရည်းစား လုပ်တာ ကောင်းသလား ဒီမိန်းကလေးတွေ ဖျက်ဆီးရာ မရောက်ဖူးလား။

မရောက်ပါဘူး၊ ကျွန်တော့် လက်ရှိအိမ်ထောင်ကို စွန့်ပစ်ပြီး အတည်ယူမည် စိတ်မကူး ဘဲနှင့် မည်သည့်အမျိုးသမီးကိုမှ မကျူးလွန်ခဲ့ပါ။ သာဓကတွေ ပြစရာ အများကြီး ရှိပါသည်။

## မကြင်ဆွေ

သူကလေးကား ကျွန်တော့်အား စာဖြင့်မိတ်ဖွဲ့ လာသူမဟုတ်ချေ။

၁၉၄၈–ခုနှစ်၊ ကျွန်တော်တို့ စာရေးဆရာတွေ စုပေါင်း၍ ပဒေသာမဂ္ဂဇင်း ထုတ်ဝေနေ စဉ်က တစ်ခုသော လဆန်းရက် စာအုပ်ထွက်စ အချိန်တွင် ဘုရားလမ်း၊ ပဒေသာမဂ္ဂဇင်းတိုက်ရှိ ရာ သာဓု၏အိမ်သို့ အသက်အစိတ်မျှ ခန့်မှန်းရသော အမျိုးသမီးတစ်ဦး ရောက်လာသည်။

ပုံမှန်းမှာ ရန်ကုန်မြို့သူ မဟုတ်။ ကုန်ပစ္စည်း အထုတ်တွေ အပြည့်ထည့်ထားသော လက်ဆွဲခြင်းတစ်ခုကို ခေါင်းပေါ်ရွက်လာသည်။ လက်နှစ်ဖက်ကလည်း အထုတ်တွေ ဆွဲလာသည်။ ရုပ်ရည်ကား တရုတ်သွေးစပ်၍ အသားဖြူပြီး ဝါဝင်းသော မျက်နှာနှင့် ချောမော လှပသူဖြစ်သည်။

ထိုအချိန်၌ ထိုအိမ်မှာ မဂ္ဂဇင်း အတွင်းပုံတွေကို စက်ရိုက်နေသော ကုလားကလေး မောင်လှမှတစ်ပါး အခြားသူ မရှိသဖြင့် အစဦးတွင် သူ့ကို သာဓုအိမ်လာသော ဧည့်သည် တစ်ယောက်ဟု အောက်မေ့၍ သူ့ခေါင်းပေါ်က လက်ဆွဲခြင်းကြီးကို ကူချပေးရင်း–

'ဘယ်သူ့တွေ့ချင်လို့လဲ၊ သာဓုတို့ မညိုတို့ အိမ်သားတွေတော့ တစ်ယောက်မှ မရှိကြဘူး၊ ကလေးတွေလဲ ကျောင်းသွားကုန်ကြတယ်'

ထိုအခါ ဌေးရာသီ နေ့လယ် ၂–နာရီလောက်ဖြစ်ရာ ပူအိုက်လှသဖြင့် သူသည် သူ့ခေါင်း ခုသဘက်လေးဖြည်၍ မျက်နှာက ချွေးများကို သုတ်လျက်–

'ကျွန်မ ဒီအိမ်လာတဲ့ဌေ့်သည် မဟုတ်ပါဘူးရှင့်၊ ပဒေသာတိုက်ကို လာခဲ့တာပါ'

ကျွန်တော့်ရှေ့က ကုလားထိုင်ကို ညွှန်ပြလိုက်ပါသည်။

ကျွန်တော့်စိတ်တွင် စာမူပို့ထားသူဖြစ်၍ စာမူအကြောင်းမေးတော့မည် ထင်ကာ စာမူဆိုတာကလည်း ရတ်တရက် ရှာရလွယ်သည်မဟုတ်၍ စိုးရိတ်စိတ်ဖြင့် မေးမိသည်။ သို့သော်–

'တခြားကိစ္စ မဟုတ်ပါဘူးရှင်၊ ကျွန်မ ပဒေသာ မဂ္ဂဇင်းတစ်အုပ် ဝယ်ချင်လို့ပါ'

သည်တော့မှ ကျွန်တော်ရင်ထဲ အလုံးကြီးကျသွားကာ–

'မဂ္ဂဇင်းဟာ ဈေးထဲ ဘယ်ဆိုင်မှာပဲ ဝယ်ဝယ် ရသားပဲ၊ ဒီမျှား အပင်ပန်းခံပြီး လာလို့ဗျာ'

'သြော် ဒီ ဆန်းကဖေးမှာ မုန်ကဝယ်ရအောင် လာရင်းနဲ့ ပဒေသာမဂ္ဂဇင်းတိုက်ဆိုတာကို လှမ်းမြင်နေရလို့ပါ'

(ဟိုတုန်းက ဆန်းကဖေးနှင့် သာဓုအိမ်က တစ်လမ်းခြား မျက်စောင်းထိုးပါ)။

'သြော် ဟုတ်လား၊ ဒါပေမယ့် ကျွန်တော်တို့က ရန်ကုန်မှာ တစ်ဦးတည်း ကိုယ်စားလှယ် ပေးထားတော့ တိုက်ကနေပြီးတော့ ဒီလို တစ်အုပ်စနှစ်အုပ်စ မရောင်းဘူးခင်ဗျ၊ ဒါပေမယ့် ဒါကို မသိလို့ နေပူကြီးကျဲကျဲမှာ အပင်ပန်းခံပြီးလာခဲ့တဲ့သူကိုတော့ ကျွန်တော်က အလကား ပေးလိုက်ပါမယ် ခင်ဗျာ'

ဆိုပြီး စားပွဲအံဆွဲထဲမှာ အသင့်ရှိတဲ့ စာတစ်အုပ် ထုတ်ပေးလိုက်၏။

ဒီတော့ သူက စာအုပ်ကို အမြတ်တနိုးကိုင်ပြီး

'ဟင် အားနာစရာကြီး၊ ပိုက်ဆံတော့ ယူမှပေါ့ရှင်' ဆိုပြီး အသီးဘုကလေးနှစ်ခုနှင့် ကန့်လန့်ပိတ်ရသော သူ့ပတ္တာအိတ်ကို ဖွင့်တော့ (စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်နေတာပဲ) ကျွန်တော်က ပြန်ပိတ်လိုက်တာမှာ လက်ချင်း ထိသွားတယ်လေ၊ ရင်ထဲ နွေးသွားပြီး 'မလုပ်ပါနဲ့ ဗျာ၊ ကျွန်တော် မျက်စိစွံနေပါဦးမယ်'

ဒီတော့ သူက ပြုံးလာသည်။ သူ့ သွားကလေးများလည်း လှ၏။

'ကျွန်မလေ ပဒေသာမဂ္ဂဇင်းကို သိပ်ကြိုက်တာပဲ၊ လစဉ်အမြဲ ဝယ်ဖတ်တယ်'

'ဟာ ဒါဖြင့်ရင် ဒီကိုလာဝယ်မနေဘဲနဲ့ စာအုပ်က အိမ်ကို အလိုလိုရောက်လာအောင် လုပ်ပါလား'

'ဘယ်လိုလုပ်ရမလဲရှင်'

'ပဒေသာအဖွဲ့ကို ကြော်ငြာကို မဖတ်မိဘူးထင်တယ်'

ကျွန်တော်တို့ မဂ္ဂဇင်းမှာ အခြားမဂ္ဂဇင်းတွေထက်ရောင်းကောင်းအောင် ထွင်ထား သော 'ပသောအဖွဲ့' ဟူ၍ရှိသည်။ ခြောက်လအတွက် ၁၂ ကျပ်၊ တစ်နှစ်အတွက်ဆိုလျှင် ၂၄ ကျပ် ကြိုတင်ပေးပို့ထားပါက ပဒေသာအဖွဲ့ဝင် နံပါတ်ကိုပေးထားပြီး လစဉ်စရိတ်ငြိမ်း အိမ်သို့ စာအုပ်ပေးပို့သည်။

ယင်းပဒေသာ အဖွဲ့ဝင်ထဲမှာ စာရေးဝါသနာ ပါသူဆိုလျှင် စာမူများ ပေးပို့ပါက ကောင်းလျှင် ပဒေသာ မဂ္ဂဇင်းမှာ ထည့်သုံးမည်။ လိုသေးလျှင် ဝေဖန်စာနှင့်အကြောင်းပြန်သည်။ အဖွဲ့ဝင်လိုသူများ လိပ်တပ်ရန်မှာ. . . . .

ပသေသာအဖွဲ့

တာဝန်ခံ သော်တာဆွေ

အမှတ် (၁) ဘုရားလမ်း၊

ရန်ကုန်မြို့ ဖြစ်၏။

ယင်းသို့ဖြင့် ငွေကြိုပေးထားသော အဖွဲ့ဝင်တွေ တော်တော်များများရှိ၏။

ထို့ကြောင့် သူကလေးက–

'သြော် – ဖတ်မိတယ် ဖတ်မိတယ်၊ ဟုတ်ပါရဲ့ရှင်၊ ကျွန်မ အခုပဲ အသင်းဝင်သွား ချင်တယ်၊ အဲဒီ ပဒေသာအဖွဲ့တာဝန်ခံ သော်တာဆွေ ရှိရဲ့လား၊ သူ့လဲ ကျွန်မတွေ့ချင်တယ်'

'ဘာကိစ္စရှိလို့လဲ'

'သြော် – သူ့ဝတ္ထုတွေကသိပ်ရယ်ရတော့ သူ့ရုပ်က ဘယ်လိုနေမလဲ၊ ဘယ်လောက်ကြီး မလဲ သိချင်တာပေါ့၊ သူ့စာတွေထဲမှာ ဖတ်ရတာ သူက လူပျိုနော်'

ဤနေရာ၌ ကျွန်တော် ပီတိဖြစ်သွားကာ တိုင်ရိုက် အဖြေမပေးသေးဘဲ–

'ကျွန်တော် ခင်ဗျားနဲ့ နှစ်ယောက်စပ် ထီ ထိုးလိုက်ချင်သဗျာ'

'ဘာဖြစ်လို့လဲ'

'ခင်ဗျားဟာ သိပ်ကံကောင်းတယ်ဗျာ၊ ခင်ဗျား လိုချင်တဲ့ဆန္ဒဟာ အခုချက်ချင်း ပြည့်နေတာပဲ'

'ဘာပြည့်တာလဲရှင်'

'ခင်ဗျ‌ား ပဒေသာအဖွဲ့ဝင်ချင်တယ်၊ နို့ပြီး သော်တာဆွေကို တွေ့ချင်တယ် မဟုတ်လား'

'ဟုတ်ကဲ့'

'အခု သူနဲ့တွေ့နေတာပဲ၊ ငါးမိနစ် ကျော်သွားပြီဗျ' ဟု ကျွန်တော်က လက်ကနာရီကို ကြည့်၍ ပြောလိုက်တော့ သူရုတ်တရက် အံ့အားသင့်သွားရာမှ ချက်ချင်းပဲ အားပါးအရ ပြုံးလိုက်ကာ–

'ဟာ ဆရာ' ဆိုပြီး စာဖတ်သူနှင့် စာရေးဆရာတို့၏ထုံးစံ ရုတ်ခြည်းပဲ ရင်းနှီးသော အသွင်တို့ ဆောင်သွားသည်၌ ကျွန်တော်က–

'နာမည် ဘယ့်နှယ်ခေါ်သလဲ'

'မကြင်ရွှေပါ'

'ဟာ ကိုယ်တို့နှစ်ယောက်တော့ မောင်နှမ အရင်းတောင်ဖြစ်နိုင်တယ်ဟေ့'

'ဘာလို့လဲ ဆရာ'

'ကျွန်တော့် လူနာမည်ကလဲ မောင်ကြင်ဆွေကိုးဗျ'

ဒီတော့ သူ ရဲရင့်သွက်လက်လာကာ–

'ဒီလိုဆို ဟန်ကျတာပေါ့ဆရာ၊ ကဲ – ပဒေသာအဖွဲ့ ဝင်ရအောင်၊ ဝင်ကြေး ဘယ် လောက် ပေးရမလဲ'

ထိုစဉ်က မဂ္ဂဇင်းတစ်အုပ် နှစ်ကျပ်ဖြစ်၍

'ခြောက်လအတွက်ဆိုရင် ၁၂ ကျပ်၊ တစ်နှစ်တွက် ၂၄ ကျပ်'

ကျွန်တော်သည် အံဆွဲထဲမှ ပဒေသာအဖွဲ့ဝင် လက်ခံ စာအုပ်ကို ထုတ်လိုက်သည်။ သူက ပိုက်ဆံအိတ်ထဲမှ ငွေကိုထုတ်၍–

'ဆရာ ကျွန်မ တစ်နှစ်တွက်ပဲ ဝင်ခဲ့မယ်'

'ကောင်းတာပေါ့'

ဤ (ကောင်းတာပေါ့)မှာ အဓိပ္ပာယ် နှစ်ခုပါသည်။

အကြောင်းမှာ ထိုစဉ်က ကျွန်တော်တို့ ပဒေသာ မဂ္ဂဇင်းလုပ်သော စာရေးဆရာများ သည် ကိုယ့်စာမူရေးခကိုတစ်ပြားမှ မယူရဘဲ တန်ဖိုးကို ပဒေသာ ရှယ်ယာဝင် စုငွေထား၍ လောလောဆယ်အားဖြင့် လုပ်ခတစ်လ ၁၀၀ စီသာ ယူကြရာ ဒီလဆန်းမှာ ကျွန်တော် တစ်ပြားမှ မရသေး။

ဒီနေ့ ငွေကိုင်သူ သာဓုက စာအုပ်ဖိုးငွေတွေ သွားတောင်းနေသည်ကို ကျွန်တော် ထိုင်စောင့်နေခြင်းဖြစ်၏။

ဤသို့ လုပ်ခ တစ်လ ၁၀၀ ဆိုသော်လည်း ဘယ်တော့မှ လုံးခနဲ ရသည်မဟုတ်၊ နှစ်ဆယ်စီ အစိပ်စီ အလီလီ ရလေရာ ၊ ဟောဒီ မကြင်ရွှေကလေး ဆီက အသင်းဝင်ကြေး ၂၄ ကျပ် ရလိုက်ပြီဆိုတော့ ကျွန်တော်ဒီနားထိုင်၊ သာဓုကို အချိန်ကုန်ခံပြီး စောင့်စရာ မလိုတော့ပြီ။

ကလေးတွေဖို့ ခေါက်ဆွဲကြော် နှစ်ထုပ်လောက် ဝယ်သွားပြီး အိမ်ရောက်လျှင် ငွေ ၂၀ ကျပ်ကို ယောက္ခမကြီးအား ဒီလပထမအရစ် အနေနှင့် ပေးလိုက်နိုင်ပြီ။ ယောက္ခမကြီးသည် ဒီလို လီဗပးလို့လည်း ရ၏။

အင်္ဂလိပ်လဆန်း ၁၀-ရက်တိလို့မှ ၁၅ဝ မပြည့်လျှင်သာ သမီး ယောက္ခမ ဆူကြပူကြတာ။

ထို့ကြောင့် ကျွန်တော် ဝမ်းသာအားရပဲ မကြင်ရွှေကလေးက သွားရန် ဟန်ပြင်တော့ ကျွန်တော်က အတွင်းခန်းထဲ၌ စက်ရိုက်နေသော သာဓုတပည့် ကုလားလေးအား-

'ဟေ့ မောင်လှရေ'

'အစ်ကို'

'ငါသွားတော့မယ်ကွာ၊ တို့ စာရေးဆရာတွေထဲက ပေးနေကျ စာရေးဆရာတွေ၊ အသင်း ဝင်တွေ စာအုပ်လာတောင်ရင် မင်းပဲ ပေးပြီး စာရင်းမှတ်ထားလိုက်တော့ကွာ'

'ဟုတ်ကဲ့ အာကိုး'

ဤစဉ်တွင် သူ့လက်ဆွဲခြင်းကြီး ရွတ်ရန် ခေါင်းခုပြန်လိပ်နေသော မကြင်ရွှေအား ကျွန်တော်က သူ့ခေါင်းခုလိပ်ကို ဆွဲ၍ ပြန်ဆန့်လိုက်ပြီး. . . .

'ခေါင်းပေါ် ရွက်မနေစိမ်းပါနဲ့၊ တကတဲ တောသူမကြီး ကျနေတာပဲ'

သူက မျက်နှာချိုချိုလေးနှင့် ကျွန်တော့်ကို စိုက်ကြည့်၏။

'ခေါင်းပေါ် မရွက်လို့ လက်ကမှ မဆွဲနိုင်တာပဲ ဆရာရဲ့'

'ဆွဲနိုင်အောင် လုပ်ပေးမှာပေ့ါ၊ ပေး. . . . ဟောဒီအထုပ်ကြီး နှစ်ခုကို' ဆိုပြီး ယူလိုက်ကာ-

'လိုက်ပို့မှပေ့ါ၊ သွားချင်တဲ့ နေရာကို ဘယ်ထိအောင်သွားမလဲ၊ ဝေရက်တောင်ထိပ် ကိုလား၊ ရေရှားတဲ့ သဲကန္တာရ သွားမလား၊ နေမမြင် ရေပြင်ခဲတဲ့ မြောက်ဝင်ရိုးစွန်းကိုလား'

သူသည် အလွန်သဘောကျစွာ နှုတ်ခမ်းကိုမဖွင့်ဘဲ ကျိတ်၍ ရယ်ခြင်းမျိုးဖြင့် အသံထွက် အောင် ရယ်လိုက်ပြီး. . . . .

'ဆရာကတော့ အပြော သိပ်ကောင်းတယ်၊ ဒါကြောင့် ဟာသစာရေးဆရာ ဖြစ်လာတာပဲ'

'အပြောကောင်းလို့ စာရေးဆရာ ဖြစ်တာ မဟုတ်ပါဘူး၊ စာရေးရမနေနိုင်လို့ စာရေးဆရာ ဖြစ်တာပါ'

'ရေးစရာတွေက ဘယ်ကရသလဲ'

'ထန်းသမားစားဖို့ ထန်းနို့က ထွက်ပေးသလို့ပေ့ါကွာ'

ယင်းသို့ ပြောကြရင်း သူက လက်ဆွဲခြင်းဆွဲ၊ ကျွန်တော်က အထုပ်နှစ်ထုပ်ပိုက်၊ သာဓု အိမ်က ထွက်ခဲ့ကြပြီး လမ်းပေါ်လျှောက်လာကြရင်း ကျွန်တော် အလိုချင်ဆုံးသော ယာဉ်ကို ရှာသည်။

မကြာမီ တွေ့ပါပြီ။ လန်ကတ်စတာလမ်း (ယခု နဝဒေးလမ်း) ထဲမှ ဘုရားလမ်းဘက် ထွက်လာသော လန်ခြားတစ်စီး။

ကျွန်တော် လှမ်းခေါ်လိုက်သည်။

'ဟေး. . . . လန်ခြားဝါလား ခါလီဟဲ'

(ထိုစဉ်က ရန်ကုန်မှာ လန်ခြားရှိသေး၏။ ၁၉၅၂–ခုနှစ်ကျမှ အိန္ဒိယ ကွန်ကရက်က ပိတ်ပစ်လိုက်ခြင်း ဖြစ်သည်။)

လန်ခြားကုလားက 'အခြား ဆပ်' ဆိုပြီ အပြေးလာကာ ကျွန်တော်တို့ရှေ့မှ ဦးထိုး၍ ရပ်၏။

ကျွန်တော်က 'ကဲ–တက် မကြင်ရွှေ၊ နေပူတယ်၊ ခြေပူတယ်၊ ကုလားစီးရင် အများကြီး သက်သာတယ်'

သူ ကျွန်တော့် ပြောစကား မငြင်းဆန်နိုင်ဘဲ မကြာမီ ကျွန်တော်တို့ နှစ်ယောက်မှာ အတူ သွားလာနေကျ စုံတွဲကဲ့သို့ လန်ခြားပေါ် နှစ်ယောက် ပူးယှဉ်ထိုင်စက သူ့မျက်နှာမှာ ရှက်သွေး ကလေး ဖျန်းသွားသော်လည်း ကုလားက အပြေးကောင်း၍ လေအေးက သွေးတော့ သူ့မျက်နှာ မှာ ရှက်သွေးကလေး ပြေသွားကာ သူကပဲ စကားစသည်။

'ဆရာက အခုနက ကျွန်မကို ခြင်းတောင်းကြီးခေါင်းပေါ်ရွက်လို့ တောသူမကြီး ကျနေတာပဲတဲ့'

'နို့ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာရဲ့၊ ကျွန်မက တွံတေး တူးမြောင်းနံဘေး ကန်ဘဲရွာက တောသူမပဲ။ အခုန ပဒေသာအဖွဲ့ဝ် လိပ်စာပေးတဲ့ ရန်ကုန်မြို့ထဲကအိမ်က ကျွန်မတို့ ဆွေမျိုးအိမ် ကျွန်မတို့ နေတဲ့ ကန်ဘဲရွာကို ပို့စမင်းမရောက်ဘူး၊ စာတိုက်နဲ့ စာပေးစာယူလုပ်လို့ မရဘူး၊ ညောင်ပင်လေး ဆိပ်ကနေပြီး တွံတေးလမ်းအတိုင်း လှေနဲ့ နေ့ဝက်ခရီး သွားရတယ်'

ထိုအခါ ကျွန်တော်သည် လက်ပတ်နာရီကိုကြည့်၍

'ဟာ အခု သုံးနာရီကျော်နေပြီပဲ၊ ဒါဖြင့် ဒီနေ့ ရွာကို ပြန်လို့မဖြစ်တော့ဘူးပေါ့'

'ဘယ်ဖြစ်တော့မှာလဲ'

'ဒါဖြင့် အခု ဘယ်သွားမလဲ၊ ဈေးဝယ်လို့ပြီးပလား'

'ပြီးပါပြီ၊ ၁၉ လမ်းအိမ်ကို သွားရမယ်'

ထို့ကြောင့် ဘုရားလမ်းနှင့် ကျုံကြီးလမ်းဆုံ၊ သိမ်ကြီးဈေးရှေ့ရောက်တော့ ကျွန်တော်က လန်ခြားကုလားအား

'ဟေ့ ဒိုင်းနားဂျောင်း'

ကုလားက ညာဘက်ကွေ့လိုက်ပြီး လမ်း ၂၀ ရှေ့ရောက်သောအခါ မကြင်ရွှေက ကုလားအား 'ဟေ့. . . . ဘားယားရပ်ဦး' ဟုဆို၍ ဘယ်ဘက် ပလက်ဖောင်းမှာ ရပ်စေပြီး ကျွန်တော့် အား. . . .

'ဆရာ ဒီမှာ ဆင်းနေရစ်ခဲ့တော့'

'အို. . . . ဘာဖြစ်လို့လဲ၊ အိမ်သိရအောင် အိမ်အထိ လိုက်ပို့ပေးမယ်လေ'

'မဖြစ်ဘူး ဆရာ၊ မဖြစ်ဘူး မဖြစ်ဘူး'

'ဘာကြောင့်တုန်း'

သူ ခဏလေးတွေနေပြီးမှ–

'ဆရာရဲ့ကျွန်မ အခုလို နှစ်ယောက်တွဲ လန်ခြားစီးလာတာကို သူတို့ဆွေမျိုးတွေ မြင်သွားမှုဖြင့် ကျွန်မတို့ကို တစ်မျိုးတစ်ဖုံတွေ ထင်ကုန်ကြလိမ့်မယ်'

သည်တော့မှ ကျွန်တော် သဘောပေါက်၍–

'အို ဟုတ်ပေသားပဲ၊ ငါတို့လုပ်ပုံကလဲ' ဟု သူ့ကိုရော မိမိကိုယ်ကရော ပြောမိပြီး လန်ခြားပေါ်မှ ဆင်းလိုက်ရတော့၏။

ဒီတော့မှ သူက 'စီးတားဂျောင်း' (တည့်တည့်သွား) ဟု ဆို၍ ကျွန်တော့်ကို လက်ပြပြီး ပြုံးပြုံးကလေးနှင့် လန်ခြားမှာ ပါသွားပါ၏။

နောက်တစ်နေ့တွင် ပဒေသာတိုက်သို့ သူ့ဆီမှ စာ တစ်စောင် ရောက်လာသည်။

အစ်ကိုလေးရှင့်–

ဒီလိုပဲခေါ်ပါရစေတော့နော်၊ အစ်ကိုလေးက မနေ့က ပြောတယ်မဟုတ်လား၊ မောင်ကြင်ဆွေနဲ့မကြင်ရွှေမို့ 'ကိုယ်တို့ မောင်နှမတောင် ဖြစ်နိုင်နေပြီ' လို့၊ အဲဒါကို ကျွန်မ သိပ်သဘောကျသွားတာပဲ အစ်ကိုလေးရယ်။

အစ်ကိုလေးက အဲလိုပြော–ပြောလိုက်ချင်းပဲ ကျွန်မစိတ်ထဲမှာ အစ်ကိုလေးကို သိပ်ချစ် သွားတာပဲ၊ ကျွန်မကိုလဲ 'ညီမလေး'လို့ ခေါ်ပါ အစ်ကိုရယ်၊ ညီမမှာလေ ဟိုတုန်းက 'အစ်ကိုလေး' လို့ ခေါ်ခဲ့တဲ့ အစ်ကို တစ်ယောက် ရှိခဲ့ဖူးပါတယ်။ အခုတော့ ဂျပန်ခေတ်ကပဲ ဆုံးသွားရှာပါပြီ။

မနေ့က အစ်ကိုလေးနဲ့ တွေ့တော့မှပဲ အစ်ကိုစားရပြီရယ်လို့ ညီမ သိပ်ဝမ်းသာ သွားတာပဲ အစ်ကိုလေးရယ်၊ ညီမအစ်ကိုရှိရင်လဲ အစ်ကိုလေးနဲ့ရွယ်တူလောက် နေမှာပါပဲ၊ အစ်ကိုလေး အသက်ဘယ်လောက်ရှိပြီလဲ၊ ညီမက(၂၆)နှစ်။

ညီမမှာလေ အခု အမေအိုကြီးနဲ့ မောင်ကလေး တစ်ယောက်ရှိတယ်၊ ရွာမှာ ကုန်စုံဆိုင် ဖွင့်ထားပါတယ်၊ အခု ရန်ကုန် လာတာဟာ ကုန်တွေ ဝယ်ရအောင်ပါ၊ မနက်ဆို ကုန်တွေကို လှေနဲ့တင်ပြီး ပြန်မယ်၊ အခု ဒီစာက အစ်ကိုလေးနဲ့ လမ်း(၂၀) ထိပ်မှာ ခွဲခဲ့ပြီး (၁၉)လမ်းအိမ် ရောက်ရောက်ချင်း ရေးလိုက်တာပါပဲ၊ နို့ပြီး စာသိမ်းချိန်အမီ ထည့်လိုက်တယ်။

တစ်ခုပြောချင်တာက အစ်ကိုလေး ညီမဆီကို စာရေးမယ်ဆိုရင် အဲဒီ(၁၉)လမ်း အိမ် လိပ်စာနဲ့ မထည့်ပါနဲ့၊ သူတို့က ဖောက်ပြီးဖတ်တတ်တယ်၊ တရုတ်တွေ ညီမနဲ့ အစ်ကိုလေး ဒီလို ဆက်သွယ်နေကြတာကို ကြိုက်မယ်မဟုတ်ဘူး။

ဒီတော့ ညီမတို့ရွာကိုလဲ စာတိုက်က မပေါက်တော့ စာမပြန်ပါနဲ့တော့ အစ်ကိုလေးရာ။

နို့ပြီး ပဒေသာမဂ္ဂဇင်းကိုလဲ (၁၉)လမ်းက သူတို့ အိမ်လိပ်စာနဲ့ မပို့နဲ့တော့၊ ညီမ ကိုယ်တိုင် ထွက်တဲ့ရက် သတင်းစာမှာကြည့်ပြီးတော့ နောက်တစ်နေ့ ၁၁ နာရီလောက်မှာ ညီမ ပဒေသာတိုက်ကို လာခဲ့မယ်၊ အစ်ကိုလေးက စောင့်နေပါနော်၊ သတင်းစာကတော့ လှေကြုံနဲ့ ကျွန်မတို့ရွာကို နေ့စဉ်ရောက်ပါတယ်။

ပဒေသာ ထွက်ပြီးတဲ့ရက် နောက်တစ်နေ့မှာ အစ်ကိုလေး ညီမကို စောင့်နေပါနော်။

အစ်ကိုလေး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေ။ ဟာသဝတ္ထုတွေ မပြတ်ရေး နိုင်ပါစေ။

ချစ်ညီမ ကြင်ရွှေ

ထိုမှတပြီးကာ မကြင်ရွှေနှင့် ကျွန်တော်သည် လစဉ် မဂ္ဂဇင်း ထွက်တဲ့ရက်တိုင်း ပဒေသာ တိုက်မှာ တွေ့ကြသည်။

ထို့ပြင် လလယ်ရက်များ သူကုန်ဝယ်လာလျှင်လည်း ကျွန်တော့်ကို ချိန်းဆို စာရေးကာ ညောင်ပင်လေး လှေဆိပ်မှာ လာကြိုစေလျက် ကျွန်တော်တို့နှစ်ယောက် အင်မတန် ရင်းနှီး သွားကြသည်။ တစ်လနှစ်ခါ မှန်မှန်တွေ့ကြသည်။

သူ ကုန်ဝယ်ရာကို ကျွန်တော် လျှောက်လိုက်သည်။ သွားရေစာ အတူတူစားကြသည်။ ရုပ်ရှင်အတူတူ ကြည့်ကြသည်။

စင်စစ်ကား ကျွန်တော်တို့သည် ထုတ်ဖွေကာ နှုတ်ချွေ မပြောသော သမီးရည်းစားများ ဖြစ်နေကြပြီ။

သူလာသော အခေါက်တိုင်း အခေါက်တိုင်းလည်း ကျွန်တော့်အား သူတို့ရွာသို့ အလည် လိုက်ရန်ခေါ်သည်။

'လိုက်လာပြီး အေးအေးဆေးဆေး စာရေးပါ အစ်ကိုလေးရဲ့၊ မေမေ့ကိုလဲ ညီမက အစ်ကို စားရပြီး ပြောထားလို့ မေမေကလဲ အစ်ကိုလေးကို သူကြည့်ချင်တယ်၊ ခေါ်ခဲ့စမ်းပါ'တဲ့။

'ညီမ အစ်ကိုလေးကို ပျော်အောင် ပြုစုပါ့မယ်၊ အစ်ကိုလေး ကြိုက်တတ်တဲ့ အရက်ကိုလဲ ညီမဝယ်ပြီး တိုက်ပါ့မယ်'

ကျွန်တော့်ဝတ္ထုတွေထဲမှာက (အရက်ကို အဖော်လုပ်ကာ အဟုတ်ပဲ သောက်လို့ ပျော်တော့မယ်၊ အနားဝယ် မယားသည် ဖျော်ဖြေသူ ဝေးတယ်) ဆိုတဲ့ သီးချင်း ထည့်ထည့် ရေး လေ့ရှိတာကိုးဗျ။

ဒီတော့ သူ ကျွန်တော့်ကို အရက်သမားလူပျိုဟု ထင်နေပေသကိုး။

သို့သော် သူဘယ်လိုခေါ်ခေါ် ကျွန်တော်မလိုက်ရဲပါ။

သူ့လေ့ဆိပ်အထိ လှေဝမ်းထဲ ရောက်ရုံသာ လိုက်ပို့ခဲ့ပါသည်။

ဘာကြောင့်လဲဆို သူက ကုန်တွေအပြည့်နှင့် ခရီးသည်က သူတစ်ယောက်တည်းရယ်။

ခရီးဝေးသွားတဲ့ ရန်ကုန်မြစ်ထဲက ပေါင်းမိုးနှင့် ငှက်သမ္ဗာန်ကြီးတွေကို မိတ်ဆွေ မြင်ဖူးမှာ ပေါ့၊ စီးသူအတွက် လေလုံ မိုးလုံ ပေါင်းမိုးနဲ့၊ ပဲ့ပိုင်းက တက်နှစ်ချောင်းနှင့် လှော်တတ်သူက အမြဲတမ်း မတ်တတ်၊ ပေါင်းမိုးထဲက သူဘာမှမမြင်ရ၊ လှိုင်းလေကလည်း တဖြတ်ဖြတ်။

အကယ်တိ မကြင်ရွှေနှင့် ကျွန်တော် နှစ်ယောက်တည်း ဒီလှေပေါင်းမိုးလေးထဲမှာ ပါသွား မည်ဆိုပါက ဤနေ့ဝက် ခရီးရှည်ကြီးတွင် အစ်ကိုလေးရယ်၊ ညီမလေးရယ်လို့ လုပ်နေကြတဲ့ ဘင်္ဂလားမောင်နှမဟာ မမှားယွင်းအောင် ရှောင်ကြဉ်နိုင်ပါဦးမည်လား။

အဲဒီ ၁၉၄၈–ခုနှစ်က ကျွန်တော့် အသက်က (၂၉) နှစ်၊ သူ့အသက်က (၂၆) နှစ်၊ တင်ကားကား၊ ရင်ထွားထွားနဲ့ မိန်းမချောဗျ။

မင်္ဂလာတရား (၃၈)ပါးမှာ အာရတီစ– ဝေးစွာ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း၊ ဝိရတီစ– အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည် လည်းကောင်းဟု မြတ်စွာဘုရားက ဟောထား သည် မဟုတ်ပါလား။

အဘယ်သို့သော ပုထုဇဉ်သည် ဝိရတီ နိုင်အံ့နည်း။ ကျွန်တော်လည်း ဝိရတီ နိုင်ပါမည် လော။

မကြင်ရွှေက ကျွန်တော့်အား ပြောပြသည်မှာ သူ့တွင် အသက် ၅၀ ရွယ် သူ့အမေ မုဆိုး မရယ်၊ ၁၂–နှစ်သား မောင်ကလေးရယ်၊ သူနှင့် သုံးယောက်သာရှိရာ သူတို့အိမ်သည် သုံးပင် နှစ်ခန်း သွပ်မိုးပျဉ်ထောင် အိမ်ရှေ့ဆောင် နောက်ဖေးမီးဖိုချောင်လည်းရှိရာ အိမ်ရှေ့ခန်းမှာ ကုန်စုံဆိုင်ဖွင့်

နောက်ဖေးခန်းတွင် သူတို့သားအမိတွေ အိပ်ကြ၍ အလယ်ခန်းကအားနေသဖြင့် အစ်ကိုလေးအတွက် စာရေးစားပွဲနှင့် အိပ်ခန်းသီးသန့်ပေးနိုင်ပါသည်။ အစ်ကိုလေး ပျော်သ လောက် လိုက်နေစမ်းပါ။

ရန်ကုန်သို့ လာသည်ဆိုလျှင် သူက တစ်လနှစ်ခေါက် ကုန်ဝယ် ရောက်နေသဖြင့် အစ်ကိုလေး လိုက်ချင်တဲ့အခါ လိုက်ပေ့ါဟု ကျွန်တော့်အား အကြိမ်ကြိမ် ခေါ်သော်လည်း ကိုယ်က ဝတ္ထုတွေထဲမှာသာလျှင် လူပျို၊ အိမ်မှာဆို သားသမီးသုံးယောက်ဖြင့် ယောက္ခမကြီးနှင့် တကျက်ကျက်နေရသော ကျွန်တော့်မှာ သူကလေးဆီ လိုက်သွားပါလျှင် အရင်းအဖျား တောင်မ ကျ မြောက်မကျနှင့် ကျွန်တော်တို့ ဘင်္ဂလား မောင်နှမသည် မယွင်းမှားအောင် ရှောင်နိုင်ကြပါ မည်လား။ ခင်ဗျားတို့ပဲ စဉ်းစားကြပါတော့ စာရှုသူတွေရယ်။

မကြင်ရွှေ ကိုယ်တိုင်ကလည်း ကျွန်တော်အား လူပျိုမှတ်ပြီး သည်ယုန်မြင်လို့ သည်ချုံထွင် နေသည် မဟုတ်ပါလား။

ထို့ကြောင့် ‘အစ်ကိုလေးမှာ ပဒေသာ တာဝန်တွေက များလွန်းလို့ပါ၊ အစ်ကိုလေး မရှိရင် ဒီမဂ္ဂဇင်း ထွက်နိုင်မှာမဟုတ်ဘူး၊ နောင် စောင်ရေ တစ်သောင်း ကျော်လာလို့ ရှုမဝလို အခြားအလုပ်သမားတွေ ငှားနိုင်တော့မှပဲ ညီမလေးတို့ အိမ်ကို အစ်ကိုလေး လာနေပါတော့ မယ်’ ဟု နှစ်သိမ့် စကားသာ ကျွန်တော် ပြောရပါတော့သည်။

စင်စစ်လည်း ပဒေသာသည် ကျွန်တော်မရှိလျှင် မဖြစ်ပါ။ တင့်တယ်သည် ဤမဂ္ဂဇင်းကို ဦးဆောင်သူဖြစ်သော်လည်း သူက ပြန်ကြားရေးရုံးမှာ ပြန်တမ်းဝင်အရာရှိကြီး တစ်ယောက်ပါ။

မူလ စတင်တည်ထောင်စဉ်က သန်းဆွေနှင့်မိုးဝေပါခဲ့သော်လည်း ပဒေသာရိုက်သည့် စကြာဝဠာ ပုံနှိပ်တိုက်သည် မြန်မာ့ဂုဏ်ရည် လမ်းမှ အင်းလျားလမ်းသို့ ပြောင်းသွားသောအခါ မိုးဝေသည် သူ့ဘာသာသူ စုံထောက်မဂ္ဂဇင်း ထုတ်တော့မည်ဟု ပဒေသာမှ ထွက်သွား၏။

သန်းဆွေကတော့ လူပျို၊ မိဘအရိပ်ခိုနေသူဖြစ်၍ သူသည် ဝတ္ထုရေးခြင်းမှတစ်ပါး ပင်ပင် ပန်းပန်း မလုပ်ချင်သဖြင့် မြို့ထဲမှာ မထား၍မဖြစ်သော ပဒေသာတိုက်ကို ဘုရားလမ်းက သာဓု အိမ်သို့ ပြောင်းသောအခါ၌ သူလည်း ပဒေသာ အလုပ်မှထွက် သွားလေသည်။

သည်တော့ ပဒေသာလုပ်ငန်းမှာ သာဓုတစ်ယောက် တိုးလာသော်လည်း သူ့မှာ ကားရှိသဖြင့် မြို့ထဲက စက္ကူတွေကို မြို့ထဲက စာအုပ်ချုပ်ဆိုင်ပို့၊ စာအုပ်ပြီးလျှင် ဆိုင်တွေကို လိုက်ဖြန့်၊ ငွေသိမ်းငွေကိုင် သူ့အလုပ်က ဒါပဲ။

ကျွန်တော့်တာဝန် နံနက်မိုးသောက် အလင်းရောက်သည်ဆိုလျှင်ပင် လွယ်အိတ်တစ်လုံး ကို လွယ်ကာ ကျွန်တော့် အိမ်မအူပင်လမ်းမှ ကြည့်မြင်တိုင်ဘူတာ မီးရထားလမ်းခုံးတံတားကြီးကို ကျော်၍ ကြည့်မြင်တိုင် အိုးဘိုလမ်းရှိ တင့်တယ် အိမ်သို့ သွားရသည်။

တစ်ခါတစ်ရံ ဆရာသမား အိပ်ရာက မထသေး၍ သူ့ကို ချောင်းသံပေး၍ နှိုးရသည်။ ဒီတော့မှ. . . .

'ဟော့. . . . မောင်ဆွေ ရောက်လာပလားကွ' ဆိုပြီး အိပ်ရာကထ၊ ကိုယ်လက်သုတ်သင်ပြီး၊ လက်ဖက်ရည်စားပွဲမှာ ထိုင်ကာ စာတစ်ရွက်ဖြန့်ပြီး ကျွန်တော် ဒီနေ့လုပ်ရမည့် လုပ်ငန်း အစီအစဉ်တွေကို ရေးပေးပါ၏။ နမူနာ တစ်ခု ပြပါမည်။

(၁) ငါ့စာမူကို ပန်းချီကိုလေးဆီသွားပို့၊ မိန်းမပုံ လုလုဆွဲခိုင်း၊ မနေ့က ခြယ်ခိုင်းထားတဲ့ ပုံတွေကိုယူ ဘလောက်တိုက်ပို့၊ (၂) ၁၃–လမ်းက ဦးဘဂျမ်းအိမ်ကိုဝင် ဟိုနေ့ကပြောတဲ့ ပုံပြီးရင် တစ်ခါတည်းယူသွား။

(၃) ဦးဘဂျမ်းဆီက ပုံရရင် ချက်ချင်းမှန်ရိုက်ခိုင်း၊ (၄) အဲဒီအတွင်းမှာ ဘလောက်တိုက်၊ ထိုင်မနေနဲ့ဦး၊ ဦးအုန်းလွင် အိမ် သွားဦး၊ ပုံရရင် ယူခဲ့ပြီး ဘလောက်တိုက်ပို့၊ (၅) ပြီးတဲ့ ဘလောက်တွေယူပြီး သာဓုဆီ သွားပေး၊ သူ့ကို အမြန်ရိုက်ခိုင်း၊ (သာဓုမှာ ကာလာရိုက်သော စက်ကလေးရှိသည်။) (၆) ဒီနေ့ ဆရာတက်တိုးဆီက စာမူရတယ်ပြောတယ်၊ သူ့အလုပ်တိုက် သွား၊ ရရင် စန်းလွင်ဆီယူ သွားပြီး ခေါင်းစည်း ပုံဆွဲခိုင်း၊ (၇) စန်းလွင်ဆီမှာ မနေ့ကဆွဲခိုင်း ထားတဲ့ ဆရာဇေယျရဲ့ ဆောင်းပါး ခေါင်းစည်းပုံ ပြီးရင် ဘလောက်တိုက်ပို့၊ (၈)အင်းလျား လမ်း ပုံနှိပ်စက်ကိုသွားပြီး ဖောင်ဖွဲ့နေတဲ့ စာမူ အပိုအလို ဖြတ်စရာ ဖြည့်စရာရှိရင် ငါ့ဆီယူခဲ့။

(၉) သာဓုဆီမှာ ဒီနေ့ ငွေဘယ်လောက် ရောက်သလဲမေး၊ တစ်ရာကျော်ရင် ၅၀ ယူပြီး ဦးငွေကိုင်သွားပေး၊ အရင်အပ်ထားတဲ့ ပုံတွေပါ အမြန်ဆွဲပေးပါလို့ပြော။

(၁၀) ဘလောက်တိုက်ပြန်သွားပြီး မှန်ရိုက်ပြီးသားပုံတွေကို ကာလာခြယ်ဖို့ ပန်းချီ ဆရာတွေ ဆီပြန်ပို့၊ အချိန်ရရင် ဒီနေ့အပြီးခြယ်ခိုင်း၊ အနားကထိုင်နေ၊ ပြီးရင် အမြန် ဘလောက် တိုက်ပြန်ပို့။

ဤကား ဆရာတင့်တယ် နေ့စဉ် ချပေးလေ့ရှိသော ကျွန်တော့် အလုပ်ဇယား နမူနာပါတည်း။

ကျွန်တော် သွားရသော ဌာနများကို ဖော်ပြပါမည်။

ပန်းချီ ဦးကိုလေး အိမ်က ၉–လမ်း၊ ဦးဘဂျမ်းအိမ်က ၁၃–လမ်း၊ ကမ္ဘာ့သစ်ဘလောက် တိုက်က လွှစ္စလမ်း (ဆိပ်ကမ်းသာလမ်း)။ ဦးအုန်းလွင်အိမ်က ၃၉–လမ်း၊ ဦးငွေကိုင် အိမ်က ပန်းဆိုးတန်း၊ ပန်းချီစန်းလွင် အိမ်က ရေကျော် ဇီဇဝါလမ်း။ ဆရာတက်တိုးအလုပ်တိုက်က ဗိုလ်အောင်ကျော်လမ်း။

ဤနေရာတွေကို ကျွန်တော် ပင့်ကူအိမ်ဖွဲ့သကဲ့သို့ ကောက်ကာ ကွေ့ကာ သွားရပါ သည်။

ခြေကုန်လူပန်း အဖြစ်ဆုံးမှာ တင့်တယ်၏ သုံးထပ်တိုက် လှေကားထစ် ၇၀ ကျော်ကို တက်ရ ဆင်းရခြင်း ဖြစ်ပါသည်။

သူသည် ထိုစဉ်က ပြန်ကြားရေးရုံးမှာ အရာရှိကြီး ဖြစ်ပါသည်။

ကျွန်တော် သူ့ဆီကို တစ်နေ့လျှင် ပျမ်းမျှခြင်း နှစ်ခေါက် ရောက်ရပါသည်။

သူကတော့ ထိုင်ပြီး ဇယားချပေးရုံသက်သက်ပါ။

ညနေ ရုံးဆင်းသောအခါ၌ ပဒေသာတိုက်ရှိရာ သာစုအိမ်သို့ ရောက်လာပြီး ကျွန်တော့် လုပ်ငန်းစဉ်များကို စိစစ်ပါသည်။

သူထင်သလောက် မပြီးမြောက်ခဲ့လျှင် ကျွန်တော့်ကို အလုပ်ပေါ့လျော့သည်ဟု မာန်ပါ သေးသည်။

ဤအလုပ်တွေကြားမှ ကျွန်တော်က ပဒေသာအဖွဲ့၏ တာဝန်ခံ ဖြစ်လေတော့ အဖွဲ့ဝင် တွေအတွက် ငွေလက်ခံခြင်း အဖွဲ့ဝင် နံပါတ်ပေးခြင်းများ ပြုရသေးသည်။

သူတို့၏ စာမူတွေ ဖတ်ပြီး ကောင်းလျှင် ရွေးချယ်ခြင်း မကောင်းလျှင် ဝေဖန်ခြင်းများ ပြုရသေးသည်။

စာပေဗိမာန်က ကိုစန်းမောင်ဆိုသူဟာ ကျွန်တော်တို့ပဒေသာ အဖွဲ့ဝင်ပေါ့။

သူက 'ကိုင်ရိုကိုယ်တွေ့' တွေ ရေးတော့ ကောင်းတာနဲ့ ကျွန်တော်တို့က ပဒေသာထဲမှာ ထည့်ထည့်ပေးနေရာက နောက်တော့ မြန်မာပြည်မှာ ပထမဆုံး နာမည်ကြီးသော ဇာဒင် လက္ခဏာဆရာကြီး စန္ဒြ ဖြစ်လာတယ်လေ။

မခင်စုဆိုတဲ့ ကောင်မလေးလဲ ပဒေသာအဖွဲ့ဝင် အဖြစ်မှ 'ပြန်ခဲ့ပါတော့ မောင်ရယ်' ဆိုတဲ့ ဝတ္ထုတိုကလေးက စပြီး နာမည်ကျော် စာရေးဆရာမကြီး ခင်နှင်းယု ဖြစ်လာတော့တာပေါ့။

ကဗျာဆရာမ ငွေတာရီ၊ လင်းယုန်နီနှင့် ထင်လင်းတို့လည်း ပဒေသာကစပြီး နာမည်ကြီး ခဲ့သူတွေပဲ။

ဤကဲ့သို့ စာရေးဆရာ အားကောင်း၍ ကောင်း၍ လာခဲ့သော ကျွန်တော်တို့ ပဒေသာ မဂ္ဂဇင်းသည် ၁၉၄၈–ခုနှစ် ဖေဖော်ဝါရီလက စ၍ ထုတ်၍ ပထမဦးဆုံး ၃၅၀၀ ပြိုက်ခနဲကုန် သွားသည်။ မတ်လမှာ ၄၀၀၀ ။ ဧပြီလမှာ ၅၀၀၀ ။ မေလတွင် ၆၀၀၀ ။ ဇွန်လ၌ ၇၀၀၀ ။

သည်လို တစ်လတစ်လ တစ်ထောင် တစ်ထောင် တိုးနေတော့ ကျွန်တော်တို့ ဘယ်လောက် အားရစရာ ကောင်းနေပါသနည်း။

တစ်နေ့တွင် ရှုမဝထက် စောင်ရေကျော်၍ မုချကြီးပွားပေတော့မည်။

ထိုအခါ သာစုအိမ်စုတ်အရေးမလုပ်တော့ဘဲ မြို့လယ်ခေါင်က ချက်ပလက် (သို့မဟုတ်) မာစီဒီးတင့် (အဲသည်တုန်းက ဂျပန်ကားတွ မပေါ်သေး) ကျွန်တော်တို့ အလုပ်သမားတွေလည်း လခ ၁၀၀ဝိ ကျော်ပေါ့။

ဒီတော့ လဆန်းလျှင် ဆန်းချင်း 'ရော့. . . . ယောက္ခကြီး ခင်ဗျား ထမင်းလခ ၁၀ဝိ ပိုယူလိုက်ဦးဗျာ၊ ဟင်းတော့ ကောင်းကောင်းချက်၊ ကျုပ်ကလေးတွေလဲ စားချင်တဲ့ သွားရေစာကို ဝယ်ကျွေး'

စိတ်ကူးယဉ်ဆိုတာ ပိုက်ဆံတစ်ပြားမှ မပေးဘဲနဲ့ တယ်ပြီး ဇိမ်ရှိတာကိုးဗျ။

သို့သော် စိတ္တိတံ ကြံတိုင်းလည်း မဖြစ်ကြသည်မို့ တင့်တယ်က အမေကျော် ဒွေးတော် လွမ်းပြီး ၁၉၄၈–ခုနှစ် နိုဝင်ဘာလ ၂၀–ရက်နေ့တွင် အင်္ဂလန်ပြန် ဘီဘီစီသို့ ၄–နှစ် စာချုပ်နှင့် ထွက်ခွာသွားကတည်းက ပဒေသာ လုပ်ငန်းသည် ဖရိုဖရဲဖြစ်လေရာ ၁၉၄၉ ခုနှစ်ဆန်းတွင် မြန်မာပြည်တစ်ဝှမ်းမှာ ရောင်စုံသူပုန်များ သောင်းကျန်းကြ၍ ကရင်တွေက အင်းစိန်သည်ဘက် ခဲဝဲခြံအထိ တပ်စွဲလေတော့ ဖ–ဆ–ပ–လ အစိုးရမှာ ရန်ကုန်အစိုးရ ဟုသာ အခေါ်ခံရလျက် မော်တော်ကားတွေ၊ မီးရထားတွေ အသွားအလာပျက်ပြီး စာတိုက်တွေလည်း အဆက်အသွယ် ပြတ်ကုန်သဖြင့် ရန်ကုန်မြို့က စာအုပ်တွေ မထုတ်ဝေနိုင်ကြတော့သောကြောင့် ကျွန်တော်တို့ ပဒေသာမဂ္ဂဇင်းရပ်စဲ သွားရပါရောဗျာ။

ကျွန်တော်လည်း ဘုရားလမ်းက သာဓုအိမ်ကို မသွားရတော့ဘူး။

ဒါကိုမသိရှာသော ဝနေမလေး မကြင်ရွှေက ခါတိုင်းလိုပဲ လဆန်းရက် စာအုပ်ထွက်ပြီ ရယ်လို့ သာဓုအိမ်လာတော့ စာအုပ် မထုတ်နိုင်ကြောင်း ပြောပြပေမယ့် သူက စာအုပ်ထက် ကျွန်တော့်ကို တွေ့ချင်နေသူ ဖြစ်နေတာမို့ ကျွန်တော့်အိမ် လိပ်စာကို မေးတဲ့အခါမှာ သာဓုမိန်းမ ဒေါ်ညိုက သူ့မူလသိထားတဲ့အတိုင်း စမ်းချောင်း၊ မအူပင်လမ်း၊ အိမ်နံပါတ်(၁၇)လို့ ကျွန်တော့်ယောက္ခမကြီးအိမ် ပြောလိုက်တော့တာပေါ့။

ဒီတော့ စာရှုသူက ပြောချင်လိမ့်မယ်၊ ‘ကောင်မလေး မင်းယောက္ခကြီးအိမ် ရောက်သွား တော့ မင်း သားမယားနဲ့တွေ့ပြီး မင်းတို့ အချစ်ဇာတ်လမ်းကိစ္စ ပြီးသွားရော မဟုတ်လား’ လို့။

နို့. . . . . မဟုတ်ဘူးဗျ။ မကြင်ရွှေနဲ့ကျွန်တော်က ညားဖို့ဖူးစာ မပါပေမယ့် သူနဲ့ကျွန်တော့် အချစ်ဇာတ်လမ်းက ဒီလောက်နဲ့ အဆုံးမသတ်သေးဘူး။

ဘာကြောင့်လဲ ဆိုရင် အဲဒီအချိန်မှာ ကျွန်တော့် ဇနီးနဲ့သားသမီးတွေက သူ့အမေအိမ်မှာ တစ်ယောက်မှမရှိကြတော့ဘူး။

ပဒေသာရော၊ ရှုမဝရောက် မထွက်နိုင်လို့ သူ့ထမင်း လခ ကျွန်တော် မပေးနိုင်က တည်းက သူ့သမီးကိုရော၊ မြေးတွေကိုရော အိမ်မှ တစ်ယောက်မှ မထားနိုင်ဘူးလို့ မောင်းထုတ် တယ်။

သည်တော့ ကျွန်တော်က ပြောပါသေးတယ်။

‘အန်တီရယ်. . . . . အခုမပေးနိုင်ပေမယ့်လဲ နောက်တော့ ကျွန်တော် အကုန်စုပေးပါ့မယ်’

‘မင်းဟာက ဘယ်တော့ရမှာလဲ’

‘တိုင်းပြည်မှာ လမ်းပန်းအဆက်အသွယ်တွေ ကောင်းလို့ စာအုပ်တွေ ပြန်ထုတ်နိုင်တဲ့ အခါမှာပေါ့’

‘ဒါက ဘယ်တော့ ပြန်ကောင်းမှာလဲ၊ ငါက မုဆိုးမဟဲ့၊ ရတဲ့ နေ့ပြန်တိုးကလေးပဲ စားနေ ရတာ၊ မင်းဆီက တော်တော်နဲ့ မရရင် မင်းသားသမီးတွေပါ ကျွေးလာရတော့ အားလုံး ငယ်ကုန် လိမ့်မယ်’

သူက ရွှေပေါင်ခံသည်။ ဈေးသည်မတွေကို နေ့ပြန်တိုးချေးနေသူ ဖြစ်သည်။

'ဒီလိုဆိုလဲ ကျွန်တော့်ရွာ ပြန်ပြီး အဖေ့ဆီက တောင်းပေးပါ့မယ်'

၁၉၄၆-၄၇ ခုနှစ် ကျွန်တော် ဆန်ကုန်သည် အဖြစ်နှင့် ကသာမှာ သောင်တင်နေစဉ် တုန်းက နော်မာနှင့် ပယ်ပယ်တို့ သားအမိ ကျွန်တော့်အဖေအိမ်တွင် ရှိစဉ်က သူ့ရွာသို့ရောက်ခဲ့ ဖူး၍ ကျွန်တော့်အဖေ ချမ်းသာသည်ကို သူသိခဲ့ပါသည်။

'ဒါဖြင့် မင်းအဖေဆီ ဘယ်တော့သွားမလဲ'

'သွားလို့ ဖြစ်ဖြစ်ချင်း သွားမယ်ဗျာ'

ဤသို့ သမီးယောက္ခမ ပူညံ ပူညံ ဖြစ်နေကြစဉ် ကံအားလျော်စွာ သန်လျင်က သူ့မောင် တွံမဆင်၏မိန်းမ အန်တီဖယ်နီ ရောက်လာတော့ ထိုမိန်းမက ကလေးတွေကို ချစ်တတ်သူမို့ နော်မာတို့ သားအမိတွေကို သန်လျင်သို့ ခေါ်သွားလေသဖြင့် ကျွန်တော့်မှာ အန်တီဖယ်နီကို ကျေးဇူး တင်ရတော့သည်။

ကျွန်တော်ကတော့ ထုံးစံအတိုင်း နံနီအိမ်ကို သွားနေတော့တာပေါ့။

ကျွန်တော့်အိပ်ရာနှင့် စာရေးစားပွဲကား စာသင် ခန်းထဲမှာပဲ ထမင်းစားပွဲနှင့် ကပ်လျက် ရှိပါသည်။

မကြင်ရွှေ မအူပင်လမ်းထဲ ရောက်လာသောအခါ ခေတ္တကျောင်းဆင်းထား၍ ကျွန်တော်တို့ ထမင်းစားတော့မည်ဟု ပြင်ဆင်နေခိုက် ကျွန်တော်က စာရေးစားပွဲမှထ၍ ကင်းမကော့ပေါ်မှာ တုံးလုံးလှဲကာ အနားယူနေစဉ် ဖြစ်ပါသည်။

မကြင်ရွှေသည် သာဓုအိမ်က ပြောလိုက်သည့်အတိုင်း အိမ်နံပါတ်(၁၇)သို့ သွားတော့ ကျွန်တော့်ယောက္ခကြီးနှင့် ပက်ပင်းတိုးလေ၍ ကျွန်တော့်နာမည်ကို မေးသည်၌ အဘွားကြီးက. . . .

'သော်တာဆွေဆိုတာ တိုလဲမသိဘူး၊ ဒီနာမည် ကြားလဲမကြားဖူးဘူး' ဟု အော်လွှတ် လိုက်ရာ ယင်းကို ကြားသွားသော ကျောင်းသူလေး တစ်ယောက်က မကြင်ရွှေအား ကျွန်တော့် ဆီ ခေါ်လာတော့ ခမျာလေးမှာ ကြောက်ရွံ့သော မျက်နှာကလေးနှင့်. . . .

'အစ်ကိုလေးရယ်၊ ဘယ်လို မိန်းမကြီးလဲမသိပါဘူး၊ ကျွန်မကို ဒေါသတကြီး အော်လွှတ် လိုက်တာ ရင်တွေကို တုန်ရော'

ကျွန်တော်က ရယ်မောကာ. . . . .

'အဲဒါ စိတ်နောက်နေတဲ့ မိန်းမကြီးကွ၊ ဥစ္စာရူးမကြီး'

'ဩော်. . . . . ဟုတ်လား'

'အစ်ကိုလေးအိမ်က ဟောဒီအိမ်နံပါတ် (၁၁) သာဓုအိမ်က မှားပြီး ပြောလိုက်တာ'

ဆိုပြီး ရေတစ်ခွက် ခတ်ပေး၍ 'ရော့. . . . ရော့ အလန့်ပြေသွားအောင် ရေလေးသောက် လိုက်၊ နည်းနည်းသောက်နော် အခုပဲ ထမင်းစားရမယ်'

သူက မျက်နှာ မဝံ့မရဲမျက်နှာလေးဖြင့်

'နေပါစေ အစ်ကိုလေးရယ်၊ ကျွန်မ'

သူ့စကားမဆုံးမီ ကျွန်တော်က–

'ညီမ မစားရသေးပါဘူး၊ ခါတိုင်းလိုပဲ သာဓုအိမ်မှာ အစ်ကိုလေးနဲ့တွေ့ရင် ဆန်းကဖေး သွားပြီး ကိုယ်တို့ စားနေကျမဟုတ်လား၊ အခုတော့ ဒီမှာပဲ စားပြီးတော့ရင် ဟိုတုန်းကလိုပေါ့၊ ရုပ်ရှင်သွားကြည့်ကြမယ်၊ ဒီအပတ် ဂလုပ်ရုံကကား သိပ်ကောင်းတယ်တဲ့'

ဂလုတ်ရုံပိုင်ရှင် ကိုကျော်ဝင်းတို့ ကိုကျော်မင်းတို့က ကျွန်တော်နှင့် ခင်မင်၍ ဒီစီမှ အလကား ကြည့်ရပါသည်။

ထိုစဉ် မကြင်ရွှေ ဖြစ်လာပုံကို သူ့တပည့်မတွေဆီက သိလာပြီးကြသော နံနီက အနီးသို့ ရောက်လာသည်ဖြစ်၍ ကျွန်တော်က မကြင်ရွှေအား 'ဟောဒါ. . . . အစ်ကိုလေးအမေပဲ၊ နံနီ သူက ကျွန်တော့် စာပေညီမပေါ့'

နံနီက ပြုံးရယ်ကာ. . . . . .

'အေး. . . . တို့အိမ်မှာ ထမင်းစားဖို့တော့ ဘာမှအားမနာနဲ့ကွယ့်၊ ကျောင်းဘော်ဒါပဲ၊ လူတစ်ယောက်နှစ်ယောက် ဝင်စားလို့တော့ ဘာမှကိစ္စမရှိဘူး'

နံနီသည် ကျွန်တော်၏ ဘင်္ဂလားညီမတွေကို သိပြီးသား နားလည်ပြီးသား၊ ကျွန်တော့်စာ ရည်းစားတို့၏ ဓာတ်ပုံများကိုလည်း ဘယ်သူ ဘယ်မြို့ကဟု နံနီအား ကျွန်တော်က ပြသလေ့ ရှိပါသည်။

နံနီသည် ကျွန်တော့်ဘဝကို နားလည်သူဖြစ်သည်။

'မောင်ကြင်ဆွေဟာ ကျောင်းသားဘဝတုန်းက ရည်းစားများတာ၊ မြင်းလှည်းမောင်းတုန်း ကလည်း သူ့မှာ ရည်းစားတွေနဲ့ပဲ၊ အခု စာရေးဆရာ ဖြစ်လာတော့ အနယ်နယ် အရပ်ရပ်က မိန်းကလေးတွေကိုက မိတ်ဆက်စာရေးပြီး လာကြတာဟု သူ့ ဝမ်းမနာသားကို ဂုဏ်ယူ၍ ပြောတတ်၏။

## နံနီ

စာ အလျဉ်း သင့်တိုင်း ကျွန်တော်၏ ကျေးဇူးရှင် များ အကြောင်းကို ထုတ်ဖော်လေ့ရှိရာ ၌ နံနီ့ကို ချန်ထား၍မဖြစ်ပေ။ သူ့အကြောင်းကို အထူးသဖြင့် ရေးရမည်။

နံနီဆိုသည်မှာ **Nanny** ဟူသော အင်္ဂလိပ်စကားကလေးကို ထိန်းကျောင်းပြုစုသူဟု အဓိပ္ပာယ်ရသည်။

သူ့နာမည် အရင်းက ဒေါ်မမ။ ပညာမှာ ရှေးခေတ်က **B.A.D.T** ဖြစ်၍ ပညာအုပ်လုပ်ခဲ့သည်။ နောက် ပင်စင်ယူ သူ့အစ်ကို ဦးကိုကိုကြီးက မွေးသော သားအကြီးဆုံးလေးမှာ အလွန်ချူချာသည်။ မအေကလည်း မမာသဖြင့် ၎င်းကလေးကိုယူ၍ မွေးစားရာ ထိုကလေးကစပြီး 'နံနီ' ဟု ခေါ်ခြင်းဖြင့် အားလုံး ကျောင်းသားတွေကပါ 'ဆရာမ'ဟု မခေါ်ကြတော့ဘဲ တစ်ရပ်လုံးက အသိအကျွမ်းတွေပါ 'နံနီ' ဟု ခေါ်ကြကုန်၏။

နံနီခေါ် ဒေါ်မမသည် အသားဖြူဖြူနှင့် ရုပ်ချောသူ ဖြစ်သော်လည်း အိမ်ထောင် မပြုသော အပျိုကြီး။

သူတို့မွေးချင်ထးထဲတွင် အကြီးဆုံးဖြစ်၍ သူက ပညာအုပ်လုပ်ကာ သူ့မောင်များကို ကျောင်းထားပေးခဲ့သည်။

ဟိုယခင် တစ်ခေတ်ကတိုင်းပြည်ကသိကြသော အတွင်းဝန် ဦးစိန်ကြည်နှင့် ဩစတြေးလျ သံအမတ်ကြီး ဦးစိန်ဘွားသည် နံနီ၏ မောင်များ ဖြစ်ကြကုန်၏။

နံနီ၏ ထူးခြားချက်မှာ ဘယ်ကျောင်းသူ ကျောင်းသားမဆို သူ့ကျောင်းမှာ တစ်ခါနေပြီး လျှင် သူ့ကို တစ်သက်လုံး ခင်မင်သွားကြတော့သည်။

သူ့အား ကျောင်းရောက်ရောက်ချင်း 'ဆရာမကြီး' ဟုခေါ်ကြသော်လည်း နောက်တော့ 'နံနီ'ဟုပဲ ခေါ်ကြတော့သည်။

နံနီ အိမ်မှာ ကျောင်းဘော်ဒါ လာနေကြပြီး ၁၀–တန်းအောင်သွားကြသော အချို့ အမျိုးသမီးများသည် အလုပ်အကိုင် ရကြသော်လည်း နံနီအား အားကျပြီး အပျိုကြီးတွေဘဝနှင့် ပဲ နံနီအိမ်မှာ နေကြတော့သည်။

နံနီ့ကို ကျောင်းသူ ကျောင်းသားတွေက ဘာကြောင့် ဒီလောက် ချစ်ကြသနည်း ဆိုသော် နံနီသည် သူ့ကျောင်းသူ ကျောင်းသားတွေကို ကျောင်းလခ၊ ထမင်းလခ ဘယ်တော့မှ တောင်းလေ့မရှိ၊ ပေးမှသာယူသည်။

နို့ပြီး သူ့ဆီက ပိုက်ဆံချေး၍ တောင်း၍လည်း ဘယ်တော့မှ ငြင်းဆန်သည်မရှိပေ။ ပေးလိုက်သည်ချည်း။

သူ့ကျောင်းသားတွေသာမဟုတ်၊ အရပ်ထဲမှ အသိအကျွမ်းများက လာတောင်း၊ လာချေး လျှင်လည်း နံနီဆီက မရသည်မရှိ။

နံနီ၌ မရှိဘူး၊ မချေးနိုင်ဘူး၊ မပေးနိုင်ဘူးဆိုသော စကားလုံး မရှိချေ။ နို့ပြီး သူက ပြန်မတောင်းတတ်၊ ပေးချင်လည်းပေး၊ မပေးချင်လည်းနေလေ။

နီနံကို တစ်ခါတွေ့ဖူး၊ ဆက်ဆံဖူးလျှင် တစ်သက်လုံး ခင်မင်သွားကြသည်သာ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် နံနီ့စိတ်ဓာတ်ကိုက တွေ့သမျှလူကို ချစ်ခင်တတ်သောကြောင့် ဖြစ်၏။ နံနီသည် လူတိုင်းကို ခွင့်လွှတ်တတ်၏။ ဘာမဆို ခွင့်လွှတ်နိုင်၏။

နံနီနှင့် ကျွန်တော် ကျောင်းသားဘဝမှာရော၊ မြင်းလှည်းသမား ဘဝမှာရော၊ စာရေးဆရာဖြစ်တော့ကော နှစ်ပေါင်းများစွာ နီးကပ်စွာ ဆက်ဆံခဲ့ဖူးသည်။

တစ်စုံတစ်ဦးအား နံနီက ပြစ်တင်ပြောဆိုခဲ့ဖူးသည်ကို ကျွန်တော် တစ်ခါမျှ မကြားခဲ့ဖူး ချေ။

အရပ်ထဲ၌ မရှိဆင်းရဲသူများသည် နံနီ၏ ကျေးဇူးကင်းသူ အလွန်ရှား၏။

နံနီ့ကျောင်းသည် မူကြိုမှ ၁၀–တန်းအထိ သင်သည်ဖြစ်၍ ဘာစာမှ ကောင်းစွာမတတ်သော အမျိုးသမီးများအားလည်း မူကြိုဆရာမခန့်၍ လခပေး၏။

စာဖတ်သူအား အထူးပြောကြားလိုသည်မှာ ယခု စာရေးဆရာ ကျော်အောင်နှင့် မြသန်းတင့်တို့လည်း ကျောင်းသားဘဝက ကျွန်တော်နှင့် ပတ်သက်ပြီး နံနီ ကျောင်းမှာ အချိန်ပိုင်းနှင့် ကျောင်းဆရာ လုပ်ခဲ့ဖူး၏။

သူတို့ကို တစ်လ ၁၀၀–ကျပ် ပေးတယ်လေ။ ထို ၁၉၅၀ ခုနှစ် ပတ်လည်တုန်းက ၁၀၀ ဆိုသည့် ငွေက နည်းသည်မဟုတ်ချေ။ ခေါက်ဆွဲကြော်တစ်ပွဲ တစ်ကျပ်၊ ထမင်းအဝစား တစ်ကျပ်ခေတ်ပဲ။

နို့ပြီး အခု မြသန်းတင့်ကြီး မိန်းမရတာကော နံနီ့ကျေးဇူးပေါ့။

သူက ၉–တန်း၊ ၁၀–တန်းကို စာပြရာ၌ ၉–တန်းမ ခင်မမကို သူကြိုက်သည်ဟု ကျွန်တော့်ကိုပြော၏။

ခင်မမ ထိုအချိန်၌ ခေတ်စားနေသော ရုပ်ရှင် မင်းသမီး မေသစ်နှင့် ခပ်ဆင်ဆင်ဟူ၍ တော်တော်ချော၏။

မြသန်းတင့်ရုပ်က လူကောင် ပိန်ခြောက်ခြောက်မှာ မျက်မှန်က ဘီလပ်ရည် ပုလင်းဖင် လို ထူထူကြီးနှင့် တော်တော်သောက်ရုပ်ဆိုးသဖြင့် ကျွန်တော်က–

'ဟ– မြသန်းရာ တန်ရာတန်ရာ လုပ်စမ်းပါကွာ' ဆိုတော့ သူက 'ဟေ့ – ငဆွေရ ပဘာဝတီကိုတောင် မင်းကုသရသေးတာပဲကွ'

'ဟ–မင်းကုသက ဘုရားအလောင်းကွ'

'ယောက်ျားမှန်ရင် ဘုရားဆုပန်နိုင်တာပဲ၊ ငါကော ဘုရားအလောင်း မဟုတ်ဘူးလို့ မင်းပြောနိုင်သလား'

'အေး–ဒါဖြင့် ငါကိုယ်တိုင်တော့ ခင်မမကို မပြောဝံ့ဘူး၊ နံနီ့ကို တီးခေါက်ကြည့်ခိုင်းမယ်'

ထိုအချိန်၌ မြသန်းသည်(တင့်မတတ်သေး) ဘီအေအောင်ပြီး၍ လက်ဝဲသမား ဖြစ်ခြင်းကြောင့် ရုရှားသံရုံးမှာ တစ်လ ၅၀၀နှင့် အလုပ်ရချေပြီ။

ခင်မမအမေက မုဆိုးမ၊ သားသမီးများ၍ နွမ်းပါးသည်။ နံနီနှင့် ခင်မင်သည်။

ထို့ကြောင့် မြသန်းက လခကောင်းကြောင်း၊ သောက်ရုပ်က မလှသော်လည်း အသောက်အစားမရှိ။ ရိုးသား၍သဘောကောင်းကြောင်းများ ပြောသဖြင့် ခင်မမနှင့် မြသန်း ညားသွားခြင်း ပါခင်ဗျား။

အင်း – ဒီကောင်ကြီးအကြောင်း ပြောရတာနဲ့ မကြင်ရွှေ ဇာတ်လမ်း ခုမှ ပြန်ဆက် ရမယ်။

## နံ့နီနှင့်မကြင်ရွှေ

ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်က နံ့နီအား ကျွန်တော့်အမေဟု ပြော၍ မကြင်ရွှေနှင့် မိတ်ဆက်ပေးပြီးနောက် နံ့နီက

'အေး–တို့အိမ်မှာထမင်းစားဖို့တော့ အားမနာနဲ့၊ ကျောင်းဘော်ဒါပဲ၊ လူတစ်ယောက် နှစ်ယောက် ဝင်စားလိုကကော ဘာမှ ကိစ္စမရှိဘူး'

ထို့နောက် ကျွန်တော် သူ့အား မြို့ထဲခေါ်သွား၍ ဂလုပ်ရုံမှာ ရုပ်ရှင်အတူ ကြည့်ကြပြီး နောက် သူ့ရွာပြန်ရန် ညောင်ပင်လေးဆိပ်အထိ လိုက်ပို့လိုက်သည်။

သုံးရက်လောက် အကြာ၌ မကြင်ရွှေဆီက စာတစ်စောင် ရောက်လာသည်။

သူသည် နံ့နီအား ကျွန်တော်၏ တကယ့်မိခင်မှတ်၍ အစ်ကိုလေး မေမေသည် အင်မတန် ချစ်စရာကောင်းကြောင်း၊ စိတ်သဘောထားလည်း အလွန်ကောင်း လိမ့်မည် ဖြစ်ကြောင်း၊ အစ်ကိုလေးဟာ ဒီအမေမျိုး၏ သားဖြစ်ရတာ သိပ်ပြီး ကုသိုလ် ကောင်းကြောင်း စသည်ဖြင့်–

ထို့ပြင် နံ့နီသို့လည်း စာတစ်စောင်၊ ထိုနေ့က မမျှော်လင့်ဘဲ နံ့နီနှင့်အတူ ထမင်းစားရ တာ အင်မတန် ကျေးဇူးတင်ကြောင်း၊ နာမည်ကို မသိ၍ အစ်ကိုလေး ခေါ်သည့်အတိုင်း 'နံ့နီ' ဟု ရေးမိသည်ကို ခွင့်လွှတ်ပါမည့်အကြောင်း၊ နံ့နီ့ကို မိခင်ကဲ့သို့ ချစ်မိ၍ သူ့အားလည်း သမီး ကဲ့သို့ ချစ်စေ လိုပါကြောင်း၊ ထို့ပြင် သူတို့ရွာတွင် ရေထွက်ပစ္စည်းများအပြင် အခြား ဘာတွေ ညာတွေပါ ရနိုင်၍ အလိုရှိတာကို နံ့နီ့သားအား ညောင်ပင်လေးဆိပ်ရှိ သူစီးနေကျ လှေရှင် ဘကြီးမန်းထံ စာရေးပေးလိုက်ပါက သမီး ယူလာခဲ့မည် ဖြစ်ကြောင်း။

နံ့နီသည် ၎င်းစာကိုဖတ်ပြီး–

'ဒီသူငယ်မလေးက ရိုးရိုးသားသားလေးကွယ့်၊ ရုပ်ကလေးကလဲ ချောတယ်၊ ချစ်စရာလေး ပဲ'

ဒီတော့ ကျွန်တော်က 'နံ့နီ မချစ်တဲ့ လူများ လူ့ပြည်မှာ ရှိသေးလို့လားဗျာ'

နောက်နှစ်ပတ်မျှ ကြာသောအခါ၌ မကြင်ရွှေ ရောက်လာပြန်၏။

သူ့လက်ဆွဲခြင်းထဲမှာ ရေချိုငါးပိထုပ်ကတစ်ပိဿလောက် ငါးရံ့ခြောက် အကောင်ကြီး ကြီး လှလှတွေ့ ငါးကောင်။ နို့ပြီး ကျွန်တော့်ဖို့နှင့် နံ့နီဖို့က ကတ္တီပါဖိနပ်နှစ်ရံ။

ယင်းပစ္စည်းတွေ နံနီ့ရှေ့ချ၍ ဖိနပ်ကိုယူကာ နံနီ့ခြေဖဝါးနား ချပေးလျက်–

'စီးကြည့်စမ်းပါ နံနီ၊ တော်ရဲ့လားလို့'

(နံနီ့ကို လူတိုင်းက နံနီဟုခေါ်ကြ၍ နံနီက သဘောကျကြောင်း ကျွန်တော်က သူ့ဆီ စာရေးပြီးဖြစ်၏။)

နံနီသည် သူ့ဖိနပ်ကို စီးကြည့်ပြီး–

'ဟာ–အတော်ပဲဟေ့၊ ကျေးဇူးတင်ပါတယ် သမီးရယ်'

သူ့ကို သမီးဟုခေါ်သဖြင့် အလွန်သဘောကျသွားလျက်

'အစ်ကိုလေး မေမေ့ကို သမီးကန်တော့တာပါ၊ ဒါကျွန်မတို့ ရွာမှာလုပ်တဲ့ ဖိနပ်လေ၊ နို့ပြီး ဟောဒီ ရေချို ငါးပိကလေ သမီးကိုယ်တိုင်လုပ်တာ၊ ငါးမျိုးစုံပဲ၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးခုံးမ၊ ငါးမွေထိုး၊ ငါးဖယ်ငါးပိ ဆိုတာ ငါးများပြီး အမျိုးစုံလေ ကောင်းလေပဲ၊ နံနီစားကြည့်ပါ၊ ကြိုက်ရင် သမီး နောက်တစ်ခါလာတော့ ယူခဲ့ဦးမယ်'

ထိုအချိန်က နံနက် ထမင်းစားခါနီး ဖြစ်နေ၍ နံနီက အိမ်ဖော်မလေး မတင်ကြည်အား–

'ကလေးမရေ အဲဒီ ငါးပိ အခုပဲ တစ်အိုး ကျိုလိုက်စမ်းကွာ'ဟု ပြောလိုက်သည်။

ဟုတ်ပါရဲ့၊ မကြင်ရွှေ ငါးပိက အိုးဆူ၍ အနံ့ထွက်လာသည်ဆိုပဲ ထမင်းစားချင်စိတ် ပေါ်လာ၏။

ထိုနောက် ကျွန်တော်တို့ သုံးယောက်အတူ ထမင်းလက်ဆုံ စားကြပြန်သည်။

ဤအခေါက် မကြင်ရွှေ ဝတ်စားဆင်ယင် လာခဲ့သည်မှာ ဟိုယခင်တုန်းကနှင့်မတူ၊ ထဘီအင်္ကျီ အကောင်းစား တွေနှင့် လက်ကောက်တွေ ဆွဲကြိုးတွေ စိန်နားတောင်းတွေ ရွှေ ခြေကျင်းတွေနှင့်ဗျ။

ကျွန်တော်က ရုပ်ရှင်ရုံရောက်တော့ ဘာကြောင့်ဒီလောက်တောင် ဝတ်စားလာရသလဲ မေးသောအခါ ရန်ကုန်မှာ မင်္ဂလာဆောင် တစ်ခုကို လာရင်းမို့ပါတဲ့။

အမှန် ဘယ်ဟုတ်မလဲဗျ။ နံနီကို ချွေးမတော်ချင်အောင်လို့ပေါ့၊ ကျွန်တော် သိတာပေါ့။

နို့ပြီး မကြင်ရွှေကလည်း ကျွန်တော့်ကို တိုက်တွန်းနေသူတစ်ယောက် ရှိပါသေးသည်။

ဘယ်သူလဲဆိုတော့ မကြင်ရွှေတို့ရဲ့ ဖောက်သည် လေ့ဆရာကြီး ဘကြီးမန်းပေါ့။ မကြင်ရွှေတို့နဲ့ ဆွေမျိုးလဲ တော်သတဲ့။

သူနှင့် ကျွန်တော်မှာ မကြင်ရွှေအပြန်တွင် ကျွန်တော်က လေ့ဆိပ်သို့လိုက်ပို့ခြင်း၊ မကြင်ရွှေဆီ စာရေးလျှင် သူ့အားပေးလိုက်ရခြင်းတို့ကြောင့် ခင်မင်ရင်းနှီးနေသည်ကို သူက ကျွန်တော့်အား ပြောဖူး၏။

'ဟေ့–ဘကြီးက တောသားပေမယ့် ရန်ကုန် နေတိုင်းရောက်နေတာ၊ မင်းတို့ ဘင်္ဂလား မောင်နှမ လုပ်နေတာ ငါသိပါတယ်ကွ၊ ဘယ်တော့် ယူကြမလဲ'

ဒီတော့ ကျွန်တော်က 'ဘကြီးရယ် ကျွန်တော့် အလုပ်က ဝင်ငွေ သိပ်မကောင်းသေး လို့ပါ'

'အောင်မာ ကြင်ရွှေလို မိန်းမက မင်းလိုကောင်မျိုး တစ်သက်လုံးထိုင်စားမလား၊ လုပ်ကျွေးနိုင်ပါတယ်၊ နယ်နယ်ရရ မိန်းကလေးမှတ်လို့လား၊ မင်း သူတို့အိမ်လိုက်ကြည့်စမ်း၊ ကုန်ဆုံဆိုင်ကြီးနဲ့ ဟည်းလို့၊ တစ်ခေါက် တစ်ခေါက်ကို ကုန် သုံးလေးထောင်ဖိုး ဝယ်တာကွ'

ဒီတော့ ကျွန်တော်က 'မိန်းမလုပ်စာ စားတဲ့လူစားမျိုး မဟုတ်ပါဘူးဗျ'ဟု ဟန်နှင့်ပန်နှင့် ပြောလိုက်ရသော်လည်း စိတ်ထဲမှာမူ အင်း–ငါသာလွတ်လပ်လပ်ဆို ဘယ်လောက်ကောင်းမလဲ ဟု တမ်းတလိုက်မိပါ၏။

ကျွန်တော်တို့ ဘင်္ဂလားမောင်နှမ ဇာတ်လမ်း စခန်းမသတ်သေး။

## ဖူးစာကံ

မကြင်ရွှေသည် ဥစ္စာပေါရုပ်ချော သဘောကောင်း မနောကောင်း၊ ကျွန်တော့်ကိုလည်း သိပ်ချစ်နေသည်။

တစ်နေ့တော့ ကျွန်တော်က ချစ်စကားပြောပြီး လက်ထပ်ဖို့ ခွင့်ပန်လိမ့်မည်ဟု သူ မုချမျှော်နေကြောင်း ကျွန်တော် သိပါသည်။

သို့သော် ကျွန်တော်ကား သူ ထင်သကဲ့သို့ လွတ်လွတ်လပ်လပ်မဟုတ်။ ထိုအချိန်တွင် ကျွန်တော့်မှာ သားသမီးက သုံးယောက် ရှိနေပါပြီ။ သားသမီး ပစ်၍ နောက်ဇနီး ယူပါက ယောက္ခမကြီးသည် ကလေးစရိတ်တောင်းမည်မှာ မုချ။

'နင် ကလေးစရိတ်သာ ပေးနိုင်ရင် နောက်မယား ဘယ်လောက်ယူယူ၊ ငါ့သမီးလဲ နင့်လိုအရက်သမားဝဋ်ကကျွတ်တာပေါ့' ဟူသော စကားကို ပြောဖူးပါသည်။

အကယ်တိ ကျွန်တော်က နောက်မယားယူပြီး ကလေးစရိတ်မပေးနိုင်၍ ယောက္ခမ တရားစွဲပါက ကျွန်တော့်မှာ စာရေးဆရာ ဝင်ငွေမှန်နေသော လခစားမဟုတ်၍ မပေးဘဲထားလို့ ဖြစ်နိုင်သော်လည်း ကျွန်တော့် သားသမီးတွေဒုက္ခရောက်ကြတော့မည်။

မိခင်မုဆိုးမနှင့် သမီးလင်ပစ်မက မကျွေးနိုင် မမွေးနိုင်ပါ၍ သူတို့ ခရစ်ယာန် သာသနာပြုအဖွဲ့ကို မိဘမဲ့ကလေးများအဖြစ်နှင့် ပေးအပ်လိုက်မည်။

သို့မဟုတ် သူတို့ ဆွေတွေမျိုးတွေက တစ်ယောက်စီ တစ်ယောက်စီ ခွဲဝေမွေးကြမည် ဆိုလျှင် စသည်စသည်များကိုတွေး၍ ကျွန်တော် ရင်လေးလှပါသည်။

ဒါမျိုး စဉ်းစားမိရုံနှင့် ကျွန်တော် ရင်တုန်လှသည်။

ကျွန်တော်၏ ဂုဏ်သိက္ခာနှင့် ဖခင်တစ်ယောက်၏ တာဝန်ပျက်ရချေတော့မည်။ သားသမီးမွေးပြီး မကျွေးဘဲ ပစ်သွားသော ဖအေတစ်ယောက်ကား လူမဟုတ်တော့ပေ။

ကျွန်တော် တိရစ္ဆာန် အဖြစ်မခံနိုင်ပါ။ ထို့ကြောင့် ထိုအချိန်မှာ မကြင်ရွှေကို ကျွန်တော် မယူနိုင်ပါ။

ယင်းအခါ၌ ကျွန်တော်၏ ဝတ္ထုတစ်ပုဒ်မှ ၂၀ဝိသာ ရှုမဝက ပေးသေး၏။ ဦးကျော်က လည်း တစ်လတစ်ပုဒ်ပဲ ယူ၏။ မြဝတီ၊ ငွေတာရီတို့ မထွက်သေး။

အခြားသော မဂ္ဂဇင်းဆို၍ သွေးသောက်တစ်အုပ်ပဲ ရှိလေရာက သူကလည်း မတောင်း သဖြင့် ကျွန်တော်ကလည်း အောက်ကျခံ၍ သွားမပေး။

နို့ပြီး ရှုမဝလိုမဟုတ်။ ဝတ္ထုတစ်ပုဒ်မှ လေး ငါးဆယ်ပဲပေးသည်ဟု ကြားရ၏။

ထို့ကြောင့် ကျွန်တော်က ရှုမဝနှင့် ပဒေသာ မှာပဲ ရေးတော့ရာ ယခုလ ပဒေသာ ပြုတ်သွားပြီဆိုတော့ ယောက္ခမကြီးအား ထမင်းလခပင် မပေးနိုင်တော့သဖြင့် ဖော်ပြခဲ့သည့် အတိုင်း မယားနှင့် ကလေးသုံးယောက်သည် သန်လျင်က သူ့ဦးလေးအိမ် ရောက်နေ၏။

ထို ၁၉၄၉–ခုနှစ်မှာ သမီးကြီး ဒင်ပယ်လ်ဆွေက ငါးနှစ်။ ကျွန်တော့် ဟာသဝတ္ထုတွေထဲ မှာ ဟစ်တစ်လုံးဟု ရေးသော သားကျော်ကျော်က နှစ်နှစ်ခွဲ၊ တတိယကလေး သော်သော် (ယခု ဒေါက်တာ အောင်သော်) က လေးငါးလသားမျှ။

ထို့ကြောင့် ကျွန်တော်သည် ရှုမဝ မဂ္ဂဇင်းအတွက် ဝတ္ထုသာမကတော့ဘဲ လုံးချင်း ထုတ်နိုင်သော ဝတ္ထုရှည်များရေးရတော့သည်။

ပထမဦးဆုံး ကျွန်တော့်ခေါင်းထဲ ရောက်လာသော ဝတ္ထုရှည်မှာ ကသာတွင် ကျွန်တော်နှင့် ညားခဲ့သော ဒုတိယမယား မသူ အကြောင်း 'ဆန်ဆုံစား၊ ကံကုန်သွား'။

၎င်းဝတ္ထုကား အဆင့်မြင့်သော ဘဝသရုပ်ဖော် ဖြစ်၍ နောင်တွင် တိုယိုတာဖောင်ဒေး ရှင်းက ဂျပန်လို ဘာသာပြန်သဖြင့် တီဗွီတစ်လုံးပင် လက်ဆောင် ရလိုက်သေးသည်။

ဒုတိယဝတ္ထုရှည်ကား သားမယားရှိရာ သန်လျင်သို့ မော်တော်နှင့် သွားစဉ် မိုးတွေသိပ် ရွာ၍ မော်တော် ပတ်လည်က တာလပတ်တွေချစဉ်က အတွင်းထဲမှာ တစ်ယောက်နှင့် တစ်ယောက် မမြင်ရအောင် မှောင်နေသည်၌ စိတ်ကူး ရသော ကျွန်တော့်အသည်းကို ခွဲသွား သည့် အချစ်ဦး တရုတ်ကပြားမလေး အရွှေအကြောင်း 'ချစ်သောသီဂီ' အမည်နှင့် လည်းကောင်း။ 'ငယ်ချစ်ဦး' အမည်နှင့်လည်းကောင်း၊ မြီးကောင်ပေါက်တို့ အကြိုက်ဖြစ်၍ တစ်နှစ်ခြား နှစ်နှစ်ခြား သုံးကြိမ်တောင် ရိုက်ခဲ့ရသည်။

## တစ်သက်လုံး မမေ့နိုင်သော နာကြည်းချက်

ဤဝတ္ထုများကို နံနီအိမ်၌ ကျွန်တော်ရေးနေစဉ် လဆန်း၍ ရှုမဝမှ မဂ္ဂဇင်း ဝတ္ထုဖိုးရလျှင် သန်လျင်ရှိ မယားနှင့်ကလေးများရှိရာသို့ သူတို့အတွက် မုန့်ဖိုးပေးရန်သွားပြီး နှစ်ရက်သုံးရက် လောက် နေလေ့ရှိရာ တစ်ခေါက်သောအခါ၌ ကျွန်တော့်တစ်သက်တွင် မမေ့နိုင်သော နာကြည်းချက် တစ်ခုကို ခံစားခဲ့ရသည်။ ယခုတိုင် တွေးမိတိုင်း ဒေါသဖြစ်၏။

အကြောင်းကား အန်ကယ်လ် တွံမဆင်နှင့် အန်တီဖယ်နီတို့တွင် ထိုအချိန်က ဂျာမိန်ဟု ခေါ်သော ဆယ့်လေးငါးနှစ်ရွယ် သမီးအပျိုပေါက် တစ်ယောက်ရှိရာ တစ်နေ့သော နံနက်ခင်း၌ ဂျာမိန်သည် ကျောင်းသွားရန် မုန့်တင်ခုံရှေ့၌ အလုပြင်နေစဉ် ကျွန်တော်၏ ငါးနှစ် သမီးကလေး ဒင်ပယ်လ်ဆွေက သူ့အနားသို့ သွားကြည့်မိသည်၌ ဂျာမိန်သည် ဘာမပြေပြာ ညာမပြောနှင့် ကလေး၏ပါးကို ဖျန်းခနဲမြည်အောင် ရိုက်လိုက်ခြင်း ဖြစ်သည်။

ကင်းမကော့ပေါ်မှာ တုံးလုံးလှဲနေသော ကျွန်တော်နှင့်က တစ်လံလောက်ပဲကွာသည်။

ယင်းကို အနီးတွင်ရှိနေသော ဖယ်နီကလည်း ဘာမှ သူ့သမီးကို မပြောချေ။ မသိဟန် မမြင်ဟန် ပြုနေ၏။

ကျွန်တော်သည် ကိုယ့်သားသမီးကို ရိုက်ဖို့မပြောနှင့်မာန်မဲခြင်းတောင်မှ ပြုခဲ့ဖူးသူ မဟုတ်။

ဒီလို ကိုယ့်သမီးလေး ပါးကလေး နီသွားအောင် အရိုက်ခံရတာ မြင်တော့ ကျွန်တော် သည် ဂျာမိန်ကို ဆံပင်ဆွဲလှဲပြီး လည်ပင်းနင်းပစ်ချင်၏။

သို့သော် သူတို့အိမ်မှာ သူ့အမေသူ့အဖေနှင့် ဖြစ်နေတော့ ကျွန်တော် ဤသို့ မဟုတ်တော့ပဲ–

'ဟေ့ . . . ဂျာမိန်၊ နင် ငါ့သမီးလေးကို ဘာလို့ရိုက်တာလဲဟယ်' ဟုသာ မေးမိတော့ . . .

'ရိုက်ချင်လို့ရိုက်တယ် ဘာဖြစ်သလဲ'တဲ့။

ဒီကောင်မကို ကျွန်တော် နောက်ထပ် (ယခုအထိ) သူ့မျက်နှာလည်း မကြည့်ချင်၊ စကားလည်း မပြောချင်တော့ချေ။

ဒင်ပယ်လ်လည်း ယင်းကို တစ်သက်လုံးမမေ့။ ယမန်နေ့ကပင် စကားစပ်မိ၍ ပြောကြ သေးသည်။

စင်စစ်တော့ ဖယ်နီသည် ကျွန်တော့် သားသမီးတွေကို ကျွန်တော့် ယောကျ်ာမဖြစ်သော သူ့ယောင်းမကြီးရှေ့မှာ မျက်နှာလို ဂုဏ်လုပ်၍ ခေါ်လာခဲ့ပြီးမှ တစ်လကျော်ကျော်လောက် ကြာသောအခါ သူ့အိမ်၌ မထားချင်တော့ကြောင့် ဖြစ်ဟန်တူ၏။

ဒါကို စဉ်းစားမိသော ကျွန်တော်သည် ငှင်းမနက်ပဲ ရန်ကုန်သို့ ပြန်ခဲ့ပြီး ရေးလက်စ ဝတ္ထုတွေ အမြန်ရေးကာ ရှမ၀ ဦးကျော်ထံသို့ သွားရောင်း၍ ငွေရသောနေ့ပဲ သန်လျင်သို့ သွား၍ သားမယားအားလုံးကို ပြန်ခေါ်ခဲ့တော့၏။

ယင်း၌ ဖယ်နီကပါ ရန်ကုန်လိုက်လာသည်။

အိမ်ရောက်သော် ယောက္ခမကြီးအား. . . .

'ရော့. . . . ခင်ဗျားထမင်းဖိုး အရင်လက ၁၅ဝိ၊ အခုလာမယ့်လအတွက် ၁၅ဝိ' ဟုဆိုပြီး ၃ဝဝိ ပေးလိုက်သောအခါ ဖယ်နီကလည်း. . . .

'ငါ့အိမ်မှာ မင်း သားမယားတွေ ကျွေးထားတာကော' ဆိုလေတော့ ကျွန်တော်က–

'ခင်ဗျား ဘယ်လောက် လိုချင်သလဲပြော'

'တစ်လကျော်ကျော်လောက် ကြာခဲ့တာပဲ'

'ဒါဖြင့် . . . ရော့ ၂ဝဝိယူ'ဟုဆို၍ ပေးလိုက်ပြီး 'အဲ–တစ်ခုမှတ်ထားရမှာက ကျွန်တော့် မယားနဲ့ ကလေးတွေဟာ ခင်ဗျားတို့ အိမ်မှာ ထမင်းတစ်နပ်၊ ကော်ဖီတစ်ခွက်မှ အလကားမစား သောက်ခဲ့ဘူး ဆိုတာပဲ'

× × ×

ကဲ–ဆွေကောင်း မျိုးကောင်းတွေ အကြောင်း ပြီးတော့ ကျွန်တော့် ဘင်္ဂလားညီမလေး အကြောင်း ပြန်ဆက်ဦးစို့။

မကြင်ရွှေသည် သူ့ရွာထွက် ငါးပိတွေ ငါးရံ့ခြောက်ကြီးတွေနှင့် ကျွန်တော့်အိမ် ထင်နေသော နံ့နီကျောင်းသို့ သုံးလေးခေါက်လောက် ရောက်ပြီးသည့်အနက် နံ့နီနှင့်လည်း ခင်မင်သွားကြလေတော့ ကျွန်တော် သဘောကျလျှင် နံ့နီကပေးစားတော့မှာပဲဟု သူယုံကြည်နေ လေပြီ။

ကျွန်တော် သူ့ကို ဘင်္ဂလားညီမလေး ဆိုသကဲ့သို့ သူကလည်း ကျွန်တော့်အား ဘင်္ဂလား အစ်ကိုမှန်း သိပါသည်။

သွေးသား မစပ်ပါဘဲနှင့် ဘယ့်နှယ် ကိလေသာစိတ်ဓာတ်ကင်းစွာ လူချင်း ခဏ ခဏ တွေ့ဆုံဆက်ဆံနေကြပါမည်နည်း။

တစ်နေ့နေ့တော့ ကျွန်တော်က သူ့အား ရင်ခွင်ထဲသွင်းပြီး ချစ်ရေးဆိုလိမ့်မည်ဟု သူ မှန်းဆထားပေမည်။

သူလာထိုင်းလာတိုင်းလည်း ကျွန်တော့်အား နံ့နီအိမ်တွင် တွေ့ရပုံမှာ စာရေးစာပွဲတစ်လုံး နှင့် တစ်ယောက်အိပ် ကင်းမကော့နှင့်သာ။

ဒီတော့ သူ ကျွန်တော့်ကို လူပျိုပဲထင်နေတော့သည်။
ယင်း၌ သူ၏ ရိုးသားမှုလေးကို ဖော်ပြလာလေသည်။

ချစ်သောအကိုလေး

အစ်ကိုလေးကို ကျွန်မ မပြောဘဲထားလို့မဖြစ်၊ မြှုံထားလို့ မသင့်တာတစ်ခုကို ညီမလေး ကြောက်ကြောက် ရွံ့ရွံ့နဲ့ပဲ ထုတ်ဖော်ရတော့မှာပဲ၊ ညီမ ဒီနေရာမှာဆက်ရေးဖို့ ဝန်လေး လိုက်တာလေ ရင်ထဲမှာ တုန်နေတာပဲ၊ ဒါပေမယ့် မပြောမပြီး၊ မတီးမမြည်မို့ ပြောပါတော့မယ် အစ်ကိုလေးရယ်၊ နို့မဟုတ်ရင် အစ်ကိုလေးကို လိမ်ညာသလိုပဲ ဖြစ်နေမယ်၊ တစ်နေ့နေ့မှာ ပေါ်တော့လဲ ရှက်စရာကြီး။

ဘာလဲဆိုတော့ ညီမဟာ အပျို မဟုတ်တော့ဘူး၊ ဂျပန်ခေတ်က အသက် ၂၁ အရွယ်မှာ အိမ်ထောင်ကျခဲ့ဖူးတယ်၊ မိဘက ပေးစားလို့ပါ၊ ဒါပေမယ့် သုံးလလောက်ပဲ ပေါင်းလိုက်ရပါ တယ်၊ ညီမလေး မုဆိုးမဖြစ်သွားရပါတယ်၊ သားသမီးလဲ မရလိုက်ပါဘူး။

ဒါပဲပဲ အစ်ကိုလေးရယ်၊ ဒါသိလိုက်ရတော့ ညီမလေးအပေါ်မှာ အစ်ကိုလေးစိတ် အခု ဘယ်လိုဖြစ်သွားသလဲဟင်၊ ပြောစမ်း။

နောက်ဆုံးပဲဖြစ်ဖြစ် စာလေးတစ်စောင်တော့ ပြန်ပါ၊ ချစ်သော အစ်ကိုလေးရယ်။
ဝတ္ထုတွေ များများ ရေးနိုင်ပါစေ။
ချစ်သောညီမလေး

သူ့စာသဘောမှာ သူကျွန်တော့်ထံမှ ဘာကိုမျှော်လင့်ပြီးရေးသည်ကို စာဖတ်သူ ရိပ်စားမိပါလိမ့်မည်။

သို့သော် သူလိုချင်သောအဖြေကို ကျွန်တော် မပေးနိုင်ပါ၊ သူက ရိုးတော့ ကျွန်တော်က လည်း ရိုးသားရ ပါတော့မည်။

ထို့ကြောင့် ကျွန်တော့်ပြန်စာမှာ စိတ်မကောင်းစွာနှင့်ဘဲ ရေးရပါတော့သည်။

ချစ်သောညီမလေးရယ်

တို့ဟာ မောင်နှမလို ချစ်လိုနေကြတာပဲကွ၊ ညီမလေးဟာ မုဆိုးမလို့ တစ်ခုလပ်ပဲ ဖြစ်နေနေ၊ လင်ပဲရှိနေနေ ဘာဖြစ်သေးသလဲကွ။

နို့ပြီး အစ်ကိုလေးက ညီမလေးကို ဖွင့်ပြောရဦးမယ်၊ အစ်ကိုလေးလဲ လူပျို မဟုတ်ဘူး၊ ကလေး သုံးယောက်ရဲ့ အဖေပါ၊ ညီမကို လိမ်ခဲ့မိတာ အခု ပြောတော့မယ်။

ညီမလေးဟာအစ်ကိုလေးကို ပဒေသာမှာ မတွေ့လို့ ပထမဦးဆုံးအခေါက် မအူပင်လမ်းကို လိုက်လာခဲ့တော့ သာဓုအိမ်က ပြောလိုက်တဲ့ အိမ်နံပါတ်(၁၇)ကို သွားမေးတယ် မဟုတ်လား၊ အဲဒါ အစ်ကိုလေးရဲ့ယောက္ခမ အိမ်ပဲ၊ ညီမကို အော်လွှတ်လိုက်တဲ့ မိန်းမကြီးကလဲ အစ်ကိုလေး ရဲ့ ယောက္ခမကြီးပေါ့၊ သူ ရူးနေတာမဟုတ်ပါဘူး၊ သူ့ထမင်းလခ မပေးနိုင်လို့ အစ်ကိုလေးကို စိတ်ဆိုးပြီး အိမ်က မောင်းချထားတာနဲ့ အစ်ကိုလေးက နံနီအိမ် သွားနေရတာပါ။

နံနီဟာ အစ်ကိုလေးရဲ့ အမေအရင်း မဟုတ်ပါဘူး၊ အင်္ဂလိပ်လို ဝသိ ဩအ့နမ ဘုရားပေး တဲ့ အမေ၊ မြန်မာလိုတော့ ဝမ်းမနာမိခင်၊ အစ်ကိုလေးက နံနီရဲ့ဝမ်းမနာသား ခေါ်ရမယ်ပေါ့ နံနီ က အပျိုကြီးပဲ၊ သူ့နာမည်အရင်းက ဒေါ်မမတဲ့။

အစ်ကိုလေးတို့ လင်မယားနဲ့ ကလေးတွေဟာ ယောက္ခမကြီးအိမ်မှာ ထမင်း လခစား နေရတာ၊ မြန်မာပြည်မှာ တလောက ရောင်စုံသူပုန်တွေ သောင်းကျန်းလို့ လမ်းပန်းအဆက် အသွယ်တွေပြတ်ပြီး ရန်ကုန်မြို့က စာအုပ်တွေမထုတ်နိုင်တော့ အစ်ကိုလေး မှာ ငွေမရတာနဲ့ သူ့ ထမင်းလခ မပေးနိုင်တဲ့အတွက် သမီးယောက္ခမ ရန်ဖြစ်သွားကြတာ၊ အဲသည်တုန်းမှာ ညီမက အစ်ကိုလေးနာမည်ကို ယောက္ခမကြီး သွားမေးမိတာကိုးကွ၊ သည်တော့ ဘု ပြောလိုက်တော့တာ ပေါ့။

သူ့သမီးကလဲ အစ်ကိုလေးဘက်က ဘာမှ မရပ်တည်နိုင်ဘူး၊ သူ့အမေ ပြောသမျှကိုပဲ အဟုတ်ထင်နေတာ။

အစ်ကိုလေး အိမ်ထောင်ရေးက မသာယာပါဘူး၊ ညီမရယ်၊ သားသမီးတွေ အတွက်သာ ငဲ့ညှာပြီး ပေါင်းနေရတာပေါ့။

ညီမ စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်၊ လူဆိုတာ သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ ရေးဘဝကံက စီမံသမျှ ဖြစ်တာချည်းပေါ့။

ငါ့ညီမ ကျန်းမာ ရွှင်လန်းပါစေ. . . . .

ချစ်သောအစ်ကိုလေး

ထို့နောက် တစ်ပတ်လောက် အကြာ၌ သူကလေးထံမှ နောက်ဆုံးစာ ရောက်လာ လေသည်။

အစ်ကိုလေးဆီမှ ထိုနေ့က ညီမ သိပ်ပြီး ဝမ်းနည်းသွားတယ်၊ အစ်ကိုလေး အတွက် ငိုမိတယ်၊ အဲလို ညီမ စိတ်မကောင်းဖြစ်နေတဲ့ အတွင်းမှာပဲ ကျွန်မတို့အတွက် ဖြစ်ကောင်း ဖြစ်နိုင်မယ့် ဝမ်းသာစရာတစ်ချက် ညီမခေါင်းထဲမှာ လက်ခနဲ ပေါ်လာတယ်။

ဘာလို့လဲဆိုရင် အစ်ကိုလေး သိတယ်မဟုတ်လား၊ နံနီတိုက်ရဲ့တောင်ဘက် တစ်အိမ်ခြားမှာလေ ညီမတို့ကန်ဘဲရွာက မိသားစုတစ်စု နေကြတယ်၊ သူတို့သားတွေက မြေနီကုန်း ကားဝပ်ရှော့တစ်ခုမှာ လုပ်တယ်၊ ထွန်းအောင်နဲ့ ထွန်းမောင်တဲ့။

အဲဒီ ထွန်းအောင်နဲ့ ထွန်းမောင်တို့အမေဟာ အစ်ကိုလေးစာ ညီမဆီရောက်ပြီး တဲ့ နောက်တစ်နေ့မှာပဲ ရွာကိုခေတ္တ အလည်ပြန်ရောက်လာလို့ အစ်ကိုလေးအကြောင်း ညီမက စုံစမ်းကြည့်တော့ အစ်ကိုလေးတို့ သမီးယောက္ခမ အကြောင်းကို တစ်ရပ်လုံးက သိနေကြ တာဆိုပဲ။

အစ်ကိုလေး ယောက္ခမကြီးဟာ ဗိုလ်ကပြား၊ သူ့အင်္ဂလိပ်နာမည်က ဂျိုစဖီး၊ မြန်မာလိုတော့ ဒေါ်ဘီခေါ်သတဲ့၊ သူက အင်္ဂလိပ်ခေတ်က ဗိုလ်ကတော်တဲ့၊ သူ့လင်က တစ်လ ၅၀၀ိ ကျော် ရတဲ့အတွက် အိမ်မှာကားနဲ့ ဒရိုင်ဘာနဲ့၊ ထမင်းချက်နဲ့ စားပွဲထိုးနဲ့ နေတာ၊ အဲဒီဒေါ်ဘီက ဗိုလ်ကတော်ရယ်လို့ သိပ်ပြီး မာနကြီးသတဲ့။

နောက် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ သူ့လင် ဆစ်ဒနီဘဲရိုးသေတော့ သူ့လင် လစာ တစ်ဝက်လောက်ရလို့ အပေါင်ခံ ငွေတိုးချေးနဲ့ ချမ်းသာစွာပဲ စားသောက်နေနိုင် သတဲ့။

အစ်ကိုလေးနဲ့ သူ့သမီးကြိုက်တော့ အစဦး သူကလုံးဝ သဘောမတူဘူးတဲ့၊ နောက် ဂျပန်ခေတ်လဲရောက်ကရော အင်္ဂလိပ်အစိုးရက သူ့လင်ရဲ့မယားပင်စင်လဲ မရတော့မှ အစ်ကို လေးကို မြင်းလှည်းမောင်းခိုင်းဖို့ သမီးနဲ့ ပေးစားတာတဲ့။

အဲ ဂျပန်ခေတ်ထဲမှာ အစ်ကိုလေးက သူတို့တစ်အိမ်လုံးကို မြင်းလှည်း မောင်းကျွေးခဲ့ရပြီး အင်္ဂလိပ်ပြန်လာလို့ ကက်စ်ဘီခေတ်ရောက်တော့ ဘတ်စ်ကားတွေ ပေါ်လာ လို့ မြင်းလှည်းနဲ့ အသက်မွေးလို့ မဖြစ်တော့တဲ့အတွက် အစ်ကိုလေးက မယားနဲ့ သမီးလေးတစ်ယောက်ခေါ်ပြီး ဇာတိရွာကို ပြန်သွားရောတဲ့။

အဲ. . . . နောက်တစ်နှစ်ကျော်လောက်အကြာမှာ အစ်ကိုလေးက သော်တာဆွေဆိုတဲ့ စာရေးဆရာအဖြစ်နဲ့ ပြန်ရောက်လာတာတဲ့။

ဒေါ်ဘီဟာ သူတို့က လခစားမျိုးဖြစ်လေတော့ ဝင်ငွေရတာမမှန်တဲ့ စာရေးဆရာ အလုပ်ကို နည်းနည်းမှ မကြိုက်ဘူးတဲ့၊ လခထုတ်ရက်မှန်တဲ့ လခစားအလုပ်ကို ပဲလုပ်စေ ချင်သတဲ့။

အစ်ကိုလေးကလဲ သိပ်ခေါင်းမာတယ်၊ ထမင်းငတ်ချင်ငတ်ပစေ၊ သူများ ကျွန် အလုပ်တော့ တစ်သက်လုံးမလုပ်ဘူးဆိုတော့ ဒေါ်ဘီက 'ဟဲ့. . . . နင်တစ်ယောက်တည်း အငတ်ခံနိုင်ပေမယ့် ငါ့သမီးနဲ့ မြေးတွေတော့ ငါ မုဆိုးမကလဲ ကျွေးမထားနိုင်ဘူး၊ ဒီတော့ နင် ငါ့အိမ်မှာမနေဘဲ နင်လို စာရေးဆရာမက်တဲ့မိန်းမကို ရှာယူပြီး ငါ့သမီးနဲ့ မြေးတွေကို တော့ ကလေးစရိတ် မှန်မှန်ပေးနေတော့' လို့ ပြောသတဲ့။

အဲဒီစကားကြားရတော့ အစ်ကိုလေးရေ၊ ညီမ စိတ်ကူးရတာက ရှင်းရှင်းပဲ ပြောကြစို့၊ အစ်ကိုလေးက ညီမကိုချစ်နေတာလဲ ညီမသိပါတယ်၊ ညီမ အစ်ကိုလေးကို ချစ်နေတာလဲ အစ်ကိုလေးသိပါတယ်၊ ဒီတော့ ညီမမုဆိုးမကို အစ်ကိုလေးက တစ်ခုလပ် ဖြစ်အောင် ဟိုမိန်းမကို ကလေးစရိတ်ပေး ကွာခဲ့ပြီး ကျွန်မတို့ လက်ထပ်ကြပါစို့လား၊ မုဆိုးမနဲ့ တစ်ခုလပ်ဆိုတော့ ကိုယ်သာ သူမနာပေါ့။

ရုံးကဆုံးဖြတ်တဲ့ ကလေးစရိတ်ကိုတော့ အစ်ကိုလေးဝတ္ထုရေးလို့ရတာတွေပေး၊ အဲဒါမှမလောက်ရင် ညီမကပဲ ဖြည့်ပေးမယ်၊ သူတို့ကို လဆန်းတိုင်း ပေးနိုင်ဖို့လဲ ညီမမှာ ရှိတယ်။

အဲဒါ အစ်ကိုလေး ဆုံးဖြတ်နိုင်မယ်ဆိုရင် ညီမဆီကို လာခဲ့ပေတော့၊ ဒီနေ့ကစပြီး ဘကြီးမန်းတို့ ပြောထားလိုက်မယ်၊ အစ်ကိုလေးသာ လာမယ်ဆိုရင် သည့် ပြင်လူ တစ်ယောက်မှမတင်နဲ့တော့၊ အစ်ကိုလေး လှေပေါ်ရောက်ရောက်ချင်းသာ ထွက်ခဲ့ ပါ၊ တစ်စင်းလုံးခပေးမယ်လို့၊ မေမေတော့ အစ်ကိုလေးဓာတ်ပုံမြင်တာနဲ့ သဘောကျ နေပြီ။

အဲဒါ အစ်ကိုလေးဆီကို ညီမ နောက်ဆုံး ရေးတဲ့စာပဲ၊ ညီမလဲ အစ်ကိုလေးဆီကို မလာတော့ဘူး။

ညီမ ဆုတောင်းတာကတော့ အစ်ကိုလေးနဲ့ ညီမ လက်ထပ်ပြီးတော့မှ မအူပင် လမ်းက နံနီ့အိမ်လာပြီးစုံတွဲ ကန်တော့ချင်တာပါပဲ။

အဲဒီ ဆုတောင်းပြည့်အောင် အစ်ကိုလေးက ဖြည့်ပါနော်။

မျှော်လင့်ချက်ကြီးစွာနှင့်

ညီမ ကြင်ရွှေ

ကဲ–စာရှုသူရယ်၊ ခင်ဗျား ကျွန်တော့်နေရာမှာဆိုရင် ဘယ်လို ဆုံးဖြတ်မလဲ။

နံနီ့ကို ဒီစာပြတော့လဲ နံနီက မောင်ကြင်ဆွေ သဘောပဲ၊ ကိုယ်စိတ်ချမ်းသာမယ် ထင်တာကိုလုပ်တဲ့။

အဲသည်တော့ ကျွန်တော် စဉ်းစားမိတာက သမီးအကြီးဆုံးလေး ဒင်ပယ်လ်က ငါးနှစ်၊ သား ကျော်ကျော် သုံးနှစ်၊ သော်သော်က ခြောက်လသား။

ဒီကလေးတွေပစ်ပြီး ကျွန်တော်က ရန်ကုန်မြို့နဲ့ ဝေးကွာတဲ့ တခြားရွာ သွားနေမယ်ဆို တော့ ကျွန်တော့် သားသမီးတွေကို မခွဲနိုင်ပြန်ဘူး။

ကျွန်တော် အဲသည်ကို ချီတုံချတုံ ဖြစ်နေတုန်းမှာပဲ ကိုယ်ရေးတဲ့ ဝတ္ထုရှည်တွေကလဲ နှစ်ပုဒ်စလုံး ပြီးသွားတာမို့ ဦးကျော်ဆီက ပိုက်ဆံရတာနဲ့ သန်လျင်က သားမယားတွေသွားခေါ် လိုက်တော့ မကြင်ရွှေကိစ္စကို ကျွန်တော် မစဉ်းစားအားတော့ဘူး။

ကျွန်တော့် ကံဇာတာမှာက အိမ်ထောင်သုံးဆက်မို့ တတိယ ဇနီး ရရဦးမယ်ဆိုသော် လည်း နော်မာနဲ့ ကျွန်တော်က ဖူးစာမကုန်သေးဘူး။

မော်မော်နဲ့ မေဘယ်လ်ဆိုတဲ့ သမီးနှစ်ယောက် မွေးဖို့က ကျန်သေးလေတော့ သမီး ယောက္ခမနှစ်ယောက် တကျက်ကျက်နဲ့ပဲ နော်မာနဲ့ ဆက်လက် ပေါင်းသင်းရင်း တဖြည်းဖြည်းနဲ့ မကြင်ရွှေလေးကို မေ့သွားရော။

ချစ်တိုင်းလည်းမညား ညားတိုင်းလည်းမချစ် ဖူးစာမပါလို့ကိုးဗျ။

လူတွေဟာ ကိုယ့်ဘဝ ကိုယ်ဖန်တီးနေတယ်ဆိုကြပေမယ့် ကိုယ်မမြင်ရပေမယ့် 'ကံဇာတ် ဆရာ' ဆိုတာကြီးက စီမံပေးနေတယ်ဗျ။

မထင်တာတွေဖြစ်၊ မမျှော်လင့်တာတွေ ကြုံတွေ့နေရတာဟာ ကံဇာတ်ဆရာက ခြေပုန်း ခုတ်နေတာတွေပေါ့။

## မကြင်ရွှေနှင့်နိဂုံး

ထိုမှ တစ်နှစ်ခန့် ကြာသောအခါ တစ်နေ့ခင်းတွင် မကြင်ရွှေအား (ယုဇနဟု နာမည် မပြောင်းရသေးသော) ကာလ်တန် ရုပ်ရှင်ရုံရှေ့မှာ တစ်ကိုယ်တည်း မတ်တတ်ရပ်နေတာ တွေ့ရသည်။

သူက ကျွန်တော့်ကို မမြင်သေး။ ကျွန်တော်က ဝမ်းသာအားရ သူ့အနီးကပ်သွားကာ ဟိုတုန်းကတိုင်း သူ့ လက်ကလေးကို ဆတ်ခနဲကိုင်လိုက်ပြီး 'ညီမ' လို့ ခေါ်လိုက်တော့ သူရုတ်တရက် လန့်သွားပြီး သူ့လက်ကိုဆွဲရုန်းကာစိုးရွံ့သော မျက်နှာလေး ဖြစ်သွားလျက် လေသံတိုးတိုးနှင့် . . . .

'အစ်ကိုလေး ကျွန်မ အိမ်ထောင်ကျနေပြီ'

ကျွန်တော့် သူ့လက်ကို လွှတ်လိုက်ရပြီး–

‘ဟေ–ဟုတ်လား၊ ဘယ်သူနဲ့လဲဆိုတော့ နှစ်ကျပ်ခွဲတန်း ရှေ့မှာ လတ်မှတ်ယူရန် တန်းစီနေသော တရုတ်ကပြား တစ်ယောက်ကို ညွှန်ပြပါသည်။ ကျွန်တော်နှင့် ရွယ်တူလောက်ပဲ။

‘သြော်’ဟု အာမေဋိတ်သံနှင့် ကျွန်တော်က သက်ပြင်းချလိုက်ပြီး–

‘နှစ်လလောက်ပဲ ရှိသေးတယ်’ ဆိုပြီး သူ့မျက်နှာလေး အိုစာသွားကာ–

‘အစ်ကိုလေးကို ညီမ ၁၀–လ ကျော်ကျော် စောင့်မျှော်ခဲ့တယ်၊ နေ့တိုင်း ဘကြီးမန်းလှေအပြန်ကို စောင့်ကြိုခဲ့တယ်၊ အစ်ကိုလေးက နေနိုင်လွန်းတယ်၊ လူမလာနိုင်တောင် စာလေး တစ်စောင်တစ်လေမှ မရေးလိုက်ဘူး’

‘ဟုတ်တယ် အစ်ကိုလေးအပြစ်ပဲ၊ စိတ်မကောင်းလိုက်တာ ညီမရယ်၊ အခု ညီမနဲ့ လက်ထက်လိုက်ရတဲ့ သူက ဘယ်ကလဲ’

‘၁၉–လမ်းအိမ်ကပဲ၊ သူနဲ့ပေးစားဖို့ လူကြီးတွေ စီမံခဲ့ကြတာက ကြာလှပြီ၊ အစ်ကိုလေးနဲ့ ညီမ ပထမဦးဆုံး အကြိမ် ပဒေသာတိုက်မှာ တွေ့ကြပြီး အစ်ကိုလေးကညီမကို လန်ချားနဲ့ လိုက်ပို့တဲ့နေ့ကစပြီး လူကြီးတွေဆန္ဒကို ကျွန်မငြင်းခဲ့တာ၊ အခုတော့ အခုတော့’ ဟု သူငိုသံပါလာပြီး ‘သွားတော့ အစ်ကိုလေး သွားတော့’

ကျွန်တော်လည်း ဝမ်းနည်းသံပါလာပြီး–

‘ဘာလို့ ဒီလောက်တောင် နင်နေတာလဲ ညီမရယ်’

‘အစ်ကိုလေးနဲ့ ညီမ ဟိုတုန်းက ဖြစ်ခဲ့ကြတာတွေကို သူသိထားတယ် အစ်ကိုလေးရဲ့ အစ်ကိုလေးကိုလဲ သူ မြင်ဖူးထားတယ်’

‘ဘယ်သူကပြောလို့လဲ’

‘သူက ကျွန်မတို့ရွာနဲ့ ကူးချည်သန်းချည်နေတော့ ဘကြီးမန်းက နှုတ်ဖွာတာပေါ့’

‘ဟာ ဒီလူကြီးကလဲ’

‘ညီမတို့ကို မလိုလားလို့တော့ မဟုတ်ပါဘူး၊ အစ်ကိုလေးနဲ့ ညီမတို့ကို ညားစေချင်လို့ သူစိတ်ပျက်သွားအောင် ပြောရှာတာ’

‘သြော်’

ကျွန်တော့်မှာ ဤ(သြော်)တစ်လုံးတည်းပဲ ပြောနိုင်တော့သည်။

သူ့လင်က လက်မှတ် ပေါက်ဝထဲ လက်ရောက်သွားပြီမို့ ကျွန်တော် မကြင်ရွှေအနီးက အပြန်ထွက်ခွာခဲ့ရပါတော့သည်။

၃၁–လမ်းထိပ် ရောက်သောအခါ သူ့ကို ပြန်ကြည့်လိုက်မိသေး၏။

သူကလည်း ကျွန်တော့်ကိုကြည့်နေလျက် ကျွန်တော့်စိတ်ထဲတွင် သူ့ကို ယခင်တုန်းက ထက် ပိုလှနေသည်ဟု အောက်မေ့မိ၏။ လွတ်တဲ့ငါး ကြီးတဲ့သဘောပေါ့။

သူ့အကြည့်နှင့် ကျွန်တော့် အကြည့်သည် မျက်စိချင်းဆုံကြပါသော်လည်း အပြုံးမပါ၊ စိတ်နှလုံးမသာ၊ နောက်ဆုံးမှာတော့ ငါတို့အချစ်သည် နိဗ္ဗိတန်ပြီဟူသော အသိတရားကနိဂုံးချုပ်သွားတော့သတည်း။

ဩော် ရေးဘဝက ဖူးစာမပါတော့၊ ဆွေးတသသနဲ့ဝေးကြပြီပေါ့ ညီမရေး။

× × ×

ကျွန်တော့်ဘဝတွင် ဖူးစာရှင်သုံးယောက်သာ ရှိငြားသော်လည်း ရည်းစားတွေက များလှပါ၏။

## ရှေးဖြစ်ဟောင်း

လွမ်းသလေ ဖော်သဟာအပေါင်းတွေနဲ့
မန်းမြေမှာ ပျော်စရာကောင်းခဲ့တဲ့
ဩော်. . . . အခါနှောင်းကိုတော့
အောက်မေ့တယ်။
မနေ့တစ်နေ့တုန်းကလိုပေါ့
တွေ့ကြဦးမယ် အလွယ်ထင်ခဲ့
တကယ်တွင် သင်္ခါရရယ်က
မရဏာဘူတာဝင်တော့
သူ ငါလျှင် ခွဲခွာကြတယ်
လောကမျက်ကွယ်။

မန္တလေး

၃၁–၁၀–၈၀

ဆွေနဲ့မေ. . . . .

နေကောင်းကြတဲ့ အကြောင်း လူထု ဒေါ်အမာကပြောလို့ သိရပါတယ်၊ မမသောင်း တော့ အသက်အရွယ်ကြီးလာလို့ ဒီနှစ် မန္တလေးရဲ့ အပူဒဏ်ကို အလူးအလဲ ခံလိုက်ရ ပါတယ်၊ လူလဲ တော်တော် ပိန်သွားတယ် ဆိုပါတော့။

မသေး တစ်ယောက် မမျှော်လင့်ဘဲ သီတင်းကျွတ် လပြည့်ကျော် ၆–ရက်နေ့က မသောင်းအိမ်ကို ပြောင်းရွှေ့လာပါတယ်၊ အရင်နေတဲ့အိမ်နဲ့ အဆင်မပြေဘူးထင်ပါရဲ့၊ ဘာပဲဖြစ် ဖြစ် မမသောင်းအနေနဲ့ မသေးကို သနားပါတယ်၊ ဒါကြောင့် မင်းဘာမှ စိတ်မပူနဲ့၊ တို့ နှစ်ယောက် အေးအတူ ပူအမျှ နေကြတာပေါ့လို့ပြော ရပါတယ်။

မမစိုးလဲ မန္တလေးကို မကြာခဏ လာပေမယ့် မမသောင်းအိမ်ကို မဝင်ဘူး ဆိုပါတော့၊ မသေးနဲ့လဲ လုံးဝ အဆက်ဖြတ်ထားတယ်လို့ မသေးကပြောပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ မမသောင်းကတော့ ရှေးဖြစ်ဟောင်းတွေ ပြန်ပြောင်းအောက်မေ့ မိပါတယ်။

ပုတီးစိတ်ပြီးတိုင်း ဆွေနဲ့မေတို့ကို အာရုံပြုပြီး အထူး မေတ္တာပို့ပါတယ်။

မြသောင်း (ဒီဆူဇာ)

သည်စာဖတ်ရတော့ ကျွန်တော့် စိတ်ထဲမှာ ကွယ်လွန်သူများနှင့် ရှေးယခင် မန္တလေးကို သတိရပြီးတော့ အစကရေးလိုက်တဲ့ လေးချိုးနှစ်ပိုဒ် ခေါင်းထဲ ဆိုက်ရောက် လာတော့တယ်။

တတိယအပိုဒ်ကတော့ ပေါ်မလာသေးဘူးဗျ၊ ကျွန်တော်ကလဲ ကိုယ့်ကိုယ်ကို ဆက်မခိုင်း သေးဘူး။

ကျွန်တော်ဟာ စာပေဝါသနာပါစ ဝတ္ထု မရေးတတ်ခင်က ကဗျာတွေ လှိုင်လှိုင်ရေးခဲ့ ပါတယ်။

ခုအချိန်မှာတော့ (စာရေးဆရာဖြစ်ကတည်းက) ကဗျာထက် စကားပြေမှာ အားသန်နေ ပါတယ်။

ဒါကြောင့် ဒီလေးချိုးနှစ်ပိုဒ်နဲ့ ရပ်ပစ်ပြီး စကားပြေကို ဆက်ပါတယ်။

မမသောင်းရဲ့စာမှာ ဒေါ်ကြီးစိုးနဲ့ ကျွန်တော့်ကို မကျေနပ်တဲ့ 'အခဲ'ကလေး တွေ့ပါတယ်။ ကြည့်ပါ ကျွန်တော့်ကို 'ဆွေနဲ့မေ နေကောင်းကြတဲ့အကြောင်း လူထုဒေါ်အမာ ပြောလို့ သိရပါတယ်'

ဆိုတာဟာ ကျွန်တော့်ကို ယဉ်ယဉ်လေး နှက်လိုက်တာပဲ။ အဓိပ္ပာယ်တော့ လူထုဦးလှနဲ့ ဒေါ်အမာတို့ဆီတော့ ကျွန်တော် စာအဆက်အသွယ်ရှိပြီး သူ့ဆီတော့ စာရေးဖော် မရဘူးလို့ ဆိုလိုက်တာပါပဲ။

ဒါ မှန်ပါတယ်၊ ကျွန်တော် ဝန်ခံပါတယ်။ ကျွန်တော် စာရေးဆရာဖြစ်နေခါမှ ဆွေမျိုးသားချင်းများထံကလည်း သည်လိုပဲ အပြစ်တင်ခြင်းမျိုးကို မကြာခဏ ခံရပါတယ်။ (နင် စာရေးဆရာဖြစ်မှ တယ် စာရေးပျင်းပါလား၊ တို့ဆီကရေးတာတောင်မှ တစ်ခါတစ်လေ နင် စာပြန်ဖော်မရဘူး)။

တကယ်တော့ ကျွန်တော်ဟာ စာရေးပျင်းတာ မဟုတ်ပါဘူး၊ စာတွေရေးရလွန်းလွန်းလို့ လမ်အံကိုသေနေတော့ ကိုယ့်ရဲ့ တာဝန် ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ဝတ္ထုဆောင်းပါးတွေကလွဲပြီး အခြား ဘာစာမှ ရေးနိုင်အားမရှိတော့ဘူးဗျ၊ မလွှဲမရှောင်သာမှပဲ ရေးရတော့တာပဲ။ ဥပမာ ပြောရရင်နေ့စဉ် ထန်းပင်ပေါင်းများစွာ တက်နေတဲ့ ထန်းသမားကို အခြားသူက သူ့ထန်းပင်လေးတစ်ပင် တက်ပေးဖို့ ခိုင်းတော့ 'ကိုယ့်အပင်တွေ တက်နေရတာနဲ့ အခြားအပင်ကိုတက် ဖို့ အားမရှိတော့ဘူးဗျာ'တဲ့။ သည်သဘောပဲ တခြားစာရေးဆရာတွေလဲ ကျွန်တော့်လိုပဲ ဖြစ်လေ မလားမသိဘူး။

မမသောင်းရဲ့စာကို ကျွန်တော် ဆက်လက်ထုချေချင်တာကတော့ လူထုဦးလှနဲ့ ဒေါ်အမာတို့ဆီတော့ ကျွန်တော် ဘာကြောင့် စာတွေရေးနေရသလဲဆိုတာ၊ ဒါက ကျွန်တော့်စာပေအလုပ်ပဲ။ ဆရာကြီး ရွှေဥဒေါင်း ကွယ်လွန်ပြီးတဲ့နောက် ဆရာကြီးအကြောင်း ကျွန်တော် ရေးတော့ အချို့နေရာတွေမှာ သူတို့ဇနီးမောင်နှံဆီက အကူအညီကို ယူရပါတယ်။ ဆရာကြီးက နှစ်ပေါင်းများစွာ လူထုသတင်းစာမှာ အယ်ဒီတာချုပ်လုပ်ခဲ့တာ မဟုတ်လား။

နို့ပြီး ဒေါ်ကြီးစိုးအတွက် ကျွန်တော် ရှေ့နေလိုက်ရပါဦးမယ်။ ဒေါ်ကြီးစိုး ကျွန်တော့် ဆီ ရေးလိုက်တဲ့ စာတစ်စောင်ကို ဖော်ပြပါရစေ။

ကမ်းနီ

၁၃–၃–၈၀

မောင်ဆွေ––

ဒေါ်ကြီး စာရေးလိုက်ပါတယ်၊ မင်းပေးလိုက်တဲ့စာ ရပါတယ်၊ မင်းရဲ့စာရတော့ ဒေါ်ကြီး ဝမ်းသာတယ်။ စရံငွေ ၁၀၀၀ လဲ ရပါတယ်၊ ရိုက်ဖြစ်ပါစေလို့လဲ ဆုတောင်းပါတယ်၊ ပထမံ ဆရာသိန်းဝတ္ထု ရိုက်ချင်တဲ့လူကို လူထုဦးလှဆီ ညွှန်လိုက်တာလဲ ကျေးဇူးတင်ပါတယ်၊ နောက် စာအုပ်တွေ ရိုက်ချင်တဲ့လူရှိလဲ ဒီလိုပဲ ညွှန်ပါ၊ လူချင်းမတွေ့

ရပေမယ့် ရှမဝမှာ မင်းဆရာကြီး အကြောင်း ရေးတာတွေ ဖတ်ရတော့ ဒေါ်ကြီးအပျင်းပြေပြီးတော့ လွမ်းရတယ်၊ ကြည်နူးရတယ်၊ ဒီဒွေဒီဌမတ္တံ ရိုက်ဖြစ်ရင်လဲ ဒေါ်ကြီးဆီ နှစ်အုပ်လောက် ပို့ခိုင်းစမ်းပါ။

မင့်ဆရာကြီး နှစ် ၉၀ ပြည့်တဲ့နေ့က ဒေါ်ကြီး သံဃာတော်များကို ဆွမ်းကျွေးပါတယ်၊ တန်ဆောင်မုန်းလ ဆန်း ၂ ရက်နေ့ကပေါ့၊ သာဓုခေါ်ပါ။

မင်းတို့မိသားစု ကျန်းမာ ချမ်းသာကြပါစေ။

ဒေါ်ကြီးစိုး

မမသောင်း အဲဒီစာကိုကြည့်ပါ။ ဒေါ်ကြီး လူထုဦးလှတို့ဆီလာရတာက ဆရာကြီးရဲ့ စာအုပ်တွေ ပြန်ရိုက်ကြတော့ ရတဲ့ငွေကို ယူရအောင်လာတာပါ။ မမသောင်းကို ကျွန်တော် တစ်ခုပြောချင်သေးတာက ဆရာကြီး လုပ်သားသတင်းစာ အယ်ဒီတာချုပ်လုပ်စဉ်က ရန်ကုန်မှာ ဒေါ်ကြီးစိုးရဲ့ တိမ်သလ္လာရှိတဲ့ ဘယ်ဘက်မျက်လုံးခွဲတာမှာ ပျက်စီးသွားတော့ မျက်စိတစ်ဖက်လပ် ဖြစ်သွားရတာကိုး။ သူ ဒါကြောင့် အိမ်ထဲက အိမ်ပြင် မထွက်ချင်ဘူး။ တခြားလူတွေနဲ့လဲ မတွေ့ချင်ဘူးတဲ့။ ကျွန်တော့်ကို ပြောဖူးပါတယ်။

နို့ပြီး မမသောင်းရယ်။ ဒေါ်ကြီးစိုးက အသက်လည်းကြီးလှပြီမဟုတ်လား။ အခုဆို ၈၄– ထဲရောက်နေပြီ။ ဆရာကြီးဆုံးတဲ့ အသက်ပဲဗျ။ စိန္တကျော်သူ ဩဝါဒထူ ပျို့က အပြစ်မယူရာ သည်ဆယ်ငါးမည်ထဲမှာ သက်ကြီးရွယ်အို ဆိုတာပါပါတယ်။ တကယ်တော့ မမသောင်းလည်း အခု ၇၀–ကျော်နေပြီ မဟုတ်လား။

ကဲ. . . . အခု မသေး၊ မမသောင်းဆီ ရောက်လာပြီ ဆိုတော့ ချိုကျိုးနဲ့ နားရွက်ပဲ့တို့ ပေါင်းမိကြပြီ။ ဒီတော့ ကျွန်တော်နဲ့ ဒေါ်ကြီးစိုးကို ဆန်တွဲထမင်း ချက်ပါတော့။

(မမသောင်းဆီ ကျွန်တော်ပြန်လိုက်သော စာ)

## မသေး

မသေးကား ဇာတိမြတောင်သူ၊ ဒေါ်ကြီးစိုး၏ ညီမဝမ်းကွဲ။ ၁၉၄၆–ခုနှစ်။ ကျွန်တော် ဆန်ကုန်သည်အဖြစ်နှင့် ကသာသို့ သွားစဉ်ကပင် အပြင်၌ ကျွန်တော်က မြတောင် ဝင်ပြီး မသေးအား ခေါ်ခဲ့ရန် ဆရာကြီးနှင့် ဒေါ်ကြီးစိုးက စာရေးပေးလိုက်၏။

ကျွန်တော် မန္တလေးနှင့်ကသာ အသွားအပြန် တစ်ပတ်နှစ်ပတ်လောက်ပဲ ကြာမယ်ပြောခဲ့တာကို။

သို့သော် ဆန်တွေ တော်တော်နှင့် ရောင်းမရလို့ ကသာမှာ သောင်တင် နေတုန်း 'သွားလေရာ အိမ်ထောင်ကျပါစေ' ဆိုတဲ့ ကျိန်စာသင့်နေတဲ့ ကောင်က ဟိုမှာမိန်းမ တစ်ယောက်ရပြီး ရှစ်လကျော်ကြာမှ ပြန်ရောက်လာခဲ့တော့ မသေးက မန္တလေး ရောက်နှင့်နေပြီ။

မသေးကား နာမည်နှင့်လိုက်အောင် လူကောင်က မသေးချေ။ အသားညိုညို၊ ကိုယ်ထည်တုတ်တုတ်၊ အရပ်မြင့်မြင့်၊ အသက် ကျွန်တော်နှင့် မတိမ်းမယိမ်း၊ အိမ်ထောင်ပြုဖို့ကို သူကလည်း စိတ်မကူးဘူး၊ သူများကလည်း သူ့ကိုစိတ်မကူးချင်သော ရုပ်မျိုးဖြစ်၏။ စိတ်နေသဘောထားကား ရိုး၏၊ အ,၏၊ ထူ၏၊ အူ၏။

ထို့ကြောင့် ဒေါ်ကြီးစိုးက စိတ်နှင့်မတွေ့တိုင်း ဆူပူကြိမ်းမောင်းနေတတ်၏။ ဒါကို မသေးက ကြောက်ရွံ့သည်။

သို့အတွက် ဆရာကြီးသေ၍ ဒေါ်ကြီးစိုး ကမ်းနီသို့ ပြန်သောအခါ သူလိုက်မသွားဘဲ မန္တလေးမှာ ရွှေချည်ထိုးအလုပ်နှင့် ကျန်ခဲ့ခြင်း ဖြစ်ပေသည်။

တစ်ကြိမ်သောအခါက (၁၉၅၁–ခုနှစ်) မှာ ဆရာကြီး ရွှေဥဒေါင်း၊ ဒေါ်ကြီးစိုး၊ မသေးနှင့် ကျွန်တော်တို့သည် ဆရာမြမျိုးလွင်၊ ဒေါ်မြသောင်းတို့အိမ်မှာ အတူတကွ နေခဲ့ကြဖူးသဖြင့် ဆရာကြီး၏ဘဝတစ်သက်တာ မှတ်တမ်းစာအုပ်ထဲတွင်

## မြမျိုးလွင်နှင့် ကျွန်ုပ်

ရန်ကုန်သို့သွားမည်ဟု သင်္ဘောဆင်းခဲ့စဉ်က ဆရာလွင်တို့လင်မယားသည် ကျွန်ုပ်တို့ အား နှုတ်ဆက်ရန် လက်ဆောင်ကလေးများနှင့် သင်္ဘောဆိပ်သို့ ဆင်းလာကြ၍ ဆရာလွင်က 'ကျွန်တော် အိမ်ဆောက်နေပါတယ်၊ အိမ် ပြီးတဲ့အခါ ကျွန်တော့်အိမ်ကို ဘယ်ခါမ ဆို ဆရာကြီးတို့ လာနေနိုင်ပါတယ်' ဟု ပြောသွားဖူးသည်။

မန္တလေးသို့ ကျွန်ုပ်တို့ပြန်ရောက်သောအခါ ဆရာလွင်၏ အိမ်မှာ ဆောက်လုပ်ပြီးပြီ ဖြစ်ရာ ကျွန်ုပ်သည် ဆရာလွင့်စကားအတိုင်း (အိမ်မရသေးမီအတွင်း) သူ့အိမ်၌ တည်းခိုရန်မှ တစ်ပါး မရှိတော့သည်နှင့် သူတို့အိမ်သို့ တက်ကြရသည်တွင် သူတို့လင်မယား နှစ်ယောက်စလုံး က ဝမ်းသာအားရ လက်ခံကြပေသည်။

ထိုစဉ်က ကျွန်ုပ်သည် ရုံဖန်ရံခါ သောက်တတ်သေးသည်ဖြစ်ရာ အတူတကွ သောက်ကြသောအခါများတွင် 'ဘိန်းစားချင်းအတူတူ တစီလုံးပိုရ[a]ချင်' ဟူသော စကားအဓိပ္ပာယ်မျိုးနှင့် မဟုတ်ဘဲ

ရင်းနှီးသော မိတ်ဆွေတစ်ယောက် အနေဖြင့် 'သေသာက်တော့ သောက်တာပေါ့ ဆရာလွင်– သို့သော် ယဇ်ထုပ်တစ်ယောက်တော့ အဖြစ်မခံပါနဲ့နော်'ဟု သတိပေးဖူးပါသည်။

(သော်တာဆွေကိုလည်း ကျွန်ုပ် အကြိမ်ကြိမ် သတိပေးပါသည်။)

ကျွန်ုပ်တို့သည် ဆရာလွင့်နေအိမ်၌ သုံးလကျော်မျှ တည်းခိုခဲ့ရာ ယောက်ျားချင်းရော၊ မိန်းမချင်းပါ သင့်မြတ် ကြည်ဖြူစွာ ရှိနေကြခြင်းအတွက် ကျွန်ုပ်ဝမ်းလည်းသာ၍ ကျေးဇူးလည်း တင်ပါသည်။

ယင်းသို့ အတူတကွနေထိုင်ကြသည့်တွင် ကျွန်ုပ်သည် ဆရာလွင်နှင့် ပတ်သက်၍ အကဲခတ်ဖို့ အခွင့်ကြုံခဲ့ရာ သူ့၌ (လူချင်း ဆက်ဆံမှုနှင့် ပတ်သက်၍) ကျွန်ုပ်ထက်သာသော အချက်အလက်များ တွေ့ရခြင်းကို ကြည်ဖြူစွာဝန်ခံရပေမည်။

ဆရာလွင့်အပေါ်၌ ကျွန်ုပ်က ဘာမျှကျေးဇူးမရှိခဲ့။ သူကသာလျှင် ကျွန်ုပ်ကို အကြိမ်ကြိမ် ဖိတ်ခေါ် ကျွေးမွေးခဲ့သည်ဖြစ်ရာ သို့နှင့်လည်း သူ့အိမ်၌ ကျွန်ုပ်မှီခိုနေရစဉ်အတွင်း သူသည် ကျွန်ုပ်၏ ကျေးဇူးရှိဖူးသည့် အနေမျိုးနှင့် ဆက်ဆံပါသည်။

ကျွန်ုပ်က အိမ်လခပေးသော်လည်း သူက မယူသည့်အပြင် သူ၏ဂျစ်ကားနှင့်ပင် ကျွန်ုပ် အား မေမြို့ (ယခု ပြင်ဦးလွင်မြို့)မှစ၍ ဟိုအရပ် သည်အရပ်များသို့ လိုက်ပို့ပါသေးသည်။

ကျွန်ုပ်အပေါ်၌သာမက အခြားအသိအကျွမ်းများ အပေါ်တွင်လည်း လောကဝတ် ကျေပွန်ခြင်းကို ကျွန်ုပ် ကြုံတွေ့သိရှိရသည်။

ထို့ကြောင့်လည်း ဆရာလွင်မှာ ကျွန်ုပ်ထက်ငယ်သော်လည်း မိတ်ဆွေပေါများ၍ သူ၏ စည်းရုံးမှုများ အောင်မြင်ခြင်းဖြစ်ရမည်ဟု ယုံကြည်သည်။

ကျွန်ုပ်မူကား စည်းရုံးဖို့လည်း မကြိုးစား၊ ကြိုးစားလျှင်လည်း ဖြစ်လိမ့်မည်မထင်ဟု သဘောရသည်။

(ဆရာကြီး၏ ဘဝတစ်သက်တာ မှတ်တမ်းထဲမှကူးယူဖော်ပြခြင်း ဖြစ်ပါသည်။)

## ဆရာလွင်၏ မေတ္တာ

ဆရာကြီးက ဆရာလွင်အကြောင်း ရေးတာ ဖတ်ပြီးတော့ ကျွန်တော်ကလည်း ဆရာမြမျိုးလွင်အကြောင်း အများတကာထက် ထူးခြားပုံကို ရေးပြချင်လာပါသည်။

အဲသည် ၁၉၅၁–ခုနှစ် ကျွန်တော်တို့အတူတကွ နေကြစဉ်ကပေါ့။ ဆရာလွင်သည် သီလရှင်တွေကို ဆန် လောင်းလေ့မရှိသော်လည်း နေ့စဉ် စာကလေးတွေ ငှက်ကလေးတွေ ကိုတော့

ဆန်ပက်ကျွေး၏။ ရှဉ့်ကလေးတွေကို ထမင်းကျွေး၏။ သစ်သီး ငှက်ပျောသီးကျွေး၏။ သူတို့အတွက် ဆွမ်းတော်တင်စွန့်သော သင်ပုတ်စင်ကလေး ပြုလုပ်ထား၏။

ဆရာလွင်အလုပ်မှာ အစာကျွေးရာတွင် ငှက်ကလေးတွေ စာကလေးတွေမှာ ပြဿနာ မရှိသော်လည်း ရှဉ့်ကလေးတွေကျွေးရာမှာ သူအော်ရ၊ ငေါက်ရသေး၏။

အကြောင်းမှာ (ကျွန်တော်ရှိနေခိုက် သတိပြုမိသည်) ရှဉ့်အကြီးဆုံး တစ်ကောင်သည် ဗိုလ်ကျ၏။ သင်ပုတ်စင်မှာ သူတစ်ကောင်တည်း လာစားပြီး ဒို့ပြင် အကောင်ငယ်တွေကို မာန်ဖီ ပြီး သူ့အနားကပ်လာလျှင် ကိုက်ကိုက်လွှတ်၏။

သည်တော့ ဆရာလွင်မှာ သူအစာစားနေသည်ကို ကြည့်နေရ၏။ သူဝပြီး မစားတော့ဘူး။ သို့သော် သင်ပုတ်စင်ပေါ်က ဆင်းမသွားဘဲ သည့်အပြင်အကောင်တွေကို အမြီးအဖွားဖွား ဖောင်းမွေး တသောင်ထောင်နှင့် မာန်ဖီနေပြီ ဆိုပါက ဆရာလွင်က ဒီကောင့်ဆီသွားကာ–

'ဟေ့ကောင်. . . . . မင်းစားပြီးသွားရင်တော့၊ သူများ ရန်မရှာမနေနဲ့၊ မင်းတော့နော်၊ တော်တော် စိတ်နှလုံး ပုတ်တဲ့အကောင်ကြီး၊ မင်းအရိုက်ခံရတော့မယ်' ဆိုပြီး ဒီရှဉ့်ကျောကို ဆရာလွင် လက်ညှိုးနဲ့ ရိုက်တော့မှ ကိုယ်တော်မြတ်က သွားတော်မူ၏။ ဒီတော့မှ တခြား ရှဉ့်တွေ စားရတော့၏။

ဤ ရှဉ့်တွေကို ဆရာလွင် ဖမ်းလို့ရသည်။ ကျွန်တော်ဆို အနားကပ်မျှမခံ။

တစ်နေ့သောအခါ၌ ဆရာလွင်ထိုင်နေသော အိမ်ရှေ့စားပွဲတွင် ပိတ်ကလုံလေးနှစ် ကောင် လာ၍နားရာ 'ဆရာလွင်က မမသောင်းအား–

'မအေကြီးရေ. . . . ဟောဒီမှာ မင်းကလေးတွေ လာနေကြတယ်၊ ဆန်ကလေး ယူခဲ့ပါဦးကွာ'

ဟု လှမ်းပြောလိုက်၍ မမသောင်းက ဆန်ယူလာပြီး အိမ်ရှေ့ ပတ်ကျွေးလိုက်တော့ သွား စားကြ၏။

ဤတွင် ဆရာလွင်က ကျွန်တော့်အား–

'ကိုသော်တာ အဲဒီ ဗွတ်ကလုံနှစ်ကောင် ဘယ်ဒင်းအထီးလဲ ဘယ်ဒင်းအမလဲ သိလား'

ကျွန်တော်လည်း ကြည့်ငှက်တို့ကို လေ့လာထားသူဖြစ်၍–

'ဟိုဘက်ကအထီး၊ ဒီဘက်ကအမေလေး မဟုတ်လား'

'အေး. . . . ဟုတ်တယ်၊ ဒါပေမယ့် သူတို့ဟာ ငယ်လင်ငယ်မယား မဟုတ်ဘူးဗျ၊ အထီးလေးက မုဆိုးဖို၊ အမလေးက နောက်ယူတဲ့မယား'

'ဟာ. . . . . ဆရာ ဘယ်လိုလုပ်သိလဲ'

'အထီးလေးဟာ အရင်မယားနဲ့တုန်းကတည်းက ကျုပ်တို့အိမ်မှာ လာစားသောက် နေတာ၊ သူတို့ဝရင် ပြန်သွားကြရော၊ နောက် ဆာမှလာကြတယ်၊ စုံတွဲ ဘယ်တော့မှမခွဲဘူး၊ တစ်နေ့တော့

ကိုသော်တာရေ အမလေး ပါမလာဘူး၊ အထီးလေး တစ်ကောင်တည်း ဟောဒီ စားပွဲမှာ ကျုပ်ရှေ့လာပြီး အတောင်လေး တဖျက်ဖျက်နဲ့ လူးလိုက်လှိမ့်လိုက်တာလေ ပါးစပ်ကလဲ မြည်ရဲ့ကွယ့်၊ သူ့ငှက်မလေးကို ကလေးတစ်ယောက်ယောက်က ခွလေးနဲ့ ပစ်လိုက်ပါလိမ့်မယ်၊ သနားစရာ အင်မတန် ကောင်းတယ်၊ သဘောကတော့ သူ ကျုပ်ကိုလာပြီး တိုင်ပြောတာ ဖြစ်ပါလိမ့်မယ်။ နောက်ဆုံးတော့ ဟောဒီ ကျုပ်ရင်ဘတ်စွပ်ကျယ်ရင်ဘတ်ကို အတောင်လေး အဖျတ်ဖျတ်ခတ်ပြီးမှ သူ ပြန်သွားတယ်၊ တစ်လကျော်ကျော်လောက် သူ မလာတော့ဘူးဗျ၊ နောက်ပြီးမှ အခုကောင်မလေးနဲ့ လာတာ ကိုရင်ရဲ့'

'သူတို့ နေ့တိုင်းလာကြသလား'

'မမှန်ဘူး၊ တစ်ခါတစ်လေ နှစ်ရက်သုံးရက် မလာဘဲနေတတ်ကြတယ်'

ကဲ. . . ဤသို့ တိရစ္ဆာန်ချစ်တတ်တဲ့လူများ တွေ့ဖူးကြရဲ့လား။

## ပျော်စရာ ဂေဟာ

ထိုစဉ်က ဆရာမြမျိုးလွင်အိမ်သည် အင်မတန် ပျော်စရာကောင်းလှ၏။ စာရေးဆရာ အသင်းတည့်ရာ၊ သတင်းစာဆရာ အသင်းတည်ရာလည်းဖြစ်၍ စာရေးဆရာ သတင်းစာ ဆရာတို့ စတည်းချရာလည်း ဖြစ်လေ၏။ ယင်းခေတ်တွင် မန္တလေးသတင်းစာများမှာ လူထု၊ ဗဟိုရ်စည်၊ မြန်မာ့လမ်းစဉ်၊ မန္တလေးသူရိယ၊ ဟစ်တိုင်တို့နှင့် မန်းရွှေမြို့သည် အလွန်တရာ မြိုင်ဆိုင်လှပေ၏။ မဂ္ဂဇင်းဂျာနယ်တို့လည်း ရှိသေး၏။

ဤမျှများပြားသော စာနယ်ဇင်းသားတို့သည် နေ့စဉ်ပင် ဆရာလွင့်အိမ်မှာ တွေ့ဆုံ စုရုံးကြ၏။ အရက်သောက်လိုသူအရက်သောက်၊ ဖဲကစားလိုသူ ဖဲကစား၊ တစ်နည်းအားဖြင့် ဆရာလွင့်အိမ်ကို စာနယ်ဇင်းကလပ်ဟု ခေါ်နိုင်သည်။

ကျွန်တော့်ဘဝ တွေ့သမျှလူထဲတွင် ဆရာမြမျိုးလွင်လောက် ချစ်စရာကောင်းသူ လူချစ်လူခင် များသောလူ မရှိတော့ချေ။ ယင်းကို ကျွန်တော် စဉ်းစားကြည့်တော့ ဆရာလွင်ကိုယ်တိုင်ကလည်း လူတိုင်းကို ချစ်ခင်လို့ပဲဆိုတဲ့ အဖြေပေါ်လာသည်။

ဟုတ်သည်။ ဆရာလွင်သည် မည်သူ့ကိုမျှ အပြစ်မပြောတတ်၊ စိတ်မဆိုးတတ်၊ လူတို့၌ရှိတတ်သော ချွတ်ယွင်းချက်များကို အားလုံး ခွင့်လွှတ်တတ်သူ ဖြစ်သည်။

တစ်ခါတစ်ရံ၌ ကျွန်တော့်ကိုယ်နှင့် နှိုင်းယှဉ်၍ စဉ်းစားမိသည်။ ကျွန်တော်သည် ဆရာလွင်ကဲ့သို့ လူတိုင်းကို မခင်မင်၊ မနှစ်သက်တတ်၊ ကိုယ်အချစ်ခင်သောသူ၊ ကိုယ်မနှစ်သက်သောသူ ဟူ၍ နှစ်မျိုးနှစ်စားရှိလေရာ၊ သည်တော့ ကျွန်တော့်ကိုလည်း ချစ်ခင်သောသူ၊ မနှစ်

သက်သောသူဟူ၍ နှစ်မျိုးနှစ်စား ရှိနေလေသည်ပေ့ါ။ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသော စကားက အလွန်မှန်၏။ လူတစ်ယောက်ကို မေတ္တာစိတ် ထားလျှင် ထိုလူကလည်း သင့်ကိုပြန်၍ မေတ္တာစိတ်ထားလိမ့်မည်။ အဲ. . . . သင်က လူတစ်ယောက်ကို သောက်မြင်ကပ်ပြီဆိုတော့ ထိုလူက လည်း သင့်ကို နရင်းတီးချင်လိမ့်မည်။

ဆရာလွင့်စိတ်ထားမျိုးက အလွန်မွန်မြတ်၏။ သို့သော် သည်စိတ်မျိုးထားဖို့က မလွယ်ကူ၊ လုပ်ယူ၍ရသည်လည်း မဟုတ်၊ ပါရမီရှင်မှသာဟု ဆိုရချေမည်။

ထိုစဉ်က ဆရာလွင်သည် အရက်ကို မပြတ် သောက်တတ်သည်။ နာရီဝက်တစ်ခွက် လက်နှစ်လုံးလောက် တစ်နေ့လုံးသောက်သည်။ (ထို့ကြောင့် ဆရာကြီးက သူ့အား ယစ်ထုပ် မဖြစ်ပါစေနှင့်ဟု သတိပေးခြင်းဖြစ်သည်။)

သူသောက်သည်က ဘရန်ဒီ၊ ဘရန်ဒီတစ်ပုလင်းနှင့် ဆိုဒါပုလင်း လေးငါးလုံးသည် ဧည့်ခန်းရှိ မှန်ဗီရို ရှိုးကေ့စ်ထဲမှာ အမြဲတမ်း စီလျက်ရှိသည်။ ဒါကို သောက်ရေအိုးလိုပဲ ဟိုလူ သည်လူ သောက်နေကြသည်။ ယင်း သောက်သူများကို ကျွန်တော် သတိထားမိသည်။ အချို့က လက်တုံ့ပြန်ရှိသည်။ ဆရာလွင်ထံသို့ တစ်ခါတစ်ရံ ပုလင်းယူလာတတ်သည်။ သုံးပုံပုံ နှစ်ပုံ လောက်ကား အပြန်လမ်း လုံးဝမရှိ။

ယင်းကို ကျွန်တော်က ဝေဖန်မိသောအခါ ဆရာလွင်က ‘လူအမျိုးမျိုး စရိုက်အထွေထွေ ပေ့ါ၊ ကိုသော်တာရယ်’ဟူ၍လည်းကောင်း၊ ‘အို. . . . သူကတော့ လခလေး နည်းရှာတယ်’ ဟူ၍ လည်းကောင်း ခွင့်လွှတ်စကားသာ ပြောတတ်ပါသည်။

အိုး. . . . ယင်းကိစ္စ၌ ဆရာလွင့်ကို ချီးကျူးနေရုံနှင့် မပြီးသေးပါ။ သူ့ဇနီး ဒေါ်မြသောင်းခေါ် ကျွန်တော့် မမသောင်းကိုလည်း ထည့်သွင်းရပေမည်။ အချို့ မိန်းမမျိုးဆိုလျှင် ငါ့လင်အရက်ကို သင်းတို့ ဒီလိုချည်း ယူသောက်နေလို့ ဘယ်ဖြစ်မလဲဆိုပြီး နှုတ်ကမပြောသည့် တိုင် မမြင်ကွယ်ရာ ယူဝှက်ထားချေမည်။ ခုတော့ ဟုတ်ပေါင်ဗျာ သူကလည်း ဆရာလွင့်ကိုစိတ် ထားပဲ။ အချို့များ ဆရာလွင့်အရက် ယူသောက်ရုံမက မီးဖိုချောင်ဝင်သွားပြီး မမသောင်း ဟင်းအိုးကြီး ဖွင့်ကြိတ် သေးဗျား။

ကျွန်တော် အထူးသတိရတာကတော့ စာရေးဆရာ ကြည်မြပေ့ါဗျာ။ သူ ဆရာလွင့်အိမ် ရောက်လာတယ်ဆိုလျှင် အရက်တစ်ခွက်သောက်ပြီးတော့ မီးဖိုချောင်ထဲတွင် ဟင်းအိုးဖွင့် လက် နှင့်နှိုက်စားပြီး လက်မ၊ လက်ညှိုး၊ လက်ခလယ် သုံးချောင်း တစွပ်စွပ် စုတ်ရင်း အိမ်ရှေ့ပြန်ထွက် လာတတ်သဗျ။

သြော်. . . . . ရေးဖြစ်ဟောင်းတွေ ပြန်ပြောင်း စဉ်းစားရတော့ ကြည်ဖူးတဲ့ ရုပ်ရှင် စိတ်ထဲ ပြန်မြင်သလိုပဲ။ ကိုစိုးမောင်၊ ကိုရွှေးကို၊ မောင်ညွှန့်အောင် စသည်တို့ကို သတိရမိတယ်ဗျာ (အခု သူတို့ ရှိပဲရှိသေးလား၊ သေပဲသေကုန်ကြပလားတော့ မသိဘူး) ကိုရွှေးကိုက ခတ်ပုံသတင်း ထောက် သူ့နာမည်ရင်းက ကိုမောင်တိုး၊ သို့သော် သူ့ကိုယ်သူ ရွှီးလုပ်လှသဖြင့် ရွှီးကိုဟု ခေါ်ကြ ခြင်းဖြစ်သည်။

ထိုခေတ် ပိုကာကစားခြင်းသည် ရာဇဝတ်မှုမဟုတ်၊ လမ်းဘေး လက်ဖက်ရည်ဆိုင်၌ပင် ကစားနိုင်ကြပေရာ သတင်းစာဆရာ၊ စာရေးဆရာတို့ စုရုံးရာ ဆရာလွင့်အိမ်တွင် နေ့စဉ် မွှန်းလွဲ တိုင်းမှာ ပိုကာဝိုင်းရှိတတ်၏။ အဲသည်မှာ ကိုစိုးမောင်နဲ့ ကိုရွှေးကိုတို့ကို အထူးသတိရမိတာက သည်လိုဗျ။

သူတို့နှစ်ယောက်က အမြဲတမ်း တစ်ယောက်တစ်ဝက် စပ်ကစားလေ့ရှိတယ်။ အဲ သူတို့ သေပြီဆိုမှဖြင့် နှစ်ယောက်သား ပူညံပူညံ ဖြစ်ပါပြီဗျာ။ သည်တော့ နဘေးကလူတွေက ဖျန်ဖြေ ကြတယ်။

'ဟယ်. . . . ကိုယ့် အချင်းချင်းတွေပဲ စကားများမနေကြပါနဲ့တော့၊ တစ်ယောက်နဲ့ တစ်ယောက် ခါးနဲ့ခုတ်၊ တုတ်နဲ့ရိုက်ကြရောပေါ့' ဆိုပြီး ညွှန့်မောင်က မီးဖိုထဲက ဟင်းကိုင်တဲ့ ခါးနှင့် ထင်းချောင်းတစ်ခု ယူပေးလိုက်တော့မှ သူတို့စကားများ ရပ်သွားကြတယ်။

သတင်းထောက် ညွှန့်မောင်က ပိုကာတော့ ကစားလေ့မရှိဘူး။ အရက်တော့ အင်မတန် ကြိုက်၊ နို့ပြီး ခြေမြန်တော် ဘယ်ခိုင်းလိုက်၊ ခိုင်းလိုက် အင်မတန်သွက်လက်တယ်၊ အရက် ဝယ်ခိုင်းတာဆို ပိုမြန်သေး။

အဲသည်တုန်းက မန္တလေးမှာ ကျွန်တော့် ပစ္စည်းလေးပါ။ ဒါယကာက ရဲရင့်ကိုဘဇံ ခင်ဗျ၊ ကျွန်တော် ပိုကာကစားရင်း ငွေလိုလျှင်လည်းကောင်း၊ အရက်လိုလျှင်လည်းကောင်း 'ကဲ. . . မောင်ညွှန့်မောင်ရေ ကိုဘဇံဆီ ပြေးစမ်း'ဟု စာရေးလိုက်ရုံပဲ။

အရက်ကတော့ ကိုဘဇံ ဒါနသက်သက်ပဲ၊ ငွေကိုတော့ နောက်မှ ရှမဝနဲ့သူနဲ့ ရှင်းကြ၊ ကျွန်တော် တောင်းတိုင်း ကိုဘဇံက ပေးအောင်လဲ အကွက်ဆင်ထားရတယ်၊ ဘယ်လိုလဲဆိုတော့. .

ဦးဘဇံ ခင်ဗျား. . . .

ကျွန်တော့်ရှမဝ စာရေးဆရာ သော်တာဆွေ မန္တလေးမှာရှိနေစဉ်၊ သူလိုသမျှငွေကို ပေးလိုက်ပါ၊ နောင်သူ ရန်ကုန်ပြန်လာမှ သူယူသော ငွေစာရင်းကို ကျွန်တော့်ဆီ ပို့ပြီး ရှမဝငွေ နှင့် နှိမ်ရှင်းပါ။

ကျန်းမာချမ်းသာပါစေ။

မောင်ကျော်

ဦးကျော်က တစ်စုံတစ်ယောက် စာရေးလျှင် သူကိုယ်တိုင် ဘယ်တော့မှမရေး၊ သူနှုတ်က ရွတ်ပေးတာကို သူ့စာရေးမ မတင်အေးက လက်နှိပ်စက်နဲ့ ရိုက်ပေးရတယ်၊ ပြီးမှ သူလက်မှတ် ထိုးရုံထိုးတယ်၊ သည်တော့ ကျွန်တော့်အဖို့ လွယ်တာပေါ့။

အပေါ်စာကိုလက်နှိပ်စက်နဲ့ရိုက်ပြီး အောက်ဆုံးက 'မောင်ကျော်'ဆိုတာကိုပဲ ကျွန်တော်က ကိုကျော့်လက်ရေးနဲ့ တူနိုင်သမျှ တူအောင် လက်မှတ်ထိုးလိုက်တယ်။

အဲဒီစာကို စာအိတ်ပေါ်မှာ ကိုဘဇံလိပ်စာ ရေးပြီး မန္တလေး စာတိုက်ကပဲ ထည့်လိုက် တယ်။

နောက်တစ်နေ့ သည်စာ ရောက်လောက်တဲ့ အချိန်မှာ ရုံတော်ကြီး ရဲရင့်စာပေကို ကျွန်တော် သွားတော့ ကိုဘဇံက သူ့သွား သံချေးတက်တွေဖြဲရင်း. . . .

'ဖိုးသော်တာ ငွေလိုရင်ပြောနော် ဟောဒီမှာ ရှမဝဦးကျော်ဆီက စာရောက်လာတယ်ဗျ'

ကျွန်တော်က အလွန်အံ့အားသင့်သွားဟန်နှင့် သည်စာကို လှမ်းယူလိုက်ပြီး–

'အို. . . တကယ်တော့ သူ့တိုက်က ပင်တိုင်စာရေးဆရာတစ်ယောက်ကို ဒီလောက်တော့ အခွင့်အရေး ပေးရမှာပေါ့လေ၊ ကျွန်တော် ဦးကျော်ဆီ ကျေးဇူးတင်ကြောင်း စာရေးလိုက်ဦးမယ်၊ ကျွန်တော် အခုတော့ ငွေမလိုသေးပါဘူး' ဟု အသာချိုးပြီး ပြန်ခဲ့တယ်။ နောက်တော့ လိုသလောက် ယူတော့တာပေါ့ဗျာ။

သူက 'ဒီငွေတွေ ဘယ့်နှယ်လုပ်မလဲ ထမင်းစားမလဲ'

'ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ'

'အတိတ်ကို အတိတ်မှာပဲ ထားလိုက်စမ်းပါဗျာ၊ ပြီးပြီးသားဟာတွေ ချေးခြောက် ရေနှူး မနေစမ်းပါနဲ့'

သည်လိုနှင့် ပြီးစတမ်းပဲ။ အဲ. . . ဦးကျော်မှာ တစ်ခုရှိတာက သူ့လက်ထဲက ငွေကို အခု ထုတ်ပေးရမှာပဲ၊ နှမြောတတ်တယ်၊ လွန်ပြီးသားငွေတော့ ပြန်စဉ်းစားလေ့ရှိတဲ့လူ မဟုတ်ဘူး။ ကျွန်တော့်ဆီကတော့ ရမှာလဲ မဟုတ်ဘဲကိုး။

အဲ–ဆရာလွင်အိမ်မှာ နေစဉ် ပိုကာဝိုင်း ရှိနေတယ်ဆိုတော့ အကောက်နဲ့ စားသာနေမှာ ပဲ။ ဒါကြောင့် လူတိုင်းကို အရက်တိုက်နိုင်တာပေါ့လို့ စာဖတ်သူထင်မှာကို ကျွန်တော် စိုးရိမ်ပါ တယ်။

ဆရာလွင်အိမ်မက ဝိုင်းမှာ အကောက်မယူဘူးဗျာ။ ဖဲထုပ် နှစ်ထုပ်၊ ၁၃–ချပ်ပိုကာ ကစားတာကိုနှစ်စုံဖြစ်အောင် လေးထုပ် ဝယ်ထားတယ်။

ဆရာလွင်တို့ ဝမ်းရေးက ဘာလဲဆိုတော့ မန္တလေးမြို့မှာ ဒီဆူဇာ ကိုယ်စားလှယ်ခင်ဗျ။ အီးအမ် ဒီဆူဇာ ဆေးတိုက်ဟာ အဲသည်တုန်းက ဘယ်လောက်ကြီးခဲ့သလဲဆိုတာ စာဖတ်သူတွေ သိပါတယ်နော်။

မြို့ကြီးတစ်မြို့မှာ တစ်ဦးတည်း ကိုယ်စားလှယ်ဆိုရင် အင်မတန် စားသာတာပဲ။ လိုသမျှ ဆေးတွေ အကြွေးမှာယူ ရောင်းကုန်မှ ကော်မရှင် နုတ်၍ရှင်း။

ဒီဆူဇာသူဌေး ဦးခင်ဇော်နဲ့ ဆရာမြမျိုးလွင်တို့ဟာ သားအဖလို ချစ်ခင်ကြပါတယ်။

ဆရာလွင် ရန်ကုန်လာလျှင် ဦးခင်ဇော်အိမ်မှတစ်ပါးအခြား ဘယ်အိမ်မှာမှမတည်း။ ဦးခင်ဇော် မန္တလေးလာလျှင်ဆိုလည်း ဆရာလွင်အိမ်မှတစ်ပါး အခြား ဘယ်အိမ်မှာမှမတည်း။ သူ့အကြောင်းများကို ရေးရဦးမည်။

ယခု ဤစာရေးချိန်၌ကား ဆရာလွင်လည်း သေပြီ။ ဦးခင်ဇော်လည်း သေပြီ။ အစ်မသောင်းလည်း မရှိတော့ဘူး။

သူက ၁၉၉၂–ခုနှစ်မှ နောက်ဆုံးသေသည်ဖြစ်၍ သူ့ပစ္စည်းများကို အမွေလွှဲပေးရာ၌ ကျွန်တော်လည်း တစ်ယောက်ပါဝင်သည်ဖြစ်၍ လူထုဒေါ်အမာ ခွဲဝေပေးခြင်းဖြင့် ၂–၅–၉၂ နေ့ က ငွေ ၇၀၀၀၀ (ခုနှစ်သောင်း) ဒေါ်အမာက လူကြုံနှင့် ကျွန်တော့်ထံ ပေးပို့လိုက်ပါသည်။

ထို့ကြောင့် သည်စာရေးရာ၌ သွားလေသူတွေ သတိရပြီး အစက ဖော်ပြခဲ့သော လေးချိုး နှစ်ပုဒ် ခေါင်းထဲ ရောက်လာခြင်းဖြစ်သည်။

ဒီနှစ်ပုဒ်တည်းနှင့် ဆိုလျှင်ဖြင့် ကျွန်တော် စာပေ တာဝန်မကျေပွန်ဘူး။ ကျန်နှစ်ပုဒ် ဆက်ရေးရမှာဖြစ်မယ်။

ကဲ. . . . ပြန်စကြစို့၊ လေးချိုးနာမည်လည်းပေးရမယ်။

သံဝေဂ

လွမ်းသလေ ဖော်သဟာအပေါင်းတွေနဲ့
မန်းမြေမှာ ပျော်စရာကောင်းခဲ့တဲ့
ဩော်–အခါနှောင်းကိုတော့
အောက်မေ့တယ်။

မနေ့တစ်နေ့တုန်းကလိုပေါ့
တွေ့ကြဦးမယ် အလွယ်ထင်ခဲ့
တကယ်တွင် သခါရရယ်က
မရဏ ဘူတာဝင်တော့
သူငါလျှင် ခွဲခွာကြတယ်
လောကမျက်ကွယ်။

သံသရာဆိုတာ ဒီကိုပြန်မလာရတော့ဘူးဗ
အမှန်မှာ သည်လိုခန္ဓာဘဝရယ်က
တခဏ အမြစ်တွယ်
ဖြစ်တယ်ဆိုရင်ဖြင့် ပျက်ရမြဲ
စေ့စေ့တွေး
ရှေ့ရေးမြော်မြင်တော့
အမှန်မှာ ခန္ဓာသုဉ်းရလိမ့်
ဆုံးချိမ့်မလွဲ။

## အပို့ကောင်းတဲ့ ကိုမြင့်ဆွေ

ကျွန်တော့် ယခင်လကရေးခဲ့သော 'ကျွန်တော့်ဘဝဇာတ်ကြောင်း(၂၄၁)မှာ မန္တလေးမြို့ တွင် တွေ့ဆုံခင်မင်ခဲ့ကြသော 'အတိတ်က မိတ်ဆွေများ' ထဲ၌ ကျွန်တော်နှင့် အထူးသဖြင့် ခင်မင်ခဲ့သော (ယခုတော့ မမသောင်းထက်ပင် စော၍ ၁၉၉၀–ခုနှစ်၌ ကွယ်လွန်ခဲ့သည့်) မိတ်ဆွေတစ်ယောက်အား

စာသွားအဆင့်မသင့်သဖြင့် မဖော်ပြခဲ့ရပါ။ သူ့နာမည် ကိုမြင့်ဆွေဟု ခေါ်ပါသည်။ ကျွန်တော့်ထက် အသက် ၃–၄ နှစ်မျှ ကြီးပါသည်။ အရပ်အမောင်းမှာ လယ်တွင်း သား စောချစ်ကဲ့သို့ ၆ ပေမျှရှိ၍ ဥပဓိရုပ်ကောင်းသည်။ စကားပြောအဆို သွက်လက် ချက်ချာ လှသည်။ ဇဝနဉာဏ် ဟာသဉာဏ် ရှိသည်။ လိမ္မာပါးနပ်သည်။

ကိုမြင့်ဆွေဇာတိက မင်းလှမြို့နယ် မိုးညိုသား။ သို့သော် သူ ဘယ်နှစ်က မန္တလေး ရောက်ပြီး အခြေကျနေသည် မသိ။ ဖဆပလခေတ်က မြလူကြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ခဲ့ဖူးသည်။

သူသည် မန္တလေးမှာ သတင်းစာသမားလည်း မဟုတ်။ စာပေသမားလည်းမဟုတ်။ စာဖတ်တော့ ဝါသနာပါသူဖြစ်၍ သတင်းစာဆရာ၊ စာရေးဆရာတွေနှင့် ရင်းနှီးစွာ ပေါင်းသင်း သည်။ လူချင်းတွေ့ကြလျှင် သူက အရက်ဒကာခံသည်။ စာနယ်ဇင်း မောင်မောင်တို့ကလည်း အရက်သောက် လိုလျှင် သူ့ဆီသွားကြသည်။ ကိုမြင့်ဆွေကလည်း 'အကာလိကော' ပဲ။

ထိုစဉ်က ကိုမြင့်ဆွေအလုပ်သည် ၈၄–လမ်း ဗဟိုရ်စည် သတင်းစာတိုက်နှင့် မျက်စောင်း ထိုးမှာ 'ရွှေဝယ်သီရိရုပ်ရှင်'ဟူသော ရွှေစာလုံးဆိုင်းဘုတ်ကြီးနှင့် အထက်မြန်မာပြည် ရုပ်ရှင်ကား ငှားကိုယ်စားလှယ်၊ တိုက်ခန်းတစ်ခုတွင် သူ့ရုံးခန်း ဖွင့်ထားသည်။ ဝင်ငွေ တော်တော်ကောင်း ဟန် တူပါသည်။ မိတ်ဆွေသင်္ဂဟတို့အား ရက်ရောစွာ တိုက်ကျွေးတတ်သည်။ သူကိုယ်တိုင် လည်း အရက်ကြိုက်သည်။ သို့သော် မမူးတတ်ပေ။ အရက်ကြိုက်၍ အရက်သောက်တတ်သူ ဖြစ်ပါသည်။ (အရက်ကြိုက်ပြီး အရက် မသောက်သူတို့မှာ အရက်ကြောင့် ဒုက္ခဖြစ်တတ်ကြ သည်) ကိုမြင့်ဆွေ အထူးသဖြင့် ဝါသနာပါသည်က 'မြာ' မြာလိုက်တတ်သည်။ သူများအတွက် လည်း ပို့ပေးသည်။

## ခံပွင့်နှင်းဆီ

ထိုစဉ်အခါက ဆရာမြမျိုးလွင် အိမ်နောက်ဖေး ရေချိုးခန်းအနီးမှာ ခံပင်တစ်ပင်ရှိ ပါသည်။ ယခုလည်း ရှိလိမ့်ဦးမည်ထင်ပါသည်။ မိတ်ဆွေ မြင်ဖူးပါလိမ့်မည်။ ခံပင်ဆိုတာ ကြီးသောအမျိုး မဟုတ်။ လူတစ်ရပ်သာသာမျှ ပုပုဝိုက်ဝိုက် ဖြစ်ပါသည်။ ခံပွင့်ကလေးတွေက ဖြူဖြူ၊ စံပယ်ပန်းနှင့် ဆင်ဆင်တူပါသည်။ ထို့ကြောင့် ဦးပုညက. . . . .

နန်းအလယ်
ပန်းစံပယ် မပေါ်ခိုက်ဟာမို့
အလိုက်ကယ် တော်တန်သင့်ရုံပ၊
ခံခွင့်ကိုကုံး။

နန်းရဝေ
မန်းမြေ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်။
တောလေ့ရွာသုံး။

ခံပွင့်ထက် ကျွန်တော် စိတ်ဝင်စားမိသည်ကား ခံသီး။ ခံသီးကလေးတွေကို မိတ်ဆွေ မြင်ဖူးပါလိမ့်မည်။ စပျစ်သီး အရွယ်ခန့်၊ အဖြူခံမှာ အဝါသော်လည်းကောင်း၊ ပန်းရောင်သော်လည်းကောင်း၊ အလုံး၏ လေးပုံတစ်ပုံလောက် အရည်လဲ့လဲ့ဆန်းလျက် ပုလဲလုံးကလေးများနှင့် တောက်ပြောင်လှပါသည်။

ယင်းအသီးလေးများကို အခိုင်လိုက် ခူးလိုက် အရွက်စိမ်းလေး တစ်ရွက်နှစ်ရွက်နှင့် မိန်းကလေးတို့၏ ရင်ဘတ်မှာလည်းကောင်း၊ ခေါင်းပေါ်မှာ လည်းကောင်း ပန်ဆင်တတ်ကြပါ သည်။ ထိုစဉ်က ကျွန်တော် မန္တလေးသို့ ရောက်တတ်သော နွေရာသီမှာဆိုလျှင် ဆရာလွင် မမသောင်းတို့ အိမ်နောက်ဖေး ခံပင်ကလေးမှာ အသီးတွေ လှိုင်လှိုင်ဝေနေပါပြီ။ ကျွန်တော် သည် ထိုအသီးလေးများကို အခိုင်လိုက်ခူး၍ မန်းမြို့က သော်တာဆွေ၏ စာဖတ်ပရိသတ် ချစ်ဆွေမကလေးတွေကို ပေးလေ့ရှိပါသည်။ သူတို့သည် ဖော်ပြခဲ့သည့်အတိုင်း ခေါင်းမှာသော် လည်းကောင်း၊ ရင်ဘတ်မှာ သော်လည်းကောင်း နှစ်သက်စွာ ပန်ဆင်တတ်ကြပါသည်။

ထို့ကြောင့် တစ်နေ့သ၌ ကျွန်တော်သည် ဆရာလွင်၏ စာရေးစာပွဲတွင်ထိုင်ရင်း ကျွန်တော်၏ စာရေးစက္ကူချပ်ပေါ်မှာ ဖော်ပြပါ ဦးပုည၏ 'ခံပွင့်ကိုကုံး' ဒွေးချိုးကို ရေးချလိုက်ပြီး အထပ်ထပ်အခါခါ ရွတ်ဆိုသောအခါ ကျွန်တော့်မှာ ကဗျာစိတ်ဓာတ် ဝင်လာလျက် အောက်ပါ ဒွေးချိုးလေးကို ရေးသားလိုက်မိပါသည်။

### ခံသီး

ခံပွင့်သာလား
ပန်သင့်တာ ဟန်တစ်နည်းမှာဖြင့်
ခံသီးကိုယူလာလို့
သူဇာကိုပေး
အခိုက်လိုက်တာပ
ပန်ထိုက်သူ ရင်မှာပန်တော့
ပင်ညှာတံ ပုလဲရည်လဲ့ယ်နဲ့
လှတဲ့သူလေး. . . .

ကိုမြင့်ဆွေအလုပ်တိုက်နှင့် ဆရာလွင့်အိမ်မှာ တယ်ပြီးမဝေးလှ၊ ခြေလှမ်းကိုးရာ၊ တစ်ထောင်မျှသာ ဖြစ်ခြင်းကြောင့် ကိုမြင့်ဆွေသည် သူ အလုပ်အားချိန်များ၌ မကြာခဏ ရောက် တတ်ပါသည်။ ထိုကဗျာရေးသည့်နေ့က သူ ရောက်လာပြီး အမှတ်တမဲ့ ကျွန်တော့် စာရေးစားပွဲ တွင် ဝင်ထိုင်ရင်း ထိုကဗျာကို တွေ့သောအခါ. . . .

'ဟား–ဟား ဦးပုညများ နတ်ပြည်ကနေပြီး ခင်ဗျားကဗျာကို လှမ်းဖတ်မိရင် ဘာပြောမယ် မသိဘူးဗျို့ ကျွန်တော်ကတော့ ဒီကဗျာကို သိပ်ကြိုက်သွားပြီ၊ ကူးယူသွားမယ်'

ဆိုတော့ ကျွန်တော်က–

'ကူးယူမနေပါနဲ့ ဒီစာရွက်ပဲ ခင်ဗျားယူသွားပေတော့'

'ခင်ဗျား မဂ္ဂဇင်းထဲထည့်ဖို့ ရေးတာမဟုတ်လား'

'မဟုတ်ပါဘူး၊ ဒီခေတ် မဂ္ဂဇင်းတွေ ကဗျာခန်းမှာ ဒီကဗျာမျိုး မသုံးဘူးဗျ၊ လေးလုံး စပ်တွေပဲ ထည့်တယ်'

'နို့. . . . ကိုဆွေ ဘာလုပ်ဖို့ ရေးတာတုန်း'

'စာတို့ ကဗျာတို့ဆို စိတ်ကူးထဲပေါက်ရင် ရေးလိုက်ရမှ၊ မရေးဘဲမနေနိုင်လို့ ရေးလိုက်တာပဲ ဆိုပါတော့. . . . .

'အဲဒီ ကဗျာစိတ်ကူးထဲမှာ ကောင်မလေး တစ်ယောက်ယောက်တော့ ပါရမှာပေါ့'

'တစ်ယောက်မကဘူး၊ အများကြီးပါတယ်၊ မန်းမြို့မှာ ခံသီးခိုင်ကလေးတွေကို ခေါင်းမှာ ရင်ဘတ်မှာ ပန်တဲ့ မိန်းကလေးတိုင်းပါတယ်'

'ကြိုက်ပြီ'

ဆိုပြီး သူသည် ကျွန်တော့်ကဗျာစာရွက်ကို ခေါက်၍ အိတ်ထဲ ထည့်ယူသွားပါသည်။

နောက်နှစ်ရက်မျှအကြာ ကျွန်တော် ဈေးချိုထဲ သွားသောအခါ၌ သုံးလုံးစီပါသော ခံသီး လှလှလေးနှစ်ခိုင်ကို အပေါ်အင်္ကျီအိတ်ထဲ ထည့်ယူခဲ့၏။ တစ်ခိုင်က ရွှေဆိုင်တန်းက ကျွန်တော့် မိတ်ဆွေ ကိုမြမောင်၏ညီမ အပျိုမလေးကိုပေးဖို့ဖြစ်၏။ တစ်ခိုင်က အထည်တန်းက မခင်ကျော့ ကို ပေးဖို့ဖြစ်၏။ ခါတိုင်းလည်း ပေးနေကျပဲ။

ကိုမြမောင်ကား ကျွန်တော် စာရေးဆရာမဖြစ်မီ ဆန်ကုန်သည်ဘဝကပင် မိတ်ဆွေ ဖြစ်ခဲ့ ၏။

စာရေးဆရာ ဖြစ်လာသောအခါ သူတို့မောင်နှမနှစ်ယောက်စလုံး ကျွန်တော့် စာဖတ် ပရိသတ် ဖြစ်လာ၏။ ထိုစဉ် ၁၉၅၁ ခုနှစ်မှာ သူတို့မောင်နှမ နှစ်ယောက်စလုံး အပျို လူပျို၊ သူတို့ မိခင်ကြီးနှင့်အတူ ရွှေဆိုင်မှာ ထိုင်ကြသည်။

မခင်ကျော့ကား ကျွန်တော် စာရေးဆရာဖြစ်မှ ကိုမြင့်ဆွေက မိတ်ဖွဲ့ပေး၍ ခင်မင်ရသူ ဖြစ်၏။ ၁၉၅၁ ခုနှစ် ဖဆပလခေတ်က မန္တလေးမှာ နိုင်ငံတော်သကြန်ကျသည့်နှစ်၌ မန်းနှင့် မေမြို့တွင် (ပြင်ဦးလွင်) ဟု မပြောင်းသေး။ တစ်နွေလုံး နေမည်ဖြစ်သောကြောင့် အဝတ်အစား ဝယ်ရန် လိုသည်။ ယင်း၌ ကိုမြင့်ဆွေက ကျွန်တော့်ကို မခင်ကျော့ဆိုင်သို့ ခေါ်သွားသည်။ သား အမိနှစ်ယောက် ဈေးထွက်ကြသည်။ သူတို့သားအမိနှင့် ကိုမြင့်ဆွေက အလွန်ရင်းနှီးကြသည်။

မခင်ကျော့အသက်ကို ခန့်မှန်းရသည်ကား ၁၇–၁၈ အလွန် ၁၉ ပဲ။ အသား ဖြူဖြူ ဝင်းဝင်း၊ လုံးကြီးပေါက်စ။ ကျွန်တော် မခင်ကျော့ကို မြင်မြင်ချင်း ကိုအံ့ကြီးဆိုသော 'တူရိယာ လုလင်' သီချင်းထဲမှ 'နုထွားကြီးမို့ ရှုတိုင်းယဉ်' ဟူသော စာသားကို ကျွန်တော် ချက်ချင်း သတိရ လိုက်ပါသည်။

ဪ. . . . . ဆရာမြို့မငြိမ်းသည် မန္တလေးမြို့မှာ သည်လို ရွှေမန်းသူ နုထွားကြီးတွေမြင်လို့ သည်သီချင်းရေးတာ ဖြစ်မှာပေါ့ဟု ကျွန်တော့်စိတ်ထဲ အတွေးပေါက်နေစဉ်မှာပင် ကိုမြင့်ဆွေက ကျွန်တော့်အား မခင်ကျော့ရှေ့တည့်တည့်က ထိုင်ခုံမှာ ထိုင်စေပြီး–

'ဟေ့. . . မခင်ကျော့၊ နင် ဟိုနေ့က ငါ့တူမလှလှနဲ့ ပြောနေပါတယ်၊ လစဉ် ရှုမဝမဂ္ဂဇင်း ရရင် ဘယ်သူ့ဝတ္ထု အရင်ဆုံးဖတ်တယ်'

မခင်ကျော့က သွက်လက်စွာပဲ. . . .

'သော်တာဆွေရှင့်၊ သော်တာဆွေ'

'အဲဒီ သော်တာဆွေများ မခင်ကျော့ မတွေ့ချင်ဘူးလား'

သည်တော့ မခင်ကျော့က နည်းနည်းရိပ်စားမိပုံဖြင့် ကျွန်တော့်အား ဒုတိယမွှိ လှမ်းကြည့်လိုက်ပြီး–

'ဘာလဲ မန္တလေး သူရောက်နေလို့လား'

'မန္တလေးတင်ဘယ်ကမလဲ၊ အခု မခင်ကျော့ ရှေ့တည့်တည့် လက်တစ်ကမ်းလောက်မှာ ရောက်နေပါပြီဗျာ'

သည်တော့မှ မခင်ကျော့က ကျွန်တော့်ကိုကြည့်ပြုံးပြီး–

'ဪ. . . ဆရာလား၊ ကျွန်မတို့ စိတ်ကူးထဲ ထင်တဲ့အရွယ်ပါပဲ'

ထိုမှစပြီး မခင်ကျော့တို့သားအမိနှင့် ကျွန်တော် ခင်မင်ခဲ့ကြသည်။ ကျွန်တော် ဈေးချိုထဲ သွားလျှင် အခြားမိတ်ဆွေမကလေးများနှင့် မခင်ကျော့အတွက် ခံသီးခိုင်လေးတွေ ယူခဲ့နေကျ။

ဟော–အခုမနက် မခင်ကျော့တို့ဆိုင်ရှေ့ရောက်တော့ မခင်ကျော့ တစ်ယောက်တည်းပဲ၊ သူ့အမေ မရှိဘူး။ ကျွန်တော့်သည် မခင်ကျော့ရှေ့ ထိုင်နေကျခုံမှာ ဝင်ထိုင်လိုက်ပြီး ပေးနေကျ

ခံသီးခိုင်ကို ပေးလိုက်ပါသည်။ သို့သော် မခင်ကျော့သည် ခါတိုင်းလို ရွှင်လန်း ဝမ်းမြောက်စွာဖြင့် မဟုတ်ဘဲ မဝံ့မရဲ မျက်နှာမျိုး ဖြစ်နေလျက် တုံ့နှေးသောလက်ဖြင့် ယူကာ–

'ဒီတစ်ခါ ဆရာ့ခံသီး ယူရတာတော့ ကျွန်မစိတ်ထဲ တစ်မျိုးပဲ'

ယင်းသို့ မမျှော်လင့်သောစကား ကြားရတော့ ကျွန်တော့်စိတ်ထဲလည်း တစ်မျိုးဖြစ်သွားကာ–

'ဟင် ဘာဖြစ်လို့လဲ မခင်ကျော့'

'ဆရာ အခု ဘာစာတွေရေးနေလဲ'

'ကြက်သမား ဟစ်တစ်လုံးဆိုတဲ့ဝတ္ထု ရေးနေပါတယ်'

အစအဆုံး ဆရာမြမျိုးလွင် စာရေးစားပွဲမှာ ရေးခဲ့သော ဝတ္ထု ဖြစ်ပါသည်။

မခင်ကျော့သည် မျက်စောင်း တစ်ချက်ချိတ်လိုက်ပြီး–

'ဒို့ပြင် ကဗျာကော ရေးသေးတယ်မဟုတ်လား'

'ဘာ ကဗျာ'

ကျွန်တော်သည် ခံသီးကဗျာ သတိရပြီး–

'မခင်ကျော့ကို ဘယ်သူပြောလဲ'

'ဘယ်သူရမလဲ၊ ကိုမြင့်ဆွေကြီးရယ်ပေါ့၊ ဆရာရေးထားတဲ့ ကဗျာကို ဆရာမသိအောင် သူ တိတ်တိတ် ကူးယူခဲ့တာတဲ့၊ ဟောဒီမှာ' ဆိုပြီး–

သူ့လက်ပွေ့အိတ် ကလေးထဲမှ စာရွက်ခေါက ကလေးတစ်ခုကို ထုတ်ပေးပါသည်။ ကျွန်တော် ပြန်၍ဖတ်လိုက်တော့ ကိုမြင့်ဆွေလက်ရေးဖြင့်–

### ခံသီး

ခံအပွင့်သာလား
ပန်သင့်တာ ဟန်တစ်နည်းမှာဖြင့်
× အကြံကြီးသူက
ခံသီးကိုယူလာလို့
သူဇာကိုပေး၊

အခိုက်လိုက်တာပ
ပိုင်ထိုက်သူ ရင်မှာပန်တော့
ပင်ညှာတံ ပုလဲရည်လဲ့ငယ်နဲ့
× စာဆိုသူ ပျို့မောင်ကြီးဖြင့်
× (ကျော့ကိုလေ) စွဲပြီကွယ်လေး။

'ဟယ် သောက်ကျိုးနည်း'
ဟု ကျွန်တော့် စိတ်ထဲမှ ရေရွတ်လိုက်မိပါသည်။

ကိုမြင့်ဆွေက ကျွန်တော့်မူရင်းကဗျာတွင် ယခု (×)ပြထားသော စာသုံးကြောင်း ဖြည့်စွပ် ပြင်ဆင်ထားလိုက်တာ ကဗျာလည်း ပျက်ကရော။ ကျွန်တော့်ကိုလည်း မခင်ကျော့က တလွဲ ထင်စရာဖြစ်ကရော။

ယင်းအချိန်ကာလမှာ ကျွန်တော့် ဝတ္ထုများထဲတွင် ကျွန်တော့်၏ဘဝမှန်ကို မဖော်သေး။ ကိုယ့်ကိုယ်ကို လူပျိုလုပ်လျက် သော်တာဆွေ ဂေါ်မစွံသည် လံကြုပ် ဇာတ်လမ်းများကိုသာ ရေးနေစဉ် ဖြစ်ပါသည်။

ဥပမာ–

'ကျွန်တော် ပန်းချီဆရာ၊ ကျွန်တော် ရုပ်ရှင်မင်းသား၊ ကျွန်တော် ပြဇာတ်မင်းသား၊ ကျွန်တော် ဝိတ်တာဆွေ၊ ကျွန်တော် လူဆိုးပါဗျာ၊ ကျွန်တော်တို့ ခေါးပြတိုက်ခဲ့စဉ်က' စသည့် ဟာသဝတ္ထုများ–

နို့ပြီး
ကိုကို့ကလောင် ပျော်စရာတွေရေးပေမယ့်
ပျိုတို့မောင် ဖော်ကွာဝေးမှာဖြင့်
ငိုလို့တောင် အော်ကာပြေးချင်ရဲ့
(အဲဒါကြောင့်) သော်တာဆွေရယ်လို့
နာမည်ပြင်။
ဘုရားစူးရစေရဲ့
စကားဦးပလ္လင်ခံလို့
အမြင်မှန် နှုတ်ခွန်းဟရမှာဖြင့်
သွင်သဏ္ဌာန်ရုပ်ရည်ကလဲ အလှသားပါဗျ
(ဒါပေမယ့်) ပုဗ္ဗေစ ကြမ္မာနံ့ရော့ထင့်

အခါကုန် လူပျိုရိုင်းခဲ့ပေါ့

တွေ့တိုင်း ဂေါ်ပါလေလဲ

သော်တာဆွေ မဟာန်ဖြစ်ပုံက

တော်ရာခွေ ကျေန်ရစ်ပါပဲ

ခွေးဖြစ်မယ့်ကောင်။

အဲသည်လို မူသာဝါဒ ကဗျာမျိုးတွေလည်း ရေးခဲ့တော့ မိန်းကလေးတွေက ကျွန်တော် လူပျိုထင်ပြီး မိတ်ဆက်စာတွေရေး။ ဓာတ်ပုံချင်းလဲ၊ စာရည်းစားတွေ ဖြစ်ကြ၊ ကျွန်တော် ငယ်ငယ်က ဓာတ်ပုံထဲမှာလည်း တော်တော် ချောတာကိုးဗျ။

၆–၁၂–၉၂ နေ့က အသက် ၆၀မှာ ကွယ်လွန်သွားတဲ့ ကျွန်တော့် တတိယဇနီး မေ့အား ၁၉၄၈–ခုနှစ်က ကျွန်တော်ပေးခဲ့သော ဓာတ်ပုံကို ဖော်ပြလိုက်ပါတယ်။

ဟော. . . . အခု ကိုမြင့်ဆွေက ကျွန်တော့်ကို မရွယ်ဘဲနဲ့ စော်ကဲ မင်းဖြစ်အောင် လုပ်သည်။ တကယ်တော့ ကျွန်တော် မင်းကြီးစွာစော်ကဲလို မင်းဖြစ်မှာ မဟုတ်ဘူး၊ ခွေးဖြစ်မှာ။

ဘယ့်နှယ်ဗျာ။ ကိုယ့်ခင်မင် ကြည်ညိုနေတဲ့ စာဖတ်သူ မိန်းကလေးကို ကိုယ် လူပျို မဟုတ်ပါဘဲနှင့် ကျွန်တော့်အား သိကျွမ်းရင်းနှီးနေတဲ့ သူ့မိခင်ကြီး ရှေ့မှောက်မှာ ရည်းစား လုပ်ရမယ်ဆိုတော့ သည်ကောင် လူယုတ်မာပေါ့၊ ကျွန်တော်သည်လောက် မမိုက်နိုင်ပါဘူး။

သို့သော် မခင်ကျော့ကတော့ ကိုမြင့်ဆွေရဲ့ ချိုးပေါက်ထဲကို ဝင်နေပြီ၊ ကျွန်တော်က ကိုမြင့်ဆွေ လက်ရေးနှင့် ကပျက်ဖြစ်နေတေသာ ကဗျာကိုကြည့်ပြီး ငိုင်နေတော့ မခင်ကျော့က–

'အဲဒါ ဆရာရေးတဲ့ကဗျာ ဟုတ်ပါတယ်နော်'

ကျွန်တော့်မှာ မငြင်းသာ။ ဟိုဆရာဖြည့်စွက်ပြင်ဆင်ထားကြောင်းလည်း ပြောရခတ် နေတော့ မခင်ကျော့က ဆက်လက်ပြီး

'ကိုမြင့်ဆွေကြီး ပေးသွားတာ၊ ဒီကဗျာတင် မဟုတ်သေးဘူး၊ ဒီနေ့ သော်တာဆွေ ခံသီး လာပေးရင် သူ့ကိုပြန်ပေးဖို့ ကဗျာလဲ ညည်းအတွက် ငါ ယူခဲ့တယ်ဆိုပြီး ပေးသွားတာ ဟော ဒီမှာ'

ဆိုပြီး ကျွန်တော့်ကို စာရွက်ခေါက်ကလေး တစ်ခု ပေးသဖြင့် ကျွန်တော်ဖြန့်ဖတ် လိုက်တော့–

ရန်ကုန်သားနဲ့

ကံဆုံညားချင်ပေမယ့်

နောက်များမှာ

ဖောက်ပြားမှာ ကြောက်အားပိုတယ်ရှင့်။

ဟယ် ဆောက်ကျိုးနဲ ကိုမြင့်ဆွေ ဘယ်ရုပ်ရှင်ထဲက ရထားတဲ့ စာသားများပါလိမ့်။ ကြည့်စမ်း၊ မောင်မင်းကြီး သားလုပ်လိုက်ပုံ၊ ကိုမြင့်ဆွေ ဘယ်လောက် အပို့ ကောင်းပါသနည်း။ အခု မခင်ကျော့နဲ့ ကျွန်တော် ရုတ်တရက်ကြီး သစ္စာထားခန်း ရောက်နေပါရော့လား။

သို့သော် ကျွန်တော် မထားနိုင်ပါ၊ မထားဝံ့ပါ၊ မထားရက်ပါ၊ သူကလေးက ကျွန်တော်အား ထိုစဉ်က ရေးသော လူပျိုယောင်ဆောင် ဝတ္ထုဖတ်ရာ၌လည်းကောင်း၊ ကိုမြင့်ဆွေ ပို့ထားချက်များနှင့် လည်းကောင်း၊ မခင်ကျော့က လူပျို လို့ထင်နေတာ။

စင်စစ်တော့ ယင်း ၁၉၅၁–ခုနှစ်မှာ ကျွန်တော့်တွင် ဒင်ပယ်လ်၊ ကျော်ကျော်၊ သော်သော်၊ မောင်မောင် မည်သော သားသမီး လေးယောက် ရနေပါပြီ။

ကျွန်တော့် အသက်က ၃၂–နှစ်၊ သို့သော် ကျွန်တော်က အလုပ်နဲ့၊ လူနဲ့၊ ဟာသဝတ္ထုတွေ ရေးဖို့ ပျော်စရာ ရွှင်စရာချည်းတွေးနေသူမို့ စိတ်ပျို ငယ်နုလျက်အရွယ်တင်တာ အသက် အစိပ်လောက် အောက်မေ့ရတော့ မခင်ကျော့လဲ ကျွန်တော့်အချစ်ကို လက်ခံပေလိမ့်မည်ပေါ့။

ကဲ–ကိုမြင့်ဆွေ ချိုးပေါက်အတိုင်းပဲ၊ မခင်ကျော့နဲ့ ကျွန်တော် သစ္စာ ထားလိုက်ပြီ ဆိုပါတော့၊ ထို့နောက် အနေးနှင့် အမြန် ဆိုသလို ကျွန်တော့်မှာ မယားနဲ့သားသမီးတွေ ရှိတာ ပေါ်သွားတော့ ဒီကောင် ဘာဖြစ်သွားမည်နည်း၊ ဘယ်လို စာရေးဆရာ ဖြစ်သွားမည်နည်း။

အဲသည်လို ကျွန်တော် မခင်ကျော့ ရှေ့မှောက်မှာ အသက် ရှူကျပ်နေတုန်း သူကလေးက တော့ ဒါတွေမသိရှာဘဲ ကျွန်တော် ယူလာသော ခံသီးခိုင်လေးကို ရွှေရင်ထိုးကလေးနဲ့ ရင်နှစ်မွှာ ကြားမှာ ပန်လိုက်တယ်၊ အဲဒါ သူက ကျွန်တော့်အချစ်ကို လက်ခံတဲ့ အဓိပ္ပာယ်ပေါ့။

နို့ပြီးတော့ သူရဲ့ မျက်လုံးရွဲကြီးများက ကျွန်တော်ရဲ့ ချစ်စကားကို မျှော်လင့်သော အကြည့်နှင့် ကြည့်နေလေပြီ။

ကျွန်တော့်မှာ မဆုတ်သာ မတက်သာ ဘာလုပ်ရမည်၊ ဘာပြောရမည် မသိ ဖြစ်နေတုန်း–

အမယ်လေး တော်ပါသေးရဲ့ ယင်းအခိုက်မှာပဲ အသက်(၄၀)လောက် ခန့်မှန်းရသော သူ့ အမေ ဒေါ်သန်းလှဆိုင်ကို ရောက်လာပြီး (ကိုမြင့်ဆွေက ကျွန်တော့်ကို ခေါ်သည့်အတိုင်း)

'ဩော်–ကိုဆွေရောက်နေတာ တော်တော်ကြာပြီလား'

'သိပ်မကြာသေးပါဘူး အန်တီ'

'ဟဲ့–သမီး လက်ဖက်ရည် မှာပြီးပလား'

ခါတိုင်းဆိုသော် မခင်ကျော့သည် ကျွန်တော် ရောက်တယ်ဆိုလျှင် ချက်ချင်း လက်ဖက်ရည်နှင့် မုန့်တွေကိုမှာနေကျ၊ ယခုတော့ ကိုမြင့်ဆွေ၏ လက်ချက်မိထားသော ခံသီး ကဗျာ ကပျက်ကြောင့် စိတ်လှုပ်ရှားနေ၍ သတိမရ၊ ယင်းသည်ပင် ကျွန်တော့အတွက် ထွက်ပေါက် ရသွားတော့သည်။

'ဟာ. . . နေပစေတော့ အန်တီ၊ ရွှေဆိုင် ကိုမြမောင်က အခုမနက် သူနဲ့ ကျွန်တော် ဈေးအလယ်တန်းမှာ မြီးရှည်စားဖို့ မနေ့ညနေ ကတည်းက ဖိတ်ထားတယ်၊ အခု ဒီမှာ မခင်ကျော့ကို ခံသီးပေးဖို့ ခဏလာတာပါ၊ သွားဦးမယ်နော်' ဟုဆိုပြီး ကျွန်တော် ထိုင်ရာမှ ထခဲ့ ပါတော့သည်။

မခင်ကျော့ကို ကျွန်တော့်မျက်စိများက နောက်ဆုံး နှုတ်ဆက်သည့် အကြည့်နဲ့ ကြည့်ခဲ့တော သူ့ရှေ့ရင်အုံမှာ ခံသီးလေးတွေက–

အခိုင်လိုက်သာပ
ပိုင်ထိုက်သူရင်မှာပန်တော့
ပင်ညှာတံမြရည်လဲ့ငယ်နဲ့
လှသည့်ကွယ့်လေး
နုထွားကြီးမို့ရှုတိုင်းယဉ်
ရှောင်ကြည့်လို့ ထွက်ခဲ့ပေါ့
ရမ္မက်အာသာ ဖြေဖို့
မေမြို့(ယခုပြင်ဦးလွင်)ကိုသွား
နေရစ်တော့ ခင်ရေ့
ဆင်မပြေ သည့်တစ်ကွေ့ကိုဖြင့်
နောက်တစ်ဖန် ပြန်လို့မတွေးသင့်ဘူး
မေ့ကြစို့လား။

ဟုတ်ကဲ့ မေ့မှဖြစ်မည်၊ မေ့ရဖို့ကလည်း လူချင်း အနေဝေး၍ တစ်မြို့စီဖြစ်ပါမှ၊ ထို့ကြောင့် နောက် ၃–ရက်နေ့၌ မူလက အစီအစဉ် ရှိကြသည့်အတိုင်း ဆရာကြီး ဒေါ်ကြီးစိုး၊ မသေးတို့နှင့်အတူ နွေရာသီ အေးရိပ်ခိုရန် မေမြို့(ပြင်ဦးလွင်မြို့)သို့ သွားကြပါသည်။

ဆရာကြီးက မေမြို့(ပြင်ဦးလွင်)ရှိ သူ့တပည့် တစ်ယောက်အား ကြိုတင် ငှားရမ်းထား ခိုင်းသော ညံတောရပ်က တိုက်အိမ်ကြီး တစ်လုံး၏အောက်ထပ်၊ တစ်လ ၅၀–ကျပ် ပေးရသည်။ အိမ်ရှင်များက အပေါ်မှာနေကြသည်။

အဲသည်အခါမှာ ကျွန်တော် မေမြို့(ပြင်ဦးလွင်)ကို ပထမဦးဆုံး ရောက်ဖူးခြင်း။

ကောင်းမွန်သာယာသော နေရာဌာန တစ်ခုခုသို့ ပထမဦးဆုံးအကြိမ် ရောက်ရသည်မှာ ကိုယ့်အဖို့ အရာရာသည် ဆန်း၍၊ သစ်၍ နေရ ထိုင်ရ ကြည့်ရှုရ လည်ပတ်ရသည် တို့မှာ အရသာရှိလှသည်။

မန္တလေးနှင့် မေမြို့ (ပြင်ဦးလွင်)

မေမြို့(ပြင်ဦးလွင်မြို့) ရာသီဥတုက မန္တလေးနှင့် ဆန့်ကျင်ဘက်ကျလှသည်။ မန္တလေး သည် နွေအခါတွင် ငရဲပြည်နှင့်တူ၍ မေမြို့(ပြင်ဦးလွင်)က နတ်ပြည်နဲ့တူသည်။

သည်လိုဆိုတော့ ရွှေမန်းသားတွေက ငရဲသားဆိုရာရောက်သဖြင့် ရွှေမန်းသူတွေက ငြူစူကြမည်။

နို့ပြီး မေမြို့(ပြင်ဦးလွင်)လူတွေကလည်း 'မေမြို့(ပြင်ဦးလွင်)က နတ်ပြည်နဲ့တူတယ် ဆိုတော့ ရှင်က ကျွန်မတို့ကို ဘာလို့ ဆိုချင်သလဲ' မေးပြီး ရန်တွေ့ကြမှာ ကြောက်ရပါသေး သည်။ ထို့ကြောင့် အခြားဥပမာနှင့် နှိုင်းပါရစေ။

နွေအခါတွင် မန္တလေးရာသီဥတုလည်း 'ယောက္ခမဆိုးနှင့်တူ၍ မေမြို့ (ပြင်ဦးလွင်) ရာသီဥတုက ခယ်မ လှလှကလေးနှင့် တူပါသည်။

ဒါတော့ နှစ်ဖက်စလုံး နာစရာရှိမယ် မထင်ပါဘူးဗျာ။ အကြောင်းမှာ ယောယ္ခမဆိုးတို့ မည်သည် ကြောက်စရာကောင်း၍ ခယ်မလှလှတို့မည်သည် ချစ်စရာကောင်းကြကုန်၏။ အဘယ် သူ့ကိုမဆို မေးကြည့်ပါ။ သမက်တို့သည် ယောက္ခမဆိုးဆိုးနှင့် ခယ်မလှလှ ဘယ်သူ့ကို ဆက်ဆံ ချင်ပါသနည်း။

'သူ့အိမ်ထက်ဝယ်၊ သမက်သဖွယ်၊ လွန်ညိုးငယ်၏' ဟု ပါပဟိန်ပြဇာတ်တွင် ရေးခဲ့သော ဦးကြင်ဥသာ ရှိပါသေးလျှင် 'သူ့အိမ်ထဲဝယ်၊ ခဲအိုပမာ။ ရွှင်လန်းပါ၏' ဟု တစ်မျိုး ရေးရန် အကြံ ပေးလိုပါ၏။

ထို့အတူ ကျွန်တော့်မှာ မန္တလေးတွင် သမက်သဖွယ် ဖြစ်နေရ၍ မေမြို့(ပြင်ဦးလွင်) ရောက်မှ ခဲအိုဖြစ်ရပါသည်။

ပထမရောက်စဉ်မူ ခယ်မနှင့် မျက်နှာကြောမတည့်သေးသကဲ့သို့ အအေးဒဏ်မခံနိုင်၍ အိပ်ရာထဲ တကွေးကွေး နေရပါသေးသည်။ သုံးလေးရက်ကြာသွားမှ ခယ်မနှင့် အဆင်ပြေ ကောင်း၊ အိပ်လို့ကောင်း၊ စိတ်ကူးလို့ကောင်း။ မန္တလေးတွင် နိုင်ငံတော်သင်္ကြန်ပွဲ ကြည့်ရှုရန် 'ရွှေမင်းမန်း သင်္ကြန်' ဝတ္ထုကိုရေးဖို့ စိတ်ကူးခဲ့ရာ မေမြို့(ပြင်ဦးလွင်)ရောက် ဒုတိယမြောက်နေ့မှာ ကျွန်တော့်ခေါင်း ထဲ ဇာတ်ကွက် ဇာတ်လမ်း အပြည့်အစုံ ရပါတော့သည်။ (၁၉၅၁–ခုနှစ်၊ ဇူလိုင်လ ရှုမဝတွင် ပါခဲ့သည်)။

ဆရာကြီးနှင့် ကျွန်တော်သည် တစ်ယောက်စားပွဲတစ်လုံးနှင့် ကိုယ့်ဝတ္ထု ကိုယ်ရေးကြ သည်။ အဲသည်တုန်းက ကျွန်တော့် အသက်က ၃၂ နှစ် ဆရာကြီးက ၆၂ နှစ်၊ ဝတ္ထုတွေ တော်

တော်ရေးနိုင်တုန်း ဖြစ်သည်။ 'သူတော်စိန်' ဝတ္ထုတွေ အဲသည်နှစ် မေမြို့(ပြင်ဦးလွင်)မှာ စတင်ဖန်တီးခဲ့တာပေါ့။

ဒေါ်ကြီးစိုးက ကျွန်တော်တို့ စာရေးနေတာကြည့်၍ တပြုံးပြုံးပေါ့။

'သားအဖနှစ်ယောက် ကြိတ်လိုက်ကြစမ်း'

တစ်ခါတစ်ခါ အနားလာ၍ အားပေးတတ်သေး၏။

ကျွန်တော့်ဘဝဇာတ်ကြောင်း (၃၂၅)မှာ ရေးခဲ့သည်။ မြန်မာစာ ကောင်းစွာမရေးတတ် သော အင်္ဂလိပ်စာတတ်သူတစ်ယောက်က ဘာသာပြန်ထားသည့် Sir Riderhagard ၏ Ivory Child ဆင်စွယ်ကလေး ဝတ္ထုကို ရွှေဥဒေါင်း နာမည်နှင့်ထုတ်ရန် ဆရာကြီး၏ ဝါကျမျိုးနှင့် ကျွန်တော် တူအောင်ရေးခဲ့တာ အဲသည်နှစ်ပေါ့။

မေမြို့(ပြင်ဦးလွင်) နွေရာသီသည် မည်မျှအေးသနည်း။ ရေချိုးလျှင် နေပူပူမှာထွက်၍ ချိုးရသည်။ ဒါတောင် ကြာကြာ မချိုးနိုင်ပါဘူး။ ရှူးရှူးရှဲရှဲနှင့် အမြန်ပွတ်ကာ သင်ကာပြီးရသည်။ ဆရာကြီးကမူ တစ်ရက်ခြား၊ ဒါတောင် ရေနွေးနှင့်စပ်၍ ချိုးရသည်။

မေမြို့(ပြင်ဦးလွင်)မှာ လေအေး အစဉ်တိုက်နေသည်။ စာရေးလျှင် မှန်ပြတင်းတွေ ပိတ်ထားရသည်။ ရုတ်တရက် ပွင့်သွား၍ အမှတ်တမဲ့ လေဝင်လာလျှင် ရေခဲရေနှင့် ပက်လိုက်သလား အောက်မေ့ရသည်။

ကိုယ်မှာချွေးမထွက်၊ စွပ်ကျယ်တစ်ထည်ကို သုံးလေးရက် ဝတ်ရသည်။ ကျွန်တော်ဖြင့် ရောက်စမှာ အသားတွေပတ်၍ ဟေဇလင် ဝယ်လိမ်းရသည်။ အိပ်၍ပျော်သည်၊ စား၍မြိန်သည်။ မေမြို့(ပြင်ဦးလွင်)၏ နေ့လယ်နေ့ခင်းသည် ရန်ကုန်ဆောင်းတွင်း နံနက်ခင်းနှင်းကျချိန်နှင့် နှိုင်းယှဉ်နိုင်သည်။ အို. . . . . မေမြို့(ပြင်ဦးလွင်)မှာ အိမ်ထဲနေလျှင် နံနက်ခင်း၊ နေ့ခင်း အပူ အအေး မခြားပါဘူးလေ။

နံနက်ခင်း လမ်းလျှောက်ရာဝယ် ထင်းရှူးတော သို့မဟုတ် ယူကလစ် ပတပ်ပင်တွေအနီး ဖြတ်လျှောက်သွားရသောအခါ သူတို့ရနံ့သည် သင်းပျံ့လှပါဘိသည်။ ရင်ထဲမှာ အေး၍ စိမ့်၍ သွားပါသည်။ အထူးသဖြင့် အာရုံကြောတွေကို လန်းဆန်းစေပါသည်။ လမ်းလျှောက်ရင်း ခုန်ချင် ပျံချင်စိတ်ပင် ပေါ်လာပေသည်။

မေမြို့(ပြင်ဦးလွင်)တွင် ကုက္ကိုပင်မရှိ၊ ကျွန်တော်တို့ မြေပြန့်ပိုင်းတွင် မပေါက်သော အအေးပင်တို့သာ ရှုမျှော်ခင်းမှာ မင်းမူနေကြ၏။ ညံပင်၊ ထင်းရှူးပင်၊ ယူကလစ်ပတပ်ပင်၊ ဆစ်လ်ဗားအုပ်ကအစ ကျွန်တော်တို့ မြေပြန့်သားတွေမသိသော အခြားအပင်များ၊ ပင်ရိုးပင်စည် ရှည်လျားသည်။ ရွက်အုပ်ကိုင်းခတ်တွေနှင့် မြင့်မား၍ မြိုင်ကျနေသည်။

မြို့၏အောက်ခြေဝယ် စိမ်းမြသောမြက်ခင်းပြင်၊ ထိုမြက်ခင်းပြင်တွင် ပန်းနုရောင် အဆင်းရှိသော Lily of the Valley ခေါ် ဂမုန်းပန်းတစ်မျိုးက တန်ဆာဆင်နေသည်။ လမ်းနံဘေး ကတ္တရာစေးထိအောင် ညွှတ်ခံနေသည်။ နွဲ့အောင်လံပုံသဏ္ဍာန် ခြောက်ရွက် ယှက်ထားသော သူတို့ပွင့်ဖတ်တို့မှာ ရှမ်းမပျိုကလေး၏ပါးကဲ့သို့ နီထွေး၍နေသည်။ မင်းကတော်၏ နဖူးကဲ့သို့ ချောမွတ်ပါသည်။ အပျိုကလေး၏ လက်ဖဝါးကဲ့သို့ နူးညံ့ပါသည်။ နို့စို့ရွယ် ကလေး ငယ်၏ ပါးမို့ကလေးကဲ့သို့ သင်းတယ်ဆိုရုံလေး–မွှေး။

တကယ်ဆိုတော့ သူတို့ဟာ မေမြို့(ပြင်ဦးလွင်)မှာ ဂုဏ်အငယ်ဆုံးပါ။ ဘုရားပန်းလည်း မတင်၊ စားပွဲပန်းအိုးလည်း မထိုး၊ ပန်းခြံဥယျာဉ်တွေမှာလည်း ပေါက်ခွင့်မပေး၊ ဘယ်ဝေးကြလိမ့် မတုန်း၊ မေမြို့(ပြင်ဦးလွင်)မှာက နှင်းဆီ၊ ဂန္ဓမာ၊ ဇီဇဝါ၊ ဒေလီယာ စတဲ့ အခြားနာမည်ကြီး အကျော်အမော် ပန်းတကော့ဇော်တွေက ပေါလှပေသကိုး။

ဘယ်ကြည့်လိုက်ကြည့်လိုက် ဝဲယာမှာ ပန်းမဲ့သောခြံ မရှိ၊ မြေရှိ၊ ခြံရှိ၊ လူစိုက်လျှင်စိုက်၊ မစိုက်လျှင် သူတို့ဘာသာသူတို့ အလေ့ကျပေါက်၍ ပွင့်ကြလေ၏။ ပင်လုံးကျွတ် ပွင့်ရမည်ဆို လျှင် ပန်းပင်တွေမဆိုထားနှင့် ပန်းအမျိုးအမည် ပြောမည်။ လမ်းဘေး အသေးအမွှား မှိုချဉ်ပင် ကလေးတွေက အစ ပွင့်ကြသည်။ ပွင့် , ပွင့် အကုန်ပွင့် မေမြို့(ပြင်ဦးလွင်)သူတွေလည်းပွင့်၊ ဖွံ့ဖွံ့ကားကား ဝင့်ဝင့်ထွားထွား ရှိကြကုန်၏။

မေမြို့(ပြင်ဦးလွင်)ရှုမျှော်ခင်းမှာ အကွက်မအား ဗလာမရှိ။ သစ်ပင်မြိုင်နန်း ပန်းချုံတွေ လွှမ်း၍ ပန်းပွင့် လူပွင့်အမျိုးမျိုး အပွင့်တွေနှင့် တင့်တင့်ရွှန်းနေသတည်း။

ပန်းပေါတဲ့ ပန်းတောမြို့

အပွင့်ပေါတဲ့ အမြင့်ကြောမြို့

(၁) ချစ်ဆွေတို့ရေ
မေမြို့(ပြင်ဦးလွင်)ကို
မရောက်ဖူးလျှင်ဖြင့်
ရောက်ဖူးအောင် တစ်ခါလာခဲ့
သာတဲ့မြိုင်တန်း

(၂) အအေးရပ်ပါဗျ
အေးဓာတ်ကယ် လေပြည်နှင့်၍

လေပြည်တွင် မာလာနံ့တွေက
သင်းပျံ့ကြိုင်လျှမ်းပါတဲ့
ခင်းသန့်မြိုင်နန်း. . .။

## ကျွန်တော်အပျော်ဆုံးမေမြို့(ယခု ပြင်ဦးလွင် နေ့များ)

ကျွန်တော်သည် ထိုနှစ်မှာ မေမြို့(ပြင်ဦးလွင်)တွင် ဖွန်လ တတိယ သီတင်းပတ်ထဲ ရောက်သည့်တိုင် တိုက်ကြီးတစ်လုံး၌ တစ်ဦးတည်း နေ၍ လဆန်းကတည်းက မျှော်ရသူ ရန်ကုန် ဆေးရုံကြီးမှ သူ ခွင့်တစ်လနှင့် လာမည်ဆိုသော ကျွန်တော့်ရည်းစား နာ့စ်မလေးမြိုင် ရောက်မ လာတော့ မျှော်လင့်ချက် လက်လျှော့ပြီး မွန္တလေးသို့ ဆင်းခဲ့လေ၏။

မေမြို့(ပြင်ဦးလွင်)ကလည်း မိုးတွင်းမှာ မိုးတွေ သိပ်ရွာတော့ နေလို့မကောင်းတော့ဘူး။ Dance ဒန့်စ်လည်း ကျွန်တော် ကောင်းကောင်း ကတတ်ပြီဖြစ်၍ အဖော် အားလုံးကို ဒင်နာ ပေးပြီး ဂွဒ်ဘိုင် နှုတ်ဆက်ခဲ့သည်။

အမယ် ကျွန်တော်နှင့် အများဆုံးတွဲကခဲ့သော ရိုစီက ငိုမဲ့မဲ့လေး လုပ်သေးဗျ။ ကတိုင်း ကတိုင်း သူ့ကို ကျွန်တော်က တစ်ညဲ တစ်ဆယ် တစ်ဆယ်ပေးနေတော့ တစ်နေ့မှာ သူ့ကို ကျွန်တော် ချစ်ရေးဆိုလိမ့်မယ်လို့ မျှော်လင့်နေတာကိုးဗျ။

ကျွန်တော် ဒါမျိုး မလုပ်ပါဘူး။ ကိုယ်က ရည်းစားတွေ အများကြီးရှိနေတာပဲ။

ပြင်ဦးလွင်မှ မွန္တလေးရောက်တဲ့ မနက်ပဲ စုံထောက်ကြီးက ကိုဘဖဲဆိုင်သွားတော့ သူက ကျွန်တော့်မြင်မြင်ချင်းပဲ။

'ဟာ. . . အဆင်သင့်လိုက်တာ ဖိုးသော်တာရေ၊ မနေ့ကပဲ ရှုမဝ ကိုကျော်မြက ကျွန်တော့် ဆီ ဖုန်းဆက် ပြောတယ်'

'ဘာပြောလဲ'

'ခင်ဗျားကို သူ့ဆီဖုန်းဆက်ခိုင်းစမ်းပါတဲ့'

ကျွန်တော် ချက်ချင်းပဲ ကိုဘဖဲဆိုင်က ဖုန်းလှည့်လိုက်ပြီး ကိုကျော်မြလား၊ ကျွန်တော် သော်တာဆွေပါ၊ ကျွန်တော့် အတွက် ဘာကိစ္စအထူးရှိသလဲဗျ'

'တောင်ကြီးက 'မေ'ဆိုတဲ့ မိန်းကလေး ရှုမဝလာပြီး ခင်ဗျားကို မေးတယ်ဗျ'

တစ်ခါမှ လူချင်းမမြင်ဖူးသေးသော ကျွန်တော်၏ရည်းစားပဲဖြစ်၍–

'ဟေ. . . နိပ်ရဲ့လားဗျ'

'ကိုယ်လုံးကိုယ်ပေါက်ရော တော်တော် ကြိုက်စရာ ကောင်းပါတယ်ဗျာ။ ခင်ဗျားအခု ပြင်ဦးလွင်မှာ ဒီရန်ကုန်ဆေးရုံကြီးက နာစ်မလေးနဲ့ အိုကေနေပြီဆိုရင်ဗျာ'

ထိုစဉ်၌ ကိုကျော်မြသည် လူပျိုဖြစ်၏။

'သက်မဲ့ ပစ္စည်းဆိုရင် ကျွန်တော် ပေးလို့ ဖြစ်တာပေါ့။ ကျွန်တော် ရန်ကုန်မှာ မရှိဘူး၊ ပြင်ဦးလွင် ရောက်နေတယ်ဆိုတော့ သူဘာပြောလဲ'

'ခင်ဗျားဆီ အကြောင်းကြားပေးပါ ဆိုပြီး သူ့လိပ်စာပေးသွားတယ်၊ ခင်ဗျား ရေးမှတ်ထား'

'ဒါဖြင့် ခဏနေဦးဗျာ' ဆိုပြီး ကိုဘဖံထံမှ စက္ကူတောင်း ဖောင်တိန် ဖွင့်၍ 'ကိုကျော်မြ . . ပြော'

'ခင်မေရီ ဆရာအတတ်သင်ကျောင်း၊ ကန်ဘဲ့၊ ရန်ကင်း စာတိုက်၊ ရန်ကုန်မြို့'

'အိုကေ . . . သိုင့်က်ယူ'

နို့ပြီး ဒီဆူဇာ ဦးခင်ဇော်ကလဲ ခင်ဗျား ဓာတ်ပုံတွေနဲ့စာတစ်စောင်ကို ပေးထားတယ်ဗျ'

'ဟုတ်လား၊ ကျွန်တော် ရန်ကုန်အမြန်ဆုံး ပြန်ခဲ့တော့မယ်လေ'

ကိုကျော်မြစကား ကြားရသည်နှင့် ကျွန်တော်ကိစ္စတစ်ခု အံ့ဩမိ သည်မှာ မေဟုခေါ်သော ဤ ခင်မေရီသည် တောင်ကြီးမြို့က ကျောင်းဆရာမ။ သူနှင့်ကျွန်တော်နှင့် ၁၉၄၈–ခုနှစ်၌ စာရည်းစား ဖြစ်ကြပြီးနောက် တစ်ယောက် တစ်ယောက်ဖွင့်ပြော၍ သိရသည်မှာ ယခု ၁၉၅၄–ခုနှစ်၌ သူ့တွင် လင်နှင့် ကလေးနှစ်ယောက်၊ ကျွန်တော့်မှာလည်း မယားနှင့် သားသမီး ငါးယောက်။ ထို့ကြောင့် ကျွန်တော်တို့သည် လူချင်း တွေ့ကြဖို့ မမျှော်လင့်၊ မကြိုးစား၊ သူက တောင်ကြီးမှာပဲနေ၍ စာရည်းစားအဖြစ်နှင့်ပဲ ချစ်နေမည်။

ကျွန်တော်ကလည်း သဘောကျပါသည်။ မေသည် ကျွန်တော့်စာရည်းစားများထဲတွင် လက်ရေးအလှဆုံးနှင့် စာရေးအကောင်းဆုံး ဖြစ်သည်။ ကျွန်တော့် ဟာသဝတ္ထုများထဲတွင် မေသည် အပျိုသော်တာဆွေကလည်း အပျိုအဖြစ်နှင့် ရည်းစားဖြစ်ကြလျက် မေ ကျွန်တော့်ဆီ ရေးသော ရည်းစားစာများကို တိုက်ရိုက် ကူးထည့်လေ့ရှိသည်။ ထို့ကြောင့် ကျွန်တော့် ဝတ္ထုများ ဖတ်သူအားလုံးသည် မေသည်သော်တာဆွေ့ ရည်းစားဟု သိထားကြသည်။ ဤနေရာ၌ စာဖတ် သူကမေးချင်ပေလိမ့်မည်။ ကိုယ့်မှာ လင်နှင့်မယားနှင့် သားသမီးတွေလည်း ရှိနေကြပါလျက် ဘာကြောင့် စာရည်းစားတွေထားနေကြတာလဲလို့။

ဖြေရမည်ဆိုလျှင် ကျွန်တော်သည် အိမ်ကမယားကို မကျေနပ်၊ အားမရလို့၊ သူလည်း သူ့ လင်ကို အားမရ မကျေနပ်လို့ ရသေ့စိတ်ဖြေ လုပ်နေကြတဲ့သဘောပဲ။

ဟော . . . . အခုတော့မမျှော်လင့်ဘဲ မေ ရန်ကုန် ဆရာအတတ်သင်ကျောင်း ရောက် လာတော့ လူချင်း တွေ့ကြပေတော့မည်။ တွေ့တော့ ဘာဖြစ်ကြမည်နည်း။ ကျွန်တော် ရန်ကုန် ရောက်မှ သိရမှာပေါ့။

အခု မန္တလေးမှာပဲ ရှိနေတုန်းမို့ ကျွန်တော် စာရည်းစားထဲတွင် အချစ်ဆုံးဖြစ်သော မေရန်ကုန် ရောက်ပြေီကို သိရသည့်၌ ကျွန်တော့်အား ငမိုးရိပ်ကို ကြိမ်စကြာနှင့် ရိုက်ခေါ်လိုက်သကဲ့သို့ဖြစ်ကာ နက်ဖြန်ခါ လေယာဉ်လက်မှတ်ကို အလကား သွားတောင်းလိုက်၏။

ထိုစဉ်အခါ ယူဘီအေ လေယာဉ် ကိုယ်စားလှယ်မှာ မန္တလေးမြို့က ဝင်းလိုက်ရုံနှင့် ရန်ကုန်က ဂလုပ်(ဂုဏ်)ရုံတို့ကို ပိုင်သော ကိုကျော်ဝင်း၊ ကိုကျော်မင်း၊ ကိုစိန်ဝင်းတို့၏ ဝင်းမင်း ဝင်းဘရားသားဖြစ်၍ သူတို့ညီအစ်ကိုတွေက ကျွန်တော့် စာဖတ်ပရိသတ်၊ ကျွန်တော်နှင့် သိပ်ပြီးခင်မင်ကြသည်မို့ 'ဆရာ ရန်ကုန်ကို လေယာဉ်နဲ့ ပြန်ချင်ရင်ပြောပါ' ဟု အစဉ်းကတည်း က အမှာစကားရှိ၏။

ထိုညနေ မောင်ညွန့်မောင်အား ကိုကျော်မင်းထံမှ လေယာဉ်လက်မှတ် သွားယူခိုင်း၍ ရသောအခါ နက်ဖြန် ပြန်ရတော့မည်ဟု သေချာသည့်၌ ဦးခင်ဇော်ပြောသလိုပဲ 'မောင်လာပြီ သီဂီနွဲ့ရဲ့ ဆီးကြိုလှည့်လေးမှ 'အလှပဂေး ပိစိကွေး' ဖြစ်သွားသော သူ့ရလျှင် ကိုမြင့်ဆွေ ပြောသလိုပင် ခါးထစ်ခွင်ချီရ၍ 'ခါးထစ်ခွင့်မယား' ဖြစ်မည့် သူကလေးအား အထူး သတိရသဖြင့် နက်ဖြန်သတင်းစာ၌ထည့်ရန် သူကလေးကိုနှုတ်ဆက်သော လေးချိုးတစ်ပိုဒ် အချိန်မီရေးပေး လိုက်၏။

ထိုသတင်းစာ ကျွန်တော်နှင့်ပဲ ရန်ကုန်သို့ အတူပါခဲ့သည်။ ၎င်းလေးချိုးမှာ–

## သက်ဆိုင်သူသို့

မန္တာလာသာတဲ့ ကျေးဆီက
အပြန်မှာစာဖွဲ့ရေးခဲ့မယ်ကွယ်
ညာနွဲ့သေးရယ်တဲ့ သိစဖွယ်
အစတုန်းကတော့
လှတုန်းလာပါဆိုလို့
မှာတာကို ပျိုမေမေ့ပြီးသား
စောင့်ရက်တွေ ကိုးဆယ်ပြည့်တောင်မှ
တွေ့ရအောင် သူမဖန်ဘူး၊
တစ်မူတန် စိတ်တော်ပြောင်းတယ်တင့်
လှမျက်ခြယ် နွယ်နွယ်နှောင်းရယ်
ခေါင်းရှောင်တော့တယ်၊
ညာနွဲ့ပျို ပျော်တဲ့စရိုက်ကယ်နဲ့

ချာတဲ့ကိုယ် သော်မိုက်ကိုလ
လာခဲ့ဆို ကရော်တိုက်တာလား
မေးလိုက်ချင့် သက်လှယ်ရယ်၊
ဘယ့်နှယ်လဲညိုးသွေး
အခုများ
သူ့အား မမင်သာ၍
ကြင်ရှာသူ ပွေရတတ်ကယ်နဲ့
မနေသာ ပြန်မည့်ရက်မှာဖြင့်
နောင့်သဇင် မောင်ကြင်ထက်ကို
ခွန်းဆက်ခဲ့သေး. . .။

သော်တာဆွေ

ကျွန်တော် ရန်ကုန်အိမ်ပြန်ရောက်တော့ သူသည် ဤကဗျာဖတ်၍ ငိုရကြောင်းနှင့် သူ့မာမာနှင့်ပါပါက ချုပ်ချယ်လှသောကြောင့် တွေ့ရအောင် မကြံနိုင်သေးသည်များကို ရေးလိုက် သောစာတစ်စောင် ရောက်လာသေး၏။ သို့သော် ကျွန်တော် သူ့ကို စာမပြန်တော့ချေ။

အကြောင်းမှာ ကျွန်တော့် စာရည်းစားများထဲတွင် အချစ်ဆုံးဖြစ်သော မေက မမျှော်လင့် မတွေးထင်ဘဲနှင့် ရန်ကုန်ရောက်လာပြီး ကျွန်တော့်ရင်ခွင်ထဲ လှဲလျောင်းခဲ့ပြီကိုး။ သူ့ယောကျ်ားလည်း ကင်ဆာရောဂါနှင့် ကွယ်လွန်ခဲ့ပြီ။

မေနှင့်ကျွန်တော် တွေ့ကြတော့ သူက ၂၁ နှစ်၊ ကျွန်တော်က ၃၅ နှစ်၊ မေသည် ကျွန်တော်၏ တတိယဇနီး၊ နောက်ဆုံး အိမ်ထောင်ဆက် ဖြစ်လေသတည်း။

မေနှင့်ကျွန်တော် ပထမဦးဆုံးအကြိမ် တွေ့ပြီး ကတည်းက မေ့ကို ကျွန်တော် အချစ်ကြီးချစ်သွားပြီး အားလုံး စာရည်းစားတွေကို အဆက်ဖြတ်ပစ်လိုက်တော့၏။ တကယ်တော့ ကျွန်တော်သည် အဆက်များချင်သူ မဟုတ်ပါ။ အိမ်က မိန်းမကို အလိုမကျ အားမရတိုင်း စာရည်းစားများနှင့် ဖျော်ဖြေ၍ သူတို့ကို ရည်စူးသော ဟာသဝတ္ထုများကို ရေးနေခြင်း ဖြစ်ပါ၏။ မေ့ကိုရတော့ သူတို့ကို မလိုတော့ချေ။

×　　×　　×

ကျွန်တော် မန္တလေးကပြန်လာခဲ့၍ ရှမဝတိုက် ရောက်သောအခါ ကိုကျော်မြထံမှ ဦးခင်ဇော် ပေးထားသော သူပြင်ဦးလွင်မှာရိုက်ထားသည့် ကျွန်တော့် ဓာတ်ပုံ သုံးပုံနှင့် စာ တစ်စောင် ရပါသည်။

စာမှာ

ကိုဆွေ

ကျွန်တော့်ဆီ လာလည်ပါ။

ခင်ဇော်

ဒီဆူဇာ

ဤသို့ လိုလိုလားလား ဖိတ်ခေါ်တဲ့လူဆီကို ကျွန်တော်သွားကို သွားရမည်။ သို့သော် ခြောက်နှစ်ကျော်လောက် စာရည်းစား ဖြစ်နေပြီး လူချင်းမမြင်ဖူးသေး။ ခုမှတွေ့ရသည့် မေနှင့် ကျွန်တော် ချစ်ရေးတွေ ဝေနေရသဖြင့် ကျွန်တော် ရန်ကုန် ပြန်ရောက်ပြီး သုံးပတ်ကျော်မှ ဦးခင်ဇော်ဆီ သွားနိုင် ပါတော့သည်။

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ဟိုတုန်းက မားတံဆိပ်အီးအမ်ဒီဆူဇာ ဆေးတိုက်ကြီးသို့ ဆေးဝယ်ရန်လည်းကောင်း၊ ခပ်ငယ်ငယ်ကဆိုလျှင် အရောင်းစာရေးမ ချောချောလှလှကလေး တွေကို ရိုတ်ရန်လည်းကောင်း ကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါသည်။

ဟုတ်တယ် ဒီဆူဇာ အရောင်းစာရေးမလေးတွေ ဆိုလျှင် ချောချောလှလှ၊ သွက်သွက် လက်လက် ချက်ချက်ချာချာတွေချည်းပဲ။ ဦးခင်ဇော်က ဒါမျိုးလေးတွေမှ ရွေးခန့်ထားတာကိုး၊ အင်္ဂလိပ်စာတတ်သည်၊ အချို့ကုလားလိုပင် ပြောနိုင်၏။ တရုတ်ကပြားမလေးတွေက တရုတ်လို ပြောတတ်၏။

ဒီဆူဇာသည် ရန်ကုန် တစ်မြို့လုံးရှိ အခြား ဆိုင်များထက် ထူးခြားသည်။ ရောင်းသူမှာ ယောက်ျားမရှိ၊ မိန်းကလေးအရွယ်ကောင်း ရုပ်ချော လှလှကလေးတွေသာ ထားသည်။ ဆိုင်ခန်း ပြင်ဆင်ပုံကလည်း ခမ်းနားသည်၊ ဆန်းပြားသည်။ (**Welcome**)ဟု ရေးထားသော ဆိုင်ပေါက်ဝ ကြီးမှ ဝင်လိုက်ပါသော သင်၏လက်ဝဲဘက်တွင် ခန်းလုံးပြည့် လခြမ်း သဏ္ဍာန် ဆေးဆိုင်ခန်း ဝိုင်းဝိုင်းကြီးထဲမှာ ရှိုးကေ့(စ်)တွေနှင့် ဆေးအမျိုးမျိုး ဆရာဝန်သုံးပစ္စည်းအမျိုးမျိုး တစ်ကမ္ဘာလုံး ရှိ ဆေးပစ္စည်း ကိရိယာမျိုးစုံကို ပြထားသည်။

၎င်း ဗီရိုများနှင့် စက်ဝိုင်းခြမ်းကောင်တာ စားပွဲအရှည်အကြားတွင် အရောင်းစာရေးမ လေးတွေက ကြည်လင် ရွှင်ပျသော မျက်လုံးကလေးတွေနှင့် သင့်အားဖိတ်ခေါ်နေပါသည်။ သင်က

ကောင်မလေးတစ်ယောက်ဆီသွားပြီး ကိုယ်လိုချင်သော ပစ္စည်းကိုပြောလိုက်ပါ၊ သူငယ် မလေးက လက်ရေးလှလှလေးနှင့် ဘောက်ချာရေးပေးလိုက်ပါလိမ့်မည်။ သည်ဘောက်ချာရတော့ သင်ဝင်ခဲ့တဲ့ အပေါက်ဝနားမှာရှိတဲ့ ငွေသွင်းကောင်တာကို သွားပါ။ သင်ငွေသွင်းနေတုန်းမှာပဲ သင်ဝယ်တဲ့ ပစ္စည်းတွေ ရောက်လာပါပြီ။ ငွေကိုင်စာရေးမလေးက သင့်ငွေသွင်းဖြတ်ပိုင်းနှင့်အတူ သင့်အားပေး ပါလိမ့်မည်။

ကဲ–ဘယ်လောက် သပ်ရပ် မြန်ဆန်လိုက်ပါသနည်း။ ဈေးလည်းမှန်၏ ပစ္စည်းလဲမှန်၏။ ဒါကြောင့် ဆေးဝယ်ရင် ဒီဆူဇာမှာ စိတ်ချရတယ်ဆိုသည့် ကျွန်တော့် မိတ်ဆွေကြီး ဦးခင်ဇော်၏ လက်ရေးစာလုံးနှင့် ထိုခေတ်က (ပြည်သူပိုင် မသိမ်းမီကပေါ့လေ) ဒီဆူဇာ ကြော်ငြာမပါသော စာနယ်ဇင်းသည် လုံးဝမရှိချေ။ အစိုးရက ဤကြော်ငြာမပါလျှင် မထုတ်ရ၊ အမိန့်ပေးသကဲ့သို့တည်း။ ထိုနေ့က ကျွန်တော်ဆေးဆိုင်ခန်းထဲ ဝင်သွားပြီး ကောင်မလေး တစ်ယောက်ဆီသွားသည်။ သူ့နှုတ်ခမ်း နီတာရဲလေးကိုဖွင့်ပြီး–

'ဘာဆေးလိုချင်ပါသလဲရှင့်'

'ဆေးဝယ်ဖို့မဟုတ်ပါဘူး၊ ငါဦးခင်ဇော်ကို တွေ့ချင်လို့ပါ'

'ဩော်–ရပါတယ်၊ ဟိုအခန်းကိုသွားပါ'

ဆေးဆိုင်ခန်းနောက်ဘက် လက်ညှိုးထိုးပြတော့ ကျွန်တော် ဝင်သွားတယ်၊ အဲဒီ အခန်း တံခါးဝမှာက (**Visitor's Waiting Room**) ဧည့်သည်များစောင့်ရန် အခန်းတဲ့။

## ဦးခင်ဇော်ကိုတွေ့ရန်

အင်း ငါ ဒီအခန်းထဲဝင်ပြီး စောင့်မှပဲဟု ဝင်ခဲ့တော့ လူတွေ ခုံတန်းရှည်ကြီးပေါ်မှာ ၇– ယောက်၊ ၈–ယောက် ထိုင်နေတယ်၊ ဒီလူတွေက တစ်ယောက် တစ်ယောက် သိကျွမ်းပုံလဲ မပေါ် ကြဘူး၊ သူတို့ချင်း စကားလဲမပြောကြဘူး၊ ကျွန်တော်လဲ ခုံလွတ်တစ်နေရာ ဝင်ထိုင်ပြီး စီးကရက် တစ်လိပ်ထုတ်၊ မီးညှိသောက်နေလိုက်တယ်။

နောက်ခဏကြာတော့ အသားညိုညို၊ ခပ်ပိန်ပိန် အသက် ၃၀လောက်ရှိ လူရွယ် တစ်ယောက် ဝင်လာပြီး–

'ဦးလှအောင်'လို့ ခေါ်လိုက်တယ်။

အသားညိုညိုပုပု အသက် ၄၀–လောက်ရှိတဲ့ လူတစ်ယောက်အခန်းထဲကထွက်ပြီး လှေကား ပေါ်တက်သွားတာ မြင်လိုက်ရတယ်။

သည်တော့ ကျွန်တော့်စိတ်ထဲမှာ ဒါ ဦးခင်ဇော်ကတွေ့ဖို့ ခေါ်ခိုင်းတာပဲဖြစ်ရမယ်၊ ငါဒီ လူ့ ပြောဦးမှပဲ ဆိုပြီး လာခေါ်တဲ့ လူကို 'ကျွန်တော်လဲ ဦးခင်ဇော်ကို တွေ့ချင်တယ်ဗျ'ဆိုတော့ သူက အနီးမှာရှိတဲ့ ခုံမြင့်လေးပေါ်က စာတစ်ရွက်ကို ယူပေးသည်။

နာမည်. . . .

နေရပ်. . . . .

ကိစ္စ. . . . . . . .

ကျွန်တော်က အဲဒီစာရွက်ပေါ်မှာ တခြား ဘာမှမရေးဘူး 'မောင်လာပြီ သိင်္ဂီရယ် ဆီးကြို လှည့်လေး'ဟု ရေးပြီး အဲသည်လူ ပေးလိုက်တော့ ထိုလူမျက်လုံးပြူးသွားပြီး. . .

'ဟာ. . . ခင်ဗျားဟာကလဲ'

'အဲဒီအတိုင်းသာ ပေးလိုက်ပါ၊ သူ နားလည်ပါတယ်'

ထိုသူဘဝင်မကျတကျနှင့် ကျွန်တော့် စာရွက်ပေါ်တွင် အစီအစဉ် နံပါတ်ရေးပြီး ယူသွား တယ်။

တယ်မကြာဘူး ခင်ဗျား သူ အလွန်ရွှင်ပျတဲ့ မျက်နှာနှင့် လှေကားပေါ်မှ အပြေးကလေး ဆင်းလာပြီ။ ကျွန်တော့်အား 'လာ. . . ဆရာ လာ လာ'

ကျွန်တော့်လက်ဆွဲကာ အပေါ်ထပ်သို့ ခေါ်သွားတော့သည်။ အခန်းတံခါးပေါက်ဝ အထက်တွင် (Khin Zaw Chief Manager) ဟူသော ရွှေရောင်စာလုံးကြီးနှင့် ရေးထားသည့် အကွက်အကွက် ထနေသော 'ကျွန်း' ပျဉ်ကြီးတွေကာထားသည့် အခန်းကြီးကလည်း ဖိတ်ဖိတ် တောက်လို့။

ကျွန်တော်အထဲဝင်တော့ အခုနခေါ်သွားသည့် ဦးလှအောင် ထိုင်ရာမှ ထသည်။

ဦးခင်ဇောသည် သူ၏ ဆုံလည် ကုလားထိုင်ကြီးနှင့် ကျွန်တော့်ဘက်လှည့်ပြီး ဝမ်းသာ အားရသံကြီးနှင့်–

'မျှော်လိုက်ရတာဗျာ၊ ခုမှပေါ်လာတော်မူတော့တယ်၊ ကိုဆွေ ရန်ကုန်ပြန်ရောက်တာ ဘယ်လောက်ကြာပြီလဲ'

'သုံးပတ်လောက် ရှိသွားပြီဗျ'

'ရှုမဝက ဓာတ်ပုံတွေ ရလား၊ ကျွန်တော့် ပို့ထားတယ်'

'စာရော ရပ့ါဗျာ'

ထို့နောက် ကျွန်တော့်လာခေါ်သူအား–

'ဟေ့. . . မောင်အောင်သန်း၊ ညှော်သည် ဘယ်နှစ်ယောက်ရှိသေးလဲ'

'၅–ယောက် ၆–ယောက်လောက် ရှိပါတော့တယ် ခင်ဗျာ'

'နောက်ထပ် လက်မခံနဲ့တော့ သူ့ရှေ့ရှိ ညှော်စာရင်းမှ အပေါ်တစ်ရွက်ကို ယူပေး လိုက်ပြီး–

'ဒီလူသွားခေါ်လိုက်'

ကျွန်တော့် စာရွက်ကား သူ့လက်ထဲတွင်ရှိနေသေး၍ ကျွန်တော် ရေးထားတာကို ပြန်ဖတ်လိုက်ပြီး သဘောကျစွာ ရယ်မောလျက်။

'ကိုဆွေ အဲလိုရေးလိုက်တာ ကောင်းတယ်၊ နို့မဟုတ်ရင် အောင်သန်းက သာမန်ဧည့်သည်တွေလိုပဲ၊ ဒီစာရွက်ကိုအောက်ဆုံးက ထိုးထားလိုက်မှာ ခုတော့ မောင်လာပြီ သိဂီ ရယ်ဆိုတာ သူအံ့ဩလို့ ကျွန်တော့်ကို ဟောဒီမှာ ဆရာ လူနောက်တစ်ယောက် ရောက်နေတယ် ဆိုပြီး ကျွန်တော့် လက်ထဲ ထည့်တာဗျ၊ ဟား ဟား ဟား ဟား'

ထိုစဉ် လူတစ်ယောက်ဝင်လာသည်နှင့် ဦးခင်ဇော်က ကျွန်တော့်အား 'ကိုဆွေ ဟောဟို ပက်လက်ကုလားထိုင်မှာသွား ထိုနေချေဗျာ၊ အေး. . . အေးပေ့ါ၊ ကျွန်တော့် အလုပ်ကိစ္စလေးတွေ ရှင်းလိုက်ဦးမယ်'

ထိုလူက ကျွန်တော်ထပေးသော ကုလားထိုင်ကို ဝင်ထိုင်၍ ကျွန်တော်က ဦးခင်ဇော် ပြသော ပက်လက် ကုလားထိုင်မှာ သွားထိုင်နေသည်။ အနီးရှိစားပွဲပေါ်မှ ယခုလထုတ်သော မဂ္ဂဇင်း ဂျာနယ်များ အစုံရှိသည်။ ဒီဆူဇာ ကြော်ငြာကင်းသော စာနယ်ဇင်းဟူ၍ ထိုအချိန်က မရှိပေ။

ဦးခင်ဇော်၏ ဧည့်သည်များကား နံပါတ်စဉ်အတိုင်း တစ်ယောက်ပြီး တစ်ယောက်ပင်၊ အချို့က တစ်မိနစ်၊ နှစ်မိနစ်၊ အချို့က ဆယ့်လေးငါးမိနစ်၊ သူတို့မြို့မှာ ဆေးကိုယ်စားလှယ် လုပ်ချင်သူများ၊ သားသမီးကို ဒီဆူဇာတွင် အလုပ်ပေးသွင်းစေချင်သူများ၊ ကြော်ငြာလာတောင်း သူများ စသည်ဖြင့်–

ဧည့်သည်များ ကိစ္စပြီးဆုံးသွားသောအခါ ၁၁–နာရီ ထိုးလေပြီ။ ဦးခင်ဇော်သည် ထိုင်ရာမှ ထ၊ အညောင်း ဆန့်လျက်၊ သူ့အမိန့်ကိုစောင့်နေသော မောင်အောင်သန်းဆိုသူအား–

'ဟေ့ ငါ့အိမ်ဖုန်းဆက်လိုက်စမ်းပါကွာ၊ ငါ့ခုမနက်စာ ထမင်းပြန်မစားဘူးလို့' ဆိုပြီး ကျွန်တော့်ဘက်လှည့်ကာ–

'ကဲကိုဆွေ ခင်ဗျားနဲ့ကျွန်တော် ထမင်းသွားစားကြရအောင်'

သူ့အပေါ်အင်္ကျီ ကောက်စွပ်ပြီး စားပွဲထဲမှဖောက်ပြီးသား စာအိတ်တစ်ခုကို အိတ်ထဲ ထည့်ကာ ကျွန်တော်တို့ နှစ်ယောက် အောက်ထပ် ဆင်း၍ တိုက်ဘေးပေါက်မှ ထွက်ခဲ့ကြသည်။ အသင့်ရှိနေသော သူ့ကားကြီးပေါ်တက်ထိုင်ကြပြီး ဒရိုင်ဘာအား ဦးခင်ဇော်က–

'ဟေ့ (လွှစ္စလမ်း) (ယခု ဆိပ်ကမ်းသာလမ်း) က နှင်းဥယျာဉ် ဟုပြောလိုက်၏။

'ကိုဆွေ ခင်ဗျား မေမြို့(ပြင်ဦးလွင်)မှာ ဘယ်လောက်ကြာခဲ့လဲ'

'မန္တလေးသင်္ကြန်ပြီးကတည်းက သွားတာ မေလ၊ ဇွန်လ ကုန်ခါနီးထိ နှစ်လလောက် ကြာခဲ့တယ်'

'တော်တော်ပျော်ခဲ့ပုံ ပေါ်တယ်'

'ကျွန်တော်က ကြက်မျိုးချေးကျခင်ဗျ၊ ကျွန်တော့် မယားရှိတဲ့ ယောက္ခမအိမ်ကလွဲရင် ဘယ်ရောက်ရောက် ပျော်တာပဲ'

'ခင်ဗျားက တခြားရည်းစားတွေ ထားနေတဲ့လူကိုးဗျ'

'ပြောနိုင်ပါတယ်'

'ဟိုမှာ စာရေးဖြစ်ရဲ့လား'

'ဟာ ရေးဖြစ်တာပေါ့၊ အခု ရှမဝ ဇူလိုင်လထဲက စ,ပါတဲ့ ပတ္တမြားဝင်းထိန် ဝတ္ထုတွေဟာ ကျွန်တော် မေမြို့(ပြင်ဦးလွင်)မှာ ဇာတ်ကောင်သစ် မွေးခဲ့တာပေါ့'

'နို့ပြီး သွေးသောက် ဇူလိုင်လထုတ်မှာလဲ' ကျွန်တော်၏ မေမြို့(ပြင်ဦးလွင်)သူ 'ဝတ္ထု'

'ခင်ဗျားတို့ စာရေးဆရာလုပ်တာ ဟန်တယ်ဗျာ၊ ဘယ်သွားသွား အလုပ်မပျက်ဘူး၊ ကျွန်တော်လဲ စာရေးဆရာဖြစ်ဖို့ ကြိုးစားခဲ့သေးတယ်ဗျ၊ မဖြစ်ခဲ့ဘူး'

'သူဌေးဖြစ်ဖို့ ပါရမီပါနေတာကိုဗျ၊ ဘယ်ဖြစ်မလဲ သူဌေးနဲ့စာရေးဆရာက တခြားစီပဲ'

'ကိုဆွေသူဌေးဖြစ်ဖို့နဲ့ စာရေးဆရာဖြစ်ဖို့ ကြိုက်ရာယူဆိုရင် ဘယ်ဒင်းယူမလဲ'

'ကျွန်တော် သူဌေးဖြစ်ဖို့ တစ်ခါမှ စိတ်မကူးခဲ့ဖူးဘူး'

ဤသို့စကားပြောရင်းဖြင့် လွစ္စလမ်း(ဆိပ်ကမ်းသာလမ်း) နှင်းဥယျာဉ် စားသောက်ဆိုင် ရှေ့ ရောက်တော့ ကားပေါ်မှ ဆင်းခဲ့ကြသည်။ ဆိုင်အတွင်း သီးသန့်အခန်းထဲ ရောက်တော့ စားပွဲထိုး ဝင်လာသည်။

'ကိုဆွေ စားချင်တာမှာဗျာ'

'ဟာ–ဒီဆိုင် ကျွန်တော် တစ်ခါမှမရောက်ဖူးသေးဘူးဗျ၊ ဦးခင်ဇော်ပဲ ကြည့်မှာပါတော့'

ထိုမှာ သူက စားပွဲထိုးအား–

'ကြက်ရင်အုပ် အဖီသုပ်နဲ့ ပထမဦးဆုံးအရက်နဲ့အတူပေး၊ နောက် ဂဏန်းလက်မကြော်၊ ပြည်ကြီးငါး အစိမ်းကြော်၊ ပုစွန်ချိုချဉ်၊ ငါးမန်းတောင်ဟင်းချို၊ ကိုဆွေဘာလိုချင်သေးလဲ'

'ဟာ ဒါတွေပဲ ကုန်ပါစေဦးဗျာ'

စားပွဲထိုးထွက်သွားသည်၌ စီးကရက် သောက်ကြရင်း သူ စကားစသည်။

'ကိုဆွေ ခင်ဗျားကို သူတော်ကောင်းလား၊ လူယုတ်မာလားမေးရင် ဘယ်လိုဖြေမလဲ'

'ကျွန်တော့်ကိုယ် ကျွန်တော် မသိဘူးလို့ ဖြေမှာပဲ၊ ဘာကြောင့်ဆို ဒါဟာ နံဘေးလူ ဆုံးဖြတ်မှဖြစ်မှာကိုးဗျ'

'ဟုတ်တယ်၊ အခု ခင်ဗျားကို သူတော်ကောင်းလို့ပြောနေတဲ့ လူတွေရှိနေတယ်၊ ခင်ဗျား သိလား'

'မသိဘူးဗျ'

'မသိရင် ဟောဒီစာဖတ်စမ်း' ဟု ဆို၍ သူ့ ရုံးခန်းထဲမှာ အပေါ်အင်္ကျီဝတ်ပြီး စားပွဲအံဆွဲ ထဲမှ ထုတ်ယူခဲ့သော ဖောက်ပြီးသား စာအိတ်ကိုပေးပါသည်။ ကျွန်တော် ၎င်းစာကို ဖတ်လိုက် သောအခါ–

ပြင်ဦးလွင် ၁၆–၇–၅၄

ဆရာဦးခင်ဇော်ခင်ဗျား

ကျွန်တော် ပြင်ဦးလွင် ကြယ်တံခွန်ဟိုတယ်က မောင်စိန် စာရေးလိုက်ပါတယ်၊ အကြောင်းထူးလို့ပါ၊ ဦးခင်ဇော် ဝမ်းသာလိမ့်မယ် ထင်ပါတယ်၊ ဆရာတို့ လာသွားကြတဲ့ ဒုတိယ ညမှာ ဆရာ့သူငယ်ချင်း တရုတ်ကပြားလိုလူအတွက် ဆရာက ကုလားမ ချောချောလေး တစ်ယောက် ခေါ်ပေးစမ်းပါဆိုလို့ ငွေနှစ်ရာတောင် ပေးရတဲ့ ကပြားမလေး ခေါ်ပေးရတာ ဆရာ မှတ်မိတယ် မဟုတ်လား၊ သူ့နာမည်က ဇိုရာတဲ့။

ဟုတ်တယ်၊ သူက ဆရာတို့ကို သိပ်ကျေးဇူးတင်လွန်းလို့လေ၊ ဘာပြုလို့လဲ ဆိုတော့ အဲဒီ တရုတ်ကပြားလိုလူက စာရေးဆရာတဲ့၊ အဲဒီလူက ဇိုရာ့ကို သူနေတဲ့ တိုက်ထဲ ရောက်အောင် ခေါ်မသွားဘူး၊ အပြင်ဘက် လမ်းမမှာတင် ပြန်လွှတ်လိုက်သတဲ့၊ တကယ်လို့ အဲဒီစာရေးဆရာက သူ့ကိုတစ်ညလုံး နေခိုင်းမယ်ဆိုရင် သူရတဲ့ငွေနှစ်ရာ ဟာ သူ့အမေ မသာစရိတ် ဖြစ်သွားမှာပဲတဲ့။

ဘာကြောင့်လဲဆိုရင် သူ့အမေဟာ အဲဒီညက အသည်းအသန် ဖြစ်နေတာ၊ သူက ညဦး ရှစ်နာရီလောက် အချိန်မီရောက်သွားလို့ ဆရာဝန်ခေါ်လိုက်တဲ့အတွက် အသက် ချမ်းသာရာ ရသွားသတဲ့၊ သူသာ မိုးလင်းမှ ရောက်မယ်ဆိုရင် အလောင်းပဲ တွေ့ရမှာတဲ့။

ဒါကြောင့် ဇိုရာဟာ အဲဒီစာရေးဆရာကို ကျေးဇူးတင်လွန်လွန်းလို့ သူ့အမေ နေကောင်း သွားတော့ သူတို့သားအမိ နှစ်ယောက် အဲဒီ စာရေးဆရာကို ကန်တော့ ရအောင် သူတည်းတဲ့ တိုက် သွားတော့ ဆရာမရှိတော့ဘူး၊ ရန်ကုန် ပြန်သွား ပြီတဲ့။

ဒါကြောင့် ဦးခင်ဇော် ကျွန်တော့်ကိုပေးလိုက်တဲ့ ငွေနှစ်ရာဟာ အသက် တစ်ချောင်းကို ကယ်လိုက်တာပါပဲ၊ ဆရာအမျှားကြီး ကုသိုလ်ရမယ်၊ အဲဒီစာရေးဆရာကို တွေ့ရင်လဲ ပြောလိုက်ပါ၊ ဆရာပြင်ဦးလွင် လာပါဦးနော်၊ ဦးမြင့်ဆွေတော့ ဟို တစ်ပတ်ကပဲ လာသွားလို့ ဇိုရာ့ ကိုလဲ ခေါ်ပေးလိုက်ရတယ်။ အောင်မယ် ဇိုရာ့ အမေကြီးကလေ

ကျွန်တော့်ကို (အဲဒီ စာရေး ဆရာများ လာသေးလားကွယ်၊ လာရင် အမေ့ကို ပြောစမ်းပါ၊ ဒီသူတော်ကောင်းကြီးကို ကန်တော့ချင်လို့ပါ)တဲ့ဗျ။

ကျန်းမာချမ်းသာပါစေ။

မောင်စိန်

ကျွန်တော်သည် ဤစာကိုဖတ်ပြီး ရယ်မောလျက်–

'အဲဒါတော့ ဦးခင်ဇောရေ ကြက်ကန်းဆန်အိုး တိုးတယ်၊ ကံကောင်းတဲ့ခွေး ပြေရင်းဟပ် မိ၊ မရွယ်ဘဲနဲ့ စော်ကဲမင်းဖြစ်၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုတာတွေထဲက ကြိုက်ရာတစ်ခု ခု ပြောတော့၊ အဲဒီအဖြစ်ဟာ မတော်တဆတိုက်ဆိုင်မှုပဲဗျ'

'အဲဒီ ကောင်မလေးကို ခင်ဗျား ဘာလို့ ပြန်လွှတ်လိုက်တာလဲဗျ၊ အတော်နိပ်တဲ့ ဟာမလေးပဲ'

နို့ပြီး အဲဒီအချိန်မှာက ဦးခင်ဇော်တို့ကို ကျွန်တော် ပြောထားသားပဲ၊ ရန်ကုန်က ကျွန်တော့် ရည်းစား နာ့စ်မလေး လိုက်လာမယ်လို့၊ ဒီနေ့ရောက်နိုး ဟိုနေ့ရောက်နိုးနဲ့ မျှော်နေရ တာပဲ'

ဦးခင်ဇော်က ရယ်မောပြီး–

'ခင်ဗျား တော်တော် အမြော်အမြင်ကြီးတဲ့လူ၊ နို့ အဲ့ဒီ ကောင်မလေးရော ရောက်လာရဲ့ လား'

'ဘာလို့ မလာတဲ့လဲ'

'က္ကတ္တိဝဂ်န်၊ နဒီဝဂ်န် နေမှာပေါ့ဗျာ'

'ခင်ဗျား ရန်ကုန်ရောက်မှ သွားမတွေ့ဘူးလား'

'သူတွေ့စရာမလိုတော့ဘူးဗျ၊ တောင်ကြီးက ကျွန်တော့် ရည်းစာ မေရောက်လာပြီ၊ လူချင်းတွေ့ပြီးလို့ သစ္စာနှံပြီးကြပြီ'

'ခင်ဗျား ဘယ်ရည်းစားများတဲ့သူပဲ'

'ကျွန်တော်က အဲဒီရည်းစားတွေ အားပြုပြီးဝတ္ထုတွေရေးနေတာပဲ၊ ကျွန်တော့် ဝတ္ထုတွေ ထဲမှာ မေ. . . . မေ ဆိုတာတွေ ဦးခင်ဇော် တွေ့မိတယ်မဟုတ်လား'

'တွေ့ပါ့ဗျာ'

'အဲဒီမေဟာ တောင်ကြီးက အခု ကန်ဘဲ့ ဆရာအတတ်သင်ကျောင်း ရောက်နေပြီ'

ထိုစဉ် စားသောက်စရာမျာ: ရောက်လာ၍ ခေတ္တစကားပြတ်သွားကြသည်။ အောင်မယ် ကြက်ရင်အုပ် အဖီသုပ်ကလေးက တယ်ကောင်း၊ သုပ်ပုံကတော့ ရိုးရိုးပဲ။ ကြက်နုနု အဖီသား လေးတွေကို ရေနွေးထဲ ကျက်ရုံအောင်ကလေး ပြုတ်ပြီး သံပရာသီးနှင့် ကြက်သွန်ဥကြီးနှင့် ငရုတ်သီးစိမ်းနှင့် ပဲမှုန့်နှင့်သုပ်ပြီး နံနံပင်လေး အုပ်ထားတယ်၊ ဝီစကီနဲ့လိုက်ဗျာ။

## ကုသိုလ်ဟူသည်

ကျွန်တော်တို့ ရင်ဘတ်နွေးလာတော့ လက်ကတူတွေ ခေတ္တချပြီး ဦးခင်ဇော်က မေမြို့ (ပြင်ဦးလွင်)မှ ကုလားမောင်စိန်စာကို ပြန်ဖတ်ရင်း

'ဖိုရာအတွက် ကျွန်တော်ပေးလိုက်တဲ့ ငွေနှစ်ရာဟာ အသက်တစ်ချောင်း ကယ်လိုက်တာ ပဲ၊ ဆရာ ကုသိုလ်အများကြီးရမယ်ဆိုတာ ဒီကုသိုလ်ကို ကျွန်တော်မရဘူးဗျ၊ ကိုဆွေရမှာပဲ'

'ဟာ. . . မဟုတ်ဘူး၊ နှစ်ယောက်အတူတူပဲရမှာပေါ့၊ ဥပမာဗျာ. . . . ဦးခင်ဇောက အရင်းအနှီး စိုက်သူ၊ ကျွန်တော်က ပြုလုပ်သူ၊ ဒီတော့ အကျိုးအမြတ်ကို တစ်ဝက်စီ ယူရမယ့်သဘော၊ ဟော– ကုသိုလ်ဆိုတာကတော့ ဝက်စရာမလိုတော့ဘူး၊ အတူပဲရယ်မယ်'

'ကိုဆွေ ကုသိုလ်ရမယ်ဆိုတာ ယုံသလား'

'ဟာ ယုံတာပေါ့ဗျာ၊ ကုသိုလ်ဆိုတာက ကျွန်တော့်အယူအဆမှာ နောင်တမလွန်တော့ မပြောနိုင်ဘူး၊ အခု လက်ငင်းပစ္စက်ခဘဝမှာ ကျေနပ် ဝမ်းမြောက်ခြင်း ပီတိဖြစ်ခြင်းဟာ သုခပဲ၊ အဲဒီ သုခရတာဟာ ကုသိုလ်ရတာပေါ့ဗျ၊ အဲ အခု ကုလားမောင်စိန်ဆီက စာဖတ်ရတော့ ဦးခင်ဇော် စိတ်ထဲမှာ ပီတိသောမနဿ မဖြစ်ဘူးလား၊ ကျွန်တော်လဲဖြစ်တယ်၊ အဲဒါ ကျွန်တော် တို့နှစ်ယောက် အတူတူ ကုသိုလ်ရတာပဲ၊ ဦးခင်ဇော်က 'အဲဒီစာဖတ်ရမှပဲ ဒီကုသိုလ်ရတာ၊ ကျွန်တော်ကတော့ မေမြို့(ပြင်ဦးလွင်)မှာ အဲဒီည ဖိုရာကိုပြန်လွှတ်လိုက်တော့ (ကျေးဇူးတင်လိုက် တာ အစ်ကိုရယ်၊ ကျွန်မအမေ အသည်းအသန်ဖြစ်နေတာ၊ အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရ တယ်)ဆိုတာ ကြားလိုက်ရကာစကတည်းက ကျွန်တော့်စိတ်ထဲ (ဟယ် ငါ ကံကောင်းလိုက်တာ၊ မမျှော်လင့် မရည်ရွယ်ဘဲနဲ့ ကုသိုလ်ရတယ်)လို့ ကျွန်တော့်စိတ်ထဲ ပီတိသုခဖြစ်ခဲ့တာဗျ၊ နောက် အိပ်ရာထဲရောက်လို့ နဖူးပေါ်လက်တင် စဉ်းစားလိုက်တော့လဲ (ဖိုရာနဲ့အတူ အိပ်လို့ရမယ့်ဟာ က တစ်ညတာ ကာမသုခပဲ၊ အခုရတဲ့ ပီတိသုခက အခုလဲရ၊ နောင်တွေးမိတိုင်း တွေးမိတိုင်းလဲ ရမယ့် ထာဝရကုသိုလ်ပဲ)လို့ စဉ်းစားပြီး ကိုယ့်ကိုယ်ကို ကျေနပ်လိုက်တာဗျာ၊ ဟော. . . အခု ဒီကုလား မောင်စိန်ဆီကစာ ဖတ်ရပြန်တော့လဲ ကျွန်တော် ထပ်ပြီး ကုသိုလ်ရပြန်ရော၊ သဘော ပေါက်လား ဦးခင်ဇော်'

'ပေါက်ပါတယ်ဗျာ'

ဂျော်နီဝါကား၊ ဘလက်လေဘယ်လ်၊ ဝီစကီနှင့် ကျွန်တော် အရှိန်ရလာ၍ တော်တော် အာရွှင်နေသည်။

'ဒီမှာ ဦးခင်ဇော်ရဲ့ ကျွန်တော့် အယူအဆကပြောရရင် ကုသိုလ်ဆိုတာ ထောင်ကုန်၊ သောင်းကုန်၊ သိန်းကုန် လှူနိုင်မှ မဟုတ်ပါဘူးဗျ၊ မိမိလုပ်ငန်း ကိုင်ငန်းမှာလဲ ကြံ့ကြိုက် ရင် ယူတတ်ရင် ရထိုက်ရင် ထောပါပဲဗျာ၊ ဥပမာ အခုန ဦးခင်ဇော်ရဲ့ အလုပ်ခန်းမှာ ကျွန်တော် ရောက်တော့ လူလေးငါးခြောက်ယောက် ဦးခင်ဇော်ကို လာတွေ့ကြတယ်၊ ကျွန်တော်ကြည့်နေ တယ်၊ အဲဒီလူတွေဆီက ဦးခင်ဇော် ကုသိုလ် ရလိုက်တာလဲရှိတယ်၊ မရလိုက်တာလဲ ရှိတယ်'

'ဘယ်လိုအဓိပ္ပာယ်လဲဗျာ'

'အဲဒီလူတွေက ဦးခင်ဇော်ဆီမှာ လိုချင်တာတစ်ခုခုရှိလို့ လာကြတာမဟုတ်လား၊ အဲသည် မှာ လူတစ်ယောက် ဆန္ဒကို ဖြည့်စွမ်းလိုက်ရတယ်ဆိုရင် ဦးခင်ဇော် မျက်နှာမှာ ကြည်လို့၊ ရွှင်လို့၊ ပြုံးလို့၊ မဖြည့်စွမ်းလိုက်နိုင်ဘူးဆိုရင် ဦးခင်ဇော် မျက်နှာ မသာဘူး၊ စိတ်မကြည်ဘူး၊ ဝမ်းနည်း ပါတယ်လို့တောင် ပြောလိုက်ရသေး မဟုတ်လား'

'ဟုတ်တယ်ဗျ'

'အဲဒါတွေကြည့်ပြီးတော့ ကျွန်တော်က လူတစ်ယောက် ထသွားတဲ့အခါမှာ ဦးခင်ဇော် မျက်နှာကြည့်ပြီး ကျန်ခဲ့ရင် ဟာကိုယ့်လူ ကုသိုလ်ရလိုက်ပြန်ပဟေ့၊ ဦးခင်ဇော်၏ မျက်နှာ မကြည် ဘူးဆိုရင် (ဟာ ကိုယ့်လူ ကုသိုလ်မရပြန်ဘူး)လို့ ကျွန်တော့်စိတ်ထဲမှာ မှတ်ချက်ချနေတာဗျ၊ အားလုံးခြုံကြည့်လိုက်တော့ ဦးခင်ဇော် ဒီနေ့ ကုသိုလ်ရတာက များပါတယ်'

'ဟုတ်တယ်၊ အခုမနက်လာတဲ့လူတွေကို ကျွန်တော် သူတို့ဆန္ဒ ဖြည့်လိုက်နိုင်တာက များပါတယ်'

'အဲဒါ ဒါနပေါ့ဗျ၊ လောကလူတစ်ယောက်ဘဝမှာ အဲလို ပီတိသုခဖြစ်ရတာ များသလား၊ စိတ်မကြည်မရွှင် ဖြစ်ရတာများသလား တွက်ကြည့်၊ ပီတိသုခဖြစ်ရတာများရင် များသလောက် ချမ်းသာတယ်၊ စိတ်မကြည်မရွှင်ဖြစ်ရတာများရင် များသလောက် ဆင်းရဲတယ်၊ လူ့ပြည်မှာ လူ တစ်ယောက်ရဲ့ ချမ်းသာခြင်း၊ ဆင်းရဲခြင်းကို ကျွန်တော် ဒီလိုပဲ ဆုံးဖြတ်တယ်၊ ပစ္စည်းဉစ္စာတွေကို ထည့်မတွက်ဘူး၊ ပစ္စည်းဉစ္စာရှိပြီး လောဘကြီးလို့ ဆင်းရဲတဲ့လူတွေ အပုံ'

'ကိုဆွေ ခင်ဗျား တရားဟောဆရာ လုပ်ဖို့ကောင်းတယ်'

'ကျွန်တော် သိပ်ဖြစ်ချင်တာပေါ့ဗျ၊ ကမ္ဘာမှာ ဂန္ထဝင်စာပေရေးနိုင်တဲ့ စာရေးဆရာကြီးတွေ ဟာ လူမျိုးမရွေး ဘာသာမရွေး လက်ခံနိုင်တဲ့ တရားဟောဆရာကြီးတွေပေါ့ဗျာ၊ ဥပမာ တော်လ်စတွိုင်း၊ ဟဲမင်းဂဝေး၊ ဗစ်ဂ်တာဟူးဂိုး'

ရုပ်ရှင်ရိုက်တာလား၊ ပစ်ဂနစ်ပါတီလား

U Khin Zaw

Honorable Councilor

Portuguese

ထိုစဉ်က ဒီဆူဇာဦးခင်ဇော်၏အိမ်သည် ပြည်လမ်း ခြောက်မိုင်ခွဲ အေဒီလမ်းအဆုံး အင်းလျားကန်ထဲ ချွန်းထွက်နေသော ကျွန်းဆွယ်လေးပေါ်၌ ဆောက်ထားသော ရောမတိုက်အိမ် ကြီး။

ခြံအဝင်ဝ လက်ဝဲဘက် ဝင်းတိုင်ကြီးတွင် ရွှေစာလုံးနှင့် အင်္ဂလိပ် ရေးထားသော အထက်ပါ ဆိုင်းဘုတ်ကြီး ရှိနေ၏။

မူလက ပေါ်တူဂီဒီဆူဇာ သူဌေးကြီး၏အိမ်၊ ထိုသူဌေးကြီး မြန်မာပြည်မှ အပြီးအပိုင် ပြန်သွားသောအခါ သူ့လုပ်ငန်း၊ သူ့ပစ္စည်းများနှင့် သူ၏ ပေါ်တူဂီကောင်စီလာ ရာထူးကိုပါ ဦးခင်ဇော်အား ပေးအပ်ခဲ့သည်။

ထို့ကြောင့် ဦးခင်ဇော်သည် ဒီဆူဇာ သူဌေးအရာသာမက ပေါ်တူဂီကောင်စစ်ဝန်လည်း ဖြစ်နေ၏။

ရှုမဝရုပ်ရှင်မှ ပထမဦးဆုံးဇာတ်ကား 'လာလု လုငေး'ကို ရိုက်သောအခါ အရေးကြီးဆုံး သော ဇာတ်ဝင်ခန်းမှ မင်းသမီးမို့မို့၏အိမ်၊ တင့်တယ်၏ မူရင်းဝတ္ထုထဲတွင် ရှမ်းပြည်နယ်မှ လူချမ်းသာမလေး မို့မို့သည် ရန်ကုန်မြို့ အင်းလျားကန်စမရှိ သူ့ဆွေမျိုး၏တိုက်ကြီးမှာ ခေတ္တ လာရောက်နေထိုင်စဉ် တင့်တယ်ဟု ကလောင်အမည်ခံထားသော စာရေးဆရာလေး အောင်တင့် နှင့် သမီးရည်းစားဖြစ်ကြကာ အောင်တင့်(ရုပ်ရှင် မင်းသား မြင့်စိုး)က မို့မို့(ဒဂုံခင်)နေသော အိမ်ကြီးသို့ သွားရောက်လေ့ရှိ၍ အင်းလျားကန်ထဲတွင် နှစ်ယောက်အတူ ရေချိုးလေ့ရှိရာ တစ်နေ့သောအခါ မို့မို့၏ဆွဲကြိုးသည် ရေထဲသို့ ပြုတ်ကျသွားသည်၌ နှစ်ယောက်သား ရေငုပ် ပြီးဆယ်ကြသော် ပြိုင်တူပဲတွေ့ရ၍ နှစ်ယောက်စလုံး ထိုဆွဲကြိုးကို ဟိုဘက်တစ်စ သည်ဘက် တစ်စ ကိုင်ကာ မျက်နှာချင်းဆိုင် ရေထဲမှ ပေါ်လာကြသည့်ပုံ။

ယင်းသည် သမီးရည်းစားအချစ်ခန်း၏ အထွတ်အထိပ်၊ ရုပ်ရှင်ထဲတွင် အရေးကြီးဆုံး သော ဇာတ်ဝင်ခန်းတစ်ခု။

သည်အတွက် ရိုက်ကွင်း ရိုက်ကွက်ကို ရှာကြသောအခါ ရှုမဝဦးကျော်က ဒီဆူဇာသူဌေး ဦးခင်ဇော်၏တိုက်ကြီးကို မို့မို့နေသောအိမ် လုပ်ချင်သည်။ ထိုအိမ်ကြီးရှေ့ ရေကန်ထဲမှာပဲ ဖော်ပြပါအချစ်ခန်းကို ရိုက်လိုသည်။

'ကိုဆွေ. . . . ခင်ဗျား ဦးခင်ဇော်နဲ့ ခင်နေတာပဲ၊ ပြောပေးစမ်းပါဗျာ၊ တစ်နေ့တည်းနဲ့ အပြတ်ရိုက်ပါမယ့်' ဆိုသဖြင့် ကျွန်တော်က ဦးခင်ဇော်ထံ ခွင့်ပန်ရတော့သည်။

ထိုအခါ ဦးခင်ဇော်က–

'ကိုဆွေ. . . . . ကျွန်တော် ဘယ်ရုပ်ရှင်သမားကိုမှ ကျွန်တော့်တိုက်နဲ့ခြံကို ရိုက်ခွင့်မပေးခဲ့ဖူးပါဘူး။ ဒါပေမယ့် ကိုဆွေ့ကိုတော့ ကျွန်တော် ငြင်းရမယ့်လူ မဟုတ်ပါဘူးဗျာ'

ဤသို့ ဦးခင်ဇော်၏ ခွင့်ပြုချက်ရတော့ ဦးကျော် ဝမ်းသာလိုက်တာလေ၊ ကျွန်တော့် ပခုံး ဖက်ယမ်းပြီး–

'ကျေးဇူးတင်လိုက်တာ' ကိုရင်ကြီးရယ်တဲ့။

ဦးခင်ဇော်က ကျွန်တော့်ခြံထဲ လာရိုက်ရင် ကိုဆွေပါလိုက်ခဲ့ရမယ်'ဟု ဆိုသည့်အတိုင်း ရှုမဝရုပ်ရှင်အဖွဲ့နှင့် ကျွန်တော် လိုက်ခဲ့ရပါသည်။ အားလုံး စုစုပေါင်း လူ ၅၀ ကျော်ပေမည်။

ထိုနေ့ကို ကျွန်တော်မမေ့။ လူအားလုံး၏ စားချင်တာ သောက်ချင်တာဟူသမျှကို ကိုကျော်က ကားတစ်စီးနှင့် မရမ်းကုန်း နမ်ဆင်းဟိုတယ်မှ သူ့သား မောင်ဆွေတင့်အား ခေါက်ကယ်ပြန်ကယ် ဝယ်စေ၍ ကျွေးမွေးသည်။

ဦးကျော်သည် ရုပ်ရှင်ရိုက်စ၊ စိတ်အား အလွန်တက်ကြွနေစဉ်ဖြစ်၍ ငွေကိုရက်ရောစွာ သုံးသည်။ ထိုနေ့သည် နွေရာသီနေအလွန်ပူလေသဖြင့် သည်လူတွေအားလုံးအတွက် ဘီလပ်ရည် ပုလင်းတွေနှင့် ရေခဲတွေအပြည့်အစုံ။ တကတည်း အအေးဆိုင် ဖွင့်ထားသည့် အတိုင်းပါပဲဗျာ၊ အောရိန်းချ်လား၊ ကရင်ဆိုဒါလား၊ ဂျင်ဂျာဘီယာလား၊ ပင်မှည့်လား၊ လင်မနစ် လား။ လာသမျှလူကို လိုချင်ရာကို ရှုမဝတိုက်သား လူငယ်များက ပုလင်း ဖွင့်သည့်လူနှင့် ရေခဲ ခွဲသည့်သူနှင့်၊ ဖန်ခွက်ဆေးတဲ့သူနှင့်။

အဲသည်တုန်းက (ယခု အသက် ၅၀–ကျော်နေပြီဖြစ်သော) မောင်ဆွေတင့်က လူပျို ပေါက် ငယ်ငယ်ကလေး ရှိသေးတာပဲ၊ ဟိုလူသည်လူ ခိုင်းဖတ်စေဖတ်ပေါ့၊ တင့်တယ်နှင့် ကျွန်တော်ကတော့ ဘယ်ဒီဘီလပ်ရည်တွေ သောက်အံ့နည်း။

'ဟေ့. . . . . မောင်ဆွေ၊ ရမ်အကြီးတစ်လုံးနဲ့ ကြက်သားလုံးကြော်တစ်ပွဲ ဆွဲချေဦးကွာ' ဆိုလျှင် သည်ကောင်ကလေး ကားတစ်စီးနှင့် ပြေးရပြန်ပြီလေ။

ရှုမဝဦးကျော်ဟာ အရက်ကို အလွန်စက်ဆုတ်သူ၊ သူကိုယ်တိုင် အနံ့မျှမခံ၊ သူများကို ဝယ်တိုက်ဖို့ကား ဝေးလေစွ။

သို့သော် ယခုမူကား သူ့သားနှင့်သူ့ကားကို သူ့ပိုက်ဆံနှင့် တင့်တယ်က အဝယ်လွှတ် တာကို လက်ပိုက် ကြည့်နေရှာတယ်။ သည်အချိန်မှာ သူက တင့်တယ်ကို အလွန်အထင်ကြီး နေတုန်းကိုး။ နောင် တကယ့် ထိပ်သီး ဒါရိုက်တာကြီး ဖြစ်လာမည့် ရှုမဝ ဦးကျော်သည် သတိမ မူမိသေး။ တင့်တယ်၏ စိတ်ကူးယဉ်နွံထဲမှ နစ်နေတုန်း။

သို့သော် ဦးကျော် ဒုက္ခတွင်းသက်ဆင်းရတော့မည်ကို ချက်ချင်းတစ်ခဏနှင့် ကြိုတင်မြင်လိုက်သူကတော့ ဒီဆူဇာ ဦးခင်ဇော်။ သူသည် ရှမဝအဖွဲ့သားများ ရုပ်ရှင်ရိုက်နေတာ၊ စားနေတာ သောက်နေတာတွေကို ကျွန်တော်နှင့်အတူ လျှောက်ကြည့်ရင်း ရုတ်တရက် ကောက် ပြောလိုက်သည်။

'ဒီမှာ ကိုဆွေ၊ ခင်ဗျား ရှမဝဦးကျော်က ဘယ်လောက် ချမ်းသာသလဲဗျ၊ ခင်ဗျား သူငယ်ချင်း မိုးကုတ်မြေမောင်လိုများ သုံးမကုန် ဖြုန်းမကုန် ရှိနေလို့လား'

'ဘာလို့လဲ ဦးခင်ဇော်'

'ဟာ. . . . ဒီရုပ်ရှင်မင်းသားတွေကို ဟိုတယ်က စားချင်သောက်ချင်တာတွေ ဝယ်ကျွေးရအောင် ဘီလပ်ရည်တွေ အလျှံပယ်ပေးထားရအောင် ခင်ဗျားလူကို မေးလိုက်စမ်းဗျာ၊ ဒီလာပြီး ရုပ်ရှင်ရိုက်တာလား၊ ပင်ဂနစ်ပါတီ ပေးနေတာလားလို့'

ဟုတ်သည်။ ဦးခင်ဇော် ပြောမည်ဆိုလည်း ပြောစရာပင်။ ဦးကျော် ထိုအချိန်တွင် ရုပ်ရှင်နယ်ထဲဝင်စ၊ ရုပ်ရှင်လုပ်ငန်းဝါမဝသေး။ ယခု ဦးခင်ဇော် ခြံထဲ လာရိုက်သည်မှာ (**Out Door**) အောက်ဒိုး၊ အပြင်ရိုက်ကွင်းဟုခေါ်သည်။

(**In Door**) အင်ဒိုးခေါ် အတွင်းရိုက်ကွင်းကို ဂိုးလ်ဒင်းဘယ်လီရှိ အစိုးရ စတူဒီယိုထဲတွင် ရိုက်သောအခါလည်း ထိုခြံထဲရှိ ထမင်းဆိုင် လက်ဖက်ရည်ဆိုင်မှာ ရုပ်ရှင်သမားတွေ စားသောက်လိုရာ စားသောက်စေသည်။

'ရုပ်ရှင်ရိုက်ရာမှာ ဒီလို ကျွေးမွေးနေရလို့တော့ သေရောပေါ့ဗျ' ဦးခင်ဇော်က စကားဆက်သည်။ 'ဒါမျိုးမှာ အိမ်က ထမင်းဟင်း ချက်ပြီး ယူလာရမယ်၊ ဟင်း တစ်မည်ကောင်းနဲ့ ငါးပိရည် တို့စရာလောက်ပေါ့၊ နို့ပြီး လက်ဖက်ရည်ကြမ်းအိုး တည်ပေးထား၊ ဒါလောက်နဲ့ ပြီးရမယ်၊ ခုတော့ ခင်ဗျားလူလုပ်ပုံက ပစ်ဂနစ်ပါတီပေးသလို ဖြစ်နေတာပဲ၊ ခင်ဗျားလူတော့ ဖွတ်ဖြစ်တော့ မှာပဲ'

ဤကား ဦးခင်ဇော် ပထမ နိမိတ်ဖော်ခြင်း၊ ဒုတိယနိမိတ်ကား–

မင်းသားနှင့်မင်းသမီး အင်းလျားကန်ထဲမှာ ကြည်နူးခန်းပါခင်ဗျာ။ အောင်တင့်လုပ်သူ မင်းသား(ကိုမြင့်စိုး)နှင့် မို့မို့လုပ်သူ (အဆိုတော် ဒဂုံခင်)တို့ အိမ်ကြီးထဲမှ နှစ်ယောက်တွဲ ထွက်လာစဉ်ကတော့ တင်တုရင်တု အခုအဖုတွေနှင့်၊ ကန်ထဲရေချိုးကြတော့ ထဘီရင်လျားတွင် အတုအဖုတွေ မရှိတော့မူ၍ လက်မောင်းကလည်း သေး၊ လက်ပြင်ကလည်း ပိန်ချပ်ချပ်နေတော့ ဦးခင်ဇော်က ကျွန်တော့်အားမေးသည်။

'ဒါ မင်းသမီးနှင့် မင်းသားလားဗျ'

'ဟုတ်တယ်'

'ဟင်–ကျုပ်ဘယ်ရုပ်ရှင်ကားထဲမှာမှ မမြင်ဖူးပါလား'

'ဘယ်မြင်ဖူးမလဲ၊ တစ်ကားမှ မရိုက်ဖူးကြသေးတာ၊ ဆရာကျော်နဲ့ ဆရာင်တင့်တယ်က ကုမ္ပဏီကလဲ အသစ်၊ ဒါရိုက်တာကလဲ အသစ်၊ မင်းသမီး မင်းသားလဲ အသစ်တွေချည်း ဖြစ် အောင် လုပ်တာတဲ့ဗျ'

'အင်း– အားလုံး အသစ်တွေချည်း လုပ်ကြတော့ ခင်ဗျား ရှုမဝ ဦးကျော်တော့ သေပြီ သေပြီ၊ ရှိတာ ပြောင်ပြီသာ မှတ်ပေရော့၊ သူတို့ရိုက်ပုံ ကျွန်တော် ကြည့်တော့ကြည့်နေတယ်၊ ဘယ်နေရာမှ မနိုပ်ဘူး'

ဦးခင်ဇော်ကား မြန်မာပြည်တွင် ရုပ်ရှင်စပေါ်ကတည်းက ခင်အောင်နာမည်ဖြင့် ရုပ်ရှင် မင်းသား လုပ်ခဲ့သူဖြစ်သည်။

၁၉၃၄–ခုနှစ် ပဲရော့ရုပ်ရှင်မှ ခင်အောင်၊ ခင်ခင်နု၊ ဆားဘာထွန်းတို့ ပါဝင်ခဲ့ သော 'အပျိုကြီး' ဇာတ်ကားမှာ တော်တော် လူကြိုက်များခဲ့သည်။ နောက် သုံး လေးကားလည်း ရိုက်ခဲ့သည်။

ဦးခင်ဇော်သည် ရုပ်ရှင်သဘောကို နောကျေနေသူ ဖြစ်၍ ရန်ကုန်တွင် သောကြာ စနေ တနင်္ဂနွေ သုံးရက်သာ ပြခဲ့ရသည့် ရုံခမှမရသော လာလုလုငေး ဇာတ်ကားကို ဤသို့ ကြိုတင် နိမိတ်ဖတ်ခဲ့ပါ၏။

'ကဲ–ကိုဆွေ၊ ခင်ဗျားလူ ဦးကျော် ဒုက္ခ ရောက်မှာတွေ ကျွန်တော် ကြည့်မနေချင်တော့ပါ ဘူးဗျ၊ ကျွန်တော်တို့ တစ်နေရာသွားပြီး သောက်ကြရအောင်' ဟု ဆိုပြီး သူ့ကားဒရိုင်ဘာကို ခေါ်လိုက်သည်။ မကြာမီ လင့်ခ်လမ်း (ယခု ရွှေဂုံတိုင်လမ်း) ထိပ်ရှိ သမိုင်းဟိုတယ်သို့ ရောက်ကြ လေ၏။

## ရှန်ပိန်ပွဲ

ထိုအချိန်သည် ညနေလေးနာရီကျော်နေပေပြီ။ ကျွန်တော်သည် ဗွိုက်လေဘယ်လ်ဝီစကီ သောက်၍ ဂဏန်းလက်မကျော်မြည်းကြသည်။ ဦးခင်ဇော်သည် စကားများများ ပြောတတ်သည်။ စကားပြော ကောင်းသူလည်း ဖြစ်သည်။ ကမ္ဘာကို မကြာခဏ လှည့်ပတ်နေသူဖြစ်၍ ဗဟုသုတ လည်း စုံလှသည်။

'ကိုဆွေ သောက်စရာ ယမကာတွေထဲမှာ ဘယ်အရက်ဟာ အဆင့်အတန်း အမြင့်ဆုံးလဲ'

ကျွန်တော်က ဖန်ခွက်ကိုကိုင်၍ သောက်မည်ပြုရင်း–

'ဟောဒီ စကော့ဝီစကီပေါ့'

'မဟုတ်သေးဘူးဗျ၊ ကိုဆွေ ရှန်ပိန် သောက်ဖူးလား'

'သောက်ဖူးပါ့ဗျာ၊ အလကား မြန်မာ စိန်ရည်လောက်မှ မကောင်းဘူး'

'ဘယ်မှာ ဘယ်တုန်းက သောက်ဖူးတာလဲ'

'ဆရာမြမျိုးလွင် အိမ်မှာပါခင်ဗျာ'

'ခင်ဗျားတို့ ရှန်ပိန် ဘယ်ကရတာလဲ'

'ဦးခင်ဇော် ရန်ကုန် ဂလုတ်ရုံ (ယခုဂုဏ်ရုံ)နဲ့ မွန္တလေးက ဝင်းလိုက်ရုံပိုင်ရှင် ကိုကျော်ဝင်း၊ ကိုကျော်မင်းတို့ အမြွာညီအစ်ကို သိတယ်မဟုတ်လား၊ အဲဒီနှစ်က ကိုကျော်မင်း မင်္ဂလာဆောင်တယ်ဗျ၊ သူ့မင်္ဂလာပွဲအပြီး နောက်တစ်နေ့ မနက်မှာ ဆိုက်ကားသမား တစ်ယောက်က ဆရာလွင့်ကို စာ တစ်စောင် လာပေးတယ်၊ စာက–

ဆရာလွင်နဲ့ ဆရာဆွေခင်ဗျာ၊ ကျွန်တော့် မင်္ဂလာဆောင်မှာ လူမျိုးခြားတွေ လက်ဆောင် ပေးကြတာ နိုင်ငံခြားအရက်တွေ မျိုးစုံရှိတယ်၊ ဘရန်ဒီ၊ ဝီစကီ၊ ဝိုင်ဖြူ၊ ဝိုင်နီ၊ ရှန်ပိန် အဲဒါတွေ ထဲက ဆရာတို့သောက်ချင်တာကို အဲဒီ ဆိုက်ကားသမားနဲ့ စာရေးပေးလိုက်ပါ။

ကျော်မင်း

ဆိုင်တဲ့ ဆိုင်းနဲ့။

အဲ့ဒီမှာ ဆရာလွင်နဲ့ကျွန်တော် တိုင်ပင်ကြတယ်၊ ဆရာက (ကဲ–ကိုသော်တာရေ၊ တို့ ဘာနိုပ်မလဲ) ကျွန်တော်က (ဆရာ ရှန်ပိန်ဆိုတာ တယ်နာမည်ကြီးလှတယ်၊ ကျွန်တော် တစ်ခါမှ မသောက်ဖူးသေးဘူး) (ဒါဖြင့် အဲဒါ စမ်းကြည့်ရအောင် ဆရာ) ဒီတော့ ဆရာလွင်က (မောင်ကျော်–မင်း ရှန်ပိန်ပုလင်းပို့လိုက်ပါ) ဆိုတဲ့ စာရေးပြီး ဆိုက်ကားသမားပေးလိုက်တယ် တယ်မကြာဘူး ရှန်ပိန် ပုလင်းကြီးတစ်လုံး ရောက်လာတော့ ကျွန်တော် သတိကြီးစွာနဲ့ ဖွင့်လိုက် တယ်၊ ရုပ်ရှင်တွေထဲမှာ မြင်ရတော့ ဖော့ဆို့ ဆွဲဖွင့်လိုက်တယ်ဆိုပဲ၊ ဖောင်းခနဲ မြည်ပြီး အမြှုပ်တွေ အထက်ပန်းထွက်သွားတာကိုးဗျ၊ အခု ကျွန်တော်ဖွင့်လိုက်တဲ့ ပုလင်းကတော့ ဘာသံမှ လဲမမြည်ဘူး၊ အမြှုပ်လဲ မထွက်ဘူး၊ အထဲကအရည်ကို ကျွန်တော် နမ်းကြည့်လိုက်တယ်။ ကျွန်တော် မဖော်ပြနိုင်တဲ့ အနံ့ကလေးတစ်မျိုးနဲ့'

'ရှန်ပိန်နံ့ပေါ့ ကိုဆွေရဲ့ အဲဒါကို ဘယ်လိုသောက်ကြရောလဲ'

'ရှန်ပိန်က နာမည်ကြီးလှတော့ ဝီစကီထက်ကောင်းမှာပဲ၊ ဝီစကီထက် ပြင်းမှာပဲလို့ သဘောထားပြီးတော့ ဖန်ခွက်ထဲ လက်နှစ်လုံးစီလောက်ထည့်၊ ရေခဲနဲ့ဆိုဒါရောပြီး သောက်ကြ တာပေါ့'

ဦးခင်ဇော်က တဟားဟားနှင့် ရယ်မောပြီး–

'အဲဒီတော့ ဘယ်လိုနေရောလဲ'

'ဘာအရသာမှ မရှိဘူး၊ ရေခဲနဲ့ ဆိုဒါချည်း သောက်ရတဲ့ အတိုင်းပါပဲဗျာ'

သည်တော့ ဦးခင်ဇော်က–

'ရှန်ပိန်က ဘာနဲ့မှ မရောရဘူး၊ သူ့ချည်းသောက်ရတာဗျ'

'အမယ်လေး. . . . ကျွန်တော်တို့ သူ့ချည်းပဲ တစ်ယောက် လက်နှစ်လုံးစီလောက် သောက်ကြည့် ကြပါသေးတယ်၊ ချဉ်ပျပျနဲ့ ဆန်ပုန်းရည်သောက်ရတဲ့ အတိုင်းပါပဲဗျာ'

'ရှန်ပိန်ဆိုတာ သည့်ပြင်အရက်တွေနဲ့ မတူဘူး၊ သူ့ကို မသောက်မီ အအေးစိမ်ထားရ သေးတယ်၊ ပုလင်းအေးစက်နေတော့မှ ရှန်ပိန် အသက်ဝင်ပြီးတော့ အမြှုပ်တွေထွက်တာဗျ၊ နို့ပြီး ဘာနဲ့မှမရောရဘူး၊ သူချည်း သောက်ရတာဗျ'

'သိပါဘူးဗျာ၊ ကျုပ်တို့ကတော့ ရမ်းတုတ်ပြီး ဘယ်လိုမှ သောက်မကောင်းတာနဲ့ တစ်ဝက်သောက် ကျန်သေးတဲ့ အဲဒီ ရှန်ပိန်ပုလင်းကို ဆရာလွင်က (မောင်ကျော်မင်းရေ ကိုယ့်လူ ရှန်ပိန်တော့ တို့မကြိုက်ဘူး။ ဂျော်နီဝါကား၊ ဝီစကီပဲ ပေးလိုက်ပါတော့) ဆိုတဲ့ စာနဲ့အတူ ဆိုက်ကားသမားကို ပြန်ပေးခိုင်းလိုက်တယ်၊ ဝီစကီရောက်လာတော့မှ ကျွန်တော်တို့ အားရပါးရ သောက်ကြတော့တယ်'

ဇော် 'ကျွန်တော်တို့ မြန်မာတွေကသာ စကော့ချ်ဝီစကီကို ကမ္ဘာပေါ်မှာ အကောင်းဆုံး ထိပ်သီးအရက်လို့ ထင်နေကြတာ၊ ဥရောပတိုင်းပြည်တွေမှာတော့ ဝီစကီဟာ ရှန်ပိန်နဲ့စာလိုက် ရင် ပါမွှားပဲဗျ' . . . . .

'ပြောရဦးမယ်၊ ကျွန်တော် တစ်ခါ အင်္ဂလန်ရောက်သွားတော့ လန်ဒန်က မြန်မာမိတ်ဆွေ တစ်ယောက်နဲ့ ပြင်သစ်ပြည်က ပါရီမြို့ကို သွားလည်ကြဖို့ အဲဒီမြို့မှာရှိတဲ့ မြန်မာ ပညာတော် သင် တစ်ယောက်ဆီ တယ်လီဂရမ် ပို့လိုက်တယ်'

(ဟေ့. . . . တို့ မင်းဆီလာလည်မယ်၊ အဲ့ဒီမှာ အကောင်းဆုံး ဟိုတယ်ကို မင်းသိလား) သူ့ဆီက (သိတယ်. . . . . ကိုယ်တော့ ပိုက်ဆံမတတ်နိုင်လို့ အနားတောင် မကပ်နိုင်ဘူး၊ မင်းတို့ ငွေ များများသာယူခဲ့)လို့ တယ်လီဂရမ် ပြန်လာတော့ ကျွန်တော်တို့ ပေါင် ၃၀၀ ယူပြီး လန်ဒန်က ပါရီကို ညနေခင်း ရောက်သွားကြတယ်. . . . . .

လေဆိပ်မှာ အသင့်စောင့်နေတဲ့ ကိုယ့်လူနဲ့တွေ့ပြီး သူညွှန်ပြတဲ့ ဟိုတယ်ကြီး ရောက်သွားကြတော့ အခန်းတစ်ခန်းထဲ ဝင်လိုက်ကြတယ်–

အဲဒီအခန်းက အကြီးကြီး အကျယ်ကြီးဗျ၊ အိမ်ကြီး အိမ်ကောင်းတစ်ခုက ဧည့်ခန်းမှာရှိ အပ်တဲ့ ပစ္စည်းတွေ အစုံရှိတယ်၊ ဆိုဖာကူရှင်တွေနဲ့ စားပွဲကုလားထိုင်၊ ပီယာနိုနဲ့ တယ်လီဖုန်းနဲ့ ပေါ့ဗျာ၊ အဲဒီမှာ စားပွဲထိုးတစ်ယောက် ဝင်လာပြီးတော့ လူကြီးမင်းများ အလိုရှိတာပြောပါ ဆိုတော့–

ကျွန်တော်တို့က မြန်မာပီပီ ဝီစကီကို ထိပ်တန်းတင်နေတုန်းကိုးဗျ၊ ကျွန်တော်က (စကော့ချ်ဝီစကီ)လို့လဲ ပြောလိုက်ကရော စားပွဲထိုးဟာ အလွန်စိတ်ပျက်တဲ့မျက်နှာနဲ့ (ဒီအခန်း မှာ

ဝိစကီ မသောက်ရပါဘူး၊ ဝိစကီသောက်ချင်ရင် အပြင်ဘက်စားပွဲ ကောင်တာမှာ ခုံမြင့်ပေါ် ထိုင်ပြီး သောက်နိုင်ပါတယ်) ဆိုတော့ ကျွန်တော်က–

(ဒါဖြင့် ဒီအခန်းက ဘာသောက်ရမှာလဲ) (ရှန်ပိန်ခန်းပါခင်ဗျ၊ ရှန်ပိန်အရက်နဲ့ အမျိုးသမီးများက တစ်ညလုံး အမျိုးမျိုး ပြုစုကြပါလိမ့်မယ်)။

ဒီတော့ ကျွန်တော်က ကိုယ့်မှာ ငွေပေါင် ၃၀၀ ကြီးများတောင် ပါနေတာပဲ၊ (ကောင်းပြီ၊ တို့ ဒီရှန်ပိန်ခန်းမှာ ရှန်ပိန်ပဲသောက်မယ်) လို့ ပြောလိုက်တော့ သူထွက်သွားပြီး တယ် မကြာပါ ဘူးခင်ဗျာ၊ မရွှေစာတို့ ပြင်သစ်မလေး တစ်သိုက် ရောက်လာကြပါရော၊ အားလုံး အချော အလှ ကလေးတွေချည်းပဲဗျ၊ သူတို့ဟာ ကျွန်တော်တို့နဲ့ နဂိုကတည်းက ရင်းနှီးပြီးသားပုံစံမျိုးနဲ့ စားပွဲ ထိုးတွေ အိမ်ရှင်မတွေလို ကျွန်တော်တို့ကို ပြုစုကျွေးမွေးတယ်ဗျ–

သူတို့လဲ စားကြသောက်ကြတယ်ဗျာ၊ နှိုပြီးပီယာနို တီးသူကတီး၊ ဆိုသူကဆို၊ ကသူက ကနဲ့ သူတို့ဟာ အတီးကောင်း အဆိုကောင်း၊ အကကောင်းတွေဗျ၊ ကျွန်တော်တို့ ပျော်လိုက်ကြတာလေ'
'အင်း ဦးခင်ဇော် ပြောတာနဲ့ ကျွန်တော်တောင် ပျော်လာတယ်ဗျ'
'လာဦးမယ်၊ ဒီလောက်မကသေးဘူး၊ `ဒီမိန်းကလေးတစ်သိုက်ဟာ ကျွန်တော်တို့နဲ့ တစ်နာရီလောက် နေပြီးတဲ့နောက် ကျွန်တော်တို့ ပါးတွေကို နမ်းရှုပ် နှုတ်ဆက်ပြီး အခန်းထဲက ထွက်သွားကြတယ်''

အဲဒီမှာ ကျွန်တော်တို့အခန်းထဲမှာ ဆိတ်ငြိမ်ပြီး ကျွန်တော်တို့ရင်ထဲမှာ ဟာပြီးကျန်ခဲ့ကြတယ်၊ စိတ်ထဲ မကျေနပ်ဘူး၊ ဘယ့်နှယ် အမျိုးသမီးတွေက တစ်ညလုံး ပြုစုမယ်ဆိုပြီး တစ်နာရီလောက် ကလေးနဲ့ ပြန်သွားရသလားပေါ့ '

'တကယ်တော့ ဘယ်ဟုတ်လိမ့်မလဲ၊ တယ်မကြာပါဘူး၊ နောက်မြာတစ်သိုက် ရောလာပြန်ရောဗျ၊ ခုနလိုပဲ စားပွဲထိုးတွေ တစ်မျိုးပြီးတစ်မျိုး လာပို့တဲ့ စားစရာတွေနဲ့ ရှန်ပိန်တွေကို ကျွန်တော် တို့နဲ့အတူ စားလိုက်သောက်လိုက်၊ တီးလိုက်၊ ဆိုလိုက်၊ ကလိုက်ကြနဲ့ ကျွန်တော်တို့နဲ့ လက်ပွန်းတတည်းပေါ့–

ဒီအချိန်မှာ ကျွန်တော်တို့ ကုတ်အကျီတွေလဲ မရှိကြတော့ဘူး၊ နက်ကတိုင်တွေလဲ ဇွေစောင်းကုန်ကြ ပြီ၊ ကျွန်တော်တို့ ခါးတွေမှာလဲ သူတို့ နှုတ်ခမ်းနီတွေ အရာထင်ကုန်ကြပြီ'

'ဟာတယ်ကောင်းဗျာ'

'ဒီမှာကိုဆွေရဲ့ ရှန်ပိန်ရဲ့ သဘောဟာ သည့်ပြင် အရက်တွေ မူးပုံမျိုး မဟုတ်ဘူး၊ သောက်လေ သောက်လေ လူကြည်ပြီး ရွှင်လာလေပဲ၊ ကောင်မလေးတွေကလဲ ကျွန်တော်တို့နဲ့အတူ ပျော်လာကြပြီး သူတို့ချင်းလဲ နောက်ကြ ကျီဆယ်ကြတယ်ဗျ၊ တစ်နာရီလောက် ကြာတော့ အဲဒီ ဒုတိယ အုပ်စုပြန်သွားပြီး တတိယအသုတ်ရောက်လာတဲ့ ကောင်မလေးတွေက တော်တော်ကြမ်း လာတယ်၊ စားပွဲထိုးက စားသောက်စရာ လင်ပန်းနဲ့ လက်ဖဝါးပေါ်တင်လာတာကို သူ့ရှေ့ ငှက်ပျောခွံ ပစ်ချလိုက်တာကိုး၊ အဲဒီစားပွဲထိုးဟာ ခြေချော်ပြီး ပက်လက်ကြီးလဲ၊ သူယူလာတဲ့ ပန်းကန် ခွက်ယောက်တွေ ကွဲကုန်ကြတယ်၊ ဟာအဲဒီမှာ ကောင်မလေးတွေကလဲရယ်၊ ကျွန်တော်တို့ကလဲရယ် စားပွဲထိုးကတော့ မျက်နှာရှုံ့မဲ့လို့ပေါ့''

အဲဒီမှာ ပန်းကန်ကွဲ အစတွေနဲ့ ဟင်းလျာတွေ ပေကျံနေတဲ့ ကြမ်းပြင်ကို လူသုံးယောက် ရုတ်တရက် ရောက်လာပြီး သိမ်းဆည်း ဆေးကြောပစ်လိုက်တာ တခဏလေးနဲ့ သန့်ရှင်းသွားပါရောဗျ''

ကျွန်တော် '' ဒီလို ဖြစ်လေ့ဖြစ်ထ ရှိမှန်းသိလို့ အသင့်ပြင်ပြီး စောင့်နေကြတာ ထင်ပါရဲ့ဗျာ''

ဇော် ''ဆက်နားထောင်ဦးဗျ၊ ခုနစာပွဲထိုးဟာ နောက်တစ်ခါ အဲလို စားသောက်စရာ လင်ပန်းမပြီး လာပြန်ရောဗျ၊ အဲဒီအခါမှာလဲ ကောင်မလေးတစ်ယောက်က ငှက်ပျောခွံ ပစ်လိုက်ပြန်ရောဗျ''

ဒီတစ်ခါတော့ စာပွဲထိုး သတိနဲ့လား၊ ငှက်ပျောခွံကို ဖျတ်ကနဲ ခြင်းခတ်သလို ကန်ပစ်လိုက်တယ်ဗျ၊ အဲဒီတော့ ငှက်ပျောခွံပစ်တဲ့ ကောင်မလေး က ပြေးသွားပြီး စားပွဲထိုးကို ခြေကလန့်ထိုးပြီး လှဲချလိုက်တာ ကိုစားပွဲထိုး ဝမ်းလျားမှောက်ကြီးလဲပြီး ပန်းကန်ခွက်ယောက်တွေ ကွဲကုန်ပြန်ရောဗျ၊ ကောင်မလေးတွေနဲ့ ကျွန်တော်တို့မှာ ရှန်ပိန် အရှိန်ရရနဲ့ ရယ်လိုက်ရတာလေ– အူကိုနာရော'

'အင်း ကျွန်တော်လဲ အဲလို အူနာချင်လိုက်တာဗျာ'

'တကယ်တော့ သူတို့ဟာ အစီအစဉ်နဲ့လုပ်ကြတာဗျာ၊ ကျွန်တော်တို့ဆီ တစ်အုပ်ပြီးတစ်အုပ် ရောက်လာတဲ့ ဟိုတယ်မယ်တွေဟာ တစ်ဖွဲ့ထက်တစ်ဖွဲ့ အဝတ်တွေ ပါးပါးပြီး တိုကျပ်လာကြတာ၊ မနက်ခင်း လေးနာရီလောက် ရောက်လာတဲ့ နောက်ဆုံးအဖွဲ့ ကောင်မလေးသုံးယောက်ကျတော့ အတွင်းခံ အသားကျပ် ဘောင်းဘီတိုလေးနဲ့ ဘရာစီယာပဲ ပါတော့တယ်ဗျ'

'ပြင်သစ်ပြည်က အေးတယ်မဟုတ်လား၊ သူတို့ မချမ်းကြဘူးလား၊'

'ဘယ်ချမ်းမှာတုံး၊ ဒီအခန်းထဲ အနွေးခါတ် လွှတ်ထားတာပဲ၊ ကျွန်တော်တို့လဲ ကုတ်အကျီတွေ၊ ဝေ့စ်ကုတ်နဲ့ နက်တိုင်တွေ မရှိကြတော့ဘူး၊ အကျီချိတ်မှာ ချိတ်ထားကြပြီ၊ အဲဒီအချိန်မှာ ကျွန်တော်တို့ဟာ ရှန်ပိန်ရဲ့ စံချိန် အထွတ်အထိပ် ရောက်နေပြီး နောက်ထပ် သောက်ချင် စားချင်စိတ်လဲ မရှိတော့ဘူး၊ ဘယ်စားပွဲထိုးမှလဲ မလာကြတော့ဘူး၊ ဒီတော့ ကောင်မလေး တစ်ယောက်စီကို တွဲပြီး အိပ်ခန်းတစ်ခုဆီကို ခေါ်သွားကြတယ်ဗျ။'

'အား မနက်ကိုးနာရီလောက် အိပ်ရာက နိုးကြလို့ ရေမိုးချိုး အဝတ်အစားပါ ကျကျနန ဝတ်ကြပြီး ညက ညှော်ခန်းထဲမှ လူစုံကြတော့ အသင့်ရောက်နေတဲ့ ဘီလ်ကို ကြည့်ပြီး ကျွန်တော်တို့ မျက်လုံးပြူးကြရတော့တယ်၊ ကျွန်တော်က အလွန်ဆုံး တစ်ယောက် ပေါင် ၁၀၀ စီလောက်ပဲထင်လို့ ဟိုတယ်မှာ သုံးဘို့ ပေါင် ၃၀၀ယူခဲ့တာ၊ အခု ၅၀၀ ကျော်နေတယ်ဗျာ'

'ဦးခင်ဇော်တို့ဟာက ကိုယ်စားတာထက် ဟိုတယ်မယ်ကလေးတွေ တစ်အုပ်ပြီးတစ်အုပ် လာတုတ်သွားကြတဲ့ စရိတ်တွေက ပိုကြီးနေမှာပေါ့နော်'

'ဒါတွေတင်မကသေးဘူးဗျ၊ စားပွဲထိုးတွေနဲ့ သူတို့ ကမျင်းကျောထလို့ ကွဲကျကုန်တဲ့ ပန်းကန် ခွက်ယောက်ဖိုးတဲ့၊ သိမ်းဆည်းခပါ၊ ဘီလ်ထဲထဲ့ထားတယ်'
'ဟင် ဒီဟိုတယ် ငွေဖန်တီးယူပုံက ကြမ်းလှ ဆန်းလှတယ်ဗျာ'

'ဟုတ်တယ်၊ ဒါနဲ့ ကျွန်တော် လန်ဒန်က ဘဏ်မှာထားတဲ့ ဒီဆူဇာငွေထဲက ပေါင် ၂၀၀ တန် ချက်လက်မှတ်ရေးပြီး ပေးခဲ့ရသေးတယ် ဗျ၊ ဒါပေမဲ့ ကိုဆွေ အဲဒီ ရှန်ပိန်သောက်ရင်း ပြင်သစ်မ အချောအလှဟိုတယ်မယ်ကလေးတွေနဲ့ ကမျင်းရတာ တစ်ညတည်း ပေါင် ၅၀၀ ကျော်နေတာကို ထိုက်တန်တယ်လို့ ယူဆပြီး ကျွန်တော်ကျေနပ်တယ်ဗျာ၊'

'ဟာ– ကျွန်တော်တော် မကျေနပ်ဘူး'
'ဘာလို့လဲဗျ'

'ကျွန်တော်မှ မပါရတာကြီးကိုဗျ'

'အဟီး–ဟီး ဟီး၊ တစ်နေ့တော့ ကိုဆွေကို ကျွန်တော် ခေါ်သွားမယ်ဗျာ၊ ကမ္ဘာမှာ အဲဒီလို ပျော်စရာ အကောင်းဆုံးက အနောက်ဆို ပြင်သစ်ပြည် ပါရီမြို့ဗျ၊ အရှေ့ဆိုရင် ဂျပန်ပြည် တိုကျိုမြို့ဗျ'

ကျန်းမာရွှင်လန်းကြပါစေ–

## သော်တာဆွေ

# ဘဝမှတ်တမ်း ပြီးပါပြီ ခင်ဗျာ။

ကျေးဇူးမှတ်တမ်း

ဆရာသော်တာဆွေ၏ ကျွန်တော့်ဘဝဇာတ်ကြောင်း (၈)အုပ်တွဲကို စာရိုက်တင်ပေးခဲ့သော နေးတစ်မြန်မာဖိုရမ်မှ ဦးမောင်ကိုအား အထူးကျေးဇူးတင်ရှိပါကြောင်း။

လေးစားစွာဖြင့်

မောင်ပို
ပီဒီအက်ဖ် စီစဉ်သူ